

# သိုင်းလောက၏ စိန်ခေါ်သံ

တက္ကသိုလ် နေလင်းအောင်

စာစဉ် (၁)

www.myanmarcupid.net




# သိုင်းလောက၏ စိန်ခေါ်သံ

တက္ကသိုလ် နေလင်းအောင်

ကျင်းယုံ၏ ရှောက်အော့ကျန်းဟူ

စာစဉ် (၁)

*Commercial use of this book will be at your OWN RISK !*

# Laughing in the wind
# The Smiling Proud Wanderer
# Xiao Ao Jiang Hu

**by**

**Jin Yong**

*Commercial use of this book will be at your OWN RISK !*

# မှတ်တမ်း

တက္ကသိုလ်နေလင်းအောင် ဘာသာပြန်ရေးသားခဲ့တဲ့ ဒီ "သိုင်းလောက၏စိန်ခေါ်သံ" ဆိုတဲ့စာအုပ်ကလေးကို NEO မှ စကန်ဖတ်ပြီး www.myanmarcupid.net မှာ May 15, 2007 ကစလို့ တင်ပေးခဲ့ပါတယ်ခင်ဗျာ။

စာစဥ်တစ်ကို ......

chithninsi, cluclu, nchertz, thunderhawk, Gangsters.Paradise, venus000006 တို့မှ myanmarcupid Forums တွင် စာရိုက်တင် ပေးခဲ့ကြပါသည်။

ထိုစာစဥ်များအားလုံးကို venus000006 မှ စုစည်းပြီး အချောသတ်ကာ စာစဥ်တစ်ကို pdf အဖြစ် ဖန်တီး ပေးခဲ့ပါသည်။

စာစဥ်နှစ်ကို ......

thunderhawk, bLaCk DeViL, Devil_Killer, yannaning, charcol, HarryLwin တို့မှ ဆက်လက် ရိုက်တင်ပေးခဲ့ကြပြန်ပါသည်။

စာစဥ်နှစ် ရိုက်နေစဥ်အချိန်များတွင်းမှာပင် ကျွန်တော်တို့ သိုင်းလောကကြီးကို အချိန်တခုထိအောင် ရပ်နား ထားခဲ့ရပါသေးတယ်ခင်ဗျာ။ သို့ပါသော်လည်း နောက်ပိုင်းတွင် htetkgkin မှအစပြုပြီး hotrod နှင့် HarryLwin တို့၏ ကြိုးစားမှုအသီးအပွင့် အဖြစ် သိုင်းလောကကြီး တစ်ကျော့ပြန် ရှင်သန်ခဲ့ရပါပြီခင်ဗျာ။ ပြောရမယ်ဆိုရင်ဖြင့် မန်ဘာခြေတက်များ၏ ကြိုးစားမှုပဲဟု ဆိုရမည်ထင်ပါသည်။ နောက်ပိုင်းစာစဥ်များကို ရိုက်တင်ပေးကြတဲ့ မန်ဘာများကို ဖော်ပြမယ်ဆိုလျှင်ဖြင့် ...

စာစဥ်– ၃ (thunderhawk နှင့် yannaing တို့ ကူညီအားဖြည့်သည်။) နှင့် ၄ ( yannaing ကူညီအားဖြည့်သည်။) ကို htetkgkin မှအစအဆုံး ရိုက်တင်ခဲ့ပါသည်။

စာစဥ်– ၅ ကိုလဲ htetkgkin မှစတင်ခဲ့ပြီး HarryLwin မှအဓိက ရိုက်တင်ခဲ့ပါသည်။

စာစဥ်– ၆ ကို HarryLwin နှင့် nnnaing တို့ ပူးပေါင်းရိုက်တင်ခဲ့ပါသည်။

စာစဥ်– ၇ ကို queen123 မှပထမအခန်းကိုစတင်ပြီး Shadowstriker နှင့် nnnaing တို့မှ ရိုက်တင်ခဲ့ကြပါတယ်။

စာစဥ်– ၈၊ ၉၊ ၁၀၊ ၁၁ (Heinnlinn ကူညီအားဖြည့်သည်)၊ ၁၂၊ ၁၃ နှင့် ဇာတ်သိမ်းပိုင်း စာစဥ်– ၁၄ (htetkgkin အားဖြည့်ကူညီသည်) တို့ကိုတော့ hotrod မှ အစအဆုံး ရိုက်တင်ပေးခဲ့ပါတယ်။

ထိုစာစဥ်များအားလုံးကို HarryLwin နှင့် hotrod တို့မှစုစည်းပြီ Word File အဖြစ် ပြုလုပ် ပေးခဲ့ပါသည်။ အထူးသဖြင့် စာစဥ်များကို စနစ်တကျစုစည်းပြီး HarryLwin နှင့် hotrod တို့မှအသေးစိတ် ပြုပြင် တည်းဖြတ် ပေးခဲ့ကြပါသည်။

ထို Word File များကို HarryLwin, Shadowstriker, born41987, hotrod, nnnaing နှင့် sideeffect တို့မှ အချောသတ် ပရုဖတ်ခဲ့ကြပါတယ် ခင်ဗျာ။

ဒီ pdf ကိုတော့ ဒီဇင်ဘာလ၊ ၂၀၀၈ ခုနှစ်တွင် မြန်မာကျူးပစ်မှ ပထမဦးဆုံးအကြိမ် ထုတ်ဝေနိုင်ခဲ့ပါ သည်ခင်ဗျာ။

*Commercial use of this book will be at your OWN RISK !*

# သိုင်းလောကဓါစိန်ခေါ်သံ

## စာစဉ် (၁)

# သိုင်းလောက၏ စိန်ခေါ်သံ

## စာစဉ်(၁)

## မာတိကာ


| | | | |
|---|---|---|---|
| အခန်း(၁) | မင်္ဂလာ အာမခံဌာန | chithninsi | ၁ |
| အခန်း(၂) | အသက်တောင်းခြင်း | nchertz | ၁၁ |
| အခန်း(၃) | တုံ့ပြန်ကြွေး | cluclu | ၂၁ |
| အခန်း(၄) | ပညာချင်းမယှဉ်သာ | cluclu | ၃၁ |
| အခန်း(၅) | အဆိပ်အရက် | nchertz & venus000006 | ၄၆ |
| အခန်း(၆) | လက်ဆေး မင်္ဂလာ | thunderhawk | ၅၈ |
| အခန်း(၇) | ချင်းချန်ဂိုဏ်း၏ ခြေလှမ်း | Gangsters.Paradise | ၆၈ |


**scanned by NEO@mmcp**

အချောသတ် တည်းဖြတ်သူ venus000006

# အပိုင်း (၁)
## မင်္ဂလာအာမခံဌာန

ဖုကျက်နယ်ဖုကျိုမြို့၏ အနောက်ဘက် လမ်းမကြီးပေါ်တွင်ကြီးမားခန့်ညားသော အိမ်ကြီးတစ်ဆောင်တည်ရှိနေ၏။ အိမ်ကြီး၏ဘေးတစ်ဘက်တချက်တွင် အလံတိုင်ကြီးနှစ်တိုင် စိုက်ထူထားပြီး တိုင်ကြီးနှစ်တိုင်ထိပ် တွင်ကြီးမားရှည်လျားသော အလံကြီးနှစ်ခုတို့သည် တဖျပ်ဖျပ်လွန့်လူးပ်ရှားလျက်ရှိနေလေသည်။

ထိုအလံကြီးနှစ်ခုတို့အနက် လက်ယာရှိ အလံကြီးပေါ်တွင် အစိမ်းရောင်ခြသေ့ကြီးတစ်ကောင် ရေးခြယ်ထားသည်။ ချွန်မြနေသည့်အစွယ်ကြီးများ။ ရှည်လျားကောက်ချိတ်နေသည့် လက်သည်းကြီးများနှင့် မာန်ဖီနေသောခြသေ့ကြီး၏ ပုံသဏ္ဍာန်သည် အလံရွက်ကြီးပေါ်မှ အောက်သို့ ခုန်အုပ်တော့မည့်နှယ် အသက် ဝင်လှုပေသည်။

ထိုစဉ် ထိုအိမ်ကြီး၏ ကြီးမားလှသော ခြံတံခါးမကြီးပွင့်လာပြီး သန်မာထွားကျိုင်းလှသောမြင်းကြီးငါးကောင်တို့ ပြေးထွက်လာတော့၏။

ရှေ့ဆုံးမှ ပြေးထွက်လာသော မြင်းဖြူကြီးပေါ်တွင် အသက်ဆယ့်ရှစ်နှစ်ခန့်ရှိသော လူငယ်လေးတစ်ယောက် စီးနင်းလိုက်ပါလာသည်။ သူသည်ခါးတွင် ဓားတစ်ချောင်းချိတ်ထားပြီး ကျောတွင်မူလေးကိုင်းတစ်ချောင်းကို သိုင်းလွယ်ထားသည်။ အထူးခြားဆုံးသော အချက်မှာ သူ၏ ပခုံးပေါ်တွင်သိမ်းငှက် တစ်ကောင် ရပ်နား လိုက်ပါလာခြင်းပေတည်း။

ထိုမြင်းကြီးငါးကောင် ခြံတံခါးမကြီးမှ ထွက်လာပြီးသည်နှင့် မရှေးမနှောင်းမှာပင် လူရှစ်ယောက်တို့ အပြေးအလွှားလိုက်ထွက်လာ၏။ ခြံတံခါးမကြီးအဝသို့ရောက်သောအခါ သူတို့၏လက်များကို ဝှေ့ယမ်းလျက် တစ်ယောက်တစ်ခွန်းအော်ဟစ်လိုက်ကြသည်။

"ဆရာလေး ..........ဒီနေ့အမဲလိုက်ရတာ ပြန်လာရင်တော့ တောဝက်ကြီးကြီးတစ်ကောင်တော့ ရအောင်လုပ်ခဲ့နော် .... တခြားအသေးအမွှားအကောင်ပလောင်လေးတွေတော့ မလုပ်ခဲ့နဲ့နော် ...... တောဝက်လို အမဲကောင်ကြီးကြီးမှ အားရပါးရစားလို့ ကောင်းတာ ......."

ထိုအခါလူငယ်၏ နောက်မှ ကပ်ပါသွားသည့်မြင်းကြီးတစ်စီးပေါ်မှ အသက်လေးဆယ်ခန့်ရှိ လူကြီးတစ်ဦးက ရယ်မောရင်း နောက် ဘက်သို့သမင်လည်ပြန်လှည့်၍ အော်ပြောလိုက်သည်။

"စိတ်ချဟေ့ ... မင်းအတွက်ဝက်မြီးတစ်ချောင်း ပါလာမှာတော့သေချာတယ် ..."

"ဟား .......... ဟား ....... ဟား"

ခြံတံခါးဝမှ လူများနှင့် မြင်းပေါ်မှ လူအားလုံးတို့ ၏ ရယ်မောသံများသည် လေထဲသို့ လွှင့်ပျံတက်သွားကြတော့၏။ များမကြာမီ အချိန်အတွင်း မြင်းငါးစီးတို့သည် အဝေးတို့ ရောက်ရှိသွားလေတော့သည်။

မင်္ဂလာအာမခံဌာနသည် သာမည အာမခံဌာနကလေးတစ်ခုမဟုတ်ပေ။ ဖုကျက်နယ် တွင် ပထမတန်းစား အာမခံဌာနကြီး တစ်ခုအဖြစ်တည်ရှိပေသည်။ ခေါင်းဆောင် ဆရာကြီး၏အမည် မှာ လင်ကျန်နန်ဖြစ်သည်။ မင်္ဂလာ အာမခံဌာနကြီးကို ခေါင်းဆောင်ဆရာကြီးလင်ကျန်နန်က စတင်တည်ထောင်ခဲ့ခြင်း မဟုတ်ပေ။ လင်ကျန်နန်၏ အဘိုးလက်ထက်မှ စ၍တည်ထောင်ခဲ့သည့် ဝါရင့်အာမခံဌာနကြီးတစ်ခုသာဖြစ်၏။

မင်္ဂလာအာမခံဌာနကြီး ဤမျှကြီးကျယ် တိုးတက်ခဲ့သည်မှာ စတင်တည်ထောင်သူ လင်ကျန်နန်၏ အဘိုးကြောင့်ပင်ဖြစ်သည်။ လင်ကျန်နန်၏ အဘိုးသည်သူတို့၏ မျိုးစဉ် မျိုးဆက်သိုင်းပညာဖြစ်သည့် ဘီလူးမီးခဲသိုင်း တစ်ရာ့ရှစ်ကွက်ရှိသော မိုဟိန်လက်ဝါးစောင်းသိုင်းနှင့်မြားတို့ လျှိုဝှက်လက်နက်တို့ဖြင့် အလွန်နာမည်ကြီးခဲ့သူဖြစ်သည်။

မင်္ဂလာ အာမခံဌာနကို လင်ကျန်နန်၏ အဘိုးဖြစ်သူ စတင်တည်ထောင်စဉ် အခါက လူဆိုး၊ လူမိုက်၊ လူသွမ်း၊ လူသော့၊ လူသရမ်းများသည် လာရောက် သွေးတိုးစမ်းလိုက်ကြသေးသည်။ အကယ်၍ လင်ကျန်နန် ၏ အဘိုးဖြစ်သူသည် သာ အစိကရသိုင်းသမား တစ်ယောက် မဟုတ်ခဲ့ပါလျှင် မင်္ဂလာ အာမခံဌာနသည် ထိုအချိန်ပင်ပျက်စီးပြိုကွဲ သွားခဲ့ရပေမည်။ သို့သော် လူမျိုးများ သည် လင်ကျန်နန်၏ အဘိုးဖြစ်သူ၏ ထက်မြက်သော သိုင်းပညာများ၏ ဒဏ်ကို မခံနိုင်ပါသဖြင့် နောက်ဆုတ်ထွက်ပြေးသွားခဲ့ကြသည်။

ထိုအချိန်မှစ၍ မင်္ဂလာအာမခံဌာန၏ အလံပါသောကုန်ပစ္စည်းများကို သိုင်းလောကရှိ မြေအောက်ဂိုဏ်းသားများက လက်ဖျားနှင့်ပင် မထိရဲကြတော့ချေ။

ယခု လင်ကျန်နန်လက်ထက်သို့ ရောက်သောအခါ သူ၏အဘိုးစတင်စိုက်ပျိုးခဲ့သည့် သစ်ပင်ကြီးသည် မြင့်မား ထွားကျိုင်း လာရုံမျှမက အသီးအပွင့်များဖြင့် ဝေသေဆာဆာဖြစ်ထွန်းလာသကဲ့သို့ မင်္ဂလာ အာမခံဌာနကြီးသည်လည်း ဌာနခွဲများ၊ ဌာနစိတ်များဖြင့် အလွန်များပြားတိုးတက်လျက် ရှိနေပေပြီ။ မင်္ဂလာအာမခံဌာနကြီးကိုလည်း မသိသူမရှိသလောက် ဂုဏ်သတင်း ထင်ရှားကျော်ကြားလျက်ရှိနေချေပြီ။

ဤအနှစ်နှစ်ဆယ်ကာလ အတောအတွင်း ....ကုန်ပစ္စည်းအမြောက်အမြား နှင့် အဖိုးနဂ္ဂ ထိုက်တန်သောရတနာများကို လင်ကျန်နန်ကိုယ်တိုင်ပင်လိုက်လံ ကာကွယ်စောင့်ရှောက်ပေးရန် မလိုတော့ချေ။ သူ၏လက်အောက်ငယ်သားများကို စေလွှတ်လိုက်ရုံမျှဖြင့် ကုန်ပစ္စည်း၊ ရတနာ ပစ္စည်းများသည် သူတို့ဆိုက်ရောက်ရမည့် ဌာနကို ဘေးမသီရန်မခ ဆိုက်ရောက်ခဲ့ကြရပေသည်။ မင်္ဂလာအာမခံဌာနကြီးသည် ဤမျှအောင်မြင်မှု ရရှိနေခဲ့ပေ၏။

လင်ကျန်နန်၏ ဇနီးဖြစ်သူ ဝမ်ဖူးမှာလည်းနာမည်ကြီး သိုင်းဆရာတစ်ဦး၏သမီးပင်ဖြစ်သည်။ ထို့ကြောင့် လင်ကျန်နန်မှာ ယောက္ခမဖြစ်သူ၏ အကူအညီ အထောက်အပံ့များကို များစွာရရှိခဲ့ပေသည်။

လင်ကျန်နန်နှင့် ဝမ်ဖူးတို့တွင် တစ်ဦးတည်းသော သားကလေးရှိသည်။ ထိုသားကလေး အမည်မှာ လင်မိန်ကျက်ဖြစ်သည်။ အသက်မှာမူ ဆယ့်ရှစ်နှစ်တင်းတင်း ပြည့်ခဲ့ပြီဖြစ်သည်။ သိုင်းပညာတွင်လည်း ညံ့ဖျင်းသူတစ်ယောက်မဟုတ်ဘဲ သူ့ဖခင်၏ ခြေရာကို နင်းနိုင်မည့်သူ ပင်ဖြစ်သည်။

ယနေ့လင်မိန်ကျက် တောလိုက်ထွက်ရာတွင် သူတို့၏ အာမခံဌာနမှ သိုင်းဆရာဆယ်ပြောင်းနှင့် ကျက်ပြောင်းတို့အပြင် လက်အောက်ငယ်သားနှစ်ယောက်ဖြစ်သည့် ပေအော့နှင့် ချန်ချီးတို့ကိုလည်း ခေါ်ခဲ့သည်။ သူတို့တောလိုက်ထွကကြသည့် တောအုပ်ကား ဖုကျီးမြို့၏ အနောက်ဘက်ရှိ တောအုပ်ကြီးပင်ဖြစ်၏။

ထိုတောအုပ်ကြီးသည် အမဲသားကောင် ပေါများလှသဖြင့် တစ်နေ့လုံးအားရပါးရ အမဲလိုက်ကြ၏။ ညနေစောင်းမှ သူတို့၏ အမဲလိုက်လုပ်ငန်းကို ရပ်ဆိုင်းလိုက်ကြသည်။ စိတ်ကျေနပ်ဖွယ်ရာ အမဲကောင်များလည်းရရှိခဲ့ကြ၏။

သားကောင်အများအပြားရရှိခဲ့ကြသဖြင့် အူမြူးနေကြသောလင်မိန်ကျက်တို့ လူသိုက်သည် လာလမ်းတိုင်းမပြန်ကြဘဲ အခြားတဘက်မှ လှည့်ပြန်ခဲ့ကြသည်။ ထိုသို့လှည့်ပြန်ခဲ့ကြသဖြင့် လမ်းခရီး အကြားရှိ အရက်ဆိုင်ကလေး တစ်ဆိုင်သို့ရောက်ရှိလာကြသည်။

သိုင်းဆရာ ကျက်ပြောင်းက............

“ဆရာလေး ...... ရေကန်အသင့် ကြာအသင့်ဆိုတာ ကျုပ်တို့အတွက်ပြောတဲ့စကားဖြစ်နေပြီ။ ဟိုမှာကြည့်စမ်း ...........အရက်ဆိုင် ၊ အရက်ဝင်သောက်ကြရအောင် ......... ကျုပ်တို့ပစ်လာတဲ့တောကြက်တွေကို ကြော်ခိုင်းပြီး အမြည်းလုပ်ခိုင်းလိုက်ရင် ဆွေမျိုးကိုမေ့သွားမှာပဲ ..............”

လင်မိန်ကျက်က ရယ်မော၍

“ဟား.....ဟား...........ဟား........ကျုပ်တော့...........ဆရာကြီး အကြောင်းသိလိုက်ပြီ ဗျို့.........ဆရာကြီး ကျုပ်နဲ့လိုက်လာတာ အမဲလိုက်ချင်လို့ မှ မဟုတ်ဘဲ.........အရက်သောက်ဖို့လိုက်လာတာကိုး”

လင်မိန်ကျက်၏ စကားကြောင့် အားလုံး တဝါးဝါးရယ်မောကြရင်း အရက်ဆိုင်လေးထဲသို့ဝင်ခဲ့ကြတော့၏။

ဤအရက်ဆိုင်လေးသည် သူတို့နှင့် စိမ်းနေသော ဆိုင်ကလေး မဟုတ်ပေ။ ဤလမ်းမှ ပြန်ခဲ့ကြသော်လည်း ပြန်သည့်အခါတိုင်းလိုလို ဤဆိုင်ကလေး တွင်ဝင်သောက်မြဲဖြစ်ကြသည်။ ထို့ကြောင့် အရက်ဆိုင်ရှင်သည်လည်း သူတို့နှင့် ရင်းနှီးနေပေပြီ။ သို့သော် ယနေ့ သူတို့ဝင်လာချိန်တွင် ထိုအရက်ဆိုင်ရှင်ကို မတွေ့ရတော့ဘဲ မီးဖိုနားတွင် မိန်းမပျိုတစ်ယောက်ထိုင်နေသည် ကိုတွေ့လိုက်ကြရသည်။

လင်မိန်ကျက်တို့ လူသိုက်သည် စားပွဲကုလားထိုင်များတွင် အသီးသီးဝင်ထိုင်လိုက်ကြသည်။ ထိုအခါ ဆိုင်အတွင်းမှ ဆံပင်တစ်ခေါင်းလုံး ဖြူဖွေးနေသည့် အဘိုးကြီးတစ်ယောက် ထွက်လာသည်။ ထိုအဘိုးကြီးက ............

"မောင်ရင်တို့က အရက်သောက် ကြမှာလား..........."

ထိုအဘိုးကြီး၏လေသံသည် ဤနယ်သားများ၏ လေသံမျိုး မဟုတ်ကြောင်းအားလုံးက ချက်ချင်း သတိပြု မိလိုက်ကြသည်။ သိုင်းဆရာ ကျယ်ပြောင်းက

''ဟုတ်တယ် ...... ကျုပ်တို့ အရက်သောက်ကြမလို့ဘဲ....အရက်ချပေးပါ........ဒါနဲ့ အရင်က ဆိုင်ရှင်ကိုကျုပ်တို့သိပါတယ် ........ အဲဒီဆိုင်ရှင်ဘယ်သွားနေလဲ"

ဆံဖြူအဘိုးကြီးက

"ဟဲ့....ဝမ်လေး ........ဒီကမောင်ရင်တွေ ကို အရက်တွေချပေးလိုက်စမ်း............ဟုတ်ကဲ့.......ကျုပ်တို့ က ဒီနယ်သားတွေပါပဲ......ဒါပေမဲ့နယ်ခြားမှာ စီးပွားသွားရှာခဲ့ကြတာကြာပါပြီ........သားနဲ့ ချွေးမဆုံးသွားတော့ နယ်ခြားမှာလုပ်ရကိုင်ရတာလည်း မပျော်တော့ပါဘူး၊ကိုယ့်ဇာတိမြေကို ပဲပြန်ချင်လာတယ်.........ဒါကြောင့် ဒီကိုပြန်ခဲ့ကြတာပဲ...."

သိုင်းဆရာ ကျက်ပြောင်းက

ဒီကိုပြန်ရောက်တော့ အဆင်ပြေကြရဲ့လား......

"ဘယ်အဆင်ပြေမလဲ........ဒီရောက်တော့ အသိမိတ်ဆွေဆိုလို့ တစ်ယောက်မှ မရှိတော့ဘူး...ဒါပေမဲ့ ကျုပ်အတွက်ကံကောင်းသွားခဲ့တယ်.............ဒီအရက်ဆိုင်ပိုင်ရှင်က ဒီဆိုင်ကို ရောင်းချင်တယ်ပြောတာနဲ့ ကျုပ်ကဝယ်လိုက်တာပဲ...."

ထိုစဉ် အင်္ကျီစိမ်းနှင့် မိန်းမပျိုလေးသည် ဦးခေါင်းကိုငုံ့၍ အရက်များကိုလိုက်ချပေးလျက်ရှိနေသည်။ ပန်းကန်၊ ခွက်၊ တူနှင့်ဇွန်း များကိုလည်း အသုံးပြုနိုင်ရန် ချပေးနေသည်။

လင်မိန်ကျက်သည် ထိုမိန်းကလေးကို အကဲခတ်လိုက်သည်။ ထိုမိန်းမပျိုကလေး ၏ ခါး၊ တင်၊ ရင်တို့ ဖွဲ့စည်းထားပုံသည် အလွန်ကျော့ရှင်းလှပ၍ မြင်သူတကာ ငေးလောက်ကြောင်းသတိပြုမိလိုက်မသည်။ သို့သော် ပြည်ပန်းညို ချိုပါလျက် ဆားကဖျက်ဟူသောစကားကဲ့သို့ သူမ၏မျက်နှာကမူ အဖုအပိန့်များဖြင့် ပြည့်နှက်နေသဖြင့်မြင်သူတကာ ထိတ်လန့်ကြောက်ရွံ့စဖွယ်ပင် ဖြစ်နေတော့၏။

သိုင်းဆရာဆယ်ပြောင်းက တစ်ထုပ်တစ်ပိုးကြီး ရရှိလာသော အမဲသားကောင်းများအနက်မှ တောကြက်တစ်ကောင်ကို ထုတ်၍ ဆံဖြူ အဘိုးကြီးအား လှမ်းပေးလိုက်သည်။

"ဒီတောကြက်ကို ကြွပ်ကြွပ်ရွရွလေးဖြစ်အောင်ကြော်ခဲ့ပါ........ကျုပ်တို့ အရက်နဲ့မြည်းဖို့"

ထို့နောက်သူတို့အားလုံး အရက်သောကကြတော့၏။ တစ်ယောက်တစ်ခွက်မျှသာ သောကကြရသေးသည်။ ဆိုင်အပြင်ဘက်မှ မြင်းခွာသံများကို ကြားလိုက်ကြရ၏။ မြောက်ဘက်မှ ဆိုင်ဘက်သို့ လာနေသော မြင်းခွာသံများဖြစ်ကြောင်း အားလုံးက သတိပြုမိလိုက်၏။ လူတစ်ယောက်၏အသံကိုလည်း ဆိုင်တွင်းမှ လူအားလုံးကြားလိုက်ကြရ၏။

"ဟား.........ဒီမှာ အရက်ဆိုင်ဟေ့........အတော်ပဲ ဝင်သောက်ကြရအောင်..........လိုက်ရှာနေစရာမလိုတော့ဘူး"

အင်္ကျီအစိမ်းရောင်ဝတ်ဆင်ထားသော လူနှစ်ယောက်တို့သည် ဆိုင်ထဲသို့ ဝင်လာကြ၏။ လင်မိန်ကျက်တို့ လူသိုက်အား တစ်ချက်မျှ ကြည့်လိုက်ကာ အရေးမစိုက်ဟန်ဖြင့် လွတ်နေသော စားပွဲ၊ ကုလားထိုင်များတွင် ဝင်ထိုင်လိုကကြသည်။ ထိုစဉ်.........အရက်ချပေးသောမိန်းမပျိုကလေးသည် ထို လူနှစ်ယောက်နားသို့ လျှောက်သွားပြီး ခေါင်းကလေး အောက်သို့ငုံ့ထားကာ မေးမြန်းလိုက်သည်

"အရက်သောက်ကြမလား....................."

အသံမှာ တိုးညှင်းလှသော်လည်း ချိုသာလှပေသည်။ မိန်းမပျိုကလေး အသံကြောင့်ဝင်လာသော အကျီစိမ်းနှစ်ယောက်သည် ဆတ်ခနဲ ဖြစ်သွားကြသည်။ သူတို့နှစ်ယောက်အနက်မှ ပို၍ အသက်ငယ်သောသူက မိန်းမပျိုကလေး ၏ မေးစေ့ကို ပိုင်စိုးပိုင်နင်း ကိုင်၍ မျက်နှာကလေးကို မော့လိုက်သည်။ မိန်း မပျိုကလေး ၏ မျက်နှာကို အသေအချာ ကြည့် လိုက်ပြီးမှ

"ကျွတ် ........ကျွတ် .......ကျွတ် .............နှမြော စရာကောင်းလိုက်တာ........"

မိန်းမပျိုကလေးသည် ကြောက်လန့်တကြားဖြင့် နောက်သို့ ဆုတ်ခွာသွားတော့သည်။ ကျန်တစ်ယောက်က သူ့ အဖော်၏အပြုအမူကို တဟားဟားရယ်မောရင်း

"အေးကွာ.........မင်းပြောတာ သိပ်မှန်သဟေ့...........ဒီမိန်းကလေးရဲ့ ကိုယ်လုံးကိုယ်ပေါက်ကတော့ တကယ့်ကိုလှပါ့ကွာ......တစ်ထောင်မှာ တစ်ယောက်ဒီလို ကိုယ်လုံးကိုယ်ပေါက်မျိုးရှိခဲ့တယ်........သူ့မျက်နှာကျတော့လည်း တကယ့်ကိုရုပ်ဆိုးလှပါလား.......ဒီလိုရုပ်ဆိုးပုံမျိုးကလည်း တစ်ထောင်မှာတစ်ယောက်ရှိခဲ့တယ်ကွ......သူ့မျက်နှာက ဖားပြုတ်ကျောပြင်ကြီးနဲ့ မတူဘူးလားဟေ့..."

ဒုတိယလူသည် မိန်းကလေးတစ်ယောက်၏ အရှက်ကို လုံးဝဂရုမစိုက်ဘဲ မိမိပြောချင်သမျှကို ရိုင်းစိုင်းစွာပြောချလိုက်ပေသည်။ အရက်ရောင်းချသည့် ဆင်းရဲသူမိန်းကလေးဖြစ်သဖြင့်လေးစားရန်မလို ဟုလည်း ယူဆထားပုံရသည်။ ဒုတိယလူ၏စကားဆုံးသော အခါ နှစ်ယောက်စလုံး တဝါးဝါး တဟားဟား ဖြင့် ရယ်မောနေကြတော့၏။ တစ်လောကလုံးတွင် သူတို့နှစ်ယောက်တည်း ရှိနေသည့် ပမာ ရယ် မောနေကြခြင်းဖြစ်၏။ ထိုသူနှစ်ယောက်၏ စကားသံသည် ကျန်းစီးနယ်သားများ၏ ပြောဟန်နှင့်တူနေသည်။

လင်မိန်ကျက်သည် ထိုသူနှစ်ယောက်၏ မထီလေးစားစော်ကားနေပုံကို တွေ့မြင်နေရသောအခါသူ၏ ဒေါသကို မထိန်းချုပ်နိုင်တော့ဘဲ စားပွဲခုံကို ဝုန်းခနဲ ထုလိုက်သည်။ နှုတ်မှလည်း ကျယ်လောင်သောအသံဖြင့် အော်ဟစ် မေးမြန်းလိုက်သည်။

"ဘယ်ကောင်တွေလဲကွ.....ဒီဖုကျိုးမြို့မှာ လာသောင်းကျန်းနေတာ ......."

ထိုအခါ လူစိမ်းလူငယ်က ရယ်မောရင်းမှ

"အစ်ကိုကြီး ကျားလောင် ကြားသလားဗျ...ကျုပ်တို့ ကို ဆဲနေတာ..........ကျုပ်တို့ကို ဆဲနေလို့ သိပ်တော့ အထင်မကြီးနဲ့ ဗျို့.......ကျားကျားလျားလျားကြီးမဟုတ်ဘူးဗျ.........မိန်းမလျာလေး၊ မိန်းမလျာလေး"

လင်မိန်ကျက်၏ရုပ်ရည်သည် သူ့အမေနှင့် အလွန်တူသည်။ သူ့အမေမှာ အလွန်ချောမောသကဲ့သို့ လင်မိန်ကျက်သည် အလွန်ချောသည်။ ခန့်ညားချောမောပုံမျိုး မဟုတ်ဘဲ သိမ်မွေ့ချော မောပုံမျိုးဖြစ်သဖြင့် မိန်းမလျာဟု ပြောမည့် အပြောမျိုး ကိုလင်မိန်ကျက် အလွန်ကြောက်သည်။ ထိုသို့ အပြောခံရပါက ဒေါသလည်း အလွန်ထွက်တတ်သည်။

ယခု..........ထိုလူစိမ်း လူငယ်၏စကားကို ကြားလိုက်ရသောအခါ လင်မိန်ကျက်သည် လုံးဝ ထိန်းသိမ်းနိုင်စွမ်း မရှိတော့ဘဲ ပေါက်ကွဲသွားတော့သည်။ မိမိရှေ့ရှိ အရက်အိုးကို ကောက်ကိုင်လိုက်ပြီး လူစိမ်းလူငယ်အား ပစ်ပေါက်လိုက်တော့၏

ထိုအခါသိုင်းဆရာ ဆယ်ပြောင်းနှင့် ကျက်ပြောင်းတို့သည် ဆတ်ခနဲ မတ်တပ်ရပ်လိုက်မိကြတော့သည်။ လူစိမ်းနှစ်ယောက်အနက် ကျားလောင်ဆိုသူက ရယ်မောရင်းဖြင့် ကျန်လူငယ်အားလှမ်းပြောလိုက်သည်။

"ဟေး .. ရှောင်ရီ .. မိန်းမလျာမဟုတ်ရဲ့လားကွ ........ ဒေါသတယကြီးပါလား .......... မင်းပြောတာ မဟုတ်ဘူးနဲ့တူတယ်...."

ကျက်ပြောင်းက ဒေါသဖြင့် အော်လိုက်သည်။

"ခင်ဗျားတို့က ကျုပ်တို့မင်္ဂလာအာမခံဌာနရဲ့ ဆရာလေးကို ဒီလိုစော်ကားရဲတယ် ဟုတ်လား .......... တွေ့ကြသေးတာပေါ့လေ.......ကဲ လာပြီ........."

စကားဆုံးသည်နှင့် သူ၏ ဘယ်လက်သီးသည် ကျားလောင်ဆိုသောသူ၏ မျက်နှာဆီသို့ တစ်ရှိန်ထိုးဝင်သွားတော့၏။ ထိုအခါကျားလောင်က ကျက်ပြောင်း၏ လက်ကောက်ဝတ်ကို သူ၏ဘယ်ဖက်ဖြင့် ဆုပ်ကိုင်လိုက်ပြီး ဆွဲယူလိုက်ရာ ကျက်ပြောင်းသည် အရှိန်မသတ်နိုင်တော့ဘဲ ကျားလောင်၏ဘေးမှ ဖြတ်ကျော်ပြီး မြေကြီး ပေါ်သို့ ဟပ်ထိုးလဲကျသွားသည်။ ဟပ်ထိုးလဲလုလုချိန်တွင် ကျားလောင်က တံတောင်ဆစ်ဖြင့် ကျောပြင်ကိုတံတောင်ဆစ်ဖြင့်ဆောင့်လိုက်သဖြင့် ကျက်ပြောင်း သည် အတန်ကြာသည့်တိုင်အောင်မထနိုင်တော့ချေ။

သိုင်းဆရာ ဆယ်ပြောင်းသည် အခြေအနေမှန်ကို ခန့်မှန်းမိလိုက်ပြီ။ တစ်ကွက်တည်းဖြင့် မိမိ၏လူခံလိုက်ရသည်ကို တွေ့လိုက်ရသည်နှင့် ထိုလူစိမ်းနှစ်ယောက်တို့သည် သာမန်လူများ မဟုတ်ကြောင်း ရိပ်မိသိရှိလိုက်သည်။ ထို့ကြောင့် အခြေ အနေကို စူးစမ်းသော သဘောဖြင့် မေးလိုက်သည်။

"ခင်ဗျားတို့ ဘယ်သူတွေလဲ........ဘာဖြစ်လို့ မိန်းကလေးကိုစော်စော်ကားကားလုပ်ရတာလဲ.......ခင်ဗျားတို့ စော်ကားလို့ ထပြီးတားတဲ့သူကို ဘာဖြစ်လို့ တစ်ချက်လွှတ် လုပ်လိုက်ရတာလဲ... သိုင်းလောကသားအချင်းချင်း ညှိညှိနှိုင်းနှိုင်း ဆွေးဆွေးနွေးနွေး လုပ်ရမှာပေါ့..ခင်ဗျားတို့လုပ်ပုံက ကျုပ်တို့ရဲ့ မင်္ဂလာအာမခံဌာနကို လုံးဝ အရေးမထားတဲ့ သဘောမျိုးဖြစ်နေတယ်။"

ထိုအခါ ရှောက်ရီဆိုသောလူငယ်က ခနဲ့ပြုံးပြုံးရင်း

"ဘာ.........အာမခံဌာန ........... မင်္ဂလာအာမခံဌာန ဟုတ်လား .........ကြားတောင်မကြားဖူးဘူး .... ဘာလုပ်တဲ့ ဌာနလဲ"

လင်မိန်ကျက်သည် ဝှန်းခနဲ ခုပ်အုပ်လိုက်ရင်း.........

"ခွေးရိုက်တဲ့ ဌာနကွ ............."

"သူသည် ဘယ်ဘက်လက်ဝါးကို ရိုက်ထုတ်လိုက်သည်။ တစ်ဆက်တည်းလိုလိုပင် ညာဘက်လက်ဝါးစောင်းက အောက်ဘက်မှ ကပ်၍ ရိုက်ထုတ်လိုက်ပြန်သည်။ ထိုသိုင်းကွက်သည် သူတို့၏မျိုးရိုးစဉ်ဆက် သိုင်းပညာတစ်ခုဖြစ်သော မိုးဟိန်း လက်ဝါးစောင်းသိုင်းကွက်ပင် ဖြစ်တော့၏။

ရှောက်ရီက

"ဟ..........ဒီမိန်းမလျှာ လေး ဘာမှ အသုံးမကျဘူး အောက်မေ့ နေတာ .........ခုတော့ဘယ်ဆိုလို့လဲ"

ရှောက်ရီသည် ဘယ်ဘက်လက်ဖြင့် လင်မိန်ကျက်၏လက်ကို ဖယ်ထုတ်လိုက်ပြီး ညာဘက်လက်ဖြင့်ပခုံးကို ဆွဲကုတ်ယူလိုက်သည်။

လင်မိန်ကျက်၏ မိုးဟိန်းလက်ဝါးစောင်း သိုင်းကွက်မှာ အဆင့်အတန်းမြင့်မားသောသိုင်းကွက်ဖြစ်၏။ ရှောက်ရီ၏စိတ်ထဲတွင် ပခုံးကို ဆွဲကုတ်လိုက်သည့် မိမိ၏ လက်ကို လွန်ထွက်သွားစေရန်အတွက် လင်မိန်ကျက်ရှောင်ထွက်သွားလိမ့်မည် ဟုကြိုတင်တွက်ထားသည်။ သို့သော် လင်မိန်ကျက်သည် လုံးဝရှောင်ထွက်သွားခြင်းမပြုသည့် အပြင်ရှောက်ရီ၏ မျက်နှာကို ရိုက်ထည့်လိုက်ရာ ဖြန်း ခနဲ မြည်ဟည်းသွားတော့သည်

ထိုအခါ ရှောက်ရီ၏ဒေါသသည် ငယ်ထိပ်သို့တိုင် တက်ရောက်လာချေပြီ။ မိမိအားရိုက်လိုက်သူအား မှုန့်မှုန့်ညက်ညက်ခြေလိုသောကြောင့် မိမိတွင် ရှိသောခွန်အားကို အကုန်ထုတ်၍ အပြင်းအထန် တိုက်ခိုက်တော့သည်။

တဘက်တွင်လည်း ကျက်ပြောင်းနှင့် ဆယ်ပြောင်းတို့ နှစ်ယောက်က ကျားလောင်ဆိုသောလူနှင့် တိုက်ခိုက်လျက်ရှိနေပြီ။

လင်မိန်ကျက်သည် ငယ်စဉ်ကာလ ကလေးဘဝတည်းက သိုင်းပညာသင်ကြားခဲ့သည် မှန်သော်လည်း သူသင်ကြားခဲ့ရပုံ အခြေအနေ သည် အခြားသူများနှင့် ဆန့်ကျင်နေသည်။ သူနှင့် ယှဉ်ပြိုင်သင်ကြား၍ သိုင်းလေ့ကျင့်သူများမှာ မင်္ဂလာဌာနလက်အောက်ရှိ သိုင်းသမားများသာဖြစ်သည်။ လက်အောက်ခံသိုင်းသမားများသည် သူတို့ဌာန၏ ဆရာလေးဖြစ်သော လင်မိန်ကျက်နှင့် မည်သည့်အခါမျှ ရေကုန်ရေ ခန်း သိုင်းလေ့ကျင့်ရကြသည် မဟုတ်ချေ။ အမြဲတမ်းလိုလို အလျှော့ပေးလေ့ကျင့်ခဲ့ကြသည်။

ထိုချွတ်ယွင်းချက်များကြောင့် လင်မိန်ကျက်အဖို့ အရေးကြုံသက်လုံမကောင်းနိုင်ဘဲ ဖြစ်ရလေတော့သည်။ ယခုရှောက်ရီနှင့် တိုက်ခိုက်နေသည့် တိုက်ပွဲမှာ သာမန်သိုင်းလေ့ကျင့်နေချိန်မျိုး မဟုတ်ပေ။ အရှက်နှင့် အသက်တို့ကိုပါ ထိခိုက်နိုင်သော တိုက်ပွဲဖြစ်သဖြင့် ကိုယ်စွမ်းရှိသရွေ့ ပညာစွမ်းရှိသရွေ့ ထုတ်သုံးနေသည့် တိုက်ပွဲမျိုးဖြစ်နေသည်။ ထို့ကြောင့်လင်မိန်ကျက်သည် တကယ့်ပြိုင်ပွဲ၏ အတွေ့ အကြုံများကို နဖူးတွေ့ဒူးတွေ့ တွေ့နေရပြီး မလွယ် ကူမှန်း သိရှိလာတော့သည်။ ရှောင်ရီက သူ့ကို အလွယ်တကူ အနိုင်မယူသွားစေရန် အပြင်းအထန် ခုခံနေရတော့သည်။

သူ့နည်းတူ ကျက်ပြောင်းနှင့် ဆယ်ပြောင်းနှစ်ယောက်မှာလည်း အလူးအလဲ ခုခံနေကြနေပေပြီ။ ပေအော့နှင့် ချန်ချီးတို့ နှစ်ယောက်မှာ ဝင်ရောက် တိုက်ခိုက်ရန် ဟန်ပြင် လိုက်ကြစဉ်မှာပင် ရှောင်ရီ၏ နောက်ပေါက်ကန်လိုက်ခြင်းကို ခံလိုက်ရသဖြင့် လဲကျရာမှ ပြန်မထနိုင်ကြတော့။

ထိုအချိန်တွင် လင်မိန်ကျက်နှင့် ရှောင်ရီတို့ တိုက်ပွဲသည် တဖြည်းဖြည်းဆိုင်တွင်းမှ ဆိုင်ပြင်ရောက်ရှိသွားကြပေပြီ။

ရှောင်ရီသည် ရုတ်တရက် မာန်သွင်းအော်ဟစ်ပြီး လက်သီးတစ်လုံးထိုးထုတ်လိုက်၏။ လင်မိန်းကျက်သည် ပြင်းထန်လှသော ထိုလက်သီးကို ဘေးသို့ ပတ်ထုတ်ရန်ကြိုးစားလိုက်သည်။ သို့သော် သူ၏ လက်အထုတ်နှေးသွားသဖြင့် သူ့ရင်ဝသို့ 'ဘုံး' ခနဲအထိုး ခံလိုက်ရတော့သည်။

လင်မိန်ကျက် ငိုက်ဆင်းကျသွားချိန်တွင် ရှောင်ရီက လင်မိန်ကျက်လည်ကုပ်ကို ဖမ်းကိုင်လိုက် ကာ အောက်သို့ ဖိချလိုက်တော့သည်။ ထိုသို့ ဖိထားရင်းမှ အော်ဟစ် ရယ်မောကာ ပြောလိုက်သည်။

"မိန်းမလျာလေး ဘယ်နှယ့် လဲ ...........မင်း အစွမ်းကလည်း ဘာမှ မရှိပါလား........ကဲ ကဲ .......အခု ငါ့ကို ဦးသုံးကြိမ်ချ အဖေကြီးလို့ သုံးကြိမ် ခေါ် ..............မင်းကိုငါ ဘာမှ ရန်မလုပ်ဘူး..........အေးအေးဆေးဆေးပြန်လွှတ်လိုက်မယ်. .....ဟား ဟား......"

ဆယ်ပြောင်းနှင့် ကျက်ပြောင်းတို့ နှစ်ယောက်သည် သူတို့၏ ဆရာလေး အဖမ်းခံနေရသည်ကို တွေ့လိုက်ရသောအခါ အလွန်ထိတ်လန့်သွားကြသည်။ မည်သို့ပင်ထိတ်လန့်သည်ဖြစ်စေ လင်မိန်ကျက်ကိုမည်သို့မျှ မကူနိုင်ကြပေ။ အဘယ်ကြောင့် ဆိုသော် သူတို့ကိုယ်တိုင်ကျားလောင်၏ တိုက်ကွက်များကို အလူးအလဲ ခုခံကာကွယ်နေရ၍ ဖြစ်သည်။

ထိုစဉ် ရှောင်ရီကမူ သူ့လုပ်ငန်းကို သာဆက်လက် လုပ်နေသည်။ တဟားဟား ရယ်မောရင်းဖြင့် လင်မိန်ကျက်အား ထပ်မံပြောဆိုနေသည်။

"ဘယ်လိုလဲ မိန်းမလျာလေး ............ ခုထက်ထိ ငါ့ကိုဦးမချ သေးဘူးသား ... ကိုယ့်ထက်တော်တဲ့ သူကို ဦးချတာ ငရဲကြီးပါဘူးကွ....ဦးချ ဦးချ"

ရှောင်ရီသည် ပြောရင်းဆိုရင်းမှ လင်မိန်ကျက်၏ ဦးခေါင်းကို အားစိုက်၍ ဖိချနေတော့သည် ။ လင်မိန်ကျက်၏ ဦးခေါင်းသည် မြေကြီးနှင့် ထိလုနီးပါးဖြစ်နေလေပြီ။ လင်မိန်ကျက်သည် သူ၏ဦးခေါင်းကိုမြေကြီးနှင့်မထိစေရန် တတ်နိုင်သမျှ တောင့်ခံထားသည်။ သူ၏လက်ကို လုံးဝအအားမထားဘဲ ရှောင်ရီ၏ ဝမ်းဗိုက်ကိုထိုးရနကြိုးစားနေလေ၏။

သို့သော်ဦးခေါင်းကို အတင်းအကျပ် ဖိနှိပ်ခံထားရသဖြင့် သူ၏လက်သန်းသည် ရှောင်ရီ ၏ဝမ်းဗိုက်ကိုထိုးမိရန် နှစ်လက်မခန့်တိုး၍ ဖိလေရာ လင်မိန်ကျက်ခမျာ ဇက်ကျိုးမတတ်ခံစားနေရတော့၏။ မျက်လုံးများသည်လည်း မီးပွင့်မတတ် ဖြစ်နေပြီး နားနှစ်ဖက်လုံးတွင်လည်း တစီစီမြည်လျက် ရှိနေချေပြီ။

လင်မိန်ကျက်သည် သူ၏လက်နှစ်ဘက်ကို မျက်ကန်းတစ်ယောက်သဖွယ် လျှောက်ယမ်းနေရာမှ ရုတ်တရက်တစုံတစ်ခု သတိရသွားဟန်ဖြင့် ရမ်းနေသော လက်များရပ်သွားသည်။ တခဏချင်းပင် သူ၏သားရေဖိနပ်ကြားတွင် ထိုးထည့်ထားသော ဓားရိုးကို ကိုင်ဆွဲထုတ်ယူလိုက်ပြီး မည်သို့မျှ စဉ်းစားခြင်း မပြုတော့ဘဲ အောက်မှပင့်၍ ထိုးလိုက်တော့သည်။

ဓားသည် ရှောင်ရီ၏ ချက်အောက်မှ ဓားရိုးဆုံးသည်အထိ စိုက်ဝင်သွားတော့သည်။

ဖားပြုတ်သည်ပင်လျှင် သွားများရှိလျှင် သူ့အား နှိပ်စက်ညှဉ်းပမ်းသူကို ပြန်ကိုက်ပေလိမ့်မည်။ မာနရှိသော လူသား အဖို့မူကား......

လင်မိန်ကျက်အနေဖြင့် ရှောင်ရီကဲ့သို့ လူရမ်းကားတစ်ယောက်ကို အဘယ်သို့ ဦးချနိုင်လိမ့်မည်နည်း။

ရှောင်ရီသည် 'အား' ခနဲ တစ်ချက်အောင်ဟစ်လိုက်ပြီး လင်မိန်ကျက်၏ ကုပ်ကိုနှိပ်ထားသည့် လက်များကို လွှတ်လိုက်ကာ နောက်သို့ နှစ်လှမ်းမျှ ဆုတ်ခွာသွားတော့သည်။ သူ၏မျက်နှာတွင်လည်း အလွန်အံ့သြသော အမူအရာနှင့် ထိတ်လန့်တုန်လှုပ်သော အမူအရာများ ပေါ်နေသည်။ သူ၏ ချက်အောက်တွင် ဓားမြှောင် တစ်ချောင်း စိုက်ဝင်လျက်နေ၏။

သူသည် စကားပြောရန်အတွက် ပါးစပ်ကို ဟ လိုက်သည်။ သို့သော် မည်သည့် စကားသံမျှ ထွက်မလာ ။ သူ၏ လက်တစ်ဖက်က စိုက်ဝင်နေသည့် ဓားမြှောင်ကို ဆွဲနှုတ်ရန် ဓားကို ဆုပ်ကိုင်လိုက်မိသည်။ သို့သော် မနှုတ်ရဲ။

လင်မိန်ကျက်မှာလည်း ထိုအဆင့်ထိ ကျူးလွန်မှုမျိုး တစ်ရံတစ်ဆစ်မျှ ကျူးလွန်ခဲ့ဖူးသူ မဟုတ်ခဲ့သဖြင့် တုန်လှုပ်ခြောက်ခြားလျက် ရှိနေပေပြီ။ ထူးခြားသော အခြေအနေ ဖြစ်ပေါ်နေပြီ ဖြစ်ကြောင်းလူအားလုံးလိုလို သိရှိလိုက်ကြသဖြင့် ဆယ်ပြောင်း၊ကျက်ပြောင်းနှင့် ကျားလောင်တို့၏ တိုက်ပွဲများသည်လည်း အလိုလို ရပ်ဆိုင်း သွားတော့သည်။

သူတို့အားလုံး၏ မျက်လုံးအစုံတို့သည် ရှောင်ရီထံသို့ စူးစူးစိုက်စိုက် ရောက်ရှိသွားကြတော့၏။ ရှောင်ရီ ကိုယ်တိုင်လည်း တုန်တုန်ယင်ယင်ဖြင့် ရပ်လျက်ရှိနေသည်ပင် မဟုတ်ပါလား။

ထိုစဉ် ရှောင်ရီသည် သူ၏ဝမ်းဗိုက်မှ ဓားကို ဆတ်ခနဲ ရုတ်တရက် ဆွဲနှုတ်လိုက်သောအခါ နီးစွေးသော သွေးများ ရဲခနဲပန်းထွက်လာတော့သည်။ အားလုံး၏ နှုတ်ဖျားမှလည်း အံ့သြသံများပြုလိုက်မိကြသည်။

ရှောင်ရီသည် တုန်ယင်ချိနဲ့သော လေသံဖြင့်

"အစ်ကိုကြီးကျားလောင် ..............အဖေ ..........အဖေ့ကိုပြောလိုက်ပါ.........ကျွန်.........ကျွန်တော့်အတွက် တုံ့ပြန်ကြွေးဆပ်........ဆပ်ဖို့......ပြော......... .ပြော..............

ရှောင်ရီသည်စကားမဆို၍ မဆုံးမီပင်သူ့လက်ထဲမှ ဓားကို ကျားလောင်သို့ပစ်ပေးလိုက်သည်။ ကျားလောင် ကလည်း ကမန်းကတန်းဖမ်းယူလိုက်သည်။ ရှောင်ရီ၏ ဆိုးဝါးသော အခြေအနေကို တွေ့လိုက်ရပြီ ဖြစ်၍ နှုတ်မှလည်း ထိတ်လန့် တကြား အော်ဟစ်လိုက်မိသည်။

"ညီလေး........"

ထိုစဉ် ရှောင်ရီမှာ မြေကြီးပေါ်သို့ ဝုန်းခနဲ ပြိုလဲကျသွားတော့၏။ ခြေလက်အင်္ဂါများသည်လည်း လုံးဝ လှုပ်ရှားမှုမရှိတော့ဘဲ ငြိမ်သက်နေပေပြီ။ သေပြီ ။ ရှောင်ရီ သေဆုံးသွားချေပြီ။

ဆယ်ပြောင်းသည် ကျက်ပြောင်းအား လေသံတိုးတိုးဖြင့် လှမ်းပြောလိုက်၏။

"ကျက်ပြောင်း .......... မင်းရဲ့လက်နက်ကို သွားယူတော့လေ..........အခြေအနေက နောက်ဆုတ် မရတော့ဘူး ........"

ပြောပြောဆိုဆိုနှင့် သူကိုယ်တိုင်ပင် ဆိုင်ပြင်တွင် ချည်နှောင်ထားသော မြင်းများရှိရာသို့ ပြေးသွားပြီး သူ၏ လက်နက်ကို ဆွဲထုတ်လိုက်တော့၏။

ဆယ်ပြောင်းသည် လူငယ်လူသစ် သိုင်းသမားကလေး တစ်ယောက်မဟုတ်။ ထိပ်သီးသိုင်းသမား တစ်ယောက်မဟုတ်သော်လည်း သိုင်းလောကနှင့် ပတ်သက်သည့် အတွေ့အကြုံများစွာရှိပေသည်။ ယခု သူတို့အနေဖြင့် မမျှော်လင့်ဘဲ လူသတ်မှု ကျူးလွန်ခဲ့ ကြပေပြီ။

ထို့ကြောင့် ကျားလောင် ဆိုသူအားလည်း ချန်ထား၍ မဖြစ်တော့။ သူ့အား နှုတ်ပိတ်သည့် အနေဖြင့် အပြတ် ရှင်းပစ်ရပေတော့မည်။

သို့သော် ကျားလောင်ဆိုသူကလည်း လူပါးတစ်ယောက်ပင်ဖြစ်၏။ အကယ်၍ ဆယ်ပြောင်းနှင့် ကျက်ပြောင်းတို့ က လက်နက်ကိုယ်စီဖြင့် တိုက်ကြလျှင် သူလည်း မည်သို့မျှ ခုခံနိုင်လိမ့်မည် မဟုတ်။ ထို့ကြောင့် ကျားလောင်သည် လင်မိန်ကျက်ကို တစ်ချက်မျှ စူးစူးစိုက်စိုက်ကြည့်ပြီးလျှင် သူ၏မြင်းပေါ်သို့ ရုတ်တရက်ခုန်တက်လိုက်ကာ မြောက် ဘက်လာလမ်းအတိုင်း ကဆုန်စိုင်း ထွက်ပြေးသွားကြတော့သည်

လင်မိန်ကျက်သည် ကျားလောင် ထွက်ပြေးသွားရာသို့ တစ်မျှော်တစ်ခေါ်လိုက်ကြည့်ရင်း တုန်ယင် ချောက်ချားစွာဖြင့်ပြောလိုက်သည်။

"ဆရာ .......... ဆယ်ပြောင်း ......ကျုပ်.........ကျုပ်တို့ ဘယ်လိုလုပ်ကြမလဲဟင်.........သူကို အသေသတ်ဖို့ မရည် ရွယ်ခဲ့ပါဘူး...........မမျှော်လင့်ဘဲ သူသေသွားရတာ........ကြံ ...........ကြံစမ်းပါဦးဗျာ"

ဆယ်ပြောင်းသည် မျက်မှောင်ကုတ်ရင်း အပြင်းအထန်စဉ်းစားနေသည်။ ရုတ်တရက် ပြောလိုက်သည်။

"ဘယ်လိုကြံကြမလဲ ဆိုတာတော့ နောက်မှ အေးအေးဆေးဆေး စဉ်းစားမှ ဖြစ်မယ် ....... အခု လောလောဆယ်ဆယ်တော့ ဒီအလောင်းကို မြေမြှုပ်ပစ်ဖို့ အရေးကြီးတယ် ......... ဒါကြီးတွေ့သွားရင် ပြဿနာက အရင်ဆုံး ဖြေရှင်းနေရဦးမယ်..........."

ပေအော့နှင့် ချန်ချီးတို့ နှစ်ယောက်သည် အလောင်းကို သယ်ယူသွားကြပြီး မြေမြှုပ်ပစ်လိုက်ကြတော့၏။ သိုင်းဆရာဆယ်ပြောင်းက ဆိုင်ရှင် အဘိုးကြီးအား သတိပေးလိုက်သည်။

"ဒီမှာ အဘိုးကြီး...........ဒီပြဿနာမှာ ခင်ဗျားတို့အမြင်ပဲ.........ခင်ဗျားရဲ့ မြေးမလေးကို ဟိုလူဆိုးတွေ နောက်ပြောင်စော်ကားတာက စခဲ့ရတာပဲ.........ခင်ဗျားမြေးမလေးအတွက် ကျုပ်ရဲ့ ဆရာလေးက မခံချင်ဖြစ်ပြီး ဝင်ကာကွယ်လို့ ဒီလိုဖြစ်ရတာ......ဒီပြဿနာသာ တရားရုံးရောက်သွားရင် ခင်ဗျားတို့လည်းပါနေမှာပဲ..........ဒါကြောင့်မို့ ဒီပြဿနာကို ခင်ဗျားတို့ နှုတ်ပိတ်ထားကြပါ..........ခင်ဗျားတို့ မပြောရင် ဘယ်သူမှ မသိနိုင်ပါဘူး........."

အဘိုးကြီးသည်................ကြောက်ကြောက်ရွံ့ရွံ့ နှင့် ခေါင်းကိုသာ တဆတ်ဆတ်ညိတ်နေတော့၏။

ဆယ်ပြောင်းသည် အဘိုးကြီး၏ အမူအရာများကို ကြည့်လိုက်ခြင်းဖြင့် တစ်ဘက်တွင်အတော်အတန်စိတ်ချ သွားရပြီ ဖြစ်ကြောင်းသိရှိလိုက်သဖြင့် လင်မိန်ကျက်အား ခေါင်းညိမ့်ပြလိုက်သည်။ လင်မိန်ကျက်သည်လည်း အနည်းငယ် စိတ်သက်သာရာရသွားသည်။ အစစအရာရာ လက်စသိမ်းပြုလုပ်ပြီးနောက် ရင်တထိတ်ထိတ်ဖြင့် မိမိတို့ ဌာနသို့ ပြန်လာခဲ့ ကြတော့၏။

ယခုအခါ အမဲလိုက်ပြီး အပြန်ခရီးသည် ယခင့်ယခင်က အပြန်ခရီးထက် များစွာခြားနားလှတော့သည်။ အားလုံးနှုတ်ပိတ် ရေငုံကျက် အတွေးကိုယ်စီဖြင့် ပြန်လာခဲ့ကြတော့သည်။

လင်မိန်ကျက်အခန်းထဲသို့ ဝင်လိုက်သည်နှင့် သူ့အဖေကြီး လင်ကျန်နန်သည် ကုလားထိုင်ရှည်ကြီး တစ်ခုပေါ်တွင် မျက်စိမှိတ်၍ အနားယူနေသည်ကိုတွေ့လိုက်သည်။

သူ့အဖေကြီးကို ရုတ်တရက် တွေ့လိုက်ရသောအခါ လင်မိန်ကျက်သည် ချက်ချင်းပင် တုန်လှုပ် ချောက်ချားလာပြန်တော့သည်။ ထိုပြဿနာနှင့် ပတ်သက်၍ သူ့အဖေကြီးကို ပြန်ပြောသင့် မပြောသင့် စဉ်းစားလာခဲ့သည် မှာ မိမိတို့၏ အာမခံဌာန ရောက်သည်အထိပင် ဖြစ်တော့သည်။ အဖေကြီးအား ပြန်ပြောသင့်သည် မှန်သော်လည်း မပြောရဲချေ။

အဘယ်ကြောင့်ဆိုသော် မိမိတို့ဖြစ်ပွားခဲ့သည့် ပြစ်မှုသည် သာမန်အသေးအဖွဲ့ကလေး မဟုတ်။ လူသတ်မှုကြီး ဖြစ်သည်။

မိမိတို့၏ အာမခံဌာနကြီးသည် မကြာခဏပင် လူသတ်မှုပေါင်း များစွာ ကျူးလွန်ခဲ့သည်သာဖြစ်၏။ သို့သော် မိမိတို့ဌာနကြီး သတ်ခဲ့သောလူများသည် လူကောင်းသူကောင်းများ မဟုတ်ကြ။ လူဆိုးသူခိုးနှင့် ဓားပြများသာဖြစ်ကြသည်။ ထို့ကြောင့် တရားဥပဒေအရ အရေးယူခံရမည်ကို လုံးဝစိုးရိမ်ရန်အကြောင်းမရှိချေ။

ထိုသို့ အခန်းဝတွင် လင်မိန်ကျက်တစ်ယောက် အတွေးသံသရာ လည်နေစဉ် လင်ကျန်နန်၏ မျက်လုံးများ ပွင့်လာတော့၏။

ချီတုံချတုံဖြင့် အခန်းဝတွင် ရပ်နေသော သားဖြစ်သူအား တွေ့လိုက်ရသောအခါ လင်ကျန်နန်သည် ပြုံး၍မေးလိုက်သည်။

"သား ဒီနေ့ အမဲလိုက်ရတာ ပျော်စရာကောင်းရဲ့လား၊ အမဲကော ဘယ်နှစ်ကောင်ရခဲ့သလဲ"

"ဟင့်အင်း.......သိပ်မရခဲ့ပါဘူး...."

လင်ကျန်နန်သည် သူ၏ ဆေးတံရှည်ကို ယူ၍ မီးညှိလိုက်ပြီး...........

"သား .......မင်း ရောက်လာတာနဲ့ အတော်ပဲ.........မင်းကိုသတင်းကောင်း တစ်ခု ပြောရဦးမယ်။"

"ဘာလဲ အဖေ .......ဒီနေ့ ကြီးကြီးမားမား အလုပ်တစ်ခု လက်ခံလိုက်ရပြီနဲ့တူတယ်........"

လင်ကျန်နန်သည် ရယ်ရင်းခေါင်းခါပြလိုက်သည်။

မဟုတ်ပါဘူးသားရ .......သားကိုပြောချင်တဲ့သတင်း ဒီထက်ကြီးကျယ်တယ်............စောစောကလေးတင်ဆရာလီဖြောင်းကျန်းစီးနယ် က ပြန်လာတယ်........သူယူလာတဲ့သတင်းကတော့ တကယ့် သတင်းကောင်းပဲ သားရ ........ကျန်းစီးနယ်က ချင်းချန်ဂိုဏ်းရဲ့ ထင်ရှားရသေ့ ကျောင်းထိုင်ဆရာတော်ကြီးက ငါတို့ပို့လိုက်တဲ့လက်ဆောင်တွေကို လက်ခံလိုက်ပြီတဲ့"

ထိုသတင်းသည် စိတ်ဝင်စားစရာကောင်းသော သတင်းဖြစ်ကြောင်း အရွယ်ရောက်ပြီးဖြစ်သည့် လင်မိန်ကျက် ကောင်းစွာသိရှိပေသည်။ သို့သော် သူ့အနေဖြင့် ယခုအချိန်တွင် မည်သည့် အကြောင်းအရာမျှ စိတ်မဝင်စားနိုင်အောင် ဖြစ်နေသဖြင့် သူ့ဖခင်ကြီး၏ စကားကို စိတ်မပါ့တပါဖြင့် ပြန်မေးလိုက်သည်။ မေးလိုက်သည်ဆိုသည်ထက် ကယောင်ကတမ်းဖြင့် ပဲတင်ထပ် ရေရွတ်လိုက်သည် ဆိုသည်က ပိုမှန်ပေလိမ့်မည်။

"ကျွန်တော်တို့ ရဲ့ လက်ဆောင်တွေကို လက်ခံလိုက်ပြီဟုတ်လား........"

"အေး ........ဟုတ်တယ်.........ဒီအကြောင်းတွေကို ပတ်သက်ပြီးအရင်တုန်းက သားကို အပြည့်အစုံမပြောပြခဲ့ဖူးသေးဘူး..........သားကိုပြောပြတာတွေ ကလည်း အပေါ်ယံ သဘောလောက်ကလေးတွေပဲရှိခဲ့တယ်၊ အဲတုံးက သားကငယ်နေသေးလို့ ...........အခုတော့ သားအရွယ်ရောက်လာပြီ.........ဒီတော့ အဖေ့ ပခုံးပေါ်က တာဝန်ဆိုတဲ့ ဝန်ထုပ်ဝန်ပိုးကြီးတွေကို သားလွှဲပြောင်းယူရတော့မယ်.........ဒါကြောင့်မို့ ဌာနက အရေးအဝကို လေ့လာရမယ်"

လင်ကျန်နန်သည် စကားပြောရင်း ပြောရင်းအလွန်စိတ်ပါလာသည်။ အာမခံဌာန နှင့် ပတ်သက်သည့် ပညာရပ်တချို့ကို သားဖြစ်သူအားသိစေချင်သည့် စိတ်ကြောင့်လည်း စိတ်ပါလက်ပါ ပြောနေခြင်းဖြစ်သည်။ သားဖြစ်သူ နမူးနထိုင်း ဖြစ်နေသည်ကို ရိပ်မိသော်လည်း အမဲလိုက်သဖြင့် ပင်ပန်းလာခြင်းဖြစ်သည်ဟူ၍ မှတ်ယူထားသဖြင့် သူ့စကားကိုသာ ဆက်ပြောနေတော့သည်။

"သားလေး ........ငါတို့ ရဲ့ အာမခံ ဌာနကြီးဟာ ယခု ထက်ပိုပြီး တိုးတက်သည်ထက်တိုးတက်အောင် ကြိုးစားနေတယ်။ ကျန်းစီးနယ်မှာ မြေနေရာ အကွက်အကွင်း သိပ်ကောင်းတယ်........လူသိပ်စည်ကားတယ်.......ဒီတော့ အရောင်းအဝယ်လည်း သိပ်ကောင်းတော့တာပေါ့ .....ဒီနေရာမှာ ခြေချနိုင်ရင် အဖေတို့ရဲ့ မင်္ဂလာအာမခံဌာနကြီးဟာ တစ်ပြည်လုံးမှာ အကြီးကျယ်ဆုံး အာမခံဌာနကြီး ဖြစ်လာမှာ အသေအချာပဲ ... ဒီအချက်ကို အဖေ သိထားတာ ကြာပြီ ..........ဒါပေမဲ့"

လင်ကျန်နန်သည် အားတက်သရောပြောနေရာမှ သားဖြစ်သူ အားတစ်ချက်မျှ လှမ်းအကဲခတ်လိုက်သည်။ ပြီးမှ

"ဒါပေမဲ့ ဒီနယ်မြေမှာ အခြေချချင်ရင် ချင်းချန်ဂိုဏ်းနဲ့ ဝါမေဂိုဏ်းကို အရင်ဆုံးဆက်သွယ်ရမယ်။ ဒါကြောင့်မို့လွန်ခဲ့တဲ့ သုံးနှစ်က စပြီး နှစ်တိုင်း တစ်နှစ်ကို နှစ်ကြိမ်ကျ ထင်ရှားရသေ့ကျောင်းကိုသွားပို့တယ် ၊ ဝါမေဂိုဏ်းရဲ့ ရွှေထိပ်ဘုရားကျောင်းကိုလည်း သွားပို့ခိုင်းတာပဲ။ .......ဒါပေမယ့် .........ဂိုဏ်းချုပ်ကြီးနှစ်ယောက်စလုံးက လက်မခံဘူး......."

လင်မိန်ကျက်သည် သူ့ဖခင်၏ စကားများကို ကြားနေရသော်လည်း တကယ်တမ်း သူ့မျက်စိတွင် မြင်နေရသည်မှာ သွေးသံရဲရဲဖြင့် တုန်တုန်ငယ်ငယ် ရပ်နေသော ရှောင်ရီကိုသာဖြစ်ပေသည်။ လင်ကျန်နန်ကမူ သူ့သားစိတ်ဝင်တစားနားထောင်နေသည် ထင်သဖြင့် သူ့စကားကိုဆက်ပြန်သည်။

"ဝါမေဂိုဏ်းကတော်သေးတယ်....ငါလွှတ်လိုက်တဲ့လူတွေကို ကောင်းကောင်းမွန်မွန်လက်ခံစကားပြောသေးတယ် ....လက်ဆောင်တွေကို လက်မခံတာဘဲရှိတယ်......ချင်းချန်ဂိုဏ်းကတော့ တောင်ပေါ်တောင် အရောက်မခံဘူးဟေ့ ... တောင်တဝက် ကပဲမောင်းချတာပဲ ... ကဲ ....... သူတို့တွေနဲ့ ဆက်ဆံရတာ ဘယ်လောက် အောက်ကျနောက်ကျခံ ဆက်ဆံရတယ် မှတ်သလဲ ..... စီးပွားရေး အလုပ်ဆိုတာ ဒီလိုအောက်ကျခံကြရတာပဲ .. ငါကတော့ငါ့လူတွေကို သေသေချာချာ မှာလိုက်တာပဲ ...............သူတို့ကဘယ်လောက်ပဲ မောက်မောက်မာမာ ဆက်ဆံဆက်ဆံ သည်းခံရမယ်လို့ ......... ငါ့လူတွေကလည်း တော်ကြပါတယ် ..... ငါ့စကားကို တစ်ဝေမတိမ်း နားထောင်ကြတယ်........အောင့်အည်းသည်းခံပြီးပြန်လာ ကြရှာတယ် ......... နို့မို့ဆိုရင်တော့ စကားများရန်ဖြစ်မှာ သေချာသလောက်ဖြစ်နေပြီ......"

ထိုစကားများဆုံးသွားသည်နှင့် လင်ကျန်နန်သည် ရုတ်တရက် မတ်တပ်ရပ်လိုက်သည်။ သူ၏လက်နှစ်ဖက်ကို ကျောနပ်စွားပွပ်သပ်ဆုပ်နယ်နေရာမှ ...............

ဒီနှစ်တော့ တကယ့်နှစ်ထူးနှစ်မြတ်ပဲ.......မမျှော်လင့်ဘဲနဲ့ ချင်းချန်ဂိုဏ်းကြီးက ငါတို့ရဲ့ လက်ဆောင်တွေကို လက်ခံလိုက်တယ်....သူကပြောလိုက်သေးတယ်.........သူတို့ရဲ့ တပည့်လေးယောက်ကို လွှတ်ပြီးလက်ဆောင်တွေ အပို့ လွှတ်လိုက်ပါဦးမယ်တဲ့ ..... ကဲ ........ငါပြောချင်တဲ့ သတင်းကောင်းကတော့ ဒါပဲသားရေ ......... ဘယ်လောက် အားရစရာ ကောင်းလိုက်လဲ"

လင်မိန်ကျက်က အလန့်တကြား မေးလိုက်သည်

"လေးယောက်နော်..........နှစ်ယောက်တည်းမဟုတ်ဘူးနော်..."

လင်ကျန်နန်သည် အံ့သြသောမျက်နှာဖြင့် သားကိုကြည့်ရင်း ပြန်ဖြေလိုက်သည်။

"အေး ...... ဟုတ်တယ်......လေးယောက်ပါ.......ဒီလိုဂိုဏ်းကြီးတစ်ဂိုဏ်းက ငါတို့ကို လေးလေးစားစားလုပ်တာ ငါတို့အဖို့ အင်မတန် ဂုဏ်တက်စရာကောင်းတာပဲ ........ ညနေကပဲ ငါ့လူတွေ လွှတ်လိုက်ပြီးပြီ.....ဒီအနီးတဝိုက်မှာရှိတဲ့ ဌာနခွဲတွေဆီကို လွှတ်လိုက်ရတာပဲ......ချင်းချန်ဂိုဏ်းက ဧည့်သည်လေးယောက်ရောက်လာရင် ခရီးစဉ် တစ်လျှောက်လုံး လိုလေသေး မရှိအောင် ဧည့်ဝတ်ပြုစုဖို့ မှာခိုင်းလိုက်တာပဲ...."

ထိုသို့ စကားပြောနေကြစဉ် အပြင်ဘက်မှ ဆူသံညံသံများကို ရုတ်တရက် ကြားလိုက်ရသည်။ လင်ကျန်နန်ကမူ မျက်မှောင်ကုပ်၍ အခန်းအပြင်သို့ လှမ်းကြည့်နေသည်။ ထိုစဉ် အခန်းထဲသို့ လူသုံးယောက် အမောတကော ပြေးဝင်လာကြ၏။ ရှေ့ဆုံးမှ တစ်ယောက်က မောကြီးပန်းကြီးဖြင့် ပြောလိုက်သည်။

"ဆ.......ဆရာကြီး...."

"ဘာဖြစ်လာပြန်တာလဲ......"

ဆရာကြီးဟုခေါ်လိုက်သည့် ရှေ့ဆုံးမှ လူသည် ချန်ချီးဖြစ်သည်။ လင်မိန်ကျက်နှင့်အတူ အမဲလိုက်စဉ်က ပါသွားသူ နှစ်ဦးအနက်မှ တစ်ဦးဖြစ်သည်။

ချန်ချီးက

"ဆရာကြီး ပေအော့ သေပြီ"

လင်ကျန်နန်သည် ရုတ်တရက် အံ့သြသွားရာမှာ စူးဝါးစွာ အော်ဟစ်မေးလိုက်၏။

"ဘယ်သူသတ်လိုက်တာလဲ ........မင်းတို့ အချင်းချင်းပဲ ကစားပြီးရန်ဖြစ်တာလား......ဘယ်လိုဖြစ်တာလဲ.."

ချန်ချီး ကမန်းကတန်း ဖြေရှင်းလိုက်၏။

မဟုတ်ရပါဘူးဆရာကြီး....ကျွန်တော်တို့ ဖဲကစားရင်း ရန်ဖြစ်ကြလို့ သေရတာ မဟုတ်ပါဘူး ...... စောစောက ကျွန်တော်အိမ်သာသွားတော့ အိမ်သာဘေးက မြက်ခင်းပြင်မှာ ပေအော့ လဲကျနေတာကိုတွေ့တာပဲ...ကျွန်တော် သွားစမ်းကြည့်တော့ တစ်ကိုယ်လုံးအေးစက်ပြီး အသက်မရှိတော့ဘူး.....ဒဏ်ရာရှာ ကြည့်တော့လည်း ဘာဒဏ်ရာမှ မတွေ့ရဘူး......ရောဂါဆိုးတစ်ခုခုရပြီး သေသွားတာနဲ့တူနေတယ်........"

လင်ကျန်နန်က ရုတ်ခြည်းပြောလိုက်သည်။

"ကဲ........သွားကြည့်ကြမယ်"

လင်ကျန်နန်သည် အိမ်နောက်ဘက်မြက်ခင်းရှိရာသို့ ထွက် သွားသောအခါ လင်မိန်ကျက်သည် ထပ်ကြပ်မကွာ လိုက်ပါသွားသည်။ မြက်ခင်းပေါ်ရှိ ပေအော့၏ အလောင်းဘေးနားတွင် ပေအော့၏ အလောင်းဘေးနားတွင် အာမခံဌာနမှ သိုင်းဆရာများ ဝိုင်းနေကြောင်း တွေ့လိုက်ရသည်။ သူတို့၏ ခေါင်းဆောင်ကြီး လျှောက်လာသည်ကို တွေ့လိုက်ကြသောအခါ အားလုံး ဘေးသို့ ဖယ်လိုက်ကြသည်။

လင်ကျန်နန်သည် အလောင်းကို ငုံ့၍ ကြည့်လိုက်၏။ အလောင်းမှ အကျီများ ပွင့်ဟနေသည်ကို မြင်လိုက်ရခြင်းအားဖြင့် ဌာနမှ သိုင်းဆရာများသည် အလောင်းကို သေချာစွာ စစ်ဆေးပြီးဖြစ်ကြောင်း ရိပ်မိလိုက်သည်။ သို့သော် သေချာသည်ထက် သေချာစေရန် ဘေးနား၌ ရပ်နေသော သိုင်းဆရာ ကျက်ပြောင်းကို လှမ်း၍ မေးလိုက်၏။

"အလောင်းကို စစ်ဆေးပြီးပြီလား ....."

ကျက်ပြောင်းက ....

"ဟုတ်ကဲ့ ... ကျွန်တော် သေသေချာချာ စစ်ဆေးပြီးပါပြီ၊ ဘာဒဏ်ရာမှ မတွေ့ရဘူး ... နောက်ပြီး အဆိပ်မိတာလည်း ဟုတ်ဟန်မတူဘူး ... တော်တော့်ကို အံ့ဩစရာ ကောင်းနေတယ် ...."

သေသူ ပေအော့၏ မျက်နှာသည် သွေးမရှိသည့် လက္ခဏာဖြင့် ဖြူရော်နေရုံသာရှိပြီး စိမ်းညိုခြင်း လုံးဝမရှိသည်ကို တွေ့ရသည်။ နှုတ်ခမ်းမှာမူ ပြုံးနေသယောင် ဖြစ်နေ၏ လင်ကျန်နန်သည် ခေါင်းတစ်ချက် ညိမ့်လိုက်ပြီး ကျက်ပြောင်းအား ပြောလိုက်သည်။

"ဘဏ္ဍာရေးမှူးကို အကြောင်းကြားလိုက် ... ပေအော့သေတဲ့အတွက် သူ့အိမ်သားတွေ ခံစားသင့် ခံစားထိုက်သမျှ ခံစားပစေ .... ပေးသင့်ပေးထိုက်တဲ့ လျော်ကြေးကို အပြည့်အဝ ပေးပစေ ကြားလား"

"ဟုတ်ကဲ့ ဆရာကြီး ...."

လင်ကျန်နန်သည် ယခု ပေအော့ သေဆုံးသည့် ကိစ္စနှင့် ပတ်သက်၍ မည်သို့မျှ အရေးမထားချေ၊ အရေးထားစရာ ကိစ္စလည်း မဟုတ်၊ ရောဂါတစ်ခုကြောင့် သေခြင်းအတွက် သူမည်သို့ တတ်နိုင်ပါမည်နည်း။

လင်ကျန်နန်သည် အခန်းအတွင်းသို့ ပြန်ဝင်လာသည်။ သူက သားဖြစ်သူအား ရုတ်တရက် မေးလိုက်သည်။

"သား .... ဒီနေ့ အမဲလိုက်သွားတုန်းက ပေအော့ ပါသွားတယ် မဟုတ်လား ..."

"ဟုတ်တယ် .... ပေအော့ပါ လိုက်ခဲ့တာပဲ .... ကျွန်တော်တို့ အမဲလိုက်နေတုန်းကတော့ အကောင်းပဲ .... အခုကျမှ ဘယ်လို ရောဂါဆိုး ရသွားရတာလဲ ...."

လင်ကျန်နန်သည် ပေအော့နှင့် ပတ်သက်သည့် စကားကို ဖြတ်လိုက်ပြီး စောစောက ပြတ်သွားသည့် စကားကို ပြန်ဆက်လိုက်သည်။

"ဒီတစ်ခါ ချင်းချန်ဂိုဏ်းက ငါတို့နဲ့ မဟာမိတ်ဖွဲ့လိုက်တာကတော့ ငါတို့အတွက် အင်မတန် ကြီးမြတ်တဲ့ ဂိုဏ်းကြီးတစ်ခုပဲ .... ကျန်စီးနယ်က ဝါမေဂိုဏ်းနဲ့ ချင်းချန်ဂိုဏ်းဆိုတဲ့ ဂိုဏ်းကြီးတစ်ဂိုဏ်းဟာ သိုင်းလောကမှာ ရှောင်လင်ဂိုဏ်းနဲ့ ဝူတန်းဂိုဏ်းတို့နဲ့ တန်းတူ နာမည်ကြီးနေတဲ့ ဂိုဏ်းကြီးတွေပဲ .... ဒါကြောင့်မို့ ချင်းချန်းဂိုဏ်းက ငါတို့နဲ့ အပြန်အလှန် လက်ဆောင်တွေ ဖလှယ်လိုက်တာကတော့ သိုင်းလောကမှာ တို့ရဲ့ မင်္ဂလာ အာမခံဌာနကြီး မျက်နှာပွင့်စေဖို့ ဖြစ်သွားတာပဲ .... တစ်ခုတော့ ရှိတာပေါ့လေ .... ချင်းချန်ဂိုဏ်းက ထိပ်သီးဂိုဏ်းကြီးဆိုတော့ ထိပ်သီးသိုင်းသမားတွေ အများကြီးရှိတာပေါ့။ ငါတို့က သူတို့နဲ့ ယှဉ်လို့တော့ မရဘူး .... ငါတို့မှာက ထိပ်သီးသိုင်းသမား သိပ်မများဘူး ...."

လင်မိန်ကျက်မှာမူ သူ့ဖခင်ကြီး လက်ဆောင်ပို့သည့် ကိစ္စများကို လုံးဝ စိတ်မဝင်စားချေ။ သူအာရုံရောက်နေသည့် ကိစ္စမှာ ပေအော့သေသည့် ကိစ္စ ဖြစ်သည်။

ဖခင်ကြီးအား လှမ်းပြောလိုက်သည်။

"အဖေ ..."

သူ၏ စကားပင်မဆုံးသေး။ အပြင်ဘက်မှ လူတစ်ယောက်၏ အော်သံကို ကြားလိုက်ရ၏။

"ဆရာကြီး .... ဆရာကျက်ပြောင်း သေပြန်ပြီ ...."

# အခန်း (၂)
# အသက်တောင်းခြင်း

သည်တစ်ကြိမ်တွင်တော့ လင်ကျန်နန်တို့ သားအဖနှစ်ယောက်စလုံး ထိတ်လန့်တုန်လှုပ် သွားကြသည်။ ကိုယ့်အပြစ်နှင့်ကိုယ် သွေးလန့်နေသော မိန်ကျက်မှာမူ ထိုင်ရာမှ ရုတ်တရက် ခုန်ထလိုက်ကာ ကယောင်ကတမ်း ရေရွတ်လိုက်မိ၏။

"သူ.... သူတို့ရဲ့ကြွေး"

လင်မိန်ကျက်သည် သူ့ဖခင်ကြီးရှိနေသည်ကို ရုတ်တရက် သတိရလိုက်သဖြင့် သူ၏စကားကို ကမန်းကတမ်း ရပ်ပစ်လိုက်ရသည်။ အမှန်စင်စစ်အားဖြင့် လင်မိန်ကျက်အနေဖြင့် သူ့ဖခင်ကြီးကြားသွားမည်ကို စိုးရိမ်စရာ မလိုချေ။ ကျက်ပြောင်းသေပြီဟူသော စကားကို ကြားလိုက်ပြီးသည်နှင့် လင်ကျန်နန်သည် အပြင်သို့ ရောက်နေချေလေပြီ။ လင်မိန်ကျက်ပြောသည့် စကားများကို လုံးဝ မကြားလိုက်ချေ။

ထိုစဉ် ချန်ချီး အပြေးအလွှား ရောက်ရှိလာသည်။

"ဆရာကြီး၊ ဆရာကြီး၊ ကျွန်တော်တို့တော့ ဒုက္ခပါပဲ၊ ဆရာကျက်ပြောင်းလည်း ဟိုကျန်းစီးနယ်သားရဲ့ လက်ချက်နဲ့ အသက်ပါသွားပြန်ပြီ"

လင်ကျန်နန်သည် အံ့သြတုန်လှုပ်စွာဖြင့် အော်လိုက်သည်။

"ဘာ ကျန်းစီးနယ်သား ဘယ်က ကျန်းစီးနယ်သားလဲ၊ ရှင်းရှင်းပြောစမ်း"

လင်ကျန်နန်က မည်မျှလောက် အော်ဟစ်မေးမြန်းလိုက်သည်ဖြစ်စေ၊ ချန်ချီးအနေဖြင့် လင်ကျန်းနန်ကို လုံးဝ ကြောက်ရွံ့ဟန် မပြချေ။ လင်ကျန်နန်၏ မေးခွန်းကိုလည်း တိတိကျကျ မဖြေချေ။ သူပြောလိုက်သည့် စကားမှာ

"သ သ သရဲဖြစ်ရမယ် ဆရာလေး ကယ်ပါဦး၊ ဟို ကျန်းစီးနယ်သား သရဲပဲဖြစ်ရမယ် ကျွန်တော်တို့ နောက်ကို လိုက်လာတာဖြစ်ရမယ်..ကျွန်တော်လည်း သေရတော့မယ်၊ ဘုန်းကြီးတွေပင့်ပါ.. ပရိတ်ရွတ်ခိုင်းပါ..ပရိတ်မရွတ်ရင် ကျွန်တော်သေရလိမ့်မယ်.."

ချန်ချီးသည် သွေးရူးသွေးတန်းဖြင့် ပြောမိပြောရာ ပြောနေတော့သည်။ သူ့စကားများကို လင်မိန်ကျက် တစ်ယောက်သာ နားလည်သည်။

လင်ကျန်နန်ကမူ လုံးဝနားမလည်။ ထို့ကြောင့် ချန်ချီးအား ငေါက်ငန်းလိုက်၏။

"တိတ်စမ်း.... ချန်ချီး.... မင်းဘာတွေလျှောက်ပြောနေတာလဲ...."

ချန်ချီးသည် ဒေါသဖြင့် လွှမ်းနေသည့် သူ့ဆရာကြီး၏ ငေါက်ငမ်းသံကြောင့် လုံဝနှုတ်ပိတ်သွားတော့၏။ သို့သော် တလင်မိန်ကျက်ကို ကြည့်နေသော အကြည့်ကမူ ဘုန်းကြီးများပင့်၍ ပရိတ်ရွတ်ပေးရန် ရှိခိုးဦးတင် တောင်းပန်နေသကဲ့သို့ပင်။ ထိုစဉ် အခြားသိုင်းဆရာကြီးများ ရောက်လာသည်။ ထိုအထဲမှာ သိုင်းဆရာကြီးတစ်ယောက်က သူတို့၏ဆရာကြီး လင်ကျန်နန်အား အစီရင်ခံလိုက်သည်။

"ဆရာကြီး .... ဆရာကျက်ပြောင်းရဲ့ အလောင်းကိုလည်း ကျွန်တော်တို့ သေသေချာချာ စစ်ဆေးပြီးပါပြီ.... ပေအော့သေတဲ့အတိုင်း သေနေတာပဲ ... တစ်ကိုယ်လုံး ဘာဒဏ်ရာမှ မရှိပါဘူး ....ဒီနေ့မနက် အမဲလိုက်ထွက်တုန်းက မကောင်းဆိုးဝါးတစ်ကောင်နဲ့ တွေ့ခဲ့တာပဲဖြစ်ရမယ် .... ဒါကြောင့်မို့ ပေအော့ရော.... ဆရာကျက်ပြောင်းရော.... နှစ်ယောက်စလုံး ထူးထူးခြားခြား သေနေကြတာပဲ ဖြစ်ရမယ် ....."

လင်ကျန်နန်က ခပ်ဆတ်ဆတ်ပြောလိုက်သည်။

"တော်ကြစမ်းကွာ .... ငါ့ဘဝတစ်သက်လုံး သိုင်းလောကထဲ မြုပ်နှံလာခဲ့တာ ဘာမကောင်းဆိုးဝါး တစ်ကောင်မှ မတွေ့ဖူးဘူး..... မင်းတို့နဲ့ကျမှ သရဲပြောတဲ့ကောင်နဲ့ .... မကောင်းဆိုးဝါးလို့ ပြောတဲ့ကောင်နဲ့ စုံနေတာပဲ .... ကဲ လာခဲ့ကြ ... အခု အလောင်းကို သွားကြည့်ကြမယ် ...."

လင်ကျန်နန်၏နောက်သို့ သိုင်းဆရာများ တစ်ပြုံတစ်မကြီး လိုက်ပါသွားကြတော့သည်။ ကျက်ပြောင်း၏ အလောင်းသည် မြင်းဇောင်းထဲ၌ရှိသည်။ သူ၏လက်နှစ်ဖက်သည် မြင်းထိုင်ခုံကို ကိုင်ထားလျက် ရှိနေသည်။ ဧကန္တ သူမြင်းထိုင်ခုံကို ဖြုတ်ချရန် ပြုနေစဉ် တစ်စုံတစ်ခုသော ရောဂါဆိုး ကပ်ရောက်သွားခြင်း ဖြစ်ရပေလိမ့်မည်။

လင်ကျန်နန်သည် မီးအိမ်ကို ယူခိုင်းလိုက်သည်။ အလောင်း၏ အဝတ်အစားများကို သူကိုယ်တိုင်ချွတ်ကာ ကျက်ပြောင်းတစ်ကိုယ်လုံးကို စစ်ဆေးတော့သည်။ တစ်ကိုယ်လုံးရှိ အရိုးများကိုလည်း စမ်းသပ်ကိုင်တွယ် ကြည့်သည်။ သို့သော် မည်သည့်ဒဏ်ရာကိုမျှ မတွေ့ရ။

လင်ကျန်နန်သည် အတွေ့အကြုံကြွယ်သူတစ်ယောက် ဖြစ်၏ သူ၏ဘဝသက်တမ်းတစ်လျှောက်၌ သရဲတစ္ဆေဟူသည်ကို တစ်ရံတစ်ဆစ်မျှ မြင်ဖူးခဲ့သည် မဟုတ်ချေ။ ဤလောက၌ သရဲတစ္ဆေရှိသည် ဟူ၍လည်း သူမယုံချေ။ ယခု သူ့တပည့်နှစ်ယောက်၏ ဒဏ်ရာမရှိဘဲ ထူးထူးဆန်းဆန်း သေဆုံးနေသည်ကို တွေ့လိုက်ရသောအခါ စိတ်များ နောက်ကျိရှုပ်ထွေးသွားပြီး သူ့လူများ၏ ပြောစကားကို ယုံရမည်ကဲ့သို့ ဖြစ်နေ၏။ သားဖြစ်သူ လင်မိန်ကျက်အား လှမ်းမေးလိုက်သည်။

"သား .... ဒီနေ့ သားနဲ့ အမဲလိုက်တုန်းက ပါလာတဲ့လူတွေဟာ ဘယ်သူတွေလဲ .... သေသွားတဲ့နှစ်ယောက်ကတော့ ဟုတ်ပြီ၊ ကျန်တဲ့လူတွေကိုပြောတာ....."

"ဆရာဆယ်ပြောင်းနဲ့ ချန်ချီးပါ....."

လင်ကျန်နန်သည် တပည့်တစ်ယောက်အား လှမ်း၍ အမိန့်ပေးလိုက်သည်။

"ဟေ့ .... ဆယ်ပြောင်းကို ငါ့အခန်းထဲ လွှတ်လိုက်စမ်း"

အမိန့်ပေးပြီးသည်နှင့် လင်ကျန်နန်သည် သားဖြစ်သူ လင်မိန်ကျက်နှင့် ချန်ချီးတို့ကိုခေါ်ကာ အခန်းအတွင်းသို့ ပြန်ဝင်လာတော့သည်။

အခန်းထဲတွင် တစ်ဦးကိုတစ်ဦး လုံးဝစကားမပြောမိကြ....။ အတွေးကိုယ်စီဖြင့် လင်ကျန်နန်သည် သည်းမခံနိုင်အောင် ဖြစ်လာသည်။

ထို့ကြောင့် ချန်ချီးအား.....

"ချန်ချီး ..... မင်းမြန်မြန်သွားစမ်း .... ဆယ်ပြောင်းတို့ ငါ့ဆီ မြန်မြန်လာခဲ့လို့ သွားပြောစမ်း ..... ဒီလောက် အရေးကြီးနေတဲ့ အချိန်မှာ အချိန်တွေ ဖြုန်းနေတယ်....."

ထိုအခါ ချန်ချီးက.....

"ဟုတ်ကဲ့ပါ ဆရာကြီး...."

ချန်ချီးသည် တံခါးပေါက်ဘက် လျှောက်သွားသည်။ သို့သော် တံခါးဝသို့ ရောက်ရှိသွားချိန်တွင်မူ တစ်စုံတစ်ခုကို သတိရလိုက်သည်နှင့် တွန့်ဆုတ်သွားပြီး ဆရာကြီးဖြစ်သူ လင်ကျန်နန်အား လှမ်းပြောလိုက်သည်။

"ဆရာကြီး .... ဆရာဆယ်ပြောင်း ခုတင် ရောက်လာတော့မှာပဲ ... ကျွန်တော် သွားပြောဖို့ မလိုတော့ဘူး ထင်တယ် ....."

"ဟော့ကောင်..... မင်းကို ငါဘာလုပ်ခိုင်းသလဲ .... သွားစမ်း.... ငါခိုင်းသလိုလုပ်စမ်း...."

"ဟုတ်.... ဟုတ်.... ဟုတ်ကဲ့ ဆရာကြီး...."

နှုတ်မှ ထစ်ထစ်ငေါ့ငေါ့ ပြောသကဲ့သို့ တစ်ကိုယ်လုံးသည်လည်း ကတုန်ကယင်ဖြစ်လျက် ရှိနေချေပြီ။ သူ၏ခြေထောက်ကို အခန်းအပြင်သို့ တစ်လှမ်းထုတ်လိုက်သည်။ ချက်ချင်းပင် ရုတ်ခနဲ ပြန်ဆုတ်လိုက်တော့သည်။ သူကြောက်လန့်နေပေပြီ။ ထို့ကြောင့် လင်ကျန်နန်၏ ရှေ့တွင် ဒူးထောက်လိုက်ပြီး.....

"ဆ.....ဆရာကြီး .... ကျွန်တော့်ကို သနားရင် အသက်ကို ချမ်းသာပေးပါ.... ကျွန်တော် ဒီအခန်းအပြင်ကို မထွက်ဝံ့ပါဘူး.... ကျွန်တော်တစ်ယောက်ထည်း အပြင်ထွက်သွားရင် မုချ ကျွန်တော် သေရမှာပါ.... ကျွန်တော့်ကို သနားပါ....."

လင်ကျန်နန်သည် ချန်ချီး၏ မျက်နှာကို ဒေါသဖြင့် ကြည့်လိုက်မိသည်။ သို့သော် သူ့ဒေါသများသည် ချက်ချင်းပင် ပြေပျောက်သွားတော့သည်။

အဘယ့်ကြောင့်ဆိုသော် ချန်ချီး၏ မျက်နှာသည် ကြောက်ရွံ့တုန်လှုပ်မှုကြောင့် ထိတ်လန့်ဖွယ် ကောင်းလောက်အောင် သွေးဆုတ်ဖြူရော်နေသောကြောင့် ဖြစ်ပေသည်။

ချန်ချီး၏ မျက်နှာကို မြင်လိုက်ရသဖြင့် လင်ကျန်နန်ကိုယ်တိုင် ကျက်သီးတဖြန်းဖြန်း ထသွားမိတော့၏။ ထို့ကြောင့် ချန်ချီးအား......

"ကဲ..ကဲ... ထပါ....ထပါ... မင်းဒီလောက်ကြောက်နေရင်လည်း ငါမခိုင်းတော့ပါဘူး...."

ချန်ချီးကမူ မတ်တတ် ရပ်လိုက်ပြီးလျှင် ပြီးချင်း.....

"ဆရာလေး ..... ဒီကိစ္စဟာ ဆရာလေး မွေးလိုက်တဲ့မီးပဲ .... ကျွန်တော်တို့နဲ့ ဘာမှ မသက်ဆိုင်ဘူး .... ဆရာကျက်ပြောင်းတို့ ..... ပေအော့တို့က ကြားထဲက ခံလိုက်ရတဲ့ လူတွေပဲ ...ရှင်းပြပါဦး... ကျွန်တော်တို့ ဒုက္ခမရောက်အောင် ဆရာလေး ရှင်းပြပေးပါဦး..."

ချန်ချီးသည် ငိုသံပါကြီးနှင့် လင်မိန်ကျက်အား ပြောနေတော့သည်။ လင်ကျန်နန်သည် သားဖြစ်သူအား ဆတ်ခနဲကြည့်လိုက်ပြီး မေးလိုက်၏။

"သား... ဘယ်လိုဖြစ်ခဲ့ကြတာလဲ...."

လင်မိန်ကျက်အနေဖြင့် မည်သို့မျှ မထိန်ဝှက်နိုင်တော့ချေ။ ဤအချိန်ကျမှ ထိန်ဝှက်ထားခြင်းဖြင့် မည်သည့် အကျိုးမှလည်း ရရန်လမ်းမမြင်တော့ပေ။ ထို့ကြောင့် ကျန်းစီးနယ်သား လေသံပေါက်နေသော လူစိမ်းနှစ်ယောက်နှင့် အရက်ဆိုင်အတွင်း တိုက်ခိုက်ရန်ဖြစ်ခဲ့ပုံကို အစအဆုံး ပြောပြလိုက်တော့သည်။ နောက်ဆုံး မိမိ၏ လက်ချက်ဖြင့် ရှောင်ရီသေဆုံးသွားပုံကိုပါ အဆုံးသတ် ပြောပြလိုက်သည်။

လင်ကျန်နန်သည် အရှုပ်အထွေး ချည်မျှင်စများကို တွေ့မြင်စပြုပြီဖြစ်ကြောင်း သိလိုက်တော့သည်။ သို့သော် အခြေအနေက မဟန်။ အတွေ့အကြုံ ရင့်ကျက်ကြွယ်ဝနေသူ ဖြစ်သဖြင့်သာ သူ၏စကားကို တစ်ခွန်းတစ်ပါဒမျှ ဝင်ထောက်ခြင်းမပြုပဲ အစအဆုံး နားထောင်နေသည်။ ပြီးမှ လင်မိန်ကျက်အား မေးသည်။

"သားတို့နဲ့ တိုက်ခိုက်လိုက်တဲ့ လူနှစ်ယောက်ဟာ ဘယ်ဂိုဏ်းကဆိုတာ ပြောပြသွားသေးသလား"

"ဟင့်အင်း .... မပြောဘူး အဖေ..."

"ဒါဖြင့် သူတို့နှစ်ယောက်ရဲ့ အထူးခြားဆုံး အချက်ကို သားသတိပြုမိသလောက် ပြောစမ်း...."

"သူတို့နှစ်ယောက်ရဲ့ အထူးခြားဆုံး အချက်ကတော့ ကျန်စီးနယ်သားတွေရဲ့ လေသံအတိုင်း စကားပြောကြတဲ့ အချက်ပဲ ရှိတယ် အဖေ...."

လင်ကျန်နန် တီးတိုးရေရွတ်နေမိတော့၏။

"မဖြစ်နိုင်ဘူး ..... မဖြစ်နိုင်ဘူး .... ဒီလိုထူးထူးဆန်းဆန်း ဘယ်လိုမှ မကြုံကြိုက်နိုင်ဘူး .... ချင်းချန်ဂိုဏ်း ခေါင်းဆောင်က သူ့တပည့်လေးယောက်ကို လွှတ်လိုက်မယ် ဆိုပေမယ့် ဒီလောက် မြန်မြန်ဆန်ဆန်ကြီး ရောက်မလာနိုင်ဘူး ...."

လင်မိန်ကျက် တုန်လှုပ်သွား၏။ အကယ်၍ သူသတ်မိခဲ့သူမှာ ချင်းချန်ဂိုဏ်းသား ဖြစ်ခဲ့သော်...။ ထို့ကြောင့် အလျင်စလို မေးမြန်းလိုက်မိသည်။

"အဖေ .....ဟိုလူနှစ်ယောက်ဟာ ချင်းချန်ဂိုဏ်းက ဖြစ်နိုင်သလားဟင်......"

လင်ကျန်နန်သည် လင်မိန်ကျက်၏ အမေးကို မဖြေ။ အရက်ဆိုင်အတွင်း တိုက်ပွဲဖြစ်ခဲ့စဉ်က ထိုလူနှစ်ယောက် အသုံးပြုသော သိုင်းကွက်များကို အရေးတကြီး မေးမြန်းနေတော့၏။ သူ့အဖေ၏ အရေးတကြီး အမူအရာကို ကြည့်ပြီး အကြောင်းမဲ့ မေးခြင်း မဟုတ်ကြောင်း ရိပ်မိသဖြင့် လင်မိန်ကျက်ကလည်း အစအဆုံး ဂရုတစိုက် ပြောပြလိုက်သည်။

ထိုစဉ် ချန်ချီးက .....

"ပေအော့နဲ့ ကျွန်တော်က ဒီလူ့ကို နောက်ဘက်က ဝင်ပြီးတိုက်ဖို့ ကြိုးစားတယ်..... ကျွန်တော်တို့ နှစ်ယောက်လည်း ဝင်ရော ဒီလူက ခြေထောက်နဲ့ နောက်ပြန် ကန်လိုက်တာ ကျွန်တော်တို့ နှစ်ယောက်စလုံး လွင့်ထွက်သွားတာပဲ....."

ချန်ချီး၏ စကားကို ကြားလိုက်ရသောအခါ လင်ကျန်နန်သည် ဆတ်ခနဲ တုန်လှုပ်သွားပြီး ရုတ်တရက် မတ်တတ်ထရပ်ကာ အလျင်စလို မေးမြန်းလိုက်သည်။

"သူက ဘယ်လို ကန်လိုက်သလဲ...."

"ဒီလိုကန်တာပဲ....."

ချန်ချီးသည် နှုတ်မှ ပြောလိုက်သည်နှင့်အတူ ထိုင်ခုံတစ်ခုကို လက်နှစ်ဖက်ဖြင့် ထိန်းကိုင်ပြီး ညာခြေက နောက်ဘက်သို့ ကန်ပြလိုက်သည်။ ညာခြေကန်ပြီးသည်နှင့် ဘယ်ခြေကပါ တစ်ဆက်တည်း ကန်ပြလိုက်၏။

ချန်ချီးသည် သိုင်းပညာကို ကောင်းစွာ တတ်ကျွမ်းသူ မဟုတ်သေး။ ပညာသင် အဆင့်မျှသာ ရှိသူဖြစ်ရာ ပုံမကျ ပန်းမကျဖြင့် မျောက်တစ်ကောင် ဆော့နေသည်နှင့် တူတော့၏။

လင်မိန်ကျက်သည် ချန်ချီး ပြသနေပုံကို ရယ်ချင်ပက်ကျိ ဖြစ်သွားမိသည်။ သို့သော် ဖခင်ဖြစ်သူ လင်ကျန်နန်၏ တုန်လှုပ်နေသော မျက်နှာကို တွေ့လိုက်သောအခါ လုံဝ မရယ်ရဲတော့ချေ။

လင်ကျန်နန်က......

"ချန်ချီးပြတဲ့ နောက်ပြန်ကန်နည်းကတော့ ချင်းချန်းဂိုဏ်းရဲ့ ခြေထောက်ကန်နည်းနဲ့ သိပ်ဆင်တယ် .... အင်းလေ ... ဖြစ်လာမှတော့ ဘယ်တတ်နိုင်တော့မလဲ .... ဆယ်ပြောင်း ရောက်လာမှ သေသေချာချာ မေးရတော့မှာပဲ...."

စကားဆုံးသည်နှင့် တံခါးအပြင်သို့ လျှောက်ထွက်သွားကာ အပြင်ဘက်ရှိ တပည့်များအား လှမ်းခေါ်လိုက်သည်။

"ဟေ့ .... ဆယ်ပြောင်း ခုထက်ထိ မလာသေးဘူးလား"

လင်ကျန်နန်၏ အော်မေးသံကို ကြားလိုက်ရသောအခါ အပြင်မှ တပည့်များ အပြေးအလွှား ရောက်ရှိလာကြပြီး သတင်းပို့ အစီအရင်ခံလာကြသည်။

"ဆရာကြီး .... ဆရာဆယ်ပြောင်းကို ကျွန်တော်တို့ နေရာအနှံ့ လိုက်ရှာနေပါတယ် ဆရာကြီး .... အခုထိတော့ မတွေ့သေးပါဘူး...."

လင်ကျန်နန်သည် ရုတ်တရက် သံသယစိတ်ဝင်လာသည်။ သူ့စိတ်ထဲတွင်....

"ဆယ်ပြောင်းဟာ ရန်သူ့ဘက်က သူလျှိုများ ဖြစ်နေသလား မသိဘူး .... အခြေအနေ မဟန်မှန်း သိတာနဲ့ တစ်ချိုးတည်း လစ်ပြီနဲ့ တူတယ် ......"

ဆယ်ပြောင်းကို ရှာ၍မတွေ့ဟူသော စကားကို ကြားလိုက်ရသော ချန်ချီးသည် ကြောက်သွေးတက်ကာ ငိုယိုတော့၏။

"ဆရာကြီး ကယ်ပါဦး .... ဆရာလေး ဒီလိုငှူကြီး ရပ်နေတော့မှာလား .... ဆရာဆယ်ပြောင်းလည်း ဟိုသရဲလက်ချက်နဲ့ အသက်ပါသွားပြီနဲ့ တူတယ် ..... နောက်တစ်ခါဆို ကျွန်တော့် အလှည့်ပဲ .... ကျွန်တော် သေရတော့မယ် .... ကျွန်တော့်ကို ကယ်ကြပါ ....."

လင်ကျန်နန်သည် ဦးခေါင်းပေါက်မတတ် အခြေအနေ အရပ်ရပ်ကို သုံးသပ်စဉ်းစားနေစဉ် ချန်ချီး၏ ငိုသံကို ကြားလိုက်ရသောအခါ ဒေါသထွက်သွား၏။ ချန်ချီးအား ငေါက်ငမ်း ကြိမ်းမောင်းလိုက်ပြီး အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေလေ တော့သည်။ သူ့နှုတ်မှ တီးတိုး ရေရွတ်လိုက်၏။

"တကယ်လို့ ဟိုလူနှစ်ယောက်သာ ချန်ချီးဂိုဏ်းကဆိုရင် ...."

လင်ကျန်နန်သည် တစ်စုံတစ်ခုကို တွေး၍ ရသွားဟန်ဖြင့် ခေါင်းတစ်ချက် ညိတ်လိုက်ပြီး လှမ်းအမိန့် ပေးလိုက်သည်။

"ချွေးပြောင်းနဲ့ ကျိုပြောင်းတို့ နှစ်ယောက်ကို ခေါ်လိုက်စမ်း၊ ခိုင်းစရာတစ်ခုရှိတယ် ....."

ချွေးပြောင်းနှင့် ကျိုပြောင်းတို့သည် မင်္ဂလာ အာမခံဌာန၏ အားထားရသော သိုင်းဆရာများပင် ဖြစ်သည်။ အလုပ်လုပ်ရာတွင်လည်း အလွန် စေ့စပ်သေချာလှသဖြင့် လင်ကျန်နန်က သူတို့နှစ်ယောက်အပေါ် အလွန်အလေးထားသည်။ များမကြာမီ ချွေးပြောင်းနှင့် ကျိုပြောင်းတို့ နှစ်ယောက်စလုံး ရောက်ရှိလာတော့သည်။

လင်ကျန်နန်က .....

"ချွေးပြောင်း .... မင်းက လူသုံးယောက်ခေါ်ပြီး မြောက်ဘက်ကိုလိုက် .... ဆယ်ပြောင်းကို လမ်းမှာတွေ့ကောင်း တွေ့နိုင်မယ်၊ တကယ်လို့ သူ့ကိုတွေ့ပြီဆိုရင် စကားကို ချေချေငံငံပြော ... ဘယ်အပြစ်မဆို ငါက ခွင့်လွှတ်တဲ့အကြောင်းကို ပြောပြပြီး ပြန်လာဖို့ ငါကမှာလိုက်တဲ့အကြောင်း ပြောပြ ..... ငါပြောတာတွေ မှတ်မိရဲ့လား ...."

ချွေးပြောင်းက ....

"ဟုတ်ကဲ့ .... မှတ်မိပါတယ် ဆရာကြီး .... တကယ်လို့ သူက ခုခံနေရင်ကော ....."

"မခုခံပါဘူး ..... ဆယ်ပြောင်းက နားလည်ပါတယ် .... မင်းတို့က လူလေးယောက်တောင်ပဲ ... သူဘယ်ခုခံလိမ့်မလဲ ..... တကယ်လို့ သူ့ကို လိုက်မမီတော့ဘူးဆိုရင် အဲ့ဒီလမ်းတစ်လျှောက်မှာရှိတဲ့ ငါတို့ ဌာနခွဲတွေဆီ ဝင်ပြီး ဆယ်ပြောင်းရဲ့ ခြေရာရှာဖို့ အမိန့်ပေးလိုက်"

လင်ကျန်နန်သည် တစ်စုံတစ်ခုကို ဆုံးဖြတ်ချက် ချလိုက်သည်။ သူ့ဆုံးဖြတ်ချက်မှာ .....

"အင်း ..... အခြေအနေတွေက ရှုပ်သထက် ရှုပ်လာသလိုပဲ .... ငါ့သားသတ်လိုက်တဲ့ ကျန်းစီးနယ်သား ဘယ်သူလဲဆိုတာ ငါကိုယ်တိုင် သေသေချာချာ သွားကြည့်မှ ဖြစ်တော့မယ် .."

လင်ကျန်နန်သည် သိုင်းဆရာ ကျိပြောင်း၊ ချန်ချီးနှင့် သားဖြစ်သူ လင်မိန်ကျက်ကို ခေါ်ဆောင်၍ ရန်ဖြစ်ခဲ့ကြသည့် အရက်ဆိုင်ရှိရာသို့ ထွက်ခွာသွားတော့သည်။ ထိုအခါ ချန်ချီးသည် ကလန်ကဆန် လုပ်တော့သည်။ နှုတ်မှလည်း စူးစူးဝါးဝါး အော်ဟစ်၏။

"အရက်ဆိုင်ကို သွားမယ်... ဟုတ်လား .... ဟိုသရဲရှိတဲ့နေရာကို သွားမယ် ... ဟုတ်လား .... မလိုက်ဘူး ..... မလိုက်ဘူး .... ဒီလိုနေရာမျိုးကို ကျွန်တော် လိုက်ရဲဘူး ...."

လင်ကျန်နန်သည် သခွပ်ပင်က မီးတကျီကျီ လုပ်နေသော ချန်ချီးအား အလွန် ဒေါသထွက်လာသဖြင့် .....

"ကျိပြောင်း .... ငါမင်းကို တာဝန်ပေးတယ် .... ငါတာဝန်ပေးတဲ့အတိုင်း တစ်သွေမတိမ်း လုပ်စမ်း ..... ချန်ချီးပါးစပ်က သရဲဆိုတဲ့ စကားတစ်ခွန်း ထွက်လာရင် ကျာပွတ်နဲ့ တစ်ချက်ရိုက် ..."

"ဟုတ်ကဲ့ ဆရာကြီး ...."

များမကြာမီ သူတို့ အရက်ဆိုင်နားသို့ ရောက်လာတော့၏။ ဆိုင်တံခါး ပိတ်ထားသည်ကို တွေ့ရသဖြင့် လင်မိန်ကျက်က တံခါးခေါက်လိုက်သည်။ သို့သော် အတွင်းမှ မည်သည့်အသံကိုမျှ မကြားရ။

ထိုစဉ် ချန်ချီးက လေသံတိုးတိုးဖြင့် ပြောလိုက်သည်။

"ဟိုအဘိုးကြီးနဲ့ မိန်းကလေးလည်း အသက်ပါသွားပြီနဲ့ တူတယ် .... ဟို .... သရဲ ...."

ကျိပြောင်းသည် ကျာပွတ်ဖြင့် ချန်ချီး၏ ပခုံးကို ခပ်ဖြေးဖြေး တစ်ချက် ရိုက်လိုက်၏။

"ဖြန်း ...." ချန်ချီးသည် ကြောက်ရွံ့တုန်လှုပ်သော မျက်နှာဖြင့် ကျိပြောင်းဘက်သို့ လှည့်၍ ပြောလိုက်သည်။

"ခင်ဗျား ကျုပ်ကို ဘယ်လောက်ပဲရိုက်ရိုက် အလကားပဲ ... ခင်ဗျားတို့ချည်းပဲ နေခဲ့ကြတော့ ... ကျုပ်တော့ ပြန်တော့မယ် ... အခုလို ဘယ်အချိန်သေရမလဲလို့ ကြောက်လန့်နေရတဲ့ အလုပ်မျိုး ကျုပ်မလုပ်တော့ဘူး ...."

ချန်ချီးသည် သူ့စိတ်ရင်းအတိုင်း တကယ်ပြောခြင်းဖြစ်၏။ သူ့စိတ်ထဲတွင် ကြောက်လန့်နေသော အရာကို လင်ကျန်နန်ကလည်း မချေဖြတ်နိုင်၊ ကျိပြောင်း၏ ကျာပွတ်ကလည်း မချေဖြတ်နိုင်။ ထို့ကြောင့် မင်္ဂလာ အာမခံဌာနတွင် ဆက်အလုပ်လုပ်ရန် စိတ်မကူးတော့။

ထိုအခါ ကျိပြောင်းက လေသံတိုးတိုးနှင့် ပြောလိုက်သည်။

' 'အေး ... မင်းသွားချင်လည်း သွားပေါ့ .... ဟိုသရဲက ဆရာကြီးကို ကြောက်လို့ အနားမကပ်တာ ... မင်းတစ်ယောက်တည်း ထွက်သွားကြည့်ပါလား .... ဟင်း .... လမ်းမှာ အဲ့ဒီသရဲနဲ့ မင်းမတွေ့ရဘူး ဆိုရင် ပြောချင်တိုင်းပြော ...."

ချန်ချီး အလွန်ကြောက်သွား၏။ ခြေဖျားလက်ဖျားများပင် တုန်ယင်အေးစက် လာတော့သည်။ ခြောက်ကပ်စွာ ပြန်ပြောလိုက်သည်။

"ခင်ဗျား .... ကျုပ်ကို ဒီလိုမနောက်နဲ့ ...."

သို့သော် လင်ကျန်နန်တို့ အပါးမှ တစ်ဖဝါးမှ မခွာရဲတော့ချေ။

အရက်ဆိုင်အတွင်းမှ မည်သည့် တုံ့ပြန်ချက်မျှ မရသဖြင့် လင်မိန်ကျက်သည် တံခါးကို ဆောင့်ဖွင့်လိုက်တော့၏။ တံခါးသည် ဂုန်းခနဲ ပွင့်သွားပြီး တံခါးရွက်များသည်ပင် နံရံများနှင့် ရိုက်ခတ်သွားတော့သည်။

မှောင်မည်းနေသော ဆိုင်အတွင်းမှ လူသံသူသံဟူ၍ လုံးဝ မကြားရချေ။ လင်မိန်ကျက်သည် လက်ဆွဲမီးအိမ်တစ်လုံးကို တွေ့လိုက်ရသဖြင့် မီးထွန်းညှိလိုက်၏။

လင်ကျန်နန်က ....

“ဒီဆိုင်က အဘိုးကြီးက သူတို့အပေါ်ကို အန္တရာယ်တွေ ကျရောက်လာမှာစိုးပြီး ထွက်ပြေးသွားတာပဲ ဖြစ်ရမယ် ... ကဲ ... သူတို့ကို မတွေ့ရလို့ ဘာမှ အကျိုးမယုတ်ဘူး .... တို့လုပ်စရာကိုသာ လုပ်ကြမယ် ... အလောင်းကို ပြန်ဖော်လိုက်စမ်း ....”

သေသူ ရှောင်ရီ၏ အလောင်းကို အရက်ဆိုင်၏ အနောက်ဘက်တွင် မြှုပ်ထားခဲ့သဖြင့် သူတို့အားလုံး ဆိုင်အနောက်ဘက်သို့ လျှောက်သွားကြပြီး အသင့်ယူလာသော ပေါက်တူးဖြင့် မြေကြီးများကို တူးလိုက်ကြ၏။

မြေကြီးများ ... ‘ဖွာ’ ခနဲ ‘ဖွာ’ ခနဲ ထွက်လာသည်နှင့်အတူ အလောင်းသည်လည်း ပေါ်လုပေါ်ခင် အခြေအနေသို့ ရောက်ရှိလာချေပြီ။ ချန်ချီးမှာမူ တွင်းထဲသို့ လုံးဝမကြည့်ရဲသဖြင့် မျက်နှာလွှဲထားသည်။

များမကြာမီ အလောင်း၏ ကိုယ်ထည်ပေါ်လာသဖြင့် သိုင်းဆရာ ကျိုပြောင်းက အလောင်း၏ ကိုယ်အောက်သို့ ပေါက်တူးကို ထိုးသွင်းလိုက်ပြီး အောက်မှ မတင်လိုက်၏။ အလောင်းကောင် မြေပေါ်သို့ ရောက်ရှိလာတော့သည်။ ချန်ချီးမှာမူ အလောင်းကို လုံးဝမကြည့်ချေ။

ထိုစဉ် ကျန်လူအားလုံး၏ အလန့်တကြား အော်လိုက်သံကို ကြားရသဖြင့် ချန်ချီးသည် ကြောက်လန့်ပြီး သူ့လက်တွင် ကိုင်ထားသော လက်ဆွဲမီးအိမ်ကို လွှတ်ချလိုက်မိသည်။ ပတ်ဝန်းကျင်တစ်ခုလုံး မည်းမှောင်သွားတော့၏။

လင်မိန်ကျက်က ....

“ကျနော်တို့ သူ့ကို သေသေချာချာ မြှုပ်လိုက်တာပဲ ... အခုမှ ဘယ်လိုဖြစ် .... ”

လင်ကျန်နန်က ....

“ငါတို့ သူ့ကို အထင်လွဲသွားပြီ ... ကဲ ... မီးကို ပြန်ထွန်းထားလိုက်စမ်း .... သေသေချာချာ စစ်ဆေးကြည့်ကြရအောင် ....”

ကျိုပြောင်းသည် မီးအိမ်ကို ကောက်ယူ၍ မီးပြန်ထွန်းလိုက်သည်။ လင်ကျန်နန်ကမူ အလောင်း၏ ခန္ဓာကိုယ် အနံ့အပြား အသေအချာ စစ်ဆေးနေသည်။ ပြီးမှ ....

“အင်း ... ဒဏ်ရာလုံးဝ မရှိဘူး ... ဟိုနှစ်ယောက် သေပုံသေနည်းနဲ့ အတူတူပဲ ....”

လင်ကျန်နန်၏ စကားသည် ချန်ချီးအဖို့ ထူးဆန်းနေသည်။ ရှောင်ရီဆိုသော လူစိမ်းသည် သူ၏ဆရာလေး လင်မိန်ကျက်၏ ဓါးချက်ကြောင့် သေဆုံးသွားခဲ့ရသည် မဟုတ်ပါလား။ ချန်ချီးသည် အရဲစွန့်၍ အလောင်းကို လှမ်းကြည့်လိုက်၏။ ကြည့်ပြီးသည်နှင့် စူးဝါးစွာ အော်ဟစ်လိုက်တော့သည်။

“သူ ... သူ ... ဆရာ ဆယ်ပြောင်း ....”

လက်စသတ်တော့ .... မြေကြီးထဲမှ ဖော်ထုတ်လိုက်သည့် အလောင်းသည် ကျန်းစီးနယ်သား၏ အလောင်းမဟုတ်။ ဆရာ ဆယ်ပြောင်း၏ အလောင်း ဖြစ်နေသကိုး။

ကျန်စီးနယ်သား၏ အလောင်းသည် အဘယ်သို့ ပျောက်သွားသနည်း။ ဆရာဆယ်ပြောင်း၏ အလောင်းက အဘယ်ကြောင့် ဤနေရာ၌ ရောက်နေသနည်း။ ထူးဆန်းလှသည်ကား အမှန်ပင် ဖြစ်တော့သည်။

လင်ကျန်နန်က ....

“အင်း ... အရက်ဆိုင်က အဘိုးကြီးကို လျှော့တွက်လို့ မရတော့ဘူး ..... တော်တော့ကို ထူးဆန်းနေတယ် ....”

သူတို့အားလုံး ဆိုင်ထဲပြန်ဝင်ကြပြီး အခန်းစေ့ လိုက်ရှာကြ၏။ ထိုအခါ လင်မိန်ကျက်သည် မိန်းမပျိုလေး၏ အဖိုးတန်ချည်ဖြင့် ရက်လုပ်ထားသော လက်ကိုင်ပဝါတစ်ထည်ကို ကောက်ယူရရှိလိုက်၏။

လင်မိန်ကျက်က သူ့ဖခင်အား လှမ်းပြောလိုက်သည်။

“အဖေ ... ဒီမှာကြည့်စမ်းပါဦး ... ဆင်းရဲသား သမီးက ဒီလို လက်ကိုင်ပဝါမျိုး ကိုနိုင်မှာလား ..”

လင်မိန်ကျက် မြှောက်ပြသည့် လက်ကိုင်ပဝါ၏ ထောင့်တစ်နေရာတွင် အဝါရောင် နှင်းဆီပန်းပွင့် တစ်ပွင့် ရေးထိုးထားကြောင်း တွေ့ကြရသည်။

လင်ကျန်နန်ကမူ အနည်းငယ် စဉ်းစားနေလိုက်၏။ ပြီးမှ ကျိုပြောင်းဘက်သို့ လှည့်မေးလိုက်သည်။

“ကျိုပြောင်း .... မင်းဘယ်လိုထင်သလဲ ...”

“ဒီအဘိုးကြီးနဲ့ မိန်းကလေးကို ကျွန်တော် မသင်္ကာဘူး ... သူတို့ဟာ ဟန်ဆောင်ထားတဲ့ လူတွေပဲ ဖြစ်ရမယ်၊ သူတို့နှစ်ယောက်ဟာ လူသတ်သမားလည်း ဖြစ်နိုင်တယ် ...”

လင်ကျန်နန်သည် တစ်စုံတစ်ခု မေးရန်အတွက် ချန်ချီးကို လှမ်းခေါ်လိုက်သည်။ ချန်ချီး၏ ထူးသံကိုလည်း မကြားရ၊ ထို့ကြောင့် ချန်ချီးကို နေရာအနှံ့ ရှာဖွေကြပြန်တော့သည်။

လင်မိန်ကျက်က ....

"ဧကန္တ ... ဒီကောင် သရဲကြောက်လို့ အိမ်ကို ပြန်ပြေးပြီနဲ့ တူတယ် ...."

ကျိုပြောင်းသည် ချန်ချီးကို ရှာဖွေရင်း ဆိုင်၏ အနောက်ဘက်သို့ ရောက်ရှိသွားသည်နှင့် ရုတ်တရက် အော်လိုက်မိသည်။

"ဟာ ... ဆရာဆယ်ပြောင်းရဲ့ အလောင်း ...."

လင်ကျန်နန်က ချက်ချင်းပင် ဆိုင်အနောက်ဘက်သို့ ခုန်လိုက်သွားသည်။ ဆယ်ပြောင်း၏ အလောင်းသည် သူတို့ချထားသည့် နေရာတွင် မရှိတော့ချေ။

သူတို့သုံးယောက်စလုံး၏ မသိစိတ်ကို တစ်စုံတစ်ခုက လှုံ့ဆော်လိုက်သည့်အလား သုံးယောက်စလုံး အလောင်းမြှုပ်သည့် နေရာသို့ ပြေးကြည့်မိကြ၏။ ထိုအခါ သုံးယောက်စလုံး တုန်လှုပ်ချောက်ချားသွားကြတော့၏။

အဘယ့်ကြောင့်ဆိုသော် သူတို့သည် ဆယ်ပြောင်း၏ အလောင်းကို ထုတ်ဖော်နိုင်ရန်အတွက် မြေတွင်းထဲမှ မြေကြီးများကို တူးဖော်၍ တွင်းပတ်လည်တွင် စုပုံထားခဲ့သည်။ သူတို့ထဲက မည်သူ တစ်ဦးတစ်ယောက်ကမှ မြေတွင်းထဲသို့ မြေကြီးများ ပြန်မထည့်ခဲ့ကြချေ။ ယခု မြေတွင်းသည် မြေဖို့ပြီးသား ဖြစ်နေချေပြီ။

လင်ကျန်နန်က ....

"တယ်အံ့ဩစရာ ကောင်းပါလား၊ ဧကန္တ ချန်ချီးက ကြောက်ကြောက်လန့်လန့်နဲ့ ဆယ်ပြောင်းရဲ့ အလောင်းကို ပြန်ဖို့ပစ်လိုက်ပြီနဲ့ တူတယ် ...."

စကားဆုံးသည်နှင့် သူကိုယ်တိုင် မြေပုံကို ပြန်ဖော်တော့သည်။ လင်ကျန်နန်သည် အတွေးပေါင်းစုံဖြင့် ခေါင်းရှုပ်နေပြီဖြစ်၍ သံသယများကို အကြွေးမထားလိုတော့ချေ။ ထို့ကြောင့် ကျိုပြောင်းကိုပင် မြေပုံကို မဖော်ခိုင်းတော့ဘဲ ကိုယ်တိုင် ဝင်ကျဲနေခြင်း ဖြစ်၏။

အလောင်း ပြန်ပေါ်လာလေပြီ။

အားလုံး အလန့်တစ်ကြား အော်မိကြတော့သည်။ အဘယ့်ကြောင့်နည်း။ ပေါ်လာသော အလောင်းသည် ချန်ချီး၏ အလောင်း ဖြစ်နေသောကြောင့်တည်း။

အတွေ့အကြုံရင့်ကျက်၍ ချိန်ချိန်ဆဆ လုပ်တတ်သော လင်ကျန်နန်သည်ပင် ကတုန်ကယင် ဖြစ်လာတော့၏။ လင်ကျန်နန်သည် သက်ပြင်းတစ်ချက်ရှိုက်လိုက်ပြီး သူ၏စိတ်ကို တည်ငြိမ်အောင် ပြန်ထိန်းလိုက်သည်။ အသားအရေမှာ နွေးနေသေးသဖြင့် ချက်ချင်းသေသွားကြောင်း သိနိုင်ခဲ့သည်။ ရင်ဝသို့ စမ်းကြည့်သောအခါ နှလုံးမခုန်တော့ကြောင်းလည်း အသေအချာ သိလိုက်ရတော့သည်။လင်ကျန်နန်သည် သူ၏ဓါးကို "ရွှမ်" ခနဲ ဆွဲထုတ်လိုက်ပြီး ဝင်းထရံပေါ်သို့ ပေါ့ပါးစွာ ခုန်တက်လိုက်၏။ အကင်းပါးသော ကျိုပြောင်းကလည်း အရိပ်ပြ အကောင်ထင်သည်။ သူ၏ လှံတံကို အသင့်အနေအထားဖြင့် ဆွဲကိုင်ထားပြီး လင်မိန်ကျက်အား သတိပေးလိုက်၏။

"ဆရာလေး ... ရန်သူ ... ကျွန်တော်တို့ အနားမှာပဲ ရှိနေတယ် ... သတိထားနော် ..."

လင်မိန်ကျက်က ခေါင်းတစ်ချက် ဆတ်ပြလိုက်ပြီး ဆိုင်၏ရှေ့ပေါက်သို့ ဓါးကိုင်ကာ ပြေးထွက်လိုက်သည်။ ထိုအခါ သူတို့စီးလာသော မြင်းတစ်ကောင်တွင် လူတစ်ယောက် ခေါင်းငိုက်စိုက်ချလျှက် ထိုင်နေကြောင်း တွေ့လိုက်ရပြန်သည်။ လင်မိန်ကျက်သည် မာန်သွင်းအော်ဟစ်လိုက်ပြီး ဓါးဖြင့် ပြေးထိုးရန် ဟန်ပြင်လိုက်သည်။

သို့သော် မြင်းနားရောက်သောအခါ သူ့ဓါးကို လမ်းခုလတ်တွင်ပင် အလျင်အမြန် ရပ်တန့်လိုက်ရတော့၏။ အဘယ့်ကြောင့်ဆိုသော် မြင်းပေါ်၌ ခေါင်းငိုက်ဆိုက်ချ ထိုင်နေသူမှာ သက်ရှိလူတစ်ယောက် မဟုတ် ဆရာဆယ်ပြောင်း၏ အလောင်းဖြစ်နေသောကြောင့်တည်း။

လင်မိန်ကျက်သည် သူ့အဖေကို လှမ်းခေါ်လိုက်ပြီး ဆယ်ပြောင်း၏ အလောင်းကို ပြလိုက်သည်။ လင်ကျန်နန်သည် ခနဲ့ပြုံးတစ်ချက် ပြုံး၍ နာကြည်းသော လေသံဖြင့် အသံကိုမြှင့်၍ အော်လိုက်၏။

"ဘယ်သူလဲဟေ့ .... ယောကျ်ားပီသရင် ထွက်လာခဲ့ ... ဘာဖြစ်လို့ ခိုးကြောင်ခိုးဝှက် ကြံနေရတာလဲ ... သတ္တိရှိရင် ရင်ဆိုင်တိုက်စမ်းပါ ...."

သို့သော် မည်သည့် တုံ့ပြန်ချက်ကိုမျှ မကြားရချေ။

ကျိုပြောင်းက လေသံကို နှိမ့်၍ လင်ကျန်နန်အား ပြောလိုက်၏။

"ဆရာကြီး .... ဒီလူဟာ ခြေလက် သိပ်မြန်ပုံရတယ် ... သူဒီလောက် အချိန်တိုတိုလေးအတွင်းမှာ လူတွေဒီလောက်များများ လုပ်ကြံနိုင်တာ တော်ရုံမြန်လို့ မရဘူး ...."

လင်ကျန်နန်က ....

"တစ်ယောက်တည်း မထင်နဲ့ .... တစ်ယောက်တည်းနဲ့ ဒီလောက် မလုပ်ကြနိုင်ဘူး ...."

ကျိပြောင်းက ....

"ဆရာကြီး .... ဒီကိစ္စကို ဘယ်လို သဘောရလဲဟင် ..."

လင်ကျန်နန်က ....

"ဟိုအရက်ရောင်းတဲ့ အဘိုးကြီးနဲ့ မိန်းကလေး နှစ်ယောက်ဟာ တို့နဲ့ ရင်ဆိုင်ဖို့ ရောက်လာတဲ့ လူတွေပဲ ဖြစ်ရမယ် ... ဒါပေမယ့် သူတို့က ဟိုကျန်းစီးနယ်သား နှစ်ယောက်နဲ့ တစ်ဖွဲ့တည်း ဟုတ်မဟုတ်တော့ မှန်းလို့ မရသေးဘူး ...."

လင်မိန်ကျက်က သူ့အယူအဆကို ဝင်ပြောသည်။

"အဖေ .... အဖေပြောခဲ့တယ် မဟုတ်လား ... ချင်းချန်ဂိုဏ်းချုပ်ကြီးက သူ့တပည့်လေးယောက်ကို လွှတ်လိုက်မယ်ဆို .... အခု သူတို့အားလုံးပေါင်းရင်လည်း လေးယောက်ပဲ မဟုတ်လား ...."

လင်ကျန်နန်သည် သား၏အယူအဆကို ကြားရသောအခါ တွေဝေသွားမိ၏။ သူက ....

"ငါတို့ မင်္ဂလာ အာမခံဌာနက ချင်းချန်းဂိုဏ်းကို လေးလေးစားစား ဆက်ဆံခဲ့တာပဲ ... အရင်ကလည်း သူတို့နဲ့ ပြဿနာ မရှိခဲ့ပါဘူး။ သူတို့က ဘာဖြစ်လို့ ငါတို့ကို ရန်ရှာရမှာလဲ .... သားပြောသလို ဖြစ်နိုင်မယ် မထင်ပါဘူး ....." သုံးယောက်စလုံး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ မည်သည့်စကားကိုမျှ မပြောနိုင်ကြတော့ချေ။ အတန်ကြာမှ လင်ကျန်နန်က .....

"ကဲ .... ဆယ်ပြောင်းရဲ့ အလောင်းကို အခန်းထဲ ပြန်ရွှေ့ထားလိုက် .... ဒီကိစ္စကို ဌာနထဲပြန်ရောက်တဲ့အခါ ဘယ်သူ့ကိုမှ မပြောကြနဲ့ .... တော်ကြာ တရားရုံးရောက်သွားရင် ပြဿနာက ဆုံးတော့မှာ မဟုတ်ဘူး .... ရှုပ်ကုန်လိမ့်မယ် ...."

ဤသို့ဖြင့် သုံးယောက်စလုံး ဌာနသို့ ပြန်လာခဲ့ကြတော့၏။ ဌာနသို့ လှမ်းမြင်ရသည့် နေရာသို့ ရောက်သောအခါတွင် ဌာန၏ တံခါးမကြီးရှေ့တွင် မီးများ ထိန်ထိန်ညီးအောင် ထွန်းညှိထားကြောင်း တွေ့လိုက်ကြရတော့သည်။

လင်ကျန်နန်သည် ထိုမြင်ကွင်းကြောင့် အကြီးအကျယ် စိတ်လှုပ်ရှားသွားတော့၏။ သူ၏မြင်းကို ဒုန်းစိုင်းစီးတော့သည်။ ဌာနရှေ့မှ လူတစ်ချို့သည် သူတို့ကို မြင်သွားသဖြင့် အော်ဟစ်လိုက်ကြသည်။

"ဆရာကြီး ပြန်ရောက်လာပြီ ..."

လင်ကျန်နန်သည် မြင်းပေါ်မှ လျင်မြန်စွာ ခုန်ဆင်းလိုက်သည်။ သူပထမဆုံး မျက်နှာချင်းဆိုင် တွေ့လိုက်ရသည်မှာ ဇနီးဖြစ်သူ ဝမ်ဖူး‌ဖြစ်၏။ ဝမ်ဖူး၏ မျက်နှာသည် ဒေါသကြောင့် တင်းမာခက်ထန်နေသည်။ သူမက လင်ကျန်နန်ကို တွေ့သည်နှင့် တစ်ပြိုင်နက် .....

"ကြည့်စမ်းပါဦးရှင် ... ကျွန်မတို့ ဌာနပေါ်တတ်ပြီး စော်ကားထားပုံတွေ ...."

ဌာန၏ ဘေးတစ်ဘက်တစ်ချက်တွင် စိုက်ထူထားသော အလံတိုင်ကြီးနှစ်ချောင်းသည် ခါးလယ်မှ ရိုက်ချိုးခံထားရကြောင်း တွေ့လိုက်ရသည်။ လင်ကျန်နန်သည် ကျိုးနေသော နေရာကို စစ်ဆေးကြည့်လိုက်ရာ မညီမညာဖြစ်နေသည်ကို တွေ့ရှိလိုက်ရသည်။

ဓါးဖြင့် ခုတ်ဖြတ်ချိုးထားခြင်း မဟုတ်ဘဲ လက်ဝါးစောင်းဖြင့် ရိုက်ချိုးထားကြောင်း သိသာပေသည်။

ဤမျှလောက် ကြီးမားတုတ်ခိုင်သော သစ်သားတိုင်ကြီးကို လက်ဝါးစောင်းဖြင့် ခုတ်ဖြတ်နိုင်သူ၏ သိုင်းပညာအဆင့်သည် တောရုံတန်ရုံအဆင့် မဟုတ်ချေ။ သိုင်းပညာ အလွန်မြင့်မားကြောင်း သိနိုင်ပေသည်။

အာမခံဌာနရှိ လူများအားလုံး ဒေါသအမျက် ခြောင်းခြောင်းထွက်ကြသည်။ အလံသည် မိမိတို့ဌာန၏ ဂုဏ်သိက္ခာဖြစ်သည်။ အရှင်ဖြစ်သည်။ အလံကို ရိုက်ချိုးခြင်းသည် မိမိတို့၏ ပါးကို ရိုက်လိုက်သကဲ့သို့ သိက္ခာကျစေသည်ဟု အားလုံးက စွဲမှတ်ယူထားကြသည်။

လင်ကျန်နန်၏ ဒေါသမှာ ပြောစရာမရှိတော့ချေ။ ယခုကဲ့သို့ စိတ်မချမ်းမြေ့ဖွယ်ရာအဖြစ်ကြီး စတင်ဖြစ်ပေါ်လာသည့် အချိန်တစ်လျှောက်လုံးတွင် ဤတစ်ကြိမ်သည်သာ ဒေါသအထွက်ဆုံး ဖြစ်သည်။

အရှင်းဆုံးဆိုရလျှင် လင်မိန်ကျက်၏ တစ်သက်တာလုံး သူ့ဖခင်ကြီး ဤကဲ့သို့ ဒေါသထွက်သည်ကို တစ်ကြိမ်တစ်ခါမျှ မတွေ့ခဲ့ဖူးပေ။

လင်ကျန်နန်သည် ဝမ်ဖူးနှင့် လင်မိန်ကျက်ကို အခန်းအတွင်းသို့ ခေါ်ဆောင်လာသည်။ အရေးကြီးသော စကားများကို လက်အောက်ငယ်သားများ မကြားစေလို၍ ဖြစ်သည်။ လင်မိန်ကျက်သည် တုန်ယင်သော လေသံဖြင့် ....

"အဖေ အားလုံး ကျွန်တော့်ကြောင့် ဖြစ်ရတာပဲ .... ကျွန်တော့် အပြစ်ပါ ...."

လင်ကျန်နန်ကမူ သားအား နှစ်သိမ့်သော အကြည့်ဖြင့် ကြည့်ရင်း .....

"ဘာဆိုင်လို့ သားအပြစ် ဖြစ်ရမှာလဲ ... အဖေတို့အနေနဲ့ လူသတ်သင့်ရင် သတ်ရမှာပဲ ... ဒီလိုလူမျိုးနဲ့ အဖေရင်ဆိုင်တိုးရင် အဖေလည်း သတ်မှာပဲ ...."

ဝမ်ဖူးအနေဖြင့် ခင်ပွန်းဖြစ်သူနှင့် သားဖြစ်သူတို့ ပြောနေသည့် စကားများကို လုံးဝနားမလည်။ ထို့ကြောင့် လင်မိန်ကျက်က သူ့မိခင်အား ဇတ်စုံပြန် ခင်းပြရသည်။

ဝမ်ဖူမှာ သူမ၏ အာမခံဌာနမှ လူတော်လူကောင်းများ အကြောင်းမဲ့ အသတ်ခံရသည်ကို သိရှိသွားသောအခါ ဒေါသအိုး ပေါက်ကွဲသွားတော့သည်။ စားပွဲခုံကို ဒေါသဖြင့် ရိုက်လိုက်ပြီး ...

"အစ်ကိုကြီး ... ဒါ သက်သက် စော်ကားတာပဲ .... ကျွန်မတို့ လူစုပြီး မနက်လင်းတာနဲ့ ချင်ချန်းဂိုဏ်းကို သွားရှင်းမယ် ... အဖေတို့ အစ်ကိုတို့ ဦးလေးတို့ကိုပါ ခေါ်သွားမယ် ...."

ဝမ်ဖူးမှာ အမျိုးသမီးဖြစ်သော်လည်း စိတ်ထက်သူတစ်ယောက် ဖြစ်၍ အခြားမိန်းကလေးများကဲ့သို့ ပျော့ပျော့ညံ့ညံ့ မဟုတ်ချေ။

လင်ကျန်နန်ကမူ .....

"အဲဒီလို အရမ်းရှင်းလို့ ဖြစ်သေးတာ မဟုတ်ဘူး ဝမ်ဖူး .... ရန်သူ ဘယ်သူဆိုတာ သေသေချာချာ မသိရသေးဘူး ... အခုအခြေအနေ ကြည့်ရတာ သိပ်မဟန်ဘူး ... သူတို့က ဒီလောက်နဲ့ ကျေနပ်ဦးမှာ မဟုတ်ဘူးလို့ ငါထင်တယ် ...."

ဝမ်ဖူးက နာကြည်းသော လေသံဖြင့် ပြန်ပြောသည်။

"အခုလောက် လုပ်ထားတာတောင် သူတို့က မကျေနပ်သေးဘူးလား .... ဘာထပ်လုပ်ချင်သေးလို့လဲ ...."

လင်ကျန်နန်သည် ဝမ်ဖူးအား မည်သည့်စကားမျှ မပြော။ သားဘက်သို့ တစ်ချက်ကြည့်လိုက်သည်။ ဝမ်ဖူးက ချက်ချင်းပင် သဘောပေါက်သွားပြီး တုန်လှုပ်ချောက်ချား သွားသည်။

လင်မိန်ကျက်က ....

"အမေ ... ဒီကိစ္စဟာ သားကြောင့် ဖြစ်ရတာပါ ... သားမကြောက်ပါဘူး ... လာစမ်းပါစေ ... သားခံရဲပါတယ် ...."

လင်မိန်ကျက် မကြောက်သည်ကတော့ အမှန်ပင် ဖြစ်သည်။ သို့သော် သူ့ခမျာ စိတ်လှုပ်ရှားမှုကြောင့် အသံတုန်တုန်ယင်ယင် ဖြစ်နေသည်မှာလည်း အမှန်ပင် ဖြစ်တော့သည်။

ဝမ်ဖူးက .....

"ဟင်း .... သူတို့က သားကို ထိချင်တယ်ဆိုရင် အမေ့ကို အရင်သတ်ပြီးမှ သားကို ထိလို့ရမယ် ... အမေတို့ မင်္ဂလာ အာမခံဌာနကလည်း သူတို့လုပ်သမျှ ခေါင်းစဉ်းခံရလောက်အောင် မညံ့သေးပါဘူး"

လင်ကျန်နန်က .....

"သား... ဘာမှမစိုးရိမ်နေနဲ့ ... ဖြစ်လာမှတော့ ဘာကြောက်နေရတော့မှာလဲ .... ဒါပေမယ့် လုပ်သင့်လုပ်ထိုက်တဲ့ အစီအစဉ်တွေတော့ လုပ်ထားရမှာပဲ..... အခု လူလွှတ်ပြီး မြို့ထဲသွား စုံစမ်းခိုင်းရမယ်၊ နောက်ပြီး ဌာနကိုလည်း ခါတိုင်းထက်ပိုပြီး ကင်းချထားရမယ် .... မင်းကတော့ သားနားက တစ်ဖဝါးမှ မခွာနဲ့ .... သားကလည်း ဌာနအပြင်ဘက် လျှောက်သွားမနေနဲ့ ...."

ဝမ်ဖူးက ....

"အစ်ကိုကြီးပြောတာ ကျွန်မ သဘောပေါက်ပါတယ် ..."

သူတို့လင်မယား နှစ်ယောက်စလုံးက ရန်သူ၏ ခြေလှမ်းများကို ကြိုတင်သိမြင်နေကြသည်။ ရန်သူ၏ နောက်ထပ် လုပ်ကြံမည့် ပစ်ကွင်းသည် သူတို့၏ သားကလေး ဖြစ်နိုင်သည်။

သူတို့အတွက် အကျဉ်းအကျပ် ကျနေသည့် အချက်မှာ ရန်သူက အမှောင်ထဲတွင်ရှိပြီး မိမိတို့က အလင်းအောက်တွင် ရောက်ရှိနေခြင်း ဖြစ်သည်။ မိမိတို့က ရန်သူ၏ လှုပ်ရှားမှုများကို မည်သို့မှ မမြင်ရ။ ရန်သူကသာ မိမိတို့အား သားကောင်ချောင်းသလို ချောင်း၍ စိတ်ကြိုက် လုပ်ကြံနေပေသည်။

ထို့ကြောင့် မိမိတို့အဖို့ ပြန်လည်တိုက်ခိုက်ရန် မပြောနှင့် ခုခံကာကွယ်ရန်ပင် အခက်ကြီး ခက်နေတော့သည်။ မိမိတို့၏ သားကလေးသာ ဌာနအပြင် ထွက်လိုက်သည်နှင့် ချက်ချင်း လုပ်ကြံခံရပေတော့မည်။

လင်ကျန်နန်က ခန်းမကြီးတွင် လာရောက်စုဝေးကြရန် ဌာနရှိ သိုင်းဆရာအားလုံးကို ခေါ်လိုက်သည်။ ဌာန၏ လုံခြုံရေးအတွက် ထိုက်သင့်ရာ နေရာအသီးသီး၌ နေရာချပေးထားသည်။

ဤမျှ စေ့စေ့စပ်စပ် ကင်းချခြင်းပင်လျှင် လုံခြုံရေးအတွက် စိတ်ချကောင်းမှ စိတ်ချရပေမည်။ အမှောင်ထဲမှ ရန်သူ၏ မရဏလက်တံသည် အလွန်ရှည်လျားလှသည်။

လင်ကျန်းနန်အဖို့ အတွေ့အကြုံ ရင့်ကျက်သူ ဖြစ်သည့်အပြင် ရန်သူ၏ ခြေရာလက်ရာများကို ကြည့်၍ သူ၏ အကာအကွယ်များကို စိတ်မချနိုင်လောက်အောင် ဖြစ်နေသည်။

အများကြီးသိသူသည် ယုံကြည်မှု နည်းနည်းသာ ရှိတတ်ကြသည် မဟုတ်ပါလား။

သို့သော် ထိုညတွင် မည်သို့မျှ မဖြစ်ပွားခဲ့။ ဒုတိယနေ့ အရုဏ် မိုးသောက်သည်နှင့် တစ်ပြိုင်နက် မရဏ၏ လက်တံများသည် ကကြိုးကကွက်များ စတင်ကပြစ ပြုနေပေပြီ။

လူတစ်ယောက်က သူတို့သားအဖ၏ အိပ်ခန်းအပြင်ဘက်မှ ပုတ်နိုးနေသည်။ လင်မိန်ကျက်မှာ သူ့ကြောင့်ဖြစ်ရသည်ဟု မှတ်ယူထားသူ ဖြစ်သဖြင့် ညက စောစီးစွာ အိပ်မပျော်ခဲ့။ ညဥ့်နက်မှ အိပ်ပျော်ခဲ့ရသဖြင့် အပြင်မှ အော်သံကြောင့် ရုတ်တရက် နိုးမလာခဲ့ချေ။

လင်ကျန်နန်ကမူ လူကြီးဖြစ်သည့်အပြင် အမြဲ သတိဝရိယရှိသူ ဖြစ်သဖြင့် အိပ်ရာမှထ၍ မေးလိုက်သည်။

"ဘာဖြစ်သလဲဟေ့ ...."

"ဆရာကြီး .... ဆရာလေးရဲ့မြင်း သေသွားပြီ ..."

လင်မိန်ကျက်သည် သူ၏ မြင်ဖြူကြီးကို အလွန် ချစ်ခင်မြတ်နိုးကြောင်း မြင်းထိန်းက သိရှိထားသည်။ ယခု လင်မိန်ကျက် အင်မတန်ချစ်သော မြင်းဖြူကြီး သေသွားသဖြင့် ချက်ချင်း လာရောက် အကြောင်းမကြားလျှင် သူ့တာဝန် ဖြစ်နိုင်ပေသည်။

ထိုသို့ ပြောလိုက်သံကို အိပ်ရာပေါ်မှ လင်မိန်ကျက်သည် သဲ့သဲ့ကြားလိုက်သဖြင့် ချက်ချင်း လူးလဲထကာ မြင်းဇောင်းသို့ လိုက်ကြည့်တော့၏။ လင်ကျန်နန်သည် မြင်းဖြူကြီး၏ တစ်ကိုယ်လုံး ဒဏ်ရာဒဏ်ချက် ရှာကြည့်သည်။ မည်သည့် ဒဏ်ရာဒဏ်ချက်မျှ မတွေ့ရ။

လင်ကျန်နန်သည် လင်မိန်ကျက်အား နှစ်သိမ့်လိုက်သည်။

"သား .... ဘာမှ စိတ်မကောင်းဖြစ်မနေနဲ့ .... အဖေ မင်းကို ဒီထက်ကောင်းတဲ့ မြင်းတစ်ကောင် ထပ်ဝယ်ပေးမယ် ....."

လင်မိန်ကျက်သည် သူမြတ်နိုးလှသော မြင်းကြီးအတွက် မျက်ရည်ကျသည်အထိ ဝမ်းနည်းမိတော့သည်။

ထိုစဉ် ငယ်သားတစ်ဦး မောကြီးပန်းကြီး ပြေးလာပြီး အသက်ပင် မရှူနိုင်တော့ဘဲ ဆက်တိုက် ပြေချလိုက်တော့သည်။

"ဆရာကြီး .... သိုင်းဆရာတွေ ... ကျွန်တော်တို့ဌာနက သိုင်းဆရာတွေအားလုံး အသက်ပါသွားကြပြီ ...."

လင်ကျန်နန်တို့ သားအဖ နှစ်ယောက်စလုံး အလန့်တကြား ဖြစ်သွားသည်။

"ဘာ ...."

"သေပြီလေ ... အားလုံး သေကုန်ပြီ ...."

လင်ကျန်နန် ရိပ်မိလေပြီ။ ထိုအခိုက်မှာပင် အပြင်ဘက်မှ ဆူဆူညံညံ အသံများ ကြားရပြန်တော့သည်။ အော်သံဟစ်သံ ချောက်ချားသံများပင် ဖြစ်တော့၏။ အချို့က....

"ဆရာကြီးကော ... ဆရာကြီးကို မြန်မြန် အကြောင်းကြားပါ"

"ဘယ်လိုလုပ်မလဲ .... သရဲနဲ့ ယှဉ်သတ်ဖို့ဆိုတာက မလွယ်ဘူး ...."

"ဒီလောက် ကြောက်စရာကောင်းတဲ့ သရဲနဲ့ ဘယ်လို ယှဉ်သတ်ချင်လို့လဲ ...."

သူ့လူများ သွေးပျက်လုမတတ် ကြောက်လန့်နေသည်ကို လင်ကျန်နန်သိသဖြင့် ပါးစပ်များ ပိတ်သွားစေရန် အော်ဟစ် မေးမြန်းလိုက်သည်။

"ငါဒီမှာ ရှိတယ်ဟေ့ .... ဘာကိစ္စလဲ ...."

ထိုအခါ သိုင်းဆရာနှစ်ယောက်နှင့် ငယ်သားသုံးယောက်တို့ အမောတကော ပြေးဝင်လာကြပြီး လင်ကျန်နန်အား အစီအရင် ခံလိုက်သည်။

"ဆရာကြီး .... ဆရာကြီး မနေ့က လွှတ်လိုက်တဲ့ ကျွန်တော်တို့ဌာနက သိုင်းဆရာတွေအားလုံး တစ်ယောက်မှ ပြန်မလာကြဘူး"

မိမိစေလွှတ်လိုက်သူများသည် မိမိအပေါ်နှင့် မင်္ဂလာအာမခံဌာနအပေါ် အလွန် သစ္စာစောင့်သိသူများ ဖြစ်ကြ၍ သေခြင်းမှလွဲ၍ အခြားအကြောင်းများကြောင့်ဆိုလျှင် မုချ ပြန်လာကြမည့်သူများ ဖြစ်၏။

# အခန်း (၃)
# တုံပြန်ကြေး

မကြာခင်နောက်ထပ်အလောင်းငါးလောင်းထပ်မံရောက်ရှိလာပြန် သည်။ ထိုအလောင်းများကို အနီးအနားမှ လမ်းဘေးတွင် တွေ့ရှိလာသဖြင့် လာရောက်ပေးပို့ကြခြင်းဖြစ်သည်။

ယခုအခြေအနေအရ လင်ကျန်နန်စေလွှတ်လိုက်သည့်လူနှစ်ဆယ်သုံးယောက်အနက်တွင် နှစ်ဆယ့်နှစ်ယောက်၏ အလောင်းများပြန်လည်ရောက်ရှိလာသည် ကိုတွေ့ရသောအခါ ဘာလုပ်၍ဘာကိုင်ရမည်ကိုပင်မသိနိုင်အောင်ဖြစ်သွားတော့၏။

မင်္ဂလာအာမခံဌာနမှာခေတ်အဆက်ဆက် ဂုဏ်နှင့်ဒြပ်နှင့်အလွန်နံမည်ကြီးခဲ့သောဌာနကြီးဖြစ်ခဲ့ပေသည်။ ယခု မိမိ၏ လက်ထက်ရောက်သည့်အခါတွင်မှ ကြည့်မကောင်း၊ ရှုမကောင်းပျက်စီးရတော့မည်ကို စဉ်းစားမိသောအခါ မိမိနှလုံးသားများကို တစ်စုံတစ်ယောက်က ဖျစ်ညှစ်ဆုပ်ချေဘိသကဲ့သို့နာကျင်စွာခံစားနေရတော့သည်။

ထိုအခိုက်မှာပင် မြင်းခွာသံများအဆက်မပြတ် ကြားလိုက်ရပြန်သည်။ သို့သော် ပြေးလာနေသော မြင်းများပေါ်တွင် ထိုင်လျက် ပါလာသူမရှိ။ ကန့်လန့်ဖြတ်လဲလျောင်းနေသူများကိုသာတွေ့ကြရသည်။

လင်ကျန်နန်သည် ချက်ချင်းပင်သဘောပေါက်လိုက်သည်။

မြင်းများဆီသို့ချက်ချင်းပြေးလွှားပြီးသွားကြည့်လိုက် သောအခါ ဆယ်ပြောင်းထွက်ပြေးသည်ဟုအထင်မှားပြီး ဆယ်ပြောင်းနောက် လိုက်ခိုင်းလိုက်သည့် သိုင်းဆရာလေးယောက်၏အလောင်းများဖြစ်နေသည်။

အလောင်းများကို စစ်ဆေးကြည့်လိုက်သောအခါ ဒဏ်ရာဟူ၍တစ်စုံတစ်ရာမျှ မတွေ့ရချေ။

လင်ကျန်နန်သည် သည်တစ်ကြိမ်တွင်တော့ လုံးဝစိတ်မထိန်းချုပ်နိုင်တော့ပေ။ ဤလူများမှာ မိမိနှင့် နှစ်ရှည်လများ သစ္စာရှိရှိ လက်တွဲလုပ်ကိုင်ခဲ့သူများဖြစ်ကြသည်။ ယခုတွေ့ရသောအခါ မျက်ရည်ဖြိုင်ဖြိုင်ကျလာမိတော့သည်။

လင်ကျန်နန်၏ဇနီးဖြစ်သူ ဝမ်ဖူးသည်လည်း သူမ၏ဓားကိုဆွဲထုတ်ကာ အိမ်ရှေ့ခြံဝင်းအပြင်သို့ထွက်၍ အော်ဟစ်စိန်ခေါ်တော့၏။

"သတ္တိမရှိတဲ့ကောင်တွေ ... မိန်းမလျာတွေ ... သတ္တိမရှိဘဲ ခိုးကြောင်ခိုးဝှက် အရှက်မရှိလုပ်ကြနေတဲ့ကောင်တွေ၊ ယောကျ်ားဆိုရင်ထွက်ခဲ့ပါလား ... သတ္တိရှိရှိရင်ဆိုင်ပါလား .."

လင်ကျန်နန်က ..

"ဝမ်ဖူး ... မင်းအော်နေလို့လည်း အပိုပဲ ... ဒီကောင်တွေက တော့ထွက်လာမှာမဟုတ်ဘူး ... ဒီလိုပဲ ခိုးကြောင်ခိုးဝှက်လုပ်ကြနေမှာပဲ"

"အော်လို့မထူးလည်းအော်မှာပဲ .. ဒီခွေးကောင်တွေကျွန်မတို့ရဲ့ ဘီလူးမီးဓားသိုင်းကိုကြောက်လို့ထွက်မလာရဲတာ .. ဒါကြောင့် ခိုးကြောင်ခိုးဝှက်နဲ့ မဆိုင်တဲ့လူတွေကိုလျှောက်သတ်နေတာ .. အလကားလူသတ်သမားတွေ... "

ထိုစဉ်ခေါင်မိုးပေါ်မှ မရယ်ချင့်ရယ်ချင်ဖြင့် မခိုးမခန့်ရယ်လိုက်သည့် ‘ဟင့်’ ဟူသောအသံတစ်ချက်ကိုကြားလိုက်ရပြီး လျှို့ဝှက်လက်နက်တစ်ခုသည် ‘ရွှီ’ခနဲမြည်လျက် လျှက်တစ်ပြက်ကျရောက်လာတော့သည်။

လျှို့ဝှက်လက်နက်သည် ဝမ်ဖူးလက်တွင်ကိုင်ထားသော ဓားရိုးကို‘ထန်း’ ခနဲနေအောင်ထိမှန်သွားသဖြင့် ဓားမှာလွတ်ကျသွားတော့သည်။ လင်ကျန်နန်ကလည်း လျှပ်တစ်ပြက်ပင်သူ၏လက်ကိုဖွဲ့ယမ်းလိုက်ရာ မြားတိုနှစ်ချောင်းသည် အသံထွက်ပေါ်ရာသို့‘ဗွီး’ခနဲ ပြေးဝင်သွားတော့၏။

လင်ကျန်နန်က ဓားကိုလည်းချက်ချင်းဆွဲထုတ်လိုက်ပြီး ခေါင်မိုးပေါ်သို့ရုတ်တရက်ခုန်တက်လိုက်သည်။ သို့သော်ခေါင်မိုးပေါ်၌လူဟူ၍ အရိပ်အယောင်ပင်မတွေ့မြင်ရချေ။

လင်ကျန်နန်၏ နောက်သို့ဝမ်ဖူးလည်းထက်ကြပ်မကွာလိုက်ပါသွားသည်။ သူတို့နှစ်ယောက်လုံး နေရာအနှံ့ရှာသော်လည်း တစ်စုံတစ်ယောက်မျှ မတွေ့ကြရပေ။

ဝမ်ဖူးမှာ မိမိ၏လက်တွင်ကိုင်ထားသောဓားကို လျှို့ဝှက်လက်နက်ဖြင့် လွတ်ကျအောင် ပစ်ချနိုင်သည်ကို ကိုယ်တွေ့သိရှိလိုက်ရသဖြင့် တုန်လှုပ်နေသည်။ သူမ၏လင်ယောကျ်ားနှင့်အတူ အောက်သို့ခုန်ဆင်းလိုက်ပြီး သားဖြစ်သူ လင်မိန်ကျက်ကိုပါ လှမ်းခေါ်ပြီး အခန်းတွင်းသို့ဝင်လိုက်သည်။

သူမက အသံကိုနှိမ့်၍ပြောလိုက်သည်။

“အကိုကြီး၊ ရန်သူရဲ့သိုင်းပညာက တကယ့်ကိုကြောက်စရာကောင်းနေတာပဲ ... ကျွန်မတို့ ဘယ်လိုလုပ်ယှဉ်နိုင်မှာလဲ .. ဒီအတိုင်းဆို ကျွန်မတို့”

သူမသည် စကားကိုဆုံးအောင်မပြောတော့ဘဲ ထိုနေရာတွင် ရပ်လိုက်ပြီး လင်ကျန်နန်ကိုကြည့်လိုက်သည်။

လင်ကျန်နန်က ...

“ဒီလိုအခြေအနေမျိုးရောက်နေမှတော့ ငါတို့ရဲ့သူငယ်ချင်းမိတ်ဆွေတွေဆီ အကူအညီတောင်းရတော့မှာပေါ့”

“ကျွန်မတို့ရဲ့မိတ်ဆွေတွေထဲမှာ ကျွန်မတို့ထက်သိုင်းပညာတော်တဲ့လူကမရှိသလောက်ဘဲ”

“ဒါတော့ဟုတ်တယ် ... ဒါပေမယ့် ခေါင်းများများနဲ့ စဉ်းစားတော့ အကြံကောင်း၊ ဉာဏ်ကောင်း၊ နည်းလမ်းကောင်း တွေရနိုင်တာပေါ့ ”

“ဒါဖြင့် အကိုကြီးက ဘယ်သူ့ကိုဖိတ်မယ်လို့စဉ်းစားထားသလဲ ...”

“အခုလောလောဆယ်ဆယ် အနီးအနားက လူတွေကိုအရင်ခေါ်မယ် .. နောက်ပြီး ဖာန်ကျူး .. နန်ချင်းရဲ့ ကွမ်းတုံးနယ်က ဌာနခွဲသုံးခုက သိုင်းဆရာကောင်းတွေကိုပြန်ခေါ်မယ် ... နောက်ဆုံးမှာ ဒီနယ်သုံးနယ်မှာရှိတဲ့ သိုင်းလောကသားတွေကို ဖိတ်မယ် ...”

ဝမ်ဖူးသည် စိတ်မသက်မသာဖြင့် ပြောလိုက်သည်။

“ဒီလိုအရေးပေါ်အကူအညီတောင်းရတဲ့ကိစ္စကိုသိုင်းလောကသားတွေ သိသွားရင် ကျွန်မတို့ရဲ့ သိက္ခာအများကြီး ကျတော့မှာပဲ”

လင်ကျန်နန်က ..

“အင်း ... မင်းပြောတာလဲ ဟုတ်တာပဲ .. ဒီလိုလုပ်ရင်ကောင်းမယ် ... မင်းရဲ့မွေးနေ့ကျင်းပတဲ့အနေနဲ့ ဖိတ်စာတွေပို့လိုက်မယ် ... ဒီတော့လူအားလုံးကို ငါတို့ယုံကြည်အားကိုးနိုင်မယ့် လူတွေကိုတိုးတိုးတိတ်တိတ်ပြောလိုက်မယ် ... ဒီလိုဆိုရင်ငါတို့အကူအညီတောင်းရတဲ့အကြောင်းသိုင်းလောက တစ်ခုလုံးကသိမသွားနိုင်တော့ဘူးပေါ့”

ဝမ်ဖူးသည် ထိုအစီအစဉ်ကို သဘောကျသွားသည်။ လင်ကျန်နန်က ချက်ချင်းပင် အခန်းတွင်းသို့ဝင်၍ ဖိတ်စာများရေးသားတော့သည်။ သို့သော်သူ့စိတ်တွင်မူ ...

“အင်း .. ဖိတ်သာဖိတ်ရတယ် ၊ သိပ်တော့ အားမရှိလှဘူး၊ ဒီညတောင် အခြေအနေက ဘယ်လိုနေဦးမလဲမသိဘူး၊ နောက်ပြီးဖိတ်ထားတဲ့လူတွေအခြေအနေကလည်း ဘယ်လိုနေဦးမလဲမသိဘူး .. နောက်ပြီး ဖိတ်ထားတဲ့လူတွေရောက်တဲ့ အချိန်ထိတောင်ငါတို့အာမခံဌာနကတောင့်မှ တောင့်ခံနိုင်ပါ့မလားမသိဘူး...”

လင်ကျန်နန်သည် ဖိတ်စာများကို အပြီးသတ်ရေးပြီးသွားသောအခါဖိတ်စာပို့ခိုင်းရန်အပြင်သို့ထွက်လာသည်။ ထိုစဉ်သုတ်သီးသုတ်ပျာဝင်လာသော ငယ်သားနှစ်ဦးနှင့် ရင်ဆိုင်တိုးမိကြတော့သည်။ ငယ်သားနှစ်ဦးသည် ကြောက်ရွံ့ထိတ်လန့်နေသော အမူအရာဖြင့်

“ဆရာကြီး ... ဒုက္ခပဲ”

လင်ကျန်နန်က ..

“ဘာဖြစ်လာပြန်ပြီလဲ”

ထိုအခါငယ်သားတစ်ယောက်က ...

"ဆရာကြီး စောစောက လင်ပုကို ငွေကိုင်က အလောင်းတွေထည့်ဖို့ခေါင်းတွေဝယ်ခိုင်းလိုက်တယ် .. လင်ပုဟာအပြင်ရောက်ပြီး လမ်းကြားထဲကိုချိုးဝင်လိုက်တာနဲ့ လဲကျပြီး သေသွားတာပဲ"

လင်ကျန်နန်က ..

"အခု .. သူကော ... "

"လမ်းပေါ်မှာပဲ ရှိသေးတယ် "

"သွား .. သူ့အလောင်းကို သယ်ခဲ့ကြစမ်း"

သူ့စိတ်ထဲတွင်

"အင်း .. ဒီလိုနေ့ခင်းကြောင်တောင်တောင် မြို့ထဲမှာလူသတ်ရဲတယ်ဆိုတော့ တကယ့်ကို ဘီလူးသဘတ်လို လူသတ်သမားတွေနဲ့ငါတို့တော့ တွေ့နေရပြီ ... သိပ်အတင့်ရဲတဲ့ခွေးကောင်တွေပဲ"

လင်ကျန်နန်က ဒေါသဖြင့် အော်လိုက်သည်။

"ဟော့ကောင် မင်း ဘယ်လိုဖြစ်နေတာလဲ ငါခိုင်းနေတာမကြားဘူးလား"

ထိုငယ်သားသည် တုန်တုန်ယင်ယင်ဖြင့် ပြောလိုက်သည်။

"ဆရာကြီး ... ဆရာကြီးကိုယ်တိုင် ဟို .. ဟို... ကိုသွားကြည့်ပါ"

လင်ကျန်နန်သည် ထိုငယ်သားအား စကားဆက်မပြောတော့ဘဲ တံခါးမအပြင်ဘက်သို့လျှောက်ထွက်လာတော့၏။

ထိုအခါ တံခါးမနားတွင်သိုင်းဆရာသုံးယောက်နှင့် ငယ်သားသုံးယောက်တို့သည် လမ်းမသို့ကြည့်ပြီး မျက်နှာများ သွေးဆုတ်ဖြူရော်နေသည်ကို တွေ့လိုက်ရသည်။

လင်ကျန်နန်က ...

"ကဲ .. ဘယ်လိုဖြစ်ကြတာလဲ"

ထိုသူများထံမှ စကားပြန်မရသဖြင့် သူကလမ်းမအပြင်သို့ လှမ်းကြည့်လိုက်သည်။ ထိုအခါတံခါးမ၏ အပြင်ဘက်ရှိ ကျောက်ခင်းထားသော မြေပြင်တွင် သွေးဖြင့်စားများ ရေးသားထားသည်ကို တွေ့လိုက်ရတော့၏။

"အိမ်အပြင် ဆယ်လှမ်းလျှောက်ထွက်သူ သေရမည်"

ထိုစာလုံးများသည် ခြေဆယ်လှမ်းခန့် လျှောက်သွားရမည့် နေရာတွင်ရှိနေပေသည်။ မျဉ်းတစ်ကြောင်းကိုလည်း ရေးဆွဲထားသည်။ သွေးမျဉ်းကြောင်းပင်ဖြစ်၏။

လင်ကျင်နန်က ...

ဒါဘယ်သူရေးတာလဲ .. ရေးတဲ့လူကို တစ်ယောက်မှမတွေ့လိုက်ရဘူးလား"

သိုင်းသမားတစ်ယောက်က ...

"စောစောတုန်းက လင်ပုလမ်းမမှာ သေနေတယ်ဆိုလို့အားလုံး ပြေးကြည့်ကြတယ် .. နောက်တော့ဒီစာလုံးတွေ တွေ့လိုက်ရတော့တာပဲ"

လင်ကျန်နန်သည် ပုခုံးတစ်ချက်တွန့်လိုက်၏။ အသံကိုမြှင့်ပြီးပြောလိုက်သည်။

"ကောင်းပြီ၊ ပြဿနာတွေရှုပ်လွန်းလို့ငါလည်း သေချင်ပြီ ဒီတော့ ဒီမျဉ်းကြောင်းကို ဖြတ်မယ် .. သေသွားလည်း ငါ့အဖို့အေးတာပဲ"

သိုင်းသမားနှစ်ယောက်သည် အလန့်တကြားအော်ဟစ်၍ တားမြစ်ရန်ဟန်ပြင်လိုက်ကြသည်။

"ဆရာကြီး ..."

သူတို့စကားစလိုက်ချိန်တွင် လင်ကျန်နန်သည် သွေးမျဉ်းကြောင်းသို့ရောက်ရှိနေချေပြီ။ လင်ကျန်နန်သည် သွေးဖြင့်ရေးထားသည့်စာလုံးများနှင့်မျဉ်းကြောင်းကိုခြေထောက်ဖြင့် ပွတ်သပ်ချေဖျက်ပြလိုက်သည်။ ပြီးမှ အာမခံဌာန တံခါးမကြီးသို့ပြန်လျှောက်လာသည်။ သိုင်းသမားများအား ...

"ဒီလိုခြောက်လှန့်မှုမျိုးဟာ ငါတို့သိုင်းလောကမှာ ရိုးနေပါပြီ ... ကဲ ... အခုမင်းတို့အမြင်ပဲ ... ဘာကြောက်စရာရှိသလဲ ... မင်းတို့သုံးယောက် အခုခေါင်းဆိုင်ကိုသွားပြီးတော့ ဘုန်းကြီးလေးပါးလောက်ပင့်ပြီး ဒီကသေသွားတဲ့ လူတွေအတွက် သရဏဂုံတင်လိုက်"

ထိုသိုင်းသမားသုံးယောက်တို့သည် သူတို့၏ဆရာကြီးလင်ကျန်နန်သွေးမျဉ်းကြောင်းဖြတ်ကျော်နေစဉ်က ရင်တမမဖြင့် စိုးရိမ်ခဲ့ကြသည်။ ယခုမည်သို့မျှမဖြစ်နိုင်ကြောင်း တွေ့ရှိသောအခါကျမှ လုံးဝစိတ်အေးသွားပြီး လက်နက်ကိုယ်စီကိုင်ကာ အပြင်သို့လျှောက်ထွက်သွားတော့သည်။

လင်ကျန်နန်သည်အခန်းတွင်းသို့ ပြန်လှည့်ဝင်လာပြီးနောက် ဖိတ်စာကိစ္စ ဆောင်ရွက်ရန် ကြံရွယ်လိုက်သည် ထိုတဒင်္ဂ အတွင်းမှာပင် လူတစ်ယောက်ပြေးဝင်လာသံကြားလိုက်ရသဖြင့် ချက်ချင်းပင်လှည့်ကြည့်လိုက်၏။လူတစ်ယောက်ပြေးဝင်လာပြီး မြေကြီးပေါ်သို့လဲကျသွားသည်ကို တွေ့လိုက်ရသည်။

လင်ကျန်နန်သည်ချက်ချင်းခုန်ထွက်ပြီး ပြေးကြည့်လိုက်သည်။ လင်ကျန်နန်၏ဦးခေါင်းသည် မိုက်ခနဲ့ဖြစ်သွားတော့၏။အဘယ့်ကြောင့်ဆိုသော် ယခုလဲကျသွားသူမှာ စောစောက ခေါင်းဝယ်ရန်သွားသူသုံးယောက် အနက်မှ တစ်ယောက်ဖြစ်နေသောကြောင့်တည်း။

ထိုသူ၏ခန္ဓာကိုယ်သည် အနည်းငယ်လှုပ်ရှားနေသေးကြောင်းတွေ့လိုက်ရသဖြင့် လင်ကျန်နန်သည် ကမန်းကတန်းပွေ့ထူလိုက်သည်။ အသက်ငွေ့ငွေ့ကျန်နေသေးကြောင်း သိရှိလိုက်သဖြင့် ဖြည်းဖြည်းမေးလိုက်၏။

"ဘယ်လိုဖြစ်ရတာလဲကွာ ..."

"သူ သူတို့သေပြီ ... ကျွန်တော်ထွက်ပြေးလာတယ် ။ ဒါပေမယ့် ... "

လင်ကျန်နန်က .. .

"ရန်သူက ဘယ်လိုပုံစံမျိုးလဲ"

"မ ... မသိဘူး"

ထိုသိုင်းသမားသည် တစ်ချက်မျှတုန်ခါသွားပြီး အသက်ထွက်သွားတော့သည်။ ဤသတင်းသည် အာမခံဌာနတစ်ခုလုံးပျံ့နှံ့သွားတော့သည်။

ထိုအခါဝမ်ဖူးနှင့်လက်မိန်ကျက်တို့သည် အတွင်းခန်းမှထွက်လာကြ၏။ သူတို့နှစ်ယောက်စလုံးအလွန်စိတ်မချမ်းမသာ ဖြစ်နေကြသည်။ အကြောင်းမှာ အာမခံဌာနအတွင်းရှိ လူတိုင်းလူတိုင်းသွေးနှင့်ရေးထားသောစာများကို ရေရွတ်နေကြသည်ကို တွေ့ရှိရသောကြောင့်ဖြစ်သည်။

လင်ကျန်နန်က အသက်ထွက်သွားသူ၏အလောင်းကိုဖြည်းညင်းစွာအောက်သို့ချလိုက်သည်။ ပြီးမှ ရုတ်တရက်မတ်တပ်ရပ်လိုက်ပြီး ...

"ကဲ .. ငါဟိုအလောင်းနှစ်လောင်းကို သွားသယ်လိုက်ဦးမယ် ... ငါ့တပည့်တွေ ကျီးစားခွေးစာတော့ အဖြစ်မခံနိုင်ဘူး"

ထိုအခါ ငွေကိုင်က အလောတကြီးဝင်တားလိုကသည်။

"ဆရာကြီး ... ဆရာကြီးကိုယ်တိုင်မသွားပါနဲ့"

ငွေကိုင်သည် ပြောပြောဆိုဆိုဖြင့် ခန်းမကြီးဘက်သို့လှည့်ရင်း

"မင်းတို့ထဲက ဘယ်သူအလောင်းသွားသယ်မလဲ .. သွားတဲ့သူကိုငွေတစ်ရာဆုချမယ်"

ငွေကိုင်သည် သုံးကြိမ်တိတိပင် အော်ဟစ်ပြောဆိုသော်လည်း တစ်ဦးတစ်ယောက်မျှ မလှုပ်ကြချေ။ ထိုစဉ်ဝမ်ဖူး၏အထိတ်တလန့်အော်သံကိုကြားလိုက်ရသည်။

"ဟင် ... သား .. .သားလေး ... ကျွန်မသားလေး ဘယ်ရောက်သွားပြီလဲ"

ထိုအခါကျမှ လင်မိန်ကျက်တစ်ယောက်အခန်းတွင်း၌မရှိတော့ကြောင်းလူအားလုံး သိရှိလိုက်ကြရတော့၏။ ထို့ကြောင့်အားလုံးကဝိုင်းအော်မိကြသည်။

"ဆရာလေး .. .ဆရာလေး"

ထိုစဉ်အိမ်အပြင်ဘက်မှ လင်မိန်ကျက်၏အသံကိုကြားလိုက်ရသဖြင့် အားလုံးလန့်ဖျပ်သွားကြသည်။

"ကျွန်တော်ဒီမှာပါ"

လင်ကျန်နန်၊ ဝမ်ဖူးနှင့် သိုင်းသမားအားလုံး တံခါးမကြီးရှိရာသို့ပြေးသွားကြသည်။ လင်မိန်ကျက်သည် အလောင်းနှစ်လောင်းထမ်း၍ခြံတံခါးကို လျှောက်လာတော့၏။

လင်ကျန်နန်နှင့် ဝမ်ဖူးတို့သည် သူတို့၏လက်နက်များကို 'ရှမ်း'ခနဲ ဆွဲထုတ်ကာ သူတို့သားဘေး တစ်ဘက်တစ်ချက်သို့ ခုန်ဝင်သွားကာ လာသမျှရန်သူအားခုခံရန်အဆင်သင့်ပြင်ထားလိုက်ကြသည်။

ဤသို့ဖြင့် သွေးမျဉ်းကြောင်းကိုကျော်လွန်ကာ ခြံအတွင်းသို့ ဘေးမသိရန်မခ ဝင်လာတော့၏။ အခန်းတွင်ရှိသိုင်းဆရာများမှာ အားရကျေနပ်စွာလက်ခုပ်တီးကြသည်။

"ဆရာလေး သတ္တိရှိတယ်"

"သူရဲကောင်းစိတ်ရှိတယ်"

လင်ကျန်နန်နှင့် ဝမ်ဖူးတို့သည် သူတို့၏တစ်ဦးတည်းသောသားကလေး၏သတ္တိရှိပုံကို အလွန်ကျေနပ်အားရသွားသည်။ သို့သော်ဝမ်ဖူးက တိုးညှင်းသောလေသံဖြင့်

"သားလေးဘာဖြစ်လို့ ဒီလိုပေါ့ပေါ့ဆဆ လုပ်ရတာလဲ .. ရန်သူဟာ အမေတို့ပတ်လည်အမှောင်ထဲမှာ ရှိနေတယ်။ သူတို့ကို အမေတို့ကမမြင်ရဘူး ... သတ္တိကိုအလွဲသုံးစားမလုပ်နဲ့"

လင်မိန်ကျက်သည် မချိပြုံးပြုံးရင်း ...

"ကျွန်တော်စိတ်မထိန်းနိုင်တော့ဘူး အမေ ... ကျွန်တော်ကလူတစ်ယောက်ကိုသတ်မိတာနဲ့ ကျွန်တော့်အတွက် လူတွေဒီလောက်အများကြီးအသတ်ခံနေရတယ် ၊ ဒီလိုအခြေအနေမျိုးမှာ ကျွန်တော်က သေရမှာကြောက်နေသေးရင် ကျွန်တော်လူဘယ်ဟုတ်တော့မလဲအမေရယ် .."

လင်ကျန်နန်သည် သူ၏အာဇာနည်သားအတွက် ဝမ်းတွင်းမှ ကျိတ်၍ဂုဏ်ယူနေသည်။ ရဲရင့်သောသူသည် တစ်ကြိမ်သာသေ၍ သူရဲဘောကြောင်သောသူသည် အကြိမ်များစွာ သေသည်မဟုတ်ပါလား။

လင်ကျန်နန်က သူ၏တပည့်များအား စကားပြောသည်။

"မင်းတို့အားလုံးမတုန်လှုပ်ကြပါနဲ့ ... သိပ်မချောက်ချားကြပါနဲ့ .. ဒီလူယုတ်မာတွေဟာ တကယ်တော့ မင်းတို့လောက်သတ္တိရှိကြတာ မဟုတ်ပါဘူး ၊ သူတို့တစ်တွေဟာ နောက်ကွယ်ကနေပဲ တိတ်တဆိတ်လုပ်ကြံရဲကြတာ ... မင်းတို့တွေတွေ့ကြတယ်မဟုတ်လား .. .တို့လင်မယားနှစ်ယောက်စောစောက အပြင်ထွက်သွားကြတာ ငါတို့ဘာဖြစ်သလဲ ... ဘာမှမဖြစ်ဘူး ... ဒီခွေးသူခိုးတွေတို့ကိုဘာလုပ်ရဲလို့လဲ"

အားလုံးက လင်ကျန်နန်၏စကားကိုသဘောပေါက်ကြောင်းခေါင်းညိတ်ပြကြသည်။ သို့သော် တစ်ယောက်မျှအပြင်သို့ခြေလှမ်း မထွက်ရဲကြ။

ညအချိန်ရောက်သောအခါကင်းစောင့်ရန် လင်ကျန်နန်က စီစဉ်သည်။ ကင်းသမားများအနေဖြင့် ကိုယ်စီတာဝန်ယူရမည့် နေရာများကို သတ်မှတ်ပေးသည်။

သို့သော် မည်သူမျှအပြင်ထွက်၍ ကင်းမစောင့်ရဲကြချေ။ လင်ကျန်နန်က သူ၏လက်အောက်ငယ်သားတပည့်များ ဤသို့ငြင်းဆန်ကြသည်ကို လုံးဝအပြစ်မတင်ပေ။ သူ့၌ကိုယ်ချင်းစာတရားရှိသည်။

သူ့စိတ်ထဲတွင် ....

"ကိုယ်ပျောက်ရန်သူဟာ ဒီလောက်ကြောက်စရာကောင်းနေမှတော့သူတို့လည်းကြောက်မှပေါ့လေ .. သူတို့ထက်သိုင်းပညာ ပိုတော်ပါတယ်ဆိုတဲ့ ငါတို့ကတောင်သူ တို့ကိုဘယ်လိုမှ အကာအကွယ်မပေးနိုင်တော့သူတို့ကြောကတာ အပြစ်မတင်သင့်ပါဘူးလေ ..'

ဟုပြောဆိုနေမိတော့၏။

လင်ကျန်နန်သည် သူတို့အားလုံးကို အားပေးစကားပြောပြီး အိမ်ထဲမှာပင် နေစေတော့၏။

နောက်တစ်နေ့နံနက်တွင် သူတို့ဌာနသို့ဟင်းသီးဟင်းရွက်များပေးပို့နေသောယာသမားနှစ်ယောက်တို့သည် အထမ်းကိုယ်စီဖြင့် ရောက်လာကြသည်။

ထိုယာသမားနှစ်ယောက်တို့သည် အထမ်းများကို ပေးသွင်းပြီး ရသင့်သောငွေကြေးများကိုယူပြီးသောအခါ အထမ်းလွတ်ကြီးများကိုထမ်း၍ဌာနတွင်းမှ ပြန်လည်ထွက်ခွာသွားကြတော့သည်။

ဌာနတွင်းမှသိုင်းသမားများသည် ထိုယာသမားနှစ်ဦးထွက်သွားရာသို့မမိုတ်မသုန်လိုက်လံကြည့်ရှုနေမိကြသည်။ ထိုနှစ်ယောက်သည် သွေးမျဉ်းကြောင်းကို ဖြတ်ကျော်သွားကြသည်။ မည်သို့မျှမဖြစ်ကြချေ။ ထို့ကြောင့် သိုင်းသမားများ၏ စိတ်ထဲတွင် ...

"ဒီလူဆိုးတွေက ငါတို့ဌာနက လူတွေကိုပဲ ရန်ရှာနေကြတာကိုး ... အပြင်လူတွေကိုတော့ ဘာမှမလုပ်ကြဘူး၊ တို့ဌာနက ဘာများအမှားကျူးလွန်ခဲ့မိလို့ပါလိမ့်"

ဟုတွေးနေကြသည်။

ထိုအချိန်တွင်ယာသမားနှစ်ယောက်တို့သည် အများသူငါသွားသည့်လမ်းမပေါ်သို့ရောက်ရှိသွားကြပြီး အခြားသူများနှင့် ရောနှောလျက်ခရီးဆက်လျက်ရှိနေကြပေပြီ။

ထိုစဉ်လမ်းမပေါ်မှလူများသည် ရုတ်တရက်အော်ဟစ်လိုက်ပြီး ဘေးသို့ရှဲသွားကြတော့၏။

အာမခံဌာနအတွင်းမှ လူများက ရုတ်ရုတ်သဲသဲ မြင်ကွင်းကိုလှမ်းကြည့်လိုက်သောအခါ ဟင်းသီးဟင်းရွက် လာပို့သောယာသမားနှစ်ယောက်တို့ မြေပြင်ပေါ်လဲကျသေဆုံးနေကြောင်း တွေ့လိုက်ရတော့၏။

ဤအဖြစ်ကား မင်္ဂလာအာမခံဌာနကို သရဲတစ္ဆေနှင့်မကောင်းဆိုးဝါးများကပ်နေသောနေရာဖြစ်သည်ဟု ပြောစမှတ်ပြုသွားကြတော့သည်။

ထို့ကြောင့်သာမန်အရပ်သားများသည် မင်္ဂလာအာမခံဌာနနှင့်ဆက်ဆံရန် မဆိုထားနှင့် ဌာနအနီးသို့ပင် ကပ်မလာကြတော့ချေ။

မွန်းတည့်နေသည် တရိုန်ရှိန်ပူပြင်းလျက်ရှိနေသည်။ ထိုအချိန်တွင် မြင်းခွာသံများသည် ဌာနအတွင်းမှ ဌာနအပြင်သို့ပြေးထွက်သွားသံများကို ကြားလိုက်ရတော့၏။

လင်ကျန်နန်သည်ချက်ချင်းပင် အကြောင်းကို စုံစမ်းကြည့်လိုက်သည်။ ဌာနအတွင်းမှ သိုင်းဆရာငါးဦးတို့သည် စိတ်မထိန်းနိုင်တော့ဘဲသွေးရူးသွေးတန်းဖြင့် ထွက်ပြေးသွားကြ၏ခြင်းဖြစ်ကြောင်း သိရတော့သည်။

လင်ကျန်နန်သည် သူ၏ဦးခေါင်းကို ဖြေးညင်းစွာခါမိတော့သည်။ သက်ပြင်းတစ်ချက်ရှိုက်လိုက်ပြီး ကျန်သိုင်းသမားများအား ကြေကွဲစွာဖြင့် ပြောလိုက်သည်။

"ဒီလိုသေရေးရှင်ရေးအခက်အခဲ အကျပ်အတည်းကြီးရောကနေတဲ့အချိန်မှာ ငါ့အနေနဲ့ မင်းတို့ရဲ့အသက်စည်းစိမ်ကို လုံခြုံအောင်မစောင့်ရှောက်နိုင်မှတော့ သူတို့ငါးယောက်ထွက်ပြေးသွားတာကိုငါ့အနေနဲ့ ဘယ်လိုမှအပြစ်မတင်နိုင်ပါဘူး .. .မင်းတို့ထဲက သွားချင်တဲ့လူများရှိရင်လည်းသွားကြပါ ငါခွင့်ပြုပါတယ် ..."

ကျန်သိုင်းသမားများထဲမှ တစ်ယောက်မျှ ထွက်ခွာမသွားကြတော့ချေ။ ထွက်ခွာသွားသော သိုင်းသမားငါးယောက်အားလည်း အပြစ်တင်ရှုံ့ချကြသည်။

ညနေစောင်းသည့်အချိန်တွင်မူ နေ့ခင်းကထွက်ပြေးသွားကြသော မြင်းငါးကောင် ပြန်ရောက်လာကြ၏။ မြင်းတစ်ကောင်ပေါ်တွင် အလောင်းတစ်လောင်းကျစီ ပါလာကြ၏။

ထိုအခါ ကျန်သူများအဖို့ ထွက်မပြေးရဲတော့ချေ။ ထွက်ပြေးသူများအတွက် ဆုလာဘ်ကား သေခြင်းတရားပင်မဟုတ်ပါလား၊ သူရဲဘောကြောင်သူများဟု အခေါ်ခံရမည့်အပြင် သေခြင်းဆုလာဘ် ရရှိမည့် အလုပ်ကို လုပ်ကိုင်ရန် ဌာနအတွင်းရှိမည်သည့်သိုင်းသမားမျှ စိတ်မကူးကြတော့ချေ။

ညဉ့်နက်သောအခါတွင်လင်မိန်ကျက်မှာ အိပ်မောကျနေရာမှ တစ်စုံတစ်ယောက်က မိမိ၏ပခုံးကို တဖျပ်ဖျပ်ပုတ်နှိုးနေသည်ကိုခံလိုက်ရသဖြင့် လန့်နိုးလာတော့၏။ နိုးလျှင်နိုးချင်း ဓားကို ကောက်ကိုင်လိုက်သည်။

ထိုအခါကျမှ သူ၏မိခင်ဖြစ်သူဝမ်ဖူး၏အသံကိုကြားလိုက်ရသည်။

"သားလေး ... အမေပါ"

လင်မိန်ကျက်သည် သူ၏စိတ်များကို ပြန်လည်လျှော့ချလိုက်ပြီး ...

"အမေ ..ဘာဖြစ်လို့လဲဟင်"

"မင်းအဖေထွက်သွားတာ တော်တော်ကြာနေပြီ .. အခုထိပြန်မလာသေးဘူး ... အမေတို့သွားရှာကြရအောင်"

လင်မိန်ကျက်သည် ထိတ်လန့်သွားသည်။

"အဖေက ဘယ်ကိုသွားတာလဲ .. အမေ့ကို ဘာမှပြောမသွားဘူးလားဟင်"

"ဟင့်အင်း .. အမေ့ကိုဘာမှပြောမသွားဘူး"

သားအမိနှစ်ယောက်တို့သည် လက်နက်ကိုယ်စီကိုင်ဆွဲ၍ အခန်းထဲမှတိတ်တဆိတ်ထွက်ခွာလာကြတော့၏။ သို့သော်လင်ကျန်နန်၏အရိပ်အယောင်မျှပင်မတွေ့ကြချေ။

သူတို့ရှာဖွေနေသည့်အခန်းများလည်း ကုန်လုနီးပါးရှိလေပြီ။ ထို့ကြောင့် သားအမိနှစ်ယောက်လုံး အတော်ပင်ထိတ်လန့်တုန် လှုပ်လာကြသည်။ သူတို့နှစ်ယောက်လုံးသည် လုံးဝအသံမပြုရဲကြချေ။

အကြောင်းမှာ ဌာနအတွင်းမှ လူများသည်ကိုယ့်အရိပ်ပင်ကိုယ် ထိတ်လန့်နေသူများဖြစ်ရာ အကယ်၍သူတို့ခေါင်းဆောင်ကြီးကိုယ်တိုင်ပျောက်ဆုံးနေကြောင်းသိလိုက်ကြရလျှင် သူတို့အားလုံး လိပ်ပြာ လွင့်သွားကြပေလိမ့်မည်။

ထိုစဉ်လက်ဝဲဘက်ရှိဓားလက်နက်များ သိုလှောင်သည့်အခန်းထဲမှ တိုးညှင်းသည့် မသကာ်ဖွယ်ရာ အသံကလေးများကြားလိုက်ရသည်။ အတွင်းဘက်မှလည်း အလင်းရောင် အနည်းငယ် ဖြာထွက်နေသည်ကို သတိပြုလိုက်မိကြ၏။

ဝမ်ဖူးနှင့်လင်မိန်ကျက်တို့သည် ခြေဖျားထောက်လျက်ထိုအခန်းဆီသို့တိုးကပ်သွားကြသည်။ လင်မိန်ကျက် ပြတင်းပေါက်စက္ကူကိုလက်ဖြင့် ထိုးဖောက်လိုက်ပြီး အတွင်းသို့ချောင်းကြည့်လိုက်သည်။ ကြည့်ပြီးလျှင်ပြီးချင်း ဝမ်းသာအားရလေသံဖြင့် ...

"အမေ .. အဖေဒီထဲမှာ ..."

သူတို့သားအမိနှစ်ယောက်လုံး အခန်းတွင်းသို့ ဝင်လိုက်ကြသည်။ နောက်ဘက်မှ အသံကြားလိုက်ရသဖြင့် လင်ကျန်နန်သည် သမင်လည်ပြန်ကြည့်လိုက်၏။ ထိုသို့လှည့်ကြည့်လိုက်သောမျက်နှာ၌ အလွန်တုန်လှုပ်ချောက်ချားနေသော အမူအရာများကို တွေ့လိုက်ရသဖြင့် လင်မိန်ကျက်သည်ပင်မင်သက်တွေဝေသွားတော့၏။

ဝမ်ဖူးမှာမူ တံခါးစေ့နေသဖြင့် အနည်းငယ်နောက်ကျနေသည်။ အခန်းအလယ်တည့်တည့်တွင်စားပွဲရှည်တစ်ခုရှိသည်။ ထိုစားပွဲရှည်ပေါ်တွင်အလောင်းတစ်ခုတင်ထားသည်။

အလောင်း၏ရင်ဝမှ ဝမ်းဗိုက်အထိဓားဖြင့်ခွဲချထားသည်ကို တွေ့ကြရသည်။ ထိုအလောင်းမှာ နေ့လယ်က ထွက်ပြေးသွားသော သိုင်းသမားငါးယောက်တည်းမှ တစ်ယောက်ဖြစ်၏။

လင်ကျန်နန်သည် သူတို့သားအမိနှစ်ယောက်ကိုကြည့်ရုံကြည့်မိသည်။ သူ့မျက်စိတွင် မြင်လိုက်သည် ဟုပင်ထင်ဟန်မရှိချေ။ သူ့နှုတ်မှတစ်စုံတစ်ခုကို တတွတ်တွတ်နှင့် ရေရွတ်နေသည်။ လင်မိန်ကျက်နှင့် ဝမ်ဖူး တို့က အသေအချာ နားထောင်လိုက်သော အခါ ..

"နှလုံးက ရှစ်စိတ်လောက်ကွဲနေတယ် .. .တကယ်ပဲ ... တကယ်ပဲကိုး "

ဝမ်ဖူးက ...

"ဒီလိုဆိုတကယ်ပဲ ချင်းချန်ဂိုဏ်းကဆိုတာသေချာပြီပေါ့။ ချင်းချန်ဂိုဏ်းရဲ့နှလုံးရိုက်လက်ဝါးစောင်းသိုင်းပဲပေါ့"

လင်ကျန်နန်သည် သူ၏ဦးခေါင်းကို ညိတ်ပြလိုက်သည်။ လင်မိန်ကျက်သည် သူ၏ဖခင်ကြီး ပျောက်ပုံဆန်းသွားသည်ကို ယခုမှသဘောပေါက်တော့သည်။ သူ့ဖခင်ကြီးသည် ဤအခန်းထဲသို့လာပြီး လူသေအလောင်းကို ခွဲစိတ်စစ်ဆေးပြီး မိမိတို့ရန်သူများ၏သဲလွန်စကို ရှာဖွေနေခြင်းဖြစ်သည်တကား။

အတန်ကြာသောအခါ လင်ကျန်နန်က ..

"သရဲတစ္ဆေဆိုတာကို အစကတည်းကငါမယုံဘူး ... ဒါကြောင့် အလောင်းကိုခွဲကြည့်တာ .. . အခုတော့ သေချာသွားပါပြီ"

သူသည် အလောင်းကို ဆီစိမ်ပိတ်နှင့် ပတ်၍အခန်းထောင့်တွင်ပင် ပစ်ထားလိုက်တော့သည်။ သူ၏လက်များကို သေချာစွာဆေးကြောပြီးသောအခါ အိပ်ခန်းများဘက်သို့လျှောက်လာကြတော့သည်။

လင်ကျန်နန်က ...

"ရန်သူဟာ ချင်းချန်ဂိုဏ်းကဆိုတာသေချာပြီ ... အခုငါတို့ ဘာလုပ်သင့်တယ်ဆိုတာစဉ်းစားကြရအောင်"

လင်မိန်ကျက်သည် ဒေါသထွက်နေသဖြင့် တုန်ယင်စွာပြောလိုက်သည်။

"အဖေ ဒီကိစ္စဟာ ကျွန်တော့်ကြောင့်ဖြစ်ရတာပါ ... အဖေတို့စိတ်ဆင်းရဲမနေကြပါနဲ့ ... နက်ဖြန်ကျရင် အိမ်ရှေ့ထွက်ပြီး ဒီလူတွေကို စိန်ခေါ်လိုက်မယ် ... သားသေသွားပြီဆိုရင် သူတို့ကျေနပ်သွားကြမှာပါ"

လင်ကျန်နန်က ခေါင်းခါယမ်းရင်းပြသည်။

"မဟုတ်သေးဘူး ငါ့သား .. ဒီလူရဲ့လက်ဝါးဟာ လူတစ်ယောက်ရဲ့နှလုံးသားကို ရှစ်စိတ်ကွဲအောင်ရိုက်သတ်နိုင်တယ် ... ဒါပေမယ့် သားတို့အမြင်ပဲ .. သေတဲ့လူ ဘယ်သူ့အရေပြားပေါ်မှာ ဒဏ်ရာကလေးတစ်ခုတွေ့ကြရသလဲ ... ဒီလူရဲ့သိုင်းပညာဟာ .. ကြောက်စရာကောင်းလောက်အောင် မြင့်နေတာ .. ဒီလူက သားကိုသတ်ချင်တယ်ဆိုရင် သားဟာ ဆယ်ဘဝလောက် ပြောင်းနေပြီ .. ဒီနေ့အထိ စောင့်နေမှာမဟုတ်ဘူး.... ငါ့စိတ်ထင်တော့ ဒီလူတွေမှာရက်စက်ယုတ်မာတဲ့ အကြံအစည်တစ်ခုတော့ရှိရမယ် ... ဒီတော့ ငါတို့မိသားစုကို လွယ်လွယ်ကလေးနဲ့ သတ်ကြမှာမဟုတ်ဘူး "

"သူတို့က ကျွန်တော်တို့အပေါ်ဒီထက်ဘာများရက်စက်စရာကျန်သေးသလဲဖေဖေ "

"ကြောင်က ကြွက်ကို မစားသေးခင်မှာတော့ ဆော့ကစားနေတဲ့ပုံစံမျိုးပေါ့ ... အဖေတို့စိတ်သောက ဗျာပါဒတွေ ခံစားနေရတာကို အားရအောင်ကြည့်ပြီးမှ အဖေတို့မိသားစုကို သတ်ကြမှာ ..."

လင်မိန်ကျက်က ဒေါသဖြင့် ပြန်ပြောလိုက်သည်။

"သူတို့က ကျွန်တော်တို့အာမခံဌာနကို ဒီလိုလုပ်ချင်တိုင်းလုပ်လို့ရမယ်ထင်နေသလားဟင်"

"သားအခုထက်ထိ သဘောမပေါက်သေးဘူးလား ... သူတို့က ဒီအတိုင်းထင်နေကြတယ် ... .ဒါကြောင့် အခုလိုလုပ်တာပေါ့ .. .သားမတွေ့ဘူးလား .. .အဖေတို့အာမခံဌာနကြီးပျက်နေပြီ"

"အဖေ .. .ကျွန်တော့်အထင်တော့ ဒီကောင်တွေဟာ အဖေ့ရဲ့ ဘီလူးမီးဓားသိုင်းနဲ့ မိုးဟိန်းလက်ဝါးစောင်းသိုင်းကို ကြောက်နေကြလို့ထိပ်တိုက်ရင်မဆိုင်တာလို့ထင်တယ် ... ဒါကြောင့်မို့ ချောင်းမြောင်းလုပ်ကြံနေကြတာပေါ့ .. နို့မို့ရင် ဘာဖြစ်လို့ အဖေနဲ့ ရင်မဆိုင်ရဲရမှာလဲ"

လင်ကျန်နန်က ခေါင်းခါသည်။

"သားမသိဘူး ... အဖေရဲ့ လက်ဝါးသိုင်းက သာမန်လူဆိုးဓားပြတွေလောက်ပဲ နိုင်နိုင်တယ် ... နှလုံးရိုက် လက်ဝါးစောင်းသိုင်းကို မီဖို့ကတော့မလွယ်လှဘူး ... ဘာဖြစ်လို့လဲဆိုတော့ အဖေရဲ့ လက်ဝါးစောင်းသိုင်းနဲ့ ဒီနှလုံးရိုက် လက်ဝါးစောင်းသိုင်းက ဆယ်ဆလောက်ကွာနေတယ် သား ... အဖေဟာ တော်ရုံတန်ရုံသိုင်းကွက်တွေလောက်တော့ အလျှော့ပေး အရှုံးပေးတတ်တဲ့လူမဟုတ်ဘူး... ဒါပေမယ့် ဒီနှလုံးသားကို ခွဲထုတ်စစ်ဆေးကြည့်ပြီးတော့မှ ..."

လင်မိန်ကျက်အဖို့ အမြဲတမ်း ဖွဲ့နှင့်ဟန်နှင့် မလျှော့တမ်းလုပ်တတ်သော ဖခင်လင်ကျန်ကိုသာအမြဲတမ်း မြင်တွေ့ခဲ့ဘူးသည်။ ယခု ယခင်နှင့်မတူဘဲ ဖခင်ကြီး အလွန်စိတ်ဓာတ်ကျနေသည်ကို တွေ့မြင်ရသောအခါတွင်မူ လင်မိန်ကျက်သည် မည်သည့်စကားမျှဆက်မပြောရဲတော့ချေ။

"ရန်သူက ဒီလောက် ကြောက်စရာကောင်းနေတဲ့ နောက်တော့ ကျွန်မတို့အမိုက်ခံပြီးဘယ်ယှဉ်လို့ဖြစ်တော့မလဲ ... ကျွန်မတို့သူတို့ကို ရှောင်ပြေးရတော့မှာပဲ"

"အေး .. ငါလည်းဒီလိုပဲ စဉ်းစားထားတယ်"

"ကျွန်မတို့ညတွင်းချင်းထွက်ပြေးကြမယ် ... လောရန်မြို့ကို အရောက်ပြေးကြမယ် ... ဟိုရောက်ရင် အဖေ့ကို ဒီကိစ္စကြီးပြောပြလိုက်မယ် ... အခုကျွန်မတို့ကို အကြောင်းမဲ့သက်သက် ရက်ရက်စက်စက်ပျက်စီးအောင်လုပ်တာ ဘယ်သူဆိုတာ သိထားပြီပဲ ဒီရန်ကြွေးကို ဆပ်ရဖို့ဆယ်နှစ်စောင့်ရလဲ စောင့်ရမှာပဲ ... အရေးကြီးတာက ဒီရန်ကြွေးကို အပြေဆပ်နိုင်ဖို့ပဲ"

"အေး .. .ဒီအကြံကောင်းတယ် ... မင်းအဖေမှာ မိတ်ဆွေတွေပေါများတယ် ... ဒီတော့ သူတို့အနေနဲ့ စုပေါင်းစဉ်းစားပြီး ငါတို့ကိစ္စကိုဖြေရှင်းပေးမှာပဲ .. ကဲ ... အခုကတည်းက ပစ္စည်းတွေထုပ်ပိုးသိမ်းစည်းထားကြစို့ "

တစ်ချိန်လုံးတိတ်ဆိတ်ငြိမ်သက်စွာနားထောင်နေသောလင်မိန်ကျက်က ...

"အဖေ .. ကျွန်တော်တို့ဒီလိုထွက်သွားလို့ မသင့်ဘူးနဲ့တူတယ် .... ကျွန်တော်တို့သာထွက်သွားရင် အာမခံဌာနမှာ ကျန်နေတဲ့လူတွေ ဘယ်လိုလုပ်နေကြရတော့မှာလဲ ... သူတို့မှာခေါင်းဆောင်ပေးမယ့်လူမရှိရင် သူတို့လည်းဒုက္ခရောက်ကြမှာ ............"

လင်ကျန်နန်က ...

"အဲဒီအတွက်စိတ်မပူနဲ့သား ... တကယ်တော့ရန်သူနဲ့ သူတို့ဟာ ဘာရန်ငြိုးမှရှိတာမဟုတ်ဘူး ... ရန်သူကအဖေတို့ကိုသာ ပစ်မှတ်ထားတာ ... အဖေတို့မရှိရင် သူတို့အတွက် အန္တရာယ်ဆိုတာလည်းမရှိတော့ဘူး"

လင်မိန်ကျက်က စဉ်းစားလိုက်သည်။

"အင်း .......... အဖေပြောတာ မှန်လိမ့်မယ် ... ဒီကိစ္စကငါ့ကြောင့်စဖြစ်ရတာပဲ .. .ငါတို့ထွက်သွားရင် ရန်သူတွေဟာငါတို့နောက်လိုက်မှာပဲ ... ဒီဌာနထဲကလူတွေကိုရန်ရှာတော့မယ် မထင်ဘူး"

သူတို့အားလုံး ထွက်ပြေးကြရာတွင် ယူဆောင်သွားသည့်ပစ္စည်းများကိုပြင်ဆင်ထုပ်ပိုးကြသည်။

"အကိုကြီး ... ကျွန်မတို့မြင်းစီးပြီးရှေ့ပေါက်ကပဲ ခပ်တည်တည်ထွက်သွားမှာလား .. .ဒါမှမဟုတ် နောက်ပေါက်ကနေပဲ တိတ်တိတ်လေးထွက်သွားကြမှာလား"

ဝမ်ဖူး၏မေးခွန်းမှာ မေးသင့်မေးထိုက်သောမေးခွန်းပင်။ လင်မိန်ကျက်ကလည်း သူ့အဖေ၏ အဖြေကိုသိလိုသဖြင့် ဖခင်ဖြစ်သူ၏ မျက်နှာကိုလှမ်းကြည့်လိုက်သည်။ လင်ကျန်နန်ကမူ ထိုင်ခုံတွင်ထိုင်၍စဉ်းစားနေသည်။

အတန်ကြာစဉ်းစားပြီးမှ ရုတ်တရက်ပြောလိုက်သည်။

"သား အခုချက်ချင်းသွားပြီး ဌာနအတွင်းမှာရှိတဲ့လူတွေ အားလုံးကိုပြောလိုက်စမ်း ... မနက်ဖြန်မိုးလင်းတာနဲ့ အားလုံးအတူတူထွက်ပြေးကြမယ်လို့ ... ငွေကိုင်ကို အားလုံးအတွက် ခရီးစရိတ်တွေထုတ်ပေးဖို့ပြောလိုက် .. .ဒီကပ်ကြီးကျော်မှာ အားလုံးပြန်စုကြမယ်လို့"

လင်မိန်ကျက်သည် သူ့ဖခင်ကြီး ညွှန်ကြားချက်ကို'ဟုတ်ကဲ့' ဟုဝန်ခံပြီးနောက် ထွက်ပြေးကြမည့်အစီအစဉ်ကို အဘယ်ကြောင့် ဤကဲ့သို့ပြောင်းလဲလိုက်ရသနည်းဟုစဉ်းစားမိသည်။

ထိုစဉ်ဝမ်ဖူးက ...

"အကိုကြီး .. .အားလုံးထွက်ပြေးမယ်ဆိုရင် ဒီဌာနကြီးကို ဘယ်သူထိန်သိမ်းစောင့်ရှောက်မလဲ ... ထိန်းသိမ်းမယ့်သူမရှိရင် အားလုံးပျက်စီးကုန်မှာပေါ့"

"ထိန်းသိမ်းစောင့်ရှောက်စရာမလိုတော့ဘူး ... ဒီအိမ်ကြီးကို မကောင်းဆိုးဝါးကပ်နေတဲ့ အိမ်ကြီးလို့ အားလုံးကသတ်မှတ်ထားမှတော့ ဘယ်သူက စောင့်ရှောက်ဖို့လိုတော့မလဲ၊ နောက်တစ်ခုကတော့ မင်းပဲစဉ်းစားကြည့်ပါဦး ... ငါတို့သုံးယောက်ထွက်သွားပြီးတဲ့နောက် ... ဘယ်သူက ဒီအိမ်ကြီးထဲမှာဆက်နေရဲဦးမှာလဲ"

လင်မိန်ကျက်သည် သူ့ဖခင်ကြီးမှာကြားထားသည့်စကားအတိုင်းဌာနအတွင်းရှိလူ အားလုံးကို ပြောပြလိုက်သည်။ ထိုအခါ ဌာနတစ်ခုလုံးအုတ်အုတ်ကျက်ကျက်ဖြစ်သွားတော့သည်။

လင်ကျန်နန်က ..

"ကဲ ... ငါတို့လည်း လက်အောက်ငယ်သားတွေရဲ့ ဝတ်စုံကို ပြောင်းဝတ်လိုက်ကြစို့ ... မနက်ဖြန်မိုးလင်းတာနဲ့ လူတစ်ရာကျော်တစ်ပြိုင်နက် ထွက်ပြေးကြရင် ရန်သူက ငါတို့နောက်ဘယ်လိုလုပ်လိုက်နိုင်တော့မှာလဲ .. သူတို့သိုင်းပညာဘယ်လောက်တော်တော် အလွန်ဆုံးရှိလှမှ လေးငါးယောက်ပေါ့ ... လူတစ်ရာလုံးနောက်တော့ တစ်ပြိုင်နက်မလိုက်နိုင်ပါဘူး"

ဝမ်ဖူးက ဝမ်းသာအားရဖြင့် လက်ခုပ်လက်ဝါးတီးကာပြောလိုက်သည်။

"ကောင်းတယ် .. အကိုကြီးရဲ့ အကြံသိပ်ကောင်းတယ်၊ ကျွန်မတို့နောက်ရန်သူတွေခြေရာခံဖို့ခက်သွားတာပဲ .. ဒါမှခြေရာခံနိုင်တယ်ဆိုရင်တော့ ဒီရန်သူတွေဟာတကယ့်တော်တဲ့သူတွေပဲ"

သူမသည် ပြောပြောဆိုဆိုဖြင့် ငယ်သားများဝတ်ဆင်သည့်အဝတ်အစားဟောင်းသုံးထည်ကိုသွားယူလိုက်ပြီး ဝတ်ဆင်လိုက်ကြသည်။ အဝတ်အစားဟောင်းများ၏အနံ့အသက်များမှာ အလွန်ဆိုးဝါးလှသဖြင့် လင်မိန်ကျက် ဝတ်ဆင်ရန်တွန့်သွားမိသည်။

သို့သော်ဤအခြေအနေတွင် အရှိုးများသလေး ချေးခါးသလေးဖြင့်ဇီဇာကြောင်၍ မဖြစ်နိုင်မှန်းသိသဖြင့် စိတ်ကိုချုပ်တီးသည်းခံကာ ဝတ်ဆင်လိုက်သည်။

မိုးလင်ကာနီး အမှောင်မပြယ့်တပြယ်အချိန်တွင် လင်ကျန်နန်က တံခါးကိုဖွင့်ခိုင်းလိုက်သည်။ သူ၏ လက်အောက်ငယ်သား အားလုံးကိုရီဝေကြေကွဲသောအကြည့်ဖြင့်. ကြည့်ကာ နောက်ဆုံးအမှာစကားပြောလိုက်သည်။

"ဒီနှစ်မှာ ငါ့ရဲ့ကံနိမ့်လွန်းလို့ မကောင်းဆိုးဝါးကပ်ပြီး ငါတို့ရဲ့ လုပ်ဖော်ကိုင်ဖက်တွေအားလုံး တော်တော်ကလေး သေဆုံးခဲ့ကြရတယ် ... ဒီတော့ ဒီလိုကံနိမ့်နေခိုက်မှာ အားလုံးဒီနေရာက ခေတ္တရှောင်တိမ်းကြမှသင့်လိမ့်မယ် .. .မင်းတို့ထဲက အာမခံဌာနမှာဆက်လုပ်ချင်တဲ့သူတွေများရှိရင် ဟန်ကျူးမြို့နဲ့ခုန်ချင်းမြို့ကိုသွားပါ ... ဟိုမှာငါတို့ရဲ့ဌာနခွဲတွေရှိတယ် .... ဒီဌာနခွဲတွေက မင်းတို့ကို ကောင်းကောင်းမွန်မွန်လက်ခံမှာပါ .. ကဲ ကဲ သွားကြဖို့အားလုံးအသင့်ပြင်ကြပေတော့ ..." လင်ကျန်နန်သည် အားလုံးကို မြင်းပေါ်သို့တက်ခိုင်းလိုက်သည်။ အားလုံးအဆင်သင့်ဖြစ်သည်နှင့် တစ်ပြိုင်နက်တံခါးမကြီးမှ ထွက်ပြေးစေလိုက်သည်။ လင်ကျန်နန်၊ ဝမ်ဖူးနှင့် လင်မိန်ကျက်တို့သည်လည်း သူတို့၏လက်အောက်ငယ်သားများနှင့် ရောနှောကာ အပြင်သို့ထွက်ပြေးကြတော့၏။

လူပေါင်းတစ်ရာခန့်စုပေါင်းထွက်ပြေးလာကြခြင်းဖြစ်၍ ယခင်ကလောက် မကြောက်ကြတော့ပေ။ သတ္တိရှိလာကြသည်။ သူတို့အားလုံးမြောက်ဘက်သို့ဦးတည်၍ပြေးကြသည်။

ဤသို့တစ်စုတစ်ပြုံလုံးထွက်ပြေးကြခြင်းသည် မင်္ဂလာအာမခံဌာနကြီး၏အဆုံးစွန်သောကျဆုံးမှုကြီးပေတည်း။

လင်ကျန်နန်သည် သူ့ဇနီးနှင့်သားကို လက်ဟန်တစ်ချက်ပြ၍ဘေးဘက်ရှိလမ်းချိုးတစ်ခုသို့ချိုးဝင်လို က်သည်။ လေသံတိုးတိုးဖြင့် ပြောလိုက်သည်။

"သူတို့တစ်တွေ မြောက်ဘက်ကိုပြေးကြပစေ ... ငါတို့က ဒီနားမှခဏခိုပြီး တောင်ဘက်ကိုသွားကြမယ် ..."

"ဟင် အကိုကြီး ... အစီအစဉ်က ပြောင်းလိုက်တာလား၊ ကျွန်မတို့လော့ရန်မြို့ကို သွားကြမယ်ဆို ...ဘယ်နှယ့်တောင်ဘက်ဖြစ်သွားရတာလဲ"

"ဝမ်ဖူး .. ငါတို့ရန်သူတွေကို အထင်သေးလို့မရဘူး၊ သူတို့ရဲ့လက်ရာခြေရာတွေကို ကြိုတွက်နိုင်မှတော်ကာကြမယ်... ရန်သူတွေက ငါတို့လော့ရန်မြို့ကို သွားကြမယ်ဆိုရင်ရန်သူတွေငါတို့ကို ဘယ်လိုတားနိုင်တော့မှာလဲ"

လင်မိန်ကျက်က

"အဖေ"

"ဘာလဲ ... သား .. ဘာပြောမလို့လဲ"

လင်ကျန်နန်က ပြန်ဖြေလိုက်သည်။

လင်မိန်ကျက်သည် ငြိမ်သက်တွေဝေသွားပြီး ပြောမည့်စကားကိုမပြောတော့ဘဲ ရပ်တန့်ပစ်လိုက်သည်။ ဝမ်ဖူးသည် သားဖြစ်သူ၏သဘောကိုနောကြေနေအောင်သိသူဖြစ်၍ အားပေးလိုက်သည်။

"သားလေး ... ပြောလေ .. .သားဘာပြောချင်လဲ"

လင်မိန်ကျက်က ....

"ကျွန်တော့်သဘောကတော့ မြောက်ပိုင်းကနေပြီးတော့ပဲ ထွက်စေချင်တယ် ... ဒီလူဆိုးလူယုတ်မာတွေဟာ ကျွန်တော်တို့ရဲ့လူတွေကို ဘယ်လောက်ရက်ရက်စက်စက်သတ်ခဲ့သလဲ ... သူတို့ဘက်ကသေတာ တစ်ယောက်ရယ် ... ကျွန်တော်တို့ဘက်က သေတာသောက်သောက်လဲပဲ .. .ကျွန်တော်တို့အနေနဲ့ ဒီလူဆိုးတွေကို သူသေကိုယ်သေ တိုက်ခိုက်လိုက်ဖို့ကောင်းတယ်"

ဝမ်ဖူးက သားဖြစ်သူကို ရှင်းပြသည်။

"သား ... သိပ်မလောနဲ့ .. ဒေါသရှေ့ထားရင်မှားမယ် ... အမေတို့လည်း ဒေါသထွက်တာပဲ ... ဒါပေမယ့် ဒေါသကို ချုပ်တီးထားကြရတယ် ... သားလေးရဲ့သိုင်းပညာက ဘယ်လောက်ရှိလို့လဲ၊ ရန်သူတွေရဲ့နှလုံးရိုက်လက်ဝါးစောင်းသိုင်းကို ဘယ်လိုလုပ်ပြီးယှဉ်နိုင်မှာလဲ ... သူသေရင်လည်းသေနိုင်တယ် ... ကိုယ်သေရင်လည်းသေနိုင်တယ် ... ဒွိဟခြေအနေမျိုးမှာ အသေတိုက်ရတာ အကြောင်းမဟုတ်ဘူး ... အမေတို့တိုက်ရပါတယ် ... မတိုက်ခင်ကတည်းက ကိုယ်သေမယ်ဆိုတာသေချာပေါက်သိထားတဲ့ တိုက်ပွဲမျိုးကို ဘာဖြစ်လို့အမိုက်ခံပြီးတိုက်မလဲသားရယ် ..."

လင်မိန်ကျက်သည် ငယ်ရွယ်သူဖြစ်ပြီး သူ့ကြောင့်ဖြစ်ရသည်ဟုစိတ်စွဲနေသဖြင့် ...

"အမေရယ် ... ကျွန်တော်တော့ သေလိုက်တာပဲ ကောင်းတယ်လို့ထင်တယ်"

လင်ကျန်နန်က မျက်နှာထားတင်းမာသွားပြီး ...

"တိတ်စမ်း ... .မင်းဟာ ရှင်းပြလို့လည်း သဘောမပေါက်ပါလား .. ငါတို့လူမျိုးထဲမှာ ဒီလောက် မိုက်ရူးရဲဆန်တဲ့ လူမျိုးတစ်ယောက်မှမရှိခဲ့ဖူးဘူး၊ ရှိခဲ့ရင်လည်း ဒီလောက်ကြီးကျယ်တဲ့ မင်္ဂလာအာမခံဌာနကြီးဆိုတာ ရှိခဲ့တော့မှာမဟုတ်ဘူး"

လင်မိန်ကျက်သည် သူ့ဖခင်ကြီးတကယ်ဒေါသထွက်မှန်းသိလိုက်သဖြင့် ဆက်မပြောရဲတော့ဘဲ ငြိမ်သက်သွားသည်။ ဤသို့ဖြင့် မိသားစုသုံးဦးမြို့တောင်ဘက်သို့ခရီးဆက်နှင်ကြတော့၏။

မြို့တောင်ဘက်မှပြန်လည်ကွေ့ပတ်ပြီး လော့ရန်မြို့သို့ ဦးတည်လိုက်ကြသည်။ ခရီးတစ်လျှောက်လုံး မည်သည့် အတားအဆီးအနှောက်အယှက်မျှ မတွေ့ရသဖြင့် အားလုံးအနည်းငယ်အသက်ရှူချောင်လာကြသည်။ နောက်ဆုံးတွင် စားသောက်ဆိုင်ကလေးတစ်ခုကို တွေ့ကြရသဖြင့် ဝင်ရောက်အနားယူရန်ဆုံးဖြတ်လိုက်ကြသည်။

လင်ကျန်နန်ကမူ ဟူးခနဲသက်ပြင်းချလိုက်ပြီး လေသံတိုးတိုးဖြင့်ပြောလိုက်သည်။

"တော်ပါသေးရဲ့ .. .ဒီတစ်ခါတော့ ငါတို့ရန်သူတွေကို မျက်ခြည်ဖျက်နိုင်ခဲ့ပြီ"

ဝမ်ဖူးက ...

"သားလေး ... ယောကျ်ားလေးဆိုတာ စိတ်ကိုထိန်းသိမ်းနိုင်ရတယ် ... စိတ်ဓာတ်ခိုင်ခိုင်တည်တည်ကြည်ကြည်ရှိရတယ် ... စိတ်ဓာတ်မခိုင်မာရင် ယောကျ်ားမပီသဘူး .. နောက်ပြီး ရန်ကြွေးကို ကျေအောင်ပြန်ဆပ်ရတယ် ... ရန်ကြွေးမချေနိုင်တာက ပိုပြီးယောကျ်ားမပီသသေးတယ် ဒါကြောင့်မို့ငါ့သားလေးရဲ့စိတ်ကို ထိန်းပါ ... ဒီရန်ကြွေးကို တစ်နေ့နေ့မှာ ချေနိုင်အောင်ကြိုးစားပါ"

ဟုပြောလိုက်သည်။

လင်မိန်ကျက်က ...

"ဟုတ်ကဲ့ အမေ ... အမေပြောတဲ့ စကားကို ကျွန်တော်မြေဝယ်မကျ နားထောင်ပါ့မယ်... ဒါပေမယ့် ကျွန်တော့်စိတ်ထဲမှာတော့ သူတို့တစ်တွေဟာအဖေ့ကိုကြောက်နေကြတယ်လို့ပဲ ထင်နေတယ် .. ကျွန်တော်တို့ရဲ့လူတွေကိုတော့ အများကြီးသတ်နေတယ် ... ကျွန်တော်တို့ကိုတော့ ဘာဖြစ်လို့လာရင်မဆိုင်တာလဲ"

လင်ကျန်နန်က ပြန်ပြောလိုက်သည် ...

"သား ... သားငယ်သေးတော့ ဘာမှသိသေးတာမဟုတ်ဘူး ... ကဲ ကဲ ..သွားအိပ်ချေတော့"

# အပိုင်း (၄)
# ပညာချင်းမယှဉ်သာ

ရောင်နီပျိုးချေပြီ။

မိသားစုသုံးယောက်မှာ ရှေ့ခရီးကို ခရီးပြင်းနှင်ကြရဦးမည်ဖြစ်သဖြင့် စောစီးစွာ အိပ်ရာမှထကြသည်။

လင်ကျန်နန်က ခပ်ကျယ်ကျယ်လေး အော်ခေါ်လိုက်၏။

"ဆိုင်ရှင် .. .ဆိုင်ရှင်"

လင်ကျန်နန်၏အသံသာ အခန်းတွင်းပျံ့နှံ့သွားသည်။ ဆိုင်ရှင်၏ထူးသံကပေါ်မလာ။ ထို့ပြင်တစ်ဆိုင်လုံး ထူးထူးခြားခြား ငြိမ်သက်လက်ရှိနေသည်ကို သုံးဦးစလုံးသတိပြုမိလိုက်သည်။

လင်ကျန်နန်သည် သူ၏အခန်းတွင်းမှ ထွက်လိုက်သည်နှင့် အခန်းလယ်တွင် လူတစ်ယောက် လဲလျောင်းနေကြောင်း တွေ့လိုက်ရသည်။

ထို့ကြောင့် ထိုလူရှိရာသို့အသော့နှင်သွားကြည့်မိသည်။ မနေ့ညက မိမိတို့အိပ်ရမည့်အခန်းသို့ လိုက်လံပို့ဆောင်ပေးသည့် စားပွဲထိုးကလေးဖြစ်နေသည်။

ထိုစားပွဲထိုးကလေး၏ခန္ဓာကိုယ်ကို လင်ကျန်နန်ကိုင်ကြည့်လိုက်မိသောအခါ ကြက်သေသေသွားတော့သည်။ စားပွဲထိုးကလေး၏တစ်ကိုယ်လုံးအေးစက်နေပြီး အသက်မရှိရှာတော့ပေ။

သေပုံသေနည်းမှာလည်း သူတို့ဌာနက လူများသေဆုံးခဲ့သည့်ပုံစံအတိုင်းပင်။

ခန္ဓာကိုယ်ပြင်ပတွင်ဒဏ်ရာဒဏ်ချက်ဟူ၍လုံးဝမရှိ။ နှလုံးရိုက်လက်ဝါးစောင်း၏လက်ချက်ပင်ဖြစ်သည်။

လင်ကျန်နန်မှာတဖြည်းဖြည်း တုန်လှုပ်ချောက်ချားလာလေသည်။ ပြေးစရာလည်းမြေမရှိတော့ပါလား။

သူ၏လက်ယာဘက်အခန်းသို့လျှောက်သွားကြည့်ရှုစစ်ဆေးလိုက်၏။ ထိုအခန်းသည် ဆိုင်ရှင်၏အခန်းဖြစ်သည်။ အခန်းထဲရှိအိမ်ထက်တွင်ဆိုင်ရှင်လင်မယားနှင့် သူတို့၏သားငယ်လေးသေဆုံးလျက်ရှိနေကြပေပြီ။

လင်ကျန်နန်သည် ထိုမြင်ကွင်းကိုမြင်လိုက်ရသောအခါ ကျောက်ရုပ်ကြီးတစ်ရုပ်အလား အခန်းတံခါးဝ၌ ငူငူကြီးငေးကြောင်ရပ်ကြည့်နေမိတော့၏။ သူ၏နောက်ကျောတွင်မူ ဝမ်ဖူး၏အသံကိုကြားလိုက်ရသည်။

"ဟာ ... ဧည့်သည်တွေအားလုံးသေနေကြပါလား"

ထိုအသံကြောင့် လင်ကျန်နန်အသက်ဝင်သွားပြီး နောက်သို့လှည့်ကြည့်လိုက်၏။ ဘေးတစ်ဘက်တစ်ချက်ရှိ ဧည့်သည်များ တည်းခိုသည့်အိပ်ခန်းအချို့မှာမူ ပွင့်ဟလျက်ရှိနေသည်။ ထိုအခန်းများရှိ အိပ်ရာခုတင်များတွင် ဧည့်သည်များအသေဆုံးအသက်ပျောက်လျက်ရှိနေကြပေသည်။ ဤစားသောက်ဆိုင်တွင် တစ်ဆိုင်လုံးတွင် သက်ရှိသတ္တဝါဟူ၍မိမိတို့သုံးယောက်သာရှိတော့၏။

သူ့ဇနီးနှင့် သား၏မျက်နှာကိုကြည့်လိုက်သောအခါ ဖြူလျော်လျက်ရှိနေသည်ကိုတွေ့လိုက်ရသည်။

သူတို့နှစ်ယောက်စလုံး စိတ်အေးတင်းထားကြဟန်ရှိသော်လည်း ရန်သူ၏ခြေလှမ်းကြနေပုံများကို မျက်မြင်ဖြစ်နေရသဖြင့် မငြိမ်းမချမ်းသောကခံစားနေရပုံလည်းရှိနေသည်။

လင်ကျန်နန်သည် အံတစ်ချက်ကြိတ်လိုက်ပြီး ..

"ကဲ ... သွားကြစို့"

သူတို့သည် မြင်းဖောင်းသို့လျှောက်လာကြသည်။ မြင်းဖောင်းရှေ့သို့ရောက်သောအခါ ခြေလှမ်းများ တုံ့ခနဲရပ်ဆိုင်းသွားကြတော့သည်။

အဘယ်ကြောင့်ဆိုသော် မြင်းဖောင်းရှိမြင်းများအားလုံးလဲကျသေဆုံးနေကြောင်း တွေ့ရသောကြောင့်ပင်တည်း။

သူတို့သုံးယောက်စလုံးစိတ်ထဲတွင်မြို့၏တောင်ဘက်မှ ကွေ့ပတ်ခရီးဆက်လာစဉ်က မည်သည့်ဘေးအန္တရာယ်မျှ မတွေ့ကြုံခဲ့ရသဖြင့် ရန်သူတို့ကိုခြေရာဖြတ်နိုင်ခဲ့ပြီဟုထင်ပြီး စိတ်သက်သာရာရခဲ့ကြသည်။

ယခုမူသူတို့၏စိတ်ထင်လုံးဝမှားသွားပြီဖြစ်ကြောင်းသိခဲ့ရသည်။ ရန်သူသည် သူတို့အား အလှမ်းကွာကွာမှ စောင့်ကြည့်နေသည်မဟုတ်။ သူတို့နှင့် ထက်ကြပ်မကွာလိုက်နေကြောင်းသိခဲ့ရပြီ။

သို့သော်လင်ကျန်နန်ဟူသည့်လူမှာ သာမန်လူတစ်ယောက်မှ မဟုတ်ဘဲ၊ မင်္ဂလာအာမခံဌာနကြီးကို ကြီးကျယ်သည်ထက်ကြီးကျယ်အောင်စီမံ အုပ်ချုပ်ခဲ့သူတစ်ယောက်ဖြစ်ရာ လွယ်လွယ်ဖြင့် စိတ်ဓာတ်ကျတတ်သူမဟုတ်ပါပေ။ လင်ကျန်နန်သည် ဆိုင်၏နောက်ဘက်တံခါးကိုဖွင့်ကာ ဆိုက်အနောက်ဘက်သို့ထွက်ခွာလာကြသည်။

ထိုဆိုင်မှထွက်ခွာ၍ မိုင်နှစ်ဆယ်ကျော်ခန့်လျှောက်လာကြပြီးသောအခါ တောင်ကုန်းတစ်ခုပေါ်သို့ ရောက်ရှိလာတော့၏။

ထိုတောင်ကုန်းပေါ်မှဆင်းသက်လိုက်သောအခါ တောလမ်းလေးတစ်ခုကို တွေ့ရှိလိုက်ရပြီး ထိုတောလမ်း၏ဘေးတစ်ဘက်တွင်စားသောက်ဆိုင်ကလေးတစ်ခုကို တွေ့လိုက်ရသဖြင့် ဆာလောင်နေသည့်ဝမ်းများကို ဖြည့်ရန် ဆိုင်အတွင်းသို့ ဝင်လိုက်ကြသည်။

ဆိုင်ရှင်က ပျာပျာသလဲပင် ထမင်းများ လာချပေးသည်။ လင်မိန်ကျက်သည် ထမင်းပန်းကန်တစ်လုံးကို ကောက်ကိုင်လိုက်သည်။

သို့သော်သူတို့တည်းခိုခဲ့သည့် တည်းခိုခန်းအတွင်းရှိ တစ်ဆိုင်လုံးလူများသေဆုံးခဲ့ရသည်ကို ရုတ်တရက်သတိရလိုက်မိသောအခါ စိတ်မကောင်းခြင်းကြီးစွာဖြစ်သွားပြီး သူကိုင်ထားသည့် ပန်းကန်လုံးကို ပြန်ချထားလိုက်သည်။ နှုတ်မှလည်း ...

"အဖေ .. ကျွန်တော်ထမင်းမဆာဘူး"

ဟုပြောမိသည်။

ဝမ်ဖူးသည် သားဖြစ်သူကို တစ်ချက်ကြည့်လိုက်သည် ။သားဖြစ်သူ၏စိတ်ဓာတ်ခံစားမှုကို နားလည်းလိုက်သည်။ ထို့ကြောင့် တီးတိုးရေရွတ်လိုက်မိသည်။

"အင်း ... ငါတို့သုံးယောက်လုံးသေလူတွေချည်းပါပဲ ... ရန်သူတွေကို ငါတို့က မတိုက်ခိုက်နိုင်ဘူး ... သူတို့က ကိုယ်ပျောက်ရန်သူတွေဖြစ်နေတာကိုး ... တစ်ဆိုင်လုံးမှာရှိတဲ့ လူတွေကိုသတ်သွားတာတောင်လုံးဝမသိလိုက်ကြရဘူး ... ဒီတော့ ဒီလောက်အစွမ်းထက်နေတဲ့ လူဆိုးတွေနဲ့ဘယ်လိုပြိုင်နိုင်တော့မှာလဲ"

လင်ကျန်နန်ကလည်း သက်ပြင်းချရင်း ပြောလိုက်သည်။

"ဟုတ်တယ် .. ချင်းချန်ဂိုဏ်းရဲ့ နှလုံးရိုက်လက်ဝါးစောင်းသိုင်းက ရိုက်လိုက်တဲ့အခါမှာ လေသံလုံးဝမထွက်ဘူး ... ဒီလက်ဝါးစောင်းနဲ့ရိုက်လိုက်ပြီဆိုရင် အရိုက်ခံရတဲ့သူကိုယ်တိုင်အသံမပြုနိုင်ဘဲ အသက်ထွက်သွားရတာချည်းပဲ .. တကယ့်ကို ရက်စက်ပြီး တကယ့်ကိုကြောက်စရာကောင်းတဲ့ သိုင်းကွက်ပဲ .. သူတို့ရက်စက်ပုံကိုတော့မင်းတို့အမြင်ပဲ .. အပြစ်မရှိတဲ့ အရပ်သူအရပ်သားတွေကိုတောင် တရကြမ်းသတ်သွားတာ ..."

လင်မိန်ကျက်က အံကြိတ်ရင်းမေးလိုက်သည်။

"ဒီသိုင်းပညာကိုလေ့ကျင့်မယ်ဆိုရင် ဘယ်နှစ်နှစ်လောက်ကြာမလဲအဖေ"

"ငါ့စိတ်ထင်တော့ အနှစ်နှစ်ဆယ်ကျော်သုံးဆယ်လောက်တော့အနည်းဆုံးကြာအောင် သင်ရလိမ့်မယ်ထင်တယ်"

လင်မိန်ကျက်သည် တစ်စုံတစ်ခုကိုတွေးမိဟန်ဖြင့် စားပွဲခုံကိုလက်ဝါးဖြင့် ဖြန်းခနဲရိုက်လိုက်ပြီး နှုတ်မှလည်း ပြောလိုက်သည်။

"ဟိုအရက်ဆိုင်ကအဘိုးကြီးပဲ ဖြစ်လိမ့်မယ်၊ ... ကျွန်တော်၊ ကျွန်တော်က သူ့ရဲ့မြေးမလေးရဲ့အရက်ကိုလည်း ကာကွယ်ပေးရသေးတယ်၊ သူ ... သူတို့က ရက်ရက်စက်စက်"

လင်ကျန်နန်မှာမူ ထမင်းကိုဆက်၍စားနေရာမှ ...

"အေး .. ငါလည်းအဲဒီလူကိုထင်တာပဲ .. ငါတို့ဌာနကလူတွေကိုသတ်တာကတော့သူတို့မှာအကြောင်းတစ်ခုခုရှိလို့အငြိုးနဲ့သတ်တယ်လို့ပဲထားလိုက်ပါတော့ ... ဟို .. တည်းခိုခန်းက လူတွေကိုကော ဘာဖြစ်လို့သတ်ရတာလဲ .. ဒီလူတွေက အပြစ်မဲ့တဲ့ရိုးရိုးအရပ်သားတွေပဲ ... ဘာသဘောနဲ့ ဒီလိုရက်ရက်စက်စက်သတ်ရတာလဲ .. အဲ့ဒီအချက်ကိုငါစဉ်းစားလို့မရဘူး ..."

ဝမ်ဖူးက ..

"ချင်းခန်ဂိုဏ်းက သိုင်းလောကမှာအင်မတန်နံမည်ကြီးတဲ့ဂိုဏ်းကြီးတစ်ဂိုဏ်းပဲ .. ဒီလိုဂိုဏ်းမျိုးက ဒီလိုလူမဆန်တဲ့ရက်စက်ယုတ်မာမှုတွေလုပ်ရဲတယ်ဆိုတော့ တကယ့်ကိုအံ့သြစရာပဲ .. ဒီအချက်က ဘာကိုပြသလဲဆိုရင် ဒီချင်းချန်ဂိုဏ်းဟာ ကျွန်မတို့မင်္ဂလာအာမခံဌာနကိုသာ ရန်ပြုတာမဟုတ်ဘူး ... သိုင်းလောကရဲ့စည်းကမ်းတွေကို ဖောက်ဖျက်ပြီး သိုင်းလောကတစ်ခုလုံးကို ရန်မူတဲ့သဘောမျိုးပဲ"

ဟုပြောသည်။

လင်ကျန်နန်ကလည်း ဝမ်ဖူး၏အယူအဆကို လက်ခံကြောင်း ခေါင်းညိတ်ပြသည်။

"ကောင်းတယ် .. သူတို့က ဒီလိုယုတ်မာရိုင်းစိုင်းလေ သူတို့ကိုသိုင်းလောက ကမုန်းတီးလေပဲ .တနေ့ကျရင် သူတို့ထိုက်နဲ့ သူတို့ခံရမှာပဲ ..မကောင်းမှုဆိုတာဘယ်တော့မှ ပျောင်းသွားတယ်မရှိဘူး .. မကောင်းမှုပြုတဲ့လူဆီကို တစ်ပတ်လည်ပြီးပြန်ရောက်တတ်တာမျိုးပဲ .. အဲဒီအခါကျမှကျောကော့ပြီခံပေတော့ ...ကဲ ၊ သားလေး .. ဒါတွေစဉ်းစားမနေနဲ့ ထမင်းသာဝအောင်စားထား .. လူဆိုတာ အာဟာရပြည့်နေမှ ကြံနိုင်ဖန်နိုင်တာ"

"အဖေ ... ကျွန်တော်စားမဝင်လို့ပါ"

"အေး ... အေး ... စားလို့မရလည်းမစားနဲ့ပေါ့ သားရယ်၊ အဖြစ်တွေကလည်း မစားဘဲနဲ့ ရင်ပြည့်ချင်စရာဖြစ်နေတာကိုး"

လင်ကျန်နန်သည် သားဖြစ်သူကိုထမင်းစားရန်အတင်းမတိုက်တွန်းဘဲ လေသံကို မြှင့်၍ဆိုင်နောက်ဘက်သို့ လှမ်းအော်လိုက်သည်။

"ဗျို့ဆိုင်ရှင်ကြီး ... ပိုက်ဆံလာယူဗျို့"

ဆိုင်ရှင်၏ထူးသံမကြားရ။

လင်ကျန်နန်၏မျက်နှာမှာ ရုတ်တရက်ပျက်သွားသည်။ သည်လိုအဖြစ်မျိုးသည် ဟိုတစ်ဆိုင်တုန်းကလည်း ဖြစ်ခဲ့ဖူးသည် မဟုတ်ပါလား။ ထိုစဉ်ဝမ်ဖူးက အော်ခေါ်လိုက်သည်။

"ဆိုင်ရှင်ကြီး .. ဆိုင်ရှင်ကြီး .. ထမင်းဖိုးတွေလာယူပါ... ကျွန်မတို့သွားကြတော့မယ်"

ယခုတစ်ကြိမ်လည်း မည်သည့်တုံ့ပြန်မှုမှမရ။

ဝမ်ဖူးသည် ဆတ်ခနဲမတ်တပ်ရပ်လိုက်ပြီး ဓားကိုဆွဲထုတ်လိုက်သည်။ တစ်ဆိုင်လုံးမည်သည့်အသံဗလံမျှမကြားရဘဲ ငြိမ်သက်နေခြင်းသည် အကောင်းငြိမ်သက်နေခြင်းမဟုတ်ကြောင်းဝမ်ဖူးသိသည်။ သူမသည် ဆိုင်အနောက်ဘက်သို့ ပြေးဝင်သွားသည်။

ထိုအခါ ...

ဆိုင်ရှင်နှင့် သူ့မိန်းမတို့နှစ်လောင်းပြိုင်သေဆုံးလျက် အသတ်ခံသွားရချေပြီ။ ထိုလင်မယားနှစ်ဦးတွင် မည်သည့်အပြစ်များ ရှိသနည်း ။အပြစ်ရှိသည်မရှိသည်ကို ဂရုမစိုက်သောလူရမ်းကားလူယုတ်မာများက လင်ကျန်နန်ကို ကြောက်ရွံ့ထိတ်လန့်အောင်သတ်ဖြတ်ပြလျက်ရှိနေချေပြီ။

လင်ကျန်နန်သည် အလောင်းများ၏ခန္ဓာကိုယ်များကို စမ်းသပ်လိုက်သည်။း နွေးနေသေး၏။ ယခုလတ်တလောအသတ်ခံထားရမှန်းသိသာသည်။

လင်ကျန်နန်တို့သားအမိသားအဖသုံးယောက်စလုံး ဆိုင်၏အနေအထားကို လှည့်ပတ်ကြည့်ရှုစစ်ဆေးကြသည်။ ဆိုင်မှာ တောင်နံရံကိုကျောပေးပြီး ရှေ့ဘက်တွင်ဝါးတောကြီးတစ်တောသာရှိသည်။

လင်ကျန်နန်က ဓားကိုဆုပ်ကိုင်ကာတည်ငြိမ်သောလေသံဖြင့်ပြောလိုက် သည်။

"ချင်းချန်ဂိုဏ်းက မိတ်ဆွေတို့၊ ကျုပ်တို့နဲ့တွေ့ဖို့အကြောင်းရှိတယ်ဆိုရင်ထွက်ခဲ့ပါ။ ကျုပ်တို့က ခင်ဗျားတို့နဲ့ တွေ့ဖို့အဆင်သင့်ပါပဲ ..."

သို့သော် မည်သည့်အသံမျှ မကြားရ။ ရန်သူသည် မိမိတို့ အနီးဝန်းကျင် တွင်သာရှိကြောင်း သုံးဦးစလုံး၏ စိတ်ထဲတွင် အလိုလိုသိနေကြသည်။

ဤနေရာသည် တောလမ်းဖြစ်၍ လူသွားလူလာ ပြတ်သည်။ ထို့ကြောင့် ရန်သူ့အနေဖြင့် ဤလိုနေရာမျိုး၌ လာရောက် တွေ့ဆုံမည်ဆိုလျှင်လည်း တွေ့ဆုံနိုင်သည်။

ချက်ချင်းလိုပင် လင်မိန်ကျက်၏ အော်သံကို ကြားလိုက်ရ၏။

လင်ကျန်နန်နှင့်ဝမ်ဖူးတို့ ကပျာကယာ ခုန်ထွက်ကာ ကြည့်လိုက်ရာ လင်မိန်ကျက်ကား မြေပြင်ပေါ်တွင် လဲကျနေလေပြီ။ သူတို့ ၂ ယောက်က ချက်ချင်း ခုန်ထွက်လိုက်ကာ ချစ်လှစွာသော သားကလေးရှေ့တွင် မားမား မတ်မတ် ရပ်နေလိုက်ကြသည်။ ထို့ပြင် သူတို့ရှေ့ရှိ ရန်သူကိုလည်း သေချာစွာ ကြည့်ရှု အကဲခတ်လိုက်သည်။

ထိုသူမှာ အင်္ကျီစိမ်းဝတ်ထားပြီး ခါးတွင် ဓားတစ်ချောင်းချိတ်ဆွဲထားသည်။ အသက်မှာ ကြီးလွန်းလှသည် မဟုတ်။ ၂၅ နှစ်ခန့်မျှသာ ရှိပေလိမ့်မည်။ သူ၏မျက်နှာတွင် အထင်အမြင်သေးခြင်း၊ သရော်လိုခြင်းနှင့် စော်ကားလို ခြင်း အမူအရာများ ပေါင်းစပ်ကာ နာကြည့်ခံပြင်းဖွယ်ရာ တွေ့ရှိလိုက်ရသည်။

လင်ကျန်နန်က တည်ငြိမ်သော လေသံဖြင့် ...

"ခင်ဗျားနံမည် ဘယ်လို ခေါ်ပါသလဲ၊ ချင်းချန်ဂိုဏ်းကလား .. သိပါရစေ"

ဟု မေးလိုက်သည်။

ထိုလူက မထီတရီ ပြုံးရင်း ...

"မင်္ဂလာ အာမခံဌာနရဲ့ မဖြစ်စလောက် လူတစ်ယောက်က ကျုပ်နံမည်ကို သိဖို့မလိုဘူး ... ဒီနေ့ကျုပ်လာတာ ကျုပ်တို့ဂိုဏ်းက လူတစ်ယောက်အတွက် တုံ့ပြန်ဖို့လာတာပဲ ..ကျုပ်တို့ဂိုဏ်းက ဘာဂိုဏ်းလဲဆိုတာ သိနေတယ် မဟုတ်လား ... အေး ... ခင်ဗျားမေးတဲ့ အတိုင်းပဲ .. ကျုပ်ဟာ ချင်းချန်ဂိုဏ်းကပဲ ..."

ဟု ပြန်ပြောလေသည်။

လင်ကျန်နန်ကမူ ...

"ကျုပ်အနေနဲ့ ခင်ဗျားတို့ ချင်းချန်ဂိုဏ်း ခေါင်းဆောင်ကို လေးစားလို့ နှစ်စဉ်နှစ်တိုင်း လက်ဆောင်ပဏ္ဏာတွေ ပေးပို့ခဲ့တယ်။ ဂိုဏ်းခေါင်းဆောင်ကတောင် ကျုပ်တို့ဆီကို တပည့်လေးယောက်လွှတ်ပြီး တွေ့ဆုံမယ်လို့ အကြောင်း ကြားလိုက်သေးတယ်။ ဒီလောက် ဆက်ဆံရေး ပြေပြစ်နေလျက်နဲ့ ဘာဖြစ်လို့ ခင်ဗျားတို့က ရက်ရက်စက်စက် ဆက်ဆံနေရတာလဲ"

ထိုလူက မခိုးမခန့်ပြုံးရယ်ရင်း ...

"ဟုတ်တယ် ... ကျုပ်ဆရာက တပည့်လေးယောက်လွှတ်ပြီး ဒီကို လာခိုင်းလိုက်တယ် ... အဲဒီလူတွေထဲမှာ ကျုပ်လည်းပါတယ်"

လင်ကျန်နန်က ...

"သြော်ခင်ဗျားက ချင်းချန်းဂိုဏ်း ခေါင်းဆောင်ကြီးရဲ့ တပည့်ကိုး .."

ထိုအခါကျမှ ထိုလူက မရယ်ချင့် ရယ်ချင်ဖြင့် တဟင်းဟင်းရယ်လိုက်ပြီး ...

"ဟုတ်တယ် ...ကျုပ်နံမည်က ရီလင်တဲ့"

လင်ကျန်နန်က ခေါင်းညိတ်ပြလိုက်ပြီး ...

"လက်စသတ်တော့ ခင်ဗျားက ချင်းချန်ဂိုဏ်း ခေါင်းဆောင်ကြီးရဲ့ တပည့်ကြီးလေးယောက်ထဲက တစ်ယောက် ကိုး .. အင်း ... ဒါကြောင့်မို့ ကျုပ်ကလည်း ထင်ထားပါတယ် ... တော်ရုံတန်ရုံ သိုင်းသမားတစ်ယောက်တော့ မဖြစ်နိုင်ဘူးလို့ .. နှလုံးရိုက်လက်ဝါးစောင်းသိုင်းကို အဆင့်မြင့်မြင့်တတ်ထားမှတော့ ဘယ်တော်ရုံတန်ရုံလူ ဖြစ်နိုင် တော့မှာလဲ .. ဒီပညာက လူသတ်ရင် သွေးမထွက်တဲ့ သိုင်းပညာပဲ .."

"လူသတ်ရင် သွေးမထွက်"

ဆိုသော စကားမှာ ချင်းချန်ဂိုဏ်း၏ အထူးအရေးပါလှသော နှလုံးရိုက် လက်ဝါးစောင်း သိုင်းပညာ၏ အဓိက လျှို့ဝှက်ချက်ဖြစ်သည်။

ရီလင်သည် သူတို့ပညာ၏ လျှို့ဝှက်ချက်တစ်ခုကို ထုတ်ပြောသံကြားရသဖြင့် စိတ်လှုပ်ရှားသွားပြီး မျက်နှာ တစ်ချက် တင်းမာသွား၏။

လင်ကျန်နန်က ...

"ခင်ဗျားတို့ ရောက်လာမယ်ဆိုတာတော့ ကျုပ်တို့သိနေပါတယ် .. ဒါပေမယ့် .. ဒီလောက်မြန်မြန်ဆန်ဆန် ရောက်လာလိမ့်မယ်လို့ မကြိုဆိုမိတာကို စိတ်မရှိပါနဲ့ ... ကျုပ် အနူးအညွတ် တောင်းပန်ပါတယ် .."

ရီလင်က ..

"အင်း .. စိတ်ရှိဖို့ ... စိတ်မရှိဖို့ကတော့ တစ်ပိုင်းပဲ ...ခင်ဗျားမကြိုဆိုပေမယ့် ခင်ဗျားရဲ့သားက ကျုပ်တို့ကိုကြိုဆိုခဲ့ပြီးပြီပဲ၊ ခင်ဗျားရဲ့သားက ကျုပ်တို့ဆရာရဲ့ အချစ်ဆုံးသားလေးရှောင်ရီကိုသတ်လိုက်တယ် ... ဒီထက်ကြိုဆိုပုံကောင်းရဦးမလား .."

လင်ကျန်နန်သည် တစ်ကိုယ်လုံးအေးစက်တောင့်တင်းသွားသည်။

သွားပြီ။ အခြေအနေကောင်းသို့ပြန်ရောက်စေရန် ဆောင်ရွက်ရမည့်နည်းလမ်းမရှိတော့။

လင်ကျန်နန်အနေဖြင့် အစပထမတွင် ချင်းချန်ဂိုဏ်းအား လူသတ်မှုနှင့်ပတ်သတ်ကာ ဖြေရှင်းနိုင်မည်ဟု ယုံကြည်ခဲ့သေးသည်။

သိုင်းလောကရှိအခြားနံမည်ကြီးသိုင်းဆရာများ၏အကူအညီကို ရယူပြီး ချင်းချန်ဂိုဏ်းခေါင်းဆောင်ကြီး ကျေနပ်မှုရယူသည်အထိ တောင်းပန်ရန်စိတ်ကူးထားသည်။ ရရှိနိုင်လိမ့်မည်ဟုလည်း တွက်ဆထားသည်။

ထိုသို့တွက်ဆထားသည့်ကိစ္စ၌သေသူသည် သာမန်ဂိုဏ်းသားတစ်ယောက်အဆင့်သာရှိလိမ့်မည်ဟု မျှော်လင့်ထား၍ဖြစ်သည်။

ယခုမူ ...

သေသူရှောင်ရီဆိုသူမှာချင်းချန်ဂိုဏ်း ထင်ရှားရသေ့ကျောင်း၏ ဂိုဏ်းခေါင်းဆောင်ကြီးရီချန်း၏သား ဖြစ်နေချေသည်တကား။

ထိုအခြေအနေအရဆိုပါက သူတို့အနေဖြင့် အသေခံတိုက်ခိုက်ကြရုံမှမှအပ အခြားနည်းလမ်းမရှိတော့ပြီ။ သို့သော် လင်ကျန်နန်သည် သခ်နူပတ္တိဉာဏ်ကောင်းသူဖြစ်ရာ စိတ်ကူးတစ်ခုရလိုက်ပြီး တဟားဟားရယ်မောလိုက်သည်။

"ဟား .. ဟား ... ဟား .. .ရယ်စရာကောင်းလိုက်တာ"

ရီလင်သည် တဟားဟားရယ်မောနေသောလင်ကျန်နန်ကို ကြည့်ပြီးဒေါသထွက်လာ၏။

"ကျုပ်ရဲ့စကားထဲမှာ ဘာရယ်စရာပါလို့ခင်ဗျားက ဒီလောက်အော်ကြီးဟစ်ကျယ်ရယ်နေရတာလဲ"

လင်ကျန်နန်က ..

''ကျုပ်ရယ်တာအကြောင်းရှိတယ် .. ချင်းချန်းဂိုဏ်းခေါင်းဆောင် ရီချန်းရဲ့သိုင်းပညာဟာ ဘယ်လောက်မြင့်မားတယ်ဆိုတာ ကျုပ်ကောင်းကောင်းသိတာပေါ့ ...ဒါကြောင့်မို့လည်းသိုင်းလောကလူတွေက သိပ်လေးစားတာပေါ့ .... ကျုပ်သားကခင်ဗျားတို့ရဲ့ လူကိုသတ်မိတယ်ဆိုတာကလည်း အကြောင်းမဲ့သက်သက် သတ်လိုက်တာမဟုတ်ပါဘူး ... ဟိုလူက မိန်းကလေးတစ်ယောက်ကိုဆွဲရမ်းစော်ကားဖို့ ကြိုးစားခဲ့လို့ ကျုပ်သားက ဝင်တားရာကစပြီး မတော်တဆလက်လွန်သွားခဲ့ရတာ ... ဒီလိုမိန်းကလေးတစ်ယောက်ကို စော်ကားတဲ့အပြုအမူမျိုးကို သိုင်းလောကမှာဒီလောက်သစ္စာရှိတဲ့ ဂိုဏ်းခေါင်းဆောင်ကြီးရီချန်ရဲ့သားက လုပ်ပါ့မလား"

ရီလင်သည် အချက်ကျသောလင်ကျန်နန်၏စကားများကိုပါးစပ်အဟောင်းသားဖြင့် နားထောင်နေရတော့သည်။ လင်ကျန်နန်၏စကားက မဆုံးသေးပေ။

"နောက်ပြီး ခင်ဗျားပဲစဉ်းစားကြည့်ပါဦး ... ကျုပ်ရဲ့သားရဲ့ သိုင်းပညာဟာမဖြစ်စလောက်လေးဆိုတာ ခင်ဗျားနဲ့စောစောတုန်းက တိုက်ခိုက်ခဲ့ပြီးလို့ သိလောက်ရောပေါ့ ... ကျုပ်သားရဲ့သိုင်းပညာ ဘယ်လောက်ညံ့လဲဆိုတာရှင်းနေတာပဲ၊ ဒီလောက်ညံ့နေတဲ့ကျုပ်သားကတောင်ခင်ဗျားတို့လူကိုသတ်နိုင်ခဲ့တယ်၊ ခေါင်းဆောင်ကြီး ရီချန်းရဲ့သားဆိုရင် ကျုပ်သားရဲ့အသတ်ခံရလောက်တဲ့အထိညံ့ပါ့မလားဗျာ .. ဒါကြောင့် ခေါင်းဆောင်ကြီးရဲ့ သားမဖြစ်နိုင်ဘူးဆိုပြီး ကျုပ်ကရယ်တာပါ"

ရီလင်မှာ လုံးဝစကားမပြောနိုင်သေးပေ။ တကယ်တမ်းအားဖြင့်သေသူရှောင်ရီမှာ ချင်းချန်းဂိုဏ်းခေါ င်းဆောင်ကြီး၏ သားအမှန်ဖြစ်သည်။ ရီချန်း၏စတုတ္ထမြောက်ဇနီး၏သားဖြစ်သည်။ သေသူရှောင်ရီသည် ငယ်စဉ်ကပင်သိုင်းပညာကို ကြိုးကြိုးစားစား သင်ယူခဲ့သူမဟုတ်ပေ။

အရွယ်ရောက်လာသောအခါတွင်လည်း မိန်းမနှင့် အပျော်အပါးကိုသာလိုက်စားခဲ့သည်။ ယခုတစ်ကြိမ်တွင်လည်း သူ့မိခင်အားအတင်းအကျပ်ပူဆာပြီး ဖုကျိုးမြို့သို့လိုက်လာခဲ့ခြင်းဖြစ်သည်။

ဤမြို့သို့လိုက်လာခြင်းတွင် အခြားကြီးမားသောရည်ရွယ်ချက်တစ်ခုမျှမရှိပေ။ မိန်းမနှင့် အပျော်အပါးလိုက်စားရန် သက်သက်သာလိုက်လာခြင်း ဖြစ်သည်။ ရီလင်ကိုယ်တိုင်ပင် သူ့ဆရာ၏သားကိုအလွန်အထင်အမြင်သေးသည်။

သို့သော်ဆရာ့သားဖြစ်နေသဖြင့် မည်သို့မျှမပြောရဲပေ။ အလိုက်သင့်အလျားသင့် ဆက်ဆံနေခဲ့သည်။

ယခုလင်ကျန်နန်၏ထိမိအချက်ကျသောစကားကို ကြားလိုက်ရသောအခါ သူ့အနေဖြင့်မခံချိမခံသာဖြစ်မိသော်လည်း မည်သို့ပြန်လည်ချေပရမည်ကို မသိနိုင်အောင်ဖြစ်နေမိသည်။

ထိုစဉ်ဝါးတောအတွင်းမှ လူတစ်ယောက်၏အသံကိုလည်း အားလုံးကြားလိုက်ရသည်။

"ဆရာ့သားကို ခင်ဗျားရဲ့သားက တစ်ယောက်ချင်းတိုက်တာမှမဟုတ်တာ ... ဝိုင်းပြီးတိုက်ကြတာပဲ ...လင်မိန်ကျက်က ခင်ဗျားတို့အာမခံဌာနရဲ့သိုင်းသမားအယောက်သုံးဆယ်ကိုခေါ်ပြီး တစ်ယောက်နဲ့အများဝိုင်းသတ်ကြတာပဲ ...ခင်ဗျားက ဘာလာငြင်းနေတာလဲ"

စကားသံများဆုံးသွားသောအခါ လူတစ်ယောက်လျှောက်ထွက်လာကြောင်း တွေ့လိုက်ရသည်။ ထိုသူ၏ခန္ဓာကိုယ်ဖွဲ့စည်းပုံမှာ လုံးဝခန့်ညားလေးစားဖွယ်ရာမရှိပေ။

ကိုယ်သေးသေးခေါင်းသေးသေးဖြင့် လက်တစ်ဘက်တွင် ယပ်တောင်တစ်ချောင်းလည်းကိုင်ထားသေးသည်။ ထိုသူက ...

"တကယ်လို့ ယောကျ်ားဆန်ဆန် သတ္တိရှိရှိ ဖျောင်တိုက်ခိုက်ကြမယ်ဆိုရင် ကျုပ်တို့အနေနဲ့ ဘာမှပြောစရာမလိုဘူး ... အဲဒီလိုတိုက်ကြမယ်ဆိုရင်လည်း ကျုပ်တို့ဆရာရဲ့သားကခင်ဗျားသားကိုအနိုင်ယူစကားထဲတောင် ထည့်မပြောဘူး ... အသာကလေးအနိုင်ယူပြလိုက်မယ် .. ခင်ဗျားရဲ့သားလင်မိန်ကျက်က ကျုပ်တို့ညီလေးရဲ့အရက်ခွက်ထဲကိုအဆိပ်ခတ်တယ် ... နောက်ပြီးလျှို့ဝှက်လက်နက်ဆယ့်ခုနစ်မျိုးနဲ့လည်း ပစ်ခတ်သေးတယ် ... ဟင်း .. .ဒီခွေးကောင်ဟာ အင်မတန်ရက်စက်ယုတ်မာတဲ့ကောင် .... ကျုပ်တို့က ခင်ဗျားတို့ကို လက်ဆောင်ပစ္စည်းလာပေးကြတာ ... ဒါကိုတောင် ချောင်းမြောင်းလုပ်ကြံတယ်ဆိုတော့ ခင်ဗျားပဲ စဉ်းစားကြည့်ပါဦး ..."

လင်မိန်ကျက်သည် သူ့ဖခင်လင်ကျန်နန်၏ဘေးတွင်ရပ်လျက်ရှိနေချေပြီ။ ခေါင်းသေးကိုယ်သေး သတ္တဝါ၏ မဟုတ်မမှန်လုပ်ကြံပြောကြားချက်များကို ကြားလိုက်ရသောအခါ အသားများ တဆတ်ဆတ်တုန်အောင် ဒေါသထွက်လာသည်။ ထို့ကြောင့် ...

"ဟော့လူ ..လိမ်ညာလုပ်ကြံပြောတဲ့နေရာမှာတော့ ခင်ဗျားကဘုရင်ပဲ ... သူနဲ့ကျုပ်နဲ့ဘာရန်ငြိုးရှိလို့ကျုပ်က သူ့ကိုလုပ်ကြံရမှာလဲ ... သူချင်းချန်ဂိုဏ်းသားမှန်းလည်း ကျုပ်လုံးဝမသိဘူး ..သူ့ကိုလုပ်ကြံလို့ကျုပ်မှာ ဘာအကျိုးကျေးဇူး ခံစားရမှာလဲ"

ထိုခေါင်းသေး ကိုယ်သေးသတ္တဝါမှာ ...

"အင်း .. မင်းက ငါ့ညီလေးနဲ့ရန်ငြိုးမရှိဘူးလို့ပြောတယ် ၊ ဒါဖြင့်ရင်ဘာဖြစ်လို့အရက်ဆိုင်အပြင်မှာ သိုင်းသမားသုံးဆယ်ကို ပုန်းခိုင်းထားရတာလဲ .. ဘာဖြစ်လို့ငါ့ညီလေးကို အဆိပ်ခတ်ရသလဲ ..မင်းက ဟိုဆိုင်ရှင်ရဲ့ မြေးမလေးကိုစော်ကားဖို့ကြံနေတုန်း ငါ့ညီလေးက ဝင်တားတာကိုအငြိုးထားပြီး သတ်ပစ်လိုက်ကြတာမဟုတ်လား'

ဤမျှမဟုတ်မဟတ်လုပ်ကြံပြောသည့်စကားမျိုးကို လင်မိန်ကျက်အဖို့တစ်သက်နှင့်တစ်ကိုယ်မကြားဖူးခဲ့ချေ။ ဒေါသထွက်လွန်းသဖြင့်ရင်ခွင်တစ်ခုလုံးပေါက်ထွက်လုမတတ် ဖြစ်လာသည်။ ထို့ကြောင့် အော်လိုက်သည်။

"လက်စသတ်တော့ ချင်းချန်ဂိုဏ်းသားတွေဟာ မုသာဝါဒထိပ်ခေါင်တင်တွေဖြစ်ရုံတင်မကဘူး ... စကားကို ဗလောင်းဗလဲ ပြောတဲ့နေရာမှာလည်း နှစ်ယောက်မရှိအောင်တော်တဲ့လူတွေကိုး ...."

ထိုစကားသံကြားလိုက်ရသည်နှင့် ခေါင်းသေးကိုယ်သေးသတ္တဝါသည် လင်မိန်ကျက်အနားသို့ ဝုန်းခနဲခုန်ဝင်လာသည်။ လင်မိန်ကျက်က လက်ဖြင့် ရိုက်ရန်ဟုန်ပြင်လိုက်သော်လည်း အနည်းငယ်နောက်ကျသွားသဖြင့် ဖြန်းခနဲပါးတွင်တစ်ချက်အရိုက်ခံလိုက်ရသည်။

လင်မိန်ကျက်၏မျက်လုံးတွင်ကြယ်ပွင့်များဖြာထွက်သွားသကဲ့သို့ မိုက်ခနဲဖြစ်သွားသည်။

ထိုသို့ရိုက်ပြီးသည်နှင့် သူ့နေရာသို့လျှပ်တစ်ပြက်အတွင်း ပြန်လည်ခုန်ဆုတ်သွားပုံမှာအလွန်လျင်မြန်သည်။ သူ၏ညာဘက်ပါးကို ပွတ်သပ်ပြီးလင်မိန်ကျက်အား နောက်ပြောင်အော်ဟစ်လိုက်သည်။

"ခွေးကောင် ... ဘာဖြစ်လို့လူကိုလာရိုက်ရတာလဲ ... နာလိုက်တာ .. .နာလိုက်တာ ... ပါးရိုးကျိုးသွားမတတ်ဘဲ"

နောက်ပြောင်အော်ဟစ်ပြီးသည်နှင့် တဟားဟားရယ်မောကာသရော်နေတော့သည်။

ဝမ်ဖူးမှာသားဖြစ်သူ အစော်ကားခံလိုက်ရသည်ကိုတွေ့လိုက်သည်နှင့် လုံးဝတုံ့ဆိုင်းမနေတော့ဘဲ ဓားဖြင့်ထိုလူအား ဝင်ခုတ်တော့သည်။ ထိုလူသည် ဝမ်ဖူးကိုတော့ ပေါ့ပေါ့ဆဆမလုပ်ရဲဘဲ နောက်သို့ခုန်ဆုတ်ရင်း ခါးပေါ်မှ ကျာပွတ်တစ်ချောင်းကိုဖြုတ်ကာ ကိုင်လိုက်သည်။

ဝမ်ဖူး၏ဒုတိယဓားချက်ဝင်လာသောအခါတွင်သူကပြန်လှန်တိုက်ခိုက်တော့၏။ လင်ကျန်နန်သည် ဤအခြေအနေမျိုးတွင် မည်သို့မျှ ဖြေရှင်း၍မပြေလည်နိုင်တော့သည်ကို သိလိုက်ပြီဖြစ်၍ သူ၏ဓားကိုဆန့်တန်းကာ အော်ဟစ်လိုက်သည်။

"ချင်းချန်ဂိုဏ်းလို ဂိုဏ်းကြီးတစ်ဂိုဏ်းအနေနဲ့ မင်္ဂလာအာမခံဌာနလို ဌာနမျိုးကို ဖြိုဖျက်ဖို့အင်မတန်လွယ်တယ် … ဘာဖြစ်လို့လဲဆိုတော့ သိုင်းပညာအဆင့်ချင်းကွာခြားနေလို့ပဲ ..ဒါပေမယ့် ဒီသိုင်းလောကကြီးဟာ သစ္စာတရားကို မျက်ကွယ်ပြုထားတဲ့သိုင်းလောကကြီးမဟုတ်ဘူး .. ခင်ဗျာတို့မဟုတ်မမှန်လုပ်ကြံဇာတ်ခင်းပြီးကျုပ်တို့ကိုဖျက်ဆီးပစ်ခဲ့တဲ့ အပြစ်ဒဏ်ကို တနေ့ပြန်ခံကြရမှာပဲ"

ရီလင်သည်လည်းသူ၏ဓားကိုဆွဲထုတ်ကာ တိုက်ခိုက်ရန်ဟန်ပြင်လိုက်သည်။

ရီလင်၏ဟန်ပန်ကိုမြင်လိုက်သောအခါ လင်ကျန်နန်စိတ်ထဲတွင် …

"ဒီချင်းချန်ဂိုဏ်းရဲ့ဓားသိုင်းကို ပေါ့ပါးသွက်လက်လို့ ထင်းရှူးသိုင်းလို့နံမည်ကျော်ခဲ့တယ် … ဒီတော့ လက်ဦးမှုရထားအောင် ငါကအရင်ဆုံးတိုက်ရမှာပဲ … ဒါမှတော်ရုံကျမယ်"

ဟုတွေးမိသည်။

ထိုအတွေးပေါ်လာသည်နှင့်လင်ကျန်နန်သည် သူ၏ဓားကိုဝှေ့ယမ်းလျက်စတင်တိုက်ခိုက်တော့သည်။ ဓားရောင်များသည် ဖြာခနဲပလင်းခနဲ ရီလင်၏တစ်ကိုယ်လုံးလွှမ်းခြုံသွားသည်။ ဤအကွက်သည် သူတို့မျိုးရိုးစဉ်ဆက် လက်ဆင့်ကမ်းတတ်ကျွမ်းလာသော 'ဘီလူးမီး' သိုင်း၏ဓားသိုင်းကွက်ဖြစ်သည်။

လင်ကျန်နန်၏ ဓားကွက်သည် အရှိန်ပြင်းထန်ရုံမျှမက အားမာန်ပါလှသည်ကို တွေ့ရသောအခါ ရီလင်သည် ထိပ်တိုက်ရင်မဆိုင်တော့ဘဲ ဘေးသို့ရှောင်ထွက်လိုက်ရသည်။

လင်ကျန်နန်သည် သူ၏ဓားကွက်ကို အကုန်မထုတ်တော့ဘဲ တစ်ဝက်၌ပင်ဒုတိယဓားကွက်သို့ပြောင်းလိုက်သည်။ ဓားသွားသည် ရီလင်၏မျက်လုံးများကို ထိုးစိုက်သွားတော့၏။

ဤအကွက်သည်လည်း အလွန်လျင်မြန်လှပေရာရီလင်သည် ရုတ်တရက်နောက်ကျွမ်းပစ်ကာ ရှောင်တိမ်းလိုက်ရပြန်သည်။ ရီလင်အား ထိတ်လန့်ချောက်ချားသွားစေသော် အကွက်ဖြစ်သည်။ သီသီကလေး လွတ်သွားသဖြင့် ရီလင်အဖို့ကုသိုလ်ကံထောက်မသွားခြင်းပင်ဖြစ်ပေသည်။

လင်ကျန်နန်က တတိယဓားကွက်ကို ထုတ်လိုက်သောအခါတွင်ရီလင်က သူ၏ဓားကို ကိုင်မြှောက်ကာ ခုခံလိုက်သည်။ လုံးဝပေါ့ဆခြင်းမရှိတော့ပေ။ ဓားနှစ်လက် ထိခိုက်သွားသည်နှင့်တစ်ပြိုင်နက် နှစ်ယောက်စလုံး၏ လက်များထုံကျဉ်သွားသည်။

ဤအချက်သည် ရီလင်အဖို့ မည်သည့်ခံစားမှုမျိုးပေါ်မည် မပေါ်မည်ကို တပ်အပ်သေချာမပြောနိုင်သော်လည်း လင်ကျန်နန်အဖို့မူ စိတ်တွင်း၌အလွန်ပျော်သွားသည်။ ထို့ကြောင့်သူ့စိတ်ထဲတွင် …

"မင်းတို့ချင်းချန်ဂိုဏ်းကို အဆမတန်အထင်ကြီးပြီး ကြောက်လန့်နေခဲ့မိတာ တကယ်မှားတာပဲ … ငါတို့ထက်သိုင်းပညာအဆမတန်တော်မှာပဲလို့ ကြောက်နေလိုက်ရတာ ….အခုမင်းတို့ရဲ့အစွမ်းက ဒီလောက်ပဲကိုး"

ထို့ပြင်ယခုရက်အတွင်း မင်္ဂလာအာမခံဌာနကို ချင်းချန်ဂိုဏ်းသားများက သရဲတစ္ဆေများသဖွယ်ခြောက်လှန့်ခဲ့သဖြင့် လင်ကျန်နန်အဖို့ အတော်ကြီး ကြောက်လန့်တုန်လှုပ်ချောက်ချားခဲ့မိသည်။

ယခုသူလိုငါလို လူသားချင်းဖြစ်သည့်အပြင် သိုင်းပညာချင်းအားဖြင့်လည်း အတော်အတန်ယှဉ်ပြိုင်နိုင်ကြောင်း သိရှိလာသဖြင့် များစွာစိတ်သက်သာရာရခဲ့ပေ၏။

ရီလင်ကမူ…

"အင်း …ဒီအဘိုးကြီးရဲ့လက်မောင်းအားက သိပ်မသေးပါ့လား"

သူ့အနေဖြင့် စောစောက လင်မိန်ကျက်ကို ခြေထောက်ဖြင့်ကန်ထုတ်နိုင်ခဲ့ရာ သူ့စိတ်ထဲတွင် လင်ကျန်နန်ကိုပါအထင်သေးခဲ့သည်။ သားဖြစ်သူပင်ဤမျှညံ့နေလျှင်အဖေသည်လည်း သိပ်အစွမ်းမထက်နိုင်ဟု ခန့်မှန်းခဲ့ခြင်းဖြစ်သည်။

သို့သော် ယခုအထင်နှင့် အမြင်ကွာခြားနေလေပြီ။ နောက်ပိုင်းသိုင်းကွက်များတွင်မူ ရီလင်က ဂရုတစိုက်တိုက်ခိုက်လာသဖြင့် လင်ကျန်နန်ကို အပြန်အလှန်တိုက်ခိုက်လာနိုင်သည်။

လင်ကျန်နန်သည် ရုတ်တရက်မာန်သွင်းအော်ဟစ်ကာ ဓားဖြင့် ပြင်းထန်စွာခုတ်ချလိုက်သည်။ 'ထန်း'ခနဲမြည်ဟည်းသွားသည်နှင့်အတူ နှစ်ယောက်စလုံး၏လက်များထုံကျဉ်သွားကြတော့သည်။ နှစ်ယောက်စလုံးနောက်သို့ခြေလှမ်းတစ်လှမ်းစီ ဆုတ်လိုက်ကြရသည်။

ထိုတဒင်္ဂအတွင်းမှာပင် ရီလင်သည် သူ၏လက်ကောက်ဝတ်ကိုရုတ်တရက်တုန်ခါလိုက်ပြီးသူ၏ဓားကို လှုပ်ရှားလိုက်သည်။ ထိုအခါဓားဖျားသည် အလွန်လျင်မြန်သော နှုန်းဖြင့် လင်ကျန်နန်၏ခန္ဓာကိုယ်ခုနစ်နေရာသို့ ထိုးစိုက်တော့မည်ကဲ့သို့ လျှပ်တစ်ပြက်ဝင်လာတော့၏။

လင်ကျန်နန်အလွန်ထိတ်လန့်သွားသည်။ အဘယ်ကြောင့်ဆိုသော် ရီလင်၏ဓားဖျားဦးတည်ချက်သည် မည်သည့်နေရာဖြစ်မည်ကို လုံးဝမခန့်မှန်းနိုင်၍ဖြစ်၏။ ထို့ကြောင့် ထိပ်တိုက်မခုခံရဲတော့ဘဲ နောက်သို့ ခုန်ဆုတ်ရှောင်လိုက်ရတော့သည်။

ရီလင်သည် လင်ကျန်နန်ဆုတ်ခွာသွားရာသို့ဆက်တိုက်မလိုက်တော့ဘဲ သူ၏ဓားကွက်ကိုရုပ်သိမ်းကာ နောက်ထပ်သိုင်းကွက်အသစ်တစ်ခုထုတ်ကာ တိုက်ရန်ပြင်ဆင်လိုကသည်။

သို့သော်လင်ကျန်နန်သည် အတွေ့အကြုံအလွန်ရင့်ကျက်သူဖြစ်၍ သူ့အတွက်တစ်စက္ကန့်မျှသော အခွင့်အရေးကိုမျှ လက်လွှတ်ခံသူမဟုတ်ပေ။

ရီလင်ဓားသိုင်းကွက်အသစ်ထုတ်ရန်ပြင်ဆင်နေည့်စပ်ကူးမတ် ကူးအချိန်တွင် သူသည်ရီလင်အား ချက်ချင်း တိုက်စစ်ဆင်တော့သည်။ထိုအခါရီလင်သည် သိုင်းကွက်အသစ်ကိုလုံးဝမထုတ်နိုင်တော့ဘဲ ကမ်းနးကတန်း ခုခံကာကွယ်ရပြန်တော့သည်။

အမှန်စင်စစ် သူတို့နှစ်ယောက်သည် တစ်ယောက်တစ်မျိုးထူးချွန်သူများဖြစ်သည်။ ရီလင်၏ ဓားသိုင်းပညာမှာ မြင့်မားသည်။ ချင်းချန်းဂိုဏ်းသားဖြစ်နေ၍ အထူးအံ့သြဖွယ်ရာတော့မရှိချေ။

လင်ကျန်နန်ကမူ တိုက်ပွဲအတွေ့အကြုံရင့်ကျက်သူဖြစ်နေ၍ သူ၏အတွေ့အကြုံများကို အသုံးချကာ ရီလင်အား မနားတမ်းတိုက်ခိုက်နေ၏။

ထို့ကြောင့် တစ်ဦးကတစ်ဦးထက် အပြတ်အသတ်သာအောင်မတိုက်ခိုက်နိုင်သေးဘဲ တစ်ယောက်တစ်ပြန်စီ ဖြစ်နေကြခြင်းဖြစ်၏။

အခြားတစ်ဘက်တွင်မူ ခေါင်းသေးကိုယ်သေးပုံပန်းမကျသောလူနှင့် ဝမ်ဖူးတို့ တိုက်ခိုက်နေကြသည်။ ထိုခေါင်းသေးကိုယ်သေးလူ၏အမည်မှာ ဖန်းလင်ဖြစ်၏။ သူတို့နှစ်ယောက်တွင်မူ ဖန်းလင်ကသာနေ၏။

ဖန်းလင်၏ကျာပွတ်သိုင်းမှဝမ်ဖူး၏ဓားသိုင်းကွက်ထက်အဆင့်အတန်းမြင့်ကာ အသာစီးမှ တိုက်ခိုက်နေနိုင်သည်။ ကျာပွတ်ရိုက်ချက်များကြောင့်ဝမ်ဖူး၏ဓားသည် ရစ်ပတ်ခံနေရပြီး လက်မှလွတ်ထွက်လုမတတ် မကြာခဏဖြစ်နေသည်။

လင်မိန်ကျက်သည် သူ့မိခင်အခက်အခဲအကျပ်အတည်းဖြစ်နေသည်ကို တွေ့နေရသောအခါ ဒီအတိုင်းရပ်ကြည့်နေနိုင်တာ့ချေ။ သူ့တွင်ဓားသိုင်းပညာ ကောင်းစွာမရှိသဖြင့် သူအတတ်နိုင်ဆုံးဖြစ်သည့် အလုပ်တစ်ခုကို လုပ်လိုက်တော့သည်။

လင်မိန်ကျက်သည် အလျင်မြန်ဆုံးဆိုင်ထဲသို့ပြေးဝင်ပြီးခုံရှည်တစ်ခုကို ဆွဲမြောက်ကာ ဖန်းလင်အား ဘေးဘက်မှဝင်ရိုက်တော့သည်။ ဖန်လင်းကရယ်မောရင်း ...

"ဟား ...ဟား ... ဟား ... ဟေ့ကောင်လင်မိန်ကျက် ဘယ်လိုလုပ်တာလဲ ... သိုင်းပညာထုတ်ပြီး တိုက်ခိုက်ပါလား ... ဘယ့်နှယ် လမ်းပေါ်က ဂျပိုးသူခိုးလူမိုက်တွေတိုက်သလိုတိုက်နေရတာလဲ ... တော်တော်အဆင့်အတန်းနိမ့်တဲ့ အကောင်ပဲ ..ဟား ဟား .. ဟား ..."

ဖန်းလင်သည် ရယ်မောရုံတင်ရယ်မောနေသည်မဟုတ်ချေ။သူ၏ကျာပွတ်တစ်ချက်ကို ဝှေ့ယမ်းလိုက်သည်ဖြစ်၍ လင်မိန်ကျက်၏ခါးကို ပြင်းထန်စွာ ရိုက်ခတ်သွားတော့သည်။ လင်မိန်ကျက်အဖို့မှောက်လျက်လဲကျလုမတတ်ဖြစ်သွားရသည်။

သို့သော်လင်မိန်ကျက် သိနေသည်။

သူလဲကျသွား၍မဖြစ်သည်ကိုသူသိနေသည်။ အကယ်၍သူသည်မှောက်လျက်လဲကျသွားလျှင် ဖန်းလင်ကို လုံးဝအနှောက်အယှက်ပေးနိုင်တော့မည်မဟုတ်။

ဤသို့ဆိုပါလျှင်သူတို့သားအမိသားအဖသုံးယောက်လုံး ဤလူယုတ်မာ၏ ရက်ရက်စက်စက် သတ်ဖြတ်ခြင်းကို ခံရတော့မည်။

ထို့ကြောင့် လင်မိန်ကျက်၏ခါးဆီမှပြင်းထန်သော ဝေဒနာကိုအံကြိတ်ခံရင်းလဲမကျသွားရန်ကိုယ်ကိုပင်ပန်းကြီး စွာတောင့်ထားလိုက်သည်။သူ၏လက်မှခုံရှည်ကိုပင့်ကာမြောက်လိုက်ပြီးဖန်းလင်ကို ရိုက်ချလိုက်တော့သည်။ ဖန်းလင်သည် သူ့နေရာ၌ရပ်မနေတော့ဘဲ ဘေးဘက်သို့ခုန်ထွက်လိုက်ရတော့သည်။

လင်မိန်ကျက်သည် ဖန်းလင်ရှောင်ထွက်သွားရာသို့ချက်ချင်းပြေးလိုက်တော့သည်။ သို့သော် ရုတ်ချည်းပင်လင်မိန်ကျက်သည် မြေကြီးပေါ်သို့ ဟက်ထိုးမှောက်ကျသွားတော့သည်။ အဘယ်ကြောင့် ဤသို့ ရုပ်ပျက်ဆင်းပျက် လဲကျရပါသနည်း။

လင်မိန်ကျက်သည် မိမိအားခြေထိုးခံလိုက်သူသည် မည်သူဖြစ်နိုင်သနည်းဟု ရုတ်တရက်တွေးမိလိုက်စဉ်မှာပင် မိမိ၏နောက်ကျောကိုလူတစ်ယောက်က ခြေထောက်ဖြင့် ဖိနင်းထားသည်ကို ခံလိုက်ရသည် ။ထို့ပြင်ချွန်မြမြ အရာတစ်ခုဖြင့် ထောက်ထားသည်ကိုလည်းသိလိုက်မိသည်။

ထိုစဉ် သူ့အမေ၏အော်သံကို ကြားလိုက်ရသည်။

"ကျွန်မသားလေးကို မသတ်နဲ့ ... မသတ်ကြပါနဲ့ ..."

အဖြစ်မှာဤသို့တည်း ။

လင်မိန်ကျက်က ဖန်းလင်ကို ခုံရှည်ဖြင့် ရိုက်ရန်ပြေးလိုက်စဉ်နောက်ထပ် ချင်းချန်ဂိုဏ်းသားတစ်ယောက် ရောက်ရှိလာပြီး လင်မိန်ကျက်၏ ခြေထောက်ကိုလှဲချိတ်လိုက်ခြင်းသာ ဖြစ်သည်။

ဝမ်ဖူးမှာ နဂိုတည်းက ဖန်းလင်ကို မယှဉ်နိုင်ဘဲဖြစ်နေရာယခုသားအဖမ်းခံလိုက်ရသည်ကို တွေ့လိုက်သောအခါ စိတ်ပူပန်လှုပ်ရှားမှုကြောင့် ဓားကွက်များပို၍ ဟာသွားတော့သည်။

ထို့ကြောင့်တစ်ခဏအတွင်းမှာပင် ဖန်းလင်၏ကျာပွတ်က သူမခြေထောက်ကိုရစ်ပတ်ပြီးဆွဲချလိုက်ရာ မြေကြီးပေါ်သို့ ဝုန်းခနဲလဲကျသွားတော့သည်။

ဖန်းလင်သည် ချက်ချင်းခုန်ထွက်လာပြီး သူမ၏အကြောကို ထိုးပိတ်လိုက်သည်။ ဝမ်ဖူးမလှုပ်ရှားနိုင်တော့။

ထိုအခါလင်ကျန်နန်သည် သူ၏ဇနီးနှင့်သားဖြစ်သူကိုရန်သူလက်တွင်းကျရောက်နေသည်ကို တွေ့လိုက်ရသောအခါ သူ၏အာရုံကသူ့ဓားဖျားဆီသို့မသွတ်သွင်းနိုင်တော့ဘဲ ဓားကွက်များပျက်လာပြီး ရီလင်၏ဓားချက်တစ်ချက် အထိုးခံလိုက်ရတော့သည်။

အကြိတ်အနယ် တိုက်ပွဲများတွင် အာရုံသည် အလွန်အရေးကြီး၏။ အာရုံဝေဝါးသွားသည်နှင့် အရှုံးကို ရင်ဝယ်ပိုက်ရမည်သာဖြစ်သည်။

ထိုသို့ဖြင့် ဒဏ်ရာရသွားသောလင်ကျန်နန်သည် ရီလင်၏ဓားသွားဖြင့် ထိုးချိန်ခြင်းကိုခံလိုက်ရတော့သည်။ လင်ကျန်နန် မတတ်နိုင်တော့ ။

ကုသိုလ်ကံက သူ့ဘက်မှာမရှိတော့ပြီ။ ထို့ကြောင့်သက်ပြင်းတစ်ချက်ချကာ လက်ထဲမှဓားကို လွှတ်ချလိုက်ရင်း ...

"ကဲ .. ခင်ဗျားတို့နိုင်သွားပြီ .. ကျုပ်ကို တစ်ချက်တည်းနဲ့ထိုးသတ်လိုက်ပေတော့ ..."

ဟုပြောလိုက်မိသည်။

ထိုအခိုက်ဖန်းလင်သည် လင်ကျန်နန်နားသသို့ရုတ်တရက်ခုန်ဝင်လာပြီး အကြောကိုထိုးပိတ်လိုက်ပြန်သည်။ ဖန်းလင်သည် အလွန်စကားများသူဖြစ်ရာ နှုတ်မှ ....

"တစ်ချက်တည်းနဲ့ထိုးသတ်လိုက်တဲ့ .. ဟား .. ဟား ... ၊ ခင်ဗျားပြောတဲ့အတိုင်းဆိုရင်လွယ်လွယ်လေးပဲ .. ဒါပေမယ့် ... ဒီလိုလွယ်လွယ်လေးကျုပ်တို့မလုပ်နိုင်ဘူး၊ ခင်ဗျားတို့ ကျုပ်တို့ဆရာဆီခေါ်သွားရဦးမှာ ... ကျုပ်တို့ဆရာနဲ့ တွေ့ပြီးမှကိစ္စပြတ်မှာ ..."

ဟုပြော၏။

လင်ကျန်နန်စိတ်ထဲတွင်...

"သူတို့လေးယောက်အတူတူ လာကြတာ .... အခုဒီရောက်တော့သူတို့ဆရာရဲ့သားအသတ်ခံလိုက်ရတယ်ဆိုတော့ သူတို့မှာအပြစ်ရှိနေသလိုဖြစ်နေပုံရတယ် ... ငါတို့သုံးယောက်ကို တရားခံတွေအနေနဲ့ သူတို့ဆရာကြီးဆီအပ်မှာပဲ ... ဒီကနေ ချင်းချန်တောင်ကိုသွားဖို့ဆိုတာက နီးတဲ့ခရီးမှမဟုတ်တာ ... ဒီလောက်ဝေးတဲ့ခရီးကြားမှာ ထွက်ပြေးဖို့အခွင့်အရေးတော့ ပေါ်လာဦးမှာပဲ"

ထိုစဉ် နောက်ဆုံးမှ ရောက်ရှိလာသော လူက လင်မိန်ကျက်၏ကုပ်ကိုဆွဲမလိုက်သည် ။ထိုလူမှာ ဟိုနေ့က ရှောင်ရီနှင့်အတူ အရက်ဆိုင်သို့ပါလာသော ကျားလောင်ဆိုသူဖြစ်သည်။

သူသည် လင်မိန်ကျက်၏ပါးနှစ်ဖက်ကို ဘယ်ပြန်ညာပြန်တဖြန်းဖြန်းရိုက်လိုက်ပြီး နှုတ်မှလည်း မကြားဝံ့မနာသာ စကားများဖြင့် ဆဲဆိုနေသည်။

"ခွေးမသား .. ဒီနေ့ကစပြီး မင်းရဲ့ပါးကို တစ်နေ့ဆယ်ကြိမ်ရိုက်မယ် .. ချင်းချန်တောင်ကိုရောက်တဲ့အထိရိုက်သွားမယ် ... မင်းရဲ့မိန်းမလျာမျက်နှာပျက်ပြီး သရဲတစ္ဆေမျက်နှာဖြစ်သွားအောင်ငါရိုက်ပြမယ် ..."

လင်မိန်ကျက်သည် ရန်သူ၏လက်အတွင်း၌အဖမ်းခံနေရသော်လည်း ‌‌သူ၏စိတ်ဓာတ်နှင့် အားမာန်များကို ချလိုက်သူမဟုတ်ပေ။ သူ့ကိုယခုကဲ့သို့ကိုယ်ထိလက်ရောက် စော်ကားရုံမက မိုက်ရိုင်းစွာဆဲဆိုနေသည်ကို ခံရသောအခါ ဒေါသအလွန်ထွက်မိသည်။ သို့သော်အကြောပိတ်ခံထားရသဖြင့် လုံးဝမလှုပ်ရှားနိုင်ချေ။

လင်မိန်ကျက်အဖို့ ကိုယ်လက်များမည်သို့ပင် မလှုပ်ရှားနိုင်သော်လည်း သူတတ်နိုင်သမျှတော့လုပ်လိုက်ပေသေးသည်။ သူလုပ်လိုက်သည့်အရာကား ကျားလောင်၏ မျက်နှာကို ရုတ်တရက် တံတွေးဖြင့် ထွေးလိုက်ခြင်းဖြစ်သည်။

လင်မိန်ကျက်၏လုပ်ရပ်သည် အလွန်လျင်မြန်ပြီး အလွန်နီးကပ်နေခြင်းကြောင့်ကျားလောင်အဖို့ မည်သို့မျှရှောင်တိမ်းခြင်းမပြုနိုင်တော့ဘဲ မျက်နှာတွင်တံတွေးများပေကျံသွားသည်။

ကျားလောင်သည် ရှက်လည်းရှက်၊ ဒေါသလည်း အလွန်ထွက်သဖြင့် လင်မိန်ကျက်အား မြေကြီးပေါ်သို့ရိုက်ချကာ နောက်ကျောကိုခြေထောက်ဖြင့် ဆောင့်ကန်လိုက်သည်။

ကျားလောင်၏အဖြစ်မှာ အလွန်ရယ်စရာကောင်းလှရာဖန်းလင်သည်အောင့်မနေနိုင်တော့ဘဲ တဟားဟား ရယ်မောရင်း တားမြစ်လိုက်သည်။

"တော်ပြီကျားလောင် ... တော်ပြီ .. .တော်ကြာ သူသေသွားရင် ငါတို့ဆရာဆီဘာသက်သေသွားပြတော့မှာလဲ ... မင်းလုပ်ပုံကိုလည်း ပြန်စစ်ဆေးကြည့်ပါဦး ... ဒီလို မိန်းမလျာပျော့ပျော့နွဲ့နွဲ့ ကလေးက မင်းရဲ့ ခြေထောက်ဒဏ်ကို ဘယ်ခံနိုင်မလဲကွ"

တကယ်တမ်းအားဖြင့် ကျားလောင်သည် သိုင်းပညာ၌သိပ်တော်သူမဟုတ်ပေ။ သူသည်လည်း သေဆုံးသူရှောင်ရီကဲ့သို့ပင် မိန်းမနှင့်အပျော်အပါးကိုသာ ဝါသနာပါသူဖြစ်သည်။

ထို့ကြောင့်ကျားလောင်ကို ဆရာကလည်း သဘောမကျ။ ဂိုဏ်းတူညီအကိုများကလည်း သဘောမကျကြချေ။

သိုင်းပညာလေ့ကျင့်ရာတွင်လည်း ဖွဲ့၊ ဝီရိယ လုံးဝမရှိသဖြင့် အထင်လည်းသေးကြသည်။

သို့ရာတွင် ချင်းချန်ဂိုဏ်းအတွင်း၌သူနှင့်စိတ်တူကိုယ်တူပေါင်းသူ တစ်ယောက်တော့ရှိခဲ့သည် ။ထိုသူမှာ ဆရာ့သားဖြစ်သူ ရှောင်ရီသာတည်း။ ရှောင်ရီသည် ဆရာ့သားဖြစ်နေသဖြင့် အတော်အတန်အထောက်အခံရခဲ့ပေသည်။

ယခုမှာမူ သူ၏မှီခိုရာ၊ ကိုးကွယ်ရာဖြစ်သော ဆရာ့သားရှောင်ရီကိုလင်မိန်ကျက်က သတ်ပစ်လိုက်သဖြင့် သူ့အဖို့ ဆွေ့ဆွေ့ခုန်ဒေါသထွက်နေမိတော့သည်။

ထို့ကြောင့် အငြိုးနှင့် ထိုမျှနှိပ်စက်နေခြင်းဖြစ်သည် ။သို့သော် ဖန်းလင်ကလှမ်းတားမြစ်လိုက်သောအခါတွင်မူ လင်မိန်ကျက်အားဆက် မကန်ရဲတော့ချေ။ လင်မိန်ကျက်အဖို့ အတော်အတန်သက်သာရာရသွားတော့သည်။

ဖန်းလင်က ...

"ကဲ ... ငါတို့ထမင်းမစားရသေးဘူး .. .အခုထမင်းစားကြရအောင် ... ညီလေးကျားလောင် ... ထမင်းဟင်း သွားပြင်လိုက်ပါလား"

ကျားလောင်သည် လင်မိန်ကျက်အနားမှထွက်ခွာသွားတော့သည်။ ယခုအချိန်တွင် သူ့ဂိုဏ်းတူအကိုများ၏ စကားကိုမြေဝယ်မကျ နားထောင်ရမည့်အချိန်ဖြစ်သည်။

ဆရာ့သားရှောင်ရီသေရသည့်အဖြစ်တွင် သူ့တွင်တာဝန်ရှိနေသည်။

ရှောင်ရီသေလုဆဲဆဲအချိန်တွင် သူသည်သူ့ရဲဘောကြောင်စွာထွက်ပြေးခဲ့သည်။ တကယ်သတ္တိရှိလျှင် ရှောင်ရီအတွက် ထိုအချန်ကပင်လက်စားချေခဲ့ရပေမည်။

ထိုအကြောင်းများကိုသာ ချင်းချန်တောင်ရောက်ပြီး ဆရာသိရှိသွားလျှင် သူ့ကိုကြီးလေးသော အပြစ်ပေးမည်မှာ သေချာလှတော့သည်။ ထိုအဖြစ်အပျက်များကို ဖုံးကွယ်ထားပါရန် ဂိုဏ်းတူအကိုနှစ်ယောက်အား ရှိခိုးတောင်းပန်ထားရသည်။ ယခုအချိန်၌သူ့အား တမင်းဟင်းပြင်ခိုင်းသော အလုပ်သည် သူ့အတွက်အလွန်တရာ ညာတာ ခိုင်းသော အလုပ်ဟုမှတ်ယူထားသည်။

ယခုကိစ္စထက် ဆယ်ဆမျှခက်ခဲသောကိစ္စများကို ဆောင်ရွက်ရန်ခိုင်းလျှင်လည်း သူ့အနေဖြင့် ငြင်းဆန်ရဲမည်မဟုတ်ချေ။

ထို့ကြောင့် ထမင်းဆိုင်၏အနောက်ဘက်ခန်းတွင်းသို့ဝင်ကာ ထမင်းဟင်းချက်ရန်ပြင်ဆင်နေတော့သည်။

ဖန်းလင်နှင့် ရီလင်တို့နှစ်ယောက်သည် လင်ကျန်နန်တို့သားအမိသားအဖသုံးယောက်တို့အား ဆိုင်ခန်းအတွင်းသို့ ဆွဲသွင်းလိုက်ပြီး ကြမ်းပြင်တွင် ချထားလိုက်သည် ။

ရီလင်က ..

"ကိုကြီးဖန်းလင် ဒီကနေ ချင်းချန်တောင်ကိုသွားရင်ခရီးကသိပ်ဝေးတယ် ... ဒီခရီးကြားမှာ သူတို့သုံးယောက် ထွက်ပြေးသွားမှာစိုးရိမ်ရတယ် ... ဒီအဘိုးကြီးရဲ့သိုင်းပညာက သိပ်ဆိုးတာမဟုတ်ဘူး ၊ ဒီအတိုင်းထားလို့ ဖြစ်မယ်မထင်ဘူး၊ အကိုကြီးအကြံထုတ်စမ်းပါဦး"

ကင်းပုစွန်၊ကင်းမြီးကောက်၊ မြွေပွေးနှင့် မြွေဟောက်တို့ ၏ အဆိပ်တို့သည် အစွယ်ဖျားနှင့်အမြီးတွင်သာတည်ရှိ၏။ လူယုတ်မာတို့ အဆိပ်ကားတစ်ကိုယ်လုံးတွင် ပျံ့နှံ့တည်ရှိသဖြင့် ကြောက်စရာကောင်းလေစွတကား။

ဖန်းလင်က ရယ်ရင်းပြောလိုက်သည်။

"ဒါကလွယ်ပါတယ်ကွာ ... ငါတို့ထမင်းစားပြီးတာနဲ့ သူတို့သုံးယောက်ရဲ့ ခြေကြောလက်ကြောတွေကို ဖြတ်လိုက်ကြတာပေါ့။ ဒါဆိုရင် ဒီသုံးယောက် ဘယ်ကိုထွက်ပြေးနိုင်ဦးမှာလဲ"

လင်ကျန်နန်သည် ဖန်းလင်၏စကားကို ကြားလိုက်ရသောအခါ ခေါင်းထဲမိုက်ခနဲဖြစ်သွားတော့သည်။ ခြေကြောလက်ကြော အဖြတ်ခံရသူတစ်ယောက်သည် သာမန်လူတစ်ယောက်ကဲ့သို့သွားလာလှုပ်ရှားနိုင်သည်။ သို့သော်အတွင်းအားလုံးဝမထုတ်နိုင်တော့ပေ။

အားထုတ်ကာ ပြေးလွှားရမည့် ကိစ္စမျိုးတွင် မပြေးလွှားနိုင်တော့။ ဒုက္ခိတဘဝသို့ရောက်သွားခြင်းတစ်မျိုးပင်ဖြစ်သည်။ အကယ်၍လမ်းခရီးတွင်ကံအားလျော်စွာ လွတ်မြောက်နိုင်သည်ထားဦး။ ဒုက္ခိတဘဝဖြင့် လူ့လောကကြီးတွင် အသက်ရှင်နေ၍မည်သည့်အရသာကိုခံစားနိုင်မည်နည်း။

ဖန်းလင်ဆိုသူသည် အသက်ပင်ငယ်သော်လည်း ရက်စက်ယုတ်မာရာတွင်ကမ်းကုန်သူဖြစ်သည်။

လင်မိန်ကျက်ကမူ ဒေါသဖြင့် အော်ဟစ်ဆဲဆိုမိသည်။

"ဟေ့ .. လူယုတ်မာတွေ ... ခင်ဗျားတို့ သတ္တိရှိယင်သတ်ပစ်လိုက်ပေါ့ ။ ဘယ့်နှယ့်လူမဆန်တဲ့ ယုတ်မာရက်စက်တဲ့ နည်းတွေကိုဘာဖြစ်လို့သုံးနေရတာလဲ"

ဖန်းလင်က အောင်နိုင်သူဖြစ်၍အပြုံးမပျက်ဘဲ ရီလင်အားပြောလိုက်သည်။

"ညီလေးရီလင် ဒီခွေးလေးဟာ တော်တော်လေး ဆဲဆိုတတ်ပါလား .. နောက်တစ်ခါထပ်ဆဲရင်တော့ ဆိုင်နောက်ကနွားချေးတွေယူပြီး သူ့ပါးစပ်ထဲကိုဆို့ပေးထားမှဖြစ်မယ်"

ဖန်းလင်၏စကားသည် တကယ်ပင်ထိရောက်လှပေသည်။ လင်မိန်ကျက်မှ ဒေါသအလွန်ထွက်နေသော်လည်း ៖ အကြောပိတ်ခံထားရသူ ဖြစ်သဖြင့် သူတို့ပြုသမျှနုရမည့်သူဖြစ်သည်။ လူယုတ်မာဖန်းလင်သည် ပြောသည့်အတိုင်း ယုတ်မာည့်သူမျိုးဖြစ်သဖြင့် အောင့်အည်းသည်းခံကာ နှုတ်ဆိတ်နေရတော့သည်။

များမကြာမီ ကျင်းလောင်သည် ထမင်းဟင်းလျာများကိုဆိုင်နောက်ဘက်မှထုတ်ယူလာသည်။

"အကိုကြီး .... ဒီဆိုင်မှာ ကြက်တစ်ကောင်တစ်လေမှတော်မရှိဘူး ... ကျွန်တော်တို့စားဖို့ ဟင်းလျာအတွက် ဟိုခွေးမသားလေးရဲ့ ပေါင်ကိုလှီးဖြတ်ပြီး ကြော်စားလိုက်ရင်မကောင်းဘူးလား"

ဖန်းလင်သည် ကျားလောင်အပြောင်အပျက်စကားများ ပြောနေကြောင်းသိသဖြင့် ရယ်ရင်းမောရင်းပြောလိုက်သည်။

"အေး .. ကောင်းတယ် ... ဒီခွေးကောင်လေးရဲ့အသားက မိန်းကလေးလိုနူးညံ့နေတာပဲ ..ကြော်စားရင် သိပ်အရသာရှိမှာပဲ ... ဒါပေမယ့် ဒီဆိုင်မှာအရက်မရှိတာခက်နေတယ်"

ရုတ်တရက်ဆိုင်အနောက်ဘက်မှ မိန်းကလေးတစ်ယောက်၏ချိုလွင်သောအသံလေးတစ်သံသည် လေလှိုင်းအတွင်း လွင့်လူးယိမ်းနွဲ့လျက် တွဲခိုစီးဆင်းလာသည်။

"အကိုကြီးတို့ဘာအလိုရှိပါသလဲရှင် ... အရက်တင်မကပါဘူး ... လိုချင်တာ အကုန်ရနိုင်ပါတယ်ရှင် .."

ဖန်းလင်၊ ရီလင်နှင့် ကျားလောင်တို့သုံးယောက်စလုံးနားရွက်များထောင်သွားမတတ် ထိတ်လန့်သွားကြသည်။ အသံကြားရာနောက်သို့လှမ်းကြည့်လိုက်ကြ၏။

ထိုအခါ အနောက်ဘက်အခန်းမှမိန်းကလေးတစ်ယောက် ထွက်လာသည်ကိုတွေ့လိုက်ရသည်။ သူမ၏လက်ထဲတွင် လင်ပန်းတစ်ချပ်ကိုင်ထားပြီး လင်ပန်းပေါ်တွင် အရက်ကရားနှင့်အရက်ခွက်များတင်ထားကြောင်းတွေ့မြင်ရသည်။

ထူးခြားချက်မှာ မိန်းကလေးသည် သူမ၏မျက်နှာကို အောက်သို့ငုံ့ထားခြင်းဖြစ်ပေသည်။ သူမ၏မျက်နှာသည် ဖားပြုတ်ကျောကုန်းကဲ့သို့အဖုအပိန့်များ ပြည့်နှက်နေသည်။

ဖန်းလင်နှင့် ရီလင်တို့နှစ်ယောက်က တအံ့တသြဖြစ်နေကြစဉ် ကျားလောင်က ထိတ်လန့်သွားသည်။ ယခုဒီမိန်းကလေးကို သူကောင်းကောင်းမှတ်မိသည်။ ဒီမိန်းကလေးသည် ရှောင်ရီသေသွားသည့်အရက်ဆိုင်ပိုင်ရှင် အဘိုးကြီး၏ မြေးဖြစ်သည် ။ ရှောင်ရီက သူမကိုစော်ကားရာမှ စတင်ရန်ဖြစ်ရပြီး သေဆုံးခဲ့ရခြင်းဖြစ်သည်။

ထိုမိန်းကလေးသည် ဘယ်ကနေဘယ်လိုဒီအရက်ဆိုင်သို့ရောက်ရှိလာရပြန်သနည်း။ထို့ကြောင့် ကျားလောင်သည် ဆတ်ခနဲမတ်တပ်ရပ်ကာ မိန်းကလေးအား လက်ညှိုးတထိုးထိုးဖြင့်

"ဟေ့ ... မင်း ... မင်း ... ဘယ်ကနေဘယ်လိုဒီဆိုင်ကိုရောက်လာရပြန်တာလဲ"

မိန်းကလေးသည် သူမ၏ဦးခေါင်းကို လုံးဝမမော့ဘဲ လေသံတိုးတိုးဖြင့် ပြောလိုက်သည်။

သူမသည် ပြောပြောဆိုဆိုဖြင့် အရက်ပန်းကန်ကိုစားပွဲတစ်ခုပေါ်သို့ချလိုက်သည်။

ကျားလောင်က လေသံခပ်မာမာဖြင့်

"ဟေ့ ... မင်းကိုငါမေးနေတယ် ... မင်းကဘယ်လိုဒီဆိုင်ကို ရောက်လာတာလဲလို့ ..ငါမေးတာဖြေစမ်း"

စကားမှမဆုံးသေးခင် ကျားလောင်သည် မိန်းကလေး၏လက်မောင်းကို လှမ်းဆွဲလိုက်သည်။ မိန်းကလေးက သူမ၏အချိုးအဆစ်ကျလှသော ခန္ဓာကိုယ်လေးကို တစ်ချက်မျှစောင်းလိုက်ရာကျားလောင်သည် ဖမ်းမမိဘဲဖြစ်သွားတော့သည်။ မိန်းကလေးက ...

"ကျွန်မဒီဆိုင်ကို ရောက်လာရတာကတော့ သိပ်မထူးဆန်းလှပါဘူး ... ကျွန်မက အရက်ရောင်းပြီး အသက်မွေး ဝမ်းကြောင်းပြုရတဲ့သူ ဆိုတော့ အရက်သောက်ချင်တဲ့လူတွေရှိရာကျွန်မရောက်လာရမှာပဲပေါ့"

ကျားလောင်သည် သူတို့ချင်းချန်ဂိုဏ်းမှ ဂိုဏ်းတူညီအကိုများထဲတွင် သိုင်းပညာအညံ့ဆုံးဖြစ်သော်လည်း သာမန် အရပ်သူ အရပ်သားတစ်ယောက်ထက်မူ များစွာသာသည်။ ယခုဤမိန်းကလေးသည် ကျားလောင်၏အဖမ်းအဆီးကို အသာကလေးရှောင်နိုင်သည်ကိုတွေ့ရသောအခါ သည်မိန်းကလေးသည် သိုင်းပညာတတ်ကျွမ်းသူတစ်ယောက်ဖြစ်ကြောင်း သိနိုင်ခဲ့ကြသည်။

ဖန်းလင်က ရီလင်ကိုတစ်ချက်ကြည့်ကာ ...

"ကောင်းပြီလေ .. .မိန်းကလေးက ဘယ်လိုအရက်မျိုးရောင်းတာလဲ"

"မြွေဆိပ်အရက်နဲ့ သွေးအန်အရက်နှစ်မျိုးပါ"

သူမသည် ပြောရင်အရက်ကရားကိုငှဲ့ကာ ကရားတွင်းမှ အရက်များကို ခွက်သုံးခွက်အတွင်းသို့ လောင်းထည့်လိုက်သည်။ အရက်သည် အခြားအရက်များနှင့် လုံးဝမတူဘဲ နီရဲနေကြောင်းသုံးယောက်စလုံးက သတိပြုလိုက်မိသည်။

ကျားလောင်က ဒေါသဖြင့် အော်လိုက်သည် ။

"လတ်စသတ်တော့ .. .ဒီကောင်မက ဟိုခွေးကလေးနဲ့ တစ်ကျိတ်တည်းတစ်ဥာဏ်တည်းကိုး"

သူသည် သူ့စကားဆုံးသည်နှင့်မိန်းကလေးအား လက်ဝါးစောင်းဖြင့်ရိုက်ချလိုက်သည်။ မိန်းကလေးနောက်သို့ တစ်လှမ်းမျှဆုတ်လိုက်သဖြင့် ရိုက်မမိလိုက်ပေ။ ကျားလောင်သည် သူ၏ဂိုဏ်းတူအကိုကြီးများရှေ့တွင်အားနွဲ့သူ မိန်းကလေး တစ်ယောက်အား ထိအောင်မရိုက်နိုင်ခြင်းအတွက်အရှက်ရသွားသည်။

အရှက်သည်ဒေါသ၏မီးစာများပင်မဟုတ်ပါလား။ ဒေါသဟုန်းဟုန်းထလာသောအခါ ကျားလောင်သည် မာန်သွင်းသံတစ်ချက်အော်ဟစ်လိုက်ပြီး မိန်းကလေးကိုခုန်အုပ်တော့သည်။ ရိုးရိုးခုန်အုပ်လိုက်သည်မဟုတ်။ လက်နှစ်ဖက်ဖြင့် မိန်းကလေး၏ ရင်သားများကို ဆွဲကုပ်ခုန်အုပ်လိုက်ခြင်းဖြစ်သည်။ ဤအကွက်ကား အလွန်တရာ နိမ့်ကျယုတ်ညံ့သော အကွက်ဖြစ်သည်။ မိန်းကလေးတစ်ယောက်နှင့် တိုက်ခိုက်ရာတွင် ဤအကွက်မျိုးလုံးဝမသုံးသင့်ချေ။ များစွာ အောက်တန်းကျလှသော တိုက်ကွက်ဖြစ်သည်။

ကျားလောင်သည် သိုင်းလောကတွင် အဓိကရနာမည်ရှိနေသည့် သိုင်းဂိုဏ်းကြီးတစ်ခု၏ တပည့်တစ်ယောက်ဖြစ်သည်။ ထို့ကြောင့်ဤသို့နိမ့်ကျလှသော သိုင်းကွက်များကို ပို၍မသုံးသင့်ပေ။

ယခု သူ့အနေဖြင့် ထိုသို့တိုက်ခိုက်ခြင်းမှာ သူ့အနေဖြင့် သိုင်းပညာမတော်သည့်အပြင် မိန်းကလေးအား စော်ကားမော်ကားလုပ်ချင်သောစိတ်ရှိ၍ ဤသို့တိုက်ခိုက်လိုက်ခြင်းဖြစ်သည်။

မိန်းကလေး၏မျက်နှာသည် ရုတ်တရက်တင်းမာခက်ထန်သွားသည်။ သို့သော်လှုပ်လှုပ်ရှားရှားတော့သိပ်မဟုတ်ချေ။ ကျားလောင်ခုန်အုပ်စဉ်ဘေးသို့သာ အနည်းငယ်စောင်းပေးလိုက်သည်။

ထို့ကြောင့်ကျားလောင်သည်အရှိန်လွန်ကာ ရှေ့သို့ကျော်သွားတော့သည်။

ထိုအခိုက်အတန့်အတွင်းမိန်းကလေးသည် ကျားလောင်၏ကျောပြင်ကြီးကိုလက်တစ်ဖက်ဖြင့် ခပ်ဆတ်ဆတ်ကလေး ရိုက်တွန်းလိုက်ရာ သူ့အရှိန်နှင့်ပေါင်းစပ်ပြီး မြေကြီးပေါ်သို့မှောက်ရက်ဟပ်ထိုးကျသွားတော့၏။

ဤသည်မှာလည်း ယင်းကိုယ်တိုင် သိုင်းပညာကို ထက်ထက်မြက်မြက် တတ်မြောက်မထား၍ဖြစ်သည်။ အကယ်၍ကြောင်ကျီးသာတတ်လျှင် ဤကဲ့သို့မရှုမလှဟပ်ထိုးလဲကျမည်မဟုတ်ချေ။

သဘာဝတရားကြီး၏ အပြစ်ဒဏ်ခတ်ပုံသည် လွန်စွာသတိသံဝေဂ ရစရာကောင်းလှသည်။ များမကြာသေးမီ အတောအတွင်းက ကျားလောင်သည် လင်မိန်ကျက်၏ခြေထောက်ကြားသို့ ခြေထိုးခံလိုက်သဖြင့် လင်မိန်ကျက် မရှုမလှ ဟပ်ထိုးကျသွားခဲ့ရသည်။ ထိုစဉ်ကပြုမူခဲ့သည့် အပြစ်ကို နေ့မကူးသေးမီ ယခုလောလောလတ်လတ် ပြန်လည်ခံစားလိုက်ရပေပြီ။

ပြုသူအသစ်ဖြစ်သူအဟောင်းသာတည်း။

ယခုကျားလောင်မှောက်ရက်ကျခြင်းသည် လင်မိန်ကျက်ထက်ပင်အဖြစ်ဆိုးသည်။ မြေကြီးပေါ်သို့ မျက်နှာပြင်ရိုက်မိလိုက်သဖြင့် မျက်နှာမှာစုတ်ပြတ်ပွန်းပဲ့သွားကာ သွားခုနှစ်ချောင်းလည်းကျိုးသွားသည်။

အထိနာသွားသော ကျားလောင်သည် အားတင်းကာ လူးလဲထလိုက်သည်။ သူ့အိတ်ထဲမှဓားမြောင်ကို ဆွဲထုတ်လိုက်ပြီး ခုန်အုပ်လိုက်ပြန်သည်။

မိန်းကလေးသည် စောစောကပုံစံအတိုင်းပင် ပုံပျက်ပန်းပျက်ရှောင်တိမ်းခြင်းမပြု၊ လွတ်ရုံကလေးသာ ရှောင်တိမ်းသည်။ ရန်သူ၏အားနှင့် ရန်သူ့အားပြန်လည်တိုက်ခိုက်သော သိုင်းပညာကိုအသုံးပြုလိုက်ပြန်သည်။ သည်တစ်ကြိမ်တွင်တော့ ဆိုင်၏ဘေးဘက်ရှိရေကန်ကလေးထဲသို့တွန်းပို့လိုက်သည်။ ကျားလောင်သည် ဓားမြောင်လွတ်ကျသွားပြီး ရေထဲသို့ခြေကားယားလက်ကားယားကျသွားတော့သည်။

မိန်းကလေးကမူ ရန်သူတစ်ယောက်နှင့်တိုက်ခိုက်နေရသည်ဟုယူဆထားပုံမပေါ်။ အေးအေးဆေးဆေးဖြင့် ကျားလောင်လွတ်ကျသွားသည့်ဓားမြောင်ကိုကောက်ယူကာ ကြည့်နေသည်။

ကျားလောင်သည် ရေကန်ထဲသို့ကျသွားသည့်အခါ မိန်းကလေးအား အော်ဆဲရန်ဟန်ပြင်လိုက်သည်။ သို့သော်သူအော်မဆဲနိုင်တော့ပေ။ အဘယ့်ကြောင့်ဆိုသော်မြောင်းထဲမှ ပုပ်ဟောင်နေသောအနံ့အသက်များကို ရှူရှိုက်မိသောကြောင့်ပေတည်း။

ငိုအားထက်ရယ်အားသန်ဆိုသကဲ့သို့ပင် ကျားလောင်ကျသွားသည့်ရေကန်သည် ရိုးရိုးရေကန်မဟုတ်ဘဲ ဟင်းသီးဟင်းရွက်များကိုပက်ဖျန်းစုဆောင်းထားသည့် ကျင်ကြီးကျင်ငယ်ရေများဖြစ်နေသည်။

ကျားလောင်အဖို့ တစ်သက်တာလုံး မမေ့ပျောက် အမှတ်တရ ဖြစ်နေတော့မည့် မရှုမလှကိန်းဆိုက်သွားခြင်းပေတည်း။ ပရိတ်သတ်ထုကြီးသာ ရှိနေမည်ဆိုပါက ထိုအဖြစ်သည် အလွန်ရယ်စရာကောင်းသော အဖြစ်ကြီးဖြစ်ပေလိမ့်မည်။

ဖန်းလင်နှင့် ရီလင်တို့နှစ်ယောက်ကမူအေးဆေးစွာကြည့်နေကြသည်။ ကျားလောင်မရှုမလှဖြစ်နေသည်ကို လုံးဝဝင်ရောက်ကယ်တင်ခြင်းမပြုကြပေ။

မိန်းကလေးက ဓားမြောင်ကို ကောက်ယူလိုက်သည့်အခါမှသာဖန်းလင်က အေးဆေးစွာပြောလိုက်သည်။

"ဝါဆန်းဂိုဏ်းနဲ့ ကျုပ်တို့ချင်းချန်ဂိုဏ်းဟာ ဘာရန်ငြိုးမှမရှိခဲ့ပါဘူး ... ဂိုဏ်းခေါင်းဆောင်ကြီး နှစ်ယောက်လုံးဟာလည်း ကောင်းကောင်းကြီးသိက္ခမ်းရင်းနှီးကြပါတယ် ... မိန်းကလေးက ကျုပ်တို့ကို မြွေဆိပ်အရက်နဲ့ သွေးအန်အရက်ကိုလာသောက်ခိုင်းတာတော့ တော်တော့်ကိုလွန်တယ်ထင်တယ်"

မိန်းကလေးသည် မျက်မှောင်လေးတစ်ချက်ကြုတ်သွား၏။ ရုတ်တရက်ရယ်ရင်းမေးလိုက်သည်။

"အင်း ... ရှင့်မျက်စိကအတော်လျင်သားပဲ ... ကျွန်မက ဝါဆန်းဂိုဏ်းကဆိုတာ ဘယ့်နှယ်သိလိုက်သလဲ ... ကျွန်မတော် အံ့ဩသွားတယ် ... လင်းစမ်းပါဦး"

ဖန်းလင်က .....

"မိန်းကလေး စောစောတုန်းက သုံးလိုက်တဲ့ရန်သူအားနဲ့ ရန်သူကိုပြန်လည်တိုက်ခိုက်တဲ့သိုင်းကွက်က ဝါဆန်းဂိုဏ်းရဲ့ 'ရေနစ်လှေတွန်' ဆိုတဲ့သိုင်းကွက်ပဲ ... ဘယ့်နှယ်လဲ ကျုပ်ပြောတာမှန်ရဲ့လား .. နောက်ပြီးမိန်းကလေးသုံးလိုက်တဲ့ အတွင်းအားက ပျော့ပျောင်းသယောင်နဲ့မာကျောတယ် ... ဒါက ဝါဆန်းဂိုဏ်းခေါင်းဆောင်ကြီးရဲ့သိုင်းပညာပဲ ..ဒီလောက်တော့ ကျုပ်တို့မှာ ပညာမျက်စိရှိပါသေးတယ်'

ဟုပြောလိုက်သည်။

မိန်းကလေးက ...

"ရှင်တို့ချင်းချန်ဂိုဏ်းကလူတွေဆိုတာကျွန်မသိပါတယ်၊ ကဲ .... ရှင်တို့လည်း ရှင်တို့လမ်းရှင်တို့သွားကြပါတော့"

ဖန်းလင်က ...

"ဝါဆန်းဂိုဏ်းက ဝင်တားတယ်ဆိုတော့ ...ကျုပ်တို့အနေနဲ့ မျက်နှာထောက်ရတော့မှာပေါ့ ... ဒါပေမယ့် ... မိန်းကလေးရဲ့နံမည်ကိုတော့ ကျုပ်တို့ကိုပြောခဲ့စေချင်တယ် ... ဒါမှကျုပ်တို့ဆရာကမေးမြန်းတဲ့အခါမှာ ကျုပ်တို့အနေနဲ့အ ပြည့်အစုံ ပြောပြနိုင်တော့မှာပေါ့"

ထိုအခါမိန်းကလေးသည် ခိုးခိုးခစ်ခစ်ရယ်မောတော့သည်။

"ဩော် ..ဩော် .. ကျွန်မနံမည်ကိုသိချင်သတဲ့လား ... ရှင်တို့ရဲ့ဆရာကိုပြောလိုက်ပါ .. .ဝါဆန်းဂိုဏ်းက ရုပ်ဆိုးမလေးဆိုရင်သိပါလိမ့်မယ်၊ ကျွန်မလောက်ရုပ်ဆိုးတဲ့မိန်းကလေးမျိုးကတော့၊ ဒီလောကကြီးမှာရှိပါဦးမလား"

ထိုအခါ ကျားလောင်သည် ညစ်ညမ်းသောရေကန်မှ ပြန်တက်လာချေပြီ။ အော့အန်ရင်းဆဲဆိုနေသော်လည်း သူ၏သွားအတော်များများကျိုးကျေကုန်ပြီဖြစ်၍ ပီသအောင်မဆဲဆိုနိုင်တော့ဘဲ တဂူးဂူးတဝါးဝါးဖြင့် ရယ်စရာကောင်းနေတော့သည်။

အရက်ရောင်းသောမိန်းကလေးသည် ဆိုင်ခန်းတွင်းသို့ဖြည်းညင်းစွာလမ်းလျှောက်ဝင်လာပြီး ...

"ကျွန်မကလည်း ဝါဆန်းဂိုဏ်းနဲ့ ချင်းချန်ဂိုဏ်းဆက်ဆံရေးကောင်းတယ်ဆိုတာသိပါတယ် ... ရှင်တို့ဂိုဏ်းက ရှောင်ရီဆိုတဲ့လူရှုပ်လူနောက်က မိန်းကလေးတစ်ယောက်ကို နောက်ပြောင်စော်ကားလို့တခြားသူတစ်ယောက်က အမြင်မတော်တာနဲ့ဝင်ပြောတယ်၊ နောက်ရန်ဖြစ်ကြတယ် ... နောက်တော့လက်လွန်ပြီး ရှောင်ရီသေသွားတယ် .... အဖြစ်ကတော့ဒါပါပဲ ... ဒီလိုဖြစ်သွားတဲ့အတွက် အင်မတန်မှရှီးကျူးဂုဏ်ယူစရာကောင်းတယ် .... ရှင်တို့ဂိုဏ်းအတွက်ကတော့ သိပ်ကိုကောင်းသွားတယ်၊ ရှင်တို့ချင်းချန်းဂိုဏ်းဆိုတာကနံမည်သိက္ခာရှိတဲ့ဂိုဏ်းကြီးတစ်ဂိုဏ်းပဲ ၊ ဒီလောက်အောက်တန်းကျတဲ့ ဂိုဏ်းသားတစ်ယောက်ကြောင့် ဂိုဏ်းကြီးရဲ့သိက္ခာကျသွားတယ်ဆိုရင် ရှင်တို့အဖို့ဘယ်လောက်ရှက်စရာကောင်းသလဲ"

ဟုရှင်းပြသည်။

မိန်းကလေးသည်ဖန်းလင်နှင့်ရီလင်တို့ကိုအကဲခတ်လိုက်သည် ။နှစ်ယောက်စလုံးငြိမ်သက်စွာနားထောင်နေကြကြောင်း တွေ့ရှိရသောအခါ သူမ၏စကားကိုအဆုံးသတ်လိုက်သည်။

"အခု ...ရှင်တို့ဂိုဏ်းရဲ့အရှက်ကိုခွဲတဲ့ဂိုဏ်းသားကို အခြားလူတစ်ယောက်က သတ်လိုက်ပြီ .... ကဲ .... ရှင်တို့အတွက် အတိုင်းထက်အလွန်ကောင်းသွားပြီမဟုတ်လား"

မိန်းကလေးသည် ရုပ်ဆိုးလှသော်လည်း စကားပြောရာတွင် အလွန်ချိုသာပြီး ဆိုရေးဆိုဆစ်ကို သိသဖြင့် သူမ၏စကားများသည် ထိရောက်လှပေသည်။

သို့ရာတွင် ဤကဲ့သို့အမှန်တရားစကားမျိုးသည် ဖန်းလင်တို့အဖို့ သူတို့၏နားတွင်းသို့အပ်ပေါင်းတစ်ထောင်နှင့် ထိုးစိုက်သကဲ့သို့နာသာခံခက်ဖြစ်နေရတော့သည်။

ထိုစဉ် ... ကျားလောင်ကအော်၍ ....

"အကိုကြီးဖန်းလင် ...ညီလေးရှောင်ရီကသူ့ကြောင့်သေသွားတာပဲ"

ဖန်းလင်နှင့်ရီလင်တို့သည် ကျားလောင်၏စကားကိုနားမလည်ကြပေ။ သူတို့သည် ရှောင်ရီ၏အကျင့်ကိုကောင်းစွာသိသည်။ မိန်းကလေးတစ်ယောက်အတွက်ရှောင်ရီသေသွားရသည်ဟု သတင်းကြားလိုက်ရသောအခါ ထိုမိန်းကလေးသည် အလွန်တရာချောမောလှပလိမ့်မည်ဟုမှတ်ထင်ခဲ့ကြသည်။ ယခုတွေ့ရသည့်မိန်းကလေးကား အရုပ်ဆိုးအကျည်းတန်လှတကား။ ဤမိန်းကလေးကြောင့် ရှောင်ရီသေဆုံးရသည်ဟု သိလိုက်ကြရသောအခါ အလွန်တရာအံ့ဩသွားကြတော့၏။

ကျားလောင်က ...

"ဟုတ်တယ် ... သူပဲ ... ဒီအကျည်းတန်မကြောင့်ပဲ ...ညီလေးရှောင်ရီက သူရုပ်ဆိုးလွန်းလို့ နောက်ပြောင်မိတာနဲ့ ဟို .. ခွေးမသားနဲ့ရန်ဖြစ်တော့တာပဲ"

ဖန်းလင်သည် ခေါင်းတဆတ်ဆတ်ညိတ်ကာ နားလည်သဘောပေါက်သွားဟန်ဖြင့် ...

"ဩော် ...ဒီလိုလား"

သူသည် ယုတ်မာကောက်ကျစ်သကဲ့သို့ စကားပြောလည်း ကျင်လည်လှသူဖြစ်သည်။ သူကမိန်းကလေးကို အသေအချာအကဲခတ်ကြည့်လိုက်သောအခါ မိန်းကလေး၏ကိုယ်လုံးကိုယ်ပေါက်၊ အမို့၊အမောက်၊ အချိုင့်အဝှမ်းများမှာ အလွန်ပြေပြစ်လှပလွန်းသည်ကို တွေ့မြင်ရသည်။ ရုပ်ရည်တစ်ခုတည်းသာ ဆိုးဝါးနေခြင်းဖြစ်သည်။

သူက ...

"သူများက မိန်းကလေးအတွက် အမြင်မတော်လို့ဝင်စွက်တယ် ...မိန်းကလေးကလည်း ...ဒီကျေးဇူးကို တုံ့ပြန်တဲ့အနေနဲ့ ပြန်စွက်ပေးတဲ့ သဘောပေါ့ ဟုတ်လား"

ကျားလောင်သည် ဆိုင်အပြင်တွင်ရပ်နေသော်လည်း သူ့တစ်ကိုယ်လုံးမှ ပုပ်ဟောင်နေသသော မကောင်းသည့်အနံ့အသက်များကို ဆိုင်အတွင်းမှလူများပင်ရလျက်ရှိနေကြသည်။ ကျားလောင်က အော်ဟစ်ပြောဆိုလိုက်သည်။

"ဟို .. .လင်မိန်ကျက်ဆိုတဲ့ ခွေးမသားလေးက ရုပ်ချောတော့ ဒီကောင်မက သဘောကျသွားမှာပေါ့ ... ဒါကြောင့် ကျွန်တော်တို့နောက်ကို တစ်လမ်းလုံးလိုက်လာတာဖြစ်မှာပေါ့ ... အကိုကြီးဘာငေးနေတာလဲ ... ဒီကောင်မကို ဖမ်းပြီး ဆုံးမလိုက်စမ်းပါ"

မိန်းကလေးသည် လက်ထဲမှဓားမြှောင်ကိုဆကြည့်လိုက်သည်။ ဤဓားမြှောင်သည် လင်မိန်ကျက်က ရှောင်ရီအားထိုးသတ်သော ဓားမြှောင်ပင်ဖြစ်သည်။ ဓားမြှောင်ပေါ်တွင်လင်မိန်ကျက်၏နံမည်ကိုရေးထိုးထားသည်။

သူမက ဖန်းလင်နှင့်ရီလင်တို့ကိုကြည့်ကာ ...

"ချင်းချန်ဂိုဏ်းဆိုတာသိုင်းလောကမှာ ကြီးကြီးမားမား ဂုဏ်သိက္ခာနဲ့ရပ်တည်နေတဲ့ဂိုဏ်းကြီးတစ်ခုပဲ .. ဘယ်နှယ့် ဒီလောက် အောက်တန်းကျယုတ်ညံ့လှတဲ့ဂိုဏ်းသားကို လက်ခံထားရတာလဲ၊ ဒီဂိုဏ်းသားဟာသိုင်းသမားမဖြစ်ထိုက်ဘူး .. ကြမ်းပိုးတေလေပဲဖြစ်ထိုက်တယ်"

ဟုပြောလိုက်တော့သည်။

သူမသည် စကားပြောရင်းမှ သူ၏လက်ကိုလွှဲယမ်းကာ ဓားမြှောင်ဖြင့် ကျားလောင်အားပစ်ဟန်ပြုလိုက်သည်။ ကျားလောင်သည် ခဲမှန်ဖူးသောစာသူငယ်ကဲ့သို့အကြိမ်ကြိမ်ခံထားရပြီဖြစ် ၍ မိန်းကလေးလက်ယမ်းသည်ကိုမြင်လိုက်သည်နှင့် ကြောက်လန့်တကြားဘေးသို့ခုန်ထွက်လိုက်တော့၏။

သို့သော်မိန်းကလေးက တကယ်မပစ်ချေ။ ဟန်ပြလိုက်ခြင်းသာဖြစ်သည်။

သူမက ...

"ဒီလိုကြမ်းပိုးတေလေတွေကို အစောကြီးကတည်းက သတ်ပစ်ထားရင် ချင်းချန်ဂိုဏ်းသန့်ရှင်းသွားတာပေါ့ ... အခုဆက်ထားနေရင်ရှင်တို့ဂိုဏ်းကြီးသိက္ခာဆက်ကျနေမှာ ...ဒီလိုလူမျိုးကို ရှင်တို့ရဲ့ဂိုဏ်းတူညီလေးလို့ခေါ်ချင်သေးလား"

ဖန်းလင်နှင့်ရီလင်တို့သည် ကျားလောင်အတွက်အရှက်ရနေကြသည်မှာ အမှန်ပင်ဖြစ်တော့သည်။ ယခင့်ယခင်ကတည်းက သူတို့နှစ်ယောက်သည် လူစွမ်းကောင်းထိပ်သီးသိုင်းသမားများနှယ် သတ်မှတ်ထားကြသည်။ ကျားလောင်လိုအစစအရာရာ ညံ့ဖျင်းသူများနှင့် လုံးဝမပက်သတ်ချင်။ ဂိုဏ်းတူညီအကိုမတော်ချင်။ သို့သော်မည်သို့မျှ မတတ်နိုင်သဖြင့် ညီအကိုမတော်ချင်ဘဲ တော်နေရတော့သည် ။

မိန်းကလေးက ရယ်မောကာ ...

"ရှင်တို့နှစ်ယောက် စိတ်ထဲမှာ ဒီလိုအောက်တန်းကျတဲ့ဂိုဏ်းတူညီမျိုးမရှိတာကောင်းတယ်လို့ တွေးကြတယ် မဟုတ်လား ... ကောင်းပြီ ... ကျွန်မကရှင်တို့အတွက် ကူညီလိုက်ပါ့မယ် ... ရှင်တို့လည်း အပြစ်မဖြစ်အောင်ပေါ့ ... ဒီတေလေကြမ်းပိုးကို ကျွန်မတို့ကိုယ်တိုင်ရှင်းပစ်လိုက်ပါ့မယ်"

သူမသည်စကားဆုံးသောအခါ ကျားလောင်ရှိရာသို့ လျှောက်သွားတော့သည်။ ကျားလောင်က ကြောက်လန့်တကြား အော်ဟစ်တော့၏။

"ခင် ... ခင်ဗျား ... ကျုပ် .. ကျုပ်ကို ဘာလုပ်မလို့လဲ ၊ မကပ်နဲ့ ... ကျုပ်နားမကပ်နဲ့ ...အကိုကြီး ဒီမိန်းကလေး ကျုပ်ကိုသတ်တော့မယ်ဗျ ... လုပ်ကြပါဦး ... ဒီအတိုင်းကြည့်နေကြတော့မှာလား"

ကျားလောင်သည် ဖန်းလင်နှင့် ရီလင်တို့အား အားကိုတကြီးနှင့်အကူအညီတောင်းနေတော့သည်။ သို့သော် ထိုနှစ်ယောက်လုံး၏မျက်နှာများတွင်သူ့ကို ကယ်တင်မည့်အရိပ်အယောင်လုံးဝမတွေ့ရဘဲ အေးစက်မာကြောသော အကြည့်ဖြင့်သာ စိမ်းကားစွာ ကြည့်နေကြကြောင်း တွေ့လိုက်ရသည်။

ထို့ကြောင့် ကျားလောင်သည် ရပ်မနေရဲတော့ဘဲ နောက်ဘက်သို့တချိုးတည်း လှည့်ပြေးသွားတော့သည်။

# အခန်း (၅)
# အဆိပ်အရက်

မိန်းကလေးသည် ခိုးခိုးခစ်ခစ်နှင့် ရယ်မောနေတော့၏။ အားရအောင် ရယ်ပြီးမှ .....

“အင်း .... သူထွက်ပြေးသွားတာပဲ ကောင်းပါတယ် ... နို့မို့ရင် ကျွန်မလက်နဲ့ သတ်နေရဦးမယ် ... ကဲ .... ကဲ .... အခုရှင်တို့နှစ်ယောက်ပဲ ရှိတော့တာပဲ ... စိတ်အေးလက်အေး အရက်သောက်ကြပါဦး ...”

ဟုပြောတော့၏။

သူမက ဖော်ရွေစွာပြောပြီး အရက်ခွက်ကို ရှေ့သို့ တိုးပေးကာ သောက်ခိုင်းနေသည်။ ဖန်းလင်နှင့် ရီလင်တို့မှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ဦးနှောက်ခြောက်နေကြသည်။ ဤအကျည်းတန်မသည် စိတ်ရင်းကောင်းနှင့်တော့ သူတို့အား အရက်တိုက်မည် မဟုတ်ချေ။

ဝါဆန်းဂိုဏ်းမှာ သိုင်းလောကရှိ တောင်ကြီးငါးလုံးဂိုဏ်းတွင် အတော်ပင် နာမည်ကြီးသော ဂိုဏ်းကြီးတစ်ဂိုဏ်း ဖြစ်၏။ တောင်ကြီးငါးလုံးဟု အမည်တွင်ရခြင်းမှာ ထိုဂိုဏ်းကြီးများကို တစ်ဂိုဏ်းလျှင် တောင်ကြီးတစ်လုံးကျပေါ်၌ တည်ထောင်ထား၍ ဖြစ်သည်။

ဝါဆန်းဂိုဏ်းနှင့် ချင်းချန်ဂိုဏ်းတို့သည် ဝါဆန်းတောင်နှင့် ချင်းချန်တောင်ပေါ်တွင် တည်ရှိကြ၏။ ချင်းချန်ဂိုဏ်းသည် တောင်ကြီးငါးလုံး ဂိုဏ်းငါးဂိုဏ်းအဖွဲ့ဝင် မဟုတ်ချေ။ ဝါဆန်းဂိုဏ်းမှာ တပည့်တပန်း အတော်အသင့်ရှိသည့်အပြင် အပေါင်းအသင်း မိတ်ဆွေသင်္ဂဟများလည်း ပေါများသည်။ သိုင်းလောကရှိ ဂိုဏ်းအဖွဲ့ အသီးသီးနှင့်လည်း ရင်းနှီးကျွမ်းဝင်သော ဆက်သွယ်မှုများ ရှိပေသည်။ ထို့ကြောင့် ဝါဆန်းဂိုဏ်းကို တော်ရုံတန်ရုံ မထိရဲကြချေ။

ဖန်းလင်သည် လေးနက်စွာ စဉ်းစားနေမိသည်။

“ဒီမိန်းကလေးရဲ့ ရည်ရွယ်ချက်က ဘာလဲမသိဘူး ... ညီလေးရှောင်ရီက သူ့အတွက်နဲ့ သေရတာဆိုတော့ သူ့ကျေးဇူးရှင်ဖြစ်နေတဲ့ လင်မိန်ကျက်ဆိုတဲ့ ခွေးကောင်လေးကို သူဝင်ကယ်မှာ သေချာတယ်၊ တကယ်လို့ သေသွားတဲ့ကောင်သာ ရှောင်ရီမဟုတ်ဘူးဆိုရင် ငါတို့နေနဲ့ နောက်ဆုတ်နိုင်သေးတယ် .... ငါတို့အနေနဲ့ မိန်းကလေးနဲ့ ယှဉ်ပြီး မတိုက်ချင်ဘူးဆိုရင် သိက္ခာကျစရာလည်း မရှိတော့ဘူး၊ ဒါပေမယ့် .... အခုအသက်ခံရတာက ဆရာ့သား ရှောင်ရီဖြစ်နေတာက ခက်နေတယ် .... ဆရာက ရှောင်ရီကို ငါ့တို့လက်ထဲ အပ်လိုက်တာဆိုတော့ ငါတို့မှာ တာဝန်အများကြီး ရှိနေတယ် .... တကယ်လို့ ငါတို့က သူ့သားကိုသတ်တဲ့ တရားခံတွေကို ဖမ်းမပေးနိုင်ဘူးဆိုရင် ဆရာ့ကို ဘယ်လိုလုပ် မျက်နှာပြရတော့မှာလဲ ....”

သူသည် ဦးခေါင်းကို အလုပ်တွင်တွင်ပေးရင်း ခုံပေါ်မှ အရက်ခွက်များကိုကြည့်ကာ တဟင်းဟင်းဖြင့် မရယ်ချင့်ရယ်ချင်ဖြင့် ရယ်နေသည်။ သူ၏ဟန်ပန်မှာ သူတို့ကြုံတွေ့နေရသည့် ပြဿနာကို အသေးအဖွဲ့တစ်ခုသဖွယ် သဘောထားနေသည့် ဟန်ပန်ဖြစ်သည်။

သို့သော် တကယ်တမ်းအားဖြင့် ယခု အရက်အတင်းတိုက်နေသည့်ကိစ္စကို မည်သို့ဖြေရှင်းရမည်ကိုပင် စဉ်းစား၍ မရနိုင်အောင် ဖြစ်နေ၏။

ဖန်းလင်တို့ မည်မျှ ဟန်ဆောင်သည်ဖြစ်စေ မိန်းကလေးက သိနေသည့်ပမာ ပြုံးရယ်လိုက်ပြီး ....

"ဒီအရက်က အဝင်သိပ်ဆိုးတဲ့အရက် မဟုတ်ပါဘူး၊ သောက်လို့လည်း ကောင်းပါတယ် ... ဒါပေမယ့် သောက်လိုက်ရင်တော့ သွေးအန်ပြီး သေစေနိုင်တဲ့ အဆိပ်အရက် ... ကဲ ... ကဲ ... ရှင်တို့နှစ်ယောက် သောက်မလား .... မသောက်ဘူးလား ...."

ထိုစဉ် ရီလင်က ဓါးကို ရုတ်တရက် ဆွဲထုတ်လိုက်ပြီး စားပွဲထောင့်စွန်းကို 'ရွှမ်း' ကနဲ ခုတ်ချလိုက်သည်။ နှုတ်မှလည်း ....

"ဘယ်လိုလဲဗျ .... ကျုပ်တို့ ချင်းချန်းဂိုဏ်းက ခင်ဗျားတို့ ဝါဆန်းဂိုဏ်းကို အရင်ကတည်းက လေးလေးစားစား ဆက်ဆံခဲ့တယ် .... ဒါကြောင့်မို့ မိန်းကလေးဖြစ်တဲ့ ခင်ဗျားကို မစော်ကားဘဲ ကျုပ်တို့ အေးအေးဆေးဆေး ငြိမ်ငြိမ်သက်သက် နေကြတာ .... ဒါကိုမှ မကျေနပ်ဘဲ ဒီထက်ပိုကဲပြီး စော်ကားနေမယ်ဆိုရင်တော့ ကျုပ်တို့ညီအစ်ကိုနှစ်ယောက်ကလည်း ငြိမ်ခံနေတော့မှာ မဟုတ်ဘူး ...."

ထိုမိန်းကလေးက ....

"ကျွန်မက ရှင်တို့နဲ့ ယှဉ်ပြိုင်ရလောက်အောင်တော့ ဘယ်သတ္တိ ကောင်းပါ့မလဲရှင့် ... ကောင်းပြီလေ .... ရှင်တို့က ဒီအရက်ကို မသောက်ရဲဘူးဆိုရင်တော့ လင်မိန်ကျက်ကိုပဲ အသောက်ခိုင်းရတော့မှာပဲ ...."

သူမကပြောရင်း လက်ထဲတွင် ကိုင်ထားသည့် ဓါးမြှောင်ဖြင့် လင်မိန်ကျက်၏ ရင်ဝသို့ ရုတ်တရက် လွှဲပစ်လိုက်၏။ ဖန်းလင်နှင့် ရီလင်တို့နှစ်ယောက်သည် ဟာကနဲ ဖြစ်သွားကြ၏။ မိန်းကလေးက ဓါးဖြင့် ဤသို့ ပစ်လိမ့်မည်ဟု လုံးဝ မမျှော်လင့်ခဲ့ကြချေ။

လင်မိန်ကျက်အနေဖြင့်လည်း ဓါးကို ရှောင်တိမ်းလိုက်ရန် ကြံရွယ်လိုက်သည်။ သူကိုယ်တိုင်လည်း အကြောပိတ်ခံထားရသည်ဖြစ်၍ ဓါးမြှောင် ကိုယ့်ဆီပြေးဝင်လာမှုန်းသလျက်နှင့် သည်အတိုင်း မလှုပ်နိုင် မရှားနိုင်သဖြင့် ကြည့်နေရတော့၏။ လင်မိန်ကျက်သည် ပင်ကိုယ်ဗီဇ သတ္တိရှိသူဖြစ်သဖြင့် သေရမည်ကို ကြောက်ရွံ့ခြင်းမရှိဘဲ ခပ်ရဲရဲပင် ပိုင်းဖြတ်ထားနိုင်၏။

သို့သော် ဓါးမြှောင်သည် သူ၏ရင်ဝနှင့် နှစ်ပေခန့်အကွာအဝေးခန့် ရောက်သည်နှင့် ဓါးဦးသည် ရုတ်တရက် နောက်ဘက်သို့ လှည့်သွားပြီး ဓါးရိုးမှာ ရင်ဝသို့ ရောက်ရှိလာသည်။ လက်ကိုင်ဓါးရိုးသည် လင်မိန်ကျက်၏ ရင်ဝတစ်နေရာကို 'ဒုတ်'ကနဲ ထိမှန်သွားတော့၏။

ဓါးရိုးထိသွားသော နေရာကား လင်မိန်ကျက်၏ အပိတ်ခံထားရသော အကြောများကို ပြေစေနိုင်သည့် အကြောဖြစ်နေချေသည်တကား။

လင်မိန်ကျက်၏ ခန္ဓာကိုယ်သည် တစ်ချက်မျှ တုန်ခါသွားသည်။ တစ်ကိုယ်လုံး အနံ့အပြား သွေးများ စီးဆင်းလှည့်ပတ်လာသည်။ သူ၏ခြေထောက်နှင့် လက်များသည် လှုပ်ရှားစ ပြုလာ၏။

မိန်းကလေးကမူ အေးဆေးစွာ လျှောက်သွားပြီး လင်မိန်ကျက်ရှေ့မှ ဓါးမြှောင်ကို ကောက်ယူလိုက်၏။ ဖန်းလင်နှင့် ရီလင်တို့သည် မိန်းကလေး၏ အပြုအမူများနှင့် ပတ်သတ်၍ တစ်ခွန်းတစ်ပါဒမျှ ဝင်ရောက်တားမြစ်နိုင်စွမ်း မရှိသည်အထိ အံ့အားသင့် နေကြတော့သည်။

ထိုစဉ် မိန်းကလေးက လင်မိန်ကျက်ကို ကြည့်၍ ရယ်မောလိုက်ရင်း ....

"လင်မိန်ကျက် ... ဒီက လူစွမ်းကောင်းကြီးနှစ်ယောက်ကို ကျွန်မက စေတနာနဲ့ အရက်တိုက်တယ် .... ဒီလူစွမ်းကောင်းကြီးတွေက မသောက်ရဲကြဘူးကွယ့် .... သူတို့က သူရဲဘောကြောင်တဲ့ လူတွေ၊ ရှင့်ကြည့်ရတာတော့ သတ္တိရှိမယ့်ပုံပဲ .... ရှင် သတ္တိရှိတယ်ဆိုရင် ဒီအရက်ကို သောက်ပြလိုက်ပါလား .... ဒါမှ ဒီက လူစွမ်းကောင်းကြီးတွေ ရှင့်အကြောင်း သိသွားမယ် ...."

လင်မိန်ကျက်မှာ စောစောကတည်းက ဤအရက်သည် အဆိပ်အရက်မှန်း သိ၏။ အဆိပ်ကိုသောက်၍ မသေဘဲ ဘယ်သူရှိပေလိမ့်မည်နည်း။ ဖန်းလင်နှင့် ရီလင်တို့၏ မျက်လုံးများတွင် အထင်သေးခြင်း၊ ချောက်ကျနေသည်ကို သဘောကျခြင်း စသည့် အရိပ်အယောင်များ ထင်ရှားစွာ ပေါ်လွင်နေသည်။

ထိုအခါကျမှ လင်မိန်ကျက်သည် ဖန်းလင်နှင့် စတွေ့စ အချိန်ကို ပြန်လည် သတိရလိုက်မိတော့၏။ ထို့ကြောင့် သူ၏စိတ်ထဲတွင် ရေရွတ်လိုက်မိသည်။

"ဒီမိန်းကလေးကသာ ငါ့ရဲ့အကြောင်းတွေကို ဖြေမပေးရင် ငါ့ကိုသူတို့ ချင်းချန်းတောင်ပေါ် ခေါ်သွားပြီး ဘယ်လောက် နှိပ်စက်လိုက်ကြမလဲ မသိဘူး .... သေတဲ့အထိ နှိပ်စက်မယ့် အကောင်တွေ .... အဲဒီတော့ သေမယ့်အတူတူ ဘာထူးမလဲ ... ဟိုမှာ အနှိပ်စက်ခံရမယ် ... တဖြည်းဖြည်းချင်း သေမယ် ... ဒီမှာက အနှိပ်စက်မခံရဘဲ တစ်ခဏချင်း သေသွားမယ် .... ဒီတော့ ဒီအဆိပ်အရက် သောက်ပြီးပဲ သေလိုက်တော့မယ် .... ဒုက္ခခံစရာ မလိုတော့ဘူး .... နောက်ပြီး သတ္တိကြောင်တဲ့ကောင်လို့လည်း အထင်မခံနိုင်ဘူး ..."

ဤသို့ စဉ်းစားလိုက်မိသဖြင့် လင်မိန်ကျက်၏ ငုပ်လျှိုးနေသော စွမ်းအင်နှင့် သတ္တိများ နိုးကြား တက်ကြွလာတော့သည်။ နောက်ထပ် ဘာမှ မစဉ်းစားတော့ဘဲ မိမိရှေ့ရှိ အရက်သုံးခွက်စလုံးကို တစ်ခွက်ပြီး တစ်ခွက် ကောက်ယူသောက်ချ လိုက်တော့၏။

သောက်ပြီးသည်နှင့် ရဲဝံ့စွာ ပြောလိုက်သည်။

"ကျုပ် ကျေနပ်တယ် ... ဒီမိန်းကလေးရဲ့ အဆိပ်အရက် သောက်ပြီးသေရတာက ခင်ဗျားတို့လို လူယုတ်မာတွေရဲ့ လက်ထဲမှာ သေရတာထက် ပိုကောင်းသေးတယ် ..."

သို့သော် သူအရက်သောပြီး မကြာမီပင် သူ့ပါးစပ်ထဲတွင် မိန်းကလေးများ အသုံးပြုသည့် နံ့သာမှုန့်ရနံ့များ ထွက်လာသည်ကို ခံစားသိရှိလိုက်ရ၏။ သူ့စိတ်ထဲတွင်လည်း အလွန် အံ့ဩသွားသည်။ ထို့ကြောင့် ....

"ဟင် .... မြွေဆိပ်အရက်ကလည်း မိန်းကလေးတွေ သုံးတဲ့ နံ့သာမှုန့်များ ထည့်ဖျော်ထားသလား မသိဘူး ...."

လင်ကျန်နန်တို့ လင်မယားမှာ သူတို့၏ သားကလေး စိတ်ဓါတ်ကို ခိုင်ကြည်စွာ မထားနိုင်ဘဲ အဆိပ်အရက်ကို ကောက်ယူသောချလိုက်သည်ကို တွေ့သောအခါ အလွန် တုန်လှုပ် ချောက်ချား သွားကြ၏။

ဖန်းလင်နှင့် ရီလင်တို့မှာလည်း လင်မိန်ကျက်က အဆိပ်အရက်များကို တစ်ခွက်ပြီး တစ်ခွက် မော့ချလိုက်သည်ကို တွေ့မြင်ရသောအခါ မျက်နှာပျက်သွားကြသည်။ ရီလင်၏ စိတ်ထဲတွင် ....

"လင်မိန်ကျက်ဟာ သိုင်းပညာ မရှိပေမယ့် သတ္တိတော့ တကယ်ရှိတဲ့ ကောင်ပါလား ...."

မိန်းကလေးကမူ တပြုံးပြုံးဖြင့် လက်မထောင်ပြပြီး ....

"ကောင်းတယ် .... သိပ်ကောင်းတယ် .... ဒါမှ မင်္ဂလာ အာမခံဌာနရဲ့ ဆရာကြီးရဲ့သား ပီသတာပေါ့ ...."

သူမသည် ဖန်းလင်နှင့် ရီလင်ဘက်သို့ ရုတ်တရက် လှည့်လိုက်ကာ သူတို့၏ မျက်နှာများကို စေ့စေ့ကြည့်၍ မေးလိုက်ပြန်သည်။

"ကဲ ... အခု လင်မိန်ကျက်က ရှင်တို့နှစ်ယောက်ရဲ့ ဂိုဏ်းတူညီ ရှောင်ရီဆိုတဲ့လူကို သတ်မိလို့ အဆိပ်အရက် သောက်လိုက်ပြီ ... ရှင်တို့ ချင်းချန်တောင်ကို ပြန်သွားပြီး ဒီကိစ္စကို ရှင်တို့ဆရာကြီးကို ပြောပြလိုက်ပေါ့ .... ရှောင်ရီအတွက် တုံ့ပြန်ကြွေး ပြန်ဆပ်ပြီးပါပြီလို့၊ ရှင်တို့တာဝန်လည်း ကုန်ခမ်းသွားပါပြီ ... ကဲ .... ကဲ ရှင်တို့ ပြန်ချင်ရင် ပြန်ကြပါတော့ ..."

ဖန်းလင်၏ စိတ်ထဲတွင်မူ ....

"ဒီကိစ္စက တစ်မျိုးကြီးပဲ .... မသင်္ကာစရာလည်း ကောင်းတယ် ... သူကယ်ရမယ့် ကောင်ကို အဆိပ်သောက်ခိုင်းတာ ဘာသဘောလဲ ..."

ဟု တွေးနေမိသည်။

ဖန်းလင်သည် ရုတ်တရက် သဘောပေါက်သွားသဖြင့် တဟားဟားနှင့် ဟားတိုက် ရယ်မောတော့သည်။

"မိန်းကလေးက ကျုပ်တို့ကို သူငယ်နှပ်စား ကလေးတွေ မှတ်နေသလား .... ဒီအရက်ထဲမှာ ဘယ်က အဆိပ်ရှိရမှာလဲ ... ကျုပ်တို့ ညီအကိုနှစ်ယောက်က မိန်းကလေးပေးတဲ့ အရက်ကို မသောက်တာက မသောက်ရဲလို့ မဟုတ်ဘူး .... စိတ်ညစ်နေကြလို့ သိရဲ့လား .... စိတ်ညစ်နေကြလို့ .... တစ်ကယ့် အဆိပ်အရက်ဆိုလည်း ကျုပ်တို့က မမှုသေးဘူး ... ဘာဖြစ်လို့လဲဆိုတော့ ကျုပ်တို့ဂိုဏ်းရဲ့ အဆိပ်ဖြေဆေးက အင်မတန် အစွမ်းထက်လို့ပဲ ... ဒီလို အဆိပ်ရည် သုံးခွက်မပြောနဲ့ အခွက်သုံးဆယ်တောင် သောက်ပြလိုက်ဦးမယ် ... ကဲ ... ဟိုမှာ ကြည့်ပါဦး ...."

ဖန်းလင်သည် စကားပြောနေရာမှ လင်မိန်ကျက်ကို လက်ညှိုးထိုးပြရင်း ....

"အဆိပ်အရက် သောက်လိုက်တဲ့ကောင်တဲ့ .... ဘာမှလည်း မဖြစ်သေးဘူး ... တကယ့် အဆိပ်အရက်ဆိုရင် တုံးကနဲ ဖြစ်သွားရမှာပေါ့ .... ကျုပ်တို့ကို ဒီလိုလာညာလို့ ဘယ်ရလိမ့်မလဲ ..."

ထိုအခါကျမှ ရီလင်းကလည်း သဘောပေါက်သွားသည်။ သူ့စိတ်ထဲတွင် ....

"ဟုတ်ပေသားပဲ ... အစ်ကိုဖန်းလွင်က ဒီအကျည်းတန်မရဲ့ လှည့်ကွက်ကို ရိပ်မိပေလို့ပဲ ... နို့မို့ရင် ငါတို့နှစ်ယောက် ဒီကောင်မရဲ့ အလိမ်အညာကို ခံရတော့မှာ ...."

ဟု တွေးမိတော့၏။

မိန်းကလေးကမူ မျက်နှာတစ်ချက်မျှ မပျက်။ အပြုံးပင် မပျက်ချေ။

"တကယ်လို့ အဆိပ်အရက် အစစ်ဆိုရင် .... ရှင်တို့က အခွက်သုံးဆယ်တောင် သောက်မှာဟုတ်လား ...."

ဖန်လင်ကလည်း ဟန်ကိုယ့်ဖို့ မာန်သူ့ဖို့ဆိုသည့် စကားအတိုင်း ဟန်မပျက်စေပဲ ပြန်ပြောလိုက်သည်။

"ကျုပ်တို့ ချင်းချန်းဂိုဏ်းက လူတွေအဖို့ အဆိပ်ဆိုတာ ကြောက်စရာ မဟုတ်ပါဘူး ...."

စောစောက မိမိတို့ မသောက်ရဲခဲ့သည့် အဆိပ်အရက်ကို လင်မိန်ကျက်က သောက်ပြလိုက်သဖြင့် မိမိတို့၏ သူရဲဘောကြောင်မှုကို ပြသလိုက်သလို ဖြစ်ခဲ့ရပြီ။ ထို့ကြောင့် ဒုတိယအကြိမ် အရှက်မကွဲစေရန် ဟန်နှင့် မာန်နှင့် ပြောနေရခြင်း ဖြစ်၏။ သို့သော် စိတ်တွင်းမှတော့ သက်သာလှသည် မဟုတ်ချေ။

ထိုစဉ် မိန်းကလေးက ဘေးနားရှိ ရေနွေးကြမ်အိုးကို ယူ၍ အရက်ခွက် သုံးခွက်ထဲသို့ စောင်းငှဲ၍ ထည့်လိုက်၏။ ပြီးမှ ရင်ခွင်ထဲထည့်ထားသော ပုလင်းငယ်တစ်လုံးကို ထုတ်ယူကာ အဖုံးကို ဖွင့်လိုက်၏။ ထိုပုလင်းငယ်ထဲမှ အစိမ်းရောင် အမှုန့်ကလေးများကို အရက်ခွက် သုံးခွက်ထဲသို့ လောင်းထည့်လိုက်ပြန်၏။

ထိုအခါ အလွန်စူးရှ ပြင်းထန်လှသော အနံ့အသက်များ ထွက်ပေါ်လာတော့၏။ မည်မျှ ပြင်းထန်သော ရနံ့ဖြစ်သည်ကိုမူ အဆိပ်အရက်ခွက် အနားတွင်ရှိသော လင်မိန်ကျက်ကိုယ်တိုင်ပင် နှာချေကာ နေခြင်းက သက်သေပြနေ၏။ ထိုအမှုန့်များ လက်ဖက်ရည်ကြမ်းထဲသို့ ရောက်ရှိသွားသည်နှင့် တစ်ပြိုင်နက် ဝါလွဲ့လွဲ့ လက်ဖက်ရည်ကြမ်းများမှာ လုံးဝ နက်မှောင်သွားတော့၏။ တကယ် ပြင်းထန်လှသော အဆိပ်ဖြစ်ပေလိမ့်မည်။ အသွေးအရောင်ကိုက ကြောက်မက်ဖွယ်ရာ သေခြင်း၏ လက္ခဏာများကို တွေ့မြင်နေရသည် မဟုတ်ပါလား။

ထိုအနံ့ကို ဖန်းယင်နှင့် ရီလင်တို့ပါ ရှူရှိုက်မိသွားသောအခါ အလွန်ပင် ဆိုးဝါးလှသဖြင့် အော့အန်ချင်စိတ်ပင် ဖြစ်ပေါ်လာသည်။ ထို့ကြောင့် နှစ်ယောက်စလုံး နောက်ဘက်သို့ ဆုတ်သွားကြတော့၏။

မိန်းကလေးက ပြုံးရယ်ရင်း ....

"ဒီအရက်က စောစောက အရက်သုံးခွက်ထက် ပိုပြီး အဆိပ်ပြင်းတယ် .... ရှင်တို့ သောက်ရဲကြလား ...."

ဖန်းလင်၏ မျက်နှာတွင် သွေးမရှိတော့လောက်အောင် ဖြူရော်နေသည်။ အဆိပ်အရက်၏ အနံ့ကို ရှူရှိုက်မိပြီးကတည်းက ကြောက်လန့်နေပြီ ဖြစ်၏ ဤမျှ အော့အန်ချင်လောက်အောင် အနံ့အသက်ဆိုးဝါးနေသော အရက်သည် သောက်လိုက်ပါက အဘယ်ဆိုဖွယ်ရာ ရှိနိုင်တော့အံ့နည်း။

ဖန်းလင်က ခြောက်ကပ်စွာ ပြန်ပြောလိုက်သည်။

"ကျုပ် ... ကျုပ်တို့ ချင်းချန်ဂိုဏ်းမှာ အဆိပ်ဖြေဆေးတွေ ရှိပေမယ့် စည်းလွတ်ကမ်းလွတ် သုံးချင်တိုင်း သုံးနေတာ မဟုတ်ဘူး၊ နေရာနဲ့ နေရာ သုံးကြတာ ... အခုလည်း မိန်းကလေးက ဝါဆန်းဂိုဏ်းကဆိုတော့ ကျုပ်တို့ရဲ့ အဆိပ်ဖြေဆေးရဲ့ အစွမ်းကိုတော့ မပြလိုတော့ပါဘူး ... ကြွားနေတယ်လို့ အထင်မှာ မခံနိုင်ဘူး ...."

မိန်းကလေးကမူ ဟက်ဟက်ပက်ပက် ပြုံးရယ်ရင်း ပြောလိုက်သည်။

"ဟောဒီ လင်မိန်ကျက်ဆိုတဲ့လူက ကျွန်မအတွက်နဲ့ ရှင်တို့ဂိုဏ်းက ရှောင်ရီဆိုတဲ့လူကို သတ်လိုက်မိတယ် ... ဒီတော့ ... ကျွန်မကလည်း လက်ပိုက်ပြီး ကြည့်မနေနိုင်တော့ဘူ ... ကူညီသင့်တဲ့လူကို ကူညီရတော့မှာပဲ ... ဒါပေမယ့် ...."

လမ်းခုလတ်တွင် စကားကို ရပ်တန့်လိုက်သဖြင့် ဖန်းလင်နှင့် ရီလင်တို့သည် နားထောင်နေရာမှ မချင့်မရဲ ဖြစ်သွားကြသည်။ မိန်းကလေးက .....

"ဒါပေမယ့် .... ကျွန်မတို့ ဝါဆန်းဂိုဏ်းနဲ့ ချင်းချန်ဂိုဏ်းကို မိတ်ဆွေရင်းချာတွေလို ဆက်ဆံခဲ့ကြတဲ့ အစဉ်အလာတွေ ရှိထားတော့ ကျွန်မတို့ ငယ်သားတွေအတွက် လူကြီးချင်း မျက်နှာပျက်ရတာမျိုး မဖြစ်စေချင်ဘူး ... ဒါ့ကြောင့်မို့ အားလုံးအတွက် အကောင်းဆုံးဖြစ်သွားအောင် ကျွန်မအနေနဲ့ တစ်ခုပဲ တောင်းဆိုချင်တယ် ...."

ဖန်းလင်နှင့် ရီလင်တို့ နှစ်ယောက်အဖို့ အကျဉ်းအကျပ်အတွင်း ရောက်ရှိနေကြသည်။ ဖန်းလင်က ...

"ဒီကောင့်အသက် ချမ်းသာပေးဖို့ တောင်းဆိုချင်တာလား၊ ဒါတော့ မဖြစ်နိုင်ဘူး ... ကျုပ်တို့ရဲ့ ဆရာကို တင်ပြရမှာ .... သူက တရားခံ မဟုတ်လား ...."

မိန်းကလေးက....

"ဒီလိုလုပ်ပါလေ .... ဒီအဆိပ်အရက်ကို ရှင်တို့လည်း သောက်မှ မသောက်ရဲကြတာ .... ဒီတော့ သူ့ကို သောက်ပါစေ ... သူသေတဲ့အခါမှာလည်း ဝေဒနာ မခံစားရဘူး ... ရှင်တို့လည်း တုံ့ပြန်ကြွေး ဆပ်ပြီးသလို ဖြစ်သွားတာပေါ့ ... ဘယ့်နှယ်လဲ

ကျွန်မပြောတာ"

လင်မိန်ကျက်သည် မခံချိ မခံသာ ဖြစ်နေမိသည်။ အစပထမ၌ ဤမိန်းကလေးသည် မိမိအား ကူညီနေသူဟုသာ မှတ်ထင်ခဲ့မိသည်။ ယခုမူ သူမကလည်း မိမိသေစေရန် တစ်ဘက်တစ်လမ်းမှ ကူညီသူ ဖြစ်နေချေသည် တကား။

လင်မိန်ကျက်၏ စိတ်ထဲတွင် ....

"အင်းလေ .... ဟုတ်တာပါပဲ ... သူတို့ ဝါဆန်းဂိုဏ်းက ချင်းချန်ဂိုဏ်းနဲ့ ဆက်ဆံရေး ကောင်းနေတဲ့ဥစ္စာပဲ .... ငါ့လို ကြားလူတစ်ယောက် အတွက်နဲ့ သူတို့ဂိုဏ်းအချင်းချင်း ဘယ်ရန်စ ရှည်နေချင်တော့ မလဲလေ ...."

ဟု တွေးလိုက်မိရှာသည်။

လင်မိန်ကျက်သည် ရုတ်တရက် ဆုံးဖြတ်ချက် ချလိုက်မိဟန်ဖြင့် အသံကို မြှင့်၍ ပြောလိုက်သည်။

"ကျုပ်အနေနဲ့က သိုင်းပညာ မတော်တော့ ဘာမှ ဝင်ပြောစရာ မရှိတော့ပါဘူး .... ကျုပ်အတွက်နဲ့ ခင်ဗျားတို့ ဂိုဏ်းကြီးအချင်းချင်းတော့ မိတ်မပျက် ကြပါနဲ့ ...."

လင်မိန်ကျက်သည် စကားဆုံးသည်နှင့် ခံပေါ်ရှိ အရက်ခွက်ထဲမှ အဆိပ်ရည် သုံးခွက်စလုံးကို ဆက်တိုက် ဆက်တိုက် မော့ချပစ်လိုက်တော့၏။ သူ၏ အမြင်အာရုံများ ရုတ်တရက် မှောင်ကျသွားပြီး တုံးခနဲ လဲကျသွားတော့သည်။

အမှန်စင်စစ် ဖန်လင်တို့မှာ ဝါဆန်းဂိုဏ်းနှင့် မျက်နှာပျက်ရဲကြသူများ မဟုတ်ကြပေ။ ယခု လင်မိန်ကျက်က အဆိပ်များသောက်၍ လဲကျသွားသောအခါ သူတို့အဖို့ အသက်ရှူ ချောင်သွားကြသည်။ ဤအချက်သည် သူတို့ဆရာထံသို့ ရောက်ရှိသောအခါ လျှောက်လဲချက် ကောင်းတစ်ခုအဖြစ် တင်ပြနိုင်ပေမည်။

ဖန်းလင်က ....

"ကောင်းပြီလေ ... ကျုပ်တို့က မိန်းကလေးရဲ့ မျက်နှာကို ထောက်ပြီး ကျေအေးလိုက်ပါပြီ .... အခုဆိုရင် လူသတ်သမားကို သတ်ပြီးပြီ ... ဒါပေမယ့် ... သူ့ရဲ့ မိဘတွေကိုတော့ ကျုပ်တို့ရဲ့ ဆရာဆီ ခေါ်သွားရမှာပဲ .... ဒီကိစ္စအတွက်တော့ ကျုပ်တို့ဆရာက ဆုံးဖြတ်ပါလိမ့်မယ် ...."

မိန်းကလေးက သက်ပြင်းတစ်ချက် ချလိုက်ပြီး ....

"ရှင်တို့က နှစ်ယောက်၊ ကျွန်မက တစ်ယောက်တည်း။ ဘာပြောစရာ ရှိတော့မလဲလေ .... ရှင်တို့ သဘောပါပဲ ..."

ရီလင်သည် ... လင်ကျန်နန်တို့ လင်မယားနှစ်ယောက်၏ အကြောများကို ဖြေပေးလိုက်သည်။ လင်ကျန်နန်သည် အော်ဟစ်ဆဲဆိုရန် ဟန်ပြင်လိုက်၏။ ရီလင်က ချက်ချင်းပင် ခန္ဓာကိုယ် အပေါ်ပိုင်း မလှုပ်နိုင်အောင် အကြောများ ထိုးပိတ်လိုက်ပြန်သည်။

ထိုအခါ လင်ကျန်နန်တို့ လင်မယားနှစ်ယောက်စလုံးမှာ ခြေထောက်နှစ်ဖက် လှုပ်ရှားလမ်းလျှောက်နိုင်သော်လည်း ခန္ဓာကိုယ်အထက်ပိုင်း လုံးဝ မလှုပ်ရှားနိုင်သဖြင့် ပါးစပ်ပင် မလှုပ်နိုင်တော့ပေ။

ဖန်းလင်ကလည်း သူ့ဓါးကို ထုတ်၍ လင်ကျန်နန်၏ နောက်ကျောကို ထောက်ကာ ....

"ခင်ဗျား ကျုပ်တို့နောက်ကို အေးအေးဆေးဆေးသာ လိုက်ခဲ့ပေတော့ ... ကျုပ်တို့စကားကို နားမထောင်ဘဲ လမ်းကောင်းကောင်း မလျှောက်ရင် ခင်ဗျားမိန်းမရဲ့ လက်တစ်ဖက်ကို ဖြတ်ပစ်မယ် ... ခင်ဗျားမိန်းမက ကျုပ်တို့စကားကို နားမထောင်ရင် ကျုပ်က ခင်ဗျားရဲ့ လက်တစ်ဖက်ကို ဖြတ်ပစ်မယ် ... အဲဒီတော့ အေးအေးသက်သာ လိုက်ခဲ့ကြ .... ကိုယ်မကောင်းရင် ကိုယ်ခံရမှာ မဟုတ်ဘူး ... ခင်ဗျားတို့နှစ်ယောက် တစ်ယောက်ကို တစ်ယောက် ကြင်ကြင်နာနာ ရှိတယ်ဆိုရင် ကိုယ့်အတွက်ကြောင့် ကိုယ့်ကြင်ဖော် ခြေပြတ်လက်ပြတ် မဖြစ်စေနဲ့ ..."

ဖန်းလင်၏စကားကို ကြားလိုက်ရသောအခါ လင်ကျန်နန်တို့ လင်မယား နှစ်ယောက်စလုံး လုံးဝ မလှုပ်ရှားရဲကြတော့ချေ။ အစွယ်ရှိသော သတ္တဝါသည် အစွယ်ကို အားကိုး၏။ ဦးချိုရှိသော သတ္တဝါသည် ဦးချိုကို အားကိုး၏။ ယုတ်မာကောက်ကျစ်မှုများနှင့် ပြည့်နေသော သူသည်လည်း သူ၏ ယုတ်မာကောက်ကျစ်မှုများကိုသာ အားကိုးပေလိမ့်မည်။ ဖန်းလင်၏ ရက်စက်ယုတ်မာသော စိတ်ဓါတ်ကို သိပြီးဖြစ်သဖြင့် လင်ကျန်နန်တို့ လင်မယား ဤမျှ ငြိမ်သက်သွားကြခြင်း ဖြစ်သည်။

လင်ကျန်နန်တို့ လင်မယားသည် သူတို့၏ ချစ်လှစွာသော တစ်ဦးတည်းသော သားကလေး အဆိပ်သောက် သေဆုံးသွားသည်ကို တွေ့လိုက်ကတည်းက အသည်းနှလုံးများ ပြုတ်ပြုတ်ပြုန်း ကြွေလုမတတ် နာကျင်စွာ ဝေဒနာ ခံစားနေကြရသည်။ သူတို့နှစ်ယောက်သည် ချိနဲ့ ယိမ်းယိုင်သော ခြေလှမ်းများဖြင့် ဆိုင်အပြင်သို့ လျှောက်ထွက်လိုက်ကြ၏။ ဝမ်ဖူးသည် ရုတ်တရက် နောက်သို့လှည့်ပြီး မိန်းကလေးအား နာကြည်းစွာ ကြည့်လိုက်သည်။ မိန်းကလေးကမူ မမြင်ယောင် ဆောင်နေလိုက်၏။

ဖန်းလင်ကမူ အားလုံးကို အလွယ်တကူ လက်ခံတက်သူ မဟုတ်ကြောင်း အလုပ်ဖြင့် လက်တွေ့ ပြနေသည်။

သူသည် လင်မိန်ကျက်နားသို့ လျှောက်သွားပြီး ထွက်သက် ဝင်သက်ကို စမ်းသပ်ကြည့်ရှု လိုက်၏။ လင်မိန်ကျက် လုံးဝ သေဆုံးသွားသည်တော့ မဟုတ်ချေ။ ဝင်သက်ထွက်သက် မျှင်းမျှင်းကလေးက ရှိနေသေး၏။ သို့သော် ဆက်တိုက် ဝင်ထွက်နေသည် မဟုတ်ဘဲ ပြတ်တောင်း ပြတ်တောင်း ဖြစ်နေသဖြင့် အချိန်မရွေး အသက်ထွက်နိုင်သည် ဖြစ်ကြောင်း ဖန်းလင် သိရှိသွားသည်။ ဤသို့ ကျေနပ် အားရစွာ စမ်းသပ်ပြီးသောအခါမှ ဆိုင်အပြင်ဘက်သို့ ထွက်ခွာသွားတော့သည်။

လင်မိန်ကျက်မှာ အဆိပ်အရက်သောက်ပြီး ကတည်းက မည်မျှကြာကြာ မေ့မြောသွားသည်မသိ။ တဖြည်းဖြည်း သတိပြန်လည်လာသည်။ သို့သော်သူ၏ ခန္ဓာကိုယ်တစ်ခုလုံး ကျောက်တုံးကျောက်ခဲကြီးများဖြင့် ဖိထားခြင်းခံနေရသကဲ့သို့ ထင်မှတ်နေမိသည်။ လှုပ်ရှား၍လည်းမရ။ သူ၏မျက်လုံးများကို အတင်းအားယူ၍ ဖွင့်ကြည့်လိုက်၏။ မည်သည့်အရာကိုမျှ မတွေ့ရ။ မည်းမှောင်နေသည်ကိုသာ တွေ့ရတော့သည်။ အခံရအခက်ဆုံးဝေဒနာမှာ သူတကိုယ်လုံး နာကျင်ကိုက်ခဲ နေခြင်းပင်ဖြစ်၏။

လင်မိန်ကျက်သည် ရုတ်တရက် ကြောက်စိတ်ဝင်သွားသည်။ ထို့ကြောင့် စိတ်ထဲတွင် . . .

"သေပြီ . . . ငါသေပြီ . . . သေလိုသရဲဖြစ်နေပြီ . . . ငါ လူမဟုတ်တော့ဘူး . . . ဟုတ်တယ် . . . အဆိပ်တွေ သောက်လိုက်လို့ ငါသေပြီးပြီပဲ . . . အခု ငရဲပြည်ကို ရောက်နေတာ ဖြစ်ရမယ်"

ဟုပြောနေမိသည်။

အတန်ကြာသောအခါမှ သူကရုန်းကန်လိုက်ပြီး ပါးစပ်ဟ၍ အော်ဟစ်ရန် ဟန်ပြင်လိုက်၏။ ထိုအခါ ပါးစပ်ထဲသို့ မြေကြီးများ ဝင်လာတော့သည်။ လင်မိန်ကျက်သည် ပိုမိုထိတ်လန့် ချောက်ချားသွားတော့၏။

"ငါ့ကို အရှင်လတ်လတ် မြေကြီးထဲ မြှပ်ထားတာပါလား"

အလွန်ကြောက်ရွံ့သွားသဖြင့် လင်မိန်ကျက်သည် အားကုန်ရုန်းကန်လိုက်သည်။ မြေကြီးမှာ အပေါ်ယံ ခပ်ပါးပါးသာ ဖုံးအုပ်ထားခြင်း ဖြစ်သဖြင့် လင်မိန်ကျက်အဖို့ အခက်အခဲ သိပ်မရှိလှဘဲ မြေကြီးပေါ်သို့ ရောက်ရှိလာတော့၏။ ထိုမြေပုံပေါ်တွင် ထိုင်ကာ ဘေးပတ်ဝန်းကျင်ကို မျက်စိကစားလိုက်သည်။ မိမိသည် ထမင်းဆိုင်ဘေးနားရှိ မြေတွင်းထဲထည့်ခြင်း ခံလိုက်ရကြောင်း သိလိုက်ရ၏။

လင်မိန်ကျက်သည် တွင်းပေါ်သို့ တက်နိုင်ခဲ့သည်။ အချိန်မှာ နေဝင်ဆည်းဆာ ကုန်ဆုံးလုပြီ ဖြစ်သဖြင့် အမှောင်က တဖြည်းဖြည်း ဝါးမျိုလာပြီ ဖြစ်သည်။ များမကြာမီပင် တောရိပ်တောင်ရိပ်များကြောင့် လုံးဝ အမှောင်ကမ္ဘာကြီး ဖုံးအုပ်လိုက်သကဲ့သို့ မည်းမှောင်သွားတော့၏။

အမှောင်ထုအတွင်း သူကြားနေရသည့် အသံများမှာ အကောင်ငယ်များ၏ စိုးစိုးစီစီ အော်မြည်နေသံများသာတည်း။ လူသံဟူ၍ လုံးဝမကြားရချေ။

ထို့ကြောင့် လင်မိန်ကျက်၏ ရင်သည် တထိတ်ထိတ် ခုန်လာတော့သည်။

လင်မိန်ကျက်သည် အားတင်း၍ မတ်တပ်ရပ် လိုက်၏။ သူ၏ ဦးခေါင်းကို လက်နှစ်ဖက်ဖြင့် အုပ်ကိုင်လိုက်မိသည်။ အဘယ့်ကြောင့် ဆိုသော် ဦးခေါင်းတစ်ခုလုံး ရိုက်ထုခံထားရသကဲ့သို့ တဆစ်ဆစ် ကိုက်ခဲ နာကျင်သောကြောင့်ပင် ဖြစ်သည်။ လင်မိန်ကျက်သည် မိမိ၏ ရှေ့တွင်ရှိနေသော မြေတွင်းကြီးကို ကြည့်၍ စိတ်ထဲတွင် တွေးတောနေမိသည်။

"ငါက အဆိပ်သောက်လို့ သေသွားပြီပဲ . . . ဘယ့်နှယ် အခု အသက်ပြန်ရှင်နေရတာလဲ . . . ဟုတ်မှ ဟုတ်ရဲ့လားမသိဘူး . . . ငါ့အလောင်းကို မြေတွင်းထဲ မြှပ်ပေးတာလည်း ဟိုမိန်းကလေးပဲ ဖြစ်ပုံရတယ်။

သူသည် နွမ်းနယ်ချိနဲ့စွာဖြင့် ဆိုင်ထဲသို့ ပြန်ဝင်လာသည်။ သူ၏ အတွေးမျှင်များကတော့ မပြတ်သေး။

"အဖေနှင့် အမေကို ဟိုလူဆိုးနှစ်ယောက် ဖမ်းသွားပြီ . . . ဒီနှစ်ယောက်က မြွေဆိုးမြွေဟောက်တွေထက် ကြောက်စရာကောင်းတယ် . . . ငါ အမြန်ဆုံးသွားကယ်မှ ကောင်းလိမ့်မယ် . . . ဟိုလူယုတ်မာနှစ်ယောက်က သိုင်းပညာမှာတော့ တကယ်တော်တဲ့ လူတွေ၊ သူတို့နှင့် ရင်ဆိုင်တိုက်လိုက‌တော့ ဘယ်လိုမှ နိုင်မှာ မဟုတ်ဘူး . . . ဒါပေမယ့် နောက်ကွယ်က တိတ်တဆိတ် တိုက်ခိုက်ရင်တော့ နိုင် နိုင်တယ် . . . တကယ်လို့ ကယ်လို့မရဘဲ အဖေနှင့် အမေသေသွားတဲ့ နောက်တော့ ငါတစ်ယောက်တည်း ဒီလောကထဲမှာ အသက်ရှင်နေလို့ ဘာလုပ်ရတော့မှာလဲ . . . "

လင်မိန်ကျက်သည် သူ့မိဘများ၏ မျက်နှာများကို ပြေးမြင်မိသောအခါ တစ်ကိုယ်လုံးရှိသွေးများ နိုးကြားတက်ကြွလာပြီး လှုပ်လှုပ်ရှားရှား ဖြစ်လာတော့သည်။ ထိုစဉ် တစ်စုံတစ်ခုကို သတိရလိုက်သဖြင့် . . .

"အင်း . . . ငါ့ရုပ်ကို ရုပ်ဖျက်ထားမှ ဖြစ်မယ် . . . ဟိုလူယုတ်မာ နှစ်ယောက် ငါ့ကို မတွေ့မှဖြစ်မှာ . . . တွေ့သွားရင်တော့ တွေ့ရာသင်္ချိုင်း ဓားမဆိုင်း သတ်မယ့်ကောင်တွေ . . . အဲသလိုဆိုရင် အဖေနှင့် အမေတို့ကို လုံးဝကယ်နိုင်မှာ မဟုတ်တော့ဘူး . . . "

ထိုသို့စဉ်းစားမိသည်နှင့် ဆိုင်ရှင်နေထိုင်ရာ အခန်းတွင်းသို့ ဝင်လိုက်သည်။ အကျီတစ်ထည်ထုတ်၍ ဝတ်ဆင်လိုက်သည်။ အကျီမှာ နံစော်နေသော်လည်း လင်မိန်ကျက် ဂရုမပြုအားပေ။ သူ့အာရုံတွင် သူ၏ မိခင်နှင့် ဖခင်တို့၏ မျက်နှာကို မြင်ယောင်လျက် ရှိနေသည်။

သူ၏ဆံပင်များကို လက်ချောင်းများဖြင့် ထိုးဖွလိုက်သည်။ မျက်နှာကိုလည်း ညစ်ပေရေနေအောင် မြေမှုန့်ဖုံမှုန့်များဖြင့် ကောက်သုတ်လိုက်သည်။ မြေကြီးပေါ်တွင် ကျနေသော သူ့မိခင်၏ ဓားကျိုးကို တွေ့လိုက်ရသောအခါ ကောက်ယူပြီး ခါးကြားထဲတွင် ထိုးထည့်ထားလိုက်တော့၏။

သူ၏ ဦးခေါင်းမှာ မူးဝေနောက်ကျိနေသဖြင့် အံကိုတင်းတင်းကျိတ်၍ ဆိုင်အပြင်သို့ လျှောက်ထွက်လိုက်သည်။ သူ၏ မိဘနှစ်ပါးကို ဖန်းလင်နှင့် ရီလင်တို့က မည်သည့်လမ်းမှ ခေါ်ဆောင်သွားကြောင်း မသိသဖြင့် သူကလည်း ခြေဦးတည့်ရာ တောလမ်းအတိုင်း လျှောက်သွားနေမိတော့၏။

မှားမကြာမီ မိုးစင်စင်လင်းလာသည်။ နေမင်းကြီးသည် သူ၏ မျက်နှာမူရာအရပ်မှ လုပနီရဲစွာ တဖြည်းဖြည်း မြင့်တက်လာတော့သည်။ ထိုအခါ လင်မိန်ကျက်သည် တစ်ယောက်တည်း ထိတ်လန့်တကြား အော်လိုက်မိတော့၏။

"အလို . . . ဘုရားရေ . . . ဟိုလူဆိုးနှစ်ယောက်က အမေနဲ့ အဖေကို ချင်းချန်တောင်ကို ဖမ်းခေါ်သွားကြတာပဲ . . . ချင်းချန်တောင် ဆိုတာက ငါတို့ဖူးကျက်နယ်ရဲ့ အနောက်ဘက်မှာပဲ . . . ငါက ဘယ့်နှယ် အရှေ့ဘက်ကို ထွက်လာမိရတာလဲ . . . ဒုက္ခပဲ . . . အဖေနဲ့ အမေတို့က ညကတည်းက ထွက်သွားကြတာ . . . အခုဆိုရင် မိုးတောင်လင်းနေပြီ . . . ငါက ဆန့်ကျင်ဘက်ကြီး လျှောက်လာမိတာကိုး . . . မဖြစ်ဘူး . . . မဖြစ်ဘူး . . . မြင်းတစ်ကောင်ဝယ်ပြီး လိုက်မှ မီနိုင်တော့မယ် . . . "

သို့သော် လင်မိန်ကျက်သည် ချက်ချင်းပင် စိတ်ပျက်သွားတော့သည်။ အဘယ့်ကြောင့်ဆိုသော် သူ့တွင် ငွေကြေးဟူ၍ တစ်ပြားတစ်ချပ်မှ မရှိတော့ခြင်းကြောင့်ပင်တည်း။

သူသည် ပျော့ခွေလုမတတ် အားငယ်သွားသည်။

"ဒီလိုဆိုရင် ဘယ့်နှယ်လုပ်ရတော့မလဲ . . . ပိုက်ဆံမရှိရင် မြင်းတစ်ကောင်မပြောနဲ့ ကြက်တစ်ကောင်တောင် အလကားရမှာ မဟုတ်ဘူး . . . ငါ့အဖြစ်က ဆိုးလှချည်လား . . . "

သို့သော် လင်မိန်ကျက်သည် စိတ်ဓာတ်ခိုင်မာလှသူ လူငယ်တစ်ယောက် ဖြစ်သဖြင့် ချက်ချင်းအံကြိတ်ကာ သူ၏လျော့ရဲရဲ စိတ်ဓာတ်များကို ဝက်အူရစ်တင်းသကဲ့သို့ ပြန်တင်းလိုက်သည်။

"အို . . . ဘာပဲဖြစ်ဖြစ် အဖေနဲ့ အမေတို့ကို ကယ်ဖို့က အရေးအကြီးဆုံးပဲ . . . ဘာမှမရလို့ စိတ်ပျက်အားလျှော့ပြီး ထိုင်နေမယ့်အစား အဖေနဲ့ အမေတို့နောက်ကို ခြေကျင်လိုက်တာကမှ ကောင်းကောင်းမီနိုင်သေးတယ် . . . ငါအစာငတ်သေတာက အရေးမကြီးဘူး"

သူသည် ခြေလှမ်းကျဲကျဲဖြင့် အနောက်ဘက်သို့ ခရီးပြင်းနှင်တော့သည်။ နေ့လယ်မွန်းတည့် ချိန်ရောက်သောအခါတွင်မူ ဆာလောင်မွတ်သိပ်မှု၏ဒဏ်ကို မခံနိုင်အောင် ဖြစ်လာ၏။ သူသည် လမ်းဘေးရှိ စားကောင်းမည့် သစ်သီးမှန်သမျှ ခူးစားကာ သူ၏ ဝမ်းဗိုက်ကို ဖြည့်တင်းလိုက်ရသည်။

သို့သော်မည်သို့မျှ အာသာမပြေနိုင်အောင် ဖြစ်နေမိသည်။

ဤသို့ဖြင့် နောက်ထပ်သုံးလေးမိုင်ခန့် ဆက်လျှောက် လိုက်သောအခါတွင် ကျိုးတိုးကျဲတဲ ရွာကလေးတစ်ရွာသို့ ဆိုက်ရောက်လာတော့သည်။ သူသည် အရဲစွန့်လျက် တဲအိမ်တစ်အိမ်ရှေ့ရပ်ပြီး စားစရာတောင်းခံလိုက်၏။

သူတစ်သက်တွင် ဤကဲ့သို့ တောင်းစားခြင်းအမှုကို တစ်ကြိမ်တစ်ခါမှ မပြုစဖူး။ ထို့ကြောင့် အရှက်အကြောက်ကြီးစွာ ဖြစ်ရတော့၏။ ကံအကြောင်းမလှသည့်အခါ မုန်ကင်းသည်ပင် ထင်းဖြစ်ရသကဲ့သို့ စည်းစိမ်ဥစ္စာရှင် လင်မိန်ကျက်သည်လည်း တောင်းရမ်းစားသောက်ရသည့် ဘဝသို့ ရောက်ရပေတော့သည်။

အစားတောင်းရမ်းသည့် စကားသုံးခွန်းမျှ မပြည့်မီပင် လင်မိန်ကျက်၏ မျက်နှာသည် ရဲရဲနီလျက်ရှိနေပေပြီ။ ကုသိုလ်ကံ အကြောင်းမသင့်လိုက်သည်မှာ ထိုတဲအိမ်မှ အိမ်ရှင်မသည် ယောကျာ်းဖြစ်သူနှင့် လင်မိန်ကျက် လာမတောင်းမီ အချိန်ကလေးအတွင်းမှ ရန်ဖြစ်ထားကြသဖြင့် အလွန်ဒေါသထွက်နေချိန် ဖြစ်၏။

ထိုအချိန်တွင် လင်မိန်ကျက်က လာရောက်တောင်းရမ်းနေသောအခါ အိမ်ရှင်မ၏ ဒေါသများသည် လင်မိန်ကျက်အပေါ် စုပြုံကျရောက်သွားပြီး တံမြက်စည်းဖြင့် ရိုက်ထုတ်မောင်းနှင်တော့၏။

လင်မိန်ကျက်သည် အလွန်ဆာလောင်၍ အားအင်ပြတ်နေသဖြင့် ဦးခေါင်း၌လည်း အလွန်ကိုက်နေသောကြောင့် တံမြက်စည်း ရိုက်ချက်ကို သုံးလေးချက်မျှ ခံလိုက်ရတော့သည်။ ထိုနေရာ၌ ဆက်၍ အရိုက်မခံနိုင်တော့သဖြင့် ပြေးထွက်လာခဲ့ရာ လမ်းဘေးရှိ သစ်ပင်တစ်ပင်အောက်၌ ပျော့ခွေလဲကျသွားတော့၏။

လင်မိန်ကျက်အဖို့ အကြီးကျယ်ဆုံးသော အရက်တကွဲ အကျိုးနည်း ဖြစ်ရမှုကြီးပင်တည်း။

ထိုစဉ် အခြားတဲအိမ်တစ်ခုမှ မိန်းမကြီးတစ်ယောက် သူ့ထံသို့ လျှောက်လာပြီး ထမင်းခွက်တစ်ခွက်ကို လင်မိန်ကျက်ရှေ့သို့ ချပေးလိုက်၏။ ထိုမိန်းမကြီးသည် သက်ပြင်းရှည်ကြီး တစ်ချက်ကိုချလိုက်ရင်း . . .

"မင်းကြည့်ရတာ ငယ်ငယ်ရွယ်ရွယ်ကလေးပါ . . . ကိုယ်စွမ်းကိုယ်စနဲ့ အလုပ်တစ်ခုခုလုပ်ရင် ထမင်းမငတ်ပါဘူး . . . ဘာဖြစ်လို့ တောင်းစားနေရတာလဲကွယ် . . . "

ဟုပြောရှာသည်။

ထိုမိန်းမကြီးသည် ခေါင်းတယမ်းယမ်းဖြင့် ထိုစကားကိုပြောပြီး သူ့တဲအိမ်သို့ ပြန်လည်ထွက်ခွာသွားတော့၏။ လင်မိန်ကျက်သည် ထိုမိန်းမကြီး၏ စကားကိုကြားလိုက်ရသောအခါ မိမိ၏မျက်နှာကို ဓားဖြင့်လှီးပစ်ချင်သည်အထိ ရှက်မိသွားတော့သည်။ သူ့ရှေ့ရှိ ထမင်းခွက်ကိုလည်း လွှင့်ပစ်ချင်စိတ် ပေါက်လာသည်။ သို့သော် သူ၏ စိတ်ကို ပြန်ထိန်းလိုက်သည်။

"ငါ . . . အခုလို အရက်တကွဲ အကျိုးနည်း အဖြစ်မခံနိုင်ရင်တော့ . . . ငါ့မိဘတွေကို ကယ်နိုင်တော့မှာ မဟုတ်ဘူး . . . ငါ့မိဘတွေကို တကယ် ကယ်ချင်တယ်ဆိုရင် ဘယ်လောက်ပဲ အရှက်ရရ အောင့်အည်းသည်းခံရမှာပဲ . . . "

သူသည် ချက်ချင်းပင ထမင်းပုံကို လက်နှိုက်၍ စားသောက်တော့သည်။ သူသည် ပလုတ်ပလောင်း စားသောက်နေရင်းမှ သူ့ရှေ့ဆက်ရမည့် ခရီးကို လှမ်းမျှော်ကြည့်လိုက်မိသည်။ ခရီးက ဝေးလွန်းလှသေး၏။

ဝမ်းဝသောအခါ သူသည် မတ်တတ်ရပ်လိုက်သည်။ ယခင်က အဟာရမမှီဝဲရသောကြောင့် ချိနဲ့တုန်ယင်နေသော ခန္ဓာကိုယ်သည် ယခု အတော်အတန် တောင့်တင်းခိုင်မာလာသည်။ သန္နိဋ္ဌာန်ချထားသည့် အတိုင်း ဆောင်ရွက်နိုင်ရန် လင်မိန်ကျက်သည် အနောက်ဘက်သို့ ခရီးဆက်ပြန်တော့သည်။

ဤသို့ဖြင့် လမ်းခရီးတလျှောက်လုံး တောင်းရမ်းစားသောက်ကာ သူ့မိဘ၏ သတင်းကို မသိမသာ စုံစမ်းလာခဲ့၏။ သို့သော် မည်သည့်သတင်းမျှ မရချေ။ နောက်ထပ် ကိုးရက်မျှ ကြာသော အခါတွင်မူ နန်ချန်မြို့သို့ ရောက်ရှိလာတော့သည်။

ထိုမြို့သို့ ရောက်ရှိလာသဖြင့် လင်မိန်ကျက်က အားတက်မိ၏။ အဘယ့်ကြောင့်ဆိုသော် ဤမြို့တွင် မင်္ဂလာအာမခံဌာန၏ ဌာနခွဲရှိသောကြောင့် ဖြစ်ပေသည်။ ထိုဌာနခွဲများသို့ သွားပြီး မြင်းတစ်ကောင်နှင့် ငွေအတော်အသင့်တောင်းကာ သူ့မိဘများနောက်သို့ လျင်မြန်စွာ လိုက်နိုင်တော့မည် မဟုတ်ပါလား။

သို့သော် လမ်းခရီးပေါ်ရှိ သွားလာနေသည့်လူများအား မင်္ဂလာအာမခံဌာနခွဲအကြောင်း စုံစမ်းတီးခေါက်ကြည့်သော အခါတွင်မူ လွန်စွာစိတ်ပျက် သွားမိတော့၏။

ထိုသူက . . .

"နန်ချန်မြို့က မင်္ဂလာအာမခံဌာနကို ပြောတာလား . . . မီးရှို့ခံလိုက်ရလို့ ပြာပုံပဲ ကျန်တော့တယ် . . . ဒီဌာန မီးလောင်တာနဲ့ အနီးအနားက အိမ်တွေတောင် မီးထဲပါသွားသေးတယ် . . . "

မင်္ဂလာအာမခံဌာနခွဲ တည်ရှိရာ အရပ်သို့ ရောက်ရှိသောအခါ တကယ်ပင် ပြာပုံကြီးကိုသာ တွေ့ရတော့သည်။ သွားပြီ ဤဌာနခွဲမှ အကူအညီရစရာ အကြောင်းလုံးဝမရှိတော့ပြီ။

အနီးအနားမှ လူတစ်ယောက်အား ထပ်မံစုံစမ်းကြည့်သောအခါ ဤဌာနခွဲသည် လွန်ခဲ့သော ခြောက်ရက်က မီးရှို့ခံလိုက်ရခြင်းဖြစ်ကြောင်း သိလိုက်ရ၏။

လင်မိန်ကျက်သည် သူတို့နှင့် ဖန်းလင်၊ ရီလင်တို့ တွေ့ဆုံခဲ့ကြသည့်ရက်ကို ပြန်လည်တွေးကြည့်လိုက်သည်။ ဤဌာနခွဲကို မီးရှို့သွားသူများမှာ ဖန်းလင်နှင့် ရီလင်တို့မှ တပါး အခြားသူမဖြစ်နိုင်ပေ။ ထို့ကြောင့် သူတို့ကို အမှီလိုက်နိုင်ရန်အတွက် ချင်းချန်တောင်ရှိ ကျန်းစီးနယ်ရှိရာသို့ ခရီးနှင်ရပြန်တော့သည်။

ဤသို့ဖြင့် နောက်တစ်နေ့တွင် ချန်ဆာမြို့သို့ ရောက်ရှိလာတော့၏။ ချန်ဆာမြို့တွင်လည်း သူတို့၏ မင်္ဂလာအာမခံဌာနခွဲ တစ်ခုရှိကြောင်း သူသိထား၏။

လင်မိန်ကျက်၏ စိတ်ထဲတွင် . . .

"အင်း . . . ဒီအာမခံဌာနခွဲဟာလည်း မီးရှို့ခံရမှာ သေချာတယ်။ ဒီလူယုတ်မာတွေက မင်္ဂလာအာမခံဌာနကြီးတစ်ခုလုံး အမြစ်ကမကျန်အောင် မြေလှန်ပစ်နေတာဆိုတော့ . . . အင်းလေ . . . ကံတရား အတိုင်းပဲ . . . "

ဟုပြောလိုက်မိတော့၏။

လင်မိန်ကျက်သည် အနီးအပါးမှ ခရီးသွားတစ်ယောက်ကို စုံစမ်းမေးမြန်းလိုက်သည်။ သူ့နားကိုပင် သူမယုံနိုင်အောင် ဖြစ်သွားတော့သည်။ ဤမြို့ရှိ မင်္ဂလာအာမခံဌာနခွဲသည် မီးရှို့ခံရခြင်း မခံရပါတဲ့။ လင်မိန်ကျက် အလွန်အားတက် ရွှင်လန်းသွားမိသည်။ အချိန်မဆိုင်းတော့ဘဲ အာမခံဌာနခွဲတည်ရှိရာ အရပ်သို့ အသော့နှင်တော့သည်။

ဌာနခွဲ၏ တံခါးမရှေ့သို့ ရောက်သောအခါ အတွင်းဘက်သို့ လှမ်းကြည့်လိုက်မိ၏။ လူဆို၍ အရိပ်အရောင်မျှ မမြင်ရသဖြင့် လင်မိန်ကျက်၏ စိတ်ထဲတွင် ဝင်ရကောင်းနိုး၊ မဝင်ရကောင်းနိုး ချီတုံချတုံဖြစ်နေရာမှ စိတ်ကူးတစ်မျိုးပေါက်သွား၏။

"ငါဒီလို လမ်းတလေလေပုံနဲ့ ဝင်သွားရင် သူတို့က ငါ့ကို အထင်သေးသွားဦးမယ် . . . "

ထိုစဉ် သူ့အာရုံက တစ်စုံတစ်ခုကို ရုတ်တရက် နှိုးဆော်လိုက်သဖြင့် ဌာနခွဲ၏ အလံကို မော့ကြည့်လိုက်မိ၏။ ထိုတံဆိပ်အတွင်းမှာပင် အခြေအနေ မဟန်ကြောင်း သူ သိလိုက်ရလေပြီ။ အကြောင်းမှာ မင်္ဂလာအာမခံဌာနခွဲ၏ မာန်ဖီနေသော ခြင်္သေ့ပုံအလံကြီး မဟုတ်တော့ဘဲ မိန်းမတစ်ယောက်၏ ဘောင်းဘီတစ်ထည်ကို ချိတ်ဆွဲထားခြင်းကြောင့် ပေတည်း။ ထိုစဉ် ခြေသံတစ်သံ ကြားလိုက်ရပြီး . . .

"ဘယ်က ခွေးကောင်လဲကွ . . . ဒီမှာ လာချောင်းနေတာ . . . ပစ္စည်းခိုးမလို့ လာချောင်းနေတာလား . . . ငါ လုပ်လိုက်ရ သေတော့မှာပဲ . . . "

လင်မိန်ကျက်က ထိုသူ၏ လေသံသည် ဖန်းလင်၊ ရီလင်နှင့် ကျားလောင်တို့ကဲ့သို့ ကျန်းစီးနယ်သားများ၏ လေသံမှန်း သိလိုက်သည်။ ထို့ကြောင့် နောက်သို့လှည့်မကြည့်ရဲတော့။ ချင်းချန်ဂိုဏ်းသား များမှလွဲ၍ တစ်ပါးသူ မဖြစ်နိုင်တော့။ ထိုနေရာမှ လျင်မြန်စွာ ထွက်ခွာလိုက်သည်။ သို့သော် နောက်ဘက်မှ လှုပ်ရှားသံတစ်ခု ကြားလိုက်ရပြီး မိမိ၏တင်ပါးကို ခြေထောက်ဖြင့် အကန်ခံလိုက်ရတော့၏။

လင်မိန်ကျက်သည် ရုတ်တရက် ဒေါသထွက်သွားသဖြင့် ပြန်လှန်တိုက်ခိုက်ရန် စဉ်းစားလိုက်သည်။ သို့သော် တစ်ချက်ကို ပြန်စဉ်းစားမိပြန်သည်။

"အင်း . . . ဒီဌာနခွဲကို ချင်းချန်ဂိုဏ်းက အပိုင်စီးထားလိုက်ပုံရတယ် . . . ငါလာတာဟာ သူတို့နဲ့ တိုက်ခိုက်ဖို့လာတာ မဟုတ်ဘူး၊ ငါ့အဖေနဲ့ အမေကို ကယ်ဖို့လာတာ . . . ငါ့ခြေရာလက်ရာ ပေါ်သွားလို့ မဖြစ်သေးဘူး . . . အင်း . . ငါက ဘာတွေ မခံချင်ဖြစ်နေရတာလဲ၊ ခြေထောက်နဲ့ အကန်ခံရတာထက်တောင် အစော်ကားခံ၊ အရှက်ကွဲခံ ရပြီးပြီပဲ . . . ငါသည်း ခံမယ် . . . သည်းခံရမယ် . . . "

သူသည် လုံးဝသိုင်းပညာမတတ်သူ တစ်ယောက်နယ် ဟပ်ထိုးလဲကျလိုက်ရပြီး အားတင်း၍ လူးလဲထဟန် ပြုလိုက်ရသည်။ လင်မိန်ကျက်အတွက် တစ်ချက်ကံကောင်းသွားရခြင်းမှာ သူ့အားကန်လိုက်သူသည်လည်း သိုင်းပညာကျွမ်းကျင်စွာ တတ်မြောက်ထားသူမဟုတ်ခြင်းပေတည်း။

ထို့ကြောင့် လင်မိန်ကျက် ဟန်ဆောင်ခြင်းကို မည်သို့မျှ မရိပ်မိဘဲ ရှိလေသည်။ ထိုလူက တဟားဟား ရယ်မောရင်းမှ . . .

"ခွေးမသား . . . ပစ္စည်းလစ်မလို့လာတာ . . . ခြေထောက်ပဲ ရသွားတယ် မဟုတ်လား . . . ဟား . . . ဟား . . . ဟား . . . "

လင်မိန်ကျက်သည် ခြေတစ်ဖက်ကို ထော့နင်း ထော့နင်းလျှောက်လိုက်ပြီး လမ်းချိုးတစ်ခုထဲသို့ ဝင်ပြီး မျက်ခြည်ပြတ်လိုက်ရ၏။

လင်မိန်ကျက်၏ စိတ်ထဲတွင် သိနေမိသည်။

"ငါ့ရန်သူတွေဟာ ငါ့နားပတ်လည်မှာတင် ရှိနေကြတာပဲ . . . ငါ ပေါ့ပေါ့ဆဆနေလို့ မဖြစ်တော့ဘူး . . . သတိထားရမယ် . . . သတိတစ်ချက်လွတ်တာနဲ့ ငါအသတ်ခံရမယ် . . . ငါ့မိဘတွေကို ကယ်နိုင်မှာ မဟုတ်တော့ဘူး . . . "

ထို့ကြောင့် သူ့မျက်နှာကို ညစ်ပတ်သည်ထက် ညစ်ပတ်အောင် ထပ်မံပြုလုပ်လိုက်သည်။ သူ့ကို လင်မိန်ကျက်ဖြစ်ကြောင်း မည်သူမျှ မသိနိုင်တော့ဟု ယုံကြည်စိတ်ချလောက်သည့်အခါမှ လမ်းဘေးတစ်နေရာတွင် ထိုးအိပ်လိုက်တော့သည်။

အိပ်ရာမှ နိုးလာသောအခါ မိုးချုပ်စပြုနေလေပြီ။ တစ်ယောက်ကို တစ်ယောက်ကြည့်၍ လူလုံးမသဲကွဲတော့ပေ။ လင်မိန်ကျက်သည် လုံးဝမှောင်သည့် အချိန်အထိ စောင့်ဆိုင်းပြီး အာမခံဌာနခွဲရှိရာသို့ တစ်ကျော့ပြန်လာတော့သည်။

သူသည် ဌာနခွဲ၏ ဝင်းနံရံကို ခုန်ကျော်၍ အတွင်းသို့ဝင်လိုက်၏။ ဌာနခွဲအဆောက်အအုံထဲမှ မည်သည့်အသံမျှ မကြားရသော်လည်း လင်မိန်ကျက်သည် သူ့ခြေသံကို လုံနိုင်သမျှ လုံအောင်နင်း၍ အတတ်နိုင်ဆုံး ကိုယ်ဖော့လျှောက်လာ၏။ အစစအရာရာ ကြိုတင်ပြင်ဆင်ထားခြင်း ဖြစ်သဖြင့် အကျိုးမယုတ်နိုင်ကြောင်း သူ၏ အတွေ့အကြုံများက သူ့အား သင်ကြားပြသ လျက်ရှိနေပြီ မဟုတ်ပါလား။

သူသည် အဆောက်အအုံထဲသို့ အလောတကြီး မဝင်ဘဲ ဝင်းထဲမှ လျှောက်၍ အဆောက်အအုံကြီးကို တစ်ပတ်ပတ်ကြည့်လိုက်သည်။ ထိုအခါ အရှေ့ဘက် ပြတင်းပေါက်မှ အလင်းရောင်တစ်ခု ဖြာထွက်နေကြောင်း ရုတ်တရက် တွေ့လိုက်ရတော့၏။ အနားသို့ ဖြည်းညင်းစွာ ကပ်ကြည့်လိုက်သောအခါမှ စကားပြောသံများကို ကြားလိုက်ရသည်။ လင်မိန်ကျက်သည် အရဲစွန့်ပြီး ထိုပြတင်းပေါက်သို့ ကပ်သွားသည်။ နံရံတွင် ကိုယ်ကိုပြားနေအောင် ကပ်ကာ အတွင်းမှ စကားပြောသံများကို နားစိုက်ထောင်မိတော့၏။ သို့မှသာ မိမိ၏မိဘများ သတင်း တစ်စွန်းတစ်စကို ရနိုင်မည် မဟုတ်ပါလား။

ထိုအခါ အတွင်းဘက်မှ လူတစ်ယောက်က . . .

“မနက်ဖြန် မိုးလင်းတာနဲ့ . . . ဒီဌာနခွဲကို မီးရှို့ပစ်လိုက်တာ ကောင်းမယ်ကွ . . . ဘယ့်နှယ်လဲ . . . ”

ဟု ပြောသည်။

နောက်တစ်ယောက်၏ အသံ . . .

“မဖြစ်ပါဘူးကွာ . . . ဒီတစ်ခါမီးရှို့လို့မဖြစ်တော့ဘူးကွ . . . နန်ချန်မြို့မှာ မီးရှို့လိုက်တဲ့ အဖြစ်ကို မေ့သွားပလား . . . ဘေးနားက အိမ်တွေကို မီးလောင်ကုန်တော့ ငါတို့ ချင်းချန်ဂိုဏ်းရဲ့ ဂုဏ်သိက္ခာကို ထိခိုက်နိုင်တယ်ကွ . . . ”

ဟု ပြန်ပြောသည်။

လင်မိန်ကျက်၏ စိတ်ထဲတွင် . . .

“အင်း . . . တကယ့်ကို ချင်းချန်ဂိုဏ်းရဲ့ လက်ချက်ပဲကိုး . . . သိုင်းလောကမှာ ဂုဏ်သိက္ခာရှိတဲ့ ဂိုဏ်းကြီးဆိုပေမယ့် ရက်တော့ တော်တော်လေးရက်စက်တဲ့ လူတွေပဲ . . . ”

ဟု ပြောနေမိသည်။

ပထမတစ်ယောက်၏ စကားသံကို ကြားလိုက်ရပြန်သည်။

“မီးမရှို့ဘဲ ဒီအတိုင်းပဲ ထားခဲ့မလို့လား . . . မဖြစ်ဘူးနဲ့ တူတယ် . . . မင်္ဂလာအာမခံဌာန ဆိုတာကို အပြတ်ရှင်းပစ်ခဲ့ရမှာ . . . ”

နောက်တစ်ယောက်က တဟားဟား ရယ်မောရင်း . . .

“မင်းကလည်း စိုးရိမ်စရာမရှိ စိုးရိမ်နေပြန်ပြီ . . . အခုလည်း တို့က အပြတ်ရှင်းပစ်ခဲ့တာပဲ . . . ဒီထက် အပြတ်ရှင်းတာရှိဦးမလား၊ သူတို့ရဲ့ အမြင့်မြတ်ဆုံး အလံနေရာမှာ မိန်းမဘောင်းဘီတစ်ထည် ချိတ်ထားပြီးပြီပဲ . . . မီးရှို့စရာ လိုသေးလို့လား . . . အခု ငါတို့ လုပ်ထားတာက မီးရှို့တာထက်တောင် ပိုကောင်းသေးတယ် . . . ဟား . . . ဟား . . . ဒီကောင်တွေ သိုင်းလောကမှာ နလံမထူနိုင်တော့ပါဘူးကွာ၊ သူတို့မှာ တိုကို ယှဉ်နိုင်စရာလည်း မရှိ . . မရှိလို့ ငြိမ်ခံနေတော့ သိက္ခာကျ . . . ဘာကို မီးရှို့နေရတော့မှာလဲ . . . ဟား . . . ဟား . . . ဟား . . . ”

ပထမလူသည် နောက်လူ ရှင်းပြသည်ကို သဘောကျလက်ခံသွားသည်။ သူက . . .

“အေး မင်းပြောတာ ဟုတ်တယ် . . . ဒီအတိုင်းပဲ မိန်းမဘောင်းဘီကို အလံလုပ်ပြီး ချိတ်ထားခဲ့ကြတာပေါ့ . . . ဟား . . . ဟား . . . ဟား . . . ”

အတန်ကြာ ငြိမ်သက်နေပြီးနောက် ပထမဆုံးစကား စတင်ပြောသူ၏ လေသံကို ပြန်ကြားရ၏။

“ဒါနဲ့ . . . မနက်ဖြန် ငါတို့ ချုံးဆန်းတောင်ပေါ်သွားပြီး လျှိုကျက်ဖုန်းကို မင်္ဂလာစကားပြောရမယ့် ကိစ္စကို မင်းသတိရသေးရဲ့လား၊ ငါတို့ ယူသွားရမယ့် လက်ဆောင်ပစ္စည်းကိုလည်း စဉ်းစားဦးနော် . . . ဒီသတင်းက သိပ်မြန်လွန်းတယ် . . . နောက်ပြီး ရက်ကလည်း သိပ်ကပ်နေတော့ ဆရာ့ကိုတောင် အကြောင်းမကြားနိုင်တော့ဘူး . . . အရေးကြီးတာက လက်ဆောင်ပစ္စည်းပဲ . . . လက်ဆောင်ပစ္စည်း အဖိုးမတန်ဘဲ ဖြစ်နေရင် ငါတို့ ချင်းချန်ဂိုဏ်းသိက္ခာကျ နေဦးမယ် . . .” ထိုအခါ ဒုတိယလူ၏ ရယ်သံကို လင်မိန်ကျက်ကြားလိုက်ရ၏။

“စိတ်ပူမနေစမ်းပါနဲ့ကွာ . . . လက်ဆောင်ပစ္စည်းတွေကို ငါစီစဉ်ပြီးပါပြီ . . . စိတ်အေးအေးသာထား . . . ငါတို့ ချင်းချန်ဂိုဏ်းရဲ့သိက္ခာ လုံးဝမကျစေရဘူး . . . မင်းသေသေချာချာ သိထားဖို့က အခု ချုံးဆန်းဂိုဏ်းဆရာကြီး လျှိုကျက်ဖုန်းရဲ့ လက်ဆေးမင်္ဂလာပွဲမှာ ငါတို့ရဲ့ လက်ဆောင်ပစ္စည်းက အားလုံးပစ္စည်းတွေထက် တန်ဖိုးရှိမှာကွ . . . တခြားသူအားလုံးထက် မျက်နှာရစေရမယ် . . . စိတ်သာချ”

သိုင်းလောကတွင် အစဉ်အလာတစ်ခု ရှိသည်။ ဝါရင့်သိုင်းဆရာကြီးများ အသက်အရွယ်ကြီးမား အိုမင်းလာသောအခါတွင်လည်းကောင်း၊ သို့မဟုတ် သိုင်းလောက၏ များပြောင်လှသော ကိစ္စဝိစ္စများတွင် မပါဝင်ချင်တော့သည့် အခါတွင်လည်းကောင်း၊ သိုင်းလောကမှ အပြီးအပိုင် ထွက်ခွာသွားကြသည်။ သိုင်းလောကမှ ထွက်ခွာသည် ဆိုရာတွင် သိုင်းသမားတစ်ယောက်အနေဖြင့် မဟုတ်တော့ဘဲ သာမန်လူတစ်ယောက်အဖြစ် နေထိုင်ရန်ပင်ဖြစ်သည်။

ထိုသို့နေထိုင်တော့မည်ဆိုလျှင် လက်ဆေးမင်္ဂလာဟူသော အခမ်းအနားကို ကျင်းပရသည်။ ထိုလက်ဆေးမင်္ဂလာ အခမ်းအနားတွင် သိုင်းလောကမှ မိတ်ဟောင်းဆွေဟောင်း အားလုံးကို ဖိတ်ခေါ်ရ၏။

ထိုစဉ် ပထမ တစ်ယောက်က . . .

"မင်းက လက်ဆောင်ပစ္စည်းတွေ အဆင်သင့်ပြင်ဆင်ထားပြီလို့သာ ဆိုတယ် . . . ငါလည်း ဘာမှ မတွေ့ရသေးပါလား . . . "

နောက်လူက ကျေနပ်အားရစွာ ရယ်ပြီး ရှင်းပြလိုက်သည်။

"ငါတို့အိတ်ထဲက စိုက်ထုတ်ပေးဖို့ မလိုပါဘူးကွ . . . ဒီမင်္ဂလာ အာမခံဌာနခွဲကို သိမ်းပိုက်လိုက်တော့ ပစ္စည်းတွေ အတော်ကလေးရလိုက်တာပဲ . . . ဒီမှာ ကြည့်စမ်း . . . ကျောက်စိမ်းမြင်းရုပ်တစ်စုံ၊ ဘယ်လောက်အသက်ပါသလဲ . . . ဟင်း . . . ဟင်း . . . ဟင်း . . . တန်ဖိုးကလည်း မနည်းဘူးကွနော် . . . အစကတော့ ငါက ဆရာ့ကို ပေးမလို့ စိတ်ကူးထားတာပဲ . . . အခုတော့ လျှိုကျက်ဖုန်းကိုပဲ လက်ဆောင်ပစ္စည်းအဖြစ် ပေးရတော့မှာပဲ . . . ဆရာကလည်း ကျေနပ်မှာပါ. . ."

လင်မိန်ကျက်ကမူ နားထောင်ရင်း ဒေါသထွက်နေမိသည်။ သူ့စိတ်ထဲတွင် . . .

"လတ်စသတ်တော့ . . . ချင်းချန်ဂိုဏ်းက ကောင်တွေအားလုံးဟာ လူဆိုးနဲ့ လူယုတ်မာတွေချည်းပါပဲလား . . . ဒီကောင်တွေက ငါတို့ရဲ့ အာမခံဌာနခွဲကို သိမ်းပိုက်ပြီး ရတနာတွေကိုပါ လုယူထားတာကိုး . . . "

ဟု တွေးနေမိသည်။

ထိုစဉ် ပထမလူ၏ အသံကို ကြားရပြန်သည်။

"ဟေ . . . ဒီတစ်ခါ ဆရာက ငါတို့ဂိုဏ်းတူ ညီအစ်ကို ဆယ့်ခြောက်ယောက်ကို လွှတ်လိုက်တဲ့ အထဲမှာ ငါတို့နှစ်ယောက်ရတဲ့ ပစ္စည်းတွေက အများဆုံးဖြစ်လိမ့်မယ်ကွ . . . ငါ့ကို မင်းနဲ့ တွဲလွှတ်လိုက်တာ ငါ့အဖို့အတော်ဟန်ကျသွားတာပဲ . . . "

နောက်တစ်ယောက်က . . .

"မင်းက ဘာမှမစဉ်းစားတတ်ပဲကိုးကွ . . . အစ်ကိုဖန်းလင်နဲ့ ရီလင်တို့ အဖွဲ့ က ဖိုကျိုးမြို့က မင်္ဂလာအာမခံဌာနချုပ်ကို သိမ်းလိုက်ကြတာ . . . သူတို့က ငါတို့နှစ်ယောက်ထက် ပိုရမှာပေါ့ကွ . . . ဒါပေမယ့် သူတို့အဖို့ ရတာနဲ့ ကာမိမှာ မဟုတ်ဘူး သိလား၊ ဆရာကတော်လေးရဲ့ သားလေးသေသွားတာ သူတို့အဖို့ ကံတော်တော်ဆိုးသွားတယ် . . . ဆရာက သူတို့ကို အပြစ်ပေးမှာ အသေအချာပဲ . . . ဆရာကတော်လေးကတော့ ဘယ်လိုမှ ခွင့်လွှတ်မှာ မဟုတ်ဘူးကွ . . . " ဟုပြောသည်။

ပထမတစ်ယောက်က . . .

"ဟော့ . . . ဆရာမှာထားတဲ့အချက်ကို သတိရရဲ့လား . . . ငါတို့ တောင်ပေါ်က မဆင်းခင်တုန်းက ဆရာက သေသေချာချာ မှာလိုက်တယ် . . . မင်္ဂလာအာမခံဌာနမှာ လူအင်အားများတယ်တဲ့ . . . နောက်ပြီး သူတို့ရဲ့ မျိုးရိုးအမွေဖြစ်တဲ့ ဘီလူးမီးသိုင်းကွက်ကလည်း သိပ်ကြောက်စရာကောင်းတယ်တဲ့ . . . ကဲ . . . ကြည့်စမ်းပါဦး . . . အခုကျတော့ ဘယ်လောက်လွယ်နေသလဲ . . . ဒီတစ်ခါ ဆရာ့ခန့်မှန်းချက် ရေရေလည်လည်မှားသွားတာပဲ . . . "

ဟု ပြောပြန်သည်။

လင်မိန်ကျက်မှာ နားထောင်နေရင်း ချွေးသီးချွေးပေါက်များကျလာတော့သည်။ သူ့စိတ်ထဲတွင် . . .

"ဟင် . . . သူ . . . သူတို့ ချင်းချန်ဂိုဏ်းသားတွေဟာ ငါတို့ မင်္ဂလာအာမခံဌာနကို တိုက်ခိုက်ဖို့ သက်သက်ဆင်းလာကြတာကိုး သူတို့က အစောကြီးကတည်းက ပြင်ဆင်ထားပြီးပြီပဲ . . . ငါက ရှောင်ရီကို သတ်မိတော့ သူတို့အဖို့ အကွက်ဝင်သွားပြီး စိတ်ရှိလက်ရှိ ယုတ်မာနိုင်တော့တာကိုး . . . ငါက ရှောင်ရီကို မသတ်မိရင်လည်း သူတို့က တိုက်ခိုက်ကြတော့မှာပဲ . . . ငါတို့ဌာနနဲ့ ချင်းချန်ဂိုဏ်း ဘာရန်ငြိုးများရှိခဲ့လို့လဲ . . . ဘာဖြစ်လို့များ ဒီလောက် ရက်ရက်စက်စက် လုပ်ရတာလဲ မသိဘူး . . ."

ဟု ပြောနေမိတော့သည်။

ထိုစဉ် ဒုတိယလူ၏အသံက ပေါ်လာသည်။

"ဟော့ကောင် . . . မင်းဆရာ့ကို မစော်ကားနဲ့ . . . ဒါက ဆရာ မှားသွားတာ မဟုတ်ဘူးကွ . . . ဟိုတုန်းက သူတို့ရဲ့ မင်္ဂလာအာမခံဌာန ဘယ်လောက်နာမည်ကြီးခဲ့တယ် မှတ်သလဲ . . . တကယ့်သိုင်းပညာအစစ်ရှိထားလို့ပေါ့ကွ . . . ဒါပေမယ့် နောက်ပိုင်း သားလက်ထက်၊ မြေးလက်ထက် ရောက်လာတော့ သူတို့ရဲ့ ဘေးဘိုးတွေရဲ့ ခြေရာကို မမီတော့ဘူး . . . ဒါကြောင့် ဆရာ့ခန့်မှန်းချက် လွဲသွားတာကွ . . . "

လင်မိန်ကျက်မှာ ထိုစကားများကို ကြားလိုက်ရသောအခါ မျက်နှာများ ထူပူလာသည် အထိ ရှက်စိတ်ဝင်မိတော့၏။ ထိုသူကပင် ဆက်လက်ပြောပြန်သည်။

"ငါတို့ တောင်ပေါ်က မဆင်းခင်တုန်းက ဆရာကငါတို့ကို ဘီလူးမီးခဲသိုင်းနဲ့ မိုးဟိန်းလက်ဝါးစောင်းသိုင်းကွက်တွေကို ကစားခိုင်းခဲ့တယ် မဟုတ်လား . . . အဲဒါ ဆရာက ရှေးရေးကြိုမြင်လို့ ကြိုသင်ပေးတာကွ . . . တကယ်လို့ ငါတို့ ဘီလူးမီးခဲသိုင်းတို့၊ မိုးဟိန်းလက်ဝါးစောင်းသိုင်း တို့နဲ့ တွေ့ရင် ကြောင်မနေအောင် အရင်သင်ပေးထားတာ . . . ဒါပေမယ့်ကွာ မင်္ဂလာအာမခံဌာနရဲ့ ဂိုဏ်းခေါင်းဆောင်ကြီး ကိုယ်တိုင်လည်း သူတို့ရဲ့ ဘိုးဘေးသိုင်းပညာကို အစုံအလင်ရခဲ့ဟန် မတူပါဘူးကွာ . . . ဒါကြောင့်မို့လည်း အစ်ကိုဖန်းလင်ရဲ့ အကျဉ်းသားတွေ ဖြစ်ခဲ့ရတာပေါ့ . . . "

ထိုအခါ ပထမတစ်ယောက်က ရယ်၍ . . .

"ဒါတွေ ထားလိုက်ပါတော့ . . . အစ်ကို ဖန်းလင်တို့က လင်ကျန်နန်တို့ လင်မယားကို ဖမ်းမိထားပြီ မဟုတ်လား . . . ချင်းချန်တောင်ကို မပြန်ဘဲနဲ့ ဟိုလင်မယားကို ဘာဖြစ်လို့ ချုံးဆန်းတောင်ကို ခေါ်သွားရတာလဲ . . ."

ဟု မေးလိုက်သည်။

နောက်လူကလည်း ရယ်၍ပင် ပြန်ဖြေသည်။

"မင်းကလေ တကယ်အ တဲ့ကောင်ပဲ၊ လျှိုကျက်ဖုန်းရဲ့ လက်ဆေးမင်္ဂလာပွဲမှာ ဂိုဏ်းပေါင်းစုံ ရောက်လာကျမှာ မဟုတ်လား၊ အစ်ကို ဖန်းလင်တို့က မင်္ဂလာ အာမခံဌာန ခေါင်းဆောင်ကြီးကို သူတို့ ချေမှုန်းဖမ်းဆီး ပြီးပြီဆိုတာ ထုတ်ကြွားချင်လို့ ဒီချုံးဆန်းတောင်ပေါ်ကို ခေါ်သွားတာပေါ့ကွ . . ."

ပထမလူ၏ စကားသံကို ကြားလိုက်ရပြန်သည်။

"အစ်ကို ဖန်းလင်တို့ ရီလင်တို့ကတော့ ထားပါတော့ . . . ဟို ကျားလောင် ဆိုတဲ့ကောင်ကိုတော့ ငါကြည့်လို့မရဘူး . . . ဒီကောင်က သိုင်းပညာမတော်ဘဲနဲ့ ကြွားတဲ့နေရာမှာတော့ ပထမတန်းထဲကပဲ။

ထိုနောက် ထိုသူနှစ်ယောက်သည် အခန်းမှမီးကို မှုတ်ငြိမ်းလိုက်ပြီး အိပ်သွားကြဟန်ဖြင့် ငြိမ်သက်သွားတော့၏။

# အခန်း(၆)
# လက်ဆေးမင်္ဂလာပွဲ

လင်မိန်ကုတ် အလွန်ပျော်သွားပြီး ခရီးစဉ်တစ်လျှောက်လုံး မိဘများ၏သတင်းကို စုံးစမ်းထောက်လှမ်းခဲ့ရာ အစအနပင် မရခဲ့။ ယခု မမျှော်လင့်ပဲနှင့် မိဘများ၏သတင်းကို ရလိုက်ပြီ။ ယနေ့ည လာရကျိုးနပ်ပြီ။

ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေပြီဖြစ်၍ လင်မိန်ကျက်အနေဖြင့် အရမ်းကာရော မလုပ်ရှားရဲချေ။ အဘယ့်ကြောင့်ဆိုသော် သူ့ထံမှ အသံကလေးတစ်ချက် ထွက်သွားပြီး ဟိုနှစ်ယောက် သိရှိသွားပါက လုလုကြီး အကျိုးနည်းပေတော့မည်။

ထို့ကြောင့် ပြတင်းပေါက်အောက်တွင် ငြိမ်သက်စွာထိုင်၍ ဟိုနှစ်ယောက် အိပ်ပျော်သွားသည်အထိ စောင့်နေရတော့၏။

အတန်ကြာမှ ဟောက်သံများကြားရသည်။ အိပ်မောကျသွားသည့် လက္ခဏာများပေတည်း။ ထိုအခါကျမှ လင်မိန်ကျက် ဖြည်းညင်းစွာ ရပ်လိုက်သည်။ ပြတင်းတံခါးပေါက်များဖွင့်ထားသည်ကိုလည်း တွေ့ရသည်။

သိုင်းသမားများဖြစ်သဖြင့် မည်သူ့ကိုမျှ ဂရုစိုက်စရာမလိုဟူသော မထီမဲ့မြင်စိတ်ထားဖြင့် ဤသို့ဖွင့်ထားဟန်တူ၏။ လင်မိန်ကျက်သည် တထိတ်ထိတ် ရင်ခုန်နေရင်းမှ တွေးလိုက်မိသည်။

"ငါ့ကို ရက်ရက်စက်စက် ဒုက္ခပေးခဲ့တဲ့ ကောင်တွေကို ပြန်အကြွေးဆပ်ဖို့ အခွင့်အရေးရပြီ.... တစ်ခါတည်း ငရဲပြည်ရောက်အောင် ပို့ပေးလိုက်မယ်......"

သူသည်ခါးကြားမှ ဓားကျိုးကိုဆွဲထုတ်၍ ပြတင်းပေါက်ကိုဖြည်းညင်းစွာ ကျော်ဝင်လိုက်သည်။ အိပ်ရာပေါ်မှ နှစ်ခြိုက်စွာ အိပ်မောကျနေကြသော လူနှစ်ယောက်ကို တွေ့လိုက်ရတော့၏။

တစ်ယောက်မှာ ခေါင်းပြောင်ပြောင်နှင့်ဖြစ်ပြီး နောက်ထပ်တစ်ယောက်မှာ မျက်ခုံးထူထူ၊ မုတ်ဆိတ်ထူထူ နှင့်ဖြစ်သည်။ နှစ်ယောက်စလုံး လူဆိုးလူယုတ်မာပုံ ပေါက်နေသည်ကတော့ အမှန်ပင်။

ခုတင်ကြားတွင် အထုပ်ငါးထုပ် ချထားပြီး ဓားနှစ်လက်က အထုပ်ဘေးနားတွင် ရှိနေ၏။လင်မိန်ကျက်သည် ထိုဓားနှစ်လက်အနက်မှ ဓားတစ်လက်ကို ဆွဲယူလိုက်ပြီး လက်ထဲ၌ ဓားကို ဆကြည့်လိုက်၏။ စိတ်ထဲတွင်လည်း .......

"ဒီဓားနဲ့ တစ်ယောက်တစ်ချက်စီ ခုတ်လိုက်တာနဲ့ ငရဲပြည် တစ်ခါတည်း ရောက်သွားတော့မှာပဲ .."

သူသည် ဓားကိုဆွဲမြှောက်လိုက်သည်။ တစ်ယောက်တစ်ချက် အပြီးအပြတ် ခုတ်ချရန် မြှောက်လိုက်ခြင်းဖြစ်သည်။ သို့သော် သူ့ခေါင်းထဲသို့ အတွေးတစ်ခု ဝင်လာသဖြင့် သူ့လက်သည် လေထဲ၌ မြှောက်လျက်တန်းလန်းကြီး ဖြစ်နေသည်။

"အိပ်နေတဲ့လူကို ခုတ်သတ်တာ ယောကျ်ားကောင်းတို့ရဲ့ အလုပ်မဟုတ်ဘူး .... နောင်တစ်ချိန်မှာ ငါတို့မျိုးရိုး သိုင်းပညာကို ထုံးလိုချေ ..... ရေလိုနှောက်အောင် သင်ပြီးမှ ဒီကောင်တွေကို တစ်ယောက်ချင်း ပြန်သတ်မယ် ...."

လင်မိန်ကျက်သည် အထုပ်ငါးထုပ်စလုံးကို ကျောပေါ်တွင်လွယ်လိုက်သည်။ သူကိုင်ထားသော ဓားကို ခါးတွင် ချိတ်လိုက်ပြီး ပြတင်းပေါက်မှ ဖြည်းညင်းစွာ ကျော်ထွက်လိုက်သည်။ မြင်းဇောင်း ရှိရာသို့သွားပြီး မြင်းတစ်ကောင် ဖြည်းညင်းစွာ ထုတ်ယူလာသည်။ဌာနခွဲနှင့် အတော်လှမ်းသည့် နေရာအထိ မြင်းကို ဆွဲယူလာပြီးမှ တက်စီးကာ အနောက်ဘက်သို့ ခရီးနှင်တော့၏။

လင်မိန်ကျက်၏စိတ်များ အလွန်ပေါ့ပါးသက်သာသွားလေပြီ။ ချင်းချန်ဂိုဏ်းသား ရှောင်ရီနှင့် တွေ့ရကတည်းက စိတ်နှလုံးနောက်ကျိနေရသည့် ရက်များသည် ရှည်ကြာခဲ့ရပြီ။ ယခုတစ်ရက်သည်သာ သူ့အဖို့ စိတ်လက်အပေါ့ပါးဆုံးနှင့် အရွှင်လန်းဆုံးရက်တစ်ရက်ဖြစ်ခဲ့ရသည်။

များမကြာမီ မိုးစင်စင်လင်းတော့သည်။

လင်မိန်ကျက် ပထမဦးဆုံးလုပ်သော အလုပ်မှာ စားသောက်ဆိုင်လေးတစ်ဆိုင်သို့ဝင်၍ သူ၏ဝမ်းဗိုက်ကို ဖြည့်တင်းခြင်းပင် ဖြစ်တော့သည်။ စားသောက်ပြီးသောအခါကျမှ အထုပ်တစ်ထုပ်ကို အသာအယာဖြေလိုက်သည်။ ထိုအထုပ်ထဲတွင် ရွှေဒင်္ဂါးနှင့် ရတနာများ ပါနေသည်။

ရွှေဒင်္ဂါးတစ်ပြားကိုထုတ်ယူ၍ ဆိုင်ရှင်အား ကျသင့်သောတန်ဖိုးအတွက် ပေးလိုက်သည်။ ဤထမင်းတစ်နပ်သည်သာ သူ့အတွက် ရှောရှောရှူရှူ စားဝင်သော ထမင်းတစ်နပ်ဖြစ်ရပေသည်။

ယခုအချိန်မှစ၍ တောင်းရမ်းစားသောက်ရန် မလိုတော့၊ မိမိစိတ်ကြိုက် ဝယ်ယူစားသောက် နိုင်ပေပြီ။ စားသောက်ခြင်း အမှုကိစ္စပြီးစီးသောအခါ ခရီးဆက်ရပြန်၏။

များမကြာမီ မြို့ငယ်ကလေးတစ်မြို့သို့ ရောက်လာတော့သည်။ တည်းခိုခန်းတစ်ခုကို ရှာဖွေ၍ ဝင်ရောက်တည်းခိုလိုက်သည်။ မိမိ၏ အခန်းတွင်းသို့ ရောက်လာသောအခါ သူက အထုပ်ငါးထုပ်စလုံးကို ဖြေကြည့်လိုက်သည်။

ငါးထုပ်စလုံး ရွှေ၊ ငွေနှင့် ရတနာပစ္စည်းများချည်းသာ ဖြစ်သည်။ ဤပစ္စည်းမှာ သူတို့ မင်္ဂလာအာမခံဌာန၏ ပစ္စည်းများချည်းဖြစ်သည်။ လူယုတ်မာနှစ်ယောက်က ဌာနခွဲကို သိမ်းပိုက်ပြီး ပစ္စည်းများကို မောင်ပိုင်စီးထားကြခြင်းဖြစ်သည်။ လင်မိန်ကျက်သည် အထုပ်ငါးထုပ်ကို စုစည်း၍ တစ်ထုပ်တည်းဖြစ်အောင် ပြုလုပ်လိုက်သည်။ ရှေ့ခရီးစဉ်အတွက်လည်း ကြိုတင်စဉ်းစားသည်။

"ငါ ဒီလို မနားတမ်းခရီးသွားနေရင် ငါမမောပေမယ့် မြင်းကတော့ မောမှာပဲ ....ဒီတော့ မြင်းနှစ်ကောင် ထပ်ဝယ်ပြီး ခရီးဆက်မှာပဲ .... တစ်ကောင်မောရင် တစ်ကောင်လဲလှယ်စီးနိုင်တာပေါ့"

သို့နှင့် မြို့ထဲဝင်ကာ မြင်းနှစ်ကောင်ဝယ်လိုက်သည်။ မြင်းသုံးကောင်ကိုတစ်လှည့်စီစီး၍ နေ့ညမပြတ် ခရီးနှင်တော့သည်။ မည်မျှအထိ အပင်ပန်းခံ၍ ခရီးဆက်သနည်းဆိုသော် သူသည် တစ်ရက်အတွင်း လေးနာရီသာ အိပ်စက်အနားယူပြီး ခရီးဆက်သည်။

ရက်အနည်းငယ် ကြာသောအခါတွင် လင်မိန်ကျက်သည် ချုံးဆန်းတောင်နားသို့ ရောက်ရှိလာတော့သည်။ မြို့ထဲသို့ဝင်လိုက်သည်နှင့် သိုင်းလောကသားများလှုပ်လှုပ်ရှားရှား ဖြစ်နေကြသည်ကိုတွေ့မြင်ရ၏။

သူသတိအထားရဆုံး လူများမှာ ဖန်လင်နှင့် ရီလင်တို့နှစ်ယောက် ဖြစ်သဖြင့် လူကြားထဲ လမ်းလျှောက်သည့်အခါတိုင်း ခေါင်းငုံ့လမ်းလျှောက်သည်။

ဤအတိုင်းလမ်းလျှောက်နေ၍မဖြစ်သဖြင့် တည်းခိုခန်းများကို လိုက်ရှာရတော့သည်။ တည်းခိုခန်း သုံးခုတွေ့ရသော်လည်း သုံးခုစလုံးလူပြည့်နေပြီဖြစ်၍ သူ့အဖို့ အခန်းမရဘဲဖြစ်နေတော့သည်။ တည်းခိုခန်းတစ်ခုမှ ဆိုင်ရှင်က ဤမျှ လူများ များပြားနေသည့်ကိစ္စကို ရှင်းပြသည်။

"နောက်သုံးရက်ဆိုရင် ဆရာကြီး လျှိုကျက်ဖုန်းရဲ့ လက်ဆေးမင်္ဂလာပွဲ ကျင်းပမယ့်ရက်ကို ရောက်တော့မယ်ဆိုတော့ ဆိုင်တိုင်းလိုလို လူပြည့်နေတာပေါ့ .... တခြားဆိုင်မှာ သွားစုံးစမ်းကြည့်ပါအုံးဆရာလေး ...."

နောက်ဆုံးတွင် လင်မိန်ကျက်အဖို့ ကျဉ်းကျပ်သေးကွေးသောအခန်းလေးတစ်ခု ရလိုက်တော့သည်။

"ငါ့မျက်နှာ ဘယ်လောက်ပဲညစ်ပတ်အောင် လုပ်ပြီးရုပ်ဖျက်ထားပေမယ့် ဖန်းလင်ဆိုတဲ့ကောင်ကတော့ သိပ်လျင်တော့ ငါ့ကို ကောင်းကောင်းမှတ်မိနိုင်တယ်.... မဖြစ်သေးဘူး ... တစ်ခုခုတော့လုပ်ဦးမှ"

ဤသို့ဖြင့် လင်မိန်ကျက်သည် မျက်နှာပြုပြင်သည့် ဆေးများဝယ်ကာ သူ့ရုပ်ကို ရုပ်ဖျက်လေတော့သည်။ သူ့မျက်နှာကို မှန်ထဲ၌ ပြန်ကြည့်မိသောအခါ သူပင် ထိတ်လန့်မိလောက်အောင် ရုပ်ဆိုးနေကြောင်း တွေ့လိုက်ရသဖြင့် စိတ်ကျေနပ်သွား၏။ သူ၏ ရတနာထုပ်ကိုမူ နောက်ကျောတွင် အသားကပ်ချည်လိုက်ပြီး အပေါ်မှ အင်္ကျီတစ်ထပ် ဝတ်လိုက်၏။ ထိုအခါ လင်မန်ကျက်မှာ ရုပ်ရည်ချောမောလှသော လူကလေးတစ်ယောက် မဟုတ်တော့ဘဲ ကြောက်မက်ဖွယ် အရုပ်ဆိုးလှသော ခါးကုန်းကြီးတစ်ယောက်အသွင်မျိုး ပြောင်းလဲသွားတော့သည်။

လင်မိန်ကျက်သည် သူ၏အသွင်အပြင် ရုပ်လက္ခဏာကို အလွန်အားရ ကျေနပ်နေသည်။

"အခုနေ ... ငါ့အဖေနဲ့ အမေတို့က ငါ့ကိုတွေ့တာတောင် မှတ်မိကြတော့မှာမဟုတ်ဘူး ...."

စားသောက်ပြီးသောအခါ အခြေအနေ စုံစမ်းထောက်လှမ်းရန် လင်မိန်ကျက် အပြင်သို့ထွက်တော့၏။ ဤမြို့၌ သိုင်းသမားများ တက်ကြွစွာ လှုပ်ရှားနေကြသဖြင့် သူ့မိခင်နှင့် ဖခင်တို့ကို တွေ့နိုင်လိမ့်မည်ဟု မျှော်လင့်ထားမိသည်။ ထို့ပြင် ချင်းချန်ဂိုဏ်း၏ သတင်းကိုလည်း စုံစမ်းရပေအုံးမည်။

ထိုစဉ် မမျှော်လင့်ပဲနှင့် တဝေါဝေါ မိုးရွာသွန်းတော့၏။ လင်မိန်ကျက်သည် ဆိုင်တစ်ဆိုင်မှ ခမောက်တစ်လုံးကို ဝယ်ယူဆောင်းကာ ဆိုင်ကလေးတစ်ဆိုင်အတွင်း မိုးဝင်ခိုလိုက်သည်။ထိုလက်ဖက်ရည် ဆိုင်ကလေးတွင် လူများပြည့်နှက်နေ၏။ လင်မိန်ကျက်က ထောင့်နားရှိ စားပွဲတစ်လုံးတွင်ထိုင်လိုက်သည်။ လက်ဖက်ရည်တစ်ခွက်မှာသောက်ရင်းမိမိ၏ ဆိုးရွားလှသော ကံကြမ္မာကိုပြန်လည် စဉ်းစားမိနေမိသည်။ ထိုစဉ် နောက်ဘက်မှ လူတစ်ယောက်၏အသံကို ကြားလိုက်ရသည်။

"ခါးကုန်းကြီး ..... ကျုပ်တို့ ဒီမှာဝင်ထိုင်လို့ဖြစ်ပါတယ်နော်"

ထိုလူသည် ခွင့်တောင်းပြီးသည်နှင့် လင်မိန်ကျက်၏အဖြေကို မစောင့်တော့ပဲ ဝင်ထိုင် လိုက်တော့သည်။ သူနှင့်အတူ နောက်ထပ်လူနှစ်ယောက်လည်း ဝင်ထိုင်လိုက်ပြန်သည်။

ထိုလူ သုံးယောက်စလုံးသည် အင်္ကျီနက်များ ဝတ်ဆင်ထားပြီးခါးပေါ်တွင်လည်း ဓားတစ်ချောင်းစီချိတ်ထားကြောင်း တွေ့ရှိရ၏။ ထိုလူသုံးယောက်စလုံးသည် လင်မိန်ကျက်အား လုံးဝဂရုမစိုက်ဘဲ သူတို့ဘာသာပြောချင်ရာပြောကြတော့၏။ လူငယ်တစ်ယောက်က .....

"အစ်ကိုကြီး .... ဒီတစ်ခါ ဆရာကြီးလျှိုကျက်ဖုန်းရဲ့ လက်ဆေးမင်္ဂလာဟာ တော်တော်ကလေး ကြီးကျယ်မှာပဲနော်... မင်္ဂလာပွဲလုပ်ဖို့ သုံးရက်တောင်လိုသေးတယ် .... အခုကြည့်စမ်း .... ချုံးဆန်းမြို့တစ်မြို့လုံး လူတွေနဲ့ပြည့်နေပြီ.."

အပြောခံရသည့်လူမှာ မျက်စိတစ်ဘက်ကမ်းနေသည်။

ထိုလူက ....

"ဒါပေါ့ .... ချုံးဆန်းဂိုဏ်းဆိုတာက သိုင်းလောကမှာနာမည်ကြီးတစ်ဂိုဏ်းကိုကွ .... တောင်ကြီးငါးလုံးမှာရှိတဲ့ ဂိုဏ်းငါးဂိုဏ်းကို စုစည်းလိုက်တော့ သိုင်းလောကမှာ သူတို့က နာမည်သိပ်ကြီးသွားတာပေါ့ .... နောက်ပြီး ဆရာကြီး လျှိုကျက်ဖုန်းကိုယ်တိုင်က သိုင်းလောကမှာ နာမည်ကြီး သိုင်းသမားတစ်ယောက်ပဲ .... သူတို့ချုံးဆန်းဂိုဏ်းမှာ ဂိုဏ်းချုပ်ကြီး မောတားကလွဲရင် သူက အတော်ဆုံးပဲကွ .... ဒါကြောင့်သူ့ကို ချုံဆန်းဂိုဏ်းရဲ့ ဒုတိယအတော်ဆုံးသိုင်းသမားလို့ ပြောကြတယ် .... ဒါကြောင့်လည်း သူ့ရဲ့လက်ဆေးမင်္ဂလာပွဲကို လူတိုင်းလိုလို လာချင်ကြတာပေါ့ ...."

နောက်တစ်ယောက်မှာ မုတ်ဆိတ်ဖြူနှင့်လူဖြစ်၏။ ထိုမုတ်ဆိတ်ဖြူက ....

"လျှိုကျက်ဖုန်းက ဒီလို လက်ဆေးမင်္ဂလာလုပ်လိုက်တော့ နောက်ဆို သူဟာ သာမန်လူတစ်ယောက်လို ဖြစ်သွားပြီပေါ့ .... ဒီမြို့ကလူတွေက သူနဲ့ ဘယ်ပေါင်းသင်း ဆက်ဆံချင်တော့ မလဲ ...."

လူငယ်က ....

အစ်ကိုကြီးပြောသလို မဟုတ်ဘူး .... လျှိုကျက်ဖုန်းက ....နောက်ဆို သာမန်လူတစ်ယောက် ဖြစ်သွားပြီဆိုပေမယ့် .... သူက ချုံဆန်းဂိုဏ်းရဲ့ နံပါတ်နှစ်ပုဂ္ဂိုလ်ပဲ .... လျှိုကျက်ဖုန်းနဲ့ ပေါင်းသင်းဆက်ဆံ ရတဲ့လူဟာ ချုံးဆန်းဂိုဏ်းနဲ့ဆက်ဆံရသလို ဂုဏ်ရှိတာပါပဲ ...."

ထိုအခါ မုတ်ဆိတ်ဖြူက ခနဲ့ပြုံး ပြုံးရင်း ....

"ဒီလိုဆိုရင် ငါတို့ ဒီမြို့လာတာကလည်း တောင်ကြီးငါးလုံးဂိုဏ်းငါးဂိုဏ်းနဲ့ ဆက်ဆံချင်လို့ပေါ့ ဟုတ်လား ...."

မျက်စိတစ်ဘက်ကမ်းက .....

"အစ်ကိုကြီး ဒီလိုမပြောနဲ့လေ .... အားလုံး သိုင်းလောကသားချင်းတွေပဲ၊ သိုင်းလောကဆိုတာက အပေါင်းအသင်း မိတ်ဆွေသင်္ဂဟများလေ ကောင်းလေမဟုတ်လား .... တောင်ကြီးငါးလုံး ဂိုဏ်းငါးဂိုဏ်းဟာ သိုင်းပညာသိပ်တော်ကြလို့ ကျန်တဲ့လူတွေကို မလေးမစားလုပ်သလားဆိုတာကို ဆန်းစစ်ကြည့်ရမယ် .... သူတို့ဆက်ဆံတာ ကြည့်ပါလား .... အားလုံးကို တလေးတစား ဆက်ဆံတာပဲ .... သိုင်းလောကသားတွေကို လုံးဝအထင်မသေးဘူး .... ဒီလိုသာ သူတို့ အထင်သေးပြီး

ဆက်ဆံခဲ့ရင် ဒီနေ့ ချုံးဆန်းတောင်ကို သိုင်းလောကသားတွေ ဒီလောက်ဘယ်လာတော့မလဲ ....”

လင်မိန်ကျက်သည် ထိုသူများဆက်၍ လေကြောရှည်စေရန် ဆုတောင်းနေမိသည်။ သို့မှသာ တောင်ကြီးငါးလုံးဂိုဏ်းငါးဂိုဏ်း၏ အကြောင်းစုံကို ပို၍ သိနိုင်ပေလိမ့်မည်။ သူက ဆက်၍ ပြောစေချင်ကာမှ ထိုလူများသည် ဆက်မပြောတော့ပဲ နှုတ်ပိတ်သွားကြတော့သည်။

ထိုစဉ် လင်မိန်ကျက်၏ အနောက်ဘက်စားပွဲမှ အသံတစ်ခု ပေါ်လာသည်။

“ဦးလေး .... ချုံးဆန်းဂိုဏ်းက ဆရာကြီး လျှို့ကျုက်ဖုန်းက အသက်ငါးဆယ်ကျော်လေး ရှိသေးတာ .... ဒီအချိန်ဟာ သိုင်းပညာ အမြင့်မားဆုံးအချိန်၊ အထက်မြက်ဆုံးအချိန်ပဲ၊ သူက ဘာဖြစ်လို့ သိုင်းလောက က ထွက်လိုက်ရတာလဲ .... သူ့ရဲ့ သိုင်းပညာတွေဟာ အလဟဿ နမြောစရာ ....”

အဘိုးကြီးတစ်ယောက်၏ ပြန်ဖြေသံကိုလည်းကြားရပြန်သည်။

“သိုင်းလောကမှာ ဒီလိုလက်ဆေးမင်္ဂလာ လုပ်တယ်ဆိုတာ အကြောင်းအမျိုးမျိုးရှိတယ် .... သူတို့က တစ်သက်လုံးဓားနဲ့ သွေးနဲ့ သံသရာလည်လာကြတဲ့ လူတွေဆိုတော့ ရန်သူတွေက သိပ်ပေါတာ .... တစ်မိနစ်လောက် အသက်ကြီးလာလေ ရန်သူတစ်ယောက် တိုးလာလေဆိုသလို ဖြစ်ခဲ့ကြရတာ .... လူတစ်ယောက်ဟာ အိုကြီးအိုမအရွယ်ကျတော့မှ ဘယ်ကပေါ်လာမှန်းမသိတဲ့ရန်သူကို တထိတ်ထိတ်နဲ့ စောင့်ရတဲ့အဖြစ်မျိုးဟာ ဘယ်ကောင်းနိုင်တော့မှာလဲ .....”

အဘိုးကြီးသည် သူ၏စကားကို ခေတ္တရပ်တန့်လိုက်ပြီး လက်ဖက်ရည်ဆိုင်အတွင်းသို့ မျက်လုံးတစ်ချက်ဝေ့ကြည့်လိုက်သည်။ လူအတော်များများ ကိုယ့်ကိစ္စ ကိုယ်တွေးနေဟန် ဆောင်နေကြသော်လည်း သူ့စကားကို စိတ်ဝင်စားနေကြောင်း သတိပြုမိသဖြင့် ပြုံးရင်း သူ့စကားကို ထပ်ဆက်သည်။

“ဒီတော့ ဒီအဖြစ်မျိုးက လွတ်ကင်းအောင် ဘယ်လိုလုပ်ရသလဲ ဒါကလည်း ရှင်းရှင်းလေးပါ .... အခုလို လျှို့ကျုက်ဖုန်းလိုပဲပေါ့ .... သိုင်းလောကသားတွေကို ဖိတ်ခေါ်ပြီး ကြေငြာလိုက်တယ် .... ဒီနေ့ကစပြီး လက်နက်ဆိုလို့ အပ်တိုတစ်ချောင်းတောင် မကိုင်တော့ဘူးဆိုတဲ့သဘောပေါ့ .... အဲဒီလို ကြေငြာပြီးပြီဆိုရင် သူ့အပေါ် တုံ့ပြန်ကြွေးတင်နေတဲ့လူတွေကို ကြောက်စရာမလိုတော့ဘူး .... သူက တုံ့ပြန်ကြွေးဆပ်စရာရှိလည်း မဆပ်ရတော့ဘူး .... အဲဒါပဲ တုံ့ပြန်ကြွေးအားလုံးကို သူ့ဘက်ကိုယ့်ဘက် သင်ပုန်းချေလိုက်တဲ့သဘောပဲ ....”

လူငယ်က ထပ်မေးပြန်သည်။

“ဦးလေး .... လျှို့ကျုက်ဖုန်းက သူများအပေါ် ခွင့်လွှတ်လိုက်ပြီဆိုတာတော့ ထားပါတော့ .... တကယ်လို့ သူများက သူ့အပေါ် ခွင့်မလွှတ်ပဲ လာသတ်ရင်တော့ အပ်တိုတစ်ချောင်းတောင် မကိုင်တော့ဘူးဆိုတော့ ဘယ့်နှယ်ခုခံမလဲ ..... အသေခံမလား .....”

ထိုအခါ အဘိုးကြီးသည် ပြက်လုံးတစ်ခုကို ကြားလိုက်ရသည့်အလား တဟားဟားရယ်မောရင်း ....

“မင်းတို့လူငယ်တွေဟာ .... အဖြစ်တစ်ခုရဲ့ အကြောင်းဆက်အကျိုးဆက်ကို မျက်မွှေးလေးတစ်ဆုံးတင်ကြည့်ကြတာကိုး ..... အဖြစ်တစ်ခုရဲ့ အကြောင်းဆက် အကျိုးဆက်ကိုမျက်စိတစ်ဆုံးကြည့်မှ အဖြေမှန်ရနိုင်တယ်ကွယ့် .... သူများက မင်းကိုလာသတ်ရင် မင်းကလည်းစင်းပြီး အသေခံမှာလား .... ချုံးဆန်းလို နာမည်ကြီးတဲ့ဂိုဏ်းလိုမျိုး၊ လျှို့ကျုက်ဖုန်းလို သိုင်းပညာအလွန်မြင့်မားတဲ့ လူမျိုးကို ဘယ်သူကစွန့်ပြီး ရန်သွားရှာရဲမှာလဲ .... သူက သူများကို ရန်မရှာတော့ပါဘူးဆိုတာကိုပဲ တော်တော်များများက ကျေးဇူးတင်နေကြမှာ .... လျှို့ကျုက်ဖုန်းကိုထည့်မတွက်ဘူးဆိုတာတောင် သူ့ရဲ့သားသမီး ..... တပည့်တပမ်း ဆွေမျိုးမိတ်သင်္ဂဟ ဆိုတာတွေကို မတွက်ပဲနေလို့မရဘူး .... ဒီလူတွေကလည်း ပေါ့သေးသေးမှမဟုတ်တာ ....”

ထိုစဉ် တစ်ဘက်ခုံမှလူရွယ်လူလတ်တစ်ယောက်က ....

“ကျုပ်လာတုန်းက လမ်းခရီးမှာ သတင်းသန့်သန့် ကြားလိုက်ရတယ် .... လျှို့ကျုက်ဖုန်း သိုင်းလောကက ထွက်လိုက်တာဟာ .... မတတ်သာလွန်းလို့ ထွက်လိုက်ရတာတဲ့ ....”

မျက်စိတစ်ဘက်ကမ်းက ထိုလူရွယ်ကို လှမ်းကြည့်ရင်း မေးလိုက်သည်။

“ဘယ်လိုများ ကြားလိုက်ရသလဲ .... မိတ်ဆွေ ပြောပြပါလား၊ သတင်းထူးဆိုရင် အားလုံးလည်း သိသွားကြတာပေါ့ ....”

ထိုလူက တစ်ချက်ပြုံး၍ ....

“ဒုက္ခဆိုတာ အမြဲတမ်း ချိုကြီးနဲ့ ဝင်လာတာမဟုတ်ဘူးဗျ .... တစ်ခါတစ်ရံ ပါးစပ်ကနေလည်း ထွက်လာတတ်တယ် .... ဒီလိုစကားမျိုးက လမ်းခရီးမှာသာ ပြောလို့ကောင်းတာ ....သိုင်းသမားတွေ ဒီလောက်စုံနေတဲ့ ချုံးဆန်းမြို့ထဲမှာ ပြောလို့တော့မဖြစ်ဘူးဗျို့ ....”

ဟုပြောလိုက်၏။

ထိုအခါ အခြားထိုင်ခုံတစ်ခုမှ ဝဝဖိုင့်ဖိုင့် လူကြီးတစ်ယောက်ကျယ်လောင်သောအသံဖြင့် ပြောလိုက်သည်။

"ဒီကိစ္စကို သိတဲ့လူ မနည်းပါဘူးဗျာ .... ခင်ဗျားက ဒီစကားလေးပြောဖို့များ ဈေးကိုင်နေလိုက်တာ .... သတင်းက ဒီလိုဗျို့ .... လျှိုကျက်ဖုန်းက သိုင်းပညာသိပ်တော်လို့ .... မိတ်ဆွေသင်္ဂဟတွေပေါလွန်းလို့ သိုင်းလောကကနေ နုတ်ထွက်သွားတာဗျ ...."

"ဘယ်လိုလဲဗျာ .... သိုင်းပညာ သိပ်တော်တာနဲ့ မိတ်ဆွေ သင်္ဂဟပေါတာနဲ့ပဲ သိုင်းလောကက နုတ်ထွက်ရသတဲ့လားဗျာ .... ထူးဆန်းလှချည်လား ...."

ဝဝဖိုင့်ဖိုင့်လူကြီးက ကျေနပ်အားရသော လေသံဖြင့် .....

"အကြောင်းအရင်းကို မသိရင်တော့ ထူးဆန်းနေတာပေါ့ .... အကြောင်းအရင်းသိတဲ့အခါကျတော့လည်း မထူးဆန်းတော့ပါဘူး"

ဟု ပြော၏။

အခြားလူတစ်ယောက်က သိချင်ဇောဖြင့် မေးမြန်းသည်။

"အကြောင်းရင်းဆိုတာက ဘာလဲဗျ ...."

ဝဝဖိုင့်ဖိုင့်လူကြီးသည် ပြုံး၍ငြိမ်နေလိုက်သည်။ သိချင်သူများ၏ စိတ်ဆန္ဒ မရိုးမရွဖြစ်အောင် လုပ်နေခြင်းပင် ဖြစ်သည်။

ထိုစဉ် အခြားဝိုင်းမှ ပိန်ပိန်ပါးပါးလူတစ်ယောက်က အေးတိအေးစက်လေသံဖြင့်

"အလကားပါဗျာ .... ဒီလူကြီးက ဘာမှ သိတာလဲမဟုတ်ပါဘူး၊ လေသံကြားကလေးနဲ့ အားလုံးသိသယောင် လျှောက်ပြောနေတာ၊ တကယ်သိတာမှ မဟုတ်ဘဲ .... ခင်ဗျားတို့က အလကား သွားမေးနေကြတယ် ...."

ထိုကိုလူပိန်၏စကားသည် ဝဖိုင့်သောလူကြီး၏အရှိုက်ကို ထိုးလိုက်သောစကားများပင်ဖြစ်တော့၏။ လူဝကြီးက မခံမရပ်နိုင်အော်လိုက်သည်။

"ဘယ်သူလဲ ..... ကျုပ်မသိဘူးလို့ပြောတာ၊ လျှိုကျက်ဖုန်း သိုင်းလောကကထွက်တာ သူတို့ဂိုဏ်းရဲ့အကျိုးကိုရှေ့ရှုပြီးထွက်တာဗျ .... သူတို့ဂိုဏ်းသားအချင်းချင်း စိတ်ဝမ်းကွဲပြီး ပြဿနာတက် မှာစိုးလို့ထွက်တာ သိကြရဲ့လား ...."

တချို့က ....

"ဘာပြဿနာဖြစ်စရာရှိသလဲ ...."

ဟုမေး၏။

တချို့က ....

"ဂိုဏ်းတူညီအစ်ကို အချင်းချင်း မသင့်မြတ်ကြလို့လား"

ဟုမေးမြန်း၏။

လူဝကြီးက ....

"အပြင်လူတွေက ပြောကြတာတော့ ချုံဆန်းဂိုဏ်းမှာ လျှိုကျက်ဖုန်းက နံပါတ်နှစ်တဲ့ .... ဒါပေမယ့် သူတို့ဂိုဏ်းသားတွေ သူထားကြတာကတော့ တစ်မျိုးတဲ့ .... လျှိုကျက်ဖုန်းရဲ့ ဓားသိုင်းက ဂိုဏ်းချုပ်ဆရာကြီး မော်တားရဲ့ ဓားသိုင်းထက် အများကြီးသာတယ်တဲ့ .... ဂိုဏ်းချုပ်ကြီးက ဓားတစ်ချက်တည်းနဲ့ သိမ်းငှက်သုံးကောင်ကို ထိုးချနိုင်တယ်ဆိုပဲ .... လျှိုကျက်ဖုန်းရဲ့ တပည့်တွေကလည်း ဂိုဏ်းချုပ်ကြီးမော်တာရဲ့ တပည့်တွေထက်တောင် ပိုတော်သတဲ့ .... ဒီအခြေအနေအတိုင်း နောက်ထပ်နှစ်နှစ်လောက်သာ ဆက်သွားရင် လျှိုကျက်ဖုန်း က ချုံဆန်းဂိုဏ်းခေါင်းဆောင်ကြီး ဖြစ်သွားမှာသေချာသတဲ့ .... ဒီကိစ္စနဲ့ ပက်သက်ပြီး ဂိုဏ်းချုပ်ကြီး မော်တာနဲ့ လျှိုကျက်ဖုန်းတို့ ပဋိပက္ခဖြစ်ကြသေးသတဲ့ ..... လျှိုကျက်ဖုန်းက မျိုးရိုးစဉ်ဆက်ကကြွယ်ဝလာတဲ့လူဆိုတော့ ဂိုဏ်းချုပ်ရာထူးကို မမက်ဘူး .... ဒါကြောင့် အလျှော့ပေးပြီး သိုင်းလောကက နုတ်ထွက်လိုက်တာပဲတဲ့ .... ကဲ ..... အဲဒါ ကျုပ် ကြားခဲ့ရတဲ့သတင်းပဲ ...."

လူဝကြီးသည် ရှည်လျားစွာ စကားပြောလိုက်ရသဖြင့် မောပန်းသွားဟန်ဖြင့် ရေနွေးကြမ်းတစ်ခွက်ကို ကောက်ကာသောက်နေတော့၏။

လူတစ်ချို့က ....

"သြော် ....ဒီလိုကိုး"

ဟု အာမေဍိတ်ပြုကြသည်။

လူတစ်ချို့မှာမူ ဝေဖန်ရေးဆက်လုပ်နေကြသည်။

"ဒါဆို ဂိုဏ်းချုပ်ကြီး မော်တားလုပ်တာ မှားတာပေါ့ .... လျှိုကျက်ဖုန်းလိုလူမျိုး သိုင်းလောကက ထွက်သွားရင် ဒီပြင် ဘယ်သူမှမနာဘူး .... သူတို့ချုံဆန်းဂိုဏ်းပဲ နာမှာပဲ .... သူတို့ဂိုဏ်းအင်အား လျော့သွားတာပေါ့ ...."

ထိုအခါ ထိုကိစ္စကို အစပျိုးပေးရသည့်လူရွယ်က ဝင်ပြောမိသည်။

"တချို့ လူတွေကတော့ ကိုယ်ဂိုဏ်းချုပ်ဖြစ်ရင် ပြီးရောဆိုတဲ့ စိတ်မျိုးထားချင်ကြမှာပေါ့ .... တခြားကိစ္စတွေအရေးမကြီးလို့ သတ်မှတ်ရင်သတ်မှတ်မှာ ...."

လူဝကြီးက ....

"အခုကိစ္စက ချုံဆန်းဂိုဏ်းရဲ့ကိစ္စမဟုတ်လား .... အခုကြည့်ပါလား .... တခြားဂိုဏ်းက လူတွေတော့ အားလုံးလိုလို ရောက်လာကြပြီ .... သူတို့ချုံဆန်းဂိုဏ်းကျတော့ ...."

ထိုအခိုက် တံခါးပေါက်မှ ကြိုးတပ်တူရိယာတစ် တီးခတ်သံကြားလိုက်ရပြီးလူတစ်ယောက်၏သီချင်းသံကိုပါ ကြားလိုက်ရသည်။

တံခါးပေါက်သို့ လှည့်ကြည့်လိုက်ကြသောအခါ ပိန်ပိန်ပါးပါးအဘိုးကြီးတစ်ယောက်သည် ကြိုးတပ်တူရိယာကို ကိုယ်တိုင်တီးခတ်ပြီး သီချင်းတစ်ပုဒ်ကို ကိုယ်တိုင်ဆို၍ ဆိုင်တွင်းသို့ ဝင်လာကြောင်း တွေ့လိုက်ကြရသည်။

သီချင်းဆို၍ တောင်းရမ်းစားသောက်သော အဘိုးကြီးတစ်ယောက်ဖြစ်ဟန်တူသည်။

လူများ၏ ခေါင်းများသည် နဂိုပုံစံအတိုင်း ပြန်လည်လာကြပြီး လူဝကြီးအား မေးလိုက်ကြပြန်သည်။

"နောင်ကြီး .... ခင်ဗျားရဲ့မဆုံးသေးတဲ့စကားကို ဆက်စမ်းပါဦး .... ချုံဆန်းဂိုဏ်းကျတော့ ဘာဖြစ်သလဲဗျ..."

လူဝကြီးက .....

"ကျုပ်ပြောချင်တာက ဒီလိုပါ.... တခြားဂိုဏ်းတွေ အသီးသီး ကတော့ လာကြပြီး ချုံဆန်းဂိုဏ်းကျတော့ မလာဘူးဆိုတာပါ.... အခုခင်ဗျားတို့ သတိထားပြီး ကြည့်ကြစမ်းပါ .... ဒီချုံဆန်းမြို့မှာ ဧည့်သည်တွေကို ကြိုဆိုဧည့်ခံနေတဲ့ လူတွေအားလုံးဟာ လျှိုကျက်ဖုန်းရဲ့ သားတပည့်တွေချည်းပဲ .... တခြားချုံဆန်းဂိုဏ်းသားတွေကို ခင်ဗျားတို့တွေ့ကြသလား ...."

ထိုအခါ ဆိုင်အတွင်းရှိလူများသည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်မိကြပြီး .....

"ဟုတ်သားပဲ .... ချုံဆန်းဂိုဏ်းသားတွေ အားလုံးကို တွေ့ရတာမှ မဟုတ်တာပါဘဲလား" ဟု ပြောမိကြတော့၏။ လူအများ ဤသို့သဘောပေါက်သွားသည်ကို ကြည့်ပြီး ထိုလူဝကြီးသည် ကျေနပ်သွားဟန်ဖြင့် ဤကိစ္စကို အစပျိုးသည့်လူရွယ်အား သရော်ပြုံးပြုံးလျက် မေးလိုက်သည်။

"ကဲ .... ဘယ့်နှယ်လဲဗျ .... ဒုက္ခဆိုတာ တစ်ခါတစ်ရံပါးစပ်ထဲကလည်း ထွက်လာတတ်သေးတယ်ဆို .... အဲဒါ ခင်ဗျား သင်္ချိုနည်းတာကိုပြတာပဲ .... အခု ကျုပ်ပြောလိုက်တော့လည်း ဘာဖြစ်သလဲ၊ သူတို့ ချုံဆန်းဂိုဏ်းကမှ မလာကြတာ.... ဘယ်သူကြားမှာ ကြောက်နေရမှာလဲ ...."

ထိုစဉ် ကြိုးတပ်တူရိယာတီးနေသော အဘိုးကြီးသည် လူဝကြီး၏ ရှေ့သို့ရောက်လာပြီး မျက်နှာကို သေချာစွာ စိုက်ကြည့်လိုက်သည်။

လူဝကြီးက ဒေါသဖြင့် ....

"အဘိုးကြီး ဘာလုပ်မလို့လဲ .... ကျုပ်ဆီမှာ ပိုက်ဆံမရှိဘူး၊ တခြားလူရှေ့မှာ သွားဆိုပြီး တောင်းပေတော့"

ဟုအော်လိုက်သည်။

အဘိုးကြီးက ခေါင်းကို ခါယမ်းပြသည်။

"မင်းက မဟုတ်မဟတ်တွေ လျှောက်ပြောနေတာပဲ ...."

သည်စကားပြောပြီးသည်နှင့် အဘိုးကြီးသည် လှည့်ထွက်သွားတော့သည်။

လူဝကြီးသည် လူအများရှေ့၌ လမ်းတေလေအဘိုးကြီးက စော်စော်ကားကားပြောသွားသည်ကို မခံမရပ်နိုင်ဖြစ်သွားသဖြင့် ကျောကို လှမ်းကိုင်၍ ဆွဲလှည့်လိုက်ရန် ဟန်ပြင်လိုက်သည်။

ရုတ်တရက် ဓားရောင်တစ်ချက် လက်ခနဲ ဖြစ်သွားကာ 'ထန်း' ခနဲ စားပွဲပေါ်မှ ဖန်ခွက်များ၏ မြည်သံများကို ကြားလိုက်ကြရ၏။

လူဝကြီးက ဓားချက်များ သူ့ကိုယ်ပေါ်သို့ ကျရောက်မည်ကို စိုးရိမ်သောကြောင့် ရှောင်တိမ်းလိုက်၏။

သို့သော် .... သူ ခုန်၍ ရှောင်လိုက်ချိန်တွင် အဘိုးကြီးသည် သူ၏ဓားကို ကြိုးတပ်တူရိယာအတွင်းသို့ပြန်လည်ထိုးသွင်းပြီးနေလေပြီ။

အဘိုးကြီးသည် သူ၏ဓားကို ကြိုးတပ်တူရိယာ၏ အောက်ခြေတွင်ကပ်၍ ထိုးထားခြင်းဖြစ်သည်။ ဓားရိုးသာ အပြင်သို့ အနည်းငယ်ထွက်နေခြင်းဖြစ်၍ ရုတ်တရက် ဓားရှိမှန်းမသိနိုင်ချေ။

ထိုအဘိုးကြီးသည် ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်ပြီး .....

"မင်းမဟုတ်မဟတ်တွေကို လျှောက်ပြောမနေပါနဲ့"

ဟုခပ်စောစောက သူပြောခဲ့သည့် စကားတစ်ခွန်းကိုသာ ပြောလိုက်ပြီး ဆိုင်ထဲမှ လူတစ်ယောက်၏ အထိတ်တလန့် အော်ဟစ်လိုက်သံကို ကြားလိုက်ကြရတော့၏။

"ဟာ .... ဟို .... ဟိုမှာ ကြည့်ကြစမ်း ....."

သူလက်ညှိုးညွှန်ပြရာသို့ လူတိုင်းလှမ်းကြည့်လိုက်ကြ၏။ လူဝကြီး၏ စားပွဲပေါ်တွင်ချထားသော ဖန်ခွက်ခုနစ်လုံး၏ လက်မဝက်ခန့် အပေါ်ပိုင်းကလေးခုနစ်ခု ခုံပေါ်တွင် ကျနေသည်ကို တွေ့ရသည်။

သို့သော် ဖန်ခွက်တစ်လုံးမျှ ပြိုလဲကျနေခြင်း မရှိချေ။

ထိုအခြင်းအရာကို တွေ့ရသောအခါဝိုင်းအုံလာကြပြီး တစ်ယောက်တစ်မျိုးစီ ဝေဖန်နေကြတော့သည်။

လူတစ်ယောက်က ......

"ဓားတစ်ချက်တည်းနဲ့ ဖန်ခွက်ခုနစ်ခွက်ကိုညီညီညာညာ တိတိကျကျ ဖြတ်ချနိုင်ရုံတင်မဟုတ်ဘူး .... တစ်ခွက်မှလည်း လဲကျမနေဘူး .... တကယ့်ဓားချက်ပဲ ...."

တစ်ယောက်ကမူ လူဝကြီးအား ကြည့်ရင်း ....

"တော်ပါသေးရဲ့ဗျာ .... အဘိုးကြီးက ခင်ဗျားကို မခုတ်ချင်လို့ဘဲ ..... ခုတ်များခုတ်မိလိုက်ရင်တော့လား၊ ခင်ဗျားခေါင်းဟာ ဟောဒီဖန်ခွက်တွေလိုဖြစ်သွားမှာပဲ ...."

လူဝကြီးမှာ ကြောက်သွေးမွှန်နေသဖြင့် ကျောက်ရုပ်ကြီးတစ်ရုပ်ကဲ့သို့ ဖြစ်နေတော့သည်။ မည်သူ၏ စကားကိုမျှလည်း ကြားဟန်မတူတော့ ။

ထိုအခါ ပြဿနာစကားကို အစပျိုးပေးသူ လူရွယ်က ....

"ကျုပ်ပြောတယ်မဟုတ်လား .... တစ်ခါတစ်ရံ ဒုက္ခဆိုတာ ပါးစပ်ထဲက ထွက်လာတတ်တယ်လို့ .... ဒီနေ့ ဒီကိုရောက်လာတဲ့လူတွေထဲက ထွက်လာတတ်တယ်လို့ ... ဒီနေ့ဒီကို ရောက်လာတဲ့လူတွေထဲမှာ ထိပ်သီးသိုင်းသမားတွေ နည်းမှာမဟုတ်ဘူး .... ဒီအဘိုးကြီးဟာ ဆရာကြီးမော်တားရဲ့မိတ်ဆွေပဲဖြစ်ရမယ် .... ဆရာကြီးမော်တားရဲ့ အကြောင်းနောက်ကွယ်မှာ အတင်းအဖျင်း ပြောနေတော့ မကျေမနပ်ဖြစ်ပြီး ခင်ဗျားကို ပညာပြလိုက်တာပဲ ဖြစ်ရမယ် ...."

ထိုအခါ အချိန်တော်ကြာ ငြိမ်သက်နေခဲ့သည့် မုတ်ဆိတ်ဖြူကြီးက ဝင်ပြောလိုက်သည်။

"ဒီအဘိုးကြီးဟာ ဘယ်ကလာ ဆရာကြီးမော်တားရဲ့မိတ်ဆွေဖြစ်ရမှာလဲ ..."

ထိုအခါ လူအများက ဝိုင်းမေးလိုက်ကြသည်။

"ဟာ .... ဒါဖြင့် ဒီအဘိုးကြီးကို ခင်ဗျား သိတယ်ပေါ့ ..... ဒီအဘိုးကြီးရဲ့ဓားစွမ်းက တယ်ကောင်းတာပဲ .... ဘယ်ဂိုဏ်းကလဲ"

မုတ်ဆိတ်ဖြူကြီးက ....

"အဲဒါ ဆရာကြီးမော်တားပဲ ....."

"ဟာ ...."

အားလုံးတုန်လှုပ်ချောက်ချားသွားကြတော့၏။ တစ်ယောက် တစ်ပေါက် ဝိုင်းမေးကြတော့၏။

"ဘယ်လိုလဲဗျ ....."

"သူက ဆရာကြီးမော်တား ဟုတ်လား ....."

"ခင်ဗျား ဘယ်လိုလုပ်သိသလဲ ...."

မုတ်ဆိတ်ဖြူကြီးက သူ၏မုတ်ဆိတ်ဖြူကြီးကို လက်ဖြင့်ပွတ်သတ်ရင်း ရှင်းပြလိုက်သည်။

"ကျုပ်သိတာပေါ့ .... ဆရာကြီးမော်တားဟာ တေးဂီတ အလွန်ဝါသနာပါတယ် .... နောက်ပြီး ကြိုးတပ်တူရိယာ တီးခတ်တယ် .... နောက်တစ်ချက် ရှိသေးတယ် .... ဟောဒီ နောင်ကြီးက ပြောခဲ့တယ် မဟုတ်လား .... လျှိုကျက်ဖုန်းက သိမ်းငှက်ငါးကောင်ကို ဓားချက်တစ်ချက်တည်းနဲ့ ခုတ်ချနိုင်တယ်တဲ့ .... ဆရာကြီးမော်တားက သုံးကောင်ကိုပဲ ခုတ်ချနိုင်သတဲ့ .... ကဲ .... အခု ခင်ဗျားတို့ကြည့်ကြစမ်း .... သူက ဓားချက်တစ်ချက်တည်းနဲ့ ဖန်ခွက်ခုနစ်ခွက်ကို ခုတ်ချပြသွားပြီ .... နောက်ပြီး ဟိုလူ့ကို ပြောသွားသေးတယ် မဟုတ်လား .... မင်း မဟုတ်မဟပ်စကားတွေ လျှောက်ပြောမနေနဲ့တဲ့"

လူဝကြီးသည် သွေးဆုပ်ဖြူရော်သော မျက်နှာဖြင့် ဆိုင်တွင်းမှ လျင်မြန်စွာ ထွက်ခွာသွားတော့၏။

ထိတ်လန့်ဖွယ် အဖြစ်ကြောင့် တစ်ယောက်ထွက် နှစ်ယောက်ထွက်ဖြင့် ထွက်ခွာသွားကြရာ ဆိုင်တွင်း၌ လူအနည်းငယ်သာ ကျန်ရှိနေတော့သည်။

လင်မိန်ကျက်သည် ဖန်ခွက်ထိပ်မှ ပြတ်ကျနေသော ဖန်ခွက်အဝိုင်းခုနစ်ခုကိုကြည့်ကာ နှုတ်ခမ်းတလှုပ်လှုပ်ဖြင့် အသံမထွက်ဘဲ ရေရွတ်နေတော့သည်။

"ဒီအဘိုးကြီးက ဓားချက်တစ်ချက် ဝှေ့ယမ်းလိုက်တာနဲ့ ဖန်ခွက်ခုနစ်ခွက်ရဲ့ ထိပ်ဖျားတွေကို တိတိရိရိဖြတ်ချနိုင်တယ် .... ငါသာဖုကျိုးမြို့ထွက်မလာခဲ့ဘူးဆိုရင် ဒီလိုထက်မြက်တဲ့ သိုင်းပညာရှင်တွေ ဒီလောကမှာ ရှိနေတယ်ဆိုတာ သိမှာတောင် မဟုတ်ဘူး .... အရင်တုန်းကတော့ ငါ့ကိုယ်ငါ သိပ်တော်နေတယ်လို့ ထင်ခဲ့တယ်.... ဟင်း .... ရှောင်ရီလို လူမျိုးကိုတောင် သိုင်းပညာနဲ့နိုင်အောင် မတိုက်နိုင်ခဲ့ဘူး .... ဟင်း .... ဒီအဘိုးကြီးဆီမှာ တပည့်ခံလိုက်ရရင်တော့ငါ့ရဲ့ ရန်ကြွေးမှန်သမျှ အပြေပေးဆပ်နိုင်မှာ မြေကြီးလက်ခပ်မလွဲဘဲ"

သူ့စိတ်ထဲတွင် ဆက်ပြောနေမိသည်။

"ငါ .... အခုပဲ ဒီအဘိုးကြီးကို လိုက်ရှာမယ် .... သူ့ကို ရှိခိုးတောင်းပန်ပြီး တပည့်ခံမယ် .... လက်ခံကောင်းပါရဲ့ ...."

ထိုစိတ်ကူးကြောင့် ဆတ်ခနဲ မတ်တတ်ရပ်လိုက်မိသည်။ သို့သော် ရုတ်တရက် အတွေးတစ်ခု ဝင်လာပြန်သည်။

"ဟင်း .... မဖြစ်သေးပါဘူးလေ .... သူက ချုံးဆန်းဂိုဏ်းက ဂိုဏ်းချုပ်ကြီး .... သူတို့က တောင်ကြီးငါးလုံးဂိုဏ်းအဖွဲ့ဝင်တွေပဲ .... ချင်းချန်ဂိုဏ်းနဲ့လည်း မဟာမိတ်တွေပဲ .... သူက ငါ့လိုလူတစ်ယောက်အတွက်နဲ့တော့ ချင်းချန်ဂိုဏ်းနဲ့ မျက်နှာအပျက်ခံမှာ မဟုတ်ပါဘူး ...."

ထို့သို့ စဉ်းစားမိလိုက်သောအခါ စိတ်ပျက်လက်ပျက် ဖြစ်သွားပြီး ပြန်ထိုင်ချမိတော့သည်။

ထိုစဉ် ဆိုင်အပြင်ဘက်မှ ချိုလွင်သော မိန်းကလေးယောက်၏ အသံကို ကြားလိုက်ရသည်။

"အစ်ကိုနှစ် .... ကျွန်မတို့ ဒီဆိုင်မှာဝင်ပြီး မိုးခိုကြရအောင်"

လင်မိန်ကျက်ရင်သည် .... တထိတ်ထိတ်ခုန်လာတော့သည်။အဘယ့်ကြောင့်ဆိုသော် ထိုမိန်ကလေး၏ အသံသည် ဖုကျိုးမြို့၌ အရက်ရောင်းခဲ့သည့် မိန်းကလေး၏ အသံဖြစ်နေ သောကြောင့်တည်း။

သူသည် ရုတ်တရက် စိုးရိမ်သွားသဖြင့် သူ၏ဦးခေါင်းကို ကမန်းကတန်း ငုံ့ထားလိုက်သည်။

အခြားရင့်ကျက်သော ယောကျ်ားသံတစ်သံက ....

"ကောင်းပြီလေ .... ဒီဆိုင်ထဲမှာပဲ လက်ဖက်ရည်သောက်ရင်း မိုးခိုကြတာပေါ့ ...."

ဟု အသံထွက်လာသည်။

ထိုစကားသံ ဆုံးသည်နှင့် ယောကျ်ားကြီးတစ်ဦးနှင့် မိန်းကလေးတစ်ဦး ဆိုင်အတွင်းသို့ ဝင်လာကြတော့သည်။

လင်မိန်ကျက်နှင့် ဓားလွယ်ခုတ် ခပ်စောင်းစောင်းထိုင်ခုံတွင် ဝင်ထိုင်လိုက်ကြောင်း လင်မိန်ကျက် တွေ့လိုက်ရသည်။

"လက်စသတ်တော့ သူတို့က ဂိုဏ်းတူမောင်နှမတွေကိုး ..."

"မြေးအဘိုးဟန်ဆောင်လာကြပြီး ငါ့အတွက် ဒုက္ခတွေ သယ်လာကြတာပဲ .... ငါက အကန်းဆိုတော့ ဒါတွေ မရိပ်ဘဲ ဝင်ကူညီမိတာ .... ငါတောင် ကံကောင်းလို့မသေတာ ...."

"ညီမလေး ဟိုမှာကြည့်စမ်း ...."

မိန်းကလေးသည် ဖန်ခွက်ပိုင်းပြတ်များကို မြင်လိုက်ရသောအခါ ပါးစပ်ကလေး အဝိုင်းသားဖြင့် အလွန်အံ့သြသွားတော့သည်။

"တကယ်ကောင်းတဲ့ ဓားသိုင်းပါလား .... တစ်ချက်တည်းနဲ့ ဖန်ခွက်ခုနစ်ခွက်ကို တိတိရိရိ ဖြတ်ချနိုင်တယ် .... ဘယ်သူများပါလိမ့်"

လူလတ်ပိုင်းကြီးသည် ဘေးပတ်ပတ်လည်ကို အကဲခတ်လိုက်သည်။

လူဟူ၍ များများစားစား မရှိလှ။ ခါးကုန်းဟန်ဆောင်ထားသော လင်မိန်ကျက်အပြင် အခြားထောင့်ရှိ စားပွဲပေါ်၌ မှောက်အိပ်နေသော လူနှစ်ယောက်ကိုသာ တွေ့ရသည်။

မိန်းကလေးသည် ခါးကုန်းကြီးအား မေးရန်ပြင်လိုက်သည်။

သို့သော် လင်မိန်ကျက်သည် မျက်နှာကို အခြားတစ်ဘက်သို့လှည့်ထားသဖြင့် သူမက မမေးဖြစ်တော့ပေ။

လူလတ်ပိုင်းကြီးက အသံကို နှိမ့်ချလိုက်ပြီး ....

"ညီမလေး ....မင်းမှန်မှန်ဖြေနိုင်သလား မဖြေနိုင်ဘူးလားဆိုတာကို ငါမေးကြည့်မယ် .... ဒီလိုဓားတစ်ချက်တည်းနဲ့ ဖန်ခွက်ခုနစ်ခွက်စလုံးကို ခုတ်ဖြတ်နိုင်တဲ့သူဟာ ဘယ်သူဖြစ်နိုင်မလဲ ...."

မိန်းကလေးက ဆိုးနွဲ့သော အသံကလေးဖြင့် ....

"အို .... အစ်ကိုနှစ်ကလည်း ....ကျွန်မက အခုမှတွေ့ရတာ ဘယ်လိုလုပ်သိနိုင်မှာလဲ ...."

ထိုစကားပြောပြီးမှ ရုတ်တရက်သတိရသွားဟန်ဖြင့် လက်ခုပ်လက်ဝါးတီးလျက် ရယ်မောရင်း ပြောလိုက်သည်။

"သိပြီ .... သိပြီ .... ကျွန်မသိပြီ .... ဒါဟာ ဆရာကြီးလျှိုကျုက်ဖုန်းရဲ့ ဓားချက်ပဲဖြစ်ရမယ် .... သူ့ရဲ့ဓားသိုင်းကွက်ထဲမှာ ဓားတစ်ချက်တည်းနဲ့ ငှက်ကိုးကောင် ထိုးချနိုင်တဲ့ ဓားကွက်တစ်ကွက်ရှိတယ်လို့ တော့ပြောကြတယ် ...."

ထိုလူလတ်ပိုင်းကြီးက ပြုံး၍ ခေါင်းခါပြသည်။

"လျှိုကျုက်ဖုန်းက ဒီလောက်အဆင့် မမြင့်နိုင်သေးဘူး ညီမလေးရဲ့ ....မင်းခန့်မှန်းတာ တစ်ဝက်လောက်တော့ မှန်တယ်"

ထိုအခါ မိန်းကလေးသည် သူ၏ လက်ကလေးကို ခါယမ်းရင်း ပြောလိုက်သည်။

"အစ်ကိုနှစ် ဆက်မပြောနဲ့တော့ .... ကျွန်မသိပြီ ... ဒါ .. ဒါ .. ချုံဆန်းဂိုဏ်းချုပ်ကြီး မော်တားရဲ့ လက်ချက်ပဲ ...."

ရုတ်တရက် ဆိုင်ခန်း၏ လေးဘက်လေးတန်မှ လူသံများရုတ်တရက် ထွက်ပေါ်လာတော့သည်။

တချို့ လက်ခုပ်တီး၍ အော်လိုက်၏။

"ညီမလေး .... မျက်စိတယ်လျင်ပါလား ...."

လင်မိန်ကျက်သည် ထိုအသံများကို ကြားလိုက်ရသောအခါ လန့်သွားသည်။ သူ၏စိတ်ထဲတွင် အံ့သြနေမိ၏။

"ဘယ့်နှယ် .... လူတွေ ဒီလောက်ထွက်လာပါလိမ့် ...."

သူ၏ မျက်လုံးများကို ဘယ်ဘက်ထောင့်ကပ်၍ စွေကြည့်လိုက်သောအခါ စားပွဲခုံတွင်မှောက်၍ အိပ်နေသော လူနှစ်ယောက်သည် မတ်တပ်ရပ်လျက်ရှိနေပြီး အခြား ငါးယောက်သည်လည်း အတွင်းဘက်မှ လျှောက်ထွက်လာကြသည်။ အချို့က အထမ်းသမားများကဲ့သို့ ဝတ်စားထားပြီး အချို့က ကုန်သည်ကဲ့သို့ဝတ်စားထားသည်။

အခြားတစ်ယောက်မှာမူ ပခုံးပေါ်တွင် မျောက်တစ်ကောင်တင်ထား၏။

ထိုသူအားရုတ်တရက်ကြည့်လိုက်ပါက မျက်လှည့်သမားနှင့်တူနေကြောင်း တွေ့နေရသည်။

မိန်းကလေးက ရယ်မော၍ ....

"ဟား ... ဟား ... ဟား ... ဘယ်က ကလေကချေ တေလေကြမ်းပိုးတွေ ဒီဆိုင်ထဲ လာပုန်းနေကြတာလဲ ... ကျွန်မတောင် လန့်သွားတယ် .... အစ်ကိုကြီးကော ...."

ဟုမေးလိုက်သည်။

ထိုအခါ မျက်လှည့်သမားနှင့်တူသော လူက ရယ်မောရင်း ....

"ဘယ်လိုလဲ .... ဒီကောင်မလေး ငါတို့ကို တွေ့တွေ့ချင်း ကလေကချေ ပြောလို့ပြော .... တေလေကြမ်းပိုး ပြောလို့ပြောနဲ့"

မိန်းကလေးက ရယ်မောရင်း ပြန်ပြောပြန်သည်။

"ခိုးကြောင်ခိုးဝှက်နဲ့ ကျွန်မကို ချောက်လှန့်တာက ကလေကချေတွေ လုပ်တဲ့အလုပ် မဟုတ်ဘူးလား .... အစ်ကိုကြီးကကော ဘယ့်နှယ်ပါမလာတာလဲ ...."

ထိုမျက်လှည့်သမားက ....

"ဒီပြင်လူတွေတော့ တစ်ယောက်မှ မမေးဘူး .... အစ်ကိုကြီးကိုပဲ မေးနေတယ် ..... တွေ့တွေ့ချင်း စကားသုံးခွန်းပဲ ပြောရသေးတယ် .... နှစ်ခွန်းက သူ့အစ်ကိုကြီးကို မေးနေတာပဲ .... ဘာဖြစ်လို့ အစ်ကိုခြောက်ဖြစ်တဲ့ ငါ့ကိုတော့ မမေးရတာလဲ ...."

ဟုပြောသည်။

မိန်းကလေးကခြေထောက်ကိုဆောင့်ရင်း ....

"အို ....အစ်ကိုခြောက်က အခုတွေ့နေရပြီ .... မေးနေဖို့လိုသေးလို့လား .... မတွေ့တဲ့လူကို မေးရတာပါ ..."

မျက်လှည့်သမားက ....

"မင်းရဲ့အစ်ကိုကြီးကကော သေနေလို့လား ...."

"သွား .... အစ်ကိုခြောက်နဲ့ စကားပြောရင် ဘယ်တော့မှ အပေါက်အလမ်းမတည့်ဘူး .... အစ်ကိုလေးကိုပဲ မေးတော့မယ် .... အစ်ကိုကြီးကော ...."

ဟုမေးမြန်းတော့သည်။

ထို အထမ်းသမားနှင့် တူသူက မဖြေရသေးမီ ကျန်လူများက တဝါးဝါး ရယ်မောရင်း ....

"ဟင်း .... အစ်ကိုလေးတစ်ယောက်ပဲ လူကောင်းတဲ့ .... ကျန်တဲ့လူတွေက လူဆိုးပေါ့လေ .... အစ်ကိုလေး ဘာမှမပြောနဲ့"

ဟုတားမြစ်ကြ၏။

"အောင်မယ် .... မပြောရင်နေ ကြပေါ့ .... အစ်ကိုလေးတို့က ဘာမှမပြောရင် ကျွန်မလည်း လမ်းမှာတွေ့ခဲ့ရတဲ့ ထူးထူးဆန်းဆန်း အဖြစ်တွေကို ပြောမပြဘူးပေါ့ ... ဟင်း ...."

ထိုအခါ အစ်ကိုလေးဆိုသော အထမ်းသမားက ....

"ငါတို့ မနေ့ညတုန်းက အစ်ကိုကြီးနဲ့ချုံးရန်မြို့မှာ လမ်းခွဲခဲ့ကြတယ် .... သူက ငါတို့ကို အရင်ဆုံးသွားခိုင်းတယ် .... သူကတော့ အရက်မူးပြေတော့မှ ဒီကိုလိုက်လာခဲ့မယ်တဲ့ ...."

ဟုပြောလိုက်သည်။

မိန်းကလေးသည် မျက်မှောင်ကလေး ကုတ်သွားပြီး ....

"အရက်မူးပြန်ပြီ ....ဟုတ်လား ...."

"အေး .... ဟုတ်တယ် ...."

ကုန်သည်ကို လူဝက ဝင်ပြောသည်။

"အစ်ကိုကြီး ဒီတစ်ခါသောက်တာက စံချိန်ပဲဟေ့ .... အားရပါးရကို သောက်နေတာပဲ .... မနက်ကနေ ညနေ အထိ သောက်နေတာ ...."

"ဒီလောက်အများကြီးသောက်ရင် ကျန်းမာရေး ထိခိုက်တော့မှာပေါ့ .... အစ်ကိုတို့က ဘာဖြစ်လို့ မတားရတာလဲ .... မတားတော့ ဖြစ်ချင်တိုင်း ဖြစ်နေတော့မှာ ပေါ့ ...."

ကုန်သည်လိုလူက လျှာထုတ်ရင်း ....

"ဟ .... အစ်ကိုကြီးကိုငါတို့ကတားလို့ရပါ့မလားဟ .... တားလိုက်ရင် ကမ္ဘာကြီး ဇောက်ထိုးဖြစ်သွားမယ် ... ညီမလေးချော့ရင် တော့ သူ ကတစ်ခွက်တစ်လေလောက်တော့ ... လျှော့သောက်ရင်သောက်မှာပေါ့လေ ..."

ဟုပြောသည်။

ကျန်လူများက တဝါးဝါး တဟားဟား ရယ်မောကြတော့သည်။

မိန်းကလေးက ထပ်မေးပြန်သည်။

"ဘာဖြစ်လို့ အစ်ကိုကြီးက ဒီလောက် သောက်ရတာလဲ .... ဘာစိတ်မချမ်းသာရာကိစ္စတွေ့နေရလို့လဲ .... အကြောင်းထူးတစ်ခုခု မရှိဘဲနဲ့တော့ သူမသောက်ပါဘူး ...."

ကုန်သည်လို လူက ...

"ဒါကတော့ အစ်ကိုကြီးကို တွေ့မှ မေးကြည့်ပေတော့ .... ငါ့အထင်တော့ ဒီချုံဆန်းမြို့ကိုလာရင် ညီမလေးနဲ့တွေ့ရတော့မှာပဲဆိုပြီး သိပ်ပျော်သွားလို့အားရပါးရသောက်တာ ဖြစ်မှာပဲ ..."

"သွား .... ဘာတွေလျှောက်ပြောနေကြမှန်း မသိဘူး ...."

သို့သော် သူမ၏ မျက်နှာ အမူအရာမှာ ဤသို့ဝိုင်း၍ နောက်ပြောင်နေသည်ကို ကျေနပ်သဘောကျနေကြောင်း ပေါ်လွင်နေ၏။ ကျန်လူများကမူ တဟားဟားရယ်မောနေကြတော့သည်။

# အပိုင်း( ၇ )
# ချင်းချန်ဂိုဏ်း၏ခြေလှမ်း

လင်မိန်ကျက်သည် သူတို့တွေ၏ အပြောအဆိုများအရ အားလုံးသည် ဂိုဏ်းတူညီအစ်ကိုများ ဖြစ်ကြောင်း သိလိုက်၏။ သူတို့ ရွှတ်ရွှတ်နောက်နောက် ပြောဆိုနေသံများကို ကြားလိုက်ရ၍လည်း အလွန်အံ့သြနေသည်။

"သူတို့ရဲ့ လေသံကို နားထောင်ပြီး နားလည်ရတာကတော့ ဒီမိန်းကလေးဟာ သူ့အစ်ကိုကြီးအပေါ် မေတ္တာရှိနေသလိုဘဲ.... ဒါပေမဲ့ အစ်ကိုနံပါတ်နှစ်ကတောင် အသက်လေးဆယ်ကျော်လောက် ရှိနေတော့ ... သူ့ရဲ့ ဂိုဏ်းတူအစ်ကိုကြီးဟာ အသက်ငါးဆယ်လောက်တော့ ရှိနေလောက်ပြီ.. ဘယ့်နှယ် အဘိုးကြီးကိုမှ ကြိုက်နေရတာလဲ........"

သို့သော် ချက်ချင်းပင် အဖြေကို စဉ်းစားလိုက်မိပြန်သည်။

"သြော်.....ဟုတ်ပြီ....ဟုတ်ပြီ..... သူ့ရဲ့ ရုပ်ရည်က ဒီလောက်ဆိုးနေတော့ ဘယ်သူက သူ့ကို ကြိုက်တော့မှာလဲ...ဒါကြောင့်မို့ ဒီအရက်သမားအဘိုးကြီးကို ကြိုက်နေတာဘဲ ဖြစ်ရမယ်"

ထိုစဉ် မိန်းကလေးက.....

"အစ်ကိုကြီး ဘယ်တုန်းက အရက်စသောက်နေတာလဲ"

ဟုမေးသည်။

ကုန်သည်နှင့်တူသူက ......

"ဒီလိုဟော့... မနက်တုန်းက ငါတို့အားလုံး ဒီကိုထွက်လာမလို့ လုပ်တုန်း အစ်ကိုကြီးက အရက်နံ့ကို ရှူမိသွားတယ်.... ကြည့်လိုက်တော့လားလား..... လမ်းတလေတစ်ယောက်က အရက်အိုးတစ်လုံးကို မော့နေတာ တွေ့ရတာပဲဟော့... အဲဒီတော့ အစ်ကိုကြီးက အရက်ပိုးတွေ ထလာပြီး လမ်းတလေနဲ့ စကားသွားပြောတော့တာဘဲ.... ခင်ဗျားရဲ့ အရက်နံ့က ဘာကြောင့် ဒီလောက်ကောင်းရသလဲလို့ မေးတော့တာပဲဟော့... လမ်းတလေက ဘာပြန်ပြောတယ်မှတ်သလဲ၊ 'ဒါကမျောက်အရက်ကွ' ကွတဲ့..... အစ်ကိုကြီးက 'ဘာဖြစ်လို့ မျောက်အရက်လို့' ခေါ်ရသလဲလို့ ပြန်မေးတယ်... လမ်းတလေက ဆက်ပြောတယ်.... ကျန်းစီးနယ်ရဲ့ တောအုပ်တစ်အုပ်ထဲမှာ မျောက်တွေက သစ်သီးတွေနဲ့ အရက်ချက်တာ တွေ့ရတယ်တဲ့... မျောက်တွေ က အကောင်းဆုံး ... အချိုဆုံး သစ်သီးတွေကို ခူးပြီး အရက်ချက်တော့ အရက်က သိပ်ကောင်းဆိုပဲ.... မျောက်တွေအလစ်မှာ လမ်းတလေက အရက်သုံးအိုး ခိုးလာသတဲ့.... ပြီးတော့ မျောက်တစ်ကောင်လဲ ဖမ်းလာသတဲ့.... တွေ့လား... မင်းရဲ့ အစ်ကိုခြောက်ရဲ့ ပုခုံးပေါ်က မျောက်ဟာ လမ်းတလေ ဖမ်းလာတဲ့ မျောက်ပေါ့....."

သူ့စကားဆုံးသောအခါ မျက်လုည့်သမားနှင့် တူသူ၏ ပခုံးပေါ်မှ မျောက်ကလေးကို လက်ညှိုးထိုးပြလိုက်သည်။ ထိုအခါ မိန်းကလေးက တခိုးခိုး တခစ်ခစ်ဖြင့် ရယ်မောတော့သည်။ မျက်လှည့်သမား နှင့်တူသူကမူ မျက်နှာကို ရှုံ့မဲ့၍ ပြောလိုက်သည်။

"ငါ့မှာ တကယ့်ကို ခုက္ခတွေ့နေရတာ.... ဒီမျောက်က အလကားနေရင်း ငါ့ခေါင်းကိုပဲ ကိုက်နေတာပဲ.. ဒါနဲ့ ငါလည်း သေရလိမ့်မယ်....."

မိန်းကလေးက ....

"ကျွန်မတော့ သိလိုက်ပြီ... ဒီမျောက်ကို လမ်းတေလေဆီက တောင်းပြီး အစ်ကိုခြောက်ကို ထိန်းထားခိုင်းတာ အကြောင်းမဲ့မဟုတ်ဘူး... ဒီမျောက်ကလေးက သူ့အတွက် အရက်ချက်ပေးနိုင်မလားလို့ မျှော်လင့်ပြီး ထိန်းထားခိုင်းတာ ဖြစ်ရမယ်......"

မျက်လှည့်သမားနှင့်တူသူက

"ဟုတ်သမှ သိတ်ဟုတ်ပေါ့..."

ဟု ဖြေလိုက်သည်။

မိန်းကလေး ကျေနပ်အားရစွာဖြင့် ရယ်လိုက်ပြီး.....

"အစ်ကိုကြီးက ဒီလို ထူးထူးဆန်းဆန်း ကိစ္စမျိုးဆို သိပ်ဝါသနာပါတာ... မျောက်တွေက တောထဲမှာ သူတို့ချည်းနေရင်တော့ အရက်ချက်ချင်ချက်မှာပေါ့... သူ့ကို ဖမ်းလိုက်ရင်တော့ ဘယ်ချက်တော့မလဲ... "

မိန်းကလေးက မျက်လှည့်သမားနှင့် တူသူအား ထပ်ဖြေခိုင်းသည်။

"အစ်ကိုခြောက် ဆက်ပြောလေ ....."

"အေး...ပြောမှာပါ.... အစ်ကိုကြီးက အရက်ပိုးထလာပြီး လမ်းတေလေဆီက အရက်တောင်းသောက်တယ်.... လမ်းတေလေကလည်း တကယ့်ယစ်ထုပ်ကြီးပဲ... သူ့အရက်အိုးထဲမှာ တစ်ဝက်ပဲကျန်တော့လု မပေးနိုင်ဘူးတဲ့.... ဒါနဲ့ အစ်ကိုကြီးက သူ့ကို ငွေဒင်္ဂါး သုံးပြားထုပ်ပေးပြီး တစ်မော့တည်းသောက်မယ်လို့ ပြောတယ်"

မိန်းကလေးသည် ထိုအဖြစ်ကို ကြားရသောအခါ ရယ်ချင်စိတ်ပေါ်လာသည်။

သို့သော် သူ့အစ်ကိုကြီးက ဤမျှအငမ်းမရ အရက်သောက်ချင်နေသည်ကို သိရသောအခါတွင်မူ စိတ်ဆိုးချင်သလိုလည်း ဖြစ်လာသည်။

"တကယ်ဘဲ ဘာဖြစ်လို့... ဒီလောက်တောင် ငတ်နေရတာလဲ မသိဘူး..."

မျက်လှည့်သမားက သူ၏စကားကို ဆက်ပြောသည်။

"နောက်ဆုံးတော့ လမ်းတေလေက လက်ခံလိုက်တယ်.... ဒါပေမဲ့ ငွေဒင်္ဂါသုံးပြားယူပြီးတော့ သေသေချာချာ ထပ်ပြောသေးတယ်... 'တစ်မော့တည်းနော်' .... ပိုမသောက်ရဘူးတဲ့... အစ်ကိုကြီးက ..'စိတ်ချစမ်းပါ... ကျုပ်က တစ်မော့တည်းသောက်မှာပါ' လို့ ပြန်ပြီး အာမခံချက်ပေးခဲ့တယ်... နောက်တော့ အစ်ကိုကြီးက အရက်အိုးကို ပါးစပ်မှာတေ့ပြီး မော့တော့တာပဲဟေ့.. အစ်ကိုကြီးရဲ့ တစ်မော့က ကြာလိုက်တာ ... ပြောမနေနဲ့တော့ ... ကွတ်ကွတ်...ကွတ်ကွတ်နဲ့ကို မြည်နေတော့တာဘဲ..အရက်အိုးလည်း တစ်ခါတည်း ကုန်သွားတော့တာဘဲ.. တစ်ကယ်တော့ အစ်ကိုကြီးက အတွင်းအား ထုပ်သုံးလိုက်တာကိုး... ဆရာ့ရဲ့ လေသိုင်းအတွင်းအားကို သုံးပြီး အသက်မရှူဘဲနဲ့ အရက်တွေကို တစ်ဆက်တည်း မော့ချပစ်လိုက်တာလေ"

မိန်းကလေး အားပါးတရ ရယ်မောနေသည်မှာ တစ်ကိုယ်လုံး ခါယမ်းနေသည်အထိ ဖြစ်တော့သည်။ မျက်လှည့်သမားနှင့် တူသူက ရယ်ရင်းဆက်ပြောသည်။

"အစ်ကိုကြီးက ဘာမဆို ပေါ့ပျက်ပျက် ရွှတ်နောက်နောက် နေတတ်ပေမဲ့ တကယ့်တကယ် အရေးကြီးတဲ့ သိုင်းပညာတွေ ခုလို ခက်ခဲတဲ့ အတွင်းအားသိုင်းလို ပညာမျိုးကို ဖွဲ့ကောင်းကောင်းနဲ့ လေ့ကျင့်နိုင်ခဲ့တာပဲ ... ငါတို့ဂိုဏ်းတူ ညီအစ်ကိုတွေထဲမှာ ဒီလိုလုပ်နိုင်တာ ဘယ်သူရှိလို့လဲ ... ဘယ်သူမှ မလုပ်နိုင်ဘူး .... အစ်ကိုကြီးတစ်ယောက်ပဲ လုပ်နိုင်တယ် .... "

မိန်းကလေးက ကျေနပ်အားရစွာ ခေါင်းညိမ့်ပြသည်။

မျက်လှည့်သမားနှင့် တူသူက ဆက်ပြောပြန်သည်။

"အစ်ကိုကြီးက အရက်ကို တစ်ချက်တည်းနဲ့ အကုန်သောက်လိုက်တော့ လမ်းတေလေ မျက်လုံးပြူးသွားတော့တာပေါ့... ဘာပြောကောင်းမလဲ... အစ်ကိုကြီးရဲ့ အကျီစကိုဆွဲပြီး ရန်ထောင်တော့တာဘဲဟေ့... အစ်ကိုကြီးက ပိုသောက်တယ်ပေါ့ကွာ.. အစ်ကိုကြီးက ရယ်ပြီးပြန်ပြောတယ်... ကျုပ်က တစ်မော့တည်းသောက်တာဘဲ..

ခင်ဗျား အသက်မရှူဘဲနဲ့ သောက်တော့ တစ်မော့ဘဲပေါ့၊ ခင်ဗျားကို နှစ်မော့သုံးမော့ မော့မယ်လို့မှ ပြောတာမှ မဟုတ်ဘဲ.. တစ်မော့ဘဲလို့ပြောတယ်... တစ်မော့ဘဲသောက်တယ်... တကယ်ဆိုရင် ကျုပ်တစ်မော့တောင် မပြည့်သေးဘူး.. အရက်ကကုန်သွားတော့ ခင်ဗျားအနေနဲ့ ဒင်္ဂါးတစ်ပြားခွဲ ပြန်ပေးရမယ်လို့ တောင်းနေသေးတယ်..."

မိန်းကလေးက ရယ်ရင်း ....

"အင်း ... ဒါမျိုးကတော့ အစ်ကိုကြီးက သိပ်လုပ်တတ်တယ်၊ သူများရဲ့ အရက်လည်း သောက်သေးတယ်.. ငွေကိုလည်း ပြန်လိုချင်သေးတယ် ..."

ဟုပြောသည်။

မျက်လှည့်သမားက ...

"ဟို .. လမ်းတေလေက ချက်ချင်းပဲ ငိုတော့မလို ဖြစ်သွားတော့တာပဲဟေ့ ... ဒါနဲ့ အစ်ကိုကြီးက ရယ်ပြီး ... ခင်ဗျား ဒီလောက်ဖြစ်နေရင်တော့ တကယ့်ကို အရက်ကြိုက်တဲ့လူ ဖြစ်ရမယ် ... ခင်ဗျားကို ကျုပ်အရက် ဝယ်တိုက်မယ်.. အားရပါးရသောက်ပေတော့ လို့ပြောပြီး အရက်ဆိုင်ကို သွားတော့တာပဲ.. ငါတို့ကိုတော့ အရင်သွားနှင့်တဲ့ ... နောက်မှ သူလိုက်လာမယ်တဲ့ ... မင်းရဲ့ အစ်ကိုကြီး ကျန်ရစ်ခဲ့တဲ့ အဖြစ်ကတော့ ဒါပဲ ...."

မိန်းကလေးက ရေရွတ်လိုက်မိသည်။

"သြော် ... ဒီလိုကိုး ..."

သူမသည် ဤကဲ့သို့ပြောရင်းမှ ဆိုင်ပြင်သို့ လှမ်းကြည့်လိုက်သောအခါ မိုးရွာနေသေးသည် ကိုတွေ့နေရသဖြင့် နှုတ်ခမ်း တစ်လှုပ်လှုပ်ဖြင့် ရေရွတ်နေမိသည်။

"အားလုံးနဲ့ အတူတူလိုက်လာရင် ဒီလို မိုးထဲလေထဲ လိုက်လာဖို့ မလိုတော့ဘူးပေါ့ ... အခုတော့ ... "

သူမ၏လေသံသည် သူ့အစ်ကိုကြီးအတွက် စိုးရိမ်သောက ဖြစ်နေကြောင်း အထင်အရှား ပြသလျှက်ရှိချေသည်။ ထိုစဉ် မျက်လှည့်ဆရာ နှင့်တူသူက ...

"ဆရာက ငါတို့ကို ချုံးဆန်းမြို့ကို လွှတ်လိုက်တယ် ... အစ်ကိုနှစ်နဲ့ မင်းကိုတွေ့ဖို့ဘဲ ... မင်းတို့က ငါတို့ထက်တောင် စောနေပါသေးကလား ... ဒါတောင် လမ်းမှာ ထူးထူးဆန်းဆန်း တွေတွေ့ခဲ့ရသေးတယ်လို့ ပြောသေးတယ် ... ဒါတွေမတွေ့ရင် ငါတို့ထက် တစ်လလောက်များ စောရောက်နေမလား မသိဘူး ... ကဲ ... ပြောစမ်းပါဦး ... လမ်းမှာ ကြုံခဲ့ရတဲ့ အဖြစ်ဆန်းတွေကို ..."

မိန်းကလေးက သူတို့ကို စိတ်မပါဟန်ဖြင့် ...

"အစ်ကိုနှစ် သူတို့ကို ပြောပြလိုက်ပါလား ..."

သူမသည် ခါးကုန်းကြီး လင်မိန်ကျက်အား တစ်ချက် ငဲ့စောင်းကြည့်ရင်း ...

"ဒီမှာ လူများတယ် ... နောက်မှပြောပြမယ် ..."

မျက်လှည့်သမား နှင့်တူသူက ...

"ဒီမှာ ဘယ်သူမှ မရှိပါဘူး ... အရေးမကြီးပါဘူးဟာ ... ပြောမှာ ပြောစမ်းပါ ... ငါတို့က အစ်ကိုကြီးကို စောင့်နေရမှာ ... စောင့်နေရမဲ့ အတူတူ မင်းတို့ပြောပြတာ နားထောင်ရတော့ အပျင်းပြေတာပေါ့ ..."

ဟု ပြောလိုက်သည်။

သူသည် ရုတ်တရက် အသံကို နှိမ့်ချလိုက်ပြီး တီးတိုးလေသံဖြင့် မေးလိုက်သည်။

"ဒီတစ်ခါ မင်းတို့ ဖုကျိုးမြို့ကိုသွားတော့ ဘာတွေသိခဲ့ရသလဲ၊ အခု မင်္ဂလာအာမခံဌာနမှာ တကယ့် အစစ်အမှန် သိုင်းပညာမရှိဘူးဆိုတာ ထင်ရှားနေပြီပေါ့ ..."

လင်မိန်ကျက်သည် သူတို့ စဝင်လာကတည်းက နားစွင့်နေသည်သာ ဖြစ်၏။

ယခုကဲ့သို့ သူတို့၏ မင်္ဂလာအာမခံဌာန အကြောင်း ပါဝင်လာသံ ကြားလိုက်ရသောအခါ သူ၏ အာရုံများကို ထိုလူများဆီသို့ စူးစူးစိုက်စိုက် ပို့လွှတ်၍ ပို၍နားစွင့်နေတော့သည်။

အရေးကောင်း ဒိန်းဒေါင်းဖျက်ဆိုသကဲ့သို့ အစ်ကိုနှစ်ဆိုသူက မဆီမဆိုင် ဝင်ပြောလိုက်သည်မှာ ...

"ဆရာကြီး မော်တားက ဒီက ဖန်ခွက်တွေကို ဘာကြောင့်လာဖြတ်သွားရတာလဲ ..."

ဟူ၍ပင်ဖြစ်တော့သည်။

မျက်လှည့်သမားနှင့်တူသူကလည်း ...

"အေး ... ဟုတ်တယ် ... ဘယ်လိုဖြစ်ပြီး လာဖြတ်သွားရတာလည်း မသိဘူး ...."

ထိုအခါ ဆိုင်ပိုင်ရှင်က လျှိုကျက်ဖုန်း၏ လက်ဆေးမင်္ဂလာပွဲ အကြောင်း ဆွေးနွေးကြပုံနှင့် နောက်ဆုံး ဆရာကြီးမော်တား ရောက်လာပုံတို့ကို ရှင်းပြလိုက်၏။

ထိုအခါ သူတို့ အဖွဲ့ထဲမှ အစ်ကိုနှစ်က မှတ်ချက်ချလိုက်သည်။

"အပြင်လောကမှ လျှိုကျက်ဖုန်းနဲ့ ဆရာကြီးမော်တားတို့ မသင့်မြတ်ကြဘူးလို့ ဒီလို လျှို့လျှို့ဝှက်ဝှက် လုပ်နေရတာလဲ ... ဆရာကြီး လျှိုကျက်ဖုန်းရဲ့ လက်ဆေးမင်္ဂလာပွဲ အချိန်ကျမှ ဒီလိုလုပ်နေရတာကလည်း အံ့သြစရာပဲ ..."

ထိုစဉ် ကုန်သည်လိုလူက ...

"အစ်ကိုနှစ် ... ထိုက်စန်းဂိုဏ်းက ဂိုဏ်းချုပ်ကြီး ကိုယ်တိုင် ဒီပွဲကို လာတယ်လို့ ပြောသံကြားရတယ် ... အခုဆိုရင် လျှိုကျက်ဖုန်းရဲ့ အိမ်ကိုတောင် ရောက်နေပြီတဲ့ ... "

ထိုအခါ သူတို့အဖွဲ့ထဲမှ အစ်ကိုနှစ်က တုန်လှုပ်သွားဟန်ဖြင့်

"ထိုက်စန်းဂိုဏ်းက သူတို့ တောင်ကြီးငါးလုံး ဂိုဏ်းငါးဂိုဏ်း အဖွဲ့ဝင်တွေဘဲ ... အခုလို ထိုက်ဆန်းဂိုဏ်းချုပ်ကြီး ထင်မင်းဆရာကြီး ကိုယ်တိုင်လာတာကတော့ လျှိုကျက်ဖုန်းကို အတော်ကလေး ဂုဏ်ပြုရာရောက်သွားတယ် ... တကယ်လို့ အရာကြီးမော်တားက ထိုက်ဆန်းဂိုဏ်းချုပ်ကြီးရဲ့ မျက်နှာကိုထောက်ပြီး ဘာမှလုပ်နိုင်တော့မှာ မဟုတ်ဘူး ..."

ဟုပြောလိုက်သည်။

မိန်းကလေးက ...

"အစ်ကိုနှစ် ... ဒီလိုဆိုရင် ချင်းချန်ဂိုဏ်းချုပ်ကြီး ရီချန်းကကော ဘယ်သူ့ဘက်ပါမှာလဲ ..."

ဟုပြန်မေးသည်။

လင်မိန်ကျက်သည် ချင်းချန်ဂိုဏ်းချုပ်ကြီး ရီချန်းဆိုသော နာမည်ကို ကြားလိုက်ရသောအခါ အသည်းထဲတွင် ကျဉ်ခနဲ နာမိတော့၏။ မိမိ၏ ရန်သူတော်ကြီး မဟုတ်ပါလား။

မျက်လုံးသည့်သမားနှင့်တူသူက အံ့သြသောလေသံဖြင့် ...

"ဆရာကြီး ရီချန်းလဲ ရောက်လာတယ်ဟုတ်လား ..."

အခြားတစ်ယောက်က ...

"ဟား ... ဟား ... ဟား ... ဒီလိုဆိုရင်တော့ ချုံးဆန်းမြို့ဟာ မစည်ကားစဖူး သိပ်စည်ကားတော့မှာဘဲ ... တကယ့်ထိပ်သီးကြီးတွေ လာစုနေကြပြီကိုး ..."

နောက်တစ်ယောက်က ...

"ဆရာကြီး ရီချန်း ဒီမြို့ကို ရောက်လာတယ်ဆိုတာ ဘယ်သူပြောသလဲ ..."

မိန်းကလေးက ...

"ဘယ်သူမှ ပြောတာ မဟုတ်ပါဘူး ... ကျွန်မကိုယ်တိုင် တွေ့ရလို့ ပြောတာပါ ..."

မျက်လုံးသည့်သမားနှင့်တူသူက ...

"ဘယ်မှာတွေ့လိုက်ရတာလဲ ညီမလေးရဲ့ ..."

"ဒီမှာလည်း တွေ့တာပဲ ... ဖုကျိုးမြို့မှာတုန်းကလည်း တွေ့လိုက်တာပဲ ..."

ကုန်သည်လိုလူက အရေးကြီးသောလေသံဖြင့် ပြောလိုက်သည်။

"ဆရာကြီးရီချန်းကိုယ်တိုင် ဖုကျိုးမြို့ကို ရောက်လာတယ် ဟုတ်လား ... ချင်းချန်ဂိုဏ်းက မင်္ဂလာအာမခံဌာနကို ဖွင့်ပြီးဖို့ကိစ္စမှာ ဆရာကြီး ရီချန်းကိုယ်တိုင် ဆင်းလာတယ်ဆိုတော့ ကန့်လန့်ကာ နောက်ကွယ်မှာ အရေးကြီးတဲ့ ကိစ္စတစ်ခုတော့ ရှိရမယ် ... ညီမလေးလည်း ဘာမှ မသိဘူးနဲ့တူတယ် ..."

မိန်းကလေးက နှုတ်ခမ်းစူရင်း ပြောလိုက်သည်။

"ဟင်း ... အစ်ကိုငါးနော် ... ကျွန်မစိတ်ကို ဆွပေးစရာမလိုပါဘူး ... ကျွန်မ ပြောချင်မှပြောမှာ ..."

မျက်လုံးသည့်သမားလိုလူက

"ဒါက သူတို့ ချင်းချန်ဂိုဏ်းနဲ့ မင်္ဂလာအာမခံဌာနရဲ့ ကိစ္စပါ ... အပြင်လူကြားလည်း အရေးမကြီးပါဘူး ... အစ်ကိုနှစ် ကျွန်တော်တို့ကို ပြောပြစမ်းပါ ... ဆရာကြီးရီချန်းက ဖုကျိုးမြို့ကို ဘာကိစ္စနဲ့ သွားရတာလဲ ..."

ဤမေးခွန်းသည် လင်မိန်ကျက်အတွက် အလွန်တန်ဖိုးရှိသော မေးခွန်းဖြစ်သည်။

ဤမေးခွန်း၏ အဖြေသည် ဘုမသိဘမသိ ခံလိုက်ရသော လင်မိန်ကျက်၏ ရှုပ်ထွေးနေသော အတွေးများကို ရှင်းလင်းသွားစေနိုင်၏။

သို့သော် အဖြေထွက်ပေါ်မလာသေးမီ ကြားမှ အခြားစကားက ဖောက်ဝင်လာသည်။ ထိုစကားကို ပြောလိုက်သူမှာ အစ်ကိုနှစ်ဆိုသူပင် ဖြစ်၏။

"မနှစ်တုန်းက အစ်ကိုကြီးက ဟန်ကျုံးမြို့မှာ ချင်းချန်ဂိုဏ်းရဲ့ တပည့်ကြီးဟိုလင်နဲ့ ဟုန်လင်တို့ကို အရှက်ခွဲလိုက်တော့ ..."

မျက်လှည့်သမားနှင့်တူသူက ထိုစကားကို ကြားလိုက်ရသောအခါ တဟားဟား အော်ဟစ်ရယ်မောတော့၏။

မိန်းကလေးကမူ မျက်စောင်းတစ်ချက် ထိုးလိုက်ကာ ...

"ဘာများ ဒီလောက်ရယ်စရာ ရှိနေလို့လဲ ..."

မျက်လှည့်သမားလိုလူက မျက်ရည်ထွက်မတတ် ရယ်မောနေရာမှ ...

"ရယ်စရာရှိလို့ပေါ့ဟ ... သူတို့ကတော့ သူတို့ကိုယ်သူတို့ သိပ်ဟုတ်ပြီထင်နေတာပဲ ... တကယ်တော့ ဘာအသုံးကျလို့လဲ ... ငါ့လောက်တောင် အသုံးမကျဘူး ... ဟင်း ... လုရိုလောက်တော်ရင် ခက်ဦးမယ် ... ဒီကောင်တွေလောက် ညံ့နေရင်လည်း ငါ့နာမည်ကို လုရိုလို့ မမှည့်တော့ပါဘူး ..."

မျက်လှည့်သမားလိုလူ၏ နာမည်မှာ လုရိုဖြစ်ကြောင်း လင်မိန်ကျက် မှတ်ထားလိုက်သည်။ နောက်တစ်ယောက်က ဝင်တားသည်။

"တစ်ယောက်တစ်ပေါက်နဲ့ ပြောချင်ရာတွေ လျှောက်ပြောမနေကြစမ်းပါနဲ့ ... အစ်ကိုနှစ်ရဲ့ စကားတောင် ပြတ်သွားတယ် ... အစ်ကိုနှစ်ပြောပြစမ်းပါအုံး ..."

လင်မိန်ကျက်သည် ယခုမှ ရင်ဝမှ အလုံးကြီးကျသွားတော့သည်။

လုရိုက ...

"ကောင်းပါပြီ ... ကောင်းပါပြီ ... ငါတို့ မပြောတော့ပါဘူး"

ဟု ပြောပြီးသည်နှင့် တဟားဟား ရယ်မောနေပြန်သဖြင့် မိန်းကလေးက မျက်စောင်းထိုးလိုက်ပြန်သည်။

"ကဲ ... ဒီလောက်တောင် ရယ်စရာကောင်း နေမှဖြင့် ပြောပြစမ်းပါအုံး ... နားထောင်ရအောင် ..."

လုရိုသည် သူ့ကိုယ်သူ မထိန်းနိုင်အောင် ဖြစ်နေသဖြင့် ရယ်ရင်းမှ ဆက်ပြောသည်။

"ဒီလိုဟေ့ ... ဒီလို ... အဲဒီ ဟိုလင်နဲ့ ဟုန်လင်ဆိုတဲ့ နှစ်ကောင်ကို အစ်ကိုကြီး ဖင်ကျွမ်းထိုးအောင် ကန်ချပစ်လိုက်တာကွ ... သူတို့ကတော့ ဘယ်သူက ကန်လိုက်မှန်းတောင် မသိလိုက်ကြဘူး၊ ငါကဒါတွေ စဉ်းစားမိတိုင်း သိပ်ရယ်ချင်တာပဲ ... ဟား .. ဟား ... ဟား ..."

မိန်းကလေးက ...

"အစ်ကိုခြောက်ကတော့လေ ... ပြောလေ ... ကဲလေဟာ"

လုရိုသည် မျက်နှာပိုးသတ်ရင်း ဆက်ပြောပြန်သည်။

"အရက်ဆိုင်ထဲမှာ အဲ့ဒီလူနှစ်ယောက်က မိုးပြောလိုက် ချိုးပြောလိုက်နဲ့ လေကြီးနေလိုက်ကြတာ .... အစ်ကိုကြီးက ကြားလည်းကြားရော ချက်ချင်း ဒေါသထွက်တော့တာပဲ .... ဒါနဲ့ အရက်သောက်ရင်းနဲ့ အော်လိုက်တယ် ... 'ချင်းချန်ဂိုဏ်းမှာ ဝက်ဝံကြီးလေးကောင် ရှိတယ်လို့ ပြောသံကြားရတယ်တဲ့' အဲဒီလိုအော်လိုက်တာ ... တကယ်တော့ ချင်းချန်ဂိုဏ်းမှာ တပည့်ကြီးလေးယောက်ရှိတာ သိုင်းလောကသားတိုင်းလိုလို သိကြတာပဲ ... အစ်ကိုကြီးက ဒီလေးယောက်ကို နာမည်ဖျက်ပြီး ခေါ်လိုက်တော့ ဒီကောင်နှစ်ကောင်က ယမ်းပုံးမီးကျဖြစ်ပြီး အစ်ကိုကြီးဆီကို လျှောက်လာကြတယ် ... အစ်ကိုကြီးက နောက်တောင် လှည့်မကြည့်ဘဲ နောက်ပြန်ကန်လိုက်တာ နှစ်ယောက်စလုံး ဆိုင်အပေါက်ကနေ အောက်ထပ်ကို ကျွမ်းထိုးမှောက်ခုံ ကျသွားတော့တာပဲ ... ဟား ... ဟား ... ဟား ..."

လင်မိန်ကျက်သည် ထိုစကားများကို ကြားလိုက်ရသောအခါ အလွန်အားရကျေနပ်သွား၏။

ချင်းချန်ဂိုဏ်းသားဟိုလင်နှင့် ဟုန်လင်ဆိုသူတို့ကို သူ မတွေ့ခဲ့ဖူးခဲ့။ သို့သော် သူ တွေ့ခဲ့ဖူးသည့် ချင်းချန်ဂိုဏ်းသားတိုင်းလိုလို လူယုတ်မာချည်း ဖြစ်နေသဖြင့် မတွေ့ဖူးသော်လည်း မုန်းတီးမိနေသည်။ ဝါဆန်းဂိုဏ်းမှ အစ်ကိုကြီးဆိုသူ၏ လုပ်ရပ်ကို ကြားလိုက်ရသည်တွင် သူ့စိတ်ထဲတွင် အလွန်ပင် အားရဝမ်းလား ဖြစ်သွားမိ၏။

မိန်းကလေးက ...

"အစ်ကိုခြောက်ကတော့ ရန်ဖြစ်ဖို့ သိပ်ဝါသနာပါတာပဲ ... ချင်းချန်ဂိုဏ်းရဲ့ တပည့်ကြီးလေးယောက်နဲ့ အစ်ကိုခြောက်တိုက်ရင် နိုင်နိုင်မှာ မဟုတ်ပါဘူး ..."

လုရိုက ....

"အောင်မာ ... မင်းက ဘာဖြစ်လို့ ဒီလောက်တောင် အသေအချာ ပြောနိုင်ရတာလဲ ..."

ထိုအခါ အစ်ကိုနှစ်က ...

"အစ်ကိုကြီးက သူတို့ နှစ်ယောက်ကို ကန်လိုက်တုန်းကတော့ သူတို့က အစ်ကိုကြီးကို ဘယ်ဂိုဏ်းကမှန်း မသိလိုက်ကြဘူး။ နောက်ပိုင်း စုံစမ်းကြည့်ပြီးမှ ဆရာ့ဆီကို စာတစ်စောင်ရေးတာ ... ရေးတာကလည်း လေးလေးစားစားပါ ... စာထဲမှာတော့ သူ့တပည့်တွေကို ကောင်းကောင်း မကွပ်ညှပ် မဆုံးမခဲ့လို့ သူ့တပည့်တွေက ခင်ဗျားရဲ့ တပည့်ကို စော်ကားမိပါတယ်တဲ့ ... ဒါကြောင့် ဒီစာကိုရေးပြီး တောင်းပန်ပါတယ်တဲ့ ..."

လုရှိုက ...

"ဒီရှီချန်ဆိုတဲ့ ဆရာကြီးကတော့ ကောက်ကျစ်တဲ့နေရာမှာ နှစ်ယောက်ကိုမရှိဘူး ... ရှုတ်တရက်ကြည့်လိုက်ရင် သူ့တပည့်တွေကို ဆုံးမတဲ့ အကြောင်း၊ အသိပေးသလိုလိုနဲ့ အစ်ကိုကြီးရဲ့ လုပ်ပုံကို တိုင်လိုက်တာပဲ .... အစ်ကိုကြီးလဲ ဆရာသိသွားတော့ မသက်သာတော့ဘူး ... ကြိမ်ဒဏ်သုံးဆယ် အပေးခံလိုက်ရတယ် ..."

ဟု ပြောသည်။

ထိုအခါ မိန်းကလေးက တခစ်ခစ်ရယ်ပြီး ဝင်ပြောလိုက်၏။

"အစ်ကိုခြောက်လည်း ဆယ်ချက် အဆစ် အရိုက်ခံလိုက်ရသေးတယ် မဟုတ်လား ..."

လုရှိုကလည်း ရယ်သည်။

"ငါ အရိုက်ခံရတာ အရေးမကြီးဘူး ... ချင်းချန်ဂိုဏ်းက ဘဝင်မြင့်နေတဲ့ နှစ်ကောင် လေ့ကားအပေါ်က ဖင်ကျွမ်းထိုးပြီး ကျသွားတာကို မြင်ရတာနဲ့ ဆယ်ချက်အရိုက်ခံရတာ တန်တယ်ဟ ..."

ထိုစဉ် အခြားတစ်ယောက်က ဝင်ပြောသည်။

"အဲဒါသာ ကြည့်တော့ ... လုရှိုဆိုတဲ့ ကောင်က ကြိမ်ဒဏ်ဆယ်ချက်လောက်တော့ မှုကိုမမှုဘူး ... သူ့ကို ပန်းနဲ့ပေါက်တာလို့များ ထင်နေသလား မသိဘူး ..."

လုရှိုက ...

"ငါလည်း ဘာတတ်နိုင်မှာလည်းကွ ... အစ်ကိုကြီးက လုပ်မယ်ဆိုရင် ငါက ဘယ်လိုလုပ် ဝင်တားနိုင်မှာလည်း ... မင်းရှိနေရင်ကော မင်းကော ဝင်တားရဲမှာမို့လို့လား ... "

ဟု မေးလိုက်၏။

ထိုလူက ...

"တိုက်ရိုက်ကြီး မလုပ်နဲ့လို့ တားဖို့ပြောတာ မဟုတ်ဘူးကွ ... ဘေးကနေ တစ်ခွန်းနှစ်ခွန်းလောက် ဝင်ချော့ပြီး တားဖို့ပြောတာ ... ဒါကြောင့်မို့ ဆရာကပြောတာပဲ ... လုရှို ကတော့ ဘေးကနေ ချော့ပြောနေမှာ မဟုတ်ဘူးတဲ့ ... မီးလောင်ရာ လေပင့်လုပ်နေမဲ့ကောင်တဲ့ ... ဟား ... ဟား .... ဟား ..."

ဘေးမှ လူအားလုံး ရယ်မောမိကြတော့၏။

လုရှိုက ...

"အေး ... ဆရာက ငါ့ကို မီးလောင်ရာ လေပင့်လုပ်နေတယ်လို့ ထင်တယ် မဟုတ်လား ... အဲ့ဒါ ဆရာမှားတာပဲ ... ဘာဖြစ်လို့လဲဆိုတော့ အစ်ကိုကြီး ကန်လိုက်တုန်းက ငါက ဘာမှတောင် မပြောရသေးဘူးကွ ... အစ်ကိုကြီးက သူတို့ကို ကျောပေးပြီး အရက်သောက်နေတာ ... ငါက လှမ်းပြီး 'အစ်ကိုကြီး သတိထား' လို့ သတိပေးလိုက်တယ် ... ဒါပေမဲ့ ငါ့စကားတောင် မဆုံးသေးဘူး 'ဘုန်း' 'ဘုန်း' ဆိုတဲ့ အသံနှစ်ချက် ကြားလိုက်ရပြီး လူစွမ်းကောင်း နှစ်ယောက်စလုံး လေ့ကားပေါ်ကနေ အောက်ထပ်ကို ပြုတ်ကျသွားတော့တာပဲ ... ငါက သေသေချာချာ ကြည့်လိုက်ပါတယ် ... ဘာဖြစ်လို့လဲဆိုတော့ အစ်ကိုကြီးရဲ့ မိကျောင်းမြီး ခြေကန်နည်းကို မမြင်လိုက်ရဘူး ... ဘေးကနေ မီးလောင်ရာ လေပင့်လုပ်ဖို့ကဝေးရော ..."

တစ်ယောက်က ...

"လုရှို ... ငါမင်းကိုမေးမယ် ... အစ်ကိုကြီးက ဟိုနှစ်ယောက်ကို ဝက်ဝံကြီးလို့ ခေါ်လိုက်တုန်းက မင်းကလည်း ဘေးကနေဝင်မခေါ်ဘူးလား ... မှန်မှန်ပြောစမ်း ..."

လုရှိုက တဟီးဟီးရယ်ပြီး ...

"ဟ ... မင်းတို့ဘဲ စဉ်းစားကြည့်ပါဦး ... အစ်ကိုကြီးလုပ်တဲ့သူက စစ်ကြေညာလိုက်မှတော့ ညီလုပ်တဲ့ ငါကလည်း ဘေးက သစ်တုံးကြီးလို ထိုင်နေလို့ ဖြစ်ပါ့မလား ... ငါသာ အော်ဟစ်အားမပေးရင် အစ်ကိုကြီးဘက်မှာ နောက်ခံအင်အား မရှိဘူးလို့ ထင်သွားမှာပေါ့ကွ ... ဒီလို အစ်ကိုကြီးဘက်က အားမပေးဘဲနဲ့ ဟိုဘက်ကနေပြီး အစ်ကိုကြီးကို ပြန်ဆဲရမှာလား ..."

ဟု ပြောတော့သည်။

လုရှိအား မေးလိုက်သူက တဟားဟားရယ်လျှက် ...

"ဒါဆိုရင် ဆရာကမင်းကို အပြစ်ဒဏ်ဆယ်ချက်ပေးတာ ဘယ်မှားမလဲကွ ... အင်မတန်မှန်တာပေါ့ ..."

ထိုစဉ် အစ်ကိုနှစ်က ...

"အေး ... ဒီကိစ္စနဲ့ ပတ်သက်ပြီး အခု ငါပြောတဲ့ စကားကို ဝှက်ထားကြ ... အစ်ကိုကြီးက ဟိုလင်နဲ့ ဟုန်လင်တို့ နှစ်ယောက်ကို လေ့ကားပေါ်ကနေ ကန်ချလိုက်တဲ့ ကိစ္စကို ချင်းချန်ဂိုဏ်းက ဘယ်သူ့မှ အသိပေးတာ မဟုတ်ဘူးကွ ... သူတို့ ဂိုဏ်းအတွက်လည်း ရှက်စရာကြီး ဖြစ်နေတာကိုး ... ဒါကြောင့် ဒီကိစ္စကို သူတို့ ဂိုဏ်းသားတိုင်းတောင် မသိကြဘူး ... ငါတို့ရဲ့ ဆရာကလည်း ဒီကိစ္စကို လုံဝဖုံးဖိထားပါလို့ မှာထားတယ် ... ဒီတော့ ဒီကိစ္စကို နောက်ထပ် မပြောနဲ့တော့ ..."

လုရှိကမူ လုံဝဂရုမစိုက်ဟန်ဖြင့် ...

"အစ်ကိုနှစ်ကလည်းဗျာ ... ဒီကောင်တွေကို ဘာဖြစ်လို့ဂရုစိုက်ရမှာလဲ ... ချင်းချန်ဂိုဏ်းရဲ့ သိုင်းပညာက မဖြစ်စလောက်လေးပါ ..."

သူ့စကားပင် မဆုံးသေး။ အစ်ကိုနှစ်၏ အော်ဟစ်သံက ကျယ်လောင်စွာ အော်လိုက်သဖြင့် အခန်းထဲရှိ လူများပင် လန့်သွားကြ၏။

"လုရှိ ... မင်း အရမ်းလျှောက်ပြောမနေနဲ့ ... ဆရာကသာ ဒီစကားကြားရင် မင်းကျောကို အရေလန်သွားအောင် ထပ်ရိုက်လိမ့်မယ် နားလည်ရဲ့လား ... အစ်ကိုကြီးက မိကျောင်းမြီးခြေကန်နည်းနဲ့ ဟိုနှစ်ကောင်ကို ကန်ချလိုက်နိုင်တာက ရုတ်တရက် အငိုက်မိသွားလို့ ပဲ ... နောက်ပြီး အစ်ကိုကြီးက ငါတို့ ဝါဆန်းဂိုဏ်းရဲ့ တပည့်တွေထဲမှာ အတော်ဆုံးတပည့်ဖြစ်လို့ ဒီလိုကန်နိုင်တာ ... ဘယ်သူမှ သူ့လို ကန်နိုင်မှာ မဟုတ်ဘူး ... မင်းကန်လို့ ဟိုနှစ်ယောက် အဲသလို လွင့်သွားမယ်ထင်နေလား ..."

လုရှိသည် လျှာထုပ်ရင်း ပြောလိုက်သည်။

"အစ်ကို နှစ်က မျက်နှာတည်တည်ဖြင့် ပြောလိုက်သည်။"

"ချင်းချန်ဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီးရီချန်းဆိုတာ သိုင်းလောကမှ တကယ်တန်း အရည်အချင်းရှိတဲ့ သိုင်းသမားကြီးကွ ... သူ့ကို အထင်သေးရင်မှားသွားမှာပေါ့ ... ညီမလေး မင်းက ဆရာကြီးရီချန်းကို တွေ့ဖူးတယ်မော့လား... ဘယ်လိုထင်လဲ ..."

မိန်းကလေးက ...

"ဆရာကြီးရီချန်းလား ... ဟင့်အင်း ... ကျွန်မတော့ သူ့ကိုမြင်ရင် ကြောက်တာပဲ ... သူနဲ့ မတွေ့ချင်ဘူး ... ကြောက်စရာ ကောင်းတယ် ..."

"ကဲ ... ကဲ ... အခု အစ်ကိုကြီးလည်း ရောက်မလာသေးဘူးဆိုတော့ အချိန်တော်တော်လေး ရနေတယ် ... အားလုံး အကြောင်းစုံသိသွားအောင် ငါပြောပြမယ် .... နောက်ဆိုရင် ချင်းချန်ဂိုဏ်းသားတွေနဲ့ တွေ့ရင် ဘယ်လိုရင်ဆိုင်ရမယ်ဆိုတာလည်း စဉ်းစားနိုင်တာပေါ့ ... ဟိုတစ်နေ့တုန်းက ငါတို့ ဆရာကြီးဟာ ဆရာကြီးရီချန်းဆီက တိုင်စာကို ရလိုက်တော့ ဒေါသဖြစ်ပြီး အစ်ကိုကြီးနဲ့ လုရှိကို ရိုက်တယ် ... နောက်တစ်နေ့ကျတော့ စာတစ်စောင်ရေးပြီး ... ငါ့ကို ချင်းချန်တောင်ကို သွားခိုင်းတယ် ..."

တစ်ယောက်တစ်ပေါက် ဝင်ပြောကြပြန်သည်။

"အစ်ကိုနှစ်လေ ... လောလော လောလောနဲ့ ထွက်သွားတာ ချင်းချန်းတောင်ကို သွားတာကိုး ..."

အစ်ကိုနှစ်က ...

"အေး ... ဟုတ်တယ် ... စာထဲမှာ ရေးထားတာက ဆရာကြီး သူ့တပည့် လူမိုက်နှစ်ယောက်ကို ရိုက်နှက်ဆုံးမလိုက်ပါပြီတဲ့ ... အမှန်ဆိုရင် သူ့အနေနဲ့ ဒီတပည့်လူမိုက်နှစ်ယောက်ကို ချင်းချန်းတောင်ပေါ် တက်ပြီး ဝန်ချတောင်းပန်ခိုင်းမလို့ပါဘဲတဲ့ ... ဒါပေမဲ ... ဒီတပည့်မိုက် နှစ်ယောက်ဟာ သူ ရိုက်ထားတဲ့ ဒဏ်ရာတွေနဲ့ အိပ်ရာပေါ် လဲနေကြလို့ ချင်းချန်တောင်ကို မလွှတ်နိုင်တာပါတဲ့ ... ဒါကြောင့်မို့ နံပါတ်နှစ် တပည့်ကြီးဖြစ်တဲ့ လောင်တက်ကို ကိုယ်စားစေလွှတ်ပြီး တောင်းပန်ခိုင်းလိုက်တာပါတဲ့ ..."

သည်တပည့် နံပါတ်နှစ်၏အမည်မှာ လောင်တတ်ဖြစ်နေသည်။

လင်မိန်ကျက်သည် လောင်တတ်ပြောနေသည့် စကားများကို အစအဆုံးကြားနေသည် ဖြစ်ရာ သူ့စိတ်ထဲတွင် အခြေအနေများကို သုံးသပ်နေမိ၏။

စာစဉ်(၁) ပြီး၏။

# သိုင်းလောကကော်မီနိုဝေါ်သံ

## စာစဉ် (၂)

# သိုင်းလောက၏ စိန်ခေါ်သံ

## စာစဉ်(၂)

## မာတိကာ


| | | | |
|---|---|---|---|
| | ချင်းချန်ဂိုဏ်း၏ ခြေလှမ်း မှအဆက် | thunderhawk | ၈၃ |
| အခန်း(၈) | လျို့ဝှက်သိုင်းကျမ်း | thunderhawk | ၈၆ |
| အခန်း(၉) | မင်းသမီးအရက်ဆိုင်ကြီး | bLaCk DeViL & Devil_Killer | ၁၀၁ |
| အခန်း(၁၀) | ထူးဆန်းသောစားသိုင်းပြိုင်ဆိုင်ခြင်း | thunderhawk | ၁၃၀ |
| အခန်း(၁၁) | မြောက်ပိုင်းကုလားအုတ် | charcol | ၁၄၁ |
| အခန်း(၁၂) | လင့်ဟူချုံး | yannaning | ၁၅၀ |
| အခန်း(၁၃) | ဝါဆန်းဂိုဏ်း | yannaning | ၁၆၁ |



**scanned by NEO@mmcp**

ပထမအဆင့် တည်းဖြတ်သူ **hotrod**

ဒုတိယအဆင့် တည်းဖြတ်သူ **HarryLwin**

အချောသတ် တည်းဖြတ်သူ **sideeffect**

“ဒီလောင်တက်ဆိုတဲ့သူရဲ့ ပြောစကားအရတော့ ဝါဆန်းဂိုဏ်းနဲ့ ချင်းချန်ဂိုဏ်းဟာ တော်တော်ကလေး ဆက်ဆံရေး ကောင်းနေတာကိုး . . . ဒါကြောင့်လည်း ဒီမိန်းကလေးက ငါတို့မိသားစုကလေးအတွက်နဲ့ ချင်းချန်ဂိုဏ်းနဲ့ မျက်နှာ မပျက်ရဲတာဘဲ . . . .”

ထိုစဉ် လောင်တက်က ဆက်၍ . . . .

“ငါ ချင်းချန်ဂိုဏ်းကို ရောက်တော့ ဟုန်လင်တို့နဲ့ တွေ့တာပဲ၊ ဒီကောင်တွေက မကျေနပ်ဘူးဟေ့ . . . . ငါ့ကို သရော်သလို လှောင်သလို လုပ်ကြတယ် . . . ငါနဲ့တစ်ပွဲတစ်လမ်း အကဲစမ်းချင်တယ်ပေါ့လေ . . . .”

လုရိုက . . . .

“တောက် . . . အစ်ကိုနှစ်ရာ ပညာမပြလိုက်ဘူးလား . . . . ဒီကောင်တွေကို ဘာမှ ကြောက်စရာမရှိဘူး . . . . အစ်ကိုနှစ်ကို ဒီကောင်တွေ ဘယ်လိုမှ မနိုင်နိုင်ပါဘူး . . . .”

“ဘယ်ဖြစ်မလဲကွ . . . . မသွားခင်ကတည်းက ဆရာက ငါ့ကို သေသေချာချာ မှာလိုက်တာဟေ့ . . . ငါချင်းချန် တောင်ကိုသွားတာ ရန်ဖြစ်ဖို့မဟုတ်ဘူးတဲ့ တောင်းပန်ဖို့တဲ့ . . . . ချစ်ကြည်ရေးဆောင်ရွက်ဖို့ သံတမန်သဘောသွားတာ တဲ့ . . . . ဒါကြောင့်မို့ ဘာကိစ္စမဆို သည်းခံရမယ်တဲ့ . . . ဘယ်လိုလုပ်မလဲ . . . သည်းမခံဘဲပြန်ချရင် ဆရာလည်း မျက်နှာပျက်မယ် . . . . ပြန်လာရင် ငါလည်းဒဏ်ခံရမယ် . . . . ဒီတော့ အောင့်အည်း သည်းခံရတော့တာ ပေါ့ကွာ . . . ငါ့ကို ညစ်ထားတာလည်း ကြည့်ကြအုံး . . . ချင်းချန်တောင် ရောက်ရောက်ချင်း ဂိုဏ်းချုပ်ဆရာကြီး ရီချန်းနဲ့ လုံးဝ တွေ့ခွင့်မပေးဘူးဟေ့ . . . . ခြောက်ရက်လောက် ပျင်းပျင်းရိရိနဲ့ကို စောင့်နေရတာ . . . ခုနစ်ရက်နေ့မှာမှ ငါက ဂိုဏ်းချုပ်ကြီး ရီချန်းနဲ့ တွေ့ခွင့်ရတော့တယ် . . . .”

လုရိုက . . . .

“ဟင်း . . . ကြီးကျယ်လိုက်ကြတာ . . . ခြောက်ရက်ကြီးတောင် မျက်နှာငယ်ငယ်နဲ့ စောင့်နေရတယ်ဆိုတော့ အကြာကြီးပဲ . . . ကိုယ်နဲ့ခလေ့စရိုက်မတူတဲ့ လူတွေကြားမှာ အစ်ကိုနှစ် နေနေရတာ တော်တော်အနေခက်မှာပဲနော် . . .”

လောင်တက်က တည်တည်ကြည်ကြည်ဖြင့် ဆက်ပြောသည်။

“ဒါပေါ့ . . . အနေရသိပ်ခက်တာပေါ့ . . . ဒါပေမယ့် ကြာရှည်ခြင်းဟာ ထာဝရမဟုတ်ပါဘူးကွာ . . . ဘယ်လောက် ကြာမလဲ ကြာစမ်း . . . သူ့အတိုင်းအတာ ကုန်ဆုံးသွားရင် ကြာရှည်ခြင်း ကုန်ဆုံးသွားတာပဲ . . . ဒါကို သိထားတော့ အောင့်အည်း သည်းခံနိုင်စိတ် ပိုရှိတာပေါ့ကွာ . . . .”

လောင်တက်သည် သူတို့၏ဂိုဏ်းတူအစ်ကိုများထဲတွင် အသက်အတော်အတန်ကြီးသူ ဖြစ်ခြင်းကြောင့် အားလုံးက တလေးတစား ရှိကြသည်သာ။ လောင်တက်၏ ဟန်ပန်နှင့် ပြောပုံဆိုပုံများကြောင့် သူ့စကားကို အားလုံးက အလွန် စိတ်ဝင်စားနေကြသည်။

"ဂိုဏ်းချုပ်ကြီး ရီချန်းကလည်း ငါ့ကို ထွေထွေထူးထူး ဘာမှသိပ်ပြောတာမဟုတ်ပါဘူး . . . သူက ငါ့ကို အရက် တစ်ဝိုင်း တည်ခင်းပြီး ဧည့်ခံတယ် . . . နောက်တစ်နေ့မှာ တံခါးဝအထိ လိုက်ပို့ပေးတယ်၊ ရီချန်းနဲ့တွေ့တဲ့ ဇာတ်လမ်း ကတော့ ဒါပဲ . . . ဒါကမထူးခြားပါဘူး၊ ထူးခြားတာက ငါ့ကို ရီချန်းနဲ့ တွေ့ခွင့်မပေးဘဲ ခြောက်ရက်တောင် စောင့်ခိုင်း ထားတာပဲ . . . ကိုယ့်လည်ပင်း ကိုယ်ကြိုးကွင်းတပ်တယ်ဆိုတာ ဒါမျိုးပဲ . . . ငါက ခြောက်ရက်ကြီး စောင့်လိုက်ရလို့ ငါ့အဖို့ အကျိုးမယုတ်ပါဘူး . . . . ဘာဖြစ်လို့လဲသိလား . . ."

ဟု လောင်တက်က မေးမေးပြောပြောလုပ်ရာမှ စကားကိုရုတ်တရက် ရပ်လိုက်သဖြင့် နားထောင်နေသူများ မချင့်မရဲ ဖြစ်သွားကြသည်။ လုရိုက . . . .

"ဟာ . . . အစ်ကိုနှစ်ကလည်း ပြောမှာသာပြောစမ်းပါ၊ ကျွန်တော်တို့ကို မေးမနေပါနဲ့ . . . ."

လောင်တက်က ပြုံးလိုက်ရင်း . . . .

"မင်းတို့ကလည်း စိတ်မရှည်လိုက်ကြတာ လွန်ပါရော . . . . ဒီခြောက်ရက်အတွင်းမှာ ပျင်းပျင်းနဲ့ တစ်ယောက် တည်း လမ်းလျှောက်ချည်းပဲ ထွက်တော့တာပဲ . . . အဲ . . . တစ်ညမှာ ထူးထူးဆန်းဆန်း တွေ့တော့တာပဲဟေ့ . . . . ချင်းချန်ဂိုဏ်းသားအားလုံး ကွင်းပြင်မှာ ဓားသိုင်းလေ့ကျင့်နေကြတယ် . . . . သူတို့လေ့ကျင့်ပုံက တစ်ယောက်တစ်မျိုး မဟုတ်ဘူးကွ . . . . ယိမ်းတိုက်သလို တစ်ပုံစံတည်း လေ့ကျင့်နေကြတာ . . . . နောက်ပြီး ခုမှစကျင့်နေမှန်း သိပ်သိသာ တယ် . . . ခြေလက်တွေက သွက်မှမသွက်တာ . . . ဒါပေမယ့် ချက်ချင်းပဲ သတိရပြီး ငါပြန်လှည့်လာခဲ့ပါတယ် . . . . ဘာဖြစ်လို့လဲဆိုတော့ သူတစ်ပါး ဂိုဏ်းသားတွေ သိုင်းလေ့ကျင့်တာကို ကြည့်တာဟာ သိုင်းလောကရဲ့ စည်းမျဉ်းကို ချိုးဖောက်တာပဲ မဟုတ်လား . . . ."

လောင်တက်သည် အာခြောက်သွားဟန်ဖြင့် ရေနွေးကြမ်းတစ်ပန်းကန် ငုံ့သောက်လိုက်သည်။ ပြီးမှ . . . .

"ငါ့အခန်းထဲရောက်မှ ငါ ပြန်စဉ်းစားကြည့်မိတယ် . . . . သိပ်အံ့သြစရာ ကောင်းနေတယ် . . . . ဂိုဏ်းချုပ်ကြီး ရီချန်းက ဘယ့်နှယ်ကြောင့် ဂိုဏ်းသားအားလုံးကို တစ်ပြိုင်နက် ဓားသိုင်းကွက် ကျင့်ခိုင်းရတာလဲ . . . . ဘယ်ဂိုဏ်းအဖွဲ့ မဆို တပည့်တစ်ဦးချင်းစီရဲ့ အရည်အချင်းအလိုက် သင်ကြားပြသ ပေးကြရတာချည်းပဲ . . . . ဘယ်တော့မှ တစ်ချိန် တည်း တစ်ခါတည်း သင်ကြားပေးလေ့ မရှိကြဘူး . . ."

လောင်တက်သည် . . . . ဂိုဏ်းတူ အစ်ကိုအားလုံးကို အကဲခတ်ကြည့်လိုက်သည်။ အားလုံးက သူ့စကားကို စိတ်ဝင် တစား နားထောင်နေကြသည်ကို တွေ့ရသောအခါ ကျေနပ်သွားပြီး သူ့စကားကို ဆက်သည်။

"ငါလည်း မနေနိုင်ဘူးဟေ့ . . . နောက်တစ်နေ့ညကျ ငါထပ်သွားတယ် . . . သူတို့လေ့ကျင့်တဲ့ပုံစံ တစ်ကွက် နှစ်ကွက်လောက် မှတ်သွားပြီးတော့ ဆရာ့ကို ပြန်မေးကြည့်မယ်လို့ စိတ်ကူးပြီး သွားကြည့်တာ . . . ငါ ခါတိုင်းနေရာ ရောက်တော့ ကွင်းလယ်မှာ ဟိုလင်နဲ့ဟုန်လင်တို့က တစ်တွဲ၊ ဖန်းလင်နဲ့ ရီလင်တို့က တစ်တွဲ . . . တစ်တွဲစီ တစ်တွဲစီ ဓားခုတ်နေကြတာ တွေ့ရတယ် . . . သူတို့ရှေ့မှာတော့ အင်္ကျီစိမ်းဝတ်ထားတဲ့ အရပ်ပုပုလူတစ်ယောက် ထိုင်နေတာ တွေ့ရတယ်၊ ငါကလည်း အရင်တုန်းက ချင်းချန်ဂိုဏ်းချုပ်ကြီးကို တစ်ခါမှ မမြင်ဘူးခဲ့ဘူး . . . ဒါပေမယ့် ချင်းချန် ဂိုဏ်းချုပ်ကြီးဟာ အရပ်တော်တော်ပုတယ်လို့ ပြောနေကြတာတော့ ကြားဖူးတယ် . . . အခုလို မျက်စိနဲ့ တပ်အပ် မြင်လိုက်တော့မှ အရပ်တော်တော် ပုတယ်ဆိုတာကို ယုံတော့တယ် . . . သူ့ရဲ့ ဘေးနှစ်ဖက်မှာတော့ ချင်းချန်ဂိုဏ်းသား တွေရပ်ပြီး တိုက်ခိုက်နေကြတဲ့ အတွဲ နှစ်တွဲကို ကြည့်နေကြတယ် . . . သူတို့သုံးတဲ့ ဓားကွက်တွေကလည်း ဘာမှ အသစ်အဆန်းမပါဘူး . . . . အရင်နှစ်ညတုန်းက လေ့ကျင့်နေတဲ့ ဓားကွက်တွေပဲ . . . ."

လုရိုက . . . .

"အစ်ကိုနှစ်ရာ . . . . သူတို့က ဓားကွက်တွေနဲ့ ဘာလုပ်နေကြတာလဲ . . . ကပွဲတစ်ခုခု လုပ်မှာတော့ မဟုတ်ပါဘူးနော် . . ."

လောင်တက်က . . . .

"ဟာ . . . . ကြုံကြုံဖန်ဖန်ကွာ မဟုတ်တာ . . . အဲဒီတုန်းက ငါ့ရဲ့အခြေအနေက သိပ်မကောင်းဘူး . . . အန္တရာယ်အလွန် များတဲ့အခြေအနေကွ . . . ငါ ချောင်းကြည့်နေတာ သူတို့သိသွားရင် ဘယ်လောက်ရှက်စရာ ကောင်းမလဲ . . . သိုင်းလောကမှာသာ ဒီသတင်းပျံ့သွားရင် ငါတို့ဝါဆန်းဂိုဏ်းရဲ့သိက္ခာ ဘယ်လောက်ကျလိုက်မလဲ၊ အစ်ကိုကြီးနဲ့ ငါနဲ့ ကွာခြားသွားတဲ့ အခြေအနေကို မင်းတို့ သတိပြုမိကြရဲ့လား . . ."

ဂိုဏ်းတူညီအစ်ကိုအားလုံးက မည်သို့မျှ သဘောမပေါက်ဟန်ရှိနေသဖြင့် လောင်တက်က ဆက်ရှင်းပြလိုက်ရသည်။

"ချင်းချန်ဂိုဏ်းက တပည့်ကြီးနှစ်ယောက်ကို အစ်ကိုကြီးက ခြေထောက်နဲ့ကန်ချလိုက်လို့ ဆရာက အပြစ်ဒဏ်ပေးတယ်မဟုတ်လား . . . ဘယ်လိုပဲ အပြစ်ဒဏ်ပေးပေး ဆရာကတော့ ကြိတ်ကျေနပ်နေမှာပဲ . . . အစ်ကိုကြီးက ငါတို့ဝါဆန်းဂိုဏ်းရဲ့ သိက္ခာကို တင်ပေးလိုက်သလို ဖြစ်သွားတယ်မဟုတ်လား . . . ငါ့ကျတော့ ဒီလို မဟုတ်တော့ဘူး . . . ငါ ခိုးကြည့်နေတာကို ချင်းချန်ဂိုဏ်းချုပ်ရီချန်း မိသွားရင် ငါတို့ဝါဆန်းဂိုဏ်းရဲ့သိက္ခာ အကြီးအကျယ် ကျသွားပြီ . . . ဆရာကလည်း ငါ့ကို ဂိုဏ်းထဲက တစ်ခါတည်း မောင်းထုတ်လိုက်မှာ အသေအချာပဲ . . ."

အခြားတစ်ယောက်က . . . .

"ဟုတ်တယ်လေ . . . အစ်ကိုနှစ်အဖို့ ကြည့်သာကြည့်နေရတာ သိပ်လွယ်လှတာမဟုတ်ဘူး . . . စဉ်းစားကြည့်ရင်းနဲ့ . . . ကျွန်တော်တောင် ကြောက်လာတယ် . . . ."

လောင်တက်က . . .

"ဒါနဲ့ ငါလည်း မှတ်နိုင်သလောက်မှတ်ပြီး ကြောက်ကြောက်လန့်လန့်နဲ့ တဖြည်းဖြည်း နောက်ဆုတ်လာခဲ့ရတယ် . . . . နောက်နေ့တော့ ငါသွားမကြည့်ရဲတော့ပါဘူး . . . နောက်ဆုံးတော့ ဂိုဏ်းချုပ်ကြီးရီချန်းက ငါ့ကိုတွေ့ပြီး ကောင်းကောင်း မွန်မွန်ပြောတယ် . . . . အစ်ကိုကြီးကို ဆရာက ဘာဖြစ်လို့ ရိုက်နှက်ဆုံးမရတာလဲတဲ့ . . . . ချင်းချန်ဂိုဏ်းဟာ တောင်ကြီးငါးလုံး ဂိုဏ်းအဖွဲ့ဝင် မဟုတ်ပေမယ့် ဝါဆန်းဂိုဏ်းနဲ့ အင်မတန် ရင်းနှီးပါသတဲ့ . . . ဂိုဏ်းသားအချင်းချင်း ဒီလိုဖြစ်တာကို ကလေးချင်း ရန်ဖြစ်ကြသလို သဘောထားရမှာပေါ့တဲ့ . . . ညနေကျတော့ ငါ့အတွက် ထမင်းတစ်ဝိုင်းနဲ့ ဧည့်ခံတယ် . . . နောက်တစ်နေ့ ငါကမပြန်ခင်မှာ သူ့ကိုဒူးထောက်ပြီး နှုတ်ဆက်လိုက်တော့ သူက လက်နှစ်ဖက်နဲ့ ငါ့ကို အသာလေး မလိုက်တယ် . . . သူ့ရဲ့အတွင်းအားက တကယ်ကြောက်စရာ ကောင်းတာပဲဟေ့ . . . ငါ့တစ်ကိုယ်လုံး လေထဲလွင့်ထွက်သွားတော့မလား ထင်သွားရတယ် . . . ငါ့အတွင်းအားကို လုံးဝထုတ်လို့မရတော့ဘူး . . . တကယ်လို့များ သူက ငါ့ကို အဝေးကြီး မြှောက်ပစ်လိုက်ရင် ငါတော့ လူပုံအလယ်မှာ အရှက်ကွဲရမှာ အသေအချာပဲ . . . သူက လက်ကိုပြန်ရုပ်ပြီး ပြုံးရင်း မေးတယ် . . . 'မင်းရဲ့ ဂိုဏ်းတူ အစ်ကိုကြီးက မင်းထက် ဘယ်နှစ်နှစ်စောပြီး ဂိုဏ်းထဲဝင်ခဲ့သလဲ' တဲ့ . . . နောက်ပြီး 'မင်းက ဝါဆန်းဂိုဏ်းထဲမဝင်ခင် သိုင်းပညာသင်ခဲ့ဖူးတယ် မဟုတ်လား' တဲ့ . . . 'ငါကလည်း ဟုတ်ပါတယ်၊ သိုင်းပညာ သင်ခဲ့ဖူးပါ တယ် . . . နောက်မှ ဝါဆန်းဂိုဏ်းထဲ ရောက်လာတာပါ၊ ဝါဆန်းဂိုဏ်းထဲကို ကျွန်တော်က အစ်ကိုကြီးထက် ဆယ်နှစ် နောက်ကျပြီးမှ ရောက်လာတာပါ' လို့ပြောလိုက်တယ် . . . ဒါနဲ့ ဂိုဏ်းချုပ်ကြီးရီချန်းက ပြုံးပြီး 'ဆယ်နှစ်ပိုစောတာကိုး' လို့ သူ့ဘာသာ ရေရွတ်သလိုလို ပြောတယ် . . . ."

## လျှို့ဝှက်သိုင်းကျမ်း

ထိုအခါ မိန်းကလေးက ပြောလိုက်သည်။

"အစ်ကိုနှစ် . . . . သူက ဆယ်နှစ်တည်း ပိုစောတာကိုးလို့ပြောတဲ့ အဓိပ္ပာယ်က ဘာလဲဟင် . . . ."

လောင်တက်က ပြုံး၍ဖြေလိုက်သည်။

"အဲဒီတုန်းက သူ့ရဲ့မျက်နှာအမူအရာက သိပ်အံ့သြနေပုံရတယ်၊ ငါ့ရဲ့သိုင်းပညာက မဖြစ်စလောက်ကလေး ဆိုတော့ ငါ့ထက် ဆယ်နှစ်လောက်ကလေး ပိုစောတဲ့ အစ်ကိုကြီးရဲ့သိုင်းပညာက သိပ်ကောင်းနိုင်မယ် မဟုတ်ဘူးဆိုတဲ့ သဘောမျိုးလဲ ဖြစ်လိမ့်မယ် . . . ."

မိန်းကလေးက ဘာမှဆက်မပြောတော့ဘဲ ငြိမ်နေသည် . . . .။ လောင်တက်က ဆက်ပြောသည်။

"ငါပြန်ရောက်တော့ ငါမြင်ခဲ့သမျှ တစ်ကွက်မှမကျန်အောင် ဆရာ့ကို ပြန်ပြောလိုက်တယ် . . . . ဆရာက ငါ့ကို ဟိုဓားသိုင်းကွက်တွေ ပြန်ကစားပြခိုင်းတယ် . . . . ငါကလည်း မှတ်မိသမျှ အတိအကျ ပြန်ကစားပြလိုက်တာပဲ . . . . အဲဒီတော့ ဆရာကကြည့်ပြီး ဘာပြောတယ်မှတ်သလဲ . . . . 'ဒါက ဖုကျိုးမြို့က မင်္ဂလာအာမခံဌာန ခေါင်းဆောင်ကြီးရဲ့ ဘီလူးမီးဓားသိုင်းကွက်ပဲ' လို့ပြောတော့တာပဲ . . ."

လင်မိန်ကျက်သည် ထိုစကားကို ကြားလိုက်ရသောအခါ တုန်လှုပ်သွားတော့သည်။

အခြေအနေအရပ်ရပ်ကို ခြုံငုံသိချင်သည့်ဆန္ဒများသည်လည်း တဖွားဖွား ပေါ်ပေါက်လာတော့၏။ ထို့ကြောင့် နားပိုစိုက်လိုက်မိသည်။

လောင်တက်က . . . .

"ဆရာက အဲသလို ပြောလိုက်တော့ . . . ငါလည်း သိပ်အံ့သြသွားတယ် . . . ဒါနဲ့ ချင်းချန်ဂိုဏ်းက ဘာဖြစ်လို့ ဘီလူးမီးဓားသိုင်းကွက်ကို ကျင့်ရတာလဲလို့ ဆရာ့ကိုမေးမိတော့တာပဲ . . . နောက်ပြီး ငါ့အမြင်အရတော့ ဒီဓားသိုင်းကွက်တွေက သိပ်ဆန်းလှတာလည်း မဟုတ်ပါဘူး . . . ခပ်ရိုးရိုးအကွက်တွေပါပဲ . . . ဒါပေမယ့် ဆရာပြောတာကတော့ တော်တော် စိတ်ဝင်စားစရာ ကောင်းတယ်ကွ . . . ဆရာက 'မင်းတို့မသိဘူး၊ ချင်းချန်ဂိုဏ်းချုပ်ကြီး ရီချန်းရဲ့ဆရာ လူငယ်ဘဝတုန်းက လင်ကျန်နန်ရဲ့အဘိုး လင်ရွယ်တူကို ရှုံးခဲ့ဖူးတယ် . . . ရှုံးခဲ့ရတာလည်း ဒီ ဘီလူးမီးသိုင်းကြောင့်ပဲ' တဲ့ . . . ငါလည်း သိပ်အံ့သြသွားတာပဲ . . ."

လုရိုက . . . .

"အစ်ကိုနှစ်ကလည်း ဆရာ့ကိုဘာဖြစ်လို့ အပြည့်အစုံ မမေးရတာလဲ . . . တစ်ခါတည်းမေးလိုက်ရောပေါ့ . . .' ဟု ပြောလိုက်သည်။

လောင်တက်က . . . .

"မင်းကလည်း စကားဆုံးအောင်ပဲ နားထောင်စမ်းပါအုံး . . . အဲဒီတော့ ဆရာကဆက်ပြောတယ် . . . လင်ရွှယ်တူဆိုတာက လင်ကျန်နန်ရဲ့အဘိုး . . . မင်္ဂလာအာမခံဌာနကြီးကို စတင်တည်ထောင်တဲ့လူတဲ့ . . . အဲဒီတုန်းက လင်ရွှယ်တူရဲ့ ဘီလူးမီးစားသိုင်းနဲ့ လက်ဝါးစောင်းသိုင်းပညာတွေဟာ တကယ့်ကို ပြိုင်စံရှား ကောင်းမွန်တာဆိုပဲ၊ ဒုစရိုက်သိုင်းလောကသားမပြောနဲ့ အထက်လမ်း သိုင်းလောကသားတွေကတောင် လင်ရွှယ်တူနာမည်ကြီးလွန်းလို့ သွားပြီး ပညာစမ်းကြသတဲ့ . . . . ဘယ်လောက်ပဲစမ်းစမ်း စမ်းတဲ့လူတိုင်း လင်ရွှယ်တူကို ရှုံးကြတယ်ဆိုပဲ . . . . အဲဒီ ရှုံးသွားတဲ့လူတွေထဲမှာ ဂိုဏ်းချုပ်ရီချန်းရဲ့ဆရာ ချင်ကျိုလည်းပါတာပေါ့တဲ့ . . . ."

လင်မိန်ကျက်သည် သူတို့၌ ကြမ္မာဆိုးဝင်ခဲ့ရခြင်း အကြောင်းရင်းကို တဖြည်းဖြည်း ကြားသိနေရပေပြီ။

အပြည့်အစုံ ပြောနေသည့် လောင်တက်ကို စိတ်တွင်းမှ ကြိတ်၍ ကျေးဇူးတင်နေမိ၏။

စကားတစ်လုံးတလေမျှ မကြားမိမဖြစ်အောင် အထူးဂရုစိုက် နားထောင်လိုက်သည်။

ထိုစဉ် လောင်တက်က သူ့စကားကို ဆက်ပြောနေသည်။

"ငါက ဆရာ့ကို မေးလိုက်တယ်၊ ဘီလူးမီးစားသိုင်းက တကယ့်ကို အားလုံးကို နိုင်တာလားလို့ . . . . အဲဒီ အခါကျမှ ဆရာက အပြည့်အစုံထပ်ရှင်းပြတယ် . . . ဂိုဏ်းချုပ်ရီချန်းရဲ့ဆရာ ချင်းကျိုနဲ့ ငါ့ရဲ့ အရင်က ဆရာ့ ဆရာဟာ သိပ်ခင်မင်ကြတယ်ဆိုပဲ . . . . ချင်းကျိုက သူ လင်ရွှယ်တူကို ရှုံးနိမ့်ခဲ့တဲ့အကြောင်း လုံးဝမပြောဘူးတဲ့ . . . . ဒါပေမယ့် ငါ့ရဲ့ ဆရာ့ ဆရာ ဆီလာပြီး ဘီလူးမီးစားသိုင်းကို ဘယ်လိုဖျက်ရင်ရမလဲဆိုတာ လာပြီး တိုင်ပင်ဆွေးနွေးသတဲ့ . . . ဒါပေမယ့် ဖျက်ကွက်ကို လုံးဝရှာမတွေ့ဘဲ ဖြစ်နေကြသတဲ့ . . . . အဲဒီတုန်းက ဆရာက သူတို့ဘေးနားမှာရှိနေတော့ ဒီသိုင်းကွက်ကို မှတ်မိနေတာဆိုပဲ . . . . ဆရာပြောတာ တကယ်ယုတ္တိရှိတယ်ကွ . . . ချင်းချန်တောင်ပေါ်က ငါကြည့်ခဲ့တဲ့ သိုင်းကွက် တစ်ကွက် နှစ်ကွက်လောက် ကစားပြလိုက်တာနဲ့ ဘီလူးမီးစားသိုင်းမှန်း ဆရာက ကောင်းကောင်းကြီး သိလိုက်တော့တာပဲ . . . ."

လောင်တက်၏စကားများကို အထူးနားစိုက်ထောင်နေသော လင်မိန်ကျက်မှာ ချင်းချန်ဂိုဏ်းမှ လူများကို လုံးဝ မယုံနိုင်တော့သဖြင့် အလွန်စိတ်ဓာတ်ကျနေခဲ့သည်။

ဆရာကောင်းတစ်ယောက်ထံတွင် တပည့်ခံ ပညာသင်ပြီးမှ ချင်းချန်ဂိုဏ်း၏ ရက်စက်မှုကို ပြန်လည်အကြွေး ဆပ်ရန် ပိုင်းဖြတ်ထားခဲ့သည်။

သို့သော် လောင်တက်၏စကားအရ မိမိ၏ အဘေးဖြစ်သူ လင်ရွှယ်တူ၏ စွမ်းပကားကို ကြားသိလိုက်ရသောအခါ စိတ်ဓာတ်များ နိုးကြားတက်ကြွလာတော့သည်။ သူ့စိတ်ထဲတွင် တွေးလိုက်မိသည်။

"လက်စသတ်တော့ ငါတို့မျိုးရိုးအမွေ ဘီလူးမီးစားသိုင်းက တကယ်ထက်မြက်တဲ့ သိုင်းပညာကြီးကို . . . ချင်းချန် ဂိုဏ်းရဲ့ ဆရာတောင်မှ ရှုံးနိမ့်ခဲ့ရတဲ့ သိုင်းပညာဟာ ဘယ်သာမည အညတရသိုင်းပညာကလေး ဟုတ်လိမ့်မလဲ . . . ဒါပေမယ့် အဖေ့ကျတော့ ဘာဖြစ်လို့ ချင်းချန်ဂိုဏ်းရဲ့ တပည့်တွေကိုတောင် မနိုင်ခဲ့ရတာလဲ . . . ဇကွဲ့ အဖေဟာ ဒီစားသိုင်းရဲ့ တကယ်အရေးကြီးတဲ့ အကွက်တွေကို မရလိုက်ဖူးနဲ့တူတယ်။"

လင်မိန်ကျက်၏ အတွေးစများကို လောင်တက်၏စကားသံက ဖျက်ဆီးပစ်လိုက်သည်။ လောင်တက်က . . .

"ငါက ဆရာ့ကို မေးကြည့်တယ် . . . . အခု ချင်းချန်ဂိုဏ်းက ဘီလူးမီးစားသိုင်းကွက်တွေကို လေ့ကျင့်နေကြ တာက ဘာလုပ်ကြဖို့လဲ . . . . ဒါနဲ့ ဆရာက ဆက်ပြောတယ် . . . ဂိုဏ်းချုပ် ရီချန်းရဲ့ဆရာ ချင်းကျိုဟာ အင်မတန် သဘောထား သေးသိမ်တဲ့လူတဲ့ . . . . သူ လင်ရွှယ်တူကို ရှုံးနိမ့်ခဲ့ရတဲ့အတွက် လုံးဝအခဲကျေပုံ မရဘူးတဲ့ . . . . နောက်ပြီး ဆရာက ပိုင်းခြား ဝေဖန်ပြတယ် . . . . တုံ့ပြန်ခြင်းတုံ့ပြန်ရင် ရီချန်း တုံ့ပြန်ရမှာက လင်ရွှယ်တူရဲ့သား လင်ကျုံးရန်ကို တုံ့ပြန်ရမှာတဲ့ . . . . အခု ရီချန်းလုပ်ပုံကတော့ အတော်လေး ရယ်စရာကောင်းနေသတဲ့ . . . ဘာဖြစ်လို့ လဲဆိုတော့ အဲဒီတုန်းကအဖြစ်တွေကို ဘာမှ မသိတော့တဲ့ လင်ကျန်နန် လက်ထက်ကျမှ တုံ့ပြန်တော့လို့တဲ့ . . ."

လုရိုက ကြားဖြတ်မေးလိုက်သည်။

"အစ်ကိုနှစ်က မေးမကြည့်ဘူးလား . . . ဘာဖြစ်လို့လင်ကျန်နန်ကျမှ တုံ့ပြန်တာလဲလို့ . . . ."

လောင်တက်က . . . .

"အဲဒါတော့ ငါ မမေးမိဘူးကွ . . . . ငါ မေးခဲ့တာတစ်ခုတော့ ရှိတယ် . . . ဒီပွဲမှာ ဆရာ့အထင် ဘယ်သူ အနိုင်ရသလဲလို့ မေးခဲ့မိတယ်။ ဒီတော့ ဆရာက ပြုံးပြီး ပြောတယ် . . . . ရီချန်းရဲ့ သိုင်းပညာက သူ့ဆရာထက် ပိုကောင်းတယ် . . . . လင်ကျန်နန်ရဲ့ သိုင်းပညာ ဘယ်လောက်ရှိတယ်ဆိုတာ မသိတော့ ခန့်မှန်းရခက်တယ် . . . . ဒါပေမယ့် လင်ကျန်နန်တို့က ရှုံးဖို့များနေတယ်။ ဘာဖြစ်လို့လဲဆိုတော့ လင်ကျန်နန် ကိုယ်တိုင်က သူ့အဘိုးရဲ့ပညာကို မီပုံမရတာက တစ်ကြောင်း . . . . ချင်းချန်ဂိုဏ်းက အမှောင်ထဲက ကြိတ်ကြံနေတာကတစ်ကြောင်း . . . . အဲဒီ နှစ်ကြောင်းကြောင့် တိုက်ပွဲမစခင်တည်းက မင်္ဂလာအာမခံဌာနဟာ ဆယ်ပုံပုံရင် ခုနစ်ပုံလောက် ရှုံးနေပြီလို့ ဆရာက ပြောတယ်ကွ၊ နောက်ပြီး 'လောင်တက် . . . . မင်းဒီပွဲကို ကြည့်ချင်သလား' တဲ့"

နားထောင်သူအားလုံး တဖြည်းဖြည်း ဇာတ်ရည်လည်လာကြတော့သည်။ ဝါဆန်းဂိုဏ်း၏ ဂိုဏ်းတူအစ်ကို များမှာမူ ကြားပရိသတ်ဖြစ်နေ၍ စိတ်ခံစားမှု သိပ်မရှိကြ။

သူတို့က ပွဲကြည့်ပရိသတ်မျှသာ ရှိကြသည်။ ကာယကံရှင် လင်မိန်ကျက် အဖို့မှာသာ မခံချိမခံသာ နာကြည်းမှု များဖြင့် အံတကြိတ်ကြိတ်ဖြင့် ဖြစ်နေရတော့သည်။

လောင်တက်က . . . .

"ဆရာက . . . ငါ့ကို အဲဒီလိုမေးလိုက်တော့ ဘယ်ပြောကောင်းမလဲ . . . . ဝမ်းသာလိုက်တာ၊ ဒါပေမယ့် ဆရာက တစ်ခုတော့ တင်းတင်းကျပ်ကျပ်မှာလိုက်တယ် . . . . တခြားလူတွေကို မပြောရဘူးတဲ့၊ သတင်းပေါက်ကြားမှာ စိုးရိမ်လို့ ပေါ့ကွာ . . . . ဒါပေမယ့် ညီမလေးကတော့ လူလည်ကွ . . . . သူက အင်မတန်ပါးနပ်တဲ့ မိန်းကလေးဆိုတော့ ချက်ဆို နားခွက်ကမီးတောက်နေပြီ . . . . ဆရာ့ကို အတင်းကပ်ပြီး ပူဆာနေတော့ . . . . ဆရာလည်း မတတ်နိုင်တော့ဘဲနဲ့ ငါနဲ့အတူ ထည့်လိုက်ရတာပဲ . . . . အဲဒီနောက်ပိုင်းကျတော့ ငါတို့ရဲ့ လှုပ်ရှားမှုကလေးတွေ အခုလို စရတော့တာပဲ . . ."

လောင်တက်သည် ပြုံးရင်း သူ၏ဂိုဏ်းတူညီမလေးထံသို့ လှမ်းကြည့်လိုက်သည်။

မိန်းကလေးကလည်း ပြုံးနေသည်။

"ငါတို့နှစ်ယောက် ဖုကျိုးမြို့ပြင်နားမှာရှိတဲ့ အရက်ဆိုင်မှာ အရက်ရောင်းတဲ့မြေးအဘိုး ဟန်ဆောင်လိုက်ကြတယ် . . . . နေ့တိုင်း မင်္ဂလာအာမခံဌာနရဲ့ အခြေအနေကို သွားကြည့်ကြတာပဲ . . . . ငါတို့သွားတိုင်းလိုလို လင်ကျန်နန်နဲ့ သူ့သား လင်မိန်ကျက်တို့ ဓားသိုင်းလေ့ကျင့်နေတာ တွေ့ရတာပဲ . . . . ညီမလေးကတော့ ခေါင်းတခါခါနဲ့ဟေ့၊ နောက်ပြီး သူ့ပါးစပ်က ပြောလိုက်သေးတယ် . . . . 'ဒါက ဘီလူးမီးဓားသိုင်းလား' တဲ့ . . . 'ပုရွက်ဆိတ်ဓားသိုင်းလို့ နာမည်ပြောင်းဖို့ ကောင်းတယ်' လို့ တတွတ်တွတ် ပြောနေသေးတယ် . . . ."

ဝါဆန်းဂိုဏ်းသားများသည် တဝါးဝါးတဟားဟားဖြင့် ရယ်မောကြတော့သည်။

လင်မိန်ကျက်မှာမူ ရှက်လွန်းသဖြင့် ခေါင်းကို မဖော်ရဲအောင် ဖြစ်နေတော့၏။ သို့သော် သူ့စိတ်ထဲတွင် တစ်ခုတော့ ချီးကျူးနေမိသည်။

"လက်စသတ်တော့ သူတို့နှစ်ယောက်စလုံး ငါတို့အာမခံဌာနကို တိတ်တိတ်ကလေး လာလေ့လာ နေကြတာကိုး . . . . ငါတို့က လုံးဝတောင် မသိလိုက်ကြဘူး . . . ."

လောင်တက်က . . .

"ငါတို့နှစ်ယောက် ရောက်လို့သိပ်မကြာဘူး . . . . ချင်းချန်ဂိုဏ်းသားတွေ ရောက်လာတော့တာပဲဟေ့ . . . အရင် ဦးဆုံး ရောက်လာတဲ့နှစ်ကောင်ကတော့ ဟိုလင်နဲ့ဟုန်လင်ပဲ . . . သူတို့နှစ်ယောက်က အာမခံဌာနကို နေ့တိုင်းသွားပြီး အခြေအနေ လေ့လာကြတယ် . . . . မုဆိုးဟာ သူပစ်ရမယ့် သားကောင်ရဲ့ ပစ်ကွင်းကို သွားရွေးနေကြသလိုပဲ . . . . ဟိုလင်ကျန်နန်တို့ မိသားစုကတော့ မသိရှာဘူးဟေ့ . . . . တစ်နေ့တော့ မမျှော်လင့်ပဲနဲ့ ငါတို့ရဲ့အရက်ဆိုင်ကို အာမခံဌာနရဲ့ ဆရာကြီးရဲ့သား လင်မိန်ကျက် ရောက်လာတယ် . . . . ငါတို့ကလည်း မင်သေသေနဲ့ အရက်တွေ ထုတ်ရောင်း

တာပဲ . . . . အဲဒီအချိန်မှာ ချင်းချန်ဂိုဏ်းရဲ့ အညွှန့်ဆုံးတပည့်နှစ်ယောက်ဖြစ်တဲ့ ကျားလောင်ဆိုတဲ့ကောင်နဲ့ ရှောင်ရီဆိုတဲ့ကောင် နှစ်ကောင် ရောက်လာကြတော့တာပဲ . . . .”

လောင်တက်သည် စကားစကို ဖြတ်လိုက်ပြီး ရေနွေးကြမ်းပန်းကန်ကို လှမ်းယူမော့သောက်လိုက်သည်။

သူ၏ဂိုဏ်းတူညီအစ်ကိုများမှ ကောင်းခန်းရောက်မှ ရုတ်တရက် ရပ်လိုက်သဖြင့် မရိုးမရွဖြစ်သွားကြ သောကြောင့် လောင်တက် ရေနွေးကြမ်းသောက်နေသည်ကို စိတ်မရှည်စွာဖြင့် ကြည့်နေကြသည်။

လောင်တက်က . . . .

“အာမခံဌာနက လင်မိန်ကျက်ရဲ့ သိုင်းပညာကတော့ တကယ့်အညွှန့်စားသိုင်းပညာပါ. . . . ဒါပေမယ့် သတ္တိကတော့ တကယ်ကောင်းတဲ့အကောင်ကွ . . . . ဂိုဏ်းချုပ်ရီချန်းရဲ့ အသုံးမကျတဲ့သား ရှောင်ရီဆိုတဲ့ကောင်ကတော့ လက်သရမ်းချင်တာက လွန်ရော . . . . ဒါနဲ့ လင်မိန်ကျက်က မခံချင်ဖြစ်ပြီး စတိုက်တော့တာပဲ . . . .”

ထိုစဉ် လင်မိန်ကျက် ရင်တစ်ခုလုံး လှုပ်ရှားနေသည်။ သူ့စိတ်ထဲတွင် တွေးလိုက်မိသည်။

“အဲဒီတုန်းက ငါက ရှောင်ရီကိုသတ်မိလို့ တုံ့ပြန်ကြွေးဆပ်ကြတာလို့ အထင်မှားခဲ့တယ် . . . . ဘယ်ဟုတ်လို့လဲ . . . သူတို့က ရှေးပဝေသဏီက ရန်ကြွေးဆပ်ဖို့သက်သက် လာကြတာပဲ . . . . ငါက ရှောင်ရီကို မသတ်လည်း သူတို့ကတော့ သတ်ကြတော့မှာပဲ . . . .”

လောင်တက်သည် ရှောင်ရီနှင့် လင်မိန်ကျက်တို့ တိုက်ခိုက်ကြပုံနှင့် ရှောင်ရီ အငိုက်မိပြီး ဓားထိုးခံ သေဆုံးသွားရပုံကို ပြောပြနေသည်။

လောင်တက်က ဆက်၍ပြောပြန်သည်။

“အဲဒီညမှာ ငါတို့အာမခံဌာနကို သွားကြည့်ကြတယ် . . . . ဟိုလင်၊ ဟုန်လင်၊ ရီလင်နဲ့ ဖန်းလင်တို့ တပည့်ကြီးလေးယောက်က ချင်းချန်ဂိုဏ်းသား ဆယ်ယောက်ကို ဦးဆောင်ပြီး အာမခံဌာနထဲကလူတွေကို တစ်ယောက်ပြီးတစ်ယောက် သတ်ကြတော့တာပဲ . . . . အတော့်ကို ရက်စက်တဲ့ လူတွေပါပဲဗျာ . . . . လူတွေကို ကြက်ကလေး၊ ငှက်ကလေးတွေ သတ်သလိုကို သတ်ကြတာ . . . . ဌာနထဲက ထွက်လာတဲ့လူမှန်သမျှ တစ်ယောက်မကျန် သတ်တာပဲ . . . . ဒါပေမယ့် ထူးခြားချက်တစ်ခုကိုတော့ ငါတို့သတိပြုမိတယ်ကွ . . . . လင်ကျန်နန်တို့ သားအမိသားအဖတွေကိုတော့ လုံးဝမသတ်ဘူး ဟေ့ . . . .”

လုရှိက . . . .

“ဘာသဘောလဲ အစ်ကိုနှစ်ရ . . . . လက်စားချေတယ်ဆိုရင်လည်း သတ်ရမှာပေါ့ . . . . သူတို့အစီအစဉ်က ဘယ်လိုလဲ . . . .”

လောင်တက်က . . . .

“ကြည့်ရတာကတော့ လင်ကျန်နန်တို့မိသားစုကို ဌာနထဲက မောင်းထုတ်ရုံ လုပ်ကြတာနဲ့ တူပါတယ် . . . လင်ကျန်နန်တို့ သားအမိ၊ သားအဖသုံးယောက် ထွက်လည်းပြေးရော ချင်းချန်ဂိုဏ်းချုပ် ရီချန်းကိုယ်တိုင် ရောက်လာတော့တာပဲ . . . . ထူးထူးဆန်းဆန်းကွာ . . . . မင်္ဂလာအာမခံဌာနထဲမှာ သုံးရက်တောင် နေသွားလိုက်သေးတယ် . . . . ဒီတစ်ချက်က တော်တော် စဉ်းစားရခက်နေတယ်” ဟုပြောသည်။

လင်မိန်ကျက်သည် ထိုစကားကို ကြားလိုက်ရသောအခါ ရင်ခုန်သွားမိသည်။ လောင်တက်ကဲ့သို့ပင် တွေးမရအောင်ဖြစ်သွားမိ၏။

“ချင်းချန်ဂိုဏ်းချုပ် ရီချန်းက ဘာဖြစ်လို့ ငါတို့ရဲ့ အာမခံဌာနထဲမှာ သုံးရက်တောင် နေသွားရတာလဲ . . . ဘာအကြောင်းရှိလို့လဲ”

သူ့စိတ်ထဲတွင် မေးလိုက်သည့် မေးခွန်းကို လုရှိက ဝင်မေးလိုက်သည်။

လောင်တက်က . . . .

"ဒီကိစ္စပြောရရင် အရှည်ကြီးပဲကွ . . . . ငါတို့က ချင်းချန်းဂိုဏ်းနောက် ဆက်လိုက်ကြတာပဲ . . . နောက်ဆုံးတော့ ဖန်းလင်၊ ရီလင်နဲ့ ကျားလောင်တို့က လင်ကျန်နန်တို့မိသားစုကို ထမင်းဆိုင်လေးတစ်ဆိုင်မှာ ပိတ်ဖမ်းကြတာပဲ . . . . ညီမလေးက ငါ့ကိုပြောတယ် . . . လင်မိန်ကျက်က သူ့အတွက်နဲ့ ရှောင်ရီကို သတ်တာတဲ့ . . . ဒါကြောင့်မို့ အခုလို အကျဉ်းအကျပ် အချိန်မျိုးမှာ ငါတို့က သူတို့ကို ကူညီသင့်တယ်တဲ့ . . . ငါကတော့ ရီချန်းနဲ့ ပြဿနာမတက်ချင်လို့ တားပါသေး တယ်၊ ညီမလေးက ဇွတ်ဆိုဇွတ်ပဲ . . . ငါ့စကားကို လက်မခံပဲ ဝင်စွက်တော့တာပဲ . . . ."

ဤသို့ဖြင့် သူတို့၏ညီမလေးက ကျားလောင်ကို ကျင်ကြီးကျင်ငယ် ကန်အတွင်းသို့ ကျသွားအောင် လုပ်ပုံကို အသေးစိတ် ပြောပြလိုက်သည်။

အလွန်ရယ်စရာကောင်းသောအဖြစ် ဖြစ်နေသဖြင့် မည်သူမျှ ပါးစပ်ပိတ်မထားနိုင်ကြတော့။ တဝါးဝါး တဟားဟား ရယ်မောနေကြတော့၏။

ထိုစဉ် လုရိုက ဝင်ပြောသည်။

"ညီမလေးက . . . . ဟိုကျားလောင်ဆိုတဲ့ကောင်ကို ညစ်ပတ်တဲ့ကန်ထဲ ကန်ချတာ သူ့စိတ်ထဲမှာ ရည်ရွယ်ချက် ရှိတယ်ကွ . . . ."

မိန်းကလေးက နှုတ်ခမ်းစူရင်းပြောသည်။

"ကျွန်မမှာဘာရည်ရွယ်ချက်ရှိရမှာလဲ . . . . မဟုတ်မဟတ် လျှောက်မပြောနဲ့နော် . . . ."

လုရိုက . . . .

"ငါက ချင်းချန်ဂိုဏ်းအတွက်နဲ့ ကြိမ်ဒဏ်ဆယ်ချက် ရိုက်ခံလိုက်ရတယ်မဟုတ်လား . . . . ညီမလေးစိတ်ထဲမှာ မကျေနိုင်မချမ်းနိုင်ဖြစ်ပြီး အစ်ကို့အတွက် လက်စားချေလိုက်တာ မဟုတ်လား . . . . ကျေးဇူးတင်ပါတယ်ကွာ . . ."

မိန်းကလေးက ခစ်ခနဲ ရယ်လိုက်သည်။

"ညီမလေးက လက်စားချေတယ် ဆိုတာကတော့ မှန်ပါတယ်၊ မင်းတစ်ယောက်တည်း အတွက် လက်စားချေပေး တာတော့ မဟုတ်ဘူး . . . . ဆရာရိုက်တုန်းက မင်းတစ်ယောက်တည်း ခံရတာမှမဟုတ်ဘဲ . . . ."

လောင်တက်က ရယ်ရင်းပြောသည်။

"ဟုတ်တယ်ကွာ . . . . ညီမလေးက လုရိုအတွက် လက်စားချေပေးရတာပါ . . . . ငါတို့ ဝါဆန်းတောင်ရောက်လို့ ဆရာကမေးရင် ဒီအတိုင်းပဲပြောဟေ့ ညီမလေး . . . ."

လုရိုက ထခုန်ကာ လက်တယမ်းယမ်းဖြင့် တားမြစ်လိုက်လေသည်။

"ဒါ . . . ဒါတော့ မလုပ်ပါနဲ့ညီမလေးရာ . . . . ဆရာ နောက်ထပ် ကြိမ်ဒဏ်ဆယ်ချက် ထပ်ပေးနေပါဦးမယ် . . . ."

မိန်းကလေးက တခစ်ခစ်ရယ်ရင်း . . .

"ဟင်း . . . အစ်ကိုခြောက်က ကြိမ်ဒဏ်ဆယ်ချက်ကို အကျိုးမဲ့ အရိုက်ခံရတာမှ မဟုတ်တာ၊ အကျိုးရှိရှိနဲ့ အရိုက်ခံရတာများ ကြောက်နေရသေးသလား . . . ."

လုရိုက . . . .

"ဘုရားရေ . . . အရိုက်ခံရတာများ အကျိုးရှိရှိ အရိုက်ခံရတယ်လို့ ညီမလေး လက်ထက်ကျမှ ကြားဖူးတယ် . . ."

မိန်းကလေးကမူ အရယ်မပျက်ချေ။

"ဟင်း . . . ဟန်ဆောင်ချင်သေးတယ်၊ ကျွန်မ မသိဘူးမှတ်နေသလား . . . . အစ်ကိုခြောက် တစ်ယောက်တည်း တောင်ကုန်းနောက်မှာ ခြေထောက်ကို နောက်ပြန်ကန်လေ့ကျင့်နေတာလေ . . . . သစ်ပင်တွေကို ယိုင်နေတာပဲ . . . တစ်ပင်မှ တည့်တည့်မတ်မတ် မရှိတော့ဘူး . . . ဒါက အစ်ကိုကြီးဆီက ခိုးသင်လို့ အကျိုးရှိသွားတာ မဟုတ်လား . . ."

လုရိုသည် ရုတ်တရက် ရှက်သွားသဖြင့် မျက်နှာကြီး နီမြန်းလာတော့သည်။

"အစ်ကိုကြီးက ဟိုလင်နဲ့ ဟုန်လင်တို့ကို တစ်ချက်တည်းနဲ့ ကန်ချလိုက်တာ မြင်လိုက်ရတော့ ငါလည်း သိပ်အားကျသွားတယ်၊ ဒါကြောင့် ငါက အစ်ကိုကြီးဆီက မိကျောင်းမြီး ခြေကန်နည်းကို သင်လိုက်ရတာပါ . . . အစ်ကိုကြီးကိုယ်တိုင် သင်ပေးတာဟ"

မိန်းကလေးက . . . .

"ဒါဖြင့် အစ်ကိုခြောက် အခု တတ်သွားပြီပေါ့ . . . ."

"ကြံကြံဖန်ဖန် ဒီလောက်လွယ်လွယ်လေးနဲ့ တတ်ပါ့မလား . . . . ဘာလဲ ညီမလေးကကော သင်ချင်လို့လား . . . ညီမလေးသင်ချင်ရင် အစ်ကိုကြီးက မင်းကိုသင်ပေးမှာပေါ့ . . . ."

မိန်းကလေးက နှုတ်ခမ်းစူရင်း . . .

"ဟင်း . . . ဟုတ်တယ်၊ အစ်ကိုခြောက် သင်ပြီးတော့မှ ကျွန်မက နောက်ကလိုက်သင်ရမယ် . . . . ဘယ်တော့မှ မသင်သေးဘူး သိလား . . . ."

ထိုစဉ် အခြားတစ်ယောက်က ဝင်မေးလိုက်သည်။

"အစ်ကိုနှစ် . . . . ညီမလေးက ကျားလောင်ကို ကန်ချလိုက်တော့ နောက် ဘာဖြစ်သွားသေးသလဲ . . . ."

လောင်တက်က . . . .

"ဟို ဖန်းလင်ဆိုတဲ့ကောင်က ယုတ်မာသလောက် မျက်စိသိပ်လျင်တဲ့ကောင်ကွ . . . ညီမလေးကို ဝါဆန်းဂိုဏ်းကမုန်း သိသွားတော့ နည်းနည်းလန့်သွားကြတယ် . . . မလန့်ဘယ်ခံနိုင်မလဲကွ . . . ဟဲဟဲ ဟဲ . . . အစ်ကိုကြီးက သူတို့ကို နမူနာ ပြပြီးသွားပြီ မဟုတ်လား၊ ညီမလေးက လင်မိန်ကျက်ကို လွှတ်ပေးဖို့ ကြိုးစားတယ် . . . ဟို . . . ဖန်းလင်နဲ့ ရီလင်ဆိုတဲ့ သတ္တဝါနှစ်ကောင်က သဘောမတူကြဘူးကွ၊ ဒါနဲ့ ညီမလေးကလည်း ငါတို့ ဝါဆန်းဂိုဏ်းရဲ့ ဆေးလုံးကိုထုတ်ပြီး လက်ဖက်ရည်ကြမ်းနဲ့ ဖျော်တိုက်လိုက်တော့တာပဲ . . . ."

လုရိုက . . . .

"ဒီချင်းချန်ဂိုဏ်းက ကောင်တွေကတော့ တစ်ယောက်မှ လူကောင်းမဟုတ်ဘူးနဲ့ တူပါတယ် . . . အသုံးမကျလိုက်တာကလည်း လွန်ပါရော . . . . ကြွားချင်လိုက်တာကလည်း လွန်ပါရော . . . ရက်စက်လိုက်တာကလည်း လွန်ပါရောပဲ . . . ."

ဟုပြောသည်။

လောင်တက်က . . . .

"အေး . . . . ဒီလူယုတ်မာတွေယုံအောင် တော်တော်ကလေး လုပ်လိုက်ရတာ . . . . ဒီမူးဆေးက သိပ်ပြင်းတာ . . . မင်းတို့လည်း သိကြသားပဲ၊ ဟိုဖန်းလင်တို့နှစ်ကောင်ကတော့ သောက်ကို မသောက်ရဲတာ . . . . လင်မိန်ကျက်ဆိုတဲ့ကောင်ကတော့ တကယ့် သတ္တိခဲကောင်ကွာ . . . တကယ့်ကို မော့ချပစ်တာပဲ . . . . သောက်လည်းသောက် မေ့လည်းမေ့တော့တာပဲ . . . . ဆေးကလည်းပြင်း လင်မိန်ကျက်ရဲ့အတွင်းအားကလည်း မကောင်းတော့ တကယ့်လူသေလိုဖြစ်သွားတာပဲ . . . ဖန်းလင်ဆိုတဲ့ကောင်က တကယ့်လူလည်ကွ . . . . ဒီလောက်တုံးခနဲ လဲသွားတာတောင်မှ မယုံသေးဘူးကွ . . . အသက်ရှူမရှူကို စမ်းကြည့်သေးတယ် . . . ."

ကုန်သည်လိုလူက . . . .

"အဲဒီကောင်ကို ဒီအတိုင်း ပစ်ထားခဲ့ကြတာပဲလား . . . . ဘာဖြစ်သွားသေးလဲ . . ."

လောင်တက်က . . . .

"ငါနဲ့ ညီမလေးက လင်မိန်ကျက်ကို တွင်းတူးပြီး မြှုပ်ပစ်ခဲ့တာပဲ . . . ဒါပေမယ့် တွင်းဝမှာ သစ်ကိုင်းနဲ့ ကျောက်တုံးတွေခံပြီး လေရှူပေါက်ရအောင် လုပ်ထားခဲ့ကြတယ် . . . . ဟိုကောင်နှစ်ကောင်ကတော့ လင်ကျန်နန်တို့ လင်မယားကို ဖမ်းခေါ်ပြီး ထွက်သွားကြတယ် . . . ငါတို့ကလည်း လင်မိန်ကျက်ကို မြှုပ်ပြီးတာနဲ့ ချင်းချန်ဂိုဏ်းနောက် ဆက်လိုက်ခဲ့ကြတာပဲ . . . ."

ထိုစကားကို ကြားလိုက်ရသည့်အခါမှ မိန်းကလေးသည် သူ၏ အသက်သခင် ကျေးဇူးရှင်ဖြစ်ကြောင်း လင်မိန်ကျက် ကောင်းစွာ သဘောပေါက် နားလည်သွားတော့၏။

ယခင်က မိန်းကလေးအပေါ် ထားရှိခဲ့သည့် မကျေနပ်ချက်များသည် လေနှင်းတိမ်နှယ် လွင့်ပါးပျောက်ပြယ် သွားကြတော့သည်။

ထိုစဉ် သူတို့အားလုံး ဆာလောင်ကြပြန်ဖြင့် စားသောက်ဖွယ်ရာများ မှာကြားစားသောက်ကြတော့သည်။

စားသောက်ရင်း ပြောသောစကားများမှာ ချင်းချန်ဂိုဏ်းနှင့်လည်းကောင်း၊ လင်မိန်ကျက်နှင့်လည်းကောင်း မည်သို့မျှ မပတ်သက်ချေ။

လောင်တက်သည် ဝါဆန်းဂိုဏ်း၏ ဒုတိယတပည့်ဖြစ်၏။တတိယတပည့်မှာ လန်ဖားဖြစ်သည်။

စတုတ္ထတပည့်မှာ စီကျိုက်ဆိုသူဖြစ်ပြီး . . . ပဉ္စမတပည့်မှာ ကောင်းတန်းဖြစ်သည်။

ဆဋ္ဌမတပည့်မှာ မျက်လှည့်သမားနှင့်တူသူ လုရိုဖြစ်ပြီး သတ္တမတပည့်မှာ ထိုမိန်းကလေးပင်ဖြစ်တော့သည်။

ထိုစဉ် နံပါတ်သုံးလန်ဖားက . . .

"အစ်ကိုနှစ် စောစောကပြောတဲ့ စကားထဲမှာ ဂိုဏ်းချုပ်ကြီးရီချန်းဟာ . . . မင်္ဂလာအာမခံဌာနထဲမှာ သုံးရက်တောင် နေသွားတယ်လို့ပါတယ် . . . အဲဒါဘာဖြစ်လို့လဲ . . . အကြောင်းမဲ့သက်သက်တော့ လာနေပုံမရပါဘူး . . ."

လောင်တက်က . . . .

"ခုကိစ္စမှာ... ဂိုဏ်းချုပ်ကြီးရီချန်းလုပ်သမျှ အကြောင်းမဲ့တာ တစ်ခုမှမရှိဘူးကွ . . . သူက သေသေချာချာကို စနစ်တကျ အကွက်ချပြီးမှ လက်သီးပုန်းထိုးလိုက်တာ . . . . အလင်း၌ရှိသော အင်အားကြီးမားသည့် ရန်သူထက် အမှောင်ထဲ၌ရှိသော အင်အားသေးငယ်သည့် ရန်သူကို ပိုကြောက်ရသည် ဆိုတဲ့စကား မကြားဖူးကြဘူးလား၊ အမှောင်ကို အကာအကွယ် ယူထားတာကိုက ကြောက်စရာအင်အား ဖြစ်သွားတော့တာပဲ . . . . ဂိုဏ်းချုပ်ကြီး ရီချန်းရဲ့ ချင်းချန်ဂိုဏ်း ဆိုတာက နည်းနည်းနောနော ဂိုဏ်းကြီးမှ မဟုတ်ဘဲ . . . ဒီလိုဂိုဏ်းကြီးမျိုးက အမှောင်ထဲက လုပ်ကြံတယ်ဆိုတော့ . . . မင်္ဂလာအာမခံဌာနထက် အင်အားတောင့်တင်းတဲ့ ဌာနမျိုးတောင် ပြိုကွဲပျက်စီးသွားမှာ အသေအချာပဲ"

လောင်တက်သည် သူ စားသောက်နေသည့်ကိစ္စကို အစသတ်လိုက်ပြီး အသေအချာ ပြန်ပြောသည်။

"ညီမလေးက လင်ကျန်နန်တို့ လင်မယားကိုပါကယ်ဖို့ ပြောတယ် . . . ငါတို့အဖို့ လင်မိန်ကျက်ကို ကယ်လိုက်တာတောင် ချင်းချန်ဂိုဏ်းနဲ့ တော်တော်လေး မျက်နှာပျက်စရာဖြစ်နေပြီ . . . . လင်မိန်ကျက်ကိုတော့ ကယ်သင့်ပါတယ်လေ . . . သူက ညီမလေးကို ကူညီခဲ့ဖူးတယ်မဟုတ်လား . . . ဒီနေရာမှာ ချင်းချန်ဂိုဏ်းသားမဟုတ်ဘဲနဲ့ တခြားမဟာမိတ်မဟုတ်တဲ့ ဂိုဏ်းတစ်ဂိုဏ်းဖြစ်နေရင် အကြောင်းမဟုတ်ဘူး . . . တစ်ဘက်ကလည်း မျက်နှာထောက်စရာတွေ ရှိနေတော့ . . . တင်ပေဖူးသည့် ကျေးဇူးရှိလျက် အဆပ်ခက်ဆိုတဲ့ကိန်း ဆိုက်နေရတယ်၊ လင်ကျန်နန်တို့ လင်မယားကိုတော့ ကမ္ဘာသကာပဲ သဘော ထားလိုက်ရတယ် . . . ."

လင်မိန်ကျက်သည် ဝါဆန်းဂိုဏ်းသား လောင်တက်နှင့် မိန်းကလေးဖြစ်သူတို့အား ကြိတ်၍ ကျေးဇူးတင်နေမိသည်။

သူတစ်ပါး၏ ကျေးဇူးကို အစဉ်အမြဲ သတိရတတ်သော အကျင့်စရိုက်သည် သူယုတ်မာတို့၌ မရှိတတ်ပေ။

လောင်တက်က ဆက်ပြောသည်။

"ငါတို့မောင်နှမ နှစ်ယောက်ကလည်း ဖုကျိုးမြို့ကို ပြန်ရောက်လာပြီး ပြန်ကြည့်တော့ ဘာပြောကောင်းမလဲ . . . ချင်းချန်ဂိုဏ်းသားတွေဟာ မင်္ဂလာအာမခံဌာနကြီး တစ်ခုလုံးကို စောင့်ကြပ်နေတော့တာပဲဟေ့ . . . . ဘာဖြစ်လို့ ဒီလောက် စောင့်ကြပ်နေရတာလဲလို့ ငါတို့မောင်နှမနှစ်ယောက်တောင် အချင်းချင်း မေးမိကြသေးတယ် . . . . ငါတို့လည်း သိပ်သိချင် တာနဲ့ ညဘက်ကျမှ တိတ်တိတ်ကလေး ဝင်ကြည့်ကြတယ် . . . သူတို့ ချင်းချန်ဂိုဏ်းသားတွေ ဘာလုပ်နေကြတယ် မှတ်သလဲ . . . အာမခံဌာနကြီးတစ်ခုလုံး မွှေနှောက်ရှာဖွေနေလိုက်ကြတာ မြေတွင်းထဲကကြွက်တောင် ပုန်းစရာ မရှိတော့လောက်အောင် ဖြစ်နေတယ် . . . ရွှေတွေ ငွေတွေ ရတနာတွေကလည်း အလျှံအပယ်ပဲ၊

ဒါတွေတွေ့လည်း ဘေးမှာ ပုံထားလိုက်တာပဲကွ . . . ဆက်ပြီး ရှာပြန်တာပဲ . . . သူတို့က အရေးကြီးတဲ့ပစ္စည်းတစ်ခုကို မရမနေ ရှာနေကြတယ်ဆိုတာ သိပ်ထင်ရှားတယ် . . .”

တတိယညီ လန်ဖား က . . .

“အစ်ကိုနှစ် မဟုတ်မှလွဲရော သူတို့ရှာနေတာ ဘီလူးမီးဓားသိုင်းကျမ်းကို ရှာနေတာဖြစ်ရမယ် . . . .”

လောင်တက်က . . . .

“ဟုတ်တယ် . . . ငါနဲ့ ညီမလေးလည်း ဒီအတိုင်းတွက်ကြတာပဲ . . . သူတို့လုပ်တာ ကြည့်ပါလား . . . မင်္ဂလာအာမခံဌာနထဲမှာ ရှိတဲ့လူတွေကို တစ်ယောက်မကျန် မောင်းထုတ်ပြီးမှ ဌာနတစ်ခုလုံး စိတ်ကြိုက်ရှာကြတာပဲ . . . ဒါပေမယ့် သူတို့ကို ကြည့်ရတာတော့ ဘာမှရှာတွေ့ပုံ မရကြဘူး . . .”

လုရှိက ဝင်မေးသည်။

“အစ်ကိုနှစ်တို့က ဘယ်ကနေ ပုန်းပြီး ကြည့်နေကြတာလဲ”

လောင်တက်က ရယ်ရင်းပြောသည်။

ဒီလိုပဲ အန္တရာယ်ကင်းမယ့်နေရာက ပုန်ပြီး ကြည့်နေရတာပေါ့ကွ . . . ဒါပေမယ့် ငါတို့နှစ်ယောက်လည်း ဆက်မကြည့်နိုင်တော့ပါဘူး . . . သူတို့က နေရာအနှံ့ ပိုက်စိပ်တိုက်ပြီး ရှာကြတာကိုး . . . ဒါနဲ့ ငါတို့လည်း ပြန်လစ်ထွက်လာ ရတာပဲ . . .”

ထိုစဉ် နံပါတ်ငါး ကောင်းတန်းက ဝင်မေးပြန်သည်။

“အစ်ကိုနှစ် ဘာဖြစ်လို့ သူတို့ ချင်းချန်ဂိုဏ်းချုပ်ကြီးကိုယ်တိုင် ဆင်းလာတာလဲ . . . သူတပည့်တွေချည်း လွှတ်လိုက်ရင်လည်း ပြီးတာပဲမဟုတ်လား . . . .”

လောင်တက်က . . . .

“ချင်းချန်ဂိုဏ်းက အရင်တစ်ဆက်တုန်းက လင်ရွယ်တူကို ရှုံးနိမ့်ခဲ့ရတယ် . . . ဒီဘီလူးမီးဓားသိုင်းကို အရှုံးပေးခဲ့ရတာပဲ . . . အခု လင်ကျန်နန်ဆိုတဲ့လူ လက်ထက်ကျတော့ သူ့ဘိုးဘေးတွေထက် ပိုတော်မတော်ဆိုတာ ဘယ်သူကသိနိုင်မလဲ . . . တကယ်လို့ ဂိုဏ်းချုပ်ရီချန်းက သူ့တပည့်တွေကိုသာ စေလွှတ်ပြီး ဆောင်ရွက်ခိုင်းရင် သိပ်ပေါ့ရာကျမှာပေါ့ . . . အခု လင်ကျန်နန်က ညံ့နေလို့ပေါ့ . . . . မညံ့ရင် ချင်းချန်ဂိုဏ်းသားတွေအားလုံး မြေတွင်းထဲရောက်နေလောက်ပြီ”

လင်မိန်ကျက်သည် မိမိတို့၏ မျိုးဆက်ကျမှ သိုင်းပညာ ညံ့ဖျင်းနေရသည်ကို ရှက်မိတော့၏။ အချိန်က ကုန်လွန်ခဲ့လေပြီ။

မိမိတို့၏ ညံ့ဖျင်းမှုက မိမိတို့အား ဆုံးရှုံးပျက်စီးခြင်းသို့ ရောက်ရှိခဲ့လေပြီ။ ထိုစဉ် လောင်တက်၏ လေးနက်သောစကားသံများကို ကြားရပြန်သည်။

“ဂိုဏ်းချုပ်ရီချန်းဟာ အင်မတန် စနစ်တကျ လုပ်တတ်တယ်ဆိုတာ ငါပြောခဲ့တယ်မဟုတ်လား . . . ချွတ်ယွင်းချက်ကလေး တစ်ခုကြောင့် သူ့အစီအစဉ်ကြီး တစ်ခုလုံး ပျက်စီးသွားရမယ့် အဖြစ်မျိုးကို ရီချန်းက ဘယ်တော့မှ အရောက်ခံမှာ မဟုတ်ဘူးကွ . . . . ‘အများကြီးကောင်းမှ တစ်ခုသာကောင်းမည်’ ဆိုတဲ့ထုံးကို ရီချန်းက နှလုံးမူတယ်၊ ဒီတော့ သူကိုယ်တိုင်ဆင်းလာပြီး အမှားအယွင်းမရှိအောင် ကြီးကြပ်တော့တာပေါ့ . . . ဒါပေမယ့် သူ့အမူအရာ ကြည့်ရတာတော့ လက်စားချေတာကို အဓိကထားပုံမရပါဘူး . . . ဟို ဘီလူးမီးဓားသိုင်းကျမ်းကို လိုချင်တာက အဓိကဖြစ်ပုံရတယ် . . .”

နံပါတ်လေး စီးကျိုက်က . . . .

“အစ်ကိုနှစ် ပြောတုန်းက . . . သူတို့ ချင်းချန်ဂိုဏ်းသားတွေက ဘီလူးမီးဓားသိုင်းကွက်တွေကို လေ့ကျင့်ထားကြတယ်ဆို . . . ဒီဓားသိုင်းကွက်တွေကို တတ်ထားလျက်နဲ့ ဘာဖြစ်လို့ ဒီဓားသိုင်းကျမ်းကို အပင်ပန်းခံပြီး ရှာနေရတာလဲ . . . တခြားပစ္စည်းတစ်ခု ရှာတာကော မဖြစ်နိုင်ဘူးလား . . .” ဟုမေးလိုက်သည်။

လောင်တက်က ခေါင်းကို ခါယမ်းပြသည်။

“ဖြစ်နိုင်ပါ့မလား ညီလေးရ . . . ရီချန်းလို ထိပ်သီးသိုင်းဆရာကြီး တစ်ယောက်က သိုင်းပညာကလွဲရင် တခြားဘာကိုမှ စိတ်ဝင်စားမှာ မဟုတ်ဘူး . . . ငါတို့က အခုကိစ္စမှာ သူတို့နောက်ကို အရိပ်လို လိုက်နေကြတဲ့သူတွေဆိုတော့ သေသေချာချာ ပိုသိတာပေါ့ . . . ရီချန်းက လမ်းခရီးမှာတွေ့တဲ့ သူ့ရဲ့အဖွဲ့တွေကို မေးတဲ့မေးခွန်းက တစ်ခုတည်း . . . ‘ငါလိုချင်တဲ့ပစ္စည်းတွေ့ရဲ့လား’ တဲ့ . . . တွေ့တဲ့ တပည့်တိုင်းကလည်း ခေါင်းချည်းခါကြတာပဲ . . . .”

စီးကျိုက်သည် ဉာဏ်ထက်မြက်သူ မဟုတ်သဖြင့် သူ့စိတ်ထဲမကျေလည်သော ထိုမေးခွန်းကိုပင် ထပ်မေးပြန် သည်။

“သူတို့က ဒီဓားသိုင်းကွက်ကိုလည်း တတ်သေးတယ် . . . ဒီဓားသိုင်းစာအုပ်လည်း ရှာသေးတယ် . . . ဘာသဘောလဲ . . . ကျွန်တော်တော့ လုံးဝသဘောမပေါက်ဘူး . . .”

လောင်တက်က ဖြည်းညင်းစွာ ရှင်းပြသည်။

“ညီလေး စဉ်းစားကြည့်လေ . . . လင်ရွှယ်တူ လက်ထက်တုန်းက ချင်းချန်ဂိုဏ်းရဲ့ ဂိုဏ်းချုပ်ချင်ကျိုကို လင်ရွှယ်တူက အသာကလေး အနိုင်ယူခဲ့တယ် . . . သူ့ရဲ့ ဘီလူးမီးဓားသိုင်း သိပ်ကောင်းတယ်ဆိုတာ သိပ်သေချာနေတာပေါ့ . . . ဒါပေမယ့် အခုအဖြစ်အပျက်ကို ငါပြောပြလို့ မင်းတို့အားလုံးသိပြီးကြပြီ . . . လင်ကျုန်နန် ဘယ်လောက် ခံသွားရသလဲ . . . အမဲဖျက်သလိုကို အဖျက်ခံလိုက်ရတာ . . . ဒီတော့ လင်ကျုန်နန်ရဲ့ လက်ထဲမှာရှိနေတဲ့ သိုင်းပညာဟာ တစ်ခုခုတော့ မှားနေပြီဆိုတာ ထင်ရှားနေတာပေါ့ . . . .”

စီးကျိုက်က . . .

“ဘာများ မှားနေလို့လဲ အစ်ကိုနှစ်ရ . . . .”

လောင်တက်က . . . .

“ဒီဘီလူးမီး ဓားသိုင်းကွက်ထဲမှာ အရေးကြီးတဲ့ လျှို့ဝှက်ကျင့်စဉ် ပျောက်နေလို့ဖြစ်ရမယ် . . . ဒါကြောင့် ဒီဓားသိုင်းက သူ့စွမ်းရည်ကို ရေကုန်ရေခမ်း အံ့သြသွားကြအောင် မပြနိုင်ဘဲဖြစ်နေရတာပေါ့၊ လင်ကျုန်နန်ကိုယ်တိုင်လည်း ဒီလျှို့ဝှက်ကျင့်စဉ်ကို ရလိုက်ဟန် မတူဘူး . . . အပေါ်ယံ ဓားကွက်လေးလောက်သာ တတ်ကျွမ်းခဲ့လိမ့်မယ်၊ ဒီလျှို့ဝှက်ကျင့်စဉ်ကိုသာ သူရခဲ့ရင် သူ့တစ်ဖွဲ့သားလုံး . . . သူ့မိသားစုအားလုံး ဒီလောက်ဒုက္ခရောက်နေတဲ့ အချိန်မျိုးမှာ ထုတ်သုံးတော့မှာပေါ့ . . . . အခု မရလိုက်တော့ သူတစ်ပါးရဲ့လက်ထဲမှာ သူများပြုသမျှ နုရမယ့်ဘဝကို ရောက်နေကြရရှာပြီ . . . .”

စီးကျိုက်က အတန်ကြာအောင် စဉ်းစားလိုက်သေးသည်။ ပြီးမှ

“သြော် . . . လက်စသတ်တော့ ဒီလိုကိုး၊ ဒါပေမယ့် သူတို့ချင်းချန်ဂိုဏ်းက သူများရဲ့ ဘီလူးမီးဓားသိုင်း ကျင့်စဉ်ကို ဘာဖြစ်လို့ဒီလောက် အငမ်းမရဖြစ်နေရတာလဲ . . .”

လောင်တက်က ပြုံးလိုက်ပြီး . . .

“ညီလေး . . . ချင်းချန်ဂိုဏ်း ရဲ့ ဓားသိုင်းပညာက ငါတို့တောင်ကြီးငါးလုံး ဂိုဏ်းငါးဂိုဏ်းရဲ့ ဓားသိုင်းပညာနဲ့ယှဉ်ရင် ဘယ်လိုနေမလဲ၊ ညီလေးရဲ့ထင်မြင်ချက် ပြောစမ်းပါဦး . . . .”

စီးကျိုက်က . . .

“အစ်ကိုနှစ်ကလည်း ကျွန်တော် ဘယ်ခန့်မှန်းတတ်မလဲ”

လောင်တက်က မည်သို့မျှ မပြောသေးဘဲ စီးကျိုက်၏ အဖြေကိုထပ်မံစောင့်ဆိုင်းနေသည်။ စီးကျိုက်သည် နှိုင်နှိုင်းဆဆ လေသံဖြင့် ပြောလိုက်သည်။

“ချင်းချန်ဂိုဏ်းရဲ့ဓားသိုင်းက တောင်ကြီးငါးလုံး ဂိုဏ်းငါးဂိုဏ်းရဲ့ ဓားသိုင်းကို မမီဘူးနဲ့တူတယ် . . . .”

ထိုအခါ လောင်တက်က ကျေနပ်စွာပြုံးရင်း ပြောလိုက်သည်၊

“ဟုတ်တယ် မမီဘူး . . . အဲဒီလို မမီဘဲဖြစ်နေတာကိုက ဒီပြဿနာတွေဖြစ်စေခဲ့တာပဲ . . . . ရီချန်းက သိပ်ဘဝင်မြင့်တဲ့လူ . . . . သူက သူများထက် အမြဲတမ်း နှာတစ်ဖျားလောက် ကျော်ချင်တဲ့လူ . . . သူတို့ရဲ့ဓားသိုင်းက

တောင်ကြီးငါးလုံး ဂိုဏ်းငါးဂိုဏ်းရဲ့ ဓားသိုင်းထက် ဝါးတစ်ရိုက်လောက် နောက်ကျနေတာ သူ့အနေနဲ့ ဘယ်လောက် အခံရခက်နေမလဲ . . . တကယ်လို့ ဒီဘီလူးမီးဓားသိုင်းမှာ တကယ့်လျှို့ဝှက်ကျင့်စဉ်ရှိခဲ့ရင် ဒီကျင့်စဉ်အတိုင်း ဘီလူးမီးဓားသိုင်းကွက်ကိုသုံးရင် တကယ့်လျှမ်းလျှမ်းတောက်သိုင်းကွက် ဖြစ်လာမှာပဲ၊ အစွမ်းသိပ်ထက်မှာက အသေအချာပဲ . . . ဒီလိုဆိုရင် ဒီကျင့်စဉ်ကို ချင်းချန်းဂိုဏ်းရဲ့ ဓားသိုင်းထဲမှာ ထည့်သုံးလိုက်ရင်ကော . . .”

ထိုအခါကျမှ စီးကျိုက် သဘောပေါက်သွား၏။ သူ၏ပေါင်ကို တစ်ချက်ရိုက်ကာ . . .

“ဟုတ်ပြီ . . . အခုမှ သဘောပေါက်တော့တယ် . . . လက်စသတ်တော့ ဂိုဏ်းချုပ်ကြီးရီချန်းဟာ ဓားသိုင်းအဖွဲ့ အားလုံးထဲမှာ ဗိုလ်တကာ့ဘုရင် လုပ်ချင်နေတာကိုး . . . တော်တော်လေး အကြံကြီးတဲ့လူပဲ ....”

ထိုစဉ် . . . အခန်းထောင့်တစ်နေရာရှိ ဝက်သားလုံးများ ထမ်းရောင်းသော အဘိုးကြီးက ရုတ်တရက် ပြောလိုက်သည်။

“လာပြီ . . . လာပြီ၊ မြန်မြန်သွားကြတော့ . . .”

အဘိုးကြီး၏ အရေးတကြီးပြောလိုက်သည့် ထိုစကားကို ကြားလိုက်ရသောအခါ ကောင်းတန်းက အလန့်တကြား ပြန်မေးလိုက်၏။

“ဘယ်သူလဲ . . . ဘယ်သူလာတာလဲ၊ ရီချန်းလား . . .”

ဝက်သားလုံးရောင်းသော အဘိုးကြီးသည် စကားပြန်မပြောတော့ဘဲ သူ၏ပါးစပ်ကို တစ်ချက်ရွဲ့ပြလိုက်ကာ သူ၏ သစ်သားမောင်းကို တဒေါက်ဒေါက်ဖြင့် ခေါက်နေတော့၏။

ဆိုင်တွင်းရှိ လူများအားလုံးသည် ဆိုင်ပြင်လမ်းမပေါ်သို့ လှမ်းကြည့်မိကြ၏။ မိုးရေထဲမှ ခြေသံများကို စတင် ကြားလိုက်ကြရသည်။

ခြေသံများသည် လျင်မြန်စွာ လျှောက်လာခြင်းဖြစ်ကြောင်း သိသာသောလည်း အသံမှာ တိုးညင်းလှကြောင်း အားလုံးက သတိပြုလိုက်မိကြသည်။

များမကြာမီ ဆိုင်ထဲသို့ မယ်သီလရှင်တစ်စု ဝင်ရောက်လာကြတော့၏။

ကိုယ်လုံးကိုယ်ထည် ကြီးမားလှသော မယ်သီလရှင်ကြီးတစ်ပါးသည် ရှေ့ဆုံးမှဝင်လာပြီး ဝင်ဝင်ခြင်း ကျယ်လောင် စွာ အော်ဟစ်လိုက်တော့သည်။

“ဟေ့ လင့်ဟူချုံး . . . ထွက်ခဲ့စမ်း . . .”

လောင်တက်တို့တစ်သိုက်သည် ထိုမယ်သီလရှင်ကြီးကို တွေ့ရသည်နှင့် ကမန်းကတန်း မတ်တပ်ရပ်ကာ အရိုအသေ ပေးလိုက်ကြ၏။

လောင်တက်က ပဋိသန္ဓာရ စကားဆိုလိုက်သည်။

“ဆရာမကြီး နေကောင်းပါတယ်နော် . . .”

ထိုမယ်သီလရှင်ကြီး၏ အမည်မှာ တင့်ရီဖြစ်သည်။

သူမသည် တောင်ကြီးငါးလုံး ဂိုဏ်းငါးဂိုဏ်းအဖွဲ့ဝင်ဖြစ်သော ဟန်ဆန်းတောင်မှ ဟန်ဆန်းဂိုဏ်း၏ဂိုဏ်းချုပ် မယ်သီလရှင်ကြီး တင့်ဝှန်၏ ဂိုဏ်းတူညီမဖြစ်၏။

မယ်သီလရှင်ကြီးတင့်ရီသည် သူ၏ ဟန်ဆန်းဂိုဏ်းတွင် နာမည်ကျော်ရုံမျှမက သိုင်းလောကတစ်ဝှန်းတွင်လည်း နာမည်ကြီးသူဖြစ်သည်။

လူတော်တော်များများသည် တင့်ရီ မယ်သီလရှင်ကြီးဟုဆိုလျှင် ကြောက်ဒူးတုန်သွားကြသည်သာဖြစ်၏။

သူမသည် လောင်တက်ကို လုံးဝဂရုမစိုက်ဘဲ စွတ်အော်နေသည်။

“လင့်ဟူချုံး . . . ငါကောင်းကောင်းခေါ်နေတယ်နော် . . . ဘယ်မှာ သွားပုန်းနေတာလဲ . . . ထွက်လာခဲ့စမ်း . . .”

သူမ၏အသံသည် ဆိုင်ခန်းတစ်ခန်းလုံးကို ပွက်လောညံသွားစေတော့သည်။

ယောကျ်ားသံထက်ပင် ကျယ်လောင် ကြိမ်းတမ်းနေသေးသည်။

လောင်တက်က . . . .

"ဆရာမကြီး . . . အစ်ကိုကြီးလင့်ဟူချုံး ဒီမှာမရှိပါဘူး . . . . ကျွန်တော်တို့အားလုံး အစ်ကိုကြီးကို စောင့်နေကြတာပါ . . . ခုထက်ထိ ရောက်မလာသေးပါဘူး . . ."

လင်မိန်ကျက်သည် နားထောင်နေရင်း စိတ်ထဲတွင် တွေးလိုက်မိသည်။

"လက်စသတ်တော့ . . . ဒီမယ်သီလရှင်ကြီးဟာ စောစောကသူတို့တစ်ချိန်လုံး အမွှမ်းတင်နေတဲ့ အစ်ကိုကြီးကို လိုက်ရှာနေတာကိုး၊ ဝါဆန်းဂိုဏ်းက ဂိုဏ်းတူညီအစ်ကို ညီမတွေ တစ်လျှောက်လုံးပြောနေတဲ့စကားတွေထဲမှာ အစ်ကိုကြီး အစ်ကိုကြီးနဲ့ နာမည်တောင် မခေါ်ကြဘူး . . . အခုမှ နာမည်သိရတော့တယ် . . . လင့်ဟူချုံးတဲ့၊ ကြားရတာနဲ့ပဲ ဒီကောင်ကြီးဟာ အင်မတန်ပြဿနာရှာတဲ့ ကောင်ကြီး ဖြစ်ရမယ် . . . ကြည့်ရတာ အဲဒီလင့်ဟူချုံးဆိုတဲ့ လူဟာ ဒီမယ်သီလရှင်ကြီးကို သွားရန်စမိပြန်ပြီနဲ့တူတယ် . . . . ယမ်းအိုးကြီး မီးရှို့လိုက်သလိုပါပဲလား . . ."

တင့်ရီ မယ်သီလရှင်ကြီးသည် ဆိုင်တစ်ဆိုင်လုံး တစ်လက်မမျှမကျန်အောင် စူးစူးရှရှကြည့်လိုက်၏။

တကယ်ပင် လင့်ဟူချုံးမရှိကြောင်း တွေ့လိုက်ရသောအခါမှ မိန်းကလေးဘက်သို့ မျက်နှာလှည့်လာတော့သည်။ မိန်းကလေး၏ မျက်နှာကို စေ့စေ့ကြည့်ကာ . . .

"မင်းကလိန်လိန်လား . . . . ဘာဖြစ်လို့မျက်နှာကို ဒီလောက်ကြောက်စရာကောင်းအောင် ရုပ်ဖျက်ထားတာလဲ . . ." ဟုမေးလိုက်၏။

တင့်ရီ မယ်သီလရှင်ကြီး၏ အသံသည် . . . မပျော့ပျောင်းသော်လည်း စောစောကကဲ့သို့ တင်းမာလှတော့သည် မဟုတ်ချေ။

ထို့ကြောင့် မိန်းကလေးက ရယ်မောရင်း ဖြေလိုက်၏။

"လူဆိုးတစ်ယောက်က လိန်လိန့်ကို ဒုက္ခပေးနေလို့ပါ . . . ဒါကြောင့် လိန်လိန်က ရုပ်ဖျက်ပြီး အဲဒီလူဆိုးကို ရှောင်ပုန်းနေရတာ"

တင့်ရီ မယ်သီလရှင်ကြီး၏ဒေါသသည် ရုတ်ခြည်းပေါက်ကွဲ ထွက်လာပြန်တော့သည်။

"ဘယ်ကောင်လဲ . . . . မင်းကို ဒုက္ခပေးနေတာ၊ ဒီကောင်က ဘာကောင်မို့ ဒီလောက် အတင့်ရဲနေရတာလဲဟင် . . . သူ့ကိုပြောလိုက်စမ်း . . . မင်းလုပ်ခဲ့တဲ့ အလုပ်မှန်သမျှ ငါခိုင်းလို့ လုပ်ရတာလို့ အဲဒါကို မကျေနပ်ရင် တင့်ရီဆီ သွားလို့ လွှတ်လိုက်စမ်း . . . တောက် ငါ့ကို ဘာမှတ်နေသလဲ . . . အဲဒီကောင်ကိုတွေ့ရင် အရေခွံခွာပစ်လိုက်မယ် . . ."

မိန်းကလေးက ပြုံး၍ ပြောလိုက်သည်။

"ဆရာမကြီးကို ကျေးဇူးတင်ပါတယ် . . . အခု ကျွန်မကို ဒုက္ခပေးနေတဲ့လူဆိုးလည်း ထွက်ပြေးသွားပါပြီ . . . ဒီမှာ မရှိတော့ပါဘူး၊ ဒါနဲ့ အစ်ကိုကြီးက ဆရာမကြီးကို ဘာများ စော်ကားမိလိုက်သလဲ မသိဘူး . . . အစ်ကိုကြီးကိုယ်စား ကျွန်မက ကန်တော့ပြီး တောင်းပန်ပါတယ် . . . . ဆရာမကြီးအနေနဲ့ အမိုက်အမဲတွေဖြစ်တဲ့ ကျွန်မတို့ ညီအစ်ကို မောင်နှမ တစ်သိုက်ကို ခွင့်လွှတ်ပါနော် . . . ."

လိန်လိန်သည် ဒူးထောက်ချရင်း ကန်တော့လိုက်၏။ တင့်ရီ မယ်သီလရှင်ကြီးက သူမအား မကန်တော့ရန် တားလိုက်သေးသည်။

သူမသည် ဒေါသမပြေသေးသဖြင့် တရှူးရှူးတရှဲရှဲဖြစ်နေသေးသည်။

"မင်းတို့ ဝါဆန်းဂိုဏ်းဟာ တပည့်တွေအပေါ်မှာ ထိန်းချုပ်မှု အတော်ကလေး လျော့ရဲလာပါလား . . . တပည့်တွေကို အရမ်းအလိုလိုက်တော့ တပည့်တွေကလည်း လုပ်ချင်ရာတွေ လျှောက်လုပ်နေကြတော့တာပဲ . . . အေး . . . . ဒီကိစ္စပြီးပြတ်ရင် ငါကိုယ်တိုင် ဝါဆန်းတောင်ကို လာခဲ့မယ် . . . မင်းတို့ဆရာနဲ့ရှင်းကိုရှင်းရဦးမယ် . . . ."

လိန်လိန်သည် အလွန်စိတ်ပူသွားသည်။ ထို့ကြောင့် ကမန်းကတမ်းတားလိုက်သည်။

"ဆရာမကြီး ကျေးဇူးပြုပြီးတော့ အခုအချိန်မှာ အဖေ့ဆီကို မသွားပါနဲ့ဦး . . . အခုတလောကလေးတင်ပဲ အစ်ကိုကြီးဟာ ကြိမ်ဒဏ်သုံးဆယ် အရိုက်ခံထားရတယ် . . . အဖေက အပြစ်ပေးတာပါ . . . အခုတစ်ခါ သွားပြောရင် တော့ အဖေကထပ်ရိုက်ဦးမှာပဲ . . . အစ်ကိုကြီးလည်းသေမှာပဲ . . . ."

တင့်ရီ မယ်သီလရှင်ကြီးက

"ဟင်း . . . ဒီလိုတိရစ္ဆာန်မျိုးလား၊ လောကကြီးမှာ အသက်ရှင်နေတာထက် သေတာကပိုကောင်းတယ် . . . အလကား ဆန်ကုန်မြေလေးပဲ . . . ဒီမှာ လိန်လိန် ညည်းက ငါ့ကို လိမ်နေတယ်ပေါ့ဟုတ်လား . . . လင့်ဟူချိုးက ကြိမ်ဒဏ်သုံးဆယ်တောင် အရိုက်ခံထားရတယ်ဆိုတော့ လမ်းမလျှောက်နိုင်ဘူးပေါ့ . . . အခု . . . ဘယ့်နှယ် လမ်းမလျှောက်နိုင်တဲ့ကောင်က ငါ့တပည့်မလေးကို ခိုးသွားရတာလဲ . . . ပြောစမ်း . . ." ဟုမေးတော့သည်။

သည်စကား ကြားလိုက်ရသောအခါ ဝါဆန်းဂိုဏ်းသားအားလုံး ဦးခေါင်းကို မိုးကြိုးထိမှန်သွားသည့်နှယ် ထိတ်လန့်တကြားဖြစ်ပြီး မျက်စိမျက်နှာ ပျက်ကုန်ကြတော့၏။

လိန်လိန်မှာမူ ငိုလုမတတ် ဖြစ်သွားတော့သည်။ သူမက တုန်ယင်သော လေသံဖြင့် ...

"မဖြစ်နိုင်ဘူး . . . ဒါတော့ ဘယ်လိုမှ မဖြစ်နိုင်ဘူး . . . အစ်ကိုကြီး ဘယ်လောက်ပဲ ဖွတ်တရွတ်လုပ်တတ် လုပ်တတ် ဆရာမကြီးတို့ရဲ့ ဟန်ဆန်းဂိုဏ်းက အစ်မတွေကိုတော့ သူဘယ်တော့မှ မထိရဲဘူး၊ ဆရာမကြီးကြားရတဲ့ သတင်းဟာ သူများလုပ်ကြံပြောတဲ့ သတင်းဖြစ်မှာပါ . . ." ဟု ပြန်ဖြေရှာသည်။

တင့်ရီမယ်သီလရှင်ကြီးသည် မိုးခြိမ်းသံကဲ့သို့ အော်ဟစ်၍ ပြောလိုက်သည်။

"ရီကွမ်း . . . လာစမ်း၊ မင်း ချုံးရန်မြို့မှာ ဘာတွေတွေ့ခဲ့တယ်ဆိုတာကို ပြောပြလိုက်စမ်း . . . ."

ထိုအခါ မယ်သီလရှင်တစ်ပါး လျှောက်ထားလာသည်။ အသက်လေးဆယ်ခန့်ရှိပြီး တည်ကြည်သော ရုပ်လက္ခဏာ လည်းရှိ၏။ သူမက . . .

"အခု . . . ကျွန်မပြောတဲ့စကားတွေဟာ အမှန်တွေဆိုတာ သစ္စာဆိုရဲပါတယ် . . . ကျွန်မက ချုံးရန်မြို့မှာ ကိုယ်တိုင်ကိုယ်ကျ တွေ့ခဲ့ရတာပါ . . . လင့်ဟူချိုးဟာ အရက်ဆိုင်ကြီးတစ်ဆိုင်ပေါ်မှာ ကျွန်မ တို့ရဲ့ဂိုဏ်းတူညီမလေး ရီလင်နဲ့အတူ အရက်သောက်နေပါတယ် . . . ညီမလေးရီလင်ဟာ ဘယ်လိုအရက်သောက်မှာလဲ . . . . လင့်ဟူချိုးက အတင်းအကျပ် သောက်ခိုင်းလို့သာ သောက်နေရတာဖြစ်မှာပေါ့ . . . သူ့ရဲ့အမူအရာဟာ ကြောက်ရွံ့တုန်လှုပ်တာတွေရယ် . . . . ကြေကွဲနေတာတွေရယ် စုပေါင်းနေတယ်လို့ ကျွန်မ ထင်တယ် . . . ."

တင့်ရီ မယ်သီလရှင်ကြီးကမူ ဤအကြောင်းကို ကြားသိခဲ့ပြီဖြစ်သော်လည်း ယခု ဒုတိယအကြိမ် ကြားလိုက်ရပြန် သည်တွင် ဒေါသဟုန်းဟုန်း ထလာပြန်တော့သည်။

ဒေါသ အလွန်ထွက်လာသဖြင့် ရှေ့ရှိစားပွဲခုံကို လက်ဖြင့် ဝုန်းခနဲရိုက်ချလိုက်၏။

ဝါဆန်းဂိုဏ်းသားများမှာမူ မျက်နှာမထားတတ်အောင် အရှက်ရနေမိကြတော့သည်။

သူတို့အားလုံး၏စိတ်တွင် စဉ်းစားနေသည့်အချက်မှာ တစ်ချက်တည်းသာ ဖြစ်နေ၏။

"ဒီတစ်ခါ အစ်ကိုကြီးလုပ်ပုံကတော့ တကယ့်ကို လွန်နေပြီ၊ သူ့ဘာသာ သူတောင်းစားနဲ့ အရက်အတူတူ သောက်တာက အရေးမကြီးဘူး . . . ဘယ့်နှယ် မယ်သီလရှင်တစ်ပါးကို အရက်ဆိုင်ခေါ်သွားပြီး အရက်တိုက်ခိုင်းရ တာလဲ . . . လွန်တယ် . . . တကယ့်ကိုလွန်တယ်၊ ပိုဆိုးသွားတာက ဒီမယ်သီလရှင်ကလေးက ဟန်ဆန်းဂိုဏ်းက ဖြစ်နေတာပဲ . . . ဆရာမကြီးတင့်ရီကလည်း ဒေါသသိပ်ကြီးတော့ တော်တော့ကို ဖြေရှင်းရမယ့် ကိစ္စပဲ . . . အစ်ကိုကြီး ကို ဆရာက သေအောင်မရိုက်တော့ဘူးဆိုရင်တော့ ဂိုဏ်းထဲက မောင်းထုတ်မှာသေချာပြီ"

လိန်လိန်မှာမူ မျက်ရည်များ ပြည့်လျှံလျက်ရှိနေတော့သည်။သူမက တုန်ယင်သောလေသံကလေးဖြင့် . . .

"ဆရာမကြီး . . . အစ်မရီကွမ်းက လူများမှားသွားသလား မဆိုနိုင်ပါဘူး . . . လူမှားပြီး အစ်ကိုကြီးလို့ ပြောမိလိုက်တာလား" ဟုမေးလိုက်သည်။

မယ်သီလရှင် ရိကွမ်းက မခံမရပ်နိုင်ဖြစ်သွားသည်။ သူမ ဒေါသကိုမူ ဖိတ်လျှံကျမလာအောင် ထိန်းသိမ်းလိုက်နိုင်သည်။ အေးစက်သောလေသံဖြင့် လိန်လိန်အား ပြောလိုက်သည်။

"ကျွန်မ ဘယ်လို လူကြည့်မှားရမှာလဲ . . . ညီမလေးရီလင်ဆိုတာက ကျွန်မတို့နဲ့ အမြဲတမ်း တတွဲတွဲနေတဲ့ ဂိုဏ်းတူညီမလေးပဲ၊ သူ့ကို မမှတ်မိဘဲ ဘယ်ရှိပါ့မလဲ . . . လင့်ဟူချုံးရဲ့ ပုံပန်းသဏ္ဍာန်ကိုကော ကျွန်မက အကြည့်မှားပါ့မလား . . . သူ့ရုပ်ကို ကျွန်မ မြင်ဖူးထားတာပဲ . . ."

လိန်လိန်က . . .

"အဲသလို တွေ့လျက်သားနဲ့ အစ်မရိကွမ်းက ဘာဖြစ်လို့ ရီလင်ကို မခေါ်လိုက်ရတာလဲ . . . တစ်ခါတည်း ခေါ်ခဲ့ရင် ဒီလောက်ပြဿနာတွေ ရှုပ်မကုန်ဘူးပေါ့ . . . ." ဟုပြောမိသည်။

ရိကွမ်းက …

"ဟင်း . . . ဟင်း . . . ကျွန်မ ဘယ်ခေါ်ရဲမလဲ . . ."

လိန်လိန်က . . .

"အစ်မကို အစ်ကိုကြီးက အတင်းအရက်ခေါ်တိုက်ခိုင်းမှာ စိုးလို့လား . . ."

ထိုစကားကို ကြားလိုက်ရသောအခါ အားလုံးက ရယ်ချင်ပက်ကျိ ဖြစ်သွားကြ၏။ သို့သော် မရယ်ရဲကြ၊ တင့်ရီမယ်သီလရှင်ကြီးရှိနေသည်လေ။

တင့်ရီ မယ်သီလရှင်ကြီးက အော်ဟစ်၍တားမြစ်လိုက်သည်။

"လိန်လိန် စကားကြည့်ပြောစမ်း . . . အရမ်းလျှောက်ပြောမနေနဲ့ . . . ."

ရိကွမ်းက သူ၏စကား ခိုင်မာသွားစေရန်ဆက်ရှင်းပြသည်။

"သူတို့စားပွဲမှာ တခြားလူတစ်ယောက်ရှိနေတယ် . . . အဲဒီလူမရှိရင် ညီမလေးကို ကျွန်မခေါ်ခဲ့မှာပါ . . . အဲဒီလူနဲ့ မတွေ့ရဲလို့ ကျွန်မ မခေါ်ပဲထားခဲ့ရတာ . . ."

လိန်လိန်က . . .

"ဘယ်သူမို့လို့လဲ . . . ."

ရိကွမ်းက . . . မယ်သီလရှင်က ထစ်ထစ်ငေါ့ငေါ့ဖြင့် ဖြေလိုက်သည်။

"ထင် . . . ထင်ပေါ . . ."

'ထင်ပေါ' ဟူသည့်အမည်ကို ကြားလိုက်ရသောအခါ သမုဒ္ဒရာရေများ လက်တစ်ခုပ်စာမျှ ဖြစ်သွားသည်ကို တွေ့လိုက်ရသူများနှယ် 'ဟာ' ခနဲ ဖြစ်သွားကြတော့၏။ အားလုံးလိုလို ယိမ်းတိုက်ထားကြသည့်နှယ် တစ်ပြိုင်နက် မတ်တတ် ရပ်လိုက်မိကြသည်။

ထင်ပေါဆိုသည့် လူသည် လူကောင်းတစ်ယောက် မဟုတ်ချေ။ သိုင်းလောထဲတွင် 'တစ်ကိုယ်တော် ပန်းဘီလူး' ဟု နာမည်ကြီးနေသူဖြစ်၏။

သိုင်းလောကသားအားလုံးသည် ဒီပန်းဘီလူး ထင်ပေါအတွက် အလွန်ခေါင်းခဲနေကြသည်။

တစ်ကိုယ်တော် ပန်းဘီလူး ထင်ပေါသည် သိုင်းပညာ၌ ထက်မြက်ရုံမျှမက ကိုယ်ဖော့သိုင်းပညာလည်း အလွန်တော်သူဖြစ်၏။

သို့သော် သူ၏အကျင့်စရိုက်မှာမူ သူ၏အတတ်ပညာနှင့် ဆန့်ကျင်စွာ ကွဲပြားခြားနားနေ၏။

သူသည် ဤမျှသိုင်းပညာတော်သူဖြစ်သောလည်း ခိုးကြောင်ခိုးဝှက်လည်း လျှို့ဝှက်စွာလုပ်ကြံတတ်သည်။

သူ၏ရွံ့ရှာမုန်းတီးဖွယ် အကောင်းဆုံး အကျင့်တစ်ခုမှာ မိန်းမချော မိန်းမလှလေးများအား ပန်းကောင်း အညွန့်ချိုးပြုခြင်းဖြစ်လေသည်။

သိုင်းလောကရှိ … သိုင်းသမားများသည် ဤလူကို အကြိမ်အတော်များများ ဝိုင်းဝန်းတိုက်ခိုက်ခဲ့ကြသည်။

သို့သော် ထင်ပေါသည် လွတ်မြောက်ထွက်ပြေးသွားရုံမက သူ့အား ဝိုင်းဝန်းတိုက်ခိုက်သည့် သိုင်းသမားများ လူစုကွဲသွားသောအခါတွင် တစ်ယောက်ပြီးတစ်ယောက် ချောင်းမြောင်းလုပ်ကြံသတ်ဖြတ်လေတော့၏။

ဤမျှ ကြောက်မက်ဖွယ် ဆိုးသွမ်းလှသော ပန်းဘီလူးထင်ပေါကိုမှ မထိတ်လန့်လျှင် အဘယ်သူကို ထိတ်လန့်ကြမည်နည်း။

ထို့ကြောင့် ထင်ပေါ၏အသံ ကြားလိုက်ရုံမျှဖြင့် ဤမျှ မျက်နှာပျက်သွားရခြင်းဖြစ်သည်။

လောင်တက်က . . .

"ညီမ ရိုကွမ်းက ဒီထင်ပေါဆိုတဲ့လူကို မြင်ဖူးလို့လား" ဟုမေးလိုက်၏။

ရိုကွမ်းက . . .

"ဒီလူရဲ့ ဘယ်ဘက်ပါးမှာ အမာရွတ်ကြီးတစ်ခု ရှိတယ်… အမာရွတ်ပေါ်မှာ အမွေးတွေ ပေါက်နေတယ် …"

ဤအမှတ်အသားသည် ထင်ပေါ၏ ထင်ရှားသော အမှတ်အသားပင် ဖြစ်တော့၏။

တင့်ရှီ ဆရာမကြီးက အော်၍ပြောသည်။ ဆရာမကြီးသည် အမြဲတမ်းလိုလို ဒေါသထွက်ပြီး အော်ဟစ်နေတတ်သည့် အကျင့်ရှိနေသောကြောင့် ယခုလည်း အော်ဟစ်၍ပြောနေ၏။

"လင့်ဟူချုံးက ထင်ပေါလို လူနဲ့တောင် ပေါင်းသင်းဆက်ဆံနေတဲ့နောက် ဘယ်လို လူကောင်းဖြစ်နိုင်တော့ မှာလဲ . . . မင်းတို့ဆရာကသူ့ကို အလိုလိုက်ပြီးခွင့်လွှတ်ရင်တောင် ငါတို့ဘက်ကတော့ ဘယ်တော့မှ ခွင့်မလွှတ်နိုင်ဘူး . . . ဒီကောင့်ကို ငါသတ်မယ် . . . သူများက ထင်ပေါဆိုရင် ဉာဏ်နီဉာဏ်နက်များလို့ဆိုပြီး ကြောက်ကြတယ် . . . ငါကတော့ မကြောက်ဘူးဟေ့ . . . သူသေကိုယ်သေ တိုက်မှာပဲ . . . ငါ သတင်းရရခြင်း လိုက်သွားတာပဲ . . . . နည်းနည်းလေး နောက်ကျသွားတယ် . . . ထင်ပေါနဲ့ လင့်ဟူချုံးတို့က ရီလင်ကိုဖမ်းပြီး တခြားတစ်နေရာကို ခေါ်သွားကြပြီ . . . ."

တင့်ရှီ မယ်သီလရှင်ကြီး၏လေသံသည် ပထမ၌ ကြောက်မက်ဖွယ်ရာ တင်းမာလှသော်လည်း စကားဆုံး ခါနီးရောက်သောအခါ တဖြည်းဖြည်း ကွဲအက်လာတော့သည်။ ငိုသံလည်းပါလာသည်။ ကြင်နာသနားဟန်ဖြင့် . . . .

"ဟင်း ရီလင် . . . ရီလင် . . . ဒီကလေးမ ကလေးတော့"

ဟန်ဆန်းဂိုဏ်းမှ မယ်သီလရှင်များထဲမှ တချို့သည် ဝမ်းပန်းတနည်း ငိုကြတော့၏။

ရီလင်၏ . . . သနားစရာကောင်းလှသော မျက်နှာကလေးကိုလည်း မြင်ယောင်လာမိကြသည်။

ဤကဲ့သို့ နွဲ့နှောင်းလှပ၍ ချစ်ချင်စဖွယ်ကောင်းသော မိန်းကလေးမျိုး ပန်းဘီလူးထင်ပေါ၏လက်သို့ ရောက်သွားသောအခါ အဘယ်မှာလျှင် သက်သာရာ ရနိုင်တော့မည်နည်း။

လောင်တက်တို့ ဂိုဏ်းတူညီအစ်ကို အားလုံးသည် တထိတ်ထိတ် ရင်ခုန်နေကြတော့၏။ သူတို့စိတ်ထဲတွင် . . . "အစ်ကိုကြီးသာ ရီလင်နဲ့ အရက်သောက်တာ အမှန်ဆိုရင်ပဲ အပြစ်က အတော့်ကို ကြီးလေးနေပြီ . . . . အခုတော့ အစ်ကိုကြီးက ထင်ပေါလိုလူနဲ့ပါ အတူတူ ထိုင်သောက်နေတာဆိုတော့ ဘာပြောစရာရှိတော့မလဲ . . . ဘယ်သူလာ ကယ်နိုင်တော့မလဲ . . . ."

ဟုတွေးနေမိကြတော့၏။

အတန်ကြာသောအခါမှ လောင်တက် . . .

"ဆရာမကြီး . . . အစ်ကိုကြီးက ထင်ပေါနဲ့ မမျှော်လင့်ဘဲ ဆုံကြတာဖြစ်လိမ့်မယ် . . . တမင်သက်သက် ပေါင်းသင်းတာတော့ ဘယ်လိုမှ မဖြစ်နိုင်ဘူး . . . အစ်ကိုကြီးက . . . . ဒီရက်တွေမှာ အရက်တွေသောက်တာများပြီး စိတ်တွေ ကယောက်ကယက်ဖြစ်နေတာပါ . . . အရက်သိပ်မူးလာတော့ ပေါင်းအပ်၊ မပေါင်းအပ်တဲ့လူကို ခွဲခြားမသိတော့ဘဲနဲ့ တွေ့ကရာလူနဲ့ ဝင်ထိုင်တာဖြစ်ပါလိမ့်မယ် . . . ဒါကို အတည်ယူရင် မှားမယ်လို့ ထင်ပါတယ် . . ." ဟု ပြောလိုက်သည်။

တင့်ရီ မယ်သီလရှင်ကြီးက ဒေါသဖြင့် ပြန်အော်သည်။

"ဘာပြောတယ်ကွ . . . ဒီလောက် ကြီးကောင်ကြီးမားကြီးက အရက်မူးပြီး လူဆိုးလူကောင်း မခွဲခြားတတ်ဘူး ဆိုတာ ဟုတ်ပါ့မလား"

လောင်တက်ကလည်း ကြောက်လန့်သွားကာ . . .

"ဟုတ် . . . ဟုတ်ကဲ့၊ ကျွန်တော်တို့အားလုံးလည်း အစ်ကိုကြီး ဘယ်ရောက်နေတယ်ဆိုတာ မသိကြပါဘူး . . . အမြန်ဆုံးတွေ့အောင်ရှာပြီး တွေ့တာနဲ့ ဆရာမကြီးဆီ အပြစ်ဒဏ်ခံခိုင်းလိုက်ပါ့မယ်"

တင့်ရီ မယ်သီလရှင်ကြီးသည် မည်သူမျှ မျှော်လင့်မထားသောအလုပ်ကြီးတစ်လုပ်ကို လုပ်လိုက်သည်။ လိန်လိန်ကို ရုတ်တရက် ဖမ်းချုပ်လိုက်ခြင်းဖြစ်၏။

လိန်လိန်က အလန့်တကြားအော်လိုက်၏။

"ဆရာမကြီး . . . ."

တင့်ရီမယ်သီလရှင်ကြီးက . . .

"မင်းတို့ ဝါဆန်းဂိုဏ်းက တပည့်ကြီးက ငါ့ရဲ့ တပည့်မလေးကို ဖမ်းသွားတယ် . . . အခု မင်းတို့ ဝါဆန်းဂိုဏ်းသားတစ်ယောက်ကို ငါက ဖမ်းထားလိုက်ပြီ . . . ငါ့ရဲ့တပည့်မလေး ရီလင်ကို လွှတ်ပေးရင် ငါက လိန်လိန်ကို လွှတ်ပေးမယ် . . . ."

ပြောပြောဆိုဆို နှင့် လိန်လိန်၏ လက်ကိုဆွဲကာ ထွက်သွားတော့၏။

လောင်တက်နှင့် လန်ဖားတို့က ကမန်းကတမ်း ပြေးလွှားပြီး တင့်ရီမယ်သီလရှင်ကြီးရှေ့တွင် တားဆီးလိုက်ကြသည်။

လောင်တက်က . . . .

"ဆရာမကြီး . . . အစ်ကိုကြီး အပြစ်ကျူးလွန်တာနဲ့ ညီမလေးနဲ့ ဘယ်လိုမှ ပတ်သက်တာမဟုတ်ပါဘူး . . . ညီမလေးကို လွှတ်ပေးဖို့ ကျွန်တော်တို့တောင်းပန်ပါတယ် . . . ."

"ဩော် . . . မင်းတို့က ငါ့ကို တားဆီးကြတယ်ပေါ့လေ . . . ကောင်းပြီ . . . ငါ လွှတ်ပေးလိုက်မယ် . . ."

သူမသည် ညာလက်ကိုမြှောက်၍ ရှေ့သို့ခုန်ထွက်လိုက်သည်။ ထိုအခါ လောင်တက်နှင့် လန်ဖားတို့သည် ပြင်းထန်သော အတွင်းအားလှိုင်း၏ ရိုက်ခတ်ခြင်းကို ခံစားလိုက်ကြရပြီး သူတို့နှစ်ယောက်စလုံး အနောက်ဘက်သို့ လွင့်စဉ် ထွက်သွားကြတော့သည်။

တင့်ရီ မယ်သီလရှင်ကြီး၏ အတွင်းအား မည်မျှပြင်းထန်သနည်းဆိုသော် လွင့်စဉ်ထွက်သွားသော လောင်တက်မှာ လက်ဖက်ရည်ဆိုင်တံခါးကို ဝင်ဆောင့်မိ၍ တံခါးပင် ကျိုးပျက်သွားရ၏။

လန်ဖားမှမူ ဝက်သားလုံးရောင်းသော အဘိုးကြီးထံသို့ လွင့်ထွက်သွားသည်။

ထိုစဉ် အဘိုးကြီးက လန်ဖား၏နောက်ကျောသို့ လက်ဖြင့်တစ်ချက်ထောက်၍ ထိန်းပေးလိုက်သည်။ လန်ဖားသည် သက်သက်သာသာနှင့် မြေကြီးပေါ်သို့ပြန်ကျသွား၏။

## မင်းသမီးအရက်ဆိုင်ကြီး

လန်ဖား သက်သက်သာသာ ကျသွားသည်ကို တွေ့လိုက်ရသဖြင့် တင့်ရီ မယ်သီလရှင်ကြီးသည် ဝက်သားလုံး ရောင်းသော အဘိုးကြီးကိုလှမ်းကြည့်လိုက်၏။

“သြော် . . . ရှင်ကိုး”

အဘိုးကြီးက ရယ်၍ . . .

“ဟုတ်ပါတယ် ကျုပ်ပဲဗျို့ . . . ဆရာမကြီးက တယ်ဒေါသကြီးတာပဲ . . . ကလေးတွေအပေါ် ဒီလောက်မလုပ်ပါနဲ့” ဟုပြော၏။

တင့်ရီ မယ်သီလရှင်ကြီး၏ ဒေါသကိုဆွပေးလိုက်သကဲ့သို့ဖြစ်သွားပြန်သည်။ မယ်သီလရှင်ကြီးက . . .

“ရှင်နဲ့ဘာဆိုင်လို့ ဝင်ပြောနေရတာတုန်း . . .”

ထိုစဉ်လက်ဖက်ရည်ဆိုင်ရှေ့သို့ လူနှစ်ယောက်ရောက်ရှိလာ၏။ သူတို့ကခပ်လှမ်းလှမ်းမှာပင် . . .

“ဟန်ဆန်းဂိုဏ်းဆရာမကြီးရှိပါသလား . . .”

တင့်ရီ သီလရှင်ကြီးက . . .

“ငါက ဟန်ဆန်းဂိုဏ်းက တင့်ရီပဲ . . . မင်းတို့ကကော ဘယ်ကလဲ . . .” ဟုပြန်မေးလိုက်၏။

ထိုစကားကို ကြားလိုက်ရသောအခါ ထိုလူနှစ်ယောက်သည် ရှေ့နားသို့တိုးကပ်လာပြီး ရှေ့ဆုံးကလူက

“ကျွန်တော်တို့ရဲ့ဆရာကြီးက ဆရာမကြီးနဲ့ ညီအစ်မအားလုံးကို အိမ်ကိုကြွခဲ့ကြပါလို့ ဖိတ်ကြားခိုင်းလိုက်ပါတယ် . . . ဆရာမကြီးတို့ ချုံးဆန်းမြို့ကို ရောက်လာတဲ့အကြောင်း မသိလိုက်တာ ကျွန်တော်တို့ချွတ်ယွင်းချက်ပါပဲ . . . သိလိုက်ရင် မြို့တံခါးမှာထွက်ပြီးကြိုနိုင်လိုက်မှာပါပဲ . . .”

ထိုလူသည် စကားဆုံးသည်နှင့် အရိုအသေပေးလိုက်၏။

တင့်ရီ မယ်သီလရှင်ကြီးက . . .

“မင်းတို့က လျှိုကျက်ဖုန်းရဲ့ တပည့်တွေလား . . .”

ထိုလူက ဟုတ်ကြောင်း ဝန်ခံလိုက်သည်။ တင့်ရီမယ်သီလရှင်ကြီးသည် ထိုလူနှစ်ယောက်မှာ သူ့ကို လေးလေး စားစား ပြောဆိုဆက်ဆံသည်ကိုတွေ့ရသဖြင့် စိတ်ထဲတွင်ကျေနပ်သွား၏။

သူမက “ကောင်းပြီလေ . . . ငါတို့လည်း မင်းတို့ဆရာဆီလာကြတာပါပဲ . . . ဒါပေမယ့် ကြားကိစ္စလေး ပေါ်လာလို့ ဒီကိုရောက်နေကြရတာ . . .” ဟုပြောလိုက်သည်။

အပြောအဆို ရည်မွန်သောထိုလူသည် လောင်တက်တို့လူစုအားကြည့်လိုက်ပြီး . . .

"ဒီကနောင်ကြီးတွေက . . ."

လောင်တက်က . . . "ကျုပ်တို့က ဝါဆန်းဂိုဏ်းကပါ . . ."

ထိုလူသည် အလွန်ဝမ်းသာအားရဖြစ်သွားဟန်နှင့် . . .

"လက်စသတ်တော့ ဝါဆန်းဂိုဏ်းကကိုး . . . အဆင်သင့်လိုက်တာ . . . ဒီလိုဆိုရင် အားလုံး ကျွန်တော်တို့ဆီ လိုက်ခဲ့ဖို့ ဖိတ်ခေါ်ပါတယ် . . . ဆရာက ကျွန်တော်တို့ကိုမှာကြားထားတာရှိပါတယ် . . . သိုင်းလောကသားမှန်သမျှ ဖိတ်ခေါ်ပါတဲ့ . ." ဟုပြောတော့၏။

လောင်တက်က . . .

"ဟုတ်ပါတယ် . . . ကျုပ်တို့ကလည်း ကျုပ်တို့ဂိုဏ်းတူအစ်ကိုကြီးကို စောင့်နေကြတာပါ. . . သူလာတာနဲ့ ခင်ဗျားတို့ ဆရာကြီးကိုမင်္ဂလာစကားပြောဖို့ လာကြမလို့ပါပဲ . . ."

ထိုလူက . . .

"နောင်ကြီးက လောင်တက်ထင်တယ် . . . ကျွန်တော်တို့ဆရာက ဝါဆန်းဂိုဏ်းက နောင်ကြီးတို့ညီအစ်ကိုတွေ ကို ချီးကျူးနေတာ . . . အထူးသဖြင့်နောင်ကြီးတို့ရဲ့ အစ်ကိုကြီး လင့်ဟူချုံးဆို ပိုပြီးတောင်ချီးကျူးပါသေးတယ် . . . အခုနောင်ကြီးတို့ရဲ့ အစ်ကိုကြီး လင့်ဟူချုံး မရောက်သေးပေမယ့် နောင်ကြီးတို့ချည်း အရင်လိုက်ခဲ့ရင်လည်း ဖြစ်တာပါပဲ . . . အစ်ကိုကြီး လင့်ယူချုံးက နောက်တော့ လိုက်လာလည်းဖြစ်ပါတယ် . . ."

လောင်တက်က စိတ်ထဲတွင် အရေးတကြီးစဉ်းစားလိုက်သည်။

"အင်း . . . ညီမလေးကို တင့်ရှီဆရာမကြီးကလည်း လွှတ်ပေးမှာမဟုတ်ဘူး . . . ဒီတော့သူ့နားမှာ အမြဲတမ်း အရိပ်လိုပါနေအောင် သူတို့နဲ့အတူလိုက်သွားမှပဲ . . ."

ကြုံဆိုသည့်လူက . . .

"ကဲ ကဲ . . . ဒီလိုဆိုရင် အားလုံး ကျွန်တော့်နောက်ကိုလိုက်ခဲ့ကြပါ . . ."

တင့်ရှီ မယ်သီလရှင်ကြီးသည် ဝက်သားလုံးရောင်းသောအဘိုးကြီးကိုလက်ညှိုးထိုး၍ . . .

"ဒီဆရာကြီးကိုကော မဖိတ်ဘူးလား . . ."

ထိုလူသည် အဘိုးကြီးကို တစ်ချက်မျှ လှမ်းကြည့်လိုက်၏။ ရုတ်တရက် တစ်စုံတစ်ရာကို အမှတ်ရသွားဟန်ဖြင့် ချက်ချင်းပင် အရိုအသေ ပေးလိုက်တော့၏။

နှုတ်မှလည်း . . .

"ခွင့်လွှတ်ပါခင်ဗျာ . . . ကျွန်တော်တို့ ရုတ်တရက် မမှတ်မိလို့ပါ . . . ဆရာကြီးက ရင်းရန်တောင်က သိုင်းဆရာကြီးဟိုဆန်း မဟုတ်ပါလား ခင်ဗျာ . . ."

အမှန်တကယ်ပင် ရင်းရန်တောင်က သိုင်းဆရာကြီး ဟိုဆန်းဖြစ်နေ၏။ သူငယ်စဉ်က ဝက်သားလုံးရောင်းသည်။ သိုင်းပညာကို အပတ်တစ်ကုတ် ဆည်းပူး၍ ဆရာတစ်ဆူမျှ ကျွမ်းကျင် တတ်မြောက်ထားသော်လည်း အေးအေးဆေးဆေး ရိုးရိုးကုပ်ကုပ်ဖြင့် ဝက်သားလုံးပင် ရောင်းချစားသောက်နေသည်။ မသိသူများဆိုလျှင် သူ့အား သိုင်းတတ်သူဟု မည်သူကမျှ ထင်ကြလိမ့်မည်မဟုတ်ချေ။

ဟိုဆန်းက တဟားဟားရယ်လျက် . . .

"အင်းလေ . . . မင်းတို့က ငါ့ကိုဖိတ်ကြတော့ ငါကလည်း လာနှောင့်ယှက်ရတော့ပေမပေါ့ . . ."

ဤသို့ဖြင့် လူအားလုံး တစ်စုတစ်ဝေးကြီး ထွက်ခွာသွားကြတော့၏။

သူတို့လူစုထဲတွင် မသိမသာ ရောနှောလိုက်ပါသွားသူမှာ လင်မိန်ကျက် ဖြစ်သည်။ လင်မိန်ကျက် စိတ်ထဲတွင် . . .

"ငါက သူတို့နောက်က အသာကလေး လိုက်သွားရမယ် . . . လျှိုကျက်ဖုန်းရဲ့ အိမ်ထဲကိုဝင်ဖို့တစ်ချက်တော့ ခက်လိမ့်မယ် . . . ဘယ်လိုပဲဖြစ်ဖြစ်လေ . . . မီးစင်ကြည့် ကရတော့မှာပဲ . . ."

များမကြာမီ သူတို့အားလုံး အိမ်ကြီးတစ်အိမ်ရှေ့သို့ ရောက်ရှိလာကြ၏။ အိမ်ရှေ့တွင် မီးများ ထိန်လင်းလျှက်ရှိနေပြီ။ ဧည့်ကြိုများလည်း ပျာယာခက်လျက် ရှိနေကြသည်။ လျှို့ကျက်ဖုန်း၏ တပည့်များက လိုက်လံပျူငှာစွာ ဆီးကြိုကြလျက် အတွင်းသို့ဖိတ်ခေါ်ကြသည်။

လင်မိန်ကျက်အတွက် အရေးကြီးဆုံး အချိန်အခါပေတည်း။ လင်မိန်ကျက်သည် အရဲစွန့်၍ လူအုပ်နှင့် ရောနှော လိုက်သည်။ တံခါးဝမှ ကြိုဆိုရေးအဖွဲ့များသည် လင်မိန်ကျက်အား တင့်ရှီမယ်သီလရှင်ကြီး အဖွဲ့မှပဟု ထင်မှတ်သွား ကြကာ ကောင်းမွန်စွာ ကြိုဆိုနှုတ်ဆက်ပြီး အတွင်းသို့ ခေါ်ဝင်သွားတော့၏။

လင်မိန်ကျက် အလွန်အံ့သြသွားသည်။ အတွင်းဘက်ခန်းမကြီးတွင် လူနှစ်ရာမျှ ရှိနေကြပေပြီ။ ထို့ကြောင့်ပင် အနည်းငယ် စိတ်သက်သာရာလည်း ရသွား၏။ သူ့စိတ်ထဲတွင် . . .

“အင်း . . . ဒီလောက်လူတွေများနေတာ ငါ့အဖို့ ခပ်ကောင်းကောင်း ဖြစ်သွားတာပဲ . . . လူတွေများတော့ ဘယ်သူ ကမှလည်း ငါ့ကို ဂရုစိုက်နိုင်တော့မှာ မဟုတ်ဘူး . . . အရေးအကြီးဆုံးကတော့ ချင်းချန်ဂိုဏ်းကလူတွေကို တွေ့အောင် ရှာဖို့ပဲ . . . သူတို့ကိုတွေ့မှ ငါ့မိဘတွေကိုလည်း တွေ့ရတော့မှာပဲ . . .” ဟုတွေးနေမိတော့၏။

လင်မိန်ကျက်သည် . . . သူ့အား အမေးအမြန်းလွတ်နိုင်မည့် ထောင့်တစ်နေရာတွင် ဝင်ရောက် ထိုင်ချလိုက်တော့ ၏။ ထိုင်ရင်း ဘေးပတ်လည်သို့ အကဲခတ်လိုက်သည်။ ဟန်ဆန်းဂိုဏ်းမှ မယ်သီလရှင်များသည် ဘယ်ဘက်ခုံတွင် ထိုင်နေကြ၏။ ဝါဆန်းဂိုဏ်းသားများကမူ ညာဘက်ထိုင်ခုံများတွင် ထိုင်လျက်ရှိကြပြီး သူတို့၏ ဂိုဏ်းတူညီမလေး မှာလည်း သူတို့နှင့်ပင် ရောနှောထိုင်လျက်ရှိကြောင်း တွေ့ရ၏။

သူမမြင်မတွေ့ရဘဲ ဖြစ်နေသူမှာ တင့်ရှီမယ်သီလရှင်ကြီးနှင့် ဝက်သားလုံးရောင်းသော ရင်းရန်တောင်က ဟိုဆန်း တို့ကိုမူ မတွေ့မမြင်ရချေ။ လင်မိန်ကျက်အဖို့ ထိုနှစ်ယောက်ထက် အရေးကြီးသူများ ရှိသေးသဖြင့် တစ်ခုံချင်း အသေအချာ ကြည့်ရသည်။ ရုတ်တရက် သူ၏ခန္ဓာကိုယ်အတွင်း၌ရှိသော သွေးများ ပွက်ပွက်ဆူသကဲ့သို့ ခံစားလိုက် တော့၏။

ဖန်းလင်နှင့် ရီလင်တို့သည် သူနှင့် နှစ်ခုံကျော်တွင် ထိုင်လျက်ရှိနေသည်တကား။

သူ၏အဖေနှင့် အမေကိုမူ မတွေ့ရချေ။ တစ်နေရာရာတွင် ချုပ်နှောင်ထားခဲ့မည်ကတော့ အသေအချာပင် ဖြစ်တော့ သည်။ လင်မိန်ကျက်သည် မိဘများအတွက် အလွန်ပင် စိုးရိမ်သွား၏။ ဖန်းလင်နှင့် ရီလင်တို့က တစ်ခုခုများ လုပ်လိုက်ပြီလားဟု စိုးရိမ်ကြောင့်ကြသွားခြင်းဖြစ်သည်။

ထိုစဉ် အပြင်ဘက်၌ ရုတ်ရုတ်သဲသဲဖြစ်သံများ ကြားလိုက်ရပြီး၊ လူတစ်ချို့သည် ထမ်းစင်နှစ်ခုကိုထမ်း၍ ရေးကြီး သုတ်ပျာဖြင့် ခန်းမကြီးထဲသို့ ပြေးဝင်လာကြတော့၏။ ထမ်းစင်ပေါ်တွင် လူနှစ်ယောက် လဲလျောင်းလျက် ပါလာသည်။ သူတို့ကိုယ်ပေါ်တွင် ပိတ်ဖြူတစ်ထည် လွှမ်းခြုံထားသည်။ ပိတ်ဖြူပေါ်၌ နီရဲသောသွေးများ စွန်းထင်းနေ၏။

ခန်းမကြီးထဲရှိ လူအချို့သည် ထမ်းစင်များနားသို့ ပြေးကပ်ကြည့်လိုက်ကြသည်။ ကြည့်ပြီးသည်နှင့် အလန့်တကြား အော်လိုက်ကြ၏။

“ဟာ . . . ထိုက်ဆန်းဂိုဏ်းသားပဲ . . .”

ထိုက်ဆန်းဂိုဏ်းမှာ တောင်ကြီးငါးလုံး ဂိုဏ်းငါးဂိုဏ်း အဖွဲ့ဝင်ဖြစ်သည်။

ထိုစဉ် လူအချို့၏ အော်သံကို ကြားလိုက်ရပြန်သည်။

“ဟာ . . . ဒါက ထိုက်ဆန်းဂိုဏ်းက ဆရာကြီး တီတောက်ပဲ၊ ဒဏ်ရာ အပြင်းအထန် ရထားတယ်ဟေ့ . . . နောက်တစ်ယောက်ကတော့ ဘယ်သူမှန်း မသိဘူး . . .”

အခြားတစ်ယောက်က . . .

“ဒါလည်း ထိုက်ဆန်းဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီး ထင်မင်းရဲ့ တပည့်ပဲ . . . သူကတော့ သေပြီနဲ့တူတယ်” ဟု ပြော သည်။

“ဟုတ်တယ် . . . သေနေပြီ၊ ဓားချက်ကိုလည်း ကြည့်စမ်းပါဦး . . . ရင်ဝက ထိုးသွင်းထားတာ နောက်ကျောက နေတောင် ပေါက်ထွက်နေတယ် . . . ဒီလူမှမသေရင် ဘယ်သူသေမလဲ . . .”

လူအများသည် တစ်ယောက်တစ်ပေါက် ဝေဖန်ပြောဆိုနေကြသည်။ ပထမ ဝေဖန်ပြောဆိုနေသူများသည် ဒဏ်ရာရသူများ၊ သေဆုံးသူများနှင့် ပတ်သတ်သော်လည်း နောက်ပိုင်း ဝေဖန်ချက်များမှာ ထိုက်ဆန်းဂိုဏ်းနှင့် ပတ်သတ်ပြီး ဝေဖန်ပြောဆိုလာခြင်းဖြစ်၏။ ထိုသူတို့ ဝေဖန်နေကြသည့် စကားများမှာ . . .

“တိတောက် . . . ဆရာကြီးက ထိုက်ဆန်းဂိုဏ်းရဲ့ ထိပ်သီးသိုင်းသမားကြီးပဲ . . . သူ့လောက် ဘယ်သူသတ္တိရှိမလဲ . . . သူ့လောက် ဘယ်သူတိုက်ခိုက်နိုင်မလဲ . . . ဒဏ်ရာတွေ ရထားပုံကို ကြည့်စမ်းပါဦး၊ ထိုက်ဆန်းဂိုဏ်းက တကယ် ဂုဏ်ယူလောက်ပါတယ် . . .”

“တိတောက် . . . ဆရာကြီးကို ဒီလောက်ဒဏ်ရာရအောင် တိုက်နိုင်တဲ့လူကတော့ တကယ့်ကို တော်တဲ့လူ ဖြစ်မှာပဲ . . .”

အားလုံးက အမျိုးမျိုးဝေဖန်နေကြစဉ် လျှိုကျောက်ဖုန်း၏ တပည့်တစ်ယောက်သည် ဝါဆန်းဂိုဏ်းသားများ ရှိနေသည့်နေရာသို့ လျှောက်လာပြီး လောင်တက်အား ပြောလိုက်သည်။

“အစ်ကိုကြီးလောင်တက် . . . ကျွန်တော့် ဆရာက ခေါ်ခိုင်းလိုက်ပါတယ် . . .”

လောင်တက်သည် ထိုသူ့နောက်သို့ လိုက်သွားပြီး အခန်းတစ်ခုအတွင်းသို့ လျှောက်ဝင်သွားလိုက်ရသည်။ ထိုအခါ အတွင်းဘက်ရှိ အခန်း၏ အလယ်တည့်တည့်တွင် ကျားသားရေခင်းထားသော ထိုင်ခုံငါးခုရှိ၏။ ထိုထိုင်ခုံငါးခုတွင် လေးခုံက လွတ်နေပြီး . . . တစ်ခုပေါ်တွင် မျက်နှာနီနီနှင့် အလွန်ထွားကျိုင်းသော အဘိုးကြီးတစ်ယောက် ထိုင်နေ၏။

လောင်တက်သည် ထိုထိုင်ခုံများကို မြင်သောအခါ ချက်ချင်းပင် သဘောပေါက်သွားသည်။ တောင်ကြီးငါးလုံးဂိုဏ်းငါးဂိုဏ်းမှ ဂိုဏ်းချုပ်ကြီးများထိုင်ရန် ခင်းကျင်းထားခြင်း ဖြစ်ပေလိမ့်မည်။

ကောင်းဆန်းဂိုဏ်း၊ ဟန်ဆန်းဂိုဏ်း၊ ဝါဆန်းဂိုဏ်းနှင့် ချုံဆန်းဂိုဏ်းတို့မှ ဂိုဏ်းချုပ်ကြီးများ ရောက်မလာကြသေး။ ယခုထိုင်ခုံတွင် ရောက်ရှိနေသူမှာ ထိုက်ဆန်းဂိုဏ်းမှ ဂိုဏ်းချုပ်ကြီးထင်မင်းဖြစ်၏။

ဘေးနှစ်ဘက်တွင် သိုင်းလောကမှ ထိပ်သီးသိုင်းသမားကြီး ကိုးယောက်ထိုင်နေကြ၏။ ဟန်ဆန်းဂိုဏ်းမှ တင့်ရီမယ်သီလရှင်ကြီး၊ ချင်းချန်ဂိုဏ်းမှ ဂိုဏ်းချုပ်ကြီး ရီချန်း၊ ဝက်သားလုံးရောင်းသော အဘိုးအို ဟိုဆန်း တို့ပါဝင်ကြ၏။

အောက်ဘက်တွင်ရှိသော ထိုင်ခုံတွင် အိမ်ရှင် လျှိုကျောက်ဖုန်း ထိုင်နေသည်။

လောင်တက်သည် အိမ်ရှင်ဖြစ်သော လျှိုကျောက်ဖုန်းကို ဦးစွာ အရိုအသေပေးလိုက်၏။

“ဝါဆန်းဂိုဏ်းက တပည့်လောင်တက်က ဆရာကြီးတို့ကို အရိုအသေပေးပါတယ် . . .”

ထိုက်ဆန်းဂိုဏ်းမှ ဂိုဏ်းချုပ်ကြီး ထင်မင်း၏ မျက်နှာမှာ တင်းမာနေပြီး သူ၏ ပေါက်ကွဲလုဒေါသများကို ကြိုးစား၍ ထိန်းသိမ်းနေပုံရနေ၏။ သူသည် ထိုင်ခုံကိုလက်ဖြင့် ‘ဖြန်း’ ခနဲနေအောင်ရိုက်လိုက်ပြီး

“လင့်ဟူချုံး ဘယ်မှာလဲ . . .” ဟုမေးတော့၏။

သူ၏မေးခွန်းသည် အလွန်ကျယ်လောင်လှသဖြင့် အခန်းတွင်းမှ ဟိန်းထွက်တုန်ခါသွားကာ အပြင်ဘက် ခန်းမကြီးရှိလူအားလုံးပင် ကြားလိုက်ရတော့၏။ ခန်းမကြီးမှ လူများပင် ထိတ်လန့်တကြား ဖြစ်သွားကြရသည်။

ဝါဆန်းဂိုဏ်းမှ လိန်လိန်က စိုးရိမ်သော လေသံကလေးဖြင့်

“အစ်ကိုသုံး . . . သူတို့ကလည်း အစ်ကိုကြီးကို ရှာနေကြပြန်ပြီ . . . ဘယ်လိုလုပ်ကြမလဲဟင် . . .” ဟုမေးလိုက်၏။

လန်ဖားက ခေါင်းတစ်ချက်ညိတ်ပြီး လိန်လိန်၏နားနားသို့ကပ်ကာ တီးတိုးပြောလိုက်သည်။

“ငါတို့အားလုံး ဣန္ဒြေမပျက်စေနဲ့ . . . တည်တည်ငြိမ်ငြိမ်ဖြစ်နေအောင် ကြိုးစားကြ . . . လူရှေ့သူရှေ့မှာ ငါတို့ဝါဆန်းဂိုဏ်းရဲ့ သိက္ခာကိုမကျစေနဲ့ . . .”

လင်မိန်ကျက်သည်လည်း ထိုက်ဆန်းဂိုဏ်းချုပ်ကြီး ထင်မင်း၏ မိုးခြိမ်းသကဲ့သို့သော အော်ဟစ်သံကြီးကို ကြားလိုက်ရပြီးဖြစ်၍ သူ့စိတ်ထဲတွင် မှတ်ချက်ချလိုက်မိသည်။

“အင်း . . . ထိုက်ဆန်းဂိုဏ်းကလည်း လင့်ဟူချုံးကိုရှာပြီ . . . ဒီလင့်ဟူချုံးဆိုတဲ့ အဘိုးကြီးက တကယ် ပြဿနာရှာတဲ့အဘိုးကြီးကိုး၊ သူပြဿနာရှာပုံမျိုးနဲ့ဆိုရင်တော့ ဒီထဲမှာရှိရှိသမျှ သိုင်းသမားတွေနဲ့မှ လွတ်ပါ့မလား မသိဘူး . . .”

အခန်းတွင်းရှိ လောင်တက်မှာလည်း ဒုက္ခရောက်နေသည်။ ဂိုဏ်းချုပ်ကြီး ထင်မင်း၏ အော်သံကြောင့် သူ၏ နားနှစ်ဖက်စလုံး အူသွားပြီး ခြေထောက်များလည်း ပျော့ခွေကျမတတ် ဖြစ်သွားရ၏။ အတန်ကြာမှ အားတင်းပြီး ကိုယ်ကို မတ်မတ်ရပ်နိုင်တော့သည်။

“ဆရာကြီး . . . အစ်ကိုကြီးလင့်ဟူချုံးနဲ့ ကျွန်တော်တို့က ချုံးရန်မြို့မှာ လမ်းခွဲခဲ့ကြပါတယ် . . . ဒီချုံးဆန်းမြို့မှာဆုံမယ်လို့ ကျွန်တော်တို့ကို မှာလိုက်တာပါပဲ . . . ဒီနေ့ထိတော့ သူရောက်မလာသေးပါဘူး၊ မနက်ဖြန်ဆိုရင်တော့ ရောက်မယ်လို့ထင်ပါတယ် . . .”

ဂိုဏ်းချုပ်ကြီး ထင်မင်း၏ ဒေါသများသည် အထွတ်အထိပ်သို့ ရောက်နေဆဲသာရှိသေးသည်။

“ဘာ . . . ဒီကောင် လာရဲသေးသလား . . . လင့်ဟူချုံးက မင်းတို့ဝါဆန်းဂိုဏ်းရဲ့ တပည့်ကြီးပဲ . . . သူက အထက်လမ်းဂိုဏ်းသားတစ်ယောက် မဟုတ်ဘူးလား . . . အဆိုးအယုတ်မှန်သမျှ အကုန်စုနေတဲ့ ထင်ပေါ်ဆိုတဲ့ အောက်လမ်းဂိုဏ်းသား ပန်းဘီလူးနဲ့ အတူတူရှိနေတာက ဘာသဘောလဲ ပြောစမ်း . . .”

လောင်တက်က . . .

“ကျွန်တော်သိရသလောက်တော့ အစ်ကိုကြီးက ထင်ပေါ်နဲ့ လုံးဝသိကျွမ်းတာ မဟုတ်ပါဘူး . . . အစ်ကိုကြီးက အရက်ကြိုက်တတ်တော့ ထင်ပေါ်မှန်း မသိဘဲနဲ့ အရက်အတူတူ ဝင်သောက်မိတာနဲ့ တူပါတယ် . . .”

ဂိုဏ်းချုပ်ကြီး ထင်မင်းက ခြေတစ်ချက်ဆောင့်ကာ . . .

“ဟင်း . . . မင်းက လျှာအရိုးမရှိတိုင်း ပြောချင်ရာတွေပြောပြီး ဟိုခွေးကောင်ကို ကာကာကွယ်ကွယ် ပြောနေသေးတယ် . . . မင်းကာကွယ်နေတဲ့ ခွေးကောင် ဘယ်လောက် ဆိုးယုတ်နေတယ်ဆိုတာ မင်းသေသေချာချာ သိရဲ့လား . . . ဒီမှာ ညီလေး . . .”

ဂိုဏ်းချုပ်ကြီးထင်မင်းသည် ကြမ်းပြင်ပေါ်တွင်ချထားသည့် ထိုက်ဆန်းဂိုဏ်းမှ ဒဏ်ရာအပြင်းအထန် ရထားသော တိတောက်ဆရာကြီးအား လှမ်းခေါ်လိုက်၏။

“ညီလေး . . . မင်းသူ့ကို ပြောပြလိုက်စမ်း . . . မင်းဘယ်လို ဒဏ်ရာရလာတယ်ဆိုတာကို . . . နောက်ပြီး လင့်ဟူချုံးနဲ့ ထင်ပေါ်တို့ရင်းနှီးသလား . . . မရင်းနှီးဘူးလား ဆိုတာတွေကို . . .”

တိတောက်ဆရာကြီးသည် ဒဏ်ရာပြင်းထန်လှသဖြင့် လေသံသဲ့သဲ့မျှသာ ပြောနိုင်တော့၏။ သူက . . .

“ဒီနေ့မနက်တုန်းက ကျွန်တော်က တူလေးဝမ်းကျက်နဲ့ ချုံးရန်မြို့မှာရှိတဲ့ မင်းသမီးအရက်ဆိုင်ကြီးကို သွားခဲ့ပါတယ် . . . အဲဒီအရက်ဆိုင်ထဲမှာ လင့်ဟူချုံးရယ် . . . ထင်ပေါ်ရယ် . . . မယ်သီလရှင်ကလေး တစ်ပါးရယ်ကို တွေ့လိုက်ရတယ် . . .”

တိတောက်ဆရာကြီးအဖို့ ဒဏ်ရာကြီးကျယ်လှသဖြင့် ဤမျှလောက် စကားပြောလိုက်ရလျှင်ပင် အလွန်မောဟိုက်နေတော့သည်။ ထိုအဖြစ်ကို မကြည့်ရက်သော အိမ်ရှင် လျှိုကျက်ဖုန်းက . . .

“နောင်ကြီးတိတောက် . . . ခင်ဗျားမပြောနဲ့တော့၊ ဒဏ်ရာသက်သာအောင်သာ သက်သက်သာသာ နေပါတော့ . . . ခင်ဗျား စောစောကပြောပြခဲ့တဲ့ စကားတွေကို ကျုပ်ကပဲ ခင်ဗျားအစား ပြောပြလိုက်ပါ့မယ် . . .”

လျှိုကျက်ဖုန်းသည် လောင်တက်ဘက်သို့ လှည့်လိုက်ကာ . . .

“လူလေးလောင်တက် . . . မင်းနဲ့ လင့်ဟူချုံးတို့က ငါ့ကို မင်္ဂလာစကားပြောဖို့ အဝေးက ရောက်လာကြတဲ့ လူတွေဆိုတော့ ငါ့အနေနဲ့ ကျေးဇူးတင်လို့မဆုံးပါဘူး . . . ဒါပေမယ့် . . . ဟိုထင်ပေါ်ဆိုတဲ့ ပန်းဘီလူးနဲ့ ပေါင်းနေ

တယ်ဆိုတာ မှန်နေရင်တော့ ငါတို့တောင်ကြီးငါးလုံး . . . ဂိုဏ်းငါးဂိုဏ်းက မိသားစုတွေက လင့်ဟူချုံးကို ကောင်းကောင်းဆုံးမရတော့မှာပဲ . . .”

ဂိုဏ်းချုပ်ကြီး ထင်မင်းသည် ဒေါသဖြင့်အော်ပြန်သည်။

“ဘာဆုံးမနေရမှာလဲ . . . ဒီလိုခွေးကောင်မျိုးတွေ မြေပေါ်မှာ အသက်ရှင်လျက်ထားနေရင် ဟိုပန်းဘီလူးလိုပဲ ဖြစ်သွားမှာပေါ့ . . . သတ်ပစ်လိုက် . . . မိုက်စ တုန်းသွားရင် ပြီးတာပဲ . . .”

လောင်တက်မှာ ဂိုဏ်းချုပ်ကြီး ထင်မင်း၏ မျက်နှာအမူအရာနှင့် ဟုန်းဟုန်းထနေသည့် ဒေါသများကို တွေ့ရသောအခါ လွန်စွာ ကြောက်ရွံ့သွားတော့၏။ သူ့စိတ်ထဲတွင် သည်တစ်ကြိမ်တော့ သူ့အစ်ကိုကြီးအား ကယ်နိုင်ဖို့ မလွယ်တော့ဟု မှတ်ထင်နေမိတော့၏။ သူသည် သူ့ပတ်ဝန်းကျင်ကို ရုတ်တရက် အကဲခတ်လိုက်သည်။ ချင်းချန်ဂိုဏ်းချုပ်ကြီး ရီချန်းနှင့် တင့်ရီမယ်သီလရှင်ကြီးတို့၏ ကျေနပ်အားရသော အပြုံးများကို မြင်လိုက်ရသောအခါ ပို၍ပင် စိတ်ပျက်အားလျော့သွားတော့၏။

သို့သော် လောင်တက်သည် ချက်ချင်းပင် စိတ်ကိုတင်းကာ

“ကျွန်တော်တို့ဟာ ဝါဆန်းဂိုဏ်းကဆိုပေမယ့် ဆရာကြီးတို့ရဲ့ တပည့်သားမြေးတွေဆိုရင်လည်း မမှားပါဘူး . . . ကျွန်တော် တစ်ခုပြောချင်တာက ကျွန်တော်တို့ရဲ့ ဆရာကိုလည်း ဆရာကြီးတို့အားလုံး သိကျွမ်းရင်းနှီးနေကြတာပဲ၊ အဲဒီတော့ ကျွန်တော်တို့ဆရာရဲ့ စိတ်ဓါတ်ကိုလည်း သိကြလိမ့်မယ်လို့ထင်ပါတယ် . . . ကျွန်တော်တို့ ဆရာဟာ အပြစ်ရှိတဲ့ဂိုဏ်းသား တပည့်ကို ဘယ်တော့မှ ညှာတာခွင့်မပေးပါဘူး . . . အပြစ်ဒဏ်ကို တိတိကျကျ ခံယူစေလေ့ရှိပါတယ် . . .”

လျှိုကျက်ဖုန်းက . . .

“အေး . . . အေး . . . ပြောရမှာပေါ့ . . . မပြောမပြီး မတီးမမြည်တဲ့ကိစ္စပဲ . . . စောစောတုန်းက နောင်ကြီးတိတောက်က ပြောပြခဲ့တယ် . . . မနက်တုန်းက သူရယ်၊ ဝမ်းကျက်ရယ် ချုံးရန်မြို့က မင်းသမီးအရက်ဆိုင်ကြီးကို သွားခဲ့ကြတယ် . . . ဟိုမှာ အရက်ဝင်သောက်တဲ့အခါကျတော့ . . . အရက်ဆိုင်ရဲ့ အပေါ်ထပ်မှာ လူသုံးယောက် စားသောက်နေကြတာ တွေ့သတဲ့ . . . တစ်ယောက်က ထင်ပေါ . . . တစ်ယောက်က လင့်ဟူချုံး . . . နောက်တစ်ယောက်က ဆရာမကြီးတင့်ရီရဲ့ တပည့်မလေးရီလင်ပဲ . . . နောင်ကြီးတိတောက်ဟာ သူတို့သုံးယောက်ကို တွေ့လိုက်တာနဲ့ ပုံမှန်အခြေအနေ မဟုတ်ဘူးဆိုတာ အလိုလိုသိလိုက်မိသတဲ့ . . . တစ်ကယ်တော့ နောင်ကြီးတိတောက်ဟာ သူတို့သုံးယောက်စလုံးကို မြင်ဖူးတာမဟုတ်ဘူး . . . ဒါပေမယ့် . . . အဝတ်အစားတွေကြည့်ပြီး တစ်ယောက်က ဝါဆန်းဂိုဏ်းက၊ တစ်ယောက်က ဟန်ဆန်းဂိုဏ်းက ဆိုတာသိလိုက်တာပဲ . . . ထင်ပေါကတော့ . . . အသက်သုံးဆယ်ကျော်လောက်ရှိပြီး အင်္ကျီအဝတ်အစား တောက်တောက်ပြောင်ပြောင် ဝတ်ထားတာ တွေ့ရသတဲ့၊ အစပထမတော့ ထင်ပေါမှန်းမသိပါဘူး . . . နောက်ပိုင်း လင့်ဟူချုံးရဲ့ စကားကို ကြားလိုက်ရမှ အဲဒီလူဟာ ထင်ပေါမှန်း သိလိုက်သတဲ့ . . . လင့်ဟူချုံးပြောပုံက ‘နောင်ကြီး ထင်ပေါ . . . ခင်ဗျားရဲ့ ကိုယ်ဖော့သိုင်းပညာ သိပ်တော်တာပဲ၊ ဒါပေမယ့် အရက်သောက်တဲ့နေရာမှာတော့ ကျုပ်လောက် မတော်နိုင်ဘူး . . .’ တဲ့ . . . ကဲ အဲဒီတော့ ထင်ပေါဆိုတာ သေသေချာချာ သိသွားပြီပေါ့ . . . သူတို့သုံးယောက် အရက်အတူတူ သောက်နေတာ တွေ့ရတော့ ဒေါသလည်း ထွက်လာတယ် . . .”

လောင်တက်သည် ဆင်ခြင်တုံတရား နည်းပါးသူမဟုတ်၊ အခြေအနေများကို ယထာဘူတကျကျ ဝေဖန်ပိုင်းခြားတတ်သည်။ ယခုကဲ့သို့ ကြားလိုက်ရသောအခါ သူ့စိတ်ထဲတွင် . . .

“တစ်ယောက်က ပန်းဘီလူး၊ တစ်ယောက်က မယ်သီလရှင်၊ တစ်ယောက်က ဝါဆန်းဂိုဏ်းသား . . . ကဲ ကောင်းရော . . . ဒီသုံးယောက်စုပြီး အရက်သောက်မှတော့ ဘယ်သူက မျက်စိမစူးဘဲနေတော့မလဲ . . . ထင်ပေါလို လူတစ်ယောက်နဲ့ ရင်းရင်းနှီးနှီး ပြောဆိုဆက်ဆံနေတဲ့နောက် အစ်ကိုကြီးကို အကောင်းမထင်ကြတာလည်း အပြစ်ပြောလို့မဖြစ်ဘူး . . . လူ့လောကကြီးမှာ အပေါင်းအသင်းကိုကြည့်ပြီး တန်ဖိုးကို ဆုံးဖြတ်တတ်ကြတာပဲ . . .” ဟုပြောနေမိတော့သည်။

လောင်တက် ယခုကြားနေရသည့် အဖြစ်အပျက်များသည် နိဒါန်းမျှသာ ရှိပေသေးသည်။ နောက်ပိုင်းအဖြစ်အပျက်များ ကြားပြီးသည့်အခါမှ သူ့အစ်ကိုကြီးကို အပြစ်ပြောသူများအား ပို၍ အပြစ်မတင်နိုင်အောင်ရှိတော့သည်။

လျှိုကျက်ဖုန်းက ဆက်၍ . . .

“နောင်ကြီးတိတောက်က ထင်ပေါ်ပြောတာကို ကြားလိုက်ရပြန်တယ် . . . အဲဒီစကား ဘယ်လောက်ဆိုးတယ် မဆိုးဘူးဆိုတာ မင်းပဲစဉ်းစားကြည့်ဦး . . . ထင်ပေါ်က ‘ငါက သိုင်းလောကထဲမှာ တစ်ကိုယ်တော်ကြနေတဲ့ကောင်ကွ၊ ငါကြည့်လို့မရတာက အထက်လမ်းက လူကြီးလူကောင်းတွေဆိုပြီး ကုတ်ကမြင်းထနေတဲ့ သိုင်းဆရာကြီးတွေကိုပဲ’ တဲ့ . . . နောက်ပြီး ဆက်ပြောသေးတယ် . . . ‘လင့်ဟူချိုး . . . မင်းက ဝါဆန်းဂိုဏ်းကလူ ဖြစ်ပေမယ့် သဘောထား ပွင့်လင်းတယ်၊ မင်းလိုလူနဲ့ အရက်အတူတူ သောက်ရတာကိုတော့ ငါကျေနပ်တယ်၊ ကဲ . . . ငါတို့ အရက်ပြိုင်သောက်ကြရအောင် . . . မင်း ငါ့ကို ရှုံးမှာပဲ၊ ဆရာလေး . . . မင်းလည်း ငါတို့နဲ့ အရက်အတူတူ သောက်ရမယ်နော် . . . မသောက်ရင် ငါက အတင်းတိုက်မှာပဲ’ တဲ့ . . .”

လျှိုကျက်ဖုန်းသည် စကားကို ခဏရပ်တန့်လိုက်သည်။ ပြီးမှ

“နောင်ကြီးတိတောက်က ဒီစကားတွေကြားတော့ မနေနိုင်တော့ဘဲနဲ့ ထင်ပေါ်ကို ဝင်တိုက်တော့တာပဲ၊ သူက ထင်ပေါ်နဲ့ သိုင်းကွက်နှစ်ရာကျော်လောက် တိုက်ခိုက်ပြီးတော့မှ ကယ်ချင်တဲ့စိတ်ဇောကြီးပြီး သတိတစ်ချက်လွတ်သွားလို့ ပန်းဘီလူးရဲ့ဓားချက်ကို ခံလိုက်ရတာပဲ . . . ဝမ်ကျက်ကလည်း အသက်ကိုစွန့်ပြီး ဝင်တိုက်ရှာတယ်၊ နောက်ဆုံးတော့ ထင်ပေါ်ရဲ့လက်ချက်နဲ့ ဝမ်ကျက် သေဆုံးသွားရတယ် . . . အဲဒီတစ်ချိန်လုံး လင့်ဟူချိုးက အမြိန့်သား ထိုင်ကြည့်နေသတဲ့ . . . ဘာမှ ဝင်ရောက်ကူညီပေးခြင်းလဲ မရှိဘူး . . . ဒီတစ်ချက်ကတော့ အင်မတန်ကို ရုပ်ဆိုးတာပဲ . . . ငါတို့ တောင်ကြီးငါးလုံး ဂိုဏ်းငါးဂိုဏ်းရဲ့ မဟာမိတ်စည်းကမ်းကို သစ္စာဖောက်ဖျက်ခြင်းပဲ . . . ဂိုဏ်းချုပ်ကြီး ထင်မင်း ဒေါသကြီးနေတာကလည်း ဒီအချက်ကြောင့်ပါပဲ . . .”

ဂိုဏ်းချုပ်ကြီး ထင်မင်းသည် ဒေါသနှင့် . . .

“ငါတို့ ဂိုဏ်းကြီးငါးဂိုဏ်း မဟာမိတ်ဖွဲ့တာက ထားပါတော့၊ သိုင်းသမားတစ်ယောက်အဖို့ အကောင်း အဆိုးတော့ ခွဲခြားတတ်ရမှာပေါ့ . . . ဒီလို ပန်းဘီလူးနဲ့ ပေါင်းသင်းတာကတော့ . . . တောက်”

သူသည် ပြောရင်း ဒေါသထွက်လာ၍ မျက်နှာနီရဲကာ ဆံပင်များလည်း ထောင်လာသည်။ ထိုစဉ် အပြင်ဘက်မှ လူတစ်ယောက်၏ ခွင့်တောင်းသံကို ကြားလိုက်ရသည်။

“ဆရာ . . . ကျွန်တော်တင်ပြစရာတစ်ခုရှိပါတယ်”

ထိုလူမှာ ဂိုဏ်းချုပ်ကြီး ထင်မင်း၏ တပည့်ဖြစ်သူ ဝမ်ခွန်း၏အသံဖြစ်သည်။ ထင်မင်းဂိုဏ်းချုပ်ကြီးက စိတ်တိုနေသော အသံဖြင့်

“ဝင်လာခဲ့ . . . ဘာကိစ္စဖြစ်လာပြန်လဲ . . .”

ထိုအခါ . . . အသက်သုံးဆယ်ခန့်ရှိသော လူရွယ်တစ်ယောက် လျှောက်ဝင်လာပြီး လျှိုကျက်ဖုန်းကို အရိုအသေပေးလိုက်၏။ ပြီးနောက် ဆရာကြီးအားလုံးကို အရိုအသေပေးလိုက်ပြီး ဂိုဏ်းချုပ်ကြီး ထင်မင်းနားသို့ လျှောက်သွားသည်။

ပြီး . . . သူက . . .

“ဆရာ . . . ဦးလေးလင်ချင်းဆီက သတင်းရောက်လာပါတယ် . . . သူက ဂိုဏ်းသားတွေခေါ်ပြီး ထင်ပေါ်ကို လိုက်ရှာပါသတဲ့ . . . ထင်ပေါ်ကိုတော့ အရိပ်အခြည်လေးတောင် မတွေ့လိုက်ရဘူးတဲ့ . . . ဒါပေမယ့် ချင်းရန်မြို့ပြင်မှာတော့ အလောင်းတစ်လောင်း တွေ့လိုက်ကြရတယ် . . . ဓားဒဏ်ရာ တစ်ချက်ပဲရထားတယ် . . . ဓားကတော့ လင့်ဟူချိုးရဲ့ဓားပဲ . . .” ဟု ပြောလိုက်သည်။

ဂိုဏ်းချုပ်ကြီး ထင်မင်းသည် အလောတကြီး မေးလိုက်သည်။

“မြန်မြန်ပြောစမ်း . . . အလောင်းက ဘယ်သူ့အလောင်းလဲ”

ဝမ်ခွန်းသည် ချင်းချန်ဂိုဏ်းချုပ် ရီချန်းဘက်သို့ကြည့်ကာ

"အလောင်းကတော့ ဆရာကြီးရီချန်းရဲ့တပည့် လိုလင်ပဲ"

"ဘာ . . ."

အခန်းတစ်ခုလုံး ပေါက်ကွဲလွင့်စဉ်သွားမတတ် ရီချန်းက ထအော်လိုက်တော့သည်။ ကယောင်ကတမ်း အော်ဟစ်နေသည့် ပမာ

"လိုလင် ဟုတ်လား . . . အလောင်းကော . . ."

အပြင်မှ လူတစ်ယောက်က . . .

"ဒီမှာ ရှိပါတယ် . . ."

ရီချန်းသည် ချက်ချင်းပင် သူ့ကိုယ်ကို ထိန်းသိမ်းနိုင်လိုက်သည်။ လုံးဝမျက်နှာမပျက်တော့ဘဲ . . .

"ကျေးဇူးပြုပြီး အလောင်းကို ဒီအထဲ ယူလာခဲ့ပါလား"

အပြင်မှ လူနှစ်ယောက်သည် ထမ်းစင်တစ်ခုကို ထမ်း၍ဝင်လာကြ၏။ အလောင်း၏ ချက်အောက်တွင် ဓားတစ်ချောင်း စိုက်ဝင်နေ၏။ ဓားမှာ ခပ်စောင်းစောင်း အပေါ်သို့ ထိုးစိုက်ထားခြင်းဖြစ်ရာ အပြင်ဘက်တွင် တစ်ပေခန့်သာ ကျန်တော့သည်။ ထို့ကြောင့် ကိုယ်ခန္ဓာထဲသို့ ဝင်နေသောဓားသည် နှစ်ပေခန့် နှစ်ဝင်လျက် ရှိပေလိမ့်မည်။ ဓားဖျားသည် လည်မျိုနားအထိ ရောက်ရှိနေကြောင်း ဆရာကြီးများက သိရှိလိုက်ကြ၏။

ဤကဲ့သို့ အပေါ်သို့ ထောင်ထိုးထားသည့် ရက်စက်သော ကြောက်မက်ဖွယ်ရာကောင်းသော ဓားသိုင်းကွက်မျိုးမှာ . . . သိုင်းလောက၌ အတော်ပင်ရှားပါးလှ၏။

ဝမ်ခွန်းက ဆက်၍

"ဦးလေးလင်ချင်းက မှာလိုက်ပါတယ် . . . သူတို့ ဟို ပန်းဘီလူးနှစ်ယောက်ကို ရှာတုန်းပါပဲတဲ့ . . . အကောင်းဆုံးကတော့ ဒီမှာရှိတဲ့ ဆရာကြီးတွေထဲက တစ်ယောက်နှစ်ယောက်လောက် လိုက်လာပြီး အကူအညီပေးရင် အခြေအနေ ပိုကောင်းပါလိမ့်မယ်တဲ့ . . ."

ထိုစကားကို ကြားလိုက်ရသောအခါ တင့်ရီမယ်သီလရှင်ကြီးနှင့် ချင်းချန်ဂိုဏ်းချုပ်ရီချန်းတို့ နှစ်ယောက်စလုံး တစ်ပြိုင်နက်လိုလို မတ်တက်ရပ်လိုက်ကြသည်။

"ငါ သွားမယ် . . ."

ဤစကားသည်လည်း သူတို့နှစ်ယောက်၏ နှုတ်မှ တစ်ပြိုင်နက်ထွက်ပေါ်လာပြန်သည်။

ထိုစဉ် အပြင်ဘက်ခန်းမမှ လူသံများ ရုတ်တရက် တိတ်ဆိတ် ငြိမ်သက်သွားသည်ကို ထူးထူးခြားခြား ခံစားသိရှိလိုက်ကြသည်။ အတွင်းဘက်အခန်းရှိ လူများသည် တစ်စုံတစ်ခု ထူးခြားသွားသည်ကို ရိပ်မိကြသဖြင့် သူတို့လည်း ငြိမ်သက်စွာ စောင့်ကြည့်နေမိကြသည်။

ခြေသံတစ်ခုသည် အတွင်းခန်းဘက်သို့ ပြေးလွှားလာသံကြားလိုက်ရပြီး ချိုလွင်နွဲ့နှောင်းသော မိန်းကလေးသံလေးတစ်ခုက . . .

"ဆရာမ . . . ကျွန်မ ပြန်လာပြီ . . ."

တင့်ရီ မယ်သီလရှင်ကြီးသည် ရုတ်တရက် ကြောင်သွားပြီးမှ ပြန်မေးလိုက်သည်။

"ရီလင် . . . ညည်း . . . ညည်း ပြန်လာပြီ . . ."

အားလုံးသည် တံခါးပေါက်သို့ လှမ်းကြည့်လိုက်မိကြသည်။ ပန်းဘီလူးနှစ်ကောင်၏ လက်ချက်ဖြင့် အတင်းအကျပ် အရက်သောက်ခဲ့ရသည်ဆိုသည့် မယ်သီလရှင်လေး၏ ရုပ်ရည်ကို သိလိုက်ကြသည်။ တံခါးခန်းဆီး ပွင့်သွားသည်နှင့် အတူ လူတိုင်း၏ မျက်လုံးများတွင် တောက်ပရွှန်းလက်သော ကြယ်ပွင့်တစ်ပွင့်ကို မြင်လိုက်ရသကဲ့သို့ ဝင်းလက်သွားကြရ၏။

တကယ်ပင် ချောမောလှသော မယ်သီလရှင်ကလေးပါပေ။ နုနယ်ပျိုမျစ်လှသဖြင့် ပွင့်သစ်စပန်းကလေးနှင့် တူနေ၏။ အသက်မှာလည်း ဆယ့်ခုနစ်မျှသာ ရှိပေသေးသည်။ သူမက တင့်ရီမယ်သီလရှင်ကြီးထံ ပြေးလွှားပြီး ဒူးထောက်အရိုအသေပေးကာ 'ဆရာမ' ဟုဆို့နစ်စွာခေါ်လိုက်သည်။ ရုတ်တရက်ပင် မျက်နှာကို လက်ဝါးဖြင့်အုပ်ကာ ချုံးပွဲချ ငိုလိုက်တော့၏။

တင့်ရီ မယ်သီလရှင်ကြီး၏ မျက်နှာသည် အလွန်တင်းမာသွားပြီး ချက်ချင်းမေးလိုက်သည်။

"မင်း . . . မင်း . . . ဘယ်လိုပြန်ရောက်လာတာလဲ . . ."

ရီလင်သည် မျက်ရည်တွေတွေ ကျဆင်းနေရာမှ . . .

"ဆရာမ . . . ကျွန်မတော့ ဒီတစ်သက်မှာ ဆရာမနဲ့ မတွေ့ရတော့ဘူးလို့ ထင်နေတာ .."

သူမ၏စကားပြောသံသည် စမ်းရေစီးသံနှယ် ငြိမ့်ညောင်းသာယာလှ၍ နားထောင်သူတိုင်း နဝင်ပီယံ ရှိလှပေသည်။

လူတိုင်း၏ စိတ်ထဲတွင်စဉ်းစားနေသည်မှာ ...

"ဒီလောက် ရုပ်ရည်ချောမောလှပပြီး ချစ်စရာကောင်းလှတဲ့ မိန်းကလေးက ဘာဖြစ်လို့ မယ်သီလရှင်ဖြစ်သွားရတာလဲ . . ." ဟူ၍ပင်တည်း။

သူမ၏ သေးသွယ်ဖြူနုသော လက်ကလေးနှစ်ဖက်ဖြင့် တင့်ရီမယ်သီလရှင်ကြီး၏ အင်္ကျီလက်စကို ဆုပ်ကိုင်ထား၏။ ရီချန်းကမူ ရီလင်ကို တစ်ချက်မျှသာ ကြည့်သည်။ သူ့မျက်လုံးများသည် လိုလင်၏ ချက်အောက်၌ ထိုးစိုက်နေသော ဓားရိုးကိုသာ စိုက်ကြည့်နေသည်။ ဓားရိုးပေါ်တွင် 'ဝါဆန်း၊ လင့်ဟူချုံး' ဟူသော စာတန်းကလေးက ရှိနေ၏။

ဂိုဏ်းချုပ်ကြီး ရီချန်းသည် လောင်တက်ကို အေးစက်စွာ စိုက်ကြည့်လိုက်၏။ လောင်တက် အတော်ကလေးကြောက်ရွံ့ထိတ်လန့်သွားမိသည်။ ရီချန်းက မာကျောခက်ထန်စွာ ပြောလိုက်သည်။

"ဒီ ဓားချက်ကိုကြည့်စမ်း၊ ဓားချက်က အောက်ကနေ အပေါ်ကိုစောင်းပြီး ထိုးစိုက်ထားတယ် . . . ဒါက မင်းတို့ဝါဆန်းဂိုဏ်းရဲ့ ဘာသိုင်းလို့ခေါ်သလဲ . . ."

လောင်တက် ချွေးပြန်နေပြီ။ ကြမ္မာဆိုးသည် သူတို့မသိဘဲ သူတို့၏နောက်ဖေးဘက်မှ ခိုးကြောင်ခိုးဝှက် ဝင်လာဟန်တူသည်။ လောင်တက်သည် အားတင်း၍ အဖြေပေးလိုက်သည်။

"ကျွန်တော်တို့ ဝါဆန်းဂိုဏ်းမှာ ဒီလိုဓားသိုင်းကွက်မျိုးမရှိတာ အမှန်ပါ . . ."

ဂိုဏ်းချုပ်ကြီး ရီချန်းသည် ဓားထိုးစိုက်နေပုံကိုကြည့်ပြီး အလွန်အံ့ဩနေသည်။ လင့်ဟူချုံးက ခါးကုန်း၍ အောက်မှအထက်သို့ လှန်ထိုးလိုက်သည်လား မသိနိုင်ပေ။

ဓားကို ဆွဲမထုတ်ဘဲ ဤအတိုင်း ချန်ထားခဲ့သည့်ကိစ္စကိုလည်း စဉ်းစားရကျပ်နေသည်။ သူသည်တစ်စုံတစ်ခုကို စဉ်းစားသွားမိဟန်ဖြင့် . . .

"ဟင်း . . . ဇကွေ့တော့ ဒီကောင်က ငါတို့ချင်းချန်ဂိုဏ်းကို စိန်ခေါ်တာပဲဖြစ်ရမယ် . . ." ဟုတွေးလိုက်သည်။

ထိုစဉ်မယ်သီလရှင်ကလေးက အသံကိုမြှင့်လိုက်ပြီး . . .

"ဆရာကြီး ရီချန်း . . . အစ်ကိုကြီး လင့်ဟူချုံးရဲ့ ဓားသိုင်းကွက်တွေက ဒီလိုအကွက်မျိုးမဟုတ်ပါဘူး . . ."

ရီချန်းသည် အေးစက်မာကျောသောမျက်နှာထားဖြင့် တင့်ရီ မယ်သီလရှင်ကြီးကိုလှမ်းကြည့်လိုက်ကာ ..

"ဆရာမကြီး . . . ခင်ဗျားရဲ့တပည့်က ဟိုလူဆိုးကို ဘယ်လိုခေါ်လိုက်တယ်ဆိုတာ ကြားလိုက်ရဲ့လား . ."

တင့်ရီမယ်သီလရှင်ကြီးသည်ဒေါသတကြီးဖြင့် ပြန်အော်လိုက်သည်။

"ကျုပ် နားမကန်းဘူး . . . ကျွန်မကို ထောက်ပြနေစရာလည်း မလိုဘူး . ."

တင့်ရီမယ်သီလရှင်ကြီးသည် မိမိတို့ဂိုဏ်းသားများကို အလွန်ကာကွယ်လေ့ရှိသည်။ မှားမှန်းသိသည့်တိုင် ဇွတ်ပင်ငြင်းလေ့ရှိ၏။

ယခုလည်း ရီလင်က လင့်ဟူချုံးကို အစ်ကိုကြီးဟု ခေါ်လိုက်သည့်စကားကို သူမလည်း သတိပြုမိပြီးဖြစ်ပေသည်။ ထိုစကား ကြားလိုက်ရသည်နှင့် သူမ ဒေါသထွက်လှလေပြီ။ အကယ်၍ ရီချန်းကသာထောက်မပြဘဲ ခေတ္တမျှ စောင့်ကြည့်နေလိုက်ပါက မယ်သီလရှင်ကြီးသည် ရီလင်ကို အော်ဟစ်ဆဲဆိုပေတော့မည်။

သို့သော် ရီချန်းက စပြောလိုက်သည့်အခါတွင် ရီလင်ကို ဆဲဆိုကြိမ်းမောင်းခြင်း မပြုတော့သည်သာမက သူမဘက်ကပင် ကာကွယ်ပြောဆိုတော့သည်။

တင့်ရီ မယ်သီလရှင်ကြီးက . . .

"အစ်ကိုကြီးခေါ်တာ ဆန်းသလား . . . ကျွန်မတို့ တောင်ကြီးငါးလုံး ဂိုဏ်းငါးဂိုဏ်းက မဟာမိတ်ဖွဲ့ထားတာပါ . . . ဒီငါးဂိုဏ်းစလုံးဟာ ညီအစ်ကိုမောင်နှမတွေချည်းပဲ . . . ဒီတော့ အစ်ကိုကြီးလို့ခေါ်တာဟာ ဘာထူးဆန်းတော့မှာလဲ .."

သူမဆိုလိုသည့် အချက်မှာ ချင်းချန်ဂိုဏ်းသည် တောင်ကြီးငါးလုံး ဂိုဏ်းကြီးငါးဂိုဏ်း အဖွဲ့ဝင်မဟုတ်သဖြင့် ချင်းချန်ဂိုဏ်းချုပ် ရီချန်း၏ စကားများကို အလေးအနက်ထားနားထောင်ရန် မလိုဟူ၍ ဆိုလိုခြင်းပင်။

ရီချန်းကလည်း ချက်ချင်း သဘောပေါက်သွားသည်။ သူကသရော်ပြုံးပြုံးရင်း . . .

"ကောင်းတယ် . . . ကောင်းတယ် . . . လင့်ဟူချုံး ခုလုပ်နေပုံမျိုးက ခင်ဗျားတို့ရဲ့ မဟာမိတ်အဖွဲ့ထဲမှာ ရှိနိုင်သေးလို့လား . . ."

တင့်ရီမယ်သီလရှင်ကြီးသည် ရီချန်း၏စကားကို လုံးဝဂရုမစိုက်။ သူ မေးလိုရာကိုသာ ရီလင်အားမေးနေသည်။

"ရီလင်လာစမ်း . . . မင်းဘယ်လို အဖမ်းခံရတယ်ဆိုတာ ငါ့ကိုသေချာပြောပြစမ်း . . ."

ပြောရင်းဆိုရင်းဖြင့် သူမသည် ရီလင်၏လက်ကိုဆွဲကာ အပြင်သို့ထွက်ရန် ဟန်ပြင်လိုက်သည်။ တင့်ရီမယ်သီလရှင်ကြီး၏ အပြုအမူကို အားလုံးက သဘောပေါက်ကြသည်။

ဤမျှချောမောလှပသော မယ်သီလရှင်ကလေးအဖို့ ဘေးမသီရန်မခ ပြန်ရောက်လာဖို့ဆိုသည်မှာ လုံးဝမဖြစ်နိုင်ချေ။ ထင်ပေါက်ကဲ့သို့ ပန်းဘီလူးလိုလူမျိုးလက်သို့ ရောက်ရှိသွားခြင်းအတွက် ပို၍ဆိုးဝါးလှသည်။

သူမ၏ အပျိုရည်ကို ထိန်းသိမ်းနိုင်ရန်ကိစ္စသည် သဲထဲရေသွန်သကဲ့သို့သာ အရာမထင် အချည်းအနှီးဖြစ်ရပေမည်။ ထို့ကြောင့် တင့်ရီမယ်သီလရှင်ကြီးက လူအများကြား၍ မသင့်လျော်သည့်စကားများ လူပုံအလယ်၌ မပြောကြားမိစေရန် အပြင်သို့ ထွက်လိုက်ခြင်းဖြစ်သည်။

သို့သော် ချင်းချန်ဂိုဏ်းချုပ် ရီချန်းသည် ရုတ်တရက် ခုန်ထွက်လာပြီး တင့်ရီ မယ်သီလရှင်ကြီးကို ကာဆီးလိုက်၏။

သူက . . .

"ဒီကိစ္စဟာ လူနှစ်ယောက်ရဲ့အသက်နဲ့ ပတ်သက်နေပါတယ် . . . ဒါကြောင့် ရီလင်ကို ဒီမှာပဲပြောခိုင်းလိုက်ပါ . . ."

ရီချန်းသည် စကားကို ခေတ္တဖြတ်ပြီး အားလုံးကို တစ်ချက်မျှ အကဲခတ်လိုက်သည်။ ပြီးမှ . . .

"ဝမ်ကျက်က ထိုက်ဆန်းဂိုဏ်းသား၊ တနည်းအားဖြင့်ပြောရင် ခင်ဗျားတို့ရဲ့ တောင်ကြီးငါးလုံး ဂိုဏ်းငါးဂိုဏ်းရဲ့ အဖွဲ့သားဖြစ်တယ် . . . ဒီတော့ တကယ်လို့ သူ့ကို လင့်ဟူချုံးက သတ်မိတဲ့အတွက် ခင်ဗျားတို့အနေနဲ့ ကျေအေးချင်ကျေအေးနိုင်တယ် . . . ဒါပေမယ့် ကျုပ်ရဲ့တပည့်လိုလင်က ခင်ဗျားတို့ဂိုဏ်းကြီးငါးဂိုဏ်းနဲ့ ဘယ်လိုမှ မပတ်သက်ဘူး၊ ဒီတော့ ကျုပ်တပည့် သေရတဲ့အတွက် ကျုပ်ကတော့လက်ပိုက်မကြည့်နိုင်ဘူး . . ."

တင့်ရီ မယ်သီလရှင်ကြီးမှာ သိုင်းလောကတွင် အလွန်ဒေါသကြီးသူတစ်ယောက်အဖြစ် ကျော်ကြားသည်။ သူမသည် ရီချန်း၏ မာရေကျောရေစကားများကို ကြားရသောအခါ လုံးဝဒေါသမထိန်းနိုင်တော့ဘဲ မျက်စိများ အရောင်တောက်လာတော့သည်။ သူမ၏ တစ်ကိုယ်လုံး တိုက်ခိုက်ရန် အသင့်အနေအထားသို့ ပြင်ဆင်လိုက်တော့သည်။

သူမနှင့် ရီချန်းသည် သိုင်းလောက၌ ထိပ်သီးသိုင်းသမားကြီးနှစ်ယောက် ဖြစ်ကြသည်။ သူတို့နှစ်ယောက်သာ တိုက်ခိုက် ကြလျှင် တကယ့်ပွဲကြီးပွဲကောင်း ဖြစ်နိုင်သည်မှာ သေချာလှတော့သည်။

ထိုစဉ် လျှိုကျက်ဖုန်းက ကမန်းကတန်း ပြေးထွက်လာပြီး နှစ်ယောက်အကြားတွင် ရပ်လိုက်ကာ ...

“ခင်ဗျားတို့နှစ်ယောက်စလုံးဟာ ကျုပ်ရဲ့ ဧည့်သည်တော်တွေပါ . . . ကျုပ်ရဲ့မျက်နှာကိုလည်း ထောက်ထားကြပါဦး . . . စိတ်လိုက်မာန်ပါ မလုပ်ကြဖို့ ကျုပ်က အိမ်ရှင်တစ်ယောက်အနေနဲ့ တောင်းပန်ပါတယ် ..”

လျှိုကျက်ဖုန်းသည် ထိုစကားဆုံးသောအခါ ရန်စောင်နေသူနှစ်ယောက်အား အရိုအသေပေးလိုက်သည်။

အမှန်စင်စစ် . . . တင့်ရှီ မယ်သီလရှင်ကြီးရော ရီချန်းပါ တစ်ယောက်ကိုတစ်ယောက် စိတ်တွင်းမှ ထိတ်လန့် နေကြသည်သာဖြစ်သည်။ ယခုကဲ့သို့ ကြားမှ ဝင်ရောက်ဖြန်ဖြေသူ ပေါ်လာသောအခါ သူတို့နှစ်ယောက်စလုံး နောက်သို့ ဆုတ်လိုက်ကြသည်။ ဂုဏ်သိက္ခာရှိရှိ နောက်ဆုတ်လိုက်ကြခြင်းဖြစ်သဖြင့် နှစ်ဦးစလုံးအတွက် အရှက်ရစရာမလိုပေ။

တင့်ရှီ မယ်သီလရှင်ကြီးသည် ရီလင်၏လက်ကိုဆွဲကာ မူလထိုင်ခုံနေရာသို့ ပြန်သွားပြီး ...

“ရီလင် . . . ဟိုနေ့တုန်းက ဘယ်လိုလူစုကွဲပြီး နောက်ကျန်ခဲ့ရတာလဲ . . . နောက်ပိုင်းကျတော့ ဘယ်လိုဖြစ်သွား ခဲ့ရတာလဲ”

ရီလင်သည် အလွန်ငယ်ရွယ်လှသည့် ဆယ်ကျော်သက်မျှသာ ဖြစ်သည်။ လူမှုရေးကို သိပ်နားလည်သူ မဟုတ်သဖြင့် လူရှေ့သူရှေ့ မပြောအပ်သည့်စကားများကို ရတ်တရက်ပြောလိုက်မည်စိုးသဖြင့် ချက်ချင်း သတိပေးလိုက်ရသည်။

“ရီလင် . . . အရေးကြီးတာကိုပဲပြောနော် . . . အရေးမကြီးတာတွေနဲ့ အပိုတွေမပြောနဲ့ ..”

ရီလင်က . . .

“ဟုတ် . . . ဟုတ်ကဲ့ ဆရာမ . . . ကျွန်မ . . . ကျွန်မ ဆရာမဆုံးမခဲ့တာတွေကို တစ်ခုမှမချိုးဖောက်ခဲ့ပါဘူး၊ ဒီ . . . ထင် . . . ထင်ပေါ်ဆိုတဲ့လူကို သွားပြီး သတ် . . . သတ်ပေးပါ၊ သူ . . . သူက”

တင့်ရှီမယ်သီလရှင်ကြီးသည် ချက်ချင်း ခေါင်းညိတ်လိုက်ပြီး . . .

“ငါ သိတယ် ရီလင် . . . ငါ ဒီအတိုင်းဘယ်နေလိမ့်မလဲ . . . ထင်ပေါ်နဲ့ လင့်ဟူချုံးဆိုတဲ့ နှစ်ကောင်ကို မသတ်ရလို့ ဘယ်ကျေလိမ့်မလဲ . . . စိတ်ချ . . . ဒီခွေးဆိုးနှစ်ကောင်ကို သတ်ကိုသတ်ပစ်မှာ”

ရီလင်က မချိတင်ကဲ အသံဖြင့် . . .

“အစ်ကိုကြီး လင့်ဟူချုံးကို သတ်မယ် . . .”

သူမ၏ မျက်လုံးများမှ မျက်ရည်ပေါက်ကြီးများ တလိမ့်လိမ့်ကျဆင်းလာတော့သည်။ လူအားလုံးသည် ရီလင်အား နားမလည်နိုင်သော အကြည့်များဖြင့် ဝိုင်းကြည့်မိကြ၏။

ရီလင်က . . .

“အစ်ကိုကြီး လင့်ဟူချုံး . . . သူ သူ သေပြီ . . .”

‘ဟင်’ ‘ဟယ်’ ‘ဟာ’ ဟူသော အာမေဋိတ်သံများ တစ်ခန်းလုံးလွှမ်းခြုံသွားတော့၏။ အားလုံးသည် သူတို့၏ နားများကိုပင် မယုံနိုင်လောက်အောင်ဖြစ်သွားမိကြသည်။ ထင်မင်းဂိုဏ်းချုပ်ကြီးက အော်၍မေးလိုက်သည်။

“သေသွားပြီ ဟုတ်လား . . . ဘယ်သူ သတ်လိုက်တာလဲ”

ရီလင်က ..

“ဘယ်သူသတ်ရမှာလဲ . . . ချင်းချန်ဂိုဏ်းက ဟောဒီလူဆိုးပေါ့” ဟုပြောလိုက်၏။

သူမသည် . . . ပြောပြောဆိုဆိုဖြင့်ရီချန်း၏တပည့် လိုလင်၏အလောင်းကို လက်ညှိုးထိုးပြလိုက်တော့၏။

ထိုက်ဆန်းဂိုဏ်းချုပ်ကြီး ထင်မင်းသည် လင့်ဟူချုံးသေပြီဟု ကြားရသောအခါ ဒေါသများ ရုတ်ခြည်းပြေသွား တော့၏။ ချင်းချန် ဂိုဏ်းချုပ်ကြီး ရီချန်းကလည်း ကျေနပ်သွား၏။ သူ၏စိတ်ထဲတွင်

“လတ်စသတ်တော့ ခွေးကောင် လင့်ဟူချုံးကို . . . ငါ့တပည့်လိုလင်က သူသေကိုယ်သေ တိုက်ခိုက်ခဲ့တာကိုး . . . ကောင်းတယ်၊ သိပ်ကောင်းတယ် . . . ဒီကောင်သေသွားတယ်ဆိုတော့ အသက်ချင်း လဲလိုက်ရတာပဲ . . . ဘာဖြစ်သလဲ

. . . အင်း လိုလင် . . . လိုလင် . . . ငါ့တပည့် သိပ်တော်တယ် . . . ငါတို့ချင်းချန်ဂိုဏ်းရဲ့သိက္ခာကို သေတဲ့အထိ ထိန်းသိမ်းခဲ့တာပဲ ..”

ဟုတွေးလိုက်သည်။ ရီချန်းသည် ရီလင်ကို မခိုးမခန့်ပြုံးရင်းပြောလိုက်သည်။

“ငါ့တပည့် လိုလင်ကိုတော့ လူဆိုးတဲ့ဟုတ်လား . . . မင်းတို့ ဂိုဏ်းကြီးငါးဂိုဏ်းက လူတွေအားလုံးကတော့ လူကောင်း တွေပေါ့ ဟုတ်လား ..”

ရီလင်သည် ငိုယိုရင်း . . .

“ကျွန်မ . . . ကျွန်မ မသိဘူး . . . ကျွန်မက ဆရာကြီးတို့ကို ပြောတာမဟုတ်ဘူး . . . ဒီ သေတဲ့လူကို လူဆိုးလို့ပဲပြောတာ”

သူမသည် လိုလင်၏အလောင်းကို လက်ညှိုးထိုးပြလိုက်ပြန်သည်။ တင့်ရီမယ်သီလရှင်ကြီးက ရီချန်းကို ဒေါသရောင်တဖိတ်ဖိတ်တောက်နေသော မျက်လုံးများဖြင့် စိုက်ကြည့်လိုက်ကာ . . .

“ရှင်ကဘာဖြစ်လို့ ကလေးကို ခြောက်လှန့်နေရတာလဲ . . . ရီလင် မကြောက်နဲ့ . . . ဒီကောင် ဘယ်လိုဆိုးတယ်ဆိုတာ ပြောပြစမ်း၊ အစအဆုံးပြောပြ . . . ဆရာမ ရှိတယ် . . . ညည်းကို ဘယ်သူမှမထိရဘူး”

ပြောရင်း ရီချန်းကို မျက်စောင်းတစ်ချက် ထိုးလိုက်၏။

ရီချန်းက . . .

“မယ်သီလရှင်လုပ်တဲ့လူက မုသားစကား မပြောရဘူး . . . ရီလင် မင်းဘုရားကိုတိုင်တည်ပြီး သစ္စာဆိုရဲ သလား ..”

ရီချန်းအနေဖြင့် ဤစကားကိုပြောရခြင်းမှာ အကြောင်းရှိသည်။ လိုလင့်အကြောင်း မဟုတ်မမှန် မတော် မတရား ပုတ်ခတ်ပြောဆိုမည်ကို စိုးရိမ်၍ပြောလိုက်ရခြင်းဖြစ်၏။ ရီလင်က . . .

“ကျွန်မလား . . . ဆရာမကို တစ်သက်လုံး မုသားစကားမပြောခဲ့ဖူးဘူး ..” ဟုပြောသည်။

သူမသည်လက်အုပ်ချီ မျက်စိမှိတ်လျက် ဘုရားကိုအာရုံပြုပြီး ကျမ်းကျိန်သစ္စာ ဆိုလိုက်တော့သည်။ လူအားလုံးသည် ရီလင်၏တည်ကြည်လေးနက်သော အမူအရာများကို တွေ့မြင်ရသောအခါ ရီလင်၏ ပြောစကားများအပေါ် အကြွင်းမဲ့ ယုံကြည်လက်ခံကြမည့် စိတ်ထားများ ပေါ်လာတော့၏။ ခန်းမကြီးတစ်ခုလုံးရှိ လူများသည် လုံးဝ တိတ်ဆိတ်ငြိမ်သက် သွားကြပြီး ရီလင်၏စကားကို စောင့်ဆိုင်းနေကြတော့သည်။

ရီလင်က စ၍ပြောတော့သည်။

“မနေ့ကညနေစောင်းမှာ ဆရာမကော ကျွန်မတို့ဂိုဏ်းတူညီအစ်မတွေအားလုံးကော ချုံးရန်မြို့ကို လာကြတယ် . . . လမ်းတစ်ဝက်မှာ ကျွန်မခြေချော်ကျပြီး လက်ထောက်လိုက်မိတယ် . . . ရွှံ့တွေပေကုန်တာပဲ . . . တောင်ကုန်း အောက်နားက ချောင်းကလေးမှာ လက်သွားဆေးမိတယ် . . . ရေထဲမှာ လက်ဆေးနေတုန်း ကျွန်မနောက်မှာ လူတစ်ယောက် ရောက်လာတာကို ရေထဲမှာ မြင်လိုက်ရတော့ ကျွန်မလန့်ပြီး ထလိုက်မိတယ် . . . ကျွန်မနောက်ကျောမှာ ဆစ်ခနဲနာသွားပြီး အကြောပိတ်ခံလိုက်ရတယ် . . . ကြောက်လွန်းလို့ ဆရာမကိုအော်ခေါ်တာပဲ . . . ဒါပေမယ့် အသံက လုံးဝထွက်မလာဘူး . . . ဒီလူက ကျွန်မကို ကျောက်ဂူကြီးတစ်ဂူထဲ ခေါ်သွားတယ် . . . အဲဒီအချိန်မှာ ကျွန်မအစ်မတွေ လိုက်ရှာပြီး အော်ခေါ်နေသံတွေ ကြားနေရတယ်၊ အဲဒီလူကရယ်ပြီး အသံတိုးတိုးနဲ့ပြောနေတယ်၊ ‘သူတို့သာ ဒီဘက်လာရှာရင်တော့ မုတ်ဆိတ်ပျားဆွဲတာပဲ၊ အားလုံးကိုဖမ်းထားလိုက်မှာပဲ’ တဲ့၊ နောက်တော့၊ အစ်မတို့ အသံတွေ တဖြည်းဖြည်း ဝေးသွားတာပဲ ..”

“ဒီလူက လူသံတွေ လုံးဝမကြားရတော့တဲ့အခါကျမှ ကျွန်မရဲ့ အကြောတွေကို ဖြေပေးလိုက်တယ် . . . ကျွန်မက ချက်ချင်းထွက်ပြေးတာပဲ . . . ဒါပေမယ့် ဒီလူရဲ့ကိုယ်ဖော့သိုင်းပညာက သိပ်ကောင်းတာ . . . ကျွန်မ ဘယ်လောက်ပြေးပြေး အမြဲတမ်း ကျွန်မရှေ့ ရောက်ရောက်လာတာပဲ . . . ကျွန်မ ဓားကိုဆွဲထုတ်လိုက်တယ် . . . သူ့ကိုထိုးမလို့ပေါ့ . . . ဒါပေမယ့် ရှင်မြတ်ဘုရားက အကြင်နာတရားထားရမယ်လို့ ဟောကြားဆုံးမထားတော့ကျွန်မ မထိုးဖြစ်ပါဘူး . . .

သတိတော့ ပေးလိုက်တယ် . . . 'ရှင်ဘာဖြစ်လို့ ကျွန်မကိုဖမ်းထားရတာလဲ . . . ကျွန်မရှေ့က ဖယ်မပေးရင်တော့ ရှင့်ကို ဓားနဲ့ထိုးရလိမ့်မယ်လို့' ပြောလိုက်တော့ ဒီလူကရယ်တော့တာပဲ၊

'မယ်သီလရှင်လေးက တော်တော်သဘောကောင်းတယ် . . . ခဏလောက်ထိုင်ပြီး စကားစမြည်လေး ပြောစမ်းပါဦး . . .' တဲ့၊

ကျွန်မကလည်း ပြန်ပြောလိုက်တယ် . . . 'ရှင်ဘေးဖယ်ပါ၊ ကျွန်မရဲ့ဆရာမက ဘယ်ယောကျ်ားနဲ့မှ စကားမပြောရဘူးလို့ ဆုံးမထားတယ် . . . ကျွန်မဆရာမက သိပ်တော်တာပဲနော် . . . ရှင့်ရဲ့ ရိုင်းရိုင်းစိုင်းစိုင်း အပြုအမူတွေတွေ့ရင် ရှင့်ခြေနှစ်ချောင်းကို ရိုက်ချိုးပစ်လိုက်လိမ့်မယ်' လို့ပြောလိုက်တော့ . . . ဒီလူက တဟားဟား ရယ်တော့တာပဲ . . . နောက်ပြီး 'မင်းဆရာက ငါ့ကို ခြေနှစ်ချောင်းရိုက်ချိုးမယ်ဆိုရင် ငါအချိုးခံလိုက်ပါ့မယ် . . . ဟင်း ဟင်း . . . မင်းဆရာမတော့လား၊ သူက ရွယ်ကြီးအိုမဖြစ်နေပြီ . . . ငါမကြိုက်ဘူး' တဲ့ . . ."

ထိုအခါတင့်ရီ မယ်သီလရှင်ကြီးက ချက်ချင်းထအော်တော့၏။

"တိတ်စမ်း . . . အရူးစကားတွေ ဘာဖြစ်လို့ အစအဆုံးပြောနေရတာလဲ . . . အရေးကြီးတာပဲပြော . . ."

တင့်ရီ မယ်သီလရှင်ကြီးအနေဖြင့် ဤတပည့်မလေးအကြောင်း ကောင်းစွာသိထားပြီးဖြစ်သည်။ ရီလင်သည် ငယ်ရွယ်လှသည်ဖြစ်၍ အရွယ်ရောက်ပြီးသူများ ပြောဆိုဆက်ဆံကြသည့် ဖိုမကိစ္စများကို နားမလည်၊ ထင်ပေါ် ပြောသည့် ညစ်ညမ်းသည့် စကားများကိုလည်း ကောင်းသည်၊ ဆိုးသည် ခွဲခြားဝေဖန်တတ်သည်မဟုတ်၊ ထို့ကြောင့် ပြောသင့်သည် မပြောသင့်သည် နားမလည်ပဲ ပြောချလိုက်ခြင်းဖြစ်သည်။

အားလုံးက ရယ်ချင်ကြသော်လည်း တင့်ရီ မယ်သီလရှင်ကြီးကို ကြောက်လန့်ကြသဖြင့် မရယ်ရဲကြချေ။

ရီလင်က . . . "သူ . . . ဒီလိုပြောတာပဲ"

တင့်ရီက . . .

"အေး ထားလိုက်တော့ . . . ဒီအရူးရဲ့ စကားတွေကို ဆက်ပြောမနေနဲ့တော့ . . . ညည်းနဲ့ ဝါဆန်းဂိုဏ်းက လင့်ဟူချုံး ဘယ်လိုတွေ့ခဲ့ရတာလဲ . . . အဲဒါကိုပြော . . ."

ရီလင်က . . .

"ကျွန်မကိုဖမ်းထားတဲ့လူက ကျွန်မကို မလွှတ်တော့ဘူးတဲ့ . . . ကျောက်ဂူထဲမှာ သူနဲ့အတူတူ အိပ်ရမယ်တဲ့ . . ."

တင့်ရီမယ်သီလရှင်ကြီးက ဝေါက်လိုက်ပြန်သည်။

"တိတ်စမ်း . . . ဘယ်နှယ် ဒီစကားတွေပြောရပြန်တာလဲ"

ရီလင်က . . .

"သူပြောတာကို ကျွန်မပြောပြတာပါ . . . ကျွန်မက သဘောမတူပါဘူး . . . ကျွန်မက သူနဲ့ အတူတူမှမအိပ်တာ . . ."

တင့်ရီ မယ်သီလရှင်ကြီးအဖို့ ဆုပ်လည်းစူး စားလည်းရှူးဖြစ်တော့သည်။ ဤကိစ္စ စကားကြောရှည်နေလျှင် ပို၍ အရှက်ကွဲမည်ကို စိုးရိမ်မိသဖြင့် ...

"ကဲ ကဲ . . . ဆက်ပြော . . . ဆက်ပြော . . . အရေးကြီးတာပဲပြော"

ရီလင်က . . .

"နောက်တော့ ကျွန်မလည်း စိတ်မထိန်းနိုင်တော့ဘဲနဲ့ သူ့ကို ဓားနဲ့ထိုးချလိုက်တော့တာပဲ . . . ဒီလူရဲ့ သိုင်းပညာက တကယ်ပဲ ကြောက်စရာကောင်းတာ . . . သူကရှောင်သွားပြီး ကျွန်မလက်ထဲက ဓားကိုလုတယ် . . . နောက်ပြီး ဓားရိုးကို ဘယ်ဘက်လက်ကကိုင်ထားပြီး ဘယ်ဘက်လက်ညှိုးလက်မနဲ့ ဓားထိပ်ကို ချိုးပစ်လိုက်တယ်၊ ကျွန်မရဲ့ဓားက သိပ်ညံ့တဲ့ဓား မဟုတ်ပါဘူး . . . ဒါပေမယ့် ဒီလူချိုးလိုက်တော့ ထိပ်အချွန်က တစ်လက်မလောက် ကျိုးသွားတာပဲ .."

တင့်ရီ မယ်သီလရှင်ကြီး အထိတ်တလန့် မေးလိုက်၏။

"ဘယ်လို . . . တစ်လက်မလောက် ချိုးပစ်လိုက်တယ် ဟုတ်လား .."

"ဟုတ်တယ် ဆရာမ . . . သူချိုးလိုက်တာ . . . တစ်လက်မ အရှည်လောက်ပဲ ရှိတယ် .."

တင့်ရီမယ်သီလရှင်ကြီးက ထိုက်ဆန်းဂိုဏ်းချုပ်ကြီးထင်မင်းကို တစ်ချက်လှမ်းကြည့်လိုက်၏။ သူတို့နှစ်ယောက်စလုံး ထင်ပေါ်၏ သိုင်းပညာအတိမ်အနက်ကို ကောင်းစွာ ခန့်မှန်းလိုက်နိုင်ကြသည်။ ဓားအရှည်တစ်ချောင်းကို အလယ်မှ ထက်ပိုင်းချိုးလိုက်သည်ဆိုလျှင် ထူးဆန်းလှသည် မဟုတ်ချေ။

သို့သော် ယခုကဲ့သို့ လက်ချောင်းကလေးနှစ်ချောင်းဖြင့် ဓားရှည်တစ်လက်မခန့် ချိုးပစ်နိုင်သည်မှာ သူ့လက်ချောင်းများ၏ ကြောက်မက်ဖွယ်ရာ သန်မာအားကောင်းပုံကို ပြသလိုက်ခြင်းပင်ဖြစ်တော့၏။

ထိုအခါ ထိုက်ဆန်းဂိုဏ်းချုပ်ကြီး ထင်မင်းသည် သူ့ဘေးနားရှိ တပည့်တစ်ယောက်ထံမှ ဓားရှည် တစ်ချောင်းကို လှမ်းယူလိုက်ပြီး ထင်ပေါ်ချိုးသလို ချိုးပြလိုက်သည်။ ချိုးပြပြီးသည်နှင့် ရီလင်အား . . .

"ဒီလို ချိုးလိုက်တာလား . . ."

"ဟာ . . . ဆရာကြီးလည်း ဒီပညာတတ်တာကိုး . ."

သူမ၏မျက်နှာလေးသည် ချက်ချင်း ညှိုးနွမ်းသွားကာ သက်ပြင်းတစ်ချက် ချလိုက်မိသည်။ ကြေကွဲသော လေသံကလေး ဖြင့်ပြောလိုက်သည်။

"ဟင် . . . ဆရာကြီးအနေနဲ့ ဟိုတစ်ချိန်မှာ လာမကူညီနိုင်တာ သိပ်နမြောစရာကောင်းတာပဲ . . . နို့မို့ရင် အစ်ကိုကြီးလင့်ဟူချုံး ဒဏ်ရာအကြီးအကျယ် ရမှာမဟုတ်ဘူး . . . ကူညီမယ့်သူမရှိတော့ အစ်ကိုကြီး . . . အစ်ကိုကြီး .."

ဂိုဏ်းချုပ်ကြီး ထင်မင်းက . . .

"ဘာ . . . ဘယ်လို . . . ဒဏ်ရာအကြီးအကျယ်ရတယ် ဟုတ်လား၊ စောစောတုန်းက မင်းပြောတော့သေပြီဆို .."

ရီလင်က . . .

"ဟုတ်တယ်လေ . . . အစ်ကိုကြီးလင့်ဟူချုံး ဒဏ်ရာအပြင်းအထန်ရသွားလို့သာ ဟိုလူဆိုးက သတ်သွားနိုင်တာ ပေါ့ . . . နို့မို့ရင်လား . . . သတ်ဖို့မပြောနဲ့ အနားတောင် ကပ်နိုင်မှာမဟုတ်ဘူး . ."

ရီလင်က သူ၏တပည့်ကို လူဆိုး . . . လူဆိုးဟု ထပ်တလဲလဲ ပြောနေသဖြင့် ရီချုန်းအဖို့ အလွန်ပင် အခံရ ခက်နေမိသည်။ သို့သော်လည်း အကြောင်းစုံမသိရသေးသဖြင့် အောင့်အည်းသည်းခံ နေလိုက်ရတော့၏။

လူအားလုံးသည် ရီလင်၏မျက်လုံးများ၌ မျက်ရည်များ ရစ်ဝိုင်းလာသည်ကို တွေ့လိုက်ရသောအခါ သူမအား မေးမည့်သူများသည် မမေးရက်အောင် ဖြစ်သွားကြသည်။ ရီလင် စိတ်ထိခိုက်ခံစားနေရသည်ကို အားလုံးက နားလည် သိရှိမိကြသည်။ တင့်ရီမယ်သီလရှင်ကြီး၏ တပည့်မလေးဖြစ်သော်လည်း မျက်နှာမြင်ချစ်ခင်ပါစေ ဟူသော ရုပ်ရည်မျိုး ရှိသူဖြစ်သဖြင့် အားလုံးကချစ်သနားမိကြ၏။

ရီလင်သည် မျက်ရည်များကိုသုတ်လိုက်ပြီး ရှိုက်သံနှင့်ပြောလိုက်သည်။

"ဟို လူဆိုးကြီးထင်ပေါ်က ကျွန်မရဲ့ အင်္ကျီကို အတင်းလိုက်ဆွဲတယ် . . . ကျွန်မ လက်နဲ့ပြန်ရိုက်တော့ သူက ကျွန်မကို လက်နှစ်ဖက်စလုံး ဖမ်းချုပ်လိုက်တယ် . . . အဲဒီအချိန်မှာ ကျောက်ဂူအပြင်ဘက်က တဟားဟား ရယ်သံကြီး ကြားလိုက်ရတော့တာပဲ . . . အဲဒီအသံက ကျွန်မကို ကယ်လိုက်တဲ့အသံပေါ့ . . . ထင်ပေါ်က ကျွန်မကို အာရုံမစိုက်နိုင် တော့ဘူး . . . ဘယ်သူလဲလို့ အော်မေးတော့တာပဲ . . . အပြင်ကဖြေသံတော့ မကြားရဘူး . . . တဟားဟား ရယ်သံကြီး တော့ ကြားရပြန်တာပဲ . . . အဲဒီအခါကျတော့ ထင်ပေါ်က ရယ်သံကိုဂရုမစိုက်ပဲ ကျွန်မအင်္ကျီကို လိုက်ဆွဲပြန်ရော . . . တော်တော့ကို ယုတ်မာတဲ့လူကြီးပါပဲ . . . အပြင်ဘက်က တဟားဟားရယ်သံကြီး ထပ်ပေါ်လာပြန်တယ် . . . ထင်ပေါ် ကတော့ ဒေါသသိပ်ထွက်နေတယ် . . . ကျွန်မကလည်း အပြင်ကလူ ကျွန်မကို မြန်မြန်ကယ်ပါစေလို့ ဆုတောင်းနေရ တယ် . . . ဒါပေမယ့် အဲဒီလူက ကျောက်ဂူထဲကို ဝင်မလာဘူး . . . ဝင်မလာတာလည်း အကြောင်းရှိပါလိမ့်မယ် . . . ထင်ပေါ်ဆိုတဲ့လူရဲ့သိုင်းပညာ သိပ်ကောင်းတယ်ဆိုတာ အပြင်ကလူ သိလို့ဖြစ်မှာပဲ . . . ဒါကြောင့်မို့ ထင်ပေါ် ဒေါသ ထွက်အောင် အပြင်ကတမင်လုပ်ပြီး ရယ်နေတာပေါ့ . . . ထင်ပေါ်က ကျွန်မအကြောတွေကို ပြန်ထိုးပိတ်လိုက်တယ် . . ."

ရီလင်သည် စကားရပ်လိုက်ပြီး မျက်ရည်စများကို သုတ်ပြန်သည်။ ပြီးမှ . . .

"နောက်ဆုံးတော့ ထင်ပေါလည်း ဒေါသကိုမထိန်းနိုင်တော့ဘဲ ဝုန်းခနဲ အပြင်ဘက်ကို ခုန်ထွက်သွားတော့တယ် . . . ဟိုလူကိုလိုက်ရှာတာပေါ့ . . . ဒါပေမယ့် ဟိုလူက အစောကြီးကတည်းက ပုန်းနေပုံရတယ် . . . ရှာလို့မတွေ့တာနဲ့ ထင်ပေါလည်း တရှူးရှူးတရားရှားနဲ့ ဂူထဲကို ပြန်ဝင်လာတယ် . . . ကျွန်မနားကိုလည်း ကပ်လာရော အပြင်က တဟားဟား ရယ်သံကြီးကလည်း ပေါ်လာပြန်ရော . . . ထင်ပေါ ဒေါသတကြီး ဖြစ်နေတာကိုကြည့်ပြီး ကျွန်မ သိပ်ရယ်ချင်တာပဲ . . . ဒါနဲ့ ကျွန်မလည်း ရယ်လိုက်တယ် . . ."

တင့်ရီ မယ်သီလရှင်ကြီးက သူ့ကိုမျက်စောင်းတစ်ချက်ထိုးကာ ...

"ဘာရယ်စရာရှိသလဲ . . . သေခါနီးတောင် ညည်းကရယ်ချင်နေရသေးလား . . . ဘာမှနားမလည်ဘူး"

ရီလင်သည်သူ့ဆရာမ၏ ငေါက်သံကြောင့် မျက်နှာကလေးနီသွားသည်။

"ဟုတ်ကဲ့ . . . ဟုတ်ကဲ့ . . . ကျွန်မမရယ်သင့်တာတော့ အမှန်ပါပဲ . . . ဒါပေမယ့် အဲဒီတုန်းက မရယ်ဘဲ မနေနိုင်လို့ ရယ်လိုက်မိတာပါ . . . အဲဒီအချိန်မှာ ထင်ပေါက ခြေကို ဖွဖွကလေးနင်းပြီး အပေါက်ဝနားကို လျှောက်သွားတယ် . . . သူ့အကြံကတော့ အပြင်ကရယ်သံကြားတာနဲ့ ခုန်ထွက်ပြီး ဖမ်းမယ်ပေါ့လေ . . . အပြင်ကလူက သိပ်ပါးတာပဲ . . . ဘာသံ မှမကြားရတော့ဘူး . . . ထင်ပေါက အပေါက်ဝနားကို ရောက်နေပြီ . . . ကျွန်မက အပြင်ကလူအတွက် စိတ်ပူပြီး အပြင်က သတိထားနော် . . . ဒီလူ အပေါက်ဝနား ရောက်နေပြီလို့ အော်ဟစ် သတိပေးလိုက်တယ်၊ အဲဒီအခါကျမှ တဟားဟား ရယ်သံကြီး ကြားရပြန်တော့တယ် . . . ဒါပေမယ့် အနီးအနားက ရယ်တာ မဟုတ်ဘူး၊ အဝေးကြီးကရယ်နေတာ . . . နောက်ပြီး ပြောလိုက်သေးတယ် . . . 'မင်းသတိပေးတာ ကျေးဇူးတင်တယ်' တဲ့၊ ဒါပေမယ့် ဒီလူငါ့ကို မီအောင်မလိုက်နိုင်ဘူး တဲ့ . . . သူ့ရဲ့ကိုယ်ဖော့ပညာက သုံးလို့မှမရတာတဲ့ . . ."

ထိုစကားကို ကြားလိုက်ရသောအခါ ခန်းမအတွင်းရှိလူအားလုံးသည် ဂူအပြင်မှလူ၏ ပရိယာယ်ကို ကောင်းစွာ သဘောပေါက်ကြသည်။ ထင်ပေါ၏ ကိုယ်ဖော့သိုင်းပညာမှာ သိုင်းလောကတွင် အလွန်နာမည်ကြီးသည်။ ဂူပြင်မှ လူသည် ထင်ပေါဒေါသထွက်အောင် ဆွပေးလိုက်ခြင်းသာဖြစ်ပေလိမ့်မည်။

ရီလင်က ဆက်လက်၍ ပြောပြသည်။

"ထင်ပေါက အော်ပြီးပြောတယ် . . . 'ခွေးမသား . . . မင်းရဲ့ကိုယ်ဖော့သိုင်းပညာက ကောင်းသလား၊ ငါ့ရဲ့ ကိုယ်ဖော့သိုင်းပညာက ကောင်းသလားဆိုတာ စမ်းကြည့်ကြသေးတာပေါ့' တဲ့ . . . ထင်ပေါက အော်ပြောပြီးတာနဲ့ ကျောက်ဂူထဲကနေ အပြင်ကို ခုန်ထွက်လိုက်တော့တာပဲ . . . သူ့အညာခံလိုက်ရတာ . . . ဟိုလူက စောစောက အဝေးကြီးက အော်ပြောနေပေမယ့် . . . အော်ပြီးတာနဲ့ ကျောက်ဂူဝနားမှာ လာပုန်းနေတာ၊ ဒါကြောင့် ထင်ပေါလည်း အပြင်ဘက်ကို လိုက်ရော သူကကျောက်ဂူထဲ ဝင်လာတော့တာပဲ . . . သူကအသံတိုးတိုးကလေးနဲ့ ကျွန်မကိုပြောတယ် . . . 'မကြောက်နဲ့ ငါမင်းကိုကယ်မလို့လာတာ . . . သူက မင်းရဲ့ ဘယ်အကြောကို ပိတ်ထားသလဲ' လို့မေးတယ် . . . ကျွန်မက ပုခုံးကြောနဲ့ ပေါင်ကြောလို့ပြောပြလိုက်တယ် . . . ကျွန်မက ရှင်ဘယ်သူလဲ မေးတော့ သူက အကြောဖြေဖို့ အရေးကြီးတယ်တဲ့ . . . နောက်ပြီး အကြောဖြေဖို့ ကြိုးစားတော့တာပဲ . ."

တင့်ရီ မယ်သီလရှင်ကြီးသည် မသိမသာ မျက်မှောင်ကုတ်သွားတော့၏။ ပေါင်ကြောဖြေရသည်မှာ ယောကျ်ားခြင်း ဖြစ်လျှင် မထောင်းသာ။ မိန်းမနှင့်ယောကျ်ား ဖြစ်နေသဖြင့် နားထောင်၍ မသင့်လျော်သလို ဖြစ်နေသည်။ အဘယ်ကြောင့် ဆိုသော် ပေါင်ကြောဖြေသည်ဆိုလျှင် မလွှဲမရှောင်သာ ပေါင်ကို ပွတ်သပ်ကိုင်တွယ်၍ ဖြေပေးရခြင်းကြောင့်ဖြစ်သည်။ သို့သော် အခြေအနေအရ ပြုလုပ်ရခြင်းဖြစ်၍ မည်သို့မျှ ဝင်ရောက်ဟန့်တားခြင်း မပြုတော့ပေ။

ရီလင်ကဆက်လက်၍ . . .

"ဒါပေမယ့် . . . လူဆိုးကြီးထင်ပေါရဲ့ လက်အားက သိပ်ပြင်းတော့ သူက ကျွန်မအကြောကို ဖြေလို့မရဘဲဖြစ်နေတယ် . . . အဲဒီအချိန်မှာပဲ ထင်ပေါရဲ့ခြေလှမ်းကို ကြားလိုက်ရတယ် . . . ဒါနဲ့ကျွန်မက 'ရှင်မြန်မြန်ပြေးတော့၊ သူပြန်

ရောက်လာရင် ရှင့်ကိုသတ်မှာ' လို့ပြောလိုက်တယ် . . . ဒါနဲ့သူက ဂိုဏ်းကြီးငါးဂိုဏ်းက မဟာမိတ်ဖွဲ့ထားတာပဲ၊ ဒီတော့ အားလုံးဟာ ညီအစ်ကိုမောင်နှမတွေပဲ . . . ကိုယ့်ညီမတစ်ယောက် ဒုက္ခရောက်နေတာ တွေ့လျက်သားနဲ့ မကူညီရင် ငါ့လောက် အသုံးမကျတဲ့ကောင် ရှိပါဦးမလား' လို့ပြောတယ်"

တင့်ရှိ မယ်သီလရှင်ကြီးသည် အလွန်အံ့သြသွားပြီး . . .

"သူက . . . ဂိုဏ်းကြီးငါးဂိုဏ်းရဲ့ အဖွဲ့သားတစ်ယောက် ဟုတ်လား . ." ဟုမေးလိုက်၏။

ရီလင်က . . .

"ဟုတ်တယ်လေဆရာမ . . . သူက တခြားသူမှ မဟုတ်တာ၊ အစ်ကိုကြီး လင့်ဟူချုံးပေါ့ . ." ဟုပြန်ဖြေသည်။

တင့်ရှိမယ်သီလရှင်ကြီး၊ ရီချုန်း၊ လျို့ကျက်ဖုန်း၊ ဂိုဏ်းချုပ်ကြီးထင်မင်းတို့အားလုံး 'ဟာ' ခနဲ ဖြစ်သွားကြတော့၏။ အဘယ်ကြောင့်ဆိုသော် ထိုလူသည် လင့်ဟူချုံးဖြစ်လိမ့်မည်ဟု သူတို့ လုံးဝမမျှော်လင့်သောကြောင့်ဖြစ်သည်။

ဝါဆန်းဂိုဏ်းမှ လောင်တက်သည် ယခုမှ 'ဟင်း' ခနဲ သက်ပြင်းချလိုက်နိုင်တော့သည်။ လင့်ဟူချုံးနှင့် ပတ်သတ်၍ အဓိကဖြေရှင်းနေရသူမှာ လောင်တက်ဖြစ်နေသည်မဟုတ်ပါလား။

ခန်းမတွင်းရှိ ဝါဆန်းဂိုဏ်းသားများနှင့် လင့်ဟူချုံး၏ စိတ်နေသဘောထားကို သိထားကြသူများက ရီလင်အား ကူညီနေသူသည် လင့်ဟူချုံးဖြစ်လိမ့်မည်ဟု မှန်းဆထားကြသော်လည်း အတိအကျ မသတ်မှတ်ရဲကြသေးပေ။ နောက်ဆုံး ရီလင်၏စကားကို ကြားလိုက်ရသောအခါမှ သေချာသွားတော့သည်။

ရီလင်က . . .

"အစ်ကိုကြီး လင်ဟူချုံးက ထင်ပေါပြန်လာတော့မယ်ဆိုတာ သိတော့ ကျွန်မကို 'စိတ်မဆိုးနဲ့နော်' လို့ပြောပြီး ဖြုန်းဆို ပွေ့တော့တာပဲ . . . ပွေ့ပြီး ဂူပေါက်ဝဘေးက မြက်တောထဲမှာ ဝင်ပုန်းတော့တာပဲ . . . ထင်ပေါက ပြန်ရောက်လို့ ကျွန်မကိုလည်းမတွေ့ရော . . . အကြီးအကျယ် ဒေါသထွက်ပြီး လျှောက်ဆဲတော့တာပဲ . . . သူက ကျွန်မရဲ့ဓားကို ယူပြီး ချုံဖုတ်တွေ၊ မြက်တောတွေကို လျှောက်ခုတ်တယ် . . . ကျွန်မတို့အတွက် ကံကောင်းသွားတာက မိုးသားတွေ တက်ပြီး လရောင်လုံးဝမရှိတာဘဲ . . . ဒီတော့ ကျွန်မတို့ကို မမြင်နိုင်ဘူးပေါ့ . . . သူခုတ်လိုက်တဲ့ ဓားတစ်ချက်က ကျွန်မတို့ခေါင်းပေါ်က 'ဝှီ' ခနဲကပ်သွားတယ် . . . နောက်တော့ တခြားတစ်နေရာကို ထွက်သွားတော့တာပဲ"

ရီလင်သည် ထိုနေရာသို့ရောက်သောအခါ ရုတ်တရက် စကားရပ်သွားသည်။ ရှိုက်သံကလေးနှင့် ပြောလိုက်သည်။

"အဲဒီအချိန်မှာ ကျွန်မမျက်နှာပေါ်ကို သွေးတွေကျလာတာကို ကျွန်မသိလိုက်ရတယ် . . . လက်စသတ်တော့ အစ်ကိုကြီးလင့်ဟူချုံးမှာ ဓားဒဏ်ရာတစ်ချက် ရလိုက်တာကိုး . . . ဒါပေမယ့် အစ်ကိုကြီးဆီက အသံကလေးတစ်ချက်တောင် ထွက်မလာဘူး . . . ကျွန်မက အလန့်တကြားနဲ့ 'ရှင် ဒဏ်ရာရသွားပြီလို့' ပြောတော့ သူက ကျွန်မပါးစပ်ကို အတင်းပိတ်တော့တာပဲ . . . ထင်ပေါ်ရဲ့ မြက်တောထဲဓားနဲ့ လျှောက်ခုတ်သွားတဲ့အသံ အဝေးကြီးရောက်သွားမှ တိုးတိုး လေးပြောတယ် . . . 'အသံမထွက်နဲ့ . . . ငါ့ရဲ့ဒဏ်ရာက အရေးမကြီးဘူး၊ အသံထွက်ရင် ဟိုကောင်ကြား သွားမယ်' တဲ့ . . . သူ့ဒဏ်ရာကိုတော့ လက်နဲ့အုပ်ထားတယ် . . . သိပ်မကြာဘူး . . . ထင်ပေါ ပြန်ပြေးလာပြီး၊ 'ဟား ဟား ဟား . . . လက်စသတ်တော့ မင်းတို့ကဒီမှာကိုး . . . ငါတွေ့ပြီ၊ မတ်တတ်ရပ်လိုက်ကြစမ်း' လို့ အော်တယ် . . . ကျွန်မက ထင်ပေါ်တော့ ကျွန်မတို့နှစ်ယောက်ကို တွေ့သွားပြီလို့သိလိုက်ရတော့ စိတ်ထဲမှာ သိပ်ကြောက်သွားတာပဲ . . . ကျွန်မ ချက်ချင်း မတ်တတ်ရပ်ဖို့ ကြိုးစားမိတယ် . . . ဒါပေမယ့် ခြေထောက်တွေက ပျော့ခွေနေတော့ မတ်တတ်ရပ်လို့ကို မရတော့ဘူး"

တင့်ရှိ မယ်သီလရှင်ကြီးက . . .

"ညည်းတို့ အညာခံလိုက်ရတယ် မဟုတ်လား . . . ထင်ပေါက မင်းတို့ကိုမတွေ့ဘဲနဲ့ တကယ်တွေ့သလို ညာပြီး အော်လိုက်တာ မဟုတ်လား" ဟုမေးလိုက်၏။

ရီလင်သည် အလွန်အံ့သြသွားဟန်ဖြင့် . . .

"ဟင် . . . ဟုတ်တယ် . . . ဟုတ်တယ် . . . ဆရာမကြီးက ဘယ်လိုလုပ်ပြီး သိတာလဲဟင်" ဟု ပြန်မေးသည်။

တင့်ရှိ မယ်သီလရှင်ကြီးက . . .

"ဒါက ဘာခတ်တာမှတ်လို့ . . . သူသာ မင်းတို့ကိုတွေ့ရင် ဒီလိုဘယ်အော်နေလိမ့်မလဲ . . . လင့်ဟူချုံးကို ဓားနဲ့ တစ်ချက်တည်း ခုတ်သတ်လိုက်မှာပေါ့ . . . လင့်ဟူချုံးကလည်း ဒီလိုဉာဏ်မျိုးမရှိတော့ အညာခံလိုက်ရတာပေါ့" ဟု ဖြေလိုက်၏။

ရှီလင်က ခေါင်းကို ကမန်းကတန်း ခါလိုက်သည်။

"ဟင့်အင်း . . . အစ်ကိုကြီး လင့်ဟူချုံးက ဆရာမကြီးလိုပဲ ထင်ပေါ်ညာတာကို သိနေတယ် . . . သူက ကျွန်မရဲ့ ပါးစပ်ကို အတင်းပိတ်ထားတာပဲ . . . ကျွန်မက ကြောက်အားလန့်အားနဲ့ အသံထွက်သွားမှာစိုးလို့ပေါ့၊ ထင်ပေါ်က သုံးလေးခါလောက် ထပ်အော်သေးတယ် . . . နောက်ဆုံး အသံမကြားရတော့တဲ့အခါ မြက်တောတစ်ခုလုံး လျှောက်ခုတ် ပြန်တော့တာပဲ .."

တင့်ရှိ မယ်သီလရှင်ကြီးက ထောက်ပေးလိုက်သည်။

"အင်း . . . ဆက်ပြောပါဦး . . . ထင်ပေါ် ဘယ်ရောက်သွားသေးသလဲ . . ."

ရှီလင်က . . .

"ထင်ပေါ်က ရမ်းသမ်းပြီးလျှောက်ခုတ်သွားတာ အတော်ဝေးဝေးရောက်သွားတယ် . . . အဲဒီတော့မှ အစ်ကိုကြီး လင့်ဟူချုံးက အသံတိုးတိုးကလေးနဲ့ 'ညီမလေး နောက်ထပ်နာရီဝက်လောက်ဆိုရင် မင်းရဲ့အကြောတွေ ပြန်ပွင့်ပြီ . . . ဒါပေမယ့် ဒီအတောအတွင်းမှာ ထင်ပေါ်က ဒီကိုပြန်ရောက်လာမှာ အသေအချာပဲ . . . ဒီတစ်ခါဆိုရင် ငါတို့လွတ်မှာ မဟုတ်ဘူး . . . ဒီတော့ ငါတို့ အရဲစွန့်ရလိမ့်မယ် . . . ကျောက်ဂူထဲပြန်ဝင်နေရင် ဒီကောင် တို့ကိုတွေ့မှာ မဟုတ်တော့ ဘူး' လို့ပြောတယ် . . ."

ထိုစကားကို ရောက်သည့်အခါတွင် လျှိုကျက်ဖုန်းသည် အားရပါးရ လက်ခုပ်တီးပြီး ချီးကျူးလိုက်သည်။

"ကောင်းတယ် . . . သိပ်ကောင်းတဲ့အကြံ . . . သတ္တိရှိတယ် . . . ဉာဏ်ရှိတယ်"

ရှီလင်က . . .

"ကျောက်ဂူထဲပြန်ဝင်ဖို့ပြောတော့ ကျွန်မသိပ်ကြောက်သွားတယ် . . . ဒါပေမယ့် အဲဒီအချိန်မှာ အစ်ကိုကြီး လင့်ဟူချုံးကို ကျွန်မ သိပ်ကြည်ညိုလေးစားနေတော့ . . . သူပြောသမျှ လိုက်လုပ်မယ်လို့ ဆုံးဖြတ်လိုက်တယ် . . . ဒါနဲ့ သူက ကျွန်မကိုပွေ့ချီပြီး ကျောက်ဂူထဲ ပြန်ဝင်လိုက်တယ် . . . ကျောက်ဂူထဲရောက်တော့ ကျွန်မကပြောလိုက်တယ် . . . ကျွန်မအိတ်ထဲမှာ ဒဏ်ကြေလိမ်းဆေးရှိတဲ့အကြောင်း၊ အဲဒါလိမ်းရင် ဓားဒဏ်ရာသိသိသာသာ သက်သာလာမယ့် အကြောင်း ကျွန်မကပြောပါတယ် . . . အစ်ကိုကြီးလင့်ဟူချုံးက အခုအချိန်မှာ ယူလို့သိပ်အဆင်မပြေဘူး . . . တော်တော်ကြာ မင်းရဲ့အကြောတွေပွင့်ပြီး ခြေလက်တွေ လှုပ်နိုင်လာတဲ့အခါကျတော့မှ ယူတာပေါ့လို့ပြောတယ်၊ နောက်ပြီး သူ့အင်္ကျီလက်ကိုဆုတ်ဖြဲပြီး ဘယ်ဘက်ပုခုံးက သူ့ဒဏ်ရာကို စည်းထားလိုက်တယ် . . . ဒီတော့မှ သူ့ရဲ့ ဘယ်ဘက်ပခုံးမှာ ဓားတစ်ချက် အခုတ်ခံလိုက်ရတယ်ဆိုတာ သိလိုက်ရတော့တယ် . . . အစ်ကိုကြီးလင့်ဟူချုံးက ကျွန်မဆီကဆေးကို ဘာဖြစ်လို့ မယူတာလည်း မသိဘူး . . ."

တင့်ရှိ မယ်သီလရှင်ကြီးက မဲ့ရွဲ့ပြီး ပြောလိုက်သည်။

"ဟင်း . . . ဒီလိုဆိုရင် လင့်ဟူချုံးက တကယ့်လူသူတော်ကောင်းကြီး ဖြစ်နေတာပေါ့ .."

ရှီလင်သည် သူ့ဆရာမ၏စကားကို ကြားလိုက်ရသောအခါ အလွန်တရာ အံ့သြသွားဟန်ဖြင့် မျက်လုံးပြူးသွားသည်။ နားမလည်နိုင်အောင်လည်း ဖြစ်သွားသည်။ ထို့ကြောင့် ...

"အစ်ကိုကြီး လင့်ဟူချုံးမှလူကောင်းမဟုတ်ရင် ဘယ်သူကလူကောင်းဖြစ်တော့မှာလဲ . . . သူက ကျွန်မကိုမသိဘဲနဲ့ အသက်စွန့်ပြီး ကယ်ခဲ့တာပဲ . . . ဘယ်သူက အသေခံပြီးကယ်မှာလဲ . . ." ဟုပြောသည်။

ထိုအခါ ရှီချန်းက အေးတိအေးစက်အသံဖြင့် ဝင်၍မှတ်ချက်ချသည်။

"မင်းက သူ့ကိုမသိပေမယ့် သူက မင်းရဲ့ကမျက်နှာကို အစောကြီးကတည်းက မြင်ထားတာဖြစ်လိမ့်မယ်၊ နို့မို့ရင် သူက ဘယ်ဒီလောက် စိတ်ကောင်းရှိလိမ့်မလဲ .."

သည်စကား၏ အဓိပ္ပါယ်ကိုမူ . . . ရီလင်ကောင်းစွာ နားလည်လိုက်သည်။ ထို့ကြောင့် ခါးခါးသီးသီးပင် ပြောလိုက်သည်။

"ဟင် . . . အစ်ကိုကြီး လင့်ဟူချုံးက ထင်ပေါ်လို လူစားမဟုတ်ဘူး သိလား . . . ကျွန်မကို ပွေ့ချီရင်တောင် 'စိတ်မဆိုးနဲ့' လို့တောင်းပန်ပြီးမှချီတာ . . . အစ်ကိုကြီးလင့်ဟူချုံးကို မတော်မတရားမပြောပါနဲ့ .."

အားလုံးသည် ရီလင်၏လေသံကို ကြားလိုက်ရသည်နှင့် သူမပြောသည်သာ အမှန်ဖြစ်ကြောင်း ယုံကြည် လက်ခံကြသည်။ မတော်မတရား သိက္ခာကျစေချင်သည့် သဘောမျိုးပြောသည့် ရီချုန်းအား မလိုလားသော အကြည့်များဖြင့် ဝိုင်းကြည့်ကြ၏။

ရီလင်က . . .

"မကြာခင်မှာပဲ . . . ထင်ပေါ်ရဲ့မြက်ခုတ်သံက ကျောက်ဂူနား ရောက်လာတော့တာပဲ . . . ကျွန်မလည်း ရင်တထိတ်ထိတ်နဲ့ပေါ့ . . . ထင်ပေါ်က ကျောက်ဂူထဲဝင်ပြီး ထိုင်လိုက်တယ် . . . ကျွန်မဆိုရင် အသက်တောင်အောင့်ထားမိတယ် . . . ရုတ်တရက် ကျွန်မပခုံးပေါ်က အပိတ်ခံထားရတဲ့အကြောတစ်ခုက အပ်စိုက်ခံရသလို ဆစ်ခနဲနာသွားတာနဲ့ ကျွန်မလည်း ရုတ်တရက် အော်လိုက်မိတယ် . . . သွားပြီ . . . ဒီတစ်ခါမှ တကယ့်ကိုသွားတာပဲ . . . အစ်ကိုကြီး လင့်ဟူချုံး ကြိုးစားပမ်းစား ကယ်ထားတာတွေကို ကျွန်မက အလဟဿ လုပ်ပစ်လိုက်မိတာပဲ . . . ထင်ပေါ်က တဟားဟားရယ်ပြီး ကျွန်မဆီ လျှောက်လာတယ် . . . အစ်ကိုကြီး လင့်ဟူချုံးကတော့ မြေကြီးနဲ့ တစ်သားတည်းဖြစ်အောင် ဝပ်နေတာပဲ၊ နည်းနည်းကလေးမှ မလှုပ်ဘူး . . . ထင်ပေါ်က ရယ်ပြီးပြောတယ်"

'ဟဲဟဲ . . . ငါ့သိုးမကလေးက ဒီဂူထဲလာပြန်ပုန်းနေတာကိုး . . . တော်တော်လျင်တဲ့ သိုးမလေး၊ ငါ့ကို ကောင်းကောင်းလှည့်ပတ်နိုင်တာပဲ . . . ဒီအထဲပြန်ဝင်နေလိမ့်မယ်လို့ နည်းနည်းလေးတောင် မတွေးမိဘူး' လို့ပြောတယ် . . . ပြောပြီးတာနဲ့ ကျွန်မကိုလာဆွဲတော့တာပဲ . . . အဲဒီအချိန်မှာ ရှမ်းခနဲ ဓားသံတစ်ချက် ကြားလိုက်ရတယ်၊ ထင်ပေါ်ကို အစ်ကိုကြီးလင့်ဟူချုံးက ခုတ်လိုက်တာပဲ . . . ဒါပေမယ့် ဓားက ချက်ကောင်းမထိဘူး . . . ထင်ပေါ်က သိပ်လျင်တဲ့လူဆိုတော့ လှစ်ခနဲ နောက်ကိုခုတ်ဆုတ်သွားတယ် . . . သူ့ဓားကိုလည်း ရှမ်းခနဲနေအောင် ဆွဲထုတ်တယ် . . . အမှောင်ထဲမှာ ဓားချင်းခုတ်နေသံတွေကိုသာ ကြားနေရတော့တာပဲ . . . ကျွန်မတော့ ကြောက်လွန်းလို့ သေမတတ်ဖြစ်နေမိတာပဲ .."

ထိုစဉ် ထိုက်ဆန်းဂိုဏ်းချုပ်ကြီး ထင်မင်းက . . .

"လင့်ဟူချုံးက ဟိုခွေးကောင်နဲ့ ဘယ်နှစ်ကွက်လောက် တိုက်နိုင်လိုက်သလဲ . . . ဟိုခွေးကောင်ကိုတော့ တော်တော့်လူ မီမှာမဟုတ်ဘူး .." ဟုဝင်မေးလိုက်၏။

ရီလင်က . . .

"အဲဒီတုန်းက ကျွန်မက သိပ်ပြီးကြောက်လန့်နေတာဆိုတော့ သူတို့ ဘယ်လောက်ကြာအောင် တိုက်သလဲဆိုတာ မမှတ်မိပါဘူး . . . ဒါပေမယ့် ထင်ပေါ်က ရယ်ပြီးပြောလိုက်တဲ့ စကားကိုတော့ ကောင်းကောင်းကြားလိုက်ရတယ် . . . 'ဟား ဟား ဟား . . . ဝါးဆန်းဂိုဏ်းကကိုး . . . မင်းငါ့ကို ယှဉ်လို့မရပါဘူး . . . ငါက တစ်ကိုယ်တော်ထင်ပေါ်ကွ . . . မင်းထက် တော်တဲ့လူတွေကိုတောင် ငါက ဒုက္ခပေးလာတာ . . . မင်းနာမည် ဘယ်လိုခေါ်သလဲကွ၊ ပြောစမ်း' တဲ့ . . . အစ်ကိုကြီးလင့်ဟူချုံးက 'ငါတို့ဂိုဏ်းကြီးငါးဂိုဏ်းက တစ်စိတ်တစ်ဝမ်းတည်းကွ၊ ဝါးဆန်းဂိုဏ်းကဖြစ်ဖြစ်၊ ဟန်ဆန်းဂိုဏ်းကဖြစ်ဖြစ် မင်းလိုလူဆိုးကို' လို့ စကားတောင်မဆုံးသေးဘူး ထင်ပေါ်က တိုက်ခိုက်တော့တာပဲ . . . အဲဒီတစ်ကွက်မှာတော့ အစ်ကိုကြီး အညာခံလိုက်ရတယ် . . . တကယ်တော့ သူက အစ်ကိုကြီးကို စကားပြောအောင်လုပ်ပြီး အစ်ကိုကြီး ရပ်နေတဲ့နေရာကို သိအောင်လုပ်တာ . . . အဲဒီတော့မှ တိုက်ခိုက်တာ၊ နောက်ထပ်ယှဉ်ပြီး ထပ်ခုတ်ကြတော့ 'အား' ခနဲ အော်သံ ကြားလိုက်ရတယ် . . . အစ်ကိုကြီးလင့်ဟူချုံး ဒဏ်ရာတစ်ချက် ထပ်ရသွားပြန်ရော၊ ထင်ပေါ်

ကတော့ တဟားဟားနဲ့ သိပ်သဘောကျနေတာပဲ၊ နောက်ပြီးပြောလိုက်သေးတယ် . . . 'ငါ အစောကြီးကတည်းက ပြောတယ်မဟုတ်လား၊ မင်း ငါ့ကို မနိုင် နိုင်ပါဘူးလို့ . . . မင်းမပြောနဲ့ မင်းရဲ့ဆရာတောင် ငါ့ကိုမယှဉ်နိုင်ဘူးကွာ' လို့ပြောတယ် . . . အစ်ကိုကြီး လင့်ဟူချုံးကတော့ ထင်ပေါ်ကို လုံးဝဂရုမစိုက်ဘူး . . . တကယ့်ကို သတ္တိရှိတာပဲ"

ရီလင်သည် စကားကို အဆက်မပြတ် ပြောနေရသဖြင့် မောသွားဟန်ဖြင့် ခဏရပ်သွားသည်။ ခန်းမကြီး တစ်ခုလုံးရှိ လူများကမူ ရီလင်၏စကားများကို စိတ်ဝင်တစား စောင့်မျှော်နားထောင်လျက်ရှိနေကြ၏။

"အဲဒီအချိန်မှာ ကျွန်မရဲ့ပေါင်မှာ ပိတ်ထားခံရတဲ့အကြောက စောစောကလို ဆစ်ခနဲ နာကျင်သွားတယ်၊ တစ်ကယ်တော့ အကြောပြန်ပွင့်သွားတာပါ . . . ဒါနဲ့ ကျွန်မက မတ်တတ်ရပ်လိုက်တယ် . . . အစ်ကိုကြီး လင့်ဟူချုံးက ကျွန်မထရပ်လိုက်တာကို သိပုံရတယ် . . . 'မင်း မြန်မြန်သွားတော့' လို့ပြောတယ် . . . ကျွန်မက ဘယ်သွားလိမ့်မလဲ . . . ကိုယ့်အပေါ် ဒီလောက်အသက်စွန့်ပြီးကယ်ထားတဲ့လူကို တစ်ယောက်တည်းထားပြီး ကျွန်မသွားရက်ပါ့မလား၊ ကျွန်မက 'ဝါဆန်းဂိုဏ်းကအစ်ကိုကြီး၊ ကျွန်မလည်း အစ်ကိုကြီးနဲ့အတူတူ ဒီလူဆိုးကိုတိုက်မယ်' လို့ပြောလိုက်တယ် . . . သူက ချက်ချင်းအော်တော့တာပဲ . . . 'မင်း မြန်မြန်သွားစမ်း၊ ငါတို့နှစ်ယောက်ပေါင်းတိုက်လည်း သူ့ကို မနိုင် နိုင်ဘူး' တဲ့ . . . ထင်ပေါ်ကရယ်တယ် . . . 'မင်းက အသိခေါက်ခက် အဝင်နက်တဲ့ကောင်ပဲ . . . သိလည်းသိသားနဲ့ ဘာဖြစ်လို့ အသက် ဆုံးရှုံးခံချင်ရတာလဲ . . . ဒီအလုပ်မျိုးက လူပြိန်းတွေ၊ လူ့ဗာလတွေ . . . သူရဲဘောကြောင်တဲ့ကောင်တွေ လုပ်တဲ့ အလုပ်မျိုး မဟုတ်ဘူးကွ . . . မင်းရဲ့စိတ်ဓါတ်ကို ငါချီးကျူးသတဲ့ . . . မင်းနာမည် ဘယ်သူလဲပြောစမ်း' တဲ့ . . . . အစ်ကိုကြီးဆီက ဘာစကားမှ ပြန်မရဘူး . . . အစ်ကိုကြီး လှမ်းပြောတာကတော့ ကျွန်မကိုပဲ . . . 'ညီမလေး ချုံဆန်းမြို့ကို ရောက်အောင်ပြေးစမ်း . . . ဟိုမှာ ငါ့လူတွေအများကြီးရှိတယ် . . . အဲဒီကိုမင်းရောက်ရင် မင်းကို ဒီကလူဆိုး လက်ဖျားနဲ့တောင် ထိရဲမှာ မဟုတ်ဘူး' လို့ပြောတယ် . . ."

ကျွန်မကလည်း ပြန်ပြောလိုက်တယ်။

"ကျွန်မထွက်သွားရင် . . . . သူကရှင့်ကို သတ်လိုက်မှာပေါ့လို့ ပြောတယ် . . . အစ်ကိုကြီးလင့်ဟူချုံးက 'ငါ့ကို သူ မသတ်နိုင်ပါဘူး မင်းငါပြောသလို ပြေးစမ်းပါ . . . အား' လို့ဓားတစ်ချက်ထိသွားသံ ကြားလိုက်ပြန်တယ် . . . အစ်ကိုကြီးက ဒေါသတကြီးနဲ့ ကျွန်မကို ထပ်အော်တာပဲ . . . 'မင်း မသွားသေးဘူးလား၊ အေး . . . မသွားရင် မင်းကို ငါ ဆဲရလိမ့်မယ်' တဲ့ . . . ကျွန်မက ဘာဖြစ်လို့ သွားရမှာလဲနော် ဆရာမကြီး . . . ကျွန်မသာ ဒီလိုထွက်သွားရင် ဘယ်လောက် ကျေးဇူးကန်းရာကျလိမ့်မလဲ . . . ကျွန်မက ကျွန်မရဲ့ဓားကို ကောက်ယူပြီး 'ကျွန်မတို့နှစ်ယောက် သူ့ကို ဝိုင်းတိုက်ကြစို့' လို့ အစ်ကိုကြီးကို ပြောလိုက်တယ် . . . ကျွန်မစကားလဲဆုံးရော အစ်ကိုကြီးက ကျွန်မကို တကယ်ဆဲ တော့တာပဲ . . . . 'အသုံးမကျတဲ့ မယ်သီလရှင် . . . မင်းလောက် နုံတဲ့အတဲ့လူမျိုး ဒီလောကမှာမရှိဘူး . . . မင်း မထွက်ပြေးသေးဘူးလား၊ နောက်တစ်ခါ ထပ်တွေ့ရင် သွားတွေကျိုးကုန်အောင် မင်းရဲ့ပါးကို ရိုက်ပစ်မယ်လို့ ဆဲနေတော့ တာပဲ . . . အဲဒီတော့ ထင်ပေါ်ကဝင်ပြောတယ် . . . . 'ဒီမယ်သီလရှင်ကလေးက ငါနဲ့ မခွဲနိုင်မခွါရက်ဖြစ်နေလို့ ထွက်မသွားတာကွ' တဲ့ . . ."

တင့်ရှီ မယ်သီလရှင်ကြီးက . . . .

"ညည်းစကားပြောရတာ မောရင် ခဏနားပါလား"

ရီလင်က ခေါင်းခါပြပြီး ဆက်ပြောသည်။

"ကျွန်မကို အစ်ကိုကြီးက ထွက်သွားဖို့ပဲ ထပ်တလဲလဲ ပြောနေတော့ ကျွန်မလည်း စိတ်ဆိုးပြီး 'မသွားဘူး' လို့ ပြောလိုက်တယ်၊ အစ်ကိုကြီးက 'ဒီလိုလိုရင် မင်းရဲ့ဆရာမကို ငါဆဲရလိမ့်မယ် . . . . တပည့်မကောင်း ဆရာ့ခေါင်း ဆိုတာ ဒါပဲ . . . တင့်ရှီ မယ်သီလရှင်ကြီးဟာ တကယ်တော့ ဘာမှအသုံးမကျဘူး . . . . အသက်ကြီးလေ အသုံးမကျ လေပဲ . . . ဒါကြောင့်မို့ ဒီလောက်အသုံးမကျတဲ့ တပည့်မျိုး ရှိနေတာ . . .' လို့ ထပ်တလဲလဲ ပြောနေတော့တာပဲ . . . ကျွန်မက အစ်ကိုကြီးကို ရှင်းပြလိုက်တယ် . . . 'တင့်ရှီမယ်သီလရှင်ကြီးက ကျွန်မရဲ့ ဆရာမ မဟုတ်ဘူးလို့ . . .

အဲဒီအခါ ကျတော့လည်း အစ်ကိုကြီးက ထပ်ဆဲတာပဲ 'မင်းရဲ့ဆရာမ တင့်ရီ မယ်သီလရှင်ကြီးလည်း ဘာမှအသုံးကျတာ မဟုတ်ဘူး။ အလကားဟာကြီးတွေပဲ' တဲ့ . . . "

တင့်ရီ မယ်သီလရှင်ကြီး၏ မျက်နှာသည်ဒေါသကြောင့် ချက်ချင်း တင်းမာ ခက်ထန်သွားတော့၏။

ရီလင်က လက်ကလေးကာလျက် . . .

"ဆရာမ စိတ်မဆိုးပါနဲ့ . . . . အစ်ကိုကြီး လင့်ဟူချုံးက ကျွန်မကောင်းကျိုးအတွက် ပြောတာပါ ဆရာမတို့ကို နာစေလိုတဲ့ သဘောနဲ့ပြောတာမဟုတ်ပါဘူး . . . အဲဒီအချိန်ကျမှ ကျွန်မပြောလိုက်တယ်၊ ကျွန်မကို မဆဲပါနဲ့တော့ . . . အစ်ကိုကြီးရော ကျွန်မရော အတူတူ ထွက်ပြေးရအောင်' လို့ပြောတော့ အစ်ကိုကြီး လင့်ဟူချုံးဆီက စိတ်ပျက်လက်ပျက် အသံ ကြားလိုက်ရတယ်၊ 'မင်းက ငါ့အနားမှာ ကနဲ့လနဲ့ကနဲလနဲ့လုပ်နေတော့ ငါတို့ ဝါဆန်းဂိုဏ်းရဲ့ အစွမ်းအထက်ဆုံး ဓားကွက်တွေ မထုတ်နိုင်တော့ဘူး . . . မင်းထွက်သွားမှ ဒီလူဆိုးကို ငါ သတ်နိုင်မှာ' လို့ပြောတယ် . . ."

"ထင်ပေါက်တော့ . . . တဟားဟား ရယ်နေတာပဲ . . . . သူက ပြောသေးတယ် . . . . 'မင်းက ဒီမယ်သီလရှင် ကလေးအပေါ် တယ်စေတနာထားပါလား . . . ဒါပေမယ့် သူက မင်းရဲ့နာမည်ကိုတောင် မသိဘူးကွ . . . . ဘာဖြစ်လို့ မင်းက မြေဇာပင် ဝင်လုပ်နေရတာလဲ' တဲ့ . . . . ကဲ . . . အဲဒီတော့မှ ကျွန်မလဲ အစ်ကိုကြီးရဲ့နာမည်ကို မမေးရသေးတာ သတိရတယ် . . . ဒါကြောင့်မို့ 'အစ်ကိုကြီးရဲ့နာမည်ကို ဘယ်လိုခေါ်သလဲ၊ ကျွန်မ ချုံးဆန်းမြို့ကိုရောက်ရင် ဆရာမ ကိုပြောပြီး အစ်ကိုကြီးကို လာကယ်ခိုင်းမယ်' လို့ပြောမိတယ် . . . အဲဒီအချိန်မှာ အစ်ကိုကြီးရဲ့ အသံတွေဟာ ဒေါသ ကြောင့် တုန်နေတာပဲ၊ 'အတော် အသုံးမကျတဲ့ မယ်သီလရှင်၊ သွားစမ်းပါ၊ ကယ်ခိုင်းချင်ရင်လည်း မြန်မြန်သွားပြီး ကယ်ခိုင်းပါ . . . ငါ့နာမည်က လောင်တက်လို့ ပြောတော့တာပဲ . . . ."

လောင်တက်သည် . . . . ထိုစကားကို ကြားလိုက်ရသောအခါ အလွန်တရာ အံ့သြသွားသည်။ သူ့အစ်ကိုကြီးသည် အဘယ်ကြောင့် သူ့အမည်ကို အသုံးမပြုရသနည်း။

အဘယ်ကြောင့် . . . သူ၏အမည်မှန်ကို ထုတ်ဖော်မပြောဆိုသနည်း။ မည်သို့စဉ်းစားရမည်မှန်း မသိအောင်ပင် ခေါင်းရှုပ်သွားတော့၏

သိုင်းဆရာကြီးတစ်ယောက်သည် ခေါင်းတညိတ်ညိတ်ဖြင့်

"အင်း . . . လင့်ဟူချုံး၊ လင့်ဟူချုံး . . . တကယ့်ကိုသူရဲကောင်းပီသတဲ့လူပဲ . . . . နာမည်ကိုတောင် မလိုချင်ဘူး . . . ."

တင့်ရီ မယ်သီလရှင်ကြီးကမူ ဤသို့ မတွေးချေ။ သူတွေးပုံမှာ

"ဟင်း . . . တော်တော် လည်တဲ့ကောင် . . . ငါ့ကို ဆဲထားတဲ့အတွက် ငါသူ့ကို စာရင်းလာမရှင်းနိုင်အောင် သူများနာမည်နဲ့ အကာအကွယ်ယူထားတယ် . . . အခြားလူ ဒုက္ခရောက်အောင် လုပ်လိုက်တာပဲ . . . ." ဟူ၍ပင် ဖြစ်သည်။

လျှိုကျုက်ဖုန်းသည် ပြုံးရင်း တင့်ရီမယ်သီလရှင်ကြီးအား လှမ်းပြောလိုက်သည်။

ဆရာမကြီးတင့်ရီ . . . လင့်ဟူချုံးဟာ သူ့ညီ လောင်တက်ရဲ့နာမည်ကို ယူသုံးတာက အကြောင်းရှိတယ် . . . လောင်တက်က သူ့ဂိုဏ်းတူညီတွေထဲမှာ အသက်အကြီးဆုံးမဟုတ်လား။ လောင်တက်က လင့်ဟူချုံးထက်ဝါငယ်တာ မှန်ပေမယ့် အသက်ကျတော့ တော်တော်ကြီးနေတယ် . . . . ရီလင်နဲ့ဆိုရင် သားအဖလောက်ဖြစ်နိုင်တယ်"

တင့်ရီ မယ်သီလရှင်ကြီးသည် ထိုစကားကို ကြားလိုက်ရသော အခါကျမှ လင့်ဟူချုံး၏ ရည်ရွယ်ချက်ကို သဘောပေါက်သွားတော့သည်။ အမှန်စင်စစ် လင့်ဟူချုံးက ရီလင်၏ ဂုဏ်သိက္ခာကို ကာကွယ်ပေးလိုက်ခြင်းသာ ဖြစ်၏။

ကျောက်ဂူထဲတွင် မိန်းမနှင့်ယောကျ်ား အတူတူရှိနေခဲ့ကြပြီးမှ အကယ်၍ ရီလင် လွတ်မြောက်သွားသည့်အခါ သူမအား ကယ်တင်လိုက်သူမှာ သူမ၏ ဖခင်အရွယ်ရှိသူဖြစ်ကြောင်း ပတ်ဝန်းကျင်က သိရှိသွားပါက မဟုတ်မဟတ် သိက္ခာကျစေမည့် စကားများ ထွက်ပေါ်မလာစေရန် လောင်တက်၏နာမည်ကို ယူသုံးလိုက်ခြင်းဖြစ်ပေသည်။

တင့်ရှိ မယ်သီလရှင်ကြီးသည် ထိုသို့ စဉ်းစားလိုက်မိမှ မျက်နှာတွင် ကျေနပ်သော အရိပ်အယောင်များ ပေါ်လာတော့သည်။ သူမက ခေါင်းညိတ်ပြပြီး . . .

“ဒီ လင့်ဟူချုံးဆိုတဲ့ကောင်က တော်တော်ကလေးတော့ စဉ်းစားဉာဏ်ရှိတဲ့ကောင်ပဲ . . . ရီလင် နောက်ပိုင်း ဘယ်လိုဖြစ်ကုန်သလဲ”

ရီလင်က ဆက်၍ပြောသည်။

“ကျွန်မက သွားဖို့ငြင်းဆန်နေတော့ အစ်ကိုကြီးက ကျွန်မကို ပက်ပက်စက်စက် ဆဲတော့တာပဲ . . . နောက်ဆုံးဘာဖြစ်သလဲဆိုတော့ ‘အင်း . . . လက်စသတ်တော့ ဒီမယ်သီလရှင်က ထင်ပေါ်နဲ့ပူးပေါင်းပြီး ငါ့ကိုလုပ်ကြံတာကို . . . . ဒီနေ့တော့ တကယ့်ကိုကံဆိုးတာပဲ ဒီလို မျိုးဆက်လုံးဝမရှိတဲ့ ငနုံအေ မယ်သီလရှင်ကြောင့် . . . ငါ့ရဲ့ အပြင်းထန်ဆုံးဓားကွက်တွေတောင် မထုတ်နိုင်တော့ဘူး . . . . တော်ပြီ . . . . တော်ပြီ . . . ဟေ့ ထင်ပေါ် . . . ငါ့ကို တစ်ချက်တည်းနဲ့သာ ခုတ်သတ်လိုက်တော့’ လို့ပြောတယ် . . . အဲဒီလို ပြောသံကြားတော့မှ ကျွန်မလည်း လန့်သွားတယ် . . . သူဆဲတာကျွန်မကို နာစေချင်လို့ဆဲတာ မဟုတ်မှန်းသိပေမယ့် ကျောက်ဂူထဲမှာဆိုတော့ အစ်ကိုကြီးအတွက် တိုက်ရခိုက်ရတာ အနှောက်အယှက် ဖြစ်ချင်ဖြစ်နိုင်တယ်လို့ တွက်လိုက်မိတယ် . . . ဒီတော့မှ ကျွန်မက ‘အစ်ကိုကြီး လောင်တက် . . . ကျွန်မသွားတော့မယ် . . . သတိထားနော်’ လို့ပြောတော့လည်း အစ်ကိုကြီးက ထပ်ဆဲတာပဲ . . . သူက ‘ကြွ . . . ကြွမြန်မြန်ကြွ၊ မယ်သီလရှင်တွေနဲ့တိုးရင် ဖဲရှုံးတတ်တယ်ဆိုတဲ့ စကားလည်း ရှိသေးတယ် . . . . ငါက ဖဲကစားတာဝါသနာပါတဲ့လူမို့ မင်းတို့နဲ့ ဘယ်တော့မှမတွေ့ချင်ဘူး၊ မင်းတို့လို မယ်သီလရှင်တွေနဲ့ အခုလိုသာ တိုးနေရင်တော့ ငါတစ်သက်လုံး ဖဲကစားလို့ နိုင်မှာမဟုတ်တော့ဘူး . . . .’ လို့ ဆဲတော့တာပဲ”

တင့်ရှိ မယ်သီလရှင်ကြီးသည် လင့်ဟူချုံးက ရီလင်ထွက်သွားစေရန် ပရိယာယ်အမျိုးမျိုးဖြင့် နှင်ထုတ်နေခြင်းဖြစ်ကြောင်း သိသော်လည်း တကယ့်တကယ် ကြားလိုက်သောအခါတွင် ဒေါသဖြစ်လိုက်မိသေးသည်။

ရီလင်၏ ထုပုံ အပုံများအတွက်လည်း မချင့်မရဲဖြစ်လာမိသဖြင့် . . .

“ညည်းကလည်း ဘာဖြစ်လို့ မသွားရတာလဲ၊ တောက် . . . ငါမပြောလိုက်ချင်ဘူး . . .” ဟု ဝင်ပြောလိုက်၏။

ရီလင်က . . .

“ကျွန်မ သွားပါတယ် ဆရာမ . . . . အစ်ကိုကြီး စိတ်ဆိုးမှာစိုးတာနဲ့ တစ်ခါတည်း ပြေးထွက်လာတာပဲ . . . . ကျွန်မက အပြင်မှာ စောင့်နေချင်သေးတာ၊ ဒါပေမယ့်မဖြစ်ဘူး . . . ထင်ပေါ်နိုင်သွားရင် ကျွန်မကို ထွက်ဖမ်းမှာစိုးရိမ်ရတယ် . . . . ဂူထဲမှာနေရင်လည်း အစ်ကိုကြီး ဖဲရှုံးမှာစိုးရတယ် . . . ဒီတော့ ဆရာမတို့ကို မီအောင်လိုက်ပြီး အစ်ကိုကြီးကိုကယ်တာဟာ အကောင်းဆုံးလို့ စဉ်းစားလိုက်မိတယ်”

ရီလင်သည် သူမ၏ဆရာမကို စူးစိုက်ကြည့်ကာ . . . .

“ဆရာမ . . . အစ်ကိုကြီးလင့်ဟူချုံး အခုလို သေသွားရတာဟာ တကယ်ပဲ မယ်သီလရှင်တွေနဲ့တိုးလို့ ကံဆိုးပြီးသေရတာလားဟင်” ဟုမေးလိုက်သည်။

တင့်ရှိ မယ်သီလရှင်ကြီးက . . . .

“မယ်သီလရှင်နဲ့တွေ့လို့ ကံဆိုးတာတို့၊ ဖဲချတိုင်းရှုံးတာတို့ ဆိုတာတွေက ညည်း သူ့အနားမှာမနေအောင် ထင်ပေါ်နဲ့ လွတ်ရာကျွတ်ရာပြေးအောင် ပရိယာယ်ဆင်ပြီး ပြောနေတာဟဲ့ . . . ဘာမှအသုံးမကျဘူး၊ အခု ဒီအခန်းထဲက လူတွေ ညည်းနဲ့ငါ့ကို တွေ့နေကြပြီ . . . သူတို့အားလုံး ကံဆိုးကုန်ပြီလား . . .”

ခန်းမတွင်းရှိ လူအားလုံးသည် အလွန်ရယ်ချင်ကြသည်။ သို့သော် မရယ်ရဲကြချေ။

ရီလင်က ဆက်၍ . . .

“မိုးလင်းကာနီးကျမှ ကျွန်မက ချုံးရန်မြို့ကိုရောက်တယ် . . . စိတ်လည်း နည်းနည်းအေးသွားတယ် . . . ချုံးရန်မြို့မှာ ဆရာမတို့နဲ့ တွေ့ရတော့မှာလို့ ထင်တာကိုး . . . အဲဒီအချိန်မှာပဲ ထင်ပေါ်က နောက်ကရောက်လာတော့တာပဲ . . . . ကျွန်မ သူ့ကိုလည်းတွေ့လိုက်ရော ခြေထောက်တွေ ပျော့ခွေကျမတတ် ဖြစ်သွားရတာပဲ . . . ချုံးရန်မြို့မှာက

လူများတော့ ထင်ပေါက ကျွန်မကို အတင်းအကျပ် မစော်ကားရဲဘူး . . . သူက ကျွန်မကိုပြောတယ်၊ 'မင်း ငါ့နောက်က အေးအေးဆေးဆေးလိုက်လာ၊ မလိုက်လာရင် လူပုံအလယ်မှာ မင်းရဲ့အင်္ကျီတွေ အားလုံးချွတ်ပြီး အရှက်ခွဲပစ်မယ်' တဲ့ . . . ကဲ . . . ကျွန်မ ဘာလုပ်ရမလဲ၊ မလိုက်ရင် ဒီလူကြီးက တကယ်လုပ်မှာ ဆရာမရဲ့ . . . ကျွန်မလည်း ကြောက်တော့ သူ့နောက်က လိုက်နေရတော့တာပဲ . . . သူက ကျွန်မကို ချုံးရန်မြို့က မင်းသမီးအရက်ဆိုင်ကြီးကို ခေါ်သွားတယ် . . . ကျွန်မကို အတင်းခြိမ်းခြောက်ပြီး စားသောက်ခိုင်းတယ် . . . ကျွန်မက ရှင်းပြပါတယ် . . . ကျွန်မတို့ ဟန်ဆန်းဂိုဏ်းက မယ်သီလရှင်တွေဟာ အရက်မသောက်ရဘူး၊ အသားမစားရဘူး . . . ဒါကြောင့်မို့ မစားပါရစေနဲ့ ပြောတော့ သူက 'ဒီစည်းကမ်းတွေဟာ အလကားစည်းကမ်းတွေပါ၊ မင်းတို့ဆရာမက မင်းတို့ကို သက်သက်ညာနေတာ . . . မင်းတို့ဆရာမ . . . . ဆရာမ . . ."

ရီလင်သည် စကားကို ထိုနေရာသို့ ရောက်သောအခါ တင့်ရီမယ်သီလရှင်ကြီးအား တစ်ချက်မျှ ချောင်းကြည့်လိုက်ပြီး သူမ၏ စကားကို ဆက်မပြောရဲတော့ပေ။

တင့်ရီမယ်သီလရှင်ကြီးသည် ခက်ထန်သည့် မျက်နှာထားဖြင့် ရီလင်ကိုကြည့်နေရာမှ ရီလင်၏ နားမလည်မှုကို အမှတ်ရသွားပြီး ဒေါသသံမပါစေဘဲ ဖြည်းညင်းစွာဖြင့် ပြောလိုက်သည်။

"ဟိုလူဆိုးလူယုတ်မာ မဟုတ်မဟတ် ပြောတဲ့စကားအတိုင်း ညည်းပြန်ပြောနေစရာ မလိုဘူး . . . ညည်းအနေနဲ့ နောက်ပိုင်းမှာ ဆက်ဖြစ်တာတွေကိုသာ ပြောပြ . . . ငါတို့သိချင်တာက အဖြစ်အပျက် သက်သက်ပဲ . . . အားလုံး အတိအကျ ပြန်ပြောနေဖို့ မလိုဘူး . . .

ရီလင်က . . . .

"ဟုတ်ကဲ့ . . . ကျွန်မလည်း သိတာပေါ့၊ သူပြောတာကို မခံချင်စိတ် ပေါ်လာတာနဲ့ ပြန်ပြီး ချေပဖြစ်အောင်တော့ ချေပခဲ့ပါသေးတယ်၊ ရှင် မဟုတ်မဟတ်တွေ လျှောက်ပြောမနေနဲ့ . . . ကျွန်မတို့ရဲ့ ဆရာမက ဘယ်တော့မှ အရက်နဲ့ ခွေးသားကို ခိုးမစားဘူးလို့ . . ."

တင့်ရီ မယ်သီလရှင်ကြီး အနေဖြင့် လူတကာ ရယ်စရာဖြစ်စေမည့် စကားများကို မပြောရန် လမ်းကြောင်း သတိပေးနေသည့်ကြားမှ ရီလင်အနေဖြင့် ပြောဖြစ်အောင် ပြောနေပေသေးသည်။ တင့်ရီမယ်သီလရှင်ကြီးမှာ စိတ်ဆိုးရ အခက် ဒေါသထွက်ရ အခက် ဖြစ်နေတော့သည်။

ခန်းမတွင်းရှိ လူများကမူ . . . . ရီလင်၏စကားကို ကြားလိုက်ရကည်းက ကြိတ်ရယ်နေမိကြတော့၏။ တင့်ရီ မယ်သီလရှင်ကြီးသည်လည်း မည်သို့မျှ မတတ်နိုင်တော့သဖြင့် ဥပေက္ခာ ပြုထားလိုက်ရတော့သည်။

ရီလင်က ဆက်၍ ပြောလိုက်သည်။

"ဒီလိုနဲ့ ထင်ပေါက ကျွန်မကိုခြိမ်းခြောက်ပြီး အရက်ဆိုင်ကြီးရဲ့အပေါ်ထပ်ကို ခေါ်သွားတယ် . . . . အရက်နဲ့ အသားဟင်းတွေမှာပြီး အတင်းကျွေးတော့တာပဲ . . . ကျွန်မက မစားပါရစေနဲ့လို့ တောင်းပန်လည်းမရဘူး . . . အဲဒီ အချိန်မှာပဲ လူတစ်ယောက် အပေါ်ကိုတက်လာတယ် . . . ခါးမှာလည်း ဓားတစ်ချောင်း ချိတ်ထားတယ်၊ မျက်နှာက လည်း ဖြူရော်ရော်နဲ့ သွေးမရှိသလိုဘဲ . . . ဒါပေမယ့် သူ့တစ်ကိုယ်လုံးတော့ သွေးတွေ ပေကျံနေတာပဲ . . . အဲဒီလူက ကျွန်မတို့စားပွဲနားလည်း ရောက်ရော . . . ဘာမပြောညာမပြောနဲ့ ထိုင်ချတော့တာပဲ . . . နောက်ပြီး ကျွန်မကို ထင်ပေါက အတင်းသောက်ဖို့ပေးထားတဲ့ ကျွန်မရှေ့က အရက်ခွက်ကို ကောက်ယူပြီး မော့သောက်ပစ်လိုက်တာပဲ . . . နောက်ထပ်လည်း တစ်ခွက်ပြီးတစ်ခွက် ငှဲ့သောက်နေတော့တာပဲ . . . ဒီလို ပိုင်စိုးပိုင်နင်း လာလုပ်တဲ့လူကို ထင်ပေါက သေသေချာချာကြည့်ပြီး 'သြော် . . . မင်းကိုး' လို့ ပြောလိုက်တယ် . . . . သူက 'ဟုတ်တယ်၊ ကျုပ်ပဲ' လို့ပြန်ပြောပြီး တာနဲ့ အရက်တွေ ထပ်မော့နေပြန်တာပဲ . . . . အဲဒီတော့မှ ကျွန်မက သူ့ရဲ့အသံကို ချက်ချင်းမှတ်မိလိုက်တယ် . . . ကျွန်မလောက် ဝမ်းသာတဲ့လူ ဒီလောကထဲမှာ ရှိမှာမဟုတ်တော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီလူဟာ ကျွန်မကို ဂူထဲက ကယ်တင်ဖို့ ကြိုးစားခဲ့တဲ့လူ ဖြစ်နေလို့ပဲ . . . . သူဟာ အင်မတန် ကံကောင်းလွန်းလို့ မသေတာဘဲဖြစ်ရမယ် . . . တစ်ကိုယ်လုံး သွေးတွေဖုံးလွှမ်းနေတာဟာ လူရုပ်မပေါ်အောင် ဖြစ်နေတော့တာပဲ . . . အဲဒီအချိန်မှာ ထင်ပေါက

လက်မထောင်ပြီး ချီးကျူးတဲ့လေသံနဲ့ ပြောလိုက်တယ်၊ 'သူ့ရဲကောင်းကြီး' တဲ့၊ ဟိုလူကလည်း လက်မထောင်ပြီး ပြန်ပြောလိုက်တယ်၊ 'အတုမဲ့သိုင်းဆရာကြီး' တဲ့ . . . နောက်ပြီး နှစ်ယောက်စလုံး တဟားဟားရယ်ပြီး အရက်သောက်ကြတော့တာပဲ . . . . ကျွန်မကတော့ သိပ်အံ့သြတာပဲ . . . မနေ့ညကပဲ သူသေကိုယ်သေ တိုက်ခိုက်ခဲ့ကြတဲ့လူတွေ ဒီနေ့တော့ ရယ်လို့ မောလို့ သဘောကျနေလိုက်ကြတာ . . . ."

နားထောင်နေကြသည့် သိုင်းဆရာကြီးများသည် ဤနေရာသို့ ရောက်သောအခါ ခေါင်းတညိတ်ညိတ်နှင့် ရှိနေကြသည်။

ရီလင်က ဆက်ပြော၏

"ထင်ပေါက ပြောလိုက်တယ် . . . . 'မင်းလောင်တက်မဟုတ်ဘူး၊ လောင်တက်က မင်းထက် အသက်ကြီးတယ် . . . . မင်းလိုလည်း ရုပ်မချောဘူး' တဲ့ . . . . အဲဒီတော့မှ ဟိုလူက ပြုံးပြီးပြောတယ်၊ 'ဟုတ်တယ် . . . ကျုပ် လောင်တက်မဟုတ်ဘူး' တဲ့ . . . ကဲ . . . အဲဒီတုန်းကတော့ ကျွန်မလည်း နားမလည်ဘူး၊ ရှုပ်နေတာပဲ . . . ဒါပေမယ့် နောက်တော့လည်း ရှင်းသွားတာပါပဲ . . . ထင်ပေါက စားပွဲကို လက်ဝါးနဲ့ ဖြန်းခနဲရိုက်ပြီး ပြောလိုက်တယ် . . . 'ဟုတ်ပြီ . . . ဟုတ်ပြီ . . . မင်းက ဝါဆန်းဂိုဏ်းက လင့်ဟူချုံးပဲ . . . လင့်ဟူချုံးက သည့်ပြင်လူတွေနဲ့မတူဘူး၊ လုပ်ရဲကိုင်ရဲ ရှိတယ်၊ ပွင့်လင်းတယ်လို့လည်း ငါကြားဖူးထားတယ်' တဲ့ . . . . အဲဒီတော့မှ အစ်ကိုကြီးလင့်ဟူချုံးက ဟုတ်ကြောင်း ဝန်ခံတယ် . . . အစ်ကိုကြီးက ရယ်ရယ်မောမောနဲ့ ပြောလိုက်သေးတယ်၊ 'ကျုပ်က ခင်ဗျားကို ရှုံးနိမ့်ခဲ့တဲ့လူပဲ၊ ခင်ဗျား ကျုပ်ကို အမွှန်းတင်နေတာဟာ တမင်သက်သက် ကျုပ်ကို လှောင်သလို ဖြစ်နေပြီ' လို့ ပြောတယ် . . ."

ရီလင်သည် သူ့စကားကို ခေတ္တ ရပ်လိုက်သည်။ ရုတ်တရက် မျက်ရည်များ ဝဲလာကာ . . . .

"အဲဒီအချိန်ကစပြီး အစ်ကိုကြီးလင့်ဟူချုံးက ကျွန်မကိုဆဲတော့တာပဲ . . . 'ဒီ မယ်သီလရှင်လေးဟာ တစ်ကိုယ်လုံး ပိန်ချုံးနေတာပဲ . . . မျက်နှာကလည်း သွေးမရှိနဲ့၊ သိပ်တော့ အံ့သြစရာမရှိဘူး . . . . သူတို့က တစ်နေ့ လာလည်း ဟင်းရွက်၊ နောက်တစ်နေ့လည်း ဟင်းရွက်၊ ဟင်းရွက်ချည်း စားနေတော့ ဘယ်မှာလာပြီး အသားရှိနိုင် တော့မှာလဲ . . . . နောင်ကြီးထင်ပေါ် ကျုပ်တစ်သက်မှာတော့ မယ်သီလရှင်တွေကိုအမုန်းဆုံးပဲ' တဲ့ . . . ထင်ပေါက ရယ်ပြီး 'ဘာဖြစ်လို့လဲ' လို့မေးလိုက်တယ် . . . . အဲဒီအခါမှာ အစ်ကိုကြီးက ခပ်တည်တည်နဲ့ ပြောတော့တာပဲ . . . . 'အမှန်အတိုင်းပြောရရင် ကျုပ်က ဖဲရိုက်တာ သိပ်ဝါသနာပါတယ် . . . . ဖဲတွေ့လို့ကတော့ ထမင်းမေ့ ဟင်းမေ့ပဲ . . . . ဒါပေမယ့် မယ်သီလရှင် တစ်ယောက်ယောက်ကို တွေ့လိုက်ရင်တော့ ဘာမှ စဉ်းစားမနေနဲ့တော့ . . . . ကစားရင်လည်း မြေကြီးလက်ခတ်မလွဲ ရှုံးမှာ သေချာနေပြီ . . . . နောင်ကြီးထင်ပေါ် အဲဒါက ကျုပ်တစ်ယောက်တည်းရဲ့ အတွေ့အကြုံကိုပြောတာ မဟုတ်ဘူး နော် . . . ဝါဆန်းဂိုဏ်းက ဂိုဏ်းတူညီအစ်ကိုတွေလည်း ဒီအတိုင်းချည်း ကြုံရတာပဲ . . . သူတို့လည်း ဖဲမကစားခင် မယ်သီလရှင်ကြီးတွေနဲ့ တွေ့ရမှာ သိပ်ကြောက်ကြတာ . . . ဒါကြောင့်မို့ ဟန်ဆန်းဂိုဏ်းက မယ်သီလရှင်ကြီးတွေ၊ မယ်သီလရှင်လေးတွေနဲ့ တွေ့ရရင် မျက်နှာက ဘယ်လောက်ပဲ ရှိသေလေးစားဟန်လုပ်လုပ် စိတ်ထဲကတော့ ကျိန်ဆဲမိတော့တာပဲ' လို့ အစ်ကိုကြီးက ပြောတယ် . . . ."

တင့်ရီ မယ်သီလရှင်ကြီးသည် ထိုစကားကို ကြားလိုက်ရသောအခါ ရုတ်တရက် ဒေါသကိုမထိန်းနိုင်တော့ဘဲ သူ့နေရာမှ ချက်ချင်းခုန်ထွက်သွားပြီး၊ လောင်တက်၏မျက်နှာကို ဖြန်းခနဲ ရိုက်ချလိုက်တော့၏။ လောင်တက်သည် ဤသို့ဖြစ်လာလိမ့်မည်ကို မည်သို့မျှ မျှော်လင့်မထားခဲ့သဖြင့် အရိုက်ခံလိုက်ရသောအခါ ခြေလွတ်လက်လွတ် လဲကျမတတ် ဖြစ်သွားရတော့၏။ ဦးခေါင်းတစ်ခုလုံး 'မိုက်' ခနဲ ဖြစ်သွားရသည်။

လှိုကျက်ဖုန်းက . . .

"ဟာ . . . ဆရာမကြီး ဘာဖြစ်လို့ ဒေါသထွက်ရတာလဲ . . . . လင့်ဟူချုံးက ဆရာမကြီးတို့ကို သိက္ခာချချင်လို့ စော်ကားချင်လို့ ဒါတွေပြောတာမှ မဟုတ်ဘဲ . . . ဆရာမကြီးရဲ့ တပည့်မလေးကို ကယ်နိုင်ဖို့၊ မဟုတ်မမှန်တာတွေပြောပြီး လိမ်ညာဖို့ ကြိုးစားနေတာ . . . . ဒါကို ဆရာမကြီးလည်း သိလျက်သားနဲ့ ဒေါသကို နည်းနည်းတော့ ထိန်းမှပေါ့ . . ." ဟု ဖျောင်းဖျသည်။

တင့်ရှိ မယ်သီလရှင်ကြီးသည် ငြိမ်သက်သွားတော့သည်။ စိတ်နောက်ကိုယ်ပါ လုပ်မိသည်ကိုလည်း အနည်းငယ်နောင်တရသွား၏။ ပြီးမှ ရီလင်နားသို့ ပြန်လျှောက်လာကာ . . .

“ကဲ . . . ရီလင် ဆက်ပြော . . . .”

ရီလင်သည် ကြောက်လွန်းသဖြင့် အသားများ တဆတ်ဆတ် တုန်နေတော့သည်။ သူ၏ ဆရာမကြီးကို ကြည့်ကာ လုံးဝစကား မဆက်ရဲတော့ချေ။

တင့်ရှိ မယ်သီလရှင်ကြီးက . . .

“ကဲ ကဲ . . . ပြော . . . ဆက်ပြော . . . ဘာမှ ထိမ်ချန်မနေနဲ့၊ ငါက ရုတ်တရက် ဒေါသဖြစ်သွားမိတာ . . . .”

ထိုအခါ ရီလင်က ဆက်ပြောသည်။

“ဟုတ် . . . ဟုတ်ကဲ့ . . . အစ်ကိုကြီးက ဆက်ပြောတယ် . . . . နောင်ကြီးထင်ပေါ . . . ကျုပ်တို့ သိုင်းသမားဆိုတာ ဓားသွားပေါ်မှာ စကြ်န်လျှောက်နေရတဲ့ လူတွေမဟုတ်လား . . . . သိုင်းပညာ အရေးကြီးတာတော့ မှန်တယ် . . . ဒါပေမယ့် တကယ်တမ်း အရေးကြီးတာက ကံပဲ . . . ကိုယ်နဲ့ လက်ရည်တူနဲ့တွေ့ရင် ကံတရားက အဆုံးအဖြတ်ပေးတော့တာပဲ . . . ကျုပ်ပြောတာ မဟုတ်ဘူးလား . . . .’ တဲ့၊ ထင်ပေါက စဉ်းစဉ်းစားစားနဲ့ ပြန်ပြောတယ်၊ ‘အေး . . . ဖြစ်နိုင်တယ်’ တဲ့ . . . အဲဒီတော့မှ အစ်ကိုကြီးလင့်ဟူချိုးက ‘ကျုပ်အဖို့တော့ . . . ဒီလိုမယ်သီလရှင်တွေနဲ့တွေ့ရင် ဘယ်တော့မှ ကံမကောင်းဖူးဘူး . . . . ဒီလို အရိုးပြိုင်းပြိုင်းနဲ့ မယ်သီလရှင်မျိုးမပြောနဲ့ နတ်သမီးလောက်လှတဲ့ မယ်သီလရှင်မျိုးနဲ့ တွေ့ရမယ်ဆိုရင်တောင် ကျုပ်ကတော့ အဝေးကြီးက ဝေရာမဏိ ရှောင်ကြဉ်ပါ၏လို့ တောင်းပန်ထားလိုက်မယ် . . . ကျုပ်တို့မှာက အသက်က အရေးကြီးဆုံးပဲ . . . ဒီမယ်သီလရှင်တွေကြောင့် ကံဆိုးပြီး အသက်ဆုံးရှုံးရမှာမျိုးတော့ မဖြစ်ချင်ဘူး’ တဲ့ . . . .

ထင်ပေါက ရယ်ပြီးပြောတယ်၊ ‘ဟား ဟား ဟား .... ငါက လင့်ဟူချိုးဆိုတဲ့ကောင်က . . . ငါ့လိုပဲ ဘာမှ အကြောက်အလန့် မရှိတဲ့ကောင် ဖြစ်နေရတာလဲ . . . . ဟား ဟား ဟား . . .’၊ အဲဒီလိုပြောပြီး ရယ်နေတော့တာပဲ၊ အစ်ကိုကြီးက ပြန်ပြောတယ်၊ ဟင်း . . ကျုပ်ကတော့ မယ်သီလရှင်တွေနဲ့ တိုးပြီး ဂြိုဟ်ဆိုးဝင်ခဲ့ရတဲ့ အကြိမ်တွေ မနည်းတော့ဘူး . . . . ဒါတွေက ကိုယ်တွေ့ဗျ မယုံမရှိနဲ့ ... ခင်ဗျား စဉ်းစားကြည့်ပါဦး၊ မနေ့ညတုန်းက ကျုပ်က လူကောင်းပဲဗျ... ဟောဒီမယ်သီလရှင်လေးရဲ့ မျက်နှာတောင်မမြင်လိုက်ရသေးဘူး... အသံတစ်ချက် ကြားလိုက်ရတာနဲ့ ပဲ ဓားသုံးချက် အခုတ်ခံလိုက်ရပြီ... ဒါမှဂြိုဟ်ဆိုးဝင်တာမဟုတ်ရင် ဘာကို ဂြိုဟ်ဆိုးဝင်တာလို့ ပြောရမှာလဲ’ တဲ့... ထင်ပေါကလည်း တဟားဟားရယ်ပြီး ‘ အေး ... ဟုတ်သားပဲ’ လို့ ထောက်ခံတယ်... အစ်ကိုကြီးက ‘နောင်ကြီး ထင်ပေါ ခင်ဗျားလည်း ဒီမယ်သီလရှင်ကလေးကို မောင်းထုတ်လိုက်နော်၊ နို့မို့ရင် ခင်ဗျားလည်းကောင်းကောင်းကြီး ဒုက္ခရောက်မယ်.... ဒီဂြိုဟ်ဆိုးဝင်ရင် မလွယ်တော့ဘူး .... ဘုန်းကြီးဝတ်လိုက်မှ ဂြိုဟ်ဆိုးကလွတ်ကင်းမှာ.... ဒီလောကမှာ အဆိပ်အပြင်းဆုံး အရာနှစ်ခုရှိတယ်... အဲဒါကို ခင်ဗျားသိလား’ လို့ မေးလိုက်တယ် ...”

ထင်ပေါက ပြန်မေးတယ်၊ ‘ဘာများလဲကွ’ တဲ့ ... အစ်ကိုကြီးက တအံ့အသြလေသံနဲ့ ‘ဟင်း ... ခင်ဗျားက ဒါလေးတောင်မသိဘူး၊ တော်တော်ညံ့တာပဲ၊ မုတ်ထား မြွေပွေးနဲ့ မယ်သီလရှင်ပဲ... ဒီအဆိပ်နှစ်ခုထဲမှာ မယ်သီလရှင်ရဲ့အဆိပ်က ပိုပြီးတောင် ပြင်းသေးတယ်.... ကျုပ်တို့ ဝါဆန်းဂိုဏ်းက လူတွေကတော့ ဒီစကားကို အမြဲတမ်းလက်ကိုင်ထားကြတာဗျ’ တဲ့ ...”

တင့်ရှိ မယ်သီလရှင်ကြီးသည် ထိုစကားကို ကြားလိုက်ရသောအခါ ဒေါသအကြီးအကျယ် ထွက်လာတော့ ၏။ သူ၏ဒေါသများကို မည်သည့်ဆင်ခြင်တုံတရားနှင့်မျှ ထိန်းသိမ်းကွပ်ညှပ်နိုင်ခြင်းမရှိတော့သဖြင့် သူ့ရှေ့ရှိ စားပွဲခုံကြီးကို တစ်ချက်ထုလိုက်သည်၊ လောင်တက်သည်... တစ်ခါသေဖူး ပျဉ်ဖိုးနားလည်သွားပြီဖြစ်၍ ကမန်း ကတန်း နောက်ဘက်သို့ ခုန်ဆုတ်ရှောင်တိမ်းလိုက်၏။

လျှို့ကျက်ဖုန်းသည် သက်ပြင်းချကာ လေးလေးပင်ပင်ကြီး ပြောလိုက်မိ၏။

"လင့်ဟူချုံးက... စိတ်ရင်းကောင်းနဲ့ ရီလင်လွတ်မြောက်ဖို့ လျှောက်ပြောနေတာ ဖြစ်ပေမယ့် ဒီလိုအပြောမျိုး ကတော့ နည်းနည်းလွန်သွားတယ်... ဒါပေမယ့် ထင်ပေါလိုလူမျိုးကို ဒီလိုကြမ်းတမ်းတဲ့စကားမျိုးမသုံးဘဲ သွားညာ လို့ကတော့ ဟိုကောင်က လုံးဝယုံမှာမဟုတ်ဘူး ... ခပ်ရိုင်းရိုင်းကောင်ကို ရိုင်းရိုင်းစိုင်းစိုင်းစကားတွေနဲ့ အယုံသွင်းမှ ယုံတတ်ကြတာ ..."

ရီလင်က ....

"ဦးလေး လျှိုကျက်ဖုန်း ... ဒီစကားတွေကို အစ်ကိုကြီးက တကယ်ပြောတာ မဟုတ်ဘူးပေါ့... အစ်ကိုကြီး လင့်ဟူချုံးက ထင်ပေါကို ညာချင်လို့ လျှောက်ပြောနေတာ ဟုတ်လား ..."

လျှိုကျက်ဖုန်းက ...

"ဟုတ်တယ်... လင့်ဟူချုံးက စိတ်ထဲပါလို့ ပြောတာမဟုတ်ဘူး ... တောင်ကြီးငါးလုံး ဂိုဏ်းငါးဂိုဏ်းက လူတွေက ဘယ်ကလာ ဒီလိုမဟုတ်မဟတ်စကားတွေ ဖရုသဝါစာတွေ ပြောပါ့မလဲ... အခုဆိုရင်ပဲ ကြည့်စမ်းပါ ဦး... နောက်တစ်နေ့ကျရင် ငါ့ရဲ့ လက်ဆေးမင်္ဂလာပွဲကို ရောက်တော့မယ်... ငါက မင်းတို့ ဟန်ဆန်းဂိုဏ်းကို စိတ်ခုနေရင် စိတ်မခုသယောင်လုပ်ပြီး ငါကဖိတ်မနေပါဘူး ... ပြောချင်တာက ငါတို့ဂိုဏ်းကြီးငါးဂိုဏ်း အဖွဲ့ဝင် အချင်းချင်း လိမ်ညာပြီး မဆက်ဆံကြဘူးဆိုတာပဲ... လင့်ဟူချုံးလည်း ဒီလိုပဲပေါ့.... မင်းတို့ဂိုဏ်းကို တကယ့် တကယ်က လေးစားပြီးသား ... အခုလို မဟုတ်မဟတ်တွေပြောနေလို့ သူ့ကို သွားအထင်မမှားသင့်ဘူး ... သူ့ရည်ရွယ်ချက်က မင်းကို ကယ်ဖို့ပဲ ...."

တင့်ရီ မယ်သီလရင်ကြီးသည် ထိုစကားကို ကြားလိုက်ရသော အခါမှ တင်းမာနေခြင်းများ ပြေလျော့သွား ကာ ပျော့ပျော့ပျောင်းပျောင်း ဖြစ်သွားသည်။

သူမက ရီလင်အား ....

"ထင်ပေါက ဒီစကားတွေကြောင့် မင်းကို ပြန်လွှတ်ပေးလိုက်တာလား ... ဘယ်လို လွတ်လာတာလဲ" ဟုမေးလိုက်၏။

ရီလင်က ခေါင်းခါပြသည်။

"ဟင့်အင်း ထင်ပေါက ဇဝေဇဝါဖြစ်နေပုံရတယ်... သူက ကျွန်မကိုတစ်ချက်ကြည့်ပြီးပြောတယ်၊ 'မင်းငါ့ကို စေတနာနဲ့ပြောတဲ့အတွက် ငါကကျေးဇူးတင်ပါတယ်... ဒါပေမယ့် အခုမှတော့ဘာထူးတော့မှာလဲ... ဒီမယ်သီလရင်ကို တွေ့ပြီးမှတော့ ကံဆိုးစရာရှိလည်းဆိုးပြီပေါ့... မဟုတ်ဘူးလား ... သူ့ကို ငါတို့နဲ့ခဏအဖော်လုပ်ခိုင်းရမှာပဲ' တဲ့... အဲဒီအချိန်မှာပဲ လူတစ်ယောက် ထင်ပေါရှေ့ရောက်လာတယ်၊ လက်ထဲမှာလည်း ဓားတစ်ချောင်း ကိုင်ထားတယ်၊ ရောက်ရောက်ခြင်းဆောက်နဲ့ထွင်းဆိုတာလိုပဲ 'မင်းထင်ပေါလား' လို့ မေးတော့ ထင်ပေါက 'ဟုတ်တယ်... မင်းက ဘာလုပ်ချင်လို့လဲ' လို့ ရန်စကားပြောတော့တာပဲ ..."

"အဲဒီလူက 'အေး ... ထင်ပေါဆိုရင် မင်းလိုပန်းဘီလူးမျိုးကို သတ်ရမယ်' လို့ အော်ပြီး ဓားနဲ့ ထိုးတော့ တာပဲ... ဓားသိုင်းကတော့ ထိုက်ဆန်းဂိုဏ်းကဓားသိုင်းပဲ... အဲဒီလူက ဟိုက သေသွားတဲ့အစ်ကိုပေါ့ ...."

ရီလင်သည် ထိုက်ဆန်းဂိုဏ်းမှ ထမ်းစင်နှစ်ခုအနက် ထမ်းစင်တစ်ခုပေါ်မှ အလောင်းတစ်လောင်းကို လက် ညှိုးထိုးပြလိုက်သည်။

သူမက ဆက်၍ပြောပြန်သည်။

ထင်ပေါက မတ်ထတ်တောင်မရပ်ဘဲ ထိုင်လျက်က ရှောင်တိုက်တာပဲ... နောက်ပြီး သူက အစ်ကိုကြီး လင့်ဟူချုံးကိုမေးလိုက်သေးတယ်၊ 'လင့်ဟူချုံး ... ဒီလူက ထိုက်ဆန်းဂိုဏ်းကပဲ၊ ငါနဲ့တိုက်ရင် မင်းက သူ့ဘက်က ဝင်ကူမလား' တဲ့... အစ်ကိုကြီးလင့်ဟူချုံးကတော့ ခပ်ပြောင်ပြောင်ပဲ၊ 'ကျုပ်တို့ ဂိုဏ်းကြီးငါးဂိုဏ်းက တစ်ဖွဲ့တည်းပဲ ဗျ၊ ဝင်ကူရမှာပေါ့' တဲ့... အစ်ကိုကြီးက ဓားကို ဆွဲထုတ်လိုက်တယ်၊ အဲဒီအချိန်မှာ ဟိုလူက ထင်ပေါကို ခုနစ်ချက်လောက် ထိုးပြီးနေပြီ... တစ်ချက်မှလည်း မထိဘူး .... အဲဒီလူက အစ်ကိုကြီးဘက်ကို လှည့်ပြီး တံတွေးနဲ့ ထွေးပြီး

အော်ဆဲတော့တာပဲ… ‘ကျုပ်တို့ ဂိုဏ်းကြီးငါးဂိုဏ်းအဖွဲ့ထဲမှာ ခင်ဗျားလို အောက်တန်းကျတဲ့ လူမျိုး တစ်ယောက်မှ မရှိဘူး’ တဲ့… အဲဒီလူက ဘယ်လောက်ဆိုးသလဲဆိုရင် စကားလည်းဆုံးရော အစ်ကိုကြီးကို ဓားနဲ့ထိုးတော့တာပဲ…. အစ်ကိုကြီးက ခုန်ပြီးရှောင်ထွက်လိုက်တယ်… ရှောင်ထွက်ရင်း ထင်ပေါ်ရဲ့နောက်ကျောကို ဓားနဲ့ထိုးလိုက်တယ်…. ဒါပေမယ့် ထိအောင်မထိုးနိုင်ဘူး …. အဲဒီလူဆိုးကြီးရဲ့ သိုင်းပညာက တကယ့်ကို ကြောက်စရာကောင်းတဲ့ပညာပဲ…. အစ်ကိုကြီးလင့်ဟူချုံးရဲ့ဓားချက်ကို ထရှောင်လိုက်တယ်၊ သူ့လက်ထဲမှာလည်း ဓားတစ်ချောင်း ကိုင်လျက်သားဖြစ်နေတယ်… ဘယ်လို ထုတ်ယူလိုက်မှန်းတောင် မသိလိုက်ရဘူး …”

ဤနေရာသို့ ရောက်သောအခါ ရီလင်သည် အဖြစ်အပျက်များကို ယခု မျက်မှောက်တွင်ပင် ဖြစ်ပျက်သွား သကဲ့သို့ မျက်စိထဲ ကွင်းကွင်းကွက်ကွက် မြင်လာသဖြင့် တံတွေးနင်သွားသကဲ့သို့ ဖြစ်သွားရသည်။ သူမက …

“ကျွန်မ မျက်စိထဲမှာတော့ ထင်ပေါ်ထရှောင်လိုက်တာကိုပဲ မြင်လိုက်ရတာ…. ဒါပေမယ့် ထင်ပေါ်က ‘ကဲ… ကဲ… ပွဲပြီးသွားပြီ… ထိုင်ကြ ထိုင်ကြ’ လို့ပြောပြီး ဓားကို သူ့ဓားအိမ်ထဲ ပြန်ထည့်လိုက်တယ်… ဟို ထိုက်ဆန်း ဂိုဏ်းသားကတော့ ဘယ်အချိန်တုန်းက ထင်ပေါ်ရဲ့ဓားချက်မိသွားသလဲတောင် မသိလိုက်ရဘူး …. ရင်ဝက သွေးတွေ ပန်းထွက်လာပြီး အံ့သြနေတဲ့ မျက်နှာကြီးနဲ့ လဲကျသွားတော့တာပဲ …”

သူမသည် ရုတ်တရက် တိတောက်ဆရာကြီးကို လှမ်းကြည့်လိုက်ပြီး …

“အဲဒီအချိန်မှာ ဟောဒီဆရာကြီးက ချက်ချင်းခုန်ဝင်လာတယ်၊ ထင်ပေါ်ကို တော်တော်ကလေး ပြင်းပြင်း ထန်ထန် ဝင်ခုတ်တာပဲ…. သိုင်းပညာလည်းတော်ပါတယ်… ဒါပေမယ့် ထင်ပေါ်က ဒီဆရာကြီးကို မတ်တတ်တောင် မရပ်ဘူး …. ထိုင်လျက်ကခုခံနေတာပဲ၊ ဒီဆရာကြီးက ဓားချက်ခုနစ်ချက်တိတိ ခုတ်တယ်…. ထင်ပေါ်ကလည်း ခုနစ်ချက်စလုံးကို အေးအေးဆေးဆေး ခုခံလိုက်တာပဲ ….”

ဂိုဏ်းချုပ်ကြီးထင်မင်း၏ မျက်နှာသည် လေးနက်စွာတွေးနေခြင်းကြောင့် မျက်မှောင်ကုတ်ထားသကဲ့သို့ ဖြစ် နေ၏။ သူက တိတောက်ဆရာကြီးကို ကြည့်ကာ …

“ညီလေး … ထင်ပေါ်ဆိုတဲ့ကောင်က ဒီလောက်တောင် သိုင်းပညာတော်နေသလားကွ ….”ဟုမေးလိုက်၏။

တိတောက်ဆရာကြီးမှာ သက်ပြင်းတစ်ချက် ချလိုက်ရာမှ မျက်နှာကို အခြားတစ်ဖက်သို့ လှည့်သွားတော့၏။ ထင်မင်း၏မေးခွန်းကို သူ့အနေဖြင့် မည်သို့ဖြေရတော့မည်နည်း။ ရီလင်၏အထုပ်ဖြေမှုကြောင့် သူ့အနေဖြင့် ခပ်စောစောက လီဆယ်လုပ်ကြံပြောဆိုခဲ့သော မုသားဇာတ်ထုပ်ကြီး ဘွားဘွားကြီး ပေါ်လာခဲ့ပေပြီ။

အားလုံးက ရီလင်ကိုသာ စူးစူးစိုက်စိုက် ကြည့်နေမိကြတော့၏။ သူမ ပြောပြသည့် ဇာတ်လမ်းသည် လူတကာ၏ အာရုံများကို ဆွဲဆောင်လျက်ရှိနေပြီမဟုတ်ပါလား။

ရီလင်က တိတောက်ဆရာကြီးကို မေးငေါ့ပြကာ ….

“ဟောဒီဆရာကြီးက ထင်ပေါ်ကိုတိုက်ခိုက်နေချိန်မှာ အစ်ကိုကြီးကလည်း ထင်ပေါ်ကိုဝင်တိုက်တာပဲ…

အဲဒီအခါကျတော့ ထင်ပေါ် ထိုင်မနေတော့ဘူး … ချက်ချင်းမတ်တတ်ရပ်လိုက်ရတယ်… ထင်ပေါ်ကပြော တယ်၊ ‘လင့်ဟူချုံး … ငါမင်းကို သူငယ်ချင်းလို သဘောထားတယ်ဆိုတော့ ငါ့အနေနဲ့ ထိုင်ပြီးတိုက်နေရင် မင်းကို အထင်သေးရာ ကျနေမှာစိုးလို့ ငါကမတ်တတ်ရပ်လိုက်ရတာ’ လို့ ပြောတယ် ….”

“အစ်ကိုကြီးလင့်ဟူချုံးက ပျက်ချော်ချော်နဲ့ ဟင့်ခနဲ့ ရယ်လိုက်တယ်၊ ‘ခင်ဗျားက ကျုပ်ကိုသရော်စရာ မလိုပါဘူး’ လို့ ပြောပြီး ရှိုခနဲ ရှိုခနဲ ဓားချက်သုံးချက် ဆက်တိုက်ထိုးသွင်းလိုက်တာပဲ၊ အစ်ကိုကြီးရဲ့ အဲဒီဓားချက်တွေက တကယ်ကောင်းတာပဲ ….”

တင့်ရီမယ်သီလရင်ကြီးက ခေါင်းညိတ်ကာ …

‘ဒါက သူတို့ဝါဆန်းဂိုဏ်းရဲ့ စိတ်ကြိုက်သိုင်းကွက်တစ်ကွက်ပဲ၊ ‘လှိုင်းသုံးဆင့်’ သိုင်းကွက်လို့ခေါ်တယ်…. တော်တော်ကလေးလည်း ကျော်ကြားတယ်၊ ကျော်ကြားသလောက်လည်း တော်တော်ကောင်းတယ်… ပထမဓားချက် ထက်

ဒုတိယဓားချက်ကပြင်းထန်တယ် တတိယဓားချက်ကတော့ အပြင်းဆုံးပဲ… ဒီဓားချက်တွေကို ထင်ပေါက ဘယ်လိုခုခံလိုက်သလဲ …" ဟုမေးလိုက်ပြန်သည်။

ဤမေးခွန်း၏အဖြေကို အားလုံးက သိချင်နေကြသည်။ ထင်ပေါ၏ဓားသိုင်း အလွန်ကောင်းသည်ကို သိနေကြသော်လည်း သေချာစေ့ငုစွာ သိကြသည်မဟုတ်ပေ။ ယေဘူယျသဘောသာ သိရှိကြခြင်းဖြစ်၏။ လင့်ဟူချုံး၏ 'လှိုင်းသုံးဆင့်' ဓားကွက်ကို ဤခန်းမအတွင်းရှိ လူတော်တော်များများက ထိပ်တန်းဓားကွက်အဖြစ် မျက်မြင်သိရှိထားကြပြီး ဖြစ်၏။

ကြာရိုးကြာစွယ်ကိုကြည့်၍ ရေ၏အတိမ်အနက်ကို ခန့်မှန်းနိုင်သကဲ့သို့ လှိုင်းသုံးဆင့်သိုင်းကွက်ကို ထင်ပေါ မည်သို့ခုခံလိုက်သည်ကိုကြည့်ခြင်းဖြင့် ထင်ပေါ၏ ဓားသိုင်းအဆင့်ကို တိတိကျကျနီးပါးခန့်မှန်းနိုင်ကြပေလိမ့်မည်။ ထို့ကြောင့် ရီလင်၏အဖြေကို အားလုံးက နားတစွင့်စွင့် ရှိနေကြခြင်းဖြစ်သည်။

ရီလင်က …

"လှိုင်းသုံးဆင့်ဓားသိုင်းကွက်က တော်တော်ကောင်းတာမှန်ပေမယ့် ထင်ပေါအဖို့တော့ ပန်းနဲ့ပေါက်သလိုပါ ပဲ…"

ခန်းမတစ်ခုလုံးရှိ လူများ 'ဟာ' ခနဲဖြစ်သွားကြတော့၏။ ရီလင်ကအသေးစိတ် ဆက်ပြောသည်။

"အစ်ကိုကြီးရဲ့ ဓားကွက်တစ်ကွက်ဝင်လာရင် ထင်ပေါက အေးအေးဆေးဆေးပဲ နောက်တစ်လှမ်းဆုတ်သွား တာပဲ…. ဓားကွက်သုံးကွက်မှာ သုံးလှမ်းတိတိ နောက်ဆုတ်သွားတယ်…. နောက်ဆုတ်တယ်ဆိုပေမယ့် ပါးစပ်က တော့ ချီးကျူးနေသေးတယ်၊ 'ဟေ့ …. လင့်ဟူချုံး မင်းရဲ့ ဒီဓားသိုင်းကွက်က တယ်ကောင်းပါလား' တဲ့…. ကဲ… သူ့ရဲ့ ဓားသိုင်းပညာကို စဉ်းစားသာကြည့်ကြပါတော့၊ နောက်ပြီး တိတောက်ဆရာကြီးဘက်ကို လှည့်ပြီး ….

"အဘိုးကြီး … ခင်ဗျားက ဘာဖြစ်လို့ ဝင်ကူပြီးမတိုက်တာလဲ' တဲ့…. ထင်ပေါက မေးတာပေါ့၊ ဘာဖြစ်လို့လဲဆိုတော့ အစ်ကိုကြီးကတရကြမ်း တိုက်ခိုက်နေချိန်မှာ ဘေးမှာရပ်ကြည့်နေလို့ပဲ… လုံးဝကူပြီးမတိုက်ဘူး … မတိုက်ရုံတင်မကသေးဘူး၊ အေးတိအေးစက်နဲ့ ပြောလိုက်သေးတယ်…. 'ကျုပ်တို့ ထိုက်ဆန်းဂိုဏ်းက လူတွေက လူကောင်းတွေပဲ၊ ဒီလို စုတ်တီးစုတ်ပြတ်နဲ့ အင်မတန်အောက်တန်းကျတဲ့ကောင်တွေနဲ့ ဘယ်လက်တွဲနိုင်ပါ့မလဲ' လို့ ရက်ရက်စက်စက် ပြောလိုက် သေးတယ် …"

"ဒါပေမယ့်…. ကျွန်မက မနေနိုင်တော့ 'ဆရာကြီး … အစ်ကိုကြီး လင့်ဟူချုံးကို အထင်မလွဲပါနဲ့၊ သူက လူကောင်းတစ်ယောက်ပါ' လို့ ပြောတော့ တိတောက်ဆရာကြီးက သရော်ပြုံး ပြုံးတယ်…. သူက လူကောင်းလား… ထင်ပေါလို လူယုတ်မာနဲ့ ပေါင်းသင်းနေတဲ့သူဟာ ဘယ်တော့မှ လူကောင်းမဖြစ်နိုင်ဘူး …. လူယုတ်မာပဲဖြစ်ရမယ် တဲ့ …"

"ဒီလိုပြောပြီးတာနဲ့ တိတောက်ဆရာကြီးဟာ အားခနဲအော်လိုက်ပြီး ရင်ဝကိုလက်နှစ်ဖက်နဲ့ အုပ်ထားလိုက် တယ်… သူ့မျက်နှာအမူအရာက သိပ်ထူးဆန်းတာပဲ… ဝေဒနာတစ်ခုခုကို မချိမဆံ့ ခံလိုက်ရတဲ့ မျက်နှာမျိုးဖြစ်နေ တယ်… အဲဒီလိုဖြစ်နေတဲ့ အချိန်မှာထင်ပေါက သူ့ဓားကို ဓားအိမ်ထဲထိုးသွင်းပြီးပြောတယ်၊ 'ကဲ… ကဲ ပွဲပြီးသွား ပြီ…. ထိုင်ကြ ထိုင်ကြတဲ့ …"

"သူကတော့ သူ့ခုံမှာ အကျအန ဝင်ထိုင်တော့တာပဲ၊ ကျွန်မတို့ကတော့ တိတောက်ဆရာကြီးကိုပဲ ကြည့်နေ မိတယ်၊ တိတောက်ဆရာကြီးရဲ့ လက်ချောင်းတွေကြားထဲက သွေးတွေစီးထွက်လာတာ တွေ့ရတော့မှ ထင်ပေါရဲ့ ဓားချက် ထိသွားတယ်ဆိုတာ သိရတော့တယ်… ထင်ပေါရဲ့ဓားချက်ဟာ လျှပ်စစ်လျှပ်လိုက်သလို မြန်တာကိုး … ကျွန်မတို့ မြင်တောင်မမြင်လိုက်ရဘူး …. ကျွန်မကတော့"

'သူ့ကိုမသတ်ပါနဲ့ …. သူ့ကို မသတ်ပါနဲ့လို့' ကြောက်လန့်တကြား အော်လိုက်မိတယ်၊ ထင်ပေါက သိပ်သဘောကျသွားတဲ့ပုံစံနဲ့ 'နတ်သမီးလေးက မသတ်နဲ့ပြောတော့လည်း ငါက သူ့ကို ဘယ်သတ်လို့ ဖြစ်တော့ မလဲ' လို့ ပြောတယ်…. တိတောက်ဆရာကြီးလည်း ဒဏ်ရာကိုလက်နဲ့ပိတ်ပြီး လေ့ကားအတိုင်း သွေးရူး သွေးတန်းနဲ့

ပြေးဆင်းသွားတော့တာပဲ.... အစ်ကိုကြီးက နောက်ကနေ ပြေးလိုက်ပြီးအကူအညီပေးဖို့ ပြင်လိုက်သေးတယ်... တိတောက်ဆရာကြီးက ဒဏ်ရာကြီးနဲ့ မဟုတ်လား .....”

“ဒါပေမယ့်.... ထင်ပေါက အစ်ကိုကြီးကို လက်ဝါးကာပြီးတားလိုက်တယ်၊ ‘ဟေ့ကောင် လင့်ဟူချိုး ... အရက်သာ အေးအေးဆေးဆေး ထိုင်သောက်စမ်းပါကွာ... မင်းကို အထင်သေးစကားပြောပြီး အဖက်တောင်မလုပ်တဲ့ လူကို မင်းကသွားကူညီဦးမလို့လား ... မင်းရဲ့ အကူအညီကို သူယူမှာမဟုတ်ဘူး၊ ထိုင်စမ်းပါ... ရော့ ....အရက်တဲ့ ...”

“ထင်ပေါ်ရဲ့စကားတွေက အမှန်ပဲ ... ဒါကြောင့် အစ်ကိုကြီးက မဲ့ပြုံးပြုံးပြီး ပြန်ထိုင်လိုက်ရတယ်... ထင်ပေါက ဆက်ပြောသေးတယ်။ ‘ဒီအဘိုးကြီးက ထိုက်ဆန်းဂိုဏ်းမှာ တော်တော်အဆင့်မြင့်တဲ့သူ ဖြစ်ပုံရတယ်... ငါစောစောက ငါထိုးသွင်းလိုက်တဲ့ ဓားချက်ကို နေးတယ်လို့ပြောလို့မရဘူး .... ဒါပေမယ့် ဒီအဘိုးကြီးက အချိန်မီနောက်ဘက်ကို သုံးလက်မလောက်ဆုတ်သွားနိုင်ခဲ့တယ်... ဒါကြောင့်လည်း သူမသေတာပေါ့၊ ငါပြောလိုက် မယ်လင့်ဟူချိုး ... ဒီအဘိုးကြီးမသေတာကတော့မင်းအတွက် ကောင်းကောင်းကြီး ဂြိုဟ်ဆိုးဝင်ပြီသာမှတ်ပေတော့... မင်းဆီကို ဒုက္ခတွေ အပေါင်းအသင်းနဲ့ကို ဝင်လာကြတော့မှာ’ တဲ့ ...”

“အစ်ကိုကြီးလင့်ဟူချိုး ပြောပုံကလည်းကြည့်ပါဦး၊ ‘ကျုပ်ကနေ့တိုင်းနေ့တိုင်း ပြဿနာအမြဲတမ်း ရှိနေတဲ့လူ ဗျ... ဒီအဘိုးကြီးက ကျုပ်ကို.... ဒုက္ခတွေ လက်ဆောင်မပေးလည်း တခြားက ဒုက္ခလက်ဆောင်တွေ ရောက်လာဦး မှာပဲ၊ အရေးစိုက်နေရင်လည်း စိတ်ဆင်းရဲလို့ သေတာကြာလုပ်ပြီ... ကဲ.... အရက်ပဲ သောက်ကြစို့၊ စောစောက ဓားချက်မျိုးဆိုရင်တော့ ကျုပ်ရှောင်နိုင်မှာမဟုတ်ဘူးဗျို့ ... တစ်ခါတည်း ငရဲပြည်တန်းရောက်သွားမှာပဲ’ တဲ့.... ထင်ပေါကလည်းရယ်ပြီး ‘ငါက မင်းကိုအကြောင်းမဲ့ ညှာတာမဟုတ်ဘူး၊ မနေ့ညက ဂူထဲမှာ ငါ့ကိုမသတ်တဲ့ ကျေးဇူးကို ပြန်ဆပ်တာ’ တဲ့ .... ကျွန်မလည်း အဲဒီစကားကြားရတော့ သိပ်အံ့သြသွားတာပဲ ....”

နားထောင်နေကြသည့် သိုင်းဆရာကြီးများအားလုံးသည် ထင်ပေါ်နှင့် လင်ဟူချိုးတို့ ဤသို့ရင်းနှီးခင်မင်စွာ အချီအချပြောဆိုနေပုံများကို မနှစ်မမြို့ဖြစ်နေမိကြ၏။ မသွားကောင်းသောအရပ်၊ မစားကောင်းသည့် အသီးကဲ့သို့ပင် ထင်ပေါ်ဆိုသည့်လူကိုလည်း မပေါင်းသင်းအပ်သည့်လူအဖြစ် အားလုံးကသတ်မှတ်ထားကြပြီးဖြစ်၍ ဤမျှ မနှစ်မြို့ ဖြစ်နေရခြင်းပေတည်း။

ရီလင်က ...

“အစ်ကိုကြီးကတော့ ခပ်အေးအေးနဲ့ ဆက်ပြောတယ်၊ ‘မနေ့က ညက ကျောက်ဂူထဲမှာ ကျုပ်ရဲ့ ပညာကုန် ထုတ်ပြီး တိုက်ခိုက်တာပဲ’ တဲ့.... ထင်ပေါက တဟားဟားရယ်တယ်၊ ‘ငါပြောတာက ဒါမဟုတ်ဘူးကွ၊ မယ်သီလရင် လေးနဲ့ မင်းနဲ့ ပုန်းနေတုန်း မယ်သီလရင်ကလေးအသံထွက်လာလို့ ငါသိလိုက်တာမဟုတ်လား ... တကယ်လို့ မင်းသာအသက်အောင့်ထားရင် မင်းရှိမှန်း ငါသိမှာ မဟုတ်ဘူး ... ငါမယ်သီလရင်လေးကို ဆွဲလားရမ်းလားလုပ်ပြီး အာရုံတစ်ခုတည်းဖြစ်နေချိန်မှာသာ ငါ့ကိုဓားနဲ့ထိုးရင် ငါဘယ်နည်းနဲ့မှ ရှောင်နိုင်မှာမဟုတ်ဘူး မင်းက သူငယ်နှပ် စားလေးတစ်ယောက်မဟုတ်တော့ ဒီလိုလုပ်ရင် ငါသေနိုင်တယ်ဆိုတာ မင်းကောင်းကောင်းသိမှာပါ... မင်းက သူရဲဘောကြောင်တဲ့ အလုပ်မျိုး မလုပ်ချင်လို့သာ ငါအသက်ရှင်နေရတာ.... နောက်ပြီး မင်း ငါ့ကိုထိုးတဲ့ ဓားချက် ကလည်း ဖြည်းဖြည်းလေးပဲ’ လို့ ပြောတယ် ....

“အစ်ကိုကြီးကလည်း ... ခင်ဗျားထင်သလို မဟုတ်ပါဘူး ... ခင်ဗျားကို အငိုက်မိလောက်တဲ့ အချိန်အထိ စောင့်နေရင် ဒီမယ်သီလရင်လေးရဲ့သိက္ခာ ဘယ်ရှိတော့မှာလဲ... ကျုပ်က မယ်သီလရင်တွေကို တွေ့ရင် ဒေါသဖြစ် တာတော့အမှန်ပဲ... ဒါပေမယ့် ဟန်ဆန်းဂိုဏ်းဆိုတာ ကျုပ်တို့ ဂိုဏ်းကြီးငါးဂိုဏ်း အဖွဲ့ဝင်ဗျ...၊ ဒီတော့ ကျုပ်အနေ နဲ့ လက်ပိုက်ကြည့်နေလို့ဖြစ်မဖြစ် ခင်ဗျားပဲ စဉ်းစားကြည့်ပါဦး’ လို့ ပြောလိုက်တယ် ...”

“ထင်ပေါက အစ်ကိုကြီးကို သိပ်ပြီး လေးစားနေပုံရတယ်၊ သူက ‘ဒီလိုဆိုရင် မင်းထိုးလိုက်တဲ့ ဓားချက်က ဘာဖြစ်လို့ ပျော့ပျော့လေးဖြစ်နေတာလဲ၊ အားကုန်ထိုးလိုက်ရင် ငါ့လက်မောင်းတစ်ဖက်တော့ သေချာပေါက် ဖြတ်ပစ်လိုက်ရမှာပဲလို့ ပြောတယ်၊ အစ်ကိုကြီးက ‘ကျုပ်ဝါဆန်းဂိုဏ်းသားဗျ...၊ အကြောင်းမဲ့ ဘယ်တော့မှ သူများကို

ဒုက္ခမပေးဘူး ... ခင်ဗျားက ကျုပ်ပခုံးကို ဓားနဲ့တစ်ချက်ခုတ်ထားလို့ ကျုပ်က ခင်ဗျားကို တစ်ချက်ပြန်ထိုးတာ၊ ဒီတော့ ခင်ဗျားနဲ့ကျုပ်နဲ့ကျေပြီပေါ့၊ ဗနာက်ကျတော့ တစ်ယောက်နဲ့ တစ်ယောက် မျှမျှတတယှဉ်ပြိုင်နိုင်ရင် ပြီးတာပဲ လို့ ပြောတယ် ...”

ထင်ပေါက တဟားဟားရယ်လိုက်ပြီး၊ ‘ကြိုက်ပြီဟေ့... မင်းကို မိတ်ဆွေ တစ်ယောက်အဖြစ် သတ်မှတ် လိုက်ပြီ၊ ကဲ... လာ အရက်သောက်ကြမယ်’ တဲ့၊ အစ်ကိုကြီးက မဲ့ရွဲ့ပြီးပြန်ပြောတယ်၊ ‘ထင်ပေါ ခင်ဗျားက ကျုပ်ဟာ မယ်သီလရှင်တွေကို မကြည့်ချင်မုန်းသိလျက်နဲ့ ဒီမယ်သီလရှင်လေးကို ဘေးမှာထားပြီး ကျုပ်ကို အရက်သောက်ခိုင်းသေးလားဗျ’ တဲ့ .....”

ထင်ပေါကတော့ ရယ်ပြီးရင် ရယ်တော့တာပဲ။ အစ်ကိုကြီးကို ပြုံးကြည့်ပြီး ‘လင့်ဟုချုံး မင်းကနည်း အမျိုးမျိုးနဲ့ ဒီမယ်သီလရှင်ကလေးကို ကယ်ဖို့ကြိုးစားနေတယ်ဆိုတာ ငါသိတယ်၊ မင်းလောက်တော့ ငါလည်း လည်တာပဲကွ၊ ငါကလည်း လွှတ်တော့ လွှတ်ပေးလိုက်ချင်တယ် ဒါပေမယ့် ငါဆိုတဲ့ကောင်က မိန်းမဆို အသေအလဲ ကြိုက်တဲ့လူမျိုးဖြစ်နေတော့ ငါလွှတ်မပေးနိုင်ဘူး ဖြစ်နေတယ်၊ ဒီလိုလုပ်ကွာ၊ မင်းက သူ့ကို ငါ့လက်ထဲက လွှတ်စေချင်ရင်တော့ တစ်နည်းတော့ရှိတယ်....’ လို့ ပြောတယ်။ အစ်ကိုကြီးက ချက်ချင်းပဲ အားတက်သရော ပြောတာပဲ၊ ‘ကောင်းပြီ ခင်ဗျားရဲ့ နည်းလမ်းကို ပြောပြပါ’ လို့ ပြောတယ်။

“အဲဒီအခါမှာ ထင်ပေါက ဘာမှမဖြေသေးဘဲနဲ့ တဟီးဟီးရယ်နေတော့ တာပဲ၊ နောက်မှ ‘လင့်ဟုချုံး ငါက မင်းကို ငါ့ရဲ့ မိတ်ဆွေလို့ သဘောထားတယ် မဟုတ်လား၊ သိုင်းလောကရဲ့ စည်းမျဉ်းတစ်ခုရှိတယ်၊ ကိုယ့်မိတ်ဆွေ ရဲ့ ဇနီးကို မပြစ်မှားရဘူးတဲ့၊ ဒါကြောင့် မင်းကသာ ဒီမယ်သီလရှင်လေးကို လက်ထပ် ... လက်ထပ်”

ရီလင်မှာ ထိုနေရာသို့ ရောက်သောအခါ လုံးဝစကားမပြောနိုင်တော့ဘဲ မျက်နှာကလေးတစ်ခုလုံး ပန်းသွေးရောင် ထသွားကာ ခေါင်းငုံ့သွားတော့၏။

## ထူးဆန်းသော ဓားသိုင်းပြိုင်ဆိုင်ခြင်း

တင့်ရီ မယ်သီလရှင်ကြီးသည် သူမ၏ လက်ဝါးကြီးဖြင့် စားပွဲခုံကြီးကို ဖြန်းခနဲရိုက်လိုက်သဖြင့် ရီလင်ပင် လန့်ဖျပ်ပြီး ခေါင်းမော့ကြည့်မိတော့၏။ တင့်ရီမယ်သီလရှင်ကြီးက ....

"လျှောက်မပြောနဲ့၊ နောက်ပိုင်းဖြစ်တာတွေကိုသာ ပြော"

ရီလင်က တိုးညင်းသော လေသံကလေးဖြင့် ...

"ထင်ပေါက ဆက်ပြီးပြောတယ်၊"

'လင့်ဟူချုံး တကယ်လို့သာ ဟောဒီ မယ်သီလရှင်လေးကို မင်းလက်ထပ်မယ်ဆိုရင် ငါကသူ့ကို လက်ဖျားနဲ့ တောင် မထိတော့ဘူး' တဲ့၊ အစ်ကိုကြီးက 'ခင်ဗျားက ကျုပ်ကို မိတ်ဆွေဆိုပြီး စောင်မကြည့်ရှု လိုက်တာပေါ့လေ၊ ကျုပ်တစ်သက်လုံး ဂြိုဟ်ဆိုးဝင်နေအောင်လုပ်လိုက်တာပေါ့၊ ဒီကိစ္စလုံးဝမဖြစ်နိုင်ဘူး' လို့ ခပ်ပြတ်ပြတ်ပြောလိုက်တာ ပဲ၊ ထင်ပေါက မကြားဝံ့မနာသာတွေ၊ မဟုတ်မဟတ်တွေ လျှောက်ပြောနေသေးတယ်၊ အစ်ကိုကြီးက အော်ပြီးတား လိုက်တယ်၊ 'တော်ပြီ ခင်ဗျားဆက်မပြောနဲ့တော့၊ ခင်ဗျားသူ့ကိုမလွှတ်ရင်တော့ ကျုပ်က ခင်ဗျားကို သူသေကိုယ်သေ တိုက်ရတော့မှာပဲ' လို့ ပြောတယ် ...."

"ထင်ပေါက ခပ်တည်တည်နဲ့ပြောတယ်၊ ဟော့ကောင်လင့်ဟူချုံး၊ မင်းက သတ္တိတော့ရှိပါတယ်၊ မင်းရဲ့ ဓားသိုင်းကလည်း မဆိုးပါဘူး၊ ဒါပေမယ့် ငါ့ဓားသိုင်းကိုတော့ မီမှမမီဘဲကွ၊ ငါ့ကိုဘယ်လိုလုပ် မင်းနိုင်တော့မှာလဲ' လို့ပြောတယ်၊ အစ်ကိုကြီးက ပမာမခန့်နဲ့ 'ဟုတ်တယ်၊ ခင်ဗျားရဲ့ ဓားသိုင်းက တကယ်ကောင်းတယ်၊ ခင်ဗျားကို မတ်တတ်ရပ်ပြီး မယှဉ်နိုင်ပေမယ့် ထိုင်ပြီးတိုက်ခိုက်ရင်တော့ ကျုပ်ကို ခင်ဗျားမနိုင်ပါဘူး" လို့ပြောတယ် ...."

ဤစကားကိုကြားလိုက်ရသောအခါ သိုင်းဆရာများသည် လင်ဟူးချုံးက ထင်ပေါ် စိတ်ထွက်လာအောင် တမင်လုပ်နေခြင်းဖြစ်ကြောင်း နားလည်သဘောပေါက်ကြသည်။

ရီလင်အတွက် ကယ်တင်နိုင်မည့် အခွင့်အရေးသည် ထင်ပေါ် ဒေါသထွက် စိတ်ဆိုးမှသာ ထွက်ပေါ်လာပေ လိမ့်မည်။

ရီလင်က ....

"ဒါပေမယ့် ဒီတစ်ခါတော့ ထင်ပေါက စိတ်မဆိုးဘူး၊ ပြုံးပြီးတောင် ပြောလိုက်သေးတယ်၊ 'လင့်ဟူချုံး မင်း ငါ့အကြောင်းသိမထားတဲ့အချက်တစ်ချက် ရှိနေတယ်၊ ငါ အသက်နှစ်ဆယ်လောက်တုန်းက ခြေထောက်မှာ ဒဏ်ရာ တစ်ခါရဖူးခဲ့တယ်၊ နှစ်နှစ်လောက်တောင် လမ်းကောင်းကောင်းမလျှောက်နိုင်ခဲ့ဘူး၊ အဲဒီတုန်းက ငါဘာလုပ်ခဲ့တယ် မှတ်လဲ၊ ထိုင်ပြီးဓားသိုင်းလေ့ကျင့်တာကွ၊ ဒါကြောင့် ထိုင်ပြီးတိုက်ခိုက်တာမျိုးက ငါ့အတွက်အသေးအဖွဲပဲ၊ စောစော

တုန်းက ဟိုထိုက်ဆန်းအဘိုးကြီးကို ငါထိုင်ပြီးတိုက်ခိုက်ခဲ့တာ မင်းတွေ့တယ်မဟုတ်လား၊ တကယ်တော့ ဒီအဘိုး ကြီးကို အထင်သေးလို့ ထိုင်တိုက်ခိုက်တာမဟုတ်ဘူး၊ ငါ့အဖို့ ထိုင်တိုက်တာနဲ့ ထတိုက်တာ ဘာမှမထူးမခြား အတူတူပဲ၊ ဒါကြောင့် ငါထိုင်ပြီးတိုက်လည်း မင်းငါ့ကိုနိုင်မှာမဟုတ်ဘူး’ တဲ့၊ အစ်ကိုကြီးကလည်း တဟားဟားရယ် ပြီးပြောလိုက်တယ် ...”

“ထင်ပေါ၊ ခင်ဗျားလည်း ကျုပ်အကြောင်းမသိသေးတဲ့ အချက်တစ်ချက် ရှိနေသေးတာပဲ၊ ခင်ဗျားကထိုင်ပြီး တိုက်ခိုက်တဲ့ဓားသိုင်းကို နှစ်နှစ်လောက် လေ့ကျင့်ခဲ့တယ်နော်၊ အင်း .... ကျုပ်လေ့ကျင့်ခဲ့တာက အကြာကြီးဗျ၊ နောက်ပြီး နေ့တိုင်းနေ့တိုင်း လေ့ကျင့်နေတာ” တဲ့။

ရီလင်၏စကားအဆုံးတွင် ခန်းမအတွင်းရှိ လူတိုင်းလိုလိုပင် မေးမြန်းစူးစမ်းသော အကြည့်ဖြင့် လောင်တက် အား ဝိုင်းကြည့်လိုက်ကြသည်။

လောင်တက်က ရယ်မောရင်း ခေါင်းခါပြသည်။

“အစ်ကိုကြီးက သူ့ကိုညာနေတာပါ၊ ကျွန်တော်တို့ဂိုဏ်းမှာ ဒီလိုဓားသိုင်းမျိုး လုံးဝမရှိဘူး၊ အစ်ကိုကြီးကိုယ် တိုင်လည်း ထိုင်ပြီးဓားသိုင်းလေ့ကျင့်တာ ကျွန်တော်တစ်ခါမှ မတွေ့ဖူးဘူး ....”

ရီလင်က ဆက်ပြောသည်။

“ထင်ပေါ်ရဲ့မျက်နှာမှာ အံ့သြတဲ့အရိပ်အရောင်တွေ မဖုံးနိုင်မဖိနိုင် ပေါ်လာတော့တာပဲ၊ ထင်ပေါက ‘တကယ် လားကွ၊ မင်းတို့ဝါဆန်းဂိုဏ်းမှာ ဒီလိုထိုင်ပြီး လေ့ကျင့်တဲ့ဓားသိုင်းမျိုးရှိတယ်လို့ ငါဖြင့်တစ်ခါမှမကြားဖူးပါဘူးကွာ’ လို့ပြောတယ်၊ အဲဒီတော့ အစ်ကိုကြီးက ရယ်ပြီးပြောတယ်၊ ခင်ဗျား ဘယ်ကြားဖူးမလဲ၊ ဒါက ဝါဆန်းဂိုဏ်းရဲ့ ဓားသိုင်းမှမဟုတ်တာ၊ ကျုပ်ဘာသာကျုပ် တီထွင်တဲ့ဓားသိုင်းပဲ ....”

နားထောင်ကြသည့် သိုင်းသမားအားလုံးလိုလို တုန်လှုပ်ချောက်ချားသွားကြသည်။

လင့်ဟူချုံးဆိုသည့်ပုဂ္ဂိုလ်သည် နှယ်နှယ်ရရ ပုဂ္ဂိုလ်မဟုတ်တော့။ ထူးဆန်းသော ဓားသိုင်းကွက်များကိုပင် တီထွင်နေချေပြီ။

ရီလင်က ....

“အစ်ကိုကြီးက ရယ်ပြီးဆက်ပြောတော့တာပဲ၊ အဲဒီဓားသိုင်းက အနံ့အသက်ကတော့၊ သိပ်မကောင်းဘူးဗျ ခင်ဗျားသိလည်း ချီးကျူးချင်မှာ မဟုတ်ပါဘူးတဲ့၊ ဒီတော့ ထင်ပေါကအံ့သြသွားတယ်၊ ‘ဘယ်လိုလဲကွ၊ ဓားသိုင်းမှာ အနံ့အသက်မကောင်းတဲ့ဓားသိုင်းမျိုး ရှိသေးလို့လား’ လို့ မေးလိုက်တယ်၊ ကျွန်မလည်း ဒီအတိုင်းအံ့သြနေတာပဲ၊ အဲဒီအချိန်မှာ အစ်ကိုကြီးက ပြောတယ်၊ ‘ထင်ပေါ ခင်ဗျားကို ကျုပ်အမှန်အတိုင်းပြောပြမယ်၊ ကျုပ်က အိပ်ရာထပြီ ဆိုရင် မနက်တိုင်း အိမ်သာသွားတတ်တယ်၊ အိမ်သာမှာ ထိုင်နေတဲ့ အချိန်ဆိုရင် သိပ်ရွှံဖို့ကောင်းတယ်၊ ယင်ကောင်တွေတဝီဝီနဲ့ ကိုယ်ပတ်လည်မှာ ပျံလိုက်နားလိုက်နဲ့ ရှုပ်နေတာပဲ၊ တကယ့်ကို ရွံစရာလည်းကောင်း၊ မုန်းစရာလည်း ကောင်းတယ်၊ ဒါနဲ့ကျုပ်လည်းဓားဆွဲပြီး ဒီကောင်တွေကို ထိုးတော့တာပဲ၊ အစကတော့ ထိုးလို့ မထိဘူးဗျို့၊ နောက်ကျတော့ တစ်ချက်တစ်ကောင်ပဲ၊ တဖြည်းဖြည်းနဲ့ အဲဒီလိုယင်ကောင်တွေကို ဓားနဲ့ထိုးကျင့်ရာက စပြီး ထိုင်တိုက်ခိုက်တဲ့ဓားသိုင်းကွက်ကို တီထွင်လိုက်တာပဲ၊ ဒီဓားသိုင်းကို ကျုပ်က အိမ်သာတက်နေတဲ့အခါမှာပဲ လေ့ကျင့်ရတယ်ဆိုတော့ ဘယ်မှာ အနံ့အသက်ကောင်းနိုင်ပါ့မလဲ၊ နံစော်နေတာပေါ့ဗျ’ လို့ အစ်ကိုကြီးက ပြောတယ်၊ အစ်ကိုကြီးက ဒီလိုပြောတော့ ကျွန်မလည်း မရယ်ဘဲမနေနိုင်တော့ဘူး၊ အစ်ကိုကြီးက တကယ့်ကို ပေါက်တတ်ကရ စကားတွေလျှောက်ပြောနေတာကိုး၊ ဒီသိုင်းလောကထဲမှာ ဓားသိုင်းပညာကို အိမ်သာထဲမှာ လေ့ကျင့်တယ်ဆိုတာ ရှိပါ့မလား၊ ထင်ပေါဟာ အစကဆိုရင် အစ်ကိုကြီးကို စကားပြောတိုင်း တဟားဟားရယ်နေတာပဲ၊ အခုကျတော့ လုံးဝမရယ်တော့ဘူး ... မျက်နှာထားကလည်း ကြောက်စရာကောင်းလောက်အောင် တင်းမာနေတယ်၊ သူက ‘လင့်ဟူချုံး ငါက မင်းကို မိတ်ဆွေတစ်ယောက်အဖြစ်နဲ့ သဘောထားပြီး လေးလေးစားစား စကားပြောခဲ့တယ်၊ မင်းက ငါ့ကို

စော်ကားတဲ့စကားမျိုးပြောတယ်၊ ငါ့ကို အိမ်သာထဲက ယင်ကောင်တစ်ကောင်လို သဘောထားတယ် ပေါ့၊ ကောင်းပြီ ငါမင်းနဲ့ ထိုင်ပြီးတိုက်ခိုက်ကြမယ်' လို့ ဒေါသတကြီးနဲ့ပြောတော့တာပဲ ....''

သိုင်းသမားကြီးများသည် ခေါင်းတဆတ်ဆတ်ညိတ်လိုက်တော့သည်။ သိုင်းသမားများအဖို့ သိုင်းပညာပြိုင်ရာ တွင် စိတ်တည်ငြိမ်စွာထားရန်သာ အရေးအကြီးဆုံးဖြစ်၏။ ဒေါသထွက်၍ စိတ်လှုပ်ရှားသောသူသည် မပြိုင်မီကပင် ဆယ်ပုံပုံ သုံးပုံခန့်က ရှုံးနိမ့်နေချေပြီ။

တင့်ရီမယ်သီလရှင်ကြီးက ....

''နောက်တော့ကော ....''

ရီလင်က ....

''ထင်ပေါ် ဒေါသထွက်လာတာလည်းတွေ့ရော အစ်ကိုကြီးက တဟီးဟီးနဲ့ရယ်ပြီးပြောတယ်၊ 'ကျုပ် ဒီဓားသိုင်းကို လေ့ကျင့်တုန်းက ပျော်စရာကောင်းလို့ လေ့ကျင့်တာပါ၊ သူများနဲ့ယှဉ်ပြိုင်တိုက်ခိုက်ဖို့ လေ့ကျင့်တာ မဟုတ်ပါဘူး၊ နောင်ကြီးထင်ပေါ် ကျုပ်ကို အထင်မလွဲပါနဲ့ ကျုပ်က ခင်ဗျားကို အိမ်သာထဲက ယင်ကောင်လို သဘောမထားရဲပါဘူး' တဲ့၊ ကျွန်မက အဲဒီစကား ထပ်ကြားရတော့ ထပ်ရယ်မိတာပေါ့၊ ထင်ပေါ်ကတော့ ပြောစရာမရှိတော့ဘူး၊ တကယ့်ကို ဒေါသထွက်လာတာပဲ၊ သူက သူ့ဓားကို ဆွဲထုတ်လိုက်တယ်၊ 'ဟေ့ကောင် လင့်ဟူချုံး ဓားထုတ်စမ်း၊ ငါတို့ထိုင်ပြီးတိုက်ကြမယ်' လို့ပြောတယ်၊ သူ့မျက်လုံးထဲမှာ တကယ့်ကို သတ်ချင်ဖြတ်ချင်တဲ့ သွေးဆာနေတဲ့ အရိပ်အရောင်တွေ တွေ့လိုက်ရတော့ ကျွန်မတောင် ကြက်သီးတဖြန်းဖြန်း ထသွားမိတယ်၊ ဒီတစ်ခါတော့ အစ်ကိုကြီးကို တကယ် သတ်ပစ်တော့မယ်ဆိုတာ ကျွန်မအလိုလိုသိနေတယ် ....''

''အစ်ကိုကြီးကတော့ ရယ်ပြီး ... 'ထိုင်ပြီး တိုက်ခိုက်လို့ကတော့ ခင်ဗျားကျုပ်ကို နိုင်ကိုမနိုင်ဘူး၊ ခင်ဗျားနဲ့ကျုပ်က ဒီနေ့မှ မိတ်ဆွေဖြစ်ရတာ၊ ဒီနေ့မိတ်ဆွေဖြစ်၊ ဒီနေ့သတ်ဆိုတာ ကျုပ်မလိုချင်ဘူးဗျာ' လို့ပြောတယ်၊ အဲဒီတော့ ထင်ပေါ်က 'အရေးမကြီးဘူးကွ၊ ငါကျေနပ်ရင်ပြီးတာပဲ.... ၊ လာတိုက်မယ်' တဲ့၊ အစ်ကိုကြီးက 'ခင်ဗျား တကယ် တိုက်မှာလား' လို့မေးတယ်၊ ထင်ပေါ်က ဒေါသတကြီးနဲ့အော်တော့တာပဲ၊ 'ဟေ့ကောင် လင့်ဟူချုံး၊ ငါကမင်းကို နောက်နေရလား၊ တကယ်တိုက်မှာကွ' တဲ့၊ အစ်ကိုကြီးက 'ကောင်းပြီ ဒါဆိုရင် ပြိုင်ပွဲစည်းကမ်းတစ်ခုလုပ်ရမယ်၊ ပြိုင်တဲ့အခါမှာ တစ်ဘက်က အရှုံးမပေးမချင်း တစ်ဘက်ကမထရဘူး၊ ထရင် ထတဲ့ဘက်က အရှုံးပဲ' လို့ပြောတယ်၊ ထင်ပေါ်ကလည်း ကောင်းတယ်၊ အရှုံးအနိုင် မပေါ်ခင် ထိုင်ခုံကနေ ထလိုက်တဲ့လူက အရှုံးပဲလို့ ထပ်ပြီး အတည်ပြု ပြောတယ်'

''အစ်ကိုကြီး လင့်ဟူချုံးက မေးလိုက်တယ်၊ 'ထင်ပေါ် ရှုံးတဲ့လူကို ဘာလုပ်ရင် ကောင်းမလဲ' လို့မေးတယ်၊ ထင်ပေါ်ကလည်း 'မင်းကဘယ်လိုလုပ်စေချင်လို့လဲ' လို့ပြန်မေးတယ်၊ အစ်ကိုကြီး လင့်ဟူချုံးက ပြောတယ်၊ 'ကျုပ် စဉ်းစားလိုက်အုံးမယ်ဗျာ၊ သြော် ဟုတ်ပြီ ဟုတ်ပြီ နံပါတ်တစ် ရှုံးသွားတဲ့လူဟာ ဟောဒီ မယ်သီလရှင်လေးကို တွေ့ရင် ဒီနေ့ကစပြီး ဘယ်နေရာမှာတွေ့တွေ့ အရိုအသေပေးရမယ်၊ ဆရာမနေကောင်းပါတယ်နော်လို့ နှုတ်ဆက်ရ မယ်' လို့ပြောတယ်၊ ထင်ပေါ်က 'မင်းရှုံးလည်း ဒီလိုပဲလုပ်မှာပဲလား' လို့ပြန်မေးတယ်၊ အစ်ကိုကြီးက 'ဟုတ်တယ် ... လုပ်မယ်၊ ရှုံးတဲ့လူက မယ်သီလရှင်ရဲ့ကတပည့်အဖြစ် လုပ်ကိုလုပ်ရမယ်' လို့အခိုင်အမာပြောတယ်၊ ဆရာမ၊ အစ်ကိုကြီး လင့်ဟူချုံးပြောနေတာတွေက ရယ်စရာမကောင်းဘူးလားဟင် ....'' ရီလင်၏မျက်နှာသည် ပြောရင်းပြုံးနေ ၏။

တင့်ရီ မယ်သီလရှင်ကြီးကမူ ....

''သူတို့လျှောက်ပြောနေတာတွေကို ညည်းက အဟုတ်မှတ်နေသလား၊ လင့်ဟူချုံးက ထင်ပေါ်ဒေါသထွက် အောင် တမင်ပြောနေတာ ....''

တင့်ရီသည် သူ၏ဦးခေါင်းကိုမော့ မျက်စိကိုမှိတ်၍ လင့်ဟူချုံး၏ ပရိယာယ်များကို ကြိုတင်စဉ်းစားကြည့် သည်။ လင့်ဟူချုံး အနေဖြင့်မည်သို့အနိုင်ရအောင် လုပ်နိုင်သည်။ ရှုံးနိမ့်ခဲ့လျှင် မည်သို့သောနည်းဖြင့် ကတိကို ဖျက်နိုင်သည် စသည်တို့ကို အပြင်းအထန် စဉ်းစားတွေးတောသော်လည်း မည်သို့မျှ စဉ်းစား၍ မရနိုင်အောင် ဖြစ်လာသဖြင့်

ကလေကချေလင့်ဟူချုံး၏ အောက်တန်းကျသောညဏ်နှင့် မိမိ၏ အဆင့်အတန်းမြင့်သောညဏ်ကို ယှဉ်ပြိုင် တွေးတော၍ မဖြစ်နိုင်ဟု ဆုံးဖြတ်ကာ လုံးဝမတွေးတော့ချေ။

တင့်ရီက .... "ထင်ပေါက ဘယ်လိုပြန်ဖြေသလဲ"

ရီလင်က ....

"အစ်ကိုကြီးလင့်ဟူချုံးက သူသေချာပေါက်နိုင်တော့မယ့်ပုံစံမျိုး ဟန်အပြည့်မာန်အပြည့်ပြောနေတော့ ထင်ပေါလည်း တွေဝေလာတယ်၊ ကျွန်မအထင်တော့ သူနည်းနည်းကြောက်လာသလိုပဲ၊ အစ်ကိုကြီးရဲ့ ထိုင်ပြီးတိုက်တဲ့ ဓားသိုင်းဟာ သူ့ထက်များ ပိုတော်နေသလားလို့ စဉ်းစားနေပုံလည်းရတယ်၊ အဲဒီအချိန်မှာ အစ်ကိုကြီးက ထပ်ဆွပေးလိုက်ပြန်တယ်၊ 'ဒီမှာထင်ပေါ... ခင်ဗျားက ဟန်ဆန်းဂိုဏ်းရဲ့တပည့်ဖြစ်မှာ ကြောက်နေရင်တော့ ကျုပ်ကို ပြိုင်မနေပါနဲ့တော့၊ ကျုပ်က ခွင့်လွှတ်ပါတယ်' လို့လည်းပြောလိုက်ရော တကယ့်ယမ်းပုံကြီး မီးရှို့လိုက်သလို ထင်ပေါဒေါသအကြီးအကျယ် ထွက်တော့တာပဲ ...."

"ထင်ပေါက အော်ပြောတယ်၊ 'တိတ်စမ်း ... ငါတို့ပြိုင်မယ်၊ ရှုံးတဲ့လူ ဒီမယ်သီလရှင်ရဲ့ တပည့်လုပ်ရမယ်' တဲ့၊ အဲဒီတော့ အစ်ကိုကြီးက ခပ်ပြုံးပြုံးနဲ့ပြောတယ်၊ 'တကယ်တော့ ကျုပ်ရဲ့ထိုင်ပြီးတိုက်ခိုက်တဲ့ ဓားသိုင်းက ခင်ဗျားထက်တော်ပေမယ့် တကယ့်လက်တွေ့မှာတော့ အသုံးမကျပါဘူး၊ တကယ်တမ်း သူသေကိုယ်သေ တိုက်ခိုက်တဲ့အခါကျတော့ ဘယ်သူက အမြဲထိုင်နိုင်ပါ့မလဲ၊ အခုဆိုရင် ခင်ဗျားနဲ့ကျုပ် ကတိပြုထားတယ်ပဲထားဦး၊ ခင်ဗျားရှုံး ရင်ရှက်ရမ်းရမ်းပြီး ထလာမှာသေချာတယ်၊ ထိုင်ရာကထပြီး ကျုပ်ကိုတစ်ချက်တည်းနဲ့ခုတ်သတ်ရင် ကျုပ်က ဘာတတ်နိုင်တော့မှာလဲ၊ ဒါကြောင့် ကျုပ်ပြောတာပေါ့၊ ထိုင်ပြီးတိုက်တဲ့ဓားသိုင်းက တကယ်တော့ အသုံးမကျပါဘူး' လို့ အစ်ကိုကြီးက ပြောလိုက်တယ် ...."

"ထင်ပေါက တရှုံးရှုံးတရှဲရှဲနဲ့ ဒေါသဖြစ်နေရာက အစ်ကိုကြီးကို လှမ်းပြောတယ်၊ လင့်ဟူချုံး မင်းတကယ်စကားတတ်နေပါလား၊ ထိုင်ပြီးတိုက်ခိုက်ကြရင် ငါကမင်းကိုရှုံးမယ်လို့ ဘာကြောင့် သေချာပေါက်ပြောနေရတာလဲ၊ ငါကရှက်ရမ်းရမ်းပြီး မင်းကိုထသတ်မယ်လို့ ဘာဖြစ်လို့ သေချာပေါက်ပြောနေရတာလဲ' တဲ့။ အစ်ကိုကြီးက 'ကဲ... ကောင်းပြီ ကျုပ်တို့ အခုချက်ချင်း ပြိုင်မယ်' လို့ပြောပြီး သူတို့ရှေ့ကရှိနေတဲ့ စားပွဲကို ဘေးကို တွန်းဖယ်ပစ်လိုက်တယ်၊ တစ်ယောက်ခုံတစ်လုံးစီနဲ့ မျက်နှာချင်းဆိုင်ထိုင်လိုက်ကြတယ်၊ အစ်ကိုကြီးက စပြောတယ်၊ 'ကဲ ပြိုင်ပွဲစပြီ၊ ခုအချိန်ကစပြီး ထိုင်ခုံပေါ်ကအရင်ထတဲ့သူ အရှုံး' လို့ပြောလိုက်တယ်၊ ထင်ပေါကလည်း ဒေါသနဲ့ 'အေး ကြီးကြီးကျယ်ကျယ် ပြောတဲ့ကောင် သိကြရောပေါ့၊ ထိုင်ခုံပေါ်က ဘယ်သူအရင်ထမလဲဆိုတာ ကြည့်ရသေးတာပေါ့' တဲ့ ...."

"သူတို့နှစ်ယောက် တိုက်ခိုက်တော့မယ့်ဆဲဆဲမှာ ထင်ပေါက ကျွန်မကို အခုမှသတိရသွားသလို တစ်ချက်လှမ်းကြည့်လိုက်တယ်၊ နောက်ပြီး တဟားဟားနဲ့ ရယ်တော့တာပဲ၊ တစ်ဆိုင်လုံး သူ့အသံချည်းပဲ၊ နောက်ပြီး သူကပြောတယ်၊ 'လင့်ဟူချုံး ငါကတော့ မင်းကိုအရှုံးပေးပြီဟေ့၊ လက်စသတ်တော့ မင်းက ဗုက်ဖဲတစ်ချပ် ချန်ထားတာကိုး၊ မင်းရဲ့ ဂိုဏ်းသားတွေလာတာမပြောနဲ့၊ ဟောဒီမယ်သီလရှင်လေးက ငါ့ကို တစ်ခုခုလုပ်ပြီဆိုရင်တောင် ငါက ဘယ့်နှယ်လုပ်ရတော့မှာလဲ၊ ဒီအတိုင်းထိုင်နေရတော့မှာလား' လို့ ပြန်မေးတယ် ...."

"အစ်ကိုကြီးလင့်ဟူချုံးကလည်း တဟားဟားရယ်တာပဲ၊ 'စိတ်ချစမ်းပါ၊ ဘေးက ဘယ်သူမှ ဝင်မတိုက်စေရ ဘူး၊ ကျုပ်ဘက်က တစ်ယောက်ယောက် ဝင်တိုက်တယ်ဆိုရင် ကျုပ်အရှုံးပေးတယ်' လို့ပြောပြီး ကျွန်မကို လှည့်မေး တာပဲ၊ 'မယ်သီလရှင်လေး မင်းက ငါ့ကိုနိုင်စေချင်သလား၊ ရှုံးစေချင်သလား' တဲ့၊ ကျွန်မကလည်း အစ်ကိုကြီးကို နိုင်စေချင်တယ်လို့ ပြောလိုက်တယ်၊ အဲဒီတော့မှ အစ်ကိုကြီးက ကျွန်မကိုစေ့စေ့ကြည့်ပြီး ဘာပြောတယ်မှတ်သလဲ၊ 'ကောင်းပြီ ငါ့ကိုနိုင်စေချင်တယ်ဆိုရင် ကြွပါ မြန်မြန်ကလေးကြွပါ၊ မင်းငါနဲ့ဝေးလေကောင်းလေပဲ၊ မင်းလို မယ်သီလရှင်တစ်ယောက် ငါ့ရှေ့မှာရပ်နေရင် ထင်ပေါကို တိုက်တောင်မတိုက်ရဘဲနဲ့ ရှုံးမှာသေချာတယ်၊ မြေကြီး လက်ခတ်မလွဲ ရှုံးမှာပဲ' လို့ပြောလိုက်တာပဲ ...."

“အဲဒီလိုလဲပြောပြီးရော ထင်ပေါ်ကို စကားပြောချိန်မပေးတော့ဘဲ စပြီးတိုက်ခိုက်တော့တာပဲ၊ ထင်ပေါ်က ဓားတစ်ချက်ပြန်ထုတ်လိုက်တယ်၊ ရယ်ပြီးတော့ ‘တကယ့်လူပဲ၊ တကယ့်ကိုချီးကျူးတယ်ကွာ၊ မင်းက ဒီ မယ်သီလရှင်လေး ထွက်ပြေးနိုင်အောင် ဒီလောက်ခက်ခက်ခဲခဲ စဉ်းစားခဲ့တာကိုး၊ မင်းကတော့ တကယ့် မေတ္တာရှင်ပဲ၊ ဒီမယ်သီလရှင်လေး လွတ်မြောက်ဖို့အခွင့်အရေးကို မင်းရဲ့အသက်နဲ့ လဲနေတာပဲ၊ အဲဒါကြောင့်ပေါ့ကွာ၊ ဘယ်လူကြီး လူကောင်းသိုင်းပညာရှင်ကြီးတစ်ယောက်ယောက်က သူတစ်ပါးအတွက် အသက်စွန့်ပြီး ကူညီဖူးသလဲ၊ ချီးကျူးတယ်၊ မင်းကို ငါတကယ် ချီးကျူးတယ်’ လို့ပြောတော့မှ ကျွန်မလည်းသဘောပေါက်တော့တယ်”

“အစ်ကိုကြီးက အခုလို ယှဉ်ပြိုင်ဖို့ မဟုတ်မဟတ်တွေပြောလိုက်၊ ထင်ပေါ်ကို စကားနာထိုးလိုက် လုပ်နေတာတွေဟာ ကျွန်မ လွတ်လွတ်ကျွတ်ကျွတ်ထွက်ပြေးခွင့်ရအောင် ဖန်တီးပေးနေတာကို၊ ထင်ပေါ်က ခုံပေါ်က မထရတော့ ကျွန်မကို ဘယ်လိုက်ဖမ်းနိုင်တော့မလဲ”

လူအားလုံးသည် ရီလင်၏စကားများကို အသက်ပင်မရှုနိုင်တော့သည်အထိ စိတ်ဝင်တစား နားထောင်မိကြတော့သည်။ လင့်ဟူချုံး၏ တခ်နုပ္ပတ္တိဉာဏ်နှင့် ထင်ပေါ်အဖို့ ဆုပ်လည်းစူး၊ စားလည်းရူးဖြစ်စေရန် ဖန်တီးလိုက် သည့် ပရိယာယ်ကိုလည်း ကြိတ်၍ချီးမွမ်းမိလိုက်ကြသည်။ လင့်ဟူချုံးသည် ထင်ပေါ်ထက် သိုင်းပညာ အဆင့် အတန်း နိမ့်ကျသည်ဖြစ်ရာ ဤကဲ့သို့ဉာဏ်မကူလျှင် ရီလင်အဖို့ လွတ်မြောက်ရန် နည်းလမ်း လုံးဝမရှိနိုင်ပေ။

ထိုအခါ တင့်ရီမယ်သီလရှင်ကြီးက ....

“လင့်ဟူချုံးက ဒီလောက် အကွက်ထွင်ပေးနေမှတော့ ညည်းက ချက်ချင်းထွက်မပြေးဘူးလား၊ တကယ်လို့ လင့်ဟူချုံး ရှုံးသွားရင် ထင်ပေါ်က ညည်းနောက်ကို လိုက်လာမှာ အသေအချာပဲ ....”

ရီလင်က ...

“အစ်ကိုကြီးက ကျွန်မကို အထပ်ထပ်ပြောနေတော့ ကျွန်မလည်း အစ်ကိုကြီးကို ရှိခိုးပြီး ပြောလိုက်တယ်၊ ‘အစ်ကိုကြီး လင့်ဟူချုံးရဲ့ ကျေးဇူးကို ကျွန်မ တစ်သက်လုံး မမေ့ပါဘူး’ လို့ ကျွန်မ အဲဒီလို ရှိခိုးပြီးတာနဲ့ လှေကားပေါ်က ဆင်းပြေးလာခဲ့တာပဲ၊ အဲဒီအချိန်မှာ အစ်ကိုကြီးရဲ့အော်သံတစ်ချက်ကို ကြားလိုက်ရတယ်၊ ကျွန်မက လမ်းခုလတ်က လှည့်ကြည့်လိုက်တော့ အစ်ကိုကြီးရဲ့ပခုံးမှာ ဓားဒဏ်ရာတစ်ချက် ရသွားတာကို တွေ့လိုက်ရတယ်”

“ထင်ပေါ်က ရယ်ပြီးပြောနေတယ်၊ ‘ဘယ်လိုလဲ လင့်ဟူချုံး မင်းရဲ့ အထိုင်ဓားသိုင်းက ငါ့ထက်အများကြီး ပိုကောင်းတယ်ဆို၊ ခုတော့ ဘာဖြစ်လို့ဒီလောက်တောင် ချာနေရတာလဲ’ တဲ့၊ အဲဒီတော့ အစ်ကိုကြီးက ‘ခင်ဗျား မတွေ့ဘူးလား၊ ဟိုမယ်သီလရှင်ရှိနေမှတော့ ကျုပ်ကခင်ဗျားကို ဘယ်လိုလုပ် အနိုင်တိုက်မှာလဲ’ တဲ့ ...”

“အဲဒီစကားလည်းကြားရော ကျွန်မလည်းတစ်ခါတည်း ဆင်းပြေးတော့တာပဲ၊ နို့မို့ရင် အစ်ကိုကြီးက ကျွန်မကိုစိတ်ဆိုးသွားမယ်မဟုတ်လား၊ ဓားခုတ်သံတွေကတော့ အဆက်မပြတ်ကြားနေရတုန်းပဲ၊ အဲဒီအချိန်မှာ အစ်ကိုကြီးရဲ့ အော်သံတစ်ချက် ကြားလိုက်ရပြန်တာနဲ့ အစ်ကိုကြီးတော့ ဓားတစ်ချက်ထိပြန်ပြီလို့ သိလိုက်ရတယ်၊ ကျွန်မ အစ်ကိုကြီး အတွက်သိပ်စိုးရိမ်သွားတာနဲ့ သူတို့ဆီတော့ ပြန်မသွားဘူး၊ ဒါပေမယ့် ဆိုင်ဘေးကနေ ခေါင်မိုးပေါ် တွယ်တက်လိုက်တယ်၊ အုတ်ကြွပ်တစ်ခုကိုခွာပြီး အပေါ်ကနေ ချောင်းကြည့်လိုက်တယ်၊ အဲဒီအချိန်မှာ အစ်ကိုကြီး ဟာ ထင်ပေါ်ရဲ့ ဓားချက်တွေကို အပြင်းအထန် ခုခံနေရတာတွေ့ရတယ်၊ အစ်ကိုကြီးရဲ့ ခန္ဓာကိုယ်တစ်ခုလုံးလည်း သွေးတွေချည်းပဲ၊ ထင်ပေါ်ရဲ့ ကိုယ်ပေါ်မှာတော့ ဒဏ်ရာတစ်ချက်မှမရဘူး ....”

“နောက်ထပ် အတော်ကြာကြာတိုက်ခိုက်လိုက်တော့ အစ်ကိုကြီးက တစ်ခါအော်လိုက်တယ်၊ ထင်ပေါ်ရဲ့ဓားက အစ်ကိုကြီးရဲ့ ဘယ်ဘက်ပခုံးကို ခုတ်မိသွားတာကိုး၊ ထင်ပေါ်က သူ့ဓားကို ပြန်ရုတ်သိမ်းလိုက်တယ်၊ နောက်ပြီး ရယ်ပြီးပြောလိုက်တယ်၊ ‘လင့်ဟူချုံး ငါဒီတစ်ချက် မင်းကိုညှာလိုက်တာနော်’တဲ့၊ အစ်ကိုကြီးကလည်း ရယ်ပြီးပြန် ပြောတာပဲ၊ ဒဏ်ရာတွေ ဒီလောက်ရနေတာတောင် ရယ်နိုင်သေးတယ် ‘ကျုပ်သိတာပေါ့၊ နို့မို့ရင် ကျုပ်လက်မောင်း တစ်ဖက်ပြတ်ပြီ’ လို့ ပြန်ပြောတယ်၊ ထင်ပေါ်က ‘ကဲ မင်းဆက်ပြီး တိုက်ရဲသေးရဲ့လား’ တဲ့၊ အစ်ကိုကြီး လင့်ဟူချုံးကအလျှော့မပေးဘူး၊ ‘တိုက်မှာပေါ့ဗျ၊ ဘာဖြစ်လို့မတိုက်ရဲရမှာလဲ၊ ကျုပ်မတတ်တတ်မှမရပ်သေးတာ’ တဲ့ ....”

"ထင်ပေါက‌ပြောတယ်၊ သူ့လေသံက ဖျောင်းဖျောင်းဖျဖျနဲ့ သူငယ်ချင်းတစ်ယောက်ကို ပြောနေတဲ့ပုံမျိုးပဲ၊ 'လင့်ဟူချုံး မင်းအရှုံးပေးလိုက်စမ်းပါ၊ မတ်တတ်ရပ်လိုက်စမ်းပါ၊ ငါတို့ စောစောကပြောတဲ့စကားကို ငါတို့ ပြန်ရုပ်သိမ်းလိုက်မယ်၊ မင်းလည်း မယ်သီလရှင်လေးရဲ့ တပည့်လုပ်စရာမလိုတော့ဘူး' လို့အစ်ကိုကြီးကိုပြောနေတယ် ..."

"အစ်ကိုကြီးကတော့ တစ်စက်မှ အလျှော့မပေးဘူး၊ 'ယောကျာ်းစကားဆိုတာ ထွက်ပြီးတဲ့ ဆင်စွယ်လိုပဲ၊ ဘယ်တော့မှ ပြန်ဝင်တယ်လို့မရှိဘူး၊ ပြောပြီးရင်ပြန်ရုပ်သိမ်းလို့မရတော့ဘူး'လို့ပြောတယ်၊ ထင်ပေါ်ရဲ့မျက်နှာက တကယ့်ကို အံ့သြနေတဲ့မျက်နှာဖြစ်နေတယ်၊သူက "လင့်ဟူချုံး မင်းလိုလူစားမျိုးတော့ ငါတစ်ခါပဲ တွေ့ဖူးတော့တယ်၊ ငါ့စိတ်ထင်တော့ မင်းလိုလူစားမျိုး ဒီလောကမှာ ရှိလိမ့်မယ်လို့ တစ်ခါမှမထင်ခဲ့ဘူး၊ လင့်ဟူချုံး ငါတို့နှစ်ယောက် စလုံး အရှုံးအနိုင်မရှိဘူး၊ ကျေအေးကြစို့' လို့ပြောတယ် ..."

"အစ်ကိုလင့်ဟူချုံးက ထင်ပေါ်ကို ပြုံးပြီးကြည့်လိုက်တယ်၊ စကားတော့ တစ်လုံးမှ ထွက်မလာဘူး၊ ဒါပေမယ့် သူ့ကိုယ်ပေါ်မှာရထားတဲ့ဒဏ်ရာကသွေးတွေကတော့ တစ်စက်စက်ကျနေတာပဲ၊ ထင်ပေါ်ဟာဓားကိုချပြီး မတ်တပ်ရပ်မလို လုပ်လိုက်တယ်၊ ဒါပေမယ့် သူရုတ်တရက်သတိရပြီး ပြန်ထိုင်လိုက်တယ်၊ ထင်ပေါ်ရဲ့ အမူအရာတွေကိုကြည့်ပြီး အစ်ကိုကြီးလင့်ဟူချုံးက နှစ်နှစ်ခြိုက်ခြိုက်ပြုံးပြီးပြောလိုက်တယ်၊ 'နောင်ကြီးထင်ပေါ် တော်တော်လေးပါးနပ်တာကိုး' လို့ပြောတယ် ... "

သိုင်းဆရာကြီးများနှင့်တကွ ခန်းမအတွင်းရှိ လူအားလုံး ဟင်းခနဲ သက်ပြင်းချလိုက်မိကြသည်။ လင့်ဟူချုံး ၏ အကျဉ်းအကျပ်အတွက် သူတို့ပင်မွန်းကျပ်သကဲ့သို့ခံစားမိကြ၏။

ရီလင်ကဆက်၍ ....

"ထင်ပေါ်က ဓားကိုပြန်ကောက်ယူပြီးပြောတယ်၊ 'အေး ဒီတစ်ခါတော့ မင်းကို လက်စတုံးတိုက်ရတော့မှာပဲ၊ တော်ကြာ ဟိုမယ်သီလရှင်လေးထွက်ပြေးသွားရင် ငါရာလို့တွေ့နိုင်တော့မှာမဟုတ်ဘူး' တဲ့၊ အဲဒီစကားလည်းကြား ရော ကျွန်မလည်း ကြောက်လို့ တစ်ကိုယ်လုံးတုန်နေမိတာပဲ၊ အစ်ကိုကြီး လင့်ဟူချုံးအတွက်လည်း စိတ်ပူတယ်၊ ကျွန်မတစ်ခုတော့ စဉ်းစားမိတယ်၊ အစ်ကိုကြီးက ထင်ပေါ်နဲ့အခုလို တိုက်ခိုက်နေတာဟာ ကျွန်မကိုကယ်ဖို့ပဲ၊ ကျွန်မသာ သူတို့ရှေ့မှာသတ်သေပြလိုက်ရင် အစ်ကိုကြီးလည်း သေစရာမလိုတော့ဘူး၊ ဒါနဲ့ ကျွန်မလည်း ဓားကျိုးကို ဆွဲထုတ်ပြီး အရက်ဆိုင်ထဲ ပြန်ခုန်ဆင်းမလို့လုပ်လိုက်တယ် ...."

"အဲဒီအချိန်မှာ အစ်ကိုကြီးဟာ တစ်ချက်ယိုင်သွားတယ်၊ လူရောခုံပါ မှောက်ကျသွားတော့တာပဲ၊ ဒါပေမယ့် သူ့လက်နှစ်ဘက်ကတော့ ကြမ်းပြင်ပေါ်မှာထောက်ထားတယ်၊ ခုံကသူ့ကိုယ်ပေါ်မှာပိနေတယ်၊ သူ့ဒဏ်ရာတွေက တော်တော် ပြင်းထန်နေတော့ ပြန်မထနိုင်ဘဲ ဖြစ်နေပုံရတယ် ...."

"အဲဒီအခါမှာ ထင်ပေါ်က တဟားဟား ရယ်ပြီးပြောတော့တာပဲ၊ 'ဟေ့ လင့်ဟူချုံး မင်းရဲ့ 'အထိုင်ဓားသိုင်း' က နောက်ဆုံးတော့ မှောက်ပြီးတိုက်ခိုက်တဲ့ 'မှောက်လျက်လဲဓားသိုင်း' ဖြစ်သွားပါကလားကွ ဟားဟားဟား' လို့ပြောပြီး ရယ်ရင်း မတ်တတ်ရပ်လိုက်တယ်"

"အဲဒီအချိန်မှာ အစ်ကိုကြီးကလည်း တဟားဟားနဲ့ ရယ်တော့တာပဲ၊ ဒီလောက် ဒဏ်ရာတွေရထားလျက်က ရယ်နိုင်တာ ဘယ်လောက်အံ့သြဖို့ကောင်းသလဲ၊ အစ်ကိုကြီးက တစ်ခွန်းပဲပြောတယ်၊ 'ခင်ဗျား ကျုပ်ကိုရှုံးပြီ' တဲ့၊ ထင်ပေါ်ကလည်း ရယ်ပြီးပြန်ပြောတယ်၊ 'မင်းက မရှုမလှ ရှုံးနေတာတောင် ငါ့ကို ရှုံးတယ်လို့များပြောရသလားကွ၊ မင်းရူးများနေသလား'တဲ့၊ အစ်ကိုကြီးလင့်ဟူချုံးက မြေကြီးပေါ်ကို လက်နှစ်ဖက်နဲ့ ထောက်ထားလျက် ပုံစံကြီး နဲ့ပြန်ပြောတယ်၊ 'ကျုပ်တို့ ဘယ်လို ကတိထားစည်းမျဉ်းဆွဲခဲ့ကြသလဲ' လို့ ပြန်မေးတယ်၊ အဲဒီတော့ ထင်ပေါ်က 'ငါတို့ပြောထားတာက ခုံပေါ်ကနေမတ်တတ်ရပ်လိုက်ရင်၊ မတ်တတ်ရပ်လိုက်ရင်' ထင်ပေါ် စကားဆက်မပြောနိုင် တော့ဘူး၊ အစ်ကိုကြီးကလည်း လဲကျသွားပေမယ့် ခုံက သူ့ပေါ်မှာရှိလျက်ပဲ၊ ခုံနဲ့မကွာသေးဘူး၊ နောက်ပြီး သူက ထရပ်လိုက်တာလည်းမဟုတ်ဘူး၊ အစ်ကိုကြီးက ပုံပျက်ပန်းပျက်ကြီးရှိနေပေမယ့် ကတိအတိုင်းဆိုရင်တော့ အစ်ကိုကြီး က နိုင်သွားပြီ"

ရီလင်ပြောပြသည့် ဤအပိုင်းသို့ရောက်ရှိလာသောအခါ လူအားလုံးလိုလို လက်ခုပ်တီး၍ သြဘာပေးကြတော့၏။ ချင်းချန်ဂိုဏ်းမှ ဂိုဏ်းချုပ်ကြီးရီချန်းတစ်ယောက်သာ နှာခေါင်းရှုံ့လိုက်ပြီး ....

"ဒီလို အောက်တန်းကျတဲ့နည်းကို သုံးတာက ငါတို့အထက်လမ်း သိုင်းဂိုဏ်းကြီးတွေရဲ့ ဂုဏ်သိက္ခာကို ကျဆင်းထိခိုက်နိုင်တယ်"

တင့်ရှီမယ်သီလရှင်ကြီးက ဒေါသသံဖြင့် ...

"ဘာ... အောက်တန်းကျတာလဲ.... ယောကျ်ားဆိုတာ အကျဉ်းအကျပ်ထဲမှာ လက်ရုံးရည်ရော၊ နှလုံးရည်ပါ ရှိမှ ယောကျ်ားပီသတာ၊ ရှင်တို့ ချင်းချန်ဂိုဏ်းမှာ ဒီလို သူရဲကောင်းမျိုးရှိလို့လား ...." ဟုမေးလိုက်၏။

ဤစကားကို တင့်ရှီမယ်သီလရှင်ကြီးသည် သူ၏အသည်းနှလုံးမှ ထွက်ပေါ်လာသည့်အတိုင်း ပြောလိုက်ခြင်းသာဖြစ်၏။ ရီလင်၏ပြောပြချက်အရ လင့်ဟူချုံးသည် သူ၏အသက်ကိုစွန့်၍ ဟန်ဆန်းဂိုဏ်း၏ ဂုဏ်သိက္ခာကို ကာကွယ်စောင့်ရှောက်ခဲ့ကြောင်း သိရှိလိုက်ရသောအခါတွင် လင့်ဟူချုံးအပေါ် ဒေါသထွက် စိတ်ဆိုးခဲ့ရသည်များ အားလုံးကျေပျက်လွင့်ပျောက်သွားတော့၏။

ဖြောင့်စင်းသော သစ်ပင်များ၌ ကွေ့ကောက်သော အမြစ်များရှိသည်ဟူသော စကားအတိုင်းပင် လင့်ဟူချုံး ၏ ကြီးမားကျယ်ပြန့်၍ စဉ်းစားဆင်ခြင်တတ်သော ဦးနှောက်၊ ကြင်နာတတ်သော အသည်းနှလုံးနှင့် သူတစ်ပါး အတွက် အသက်စွန့်၍ကူညီတတ်သော မွန်မြတ်သည့် သူရဲကောင်းစိတ်ဓာတ်တို့သည် ဖြောင့်စင်းသော သစ်ပင် ပင်စည်ကြီးနှင့်တူပြီး၊ ကယ်တင်နိုင်သည့်နည်းလမ်းကိုရှာနိုင်သည့် တစ်နပ်စားဉာဏ်နှင့် ပရိယာယ်ဝေဝုစ်များသည် ထိုသစ်ပင်ကြီး၏ ကွေ့ကောက်သော အမြစ်များနှင့် တူနေသည်မဟုတ်ပါလား။

လျှိုကျက်ဖုန်းသည် တင့်ရှီမယ်သီလရှင်ကြီးနှင့် ရီချန်းတို့ စကားအချေအတင်ဖြစ်ပြီး ရန်ပွဲ ဖြစ်လာမည်ကို စိုးရိမ်သဖြင့် ကမန်းကတမ်း စကားဝင်ဖြတ်သည်။ လျှိုကျက်ဖုန်းက ရီလင်အား ....

"ဆရာလေး ထင်ပေါက အရှုံးပေးရဲ့လား ...."

ရီလင်က ...

"ထင်ပေါလည်း ငေးကြောင်ပြီး ရပ်နေတော့တာပဲ... ဘာလုပ်လို့လုပ်ရမှန်းတောင် မသိဘူးဖြစ်နေပုံရတယ်၊ အစ်ကိုကြီးလင့်ဟူချုံးက အော်ပြီးပြောလိုက်တယ်၊ 'ဟန်ဆန်းဂိုဏ်းက မယ်သီလရှင်လေး ဆင်းခဲ့ပါတော့ ခင်ဗျားမှာ တပည့်တစ်ယောက်ရသွားတာကို ဂုဏ်ပြုပါတယ်' လို့ ကျွန်မကိုအော်ခေါ်တာပဲ၊ လက်စသတ်တော့ အစ်ကိုကြီး ကျွန်မအပေါ်ကချောင်းကြည့်နေတာကို အစောကြီးကတည်းက သိနေနှင့်တာကို၊ ထင်ပေါဆိုတဲ့လူကြီးဟာ ဒီ့ပြင်နေရာတွေမှာဆိုးပေမယ့် ကတိကတော့ တကယ်တည်တယ်၊ အဲဒီအချိန်မှာ အစ်ကိုကြီးကို ဓားနဲ့တစ်ချက်ခုတ်သတ်ပြီး ကျွန်မကိုဖမ်းလိုက်ရင်ရတာပဲ၊ သူ့လိုလူမျိုး ကတိမတည်လို့ ဘယ်သူက ကဲ့ရဲ့မှာလဲ၊ ဒါပေမယ့် အဲဒီလိုမလုပ်ပါဘူး၊ စကားတစ်ခွန်းတော့ပြောတယ်၊ 'မယ်သီလရှင်လေး နောက်တစ်ခါမင်းကိုငါလာတွေ့ခဲ့ရင်၊ ငါက တစ်ချက်တည်းနဲ့ ခုတ်သတ်ပစ်မယ်' တဲ့ ကျွန်မလည်း ဒီလိုတပည့်မျိုးတော့ ဘယ်လိုချင်ပါ့မလဲ"

"ထင်ပေါဒီလိုပြောတာကိုပဲ ကျွန်မကဝမ်းသာလှပါပြီ၊ ထင်ပေါဟာ သူ့ဓားကို ဓားအိမ်ထဲပြန်ထည့်ပြီး အရက် ဆိုင်ထဲက ထွက်သွားတော့တာပဲ၊ ဒီတော့မှ ကျွန်မလည်း အရက်ဆိုင်ထဲ ပြန်ဝင်ပြီး၊ အစ်ကိုကြီး လင့်ဟူချုံးကို မထူ ပေးလိုက်ရတယ်၊ အစ်ကိုကြီးရဲ့ တစ်ကိုယ်လုံးမှာ ဓားဒဏ်ရာ ဆယ့်သုံးချက်တောင်ရှိတယ်၊ ကျွန်မလည်း ကျွန်မတို့ ဟန်ဆန်းဂိုဏ်းရဲ့ သိပ်ပြီးအစွမ်းထက်တဲ့ အသားကပ်အရိုးဆက်ဆေးကိုထုတ်ပြီး၊ အားလုံးလိမ်းပေးလိုက်တယ်"

ရီလင်သည် စကားကို ခဏရပ်နားလိုက်ပြီးမှ ဆက်ပြောသည်။

"အဲဒီအချိန်မှာ လူနှစ်ယောက် လှေကားပေါ်တက်လာကြတယ်၊ နှစ်ယောက်စလုံး ချင်းချန်ဂိုဏ်းကပဲ၊ တစ်ယောက်က ဟိုလူကြီးလိုလင်ပဲ၊ သူက ကျွန်မကိုကြည့်လိုက်၊ အစ်ကိုကြီးကိုကြည့်လိုက်နဲ့ သူကြည့်ပုံဟာ ... အင်မတန်ရိုင်းစိုင်းတယ်၊ အကြည့်ခံရတဲ့လူတွေအဖို့ အင်မတန် နိမ့်ကျတဲ့ အပြုအမူတွေ ကျူးလွန်ခဲ့တဲ့ လူတွေလို ဖြစ်သွားတယ် ...."

ရီလင်၏စကားကို အားလုံးသဘောပေါက်ကြသည်။ ယခုကဲ့သို့သော အရက်ဆိုင်ကြီးတွင် မယ်သီလရှင်လေး တစ်ပါးနှင့် တစ်ကိုယ်လုံး ဒဏ်ရာရထားသောလူတစ်ယောက်တို့ အတူရှိနေသည်မှာ အလွန်တရာ ထူးဆန်းသော မြင်ကွင်းဖြစ်နိုင်ပြီး မဖွယ်မရာအတွေးမျိုးလည်း တွေးစေနိုင်ပေသည်။

ရီလင်က ....

"အစ်ကိုကြီးက လိုလင်ဆိုတဲ့လူကိုကြည့်ပြီး၊ ကျွန်မကို ရုတ်တရက် မေးလိုက်တယ်၊ 'မင်း ချင်းချန်ဂိုဏ်းရဲ့ အကောင်းဆုံးသိုင်းပညာကို သိသလား'တဲ့၊ ကျွန်မလည်း မသိဘူးလို့ ပြောလိုက်တယ်။ အစ်ကိုကြီးက ရယ်ရင်း 'မပြောတာပဲကောင်းပါတယ်ကွာ၊ တော်တော်ကြာ တစ်ယောက်နဲ့တစ်ယောက် မျက်နှာပျက်နေကြရင် မကောင်းပါဘူး' လို့ ပြောတယ်၊ အစ်ကိုကြီးကပြောပြီး လိုလင်ကို လှမ်းကြည့်လိုက်တယ်၊ လိုလင်က ချက်ချင်းပဲ အနားရောက် လာပြီး၊ 'ဘာလဲ ပြောစမ်း' လို့မာကျောကျောနဲ့ လာမေးတယ် ...."

"အစ်ကိုကြီးကရယ်ပြီး 'ကျုပ်မပြောချင်ဘူးနော်၊ ခင်ဗျားပြောခိုင်းတဲ့နောက်တော့၊ မပြောရင် မကောင်းလို့ ပြောရတော့မှာပေါ့၊ ဟိုတစ်ကွက်လေဗျာ၊ ဖင်မိုးမျှော်သိုင်းကွက်လေ' လို့ ပြောတယ်"

"လိုလင်က ခုံကို လက်ဝါးနဲ့တစ်ချက်ရိုက်လိုက်ပြီး ဒေါသနဲ့ အော်တော့တာပဲ၊ 'ဘာဖင်မိုးမျှော်သိုင်းကွက်လဲ' တဲ့၊ အစ်ကိုကြီးကလည်း ရယ်ပြီးတော့ပြောတယ်၊ 'ဘာလဲ ခင်ဗျားသိချင်လို့လား၊ သိချင်ရင် ဟိုဘက်လှည့်၊ ကျုပ်ပြမယ်' လို့ပြောတယ်၊ အစ်ကိုကြီးက သူ့ကိုရန်စနေတာကို သိသွားတယ်၊ အစ်ကိုကြီးကလည်း သူ့ကို ရိုင်းရိုင်း စိုင်းစိုင်း ကြည့်နေတာတွေ့လို့ တမင်ရန်စလိုက်တာ၊ လိုလင်က အစ်ကိုကြီးကို လက်သီးနဲ့တစ်ချက်ထိုးလိုက်တယ်၊ အစ်ကိုကြီးက ရှောင်ဖို့ကြိုးစားပါတယ်၊ ဒဏ်ရာရထားတဲ့သူဆိုတော့ လွတ်အောင်မရှောင်နိုင်ဘူး၊ ခေါင်းမှာ တစ်ချက် အထိုးခံ လိုက်ရတယ်၊ သွေးတွေဖြာခနဲ ကျလာတာပဲ ...."

"လိုလင်က နောက်ထပ်ထပ်ထိုးတယ်၊ အဲဒီအချိန်မှာ ကျွန်မကကြားဝင်ပြီး 'မထိုးပါနဲ့၊ သူ့မှာဒဏ်ရာတွေ ဒီလောက်များနေတာ ရှင်မတွေ့ဘူးလား၊ ဒီလောက်ဒဏ်ရာရထားတဲ့လူကို ထိုးနေတာ မရှက်ဘူးလား' လို့ ကျွန်မက မေးလိုက်တော့ လိုလင်က ရှက်ရမ်းရမ်းပြီး ကျွန်မကိုဆဲတော့တာပဲ၊ 'ဒီမယ်သီလရှင်လေးက ဒီကောင်ရုပ်ချောတာကို တွေ့ပြီး သဘောကျနေပြီထင်တယ်၊ ဘေးဖယ်စမ်း မဖယ်ရင် မင်းပါးကိုရိုက်ပစ်လိုက်မယ်' လို့ပြောတယ် ...."

"ကျွန်မက 'ရှင်ရိုက်ရဲရင်ရိုက်ကြည့်၊ ရှင်တို့ဆရာကြီး ရီချန်းကိုတိုင်မယ်' လို့ပြောတော့ သူက တဟားဟား ရယ်ပြီး 'မင်းကစည်းပျက်ကမ်းပျက် သိက္ခာပျက်နေတဲ့ မယ်သီလရှင်ပဲ၊ ဒီလိုမယ်သီလရှင်မျိုးကို ဘယ်သူမဆို ရိုက်နိုင်တယ်' လို့ပြောပြီး ကျွန်မကို ဘယ်ဘက်လက်နဲ့လှမ်းဆွဲတယ်၊ ကျွန်မကကာလိုက်တော့ သူ့ညာဘက်လက်က ကျွန်မပါးကိုဆွဲလိမ်တယ်၊ ပြီးတော့ ဟားတိုက်ရယ်လိုက်သေးတယ်၊ ကျွန်မကလည်း ဒေါသဖြစ်ဖြစ်နဲ့ သူ့ကို သုံးချက်စလုံး ပြန်တိုက်ခိုက်လိုက်တယ်၊ သုံးချက်စလုံး ရှောင်ထွက်သွားတာပဲ ...."

"အဲဒီအချိန်မှာ အစ်ကိုကြီးလင့်ဟုချုံးကလှမ်းပြောတယ်၊ 'ညီမလေး သူနဲ့မတိုက်နဲ့၊ ငါဒီမှာသုံးလေးခါလောက် အသက်ရှူလိုက်ရရင် သူ့ကိုငါတိုက်မယ်' တဲ့၊ ကျွန်မလည်း နောက်ကို လှမ်းကြည့်လိုက်တယ်၊ အစ်ကိုကြီး လင့်ဟုချုံးရဲ့မျက်နှာမှာ သွေးလုံးဝမရှိဘူး၊ လိုလင်က အစ်ကိုကြီးရဲ့စကားကိုလည်းကြားရော အစ်ကိုကြီးဆီကို ချက် ချင်း ပြေးသွားတော့တာပဲ၊ အစ်ကိုကြီးကို ထိုးမယ်ပေါ့လေ၊ ဒါပေမယ့် အစ်ကိုကြီးက လိုလင်ရဲ့တင်ပါးကို ထိထိမိမိကြီး ပိတ်ကန်လိုက်တယ်၊ အဲဒီခြေထောက်ကန်ပုံက မြန်လည်းမြန်တယ် ထိထိမိမိ လည်းရှိတယ်၊လိုလင်ဟာ တစ်ချက်တည်းနဲ့ လှေကားပေါ်က ကျွမ်းထိုးမှောက်ခုံကျသွားတော့တာပဲ၊ အစ်ကိုကြီးက ဒဏ်ရာတွေ သိပ်ပြင်းထန်နေ တော့ အသံသိပ်မထွက်နိုင်ဘူး၊ အသံတိုးတိုးနဲ့ပြောတယ်၊ အဲဒါ သူတို့ချင်းချန်ဂိုဏ်းရဲ့ အတော်ဆုံး၊ အကောင်းဆုံး သိုင်းကွက်ပဲ၊ ဖင်မိုးမျှော်သိုင်းကွက်လို့ခေါ်တယ်၊ မလှဘူးလားတဲ့၊ ကျွန်မက ဒီစကားကိုကြားတော့ ရယ်ချင်တယ်၊ ဒါပေမယ့် မရယ်မိပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ အစ်ကိုကြီးရဲ့ မျက်နှာဟာ ဒဏ်ရာဝေဒနာတွေကို ခံစားလာရတော့ နာကျင်လာဟန်တူတယ်၊ တဖြည်းဖြည်းနဲ့ကြည့်ရဆိုးလာတယ်၊ ကျွန်မလည်း သိပ်စိတ်ပူမိတာပဲ၊ ကျွန်မက အစ်ကိုကြီးကို ခဏအနားယူဖို့ပြောတယ်၊ အစ်ကိုကြီးက လိုလင့်ကို ကန်လိုက်တုန်းက ဒဏ်ရာတွေအနာခံပြီး ကန်လိုက်ရတာဆိုတော့

သွေးတွေစီးကျလာပြန်ရော၊ အဲဒီအချိန်မှာ လိုလင်က အပေါ်ထပ်ကို ပြေးတက်လာတယ်၊ ဒီတစ်ခါတော့ သူ့လက်ထဲမှာ ဓားကိုင်ထားတယ်၊ သူက အော်ပြီးမေးတော့တာပဲ၊ ‘မင်း မင်း ဝါဆန်းဂိုဏ်းက လင့်ဟူချုံးလား’ တဲ့၊ အစ်ကိုကြီးက ရယ်ပြီးပြောတယ်၊ ‘ခင်ဗျားတို့ဂိုဏ်းကလူတွေ ကျုပ်ရှေ့မှာ ဖင်မိုးမျှော်သိုင်းကွက် ပြတာ ခင်ဗျားပါဆိုရင် သုံးယောက်တောင်ရှိနေပြီ’ လို့ပြောပြီး အစ်ကိုကြီးက ချောင်းတဟွပ်ဟွပ်ဆိုးနေတယ်၊ ကျွန်မက လိုလင်ဒုက္ခပေးမှာ ကြောက်နေတာနဲ့ ဓားကိုဆွဲထုတ်ပြီး အစ်ကိုကြီးဘေးမှာ ကာကွယ်ပေးထားတယ်”

“လိုလင်က သူ့အဖော်ကို လှမ်းခေါ်တယ်.... ‘ညီလေး မင်း ဟိုမယ်သီလရှင်ကို ထိန်းထားလိုက်စမ်း’ လို့ ပြောလိုက်တာနဲ့ လိုလင်ရဲ့အဖော်က ကျွန်မကိုတိုက်ခိုက်တော့တာပဲ၊ ကျွန်မလည်း ပြန်ပြီးခုခံရတာပေါ့၊ ဋ္ဌလင်က တော့ အစ်ကိုကြီးကိုတိုက်ခိုက်တယ်၊ သုံးလေးကွက်လောက်ပဲ တိုက်ရသေးတယ် အစ်ကိုကြီးရဲ့ဓား လွတ်ကျသွား တော့တာပဲ၊ လိုလင်က သူ့ဓားနဲ့အစ်ကိုကြီးရဲ့ရင်ဝကို ထောက်ထားလိုက်တယ်၊ လိုလင်က ရယ်ပြီးပြောတယ် ....”

“လင့်ဟူချုံး မင်းငါ့ကို အဖေကြီးလို့ သုံးခွန်းခေါ်စမ်း အဲဒီလိုခေါ်ရင် မင်းရဲ့အသက်ကို ချမ်းသာပေးမယ်’ လို့ပြောတယ်၊ အစ်ကိုကြီးက တကယ့်လူပဲ၊ ဒဏ်ရာတွေ ဒီလောက်ရနေတဲ့ ကြားကရယ်ပြီး ....

‘လိမ္မာလိုက်တဲ့ ငါ့သားလေးရယ်’ လို့ပြောလိုက်ရော လိုလင်က သူ့ဓားနဲ့ အစ်ကိုကြီးကို ထိုးစိုက်တော့တာပဲ၊ ဒီလူဆိုးဟာ သိပ်ရက်စက်တာပဲ၊ အစ်ကိုကြီးဟာ သူ့လို ဒေါင်ဒေါင်မြည်တဲ့လူမဟုတ်ဘူး၊ တစ်ကိုယ်လုံးမှာ ဒဏ်ရာ တွေနဲ့”

ရီလင်သည် ပြောရင်း ငိုရှိုက်နေတော့၏။ သူမသည် ရှိုက်သံနှင့်

“ကျွန်မ... ကျွန်မ... ဝင်ကယ်ဖို့ ကြိုးစားပါသေးတယ်... ဒါပေမယ့် ဓားက အစ်ကိုကြီးရဲ့ရင်ဘတ် ရင်ဘတ် ထဲကို ထိုးလိုက်ပြီးနေပြီ ....” ဟု ပြောတော့သည်။

လင့်ဟူချုံး၏ ကြေကွဲဖွယ်ရာ ဇာတ်သိမ်းခန်းကြောင့် တစ်ခန်းလုံး ငြိမ်သက်နေတော့၏။

ချင်းချန်ဂိုဏ်းချုပ်ကြီး ရီချန်းမှာ လူတိုင်းလူတိုင်း၏ မုန်းတီးသောအကြည့်၊ အထင်သေးသော အကြည့်များ၏ဒဏ်ကို ခံနေရတော့၏။ သူသည် မနေတတ်မထိုင်တတ်ဖြစ်နေရာမှ တစ်စုံတစ်ခုကို သတိရသွားပြီး ....

“မင်းရဲ့စကားတွေက ရှေ့နောက် မညီပါလား၊ လိုလင်က လင့်ဟူချုံးကို သတ်တယ်လို့ပြောတယ်၊ အခု လိုလင်က ဘယ့်နှယ် လင့်ဟူချုံးရဲ့ဓားနဲ့ သေနေရတာလဲ၊ ယုတ္တိရှိအောင်လည်း ပြောစမ်းပါဦး” ဟုမေးလိုက်၏။

ရီလင်က ...

“အစ်ကိုကြီးက ဓားထိုးခံလိုက်ရပေမယ့် ချက်ချင်းသေတာမဟုတ်ဘူး၊ ကျွန်မကို အသံတိုးတိုးနဲ့ခေါ်လို့ ကျွန်မက သူ့နားကပ်သွားတယ်၊ သူက အသံတိုးတိုးနဲ့ ‘ညီမလေး ငါ့မှာ လျှို့ဝှက်ချက်တစ်ခုရှိတယ်၊ ငါမသေခင် မင်းကိုပြောပြခဲ့မယ်၊ မင်္ဂလာအာမခံဌာနရဲ့ ဘီလူးမီးဓားသိုင်းကျမ်းစာအုပ်က ဟို... ဟို’ အစ်ကိုကြီးရဲ့အသံက တဖြည်းဖြည်းနဲ့ တိုးလာတယ်၊ နှုတ်ခမ်းလှုပ်နေပေမယ့် အသံက လုံးဝထွက်မလာတော့ဘူး ....”

ရီချန်းသည် ဘီလူးမီးဓားသိုင်းစာအုပ် ဟူသောအသံကို ကြားလိုက်ရသည်နှင့် ထိတ်ခနဲ ဖြစ်သွားတော့သည်၊ ယင်းလျှို့ဝှက်သတင်းကို တကယ်ပင် လင့်ဟူချုံးသိလေသလား၊ လင့်ဟူချုံးက ပြောပြခဲ့ပြီး ရီလင်ကလူပုံအလယ်တွင် ပြောပြလိုက်ပါလျှင် ... ရီချန်းသည် စိုးရိမ်သောကကြောင့် တုန်တုန်လှုပ်လှုပ် ဖြစ်လာတော့၏။

ထိုစဉ် ရီလင်က ....

‘အဲဒီအခါမှာ ‘ဘီလူးမီးဓားသိုင်း’ ဆိုတဲ့ စကားကိုလည်းကြားရော လိုလင်ဟာ အလောတကြီး အစ်ကိုကြီး အနားကပ်လာတော့တာပဲ၊ ခေါင်းငုံ့ပြီး နှုတ်ခမ်းတလှုပ်လှုပ်ဖြစ်နေတဲ့ အစ်ကိုကြီးဆီက သတင်းရဖို့ နားစိုက်ထောင် နေတယ်၊ အဲဒီအချိန်မှာ အစ်ကိုကြီးက သူ့ဓားကိုရုတ်တရက် ကောက်ဆွဲပြီး လိုလင်ရဲ့ ဝမ်းဗိုက်အောက်ကနေ ပင့်ထိုးလိုက်တာပဲ၊ အဲဒီလူဆိုးကြီး တစ်ချက်တည်းအော်နိုင်တယ်၊ တစ်ခါတည်းလဲကျပြီး သေသွားတာပဲ၊ လက်စ သတ်တော့ သူ့ကိုအနားကပ်လာအောင် ပရိယာယ်ဆင်ပြီး အစ်ကိုကြီးက လက်စားချေလိုက်တာကိုး”

ရီလင်သည် ထိုစကားဆုံးသောအခါ ကိုယ်ခန္ဓာပင်ပန်းမှု၊ စိတ်ဝေဒနာပင်ပန်းမှုများကြောင့် ရုတ်ခြည်း လဲကျ မေ့မြော သွားတော့သည်။ တင့်ရီမယ်သီလရှင်ကြီးသည် ရီလင်ကိုပွေ့ပိုက်လိုက်ပြီး ရီချမ်းကို အစိမ်းလိုက် ဝါးစား မတတ် မျက်လုံးများဖြင့် ကြည့်လိုက်၏။

ထိုစဉ် ရုတ်တရက်ပင် 'ခွမ်း ... ချလွမ်း' ဟူသော ပြတင်းပေါက်တံခါးများ ကွဲပျက်ရိုက်ပွင့်သွားပြီး လူနှစ် ယောက် ရှေ့ဆင့်နောက်ဆင့် အခန်းထဲသို့ ပျံဝဲဝင်ရောက်လာကြသည်။ ထိုလူနှစ်ယောက်သည် ကြမ်းပြင်ပေါ်သို့ ရောက်သောအခါ တုံးလုံးပက်လက်ဖြစ်လျက် မလှုပ်မရှားဖြစ်နေကြတော့၏။ သူတို့နှစ်ယောက်၏ တင်ပါးများတွင် ရွှံ့များပေကျံနေသည့်ခြေထောက်ကန်ရာ တစ်ခုစီ တွေ့လိုက်ရ၏။

ပြတင်းပေါက်အပြင်ဘက်မှ အသံတစ်ခုက ....

"အဲဒါ ဖင်မိုးမျှော်သိုင်းကွက်ပဲ ..."

ရီချန်းသည် ချက်ချင်းပင် ပြတင်းပေါက်မှ ခုန်ထွက်လိုက်သည်။ သို့သော် အပြင်ဘက်တွင် လူဟူ၍ အရိပ် အရောင်မျှပင် မတွေ့ရချေ၊ ထို့ကြောင့်ချက်ချင်းပင် ခေါင်မိုးပေါ်သို့ခုန်တက်လိုက်သည်။ သို့သော် တစ်ယောက်မျှ မတွေ့ရချေ။

ရီချန်းက ထိုကိုယ်ပျောက်ရန်သူသည် သာမန်လူတစ်ယောက်မဟုတ်ဘဲ ထိပ်တန်းသိုင်းပညာရှင်ကြီး တစ်ယောက်ဖြစ်ကြောင်း သိလိုက်၏။ အခန်းထဲသို့ ပြန်ဝင်လိုက်ပြီး သူ့တပည့်နှစ်ယောက်၏ အကြောများကို ဖြေပေးလိုက်သည်။

တပည့်တစ်ယောက်က ထစ်ထစ်ငေါ့ငေါ့ဖြင့် ....

"ဆရာ ကျွန်တော်တို့နှစ်ယောက် အပြင်မှာ အပေါ့အပါးသွားနေတုန်း အကြောထိုးပိတ်ခံလိုက်ရတာပဲ၊ ဘယ်သူ့ လက်ချက်မှန်းလည်း ကျွန်တော်တို့လုံးဝမသိလိုက်ဘူး ...."

ရီချန်းသည် မည်သည့်ရန်သူမှန်းမသိဘဲ ဖြစ်နေသဖြင့် ဂိုဏ်းချုပ်ကြီး ထင်မင်းကို တစ်ချက်လှမ်းကြည့်လိုက် ၏။ ထင်မင်းမှာ မည်သူ့ကိုမျှ အရေးမစိုက်ဘဲ ထိုင်မြဲထိုင်နေ၏။

ရီချန်း၏ စိတ်ထဲတွင် ....

"သူတို့က မဟာမိတ်ဖွဲ့ကြတဲ့လူတွေဆိုတော့ လင့်ဟူချုံးကို လိုလင်သတ်တဲ့ကိစ္စနဲ့ပတ်သက်ပြီး ငါ့ကိုမုန်းနေ ကြမှာပဲ' ဟုတွေးမိလိုက်၏။

ရုတ်တရက် သူသတိရလိုက်သည်။

"ရန်သူက အပြင်ဘက်အခန်းထဲမှာ ရှိနိုင်တယ်၊ အခုနေရှာရင် ဖမ်းမိနိုင်သေးတယ်"

ရီချန်းသည် သူ၏တပည့်ကိုခေါ်၍ အပြင်ဘက်ခန်းမသို့ ထွက်လာခဲ့သည်။ ခန်းမထဲရှိ လူအားလုံးသည် စောစောက ရီလင်ပြောသောကိစ္စနှင့်ပက်သက်၍ ဝေဖန်ချက်အမျိုးမျိုး ပေးနေကြသည်။ ထိုစဉ် ထူးထူးခြားခြား အရုပ်ပုနေသည့်ရီချန်းက ခန်းမကြီးတစ်ခုလုံးကို လှည့်ပတ်ကြည့်ရှုနေသည်ကို တွေ့ရသောအခါ အလွန်တရာ အံ့သြ သွားကြတော့၏။

အဘယ့်ကြောင့် ဤသို့လိုက်လံကြည့်ရှုနေသနည်း။ ဝေဖန်နေသူများအဖို့ ပို၍စိတ်ဝင်စားသွားကြသည်။

ရီချန်းကလည်း တစ်ယောက်ချင်း လိုက်လံကြည့်ရှုသည်။

ရုတ်တရက် ရီချန်း၏မျက်လုံးများသည် လူတစ်ယောက်၏ ခန္ဓာကိုယ်ပေါ်သို့ ကျရောက်သွားတော့၏။

ထိုလူ၏ကျောကုန်းတွင် ဘုကြီးတစ်လုံးထွက်လျက်ရှိပြီး မျက်နှာမှာလည်း တွန့်လိမ်နေသည်။ ရီချန်းသည် ထိုလူ၏ ပုံပန်းသဏ္ဍာန်ကို တွေ့ရသောအခါ ရင်ထဲ၌ ထိတ်ခနဲဖြစ်သွားတော့၏။ သူ့စိတ်ထဲတွင် ...

"ငါ့ရန်သူဟာ ဒီလူများလား၊ ဒီလူက မြောက်ပိုင်းနယ်မှာနေတယ်လို့ကြားတာပဲ၊ သူက မြေပြန့်ကို မဆင်း သလောက်ပဲ၊ မြေပြန့်မှာတွေ့ရတယ်လို့လည်း တစ်ခါမှမရှိဘူး၊ အခုမှ ဘာအကြောင်းနဲ့ လျှို့ကျက်ဖုန်းရဲ့ လက်ဆေး

မင်္ဂလာပွဲကို လာရတာလဲ၊ ဟုတ်ပါတယ်၊ ဒီလူပဲဖြစ်မှာပါပဲ၊ ဒီလူလောက် ခါးကုန်းတဲ့လူ၊ ရုပ်ဆိုးတဲ့လူ ဒီလောက မှာ ရှိတာမှမဟုတ်ဘဲ ....”

လူအားလုံးကလည်း ရီချန်း၏မျက်စိရောက်နေသူထံသို့ ဝိုင်းကြည့်လိုက်မိကြ၏။ ထိုအခါ သိထားသူများက တီးတိုးရေရွတ်မိကြတော့သည်။

“အလို မြောက်ပိုင်း ကုလားအုပ်ပါလား”

လျှိုကျုက်ဖုန်းသည်လည်း ထိုလူကို ယခုမှ သတိပြုမြင်တွေ့လိုက်ရသဖြင့် ချက်ချင်းလျှောက်ထွက်လာပြီး အရိုအသေပေးလိုက်၏။

“ဆရာကြီးရောက်နေတာကိုမသိလို့ မကြိုဆိုမိတဲ့အတွက် ခွင့်လွှတ်စေချင်ပါတယ်၊ နို့မို့ရင် ဒီမြို့အဝင်မှာ ကတည်းက ကြိုဆိုခဲ့မှာပါ”

တစ်ခန်းလုံး ထူးထူးခြားခြား ငြိမ်သက်ခြင်းတို့ဝန်းပတ်ခြုံနေတော့၏။

ဘယ်မှာလဲ မြောက်ပိုင်းကုလားအုပ်။

အရုပ်ဆိုးဆိုးဖြင့် ခါးကုန်းကြီးကား အဘယ်မှာလျှင် ထိပ်သီးဝါရင့်သိုင်းသမား ပညာရှင်ကြီး ဟုတ်ပါအံ့ နည်း။ အမှန်စင်စစ် ထန်းပလပ်စုတ်ကို နတ်ရုပ်ထင်နေကြခြင်းသာတည်း။

သူကား မင်္ဂလာအာမခံဌာနခေါင်းဆောင်ကြီး၏သား လင်မိန်ကျုက်ပင်ဖြစ်၏။ ရုပ်ဖျက်ထားခြင်း ဖြစ်သဖြင့် မည်သူကမျှ သူ့အား မမှတ်မိ မသိရှိကြခြင်းသာ ဖြစ်သည်။

ယခု လျှိုကျုက်ဖုန်းသည် အထင်မှားပြီး နှုတ်ဆက်နေသောအခါ မနေတတ်မထိုင်တတ်ဖြစ်နေတော့၏။ လင်မိန်ကျုက်သည် ရုတ်တရက် အရိုအသေပြန်ပေးလိုက်ရသည်။ နှုတ်မှလည်း ....

“အရေးမကြီးပါဘူး ....အရေးမကြီးပါဘူး” တွင်တွင်ပြောနေမိတော့၏။

လျှိုကျုက်ဖုန်းက သူ့ကို သိုင်းလောက၌နာမည်ကြီးနေသော မြောက်ပိုင်းကုလားအုပ်ဟု အမည်တွင်သည့် သိုင်းဆရာကြီး မုကောင်းဖုန်းဟု မှတ်ထင်မိနေ၏။ သို့သော် ယခုအသံမှာ လူငယ်တစ်ယောက်၏ အသံဖြစ်နေသဖြင့် သံသယရှိသွားပြန်၏။ ထို့ကြောင့် လျှိုကျုက်ဖုန်းက ....

“ဆရာကြီးက ... ဆရာကြီး မုကောင်းဖုန်းနဲ့ ဘယ်လိုတော်စပ်ပါသလဲ၊ သိခွင့်ရှိရင် သိပါရစေ ....” ဟု မေးလိုက်သည်။

လင်မိန်ကျုက်သည် သူ့ဖခင်ထံမှ မြောက်ပိုင်းကုလားအုပ်ဟုခေါ်သော သိုင်းဆရာကြီး မုကောင်းဖုန်း အကြောင်းကြားသိခဲ့ဖူးရာ ယခုအခန်းအတွင်းမှလူများ၏ ထူးခြားဆန်းကြယ်သောအကြည့်နှင့် ပတ်သက်၍ ချက်ချင်း ရိပ်မိလိုက်တော့၏။ ထို့ကြောင့် အလိုက်သင့် အလျောက်သင့်ပင် ချော်လဲရောထိုင်လိုက်ပြီး ....

“သိုင်းဆရာကြီး မုကောင်းဖုန်းက ကျုပ်ရဲ့အဘိုးပါ”

ရီချန်းသည် သူ၏တပည့်နှစ်ယောက်အား ကန်တင်လိုက်သူမှာ ဤသူသာဖြစ်ရမည်ဟု တစ်ထစ်ချမှတ်ယူ ထားသည်။ အဘယ့်ကြောင့်ဆိုသော် ဤအခန်းထဲ၌ လူစိမ်းသူစိမ်းဟူ၍ တစ်ယောက်သာ ရှိသောကြောင့်ပေတည်း။ အကယ်၍ ထိုသူသာ မြောက်ပိုင်းကုလားအုပ် မုကောင်းဖုန်းကိုယ်တိုင်ဖြစ်နေလျှင် သူ့အနေဖြင့် အနည်းငယ် ရွံ့ကောင်းရွံ့ပေမည်။ သို့သော် ယခုလူက မုကောင်းဖုန်း၏မြေးသာဖြစ်နေ၏။ ထို့ကြောင့် သူက အေးတိအေးစက်နှင့် ပြောချလိုက်သည်။

“ကျုပ်တို့ ချင်းချန်ဂိုဏ်းက သိုင်းဆရာကြီး မုကောင်းဖုန်းနဲ့ ဘယ်လိုမှ ရန်ငြိုးရန်စမရှိခဲ့ဘူး၊ ခင်ဗျားက ဘာဖြစ်လို့ ကျုပ်ရဲ့တပည့်နှစ်ယောက်ကို ဒီလိုလုပ်ရတာလဲ ....”

ပြဿနာကား စလေပြီ။

× × × × × ×

## မြောက်ပိုင်းကုလားအုပ်

လင်မိန်ကျက်သည် ဤလူပုကြီးမှာ မိမိ၏ ကမ္ဘာ့ရန်သူတော်ကြီး ဖြစ်ကြောင်းသိထားသဖြင့် ရင်တွင်းမှ ဒေါသများသည် လှိုင်းလုံးကြီးများကဲ့သို့ တလိမ့်လိမ့်တက်လာတော့၏။ မိမိ၏ဓားကို ဆွဲထုတ်ကာ အပိုင်းပိုင်းအထစ်ထစ် ခုတ်ထစ် သတ်ပစ်ချင်လောက်အောင် ဖြစ်နေမိ၏။

သို့သော် လင်မိန်ကျက်သည် ယခင်က သူဌေးသားလင်မိန်ကျက် မဟုတ်တော့။ ဒုက္ခဆိုသည်မှာ ချိုကြီးနှင့် ပါလားဟု အတိအကျပြောနိုင်သည်အထိ ဒုက္ခနှင့်လူမှုရေးရာ အဖြာဖြာကို ထိတွေ့ခံစားခဲ့ပြီးသည့် လင်မိန်ကျက်ဖြစ်နေပြီ။ ထို့ကြောင့် အခွင့်အခါမဟုတ်သဖြင့် အောင့်အည်းသည်းခံတတ်ခဲ့ပြီ။

သူက ရီချန်းကို မည်သို့မျှစကားမပြန်ဘဲ ငြိမ်သက်စွာ စောင့်ကြည့်လိုက်သည်။ ရီချန်းသည် ထိုလူငယ်၏ မျက်လုံး၌ တရှိန်ရှိန်တောက်ပနေသောအမုန်းတရားများကို တွေ့လိုက်ရသောအခါ ဒေါသထွက်သွားပြီး လင်မိန်ကျက် ၏လက်ကို ဖမ်းကိုင်လိုက်တော့၏။

လင်မိန်ကျက်က သူ၏လက်ကိုလွတ်သွားစေရန် ရုန်းလိုက်သည်။ သို့သော် ရီချန်းလက်မှ လွတ်သွားစေရန် မည်မျှကြိုးစားကြိုးစား မရနိုင်ဘဲဖြစ်နေသဖြင့် လင်မိန်ကျက်သည် ချွေးသီးချွေးပေါက်ကြီးများပင် ကျလာတော့သည်။

ရီချန်းသည် သူ၏ဆုပ်ကိုင်အားကို တဖြည်းဖြည်းပိုထုတ်လာရာ လင်မိန်ကျက်၏အရိုးများ တဖျစ်ဖျစ်နှင့် အသံမြည်လာတော့၏။ ရီချန်းသည် သူ၏အားကို ခေတ္တရပ်တန့်လိုက်သည်။ သူ့အနေဖြင့် ထိုလူငယ်၏ ရှိုးဦးတင် တောင်းပန်မှုကို စောင့်နေခြင်းသာဖြစ်၏။

ရီချန်းသိမထားသည့်အချက်မှာ လင်မိန်ကျက်၏ ကြောက်မက်ဖွယ်ရာ အမုန်းတရား၏ခွန်အားများကိုတည်း။

လင်မိန်ကျက်၏ ဆယ်သက်မပြေနိုင်သော ရန်ငြိုးရှိနေသည်ဖြစ်ရာ ရီချန်းကို တတ်နိုင်လျှင် အစိမ်းလိုက် ဝါးစားပစ်ချင်သူဖြစ်သည်။ ထိုသို့သော လူမျိုးထံမှ အဘယ်ကဲ့သို့သော ရှိုးတောင်းပန်မှုမျိုးကို ရပေလိမ့်မည်နည်း။

လျိုကျက်ဖုန်းသည် ချွေးသီးချွေးပေါက်များကျလျက်အံတင်းကြိတ်ခံနေသော လူငယ်၏ခိုင်မာသောစိတ်ဓါတ်ကို ကျိတ်၍ ချီးကျူးမိသည်။ ထို့ကြောင့်ပင် ရီချန်းအား ချော့မော့ဖျောင်းဖျ၍ လူငယ်အားလွှတ်ပေးစေရန် ပြောမည်ဟု ရည်ရွယ် လိုက်သဖြင့် ...

"ဆရာကြီး ရီချန်း"

လျှိုကျက်ဖုန်းသည် သူ၏စကားကိုပင် ဆက်၍မပြောနိုင်တော့ပေ။

အဘယ်ကြောင့်ဆိုသော် စူးရှသော အသံတစ်ခုက အခန်းတစ်ခုလုံးကို ဖုံးလွှမ်းလိုက်သောကြောင့် ဖြစ်၏။

"ဆရာကြီးရီချန်း ... ကျုပ်ရဲ့မြေးလေးကို ဘာကြောင့်အနိုင်ကျင့်နေရတာလဲ၊ မရှက်ဘူးလား ..."

လူအားလုံး၏ခေါင်းများသည် နောက်ဘက်သို့ တစ်ပြိုင်နက် လှည့်ကြည့်မိကြတော့၏။

အပေါက်ဝတွင် ဝဝဖိုင့်ဖိုင့်နှင့် ခါးကုန်းကြီး တစ်ယောက်ရပ်နေ၏။မျက်နှာတွင်လည်း ဆေးများခြယ်ထား သည်။

မြောက်ပိုင်းကုလားအုပ်ကြီး မုကောင်းဖုန်းသာတည်း။

မုကောင်းဖုန်းသည် သိုင်းလောကတွင် အလွန်နာမည်ကြီးသူဖြစ်၏။ သို့သော် ဆိုးသွမ်း၊ ရက်စက် ကောက် ကျစ်ရာ၌ နာမည်ကြီးသူသာ ဖြစ်သည်။

မုကောင်းဖုန်းသည် ဝဖိုင့်သော်လည်း လှုပ်ရှားမှုများမှာ အလွန်ပင်ပေါ့ပါးလှသည်။ ထိုသူ လျှပ်တစ်ပြက်ခုန် လိုက်သည်နှင့် လင်မိန်ကျက်နားသို့ ရောက်ရှိလာတော့၏။ လင်မိန်ကျက်၏ပခုံးကို တစ်ချက်ပုတ်လိုက်ပြီး

"မြေးလေး … မင်းတော်တယ်… မင်းက ဘိုးဘိုးရဲ့ ဂုဏ်သိက္ခာကို မကျအောင်ထိန်းသိမ်းခဲ့တာပဲ …" ဟု ပြောလိုက်၏။

မုကောင်းဖုန်းသည် စကားဆုံးသည်နှင့် နောက်ထပ် ပခုံးတစ်ချက် ပုတ်လိုက်ပြန်သည်။

ပထမတစ်ချက် ပခုံးပုတ်လိုက်စဉ်က လင်မိန်ကျက်၏ခန္ဓာကိုယ်တစ်ခုလုံး တုန်လှုပ်သွားခဲ့ရသည်။ ဖမ်းဆုပ် ထားသော ရီချန်း၏လက်သည်လည်း လွတ်ထွက်သွားမတတ် တုန်ခါသွားရသည်။ သို့သော် ရီချန်းက အချိန်မီ ပြန် လည်ဖမ်းဆုပ်နိုင်လိုက်သည်။ ဤအချက်ကိုတွေ့မြင်လိုက်ရသဖြင့် မုကောင်းဖုန်း၏စိတ်ထဲတွင် ရေရွတ်လိုက်မိသည်။

"ဒီလူပုကြီးက မဆိုးပါလား .."

ထို့ကြောင့် နောက်ထပ် လင်မိန်ကျက်၏ပခုံးကို ထပ်ပုတ်လိုက်ခြင်းသာဖြစ်၏။ သည်တစ်ကြိမ်တွင်တော့ သူ ၏အားကို တစ်ဝက်တစ်ပျက် ထုတ်ခြင်းမဟုတ်။ အပြည့်အဝထုတ်ပြီးပုတ်လိုက်ခြင်းဖြစ်၏။

လင်မိန်ကျက်သည် မိုက်ခနဲဖြစ်သွားပြီး ရင်ခေါင်းမှသွေးများ ပါးစပ်ထဲသို့ ရောက်ရှိလာလေတော့၏။ သူ သည် ထွေးမထုတ်ဘဲ ပြန်မျိုချပစ်လိုက်သည်။ မိမိ၏ ခံနိုင်ရည်မရှိမှုကို လူအများ မသိစေလို။

ရီချန်းသည် လက်ကိုဆက်၍ မဆုပ်ကိုင်နိုင်တော့ဘဲ နောက်သို့တစ်လှမ်းဆုတ်၍ လွှတ်လိုက်ရသည်။ သူ့ စိတ်ထဲတွင် …

"ဒီခါးကုန်းကြီးဟာ တယ်လည်းရက်စက်ပါလား၊ ငါ့လက်ကို ခါထုတ်နိုင်ဖို့အတွက်ကလေးနဲ့ သူ့မြေးလေးကို အတွင်းဒဏ်ရာရအောင် လုပ်ရက်တယ် …"

လင်မိန်ကျက်က တဟားဟားရယ်လိုက်ပြီး …

"ဆရာကြီးရီချန်း … ခင်ဗျားရဲ့သိုင်းပညာက ဘာမှမဖြစ်စလောက်ကလေးပါလား" ဟု ပြောတော့သည်။

ရီချန်းက …

"ကောင်းပြီ၊ ဒီလိုဆိုရင် မင်းနဲ့ငါ အရင်ပညာစမ်းကြည့်ကြတာပေါ့ ဘယ့်နှယ်လဲ" ဟု ပြန်မေးလိုက်၏။

ထိုအခါမုကောင်းဖုန်းက တဟားဟားရယ်ရင်း …

"ဘယ်လိုလဲဆရာကြီးရဲ့၊ ငါ့မြေးလေးရဲ့သိုင်းပညာက ဘာမှရှိတာမဟုတ်ဘူး၊ ခင်ဗျားလို ချင်းချန်ဂိုဏ်းချုပ် ကြီးက ဒီလိုစိန်ခေါ်တာကတော့ အရပ်ရပ်နေပြည်တော် ကြားလို့မှမတော်ပါလား၊ တစ်ချက်တည်းနဲ့သတ်ပစ်လိုက်ရင် ဘယ့်နှယ်လုပ်မလဲ၊ မြေးလေး ဘိုးဘိုးကို ဦးသုံးကြိမ်ချလိုက်စမ်း၊ ဒီလူကို ဘိုးဘိုးတိုက်ပြမယ် …"

လင်မိန်ကျက်သည် မိမိအနေဖြင့် ရီချန်းကို မည်သို့မျှမယှဉ်ပြိုင်နိုင်မှန်းသိသည်။ မိမိက ဦးသုံးကြိမ်မချလျှင် လည်း ခါးကုန်းကြီးက ဝင်ကူမည်မဟုတ်ကြောင်း သိလိုက်သည်။ အကယ်၍ မိမိသာ ရီချန်း၏လက်ချက်ဖြင့် အသက်ဆုံးရှုံးခဲ့လျှင် မိမိ၏ရန်ကြွေးများကို မည်သို့ချေဆပ်နိုင်တော့မည်နည်း။

ထို့ကြောင့် ယခုအချိန်တွင် အရှက်ထက် အသက်ကအရေးကြီးနေသည်ဖြစ်၍ တကယ်ပင် ဒူးထောက်ကာ…

"ဘိုးဘိုး … ဒီရီချန်းဆိုတဲ့လူဟာ တကယ့်လူသတ်သမားကြီးပဲ၊ မကောင်းမှုမှန်သမျှလုပ်တတ်တဲ့ လူကြီးပါ၊ ဒါကြောင့် ဘိုးဘိုးအနေနဲ့ ဒီလူကြီးကိုရှင်းပစ်ပေးပါ"

ဟုပြောလိုက်တော့သည်။

လင်မိန်ကျက်အနေဖြင့် ဤသို့ပြုလုပ်လိမ့်မည်ဟု မုကောင်းဖုန်းရောရီချန်းပါ လုံးဝမထင်မှတ်မိကြပေ။ သို့ သော် လင်မိန်ကျက်က သူတို့မထင်မှတ်သည့်အရာကို လုပ်လိုက်ချေပြီ။

ရီချန်းသည် မုကောင်းဖုန်းနှင့် လင်မိန်ကျက်တို့၏ဆက်ဆံရေးကိုကြည့်ပြီး မြေးအဘိုးအစစ်မဟုတ်ကြောင်း သိနားလည်လိုက်၏။

မုကောင်းဖုန်းသည် တဟားဟားရယ်မောရင်း ပြောလိုက်သည်။

"အေး ... အေး ... ငါ့မြေးလေး လိမ္မာတယ်" စကားဆုံးသည်နှင့် ရီချန်းဘက်သို လှည့်လိုက်တော့၏။

ရီချန်းမှာ မုကောင်းဖုန်း၏အတွင်းအားသိုင်းပညာသည် မိမိထက် အများကြီးသာနေသည်ကို ကောင်းစွာ သိရှိပြီးဖြစ်၏။ လူငယ်၏ပခုံးကို ရိုက်ပုတ်ရုံမျှဖြင့် မိမိ၏လက်များမှာ တုန်ခါလွတ်ထွက်သွားစေသည့် အတွင်းအား သည် နည်းနည်းနောနော သိုင်းပညာမဟုတ်ပေ။

ထို့ကြောင့် သူ့အနေဖြင့် ပထမသိုင်းကွက်တစ်ရာတွင် လုံးဝတိုက်စစ်မဆင်ဘဲ ခံစစ်ဖြင့်သာခုခံသည်။ ရန်သူတိုက်စစ် အားပျော့သွားချိန်ကျမှသာ ပြန်လည်တိုက်စစ်ဆင်မည်ဟု နည်းဗျူဟာ ချမှတ်လိုက်၏။

မုကောင်းဖုန်းအနေဖြင့်လည်း ရီချန်းကိုအထင်မသေးရဲပေ။ သူ့စိတ်ထဲတွင် ...

"ဒီလူပုကြီးကိုကြည့်ရတာ တော်တော်လေး တည်တည်ငြိမ်ငြိမ်ရှိတယ်၊ ငါ ပေါ့ပေါ့ဆဆ တိုက်လို့တော့ ဖြစ်မယ်မထင်ဘူး၊ ပေါ့ဆပြီး ရှုံးသွားလို့ရှိရင် လူပုံအလယ်မှာ ကိုယ့်အရှက်ကိုယ်ခွဲသလို ဖြစ်နေဦးမယ်၊ ဒီပွဲမှာ လုံးဝ သိက္ခာကျလို့ မဖြစ်ဘူး ..." ဟုတွေးနေ၏။

သူတို့နှစ်ယောက်သည် တစ်ယောက်အခြေအနေ တစ်ယောက်စောင့်ကြည့်ကာ စောင့်နေကြတော့သည်။ လူ အားလုံးကလည်း သည်တစ်ပွဲသည် ကြုံတောင့်ကြုံခဲအလွန်ကြည့်ကောင်းမည့် ပွဲကြီးဖြစ်ကြောင်း ကောင်းကောင်းကြီး သိကြသည်။

ထိုစဉ် 'ဝုန်း' ကနဲအသံကြီးကြားလိုက်ရသဖြင့် သူတို့နှစ်ယောက်စလုံး ကမန်းကတန်း နောက်ဆုတ်လိုက်ကြ ရ၏။ မည်သည့်အသံ ဖြစ်မှန်း မခန့်မှန်းနိုင်ခဲ့ကြပေ။

တစ်ချိန်တည်းလိုလိုပင် 'ဘုန်း' ခနဲ 'ဘုန်း' ခနဲ မြည်ဟည်းသွားပြီး လူနှစ်ယောက် ရှေ့ဆင့်နောက်ဆင့်ဆို သလို သူတို့နှစ်ယောက်ကြား ကြမ်းပြင်သို့ ကျလာတော့၏။ ထိုသူတို့နှစ်ယောက်တို့၏ တင်ပါးတွင် ခြေရာတစ်ခုစီ တွေ့ကြရသည်။

ထိုစဉ် ... မိန်းကလေးတစ်ယောက်၏အသံက ...

"ဒါ ... ချင်းချန်ဂိုဏ်းရဲ့အကောင်းဆုံး သိုင်းကွက်ဖြစ်တဲ့ 'ဖင်မိုးမျှော်' သိုင်းကွက်ပဲပေါ့ ..."

ရီချန်းသည် အလွန်ဒေါသထွက်လာသဖြင့် အသံထွက်လာရာသို့ ချက်ချင်းခုန်ဝင်သွားပြီး ဖမ်းဆွဲလိုက်တော့ ၏။ ထိုအခါ မိန်းကလေးတစ်ဦး၏ 'အမေ့' ဟု ထိတ်လန့်တကြား အော်ဟစ်ငိုသံကိုကြားလိုက်ရတော့၏။

ရီချန်းသည် အကြီးအကျယ် ထိတ်လန့်တုန်လှုပ်သွားတော့သည်။ ချင်းချန်ဂိုဏ်းကို စော်ကားသည့်စကားကို ပြောသည့်အတွက် ဒေါသအလျှောက် ဖမ်းလိုက်ခြင်းဖြစ်ရာ လက်အားများသွားသဖြင့် မိန်းကလေးအဖို့ အလွန်နာ သွားရခြင်း ဖြစ်ပေလိမ့်မည်။ မိန်းကလေး၏ငိုသံကြားလိုက်ရမှ အတော်အတန်ငယ်သည့် မိန်းကလေးမှန်းသိပြီး ကမန်းကတန်း လက်ကိုလွှတ်ချလိုက်ရ၏။ သူကဲ့သို့သော ဂိုဏ်းချုပ်ကြီးတစ်ယောက်က ကလေးမလေးတစ်ယောက် ကို မဖွယ်မရာ အနိုင်ကျင့်နေသည်ဟု ထင်မြင်သွားလျှင် မျက်နှာကိုဓားဖြင့် လှီးပစ်ဖို့သာကောင်းပေတော့မည်။

သို့သော် ကလေးမ၏ငိုသံသည် တဖြည်းဖြည်း ပို၍ပို၍ကျယ်လောင်လာတော့သည်။

"အမေရေ... ကျွန်မ လက်ကျိုးသွားပြီ၊ ကယ်ပါဦး၊ ကျွန်မလက်ကို ချိုးလိုက်ပြီ၊ နာလိုက်တာ... နာလိုက် တာ"

ဂိုဏ်းချုပ်ကြီးရီချန်းသည် အတွေ့အကြုံမျိုးစုံ၊ တိုက်ပွဲမျိုးစုံ ကြုံခဲ့သူဖြစ်သည်။ ထိုတိုက်ပွဲများကိုလည်း ကောင်းစွာ ကျော်လွှားနိုင်ခဲ့သူဖြစ်သည်။ သို့ရာတွင် သည်တစ်ပွဲတွင်မူ မည်သို့ကျော်လွှားရမည်ကို မသိအောင် ဖြစ်နေမိတော့သည်။

လူတိုင်းလူတိုင်းက မိမိအား အထင်သေးသော မျက်လုံးများဖြင့် ဝိုင်းဝန်း ကြည့်နေကြလေပြီ။ ထို့ကြောင့် ရှက်သွေးတက်နေသော မျက်နှာကြီးဖြင့် ကလေးမလေးအား ချော့မော့နှစ်သိမ့်လိုက်၏။

"တိတ် ... တိတ် ... သမီးလေး၊ သမီးလေးရဲ့လက် ကျိုးမသွားပါဘူး ..."

ကလေးမလေးက ချော့မပင် ပို၍ ငိုတော့သည်။

"ကျိုးသွားပြီ၊ ကျွန်မလက်ကျိုးသွားပြီ၊ လူကြီးလုပ်ပြီးတော့ ကလေးတစ်ယောက်ကို ဒီလိုရက်ရက်စက်စက် လက်ချိုးရသလား၊ အမေရေကယ်ပါဦး၊ ကျွန်မလက်ကျိုးသွားပါပြီ၊ နာလိုက်တာ ... ဟူး ... ဟူး"

ထိုကလေးမသည် အသက်ဆယ့်သုံးနှစ်ခန့်သာရှိပြီး အသားကလေးက ဖြူဝင်းလျက် ပါးအို့နီကလေးဖြင့် အလွန်ချစ်စရာကောင်းကြောင်း ခန်းမတွင်းရှိ လူအားလုံးက တွေ့ရှိသတိပြုမိလိုက်ကြ၏။ လူတိုင်းပင် စုတ်တသပ် သပ်ဖြင့် သနားနေကြ၏။ အချို့ဒေါသကြီးသူများမှာ ဒေါသကို မထိန်းနိုင်တော့ဘဲ အော်ဟစ်ရှုံ့ချကြတော့သည်။

"လူမဆန်တဲ့ ဂျပုကြီးကို ဝိုင်းရိုက်ကြ"

"ကလေးကိုနှိပ်စက်တဲ့ဂျပုကိုသတ်ပစ်"

ရီချန်းအဖို့ အကြီးအကျယ် ချောက်ကျနေပေတော့သည်။

သူ့အား ပရိသတ်ကြီးက အလွန်ဒေါသထွက်နေကြောင်းသိသဖြင့် ပရိသတ်ကြီးအား မည်သို့မျှ ဖြေရှင်း ချက်မထုတ်ရဲဘဲ ဖြစ်နေတော့၏။ ထိုစဉ် လူအုပ်ထဲမှ လူတစ်ယောက် လျှောက်ထွက်လာသည်။ ထိုလူမှာ ချင်းချန် ဂိုဏ်းတွင် မြေခွေးကဲ့သို့ ဉာဏ်အများဆုံး အကောက်ကျစ်ဆုံးသော ဖန်းလင်ပေတည်း။

သူက ကလေးမအား ...

"ကလေးမ... မင်းညာနေတာ၊ ငါ့ဆရာကြီးက မင်းရဲ့အင်္ကျီကိုတောင် မထိရသေးဘူး၊ ဘယ်လိုလုပ်ပြီး မင်းရဲ့လက်ကို ချိုးနိုင်မှာလဲ"

ထိုအခါ ကလေးမလေးသည် အသံကုန်အော်တော့သည်။

"အမေရေ ... ဟောဒီမှာ သမီးကို လာခြိမ်းခြောက်နေပြန်ပြီ၊ ကယ်ပါဦး"

တင့်ရီမယ်သီလရှင်ကြီးသည် ရီချန်း၏အပြုအမူကြောင့် ကလေးမလေးငိုနေကတည်းက ဒေါသထွက်နေသူဖြစ် သည်။ ယခု ဖန်းလင်ဝင်လာသောအခါတွင်မူ သူ၏ဒေါသကို ထိန်းချုပ်၍မရနိုင်တော့ပေ။ ချက်ချင်းပင် ကလေး မလေး၏အနားသို့ ခုန်ဝင်သွားပြီး ဖန်းလင်၏မျက်နှာကို ဘန်းခနဲရိုက်ချလိုက်သည်။

"တစ်ယောက်က အနိုင်ကျင့်လို့အားမရလို့ ... နောက်တစ်ယောက်ကလာပြီး အနိုင်ကျင့် ပြန်ပလား၊ မရှက် ဘူးလားဟင်"

ရီချန်းသည် နောက်မှနေ၍ မယ်သီလရှင်၏နောက်ကျောရှိ အကြောကို ထိုးပိတ်လိုက်သည်။

မယ်သီလရှင်ကြီးက နောက်သို့ပြန်လှည့်၍ လက်ပြန်ရိုက်လိုက်သည်။ ရီချန်းသည် သူမနှင့်မတိုက်ခိုက်ချင်၍ ချက်ချင်းပင် နောက်သို့ခုန်ရှောင်လိုက်လေသည်။ မယ်သီလရှင်ကြီးသည် ကလေးမလေး၏ ခန္ဓာကိုယ်ကို ဆွဲမကာ ညင်သာသော လေသံဖြင့် မေးလိုက်သည်။

"သမီးလေး ဘယ်နာသွားသလဲဟင်၊ ဘွားဘွားကုပေးမယ်၊ဘွားဘွားမှာ ဆေးရှိတယ်"

ကလေးမလေး၏ လက်မောင်းများကို စမ်းသပ်ကြည့်လိုက်သောအခါ အရိုးမကျိုးမှန်း သိသဖြင့် စိတ်အေး သွား၏။ ကလေးမလေး၏ အင်္ကျီစကိုလှန်ကြည့်သောအခါ ဖြူဖွေးသော လက်မောင်းပေါ်တွင် ညိုမည်းသော လက်ချောင်းရာကြီးများကို တွေ့ရတော့သည်။

တင့်ရီ မယ်သီလရှင်ကြီးသည် ဖန်းလင်အား ဒေါသဖြင့် အော်ပြောလိုက်သည်။

"ဟော့ကောင် ... မင်း တယ်လိမ်ညာတတ်ပါလား၊ မင်းဆရာက ကလေးမရဲ့ အင်္ကျီစကိုတောင် မထိဘူးဆို၊ ဒီမှာ ကြည့်စမ်း ဒီညိုမည်းနေတဲ့ လက်ချောင်းရာတွေက ဘယ်သူ့ လက်ချောင်းရာတွေလဲ ပြောစမ်း ..."

ကလေးမလေးက ရီချန်း၏နောက်ကျောကို လက်ညှိုးထိုးပြလိုက်ပြီး ...

"ဟို လိပ်ကြီးရဲ့လက်ချောင်းရာတွေ ဘွားဘွားရဲ့ ... ဟို လိပ်ကြီးရဲ့ လက်ချောင်းရာတွေ ..."ဟု ဖြေလိုက်တော့သည်။

ပရိသတ်တစ်ခုလုံး အုန်းခနဲရယ်မောမိကြတော့၏။

ပရိသတ်များရယ်သံဖြင့်သာ ဖုံးလွှမ်းနေတော့၏။

အဘယ့်ကြောင့် ဤမျှရယ်မောနေကြသည်ကိုသဘောမပေါက်နိုင်အောင် ဖြစ်နေ၏။

ကလေးမလေးက မိမိအား လိပ်ကြီးဟု ဆဲဆိုလိုက်သည်မှာလည်း ထူးဆန်းလှသည်မဟုတ်။

ဤမျှလောက်နှင့် ဤသို့ အုတ်အုတ်ကျက်ကျက် ရယ်နေစရာမလို။ သူ့အနေဖြင့် စဉ်းစား၍မရနိုင်လောက် အောင်ဖြစ်နေတော့၏။

ထိုအခါ ဖန်းလင်က သူ့ဆရာနောက်ကျောသို့သွားပြီး နောက်ကျောအင်္ကျီပေါ်မှ စာရွက်တစ်ရွက်ကို ခွာချပေးလိုက်သည်။ ရီချန်းက ထိုစာရွက်ကို ကမန်းကတန်းလှမ်းယူ၍ ကြည့်လိုက်ရာ စက္ကူပေါ်တွင် လိပ်ကြီး တစ်ကောင်ပုံရေးဆွဲ ထားသည်ကို တွေ့ရတော့သည်။

ဧကန္တ မိမိ၏အလစ်တွင် ကလေးမလေးက ကပ်ထားလိုက်ခြင်းသာဖြစ်ရပေမည်။ မိမိ ကလေးမလေးအား ချော့မော့နေစဉ် ကပ်ထားလိုက်ခြင်းဖြစ်ရမည်ဟု စဉ်းစားမိလိုက်၏။

ထိုမှဆက်၍ စဉ်းစားမိသောအခါ ရီချန်းသည် ဒေါသကြောင့် တစ်ကိုယ်လုံး တဆတ်ဆတ် တုန်လှုပ်လာတော့သည်။

"ဒီလိပ်ပုံကို အစောကြီးကတည်းက ဆွဲထားတာပဲ၊ ဒီလိုဆိုရင် ကလေးမလေးကို နောက်ကနေ ညွှန်ကြား ပေးနေတဲ့ လူကြီးတစ်ယောက်ယောက် ရှိနေရမယ် ..."

သူသည် လျှိုကျက်ဖုန်းကို တစ်ချက်ကြည့်လိုက်ပြီး စိတ်ထဲတွင် ...

"ဒီကလေးမလေးဟာ လျှိုကျက်ဖုန်းရဲ့အိမ်က ကလေးမလေးပဲဖြစ်ရမယ်၊ ဒီလိုဆိုရင် ဒီကလေးမလေးကို နောက်ကွယ်က ညွှန်ကြားပေးတဲ့လူဟာ လျှိုကျက်ဖုန်း ပဲဖြစ်ရမှာပေါ့ ..." ဟု တွေးလိုက်မိတော့သည်။

× × × × × × ×

ရီချန်းကသူ့အား ဤသို့တစ်ချက်မျှကြည့်လိုက်သည်နှင့် မည်သည့်သဘောနှင့်ကြည့်ကြောင်း လျှိုကျက်ဖုန်းက သိလိုက်ပြီးဖြစ်၏။ ရီချန်းက မိမိကိုအထင်လွဲနေလေပြီ။ မိမိမှာအိမ်ရှင်တစ်ယောက်အနေဖြင့် ဤသို့ အထင်လွဲမှားမှု မခံနိုင်ပေ။

ထို့ကြောင့် ချက်ချင်းရှေ့သို့တိုးလာကာ မိန်းကလေးအား ညင်သာစွာမေးမြန်းလိုက်သည်။

"တူမလေး မင်းရဲ့ဖေဖေနဲ့မေမေကော၊ တူမလေး ဘယ်အိမ်မှာနေတာလဲကွယ့် .."

ဤမေးခွန်းများသည် ရီချန်းကို သွယ်ဝိုက်သောနည်းဖြင့် ဖြေရှင်းချက် ထုတ်လိုက်ခြင်းသာ ဖြစ်၏။

ဤမိန်းကလေးနှင့် မိမိ မည်သို့မျှမပတ်သက်ကြောင်း ထင်ရှားနေချေပြီ။

ထိုအပြင် လျှိုကျက်ဖုန်းအနေဖြင့်လည်း ဤကလေးမ၏ဇစ်မြစ်ကို လိုလိုလားလား သိချင်စိတ်ပေါ်နေခဲ့သည်။

မိန်းကလေးက ..

"အဖေနဲ့အမေက ကိစ္စရှိလို့ထွက်သွားကြပြီ၊ ဖေဖေတို့က ကျွန်မကို သေသေချာချာမှာသွားတယ်၊ ဒီမှာ လိမ်လိမ်မာမာလေးထိုင်နေတဲ့၊ တော်ကြာကျရင် ဒီမှာ ပြပွဲကြီးတစ်ခုပြလိမ့်မယ်တဲ့၊ လူနှစ်ယောက်ပျံဝင်လာပြီး ကြမ်းပြင်ပေါ်ကို ပျံဝဲကျလာလိမ့်မယ်တဲ့၊ ဒီပညာက တော်ရုံတန်ရုံလူတွေ ကြည့်ဖူးသေးတဲ့ ပညာတွေမဟုတ်ဘူးတဲ့၊ အဲ့ဒီပညာတွေကြည့်ချင်ရင် သမီးလေး ဒီမှာ ငြိမ်ငြိမ်သက်သက်နေလို့ မှာသွားတယ်၊ အဲဒီပညာက ချင်းချန်ဂိုဏ်းရဲ့ အကောင်းဆုံးသိုင်းပညာတဲ့၊ ဘာပါလိမ့် ဩော်... ဩော် 'ဖင်မိုးမျှော်သိုင်းကွက်' တဲ့၊ သိပ်ကြည့်ကောင်းတာပဲတဲ့ ..." ဟု ပြောတော့၏။

မိန်းကလေးသည် ပြောရင်း အလွန်သဘောကျဟန်ဖြင့် လက်ခုပ်လက်ဝါးတီးနေတော့၏။

ကလေးမလေး၏ မျက်ဝန်းအိမ်များတွင် စောစောက ငိုထားသည့် မျက်ရည်စလေးများ ခိုတွဲနေသေးသည်။

သို့သော် ယခု နှစ်နှစ်ခြိုက်ခြိုက် ပြုံးရယ်လျက်ရှိချေပြီ။ ခန်းမအတွင်းရှိ ပရိသတ်အားလုံးကမူ ဤမိန်းကလေး၏ ပြောစကားများကို ကြားရသောအခါ အလွန်သဘောကျနေကြတော့၏။

အဘယ်ကြောင့်ဆိုသော် ချင်းချန်ဂိုဏ်းအား အရှက်တကွဲ အကျိုးနည်းဖြစ်စေသည့်စကားများ ဖြစ်နေသောကြောင့်တည်း။

ရီချန်းသည် လဲနေသော တပည့်နှစ်ယောက်အနက်မှ တစ်ယောက်၏အကြောကို ဖြေပေးရန် ကြိုးစား လိုက်သည်။

သို့သော် ထိုတပည့်၏ခန္ဓာကိုယ်သည် အေးစက်တောင့်တင်းလျက် ရှိနေလေပြီ။

ရီချန်းသည် ထိတ်ခနဲဖြစ်သွားတော့၏။

"ဒုက္ခပဲ ... ဒီနှစ်ကောင် အသတ်ခံလိုက်ရတာပါလား ..."

ရီချန်းသည် သူ့တပည့်နှစ်ယောက်၏ကိုယ်ကို ပက်လက်လှန်လိုက်၏။ ထိုအခါ တပည့်နှစ်ယောက်စလုံး၏ မျက်နှာတွင် ထူးဆန်းသော အပြုံးပွင့်များပွင့်လျက်ရှိနေ၏။ သေပန်းပွင့်သည်ဟု ပြောရမည်လား မဆိုနိုင်ပေ။ သူတို့ကား ဝိညာဉ်ချုပ်လျက် ရှိနေကြပေပြီ။

ရီချန်းသည် ထူးဆန်းသောအပြုံးကို မြင်တွေ့လိုက်ရသောအခါ သရဲတစ္ဆေကိုတွေ့လိုက်ရသကဲ့သို့ တုန်လှုပ်ချောက်ချားသွားတော့၏။

အဘယ့်ကြောင့်ဆိုသော် ဤလက္ခဏာသည် ချင်းချန်ဂိုဏ်း၏ လျှို့ဝှက်သိုင်းပညာဖြစ်သော နှလုံးရိုက်လက်ဝါးစောင်းသိုင်းကွက်ဖြင့် ရိုက်သတ်ခံရသော လူများ၏မျက်နှာ၌ တွေ့မြင်လေ့ရှိသော လက္ခဏာဖြစ်ခြင်းကြောင့်ပေတည်း။

အမှန်စင်စစ် ဤအပြုံးသည် ရွှင်လန်းခြင်း၏ လက္ခဏာမဟုတ်ပေ။ နှလုံးသားကွဲကြေသည်အထိ အရိုက်ခံလိုက်ရသူမှာ အလွန်တရာနာကျင်လှ၍ မျက်နှာကြွက်သားများ တွန့်လိမ်သွားခဲ့ရသည်။ ကြွက်သားများတွန့်လိမ်သွားမှုသည် ဆန်းကျယ်လှစွာ ဤကဲ့သို့ ထူးခြားသော အပြုံးများကို ပေါ်ပေါက်စေခဲ့ခြင်းဖြစ်၏။

ဤသို့ဆိုပါက တပည့်နှစ်ယောက်သည် သူတို့အချင်းချင်း၏ လက်ချက်ဖြင့်ပင် အသက်ပျောက်ခဲ့ခြင်းဖြစ်ပေလိမ့်မည်။ မမျှော်လင့်သော ဤအဖြစ်အပျက်များကြောင့် ရီချန်းသည် ရုတ်တရက် စကားမပြောနိုင်အောင် ဖြစ်သွားရတော့သည်။

နတ်ဆိုး၏ရုပ်ပုံကို နံရံပေါ်၌ ရေးလိုက်သူထံသို့ နတ်ဆိုးကိုယ်တိုင် တဖြည်းဖြည်းရောက်လာဘိသကဲ့သို့ အပြစ်မဲ့သူများကို ရက်စက်စွာသတ်ဖြတ်ခဲ့သည့် ချင်းချန်ဂိုဏ်းသားများထံသို့ ပြန်လည်ရောက်ရှိလာခဲ့လေပြီ။

ထိုစဉ် လင်မိန်ကျက်သည် ရုတ်တရက် အော်ဟစ်လိုက်မိတော့၏။

"နှလုံးရိုက် လက်ဝါးစောင်း နှလုံးရိုက် လက်ဝါးစောင်း"

လင်မိန်ကျက်အဖို့ ဤလက္ခဏာသည် ဆယ်သက်မျှမမေ့နိုင်သော လက္ခဏာများဖြစ်၏။ သူတို့အာမခံဌာန၏ များပြားလှစွာသော ရောင်းရင်းများ၏ မျက်နှာပေါ်ဝယ် ဤထူးခြားလှသော အပြုံးပွင့်များကို ကြေကွဲစဖွယ် မြောက်မြားစွာ တွေ့ခဲ့ရပြီးပြီ မဟုတ်ပါလော။

ထိုအချိန်တွင် ခန်းမတွင်းရှိလူအားလုံးလိုလိုသည် သူတို့၏ထင်မြင်ချက်၊ ဝေဖန်ချက်များကို တစ်ဦးနှင့်တစ်ဦး ဖလှယ်လျက်ရှိနေကြချေပြီ။

"လက်စသတ်တော့ သူတို့ချင်းချန်ဂိုဏ်းကလူတွေ အချင်းချင်း သတ်ဖြတ်နေကြတာကိုး၊ အင်းပေါ့လေ တခြားဂိုဏ်းက သတ်တာဆိုရင် အကျယ်အကျယ် မငြိမ်းဖွယ် ဖြစ်နေဦးမယ် ..."

ရီချန်းသည် စိတ်ရှုပ်လျက် ရှိနေချေပြီ။ ပြဿနာ၏အရင်းအမြစ်ကိုလည်း ရုတ်တရက်ရှာဖွေရန် မလွယ်။

ထို့ကြောင့် အသံတိုးတိုးဖြင့် ဖန်းလင်အား ပြောလိုက်သည်။

"အလောင်းတွေကို အပြင်ထမ်းပြီး ထုတ်သွားလိုက်စမ်း"

ဖန်းလင်သည် သူတို့၏ဂိုဏ်းသားအချို့ကို လက်ယပ်ခေါ်လိုက်ပြီး အလောင်းနှစ်လောင်းကို ထမ်းထုတ်သွားတော့၏။

အလောင်းများမရှိလျှင် ဝေဖန်သံများလည်း လျော့ပါးသွားပေလိမ့်မည်။

ရီချန်းသည် တင်းမာသောမျက်နှာထားဖြင့် ကလေးမလေးအား ကြည့်ကာ ပြောလိုက်သည်။

"မင်းအဖေနာမည် ဘယ်လိုခေါ်သလဲပြောစမ်း၊ စောစောက မင်းပြောတဲ့စကားတွေဟာ မင်းအဖေ သင်ပေးတဲ့စကားတွေမဟုတ်လား၊ နို့မို့ရင် မင်းအသိဉာဏ်နဲ့ ဒါတွေဘယ်လိုမှမပြောနိုင်ဘူး ..."

မိန်းကလေးသည် သူ၏စကားကို လုံးဝဂရုမစိုက်ရုံမျှမက အခြားတစ်ဘက်သို့ပါ လှည့်လိုက်သေး၏။ ရီချန်း သည် ဒေါသလည်းထွက်၊ ရှက်လည်းရှက်လာသဖြင့် ထပ်အော်လိုက်သည်။

"ဟေ့ ငါမေးနေတယ်၊ မင်းကိုမေးနေတယ်"

ကလေးမလေးသည် သူမ၏ဦးခေါင်းကို တင့်ရီမယ်သီလရှင်ကြီး၏ ရင်ခွင်တွင်းသို့ ကြောက်ကြောက် လန့်လန့်ဖြင့် တိုးဝင်လိုက်ပြီး ကျယ်ကျယ်လောင်လောင် ငိုကြွေးလိုက်တော့သည်။

တင့်ရီမယ်သီလရှင်ကြီးကမူ ကလေးမလေး၏ကျောပြင်ကို ပွတ်သပ်ချော့မော့ကာ နှစ်သိမ့်လိုက်သည်။

"ကလေး ... မကြောက်နဲ့၊ ဘာမှမကြောက်နဲ့၊ ဘွားဘွားရှိတယ် ..."

တင့်ရီသည် ရီချန်းဘက်သို့လှည့်ကာ ...

"ရှင်ကဘယ်လိုလဲ၊ ကိုယ်အသုံးမကျလို့ ကိုယ့်တပည့်တွေကို မထိန်းချုပ်နိုင်တာနဲ့ သူများသားသမီးကို ဘာဖြစ်လို့ အော်လား ငေါက်လား လုပ်နေရတာလဲ ..." ဟု ပြောလိုက်သည်။

ရီချန်း၏မျက်နှာသည် မဲ့ရွဲ့သွားတော့၏။

ထိုစဉ် ကလေးမလေးသည် တင့်ရီမယ်သီလရှင်ကြီး၏ရင်ခွင်ထဲမှ သူမ၏ခေါင်းကလေးကိုထုတ်ကာ ရီချန်းအား လျှာထုတ်ပြပြီး တခစ်ခစ်ရယ်နေတော့သည်။

ရီချန်းသည် မချင့်မရဲ ဒေါသထွက်နေသော်လည်း မည်ကဲ့သို့ လုပ်ရမှန်းမသိအောင် ဖြစ်နေ၏။

ထိုအချိန်တွင် ရီလင်မယ်သီလရှင်ကလေးသည် ပြန်လည်သတိရပြီးနေလေပြီ။ သူမသည် ကလေးမလေး၏ အပြုအမူများကို အားလုံးတွေ့မြင်နေရသည်။

"ဒီကလေးမလေးကို ငါတွေ့ဖူးပါတယ်၊ ဘယ်မှာတွေ့ဖူးတာပါလိမ့် ..."

ရီလင်သည် သူမ၏မှတ်ဉာဏ်များကို အပြင်းအထန် တွန်းထိုးလှုံ့ဆော်၍စဉ်းစားနေမိသည်။ ရုတ်တရက် သူမ သတိရသွား၏။

"ဟုတ်ပြီ ... ဟုတ်ပြီ ... မနေ့ညက မင်းသမီးအရက်ဆိုင်ထဲမှာ တွေ့ခဲ့တာပဲ၊ သူလည်း အရက်ဆိုင်ထဲမှာ ရှိနေတာပဲ၊ ဒါကြောင့် သူ့ကိုတွေ့ဖူးတယ်လို့ ထင်နေတာ ..."

သူမ၏အတွေးလိပ်ပြာသည် မနေ့ညက အဖြစ်အပျက်များဆီသို့ ပျံဝဲသွားတော့၏။

ထင်ပေါက သူမကို အရက်ဆိုင်သို့ခေါ်လာစဉ် အရက်ဆိုင်ထဲတွင် လူများပြည့်နေခဲ့သည်။ နောက်ပိုင်းတွင် ထင်ပေါက ထိုက်ဆန်းဂိုဏ်းသားတစ်ယောက်ကို သတ်လိုက်ပြီး နောက်တစ်ယောက်အား ဒဏ်ရာပြင်းထန်စွာ ရရှိစေလိုက်သောအခါတွင်မူ အရက်ဆိုင်ရှိလူများ ကြောက်လန့်တကြား ထွက်ပြေးကုန်ကြတော့၏။

သို့သော် အခန်းထောင့်တစ်ထောင့်တွင်မူ လူနှစ်ယောက် ထိုင်မြဲထိုင်နေကြသည်။ လင့်ဟူချုံးအသတ်ခံလိုက်ရသောအခါ မိမိက လင့်ဟူချုံး၏အလောင်းကိုပွေ့ပိုက်၍ ဆိုက်အောက်ထပ်သို့ ဆင်းလာသည်အထိ ထိုနှစ်ယောက် သည် ထိုင်မြဲထိုင်နေခဲ့ကြသည်။

ထိုစဉ်က စိတ်လှုပ်ရှားလွန်းသဖြင့် သူတို့နှစ်ယောက်ကို မတွေ့မိသလို စိတ်ကထင်မှတ်နေသော်လည်း ယခုကဲ့သို့ ဖြည်းဖြည်းချင်း ပြန်လည်စဉ်းစားလိုက်သောအခါတွင်မူ မျက်စိထဲတွင် အားလုံးလိုလို ပြက်ပြက်ထင်ထင် ပြန်ပေါ်လာတော့သည်။

ထိုလူနှစ်ယောက်တွင် တစ်ယောက်သည် ယောက်ျားကြီးတစ်ယောက်ဖြစ်၍ ကျန်တစ်ယောက်မှာ ဤကလေးမလေးပင် ဖြစ်တော့သည်။

ခန်းမထဲရှိ လူအားလုံးလိုလို ရီချန်းနှင့်မိန်းကလေးတို့ကိုသာ ကြည့်နေကြ၏။ ကလေးမလေး၏ နောက် ပြောင်ပုံနှင့် ရီချန်း၏ ဒေါသဖြစ်နေပုံမှာ သူတို့အတွက် ပြက်လုံးသဖွယ် ဖြစ်နေတော့၏။

ရီလင်မှာမူ မနေ့ညက အဖြစ်အပျက်များကိုသာ ပြန်လည်မြင်ယောင်နေမိတော့သည်။

သွေးဆုတ်ဖြူရော်နေသော်လည်း လင့်ဟူချုံး၏ ကြင်နာသောအပြုံးများကား သူမ၏မျက်စိထဲမှ မထွက်နိုင် သော အရာများပင်ဖြစ်တော့သည်။

လိုလင်အား ပရိယာယ်ဆင်၍ ညာခေါ်ပုံ၊ သူ၏ဓားဖြင့် ပင့်တင်ထိုးသတ်လိုက်ပုံ၊ လင့်ဟူချုံး၏အလောင်းကို ပွေ့ချီ၍ ဆိုင်တွင်းမှ သူမထွက်ခဲ့ပုံ၊ အိပ်မက်မက် ယောင်ယမ်းထလျှောက်သူပမာ အမှတ်သညာမဲ့ မြို့တံခါးမှ ထွက်ခဲ့ပုံ။

ထိုစဉ် လင့်ဟူချုံး၏ ခန္ဓာရုပ်အလာင်းသည် တဖြည်းဖြည်းအေးစက်လာသည်ကို ခံစားမိပုံနှင့် နောက်ဆုံး ရေကန်တစ်ခုနားသို့ရောက်သောအခါ သတိလစ်ပြီး မေ့လဲကျသွားပုံတို့ကို တစ်ကွက်ချင်းတစ်ကွက်ချင်း ပြန်လည် မြင်ယောင်လာမိတော့၏။

သူမပြန်လည်သတိရလာသောအခါတွင် လင့်ဟူချုံး၏အလောင်းကို မတွေ့ရတော့သဖြင့် အထိတ်တလန့်ဖြစ်သွားရပြီး ရေကန်ထဲသို့ ဆင်းရှာခဲ့ပုံများကိုပါ ပြန်လည်မြင်ယောင်မိခဲ့သည်။

နောက်ဆုံးတွင် သူမသည် ချုံးဆန်းမြို့သို့ရောက်ရှိခဲ့ပြီး လျှိုကျက်ဖုန်း၏အိမ်သို့လိုက်လာရာမှ ယခု မိမိ၏ ဆရာမတင့်ရီမယ်သီလရှင်ကြီးနှင့် တွေ့ဆုံခဲ့ရခြင်း ဖြစ်တော့သည်။

သို့သော် သူမ၏နှလုံးသားထဲ၌ လင့်ဟူချုံးကို မည်သို့မျှ မေ့ပျောက်၍မရနိုင်အောင် ဖြစ်နေတော့၏။

ထို့ကြောင့် ရီလင်ခမျာ ...

“ငါ... ငါ... သူ့ကို သတိရနေလို့မဖြစ်ပါဘူးလေ၊ ဒါ... ဒါက ဘုရား မကြိုက်တဲ့အလုပ်၊ ဆရာမသိရင် လည်း ငါ့ကိုဆူမှာ... ဒါပေမယ့် အစ်ကိုကြီး အစ်ကိုကြီး လင့်ဟူချုံးရဲ့အလောင်း ဘယ်များရောက်သွားပါလိမ့်၊ ငါမေ့လို့ မရပါလားနော် ...”

× × × × × ×

## လင့်ဟူချုံး

ထိုစဉ် …

တင့်ရီမယ်သီလရှင်ကြီးသည် ကလေးမလေးနှင့် ပတ်သက်၍ စဉ်းစားနေမိသည်။

သူမအနေဖြင့် ချစ်စရာကောင်းသော ကလေးမလေးကို အလွန်သဘောကျနေမိ၏။

ထို့ကြောင့် ရီချန်းက ထိုကလေးမလေးကို အနိုင်ကျင့်လာလျှင် သူမအနေဖြင့် မည်သို့မျှ လက်ပိုက်ရပ်ကြည့်နိုင်လိမ့်မည်မဟုတ်ကြောင်း သူမကိုယ်တိုင် သိရှိနေမိသည်။

သို့ရာတွင် ရီချန်းသည်လည်း သာမညလူတစ်ယောက်မဟုတ်၊ ဂိုဏ်းကြီးတစ်ဂိုဏ်း၏ ဂိုဏ်းချုပ်ကြီးတစ်ယောက်ဖြစ်နေသည်။ ထို့ကြောင့် ရီချန်းနှင့် အပြင်းအထန် တိုက်ခိုက်ကြလျှင်လည်း နှစ်ဦးနှစ်ဖက်စလုံးအတွက် ကောင်းလိမ့်မည်မဟုတ်။

တင့်ရီမယ်သီလရှင်ကြီးသည် အကောင်းဆုံးဖြစ်နိုင်မည့် နည်းလမ်းတစ်ခုကို ရရှိလိုက်သဖြင့် ရီလင်အား လှမ်းပြောလိုက်၏။

"ရီလင် … ဒီက ညီမလေးကိုခေါ်ပြီး သူ့အဖေနဲ့အမေကို သွားရှာပေးလိုက်စမ်း၊ ဒီမှာသူ့ကို စောင့်ရှောက်မယ့်သူမရှိတော့ လူတကာက သူ့ကိုအနိုင်ကျင့်ချင်နေကြတာ …"

"ဟုတ်ကဲ့ဆရာမ … သူ့အဖေနဲ့အမေကို တွေ့အောင် ကျွန်မ လိုက်ရှာပေးလိုက်ပါ့မယ် …"

ရီလင်သည် ကလေးမလေး၏ လက်ကိုဆွဲကာ အပြင်သို့ ထွက်ခွာသွားလေတော့၏။

ထိုအချိန်တွင် အောင့်သက်သက်ဖြင့် အံတကြိတ်ကြိတ် ကျန်ရစ်ခဲ့သူမှာ ရီချန်းပင်ဖြစ်လေတော့သည်။ ရီချန်းအနေဖြင့် ကလေးမလေး ထွက်မသွားစေရန် မည်သို့မျှ တားမြစ်၍မဖြစ်နိုင်မှန်းသိသဖြင့် ထိုမျှ ဒေါသဖြစ် ကျန်ရစ်နေခြင်းဖြစ်၏။

ရီလင်သည် အပြင်လမ်းမသို့ ရောက်သောအခါ ကလေးမလေးအား မေးလိုက်၏။

"ညီမလေးနာမည် ဘယ်လိုခေါ်လဲဟင် …"

မိန်းကလေးသည် မည်သည့်စကားမျှ မပြောဘဲ တခစ်ခစ် ရယ်နေတော့၏။ပြီးမှ …

"ကျွန်မနာမည်က လင့်ဟူချုံးတဲ့ …"

ရီလင် ထိတ်ခနဲ ဖြစ်သွား၏။ ထို့နောက် မျက်မှောင်ကုတ်ပြီး ပြောလိုက်သည်။

"မမက ညီမလေးကို ကောင်းကောင်းမေးနေတာ၊ ဘာဖြစ်လို့ ညီမလေးက လျှောက်နောက်နေရတာလဲ …"

ကလေးမလေးက ရယ်၍ …

"ဘာလဲ… မမကသာ မမရဲ့သူငယ်ချင်းကို လင့်ဟူချုံးလို့ ခေါ်နိုင်တာပေါ့… သူများကို မခေါ်နိုင်ဘူးပေါ့…" ဟု မေးသည်။

ရီလင်သည် ချက်ချင်းပင် မျက်ရည်များဝဲလာတော့သည်။

“အကိုကြီးလင့်ဟူချုံးဟာ မမရဲ့အသက်သခင် ကျေးဇူးရှင်ပါကွယ်၊ သူဟာ မမကြောင့် သေခဲ့ရတာပါ၊ မမကိုကယ်လို့ သူ အသက်ဆုံးရှုံးခဲ့ရတာပါ၊ မမက သူ့ရဲ့သူငယ်ချင်း ဘယ်ဖြစ်နိုင်ပါ့မလဲကွယ် ..”

ထိုစဉ် လျှိုကျက်ဖုန်း၏အိမ်မှ ခါးကုန်းကြီးနှစ်ယောက် ထွက်လာကြသည်ကို တွေ့လိုက်ကြရ၏။

ထိုနှစ်ယောက်မှာ လင်မိန်ကျက်နှင့် မြောက်ပိုင်းကုလားအုတ် မုကောင်းဖုန်းတို့ပင် ဖြစ်၏။

ကလေးမလေးသည် ထိုနှစ်ယောက်ကို ကြည့်ပြီး တခစ်ခစ် ရယ်တော့၏။

“မမ… ဒီလောကကြီးဟာ တကယ်ထူးဆန်းတဲ့ လောကကြီးပဲနော်၊ အဘိုးကလည်း ခါးကုန်းကြီး၊ မြေးကျတော့လည်း ခါးကုန်းလေးဖြစ်နေတာ သိပ်ရယ်စရာကောင်းတာပဲ ..”

ရီလင်သည် လင့်ဟူချုံးအကြောင်း တွေးနေမိသဖြင့် အလွန်တရာမှ စိတ်မချမ်းမသာ ဖြစ်နေရာ …

“ညီမလေး မမခေါင်းသိပ်ကိုက်နေလို့ ညီမလေးနဲ့ မလိုက်နိုင်တော့ဘူးကွယ်၊ ညီမလေးကို ရန်ပြုမယ့်သူတွေ လည်း မရှိတော့ပါဘူး၊ ညီမလေး တစ်ယောက်တည်းပဲ ဖေဖေနဲ့မေမေတို့ဆီ သွားတော့နော်”ဟု ပြောလိုက်သည်။

ကလေးမလေးသည် တခစ်ခစ် ရယ်လိုက်ပြီး …

“ဟင်… မမ ခေါင်းကိုက်တယ်ဆိုတာ ညာပြောတာပါ… ကျွန်မသိပါတယ်၊ လင့်ဟူချုံးဆိုတဲ့ နာမည်လည်း ကြားရော မမလည်း စိတ်မချမ်းမသာဖြစ်သွားရော မဟုတ်လား …”

သူမသည် ရီလင်၏လက်ကို ရုတ်တရက် ဆွဲလိုက်ကာ …

“မမက ကျွန်မနာမည်မေးတယ် မဟုတ်လား၊ ကျွန်မကို ဘိုးဘိုးကရော ဖေဖေနဲ့မေမေကရော ဖေးဖေးလို့ ခေါ်ကြတယ်၊ မမကလည်း ဖေးဖေးလို့ပဲ ခေါ်ပေါ့ …”ဟု ပြောသည်။

ကလေးမက သူမ၏နာမည် ပြောပြသဖြင့် ရီလင်သည် ကျေနပ်သွားလေသည်။

ဖေးဖေးက ရီလင်ကို တစ်ချက်အကဲခတ်ပြီး ဆက်၍ …

“မမသာ မယ်သီလရှင် မလုပ်ရင် ဘယ်လောက်ကောင်းမလဲ”

ထိုစကားကို ကြားလိုက်ရသောအခါ ရီလင် တုန်လှုပ်သွားသည်။ ဖေးဖေးကမူ ရီလင်၏ အမူအရာကို လုံးဝမသိရှိဘဲ သူ ပြောချင်ရာကိုသာ ဆက်ပြောနေတော့၏။

“မယ်သီလရှင်လုပ်တာ ဘာများကောင်းလို့လဲ မမရယ်… သားငါးလည်း မစားရဘူး … မမက ဘယ်လောက်ချောသလဲ… ဆံပင်တွေ အားလုံး ရိတ်ပစ်လိုက်ရတော့ မမရဲ့အလှတွေ တစ်ဝက်လောက် လျော့သွားတာပေါ့ … ဆံပင်နဲ့သာဆိုရင် ဘယ်လောက် လှလိုက်မလဲနော် …”

ရီလင်သည် ဖေးဖေး၏ကလေးဆန်သော စကားများကို ကြားလိုက်ရသောအခါ ပြုံးမိသည်။

ဖေးဖေးကပင် ဆက်၍ …

“မမ … ကျွန်မနဲ့လိုက်ပြီး လူတစ်ယောက်ရဲ့အသက်ကို ကယ်ပေးမလား … မမတို့ ဟန်ဆန်းဂိုဏ်းရဲ့ အသားကပ်အရိုးဆက်လိမ်းဆေးက သိပ်အစွမ်းထက်တယ်မဟုတ်လား … ဒီလိမ်းဆေးနဲ့မှ ဒီလူရဲ့အသက်ကို ကယ် နိုင်မှာ … ဒီဆေးသာ မရရင် ဒီလူသေမှာ”ဟု ပြောသည်။

ရီလင်က … “ညီမလေးက ဘယ်သူ့ကို ကယ်မှာလဲ ..”

“ဟင့်အင်း … အခုတော့ မပြောနိုင်သေးဘူး ..”

“ညီမလေးက သူတစ်ပါးရဲ့ကအသက်ကို ကယ်ဖို့ဆိုတော့ မမက ကူညီရမှာပေါ့ကွယ်… ဒါပေမယ့် မမတို့ရဲ့ ဆရာမက မှာထားတာရှိတယ် ညီမလေးရဲ့ … လူဆိုးလူမိုက်ဆိုရင် ဒီဆေးနဲ့ မကယ်ရဘူးတဲ့”

“မမ … လူတစ်ယောက်ဟာ မမရဲ့ဆရာမကို အကြောင်းမဲ့လာဆဲရင် လူဆိုးလို့ ခေါ်မလား … လူကောင်း လို့ ခေါ်မလားဟင်”

“ညီမရယ် … လူဆိုးပေါ့ ..”

ဖေးဖေးက ရယ်ရင်း ပြောလိုက်သည်။

"ဒီလိုဆိုရင် အကိုကြီးလင့်ဟူချုံးက မမရဲ့ ဆရာမကို တချိန်လုံးဆဲနေခဲ့တာပဲ ... ဒါတောင် မမက လင့်ဟူချုံးရဲ့ဒဏ်ရာကို ဘာဖြစ်လို့ ဆေးထည့်ပေးခဲ့ရတာလဲ ပြောပါဦး ..."

ရီလင်၏မျက်နှာတစ်ခုလုံး ရှက်သွေးတက်ကာ နီရဲသွားတော့၏။ သူမ တွေးလိုက်မိသည်။

"ဟုတ်ပြီ... မနေ့က ဒီကောင်မလေး အရက်ဆိုင်ထဲမှာ ရှိနေတာသေချာပြီ... ဒါကြောင့် ဒါတွေအားလုံး သူ သိနေတာပေါ့ ... သူ ... သူ ... ဘာကြောင့် ငါ့နောက်ကို လိုက်နေရတာလဲ မသိဘူး၊ ဒါဆိုရင် အကိုကြီးရဲ့ အလောင်း .."

သူမသည် ဖေးဖေးကိုကြည့်ပြီး မေးရန်ဟန်ပြင်လိုက်၏။ သို့သော် သူမ၏မျက်နှာသည် ပန်းသွေးရောင် ထသွားပြီး စကားလုံးများသည် လည်ချောင်းဝ၌ပင် ပျောက်ကွယ်သွားတော့၏။

ဖေးဖေးက ... "မမက ကျွန်မကို အကိုကြီးလင့်ဟူချုံးရဲ့ အလောင်း ဘယ်ရောက်နေသလဲလို့ မေးမလို့ မဟုတ်လား .." ဟု ပြန်မေးလိုက်သည်။

ရီလင်သည် ဖေးဖေး၏ အကင်းပါးမှုကို အလွန်အံ့သြသွား၏။

"အို ... ညီမလေးက သိပ်သိတတ်ပါလား ... ညီမလေးကသာ ဒီအကြောင်းတွေ မမကို ပြောပြနိုင်မယ် ဆိုရင် မမ သိပ်ကျေးဇူးတင်မိမှာပဲကွယ် .."

"ကျွန်မကလည်း ပြောပြချင်ပါတယ် ... ဒါပေမယ့် ကျွန်မကမသိတော့ ခက်နေတယ် ... လူတစ်ယောက် ကတော့ သိနေပါတယ်၊ ဒါပေမယ့် အဲဒီလူကလည်း အခု ဒဏ်ရာသိပ်ပြင်းထန်နေတယ် ... မမကသာ သူ့ကို ကယ်နိုင်မယ် ဆိုရင်တော့ သူက မမကို အကိုကြီးလင့်ဟူချုံးရဲ့အလောင်း ဘယ်မှာရှိတယ်ဆိုတာ ပြောပြနိုင်မှာပါ"

ရီလင်က စိတ်လှုပ်ရှားစွာဖြင့် မေးလိုက်၏။

"ဒီလူက ဘယ်မှာလဲ ... ဘယ်မှာလဲ ..."

"ဒီလူက ... လူကောင်းတစ်ယောက်တော့ မဟုတ်ဘူး ... နောက်ပြီး ကျွန်မတို့သွားမယ့် နေရာကလည်း နေရာကောင်းမဟုတ်ဘူး ... ဒီတော့ ကျွန်မက အရမ်းမတိုက်တွန်းပါဘူး ... သူ့ကိုကယ်ဖို့က မမရဲ့သဘောပါ .."

ရီလင်သည် မည်သည့်အချက်ကိုမျှ မစဉ်းစားနိုင်တော့၊ လင့်ဟူချုံး၏အလောင်း မည်သည့်နေရာ ရောက်နေသည်ကိုသာ သိချင်နေတော့၏။ မည်သည့်နေရာသို့သွားရသွားရ သွားရန်အသင့်ရှိနေသည်။

ထို့ကြောင့် ဖေးဖေးကို အလျင်အမြန်ပင် ခေါင်းညိတ်ပြလိုက်သည်။

"ကောင်းပြီ ... အဲဒီလူကို မမဆေးနဲ့ကယ်မယ် ... အခုပဲ သွားကြရအောင် .."

သူတို့နှစ်ယောက်စလုံး လျင်မြန်စွာ လျှောက်နေကြတော့၏။ ရီလင်အနေဖြင့် မည်သည့်လမ်းများကို သွားနေ မှန်းလည်းမသိ၊ လမ်းကြိုလမ်းကြား အိမ်ကြိုအိမ်ကြားဖြတ်ပြီး လျှောက်လာခဲ့ကြရာ နောက်ဆုံး အိမ်ကြီးတစ်အိမ်ရှေ့ သို့ ရောက်ရှိလာတော့၏။

ထိုအိမ်ကြီး၏ ထူးခြားချက်ကား အိမ်ရှေ့တွင် မီးပုံးနီနီကလေးတစ်ခု ချိတ်ဆွဲထားခြင်း ဖြစ်တော့သည်။

ဖေးဖေးက တံခါးခေါက်လိုက်သောအခါ လူတစ်ယောက် တံခါးလာဖွင့်ပေးသည်။ ဖေးဖေးသည် ထိုလူအား တစ်စုံတစ်ရာကို တီးတိုးပြောလိုက်ပြီး ရီလင်ကို လက်ယပ်ခေါ်လိုက်ကာ လျှောက်ဝင်လာကြ၏။ တံခါးဖွင့်ပေးသူမှာ ရီလင်ကို တွေ့လိုက်ရသောအခါ အလွန်တရာ အံ့သြသွားပုံရသည်။

နောက်ဆုံး ... သူတို့နှစ်ယောက်သည် အခန်းကလေးတစ်ခုထဲသို့ ရောက်ရှိလာကြတော့၏။

အခန်းတစ်ခုလုံး မွှေးကြိုင်နေကြောင်း ရီလင် သတိပြုလိုက်မိသည်။

အခန်းထဲဝင်လိုက်သည်နှင့် ခုတင်ကြီးတစ်လုံးကို တွေ့ရတော့သည်။ သန့်ရှင်းဖြူစင်သော အိပ်ရာခင်း၊ ပန်းထိုးထားသော ခေါင်းအုံး၊ အားလုံး လှပမွှေးကြိုင် သန့်ရှင်းသပ်ရပ်နေ၏။

မှန်တင်ခုံတစ်ခုလည်း ရှိနေသည်။ ခုတင်ရှေ့တွင်မူ ပန်းထိုးထားသော အဝတ်ဖိနပ်နှစ်ရံရှိနေ၏။ ယောကျ်ား ဖိနပ်တစ်ရံနှင့် မိန်းမဖိနပ်တစ်ရံ ဖြစ်၏။

ရီလင်၏ မျက်နှာတစ်ခုလုံး ထူပူနေမိတော့သည်။ ထိုစဉ် အခန်းထဲသို့ မိန်းမကြီးတစ်ယောက် ဝင်လာ သည်။ သူမက လက်ဖက်ရည်ကြမ်းအိုး ယူလာပေးခြင်းဖြစ်၏။ ထိုမိန်းမကြီး၏ အဝတ်အစားနှင့် ဟန်အမူအရာများ သည် အသက်အရွယ်နှင့် မလိုက်အောင်ပင် လျှပ်ပေါ်လော်လီလုပေ၏။

ရီလင်သည် ဤအခြေအနေများကို တွေ့ရသောအခါ စိုးရိမ်ကြောက်ရွံ့လာတော့၏။ တုန်ယင်သော လေသံ ကလေးဖြင့် ဖေးဖေးအား မေးလိုက်သည်။

"ညီ ... ညီမလေး ... ဒီ ... ဒီနေရာဟာ ဘာလဲဟင် .."

ဖေးဖေးက တစ်ချက်မျှ ခစ်ခနဲရယ်မောလိုက်၏။ မည်သို့မျှတော့ မပြောချေ၊ ဝင်လာသည့် မိန်းမကြီး ကလည်း တစ်ချက်မျှရယ်ပြီး အခန်းပြင်သို့ ထွက်သွားတော့၏။

ထိုစဉ် အခန်းအပြင်ဘက်မှ ယောကျ်ားတစ်ယောက်၏ တဟားဟား ရယ်မောသံသည် ရီလင်တို့၏ အခန်းသို့ နီးလာသည်ကို သိလိုက်ကြရတော့သည်။ ရီလင်သည် ထိုအသံကို ကောင်းကောင်းကြီးမှတ်မိနေ၏။ သို့သော် သူမ၏ခါးတွင် ဓားမရှိတော့ချေ၊ မည်သည့်အချိန်က ပျောက်ဆုံးသွားသည်ကို သူမ မသိချေ၊ ထိုအချိန်တွင် ရယ်နေ သောယောကျ်ားကြီးသည် ရီလင်၏အခန်းတွင်းသို့ လှမ်းဝင်လာခဲ့ချေပြီ။

ထိုလူသည် ရီလင်ကို မမျှော်လင့်ဘဲ ရုတ်တရက်တွေ့လိုက်ရသောအခါ ရုတ်ခြည်း အရယ်ရပ်သွားတော့၏။ သူ၏မျက်နှာတွင် အနေရကျပ်ခြင်း၊ စိတ်ရှုပ်ထွေးခြင်း စသည့်လက္ခဏာများ ပေါ်နေသည်။ ရီလင်ခမျာ ရင်ခုန်ရ လွန်းသဖြင့် နှလုံးကွဲမတတ် ဖြစ်နေရှာတော့၏။

ထိုသူကား အခြားသူမဟုတ်။

တစ်ကိုယ်တော် ပန်းဘီလူးထင်ပေါ်သာတည်း။

ရီလင်၏ ဆူပွက်နေသော ဦးခေါင်းထဲ၌ ...

"ဒုက္ခပဲ ... ငါတော့ ဖေးဖေးရဲ့ လှည့်ကွက်ထဲမှာ မိသွားပြီ" ဟု တွေးလိုက်မိတော့သည်။

ထင်ပေါ်မှာ ရုတ်တရက်ငေးကြောင်ရပ်နေရာမှ ချက်ချင်းပင် ချာခနဲလှည့်ထွက်သွားတော့၏။ ဖေးဖေးက ... "နေဦးလေ ... ဘယ့်နှယ် ကျွန်မကိုတွေ့တာနဲ့ ထွက်ပြေးရတာလဲ ..."

ထင်ပေါ်၏အသံကို အခန်းအပြင်မှ ကြားလိုက်ရသည်။

"ငါက ဒီ ... ဒီဆရာလေးနဲ့ မတွေ့နိုင်ဘူး ... တွေ့လို့မဖြစ်ဘူး .."

ဖေးဖေးသည် တခစ်ခစ်ရယ်ရင်း ...

"ထင်ပေါ်... ရှင်ကဘယ်လိုလဲ... ဘာဖြစ်လို့ ကတိမတည်ရတာလဲ... ရှင် လင့်ဟူချုံးနဲ့ပြိုင်ပွဲမှာ ရှုံးသွားခဲ့ပြီ မဟုတ်လား ... ဘာဖြစ်လို့ အဲဒီစည်းကမ်းချက်ကို မလိုက်နာရတာလဲ... ရှင် ဒီကမယ်သီလရှင်လေးကို ဆရာခေါ်ရ မယ်လေ... အခု ဘယ်လိုဖြစ်တာလဲ... ကိုယ့်ဆရာကိုတွေ့တာတောင် အရိုသေပေးရကောင်းမှန်းမသိဘူး ..." ဟု ပြောလိုက်သည်။

"တော်စမ်းပါ ... ဒီအကြောင်း မပြောနဲ့တော့ ဖေးဖေး ... မင်းက ဘယ့်နှယ် ဒီနေရာရောက်နေရတာလဲ... သွားစမ်း ... မြန်မြန် ထွက်သွားကြစမ်း ... ဘယ့်နှယ် မတော်မတဲ့ မိန်းကလေးတွေ မကောင်းတဲ့အိမ်ကိုလာရ တယ်လို့ ..."

ရီလင်မှာ မကောင်းတဲ့အိမ် ဟူသော စကားကို ကြားလိုက်ရသောအခါ ခေါင်းထဲတွင် မိုက်ခနဲ ဖြစ်သွား တော့၏။ ထိုအခါ ဖေးဖေးက ရယ်ရင်း ...

"အိုး ... ဒီနေရာကို ကျွန်မတို့က ဘာဖြစ်လို့ မလာရမှာလဲ၊ အကြောင်းရှိလို့လား ..."

ထင်ပေါ်က ခြေထောက်ကို ကြမ်းပျဉ်ပေါ် 'ဒုန်း' ခနဲ ဆောင့်လိုက်ရင်း ...

"မင်းဘိုးဘိုးက မင်းဒီနေရာလာနေတယ်ဆိုတာ သိသွားရင် ငါ့ကိုသတ်မှာသိရဲ့လား ... ဖေးဖေးက လိမ္မာပါ တယ်ကွာ ... ဒီဆရာလေးကိုခေါ်ပြီး ဒီနေရာက အမြန်ဆုံး ပြန်သွားပါတော့ .."

ဖေးဖေးက ...

"ဟင့်အင်း … ကျွန်မတို့ဒီကိုလာတာက အကြောင်းရှိလို့ပါ၊ အခု ကျွန်မတို့နောက်ကို လူနှစ်ယောက် ခိုးကြောင်ခိုးဝှက် လိုက်လာကြတယ်… ရှင် ဒီနှစ်ယောက်ကို ရှင်းပစ်လိုက်ပါ … အဲဒါဆိုရင် ကျွန်မ နက်ဖြန်ကျရင် ဘိုးဘိုးကို မတိုင်တော့ဘူး .."

ထင်ပေါက ဝမ်းသာအားရလေသံဖြင့် … "ကောင်းပြီ … ငါရှင်းမယ် .." ဟု ပြောသည်။

ရုတ်တရက် ထင်ပေါသည် တစ်ချက်အော်ဟစ် လိုက်တော့၏။ ထင်ပေါ၏ အော်သံနှင့်အတူ အသံနှစ်ခုကို ကြားလိုက်ရသည်။ လက်နက်နှစ်ခု လွတ်ကျသွားသောအသံဖြစ်၏။ ပြီးနောက် စူးဝါးသောအသံကို ကြားလိုက် ရသည်။ ထို့နောက် လူတစ်ယောက် ထွက်ပြေးသွားသံကိုပါ ဆက်တိုက် ကြားလိုက်ရတော့သည်။

ထင်ပေါက …

"တစ်ယောက်ကိုတော့ ငါသတ်လိုက်ပြီ … တစ်ယောက်ကတော့ လွတ်သွားပြီ .."

ဖေးဖေးက …

"အိုး … အသုံးမကျလိုက်တာမှလွန်ရော … ဘာဖြစ်လို့နောက်တစ်ယောက်ကို လွှတ်ပေးလိုက်ရတာလဲ … နှစ်ယောက်စလုံး ကျွန်မတို့နောက်ကို ခြေရာခံလိုက်လာတဲ့ သူတွေချည်းပဲ .."

"သူ့ကို ငါသတ်လို့မဖြစ်ဘူး … သူ … သူက ဟန်ဆန်းဂိုဏ်းက မယ်သီလရှင်တွေ .."

ဖေးဖေးသည် တခစ်ခစ်ရယ်ရင်း …

"လက်စသတ်တော့ ရှင့်ဆရာရဲ့ ဂိုဏ်းသားဖြစ်နေတာကိုး … ဟုတ်တယ် … ဒါတော့ ဘယ်သတ်လို့ဖြစ်မလဲ … လူဆိုတာ ဒီလို ကတိတည်မှပေါ့ .." ဟု ပြောတော့၏။

ထိုအခါ ရီလင်က အထိတ်တလန့် မေးလိုက်သည်။

"မမရဲ့ဂိုဏ်းတူအမ ဟုတ်လား … ဒုက္ခပဲ … ဘယ်လိုလုပ်ရတော့မလဲဟင် … ဆရာမသာ ဒီအကြောင်းတွေ သိရင်တော့ မမတော့ ဒုက္ခရောက်ပြီ .."

ဖေးဖေးက …

"ကျွန်မတို့ အခုပဲလူနာသွားကြည့်ကြတာပေါ့ … မမရဲ့ဆရာမကိုကြောက်လို့ ပြန်ချင်တယ်ဆိုရင်တော့ပြန် လေ .."

ရီလင်သည် သူ၏ဆရာမသိသွားမည်ကို စိုးရိမ်သည်ကတစ်ဘက်၊ လင့်ဟူချုံး၏ အလောင်းကို တွေ့မြင်လို သည့်စိတ်ကတစ်ဘက် လွန်ဆွဲလျက် တွေဝေနေတော့၏။ ပြီးမှ ပိုင်းဖြတ်သောလေသံဖြင့် ..

"အေးလေ … ရောက်လည်း ရောက်ပြီးနေမှ ဘာထူးတော့မှာလဲ … ကျေးဇူးရှင် အကိုကြီးလင့်ဟူချုံးရဲ့ အလောင်းကိုတွေ့ဖို့က ပိုအရေးကြီးတယ် .." ဟု ပြောတော့သည်။

ဖေးဖေးသည် နှစ်နှစ်ခြိုက်ခြိုက်ပြုံးကာ ခုတင်ဘေးရှိနံရံကို လက်ဖြင့် တစ်ချက်မျှတွန်းလိုက်သည်။ ထိုအခါ အံဖုံးတံခါးချပ် လျှောခနဲပွင့်သွားပြီး အခန်းတစ်ခုကို တွေ့လိုက်ရတော့၏။ အခန်းထဲတွင် မှိန်ပျပျ အလင်းရောင် အောက်ရှိ ခုတင်တစ်လုံးပေါ်တွင် လူတစ်ယောက်အိပ်နေကြောင်း ချထားသည့် ခြင်ထောင်အပြင်မှ ထွင်းဖောက်မြင်နေ ရသည်။

ရီလင်သည် အခန်းထဲရောက်သောအခါ ထိုခုတင်ရှိရာသို့ ဆက်မလျှောက်ရဲတော့ပေ၊ ဖေးဖေးက …

"မမ … မမတို့ ဟန်ဆန်းဂိုဏ်းရဲ့ အသားကပ်အရိုးဆက် ဆေးနဲ့ ဒီလူနာကို ကုတော့လေ …"

ရီလင်မှာ လင့်ဟူချုံး၏အလောင်းကို ပြန်တွေ့ရရေးအတွက် ဘာပဲဖြစ်ဖြစ်ဟူသောစိတ်မျိုး ပေါ်ပေါက်လာ သဖြင့် မည်သည့်ထိတ်လန့်စရာကိုမျှ မတွေးတောတော့ဘဲ ခုတင်နားသို့လျှောက်လာကာ ခြင်ထောင်ကို မလိုက် တော့၏။ ထိုအခါ လူတစ်ယောက် ပက်လက်အိပ်လျက်ရှိနေပြီး မျက်နှာတွင် ပဝါတစ်ထည် အုပ်ထားသည်ကို တွေ့ လိုက်ရ၏။

ရီလင်က ဖေးဖေးကို လှည့်၍ မေးလိုက်သည်။

"ဖေးဖေး … သူ့ရဲ့ဒဏ်ရာက ဘယ်မှာလဲ .."

“ရင်ဝနားက ဒဏ်ရာက အနက်ဆုံးပဲ ... နလုံးကိုထိဖို့ နည်းနည်းပဲ လိုတော့တယ် ... နည်းနည်းကလေး စောင်းသွားလို့ သူသက်သာသွားတာ ... နို့မို့ဆိုရင်တော့ ဘယ် အသက်ရှင်လိမ့်မလဲ”

ရီလင်သည် ထိုလူ၏ကိုယ်ပေါ်က စောင်ပါးကလေးကို လှပ်လိုက်သည်။ ထိုလူ၏ ခန္ဓာကိုယ် အပေါ်ပိုင်း တွင် အင်္ကျီမရှိချေ၊ ထို့ကြောင့် ရင်ဝရှိဒဏ်ရာကို ထင်ရှားစွာတွေ့ရှိရသည်။ သွေးတိတ်နေပြီဖြစ်သော်လည်း ဒဏ်ရာ အလွန်နက်ကြောင်း တွေ့ရ၏။ ထိုမျှဒဏ်ရာနက်နေခြင်းကြောင့် အသက်အန္တရာယ် စိုးရိမ်လောက်သည်အထိ ဖြစ်လာရခြင်းဖြစ်သည်။

သူမသည် စိတ်ကိုတည်ငြိမ်အောင် အတတ်နိုင်ဆုံး ထိန်းလိုက်ပြီး အနာဝ၌ပိတ်ဆို့ထားသည့် ဝါဂွမ်းစကို အပြီးအပိုင် ဖယ်ထုတ်လိုက်သည်။ သွေးတိတ်နေပြီ ဆိုသော်လည်း ဝါဂွမ်းစကို လုံးဝဖယ်လိုက်သောအခါ သွေးများ ပြန်ထွက်လာတော့သည်။

ချက်ချင်းပင် ဟန်ဆန်းဂိုဏ်း၏ အသားကပ်အရိုးဆက်လိမ်းဆေးကိုထုတ်ကာ ဒဏ်ရာပေါ်နှင့် အတွင်းသို့ လိမ်းထည့်ပေးသည်။ ပြီးနောက် ဝါဂွမ်းဖြင့်ဖိကာ ပြန်ပိတ်လိုက်သည်။ အစွမ်းထက်လှသော ဆေးဖြစ်ကြောင်း ချက်ချင်းလက်တွေ့ တန်ခိုးပြတော့သည်။ ဒဏ်ရာထဲသို့ ဆေးထည့်ပေးလိုက်သည်နှင့်တစ်ပြိုင်နက် လုံးဝသွေးတိတ်သွားကာ အနာအကျင်လည်း လျော့ပါးသွားသည်။

အတန်ကြာသောအခါ လူနာ၏ အသက်ရှူသံသည် တဖြည်းဖြည်း မှန်လာတော့၏။

ဖေးဖေးက ...

“မမ ... ဒီလူရဲ့အသက်အန္တရာယ် စိုးရိမ်စရာ မရှိတော့ပါဘူးနော် ..”

ရီလင်က ...

“မရှိတော့ဘူးလို့ ထင်တာပဲ... ဒါပေမယ့် သူ့ရင်ဝက ဒဏ်ရာက နက်လွန်းအားကြီးတယ်... သူက ဘယ်သူ လဲ ..”

ဖေးဖေးက သူမ၏အမေးကို မဖြေ၊ အတန်ကြာ တွေဝေစဉ်းစားနေပြီးမှ ပြောလိုက်သည်။

“ဘိုးဘိုးက ပြောတယ်... မမက သံယောဇဉ် သိပ်ကြီးတယ်တဲ့ ... နောက်ပြီး စိတ်လည်းသိပ်နုတယ်တဲ့ ... ဒီလို မိန်းကလေးမျိုးဟာ မယ်သီလရှင် မလုပ်သင့်ဘူးတဲ့ ..”

ရီလင် အလွန်အံ့သြသွားသည်။ ထို့ကြောင့် ..

“ညီမလေးရဲ့ ဘိုးဘိုးက မမကိုသိတယ်ဟုတ်လား ... သူက မမသံယောဇဉ်ကြီးတယ်ဆိုတာ ဘယ်လိုလုပ် သိတာလဲ ... မမကို ပြောပြစမ်းပါဦး ..”

“မနေ့ညက မင်းသမီးအရက်ဆိုင်ထဲမှာ မမနဲ့အကိုကြီးလင့်ဟူချုံးတို့ ဖြစ်ပျက်နေတဲ့ ကိစ္စတွေကို ကျွန်မနဲ့ အတူတူ ဘိုးဘိုးက ကြည့်နေတာပဲ ... သိနေတာပေါ့ ..”

“ဩော် ... ညီမလေးနဲ့အတူတူ မနေ့ညက ရှိနေတဲ့လူဟာ ညီမလေးရဲ့ဘိုးဘိုးကိုး ..”

“ဟုတ်တယ် ... ကျွန်မတို့က မနေ့ညက ရုပ်ဖျက်ထားကြတယ် ... ဒါကြောင့် ထင်ပေါက မမှတ်မိတာပေါ့ ... သူက ဘိုးဘိုးဆို အသေအလဲ ကြောက်တာပဲ ... ဘိုးဘိုးကိုမြင်ရင် အဝေးကြီးက ပြေးတာပဲ ... အဲသလောက် ကြောက်တာ ..”

ရီလင်၏ စိတ်ထဲတွင် ...

“ဒီလိုဆိုရင် မနေ့ညတုန်းကသာ ဒီကလေးမလေးရဲ့ ဘိုးဘိုးဆိုတဲ့လူကသာ ငါတို့ဆီရောက်လာပြီး မျက်နှာပြလိုက်ရင် ထင်ပေါ်ထွက်ပြေးသွားတော့မှာပေါ့... အကိုကြီး လင့်ဟူချုံးလည်း သေရမှာမဟုတ်ဘူး ... အခုတော့ ..”

ရီလင်စိတ်ထဲ၌ ဖြစ်ပေါ်နေသော အတွေးများကို ဖေးဖေးက ကောင်းစွာရိပ်မိသည်။

“ဘိုးဘိုးကပြောတယ်... ထင်ပေါ်ဟာ အင်မတန်ဆိုးတဲ့ လူတစ်ယောက်တဲ့... အဲဒီလောက်ဆိုးတဲ့ လူတစ်ယောက်မှာ ကောင်းကွက်ကလေး တစ်ခုတော့ ရှိသင့်တယ်တဲ့... ဒီကောင် ကတိတည်မတည်ဆိုတာ စောင့်ကြည့်ရမယ်တဲ့ ... တကယ်လို့ သူရှုံးသွားရင် သူ့ကတိကို သူ ဖျက်နိုင်တယ်တဲ့ ..”

ဖေးဖေးသည် ရတ်တရက် တခစ်ခစ်နှင့်ရယ်လိုက်ပြီး ..

"မမရဲ့အကိုကြီး လင့်ဟူချုံးဟာ သိပ်စကားတတ်တာပဲ... သူက ထိုင်ပြီးတိုက်ခိုက်တဲ့ ဓားသိုင်းအကြောင်း ဟုတ္တိပတ္တိပြောနေတော့ ဘိုးဘိုးကလည်း အဟုတ်မှတ်နေတာ... ဘိုးဘိုးကတွက်နေတယ်... ဒီတစ်ခါတော့ ထင်ပေါက အကိုကြီးလင့်ဟူချုံးကို နိုင်မှာမဟုတ်တော့ဘူးလို့ထင်နေတာ... ဘေးကလူတွေမပြောပါနဲ့လေ၊ ကာယကံရှင် ထင်ပေါ တောင်မှ သူနိုင်မှနိုင်ပါ့မလားလို့ ဇဝေဇဝါဖြစ်သွားရတယ် မဟုတ်လား ... ခစ် ... ခစ် ... ခစ် .."

ဖေးဖေးကမူ ပြောရင်းရယ်နေတော့သည်။ ရီလင်ကမူ သူ့ကြောင့် လင့်ဟူချုံးသေခဲ့ရသည်ကိုသတိရပြီး ပိုမို စိတ်ထိခိုက် နေတော့၏။

ဖေးဖေးက ဆက်ပြောပြသည် ...

"နောက်ပိုင်း ထင်ပေါ်ရှုံးပြီး အရက်ဆိုင်ထဲကထွက်သွားတော့ ဘိုးဘိုးကပြောတယ်... ဒီကောင် အသုံးမကျဘူးတဲ့... ရှုံးသွားတဲ့နောက်တော့ မမကိုဆရာခေါ်ရမှာပေါ့တဲ့ ... ဘာဖြင့်လို့ဆရာမခေါ်ဘဲနဲ့ ထွက်သွားရတာလဲတဲ့.."

ရီလင်က ဝင်ပြောပြသည်။

"အကိုကြီးလင့်ဟူချုံးက ဉာဏ်သုံးပြီးနိုင်လိုက်တာပါ... ဘယ်လိုနေရာမျိုးမှာ ဘယ်လိုဖြတ်ထိုးဉာဏ် သုံးရ မယ်ဆိုတဲ့အသိက သူ့ခေါင်းထဲမှာ အမြဲရှိနေတာပဲ... ဓားသိုင်းပညာအရတော့ ထင်ပေါ် မရှုံးပါဘူး .."

ဖေးဖေးက ...

"မမှာ ဖြောင့်မတ်မှန်ကန်တဲ့စိတ်ဓာတ်ရှိတာကိုး ... ထင်ပေါက မမကို ဒီလောက် အနိုင်ကျင့်ဖို့ ကြိုးစားခဲ့ တာတောင်မှ မမက သူ့အပေါ်မှာ တူးတူးခါးခါးမဖြစ်ဘူး ... အမှန်ကို အမှန်တိုင်း ပြောနိုင်သေးတယ် ... အကိုကြီး လင့်ဟူချုံး ဓားထိုးခံရပြီးတော့ မမကသူ့အလောင်းကိုပွေ့ပြီး လျှောက်သွားနေတယ်... အဲ့ဒါကိုကြည့်ပြီး ဒီဆရာလေးက သိပ်စိတ်ပျော့တယ် ... သံယောဇဉ်လည်း သိပ်များတယ် ... ဒီအတိုင်းလွှတ်လိုက်လို့မဖြစ်ဘူး ... ငါတို့ နောက်က လိုက်ကြည့်မှ သင့်မယ်လို့ပြောတယ် ... ဟုတ်လည်းဟုတ်တာပဲ ... မမက လမ်းတစ်လျှောက်လုံး အလောင်းကိုပွေ့ထား တာပဲ ... တစ်နေရာမှ မချဘူး ... အဲဒီတော့ ဘိုးဘိုးကထပ်ပြောတော့တာပဲ... ဒီဆရာလေး ဒီလောက်စိတ်ထိခိုက် နေတာကိုထောက်ရင် တကယ်လို့ လင့်ဟူချုံးသာအသက်ပြန်ရှင်လာမယ်ဆိုရင်တော့ သူ လူဝတ်လဲပြီး လင့်ဟူချုံးနဲ့ လက်ထပ်မှာ သေချာတယ်လို့ ပြောတော့တာပဲ .."

ရီလင်မှာ မျက်နှာတစ်ပြင်လုံး ထူအမ်းအမ်းဖြစ်သွားပြီး ရှက်သွေးတက်သွားတော့သည်။ ဖေးဖေးက ဆက် တိုက်ပင် မေးလိုက်သည်။

"မမ ... ဘိုးဘိုးပြောတာ မှန်သလားဟင် .."

ရီလင်က ...

"အစ်ကိုကြီးသေဆုံးသွားရတဲ့ကိစ္စမှာ မမစိတ်မကောင်းဖြစ်တာတော့ အမှန်ပါပဲကွယ်... မမအတွက်ကြောင့် အကိုကြီးလင့်ဟူချုံး ဒီလိုဖြစ်ခဲ့ရတာမဟုတ်လား ... မမစိတ်ထဲမှာ သေသွားတာ အစ်ကိုကြီးမဟုတ်ဘဲနဲ့ မမသေသွား တာ ကောင်းမယ်လို့ အမြဲတမ်းတွေးနေမိပါတယ်ကွယ်... အစ်ကိုကြီးက ဘာမဆိုင်ညာမဆိုင် သူ့အသက် ဝင်ပေး သွားရရှာတာ... တကယ်လို့ ယမမင်းကြီးက အကိုကြီးလင့်ဟူချုံးကို အသက်ရှင်အောင် ပြန်လုပ်ပေးမယ်... နင်က ငရဲကို သူ့အစားသွားရမယ်လို့ပြောရင် မမ ငရဲကိုဘယ်နှစ်ကြိမ်သွားရသွားရ သွားပါတယ်ကွယ် ..."

ထိုစဉ် ...

ခုတင်ပေါ်မှ လူနာ၏ ညည်းညူသံကို ကြားလိုက်ကြရသည်။ မကြာမီ ပြန်လည်ငြိမ်သက်သွားပြန်သည်။

ဖေးဖေးက ...

"မမက ဘာဖြစ်လို့ အကိုကြီးလင့်ဟူချုံးအတွက် အသက်အသေခံချင်နေရတာလဲ... မမက သူ့ကို ချစ်နေလို့ လားဟင် ..."

"အို... မဟုတ်ဘူး ... မဟုတ်ဘူး ... ဘုရားရဲ့သမီးတော် မမကို ဒီလိုစကားမျိုးမပြောရဘူး ... အစ်ကိုကြီး က မမနဲ့ လုံးဝသိကျွမ်းတာမဟုတ်ဘဲနဲ့ အနစ်နာခံပြီး ကြားထဲကသေသွားလို့ မမ စိတ်မကောင်းဖြစ်မိတာပါ .."

"မမကိုတစ်ခုမေးမယ်... အကိုကြီးလင့်ဟူချုံး အသက်ပြန်ရှင်လာမယ်ဆိုရင် မမ ဘာမဆို လုပ်ပေးနိုင်သလား ဟင် .."

"ဟုတ်တယ်... လုပ်ပေးနိုင်တယ်... အကိုကြီးလင့်ဟူချုံးသာအသက်ပြန်ရှင်မယ်ဆိုရင် ဘာမဆိုလုပ်ပေးမယ် ... အို ... ကုန်ကုန်ပြောလိုက်မယ် ... မမရဲ့ အသက်နဲ့လဲလို့ရရင်တောင် လဲပေးလိုက်ပါ့မယ် .."

ထိုအခါ ဖေးဖေးက ရုတ်တရက် အော်လိုက်တော့၏။

"အကိုကြီး လင့်ဟူချုံး ... ကြားသလား ... မမရီလင် ပြောနေတာတွေ .."

ရီလင်က ဒေါသသံနှင့် ငေါက်လိုက်သည်။

"ဖေးဖေး ... ညည်း ဘာတွေလျှောက်အော်နေတာလဲ"

ဖေးဖေးကမူ သူမကို လုံးဝအရေးမစိုက်ဘဲ သူ့အသံ စူးစူးကလေးနှင့် ဆက်၍ အော်နေပြန်တော့သည်။

"မမက ပြောနေတယ်၊ အကိုကြီး အသက်ပြန်ရှင်ဖို့ အတွက်ဆိုရင် ဘာမဆို လုပ်ပေးနိုင်တယ်တဲ့ .."

ရီလင်သည် ဖေးဖေးအား ဒေါသဖြစ်နေသော်လည်း ဖေးဖေး၏အပြုအမူ ထူးခြားနေသည်ကို တဖြည်းဖြည်း သိလာမိသည်။ တစ်စုံတစ်ခုကို ရုတ်တရက် တွေးလိုက်မိသောအခါ အကြီးအကျယ် တုန်လှုပ်ချောက်ချားသွားတော့သည်။

"ညည်း ... ညည်း ..."

ဖေးဖေးက ရုတ်တရက် မီးအိမ်တစ်ခုကို ထွန်းညှိလိုက်သောအခါ အခန်းတစ်ခုလုံး လင်းထိန်သွားတော့၏။ ချက်ချင်းပင် ခုတင်ပေါ်၌အိပ်နေသူ၏ မျက်နှာကိုဖုံးအုပ်ထားသည့် လက်ကိုင်ပဝါကို ဆွဲဖယ်လိုက်တော့သည်။

ရီလင်သည် တစ်ချက်မျှ လှမ်းကြည့်လိုက်မိသည်နှင့်တပြိုင်နက် မိုက်ခနဲဖြစ်သွားကာ နောက်သို့ ယိမ်းယိုင်သွားတော့၏။ ဖေးဖေးက နောက်မှ အသာအယာ ထိန်းပေးထားရင်း ရယ်ရယ်မောမောနှင့် ပြောလိုက်သည်။

"ဒါကိုမြင်လိုက်ရင် မမ အကြီးအကျယ် စိတ်လှုပ်ရှားသွားမယ်ဆိုတာသိသားပဲ ... ကဲ ... မြင်ပြီလား ... သူ ဘယ်သူလဲ ..."

ရီလင်က ...

"သူ ... သူ ... သူ .."

သူမ၏အသံသည် တိုးညင်းလွန်းလှ၏။ အသက်ပင် မရှုနိုင်သလို ဖြစ်နေမိသည်။ စိတ်လှုပ်ရှားလွန်းလှ သဖြင့် ခြေထောက် ခိုင်ခိုင်မြဲမြဲမရပ်နိုင်သလို ဖြစ်နေမိသည်။

ခုတင်ပေါ်၌ မျက်စိများမှိတ်လျက် အိပ်နေသူသည် မျက်ခုံးကောင်းကောင်း၊ နှုတ်ခမ်းပါးပါးနှင့် ခန့်ညား ချောမောလှသည့် လင့်ဟူချုံး ဖြစ်နေချေသည်တကား။

ရီလင်သည် ဖေးဖေး၏ လက်ကလေးကို ကတုန်ကယင်နှင့် ဆုပ်ကိုင်ပြီး ...

"ညီ ... ညီမလေး ... သူ ... သူ ... သူ ... မသေဘူး မဟုတ်လား ..." ဟု မေးလိုက်၏။

ဖေးဖေးက နှစ်နှစ်ခြိုက်ခြိုက် ရယ်လိုက်ပြီး ...

"သူခုတော့ မသေသေးပါဘူး... ဒါပေမယ့် မမရဲ့လိမ်းဆေး အစွမ်းမထက်ရင်တော့သူသေမှာပေါ့... အကိုကြီး လိုလူမျိုးကတော့ တော်တော်နဲ့ သေမှာမဟုတ်ပါဘူးလေ... ဘာဖြစ်လို့လဲဆိုတော့ သူက သေရမှာမကြောက်ဘူးလေ၊ သေမင်းက သေရမှာကြောက်တဲ့လူတွေကိုသာ ရွေးခေါ်တတ်တာ မဟုတ်လား ..."

မှန်ပါသည်။

လင့်ဟူချုံးကဲ့သို့သောလူမျိုးသည် တော်ရုံနှင့် သေလိမ့်မည် မဟုတ်ပါ။ မေတ္တာ၊ စေတနာနှင့် အကြင်နာ တရားတို့ကို ပထမတန်းမှထား၍ မိမိအသက်ရှင်သန်မှုကို ဒုတိယထားသောလူများအတွက် မေတ္တာ စေတနာနှင့် အကြင်နာတရားတို့ကသာ ပထမလာပြီး၊ သေခြင်းက ဒုတိယမှ ရောက်လာတတ်သည် မဟုတ်ပါလား။

"သူ ... သူ ... မသေနိုင်တော့ပါဘူး .."

ရီလင်သည် ချုံးပွဲချငိုတော့၏။

ဖေးဖေးက ...

"ဟင် ... မမ ဘာဖြစ်လို့ ငိုရတာလဲ ဟင် .."

ရီလင်မှာ ခြေထောက်နှစ်ဖက်စလုံး ပျော့ခွေနေသဖြင့် လုံးဝ မတ်တတ်ရပ်နိုင်ခြင်း မရှိတော့ချေ၊ ထို့ကြောင့် ခုတင်စောင်းတွင် မျက်နှာအပ်၍ ဝမ်းသာဝမ်းနည်း ငိုလေတော့၏။ သူမက ရှိုက်ရင်းပြောလိုက်သည်။

"မမ... သိပ်ဝမ်းသာလို့ ငိုတာပါကွယ်... ညီမလေးကို မမ သိပ်ကျေးဇူးတင်ပါတယ်... သြော်... လက်စ သတ်တော့ ညီမလေးတို့က အကိုကြီးလင့်ဟူချုံးကို ကယ်လိုက်ကြတာကိုး"

ထိုအချိန်တွင် အပြင်ဘက်မှ ...

"ရီလင် ... ရီလင် .."

ဟူ၍ စိုးရိမ်တကြီးအော်ခေါ်နေသည့်အသံများကို ကြားလိုက်ကြရတော့၏။ တင့်ရီ မယ်သီလရှင်ကြီး၏ အသံသာတည်း။

ရီလင်သည် ထိတ်လန့်သွားသဖြင့် ပြန်ထူးရန် ဟန်ပြင်လိုက်သည်။ ဖေးဖေးသည် အခန်းမီးကို ရုတ်တရက် ငြိမ်းလိုက်ပြီး ရီလင်၏ပါးစပ်ကို ပိတ်ထားလိုက်တော့၏။ သူမက ရီလင်၏နားနားသို့ကပ်ကာ တိုးတိုးကလေး ပြောလိုက်သည်။

"မမ ... အသံမပြုနဲ့ ... ဒီအိမ်က ဘာအိမ်လဲဆိုတာ မမသိပြီးပြီ မဟုတ်လား .."

ထိုတဒင်္ဂအတွင်းဝယ် ရီလင်အနေဖြင့် ဘာလုပ်ရမည်ကို မသိနိုင်လောက်အောင် ထူပူပြီး ကြောက်ရွံ့ ထိတ်လန့်နေတော့သည်။ မိမိ၏ဆရာမခေါ်သံကို ကြားလျက်က မထူးဘဲနေခဲ့သည်မှာ သည်တသက်တွင် သည် တစ်ကြိမ်သာရှိတော့၏။

ထိုစဉ် တင့်ရီမယ်သီလရှင်ကြီးက ...

"ထင်ပေါ်... မင်း ထွက်လာခဲ့စမ်း ... ရီလင်ကိုလွှတ်လိုက်ပါ... ငါ ကောင်းကောင်းပြောနေတာ ကြားတယ် မဟုတ်လား"

ထိုအခါ အရှေ့ဘက်အခန်းမှ ထင်ပေါ်၏ တဟားဟားရယ်သံကို ကြားလိုက်ရပြီး ...

"ဟန်ဆန်းဂိုဏ်းက ဆရာမကြီးတင့်ရီလား ... ကျွန်တော့်အနေနဲ့ ဆရာမကြီးကိုထွက်ပြီး နှုတ်ဆက် အရို အသေပေးသင့်တာကတော့ အမှန်ပါပဲ ... ဒါပေမယ့် ကျွန်တော့်ဘေးနားမှာ မင်းသမီးကလေးသုံးယောက် ရှိနေတော့ မထွက်လာနိုင်တော့ပါဘူး ... ဒါကြောင့် ခွင့်လွှတ်ပါလို့ တောင်းပန်ပါတယ် ... ဟား ... ဟား ... ဟား .."

ထင်ပေါ်၏ စကားသံဆုံးသည်နှင့် တပြိုင်နက် မိန်းကလေးသုံးလေးယောက်ခန့်တို့၏ တခိုးခိုး တခစ်ခစ် ရယ်မောသံများကိုပါ ကြားလိုက်ရတော့သည်။ ဤမိန်းကလေးများကား ဤအိမ်ကြီး၏ ဧည့်ဝတ်ပျူငှာလုသော အပျက်မကလေးများ ပင်တည်း။

တချို့က ...

"အစ်ကိုကြီး... ဘယ်ကအဘွားကြီးက လာခေါ်နေတာလဲ... အရေးစိုက်မနေနဲ့... ကျွန်မကို မွှေးမွှေးပေးပါ..." ဟု ပြောနေ၏။

ထို့နောက် မိန်းကလေးများ၏ ရယ်မောသံများ ထပ်မံပေါ်လာပြန်တော့သည်။ ရယ်သံ၊ စကားပြောသံများ သည် တိုးသွားသည်မရှိဘဲ ပို၍ပို၍ ကျယ်လောင်လာ၏။ ဤသည်မှာ တမင်သက်သက် ပြုလုပ်နေကြခြင်းဖြစ်ပြီး တင့်ရီမယ်သီလရှင်ကြီးကို ဤအိမ်မှ နှင်ထုတ်နေကြခြင်းသာ ဖြစ်တော့၏။

တင့်ရီ မယ်သီလရှင်ကြီးသည် အလွန်ဒေါသထွက်လာ၍ ...

"ထင်ပေါ်... မင်း ထွက်မလာဘူးလား ... အေး ... ထွက်မလာရင်တော့ ငါ မင်းကို အပိုင်းပိုင်း အတစ်တစ်ဖြစ်အောင် ခုတ်ထစ်ပစ်မယ် .." ဟု ကြိမ်းမောင်းတော့သည်။

ထင်ပေါက တဟားဟားရယ်ရင်း ...

"ကျုပ်ထွက်လာရင်လည်း ဆရာမကြီးက ကျုပ်ကို ခုတ်သတ်မှာပဲ... မထွက်လာရင်လည်း ခုတ်သတ်မှာပဲ... ဒီတော့ ခြေအညောင်းခံပြီး ထွက်မနေတော့ပါဘူးဗျာ... ကဲ... ကဲ... ကျုပ်တောင်းပန်ပါတယ်... ဆရာမကြီးတို့လို လူမျိုးက ဒီလိုနေရာမျိုးလာဖို့ လုံးဝမသင့်လျော်ဘူး ... မြန်မြန်ကလေး ပြန်သွားစမ်းပါ... ဆရာမရဲ့တပည့်မ ဒီအိမ်မှာမရှိပါဘူး ... သူက ဘုရားတရားကို ဒီလောက်ရိုသေကိုင်းရှိုင်းတဲ့ မယ်သီလရှင်ကလေးဟာ ဘယ် ... ဒီလိုနေရာမျိုး လာလိမ့်မလဲ ..."

တင့်ရီ မယ်သီလရှင်ကြီးက ...

"ကောင်းပြီ ... မီးရှို့ကြစမ်း ... ဒီအိမ်ကို မီးရှို့ပစ် ... ဒီကောင် ထွက်လာမလား ... မလာဘူးလားဆိုတာ တွေ့ရတာပေါ့"

ထင်ပေါက ...

"ဆရာမကြီး ... ဒီအိမ်ကိုမီးရှို့တာက အရေးမကြီးပါဘူး ... ဒါပေမယ့် သိုင်းလောကက လူတွေ မေးလာကြလိမ့်မယ်... ဘာဖြစ်လို့ ဟန်ဆန်းဂိုဏ်းကဆရာမကြီးတင့်ရီက ဒီအိမ်ကို မီးရှို့တာလဲလို့၊ ဒီတော့ လူတွေက ပြောကြမှာပေါ့ ... ဆရာမကြီးက သူ့တပည့်ကိုလိုက်ရှာတာ မတွေ့တာနဲ့မီးရှို့တာလို့ ... အဲ့ဒီတော့ လူတွေက အသေအချာ ထပ်မေးကြမှာပဲ ... ဘယ့်နှယ် ဆရာမကြီးတင့်ရီရဲ့တပည့်မက ဒီလိုအိမ်မျိုး ဘာဖြစ်လို့ လာရတာလဲ လို့... ကဲ... အဲဒီ တစ်ခွန်းသာမေးလိုက်ရင် သွားပြီ... ဟန်ဆန်းဂိုဏ်းရဲ့ ဂုဏ်သိက္ခာတော့ သူများတံတွေးခွက်ထဲ ပက်လက်မျောတော့မှာပဲ... ကဲ... ဒါမှ ခင်ဗျားက မယုံသေးဘူးဆိုရင်တော့ ကျုပ်သိက္ခာ အထိခိုက်ခံပြီး အမှန် အတိုင်း ပြောပြလိုက်မယ်... ထင်ပေါ်ဆိုတဲ့ကျုပ်က ဘယ်သူ့ကိုမှ ကြောက်တာမဟုတ်ဘူးဗျ... ဒါကို ခင်ဗျားတို့ လည်းအသိပဲ၊ အေး ... ကျုပ်ကြောက်တာ ခင်ဗျားရဲ့ တပည့်မတစ်ယောက်ပဲရှိတယ်... သူ့ကိုတော့ ကျုပ် မျက်နှာချင်းမဆိုင်ရဲဘူး ... သူ့ကိုတွေ့ရင် ကျုပ် အဝေးကြီးကထွက်ပြေးရတာပဲ... ကဲ... ဒီတော့ ကျုပ်က သူ့ကို ဘာတွေ လုပ်ရဲရတော့မှာလဲ .."

တင့်ရီ၏စိတ်ထဲတွင် အလွန်ပင် အကြံအိုက်နေတော့သည်။ ရီလင် ဤအိမ်ထဲသို့ ဝင်သွားကြောင်း မိမိ၏ တပည့်မက သတင်းပေးသည်။ ထိုသတင်းပေးသောတပည့်မပင် ထင်ပေါ်၏လက်ချက်ဖြင့် ဒဏ်ရာအနည်းငယ် ရခဲ့သည်။ သို့သော် ယခု ထင်ပေါ်ပြောနေသည့် အခြေအနေအရ မိမိအနေဖြင့် မည်သို့မည်ပုံ လုပ်ကိုင်ရမည်ကို မတွေးတတ်အောင် ဖြစ်နေတော့၏။

ထိုစဉ် ...

မျက်နှာချင်းဆိုင် အိမ်ခေါင်မိုးပေါ်မှ လူတစ်ယောက်၏ အသံက ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

"ထင်ပေါ် ... ငါ့ရဲ့တပည့်ကို မင်းက ဘာကြောင့် သတ်လိုက်ရတာလဲ .."

ချင်းချန်ဂိုဏ်းချုပ်ကြီး၏ အသံသာတည်း။

"သြော် ... ချင်းချန်ဂိုဏ်းချုပ်ကြီး ကိုယ်တိုင် ကြွလာတာကိုး၊ ဟား ... ဟား ... ဟား ... ချုံးဆန်းမြို့မှာ ဒီအိမ်ရှိနေတာကြာပြီ၊ ဒီလောက် နာမည်ကြီးမှန်းမသိဘူး ... အခုဆိုရင် ချင်းချန်ဂိုဏ်းချုပ်ကြီးတောင် လာတယ်ဆို တော့ အတော်ကိုနာမည်ကြီးလို့သာဖြစ်ရမယ်... ခင်ဗျားရဲ့တပည့်လားဘာလားတော့မသိဘူး ... သူ့ဓားသိုင်းကတော့ ချင်းချန်ဂိုဏ်းရဲ့ ဓားသိုင်းပဲ ... အဲဒီလူကိုတော့ ကျုပ် သတ်ပစ်လိုက်တယ် .."

ရီချန်းက ...

"အေး ... ဒါပဲ ငါသိချင်တယ် .."

ရီချန်းသည် ထင်ပေါ်၏အခန်းတွင်းသို့ 'ဗိုး' ခနဲ ခုန်ဝင်လာသည်။ ဓားချင်းရိုက်ခတ်သံများကို အဆက်မပြတ် ကြားလိုက်ရတော့၏။ တင့်ရီမယ်သီလရှင်ကြီးသည် ဓားချက်ရိုက်ခတ်သံများကို နားထောင်ရင်း စိတ်တွင်းမှကျိတ်၍ ချီးကျူးမိ၏။

"အင်း ... ထင်ပေါ်ဆိုတဲ့ကောင်ရဲ့ဓားသိုင်းက တကယ့်ကိုမဆိုးပါလား ... သူက ချင်းချန်ဂိုဏ်းချုပ်ကို တောင် လက်ရည်တူ တိုက်ခိုက်နိုင်တယ်ဆိုတော့ နည်းနည်းနောနော ဓားသိုင်းပညာ မဟုတ်ဘူး .."

ထိုစဉ် 'ဘန်း' ခနဲမြည်သံတစ်ချက် ကြားလိုက်ရပြီးနောက် ဓားသံများ မကြားရတော့ပေ။ ရီလင်မှာမူ ဖေးဖေး၏လက်ကိုဆုပ်ကိုင်ရင်း ထိတ်လန့်လှသဖြင့် တစ်ကိုယ်လုံး ချွေးပြန်နေတော့၏။

ထိုအချိန်၌ပင် အိမ်နှင့် အတော်လှမ်းလှမ်းနေရာမှ ထင်ပေါ၏ အသံကို ကြားလိုက်ရသည်။

"ဂိုဏ်းချုပ်ကြီး ရီချန်း ... အခန်းကျဉ်းတော့ ... ကျုပ်တို့ကစားရတာ အားမရဘူးဗျာ ... မြေကွက်လပ်ကို သွားကြစို့ ... ကျယ်ကျယ်ပြန့်ပြန့်နဲ့ အားရပါးရ ကစားကြတာပေါ့... ခင်ဗျားနိုင်ရင်တော့ ဒီမိန်းမချောလေး လေးယောက်ကို ခင်ဗျားကို ပေးလိုက်မယ် ... ခင်ဗျားရှုံးရင်တော့ ကျုပ်ပစ္စည်းပေါ့ဗျာ .."

ထင်ပေါ၏လေသံမှာ ရီချန်းသည် ယခုကဲ့သို့ သူနှင့် လာရောက်ယှဉ်ပြိုင်တိုက်ခိုက်ခြင်းမှာ မိန်းမပျက် ကလေးများကို လုယက်လို၍ လာရောက်တိုက်ခိုက်သည့်သဘောမျိုး ဖြစ်နေသည်။ ထင်ပေါမှာ နဂိုကတည်းက နာမည်ပျက်ရှိနေသူဖြစ်ပြီး သိုင်းလောက၌ လူဆိုးလူယုတ်မာတစ်ယောက်ဖြစ်နေရာ အရက်သောက်ခြင်း၊ ဤကဲ့သို့ သောမကောင်းသည့်အိမ်မျိုးသို့လာပြီး မိန်းမပျက်များနှင့် ပျော်ပါးခြင်းတို့အတွက် မည်သို့မျှမထူးခြားသော်လည်း ရီချန်းကဲ့သို့သော ဂိုဏ်းချုပ်ကြီးတစ်ယောက်အဖို့ အလွန့်အလွန်ထူးခြားပြီး လူပြောစရာကိစ္စကြီး ဖြစ်နေသည်။

စောစောက သူနှင့်ထင်ပေါတို့ တိုက်ခိုက်ကြပြီးဖြစ်သဖြင့် ထင်ပေါ၏သိုင်းပညာသည် မိမိနှင့် မတိမ်းမယိမ်း ရှိနေမှန်း သိလိုက်ရသည်။ ထို့ကြောင့် လွယ်လွယ်ကူကူဖြင့် ထင်ပေါကို မည်သို့မျှ အနိုင်မယူနိုင်ပေ။ ဤကဲ့သို့ သိရှိလိုက်ခြင်းကြောင့် သူသည် ထင်ပေါနောက်သို့ ဆက်မလိုက်တော့ချေ။

ထိုအခိုက်အတန့်အတွင်း မည်သူတစ်ယောက်ကမျှ အသံမပြု၊ စကားမပြောကြသဖြင့် လုံးဝတိတ်ဆိတ် ငြိမ်သက်သွားတော့၏။ မည်မျှတိတ်ဆိတ် ငြိမ်သက်သွားသနည်းဟူမူ ရီလင်မှာ မိမိ၏နှလုံးခုန်သံကိုပင် ကြားနေရတော့၏။ ထိုစဉ် လျှိုကျက်ဖုန်း၏အသံသည် ဆိတ်ငြိမ်မှုကိုဖြိုခွဲပြီး ရုတ်တရက်ထွက်ပေါ်လာ၏။

"ဆရာကြီးရီချန်း ... ကျုပ်တို့ ဒီအိမ်ထဲဝင်ရှာတာ အကောင်းဆုံးဖြစ်မယ်ထင်တယ်... တစ်ယောက်မှ ပေးမထွက်စေနဲ့ .."

လျှိုကျက်ဖုန်းသည် အိမ်ထဲသို့ ဝင်ရောက်ရှာဖွေရန် သူ၏တပည့်များကို လှမ်းခေါ်သံကြားနေရ၏။ တင့်ရီမယ်သီလရှင်ကြီးကလည်း သူမ၏ဂိုဏ်းသားများအား အိမ်ကြီးပတ်လည် ဝန်းရံစောင့်ကြပ်ရန် အမိန့်ပေးလိုက်သည်။

ရီလင်မှာမူ အသားများတဆတ်ဆတ်တုန်လာသည်အထိ တုန်လှုပ်ချောက်ချားလာတော့သည်။ များမကြာမီပင် ခြေသံများသည် တစ်ခန်းပြီးတစ်ခန်း ဝင်ရောက်စစ်ဆေးနေကြောင်း ရီလင်တို့ ခန့်မှန်းသိရှိနေကြတော့၏။

ရီလင်သည် မူးမေ့လဲကျမတတ် ဖြစ်နေရာမှ စိတ်ထဲ၌ ...

"ဆရာမ... ငါ့ကို ခေါ်တုန်းကတော့ ငါမထူးခဲ့ဘူး ... အခုတော့ ဒီမကောင်းတဲ့အိမ်ရဲ့ အခန်းတစ်ခန်းထဲမှာ ယောကျ်ားတစ်ယောက်နဲ့ အတူတူရှိနေတာကို သူတို့တွေ့သွားကြတော့မယ်... အကိုကြီးလင့်ဟူချုံးက ဒဏ်ရာရထားတဲ့ လူဖြစ်ပေမယ့် ဟိုချုံးဆန်းဂိုဏ်းကလူတွေဝင်လာရင် ငါ ဘယ်လိုဖြေရှင်းရတော့မလဲ... ငါ့သိက္ခာကိုတော့ ဘယ်လိုမှ ကာကွယ်နိုင်မှာမဟုတ်တော့ဘူး ... ငါတို့ ဟန်ဆန်းဂိုဏ်းလည်း ငါ့အတွက်နဲ့ ..."

ဟု တွေးမိလိုက်သည်နှင့် ရီလင်သည် ရုတ်တရက်ပင် သူ၏ငယ်ထိပ်ကို လက်ဝါးစောင်းဖြင့် ရိုက်ချကာ သေပွဲဝင်ရန် ကြိုးစားလိုက်တော့၏။

× × × × × ×

## ဝါဆန်းဂိုဏ်း

ဖေးဖေးသည် ငယ်ရွယ်သူဖြစ်သော်လည်း အလွန်လျင်မြန်လှစွာ ရီလင်၏လက်ကို ဖမ်းဆွဲလိုက်နိုင်၏။

"မမ ... မလုပ်နဲ့လေ ... ကျွန်မတို့ အတင်းထိုးဖောက်ထွက်ပြေးရင် လွတ်ပါတယ် ... ဒီလောက် စိုးရိမ်မနေစမ်းပါနဲ့ ... "

ထိုအခိုက်မှာပင် သူတို့လုံးဝမေ့လျော့နေမိသည့် လင့်ဟူချုံး၏လှုပ်ရှားသံများကိုကြားလိုက်ရသည်။ လင့်ဟူချုံးက ခုတင်ပေါ်တွင် ထထိုင်လိုက်ပြီး တိုးညင်းသော လေသံဖြင့် ...

"ဖယောင်းတိုင်မီးထွန်းလိုက် ... "

ဖေးဖေးက .... "ဘာလုပ်မလို့လဲ ... "

လင့်ဟူချုံးက ... "ငါပြောသလိုလုပ် ... "

လင့်ဟူချုံး၏လေသံသည် တိုး၏။ တိုတောင်း၏။ သို့သော် အမိန့်သံပါသည်။ ထို့ကြောင့် ဖေးဖေးက ဆက်မမေးတော့ဘဲ ဖယောင်းတိုင်ကို မီးထွန်းညှိလိုက်သည်။

မီးရောင်အောက်တွင် လင့်ဟူချုံး၏မျက်နှာမှာ လူသေကဲ့သို့ဖြူရော်နေသည်ကို တွေ့လိုက်ရသဖြင့် ရီလင်ရော ဖေးဖေးပါ လန့်ဖျပ်သွားကြတော့သည်။ လင့်ဟူချုံးက ခုတင်ခေါင်းရင်းရှိ စောင်ကြီးကို လက်ညှိုးထိုးပြကာ ...

"ဒီစောင်ကြီးကို ငါ့ကိုယ်ပေါ်ခြုံလိုက် ... "

ရီလင်သည် တုန်တုန်ယင်ယင်နှင့် စောင်ကြီးကို လင့်ဟူချုံး၏ကိုယ်ပေါ်သို့ ဖြန့်လွှန်း၍ခြုံပေးလိုက်သည်။ လင့်ဟူချုံးသည် ရီလင်ခြုံပေးသည့်စောင်ကို သူ့ရင်ဝမှဒဏ်ရာအား ဖုံးအုပ်သွားသည်အထိ ဆွဲယူလိုက်သည်။ ပြီးမှ...

"မင်းတို့နှစ်ယောက်စလုံး ခုတင်ပေါ်တက်ကြ ... "

ဖေးဖေးသည် ခစ်ခနဲရယ်မောလိုက်ပြီး ရီလင်၏လက်ကိုဆွဲကာ စောင်အောက်သို့ဝင်လိုက်ကြသည်။ ထိုအချိန်တွင် အပြင်ဘက်မှ ခြေသံများသည် သူတို့၏အခန်းဝသို့ရောက်ရှိလာကြလေပြီ။

လင့်ဟူချုံးသည် မိန်းကလေးနှစ်ယောက်စလုံး လုံခြုံသွားအောင် စောင်ကိုပြုပြင်လိုက်ပြီး ဖေးဖေး၏ဆံပင်များ ကို စောင်အပြင်၌ထုတ်၍ ဖြန့်ကားထားလိုက်သည်။

အခန်းတံခါးကို အပြင်မှ ထုနှက်နေကြပြီဖြစ်သည်။

"တံခါးဖွင့်စမ်း ... "

ထိုစဉ် တံခါးပွင့်သွားပြီး လူသုံးယောက် ပြိုင်တူဝင်လာကြတော့၏။ ရှေ့ဆုံးမှလူမှာ ချင်းချန်ဂိုဏ်း၏ တပည့်ကြီးဖြစ်သူ ဟုန်လင်ဖြစ်သည်။ ဟုန်လင်သည် လင့်ဟူချုံးကို တွေ့လိုက်ရသောအခါ တစ္ဆေသရဲတစ်ကောင်အား တွေ့လိုက်ရသကဲ့သို့ ထိတ်လန့်တုန်လှုပ်သွားပြီး လွှတ်ခနဲ အော်လိုက်မိသည်။

"လင့် ... လင့်ဟူချုံး ..."

အော်ပြီးသည်နှင့် ချက်ချင်းပင် နောက်သို့ခုန်ဆုတ်လိုက်တော့၏။

သူ့နောက်တွင် လိုက်ပါလာသူနှစ်ယောက်မှာ ချုံးဆန်းဂိုဏ်းသားများဖြစ်ကြသည်။ သူတို့နှစ်ယောက်ကမူ လင့်ဟူချုံးကို မတွေ့ဖူးချေ။ သို့သော် နာမည်ကိုတော့ ကောင်းစွာကြားဖူးထားကြသည်။

ဟုန်လင်က အလန့်တကြား နောက်သို့ခုန်ဆုတ်လာသည်ကို တွေ့ရသောအခါ သူတို့လည်း မည်သို့မျှ ဆန်းစစ်မနေတော့ဘဲ အလန့်တကြား နောက်သို့ခုန်ဆုတ်လိုက်မိကြသည်။

လင့်ဟူချုံးသည် အိပ်နေရာမှ ထထိုင်လိုက်ပြီး ...

"ခင်ဗျားတို့ ... "

ဟုန်လင်က ထစ်ထစ်ငေါ့ငေါ့ဖြင့် မေးလိုက်သည်။

"လင့် ... လင့်ဟူချုံး ... ခင် ... ခင်ဗျား သေပြီဆို ... အခုတော့ မသေသေးပါလား ... "

လင့်ဟူချုံးက အေးတိအေးစက်ဖြင့် ပြန်ပြောလိုက်၏။

"ကျုပ်လား သေမှာ ... ဘယ်ဒီလောက် လွယ်လွယ်ကလေးနဲ့ သေလိမ့်မလဲ ... "

ထိုအခိုက် အခန်းထဲသို့ ရီချုန်းဝင်လာတော့၏။ သူက ...

"မင်းက လင့်ဟူချုံးလား ... ဘယ့်နှယ် ဒီမကောင်းတဲ့အိမ်မှာ ဘာလာလုပ်နေတာလဲ ... "

လင့်ဟူချုံးသည် သူ့ရင်ဝမှ ဒဏ်ရာက နာကျင်လှသော်လည်း အောင့်အည်းသည်းခံကာ ...

"ဆရာကြီးကလည်း သိလျက်သားနဲ့မေးနေပြန်ပြီ... ဒီလိုအိမ်မျိုးလာရင် ဘာလုပ်ဖို့လာမှာလဲ... အလကား သက်သက်တော့ မလာပါဘူး ... "

ရီချုန်းက စူးစူးစမ်းစမ်းမေးလိုက်သည်။

"ဝါဆန်းဂိုဏ်းကလူတွေ သိပ်စည်းကမ်းကြီးတယ်လို့ကြားရတယ်... မင်းက ဝါဆန်းဂိုဏ်းရဲ့ တပည့်အကြီးဆုံး ... ဘယ့်နှယ်ဒီနေရာမျိုးလာပြီး အလေလိုက်နေရတာလဲ... မင်းတို့ဂိုဏ်းရဲ့စည်းကမ်းတွေ ဘယ်ရောက်ကုန်ပြီလဲ ... "

လင့်ဟူချုံးက မာကြောစွာ ပြန်ပြောလိုက်၏။

"ကျွန်တော်တို့ဝါဆန်းဂိုဏ်းရဲ့ စည်းမျဉ်းတွေ၊ စည်းကမ်းတွေ ဘယ်လိုပဲရှိရှိ၊ အပြင်လူက ဝေဖန်ပြောဆိုဖို့ အကြောင်းမရှိပါဘူး"

ရီချုန်းသည် အတွေ့အကြုံရင့်ကျက်သူဖြစ်သည်။ လင့်ဟူချုံး၏မျက်နှာမှာ သွေးမရှိသကဲ့သို့ ဖြူဖပ်ဖြူရော် ဖြစ်နေပြီး တစ်ကိုယ်လုံး တုန်ယင်နေသည်ကို တွေ့ရသောအခါ သံသယဖြစ်လာသည်။

သူ့စိတ်ထဲတွင် ...

"လျို့ကျက်ဖုန်းရဲ့အိမ်မှာတုန်းက ဟန်ဆန်းဂိုဏ်းရဲ့ မယ်သီလရင်လေးကပြောတော့ လင့်ဟူချုံးသေပြီတဲ့... အခု တော့ ဘယ့်နှယ်မသေသေးတာလဲ... ဟိုမယ်သီလရင်လေးညာတာ ထင်ရှားနေပြီ။ နောက်ပြီး ဒီကောင့်ကို 'အစ်ကို ကြီး ... အစ်ကိုကြီး' နဲ့ သူတို့နှစ်ယောက် မရိုးသားကြဘူးဆိုတာ သေချာနေပြီ ... မယ်သီလရင်လေး ဒီအိမ်ကို ဝင်လာတာကိုလည်း လူတချို့ကမြင်လိုက်တယ် ... ဧကန္တ ဒီကောင် ဝှက်ထားတာပဲဖြစ်ရမယ်... ဟင်း ... ဟင်း ... ဟင်း ... သူတို့ တောင်ကြီးငါးလုံး ဂိုဏ်းငါးဂိုဏ်းကလူတွေက သူတို့ကိုယ်သူတို့ အထက်လမ်းဂိုဏ်းတွေဆိုပြီး ငါတို့ချင်းချန်ဂိုဏ်းကို သိပ်အရေးမထားချင်ဘူး ... အခုနေ ငါသာ ဒီမယ်သီလရင်လေးကို ဒီအိမ်ထဲကနေ ဆွဲထုတ်နိုင်ရင် သူတို့ဝါဆန်းဂိုဏ်းနဲ့ ဟန်ဆန်းဂိုဏ်း နှစ်ဂိုဏ်းစလုံးနာမည်ပျက်ရုံတင်မကဘူး ... ဂိုဏ်းကြီးငါးဂိုဏ်း စလုံးလည်း သိက္ခာကျမှာပဲ... ဟန်ကျပြီ... အဲဒါမှ ခဲတစ်လုံးတည်းနဲ့ ငှက်သုံးကောင်ထိအောင်ပစ်တာပဲ ... "

ဟု တွေးလိုက်မိ၏။

ထို့ကြောင့် ရီချန်းသည် အခန်းတစ်ခုလုံးလှည့်ပတ်၍ မျက်စိကစားလိုက်၏။ လူတစ်ယောက်မှ မတွေ့ရ သဖြင့် မယ်သီလရင်လေး ခုတင်ပေါ် တက်ပုန်းနေပြီဟု သေချာပေါက်တွက်လိုက်သည်။

"ဟုန်လင်... ခြင်ထောင်ကို အားလုံးလှန်ပစ်လိုက်စမ်း... ခုတင်ပေါ်မှာ ဘယ်သူရှိသလဲဆိုတာ ကြည့်မယ်..."

ဟုန်လင်သည် ရှေ့သို့ ခြေနှစ်လှမ်းမျှတက်လာခဲ့၏။ သူသည် လင့်ဟူချုံး၏ မိကျောင်းမြီးခြေကန်နည်းကို ကောင်းကောင်းကြီး ခံထားခဲ့ဖူးရာ အနားသို့မကပ်ရဲချေ။ လင့်ဟူချုန်းက ရီချန်းကို ကြည့်၍ ...

"ခင်ဗျား ဘာလုပ်တာလဲ ... မဟုတ်မဟတ်တာတွေ မလုပ်ပါနဲ့ ... " ဟုပြောသည်။

ရီချန်းက ...

"ငါက ဘာမဟုတ်မဟတ်လုပ်ရမလဲ... ဟန်ဆန်းဂိုဏ်းသားတယောက်ပျောက်နေလို့ရှာနေတာ ... ဟုန်လင် ခြင်ထောင်ကိုသာလှန်လိုက်စမ်းကွာ... ပျောက်သောသူ ရှာရင်တွေ့ရမှာပေ့ါ ... "

ဟုန်လင်သည် သူ့ဆရာရှိနေသည်ကို သတိရမိသွားသဖြင့် အရဲစွန့်ပြီးအနားသို့ကပ်သွားသည်။ ခြင်ထောင်ကို ဓားဖျားဖြင့် လှန်တင်လိုက်၏။

ရီလင်နှင့် ဖေးဖေးတို့နှစ်ယောက်မှာ တစ်ယောက်ကိုတစ်ယောက် ပွေ့ဖက်၍ စောင်အောက်တွင် ပိပြားစွာ ပုန်းနေကြသည်။ သူတို့သည် ရီချန်းနှင့် လင့်ဟူချုံးပြောသော စကားများကိုနားထောင်ရင်း တဆတ်ဆတ်တုန်နေရှာတော့သည်။

ဟုန်လင်က ခြင်ထောင်ကိုလှန်လိုက်သောအခါ အားလုံးက ခုတင်ပေါ်သို့ လှမ်းကြည့်လိုက်ကြ၏။ ကြီးမား လှသော နှစ်ယောက်ခြုံစောင်ကြီးအောက်တွင် လူတစ်ယောက် ခေါင်းမြီးခြုံအိပ်နေသည်ကို တွေ့လိုက်ကြရသည်။ မည်းနက်ရှည်လျားလှသော ဆံပင်များသည် ခေါင်းအုံးပေါ်တွင် ပြန့်ကျဲလျက်ရှိနေ၏။ စောင်ထဲရှိသူမှာလည်း တဆတ်ဆတ်တုန်နေကြောင်း တွေ့ရှိလိုက်ကြရသည်။

ရီချန်းသည် မည်းနက်သောဆံပင်များတွေ့လိုက်ပြီကတည်းက အလွန်စိတ်ပျက်သွားတော့၏။ စောင်အောက်မှ မိန်းကလေးသည် မည်သည့်နည်းနှင့်မျှ မယ်သီလရင်ကလေးမဖြစ်နိုင်တော့။ လင့်ဟူချုံးသည် တကယ်ပင် မိန်းမပျက်ကလေးများနှင့် လာရောက်ပျော်ပါးနေခြင်းပင် ဖြစ်ပေလိမ့်မည်ဟု တွေးမိလေသည်။

လင့်ဟူချုံးက အေးစက်စွာဖြင့် ...

"ဆရာကြီးရီချန်းက အင်မတန် သိက္ခာစောင့်ထိန်းနေရတဲ့ ဂိုဏ်းချုပ်ကြီးဆိုတော့ မိန်းကလေးတစ်ယောက် ကိုယ်တုံးလုံးဖြစ်နေတာ တွေ့ဖူးမှာမဟုတ်ဘူး ... ကိုယ်တိုင်လည်း ဒီလိုအိမ်မျိုးကိုမလာရဲတော့ ပိုပြီး ကိုယ်တုံးလုံး မယ်လေးတွေနဲ့ ဝေးနေရတာပေ့ါလေ... အခု ကြုံကြိုက်တုန်း ခင်ဗျားရဲ့တပည့်ကို စောင်ပါလှန်ခိုင်းပါလား၊ ဒါမှ အခွင့်ထူးကြီးကို လက်မလွှတ်ဘဲ တွေ့လိုက်ရမှာ ... "

ဟု ပြောတော့သည်။

လင့်ဟူချုံးသည် ဤစကားကို အရဲစွန့်ပြီးပြောလိုက်ခြင်းဖြစ်၏။ ရီချန်းသည် ဂိုဏ်းကြီးတစ်ဂိုဏ်း၏ ခေါင်းဆောင်ကြီးဖြစ်လေရာ လူရှေ့သူရှေ့၌ ကိုယ်တုံးလုံးမိန်းကလေးတစ်ယောက်ကို အဘယ်မှာလျှင် ကြည့်ရဲပါမည်နည်း။

ရီချန်းသည် သူ့အား စော်ကားသည့်စကားများအတွက် ဒေါသအမျက် ပြင်းစွာထွက်လာသဖြင့် မိုးခြိမ်းသံကဲ့သို့သောအသံဖြင့် 'ဟိတ်' ဟုအော်ကာ လက်ဝါးစောင်းတစ်ချက် ရိုက်ချလိုက်တော့၏။ လင့်ဟူချုံးသည် သူ၏ကိုယ်ကိုစောင်း၍ ရှောင်ရန်ကြိုးစားလိုက်သည်။ သို့သော် ဒဏ်ရာများက ပြင်းထန်စွာရရှိထားသဖြင့် လွတ်အောင် မရှောင်နိုင်တော့ဘဲ ပခုံးတွင် အရိုက်ခံလိုက်ရတော့၏။ သူသည် ဝုန်းကနဲပြိုလဲသွားရာမှ အားတင်း၍ ပြန်ထလိုက် သည်။ ထိုအခိုက်မှာ ဝေါ့ခနဲ သွေးများအန်ထုတ်လိုက်တော့၏။ ရီချန်းသည် အငြိုးဖြင့် နောက်တစ်ချက်တိုက်ခိုက်ရန် ဟန်ပြင်လိုက်စဉ်မှာပင် အပြင်မှလူတစ်ယောက်၏ စူးစူးရှရှအသံကို ကြားလိုက်ရတော့သည်။

"လူကြီးက ကလေးကိုအနိုင်ကျင့်နေတာ မရှက်ဘူးလား"

စကားသံဆုံးသည်နှင့် ရီချန်းသည် ပြတင်းပေါက်မှတဆင့် အပြင်သို့ ခုန်ထွက်လိုက်တော့၏။ သူသည် ခါးကုန်းလေးကို တွေ့လိုက်ရသည်။ ခါးကုန်းလေးသည် ရီချန်းခုန်ထွက်လာသည်ကို တွေ့လိုက်ရကတည်းက ထွက်ပြေးရန် ဟန်ပြင်လိုက်တော့၏။

ရီချန်းက ...

"ဟေ့ ... ရပ်လိုက်စမ်း ... "

လင်မိန်ကျက်အနေဖြင့် ဤအိမ်ကြီးနားသို့ရောက်ရှိလာခြင်းမှာ ကုသိုလ်ထောက်မမှုကြောင့် ရောက်ရှိလာခြင်း ဖြစ်၏။ လျှိုကျက်ဖုန်း၏အိမ်တွင် ရတ်ရတ်သဲသဲဖြစ်နေကြခိုက် လင်မိန်ကျက်လစ်ထွက်လာခဲ့သည်။

လမ်းပေါ်သို့မရောက်သေးမီပင် မြောက်ပိုင်းကုလားအုတ်မုကောင်းဖုန်းက သူ့နားသို့ရောက်ရှိလာပြီး သူ့နောက်ကျောကို လက်ဖြင့် လှမ်းပုတ်လိုက်သည်။ ထိုအခါကျမှ တဟားဟားရယ်ရင်း ...

"ဘယ်လိုလဲကွ... မင်းရဲ့ခါးကုန်းက အတုကြီးပါလား ... ဘာဖြစ်လို့ငါ့မြေးဟန်ဆောင်ရတာလဲ... ငါသာ ရောက်မလာရင် မင်းတော့ အကြီးအကျယ်ဒုက္ခရောက်နေပြီ ... "

ဟု ပြောလိုက်သည်။

ဤမြောက်ပိုင်းကုလားအုတ် မုကောင်းဖုန်းသည် အလွန်ရက်စက်သူမှန်း ကြားသိထားပြီးဖြစ်၏။ ထို့ပြင် ထိုသူ၏ စိတ်သဘောထားမှာလည်း အလွန်ပင် ခန့်မှန်းရခက်လှသည်။ ထို့ကြောင့် သူနှင့်ဆက်ဆံပါက အလွန်ပင် သတိကြီးစွာထားရ မည်ဖြစ်ကြောင်း နားလည်ထားသည်။

လင်မိန်ကျက်က ....

"ကျွန်တော့်နာမည်က လင်မိန်ကျက်ပါ... ကျွန်တော့်မှာ အခြေအနေအရ ဆရာကြီးမြေး ဟန်ဆောင်လိုက်ရ တာပါ... ဟန်မဆောင်ရင် မဖြစ်တော့တဲ့ အခြေအနေမို့ပါ ... "

မုကောင်းဖုန်းက ...

"မင်းက ဘယ့်နှယ် ရီချန်းနဲ့မှသွားပြီး ရန်ဖြစ်ရတာလဲ... ဒီကောင်က အင်မတန်ဆိုးတဲ့ကောင် ... အင်း ... မင်းသတ္တိ သိပ်မခေဘူးဆိုတာတော့ သိရတာပေါ့ ... "

လင်မိန်ကျက်သည် ရီချန်း၏အမည်ကို ကြားလိုက်ရသည်နှင့် တစ်ကိုယ်လုံးရှိ သွေးများဆူပွက်လာတော့၏။ ထို့ကြောင့် ကြိတ်မနိုင်ခဲမရ လေသံဖြင့် အော်ဟစ်ပြောလိုက်သည်။

"ကျုပ် အသက်မသေသေးသရွေ့ ရီချန်းကို ကျုပ်ကိုယ်တိုင် ရန်ကြွေးပေးချေရမယ် ... "

မုကောင်းဖုန်း အံ့သြသွားသည်။

"မင်းတို့မှာ ဘာရန်ကြွေးများ ရှိနေလို့လဲ ... "

မုကောင်းဖုန်း၏ အမေးစကားကို လင်မိန်ကျက်မကြားချေ။ သူတွေးနေသောကြောင့်ဖြစ်၏။ သူ့အတွေးတွင်...

"အင်း ... ငါတစ်ယောက်တည်းနဲ့တော့ ငါ့အမေနဲ့အဖေကို ကယ်နိုင်မှာမဟုတ်ဘူး ... ငါက သူ့ကို ရှိခိုး ဦးတင်တောင်းပန်ပြီး အကူအညီတောင်းမယ်ဆိုရင်တော့ ကယ်နိုင်လိမ့်မယ်နဲ့တူတယ်"

ထို့ကြောင့် လင်မိန်ကျက်သည် ချက်ချင်း ဒူးထောက်ထိုင်လိုက်ကာ ...

"ဆရာကြီး ... ကျွန်တော့်မိဘတွေကိုလည်း လူဆိုးလူယုတ်မာတွေ ဖမ်းထားကြပါတယ် ... ကျွန်တော် တစ်ယောက်တည်းကယ်ဖို့ဆိုတာက တော်တော်လေး မလွယ်ကူတဲ့ကိစ္စဖြစ်နေတာမို့ ကျေးဇူးပြုပြီး ဆရာကြီးက ဝင်ကယ်ပေးပါ ... "

မုကောင်းဖုန်းက မျက်မှောင်ကုတ်ကာ ခေါင်းခါပြပြီး ...

"အကျိုးမရှိတဲ့အလုပ်မျိုး ငါမလုပ်ဘူးဆိုတာ မင်းမသိဘူးလား ... မင်းအဖေအမေက ဘယ်သူလဲ... သူတို့ ကို ဝင်ကယ်ပေးရင် ငါ့မှာ ဘာအကျိုးခံစားရမှာလဲ ... "

ထိုစဉ် အပြင်ဘက်မှတီးတိုးပြောနေသံများကို သူတို့နှစ်ယောက်စလုံး ကြားလိုက်ကြရသည်။ တီးတိုးသံမှာ...

"ဆရာ့ကိုသွားပြောလိုက် ... ချင်းချန်ဂိုဏ်းသားတစ်ယောက် အသတ်ခံလိုက်ရပြီ ... ဟန်ဆန်းဂိုဏ်းသား တစ်ယောက်လည်း ပါတယ်လို့ပြော ... ဟန်ဆန်းဂိုဏ်းသားကတော့ ဒဏ်ရာရယုံတင်ရတယ်လို့ပြော ... "

မကောင်းဖုန်းသည် ထိုစကားကို စိတ်ဝင်စားသွားသဖြင့် ...

"မင်းကိစ္စကို နောက်မှပြောကြတာပေါ့ ... အခုလောလောဆယ် ပွဲကြီးပွဲကောင်းတစ်ပွဲ လိုက်ကြည့်ကြစို့ ... မင်း ငါနဲ့ လိုက်ခဲ့မလား ... "

လင်မိန်ကျက်၏ စိတ်ထဲတွင် တွေးလိုက်သည့်အချက်မှာ ...

"ငါ ဒီလူကြီးနားမှာရှိနေလို့ကတော့ ဘယ်သူ့ကိုမှ ကြောက်စရာမရှိဘူး ... နောက်ပြီး အဖေနဲ့အမေကို ကယ်ဖို့ကိစ္စကိုလည်း ဆက်ပြောရဦးမယ် ... "

ဟူ၍ပင်ဖြစ်သည်။

ဤသို့ဖြင့် လင်မိန်ကျက်သည် မကောင်းဖုန်းနှင့် လိုက်ပါခဲ့သည်။ မကောင်းဖုန်းက သူ့လက်ကိုဆွဲ၍ ပြေးခဲ့ရာ များမကြာမီပင် ရီချန်းနှင့်လင့်ဟူချုံးတို့ ပြဿနာဖြစ်နေကြသည့် သစ်ပင်တစ်ပင်၏ နောက်ကွယ်တွင် ပုန်းဝပ်ကာ အခြေအနေအားလုံးကို စောင့်ဆိုင်းကြည့်ရှုနေကြသည်။

နောက်ဆုံး ရီချန်းက လင့်ဟူချုံးကို ရိုက်လိုက်သောအခါမှ လင်မိန်ကျက်နှုတ်မှ လွှတ်ခနဲ အော်လိုက်ခြင်း သာ ဖြစ်တော့၏။ ရီချန်းသည် ပြတင်းပေါက်မှ ခုန်ဆင်းလာပြီး သူ့ရှေ့တွင် ရပ်လျက်ရှိနေလေပြီ။

ရီချန်းသည် ဤခါးကုန်းလေးလင်မိန်ကျက်ကို အစစ်အဆေး အမေးအမြန်းမရှိဘဲ တစ်ချက်တည်း ရိုက်သတ်ရန် စိတ်ကူးလိုက်၏။ သို့သော် မကောင်းဖုန်းက မနီးမဝေး၌ရပ်နေသည်ကို တွေ့မြင်လိုက်ရသောအခါ ချက်ချင်း ကိုယ်ရှိန်သတ်လိုက်ရသည်။

သူက ဒေါသတကြီးဖြင့် မေးလိုက်သည်။

"မကောင်းဖုန်း... ခင်ဗျားကဘာသဘောလဲ။ ဘာကြောင့်ကျုပ်နောက်အမြဲလိုက်ပြီး နှောင့်ယှက်နေရတာလဲ..."

မကောင်းဖုန်းက တဟားဟားရယ်ပြီး ...

"ဒီကောင်က ငါနဲ့ဘာမှမဆိုင်ဘူးကွ ... ဒီစကားပြောတာ မင်းကို ငါ ကြောက်လို့ပြောနေတာ မဟုတ်ဘူး ရီချန်း ... ဒါပေမယ့် ဒီကောင် ငါနဲ့မဆိုင်လို့ မဆိုင်ကြောင်းပြောပြနေတာ ... "

ရီချန်းသည် ထိုစကားကိုကြားလိုက်ရသောအခါ အလွန်ဝမ်းသာသွားသည်။ ဝံပုလွေသည် ယုန်သူငယ်လေး အား သူ့အစာအဖြစ်ရရှိသောအခါ သွားရည်တမြားမြားကျသကဲ့သို့ ရီချန်း အားရဝမ်းသာဖြစ်သွားခြင်းဖြစ်သည်။ သို့သော် လင်မိန်ကျက်ကို လူရှေ့သူရှေ့ရိုက်သတ်လျှင် ကြည့်မကောင်း။ လူအများ အပြစ်တင် ရှုတ်ချဖွယ်ရာ ဖြစ်နေပေလိမ့်မည်။ ထို့ကြောင့် သူက နောက်သို့လှည့်၍ ပြောလိုက်၏။

"ဟုန်လင် ... ဒီကောင့်ကို ဖမ်းချုပ်ထားလိုက်စမ်း ... "

လင်မိန်ကျက်က ရုတ်တရက် အော်ဟစ်လိုက်သည်။

"ခင်ဗျားတို့ ကျုပ်ကိုမထိနဲ့ ... ကျုပ် လင်မိန်ကျက် ... "

ရီချန်းသည် လင်မိန်ကျက်၏နာမည်ကို ရုတ်တရက်ကြားလိုက်ရသောအခါ အကြီးအကျယ် တုန်လှုပ် ချောက်ချားသွားသည်။ သံသယလည်း ရှိသွားသည်။ ဤမျှရုပ်ဆိုးသော ကောင်လေးသည် လင်ကျန်နန်၏သား လင်မိန်ကျက် ဖြစ်နိုင်ပါမည်လော။ ထို့ကြောင့် ရီချန်းသည် ဟုန်လင်အား တွန်းဖယ်ပစ်လိုက်ပြီး ...

"မင်း ဘာပြောတယ် ... ထပ်ပြောစမ်း ... "

"ကျုပ်... လင်မိန်ကျက်ဗျ... လင်မိန်ကျက်... သိရဲ့လား ... လင်မိန်ကျက်ဆိုတဲ့ကောင်ဟာ သေတာတောင် သေရာကထပြီး ခင်ဗျားကို လာခြောက်မယ့်ကောင် ... "

"မင်း ... မင်း ... မင်္ဂလာအာမခံဌာနက လင်မိန်ကျက် ... ဟုတ်လား ... "

လင်မိန်ကျက်သည် အသက်ကိုစွန့်ရန် ဆုံးဖြတ်ပြီးဖြစ်သဖြင့် ဆက်လက်၍ ဖုံးကွယ်မနေတော့ဘဲ ရုပ်ဖျက်ထားသမျှအားလုံး ဖျက်ပစ်လိုက်သည်။ ထို့ကြောင့် လင်မိန်ကျက်၏ မူလရုပ်သွင် ပြန်ပေါ်လာတော့၏။

လင်မိန်ကျက်က …

"ဟုတ်တယ်… ကျုပ်က မင်္ဂလာအာမခံဌာနက လင်မိန်ကျက်ပဲ… ခင်ဗျားရဲ့သားက သူများရဲ့ သားပျိုသမီးပျို တွေကို စော်ကားနေလို့ ကျုပ်ကသတ်ပစ်လိုက်တာ… ခင်ဗျားက ကျုပ်တို့တစ်အိမ်သားလုံးကို ဒုက္ခရောက်အောင် လုပ်ခဲ့တယ် … ဘယ်မှာလဲ ကျုပ်ရဲ့ အဖေနဲ့ အမေ … ခင်ဗျားတို့ ဘယ်မှာချုပ်ထားလဲ … "

မုကောင်းဖုန်းမှာ ဖုကျိုးမြို့ရှိ မင်္ဂလာအာမခံဌာန ခေါင်းဆောင်ကြီးတွင် ဘီလူးမီးစားသိုင်း ကျမ်းစာအုပ် ရှိကြောင်း သတင်းရထားပြီးဖြစ်၏။ ယင်းသိုင်းကျမ်းသည် အလွန်အဆင့်အတန်းမြင့်ပြီး အလွန်အစွမ်းထက်ကြောင်း နှင့် လူတိုင်းလူတိုင်း လိုချင်မက်မောနေကြကြောင်းကိုလည်း သိထားသည်။ သူကိုယ်တိုင် ယခုကဲ့သို့ မြေပြန့်သို့ ဆင်းလာခြင်းပင်လျှင် ဤသိုင်းစာအုပ်ကို လိုချင်၍ဖြစ်သည်။

အချိုရှာသကာတွေ့ဆိုသည့်အတိုင်း မမျှော်လင့်ဘဲနှင့် သိုင်းကျမ်းကိုရှာဖွေရန်လမ်းစကို တွေ့မြင်နေရပေပြီ။ ဤလင်မိန်ကျက်ဆိုသော လူငယ်ကလေးကား မင်္ဂလာအာမခံဌာန ခေါင်းဆောင်ကြီး၏ သားဖြစ်ကြောင်း ယခု သိရပေပြီ။ ဤလူငယ်မှတဆင့် သိုင်းစာအုပ်ကို ရယူနိုင်ပေလိမ့်မည်။

မုကောင်းဖုန်းသည် အလွန်အတ္တကြီးသူဖြစ်၏။ ဘယ်သူသေသေ ငတေမာလျှင်ပြီးရော ဆိုသည့်လူမျိုး၊ ကမ္ဘာမီးလောင် သားကောင်ချနင်းမည့် လူမျိုးဖြစ်သည်။ မည်သည့်နေရာ၌မဆို မိမိ၏အကျိုးကျေးဇူးကိုသာ ရှေ့တန်းတင် စဉ်းစားတတ်သော လူယုတ်မာတစ်ဦးပင်ဖြစ်၏။

ထိုအချိန်တွင် ရီချန်းက လင်မိန်ကျက်၏ပခုံးကို လှမ်း၍ဆုပ်ကိုင်လိုက်သည်။ လင်မိန်ကျက်ကို ဖမ်းဆီးဆွဲယူသွားရန်ဖြစ်၏။ သို့သော် မုကောင်းဖုန်း၏လက်က လင်မိန်ကျက်ပခုံးသို့ ဦးစွာရောက်ရှိလာသည်။ မုကောင်းဖုန်းက လက်ဦးသွားခြင်းဖြစ်၏။

မုကောင်းဖုန်းသည် လင်မိန်ကျက်ကိုဆွဲယူကာ သူ့နောက်ဘက်သို့ တွန်းပို့လိုက်ပြီး ရီချန်းအား …

"ရီချန်း … သူက ငါ့ရဲ့မြေးလေးလို့ လူအတော်များများကသိနေကြပြီ … ငါ့ကို ဘိုးဘိုးလို့ ရိုရိုသေသေ လေးလေးစားစား ခေါ်ထားတဲ့လူတစ်ယောက်ကို ငါ့ရှေ့မှာဖမ်းသွားရင် ငါ့မျက်နှာကို မထောက်ထားရာ ရောက်မှာပေါ့ … မင်းနဲ့ငါကလည်း ဘာမှ ရန်ငြိုးမှမရှိတာ … အဲဒီတော့ စဉ်းစားပေါ့ကွာ … " ဟု ပြောလိုက်၏။

ရီချန်းမှာ ဤကိစ္စကို အကျယ်အကျယ် မငြိမ်းဖွယ်မဖြစ်ချင်။ မုကောင်းဖုန်းနှင့် တိုက်ခိုက်ရလျှင် မိမိအဖို့ အကျိုးမဲ့ရုံသာရှိလိမ့်မည်။ ထို့ပြင် သူ့စိတ်ထဲ၌ …

"လင်မိန်ကျက်ကို ပေးလိုက်ရတာက အကြောင်းမဟုတ်ပါဘူး၊ သူက ဒီ ဘီလူးမီးစားသိုင်းကျမ်းကို သိချင်မှ သိမှာ … မုကောင်းဖုန်းကတော့ ဒီကောင်လေး သိတယ်လို့ ထင်နေပုံရတယ် … " ဟု တွေးလိုက်သည်။

ရီချန်းသည် အေးစက်စွာ ပြောလိုက်သည်။

"မုကောင်းဖုန်း … ဒီတစ်ခါတော့ ကျုပ်အလျှော့ပေးလိုက်မယ်။ နောက်တစ်ခါတော့ ဒီလို အလျှော့ပေးလိမ့် မယ်လို့ ခင်ဗျား အိပ်မက်တောင်မမက်လေနဲ့ … "

စကားဆုံးသည်နှင့် သူ့တပည့်များအား လက်ဟန်ယမ်းလျက် အချက်ပေးလိုက်သည်။

"သွားကြမယ် … "

တင့်ရီမယ်သီလရင်ကြီးကလည်း သူ၏ဂိုဏ်းသားများကိုခေါ်၍ ရီလင်အား အခြားနေရာများ၌ ရှာဖွေရန် အတွက် ထွက်ခွာသွားတော့၏။ လျိုကျုက်ဖုန်းသည် အိမ်ရှင်ဖြစ်နေ၍ တင့်ရီမယ်သီလရင်ကြီးနှင့်အတူ ရီလင်အား လိုက်လံရှာဖွေပေးနေ၏။ အိမ်ရှင်၏ ဧည့်ဝတ်ကျေပွန်မှုကို ပြသခြင်းပင်ဖြစ်တော့သည်။ ဤအခါ အိမ်ကြီး၏ အပြင်ဘက်တွင် မုကောင်းဖုန်းနှင့် လင်မိန်ကျက်တို့နှစ်ဦးသာ ကျန်ရစ်ခဲ့တော့၏။

မုကောင်းဖုန်းသည် တဟားဟား ရယ်လိုက်ရင်း …

"မင်းကလူချောပဲ ... မင်းအနေနဲ့ ငါ့ကို ဘိုးဘိုးလို့မခေါ်နဲ့တော့ ဟုတ်လား ... ငါ မင်းကို သဘောကျ သွားပြီ၊ ငါ့တပည့်အဖြစ် လက်ခံလိုက်မယ် ... ငါ့တပည့်တစ်ယောက်အဖြစ် နေလိုက်တော့"

လင်မိန်ကျက်သည် ဤခါးကုန်းကြီး မုကောင်းဖုန်းကို အထင်ကြီးသွားမိသည်။ အဘယ်ကြောင့်ဆိုသော် ရီချန်းလိုလူမျိုးကတောင်မှ အလျှော့ပေးဆက်ဆံခဲ့သည်ကို သူ့ကိုယ်တွေ့မျက်မြင်ပင် မဟုတ်ပါလား။

သို့သော် ...

မိမိအဖို့ တွေးစရာများရှိနေသည်။ ဤအိမ်ကြီးနားသို့ရောက်စ ရီချန်းနှင့်တွေ့စဉ်ကမူ မိမိအား ရီချန်း၏လက် သို့ ရက်ရက်စက်စက် ဝကွက်အပ်ခဲ့သည်။ နောက်ပိုင်း မင်္ဂလာအာမခံဌာန ခေါင်းဆောင်ကြီး၏သားမှန်း သိသွား သဖြင့် ... ချက်ချင်းပင် ဝင်ကယ်ပြန်သည်။ အဘယ်ကြောင့်နည်း။ ဘီလူးမီးစားသိုင်းကို လိုချင်၍ပဲ ဝင်ကယ်သည် လားမဆိုနိုင်။ ချက်ချင်းလက်ငင်း အပြောင်းအလဲမြန်လှသော ရင်နီးခင်မင်မှုကို လင်မိန်ကျက် များစွာသံသယရှိ၏။

မုကောင်းဖုန်းသည် လင်မိန်ကျက် တွေဝေနေသည်ကို တွေ့ရသောအခါ ကရားရေလွှတ် တတွတ်တွတ်ပြော တော့၏။

"ငါ့ရဲ့သိုင်းပညာစွမ်း ဘယ်လောက်ရှိတယ်ဆိုတာ မင်းသိပြီးသားပဲ ... ဒီနေ့အထိ ငါ့ဆီမှာ တပည့်ဆိုလို့ တစ်ယောက်မှမရှိသေးဘူး ... ရှင်းရှင်းပြောရရင် မင်းရဲ့သတ္တိကို ငါသဘောကျလို့ တပည့်အဖြစ်လက်ခံမှာပါ ... တော်ရုံတန်ရုံ သတ္တိရှိတဲ့လူဆို ဘယ်တပည့်အဖြစ် လက်ခံမလဲ... ဝေးသေးတယ်။ မင်းသာငါ့ဆီမှာ တပည့်ခံလိုက် ... ငါတတ်သမျှ သိုင်းပညာအားလုံး မင်းကို အိတ်သွန်ဖာမှောက်သင်ပေးမယ် ... ငါ့သိုင်းပညာတွေကိုသာတတ်ရင် ချင်းချန်ဂိုဏ်းသားတွေကိုတောင်မပြောနဲ့ ... သူတို့ရဲ့ ဂိုဏ်းချုပ်ကြီးဆိုတဲ့ ရီချန်းလိုကောင်မျိုးကိုတောင် မင်းကြောက် စရာမလိုတော့ဘူး ... ကဲ... တပည့်အဖြစ်လက်ခံပါလို့ တောင်းပန်တဲ့အနေနဲ့ မင်း ငါ့ကို ဦးမချသေးဘူးလား ... "

လင်မိန်ကျက်သည် သူ့မိဘကို ကယ်တင်ချင်စိတ် ပြင်းထန်နေသဖြင့် စိတ်ထဲတွင် ...

"အဖေနဲ့ အမေက လူဆိုးတွေလက်ထဲမှာဆိုတော့ ငါက သူတို့ကိုကယ်ထုတ်ဖို့က ဆရာတစ်ယောက်တော့ ရှိနေမှဖြစ်မယ်... ဒီခါးကုန်းကြီးရဲ့ပညာကမဆိုးလှဘူး ... သူ့ကို ဆရာတင်ပြီး အဖေနဲ့အမေကို ကယ်တင်မှပဲ ... "

ဟု တွေးလိုက်မိ၏။

သို့နှင့်သူသည် ဒူးထောက်ပြီးဦးချရန် စိတ်ကူးလိုက်သည်။ ထိုအချိန်တွင် မုကောင်းဖုန်းသည် လင်မိန်ကျက် က သူ့ထံတွင် တပည့်မခံချင်မည်ကို အလွန်စိုးရိမ်စိတ်ပေါ်နေ၏။ ထို့ကြောင့် လင်မိန်ကျက်ပခုံးကို အပေါ်မှ အတင်းဖိပြီး ဒူးထောက်စေလိုက်သည်။ ပြီးနောက် ဦးခေါင်းကို အောက်သို့ဖိလိုက်ပြီး ...

"မင်း ငါ့ကို ဦးမချသေးဘူးလား ... "

လင်မိန်ကျက်သည် အစပထမ၌ ဒူးထောက်၍ ဦးချရန် စိတ်ကူးပြီးဖြစ်၏။ သို့သော် ယခုကဲ့သို့ အတင်း အကျပ်လုပ်လိုက်သောအခါ မာနရှိသောသူများတွင် ရှိတတ်သည့် စိတ်သဘာဝအတိုင်း မုကောင်းဖုန်းအား ရွံရှာ မုန်းတီးသွားတော့၏။ ဦးချကန်တော့၍ ဆရာတင်ရန် ဆုံးဖြတ်ချက်ကိုလည်း လုံးဝ ပယ်ဖျက်လိုက်တော့သည်။ ထို့ကြောင့် သူ၏ဦးခေါင်းကို အောက်သို့ မညွတ်တော့ဘဲ တောင့်ခံထားလိုက်တော့သည်။

မုကောင်းဖုန်းက ဒေါသထွက်လာသဖြင့် ...

"မင်းက ဘာတောင့်ခံနေတာလဲ ... ငါ့ကို ဦးမချသေးဘူးလား ... "

ပြောပြောဆိုဆိုနှင့် သူ၏အားကို ပိုမိုထုတ်ကာ လင်မိန်ကျက်၏ ဦးခေါင်းကို ပို၍ ဖိနှိပ်လိုက်၏။ လင်မိန်ကျက်သည် မာနရှိပြီး အလွန်ခေါင်းမာသော လူငယ်တစ်ယောက်ဖြစ်ရာ ဤသို့ အတင်းအကျပ်လုပ်လေ မုကောင်းဖုန်းအား ပို၍ဆန့်ကျင်လေ ဖြစ်တော့၏။ လုံးဝအလျှော့မပေးတော့ချေ။ ထို့ပြင် အော်ဟစ်၍ ပြောလိုက်သေး သည်။

"ခင်ဗျားက ကျုပ်မိဘတွေကို ကယ်ထုတ်ပေးမယ်လို့ ကတိပေး ... ဒါဆိုရင် ကျုပ်က ခင်ဗျားကို ဆရာ တင်မယ် ... အခု လို အချိန်မျိုးမှာတော့ ဆရာမတင်နိုင်သေးဘူး ... "

မုကောင်းဖုန်းက ...

"ဘာ … ဆရာမတင်နိုင်ဘူး ဟုတ်လား၊ ကြည့်ကြသေးတာပေါ့ကွာ … ဆရာ တင်နိုင်မယ်၊ မတင်နိုင်ဘူး ဆိုတာ …"

သူသည် ပြောရင်း သူ၏အားကို ထပ်၍ထုတ်ကာ ဦးခေါင်းကို ဖိလိုက်ပြန်သည်။ လင်မိန်ကျက်က သူ၏ခါးကိုဆန့်၍ မတ်တတ်ထရန် ကြိုးစားသည်။ သို့သော် ဦးခေါင်းကို အရမ်းဖိထားသဖြင့် သူ၏ကြိုးစားချက်လုံးဝမအောင်မြင်ပေ။ လင်မိန်ကျက်သည် သူ၏လက်နှစ်ဖက်ကို မြေကြီးပေါ်၌ထောက်၍ ဦးခေါင်းကို တောင့်ခံထားလိုက်၏။

မုကောင်းဖုန်းသည် သူ၏အားကို အမြင့်ဆုံးထုတ်၍ ဖိချတော့၏။ လင်မိန်ကျက်၏ ဇက်ရိုးများသည် ကျိုးကျမတတ် တဖျစ်ဖျစ် မြည်လာတော့၏။ ကြာလျှင် ဇက်ရိုးကျိုးသွားပေလိမ့်မည်။

မုကောင်းဖုန်းက တဟားဟားရယ်ရင်း …

"ဘယ့်နှယ်လဲ… ဦးမချသေးဘူးလား၊ ငါ နောက်ထပ်တစ်ချက်ပဲ အားထုတ်လိုက်ရင် မင်းရဲ့ဇက်ရိုး ကျိုးသွားလိမ့်မယ် … ကောင်လေး မိုက်မနေနဲ့ … လိမ္မာစမ်း … ငါ့ကို ဦးချလိုက် … "

ထိုစဉ် လင်မိန်ကျက်သည် သူ့နောက်ကျောမှ နွေးခနဲဖြစ်သွားပြီး အားလှိုင်းတစ်ခု ခန္ဓာကိုယ်ထဲသို့ ဖြတ်သန်းဝင်ရောက်လာသည်ကို ခံစားလိုက်ရ၏။ ထို တဒင်္ဂအတွင်းမှာပင် သူ့ခေါင်းကို ဖိထားသောအားမှာ ရုတ်တရက် လျော့နည်းသွားကြောင်း သိလိုက်ရသည်။ သူသည် လက်နှစ်ဖက်ကို အားစိုက်ထောက်ကန်လိုက်သောအခါ ချက်ချင်းပင် မတ်တတ်ရပ်လိုက်နိုင်တော့သည်။

လင်မိန်ကျက်အဖို့ အလွန်တရာအံ့သြသွားစေရုံမျှမက မုကောင်းဖုန်းသည်လည်း အကြီးအကျယ် ထိတ်လန့်သွားတော့၏။

မုကောင်းဖုန်းအနေဖြင့် ကောင်းစွာသိရှိလိုက်သည်။ စောစောတုန်းက လင်မိန်ကျက်၏ခန္ဓာကိုယ်ထဲမှ ထွက်ပေါ်လာသော အတွင်းအားလှိုင်းသည် ဝါဆန်းဂိုဏ်း၏ ရေလှိုင်းအတွင်းအားသိုင်းဖြစ်၏။

ရုတ်တရက် အငိုက်မိသွားသဖြင့် လင်မိန်ကျက်၏ဦးခေါင်းကို ဖိထားသောလက်ကို လွှတ်ပေးလိုက်မိသည်။ လင်မိန်ကျက် ထံမှရရှိသောအတွင်းအားသည် သူ့အား ရေလှိုင်းသဖွယ် အဆက်မပြတ် ရိုက်ခတ်နေသေးသည်ကို ခံစားသိရှိလိုက်မိသည်။

မုကောင်းဖုန်းသည် ဒေါသထွက်လာသဖြင့် လင်မိန်ကျက်၏ပခုံးကို အတွင်းအားထုတ်၍ ရုတ်တရက် ဖိချလိုက်ပြန်သည်။ ထိုအခါမုကောင်းဖုန်း၏အတွင်းအားသည် ရေလှိုင်းအတွင်းအားနှင့်တိုက်ခိုက်မိသွားပြီး မုကောင်းဖုန်း၏လက်တစ်ဖက် ထုံကျဉ်သွားတော့သည်။ ပို၍ အခံရဆိုးသည်မှာ ရင်ဝတွင် ဆစ်ခနဲ နာကျင်သွားခဲ့ရခြင်းပင် ဖြစ်တော့၏။

မုကောင်းဖုန်းသည် နောက်ဘက်သို့ ခြေနှစ်လှမ်းမျှ ကမန်းကတန်း ဆုတ်လိုက်ရတော့၏။ ပြီးမှ တဟားဟား ရယ်လိုက်ပြီး

"ရက်ပုချွန် … ခင်ဗျားက ဘယ့်နှယ် သစ်ပင်အောက်မှာ ပုန်းနေရတာလဲ… ကျုပ်ဆီလာမယ်ဆိုရင်လည်း ပြောင်ပဲ လာရောပေါ့ဗျာ … "

ဟု ပြောလိုက်တော့၏။

ထိုအခါ လင်မိန်ကျက်၏နောက်ကျောရှိ သစ်ပင်၏နောက်ကွယ်မှ ရယ်သံတစ်သံ ထွက်ပေါ်လာပြီး လူတစ် ယောက်ထွက်လာတော့သည်။ သူ၏လက်တွင် ယပ်တောင်တစ်ချောင်းကိုကိုင်ကာ ဖြည်းညင်းစွာ ယပ်ခတ်နေ၏။ သူက …

"မုကောင်းဖုန်း … ခင်ဗျားကိုမတွေ့ရတာ အတော်ကြာပြီပဲ… ခင်ဗျားရဲ့ အကျင့်ကတော့ ဘယ်တော့မှ ပြောင်းမယ်မထင်ဘူး၊ အရင်အတိုင်းပါပဲလား … "

ဟု ပြောတော့သည်။

မကောင်းဖုန်းအနေဖြင့် အတွင်းအားသိုင်းပညာကြောင့် ရက်ပုန္နန်ဟု ခန့်မှန်းပြောလိုက်ခြင်းသာဖြစ်၏။ တပ်အပ်သေချာသိ၍ ပြောလိုက်ခြင်းမဟုတ်ပေ။ သစ်ပင်နောက်မှထွက်လာသူမှာ အကယ်ပင် ရက်ပုန္နန်ဖြစ်နေသည်ကို တွေ့လိုက်ရသောအခါ ရုတ်တရက် ထိတ်လန့်သွားတော့သည်။

ပိုဆိုးသည့်အချက်မှာ လူငယ်ကလေးတစ်ယောက်အား မိမိကဲ့သို့ သိုင်းသမားအရင့်အမာကြီး တစ်ယောက်က အတင်းအဓမ္မ အနိုင်ကျင့်နေသည်ကို တွေ့မြင်သွားခြင်းပင်ဖြစ်သည်။ အလွန်ပင် အနေရအထိုင်ရ ခက်နေတော့၏။ သို့သော် လူဆိုးလူယုတ်မာတို့၌ အရှက်တရားနှင့် အကြောက်တရားဖြစ်သော ဟီရိဩတ္တပ္ပတရားတို့ လုံးဝမရှိခြင်းကြောင့် ချက်ချင်းပင် တဟီးဟီးရယ်မောပြီး ပြောချင်ရာပြောနေတော့သည်။

“ရက်ပုန္နန် … ခင်ဗျားက အသက်ကြီးလေ နုပျိုလေပါကလား၊ ကျုပ်တောင် ခင်ဗျားဆီမှာ တပည့်ခံချင်နေ ပြီ၊ ခင်ဗျားဆီမှာ ‘ရုပ်ပျိုကိုယ်နု’ ဆေးကောင်းဝါးကောင်းတစ်လက်လက်တော့ ရှိနေပြီနဲ့တူတယ် … ”

ရက်ပုန္နန်ကလည်း တစ်ချက်မျှ ရယ်လိုက်ပြီး …

“အင်း … ခင်ဗျားကလည်း အသက်ကြီးလေ အပြောင်အပြက်တွေ ပြောလေပါပဲလား … ”

မကောင်းဖုန်းက နောက်သို့ခုန်ဆုတ်သွားသဖြင့် လင်မိန်ကျက် သက်သာသွားသည်။ သူ့ကို ကယ်တင်လိုက် သူအား နောက်သို့လှည့်၍ အကဲခတ်လိုက်မိသည်။

ထိုသူသည် အသက်ငါးဆယ်ခန့်ရှိသည့်တိုင် မျက်နှာမှာ လွန်စွာခန့်ညား တင့်တယ်လှပေသည်။ အသက်နှင့် စာလျှင် များစွာနုပျိုသည်ဟုလည်း ဆိုနိုင်၏။ ဤရုပ်ရည်ကို မြင်လိုက်သည်နှင့် လင်မိန်ကျက်၏ စိတ်တွင်း၌ ရိုသေလေးစားစိတ်များ ပေါ်လာခဲ့တော့သည်။

သူ့စိတ်ထဲတွင် …

“ဒီဆရာကြီးဟာ သိုင်းလောကမှာ အင်မတန်နာမည်ကြီးတဲ့ ဝါဆန်းဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီး ရက်ပုန္နန် အစစ်ပဲလား … ဥပမိရုပ်ကတော့ တကယ်ခန့်ညားတာပဲ … ဖြစ်နိုင်ဖို့လည်းများပါတယ် … သူ့ကိုကြည့်လိုက်ရင် အသက်လေးဆယ်လောက်ပဲ ရှိတယ်လို့ထင်ရတယ် … ”

ဟု တွေးနေမိသည်။

လင်မိန်ကျက်သည် သူ့မိခင် ငယ်စဉ်ကပြောခဲ့သည့်စကားများကို သတိရလိုက်မိသည်။ အတွင်းအား သိုင်းပညာအလွန်တော်သူသည် သူ၏ရုပ်ရည်ကို အမြဲတမ်းနုပျိုအောင် ထိန်းသိမ်းထားနိုင်သည်ဟု ပြောခဲ့ပေသည်။ မိမိ၏ မိခင်ကြီးစကားသာ မှန်ကန်ခဲ့လျှင် ဤဆရာကြီးရက်ပုန္နန်သည် အတွင်းအားသိုင်းပညာ အလွန်ထက်မြက်ပေလိမ့်မည်။

မည်သို့ပင်ဖြစ်စေ ဤဆရာကြီး၏ ခန့်ညားသောရုပ်ရည်နှင့် တည်ငြိမ်သော အမူအရာများက မကောင်းဖုန်း သူ့ကိုယ်သူ ကိုယ်ရည်သွေးပြောသည့်စကားများထက် လင်မိန်ကျက်၏ စိတ်နှလုံးကို သိမ်းကျုံးဆွဲငင်သွားစေသည်ကတော့ အမှန်ပင်ဖြစ်တော့သည်။

အပြုအမူများသည် … စကားလုံးထောင်သောင်းထက် ကျယ်လောင်သည်ဟူသော စကားပုံပင် ရှိသည်မဟုတ်ပါလော။

ရက်ပုန္နန်က ပြုံး၍ ပြောလိုက်သည်။

“မကောင်းဖုန်း … ဒီသူငယ်လေးဟာ မိဘကျေးဇူးကို သိပ်သိတတ်တဲ့ သူငယ်လေးပါ … သတ္တိလည်း တကယ်ရှိတယ်၊ တကယ်ထူးချွန်တဲ့ သိုင်းသမားတစ်ယောက်ဖြစ်နိုင်တဲ့ အရည်အချင်းအပြည့်အဝရှိတဲ့ သူငယ်ဆိုတော့ ခင်ဗျားအနေနဲ့ သူ့ကို တပည့်ဖြစ်စေချင်မှာပဲ… ဒီသူငယ်လေးဟာ အခုဆိုရင် ဒုက္ခသုက္ခတွေ အများကြီးရောက်နေခဲ့ ရပြီ… အဲဒါ ကျုပ်သမီးကို ကူညီပေးခဲ့မိတဲ့အတွက်ကြောင့်ပါပဲ၊ ဒါကြောင့် သူ့ရဲ့ဒုက္ခကို လက်ပိုက်ကြည့်နေလို့ဖြင့် ကျုပ်ဟာ ဘယ်လိုမှ လူကြီးလူကောင်းတစ်ယောက် အခေါ်ခံနိုင်မှာမဟုတ်ပါဘူး … နောက်ဆုံး ကျုပ်ပြောချင်တာက ကျုပ်မျက်နှာကိုထောက်ပါ … သူ့ကို အနိုင်မကျင့်ပါနဲ့လို့ တောင်းပန်ချင်တာပါပဲ … ”

မကောင်းဖုန်း သိလိုက်ပြီ။ ရက်ပုချွန်လိုလူမျိုးဝင်လာလျှင် မိမိ၏အကြံအစည် မည်သို့မျှ အောင်မြင်တော့မည်မဟုတ်သည်ကို ကောင်းစွာသိလိုက်သည်။

ထို့ကြောင့် ...

"ကောင်းပါပြီလေ ... စောစောကတော့ ကျုပ်စိတ်ထဲမှာ သူ့ကို ကျုပ်တပည့်အဖြစ် လက်ခံချင်စိတ်ကလေး နည်းနည်းရှိနေလို့ပါ။ အခုတော့ လက်ခံချင်စိတ်မရှိတော့ပါဘူး ... ကျုပ် သွားမယ်၊ အင်း ကျုပ်မထင်ခဲ့မိဘူး ... ဝါဆန်းဂိုဏ်းက ဒီလောက်နာမည်ကြီးနေတော့ ဘီလူးမီးခဲသိုင်းကျမ်းကို ဒီလောက်မက်မောလိမ့်မယ်လို့ မထင်ခဲ့ မိဘူး ... "

မကောင်းဖုန်းသည် ပြောရင်း နောက်သို့ခုန်ဆုတ်လိုက်တော့၏။ ရက်ပုချွန်သည် ရှေ့သို့ခြေတစ်လှမ်းတက် လိုက်ပြီး ...

"မကောင်းဖုန်း ... ခင်ဗျား ကျုပ်ကို ဘာစကားပြောလိုက်သလဲ၊ ပြန်ပြောစမ်းပါဦး ... "

ဟု ခက်ထန်စွာ မေးလိုက်သည်။

ရက်ပုချွန်၏မျက်နှာတွင် လိမ္မော်ရောင်ကဲ့သို့အရောင်များ ယှက်သမ်းလာတော့သည်။ သို့သော် ... ချက်ချင်း ပင်ပျောက်သွားပြီး နဂိုအတိုင်း အဖြူရောင်ပြန်ဖြစ်သွားတော့၏။ မကောင်းဖုန်းသည် ရက်ပုချွန်၏မျက်နှာ၌ လိမ္မော်ရောင်သမ်းသွားသည်ကို တွေ့လိုက်ရသောအခါ ကြောက်လန့်သွားတော့သည်။

"ဒါ ... ဒါ ... ဝါဆန်းဂိုဏ်းရဲ့ မိုးကြိုးအတွင်းအားသိုင်းပဲ ... ဒီအတွင်းအားသိုင်းက ဒို့ပြင်ဂိုဏ်းတွေ အားလုံးထက်ပိုကောင်းတယ်လို့ ပြောသံကြားထားတယ်၊ နှစ်ပေါင်းများစွာ ရာနဲ့ချီကြာခဲ့တဲ့ကာလအတွင်းမှာ ဒီမိုးကြိုးအတွင်းအားသိုင်းကို အောင်အောင်မြင်မြင် ကျင့်နိုင်ခဲ့တဲ့လူ မရှိဖူးဘူး ... အခုဆိုရင် ရက်ပုချွန်က ကျင့်လို့ အောင်မြင်သွားပြီကိုး ... "

မကောင်းဖုန်းသည် တဟီးဟီး တဟားဟား ရယ်လိုက်သည်။ သူ၏စကားကို ပေါ့ပျက်သွားအောင် တမင်ရယ်လိုက်ခြင်းသာဖြစ်၏။

သူက ...

"ဘီလူးမီးခဲသိုင်းဆိုတာ ကျုပ်လည်း မသိပါဘူးဗျာ... ဒါပေမယ့် ချင်းချန်ဂိုဏ်းချုပ်ကြီး ရီချန်းက အသေအလဲလိုချင်နေတာကိုတွေ့ရလို့ ပြောကြည့်တာပါ ... စိတ်မရှိပါနဲ့ ... "

ပြောပြောဆိုဆိုနှင့် လှည့်ထွက်သွားတော့၏။ ရက်ပုချွန်သည် မကောင်းဖုန်း၏ ကျောပြင်ကြီးကိုကြည့်လိုက် ရင်းသက်ပြင်းရှည်ကြီးတစ်ချက် ချမိတော့၏။

သူက ...

"အင်း ... ဒီလူ့ရဲ့ သိုင်းပညာကတော့ တော်တော်ကလေး ထက်မြက်ပါတယ် ... ဒါပေမယ့် အကျင့်စာရိတ္တပျက်ပြားနေတဲ့လူဆိုတော့ သူ့သိုင်းပညာတွေဟာ နမြောစရာကောင်းနေတယ်"

× × × × × ×

**စာစဉ် (၂) ပြီး၏။**

# သိုၣ်းေလာကေဓါခီနိေခါ်သံ

## စာစဥ် (၇)

# သိုင်းလောက၏ စိန်ခေါ်သံ

## စာစဉ်(၃)

## မာတိကာ


| | | | |
|---|---|---|---|
| | ဝါဆန်းဂိုဏ်းမှအဆက် | thunderhawk | ၁၇၃ |
| အခန်း(၁၄) | အကြင်နာမေတ္တာတရား | thunderhawk & htetkgkin | ၁၇၆ |
| အခန်း(၁၅) | ဟာသပုံပြင် | thanderhawk & htetkgkin | ၁၈၉ |
| အခန်း(၁၆) | မဟာမိတ်အဖွဲ့ချုပ်၏အလံ | htetkgkin | ၁၉၄ |
| အခန်း(၁၇) | မကောင်းဆိုးဝါးဂိုဏ်း | thanderhawk & htetkgkin | ၂၀၄ |
| အခန်း(၁၈) | ကျူပြင်ခုတ်ကျူငုတ်မကျန် | htetkgkin | ၂၁၅ |
| အခန်း(၁၉) | နှုတ်ပိတ်ခြင်း | htetkgkin | ၂၃၁ |
| အခန်း(၂၀) | ဂူပိတ်ပြစ်ဒဏ် တစ်နှစ်ခံ | yannaning & htetkgkin | ၂၄၄ |
| အခန်း(၂၁) | မေတ္တာလေပြေ | htetkgkin | ၂၅၄ |



**scanned by NEO@mmcp**

ပထမအဆင့် တည်းဖြတ်သူ **hotrod**

ဒုတိယအဆင့် တည်းဖြတ်သူ **HarryLwin**

အချောသတ် တည်းဖြတ်သူ **sideeffect**

ထိုစဉ် . . . .

လင်မိန်ကျက်သည် ရက်ပုချွန်ရှေ့သို့ ပေါ့ပါးစွာ ရောက်ရှိလာကာ ဒူးထောက်ပြီး ဦးချအရိုအသေပေးတော့၏။ နှုတ်မှလည်း . . . .

"ဆရာကြီး . . . ကျွန်တော်ကို တပည့်တစ်ယောက်အဖြစ် လက်ခံပါလို့ တောင်းပန်ပါတယ် . . . ဆရာပြောတဲ့ စကားကိုလည်း မြေဝယ်မကျ နားထောင်ပါမယ်လို့လည်း ကတိပေးပါတယ် . . . "

ဟု ရိုသေလေးစားစွာ ပြောလိုက်တော့၏

ရက်ပုချွန်က ပြုံး၍ ...

"ဖြစ်ပါ့မလားကွ ... ငါက မင်းကို တပည့်အဖြစ် လက်ခံလိုက်ရင် ဟိုခါးကုန်းကြီးက သူ့တပည့်ကို ဘာဖြစ်လို့ လုယူရသလဲလို့ အပြစ်တင်နေပါဦးမယ် ... " ဟု ပြောသည်။

လင်မိန်ကျက်က ဦးချလျက်မှပင် ပြောနေသည်။

"ကျွန်တော်က ဆရာကြီးကို မြင်မြင်ခြင်း ရိုသေလေးစားစိတ် ပေါ်ခဲ့ပါတယ် ... တပည့်ဖြစ်ချင်းဖြစ်ရင် တခြားလူရဲ့ တပည့်ဖြစ်ရတာထက် ဆရာကြီးရဲ့တပည့် ဖြစ်ချင်ပါတယ် ... ဒါကြောင့်မို့ ကျွန်တော့်ကို တပည့်အဖြစ် သတ်မှတ်ပါ ... "

ရက်ပုချွန်က ပြုံး၍မေးလိုက်၏။

"ကောင်းပြီလေ ... ငါက မင်းကို တပည့်အဖြစ် လက်ခံဖို့ မခက်ပါဘူး ... ဒါပေမယ့် မင်းရဲ့မိဘတွေက သဘောတူ နိုင်ပါ့မလား ... "

"ဟာ ... ဒီအတွက်တော့ မပူပါနဲ့ဆရာကြီး ... ဆရာကြီးက ကျွန်တော့်ကို ... တပည့်အဖြစ် လက်ခံလိုက်တယ် ဆိုတာကိုသာ ကျွန်တော့်မိဘတွေသိရင် သိပ်ဝမ်းသာကြမှာပါ ... "

"အေး ... အေး ... ဒီလိုဆိုရင်လည်း မင်းကို ငါ့တပည့်တစ်ယောက်အဖြစ် လက်ခံလိုက်ပါပြီ ... ကဲ ... မင်းလည်း မတ်တတ်ရပ်ပါတော့ ... "

ရက်ပုချွန်သည် လင်မိန်ကျက်အား ပြောပြီးသည်နှင့် သူ၏နောက်ဘက်သို့ လှည့်၍ပြောလိုက်တော့သည်။

"အားလုံးထွက်လာကြတော့ ... "

ထိုအခါ ထောင့်အသီးသီး အကာအကွယ်အသီးသီးမှ လူတစ်စု အလျှိုလျှိုထွက်လာကြတော့၏။ ဝါဆန်းဂိုဏ်းသား တပည့်များပင် ဖြစ်ကြတော့သည်။

လောင်တက်က ဝမ်းသာအားရသော လေသံဖြင့် ...

"ဆရာ ... အခုလို တပည့်ကောင်းတစ်ယောက် လက်ခံလိုက်တာကို ဂုဏ်ပြုပါတယ် ... " ဟု ပြောလိုက်သည်။

ရက်ပုချွန်သည် ပြုံး၍ လင်မိန်ကျက်အား ပြောပြလိုက်သည်။

"လင်မိန်ကျက် ... အခုရောက်လာတဲ့ မင်းရဲ့ အစ်ကိုကြီးတွေကို လက်ဖက်ရည်ဆိုင်မှာ တွေ့ဖူးခဲ့ပြီးပြီ မဟုတ်လား ... ကဲပါလေ ထပ်ပြီး မိတ်ဆက်ပေးတာက မင်းနဲ့ ပိုရင်းနှီးပါတယ် ... "

ရက်ပုချွန်သည် တပည့်ဖြစ်သူ လင်မိန်ကျက်အား တပည့်ဟောင်းဖြစ်သူများနှင့် မိတ်ဆက်ပေးနေတော့၏။ တပည့်နံပါတ်နှစ်သည် လောင်တက်၊ တပည့်နံပါတ်သုံးသည် လန်ဖား၊ တပည့်နံပါတ်လေးသည် စီးကျိုက်၊ တပည့်နံပါတ်ငါးသည် ကောင်းကန်း၊ တပည့်နံပါတ်ခြောက်သည် လုရို၊ တပည့်နံပါတ်ခုနစ်သည် ထောင်ကွင်းနှင့် တပည့်နံပါတ်ရှစ်သည် ရင်းပေဖြစ်ကြောင်း လင်မိန်ကျက်အား ပြောပြပြီး ခင်မင်ရင်းနှီးစေသည်။ ထိုစဉ် ...

ရက်ပုချွန်၏ နောက်ကျောဘက်မှ တခစ်ခစ်ရယ်သံတစ်သံ ထွက်ပေါ်လာသည်။

"အဖေ ... ကျွန်မက သူ့ရဲ့အစ်မလား ... ညီမလား ... "

လင်မိန်ကျက် အံ့သြသွားသည်။ ဤအသံသည် ဟိုးတစ်နေ့က အရက်ဆိုင်နှင့် မကြာမီက လက်ဖက်ရည်ဆိုင်တို့တွင် တွေ့ခဲ့ရသည့် အကျည်းတန်မလေး၏ အသံဖြစ်သည်။ သို့သော် ယခု သူမြင်တွေ့လိုက်ရသည့် မျက်နှာသည် ဖြူဖွေးချောမွေ့နေပြီး မျက်လုံးများမှာလည်း ရွှန်းလက်တောက်ပနေသည်။ လူတကာရှူးလောက်သည့် လှပချောမောသည့် အလှပိုင်ရှင်ကလေး ဖြစ်နေသည်။

ရက်ပုချွန်က ပြုံး၍ပြောလိုက်သည်။

ဒီဂိုဏ်းထဲက လူတွေအားလုံးဟာ သမီးထက် နောက်ကျပြီးရောက်လာကြတာပဲ ... သူတို့အားလုံးက သမီးကို ညီမလေးလို့ပဲ ခေါ်ကြတယ် မဟုတ်လား ... ဒီတော့ လင်မိန်ကျက်ကလည်း သမီးကို ညီမလေးလို့ပဲ ခေါ်ပစေပေါ့ ... "

ညီမလေးက ....

"ဟင့်အင်း ... ဟင့်အင်း ... မရဘူး ... မရဘူး ... ဒီနေ့ကစပြီး သမီး အစ်မနေရာကနေ နေတော့မယ် ... လင်မိန်ကျက်လည်း ကျွန်မကို အစ်မလို့ပဲခေါ်ရမယ် ... နောက်ပိုင်း အဖေ့တပည့်တွေ ဘယ်လောက်ပဲ လက်ခံ လက်ခံ သူတို့က သမီးကို အစ်မလို့ပဲ ခေါ်ရတော့မယ် ... "

လင်မိန်ကျက်သည် ချက်ချင်းပင် ရှေ့သို့ ခြေတစ်လှမ်းတိုးလာကာ ...

"ဟုတ်ကဲ့ ... ကျွန်တော်ကလည်း နောက်မှ ဝင်လာတဲ့သူဆိုတော့ မမလို့ပဲ ခေါ်ရမှာပေါ့ ... "

ဟု ပြောလိုက်တော့၏။

ထိုစကားကို ကြားလိုက်ရသောအခါ လိန်လိန်သည် အလွန်ဝမ်းသာသွားတော့သည်။ သူမက အဖေဖြစ်သူအား စောင်းငဲ့ကြည့်ရှုလိုက်ပြီး ...

"အဖေ ... ဒါက သူ့ဘာသာ ကျေနပ်လို့ ခေါ်တာနော် ... သမီးက သူ့ကို အတင်းအကျပ် ခေါ်ခိုင်းတာ မဟုတ်ဘူး ... အဖေ့ အမြင်ပဲ ... " ဟု နွဲ့ဆိုးဆိုးသော လေသံဖြင့် ပြောလိုက်သည်။

ရက်ပုချွန်က ရယ်မောပြီး ..

"သူများက ငါတို့ဂိုဏ်းထဲ ဒီနေ့မှ ဂိုဏ်းသားအဖြစ် ရောက်လာတယ် ... အခု သမီးက 'အတင်းအကျပ်' ဆိုတဲ့ စကားကိုသုံးပြီ ... တော်တော်ကြာရင် အဖေတို့ဂိုဏ်းထဲကလူတွေဟာ အကြီးကအငယ်ကို အတင်းအကျပ် အနိုင်ယူတတ်တယ်လို့ တခြားသူတွေက အထင်မှားပြီး ကြောက်လန့်သွားရင် ဘယ့်နှယ်လုပ်မလဲ ... " ဟု ပြောလိုက်သည်။

ထိုအခါ အားလုံးက တဟားဟား ရယ်လိုက်မိကြတော့သည်။

လိန်လိန်က စကားလမ်းကြောင်း ပြောင်းလိုက်သည်။

"အဖေ ... အစ်ကိုကြီးက ဒီနေရာလာပြီး သူ့ဒဏ်ရာတွေကို ဆေးကုနေတယ်ဆို ... အခု ရီချန်းရဲ့ လက်ဝါးစောင်းတစ်ချက် ထပ်အရိုက်ခံလိုက်ရတယ်ဆိုတော့ အခြေအနေ သိပ်ဆိုးနေတော့မှာပဲ ... မြန်မြန်သွားကြည့် လိုက်ပါဦး ... "

ရက်ပုချွန်သည် မသိမသာ မျက်မှောင်ကုတ်လိုက်ပြီး ..

"ကောင်းကန်းနဲ့ စီးကျိုက် ... မင်းတို့နှစ်ယောက် လင့်ဟူချုံးကို သွားထမ်းထုတ်ခဲ့စမ်း ... " ဟု အမိန့်ပေးလိုက်သည်။

ကောင်းကန်းနှင့် စီးကျိုက်တို့သည် ပြတင်းပေါက်မှတဆင့် အိမ်အတွင်းသို့ ခုန်ဝင်သွားတော့သည်။ သို့သော် မကြာမီပင် သူတို့နှစ်ယောက်စလုံး၏ အတွင်းမှ လှမ်းပြောသံကို ကြားလိုက်ကြရတော့သည်။

"ဆရာ ... အစ်ကိုကြီး ဒီမှာမရှိတော့ဘူး ... "

ကောင်းကန်းတို့ရှိနေသည့်အခန်းမှ အလင်းရောင်ထွက်လာသည်။ ကောင်းကန်းတို့က မီးအိမ်ကို မီးထွန်းညှိလိုက်ကြဟန်တူသည်။

ရက်ပုချွန်မှာ မျက်မှောင်ပိုကုတ်သွားတော့၏။ သူ့အနေဖြင့် ဤသို့နိမ့်ကျလှသော အိမ်အတွင်းသို့ မဝင်လိုပေ၊ ထို့ကြောင့် လောင်တက်ကို လှည့်၍ ပြောလိုက်၏။

"လောင်တက် ... မင်း လိုက်သွားကြည့်စမ်း ... "

လောင်တက်က ခေါင်းညိတ်၍ ပြတင်းပေါက်နားသို့ ခုန်ထွက်သွားတော့သည်။ လိန်လိန်က ...

"ဖေဖေ ... သမီးလည်း လိုက်သွားကြည့်မယ်နော် ... "

ရက်ပုချွန်သည် သမီးဖြစ်သူ၏လက်ကို လှမ်းဆွဲလိုက်ပြီး ...

"သမီး ... ဒီလိုနေရာမျိုးကို မိကောင်းဖခင် သားသမီးတွေ မဝင်ရဘူး ... " ဟု ပြောလိုက်သည်။

လိန်လိန်သည် ငိုမဲ့မဲ့မျက်နှာကလေးဖြင့် ..

"အဖေ ... အစ်ကိုကြီး ဒဏ်ရာတွေ ဘယ်လောက်ရထားပြီဆိုတာ အဖေလည်းသိသားနဲ့ ... "

ဟုပြောလိုက်သည်။

"စိတ်မပူနဲ့ သမီး ... သူ့ဒဏ်ရာကို ဟန်ဆန်းဂိုဏ်းရဲ့ အစွမ်းအထက်ဆုံး အသားကပ်အရိုးဆက်ဆေးတွေနဲ့ လိမ်းပေးထားပြီးပြီ ... လင့်ဟူချုံး ဘယ်လိုမှ မသေနိုင်တော့ဘူး ... "

လိန်လိန်သည် အလွန်ဝမ်းသာသွားသဖြင့် ...

"ဟာ ... ဟုတ်ရဲ့လား ... အဖေ ဘယ့်နှယ်လုပ်သိသလဲ ဟင် ... " ဟု မေးလိုက်သည်။

ရက်ပုချွန်သည် နှုတ်ခမ်းကို လက်ညှိုးဖြင့် ကန့်လန့်ဖြတ်ပြ၏။

"ရှူး ... တော်ပြီ ..မပြောနဲ့တော့ ... "

## အကြင်နာမေတ္တာတရား

အမှန်စင်စစ် လင့်ဟူချုံး၏ ဒဏ်ရာများသည် များပြားလှပြီး အလွန်ပြင်းထန်သည်။ သို့သော် သူ၏စိတ်များမှာမူ ကြည်ကြည်လင်လင် လန်းလန်းဆန်းဆန်း ရှိနေသည်။

လင့်ဟူချုံးသည် အလွန်သတ္တိရှိသူဖြစ်၏။ တလောကလုံးနှင့် ယှဉ်လျှင်လည်း ကြောက်ရွံ့အရှုံးပေးမည့်သူမဟုတ်။ သို့သော် သူ့တွင် ချွင်းချက်တစ်ခုတော့ရှိသည်။ တလောကလုံး မည်သူ့ကိုမျှ မကြောက်သော်လည်း သူ့ဆရာ တစ်ယောက်ကိုတော့ အသေအလဲကြောက်သည်။ ယခု မီးခိုးကြွက်လျှောက် သွေးအလိမ်းလိမ်းဖြင့် ဖြစ်ပွားခဲ့ရသော ပြဿနာကြီးသည် မိမိကြောင့်ပင် မဟုတ်ပါလား။ ဆရာက သူ့အားတွေ့သွားခဲ့လျှင် မည်မျှဒဏ်ပေးမည်ကို မသိနိုင်။ ထို့ကြောင့် ဆရာလာသည်ကို ကြားသိလိုက်ရသောအခါ သူ၏ရင်ဝမှ နာကျင်သောဒဏ်ရာကိုပင် ဂရုမစိုက်နိုင်တော့ဘဲ ကမန်းကတန်း ထပြေးရန် ဟန်ပြင်လိုက်သည်။

"ဒုက္ခပဲ ဆရာဟာ ငါ့ကိုတွေ့သွားလို့ မဖြစ်ဘူး ... "

လင့်ဟူချုံးသည် ဒဏ်ရာများ ပြင်းထန်စွာရရှိထားသဖြင့် ရုတ်တရက် ထပြေးရန်မဖြစ်သဖြင့် အသံကိုသာ နားစွင့်နေရလေသည်။ ထို့နောက် သူ့အား အော်ဟစ်ရှာနေကြသောသူများ ခပ်ဝေးဝေးသို့ ရောက်သွားလောက်မှ သူသည် ဒဏ်ရာမှ နာကျင်မှုကို ကြိတ်မှိတ်ခံရင်း ပုန်းအောင်းရှောင်နေရန်အတွက် ခြေကို တစ်လှမ်းချင်း လှမ်းလိုက်သည်။

ထိုအခိုက် လင့်ဟူချုံးသည် မခံမရပ်နိုင်အောင်နာလာသဖြင့် ပစ်လဲမလို ဖြစ်သွားသောအခါ ဖေးဖေးနှင့် ရီလင်တို့က ကမန်းကတန်း ဘေးမှဝင်ထိန်းလိုက်ကြရ၏။

လင့်ဟူချုံးသည် အံကိုတင်းတင်းကျိတ်၍ စကြံဆုံးသည်အထိ လျှောက်လာသည်။ ထို့နောက် ညာဘက်ရှိ အခန်းထဲသို့ ဝင်လိုက်သည်။ ပြီးနောက် ဖေးဖေးအား ...

"တံခါး ပိတ်လိုက်တော့ ... "

ဟု လှမ်းပြောလိုက်၏။

ဖေးဖေးနှင့် ရီလင်တို့သည် တံခါးပိတ်ပြီးသည်နှင့် အခန်းတံခါးကို ပိတ်လိုက်တော့၏။ တံခါးပိတ်ပြီးသည်နှင့် စိတ်တင်း၍ လမ်းလျှောက်လာသော လင့်ဟူချုံးသည် လုံးဝမဟန်နိုင်တော့ဘဲ ခုတင်ပေါ်သို့ လှဲချလိုက်မိတော့သည်။

သုံးယောက်သား တစ်ဦးကိုတစ်ဦး စကားမပြောမိကြတော့ပေ။

အတန်ကြာသောအခါ ခပ်လှမ်းလှမ်းနေရာမှ ရက်ပုချွန်၏အသံကို ကြားလိုက်ကြရသည်။ ရက်ပုချွန်က ...

"ဒီဘက်မှာ မရှိဘူးဟေ့ ..ဟိုဘက်ကိုသွားကြစို့ ... "

နောက်ဆုံး သူတို့ မည်သည့်နေရာမှ ရှာမတွေ့သောအခါ ပြန်လည်ထွက်ခွာသွားကြ၏။

ရက်ပုချွန်တို့ ထွက်သွားပြီး တအောင့်ကြာသောအခါ ခြေသံတစ်ခုကို ကြားလိုက်ရသည်။

ဖေးဖေးက တံခါးပေါက်မှ အသာချောင်းကြည့်လိုက်သောအခါ လုရှိဖြစ်နေချေသည်။

ထို့ကြောင့် သူမက ဘယ်သူလဲဟူသောအကြည့်နှင့် ကြည့်နေသည့် လင့်ဟူချိုးအား တီးတိုးပြောလိုက်၏။

"လုရှိပါ ... အစ်ကိုကြီးကို လိုက်ရှာနေတာ ... "

လုရှိသည် လင့်ဟူချိုးအတွက် စိတ်ပူလွန်း၍ အားလုံးထွက်ခွာသွားသောအခါကျမှ တစ်ကျော့ပြန်လှည့်လာကာ လင့်ဟူချိုးကို ပြန်လာရှာခြင်း ဖြစ်ဟန်တူသည်။

လင့်ဟူချိုး၏ စိတ်ထဲတွင် ...

"လုရှိဟာ ငါ့ကို တကယ်ချစ်တာပါလား ... "

ဟု တွေးလိုက်မိသည်။

ထို့ကြောင့် ချက်ချင်းပင် ပြန်ထူးလိုက်ရန် ဟန်ပြင်လိုက်သည်။ သို့သော် ရီလင်၏တစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်နေသည်ကို တွေ့ရသောအခါ စိတ်တစ်မျိုး ပြောင်းသွားပြန်တော့၏။

"ငါ ထူးလိုက်လို့ မဖြစ်သေးဘူး ... ထူးလိုက်ရင် ဒီမယ်သီလရှင်လေးရဲ့သိက္ခာ ကျနေဦးမယ် ... "

သို့နှင့် လုံးဝပြန်မထူးတော့ဘဲ ငြိမ်သက်နေလိုက်တော့သည်။ လုရှိ၏ 'အစ်ကိုကြီးဘယ်မှာလဲ ... အစ်ကိုကြီး ဘယ်မှာလဲ' ဟု ခပ်အုပ်အုပ်မေးနေသော အသံသည် တဖြည်းဖြည်းဝေးကွာတော့ကာ နောက်ဆုံး လုံးဝပျောက်ကွယ်သွားတော့သည်။

ဖေးဖေးက ရုတ်တရက် မေးလိုက်၏။

"အစ်ကိုကြီးလင့်ဟူချိုး .... အစ်ကိုကြီးသေသွားနိုင်သလား ဟင် ... "

လင့်ဟူချိုးက

"ငါက ဘယ့်နှယ်သေရမှာလဲ ... ငါသေသွားရင် ငါက ဟန်ဆန်းဂိုဏ်းကို သိက္ခာချလိုက်သလို ဖြစ်သွားမှာပေါ့ ... "

"ဘာဖြစ်လို့ ... "

"ဘာဖြစ်ရမှာလဲ ... ဟန်ဆန်းဂိုဏ်းရဲ့ အသားကပ် အရိုးဆက်လိမ်းဆေးဆိုတာက သိုင်းလောကမှာ အကောင်းဆုံးပဲ ... အခု ငါ့ရဲ့ဒဏ်ရာတွေကို ဒီဆေးနဲ့ လိမ်းထားလျက်နဲ့ ငါသေသွားရင် ဒီမယ်သီလရှင်လေးကို သိက္ခာချသလို ဖြစ်သွားမှာပေါ့ ... "

ရီလင်မှာ လင့်ဟူချိုးတစ်ယောက် ဤမျှ ဒဏ်ရာအကြီးအကျယ် ရနေပါလျက် အပြောင်အပြက်၊ အရွှတ်အနောက် စကားများ ပြောနေသေးသည်ကို တွေ့ရှိရသောအခါ များစွာစိတ်သက်သာရာရသွားသည်။ သူမက ...

"အစ်ကိုကြီး လင့်ဟူချိုး ... အစ်ကိုကြီးမှာ ဒဏ်ရာတွေ ဒီလောက်ရခဲ့ရတာ ကျွန်မအတွက်ကြောင့်ပါ ... ဒီတော့ ကျွန်မအနေနဲ့ အစ်ကိုကြီးအတွက် အတတ်နိုင်ဆုံး ကုသပေးရမှာပဲ ... အစ်ကိုကြီးအနေနဲ့ ဆယ့်နှစ်နာရီလောက် ငြိမ်ငြိမ်ကလေး အနားယူလိုက်ပါ ... ဒါဆိုရင် ဒီဒဏ်ရာတွေကို လုံးဝစိုးရိမ်စရာ ရှိတော့မှာ မဟုတ်ပါဘူး၊ စိတ်အေးသွားရပါပြီ ... "

ဖေးဖေးက ရုတ်တရက် ပြောလိုက်သည်။

"မမရီလင် ... ဒီမှာနေခဲ့ဦးနော် ... လူဆိုးတွေလာမှာကိုလည်း သတိထားဦး ... ဘိုးဘိုးက ကျွန်မကို စောင့်နေလောက်ပြီ၊ ကျွန်မ သွားရတော့မယ် ... "

ရီလင်က ...

"ဟင့်အင်း ... ဟင့်အင်း ... ညီမလေး မသွားပါနဲ့ ... မမတစ်ယောက်တည်း ဒီမှာနေခဲ့လို့ ဘယ်ဖြစ်ပါ့မလဲ ... မသွားပါနဲ့ဦးနော်"

ဖေးဖေးက ပြုံး၍ ...

"အစ်ကိုကြီးလင့်ဟူချိုး ဒီမှာ ရှိနေတာပဲ ... မမတစ်ယောက်တည်းမှ မဟုတ်တာ .... ဘာကြောက်စရာရှိလဲ ... "

ဟုပြောလိုက်တော့သည်။

စကားဆုံးသည်နှင့် တစ်ပြိုင်နက် ဖေးဖေးသည် ပြတင်းပေါက်မှ ခုန်ထွက်သွားတော့၏။ ရီလင်သည် ကမန်းကတန်း လှမ်းဆွဲလိုက်သော်လည်း မမီလိုက်တော့ချေ။ ထို့ကြောင့် သူမလည်း ပြတင်းပေါက်မှခုန်ထွက်၍ ဖေးဖေးကို ရှာကြည့်လိုက်သည်။ အပြင်ဘက်တွင် ဖေးဖေး၏ အရိပ်အယောင်ကိုမျှ မတွေ့ရပါချေ။

ရီလင်သည် မကြံတတ်အောင် ဖြစ်သွားသဖြင့် အခန်းအတွင်းသို့ လျင်မြန်စွာ ပြန်ဝင်လိုက်ကာ ...

"အစ်ကိုကြီး လင့်ဟူချိုး ... ဖေးဖေးတော့ သူ့အဘိုးဆီဆိုပြီး ထွက်ပြေးသွားပြီ ... အခုမရှိတော့ဘူး ... "

ဟု ပြောလိုက်တော့၏။

ထိုအချိန်တွင် လင့်ဟူချိုးသည် ဆေးအရှိန်နှင့် အိပ်ပျော်သွားချေပြီ။ ရီလင်၏စကားများကို ကြားနိုင်စွမ်းမရှိတော့။ ထို့ကြောင့် ရီလင်သည် တစ်ကိုယ်လုံး တဆတ်ဆတ်တုန်လာသည်အထိ ကြောက်ရွံ့လာတော့သည်။ မည်သည့်အရာကိုမျှ မစဉ်းစားနိုင်တော့သည်အထိကြောက်ရွံ့သဖြင့် ခုတင်ဘေးနား၌ တုန်တုန်ယင်ယင်နှင့်ထိုင်နေမိတော့သည်။ အတန်ကြာမှ သတိဝင်လာပြီး ပြတင်းပေါက်ကို ဆွဲပိတ်လိုက်တော့၏။

သူမ၏စိတ်ထဲတွင် ...

"ငါ ဒီနေရာက မြန်မြန်ထွက်သွားမှဖြစ်မယ် ... အစ်ကိုကြီး အိပ်ရာကနိုးလာပြီး ငါနဲ့ စကားပြောရင် ငါ ဘယ်လို လုပ်ရပါ့မလဲ"

ဟု တွေးနေမိတော့၏။

သို့သော် ချက်ချင်းပင် အတွေးတစ်ခု ဝင်လာပြန်သည်။

"ငါ ဒီလို လက်လွတ်စပယ် ထွက်သွားလို့ ဘယ်ဖြစ်ပါ့မလဲ၊ သူ့မှာ ဒဏ်ရာကြီးကို ဒီလောက် ကြီးကြီးကျယ်ကျယ် ခံစားနေရတာ၊ ကလေးတစ်ယောက်ယောက်ဝင်လာပြီး သူ့ကို သတ်ရင်တောင် သူဘာမှ လုပ်နိုင်မှာ မဟုတ်ဘူး ... ငါ့အနေနဲ့ ဥပေက္ခာပြုပြီး ဘယ်ပစ်ထားလို့ဖြစ်ပါ့မလဲ ... "

ညမှောင်သောအခါ အဝေးမှ ဆွဲဆွဲငင်ငင်အူလိုက်သော ခွေးအူသံများကို ကြားလိုက်ရသည်မှအပ ပတ်ဝန်းကျင် တစ်ခုလုံး လုံးဝတိတ်ဆိတ်ငြိမ်သက်၍ နေတော့၏။ ရီလင်သည် သူ၏ထိုင်ခုံကလေးတွင် တစ်ချက်ကလေးမှ မလှုပ်ဝံ့ဘဲ ကျောက်ရုပ်ကလေး တစ်ရုပ်ကဲ့သို့ ထိုင်နေတော့၏။ ဤသို့ဖြင့် မိုးစင်စင်လင်းခဲ့ရတော့၏။

ထိုအချိန်ကျမှ ရီလင် အလွန်စိတ်ပူလာသည်။ သူမ၏ အတွေးထဲတွင် ...

"မိုးလင်းလာရင် လူတွေ လမ်းပေါ်မှာ ဥဒဟိုလျှောက်ကြတော့မယ် ..အဲဒီအခါကျမှ ငါ ဒုက္ခရောက်ရတော့မှာ ... ငါ ဘယ်လိုလုပ်ရပါ့မလဲ ... ခက်လိုက်တာနော် ... "

ဟု ရေရွတ်နေမိတော့သည်။

ရီလင်သည် ငယ်စဉ်ကာလ ကလေးဘဝကတည်းက မယ်သီလရှင်ကြီး၏ ထိန်းသိမ်းကွပ်ကဲမှုအောက်တွင် နေခဲ့ရာ သူမတွင် လူမှုရေးရာ အတွေ့အကြုံဆို၍ နမ်းတစ်စေ့ ဆံခြည်တစ်မျှင်စာမျှမရှိ၊ အခက်အခဲ အကျပ်အတည်းများ ပေါ်လာသည့်အခါများတွင်လည်း စိတ်ပူနေတတ်သည်မှလွဲ၍ မည်သည့်အကြံဉာဏ်မျှ မထုတ်တတ်ပေ။

ထိုစဉ် ခြေသံများကို တဖြိုးဖြိုး တဖျပ်ဖျပ် ကြားလိုက်ရတော့သည်။ ဆိတ်ငြိမ်နေချိန်ဖြစ်သဖြင့် ဤမျှထင်ထင်ရှားရှား ကြားလိုက်ရခြင်းဖြစ်သည်။

လူတစ်ယောက်က ...

"မင်းတို့က အနောက်ဘက်ကနေရှာ ... ငါတို့က အရှေ့ဘက်ကနေရှာမယ် ... တကယ်လို့ လင့်ဟူချိုးကိုတွေ့ရင် အသေမသတ်လိုက်ကြနဲ့ ... အရှင်ဖမ်းခဲ့ကြ ... ဒီကောင် ဒဏ်ရာပြင်းပြင်းထန်ထန်ရထားတော့ မင်းတို့ကို ဘယ်လိုမှ ကာကွယ်နိုင်မှာ မဟုတ်ဘူး ... ဒီတော့ ရဲရဲသာ ဝင်ဖမ်းခဲ့ကြ ကြားကြရဲ့လား ... "

ရီလင်သည် အစပထမ၌ ထိုအသံများကို ကြားလိုက်ရလျှင်ကြားလိုက်ရခြင်း ငယ်ထိပ်သို့တိုင်အောင် အကြောက်တရားများ ပျံ့နှံ့တက်ကုန်သည်။ မည်သို့မည်ပုံ လုပ်ကိုင်ရမည်ကိုလည်း လုံးဝမစဉ်းစားနိုင်အောင် ဖြစ်နေမိတော့သည်။

သို့သော် ထိုလူများသည် သူ၏ကျေးဇူးရှင် လင့်ဟူချုံးကို ဖမ်းဆီးရန်လာကြသူများဖြစ်ကြောင်း သဘောပေါက်နားလည်လိုက်သောအခါတွင်မူ ချက်ချင်းပင် အတွေးတစ်ခု ဝင်လာတော့သည်။

“ဘာပဲဖြစ်ဖြစ် ငါက အစ်ကိုကြီးကို ကာကွယ်စောင့်ရှောက်ရမှာပဲ ... ဒီလူတွေလက်ထဲကိုတော့ လုံးဝအရောက်မခံနိုင်ဘူး ... သူတို့လက်ထဲရောက်ရင် အစ်ကိုကြီး ငရဲပြည်ရောက်တာနဲ့ အတူတူပဲပေါ့ ... ”

ထိုအတွေးက သူမ၏ကြောက်စိတ်များကို ဖယ်ရှားပစ်လိုက်သည်။ သူမ၏ဦးနှောက်များသည်လည်း ချက်ချင်းပင် လန်းဆန်းကြည်လင်လာသည်။ လေးတွဲတုံ့ဆိုင်းနေသော သူမ၏ခန္ဓာကိုယ်သည်လည်း ဖျတ်ဖျတ်လတ်လတ် နိုးနိုးကြားကြား ဖြစ်လာတော့၏။ ချက်ချင်းပင် ခုတင်နားသို့ ပြေးကပ်လိုက်ပြီး လင့်ဟူချုံး၏ကိုယ်ကို စောင်ဖြင့်ပတ်လိုက်သည်။ အခန်းမီးကို ငြိမ်းသတ်လိုက်ပြီးသည်နှင့် လင့်ဟူချုံး၏ကိုယ်ကိုပွေ့ချီကာ တိတ်တဆိတ် ထွက်လာခဲ့တော့သည်။

အခန်းပြင်သို့ ရောက်သည်နှင့် ရီလင်သည် အရှေ့အနောက်မခွဲခြားတော့ဘဲ ရန်သူများအသံနှင့် ဝေးရာသို့သာ ပြေးတော့၏။ သူမမည်မျှ ပြေးထွက်လာသနည်းဆိုသော် မြို့တံခါးပေါက်မှထွက်၍ မြို့ပြင်သို့ ရောက်လာသည်ကိုပင် သတိမပြုနိုင်အောင် ဖြစ်နေမိတော့သည်။

နောက်ဆုံး ...

တောအုပ်တစ်ခုထဲသို့ ရောက်ရှိလာပြီး ကျောက်ဂူကြီးတစ်ခုအနားသို့ ရောက်ရှိလာတော့၏။ ထိုအခါကျမှ ရီလင်သည် စိတ်သက်သာရာ ရသွားတော့သည်။

သူမအနေဖြင့် အရမ်းကာရော ပြေးထွက်လာသဖြင့် လင့်ဟူချုံး၏ အခြေအနေကိုကြည့်ရှုရန် လုံးဝသတိမရခဲ့ပေ။ ထို့ကြောင့် စိတ်အေးသွားချိန်တွင် ငုံ့၍ ကြည့်လိုက်မိတော့သည်။

လင့်ဟူချုံးသည် သတိရလျက်ရှိနေပြီး သူမကိုပြုံးကြည့်နေကြောင်း တွေ့လိုက်ရသောအခါ ရီလင်သည် သူမ၏လက်နှစ်ဖက်အတွင်းမှ လင့်ဟူချုံးကို ဖြုန်းခနဲလွှတ်ချလိုက်မိတော့၏။ သို့သော် ကမန်းကတန်းပင် လင့်ဟူချုံး၏ကိုယ်အား ပြန်ပွေ့လိုက်ပြန်၏။ အချိန်မီသွားသေး၏။ သူမပြန်ပွေ့ယူလိုက်သည်မှာ အလွန်သွက်လက် မြန်ဆန်သွားသဖြင့် လင့်ဟူချုံးမှာ မြေပေါ်သို့ ကျမသွားခဲ့ရချေ။

ရီလင်သည် မောပန်းနွမ်းနယ်သော အသံကလေးဖြင့် ...

“စိတ်မဆိုးပါနဲ့ အစ်ကိုကြီးရယ် ... ဒဏ်ရာတွေက နာသွားသေးသလား ... ”

ဟု မေးလိုက်၏။

လင့်ဟူချုံးက ...

“မနာပါဘူး ညီမလေး ... မင်းလည်း ငါ့ကို အဝေးကြီး သယ်ပြေးလာရတာ မောနေပါပြီ ... အနားယူလိုက်ဦး ... ”

ရီလင်သည် စောစောက ချင်းချန်ဂိုဏ်းသားများ၏ရန်မှ လွတ်ကင်းရန် မရပ်မနားပြေးခဲ့ရသည်။ ပြေးခဲ့သည့် ခရီးတာသည် တိုတောင်းသည့်ခရီးမဟုတ်ပေ။ စိတ်ဇောဆောင်နေ၍သာ ဤမျှပြေးလာနိုင်ခဲ့ခြင်းဖြစ်သည်။ အဓိကရည်ရွယ်ချက်မှာ သူ၏ကျေးဇူးရှင် လင့်ဟူချုံး အဖမ်းမခံရရေးအတွက်ဖြစ်သည်။ ယခု လင့်ဟူချုံးက အနားယူရန် ပြောလိုက်သည့်အခါတွင်မူ သူမ၏ တစ်ကိုယ်လုံး အရုပ်ကြိုးပြတ်နွမ်းခွေကျသွားမတတ် အားပြတ်သကဲ့သို့ ခံစားလိုက်ရတော့သည်။

သူမသည် လင့်ဟူချုံးအား မြက်ခင်းပေါ်သို့ ဖြည်းညှင်းစွာ ချထားလိုက်ပြီး ခြေပစ်လက်ပစ် ထိုင်ချလိုက်တော့သည်။ လင့်ဟူချုံးက ပြုံး၍ပြောလိုက်သည်။

“ညီမလေး ... မင်းက ပြေးဖို့ပဲသတိရပြီး အသက်မှန်မှန်ရှူဖို့ကျတော့ မေ့နေတာကိုး ... ဒါက သိုင်းသမားတွေအတွက် သိပ်ဒုက္ခပေးနိုင်တဲ့အချက်ပဲ ... အဲဒီအချက်ကို ဂရုမစိုက်ရင် အတွင်းဒဏ်ရာရနိုင်တယ် ... ”

ရီလင်သည် ရှက်သွေးတက်သွားပြီး ...

“အစ်ကိုကြီးသတိပေးတာကို ကျွန်မ ကျေးဇူးတင်ပါတယ်၊ ကျွန်မရဲ့ ဆရာမကလည်း အမြဲပဲ သတိပေးပါတယ် ... အခု ကျွန်မ၊ ကျွန်မ ... မေ့သွားလို့ပါ ... ”

ဟု ပြောရှာသည်။

သူမသည် ခေတ္တမျှ အနားယူလိုက်ပြီး လင့်ဟူချုံးအား မေးလိုက်သည်။

"အစ်ကိုကြီးရဲ့ဒဏ်ရာ ဘယ်လိုနေသေးသလဲဟင် ... "

လင့်ဟူချုံးက ...

"ဒဏ်ရာက မနာတော့ပါဘူး ... ဒါပေမယ့် နည်းနည်းတော့ ယားယံလာသလိုပဲ ... "

ထိုစကားကို ကြားလိုက်ရသောအခါ ရီလင်မှာ အလွန်ဝမ်းသာသွားတော့သည်။ ဝမ်းသာအားရဖြင့် ...

"ပျောက်ပြီ ... ပျောက်ပြီ ... ဒဏ်ရာမှာ ယားယံလာတယ်ဆိုတာဟာ ပျောက်ကင်းတော့မယ်ဆိုတဲ့ လက္ခဏာပဲ ... ဒီပြင်ဒဏ်ရာတွေကို ကျွန်မတို့ ဆေးကုသပေးတုန်းကလည်း ဒီအတိုင်းပဲ ... အစ်ကိုကြီးရဲ့ ဒဏ်ရာပျောက်တာဟာ တော်တော်ကလေး မြန်တယ်လို့ ဆိုရမယ် ... "

ဟုပြောလိုက်တော့၏။

လင့်ဟူချုံးက ပြုံး၍ ပြန်ပြောသည်။

"ဒါက ဘာကို ပြသလဲဆိုရင် ညီမလေးတို့ရဲ့ ဟန်ဆန်းဂိုဏ်းရဲ့ ဆေးစွမ်းကို ပြလိုက်တာပဲ ... "

လင့်ဟူချုံးသည် ရုတ်တရက် သက်ပြင်းတစ်ချက် ချလိုက်ပြီး

"ငါ့ဒဏ်ရာ သိပ်ပြင်းထန်သွားလို့ ဟိုကောင်တွေလာအနိုင်ကျင့်ရဲတာ ... နို့မို့ရင် အနားတောင်ကပ်ရဲမယ့် ကောင်တွေ မဟုတ်ဘူး ... ဒဏ်ရာသာ မပြင်းထန်ရင် ဒီကောင်တွေ မှတ်လောက်သားလောက်အောင် ဆုံးမလိုက်နိုင်တယ် ... "

ရီလင်က ...

"အစ်ကိုကြီးက စောစောက ချင်းချန်းဂိုဏ်းသားတွေ နောက်ထပ် ဝင်လာတာကို သိနေတယ်ပေါ့ ... "

လင့်ဟူချုံးက ခေါင်းညိတ်ပြလိုက်သည်။

ထိုအခါ ရီလင်၏စိတ်ထဲတွင် စဉ်းစားလိုက်မိသည်။ ဤမျှ ဝေးကွာသည့် ခရီးစဉ်တစ်လျှောက်လုံးတွင် သူမ၏ လက်တွင်းမှ လင့်ဟူချုံးသည် သူမကို မည်မျှကြာမြင့်စွာ ကြည့်နေခဲ့သည် မသိချေ။

ထိုအတွေးကြောင့် မျက်နှာတစ်ပြင်လုံး ရဲခနဲဖြစ်သွားတော့၏။ လင့်ဟူချုံးကမူ ရီလင် ရှက်သွေးလွှမ်းနေသည်ကို မသိချေ။ မောပန်းလွန်း၍သာ မျက်နှာရဲနေသည်ဟု ထင်မှတ်မိသည်။

လင့်ဟူချုံးက ပြုံး၍ပြောလိုက်၏။

"ညီမလေး ... မင်း ဘာမှ စိတ်မပူနဲ့တော့ ... ငါ အခု အားတော်တော်ရှိလာပြီ ... ခဏလောက် ထပ်အနားယူလိုက်ရင် လုံးဝအားပြန်ပြည့်မှာပဲ ... ဟိုကောင်တွေ လိုက်လာပစေ ... ဒါမှ နောက်တစ်ခါ 'ဖင်မိုးမျှော်' သိုင်းကွက် ကစားပြခိုင်း လိုက်ဦးမယ် ... "

ရီလင်ကမူ ပြုံး၍ပြောပြန်သည်။

"အစ်ကိုကြီး ... စကားသိပ်မပြောနဲ့ဦး ... ခဏလောက်အိပ်ပြီး အနားယူလိုက်ရင် အစ်ကိုကြီး လူကောင်းတစ်ယောက် နီးနီး ပြန်ကောင်းသွားလိမ့်မယ် ... "

လင့်ဟူချုံးက ..

"အေး ... အနားယူသင့်တာတော့ သိပါရဲ့ကွယ် ... ဒါပေမယ့် ငါ့စိတ်ထဲမှာတော့ လျှိုကျုက်ဖုန်းဆီကို သိပ်သွားချင်နေတာပဲ ... ငါ့ဆရာကိုယ်တိုင် လိုက်လာတယ်ဆိုတော့ ဟိုမှာ အရေးကြီးတဲ့ ကိစ္စတစ်ခုခုရှိမှာ သေချာတယ် ... နို့မို့ရင် ဆရာကိုယ်တိုင် လာမှာ မဟုတ်ဘူး ... "

ရီလင်သည် စကားပြောနေသည့် လင့်ဟူချုံး၏ နှုတ်ခမ်းများကို ကြည့်လိုက်သောအခါ နှုတ်ခမ်းသားများ ခြောက်သွေ့ကွဲအက်နေသည်ကို တွေ့လိုက်ရသဖြင့် ရေအလွန်ငတ်နေမှန်း သိလိုက်သည်။ ထို့ကြောင့် ...

"အစ်ကိုကြီး ... ဒီမှာပဲ ခဏနားလိုက်ဦးနော် ... အစ်ကိုကြီးသောက်ဖို့ ကျွန်မ ရေသွားရှာလိုက်ဦးမယ် ... "

"အေး … ဟုတ်တယ် … ငါလည်း တော်တော်ရေငတ်နေတယ် … ငါတို့ ဒီကိုလာတုန်းက ဟိုဘက်နားမှာ ဖရဲသီး စိုက်ခင်းတွေ တွေ့ခဲ့ရတယ် … ဖရဲသီးစားရင် ရေငတ်ပြေတာပဲ … အဲ့ဒီဖရဲသီးတွေ သွားခူးလိုက်ပါလား … ရေရှာရတာ ခက်နေဦးမယ် … "

"အစ်ကိုကြီး တွေ့ခဲ့သလား … ဒါဆိုလည်း ကောင်းသားပဲလေ … ကျွန်မ သွားလိုက်ပါ့မယ် … "

သူမသည် ပြောပြောဆိုဆိုနှင့် သူမ၏ အိတ်ကပ်ထဲသို့ လက်နှိုက်လိုက်လေတော့၏။ သို့သော် တစ်ပြားတစ်ချပ်မျှ မနှိုက်မိချေ။ ထို့ကြောင့် လင့်ဟူချုံးအား မေးလိုက်သည်။

"အစ်ကိုကြီးဆီမှာ ငွေရှိသေးသလားဟင် … "

"ငွေက ဘာလုပ်မလို့လဲ ညီမလေးရဲ့ … "

"ဖရဲသီးဝယ်မလို့လေ … "

လင့်ဟူချုံးသည် တဟားဟား ရယ်မောတော့၏။

"သြော် … ခက်ပဲခက်ရချည်ရဲ့ … ဘယ့်နှယ် ဖရဲသီးသွားဝယ်ရမှာလဲ … ဒီအတိုင်းခူးလိုက်ရင် ပြီးတာပဲ … အနီး အနားမှာ လူမပြောနဲ့ ခွေးတစ်ကောင် ကြောင်တမြီးတောင် မရှိဘူး … ဖရဲသီးစိုက်ခင်းမှာ လူကလည်း ဒီနားမှာနေတာ မဟုတ်ဘူး … ဟိုးအဝေးကြီးမှာ နေနေတာ … ညီမလေးက ဝယ်မလို့ပြောတယ် … ဘယ်သူ့ဆီ သွားဝယ်မှာလဲ … "

ရီလင် တွန့်ဆုတ်သော လေသံကလေးဖြင့် …

"ပိုင်ရှင်က ခွင့်မပြုဘဲယူတာဟာ ခိုးတာပဲ အစ်ကိုကြီးရဲ့ … ကျွန်မ ဆရာမကြီးက ဒီအလုပ်မျိုး မလုပ်ရဘူးလို့ အမြဲတမ်း ဆုံးမသွန်သင်ခဲ့တယ် … တကယ်လို့ ဝယ်စရာ ငွေမရှိရင် သူတို့ဆီမှာ အလှူခံပြီးမှ ယူရမယ်တဲ့ … " ဟု ပြောနေတော့၏။

လင့်ဟူချုံးသည် သူမ၏စကားများကို နားထောင်လိုက်ရသောအခါ စိတ်မရှည်ချင်တော့ပေ။ ထို့ကြောင့် ငေါက်ငန်းချင်စိတ် ပေါက်လာတော့၏။ သို့သော် မိမိအတွက် ဤမျှ ဒုက္ခခံ၊ အနစ်နာခံ၍ ကယ်တင်လာသည်ကို တွေးမိပြန်သောအခါ မိမိ၏ စိတ်မရှည်မှုကို ဖြေဖျောက်လိုက်နိုင်တော့သည်။

ရီလင်မှာ လင့်ဟူချုံး၏ မျက်နှာတွင် စိတ်မရှည်သော အမူအရာများ တွေ့လိုက်ရသောအခါ ဆက်၍ စကား မပြောရဲတော့ပေ။ ချက်ချင်းပင် ဖရဲခင်းရှိရာသို့ ထွက်ခွာသွားတော့၏။

များမကြာမီပင် ဖရဲခင်းရှိရာသို့ ရောက်သွားတော့သည်။ ဖရဲခင်းတွင် ဖရဲသီးများပြည့်နေသည်။ သို့သော် ပတ်ဝန်းကျင်တွင် လူရိပ်လူခြည်ဟူ၍ လုံးဝမတွေ့ရပေ။ တဲအိမ်ဆို၍လည်း တစ်လုံးတလေမျှ မတွေ့ရ။ လင့်ဟူချုံး ပြောသည့်အတိုင်းပင် ဖြစ်နေသည်။ ထို့ကြောင့် သူမသည် ဖရဲခင်းထဲသို့ လျှောက်သွားမိတော့၏။

ပိုင်ရှင်ခွင့်မပြုသောပစ္စည်းကို မယူတော့ဟု စိတ်ဆုံးဖြတ်ပြီး ဖရဲခင်းမှ ထွက်ခွာရန် ဟန်ပြင်လိုက်သောအခါတွင် လင့်ဟူချုံး၏ ခြောက်သွေ့အက်ကွဲနေသော နှုတ်ခမ်းများကို မြင်ယောင်မိပြန်တော့သည်။

နောက်ဆုံးတွင် ရီလင်သည် လက်အုပ်ချီ၍ ဘုရားကို တိုင်တည်လိုက်သည်။

"အရှင်ဘုရား … တပည့်တော်မသည် သူတစ်ပါး ခွင့်မပြုသောပစ္စည်းကို ခိုးယူလိုစိတ် အလျဉ်းမရှိပါ … ယခုအချိန်အခါတွင် ဒဏ်ရာအနာတရ ရလျက် ရေငတ်နေသောသူတစ်ဦး၏ ဆန္ဒကို ဖြည့်စွမ်းရန်အတွက် ဤဖရဲသီးကို ဆွတ်ခူးရခြင်းဖြစ်၍ ခွင့်လွှတ်စေချင်ပါသည် ဘုရား … "

နောက်ဆုံးတွင် ရီလင်သည် ဖရဲသီးတစ်လုံးကို ဆွတ်ခူးလိုက်တော့၏။ သူမ၏စိတ်ထဲတွင် ..

"သူများက နင့်အသက်ကယ်ဖို့အတွက် သူ့အသက်ကိုတောင် စွန့်လွှတ်ခဲ့တယ် … အခု နင့်အလှည့်ကျတော့မှ ငရဲပြည်ရောက်မှာ ကြောက်နေရသလား … အစ်ကိုကြီးလင့်ဟူချုံးအတွက် ဘာပဲလုပ်ပေးရ လုပ်ပေးရ လုပ်ပေးနိုင်တယ်လို့ နင်ပြောခဲ့တယ် မဟုတ်လား၊ အခုမှ ဘာတွန့်ဆုတ်တွန့်ဆုတ် လုပ်နေရတာလဲ … "

ဟု သူ့ကိုယ်သူ ပြန်ပြောနေတော့၏။

သူမသည် ဖရဲသီးကိုပိုက်၍ လင့်ဟူချုံးရှိရာသို့ ပြန်လျှောက်လာခဲ့တော့သည်။ လင့်ဟူချုံးသည် အရာရာတိုင်းတွင် ဖြစ်သလိုနေတတ်သူဖြစ်သည်။ သူ၏စိတ်ဓာတ်သည် အလွန်ဖြောင့်စင်းသူဖြစ်၍ အသေးအဖွဲကိစ္စများ၌ သူများအပေါ် အပြစ်မယူတတ်သလို သူကိုယ်တိုင် ကျူးလွန်၍လည်း အပြစ်ရှိသည်ဟု ခံယူတတ်သူ မဟုတ်ပေ။ ထို့ကြောင့် ဤဖရဲသီးတစ်လုံး ယူဆောင်လာရသည့်အတွက် ရီလင်အဖို့ မည်မျှစိတ်ပင်ပန်းဆင်းရဲခံခဲ့ရသည်ကို လုံးဝမရိပ်မိခဲ့ချေ။

ဖရဲသီးကိုပွေ့ပိုက်၍ ပြန်လာသော ရီလင်အား တွေ့လိုက်ရသောအခါ ဝမ်းသာအားရ ဆီးကြိုပြောလိုက်၏။

"ငါ့ညီမလေးကတော့ တကယ်လိမ္မာတာပဲဟေ့ ... ငါလည်းရေသိပ်ဆာနေတော့ ဖရဲသီးကို တော်တော်စားချင်နေတာ ... "

ရီလင်မှာမူ လင့်ဟူချုံး၏ ချီးမွမ်းသံကို ကြားလိုက်ရသောအခါ ရင်ခုန်သွားပြီး လက်ထဲမှ ဖရဲသီးပင် လွတ်ကျမတတ် ဖြစ်သွားခဲ့ရသည်။ လင့်ဟူချုံးကမူ ရယ်မောပြီး ..

"ညီမလေး ... ဘယ့်နှယ် ဒီလောက် ကတုန်ကယင်ဖြစ်နေရတာလဲ ... မင်း ဖရဲသီးခူးလာတာကို သူများကတွေ့ပြီး လိုက်ဖမ်းလို့လား ... "

ဟု မေးလိုက်သည်။

ရီလင်က ..

"ဟင့်အင်း ... ဘယ်သူမှ လိုက်မဖမ်းပါဘူး ... "

သူမသည် ပြောပြောဆိုဆိုဖြင့် ထိုင်ချလိုက်ပြီး သူမ၏ ထိပ်ဖျားကျိုးနေသောဓားကို သေချာစွာ ပွတ်သပ်သန့်ရှင်းလိုက်ပြီး ဖရဲသီးကို ခွဲချလိုက်တော့၏။ ပြီးနောက် အစိပ်ကလေးများစိပ်ကာ လင့်ဟူချုံး၏ ပါးစပ်ထဲသို့ ခွံ့ပေးလိုက်သည်။

လင့်ဟူချုံးသည် တစ်စိပ်စားလျှင် တစ်ခါချီးကျူး၏။ ချီးကျူးမဆုံးဖြစ်နေသည်။

ရီလင်မှာလည်း လင့်ဟူချုံး ဤသို့ အားပါးတရ စားသောက်နေသည်ကို တွေ့ရသောအခါ အလွန်ကျေနပ် ဝမ်းသာသွားသည်။

လင့်ဟူချုံးသည် ဖရဲသီးတစ်ဝက်ခန့် ကုန်သည်အထိ စားသောက်ပြီးမှ မိမိတစ်ယောက်တည်း စားသောက်နေသည်ကို သတိရလိုက်မိသဖြင့် ...

"ညီမလေး ... မင်းလည်းစားဦးလေ ... မင်းက ငါ့ထက်တောင် မောသေးတယ် ... "

"ဟင့်အင်း ... အစ်ကိုကြီးသာ ဝအောင်စားပါ ... အစ်ကိုကြီးစားလို့ဝမှ ကျွန်မ စားပါ့မယ် ... "

ရီလင်သည် လင့်ဟူချုံးအား နောက်ထပ်ဖရဲသီးနှစ်စိတ် ထပ်ကျွေးပြီးမှ သူမစားလိုက်သည်။ စားနေရင်းမှ လင့်ဟူချုံးအား ရုတ်တရက် ကြည့်လိုက်မိရာ မိမိအား ငေးမောနေသည့် လင့်ဟူချုံးအား တွေ့လိုက်ရသဖြင့် ရှက်သွေးဖျန်းသွားပြီး တစ်ဘက်သို့ လှည့်လိုက်မိတော့၏။

လင့်ဟူချုံးက ရုတ်တရက် ချီးမွမ်းလိုက်သည်။

"ဟာ ... တကယ်လှပါကလား ... "

သူ၏စကားသံထဲတွင် လှိုက်လှဲသော ခံစားချက်များ ပါရှိနေသည်ကို ရီလင် သိလိုက်၏။ ရီလင်အဖို့ အရှက်တကာ့ အရှက်တို့တွင် သည်တစ်ကြိမ်သာ အရှက်ကြီး ရှက်ရခြင်းပေတည်း။

အကြောင်းမဆိုက်ဘဲနှင့် ဤသို့ ချီးမွမ်းလိုက်သည်ကိုလည်း နားမလည်နိုင်။ ထို့ကြောင့် ထပြေးရန် ကြံလိုက်မိတော့သည်။ စိတ်ကထပြေးရန် ကြံနေသော်လည်း ခန္ဓာကိုယ်က ရုတ်တရက် မပြေးဝံ့ဘဲ ဖြစ်နေပြန်သည်။

တစ်ကိုယ်လုံး ထူထူပူပူဖြစ်လာပြီး မျက်နှာမှ လည်တိုင်ထိအောင် ရှက်သွေးကြောင့် ရဲရဲနီလျက် ရှိနေတော့၏။

ထိုစဉ် လင့်ဟူချုံးက ....

"ညီမလေး ... ဟိုမှာ ကြည့်လိုက်စမ်း ... ဘယ်လောက်လှသလဲဆိုတာ .... တော်ကြာ မတွေ့လိုက်ရဘဲ ဖြစ်နေဦးမယ် ... "

ရီလင်သည် ခေါင်းကလေးကိုစောင်းငဲ့၍ လင့်ဟူချုံးပြရာသို့ ကြည့်လိုက်သည်။

လင့်ဟူချုံးသည် လက်ညှိုးညွှန်နေသည့် အနောက်ဘက်အရပ်ရှိ တောအုပ်များ၏နောက်ဘက် ခပ်လှမ်းလှမ်းတွင် အလွန်လှပသော ရောင်စုံသက်တန့်ကြီးတစ်ခုကို တွေ့ရတော့သည်။ ထိုအခါကျမှ လင့်ဟူချုံး ချီးမွမ်းနေသည့်အရာမှာ ဤသက်တန့်ကြီးသာဖြစ်ကြောင်း သိလိုက်ရတော့သည်။

သူမအဖို့ နောက်တစ်ကြိမ် ထပ်ရှက်ရခြင်းပင် ဖြစ်တော့သည်။ ဤတစ်ကြိမ် ရှက်ရခြင်းတွင် စိတ်ပျက်ရခြင်းက တစ်ဝက်မျှ ရောနှောပါဝင်နေသည်။ စောစောက ရှက်ရခြင်းတွင်မူ ပီတိဖြစ်ခြင်းက တစ်ဝက်မျှ ပါဝင်ခဲ့သည်။ လင့်ဟူချုံးက ဆက်၍ပြောသည်။

"ညီမလေး … သေသေချာချာနားထောင်စမ်း … စောစောကဆိုရင် ငါတောင်မကြားမိဘူး … ဘာသံကြားသလဲ … "

ရီလင်က သေသေချာချာ နားစိုက်ထောင်လိုက်သောအခါ ရေကျသံများကို ကြားလိုက်ရတော့၏။ ထို့ကြောင့် သူမ၏နှုတ်မှ …

"ရေတံခွန်နဲ့တူတယ် … "

ဟု ပြောလိုက်မိတော့၏။

လင့်ဟူချုံးက …

"ဟုတ်တယ် … ဒီရက်တွေမှာ မိုးရွာထားတော့ တောတောင်တွေထဲမှာရှိနေတဲ့ စိမ့်စမ်းရေတံခွန်တွေမှာ ရေသိပ်ပေါနေမှာပဲ … ကဲ … အဲဒီဘက်ကို သွားကြည့်ကြရအောင် … "

လင့်ဟူချုံးသည် ပြောပြောဆိုဆိုနှင့် သူ့ဘေးနားရှိ သစ်ကိုင်းကြီးတစ်ကိုင်းကို ကောက်ယူကာ အားပြုတုတ်အဖြစ် ထောက်ပြီး ရေတံခွန်ရှိရာသို့ လျှောက်တော့သည်။

ရီလင်လည်း ကမန်းကတန်းထကာ လင့်ဟူချုံးအား ဘေးမှတွဲကူဖေးမပေးရတော့၏။ အတန်ကြာလျှောက်မိသည်နှင့် ရေကျသံကိုပို၍ ပီပြင်စွာ ကြားလာကြရတော့သည်။

နောက်ဆုံး တောအုပ်ကလေးတစ်ခုကို လွန်လာသောအခါ တကယ်ပင် ရေတံခွန်ကြီးကို တွေ့လိုက်ကြရတော့၏။ မြင့်မားမတ်သော ကျောက်တောင်တစ်ခုပေါ်မှ စီးသွန်ကျဆင်းနေခြင်းဖြစ်သည်။

တဝေါဝေါ ကျဆင်းနေသော ရေလုံးကြီးများကိုကြည့်၍ လင့်ဟူချုံးက ဝမ်းသာအားရ ပြောလိုက်သည်။

"ညီမလေး … ငါတို့ ဝါဆန်းတောင်ရဲ့ မင်းသမီးတောင်မှာလည်း ရေတံခွန်ကြီးတစ်ခုရှိသေးတယ် … ငါ့ဂိုဏ်းတူညီမလေး လိန်လိန်နဲ့ အဲဒီရေတံခွန်ဘေးမှာ အမြဲလိုလို ဓားသိုင်းလေ့ကျင့်ကြတာပဲ၊ သူက ကလေးလိုပဲ သိပ်အငြိမ်နေတာမဟုတ်ဘူး … တစ်ခါတစ်လေ ရေတံခွန်ထဲခုန်ဝင်လိုက်သေးတယ် … တကယ့်ကို ပျော်ဖို့ကောင်းတဲ့နေရာ ညီမလေးရဲ့ …"

လင့်ဟူချုံးက အားပါးတရ သူနှင့် ဆရာကြီး၏သမီး လိန်လိန်တို့ မည်သို့မည်ပုံ ပျော်ရွှင်စွာ ကစားခဲ့သည်များကို ပြောပြနေတော့သည်။ ရီလင်၏စိတ်ထဲတွင်မူ အတွေးတစ်ခု ရုတ်ခြည်းပေါ်လာတော့၏။

"အင်း … သူ ရေတံခွန်နားလာတာက ရေတံခွန်ကို ကြည့်ချင်တဲ့စိတ်သက်သက်နဲ့ လာတာမဟုတ်ဘူး … သူဂိုဏ်းတူညီမလေးလိန်လိန်နဲ့ ကြည်ကြည်နူးနူး ဆော့ကစားခဲ့တာတွေကို ပြန်ပြီး တသသလုပ်ချင်လို့ လာခဲ့တာကိုး … "

သူမ၏ရင်ထဲတွင် ကျင်ခနဲ ဖြစ်သွားမိတော့၏။ လင့်ဟူချုံးကမူ ရီလင်၏ခံစားချက်ကို မည်သို့မျှ သတိပြုမိပုံမရပဲ သူ ပြောချင်ရာကိုသာ အာဝဇ္ဇန်းရွှင်ရွှင်ဖြင့် ဆက်ပြောနေတော့၏။

"တစ်ခါတစ်လေ လိန်လိန်က ငါ့ကို အကြံပေးသေးတယ် … ရေစီးကျနေတဲ့ ရေတံခွန်အောက်မှာ ဓားသိုင်းကျင့်ရင်ကောင်းမယ်တဲ့ … ရေဖိအားအောက်မှာ ဓားသိုင်းကျင့်တော့ ဓားသိုင်းအင်အား ပိုကောင်းလာနိုင်တယ်တဲ့ … ငါကလည်း သူပြောတာ ဟုတ်နိုးနိုးနဲ့ ရေတံခွန်အောက် ဝင်ကျင့်တာပဲ … နောက်ဆုံးကျတော့ နှစ်ယောက်စလုံး အအေးပတ်တာပဲ အဖတ်တင်တယ် … ဘာဓားသိုင်းမှ မရပါဘူး … ကံကောင်းလို့ မဖျားကြတာ … "

လင့်ဟူချုံးသည် အတိတ်ကို ပြန်လည်မြင်ယောင်လာဟန်ဖြင့် ပြုံးရယ်ရင်း ပြောပြနေတော့၏။ ရီလင်က အေးစက်သောလေသံဖြင့် မေးလိုက်သည်။

"အစ်ကိုကြီးဆီမှာ ဂိုဏ်းတူညီမလေး ဘယ်နှစ်ယောက်တောင်ရှိသလဲ ... "

"ငါတို့ ဝါဆန်းဂိုဏ်းမှာ မိန်းကလေးတပည့်မက ခုနစ်ယောက်တောင်ရှိတယ် ... လိန်လိန်ကတော့ ငါတို့ဂိုဏ်းချုပ်ကြီးရဲ့ သမီး ... ကျန်တဲ့ ခြောက်ယောက်ကတော့ ဆရာကတော် လက်ခံထားတဲ့ တပည့်ညီမလေးတွေပဲ ... "

"ဩော် ..လိန်လိန်က ဆရာကြီးရက်ပုချွန်ရဲ့ သမီးကိုး ... သူက အစ်ကိုကြီးနဲ့ သိပ်ခင်တာပေါ့ ဟုတ်လား ... "

လင့်ဟူချုံးသည် ဖြေးညင်းစွာ ထိုင်ချလိုက်ပြီး ..

"ငါက မိဘမဲ့တစ်ကောင်ကြွက်ပဲ ... ငါ့ဆရာက ငါ့ကို လက်မခံခဲ့ရင် ငါ ကလေကချေလေးတစ်ယောက် ဖြစ်သွားမှာ အမှန်ပဲ ... ငါ့အသက် ဆယ့်တစ်နှစ်မှာ ဆရာက ငါ့ကိုမွေးစားပြီး တပည့်အဖြစ်လက်ခံလိုက်တယ် ... အဲဒီတုန်းကဆိုရင် လိန်လိန်က လေးနှစ်လောက်ပဲ ရှိလိမ့်ဦးမယ် ... အဲဒီတော့ ငါက အမြဲတမ်းလိုလို သူ့ကို ထိန်းနေရတာပေါ့ ... သူ့ကိုချီပြီး သစ်သီးတွေခူးပေးတယ် ... ယုန်ဖမ်းကြတယ် ... အဲ့ဒီလိုနဲ့ ငါတို့နှစ်ယောက် ကြီးလာကြတာပဲ ... ဆရာ့မှာ သားမရှိတော့ ငါ့ကို သားတစ်ယောက်လိုပဲ သဘောထားတယ် ... ဆရာကတော်ကလည်း ငါ့ဆိုရင် သိပ်ချစ်တာပဲ ... "

ရီလင်က ..

"ဩော် ... ဒီလိုကိုး ... ကျွန်မလည်း အစ်ကိုကြီးလိုပါပဲ ... ငယ်ငယ်ကတည်းက ဆရာမကြီးဆီကို ရောက်ခဲ့ရတာ ... "

"ဟုတ်လား ... မင်း အဲ့ဒီဂိုဏ်းထဲ ရောက်သွားတာ နှမြောစရာကောင်းလိုက်တာ ... ငါတို့ ဝါဆန်းဂိုဏ်းထဲသာ ရောက်လာရင် မင်း သိပ်ပျော်မှာပဲ ... ငါတို့အားလုံး လူသုံးဆယ်ရှိတယ် ... အားလုံးပျော်ပျော်ပါးပါး ရယ်လိုက် မောလိုက်နဲ့ ဓားသိုင်းကျင့်ပြီးတာနဲ့ ကိုယ့်အဖော်နဲ့ကိုယ် သွားကစားကြတာပဲ ... ဓားသိုင်းကျင့်ပြီးလို့ ကစားတာကိုတော့ ဆရာနဲ့ ဆရာကတော်က ဘယ်တော့မှ မတားမြစ်ဘူး၊ ခွင့်ပြုထားတာပဲ ... မင်းလည်း လိန်လိန်ကို တွေ့ရင် သဘောကျမှာပါ ... "

ရီလင်၏စိတ်ထဲတွင် လင့်ဟူချုံးပြောပြသည်များကို အားကျမိတော့သည်။ သူတို့ ဟန်ဆန်းတောင်တွင် အစ်ကိုကြီး လင့်ဟူချုံးပြောသည့် လွတ်လပ်ပျော်ရွှင်မှုမျိုးကို အိပ်မက်တောင် မက်နိုင်ခဲ့သည်မဟုတ်ပါ။

သူတို့ဂိုဏ်းတူညီမအားလုံး တစ်ယောက်ကိုတစ်ယောက် ကြင်ကြင်နာနာ ပြုစုစောင့်ရှောက်ကြသည် မှန်သော်လည်း လင့်ဟူချုံးပြောသကဲ့သို့ ရယ်ရယ်မောမော ပျော်ပျော်ပါးပါး နေထိုင်ခြင်းတော့ လုံးဝမရှိကြပေ။

သို့သော် ရီလင်၏စိတ်ထဲတွင် ..

"ငါသူတို့ ဝါဆန်းတောင်ကို ရောက်သွားရင်ကော ဘာဖြစ်မှာလဲ ... အစ်ကိုကြီးက သူ့ညီမလေးလိန်လိန်နဲ့ တစ်ချိန်လုံး အဖော်လုပ်ကစားနေမှာပဲ ... ငါ့ကိုလည်း ဘယ်အရေးစိုက်အားမှာလဲ ... ငါက ဘယ်တော့မှ ရင်းနှီးခင်မင်မှု မရှိတော့ ဟိုမှာ ဘယ်လိုပျော်နိုင်တော့မှာလဲ ... " ဟု တွေးလိုက်မိသည်။

"ငါနဲ့ ညီမလေးလိန်လိန် ဓားသိုင်းတစ်ခု လေ့ကျင့်ကြတယ်၊ ဒီဓားသိုင်းက အလွတ်လေ့ကျင့်ရတဲ့ ဓားသိုင်းမျိုး မဟုတ်ဘူး ... ရေတံခွန်ရဲ့ ရေတိုက်အားကိုယူပြီး ဓားကွက်တွေမှန်အောင် ကျင့်ယူကြရတာ ... ညီမလေး ... ဒီလိုဓားသိုင်း လေ့ကျင့်တာ ဘာအကျိုးကျေးဇူးရှိသလဲ သိရဲ့လား ... "

ရီလင်က ခေါင်းခါပြရင်း ...

"မသိဘူး ... " ဟု ပြောလိုက်သည်။

သူမ၏လေသံ၌ ဆွေးမြေ့ခြင်းဖြင့် ကွဲအက်သကဲ့သို့ ဖြစ်နေသည်။ လင့်ဟူချုံးကတော့ ရီလင်၏အသံကို လုံးဝဂရုမပြုမိချေ။ သူပြောလိုရာကိုသာ ဆက်ပြောနေသည်။

"ငါတို့က ရန်သူနဲ့ တိုက်ခိုက်တဲ့အခါမှာ ရန်သူက ကိုယ့်ထက်အတွင်းအားသိုင်း ပိုကြီးမားနေမယ်ဆိုရင် ငါတို့ရဲ့ ဓားကို ဘေးရောက်အောင် ခါချနိုင်တယ် ... ငါနဲ့ လိန်လိန် ရေတံခွန်အောက်မှာ ကျင့်ခဲ့တဲ့သဘောက ရေတံခွန်ရဲ့ဖိအားကို ရန်သူရဲ့ အတွင်းအားလို သဘောထားပြီး ကျင့်ကြတာပဲ ... ငါတို့က ပြန်တိုက်ခိုက်နိုင်ဖို့ ကြိုးစားကြတာပဲ ... "

လင့်ဟူချုံးက ဤမျှလောက် အားရပါးရပြောနေသည်ကို တွေ့ရသောအခါ ရီလင်သည် သူမ၏ အစ်ကိုကြီး၏ စိတ်အားတက်ကြွမှုကို မဖျက်ဆီးချင်တော့။ ထို့ကြောင့် အလိုက်သင့်စကားထောက်ပေးလိုက်သည်။

"အစ်ကိုကြီးတို့ရဲ့ အဲဒီဓားသိုင်းလေ့ကျင့်လို့ အောင်မြင်သွားပြီလား … "

လင့်ဟုချုံးက ခေါင်းခါပြသည်။

"ဘယ်ကလာ လေ့ကျင့်လို့ အောင်မြင်နိုင်မှာလဲ … ဓားသိုင်းတစ်ခု တီထွင်တယ်ဆိုတာ လွယ်တဲ့ကိစ္စမှ မဟုတ်တာ … တော်ရုံတန်ရုံလူတစ်ယောက်က တီထွင်နိုင်တာလဲ မဟုတ်ဘူး၊ နောက်ပြီး ဆရာက ငါတို့ကို သင်ကြားပေးထားတဲ့ ဓားကွက်ထဲက အလျဉ်းသင့်သလို ထုတ်သုံးကြည့်တာပဲရှိတယ် … "

"အစ်ကိုကြီးရဲ့ ဓားသိုင်းကို ဘယ်လိုနာမည်ပေးထားသေးလဲ"

"လိန်လိန်ကလည်း ငါ့ကို နာမည်ပေးဖို့ ပြောသေးတယ် … ဒါနဲ့ ငါက ပြောလိုက်ရတယ် … ငါ့အရည်အချင်းနဲ့ ဓားသိုင်းတစ်ခုတီထွင်မယ်ဆိုရင် ကြားတဲ့သူတွေ ရယ်တာနဲ့ပဲ သေကြလိမ့်မယ် … ဒီကိစ္စကို အပြင်လူတွေကို လုံးဝမပြောနဲ့ … နောက်ပြီး ဘာနာမည်မှ မပေးရဘူးလို့ပဲ ပြောလိုက်ရတယ် … "

ရီလင်က ကမန်းကတန်း ပြောလိုက်သည်။

"ကျွန်မ … ကျွန်မ အပြင်လူတွေကို ဒီကိစ္စလုံးဝမပြောပါဘူး"

ရီလင်သည် သူမ၏စကားကို ခေတ္တရပ်လိုက်ပြီးမှ ပြုံးရင်းဆက်ပြောပြန်သည်။

"ဒါပေမယ့် … အစ်ကိုကြီး ဓားသိုင်းတစ်ခု တီထွင်လိုက်တဲ့ကိစ္စကို သူများတွေက အစောကြီးကတည်းက သိနေကြပါပြီ … အစ်ကိုကြီး လျှို့ဝှက်ထားချင်လို့လည်း မရတော့ပါဘူး … "

လင့်ဟုချုံးသည် အလွန်တရာ ထိတ်လန့်သွားတော့သည်။

"ဟုတ်လား … ညီမလေး ဘယ်လိုလုပ်သိသလဲ … လိန်လိန်က ညီမလေးကို ပြောပြလိုက်လို့လား … "

ရီလင်က တခစ်ခစ်ရယ်လိုက်ပြီးမှ ..

"အစ်ကိုကြီးကိုယ်တိုင်ပဲ ထင်ပေါ်ကို ပြောပြနေတာပဲလေ … အစ်ကိုကြီးပြောတာပဲ မဟုတ်လား … ထိုင်ပြီး ယင်ကောင်တွေကို ဓားနဲ့ ထိုးမယ်ဆိုတဲ့သိုင်းကို … "

ဟု ပြောလိုက်တော့၏။

လင့်ဟုချုံးသည် အားရပါးရ ရယ်မောတော့၏။

"ဟား … ဟား … ဟား … ဟား … ဒီလူကို ငါက တမင်ပေါက်ကရတွေ လျှောက်ပြောတာကွ … ညီမလေးက မှတ်ထားတာကိုး … "

လင့်ဟုချုံးမှာ စကားပြောများသဖြင့် ပင်ပန်းနွမ်းနယ်သွားဟန်တူသည်။ များမကြာမီပင် အိပ်ပျော်သွားတော့၏။ ရီလင်ကမူ သူ့ဘေးနားတွင်ထိုင်၍ မှက်၊ ခြင် ယင်များကို လက်ဖြင့် ခါယမ်းထုတ်ပေးနေသည်။

ဤသို့ဖြင့် တစ်နာရီခန့်ကြာသောအခါ ရီလင်သည် အတွေးတစ်ခုပေါ်လာတော့၏။ သူမ၏အတွေးမှာ …

"တော်ကြာ အစ်ကိုကြီး တစ်ရေးနိုးလာတော့မှာပဲ … အဲဒီအခါကျရင် အစ်ကိုကြီး ဆာလာမှာ အသေအချာပဲ … ဒီမှာလည်းစားစရာမရှိတော့ဘူး … အစ်ကိုကြီးနိုးလာရင် အဆင်သင့်စားနိုင်အောင် ဖရဲသီးတစ်လုံးတော့ သွားခူး ထားလိုက်ဦးမှပဲ … "

ဟူသည့် အတွေးပင် ဖြစ်တော့သည်။

ထို့ကြောင့် ဖရဲခင်းသို့ အမြန်ဆုံး အသော့နှင်တော့၏။ ဖရဲခင်းထဲမှ ဖရဲသီးနှစ်လုံးကို အမြန်ခူးယူလိုက်ပြီး လင့်ဟုချုံးအိပ်နေရာသို့ အမြန်ပြန်လာခဲ့တော့သည်။ သူမအနေဖြင့် ဤသို့ ဖရဲသီးလာခူးနေသည့် အချိန်အတွင်း လင့်ဟုချုံးအား ရန်သူ(သို့မဟုတ်) သားရဲတိရစ္ဆာန်များက တိုက်ခိုက်ရန်ပြုကြမည်ကို အလွန်ပင် စိုးရိမ်ကြောင့်ကြ ဖြစ်နေသည်။

သူမ၏ စိုးရိမ်သောကများလည်း လင့်ဟုချုံးအိပ်နေသည့်နေရာသို့ ရောက်သောအခါ အေးငြိမ်းသွားတော့၏။ အဘယ်ကြောင့်ဆိုသော် လင့်ဟုချုံးမှာ မူလအိပ်ပျော်နေသည့် နေရာ၌ပင် ဘေးမသီရန်မခ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်

နေသောကြောင့်ပေတည်း။ ရီလင်သည် ဖရဲသီးများကို အသာအယာ ချထားလိုက်ကာ လင့်ဟူချုံးဘေးတွင် ဖြည်းညှင်းစွာ ထိုင်လိုက်တော့၏။

ထိုအခိုက်မှာပင် လင့်ဟူချုံး၏မျက်လုံးများ ပွင့်လာတော့၏။

“ငါကတော့ မင်း ပြန်သွားပြီ ထင်လိုက်တာ ... ”

ဟု ပြောတော့၏။

ရီလင်က တအံ့တသြဖြင့် ပြန်ပြောလိုက်သည်။

“ကျွန်မ ပြန်သွားပြီ ဟုတ်လား ... ”

“အေး ... ဟုတ်တယ်လေ ... မင်းရဲ့ဆရာမနဲ့ အစ်မတွေက မင်းကို လိုက်ရှာနေကြတာ မဟုတ်လား ... သူတို့က မင်းအတွက်သိပ်ပြီး စိတ်ပူပန်နေကြတော့မှာပဲ ... ”

လင့်ဟူချုံး၏ စကားကြောင့် ရီလင်ခမျာ ဆတ်ခနဲ ဖြစ်သွားတော့၏။ ရီလင်သည် သူ့ဆရာမနှင့် သူ့အစ်မများထံသို့ ပြန်ဖို့ကိစ္စကို လုံးဝ သတိမရခဲ့ချေ။ ယခုမူ လင့်ဟူချုံး ပြောမှပင် သူတို့ကို သတိရတော့သည်။ သူမ၏စိတ်ထဲတွင် ..

“ငါ့ဆရာမနဲ့ အစ်မတွေ ငါ့ကို တွေ့ရင်တော့ ဆူတော့မှာပဲ”

ဟု တွေးနေမိသည်။

လင့်ဟူချုံးက ..

“ညီမလေး ... မင်းက ငါ့ကို ဒီလောက် ပြုစုစောင့်ရှောက်ခဲ့တာ ငါ အများကြီး ကျေးဇူးတင်ပါတယ်ကွယ် ... အခု ငါလည်း အတော်ကြီး သက်သာနေပါပြီ ... မင်းဆရာမလည်း စိတ်ပူနေမှာဆိုတော့ မင်း ပြန်သွားတော့ ... ”

ရီလင်က ခေါင်းခါယမ်း၍ ဖြေလိုက်သည်။

“ဟင့်အင်း ... ဘယ်ဖြစ်မလဲ ... ဒီလို တောကြီးမျက်မည်းထဲမှာ အစ်ကိုကြီးတစ်ယောက်တည်း ထားခဲ့လို့ ဘယ်ဖြစ်မှာလဲ ... ”

“ငါ့အတွက် စိတ်မပူနဲ့ ညီမလေး ... မင်းသာ လျှို့ကျက်ဖုန်းအိမ်ကို အရောက်ပြန်ပေတော့ ... ဟိုကျရင် ငါ့ရဲ့ ဂိုဏ်းတူညီအစ်ကိုတွေကို တိုးတိုးတိတ်တိတ် ပြောပြလိုက် ... သူတို့ လိုက်လာကြလိမ့်မယ် ... ”

လင့်ဟူချုံးက ရီလင်အတွက် စေတနာဖြင့် ပြောခြင်းဖြစ်သော်လည်း ရီလင်၏စိတ်ထဲတွင်မူ အတွေးတစ်မျိုး ပေါက်သွားတော့သည်။ သူမ၏စိတ်ထဲတွင် ..

“သြော် ... လက်စသတ်တော့ သူ့ညီမလေးလိန်လိန်ကို လာစေချင်နေတာကိုး ... ဒါကြောင့်မို့ ငါ့ကို အတင်း ပြန်လွှတ်နေတာပဲ ... ” ဟု တွေးလိုက်မိတော့၏။

ထိုအတွေးကို တွေးမိလိုက်သည်နှင့် ရီလင်၏မျက်ဝန်းအိမ်မှ မျက်ရည်ပေါက်ကြီးများ ပိုးပိုးပေါက်ပေါက် ကျလာတော့သည်။

ထိုအခါ လင့်ဟူချုံးသည် အလန့်တကြားဖြစ်သွားပြီး ..

“ညီမလေး ... ဘာဖြစ်လို့ ငိုရတာလဲ ... မင်း ပြန်သွားရင် ဆရာမ အဆူခံထိမှာ စိုးရိမ်လို့လား ...“ ဟု မေးလိုက်မိသည်။

ရီလင်က ခေါင်းခါပြသည်။

လင့်ဟူချုံးက ဆက်၍ ...

“ဟာ ... ငါသိပြီ ... ငါသိပြီ ... မင်း ထင်ပေါက်ကိုတွေ့မှာ ကြောက်နေလို့ ဖြစ်ရမယ် ... မကြောက်နဲ့ ... မကြောက်နဲ့ ... ဟိုနေ့ကစပြီး မင်းကို မျက်နှာချင်းမဆိုင်ရဲတော့ဘူး ... မင်းနဲ့တွေ့တာနဲ့ ထွက်ပြေးပြီလို့သာမှတ် ... လှည့်တောင် မကြည့်ရဲစေရဘူး”

ဟု ပြောလိုက်တော့၏။

ရီလင်က ခေါင်းခါပြပြန်သည်။

လင့်ဟူချိုး သဘောမပေါက်နိုင်ဘဲ ဖြစ်နေ၏။ သို့သော် သူမ၏ဘေးနား၌ ဖရဲသီးနှစ်လုံးကို တွေ့လိုက်ရသောအခါ ကောင်းစွာသဘောပေါက်သွားသည့်ဟန်ဖြင့် ...

"သြော် ... ညီမလေးက ဘုရားမကြိုက်တဲ့ အလုပ်ကို လုပ်ခဲ့ရလို့ စိတ်မကောင်းဖြစ်နေတာလား ... ဒီအတွက်တော့ မင်း ဘာမှစိတ်မကောင်းမဖြစ်နဲ့ ... မင်းစိတ်မင်းကိုယ် လုပ်ချင်လို့ လုပ်ရတာမဟုတ်ဘူး ... ငါ့ကြောင့် လုပ်ရတာဆိုတော့ မင်းမှာ အပြစ်မရှိပါဘူး"

ဟု ပြောပြန်သည်။

သို့သော် ရီလင်ကမူ ခေါင်းခါမြဲ။ မျက်ရည်စက်များကလည်း တစ်စက်စက် တစ်ပေါက်ပေါက်ကျဆဲ။

လင့်ဟူချိုးအနေဖြင့် မည်သို့မျှ နားမလည်တော့ပေ။ ထို့ကြောင့် ..

"ကောင်းပါပြီ ... ငါ စကားပြောမှားသွားတယ်နဲ့ တူတယ်၊ ငါ မင်းကို တောင်းပန်ပါတယ် ... စိတ်မဆိုးနဲ့နော် ညီမလေး"

ဟု ပြောလိုက်တော့၏။

ရီလင်က လင့်ဟူချိုး၏ချော့မော့နှစ်သိမ့်သော စကားကို ကြားလိုက်ရသောအခါ စိတ်ပြေသွားသည်။ အနည်းငယ်လည်း ပျော်ရွှင်လန်းဆန်းသွားသည်။

သို့သော် တစ်စုံတစ်ခုကို ချက်ချင်းစဉ်းစားမိပြန်တော့သည်။

"သူ့စကားသံတွေကိုကြည့်ရင် သိပ်သိသာတာပဲ ... သူ့ဂိုဏ်းတူညီမလေးကို အမြဲတမ်း ဒီလိုချော့မော့နေကြ ဖြစ်မှာပဲ ... သူပြောနေကျဖြစ်လို့သာ လွှတ်ခနဲ ပြောလိုက်တာဖြစ်မှာ ... "

ထိုအတွေးကြောင့် ရီလင်သည် လုံးဝမထိန်းသိမ်းနိုင်တော့ဘဲ ချုံးပွဲချငိုလိုက်တော့သည်။ သူမက ...

"ကျွန်မက အစ်ကိုကြီးရဲ့ ဂိုဏ်းတူညီမလေးမှ မဟုတ်တာ ... သူ့ကိုပဲ သတိရနေတော့ ကျွန်မ မြန်မြန်ပြန်သွားနေစေချင်တာပေါ့"

ဟု ပြောလိုက်မိ၏။

ဤစကား နှုတ်မှထွက်သွားပြီးသည်နှင့်တစ်ပြိုင်နက် မိမိ၏စကားမှာ ကျွံသွားကြောင်း ချက်ချင်းသတိရမိတော့သည်။ မိမိမှာ သာသနာ့ဂိုဏ်းဝင် မယ်သီလရှင်တစ်ယောက်ဖြစ်သဖြင့် ဤကဲ့သို့သော စကားများ လုံးဝမပြောသင့်ကြောင်း အမှတ်ရလိုက်သည်။ သို့သော် ကြမ်းကျွံလျှင် နှုတ်၍ရသေးသည်။ နှုတ်ကျွံလျှင်မူကား နှုတ်၍မရတော့။ ထို့ကြောင့် မျက်နှာတစ်ပြင်လုံး ရှက်သွေးတက်ကာ နီရဲလာသဖြင့် တစ်ဘက်သို့ မျက်နှာလှည့်လိုက်ရတော့၏။

လင့်ဟူချိုးကမူ ရီလင်၏စကားကို အမှုမဲ့အမှတ်မဲ့ ဖြစ်သွားသဖြင့် မည်သို့မျှဂရုမပြုမိချေ။ သို့သော် ရီလင်၏ ချောမောလှပသော မျက်နှာကလေးကို သေချာစွာ ကြည့်လိုက်ပြီး ..

"အင်း ... ဒီမယ်သီလရှင်ကလေးက တကယ်ချောတာပဲ ... ငါ့မှာ ဒီလိုညီမလေးမျိုး တစ်ယောက်လောက်ရှိရင် သိပ်ကောင်းမှာပဲ၊ အခုတော့ ငါက ဒီလောကကြီးထဲမှာ ညီအစ်ကိုမောင်နှမ မရှိတဲ့ တစ်ကောင်ကြွက် ဖြစ်နေရတယ် ... "

ဟု သူ့စိတ်ထဲတွင် တွေးနေလိုက်မိသည်။

မည်သို့ပင်ဖြစ်စေ ရီလင် စိတ်ချမ်းသာသွားသည်ကို မြင်လိုသဖြင့် ညင်သာသောလေသံဖြင့် ပြောလိုက်သည်။

"ညီမလေး ... မင်းဟာ ငါ့ထက် အသက်အများကြီးငယ်တယ်၊ နောက်ပြီး ငါတို့ဂိုဏ်းကြီးငါးဂိုဏ်းစလုံးဟာ မဟာမိတ် ဖွဲ့ပြီး ညီအစ်ကိုမောင်နှမတွေလို နေကြတာပဲ မဟုတ်လား ... ဒီတော့ မင်းလည်း ငါ့ညီမလေး ဖြစ်သွားတာပေါ့ ... ပြောစမ်း ညီမလေးကို ငါ ဘယ်လိုစော်ကားမိသလဲ ... ငါစော်ကားမိတဲ့ အချက်ကိုပြောပြ ... ဒါမှလည်း ငါက သေသေချာချာ တောင်းပန်နိုင်မှာပေါ့ ... "

ရီလင်က ..

"ဟင့်အင်း ... အစ်ကိုကြီးက ကျွန်မကို ဘာမှမစော်ကားပါဘူး၊ ဒါပေမယ့် အစ်ကိုကြီးက ကျွန်မကို ဒီနေရာက မြန်မြန်ထွက်သွားစေချင်တယ် မဟုတ်လား ... နို့မို့ရင် ကျွန်မကိုမြင်တိုင်း အစ်ကိုကြီးဒေါသထွက်နေမယ် ... ကံဆိုးနေ

မယ် … ဘာဖြစ်လို့လဲဆိုတော့ အစ်ကိုကြီးပဲ ပြောခဲ့တယ် မဟုတ်လား … မယ်သီလရှင်တွေနဲ့ တွေ့ပြီးတဲ့အခါတိုင်း ဖဲချရင် အမြဲရှုံးတယ်လို့ … ”

လင့်ဟူချုံးသည် ရီလင်၏စကားများကို ကြားလိုက်ရသောအခါ ခွက်ထိုးခွက်လန် ရယ်တော့၏။ သူ့စိတ်ထဲတွင်လည်း …

“အင်း … ဒီမယ်သီလရှင်ကလေးဟာ ဘာမှနားမလည်ရှာပါကလား … စကားပရိယာယ်တွေ ဘာတွေလည်း နားလည်ပုံမရဘူး၊ ငါပြောတာတွေကို အမှတ်ထားပြီး စာရင်းရှင်းနေတာကိုး … သူ့ကို ငါ ပြန်တောင်းပန်ရမယ် … ” ဟု တွေးလိုက်မိ၏။

လင့်ဟူချုံးက …

“ဟုတ်တယ် … ဟုတ်တယ် … ငါဆိုတဲ့ မကောင်းဆိုးဝါးကောင်ဟာ တကယ်တော့ သေသွားဖို့ပဲ ကောင်းတယ် … ဟိုနေ့ကလည်း အရက်ဆိုင်မှာ မဟုတ်မဟတ်တွေ လျှောက်ပြောလို့ သူများတွေ ငါ့ကြောင့် သိက္ခာချကုန်ပြီ … ကဲ … ပြောဦး … ပြောဦး”

ပြောပြောဆိုဆိုဖြင့် လင့်ဟူချုံးသည် သူ၏လက်ကို မြှောက်၍ တဖျန်းဖျန်းနှင့် မိမိပါးကို ရိုက်လိုက်တော့၏။

ထိုအခါ ရီလင်မှာ ထိတ်လန့်သွားပြီး ကမန်းကတန်း ဝင်တားတော့သည်။

“အစ်ကိုကြီး … အစ်ကိုကြီး … မလုပ်ပါနဲ့ … ဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲ … တော်ပြီ … မရိုက်ပါနဲ့တော့ … ကျွန်မက အစ်ကိုကြီးကို စိတ်ဆိုးလို့ပြောတာ မဟုတ်ပါဘူး … အစ်ကိုကြီး ကံဆိုးမှာစိုးလို့ ပြောတာပါ … ”

× × × × × ×

## ဟာသပုံပြင်

လင့်ဟူချုံးက …

"မင်း တကယ်စိတ်မဆိုးဘူးနော် … "

ရီလင်က ခေါင်းခါပြ၏။

"ဟင်း … စိတ်မဆိုးတဲ့လူက ရယ်လည်းမရယ်ဘူး … ဒါဆိုရင် စိတ်ဆိုးနေလို့ပဲပေါ့ … စိတ်မဆိုးတဲ့လူဟာ ဘယ်တော့မှ သုန်သုန်မှုန်မှုန်ကြီးမနေဘူး … "

ရီလင် အားတင်း၍ ပြုံးပြလိုက်၏။ သို့သော် မျက်ရည်ကိုထိန်း၍ မရသေးသဖြင့် တစ်ဘက်သို့ လှည့်လိုက်ရသည်။ လင့်ဟူချုံးသည် ရီလင် အငိုမစဲသေးသည်ကို တွေ့ရသောအခါ သက်ပြင်းရှည်ကြီးတစ်ချက် ချလိုက်မိတော့၏။

ထိုအခါ ရီလင်သည် ချက်ချင်းပင် အငိုရပ်သွားကာ တိုးညင်းသော လေသံဖြင့် မေးလိုက်သည်။

"အစ်ကိုကြီး … ဘာဖြစ်လို့ သက်ပြင်းချရတာလဲဟင်"

ရီလင်၏မေးသံကို ကြားလိုက်ရသောအခါ လင့်ဟူချုံး၏စိတ်ထဲတွင် ရယ်ချင်စိတ်ပေါက်လာသည်။

မျက်နှာကိုတော့မှု ခပ်တည်တည်ပင် ဟန်ဆောင်ထားသည်။ သူ့စိတ်ထဲ၌ ..

"သူက ငယ်ငယ်လေး ရှိသေးတာပဲ … ငါ့လှည့်ကွက်ကို ဘာခံနိုင်မှာလဲ … ငါ မင်နဲ့ မောင်းနဲ့လုပ်ရင် ဒီကောင်မလေး တကယ်အောက်မေ့မှာပဲ … "

သူ့အနေဖြင့် ဤကဲ့သို့သော အတွေ့အကြုံမှာ ရှိးနေလေပြီ။ လိန်လိန်နှင့် သူသည် ငယ်စဉ်က အတူတူပင် ကစားခဲ့ကြသည်။

လိန်လိန်သည် မကြာခဏ စိတ်ကောက်တတ်သည်။ သူ စိတ်ကောက်နေသည့်အခါတွင် လင့်ဟူချုံး မည်သို့ပင် ချော့ချော့ လင့်ဟူချုံးကို မည်သည့်စကားမျှ မပြောတောပေ။

ထိုအခါမျိုး ကြုံသည့်အခါတိုင်း သက်ပြင်းရှည်ကြီး ချလိုက်ပြီး စိတ်မကောင်းဟန် ဟန်ဆောင်လိုက်လျှင် လိန်လိန်သည် စကားမပြောဘဲ မနေနိုင်တော့။ အမြဲလိုလိုပင် သူ့အား စကားပြန်ပြောခဲ့သည်။

ယခုလည်း ဤအတိုင်းပင်။ လင့်ဟူချုံးသည် ဟန်နှင့် ပန်နှင့် သက်ပြင်းရှည်ကြီး ချလိုက်သောအခါ ရီလင်သည် ချက်ချင်းပင် စိုးရိမ်တကြီး ပြန်မေးတော့၏။

လင့်ဟူချုံးသည် မည်သည့်စကားကိုမျှ မပြောဘဲ နောက်ထပ်သက်ပြင်းတစ်ချက် ချလိုက်ပြန်သည်။ ခေါင်းကိုလည်း ရီလင်ဘက်သို့ မလှည့်တော့ဘဲ တစ်ဘက်သို့ လှည့်လိုက်ပြန်သည်။

ရီလင်က ..

"အစ်ကိုကြီး ... ကျွန်မကို စိတ်ဆိုးသွားပြီလားဟင် ... စိတ်မဆိုးပါနဲ့ အစ်ကိုကြီးရယ် ... ကျွန်မ မှားတာကို စိတ်ထဲမှာ မမှတ်ထားပါနဲ့နော် ... "

လင့်ဟူချုံးသည်..

"မဟုတ်ပါဘူး ...ဘာမှ မဟုတ်ပါဘူး ... "

ဟုတွင်တွင်ပြောနေသော်လည်း ဟန်ဆောင်ထားသည့်မျက်နှာကို လုံးဝမပျက်စေဘဲ တစ်ဘက်သို့သာ လှည့်နေတော့၏။ ဤကဲ့သို့ လင့်ဟူချုံး၏မျက်နှာ မသာမယာဖြစ်လေ ရီလင်ခမျာ စိတ်ပူလေဖြစ်ပြီး ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်လာတော့သည်။ ရီလင် ဤသို့ဖြစ်လေ လင့်ဟူချုံး၏စိတ်ထဲတွင် ရယ်ချင်လေ ဖြစ်နေတော့၏။

ရီလင်က ..

"အစ်ကိုကြီး ... ကျွန်မကို စိတ်ဆိုးနေတုန်းပဲနော် ... ကျွန်မအတွက်နဲ့ အစ်ကိုကြီးရဲ့ပါးကို အစ်ကိုကြီး ပြန်ရိုက်တယ် ... ကျွန်မက အမိုက်မ ... ကျွန်မကိုကျွန်မ အပြစ်ပေးမယ် ... ကျွန်မပါးကိုလည်း ကျွန်မပြန်ရိုက်ရမယ် ... ကဲ ... ကဲ ... "

ရီလင်သည် ပြောပြောဆိုဆိုဖြင့် သူမ၏ပါးကို ဖြန်းခနဲ ပြန်ရိုက်လိုက်၏။ ဒုတိယအချက်ရိုက်ရန် ဟန်ပြင်လိုက်စဉ်မှာပင် လင့်ဟူချုံးက သူ၏လက်တစ်ဖက်ဖြင့် ရီလင်၏လက်ကို လှမ်းဆွဲလိုက်တော့၏။

သို့သော် လက်ကို ရုတ်တရက် လှုပ်ရှားလိုက်ရခြင်းကြောင့် ရင်ဝမှ ဒဏ်ရာသည် အလွန်ပင် နာကျင်သွားမိတော့၏။ ထို့ကြောင့် ရုတ်တရက် မျက်နှာရှုံ့မဲ့လိုက်မိတော့သည်။

ရီလင်က ကမန်းကတန်း တားလိုက်တော့သည်။

"အို ... အစ်ကိုကြီး ... အစ်ကိုကြီး ဘာဖြစ်လို့ လက်ကို ရုတ်တရက် လှုပ်ရတာလဲ ... ဒဏ်ရာက နာမှာပေါ့ ... မလှုပ်နဲ့နော် ... အစ်ကိုကြီး ... အသာကလေး လှဲအိပ်နေလိုက်ပါ ... ဒါမှ ဒဏ်ရာကသက်သာသွားမှာ ... "

သူမသည် လင့်ဟူချုံးကို ဖြည်းညှင်းစွာ လှဲအိပ်ခိုင်းသည်။ မိမိကိုယ်ကိုလည်း မိမိအပြစ်တင်နေသည်။

"ဟင်း ... ကျွန်မဟာ တကယ်အသုံးမကျတဲ့လူပါ ... ဘာပဲလုပ်လုပ် အရာရာနဲ့ အကြောင်းကြောင်းချည်းပဲ ... ကျွန်မကြောင့် ဒုက္ခရောက်ကြရတဲ့ လူတွေချည်းပဲ ... အစ်ကိုကြီး ... အစ်ကိုကြီးရဲ့ဒဏ်ရာ နာနေသေးလားဟင် ... "

လင့်ဟူချုံး၏ ဒဏ်ရာမှာ နာသည်ကတော့ အမှန်ပင်ဖြစ်၏။ သို့သော် မခံမရပ်နိုင်လောက်အောင် နာကျင်သည်တော့ မဟုတ်ချေ။ သို့သော် သူ့စိတ်ထဲတွင် အကြံတစ်ခုရလိုက်သည်။ ထို့ကြောင့် မျက်နှာကို ရှုံ့မဲ့လိုက်ပြီး တဟင်းဟင်းနှင့် ညည်းညူလိုက်တော့၏။

ရီလင်မှာ စိုးရိမ်တကြီးဖြင့် ..

"အစ်ကိုကြီး ... သွေးမထွက်စေနဲ့တော့နော် ... သိပ်ပြီး နာနေသလားဟင် ... " ဟု မေးတော့သည်။

လင့်ဟူချုံး၏နဖူးကိုလည်း သူ၏ဖြူနုသွယ်ဖြောင့်သော လက်ကလေးများဖြင့် စမ်းသပ်လိုက်ပြီး ...

"အစ်ကိုကြီး ... အနာသက်သာပြီလား ... "

ဟု မေးလိုက်သည်။

လင့်ဟူချုံးကမူ တကျွတ်ကျွတ် စုပ်သပ်ရင်း ...

"ဟင့်အင်း ... မသက်သာဘူး ... ဒဏ်ရာက သိပ်နာတာပဲ"

ဟု ပြောနေတော့၏။

ရီလင်သည် မျက်နှာကလေး ငိုမဲ့မဲ့ဖြစ်လာပြီး ဘာလုပ်၍ ဘာကိုင်ရမှန်းမသိအောင် စိတ်ရှုပ်ထွေးသွားမိတော့သည်။

ထိုအခါ လင့်ဟူချုံးက ...

"ဟင်း ... ခုအချိန်မျိုးမှာ ငါ့ရဲ့ ဂိုဏ်းတူညီလေး လုရိရှိရင် သိပ်ကောင်းမှာပဲ ... "

"ရှိတယ် ... သူ့ပါးစပ်ဟာ အနာသက်သာတဲ့ဆေးပဲ ... အရင်တုန်းကလည်း ငါ ဒဏ်ရာဓဏခဏရဖူးတာပဲ ... ဒဏ်ရာတွေက သိပ်ပြီးနာကျင်လာပြီဆိုတာနဲ့ လုရိက ဟာသစကားတွေ ... အပြောင်အပျက်စကားတွေပြောတော့တာပဲ ...

ငါနားထောင်ရင်း ရယ်ရင်းနဲ့ ဒဏ်ရာက အနာသက်သာသွားတာပဲ ... အင်း ... နာလိုက်တာ၊ နာလိုက်တာ ... နာလိုက်တာ ... လုရိုသာဒီမှာရှိရင် သိပ်ကောင်းမှာပဲ ... ကျွတ် ... ကျွတ် ... ကျွတ် ... ”

ရီလင်မှာမူ တကယ်ပင် အကျဉ်းအကျပ်သို့ ရောက်နေရှာတော့၏။ သူမ၏ဘဝတစ်လျှောက်လုံး တင့်ရီ မယ်သီလရှင်ကြီး၏ တပည့်အဖြစ် မြုပ်နှံခဲ့သည်။ တင့်ရီမယ်သီလရှင်ကြီး၏ တပည့်တိုင်းသည် မျက်နှာကို တည်တည်ထားပြီး ဘုရားစာ တရားစာကိုသာ ကျက်မှတ်ရွတ်ဖတ်နေခဲ့ကြရသည်။ ဓားသိုင်းလေ့ကျင့်ချိန်ရောက်လျှင် ဓားသိုင်းလေ့ကျင့်ရ၏။ သူတို့၏ဘဝ၌ အပြောင်အပြက်ပြောခြင်း၊ နောက်ပြောင်ခြင်း၊ ရယ်မောခြင်းဟူ၍ လုံးဝမရှိခဲ့ကြပေ။ သူတို့၏ဘုရားကျောင်း၌ ရယ်သံဟူသည်မှာ မကြားကောင်းသောအရာပင် ဖြစ်တော့သည်။

ထို့ကြောင့် သူမအား ဟာသစကား လာပြောခိုင်းလျှင် လူတစ်ယောက်အား သတ်ခိုင်းသည်နှင့် အတူတူပင် ဖြစ်တော့သည်။

သူမအဖို့ မည်သို့မျှ မလုပ်တတ်သော အလုပ်တစ်ခုဖြစ်တော့၏။ သူမစိတ်ထဲတွင် ...

“ဒုက္ခပဲ ... အစ်ကိုကြီးကလည်း ဟာသစကားတွေ ကြားချင်တယ် ... ငါကလည်း မပြောတတ်ဘူး ... ခက်တော့တာပဲ ...”

ဟု တွေးရင်း စိတ်သောက ရောက်နေရှာတော့၏။

ထိုစဉ် ရုတ်တရက် အကြံတစ်ခုရလိုက်၏။ သူမက ..

“အစ်ကိုကြီး ... ဟာသစကားတွေ အပြောင်အပြက်တွေတော့ ကျွန်မ မပြောတတ်ဘူး ... ဒါပေမယ့် ကျမ်းစာတွေထဲမှာတော့ ပုံပြင်တော်တော်များများ ဖတ်ဖူးပါတယ် ... ဒီပုံပြင်တွေထဲက ပုံပြင်တချို့ကတော့ ရယ်စရာကောင်းတယ် ... အစ်ကိုကြီး နားထောင်မလား”

ဟု မေးလိုက်တော့သည်။

လင့်ဟူချုံးသည် ဤသို့ဖြစ်လာစေရန် ဖန်တီးလိုက်ခြင်းဖြစ်ရာ ယခု သူ ဖြစ်စေချင်သကဲ့သို့ ဖြစ်လာပေပြီ။ သူ၏စိတ်ထဲ၌ ပြုံးလိုက်မိသည်။ သူ၏မျက်နှာကို လုံးဝမပျက်စေဘဲ ..

“ကောင်းတယ် ... သိပ်ကောင်းတယ် ... ငါက လူတစ်မျိုး၊ ပုံပြင်ကလေးတွေ နားထောင်နေရရင် ဒဏ်ရာက သက်သာလာတာပဲ ... ” ဟု ပြောလိုက်တော့၏။

ရီလင်က ပြုံး၍ ...

“ဒီလိုဆိုရင် ကျွန်မ ပြောပြမယ် ... အခု ကျွန်မပြောပြမယ့် ပုံပြင်က ‘ခေါင်းတုံးနဲ့ ကျောက်တုံး’ ဆိုတဲ့ ပုံပြင်ပဲ ... ဟိုးရှေးရှေးတုန်း ခေါင်းတုံးကြီးတစ်ယောက်ရှိသတဲ့ အစ်ကိုကြီးရဲ့ ... သူ့ခေါင်းက မွေးကတည်းက ဆံပင်တစ်ချောင်းမှ မပေါက်ဘူး ... အဲဒီခေါင်းတုံးကို အနီးအနား ပတ်ဝန်းကျင်က လူတွေက ကျောက်တုံးလို့ ခေါ်ကြတယ်၊ တစ်နေ့တော့ သူက သူ့အိမ်ဘေးက လယ်သမားတစ်ယောက်နဲ့ စကားများရန်ဖြစ်ကြတယ် ... လယ်သမားက သူ့ခေါင်းကို ပေါက်တူးနဲ့ရိုက်လိုက်တော့ ခေါင်းပေါက်သွားတော့တာပေါ့ ... ဒီခေါင်းတုံးကြီးက ပေါက်တူးကို လုံးဝမရှောင်ဘူး မရှောင်ရုံမကဘူး ... ပြုံးပြုံးကလေးနဲ့တောင် နေလိုက်သေးသတဲ့ ... ဘေးက လူတွေက သိပ်အံ့သြကြတာပေါ့ ... ဘာဖြစ်လို့ မရှောင်ဘဲ ပြုံးတောင် ပြုံးရသလဲလို့မေးသတဲ့၊ အဲဒီတော့ ခေါင်းတုံးကြီးက ရယ်ပြီးပြန်ပြောတယ် ... ဒီလယ်သမားကြီးဟာ လူအကြီးပဲတဲ့ ... သူက ငါ့ခေါင်းတုံးကို ကျောက်တုံးထင်ပြီး ပေါက်တူးနဲ့ ရိုက်တာတဲ့ ... ငါရှောင်လိုက်ရင် ဒီလယ်သမားကို စဉ်းစားဉာဏ်ရှိအောင် လုပ်ပေးသလို ဖြစ်သွားမှာပေါ့တဲ့ ... ”

ရီလင်၏ပုံပြင် အဆုံးသတ်သွားသောအခါ လင့်ဟူချုံးက ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။ နှုတ်မှလည်း ...

“ဟား ... ဟား ... ဟား ... ဒီခေါင်းတုံးက သူ့ကိုယ်သူ သိပ်လည်တယ်လို့ ထင်နေတာကိုး ... တယ်ကောင်းတဲ့ ပုံပြင်ပါလား၊ ရယ်လည်းရယ်ရတယ် ... ကောင်းလည်းကောင်းတယ် ... ”

ရီလင်က လင့်ဟူချုံးရယ်သည်ကို တွေ့ရသောအခါ အလွန်သဘောကျသွားတော့သည်။ ထို့ကြောင့် သူမက ..

"အစ်ကိုကြီး နားထောင်လို့ ကောင်းတယ်ဆိုရင် ... ကျွန်မ နောက်ထပ် ပုံပြင်လေးတစ်ပုဒ် ပြောပြဦးမယ် ... ပုံပြင်က 'သမားတော်ကြီးနဲ့ မင်းသမီး' တဲ့ ... ဟိုးအရင်တုန်းက ဘုရင်ကြီးတစ်ပါးမှာ သမီးတော်လေးတစ်ပါး ထွန်းကားခဲ့တယ် ... ဘုရင်ကြီးက ဘယ်နေရာမဆို အလောတကြီးလုပ်တတ်တယ် ... စိတ်ဆန္ဒစောတတ်တယ်၊ သူ့သမီးတော်ကလေးက ငယ်ငယ်ကလေး မွေးကင်းစကလေးဖြစ်နေတာကို သူ့စိတ်ထဲမှာ အားမလိုအားမရဖြစ်နေတယ် ... ချက်ချင်းပဲ အရွယ်ရောက်တာ မြင်ချင်တယ် ... ဒီတော့ သမားတော်ကြီးကို ဆင့်ခေါ်တယ် ... သမီးတော်လေး တစ်ခါတည်းနဲ့ ကြီးထွားအရွယ်ရောက်နိုင်မယ့်ဆေးကို ဖော်စပ်ခိုင်းတယ် ... အဲ့ဒီတော့ သမားတော်ကြီးက ပြောတယ် ... ဆေးတော့ရှိပါတယ် ... ဒါပေမယ့် ဒီဆေးကိုဖော်စပ်ဖို့ကတော့ အချိန်တွေအများကြီးယူရပါတယ်တဲ့ ... ဒီတော့ မင်းသမီးကလေးကို သူ့အိမ်မှာပဲ ထားပါ ... တစ်ဘက်ကလည်း ဆေးဖော်စပ် ... တစ်ဖက်ကလည်း ဆေးကျွေးပါ့မယ်တဲ့ ... တစ်ခုတော့ရှိတယ် ... ဒီဆေးကိုဖော်ချိန်မှာ ဘုရင်ကြီးအနေနဲ့ လုံးဝမလာရဘူး၊ စိတ်ဆန္ဒမစောရဘူးလို့ လျှောက်ထားသတဲ့ ... ဘုရင်ကြီးကလည်း သဘောတူလိုက်တယ် ... ဒါနဲ့ သမားတော်ကြီးက မင်းသမီးလေးကို သူ့အိမ်မှာခေါ်ထားတယ် ... နေ့တိုင်းနေ့တိုင်း ဆေးမြစ်ဆေးဝါးတွေ စုဆောင်းရှာဖွေနေပါတယ်လို့ ဘုရင်ကြီးကိုလျှောက်တယ် ... ဒီလိုနဲ့ ဆယ့်နှစ်နှစ်ကြာသွားတဲ့အခါကျမှ ဆေးဝါးဖော်စပ်လို့ပြီးပါပြီလို့ လျှောက်တယ် ... ဒီနေ့ပဲ မင်းသမီးလေးကို ဆေးကျွေးပြီးပါပြီတဲ့၊ အဲ ... နောက်တော့ သူက မင်းသမီးလေးကိုခေါ်လာပြီး ဘုရင်ကြီးရဲ့လက်ထဲကို အပ်သတဲ့ ... ဟိုး ... လွန်ခဲ့တဲ့ ဆယ့်နှစ်နှစ်က မွေးကင်းစကလေးလေးက အခုကျတော့ အရွယ်ရောက်နေတော့တာပေါ့ ... ဒါကိုလည်း ဘုရင်ကြီးကတွေ့ရော သမားတော်ကြီးဟာ တကယ်ပဲတော်တယ်ဆိုပြီး ဆုတော်လာဘ်တော်တွေ အများကြီးချီးမြှင့်လိုက်သတဲ့ ... "

လင့်ဟူချုံးက ပုံပြင်ဆုံးသောအခါ တဟားဟား ရယ်လိုက်ပြန်သည်။

"လောကြီးတဲ့ ဘုရင်ကြီးလို့သာ ပြောတယ် ... ဆယ့်နှစ်နှစ်တော့ စောင့်နိုင်သေးသကိုး ... ဒီသမားတော်ကြီးက ဘာမှဟုတ္တိပတ္တိမှ မတတ်ဘဲ ... ငါသာ သမားတော်ကြီးဖြစ်ရင် ဟိုမင်းသမီးလေးကို ဆယ့်ရှစ်နှစ်အရွယ်ရှိတဲ့ မင်းသမီးလေးဖြစ်သွားအောင် လုပ်ပေးနိုင်တယ် ... "

ရီလင်သည် မျက်လုံးကလေးပြူးသွားကာ ...

"ရှင် ... အစ်ကိုကြီးက ဘယ်လိုလုပ်မှာလဲဟင် ... "

ဟု မေးလိုက်တော့၏။

"အံမယ် ... ဘာများ ခက်တာမှတ်လို့ ... ငါဆိုရင် မင်းသမီးကလေးကိုချီပြီး အိမ်ပြန်မယ် ... ချက်ချင်း အင်္ကျီချုပ်သမားလေးယောက်ကို ခေါ်လိုက်မယ် ... "

"ဟင် ... အစ်ကိုကြီးကလည်း ... အင်္ကျီချုပ်သမားတွေက ဘာလုပ်ဖို့လဲ ... "

"ဟ ... ဘာလုပ်ရမှာလဲ ... အင်္ကျီသစ်ကို အမြန်ဆုံးချုပ်ခိုင်းရမှာပေါ့ ... ငါက ဘယ်သူ့ ကိုယ်အတိုင်းအတာယူပြီး ချုပ်ခိုင်းမယ်မှတ်လို့လဲ ... မင်းရဲ့ကိုယ်တိုင်းကိုယူပြီး ချုပ်ခိုင်းမှာ ... အဲဒီအင်္ကျီသစ်ကို မင်းကို ဝတ်ခိုင်းပြီး နန်းတော်ထဲကို လှလှပပ ကျော့ကျော့မော့မော့လေး ခေါ်သွားမယ် ... ဘုရင်ကြီးဆီရောက်ရင် ဦးခိုက်ပြီး သမီးတော်လေးဟာ သမားတော်ကြီးလင့်ဟူချုံးရဲ့ ဆေးကောင်းဝါးကောင်းများကို သုံးဆောင်လိုက်လို့ အခုဆိုရင်တစ်ရက်တည်းနဲ့ ဆယ့်ရှစ်နှစ်သမီးတော်လေး ဖြစ်ခဲ့ပါပြီလို့ လျှောက်တင်လိုက်မယ် ... ဘုရင်ကြီးက မင်းလိုချစ်စရာကောင်းတဲ့ မင်းသမီးလေးကို မြင်လိုက်ရရင် ဝမ်းသာလွန်းလို့ ဘယ် ... အတုနဲ့ အစစ် ခွဲခြားနိုင်ပါတော့မလဲ ... အဲဒီအခါကျတော့ သမားတော်ကြီး လင့်ဟူချုံးလည်း ဆုတော်လာဘ်တော်တွေ အများကြီး ချီးမြှင့်ခံရတော့မှာ သေချာတယ် ... "

ရီလင်မှာမူ လင့်ဟူချုံး၏ အပြောကြောင့် တရယ်တည်းရယ်နေရသောကြောင့် မောဟိုက်နေတော့၏။ အတန်ကြာမှ ..

"အစ်ကိုကြီးက ကြံကြံဖန်ဖန်ပြောတဲ့နေရာမှာတော့ ... နှစ်ယောက်မရှိဘူး ... ထင်ပေါ်နဲ့ ဓားပြိုင်တုန်းကလည်း ဒီအတိုင်းပဲ ... ကျွန်မလို အကြည့်ရဆိုးတဲ့သူက ဘယ်လိုလုပ် မင်းသမီးဖြစ်နိုင်မလဲ"

ဟု ပြောတော့သည်။

လင့်ဟူချုံးက ...

"ဘယ့်နှယ်ပြောတာလဲ ညီမလေးရဲ့ ... မင်းလို မိန်းကလေးမျိုးသာ ရုပ်ဆိုးတယ်လို့ခေါ်ရင် ဒီလောကထဲမှာ လှပတဲ့လူ တစ်ယောက်မှ မရှိတော့ဘူး၊ အတိုင်းတိုင်း အပြည်ပြည်မှာ အင်မတန်လှတဲ့ မင်းသမီးတွေ တစ်သောင်းမက ရှိချင်ရှိလိမ့်မယ်၊ ဒါပေမယ့် တစ်ယောက်မှ မင်းလှတာကိုတော့ မီမှာမဟုတ်ဘူး"

လင့်ဟူချုံးက မိမိကို ဤမျှ ချီးမွမ်းနေသည်ကို ကြားရသောအခါ သူမ၏နားထဲသို့ ပျားရည်များ လောင်းထည့်လိုက်သည့်နှယ် ချိုမြပီတိဖြစ်နေမိတော့၏။ သူမက ပြုံးရယ်ရင်း ...

"ဒီ ... ထောင်သောင်းမကတဲ့ မင်းသမီးတွေကို အစ်ကိုကြီးတွေ့ဖူးလို့လား ... "ဟု မေးလိုက်သည်။

"တွေ့ဖူးတာပေါ့ ... ငါက အမြဲတမ်း အိပ်မက်မက်နေတဲ့ကောင် ... အိပ်မက်ထဲမှာ တစ်ယောက်ပြီးတစ်ယောက် တွေ့နေရတာ ... "

"အစ်ကိုကြီးကလည်း ... ဘယ်နှယ့် အိပ်မက်မက်တိုင်း မင်းသမီးတွေနဲ့ချည်း တွေ့နေရတာလဲ ... "

"ဒါကတော့ ငါက စွဲလမ်း ... "

လင့်ဟူချုံးသည် တဟီးဟီးရယ်ရင်း ပြောနေရာမှ မယ်သီလရှင်လေးတစ်ပါးအား ဤကဲ့သို့သော စကားများ လုံးဝ မပြောသင့်ကြောင်း သတိရလိုက်ပြီး ရုတ်တရက် သူ့စကားကို အရှိန်သတ်လိုက်ရသည်။ ထို့ကြောင့် ဟန်ဆောင်၍ တစ်ချက်မျှ သမ်းဝေလိုက်ရ၏။

ရီလင်က ..

"အစ်ကိုကြီး ... စကားပြောရလို့ သိပ်ပင်ပန်းနေပြီ ... အိပ်လိုက်ဦးနော် ... "

"အေး ... ကောင်းတယ် ... ငါ တစ်မှေးလောက် အိပ်လိုက်ဦးမယ် ... မင်းရဲ့ ဟာသပုံပြင်တွေကတော့ တကယ့်ကို အစွမ်းထက်တာပဲကိုး ... ငါ့ဒဏ်ရာတွေက မနာတော့ဘူး ... "

လင့်ဟူချုံး၏ရည်ရွယ်ချက်မှာ ရီလင် ရယ်မောပျော်ရွှင်လာစေရန်ပင်ဖြစ်သည်။ ယခု ရီလင် ရယ်မောပျော်ရွှင် သွားပြီ ဖြစ်၍ သူက စကားဆက်မပြောတော့ချေ။ သူ့ဒဏ်ရာများကလည်း အနားယူနိုင်လေ ကောင်းလေဖြစ်သဖြင့် မည်သည့် စကားမျှ ဆက်မပြောတော့ဘဲ မျက်စိများကို မှိတ်လိုက်တော့၏။

ရီလင်မှာမူ လင့်ဟူချုံးအား ဘေးနားတွင်ထိုင်၍ ပိုး၊ ပုရစ်များ လင့်ဟူချုံးအား အနှောင့်အယှက်မပေးနိုင်စေရန် ယပ်ခတ်ပေးနေသည်။

ထိုသို့ ယပ်ခတ်ပေးနေရင်းမှ သူမသည်လည်း တဖြည်းဖြည်းမျက်ခွံများ လေးလာပြီး နောက်ဆုံး အိပ်ပျော်သွား လေတော့၏။

× × × × × ×

## မဟာမိတ် အဖွဲ့ချုပ်အလံ

ဤတောအုပ်ကြီးတစ်ခုလုံးသည် လုံးဝတိတ်ဆိတ်ငြိမ်သက်လျက် ရှိနေသော်လည်း ချုံးဆန်းမြို့ရှိ လျှို့ကျက်ဖုန်း၏ အိမ်ဂေဟာကြီးတွင်မူ သိုင်းသမားပေါင်းစုံ စုံညီစွာ ရောက်ရှိနေကြပြီ။ အုတ်အုတ်ကျက်ကျက် ဖြစ်နေတော့သည်။

ဝါဆန်းဂိုဏ်းချုပ်ကြီး ရက်ပုချွန်သည်လည်း လင်မိန်ကျက်ကို တပည့်အဖြစ် လက်ခံလိုက်ပြီးနောက် သူ၏တပည့်များကို ဦးဆောင်၍ လျှို့ကျက်ဖုန်း၏ အိမ်ဂေဟာသို့ ရောက်ရှိလာတော့သည်။

လျှို့ကျက်ဖုန်းမှာ ဝါဆန်းဂိုဏ်းချုပ်ကြီး ရက်ပုချွန်ကိုယ်တိုင်လာသည်ဟု ကြားသိလိုက်ရသောအခါ အလွန်တရာ ဝမ်းသာတုန်လှုပ် သွားတော့၏။

မိမိအား အကြီးအကျယ်ဆုံး လာရောက်ချီးမြှင့်ခြင်းပင် မဟုတ်ပါလား။

သူသည် ကမန်းကတန်းနှင့် ထွက်၍ ကြိုဆိုလိုက်သည်။

ရက်ပုချွန် ...။

ဤသိုင်းလောကကြီး၌ နာမည်အလွန်ကြီးနေသည့် ‘သစ္စာရှင်ဓားသမား’ ရက်ပုချွန်သည်ကိုယ်တိုင်လာရောက် ချီးမြှင့်ခြင်း သည် တော်တော်တန်တန် ချီးမြှင့်ခြင်းမဟုတ်ပေ။

အင်မတန်မှ လာရောက်ခဲသည်။ ထို့ကြောင့် လျှို့ကျက်ဖုန်းအနေဖြင့် ရက်ပုချွန်ကို အထပ်ထပ် ကျေးဇူးတင်စကား ပြောကြားခြင်းပင် ဖြစ်တော့သည်။

ရက်ပုချွန်သည် ခက်ထန်မောက်မာမှု လုံးဝမရှိပေ။

အလွန်ရိုးသားနိမ့်ချသော အမူအရာဖြင့် ယဉ်ကျေးသိမ်မွေ့စွာ မင်္ဂလာစကား ပြောကြားသည်။

သူ၏မျက်နှာမှ အစဉ်အမြဲလိုလို ပြုံးချိုနေသည်။

လျှို့ကျက်ဖုန်းနှင့် တပြုံးပြုံးစကားပြောရင်း ခန်းမကြီးထဲသို့ ဝင်လာကြသည်။

ထိုက်ဆန်းဂိုဏ်းချုပ်ကြီး ထင်မင်း၊ တင့်ရီမယ်သီလရှင်ကြီးနှင့် ချင်းချန်းဂိုဏ်းချုပ်ကြီး ရီချန်း အစရှိသော သိုင်းလောက၏ ထိပ်သီးသိုင်းဆရာကြီးများကလည်း ထွက်၍ ခရီးဦးကြိုပြုကြ၏။

အခြားသူများသည် လေးစားခင်မင်မှုဖြင့် ခရီးဦးကြိုကြခြင်း ဖြစ်သော်လည်း ရီချန်းအနေဖြင့်မူ အခြေအနေအရသာ ရှိသေသမှု ပြုကြခြင်းဖြစ်သည်။ သူ၏စိတ်ထဲတွင် ...

“အင်း ... ဝါဆန်းဂိုဏ်းချုပ်ကြီးကိုယ်တိုင် ဒီပွဲကိုလာတာဟာ ဘယ်နည်းနဲ့မှ အကြောင်းမဲ့ မဖြစ်နိုင်ဘူး ... တစ်ခုခု တော့ ထူးခြားချက်ရှိနေပြီ ... ဒါမှမဟုတ်ရင်လည်း ငါ့အတွက်နဲ့ ရောက်လာတာဖြစ်လိမ့်မယ် ... သူတို့ ဂိုဏ်းကြီးငါးဂိုဏ်း က လူများတာ မှန်ပေမယ့် ငါတို့ ချင်းချန်ဂိုဏ်းကလည်း မခေပါဘူး ... အသေအလဲ ပြန်တိုက်ရင် သူတို့လည်း နာမှာပါပဲ

... ငါကတော့ ကြက်ခေါင်းဆိတ်မခံဘဲ ရက်ပုချွန်ကသာ ငါ့ကို စော်ကားမော်ကား ပြောမယ်ဆိုရင် ငါကလည်း သူ့တပည့် လင့်ဟူချုံး မကောင်းတဲ့အိမ်မှာ မိန်းမပျက်ကလေးတွေနဲ့ ပျော်ပါးတဲ့အကြောင်း ဖွင့်ချပစ်လိုက်မယ် ... ” ဟု အတွေးဖြင့် မောင်းတင်ထားလိုက်သည်။

သို့သော် ရက်ပုချွန်သည် ရီချန်းကိုတွေ့သော်အခါ အရိုအသေပေးလိုက်ပြီး ..

“ဆရာကြီးနဲ့ လူချင်းမတွေ့ရတာ တော်တော်ကြာနေပြီနော်၊ ဆရာကြီးက အသက်ကြီးလာလေ နုပျိုလာလေပါပဲလား ... ” ဟု ယဉ်ကျေးသိမ်မွေ့စွာ ပဋိသန္ထာရစကား ပြောလိုက်သဖြင့် ရီချန်းသည် အထင်နှင့်အမြင် လွဲမှားသွားကာ ကမန်းကတန်း အရိုအသေပေးပြီး နှုတ်ဆက်စကား ပြန်ပြောလိုက်ရတော့၏။

လျှိုကျက်ဖုန်း၏ အိမ်ဂေဟာသို့ သိုင်းလောကမှ ဧည့်သည်များအဆက်မပြတ် ဆိုက်ရောက်လျက်ရှိနေကြသည်။

ဤသို့ဖြင့် လျှိုကျက်ဖုန်း၏ လက်ဆေးမင်္ဂလာနေ့ရာသို့ ရောက်ရှိခဲ့ချေပြီ။

လက်ဆေးမင်္ဂလာနေ့ ...။

နံနက်စောစောကပင် လျှိုကျက်ဖုန်းသည် သူ၏အခန်းထဲသို့ ဝင်သွားတော့၏။

အပြင်သို့ ပြန်ထွက်မလာတော့ချေ။

သူ၏တပည့်လက်သားများက ဧည့်သည်များကို ကြိုဆိုဧည့်ဝတ်ပြုနေကြတော့၏။

နေ့လည်မွန်းတည့်ချိန်ရောက်သော်အခါ ဧည့်သည်များ ထပ်မံရောက်ရှိလာပြန်သည်။

လမ်းတေလေဂိုဏ်းမှ ဒုဂိုဏ်းချုပ်၊ အရှေ့ပင်လယ်မှ ငါးမန်းဂိုဏ်းချုပ် အစရှိသည့် အနယ်နယ်အရပ်ရပ်ရှိ ဂိုဏ်းအဖွဲ့ အသီးသီးမှ ပုဂ္ဂိုလ်များ တဖွဲဖွဲရောက်ရှိလာကြတော့၏။

ဂိုဏ်းချုပ်ကြီးထင်မင်းနှင့် တင့်ရီမယ်သီလရှင်ကြီးကမူ အတွင်းခန်းမှ မထွက်ကြတော့ပေ။

ထပ်မံရောက်ရှိလာသူများကို နှုတ်မဆက်ကြတော့။

သူတို့၏စိတ်ထဲတွင် မကျေမနပ် ဖြစ်နေမိကြသည်။

“လျှိုကျက်ဖုန်းဆိုတာက ချုံးဆန်းဂိုဏ်းရဲ့ ထိပ်သီးသိုင်းသမားတစ်ယောက်ပဲ ... ဒီလိုထိပ်သီးတစ်ယောက်ဟာ ဘယ့်နှယ် သိုင်းလောကထဲက ကလေကချေသိုင်းအဖွဲ့လေးတွေနဲ့ ပေါင်းသင်းနေရတာလဲ ... သူက ငါတို့ဂိုဏ်းကြီး ငါးဂိုဏ်းနဲ့ မဟာမိတ်ဖွဲ့ထားတဲ့လူဆိုတော့ ငါတို့တွေလည်း ဒီကလေကချေသိုင်းအဖွဲ့တွေနဲ့ မဟာမိတ်အလိုလို ဖြစ်ကုန်ပြီး သိက္ခာတွေ ကျကုန်တော့တာပေါ့ ... ”

သူတို့အထဲတွင် အထူးခြားဆုံးလူမှာ ဝါဆန်းဂိုဏ်းချုပ်ကြီး ရက်ပုချွန်ပင်ဖြစ်တော့၏။

ရက်ပုချွန်သည် ဂိုဏ်းချုပ်ကြီးတစ်ယောက် ဖြစ်သော်လည်း ဂိုဏ်းချုပ်ကြီးတစ်ယောက်၏ ဟိတ်ဟန်လုံးဝမထားချေ။

ဧည့်သည်များထဲမှ သူ့အား နှုတ်ဆက်စကားပြောသူ မည်သူ့ကိုမဆို ပြန်လည်နှုတ်ဆက်စကားပြော၍ ချောင်စွာ ဆက်ဆံသဖြင့် အခြားထိပ်သီးသိုင်းသမားများနှင့် လုံးဝခြားနားနေတော့၏။

ထိုစဉ် လျှိုကျက်ဖုန်း၏ တပည့်ငယ်သားများက စားသောက်ဖွယ်ရာများကို ပြင်ဆင်တည်ခင်းလိုက်တော့သည်။

အတွင်းအပြင် စားပွဲဝိုင်းနှစ်ရာခန့် ခင်းကျင်းထားသည်။

ပြင်ဆင်ပြီးသည်နှင့် လျှိုကျက်ဖုန်း၏တပည့်ကြီး တားနင်းက ဧည့်သည်များကို စားပွဲဝိုင်းများသို့ နေရာချထားပေးသည်။

ထိုစဉ် ..

ဂေဟာကြီး၏အပြင်ဘက်မှ ‘တဂျမ်းဂျမ်း’ ဖြင့် မောင်းထုသံများကို ကြားလိုက်ကြရတော့၏။

လမ်းရှင်းပေးရန် အော်သံများကိုလည်း ကြားကြရသည်။ အရာရှိကြီးတစ်ဦးဦး ဂေဟာရှေ့မှ ဖြတ်ကျော်သွားခြင်း ဖြစ်ပေလိမ့်မည်။

ထိုအချိန်တွင် လျှိုကျက်ဖုန်းသည် အင်္ကျီအဝတ်အစားအသစ်နှင့် အခန်းတွင်းမှ သုတ်သီးသုတ်ပျာ ပြေးထွက်လာသဖြင့် ဧည့်သည်အားလုံး မင်သက်ငေးကြောင်သွားကြတော့သည်။

ဧည့်သည်များ ရုတ်ခြည်းသတိဝင်လာပြီး ဝမ်းသာအားရနှုတ်ဆက် ဂုဏ်ပြုကြတော့၏။

သို့သော် လျှိုကျက်ဖုန်းသည် ဧည့်သည်များကို တစ်ချက်မျှသာ အရိုအသေပေးလိုက်ပြီး ဂေဟာကြီး၏တံခါးဝသို့ ပြေးထွက်သွားတော့၏။

မကြာမီပင် အရာရှိအဝတ်အစားများ ဝတ်ဆင်ထားသော လူကြီးတစ်ဦးနှင့်အတူ လျှိုကျက်ဖုန်း ပြန်လည် ဝင်ရောက်လာသည်ကို တွေ့လိုက်ရတော့၏။

ဧည့်သည်အားလုံး တအံ့တသြဖြစ်နေကြသည်။ သူတို့၏စိတ်ထဲတွင် ...

"ဒီအရာရှိကြီးကလည်း သိုင်းသမားပဲလား" ဟု တွေးထင်နေကြတော့၏။

သို့သော် အရာရှိကြီး၏မျက်နှာကို ကြည့်လိုက်သောအခါ မျက်နှာဖောသွပ်သွပ်နှင့် အရက်သောက်စား ပျော်ပါး အလွန်များသောသူမှန်း မြင်သည်နှင့် သိလိုက်ကြတော့၏။

သိုင်းသမားတစ်ယောက်တော့ မည်သို့မျှ မဖြစ်နိုင်ပေ။

စိတ်သဘောထား ရင့်ကျက်သည့် ရက်ပုချွန်၏စိတ်ထဲတွင်မူ

"လျှိုကျက်ဖုန်းက ချုံးဆန်းမြို့မှာ နာမည်ကျော်ထိပ်သီးသိုင်းသမားတစ်ယောက် ဖြစ်ရုံတင်မကဘူး ... သူဌေးကြီး တစ်ယောက်လည်း ဖြစ်သေးတယ် ... ဒီတော့ အရာရှိတွေနဲ့ ဆက်ဆံမှုတော့ ရှိမှာပဲ ... သူ့ရဲ့ လက်ဆေးမင်္ဂလာနေ့မှာ ဒီမြို့က အရာရှိတွေ လာတာကတော့ ဘာမှ မထူးဆန်းပါဘူး ... "

သို့သော် အရာရှိကြီးသည် ဧည့်သည့်များ ထိုင်နေသည့် နေရာသို့မသွား။

ခန်းမကြီး၏ အလယ်တည့်တည့်ကို တန်းတန်းမတ်မတ်ကြီး ဝင်လာပြီး ရပ်လိုက်သည်။

သူ့နောက်မှာ ငယ်သားနှစ်ယောက်က ဒူးထောက်ပြီး လက်နှစ်ဖက်ကို အပေါ်သို့ မြှောက်ထားလိုက်သည်။

သူတို့၏လက်ထဲတွင် အဝါရောင်လင်ပန်းတစ်ချပ် ကိုင်ထား၏။

ထိုလင်ပန်းပေါ်တွင် စက္ကူလိပ်တစ်ခု ရှိနေသည်။

ထိုအရာရှိကြီးသည် ထိုလင်ပန်းပေါ်မှ စက္ကူလိပ်ကိုယူကာ ကျယ်လောင်စွာ အော်လိုက်သည်။

"အမိန့်စာ ရောက်လာတယ် ... လျှိုကျက်ဖုန်း နားထောင်ပါ ... "

အားလုံးက ထိုစကားကို ကြားလိုက်ရသောအခါ အကြီးအကျယ် ထိတ်လန့်သွားကြတော့သည်။ အားလုံး၏စိတ်ထဲ တွင် ...

"လျှိုကျက်ဖုန်းရဲ့ လက်ဆေးမင်္ဂလာနေ့က သိုင်းလောကရဲ့ သိုင်းသမားတွေရဲ့ကိစ္စပဲ ... ဘုရင့်အစိုးရနဲ့ ဘာမှ မပတ်သက်ဘူး ... ဘယ့်နှယ် အခု ဘုရင့်ဆီက အမိန့်စာရောက်နေရတာလဲ ... လျှိုကျက်ဖုန်းက ဘုရင်ကြီးကို တော်လှန် ပုန်ကန်ဖို့ ကြိတ်များကြံစည်နေသလား မဆိုနိုင်ဘူး ... ဒါကို ဘုရင်ကြီးကသိသွားလို့ အခု လာဖမ်းတာများလား ... ဒါဆိုရင်တော့ ဆွေခုနစ်ဆက် မျိုးခုနစ်ဆက် ကျုပင်ခုတ် ကျုငုတ်မကျန်အောင် အသတ်ခံရမှာ သေချာတယ် ... "

ဟူ၍ပင် စဉ်းစားတွေးတောလိုက်မိကြ၏။

ထို့ကြောင့် အားလုံးလိုလို တစ်ပြိုင်နက် မတ်တတ်ရပ်လိုက်ကြသည်။

အချို့စိတ်ကို မထိန်းနိုင်သူများကမူ သူတို့၏ဓားများကို ဆွဲထုတ်လိုက်ကြတော့၏။

ဤသို့ ဓားကိုဆွဲထုတ်ကြခြင်းမှာ အကြောင်းရှိသည်။

ဤအရာရှိကြီးသည် လျှိုကျက်ဖုန်းကိုဖမ်းဆီးရန် အမှန်တကယ် ရောက်ရှိလာခြင်းဖြစ်လျှင် အပြင်ဘက်၌ ဘုရင့် စစ်တပ်များဖြင့် သေချာစွာ ပိတ်ဆို့ဝန်းရံထားပြီး ဖြစ်နေပေလိမ့်မည်။

ထို့ကြောင့် တိုက်ပွဲကြီးတစ်ခုက မုချဖြစ်ရပေတော့မည်။

သိုင်းသမားအားလုံး လျှိုကျက်ဖုန်း၏ အချက်ပေးသံကိုသာ စောင့်ဆိုင်းနေကြသည်။

ထိုအချက်ပေးသံကို ကြားလိုက်ရသည်နှင့် ဤအရာရှိကြီးကို ရှေးဦးစွာ ခုတ်သတ်ကြပေမည်။

သို့သော် သူတို့၏မျက်လုံးများကို မယုံနိုင်အောင် ဖြစ်သွားကြရတော့၏။

အဘယ်ကြောင့်ဆိုသော် လျှိုကျက်ဖုန်းသည် အေးဆေးတည်ငြိမ်စွာဖြင့်ပင် ဒူးထောက်လိုက်ပြီး ထိုအရာရှိကြီးကို သုံးကြိမ်ဦးတိုက်လိုက်သည်။ ပြီးနောက် ....

"ကျွန်တော်မျိုး လျှိုကျက်ဖုန်းက အမိန့်ကို နာခံလျက်ရှိနေပါတယ် ... ဘုရင်မင်းမြတ်ကြီး သက်တော်ရာကျော် ရှည်ပါစေ ... "

ဤအချင်းအရာကို တွေ့လိုက်ရသောအခါ သိုင်းသမားအားလုံး ပါးစပ်အဟောင်းသား ဖြစ်သွားကြပြီး အလွန်ပင် အံ့သြနေကြတော့သည်။

ထိုအခိုက်မှာပင် အရာရှိကြီးသည် စာရွက်ကြီးကို ဟန်ပါပါဖြန့်၍ ဖတ်လိုက်တော့သည်။

သိုင်းသမားအားလုံး သိလိုက်ကြရပြီ။

လျှိုကျက်ဖုန်းအား နယ်ထိန်းအရာရှိအဖြစ် ခန့်အပ်လိုက်သော အမိန့်စာပင်တည်း ..

လျှိုကျက်ဖုန်းသည် တလေးတစား နားထောင်ပြီး အမိန့်စာဆုံးသွားသောအခါ နောက်ထပ် ဦးချအရိုအသေပေးလိုက် ပြန်သည်။ သူ့နှုတ်မှလည်း ...

"ဆရာကြီးရဲ့ကျေးဇူးကြောင့် ကျွန်တော် ဒီရာထူးရခဲ့တာပါ၊ ဆရာကြီးရဲ့ ကျေးဇူးကို လုံးဝမမေ့ပါဘူး ... "

ဟု ပြောလိုက်လေသည်။

ထိုအရာရှိကြီးကလည်း တပြုံးပြုံးဖြင့် ..

"ဂုဏ်ပြုပါတယ်နယ်ထိန်းကြီး ... အခုအချိန်ကစပြီး ခင်ဗျားနဲ့ကျုပ်ဟာ နှစ်ယောက်စလုံး ဘုရင့်အမှုထမ်းတွေ ဖြစ်ကုန်ကြပြီပဲ ... အားလုံး တိုင်တိုင်ပင်ပင် လုပ်ကြတာပေါ့ ... တစ်ယောက်ကိုတစ်ယောက် အားနာစရာလည်း မရှိတော့ ပါဘူး ... "

ဟု ပြန်ပြောလိုက်သည်။

လျှိုကျက်ဖုန်းက နောက်ဘက်သို့လှည့်၍ သူ၏တပည့်ကြီးတားနင်းကို လှမ်း၍မေးလိုက်သည်။

"တားနင်း ... ဆရာကြီးအတွက် လက်ဆောင်ပစ္စည်းကော"

"အဆင်သင့်ပါပဲ ဆရာ ... အားလုံးပြင်ဆင်ထားပြီးပါပြီ"

တားနင်းသည် ပြောပြောဆိုဆိုဖြင့် လင်ပန်းကြီးတစ်ချပ် မလာသည်။

ဗန်းကြီးပေါ်တွင် ပိုးချည်အိတ်ကြီးတစ်အိတ် တင်ထား၏။

လျှိုကျက်ဖုန်းသည် ပိုးချည်အိတ်ကိုယူ၍ အရာရှိကြီးအား လှမ်းပေးလိုက်ရင်း ...

"ဒါက ဆရာကြီးအတွက် ကျွန်တော်ကပေးတဲ့ လက်ဆောင်ပစ္စည်းပါ ... ဆရာကြီး လက်ခံပါ ... "

ဟု ပြောလိုက်သည်။

ထိုအရာရှိကြီးက ရယ်ရယ်မောမော ပြောလိုက်သည်။

"အို ... ကိုယ့်လူအချင်းချင်းတွေပဲဗျာ ... လက်ဆောင်တွေဘာတွေ လုပ်နေရသေးသလား ... ဒီလက်ဆောင်အတွက် ကျုပ်တော့ စိတ်ဆိုးချင်တယ်ဗျို့ ... "

အရာရှိကြီးသည် စကားဆုံးသည်နှင့် သူ့တပည့်တစ်ယောက်အား မျက်ရိပ်ပြလိုက်ရာ သူ့တပည့်က အိတ်ကြီးကို လှမ်းယူလိုက်တော့သည်။

ထိုတပည့်ကြီး အိတ်ကိုယူလိုက်ရာတွင် အောက်သို့ လွတ်ကျသွားတော့မည်ကဲ့သို့ ဖြစ်သွားသဖြင့် အိတ်ထဲမှာ အတော်ပင် လေးလံလှကြောင်း ထင်ရှားနေသည်။

အရာရှိကြီးသည် ထိုအချင်းအရာကို တွေ့မြင်လိုက်ရသောအခါ ပို၍ ပြုံးရွှင်သွားတော့သည်။ သူက ..

"ကဲ ... ကဲ ... ကျုပ်မှာလည်း တာဝန်တွေက သိပ်များနေတော့ ခင်ဗျားရဲ့ မင်္ဂလာပွဲမှာ အကြာကြီးနေချင်ပေမယ့် မနေနိုင်ဘူး၊ ဒီအတွက် ကျုပ်ကို ခွင့်လွှတ်ပေတော့ ... ကျုပ် သွားလိုက်ဦးမယ်"

လျှိုကျက်ဖုန်းက ဂေဟာကြီး၏ အပြင်ဘက်သို့ ရောက်သည်အထိ ပို့ဆောင်ပေးလိုက်သည်။

ဤဇာတ်ကွက်ကို တွေ့လိုက်ကြရသောအခါ ဧည့်သည်အားလုံးငေးကြောင် ကြည့်နေမိကြတော့၏။

မျှော်လည်း မမျှော်လင့်၊ ထင်လည်း မထင်မှတ်သဖြင့် လုံးဝအသံမထွက်နိုင်ဘဲ ဆွံ့အသူများကဲ့သို့ ဖြစ်နေကြတော့၏။

ယနေ့ လျှိုကျက်ဖုန်း၏ဂေဟာသို့ ရောက်ရှိလာကြသူများသည် သိုင်းလောကသားများဖြစ်၍ ဘုရင့်အစိုးရ အရာရှိဆိုသူများကို အရေးထားလေးစားသူများ မဟုတ်ကြပေ။

သူတို့၏ မျက်စိတွင်းဝယ် အရာရှိဆိုသူများကို အလျဉ်းကြည့်မရသူများ ဖြစ်ကြ၏။

ယခု လျှိုကျက်ဖုန်းက ထိုအရာရှိကြီးများကို မျက်နှာချိုသွေး လာဘ်ထိုးမြှောက်ပင့်နေပုံကို တွေ့ရှိရသောအခါ လျှိုကျက်ဖုန်းကို အထင်အမြင်သေးသောစိတ်များ အလိုလိုဝင်ရောက်လာတော့သည်။

အချို့လူများ၏ မျက်နှာတွင် ကဲ့ရဲ့ရှုံ့ချသော အမူအရာများ မထိန်းနိုင် မသိမ်းနိုင် ပေါ်ပေါက်လာကြတော့၏။

အချို့အသက်ကြီးသော သိုင်းသမားဧည့်သည်ကြီးများ၏စိတ်ထဲတွင် ..

"အခုပုံအတိုင်းဆိုရင် လျှိုကျက်ဖုန်းအနေနဲ့ ဒီရာထူးကို ငွေနဲ့ဆက်ပြီး ဝယ်လိုက်တာပဲ ... ငွေဘယ်လောက်ပုံပေးပြီး ဒီရာထူးကို ဝယ်လိုက်ရတာလဲ မသိဘူး ... လျှိုကျက်ဖုန်းဆိုတဲ့လူဟာ ငွေနဲ့ရာထူးကို သိပ်မက်မောတဲ့လူမျိုး မဟုတ်ပါဘူး ... အခု အသက်ကြီးလာတော့မှ ဘယ်နှယ့်ရာထူးဂုဏ်ရှိန်ကို မက်သွားရတာလဲ မသိပါဘူး"

ဟု တွေးတောနေမိကြသည်။

လျှိုကျက်ဖုန်းသည် ပြုံးပြုံးရွှင်ရွှင်နှင့် ပြန်လျှောက်လာပြီး ဧည့်သည်အားလုံးကို နှုတ်ဆက်တော့သည်။

သူက ဧည့်သည်များအား သက်တောင့်သက်သာ ပြန်ထိုင်ကြရန် တောင်းပန်လိုက်ပြီး သူ့တပည့်များကို အရက်များ စတင်ချပေးရန် အချက်ပေးလိုက်တော့၏။

အတန်ကြာသောအခါမှ လျှိုကျက်ဖုန်း၏ တပည့်ကြီးတားနင်းက ခုံတစ်လုံးကို အတွင်းခန်းမှ အပြင်သို့ ထုတ်ယူလာတော့၏။

ခုံပေါ်တွင် ကတ္တီပါပိတ်ဖြင့် ခင်းကျင်းထား၏။

ပြီးနောက် ရွှေဇလုံကြီးတစ်ခုကို ထုတ်ယူလာကာ ရွှေဇလုံထဲသို့ ရေများလောင်းထည့်လိုက်တော့၏။

ထိုစဉ် အခန်းပြင်မှ ဗြောက်အိုးရှစ်ချက် ပစ်ဖောက်လိုက်သည်။

လျှိုကျက်ဖုန်းသည် ပြုံးရွှင်စွာနှင့် ခန်းမအလယ်သို့ လျှောက်လာပြီး အားလုံးကို နှုတ်ဆက်အရိုအသေပေးလိုက်၏။

ထိုအခါ ဧည့်သည်အားလုံးကလည်း ပြန်လည်အရိုအသေပေးလိုက်ကြသည်။

လျှိုကျက်ဖုန်းက ...

"သိုင်းလောကက ကျွန်တော့်ရဲ့နောင်ကြီးများ ... အပေါင်းအသင်း ရောင်းရင်းများခင်ဗျား ... ဒီနေ့ ဒီနေရာကို နောင်ကြီးတို့တစ်တွေ ရောက်ရှိလာခြင်းဟာဖြင့် ကျွန်တော့်မျက်နှာကို ရွှေပြားကပ်၊ စိန်စီခြယ်ပေးလိုက်သလို အင်မတန် ဂုဏ်တက်သွားအောင် ဂုဏ်ပြုပေးလိုက်သလိုပါပဲ ... ဒီအတွက် ကျွန်တော်လျှိုကျက်ဖုန်းအနေနဲ့ ကျေးဇူး အထူးတင်ကြောင်း ပြောကြားလိုပါတယ် ... "

လျှိုကျက်ဖုန်းသည် ကျေးဇူးတင်စကားကို ပဏာမပြောကြားလိုက်၏။ ထို့နောက် ဆက်လက်၍ ...

"ဒီနေ့ ကျုပ်ရဲ့ လက်ဆေးမင်္ဂလာနေ့ အခမ်းအနားမှာ ကြေညာလိုတာကတော့ ဒီနေ့ကစပြီး ကျုပ်နဲ့ သိုင်းလောကဟာ လုံးဝမပတ်သက်တော့ဘူးဆိုတာပဲ ... အကြောင်းရင်းကိုလည်း နောင်ကြီးတို့ အားလုံးသိလိုက်ကြပြီလို့ ယုံကြည်ပါတယ် ... ကျုပ်ဟာ ဘုရင့်အစိုးရက ချီးမြှင့်လိုက်တဲ့ ရာထူးလေးတစ်ခုကို လက်ခံရရှိလိုက်ပါပြီ ... ဒီရာထူးလေးမှာ၊ တာဝန်ဝတ္တရားတွေ ကျေကျေပွန်ပွန်ထမ်းဆောင်နိုင်ဖို့ သိုင်းလောကနဲ့ အဆက်အသွယ်ဖြတ်လိုက်ရတာပါ ... ကျုပ်ရဲ့ တပည့်တွေအားလုံးလည်း သူတို့ကြိုက်နှစ်သက်ရာ အခြားဂိုဏ်းအဖွဲ့ အသီးသီးကို ဝင်ချင်ရင် ဝင်ခွင့်ပေးလိုက်ပါတယ် ... အခုလို နောင်ကြီးတို့ကို ဖိတ်ကြားဧည့်ခံရတာကတော့ ကျွန်တော့် လက်ဆေးမင်္ဂလာပွဲမှာ အသိသက်သေလုပ်ခိုင်းတဲ့ သဘောပါပဲ ... "

ဟု သူကပြောရင်း ဧည့်သည်အားလုံးကို ဦးညွတ်၍ အရိုအသေပေးလိုက်တော့၏။

လူတစ်ကိုယ် စိတ်တစ်မျိုးဆိုသည့် စကားအတိုင်းပင် ဧည့်သည်များ၏ စိတ်တွင်းဝယ် တစ်ယောက်တစ်မျိုး တွေးနေကြ၏။

အချို့က လျှိုကျက်ဖုန်း၏လုပ်ရပ်ကို အထင်အမြင်သေးကာ နှာခေါင်းရှုံ့၏။

အချို့ကမူ လျှိုကျက်ဖုန်း၏ မြင့်မားသော သိုင်းပညာအတွက် နှမြောကြ၏။

အချို့ကမူ အဘက်ဘက်မှ မှုမှုတတတွေး၍ ခွင့်လွှတ်ကြသည်။

လျှိုကျက်ဖုန်းသည် သူ့စကားဆုံးသည်နှင့် သူနှင့် အမြဲမကွာရှိတတ်သည့် သူ၏လက်ဆွဲတော်ဓားကို ခါးကြားမှ ဆွဲထုတ်ကာ ဓားကိုချိုးပစ်လိုက်တော့သည်။

ပြီးနောက် သူ၏လက်နှစ်ဖက်ကို ရွှေဇလုံအတွင်းရှိ ရေထဲသို့နှစ်၍ လက်ဆေးရန် ဟန်ပြင်လိုက်၏။

ထိုစဉ် ..

တံခါးမအပြင်ဘက်မှ လူတစ်ယောက်၏အော်သံသည် ခန်းမကြီးတစ်ခုလုံးကို ဖုံးလွှမ်းသွားတော့သည်။

“ခဏနေဦး ... ”

လျှိုကျက်ဖုန်းသည် တစ်ချက်မျှ တုန်လှုပ်သွားပြီး အသံလာရာသို့ မော့ကြည့်လိုက်မိ၏။ တံခါးမကြီးမှာ အင်္ကျီဝါဝတ် လူလေးယောက် လျှောက်ဝင်လာကြသည်။

အတွင်းသို့ရောက်သည်နှင့် တစ်ဘက်နှစ်ယောက်စီခွဲ၍ ရပ်လိုက်ကြ၏။

ထိုတဒင်္ဂအတွင်းမှာပင် အင်္ကျီဝါဝတ်ဆင်ထားသည့် အရပ်မြင့်မြင့် လူတစ်ယောက် လျှောက်ဝင်လာတော့သည်။

ထိုလူ၏ လက်ထဲတွင် အရောင်ငါးမျိုး စပ်ထားသော ပိုးချည်အလံတစ်ခုကို ကိုင်ဆောင်ထား၏။

ဧည့်ခန်းအတွင်းရှိ လူအများစုသည် ဤပိုးချည်အလံ၏ ဇာစ်မြစ်ကို ကောင်စွာသိရှိကြသည်။

ထို့ကြောင့် သူတို့စိတ်ထဲတွင် စိုးရိမ်ထိတ်လန့်မှုများ ဖြစ်ပေါ်ခံစားလိုက်ကြရသည်။

“ဒါ ... ဒါ ... ဂိုဏ်းကြီးငါးဂိုဏ်းရဲ့ မဟာမိတ်အဖွဲ့ချုပ်အလံ ... ”

ထိုအလံကို ကိုင်ဆောင်လာသူက လျှိုကျက်ဖုန်း၏ ရှေ့သို့လျှောက်လာပြီး သူ၏လက်ထဲမှအလံကို ဖော့ယမ်း မြှောက်တင်ပြလိုက်ပြီး ..

“ဆရာကြီး လျှိုကျက်ဖုန်းခင်ဗျား ... ကျွန်တော်က မဟာမိတ်အဖွဲ့ချုပ်ရဲ့ အလံနဲ့ ဆရာကြီးရဲ့ လက်ဆေးမင်္ဂလာပွဲကို ရပ်ခိုင်းပေးဖို့ တောင်းဆိုလိုက်ပါတယ် ... ”

လျှိုကျက်ဖုန်းက ..

“အဖွဲ့ချုပ်ရဲ့အလံနဲ့ တားတယ်ဆိုတော့ အမိန့်ကို နာခံရမှာပေါ့ ” ဟု ပြောပြီး ဆက်ပြောလိုက်သည်မှာ ..

“အဖွဲ့ချုပ်ရဲ့ အလံကို ဘာဖြစ်လို့ ဒီကို ယူလာခဲ့ရတာလဲ ... ကဲ ... ကဲ ... ရှင်းပြပါဦး ... ” ဟု ပြောလိုက်တော့၏။

ထိုလူက ..

“ကျွန်တော်က အဖွဲ့ချုပ်ခေါင်းဆောင်ကြီးရဲ့ အမိန့်အရ ဒီကိုလာရောက်တားမြစ်ရခြင်း ဖြစ်ပါတယ် ... ဘာအတွက် ကြောင့်လဲဆိုတာတော့ ကျွန်တော်အနေနဲ့ ဂဃနဏရှင်းမပြတတ်ပါဘူး ... ”

လျှိုကျက်ဖုန်းက ပြုံးရယ်ရင်း မေးလိုက်၏။

“ငါ့တူက ဆယ်တင်းနဲ့ တူတယ် ... ”

လျှိုကျက်ဖုန်း၏မျက်နှာ၌ ပြုံးနေဟန်ရှိနေသော်လည်း သူ၏လေသံမှာမူ ပင်ကိုလေသံ မဟုတ်တော့ပေ။

အနည်းငယ် တုန်ယင်မှုရှိနေသည်။

သူ၏လက်ဆေးမင်္ဂလာပွဲသည် အနှောင့်အယှက် အတားအဆီးများ စတင်လာခဲ့ချေပြီ။

ထို့ကြောင့် လျှိုကျက်ဖုန်းအနေဖြင့် အတော်ကလေး ထိတ်လန့်ချောက်ချားခဲ့ရသည်ကတော့ အမှန်ပင်ဖြစ်တော့သည်။

ယခု လျှိုကျက်ဖုန်း မေးလိုက်သည့်သူမှာ တကယ်ပင် ဆယ်တင်းပင်ဖြစ်နေသည်။

ဆယ်တင်းသည် ကောင်းဆန်းဂိုဏ်း တပည့်ကြီးဖြစ်၏။

သူတို့တောင်ကြီးငါးလုံးရှိ ကောင်းဆန်းဂိုဏ်း၏ ဂိုဏ်းချုပ်ကြီးကို မဟာမိတ်အဖွဲ့ချုပ်၏ ခေါင်းဆောင်အဖြစ် ခန့်အပ် တင်မြှောက်လိုက်ကြ၏။

ဆယ်တင်းသည် ထိုအဖွဲ့ချုပ်ခေါင်းဆောင်ကြီး၏ တပည့်ကြီးဖြစ်ရာ အလွန်အရေးကြီးသည့် အခါမျိုး၌သာ တပည့် ကြီးများကို စေလွှတ်လေ့ရှိသည်။

ဆယ်တင်းသည် လျှိုကျက်ဖုန်းကို နှုတ်ဆက်လိုက်ပြီး အခြားထိပ်သီးသိုင်းဆရာကြီးများဖြစ်သော ဂိုဏ်းချုပ်ကြီး ထင်မင်း၊ ဝါဆန်းဂိုဏ်းချုပ်ကြီး ရက်ပုချွန်နှင့် ဟန်ဆန်းဂိုဏ်းမှ တင့်ရီမယ်သီလရှင်ကြီးတို့ အားလုံးကို အရိုအသေပေးကာ နှုတ်ဆက်လိုက်၏။

သူ့နောက်တွင် ရပ်နေကြသော အင်္ကျီဝါဝတ်ဆင်ထားသော လူလေးယောက်ကလည်း အရိုအသေပေးလိုက်ကြသည်။

ဤသို့ လက်ဆေးမင်္ဂလာပွဲကို လာရောက်တားမြစ်သည့်ကိစ္စတွင် ဝမ်းသာမှုကို မဖုံးနိုင်မဖိနိုင် ဖော်ပြလိုက်သူမှာ တင့်ရီမယ်သီလရှင်ကြီးပင် ဖြစ်တော့၏။ သူမက ..

“အေး … အခုလို မင်းရဲ့ဆရာက ဒီကိစ္စကို တားမြစ်ဖို့ လွှတ်လိုက်တယ်ဆိုတော့ သိပ်အဆင်ပြေသွားတာပေါ့ … ငါ ပြောသားပဲ၊ ရေသတ္တဝါဟာ ရေထဲမှာနေတာဟာ အကောင်းဆုံး … ကုန်းသတ္တဝါဟာလည်း ကုန်းပေါ်မှာနေတာဟာ အကောင်းဆုံးလို့ … ငါတို့ သိုင်းသမားတွေအဖို့ သိုင်းလောကမှာ အသက်ထက်ဆုံးနေသွားတာ အကောင်းဆုံးပဲ … ဘာဖြစ်လို့ ဘုရင့်အမှုထမ်းလုပ်ချင်ရတာလဲ … လျှိုကျက်ဖုန်းက အားလုံးစီစဉ်ပြီးပြီဆိုလို့ ငါက ဘာမှမပြောဘဲ နေလိုက်တာ … ”

လျှိုကျက်ဖုန်း၏ မျက်နှာမှာ လုံးဝမသာယာတော့ပေ။ ထို့ကြောင့် ပြတ်သားစွာပင် ပြောကြားတော့သည်။

“ကျုပ်တို့ ဂိုဏ်းကြီးငါးဂိုဏ်း မဟာမိတ်ဖွဲ့ကြတုန်းက တစ်ဂိုဏ်းနဲ့တစ်ဂိုဏ်း ကူညီစောင့်ရှောက်ကြရမယ် … ကူညီ ရိုင်းပင်းကြရမယ် … မဟာမိတ်အဖွဲ့ဝင်များနဲ့ ပတ်သက်တဲ့ကိစ္စဆိုရင် အဖွဲ့ချုပ်ခေါင်းဆောင်ရဲ့အမိန့်ကို နာခံရမယ်လို့ ကတိပြုခဲ့ကြတယ်၊ ဒါကတော့ မှန်လည်းမှန်တယ် … လိုက်လည်းလိုက်နာသင့်တယ်လို့ ယူဆခဲ့ကြလို့ လက်ခံခဲ့ကြတာပဲ … ”

လျှိုကျက်ဖုန်းသည် သူ၏စကားကို ခေတ္တမျှရပ်လိုက်ပြီး ပရိသတ်အားလုံးကို ခြုံငုံကြည့်လိုက်၏။ ပြီးမှ နာကြည်း ခံပြင်းစွာဖြင့် ဆက်လက်ပြောလိုက်သည်။

“ဒါပေမယ့် … ဒီနေ့ ကျုပ်ရဲ့ လက်ဆေးမင်္ဂလာပွဲကျင်းပတာက လျှိုကျက်ဖုန်းဆိုတဲ့ လူတစ်ယောက်ရဲ့ ပုဂ္ဂိုလ်ရေး ကိစ္စပါ … ကျုပ်က သိုင်းလောကရဲ့စည်းကမ်းကို ချိုးဖောက်တာလည်း မဟုတ်ဘူး၊ သစ္စာဖောက်တာလည်း မဟုတ်ဘူး … နောင်ကြီးတို့အားလုံးဟာ သိုင်းလောကသားတွေပဲ … ဒီအကြောင်းတွေကို ကောင်းကောင်းကြီး နားလည်ကြတဲ့ လူတွေဆို တော့ ကျုပ်အနေနဲ့ အကျယ်ကြီး ရှင်းမပြလိုတော့ဘူး … ကျုပ်ပြောချင်တဲ့အချက်ကတော့ မဟာမိတ်အဖွဲ့နဲ့ လုံးဝ မပတ်သက်တဲ့ ကျုပ်ရဲ့ပုဂ္ဂိုလ်ရေးကိစ္စကို အဖွဲ့ချုပ်ခေါင်းဆောင်အနေနဲ့ လုံးဝကန့်ကွက်ပိုင်ခွင့် မရှိဘူးဆိုတာကိုပဲ … ဒါကြောင့် ဒီအမိန့်ကို မနာခံတော့ဘူးလို့ စိတ်ဆုံးဖြတ်လိုက်ပြီ … စိတ်တော့မရှိပါနဲ့”

လျှိုကျက်ဖုန်းသည် ပြောပြောဆိုဆိုနှင့် ရွှေဇလုံနားသို့ လျှောက်သွားလိုက်ပြန်သည်။

ထိုအခါ ဆယ်တင်းသည် ရုတ်တရက်ခုန်ထွက်လာပြီး လျှိုကျက်ဖုန်းကို တားလိုက်သည်။ သူ၏ညာလက်ရှိ အလံကို ကိုင်မြှောက်လိုက်ပြီး ..

“ဆရာကြီး လျှိုကျက်ဖုန်း … ကျွန်တော့်ဆရာက အသေအချာမှာလိုက်ပါတယ် … ဒီကိစ္စကို ခေတ္တ ရပ်ဆိုင်းခိုင်း လိုက်ရခြင်းဟာ ကျွန်တော်တို့ဂိုဏ်းကြီးငါးဂိုဏ်းရဲ့ အကျိုးအတွက်သာမက ဆရာကြီးလျှိုကျက်ဖုန်းရဲ့ အကျိုးအတွက် လည်း ပါပါတယ်တဲ့ … ”

တင့်ရီမယ်သီလရှင်ကြီးက ဝင်၍ …

"လျှိုကျက်ဖုန်း ... ရှင့်အဖို့ ဒီကိစ္စ ခဏလေးရပ်ထားလိုက်ရလို့ ဘာဖြစ်သွားမှာလဲ ... အကြောင်းရင်း ဘာလဲဆိုတာ ခဏတော့စောင့်ကြည့်ဦးပေါ့ ... အကြောင်းရင်း သိပြီးတဲ့အခါကျတော့ ရှင် ဆက်လုပ်ပေါ့ ... နည်းနည်းလောက် စိတ်ရှည်ရှည်ထားလိုက်စမ်းပါ"

လျှိုကျက်ဖုန်းက ...

"ကောင်းပြီလေ ... ဒီလိုဆိုရင် ကျုပ်ရဲ့ လက်ဆေးမင်္ဂလာပွဲကို နေ့လယ်အထိ ရွှေ့ဆိုင်းလိုက်မယ် ... ဧည့်သည်တွေ အားလုံးလည်း မပြန်ကြပါနဲ့ဦးလို့ မေတ္တာရပ်ခံပါတယ် ... ဒီမှာ နောက်ထပ် တစ်ရက်လောက်နေကြပါ ... ကျုပ်အနေနဲ့ ကောင်းဆန်းဂိုဏ်းကလူတွေနဲ့ အကျေအလည် ဆွေးနွေးလိုက်ပါဦးမယ် ... "

ထိုအခိုက် အနောက်ဘက်အခန်းတွင်းမှ မိန်းကလေးအသံတစ်သံ ရုတ်တရက် စူးစူးရှရှထွက်ပေါ်လာတော့၏။

"ရှင်ကဘာသဘောလဲ ... ကျွန်မအိမ်ကျွန်မဘယ်သွားသွား ... ရှင်နဲ့ဘာဆိုင်လို့လဲ ... ရှင်ကဘာဖြစ်လို့တားရတာလဲ ... "

ထိုမိန်းကလေး၏ အသံနှင့်အတူ အခြားယောက်ျားအသံတစ်သံကိုပါ ဆက်လက်ကြားလိုက်ရပြန်သည်။

"စိတ်မရှိပါနဲ့ ... ကျွန်တော်ကလည်း တာဝန်အရတားရတာပါ ... ခင်ဗျားအနေနဲ့ ဒီအိမ်ခန်းထဲမှာပဲနေပါ ... ဘယ်မှ မသွားပါနဲ့"

မိန်းကလေးအသံသည် သူ့သမီးအသံဖြစ်ကြောင်း ကောင်းစွာသိသဖြင့် လျှိုကျက်ဖုန်း ဒေါသထွက်သွားသည်။ သူ့စိတ်ထဲတွင် ..

"ဘယ်ကောင်လဲ ... ငါ့အိမ်ထဲ ဒီလောက်ဝင်ပြီး အတင့်ရဲတဲ့အကောင် ... ငါ့ရဲ့ အိမ်ထဲကိုဝင်ပြီး ငါ့သမီးကိုတောင် စော်ကားရဲတဲ့အကောင်တော့ ငါနဲ့ တွေ့မယ် ... "

ဟု စိတ်ထဲ၌ ကြုံးဝါးလိုက်မိ၏။

ထိုစဉ် လျှိုကျက်ဖုန်း၏ ဒုတိယတပည့်ဖြစ်သူ မီဝေးက ထိုအသံကြားရာသို့ ဝင်လိုက်သွားပေပြီ။

အမှန်တကယ်ပင် အင်္ကျီဝါဝတ်ဆင်ထားသူ ကောင်းဆန်းဂိုဏ်းသားတစ်ယောက်က လျှိုကျက်ဖုန်း၏သမီး လျှိုချင်းကို လက်နှစ်ဖက်ဖြင့် တားဆီးထားသည်ကို တွေ့လိုက်ရတော့၏။

မီဝေးသည် ချောင်းတစ်ချက် ဟန့်လိုက်ပြီး ...

"ဒီကနောင်ကြီးဟာ ကောင်းဆန်းဂိုဏ်းကထင်ပါရဲ့ ... ဘာဖြစ်လို့ခန်းမထဲမှာမထိုင်ရတာလဲ.... လာပါ.... ခန်းမထဲမှာ ထိုင်ဖို့ ဖိတ်ခေါ်ပါတယ် ... "

ထိုလူက မီဝေးကို လှည့်ကြည့်လိုက်ပြီး ..

"ရပါတယ် ... ထိုင်ဖို့ကိစ္စမရှိပါဘူး ... ဆရာကြီးလျှိုကျက်ဖုန်းရဲ့ ဆွေမျိုးသားချင်းအားလုံးကို သေသေချာချာ စောင့်ကြည့်ထားလို့ ကျုပ်တို့ရဲ့ဆရာကြီးက မှာလိုက်လို့ စောင့်ကြည့်နေရတာပါ ... ဆရာကြီးက သေသေချာချာကို မှာလိုက်တာပါပဲ ... တစ်ယောက်မှ မလွတ်စေနဲ့တဲ့ ... "

ထိုအသံမှာ သိပ်ကျယ်လောင်လှသည် မဟုတ်သော်လည်း လူတိုင်းလိုလို ကြားလိုက်ကြရသည်။

ထို့ကြောင့် အားလုံးလိုလို မျက်နှာပျက်သွားကြသည်။ လျှိုကျက်ဖုန်းသည် အသားတဆတ်ဆတ်တုန်မျှမတတ် ဒေါသထွက်လာတော့သည်။ ထို့ကြောင့် ဆယ်တင်းအား ..

"ဒီစကားက ဘာသဘောလဲကွ ... "

ဟု ကျယ်လောင်စွာ အော်ဟစ်မေးမြန်းလိုက်သည်။

ဆယ်တင်းသည် အခြေအနေကို ထိန်းသောသဘောဖြင့် အတွင်းခန်းထဲသို့ လှမ်းအော်လိုက်၏။

"ညီလေး ... ထွက်ခဲ့တော့ ... ဆရာကြီးလျှိုကျက်ဖုန်းက သူ့ရဲ့ လက်ဆေးမင်္ဂလာပွဲကို ဒီနေ့ မကျင်းပတော့ဘူးလို့ ပြောပြီးပြီ"

ထိုအခါ အနောက်ခန်းမှ လူတစ်ယောက် လျှောက်ထွက်လာရင်း ..

"ဒီလိုဆိုရင် ကောင်းတာပေါ့ ... "

ဟု ပြောလိုက်သည်။

ထိုသူသည် လှိုကျက်ဖုန်းရှေ့သို့ အရိုအသေတစ်ချက်ပေးကာ

"ဆရာကြီးလှိုကျက်ဖုန်းကို ကျွန်တော် ဝမ်တားက ဂါရဝပြုပါတယ် ... "

လှိုကျက်ဖုန်သည် အသားတဆတ်ဆတ်တုန်၍ ဒေါသထွက်နေရာ ဝမ်တားဆိုသူအား လုံးဝဂရုမစိုက်ဘဲ အသံကို မြှင့်၍ အော်ဟစ်လိုက်သည်။

"ကောင်းဆန်းဂိုဏ်းက လွှတ်လိုက်တဲ့ လူတွေအားလုံး ထွက်လာခဲ့ပါ ... "

လှိုကျက်ဖုန်း၏ စကားဆုံးသည်နှင့် အရပ်လေးမျက်နှာမှ လူနှစ်ဆယ်ကျော် သုံးဆယ်နီးပါး ရုတ်တရက် ခုန်ထွက်လာကြတော့၏။

ဤအချက်ကို ကြည့်ခြင်းအားဖြင့် ကောင်းဆန်းဂိုဏ်းသားအားလုံး ပုန်းခိုရောက်ရှိလာကြခြင်းဖြစ်ကြောင်း သိရှိနိုင်ပေသည်။

တင့်ရီမယ်သီလရှင်ကြီးသည် ဤသို့ ခိုးကြောင်ခိုးဝှက် ပုန်းခိုစောင့်ဆိုင်းနေကြခြင်းကို ဒေါသထွက်လာသဖြင့် ..

"ဒါ ... ဒါက ဘာသဘောလဲကွ ... ပြောကြစမ်း ... ဒါသက်သက်အနိုင်ကျင့်တဲ့ကိစ္စပဲ ... ဒါမျိုးကိုတော့ ငါ လက်မခံဘူး"

ဟု တင်းမာစွာ ပြောကြားတော့၏။

ဆယ်တင်းက ...

"ဆရာမကြီး စိတ်မဆိုးပါနဲ့ ... ဆရာက အမိန့်ပေးထားပါတယ်၊ ဆရာကြီး လှိုကျက်ဖုန်းရဲ့ လက်ဆေးမင်္ဂလာပွဲကို ဘယ်နည်းနဲ့မဆို တားထားရမယ်လို့ အမိန့်ပေးလိုက်လို့ ကျွန်တော်တို့က ဒီလောက်လူများများ ခေါ်လာရတာပါ ... "

ထိုစဉ် အနောက်ဘက်မှ လူတစ်စု လျှောက်ထွက်လာသည်။ လှိုကျက်ဖုန်း၏ဇနီး၊ သူ၏သားနှစ်ယောက်နှင့် တပည့်ခုနစ်ယောက်တို့ ဖြစ်ကြသည်။

လူတိုင်းလူတိုင်း၏နောက်ဘက်တွင် ကောင်းဆန်းဂိုဏ်းသားတစ်ယောက်စီ ရှိကြပြီး ဓားကိုယ်စီဖြင့် ထောက်ထားကြသည်။

လှိုကျက်ဖုန်း၏လေသံသည် မာကြောခက်ထန်စွာဖြင့် ပြောကြားလိုက်တော့၏။

"အခု ကျုပ်ရဲ့ဂေဟာကို ရောက်ရှိလာကြတဲ့ နောင်တော်ကြီးအားလုံး မျက်မြင်ဖြစ်နေပါပြီ ... ခုကိစ္စမှာ ကျုပ်ရဲ့အလွန် မဟုတ်တော့ပါဘူး ... ကောင်းဆန်းဂိုဏ်းချုပ်ကြီးက အကျုပ်ကိုင် ခြိမ်းခြောက်နေတာပဲ ... ကျုပ်ကို ဒါမျိုးလာလုပ်လို့ မရဘူး ... ဒါမျိုးနဲ့ ခေါင်းငုံ့ခံလိမ့်မယ်လို့ထင်ရင် အားလုံးမှားသွားကြလိမ့်မယ် ... "

သူသည် ပြောရင်းဆိုရင်း သူ၏လက်နှစ်ဘက်ကို ရွှေဇလုံထဲသို့ ထိုးထည့်လိုက်၏။ ဆယ်တင်းသည် ချက်ချင်းပင် ဝင်တားတော့သည်။

လှိုကျက်ဖုန်းသည် သူ၏လက်ဝဲလက်ဖြင့် ဆယ်တင်း၏မျက်လုံးကို ထိုးဖောက်လိုက်သည်။

ဆယ်တင်းသည် ချက်ချင်းပင် နောက်သို့ခုန်ဆုတ်ရှောင်တိမ်း လိုက်ရတော့၏။

ထိုအခါ လှိုကျက်ဖုန်းသည် သူ၏လက်နှစ်ဖက်ကို ရွှေဇလုံထဲသို့ ထိုးနှစ်ရန် ဟန်ပြင်လိုက်ပြန်၏။

ကောင်းဆန်းဂိုဏ်းသားနှစ်ယောက် ချက်ချင်းပင် လှိုကျက်ဖုန်း၏နောက်သို့ ခုန်ဝင်လာကြ၏။

လှိုကျက်ဖုန်းသည် နောက်သို့ လုံးဝလှည့်မကြည့်ဘဲနှင့် တစ်ယောက်ကို ခြေနောက်ပြန် ကန်ပစ်လိုက်ရာ 'ဝုန်း'ခနဲ လွင့်စဉ်ထွက်သွားတော့သည်။ ကျန်တစ်ယောက်ကမူ လှမ်းဆွဲလိုက်ပြီး ဆယ်တင်းထံသို့ ပစ်ပေါက်လိုက်တော့သည်။

သူ၏လှုပ်ရှားမှုမှာ လျင်မြန်လှသည်။

ကောင်းဆန်းဂိုဏ်းသား သုံးယောက်စလုံးကို လျှပ်တစ်ပြက်တိုက်ခိုက်ပြလိုက်သဖြင့် ကျန်ဂိုဏ်းသားများ ဝင်မလာရဲကြတော့ချေ။

ဝင်လာလျှင်လည်း သူတို့၏ပညာဖြင့် လျှိုကျက်ဖုန်းကဲ့သို့သော လူတစ်ယောက်ကို မည်သို့မျှ ယှဉ်နိုင်လိမ့်မည် မဟုတ်ချေ။

လျှိုကျက်ဖုန်းသည် သူ၏လက်နှစ်ဖက်ကို ရွှေဇလုံထဲသို့ ထပ်မံထိုးထည့်လိုက်ပြန်သည်။

အလင်းရောင်တန်းတစ်ခု ရုတ်တရက် လင်းလက်သွားပြီး လျှို့ဝှက်လက်နက်တစ်ခုက သူ့ထံသို့ ရောက်ရှိလာတော့၏။

လျှိုကျက်ဖုန်းသည် နောက်ဘက်သို့ ခြေတစ်လှမ်းကို ခုန်ဆုတ်၍ ရှောင်လိုက်ရသည်။

ထိုလျှို့ဝှက်လက်နက်သည် လျှိုကျက်ဖုန်းကို မထိတော့ဘဲ ရွှေဇလုံအပေါ်နှုတ်ခမ်းကိုထိသွားရာ ရွှေဇလုံသည် တစ်ဘက်သို့ တိမ်းမှောက်သွားပြီး ရေများဖိတ်စင်ကျကုန်တော့၏။

တစ်ချိန်တည်းလိုလိုပင် လူတစ်ယောက် ခုန်ဝင်လာပြီး ရွှေဇလုံကို နင်းချေလိုက်ရာ ရွှေဇလုံသည် ပြားချပ်သွားတော့၏။

ထိုသို့ ခုန်ဝင်လာသူမှာ အသက်အရွယ်အားဖြင့် လေးဆယ်ကျော်ခန့်ရှိသည်။ နှုတ်ခမ်းမွေးသဲ့သဲ့ပါသည်။ သူသည် လျှိုကျက်ဖုန်းကို တစ်ချက် နှုတ်ဆက်လိုက်ပြီး ..

"နောင်ကြီး လျှိုကျက်ဖုန်း … အဖွဲ့ချုပ်ခေါင်းဆောင်ရဲ့အမိန့်အရ လက်ဆေးမင်္ဂလာပွဲကို မကျင်းပရတော့ပါဘူး … ဒါကတော့ အတိအလင်း တားမြစ်လိုက်တဲ့ တားမြစ်ချက်ပါပဲ …

လျှိုကျက်ဖုန်းအနေဖြင့် ထိုလူကို ကောင်းစွာသိသည်။ ထိုသူသည် ကောင်းဆန်းဂိုဏ်းချုပ်ကြီး၏ ဂိုဏ်းတူညီ ဖေးပြောင်း ဖြစ်သည်။

ဤပုံစံအတိုင်းဆိုပါက ကောင်းဆန်းဂိုဏ်းသားများသည် တောင်ကျရေနှယ် လူအင်အားအလုံးအရင်းနှင့် ရောက်ရှိလာကြလေပြီ။

အစစအရာရာ ပြင်ဆင်ပြီးမှ ရောက်ရှိလာသည်ကို သံသယရှိရန် မလိုပေ။

ထို့ပြင် ယခုလောလောဆယ် ရွှေဇလုံမှာ နင်းချေခံထားလိုက်ရ၍ ပြားချပ်နေချေပြီ။ လက်ဆေးမင်္ဂလာပွဲကို ဆက်လက်ကျင်းပနိုင်တော့မည် မဟုတ်ချေ။

လျှိုကျက်ဖုန်းသည် တဒင်္ဂသောအချိန်ကလေးအတွင်း အခြေအနေအရပ်ရပ်ကို စဉ်းစားသုံးသပ်ပြီးမှ နှုတ်ဆက်စကား ပြောကြားလိုက်၏။

"နောင်ကြီး ဖေးပြောင်း … ကျုန်တဲ့လူတွေကိုလည်း ခေါ်ပြီးဆင်းလာခဲ့ပါ … ကျုပ်တစ်ယောက်ထဲကို ရင်ဆိုင်ဖို့ဆိုရင် နောင်ကြီးတစ်ယောက်တည်းနဲ့ လုံလောက်ပါပြီ … ဒါပေမယ့် ဟောဒီမှာရှိနေတဲ့ နောင်ကြီးတွေ အားလုံးကို ရင်ဆိုင်ဖို့ကတော့ ကောင်းဆန်းဂိုဏ်းတစ်ဂိုဏ်းလုံးလာလည်း လုံလောက်မှာ မဟုတ်ပါဘူး … "

ဟု ပြောလိုက်၏။

"နောင်ကြီးလျှိုကျက်ဖုန်း … ခင်ဗျားက ကျုပ်တို့ကို ဒီကနောင်ကြီးတွေနဲ့ ရန်တိုက်ပေးဖို့မကြိုးစားပါနဲ့ … သံသယဆိုတာဟာ သူငယ်ချင်း မိတ်ဆွေပေါင်းသင်းမှုမှာ အင်မတန်ကြောက်စရာကောင်းတဲ့ အဆိပ်ဖြစ်ပါတယ် … ဒီမှာ ရောက်ရှိလာကြတဲ့ သိုင်းလောကက ထိပ်သီးသိုင်းဆရာကြီးတွေဟာ တောင်ကြီးငါးလုံးဂိုဏ်းငါးဂိုဏ်းရဲ့ မဟာမိတ်တွေပါ … သူငယ်ချင်း ရောင်းရင်းတွေပါ … သူတို့က ကျုပ်တို့ကို ခင်ဗျားရဲ့စကားကြောင့် သို့လောသို့လောဖြစ်ကုန်ကြရင် ကျုပ်တို့ မဟာမိတ်အဖွဲ့ကြီးအတွက် ဆိုးကျိုးတွေဖြစ်လာစရာ အကြောင်းရှိနေပါတယ် … တကယ့်တကယ်တော့ ကျုပ်တို့ အခုရောက်လာကြတာက သိုင်းလောကသားတွေအားလုံးရဲ့ အသက်အန္တရာယ်အတွက်နဲ့ ဒီကိုရောက်ရှိလာကြတာပါ … "

× × × × × ×

## မကောင်းဆိုးဝါးဂိုဏ်း

ဖေးပြောင်း၏စကားသည် သိုင်းသမားအားလုံး၏ နှလုံးသားကို ရုတ်တရက် ရိုက်ခါလိုက်သကဲ့သို့ ဖြစ်သွားသည်။

သူတို့၏စိတ်ထဲတွင် နားမလည်နိုင်မှု သဘောမပေါက်နိုင်မှုနှင့် ဒွိဟဖြစ်မှုများ ပေါ်ပေါက်လာတော့၏။

“လျှိုကျက်ဖုန်း ... သိုင်းလောကထဲကထွက်တဲ့ကိစ္စက ဘယ့်နဲ့သိုင်းလောကက လူတွေအားလုံးရဲ့ အသက်အန္တရာယ်ကို ထိခိုက်လာနိုင်ရတာလဲ ... ” ဟု တွေးလိုက်ကြသည်။

လျှိုကျက်ဖုန်းက ...

“ဖေးပြောင်း ... ခင်ဗျားရဲ့စကားက သိပ်ကြီးကျယ်လွန်းသွားပြီ ... ခင်ဗျားတို့ ဘာသဘောနဲ့ ဒီလောက် ချဲ့ကားပစ်တယ်ဆိုတာကတော့ ... ကျုပ်လည်း နားမလည်တော့ဘူး ... ကျုပ်ဆိုတဲ့လူတစ်ယောက်ဟာ သိုင်းလောကမှာ မဖြစ်စလောက်ကလေးပါ ... ကျုပ်အတွက်နဲ့ သိုင်းလောကသားတွေရဲ့အသက်ကို ထိခိုက်နိုင်တယ်ဆိုတာကတော့ တကယ့်ရယ်စရာကောင်းတဲ့ ပြက်လုံးပါပဲ ... ခင်ဗျားတို့ စဉ်းစဉ်းစားစားနဲ့ ပြောကြရင် ကောင်းပါလိမ့်မယ် ... ”

တင့်ရှိမယ်သီလရှင်ကြီးက ဝင်၍ ....

“ဟုတ်တယ်ဟေ့ ... လျှိုကျက်ဖုန်းက မဖြစ်စလောက်ရာထူးလေးမက်ပြီး သိုင်းလောကက ထွက်သွားတာကို သဘောမကျပေမယ့် လူတစ်ကိုယ် အကြိုက်တစ်မျိုးဆိုတော့ ဝင်မတားပါဘူး ... လျှိုကျက်ဖုန်း တစ်ယောက်တည်းကြောင့်တော့ ဒီသိုင်းလောကကြီး ပျက်စီးမသွားနိုင်ပါဘူး ... နှမ်းတစ်လုံးတည်းနဲ့တော့ စားလောက် သောက်လောက်မယ့်ဆီ မဖြစ်ပါဘူး ... ဒီတော့ ငါတို့ အသက်အန္တရာယ်အတွက် သူ့ကို ဘာကြောင့် ကြောက်နေရမှာလဲ ... ”

ဟု ပြောတော့၏။

ထိုအခါ ဖေးပြောင်းက ဖြည်းညင်းစွာ ပြောလိုက်သည်။

“ဆရာမကြီးအနေနဲ့ ဒီအတွင်းဇာတ်လမ်းကို လုံးဝမသိသေးလို့ပါ ... သိသွားရင် ဒီလိုစကားမျိုး ပြောတော့မှာ မဟုတ်ပါဘူး ... ဒီအထဲမှာ သိပ်ကြောက်စရာကောင်းတဲ့ လျှို့ဝှက်အကြံအစည်တစ်ခု ရှိနေပါတယ် ... ”

လျှိုကျက်ဖုန်းသည် ထိုစကားကို ကြားလိုက်ရသောအခါ စိတ်မဆိုးသည့်အပြင် ရယ်ပင်ရယ်နေချင်သေးတော့၏။

“ဟား ... ဟား ... ဟား ... ကောင်းပါပြီ ... ကောင်းပါပြီ ... ခင်ဗျားပြောတဲ့ ဇာတ်လမ်းကိုလည်း နားထောင်ရသေးတာပေါ့ ... ကြောင်စရာကောင်းတဲ့ လျှို့ဝှက်အကြံအစည်ကြီးကိုလည်း ဘာလဲဆိုတာ နားထောင်ကြရသေးတာပေါ့ ... ကဲ ... ကဲ ... ကျန်တဲ့နောင်ကြီးနှစ်ယောက်ပါ ခုန်ဆင်းလာခဲ့ကြပါ ... ”

ထိုအခါ ခေါင်မိုးပေါ်မှ လူနှစ်ယောက် ခုန်ဆင်းလာကြတော့သည်။

ထိုလူနှစ်ယောက်အနက် တစ်ယောက်မှာ ထိပ်ပြောင်နေ၏။

ထိုလူသည် ကောင်းဆန်းဂိုဏ်းချုပ်ဆရာကြီး၏ ဒုတိယဂိုဏ်းတူညီ တင်းချုံးဆိုသူဖြစ်သည်။ နောက်တစ်ယောက်မှာမူ ကောင်းဆန်းဂိုဏ်းချုပ်ဆရာကြီး၏ တတိယဂိုဏ်းတူညီဖြစ်သော လုဖားဖြစ်နေ၏။

ဖေးပြောင်းသည် ဂိုဏ်းချုပ်ကြီး၏ စတုတ္ထဂိုဏ်းတူညီဖြစ်သည်။

တင်းချုံးနှင့် လုဖားတို့နှစ်ယောက်မှာ သိုင်းလောက၌ နာမည်ကြီး ထိပ်သီးသိုင်းသမားများ ဖြစ်ကြ၏။

ယခုကဲ့သို့ ကောင်းဆန်းဂိုဏ်းမှ ထိပ်သီးသိုင်းသမားများ ပြုံဆင်းလာသည်ကို တွေ့ကြရသောအခါ လူတိုင်းလူတိုင်း၏စိတ်ထဲတွင် ...

"အင်း ... ဒီနေ့ပွဲမှာ လျှိုကျက်ဖုန်းတော့ ခံရတော့မှာပဲ ... အများနဲ့တစ်ယောက်ဆိုတော့ သိပ်မလွယ်တော့ဘူး ... လျှို့ဝှက်အကြံအစည်ဆိုတာက ဘာများလဲ မသိဘူး ... "

ဟု မှန်းဆတွေးတောနေကြတော့၏။

ဒေါသကြီးသော်လည်း ပွင့်ပွင့်လင်းလင်းနှင့် တရားမျှတမှုကိုလိုလားသည့် တင့်ရှီမယ်သီလရှင်ကြီးက လျှိုကျက်ဖုန်းဘက်သို့လှည့်၍ အားပေးစကားပြောသည်။

"လျှိုကျက်ဖုန်း ... ရှင် ဘာမှ ပူမနေနဲ့ ... ဘယ်ကိစ္စမဆို မှန်မှန်ကန်ကန်ဖြစ်ရမယ် ... တရားမျှတရမယ် ... သူတို့က လူအင်အားများတယ်ဆိုပြီး ချုံးဆန်းဂိုဏ်းကလူတွေကို အနိုင်ကျင့်လို့ရမယ်ထင်ရင် မှားသွားမယ် ... ကျွန်မတို့ဟန်ဆန်းဂိုဏ်း၊ ထိုက်ဆန်းဂိုဏ်းနဲ့ ဝါဆန်းဂိုဏ်းကလူတွေက ဒီအတိုင်း လက်ပိုက်ကြည့်နေမှာ မဟုတ်ဘူး ... "

လျှိုကျက်ဖုန်းက မဲ့ပြုံးပြုံးရင်း ..

"ဒီကိစ္စက ပြောရင် ရှက်စရာကောင်းလှတယ်ဗျာ ... ကျုပ်ကကျုပ်ရဲ့ဂိုဏ်းတူ အစ်ကိုကြီးလည်းဖြစ်၊ ကျုပ်တို့ဂိုဏ်းရဲ့ ဂိုဏ်းချုပ်ဆရာကြီးလည်းဖြစ်တဲ့ ဆရာကြီးမော်တားနဲ့ မသင့်မမြတ်ဖြစ်ခဲ့ပါတယ် ... အခုကိစ္စဟာ ကျုပ်ရဲ့အစ်ကိုကြီးမော်တားက အဖွဲ့ချုပ်ဆရာကြီးကို သွားတိုင်လို့ အခုလိုလာပြီး တားဆီးကြတာနဲ့ တူပါတယ် ... "

ဟု ရှင်းပြလိုက်သည်။

ထိုစဉ် ဖေးပြောင်းက ဆယ်တင်းထံသို့လှည့်၍ အော်လိုက်သည်။

"အဖွဲ့ချုပ်အလံကို မြှောက်လိုက် ... "

ဆယ်တင်းက အမိန့်အတိုင်းမြှောက်လိုက်သည်။ ဖေးပြောင်းသည် အေးစက်သောလေသံဖြင့် ပြောလိုက်တော့၏။

"နောင်ကြီး လျှိုကျက်ဖုန်း နားထောင်ပါ ... ဒီနေ့ကိစ္စက ချုံးဆန်းဂိုဏ်းချုပ်ကြီး မော်တားနဲ့ လုံးဝမပတ်သက်ပါဘူး ... အခုကျုပ်တို့ရဲ့ အဖွဲ့ချုပ်ဆရာကြီး အမိန့်ပေးလိုက်တဲ့ကိစ္စက တခြားကိစ္စပါ၊ ဆရာကြီးက ကျုပ်တို့ကို သေသေချာချာ စစ်ဆေးမေးမြန်းခိုင်းလိုက်ပါတယ် ... အဲဒီကိစ္စကတော့ခင်ဗျားကမကောင်းဆိုးဝါးဂိုဏ်းက 'တုံးဖန်းပု' နဲ့ နောက်ကွယ်မှာ ဘာတွေ တိတ်တဆိတ် ဆက်သွယ်နေတာလဲ ... ကျုပ်တို့ ဂိုဏ်းကြီးငါးဂိုဏ်းနဲ့ သိုင်းလောက အထက်လမ်း သိုင်းသမားတွေကို လုပ်ကြံသတ်ဖြတ်ဖို့ ဘယ်လိုကြံစည်နေကြတာလဲ ဖြေပါ ... "

ဤစကားကို ကြားလိုက်ကြရသည်နှင့် သိုင်းသမားအားလုံး မျက်နှာပျက်သွားကြတော့သည်။

အဘယ်မှာလျှင် မျက်နှာမပျက်ဘဲ ခံနိုင်ကြပါမည်နည်း။

မကောင်းဆိုးဝါးဂိုဏ်းနှင့် အထက်လမ်းသိုင်းသမားများ၏ ရာဇဝင်သည် သွေးနှင့် ဖုံးလွှမ်းခဲ့သည် မဟုတ်ပါလား။

မကောင်းဆိုးဝါးဂိုဏ်းသည် အထက်လမ်းသိုင်းသမားများကို အစဉ်အမြဲ ရန်ရှာခဲ့ကြသူများဖြစ်သည်။

နှစ်ဦးနှစ်ဖက် သိုင်းသမားများ နှစ်ပေါင်းများစွာချီ၍ ရန်ငြိုးဖွဲ့လာကြရာမှ မပြေတဲ့ရန်ငြိုး ဖြစ်လာကြတော့၏။

အမြဲတမ်း ယှဉ်ပြိုင်တိုက်ခိုက်ခဲ့ကြရာတွင် နှစ်ဦးနှစ်ဖက် အကျအဆုံးများစွာရှိခဲ့ကြသည်။ တစ်ပြန်စီ ရှုံးလိုက်နိုင်လိုက် ဖြစ်ခဲ့ကြသည်။

ယနေ့ လက်ဆေးမင်္ဂလာပွဲသို့ ရောက်ရှိလာသူများထဲတွင် မကောင်းဆိုးဝါးဂိုဏ်းသားတို့၏ဒဏ်ကို ခံခဲ့ရသူများက တစ်ဝက်မျှပါရှိလာကြသည်။

အချို့က ဆရာသမားအသတ်ခံရသူများဖြစ်ပြီး၊ အချို့က အဖေ၊ အမေ၊ အစ်ကိုနှမ အစရှိသည့် ဆွေမျိုးသားချင်းများ အသတ်ခံခဲ့ကြရသူဖြစ်သည်။

ထို့ကြောင့် 'မကောင်းဆိုးဝါးဂိုဏ်း' ဟူသောအသံ ကြားလိုက်သည်နှင့် သိုင်းသမားတိုင်းလိုလို အံတကြိတ်ကြိတ် ဖြစ်သွားကြတော့၏။ မကောင်းဆိုးဝါးဂိုဏ်း၏ အန္တရာယ် မည်မျှကြီးမားခဲ့ရသနည်းဆိုသော် တောင်ကြီးငါးလုံးရှိ ဂိုဏ်းကြီးငါးဂိုဏ်းတို့ မဟာမိတ်ဖွဲ့၍ မကောင်းဆိုးဝါးဂိုဏ်းကို ရင်ဆိုင်ရသည်အထိ ဖြစ်ခဲ့ရသည်။

မကောင်းဆိုးဝါးဂိုဏ်းကို အဘယ်ကြောင့် ဤမျှကြောက်ရွံ့ခဲ့ကြရသနည်း။

မကောင်းဆိုးဝါးဂိုဏ်းသည် အခြားသောအထက်လမ်းဂိုဏ်းသားများနှင့် အလွန်ခြားနားသည်။

သူတို့၏ အတွင်းအားသိုင်းပညာသည် တစ်နည်းတစ်ဖုံ ပညာရပ်ဖြစ်နေသည်။

အထက်လမ်းဂိုဏ်း၏ သိုင်းပညာသည် တစ်ဘက်ရန်သူအား မတော်မတရားနည်းဖြင့် အနိုင်ယူလေ့ရှိသည် မဟုတ်ချေ။

ထို့ကြောင့် ပညာရပ်အားဖြင့် အဆင့်အတန်းမြင့် ထက်မြက်သည်မှန်သော်လည်း လက်တွေ့ တိုက်ခိုက် ကြသည့်အခါတွင်မူ ရှုံးနိမ့်ခဲ့ကြရ၏။

ယခု … မကောင်းဆိုးဝါးဂိုဏ်း၏ အကြီးအကဲဖြစ်နေသည့် မကောင်းဆိုးဝါးဂိုဏ်းချုပ်ကြီး တုံးဖန်းပုမှာ အနှစ်တစ်ရာအတွင်း၌ အတော်ဆုံးသော သိုင်းသမားဟု နာမည်ပေးခြင်း ခံထားရသည်။

ယခု လျှိုကျက်ဖုန်းက မကောင်းဆိုးဝါးဂိုဏ်းချုပ်ကြီးနှင့် ဆက်သွယ်နေသည်ဟု ကြားသိကြရသောအခါ ခပ်စောစောက လျှိုကျက်ဖုန်းအပေါ် ထားရှိခဲ့သော စာနာသောစိတ်၊ ရိုင်းပင်းကူညီလိုသောစိတ်များ တစ်မုဟုတ်ခြင်း ပျောက်ကွယ်သွားကြရတော့၏။

လျှိုကျက်ဖုန်းသည် မကောင်းဆိုးဝါးဂိုဏ်းဟူသည့် စကားလုံးကို ကြားလိုက်ပြီးသည်နှင့် အခန်းထဲတွင်ရှိသော သိုင်းသမားအားလုံးလိုလို၏ စိတ်ထားများသည် မိမိနှင့်အလိုလို ကွဲပြားသွားနေပြီဖြစ်ကြောင်း ခံစားသိရှိလိုက်မိသည်။

သူတို့၏ ပြောင်းလဲသွားသော မျက်နှာရိပ်များကလည်း သက်သေပြလျက် ရှိနေတော့၏။

လျှိုကျက်ဖုန်းက ..

"ကျုပ်ရဲ့ဘဝသက်တမ်းတစ်လျှောက်လုံးမှာ မကောင်းဆိုးဝါးဂိုဏ်းချုပ်ကြီး'တုံးဖန်းပု' နဲ့ တစ်ခါမှတောင် မတွေ့ဖူးဘူး … ကျုပ်နဲ့တိတ်တဆိတ် ဆက်သွယ်နေတယ်ဆိုတာ ဘယ်ဟုတ်နိုင်တော့မလဲ၊ ခင်ဗျားတို့ပဲ စဉ်းစားကြည့်ကြပါဦး … "

ဖေးပြောင်းသည် လုဖားဘက်သို့ တစ်ချက်မျှ လှမ်းမျှော်၍ ကြည့်လိုက်သည်။ လုဖားက ..

"နောင်ကြီး လျှိုကျက်ဖုန်း … ကျုပ်တစ်ခုမေးမယ် … ခင်ဗျားအနေနဲ့ မကောင်းဆိုးဝါးဂိုဏ်းရဲ့ ဝါစဉ်ကြီးပုဂ္ဂိုလ်တစ်ယောက် ဖြစ်တဲ့ ဖေးရန်ဆိုတဲ့လူနဲ့ သိကျွမ်းသလား … "

ဟု တိတိကျကျမေးလိုက်၏။

လျှိုကျက်ဖုန်းသည် အစပထမ၌ အတော်ကလေး တည်တည်ငြိမ်ငြိမ်ရှိခဲ့သည်သာ။

သို့သော် ယခု ဖေးရန်ဆိုသောနာမည်ကို ကြားလိုက်ရသည်နှင့်တစ်ပြိုင်နက် အကြီးအကျယ် မျက်နှာပျက်သွားတော့သည်။ လုံးဝစကားမပြောနိုင်တော့ဘဲ ဆွံ့အသူတစ်ယောက်ကဲ့သို့ နှုတ်ဆိတ်သွားတော့၏။

အားလုံးသည် လျှိုကျက်ဖုန်း၏ အဖြေစကားကို ကြားလိုကြသဖြင့် စူးစူးစိုက်စိုက် စောင့်ဆိုင်းကြည့်ရှု နေမိကြတော့သည်။

လျှိုကျက်ဖုန်းသည် အတန်ကြာငြိမ်သက်နေရာမှ သူ၏ဦးခေါင်းကို ရုတ်တရက် ညိတ်ပြလိုက်ပြီး ..

"ဟုတ်ပါတယ် … နောင်ကြီးဖေးရန်ကို ကျုပ်က သိကျွမ်းရုံတင် မကပါဘူး … စိတ်ရင်းကိုယ်ရင်းနဲ့ ပေါင်းတဲ့ မိတ်ဆွေလည်း ဖြစ်ပါတယ် … "

ထိုစကားကို ကြားလိုက်ရသောအခါ တစ်ခန်းလုံး ဆူညံသွားတော့၏။ ရုတ်တရက် ငြိမ်သက်သွားအောင် မည်သူမျှကြိုးစား၍ မရနိုင်တော့ပေ။

ဆူလည်းဆူညံ လောက်ပေပြီ။

ပရိသတ်အားလုံးက မျှော်လင့်ထားကြသည်မှာ ဤစကား မဟုတ်ပေ။

အလွန်ဆုံးပြောလျှင် ဖေးရန်ဆိုသူကို တစ်ကြိမ်တစ်ခါ တွေ့ဖူးဆုံဖူးခဲ့သည်ဟုသာ ပြောလိမ့်မည်ဟု မျှော်လင့်ထားခဲ့ကြ၏။

သို့သော် ယခု သူတို့ကြားလိုက်ရသည့်စကားမှာ အထင်နှင့်အမြင် တက်တက်စင် လွဲမှားနေတော့၏။

ဖေးရန်ဆိုသူကို သိကျွမ်းရုံမက 'စိတ်ရင်းကိုယ်ရင်းနှင့် ပေါင်းသော မိတ်ဆွေ' ဟုပင် ပြောလိုက်သေးသည်မဟုတ်ပါလား။

ဖေးပြောင်းသည် အောင်နိုင်သူကဲ့သို့ တစ်ချက်မျှ ပြုံးလိုက်သည်။

"အဲဒါပဲ ... ခင်ဗျားကိုယ်တိုင် ဝန်ခံလိုက်တာ အကောင်းဆုံးပါပဲ ... ယောကျ်ားဆိုတာ လုပ်ရဲရင်ခံရဲရမယ် ... အခုဆိုတော့ အားလုံး ရှင်းလင်းသွားလောက်ပါပြီ ... နောင်ကြီး လျှိုကျက်ဖုန်း ... အခု အဖွဲ့ချုပ်ခေါင်းဆောင်ကြီးက လမ်းနှစ်လမ်း ဖွင့်ပေးထားပါတယ်၊ ခင်ဗျားကြိုက်တဲ့လမ်းကို ရွေးနိုင်ပါတယ် ... "

လျှိုကျက်ဖုန်းသည် ဖေးပြောင်း၏စကားကို မကြားသကဲ့သို့ ထိုင်ခုံပေါ်သို့ ဖြည်းညှင်းစွာ ထိုင်ချလိုက်သည်။

အရက်တစ်ခွက်ကို ကောက်ယူ၍ မော့သောက်ချလိုက်၏။

သူ၏ရှည်လျားလှသော အင်္ကျီစများက တုန်လှုပ်မှုဟူ၍လုံးဝ မရှိတော့ပေ။

တကယ်ပင် စိတ်ဓာတ်ခိုင်မာလှသူ ဖြစ်ချေသည်တကား။

ဖေးပြောင်းက ဆက်၍ပြောသည်။

"ကျုပ်တို့ရဲ့ အဖွဲ့ချုပ်ခေါင်းဆောင်ကြီး ဖွင့်ပေးထားတဲ့ လမ်းနှစ်လမ်းကတော့ သေမလား ရှင်မလားဆိုတဲ့ လမ်းတွေပဲ ... ခင်ဗျားအနေနဲ့ တစ်လအတွင်းမှာ မကောင်းဆိုးဝါးဂိုဏ်းက ဝါစဉ်ကြီးပုဂ္ဂိုလ်ကို သတ်ပစ်လိုက်ရမယ် ... ဒါဆိုရင် ခင်ဗျား အပြစ်အတွက် အားလုံးခွင့်လွှတ်ပြီးပြီ ... ဒီလိုမှ မသတ်နိုင်ဘူးဆိုရင်တော့ ခင်ဗျားရဲ့ မိသားစုတစ်ခုလုံးကို အဖြစ်ဒဏ်ပေးရပါလိမ့်မယ် ... "

လျှိုကျက်ဖုန်း၏မျက်နှာတွင် ကြေကွဲသောအပြုံးတစ်ခု ရုတ်တရက် ပေါ်လာသည်။ ထိုအပြုံးသည် နွမ်းနယ်လှသဖြင့် သူ၏နှလုံးသား၌ မည်မျှစိတ်ထိခိုက်သွားရပုံကို လှစ်ပြသကဲ့သို့ ရှိနေပေတော့သည်။

သူက ...

"နောင်ကြီးဖေးရန်ဟာ ကျုပ်နဲ့ မြင်မြင်ချင်း အင်မတန်ခင်မင်ရတဲ့လူပါ ... သူနဲ့ ကျုပ် တွေ့ဆုံခဲ့ကြတာလည်း ဆယ်ကြိမ်မကတော့ပါဘူး ... ကျုပ်တို့နဲ့ ညအိပ်ညနေတောင် နေခဲ့ဘူးပါတယ် ... တစ်ခါတလေ ကျုပ်တို့အနေနဲ့ ဂိုဏ်းအဖွဲ့တွေအကြောင်း စကားစပ်မိတဲ့အခါတိုင်း သူက သက်ပြင်းချတယ် ... သူကပြောတယ် ... အခုလို နှစ်ဦးနှစ်ဘက် တိုက်ခိုက်သတ်ဖြတ်နေကြတာဟာ ဘာမှအဓိပ္ပာယ်မရှိဘူးတဲ့ ... လူဖြစ်လာတာဟာ တစ်ယောက်နဲ့တစ်ယောက် တိုက်ခိုက်သတ်ဖြတ်နေဖို့ မဟုတ်ဘူးတဲ့ ... လူဆိုတာဟာ တစ်နည်းနည်းနဲ့ လောကရဲ့အလှကို ဆင်နိုင်မှ လူ့တာဝန်နဲ့ ဝတ္တရားကို ကျေပွန်ရာရောက်မယ်တဲ့ ... "

လျှိုကျက်ဖုန်းသည် စကားကိုရပ်လိုက်ပြီး အရက်တစ်ခွက်ကို ကောက်မော့လိုက်ပြန်သည်။ ပြီးမှ သူ့စကားကို ဆက်သည်။

"ကျုပ် ... သူနဲ့ပေါင်းမိတာကတော့ တေးဂီတကြောင့်ပါ၊ သူက ကြိုးတပ်တူရိယာ တီးခတ်တဲ့နေရာမှာ သိပ်တော်တယ် ... ကျုပ်ကတော့ ပလွေမှုတ်တာ သိပ်ဝါသနာပါတယ် ... ဒီတော့ ကျုပ်တို့နှစ်ယောက်ပေါင်းပြီး တူရိယာနှစ်မျိုးပေါင်းပြီး တေးသံစုံမှုတ်ကြတယ် ... သိုင်းပညာနဲ့ပတ်သက်လို့၊ သိုင်းသမားတွေနဲ့ပတ်သက်လို့ လုံးဝဆွေးနွေးကြတာမရှိဘူး ... "

သူ့စကား ဤနေရာသို့ ရောက်သောအခါ တစ်ချက်ပြုံးလိုက်ပြီး ..

"ဖေးရန်ဟာ မကောင်းဆိုးဝါးဂိုဏ်းကလူပဲ ... ဒါပေမယ့် ... သူတီးခတ်လိုက်တဲ့ တေးသံထဲက သူရဲ့ ဖြူစင်ဖြောင့်မတ်တဲ့ စိတ်ထားကို ခံစားနိုင်ခဲ့တယ် ... လူတစ်ယောက်ရဲ့ အပြင်ပန်းအသွင်သဏ္ဌာန်ထက် သူ့ရဲ့အတွင်းသဏ္ဌာန်နှလုံးသား ဖြူစင်လုပဖို့က ပိုအရေးကြီးတယ်လို့ ကျုပ်မြင်တယ် ... သူဟာ အခြေအနေအရ မကောင်းဆိုးဝါးဂိုဏ်းသားပဲ ... ဒါပေမယ့် သူ့မှာ သူများအပေါ်မှာ မတော်မတရားလုပ်လိုတဲ့စိတ် မရှိဘူးဆိုတာ ကျုပ်နှလုံးသားထဲကကို အလိုလိုသိနေတယ်၊ ကျုပ်ကတော့ သူ့ကိုချီးကျူးရုံတင်မကဘူး ... ရိုလည်းရိုသေတယ်၊ လေးလည်းလေးစားတယ် ... ကျုပ်လိုအညတရလူတစ်ယောက်က ဒီလို စိတ်ထားမြင့်မြတ်တဲ့လူတစ်ယောက်ကို လုပ်ကြံဖို့ဆိုတာကတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး ... "

လူအားလုံးသည် လျှိုကျက်ဖုန်း၏ စကားများကို ကြားလိုက်ရသောအခါ အံ့သြတုန်လှုပ်နေကြတော့၏။

လျှိုကျက်ဖုန်းသည် တကယ့်လူဖြစ်သည်။

မိမိပြောနေသည့် စကားများသည် မိမိအတွက် မည်သည့်လမ်းကို ရွေးနေခြင်းဖြစ်ကြောင်း ကောင်းစွာသိသည်။

သူကား သူ၏ယုံကြည်ခင်မင်မှုအတွက် အသက်စွန့်မည့်သူသာတည်း။

ပရိသတ်များအနေဖြင့် လျှိုကျက်ဖုန်းက ဖေးရန်နှင့်ပေါင်းနေခြင်းသည် ဂီတကြောင့်ဖြစ်သည်ဟူသော အကြောင်းပြချက်များကို လက်မခံလိုကြပေ။ သူတို့၏ဦးနှောက်ထဲ၌ မဖြစ်နိုင်ဟု မှတ်ထင်လိုက်ကြ၏။

သို့သော် လျှိုကျက်ဖုန်း၏ လေသံကမူ တကယ့်အမှန်တရားကို သူ့ခံစားချက်အတိုင်း ပြောသွားခြင်းဖြစ်ကြောင်း သက်သေပြလျက် ရှိနေ၏။

ဤသက်သေပြချက်များကိုမူ သိုင်းသမား ပရိသတ်ကြီး၏ နှလုံးသားက လက်ခံနေမိကြ၏။

ထိုစဉ် ဖေးပြောင်းက ပြောလိုက်သည်။

"ခင်ဗျား ဟိုမကောင်းဆိုးဝါးဂိုဏ်းသားနဲ့ ပေါင်းမိတာဟာ တေးဂီတကြောင့်ပဲဆိုတာ ကျုပ်တို့ဂိုဏ်းချုပ်ကြီးအနေနဲ့အစအဆုံး စုံစမ်းသိရှိပြီးပါပြီ ... ဒါပေမယ့် ဂိုဏ်းချုပ်ကြီးက ပြောခဲ့ပါတယ် ... ဂိုဏ်းချုပ်ကြီးပြောတဲ့ စကားတွေကလည်း အင်မတန်သဘာဝကျပြီး ဖြစ်ပြီးခဲ့တဲ့ အဖြစ်တွေနဲ့လည်း ဆီလျော်ညီညွတ်ပါတယ် ... "

ဖေးပြောင်းသည် သူ့စကားကို အလေးအနက်ပြောလိုဟန်ဖြင့် ခေတ္တရပ်ပြီး ချောင်းတစ်ချက်ဟန့်လိုက်သည်။ ပြီးမှ ...

"ဂိုဏ်းချုပ်ကြီးကပြောပါတယ်.... မကောင်းဆိုးဝါးဂိုဏ်းသားတွေဟာ အင်မတန်ကောက်ကျစ်ကြတယ်တဲ့.... သူတို့ဟာ ကျုပ်တို့ဂိုဏ်းကြီးငါးဂိုဏ်း မဟာမိတ်ဖွဲ့ပြီးတဲ့နောက်မှာ ကျုပ်တို့ အထက်လမ်းဂိုဏ်းသားတွေ အင်အားကြီးမားလာတာကို ကြောက်လာကြတယ်တဲ့၊ တစ်နည်းအားဖြင့်လည်း ကျုပ်တို့ ညီညီညွတ်ညွတ် စုစည်းလိုက်တာကိုလည်း မရှုဆိတ်နိုင် ဖြစ်နေကြတယ်တဲ့ ... ဒီတော့ သူတို့လုပ်စရာအလုပ်က တစ်ခုပဲရှိတော့တယ် ... ကျုပ်တို့ ဂိုဏ်းကြီးငါးဂိုဏ်းရဲ့ ညီညွတ်မှုကို ဖြိုခွဲပစ်ဖို့ သူတို့ ကြံကြတော့မယ်တဲ့ ... "

ဖေးပြောင်းသည် သူတို့အား မြင်ဟန်မရှိဘဲ အဝေးတစ်နေရာသို့ ငေးမောနေဟန်ရှိသော လျှိုကျက်ဖုန်းအား ကြည့်၍ ပြောပြနေတော့၏။

"မကောင်းဆိုးဝါးဂိုဏ်းသားတွေဟာ ... လူငယ်တွေကျတော့ မိန်းမလှလေးတွေနဲ့ သွေးဆောင်ဖျက်ဆီးသတဲ့ ... ခင်ဗျားလို ဂီတဝါသနာပါတဲ့ လူမျိုးကျတော့ ခင်ဗျားရဲ့ အကြိုက်ကိုလိုက်ပြီး ဂီတနဲ့သွေးဆောင်တော့တာပဲတဲ့ ... သူတို့က ဖေးရန်လိုလူမျိုးကိုလွှတ်ပြီး ဂီတကို ခုတုံးလုပ် ပေါင်းသင်းခိုင်းလိုက်တာတဲ့ ... ဒီပေါင်းသင်းမှုရဲ့ နောက်ကွယ်မှာ ကျုပ်တို့ဂိုဏ်းကြီးငါးဂိုဏ်းကို ဖျက်ဆီးဖို့ အစီအစဉ်တွေ ရှိနေမှာ အမှန်ပဲတဲ့ ... ဒီအစီအစဉ်တွေဟာ ချက်ချင်းလက်ငင်းတော့ ထွက်လာဦးမှာ မဟုတ်သေးတဲ့ အကြောင်းတွေပဲ ... ကျုပ်တို့ကို သေသေချာချာ ရှင်းပြပြီးမှ ဒီကိုလွှတ်လိုက်တာပါ ... နောင်ကြီးလျှိုကျက်ဖုန်း ... ခင်ဗျား ပြန်သတိရစမ်းပါဗျာ ... ကျုပ်တို့ဘက်ကလူတွေ ဘယ်လောက်အသတ်ခံခဲ့ကြရသလဲ ... ခင်ဗျားလို အရင့်အမာလူတစ်ယောက်က ဘာဖြစ်လို့ သူ့လှည့်ကွက်ထဲ ဝင်လိုက်ရတာလဲ၊ အမြင်မှန်ရစမ်းပါဗျာ ... "

ထိုစကားကို ကြားလိုက်ရသောအခါ တင့်ရှီမယ်သီလရှင်ကြီးက ...

“ဟုတ်တယ် ... ဒါဖြစ်နိုင်တယ် ... သိပ်ဖြစ်နိုင်တယ် ... ဒီမှာလျှိုကျက်ဖုန်း ... ဒီမကောင်းဆိုးဝါးဂိုဏ်းကို ကျွန်မတို့ကြောက်နေရတာက သူတို့ရဲ့သိုင်းပညာကြောင့်မဟုတ်ပါဘူး ... ဖြစ်သလိုအနိုင်ယူတတ်တဲ့ ညဏ်နီညဏ်နက်တွေကြောင့် ကျွန်မတို့က ကြောက်နေကြရတာ ... ”

ထိုက်ဆန်းဂိုဏ်းချုပ်ကြီးထင်မင်းကလည်း ဝင်၍ ဖျောင်းဖျသည်။

“လျှိုကျက်ဖုန်း ... အမှားကိုသိပြီး အမှန်ကိုပြင်နိုင်တဲ့လူဟာ လူစွမ်းကောင်းပဲ ... လူတော်ပဲ ... မင်းအဖို့ ဘာမှမခက်ပါဘူးကွာ၊ အခု ဖေးရန်ဆိုတဲ့မကောင်းဆိုးဝါးကို တစ်ချက်တည်းခုတ်သတ်လိုက်ရင် အထက်လမ်းဂိုဏ်းသားတွေအားလုံး လက်မထောင်နိုင်ပြီ ... ချုံးဆန်းဂိုဏ်းက လျှိုကျက်ဖုန်းဟာ မဟာမိတ်ဆွေနဲ့ရန်သူကို ကောင်းကောင်းခွဲခြားတတ်တဲ့လူလို့ သိုင်းလောကမှာ ပြောစမှတ်တွင်သွားမှာပဲ ... မင်းရဲ့အပေါင်းအသင်း မိတ်ဆွေတွေဖြစ်တဲ့ ငါတို့မှာလည်း အများကြီးဂုဏ်တက်သွားမှာပါ ... ဒီမှာ လျှိုကျက်ဖုန်း ... တွေဝေမနေစမ်းပါနဲ့ ... ငါတို့ ဂိုဏ်းကြီးငါးဂိုဏ်းအတွက် အင်မတန်ကောင်းမွန်မှာပါ ... မိတ်ဆွေဟန်ဆောင်တဲ့ရန်သူဟာ ရန်သူစစ်စစ်ထက် ကြောက်စရာကောင်းတယ်နော ... ”

လျှိုကျက်ဖုန်းသည် ဂိုဏ်းချုပ်ကြီးထင်မင်းအား မည်သို့မျှပြန်မပြောဘဲ ဝါးဆန်းဂိုဏ်းချုပ် ရက်ပုချွန်ဘက်သို့ လှည့်ကြည့်ကာ ...

“နောင်ကြီး ရက်ပုချွန် ... ခင်ဗျားကို သိုင်းလောကက လူတွေက ‘သစ္စာရှင်ဓားသမား’ လို့ ခေါ်ကြတာဟာ ခင်ဗျားက သစ္စာတရားကို ကောင်းကောင်းသိမြင်လိုက်နာလို့ပါပဲ ... ဒီလူတွေကတော့ ကျုပ်ရဲ့မိတ်ဆွေအပေါ်မှာ သစ္စာဖောက်ခိုင်းနေပါပြီ ... ခင်ဗျားရဲ့အမြင်ကိုပြောပါ ... ကျုပ်သိချင်ပါတယ် ... ”

ဟု မေးလိုက်တော့၏။

ရက်ပုချွန်က ...

“လျှိုကျက်ဖုန်း ... ခင်ဗျားတို့ ကျုပ်တို့သိပြီးတဲ့ သိုင်းလောကသားတွေရဲ့ စံနမူနာတင်ထိုက်တဲ့စိတ်ဓာတ်ကို ကျုပ်ထပ်ပြောပြချင်ပါတယ် ... ကျုပ်တို့ သိုင်းလောကသားတွေဟာ သူငယ်ချင်းစစ် သူငယ်ချင်းမှန် ... မိတ်ဆွေစစ်မိတ်ဆွေမှန်အတွက်နဲ့ မျက်မှောင်တစ်ချက်မကုတ်ဘဲနဲ့ အသေခံကြတဲ့အကြောင်းပါပဲ ... ဒါပေမယ့် ခင်ဗျားအခု တွေ့နေရတဲ့လူကတော့ မိတ်ဆွေစစ် မိတ်ဆွေမှန် မဟုတ်ဘူးဆိုတာ ထင်ရှားနေတယ် ... သူက မကောင်းဆိုးဝါး ဂိုဏ်းသားပဲ ... မကောင်းဆိုးဝါးဂိုဏ်းသားတစ်ယောက် အင်မတန်စိတ်ထားဖြူစင်တယ်ဆိုတာကတော့ ကျားတစ်ကောင် သတ်သတ်လွတ်စားတယ်ဆိုတာနဲ့ အတူတူပဲ ... ဘယ်လိုမှ ယုံနိုင်စရာအကြောင်းမရှိပါဘူး ... ဖေးရန်ဆိုတဲ့လူဟာ သကြားဖုံးထားတဲ့အဆိပ်ပဲ ... သူက ခင်ဗျားရဲ့အကြိုက်ကိုလိုက်ပြီး ပေါင်းနေတာကိုက သူ့အပေါ်မှာ သံသယရှိစရာအကောင်းဆုံး အချက်ပါပဲ ... ဒီလိုလူမျိုးကို မိတ်ဆွေလို့ သဘောထားလိုက်ရင် ‘မိတ်ဆွေ’ ဆိုတဲ့စကားကို စော်ကားရာ ကျနေပါလိမ့်မယ် ... ”

လူအားလုံးသည် လက်ခုပ်တီး ဩဘာပေးကြတော့၏။

ဝါးဆန်းဂိုဏ်းချုပ်ကြီး ရက်ပုချွန်၏ စကားများကို များစွာနှစ်ခြိုက် သဘောကျသွားကြတော့၏။

လျှိုကျက်ဖုန်းအနေဖြင့်ကား ရေနစ်နေရာမှ တွယ်မိတွယ်ရာတွယ်လိုက်ရသည့် ကောက်ရိုးမျှင်ကလေး တစ်မျှင်သာတည်း။

လျှိုကျက်ဖုန်းသည် သက်ပြင်းတစ်ချက် ချလိုက်သည်။ ခန်းမထဲရှိ အသံများ လုံးဝဆိတ်ငြိမ်သွားမှ ဖြည်းညှင်းစွာဖြင့် ပြောပြတော့သည်။

“အင်း ... ကျုပ်သိပါတယ်လေ ... ဖေးရန်နဲ့ ပေါင်းကတည်းက ဒီလိုအခြေအနေမျိုး တစ်နေ့ရောက်လာလိမ့်မယ်ဆိုတာ နောက်သိထားတာလည်း တစ်ခုရှိပါသေးတယ် ... မကြာခင်မှာပဲ ဂိုဏ်းကြီးငါးဂိုဏ်းနဲ့ မကောင်းဆိုးဝါးဂိုဏ်း သွေးချောင်းစီးတိုက်ပွဲကြီးတွေ တိုက်ကြဦးမှာကို ကျုပ် သိထားပါတယ် ... ”

“အဲဒီတော့ ကျုပ်မှာ အကျပ်တွေ့နေတယ် ... တစ်ဘက်က ကျုပ်ရဲ့ဂိုဏ်းတူညီအစ်ကိုတွေနဲ့ ကျုပ်ရဲ့မဟာမိတ်တွေ ... တစ်ဘက်က ကျုပ်မိတ်ဆွေ ... ကျုပ်အနေနဲ့ ဘယ်ကိုမှမပါနိုင်တော့ဘူး ... ဒါကြောင့် ကျုပ်အနေနဲ့ မနည်းအကြံထုတ်ပြီး

လက်ဆေးမင်္ဂလာ လုပ်လိုက်ရတာပဲ ... ဒီလိုလုပ်လိုက်တာကိုလည်း ယုတ္တိရှိသွားအောင် တစ်ဘက်က လုပ်ရသေးတယ် ... ကျုပ်အနေနဲ့ ဒီနယ်ထိန်းရာထူးကို မရရအောင် ငွေနဲ့ဆက်ဝယ်ခဲ့ရတယ် ... ဒါပေမယ့် ဒီကိစ္စကို အဖွဲ့ချုပ်ခေါင်းဆောင်ကြီးက ရိပ်မိသွားတယ်ဆိုတာ ကျုပ်လည်း အခုမှပဲ သိရတော့တာပဲ ... ”

သိုင်းသမားပရိသတ်အားလုံး ယခုမှ သဘောပေါက်သွားကြတော့သည်။ လျှိုကျက်ဖုန်းက ဆက်၍ ...

“မကောင်းဆိုးဝါးဂိုဏ်းနဲ့ ကျုပ်တို့ရဲ့ အထက်လမ်းသိုင်းဂိုဏ်းတွေ ထိခိုက်ကြ၊ သတ်ဖြတ်ကြတဲ့ကိစ္စမှာ ဘယ်သူမှန်တယ်၊ ဘယ်သူမှားတယ်လို့ ကျုပ်မပြောလိုဘူး ... ကျုပ်က အခုအချိန်ကစပြီး ဒီသွေးစွန်းတဲ့ အသိုင်းအဝိုင်းက ထွက်ခွာပြီး တိုင်းသူပြည်သားတစ်ယောက်အဖြစ် အေးအေးဆေးဆေးပဲ နေချင်တော့တယ် ... ဒီဆန္ဒက ကျုပ်တို့ ချုံးဆန်းဂိုဏ်းရဲ့စည်းမျဉ်းကို မချိုးဖောက်သလို မဟာမိတ်အဖွဲ့ရဲ့ စည်းမျဉ်းကိုလည်း မချိုးဖောက်ပါဘူး ... ”

ဟု သိုင်းလောကမှ သူ ထွက်ခွာ၍ အပြစ်မရှိကြောင်း ထုချေရှင်းလင်းလိုက်တော့သည်။

ဖေးပြောင်းကမူ လျှိုကျက်ဖုန်း၏စကားများကို လုံးဝလက်မခံကြောင်း သူ၏မျက်နှာက ဖော်ပြလျက်ရှိနေသည်။

ခနဲ့ပြုံးပြုံး၍ ပြန်မေးလိုက်သည်။

“နောင်ကြီး လျှိုကျက်ဖုန်း ... ခင်ဗျားရဲ့စကားက ရတ်တရက် နားထောင်ရင်တော့ တရားမျှတသလိုလို ... မှန်ကန်သလိုလိုပါပဲ၊ တကယ်တော့ ခင်ဗျားရဲ့သဘောထားတွေဟာ လုံးဝမမှန်ပါဘူး ... အစတုန်းက မဟာမိတ်အဖွဲ့ထဲမှာ စိတ်ရောကိုယ်ပါ ပူးပေါင်းခဲ့တဲ့လူက အခုတော့ ဘယ်သူမှားတယ် ... ဘယ်သူမှန်တယ်ဆိုတာ မပြောလိုဘူး ... ဘေးမှာပဲ ထိုင်နေတော့မယ်လို့ပြောလိုက်ပြီ ... နောက်တစ်ဆင့်ဆိုရင် မဟာမိတ်အဖွဲ့ဟာ ခင်ဗျားရဲ့ရန်သူအဖြစ် သတ်မှတ်နိုင်တဲ့အဆင့်ကို ရောက်သွားနိုင်ပါတယ် ... နောက်တစ်ခုက ခင်ဗျားလို အရေးအကြောင်းရှိတိုင်း နောက်ဆုတ်ထွက်ပြေးနေကြရင် ကျုပ်တို့ရဲ့သိုင်းလောကကြီးတစ်ခုလုံးကို မကောင်းဆိုးဝါးဂိုဏ်းက စိုးမိုးသွားတော့မှာပေါ့ .... ခင်ဗျားက နှုတ်ထွက်နိုင်ပေမယ့် ဖေးရန်ဆိုတဲ့ လူကကော နှုတ်ထွက်နိုင်လို့လား ... ”

လျှိုကျက်ဖုန်းက ပြုံး၍ ..

“သူလည်း ကတိသစ္စာပြုထားတယ် ... ဘယ်တော့မှ ဒီဇာတ်ရှုပ်ထဲကို မဝင်တော့ဘူး ... သူများမထိရင် သူများကလည်း ကိုယ့်ကို ဘယ်တော့မှ ထိမှာမဟုတ်ဘူးတဲ့ ... ”

ဖေးပြောင်းက ရယ်ရင်း ပြန်မေးလိုက်သည်။

“တယ်ဟုတ်ပါလား ... ဒီလိုဆိုရင် ကျုပ်တို့ဘက်ကလူက သူ့ကို သွားထိရင်ကော သူခံနေမလား ... ”

လျှိုကျက်ဖုန်းက တည်ငြိမ်စွာဖြင့် ပြောလိုက်သည်။

“ဖေးရန်ကပြောတယ် ... သူအတတ်နိုင်ဆုံး သည်းခံမယ်တဲ့ ... သူမနေ့ကပဲလူလွှတ်ပြီး ကျုပ်ကိုပြောခိုင်းလိုက်တယ် ... ဝါဆန်းဂိုဏ်းက လင့်ဟုချုံး ဒဏ်ရာပြင်းထန်ပြီး အသက်အန္တရာယ်ရှိနေတုန်း သူဝင်ကယ်ပေးလိုက်တယ်တဲ့ ... ”

ထိုစကားကို ကြားလိုက်ရသောအခါ အားလုံးလိုလို တုန်လှုပ်သွားကြတော့သည်။ ဝါဆန်းဂိုဏ်းနှင့် ဟန်ဆန်းဂိုဏ်းတို့ကလည်း တီးတိုးဆွေးနွေးကြတော့သည်။

ဝါဆန်းဂိုဏ်းက လိန်လိန်သည် လုံးဝမအောင့်နိုင်တော့ဘဲ လျှိုကျက်ဖုန်းအား လှမ်းမေးလိုက်တော့၏။

“ဆရာကြီး ... ကျွန်မအစ်ကို လင့်ဟုချုံး အခုဘယ်မှာလဲဟင် ... တကယ်ပဲ ... ဟို ... ဟို ... ဖေးရန်က ကယ်လိုက်သလား ... ”

လျှိုကျက်ဖုန်းက ..

“ဒါကတော့ အစ်ကိုကြီးဖေးရန်က ပြောတာပဲ ... ဟုတ်မဟုတ်တော့ နောက်ပိုင်း အဖြေပေါ်လာမှာပဲ ... လင့်ဟုချုံး ပြန်လာတဲ့အခါကျတော့ အတိအကျ သိရမှာပေါ့ ... ”

ဖေးပြောင်းက ခနဲ့ပြုံးပြုံးရင်း ...

"ဒါကလည်း ဘာထူးဆန်းတာမှတ်လို့ ... မကောင်းဆိုးဝါးဂိုဏ်းရဲ့ လှည့်ကွက်ပဲ ... တော်ကြာ လင့်ဟူချုံးကလည်း သူ့ကို ကျေးဇူးထပ်တင်လိုက်ရင် ကျုပ်တို့ဂိုဏ်းကြီးငါးဂိုဏ်းမှာ နောက်ထပ်သစ္စာဖောက်တစ်ယောက်တော့ ထပ်တိုးလာတော့မှာပဲ ... "

ဟု ပြောလိုက်သည်။

လျှိုကျက်ဖုန်း၏ လေသံသည် ချက်ချင်းတင်းမာသွားပြီး ..

"ဖေးပြောင်း ... ခင်ဗျားက ပြောလိုက်တယ် ... နောက်ထပ်သစ္စာဖောက်တစ်ယောက် ထပ်တိုးလာမယ်တဲ့ ဟုတ်လား ... ဒီနောက်ထပ်ဆိုတာ ဘာကိုဆိုလိုတာလဲ ... "

ဟု မေးလိုက်တော့၏။

ဖေးပြောင်းက ..

"ဒါကပြောစရာမလိုပါဘူး ... ကိုယ့်အကြောင်း ကိုယ်သိကြတာပဲ ... "

လျှိုကျက်ဖုန်းက ခက်ထန်သောလေသံဖြင့်ပင် ...

"ဟင်း ... ခင်ဗျားက ကျုပ်ကို သစ္စာဖောက်လို့ ဆိုလိုတာပေါ့ ဟုတ်လား ... ကျုပ်မိတ်ဆွေ အပေါင်းအသင်းတွေနဲ့ ပေါင်းသင်းနေတဲ့ကိစ္စမှာ ဘယ်သူနဲ့ပေါင်းရမယ် ... ဘယ်သူနဲ့မပေါင်းရဘူးလို့ အမိန့်ပေးပိုင်ခွင့် တားမြစ်ပိုင်ခွင့် ဘယ်သူ့ဆီမှာမှမရှိဘူး ... ကျုပ်ဟာ ကျုပ်ရဲ့ဆရာသမား၊ ကျုပ်ရဲ့ဂိုဏ်းကို ဘယ်တုန်းကမှ သစ္စာမဖောက်ဖူးဘူး ... ဒီသစ္စာဖောက်ဆိုတဲ့စကားလုံးကို ခင်ဗျားကိုပဲ ကျုပ်ကပြန်ပေးလိုက်တယ် ... "

ဟု ပြောလိုက်၏။

လူတိုင်းလူတိုင်းက လျှိုကျက်ဖုန်း၏ တည်ကြည်ခန့်ညားလွန်းလှသည့်လေသံကို ကြားလိုက်ကြရသောအခါ စိတ်ထဲတွင် ကြိတ်၍ ချီးကျူးမိကြတော့၏။

ဖေးပြောင်းက ..

"ဒီလိုဆိုရင် ခင်ဗျားက ဖေးရန်ကို လုံးဝမသတ်ဖူးပေါ့ ဟုတ်လား ... "

လျှိုကျက်ဖုန်းက ..

"တကယ်လို့ အဖွဲ့ချုပ်ခေါင်းဆောင်က ကျုပ်တို့မိသားစုတစ်ခုလုံးကို သတ်ဖို့အမိန့်ပေးတယ်ဆိုရင်တော့ ခင်ဗျားလုပ်ပေတော့"

ဖေးပြောင်းက ..

"ခင်ဗျားက ဒီမှာလူတွေအများကြီးရှိတယ်ဆိုပြီး ကျုပ်မလုပ်နိုင်ဘူး ထင်နေသလား ... အဲဒါဆိုရင်တော့ ခင်ဗျားအထင်မှားနေလိမ့်မယ် ... "

ဖေးပြောင်းသည် စကားဆုံးသည်နှင့် ဆယ်တင်းကို လက်ယပ်ခေါ်ကာ ...

"ဒီကိုလာခဲ့စမ်း ... "

ဆယ်တင်းသည် လျှောက်လာသည်။ ဆယ်တင်း၏လက်ထဲမှ အလံကို ဆွဲယူမြှောက်ကိုင်လိုက်ပြီး ဖေးပြောင်းက ...

"လျှိုကျက်ဖုန်း နားထောင်ပါ ... တကယ်လို့ တစ်လအတွင်းမှာ ဖေးရန်ကိုသတ်ဖို့ သဘောမတူရင် ခင်ဗျားနဲ့ ပတ်သက်သမျှ အားလုံးကို ကျုပ်ပြင်ခုတ်ကျုငုတ်မကျန် အမြစ်ကနေ ခုတ်ထွင်ရှင်းလင်းပစ်ရလိမ့်မယ် ... "

လျှိုကျက်ဖုန်းသည် ကြေကွဲစွာပြုံးလိုက်ရင်း ..

"ကျုပ် လျှိုကျက်ဖုန်းက ... ဒီလောက်အင်အားချိနဲ့နေချိန်မှာ ခင်ဗျားတို့နဲ့ ဘယ်ယှဉ်နိုင်တော့မလဲလေ ... နောက်ပြီး ခင်ဗျားတို့က ပွဲမဝင်ခင်တည်းက အပြင်မှာ လေ့ကျင့်ပြီးသားဆိုတော့ ကျုပ်ကတော့ဒီအတိုင်းပဲ ကြည့်နေရတော့မှာပဲ ... အင်း ... ခင်ဗျားတို့ဟာ ကျုပ်ရဲ့အခေါင်းတောင် ဝယ်ထားပြီထင်တယ် ... ကဲ ... ခင်ဗျားတို့ သတ်ချင်ရင် သတ်ပေတော့ ... "

ဟု ပြောလိုက်တော့၏။

ဖေးပြောင်းသည် အလံကို တစ်ချက်လှုပ်ယမ်းလိုက်ရင်း ..

"ဆရာကြီးထင်မင်း ... ဆရာကြီးရက်ပုန္နန် ... ဆရာမကြီးတင့်ရီနဲ့ ချုံးဆန်းဂိုဏ်းက နောင်ကြီးတို့ ... အဖွဲ့ချုပ်ခေါင်းဆောင်က မှာကြားလိုက်ပါတယ် ... ကျုပ်တို့ဂိုဏ်းကြီးငါးဂိုဏ်းအနေနဲ့ မကောင်းဆိုးဝါးဂိုဏ်းနဲ့ ဘယ်တော့မှ မပေါင်းသင်းနိုင်ပါဘူး ... အခု လျှိုကျက်ဖုန်းဟာ မကောင်းဆိုးဝါးဂိုဏ်းနဲ့ ပူးပေါင်းလိုက်တဲ့အတွက် ကျုပ်တို့ ဂိုဏ်းကြီးငါးဂိုဏ်းကလူတိုင်း သူ့ကို သတ်နိုင်တယ် ... အမိန့်ကို နာခံတဲ့လူတွေဟာ လက်ဝဲဘက်မှာ ရပ်ကြပါ ... "

ထိုက်ဆန်းဂိုဏ်းမှ ဂိုဏ်းချုပ်ကြီးထင်မင်းက ပထမဦးဆုံး မတ်တတ်ရပ်၍ လက်ဝဲဘက်သို့ လျှောက်သွားတော့၏။ အကြောင်းမှာထင်မင်း၏ ဆရာမှာ မကောင်းဆိုးဝါးဂိုဏ်းမှ မိန်းမတစ်ယောက်၏လက်ချက်နှင့် သေဆုံးခဲ့ရ၍ ဖြစ်သည်။

ထင်မင်းသည် မကောင်းဆိုးဝါးဂိုဏ်းကို ခါးခါးသီးသီးမုန်းသူဖြစ်၏။

ရက်ပုန္နန်သည်လည်း ထရပ်လိုက်သည်။ သို့သော် လက်ဝဲဘက်သို့ ချက်ချင်းလျှောက်မသွားသေးဘဲ လျှိုကျက်ဖုန်းအား လှမ်းပြောလိုက်သည်။

"လျှိုကျက်ဖုန်း ... ခင်ဗျားကသာ ခေါင်းတစ်ချက်ညိတ်လိုက်ရင် အားလုံးအဆင်ပြေသွားမှာပါ ... ခင်ဗျားမှာ သူငယ်ချင်းဆိုတဲ့ ဖေးရန်တစ်ယောက်ပဲရှိတော့သလား ... သူတစ်ယောက်တည်းသာ ကျုပ်တို့အများထက် ပိုအရေးကြီးနေသလား ... ခင်ဗျား စဉ်းစဉ်းစားစားနဲ့ အဖြေပေးပါ ... "

လျှိုကျက်ဖုန်းက ခေါင်းခါယမ်းလိုက်ပြီး ..

"ရက်ပုန္နန် ... ခင်ဗျားဟာ စာပေသမားတစ်ယောက်ပဲ ... ဒီတော့ ယောက်ျားကောင်းတစ်ယောက် လုပ်သင့်လုပ်ထိုက်တဲ့အလုပ်ကို ခင်ဗျားသိမှာပါ ... အခု ကျုပ်အတွက် ဖျောင်းဖျတယ်ဆိုတာ ကျုပ်သိပါတယ် ... ဒီအတွက် ကျေးဇူးတင်ပါတယ် ... အခု သူများက ကျုပ်ကိုအကျပ်ကိုင်ပြီး ဖေးရန်ကိုသတ်ခိုင်းတယ် ... ဒါ ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်ဘူး ... တကယ်လို့ တစ်ယောက်ယောက်က ခင်ဗျားတို့ထဲကလူတစ်ယောက်ကိုသတ်ဖို့ ကျုပ်ကိုစေခိုင်းရင် ကျုပ်ဘယ့်နှယ်သတ်နိုင်ပါ့မလဲ ... ဒီသဘောအတိုင်းပါပဲ ... ကျုပ်ရဲ့မိသားစုတစ်စုလုံး အသက်အန္တရာယ်ရှိနေမှန်း ကျုပ်သိပါတယ် ... ဒါပေမယ့် ဘယ်နည်းနဲ့မှ ကျုပ် ခေါင်းမညိတ်နိုင်ပါဘူး ... "

ဟု ပြုံး၍ ရှင်းပြသည်။

ရက်ပုန္နန်က ခေါင်းကို ခါယမ်းလိုက်ပြီး ..

"လျှိုကျက်ဖုန်း ... ခင်ဗျားမှားနေပြီ ... ခင်ဗျားက ဖေးရန်ကို ကျုပ်တို့ အထက်လမ်းသိုင်းသမားတွေနဲ့ ထပ်တူပြုနှိုင်းယှဉ်လို့ ဘယ်ဖြစ်မလဲ ... သူက ခင်ဗျားအကြိုက်ကိုလိုက်ပြီး ပြွေလေးမှုတ်လိုက် တူရိယာလေးတီးပြလိုက်တာနဲ့ ခင်ဗျားအနေနဲ့ သားမယားတွေကို ဒီလောက်မပစ်ပယ်သင့်ပါဘူး ... ခင်ဗျားရဲ့ခင်မင်မှုကို သူ့အပေါ် ဒီလောက်ပုံအပ်လိုက်တာလည်း မသင့်လျော်ပါဘူး ... တကယ်တော့ ခင်ဗျားက သစ္စာတရားကို အဓိပ္ပာယ်ပေါက်တာ မှားနေပြီ ... "

ဟု ကရုဏာဒေါသောဖြင့် ပြောလိုက်တော့၏။

လျှိုကျက်ဖုန်းသည် တစ်ချက်ပြုံးကာ ..

"ရက်ပုန္နန် ... ခင်ဗျားက စာပေအကြောင်းပဲနားလည်တာပါ ... တေးဂီတအကြောင်းနားမလည်ပါဘူး ... ဒါကြောင့်လည်း ကျုပ်တို့ရဲ့ဆိုလိုရင်းကို ခင်ဗျား သဘောမပေါက်ဘဲဖြစ်နေတာပါ၊ ခင်ဗျား တစ်ခုသိထားရမှာက စကားနဲ့ စာပေက လိမ်နိုင်တယ် ... ညာနိုင်တယ် ... ဟန်ဆောင်နိုင်တယ် ... တေးဂီတဆိုတာက နှလုံးသားရဲ့ အသံဗျ ... ဘယ်တော့မှ မလိမ်နိုင် ... မညာနိုင် ... ဟန်မဆောင်နိုင်ဘူး ... ကျုပ်နဲ့ အစ်ကိုကြီးဖေးရန် ပေါင်းသင်းတာက စိတ်ချင်းပေါင်းသင်းတာပဲ ... ဒါကြောင့် ကျုပ်က ကျုပ်မိသားစုတစ်စုလုံးနဲ့ အာမခံရဲတယ် ... အစ်ကိုကြီးဖေးရန်က မကောင်းဆိုးဝါးဂိုဏ်းက လူဖြစ်ပေမယ့် လုံးဝမိုက်မဲရိုင်းစိုင်းတဲ့စိတ်မျိုးမရှိဘူး၊ ဒါကို ကျုပ်ရဲ့နှလုံးသားထဲကကို သိနေတာပါလေ ... "

ဟု ကြေကွဲစွာ ရှင်းပြလိုက်၏။

ရက်ပုန္နန်သည် သက်ပြင်းတစ်ချက်ချကာ ထင်မင်းဘေးသို့ လျှောက်သွားလိုက်သည်။ လောင်တက်၊ လိန်လိန်နှင့် လုရိတို့ လူသိုက်ကလည်း သူတို့၏ ဆရာနောက်သို့ လိုက်သွားကြတော့၏။

တင့်ရီမယ်သီလရှင်ကြီးသည်လည်း လေးလံသော ခြေလှမ်းများဖြင့် လျှောက်သွားတော့၏။

သူမ၏ဟန်ဆန်းဂိုဏ်းသားများသည်လည်း သူမနောက်မှ အတူတကွ လိုက်ပါသွားကြ၏။

ဖေးပြောင်းသည် ဆက်၍အော်ဟစ်လိုက်သည်။

“ဒီကိစ္စဟာ လှိုကျက်ဖုန်းရဲ့ ကိစ္စတစ်ခုတည်းဖြစ်တဲ့အတွက် ကျန်တဲ့ချုံးဆန်းဂိုဏ်းသားတွေနဲ့ ဘာမှမပတ်သတ်ပါဘူး … ချုံးဆန်းဂိုဏ်းကလူတွေလည်း လှိုကျက်ဖုန်းနဲ့အတူတူ အပြစ်ပေးမခံချင်ရင် လက်ဝဲဘက်ကို လျှောက်လာကြပါ … ”

ထိုအခါ ချုံးဆန်းဂိုဏ်းမှလူအချို့ လျှောက်ထွက်လာကြ၏။ သူတို့သည် လှိုကျက်ဖုန်း၏ တပည့်ရင်းများ မဟုတ်ကြချေ။

ဖေးပြောင်းက ဆက်၍အော်ပြန်သည်။

“လှိုကျက်ဖုန်းရဲ့ တပည့်ရင်းတွေလည်း … ဘယ်ဘက်ကိုလျှောက်လာကြ … လျှောက်မလာရင် လှိုကျက်ဖုန်းနဲ့ အတူတူ အပြစ်ဒဏ်ခံရမယ် … ”

ထိုအခါ လှိုကျက်ဖုန်း၏တပည့်ကြီး တားနင်းက ဒေါသတကြီး ပြန်အော်လိုက်သည်။

“ကျုပ်တို့က ဆရာ့ကျေးဇူးကို ဘယ်တော့မှမမေ့နိုင်ဘူး … အခု ကျုပ်တို့ဆရာ ဒုက္ခရောက်နေတဲ့အချိန်မှာ ကျုပ်တို့က ဘယ်လိုလုပ်ပြီး ဘေးကင်းရန်ကင်း သွားရပ်နိုင်မလဲ … ဆရာဒုက္ခရောက်နေချိန်မှာ ကျုပ်တို့က ဆရာ့ဘေးမှာပဲရပ်မယ် … သေအတူရှင်မကွာဘဲ ”

တားနင်း၏စကားများသည် လှိုကျက်ဖုန်း၏နှလုံးသားများကို ထိခိုက်နာကျင်သွားတော့သည်။ လှိုကျက်ဖုန်းသည် တုန်ယင်သောလှိုက်လှဲသောလေသံဖြင့် ..

“တော်ပါပေတယ် တားနင်း … တော်ပါပေတယ် … ငါတပည့်တွေရဲ့ဆရာ ဖြစ်ရကျိုးနပ်ပါတယ် … မင်းဆီက ဒီစကားကြားလိုက်ရတာနဲ့ ဆရာသေပျော်ပါပြီ … ဒါပေမယ့် ဒီကိစ္စက ဆရာ့ကိစ္စသက်သက်ပါ … မင်းတို့အားလုံး ဟိုဘက်ကိုသွားကြပါ … ”

ဟု ကြေကွဲစွာ ပြောလိုက်သည်။

သူ၏စကားမဆုံးမီပင် သူ၏ဒုတိယတပည့်မီဝေးသည် ဓားကို‘ရှမ်း’ခနဲ ဆွဲထုတ်လိုက်ပြီး …

“ကျုပ်တို့ ဆရာတပည့်တွေဟာ ဂိုဏ်းကြီးငါးဂိုဏ်းကို ယှဉ်လို့မရမှန်း ကျုပ်တို့သိနေတယ် … ဒီနေ့ ခင်ဗျားတို့က ကျုပ်ရဲ့ဆရာကို သတ်ဖို့ ကြံနေကြတယ် မဟုတ်လား … ကျုပ် မသေသေးသရွေ့ ကျုပ်ဆရာကို ခင်ဗျားတို့ သတ်လို့မရဘူး … ”

ဟု ရဲဝံ့စွာ ပြောလိုက်တော့၏။

ထိပ်သီးသိုင်းဆရာကြီးများသည် လှိုကျက်ဖုန်း၏ ဂုဏ်ယူနိုင်လောက်သော တပည့်များအတွက် ချီးကျူးသော မျက်လုံးအစုံဖြင့် ကြည့်လိုက်မိကြသည်။

မီဝေးသည် ဓားကိုကိုင်၍ သူ့ဆရာရှေ့တွင်ကာ၍ ရပ်ထားလိုက်တော့၏။ ဖေးပြောင်းသည် မီဝေးကို တစ်ချက်ကြည့်လိုက်ရင်း မဲ့ပြုံးပြုံးကာ လက်ယမ်းပြလိုက်သည်။ ထိုအခါ ‘ရှမ်း’ ခနဲ အသံတစ်ချက်ကြားလိုက်ရပြီး အပ်ချောင်းတစ်ချောင်းသည် လျှပ်တစ်ပြက်ရောက်ရှိလာတော့၏။

လှိုကျက်ဖုန်းသည် ထိတ်လန့်သွားပြီး မီဝေးကို တွန်းဖယ်ပစ်လိုက်၏။

အပ်ချောင်းသည် မီဝေးကို လွဲချော်သွားပြီး လှိုကျက်ဖုန်းထံသို့ စိုက်လာတော့သည်။

လှိုကျက်ဖုန်းက မီဝေးကို တွန်းဖယ်လိုက်သည့်အချိန်နှင့် တစ်ပြိုင်တည်းလိုလို တားနင်းက လှိုကျက်ဖုန်း၏ရှေ့သို့ ဝင်ကာလိုက်တော့၏။

သူ့ထံမှ ‘အား’ ခနဲ အော်သံတစ်ချက် ကြားလိုက်ကြရတော့၏။

လှိုဂုက်အပ်တစ်ချောင်းသည် တားနင်း၏ရင်တည့်တည့် ထိုးစိုက်လျက်ရှိနေချေပြီတကား၊

တားနင်းသည် ချက်ချင်းပင် ဝုန်းခနဲ လဲကျသေဆုံးသွားတော့၏။

လျှို့ကျက်ဖုန်းသည် တားနင်း၏အလောင်းကို ပွေ့ယူလိုက်ပြီး စမ်းသပ်ကြည့်လိုက်သေးသည်။ ပြီးမှ တင်းချုံးဘက်သို့ လှည့်၍ …

"တင်းချုံး … ခင်ဗျားတို့ ကောင်းဆန်းဂိုဏ်းက လူက ကျုပ်ရဲ့တပည့်ကို အရင်သတ်လိုက်ပြီနော် … "

ဟု ပြောလိုက်သည်။

ထိုအခါ တင်းချုံးက ..

"ဟုတ်တယ် … သတ်လိုက်တယ် … ခင်ဗျားက ဘာလုပ်ချင်လို့လဲ … "

လျှို့ကျက်ဖုန်းသည် တားနင်း၏အလောင်းကို တင်းချုံးထံသို့ပစ်ပေါက်လိုက်၏။ တင်းချုံးက သူ၏အတွင်းအားကို ထုတ်၍ အလောင်းကို ဖမ်းယူရန်ပြင်ဆင်လိုက်သည်။ သို့သော် လျှို့ကျက်ဖုန်း၏လက်သည် ရုတ်တရက် ပြန်လည် ရုပ်သိမ်းသွားပြီး အလောင်းကို ဖေးပြောင်းထံသို့ ပစ်လိုက်တော့၏။

ဖေးပြောင်းသည် ရုတ်တရက် အငိုက်မိသွားသဖြင့် သူ၏လက်နှစ်ဖက်ကို ရှေ့တွင် ကပျာကယာကာထားလိုက်သည်။ ထိုအခိုက် အတန့်အတွင်းမှာပင် သူ့ခါး၌ တစ်ချက်မျှ ထုံကျဉ်သွားသည်ကို ခံစားလိုက်ရတော့သည်။

အကြောင်းမှာ လျှို့ကျက်ဖုန်းသည် အလောင်းကို လှမ်းပစ်ပြီးသည်နှင့်တစ်ပြိုင်နက် ခုန်ဝင်လာကာ ဖေးပြောင်း၏ အကြောကို ထိုးပိတ်လိုက်ခြင်းဖြစ်တော့၏။

တစ်ချိန်တည်းမှာပင် ဖေးပြောင်း၏လက်တွင်းမှ အဖွဲ့ချုပ်အလံကို ယူလိုက်ပြီး ညာလက်က ဖေးပြောင်း၏ဓားကို ဆွဲယူလိုက်ကာ ဖေးပြောင်း၏လည်ပင်းတွင် တင်ထားလိုက်တော့၏။

× × × × × ×

## ကျူပင်စုတ် ကျူငုတ်မကျန်

လျှို့ကျက်ဖုန်းသည် တစ်ချက်တည်းနှင့် ဖေးပြောင်းကို ထိန်းချုပ်နိုင်ပြီးနောက် အော်ပြောလိုက်၏။

"တင်းချုံး ... လုဖား ... ခင်ဗျားတို့နှစ်ယောက်ကို ကျုပ်တစ်ခု တောင်းဆိုချင်တယ် ... "

တင်းချုံးတို့နှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် ကြည့်မိကြပြီး သူတို့၏စိတ်ထဲတွင် ..

"ဖေးပြောင်းက သူ့လက်ထဲမှာ ရောက်နေပြီဆိုတော့ သူ့ရဲ့စကားကို နားထောင်ကြရတော့မှာပဲ ... " ဟု တွေးလိုက်မိကြသည်။

တင်းချုံးက ..

"ဘာကို တောင်းဆိုမှာလဲ ... "

လျှို့ကျက်ဖုန်းက ..

"ကျုပ်တို့မိသားစုနဲ့ ဆရာတပည့်တွေအားလုံး ဒီသိုင်းလောကကနေ ထွက်သွားမယ် ... ဖေးရန်နဲ့လည်း လုံးဝမတွေ့တော့ဘူး ... ဒီတစ်သက်မှာ မြေပြန့်ကို ကျုပ်တို့ လုံးဝပြန်မလာတော့ဘူး ... "

တင်းချုံးသည် တွေဝေသွားကာ ..

"ဒီကိစ္စကိုတော့ ကျုပ်တို့ဂိုဏ်းချုပ်ကြီးနဲ့ ဆွေးနွေးမှဖြစ်လိမ့်မယ် ... "

ဟု ပြောသည်။

လျှို့ကျက်ဖုန်းက

"အခု ဒီမှာဆိုရင် ထိုက်ဆန်းဂိုဏ်း၊ ဝါဆန်းဂိုဏ်းနဲ့ ဟန်ဆန်းဂိုဏ်းက ဆရာမကြီးတို့ ရှိနေကြပြီပဲ ... နောက်ပြီး ဝါရင့်ဆရာကြီးတွေလည်း အားလုံး ဒီမှာရှိနေကြတာပဲ ... သူတို့ သက်သေလုပ်နိုင်ပါတယ် ... "

သူက ပြောရင်း ဧည့်သည်အားလုံးကို ကြည့်ကာ ...

"ဒီက နောင်တော်ကြီးအားလုံးကို ကျုပ် တောင်းပန်ပါတယ်၊ ကျုပ်တို့မိသားစုတွေကို ညှာတာတဲ့အနေနဲ့ ကျုပ်ပြောတဲ့အတိုင်း ဆောင်ရွက်ပေးကြပါ ... "

ဟု တောင်းတောင်းပန်ပန် ပြောလိုက်တော့သည်။

တင့်ရီမယ်သီလရှင်ကြီးသည် အပြင်ပန်းအားဖြင့်သာ မာကျောပြီး အတွင်းစိတ်သဘောထားကမူ အလွန် ပျော့ပျောင်းသူဖြစ်သည်။

ဒေါသကြီးသော်လည်း စိတ်သဘောထားကောင်းသူဖြစ်ရာ သူမက ရှေးဦးစွာ ပြောလိုက်တော့သည်။

"ဒီလိုဆိုရင်လည်း ကောင်းတာပဲ ... အားလုံးလည်း မိတ်မပျက်ကြဘူး ... တင်းချုံး ... သူ့ရဲ့ တောင်းဆိုချက်ကို မြေပြန့်ကို ပြန်မလာတော့ဘူးဆိုရင် ဒီကိစ္စအားလုံး ပြတ်သွားပြီပဲ ... "

သို့သော် လုဖားက အေးစက်စွာဖြင့် ပြောလိုက်၏။

“ဘယ်ဖြစ်နိုင်မလဲ ... ကျုပ်တို့က သူ့ရဲ့ တောင်းဆိုချက်ကို လက်ခံလိုက်ရင် ကျုပ်တို့က သူ့ကိုကြောက်လို့ လက်ခံတယ် ဖြစ်သွားမှာပေါ့ ... သူက ကျုပ်တို့ဂိုဏ်းသားတစ်ယောက်တည်းကိုသာ ချုပ်ကိုင်ထားတာပါ ... ”

သူက သူ၏ဂိုဏ်းသားများဘက်သို့ လှည့်၍ အမိန့်ပေးလိုက်၏။

“အားလုံး အသင့်ပြင်ထားကြ ... ”

ပြီးနောက် အမိန့်ပေးလိုက်ပြန်သည်။

“ရှူးချူး ... မင်းကပထမ စလိုက် ... ”

ထိုအခါ လျှိုကျက်ဖုန်း၏ သားနောက်တွင်ရပ်နေသော ကောင်းဆန်းဂိုဏ်းသားတစ်ယောက်က ဓားကိုရှေ့သို့ထုတ်ပြီး လျှိုကျက်ဖုန်း၏သားကို ထောက်ထားလိုက်တော့၏။

လျှိုကျက်ဖုန်း၏သားမှာမူ အံကိုတင်းတင်းကြိတ်ထားပြီး ခိုင်မာသောစိတ်ဓာတ်ရှိကြောင်း အမူအရာအားဖြင့် ပြသလျက် ရှိနေပေ၏။

လုဖားက အေးစက်စွာ ပြောလိုက်သည်။

“လျှိုကျက်ဖုန်း ... ခင်ဗျားလက်ထဲက အဖွဲ့ချုပ်အလံနဲ့ ဖေးပြောင်းကို ချက်ချင်း ကျုပ်တို့လက်ထဲလွှဲပါ ... ”

လျှိုကျက်ဖုန်းသည် ရဲရင့်တည်ကြည်သော မျက်နှာဖြင့် သူ့သားကိုကြည့်ကာ ..

“သားလေး ... မင်းသေရမှာ ကြောက်နေသလား ... ”

“ဟင့် ... သားမကြောက်ဘူး ... ဒီလို မတရားအင်အားသုံးပြီး အကျပ်ကိုင် အနိုင်ကျင့်တာမျိုးကို ပိုမကြောက်သေးတယ်”

“လိမ္မာတယ် ... ငါ့သား လိမ္မာတယ် ... ”

ထိုစဉ် လုဖား၏အသံ ပေါ်လာတော့၏။ ငှက်ဆိုးထိုးသံနှယ်ပင်တည်း။

“သတ်လိုက် ... ”

ရှူးချူးက ဓားဖြင့် ထိုးစိုက်လိုက်ရာ လျှိုကျက်ဖုန်း၏သားသည် ပွဲချင်းပြီး သေဆုံးသွားတော့၏။

လျှိုကျက်ဖုန်း၏ဇနီးသည် စူးစူးဝါးဝါးအော်ကာ သူမသားရှိရာသို့ ခုန်ဝင်သွားရာ လုဖားက ထပ်အော်လိုက်ပြန်သည်။

“သတ် ... ”

ထိုအခါ ရှူးချူးသည် ဓားဖြင့် သူမ၏နောက်ကျောသို့ ထိုးစိုက်လိုက်ပြန်တော့သည်။ ဇနီးသည်လည်း ဝိဉာဉ်ချုပ်သွားရပြန်ပေပြီ။

တင့်ရီမယ်သီလရှင်ကြီးသည် အကြီးအကျယ်ဒေါသထွက်လာသဖြင့် ရှူးချူးထံသို့ ခုန်ဝင်သွားပြီး လက်ဝါးစောင်းဖြင့် ခုတ်ချလိုက်တော့သည်။

တင်းချုံးကလည်း ချက်ချင်းခုန်ဝင်သွားကာ လက်ဝါးစောင်းချင်း ရိုက်လိုက်တော့၏။

တင့်ရီမယ်သီလရှင်ကြီးသည် ရှူးချူးကို ခြောက်လှန့်သောသဘောဖြင့် လက်ဝါးစောင်းရိုက်ခြင်းဖြစ်ရာ အားကုန်ထုတ်၍ ရိုက်ခြင်းမဟုတ်ပေ။ သို့သော် တင်းချုံးကမူ အားထုတ်၍ ခုခံလိုက်ခြင်းဖြစ်သဖြင့် တင့်ရီမယ်သီလရှင်ကြီးအနေဖြင့် ပြင်းထန်သောဒဏ်ရာကို ရရှိသွားတော့၏။

သူမ၏ရင်ဘတ်တွင် သံတူနှင့် ထုနှက်လိုက်သကဲ့သို့ ပြင်းထန်သော ဒဏ်ချက်တစ်ခုကို ခံလိုက်ရတော့၏။

သူမ၌ အတွင်းဒဏ်ရာရသွားမှန်း သိလိုက်ရသဖြင့် သူမ၏ဂိုဏ်းသားများအား လှည့်၍ ပြောလိုက်တော့၏။

“ငါတို့ ပြန်ကြမယ် ... ”

တင့်ရီမယ်သီလရှင်ကြီးသည် သူမ၏ ဟန်ဆန်းဂိုဏ်းသားများနှင့်အတူ ပြန်သွားတော့သည်။

ထိုအချိန်တွင် လုဖား၏အော်ဟစ်အမိန့်ပေးသံ ကြားလိုက်ရပြီး လျှိုကျက်ဖုန်း၏တပည့်နှစ်ယောက် အသတ်ခံလိုက်ရပြန်သည်။

ထို့နောက် လျှိုကျက်ဖုန်း၏သမီး အသတ်ခံလိုက်ရပြန်သည်။

ခန်းမကြီးထဲတွင် သိုင်းသမားများ များပြားစွာရှိနေကြသော်လည်း အားလုံး ငြိမ်သက်တိတ်ဆိတ်စွာ ကြည့်ရှုနေကြသည်။

အဘယ်ကြောင့်ဆိုသော် ... ဤကိစ္စသည် သိုင်းလောက၏ အထက်လမ်းနှင့် အောက်လမ်းဂိုဏ်းတို့၏ ရန်ငြိုးနှင့်ပတ်သက်နေသောကြောင့်ပေတည်း။

တင့်ရီမယ်သီလရှင်ကြီးပင်လျှင် ဝင်စွက်မိသည့်အတွက် အတွင်းဒဏ်ရာ ရရှိသွားခဲ့ပြီ မဟုတ်ပါလား။

ထို့ပြင် ထိုက်ဆန်းဂိုဏ်းချုပ်ကြီးနှင့် ဝါဆန်းဂိုဏ်းချုပ်ကြီးတို့ပင် ငြိမ်သက်နေကြသဖြင့် မည်သည့်သိုင်းသမားသည် ဤကိစ္စ၌ ဝင်စွက်ဖက်ရဲတော့မည်နည်း။

ဤသို့ဖြင့် နောက်ဆုံးတွင် လျှိုကျက်ဖုန်း၏ သားအငယ်ဆုံးတစ်ယောက်သာ ကျန်တော့သည်။

လျှိုကျက်ဖုန်းနှင့် ပတ်သက်သမျှတို့ အားလုံးလိုလို သေဆုံးခဲ့ကြရပြီ။

ခန်းမကြီးတစ်ခုလုံး ရဲရဲနီသောသွေးများ ဖုံးလွှမ်းခဲ့ရလေပြီ။

လျှိုကျက်ဖုန်း၏ သားအငယ်ဆုံးမှာ ရုပ်ရည်ချောမောလှသော်လည်း အနည်းငယ် ပျော့ညံ့ရှာသည်။

လျှိုကျက်ဖုန်း၏သားသမီးများအနက် သသတ္တိအနည်းဆုံးသော သားငယ်ကလေးဖြစ်သည်။

သူ့ကို ရှေ့ထုတ်လိုက်သောအခါ တစ်ကိုယ်လုံး တဆတ်ဆတ်တုန်လျက် ရှိနေတော့၏။

လုဖားသည် လျှိုကျက်ဖုန်း၏သားငယ် တုန်လှုပ်နေသည်ကို တွေ့ရသောအခါ ဤအချက်ကို အမြတ်ထုတ်ရန် စိတ်ကူးလိုက်တော့သည်။

သူက ...

"မင်း သေရမှာကြောက်သလား ... "

သားငယ်က ခေါင်းညိတ်ပြသည်။

လုဖားက ...

"သေရမှာကြောက်ရင် ငါ့ကိုတောင်းပန်လိုက် ... "

လျှိုကျက်ဖုန်းက ဝင်၍ပြောလိုက်သည်။

"သားလေး ... မင်းရှေ့မှာပဲ မင်းရဲ့အစ်ကို မင်းရဲ့အစ်မ ရဲရဲဝံ့ဝံ့ သေသွားကြတာ သားလေးမြင်တယ် မဟုတ်လား ... သားလေးလူတိုင်းလူတိုင်း မွေးဖွားလာခဲ့ရသလို တစ်ကြိမ်တော့ သေရမှာပဲ ... လူတိုင်းတွေ့ရမယ့် သေခြင်းတရားကို အခု သားလေး တွေ့ရတာပဲ၊ ဘာများ ကြောက်စရာရှိသလဲ သား ... "

"ဒါပေမယ့် ... သူ ... သူတို့က ... "

လျှိုကျက်ဖုန်း၏သားငယ်သည် ထစ်ထစ်ငေါ့ငေါ့ ဖြစ်နေရာမှ အရှိန်ရသွားဟတ်ဖြင့် အသံကိုမြှင်၍ ရုတ်တရက် ပြောလိုက်သည်။

"အဖေ ... သဘောတူလိုက်ပါ အဖေ ... ဟို ... ဟို ... ဖေးရန်ဆိုတဲ့လူကို သတ်ဖို့ သဘောတူလိုက်ပါ အဖေ ... "

လျှိုကျက်ဖုန်းသည် ယမ်းပုံမီးကျ ဒေါသထွက်လာတော့သဖြင့် စူးစူးဝါးဝါး အော်လိုက်သည်။

"ခွေးမသား ... ဘာပြောတယ်ကွ ... ငါ့သွေး တစ်စက်မှ မပါတဲ့ကောင် ... "

ဆယ်တင်းက ဓားဖြင့် ထိုသား၏နှာခေါင်းကို ချိန်ထားလိုက်ပြီး ..

"ဟော့ကောင် ... မင်း မတောင်းပန်သေးဘူးလား၊ မတောင်းပန်ရင်တော့ ငါက မင်းရဲ့နှာခေါင်းကို ခုတ်ဖြတ်ချလိုက်မယ် ... ကဲ၊ တစ် ... နှစ် ... "

ဆယ်တင်း၏ပါးစပ်မှ 'သုံး' ဟူ၍ မအော်မီပင် လျှိုကျက်ဖုန်း၏သားငယ်သည် ရုတ်တရက် ဒူးထောက်ထိုင်ချလိုက်ပြီး ..

"မသတ်ပါနဲ့ ... ကျွန်တော့်ကို မသတ်ပါနဲ့ ... ကျွန်တော်တောင်းပန်ပါတယ် ... " ဟု ပြောလိုက်တော့၏။

လုဖားသည် အလွန်သဘောကျသွားသဖြင့် သူ့တစ်ကိုယ်လုံးကိုလှုပ်အောင် ရယ်နေတော့သည်။ သူသည် လျှိုကျက်ဖုန်း၏ ပျော့ကွက်ကို နင်းမိလိုက်ပြီ မဟုတ်ပါလော။

လုဖားက ..

"ကောင်းပြီ ... မင်းကို ငါမသတ်တာကတော့ လွယ်ပါတယ်၊ မင်းက ဒီလူကြီးတွေအားလုံးရှေ့မှာ မင်းအဖေ လျှိုကျက်ဖုန်းကို အပြစ်တင် ရှုံ့ချရမယ် ... ဒါမှ မင်းအသက် ချမ်းသာရာရမှာ ... "

လျှိုကျက်ဖုန်း၏သားငယ်သည် တံတွေးတစ်ချက်မျိုချလိုက်ပြီး ညှိုးငယ်သောမျက်နှာဖြင့် လျှိုကျက်ဖုန်းကို လှမ်းကြည့်လိုက်၏။

လျှိုကျက်ဖုန်းသည် သူ၏သမီးငယ် သေဆုံးသည်အထိ ရဲရင့်တည်ကြည်ခိုင်မာစွာ ကျောက်ရုပ်ကြီးသဖွယ် တည်ငြိမ်နေခဲ့သည်။

ယခုအချိန်၌မူ သူ့ကိုယ်သူထိန်းသိမ်းရန် လုံးဝမတတ်နိုင်တော့ပေ၊ ဒေါသကြောင့် တစ်ကိုယ်လုံး တုန်ယင်လျက် ရှိနေပေတော့သည်။

သူ၏သားငယ်သည် သူ့ကို အရှက်ရနေစေပြီ မဟုတ်ပါလော။

ထိုစဉ် လုဖားက အော်၍ ..

"မင်းအဖေ မကောင်းဆိုးဝါးဂိုဏ်းသားနဲ့ ပေါင်းတာ ပေါင်းသင့်သလား ... မပေါင်းသင့်ဘူးလား ... "

"မပေါင်းသင့် မပေါင်းအပ်တဲ့ လူနဲ့ ပေါင်းတဲ့အတွက် မင်းအဖေကို သတ်သင့်သလား ... "

လျှိုကျက်ဖုန်း၏သားငယ်သည် ခေါင်းငုံ့လိုက်သည်။ မည်သူသည် ကိုယ့်ဖခင်ကို သတ်သင့်သည်ဟု ပြောရဲပါမည်နည်း။ သူ မပြောရဲတော့သဖြင့် ခေါင်းကိုသာ တွင်တွင်ငုံ့ထားတော့၏။

လုဖားက ..

"ဒီကောင်လေး စကားမပြောတော့ဘူး ... ဟေ့ ဆယ်တင်း၊ ဒီကောင့်ကို တစ်ချက်တည်းနဲ့ ခုတ်သတ်လိုက်စမ်း ... "

ဆယ်တင်းက ..

"ဟုတ်ကဲ့ ... "

ဟု ဆိုကာ ဓားကို တကယ်ခုတ်ချတော့မည့်ဟန်နှင့် လေထဲသို့ မြှောက်တင်လိုက်တော့၏။

ထိုအခါ လျှိုကျက်ဖုန်း၏သားငယ်၏ တစ်ကိုယ်လုံးသို့ အကြောက်တရားများ ပျံ့နှံ့ကုန်တော့၏။

သူ့စိတ်ထဲတွင် ဖခင်ကိုလည်း မမြင်တော့။ တခြား မည်သူ့ကိုမျှလည်း မမြင်တော့။

သေခြင်းကို ကြောက်လန့်သည့်စိတ်ဓာတ်က လွှမ်းမိုးနေတော့သဖြင့် အလန့်တကြား ထစ်ထစ်ငေါ့ငေါ့ဖြင့် ပြောလိုက်တော့၏။

"ဟုတ် ... ဟုတ်ကဲ့ ... သတ် ... သတ်သင့်ပါတယ် ... "

လုဖားက ..

"ကောင်းပြီ ... ဒီနေ့ကစပြီး မင်းဟာ ချုံးဆန်းဂိုဏ်းသား မဟုတ်တော့ဘူး ... လျှိုကျက်ဖုန်းရဲ့သားလည်း မဟုတ်တော့ဘူး၊ မင်းဟာ မကောင်းဆိုးဝါးဂိုဏ်းနဲ့ပတ်သက်ပြီး မှန်ကန်တဲ့အမြင် မင်းမှာရှိတယ် ... ဒီတော့ မင်းကို အသက်ချမ်းသာခွင့် ပေးလိုက်ပြီ ... "

လျှိုကျက်ဖုန်း၏သားငယ်သည် မြေကြီးတွင် ဒူးထောက်နေရာမှ ပြန်လည်မတ်တတ်ရပ်နိုင်စွမ်း မရှိအောင် ဖြစ်နေတော့၏။

သူ၏ဒူးများ ပျော့ခွေနေပေပြီ။

သိုင်းသမားအားလုံးမှာ ဤအချင်းအရာကို တွေ့ရသောအခါ လျှိုကျက်ဖုန်း၏သားငယ်အစား ရှက်မိသည့်စိတ်များ တစ်ကိုယ်လုံး ပျံ့နှံ့လာကြသဖြင့် ထိုသားငယ်အား မကြည့်ချင်အောင် ဖြစ်လာကြတော့၏။ အချို့မှု ထိုသားငယ်အား မကြည့်မိစေရန် မျက်နှာလွှဲနေလိုက်ကြတော့၏။

ဖခင်အရင်းခေါက်ခေါက်ဖြစ်သော လျှိုကျက်ဖုန်းအဖို့ဆိုလျှင် အဘယ်ဆိုဖွယ်ရာ ရှိနိုင်တော့အံ့နည်း။

လျှိုကျက်ဖုန်းသည် သက်ပြင်းရှည်ကြီးတစ်ချက် ချလိုက်ကာ

“လုဖား … ခင်ဗျားတို့ နိုင်သွားပြီ … ”

ဟု ကြေကွဲစွာ ပြောတော့သည်။

လျှိုကျက်ဖုန်းသည် ထိုခဏအတွင်း တွေ့ကြုံ ကြုံကြိုက်ရသည့် စိတ်ပင်ပန်းနွမ်းရိဖွယ်အဖြစ်ကြောင့် ချက်ချင်းလိုလို အိုစာသွားတော့သည်။

သူသည် အလံကို ပစ်ပေးလိုက်ရင်း ဖေးပြောင်းကို ဘယ်ခြေဖြင့် ကန်ထုတ်ပစ်လိုက်တော့၏။

လျှိုကျက်ဖုန်းက တိုးညှင်းသောလေသံဖြင့် ..

“ဒီနေ့ဖြစ်ရတဲ့အပြစ်ကတော့ ကျုပ်ရဲ့အပြစ်နဲ့ ကျုပ်ပါပဲ”

ဟု ပြောပြောဆိုဆို သူ၏လက်တွင် ကိုင်ထားသော ဓားဖြင့်သူ့လည်ပင်းကို လှီးဖြတ်လိုက်တော့၏။

သို့သော် ထိုအချိန်အတွင်းမှာပင် အင်္ကျီနက်ဝတ်ဆင်ထားသော လူတစ်ယောက်သည် လျှပ်တစ်ပြက် ခုန်ဝင်လာပြီး လျှိုကျက်ဖုန်း၏လက်ကို ဆွဲထားလိုကသည်။ သူက လျှိုကျက်ဖုန်းအား ပြောလိုက်၏။

“ရန်ကြွေး … ရန်ကြွေး … ပေးချေဖို့မမေ့နဲ့ … သွားကြစို့”

ထိုလူသည် လျှိုကျက်ဖုန်း၏လက်ကိုဆွဲ၍ အပြင်သို့ထွက်ပြေးသွားတော့၏။

လျှိုကျက်ဖုန်းသည် အံ့အားကြီးသင့်နေရာမှ လွှတ်ခနဲ အော်လိုက်မိတော့သည်။

“အစ်ကိုကြီး … ဖေးရန် … ”

အင်္ကျီနက်ဖြင့် ရုတ်တရက် ခုန်ဝင်လာသူကား မကောင်းဆိုးဝါးဂိုဏ်း၏ ဝါစဉ်ကြီးပုဂ္ဂိုလ် ဖေးရန် ဖြစ်နေချေသည် တကား။

ဖေးရန်နှင့် လျှိုကျက်ဖုန်းတို့သည် သုံးလှမ်းခန့်မျှသာ ပြေးရသေးသည်။ တင်းချုံး၊ လုဖားနှင့် ဖေးပြောင်းတို့ သုံးယောက်က လက်ဝါးခြောက်ခုဖြင့် ဖေးရန်၏နောက်ကျောသို့ အပြင်းအထန်ဆုံးအင်အားကိုသုံးကာ ရိုက်ချလိုက်ကြသည်။

ဖေးရန်က အခြေအနေကို ကောင်းစွာသုံးသပ်မိသည်။

အကယ်၍ သူကသာ ဤအချိန်၌ ပြန်လှည့်၍တိုက်ခိုက်ခဲ့လျှင် သူတို့နှစ်ယောက်စလုံး သေချာပေါက် အသတ်ခံရပေမည်။

အဘယ်ကြောင့်ဆိုသော် တင်းချုံး၊ လုဖားနှင့် ဖေးပြောင်းတို့သာမက များပြားလှစွာသော ထိပ်သီးသိုင်းသမားများ ဤနေရာ၌ စုဝေးရောက်ရှိနေကြသည် မဟုတ်ပါလော။

ထို့ကြောင့် ဖေးရန်သည် ပြန်လည်တိုက်ခိုက်ရန် စိတ်မကူးဘဲ သူ၏အတွင်းအားကို စုစည်းလိုက်ပြီး တောင့်ခံလိုက်တော့သည်။

ဘုန်းခနဲ ရိုက်ခတ်မိသံ ကြားလိုက်ရပြီးသည်နှင့် ဖေးရန်မှာ ဝေ့ခနဲ သွေးများထိုးအန်လိုက်တော့၏။

သူသည် ချက်ချင်းပင် သူ့လက်ကို နောက်ပြန်တစ်ချက် ဝှေ့ယမ်းလိုက်ရာ မည်းနက်သော အပ်ချောင်းများသည် မိုးသီးမိုးပေါက်ပမာ ပြန့်ကြဲသွားတော့၏။

တင်းချုံးက စိုးရိမ်တကြီး အော်ဟစ်သတိပေးလိုက်သည်။

“အဆိပ်အပ်ချောင်းတွေ … ”

သူသည်ပင် အော်ရင်းပြောရင်း ကမန်းကတန်း ဘေးသို့ ခုန်ထွက်ရှောင်တိမ်းလိုက်တော့၏။

ခန်းမထဲရှိ သိုင်းသမားများသည်လည်း အဆိပ်အပ်ချောင်းဟူသော အော်သံကြားလိုက်ရသည်နှင့် ရုတ်ရုတ်သဲသဲ ဖြစ်သွားကြရတော့သည်။

အချို့မှာ ကြောက်လန့်တကြားထွက်ပြေးရှောင်တိမ်းကြသည်။

ဤမျှ ဝရုန်းသုံးကား ဖြစ်နေကြသဖြင့် အဆိပ်အပ်ချောင်းများကို အချို့သိုင်းသမားများအနေဖြင့် မရှောင်တိမ်းနိုင်ဘဲ ဖြစ်သွားကြရသည်။

'အား' 'အောင်မယ်လေး' စသည့် အော်သံများ ဘဝဂ်ညံသည့်တိုင် ဆူညံသွားကြတော့သည်။

ထိုအချိန်တွင် ဖေးရန်နှင့် လျှိုကျက်ဖုန်းတို့မှာ ဤအိမ်ဂေဟာကြီးနှင့် အလှမ်းကွာဝေးသည့်အရပ်သို့ ရောက်ရှိသွားကြလေပြီ။

× × × × × ×

လင့်ဟူချုံး၏ရင်ဝမှ ဒဏ်ရာသည် အသက်အန္တရာယ်နီးသည်အထိ ဒဏ်ရာပြင်းထန်ခဲ့သော်လည်း ဟန်ဆန်းဂိုဏ်း၏ ထက်မြက်လှသော အသားကပ် အရိုးဆက်လိမ်းဆေးကြောင့် အသက်အန္တရာယ်မှ လွတ်ကင်းခဲ့ရသည်။

ထို့ပြင် ရေတံခွန်ဘေးတွင် နှစ်ရက်နှင့် နှစ်ညမျှ အနားယူလိုက်သောအခါ ဒဏ်ရာကောင်းစွာကျက်သွားတော့သည်။ ဤသို့ အနားယူနေစဉ်အတွင်း အစားအသောက်အတွက် ထွေထွေထူးထူး ရှာဖွေခြင်း မပြုကြပေ။

သူတို့နှင့် အလှမ်းမကွာ့တကွာတွင်ရှိသော ဖရဲခင်းကြီးသည် သူတို့၏ရိက္ခာများပင် ဖြစ်တော့၏။

ဝမ်းဗိုက်ဆာလောင်လာသည်နှင့် ဖရဲသီးများ ခွဲစိတ်စားသုံးက အဆာဖြေကြသည်။

ယနေ့ညနေ မှောင်စပြုံးအချိန်ကာလ၌ သူတို့နှစ်ယောက်သည် ကျောက်တုံးကြီးများတွင် မှီထိုင်ကာ အနားယူနေကြသည်။

မြက်ပင်များကြားမှ တလင်းလင်း တလက်လက် မှိတ်တုတ်မှိတ်တုတ် ပျံသန်းနေသော ပိုးစုန်းကြူးကလေးများကို ကြည့်နေမိကြသည်။

လင်ဟူချုံးက ..

"ညီမလေး ... မင်း ... ပိုးစုန်းကြူး အကောင်တစ်ထောင်လောက် ဖမ်းဖူးရဲ့လား ... "

"ဟင့်အင်း ... အစ်ကိုကြီးကလည်းကြံကြံဖန်ဖန် ... ဖမ်းရင်လည်း တစ်ကောင်နှစ်ကောင် ... အလွန်ဆုံး ဆယ်ကောင်လောက်တော့ ဖမ်းမှာပေါ့ ... "

"အေး ... ညီမလေး ... မဖမ်းဖူးပေမယ့် ငါ ဖမ်းဖူးတယ်ကွ၊ ပိုးစုန်းကြူးအကောင် တစ်ထောင်ကျော်လောက်ကို ဖမ်း ... ဇာအိတ်ဆယ်အိတ်ထဲကိုထည့် ... အခန်းထဲမှာ ချိတ်ထားလိုက်တော့ ... ဟာ ... ဘာပြောကောင်းမလဲ ... သိပ်ကြည့်ကောင်းတာပဲ ... "

ရီလင်သည် လင့်ဟူချုံး၏စကားကို ကြားလိုက်ရသောအခါ သူမ၏စိတ်ထဲတွင် တွေးနေလိုက်မိသည်။

"သူက ဒီလောက် ဖြစ်ကတတ်ဆန်း နေတတ်တဲ့လူပဲ ... ဇာအိတ်ဆယ်အိတ်ချုပ်ဖို့ဆိုတာ လွယ်တာ မဟုတ်ဘူး ... သူ ဘယ်နည်းနဲ့မှ ဇာအိတ်တွေ ချုပ်မှာမဟုတ်ဘူး ... လိန်လိန်ချုပ်တာပဲဖြစ်မယ်၊ ပိုးစုန်းကြူးတွေ ဖမ်းခိုင်းတာလည်း လိန်လိန်ပဲ ဖြစ်ရမယ် ... "

ဤသို့ တွေးလိုက်မိခြင်းကြောင့် ကောက်ကာငင်ကာ မေးလိုက်သည်။

ဒီပိုးစုန်းကြူးတွေကို အစ်ကိုကြီးရဲ့ညီမလေး လိန်လိန်က ဖမ်းခိုင်းတာ မဟုတ်လား။ ... ”

လင့်ဟူချုံးသည် တဟားဟား ရယ်မောရင်း ..

“မင်း သိပ်တော်တာပဲ ... လိန်လိန် ဖမ်းခိုင်းတာကို ဘယ့်နှယ်လုပ် သိတာလဲ ... သိပ်အံ့သြစရာကောင်းတယ် ... ”

ဟု ပြောတော့သည်။

ရီလင်ကလည်း ..

“အစ်ကိုကြီးလောက် စိတ်မရှည်တဲ့လူ ဒီလောကထဲမှာ ရှိမှာမဟုတ်ဘူး ... နောက်ပြီး ပိုးစုန်းကြူးတွေနဲ့ ဆော့လောက်တဲ့ ... ကလေးလည်း မဟုတ်ဘူး ... ဒီလောက်များတဲ့ ပိုးစုန်းကြူးတွေကိုဖမ်းဖို့ အစ်ကိုကြီးစိတ်နဲ့ အစ်ကိုကြီးကိုယ် ဘယ်ဖမ်းလိမ့်မလဲ ... ဒီတော့ လိန်လိန်က ဖမ်းခိုင်းလို့သာ ဖြစ်မှာပေါ့ ... ”

ဟု ပြန်ဖြေလိုက်၏။

ထိုအချိန်တွင် ကောင်းကင်ယံမှ ကြယ်ပျံတစ်ခုက ဖြတ်သန်းသွားသည်ကို တွေ့လိုက်ကြရသည်။ ရီလင်က ..

ကျွန်မရဲ့ ဂိုဏ်းတူအစ်မတွေက ပြောတယ် ... ကြယ်ကြွေတာကို တွေ့လိုက်တဲ့လူတစ်ယောက်ဟာ ခါးစည်းမှာ အထုံးတစ်ထုံး ထုံးပြီး တစ်ချိန်ထဲမှာ ကိုယ်လိုရာဆုကိုတောင်းရင် ဆုတောင်းပြည့်တယ်လို့ ပြောကြတယ် ... အဲဒီစကားကို အစ်ကိုကြီး ယုံသလားဟင်”

လင့်ဟူချုံးက ..

“ငါတော့ မကြားဖူးပါဘူး ... ဒါပေမယ့် စမ်းကြည့်ကြတာပေါ့၊ ကြယ်ကြွေတာနဲ့အမီ အထုံးတစ်ထုံး ထုံးနိုင်လောက်အောင် ငါတို့လက်က မြန်ပါ့မလား ... ”

လင့်ဟူချုံးသည် ပြေပြေဆိုဆိုဖြင့် သူ၏ခါးစည်းကို ကိုင်ထားလိုက်၏။

ရီလင်အား ..

“ကဲ ... မင်းလည်း အသင့်လုပ်ထားလေ ... နည်းနည်းနောက်ကျတာနဲ့ မီမှာမဟုတ်ဘူး ... ”

ဟု ပြောလိုက်တော့၏။

လင့်ဟူချုံး၏စကားကြောင့် ရီလင်ကလည်း ခါးစည်းနှစ်စကို ကိုင်ထားလိုက်သည်။

သူမက ကောင်းကင်သို့ မော့ကြည့်လျက် ဖြတ်သန်းကြွေဆင်းလာမည့် ကြယ်ပျံများကို ရှာဖွေလျက်ရှိနေသည်။

အတန်ကြာသောအခါ ကြယ်ပျံတစ်ခု ဖြတ်သန်းသွားသည်။

သို့သော် အချိန်တိုတောင်းလွန်းလှ၍ သူမ၏ခါးစည်းကို မထုံးလိုက်နိုင်ပေ။ ထုံး၍ မပြီးသေးမီ ကြယ်ပျံမှာ ပျောက်ကွယ်သွားခဲ့လေပြီ။

ထို့ကြောင့် ထပ်မံစောင့်ဆိုင်း ကြည့်ရှုနေကြပြန်တော့သည်။

သည်တစ်ကြိမ်တွင်တော့ သိပ်မစောင့်လိုက်ကြရပေ။ ကြယ်ပျံတစ်ခုသည် ရှည်လျားစွာ အရှေ့ဘက်မှ အနောက်ဘက်သို့ ပျံသန်းသွားတော့၏။

ရီလင်သည် လျင်မြန်စွာ လှုပ်ရှားလိုက်ခြင်းဖြင့် သူမ၏ခါးစည်းတွင် တစ်ထုံးပြုလုပ်နိုင်ခဲ့ပေသည်။

လင့်ဟူချုံးက ဝမ်းသာအားရဖြင့် မေးလိုက်သည်။

“ဟာ ... မင်းထုံးလို့ရသွားပြီ ... ဟ ... တယ်ဟုတ်ပါလား၊ တော်တယ် ... တော်တယ် ... ဘာတွေများ ဆုတောင်းလိုက်သလဲ”

ရီလင်သည် စိတ်ပျက်လက်ပျက် သက်ပြင်းချရင်း ..

“ဟာ ... ဟုတ်ပါရဲ့ ... ကျွန်မက ခါးစည်းကိုထုံးဖို့ပဲ စိတ်စောနေတော့ ဆုတောင်းဖို့ မေ့နေတယ် ... လုံးဝဆုမတောင်းမိလိုက်ဘူး”

ဟု ပြောမိတော့သည်။

လင့်ဟူချိုးသည် ရီလင်၏အဖြစ်ကို တဟားဟားရယ်မောရင်း

"ဒီလိုဆိုရင် မင်း မြန်မြန်စဉ်းစားလိုက်ပေါ့ ... တစ်ခုခုစဉ်းစားထားပြီး မြန်မြန်ရွတ်လိုက် ... ကြားလား ... "

ဟု ပြောလိုက်သည်။

ရီလင်သည် နောက်တစ်ကြိမ်၌ ထုံးနိုင်ရန် အကျီခါးစည်းကို ကိုင်ထားရင်း စိတ်ထဲတွင် ...

"ငါ ဘာကိုဆုတောင်းရမှာပါလိမ့် ... ဘာကိုဆုတောင်းလိုက်ရင် ကောင်းမလဲ ... "

ဟု တွေးရင်း လင့်ဟူချိုး၏မျက်နှာကို တစ်ချက်မျှ လှမ်းကြည့်လိုက်မိသည်။

ကြည့်ပြီးသည်နှင့် သူမ၏မျက်နှာတစ်ပြင်လုံး နီရဲသွားတော့သည်။

သူမ၏ခေါင်းကို ကပျာကယာ လှည့်လိုက်မိ၏။

ရီလင် စိတ်များ ထိုကဲ့သို့ထွေပြားနေစဉ် ကောင်းကင်ထက်ဝယ် ကြယ်များ တစ်လုံးပြီးတစ်လုံး ကြွေလျက်ရှိနေတော့၏။ လင့်ဟူချိုးက အော်လိုက်သည်။

"နောက်ထပ် ကြယ်တစ်လုံးကြွေသွားပြန်ပြီဟေ့ ... ဒီတစ်ခါကြွေတဲ့ကြယ်က တယ်ကြာပါလား ... အကြာကြီးကို ကြွေကျနေတာပဲ ... ညီမလေး မင်းဆုတောင်းလို့ မီလိုက်သလား ... "

ရီလင်၏စိတ်ထဲတွင် ရှုပ်ထွေးပွေလီမ်နေသည်။ သူမ၏စိတ်ထဲ၌ တစ်စုံတစ်ခုကို ဆုတောင်းချင်မိ၏။

သို့သော် တကယ့်တကယ် ဆုတောင်းရမည်ဆိုသောအခါ၌လည်း ဆုမတောင်းရဲ။ အခက်တကာ့အခက်ကြီး ကြုံနေရှာတော့သည်။

ထိုစဉ် လင့်ဟူချိုး အော်လိုက်ပြန်သည်။

"ညီမလေး ... ဘာတွေငေးနေတာလဲ ... မြန်မြန်ဆုတောင်းလိုက်လေ ... "

ရီလင်ကမူ စိတ်ထဲတွင် တီးတိုးရေရွတ်နေတော့သည်။

"ငါ ဘာကိုဆုတောင်းရမှာလဲ ... ငါ ဘာကိုဆုတောင်းရမှာလဲ ... "

ထိုစဉ် နောက်ထပ် ကြယ်တစ်လုံး ရှည်လျားစွာ ကြွေကျနေပြန်သည်။ ရီလင်သည် အလင်းရောင်အမြီးတန်းလန်းဖြင့် ကြွေကျသွားသော ကြယ်ကြွေကိုသာ ငေးမောကြည့်နေမိတော့၏။

လင့်ဟူချိုးသည် ပြုံးရယ်၍ ..

"အစ်ကိုကြီး ... မပြောနဲ့ ... မပြောနဲ့ ... "

လင့်ဟူချိုးက တဟားဟားရယ်ရင်း ..

"အံမယ် ... ဘာအရေးကြီးလို့လဲ ... ဒါလေး ခန့်မှန်းတာများ၊ ငါသုံးခုခန့်မှန်းမယ် ... မင်းစိတ်ထဲမှာ ဆုတောင်းတာနဲ့ ကိုက်သလား၊ မကိုက်ဘူးလားဆိုတာ ပြောပေါ့ ... "

ဟု ပြောလိုက်သည်။

ရီလင်က မတ်တတ်ထ၍ ခြေထောက်ကလေးဆောင့်ရင်း

"ဟင်းနော် အစ်ကိုကြီး ... နောက်ထပ်ပြောရင် ကျွန်မထွက်သွားတော့မယ် ... "

ဟု ပြောလိုက်သည်။

လင့်ဟူချိုးကမူ သဘောကျလွန်းသဖြင့် တဟားဟားသာ ရယ်မောနေတော့သည်။ ပြီးမှ ..

"ကောင်းပါပြီ ... ကောင်းပါပြီ ... ငါ မပြောတော့ပါဘူး၊ ထိုင်ပါ ... ထိုင်ပါ ... မင်းနေရာမှာပဲ ပြန်ထိုင်ပါတော့ ..."

ဟု ပြောလိုက်ရတော့၏။

ထိုစဉ် ဟိုအဝေးဆီမှ ကြိုးတပ်တူရိယာတစ်ခု၏ ဂီတသံသည် လေထဲဝယ် လူးလွန့်လွင့်မျောလျက် လင့်ဟူချိုးတို့ရှိရာသို့ လွင့်ပျံလာတော့၏။

တစ်စုံတစ်ယောက်က တီးခတ်လိုက်ခြင်းဖြစ်ပေလိမ့်မည်။

လင့်ဟူချိုးနှင့် ရီလင်တို့သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း အလွန်အံ့သြနေကြတော့၏။

သူတို့နှစ်ယောက်စလုံး၏စိတ်ထဲတွင် တူညီသော အတွေးတစ်ခုကို တွေးလျက်ရှိနေကြသည်။

"ဘယ့်နယ် ဒီလို တောကြီးမျက်မည်းထဲမှာ ကြိုးတပ်တူရိယာသံကို ကြားနေရတာလဲ ... "

ထိုကြိုးတပ်တူရိယာ၏အသံသည် အလွန်ပင်သာယာ ငြိမ့်ညောင်းလှသည်။ ကြားလိုက်ရသူမှာ မည်သူမဆို ထိုလက်သံတွင် ယစ်မူးရီဝေသွားရမည်ဖြစ်သည်။

အတန်ကြာသောအခါ ထိုကြိုးတပ်တူရိယာအသံမှာ ပြွေသံတစ်ခုက လေလှိုင်းကို ယိမ်းနွဲ့စွာ ခိုစီးလာပြန်ကြောင်း လင့်ဟူချုံးရော ရီလင်တို့ပါ သတိပြုလိုက်မိကြသည်။

လင့်ဟူချုံးက ရီလင်အား ..

"အခု တီးကြမှုတ်ကြလုပ်နေတဲ့ လူနှစ်ယောက်ဟာ ဘယ်သူတွေလဲ မသိဘူး ... ငါတို့နှစ်ယောက် အသာကလေး သွားကြည့်ရအောင် ... "

ဟု ပြောလိုက်တော့၏။

သူတို့နှစ်ယောက်သည် အသံထွက်ပေါ်လာရာ အရပ်သို့ ဖြည်းညှင်းစွာ ချဉ်းကပ်သွားကြတော့၏။

ကျောက်တုံးကြီးတစ်တုံး၏ရှေ့တွင် လူသုံးယောက် ထိုင်နေသည်ကို တွေ့လိုက်ကြရသည်။

မှုန်ဝါးဝါးဖြစ်နေသဖြင့် မျက်နှာများကို အသေအချာ မမြင်ရပေ။

သို့သော် ယောကျ်ားနှစ်ယောက်နှင့် မိန်းကလေးတစ်ယောက် ဖြစ်မှန်းတော့ သိနိုင်ကြသည်။

ယောကျ်ားနှစ်ယောက်စလုံး ကျောက်တုံးကြီးကို မှီ၍ ထိုင်နေသည်။ တစ်ယောက်က ကြိုးတပ်တူရိယာတစ်ခုကို တီးခတ်လျက်ရှိနေပြီး တစ်ယောက်က ပြွေမှုတ်လျက်ရှိနေ၏။

မိန်းကလေးမှာမူ အနည်းငယ် အရပ်ပုပြီး ကြိုးတပ်တူရိယာတီးခတ်သူ၏ဘေးတွင်ရပ်လျက် ကြည့်နေသည်။

ထိုအသံနှစ်သံ ပေါင်းစပ်လိုက်သောအခါ အလွန်တရာ နားထောင်ကောင်းလှသဖြင့် နားကြောစိမ့်သွားသည်ဟု ပြောရမည်ကဲ့သို့ ဖြစ်နေသည်။

ထိုဂီတသံစဉ်နှစ်ခုတို့သည် တီးခတ်နေသူနှင့် ပြွေမှုတ်နေသူတို့၏ ခံစားချက်များကို ရင်ဖွင့်ပြနေသည့်အလား ထင်မှတ်နေရတော့၏။

ထိုစဉ် ဂီတသံစဉ်နှစ်ခုတို့သည် ပျော့ပျောင်းငြိမ့်ညောင်းစွာ လူးလွန့်လှုပ်ရှားနေရာမှ ရုတ်တရက် စူးရှပြင်းထန်လာတော့သည်။

စစ်တပ်ကြီးများသည် လှိုင်းလုံးကြီးများနယ် ချီတက်လှုပ်ရှားလာသည်ဟု စိတ်ထဲတွင် ထင်ယောင်မြင်ယောင် ဖြစ်လာသည်အထိ သံစဉ်များ ကြမ်းတမ်းလာတော့၏။ လင့်ဟူချုံးပင် ထိုသံစဉ်များကို နားထောင်ရင်း ခုန်ချင်ပေါက်ချင် ကြမ်းချင်ရမ်းချင်စိတ် ပေါက်လာ၏။

ထိုစဉ် တေးသွားသည် ရုတ်တရက် ချက်ချင်းပြောင်းလဲသွား ပြန်တော့၏။

သည်တစ်ကြိမ်တော့ ဆွေးမြေ့ကြေကွဲစွာ ငိုကြွေးနေသကဲ့သို့ မှတ်ထင်ရပြန်တော့သည်။

လင့်ဟူချုံးသည် ငိုချင်စိတ်ပေါက်လာသဖြင့် ရီလင်ကို လှမ်းကြည့်လိုက်မိသည်။

ထိုအခါ မျက်ရည်ပေါက်ပေါက်ကျလျက် ငိုနေသောရီလင်ကိုတွေ့ရသဖြင့် လင့်ဟူချုံးသည် သူ၏ ကျလုလုမျက်ရည်များကို ကြိုးစားသိမ်းဆည်းလိုက်ရတော့၏။

ထိုစဉ် ရုတ်တရက် 'ထန်း' ခနဲ ကျယ်လောင်သောအသံတစ်ချက်ကြားလိုက်ရပြီး တေးသံအားလုံး တိတ်ဆိတ်ငြိမ်သက် သွားတော့၏။ လူနှစ်ယောက်အနက် တစ်ယောက်က ...

"ညီလေး ... မင်းနဲ့ ငါနဲ့တော့ ဒီမှာပဲ အသက်ဆုံးကြရတော့မယ် ... ငါအသက်ဆုံးရှုံးရတဲ့အတွက် ဝမ်းမနည်းပါဘူး ... ညီလေးရယ် ... ငါ့ကြောင့် မင်းတို့ တစ်အိမ်သားလုံး ဒုက္ခရောက်ခဲ့ကြရတာကို ငါ လုံးဝစိတ်မကောင်းဘူး ... ငါဟာ တကယ့်ဂြိုဟ်ကောင်ပဲ ညီလေး ... "

ဟု ပြောလိုက်သည်။

ကျန်တစ်ယောက်က ..

"ကျွန်တော်နဲ့အစ်ကိုကြီးဟာ စိတ်နဲ့ပေါင်းကြတာပဲ ... နလုံးသားချင်း နားလည်နေတဲ့ လူအချင်းချင်း ဒီလိုစကားမျိုး ပြောဖို့ မလိုပါဘူး ... "

ရီလင်သည် ထိုသူ၏အသံကို ကြားလိုက်ရသောအခါ တုန်လှုပ်သွားတော့သည်။ သူမက လင့်ဟူချုံးအား တီးတိုး ပြောလိုက်သည်။

"အစ်ကိုကြီး ... ဒါဟာ ဆရာကြီး လျှိုကျက်ဖုန်းရဲ့အသံပဲ"

သူတို့နှစ်ယောက်သည် လျှိုကျက်ဖုန်း၏ဂေဟာ၌ ဖြစ်ပျက်ခဲ့သည်များကို လုံးဝမသိရှိသဖြင့် ယခုလို ဆရာကြီး နှစ်ယောက် ပြောဆိုနေသည့်စကားများကို လုံးဝနားမလည်နိုင်အောင် ဖြစ်နေတော့သည်။ အလွန်တရာလည်း အံ့ဩနေမိ၏။

ထိုစဉ် လျှိုကျက်ဖုန်းက ..

"လူတိုင်း တစ်နေ့သေရမှာပဲ အစ်ကိုကြီးရယ် ... မရဏသေမင်းဟာ လူတွေနဲ့ တစ်သက်မှာ တစ်ကြိမ်တော့ တွေ့ဆုံရ စမြဲပါပဲ၊ ဘာမှ စိုးရိမ်စရာမလိုပါဘူး ... အရေးကြီးတာက မသေခင် ကိုယ်နဲ့စိတ်တူကိုယ်တူရှိတဲ့ မိတ်ဆွေတစ်ယောက် ရှိလိုက်ဖို့ပါပဲ ... အခု ကျွန်တော့်မှာ အစ်ကိုကြီးလို မိတ်ဆွေတစ်ယောက်ရလိုက်ပြီပဲ ... ကျွန်တော်တော့ သေပျော်ပါပြီ ..."

ကျန်လူတစ်ယောက်က ...

"ညီလေးရဲ့ စိတ်သဘောကို ဖွင့်ပြောနေဖို့ မလိုပါဘူး ညီလေးရာ ... အခု ညီလေးပြုမူခဲ့တဲ့ အပြုအမူက မိတ်ဆွေကောင်းတစ်ယောက်ဟာ ဆွေမျိုးတစ်ရာထက် တန်ဖိုးရှိတယ်ဆိုတဲ့စကားကို အတည်ပြုလိုက်သလိုပါပဲ ... ငါ့ကြောင့် မင်းအင်မတန်ချစ်လှတဲ့ ဇနီး၊ သားသမီးတွေရဲ့ အသက်ကို ဆုံးရှုံးခဲ့တယ်နော် ... ဒါပေမယ့် ညီလေးရဲ့ပြွေသံထဲမှာ ဒေါသသံနည်းနည်းပါနေတယ် ... ညီလေးရဲ့ အငယ်ဆုံးသားလေးအတွက် ဒေါသဖြစ်နေသလား ..."

လျှိုကျက်ဖုန်းသည် သက်ပြင်းချလိုက်ကာ ..

"အစ်ကိုကြီးထင်တာ မှန်ပါတယ် ... ဒီကလေးကို သိပ်အလိုလိုက်ခဲ့မိလို့ အခုလိုဖြစ်ခဲ့ရတာပါ ... "

ဟု ပြန်ဖြေလိုက်သည်။

လျှိုကျက်ဖုန်းနှင့် အပြန်အလှန် စကားပြောဆိုနေသော ပုဂ္ဂိုလ်မှာ မကောင်းဆိုးဝါးဂိုဏ်း၏ ဝါစဉ်ကြီးပုဂ္ဂိုလ် တစ်ဦးဖြစ်သော ဖေးရန်ပင် ဖြစ်သည်။

သူက ..

"ညီလေး ... ညီလေးရဲ့ သားထွေးလေးအတွက် ဘာမှ စိတ်ဒေါသဖြစ်မနေပါနဲ့ ... သူရဲဘောကြောင်တာပဲဖြစ်ဖြစ်၊ သတ္တိရှိတာပဲဖြစ်ဖြစ် နောက်နှစ်တစ်ရာဆိုရင် အားလုံး မြေကြီးထဲရောက်ကုန်မှာချည်းပဲ ... အဲဒီတော့ ဘာထူးဦးမှာလဲ ..."

လျှိုကျက်ဖုန်းသည် လုံးဝတိတ်ဆိတ် ငြိမ်သက်သွားသည်။

အတန်ကြာသောအခါမှ ..

"အစ်ကိုကြီး ... အစ်ကိုကြီးရဲ့ နောက်ကျောမှာ ရလိုက်တဲ့ဒဏ်ရာက နလုံးကြောကို ထိခိုက်မိသွားသလား ... "

ဟု မေးလိုက်သည်။

ဖေးရန်က ..

"ကောင်းဆန်းဂိုဏ်းရဲ့ လက်ဝါးစောင်းက တယ်ပြင်းတာကိုး၊ ငါ့ကိုယ်ကတစ်ဆင့် မင်းဆီ ကူးစက်ထိခိုက်သွားတယ် ဆိုကတည်းက ဘယ်လောက်ပြင်းထန်တယ်ဆိုတာ သိနိုင်တာပဲကွယ် ... ဒီလိုမှန်းသိရင် ငါက ဟိုအဆိပ်အပ်ချောင်း တွေကို မပစ်တော့ပါဘူး ... နောက်ထပ် အသက်တွေ အလဟဿဆုံးလိုက်ရတယ် ... "

လင့်ဟူချုံးမှာ တုန်လှုပ်ချောက်ချားသွားတော့၏။

"ဆရာကြီး လျှိုကျက်ဖုန်းက ဘယ့်နှယ် အဆိပ်လက်နက်သုံးတဲ့လူနဲ့ ပေါင်းနေရတာလဲ ... ဒီလူဟာ မကောင်းဆိုးဝါး ဂိုဏ်းက လူများလားတော့ မသိဘူး ... "

လျှိုကျက်ဖုန်းက ပြုံး၍ ...

"ပြီးတာတွေ ပြီးပါစေတော့ ... ပြန်တွေးရင် စိတ်မကောင်းရုံးပဲ ရှိတော့မှာပါ ... ဘာမှလည်း အကျိုးထူးမှာ မဟုတ်တော့ဘူး ... အခု ကျွန်တော်တို့နှစ်ယောက် နောက်ထပ်တစ်ပုဒ်လောက် တီးမှုတ်ကြရအောင် ... ဒီနေ့ဟာ ကျွန်တော့်အဖို့ လူ့လောကကြီးထဲမှာ နောက်ဆုံးနေလိုက်ရတဲ့ရက် မဟုတ်လား ... ဒီတော့ နောက်ထပ်ငါ့ပြွေသံနဲ့အတူ ကြိုးတပ်တူရိယာ တီးမှုတ်သံတွေကို ဘယ်တော့မှ ကြားနိုင်တော့မှာ မဟုတ်ဘူး ... "

ဖေးရန်က သက်ပြင်းရှည်ကြီးတစ်ချက်ချကာ ..

"ကဲ ... အခု ငါတို့နှစ်ယောက်ရဲ့ အကောင်းဆုံးလက်ရာဖြစ်တဲ့ 'သိုင်းလောကရဲ့စိန်ခေါ်သံ'ကို တီးမှုတ်ကြစို့ ... "

ဟု ပြောလိုက်တော့သည်။

လျှိုကျက်ဖုန်းက ..

"အစ်ကိုကြီးဖေးဖေးအတွက် စိတ်ပူပန်နေသလား ... "

ရီလင်၏ရင်ထဲ၌ လှုပ်ရှားသွားတော့၏။

"သြော် ... သူကလေးက ဖေးဖေးပဲကိုး ... "

တကယ်ပင် ဖေးဖေးပင်တည်း။ သူမ၏အသံကလေးကို လင့်ဟူချုံးတို့ ကြားလိုက်ကြရသည်။

"ဘိုးဘိုး ... ဘာမှ စိုးရိမ်မနေကြပါနဲ့ ... ဘိုးဘိုးနဲ့ ဘဘလျှိုကျက်ဖုန်းတို့ဒဏ်ရာ ပျောက်သွားမှာပါ ... ဖေးဖေးတို့ ဒီအတိုင်းဘယ်နေမလဲ ... နောက်မှ အေးအေးဆေးဆေး ကောင်းဆန်းဂိုဏ်းကိုသွားပြီး ဟိုလူဆိုးတွေကို တစ်ယောက်ပြီး တစ်ယောက် သတ်ပစ်မယ်"

ထိုစဉ် ကျောက်တုံးကြီးနောက်ကွယ်မှ ကျယ်လောင်စွာ ရယ်လိုက်သည့် ရယ်သံကြီးကို ကြားလိုက်ရတော့၏။

ထိုရယ်သံ မဆုံးမီပင် ကျောက်တုံးနောက်မှ လူတစ်ယောက်ခုန်ထွက်လာတော့သည်။

လက်ထဲတွင် ဓားတစ်ချောင်း ကိုင်ထား၏။ ထိုလူကား ကောင်းဆန်းဂိုဏ်းမှ ဖေးပြောင်းတည်း။

ဖေးပြောင်းသည် အေးစက်စွာ ရယ်လိုက်ပြီး ..

"ဒီကောင်မလေးက တကယ်အပြောကြီးပါလား ... ငါတို့ရဲ့ကောင်းဆန်းဂိုဏ်းသားတွေကို တစ်ယောက်ပြီး တစ်ယောက် သတ်ပစ်မယ်တဲ့ ... ငါတို့လက်ချက်နဲ့ နင့်အဘိုး ဘယ်လိုဖြစ်နေသလဲဆိုတာ"

ဟု ပြောလိုက်တော့၏။

လျှိုကျက်ဖုန်းက မတ်တတ်ရပ်လိုက်ပြီး ..

"ဖေးပြောင်း ... ခင်ဗျားဟာ ကျုပ်ရဲ့တစ်အိမ်သားလုံးကို ရက်ရက်စက်စက် သတ်ပစ်ပြီးပြီ ... အခုလည်း ကျုပ်တို့ နှစ်ယောက်စလုံး သေကြရတော့မယ် ... ဒါတောင် ခင်ဗျားက မကျေနပ်သေးဘူးလား ... ဘာလိုချင်သေးလို့လဲ ..."

ဟု တည်ငြိမ်အေးဆေးစွာ မေးလိုက်တော့၏။

ဖေးပြောင်းက တဟားဟားရယ်ရင်း ..

"ဒီကောင်မလေးက ကျုပ်တို့ ကောင်းဆန်းဂိုဏ်းသားအားလုံးကို သတ်မယ်လို့ပြောတယ်မဟုတ်လား ... ဒီတော့ ကျုပ်ကလည်း အားလုံးကို အမြစ်ပါမကျန် သတ်ရတော့မှာပေါ့ ... "

ရီလင်သည် လင့်ဟူချုံးအား လေသံတိုးတိုးဖြင့် ပြောလိုက်သည်။

"အစ်ကိုကြီး ဖေးဖေးနဲ့ သူ့ရဲ့ဘိုးဘိုးဟာ အစ်ကိုကြီးကို ကယ်ခဲ့တဲ့လူတွေပဲ ... ကျွန်မတို့ သူတို့ကိုကယ်ရမယ် ... ဘယ်လိုကယ်ကြမလဲဟင် ... "

လင့်ဟူချုံးသည် သူမ ဤစကားမပြောခင်ကတည်းက မည်သို့ကယ်တင်ရမည်ကို စဉ်းစားနေလေပြီ။

သို့သော် တစ်ချက်စဉ်းစားရသည်မှာ ဖေးပြောင်းသည် ကောင်းဆန်းဂိုဏ်း၏ ထိပ်သီးသိုင်းသမားဖြစ်၍ မိမိ ဒဏ်ရာ မရရှိလျှင်ပင် သူ့ကိုယှဉ်နိုင်လိမ့်မည် မဟုတ်ချေ။

ယခု မိမိမှာ ဒဏ်ရာအကြီးအကျယ် ရရှိထားခဲ့လေပြီ။

ထိုစဉ် လျှိုကျက်ဖုန်းက ခက်ထန်စွာ ပြောလိုက်တော့သည်။

"ဖေးပြောင်း … မင်းက သိုင်းလောကမှာ နာမည်ရှိတဲ့လူပဲ၊ မင်းအနေနဲ့ ငါတို့နှစ်ယောက်ကို သတ်ချင်သတ်လိုက် … ဒီကလေးမလေးကိုတော့ အနိုင်မကျင့်သင့်ဘူး … ဒါအရင့်အမာ သိုင်းသမားတွေရဲ့ အလုပ်မဟုတ်ဘူး … "

သို့သော် ဖေးဖေးမှာ ငယ်ရွယ်နုပျိုသူကလေး ဖြစ်သော်လည်း စိတ်ဓာတ်အလွန်မာကြောသူကလေးဖြစ်၏။

သူမသည် ထိုစကားများကို ကြားရသောအခါ သူမ၏ဘိုးဘိုးအနီးသို့ ပို၍ တိုးကပ်သွားတော့သည်။

ဤနေရာမှ ထွက်ပြေးလိမ့်မည် မဟုတ်ကြောင်း ပြသလိုက်ခြင်းပင်ဖြစ်သည်။

ထို့ပြင် သူမ၏ဓားကို ဆွဲထုတ်ကာ အော်လိုက်သည်။

"လာပါ … သတ်ချင်ရင်လာခဲ့ပါ … ကျွန်မ သေရမှာမကြောက်ဘူး … ကျွန်မဘိုးဘိုးနဲ့အတူ သေပြမယ် … "

ဖေးပြောင်းသည် ဖေးဖေးဓားဆွဲထုတ်လိုက်သည်ကိုကြည့်ပြီး အလွန်သဘောကျသွားတော့၏။ သူကရယ်လိုက်ရင်း…

"နင်က ငါ့ကိုတောင် အရင်တိုက်ခိုက်ဖို့ ကြိုးစားနေတာကိုး ဒီလိုမိန်းကလေးမျိုးက စော်ကားနေတာကို ငါက လက်ပိုက်ပြီး ငုံ့ခံနေလို့ တော်ပါ့မလား … "

ဟု ပြောလိုက်တော့၏။

လျှိုကျက်ဖုန်း၏ ဖေးဖေး လက်ကိုဆွဲ၍ ..

"ဖေးဖေး … သွားစမ်း … မြန်မြန်သွားစမ်း … ဒီကောင့်ကို ငါ တားထားမယ် … "

ဟု အော်လိုက်တော့၏။

သို့သော် သူ့မှာ နှလုံးကြောကို ထိခိုက်ခံထားရသည်ဖြစ်၍ လုံးဝ အတွင်းအား မထုတ်နိုင်တော့ပေ။

ထို့ကြောင့် ဖေးဖေးသည် လျှိုကျက်ဖုန်း၏လက်ထဲမှ အလွယ်တကူ ရုန်းထွက်နိုင်လိုက်သည်။

ထိုအချိန်တွင် ဖေးပြောင်း၏ဓားသည် ပြန်လည်ခုခံလိုက်သည်။

သို့သော် အင်အားချင်း၊ ပညာချင်း လုံးဝမယှဉ်သာသဖြင့် သူမ၏ဓားမှာ လွင့်ထွက်သွားရပြီး ဖေးပြောင်း၏ဓားဖျားက သူမ၏လည်မျိုကို ထိုးချိန်လိုက်တော့၏။

ဖေးပြောင်းသည် တဟဲဟဲရယ်မောရင်း …

"ဖေးရန် … အခု ကျုပ်က ခင်ဗျားရဲ့မြေးမလေးရဲ့ ဘယ်ဘက်မျက်လုံးကို အရင်ဖောက်မယ် … နောက်မှ နားတစ်ဘက်ကိုဖြတ်မယ် … နောက် ညာဘက်မျက်လုံး … "

သူ့စကားမဆုံးသေးမီပင် ဖေးဖေးသည် ရုတ်တရက် ရှေ့သို့ခုန်တိုးလိုက်ပြီး သူမ၏လည်မျိုကို ဓားသွားထိုးစိုက်သွားအောင် ပြုလုပ်လိုက်သည်။

ဖေးပြောင်းက သူ၏ဓားကို လျင်မြန်စွာ နောက်ဆုတ်လိုက်ပြီး ဖေးဖေး၏အကြောကို ထိုးပိတ်လိုက်တော့၏။

ဖေးပြောင်းက တဟားဟားရယ်ရင်း …

"ဒီလောက်လွယ်လွယ်ကလေးနဲ့ သေချင်လို့ဘယ်ရမလဲ … နင် ခက်ခက်ခဲခဲ သေစေရမယ် … "

ဟု ပြောရင်း ဖေးဖေး၏ ဘယ်ဘက်မျက်လုံးကို ထိုးဖောက်ရန် ဟန်ပြင်လိုက်သည်။

ထိုအခိုက် ..

"နေဦး … "

သူ၏နောက်ဘက်မှ ထိုအသံကို ကြားလိုက်ရသောအခါ ဖေးပြောင်းသည် အကြီးအကျယ် ထိတ်လန့်သွားပြီး စိတ်ထဲ၌ ကယောင်ချောက်ချား တွေးလိုက်မိတော့၏။

"အလို … ငါ့နောက်ကို ဘယ်လိုရောက်လာတာပါလိမ့် … ဘာခြေသံမှလည်း မကြားရပါလား … တန်တော့ … "

အမှန်စင်စစ် လင့်ဟူချုံးတို့နှစ်ယောက်မှာ ကျောက်တုံးကြီး၏နောက်တွင် အစောကြီးကတည်းက ရောက်နေခဲ့ကြခြင်း ဖြစ်သည်။

ဤအချက်ကို ဖေးပြောင်း လုံးဝမသိချေ။

ထို့ကြောင့် လူသံကြားလိုက်သည်နှင့် သူ့ထံသို့ အန္တရာယ်ရုတ်တရက် ကျရောက်လာခြင်းမရှိစေရန် ဓားဖြင့် သူ့ကိုယ်ကို ကာကွယ်ထားလိုက်တော့၏။

ထိုအခါ သူ့နောက်တွင် သွေးမရှိ၊ ဖြူရော်ရော်မျက်နှာဖြင့် မတ်တတ်ရပ်နေသော လူငယ်တစ်ယောက် ခါးထောက်ရပ်နေကြောင်း တွေ့ရတော့သည်။

ဖေးပြောင်းက ...

“ဟော့ကောင် ... မင်းက ဘယ်သူလဲ ... ”

လင့်ဟူချုံးက ..

“ကျွန်တော်က ဝါဆန်းဂိုဏ်းက လင့်ဟူချုံးပါ ... ဆရာကြီးကို ဂါရဝပြုပါတယ် ... ”

ဟု ပြောရင်း ဖေးပြောင်းအား ဦးညွှတ်အရိုအသေတစ်ချက်ပေးလိုက်သည်။ ဖေးပြောင်းက ခေါင်းတစ်ချက်ညိတ်လိုက်ပြီး ...

“သြော် ... မင်းက နောင်ကြီးရက်ပုချွန်ရဲ့ တပည့်ကြီးကိုး၊ ဘယ့်နှယ်မင်းက ဒီကိုရောက်နေရတာလဲ ... ဘာလာလုပ်နေတာလဲ”

ဟု မေးလိုက်၏။

လင့်ဟူချုံးက ..

“ကျွန်တော်က ... ချင်းချန်ဂိုဏ်းကလူရဲ့လက်ချက်ကြောင့် ဒဏ်ရာအကြီးအကျယ်ရခဲ့ပါတယ် ... ဒီဒဏ်ရာပျောက်အောင် ဒီမှာလာကုနေရတာပါ ... ”

ဖေးပြောင်းသည် ရုတ်တရက် အကြံရသွားဟန်ဖြင့် ..

“မင်းလာတာနဲ့ အတော်ပဲ ... ငါ သတ်လို့ အဖြစ်ဘူး ... ငါ သတ်လိုက်ရင် လူကြီးက ကလေးကို အနိုင်ကျင့်သလိုဖြစ်နေမယ်၊ မင်း သူ့ကို သတ်လိုက်စမ်း ... ”

ဟု ပြောလိုက်၏။

လင့်ဟူချုံးက ခေါင်းကို ခါယမ်း၍ ...

“ဒီကလေးမလေးကလည်း ကျွန်တော်နဲ့ယှဥ်ရင် လူကြီးနဲ့ကလေးပဲရှိပါသေးတယ် ... ကျွန်တော် သတ်လိုက်ရင်လည်း သိုင်းလောကကလူတွေက ကျွန်တော့်ကို အပြစ်တင်ကြတော့မှာပါပဲ ... လူကြီးကကလေးကို ရက်ရက်စက်စက် အနိုင်ကျင့်တယ်လို့ ... နောက်ပြီး အခု ဆရာကြီးဖေးရန်နဲ့ ဆရာကြီးလျှိုကျုက်ဖုန်းတို့နှစ်ယောက်စလုံး ဒဏ်ရာပြင်းပြင်းထန်ထန်ရထားတယ် ... သူတို့ရှေ့မှာ ကလေးမလေးတစ်ယောက်ကို အနိုင်ကျင့်တာ သိုင်းသမားကောင်းတစ်ယောက် မပီသပါဘူး၊ ဒီလိုသိမ်ဖျင်းတဲ့အလုပ်မျိုးကို ကျွန်တော်တို့ ဝါဆန်းဂိုဏ်းက ဘယ်တော့မှ လုပ်လေ့လုပ်ထ မရှိပါဘူး ... ”

လင့်ဟူချုံး၏စကားမှာ ရှင်း၏။ ဝါဆန်းဂိုဏ်းသည် ဤကိစ္စများကိုမလုပ်။ အဘယ်ကြောင့်ဟူမူ သိက္ခာကျ၍ဖြစ်သည်။

အကယ်၍ ကောင်းဆန်းဂိုဏ်းက ပြုလုပ်မိလျှင်လည်း သိက္ခာကျရပေလိမ့်မည်။

ဖေးပြောင်း၏မျက်နှာတွင် သွေးဆာသောအရိပ်အယောင်များ ပေါ်လာတော့၏။

သူ၏ရက်စက်သော မျက်လုံးများကလည်း သေမင်း၏အချက်ပေးသံကို ရလိုက်သည့်နှယ် တောက်ပြောင် ဝင်းလက်လာသည်။

“လက်စသတ်တော့ မင်းကလည်း မကောင်းဆိုးဝါးဂိုဏ်းသားတွေနဲ့ ပေါင်းပြီးပြီကိုး ... ဟုတ်ပြီ ... ဟုတ်ပြီ ... ငါ သတိရပြီ ... ဒါကြောင့်မို့ စောစောတုန်းက လျှိုကျုက်ဖုန်းက ပြောခဲ့တာကိုး ... မင်းကို ဟိုမကောင်းဆိုးဝါးကောင်ကြီးဖေးရန်က ကယ်လိုက်တာလို့၊ အင်း ... တော်တော်ကလေး ကြောက်စရာကောင်းပါကလား ... မင်းလို အထက်လမ်းဂိုဏ်းသားတစ်ယောက်က ဒီလောက် မြန်မြန်မကောင်းဆိုးဝါးဂိုဏ်းဘက် ရောက်သွားမယ်လို့ ငါ မထင်မိဘူး”

ဖေးပြောင်း၏ဓားသည် လူ့သွေးသောက်တော့မည့်နှယ် တလှုပ်လှုပ် တရမ်းရမ်း ဖြစ်နေတော့၏။

သူ့ဓားသည် လင့်ဟူချုံးအား အချိန်မရွေး ထိုးစိုက်လာနိုင်ပေသည်။

လျှိုကျက်ဖုန်းသည် ဖေးပြောင်း၏ ရက်စက်သော စိတ်ထားကို ကောင်းစွာသိရှိထားသူဖြစ်သဖြင့် လင့်ဟူချုံးအား ..

“လင့်ဟူချုံး ... ဒီကိစ္စက မင်းနဲ့ ဘာမှမဆိုင်ပါဘူး ... မင်းဝင်မစွက်ပါနဲ့ ... စွက်စရာလည်း မလိုပါဘူး ... ဒီနေရာက မြန်မြန်ထွက်သွားစမ်းပါ ... ”

လင့်ဟူချုံးသည် တဟားဟားရယ်ရင်း ပြောလိုက်၏။

“ဦးလေး ... ကျွန်တော်တို့က လူသာမန်တွေ မဟုတ်ကြပါဘူး၊ သာမန်အရပ်သားတွေ မဟုတ်ကြပါဘူး ... သိုင်းသမားတွေပါ ... ကျွန်တော်တို့သိုင်းသမားတွေဟာ သစ္စာရှိတယ် ... ဖြောင့်မတ်မှန်ကန်တယ် ... မကောင်းဆိုးဝါး ဂိုဏ်းသားတွေနဲ့ ဆန့်ကျင်တယ်လို့ လူရှေ့သူ့ရှေ့မှာ ဂုဏ်ယူပြီးပြောကြတယ် ... ကျွန်တော်တို့ရဲ့ အကျင့်သိက္ခာလို့ ကြေညာတယ် ... အခု ဒီစကားဟာ ဘယ်မှာလဲ ... ဒဏ်ရာရနေတဲ့ လူတစ်ယောက်ကို အနိုင်ကျင့်တာ ... အားနွဲ့တဲ့မိန်းကလေး တစ်ယောက်ကို သတ်ပစ်တာ ... ဒါတွေဟာ ကျွန်တော်တို့ အထက်လမ်းသိုင်းသမားတွေရဲ့ အကျင့်သိက္ခာလား ... ဒီလိုဆို ... ကျွန်တော်တို့ အထက်လမ်းသိုင်းသမားတွေက ... အောက်လမ်း မကောင်းဆိုးဝါး ဂိုဏ်းသား တွေနဲ့ ဘာထူးတော့မှာလဲ ... ”

ဤကား လင့်ဟူချုံး၏ စိတ်ရင်းပင် ဖြစ်တော့သည်။

လင့်ဟူချုံးသည် သူတစ်ပါးကို ကြင်နာတတ်ပြီး ကူညီသောစိတ်ရှိသူ ဖြစ်သည်။

အချည်းအနှီး ကြွားဝါဂုဏ်ယူမှုမျိုးကို လိုချင်တပ်မက်သူ မဟုတ်ပေ၊ ဖေးရန်က သက်ပြင်းတစ်ချက်ချကာ ...

“လင့်ဟူချုံး ... မင်းပြောတဲ့အပြုအမူမျိုးကို ငါတို့ဂိုဏ်းကလည်းမလုပ်ပါဘူး ... ဒါတော့ယုံပါ၊ ကဲ ကဲ ... မင်းလည်း သွားပါတော့၊ သူတို့ကောင်းဆန်းဂိုဏ်း လုပ်ချင်တာလုပ်ပါစေ ... ” ဟု ပြောလိုက်သည်။

“ဟင့်အင်း ... ကျွန်တော်က ပိုတောင်မသွားသေးတယ် ... ကျွန်တော်က ဒီမှာ တမင်ရပ်ကြည့်နေတာ ... သိုင်းလောကမှာ အင်မတန်နာမည်ကြီးနေတဲ့ ကောင်းဆန်းဂိုဏ်းက ဆရာကြီးဖေးပြောင်းက လူစွမ်းကောင်းအမူအကျင့်တွေ ဘယ်လိုပြမလဲလို့ စောင့်ကြည့်နေတာ ... ”

လင့်ဟူချုံးသည် စကားဆုံးသည်နှင့် သစ်ပင်ကိုမှီ၍ လက်ပိုက်ကာစိမ်ပြေနပြေ စောင့်ကြည့်နေတော့၏။

ဖေးပြောင်း၏ လူသတ်ချင်သည့် စိတ်ဓာတ်များသည် အလျှံတညီးညီး မီးတောက်များနှယ် ထိုးထွက်လျက်ရှိလာပေပြီ။ သူက စဉ်းလဲသောအပြုံးဖြင့် ..

“မင်းက ငါ့ကို စကားနဲ့ထိန်းနိုင်မယ်လို့ ထင်နေသလား ... အဲဒီလို အိပ်မက် မက်မနေနဲ့ ... ဒီသုံးယောက်ကို သတ်လည်း သတ်တာပဲ ... လေးယောက်ကို သတ်တာလည်း သတ်တာပဲ” ဟု ပြောရင်း ရှေ့သို့ တစ်လှမ်းတက်လာသည်။

သူက လင့်ဟူချုံး ဒဏ်ရာရထားမှန်းသိသော်လည်း ဝါဆန်းဂိုဏ်းချုပ်ကြီး၏ တပည့်ကြီးတစ်ယောက်ဖြစ်၍ သိုင်းပညာ ခေလှမည်မဟုတ်ကြောင်း သိရှိထားသည်။

အကယ်၍ လင့်ဟူချုံးသာ လွတ်မြောက်ထွက်ပြေးသွားလျှင်တော မိမိ၏သိက္ခာအားလုံးကျရှုံးမှုမက ဝါဆန်းဂိုဏ်းနှင့် ကောင်းဆန်းဂိုဏ်းတို့လည်း သွေးမြေကျလက်စားချေပွဲကြီးများ ဆင်နွှဲရပေတော့မည်။ ထို့ကြောင့် ယခုကတည်းက လင့်ဟူချုံးကိုနှုတ်ပိတ်ရန် ကြံရွယ်လိုက်သည်။

လင့်ဟူချုံးသည် ဟန်ကိုယ့်ဖို့ မာန်သူ့ဖို့စကားအတိုင်း ဂရုမစိုက်ဟန်၊ အလေးမထားဟန် ဆောင်နေရသော်လည်း ကိုယ့်အခြေအနေကိုယ်သိထားသူဖြစ်၍ စိတ်အေးလှသည် မဟုတ်ချေ။

ထိုစဉ် ဖေးပြောင်း၏မျက်နှာ၌ ကောက်ကျစ်သောအကြံကို တွေ့လိုက်ရသောအခါ ထိတ်ခနဲဖြစ်သွားတော့၏။

သို့သော် ... သူ့မျက်နှာတွင် လုံးဝမျက်နှာမပျက်စေရန် ကြိုးစားဟန်ဆောင်ထားပြီး ဤအကျဉ်းအကျပ်မှ လွတ်ရန် မည်သို့မည်ပုံ ဆောင်ရွက်ရမည်ကို အကြံထုတ်နေမိ။ ပြီးမှ ..

"ဆရာကြီးက ... ကျွန်တော့်ကိုနှုတ်ပိတ်ဖို့ စိတ်ကူးနေတယ် မဟုတ်လား" ဟု မေးလိုက်တော့၏။

ဖေးပြောင်းက ..

"အေး ... ဟုတ်တယ်၊ မင်းတော်တယ် ... "

ဖေးပြောင်းသည် ပြောရင်း ရှေ့သို့ တစ်လှမ်းတက်လာပြန်၏။

ထိုစဉ် ငယ်ရွယ်နုပျိုသော မယ်သီလရှင်တစ်ပါး လျှောက်ထွက်လာတော့၏။ သူမက ..

"ဆရာကြီး ... အခု ဆရာကြီးက မကောင်းမှုကို စိတ်နဲ့သာကျူးလွန်သေးတာပါ ... ကာယကံမြောက် မကျူးလွန်ရသေးပါဘူး ... ကာယကံရော မနောကံရော ပေါင်းပြီးကျူးလွန်လိုက်ရင်တော့ ဆရာကြီးအဖို့ တမလွန်ဘဝအတွက် မကောင်းနိုင်တော့ပါဘူး ... အခုအချိန်မှာ နောက်ဆုတ်ဖို့ အချိန်မီပါသေးတယ် ... နောက်ဆုတ်လိုက်ပါ ဆရာကြီး ... "

ဤသို့ ပြောလိုက်သူမှာ ရီလင်ဖြစ်သည်။ ရီလင်အား ကျောက်တုံးနောက်ကွယ်တွင် ပုန်းနေရန်နှင့် အပြင်၌ မည်သို့ဖြစ်ပျက်နေနေ ထွက်မလာရန် လင့်ဟုချုံးက မှာကြားထားခဲ့ပြီးဖြစ်သည်။

သို့သော် ... ယခု လင့်ဟုချုံး အန္တရာယ်နှင့် တွေ့ကြုံနေရသောအခါ သူမအဖို့ မည်သို့မျှ ဆက်လက်ပုန်းကွယ်ရန် မတတ်နိုင်တော့ဘဲ ကျောက်တုံးအပြင်သို့ ထွက်လာပြီး ဤသို့ ပြောလိုက်ခြင်းဖြစ်၏။

ဖေးပြောင်းသည်လည်း ရီလင်၏စကားကြောင့် ထိတ်ခနဲ ဖြစ်သွား၏။

သူက ချက်ချင်း ပြန်မေးလိုက်သည်။

"မင်းက ... ဟန်ဆန်းဂိုဏ်းကမဟုတ်လား ... ဘာဖြစ်လို့ ဒီမှာ ခိုးကြောင်ခိုးဝှက် လာပုန်းနေရတာလဲ ... "

ရီလင်၏မျက်နှာ၌ ရှက်သွေးတစ်ချက် လွှမ်းသွားပြီး ..

"ကျွန်မ ... ကျွန်မ ... "

သူမ၏စကားကို ဆုံးအောင်ဆက်မပြောနိုင်ဘဲ ဖြစ်နေတော့၏။

ဖေးဖေးသည် အကြောပိတ်ခံထားရသဖြင့် မြေကြီးပေါ်တွင် မလှုပ်မယှက်ဖြစ်နေသည်။ သို့သော် နှုတ်ကတော့ အော်ဟစ်ပြောဆိုနိုင်သေးသဖြင့် ..

"မမရီလင် ... ကျွန်မ အစောကြီးကတည်းက ထင်သားပဲ၊ အစ်ကိုကြီးလင့်ဟုချုံးရှိရင် မမလည်း ရှိနေမှာပဲလို့ ... မမက အစ်ကိုကြီးလင့်ဟုချုံးရဲ့ဒဏ်ရာကို ပျောက်ကင်းသွားအောင် တကယ်ပဲကုနိုင်ခဲ့တာကိုး ... ဒါ ... ဒါပေမယ့် အခု ကျွန်မတို့အားလုံး သေရတော့မယ်" ဟု လှမ်းအော်ပြောလိုက်သည်။

ရီလင်သည် ခေါင်းကို ခါယမ်း၍ ..

"မဖြစ်နိုင်ပါဘူး ... ဆရာကြီးဖေးပြောင်းဆိုတာက သိုင်းလောကမှာ နာမည်ကြီး လူစွမ်းကောင်းကြီးတစ်ယောက်ပဲ ... ဒဏ်ရာရနေတဲ့လူတွေနဲ့ မင်းလိုကလေးတစ်ယောက်ကို သတ်မယ်ဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး ... "

ရီလင်သည် ... စိတ်ရင်းဖြူစင်သူကလေးဖြစ်၍ သူမ၏စိတ်သဘောနှင့်နှိုင်းကာ ပြောလိုက်ခြင်းသာဖြစ်သည်။ လူတို့၏ ကောက်ကျစ်ယုတ်မာရက်စက်မှုတို့ကို သိပ်နားလည်လှသည်တော့ မဟုတ်ချေ။

သို့သော် ... ဖေးပြောင်းအဖို့မူ သူမ၏စကားများသည် သူ့အားသရော်သလိုလို၊ ခနဲ့သလိုလို စကားမျိုးဖြစ်နေသည်။

ထို့ကြောင့် သူက စဉ်းစားလိုက်သည်။

"ဒီနေ့တော့ မထူးတော့ဘူး ... လုပ်လက်စနဲ့ အားလုံးကို အပြတ်ရှင်းပစ်လိုက်တာအေးတယ် ... သူတို့ထဲက တစ်ယောက်ယောက်သာ လွတ်သွားလို့ကတော့ ငါ့သိက္ခာကို အဖတ်ဆယ်လို့မရအောင် ကျသွားလိမ့်မယ် ... "

ထိုအတွေးကြောင့် ဖေးပြောင်းသည် ရီလင်အား ဓားနှင့်ထိုးချိန်လိုက်တော့၏။

"မင်းက ဒဏ်ရာလည်းမရဘူး ... ကလေးလည်းမဟုတ်တော့ ငါသတ်လို့ သိက္ခာမကျနိုင်ဘူး ... ဒီတော့ မင်း ဘုရားတရားသာ တပေတော့ ... "

ရီလင်က အော်၍ ..

"အို ... ကျွန်မ ... ကျွန်မကို ဆရာကြီးက ဘာဖြစ်လို့ သတ်ရမှာလဲ ... ကျွန်မမှာ ဘာအပြစ်ရှိလို့လဲ ... "

ဖေးပြောင်းက ..

"ဘာအပြစ်ရှိရမှာလဲ ... မကောင်းဆိုးဝါးဂိုဏ်းနဲ့ ပေါင်းတာဟာ အပြစ်ပဲ ... ဒါကြောင့် မင်းကို အရှင်ထားလို့ မဖြစ်တော့ဘူး"

ပြောပြောဆိုဆိုနှင့် ဓားနှင့် ထိုးရန်ပြင်လိုက်စဉ် လင့်ဟုချုံးက ရီလင်၏ရှေ့တွင် ကာထားလိုက်တော့၏။

ထို့ပြင် နှုတ်မှလည်း အော်ဟစ်သတိပေးလိုက်သည်။

"ညီမလေး ... မြန်မြန်ပြေးစမ်း၊ မင်း ဆရာမကို မြန်မြန်သွားခေါ်ခဲ့စမ်း ... "

ဤစကားကို လင့်ဟုချုံးက ဖြီးဖြန်း၍ ပြောလိုက်ခြင်းသာဖြစ်သည်။ ဖေးပြောင်း ရုတ်တရက် တုံ့ဆိုင်းသွားစေရန်သာဖြစ်သည်။

ဤကဲ့သို့ တောကြီးမျက်မည်းထဲ၌ တင့်ရီမယ်သီလရှင်ကြီးထံသို့ ချက်ချင်းရောက်ရှိရန်ဆိုသည်မှာ လုံးဝမဖြစ်နိုင်သော ကိစ္စတစ်ရပ်သာတည်း။

ထို့ပြင် နောက်တစ်ကြောင်းမှာ တင့်ရီမယ်သီလရှင်ကြီးကို သွားခေါ်ခိုင်းခြင်းဖြင့် ရီလင်၏အသက်အန္တရာယ် လွတ်မြောက်စေရန် ထွက်ပေါက်ရှာပေးလိုက်ခြင်းသာဖြစ်၏။

ထိုအချိန်တွင် ဖေးပြောင်းက စတင်တိုက်ခိုက်လိုက်သည်။ လင့်ဟုချုံးမှာ သီသီကလေး လွတ်သွားခဲ့ရ၏။

ရီလင်သည် ထိုအခြေအနေဆိုးကို တွေ့ရသောအခါ လုံးဝထွက်ပြေးရန်စိတ်မကူးတော့ဘဲ သူမ၏ဓားကျိုးကို ဆွဲထုတ်ကာ ဖေးပြောင်းအား ဝင်ရောက်တိုက်ခိုက်တော့၏။

သူမက တိုက်ခိုက်ရင်း အော်လိုက်သည်။

"အစ်ကိုကြီးမှာ ဒဏ်ရာရထားတယ် ... နောက်ဆုတ်လိုက်"

ဖေးပြောင်းက တဟားဟားရယ်၍ ...

"ဒီမယ် ... မယ်သီလရှင်ကလေးက လူဝတ်ကြောင်စိတ်ဝင်နေပြီပဲ ... သာသနာ့ဝန်ထမ်းစိတ်မရှိတော့ဘူး ... ဇကွန္တ လင့်ဟုချုံးကရုပ်ချောတော့ လင့်ဟုချုံးကို သဘောကျနေပြီနဲ့တူတယ်" ဟု ပြောရင်း ရီလင်ကိုလှည့်၍ တိုက်ခိုက်တော့၏။

ရီလင်၏သိုင်းပညာနှင့် ဖေးပြောင်း၏သိုင်းပညာမှာ မြင်းမိုရ်တောင်နှင့်ဆီးစေ့ပမာ ကွာခြားသည်။

ထိုတဒင်္ဂအတွင်းမှာပင် သူ့အတွက် အသက်အန္တရာယ်ဆုံးရှုံးတော့မည့် အခြေသို့ ဆိုက်ရောက်ခဲ့ရတော့၏။

လင့်ဟုချုံးမှာလည်း မည်သည့်အကြံမျှ မထုတ်တတ်တော့။ စိတ်လည်းပန်း လူလည်းနွမ်းနေပြီ။

သည်တစ်ကြိမ်တော့ သူတို့အားလုံး ဒီမှာပဲ သေဆုံးကြရပေတော့မည်။

× × × × × ×

## နှုတ်ပိတ်ခြင်း

ထိုစဉ် တောအုပ်ထဲမှ ကြိုးတပ်သူရိယာ တီးခတ်သံတစ်ချက် ကြားလိုက်ရတော့သည်။

မကောင်းဆိုးဝါးဂိုဏ်းသား ဖေးရန် တီးခတ်ခြင်းလည်း မဟုတ်ပေ။

ထိုတူရိယာသံသည်လည်း သက်ပြင်းချသံလိုလို ငိုကြွေးသံလိုလိုနှင့် အလွန်တရာ ဆွေးမြည့်ကြေကွဲဖွယ် ကောင်းလှတော့သည်။

ဖေးပြောင်းသည် တူရိယာသံကို ကြားလိုက်ရသည်နှင့် ရုတ်တရက် သွေးများရပ်ဆိုင်းသွားသကဲ့သို့ ခံစားလိုက်ရပြီး ရင်ထဲတွင်လည်း ထိတ်ခနဲ ဖြစ်သွားတော့သည်။

ချက်ချင်းပင် နောက်သို့ ခုန်ဆုတ်လိုက်ပြီး သူ့စိတ်ထဲတွင် ..

"ချုံးဆန်းဂိုဏ်းရဲ့ဂိုဏ်းချုပ်ကြီး မော်တား ရောက်လာတာများလားမသိဘူး" ဟု တွေးလိုက်မိ၏။

ရီလင်မှာမူ ဖေးပြောင်းနှင့် ပင်ပန်းကြီးစွာ တိုက်ခိုက်ရသဖြင့် အလွန်မောဟိုက်နွမ်းနယ်နေသည်။

လင့်ဟူချုံးနားသို့ တိုးကပ်သွားပြီး အခြေအနေ မည်သို့ထူးခြားလာမည်ကို တထိတ်ထိတ် စောင့်ကြည့်နေမိကြသည်။ အတန်ကြာသည်အထိ တူရိယာသံမှတစ်ပါး မည့်သည့်အသံကိုမှ မကြားရတော့သဖြင့် ဖေးပြောင်းက သည့်မခံနိုင်တော့ဘဲ အော်ဟစ်မိတော့၏။

"ဆရာကြီးမော်တား ရောက်လာတာလား ... ရောက်လာရင်ထွက်လာခဲ့ပါလား ... "

ထိုအခါ တူရိယာသံသည် လုံးဝတိတ်သွားပြီး တောအုပ်ကြီးထဲမှ ပိန်ပိန်ပါးပါးလူတစ်ယောက် ထွက်လာတော့သည်။

လင့်ဟူချုံးအနေဖြင့် ချုံးဆန်းဂိုဏ်း၏ ဂိုဏ်းချုပ်ကြီးမော်တား၏နာမည်ကို ကောင်းစွာကြားဖူးထားသည်။ လူကိုယ်တိုင်ကိုမူ တစ်ကြိမ်တစ်ခါမျှ မတွေ့မြင်ဘူးခဲ့ချေ။

ယခု လရောင်အောက်တွင်မြင်နေရသော ချုံးဆန်းဂိုဏ်းချုပ်ကြီးမော်တားမှာ ပိန်လှီလှသော အဘိုးကြီးဖြစ်နေသည်ကို တွေ့ရ၏။

လက်ထဲတွင်လည်း ကြိုးတပ်တူရိယာတစ်လုံးကို ကိုင်ထားသည်။

ဂိုဏ်းချုပ်ကြီးမော်တားက ဖေးပြောင်းအား ..

"ဖေးပြောင်း ... ခင်ဗျားရဲ့ဂိုဏ်းချုပ်ကြီး နေကောင်းတယ်နော်" ဟု နှုတ်ဆက်စကား ပြောလိုက်သည်။

မော်တားက မိမိအား ကောင်းကောင်းမွန်မွန် နှုတ်ဆက်စကားပြောသည်ကို ကြုံတွေ့လိုက်ရသောအခါ အလွန် အားရဝမ်းသာ ဖြစ်သွားသည်။

ထို့ပြင် ဆရာကြီးမော်တားနှင့် လျှိုကျက်ဖုန်းတို့ မသင့်မမြတ်ဖြစ်နေမှန်းကိုလည်း သိထားသဖြင့် ဆရာကြီးမော်တားအား လှမ်း၍မေးလိုက်သည်။

"ဟုတ်ကဲ့ … ကျွန်တော့်အစ်ကိုကြီး နေကောင်းပါတယ် … အခု ဆရာကြီးတို့ဂိုဏ်းက လျှိုကျက်ဖုန်းဟာ မကောင်းဆိုးဝါးဂိုဏ်းကလူနဲ့ ပေါင်းသင်းပြီး ကျွန်တော်တို့ဂိုဏ်းကြီးငါးဂိုဏ်းကို ဖျက်ဆီးဖို့ကြံရွယ်နေပါတယ် … အဲဒီကိစ္စကို ဆရာကြီးအနေနဲ့ ဘယ်လိုဖြေရှင်းလိုပါသလဲ … "

ဆရာကြီးမော်တားက လျှိုကျက်ဖုန်းရှိရာသို့ လျှောက်လာပြီး အေးစက်မာကြောစွာ ပြောလိုက်တော့၏။

"သတ်ပစ်လိုက် … "

သူ၏စကားဆုံးသည်နှင့် ဓားရောင်တစ်ချက်လက်သွားကာ ဆရာကြီးမော်တား၏ဓားသည် ဖေးပြောင်း၏ရင်ဝသို့ ထိုးစိုက်လိုက်တော့၏။

ဖေးပြောင်းသည် အကြီးအကျယ် ထိတ်လန့်သွားပြီး နောက်သို့ ကမန်းကတန်း ခုန်ဆုတ်လိုက်ရတော့သည်။

သို့သော် ဓားချက်ကတော့ လွတ်သွားသည် မဟုတ်ပေ။

ရင်ဝမှ အကျႌစစုတ်ပြဲသွားပြီး ဓားခြစ်ကြောင်းတစ်ချက် ထင်သွားတော့သည်။

ချက်ချင်းပင် သူ၏ဓားကိုထုတ်၍ အပြင်းအထန် ပြန်လှန်ခုခံတော့သည်။

မည်သို့ပင်တွန်းလှန်သည်ဖြစ်စေ၊ ဆရာကြီးမော်တားက လက်ဦးသွားပြီဖြစ်၍ ခံစစ်မှ တိုက်စစ်သို့ လုံးဝမပြောင်းနိုင်တော့ဘဲဖြစ်နေသည်။

ဆရာကြီးမော်တား၏ဓားမှာ ပါးပါးလှပ်လှပ်ကလေး ဖြစ်ပြီးတုန်ခါနေသည်။ အလွန်လျင်မြန်လှသည်။

ဖေးပြောင်းက အော်ဟစ်တားဆီးရန် ကြိုးစားသော်လည်း တိုက်ကွက်များမှာ တစ်ခုပြီးတစ်ခု အလွန်လျင်မြန်စွာ ဆက်တိုက်ကျရောက်လာသဖြင့် လုံးဝအော်ချိန်မရဘဲ တစ်ဆုတ်တည်း ဆုတ်နေရတော့သည်။

ဖေးရန်၊ လျှိုကျက်ဖုန်းနှင့် လင့်ဟူချုံးတို့ သုံးယောက်မှာ ဓားသိုင်းတွင် ဝါရင့်သူများဖြစ်ကြ၏။

ယခု မော်တား၏ ကြောက်မက်စဖွယ် ဓားသိုင်းကွက်များကို တွေ့ရသောအခါ အားလုံး တုန်လှုပ်ချောက်ချားနေကြတော့သည်။

ဆရာကြီးမော်တား၏ တိုက်ကွက်များသည် မုန်တိုင်းကြီးတစ်ခု ဝေ့ယမ်းကျရောက်သွားသကဲ့သို့ ပြင်းထန်လှပေသည်။

လျှိုကျက်ဖုန်းမှာ ဆရာကြီးမော်တားနှင့် သိုင်းပညာအတူတူ သင်ကြားလာခဲ့သူဖြစ်သော်လည်း သူ၏ဂိုဏ်းတူအစ်ကိုကြီး၏ဓားသိုင်းမှာ ဤမျှလောက် အံ့မခန်း ထက်မြက်လိမ့်မည်ဟု တစ်ကြိမ်တစ်ခါမျှ မထင်မိခဲ့ချေ။

ရုတ်တရက် ဖေးပြောင်းသည် တစ်ချက်စူးစူးဝါးဝါး အော်လိုက်ပြီး အပေါ်သို့ ခုန်တက်လိုက်၏။

ဆရာကြီးမော်တားကမူ သူ၏ဓားကို ပြန်သိမ်းလိုက်ပြီး နောက်သို့ လုံးဝလှည့်မကြည့်တော့ဘဲ ထွက်ခွာသွားလေတော့သည်။

ဖေးပြောင်းမှာ ခုန်တက်ရာမှ ပြန်လည်ပြုတ်ကျလာပြီး လဲကျသွား၏။ ထိုအခါ သူ့ရင်ဝမှသွေးများ ပန်းထွက်လာလေတော့သည်။

ရီလင်မှာ တုန်ယင်စွာနှင့်ပင် လင့်ဟူချုံးကို ဆွဲထားလိုက်ရသည်။

အားလုံး တိတ်ဆိတ်ငြိမ်သက်နေကြသဖြင့် တောအုပ်ကြီးတစ်ခုလုံး လူသူတစ်ယောက်မျှ မရှိသကဲ့သို့ ထင်မှတ်နေရတော့၏။

ဖေးပြောင်းမှာ မြေကြီးပေါ်၌ လဲကျသေဆုံးလျက် ရှိနေပေပြီ။

အတန်ကြာသောအခါမှ ဖေးရန်က သက်ပြင်းချကာ …

"ညီလေးလျှိုကျက်ဖုန်း … မင်းပြောတော့ မင်းရဲ့အစ်ကိုကြီးမော်တားနဲ့ မင်းနဲ့မတည့်ဘူးဆို … အခုတော့ မင်းကို သူက ဝင်ကယ်သွားပါကလား" ဟု ပြောလိုက်သည်။

လျှိုကျက်ဖုန်းကလည်း သက်ပြင်းချကာ ပြောလိုက်သည်။

“ဟုတ်တယ် … ကျွန်တော့်ဂိုဏ်းတူ အစ်ကိုကြီးရဲ့စိတ်ကို ဘယ်တော့မှ ကျွန်တော် နားလည်နိုင်တော့မှာ မဟုတ်ပါဘူး”

ထိုစဉ် ဖေးဖေးက အော်၍ ..

“ဘိုးဘိုး … ကျွန်မရဲ့အကြောင်းကို ဖြေပေးပါဦး … ကျွန်မတို့လည်း ဒီနေရာက ထွက်ခွာဖို့သင့်နေပြီ” ဟု ပြောရာသည်။

ဖေးရန်သည် ဖေးဖေး၏အကြောင်းကို ဖြေပေးရန် ချက်ချင်းထရပ်လိုက်သည်။

သို့သော် ချက်ချင်းပင် ပြန်လဲကျသွားတော့၏။ ဖေးရန်သည် ခေါင်းကို ခါယမ်းလိုက်ရင်း …

“ငါ မလုပ်နိုင်တော့ဘူး” ဟု ကြေကွဲစွာ ပြောလိုက်တော့သည်။

သူသည် လင့်ဟူချုံးဘက်သို့ လှည့်လိုက်ကာ ပြောလိုက်သည်။

“ညီလေး … မင်းကို ငါ တစ်ခု တောင်းဆိုချင်တယ်”

လင့်ဟူချုံးက ..

“ဆရာကြီးပြောပါ … ကျွန်တော် တတ်နိုင်သလောက် ကူညီမယ်လို့ ကတိပေးပါတယ် … ”

ဖေးရန်သည် လျှိုကျက်ဖုန်းရှိရာသို့ တစ်ချက်မျှ လှမ်းကြည့်လိုက်ပြီး …

“ငါနဲ့လျှိုကျက်ဖုန်းတို့နှစ်ယောက် ရေးစပ်ထားတဲ့ ဟောဒီ ‘သိုင်းလောက၏စိန်ခေါ်သံ’ လို့ခေါ်တဲ့ တေးသီချင်းစာအုပ်ကို မင်းထိန်းသိမ်းစောင့်ရှောက်ပေးပါ … ဒီတေးသီချင်းမျိုးကို နောက်ထပ်ရှာတွေ့ဖို့ဆိုတာ ဒီလောကကြီးထဲမှာ အင်မတန်မလွယ်တဲ့အလုပ်ဖြစ်ပါလိမ့်မယ် … ဒီတေးသီချင်း ဒီလောကကြီးထဲမှာ လုံးဝမပျောက်ပျက်သွားစေချင်ဘူး … ဒီတော့ ဒီသီချင်းရဲ့မျိုးဆက် ပြတ်မသွားဘူးဆိုရင် ငါတို့နှစ်ယောက်စလုံး သေပျော်ပါပြီ” ဟု ဆွေးမြည့်ကြေကွဲစွာ ပြောလိုက်တော့သည်။

သူသည် ပြောပြီးသည်နှင့် ကြိုးတပ်တူရိယာနှင့်ပြွေတို့ကို ပေါင်းစပ်တီးမှုတ်ရသည့် ‘သိုင်းလောက၏စိန်ခေါ်သံ’ ဟူသော တေးဂီတစာအုပ်ကို ထုတ်ပေးသည်။ ပြီးနောက် …

“ဒီစာအုပ်ကို တေးဂီတကို မြတ်မြတ်နိုးနိုးနဲ့ ဝါသနာပါတဲ့လူကိုတွေ့ရင်လည်း ပေးနိုင်ပါတယ်” ဟု ဆက်ပြောလိုက်သည်။

လျှိုကျက်ဖုန်းဘက်သို့လှည့်ကာ ..

“ကဲ … ညီလေးရေ … ငါတို့ သွားဖို့ အချိန်တော်ပြီနဲ့ တူတယ်”

ဟု ပြောလိုက်သောအခါ …

လျှိုကျက်ဖုန်းက …

“ဟုတ်ကဲ့ အစ်ကိုကြီး … ”

ဟု ပြောလိုက်ကာ လက်ကို လှမ်းပေးလိုက်တော့သည်။

သူတို့နှစ်ယောက်သည် တစ်ဦးလက်ကို တစ်ဦးက ဆုပ်ကိုင်ရင်း နှစ်နှစ်ခြိုက်ခြိုက် ရယ်မောလိုက်ကြတော့သည်။

ရယ်သံ ဆုံးသောအခါ နှစ်ဦးစလုံး အသက်ပျောက်သွားကြတော့၏။

ဖေးဖေးသည် လင့်ဟူချုံးအား မေးလိုက်သည်။

“အစ်ကိုကြီး ဘိုးဘိုး ဆုံးသွားပြီလားဟင် … ”

လင့်ဟူချုံးက တုံဏှိဘာဝေ ဆိတ်ဆိတ်နေနေတော့သည်။

ဖေးဖေးသည် ချက်ချင်း နားလည်သဘောပေါက်သွားပြီး ချုံးပွဲချငိုကြွေးတော့သည်။

ရီလင်သည် ဖေးဖေးနားသို့ ပြေးကပ်သွားပြီး သူမ၏ပိတ်နေသော အကြောင်းကို ပွတ်သပ်၍ ဖြေပေးလိုက်သည်။

လင့်ဟူချုံးမှာ အတွေ့အကြုံ ရင့်ကျက်သူဖြစ်၍ သူက ..

"ညီမလေး ... အခု ငါတို့ ပထမဆုံးလုပ်သင့်တဲ့အလုပ်က ဒီအလောင်းသုံးလောင်းကို အမြန်ဆုံး မြှုပ်ပစ်ဖို့ပဲ ... တော်ကြာ လူတွေရောက်လာပြီးတွေ့သွားရင် ဖြေရှင်းရအင်မတန်ခက်နေလိမ့်မယ်၊ နောက် ... အရေးကြီးတဲ့ အချက်တစ်ခုက ဖေပြောင်းကို ဆရာကြီးမော်တား သတ်ပစ်လိုက်တဲ့ကိစ္စကို တခြားဘယ်သူ့ကိုမှ မပြောဖို့ဘဲ၊ နို့မို့ရင် ... အမှိုက်ကစ ပြဿဒ်မီးလောင်ဆိုတာလို ဖြစ်ကုန်လိမ့်မယ်" ဟု ပြောလိုက်၏။

ထို့နောက် အလောင်းသုံးလောင်းကို မြေကြီးထဲတူး၍ မြေမြှုပ်လိုက်တော့သည်။ ဖေဖေမှာမူ ဝမ်းနည်းကြေကွဲမှုကြောင့် တရှိုက်ရှိုက်ငိုကြွေးလျက်ရှိတော့၏။

ဖေဖေ ဝမ်းနည်းငိုကြွေးနေသည်ကို တွေ့ရသောအခါ ရီလင်သည်လည်း မျက်ရည်ဖြိုင်ဖြိုင် ကျလာတော့သည်။

လင့်ဟူချုံးကမူ ကောင်းကင်ကို မော့ကြည့်နေသည်။ သူသည် ကောင်းကင်ကို ကြည့်နေခြင်းမဟုတ်။ တွေးနေခြင်းသာဖြစ်၏။

"ဦးလေးလျိုကျက်ဖုန်းဟာ သူငယ်ချင်းတစ်ယောက်အတွက် တစ်အိမ်သားလုံး အသတ်ခံလိုက်ရတယ် ... မကောင်းဆိုးဝါးဂိုဏ်းနဲ့ပေါင်းလို့ နာမည်ပျက်တာတော့ ဟုတ်တယ် ... ဒါပေမယ့် သူတို့နှစ်ယောက်စလုံးဟာ တကယ့်ကို စိတ်ရင်းကိုယ်ရင်းနဲ့ အသက်ထက်ဆုံး ခင်ခင်မင်မင် ပေါင်းသင်းသွားကြတာကိုး ... အင်း ... ချီးကျူးစရာပဲ"

ထိုသို့ စဉ်းစားနေစဉ် အဝေးဆီမှ ဓားရောင်တလက်လက်ထနေသည်ကို တွေ့လိုက်ရသည်။

တစ်ချက်မျှအကဲခတ်လိုက်ရုံဖြင့် ဝါဆန်းဂိုဏ်းမှ ဓားကွက်များဖြစ်မှန်း သိလိုက်ရသည်။ ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားကာ ...

"ညီမလေး ... မင်းဒီမှာ ဖေဖေနဲ့ စကားပြောနေလိုက်နော်၊ ငါ ဟိုဘက်ကိုသွားလိုက်ဦးမယ် ... နောက်မှ ငါ ပြန်လာမယ်"

ဟု ပြောလိုက်ရာ ရီလင်က လင့်ဟူချုံး အပေါ့အပါးသွားလို၍ ပြောသည်ဟု ထင်မှတ်လိုက်၏။

လင့်ဟူချုံးကမူ ဖေပြောင်း၏ဓားကို ကောက်ယူလိုက်ပြီး ခါးကြားသို့ထိုးထည့်ကာ ဓားရောင်တလက်လက် ထွက်ပေါ်ရာသို့ ထွက်သွားတော့သည်။

အတန်ကြာ လျှောက်လာခဲ့ပြီးသောအခါမှ ဓားချင်း ရိုက်ခတ်သံသဲ့သဲ့ ကြားလိုက်ရသည်။

ဓားသံမှာ အလွန်စိပ်၍ တိုက်ပွဲအလွန်ပြင်းထန်နေကြောင်း သိလိုက်ရ၏။ လင့်ဟူချုံး၏စိတ်ထဲတွင် ..

"ငါတို့ဂိုဏ်းကလူဟာ ဘယ်သူများဖြစ်မလဲမသိဘူး ... ဟိုလူကလည်း ဒီလောက်ကြာအောင် တိုက်ခိုက်နိုင်တယ်ဆိုတော့ ဒီလူ့ရဲ့ သိုင်းပညာ ဘယ်ဆိုးလိမ့်မလဲ" ဟု တွေးလိုက်မိသည်။

လင့်ဟူချုံးသည် တိုက်ပွဲရှိရာသို့ လျင်မြန်စွာချဉ်းကပ်သွားသည်။ သူ့ထံမှ အသံမကြားစေရန်ကိုမူ အထူးဂရုစိုက်သည်။

တတ်နိုင်သမျှ ခြေဖော့၍ ချဉ်းကပ်သည်။ ထိုအခါ ဓားသံကို ပီပီသသ ကြားလာရတော့၏။

လင့်ဟူချုံးက ... သစ်ပင်ကြီး တစ်ပင်နောက်ကွယ်မှ အသာချောင်းကြည့်လိုက်သည်။

ထိုအခါ လရောင်အောက်တွင် ကျောင်းဆရာတစ်ယောက်၏ဟန်ပန်ရှိသော လူတစ်ယောက်က ဓားတစ်ချောင်းကို ပင့်၍ကိုင်ထားသည်။

ထိုသူမှာ သူ၏ဆရာ ရက်ပုချွန်ပင် ဖြစ်တော့သည်။

သူ့ဆရာ ရက်ပုချွန်ကို လျင်မြန်စွာ လှည့်ပတ်တိုက်ခိုက်နေသူမှာ အတော်အတန် အရပ်ပုသည့် လူပုတစ်ယောက်ဖြစ်ကြောင်း တွေ့ရသည်။

ထိုလူပုကြီးမှာ အခြားသူ မဟုတ်ပေ။ ချင်းချန်းဂိုဏ်းမှ ဂိုဏ်းချုပ်ကြီး ရီချန်းပင် ဖြစ်တော့၏။

လင့်ဟူချုံးသည် သူ့ဆရာကို မြင်လိုက်ရသည့်အတွက် အားတက်သွားသည့်နည်းတူ ရီချန်းနှင့် ဤသို့ အပြင်းအထန် တိုက်ခိုက်နေသည်ကို တွေ့ရသည့်အတွက်လည်း အလွန်စိတ်လှုပ်ရှားသွားမိသည်။

သူ့ဆရာ၏ တိုက်ခိုက်ဟန်မှာ အလွန်အေးဆေးငြိမ်သက်လှသည်။

ရီချန်း၏ဓားချက်တိုင်းကို အသာအယာ ခုခံကာကွယ်လိုက်နိုင်သည်ချည်းသာ ဖြစ်၏။

ရီချန်းက သူ့နောက်သို့ရောက်သွားပြီး တိုက်ခိုက်သည့်အခါများတွင်လည်း ကိုယ်ကိုမလှည့်တော့ဘဲ ဓားဖြင့် နောက်ပြန်သာ ခုခံကာကွယ်သည်။

ရီချန်းသည် တိုက်စစ်သာ မနားတမ်းဆင်နေသည်။ ရက်ပုချွန်ကမူ ခံစစ်ဖြင့်သာ ခုခံနေသည်။

တိုက်ကွက် လုံးဝမထုတ်ပေ။

လင့်ဟူချုံးကမူ သူ့ဆရာ၏သိုင်းကွက်များကို ကြည့်လေ အားရလေ၊ ကြည့်လေ ချီးကျူးလေဖြစ်နေတော့၏။

သူ့စိတ်ထဲတွင် ...

"ဆရာ့ကို သိုင်းလောက ကလူတွေက သစ္စာရှင်ဓားသမားလို့ခေါ်ကြတာက တကယ်တော်လို့ ခေါ်ကြတာပဲကိုး ... ကြည့်စမ်း၊ သူများက ဒီလောက် ကြမ်းကြမ်းတမ်းတမ်း တိုက်နေတာတောင် အေးအေးဆေးဆေးပဲ ခုခံနေတယ် ... ဒေါသအရိပ်အယောင် လုံးဝမရှိပါဘူး ... "ဟု တွေးလိုက်မိသည်။

ရီချန်း၏ဓားချက်မှာလည်း ထိုးလိုက်ခုတ်လိုက်တိုင်း တရွှီးရွှီးဖြစ်နေသည်ကို ကြားလိုက်ရသောအခါတွင်လည်း စိတ်ထဲ၌ တွေးလိုက်မိပြန်သည်။

"အင်း ... အစတုန်းက ဒီချင်းချန်းဂိုဏ်းချုပ်ကြီး ရီချန်းကို ဂျပုကြီးတစ်ယောက်ဆိုပြီး အထင်သေးခဲ့တယ် ... အခု ကြည့်စမ်း ... သူ့ရဲ့ဓားသိုင်းက အံ့မခန်းကောင်းတာပဲ ... နောက်ဆိုရင်တော့ သူနဲ့တွေ့ရင် ဝေးဝေးက ရှောင်မှပဲ ... "

ထိုစဉ် 'ထန်း' ခနဲ အသံတစ်ချက်မြည်ပြီး ရီချန်း နောက်သို့ ခုန်ဆုတ်သွားသည်ကို တွေ့လိုက်ရသည်။

သူ့ဓားကို ပြန်လည်ထိုးသွင်းလိုက်သည်ကိုလည်း မြင်လိုက်သဖြင့် လင့်ဟူချုံးရင်တစ်ခုလုံး 'တစ်ဒိုင်းဒိုင်း' မြည်ဟည်းသွားတော့သည်။ သူ့ဆရာကို လှမ်းကြည့်လိုက်သောအခါ သူ့ဆရာမှာလည်း မည်သို့မျှ ထိခိုက်ဒဏ်ရာရဟန်မရှိဘဲ ဓားကို ဓားအိမ်ထဲသို့ ထိုးသွင်းနေကြောင်း တွေ့လိုက်ရ၏။

လင့်ဟူချုံးသည် ဓားသိုင်းပညာတွင် ထူးချွန်သူတစ်ဦးဖြစ်သော်လည်း ယခု ဆရာကြီးနှစ်ယောက် ယှဉ်ပြိုင်ပွဲတွင်မူ မည်သူနိုင်၍ မည်သူရှုံးသွားမှန်း မသိလိုက်ပေ။

ဆရာကြီးနှစ်ယောက်သည် တည်ငြိမ်စွာ ရပ်နေကြရာမှ ရီချန်းက စတင်ပြောလိုက်သည်။

"ကောင်းပြီ ... နောက်မှ ထပ်တွေ့ကြသေးတာပေါ့ ... "

ဤသို့ ပြောပြီးသည်နှင့် သူက ခုန်ထွက်သွားတော့၏။ ရက်ပုချွန်က ချက်ချင်း အော်မေးလိုက်သည်။

"ရီချန်း ... ခင်ဗျား ဒီလိုထွက်သွားလို့ ဘယ်ရမှာလဲ ... လင်ကျန်နန်တို့ လင်မယားနှစ်ယောက်က ဘယ်မှာလဲ ... "

ပြောပြောဆိုဆိုနှင့် သူသည်လည်း ရီချန်းနောက်သို့ ခုန်လိုက်သွားတော့သည်။

လင့်ဟူချုံးသည် သူ့ဆရာ၏လှုပ်ရှားမှုလေသံက ရီချန်းထက် သိုင်းပညာသာလွန်နေကြောင်း အထင်အရှားဖော်ပြနေသောအခါ အလွန်အားရကျေနပ်မိသည်။

သူ့ဆရာနောက်သို့လိုက်ရန် မည်သို့မျှမဖြစ်နိုင်သဖြင့် သစ်ပင်နောက်ကွယ်မှထွက်လာပြီး ဟိုဟိုသည်သည် လျှောက်ကြည့်လိုက်သည်။

ထိုစဉ် ခပ်လှမ်းလှမ်းတွင် အနီရောင်ဝင်းနံရံကြီးတစ်ခုကို တွေ့လိုက်ရတော့သည်။

ဘုရားကျောင်းဝင်း ဟောင်းကြီးတစ်ခု ဖြစ်ဟန်ရှိသည်။

သူကိုယ်တိုင် အလွန်ပင်ပန်းနွမ်းနယ်သဖြင့် ထိုကျောင်းဝင်းအတွင်းသွားကာ အနားယူရန် စိတ်ကူးလိုက်မိ၏။

ထို့ကြောင့် ဘုရားကျောင်းဝင်းသို့ လျှောက်သွားမိတော့သည်။

ဘုရားကျောင်းဝင်းအနားသို့ ရောက်သောအခါ ဝင်းနံရံအတွင်းမှ စကားပြောသံများ ကြားလိုက်ရသဖြင့် အလွန်အံ့ဩသွားမိတော့သည်။

လင့်ဟူချုံးသည် နေရာတွင် ချက်ချင်းရပ်လိုက်ကာ ခြေဖော့ပြီးနံရံကို ဖြည်းညင်းစွာ တိုးကပ်လိုက်တော့သည်။

ထိုအခါ ဘုရားကျောင်းအတွင်းမှ အဘိုးအိုတစ်ယောက် ပြောလိုက်သည့်အသံမျိုး ကြားလိုက်ရသည်။

"မင်းကသာ ... ဟို ဘီလူးမီးသိုင်းကျမ်းစာအုပ် ဘယ်မှာရှိတယ်ဆိုတာကိုသာပြော ... ငါ မင်းတို့အတွက် ချင်းချန်ဂိုဏ်းတစ်ဂိုဏ်းလုံးကို ချေမှုန်းပစ်လိုက်မယ် ... မင်းတို့ မင်္ဂလာအာမခံဌာနအတွက် လက်စားချေပေးတဲ့ သဘောပေါ့ ... "

လင့်ဟူချုံးသည် မြောက်ပိုင်းကုလားအုတ် မုကောင်းဖုန်းမုန်း သိလိုက်သဖြင့် စိုးရိမ်ကြောင့်ကြစိတ်များ ရင်၌ပြည့်သွားတော့၏။ ထို့ကြောင့် သူ့စိတ်ထဲတွင် ..

"ဒီကိစ္စကတော့ ခက်ပြီ ... မုကောင်းဖုန်းက ဆရာတို့ထက်တောင် လက်ဦးသွားပြီကိုး" ဟု တွေးလိုက်သည်။

ထိုစဉ် ယောကျ်ားသံ တစ်သံက ..

"ကျုပ်တို့ဆီမှာ ဘာ ဘီလူးမီးသိုင်းကျမ်းမှ မရှိဘူး ... ကျုပ်တို့ရဲ့ မျိုးရိုးဓားသိုင်းပညာတွေက ဆွေစဉ်မျိုးဆက် နှုတ်တိုက်လေ့ကျင့်သင်ကြားပေးခဲ့တာချည်းပဲ ... ဘယ်ကျမ်း ဘယ်စာအုပ်မှ မရှိဘူး ... "

ထိုစကားကို ပြောကြားလိုက်သူကား မင်္ဂလာအာမခံဌာန၏ခေါင်းဆောင်ကြီး လင်ကျန်နန်ပင် ဖြစ်တော့၏။

ထိုသူ၏အသံကို ဆက်၍ကြားရသည်။

"ဆရာကြီးက ကျုပ်တို့အတွက် လက်စားချေပေးမယ်ဆိုတာကို ကျုပ်တို့က အထူးကျေးဇူးတင်ပါတယ် ... ဒါပေမယ့် ဒီချင်းချန်ဂိုဏ်းက အင်မတန် ရက်စက်ယုတ်မာတဲ့နည်းတွေ သုံးနေတာတော့ နောက်ပိုင်းမှာ သူတို့အပြစ်နဲ့သူတို့ ပြန်ခံရမှာ အမှန်ပါပဲ ... ဆရာကြီးကမချေမှုန်းတောင် သည့်ပြင်တစ်ယောက်ယောက်က ချေမှုန်းပစ်မှာ အသေအချာပါပဲ ... "

"ဒီလိုဆိုရင် ... ကျမ်းစာအုပ် ဘယ်မှာရှိတယ်ဆိုတာ မင်းကမပြောဘူးပေါ့ ... ငါ ဘယ်သူလဲဆိုတာ သိရဲ့လား ... မင်းတို့ 'မြောက်ပိုင်းကုလားအုတ်' ဆိုတဲ့နာမည်ကို မကြားဖူးဘူးနဲ့တူတယ် ... "

"ဆရာကြီးက သိုင်းလောကမှာ ဒီလောက်နာမည်ကြီးနေတဲ့လူပဲ ... လူတိုင်းသိကြတဲ့ဥစ္စာ ... ကျုပ်တို့လည်း ဆရာကြီးကိုသိပါတယ် ... "

"အေး ... ဟုတ်တယ်၊ ငါ နာမည်ကြီးတာတော့အမှန်ပဲ ... ဒါပေမယ့် ကောင်းတဲ့ဘက်က ကြီးတာတော့ မဟုတ်ဘူး ... ရက်စက်တဲ့ဘက်က ကြီးတာကွ ... "

"ဆရာကြီးက ကျုပ်တို့လင်မယားကို အကြမ်းကိုင်မယ်ဆိုတာ ကျုပ်တို့ အစောကြီးကတည်းက တွက်ပြီးသားပဲ ... ဒါပေမယ့် ကျုပ်တို့ဆီမှာ ဘီလူးမီးဓားသိုင်းကျမ်း လုံးဝမရှိဘူး ... တကယ်လို့ ရှိခဲ့ရင်တောင် ဘယ်သူက ဘယ်လိုပဲ ခြိမ်းခြောက် ခြိမ်းခြောက် ... ကျုပ်တို့ပါးစပ်ကတော့ ထွက်လာမှာမဟုတ်ဘူး ... ကျုပ်တို့ မျိုးရိုးက သိုင်းပညာ မတော်ပေမယ့် အရိုးတော့မာတယ် ... "

ထိုစဉ် မုကောင်းဖုန်းက ..

"ဟုတ်ပြီ ... မင်းရဲ့ အရိုးမာတယ်လို့ ပြောပုံထောက်ရင် မင်းဆီမှာ ဘီလူးမီးဓားသိုင်းကျမ်း ရှိနေပြီဆိုတာက သေချာနေပြီ ... မင်းမှာသာမရှိရင် အရိုးမာတယ်ဆိုတဲ့စကားကို ဘယ်သုံးလိမ့်မလဲ ... ဒီကျမ်းစာအုပ် မင်းမှာရှိနေလို့ ဒီစကားကို သုံးလိုက်တာပဲ ... "

မုကောင်းဖုန်းသည် သက်ပြင်းတစ်ချက် ချလိုက်ပြီး သူ့စကားကို ဆက်ပြန်သည်။

"လင်ကျန်နန် ... မင်းကတော့ တကယ့်ကို နုံအတဲ့ကောင်ပဲ၊ ဒီကျမ်းကို ဘာဖြစ်လို့ ဒီလောက်တန်ဖိုးထားနေရတာလဲကွာ ... ကျမ်းက ... မင်းအတွက် ဘာမှ မကျိုးမရှိပါဘူး ... ငါ့အနေနဲ့ကြည့်ရသလောက်တော့ ဒီဓားသိုင်းကွက်က ရိုးရိုးကလေးပါ ... နို့မို့ရင် ချင်းချန်ဂိုဏ်းရဲ့ တပည့်တွေကို မင်းတို့ ဘယ်ရှုံးလိမ့်မလဲ ... မင်းတို့ရဲ့ဓားသိုင်းကွက်မှာ ဘာမှအကွက်ဆန်း မရှိလို့ပေါ့ ... "

လင်ကျန်နန်က ...

"ဟုတ်တယ် ... ဆရာကြီးပြောတာ သွေးထွက်အောင်မှန်တယ် ... ကျုပ်ဆီမှာ ဒီကျမ်းစာအုပ်မရှိဘူး ... ရှိရင်လည်း ဒီလိုအောက်တန်းကျပြီး ဘာမှအကွက်ဆန်းမရှိတဲ့သိုင်းပညာမျိုးကို ဆရာကြီးလို ထိပ်သီးနာမည်ကျော် ဆရာကြီး တစ်ယောက်က ဘယ်မျက်စိကျနိုင်ပါ့မလဲ ... "

မုကောင်းဖုန်းက ရယ်ကာ ...

"ငါက အံ့သြလွန်းလို့ပါ ... ဟု ဂျပုကြီးရီချန်းက ဒီကျမ်းကိုဘာဖြစ်လို့ အသေအလဲ လိုချင်နေရတာလဲလို့ စဉ်းစားမိပြီး ဒီကျမ်းကိုတစ်ခါလောက် ကြည့်ချင်တာပါ ... သည့်ပြင် ထွေထွေထူးထူး မက်လှလို့ မဟုတ်ပါဘူး" ဟု ပြောပြန်သည်။

လင်ကျန်နန်က မဲ့ပြုံး ပြုံး၍ ..

"ဆရာကြီးအနေနဲ့ မယုံဘူးဆိုရင် ကျုပ်တစ်ကိုယ်လုံး ရှာဖွေကြည့်နိုင်ပါတယ် ... "

ခပ်ရှင်းရှင်းပင် ပြောလိုက်တော့သည်။

မုကောင်းဖုန်းက ခေါင်းခါပြီး ...

"ဟား ... ဟား ... ဟား ... ဒါတော့ ငါ မလုပ်ဘူးဟေ့ ... မင်းတို့ကို ချင်းချန်ဂိုဏ်းက ဖမ်းထားတာ ဆယ်ရက် ကျော်နေပြီ ... သူတို့က မင်းတို့ကို ဘယ်နှစ်ခါ ရှာပြီးပြီလဲမသိဘူး ... ငါ အခု ရှာလို့ကော တွေ့နိုင်ပါ့မလား ... "

ဟု ပြောလိုက်ပြီးသည်နှင့် စကားကို ချက်ချင်း လမ်းကြောင်းပြောင်းလိုက်ကာ ..

"မင်းက မပြောပေမယ့် မင်းရဲ့မိန်းမကတော့ပြောမှာပဲ ... အမေဆိုတာ သားကို အဖေ့ထက်ပိုချစ်ကြတာပဲ" ဟု ပြောလိုက်သည်။

ထိုအခါ လင်ကျန်နန်၏ဇနီး ဝမ်ဖူးက အော်၍မေးလိုက်တော့သည်။

"ရှင်ကပြောတယ် ... ကျွန်မရဲ့ သားအကြောင်းကို အခု ကျွန်မသားက ဘယ်မှာလဲ ... "

မုကောင်းဖုန်းက ..

"မင်းတို့ရဲ့သား လင်မိန်ကျက်က ဉာဏ်ကောင်းတယ် ... ငါတို့ကိုသဘောသိပ်ကျတယ် ... သူကလည်း ငါ့သိုင်းပညာ သိပ်တော်မှန်းသိလို့ ငါ့ဆီမှာ လာတပည့်ခံတယ်လေ ... "

လင့်ဟူချုံးသည် မုကောင်းဖုန်းအား စိတ်ထဲမှ ဆဲရေးတိုင်းထွာနေမိသည်။ မုကောင်းဖုန်းသည် နည်းအမျိုးမျိုးသုံး၍ ဘီလူးမီးဓားသိုင်းကျမ်းရရှိရန် ကြိုးစားနေသည် မဟုတ်ပါလော။

လင့်ဟူချုံး၏ စိတ်ထဲတွင် ..

"ဒီခါးကုန်းကြီးကတော့ တကယ့်ကို အရှက်မရှိတဲ့ လူကြီးပဲ၊ အကြမ်းကိုင် မရတော့ အနုနည်းသုံးဦးမယ် ... "

ဟု တွေးနေမိ၏။

သို့သော် လင်ကျန်နန်သည် သူ့သား လင်မိန်ကျက်၏စိတ်ဓာတ်ကို ကောင်းကောင်းသိသည်။

သူ့သားသည် ဤကဲ့သို့ ကောက်ကျစ်ယုတ်မာသူ တစ်ယောက်ထံ၌ မည်သို့မျှ တပည့်ခံလိမ့်မည်မဟုတ်။

ထို့ကြောင့် သူက ...

"ကျုပ်သားက ဆရာကြီးဆီမှာ တပည့်ခံနိုင်ခွင့်ရတယ်ဆိုရင် အင်မတန်ကံကောင်းတယ်လို့ခေါ်ရမှာပဲ ... ကျုပ်တို့ လင်မယားနှစ်ယောက်စလုံး ဒီရက်တွေအတွင်းမှာ အနှိပ်စက်ခံထားရလို့ သက်ဆိုးမရှည်တော့ပါဘူး ... ဒါကြောင့်မို့ မသေခင်ကလေးမှာ သားလေးနဲ့တွေ့ချင်ပါတယ် ... ဆရာကြီးက သားလေးကိုခေါ်ပေးပါလို့ ကျုပ်က တောင်းပန်ပါတယ် ... "

မုကောင်းဖုန်းသည် အကျပ်တွေ့သွားသည်။

သို့သော် လုံးဝဟန်မပျက်စေဘဲ ပြန်၍ အကျပ်ကိုင်လိုက်သည်။

"ငါသွားခေါ်ရင်တော့ ဖြစ်ပါတယ် ... ဒါပေမယ့် မင်းတို့ရဲ့သိုင်းကျမ်း ဘယ်မှာရှိတယ်ဆိုတာကိုသာ အရင်ပြောလိုက်ပါ ... မင်းတို့ရဲ့သား လင်မိန်ကျက်ကို ငါခေါ်ပေးပါ့မယ် ... "

လင်ကျန်နန်သည် ထိုစကားကို ကြားလိုက်ရသည်နှင့် သူ့သားသည် ဤခါးကုန်းကြီး၏လက်ထဲ၌ မရှိကြောင်း အသေအချာ သိသွားတော့သည်။

အကယ်၍ သူ့သားသာ ဤခါးကုန်းကြီး၏လက်ထဲ၌ရှိနေလျှင် သူ့သားကို ချက်ချင်းခေါ်ဆောင်လာပြီး နှိပ်စက်မေးမြန်းမည်မှာ အသေအချာဖြစ်၏။

လင်ကျန်နန်၏ဇနီး ဝမ်ဖူးကမူ ဤအချက်ကို သတိမပြုမိချေ။ ထို့ကြောင့် အလန့်တကြားဖြင့် ...

"ကျွန်မသားလေး နေကောင်းရဲ့လားဟင် ... သူ ဘာမှ မဖြစ်ပါဘူးနော် ... "

ဟု အမောတကော ဝင်မေးတော့၏။

လင်ကျန်နန်က ဝင်၍ သတိပေးသည်။

"ဝမ်ဖူး ... ဆက်ပြီးပြောမနေနဲ့တော့ ... ငါတို့ရဲ့သားလေးက သူ့လက်ထဲမှာမရှိပါဘူး ... ရှိမို့ရင် သားလေးကို သူခေါ်လာမှာပေါ့ ... ငါတို့ရှေ့မှာ နှိပ်စက်အကျပ်ကိုင်မေးရင် ပိုပြီးမထိရောက်ဘူးလား ... "

မုကောင်းဖုန်းက တဟားဟားရယ်ပြီး ...

"ဟုတ်တယ် ... မင်းက တော်တော်ကလေး စဉ်းစားဉာဏ်ကောင်းတယ် ... လင်မိန်ကျက် ငါ့လက်ထဲမှာမရှိတာ အမှန်ပဲ ... ဒါပေမယ့် ငါသူ့ကို လွယ်လွယ်လေးနဲ့ သတ်နိုင်တယ် ... "

ဟု ပြောလိုက်တော့၏။

ဝမ်ဖူးသည် ထိုစကားကို ကြားလိုက်ရသောအခါ အလွန်တရာတုန်လှုပ်ချောက်ချားသွားသည်။

လင်ကျန်နန်အား တုန်ယင်စွာဖြင့် တီးတိုးလှမ်းပြောလိုက်သည်။

"အစ်ကိုကြီး ... သူက သားလေးကို တကယ်သွားရန်ရှာနေရင် သားလေးဒုက္ခရောက် ... "

ထိုစဉ် မုကောင်းဖုန်းက ချက်ချင်းဝင်ပြောလိုက်၏။

"အေး ... ဟုတ်တယ် ... သိုင်းကျမ်း ဘယ်မှာရှိတယ်ဆိုတာကိုသာပြောလိုက် ... မင်းတို့ရဲ့ သားလေးကို အသက်ချမ်းသာပေးမယ် ... "

လင်ကျန်နန်က တဟားဟားရယ်ရင်း ...

"ဝမ်ဖူး ... တကယ်လို့ ငါတို့က သိုင်းကျမ်းစာအုပ်ဘယ်မှာရှိတယ်ဆိုတာကို ပြောလိုက်စမ်း ... ဒီခါးကုန်းကြီးလုပ်မှာက ပထမသိုင်းကျမ်းကိုသွားယူမယ် ... ဒုတိယ ငါတို့သားလေးကိုသတ်မယ်၊ တကယ်လို့ ငါတို့ပြောမပြဘူးဆိုရင် ဒီခါးကုန်းကြီးဟာ ဒီကျမ်းကို သိပ်လိုချင်နေတဲ့လူဆိုတော့ သားလေးရဲ့အသက်ကို ကာကွယ်စောင့်ရှောက်နေရမှာပဲ ... သားလေးက တစ်ရက်မပြောဘဲနေရင် တစ်ရက်မသတ်ရဲဘူး ... ဒီအချက်ကို မင်းသိထားစမ်းပါ ... ဘာမှ ပူမနေပါနဲ့"

ဟု သူ့ဇနီးအား ပြောပြလိုက်တော့၏။

လင်ကျန်နန်သည် အသက်စွန့်လွှတ်ရန် စိတ်ပိုင်းဖြတ်ပြီးဖြစ်၍ မုကောင်းဖုန်းအား ဆရာကြီးဟူ၍ပင် မခေါ်တော့ပေ။

ခါးကုန်းကြီးဟူ၍သာ ခေါ်လိုက်တော့၏။ ဝမ်ဖူးသည်လည်း သူမယောကျ်ားရှင်းလင်းပြသည်ကို ကောင်းစွာ သဘောပေါက်သွားသည်။ ထို့ကြောင့် သူမက ...

"ဟုတ်တယ် ... ခါးကုန်းကြီး ... ရှင် ကျွန်မတို့ကို ချက်ချင်းသတ်ပစ်လိုက် ... ကျွန်မတို့ သေရဲတယ် ... "

လင့်ဟူချုံးသည် ထိုစကားကို ကြားလိုက်ရသောအခါ ရုတ်တရက် စိုးရိမ်သွားမိသည်။

မုကောင်းဖုန်းကဲ့သို့သော လူယုတ်မာမျိုးရိုးသည် ရက်ရမ်းရမ်းပြီး သူတို့လင်မယားနှစ်ယောက်ကို ချက်ချင်းသတ်ပစ်နိုင်ပေသည်။

ထို့ကြောင့် အသံမြှင့်၍ အော်လိုက်တော့၏။

"ဆရာကြီး မုကောင်းဖုန်း ... ကျွန်တော် ဝါဆန်းဂိုဏ်းက လင့်ဟူချုံးပါ ... ကျွန်တော်တို့ရဲ့ ဂိုဏ်းချုပ်ဆရာကြီးက ဆရာကြီးမုကောင်းဖုန်းကို ခဏကြွလာဖို့ သွားဖိတ်စမ်းပါဆိုလို့ ဆရာ့အမိန့်နဲ့ ကျွန်တော်ရောက်လာပါတယ် ... ဆရာကြီး မုကောင်းဖုန်းနဲ့ ဆွေးနွေးစရာရှိတယ်တဲ့ ... အဒါ ခဏကြွပါ ... "

မုကောင်းဖုန်းသည် လင့်ဟူချုံး၏အော်သံကို ကြားလိုက်ရသောအခါ အကြီးအကျယ် တုန်လှုပ်ချောက်ချားသွားတော့၏။

သူသည် အခြားထိပ်သီးသိုင်းဆရာကြီးများကို သိပ်အရေးမစိုက်သော်လည်း ဝါဆန်းဂိုဏ်းချုပ်ကြီး ရက်ပုချွန်ကိုတော့ ကြောက်မိသည်။

အထူးသဖြင့် မိန်းမပျက်ကလေးများ၏ မကောင်းသောအိမ်ခြံဝဌ် ရက်ပုချွန်၏ မိုးကြိုးအတွင်းအားသိုင်း အရိပ်အယောင်ကို မြင်ခဲ့ပြီးသည့်အချိန်ကစ၍ ပိုမိုကြောက်ရွံ့ခဲ့မိ၏။

ထို့ကြောင့် သူ့စိတ်ထဲတွင် ..

"ရက်ပုချွန်က ငါ့ကိုတွေ့ဖို့ သူ့တပည့်ကို ခေါ်ခိုင်းလိုက်တာ ဘာဆွေးနွေးစရာမှရှိလို့မဟုတ်ဘူး ... ငါ လင်ကျန်နန်တို့ လင်မယားကို နှိပ်စက်တာသိလို့ ငါ့ကိုရှုံ့ချမလို့ ခေါ်တာပဲဖြစ်မှာပဲ ... မဖြစ်ဘူး၊ သိုင်းကျမ်းရဖို့လည်း လမ်းမမြင်ဘူး ... လစ်မှပဲ ... "

သို့နှင့် သူက ပြန်အော်လိုက်သည်။

"ငါ အခု ကိစ္စတစ်ခုဆောင်ရွက်နေတာ မပြီးသေးဘူး ... မင်းဆရာကို ပြန်ပြောလိုက်ပါ ... နောက်မှ ငါ လာတွေ့ပါ့မယ်လို့"

ပြောပြောဆိုဆိုနှင့် ဝင်းနံရံ၏ အခြားတစ်ဘက်မှ ခုန်ကျော်ထွက်ပြေးသွားတော့၏။

လင့်ဟူချုံးသည် မကောင်းဖုန်း ထွက်ပြေးသွားသည်ကို တွေ့ရသောအခါ စိတ်ထဲတွင် အလွန်ဝမ်းသာအားရ ဖြစ်သွားသည်။

"ဟား ... ဟား ... ဟား ... ဟား ... ဒီခါးကုန်းကြီး ငါ့ဆရာကို ဒီလောက် ကြောက်မယ်မထင်မိဘူး ... အခုတော့ ပြေးလိုက်တာနောက်ကြောင်းတောင်လှည့်မကြည့်တော့ဘူး ... သူသာထွက်မပြေးရင် ငါ့အဖို့ အတော်အန္တရာယ်ရှိမှာ ... "

လင့်ဟူချုံးသည် ဘုရားကျောင်းဝင်းအတွင်းသို့ ဝင်လာတော့သည်။

ထိုအခါ ဘုရားကျောင်းဝင်းအတွင်း၌ ယောကျ်ားတစ်ယောက်နှင့် မိန်းမတစ်ယောက် နံရံကိုမှီ၍ လဲလျောင်းနေသည်ကို တွေ့လိုက်ရသည်။

လင့်ဟူချုံးသည် အရိုအသေပေးလိုက်ပြီး ...

"ကျွန်တော်က ဝါဆန်းဂိုဏ်းက ဆရာကြီးရက်ပုချွန်ရဲ့ တပည့်ကြီး လင့်ဟူချုံးပါ ... အခု လင်မိန်ကျက်ဟာ ကျွန်တော့်ရဲ့ ဂိုဏ်းတူညီလေး ဖြစ်သွားပါပြီ ... "

လင်ကျန်နန်သည် အလွန်ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားတော့သည်။ ထို့ကြောင့် သူက ...

"ကျုပ်ရဲ့သားလေးဟာ တကယ်ပဲ ဝါဆန်းဂိုဏ်းထဲ ဝင်လိုက်ပြီလား ... "

ဝါဆန်းဂိုဏ်းချုပ်ကြီး ရက်ပုန်ချွန်သည် ချင်းချန်ဂိုဏ်းချုပ်ကြီးရီချန်းထက် သိုင်းလောကတွင် ပို၍နာမည်ကြီးသည်။ သစ္စာရှင်စားသမားဟု ကျော်ကြားသည်။

ယခု မိမိတို့မျက်မြင် မကောင်းဖုန်းကဲ့သို့သော လူဆိုးကြီးတစ်ယောက်သည်ပင်လျှင် ရက်ပုချွန်နာမည်ကို ကြားလိုက်ရသည်နှင့် ထွက်ပြေးသွားသည်မဟုတ်ပါလား။

မိမိတို့၏သားလေးသည် ထိုကဲ့သို့သော ပုဂ္ဂိုလ်မျိုးထံ၌ တပည့်ခံနိုင်ခြင်းမှာ ကုသိုလ်ကံထောက်မ၍သာ ဖြစ်ပေလိမ့်မည်။

လင့်ဟူချုံးက ...

"ဟုတ်ပါတယ် ... ခါးကုန်းကြီးက လင်မိန်ကျက်ကို အတင်း သူ့တပည့်လုပ်ခိုင်းခဲ့ပါတယ် ... လင်မိန်ကျက်က လက်မခံတော့ ခါးကုန်းကြီးက နှိပ်စက်မလို့လုပ်နေတုန်း ဆရာရောက်လာပြီး ကယ်လိုက်ပါတယ် ... လက်မိန်ကျက်က သူ့ကို တပည့်အဖြစ်လက်ခံပါလို့ ဆရာ့ကိုတောင်းပန်တဲ့အတွက် ဆရာက တပည့်အဖြစ်လက်ခံလိုက်ပါတယ် ... စောစောတုန်းက ဒီကျောင်းနဲ့မနီးမဝေးမှာ ဆရာနဲ့ရီချန်းတို့ တိုက်ခိုက်နေကြပါတယ် ... ရီချန်းထွက်ပြေးသွားလို့ ဆရာကနောက်က လိုက်သွားပါတယ် ... ဆရာ မကြာခင် လင်မိန်ကျက်ကိုခေါ်ပြီး ဒီကိုလာလိမ့်မယ်လို့ မျှော်လင့် ပါတယ် ... "

လင်ကျန်နန်က ...

"အင်း … ငါ့သားလေး အချိန်မီ ရောက်နိုင်ပါ့မလား … ဟင့်အင်း … မရတော့ဘူး … မရတော့ဘူး … နောက်ကျနေပြီ … "

လင့်ဟူချိုးမှာ လင်ကျုန်နန်၏ ထွက်သက်များပြီး ဝင်သက်နည်းနေသည်ကို တွေ့ရသောအခါ သူ၏ အတွင်းအားကို ထုတ်၍ လင်ကျုန်နန်၏အသက်ကို ထိန်းပေးရန် စိတ်ကူးမိသည်။ သို့သော် သူ့မှာ အပြင်းအထန်ဒဏ်ရာရထားခဲ့၍ အတွင်းအားထုတ်၍ မရသေးကြောင်း သိရှိလိုက်မိတော့သည်။

သူက ..

"ဦးလေး စကားမပြောပါနဲ့တော့ … ကျွန်တော့် ဆရာရောက်လာရင် ဦးလေးကို ကောင်းကောင်းကယ်နိုင်မှာပါ … "

လင်ကျုန်နန်သည် မျက်စိကိုမှိတ်၍ မေးနေလိုက်သည်။

အတန်ကြာမှ တိုးညှင်းသောလေသံဖြင့် ..

"လင့်ဟူချိုး … ကျုပ်တော့ဖြင့် ကျုပ်သားရောက်ချိန်အထိ မနေရတော့ဘူး … သားလေး ဝါဆန်းဂိုဏ်းထဲ ဝင်နိုင်ခဲ့တဲ့အတွက် ကျုပ်အများကြီးဝမ်းသာတယ် … စိတ်လည်း အေးသွားခဲ့ပါပြီ … နောက်ပိုင်းမှာ သူ့ကို ကောင်းကောင်း စောင့်ရှောက်ဖို့ ကျုပ် မေတ္တာရပ်ခံပါတယ် … "

ဟု ပြောရှာတော့သည်။

လင့်ဟူချိုးက …

"ဦးလေး စိတ်ချပါ … ကျွန်တော်တို့က ဂိုဏ်းတူညီအစ်ကိုတွေပဲ … ဦးလေးကမမှာတောင် တကယ့်သွေးရင်းသားရင်း ညီရင်းအစ်ကိုတွေထက် ကျွန်တော်တို့က စောင့်ရှောက်ကြပါတယ် … အခု ဦးလေးက မှာတယ်ဆိုတော့ ကျွန်တော်တို့က ပိုစောင့်ရှောက်မှာပါ"

လင်ကျုန်နန်၏ အသက်ရှူသံသည် တဖြည်းဖြည်းပြင်းထန်လာတော့သည်။ သူက ပြတ်တောင်းပြတ်တောင်းနှင့် …

"လင့်ဟူချိုး … ကျေးဇူးပြုပြီး ငါ့သားလေးကို ပြောပြလိုက်ပါ၊ 'ဖုကျိုးနယ် နေကြာပန်းလမ်း' က ငါတို့အိမ်ဟောင်းရဲ့ မြေအောက်ခန်းထဲကပစ္စည်းက ငါတို့ 'လင်' မျိုးရိုးရဲ့ပစ္စည်း … သေသေချာချာထိန်းသိမ်းပါ … ဒါပေမယ့် သူ့ရဲ့အဘေး 'လင်ရွှယ်တူ' က မှာခဲ့တာရှိတယ် … 'လင်' မျိုးဆက်ရဲ့ သားမြေးတွေဟာ ဒီပစ္စည်းကို မကြည့်ရဘူးတဲ့ … ကြည့်ရင် ဒုက္ခအများကြီး ခံရလိမ့်မယ်တဲ့ … သူ့ကို သေသေချာချာ မှတ်ထားခိုင်းလိုက်ပါ … "

ဟု ခက်ခဲပင်ပန်းစွာ ပြောလိုက်သည်။

လင့်ဟူချိုးက ..

"ဟုတ်ကဲ့ … စိတ်ချပါ … ဒီစကားတွေကို အစအဆုံးပြောပြလိုက်ပါ့မယ် … "

လင်ကျုန်နန်က ..

"ကျေး … ကျေး … ဇူး … "

သူ့ခမျာ ကျေးဇူးတင်ပါတယ်ဟူသော စကားကိုပင် ဆုံးအောင်မပြောနိုင်တော့ဘဲ ဇက်ကျိုးပြီး အသက်ထွက်သွားခဲ့လေပြီ။ လင့်ဟူချိုးသည် ချက်ချင်းလိုလိုပင် ဝမ်ဖူးဘက်သို့ လှမ်းကြည့်လိုက်မိသည်။ ဝမ်ဖူးမှာလည်း မည်သည့်အချိန်က အသက်ထွက်သွားသည်မသိရပေ။ သေဆုံးလျက် ရှိနေပေပြီ။

လင့်ဟူချိုးသည် သက်ပြင်းတစ်ချက် ရှိုက်လိုက်မိသည်။

သူ့စိတ်ထဲတွင် …

"ရီချန်းနဲ့ မုကောင်းဖုန်းတို့က သူတို့ကို အတင်းနှိပ်စက်ပြီး ပြောခိုင်းတာတောင် သူတို့မပြောခဲ့ကြဘူး … အခု သူတို့ သေကြတော့မယ်မှန်းသိလို့ ငါ့ကို တစ်ဆင့်ပြောခိုင်းခဲ့ကြတာပဲ … ဒါပေမယ့် သူတို့ရဲ့မျိုးရိုးဓားသိုင်းကျမ်းကို ငါ ယူမှာစိုးလို့ မကြည့်ရဘူး … ကြည့်ရင်ဒုက္ခအများကြီးခံရမယ် … ဘာညာနဲ့ … ဟင်း … ငါ့ကို ဘယ်လိုလူစားများ မှတ်သွားသလဲမသိဘူး … ငါက ငါတို့ဝါဆန်းဂိုဏ်းရဲ့ သိုင်းပညာကိုတောင် သေသေချာချာ မသင်နိုင်သေးတဲ့ဥစ္စာ … သူတို့ရဲ့ လင်မျိုးရိုးသိုင်းပညာကို သွားလှမ်းပါ့မလား … ဟင်း … "

သူသည် ဝင်းနံရံကိုမှီ၍ အနားယူလိုက်သည်။ အတန်ကြာသောအခါ အပြင်ဘက်မှ ရက်ပုချွန်၏အသံကို ကြားလိုက်ရတော့၏။

"လင့်ဟူချိုး ... မင်းအထဲမှာရှိသလား ... "

"ဟုတ်ကဲ့ဆရာ ... ကျွန်တော် ရှိပါတယ် ... "

သူ့မျက်စိများ ဖွင့်လိုက်သောအခါ အပြင်ဘက်တွင် ဝေလီဝေလင်းဖြစ်နေချေပြီ။ ရက်ပုချွန်သည် လင်ကျန်နန်တို့ လင်မယား သေဆုံးနေသည်ကို တွေ့ရသောအခါ မျက်မှောင်တစ်ချက် ကုတ်သွားပြီး ..

"သေပြီ ... "

ဟု အာမေဍိတ်သံဖြင့် ရေရွတ်နေမိတော့သည်။

လင့်ဟူချိုးက ... အကြောင်းစုံရှင်းလင်းပြောပြလိုက်သည်။ နောက်ဆုံး သူတို့လင်မယားက သူတို့သား လင်မိန်ကျက်အား ပြန်ပြောရန် စကားလက်ဆောင်ပါးခဲ့သည်ကိုလည်း ပြောပြလိုက်၏။ ရက်ပုချွန်သည် တစ်လုံးတစ်ပါဒမျှ ဝင်ထောက်ခြင်း၊ မေးမြန်းခြင်း မပြုဘဲ အစအဆုံး သေချာစွာ နားထောင်ပြီးမှ ..

"ရီချန်းတော့ ဒီလောက် အပင်ပန်းခံလိုက်ပြီးမှ ဘာတစ်ခုမှ မရလိုက်ရှာဘူး ... " ဟု ပြောလိုက်မိတော့၏။

လင့်ဟူချိုးက ..

"ဆရာ ... ရီချန်းက ဆရာ့ကို တောင်းပန်လိုက်သလား"

ရက်ပုချွန်က ...

"မင်းက ရီချန်းအကြောင်း ကောင်းကောင်းမသိပါဘူး ... ဒီလူက ခြေသိပ်မြန်တာ ... ငါက သူ့ကိုလိုက်လို့မမီဘူး ... သူတို့ ချင်းချန်ဂိုဏ်းရဲ့ ကိုယ်ဖော့ပညာက ငါတို့ ဝါဆန်းဂိုဏ်းထက် အများကြီးသာတယ် ... "

လင့်ဟူချိုးက တဟားဟားရယ်လိုက်ပြီး ..

"ဆရာကလည်း သူတို့ရဲ့ ကိုယ်ဖော့သိုင်းပညာတင် သာတာမဟုတ်ဘူး ... သူတို့ချင်းချန်ဂိုဏ်းရဲ့ ဖင်မိုးမျှော်သိုင်းကလည်း တခြားဂိုဏ်းတွေထက်တောင် သာတာပဲ ... "

ဟု ရယ်သွမ်းသွေးရင်း ပြောလိုက်တော့၏။

ရက်ပုချွန်၏ မျက်နှာသည် ချက်ချင်းတင်းမာသွားပြီး ...

"လင့်ဟူချိုး ... မင်းပါးစပ်က တကယ်သရမ်းတာပဲ ... 'ကြမ်းကျွံရင်နှုတ်လို့ရတယ် ... နှုတ်ကျွံရင် နှုတ်လို့မရဘူး' ဆိုတဲ့စကား မကြားဖူးဘူးလား ... စကားပြောရင် ဘယ်တော့မှ တည်တည်ကြည်ကြည်မပြောဘူး ... ဒီလိုသာ ပေါ့တိပေါ့ရွတ်ပြောနေရင် နောက်ပိုင်းမှာ မင်းရဲ့ ဂိုဏ်းတူညီအစ်ကိုတွေကို ဘယ်လိုအုပ်ချုပ်တော့မလဲ ... "

ဟု ခက်ထန်စွာ ပြောကြားလိုက်တော့၏။

လင့်ဟူချိုးကမူ ဆရာမမြင်အောင် လျှာတစ်ချက် တစ်လစ်ထုတ်ပြီးမှ 'ဟုတ်ကဲ့ဆရာ' ဟု ပြောလိုက်သည်။

ရက်ပုချွန်သည် ပြုံးမဲ့မဲ့ဖြင့် ..

"ဒီတစ်ချီတော့ မင်း တော်တော်လေး ခံလိုက်ရတယ် မဟုတ်လား ... " ဟု ထပ်မေးလိုက်၏။

လင့်ဟူချိုးက ပြုံးရယ်ရင်း ..

"ဟာ ... ဆရာ တစ်ခါခံရရင် တစ်ခါပိုပြီး လိမ္မာတာပေါ့"

ဟု ပြန်ဖြေလိုက်တော့၏။

ရက်ပုချွန်သည် ရင်ခွင်တွင်းမှ မီးကျည်တစ်ခုကိုထုတ်ကာ မီးရှို့၍ ကောင်းကင်သို့ပစ်တင်လိုက်၏။ ထိုမီးကျည်သည် ဝုန်းခနဲ ပေါက်ကွဲသွားကာ ငွေရောင်တန်းတစ်ခုအဖြစ် အပေါ်သို့ ထိုးတက်သွားတော့၏။

ဤသည်မှာ ဝါဆန်းဂိုဏ်းချုပ်ကြီးက သူ၏တပည့်သားမြေးများကို စုစည်းရန်ခေါ်လိုက်ပြီဖြစ်ကြောင်း အချက်ပြနည်းတစ်ခုပင်ဖြစ်သည်။

အတန်ကြာသောအခါ ခြေသံများကို စတင်ကြားရသည်။ ဤဘုရားကျောင်းဟောင်းဘက်ဆီသို့ ဦးတည်လာနေကြကြောင်း သိရှိနိုင်ကြသည်။

များမကြာမီ ဝါဆန်းဂိုဏ်းသားများ တစ်စုတစ်ဝေးတည်း ဖြစ်သွားတော့၏။ ရက်ပုချွန်၏သမီး လိန်လိန်နှင့် မကြာသေးမီကမှ ဝါဆန်းဂိုဏ်းသားသစ်ဖြစ်လာသော လင်မိန်ကျက်တို့လည်း ရောက်ရှိလာကြသည်။

လင်မိန်ကျက်သည် မိဘနှစ်ပါး၏အလောင်းကို တွေ့လိုက်ရသောအခါ သူမကယ်နိုင်ခဲ့သည့် မိဘများအတွက် ကြေကွဲဝမ်းနည်းစွာ ချုံးပွဲချငိုကြွေးမိတော့သည်။

မိဘနှစ်ပါး၏အလောင်းကို ဖက်၍ငိုနေသော လင်မိန်ကျက်ကိုကြည့်ပြီး အားလုံး စိတ်မကောင်းဘဲဖြစ်ကြရသည်။

လိန်လိန်မှာမူ လင့်ဟူချုံးတစ်ယောက် ဘေးမသီရန်မခဘဲ အသက်ရှင်နေသေးသည်ကို တွေ့လိုက်ရသောအခါ အလွန်ဝမ်းသာသွား၏။

လျှိုကျက်ဖုန်း၏ အိမ်ဂေဟာကြီးတွင်ရှိကြစဉ် လင့်ဟူချုံးသေပြီဟုပြောခဲ့သဖြင့် လိန်လိန်အနေဖြင့် အကြီးအကျယ် ငိုပွဲဆင်ခဲ့ရသည်။

နောက်ပိုင်းရက်များ၌ လင့်ဟူချုံး မသေသေးကြောင်း သူမ၏ဖခင် ရက်ပုချွန်က ပြောပြခဲ့သော်လည်း လင့်ဟူချုံးကို တစ်ကြိမ်မျှ မတွေ့ခဲ့ရချေ။

ယခု တွေ့လိုက်ရသောအခါတွင် လင့်ဟူချုံး၏ အင်္ကျီစကိုဆွဲ၍ ချုံးပွဲချငိုမိတော့၏။

လင့်ဟူချုံးက သူမ၏ ပခုံးကို ဖြည်းညှင်းစွာပုတ်၍ နှစ်သိမ့်လိုက်ပြီး ..

"ညီမလေး ဘာဖြစ်လို့ ငိုရတာလဲ ... "

ဟု မေးလိုက်သည်။

လိန်လိန်က မဖြေ။ အတန်ကြာ အားရအောင်ငိုပြီးမှ ...

"အစ်ကိုကြီး မသေဘူးနော် ... "

ဟု ပြန်မေးလိုက်သည်။

လင့်ဟူချုံးက ရယ်မောရင်း ခေါင်းခါပြကာ ...

"အစ်ကိုကြီးလောက် အသက်ပြင်းတဲ့လူ ဒီလောကမှာ ရှိတာမှ မဟုတ်ဘဲ ... အစ်ကိုကြီး ဘယ်သေလိမ့်မလဲ ... "

လိန်လိန်သည် လင့်ဟူချုံးကို မော့ကြည့်လိုက်သောအခါ လင့်ဟူချုံး၏မျက်နှာ၌ သွေးလုံးဝမရှိဘဲ ဖြူဖပ်ဖြူရော်ဖြစ်နေသည်ကို တွေ့လိုက်ရ၏။

သူမ၏ရင်ထဲဝယ် အလွန်စိုးရိမ်သွားပြီး ..

"အစ်ကိုကြီး ဒီတစ်ခါဒဏ်ရာရတာ ပြင်းထန်တာပဲနော်... တောင်ပေါ်ပြန်ရောက်ရင်တော့ အစ်ကိုကြီးကောင်းကောင်း အနားယူရမယ် ... "

ဟု သတိပေးပြောကြားမိတော့၏။

ရက်ပုချွန်ကလည်း ဝမ်းပန်းတစ်နည်း ငိုကြွေးနေသော လင်မိန်ကျက်အား ...

"လင်မိန်ကျက် ... သေတဲ့လူလည်း သေပြီးနေပါပြီ ... ကိုယ့်ရဲ့ ပူဆွေးဝမ်းနည်းမှုတွေကိုလည်း ထိန်းနိုင်သမျှ ထိန်းလိုက်တော့ ... မင်းရဲ့ အဖေအမေကို သင်္ဂြိုဟ်ဖို့ကိစ္စလုပ်ကြရမယ် ... "

ဟု ဖျောင်းဖျနှစ်သိမ့်ရင်း လုပ်ရမည့်ကိစ္စကိုပါ ပြောပြလိုက်တော့သည်။

"အဖေနဲ့ အမေကို အသက်ရှင်လျက်လေးတောင် မတွေ့လိုက်ရဘူး ... သူတို့က ကျွန်တော့်ကို ဘာများမှာခဲ့သလဲ မသိဘူး ... "

ဟု ပြောလိုက်သည်။

ထိုအခါ လင့်ဟူချုံးက ..

"ညီလေး ... မင်းရဲ့ အဖေနဲ့ အမေ မသေဆုံးခင်မှာ ငါ ဒီမှာရှိနေခဲ့တယ် ... သူတို့က မင်းကို စောင့်ရှောက်လိုက်ပါလို့ မှာသွားတယ် ... နောက်ပြီး မင်းအတွက် အရေးကြီးတဲ့ စကားတစ်ခု ပြောခဲ့သေးတယ် ... "

လင်မိန်ကျက်က ကျေးဇူးတင်စကား ပြောလိုက်ပြီး လင့်ဟူချုံးဆက်ပြောမည့်စကားကို စောင့်နေလိုက်သည်။

လင့်ဟူချုံးက ..

"မင်းရဲ့ မိဘနှစ်ပါးက ရှီချန်းနဲ့ မုကောင်းဖုန်းတို့နှစ်ယောက် နှိပ်စက်တဲ့ဒဏ်နဲ့ အတွင်းဒဏ်ရာရပြီး သေသွားခဲ့ရတယ် ... သူတို့က မင်းမိဘတွေဆီက ဘီလူးမီးဓားသိုင်းကျမ်းကို တောင်းတယ် ... မရလို့ မင်းမိဘတွေကို နှိပ်စက်တာပဲ ... "

လင်မိန်ကျက်သည် အံကိုကြိတ်၍ သွားစေ့သောလေသံဖြင့် ပြောလိုက်သည်။

"ဒီရန်ကြွေး မချေရသမျှ ကျွန်တော် မသေနိုင်သေးဘူး ... ဒီလူတွေကို တစ်သက်မပြောနဲ့ ဆယ်သက်တောင် မကျေဘူး ... "

လိန်လိန်က ဝင်၍ ..

"မောင်လေး ... ဒီကိစ္စဟာ ငါ့ကြောင့်ဖြစ်ခဲ့ရတာပဲ ... မင်းရဲ့ရန်ကြွေးချေတဲ့အခါ ငါကလည်း လက်ပိုက်ကြည့်မနေပါဘူး ... ငါလည်း ဝင်ကူပါ့မယ် ... "

ဟု အာမခံပေးလိုက်၏။

နုနယ်သော ပုထုဇဉ်လူသားများ၏ နှလုံးသားဝယ် ရန်ကြွေးပေးချေလိုခြင်းတည်းဟူသော ဒေါသမီးသည် တညီးညီး တောက်လောင်လျက် ရှိနေကြသည်။ ထိုမီးသည် မိမိ၏ခြေဖျားမှ ဆံဖျားသို့တိုင်ပူလောင် လောင်ကျွမ်းသွားလိမ့်မည်ကိုမူ လုံးဝသတိမပြုနိုင်ကြချေတကား။

လင်မိန်ကျက်သည် လိန်လိန်အား အရိုအသေတစ်ချက် ပေးကာ ..

"ကျေးဇူးတင်ပါတယ် မမ ... "

ဟု ပြောလိုက်တော့၏။

ရက်ပုစ္ဆန်မှာ သက်ပြင်းတစ်ချက်သာ ချလိုက်မိတော့သည်။

× × × × × ×

## ဂူပိတ်ပြစ်ဒဏ် တစ်နှစ်ခံ

ထိုစဉ် လင့်ဟူချိုးက ဆက်၍ ...

"ညီလေး ... မင်းရဲ့အဖေ မဆုံးခင်က မှာခဲ့တာက ဖုကျိုးနယ်"

လင့်ဟူချိုး၏စကားမဆုံးမီ ရက်ပုချွန်က လှမ်းတားလိုက်သည်။

"လင့်ဟူချိုး ... ဒါက လင်မိန်ကျက်မိဘရဲ့ အမွေစကားပဲ၊ ဒီစကားကို လင်မိန်ကျက်တစ်ယောက်တည်း ရှိတဲ့အခါမှာ ပြောပြလိုက်ပေါ့ ... တခြားလူတွေ သိစရာမလိုဘူး ... "

လင့်ဟူချိုးက သူ့ဆရာ၏စည်းကမ်းရှိပုံကို အလွန်ရိုသေလေးစားသွားမိသည်။ သို့နှင့် လင်မိန်ကျက်ကိုခေါ်ကာ အပြင်သို့ ထွက်သွားလိုက်သည်။

ထိုနေ့က လင်မိန်ကျက်၏မိဘများကို မြေမြှုပ်သင်္ဂြိုဟ်လိုက်ပြီးနောက် သူတို့က ဝါဆန်းတောင်သို့ ဦးတည်ထွက်ခွာလာခဲ့ကြသည်။

သူတို့မှာ ဝါဆန်းတောင်နှင့် ရက်အတန်ကြာ ကင်းကွာလာခဲ့ကြရသဖြင့် ပြန်လည်ရောက်ရှိလာသောအခါ တောတောင်ရေမြေတို့ အလွန်သာယာလှပနေသည်ဟု ထင်နေမိကြတော့သည်။

ဂိုဏ်းသားများအတွက် တည်ဆောက်ထားသော အိမ်များမှာ အခိုင်အခံ့ အများအပြားပင်။

ထိုစဉ် အသက်လေးဆယ်ခန့် မိန်းမတစ်ယောက် ထွက်လာပြီး သူတို့အား ဝမ်းသာအားရ ကြိုဆိုတော့သည်။

လိန်လိန်က ရှေးဦးစွာ ပြေးသွားပြီး ..

"အမေ ... သမီးတို့မှာ မောင်လေးတစ်ယောက် တိုးလာပြီ"

ဟု ပြောရင်း နောက်မှပါလာသော လင်မိန်ကျက်အား လက်ညှိုးထိုးပြလိုက်သည်။

လင်မိန်ကျက်သည် သူ၏ဂိုဏ်းတူညီအစ်ကိုများမှတဆင့် ဆရာကတော်သည် ဆရာနှင့် ဂိုဏ်းတူမောင်နှမဖြစ်၍ သိုင်းပညာအဆင့်မှာ ဆရာနှင့် မတိမ်းမယိမ်းမှန်း သိထားပြီးဖြစ်သည်။ ထို့ကြောင့် ကမန်းကတန်း ရှေ့သို့တက်ကာ ဦးချကန်တော့လိုက်၏။

ဆရာကတော်ဖူးလင်က ပြုံးရွှင်စွာနှင့် ..

"ကဲ ... ကဲ ... ထပါ ... ထပါ ... ငါ့မှာ သားတစ်ယောက်တိုးလာတာပေါ့ ... ဘာမှ အားမနာနဲ့ ... အားလုံးနဲ့ ရင်းရင်းနှီးနှီး ခင်ခင်မင်မင်သာ နေပေတော့ ... "

ဟု ပြောသည်။

ဆရာကတော်သည် လင့်ဟူချိုးအား မျက်စောင်းတစ်ချက်ခဲရင်း ...

"ဘာလဲ ... မင်း သူများနဲ့ ရန်ဖြစ်လာပြန်ပြီမဟုတ်လား၊ မင်းမျက်နှာကို မှန်နဲ့ပြန်ကြည့်စမ်း ... ဘယ်လောက်ကြည့်ရဆိုးသလဲဆိုတာ ... "

ဟု ကြိမ်းမောင်းလိုက်၏။

လင့်ဟူချိုးမှာ ခရီးလမ်းတစ်လျှောက်လုံး သူ့ဒဏ်ရာများကို ကုသလာခဲ့ရာ ဝါဆန်းတောင်ပေါ် ရောက်သောအခါ အတော်ကလေး သက်သာသွားလေပြီ။

သူ့ကို ဖူးလင်က ငယ်စဉ်ကာလ ကလေးဘဝကတည်းက ကျွေးမွေးပြုစု သုတ်သင်ခဲ့ရသည်ဖြစ်ရာ သားအရင်းတစ်ယောက်သဖွယ် ဖြစ်နေချေပြီ။

သူမ၏လေသံသည် ကြိမ်းမောင်းခြင်းဖြစ်သော်လည်း ကြင်နာမှုအပြည့်အဝပါရှိကြောင်း လင့်ဟူချိုး ကောင်းကောင်း သိပေသည်။

လင့်ဟူချိုးက တစ်ချက်မျှပြုံးလိုက်ရင်း ..

"ကျွန်တော့်ဒဏ်ရာတွေက တော်တော့်ကို သက်သာသွားပါပြီ၊ ဒီတစ်ခါကံကြီးလို့ ဆရာမနဲ့ပြန်တွေ့ရတာ ... ကျွန်တော်ဖြင့် ဆရာမနဲ့ ပြန်တွေ့ရမယ်တောင် မထင်တော့ဘူး ... "

ဟု ပြောလိုက်တော့၏။

ဖူးလင်က မျက်စောင်းတစ်ချက် ထပ်ခဲရင်း ..

"ကဲ ... အခု မင်းထက်တော်တဲ့လူတွေ ရှိသေးတယ်ဆိုတာ သိပြီ မဟုတ်လား ... " ဟု မေးလိုက်သည်။

လင့်ဟူချိုးက ...

"ထင်ပေါ်ဆိုတဲ့လူရဲ့ဓားက တကယ်မြန်တာပဲ ... ကျွန်တော် ဘယ်လိုမှ မခုခံနိုင်ဘူး ... အဲ့ဒါ ဆရာမဆီပြန်မေးမယ်လို့ စိတ်ကူးထားတာ ... "

တစ်ကိုယ်တော်သိုင်းသမား ပန်းဘီလူးထင်ပေါ်မှာ နာမည်ကြီးလွန်း၍ သိုင်းလောက၌ မသိသူတစ်ယောက်မျှ မရှိချေ။

ယခု ဖူးလင်မှာ လင့်ဟူချိုးရခဲ့သည့်ဒဏ်ရာသည် ထင်ပေါ်နှင့်တိုက်ခိုက်ရာမှ ရခြင်းဖြစ်သည်ဟု ကြားသိလိုက်ရသောအခါ ချက်ချင်းပင် မျက်နှာပျော့ပျောင်းသွားပြီး ...

"ထင်ပေါ်နဲ့ တိုက်ခိုက်ခဲ့တာကိုး ... ဒါဆို ကောင်းတယ် ... ငါထင်တာကတစ်မျိုး ... သည့်ပြင် အပြင်မှာ မဟုတ်တယုတ်တွေ လျှောက်လုပ်ပြီးများ ဒဏ်ရာရလာသလားလို့ ... ထင်ပေါ်ရဲ့ ဓားသိုင်းက သိပ်မြန်တယ် ဟုတ်လား ... ကဲလာစမ်း ... ငါတို့ သူ့အကွက်တွေ ကြည့်ကြရအောင် ... "

ဟု ပြောလိုက်တော့သည်။

ဖူးလင်မှာ မိန်းမဖြစ်သော်လည်း သိုင်းပညာကို အလွန်ဝါသနာပါသည်။

ရက်ပုချွန်ကမူ ပြုံး၍သာကြည့်နေသည်။ မည်သို့မျှ ဝင်ရောက်စွက်ဖက်ခြင်းမရှိပေ။ လင့်ဟူချိုးက ထင်ပေါ်၏ ဓားသိုင်းကို ချေဖျက်တိုက်ခိုက်သောနည်းကို သူ့ထံသို့မေးမြန်းခဲ့သည်။

သို့သော် ရက်ပုချွန်က တောင်ပေါ်ရောက်မှ ဖူးလင်ထံတွင် မေးမြန်းရန် ပြောကြားခဲ့သည်။

ဖူးလင်ကဦးဆောင်ပြီး ကြီးမားသောအဆောင်ကြီးတစ်ခုအတွင်းသို့ ဝင်လာကြသည်။ ကျန်ရစ်သော ဂိုဏ်းသူဂိုဏ်းသားများက ပြန်ရောက်လာသောသူများ၏ အတွေ့အကြုံများကို မေးမြန်းနေကြသည်။ လူပြောင်လူပြက်လုရိက အလုပ်နည်းနည်း အကြွားများများဖြင့် အံ့မခန်းစွန့်စားခန်းများကို ဇာတ်စုံခင်းပြနေတော့၏။

သူ၏အစ်ကိုကြီးလင့်ဟူချိုး၏ ထင်ပေါ်နှင့်တိုက်ခိုက်ပုံ၊ ချင်းချန်ဂိုဏ်းက လိုလင်အား မည်သို့သတ်ပစ်ပုံ အစရှိသည်များလည်းပါဝင်သည်။

ဖူးလင်ကမူ ထိုင်ခုံတွင်ထိုင်၍ လင့်ဟူချိုးက ထင်ပေါ်၏ဓားသိုင်းကွက် ကစားပြနေသည်ကို အသေအချာကြည့်နေသည်။ ဖူးလင်သည် ကြည့်ရင်းကြည့်ရင်း အလွန်အံ့ဩလာသဖြင့် သူ့စိတ်ထဲတွင် ...

"ဒီလောကထဲမှာ ဒီလောက်ထူးဆန်းတဲ့ ဓားသိုင်းကွက်မျိုးရှိသေးသကိုး ... " ဟု တွေးနေမိသည်။

လင့်ဟူချုံးသည် လေထဲတွင် ခုန်ပျံလျက် ဆယ့်သုံးချက်ခန့် ထိုးခုတ်ပြပြီးမှ ရပ်ဆိုင်းလိုက်သည်။

ဖူးလင်က သက်ပြင်းတစ်ချက်ချလိုက်ပြီး ...

"တကယ်ကြောက်စရာကောင်းတဲ့ ဓားသိုင်းပါလား ... သူ့ဓားသိုင်းက 'တောခုတ်ဓားသိုင်းဆယ့်သုံးကွက်' လို့ ခေါ်တယ် ... ဘယ်ဓားသိုင်းမှာမဆို သော့ချက်တစ်ခုစီကတော့ရှိကြတာပဲ ... ထင်ပေါ်ရဲ့ဓားသိုင်းမှာ အရေးအကြီးဆုံး အချက်က မြန်ဖို့ပဲ ... မင်းကကော ဘယ်လိုကာကွယ်လိုက်သလဲ ... "

လင့်ဟူချုံးက ရယ်မော၍ ...

"ဆရာမကလည်း ကျွန်တော်က ဘယ်လိုကာကွယ်ရမှာလဲ၊ သူ့ဓားက ဒီလောက်မြန်နေတာ ... ကျွန်တော့်မျက်စိမှာ ဓားရောင်တဝင်းဝင်းပဲ တွေ့ရတယ် ... ဘာမှ မကာကွယ်တတ်တော့ဘူး"

ဟု ပြန်ဖြေလိုက်တော့သည်။

ဖူးလင်က ..

"ဟုတ်တယ် ထင်ပေါ်ရဲ့ ... ဒီဓားဆယ့်သုံးချက်ကို ကာကွယ်နိုင်ဖို့ဆိုတာက မလွယ်ဘူး ... မင်းကတော့ သူ့ဓားကွက်ကို ဓားကွက်နဲ့ ကျော်ခဲ့မယ်မထင်ဘူး ... ဉာဏ်နီဉာဏ်နက်သုံးပြီး ကျော်လွှားခဲ့တယ် ထင်တယ် ... "

လင့်ဟူချုံး၏အကျင့်နှင့် စိတ်နေသဘာဝကို ဖူးလင်က ကောင်းစွာသိသည်။ ထို့ကြောင့် ဤမျှ တိကျမှန်ကန်စွာ ပြောနိုင်ခြင်းဖြစ်ပေသည်။ လင့်ဟူချုံးမှာ မျက်နှာတစ်ချက် နီမြန်းသွားပြီး ပြုံး၍ ..

"ကျွန်တော်က သူ ဒီဓားကွက် ထုတ်သုံးလိုက်တာနဲ့ ဒီတစ်ခါ ငါတော့ သွားပြီလို့ ထင်လိုက်မိတယ် ... ဒါပေမယ့် ပါးစပ်ကတော့ တဟားဟား ရယ်လိုက်မိတာပဲ ... ထင်ပေါ်က ကျွန်တော့်ရယ်သံကြားတော့ သူ့ဓားကို ပြန်ရုပ်သိမ်းလိုက်တယ် ... နောက်ပြီး 'ဘာရယ်တာလဲ၊ မင်းက ငါ့ရဲ့ ဒီဆယ်သုံးကွက်ကို ကာကွယ်နိုင်လို့လား' လို့ မေးတယ် ... ကျွန်တော်ကလည်း ရယ်ပြီးပြောလိုက်တာပဲ ... 'လက်စသတ်တော့ ဒီလောက်နာမည်ကြီးနေတဲ့ ထင်ပေါ်ဟာ ကျုပ်တို့ ဝါဆန်းဂိုဏ်းက မောင်းထုတ်ထားတဲ့ ဂိုဏ်းသားဟောင်းကိုး၊ ဟုတ်မယ် ... ဟုတ်မယ် ... ခင်ဗျားက အကျင့်မကောင်းလို့ ဆရာက မောင်းထုတ်လိုက်တာ ဖြစ်မှာပဲ' လို့ ကျွန်တော်က မင်သေသေနဲ့ ပြောလိုက်တယ် ... "

"ထင်ပေါ်က သိပ်အံ့သြသွားတယ် ... နောက်ပြီး 'ငါ့ရဲ့သိုင်းကွက်တွေက မင်းတို့ရဲ့ ဝါဆန်းဂိုဏ်းနဲ့ ဘာမှမဆိုင်ဘူး' လို့ ပြောတယ်၊ ကျွန်တော်ကတော့ ရယ်တာကို နည်းနည်းမှ မလျှော့ဘူး၊ ကျွန်တော်က ပြောလိုက်တယ် ... 'ခင်ဗျားရဲ့ ဓားကွက်တွေကို ကျုပ်ရဲ့ဆရာနဲ့ဆရာမ ကစားနေကြတာတွေ့ဖူးတယ်၊ ဒီဓားကွက်က ကျုပ်ဆရာမပန်းထိုးရင်းနဲ့ စဉ်းစားပြီး တီထွင်ထားတဲ့ ဓားသိုင်းကွက်လို့ ပြောလိုက်တယ်' ကျွန်တော်က မိန်းကလေးတွေ အပ်ထိုးတဲ့ ပုံစံနာမည်တွေကို ဓားသိုင်းကွက်နာမည်တွေဆိုပြီး လျှောက်ပြောတာပဲ ... ကျွန်တော်က ဆက်ပြောတာပဲ ... 'ခင်ဗျားလို ယောကျ်ားရင့်မကြီး တစ်ယောက်က ဒီဓားသိုင်းကွက်တွေနဲ့ မလိုက်ပါဘူးဗျာ ... မိန်းမလျာလို ဟိုနွဲ့ဒီနွဲ့နဲ့ ဇာတ်ထဲက မင်းသမီးလေး ကျနေတာပဲ ... ဘယ်လောက် ရယ်စရာကောင်းသလဲလို့ ... "

လင့်ဟူချုံး၏ စကားမဆုံးမီပင် လိန်လိန်တို့က ရယ်မောနေကြတော့သည်။ ရက်ပုချွန်သည် ဣန္ဒြေကြီးသူ ဖြစ်သော်လည်း လင့်ဟူချုံး ပေါက်တတ်ကရပြောနေသည်များကို ကြားလိုက်ရသောအခါ ပြုံးလိုက်မိသည်။

"တကယ့်ကောင်ပဲ ... တတ်လည်း တတ်နိုင်တယ် ... "

ဟု ပြောလိုက်သည်။

ထိုစဉ် ဖူးလင်က ခြေတစ်ချက် ဆောင့်လိုက်ပြီး ..

"မင်း ဘယ့်နှယ် ငါ့သိက္ခာကျအောင် လျှောက်ပြောနေတာလဲ" ဟု မာန်လိုက်သည်။

လင့်ဟူချုံးက ရယ်ပြီး ...

"ဆရာမ ... ထင်ပေါ်က သိပ်ဘဝင်မြင့်တဲ့လူ ... သူ့ဓားသိုင်းတွေကို မိန်းကလေးဓားသိုင်းကွက်နဲ့ တူတယ်လို့ ပြောလိုက်တော့ သူဘယ်ကျေနပ်မလဲ ... ဒီတော့ သူကရှင်းပြတယ် ... သူ့ဓားကွက်ဆယ့်သုံးကွက်ကို တစ်ကွက်ချင်း

ကျွန်တော့်ကိုကစားပြတယ် … ပြီးတော့ ကျွန်တော့်ကိုမေးတယ် … ‘ဘယ်လိုလဲ ဒါတွေက မင်းဆရာရဲ့ ဓားသိုင်းနဲ့ တူသလား’ တဲ့ … ကျွန်တော်က သူကစားပြနေတုန်းက သေသေချာချာ မှတ်ထားလိုက်တယ် … နောက်ပြီး စဉ်းစားသလိုလိုနဲ့ ‘ထင်ပေါ် စိတ်မရှိနဲ့၊ ခင်ဗျားရဲ့ဓားသိုင်းက ကျုပ်ဆရာမရဲ့ ဓားသိုင်းနဲ့သိပ်မတူဘူး၊ ဒါပေမယ့် သိပ်လည်း မကွာခြားဘူး၊ ကဲပါ ခင်ဗျားကြည့်ပေါ့၊ ကျုပ်ဆရာမရဲ့ ဓားကွက်တွေကို ကျုပ်ပြမယ်’ လို့ ပြောလိုက်တယ် … နောက်ပြီး သူ့ဓားကွက်တွေကို နည်းနည်းလေး ဟိုပြောင်း ဒီပြောင်းလုပ်ပြီး ကန့်ကလျ ကစားပြလိုက်တယ် … ”

လိန်လိန်က ရယ်ရင်း ..

“အစ်ကိုကြီးက ဘယ်လိုကန့်ကလျ ကစားပြသလဲ … အခု ပြန်ကစားပြစမ်းပါ … ” ဟု ဝင်ပြောတော့သည်။

ဖူးလင်သည် အတန်ကြာ ငြိမ်သက်နေပြီးမှ ပြောလိုက်၏။

“သမီးရဲ့အစ်ကိုကြီးကို ဓားပေးစမ်း … ”

လိန်လိန်က သူမ၏ဓားကို လှမ်းပေးလိုက်သည်။ လင့်ဟူချုံးက ဓားကို လှမ်းယူလိုက်ပြီး သူ့ဆရာနှင့် ဆရာမကို အရိုအသေပေးလိုက်သည်။ ထို့နောက် သူက ဓားသုံးချက် ကစားပြလိုက်၏။ ကြည့်ရှုနေသည့် ဂိုဏ်းသားအချို့သည် ‘ဟာ’ခနဲ အာမေဋိတ်သံများ ပြုလိုက်မိကြ၏။ အဘယ်ကြောင့်ဆိုသော် လင့်ဟူချုံး၏ဓားကွက်မှာ မည်သည့်အစီအစဉ်မျှ မရှိဘဲ ရှုပ်ထွေးနေသောကြောင့် ဖြစ်လေသည်။

သို့သော် ရက်ပုချွန်တို့လင်မယား၏မျက်စိထဲတွင် ထိုအကွက်များ၏ အစီအစဉ်ကောင်းပုံကို တစ်ကွက်ချင်း မြင်နေကြရသည်။ ပညာမျက်စိ၏ အမြင်သန်မှုပေတည်း။ နောက်ဆုံး လင့်ဟူချုံးသည် သူ၏ကစားကွက်များကို ရပ်ဆိုင်းလိုက်၏။

လိန်လိန်က စိတ်ပျက်လက်ပျက် ဝင်ပြောသည်။

“ဒီလောက်မြန်တော့ ဘယ်ကြည့်လို့ ရတော့မလဲ … ”

ဖူးလင်က ခေါင်းညိတ်ပြ၍ …

“ဒီလောက်မြန်မှပဲဖြစ်မယ် … ဒီအမြန်ဓားကွက် ဆယ့်သုံးကွက်ရဲ့ အကွက်တစ်ကွက်စီမှာ အလှည့်အပြောင်း သုံးကွက်စီရှိတယ်၊ အားလုံးပေါင်း သုံးဆယ့်ကိုးကွက်ပေါ့ … တိုတောင်းတဲ့ အချိန်အတွင်းမှာ ဒီလောက်များတဲ့ သိုင်းကွက်တွေကို ထုတ်နိုင်မယ်ဆိုရင် တကယ့်ကို မြန်လှပြီ … ”

ဟု ပြောလိုက်တော့၏။

လင့်ဟူချုံးက ..

“ထင်ပေါ် ကစားပြသွားတုန်းက ကျွန်တော့်ထက် သုံးလေးဆလောက် မြန်တယ် … ”

လင့်ဟူချုံးက ထိုစကားကို ပြောလိုက်သောအခါ ဖူးလင်သည် မေးမြန်းစူးစမ်းသော အကြည့်ဖြင့် ရက်ပုချွန်ထံသို့ လှမ်းကြည့်လိုက်၏။

ပြီးမှ ရုတ်တရက် မတ်တတ်ရပ်လိုက်ပြီး မိန်းကလေးတပည့်တစ်ဦးထံမှ ဓားတစ်ချောင်းကို ဆွဲယူလိုက်ကာ လင့်ဟူချုံးနားသို့ လျှောက်သွား၏။

လင့်ဟူချုံးအား ရုတ်တရက် ပြောလိုက်သည်။

“အမြန်ဓားကွက်ကိုသုံး … ”

လင့်ဟူချုံးက ‘ဟုတ်ကဲ့’ ဟု ပြောလိုက်ပြီး သူ၏ဓားဖြင့် ဖူးလင်အား ‘ရွှမ်း’ ခနဲ ခုတ်ချလိုက်၏။ ထိုအချက်မှာ အလွန်ထူးဆန်းသည်။ ဓားမှာ ကိုယ်ဘေးမှ ဖြတ်သွားပြီး ခါးကိုဝှေ့၍ ခုတ်လိုက်ခြင်းဖြစ်၏။

လိန်လိန်က အလန့်တကြား အော်လိုက်သည်။

“မေမေ … သတိထား … ”

ဖူးလင်က ရှေ့သို့ခုန်၍ ဓားဖြင့် လင့်ဟူချုံး၏ရင်ဝသို့ ထိုးစိုက်လိုက်ပြန်၏။ သူမက လင့်ဟူချုံးခုတ်လိုက်သော ဓားကို အရေးမစိုက်ချေ။ သူမ၏ ထိုးသွင်းလိုက်သော ဓားသည်လည်း အလွန်လျင်မြန်လှသည်သာ ဖြစ်တော့၏။

ထိုအခါ၌လည်း လိန်လိန်အော်လိုက်ပြန်သည်။

"အစ်ကိုကြီး ... သတိထား ... "

လင့်ဟူချိုးကလည်း ဖူးလင်ဓားချက်ကို လုံးဝမခုခံဘဲ သူ၏ဓားဖြင့် ဖူးလင်၏တခြားနေရာကို ပြန်ခုတ်လိုက်သည်။

ပါးစပ်မှလည်း ...

"ဆရာမ ... သူက ဒီထက်ပိုမြန်တယ် ... "

ဟု ပြောလိုက်၏။

ဖူးလင်သည် မည်သည့်စကားမျှ ပြန်မပြောဘဲ တရှမ်းရှမ်းဖြင့် သုံးချက်ဆက်တိုက် ပြန်တိုက်ခိုက်သည်။ နှစ်ယောက်စလုံး လုံးဝတုံ့နှေးခြင်းမရှိကြ။ အမြန်ကို အမြန်နှင့် တိုက်ခိုက်နေကြခြင်းဖြစ်၏။

သူတို့ တိုက်ခိုက်နေသည့် တိုတောင်းသည့် အချိန်ကာလအတွင်း သိုင်းကွက်နှစ်ဆယ် ကျော်သွားလေပြီ။ သူတို့အားလုံးထဲတွင် အကြီးအကျယ် အံ့သြတကြီးဖြစ်နေသူမှာ လင်မိန်ကျက်ပင်ဖြစ်တော့သည်။

သူ့စိတ်ထဲတွင် ..

"အစ်ကိုကြီးဟာ အပြောင်အပျက်တွေလျှောက်ပြော ... ဖြစ်သလိုနေတတ်ပေမယ့် သူ့သိုင်းပညာကတော့ တယ်ကောင်းပါကလား၊ ငါ သူတို့ကိုမီအောင် အများကြီး ကြိုးစားရဦးမယ် ... ဒါမှ သူများ ငါ့ကို အထင်မသေးမှာ ... "

ဟု တွေးနေမိတော့သည်။

ထိုအခိုက်မှာပင် ဖူးလင်က 'ရွှီး' ခနဲ ဓားဖြင့် လင့်ဟူချိုး၏လည်မျိုကို ထိုးစိုက်လိုက်သည်။ လင့်ဟူချိုး လုံးဝမရှောင်နိုင်။ ဓားသည်ရှေ့သို့ လုံးဝတိုးမသွားတော့ဘဲ လည်မျိုနားတွင်ပင် ရပ်တန့်သွားသည်။ လင့်ဟူချိုးက ...

"သူ ... ကာနိုင်တယ် ... "

ဖူးလင်က ဆက်၍ တိုက်ခိုက်ပြန်သည်။ သည်တစ်ကြိမ်တွင်တော့ ရင်ဝကို ထိုးလိုက်ပြန်၏။

လင့်ဟူချိုးက ..

"ဒါလည်း သူ ကာနိုင်တာပဲ ... "

လင့်ဟူချိုးပြောနေသည့်သဘောမှာ ယခုဖူးလင်၏ဓားချက်များကို သူ့အနေဖြင့် မကာကွယ်နိုင်သော်လည်း ထင်ပေါ်က ကာကွယ်နိုင်သည်ဟု ဆိုလိုခြင်းဖြစ်၏။

သူတို့နှစ်ယောက်၏ တိုက်ခိုက်မှုများသည် ကြာလေမြန်လေဖြစ်လာတော့သည်။ နောက်ပိုင်းတွင် လင့်ဟူချိုးအနေဖြင့် 'သူ ကာနိုင်တယ်' ဟူသော စကားကိုပင် ပြောချိန်မရတော့ပေ။ ဦးခေါင်းကိုသာ ခါယမ်းပြနိုင်တော့သည်။

ဖူးလင်မှာ ကစားရင်း စျာန်ဝင်လာသဖြင့် သူမ၏ဓားရောင်တဝင်းဝင်းသည် လင့်ဟူချိုး၏ တစ်ကိုယ်လုံးကို ဖုံးလွှမ်းသွားပေတော့သည်။

ရုတ်တရက် သူမသည် ရှေ့သို့တစ်လှမ်းတက်ကာ ထိုးစိုက်လိုက်၏။ သည်တစ်ကြိမ် ထိုးသွင်းလိုက်သည့် ဓားချက်သည် မြားတံပစ်လွှတ်လိုက်သည့်အလား လျင်မြန်လှပေသည်။

လင့်ဟူချိုးသည်ပင် အကြီးအကျယ် ထိတ်လန့်သွားပြီး 'ဆရာမ' ဟု ကြောက်လန့်တကြား အော်လိုက်မိတော့၏။ ဓားမှာ သူ၏ရင်ဝသို့ ရောက်ရှိလာချိန်တွင် ဖူးလင်က ရှေ့သို့ ထိုးသွင်းလိုက်ရာ ဓားရိုးမှာ ရင်ဝအထိ ရောက်သွား၏။ ဓားသွားသည် လင့်ဟူချိုး၏ခန္ဓာကိုယ်ကို ထိုးဖောက်ဝင်သွားလေပြီ။

လိန်လိန်က ...

"အမေ ... "

ဟု စူးစူးဝါးဝါး အော်ဟစ်လိုက်သည်။ ဤကဲ့သို့ လင့်ဟူချိုးအော်ချိန်နှင့် လိန်လိန်အော်ချိန်တို့ တစ်ပြိုင်နက်တည်းလိုလိုမှာပင် 'ထန်း' ခနဲ 'ထန်း' ခနဲ အသံများ ထွက်လာပြီး ဓားကျိုးအပိုင်းအစများသည် လင့်ဟူချိုး၏ ခြေအောက်တွင် စုပုံကျရောက်လာတော့၏။

ဖူးလင်သည် တဟားဟားရယ်ရင်း သူမ၏လက်ကို ပြန်ရုပ်လိုက်သည်။ သူမ၏လက်ထဲတွင် ဓားသွားမရှိတော့သည့် လက်ကိုင်ဓားရိုးသာ ကျန်တော့သည်။

ရက်ပုဇွန်က ပြုံး၍ ...

"ညီမလေး ... မင်းရဲ့အတွင်းအားက ဒီလောက်တောင် တိုးတက်လာတာကိုး ... ငါ့ကိုတောင် အသိမပေးဘူး ... "

ဟု ပြောလိုက်၏။

ဖူးလင်က ရယ်မောရင်း ..

"အစ်ကိုကြီးကလည်း အထင်ကြီးနေပြန်ပြီ ... မဖြစ်စလောက်လေးပါ ... "

လင့်ဟူချုံးသည် အပိုင်းပိုင်းကျိုးကျလာသော ဓားကျိုးအပိုင်းအစများကို တွေ့ရသောအခါမှ သဘောပေါက်တော့သည်။ စောစောတုန်းက သူ့ဆရာမသည် အားကုန်ထုတ်၍ ဓားကိုထိုးသွင်းလိုက်ခြင်းဖြစ်၍ ဤမျှမြန်ဆန်ခြင်းဖြစ်သည်။ သို့သော် ဓားဖျားနှင့် အကျီစထိသည်နှင့်တစ်ပြိုင်နက် သူမတစ်ရှိန်ထိုးထုတ်လိုက်သည့် အတွင်းအားများကို ဘေးစောင်းလှိုင်းအားအဖြစ်သို့ ရုတ်ခြည်းပြောင်းလဲလိုက်ခြင်းဖြင့် ဓားသွားကို အပိုင်းပိုင်း ချိုးပစ်လိုက်ခြင်း ဖြစ်တော့သည်။ သို့မှသာ လင့်ဟူချုံး အန္တရာယ်ကင်းမည် မဟုတ်ပါလား။

လင့်ဟူချုံးက ဝမ်းသာအားရဖြင့် ...

"ဟာ ... ထင်ပေါ်ရဲ့ဓား ဘယ်လောက်ပဲမြန်မြန် ဆရာမရဲ့ ဒီဓားချက်ကိုတော့ လုံးဝရှောင်နိုင်မှာ မဟုတ်ဘူး ... "

ဟု ပြောလိုက်တော့၏။

ဖူးလင်သည်လည်း အလွန်အားရသွားသည်။

"လင့်ဟူချုံး ... မင်း ကောင်းကောင်းကြိုးစားစမ်း ... မင်းကို ဒီဓားသိုင်းကွက် သင်ပေးလိုက်မယ် ... နောက်တစ်ခါ ထင်ပေါ်နဲ့ တွေ့ရင် မင်း ကြောက်စရာ မလိုတော့ဘူး ... "

လင့်ဟူချုံးက ..

"ကျေးဇူးတင်ပါတယ် ဆရာမ ... "

လိန်လိန်ကလည်း ဝင်ပြောသည်။

"အမေ ... သမီးလည်း သင်မယ်နော် ... "

ဖူးလင်က ခေါင်းခါပြရင်း ...

"ဟင့်အင်း ... သမီးသင်လို့ မရသေးဘူး ... သမီးရဲ့အတွင်းအားက သိပ်မှမကောင်းသေးတာ ... ဒီဓားသိုင်းက အတွင်းအားမကောင်းရင် သင်လို့မရသေးဘူး ... "

ဟု ပြောလိုက်ရာ လိန်လိန်သည် နှုတ်ခမ်းစူ ခြေဆောင့်ဖြင့် စိတ်ကောက်နေတော့၏။

ထို့နောက် ရက်ပုဇွန်က လင်မိန်ကျက်အား တရားဝင်တပည့်အဖြစ် လက်ခံလိုက်၏။ တပည့်သစ် လက်ခံသည့် အစဉ်အလာအတိုင်း အမွှေးတိုင်များထွန်း၍ ရှိခိုးကန်တော့ရသည်။ ကျမ်းသစ္စာလည်း ကျိန်ဆိုရ၏။ ထိုအစီအစဉ် ပြီးသွားသောအခါ ရက်ပုဇွန်က ...

"လင်မိန်ကျက် ... အခုအချိန်ကစပြီး မင်းဟာ ငါတို့ရဲ့ ဂိုဏ်းသားဖြစ်သွားပြီ ... မင်းကို မနက်ဖြန်ကစပြီး သိုင်းပညာ သင်ပေးရမယ်၊ ကြိုးကြိုးစားစား သင်ယူပေတော့ ... "

လင်မိန်ကျက်သည် အရိုအသေပေးကာ ...

"ကျေးဇူးတင်ပါတယ် ဆရာ ... "

ဟု ပြောလိုက်သည်။

ရက်ပုဇွန်သည် နောက်ဘက်သို့လှည့်၍ လင့်ဟူချုံးကို သေချာစွာကြည့်လိုက်သည်။ ပြီးမှ တည်ကြည်သော လေသံဖြင့် ...

"လင့်ဟုချုံး … မင်း ဒီတစ်ခါ တောင်ပေါ်ကဆင်းသွားခဲ့တဲ့အချိန်မှာ ငါတို့ဂိုဏ်းချုပ်ရဲ့ စည်းမျဉ်းဘယ်နှစ်ခုကို ချိုးဖောက်ခဲ့သလဲ"

ဟု မေးလိုက်တော့၏။

လင့်ဟုချုံးသည် မျက်စိများပြာဝေသွားပြီး ရင်တထိတ်ထိတ်ခုန်လာတော့သည်။ သူ့ဆရာသည် စည်းကမ်းအလွန်တင်းကျပ်သောသူဖြစ်သည်။ စည်းကမ်းသည် လူမျိုးဆက်ကြီး တစ်ခုလုံးအတွက် အရေးကြီးသော အချက်ဖြစ်သည်ဟု ယုံကြည် ထားသူဖြစ်သည်။ စည်းကမ်းကလနားသည် လူတိုင်းလူတိုင်းအတွက် မရှိမဖြစ် လိုအပ်သောအရာ ဖြစ်သည်ဟု အမြဲတမ်း သွန်သင်ခဲ့သူဖြစ်သည်။ စည်းမရှိသော နယ်မြေသည် အပိုင်းအခြား အကန့်အသတ်မရှိဘဲ ရောနှောရှုပ်ထွေးပြဿနာဖြစ်လိမ့်မည်။ ကမ်းမရှိသော မြစ်ချောင်းအင်းအိုင်သည် အစီအစဉ်ဖြင့် ရေစီးဆင်းရာ လမ်းမရှိတော့ဘဲ စီးချင်ရာစီး လွှမ်းချင်ရာလွှမ်း ဖြစ်ပေလိမ့်မည်။ အနားကွပ်မရှိသော ကန့်လန့်ကာသည် ဖွာရရာကြဲ စုတ်ဖွာပြဲလိမ့်မည်ဟု အမြဲဆုံးမခဲ့၏။

ဆရာသည် သူ၏တပည့်အားလုံးကို ချစ်ခင်ကြင်နာစိတ်ထားဝစဉ် ထားသော်လည်း စည်းကမ်းဖောက်ဖျက်သည့် တပည့်များကိုမူ မည်သည့်အခါမျှ ညှာတာခဲ့သည်ဟု မရှိခဲ့ပေ။

ထို့ကြောင့် လင့်ဟုချုံးသည် ဒူးထောက်လိုက်ပြီး …

"ဆရာ … ကျွန် … ကျွန်တော် ဆရာနဲ့ဆရာမရဲ့ စကားကို နားမထောင်ခဲ့တဲ့အပြစ်၊ မဟာမိတ်အဖွဲ့သားအချင်းချင်း တိုက်ခိုက်ခဲ့တဲ့အပြစ်နဲ့ အရက်ဆိုင်မှာချင်းချန်ဂိုဏ်းသား လိုလင်ကိုသတ်ခဲ့မိတဲ့အပြစ်တွေ ကျူးလွန်ခဲ့ပါတယ် ဆရာ … "

ဟု ကြောက်ရွံ့အက်ကွဲသော လေသံဖြင့် ပြောပြလိုက်သည်။

ရက်ပုချွန်၏မျက်နှာသည် ခက်ထန်တင်းမာသွားသည်။ လိန်လိန်က အမောတကောဝင်၍ …

"အဖေ … လိုလင်က အစ်ကိုကြီးဒဏ်ရာရနေတာကိုတွေ့လို့ အခွင့်ကောင်းယူပြီး အစ်ကိုကြီးကိုသတ်ဖို့ ကြိုးစားတာပါ … ဒါကြောင့်မို့ အစ်ကိုကြီးက ခုခံတဲ့အနေနဲ့ သတ်လိုက်ရတာပါ … "

ဟု အသနားခံလိုက်သည်။

ရက်ပုချွန်သည် သူ့သမီးအား ဝင်းဝင်းတောက်သော မျက်လုံးများဖြင့် စိုက်ကြည့်လိုက်ပြီး တင်းမာခက်ထန်သော လေသံဖြင့် …

"သမီး … အဖေအခုစကားပြောနေတာက ဝါဆန်းဂိုဏ်းရဲ့စည်းမျဉ်းအရ စကားပြောနေတာ … သမီးဟာ ဝါဆန်းဂိုဏ်းသားတစ်ယောက်ပဲ … သမီး ဘာမှ ဝင်ပြောနေစရာမလိုဘူး … ငြိမ်ငြိမ်သက်သက် နေစမ်း … "

ဟု ကြိမ်းမောင်းလိုက်သဖြင့် လိန်လိန်မှာ ငိုမဲ့မဲ့ဖြင့် ငြိမ်သက်သွားတော့၏။ ရက်ပုချွန်က ဆက်၍ …

"လင့်ဟုချုံး … လိုလင်ကမင်းကိုသတ်ဖို့ကြိုးစားလို့ မင်းကပြန်သတ်တာကိုတော့ ထားပါတော့ … ဒါပေမယ့် မင်းက ဘာဖြစ်လို့ ဟန်ဆန်းဂိုဏ်းရဲ့သိက္ခာ ကျဆင်းစေတဲ့စကားမျိုးတွေပြောရတာလဲ ဘာတဲ့ … 'မယ်သီလရှင်နဲ့တွေ့ရင် ဖဲချတိုင်းရှုံးတယ်' ဆိုတာက ဘာစကားလဲ … နောက်ပြီး ငါကိုယ်တိုင်တောင် မယ်သီလရှင်တွေကို တွေ့ရမှာ ကြောက်နေတယ်လို့ ပြောလိုက်သေးတယ် … "

လင့်ဟုချုံးက ..

"ကျွန်တော်က … ဟို … ဟန်ဆန်းဂိုဏ်းက မယ်သီလရှင်လေး မြန်မြန်ထွက်သွားစေချင်တဲ့ ဆန္ဒက စောနေတော့ ပြောမိပြောရာတွေ လျှောက်ပြောလိုက်တာပါ … ကျွန်တော့်စိတ်ရင်း အမှန်ကတော့ သူတို့ကို စော်ကားချင်တဲ့စိတ် လုံးဝမရှိပါဘူး … ဒါပေမယ့် ကျွန်တော့်စကားက ဆရာမကြီးတွေကို စော်ကားမိသလို ဖြစ်သွားပါတယ် … "

ရက်ပုချွန်က ..

"အေး … မင်းရဲ့ စေတနာက ဘယ်လောက်ကောင်းကောင်း မင်းပါးစပ်က သရမ်းတော့ စေတနာကောင်းတာဟာ ပေါ်မလာတော့ဘူး … နောက်ပြီး ဆရာလုပ်တဲ့လူကလည်း ကောင်းကောင်းသွန်သင် ဆုံးမခြင်းမရှိဘူးလို့ ထင်လိုက်ကြမှာပဲ … "

လင့်ဟူချုံးသည် ခါးကိုကိုင်း၍ ...

“ဟုတ်ကဲ့ ဆရာ ... ကျွန်တော် မှားသွားပါတယ် ... ”

ဟု ဝန်ခံလိုက်ရရှာသည်။

ရက်ပုချွန်၏မျက်နှာသည် ပို၍တင်းမာလာကာ ..

“မင်းက ... ဟို ... ဖေးဖေးဆိုတဲ့ ကောင်မလေးကို မကောင်းဆိုးဝါးဂိုဏ်းကမှန်း သိလျက်သားနဲ့ ဘာဖြစ်လို့ မသတ်ရတာလဲ ... သူ့အဘိုးက မင်းရဲ့အသက်ကိုကယ်ခဲ့လို့လား ... ဒါတွေဟာ ဘာမှ အထင်ကြီးချီးကျူးစရာမလိုဘူး ... မကောင်းဆိုးဝါးဂိုဏ်းရဲ့ လှည့်ကွက်တွေပဲ ... မင်းက ကလေးလည်းမဟုတ်တော့ဘူး ... ဘာဖြစ်လို့ ဒီလှည့်ကွက်ကို မသိရတာလဲ ... ”

ရက်ပုချွန်၏အသံသည် တဖြည်းဖြည်း ဒေါသသံပါလာသည်။

“လျှိုကျုက်ဖုန်းကိုကြည့်စမ်း ... သူတို့လှည့်ကွက်ထဲ ဝင်လိုက်မိလို့ တစ်မိသားစုလုံး သေဆုံးခဲ့ရတယ် မဟုတ်လား ... မကောင်းဆိုးဝါးဂိုဏ်းသားတွေဟာ ဘယ်လောက်ရက်စက်ယုတ်မာတယ်ဆိုတာကိုလည်းသိလျက်သားနဲ့ အသိခေါက်ခက် အဝင်နက်လုပ်နေတယ်”

လင့်ဟူချုံးကမူ ထိုနေ့ညက လျှိုကျုက်ဖုန်းနှင့် ဖေးရန်တို့၏တေးဂီတ တီးခတ်သံများကို ကြားခဲ့ပြီးသည့်နောက်ဝယ် ဖေးရန်က လျှိုကျုက်ဖုန်းအား လှည့်ဖျား၍ လုပ်ကြံသတ်ဖြတ်ခြင်းဖြစ်သည်ဟူသော စွပ်စွဲချက်ကို လုံးဝအယုံအကြည် မရှိတော့ချေ။

ထို့ကြောင့် ‘မကောင်းဆိုးဝါးဂိုဏ်း၏ လှည့်ကွက်’ ဟူသောစကားကို သူ့စိတ်ထဲမှ လုံးဝလက်မခံနိုင်ဘဲ ဖြစ်နေတော့၏။

ရက်ပုချွန်သည် လင့်ဟူချုံး၏မျက်နှာ၌ တွေဝေနေသော အမူအရာများကို တွေ့လိုက်ရသဖြင့် သူက ..

“လင့်ဟူချုံး ... မင်းကို ငါ တစ်ခုမေးမယ် ... မင်း မကောင်းဆိုးဝါးဂိုဏ်းက လူတွေကိုတွေ့ရင် သတ်မလား ... မသတ်ဘူးလား ငါ့ကိုပြောစမ်း ... ”

လင့်ဟူချုံးအဖို့ ပို၍အခက်ကြုံသွားပြန်တော့သည်။ မည်သို့ အဖြေပေးရမှန်း မသိတော့သဖြင့် ငေးကြောင်နေမိတော့၏။ သူ့စိတ်ထဲတွင်မူ ...

“ခက်တာပဲ ... ဘယ်လိုလုပ်ရမှာလဲ ... နောက်ပိုင်း မကောင်းဆိုးဝါးဂိုဏ်းသားတွေ တွေ့တိုင်း ငါက လျှောက်သတ်နေရတော့မှာလား ... ” ဟု အတွေးဝေနေမိတော့သည်။

သူ၏ပါးစပ်ကမူ မည်သည့်စကားမျှ ထွက်မလာတော့ချေ။ မည်သည့် အဖြေပေးရမှန်း မသိသဖြင့် ဤမျှ နှုတ်ဆိတ်နေရခြင်းသာဖြစ်သည်။

ရက်ပုချွန်သည် လင့်ဟူချုံး၏ အဖြစ်ကို အတန်ကြာသည့်တိုင် စူးစူးစိုက်စိုက်ကြည့်နေမိသည်။ လင့်ဟူချုံး မပြောနိုင် မဆိုနိုင် တွေဝေငေးမောနေသည်ကို တွေ့ရသောအခါတွင် သက်ပြင်းရှည်ကြီး ချလိုက်မိတော့သည်။

“ငါနားလည်ပြီ ... အခုအချိန်မှာ မင်းကို အတင်းဖြေခိုင်းလည်း အကျိုးထူးမှာမဟုတ်ဘူး ... ဒီတော့ ဒီကိစ္စထားလိုက်ဦး ... ဒီတစ်ခါ မင်းတောင်ပေါ်ကဆင်းသွားတာ ငါတို့ဝါဆန်းဂိုဏ်းရဲ့သိက္ခာကို အတော်ကလေးထိခိုက်ခဲ့တယ် ... ဒီအတွက် မင်းကိုအပြစ်ပေးရမယ် ... မင်းကို တစ်နှစ်တိတိ ဂူပိတ်အပြစ်ပေးမယ် ... ဂူထဲမှာ ကိုယ်လုပ်ခဲ့တဲ့ အမှားတွေကို ဆင်ခြင်ပါ ... သံဝေဂတရားရအောင်ယူပါ ... ”

လင့်ဟူချုံးသည် ခါးကိုကိုင်း၍ ...

“ဟုတ်ကဲ့ ဆရာ ... ကျွန်တော် အပြစ်ဒဏ်ခံယူပါတယ်”

ဟု ဝန်ခံလိုက်တော့၏။

လိန်လိန်က ...

“တစ်နှစ်တောင် ဂူပိတ်မယ် ဟုတ်လား ... တစ်နေ့ ဘယ်နှစ်နာရီ ဂူထဲမှာနေရမှာလဲ အဖေ ... ”

ရက်ပုချွန်က ခပ်ဆတ်ဆတ်ပြောလိုက်၏။

"ဘာ ... ဘယ်နှစ်နာရီလဲ ... နေ့တိုင်း မနက်ကနေ ညနေအထိ ထမင်းစားချိန်နဲ့ အိပ်ချိန်ကလွဲရင် ဂူထဲမှာ တစ်နေ့လုံး တရားကျင့်ရမယ် ... "

လိန်လိန်က ပူပန်ကြောင့်ကြစွာ ပြောလိုက်ပြန်သည်။

"ဒီလိုနေလို့ ဘယ်ဖြစ်မှာလဲ အဖေ ... ဂူထဲမှာ တစ်နေ့လုံးတစ်ယောက်တည်း ... နောက်ပြီး လေးငါးဆယ်ရက်တင်နေရတာ မဟုတ်ဘူး ... တစ်နှစ်လုံးနေရမှာ ပျင်းလို့သေရောပေါ့ ... "

ရက်ပုချွန်က ...

"ဂူထဲမှာ တစ်နှစ်နေရတာ ဘာများဆန်းလို့လဲ ... သမီးရဲ့ ဆရာဘိုးဘိုးဆိုရင် ဒီလိုပဲ စည်းကမ်းဖောက်ဖျက်ခဲ့လို့ ဒီနတ်သမီးတောင်ထိပ်ကဂူထဲမှာ သုံးနှစ်နဲ့ခြောက်လတိတိ နေခဲ့ရတယ် ... ကဲ ... ဘယ့်နှယ်လဲ ... တစ်နှစ်ဆိုတာ ကြာသေးရဲ့လား ... "

ဖူးလင်မှာ မနေသာတော့သဖြင့် လိန်လိန်ကို ဝင်တားမြစ်ရတော့၏။

"လိန်လိန် သမီးအဖေရဲ့ ဆုံးဖြတ်ချက်ကို ဘာမှပြင်မပြောရဘူးကွယ့် ... လင့်ဟူချုံးကို တောင်ထိပ်မှာ ဂူပိတ်အပြစ်ပေးတာက အပြစ်ပေးရုံသက်သက် မဟုတ်ပါဘူး ... သူ့အတွက် ကောင်းကျိုးဖြစ်ဖို့လည်းပါတယ် ... အရေးကြီးတာက သမီးတောင်ပေါ်တက်ပြီး စကားသွားမပြောရဘူး ... "

လိန်လိန်သည် အတန်ကြာတွေးနေပြီးမှ ..

"အစ်ကိုကြီးက တောင်ထိပ်ဂူထဲမှာ ဘာသွားစားရမှာလဲ"

ဟု ထပ်မေးလိုက်ပြန်သည်။ ဖူးလင်သည် သူမ၏သမီးကို ခပ်တင်းတင်း ကြည့်လိုက်ပြီး ...

"ဒါတွေကို သမီး ပူနေစရာမလိုဘူး ... အချိန်တန်လို့ စားရသောက်ရရင် ပြီးတာပဲ ... သမီးပါးစပ် ပိတ်ထားစမ်း ... စည်းကမ်းနဲ့ ပတ်သက်ပြီး ပြောနေတဲ့အချိန်မှာ မဟုတ်တယုတ် အသေးအဖွဲကလေးတွေကို လာပြောမနေစမ်းနဲ့ ... "

ဟု တားမြစ်ပိတ်ပင်လိုက်တော့၏။

ထိုနေ့ ညနေစောင်းတွင်ပင် လင့်ဟူချုံးသည် သူ၏ဆရာနှင့် ဆရာကတော်တို့ကိုနှုတ်ဆက်ကာ ဓားတစ်ချောင်းဆွဲ၍ နတ်သမီးတောင်ထိပ်သို့ တစ်ယောက်တည်း တက်သွားတော့သည်။ ထိုတောင်ထိပ်တွင် ကျောက်ဂူကြီးတစ်လုံးရှိ၏။ ယင်းကျောက်ဂူကြီးမှာ ခေတ်အဆက်ဆက်မှ ဝါဆန်းဂိုဏ်းသားများအနေဖြင့် စည်းကမ်းဖောက်၍ အပြစ်ကျခံရသည့် ကျောက်ဂူကြီးပင်ဖြစ်၏။

ယင်းဂူထဲတွင် ကြီးမားသော ကျောက်တုံးကြီးတစ်တုံးရှိ၏။ ထိုကျောက်တုံးကြီးသည်လည်း အပြစ်ကျခံရသူများ ထိုင်ဖန်များခဲ့သဖြင့် အလွန်ပြောင်ချောနေသည်။

လင့်ဟူချုံး၏ စိတ်ထဲတွင် ...

"နှစ်ပေါင်းမြောက်များစွာကြာခဲ့တဲ့ အချိန်ကာလတစ်လျှောက်လုံးမှာ ငါတို့ဝါဆန်းဂိုဏ်းက ဆရာကြီးတွေ ဘယ်နှစ်ယောက်လောက်များ ဒီကျောက်တုံးကြီးပေါ် ထိုင်ခဲ့ရသလဲမသိဘူး ... ကျောက်တုံးကြီးကတော့ တကယ့်ကို ပြောင်ချောနေတော့တာပဲ ... ငါဆိုတဲ့ကောင်ကတော့ ဝါဆန်းဂိုဏ်းက လူဆိုးတွေထဲမှာ အဆိုးဆုံးအကောင်ပဲ ... ဒီတော့ ငါ့လိုကောင်မှ ဒီကျောက်တုံးပေါ်မထိုင်ရင် ဘယ်သူထိုင်ရဦးမှာလဲ ... " ဟု တွေးလိုက်မိ၏။

လင့်ဟူချုံးသည် ကျောက်တုံးကြီးကို တစ်ချက်ပုတ်လိုက်ရင်း ..

"ကျောက်တုံးကြီး ... မင်းကလည်း ဒီနှစ်တွေအတွင်းမှာ မင်းမိတ်ဆွေတွေမလာတော့ ပျင်းနေရောပေါ့ ... ခုတော့ မပျင်းရတော့ပါဘူးလေ ... ငါက မင်းနဲ့ အဖော်နေဖို့ ရောက်လာပြီပဲ ... "

ဟု ပြောလိုက်တော့၏။

အမှန်စင်စစ် ရက်ပုချွန်၏ဘဝတစ်သက်တာအတွင်း သူ၏တပည့်များကို တစ်ကြိမ်တစ်ခါမျှ ဤကဲ့သို့ အပြစ်ဒဏ် မပေးခဲ့ဘူးပေ၊ ယခု လင့်ဟူချုံးသည် ပထမဆုံးအကြိမ် အပြစ်ပေးခံရခြင်းဖြစ်၏။

လင့်ဟူချုံးသည် ကျောက်တုံးကြီးပေါ်တွင် တက်ထိုင်လိုက်ပြီး မျက်နှာကို ကျောက်နံရံဘက်သို့ လှည့်ထား၍ ကြည့်လိုက်သောအခါ ဂူကြီးတစ်ခုလုံးသည် မိမိခေါင်းပေါ်သို့ ပြိုကျတော့မည့်နှယ် ထင်ရလေတော့သည်။ လင့်ဟူချုံးသည် မျက်စိမှိတ်ပြီး စဉ်းစားလိုက်သည်။

"ငါသာ မကောင်းဆိုးဝါးဂိုဏ်းကလူတွေ့ရင် ဒီလူတွေကိုဓားဆွဲပြီး တကယ်ခုတ်သတ်နိုင်မှာလား ... မကောင်းဆိုးဝါးဂိုဏ်းမှာလည်း တကယ်ပဲ လူကောင်းသူကောင်း မရှိတော့ဘူးလား ... ဟို ဖေးရန်ဆိုတဲ့ ဆရာကြီးကကော ... သူက လူကောင်းသူကောင်းဆိုရင် ဘာဖြစ်လို့ မကောင်းဆိုးဝါးဂိုဏ်းထဲဝင်ရတာလဲ ... အစတုန်းကမသိလို့ ဝင်မိတယ်ပဲထားပါတော့ .... နောက်ပိုင်း သိသွားပြီးတဲ့နောက် ဘာဖြစ်လို့ မထွက်လာရတာလဲ ... ဒါဆိုရင် သူ့အနေနဲ့ မကောင်းဆိုးဝါးဂိုဏ်းသားတွေနဲ့ စိတ်တူကိုယ်တူပေါင်းပြီး ဒီလောကကြီးကို ဒုက္ခပေးတာလို့ ဆိုနိုင်ပြီ ... "

လင့်ဟူချုံးသည် ဤသို့ စဉ်းစားမိသောအခါကျမှ အဖြေမှန်ရရှိသွားသူကဲ့သို့ ရင်ထဲ၌ ပေါ့ပါးလန်းဆန်းသွားတော့၏။

သူသည် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားသဖြင့် နောက်ကျွမ်းထိုးကာ ဂူအပြင်သို့ထွက်လိုက်၏။

ခြေထောက်မြေကြီးပေါ်ရောက်၍ ကြည့်လိုက်သောအခါ သူ့ခြေထောက်များသည် တောင်ကမ်းပါး၏ အစွန်းသို့ ရောက်နေပြီဖြစ်ကြောင်း အသည်းထိတ်စဖွယ် တွေ့ရှိလိုက်ရတော့၏။

ချောက်ကမ်းပါးသို့ကျရန် နှစ်ပေလောက်သာလိုတော့သည်။

အကယ်၍သာ ယခုထက် အားအနည်းငယ်ပိုထုတ်၍ နောက်ကျွမ်းပစ်မိလျှင် ချောက်ကြီးထဲသို့ ကျရောက်အသက်ဆုံးရှုံးရပေတော့မည်။ လင့်ဟူချုံးသည် မျက်စိမှိတ်၍ ကိုယ်ကို ကျောက်ဂူအပြင်ဘက်သို့ ပြန်လှည့်လိုက်သည်။

သူ့စိတ်ထဲတွင် ...

"အင်း .... ဟုတ်ပြီ ... ဒီမှာနေရတာ အင်မတန်ပျင်းစရာကောင်းတယ် ... ဒီနည်းနဲ့ကစားရတာ နည်းနည်းစိတ်လှုပ်ရှားတယ်"

ဟု တွေးလိုက်သည်။ သို့သော် ...

နောက်တစ်ကြိမ် နောက်ကျွမ်းပစ်ရန် ကြံစည်လိုက်သောအခါတွင်မူ တကယ်နောက်ကျွမ်း မပစ်ရဲတော့ပေ။ ထို့ကြောင့် သူ့ကိုယ်သူရယ်ရင်း ပြောမိတောသည်။

"နောက်ထပ် ချောက်နဲ့ တစ်ပေလောက်ကပ်သွားတဲ့အထိ ခုန်နိုင်မှ ပျော်စရာကောင်းမှာ ... ဒါပေမယ့် ငါက အဲဒီလောက် သတ္တိမရှိတော့ခက်တယ် ... "

ရုတ်တရက် သူ၏နောက်ဘက်မှ လက်ခုပ်တဖြောင်းဖြောင်း တီးလိုက်သောအသံကို ကြားလိုက်ရ၏။

"တော်တယ် ... အစ်ကိုကြီး တော်တယ် ... "

× × × × × ×

## မေတ္တာလေပြေ

လိန်လိန်၏ အသံသာတည်း။

လင့်ဟူချုံး အပျော်လွန်သွားသည်။ လှမ်းကြည့်လိုက်သောအခါ လိန်လိန်သည် ဆွဲခြင်းတစ်လုံးကို ကိုင်ဆွဲတက်လာသည်ကို တွေ့လိုက်ရ၏။

သူမက ပြုံးရွှင်စွာနှင့် ...

"အစ်ကိုကြီး ... ကျွန်မ အစ်ကိုကြီးအတွက် ထမင်းလာပို့တာ"

ဟု ပြောသည်။

သူမက ကျောက်ဂူထဲသို့ ဝင်လိုက်၏။ ပြီးနောက် ကျောက်တုံးကြီးပေါ်တွင် တက်ထိုင်ကာ ..

"အစ်ကိုကြီး ... စောစောက အစ်ကိုကြီး နောက်ပြန်ခုန်နေတာ ကျွန်မတွေ့တယ် ... တွေ့ရတာတောင် ပျော်စရာကောင်းတယ် ... ကျွန်မလည်း စမ်းကြည့်မယ်နော် ... "

ဟု ပြောတော့၏။

လင့်ဟူချုံးမှာ အကျဉ်းအကျပ် တွေ့နေရတော့သည်။ ဤချောက်ကမ်းပါးစွန်းနားသို့ နောက်ပြန်ခုန်ခြင်း၊ ဗနာက်ကျွမ်းပစ်ခြင်းမှာ အလွန်အန္တရာယ်များသော အရူးထခြင်းတစ်မျိုးသာဖြစ်သည်။ ခုန်ရာ၌ အားထုတ်မှု အနည်းငယ်များသွားရုံဖြင့် အသက်ဆုံးရှုံးနိုင်သည်။ လိန်လိန်အား မကစားရန် တားမြစ်လိုသော်လည်း လိန်လိန်ဆိုသည့် မိန်းကလေးမှာ သူလုပ်ချင်သမျှလုပ်ရမှ ကျေနပ်သူဖြစ်သည်။ ထို့ကြောင့် မတားဆီးတော့ဘဲ သူမ၏စိတ်ကြိုက် လွှတ်ပေးလိုက်၏။ သို့သော် သူကမူ ချောက်ကမ်းပါး အစွန်း၌ ရပ်နေလိုက်သည်။

လိန်လိန်မှာ အမြဲတမ်း အနိုင်ယူလိုသောစိတ်ရှိသည်။ သူမသည် ချောက်ကမ်းပါးစွန်းကို စိတ်ထဲ၌ခန့်မှန်းပြီး နောက်ကျွမ်းပစ်ကာ ခုန်ထွက်လိုက်၏။ သူမသည် လင့်ဟူချုံးထက် အသာရရှိလိုသည့်စိတ်ကြောင့် အားကိုပိုထုတ်လိုက်သည်။ လေထဲသို့ရောက်သောအခါမှ သူမသည် ကြောက်လန့်တကြားအော်လိုက်မိတော့၏။ လင့်ဟူချုံးက လက်ဖြင့်လှမ်းဆွဲလိုက်ရ၏။ လိန်လိန်၏ခြေထောက် မြေကြီးနှင့်ထိတွေ့သောအခါ ချောက်ကမ်းပါးစွန်းနှင့် တစ်ပေခန့်သာကွာဝေးတော့ကြောင်းတွေ့လိုက်ရ၏။

သူမ၏ရင်ထဲ၌ ထိတ်ခနဲဖြစ်သွားရာမှ ကြက်သီးမွေးညှင်း တဖြန်းဖြန်းထသွားတော့၏။ အတန်ကြာမှ တည်ငြိမ်မှုရသွားပြီး ရယ်နိုင်ပြုံးနိုင်တော့သည်။ လိန်လိန်က ...

"အစ်ကိုကြီး ... ကျွန်မက အစ်ကိုကြီးထက် ပိုဝေးတယ်နော်"

လိန်လိန် ရယ်နိုင်ပြုံးနိုင်ဖြစ်သော်လည်း သူမ၏သွေးဆုတ်နေသော မျက်နှာသည် နဂိုမူလသွေးရောင်သို့ ပြန်မရောက်သေးချေ။ လင့်ဟူချုံးက သူမ၏မျက်နှာကို ကြည့်ကာ ..

"ညီမလေး ... ဒီကစားနည်းကို နောက်တစ်ခါ မကစားနဲ့တော့ ... ဆရာတို့သိသွားပြီး ငါ့ကို နောက်တစ်ကြိမ် အပြစ်ဒဏ်ထပ်ပေးလိုက်ရင် ငါတော့ ဒုက္ခပဲ ... ဒီဂူကြီးထဲမှာ နှစ်နှစ်လောက် ဆက်တိုက်နေလိုက်ရရင် ရူးသွားလိမ့်မယ် ... "

ဟု ပြောမိတော့၏။

လိန်လိန်က လင့်ဟူချုံး သူမအတွက် အလွန်စိုးရိမ်ထိတ်လန့်သွားသည်ကို သိရှိလိုက်ရသည့်အပြင် သူမကိုယ်တိုင်လည်း အလွန်ထိတ်လန့်ခဲ့ပြီးဖြစ်၍ စကားလမ်းကြောင်းပြောင်း၍ ပြောလိုက်တော့၏။

"အစ်ကိုကြီး ... အမေက အစ်ကိုလုရှိကိုလာပို့ခိုင်းလိုက်တာ ကျွန်မက အစ်ကိုလုရှိဆီက ဒီတာဝန်ကို ကြားဖြတ်လုပြီး လာပို့တာ အစက သူမပေးဘူး ... ကျွန်မက စိတ်ဆိုးပြီး ... "

လင့်ဟူချုံးက ပြုံးရယ်ရင်း ပြောလိုက်သည်။

"ဓားဆွဲပြီး ချောက်လိုက်ရော မဟုတ်လား ... "

လိန်လိန်က ခေါင်းခါ၍ ...

"အစ်ကိုကြီးမှားပြီ ... ကျွန်မက စိတ်ဆိုးပြီးငိုတော့မှ ကျွန်မကိုချော့ပြီး ဒီဆွဲခြင်းပေးလိုက်တာ ... "

ဟု လုရှိ၏တာဝန်ကို မည်သို့လုယူခဲ့ပုံကို ပြောပြနေသည်။

လင့်ဟူချုံးက လိန်လိန်၏မျက်နှာကို ကြည့်လိုက်သည်။ သူမ၏ မျက်လုံးများသည် နီရဲလျက်ရှိပြီး မျက်ခွံများ မို့နေသည်ကိုတွေ့လိုက်ရသဖြင့် အမှန်တကယ်ငိုထားကြောင်း သိလိုက်၏။ သူ၏စိတ်ထဲတွင် အလွန်ပင်လှုပ်ရှားသွားတော့၏။ သူ၏စိတ်ထဲတွင် ...

"အင်း ... လိန်လိန်ဟာ ငါ့အပေါ်မှာ တကယ်သံယောဇဉ်ရှိတာပဲ ... ဒီလောက်သံယောဇဉ်ရှိတဲ့ မိန်းကလေးအတွက် အဖန်တစ်ရာလောက် အသက်စွန့်မယ်ဆိုလည်း စွန့်နိုင်ပါရဲ့ ... "

ဟု တွေးလိုက်မိတော့သည်။

လိန်လိန်သည် ဆွဲခြင်းတောင်းကိုဖွင့်၍ ထမင်းနှင့် ဟင်းများကို ထုတ်ယူလိုက်၏။ သူမက ..

"အစ်ကိုကြီး ... ဒီမှာဘာလဲ ... ကြည့်စမ်း ... "

လင့်ဟူချုံး လှမ်းကြည့်လိုက်သောအခါ အရက်ကရားတစ်ခု ဖြစ်နေသည်ကို တွေ့ရ၏။ လင့်ဟူချုံး ပျော်သွားသည်မှာ ပြောဖွယ်ရာ မရှိတော့ချေ။

လင့်ဟူချုံးက ..

"ညီမလေး ... မင်းကို ကျေးဇူးတင်လိုက်တာကွာ ... ငါတော့ တစ်နှစ်လုံး အရက်မသောက်ရတော့ဘူးလို့ စိတ်မကောင်းဖြစ်နေမိတာကွ ... သမာဒေဝ နတ်ကောင်းနတ်မြတ်တွေမလို့ ... အဲ ... အဲ၊ ညီမလေးတော်လို့ ဒီနှစ်တော့ အရက်မသောက်ရမှာ မပူရတော့ဘူး"

လိန်လိန်သည် အရက်ကရားကိုဖွင့်၍ လင့်ဟူချုံး၏လက်ထဲသို့ ထည့်ပေးလိုက်၏။ လင့်ဟူချုံး၏မျက်နှာကို စေ့စေ့ကြည့်ကာ ရယ်ပြီးပြောလိုက်သည်။

"ဒါပေမယ့် များများသောက်လို့ မရဘူးနော် အစ်ကိုကြီး ... ကျွန်မက တစ်နေ့နည်းနည်းပဲ ခိုးယူလာနိုင်တာ ... အာသာပြေလေးသောက်ပေါ့ ... "

ထို့နောက် နှစ်ယောက်စလုံး တပျော်တပါး အားရပါးရစားသောက်လိုက်ကြ၏။ ညနေစောင်း၍ မှောင်ရီသမ်းလာချိန်မှာ လိန်လိန်က တောင်အောက်သို့ ပြန်ဆင်းသွားတော့သည်။

ဤသို့ဖြင့် နေ့စဉ်နေ့တိုင်း လိန်လိန်က ထမင်းဟင်းလာပို့နေသည်။ လင့်ဟူချုံးမှာ တောင်ထိပ်တွင် တစ်ယောက်တည်းနေရသဖြင့် ပျင်းနေမည်ဟု ယခင်ကထင်မှတ်နေခဲ့မိပါသည်။ တကယ့်တကယ် နေသောအခါတွင်မူ ပျင်းရိချိန်မရှိကြောင်း သိရှိလာတော့သည်။

နံနက်အိပ်ရာမှထသည်နှင့် ပထမ ထထိုင်သည်။ အတွင်းအားသိုင်းကျင့်သည်။ ပြီးနောက် ယခင်သင်ခဲ့ပြီး၊ တက်ခဲ့ပြီးသည့် ဓားသိုင်းများ၊ လက်သိုင်းများကို ပြန်လည်လေ့ကျင့်ကစားသည်။ အလုပ်တစ်ခုနှင့်တစ်ခု ဇယ်စက်သကဲ့သို့ လည်ပတ်နေသဖြင့် ပျင်းရိချိန်လုံးဝမရှိတော့ပေ။ ဤသို့ဖြင့် နှစ်လမျှ လွန်မြောက်ခဲ့ချေပြီ။

တောင်ထိပ်တွင်လည်း တစ်နေ့ထက်တစ်နေ့ အေးမြလာ၏။ ဤနေ့နံနက်ပိုင်း မိုးလင်းသည်ဆိုသည်နှင့် မြောက်ပြန်လေ တသုန်သုန် တိုက်ခိုက်နေသဖြင့် အအေးဓာတ်ကလည်းပိုလာသည်။ နေ့လယ်သို့ရောက်သောအခါ နှင်းများ တဖွဲဖွဲကျလာသည်ကို တွေ့ရတော့၏။ လင့်ဟူချုံး၏စိတ်ထဲတွင် ..

"အင်း ... နှင်းတွေဒီလောက်ကျနေတာကတော့ ကောင်းတဲ့လက္ခဏာမဟုတ်ဘူး ... နှင်းတွေကြောင့် တောင်ပေါ်တက်တဲ့ လမ်းတစ်လျှောက်လုံး ချောနေမှာပဲ ... အဲဒီတော့ အန္တရာယ်သိပ်များနေမယ် ... ညီမလေး ဒီနေ့ထမင်းလာမပို့မှ ဘေးကင်းမှာ ... ထမင်းလာမပို့ပါစေနဲ့ ... "

ဟု စိတ်ထဲမှကြိတ်၍ ဆုတောင်းမိသည်။

သို့သော် ချက်ချင်းလိုလိုပင် တစ်စုံတစ်ခုကို ပြန်စဉ်းစားမိပြန်သည်။

"ဆရာနဲ့ ဆရာမတို့က ညီမလေး ငါ့ဆီထမင်းလာပို့နေတာကို မသိဘဲနေပါ့မလား ... ဆရာမသိတာ မရှိသလောက်ဘဲ ... ငါ ဝါဆန်းတောင်ကဆင်းသွားပြီး ဆရာကွယ်ရာမှာ လုပ်ချင်ရာတွေ လျှောက်လုပ်နေတာတောင် ဆရာက သိသေးတာပဲ ... ညီမလေး ထမင်းလာပို့တာကို မသိဟန်ဆောင်နေကြတာ ... ဒီနေ့ ရာသီဥတုက ဒီလောက်တောင် ဆိုးဝါးနေမှတော့ ညီမလေးကို ထမင်းပို့ခွင့် ပြုကြတော့မှာ မဟုတ်ဘူး ... "

တကယ်ပင် ညနေရောက်၍ ခါတိုင်းထမင်းပို့ချိန်သို့ ရောက်သောအခါ လိန်လိန်ပေါ်မလာတော့ပေ။ နှင်းများကား ကျမြဲကျလျက်သား။ လင့်ဟူချုံးသည် သက်ပြင်းချနိုင်သွားပြီး ဂူကြီးထဲသို့ ဝင်အိပ်လိုက်တော့၏။

သို့သော် မှောင်ရီသမ်းစရှိသေးသည်။ ဂူအပြင်မှ ခြေသံတစ်သံကို ရုတ်တရက်ကြားလိုက်ရတော့၏။ လိန်လိန်၏အသံ။

"အစ်ကိုကြီး ... အစ်ကိုကြီး ... "

လင့်ဟူချုံးသည် ဝမ်းသာစိတ်နှင့် စိုးရိမ်စိတ်ကို ဒွိဟခံစားလျက် ကျောက်ဂူအပြင်သို့ပြေးထွက်မိ၏။ ထိုအခါ လိန်လိန်ခမျာ တစ်လှမ်းလျှောက်လိုက် တစ်လှမ်းခြေချော်လိုက်ဖြင့် တောင်ပေါ်သို့ ခက်ခဲပင်ပန်းစွာ တက်လာသည်ကို တွေ့လိုက်ရသတည်း။

လင့်ဟူချုံးသည် သူမ၏လက်ကို ပြေး၍တွဲယူလိုက်သည်။ တောင်ပေါ်သို့ တွဲ၍တင်လာရသည်။ အပေါ်သို့ရောက်သောအခါ သူမ၏တစ်ကိုယ်လုံးမှာ နှင်းပွင့်များဖြင့် ဖြူဖွေးလျက်ရှိနေပြီး နဖူးတွင်ယောင်နေသည်။ သွေးလည်း အနည်းငယ်စို့နေသည်ကို တွေ့မြင်လိုက်ရ၏။ လမ်းခရီး၌ ဆိုးဆိုးဝါးဝါး လဲကျခဲ့ရသည်ကို သက်သေပြသည့် အမှတ်အသားများပင်ဖြစ်၏။

လင့်ဟူချုံးက စိုးရိမ်ပူပန်စွာဖြင့် ...

"ညီမလေး ... ညီမလေး ... မင်း ... မင်း ... "

ဟု စကားပြောမိသော်လည်း စိုးရိမ်တုန်လှုပ်မှုကြောင့် စကားကို အစအဆုံးမပြောနိုင်ဘဲ ဖြစ်နေတော့၏။

လိန်လိန်က ငိုမဲ့မဲ့ဖြင့် ..

"အစ်ကိုကြီး ... ကျွန်မ ချော်ကျလိုက်တာ ထမင်းတွေအားလုံး ချောက်ထဲကျသွားပြီ ... လူတောင် ကံကောင်းလို့ ... ကျွန်မကြောင့် အစ်ကိုကြီး ဒီနေ့ ထမင်းငတ်ရပြီ ... "

ဟု ပြောတော့သည်။

လင့်ဟူချုံးမှာမူ စိတ်လှုပ်ရှားစွာဖြင့် သူ၏အင်္ကျီလက်စကို ကိုင်၍ လိန်လိန်၏နဖူးမှ ယောင်ယမ်းနေသော ဒဏ်ရာကို ဖိပေးနေသည်။ သူက ...

"ညီမလေး တကယ်မိုက်တာပဲ ... တောင်တက်လမ်းက နှင်းတွေနဲ့ ဒီလောက်ချော်နေတဲ့ဥစ္စာ ဘာဖြစ်လို့ တက်လာရတာလဲဟင်၊ ဒီလိုအချိန်မျိုးမှာ ထမင်းလာပို့ဖို့မသင့်ဘူး ... ညီမလေးသာ တစ်စုံတစ်ခုဖြစ်သွားရင် ငါ ဘယ်လိုလုပ်ဖြေရတော့မှာလဲဟင် ... "

လိန်လိန်သည် လင့်ဟူချုံး၏လက်ကို ဆုပ်ကိုင်၍ကြည့်လိုက်၏။ လင့်ဟူချုံးမှာ သူမ၏ကိုယ်ကလေးအား သိမ်းကြုံးပွေ့ဖက်လိုက်ချင်သော်လည်း သတ္တိမရှိချေ။ ထို့ကြောင့် တောကြီးတောင်ကြီးအတွင်း ယောကျ်ားပျိုတစ်ယောက်နှင့် မိန်းမပျိုတစ်ယောက်တို့သည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လျက် ငြိမ်သက်နေကြတော့သည်။

အတန်ကြာသောအခါ လင့်ဟူချုံးသည် သူ၏စိတ်ကို ထိန်းသိမ်းလိုက်ပြီး ...

ညီမလေး ... ဒီညတော့ မင်းတစ်ယောက်တည်း ပြန်လို့မဖြစ်ဘူး ... မှောင်လည်းမှောင် ... နှင်းတွေကလည်းကျဆိုတော့ ဒီညပြန်ဆင်းရင် မုချချောက်ထဲကျမှာပဲ ... တောင်ထိပ်ကို ညီမလေးတက်လာတာကို ဆရာနဲ့ဆရာမသိရဲ့လား ... အကောင်းဆုံးကတော့ သူတို့ လူလွှတ်ပြီး ကြိုခိုင်းလိုက်ရင် သိပ်ကောင်းမှာပဲ ... "

ဟု ပူပန်စွာ ပြောမိသည်။

လိန်လိန်က ..

"အဖေနဲ့ အမေတို့က ဒီမှာမရှိတော့ဘူး အစ်ကိုကြီးရဲ့ ... မနက်တုန်းက မဟာမိတ်အဖွဲ့ချုပ်ခေါင်းဆောင်ကြီးဆီက စာရလို့ ကောင်းဆန်းဂိုဏ်းကို ထွက်သွားကြပြီ ... "

"ဒီလိုဆို ညီမလေး တောင်ပေါ်တက်လာတာ ဘယ်သူမှ မသိကြဘူးပေါ့ ... "

"ဘယ်သိမလဲ ... ဩော် ... သိတယ် ... သိတယ် ... လင်မိန်ကျက်တစ်ယောက်တော့သိတယ် ... ဒါပေမယ့် ကျွန်မက ဘယ်သူ့ကိုမှမပြောရဘူးလို့ ခြိမ်းခြောက်ထားတယ် ... နို့မို့ရင် ကျွန်မက ရိုက်မယ်လို့ ... "

"ဟား ... ဟား ... ဟား ... ဘယ့်နှယ် အစ်မလုပ်တဲ့လူက တယ်လည်း ကြောက်စရာကောင်းပါကလား ... "

"ခစ် ... ခစ် ... ခစ် ... ဒါပေါ့ အစ်ကိုကြီးရ ... ကျွန်မကို အစ်မလို့ ခေါ်တဲ့လူက ခပ်ရှားရှား မဟုတ်လား ... ဒီတော့ အစ်မကြီး ပုံပေါက်အောင်တော့ ဟန်လုပ်ဦးမပေါ့ ... အစ်ကိုကြီးကျတော့ လူတိုင်းက အစ်ကိုကြီးလို့ ခေါ်နေတော့ ဘယ်ထူးဆန်းတော့မလဲ"

နှစ်ယောက်စလုံး စကားတပြောပြောနှင့် ရယ်မောမိကြတော့၏။ လင့်ဟူချုံးကမူ ...

"ဒီလိုဆိုရင် ဒီညတော့ ညီမလေး ဒီမှာပဲအိပ်ရတော့မယ် ... ညကြီးမင်းကြီး ဘယ်နည်းနဲ့မှ ပြန်ဆင်းနိုင်မှာမဟုတ်ဘူး ... မနက်ဖြန် မနက်စောစော ပြန်ဆင်းပေတော့ ... "

လင့်ဟူချုံးသည် လိန်လိန်ကို ဂူထဲသို့ခေါ်လိုက်ပြီး မျက်နှာချင်းဆိုင်ထိုင်လိုက်ကာ ရယ်စရာစကားများ ပြောနေမိကြတော့၏။ နောက်ဆုံး လိန်လိန်မှာ ပင်ပန်းနွမ်းနယ်မှုကြောင့် အိပ်ပျော်သွားသည်။ လင့်ဟူချုံးသည် လိန်လိန်အား အအေးမိမည်ကို စိုးရိမ်သဖြင့် သူ၏အပေါ်အင်္ကျီကိုချွတ်ကာ သူမ၏ကိုယ်ပေါ်သို့ ခြုံပေးလိုက်သည်။

ပြင်ပမှ တိမ်းစောင်းဝင်ရောက်လာသော လရောင်အောက်တွင် လိန်လိန်၏ ချစ်စဖွယ်မျက်နှာကလေးကို ငေးမောကြည့်နေမိသည်။ သူ့စိတ်ထဲတွင် ..

"ညီမလေးဟာ ငါ့အပေါ်မှာ သိပ်အနစ်နာခံတာပဲ ... ဒီနေ့ကစပြီး သူ့အတွက်ဆိုရင် ဘာမဆို ငါ လုပ်ပေးမယ် ... "

ဟု ဆုံးဖြတ်လိုက်မိသည်။

ထိုအခိုက် ..

"လင်မိန်ကျက် ... နင် ငါ့စကား နားမထောင်ဘူး ... အရိုက်ခံချင်သလား ... "

ဟု လိန်လိန်၏နှုတ်မှ စကားသံကို ကြားလိုက်ရသောအခါ လင့်ဟူချုံးမှာ ရုတ်တရက် ထိတ်လန့်သွားသည်။ သူမ၏ မျက်နှာကို သေချာစွာ ကြည့်လိုက်သောအခါ မျက်လုံးများမှိတ်၍ နှစ်ခြိုက်စွာအိပ်ပျော်နေသည်ကို တွေ့လိုက်ရသဖြင့် ယောင်ယမ်းပြောနေမှန်း သိလိုက်ရတော့၏။

ထို့ကြောင့် လင့်ဟူချုံး၏ စိတ်ထဲတွင် ရယ်ချင်လာသည်။

"အင်း ... ညီမလေးကတော့ သူ့ကိုယ်သူ လင်မိန်ကျက်ရဲ့ဂိုဏ်းတူအစ်မ အတင်းလုပ်နေတော့တာပဲ ... လင်မိန်ကျက်ရဲ့အသက်က လိန်လိန်ထက် နှစ်နှစ်လောက်ကြီးတယ် ... အခု လိန်လိန်က လင်မိန်ကျက်ရဲ့အစ်မ လုပ်လိုက်ရတော့ သူ့ကိုယ်သူ သိပ်ဟုတ်နေပြီလို့ ထင်နေတော့တာပေါ့ ... လင်မိန်ကျက်ကတော့ ဂြိုဟ်ဝင်ပြီး အအော်အငေါက် အကြိမ်းအမောင်းကို ကောင်းကောင်းခံရတော့မယ်"

မိုးလင်းခါနီးအချိန်ကျမှ လိန်လိန် အိပ်ရာမှ နိုးလာသည်။ သူမက လင့်ဟူချုံးအား ပြုံးပြကာ ..

"အစ်ကိုကြီး ... အိပ်ရာကထတာ စောလိုက်တာ"

ဟု ပြောလိုက်သည်။

လင့်ဟူချုံးက ပြုံးရင်းမေးလိုက်သည်။

"ညီမလေး ... ညအိပ်နေတုန်းက ဘာတွေ အိပ်မက်မက်နေတာလဲ ... လင်မိန်ကျက် ဆိုးလွန်းလို့ ရိုက်နှက်ဆုံးမနေရသလား"

လိန်လိန်သည် ခေါင်းကလေးကို စောင်း၍ တစ်ချက်မျှ စဉ်းစားလိုက်သည်။ နောက်မှ စဉ်းစားမိဟန်ဖြင့် ...

"ဇကွန္တ ကျွန်မ ... အိပ်မက်မက်ပြီး ယောင်ယမ်းစကားပြောမိတယ်ထင်တယ် ... အစ်ကိုကြီး မသိဘူး ... လင်မိန်ကျက်က သိပ်ခေါင်းမာတာ ... အစ်မကြီး ကျွန်မရဲ့စကားတောင် ကောင်းကောင်းနားထောင်ချင်တာ မဟုတ်ဘူး ... ကျွန်မကတော့ နေ့ရောညရော ငေါက်နေတာပဲ ... "

ဟု တခစ်ခစ်ရယ်ရင်း ကျေနပ်စွာ ပြောလိုက်သည်။

"သူက ဘာဖြစ်နေလို့လဲ ... "

"ဟာ ... အစ်ကိုကြီးကလည်း ... ဘာဖြစ်ရမှာလဲ ... သူ အသုံးမကျလွန်းလို့ပေါ့ ... ပထမဆုံး ဓားသိုင်းတစ်ခု သင်တာ သုံးလရှိပြီ ... ခုထက်ထိ ကျွမ်းကျွမ်းကျင်ကျင် မကစားတတ်သေးဘူး ... "

"အဲဒါတော့ ညီမလေးရဲ့အပြစ်ပဲ ... ကိုယ့်မောင်လေး ဓားသိုင်း ကျွမ်းကျွမ်းကျင်ကျင် ကစားနိုင်အောင် သင်ပြဖို့က အစ်မလုပ်တဲ့သူရဲ့ တာဝန်ပဲ ... ဟား ... ဟား ... ဟား ... "

ထို့နောက် လင့်ဟူချုံးက တောင်အောက်သို့ ပြန်ဆင်းခိုင်းတော့၏။ အကယ်၍ မိမိတို့၏ဂိုဏ်းတူမောင်နှမများက လိန်လိန်မှာ တစ်ညလုံး မိမိနှင့် တောင်ထိပ်တွင်ရှိနေသည်ကို ရိပ်မိသွားကြပါက သို့လောသို့လော တွေးစရာဖြစ်သွားကြပေလိမ့်မည်။ ထိုနေ့ညနေစောင်းတွင်မှ လုရှိရောက်ရှိလာသည်။ လိန်လိန် အအေးမိ၍ ဖျားနေသည့်သတင်းကိုပါ ယူဆောင်လာသဖြင့် လင့်ဟူချုံး အလွန်စိတ်ပူသွားတော့သည်။ ထိုသတင်းကို ကြားလိုက်ရလျှင် ကြားလိုက်ရခြင်း ၄က်သဖွယ် အတောင်တပ်၍ လိန်လိန်အား သွားကြည့်လိုက်ချင်မိတော့၏။

လုရှိသည် သူ့အစ်ကိုကြီးက လိန်လိန်အပေါ် မေတ္တာသက်ဝင်နေမှန်း သိသဖြင့် နှစ်သိမ့်လိုက်သည်။

"အစ်ကိုကြီး ... လိန်လိန်အတွက် ဘာမှစိတ်မပူနဲ့ ... ရောဂါက သိပ်ကြီးကျယ်တာ မဟုတ်ပါဘူး ... ဆေးသောက်ရင် ပျောက်သွားမှာပါ ... "

သို့သော် တကယ့်တကယ်တွင်မူ လိန်လိန်၏အဖျားသည် တစ်ရက်နှစ်ရက်နှင့် မပျောက်ဘဲ အရက်နှစ်ဆယ်ခန့်ကြာမှ ပျောက်တော့၏။ အဖျားပျောက်၍မှမကြာမီပင် လိန်လိန်သည် တောင်ပေါ်သို့ရောက်ရှိလာတော့၏။ ရွှင်လန်းဝမ်းမြောက်သောသူကား လင့်ဟူချုံးပင်ဖြစ်တော့သည်။

လိန်လိန်သည် လင့်ဟူချုံး၏ မျက်နှာကိုကြည့်ကာ ..

"အစ်ကိုကြီးလည်း နေမကောင်းဘူးနဲ့ တူတယ် ... ဘာဖြစ်လို့ ဒီလောက်တောင် ပိန်သွားတာလဲ ... " ဟု မေးလိုက်၏။

လင့်ဟူချုံးက ..

"ငါ နေကောင်းပါတယ် ... ငါ ... ငါက ... "

လိန်လိန်သည် ချက်ချင်းသဘောပေါက်သွား၏။

"အစ်ကိုကြီးက ကျွန်မအတွက် သိပ်ပြီးပူပန်ကြောင့်ကျနေတာကိုး ... ကျွန်မ ဘာမှမဖြစ်တော့ပါဘူး ... ကောင်းသွားပါပြီ"

လင့်ဟူချုံးသည် လိန်လိန်၏လက်ကလေးကို တယုတယကိုင်၍ ...

"လိန်လိန် ... အခု ငါ မင်းကို တွေ့လိုက်ရလို့ စိတ်အေးသွားပါပြီ ... "

ဟု ပြောလိုက်တော့သည်။ လိန်လိန်က ရယ်ရင်း ..

"ကျွန်မကတော့ အစ်ကိုကြီးကို နေ့တိုင်းတွေ့တယ် ... "

ဟု ပြန်ပြောသည်။

"ဘယ်လို ... ညီမလေးက ငါ့ကိုတွေ့တယ် ... "

လင့်ဟူချုံးက တအံ့တသြမေးလိုက်တော့သည်။

လိန်လိန်ကရယ်၍ ...

"ဟုတ်တာပေါ့ ... ကျွန်မ နေမကောင်းတဲ့အချိန်မှာ အိပ်မက်မက်တိုင်း အစ်ကိုကြီးကိုတွေ့တာပဲ ... ဟိုနေ့တုန်းက အဖျားတွေသိပ်တက်ပြီး ကယောင်ကတမ်းတွေ လျှောက်ပြောမိတယ် ... အစ်ကိုကြီးနဲ့ကျွန်မ ပြောခဲ့တဲ့စကားတွေကိုပဲ ယောင်ယမ်းပြီးပြောနေတယ်လို့ အမေကပြန်ပြောတယ် ... နောက်ပြီး ဟိုနေ့က ကျွန်မ တောင်ထိပ်မှာ တစ်ညလုံးနေသွားတာကိုပါ သိသွားတယ် ... "

ဟု ပြောပြသည်။

လင့်ဟူချုံး၏မျက်နှာသည် ရဲခနဲဖြစ်သွားပြီး အထိတ်ထိတ်အလန့်လန့်ဖြင့် မေးလိုက်မိ၏။

"ဆရာမ စိတ်ဆိုးသွားသလား ... "

လိန်လိန်က ..

"အမေကတော့ စိတ်တော့မဆိုးပါဘူး ... ဒါပေမယ့် ... "

သူမသည်လည်း စကားကို ဆုံးအောင်မပြောရဲတော့ပေ။ ရှက်သွေးလွှမ်းသည့် မျက်နှာကလေးကို ခေါင်းငုံ့၍သာ နေလိုက်တော့၏။ လင့်ဟူချုံးကလည်း ဆက်မမေးရဲသဖြင့် စကားလမ်းကြောင်းပြောင်းကာ ...

"ညီမလေး ... မင်းက အခုမှ နာလန်ထဆိုတော့ ကျန်းမာရေးကို ဂရုစိုက်နော် ... "

ဟု ပြောလိုက်တော့သည်။

လိန်လိန်က ..

"ကဲ ... အစ်ကိုကြီးလည်း ထမင်းစားဦး ... အစ်ကိုလုရိက ကျွန်မကိုပြောလိုက်တယ် ... အစ်ကိုကြီးက ထမင်း လုံးဝ မစားတော့ဘူးတဲ့ ... အရက်ချည်းပဲ သောက်နေတာပဲတဲ့ ... ဟုတ်လား အစ်ကိုကြီး ... "

လင့်ဟူချုံးက ရှက်ရမ်းရမ်းသည့်လေသံဖြင့် ..

"အလကား ... ဒီကောင် မဟုတ်ကဟုတ်ကတွေ လျှောက်ပြောနေတာ ... "

ဟု ပြောလိုက်တော့၏။

ထိုစဉ် လေးအေးကလေးတစ်ချက် ဖွေ့ယမ်းတိုက်ခတ်လိုက်သောကြောင့် လိန်လိန်၏တစ်ကိုယ်လုံး တုန်ခါသွားတော့၏။ လင့်ဟူချုံးက စိုးရိမ်တကြီးဖြင့် ...

“ညီမလေး … မင်းက အခုမှ နေကောင်းစပဲ ရှိသေးတယ်၊ ဘယ်အအေးခံလို့ ဖြစ်မလဲ … ပြန်တော့ … ညီမလေး ပြန်တော့၊ နွေးနွေးထွေးထွေးနေ … မင်းလည်း ကျန်းကျန်းမာမာရှိတဲ့နေ့ကျမှ ငါ့ဆီကို လာတွေ့တော့နော် … ”

ဟု ပြောလိုက်တော့သည်။

“ဟုတ်ကဲ့ အစ်ကိုကြီး … ကျွန်မ ပြန်တော့မယ်နော် … ကျန်းမာရေးကို သတိထားနော် … ”

ထိုနေ့မှာ လင့်ဟူချုံးအဖို့ အပျော်ဆုံးနေ့ပင်ဖြစ်တော့၏။ လိန်လိန် ပြန်ဆင်းသွားသည်နှင့် လေထဲတွင် ထခုန်နေမိတော့သည်။ နောက်တစ်နေ့တွင် လိန်လိန်တစ်ယောက် လင့်ဟူချုံး၏အမှာစကားအရ တောင်ထိပ်သို့ တက်မလာတော့ချေ။ လုရှိထံမှ လိန်လိန်ကျန်းကျန်းမာမာ ရှိနေကြောင်း သိရှိ၏။

ရက်ပေါင်းနှစ်ဆယ်ကျော်မျှ ကြာလာသောအခါ လိန်လိန်သည် သစ်သီးခြင်းတစ်ခြင်းကိုဆွဲ၍ တက်လာတော့၏။ သူမက လင့်ဟူချုံးကို စေ့စေ့ကြည့်ကာ …

“အစ်ကိုကြီး ပြန်ဝလာပြီ … ”

ဟု ဝမ်းသာအားရ ပြောလိုက်တော့၏။

လိန်လိန်၏မျက်နှာတွင် သွေးရောင်များ လွှမ်းတက်နေသည်ကို တွေ့လိုက်ရသဖြင့် ကောင်းစွာ ကျန်းမာသွားပြီ ဖြစ်ကြောင်း လင့်ဟူချုံး သိလိုက်သည်။ ထို့ကြောင့် ပြုံးရယ်ရင်း …

“ညီမလေး … မင်းရဲ့အသားအရည်တွေတောင် ပြန်ပြီးစိုစိုပြည်ပြည် ဖြစ်လာပြီ … ငါ သိပ်ဝမ်းသာတာပဲ … ”

ဟု ပြောလိုက်မိတော့၏။

“ကျွန်မ ဒီလောက်ကြာမှ အစ်ကိုကြီးကိုလာကြည့်တာ အစ်ကိုကြီး ကျွန်မကိုစိတ်မဆိုးဘူးလား … ”

လင့်ဟူချုံးက ခေါင်းခါပြသဖြင့် လိန်လိန်က ဆက်ပြောသည်။

“အမေက လာခွင့်မပြုဘူးသိလား … ရာသီဥတုက သိပ်အေးတယ်တဲ့ … ”

သူမသည် စကားကို ခေတ္တရပ်နားလိုက်ပြီးမှ …

“အစ်ကိုကြီးကို ဒီသစ်သီးတွေ စားစေချင်လို့ တမင်လာပို့တာ”

ဟု ပြောတော့သည်။

လင့်ဟူချုံးက စိတ်လှုပ်ရှားစွာဖြင့် တွေးလိုက်မိ၏။

“ညီမလေးက ငါ့အပေါ် တကယ့်ကို သံယောဇဉ်ရှိတာပဲ”

လိန်လိန်သည် လင့်ဟူချုံးစားရန် သစ်သီးများ၏အခွံကို နွှာ၍ပေးသည်။ သူမက လင့်ဟူချုံးစားနေသည်ကို ပြုံးကြည့်ရင်း ..

“ဒီသစ်သီးတွေကို ကျွန်မနဲ့ မောင်လေး အတူတူ သွားခူးကြတာ … ”

ဟု ပြောလိုက်သည်။

လင့်ဟူချုံးက ..

“ဘယ်သူ … မောင်လေး ဟုတ်လား … ”

လိန်လိန်က ရယ်၍ ..

“သြော် … လင်မိန်ကျက်ကို ပြောတာလေအစ်ကိုကြီးရဲ့၊ အခုတလော ကျွန်မက သူ့ကို မောင်လေးလို့ပဲခေါ်တယ် … တစ်ရက်မှာ သူက ကျွန်မကိုလာပြောတယ် … ဒီသစ်သီးတွေကို တောထဲမှာတွေ့ခဲ့သတဲ့ … ဒါနဲ့ ကျွန်မက သူ့ကိုခေါ်ပြီး သွားခူးခဲ့တာ … ဘယ့်နှယ်လဲအစ်ကိုကြီး … စားလို့ကောင်းရဲ့လား … ”

ဟု သစ်သီးရပုံကို ရှင်းပြရင်း ပြန်မေးလိုက်သည်။

“ကောင်းတယ် … စားလို့တော်တော်ကောင်းတယ် … ဒါနဲ့ ညီမလေးက သူ့ကို မငေါက်တော့ဘူးလား … ”

"ငေါက်တာပေါ့ … ကျွန်မစကား နားမထောင်ရင်လည်း ကောင်းကောင်းဆူပစ်တာပဲ … အခုတလော တော်တော်လိမ္မာလာတယ် … ဒါကြောင့် သိပ်မဆူတော့ပါဘူး … သူ ဓားသိုင်းကျင့်ရင်လည်း ကြိုးကြိုးစားစားကျင့်လာတယ် … ဒါကြောင့်မို့ တစ်ခါတစ်လေတောင် ချီးကျူးမိသေးတယ် … "

"ညီမလေးကိုယ်တိုင် သူ့ကို သင်ပေးနေတာလား … "

"ဟုတ်တယ် အစ်ကိုကြီး … သူ့စကားက ဖုကျိုးနယ်သံပေါက်နေတော့ ကျန်တဲ့လူတွေက သိပ်နားမလည်ကြဘူး … ကျွန်မက ဖုကျိုးနယ်ရောက်ဖူးတော့ သူ့ရဲ့စကားကို နားလည်နေတာပေါ့ … ဒါကြောင့် အဖေက ကျွန်မကိုသင်ပေးခိုင်းတာ … ကျွန်မ တောင်ပေါ်မတက်ရတော့ဘူးတဲ့ … သူ့ကို ဓားသိုင်းသင်ပေးနေရတော့ ကျွန်မလည်း မပျင်းတော့ဘူးပေါ့ … သူက ဉာဏ်သိပ်မဆိုးဘူး အစ်ကိုကြီးရဲ့ ..အတတ်လည်းမြန်တယ် … "

ထိုအခါ လင့်ဟူချုံးက တဟားဟားရယ်ရင်း ပြောလိုက်ပါ၏။

"ညီမလေးကို ကြောက်တော့မှာပေါ့ … မင်းက အစ်မကြီးလည်း ဟုတ်တယ် … ဆရာမလည်း ဟုတ်တယ်ဆိုတော့ … သူကမင်းရဲ့စကား နားမထောင်ရဲဘဲ နေပါ့မလား … "

"သူက တစ်မျိုးအစ်ကိုကြီးရဲ့ … လုံးဝစကားနားမထောင်တာလည်း မဟုတ်ဘူး … မနေ့ညက သူ့ကိုခေါ်တယ် … တောကြက်သွားဖမ်းမယ်လို့ခေါ်တယ် … သူက မလိုက်ဘူးတဲ့ … သူက ဟို 'လျှပ်စီးကြောင်းနဲ့ရေတံခွန်' ဆိုတဲ့ ဓားသိုင်းကွက်နှစ်ကွက်ကို ကောင်းကောင်းလေ့ကျင့်လို့ မရသေးဘူးတဲ့ … အဲဒီနှစ်ကွက်လေ့ကျင့်ရမှာမို့ သူမလိုက်နိုင်ဘူးတဲ့လေ …"

လင့်ဟူချုံးက တအံ့တသြပြောလိုက်သည်။

"အလို … ဘုရားရေ … သူ ဝါဆန်းဂိုဏ်းကိုရောက်တာကမှ သုံးလေးလလောက်ပဲရှိသေးတယ် … သူက ဘယ့်နှယ် ဒီဓားသိုင်းနှစ်ကွက်အဆင့်ထိအောင် ရောက်နေရတာလဲ ညီမလေး … ငါတို့ဂိုဏ်းရဲ့ဓားသိုင်းက အခြေခံကနေ တစ်ထစ်ချင်း တက်ရတာနော် … အရမ်းခုန်တက်ပြီး ကျင့်မပေးနဲ့ … "

"အို … အစ်ကိုကြီးကလည်း စိတ်ချစမ်းပါ … ကျွန်မက ဘယ်ကျော်လွှားပြီးသင်ပေးမလဲ … ဒါပေမယ့် သူက သိပ်ကြိုးစားတာ အစ်ကိုကြီးရ … သူက နေ့လည်းကျင့် … ညလည်းကျင့် တစ်ချိန်လုံးဓားနဲ့ နပမ်းလုံးနေတာပဲ … သူ့ကို စကားပြောရင်တောင် သုံးလေးခွန်းလောက်ပဲပြန်ပြောတယ် … သူ လေ့ကျင့်နေတာကို လုံးဝအပျက်မခံဘူး … သူက ဒီလောက်ကျင့်နေတော့ သူများတွေက တစ်နှစ်လောက်ကျင့်ရမယ့်သိုင်းကွက်တွေကို သူက တစ်လလောက်နဲ့ တတ်သွားတာပဲ … ကျွန်မက တစ်ခါတစ်လေ ကစားဖို့ခေါ်ရင်တောင် မလိုက်ချင်ဘူး … "

လင့်ဟူချုံးသည် ရုတ်တရက် ငြိမ်သက်တိတ်ဆိတ်သွားတော့သည်။ သူ၏ရင်ထဲ၌ မွန်းကျပ်သကဲ့သို့ ခံစားလာရ၏။ သူ့ပါးစပ်ထဲမှ သစ်သီးများ၏အရသာကိုပင် သူမသိတော့ချေ။ လင့်ဟူချုံး တွေးတောငေးမောနေသည်ကို တွေ့ရသောအခါ လိန်လိန်သည် လင့်ဟူချုံး၏လက်ကိုဆွဲ၍ ရယ်မောရင်း မေးလိုက်သည်။

"အစ်ကိုကြီး … ဘာတွေတွေးပြီး ငေးနေတာလဲ … ပြော"

လင့်ဟူချုံးသည် မချိပြုံးကလေး ပြုံးကာ ပါးစပ်ထဲမှ ဝါးလက်စသစ်သီးများကို ဝါးမျိုလိုက်၏။ သူ၏စိတ်ထဲ၌ …

"လင့်ဟူချုံး … မင်းဘာဖြစ်နေတာလဲ … ညီမလေးက ပျော်ပျော်ပါးပါး နေတတ်တယ်ဆိုတာ မင်းမသိဘူးလား … ငါမရှိတော့ သူ့ခမျာ လင်မိန်ကျက်ကို အဖော်လုပ်ရတော့မှာပေါ့ … ဒါဘာများ ထူးဆန်းနေလို့လဲ … မင်းက ဘာများ ဒီလောက် သဝန်တိုပြီး သဘောထား သေးနေရတာလဲ … "

ဟု သူ့ကိုယ်သူ ပြန်ပြောနေမိတော့၏။

ထိုသို့ သူ့ကိုယ်သူ ပြန်လည်ဆန်းစစ်လိုက်သောအခါကျမှ သူ့ရင်ထဲ၌ ပေါ့ပါးလန်းဆန်းသွားတော့သည်။ သဝန်တိုမှုမပါသော အချစ်သည် အချစ်စစ်မဟုတ်ဟု ဆိုနေကြသည် မဟုတ်ပါလော။

လိန်လိန်သည် ယခုတစ်ခေါက် တောင်ပေါ်မှပြန်ဆင်းသွားပြီးသည့်နောက်ပိုင်းတွင် လုရှိသာ ထမင်းလာပို့နေတော့၏။ လုရှိထမင်းလာပို့တိုင်း လိန်လိန်အကြောင်းကို လုရှိအား မေးမြန်းမိသည်ချည်းသာဖြစ်၏။ လုရှိ၏အမူအရာများမှာ

လည်း တစ်စုံတစ်ခုထူးခြားနေပုံရသည်။ ထို့ကြောင့် လင့်ဟူချုံး၏ရင်ထဲတွင် မချင့်မရဲဖြစ်လာတော့သဖြင့် လုရှိအား အသေအချာ မေးမြန်းမိသည်။ သို့သော် လုရှိကလည်း သေသေချာချာ ရေရေရာရာမဖြေချေ။

လိန်လိန်အတွက် အလွန်စိုးရိမ်ပူပန်စိတ်ပေါ်လာပြီး အတင်းအကျပ် မေးသောအခါမှ လုရှိက ပြောတော့သည်။

“ညီမလေးက နေကောင်းပါတယ်အစ်ကိုကြီး ... အစ်ကိုကြီးဆီ မလာတာကတော့ ဆရာက ခွင့်မပြုလို့နဲ့တူပါတယ် ... အစ်ကိုကြီး တောင်ပေါ်မှာသိုင်းလေ့ကျင့်နေတာတွေ ပျက်စီးမှာစိုးလို့လား မသိဘူး ... ”

လုရှိဆီမှ သိရသည့်သတင်းမှာ ဤမျှသာဖြစ်သည်။ မည်သို့ပင်ဖြစ်စေ လိန်လိန် ကျန်းကျန်းမာမာရှိသည် ဆိုသဖြင့် ဝမ်းသာနေရတော့သည်။

ဤသို့ဖြင့် တစ်ရက်ပြီးတစ်ရက်ကုန်ဆုံးလာခဲ့ရာ လင့်ဟူချုံးမှာ လိန်လိန်ကိုသာ စောင့်မျှော်နေမိတော့သည်။ ထိုစဉ် လိန်လိန်တောင်ပေါ်သို့တက်လာတော့သည်။ လင့်ဟူချုံးမှာ အလွန်တရာ ဝမ်းမြောက်ဝမ်းသာဖြစ်သွားတော့၏။ လိန်လိန်မှာ ယခင်ကထက်ပို၍ ပြည့်ပြည့်ဝဝဖြစ်လာကာ အသားအရည်လည်း စိုစိုပြည်ပြည်ဖြစ်လာသည်ကိုတွေ့ရ၏။

ထိုအခါ လင့်ဟူချုံး၏ရင်ထဲတွင် ..

“သြော် ... သူ ကောင်းကောင်းနေကောင်းနေပြီပဲ ... ဘာဖြစ်လို့များ ငါ့ကိုလာမတွေ့တာပါလိမ့် ... ဒီလောက်ရက်တွေကြာမှ ငါ့ကို ဒီတစ်ခေါက်ပဲလာတွေ့တယ် ... တကယ်ပဲ ဆရာနဲ့ဆရာမက ဒီကိုမလာဖို့ တားမြစ် ထားလို့များလား ... ”

ဟု တွေးတောလိုက်မိသည်။

လိန်လိန်သည် လင့်ဟူချုံး၏မျက်နှာရိပ်မျက်နှာကဲကိုကြည့်ရင်း ရှက်သွေးလွှမ်းသောမျက်နှာဖြင့်မေးလိုက်သည်။

“အစ်ကိုကြီး ... ဒီရက်တွေမှာ အစ်ကိုကြီးဆီကို ကျွန်မလာမတွေ့လို့ စိတ်ဆိုးနေသလားဟင် ... ”

လင့်ဟူချုံးက ..

“စိတ်မဆိုးပါဘူး ... ဧကန္တ ဆရာက ဒီကိုမလာရဘူးလို့ ညီမလေးကို တားမြစ်ထားလို့နေမှာပေါ့ ... ”

“ဟုတ်ပါတယ် အစ်ကိုကြီးရဲ့ ... အဖေက ကျွန်မကို ဓားသိုင်းအသစ်တစ်ခု သင်ပေးနေတယ် ... ဒီဓားသိုင်းက သိပ်ခက်တာပဲ ... ကျွန်မတောင်ပေါ်တက်ရင် စိတ်ပျံ့လွင့်ပြီး ဓားသိုင်းကောင်းကောင်း မကျင့်နိုင်မှာစိုးလို့ ကျွန်မကို တောင်ပေါ်ပေးမတက်တာ ... ”

“ဘာ ... ဓားသိုင်းအသစ် ဟုတ်လား ... ဘာတဲ့လဲ ... ”

“မိုးသီးမိုးပေါက်ဆယ့်ကိုးကွက်လေ ... ”

လင့်ဟူချုံး တအံ့တဩ ပြောလိုက်သည်။

“သြော် ... ညီမလေးတောင် ဒီဓားသိုင်းကို စကျင့်နေပြီ ဟုတ်လား ... အေး ... ဟုတ်တယ် ... ဟုတ်တယ် ... ဒီဓားကွက်တွေက သိပ်ရှုပ်တာ ... နည်းနည်းမှ စိတ်ပျံ့လွင့်လို့မရဘူး ... ”

သို့သော် သူ့စိတ်ထဲတွင် အလွန့်အလွန် အံ့သြနေမိသည်ကတော့ အမှန်ပင်။ ဤဓားသိုင်းကွက်တွင် အကွက် ဆယ့်ကိုးကွက်သာရှိသော်လည်း လှည့်ပြောင်းကွက်များ အလွန်များ၏။ လှည့်ပြောင်းကွက်တစ်ကွက်မေ့လျှင် ဓားသိုင်း တစ်ခုလုံး လေ့ကျင့်၍မရတော့ပေ။

လိန်လိန်၏လက်ရှိသိုင်းပညာအရ ဤမျှခက်ခဲသောဓားသိုင်းကို မလေ့ကျင့်နိုင်သေးပေ။ အဘယ်ကြောင့် ဆရာက လေ့ကျင့်သင်ကြားပေးနေသည်ကို သူ သဘောမပေါက်နိုင်အောင် ဖြစ်နေတော့၏။

လင့်ဟူချုံးက ...

“ညီမလေး ... ဆရာကိုယ်တိုင်မင်းကို ဒီဓားသိုင်းကျင့်တဲ့နေရာမှာ လေ့ကျင့်ဘက်အဖြစ် သင်ပေးနေတာလား ... ”

လိန်လိန်၏မျက်နှာကလေးသည် ရဲခနဲ ဖြစ်သွားတော့သည်။

သူမက ..

"အဖေက အချိန်မရှိဘူး အစ်ကိုကြီးရဲ့ ... ဒါကြောင့် မောင်လေးလင်မိန်ကျက်ကို ကျွန်မရဲ့လေ့ကျင့်ဘက်အဖြစ် လေ့ကျင့်ခိုင်းတယ် ... အဖေကပြောတယ် ... မောင်လေးရဲ့မျိုးရိုး ဓားသိုင်းဖြစ်တဲ့ ဘီလူးမီးဓားကွက်တွေက ဆန်းတယ်တဲ့ ... ကျွန်မရဲ့ မိုးသီးမိုးပေါက် ဓားကွက်နဲ့ဆို အတော်ပဲတဲ့ ... လင်မိန်ကျက်နဲ့ တွဲဖက်ပြီးလေ့ကျင့်ဆိုပြီး ခိုင်းထားလို့ အခု မောင်လေးနဲ့ တွဲပြီး လေ့ကျင့်နေရတယ် ... "

"သြော် ... ဒီလိုလား ... "

"အစ်ကိုကြီး ဝမ်းမသာဘူးလားဟင် ... "

"ဟ ... ငါက ဘာဖြစ်လို့ဝမ်းမသာရမှာလဲ ... မင်းအနေနဲ့ ဒီလိုခက်ခက်ခဲခဲဓားသိုင်းမျိုး စနိုင်ပြီဆိုတာ မင်းရဲ့ ဓားသိုင်း တိုးတက်လာတယ်ဆိုတာကို ပြတာပဲ ... "

"ဟင့်အင်း ... ကျွန်မတော့ မယုံဘူး ... အစ်ကိုကြီးရဲ့ မျက်နှာအမူအရာကိုကြည့်ရတာ သိပ်မပျော်သလိုဘဲ ... "

လင့်ဟူချုံးက ပြုံးပြလိုက်သည်။ သူ မည်သို့မည်ပုံ ပြုံးသည်ဖြစ်စေ သူ၏အပြုံးမှာ နွမ်းယဲ့ယဲ့သာ ဖြစ်နေကြောင်း သူ ကိုယ်တိုင် မသိရှာပေ။ လိန်လိန်က ..

"အစ်ကိုကြီး မပြောပေမယ့် ကျွန်မ သိပါတယ် ... အစ်ကိုကြီးစိတ်ထဲမှာ မရွှင်မလန်းကြီး ဖြစ်သွားရတာက ကျွန်မနဲ့ လင်မိန်ကျက် ဓားသိုင်းလေ့ကျင့်နေကြလို့ မဟုတ်လား ... သူ့ဓားသိုင်းပညာက အစ်ကိုကြီးရဲ့ပညာနဲ့ ဘယ်ယှဉ်လို့ရမှာလဲ ... တခြားစီပဲဥစ္စာ"

လင့်ဟူချုံးသည် ထိုစကားကို ကြားလိုက်ရမှ စိတ်ထဲ၌ရွှင်ရွှင်လန်းလန်း ဖြစ်လာသည်။ ထို့ကြောင့် လိန်လိန်အား ပြောလိုက်သည်။

"ဒီလိုဆိုရင် အခု ညီမလေးတတ်ထားတဲ့ မိုးသီးမိုးပေါက်ဓားသိုင်းကွက်ကို စမ်းကြည့်ကြရအောင် ... "

လိန်လိန်ကလည်း ဝမ်းသာအားရအော်၍ ...

"ဟာ ... သိပ်ကောင်းတာပေါ့ ... ကျွန်မ ဒီနေ့လာတာကလည်း ... "

လိန်လိန်သည် စကားကို တစ်ဝက်တစ်ပြက်ကြီးနှင့် ရပ်ထားလိုက်သည်။ သူမသည် ရှက်ပြုံးကလေး ပြုံးနေ၏။

လင့်ဟူချုံးက ...

"ဟား ... ဟား ... ဟား ... ဒီနေ့ ညီမလေးလာတာကလည်း ငါ့ကို သိုင်းကွက်အသစ်ကို ကြွားမလို့ပေါ့လေ ဟုတ်လား ... ဟား ... ဟား ... ဟား ... ကဲ ... ကဲ ... စမ်းကြည့်ရအောင် ... ဓားထုတ် ... "

လိန်လိန်ကလည်း ရယ်ရင်း ဓားကို ဆွဲထုတ်လိုက်သည်။

"ကျွန်မ ဒီဓားသိုင်းကွက်ကိုတတ်သွားရင် အစ်ကိုကြီး ကျွန်မကို အနိုင်ကျင့်လို့မရတော့ဘူး ... "

"အံမယ် ... ညီမလေးကို ဘယ်တုန်းက အနိုင်ကျင့်ခဲ့ဖူးလို့လဲ"

"ကဲ ... ထားပါ ... အစ်ကိုကြီးရဲ့ဓားကို မထုတ်သေးဘူးလား ... "

"မလိုသေးဘူး ... "

လင့်ဟူချုံးသည် သူ၏ညာလက်ဝါးကို ဓားသဖွယ်လုပ်ပြလိုက်သည်။ ချက်ချင်း ရှေ့သို့ခုန်ထွက်လိုက်၏။ ပါးစပ်မှ ...

"ဒါက ချင်ချန်းဂိုဏ်းရဲ့ ထင်းရှူးဓားသိုင်းကွက်ပဲ ... "

ဟု ပြောရင်း သူ၏ညာလက်ဖြင့် လိန်လိန်၏ပခုံးကို ပုတ်ချလိုက်သည်။

လိန်လိန်သည် နောက်သို့ဆုတ်လိုက်ကာ ဓားဖြင့် လင့်ဟူချုံး၏လက်ဝါးကို ဖယ်ရှားလိုက်၏။ သူမက အော်၍ပြောလိုက်သည်။

"အစ်ကိုကြီး သတိထားနော် ... "

လင့်ဟူချုံးက ပြုံးရယ်ရင်း ..

"ကစားစမ်းပါ ... စိုးရိမ်မနေနဲ့ ... ငါ မခုခံနိုင်ဘူးထင်ရင် ဓားကိုထုတ်မှာပေါ့ ... အခုတော့ ရပါသေးတယ် ... "

ဟု ပြောလိုက်သည်။

လိန်လိန်က မကျေမနပ်ဖြင့် မေးလိုက်သည်။

"အစ်ကိုကြီးက ကျွန်မရဲမိုးသီးမိုးပေါက်ဓားသိုင်းကို လက်နဲ့တကယ်ရင်ဆိုင်ရဲသလား … "

"ရင်ဆိုင်ရဲတာပေါ့ ညီမလေးရဲ့ … မင်းက အခုလေ့ကျင့်လို့မှ မပြီးသေးတာ … ဒီတော့ ငါက လက်နဲ့ပြိုင်ရတာပေါ့ … တကယ်လို့ လေ့ကျင့်ပြီးသွားပြီဆိုရင်တော့ ငါ ဘယ်ရင်ဆိုင်ရဲမှာလဲ … "

လိန်လိန်သည် ငယ်စဉ်ကတည်းက လင့်ဟူချုံးကအလိုလိုက်သဖြင့် အရာရာတွင်အနိုင်လိုချင်သည့်စိတ် ကိန်းအောင်းနေသည်။

သူမသည် ဤရက်များအတွင်း မိုးသီးမိုးပေါက်ဓားသိုင်းကို ပင်ပင်ပန်းပန်း လေ့ကျင့်ခဲ့သည်။

ထို့ကြောင့် သူမကိုယ်သူမ အတော်တိုးတက်နေပြီဟု ထင်မှတ်နေခဲ့သည်။

သို့သော် ယခုမူ သူမ၏အစ်ကိုကြီးက ဓားနှင့်မပြိုင် လက်နှင့်ပြိုင်မည်ဟုဆိုသောအခါ စိတ်ဆိုးဒေါသထွက်လာတော့၏။

သူမ၏မျက်နှာကလေးသည် တဖြည်းဖြည်း တင်းမာလာကာ

"တကယ်လို့ ကျွန်မရဲ့ဓားနဲ့ အစ်ကိုကြီး ဒဏ်ရာရသွားရင် ကျွန်မကို စိတ်မဆိုးရဘူးနော် … အဖေနဲ့ အမေကိုလည်း တိုင်မပြောရဘူး … "

ဟု ပြောလိုက်တော့သည်။

လင့်ဟူချုံးက ရယ်၍ ..

"တိုက်ပါ ညီမလေးရာ … ငါ့ကို ထိခိုက်မှာ စိုးရိမ်မနေပါနဲ့၊ အားကုန်သာထုတ်ပြီးတိုက် … ဒါမှ ပညာစစ်စစ်ထွက်လာမှာ"

ဟု ပြောလိုက်သည်။

ပြောပြီးသည်နှင့် သူ၏ဘယ်ဘက်လက်ကလည်း လိန်လိန်အား 'ဗိုး' ခနဲ ခုတ်ချလိုက်ပြန်၏။

လိန်လိန်က အော်၍ ..

"ဘယ်လိုလဲ အစ်ကိုကြီးရဲ့ ဘယ်ဘက်လက်ကလည်း ဓားပဲလား … "

လင့်ဟူချုံးသည် သူ၏လက်ကို ပြန်ရုပ်လိုက်သည်။ မရုပ်လျှင် မဖြစ်ချေ။ လိန်လိန်၏လက်ကို ထိခိုက်သွားမည်ဖြစ်ပေသည်။ သူက ရယ်ရင်း ရှင်းပြလိုက်သည်။

"ချင်းချန်ဂိုဏ်းရဲ့ ထင်းရှူးဓားသိုင်းကွက်မှာ ဓားကို ဘယ်ညာပြောင်းကိုင်တဲ့ ဓားကွက်ရှိတယ် … "

လိန်လိန်က တအံ့တသြဖြင့် …

"သြော် … ဒီလိုလား … "

ဟု ပြောလိုက်သည်။

ပြောပြီးသည်နှင့် သူမကလည်း ပြန်လည်တိုက်ခိုက်တော့သည်။ သူမ၏ဓားသိုင်းကွက် မဆိုးလှကြောင်း တွေ့ရှိရသဖြင့် လင့်ဟူချုံးက ချီးကျူးလိုက်သည်။

"ဓားကွက်ကတော့ ကောင်းတယ် … ဒါပေမယ့် သိပ်မမြန်သေးဘူး … "

"မမြန်သေးလို့ပေါ့ အစ်ကိုကြီးရဲ့ … မြန်ရင်အစ်ကိုကြီးရဲ့ ပခုံးပြုတ်သွားပြီ … "

"ဟား … ဟား … ဟား … ဒါဖြင့် ခုတ်ကြည့်လေ"

လိန်လိန်မှာ ဒေါသထွက်လာပြီး ဓားကို အစွမ်းကုန်ထုတ်၍ တိုက်ခိုက်တော့၏။

တစ်ကြိမ်တွင်မူ လင့်ဟူချုံးပင် နောက်သို့ ကမန်းကတန်း ဆုတ်လိုက်လေသည်။

ကျောပြင်မှာ ကျောက်နံရံနှင့်ပင် ကပ်သွားတော့သည်။

လိန်လိန်သည် အားရကျေနပ်စွာရယ်ရင်း ပြောလိုက်သည်။

"အစ်ကိုကြီး … ဓားကို မထုတ်သေးဘူးလား"

လင့်ဟူချုံးကလည်း ရယ်ရင်းပြန်ဖြေလိုက်သည်။

"ထုတ်မှာပေါ့ ..ခဏစောင့်ပါဦး ... "

လိန်လိန်သည် လင့်ဟူချုံးကို ဆက်၍တိုက်ပြန်တော့၏။ အတန်ကြာ တိုက်ခိုက်ပြီးသောအခါ လင့်ဟူချုံးသည် ရုတ်တရက် ရှေ့သို့ တစ်လှမ်းတက်လိုက်ပြီး လက်ဝါးစောင်းကို ဓားအဖြစ်သုံး၍ ခုတ်ချလိုက်သည်။

လိန်လိန်က ကမန်းကတန်း ဓားကိုမြှောက်၍ ကာလိုက်ရတော့၏။

ဤအကွက်မှာ လင့်ဟူချုံးလိုချင်သော အကွက်ဖြစ်သည်။

လင့်ဟူချုံးသည် သူ၏ဘယ်ဘက်လက်ကို ရုတ်တရက်ထုတ်လိုက်ပြီး လက်ညှိုးဖြင့် လိန်လိန်၏ဓားကို တောက်လိုက်သည်။

လိန်လိန်၏လက်ဝါးတစ်ခုလုံး ထုံကျဉ်သွားကာ ဓားကို လုံးဝမဆုပ်ကိုင်နိုင်တော့ဘဲ လွှတ်ချလိုက်ရတော့သည်။ ဓားမှာ လေထဲသို့ လွင့်စဉ်ထွက်သွားရာမှ ချောက်ကြီးထဲသို့ ကျသွားတော့သည်။

လိန်လိန်၏မျက်နှာတစ်ပြင်လုံးသည် ဖြူရော်သွားကာ လင့်ဟူချုံးကို စိုက်ကြည့်လိုက်၏။ သူမ၏နှုတ်ခမ်းကိုလည်း ပြတ်ကျလုမတတ် ကိုက်ထားတော့သည်။

အချစ်၌ မျက်စိမရှိ၊ ထို့အတူ အမုန်း၌လည်း မျက်စိမရှိချေ။

× × × × × ×

**စာစဉ် (၃) ပြီး၏။**

# သိုင်းလောက၏ စိန်ခေါ်သံ

## စာစဉ် (၄)

# သိုင်းလောက၏ စိန်ခေါ်သံ

## စာစဉ်(၄)

## မာတိကာ


| | | | |
|---|---|---|---|
| အခန်း(၂၂) | မေတ္တာမုန်တိုင်း | **htetkgkin** | ၂၆၈ |
| အခန်း(၂၃) | ထူးဆန်းသော ဓားကွက် | **htetkgkin** | ၂၈၀ |
| အခန်း(၂၄) | မဖိတ်ခေါ်ဘဲရောက်လာသောဧည့်သည် | **yannaning & htetkgkin** | ၂၉၄ |
| အခန်း(၂၅) | တိုက်လေ တော်လေ | **htetkgkin** | ၃၀၁ |
| အခန်း(၂၆) | ဧကရာဇ် ကိုကွက် | **yannaning & htetkgkin** | ၃၁၇ |
| အခန်း(၂၇) | ဂိုဏ်းချုပ်လုခြင်း | **htetkgkin** | ၃၂၇ |



**scanned by NEO@mmcp**

ပထမအဆင့် တည်းဖြတ်သူ **hotrod**

ဒုတိယအဆင့် တည်းဖြတ်သူ **nnnaing**

အချောသတ် တည်းဖြတ်သူ **sideeffect**

## မေတ္တာမှန်တိုင်း

လင့်ဟူချုံးမှာ တထိတ်ထိတ် ရင်ခုန်နေတော့၏။ သူ၏စိတ်ထဲတွင် ...

"ငါ ဘယ်လိုဖြစ်တာလဲ၊ ငါ ဘယ်လိုဖြစ်သွားတာလဲ၊ ညီမလေးနဲ့ငါ ဓားသိုင်းကျင့်ကစားခဲ့ကြတာ ဆယ်နှစ်ကျော်ပြီ တစ်ခါမှ ဒီလိုမညှာမတာ မရှိခဲ့ဖူးဘူး၊ ငါ ဘယ့်နှယ်ကြောင့် ဒီလောက် ရက်ရက်စက်စက် လုပ်မိရတာလဲ" ဟု ယူကျုံးမရတွေးတောနေမိ၏။ သူ၏ အပြုအမူအတွက် အလွန်ကြေကွဲနေမိသည်။

လိန်လိန်သည် ခြေကလေးကို ဆောင့်ကာ ချက်ချင်းလှည့်၍ တောင်ခြေသို့ ပြေးဆင်းသွားလေတော့၏။

လင့်ဟူချုံးက ...

"ညီမလေး .. ညီမလေး .. ငါ ရှင်းပြပါရစေဦး "

လိန်လိန်က လုံးဝအရေးမစိုက်တော့။ တောင်အောက်သို့သာ တစ်ရှိန်ထိုး ဆင်းပြေးတော့သည်။

လင့်ဟူချုံးမှာမူ ထိုနေရာ၌ပင် ကျောက်ရုပ်ကြီးသဖွယ် ငေးကြောင်ရပ်နေမိတော့သည်။

သူ၏ဦးခေါင်းတစ်ခုလုံး ဆူပွက်နေသဖြင့် မည်သည့်အရာကိုမျှ ယထာဘူတကျကျ စဉ်းစားရန် မတတ်နိုင်ဘဲ ဖြစ်နေရတော့သည်။ အတန်ကြာတော့မှ သူ့စိတ်ကို အနည်းငယ် ထိန်းသိမ်းနိုင်တော့သည်။

လင့်ဟူချုံးသည် စိတ်ထဲ၌ စဉ်းစားလိုက်သည်။

"ခါတိုင်းဆိုရင် ငါ အမြဲတမ်း သူ့ကိုငဲ့ညှာခဲ့တာပဲ၊ ငါက သူ့ဓားကို ဘာဖြစ်လို့ ရိုက်ထုတ်လိုက် မိရတာလဲ၊ ငါ ဘာတွေမကျေမနပ် ဖြစ်နေရတာလဲ၊ အင်း ဟုတ်ပြီ ... ဟုတ်ပြီ ... ငါစဉ်းစားမိပြီ၊ ငါတစ်ယောက်တည်း ဒီမှာနေရလို့ ဒေါသကြီးနေတာ ဖြစ်ရမယ်၊ နောက်တစ်ခါ သူလာရင်တော့ သူကျေနပ်အောင် တောင်းပန်ရတော့မှာပဲ ..."

သို့သော် လိန်လိန်မှာ လုံးဝပေါ်မလာတော့ပေ။ ထို့ကြောင့် လင့်ဟူချုံးမှာ စိတ်သောကကြောင့် စားမဝင် အိပ်မပျော် ဖြစ်လာတော့၏။ နောက် ၁၈ ရက် ကြာသောအခါမှသာ သူမသည် လုရှိနှင့်အတူ ရောက်လာတော့၏။ လင့်ဟူချုံး၏ ရင်ထဲ၌ ပြောစရာစကားများ ပြည့်ကျပ်နေသည်။ လိန်လိန်အား တောင်းပန်လိုသည့် စကားများသည် နှလုံးသား အပြည့် အသိပ်ရှိနေသည်။ သို့သော် လုရှိရှိနေသဖြင့် မည်သို့မျှ လုစ်ဟ၍ မဖြစ်နိုင်တော့ပေ။

လုရှိသည် သူ့အစ်ကိုကြီး လင့်ဟူချုံး၏စိတ်ကို သိနားလည်သူဖြစ်ရာ သူက ... "ညီမလေး .. အစ်ကိုကြီးနဲ့ စကားပြောနေခဲ့ဦး၊ ငါ အရင်ပြန်နှင့်မယ်"

သူက လင့်ဟူချုံးဖက် လှည့်၍ ပြောလိုက်ပြန်သည်။ "အစ်ကိုကြီး ကျွန်တော်ပြန်မယ် .."

လိန်လိန်ကရယ်၍ ...

"ဘာရမလဲ၊ အစ်ကိုလုရှိက ... အတူတူလာရင် အတူတူပြန်ရမှာပေါ့" ဟု ပြောရင်း သူမသည်လည်း မတ်တတ် ရပ်လိုက်တော့သည်။

လင့်ဟူချုံးက … "ညီမလေး ခဏနေပါဦး .. ငါ မင်းနဲ့ စကားပြောစရာရှိတယ်၊ ဖြည်းဖြည်းပြန်တာပေါ့ ..."
လိန်လိန်က ပြုံးရယ်ရင်း .. "ဒါဖြင့်ပြောလေ … အစ်ကိုကြီး ပြောစရာရှိတာသာပြော၊ လာ … အစ်ကိုလုရိုလည်း နားထောင်ပေါ့" ဟု ပြောနေတော့၏။
လင့်ဟူချုံးက … "ညီမလေးရဲ့ဓား .."
လိန်လိန်က စကားစဖြတ်၍ ပြောလိုက်သည်။
"ဒါလား … ဒါက အရေးမကြီးပါဘူး၊ ကျွန်မက အမေ့ကိုပြောပြီးပါပြီ၊ ဓားသိုင်းလေ့ကျင့်ရင်း ချောက်ထဲကျသွားတယ်လို့ ပြောလိုက်တယ်၊ အဖေက နောက်ထပ် ဓားကောင်းတစ်လက် ရှာပေးမယ်တဲ့၊ အရေးမကြီးပါဘူး .."
သူမက အရေးမစိုက်သလိုပြောလေ … လင့်ဟူချုံးအဖို့ အနေရခက်လေပင် ဖြစ်နေတော့သည်။ လိန်လိန်၏ အပြုအမူ အပြောအဆိုများသည် လင့်ဟူချုံး၏ အသည်းနှလုံးကို တစ်စစီ ခြေချသကဲ့သို့ ဖြစ်နေတော့သည်။
လင့်ဟူချုံးက .. "ညီမလေးအတွက်ဓားကို ငါတောင်ပေါ်က ဆင်းတဲ့အခါကျမှ အပြင်မှာရှာပေးမယ် .."
လိန်လိန်ကရယ်ရင်း … "အို … ကိုယ့်ညီအစ်ကို မောင်နှမအချင်းချင်း ဥစ္စာ … ဘာဖြစ်လို့ ဒီဓားတစ်ချောင်းအတွက်နဲ့ အပင်ပန်းခံနေရတာလဲ … ဓားလွတ်ကျသွားရတာကလည်း ကျွန်မရဲ့သိုင်းပညာက ညံ့လွန်းလို့မဟုတ်လား၊ အစ်ကိုကြီးရဲ့ပညာနဲ့ ကျွန်မရဲ့ပညာက မိုးနဲ့မြေလောက် ကွာနေတာဥစ္စာ၊ ဒါက အစ်ကိုကြီးရဲ့ အပြစ်မဟုတ်ပါဘူး၊ သိုင်းပညာညံ့တဲ့ ကျွန်မရဲ့အပြစ်ပါ .."
သူမသည် ရုတ်တရက် ထူးဆန်းသော စကားတစ်ခွန်းကို ဗလုံးဗထွေးပြောသည်။ ပြီးနောက် ရယ်နေ၏။ လင့်ဟူချုံးသည် ထိုစကားကို လုံးဝနားမလည်လိုက်ချေ။
ထို့ကြောင့် … "ညီမလေး .. ဘာပြောလိုက်တာလဲ …"
လိန်လိန်က ရယ်၍ ရှင်းပြသည်။
"သြော်… ဟုတ်သားပဲ … ဒီစကားကို အစ်ကိုကြီးမှ နားမလည်ဘဲကိုး … ဒါက မောင်လေးလင်မိန်ကျက် ဖုကျိုးနယ်က စကားလေ … အဓိပ္ပါယ်ကတော့ သူ့ထိုက်နဲ့သူ့ကံပဲတဲ့ …"
လင့်ဟူချုံး၏ရင်မှာ ထိုစကားကြောင့် အခံရခက်စွာ နာကျင်သွားလေသည်။ သူက ရုတ်တရက် ပြန်စဉ်းစား လိုက်မိ၏။
"အင်း .. ဟိုနေ့က ငါ ညီမလေးရဲ့ဓားကို တောက်ချလိုက်မိတာဟာ လင်မိန်ကျက်အပေါ် မနာလိုဝန်တိုစိတ် ပေါ်ခဲ့မိလို့ကိုး၊ လင်မိန်ကျက်ခမျာ ဘယ်လောက် သနားစရာကောင်းသလဲ၊ သူ့မိသားစုတစ်ခုလုံး အသတ်ခံလိုက်ရရှာတာ၊ ငါက ဘာဖြစ်လို့ ဒီလောက်တောင် သဘောထားသေးသိမ်ရတာလဲ .."
လင့်ဟူချုံးသည် ထိုသို့ စဉ်းစားလိုက်မိသည်နှင့် စိတ်ရင်းစေတနာရင်းဖြင့် ပြောလိုက်တော့သည်။
"ညီမလေး … လင်မိန်ကျက်က ဉာဏ်ကောင်းတယ်၊ ကြိုးစားတယ်၊ သူ အတော်လေးတိုးတက်မှာပဲ၊ ငါ တောင်ပေါ်ကဆင်းလာရင် သူတို့ကို ကောင်းကောင်းသင်ပေးမယ် .."
လိန်လိန်က ပြုံး၍ … "အစ်ကိုကြီးနဲ့ လင်မိန်ကျက်မှာ တူတာတစ်ခုရှိတယ်"
လင့်ဟူချုံးက … "ဘာတူတာလဲ .."
"မာနကြီးတာလေ .. အစ်ကိုကြီးနဲ့ လင်မိန်ကျက်တို့နှစ်ယောက်စလုံး သိပ်မာနကြီးကြတာပဲ .."
ဤတွင် တစ်ချိန်လုံး ငြိမ်သက်နေသော လုရိုက ရုတ်တရက်ဝင်ပြောလိုက်သည်။
"အစ်ကိုကြီးက ငါတို့ညီအစ်ကိုတွေထဲမှာ အကြီးဆုံးဆိုတော့ သူမာနကြီးတာက ကြီးသင့်တယ်၊ သိုင်းပညာ ကလည်း အတော်ဆုံးပဲ၊ ဟို … လင်မိန်ကျက်ဆိုတဲ့ကောင်က ဘာကောင်မို့လဲ၊ မနေ့တစ်နေ့ကမှ ရောက်လာတဲ့ကောင်၊ သိုင်းပညာကလည်း မတောက်တစ်ခေါက် … သူက ငါတို့ ဝါဆန်းဂိုဏ်းမှာ ဘာများလာပြီး မာနကြီးစရာ ရှိရမှာလဲ"
သူ၏လေသံမှာ လင်မိန်ကျက်အား ငြိုးသူရန်ဘက်ပမာ ပြောဆိုသံပေါက်နေသဖြင့် လင့်ဟူချုံးပင် အံ့သြသွားတော့၏။
ထို့ကြောင့် လင့်ဟူချုံးက .. "လုရို .. လင်မိန်ကျက်က မင်းကို ဘာများလုပ်မိလို့လဲ"
လိုရိုက မကျေမနပ်ဖြင့်ပြောသည်။
"သူက ကျွန်တော့်ကို ဘာမှမလုပ်ပါဘူး၊ ဒါပေမယ့် ကျွန်တော်တို့ ညီအစ်ကိုတွေက သူ့ရဲ့အမူအရာတွေကို မကြိုက်ကြဘူး…"
လိန်လိန်က မခံမရပ်နိုင် ဝင်ပြောသည်။

"အစ်ကိုလုရိုက ဘယ်လိုဖြစ်တာလဲ ... လင်မိန်ကျက်ကိုပဲ အမြဲတမ်း မကျေမနပ်ဖြစ်နေတာပဲ၊ သူက အစ်ကိုတို့ကို မရိုမသေနေတာမှမဟုတ်တာ၊ သူ့စိတ်ထဲမှာရှိတာက သိုင်းသင်ဖို့ သိုင်းလေ့ကျင့်ဖို့ပဲ၊ သူက ဒါကလွဲရင် သည့်ပြင်လူ ဘယ်သူ့ကိုမှ သတိပြုနေတာမဟုတ်ဘူး၊ သိုင်းသင်ပေးနေတဲ့ ကျွန်မကိုတောင် စကားပြောချင်မှပြောတာ၊ သူက ကိုယ့်ညီလေးပဲ၊ အစ်ကိုလုရိုက တစ်နည်းနည်းတော့ ညှာတာရမှာပေါ့ .."

လုရိုက မျက်နှာကိုမဲ့ရွဲ့လိုက်ကာ ...

"သူ အေးအေးဆေးဆေးနေရင် ပြီးတာပဲ၊ နို့မို့ရင် ငါကတော့ လက်ပိုက်ကြည့်နေမှာ မဟုတ်ဘူး .."

လိန်လိန်က ... "သူက ဘယ်လို အေးအေးဆေးဆေး မနေလို့လဲ .."

လုရိုက .. "သူ ... သူ ... သူ"

လိန်လိန်က ... "သူဘာဖြစ်သလဲ .. ဆက်ပြောလေ"

"ထားပါတော့လေ၊ ငါ ဆက်မပြောချင်တော့ပါဘူး၊ ငါ မျက်စိအကြည့်မှားတာပဲ ဖြစ်ပါစေလို့ ဆုတောင်းပါတယ် .."

လိန်လိန်သည် မည်သို့မျှမပြောတော့ဘဲ မျက်နှာရဲခနဲ ဖြစ်သွားတော့သည်။ ထို့နောက် လုရိုနှင့်အတူ တောင်အောက်သို့ ပြန်ဆင်းသွားတော့၏။

ထိုညတွင် ... လင့်ဟုချုံးမှာ မည်သို့မျှ အိပ်မပျော်တော့ချေ။ သူ၏နားထဲတွင် လိန်လိန်၏ အသံများကိုသာ ကြားနေရတော့သည်။ သူ၏မျက်စိထဲတွင် လိန်လိန်၏ မျက်နှာကလေးကိုသာ မြင်နေရတော့သည်။ ထို့ကြောင့် သူ့ကိုယ်သူ ကျိန်ဆဲနေမိတော့၏။

"လင့်ဟုချုံး ... မင်းက ယောက်ျားရင့်မကြီး တစ်ယောက်လုပ်နေပြီးတော့ ဒီလောက် အသုံးမကျ ဖြစ်နေရ လား ... ဘာဖြစ်လို့ ဒီလောက်သဘောထား သေးသိမ်နေရတာလဲ၊ လင်မိန်ကျက်ဆိုတာ မင်းရဲ့ညီလေးပဲ မဟုတ် လား၊ လင့်ဟုချုံး မင်းဟာ တကယ်ပဲ အသုံးမကျတဲ့ကောင်ပဲ .."

လင့်ဟုချုံးသည် သူ၏စိတ်ကို အတတ်နိုင်ဆုံး ဖြေသိမ့်သော်လည်း မပြေနိုင်ဘဲဖြစ်နေတော့၏။ သူ၏ ဦးနှောက်တစ်ခုလုံး ရှုပ်ထွေးနောက်ကျိနေတော့သည်။ အသည်းနှလုံးမီးလောင်သောအခါ ဦးနှောက်သို့ အခိုးလွှတ်သည် ဆိုသော စကားအတိုင်းပင် လင့်ဟုချုံးသည် မည်သည့်အရာကိုမျှ အေးချမ်းစွာ ခွဲခြမ်းစိတ်ဖြာ တွေးတောခြင်း မပြုနိုင်တော့ပေ။ ထို့ကြောင့် ရှုပ်ထွေးနေသည့် ဦးနှောက်များကို မည်သို့မျှ အသုံးမချနိုင်တော့သည့်အဆုံး သူ၏ဓားကိုဆွဲကာ ဂူနံရံများကို ဓားဖြင့် လျှောက်ခုတ်ထစ်ပစ်မိတော့သည်။

သူ၏အတွင်းအားကိုထုတ်ကာ သူ့ဆရာနောက်ဆုံးသင်ပေးလိုက်သည့် ဓားသိုင်းဖြစ်သော မြားပစ်ဓားကွက်ကို သုံးကာ တောင်နံရံကို ထိုးစိုက်ချလိုက်၏။ အမှန်စင်စစ် သူ့ရင်ထဲ၌ ပိတ်ဆို့နေသော ခံစားချက်များကို တစ်နည်းတစ်ဖုံ ဖြေဖျောက်ပစ်လိုက်ခြင်းသာဖြစ်သည်။ ထိုစဉ် ဓားနှင့်ကျောက်နံရံခုတ်ထစ်မိသည်။

'တထန်ထန်' မြည်သံမဟုတ်တော့ဘဲ ရုတ်တရက် 'ရှပ်' ခနဲမြည်သံနှင့်အတူ ဓားမှာကျောက်နံရံထဲသို့ အဆုံး အထိ စိုက်ဝင်သွားသည်ကို အံ့ဩစဖွယ် တွေ့ရှိရလေတော့၏။

လင့်ဟုချုံးသည် ဤကဲ့သို့ဖြစ်မည်ဟု လုံးဝမျှော်လင့်မထားသဖြင့် အကြီးအကျယ် ထိတ်လန့်သွားတော့၏။ သူ၏အတွင်းအားသိုင်းက ကျောက်ဂူနံရံ ဓားအဆုံးဝင်အောင် ထိုးနိုင်သည်အထိ တိုးတက်လာလေသလားဟု တွေးလိုက်မိသည်။ သို့သော် သူ၏အတွင်းအားသိုင်း ဤမျှမတိုးတက်နိုင်။ သူ၏ဆရာနှင့် ဆရာမပင် ဤကဲ့သို့ လုပ်နိုင်လိမ့်မည် မဟုတ်ချေ။ လင့်ဟုချုံးသည် အတွေးမျိုးမျိုးထွေပြားနေရာမှ ရုတ်တရက် သတိဝင်လာပြီး သူ၏ဓားကို ဆွဲနှုတ်လိုက်၏။ ထိုအခါကျမှ ကျောက်ဂူနံရံမှာ ခြောက်လက်မခန့်သာ အထုရှိကြောင်း ခံစားသိရှိလိုက် ရတော့သည်။

အမှန်စင်စစ် ကျောက်ဂူနံရံအတွင်းဘက်၌ ဟောင်းလောင်းကြီး ဖြစ်နေခြင်းသာတည်း။

လင့်ဟုချုံးသည် အလွန်အံ့ဩသဖြင့် နောက်တစ်ကြိမ် ဓားနှင့်ထပ်ထိုးကြည့်ပြန်သည်။ သို့သော် ဤတစ်ကြိမ်တွင်တော့ ဓားသည် နံရံကို ထိုးဖောက်၍မဝင်တော့ပေ။

လင့်ဟုချုံးသည် ကျောက်ဂူအပြင်သို့ထွက်၍ ကျောက်တုံးကြီးတစ်တုံးကို ရှာဖွေယူလာသည်။ စောစောက ဓားနှင့်ထိုးသွင်းခဲ့သည့်နေရာသို့ ဆယ်ချက်ခန့် ဆောင့်ချလိုက်သောအခါ 'ဝုန်း' ဟူသော ကျယ်လောင်သည့်အသံကြီး မြည်ဟည်းသွားပြီး ... ကျောက်နံရံ၌ အပေါက်ဖြစ်သွားတော့သည်။ ပြိုကျပွင့်ထွက်သွားသည့် ကျောက်တုံးမှာ အတွင်းဘက် ဂူကြီး၏အတွင်းသို့ လိမ့်ဆင်းသွားကြောင်းကိုလည်း တွေ့လိုက်ရ၏။ ထိုအတွင်းဘက်ဂူတွင် ဆင်ခြေလျော ကုန်းလျောတစ်ခု ရှိနေကြောင်း မြင်ရသည်။

လင့်ဟုချုံး၌ စိုးရိမ်သောက ဗျာပါဒတို့ လုံးဝမရှိတော့ချေ။ အဘယ်ကြောင့်ဆိုသော် .. သူနေထိုင်သည့် ဂူကြီး၏

အတွင်းဘက်၌ နောက်ထပ်လိုဏ်ဂူတစ်ခုရှိနေသည်ကို တွေ့လိုက်ရသည့်အတွက် အလွန်တရာ စိတ်ဝင်စားသွားခြင်းကြောင့်ဖြစ်၏။

လင့်ဟူချုံးသည် လိုဏ်ဂူအတွင်းသို့ဝင်ရန် မီးတိုင်တစ်တိုင်ထုတ်၍ မီးထွန်းညှိလိုက်သည်။ ပြီးနောက် ထိုအပေါက်ကလေးမှ အတွင်းသို့လျှိုဝင်လိုက်တော့သည်။ အတွင်းဘက်သို့ရောက်သည်နှင့် လိုဏ်ဂူမှာ အတော်ကလေးကျယ်ပြန့်ကြောင်း တွေ့လိုက်ရ၏။ သူက အသေအချာမတတ်တတ်ရပ်၍ ကြည့်လိုက်သောအခါ သူ၏ကျောရိုးထဲ၌ စိမ့်ခနဲဖြစ်သွားတော့၏။ အကြောင်းမှာ သူ့ဘေးရှိ ကျောက်ဂူနံရံတွင် လူရိုးစုကြီးတစ်ခုကို တွေ့ရှိလိုက်ရသောကြောင့်ပင်ဖြစ်သည်။

လင့်ဟူချုံးအနေဖြင့် ဤသို့ အခေါင်းပိတ်ဖြစ်နေသည့် လိုဏ်ဂူကြီးအတွင်းဝယ် ဤလို လူရိုးစုကို တွေ့ရလိမ့် မည်ဟု လုံးဝမမျှော်လင့်မိခဲ့ပေ။ အတန်ကြာမှ သူ၏စိတ်ဓာတ်များ ပြန်လည်တည်ငြိမ်လာသည်။ သူတစ်ယောက်တည်း တီးတိုးရေရွတ်လိုက်မိသည်။

"ဒါဟာ .. ဟိုတုန်းကလူတွေရဲ့ သချိုင်းများလားမသိဘူး၊ ဟင် အရိုးစုက မှောက်ရက်ကြီးပါလား၊ ဒါဆိုရင် သချိုင်းဂူမဖြစ်နိုင်ဘူး"

လင့်ဟူချုံးသည် အရိုးစုကို သေချာစွာ စစ်ဆေးကြည့်ရှုလိုက်သည်။ ပုဆိန်ကြီးနှစ်လက်ကိုလည်း မီးတိုင်၏ အလင်းရောင်အောက်တွင် တပြောင်ပြောင် တလက်လက်တွေ့ရ၏။ ထိုပုဆိန်ကြီးများကို မယူကြည့်လိုက်သောအခါ အတော်ပင် လေးလံလှကြောင်း တွေ့ရသည်။ ပုဆိန်ကိုမြှောက်၍ ကျောက်ဂူနံရံကို ခုတ်လိုက်၏။

ထိုအခါ 'ရှီး'ခနဲ မြည်သွားပြီး ကျောက်ချပ်ကြီး တစ်ချပ် ပြုတ်ကျလာတော့၏။ လင့်ဟူချုံးမှာ အထိတ်တလန့် ဖြစ်သွားရတော့သည်။

"အား ... တယ်ထက်တဲ့ ပုဆိန်ကြီးပါလား၊ ကျောက်ချပ်ကြီးတွေတောင် ပြုတ်ကျတယ်ဆိုတော့ အင်မတန် ကောင်းတဲ့သံနဲ့ လုပ်ထားတာဖြစ်ရမယ်၊ နောက်ပြီး ဒီလက်နက်ဟာ ဟိုရှေးက သိုင်းဆရာကြီး တစ်ယောက်ရဲ့ လက်နက်ဖြစ်ရမယ် ..."

လင့်ဟူချုံးသည် ပုဆိန်ခုတ်လိုက်သည့်နေရာကို စူးစမ်းကြည့်ရာမှ ကျောက်နံရံမျက်နှာပြင်များ ပုဆိန်ခုတ် ရာများ ပြည့်နှက်နေသည်ကို တွေ့ရတော့၏။ သူက မီးတိုင်ကိုကိုင်ကာ အတွင်းသို့ဆက်လျှောက်လိုက်သည်။ သူလျှောက်ခဲ့သည့် နံရံတစ်လျှောက်လုံး ပုဆိန်ရာများဖြင့် ပြည့်နှက်နေသည်သာ ဖြစ်တော့၏။ ထိုအခါကျမှ လင့်ဟူချုံး အကြီးအကျယ် ထိတ်လန့်သွားသည်။ ကြက်သီးမွေးညင်းများပင် ထသွားမိတော့၏။

"လက်စသတ်တော့ ဒီလောက်ထိ ဂူပေါက်လမ်းကြောင်းဖြစ်လာအောင် ဟိုလူက ပုဆိန်နဲ့ဖောက်ပြီး လမ်းထွင်လာတာကိုး၊ ဟုတ်ပြီ၊ ဟုတ်ပြီ၊ ဒီလူဟာ အကြောင်းတစ်ခုခုကြောင့် ဒီကျောက်တောင်ကြီးနဲ့ လျှို့ဝှက် လိုဏ်ခေါင်းကြီးထဲမှာ အသေပိတ်ခံရတာ ဖြစ်လိမ့်မယ်၊ ဒီတော့ သူက ပုဆိန်ကြီးနဲ့ ကျောက်တောင်ကြီးကို ဖောက်ထွင်းပြီး လွတ်မြောက်ဖို့ ကြိုးစားတာဖြစ်ရမယ်၊ ဒါပေမယ့် သူ့ကံဆိုးလိုက်ပုံကတော့ တကယ့်ကို ရင်နာစရာပဲ၊ ကျောက်နံရံကို ဖောက်ထွက် လွတ်မြောက်ခါနီးတော့မှ သူ အားပြတ်သေဆုံးသွားတာ ဖြစ်လိမ့်မယ်၊ သနားစရာ ကောင်းလိုက်တာ ..."

လင့်ဟူချုံးသည် တဖြည်းဖြည်း ဆက်လျှောက်လာသည်။ လမ်းကတော့မဆုံးသေးပေ။ ထို့ကြောင့် ကံဆိုးသူ ပုဆိန်ရှင်၏ အင်အားကို ချီးကျူးမဆုံးနိုင်အောင် ဖြစ်ရတော့သည်။

ထိုစဉ် မြေကြီးပေါ် နောက်ထပ် အရိုးစုနှစ်စုကို ထပ်တွေ့ ပြန်တော့၏။ လင့်ဟူချုံးက ...

"လက်စသတ်တော့ ဒီလျှို့ဝှက်ဂူထဲမှာ ပိတ်မိနေတာ ဟိုလူတစ်ယောက်တည်းမှ မဟုတ်ဘဲကိုး၊ ဒီနေရာဟာ ငါတို့ဝါဆန်းဂိုဏ်းရဲ့ အင်မတန် အရေးပါ အရာရောက်တဲ့ နေရာပဲ၊ ဒီလူတွေက ဘယ့်နှယ် ဒီအထဲ ရောက်နေကြရတာလဲ၊ ... ဟင်း ... ဒီလူတွေဟာ ငါတို့ဝါဆန်းဂိုဏ်းရဲ့ ဝါစဉ်ကြီး သက်ရွယ်ကြီး ဆရာကြီးတွေ ဖြစ်နေမလားမသိဘူး"

အတန်ကြာ လျှောက်မိသောအခါမှသာ ... လင့်ဟူချုံးသည် အလင်းရောင်တန်းကလေးကို တွေ့ရတော့၏။ လင့်ဟူချုံးသည် သိချင်စိတ်ဖြင့် တတ်နိုင်သမျှ လျင်မြန်စွာလျှောက်လိုက်ရာ အလွန်ကြီးမားသော လိုဏ်ဂူကျယ်ကြီး ကို တွေ့ရှိရတော့သည်။ မည်မျှကျယ်သနည်းဟူမူ လူ ၁၀၀၀ ခန့် ဝင်လျှင်ပင် ချောင်ချောင်ချိချိ ဝင်နိုင်ပေ လိမ့်မည်။

ဂူကြီး၏ အထက်ထိပ်ဘက်မှ အလင်းရောင် ဝင်လာခြင်းဖြစ်၏။ ထိုအလင်းရောင်ဖြင့် ဂူတစ်ဂူလုံးကို ကောင်းစွာတွေ့မြင်ရခြင်းဖြစ်တော့၏။ ဂူကျယ်ကြီးအတွင်းတွင် လူရိုးစုခုနစ်ခုကို ထပ်မံတွေ့ရသည်။ အရိုးစုတစ်စု သည် ထိုင်လျက်အနေအထားဖြစ်နေပြီး ကျန်သောအရိုးစုများမှာ လဲကျနေသည်။ ဘေးနားတွင် လက်နက်ကိုယ်စီ ရှိနေ၏။ အရိုးစုငါးစု၏ဘေးနားတွင် ဓားလက်နက်တစ်လက်စီ ချထားလျက်ရှိနေပြီး ကျန်အရိုးစုနှစ်ခု၏ ဘေးတွင်မူ

ထူးဆန်းသော လက်နက်တစ်ခုစီ ရှိနေ၏။ လက်နက်တစ်ခုမှာ ဒိုင်းကြီးတစ်ခုကဲ့သို့ဖြစ်ပြီး နောက်လက်နက်တစ်ခုမှာ သုံးခွပါသော ဓားတစ်ချောင်းဖြစ်၏။

လင့်ဟူချုံးက … ဒီလက်နက်ဆန်းနှစ်ခုကိုကိုင်တဲ့ လူနှစ်ယောက်နဲ့ ပုဆိန်ကိုင်တဲ့လူဟာ ငါတို့ဝါဆန်းဂိုဏ်း ကဆရာကြီးတွေ မဖြစ်နိုင်ဘူး။ ဟောဒီ ဓားကိုင်တဲ့လူငါးယောက်ကတော့ ဝါဆန်းဂိုဏ်းက ဆရာကြီးတွေ ဖြစ်နိုင်တယ် …"

လင့်ဟူချုံးသည် ဓားတစ်ချောင်းကို ကောက်ကိုင်လိုက်၏။ ဓားမှာ သာမန်ဓားများထက် အနည်းငယ် ပိုတိုသည်မှာမှန်သော်လည်း ဗျက်ပိုကျယ်ပြီး ပိုပြီးလေးလံသည်။ သူ့စိတ်ထဲတွင် …

"ဟ .. ဒါက ထိုက်ဆန်းဂိုဏ်းရဲ့ဓားပဲ .. ဒီလူက ထိုက်ဆန်းဂိုဏ်းက ဆရာကြီးကိုး .."

ကျန်ဓားများကို အသေအချာကြည့်သောအခါ ဟန်ဆန်းဂိုဏ်း၏ဓား၊ ချုံးဆန်းဂိုဏ်း၏ဓား၊ ကောင်းဆန်း ဂိုဏ်း၏ဓားနှင့် ဝါဆန်းဂိုဏ်း၏ဓားများ ဖြစ်နေတော့သည်။ လင့်ဟူချုံးသည် အံ့ဩမဆုံးအောင် ဖြစ်နေမိတော့သည်။

"အင်း .. ဒီဆရာကြီးငါးယောက်က ဂိုဏ်းကြီးငါးဂိုဏ်းစလုံးက ဆရာကြီးတွေကိုး၊ ဘာဖြစ်လို့ ဒီမှာလာပြီး စုသေနေကြတာလဲ၊ သူတို့က ဟိုသုံးယောက်နဲ့ တိုက်ခိုက်ပြီးမှ ဒီအထဲမှာ အတူတူသေသွားကြရတာလား …"

လင့်ဟူချုံးသည် မီးတိုင်ကိုမြှောက်ကိုင်၍ ဘေးပတ်ပတ်လည်ရှိ နံရံကြီးကို လှည့်ပတ်ကြည့်ရှုလိုက်၏။ ထိုအခါ လက်ဝဲဘက်နံရံပေါ်တွင် စာလုံးကြီးများဖြင့် စာတန်းတစ်တန်း ရေးသားထားသည်ကို တွေ့ရှိလိုက်ရတော့ သည်။

"ဂိုဏ်းကြီးငါးဂိုဏ်း ယုတ်မာပက်စက်တယ်၊ သိုင်းပညာနဲ့မနိုင်တော့ အကောက်ဉာဏ်သုံးပြီးလုပ်ကြံတယ်…"

ထိုစာလုံးကြီးများ၏အောက်တွင် ဂိုဏ်းကြီးငါးဂိုဏ်းအား ဆဲဆိုကြိမ်းမောင်းသည့် စကားလုံးများကို သေးငယ် သောစာလုံးကလေးများဖြင့် ရေးသားထားပေသေးသည်။ လင့်ဟူချုံးသည် ဖတ်လေ ဒေါသဖြစ်လေ ဖြစ်လာတော့၏။

"လက်စသတ်တော့ ဒီလူသုံးယောက်က ငါတို့ ဂိုဏ်းကြီးငါးဂိုဏ်းက ဖမ်းချုပ်ထားတဲ့ လူတွေကိုး၊ သူတို့က မကျေနပ်လို့ သူတို့ရဲ့မကျေနပ်ချက်တွေကို နံရံပေါ်မှာ လျှောက်ရေးထားတာပဲ၊ ဒီလူတွေဟာ ဘယ်ဂိုဏ်းကလူတွေလဲ မသိဘူး၊ ငါတို့ဂိုဏ်းငါးဂိုဏ်းနဲ့ ရန်သတ္တုပြုတဲ့ လူတွေဆိုတော့ ဘယ်နည်းနဲ့မှ လူကောင်းမဟုတ်နိုင်တော့ဘူး၊ ဒါပေမယ့် ငါတို့ဂိုဏ်းကြီးငါးဂိုဏ်းက ဆရာကြီးငါးယောက်က ဘာဖြစ်လို့ သူတို့နဲ့ အတူတူ ဒီဂူထဲမှာ သေနေကြရ တာလဲ .."

လင့်ဟူချုံးသည် ဂူနံရံကိုဆက်၍ကြည့်မိသည်။ ဂူနံရံပေါ်တွင် 'ဖန်းဆုံးနှင့်ကျောက်ကော့တို့ နှစ်ယောက်က ဟန်ဆန်းဂိုဏ်း၏ ဟန်ဆန်းဓားသိုင်းကွက်ကို ဖျက်ခြင်း' ဟူ၍ စာတန်းတစ်တန်း ရေးထိုးထားသည်ကို တွေ့ရှိလိုက်ရ သည်။

ထိုစာတန်း၏ဘေးတွင် လူရုပ်များစွာ ရေးဆွဲထား၏။ လူနှစ်ယောက်တစ်တွဲ ရေးဆွဲထားခြင်း ဖြစ်သည်။ တစ်ယောက်က ဓားကိုင်ပြီး တစ်ယောက်က ပုဆိန်ကိုင်ထားခြင်းဖြစ်၏။ လူရုပ်ပေါင်း ၆၀၀ ခန့် ပင်ပင်ပန်းပန်း ရေးဆွဲပြထားခြင်းဖြစ်ပြီး ပုဆိန်ကိုင်သူက ဓားကိုင်သူ၏ သိုင်းကွက်များကို ချေဖျက်ပြသည့်ပုံများ ဖြစ်ဟန်တူသည်။ လင့်ဟူချုံး၏ရင်သည် ထိတ်ခနဲဖြစ်သွားပြီး …

"ငါတို့ ဝါဆန်းဂိုဏ်းရဲ့ ဓားသိုင်းကို ဖျက်တဲ့အကွက်တွေများ တွေ့နေရဦးမလား မသိဘူး" ဟု စဉ်းစား လိုက်မိသည်။

လင့်ဟူချုံး၏အတွေးမှာ လုံးဝမမှားချေ။ အဘယ်ကြောင့်ဆိုသော် ထိုရုပ်ပုံများ၏ ဘေးဘက်တစ်နေရာတွင် 'ကျန်းချန်ရှင်က ဝါဆန်းဂိုဏ်း၏ဓားသိုင်းကို လုံးဝချေဖျက်ခြင်း' ဟူ၍ ရေးသားထားသော စာတန်းကို တွေ့လိုက်ရသော ကြောင့်ဖြစ်သည်။ လင့်ဟူချုံးသည် ထိုစာကြောင်းကို တွေ့ရသောအခါ လွန်စွာ ဒေါသထွက်မိ တော့၏။

သူ့စိတ်ထဲတွင် … "ဒီ ကျန်းချန်ရှင်ဆိုတဲ့လူဟာ တကယ့်ကို အရှက်မရှိတဲ့လူပဲ၊ ငါတို့ဝါဆန်းဂိုဏ်းရဲ့ ဓားသိုင်းကွက် လောက် ခက်ခဲနက်နဲပြီး အဆင့်အတန်းမြင့်တဲ့ ဓားသိုင်းပညာမျိုး ဘယ်ဂိုဏ်းမှာမှ မရှိဘူး၊ ငါတို့ ဝါဆန်းဂိုဏ်းရဲ့ ဓားသိုင်းကို ခုခံနိုင်တဲ့လူကို ရှာဖို့ဆိုတာလည်း တကယ့်ကိုမလွယ်ဘူး၊ ဘယ်သူကမှ ငါတို့ ဝါဆန်းဂိုဏ်းရဲ့ ဓားသိုင်းကွက် ကို ဖျက်နိုင်တယ်လို့ မပြောရဲခဲ့ဘူး၊ ခုတော့ ဒီလူက ဖျက်တယ်လို့ ပြောရုံတင် မကဘူး၊ 'လုံးဝချေဖျက်ခြင်း' လို့တောင် ပြောလိုက်သေးတယ် "

သူက မြေကြီးပေါ်မှာ ဓားတစ်ချောင်းကို ကောက်ယူ၍ ထို 'လုံးဝချေဖျက်ခြင်း' ဆိုသည့် စာလုံးကို ဓားဖြင့် ခုတ်ပစ်လိုက်သည်။ သို့သော် ကျောက်နံရံမှာ အလွန်မာကျောလှသည်ဖြစ်ရာ ဓားဖြင့် ခုတ်လိုက်သည့်အတွက် မီးသာ တစ်ချက်ပွင့်ထွက်သွားပြီး စာလုံးကို လုံးဝမထိခိုက်ခဲ့ပေ။

ထိုအခါကျမှ လင့်ဟူချုံးသည် နံရံကိုအသေအချာ ကြည့်လိုက်မိသည်။ စာကြောင်းဘေး၌ ရေးဆွဲထားသော ရုပ်ပုံကို

ကြည့်လိုက်သောအခါ မျဉ်းတစ်ကြောင်းတည်းဖြင့် ရေးဆွဲထားသော ရုပ်ပုံဖြစ်နေသည်။ ပုံပန်းကိုကြည့်သည် နှင့် ပုံထဲရှိ ဓားကိုင်ထားသူမှာ မိမိတို့ဝါဆန်းဂိုဏ်း၏ ဒေါင်းမြီးဖြာ သိုင်းကွက်ကိုသုံးထားကြောင်း ရှင်းရှင်း လင်းလင်း သိနိုင်သည်။ ထိုသိုင်းကွက်၏ ဓားကွက်ဓားမာန်မှာ လွန်စွာမှ ပေါ့ပါးသွက်လက်လှသည်။

တစ်ဘက်သူမှာ ဖြောင့်တန်းသော လက်နက်တစ်ခုကိုကိုင်ထားသည်။ တုတ်တစ်ချောင်း ဖြစ်ဟန်တူ၏။ သူ၏တုတ်ချောင်းထိပ်ဖျားကို ရန်သူ၏ဓားဖျားထိပ်နှင့် တေ့ဆိုင်၍ ချိန်ထားသည်ကိုတွေ့ရ၏။ ထိုသူ၏တုတ်ကွက်မှာ ပုံပန်းမကျကြောင်း မြင်ရုံနှင့် သိနိုင်သဖြင့် လင့်ဟူချုံးက ခနဲ့ပြုံး ပြုံးလိုက်မိတော့သည်။

သူ့စိတ်ထဲတွင်လည်း ... "ငါတို့ဂိုဏ်းရဲ့ ဒီဒေါင်းမြီးဖြာသိုင်းကွက်က ပထမအကွက်မှာ တကယ်မတိုက် သေးဘူး၊ ဟန်ပြတိုက်ကွက်ပဲ ရှိသေးတယ်၊ နောက်ဆက်တွဲသုံးကွက်ကမှ တကယ့်တိုက်ကွက်အစစ်၊ ဒီလူက ပုံမကျ ပန်းမကျ သိုင်းကွက်ကြီးနဲ့ ငါတို့ရဲ့ ဒီလောက်အဆင့်အတန်းမြင့်နေတဲ့ သိုင်းကွက်ကို ဘယ်လိုလုပ် ဖျက်ဆီးနိုင်မှာလဲ" ဟု ပြောနေမိတော့၏။

သို့သော် သူက အသေအချာထပ်ကြည့်သည်။ ထိုအခါကျမှ ထိုသူ၏ တုတ်ကွက်သည် မိမိ၏ ဓားသိုင်းကွက် နောက်ဆက်တွဲ သုံးကွက်သို့ အကူးအပြောင်းလုပ်မည့်နေရာကြားသို့ မသိမသာ ရောက်ရှိနေကြောင်း တွေ့လိုက်ရတော့သည်။

ထိုသူ၏ ကိုယ်ဟန်မှာ ပုံပန်းမကျသလိုဖြစ်သော်လည်း နောက်ဆက်တွဲ သိုင်းကွက်သုံးတွဲ ရှိနေသေးကြောင်း ခံစားသိရှိ ပုံပေါ်အောင် ရေးဆွဲထားသည်။ ထိုသူ၏တုတ်ကွက်တွင် နောက်ဆက်တွဲ ခုနစ်ကွက်အထိ ရှိနေသည်ကို ထိတ်လန့်စဖွယ် တွေ့လိုက်ရတော့သည်။ သေချာသည်။ မိမိတို့၏ 'ဒေါင်းမြီးဖြာ' သိုင်းကွက်သည် ဤတုတ်ကိုင်သူ၏အကွက်နှင့်သာ ထိပ်တိုက်ရင်ဆိုင်မိပါက အသေအချာ ရှုံးနိမ့်ရပေလိမ့်မည်။

ထို့ကြောင့် လင့်ဟူချုံးသည် ကြည့်ရင်း ဇောချွေးပြန်လာတော့သည်။ တုန်လှုပ်ချောက်ချားမှုကိုပါ ခံစားလာရ၏။ ဤရုပ်ပုံများကို မည်မျှကြာအောင် ငေးကြည့်မိသည်မဆိုနိုင်။ နောက်ဆုံး မီးတိုင်၏ မီးစာများက မိမိ၏လက်ကို လောင်ကျွမ်းလာစေတော့မှ ရုတ်တရက် သတိရသွားတော့သည်။ ရုတ်တရက်ဖြစ်သဖြင့် မီးတိုင်ကို ကမန်းကတန်း လွှတ်ချလိုက်ရာ မီးတိုင်ငြိမ်းသွားတော့၏။

ဂူထဲတွင် ပို၍ထိန်လင်းလာသည်။ အပြင်ဘက်၌ နေအတော်မြင့်လာ၍ ဖြစ်ပေလိမ့်မည်။ လင့်ဟူချုံးသည် ထိုရုပ်ပုံနှစ်ခုကိုကြည့်ရင်း ...

"ဒီလိုဆိုရင် ငါတို့ ဝါဆန်းဂိုဏ်းရဲ့ 'ဒေါင်းမြီးဖြာ' ဓားကွက်က လုံးဝသုံးလို့တောင် မရတော့ပါလား၊ ဘုရား ဘုရား တကယ့်ကို သုံးလို့မရတော့တာကိုး" ဟု ရေရွတ်နေမိ၏။

လင့်ဟူချုံးသည် ဒုတိယပုံကို ကြည့်လိုက်ပြန်၏။

ထိုပုံတွင်မူ ဓားကိုင်သောလူသည် ဝါဆန်းဂိုဏ်း၏ ဓားသိုင်းကွက်တစ်ကွက်ကို သုံးနေ၏။ ထိုဓားကွက်ကို လင့်ဟူချုံး ကောင်းစွာသိသည်။ အဘယ်ကြောင့်ဆိုသော် ထိုဓားသိုင်းကွက်ကို သူကိုယ်တိုင် တစ်လတိတိ အပြင်းအထန် လေ့ကျင့်မှ တတ်မြောက်ခဲ့ရသောကြောင့်ဖြစ်ပေသည်။ ထို့ပြင် ထိုဓားကွက်မှာ သူ့အဖို့ နောက်ဆုံး အရေးအကြီးဆုံးအချိန်၊ မထုတ်မဖြစ်သည့်အချိန်ကျမှ ထုတ်၍အသုံးချရသော ဓားကွက်လည်းဖြစ်၏။ သူ့အနေဖြင့် ယခုအထိ ထိုဓားကွက်ကို သုံးကြိမ်မျှသာသုံးခဲ့ရသေးသည်။ သုံးကြိမ်စလုံးတွင် သူရှုံးတော့မည့် အခြေအနေမှ အနိုင်အခြေအနေသို့ ပြောင်းလဲ ပို့ဆောင်ပေးခဲ့သည့် ဓားကွက်ပင်ဖြစ်တော့၏။ ထို့ကြောင့် ထိုဓားကွက်ကို တွေ့လိုက်ရသည်နှင့် အားတက်မိခြင်းဖြစ်သည်။

သို့သော် သူ၏အတွင်းစိတ်မှာမူ အားတက်ခြင်းနှင့်ဆန့်ကျင်ဘက် ဖြစ်နေတော့၏။

သူ၏အတွင်းစိတ်တွင် တုန်လှုပ်ချောက်ချားနေသည်။ အကယ်၍ ထိုဓားကွက်ကို ရန်သူက ဖျက်နိုင်ခဲ့သည် ဆိုလျှင် လင့်ဟူချုံးသည်ဆက်၍ မတွေးရဲအောင် ဖြစ်လာတော့၏။

တုတ်ကိုင်ထားသူ၏ပုံကို လင့်ဟူချုံး အသေအချာကြည့်မိပြန်သည်။ သည်တစ်ကြိမ်တွင်မူ နှစ်ခါပြန် မကြည့်ရအောင် အသေးစိတ် စူးစူးစိုက်စိုက် ကြည့်မိတော့သည်။ ထိုလူ၏လက်ထဲမှာ တုတ်ငါးချောင်း ကိုင်ထားသည်ကိုတွေ့ရ၏။ ထိုတုတ်ငါးချောင်းက ဓားကိုင်သူ၏ အောက်ပိုင်းငါးနေရာကို ရိုက်နေသည်။ လင့်ဟူချုံးသည် တစ်ချက်မျှ ကြောင်သွားပြီး...

"ဒီလူက ဘယ်လိုတိုက်တာလဲ၊ တုတ်ငါးချောင်းကို တစ်ပြိုင်တည်းရိုက်ဖို့ဆိုတာ ဘယ်လွယ်လိမ့်မလဲ၊ သူဘယ်လောက်မြန်အောင်ရိုက်ရိုက် ငါတစ်ချက်ထိုးတာလောက်တော့ ပိုမမြန်နိုင်ဘူး၊ သူ့ရဲ့ တုတ်ငါးချောင်းနဲ့ရိုက်လို့ ငါးချက်မပြည့်ခင် ငါ့ဓားက သူ့ကိုထိုးပြီးနေပြီ။ ဟား ဟား ဟား ဒီတစ်ခါတော့ ငါတို့ဝါဆန်းဂိုဏ်းရဲ့ဓားကွက်ကို

ဒီလူလုံးဝချေဖျက်ခြင်း မပြုနိုင်တော့ဘူး၊ ဟား .. ဟား ..ဟား ..” ဟု ပြောရင်း ကျေနပ်အားရစွာ ရယ်နေမိတော့သည်။

လင့်ဟူချုံးမှာ အလွန်အားရ ကျေနပ်နေရာမှ ရုတ်တရက် အတွေးတစ်ခုပေါက်သွားပြီး ထိတ်လန့်သွား တော့၏။

“သူက တုတ်ငါးချောင်းစလုံး တစ်ချက်တည်း ရိုက်လိုက်တာမှမဟုတ်ဘဲ၊ ငါ့ခန္ဓာကိုယ်အောက်ပိုင်း ငါးနေရာထဲက ကြိုက်တဲ့နေရာကိုရွေးရိုက်မှာ၊ ဒီတော့ ငါက ဘယ်လိုလုပ် သွားကာကွယ်ရတော့မှာလဲ ..”

လင့်ဟူချုံးသည် ဓားကိုဆွဲယူလိုက်ပြီး၊ ထိုဓားကွက်ကို ထုတ်ကစားလိုက်သည်။ ပြီးမှ ပုံစံထဲရှိ တုတ်ကိုင်လူ ၏ ရိုက်ကွက်ကိုကြည့်ကာ စိတ်ဖြင့် ... မည်သို့ ခုခံကာကွယ်ရမည်ကို စဉ်းစားလိုက်သည်။ အကယ်၍ ထိုလူက မိမိအားရိုက်ရန် ချိန်ရွယ်ထားသည့်နေရာ ငါးနေရာအနက် မည့်သည့်နေရာကို ရိုက်မည်မှန်း ကြိုတင်သိထားပါက မိမိအနေဖြင့် ထိုလူ၏ရိုက်ချက်ကို ကာကွယ်နိုင်ပေမည်။

သို့သော် မိမိအနေဖြင့် ဒီလူက မိမိ၏မည်သည့်နေရာကို ရိုက်မည်မှန်း လုံးဝမသိနိုင်၊ ထိုအချိန်တွင် မိမိ၏ဓားက ရှေ့သို့ထုတ်ပြီးဖြစ်၍ ရုတ်တရက် ပြန်ရုပ်သိမ်း၍ မရတော့။ မိမိအနေဖြင့် တစ်ချက်တည်းနှင့် သူ့ကို အသေထိုးနိုင်မှ မိမိနိုင်မည်။ ဤသို့မဟုတ်ပါက မိမိအနေဖြင့် သူ၏တုတ်ချက်ကို သေချာပေါက်ခံရပေမည်။

တစ်ဖက်လူသည်လည်း ထိပ်သီးသိုင်းသမားဖြစ်၍ မိမိအနေဖြင့် တစ်ချက်တည်း အသေ ထိုးသတ်နိုင်ဖို့ ဆိုသည်မှာ မလွယ်။ ထိုသူအနေဖြင့် မိမိ၏ဓားချက်ကို တစ်နည်းတစ်ဖုံရှောင်ပြီး မိမိ၏အောက်ပိုင်းကို တိုက်ခိုက်မည်မှာ သေချာသည်။ ထိုအခါ မိမိအနေဖြင့် မည်သို့မျှ ရှောင်တိမ်းနိုင်မည် မဟုတ်တော့ချေ။ ဤသို့ဆိုပါလျှင် မိမိတို့၏ ဝါဆန်းဂိုဏ်း၏ ထိပ်တန်းဓားကွက် တစ်ကွက်မှာ ထပ်မံ၍ လုံးဝချေဖျက်ခြင်း ခံလိုက်ရလေပြီ။

လင့်ဟူချုံးမှာ ဤဓားကွက်ဖြင့် သုံးကြိမ်သုံးခါမျှ အနိုင်ယူခဲ့သောတိုက်ပွဲများကို အနုလုံပဋိလုံ ပြန်လည် စဉ်းစားသုံးသပ်လိုက်သည်။ ထိုအခါကျမှ ကြက်သီးမွေးညင်းများထလာမိတော့သည်။

အကယ်၍ထိုအချိန်က မိမိနှင့်တိုက်ခိုက်ခဲ့သော လူများကသာ ဤဖျက်ကွက်များကို ကြိုတင်သိထားခဲ့လျှင် ရန်သူ၌ ဓားမကိုင်ဘဲ ဝါးခြမ်းပင်ကိုင်ထားစေဦးတော့ မိမိမှာ မသေတောင်မှ ပြင်းထန်စွာဒဏ်ရာရရှိခဲ့ရ ပေလိမ့်မည်။ ယနေ့အထိ လင့်ဟူချုံးဆိုသောသူသည် လူ့လောကကြီးမှာ ရှိခဲ့တော့မည် မဟုတ်ပေ။

လင့်ဟူချုံးသည် ဇောချွေးဖြိုင်ဖြိုင် ကျလာမိတော့၏။ သူ့ပါးစပ်မှ ကယောင်ကတမ်း ရေရွတ်နေမိသည်။

“မဖြစ် .. မဖြစ်နိုင်ဘူး၊ တကယ်လို့ ငါတို့ဓားကွက်က ဒီလောက်ဟာကွက်ကြီးရှိနေတယ်ဆိုရင် ဆရာတို့က ဘာဖြစ်လို့မသိရမှာလဲ၊ သူတို့သိကိုသိတယ် ..”

သို့သော် တုတ်ကိုင်ထားသူ၏လက်တွင်းမှ မျဉ်းကြောင်းငါးကြောင်းမှာ သံမဏိချောင်းများပမာ မိမိ၏ ခန္ဓာကိုယ် အောက်ပိုင်းအား ထိုးနှက်နေသကဲ့သို့ နာကျင်စွာ ခံစားနေရသည်ကတော့ အမှန်ပင်ဖြစ်တော့သည်။ သူ့နှလုံးသားမှ အရှုံးကိုလက်မခံချင်သော်လည်း ဦးနှောက်ကမူ ဝါဆန်ဂိုဏ်း၏ ဓားကွက်များ အသေအချာ ရှုံးနေကြောင်း လက်ခံထားပြီး ဖြစ်ပေသည်။

လင့်ဟူချုံးသည် စိတ်ပင်ပန်းနွမ်းနယ်မှုကြောင့် တစ်ကိုယ်လုံး ထုံကျဉ်လာပြီး မလှုပ်ရှားနိုင်တော့သလို ဖြစ်လာတော့၏။ သူက နံရံတစ်လျှောက် ဆက်၍ကြည့်လိုက်၏။ နံရံပေါ်ရှိ ဓားကွက်များအားလုံးမှာ မိမိတို့ ဝါဆန်းဂိုဏ်း၏ ထိပ်တန်းလျှို့ဝှက် ဓားသိုင်းကွက်များချည်း ဖြစ်၏။ သို့သော် ရန်သူ၏တုတ်ကွက်များမှာ မိမိတို့၏ ဓားကွက်များထက် ပိုမိုနက်နဲနေသဖြင့် ဓားကွက်များမှာ ရစရာမရှိအောင် ဖျက်ဆီးခြင်း ခံထားရသည်ကိုသာ ထပ်တလဲလဲ တွေ့နေရတော့သည်။

လင့်ဟူချုံးမှာ ထိုပုံများကိုကြည့်လျက် လုံးဝ စိတ်ဓာတ်ကျဆင်းသွားရတော့၏။ မကျ ဘယ်မှာ ခံနိုင်မည်နည်း။ မိမိဆရာ၏ အဆင့်အတန်းအထိ လေ့ကျင့်ထားနိုင်သည်ထားဦး ဤသို့ တုတ်ကိုင်သောလူမျိုးနှင့် တွေ့လျှင် မည်သည့် နည်းနှင့်မျှ အနိုင်ရမည် မဟုတ်ချေ။ မရှုံ့မလှ ရှုံးရမည်မှာ မုချဆက်ဆက် သေချာလှပေတော့သည်။ ထို့ကြောင့် မိမိတို့ ဝါဆန်းဂိုဏ်း၏ ဓားသိုင်းပညာကို အထင်မကြီးနိုင်အောင် ဖြစ်သွားမိတော့သည်။

ဤသို့ဆိုပါလျှင် ဤဓားသိုင်းပညာကို အဘယ်ကြောင့် အပင်ပန်းခံ၍ သင်နေတော့မည်နည်း။ သူတစ်ပါးကို အရှုံးပေးဖို့ ချွေးမြေကျ သင်ယူနေသည့်သဘောမျိုး သက်ရောက်နေပြီမဟုတ်ပါလား။ လင့်ဟူချုံးသည် ကျောက်ဂူကြီး အတွင်း၌ ကျောက်ရုပ်ကြီး တစ်ရုပ်နှယ် ရပ်နေမိတော့၏။ သူ၏ဦးနှောက်တွင်းဝယ် ဗလာဟင်းလင်း ဖြစ်နေ၏။ သူ့အနေဖြင့် မည်မျှအချိန်ကြာ ရပ်နေမိသည်မသိပေ။ အပြင်မှ လူတစ်ယောက်၏ အသံကို ကြားလိုက်ရမှ သတိပြန်ဝင် လာတော့၏။

“အစ်ကိုကြီး .. အစ်ကိုကြီး”

ဟု ခေါ်နေသည့် အသံသဲ့သဲ့ကို ကြားလိုက်ရသည်တွင် လင့်ဟူချုံးက ကမန်းကတန်း ပြေးထွက်လာရတော့သည်။ သူဂူပေါက်မှ အပြင်သို့ ထွက်လိုက်မိသည်နှင့် သူ့အား ဂူပြင်မှ တကျော်ကျော် အော်ခေါ်နေသော လုရိုကို တွေ့လိုက်ရတော့၏။ လုရို အခြားတစ်ဖက်သို့ လှည့်နေစဉ်အတွင်း လင့်ဟူချုံးက ဂူပေါက်မှ ကမန်းကတန်း ထွက်လိုက်ရ၏။ ထို့နောက် ဂူပေါက်ကို ကျောက်တုံးတစ်တုံးနှင့် မသိမသာ ပြန်ပိတ်ကာ ဂူအပြင်သို့ လျှပ်တစ်ပြက် ခုန်ထွက်လိုက်ပြီး အခြားတစ်ဘက်မှ လမ်းလျှောက်လာဟန် ပြုလုပ်ရသည်။

သူက လှမ်း၍မေးလိုက်သည်။

"လုရို ဘာဖြစ်လို့ ဒီလောက်အော်နေရတာလဲ... ငါ ဒီမှာ သမထ ထိုင်နေတယ်... ဘာကိစ္စအရေးကြီး နေလို့လဲ.."

လုရိုသည် အသံကြားရာဆီသို့ ပြေးလိုက်လာပြီး ဝမ်းသာအားရ လေသံဖြင့် ပြောလိုက်တော့၏။

"အစ်ကိုကြီးက ဒီမှာကိုး။ ဘာကိစ္စမှ အရေးတကြီးမရှိပါဘူး၊ ကျွန်တော်က အစ်ကိုကြီးကို ထမင်းလာပို့တာ၊ အစ်ကိုကြီးကို မတွေ့လိုက်ရတော့ ကျွန်တော့်မှာ စိတ်ပူလိုက်ရတာ ဟင်း ..."

လုရိုအနေဖြင့် လင့်ဟူချုံးကို မျက်မြင်ကိုယ်တွေ့ဖြစ်သွားမှ ဟင်းချနိုင်တော့သည်။

လင့်ဟူချုံး အနေဖြင့်လည်း အလွန်အံ့ဩသွားသည်။ အဘယ်ကြောင့်ဆိုသော် အတွင်းလိုဏ်ဂူထဲသို့ဝင်၍ သိုင်းကွက်ရုပ်ပုံများကို ကြည့်ရှုနေခဲ့ရာ ယခု ညနေဆည်းဆာသို့ ရောက်ရှိနေပြီကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။ လင့်ဟူချုံးသည် သိုင်းကွက်ရုပ်ပုံများကို အလွန်တရာ စိတ်ဝင်စားနေခဲ့သဖြင့် အချိန်ကုန်မှန်းမသိ ကုန်သွားခဲ့ရခြင်းဖြစ်၏။

လုရိုသည် ဂူတွင်းသို့ မဝင်ရဲသည်က လင့်ဟူချုံးအတွက် ကောင်းသွားခြင်းဖြစ်သည်။ လုရိုသည် ဂူအပြင်မှ အတွင်းသို့ လှမ်းကြည့်ပြီး လင့်ဟူချုံးကို မတွေ့လိုက်ရသဖြင့် စိတ်ပူပန်ပြီး လှည့်ပတ် ရှာဖွေနေခြင်းဖြစ်၏။ ထို့ကြောင့် လင့်ဟူချုံးနေသည့် ဂူအတွင်း၌ နောက်ထပ် အတွင်းလိုဏ်ဂူ တစ်ခုကို လုရိုမသိလိုက်ချေ။

လင့်ဟူချုံးက ... "လုရို မင်းရဲ့မျက်နှာကလည်းကွာ ဘယ်လိုဖြစ်နေတာလဲ၊ ငါ ဒီတောင်ထိပ်မှာပဲရှိမှာပေါ့၊ ဘယ်သွားနိုင်မှာလဲ၊ စိုးရိမ်စရာမရှိ စိုးရိမ်နေတယ် .."

လုရို၏မျက်နှာ ဘယ်ဘက်ခြမ်းတွင် ဆေးထည့်ပတ်တီးစည်း ထားသည်ကိုတွေ့ရ၏။ ဒဏ်ရာမှာ သေးငယ်လှဟန်မတူချေ။

လင့်ဟူချုံးက မေးသောအခါ လုရိုက ...

"ဓားသိုင်းလေ့ကျင့်ရင်း မတော်တဆ ထိသွားတာပါ .."

လင့်ဟူချုံးက ... "လုရို မှန်မှန်ပြောစမ်း ... ဒဏ်ရာကမသေးဘူး၊ ဘယ်လိုဖြစ်တာလဲ .."

လုရို၏အမူအရာ၌ ရှက်သည်ထက် ဒေါသထွက်နေသည့်အရိပ်အယောင်များကို အကဲဖမ်းမိသဖြင့် လင့်ဟူချုံး ဤသို့အတင်းအကျပ် မေးလိုက်ခြင်းဖြစ်၏။

လုရိုက မကျေမနပ်ဖြင့် ... "အစ်ကိုကြီးကို ဖုံးကွယ်ထားချင်လို့ မဟုတ်ပါဘူး၊ အစ်ကိုကြီး စိတ်ဆိုးမှာ စိုးလို့ပါ" ဟု ပြန်ဖြေသည်။

လင့်ဟူချုံးက ... "မင်းမျက်နှာကို ဘယ်သူလုပ်လိုက်တာလဲ .."

လင့်ဟူချုံးအနေဖြင့် အလွန်အံ့ဩနေမိ၏။ ဂိုဏ်းသားအချင်းချင်း ရန်ဖြစ်ခြင်းဟူသည် လုံးဝမဖြစ်နိုင်ပေ။ လုရို၏ မျက်နှာပေါ်မှ ဒါဏ်ရာ မသေးလှသည်ကလည်း စဉ်းစားစရာ ဖြစ်နေသည်။

လုရိုက ... "မနက်က ကျွန်တော်နဲ့ လင်မိန်ကျက် ဓားရေးလေ့ကျင့်နေကြတယ်၊ သူက ဟို ဒေါင်းမြီးဖြာ ဓားသိုင်းကွက်ကို ဘယ်တုန်းက သင်ထားသလဲမသိဘူး၊ အဲဒီဓားကွက်နဲ့ ကျွန်တော့်ကိုချတာပဲ၊ ကျွန်တော် နည်းနည်းလေး သတိလက်လွတ်ဖြစ်သွားတာနဲ့ မျက်နှာကို အထိုးခံလိုက်ရတယ် .."

လင့်ဟူချုံးက... "ဂိုဏ်းတူညီအစ်ကိုအချင်းချင်း ဓားသိုင်းလေ့ကျင့်တာကလည်း တစ်ခါတလေ အဆင်မသင့်ရင် လက်ချော်ပြီးထိတတ်တယ်၊ ဒါကြောင့်မို့ ဘယ်တော့မှ ပေါ့ပေါ့ဆဆ သတိမထားဘဲ မနေရဘူး၊ နောက်ပြီး 'ဒေါင်းမြီးဖြာ' ဓားကွက်က ပြင်းထန်တယ်ဆိုတာလည်း မင်းသိလျက်သားနဲ့ သတိထားမှပေါ့ .."

လုရိုက မကျေမနပ်ဖြင့် ဆက်၍ပြောပြနေသည်။

"သတိထားပါတယ် အစ်ကိုကြီးရဲ့ ... ဒါပေမယ့် လင်မိန်ကျက် ဆိုတဲ့ကောင်က ကျွန်တော်တို့ဂိုဏ်းထဲ ရောက်တာ လေးငါးလ လောက်ပဲ ရှိသေးတာ၊ ဒီဒေါင်းမြီးဖြာ ဓားကွက်ကို ကစားတတ်လိမ့်မယ်လို့ ဘယ်ထင်မလဲ၊ ကျွန်တော်တို့က ဂိုဏ်းထဲဝင်ပြီး ငါးနှစ်လောက် ကြာတော့မှ ဆရာက ကျွန်တော့်ကို သင်ပေးဖို့ အစ်ကိုကြီးကို တာဝန်ပေးတာ မဟုတ်လား .."

လင့်ဟူချုံးသည် အလွန်အံ့သြနေမိသည်။ လင်မိန်ကျက်အနေဖြင့် ဂိုဏ်းထဲဝင်လာသည်မှာ မကြာသေးပေ။ ဂိုဏ်းဝင်သက် နုနယ်လှသေးသည်။ အဘယ်ကြောင့် 'ဒေါင်းမြီးဖြာ' ဓားသိုင်းကွက်ကို သင်ပေးရသနည်း။ သူ့အနေနှင့် မတွေးတတ်အောင် ဖြစ်တော့သည်။

တစ်နည်းတစ်လမ်းတော့ စဉ်းစားကြည့်သေးသည်။ လင်မိန်ကျက်၏ တိုးတက်မှုနှုန်း အဆမတန် မြန်နေသည့်အတွက် ဤသို့သင်ပေးလေသလားဟု တွေးကြည့်သေးသည်။ ဤအချက်ကလည်း မဖြစ်နိုင်၊ လင်မိန်ကျက် မည်မျှ ဉာဏ်ရည်ကောင်းသည်ဖြစ်စေ ဒေါင်းမြီးဖြာ ဓားသိုင်းအထိ မရောက်နိုင်သေးပေ။ ဤအဆင့်မရောက်မီ ကြား၌ ဓားသိုင်းကွက်အဆင့်များစွာ ကျန်ရှိနေပေသေးသည်။ ထိုအဆင့်အားလုံး လင့်မိန်ကျက် မရနိုင်သေး။ လင်မိန်ကျက် အနေဖြင့် တိတ်တဆိတ် ခုန်လွှားလေ့ကျင့်ဟန်တူသည်။ ဆရာကတော့ ဤသို့ ခုန်လွှားဖြတ်ကျော်၍ လေ့ကျင့်ခွင့်ပြုလိမ့်မည် မဟုတ်ချေ။

ထိုစဉ် လုရှိက ...

"အဲဒီတုန်းက ... သူလည်း ဒီဓားကွက်ကို ထုတ်လိုက်ရော ကျွန်တော်လည်း ရုတ်တရက်ဆိုတော့ လန့်သွားတာပေါ့၊ ဒါနဲ့ချက်ချင်း ရှောင်လိုက်တယ်၊ ရှောင်တာ နှေးသွားလို့ မျက်နှာမှာ တစ်ချက်ထိသွားတာပဲ၊ ညီမလေးကတော့ ဘေးကနေပြီး လက်ခုပ်တီးပြီး ရယ်နေသေးတယ်။ နောက်ပြီး အော်တောင် အော်လိုက်သေးတယ်။ ဘာတဲ့ 'အစ်ကိုလုရှိက ကျွန်မရဲ့ တပည့်ကိုတောင် မနိုင်ဘူး။ နောက်ဆိုရင် ကျွန်မရှေ့မှာ လူစွမ်းကောင်း လုပ်ရဲသေးသလား' တဲ့။ ဟို လင်မိန်ကျက်ဆိုတဲ့ ကောင်ကတော့ ပျာပျာသလဲနဲ့ ကျွန်တော့်ကို ဆေးလိမ်းပေးမလို့ လုပ်တယ်။ ဟန်ဆောင်ပြီး မျက်နှာချိုလာသွေးတာ ဘာရမလဲ။ ကျွန်တော်က အစ်ကိုကြီး သင်ပေးထားတဲ့ နောက်ပြန်ကန်နည်းနဲ့ ဒီကောင်ကို ကျွမ်းထိုးအောင် ကန်ပစ်လိုက်တယ်။ ဒီကောင်လည်း လွင့်သွားတာပဲ"

လုရှိသည် မကျေမချမ်းဖြင့် ဆက်ပြောနေပြန်သည်။

"ညီမလေးက ပြေးလာပြီး ကျွန်တော့်ကို လာရန်တွေ့တော့တာပဲ။ အစ်ကိုလုရှိက ကျေးဇူးကန်းပါလား။ ဟိုက စေတနာနဲ့ ဆေးလိမ်းပေးမလို့လုပ်တာကို ဒီလိုကန်ရသလားတဲ့။ အဲ့ဒီတော့မှ ကျွန်တော်လည်း သိလိုက်တယ်။ အဲဒီဓားကွက်ကို ဆရာက သင်ပေးထားတာ မဟုတ်ဘူး။ ညီမလေးက တိတ်တိတ်ခိုးသင်ပေးတာကိုး ..."

လင့်ဟူချုံး၏ရင်ခွင်တစ်ခုလုံး ရုတ်တရက် နာကျင်သွားမိ၏။

ဤ 'ဒေါင်းမြီးဖြာ' သိုင်းကွက်သည် အလွန်ပင် ကျင့်ရခက်ခဲလှ၏။ ဤဓားကွက်၏ အကွက်များသည် အလှည့်အပြောင်းနှင့် ကိုယ်ဟန်အနေအထားတို့သည် အလွန်ပင် ရှုပ်ထွေးပွေလိမ်လှသည်။ လင်မိန်ကျက်သည် အတော်ပင်ဖွဲ့ရှိ၍သာ ဤမျှ တတ်မြောက်ခြင်းဖြစ်သည်။ သင်ပေးသည့် ညီမလေးလိန်လိန်သည် ဤဓားကွက်ကို သင်ပေးသောအခါ မည်မျှစိတ်ရှည်ရမည်။ မည်မျှ အပင်ပန်းခံလိုက်ရမည်ကို မသိပေ။ ယင်းအချက်ကြောင့်ပင် ဤရက်အတွင်း လိန်လိန်တောင်ပေါ်သို့ တက်မလာနိုင်ခြင်း ဖြစ်ပေလိမ့်မည်။

လိန်လိန်သည် အလွန်စိတ်မရှည်သော မိန်းကလေး ဖြစ်သည်။ ဤမျှ ခက်ခဲရှုပ်ထွေးသော ဓားကွက်များကို လင်မိန်ကျက် တတ်အောင် သင်ပေးနိုင်သည်ကို ထောက်လျှင် သူမက လင်မိန်ကျက်အပေါ် မည်မျှစေတနာထား ဂရုစိုက်သည်ကို ခန့်မှန်းသိရှိနိုင်ပေသည်။

အတန်ကြာသောအခါမှ လင့်ဟူချုံးမှာ တည်ငြိမ်သွားသည်။ သူက မတုန်မလှုပ် လေသံဖြင့် ... "မင်းကကော ဘယ့်နှယ် လင်မိန်ကျက်နဲ့ ဓားသိုင်းလေ့ကျင့်ရတာလဲ၊ မင်းကို ဆရာက လေ့ကျင့်ခိုင်းလို့လား" ဟု မေးလိုက်၏။

လုရှိက ... "မနေ့ညနေက အစ်ကိုကြီးရှေ့မှာ ဟိုစကားတွေပြောလိုက်တော့ ညီမလေးက ကျွန်တော့်ကို မကျေနပ်ဘူး၊ တစ်လမ်းလုံး ဆူလိုက်ပွက်လိုက်နဲ့ နားကိုညည်းနေတာပဲ... မနက်လည်းကျရော ကျွန်တော့်ကိုလာခေါ်ပြီး လင်မိန်ကျက်နဲ့ ဓားသိုင်းကစားပေးပါတဲ့၊ ကျွန်တော်ကလည်း သဘောတူလိုက်တယ်၊ တကယ်က သဘောရိုးနဲ့မှ မဟုတ်ဘဲ၊ သူက ဟိုကောင့်ကို တိတ်တိတ်လေး သုံးလေးကွက်လောက် သင်ပေးထားတာကိုး ... ဒါကြောင့် ကျွန်တော်လည်း အငိုက်ခံလိုက်ရတာ ... တကယ်တမ်း ကျွန်တော့်ကို နိုပ်စက်လိုက်တာက ညီမလေးပဲ ..."

လင့်ဟူချုံး ကောင်းကောင်း သဘောပေါက်သွားတော့၏။ ဤရက်များအတွင်း လိန်လိန်သည် လင်မိန်ကျက်နှင့် တပူးပူးတတွဲတွဲ ဖြစ်နေသည်ကို လုရှိကကြည့်မရဘဲ ဖြစ်နေပေလိမ့်မည်။ လုရှိသည် မိမိကို အခင်မင်ဆုံးဖြစ်ရာ လိန်လိန်အား ခနဲ့သောစကားများ ပြောကောင်းပြောမည်။ လင်မိန်ကျက်ကိုလည်း ကြည့်မရဘဲဖြစ်နေရာ ဆဲဆို ကြိမ်းမောင်းကောင်း ကြိမ်းမောင်းပေလိမ့်မည်။

လင့်ဟူချုံးက ... "မင်းကလည်း လင်မိန်ကျက်ကို တော်တော်လေး ဆဲဆိုကြိမ်းမောင်းတယ်နဲ့ တူတယ် .."

လုရိက မကျေမချမ်းနှင့် ရင်ဖွင့်တော့၏။

"ဆဲတာပေါ့ အစ်ကိုကြီးရ၊ ဒီကောင်က အရှက်ကိုမရှိဘူး … တကယ့်ကို ယုတ်မာတဲ့ကောင်။ ကျွန်တော် ကတော့ ဒီကောင်ကိုမြင်တာနဲ့ အကောက်ကြံတတ်တဲ့ 'လူချိုစိတ်ကောက်' လို့ တစ်ထစ်ချ မှတ်ထားတာပဲ။ ဒီကောင် ဘာပညာမှ ရှိတာ မဟုတ်ပါဘူး။ ညီမလေးက ကျောထောက်နောက်ခံရှိနေတော့ ဒီကောင် သိပ်ဘဝင်မြင့်နေတာ။ နို့မို့ရင် ဒီကောင် ကျွန်တော့်ကို ဘာလုပ်နိုင်မှာလဲ …"

လင့်ဟုချျုးသည် ရုတ်တရက် ဒေါသထွက်သွားတော့၏။ သူ့ဦးနှောက်ထဲတွင် ဂူထဲရှိ ဒေါင်းမြီးဖြာ ဓားသိုင်း ကွက်အား ချေဖျက်သည့် သိုင်းကွက်ကို လင်းခနဲလက်ခနဲ သတိရလိုက်တော့၏။ ထို့ကြောင့် မြေကြီးပေါ်မှ သစ်ကိုင်းတစ်ကိုင်းကို ကောက်ကိုင်လိုက်ပြီး ဒေါင်းမြီးဖြာ သိုင်းကွက်ကို မည်သို့ချေဖျက်၍ ရနိုင်ကြောင်း လုရိအား မြေကြီးပေါ်တွင် ရေးခြစ်ပြရန် ရည်ရွယ်လိုက်သည်။ သို့သော် ချက်ချင်းလိုလိုပင် ပြန်လည်စဉ်းစားရန် သူ့ဦးနှောက်က တိုက်တွန်းစေ့ဆော်လာသဖြင့် သစ်ကိုင်းကို ပြန်လည်လွှင့်ပစ်လိုက်ပြန်တော့၏။

"ညီလေးလုရိက လင်မိန်ကျက်ကို တော်တော်ကလေး မုန်းနေတာ၊ သူ့ကို ဒေါင်းမြီးဖြာ သိုင်းကွက်ကို ချေဖျက်တဲ့ အကွက်ကိုသာ သင်ပေးလိုက်ရင်တော့ လင်မိန်ကျက်ကို ဒဏ်ရာ ပြင်းပြင်းထန်ထန်ရအောင် လုပ်တော့မှာပဲ၊ လက်လွန်ခြေလွန်ဖြစ်သွားရင် သေတောင်သေနိုင်ဦးမယ်၊ အဲဒီအခါကျ ဆရာနဲ့ဆရာမက စစ်ဆေးမေးမြန်း လာရင် ငါ သင်ပေးလိုက်တယ်ဆိုတာ ပေါ်လာတော့မှာပဲ … နှစ်ယောက်စလုံး အပြစ်ဒဏ်ခံရမှာတော့ အသေအချာပဲ၊ ပြဿနာက မီးခိုးကြွက်လျှောက် ဖြစ်မယ့်ပြဿနာပဲ၊ သူ့ကို ဒီဖျက်ကွက်တွေကို သင်ပေးလို့ မဖြစ်သေးဘူး …"

လင့်ဟုချျုးက … "ညီလေးလုရိ တစ်ခါတစ်ရံ သတိလစ်ပြီး အခုလိုခံလိုက်ရတယ် မဟုတ်လား၊ အေး နောက်တစ်ခါ အဲ့သလို မခံရအောင်တော့ ကြပ်ကြပ်သတိထားပေါ့ …"

လုရိက လင့်ဟုချျုးအား စူးစူးစိုက်စိုက်ကြည့်ကာ တအံ့တသြဖြင့် မေးလိုက်သည်။

"အစ်ကိုကြီး … ကျွန်တော့်ဒဏ်ရာက ဒီလောက်ပြင်းတာ မဟုတ်ပါဘူး၊ ကျွန်တော် ခံသာပါတယ်၊ ဒါပေမယ့် အစ်ကိုကြီးက နေသာရဲ့လား …"

လုရိသည် လိန်လိန်နှင့်ပတ်သက်၍ ပြောလိုက်ခြင်းဖြစ်ကြောင်း လင့်ဟုချျုး ကောင်းကောင်းသိသည်။ လင့်ဟုချျုး၏ မျက်နှာတွင် ရင်ဝထဲမှ ဝေဒနာခံစားချက်များ၏ အရိပ်အယောင်များ ထင်ဟပ်လာတော့သည်။ လုရိသည် သူ့စကား မှားသွားပြီဖြစ်ကြောင်း ချက်ချင်းသိလိုက်မိတော့၏။ ထို့ကြောင့် ကမန်းကတန်းဖြင့် တောင်းပန်လိုက်သည်။

"ကျွန်တော် .. ကျွန်တော် စကားမှားသွားပါတယ်"

လင့်ဟုချျုးသည် လုရိ၏လက်ကို ဆုပ်ကိုင်ပြီး နှစ်သိမ့်လိုက်သည်။

"လုရိ .. မင်းပြောတာ မမှားပါဘူး၊ ဒါပေမယ့် .."

လင့်ဟုချျုး၏စကားသည် တစ်ပိုင်းတစ်စဖြင့် ရပ်ဆိုင်းသွားသည်။ အတန်ကြာမှ လေသံကိုထိန်း၍ ပြောလိုက်ရ သည်။

"လုရိ … နောက်ကို ဒီကိစ္စနဲ့ပတ်သက်လို့ ငါ့ကို နောက်ဘယ်တော့မှ မပြောနဲ့တော့ .."

လုရိသည် လင့်ဟုချျုးကို အလွန်တရာ ချစ်ကြောက်ရိုသေသူဖြစ်ရာ လုံးဝမပြောရဲတော့ချေ။

လင့်ဟုချျုးသည် လုရိပြန်သွားတော့မှ မီးတိုင်ကို မီးထွန်းညှိလိုက်ပြီး အတွင်းလိုဏ်ဂူ အတွင်းသို့ဝင်ကာ နံရံပေါ်မှဓားကွက်များကို အသေအချာ လေ့လာမိပြန်သည်။ သို့သော် လင့်ဟုချျုးခမျာ နှလုံးသား၏ နာကျင်မှုများကို မည်သို့မျှ မမေ့မလျော့နိုင်ဘဲ ဖြစ်နေရတော့၏။ နံရံပေါ်တွင်ရှိသော သိုင်းကွက်ပြ ရုပ်ပုံများကို ကြည့်လိုက်သည့် အခါတွင် ထိုရုပ်ပုံများကို မမြင်နိုင်တော့ဘဲ လင့်မိန်ကျက်နှင့် လိန်လိန်၏ မျက်နှာများကိုသာ မြင်ယောင်နေမိ တော့သည်။

လင့်ဟုချျုးသည် သက်ပြင်းတစ်ချက်ချကာ စိတ်ထဲတွင် …

"လင်မိန်ကျက်က ငါ့ထက်အများကြီး ရုပ်ချောပါတယ်။ အသက်လည်း ငယ်တယ်။ သူနဲ့ လိန်လိန်နဲ့ဆိုရင် ငါ့ထက်ပိုပြီး လိုက်ဖက်ပါတယ်" ဟု တွေးမိပြန်သည်။

လင့်ဟုချျုးသည် သူ၏ပျံ့လွင့်နေသော စိတ်များကို အားတင်း၍ စုစည်းလိုက်ရသည်။ သူ၏အာရုံများကို နံရံပေါ်ရှိ ရုပ်ပုံများ၌ စူးစိုက်၏။ ထိုအခါ ရုပ်ပုံထဲတွင် သူ၏ဆရာမက သူ့အား နောက်ဆုံးသင်ပေးခဲ့သည့် မြားပစ်ဓားကွက်ကို တွေ့လိုက်ရတော့သည်။ လင့်ဟုချျုး တုန်လှုပ်သွားပြန်၏။

"ဒီမြားပစ်ဓားကွက်ကို ဆရာမကိုယ်တိုင် တီထွင်ထားတာလို့ ငါ့ကိုပြောတာပဲ၊ ဘယ့်နှယ် အထဲမှာ မြားပစ်ဓားကွက်

ရောက်နေရတာလဲ၊ အံ့သြစရာတွေချည်းပါလား ...”

လင့်ဟူချုံးသည် ပုံများကို အသေအချာကြည့်လိုက်သောအခါ လုံးဝထပ်တူမဟုတ်ဘဲ အနည်းငယ်ကွာခြားမှု ရှိကြောင်း တွေ့ရသည်။ နံရံပေါ်ရှိဓားကွက်များက ဆရာမ၏ဓားကွက်များထက် ပို၍ပြင်းထန်ပြီး၊ ပို၍ပြတ်သားသည်။ ဆရာမက ထင်ပေါက်ကိုတိုက်ခိုက်ရန်အတွက် သူ့အား သင်ပေးလိုက်သည့် မြားပစ်ဓားကွက်မှာ ဤခါးကွက်နှင့် ယှဉ်ပါက လှည့်ပြောင်းကွက် အနည်းငယ်သာ ပါဝင်သည်။

လင့်ဟူချုံးသည် ခေါင်းကို တဆတ်ဆတ်ညိတ်ရင်း ... “ဟုတ်ပြီ .. ဟုတ်ပြီ၊ ငါနားလည်ပြီ၊ ဆရာမ တီထွင်ထားတဲ့ ဓားကွက်က ဒီပုံထဲကလူရဲ့ဓားကွက်နဲ့ သဘောချင်း ဆင်တူနေတယ်၊ အားလုံး ထပ်တူထပ်မျှ တူတာတော့ မဟုတ်ဘူး၊ သူတို့နှစ်ယောက်စလုံး ဝါဆန်းဂိုဏ်းက လူတွေဆိုတော့ သူတို့တီထွင်လိုက်တဲ့ ဓားကွက်က လည်းတူမှာဘဲ၊ အမှန်တော့ ဒီအချက်က သိပ်မထူးဆန်းပါဘူးလေ”

သို့သော် သူ၏အတွေးများသည် ဤတွင် ရပ်မသွားခဲ့ချေ။ ရှေ့ဆက်၍ စဉ်းစားမိပြန်၏။

“အင်း ... ရှေ့ဆက် စဉ်းစားတော့ကြည့်တော့မှ တွေးစရာပေါ်လာတယ်၊ ဒီနံရံပေါ်က ဓားကွက် အတော် များများကို ဆရာတို့တောင် သိကြပုံမရဘူး၊ ဆရာက ဝါဆန်းဂိုဏ်းရဲ့ နက်နဲတဲ့ ဓားသိုင်းပညာကို အစုံအလင် မသင်ခဲ့ရဘူးနဲ့ တူတယ် ..”

ဤသို့ စဉ်းစားပြီးသည်နှင့် နံရံပေါ်ရှိ ရုပ်ပုံများထဲမှ တုတ်ကိုင်ထားသူကို ကြည့်လိုက်သည်။ ထိုလူက သူ၏တုတ်ကို ဓားနှင့် တစ်တန်းတည်း ထိပ်တိုက်တွေ့ဆိုင် ပေးထားကြောင်းတွေ့ရသည်။ တုတ်နှင့်ဓားမှာ မျဉ်းတစ်ဖြောင့်တည်း ဖြစ်နေ၏။ လင့်ဟူချုံးမှာ ထိုပုံကိုမြင်လိုက်ရသည်နှင့် တုန်လှုပ်ချောက်ချား သွားသည်။ သူ့ရင်ထဲ၌ ကြောက်စိတ်များ ဝင်လာတော့သည်။ သူ့နှုတ်မှ တတွတ်တွတ် ရေရွတ်နေမိ၏။

သူသည် အတွေ့အကြုံအတော်အတန် ရင့်ကျက်နေသော ဓားသမားတစ်ယောက်ဖြစ်၏။ သူ အသေအချာ သိထားသောအချက် တစ်ခုရှိသည်။ တုတ်နှင့်ဓား တစ်တန်းတည်း ဖြစ်သောအခါမျိုးတွင် တုတ်မှာ မာကြောသည့် သဘောဆောင်လာပြီး ဓားမှာ ပျော့သောသဘော ဆောင်လာသည်။ နှစ်ဘက်စလုံးက မိမိတို့၏လက်နက်များကို အားထုတ်၍ တိုးထွက်လိုက်ကြလျှင် ဓားသည် မုချကျိုးသွား ရပေလိမ့်မည်။ ထိုအခါ တုတ်သမားက မနားဘဲ တစ်ဆက်တည်းဆက်၍ တိုက်ခိုက်လာပါက ဓားသမားအနေဖြင့် မည်သို့မျှ တတ်နိုင်တော့မည် မဟုတ်ချေ။

လင့်ဟူချုံး၏ စိတ်ဓာတ်များ အကြီးအကျယ် ပြိုပျက်ကျဆုံး လျက်ရှိနေချေပြီ။ ထိုနေရာ၌ အချိန်ကြာမြင့်စွာ ငေးကြောင်ရပ်ကြည့် နေတော့၏။ အတန်ကြာမှ သူ့မျက်လုံးအမြင်အာရုံသည် နံရံပေါ်ရှိ ဓားကွက်များဆီသို့ ပြန်လည် ရောက်ရှိ လာသည်။

ဓားသမား၏ ဓားကွက်မှာ ... အလွန်ထူးဆန်း ထွေပြားနက်နဲကြောင်း သူကောင်းကောင်းသိ၏။ သို့သော် ဓားသမား၏ ဓားကွက်များ မည်မျှ ခက်ခဲနက်နဲ အစွမ်းထက်စေကာမူ တုတ်သမားက ပို၍ ကြောက်စရာကောင်းသော ချေဖျက်ကွက်များနှင့် ချေဖျက်နိုင်ခဲ့သည်။ နောက်ဆုံးပုံကား .... ဝါဆန်းဂိုဏ်းသားသည် သူ၏ဓားကိုပစ်၍ ဒူးထောက် လက်မြှောက် အရှုံးပေးနေသော ပုံပင်တည်း။

လင့်ဟူချုံး၏ရင်ထဲတွင် ဒေါသဟူ၍ မြူတစ်မှုန်စာမျှပင်မရှိတော့။ သူ့၌ တည်ကြည်ခိုင်မာသော စိတ်ဓာတ်များလည်း ကိန်းအောင်းမနေတော့။ သိုင်းလောက၌ လူချွန်လူမွန် လက်ရည်ကောင်း သိုင်းသမားဖြစ်လိုသော သူ၏စိတ်ဓာတ်များသည်လည်း တာတမံကျိုးပေါက်၍ တရဟော စီးဆင်းသွားသော ရေများနှယ် ကျဆင်းပျောက်ပျယ် ကုန်ပေပြီ။

လင့်ဟူချုံး စိတ်ဓာတ်ပျက် သွားရပေပြီ။ အမှန်စင်စစ်အားဖြင့်လည်း တစ်ဘက်ရန်သူအား စိတ်ဆိုးရန် မရှိကြောင်း လင့်ဟူချုံး ကောင်းကောင်းသိသည်။ သူတို့၏ပညာက မိမိတို့၏ ပညာထက် ပိုမိုထက်မြက်နေသည် ပဲလေ။ မည်သူ့ကို စိတ်ဆိုးရမည်နည်း။ စိတ်ဆိုးရန်အကြောင်း လုံးဝမရှိတော့။ မိမိတို့ ဝါဆန်းဂိုဏ်း၏ဓားသိုင်းမှာ နံရံပေါ်မှ စာ၏ အဆိုအတိုင်း လုံးဝချေဖျက်ခြင်း ခံလိုက်ရလေပြီ။

ထိုတစ်ညအတွင်း ဂူအတွင်း၌ မည်မျှကြာသည်အထိ လှည့်ပတ်နေမိမှန်း မသိတော့ချေ။ သူ့ရင်တွင်း၌လည်း ဗလာ။ သူ၏ဦးခေါင်းတွင်း၌လည်း ဗလာဖြစ်နေတော့၏။ သူ့တစ်သက်တာ၌ ဤမျှလောက် စိတ်ဓာတ်ကျဆင်း ရခြင်းမျိုး တစ်ကြိမ်တစ်ခါမျှ မကြုံခဲ့ဘူးပေ။ လင့်ဟူချုံးသည် သူ၏စိတ်ထဲ၌ တွေးတောလိုက်မိသည်။

“ငါတို့ ဝါဆန်းဂိုဏ်းဟာ ဂိုဏ်းကြီးငါးဂိုဏ်းထဲမှာပါတာပဲ၊ သိုင်းလောကမှာလည်း နာမည်ကြီးနေတဲ့ ဂိုဏ်း တစ်ဂိုဏ်းပဲ၊ ဘာဖြစ်လို့ ငါတို့ဂိုဏ်းရဲ့သိုင်းပညာက ဒီလောက်အသုံးမကျအောင် ဖြစ်နေရတာလဲ၊ ဒီဂူထဲမှာရှိတဲ့

ဓားကွက်တွေထဲမှာ ဆရာတို့တောင်မသိသေးတဲ့ ဓားကွက်တစ်ထောင်ကျော်လောက် ရှိနေသေးတယ်၊ ဒီဓားကွက်တွေ အားလုံးကို ငါကျင့်လိုက်ရင် ဆရာ့ထက်တောင် ပိုတော်လာနိုင်တယ်၊ ဒါပေမယ့် ဘာအကျိုးထူးတော့မှာလဲ၊ ရန်သူက ဒီဖျက်ကွက်တွေကိုသိနေရင် ငါလည်း ဒူးထောက်အညံ့ခံ အရှုံးပေးရတော့မှာပဲ ...”

လင့်ဟူချုံးသည် ရုတ်တရက် စိတ်ကူးတခု ရလိုက်တော့၏။ အခြားစိတ်ကူးမဟုတ်ပေ။ ဤကျောက်ဂူတွင်းမှ သိုင်းကွက် ပြရုပ်ပုံများကို ဖျက်ဆီးပစ်ရန်ပင်တည်း။ သို့သော် ချက်ချင်းပင် အတွေးပြောင်းသွားပြန်သည်။

“ငါဟာ ယောက်ျားတစ်ယောက်လုပ်နေပြီး၊ ဘာဖြစ်လို့ ဒီလို သေးသိမ်ကျဉ်းမြောင်းတဲ့ စိတ်ထားမျိုး ထားရ တာလဲ၊ ရှုံးရင်ရှုံးတယ်ပေါ့၊ ငါတို့ ဝါဆန်းဂိုဏ်းက ညံ့လို့ခံရတဲ့ဥစ္စာ ဘာရှက်စရာရှိသလဲ”

ထိုအတွေးကြောင့် စောစောကရုပ်ပုံများကို ဖျက်ဆီးပစ်မည့်အကြံကို စွန့်လွှတ်လိုက်၏။ စိတ်ဓာတ် အေးအေး ဆေးဆေး တည်တည်ငြိမ်ငြိမ် ဖြစ်လာသဖြင့် အခြားရုပ်ပုံများကို လျှောက်ကြည့်နေမိတော့၏။ ကောင်းဆန်းဂိုဏ်း၊ ချုံးဆန်းဂိုဏ်း၊ ထိုက်ဆန်းဂိုဏ်း၊ ဟန်ဆန်းဂိုဏ်း စသော ဂိုဏ်းလေးဂိုဏ်း၏ ဓားကွက်အားလုံးကိုလည်း တစ်ကွက်ချင်း ဖျက်ပြထား၏။

လင့်ဟူချုံး၏စိတ်ထဲတွင် ... “ဒီလူတွေက ဘယ်သူတွေလဲ။ ဘာဖြစ်လို့ သူတို့က ငါတို့ဂိုဏ်းကြီးငါးဂိုဏ်းရဲ့ ဓားကွက်တွေအားလုံးကို ချေဖျက်နိုင်ရတာလဲ။ ဒီဓားကွက်တွေက ဒီနံရံပေါ်မှာပဲရှိနေပြီး ဘာဖြစ်လို့ သိုင်းလောက ထဲကို မပျံ့နှံ့ဘဲ တိမ်မြုပ်ပျောက်ကွယ်နေရတာလဲ။ ... အင်း ... ဒီဖျက်ကွက်တွေ အပြင်မှာ မရှိသေးလို့ ငါတို့ဂိုဏ်း နာမည်ကြီးနေ ရပါကလား” စသဖြင့် အခြေအနေ အမှန်ကို သုံးသပ်တွေးတော နေမိတော့၏။

ဂိုဏ်းကြီးငါးဂိုဏ်းအနေဖြင့် သိုင်းလောက၌ ဟုတ်လှပြီ။ တော်လှပြီဟု မာန်ဝင့်နေကြခြင်းမှာ အမှန်တကယ်တော့ အလွန်ကံကောင်း နေသောကြောင့်သာဖြစ်ကြောင်း လင့်ဟူချုံးအနေဖြင့် ကောင်းကောင်းကြီး သိလာမိတော့၏။ အကယ်၍ ဤနံရံပေါ်မှ ဖျက်ကွက်အားလုံး သိုင်းလောကထဲရောက်သွားပြီဆိုလျှင် ယခု နာမည်ကြီးနေသော ဂိုဏ်းကြီးငါးဂိုဏ်းသည် အလွန်သနားဖွယ်ကောင်းသော ဂိုဏ်းကြီးများဘဝသို့ နိမ့်ပါးကျဆင်းသွားပေလိမ့်မည်။ တိုက်ပွဲတိုင်း တိုက်ပွဲတိုင်း၌ မရှုမလှ ရှုံးနိမ့်သွားရပေလိမ့်မည်။

နောက်ဆုံး စိတ်ပင်ပန်းဆင်းရဲမှုကို မခံလိုတော့သဖြင့် သက်သာလိုသက်သာငြား ဂူအပြင်သို့ ထွက်လာမိ တော့သည်။ ဂူပြင်တွင် အကျအနထိုင်၍ အပြန်ပြန်အလှန်လှန် စဉ်းစားနေစဉ် ခြေသံကြားလိုက်ရသဖြင့် လှည့်ကြည့် လိုက်သောအခါ လိန်လိန်တစ်ယောက် ထမင်းလာပို့သည်ကို တွေ့လိုက်ရတော့၏။

လင့်ဟူချုံး၏ နှလုံးသားများသည် တဒိတ်ဒိတ်ခုန်လာတော့သည်။ လင့်ဟူချုံးက ... “ညီမလေး ..” ဟု လှမ်းခေါ် လိုက်၏။

သို့သော် လိန်လိန်က လုံးဝပြန်မထူးဘဲ ထမင်းခြင်းကို ချပြီးသည်နှင့် ပြန်လှည့်ကာ တောင်အောက်သို့ ပြန် ဆင်းသွားတော့သည်။

လင့်ဟူချုံးမှာ ဆက်ခေါ်ရန် အင်အားမရှိတော့သကဲ့သို့ လိန်လိန်၏ ကျောပြင်ကလေးကိုသာ ငေးကြည့်နေမိ တော့သည်။ သူ၏ရင်ထဲတွင် စိတ်ဆင်းရဲပင်ပန်းခြင်းတည်းဟူသော မီးသည် အလျှံညီးညီးဖြင့် တောက်လောင်နေ တော့၏။ ထို့ပြင် သူ နားမလည်နိုင်သော အချက်တစ်ချက် ရှိနေသည်။ ထို့ကြောင့် တစ်ကိုယ်တည်း ရေရွတ်နေမိ တော့၏။

“ညီမလေးက ငါ့ကို စိတ်ဆိုးနေတယ်ဆိုရင် ဘာဖြစ်လို့ ထမင်းချိုင့်လာပို့ရသေးတာလဲ။ သူမပို့ဘဲနဲ့ လုရို ဖြစ်ဖြစ် ပို့ခိုင်းလိုက်ပေါ့။

စိတ်မဆိုးဘူးဆိုရင်လည်း ဘာဖြစ်လို့ ငါ့ကို စကားမပြောဘဲနဲ့ ပြန်ဆင်းသွားရတာလဲ ...”

ထိုညတွင် လင့်ဟူချုံး အိပ်ရေးပျက်ရပြန်၏။

× × × × ×

## ထူးဆန်းသော ဓားကွက်

နောက်တစ်နေ့ ညနေစောင်းတွင် လိန်လိန်ပင် ထမင်းလာပို့ပြန်၏။ တောင်ထိပ်မရောက်မီကပင် လိန်လိန်၏ သီချင်းသံကို ကြားနေရသည်။

လိန်လိန်၏ အသံကလေးမှာ သာယာလှသော်လည်း လင့်ဟုချုံးအနေဖြင့် သိပ်နား မလည်ချေ။

သို့သော် သူသိသည့် အချက်မှာ လိန်လိန်သည် ဖုကျိုးစကားသံဖြင့် သီချင်းဆိုနေခြင်းပင်တည်း။

လင့်ဟုချုံးမှာ နှလုံးသားကို ဓားပါးပါးဖြင့် အစိပ်စိပ် အမွှာမွှာ ခွဲစိပ်ခံနေရသကဲ့သို့ နာကျင်စွာ ခံစားနေရတော့၏။

လိန်လိန်၏ စိတ်သဘောကိုလည်း သိသယောင်ဖြစ်လာသည်။

"လက်စသတ်တော့ သူက ငါ့ကို တမင်သက်သက် နှိပ်စက်နေတာကိုး .."

လိန်လိန်သည် ခြင်းတောင်းထဲမှ ထမင်းဘူးကိုထုတ်ပြီး ချထားလိုက်သည်။

ချက်ချင်းပင် ပြန်လှည့်၍ ဆင်းသွားမည်ပြုသည်တွင် လင့်ဟုချုံးက မနေနိုင်တော့ပဲ တားလိုက်မိ၏။

"ညီမလေး .. ခဏနေပါဦး .. ငါ ညီမလေးနဲ့ စကားပြောစရာရှိတယ် .."

လိန်လိန်ကမူ မျက်နှာကလေးကို ခပ်တင်းတင်းထားပြီး ... "ဘာပြောစရာရှိလို့လဲ .."

လင့်ဟုချုံးသည် အံကြိတ်၍ ချင့်မရဲမေးလိုက်သည်။

"ညီမလေးက ဘာဖြစ်လို့ စိတ်ဆိုးနေရတာလဲ၊ ညီမလေးကို ငါ ဘာများလုပ်မိလို့လဲ ..."

လိန်လိန်က ရုတ်တရက် အော်လိုက်သည်။

"ရှင် မသိဘူးလား၊ အဖေနဲ့အမေကို လုရှိသွားတိုင်တာ ရှင်တိုင်ခိုင်းတာ မဟုတ်ဘူးလား၊ ဒါကိုရှင်က မသိချင်ဟန် ဆောင်နေရသလား"

လိန်လိန်၏ အသုံးအနှုန်းများသည် အလွန်စိမ်းကားသော အသုံးအနှုန်းများဖြစ်ကြောင်း သိမိသော်လည်း စကားအသုံးအနှုန်းထက် အကြောင်းအရာကို ပို၍စိတ်ဝင်စားနေမိသော လင့်ဟုချုံးသည် အလွန်ပင် အံ့သြသွား တော့၏။

"လုရှိက သွားတိုင်တယ်၊ ဟုတ်လား၊ လုရှိက ဘာတွေတိုင်လို့လဲ၊ ငါက ဆရာနဲ့ဆရာမကို ဘာတွေ တိုင်ခိုင်းလို့လဲ .."

လိန်လိန်က ဒေါသသံကလေးဖြင့် အော်ပြန်သည်။

"အဖေနဲ့ အမေတို့က ကျွန်မကိုချစ်မှန်း၊ အလိုလိုက်မှန်းသိတော့ ကျွန်မအပြစ်တွေ သွားတိုင်ရင် ကျွန်မကို အပြစ်ပေးမှာ မဟုတ်ဘူးဆိုတာ သိနေတော့ ကျွန်မကို မတိုင်ဘဲနဲ့ ... သူ... သူ့ကို သွားတိုင်တာပေါ့လေ၊ ဟင်း... အခုမှ မသိချင်ဟန်ဆောင်မနေစမ်းပါနဲ့ .."

ထိုကဲ့သို့ ကြားလိုက်ရသောအခါမှ လင့်ဟူချိုး နားလည်သဘောပေါက် လာတော့၏။ ထိုသို့ သဘောပေါက် နားလည်လာလေ သူ့ရင်မှာ နာလာရလေ ဖြစ်တော့သည်။ သူက မေးလိုက်သည်။

"လုရှိနဲ့ လင်မိန်ကျက် ဓားသိုင်းကစားရင်း ဒဏ်ရာရတဲ့ကိစ္စကို ဆရာတို့သိသွားလို့ လင်မိန်ကျက်ကို အပြစ်ဒဏ် ပေးလိုက်တယ်နဲ့တူတယ်၊ ဟုတ်လား"

သူ့စိတ်ထဲတွင် ပြောလိုက်သည့် စကားကိုတော့ လိန်လိန်ကြားမည် မဟုတ်ပါချေ။ သူ့စိတ်ထဲတွင် ပြော လိုက်သည့်စကားမှာ ... "ဆရာတို့က လင်မိန်ကျက်ကို အပြစ်ပေးတာနဲ့ ညီမလေးက ဘာဖြစ်လို့ ငါ့ကို ဒီလောက် စိတ်ဆိုးပြီး ဒေါသထွက် နေရတာလဲကွယ်" ဟူ၍ပင် ဖြစ်တော့သည်။

လိန်လိန်က ... "ဟုတ်တယ် ... ဟုတ်တယ်... အဖေက ကျွန်မကို လင်မိန်ကျက်နဲ့ ဓားသိုင်း မကစား ရတော့ဘူးလို့ တစ်ချက်လွှတ် ပိတ်ပင်လိုက်ပြီ၊ အခု လင်မိန်ကျက်ကို ကျွန်မက ဓားသိုင်း သင်မပေးရတော့ဘူး၊ ရှင်က ဒါကို လိုချင်တာမဟုတ်လား၊ ရှင်နိုင်သွားပြီ၊ ဒါပေမယ့် ကျွန်မကတော့ တစ်သက်လုံးအရေးမစိုက်တော့ဘူး..."

ဤ 'တစ်သက်လုံးအရေးမစိုက်တော့ဘူး' ဆိုသည့်စကားလေးမှာ လင့်ဟူချိုးနှင့် လိန်လိန်တို့ ယခင့်ယခင်က နောက်ပြောင်ကျီစယ်နေကျ စကားကလေးပင် ဖြစ်တော့သည်။ ယခင်က ဤစကားကလေးကိုပြောလျှင် လိန်လိန် မျက်စောင်းကလေးထိုး၍ ပြုံးတုံ့တုံ့နှင့် ချစ်စဖွယ် ပြောတတ်သည်။ သို့သော် ယခုတစ်ကြိမ် ပြောသည့်စကားကမူ မျက်နှာထားကို တင်းမာစွာထား၍ ခက်ထန်ပြတ်သားစွာ ပြောလိုက်ခြင်းဖြစ်ရာ လင့်ဟူချိုးမှာ ရင်ကျိုးမတတ် ခံစားလိုက်ရတော့၏။

လင့်ဟူချိုးက မိမိသည် လုရှိအား တိုင်ခိုင်းလိုက်ခြင်းမဟုတ်ကြောင်း ရှင်းပြရန် စိတ်ကူးလိုက်မိ၏။ သို့သော် ...

"ငါမှမဟုတ်တာဘဲ။ ငါက ဘာဖြစ်လို့ရှင်းပြနေရမှာလဲ။ နောက်ပိုင်းကျရင် သူ့ဘာသာသူ သိလာမှာပါပဲ" ဟု စဉ်းစားလိုက်မိသဖြင့် လင့်ဟူချိုးသည် ခေါင်းတယမ်းယမ်းဖြင့် ပြောလိုက်သည်။

"ငါတော့ နားမလည်တော့ဘူး၊ ညီမလေးက လင်မိန်ကျက်ကို ဓားသိုင်းမသင်ရတော့ဘူးဆိုလည်း ဘာဖြစ် သလဲ၊ ဘာဖြစ်လို့ငါ့ကို ဒီလောက် စိတ်ဆိုးနေရတာလဲ"

လိန်လိန်က ဒေါသဖြင့် အော်လိုက်သည်။

"ဟုတ်တယ် ... ဘာဖြစ်သလဲ .. စိတ်ဆိုးတယ်၊ တစ်သက်လုံး စိတ်ဆိုးတယ် ... " ပြောရင်း ခြေကို ဆောင့်ကာ တောင်အောက်သို့ ဆင်းသွားတော့၏။

နောက်တစ်နေ့တွင်မူ လုရှိလာရောက် ထမင်းပို့သည်။ လုရှိသည် လင့်ဟူချိုး ထမင်းစားရန် ပြင်ဆင်ပေးစဉ် မနေ့ညက ထမင်းခွက်၌ ထမင်းများ ကျန်နေသည်ကို တွေ့လိုက်ရသောအခါ အလွန်ပင် စိတ်မကောင်း ဖြစ်သွား တော့၏။

လုရှိသည် လင့်ဟူချိုးက လိန်လိန်အပေါ်ထားရှိသည့် ချစ်မေတ္တာကို ကောင်းစွာသိနားလည်သည်။ ယခု လိန်လိန်နှင့် အဆင်မပြေ ဖြစ်နေကြသဖြင့် သူ့အစ်ကိုကြီးသည် စားမဝင် အိပ်မပျော်ဖြစ်လျက် ချစ်ဝေဒနာကို ခံစားနေရခြင်း ဖြစ်ကြောင်း လုရှိ သိရှိမိ၏။ လင့်ဟူချိုး၏ မျက်နှာမှာလည်း တစ်နေ့တခြား ပိန်ချုံးလာတော့သည်။ တစ်ပတ်ခန့်ကြာ သော် အအိပ်အစား မမှန်သောကြောင့် လည်းကောင်း၊ အအေးဒဏ်ကြောင့် လည်းကောင်း၊ အချစ်ဝေဒနာ ခံစားရမှုကြောင့် လည်းကောင်း၊ အကြောင်းကြောင်း ပေါင်းစုံလျက် လင့်ဟူချိုး ဖျားတော့သည်။

ထိုအခါ ဂိုဏ်းတူညီအစ်ကိုများသည် နှစ်ယောက်လျှင် တစ်ဖွဲ့သတ်မှတ်၍ နေ့စဉ်နေ့တိုင်း တစ်ဖွဲ့ပြီးတစ်ဖွဲ့ လာရောက်ပြုစု စောင့်ရှောက်ကြသည်။ လိန်လိန်သည် အစပထမ၌ လုရှိညာပြောသည်ဟု ထင်မှတ်သဖြင့် လိုက်မကြည့် ချေ။ အားလုံးက တကယ်ပင် ဖျားနေကြောင်းပြောတော့မှ ယုံကြည်ပြီး လုရှိနှင့် တောင်ပေါ်သို့ လိုက်ပါကြည့်ရှုသည်။

လိန်လိန်သည် လင့်ဟူချိုး၏ ပိန်ချုံးလှသော မျက်နှာကို တွေ့ရသောအခါ စိတ်မကောင်းဖြစ်သွားတော့သည်။

သူမက လင့်ဟူချိုး၏ ဘေးတွင်ထိုင်ကာ ငြင်သာသော လေသံကလေးဖြင့် ..

"အစ်ကိုကြီး ... ကျွန်မ လာကြည့်တယ်လေ ... ကျွန်မကို သိတယ်မဟုတ်လား ... အစ်ကိုကြီး ကျွန်မကို စိတ်မဆိုး ပါနဲ့နော်" ဟု တောင်းပန်စကား ပြောရာသည်။

လင့်ဟူချိုး၏မျက်နှာတွင် မည်သည့်အမူအရာမျှမရှိချေ။ လိန်လိန်အား တစ်ချက်မျှ စိုက်ကြည့်လိုက်ပြီး မျက်စိများကို ပြန်မှိတ်၍ မှိန်းနေတော့သည်။ လင့်ဟူချိုးခံစားရသည့် အဖျားရောဂါမှာ အာဂန္တုဖျား မဟုတ်ချေ။ လဝက်နီးပါး ကြာသည့် တိုင် အကြီးအကျယ် ဖျားခဲ့ရသည်။ ထိုရက်များအတွက် လိန်လိန်က သုံးကြိမ်လာကြည့်သည်။

လင့်ဟူချိုး၏ အမူအရာများမှာ ထူးဆန်းနေသည်။ အမူအရာများ အေးဆေးနေရုံမျှမက စကားပြောရာတွင်လည်း ငြင်သာသည်။ ယခင်က မည်သို့မျှ ကတောက်ကဆမဖြစ်ခဲ့သည့်အလား လိန်လိန်အား အေးချမ်းစွာ စကားပြောသည်။

သို့သော် လင့်ဟူချိုး၏ အခြေအနေကို လုရိုတစ်ယောက်သာ ကောင်းကောင်းသိသည်။ လင့်ဟူချိုး၏ အသည်းနှလုံးများ ကြေကျပျက်စီးနေလေပြီ။ သို့သော် သူဘာမျှမခံစားရသကဲ့သို့ ဟန်ဆောင်ဖုံးကွယ်နေခြင်းသာ ဖြစ်တော့၏။

ထိုနေ့ညနေစောင်းတွင် လင့်ဟူချိုးသည် တောင်ထိပ်တွင်ထိုင်၍ တွေဝေငေးမောနေမိသည်။ ထိုစဉ် လုရိုပ်နှစ်ခုတို့သည် တောင်ထိပ်ပေါ်သို့ တရိပ်ရိပ်ဖြင့် လျင်မြန်စွာ တက်လာနေသည်ကို တွေ့လိုက်ရသည်။ ထိုလူနှစ်ဦးတို့၏ ကိုယ်ဖော့သိုင်းပညာမှာ အလွန်မြင့်မားလှကြောင်း မြင်ယုံနှင့်သိလိုက်မိသည်။ မည်မျှလောက် မြန်သနည်းဟူမူ တောင်တက်လာရာတွင် မြေပြင်တွင် လမ်းလျှောက်သကဲ့သို့ ထင်မှတ်ရသည်အထိ ဖြစ်နေတော့၏။

အသေအချာ ကြည့်လိုက်သောအခါ ... သူ၏ဆရာနှင့် ဆရာကတော်တို့ ဖြစ်နေသည်ကို တွေ့ရှိရတော့သည်။ လင့်ဟူချိုးသည် ဝမ်းသာအားရ ထအော်ဟစ်မိတော့သည်။

"ဆရာ .. ဆရာမ"

ထိုအချိန်မှာ ရက်ပုချွန်နှင့် ဖူးလင်တို့ လင်မယားနှစ်ယောက်တို့သည် တောင်ထိပ်သို့ ရောက်ရှိလာတော့၏။ လင့်ဟူချိုးသည် ဝမ်းသာအယ်လဲပြေး၍ ကြိုဆိုမိသည်။

ရက်ပုချွန်သည် လင့်ဟူချိုးကိုကြည့်၍ မျက်မှောင် မသိမသာကုတ်လိုက်၏။ ရက်ပုချွန်သည် လူ့စိတ် လူ့သဘောကို အလွန်နားလည်သူ တစ်ယောက်ဖြစ်ရာ သူ့တပည့်ကြီး လင့်ဟူချိုး၏ အကြောင်းကို ကောင်းကောင်း သိပေသည်။ သူ့တပည့်သည် နှလုံးသား နူးညံ့ပျော့ပျောင်းသူဖြစ်ရာ အလွန်တရာ စိတ်ထိခိုက်လွယ်သူ တစ်ယောက်ဖြစ်ကြောင်း သိထား၏။ သည်တစ်ကြိမ် သူတို့လင်မယား ခရီးရှည်ထွက်ရာမှ ပြန်ရောက်လာလျှင် ရောက်ချင်း လင့်ဟူချိုး ဖျားနာကြောင်း ကြားသိရတော့၏။ အကြောင်းရင်းကို အသေအချာ စစ်မေးသောအခါ၌လည်း ... ကျန်တပည့်များ၏ အခြေအနေမှာ ဝိုးတဝါးဖြစ်နေသည်ကို တွေ့ရှိရသည်။

သို့သော် သူတို့၏လေသံများ၌ လင့်ဟူချိုးသည် လိန်လိန့်အတွက်ကြောင့် စိတ်သောကဝေဒနာ ခံစားနေရသည် ဆိုသည့်အချက်ကို ရိပ်ဖမ်းသံဖမ်း သိလိုက်ကြသည်။ ထိုအခြေအနေများကြောင့် ရက်ပုချွန်မှာ စိတ်အနှောင့် အယှက်ဖြစ်သွားရခြင်းဖြစ်ရ၏။ ဤပုံအတိုင်းဆိုပါလျှင် လင့်ဟူချိုးအား ယခုခြောက်လအထိ ဂူပိတ်ထားခြင်းမှာ မည်သည့်အကျိုးကျေးဇူးကိုမျှ မရရှိရုံမက ရှိနေသည့် မူလအခြေအနေကပင် ဆုတ်ယုတ်သွားခဲ့ရချေပြီ။

ဖူးလင်သည် လင့်ဟူချိုး၏ နွမ်းနယ်သော မျက်နှာကို မြင်လိုက်ရသောအခါ လွန်စွာ ကရုဏာသက် သွားမိတော့သည်။ ကြင်နာယုယသော လေသံဖြင့် ...

"လူကလေး .. မင်းဆရာနဲ့ ငါ အခုပဲ ခရီးရှည် ထွက်ရာက ပြန်လာခဲ့ကြတာ၊ မင်းဖျားတယ်လို့ ကြားတာနဲ့ အခုချက်ချင်း တက်လာခဲ့ကြတာပဲ၊ မင်း နေကောင်းရဲ့လား ..." ဟု ငြင်သာစွာ မေးလိုက်တော့သည်။

လင့်ဟူချိုးသည် သူ့ဆရာနှင့် ဆရာမတို့၏ ကြီးမားသော မေတ္တာစေတနာနှင့် အရေးတယူ ဂရုတစိုက် ပြုမှုကို တွေ့မြင် ခံစားလိုက်ရသောအခါ မျက်ရည်များ ဝဲလာတော့သည်။ မျက်ရည်ပေါက်ကြီးများ ခိုတွဲမလာစေရန် ကြိုးစားထိန်းသိမ်းရင်းက ...

"ဟုတ်ကဲ့ ... နေကောင်းသွားပါပြီ ဆရာမ"

ဖူးလင်သည် သူမယူလာသည့် ခြင်းတောင်းထဲမှ ဖန်ခွက်တစ်လုံးကို ထုတ်ယူကာ ...

"ဒါ ဆေးမြစ်ပေါင်းစုံနဲ့ ပေါင်းထားတဲ့ အားဆေးရည်ပဲ၊ ဒီဆေးသောက်လိုက်ရင် ခဏလေးနဲ့ ကုန်ခမ်းနေတဲ့ အားအင်တွေ ပြန်ရနိုင်တယ်၊ မင်းသောက်လိုက်" ဟု ဆေးရည်ဖန်ခွက်အား လှမ်းပေးတော့သည်။

လင့်ဟူချိုး၏ ရင်ထဲ၌ ဆို့တက်လာတော့သည်။ ဤသို့သောကြင်နာမှု၊ ဂရုစိုက်မှုမျိုးကို သူ့ဆရာနှင့် ဆရာမ ထံမှသာ ရရှိခဲ့ရသည်။ လင့်ဟူချိုးသည် တုန်ယင်သော လက်များနှင့် ဖန်ခွက်ကို လှမ်းယူကာ ဆေးရည်ကို မော့သောက်လိုက်တော့၏။

ရက်ပုချွန်ကမူ လင့်ဟူချိုး၏ လက်ကို ဖမ်းဆွဲပြီး လက်ကောက်ဝတ်သွေးခုန်ကြောကို စမ်းသပ်ကြည့်လိုက်သည်။ လင့်ဟူချိုး၏ အတွင်းအားသိုင်းများ ထိတ်လန့်စဖွယ် ဆုတ်ယုတ်သွားခဲ့ချေပြီ။

ရက်ပုချွန် မျက်မှောင်များသည် ပို၍ကုတ်သွားတော့သည်။ သူက ...

"အဖျားရောဂါကတော့ ပျောက်ပါပြီ ... ဒါပေမယ့် မင်းဒီလတွေမှာ ဘာလုပ်နေသလဲ .. မှန်မှန်ပြောစမ်း .. မင်းရဲ့အတွင်းအားက အများကြီးတိုးတက်လာရမှာ ... အခုကြည့်စမ်း ... မတိုးတက်တဲ့အပြင် အများကြီးပြန်ဆုတ်ယုတ်သွားတယ် ... မင်းဘာတွေလုပ်နေသလဲ ..."

လင့်ဟူချိုးသည် မျက်နှာကြီးနီရဲလျက် ခေါင်းကိုသာ တွင်တွင်ကြီး ငုံ့ထားတော့၏။

ဖူးလင်က … "လူလေး .. မင်းရဲ့ဆရာက မင်းကိုတောင်ထိပ်မှာ တစ်နှစ်ဂူပိတ်တာက ဒဏ်ခတ်တယ် လို့သာဆိုတာ၊ တကယ့်တကယ်တော့ မင်းကို တစ်နှစ်အတွင်းမှာ အတွင်းအားသိုင်းပညာရော၊ ဓားသိုင်းပညာပါ အများကြီး တိုးတက်လာအောင် ကြပ်မတ်ပေးလိုက်တဲ့သဘောပဲ၊ ဒီတောင်ထိပ်မှာ ဆိတ်ဆိတ်ငြိမ်ငြိမ်နဲ့ သိုင်းပညာ ကျင့်နိုင်အောင် ပို့ထားတဲ့သဘောပဲ .. အခုတော့ .. ဟင်း .."

လင့်ဟူချုံးမှာ အလွန်ပင် ရှက်သွားရတော့သည်။ သူက တိုးညှင်းသောလေသံဖြင့် ..

"ကျွန်တော် အမှားကိုသိပါပြီ"ဟု ကတိစကားပြောကြားလိုက်တော့၏။

ရက်ပုချွန်က … "သိုင်းလောကကြီး တစ်ခုလုံးက မီးဖိုပေါ်က ရေနွေးအိုးကြီးလို ဆူပွက်နေတယ်၊ မတည်မငြိမ်ဖြစ်နေတယ်။ ငါနဲ့မင်းရဲ့ဆရာမက တစ်ချိန်လုံး ပြေးလွှားနေကြရတယ်။ မင်းက ငါ့တပည့်တွေထဲမှာ ဝါစဉ်အကြီးဆုံး။ ငါတို့နှစ်ယောက်ကလည်း မင်းကိုအားအကိုးဆုံး။ နောက်တစ်နေ့မှာ မင်းက ငါတို့ရဲ့တာဝန်တွေကို ခွဲယူနိုင်မယ်လို့ မျှော်လင့်ထားခဲ့တယ်။ အခုတော့ မင်းက ဘာမဟုတ်တဲ့ အချစ်ရေးကိစ္စကလေးနဲ့ ကိုယ့်ရဲ့တက်လမ်းကို ဖျက်ဆီးပစ်တယ်။ ငါတို့ သိပ်ကို စိတ်ပျက်သွားတယ် .."

သူ့ဆရာ၏မျက်နှာတွင် တကယ်ပင် စိတ်ပျက်သော အမူအရာကို တွေ့မြင်လိုက်ရ သောအခါ လင့်ဟူချုံးမှာ ပို၍ရှက်သွားပြီး နောက်တလည်း ရမိတော့၏။

ထို့ကြောင့် ဆရာ့ကိုဦးချကန်တော့လိုက်ပြီး ..

"ဆရာ … ကျွန်တော့်နောက်ကို ဒီလိုမဖြစ်စေရပါဘူး …"ဟု ပြောလိုက်မိ၏။

ရက်ပုချွန်က ဝပ်တွားနေသော လင့်ဟူချုံးအား ဆွဲထူလိုက်ပြီး …

"မင်းအမှားကိုမင်းသိရင် ငါကျေနပ်ပြီ၊ နောက်လဝက်ကြာရင် မင်းရဲ့ဓားသိုင်း ဘယ်အဆင့်ရောက်ပြီဆိုတာ ငါလာစစ်ဆေးမယ်" ဟု ပြောကာ လှည့်ထွက်သွားတော့၏။

လင့်ဟူချုံးက လှမ်း၍အော်လိုက်သည်။

"ဆရာ … ဆရာ ကျွန်တော် တစ်ခုပြော …"

သူက ကျောက်ဂူအတွင်းမှ အတွေ့အကြုံများကို ပြန်ပြောရန် လှမ်းအော်လိုက်ခြင်းဖြစ်၏။ သို့သော် ရက်ပုချွန်က လက်တစ်ချက် ယမ်းပြပြီး အောက်ဆင်းသွားတော့၏။

ဖူးလင်က တိုး ညှင်းသော လေသံဖြင့် …

"လင့်ဟူချုံး ဒီလဝက်မှာ ကောင်းကောင်းကြိုးစားနေ၊ ဒီကိစ္စက မင်းရဲ့ဘဝမှာ သိပ်အရေးကြီးတယ်၊ အချိန် တွေကို အချည်းနှီး ဖြုန်းပစ်မနေနဲ့ …" ဟု ပြောသည်။

လင့်ဟူချုံးက … "ဟုတ်ကဲ့ ဆရာမ … ကျွန်တော်တစ်ခုပြော …"

သူက ကျောက်ဂူတွင်းမှသိုင်းကွက်များကို ပြောပြရန် စကားစလိုက်သည်။ သို့သော် ဖူးလင်ကလည်း ရက်ပုချွန်ကဲ့သို့ပင် စကားကိုလုံးဝနားမထောင်ဘဲ လက်ယမ်းပြကာ သူမ၏ ယောကျ်ားနောက်သို့ ပြေးလိုက်သွားတော့၏။

လင့်ဟူချုံးမှာမူ စကားတစ်ပိုင်းတစ်စဖြင့် ငေးမော ကျန်ရစ်ခဲ့လေတော့သည်။ မည်သို့ပင်ဖြစ်စေ၊ ယခုကဲ့သို့ ဆရာနှင့် ဆရာမတို့နှစ်ဦး လာရောက် တွေ့ဆုံခြင်းသည် သူ့အတွက် အားသစ်လောင်း ပေးလိုက်သကဲ့သို့ ဖြစ်သွားသည်ကား အမှန်ပင်ဖြစ်တော့၏။

ထို့ကြောင့် သူတို့ဝါဆန်းဂိုဏ်း၏ ဓားသိုင်းကို အစအဆုံး သေချာစွာ ပြန်လည်လေ့ကျင့်တော့သည်။ သို့သော် ဓားကွက်တစ်ကွက် ကစားလိုက်တိုင်း ထိုဓားကွက်ကို မရှုမလှ လုံးဝချေဖျက်နိုင်သည့် ကျောက်ဂူအတွင်းမှ တုတ်ကွက်များကို ပြန်လည်မြင်ယောင်လာမိတော့၏။ ထိုအခါ သူ့ဓားကွက်များကို အဆုံးသတ်အထိ မကစားနိုင်တော့ဘဲ တစ်ပိုင်းတန်းလန်းဖြင့် စိတ်ပျက်လက်ပျက် ရပ်ပစ်မိသည်သာ ဖြစ်တော့၏။ လင့်ဟူချုံးက စဉ်းစားလိုက်သည်။

"ဂူထဲက အဖျက်ဓားကွက်တွေကို ဆရာနဲ့ဆရာမကို မပြောပြလိုက်ရတာ သိပ်ဆိုးတာပဲ၊ အင်းလေ … လဝက်ကျရင် ဆရာတို့ရောက်လာတော့ ကျောက်ဂူထဲကအဖြစ်အပျက်တွေကို သေသေချာချာ ပြောပြရတော့မှာပဲ၊ ဆရာတို့ကတော့ ငါ့စိတ်ထဲမှာ ငါတို့ဓားသိုင်းတွေကို စိတ်ပျက်နေရတာကို လျော့ပါးသွားအောင် ရှင်းပြနိုင်မှာပဲ .."

ဤသို့နှင့် လဝက်ပင် ကုန်သွားတော့၏။ ရက်ပုချွန်တို့ လင်မယားသည် တောင်ထိပ်သို့ တက်လာကြပြန်၏။ ယခုတစ်ကြိမ်တွင်တော့ လုရို၊ လောင်တက်နှင့် လိန်လိန်တို့သုံးယောက် ပါလာကြသည်။ သို့သော် လင့်ဟူချုံးက စိတ်အကြီးအကျယ် လှုပ်ရှားသွားသော်လည်း သူ၏အမူအရာများ မပျက်အောင်၊ အခြားသူများ မရိပ်မိအောင် ထိန်းသိမ်းထားနိုင်လိုက်သည်။ သူ၏ တည်ငြိမ်နေပြီးဖြစ်သည့် စိတ်များသည် လိန်လိန်ကို တွေ့လိုက်ရသည်နှင့် ဤမျှ လှုပ်လှုပ်

ရှားရှား ဖြစ်ရသည်ကို သူ့ကိုယ်သူပင် အံ့ဩနေမိတော့၏။

လင့်ဟူချုံးက ဆရာနှင့် ဆရာမတို့ကို ဂါရဝ ပြုလိုက်သည်။ လုရိုကမူ လင့်ဟူချုံးအား ဆရာနှင့် ဆရာမတို့၏ ဤမျှ ဂရုတစိုက် ရှိကြသည်ကို ဂုဏ်ယူသောအကြည့်ဖြင့် လှမ်းကြည့်ပြီး မျက်စိတစ်ချက် မှိတ်ပြ၏။

ရက်ပုချွန်က လင့်ဟူချုံးကိုစိုက်ကြည့်ကာ … "လင့်ဟူချုံး … ကောင်းထန်း မနေ့ညက ချန်အန်းမြို့ကပြန် လာတယ်၊ ထင်ပေါ်ကတော့ ချန်အန်းမြို့မှာ အကြီးအကျယ် သောင်းကျန်းနေပြီတဲ့ …"

လင့်ဟူချုံးက တအံ့တဩလေသံဖြင့် ပြန်မေးလိုက်သည်။

"ထင်ပေါ်က ချန်အန်းမြို့ကို ရောက်နေတယ် …"

ရက်ပုချွန်က … "အေး .. ချန်အန်းမြို့က သိုင်းဆရာကြီး ခေါက္ကျမ်းကို မင်းသိသလား .."

လင့်ဟူချုံးက ခေါင်းညိတ်လျက် …

"ကျွန်တော် သိပါတယ်ဆရာ၊ သူက ကျားပွတ်သိုင်းနဲ့ သိပ်နာမည်ကြီးတဲ့ဆရာကြီး မဟုတ်လား ဆရာ၊ ထင်ပေါ်ဆိုတဲ့ ကောင်က ဆရာကြီးရဲ့ အိမ်မှာတောင် သွားသောင်းကျန်းရဲတယ် ဟုတ်လား" ဟု ပြန်မေးလိုက်၏။

ရက်ပုချွန်က မမြင်နိုင်သည့် အဝေးတစ်နေရာကို လှမ်းကြည့်ပြီး ဖြည်းညင်းစွာ ပြောလိုက်သည်။

"သိုင်းဆရာကြီး ခေါက္ကျမ်းရဲ့ ဒုတိယသမီးကလေးဟာ တစ်နေ့ကပဲ ကိုယ့်ကိုယ်ကိုယ် ကြိုးဆွဲချ သတ်သေ လိုက်တယ် .."

လင့်ဟူချုံးသည် ထင်ပေါ်ဘာလုပ်သည်ကို သိလိုက်သည်။ ထိုမိန်းကလေးကို ကျူးလွန် စော်ကားလိုက်၍သာ ဤသို့ ကိုယ့်ကိုယ်ကိုယ် သတ်သေခြင်း ဖြစ်ပေလိမ့်မည်။ လင့်ဟူချုံးသည် ထိုသတင်းကို ကြားလိုက်ရသည်နှင့် ဟာခနဲ ဖြစ်သွားတော့သည်။

"ထင်ပေါ်က တကယ်ဆိုးတဲ့လူပဲ၊ ဒီလိုလူစားမျိုးကို လောကထဲမှာ ထားဖို့မကောင်းဘူး၊ သတ်ပစ်ဖို့ပဲ ကောင်းတယ် …"

ရက်ပုချွန်က … "တကယ်လို့ မင်းမှာ သူ့ကိုသတ်နိုင်တဲ့ အရည်အချင်းရှိရင် မင်းကို ငါက တစ်နှစ် မပြည့်သေးခင် တောင်ပေါ်က ဆင်းခွင့်ပေးလိုက်မယ်၊ မင်းရဲ့ဆရာမက မင်းကိုသင်ပေးထားတဲ့ 'မြားပစ်ဓားကွက်' ကို အခုလောက်ဆို တော်တော် ကျွမ်းကျင်နေရောပေါ့၊ မင်းအနေနဲ့ အခု မင်းဆရာမနဲ့ ဒီဓားသိုင်းကွက်ကစားရမယ်၊ ဒီတစ်ကွက်ကို ပိုင်ပိုင်နိုင်နိုင် ကစားနိုင်ရင် ထင်ပေါ်ကို ရှုံးလိမ့်မယ်လို့ ငါမထင်ဘူး …"

ဆရာ၏ ထိုစကားများကို ကြားလိုက်ရသော လင့်ဟူချုံး၏နှုတ်ခမ်းများ တလှုပ်လှုပ် တရွရွ ဖြစ်လာတော့၏။ 'မြားပစ်ဓားကွက်' ဟူ၍လည်း အသံမထွက်ဘဲ အကြိမ်ကြိမ် ရေရွတ်မိပြန်သည်။ သူ့နဖူးတွင် ချက်ချင်းပင် ချွေးများ စို့လာတော့၏။

သူတောင်ပေါ်ရောက်ခါစက ဤဓားကွက်ကို အဆက်မပြတ် နေ့တိုင်းလိုလို လေ့ကျင့်ခဲ့သည်။ သို့သော် နောက်ပိုင်း ဂူတွင်းရှိ ကျောက်နံရံပေါ်မှ ဓားသိုင်းကွက်များကို တွေ့လိုက်ရသောအခါ မြားပစ်ဓားကွက်အပေါ်၌ လုံးဝ ယုံကြည် အားထားမှု မရှိတော့။ ထို့ကြောင့် ထိုဓားကွက်ကိုလည်း ဆက်၍ မကျင့်တော့ပေ။

ယခု ဆရာက ဤဓားကွက်ကို လေ့ကျင့် ကစားပြခိုင်းလျက် ရှိနေချေပြီ။ လင့်ဟူချုံးသည် သူ့ဆရာအား ထုတ်ပြောလိုက်ချင်သည်။

"ဆရာ … ဒီအကွက်က သေရေးရှင်ရေးကိစ္စမှာ ဘယ်လိုမှအသုံးမချနိုင်ဘူး၊ တစ်ဘက်ရန်သူက အလွယ်ကလေး ဖျက်ပစ်နိုင်တယ်" ဟူ၍ …

သို့သော် လောင်တက်၊ လုရိုနှင့် လိန်လိန်တို့၏ရှေ့တွင် သူ့ဆရာမ အလွန်ဂုဏ်ယူနေသော ဓားကွက်ကို အသုံးမကျဟု မည်သို့မျှပြော၍မဖြစ်ချေ။ ရက်ပုချွန်ကမူ လင့်ဟူချုံး၏မျက်နှာ၌ ထူးဆန်းသောအရိပ်အယောင် အမူအရာများ ထွက်နေသည်ကို ရိပ်မိသိရှိသဖြင့် …

"ဒီဓားကွက်ကို ကျင့်လို့မရသေးဘူးလား။ လင့်ဟူချုံး … ကိစ္စမရှိဘူး .. မင်းရဲ့အတွင်းအားက သိပ်မပြည့် သေးတော့ နည်းနည်းကျင့်ရခက်တာပေါ့ … ဒါပေမယ့် အချိန်ကြာလာရင် တဖြည်းဖြည်းနဲ့ ရသွားမှာ" ဟု နှစ်သိမ့် စကားပြောကြားသည်။

ဖူးလင်သည် ပြုံး၍ … "လူလေး မင်းဆရာကို ကန်တော့လိုက် … မင်းဆရာက မင်းကို မိုးကြိုးအတွင်း အားသိုင်း သင်ပေးဖို့ ဆုံးဖြတ်လိုက်ပြီ .."

လင့်ဟူချုံး၏စိတ်ထားများသည် ရပ်တည်ထိန်းချုပ်မရနိုင်လောက်အောင် လှုပ်ရှားကုန်တော့သည်။ သူက ချက်ချင်း

ဒူးထောက်ရန် ဟန်ပြင်လိုက်၏။

သို့သော် ရက်ပုချွန်က တားဆီးလိုက်ပြီး ပြုံး၍ … ‘လင့်ဟူချုံး၊ မိုးကြိုးအတွင်းအားသိုင်းက ငါတို့ရဲ့ အဆင့်အမြင့်ဆုံးသိုင်းပညာပဲ … ငါဟာ ဒီသိုင်းပညာကို တော်ရုံတန်ရုံနဲ့ သင်ပေးလေ့မရှိဘူး၊ မသင်ပေးဘူးဆိုတော့ ငါက သင်ပေးရမှာကို နှမြောလို့မထင်နဲ့ အဲဒီလိုမဟုတ်ဘူး … ဒီသိုင်းပညာကိုကျင့်ရင် အင်မတန် စိတ်တည်ငြိမ်ရတယ်၊ တခြားဘာမှမစဉ်းစားရဘူး၊ လေ့ကျင့်နေရင်း ခရီးတစ်ဝက်မှာ ရပ်ဆိုင်းလို့လည်းမရဘူး၊ ရပ်တာနဲ့ လေ့ကျင့်တဲ့လူကို ကောင်းကောင်းဒုက္ခပေးတော့မှာပဲ၊ လင့်ဟူချုံး မင်းရဲ့နှစ်ဝက် အခြေအနေကို ငါကြည့်ဦးမယ်၊ ပြီးမှ မိုးကြိုးအတွင်းအား သိုင်းပညာကို သင်ပေးသင့် မပေးသင့် ဆိုတာကို စဉ်းစားမယ်၊ ငါက ငါ့ပညာကို ဘယ်လောက်ပဲ ပေးချင်ပေးချင် ယူမယ့်လူက မယူတတ်ရင်လည်း အလကားပဲ .. ‘ပေးကား ပေး၏။ မရ’ ဆိုတာ လို ဖြစ်သွားလိမ့်မယ် …” ဟု လေးလေးနက်နက် ပြောသွား၏။

လောင်တက်တို့ သုံးယောက်စလုံးမှာ လင့်ဟူချုံးကို အားကျသော အကြည့်များဖြင့် ငေးမောကြည့်နေမိကြ တော့သည်။

ဖူးလင်ကရယ်၍ … “ကဲ .. လူလေး .. မင်းရဲ့ ဓားကိုထုတ်တော့၊ ငါတို့ ဆရာတပည့်သုံးယောက် ထင်ပေါ်ကို ဆုံးမဖို့ အခုမှ ဇာတ်တိုက်ကြရမှာ” ဟု ပြောလေတော့၏။

လင့်ဟူချုံးက တအံ့တဩဖြင့် .. “ဆရာ .. ကျွန်တော်တို့ သုံးယောက်စလုံး ထင်ပေါ်ကို သွားတိုက်မယ် ဟုတ်လား ..” ဟု မေးလိုက်၏။

ဖူးလင်က ရယ်ရင်းရှင်းပြသည်။

“အေးလေ … ငါတို့သုံးယောက်စလုံး သွားတိုက်ကြမှာ .. စိန်ခေါ်တော့ မင်းက စိန်ခေါ်ရမှာ .. ငါနဲ့ မင်းရဲ့ဆရာက နောက်ကနေ မင်းကို အကူအညီပေးမယ်၊ ဘယ်သူကပဲ သူ့ကိုသတ်သတ်၊ မင်းသတ်တယ်လို့ပဲ ပြောရမယ်၊ ငါတို့ နှစ်ယောက်က ထင်ပေါ်ကို သတ်တယ်ဆိုရင် ဘယ်လောက် သိက္ခာကျမလဲ ..”

“ဒီလိုဆိုရင် အဖေတို့အမေတို့ကသာ နောက်ကကူညီပေးမယ်ဆိုရင် သမီးလည်း သူ့ကိုဘယ်ကြောက်မလဲ၊ သမီးလည်း ဒီလူကို စိန်ခေါ်ရဲတာပေါ့၊ သူ့ကိုသတ်ပြီးရင် သမီးကသတ်တယ်လို့ ပြောလိုက်မှာပေါ့၊ မကောင်းဘူးလား ..” ဟု ပြောနေတော့သည်။

ဖူးလင်က သမီးဖြစ်သူအား ပြုံးရယ်ကြည့်ရင်း ပြန်ရှင်းပြလိုက်သည်။

“ဘာလဲ… သမီးက မနာလိုဖြစ်နေတာလား။ မဖြစ်နဲ့ … မဖြစ်နဲ့ … အကြောင်းရှိတယ်၊ မင်းအစ်ကိုကြီးက ထင်ပေါ်နဲ့ သုံးလေးခါလောက် တိုက်ခိုက်ဖူးတဲ့လူ။ တိုက်တာတောင်မှ သူသေကိုယ်သေ တိုက်ခိုက်ခဲ့တာ။ ဒီတော့ ထင်ပေါ် ဓားသိုင်းရဲ့ အထာကို သမီးရဲ့အစ်ကိုကြီးက နည်းနည်းသိနေပြီ၊ သမီးရဲ့သိုင်းပညာက မဖြစ်စလောက်ဆိုတော့ ဘယ်ဖြစ် လိမ့်မလဲ။ ဒီလို လူဆိုးလူယုတ်မာမျိုးနဲ့ တိုက်ရင် အရှက်လည်းရ၊ သိက္ခာလည်းကျမှာပေါ့ သမီးရဲ့ ..”

စကားဆုံးသည်နှင့် ဖူးလင်သည် လျှပ်ပြက်သကဲ့သို့ လျင်မြန်လှသောအဟုန်ဖြင့် သူမ၏ဓားကို ဆွဲထုတ်လိုက်ပြီး လင့်ဟူချုံးကို ထိုးလိုက်တော့၏။

လင့်ဟူချိုးကလည်း တပည့်ကြီးပီပီ အလွန်လျင်မြန်လှသည်။ ချက်ချင်းပင် သူ့စားကိုဆွဲထုတ်ကာ ကာကွယ်လိုက်နိုင်သည်။

'ထန်း' ခနဲ စားချင်းရိုက်ခတ်လိုက်သည်နှင့် လင့်ဟူချိုးမှာ နောက်သို့တစ်လှမ်း ဆုတ်လိုက်ရတော့၏။ ဖူးလင်က ဆက်တိုက်ပင် ခြောက်ချက်တိတိ ထိုးစိုက်လိုက်သည်။

လင့်ဟူချိုးကလည်း ၆ ချက်စလုံးကို ကျွမ်းကျင်လျှန်မြန်စွာ ကာကွယ်လိုက်သည်။

ဖူးလင်က တစ်ချက်အော်လိုက်သည်။

"လင့်ဟူချိုး ပြန်တိုက်လေ .."

သူမက စားကွက်များကို ပြောင်းလိုက်တော့သည်။ ဝါဆန်းဂိုဏ်း၏ စားကွက်များ မဟုတ်တော့ဘဲ လျင်လျင်မြန်မြန်ခုတ်၊ ထိုး၊ ထွက်၊ ခတ်သော ထင်ပေါ၏စားကွက်မျိုးကို သုံးလိုက်၏။

လင့်ဟူချိုးက ရုတ်ခြည်း သဘောပေါက်လိုက်သည်။ သူ့ဆရာမက ထင်ပေါ၏ စားကွက်များကို ဖျက်နိုင်သည့်အကွက်များ ရှာခိုင်းခြင်းပင်ဖြစ်တော့သည်။

သို့မှသာ ထင်ပေါနှင့် နဖူးတွေ့ ဒူးတွေ့ ရင်ဆိုင်တိုက်ခိုက် ရသည့်အခါ သူ၏ ဟာကွက်ပျော့ကွက်များကို ဖိနင်း၍ အနိုင်တိုက်ခိုက်နိုင်ပေလိမ့်မည်။

ပွဲမဝင်မီ အပြင်က လေ့ကျင့်ခြင်းသာဖြစ်၏။

ဖူးလင်၏ စားကွက်များမှာ တစ်ကွက်ထက်တစ်ကွက် ပိုမြန်လာသည်။

လိန်လိန်က သူ့အဖေအား ...

"အဖေ အမေရဲ့ စားကွက်က မြန်တော့မြန်ပါရဲ့၊ ထင်ပေါရဲ့ စားကွက်နဲ့တော့ မတူဘူး .." ဟု ပြောလိုက်သည်။

ရက်ပုချွန်က ပြုံးပြီး ... "သမီး နားမလည်သေးဘူး၊ ထင်ပေါက သိုင်းပညာတော်တယ်၊ သူ့ရဲ့စားသိုင်းနဲ့ တစ်ထေရာတည်းတူအောင် တော်တော့လူ ဘယ်လိုမှမကျင့်နိုင်ဘူး၊ ဒါပေမယ့် သူ့စားသိုင်းရဲ့ အဓိကအချက်က မြန်တာပဲ၊ ထင်ပေါကိုနိုင်ချင်ရင် သူ့ရဲ့လျင်မြန်မှုကို ထိန်းချုပ်နိုင်ရမယ်။ ... ဟော ... လင့်ဟူချိုးက မြားပစ်စား ကွက်ကို သုံးပြီကိုး ... ကောင်းတယ် ... ကောင်းတယ် ..."

ဟု သမီးအား ရှင်းပြနေရာမှ တိုက်ပွဲမြင်ကွင်းကိုကြည့်ရင်း မှတ်ချက်ချနေတော့၏။

လင့်ဟူချိုးက သူ၏ဘယ်ပခုံးကို နောက်သို့အနည်းငယ် ယို့လိုက်ပြီး ညာလက်က နောက်သို့ အနည်းငယ် ကွေးသွားသည်နှင့် မြားပစ်စားကွက်ကို ထုတ်တော့မည် ဖြစ်ကြောင်း ရက်ပုချွန်က သိလိုက်သည်။ လင့်ဟူချိုးသည် အကွက်ထုတ် လိုက်ခြင်းမှာ အချိန်သင့် အခါသင့်ပင် ဖြစ်တော့သည်။ ထို့ကြောင့် ကျေနပ် သဘောကျသွားပြီး ... "ကောင်းတယ် .. ကောင်းတယ်" ဟု မှတ်ချက်ချလိုက်ပြီး ဖြစ်၏။

သို့သော် သူ့စကားမဆုံးသေးမီ လင့်ဟူချိုး၏စားမှာ လုံးဝအားအင်ချည့်နဲ့သွားပြီး ပုံပျက်ပန်းပျက် ဖြစ်သွားသည်ကို တွေ့လိုက်ရတော့သည်။ ရက်ပုချွန်သည် သက်ပြင်းတစ်ချက်ချကာ စိတ်ထဲ၌ ရေရွတ်လိုက်မိ၏။

"နှမြောလိုက်တာ ... ဒီတစ်ကွက်ကျမှ ပုံပျက်သွားတယ်"

ဖူးလင်ကမူ လုံးဝအလျှော့မပေးချေ။ သူမက ဆက်တိုက်ပင် ထိုးစိုက်နေတော့သည်။ ထိုအခါ လင့်ဟူချိုးမှာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်လာတော့၏။ ရက်ပုချွန်၏ မျက်မှောင်များ ကုတ်လာတော့၏။ အဘယ်ကြောင့် ဆိုသော်

လင့်ဟူချုံး၏ တိုက်ခိုက်ခုခံပုံမှာ စောစောကပုံစံနှင့်စာလျှင် အပြုနှင့် အမည်းကဲ့သို့ လုံးဝခြားနားသွား၍ ဖြစ်သည်။

ဓားကွက်များ တွန့်ဆုတ်တွန့်ဆုတ် ဖြစ်လာသည်ကို တွေ့လာရသည့်အပြင် တစ်စုံတစ်ခုက သူ၏လက်ကို တုန့်ဆွဲထားသကဲ့သို့ ဖြစ်နေသည်ကို တွေ့ရသောကြောင့်တည်း။ ထို့ပြင် သူ၏ခုခံမှုများသည် စည်းစနစ်မရှိတော့ကြောင်းကိုပါ တွေ့လာရ၏။

သူသည် ဖူးလင်၏ဓားကွက်များကို ခုခံနေသည်ကတော့ မှန်သည်။ သို့သော် သူတို့၏ဝါဆန်းဂိုဏ်း၏ ဓားကွက်များနှင့် ခုခံနေသည်မဟုတ်။ ဓားကွက်ဆယ်ကွက်တွင် လေးကွက်ခန့်မှာ သူတို့ဂိုဏ်း၏ ဓားကွက်များမဟုတ်ချေ။ မည်သည့်ဓားကွက်မှန်း ရက်ပုချွန်လည်း မသိပေ။ ထို့ကြောင့် ရက်ပုချွန်၏ မျက်နှာမှာ ကြာလေ ကြည့်ရဆိုးလေ ဖြစ်လာတော့၏။

ရက်ပုချွန် ဒေါသထွက် စိတ်ဆိုးလာချေပြီ။ ရက်ပုချွန်သည် တစ်ခုကိုတော့ သတိပြုနေမိသည်။ လင့်ဟူချုံး၏ ဓားကွက်များမှာ စည်းစနစ် လုံးဝမရှိသော်လည်း ဖူးလင်၏ ပြင်းထန်သော ဓားကွက်များကိုမူ ကောင်းစွာ ခုခံနေနိုင်ခြင်းပင်ဖြစ်သည်။ သို့သော် တဖြည်းဖြည်း နောက်ဆုတ်ခုခံနေသဖြင့် နောက်ဆုံး သူ့ကျောမှာ ကျောက်နံရံနှင့် ကပ်နေလေပြီ။

လောင်တက်နှင့် လုရိုတို့ကမူ ဓားကွက်များနှင့် ပတ်သက်၍ သိပ်နက်နက်နဲနဲ သိလှသည်တော့ မဟုတ်ချေ။ သို့သော် သူတို့ဆရာမျက်နှာသည် လွန်စွာတင်းမာနေသည်ကို တွေ့ရသောအခါတွင်မူ ရင်တမမ ဖြစ်လာကြတော့၏။ ဖူးလင်အနေဖြင့် ဤကဲ့သို့ လျင်မြန်သော ဓားကွက်များ သုံးနေခြင်းမှာ လင့်ဟူချုံးအနေဖြင့် 'မြားပစ်ဓားကွက်' ထုတ်သုံးလာအောင် ပရိယာယ်ဆင် တိုက်ခိုက်နေခြင်း ဖြစ်သည်။

သို့သော် လင့်ဟူချုံးမှာ သူမဖြစ်စေချင်သလို ရှပ်ရှပ်ချွံချွံခုခံ တိုက်ခိုက်ခြင်းမရှိဘဲ စိတ်မပါသလိုလို ကြောက်ရွံ့နေသလိုလို ဖြစ်နေသည်။ လင့်ဟူချုံးသည် ကလေးဘဝငယ်စဉ် ကာလကတည်းက ... မည်သည့်အရာကိုမျှ ကြောက်ရွံ့တတ်သူမဟုတ်ကြောင်း သိရှိထားရာ ယခုကဲ့သို့ ကြောက်ရွံ့တွန့်ဆုတ်နေသည်ကို မြင်ရသောအခါ ချက်ချင်း သတိပြုမိလိုက်တော့၏။ အဘယ်ကြောင့် ဤသို့ဖြစ်နေရသည်ကိုလည်း ရုတ်တရက် မစဉ်းစားတတ်အောင် ဖြစ်နေသဖြင့် ဖူးလင်မှာ ဒေါသထွက်လာပြီး အော်လိုက်တော့၏။

"လင့်ဟူချုံး ... ဟိုဓားကွက်ကို မသုံးသေးဘူးလား ..."

လင့်ဟူချုံးသည် 'ဟုတ်ကဲ့' ဟု ပြောလိုက်ပြီး မြားပစ်ဓားကွက်ကို သုံးလိုက်တော့၏။ သည်တစ်ကြိမ် လင့်ဟူချုံး သုံးလိုက်သောအကွက်မှာ သိပ်မဆိုးလှသဖြင့် ကျေနပ်သွားသည်။ သူမက ဘေးသို့ တိမ်းရှောင်လိုက်ပြီး ဓားဖြင့် ကာလိုက်သည်။

လင့်ဟူချုံးကမူ ထိုဓားကွက်ကို ထုတ်သုံးပြီးသည်နှင့် သူ့စိတ်ထဲတွင် အတွေးတစ်ခု အလိုလိုရောက်လာတော့၏။

"ဒီဓားကွက်က ဘာသုံးလို့ရမှာလဲ၊ နောက်ဆုံးရှုံးရမှာပဲ ..."

ထိုသို့တွေးနေစဉ် သူ၏ဓားကို ဖူးလင်က ခုခံလိုက်ခြင်းဖြစ်ရာ တိုက်ပွဲ၌ အာရုံလက်လွတ် ဖြစ်သွားတော့၏။ လင့်ဟူချုံးမှာ နှုတ်မှလည်း 'ဟာ' ခနဲ အော်မိတော့သည်။

ထိုစဉ် ဖူးလင်က သူမ၏ 'မြားပစ်ဓားကွက်'ကို လျှပ်တစ်ပြက်ထုတ်သုံး၍ လင့်ဟူချုံးကို ထိုးလိုက်တော့၏။ ယခုဓားချက်သည် လင့်ဟူချုံးကို ပထမဆုံး ဓားကစားပြစဉ်ကထက် ပိုမိုအားပြင်းသည်။ အဘယ်ကြောင့်ဆိုသော် လင့်ဟူချုံး စောစောက ဤဓားကွက်ကို ထုတ်သုံးရာတွင် သူမလိုချင်သည့်ဓားကွက်ကို စံချိန်မီ မဖော်ပြနိုင်ခြင်းကြောင့် သူမ၏ဓားကွက်အစွမ်းကို ပိုမိုပေါ်လွင်စေလို၍ ဤသို့ အားပိုမို ထုတ်သုံးလိုက်ခြင်း ဖြစ်တော့သည်။ ဖူးလင် အနေဖြင့် လင့်ဟူချုံးကို ထိခိုက်စေလိုသော စိတ်လုံးဝမရှိချေ။

သို့သော် ဓားမှာ လျင်မြန်လွန်းလှသဖြင့် လင့်ဟူချုံးမှာ မည်သို့မျှ မရှောင်နိုင်ချေ။ ရက်ပုချွန်သည် လိန်လိန်၏ဓားကို ရုတ်တရက် ဆွဲထုတ်လိုက်တော့၏။ ဤသို့ ဆွဲထုတ်လိုက်သော်လည်း သူ့အနေဖြင့် မည်သို့မျှ မမီနိုင်တော့ကြောင်း သိပြီးဖြစ်၏။ သူ ခုန်ထွက်လိုက်သည့် အချိန်တွင် ဖူးလင်၏ဓားမှာ လင့်ဟူချုံးကို ထိုးစိုက်ပြီး ဖြစ်နေလောက်ပေပြီ။

ဤမျှ တိုတောင်းသော အချိန်ကလေးတွင် လင့်ဟူချုံးသည် နောက်ဆုံး ကြံရာမရတော့သည့်အဆုံး သူ့ခါးကြားမှ ဓားအိမ်ကိုဆွဲ၍ ကိုယ်ကို အနည်းငယ်အောက်သို့နှိမ့်ချလိုက်ကာ ဓားအိမ်ကို ဖူးလင်၏ဓားနှင့် တစ်တန်းတည်းဖြစ်အောင် ထိုးချိန်လိုက်တော့၏။

ဤအကွက်သည် ကျောက်ဂူနံရံပေါ်မှ တုတ်ကွက်ဖြစ်သည်။ လင့်ဟူချုံးမှာ လက်ထဲတွင် ဓားမရှိတော့သဖြင့် ယခုကဲ့သို့ အရေးကြီးသောအချိန်တွင် သူ့အာရုံများ အလိုအလျောက် အလုပ်လုပ်သွားပြီး 'မြားပစ်ဓားကွက်' ၏ ဖျက်ကွက်ကို ထုတ်သုံးလိုက်မိခြင်း ဖြစ်တော့၏။

ထိုအခါ 'ချပ်' ခနဲ အသံတစ်သံ မြည်သွားပြီး ဖူးလင်၏ဓားမှာ ဓားအိမ်ထဲသို့ တိုးဝင်သွားတော့သည်။ အကြောင်းမှာ လင့်ဟူချိုးသည် ဖူးလင်၏ဓားချက်ကို ခုခံရန်အတွက် သူ၏ဓားအိမ်ကို ကမန်းကတန်း ဖြုတ်ယူလိုက် ရာတွင် ဓားအိမ်ဝမှာ ရှေ့သို့ရောက်သွားသဖြင့် ဖူးလင်၏ဓားသည် ဓားအိမ်တွင်းသို့ အပ်ကျမတ်ကျ ဝင်သွားခြင်း ဖြစ်တော့၏။ ဖူးလင်မှာ မမျှော်လင့်သော အဖြစ်ကြောင့် ရုတ်တရက် ထိတ်လန့်တုန်လှုပ်သွား၏။

တစ်ဆက်တည်းပင် လက်ကောက်ဝတ်၌ မခံမရပ်နိုင်အောင် နာကျင်သွားသဖြင့် လက်ထဲမှဓားကို လွှတ်ချလိုက်ရတော့၏။ လင့်ဟူချိုးမှာ တစ်ဆက်တည်းပင် သူ၏ဓားအိမ်ကို ရှေ့သို့ ဆက်တိုက်ထုတ်လိုက်သည်။ ထိုအချိန် တွင် သူ၏ဓားကွက်များကို ရပ်တန့်နိုင်စွမ်း မရှိတော့ပေ။ လှုပ်ရှားမှု အားလုံးသည် ဇယ်စက်သကဲ့သို့ အလို အလျောက် လှည့်ပတ် ဖြစ်ပွားနေပြီဖြစ်၏။

ဓားအိမ်ကို လင့်ဟူချိုးက ရှေ့သို့တိုးထုတ်လိုက်သဖြင့် ဓားအိမ်ဝတွင်တစ်နေသော ဖူးလင်၏ဓားနှောင့်မှာ သူမ၏လည်မျိုသို့ လာရောက်ထိုးမိလေတော့၏။ ဖူးလင်မှာ လက်မှ ဓားလွတ်သွားကတည်းက ငေးကြောင်မိနေပြီဖြစ် ၍ မည်သို့မျှ ကာကွယ်ရှောင်တိမ်းနိုင်စွမ်း မရှိတော့ချေ။ အားလုံး အလန့်တကြား အော်ဟစ်မိကြတော့၏။

× × × × ×

ဘေးနားတွင် ရပ်ကြည့်နေသော ရက်ပုချွန်သည်လည်း ထိတ်လန့်သွားတော့၏။ ဒေါသလည်း ထွက်လာ တော့သည်။

သူ့လက်ထဲကဓားဖြင့် လင့်ဟူချိုး၏ဓားအိမ်ကို ဖျောင်းခနဲရိုက်ချလိုက်သည်။

သည်တစ်ကြိမ်တွင် သူ့အနေဖြင့် အလွန်အသုံးပြုခဲလှသည့် မိုးကြိုးအတွင်းအားသိုင်းကို ထုတ်သုံးလိုက်ခြင်း ဖြစ်တော့သည်။

လင့်ဟူချိုးမှာ တစ်ကိုယ်လုံး ငွေ့ငွေ့တက် ပူလောင်သွားသကဲ့သို့ ခံစားလိုက်ရပြီး နောက်သို့ သုံးလေးလှမ်းခန့် ဆုတ်သွားကာ ဖင်ထိုင်လျက် လဲကျသွားတော့သည်။

သူ၏ဓားအိမ်နှင့် ဓားအိမ်ဝတွင်ဝင်နေသည့် ဖူးလင်၏ဓားသည်လည်း ခုနစ်ပိုင်းခန့် ကျိုးပြတ်သွားတော့ သည်။

ထိုအချိန်တွင်ပင် ဖူးလင်၏တိုက်ကွက်ကြောင့် မိုးပေါ်သို့ လွင့်စဉ်တက်သွားသော လင့်ဟူချိုး၏ ဓားသည်လည်း မြေကြီးသို့ ပြန်ပြုတ်ကျလာ၏။

အဖြစ်အပျက်မှာ အလွန်လျင်မြန်စွာ ဖြစ်ပွားခဲ့ရခြင်း ဖြစ်သည်။

လင့်ဟူချိုး 'ဟာ' ခနဲ ဖြစ်ပြီး သူ့ဓားမိုးပေါ်သို့ လွင့်စဉ်တက်သွားရာမှ မြေကြီးပေါ်သို့ ပြုတ်ကျသည့် အချိန်အတွင်း ထိုအဖြစ်အပျက်များ ဖြစ်ပွားခဲ့ရခြင်းဖြစ်သည်။

လောင်တက်တို့ သုံးယောက်မှာမူ ထိုနေရာ၌ ပါးစပ် အဟောင်းသားဖြစ်ကာ သွေးဆုတ်ဖြူရော်သော မျက်နှာများဖြင့် ငေးကြောင်နေကြတော့၏။

ရက်ပုချွန်ကမူ ချက်ချင်း ရှေ့သို့ လှမ်းတက်သွားကာ လင့်ဟူချိုး၏မျက်နှာကို လက်ဝါးဖြင့် လေးချက်တိတိ ရိုက်ချလိုက်တော့၏။ တုန်ယင်နေသော ဒေါသသံဖြင့် အော်လိုက်သည်။

"လင့်ဟူချိုး ... လူမိုက် ဘာလုပ်တာလဲ ..."

လင့်ဟူချိုးမှာမူ တစ်ခေါင်းလုံး ချာချာလည်တော့၏။ သူက ဒူးထောက်လိုက်ပြီး အက်ကွဲသောလေသံဖြင့် တောင်းပန်ရန် ကြိုးစားလိုက်သည်။

"ဆရာ .. ဆရာမ .. ကျွန် ... ကျွန်တော်"

ရက်ပုချွန်၏ဒေါသသံသည် အမြင့်ဆုံး အခြေအနေသို့ ဆိုက်ရောက်နေပြီဖြစ်၏။

"လူမိုက် ... ဒီနှစ်ဝက်အတွင်း မင်း ဒီတောင်ထိပ်မှာ ဘာတွေလာလုပ်နေတာလဲ၊ ဘာတွေ လာလေ့ကျင့်နေတာလဲ၊ ပြောစမ်း ..."

ရက်ပုချွန်၏အသံသည် တောတောင်အတွင်း ဟိန်းထွက်နေသည်။

လင့်ဟူချိုးက ... "ကျွန်တော် ... ကျွန်တော် ... ဘာမှမကျင့်ပါဘူး ..."

"ဘာပြောတယ် ... မင်းမကျင့်ဘူး ဟုတ်လား ... ဒါဖြင့်စောစောက သုံးလိုက်တဲ့ ဓားကွက်က ဘယ်က ထွက်လာတာလဲ ..."

လင့်ဟူချိုးမှာ သူ့တစ်သက်တာအတွင်း ဒေါသမကြီးစဖူးအလွန်ကြီးနေသည့် သူ့ဆရာ၏ တင်းမာခက်ထရော် လှသည့်မျက်နှာကို တွေ့လိုက်ရသောအခါ ဂူထဲမှ ရုပ်ပုံများအကြောင်း လုံးဝမပြောရဲတော့ချေ။

သူက ထစ်ထစ်ငေါ့ငေါ့ဖြင့် ... "ကျွန် ... ကျွန်တော် မစဉ်းစားဘဲနဲ့ လုပ်မိလုပ်ရာတွေ လျှောက်လုပ်လိုက် တာပါ ..." ဟု ဖြေကြားလိုက်မိ၏။

ရက်ပုချွန်သည် သက်ပြင်းရှည်ကြီး တစ်ချက်ချကာ ... "ငါထင်သားပဲ၊ မင်းမစဉ်းစားဘဲ အရမ်းလုပ်လိုက်တာလို့၊ ဒီအတွက်ကြောင်း ငါ စောစောက ဒေါသထွက်မိတာ၊ လင့်ဟူချိုး မင်းကိုယ်မင်း သိရဲ့လား၊ မင်းအခု လမ်းမှားကို ရောက်နေပြီ၊ မင်း ခြေကျွံနေပြီ၊ ဒါတွေ မင်းသိရဲ့လား၊ ကိုယ့်ကိုယ်ကိုယ် သတိပြုမိရဲ့လား ..." ဟု လေးလေးကြီး မေးလိုက်တော့၏။

"ဆရာ .. ကျွန်တော် ဘယ်လိုမှ မသိပါဘူးဆရာ၊ ဆရာရှင်းပြမှ ကျွန်တော်သိမှာပါ ..."

အတန်ကြာတော့မှ ဖူးလင်သည် စိတ်တည်ငြိမ်မှုပြန်ရသွားသည်။ လင့်ဟူချိုး၏ ဖူးယောင်နေသော မျက်နှာကို တွေ့လိုက်ရသောအခါ ကရုဏာသက်သွားပြီး ...

"ကဲ ... မင်း မတ်တတ်ရပ်လိုက်တော့ ... ဒီကြားထဲက ကိစ္စတွေကို မင်းဘာမှမသိဘူး ..." ဟု လင့်ဟူချိုး အားပြောရင်း သူမ၏ယောကျ်ား ရက်ပုချွန်အား လှည့်ပြောလိုက်သည်။

"အစ်ကိုကြီး လင့်ဟူချိုးက ဉာဏ်လည်းထက်တယ် ... ပါးလည်း ပါးနပ်တော့ ဒီနှစ်ဝက်အတွင်းမှာ ကျွန်မတို့ နှစ်ယောက် သူ့အနားမှာမရှိဘဲနဲ့ သူတစ်ယောက်တည်း ထိုးထွင်းလျှောက်ကြံလာရာက လမ်းမှားရောက်သွားတာ ဖြစ်လိမ့်မယ်၊ အခု အချိန်မီပါသေးတယ်၊ နောက်မကျသေးပါဘူး ..."

ရက်ပုချွန်သည် ခေါင်းညိတ်ပြကာ လင့်ဟူချိုးအား ... "ကဲ ... မင်း ထလိုက်တော့ ..." ဟု အမိန့်ပေး လိုက်သည်။

လင့်ဟူချိုးသည် မတ်တတ်ရပ်လိုက်သည်။ သူ၏ဆရာနှင့် ဆရာမတို့က သူ၏သိုင်းပညာကျင့်နည်း လမ်းမှားသို့ ရောက်နေသည် ဟူသောစကားကို လုံးဝနားမလည်သဖြင့် နမူးနထိုင်းငေးကြောင် ကြည့်နေတော့သည်။

ရက်ပုချွန်က လောင်တက်တို့ သုံးယောက်ကို လက်ယပ်ခေါ်လိုက်သည်။

"ကဲ ... ကဲ ... မင်းတို့လည်း ဒီကိုလာကြ"

လောင်တက်၊ လုရိုနှင့် လိန်လိန်တို့ သုံးယောက်စလုံး ရက်ပုချွန်နားသို့ လျှောက်လာကြသည်။ ရက်ပုချွန်သည် ကျောက်တုံးကြီး တစ်တုံးပေါ်တွင် ထိုင်ချလိုက်ပြီး ဖြည်းညှင်းစွာ စတင်ပြောကြားတော့သည်။

"မင်းတို့အားလုံး သေသေချာချာ နားထောင်ကြပေတော့၊ လွန်ခဲ့တဲ့အနှစ်လေးဆယ်က ငါတို့ဂိုဏ်းမှာ သိုင်းပညာ နှစ်မျိုးကွဲခဲ့တယ်၊ တစ်မျိုးက လမ်းမှားလို့ခေါ်ပြီး ... တစ်မျိုးကို လမ်းမှန်လို့ ခေါ်ခဲ့ကြတယ် ..."

လင့်ဟူချိုးတို့အားလုံး အံ့သြနေကြတော့၏။

လိန်လိန်က ...

"အဖေ ... ကျွန်မတို့ အခုကျင့်နေတဲ့ သိုင်းပညာတွေက လမ်းမှန် သိုင်းပညာပေါ့၊ ဟုတ်လား အဖေ ..."

"ဒါပေါ့ ... ငါတို့က လမ်းမှားနေတဲ့ သိုင်းပညာကို မဆင်မခြင်ဘဲ ဆက်ကျင့်ပါ့မလား၊ ဒါပေမယ့် လမ်းမှားသိုင်း ပညာကျင့်တဲ့ လူစုကလည်း သူတို့ရဲ့ လမ်းမှားသိုင်းကသာ ငါတို့ဝါဆန်းဂိုဏ်းရဲ့ သိုင်းပညာအစစ်တဲ့၊ ဒါပေမယ့် နောက်ပိုင်းကျတော့ ဒီလမ်းမှားဂိုဏ်းက လူတွေကို လမ်းမှန်ဂိုဏ်းက လူတွေက ချေမှုန်းနိုင်ခဲ့လို့ သူတို့ရဲ့ လမ်းမှား

သိုင်းပညာကျင့်တဲ့ လူစုဟာ ပျောက်ကွယ်ခဲ့ပြီ၊ လွန်ခဲ့တဲ့ အနှစ်လေးဆယ်ကတည်းက မရှိတော့ဘူး ...”

“အဖေကလည်း သူတို့ မရှိဘူးဆိုတော့ ဘာများ အရေးစိုက်စရာ ရှိသေးလို့လဲ ...”

“သမီး ဘာမှမသိဘဲနဲ့ အရမ်းမပြောနဲ့၊ သူတို့ရဲ့သိုင်းပညာက မကောင်းဆိုးဝါးဂိုဏ်းထဲက သိုင်းပညာတွေလို မဟုတ်မဟတ်တွေလျှောက်ကျင့်လို့ လမ်းမှားတာလို့ ပြောတာမဟုတ်ဘူး။ သူတို့ရဲ့ သိုင်းပညာကလည်း ငါတို့ဂိုဏ်းရဲ့ သိုင်းပညာပဲ၊ ဒါပေမယ့် ကျင့်တဲ့အခါမှာ အလေးထားပုံခြင်း၊ အလေးပေးပုံခြင်း မတူတော့ဘူး။ ငါ မင်းတို့ကို သိုင်းပညာ စပြီးသင်ပေးတုန်းက ဘယ်က စသင်ပေးခဲ့သလဲ ...”

ရက်ပုချွန်သည် မေးပြောပြောရင်း လင့်ဟူချိုးကို စိုက်ကြည့်လိုက်၏။ လင့်ဟူချိုးကို ဖြေစေလိုသည့်သဘော။

လင့်ဟူချိုးက... “အရင်ဦးဆုံး ထွက်သက်ဝင်သက်ကို လေ့ကျင့်ပြီး အတွင်းအားသိုင်းကို စသင်ပေးပါတယ်...”

ရက်ပုချွန်က ... “အေး ... ဟုတ်တယ် ... ငါတို့ဝါဆန်းဂိုဏ်းရဲ့ သိုင်းပညာက အတွင်းအားသိုင်းဖြစ်တဲ့ ‘လေသိုင်း’ ကို အဓိကထားတယ်၊ ဘာဖြစ်လို့ အဓိကထားသလဲ၊ ဒီအတွင်းအားသာ အောင်မြင်ရင် လက်ခြေကို မပြောနဲ့ ဘာလက်နက်မဆို ကောက်ကိုင်လိုက်တာနဲ့ အစွမ်းထက်လာတာချည်းပဲ။ ဒါပေမယ့် ငါတို့ဂိုဏ်းရဲ့ ရှေးဆရာ့ဆရာကြီးတွေထဲက တချို့ကတော့ ငါတို့ဂိုဏ်းရဲ့ သိုင်းပညာမှာ အဓိကသော့ချက်က ‘ဓား’ တဲ့၊ ဓားသိုင်းသာ အောင်မြင်ရင် အတွင်းအားမရှိလည်း ရန်သူကို တိုက်ခိုက် အနိုင်ယူနိုင်တယ်တဲ့၊ ဒါက လမ်းမှန်နဲ့ လမ်းမှားရဲ့ အဓိက ကွဲပြားခြားနားချက်ပဲ ...”

လိန်လိန်က ... “အဖေ ... အဖေ စိတ်မဆိုးရင် သမီးတစ်ခုပြောပါရစေ”

“ပြော ...”

“သမီးထင်တာကတော့ သိုင်းပညာတစ်ခုမှာ အတွင်းအားသိုင်း အရေးကြီးတာကတော့မှန်ပါတယ်၊ ဒါပေမယ့် ဓားသိုင်းကိုလည်း အထင်သေးလို့မရပါဘူး၊ အတွင်းအားကောင်းပြီး ဓားသိုင်းမကောင်းရင် ကိုယ့်သိုင်းပညာရဲ့ အစွမ်းကို ဘယ်မှာဖော်ထုတ်နိုင်တော့မှာလဲ ...”

ရက်ပုချွန် သူ၏ဒေါသကို ထိန်းထိန်းသိမ်းသိမ်းပြောလိုက်ရသည့်လေသံဖြင့် ...

“ဘယ်သူပြောလဲ ဓားသိုင်းအရေးမကြီးဘူးလို့ ... အဓိက အားစိုက်ပုံချင်း မတူတာကို ပြောနေတာ၊ အတွင်း အားကို အဓိက အားစိုက်ဖို့ ပြောနေတာ ...”

လိန်လိန်က ... “အကောင်းဆုံးကတော့ နှစ်ခုစလုံးကို အဓိကထားလိုက်ရင် ဒီသိုင်းပညာဟာ ပြိုင်စံရှားသွား ပြီပေါ့ ... မဟုတ်ဘူးလား အဖေ ...”

ရက်ပုချွန်သည် ဒေါသဖြင့် အော်လိုက်တော့၏။

“တိတ်စမ်း ... ဒီစကားကိုက လမ်းမှားနားကပ်နေပြီ ... နှစ်ခုစလုံး အဓိကထားလေ ... နှစ်ခုစလုံး အဓိက ထားရာမကျလေပဲ။ ဟိုတစ်ချိန်တုန်းက ဒီကိစ္စအတွက်နဲ့ ငါတို့ ဝါဆန်းဂိုဏ်းကြီးတစ်ခုလုံး ကျွမ်းထိုးမှောက်ခုံ ဖြစ်ခဲ့ရတယ်၊ သမီးသာ ဒီစကားကို လွန်ခဲ့တဲ့ အနှစ်လေးဆယ်လောက်က ပြောခဲ့တယ်ဆိုရင် နောက်နေ့ဆိုရင် မျက်နှာ သစ်ဖို့ ခေါင်းရှိတော့မှာ မဟုတ်ဘူး ...”

လိန်လိန်သည် လျှာကလေးထုတ်ကာ ...

“ဒီလောက်တောင်ဆိုးသလားအဖေ ...” ဟု မေးလိုက်၏။

ရက်ပုချွန် ... “ငါ လူငယ်တုန်းက ငါတို့ လေသိုင်းဘက်တော်သားတွေက အင်အားတော်တော်နည်းတယ်... ဓားသိုင်းဘက်တော်သားတွေက အင်အားများတယ်၊ ဓားသိုင်းက မြန်မြန်အောင်မြင်နိုင်တယ်၊ သူ့ကိုကျင့်ရင် အာနိသင်က မြန်မြန်ပေါ်လာတယ်။ ဓားသိုင်းသမားနဲ့ လေသိုင်းသမား ပထမဆယ်နှစ်ကျင့်ကြည့်၊ ကျင့်ပြီးလို့ တိုက်ခိုက်ကြရင် ဓားသိုင်းသမားက လေသိုင်းသမားကို မုချနိုင်မှာပဲ။ နောက်ထပ် ဒုတိယဆယ်နှစ် ကျင့်ကြည့်၊ တစ်ယောက် တစ်လှည့်စီ နိုင်ကြမယ်၊ ကဲ ... နောက်ထပ် တတိယဆယ်နှစ် ဆက်ကျင့်ကြည့်။ ဓားသိုင်းသမားက လေသိုင်းသမားကို ဘယ်လိုမှ မယှဉ်နိုင်တော့ဘူး ... ဘယ်နည်းနဲ့မှ အနိုင်မယူနိုင်တော့ဘူး ... ဒါကြောင့် ပြီးခဲ့တဲ့ အနှစ် နှစ်ဆယ် တုန်းက ငါတို့ဂိုဏ်းထဲက အဖွဲ့ကြီးနှစ်ဖွဲ့ရဲ့ တိုက်ပွဲတွေ ဘယ်လောက်ပြင်းထန်ခဲ့မယ်ဆိုတာ မင်းတို့ စဉ်းစားကြည့် ကြပေတော့ ...”

လိန်လိန်က ...

“အဖေ ... နောက်ပိုင်းတော့ ဓားသိုင်းသမားတွေ အမှားကို ဝန်ခံလိုက်ကြသလား ..”

ရက်ပုချွန်က ခေါင်းခါပြသည်။ အတန်ကြာမှ ... “သူတို့က သေတဲ့အထိ ဝန်မခံကြဘူး၊ သူတို့ နောက်ဆုံးအကြိမ် အကြီးအကျယ် တိုက်ခိုက်ကြတယ်၊ ဓားသိုင်းသမားတွေ အကြီးအကျယ် ရှုံးနိမ့်သွားကြတယ်။ သူတို့အားလုံး

ကိုယ့်ကိုယ်ကိုယ် သတ်သေလိုက်ကြတယ် ...”

လင့်ဟူချုံးနှင့် လိန်လိန်တို့မှာ ‘ဟာ’ ခနဲ အော်လိုက်မိကြတော့သည်။

လိန်လိန်က ... “ကိုယ့်ဂိုဏ်းတူ ညီအစ်ကို အချင်းချင်းပဲ ... ပြိုင်လို့ရှုံးတာ ဘာများအရေးကြီးလဲ ... သူစိမ်းဂိုဏ်းသားတွေနဲ့ ယှဉ်ပြိုင်တာမှ မဟုတ်ဘဲ၊ ဘာဖြစ်လို့ ကိုယ့်ကိုယ်ကိုယ် သတ်သေရတာလဲ မသိဘူး ...”

ရက်ပုချွန်က ...

“သမီး သဘောမပေါက်သေးဘူး ... ဒါက ရိုးရိုးယှဉ်ပြိုင်တာမှ မဟုတ်တာ၊ ဝါဆန်းဂိုဏ်းကို အုပ်စီးဖို့ အင်အားပြိုင် အနိုင်လုကြတဲ့ သဘောပဲ၊ ဟိုနှစ်တုန်းက ငါတို့ဂိုဏ်းကြီးငါးဂိုဏ်းက မဟာမိတ်အဖွဲ့ချုပ် ခေါင်းဆောင် နေရာအတွက် ယှဉ်ပြိုင်ကြတယ်၊ လူအင်အားအရပြောရင်တော့ ငါတို့ဝါဆန်းဂိုဏ်းက အင်အားအတောင့်ဆုံးပဲ၊ ဒါပေမယ့် ငါတို့ဂိုဏ်း ထဲမှာ အချင်းချင်း ဂိုဏ်းဃနတွေကွဲပြီး တိုက်ပွဲတွေ ဖြစ်ခဲ့တဲ့အတွက် တကယ့်သိုင်းပညာကျော် ဆရာကြီး ဆယ်ယောက် ကျော်ကျော် သေဆုံးခဲ့ရတယ်၊ မဟာမိတ်အဖွဲ့ခေါင်းဆောင် နေရာအတွက် ယှဉ်ပြိုင်ကြတော့ ဒီဆရာကြီးတွေ မရှိတော့တဲ့ အတွက် အဖွဲ့ချုပ်ခေါင်းဆောင်နေရာဟာ ကောင်းဆန်းဂိုဏ်းရဲ့လက်ထဲ ရောက်ရှိသွားတော့တာပေါ့၊ သေသေချာချာ စဉ်းစားကြည့်ကြစမ်း၊ အဖွဲ့ချုပ်ခေါင်းဆောင်နေရာ မရလိုက်ခြင်းရဲ့အချက်ဟာ ငါတို့ဂိုဏ်းရဲ့ ဓားသိုင်းနဲ့လေသိုင်း သဘောကွဲလွဲမှု ကြောင့်ပဲပေါ့ ...”

လင့်ဟူချုံးတို့မှာ သူတို့ဆရာ၏ ရှင်းပြချက်များကို ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေကြသည်။

ရက်ပုချွန်က ... “ငါတို့ဝါဆန်းဂိုဏ်းက မဟာမိတ်အဖွဲ့ချုပ် ခေါင်းဆောင်နေရာ မရတာကလည်း အရေးမကြီးဘူး။ ငါတို့ ဝါဆန်းဂိုဏ်းရဲ့ နာမည် ဂုဏ်သိက္ခာ ကျတာလည်း အရေးမကြီးဘူး၊ ဒါတွေက အတွင်းအနှစ်သာရတွေ မဟုတ်ပါဘူး၊ ပြင်ပအကာ သဘောတွေပါ၊ အရေးအကြီးဆုံးက ငါတို့ဂိုဏ်းသားအချင်းချင်း ညီရင်းအစ်ကိုလို ချစ်ချစ်ခင်ခင် နေလာခဲ့ကြပြီးမှ သူကကိုယ့်ဘက်၊ ကိုယ်ကသူ့ဘက်နဲ့ နေ့တိုင်းသွေးချောင်းစီးပြီး ကြေကွဲစရာတွေ ဖြစ်ခဲ့ရတဲ့ကိစ္စပဲ။ ဟိုနှစ်တွေက အဖြစ်အပျက်တွေဟာ ပြန်စဉ်းစားမိရင် အခုထက်ထိ ရင်တုန်နေရသေးတယ် ...”

ရက်ပုချွန်သည် စကားဆုံးသောအခါ သူ၏အင်္ကျီကို ဖြည်းညင်းစွာဖွင့်ပြသည်။ ရင်ပတ်၌ နှစ်ပေခန့် ရှည်လျားသော ဓားဒဏ်ရာ အမာရွတ်ကြီးတစ်ခုကို တွေ့ကြရလေ၏။ ထိုအမာရွတ်ကို ကြည့်ရုံမျှနှင့် မည်မျှပြင်းထန်ကြောင်း ခန့်မှန်း နိုင်ပေသည်။

ရက်ပုချွန်သည် သူ၏အင်္ကျီကို ပြန်စေ့၍ ... “ဟိုနှစ်တွေတုန်းက ငါဟာ ဓားသိုင်းဘက်တော်သား တစ်ယောက်ရဲ့ ဓားချက်ကိုခံလိုက်ရတယ်၊ ငါလည်း မေ့လဲကျသွားတယ်၊ ဟိုလူကတော့ ငါသေပြီလို့ ထင်သွားပြီး ဒီအတိုင်း ပစ်ထားခဲ့ တယ်။ ဒါကြောင့် ငါလည်း အသက်ချမ်းသာရာ ရခဲ့တာပဲ ...”

ရက်ပုချွန်က စကားကိုခဏရပ်လိုက်ပြီးမှ ဆက်၍ပြောပြသည်။

“ဒါက ငါတို့ဂိုဏ်းရဲ့ လျှို့ဝှက်ချက်ကြီးတစ်ခုပဲ၊ ဘယ်သူကမှ ဒီသတင်းကို မဖြန့်ရဘူး၊ တခြားဂိုဏ်းက လူတွေက ငါတို့ဝါဆန်းဂိုဏ်းက ထိပ်သီးသိုင်းသမားကြီး ဆယ်ယောက်ကျော် သေဆုံးသွားတာကိုတော့ သိတယ်။ ဘာကြောင့် သေရတယ်ဆိုတာတော့ မသိကြဘူး၊ ဒီအကြောင်းကို ဖွင့်ပြောပြဖို့ တစ်ခါမှ စိတ်မကူးခဲ့ဘူး၊ အခုလို ဖွင့်ပြောလိုက်ရတာ က လင့်ဟူချုံးတစ်ယောက် လမ်းမှားကို ရောက်နေလို့ပဲ၊ ဒီအတိုင်းသာ လင့်ဟူချုံးကို လွှတ်ပေးထားကြည့်၊ နောက်ဆို သူလည်း ဓားသိုင်းက လေသိုင်းထက်အရေးကြီးတယ်ဆိုတဲ့ လေသံမျိုး ထွက်လာမှာ အသေအချာပဲ ...”

လင့်ဟူချုံးမှာ တစ်ကိုယ်လုံး ဖောချွေးပြန်လာပြီး ..

“ဆရာ .. ကျွန်တော် မှားပါတယ် ဆရာ .. ကျွန်တော့်ကို ဆရာကြိုက်သလိုသာ အပြစ်ပေးပါတော့ ..” ဟု ဒူးထောက်ပြောလိုက်တော့၏။

ရက်ပုချွန်က သက်ပြင်းတစ်ချက်ချကာ ...

“မင်းက မသိလို့မှားတာပဲ၊ ငါ ခွင့်လွှတ်ပါတယ်၊ ဒါပေမယ့် အခု မင်းလမ်းမှားကိုရောက်တာ သိသွားပြီ။ အချိန်မီ ပြင်ဖို့လိုတယ်။ အချိန်မီ မပြင်နိုင်ရင်တော့ နောက်ဆုတ်လို့ရမှာ မဟုတ်တော့ဘူး ... တဖြည်းဖြည်း ကျဉ်းမြောင်းသွားတဲ့ လမ်းထဲကို ဝင်သွားတဲ့လူဟာ နောက်ဆုံးမှာ ထွက်ပေါက်မရှိဘဲ ပိတ်မိသွားသလို မင်းလည်း ဒုက္ခဖြစ်သွားလိမ့်မယ်။ နောက်တစ်ခု ထပ်မှတ်ထား။ **အမိပွါယ်ကို သိနားလည်ခြင်းမရှိတဲ့ ဗဟုသုတဟာ အဲဒီလူကို နှစ်ဆတိုးပြီး မိုက်မဲစေတယ်** ဆိုတဲ့ အချက်ကိုလည်း မြဲမြဲမှတ်ထား ကြားလား ..”

လင့်ဟူချုံးက ... “ဟုတ်ကဲ့ ဆရာ ... ”

ဖူးလင်က အကျိုးနှင့် အကြောင်းနှင့် ယှဉ်၍ရှင်းပြသည်။

"လူလေး ... စောစောက ငါ့ရဲ့ဓားကွက်ကို ခုခံလိုက်တဲ့အကွက်က သိပ်ကောင်းပေမယ့် မင်းဆရာရဲ့ အတွင်းအားနဲ့ ထိလိုက်တဲ့အခါတော့ မင်းအကွက်ဘာဖြစ်သွားသလဲ။ ဘာမှအကျိုးမရှိတာ မင်းမျက်မြင်ပဲ။ ... လေသိုင်းက အဓိကပါ၊ ဓားသိုင်းက ဒုတိယပဲ၊ လေသိုင်းမအောင်မြင်ရင် ဓားသိုင်းလည်း အစွမ်းမထက် နိုင်ဘူးဆို တာ စွဲစွဲမြဲမြဲမှတ်ထား ..."

လင့်ဟုချုံးသည် ခေါင်းငုံ့၍ လေးစားစွာ နားထောင်နေလိုက်သည်။ ရက်ပုချွန်က ...

"လင့်ဟုချုံး ... ငါဒီနေ့ တောင်ပေါ်ကိုတက်လာတာဟာ အကြောင်းမဲ့မဟုတ်ဘူး... အမှန်ပြောရရင် မင်းကို မိုးကြိုးအတွင်းအားသိုင်းရဲ့ အခြေခံနည်းကို သင်ပေးမလို့ပဲ။ ဒါပေမယ့် အခုကိစ္စပေါ်လာတော့ ငါ့အစီအစဉ်ကို ခဏ ရပ်ထားရတော့မှာပဲ။ မင်းကို နှစ်လအချိန်ပေးမယ်။ ဒီနှစ်လအတွင်းမှာ ငါ အရင်တုန်းက မင်းကိုသင်ပေးခဲ့တဲ့ အတွင်းအားသိုင်းကျင့်စဉ်ကို အစအဆုံး ကောင်းကောင်းပြန်လေ့ကျင့်ပါ ... လမ်းမှားရောက်နေတဲ့စိတ်ကို ပြန်ပြောင်းပါ ... နှစ်လပြည့်တဲ့အခါ မင်းကို တစ်ခါလာစစ်ကြည့်မယ် ..."

ရက်ပုချွန်သည် ထိုနေရာသို့ ရောက်သောအခါ ရုတ်တရက် ခက်ထန်မာကျောစွာဖြင့် ...

"တကယ်လို့ မင်းအမြင်မှန် မရသေးဘူး ဆိုရင်တော့ မင်းကို ငါသတ်ရလိမ့်မယ် ..."

လင့်ဟုချုံးက ... "ဟုတ် ... ဟုတ်ကဲ့ဆရာ ... ကျွန်တော် ပြုပြင်ပါ့မယ်"

ရက်ပုချွန်က မတ်တတ်ရပ်လိုက်ပြီး ...

"ငါတို့ရဲ့သိုင်းပညာက အတွင်းအားကို အဓိကထားတယ်။ ငါတို့ရဲ့အတွင်းအားကို သစ်ရွက်ထဲ ပို့လွှတ်နိုင်ရင် အဲဒီသစ်ရွက်နဲ့ လူကိုဒဏ်ရာရအောင် လုပ်နိုင်တယ်။ တခြားဂိုဏ်းကလူတွေက ငါတို့ဝါဆန်းဂိုဏ်းကို ဓားသိုင်းတော် တယ်လို့ ထင်နေကြတယ်၊ အဲ့ဒါ ငါတို့ကို အထင်သေးတာပဲ" ဟု ဆက်လက် ရှင်းပြလိုက်သည်။

ရက်ပုချွန်သည် သူ၏အင်္ကျီလက်စကို တစ်ချက်ရစ်လိုက်သည်။ ထိုအခါ အလွန်အံ့ဩဖို့ ကောင်းလှစွာပင် လောင်တက်၏ခါးတွင် ချိတ်ထားသောဓားသည် ဓားအိမ်မှ ခုန်ထွက်လာပြီး ရက်ပုချွန်၏လက်ထဲသို့ ရောက်ရှိလာတော့၏။

ရက်ပုချွန်သည် အခြားအင်္ကျီလက်စတစ်ဖက်ဖြင့် ဓား၏ကိုယ်ထည်ကို ဖုန်သုတ်သကဲ့သို့ ဖြည်းညင်းစွာ သုတ်လိုက်ပြီး လက်ကိုခါလိုက်ရာ 'ဖျတ်' ခနဲ အသံများမြည်သွားပြီး ဓားသည် အစိပ်စိပ်အပိုင်းပိုင်း ကျိုးထွက်သွားတော့သည်။

လင့်ဟုချုံးမှာ ဤမျှ ကြောက်မက်ဖွယ်ရာ ကောင်းလှသော အတွင်းအားသိုင်းကို တွေ့ရသောအခါ အားလုံး ထိတ်လန့်ချောက်ချားသွား ကြတော့၏။

ဖူးလင်မှာ သူမ၏ယောက်ျားကို ချီးကျူးအားကျသော အကြည့်ဖြင့် ကြည့်နေမိသည်။

ရက်ပုချွန်က... "ကဲ... ငါတို့သွားကြစို့၊ လင့်ဟုချုံး ငါပြောတဲ့အတိုင်း တစ်သဝေမတိမ်းလိုက်နာပေတော့..."

ရက်ပုချွန်သည် ထိုစကားပြောပြီးသည်နှင့် အားလုံးကို လက်တစ်ချက် ဝှေ့ယမ်းအချက်ပေးလိုက်ပြီး တောင်အောက်သို့ ဆင်းသွားကြတော့၏။

လင့်ဟုချုံးသည် မြေကြီးပေါ်တွင်ကျနေသော ဓားကျိုးအပိုင်းအစများကိုကြည့်ကာ ရင်ထဲတွင် တုန်တုန် ယင်ယင်ဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေတော့၏။

သူ့ဦးခေါင်းထဲတွင် ပီတိဖြစ်နေသော အတွေးများဖြင့် ပြည့်နှက်နေသည်။

"လက်စသတ်တော့ ... ငါတို့ဂိုဏ်းရဲ့သိုင်းပညာက ဒီလောက်တောင် ထက်မြက်နေတာကိုး၊ ဘယ်ဓားကွက် မဆို ဆရာ့လက်နဲ့သာ ထုတ်ကစားလိုက်ရင် အင်မတန် ကြောက်စရာကောင်းတဲ့ဓားကွက် ဖြစ်သွားတော့မှာပဲ၊ ဘယ်သူက လာဖျက်နိုင်ဦးတော့မှာလဲ၊ ငါတို့ဂိုဏ်းရဲ့ သိုင်းပညာက တယ်စွမ်းပါကလား ..."

လင့်ဟုချုံးက ဆက်၍စဉ်းစားလိုက်၏။

"နံရံပေါ်ကပုံတွေကတော့ ငါတို့ဓားသိုင်းတွေကို ဖျက်ပြတာချည်းပဲ၊ ဒါပေမယ့် ဆရာ့လို အတွင်းအားပြည့်တဲ့ လူတစ်ယောက်ကိုတော့ သူတို့ ဘယ်ဖျက်နိုင်တော့မလဲ။ ဆရာက သူ့အတွင်းအားကို သူ့ဓားထဲမှာ ထုတ်လွှတ် ထားတော့ ဘယ်သူက လွယ်လွယ်ကလေးနဲ့ ကလေးကစားသလို ဖျက်နိုင်မလဲ။ ဘာနဲ့တူသလဲဆိုတော့ 'ဒေါင်းမြီးဖြာ' ဓားကွက်ကို ညီလေးလင်မိန်ကျက်ကစားတာနဲ့ ဆရာကစားတာနဲ့ မတူသလိုပဲပေါ့၊ ဟိုဖက်တုတ်ကိုင်တဲ့လူက လင်မိန်ကျက်ကစားတဲ့ 'ဒေါင်းမြီးဖြာ' ဓားကွက်ကိုသာ ဖျက်နိုင်တယ်၊ ဆရာကစားတဲ့ ဒေါင်းမြီးဖြာဓားကွက် ကိုတော့ ဘယ်ဖျက်နိုင်လိမ့်မလဲ ..."

ထိုသို့စဉ်းစားလိုက်မိသဖြင့် လင့်ဟုချုံး၏ ရင်ထဲတွင် ပေါ့ပါးရွှင်လန်းသွားတော့၏။ မည်သည့်ပညာမဆို ဖြည်းဖြည်းနှင့်မှန်မှန် လေ့ကျင့်သင်ကြားခြင်းသာ အကောင်းဆုံးဖြစ်ကြောင်း လင့်ဟုချုံး သဘောပေါက်လာသည်။

ထိုညတွင် စိတ်အေးအေး တည်ငြိမ်စွာဖြင့် အတွင်းအားသိုင်းကို လေ့ကျင့်နိုင်ခဲ့၏။

နောက်တစ်နေ့ညနေစောင်းတွင် လုရှိုက ထမင်းလာပို့သည်။

လုရှိုက ... "အစ်ကိုကြီး ... ဆရာနဲ့ဆရာမတို့ ဒီနေ့မနက်ကပဲ ဆန်ပေနယ်ကို ခရီးထွက်သွားကြပြီ ..."

လင့်ဟူချုံးက တအံ့တသြဖြင့် ... "ဆန်ပေနယ်ကို ဘာသွားလုပ်တာလဲ .." ဟု မေးလိုက်၏။

လုရှိုက ... "ထင်ပေါ်ဆိုတဲ့ကောင်က ချန်အန်းနယ်မှာ မရှိတော့ဘူး အစ်ကိုကြီး .. ဆန်ပေနယ်ကို ရောက်သွားပြန်ပြီ .."

လင့်ဟူချုံး၏ စိတ်ထဲတွင် သိလိုက်သည်။

ဆရာတို့ကိုယ်တိုင် လိုက်သွားလျှင်တော့ သည်တစ်ကြိမ်တွင် ထင်ပေါ် မုချအသတ်ခံရပေတော့မည်။

သူ့အနေဖြင့် ထင်ပေါ်၏သိုင်းပညာကို လွန်စွာနှမြောတသမိသည်။ သူ၏သိုင်းပညာဖြင့် တိုင်းသူပြည်သားများ၏ ဆူးငြောင့်ခလုတ်များကို ရှင်းလင်းပေးလျှင် မည်မျှတန်ဖိုးရှိလိမ့်မည်နည်း။

သို့သော် ... ယခုမူ ထင်ပေါ်သည် သူ၏ ပညာအားကိုးဖြင့် ဆိုးသွမ်းရမ်းကားကာ တိုင်းသူပြည်သား များကိုသာမက သိုင်းလောကကြီး တစ်ခုလုံးကိုပင် ရန်လုပ်နေ၏။

ဤနှစ်ရက်အတွင်း၌ လင့်ဟူချုံးသည် အတွင်းအားကိုသာ လေ့ကျင့်နေမိ၏။ သူ၏အတွင်းဘက်ရှိ လိုဏ်ဂူကြီးကို လုံးဝ ဝင်မကြည့်တော့ဘဲ အပေါက်ဝကို ပြန်ပိတ်ဆို့ ထားလိုက်သည်။

× × × × ×

# မဖိတ်ခေါ်ဘဲ ရောက်လာသောဧည့်သည်

ညနေခင်းတွင် ထမင်းစားသောက်ပြီးစီး၍ အနားယူအိပ်စက်ရန် ဟန်ပြင်လိုက်စဉ် လူတစ်ယောက် တောင် ထိပ်သို့ တက်လာနေကြောင်း ရုတ်တရက် တွေ့လိုက်ရတော့သည်။ ထိုလူ၏ ခြေလှမ်းများမှာ အံ့စဖွယ် လျင်မြန်လှ ကြောင်း တွေ့ရှိရ၏။ လင့်ဟူချုံး၏ရင်သည် တထိတ်ထိတ်ခုန်သွားတော့၏။

"ဒီလူက ဘယ်သူလဲ၊ ဘာကြောင့် ဒီတောင်ထိပ်ပေါ် တက်လာရတာလဲ၊ ငါတို့ဂိုဏ်းသား မဟုတ်တာတော့ သေချာတယ် .."

လင့်ဟူချုံးသည် သူ၏ဓားကို ကောက်ကိုင်လိုက်တော့၏။ ထိုစဉ် တောင်ခုလတ်မှ လှမ်းအော်သံကို ကြား လိုက်ရလေသည်။

"လင့်ဟူချုံးရေ .. မင်းရဲ့မိတ်ဆွေဟောင်းကြီးတော့ လာပြီဟေ့ ..."

လင့်ဟူချုံး အကြီးအကျယ် ထိတ်လန့်သွားတော့၏။ မလန့် ဘယ်ခံနိုင်ပါမည်နည်း။ ထိုသူကား တစ်ကိုယ်တော် ပန်းဘီလူး ထင်ပေါ ဖြစ်နေသတည်း။

လင့်ဟူချုံး၏ စိတ်ထဲတွင် ... "ဟာ .. ဒီကောင် တယ်သတ္တိရှိပါကလား၊ ဆရာနဲ့ဆရာမက သူ့ကိုသတ်ဖို့ သွားနေကြ တယ်၊ သူကတော့ ဆရာနဲ့ ဆရာမတို့ရဲ့ ဌာနချုပ်ဖြစ်တဲ့ ဝါဆန်းတောင်ကို လာရဲတယ်၊ တကယ့်ကောင်ပဲ ..." ဟု တွေး လိုက်မိ၏။

လင့်ဟူချုံးသည် ထိုင်ရာမှထလာပြီး ... "ထင်ပေါ ... ခင်ဗျားဘယ်ကနေ မျက်စိလည်လမ်းမှားပြီး ရောက်လာတာ လဲ၊ ခင်ဗျား ဒီကိုလာလိမ့်မယ်လို့ လုံးဝမထင်ဘူး" ဟု ပြောလိုက်တော့၏။

ထိုစဉ် ထင်ပေါသည် တောင်ပေါ်သို့ ရောက်ရှိလာသည်။ သူ့ပခုံးတွင် အထမ်းတစ်ခု ထမ်းထားသည်။ သူက ထိုအထမ်းမှ အရက်အိုးနှစ်အိုးကို ထုတ်လိုက်ပြီး ... တဟားဟား ရယ်ရင်းပြောလိုက်သည်။

"လင့်ဟူချုံး ... မင်းကလည်း တကယ့်ကောင်ပဲဟေ့၊ တောင်ထိပ်မှာ ထောင်ချခံရတယ်လို့ ငါ သတင်းကြားတာနဲ့ လိုက်လာတာ မင်းတော့ အရက်ငတ်ပြတ်နေတော့မှာပဲလို့ စဉ်းစားမိလို့ အရက်နှစ်အိုးထမ်းလာတာ၊ မင်းနဲ့အတူတူ သောက်မယ် ..."

လင့်ဟူချုံးမှာ အရက်အိုးနှစ်လုံးကို တွေ့လိုက်ရသည်နှင့် အလွန်ဝမ်းသာသွားတော့၏။ ချက်ချင်းပင် ထင်ပေါအား ဖိတ်မန္တက ပြုလိုက်သည်။

"လာ ... လာ ... အတော်ပဲ၊ ကျုပ်တို့နှစ်ယောက်စလုံး ချလိုက်ကြရအောင် ..."

ပြောပြောဆိုဆိုဖြင့် ကျောက်ဂူထဲမှ ပန်းကန်နှစ်လုံး သွားယူလိုက်သည်။ တကယ်ပင် တစ်ယောက်တစ်ခွက် အားပါးတရ သောက်နေကြတော့၏။ လင့်ဟူချုံးမှာ စိတ်ကြိုက်ဖြစ်နေတော့၏။

ထင်ပေါက ... "လင့်ဟူချုံး ငါယူလာတဲ့အရက် ဘယ့်နှယ်နေသလဲကွ ..."

လင့်ဟူချုံးက တစ်ခွက်မော့လိုက်ပြီး ... "သိပ်ကောင်းတယ်၊ ခင်ဗျားက ဒီလောက်အပင်ပန်းခံပြီး ယူလာတဲ့ နောက်

ဒီအရက်မှမကောင်း ဘယ်အရက်က ကောင်းတော့မှာလဲ၊ ရေဖြစ်လည်း သောက်လို့ကောင်းမှာပဲ ...” ဟု လင့်ဟူချုံးက စိတ်ရင်းအတိုင်း ပြောလိုက်တော့၏။

ထင်ပေါ်သည် ရုတ်တရက် လက်မထောင်ပြလိုက်ပြီး ... “လင့်ဟူချုံး .. မင်းကတော့ တကယ့် ယောက်ျား ပီသတဲ့ ကောင်ပဲ ...” ဟု ချီးကျူးတော့သည်။

“ဘယ်လိုလဲဗျ ... ခင်ဗျားက ဘာအတွက်နဲ့ ကျုပ်ကိုချီးကျူးလိုက်ရတာလဲ ...”

“ဟ ... မချီးကျူးဘဲ နေပါ့မလားကွ၊ မင်းပဲစဉ်းစားကြည့်ပါဦး၊ ငါက မဟုတ်မဟတ်တွေ လုပ်လွန်းလို့ မင်းတို့ဝါဆန်းဂိုဏ်းကလူတိုင်းက ငါ့ဆိုရင် အမဲဖျက်သလို ဖျက်ချင်နေကြတဲ့အချိန်မှာ မင်းက ငါပေးတဲ့အရက်ကို အဆိပ်ခတ်မှာမကြောက်၊ ဘာမကြောက်နဲ့ အားရပါးရသောက်နေတာပဲ ... ငါက ဒါကိုချီးကျူးတာကွ ...”

“ဒါများဗျာ ... ဘာများ ချီးကျူးစရာရှိသလဲ။၊ ခင်ဗျားရဲ့သိုင်းပညာက ကျုပ်ထက် အများကြီးသာတာပဲ။ ခင်ဗျားက တကယ်လို့ ကျုပ်ကိုသတ်ချင်ရင် ဓားနဲ့ပဲ ခုတ်သတ်တော့မှာပေါ့ဗျ။ ဒီလောက် အရက်အိုးကြီးနှစ်လုံးကို တောင်ပေါ်အထိ အပင်ပန်းခံ သယ်လာပြီး ကျုပ်ကို အဆိပ်ခတ်သတ်ပါ့မလား ...”

“ဟား .. ဟား ... ဟား .. ဟား .. ဟုတ်တယ်ဟေ့ ... မင်းပြောတာ တကယ်မှန်တယ်ဟေ့ ... ငါက ဒီအရက်အိုးနှစ်လုံးကို ချန်အန်းနယ်ကနေ ဆန်ဝေနယ်ကို သယ်သွားတယ်၊ ဟိုမှာ နည်းနည်းလောက် သောင်းကျန်း ပြလိုက်တယ်၊ နောက်မှ ငါက ဝါဆန်းတောင်ကို လာတာကွ ...”

“လက်စသတ်တော့ ခင်ဗျားက ကျုပ်ဆရာနဲ့ ဆရာမကို မျှားခေါ်သွားတာကိုး၊ ဒါမှ ခင်ဗျားက ကျုပ်ကို အလွယ်တကူ တွေ့နိုင်တော့မှာပေါ့လေ။ ခင်ဗျားက ကျုပ်ကိုတွေ့ဖို့ကလေးများ ဒီလောက်အပင်ပန်း ခံနေရသလားဗျာ။ ဘာကိစ္စများ ရှိနေလို့လဲ ...”

ထင်ပေါ်ကရယ်၍ ... “မင်းခန့်မှန်းကြည့်လေ ...” ဟု ပြောလိုက်၏။

“ကျုပ်ကတော့ မခန့်မှန်းတတ်ပေါင်ဗျာ ...”

ရုတ်တရက် လင့်ဟူချုံးက အရက်အိုးနှစ်လုံးကို ခြေထောက်ဖြင့် ချောက်ထဲကန်ချလိုက်တော့၏။ ထင်ပေါ်သည် ပါးစပ်အဟောင်းသားဖြင့် တအံ့တသြဖြစ်သွားပြီး ...

“ဟေ့ ... ဟေ့ ... လင့်ဟူချုံး၊ ဘယ်လိုလုပ်လိုက်တာလဲ၊ ဘာဖြစ်လို့ အရက်အိုးတွေ ကန်ချလိုက်ရတာလဲ ...” ဟု အလောတကြီး လှမ်းမေးလိုက်သည်။

“ကျုပ်နဲ့ခင်ဗျားနဲ့က ပြဒါးတစ်လမ်း သံတစ်လမ်းပဲ၊ ခင်ဗျားကျူးလွန်ခဲ့တဲ့ မကောင်းမှုတွေက သိပ်များနေတော့ သိုင်းလောက, က လူအားလုံးက ခင်ဗျားကိုသတ်နိုင်တယ်။ ကျုပ်က ခင်ဗျားနဲ့အတူတူ အရက်သောက်တာက ခင်ဗျားက ဧည့်သည်ဖြစ်နေလို့ဗျ။ အခုဆိုရင်ကျုပ်အိမ်ရှင်ရဲ့ ဝတ္တရားကျေပြီ။ ဒီတော့ ခင်ဗျားနဲ့ အရက်အတူတူ ဆက်သောက်ဖို့ မလိုတော့ဘူး ...”

လင့်ဟူချုံးသည် ရွှမ်းခန် သူ၏ဓားကို ဆွဲထုတ်လိုက်ပြီး ...

“ကဲ .. ထင်ပေါ် ကျုပ်နဲ့ခင်ဗျား ဓားသိုင်းတစ်ခါ ထပ်ပြိုင်ကြစို့ ...” ဟု ပြောတော့၏။

ထင်ပေါ်ကမူ သူ၏ဓားကို မထုတ်ဘဲ ခေါင်းခါပြသည်။ ပြီးနောက် ပြုံးရယ်ရင်း ...

“လင့်ဟူချုံး မင်းတို့ဂိုဏ်းရဲ့ ဓားသိုင်းက အင်မတန်ကောင်းတယ်ဆိုတာ ငါ ဝန်ခံပါတယ်၊ ဒါပေမယ့် မင်းက အသက်ငယ်သေးတော့ ဝါမရင့်သေးဘူး၊ မင်းအနေနဲ့ ငါ့ကိုဓားရေးပြိုင်လို့ မနိုင်, နိုင်သေးဘူး လင့်ဟူချုံး၊ ဘာဖြစ်လို့ မင်းက အမိုက်ခံပြီး ငါနဲ့တိုက်ခိုက်ရတာလဲ” ဟု ပြောလိုက်လေ၏။

လင့်ဟူချုံးမှာ ဤအချက်ကို အရင်ကတည်းက သဘောပေါက်ပြီးသူဖြစ်၏။ မိမိမှာ ထင်ပေါ်နှင့်စာလျှင် ဓားသိုင်း ပညာ၌ များစွာနနယ်သူဖြစ်၍ ကွာခြားလွန်းလှသည်။ သူသည် မိုက်ရူးရဲတစ်ယောက် မဟုတ်ချေ။ ထို့ကြောင့် ထင်ပေါ်၏ စကားကို ကြားလိုက်ရသောအခါ လင့်ဟူချုံးက ခေါင်းတစ်ချက်ညိတ်ပြပြီး ...

“ဟုတ်တယ် .. ခင်ဗျားပြောတာ ကျုပ်လက်ခံတယ် ... ကျုပ်က နောက်ထပ် တစ်နှစ်လောက် ထပ်ပြီး လေ့ကျင့်ပြီးမှ ခင်ဗျားနဲ့ယှဉ်နိုင်လိမ့်မယ် ..” ဟု ပြောလိုက်လေသည်။

သူ၏ဓားကိုလည်း ပြန်သိမ်းလိုက်၏။ ထင်ပေါ်ကလဲ ရယ်ရင်း ပြောလိုက်သည်။

“အေး .. အဲဒီလိုမှပေါ့ကွ”

“ကျုပ်ကိုတွေ့ဖို့ ဒီလောက် ပင်ပင်ပန်းပန်း တောင်ထိပ်ကိုလိုက်လာကတည်းက အကြောင်းမဲ့ မဟုတ်ဘူး ဆိုတာ ကျုပ်သိတယ်၊ ဒါပေမယ့် ခင်ဗျားနဲ့ ကျုပ်နဲ့က မိတ်ဆွေတွေ မဟုတ်ကြတော့၊ ခင်ဗျားပြောမှာတွေကိုလည်း ကျုပ်အနေနဲ့

လက်ခံနိုင်စရာ အကြောင်း မရှိပြန်ဘူး ...”

“လင့်ဟူချိုး ... မင်းက ငါပြောမယ့်စကားကိုတောင် နားမထောင်ရသေးဘူး၊ ဘယ့်နှယ် ငြင်းနေရတာလဲ ..”

“ကျုပ်က အပြတ်ပြောထားတာဗျ ... ခင်ဗျားက ကျုပ်ကိုဘာပဲလုပ်ခိုင်း ... လုပ်ခိုင်း ကျုပ်က လုပ်မှာ မဟုတ်ဘူး၊ ကျုပ်က ခင်ဗျားကို မတိုက်နိုင်ရင် ထွက်ပြေးမှာပဲ ...”

ပြောပြောဆိုဆိုဖြင့် လင့်ဟူချိုးသည် တောင်ထိပ်ဘက်သို့ လှည့်ပြေးသည်။ သို့သော် .. ထင်ပေါက သူ့ထက်မြန်၏။ လင့်ဟူချိုးကို တားဆီးပြီး ဖြစ်နေချေပြီ။ လင့်ဟူချိုးသည် နောက်ဘက်သို့ ပြန်ပြေးပြန်၏။ ထင်ပေါက တာဆီးပြီး ဖြစ်နေပြန်သည်။

လင့်ဟူချိုးက ... “ထင်ပေါ ... ကျုပ်ရဲ့အဖော်တွေကို အော်ခေါ်လိုက်တော့မယ် ...”

“ဟား .. ဟား ... ဟား .. ဟား ... မင်းရဲ့ဆရာသာ ရောက်လာရင်တော့ ထင်ပေါ့တို့ ဖနောင့်နဲ့တင်ပါး တစ်သားတည်းကျအောင် ပြေးပြီပေါ့ကွာ၊ ဒါပေမယ့် မင်းဆရာနဲ့ ဆရာကတော်က ဆန်ပေနယ်မှာ ရောက်နေကြပြီ၊ ဒီကိုပြန်ရောက်ဖို့က အနည်းဆုံး ဆယ်ရက်လောက် ကြာဦးမယ်၊ မင်းမှာ ဂိုဏ်းတူညီလေး ညီမလေးတွေ များပေမယ့် သူတို့အားလုံး တက်လာလည်း ထင်ပေါက မမှုသေးဘူးကွ၊ ယောကျ်ားကလေးတွေဆို သတ်ပစ်မယ်၊ မိန်းကလေးတွေဆိုရင်တော့ အဟေး .. ဟေး .. ဟေး ..”

ထင်ပေါသည် စကားကိုဆုံးအောင်မပြောတော့ဘဲ ရယ်နေတော့၏။ ထင်ပေါ၏ရယ်သံသည် လင့်ဟူချိုးကို ခြောက်လှန့်သကဲ့သို့ ဖြစ်သွားတော့သည်။ သူ့စိတ်ထဲ၌ တွေးလိုက်မိသည်မှာ ...

“ဒီပန်းဘီလူးထင်ပေါဆိုတဲ့ကောင်က ညီမလေးကိုသာတွေ့သွားရင် မုချ ဒုက္ခပေးမယ့်ကောင်၊ ငါအသတ်ခံရ တာက ကိစ္စမရှိဘူး ငါရှိလျက်သားနဲ့ ညီမလေး အစော်ကားခံရတယ်ဆိုရင် ပြောစမှတ်ကြီး တွင်နေတော့မှာပဲ၊ အင်း တော်သေးရဲ့၊ ကံကောင်းလို့ တောင်အောက်ကို ဆင်းမပြေးမိတာ၊ ပြေးများပြေးမိပြီး ဒီကောင် ငါ့နောက်လိုက်လာရင် ညီမလေးကို တွေ့သွားမှာပဲ၊ အဲဒါမှ ကျားရှေ့မှောက်လျက်လဲတဲ့ ကိန်းဆိုက်သွားမှာ ...” ဟူ၍ပင် ဖြစ်တော့၏။

လင့်ဟူချိုးသည် ဉာဏ်အလွန်များသူဖြစ်ရာ ချက်ချင်း အကြံတစ်ခု ရလိုက်တော့၏။ သူ့စိတ်ထဲတွင် ...

“အခု လောလောဆယ်တော့ ဒီကောင့်ကို အချိန်ဆွဲထားမှပဲ၊ သူ့ကို အင်အားနဲ့ပြိုင်လို့ မနိုင် နိုင်တော့ ဉာဏ်ကုပြီး တိုက်ရမှာပဲ၊ ဆရာတို့ ဒီအချိန်အတွင်း ပြန်လာနိုင်ရင်တော့ အားလုံးအဆင်ပြေပြီ ...” ဟု စဉ်းစား မိလိုက်သည်ဖြစ်၍ ထင်ပေါအား ....

“ကောင်းပြီလေ ... လင့်ဟူချိုးတို့တော့ ရေရေလည်လည် ခံနေရပြီ။ ခင်ဗျားနဲ့ ယှဉ်တိုက်လို့လည်း မနိုင်၊ ထွက်ပြေးလို့လည်း မရ၊ အကူအညီခေါ်ဖို့ဆိုတာလည်း ဝေလာဝေး ...”

လင့်ဟူချိုးသည် ပခုံးနှစ်ဖက်ကို တွန့်ပြလိုက်ပြီး မည်သို့မျှ မတတ်နိုင်တော့သည့်ဟန် လုပ်ပြလိုက်သည်။

ထင်ပေါက ရယ်၍ ...

“လင့်ဟူချိုး ... ငါ့ကို အထင်မလွဲပါနဲ့ကွာ ... ငါ မင်းကို လာခေါ်တာက မင်းရဲ့ ကောင်းကျိုးအတွက်ပါ ... နောက်ကျရင် မင်းက ငါ့ကိုတောင် ကျေးဇူးတင်နေဦးမှာပါ ...”ဟု ပြောတော့၏။

လင့်ဟူချိုးက လက်ခါပြလိုက်ပြီး ... “ထင်ပေါ ခင်ဗျားက မဟုတ်တာမှန်သမျှ အကုန်လုပ်တဲ့လူပဲ၊ နာမည်ဆိုး ကလည်း ရှိနေတော့ ခင်ဗျားဘာလုပ်လုပ် ကောင်းတာတစ်ခုမှမဟုတ်ဘူး။ လင့်ဟူချိုးတို့က စည်းကမ်းမရှိတဲ့ကောင် ဆိုပေမယ့် ခင်ဗျားလို အကုသိုလ်ကောင်မျိုးနဲ့တော့ တစ်သက်လုံး လက်မတွဲသေးဘူး” ဟု ပြင်းပြင်းထန်ထန် ပြောလိုက် တော့သည်။

ထင်ပေါက ... “မင်းက ဘာဖြစ်လို့ ဒီစကား ပြောရတာလဲကွ ... ဒီလိုဆိုရင် မင်းသမီး အရက်ဆိုင်မှာတုန်းက ငါနဲ့ ဘာဖြစ်လို့ မိတ်ဖြစ်ဆွေဖြစ် အရက်အတူတူ သောက်သေးလဲ ...”

“ဒါက ကျုပ်က သောက်ချင်လို့သောက်နေတာ မဟုတ်ဘူးဗျို့။ ဟိုမယ်သီလရှင်ကလေးကိုကယ်ဖို့ ကြံဖန် ကြိုးစား နေတာဗျ ...”

“ကဲ ... အဲ့ဒါ ထားလိုက်ပါဦးကွာ .. ဟိုအိမ်ကြီးထဲမှာ မင်းက ငါနဲ့ မိန်းမပျက်ကလေးတွေနဲ့ အတူတူ ပျော်ပါးကြ တာကကောကွ”

လင့်ဟူချိုးသည် တံတွေးတစ်ချက် ထွေးလိုက်ပြီး ...

“ဟ ... ခင်ဗျားရူးနေသလား။ အဲဒီတုန်းက ကျုပ်မှာ သေမလောက် ဒဏ်ရာကြီးရထားတာ ... ဘယ့်နှယ် ပျော်ပါးနိုင် မှာလဲ။ အဲဒီမှာ ဆေးကုနေတာဗျ ...”

ထင်ပေါက တဟားဟားရယ်ရင်း ...

“မင်းက တကယ်ရယ်စရာ ပြောတတ်တဲ့ကောင်ပဲ၊ ဒါဖြင့် ဟိုအိမ်ထဲမှာ မင်းက မိန်းမချောလေး နှစ်ယောက်နဲ့ ခုတင်တစ်လုံးတည်း အတူတူအိပ်နေကြတာကကော ...”

လင့်ဟူချုံးသည် ဒေါသတကြီး အော်ဟစ်လိုက်သည်။

“ထင်ပေါ ... ခင်ဗျား လျှောက်ပြီး ပါးစပ်မသရမ်းနဲ့ ကျုပ်စိတ်ကလည်း သန့်သန့်ရှင်းရှင်းပဲ ... ဟိုမိန်းကလေး နှစ်ယောက်ကလည်း သန့်သန့်ရှင်းရှင်းပဲ။ ဒီလို အသရေပျက်စေမယ့် စကားတွေနဲ့ သူများသားပျို သမီးပျိုတွေကို လျှောက်မစော်ကားနဲ့ ... ကျုပ် သည်းမခံနိုင်တော့ဘူး”

ထင်ပေါကရယ်ရင်း ...

“ဟား .. ဟား ... ဟား .. မင်းက ငါ့ကို သည်းမခံနိုင်တော့လည်း ဘာလုပ်နိုင်မှာလဲ၊ မင်းပဲဖြေစမ်းပါဦး၊ မင်းက ဟိုမိန်ကလေးနှစ်ယောက်နဲ့ ဘာဖြစ်လို့အတူတူအိပ်ရတာလဲ။ အဲ့ဒီတုန်းက မင်းမအိပ်ခဲ့ရင် ငါကမပြောဘူးကွ ...” ဟု ပြောတော့၏။

လင့်ဟူချုံးသည် သူ၏ဒေါသကို မထိန်းနိုင်တော့သဖြင့် ထင်ပေါအား ‘ဗိုး’ ခနဲ လက်ဝါးစောင်းဖြင့် ခုတ်ချလိုက်တော့၏။

× × × × ×

ထင်ပေါက ခန်ရှောင်လိုက်ပြီး ..

"လင့်ဟူချုံး ... ဖြစ်ပြီးတဲ့ကိစ္စကြီးကို မဖြစ်ပါဘူးလို့ ငြင်းလို့မရပါဘူးကွာ။ မင်းကသာ ဟိုနေ့တုန်းက ခုတင်ပေါ်မှာ သူတို့ကို ဘာတစ်ခုမှမလုပ်ဘူးဆိုရင် သူတို့က မင်းကိုဘာကြောင့် ဒီလောက် တန်းတန်းစွဲ ဖြစ်နေရ မှာလဲ ..."ဟု ပြောပြန်သည်။

လင့်ဟူချုံး၏စိတ်ထဲတွင် ...

"ဒီလိုကောင်မျိုးက မဟုတ်တရုတ်မှန်သမျှ အကုန်လျှောက်လုပ်နေတဲ့ ကောင်မျိုးဆိုတော့ ဟီရိသြတ္တပတရား ဘာမှရှိတဲ့ကောင်မဟုတ်ဘူး။ ဒီတော့ ပြောသင့်တဲ့စကား၊ မပြောသင့်တဲ့စကားလည်း ခွဲခြားသိမှာမဟုတ်ဘူး၊ ဒီကောင်နဲ့ ဆက်ပြီးပြောနေရင် မကြားကောင်း မနာသာစကားတွေ ထွက်လာဦးမှာ သေချာတယ် ... ဟိုမင်းသမီး အရက်ဆိုင်မှာ တုန်းက ငါ့လှည့်ကွက်ကို အကြီးအကျယ်ခံလိုက်ရတယ်၊ ဒီတော့ အဲ့ဒီအကွက်မျိုးနဲ့ပဲ ဒီကောင်ကို ပြန် ကိုင်ဦးမှပဲ ..."

ဟု တွေးလိုက်မိသဖြင့် ဒေါသထွက်ဟန် မပြတော့ဘဲ ပြုံးရယ်နေလိုက်သည်။

ပြီးမှ ...

"ထင်ပေါ ... ခင်ဗျား ကျုပ်ဆီကို ဒီလောက် ပင်ပင်ပန်းပန်းလာတွေ့တာ အခုမှ ကျုပ်တွေးမိတော့တယ်၊ လက်စ သတ်တော့ ခင်ဗျားရဲ့ဆရာမ ရီလင်ရဲ့အမိန့်ကြောင့်ကိုး။ နားလည်ပြီ၊ နားလည်ပြီ၊ အခု ကျုပ်ဆီယူလာတဲ့ အရက်အိုးတွေ က သူ့အတွက် ကျုပ်က တပည့်ကောင်းတစ်ယောက် ရှာပေးတာကို ကျေးဇူးဆပ်တဲ့အနေနဲ့ လက်ဆောင် ပေးလိုက်တာနဲ့ တူတယ် .. ဟား .. ဟား .. ဟား .."

ထင်ပေါ၏ မျက်နှာ ရဲခနဲဖြစ်သွားကာ ...

"မဆိုင်ပါဘူးကွာ၊ ဒီအရက်အိုးကို ယူလာတာက ငါ့သဘောနဲ့ငါ ယူလာတာပါ ... ဒါပေမယ့် မင်းပြောတာလည်း သိပ်မမှားပါဘူး။ ဆရာလေး ရီလင်နဲ့လည်း နည်းနည်းတော့ ပတ်သက်နေတယ် ..."

ဟု အရှက်ပြေပြောလိုက်တော့၏။

လင့်ဟူချုံးကမူ ခွက်ထိုးခွက်လန် ရယ်ရင်း ထင်ပေါအား ကလိလိုက်ပြန်သည်။

"ဘာလဲဗျ ... ဆရာဆိုလည်း ဆရာ ... ဆရာမ ဆိုလည်း ဆရာမပေါ့။ အခုတော့ ဘာလဲ ... ဆရာလေး ဘာလေးနဲ့။ ဆရာမှာတောင် အကြီးအသေး ခွဲနေရသေးသလား။ ဘာလဲ ခင်ဗျားက ကိုယ်ထားပြီးတဲ့ ကတိကို ကိုယ့်ဘာသာ ပြန်ဖျက်ချင်နေတယ်ပေါ့လေ။ ဒါပေမယ့် ခင်ဗျားကိုယ်ခင်ဗျား သိထားစမ်းပါ၊ ရီလင်လို မယ်သီလရှင်လေး ဆီမှာ တပည့်ခံနိုင်တာဟာ ခင်ဗျား အင်မတန် ကုသိုလ်ကောင်းလို့ဆိုတာ မသေမချင်း မှတ်ထားစမ်းပါ ..."

ထင်ပေါသည် ယမ်းပုံမီးကျသည့်နှယ် အကြီးအကျယ် ဒေါသထွက်လာတော့၏။ သူ၏ဓားကိုဆွဲထုတ်ရန် လက်ပြင် လိုက်ပြီးမှ သူ၏စိတ်ကိုထိန်းကာ ဆွဲမထုတ်တော့ပဲ နေလိုက်ပြီးမှ အေးစက်သောလေသံဖြင့် ...

"လင့်ဟူချုံး မင်းရဲ့လက်သိုင်းက အသုံးမကျပေမယ့် ပါးစပ်သိုင်းကတော့ သိပ်ကောင်းနေပါလား ..." ဟု ခနဲ့လိုက် ၏။

လင့်ဟူချုံးကရယ်ရင်း ... "ဒါပေါ့ဗျာ ... လူဆိုတာ တစ်ခုမစွမ်းရင် ... တစ်ခုတော့ စွမ်းသေးတာပဲ။ ဓားသိုင်း၊ လက်သိုင်းမှာ ခင်ဗျားကို မနိုင် နိုင်တော့ ပါးစပ်သိုင်းနဲ့ ခင်ဗျားကို အနိုင်ယူရတော့မှာပဲ ...." ဟု ပြန်ခနဲ့သည်။

"ကဲ .. ကြာပါတယ်ကွာ။ ငါ မင်းကို လာခေါ်တာကွ၊ ငါနဲ့လိုက်ခဲ့စမ်းပါ ..."

"မလိုက်ဘူးဗျာ။ မလိုက်ဘူးဆိုမလိုက်ဘူးပဲ။ ခင်ဗျားက ကျုပ်ကိုသတ်လည်း ကျုပ်ကလိုက်မှာမဟုတ်ဘူး..."

"လင့်ဟူချုံး ... မင်းက ဘာမှန်းညာမှန်းမသိဘဲ တွင်တွင်ငြင်းနေတော့တာကိုး၊ ငါက မင်းကို ဘယ်ခေါ် သွားမယ် မှတ်လို့လဲ၊ ငါခေါ်သွားမယ့် နေရာကို သိရဲ့လား .."

"မသိဘူးဗျာ ... ခင်ဗျားဘာသာ မိုးပေါ်ပဲတက်တက်၊ ငရဲပြည်ပဲဆင်းဆင်း။ ကျုပ်ကတော့ ထင်ပေါ်ဆိုတဲ့လူ ခေါ်တဲ့နေရာ ဘယ်နေရာမှ မလိုက်ဘူး ..."

ထင်ပေါ်က စိတ်အားထက်သတ်စွာဖြင့် ပြောလိုက်သည်။

"ဟော့ကောင် ... လင့်ဟူချုံး၊ ငါက ဆရာလေးရီလင်ဆီ ခေါ်သွားမလို့ကွ၊ ဘယ့်နှယ်လဲ ..."

လင့်ဟူချုံးသည် ထိတ်လန့်တကြား အော်လိုက်မိသည်။

"ဘာ ... ရီလင်က ခင်ဗျားလက်ထဲ ပြန်ရောက်နေ ပြန်ပြီဟုတ်လား၊ ခင်ဗျားက ကိုယ့်ဆရာသမားကိုတောင် ပြန်စော်ကားရဲတယ် ဟုတ်လား ..."

ထင်ပေါ်ကလည်း ဒေါသတကြီးဖြင့် ပြန်အော်၏။

"လင့်ဟူချုံး ... မင်းစကားပြောရင် ကြည့်ပြောစမ်း။ ငါ့ကို ပညာသင်ပေးတဲ့ ဆရာသမား ရှိတယ်ကွ၊ မင်းကိုပြောပြရင် မင်းတောင် လန့်သွားလိမ့်ဦးမယ်၊ ဆရာလေးရီလင်ကို ဆွဲဆွဲမထည့်စမ်းပါနဲ့ ..."

ထင်ပေါ်သည် ဒေါသတကြီး အော်ဟစ်နေရာမှ မျက်နှာအနည်းငယ် ပျော့ကျသွားပြီး ...

"ဆရာလေးရီလင်က မင်းကိုအမြဲတမ်း သတိရနေတယ်၊ မင်းနဲ့ငါနဲ့ကလည်း သူငယ်ချင်းတွေဆိုတော့ ငါက ဆရာလေးရီလင်ကို ဘာလုပ်နိုင်မှာလဲ၊ မင်းသာ ငါနဲ့လိုက်ခဲ့ပါကွာ ..." ဟု ချော့ချော့မော့မော့ ပြောပြန်သည်။

လင့်ဟူချုံးကမူ ဘူးတစ်လုံးဆောင် အိုတောင်မဆင်းရဲ ဟူသည့်စကားကို လက်သုံးထားသည့်အလား 'မလိုက်ဘူး' ဟု တွင်တွင်ငြင်းနေလေတော့၏။

ထင်ပေါ် ပြုံးလိုက်သည်ကို လင့်ဟူချုံးက တွေ့လိုက်ရသဖြင့် မေးလိုက်သည်။

"ခင်ဗျား ... ဘာပြုံးတာလဲ၊ ခင်ဗျားက ကျုပ်ကို သိုင်းပညာအားကိုးနဲ့ ဖမ်းသွားနိုင်တယ်ဆိုပြီး ပြုံးတာပေါ့ လေ၊ ဟား .. ဟား ... ဟား .. ၊ ခင်ဗျားက လင့်ဟူချုံးကို ဘယ်လိုကောင်မျိုး မှတ်နေလို့လဲ ..."

"ငါကမင်းကို သူငယ်ချင်းတစ်ယောက်လို သဘောထားတဲ့ဥစ္စာ ... ဒီလိုမလုပ်ချင် ပါဘူးကွာ၊ ဒါပေမယ့် ငါ့မှာလည်း အခက်အခဲတစ်ခု ရှိနေတော့ မင်းကို မခေါ်လို့ကို မဖြစ်ဘူးကွာ ..."

လင့်ဟူချုံးက ရယ်လိုက်ရင်း ... "ခင်ဗျားက ကျုပ်ထက် သိုင်းပညာတော်တာတော့ မှန်တယ်၊ ခင်ဗျား အနေနဲ့ ကျုပ်ကိုသတ်လို့တော့လွယ်မယ်။ ဖမ်းဖို့တော့ မလွယ်ဘူးဗျ။ တစ်ခုတော့ ရှိတယ်။ ခင်ဗျား ကျုပ်ကိုခေါ် သွားကောင်း ခေါ်သွားနိုင်မယ်။ ဒါပေမယ့် သက်ရှိလင့်ဟူချုံးတော့ မဟုတ်ဘူး။ အသေကောင် လင့်ဟူချုံးကိုပဲ ခင်ဗျား ခေါ်သွားနိုင်မယ် ..." ဟု ပြတ်ပြတ်သားသား ပြောလိုက်တော့၏။

ထင်ပေါ်သည် လင့်ဟူချုံးကို အသေအချာကြည့်ပြီး သူ့စိတ်ထဲတွင် စဉ်းစားနေလိုက်သည်။

"ဟုတ်တယ် ... ဒီကောင်က တခြားသူတွေနဲ့ တူတဲ့ကောင်မဟုတ်ဘူး။ တကယ်အသေခံမယ့်ကောင်မျိုး။ သူက ငါ့ကို အသေခံတိုက်ရင် ငါ ဘာမှတတ်နိုင်မှာမဟုတ်ဘူး။ သူ့ကို သတ်ပဲသတ်နိုင်မယ်။ ဖမ်းဖို့တော့ လွယ်မှာ မဟုတ်ဘူး။ လွယ်မှာမဟုတ်ဘူးလို့ ပြောရမှာတောင် ခပ်ခက်ခက်ပဲ။ ဖမ်းနိုင်မှာကို မဟုတ်ပါဘူးလေ ..."

ထို့ကြောင့် သူက လင့်ဟူချုံးအား ဖျောင်းဖျောင်းဖျဖျပြောပြန်သည်။

"လင့်ဟူချုံး ... ငါ့ကိုလူတစ်ယောက်က မှာလိုက်တာပါ ... မင်းကို ဆရာလေး ရီလင်ဆီ ခေါ်သွား တွေ့လိုက်ပါတဲ့။ တခြား ဘာကိစ္စမှမရှိဘူး ... တွေ့ပြီးရင် ပြီးတာပါပဲ။ မင်းကလည်း ဘာဖြစ်လို့ ဒီလောက်တောင် ငြင်းနေရတာလဲ ..."

လင့်ဟူချုံးကမူ လုံးဝလက်မခံချေ။ ငြင်းမြဲငြင်းနေသဖြင့် ထင်ပေါ်က သူ၏ခါးကို ဆွဲထုတ်လိုက်ပြီး ...

"မင်းက ဒီလောက်တောင် ခေါင်းမာနေရင် ... ငါကလည်း အကြမ်းနည်းသုံးရတော့မှာပဲ ..." ဟု စိတ်ဆိုး မာန်ဆိုးပြောလိုက်တော့၏။

လင့်ဟူချုံးကလည်း သူ့ဓားကို ဆွဲထုတ်လိုက်သည်။

"ကောင်းပြီ ... ခင်ဗျားကြည့်ပေါ့... ခင်ဗျားနဲ့ပဲလိုက်မှာလား။ ကျုပ်ကိုယ်ကျုပ်ပဲ အသေခံမလားဆိုတာ ..."

ထင်ပေါ်သည် လင့်ဟူချုံးအားသတ်ရန် လုံးဝမရည်ရွယ်ချေ။ ထို့ကြောင့် ဤမျှအခက်အခဲ တွေ့နေရခြင်း ဖြစ်သည်။ သူက ခဏမျှစဉ်းစားသည်။

"ဒီကောင်က သေရမှာမကြောက်တဲ့အကောင်ဆိုတော့ ငါ့အနေနဲ့ သူ့ကိုခေါ်ဖို့မလွယ်ဘူး၊ တစ်ခုခုကြံဦးမှ ..."

ဤသို့ဖြင့် ချက်ချင်းပင် အကြံတစ်ခု ရလိုက်တော့သည်။

"လင့်ဟူချုံး ... ငါက မင်းနဲ့ဘာရန်ငြိုးမှ ရှိတဲ့ကောင်မဟုတ်ဘူး၊ ဘာဖြစ်လို့ သူသေကိုယ်သေ တိုက်ခိုက်ရမှာလဲ၊ ငါတို့နှစ်ယောက် လောင်းကစားကြမယ်၊ ဘယ့်နှယ်လဲ ..."

လင့်ဟူချုံးမှာ ထိုစကားကို ကြားလိုက်ရသောအခါ အလွန်ဝမ်းသာသွား၏။ သူ့အနေဖြင့် ဤအချိုးမျိုးချိုးရန် စောစောကတည်းက စဉ်းစားခဲ့ပြီးပြီ မဟုတ်ပါလား။ ယခု မိမိကပင် မစရသေး။ ထင်ပေါ်ကိုယ်တိုင် စလာခဲ့လေပြီ။ ထို့ကြောင့် သူ့စိတ်ထဲဝယ် စဉ်းစားနေလိုက်၏။

"အင်း ... ငါ့အကြိုက်တော့ ဝင်လာပြီ။ လောင်းတမ်းစားတမ်း လုပ်လို့ကတော့ ငါရှုံးဖို့သိပ်မရှိဘူး ... ဒီကောင်က အပြုအမူနဲ့သာ မကောင်းတာ မဟုတ်တာ လျှောက်လုပ်တာ ... စကားနဲ့မဟုတ်တရုတ်တွေ ပြောတာကျ တော့ ငါ့ကိုမှီတာမဟုတ်ဘူး၊ ဒီတော့ စကားနဲ့ အနိုင်ရအောင် လုပ်ရမှာပဲ ..."

သို့သော် လင့်ဟူချုံးသည် သူ၏ရင်တွင်းမှ အူလှိုက်သည်းလှိုက် သဘောကျသွားသည့် အချက်ကို လုံးဝ မပေါ်လွင်စေဘဲ မတုန်မလှုပ် ပုံစံဖြင့် မေးလိုက်သည်။

"ဘာလောင်းမှာလဲ။ ရှုပ်မနေနဲ့ဗျာ။ လောင်းလည်းမလောင်းဘူး။ ဘယ်မှလည်းမသွားဘူး ..."

ထင်ပေါ်ကမူ လင့်ဟူချုံး ဤကဲ့သို့ မတုန်မလှုပ်ဖြစ်စေ၊ ပို၍ဒေါသဖြစ်လေပင်။ လင့်ဟူချုံးအနေဖြင့် လောင်းကြေးစားကြေး ပြုလုပ်မှသာ မိမိလိုရာသို့ ခေါ်နိုင်မည် မဟုတ်ပါလား။ ထင်ပေါ်က ...

"ဝါဆန်းဂိုဏ်းရဲ့ တပည့်ကြီးတစ်ယောက်လုံးလုပ်နေပြီး ထင်ပေါ်ရဲ့ဓားကို ဒီလောက်တောင် ကြောက်သလားကွ၊ သိုင်းကွက်ကလေး သုံးဆယ်လောက်တောင် မပြိုင်ရဲဘူးလား .."

လင့်ဟူချုံးက ဒေါသဖြင့် အော်လိုက်သည်။

"ခင်ဗျားကို ဘာဖြစ်လို့ ကြောက်ရမှာလဲ။ လင့်ဟူချုံးရဲ့တစ်သက်မှာ ကြောက်တယ်ဆိုတဲ့စကားလုံး မရှိဘူးဗျ။ ခင်ဗျားက ကျုပ်ကို ဘာလုပ်နိုင်မှာလဲ။ သတ်ရုံအပြင် ဘာလုပ်နိုင်မှာလဲ။ သေမှာတောင် မကြောက်တာ ခင်ဗျားကို ဘာဖြစ်လို့ ကြောက်ရမှာလဲ ..."

"လင့်ဟူချုံး ငါက မင်းကို အထင်သေးလို့တော့ မဟုတ်ဘူး။ ဒါပေမယ့် ငါ့စိတ်တော့ မင်းဟာ ငါနဲ့ ဓားကွက်သုံးဆယ်ပြည့်အောင် ယှဉ်နိုင်မှာမဟုတ်ဘူး၊ ဓားကွက်သုံးဆယ်မပြည့်ခင် မင်းက ငါ့ကို ရှုံးမှာပဲလို့ ထင်နေတယ်။ အဲဒီတော့ ဒီလိုလုပ်ကွာ။ မင်းက ငါ့ရဲ့ဓားကွက် သုံးဆယ်အထိ ခုခံနိုင်တယ်ဆိုရင် ငါပြန်မယ်။ မင်းကို လုံးဝ မခေါ်တော့ဘူး။ အေး မင်း ရှုံးရင်တော့ ငါနဲ့လိုက်ပြီး ဆရာလေး ရီလင်ကိုတွေ့ရမယ်။ ဘယ့်နှယ်လဲ ..."

လင့်ဟူချုံးသည် ခေတ္တမျှ စဉ်းစားလိုက်သည်။

"ငါက သူနဲ့တိုက်ခိုက်ဖူးတာပဲ။ သူ့ရဲ့ဓားသိုင်း အသွားအလာတော့ နည်းနည်းသိထားပြီးပြီ။ နောက်ပြီး ဆရာမကလည်း သူ့ကိုအနိုင်တိုက်နိုင်တဲ့ ဓားကွက်လည်း သင်ပေးထားသေးတယ်။ ငါက သူ့ကို အကွက်သုံးဆယ် တောင် မယှဉ်နိုင်ဘူးလား ..."

ဤသို့ဖြင့် လင့်ဟူချုံးက သူ၏ဓားကို 'ရွမ်း'ခနဲ ဆွဲထုတ်လိုက်ကာ အော်လိုက်သည်။

"ကဲ ... လာခဲ့၊ ခင်ဗျားရဲ့ဓားကွက်သုံးဆယ်ကို ကြည့်ရသေးတာပေါ့ ..."

လင့်ဟူချုံးသည် ပြောပြောဆိုဆိုနှင့် 'ဒေါင်းမြီးဖြာ' သိုင်းကွက်ကို စတင် အသုံးပြုလိုက်သည်။ သူ၏ဓား သည် ထင်ပေါ်၏ ခန္ဓာကိုယ် အပေါ်ပိုင်းတစ်ခုလုံးကို ထိန်းချုပ်ထား လိုက်နိုင်သည်။ ဓားရောင် တဝင်းဝင်းသာ တွေ့ရတော့၏။

ထင်ပေါ်က ချီးကျူးလိုက်သည်။

"လင့်ဟူချုံး၊ မင်းရဲ့ဓားကွက်က တယ်ကောင်းပါလား"

ထင်ပေါ်သည် ပါးစပ်မှ ချီးကျူးလိုက် သည်နှင့်အတူ ဓားဖြင့်ခုခံလိုက်ပြီး နောက်သို့ ဆုတ်ခွာလိုက်၏။

လင့်ဟူချုံးက ပါးစပ်မှအော်ပြီး ဓားနှင့်ထိုးလိုက်သည်။

"တစ်ကွက် .."

ထင်ပေါ်က ချီးကျူးပြီး နောက်သို့တစ်လှမ်း ဆုတ်လိုက်ပြန်သည်။ ပြန်လှန်ခုခံခြင်း မပြုချေ။ လင့်ဟူချုံးက နောက်တစ်ချက် ထပ်ထိုးလိုက်ပြန်သည်။ ပါးစပ်မှလည်း အော်လိုက်ပြန်၏။

"နှစ်ကွက် .."

လင့်ဟူချုံးသည် ဆက်တိုက်ပင် ငါးကွက်တိတိ တိုက်ခိုက်လေတော့၏။

× × × × ×

## တိုက်လေတော်လေ

လင့်ဟူချုံးတိုက်သည့် ဓားကွက်ငါးကွက်စလုံး အပြင်းအထန် ပြန်လှန်ခုခံခြင်းမရှိဘဲ ရှောင်တိမ်းလိုက်၊ နောက်ဆုတ်လိုက်သာ လုပ်နေ၏။

နောက်ဆုံး ငါးကွက်ဟု အော်ဟစ်လိုက်ပြီးသည်နှင့် ခြောက်ကွက်မြောက်ကို တိုက်ခိုက်ရန် လင့်ဟူချုံးက ဓားကို အောက်မှ အပေါ်သို့မြှောက်တင်ရန် ကြိုးစားခိုက်တွင် ထင်ပေါက တစ်ချက်မျှ မာန်သွင်းအော်ဟစ်ကာ လင့်ဟူချုံး၏ ဓားကို အပေါ်မှဖိ၍ ခုတ်ချလိုက်တော့၏။ ဓားနှစ်လက် အရှိန်ပြင်းစွာ ရိုက်ခတ်မိသောအခါ လင့်ဟူချုံး၏ဓားမှာ အောက်သို့ နိမ့်ကျသွားရသည်။

ထင်ပေါက ဆက်တိုက် အော်ဟစ်လိုက်သည်။

'ခြောက်' 'ခုနစ်' 'ရှစ်' 'ကိုး' 'တစ်ဆယ်'

ထင်ပေါသည် သူအော်ဟစ်လိုက်သည့် ဓားကွက်ငါးကွက်တိတိကို သိုင်းကွက် လုံးဝပြောင်းလဲခြင်းမရှိဘဲ အပေါ်စီးမှ ဆက်တိုက် ထိုးခုတ်နေခြင်းသာဖြစ်၏။ ထိုဓားချက် ငါးချက်စလုံးမှာ တစ်ကွက်ထက်တစ်ကွက် ပို၍ပို၍ ပြင်းထန်လာသည်။ နောက်ဆုံး 'ဆယ့်တစ်ကွက်' ဟု ထင်ပေါက အော်ဟစ်ကာ ဓားကို ခုတ်ချလိုက်သောအခါ လင့်ဟူချုံးမှာ အားကုန်ထုတ်၍ ခုခံလိုက်ရ၏။ ထင်ပေါ၏ ခုတ်ချက်မှာ ပြင်းထန်လှသဖြင့် ဓားနှစ်စင်း ရိုက်ခတ်သံ 'ထန်း' ခနဲ မြည်ဟည်းသွားပြီး လင့်ဟူချုံးမှာ သူ၏ဓားကို လုံးဝဆုပ်ကိုင်မထားနိုင်တော့ဘဲ လက်ထဲမှ လွှတ်ချ လိုက်ရတော့၏။

ထင်ပေါသည် နောက်တစ်ချက်ခုတ်ရန် ရွယ်လိုက်သည်။ လင့်ဟူချုံးကမူ အေးဆေးငြိမ်သက်စွာ ရပ်နေတော့၏။ ထင်ပေါက တဟားဟားရယ်ရင်း ...

"ကဲ .. လင့်ဟူချုံး အခု ဘယ်နှစ်ကွက်ရှိသွားပလဲ၊ မင်းမှတ်ထားလိုက်တယ် မဟုတ်လား"ဟု မေးလိုက်၏။

လင့်ဟူချုံးက ... "ခင်ဗျားရဲ့ ဓားသိုင်းက ကျုပ်ထက်အဆင့်မြင့်တယ်၊ အတွင်းအားကလည်း ကျုပ်ထက် ပိုကောင်းတယ်ဆိုတော့ ခင်ဗျားက ကျုပ်ကိုနိုင်တာမဆန်းဘူး၊ ကျုပ်က ခင်ဗျားကို ရှုံးတာလည်း မဆန်းဘူး"

ထင်ပေါက ရယ်၍ ... "ကဲ ... ငါတို့သွားကြစို့"ဟု ပြောတော့၏။

လင့်ဟူချုံးက ခေါင်းကို သွက်သွက်ခါရင်း ... "မသွားဘူး" ဟုပြောလိုက်တော့၏။

ဤတွင် ထင်ပေါ၏မျက်နှာသည် ချက်ချင်းတင်းမာသွားပြီး ဒေါသဖြင့်ပြောလိုက်၏။

"လင့်ဟူချုံး ... ငါကမင်းကို ယောက်ျားပီသတဲ့လူတစ်ယောက်လို့ သတ်မှတ်ထားတာကွ၊ စကားတည်မှပေါ့၊ မင်းနဲ့ငါနဲ့ အကွက်သုံးဆယ်ပြိုင်ဖို့ သတ်မှတ်ထားပါတယ်၊ အခုမင်း ရှုံးသွားပြီ၊ ဘာဖြစ်လို့ ကတိမတည်ရတာလဲ .."

လင့်ဟူချုံးကလည်း မာကျောစွာ ပြန်ပြောလိုက်သည်။

"ကျုပ် ရှုံးရင် ခင်ဗျားနောက်ကိုလိုက်မယ်လို့ ကျုပ်က ကတိပေးခဲ့လို့လား ..."

ထင်ပေါမှာ ထိုစကားကို ကြားလိုက်ရသောအခါကျမှ 'ဟာ' ခနဲဖြစ်သွားပြီး သတိရမိလိုက်တော့သည်။

လင့်ဟူချုံး၏စကားက အမှန်ပင်ဖြစ်သည်။ မိမိ၏ တစ်ဖက်စကားသာ။ လင့်ဟူချုံးက သဘောတူသည် မတူသည်ဟု လုံးဝမပြောခဲ့။ မိမိတို့နှစ်ဦးနှစ်ဖက် သဘောတူသည့် ပဋိညာဉ်စကား မဟုတ်သဖြင့် အတည်ပြု၍ မရနိုင်ကြောင်း သတိပြုလိုက်မိတော့၏။

ထင်ပေါသည် လင့်ဟူချုံး၏ စကားကို စဉ်းစားပြီးသည်နှင့် ခနဲ့ပြုံးပြုံး၍ မေးလိုက်၏။

"လင့်ဟူချုံး … မင်းက မြေခွေးလိုတကယ်ကောက်ကျစ်တဲ့ကောင်၊ ကဲပြော မင်းဘယ်လိုလုပ်ချင်သလဲ .."

"ကျုပ် … စောစောကရှုံးတာက ကျုပ်ရဲ့အတွင်းအားက ခင်ဗျားရဲ့အတွင်းအားလောက် မကောင်းလို့ရှုံးခဲ့တာဗျ။ ကျုပ်မကျေနပ်သေးဘူး။ ခဏအနားယူလိုက်ဦးမယ်။ ကျုပ်အင်အားပြည့်ရင် ခင်ဗျားနဲ့ထပ်တိုက်မယ် .."

"ကောင်းပြီလေ … ငါကတော့အဆင်သင့်ပဲ မင်းငါ့ကို အရှုံးပေးရတာ စိတ်ထဲက ကျေကျေနပ်နပ်နဲ့ကို ရှုံးစေရမယ်"

ထင်ပေါသည် ပြောရင်း ကျောက်တုံးကြီးတစ်တုံးပေါ်တွင် တက်ထိုင်လိုက်ပြီး လင့်ဟူချုံးအား ပြုံးစေ့စေ့နှင့် စိုက်ကြည့်နေတော့၏။

လင့်ဟူချုံးကမူ အခြေအနေအားလုံးကို သုံးသပ်စဉ်းစားနေသည်။ သူ့စိတ်ထဲ၌ …

"ဒီကောင်ငါ့ကို တောင်ပေါ်ကဆင်းဖို့ အတင်းခေါ်နေတော့ အကြံအစည်တစ်ခုတော့ ရှိလိမ့်မယ်၊ ဘာအကြံ အစည်လဲ ဆိုတာ မသိနိုင်တာက ခက်နေတယ်၊ အရေးတော့ တော်တော်ကြီးပုံရတယ်၊ နို့မို့ရင် ဒီလောက်အဝေးကြီးကို ဒီလောက် အပင်ပန်းခံ ဘယ်လာလိမ့်မလဲ၊ ရီလင်ကို သွားတွေ့ဖို့ဆိုတဲ့ အကြောင်းပြချက်က ဟုတ်ချင်မှဟုတ်မှာ" ဟု တွေးနေမိ၏။

"အင်း … သူ့ရဲ့ဓားကွက်က ရိုးရိုးပဲ၊ ဘာမှ ဆန်းပြားတာမရှိဘူး၊ အားပြင်းတာတစ်ခုပဲ ရှိတယ်၊ ငါက ဘာ့ကြောင့် မကာကွယ်နိုင်ရတာလဲ .."

ထိုအတွေးကြောင့် ရုတ်တရက် စိတ်လှုပ်ရှားသွားမိတော့၏။ ထို့ပြင် အခြားအတွေးတစ်ခုလည်း ရလိုက်သေးသည်။

"ဟိုနေ့က တောအုပ်ထဲမှာ ဆရာကြီးမော်တားက ကောင်ဆန်းဂိုဏ်းက သိုင်းဆရာကြီးဖေးပြောင်းကို သတ်တုန်းက သူသုံးတဲ့ ချုံးဆန်းဂိုဏ်းရဲ့ဓားသိုင်းက တော်တော်ကောင်းတယ်၊ ထင်ပေါကို အဲဒီနည်းနဲ့တိုက်ရင် မရှုံးနိုင်ဘူး၊ အတွင်း လိုဏ်ဂူထဲမှာ သူတို့ချုံးဆန်းဂိုဏ်းရဲ့ ထိပ်သီးဓားကွက်တွေရေးထားတာပဲ။ ငါသွားကြည့်ပြီး သိုင်းကွက် သုံးလေးဆယ် လောက် မြန်မြန်သင်လိုက်မယ်၊ အဲဒီနည်းတွေနဲ့တိုက်မှ ဒီကောင့်ကို အကွက်သုံးဆယ်အထိ ယှဉ်နိုင်မှာ .."

ထင်ပေါသည်လည်း လူကဲခတ်ပညာ မဆိုးလှပေ။ လင့်ဟူချုံး၏ စဉ်းစားနေသော မျက်နှာကို အကဲခတ်ပြီး ရယ်၍မေးလိုက်သည်။

"လင့်ဟူချုံး … မင်းက ငါ့ရဲ့ဓားကွက်ကို ဖျက်နိုင်မယ့် နည်းလမ်းကို ရှာနေတာလား၊ ရှာလို့တွေ့ပြီလား"

လင့်ဟူချုံးက အကြီးအကျယ် ဒေါသထွက်သွားဟန်ဖြင့် အော်လိုက်သည်။

"ထင်ပေါ ခင်ဗျားက ဘာလုပ်တာလဲ … အော်ကျယ်အော်ကျယ် လုပ်မနေနဲ့ … ကျုပ်ကို စိတ်အနှောင့် အယှက်ဖြစ်အောင်လုပ်ပြီး ခင်ဗျားရဲ့ ဓားကွက်ဖျက်မှာကို မစဉ်းစားနိုင်အောင် လုပ်တာလား။ ကျုပ် ကျောက်ဂူထဲသွားပြီး စိတ်အေးအေးနဲ့ စဉ်းစားမယ်။ ခင်ဗျား ကျုပ်ကိုမနှောင့်ယှက်နဲ့ …"

ထင်ပေါက တဟားဟားရယ်ရင်း … "စဉ်းစား … စဉ်းစား … ငါ့ ဓားကွက်ကို ဖျက်နိုင်အောင် သေသေ ချာချာစဉ်းစား။ ငါ မင်းကိုမနှောင့်ယှက်ပါဘူး"ဟု သရော်တော်တော် ပြောတော့သည်။

လင့်ဟူချုံးသည် ထင်ပေါ၏ သရော်တော်တော် လေသံကို ကြားလိုက်ရသောအခါ ကျိတ်၍ ကျိန်ဆဲလိုက်သည်။ စိတ်ထဲ၌ မခံမရပ်နိုင် ဖြစ်နေမိသော်လည်း မိမိအဖို့ ထင်ပေါ၏ပညာကို လုံးဝမယှဉ်နိုင်ခြင်းက မိမိအတွက် အခက်ကြီး ခက်နေရခြင်းဖြစ်၏။ ချက်ချင်းလိုလိုပင် ကျောက်ဂူတွင်းသို့ဝင်ကာ အတွင်းလိုဏ်ဂူကြီး အတွင်းသို့ ဝင်လိုက်တော့သည်။

သူသည် မီးတိုင်တစ်တိုင်ကို မီးထွန်းညှိလိုက်ကာ နံရံပေါ်၌ရေးဆွဲထားသော ချုံးဆန်းဂိုဏ်း၏ ဓားကွက်များကို သေချာစွာ ကြည့်လိုက်၏။

တကယ့်တကယ် လေ့လာကြည့်သောအခါမှ ချုံးဆန်းဂိုဏ်း၏ ဓားကွက်များမှာ အလွန် ရှုပ်ထွေးလှကြောင်း တွေ့ရသည်။ ကိုယ်တိုင်သာ မတွေ့မမြင်ရပါက မည်သူကမျှ ဤမျှ ရှုပ်ထွေးပွေလီလှသော ဓားကွက်များ ရှိလိမ့်မည်ဟု ထင်မိကြလိမ့်မည် မဟုတ်ချေ။

လင့်ဟူချုံး၏စိတ်ထဲတွင် … "ဒီလောက်တိုတောင်းတဲ့ အချိန်ကလေးအတွင်းမှာ ဒီလောက် ရှုပ်ထွေးခက်ခဲတဲ့ ဓားသိုင်းကိုတတ်ဖို့ဆိုတာ လွယ်တဲ့အလုပ်မဟုတ်ဘူး။ ဉာဏ်သိပ်ကောင်းတဲ့လူဆိုရင်တော့ မပြောတတ်ဘူး။ ဒီတော့ ငါ့အနေနဲ့ တစ်ပွဲတိုးသုံးရမှာဆိုတော့ သူတို့ဓားကွက်တွေထဲက အပြင်းအထန်ဆုံး ဓားကွက်တွေကို မှတ်သားပြီး တိုက်ခိုက်ရမယ်၊ ဒါဆိုရင် ဒီကောင်ငါ့ကို ရုတ်တရက် ခုခံနိုင်မှာ မဟုတ်ဘူး .." ဟု တွေးမိသည်။

ဤသို့ဖြင့် ရုပ်ပုံများကိုကြည့်လိုက်၊ လက်ထဲမှဓားဖြင့် ကစားကြည့်လိုက် တဖြည်းဖြည်းကြည့်သွားရာ သိုင်းကွက် နှစ်ဆယ်ကျော်လာတော့၏။

ထိုစဉ် ကျောက်ဂူအပြင်ဘက်မှ ထင်ပေါ၏အော်သံကို ကြားလိုက်ရသည်။

“လင့်ဟူချိုး ... ဘယ်လိုလဲကွ... ကြာလှချည်လား... မင်းထွက်မလာရင် ငါ အထဲဝင်လိုက်လာမှာနော် ...”

လင့်ဟူချိုးသည် ဓားကိုကိုင်ဆွဲ၍ ပြန်လည်ခုန်ထွက်လာသည်။ လင့်ဟူချိုးက ...

“ဘယ်လိုလဲ ခင်ဗျား သိပ်အော်မနေနဲ့။ ခင်ဗျားရဲ့ပါးစပ်ကိုပိတ်သွားအောင် ကျုပ်တိုက်ပြမယ်။ လာ ခင်ဗျားနဲ့ ဓားကွက်သုံးဆယ်ပြိုင်မယ် ..”

ထင်ပေါက ရယ်ရင်း ... “ကောင်းပြီ ... ဒီတစ်ခါ မင်း ရှုံးရင်ကော ဘယ်လိုလဲ” ဟု မေးလိုက်သည်။

လင့်ဟူချိုးက ... “ဒါ ပထမတစ်ကြိမ် ရှုံးတာမှမဟုတ်တာ။ နောက်တစ်ကြိမ် ရှုံးတော့ ဘာဖြစ်သေးသလဲ။ လာစမ်းပါ။ တိုက်မယ် ...” ဟုပြောရင်း ခုနစ်ကွက်တိတိ ဆက်တိုက်တိုက်ခိုက်လိုက်သည်။ သည် ခုနစ်ကွက်လုံး သည် ကျောက်ဂူနံရံပေါ်ရှိ ချိုးဆန်းဂိုဏ်း၏ ထိပ်သီး လျှို့ဝှက်ဓားကွက်များ ဖြစ်တော့သည်။

ထင်ပေါ မရယ်နိုင်တော့ချေ။ ဤမျှ ရှုပ်ထွေးခက်ခဲသော ဓားကွက်များကို တွေ့ရသောအခါ ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်လာရတော့၏။ ဆက်တိုင်ပင် နောက်သို့ဆုတ်နေရတော့၏။ တစ်ကွက်မျှ ပြန်မတိုက်နိုင်ချေ။ ဤသို့ဖြင့် သိုင်းကွက် ဆယ်ကွက်သို့ ရောက်ရှိလာလေတော့သည်။

ထင်ပေါ၏ စိတ်ထဲတွင် ထူးထူးဆန်းဆန်းကြီး ဖြစ်နေတော့၏။ မတွေးတတ်အောင်လည်း ဖြစ်နေသည်။

“ဒီကောင့်ဓားကွက်တွေက ဘယ်လိုဖြစ်သွားရတာလဲ... စောစောကဓားကွက်တွေနဲ့ အဖြူနဲ့ အမည်းလို ပြောင်းလဲ သွားတာပဲ။ ဘာဖြစ်လို့ ဒီလောက်ထူးထူးခြားခြား ပြောင်းလဲသွားရတာလဲ။ ငါဒီလိုပဲ သူတိုက်တာကို ခုခံနေရရင်တော့ သိုင်းကွက် သုံးဆယ်ကျော်သွားလိမ့်မယ် ..”

ထို့ကြောင့် ထင်ပေါသည် မာန်သွင်း၍အော်ဟစ်လိုက်ကာ အပြင်းအထန် ခုခံလိုက်ရတော့သည်။ နောက်ဆုံး သိုင်းကွက် ဆယ့်ကိုးကွက်သို့ရောက်သောအခါတွင် ဓားချင်းရိုက်ခတ်မိပြီး လင့်ဟူချိုး၏ဓားသည် လက်မှ လွတ်ထွက် သွားလေတော့၏။ လင့်ဟူချိုးသည် နောက်ဘက်သို့ ခြေလှမ်းနှစ်လှမ်းဆုတ်ပြီး ပြောလိုက်သည်။

“ထင်ပေါ ... ခင်ဗျား အခုတိုက်လိုက်တဲ့ဓားချက်မှာ အားပါတာတစ်ခုပဲရှိတယ်။ ဓားကွက်သာလို့မဟုတ်ဘူးဗျ၊ ကျုပ်ရှုံးပေမယ့် မကျေနပ်ဘူး၊ ဂူထဲပြန်ဝင်ပြီး အသေအချာစဉ်းစားလိုက်ဦးမယ်။ နောက်တစ်ခါထပ်ပြိုင်မယ် ”

အနိုင်ရလိုက်သဖြင့် စိတ်အေးသွားသော ထင်ပေါက တဟားဟားရယ်ရင်း ... “လင့်ဟူချိုး၊ မင်းအကြံကို ငါ မသိဘူးမှတ်လို့လား” ဟု မေးလိုက်သည်။

လင့်ဟူချိုးက ရုတ်တရက် ထိတ်သွားသည်။

“ဘာ အကြံလဲ၊ ပြောစမ်းပါဦး”

“ဟား .. ဟား .. ဟား .. မင်းဆရာပြန်လာမှာကို မျှော်လင့်ပြီး ငါ့ကိုအချိန်ဆွဲတိုက်နေတာ မဟုတ်လား။ အလကားပဲ။ မျှော်မနေနဲ့။ မင်းဆရာက နေ့ချင်းပြန်ရောက်နိုင်မှာ မဟုတ်သေးဘူး။ နောက် ဆယ်ရက်ကျော်လောက်မှ ပြန်ရောက်နိုင်မှာ ...”

“တိတ်စမ်းဗျာ ... ၁၀ ရက်ကျော်လောက်မှတော့ ပြန်ရောက်နိုင်တယ်ဆိုတာ ကျုပ်လည်းသိတာပေါ့ဗျ၊ ကျုပ်က ကလေးမှမဟုတ်တာ၊ ကျုပ်ဆရာ့အားကိုးနဲ့ တိုက်ရင် ကျုပ်ယောကျ်ား ပီသပါတော့မလား”

ထင်ပေါက တဟားဟားရယ်ရင်း ... “ကောင်းပြီ ... ငါမင်းကို ထပ်စောင့်မယ်။ သွားစဉ်းစားတော့ ...” ဟု ပြော လိုက်သည်။

လင့်ဟူချိုးကလည်း ... “ကောင်းပြီ၊ ခင်ဗျားလည်း ယောကျ်ားပဲနော်၊ တော်တော်ကြာတော့မှ စဉ်းစားလေ ကြောက်လေဖြစ်ပြီး တောင်ပေါ်ကနေ ထွက်မပြေးနဲ့။ လင့်ဟူချိုးကတော့ ခင်ဗျားနောက်ကို အပင်ပန်းခံလိုက်တိုက်မှာ မဟုတ်ဘူးဗျို့ ...” ဟု သရော်တော်တော်ပြောလိုက်၏။

ထင်ပေါကမူ ပြက်လုံးတစ်ခုကို ကြားလိုက်ရသည့်အလား တဟားဟားရယ်မောရင်း ကျောက်တုံးကြီးတစ်တုံးပေါ်၌ တက်ထိုင်လိုက်တော့၏။ လင့်ဟူချိုးသည်လည်း အချိန်ဖြုန်းမနေတော့ဘဲ ကျောက်ဂူတွင်းသို့ ဝင်လိုက်တော့၏။ သည်တစ်ကြိမ်တွင် ကောင်းဆန်းဂိုဏ်း၏ သိုင်းကွက်များကို မှတ်သားလေ့ကျင့်လိုက်သည်။ စိတ်ထဲတွင်လည်း ကျိတ်၍အားရနေမိသည်။

“ငါ ဒီတစ်ခါ ကောင်းဆန်းဂိုဏ်းရဲ့ ဓားကွက်နဲ့ ဒီကောင့်ကိုတိုက်မယ်။ ငါက ချိုးဆန်းဂိုဏ်းရဲ့ ဓားကွက်ကို

သုံးလိုက်၊ ကောင်းဆန်းဂိုဏ်းရဲ့ ဓားကွက်ကိုသုံးလိုက်၊ ဝါဆန်းဂိုဏ်းရဲ့ ဓားကွက်ကိုသုံးလိုက်နဲ့ဆိုတော့ ထင်ပေါ ဆိုတဲ့ကောင်တော့ အတော်ဦးနှောက်ခြောက်သွားမှာပဲ …”

လင့်ဟူချုံးသည် ကောင်းဆန်းဂိုဏ်း၏ ဓားကွက်များကို မြန်မြန်မှတ်၊ မြန်မြန်ကျင့်ပြုလုပ်ပြီး ထင်ပေါ၏ အခေါ်ကို မစောင့်တော့ဘဲ အပြင်သို့ခုန်ထွက်လာတော့၏။ အပြင်ရောက်သည်နှင့် အပြင်းအထန်တိုက်ခိုက်တော့သည်။ လင့်ဟူချုံး ယခုတိုက်ခိုက်သည့်ပုံစံမှာ တစ်မျိုးတည်း မဟုတ်တော့ချေ။ ယခု ဓားကွက်တစ်ကွက်တွင် ကောင်းဆန်း ဓားကွက် ဖြစ်သော်လည်း နောက်တစ်ကွက်တွင် ချုံးဆန်းဓားကွက် ဖြစ်လာပြန်သည်။ ဓားကွက်သည် အလဲအလှယ် အကွက် အမျိုးမျိုးပြောင်း၍ မနားတမ်းတိုက်ခိုက်တော့သည်။

ထင်ပေါမှာ… “ဟာ… ဟေ့ … ဟေ့ … လင့်ဟူချုံး မင်းရဲ့ဓားကွက်တွေက ဘာတွေလဲဟ၊ ရှုပ်နေတာပဲ…” ဟု အော်တော့၏။

နောက်ဆုံးသိုင်းကွက် နှစ်ဆယ့်လေးကွက်သို့ ရောက်သောအခါကျမှသာ လင့်ဟူချုံး၏လည်မျိုကို ဓားနှင့် ထောက် နိုင်ခဲ့တော့သည်။ ထင်ပေါ၏နဖူး၌ ချွေးများသီးလျက် ရှိနေချေပြီ။

လင့်ဟူချုံးသည် ပြုံးဖြီးဖြီးနှင့် ပြောလိုက်၏။

“ပထမတစ်ခါ ကျုပ်က ခင်ဗျားကို ဆယ်ကွက်ထဲခုခံနိုင်တယ်။ နောက်ထပ်တစ်ခါ မတိုက်ခိုက်ခင် နည်းနည်းလေး စဉ်းစားလိုက်တာနဲ့ ဆယ်ရှစ်ကွက်ခုခံနိုင်တယ်။ အခုတစ်ခါ ထပ်စဉ်းစားပြီးတိုက်တော့ နှစ်ဆယ့်လေးကွက်ထိ ခုခံနိုင် လာပြီ။ ထင်ပေါ ခင်ဗျားကြောက်လာပြီလား။ ကြောက်ရင်လည်းကြောက်တယ်လို့ ပြောဗျာ …”

“ဟား .. ဟား .. ဟား .. ဟား ငါက ဘာကိုကြောက်ရမှာလဲကွ။ ထင်ပေါက ဘယ်သူ့ကိုမှ မကြောက်သေးဘူး ..”

“အခု ခင်ဗျားမတွေ့ဘူးလား။ အခုဆက်ပြီးစဉ်းစားလိုက်ရင် ခင်ဗျားကို အကွက် သုံးဆယ်ခုခံနိုင်တော့မယ်။ နောက်တစ်ခါ ထပ်စဉ်းစားလိုက်ရင် ခင်ဗျားကိုတောင် ကျုပ်ကပြန်နိုင်တော့မှာ။ အဲဒီအခါကျမှ ကျုပ်က ခင်ဗျားကို မသတ်လဲ … ခင်ဗျား ဒုက္ခရောက်တော့မှာပဲ …”

“ဟား .. ဟား .. ဟား .. လင့်ဟူချုံး .. လင့်ဟူချုံး။ မင်းဟာ တကယ့်ကောင်ပဲ … မင်း ငါ့လိုသာ မဟုတ် တရုတ်တွေ လျှောက်လုပ်ချင်စိတ်ရှိရင် သိုင်းလောကတစ်ခုလုံး ပြောင်းဆန်းအောင် လုပ်နိုင်မယ့်ကောင်မျိုးပဲ။ သိုင်းလောကမှာ ငါ ကျက်စားခဲ့တာကြာပြီ။ မင်းလိုဉာဏ်နီဉာဏ်နက်များတဲ့ကောင်မျိုး တစ်ကောင်မှမတွေ့ခဲ့ဖူးဘူး။ ဒါပေမယ့် မင်း ငါ့ကိုတစ်ရက်တည်းနဲ့ နိုင်ဖို့ကတော့ မလွယ်ရေးချ မလွယ်ဘဲ ..”

လင့်ဟူချုံးက ရုတ်တရက် မေးခွန်းထုတ်လိုက်၏။

“ထင်ပေါ… ကျုပ်စိတ်ထဲမှာ မရှင်းတာ တစ်ခုရှိတယ်… ခင်ဗျားကျုပ်ကို အမှန်အတိုင်း ဖွင့်ပြောမလား …”

“ဘာလဲကွ …”

“ခင်ဗျားအနေနဲ့ ကျုပ်ဆရာကို အပင်ပန်းခံပြီး အဝေးရောက် သွားအောင် မျှားခေါ်သွားတယ်။ နောက်ပြီး ခင်ဗျားက ကျုပ်ဆီရောက်လာပြီး ခင်ဗျားနဲ့အတူတူ လိုက်ခဲ့ဖို့ခေါ်တယ်။ အမှန်အတိုင်း ပြောစမ်းပါဗျာ၊ ခင်ဗျား ကျုပ်ကို ဘယ်ကိုခေါ်သွားမလို့လဲ …”

“လင့်ဟူချုံး … မင်းကို ငါအစောကြီး ကတည်းက ပြောပြီးပြီပဲကွ၊ ဆရာလေး ရီလင်ဆီကို ခေါ်သွားမလို့ပါ၊ ရီလင်က မင်းကို သိပ်တွေ့ချင်နေသတဲ့ …”

လင့်ဟူချုံးက ခေါင်းတခါခါဖြင့် ပြောလိုက်သည်။

“အဲဒါကို ကျုပ်ကမယုံတာဗျ … ကျုပ်က ကလေးလေးမှ မဟုတ်တာ …”

ထင်ပေါက ဒေါသဖြင့် အော်လိုက်သည်။

“လင့်ဟူချုံး ငါက မင်းကိုလေးစားလို့ ဒီလောက်ဆက်ဆံနေတာကွ။ မင်းကငါ့စကားကို လိမ်တယ်ညာတယ် ထင်တာကတော့ ငါ့ကို ပြန်စော်ကားတာပဲ …”

လင့်ဟူချုံးသည် ထင်ပေါ၏လေသံကို ကြားလိုက်ရသောအခါ အံ့သြသွားသည်။ ထင်ပေါ၏လေသံ၌ ရာနှုန်းပြည့် ရိုးသားမှုပါရှိလေသည်။ လင့်ဟူချုံးက …

“ရီလင်က ခင်ဗျားရဲ့ဆရာပဲ … ဘာညာဆိုပြီး ပြောနေကြတာက ခင်ဗျားကို သတ်သတ်မခံချင်အောင် စနေတာပါ။ ခင်ဗျားက ဘာဖြစ်လို့ သူ့ကိစ္စအတွက်နဲ့ ဒီလောက်အပင်ပန်းခံ လုပ်ပေးနေရတာလဲ …”

ထင်ပေါက သက်ပြင်းချရင်း ပြောလိုက်သည်။

“အဲဒီအကြောင်း ပြောရရင်တော့ အရှည်ကြီးပေါ့ကွာ။ တကယ်တော့ ထင်ပေါဆိုတဲ့ကောင် အကုသိုလ် ဝင်ချိန်တန်လို့

ပဲလို့ ဆိုရတော့မှာပဲ။ ငါသာ မင်းကို တောင်ပေါက ခေါ်မဆင်းနိုင်ခဲ့ရင် နောက်တစ်လကျော်ကျော်မှာ ငါအသေဆိုးနဲ့ သေရတော့မှာ …”

လင့်ဟုချုံးသည်ပင် တုန်လှုပ်ချောက်ချားသွားသည်။

“ဟင် … ဟုတ်လား …”

ထင်ပေါက ရင်ဘတ်ကို ဖွင့်ပြလိုက်၏။ သူ့ရင်ဘတ်တွင် အနီကွက်နှစ်ကွက်ကို ထင်ထင်ရှားရှား တွေ့လိုက် ရသည်။ ထင်ပေါက …

“အဲဒါ … သူများရဲ့ လက်ချက်ပဲ၊ ထင်ပေါဆိုတဲ့ကောင်က မဟုတ်တာမှန်သမျှ အကုန်လုပ်တဲ့ ကောင်ဆိုတော့ တစ်ခါတစ်လေ အဲဒီလိုခံရတာပဲ။ ငါ့ကိုချလိုက်တဲ့လူက မင်းကို ဆရာလေးရီလင်ဆီ ရောက်အောင် ခေါ်လာရမယ်လို့ အကြပ်ကိုင်ထားတယ်။ တကယ်လို့ မခေါ်နိုင်ရင် ဒီအနီကွက်နှစ်ကွက်ကနေပြီး ပုပ်လာလိမ့်မယ်တဲ့။ နောက်ဆုံး တစ်ကိုယ်လုံး ပုပ်ပြီး ကုလို့မရအောင် ဖြစ်သွားလိမ့်မယ်တဲ့။ တစ်နှစ် နှစ်နှစ်လောက် ဒဏ်ခံပြီးမှ သေရမှာ …”

လင့်ဟုချုံးစိတ်ထဲတွင် … “အင်း … ငါသာ အချိန်ဆွဲနိုင်ရင်တော့ တစ်လကျော်တာနဲ့ လူဆိုးကြီးထင်ပေါ ဒီလောကမှာ သက်ဆိုးရှည်နိုင်မှာ မဟုတ်ဘူး” ဟု တွေးလိုက်မိ၏။ လင့်ဟုချုံးက ဆက်၍မေးလိုက်သည်။

“ဒါဘယ်သူ့လက်ချက်လဲ …”

ထင်ပေါသည် သူ့အား ဒုက္ခပေးလိုက်သူကို ဒေါသထွက်ဟန်ဖြင့် …

“ဒီလူအကြောင်း မပြောနဲ့တော့ကွာ၊ အခု ငါက မင်းကို ခေါ်မဆင်းနိုင်တော့ဘူးဆိုရင် ငါလည်း သေရတော့မှာပဲ။ သေလူဖြစ်သွားရင်တော့ ငါက ဒီအတိုင်း ဘယ်လက်ပိုက်ကြည့်နေလိမ့်မလဲ”ဟု ပြောတော့၏။

လင့်ဟုချုံးက “ဒါပေါ့ ခင်ဗျားကသာ ကျုပ်ကို ကျေကျေနပ်နပ်နဲ့ တိုက်ခိုက်နိုင်ရင် ခင်ဗျားစိတ်ပူမနေနဲ့။ ကျုပ်အေးအေးဆေးဆေး လိုက်ခဲ့မယ် …”

လင့်ဟုချုံးသည် ဤစကားကို ပြောပြီးသည်နှင့် ကျောက်ဂူထဲသို့ ပြန်ဝင်လာတော့သည်။ ကျောက်ဂူတွင်းသို့ ရောက်သည်နှင့် သူ၏ဦးနှောက်ကို ကောင်းကောင်းအလုပ်ပေးနေတော့၏။

“ဟိုတုန်းက ငါ သူနဲ့တိုက်ခိုက်ခဲ့တိုင်း ဘယ်အခါမဆို သိုင်းကွက်သုံးဆယ်ကျော် တိုက်ခိုက်နိုင်တာချည်းပဲ။ အခုကျတော့ ငါ့စွမ်းရည်တွေ ဘယ့်နယ်ညံ့သွားရတာလဲ၊ အဲဒီတုန်းကထက် အခုပိုညံ့လာတဲ့ သဘောမျိုးဖြစ်နေပြီ။ ဘာကြောင့် သိုင်းကွက် သုံးဆယ်ကျော်အောင် မတိုက်နိုင်ရတာလဲ …”

လင့်ဟုချုံးသည် တွေးရင်းတွေးရင်း ရုတ်တရက် သဘောပေါက်သွားတော့၏။

“ဟုတ်ပြီ … ဟုတ်ပြီ … အဲဒီတုန်းက ငါ့စိတ်ထဲမှာ ရီလင်ကိုကယ်ဖို့ပဲ စိတ်ရှိနေတော့ ဘာကိုမှ မစဉ်းစားမိဘူး။ အခုတော့ ဒီလိုမှမဟုတ်ပဲ။ ငါက တိုက်ရင်းခိုက်ရင်း ဓားကွက် သုံးဆယ်ပြည့်အောင် လိုက်ရေတွက်နေတော့ အာရုံက ဘယ်တစ်စုတစ်စည်းတည်း ရှိတော့မလဲ။ စိတ်အာရုံ ပျံ့လွင့်နေတော့ သူ့ကို ဘယ်လိုလုပ် ကောင်းကောင်း တိုက်ခိုက်နိုင်တော့မှာလဲ …”

လင့်ဟုချုံးမှာ သူ၏အားနည်းချက်ကို တွေ့သွားသဖြင့် စိတ်ထဲ၌ အလွန်ပင် ကျေနပ်အားရသွားတော့၏။ ကျောက်ဂူနံရံမှ ဓားကွက်များကို ဂရုတစိုက် လေ့ကျင့်လိုက်သည်။ သည်တစ်ကြိမ်တွင်တော့ ထိုက်ဆန်းဂိုဏ်း၏ ဓားကွက်များကို လေ့ကျင့်လိုက်တော့သည်။ စိတ်ကျေနပ် လောက်သောအခါ ဂူအပြင်သို့ထွက်လာပြီး ထင်ပေါနှင့် တိုက်ခိုက်တော့သည်။ သည်တစ်ကြိမ်တွင်တော့ လင့်ဟုချုံးသည် ဓားကွက် လုံးဝမရေတွက်တော့ဘဲ ထင်ပေါကိုသာ စူးစူးစိုက်စိုက် တိုက်ခိုက်တော့သည်။

ထင်ပေါမှာ လင့်ဟုချုံးက ကျောက်ဂူထဲတစ်ခါဝင် တစ်ခါစဉ်းစားလိုက်တိုင်း သိုင်းကွက်အသစ်များ ပေါ်ထွက်လာ လေ့ရှိသည်ကို အကြိမ်ကြိမ် တွေ့ခဲ့ရပြီးဖြစ်သဖြင့် လုံးဝမပေါ့ဆရဲတော့ချေ။

မည်မျှကြာအောင် တိုက်ခိုက်ကြသည်ကို မခန့်မှန်းနိုင်တော့ချေ၊ ရုတ်တရက်ပင် ထင်ပေါက လင့်ဟုချုံး၏ လက်ကောက်ကို ဖမ်းယူဆုပ်ကိုင်လိုက်ပြီး လက်ကို နောက်ပြန်လိမ်ချုံးကာ ဓားဖြင့်ထိုးချိန်လိုက်တော့၏။

ထင်ပေါက … “ကဲ … မင်း ရှုံးပြီ ”

လင့်ဟုချုံးက ပြန်အော်လိုက်၏။

“ဘာ ကျုပ်ရှုံးရမှာလဲ၊ ရှုံးတာက ခင်ဗျား …”

ထင်ပေါက … “ငါက ဘာကြောင့်ရှုံးရမှာလဲကွ …”

လင့်ဟုချုံးက … “ဘာကြောင့်ရှုံးရမှာလဲ … သတ်မှတ်ထားတဲ့ သိုင်းကွက်ပြည့်သွားလို့ပေါ့ဗျ၊ အခု ဘယ်နှစ်ကွက်

ရှိပြီမှတ်သလဲ၊ သုံးဆယ့်နှစ်ကွက်ရှိသွားပြီ ...”
ထင်ပေါသည် တအံ့တသြ ရေရွတ်လိုက်သည်။
“ဘာ သုံးဆယ့်နှစ်ကွက် ...”
လင့်ဟူချုံးက ... “ဟုတ်တယ် ... သုံးဆယ့်နှစ်ကွက်ဗျ ... သုံးဆယ့်နှစ်ကွက်”
အမှန်စင်စစ် လင့်ဟူချုံးအနေဖြင့် ဖြီးဖြန်းပြောလိုက်ခြင်းသာ ဖြစ်သည်။ သူ့အနေဖြင့် ဓားကွက်များကို လုံးဝမှတ်သားရေတွက်ခြင်းမရှိသဖြင့် ဓားကွက် မည်မျှရှိသွားပြီဟု လုံးဝမသိချေ။
ထင်ပေါသည် ဇဝေဇဝါဖြင့် လင့်ဟူချုံး၏ လက်ကို လွှတ်လိုက်သည်။
“မဟုတ်သေးဘူး။ ငါပြန်စဉ်းစားကြည့်မယ်။ ပထမ ငါ့ကို ဒီလိုထိုးတော့ ငါက မင်းကို ဒီလိုကာတယ်။ မင်းကို ဒီလိုပြန်တိုက်တယ်။ မင်းက ဒီလိုပြန်ကာတယ်။ ဒါက ဒုတိယအကွက် ...”
ထင်ပေါသည် စောစောက သူတို့နှစ်ယောက် တိုက်ခိုက်ခဲ့သည့်ဓားကွက်များကို တစ်ကွက်ချင်း အစအဆုံး ပြန်ကစားကြည့်လိုက်သည်။ နောက်ဆုံး လင့်ဟူချုံး၏လက်ကောက်ဝတ်ကို ဖမ်းမိသောအကွက်မှာ နှစ်ဆယ့်ရှစ်ကွက် တိတိသာ ဖြစ်တော့၏။
လင့်ဟူချုံးသည် ထင်ပေါကို အလွန်ချီးကျူးမိတော့၏။ လက်မထောင်၍ ပြောလိုက်သည်။
“ထင်ပေါ ... ခင်ဗျားရဲ့ မှတ်ဉာဏ်ကိုတော့ ကျုပ်တကယ်ချီးကျူးတယ်ဗျာ ... ကျုပ် နောက်တစ်ခေါက် ထပ်ပြီး စဉ်းစားလိုက်ဦးမယ် ...”
ထင်ပေါက ရုတ်တရက် ပြောလိုက်သည်။
“လင့်ဟူချုံး ... ဟိုကျောက်ဂူထဲမှာ ဘာများထူးဆန်းတာရှိနေလို့လဲ၊ ငါ့စိတ်ထင်တော့ တစ်ခုခု ထူးဆန်းတာတော့ ရှိနေပြီထင်တယ် ... ငါလည်း ဝင်ကြည့်မယ်၊ လျှို့ဝှက်သိုင်းကျမ်း တစ်ခုခုများ ရှိနေသလားကွ၊ နို့မို့ရင် မင်း အခုလို တစ်ခါဝင်သွားပြီး တစ်ခါပြန်ထွက်လာတိုင်း ဘယ်လိုဓားကွက်အသစ်တွေ ထွက်လာမှာလဲ... အထဲမှာ တစ်ခုခုတော့ ရှိနေပြီဆိုတာ သေချာတယ် ...”
ထင်ပေါသည် ပြောပြောဆိုဆို ဂူထဲသို့ဝင်ရန် ဟန်ပြင်လိုက်သည်။ လင့်ဟူချုံးသည် ထိတ်ခနဲ ဖြစ်သွားတော့၏။ သူ့စိတ်ထဲတွင် ...
“တကယ်လို့ ဟိုကျောက်ဂူနံရံပေါ်က ငါတို့ဓားသိုင်းရဲ့ ဖျက်ကွက်ကို တွေ့သွားရင်တော့ ဒုက္ခပါပဲ။ ငါတို့ ဝါဆန်းဂိုဏ်းတင်မကဘူး ဂိုဏ်းကြီးငါးဂိုဏ်းစလုံး ကျွမ်းထိုးမှောက်ခုံ ဖြစ်တော့မှာပဲ” ဟု စိုးရိမ်တကြီး တွေးလိုက်မိ၏။
သို့သော် သူ၏မျက်နှာထားကမူ ထင်ပေါ၏စကားကို ကြားလိုက်ရသည်နှင့် ဖုံးမနိုင်ဖိမရ ဝမ်းသာသည့် အမူအရာမျိုး ပေါ်လာတော့၏။ ချက်ချင်းပင် မျက်နှာကို ကြောက်ရွံ့သွားသလို လုပ်လိုက်ပြန်သည်။ လက်နှစ်ဖက်ကို ကမန်းကတန်းတားလျက် ...
“ထင်ပေါ ... ခင်ဗျားမဝင်နဲ့ ... ဝင်လို့ဘယ်ဖြစ်မလဲ။ ကျုပ်တို့ဝါဆန်းဂိုဏ်းရဲ့ လျှို့ဝှက်သိုင်းကျမ်းကြီးက ဒီကျောက်ဂူထဲမှာ ရှိနေတာ”
ဟု ပြောလိုက်တော့သည်။
ထင်ပေါမှာ ကျောက်ဂူထဲဝင်မည် ပြောကတည်းက လင့်ဟူချုံး၏ မျက်နှာအမူအရာကို အကဲခတ်နေခြင်း ဖြစ်သည်။ လင့်ဟူချုံး၏မျက်နှာသည် ပထမ ဝင်းလက်သွားပြီးမှ ကြောက်ရွံ့ဟန်ဆောင်လိုက်ကြောင်း ကောင်းကောင်း သတိပြုလိုက်မိသည်။ ထို့ကြောင့် ထင်ပေါ၏စိတ်ထဲ၌ တွေးလိုက်မိသည်မှာ
“ဒီကောင်မရိုးဘူး။ ဒီကောင်မျက်နှာကိုက ဖော်ပြနေတာ။ ငါဂူထဲဝင်မယ်လို့ ပြောလိုက်တော့ ဒီကောင်က ဘာဖြစ်လို့ ဝမ်းသာသွားရတာလဲ။ နောက်တော့မှ ကြောက်သလိုလို ဘာလိုလို ဘာဖြစ်လို့ဟန်ဆောင် လိုက်ရတာလဲ။ ဒီကောင် ငါ့ကို ထောင်ချောက်ဆင်တာပဲ။ ဟင်း ဟင်း ဟင်း ... ထင်ပေါကို ဒီလိုလုပ်လို့ ဘာရမလဲ။ ဂူထဲမှာ ငါ့ကို ကောင်းကောင်း အန္တရာယ်ပေးနိုင်မဲ့ လူတစ်ယောက်တော့ ရှိနေတာသေချာနေပြီ။ ဒါကြောင့်မို့ ငါဂူထဲဝင်မယ် ပြောလိုက်တော့ သူ သိပ်ဝမ်းသာသွားတာပေ့ါ။ ငါမဝင်မှာစိုးလို့ ပရိယာယ်ဆင်ပြီး ကြောက်သလိုလို ဟန်ဆောင် လိုက်တာ။ ဒီကောင်က အင်မတန် ဉာဏ်နီဉာဏ်နက်များတဲ့ကောင်၊ အင်း ... ဒီဂူထဲကိုဝင်လို့မဖြစ်ဘူး ..” ဟု တွေး လိုက်၏။
သိုင်းပညာတွင် ထင်ပေါသည် လင့်ဟူချုံးထက် အများကြီးသာသည်။ လင့်ဟူချုံးအနေဖြင့် မည်သို့မျှ မယှဉ်နိုင်ချေ။ ချင်းချန်းဂိုဏ်းချုပ်ကြီး ရီချန်းကဲ့သို့သောလူမျိုးနှင့်ပင် လက်ရည်တူ ယှဉ်နိုင်သော ထင်ပေါလိုလူကို လင့်ဟူချုံးက မည်သို့ မီမည်နည်း။

မည်မျှပင် ထင်ပေါက လက်ရုံးရည်သာသော်လည်း ဉာဏ်ရည်နှလုံးတွင်မူ ထင်ပေါကလည်း လင့်ဟူချုံးကို မည်သို့မျှ မီလိမ့်မည်မဟုတ်ချေ။ ထို့ကြောင့် လင့်ဟူချုံး၏အကွက်တွင် မိသွားကာ ကျောက်ဂူတွင်းသို့ မဝင်ဝံ့တော့ဘဲ ကျောက်ဂူအပြင်ဘက်၌သာ ရပ်နေခဲ့တော့သည်။

လင့်ဟူချုံးကမူ နောက်တစ်ခေါက် ကျောက်ဂူတွင်းသို့ဝင်၍ နံရံပေါ်မှ ရုပ်ပုံများကိုကြည့်၍ လေ့ကျင့်ပြန် သည်။ သည်တစ်ကြိမ်တွင် ဂိုဏ်းကြီးငါးဂိုဏ်းစလုံး၏ ဓားကွက်များကို လေ့လာရုံတင်မက ၎င်းဓားကွက်များကို ဖျက်ဆီးသည့် ဖျက်ကွက်များကိုပါ လေ့လာခဲ့သည်။

သို့သော်လည်း ဤမျှ တိုတောင်းသော အချိန်ကာလအတွင်း ဤဓားကွက်များကို အသားကျအောင် မကစားနိုင်ချေ။ ပို၍ အရေးကြီးသည့်အချက်မှာ တစ်ကွက်နှင့်တစ်ကွက် ဆက်စပ်၍ မကစားနိုင်သည့် အချက်ပင် ဖြစ်တော့သည်။ ထို့ကြောင့် သူ ဂူပြင်သို့ပြန်ထွက်၍ ထင်ပေါနှင့် ယှဉ်ပြိုင်တိုက်ခိုက်သောအခါ ထပ်မံအရှုံးပေးရပြန်တော့၏။

ယခုအခါတွင် ထင်ပေါမှာ အရှိန်တက်လျက် ရှိနေပေတော့သည်။ သူသည် မကောင်းမှုများ၌ မွေ့လျော် ပျော်မွေ့သူ ဖြစ်သော်လည်း သိုင်းကစားခြင်းနှင့် သိုင်းပညာ လေ့လာဆည်းပူးခြင်း၌လည်း အရူးအမူး တပ်မက် စွဲလန်းသူတစ်ယောက် ဖြစ်၏။ ထို့ကြောင့် ဤမျှ သိုင်းပညာ၌ ထူးချွန်နေခြင်းပင်ဖြစ်တော့၏။

ထင်ပေါတစ်ယောက် ဤသို့ သိုင်းရူးတစ်ယောက် ဖြစ်နေခြင်းကပင် လင့်ဟူချုံးအတွက် အခွင့်ကောင်းတစ်ရပ် ဖြစ်လာခြင်းပင်ဖြစ်တော့၏။ လင့်ဟူချုံးတစ်ယောက် ဂူတွင်းဝင်သွားပြီး ပြန်ထွက်လာတိုင်း သိုင်းကွက်သစ်များ တိုးလာပြီး သူနှင့်အကြိတ်အနယ် ယှဉ်ပြိုင်လေ၊ ထင်ပေါက စိတ်အားထက်သန်လာလေ ဖြစ်နေတော့၏။ ထို့ကြောင့် လင့်ဟူချုံးနှင့် အချိန်ကြာကြာ ယှဉ်ပြိုင်ချင်စိတ် ပေါက်လာတော့သည်။

သည်တစ်ကြိမ်တွင်လည်း လင့်ဟူချုံးအနေဖြင့် ဂူပြင်သို့ပြန်ထွက်လာပြီး အစွမ်းကုန် ကြိုးစားတိုက်ခိုက် သော်လည်း ရှုံးနိမ့်ရပြန်သည်။

သည်တစ်ကြိမ်အနိုင်ရလိုက်ချိန်တွင် ထင်ပေါသည် လင့်ဟူချုံးနှင့်ပတ်သက်၍ အသေအချာ စဉ်းစားလာတော့သည်။

"ဒီကောင်နဲ့တိုက်ရတာ တဖြည်းဖြည်းနဲ့ မလွယ်တော့ဘူး၊ ဒီကောင်က ဂိုဏ်းကြီးငါးဂိုဏ်းရဲ့ ဓားကွက်တွေ အားလုံး ထုတ်သုံးတာက တော်တော့်ကို အံ့သြစရာဖြစ်နေပြီ။ ကြည့်ရတာ သူတို့ဂိုဏ်းကြီးငါးဂိုဏ်းက ထိပ်သီးသိုင်း ဆရာကြီးတွေ ဒီဂူထဲမှာ စုရောက်နေပုံရတယ်။ အင်း ... တော်သေးရဲ့၊ ငါမဝင်မိတာ တော်တော့်ကို ငါ့အတွက် ကံကောင်းသွားတယ်၊ နို့မို့ရင် ငါတစ်ယောက်တည်းနဲ့ သားရဲတွင်းထဲ ဝင်သွားသလို ဖြစ်သွားတော့မှာ"

ထိုသို့စဉ်းစားလိုပ်မိသဖြင့် ထင်ပေါသည် လင့်ဟူချုံးအား လှတ်ခနဲ မေးလိုက်သည်။

"လင့်ဟူချုံး သူတို့က ဘာဖြစ်လို့ ထွက်မလာကြတာလဲ"

လင့်ဟူချုံးသည် ထင်ပေါ ဘာတွေတွေး၍ ဘာကိုမေးလိုက်မှန်း မသိချေ။ ထို့ကြောင့် ပြန်မေးလိုက်သည်။

"ဘယ်သူလဲ ..."

ထင်ပေါက ဂူထဲသို့ မေးငေါ့ပြရင်း ...

"ဂူထဲက မင်းကို ဓားသိုင်းကွက်တွေ သင်းပေးနေတဲ့လူပေါ့ကွ၊ ဘယ်သူရှိရမှာလဲ ..."

လင့်ဟူချုံးသည် အရိပ်ပြ အကောင်ထင်သူဖြစ်သည့်အလျောက် ထင်ပေါဘာကိုတွေး၍ ဘာတွေမေးလိုက်မှန်း သိလိုက်တော့သည်။ ထို့ကြောင့် လုံးဝကြောင်ခြင်း၊ တွေဝေခြင်း၊ တုံ့ဆိုင်းခြင်း မရှိတော့ဘဲ တဟားဟား ရယ်မောလိုက်ပြီး ...

"ကျုပ်က ဘယ်သူ့များ မေးနေတယ်မှတ်တယ်။ ဒီထဲကဆရာကြီးတွေကို မေးနေတာကိုး။ ခင်ဗျားက မေးမှ တော့ ကျုပ်ကပြောရတော့မှာပေါ့။ ဆရာကြီးတွေက ခင်ဗျားနဲ့မတိုက်ချင်ဘူးတဲ့ဗျ" ဟု ဖြေလိုက်တော့သည်။

ထင်ပေါသည် မျက်နှာနီလာသည်အထိ ဒေါသထွက်လာပြီး ...

"ဟင်း .. သူတို့က သူတို့ကိုယ်သူတို့ ဆရာကြီးတွေဆိုပြီး ဘဝင်မြင့်နေကြတာပေါ့လေ ... ငါနဲ့တိုက်ရင် သူတို့ သိက္ခာကျတယ်ပေါ့။ ဘာဆရာတွေလဲ။ ခေါ်လိုက်စမ်း လင့်ဟူချုံး။ ငါနဲ့တစ်ယောက်ချင်း တိုက်ရဲရင် ထွက်ခဲ့လို့ ခေါ်လိုက်စမ်း။ ထင်ပေါအကြောင်း သိသွားရမယ်" ဟု ကြိမ်းဝါးလေတော့၏။

လင့်ဟူချုံးကမူ ပြုံးရင်းခေါင်းခါပြသည်။

"ဆရာကြီးတွေကတော့ ဂူပြင်ကိုထွက်မှာ မဟုတ်ဘူးဗျို့။ သူတို့အကြောင်းနဲ့ သူတို့ဆိုတော့ ဂူပြင်ကိုထွက်ဖို့ ကျုပ်က ခေါ်လည်း ထွက်မှာမဟုတ်ဘူး။ ကျုပ်သာ အငေါက်ခံရမှာ။ ခင်ဗျား မကျေနပ်ရင်တော့ ဂူထဲကိုသာ ဝင်သွားပါ။ ဆရာကြီးတွေနဲ့ နဖူးတွေ့ဒူးတွေ့ ရင်ဆိုင်လိုက်ရင် ခင်ဗျားလည်း စိတ်ရှင်းသွားတာပေါ့ .."

ဤကဲ့သို့ ဂူထဲသို့ဝင်ရန် လင့်ဟူချုံးက အတိအလင်းတိုက်တွန်းလေ ထင်ပေါ်မှာ ပို၍မဝင်ရဲလေ ဖြစ်နေတော့၏။

လိုဏ်ဂူထဲသို့ မဝင်ရဲသော်လည်း လေသံကိုမူ မလျှော့ချေ။

“ဟင်း ... ဘာဆရာကြီးတွေလဲ ... အလကားဆရာကြီးတွေ မင်း ဒီလောက် အခေါက်ခေါက် အခါခါဝင်ပြီး သူတို့ဆီက သိုင်းကွက်တွေသင်တယ်။ ငါ့ရဲ့သိုင်းကွက်သုံးဆယ်တောင် မယှဉ်နိုင်ဘူး၊ မင်းကိုဘာတွေ သင်ပေးနေတာလဲ ...”

ထင်ပေါ်အနေဖြင့် ဤသို့ အတိတလင်း စိန်ခေါ်ပြောဆိုနေခြင်းမှာ အကြောင်းရှိသည်။ သူ၏ကိုယ်ဖော့သိုင်းပညာသည် အလွန်အဆင့်အတန်းမြင့်ပြီး အလွန်ထက်မြက်သည်။ အကယ်၍ ဂူထဲမှ ဆရာကြီးများ ထွက်လာပါက သူ၏ကိုယ်ဖော့ သိုင်းပညာ အားကိုးဖြင့် ထွက်ပြေးမည်ဟု စိတ်ကူးထားပြီး ဖြစ်သည်။

သို့သော် ဟိတ်ဟန်ထုတ်ရာတွင် လင့်ဟူချုံးက ထင်ပေါ်ထက် အမြဲသာသည်သာဖြစ်ရာ လင့်ဟူချုံးသည် ခပ်တည်တည်နှင့် ...

“ခင်ဗျား ဒီစကားတော့ မပြောနဲ့ဗျာ၊ ကျုပ်က သူတို့သင်ပေးတာတွေကို လိုက်မမလိုက်နိုင်တာ။ သူတို့က တစ်တောင်ပြရင် ကျုပ်က တစ်တောင်မြင်တဲ့ကောင် မဟုတ်ဘူး။ တစ်ထွာလောက်မြင်တဲ့ကောင်ဗျ။ ကျုပ်ကိုက ဉာဏ်ရည်ညံ့နေတာ။ အတွင်းအားလည်း မပြည့်ဝတော့ ခင်ဗျားနဲ့ မယှဉ်နိုင်ဘဲ ဖြစ်နေတာ။ စကားပြောရင် သတိထားပြီးပြောဗျို့။ ကျုပ်ကတော့ အကြောင်းမဟုတ်ဘူး၊ တော်ကြာ ဆရာကြီးတွေထွက်လာရင် ခင်ဗျားပဲ ဒုက္ခရောက်မှာ ...” ဟု အတည်ပေါက်နှင့်ဖြီးတော့၏။

ထင်ပေါ်က ... “လင့်ဟူချုံး အထဲမှာရှိတဲ့ ဆရာကြီးတွေက ဘယ်သူတွေလဲကွ။ ငါသိတဲ့လူတွေများ ပါမလားမသိဘူး ...”

လင့်ဟူချုံးသည် အလွန်လျှို့ဝှက်သိုသိပ်သောအမူအရာဖြင့် ...

“ကျုပ်က ပြောလို့ဖြစ်မလားဗျ။ ဒီဆရာကြီးတွေက သိုင်းလောကကိုမဆင်းတာကြာလှပြီ။ နှစ်ပေါင်းများစွာကို ကြာနေပြီ။ အပြင်လောကကိစ္စတွေ ဇာတ်ရေတွေကိုလည်း လုံးဝဂရုမစိုက်ဘူး။ သူတို့ ဒီမှာစုနေကြတာက သူတို့အကြောင်းနဲ့သူတို့ပါ။ ခင်ဗျားနဲ့လည်း ဘာမှမပတ်သက်ဘူး။ သူတို့ရဲ့ နာမည်ကို ပြောဖို့ဆိုတာက လုံးဝမဖြစ်နိုင်တဲ့ ကိစ္စ။ တကယ်လို့ ကျုပ်ကပြောပြမှ ခင်ဗျားသိမှာမဟုတ်ပါဘူး” ဟု ပြောလိုက်တော့၏။

ထင်ပေါ်က မယုံကြည်ဟန်ဖြင့် ...

“ကောင်းဆန်း၊ ထိုက်ဆန်း၊ ချုံးဆန်းနဲ့ ဟန်ဆန်းဂိုဏ်းမှာ သက်ကြီးဝါကြီး ဆရာကြီးအချို့ ကျန်သေးတယ် ဆိုတာ ငါလက်ခံတယ်၊ မင်းတို့ဝါဆန်းဂိုဏ်းမှာ ဆရာကြီးတွေမရှိတော့ဘူးဆိုတာ ငါတို့ သိုင်းလောကသားတွေ အားလုံးသိနေကြတာပဲ၊ မင်းဖြီးမနေနဲ့ ...”

လင့်ဟူချုံးက မျက်နှာသေကလေးလုပ်၍ ထင်ပေါ်၏စကားကို ခေါင်းတညိတ်ညိတ်ဖြင့် ထောက်ခံလိုက် သည်။

“ဟုတ်တယ်၊ ခင်ဗျားပြောတာမှန်ပါတယ်၊ ကျုပ်တို့ဝါဆန်းဂိုဏ်းမှာ သက်ကြီးဝါကြီး တစ်ယောက်မှ မရှိတော့ပါဘူး ...”

ထင်ပေါ်မှာ လင့်ဟူချုံး ပြောသည့်စကားများကို အယုံအကြည်ရှိသူမဟုတ်။ လင့်ဟူချုံး ပြောသမျှ ဆန့်ကျင်ဘက်အဓိပ္ပါယ် ကောက်ယူနေသူဖြစ်ရာ လင့်ဟူချုံးက တောင်ပြောလျှင် မြောက်ဟုယူဆပြီး၊ အမှန်ပြောလျှင် အမှားဟု ယူဆနေသူဖြစ်၏။ ထို့ကြောင့် လင့်ဟူချုံးက ဝါဆန်းဂိုဏ်းတွင် သက်ကြီးဝါကြီး သိုင်းဆရာကြီးများ မရှိတော့ပါဟု ပြောလိုက်သောအခါ ဤဂူထဲ၌ ဝါဆန်းဂိုဏ်းမှ ဆရာကြီးတစ်ယောက်ယောက်တော့ အမှန်တကယ် ရှိနေပြီဟု ယူဆလိုက်တော့သည်။

ထို့ပြင် ထင်ပေါ်သည် အတွေးနက်နက်ဖြင့် တစ်စုံတစ်ခုကို အလေးအနက် စဉ်းစားမိလိုက်ဟန်ဖြင့် သူ့ပေါင်သူ တစ်ချက်ပုတ်လိုက်ကာ ..

“ဟုတ်ပြီ ... ငါ စဉ်းစားမိပြီ၊ ဟင်း ဟင်း ဟင်း ဂူထဲမှာ ရှိနေတဲ့သူဟာ ဝါဆန်းဂိုဏ်းက ဆရာကြီး ဖုန်းချင်းပဲ ဖြစ်ရမယ်” ဟု အသေအချာ ပြောလိုက်တော့၏။

လင့်ဟူချုံးခမျာမူ ထင်ပေါ်ပြောသည့် ဆရာကြီးဖုန်းချင်းဆိုသူကို လုံးဝမသိချေ။ သို့သော် ထင်ပေါ်၏ တွေးခေါ်ပုံကို လင့်ဟူချုံးက ရိပ်မိပြီးဖြစ်၍ သူ ဆက်လက်ငြင်းဆန်လေ ထင်ပေါ် ပို၍ယုံကြည်လေဖြစ်မည်ကို ရိပ်မိပြီး ဖြစ်၏။

ထို့ကြောင့် ခေါင်းတယမ်းယမ်း လက်တကာကာဖြင့် ...

“ထင်ပေါ် .. ခင်ဗျားပါးစပ်ကို ပိတ်ထားစမ်းဗျာ ... ဆရာကြီးဖုန်းချင်းဆိုတာ ..”

လင့်ဟူချိုးသည် စကားပြောရင်း အပြေးအလွှား စဉ်းစားလိုက်၏။ သူတို့ ဝါဆန်းဂိုဏ်းတွင် သက်ကြီး ဝါကြီး သိုင်းဆရာကြီးများဆို တစ်ယောက်မျှမရှိတော့ချေ။ အကယ်၍ ထင်ပေါပြောသည့် ဆရာကြီးဖုန်းချင်းသာ သက်ရှိထင်ရှား ရှိခဲ့ပါလျှင် သူ့ဆရာထက် မျိုးဆက်နှစ်ဆက်ကြီးသူ ဖြစ်ပေလိမ့်မည်။ ဆရာကြီးဖုန်းချင်းသည် မိမိ၏ဆရာဖြစ်သော ရက်ပုချွန်၏ ဆရာဘိုးဘိုး ဖြစ်ရပေမည်။ ထို့ကြောင့် သူ့စကားကို ဆက်ပြောလိုက်၏။

"ဆရာကြီးဖုန်းချင်းဆိုတာ ကျုပ်ဆရာရဲ့ ဆရာဘိုးဘိုးဗျ၊ သူ့သတင်းမကြားရတာ အကြာကြီးရှိနေပြီ၊ ကျုပ်တို့တောင် လုံးဝမကြားတာ ဒီလောကမှာ ရှိသေးသလား မရှိဘူးလားဆိုတာတောင် ကျုပ်တို့မသိတော့ဘူး၊ သူက ဘယ့်နှယ် ဒီကျောက်ဂူထဲရှိရမှာလဲ။ ခင်ဗျား အရူးစကားတွေ လျှောက်ပြောမနေနဲ့။ အေး … ဒါမှ ခင်ဗျားမယုံဘူး ဆိုရင်တော့ ခင်ဗျားကိုယ်တိုင် ဝင်ကြည့်ပေါ့ …"

ထင်ပေါမှာ လင့်ဟူချိုးက သူ့အား ကျောက်ဂူထဲ မဝင် ဝင်အောင် ဆွယ်နေသည်ဟု ယုံမှတ်နေသည်ဖြစ်ရာ ယခုစကားကြားလိုက်ရသောအခါ ပို၍မဝင်ရဲအောင် ဖြစ်သွားတော့၏။ သို့သော် သူ့စိတ်ထဲမှ တွေးလိုက်မိပြန်သည်။

"ငါအထင်တော့ မှန်နေပြီ၊ လင့်ဟူချိုးရဲ့ စကားအသွားအလာကိုကြည့်တာနဲ့ ဒီအဘိုးကြီး ဒီဂူထဲမှာရှိနေတာ မှန်နေပြီ။ ဒီအဘိုးကြီး ဒီလောကကြီးထဲမှာ အသက်ရှိနေသေးတယ်ဆိုရင်တောင် သူ့အသက် ရာကျော်နေရောပေါ့။ သူ့သိုင်းပညာ ဘယ်လောက်ကောင်းကောင်း သူ့မှာ ဘယ်အင်အားရှိမှာလဲ။ ဒီတော့ ငါက သူ့ကို ဘာကြောက်စရာ ရှိတော့မလဲ"

ဤသို့ တွေးလိုက်မိသည်နှင့် လင့်ဟူချိုးအား လှမ်းပြောလိုက်သည်။

"လင့်ဟူချိုး မင်းဟာ ငါနဲ့ တစ်နေ့လုံး တိုက်ခိုက်ပြီးပြီ။ ငါ့ကို တစ်ခါမှလည်း မနိုင်ဘူး။ ဒါတော့ ငါ့နောက်ကို အေးအေးဆေးဆေးနဲ့သာ လိုက်ခဲ့ပါကွာ .."

လင့်ဟူချိုးသည် ထင်ပေါအား စကားပြောရန် ဟန်ပြင်လိုက်စဉ် …

"ငါက သူ့ကို တကယ်သင်ပြရင် မင်းလိုကောင်မျိုးကို မနိုင်ဘဲနေပါ့မလား လူမိုက်ရဲ့ …"

ဤစကားမှာ လင့်ဟူချိုး၏နောက်ကျောမှ ထွက်လာသောစကား ဖြစ်တော့သည်။ လင့်ဟူချိုးသည် ကြက်သီး တဖြန်းဖြန်းထသည်အထိ ကြောက်လန့်သွားပြီး နောက်ကျောသို့ ကပျာကယာလှည့်ကြည့်မိတော့၏။

ကျောက်ဂူဝတွင် မုတ်ဆိတ်ဖြူဖွေးနေသော အဘိုးကြီးတစ်ယောက်ရပ်လျက် ရှိနေချေသည်တကား။ အဘိုးကြီး၏အမူအရာမှ မှုန်တုံတုံဖြစ်နေသည်။ မျက်နှာမှာဝါနေပြီး သွေးရောင်လုံးဝမရှိချေ။

လင့်ဟူချိုး၏စိတ်ထဲတွင်… "ဘယ်လိုလဲ၊ ဒီဆရာကြီးက ဘယ့်နဲ့ဒီကိုရောက်နေရတာလဲ၊ သူရောက်နေတာကို ငါ လုံးဝမသိပါလား၊ သူ ဘယ်လိုရောက်လာတာပါလိမ့်" ဟု တုန်လှုပ်စွာ တွေးတောနေသဖြင့် မည်သည့်စကားမျှ ပြောမထွက်အောင် ရှိနေတော့၏။

ထိုစဉ် ထင်ပေါက တုန်ယင်သောအသံဖြင့် …

"ခင် … ခင်ဗျားက ဘယ်သူလဲ၊ ဆရာကြီး ဖုန်းချင်းလား"

အဘိုးကြီးမှာ သက်ပြင်းချရင်း …

"အင်း … ဒီလောကထဲမှာ ငါ့နာမည်ကို သိတဲ့လူ ရှိနေသေးသကိုး" ဟု ညည်းညည်းညူညူ ပြောလိုက် တော့၏။

လင့်ဟူချိုးတွေးလိုက်မိသည်မှာ … "ငါတို့ဂိုဏ်းမှာ ဒီလောက်ဝါစဉ်ကြီးတဲ့ ဆရာကြီး ရှိနေသေးတယ်ဆိုတာ ငါလုံးဝမသိရပါကလား၊ ဧကန္တ ဆရာကများ လျှို့ဝှက်ထားလို့ များလားမသိဘူး၊ ဒါမှမဟုတ် ထင်ပေါရဲ့ စကားကို သံယောင်လိုက်ပြီး ဆရာကြီးဖုန်းချင်း ဟန်ဆောင်နေတာလားမသိဘူး၊ သူ့ကိုအခု ဘိုးဘိုးလို့ သွားခေါ်လို့ ဖြစ်မယ်မထင်ဘူး။ အခုလေးတင် ဆရာကြီးဖုန်းချင်းလို့ ပြောတုန်းရှိသေးတယ်။ တကယ်ပဲ ဆရာကြီးဖုန်းချင်းဆိုတာ က ရောက်လာနေပြီ" ဟူ၍ တွေးနေမိတော့၏။

ထိုစဉ် ထိုအဘိုးကြီးက သက်ပြင်းရှည်ကြီးတစ်ချက်ချရင်း …. "လင့်ဟူချိုး မင်းဟာ တကယ့်ကို အသုံးမကျတဲ့ ကောင်လေးပါလား။ လာခဲ့စမ်း … ငါ မင်းကိုသင်ပေးမယ် … မင်းအနေနဲ့ အရင်ဦးဆုံး ဟောဒီ ဓားကွက်ကိုသုံးစမ်း။ နောက်ပြီးမှ 'ဒေါင်းမြီးဖြာ' ဓားကွက်ကိုသုံး။ နောက်ပြီး 'သိမ်းငှက်ပျံ' ဓားကွက်။ နောက်ပြီး ဒီတစ်ကွက်"

ထိုအဘိုးကြီးသည် သူ့ပါးစပ်ထဲ၌ရှိသော သိုင်းကွက်အမည်များကိုပြောချလိုက်ရာ နောက်ဆုံးတွင် သိုင်းကွက် သုံးဆယ်ပြည့်သွား၏။ သိုင်းကွက် သုံးဆယ်စလုံးကို လင့်ဟူချိုးက သင်ခဲ့ဖူးသည်။ ထိုသိုင်းကွက်အားလုံး ရိုးရိုးရှင်းရှင်းပင်ဖြစ်၍ သူတို့ဂိုဏ်းတူညီအစ်ကိုအချင်းချင်း လက်ရည်စမ်းလျှင်တောင် ဤသိုင်းကွက်ထဲမှ အများစုကို သုံးပင်မသုံးကြတော့။ သူတို့မသုံးခဲ့သည့် ဓားကွက်များကို ယခု အဘိုးကြီးက အသုံးပြုခိုင်းလျက် ရှိပေပြီ။

လင့်ဟုချိုး တွေဝေနေသည်ကို မြင်လိုက်ရသဖြင့် ထိုအဘိုးကြီးက ... "မင်း ဘာတွေ တွေဝေပြီး ဇဝေဇဝါ ဖြစ်နေရတာလဲ၊ ဒီဓားကွက်သုံးဆယ်ကို တစ်ဆက်တည်းသုံးနိုင်ဖို့ဆိုတာ လွယ်တယ်လို့များ မင်းထင်နေသလား၊ မင်း အရင်ကစားကြည့်စမ်းပါဦး .."

သူ့လေသံမှာ ညင်သာသော်လည်း အာဏာသံ အပြည့်အဝပါ၏။ အမြဲတမ်း အထက်မှ စီးပိုးအမိန့်ပေးလေ့ ရှိသူများ ထံမှ ကြားရလေ့ရှိသည့် လေသံမျိုးပင်တည်း။

လင့်ဟုချိုး၏စိတ်ထဲတွင်မူ ... "အင်း ... ငါ သူပြောသလို လုပ်ကြည့်တာတော့ မှားမယ်မထင်ပါဘူး" ဟု တွေးတောလိုက်ပြီး အဘိုးကြီးပြောသည့်အတိုင်း ထိုဓားကွက် သုံးဆယ်ကို ကစားကြည့်လိုက်တော့၏။

ပထမကစားကွက် ပြီးသောအခါ သူ၏ဓားဖျားမှာ အပေါ်သို့ရောက်နေ၏။ ဒုတိယအကွက်သို့ ဆက်သွားရန် သိုင်းကွက်အရ ဓားဖျားသည် အောက်မှအထက်သို့ ပြန်၍ ပင့်ထုတ်ရမည်ဖြစ်သည်။ သို့သော် ပထမသိုင်းကွက်အရ ဓားဖျားအပေါ် ရောက်နေသဖြင့် ဒုတိယသိုင်းကွက်နှင့် အလွန်ခြားနားချက်ကြီးဖြစ်နေတော့၏။ ထို့ကြောင့် ပထမဓားကွက် ပြီးသည်နှင့် ဒုတိယဓားကွက်ကို ဆက်မသွားနိုင်တော့ပေ။ လမ်းခုလတ်၌ပင် ငေးကြောင်နေမိတော့ သည်။

ထိုအခါ အဘိုးကြီးထံမှ သက်ပြင်းချသံ ထွက်ပေါ်လာတော့၏။

"ငတုံး ... ငတုံး ... ဒါကြောင့် မင်းဟာ ရက်ပုချွန်ရဲ့တပည့် ဖြစ်နေတာကိုး။ အလှည့်အပြောင်း ကလေးကိုတောင် မတတ်ဘူး။ ဒါနဲ့များ သိုင်းသမား လုပ်နေရသေးတယ်။ မှတ်ထား ဓားသိုင်းဆိုတာ တိမ်လွှာလို ရေစီးလို သဘာဝကျ နေရမယ်။ အဆင်ပြေနေရမယ်။ တက်မယ်ဆိုရင်လည်း အထစ်အငေါ့ ဖြစ်မနေရဘူး။ အဆင် ပြေပြေ တက်သွားရမယ်။ ဆင်းမယ်ဆိုရင်လည်း ဖုထစ်မနေရဘူး။ ချောချောရှုရှု ဆင်းသွားရမယ်။ ပထမကစားကွက် ကစားပြီးတော့ ဓားဖျားက ထိပ်ကိုရောက်နေတယ်မဟုတ်လား။ အဲဒီဓားဖျားကို တစ်ချက်တည်းနဲ့ အလိုက်သင့် အောက်ကို ဆွဲမချနိုင်ဘူးလား။ ဓားသိုင်းကွက်ထဲမှာ အဲဒီလို ဆွဲချတဲ့အကွက်မျိုးမရှိတာနဲ့ မင်းက ဆွဲမချတတ်တော့ ဘူးလား။ မင်းဘာသာ မင်းထွင်ပြီး ဆွဲချလိုက်ပါလား ငတုံးရဲ့။ အမေမှာတဲ့အတိုင်း ပုံသေမှတ်ထားတဲ့ကောင်။ ဘာမှအသုံးမကျဘူး .."

ထိုအဘိုးကြီး၏ ပြင်းထန်လှသော စကားများသည် လင့်ဟုချိုးအား အိပ်မက်မက်နေရာမှ လန့်နိုးလိုက်သကဲ့သို့ ဖြစ်သွားတော့၏။ ထိုအခါကျမှ ပထမမှ ဒုတိယအကွက်သို့ကူးပြောင်းရန် ဓားကို အလိုက်သင့်ဆွဲချ၍ ဆက်ကစား လိုက်၏။ ဒုတိယအကွက်ဆုံးသည်နှင့် တတိယကွက်သို့ အလိုအလျောက် ရောက်ရှိသွားတော့၏။

လင့်ဟုချိုးသည် အံ့သြထူးဆန်းစွာဖြင့် သိုင်းကွက် သုံးဆယ်အထိ ဆက်စပ်ကစားနိုင်ခဲ့တော့သည်။

အဘိုးကြီးက သက်ပြင်းချ၍ ... "ဟုတ်တော့ ဟုတ်သွားပြီ။ ဒါပေမယ့် မင်းကို သိုင်းပညာအခြေခံ ပန္နက်ရိုက် ထားပုံက မှားနေတော့ သိုင်းကွက်လည်း လိုက်မှားနေတယ်၊ ဒါကြောင့် မင်းအနေနဲ့ တကယ့်ထိပ်သီး သိုင်းသမားတွေကို တိုက်ခိုက်ဖို့တော့ လုံးဝမစဉ်းစားနဲ့ဦး။ ဘယ်လိုမှ တိုက်လို့ခိုက်လို့ မဖြစ်သေးဘူး။ အစမကောင်းရင် အနှောင်းမသေချာဘူး ဆိုတာ ဒါပဲ။ ဘယ်ပညာဖြစ်ဖြစ် အခြေခံကျကျ စနစ်တကျတတ်ထားမှ အဆုံးမှာ ကောင်းကျိုးသက်ရောက်မှုရှိတယ်။ အခု မင်းရှေ့မှာ ရှိနေတဲ့ကောင်လောက်တော့ မင်းရနိုင်လိမ့်မယ်။ ကဲ ... စမ်းကြည့်စမ်း" ဟု အသေအချာ ရှင်းပြပြီးမှ အမိန့်ပေး လိုက်တော့၏။

လင့်ဟုချိုးသည် ဤအချိန်တွင် တစ်စုံတစ်ခုသော အတိုင်းအတာအထိ ထိုအဘိုးကြီးအပေါ် ယုံကြည်မှု ရှိခဲ့လေပြီ။ မိမိ၏ ဆရာဘိုးဘိုး ဟုတ်မဟုတ် မသေချာသေးသော်လည်း အံ့မခန်း ထိပ်သီးသိုင်းဆရာကြီးတစ်ယောက် ဖြစ်သည်ကို တော့ ကောင်းစွာ လက်ခံလိုက်လေပြီ။

ထို့ကြောင့် ထိုအဘိုးကြီးကို ဦးညွှတ်၍ အရိုအသေ ပေးလိုက်ပြီးမှ ထင်ပေါ်ဘက်သို့ လှည့်၍ ပြောလိုက်၏။

"ကဲ ... တိုက်ကြရအောင်"

ထင်ပေါ်က ... "ငါက မင်းရဲ့ဒီဓားကွက်သုံးဆယ်ကို တွေ့ထားပြီးပြီပဲ။ ဘာမှအသစ်အဆန်း မပါဘူး။ အခုနေ ငါ မင်းနဲ့ယှဉ်ရင် ငါက တစ်ပန်းသာ နေမှာပေါ့ကွ .."

လင့်ဟုချိုးကမူ ပြတ်သားစွာ ပြောချလိုက်သည်။

"ထင်ပေါ် ... ကျုပ်က ပြတ်ပြတ်ပဲ ပြောလိုက်မယ်။ ခင်ဗျားမပြိုင်ချင်ရင် ပြန်နိုင်တယ်။ ခင်ဗျားကို ကျုပ်က မတားဘူး။ ဒီက ကျုပ်ဆရာဘိုးဘိုးနဲ့ ကျုပ်က ဆွေးနွေးစရာ ရှိသေးတယ် ..."

ထင်ပေါ်က သွေးရူးသွေးတန်းဖြင့် အော်လိုက်သည်။

"ငါပြန်သွားလို့ ဖြစ်မလားကွ ..."

ထင်ပေါ်သည် အဘိုးကြီးဘက်သို့ လှည့်၍ ... "ဆရာကြီး ... ဆရာကြီးက ကျွန်တော့်ထက် အများကြီး ဝါစဉ်ကြီး

ပါတယ်၊ ကျွန်တော်နဲ့ ယှဉ်မယ်ဆိုရင်တော့ ဆရာကြီးရဲ့ သိက္ခာကျမှာ စိုးရပါတယ်”ဟု ပြောလိုက်၏။

အဘိုးကြီးက သက်ပြင်းတစ်ချက်ချရင်း ကျောက်တုံးကြီး တစ်တုံးပေါ်၌ အသာထိုင် လိုက်သည်။

ပြီးမှ …

“စိတ်ချပါ၊ ငါဝင်မကူပါဘူး …”

ထင်ပေါသည် စိတ်သက်သာရာ ရသွားပြီး …

“ကဲ … လင့်ဟူချူး … ငါ့ဓားကိုကြည့်ပေတော့”ဟု ပြောရင်း လှမ်းခုတ်လိုက်တော့၏။

လင့်ဟူချူးက ကိုယ်စောင်း၍ရှောင်လိုက်ပြီး ဓားဖြင့် တစ်ချက်ပြန်ထိုးလိုက်သည်။ သည်တစ်ကွက်မှာ အဘိုးကြီး သင်ပေးထားသည့် နံပါတ်လေးဓားကွက်ဖြစ်သည်။ ထိုစဉ်မှစ၍ လင့်ဟူချူး၏ ဓားကွက်များသည် အလိုအလျောက် မြစ်ရေစီးသည့်ပမာကဲ့သို့ ငါး၊ ခြောက်၊ ခုနစ်၊ ရှစ် အစရှိသည်ဖြင့် တစ်ကွက်ပြီးတစ်ကွက် ဆက်ထုတ်သွားတော့၏။

အချို့သော ဓားကွက်များမှာ အဘိုးကြီးပြောသော ဓားကွက်များထဲမှ မဟုတ်တော့ဘဲ အခြားဓားကွက်များပါ အလျဉ်းသင့်သလို ပါဝင်လာတော့သည်။ ယခုအချိန်တွင် လင့်ဟူချူးမှာ ဓားသိုင်း၏ အခြေခံသဘောတရားကို ရရှိလိုက်ပြီးဖြစ်၍ ရေစီးပမာ သူ့အရှိန်နှင့်သူ သိုင်းကွက်များကို သဘာဝကျကျ ဆက်ထုတ်သွားခြင်း ဖြစ်တော့သည်။

ဓားသိုင်း၏ အခြေခံသဘောတရားကို ရရှိလိုက်ခြင်းကြောင့် လင့်ဟူချူး၏ဓားသိုင်းပညာမှာ တစ်မဟုတ်ချင်း တိုးတက်မြင့်မားသွားတော့၏။ ယခင်ကကဲ့သို့ သည်တစ်ကွက်ပြီးလျှင် မည်သည့်အကွက်ကို ဆက်ထုတ်ရမည်ဟု စဉ်းစားရန် မလိုတော့ပေ။ ထိုးခုတ်တိုက်ခိုက်နေသည့် လက်ပုံစံ၊ ကိုယ်ဟန်ပုံစံနှင့် ရန်သူပုံစံတို့၏ အနေအထားပေါ် မူတည်၍ အဆင်ပြေသလို တိုက်ခိုက်သွားလေတော့၏။

ဤသို့အားဖြင့် သူ့အနေဖြင့် ယခင်က အိပ်မက်ပင် မမက်နိုင်လောက်သည့် အခြေအနေမျိုးကို ယခု ရောက်ရှိခဲ့ရ ချေပြီ။ သူသည် ထင်ပေါနှင့် သိုင်းကွက်နစ်ရာကျော်အထိ တိုက်ခိုက်လေတော့၏။ နောက်ဆုံးတွင် သူ၌ အင်အား နည်းပါးမှုကြောင့် ဓားချင်းရိုက်ခတ်မိစဉ် ဓားလွတ်ထွက်သွားခဲ့ရတော့သည်။

ထိုစဉ် ထင်ပေါသည် လင့်ဟူချူးထံသို့ ချက်ချင်းခုန်ဝင်လာပြီး လင့်ဟူချူး၏ လည်ပင်းကို လက်မောင်း၊ လက်ဖျံဖြင့် ဖမ်းညှစ်ထားတော့သည်။ ညှစ်ထားရင်းမှ ထင်ပေါက အော်ပြောလိုက်သည်။

“လင့်ဟူချူး .. မင်းအခု ငါနဲ့လိုက်ခဲ့ပေတော့ … မလိုက်ရင် ငါက သေမယ့်အတူတူ မင်းကိုပါ ငရဲပြည်အပါ ခေါ်သွားမယ် ..”

သည်တစ်ကြိမ်တွင်တော့ ထင်ပေါမှာ ယောက်ျားမပီသ နိုင်တော့ချေ။ အဘယ့်ကြောင့်ဆိုသော် ယခု လက်ရှိအခြေအနေက သူ့အားဒေါသထွက်ရန်နှင့် ကြောက်လန့်လာစေရန် ဖန်တီးလိုက်သောကြောင့်ပေတည်း။

လင့်ဟူချူးကမူ ခဲယဉ်းစွာဖြင့် သူ့ဦးခေါင်းကို ခါယမ်းပြလိုက်သည်။ ထင်ပေါက အော်၍ … “သိုင်းကွက် ၂၀၀ ကျော်မကလို့ ၃၀၀ ကျော်ပဲဖြစ်ဖြစ် ငါ လုံးဝဂရုမစိုက်ဘူး … အခု ငါနိုင်တယ် .. မင်း ငါနဲ့လိုက်ခဲ့ရမယ်”ဟု အကျပ်ကိုင် နေတော့၏။

လင့်ဟူချူးသည် ထင်ပေါ သွေးရူးသွေးတန်းဖြစ်နေပုံကို ရယ်ချင်မိ၏။ သို့သော် သူ့မှာ လုံးဝမရယ်နိုင်ချေ၊ လည်ပင်း အညှစ်ခံထားရသည်ကိုး။

ထိုစဉ် အဘိုးကြီး သက်ပြင်းချသံ ကြားလိုက်ရပြီး …

“တုံး … တုံး … လက်ထဲမှာဓားမရှိရင် လက်ချောင်းတွေက ဓားပေါ့ကွ”ဟူသော အသံကိုပါ ကြားလိုက်ရ တော့သည်။

ထိုစကားကို ကြားလိုက်ရသည်နှင့် လင့်ဟူချူးသည် ရုတ်တရက် သတိရသွားပြီး သူ၏လက်ချောင်းကို ဓားသဖွယ် အသုံးပြု၍ ထင်ပေါ၏ ရင်ဘတ်အကြောကို ထိုးစိုက်လိုက်တော့၏။ ထင်ပေါမှာ ရုတ်တရက် အငိုက်မိသွားသဖြင့် ပျော့ခွေ ကျသွားတော့သည်။

လင့်ဟူချူးသည် သူ့ကိုယ်သူပင် မယုံကြည့်နိုင်လောက်အောင် ဖြစ်နေမိတော့သည်။ သိုင်းလောက၌ အလွန် ကြောက်မက်ဖွယ်ရာ ဆိုးသွမ်းလှသောလူဆိုးကြီးကို အဘိုးကြီး၏ စကားတစ်ခွန်းတည်းနှင့် အနိုင်ယူနိုင်ခဲ့ချေပြီ။

လင့်ဟူချူးသည် အဘိုးကြီးအား အလွန်ရိုသေလေးစားသွား၏။ ထို့ကြောင့် ချက်ချင်းပင် အဘိုးကြီး ရှေ့သို့ ပြေးကာ ဒူးထောက်လိုက်ပြီး ရှိခိုးကန်တော့ လိုက်တော့၏။

သူက …

“ဆရာဘိုးဘိုး … ကျွန်တော် စောစောက ဆရာဘိုးဘိုးကို စိတ်ထဲက ပြစ်မှားမိခဲ့တာကို ခွင့်လွှတ်ပါ။ … ကျွန်တော်

ဝန်ချတောင်းပန်ပါတယ် ..”

အဘိုးကြီးကပြုံး၍ … “မင်း … အခုတော့ ငါ အတုအယောင် မဟုတ်ဘူးဆိုတာ လက်ခံပြီပေါ့ ..” ဟု မေးလိုက်၏။

လင့်ဟုချုံးက ဦးချရင်း … “ကျွန်တော်က ဝါဆန်းဂိုဏ်းရဲ့ပညာကို သိပ်ရသေးတဲ့သူ မဟုတ်ပါဘူး၊ ဝါဆန်းဂိုဏ်းရဲ့ အစဉ်အဆက် သမိုင်းကြောင်းကိုလည်း သိပ်မသိတော့ ဆရာဘိုးဘိုးအပေါ်မှာ သံသယရှိခဲ့မိပါတယ်၊ အခု ဆရာဘိုးဘိုးနဲ့ တွေ့ခွင့်ရတာကတော့ ကျွန်တော့်အတွက် မဟာကုသိုလ် ထူးကြီးပါပဲ” ဟု တုန်ယင်လှိုက်လှဲစွာ ပြောမိတော့သည်။

အဘိုးကြီးက … “ကဲ .. မတ်တတ်ရပ်လိုက်တော့ …”

လင့်ဟုချုံးသည် အဘိုးကြီးရှေ့၌ ရိုသေကျိုးနွံစွာဖြင့် မတ်တတ်ရပ်လိုက်တော့သည်။ အဘိုးကြီး၏ မျက်နှာသည် ရွှင်လန်းချင်းမရှိ၊ ညှိုးနွမ်းနေသည်ဟု လင့်ဟုချုံးထင်မှတ်မိသည်။

အဘိုးကြီးသည် ဩကာသ လောကကြီး တစ်ခွင်လုံးကို လှည့်ပတ်ကြည့်ရှုပြီးမှ … “အင်း … ဒီနေ့ နေသာသားပဲ .. ငါ နေကို မတွေ့ခဲ့တာ ဘယ်နှစ်နှစ်တောင် ရှိသွားပြီလဲမသိဘူး …” ဟု ပြောလိုက်တော့သည်။

လင့်ဟုချုံးသည် အလွန်တရာ အံ့ဩသွားမိသည်။ မေးမြန်းချင်စိတ် ပေါ်လာသော်လည်း မမေးရဲသဖြင့် ငြိမ်နေလိုက်မိ၏။ ထိုစဉ် ဆရာကြီးဖုန်းချင်းက မြေကြီးပေါ်တွင်လဲနေသော ထင်ပေါကို တစ်ချက်မျှကြည့်လိုက်ကာ…

“သူ့ရင်ဘတ်ကြော ပိတ်ခံလိုက်ရတယ်ဆိုတော့ သူ့ရဲ့ သိုင်းအားနဲ့ဆိုရင် တစ်နာရီကျော်ကျော်မှာ အကြောပြန်ပွင့်နိုင်တယ်၊ သူ့အကြောပြန်ပွင့်လာရင် မင်းကို တိုက်ခိုက်ဦးမှာပဲ။ မင်းကသူ့ကို သိုင်းကွက် သုံးဆယ်အတွင်း အနိုင်တိုက်ခိုက်နိုင်မှ သူ့အနေနဲ့ မင်းကို ဘယ်လိုမှ မနိုင်နိုင်တော့ဘူးဆိုတာ လက်ခံသွားလိမ့်မယ်။ ဒီတော့မှ သူက အေးအေးဆေးဆေး တောင်ပေါ်ကဆင်းသွားမှာ။ မင်းအနေနဲ့ သူ့ကိုအနိုင်မယူခင် သူ့ဆီက ကတိတစ်ခု တောင်းထားလိုက်။ ငါနဲ့ ပတ်သက်တဲ့အကြောင်း တစ်ခွန်းတစ်လေတောင်မှ အပြင်လောကမှာ မပြောရဘူးလို့ …”

လင့်ဟုချုံးက …

“ဆရာဘိုးဘိုး … ကျွန် …. ကျွန်တော် သူ့ကို သိုင်းကွက် သုံးဆယ်အတွင်းမှာ ဘယ်အနိုင်တိုက်ခိုက်နိုင်ပါ့ မလဲ …”

ဆရာကြီးဖုန်းချင်းက သက်ပြင်းရှည်ကြီး တစ်ချက်ချရင်း … “တစ်နာရီဆို အများကြီး အချိန်ရပါတယ်။ မင်းက ရက်ပုချွန်ရဲ့တပည့်ဆိုတော့ ငါ့အနေနဲ့ သင်မပေးချင်တာအမှန်ပဲ။ ဒါပေမယ့် ငါက သူများနဲ့မတိုက်ခိုက်ဖို့ ကျိန်ဆိုထားတယ်ဆိုတော့ မင်းကိုမှ အစားထိုးမတိုက်ခိုင်းရင် ဟိုကောင်က ငါ့အကြောင်း လျှောက်ပြောနေမှာ စိုးရိမ်ရတယ်” ဟု ပြောပြသည်။

ဆရာကြီးဖုန်းချင်းသည် လင့်ဟုချုံးကို လက်ဖြင့်အချက်ပြပြီး ဂူထဲသို့ ဝင်သွားတော့သည်။ ထို့နောက် နံရံပေါ်မှ ဓားသိုင်းကွက် ကစားနေပုံများကို လက်ညှိုးထိုးပြကာ …

“နံရံပေါ်က ဓားကွက်တွေ အားလုံးကို မင်းကြည့်ထားပြီးပြီနဲ့တူတယ် …” ဟု ပြောမေး မေးလိုက်သည်။

လင့်ဟုချုံးက ကပျာကယာ ခေါင်းညိတ်ပြလိုက်၏။

ဆရာကြီးဖုန်းချင်းက … “အေး … ဒီဓားကွက်တွေ ပုံထဲမှာ ဒီလိုရှိပေမယ့် တကယ်တမ်း တိုက်တဲ့အခါ ကျတော့ မတူတော့ဘူး၊ ရက်ပုချွန်ဆိုတဲ့ကောင်လေးကတော့ နည်းနည်းမှ အသုံးကျတဲ့ကောင်လေး မဟုတ်ဘူး၊ မင်းကမှ သိုင်းပညာ တကယ်လေ့ကျင့်သင့်တဲ့ကောင်ကွ။ အေးလေ အခုတော့ ဟိုကောင်ကြောင့် မင်းလည်း အသုံးမကျတဲ့ကောင် ဖြစ်သွားရတာပေါ့ …”

လင့်ဟုချုံးသည် သူ့ဆရာရက်ပုချွန်ကို အလွန်ရိုသေလေးစားသူ ဖြစ်၏။ ယခု ဆရာဘိုးဘိုး ဖုန်းချင်းကမူ သူ့ဆရာရက်ပုချွန်အား လုံးဝတန်ဖိုးမရှိသည့်အလား နှိမ့်ချပြောဆိုနေသည်ကို ကြားလိုက်ရသောအခါ မကျေမနပ် ဖြစ်သွားတော့၏။ ထို့ကြောင့် သူက သူ့ဆရာဘိုးဘိုးအား …

“ဆရာဘိုးဘိုး၊ ကျွန်တော့ဆရာကို မပုတ်ခတ်ပါနဲ့၊ ဆရာဘိုးဘိုးကိုတော့ ကျွန်တော့်ရင်ထဲ အသည်းထဲကနေ ရိုသေလေးစားပါတယ်၊ ဒါပေမယ့် ကျွန်တော့်ဆရာကို ပုတ်ခတ်နေမယ်ဆိုရင်တော့ ဆရာဘိုးဘိုးဆီက ပညာကိုလည်း မလိုချင်တော့ပါဘူး” ဟု ရဲဝံ့ပြတ်သားစွာ ပြောချလိုက်တော့၏။

ဆရာကြီးဖုန်းချင်းက ပြုံး၍ … “ကောင်းပါပြီ ကောင်းပါပြီ … ငါက မင်းဆရာရဲ့ အကြောင်းကို မကောင်း မပြောတော့ပါဘူး၊ ဒါပေမယ့် မင်းသိထားဖို့က ငါပြောပြလိုက်ဦးမယ်၊ မင်းဆရာရဲ့ ဆရာတောင် ငါ့ရဲ့ ဂိုဏ်းတူညီလေး အဆင့်ပဲ ရှိသေးတယ်၊ ငါကအပြစ်တင်တော့လည်း ဘာဖြစ်သလဲ၊ မင်းရဲ့ဆရာက ငါ့ထက် အများ ကြီးငယ်တာပဲ” ဟု စိတ်မဆိုးဘဲ အေးအေးသက်သာပင် ပြန်ပြောသည်။

လင့်ဟုချုံးက … “ဆရာဘိုးဘိုးက ကျွန်တော့်ဆရာကို အပြစ်မပြောဘူးဆိုရင် ဆရာဘိုးဘိုးရဲ့ သွန်သင် ဆုံးမမှုကို

မြေဝယ်မကျ နားထောင်ပါ့မယ်”

ဆရာကြီးဖုန်းချင်းကပြုံးရင်း နံရံပေါ်ရှိ ဝါဆန်းဂိုဏ်း၏ ဓားကွက်များကို လက်ညှိုးထိုးပြကာ ပြောကြားသည်။

“လင့်ဟူချုံး၊ ဒီဓားကွက်တွေက ငါတို့ဂိုဏ်းရဲ့ ထိပ်သီးလျှို့ဝှက်ဓားကွက်တွေပဲ၊ ဘယ်လောက် လျှို့ဝှက်တဲ့ ဓားကွက်တွေမှတ်သလဲ၊ အပြင်လူသိဖို့မပြောနဲ့၊ ဒီအထဲကတစ်ဝက်လောက်ကို မင်းရဲ့ဆရာ ရက်ပုချွန်တောင် မသိဘူး၊ မင်းက ကံကောင်းထောက်မပြီး ဒီဓားကွက်တွေကို တွေ့လိုက်ရတာ။ ဒီဓားကွက်တွေကို နည်းနည်းကလေးမှ သံသယမရှိနဲ့၊ တကယ့်ကိုအစွမ်းထက်၊ ထက်မြက်တဲ့ဓားကွက်တွေဆိုတာတော့ မင်းမြဲမြဲမှတ်ထား။ ဒါပေမယ့် ဒီဓားကွက်တွေကို တစ်ကွက်ချင်းပဲ အသုံးပြုမယ် ဆိုရင်တော့ သူများက ဒီဓားကွက်တွေကို မုချဖျက်နိုင်မှာပဲ ...”

လင့်ဟူချုံးမှာ နားထောင်ရင်း ရင်ထဲ၌ တုန်ခါသွား၏။ သူ၏အတွင်းစိတ်ထဲတွင် ဓားသိုင်းပညာ၏ သဘောတရားကို ရိပ်မိနားလည်သလိုလိုရှိလာ၏။ ကွဲကွဲပြားပြား ခြားခြားနားနား သိမြင်သဘောပေါက်ခြင်းတော့ မဟုတ်သေးပေ။ သို့သော် ဝိုးတဝါးသိခြင်းသည် အလုံးစုံသိမြင်ခြင်း၏အစပင် မဟုတ်ပါသလော။ ဝိုးတဝါး မသိသေးလျှင် သိခြင်းနှင့်ဝေးကွာနေဦးမည်မှာ မုချဆတ်ဆတ်ဖြစ်တော့၏။ လင့်ဟူချုံး၏ မျက်နှာတွင် အလွန်တရာ အားရဝမ်းသာသော အမူအရာများ မဖုံးနိုင် မဖိနိုင် ပေါ်ပေါက်လာတော့၏။

ဆရာကြီးဖုန်းချင်းသည် ထိုအချက်ကို မြင်၏။

“လင့်ဟူချုံး မင်းဘာကို သဘောပေါက်လိုက်သလဲ”

လင့်ဟူချုံးက ... “ဆရာဘိုးဘိုး ဆိုလိုတာက တကယ်လို့ သိုင်းကွက်အားလုံးကို တစ်စုတစ်ပေါင်းတည်း ပေါင်းပြီး အသုံးပြုလိုက်ရင် ရန်သူက ဒီဓားကွက်တွေကို ဖျက်လို့ မရတော့ဘူးဆိုတဲ့ သဘောပေါ့ ဟုတ်လား ...”

ဆရာကြီးဖုန်းချင်းသည် ကျေနပ်အားရသောအမူအရာဖြင့် ခေါင်းညိတ်ပြသည်။

“အေး ... မင်းက တကယ့်တကယ်တော့ တစ်ထွာပြရင် တစ်လံမြင်တဲ့ကောင်၊ ဒါကြောင့် မင်းဟာ သိုင်းပညာလေ့ကျင့်လို့ သိပ်ကောင်းမယ့်ကောင်လို့ ငါကပြောတာပေါ့၊ နားလည်လွယ်တယ်၊ အမြင်သန်တယ်၊ ဟောဒီ ကျောက်ဂူထဲမှာ သေနေတဲ့လူတွေအားလုံးဟာ မကောင်းဆိုးဝါးဂိုဏ်းက ဝါစဉ်ကြီး သိုင်းပညာရှင်ကြီး ဆယ်ယောက်ပဲ ...”

လင့်ဟူချုံးက တအံ့တသြ မေးလိုက်သည်။

“ဆရာဘိုးဘိုး ... သူတို့က ဘာဖြစ်လို့ ဒီနေရာထဲမှာ တစ်စုတစ်ဝေးတည်း လာသေနေကြရတာလဲ ...”

ဆရာဘိုးဘိုးက အေးအေးဆေးဆေးပင် ပြောလိုက်၏။

“ငါ သတ်လိုက်တာ ..”

ဆရာကြီးဖုန်းချင်းသည် သည်လိုဆရာကြီး ဆယ်ယောက်လုံးကို သတ်လိုက်သည့်အမူအား ပုရွက်ဆိတ် ဆယ်ကောင်ကို သတ်သကဲ့သို့ ပြောကြားလိုက်သဖြင့် လင့်ဟူချုံး၏ ကျောရိုးထဲ၌ စိမ့်သွားတော့၏။

လင့်ဟူချုံးသည် တုန်ယင်စွာဖြင့် မေးလိုက်၏။

“ဆရာဘိုးဘိုး ... ဘာ ... ဘာဖြစ်လို့”

ဆရာကြီးဖုန်းချင်းက လင့်ဟူချုံး၏စကားကို ဖြတ်၍ ပြောလိုက်၏။

“နောက်တစ်နာရီဆိုရင် ထင်ပေါ်မှာပိတ်နေတဲ့ အကြောပြန်ပွင့်လာမှာ ... မင်းက ဒီရာဇဝင်အူပေါက်ကြီး လျှောက်မေးနေရင် ဘယ်ဖြေလို့ ဆုံးနိုင်တော့မှာလဲ၊ သိုင်းပညာသင်မယ့် အချိန်ကော ရှိပါဦးမလား”

လင့်ဟူချုံးမှာ သူ့ဆရာဘိုးဘိုး၏ စကားကို စာဒက မတက်ရဲသဖြင့် ...

“ဟုတ်ကဲ့ .. ဆရာဘိုးဘိုး” ဟု ပြောလိုက်မိသည်။

သို့သော် ဆရာကြီးဖုန်းချင်းမှာ သက်ပြင်းတစ်ချက်ချကာ ... “ဒီမကောင်းဆိုးဝါးဂိုဏ်းက ဆရာကြီးတွေဟာ .. တကယ့်ကို အံ့မခန်းတော်တဲ့ လူတော်ကြီးတွေဆိုတာ ငြင်းလို့မရဘူး၊ သူတို့ဟာ ဂိုဏ်းကြီးငါးဂိုဏ်းရဲ့ ဓားကွက်အားလုံးကို တစ်ခုမကျန်အောင် ဖျက်နိုင်ကြတယ်၊ မင်းမျက်မြင်ပဲ ... ဟင်း ... နမြောစရာ ကောင်းလိုက်တာ၊ ဒီလူတွေကို သတ်လိုက်ရတာ တကယ့်ကို နမြောစရာကောင်းတာပဲ ...” ဟု တစ်ယောက်တည်း ညည်းညည်းညူညူ ပြောနေတော့၏။

လင့်ဟူချုံး၏ စိတ်တွင်းမှ ... “ဆရာဘိုးဘိုးကတော့ တကယ့်အဘိုးကြီးပဲ ... ငါမေးတော့ ရာဇဝင်အူပေါက် တွေလျှောက်မေးမနေနဲ့တဲ့ ဖြေချိန်မရှိဘူးတဲ့။ သူ့ဘာသာကျတော့ လျှောက်ပြောနေတယ်။ သူ့ကို ဘယ်သူမှ ရိုက်စစ်နေတာလည်း မဟုတ်ဘဲနဲ့” ဟု မကျေမနပ်တွေးနေလိုက်မိ၏။

ထိုစဉ် ဆရာကြီးဖုန်းချင်းသည် သူ့စကားကို ဆက်ပြောနေသည်။

“ဒါပေမယ့် … ဒီမကောင်းဆိုးဝါးဂိုဏ်းက ဆရာတွေ နားမလည်တဲ့ အချက်တစ်ခုရှိနေတယ်။ သိုင်းကွက်က ပုံသေပဲ။ ဓားကွက်ကိုကစားတဲ့လူက အရှင်။ သိုင်းကွက်သေတွေကို ဘယ်လောက်ဖျက်နိုင်ဖျက်နိုင်။ ဓားကွက်အရှင်နဲ့ ထိုးတဲ့အခါကျတော့ ဘယ်လိုမှ မဖျက်နိုင်တော့ဘူး … ‘အရှင်’ ဆိုတဲ့စကားကို မင်း မြဲမြဲမှတ်ထားပေတော့၊ သိုင်းကွက်တွေကိုသင်ရင် အရှင်သင်ရမယ်၊ သိုင်းကွက်ကိုကစားရင်လည်း အရှင်ကစားရမယ်၊ ဘယ်တော့မှ ပုံသေ မကစားရဘူး၊ ပုံသေကစားလိုက်ရင် သိုင်းကွက်ပေါင်း ထောင်သောင်းမက ကျွမ်းကျင်ပေမယ့် တကယ့်သိုင်းပညာရှင် အစစ်နဲ့တွေ့ရင် သူက မင်းရဲ့အကွက်အားလုံးကို ဖျက်ပစ်မှာပဲ ..”

လင့်ဟူချုံးမှာ ထခုန်မိမတတ် ဝမ်းသာအားရ ဖြစ်သွားတော့၏။ အဘယ်ကြောင့်ဆိုသော် ဆရာကြီး ဖုန်းချင်း ပြောသည့် သိုင်းကစားနည်းသည် သူ၏ဗီဇစရိုက်နှင့် အလွန်ပင် အံဝင်ခွင်ကျ ဖြစ်နေသောကြောင့်တည်း။ လင့်ဟူချုံးသည် နဂိုကပင် ပျော်ပျော်ရွှင်ရွှင်ဖြင့် ဖြစ်သလိုနေတတ်သူဖြစ်၏။ သူ့အား တင်းကျပ်ချုပ်ချယ်သော စည်းမျဉ်းစည်းကမ်းများကို လုံးဝမကြိုက်။ အရာရာတွင် စိတ်လွတ်ကိုယ်လွတ် လှုပ်ရှားနေသူဖြစ်၍ ဆရာကြီးဖုန်းချင်း၏ စကားများသည် သူ့အကြိုက် ဖြစ်နေတော့သည်။

လင့်ဟူချုံးသည် ခေါင်းတဆတ်ဆတ်ညိတ်လျက် … “ဟုတ်တယ် ဆရာဘိုးဘိုး … သိုင်းကွက်အရှင် သင်ရတာ ကောင်းမယ်။ ကျွန်တော်တော့ သိုင်းကွက်အရှင်ပဲ သင်မယ်” ဟု ဝမ်းသာအားရ ပြောနေမိတော့၏။

ဆရာကြီးဖုန်းချင်းက… “ဂိုဏ်းကြီးငါးဂိုဏ်းထဲမှာ ရှိသမျှ သိုင်းဆရာတိုင်း နလပိန်းတုံးချည်းပဲ၊ သူတို့ကိုယ်သူတို့တော့ သိပ်ဘဝင်မြင့်နေကြတာ။ သူတို့ကိုယ်သူတို့ သိပ်တော်တယ်၊ သိပ်တတ်တယ်ပေါ့လေ။ သူတို့ဆရာတွေ သင်ပေးလိုက်တဲ့ ဓားကွက်တွေအားလုံးကို ကျွမ်းကျွမ်းကျင်ကျင် ကစားတတ်ရင် သူတို့ကိုယ်သူတို့ ထိပ်သီးသိုင်းဆရာကြီးတွေ ဖြစ်ပြီလို့ ထင်နေကြတာ …”

ဤစကား၌ အကျုံးဝင်သူများတွင် လင့်ဟူချုံး၏ဆရာ ရက်ပုချွန်လည်း ပါဝင်နေကြောင်း လင့်ဟူချုံးသိသည်။ ဆရာဘိုးဘိုး၏စကားတွင် ဂိုဏ်းကြီးငါးဂိုဏ်းစလုံးမှ သိုင်းဆရာတိုင်း နလပိန်းတုံးချည်းဟု ဆိုလိုက်ရာ သူ့ ဆရာ ရက်ပုချွန်ကိုပါ ထိခိုက်သွားတော့သည်။ သို့ရာတွင် ဆရာဘိုးဘိုးအနေဖြင့် ရက်ပုချွန်၏ နာမည်ကိုတပ်၍ မပြောသောကြောင့် ငြိမ်နေလိုက်တော့သည်။

ဆရာကြီးဖုန်းချင်းက ဆက်ပြောသည်။

“သိုင်းကွက်အရှင် သင်ပေးတယ်ဆိုတာက ပထမခြေလှမ်းပဲရှိသေးတာ။ ကိုယ့်လက်ထဲမှာ ဘာသိုင်းကွက်မှ မရှိဘဲနဲ့ တိုက်ခိုက်နိုင်မှ ထိပ်သီးသိုင်းပညာအဆင့်ကို လှမ်းနိုင်မှာ ..”

လင့်ဟူချုံးမှာ ပါးစပ်အဟောင်းသားနှင့် ငေး၍ နားထောင်နေမိတော့၏။ ဆရာကြီးဖုန်းချင်း၏ သိုင်းပညာသဘောတရားမျိုးကို ယခင်က သူ့အနေဖြင့် တစ်ကြိမ်တစ်ခါမျှ မကြားခဲ့ဘူးချေ။ ထို့ကြောင့် အလွန်စိတ်ဝင်စားစွာ နားထောင်နေမိခြင်းဖြစ်၏။

ဆရာကြီးဖုန်းချင်းက …

“မင်းစောစောက ပြောတယ်မဟုတ်လား၊ သိုင်းကွက်အားလုံးကို တစုတပေါင်းတည်း ဖြစ်အောင်လုပ်ပြီး တိုက်ခိုက်ရင် ရန်သူက မဖျက်နိုင်တော့ဘူးလို့။ ဒီစကားက အကုန်လုံးမှန်တဲ့စကား မဟုတ်သေးဘူး။ တစ်ဝက်လောက်ပဲမှန်တယ်။ အမှန်တကယ်က သိုင်းကွက်တွေကို ‘တစ်ပေါင်းတစ်စည်း’ လုပ်ရမှာ မဟုတ်ဘူး။ လုံးဝမရှိအောင်လုပ်ရမှာ ”

လင့်ဟူချုံးမှာ ဆရာကြီးဖုန်းချင်း၏ စကားများကို စိတ်ဝင်စားလွန်းသဖြင့် မျက်တောင်မခတ် နားရွက်တစ်ချက်မလှုပ်ဘဲ တအံ့တသြငေးကြည့်နေမိတော့၏။ လင့်ဟူချုံး၏ စိတ်ပါဝင်စားမှုကို ဆရာကြီးဖုန်းချင်းက အလွန်သဘောကျနေ၏။

ဆရာကြီးက … “လင့်ဟူချုံး မင်းရဲ့ဓားကွက်တွေအားလုံး တပေါင်းတစည်းတည်းလုပ်ပြီး ကစားကြည့်။ တကယ်တော်တဲ့ သိုင်းပညာရှင်က မင်းရဲ့ဓားကွက်ကိုကြည့်ပြီး ဖျက်ကွက်ကို စဉ်းစားနိုင်မှာပဲ။ တကယ်လို့ မင်းရဲ့ ဓားမှာ ဘာသိုင်းကွက်မှမရှိဘူးဆိုရင် ရန်သူက မင်းရဲ့သိုင်းပညာကို ဘယ်လိုဖျက်နိုင်တော့မှာလဲ …”

လင့်ဟူချုံး၏ တစ်ကိုယ်လုံးရှိ သွေးများသည် ဆူပွက်နိုးကြား လာတော့သည်။ သူ၏စိတ်ဓာတ်များ အလွန်တက်ကြွလာတော့၏။ ထို့ကြောင့် ဆရာကြီး၏စကားကို ပွဲတင်ထပ်မျှ ရေရွတ်နေမိတော့၏။

“သိုင်းကွက်လုံးဝမရှိရင် ဘယ်လိုဖျက်နိုင်တော့မှာလဲ … သိုင်းကွက်လုံးဝမရှိရင် ဘယ်လိုဖျက်နိုင်တော့မှာလဲ … သိုင်းကွက် လုံးဝမရှိရင် ..”

ဆရာကြီးဖုန်းချင်းက ဆက်၍ရှင်းပြသည်။

"သိုင်းပညာလုံးဝမတတ်တဲ့ လူတစ်ယောက်က ဓားတစ်ချောင်းကိုင်ပြီး ခုတ်ချင်သလို လျှောက်ခုတ်နေတယ် ဆိုရင် ဒီလူက မင်းကို ဘယ်လိုခုတ်မယ်ဆိုတာ မင်းအနေနဲ့ ဘယ်လို ကြိုတင်ခန့်မှန်းနိုင်မှာလဲ။ ဒီတော့ မင်းက သူ့ရဲ့ဓားကွက်ကို ဘယ်လိုဖျက်နိုင်တော့မှာလဲ။ ကိုယ်နဲ့ယှဉ်ပြီး တိုက်ခိုက်နေတဲ့လူရဲ့ ဓားကွက်ကို မဖျက်နိုင်တာဟာ အဲဒီလူမှာ ဓားကွက်မရှိလို့ပဲ။ သိုင်းပညာမတတ်တဲ့လူကိုတော့ ဓားကွက်မရှိပေမယ့်လည်း သူများက သူ့ကိုအလွယ် တကူ တိုက်ခိုက်အနိုင်ယူနိုင်တယ်၊ ဒါပေမယ့် တကယ့် ထိပ်သီးသိုင်းပညာရှင်နဲ့ ဆိုရင်တော့ ဘယ် ဒီလိုဟုတ် တော့မလဲ …"

ဆရာကြီးဖုန်းချင်းသည် ပြောရင်းဆိုရင်း လူရိုးစုမှ ပေါင်ရိုးတစ်ချောင်းကိုကိုင်၍ လင့်ဟူချုံးကို ထိုးချိန်လိုက်တော့သည်။

"လင့်ဟူချုံး … ငါ့ရဲ့ဒီတစ်ကွက်ကို မင်းဘယ်လိုဖျက်မလဲ"

လင့်ဟူချုံးမှာ ထိုအကွက်သည် မည်သည့်အကွက်ဖြစ်မှန်း လုံးဝမသိချေ။ သူ့ဆရာဘိုးဘိုး၏ အမေးစကား ကိုလည်း မည်သို့ပြန်ဖြေရမှန်း မသိတော့ဘဲ ကြောင်ကြည့်နေတော့သည်။

"ဆရာဘိုးဘိုး ဒါက အကွက်မှမဟုတ်တာ၊ ကျွန်တော် ဘယ်ဖျက်တတ်မလဲ" ဟု ပြောလိုက်မိတော့၏။

ဆရာကြီး ဖုန်းချင်းသည် တစ်ချက်မျှ ပြုံးလိုက်ကာ …

"ဒါပဲ ငါပြောချင်တာက ဒါပဲ … ရန်သူက လက်နက်ကိုင်ထားလို့ပဲဖြစ်ဖြစ် … ခြေလက်နဲ့ တိုက်ခိုက်တာပဲ ဖြစ်ဖြစ် … အကွက်မရှိရင် မင်းအနေနဲ့ ဖျက်ကွက်မရှာနိုင်ဘူး၊ အေး … သူ့မှာ အကွက်ရှိတာနဲ့ မင်းက သူ့ရဲ့ ဖျက်ကွက်ကို ထိုးထွင်းသိမြင်လိုက်ရင် အဲဒီလူကို အလွယ်တကူ တိုက်ခိုက်နိုင်မှာပဲပေါ့" ဟု ပြောလိုက်၏။

လင့်ဟူချုံးက … "တကယ်လို့ ကျွန်တော်နဲ့ယှဉ်နေရတဲ့ ရန်သူမှာ သိုင်းကွက်မရှိရင်ကော …"

ဆရာကြီးဖုန်းချင်းက…. "အဲဒီလိုလူဟာ ထိပ်သီးသိုင်းပညာရှင်ပဲ … အဲဒီလိုလူမျိုးကို ကောင်းကောင်း ဂရုစိုက်ရမယ်၊ ပြီးတော့ မင်းတို့နှစ်ယောက်စလုံး စိတ်ကြိုက် တိုက်ချင်သလို တိုက်ကြပေတော့။ သူနိုင်ချင်ရင်လည်း နိုင်သွားမယ်။ မင်းနိုင်ချင်ရင်လည်း နိုင်သွားမယ်။ ဘယ်သူနိုင်မယ် ဘယ်သူရှုံးမယ်ဆိုတာကို အတိအကျ မပြောနိုင်တော့ဘူး .."

သူက သက်ပြင်းတစ်ချက် ချလိုက်ကာ … "ဒီလောကမှာ ဒီလို ထိပ်သီးသိုင်းပညာရှင်မျိုး ရှာတွေ့ဖို့ အင်မတန် ခဲယဉ်းတာပဲ … ငါ့တစ်သက်မှာ ဒီလိုလူမျိုး သုံးယောက်ပဲ တွေ့ခဲ့ဖူးသေးတယ်" ဟု ပြောလိုက်သည်။

လင့်ဟူချုံးက .. "အဲဒီလူတွေဟာ ဘယ်သူတွေလဲဆိုတာ ကျွန်တော် မသိရဘူးလား ဆရာဘိုးဘိုး .."

ဆရာကြီးဖုန်းချင်းသည် လင့်ဟူချုံးကို အတန်ကြာစိုက်ကြည့်ပြီးမှ ပြုံးကာ .. "ရက်ပုချွန်ရဲ့ တပည့်ကတော့ တော်တော့ကို စပ်စုတတ်သကိုး၊ ကောင်းတယ်၊ ကောင်းတယ်" ဟု ပြောနေတော့သဖြင့် …

လင့်ဟူချုံးမှာ သူမေးမိသည်မှာ မှားသွားပြီ ဖြစ်ကြောင်း သိလိုက်မိပြီး မျက်နှာလည်း ရဲခနဲဖြစ်သွားကာ ရှက်သွားမိသည်။ သူက သူ၏ခါးကို ကမန်းကတန်းကိုင်း၍ ဦးညွှတ်ကာ …

"ဟုတ်ကဲ့ .. ကျွန်တော်မှားသွားပါတယ် ဆရာဘိုးဘိုး" ဟု တောင်းပန်လိုက်တော့၏။

ဆရာကြီးဖုန်းချင်းက ပြုံး၍ပြောလိုက်သည်။

"မမှားဘူး … မမှားဘူး ကောင်လေး … မင်းရဲ့စိတ်ဓါတ်ကို ငါသဘောကျတယ် … မင်းက မေးတတ်မြန်း တတ်တယ်။ သွက်လက် ဖျတ်လတ်တယ်။ ကဲ … ကဲ … အချိန်သိပ်မရှိတော့ဘူး။ အခုဆိုရင်ဓားသိုင်းရဲ့ သဘောတရားကို မင်းတော်တော်လေး တီးခေါက်နိုင်ပုံရပြီ။ ဒီတော့ အခုဝါဆန်းဂိုဏ်းရဲ့ ဓားကွက်တွေအားလုံးကို တစုတပေါင်းတည်း ပေါင်းပြီး ကစားကြည့်စမ်း။ ကစားနိုင်ပြီဆိုရင် ဒီဓားကွက်တွေ အားလုံးကို ပြန်မေ့ပစ်လိုက်တော့။ တစ်ကွက်ဆို တစ်ကွက်မှ စိတ်ထဲမှာချန်မထားနဲ့၊ တော်တော်ကြာ ထင်ပေါ်နဲ့ တိုက်ခိုက်တဲ့အခါမှာ ဘာသိုင်းကွက်မှမရှိတဲ့ ဝါဆန်းဓားကွက်နဲ့ သူ့ကိုတိုက်ခိုက်ရမယ် …"

လင့်ဟူချုံးက …

"ဟုတ်ကဲ့" ဟု ဝန်ခံလိုက်ပြီး ကျောက်ဂူနံရံပေါ်မှ ဓားကွက်များကို စူးစူးစိုက်စိုက် ကြည့်လိုက်တော့၏။ သူ့အနေဖြင့် ဤတောင်ထိပ်တွင် အပြစ်ဒဏ်ခံနေရင်း ဤသိုင်းကွက်များကို ဆယ်ပုံပုံလျှင် ရှစ်ပုံခန့် လေ့လာကြည့်ရှုပြီး ဖြစ်လေသည်။

သူတို့ ဝါဆန်းဂိုဏ်း၏ သိုင်းကွက်များမှာ သူပိုင်၍မှတ်မိသော ဓားကွက်များဖြစ်နေသဖြင့် သူ့အဖို့ ပြန်လည် လေ့လာကြည့်ရှုသောအခါ များစွာ အချိန်မကုန်တော့ပေ။ သို့သော် ထိုဓားကွက်အားလုံးကို တစ်ကွက်ပြီးတစ်ကွက် ပူးပေါင်း ကစားနိုင်ရန် ဆိုသည့်အလုပ်မှာ အပြောလွယ်သလောက် အလုပ်ခက်သော ကိစ္စတစ်ခု ဖြစ်နေသည်။

ဆရာကြီးဖုန်းချင်းက … "လင့်ဟူချုံး၊ ကစားတဲ့အခါမှာ သဘာဝကျဖို့ အရေးကြီးတယ်။ ဖြစ်နိုင်ရင်လုပ်၊

မဖြစ်နိုင်ရင်မလုပ်နဲ့။ ဘယ်တော့မှ မရဘဲနဲ့ အတင်းအဓမ္မရအောင် မလုပ်ရဘူး ... ” ဟု ဩဝါဒပေးတော့၏။

လင့်ဟူချုံးက ခေါင်းညိတ်ပြလိုက်သည်။ ဆရာကြီးဖုန်းချင်း၏ နောက်ဆုံးဩဝါဒစကားကို ဘဝင်ခိုက် သွားပြန်သည်။

လင့်ဟူချုံးဆိုသည့်ကောင်မှာ မည်သည့်အရာကိုမဆို အတင်းအကျပ်လုပ်မည့်သူ မဟုတ်ချေ။ သက်သာသလို အဆင်ပြေသလို လုပ်တတ်သူဖြစ်ရာ ဆရာဘိုးဘိုး၏ ‘သဘာဝကျကျ’ လုပ်ရန်ဆိုသည့်စကားကို အလွန်နှစ်ခြိုက်နေမိသည်။ သိုင်းကွက်အားလုံးကို သူ့အနေဖြင့် အဆင်ပြေသလို ပေါင်းစပ်လိုက်ရုံသာ ရှိတော့သည်။

ထိုအခါ လင့်ဟူချုံးသည် ဓားကိုင်၍ လေထဲတွင် တစ်ကွက်ချင်း တစ်ကွက်ချင်း ဖော့ယမ်းခုတ်ထစ် နေတော့သည်။ သူ့ဦးနှောက်ထဲတွင် ဓားကွက်များကို လုံးဝမစဉ်းစား။ ပုံစံတူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ၊ ပေါင်းစပ်၍ရနိုင်မည့် လက်ထဲတွင် ပေါ်လာသမျှကိုသာ ပျော်ပျော်ပါးပါး လှည့်ပတ်ကစားနေတော့၏။ စိတ်လွတ်ကိုယ်လွတ် လုပ်ရခြင်းဖြစ်သဖြင့် စိတ်ထင်တိုင်း ကြဲနေတော့သည်။ အလွန်အားရ ကျေနပ်ခြင်းလည်း ဖြစ်မိ၏။

သူ့ဆရာ ရက်ပုချွန်ထံတွင် အနှစ်နှစ်ဆယ်ကျော် လေ့ကျင့်သင်ကြားခဲ့ရာတွင် လေ့ကျင့်တိုင်း သူ့အနေဖြင့် သတိ၊ ဝီရိယကြီးစွာထား၍ လေ့ကျင့်ခဲ့ရ၏။ အနည်းငယ်မျှ မပေါ့ဆရ၊ သိုင်းကွက်ပုံစံများလည်း နည်းနည်းမှ မမှားရ။ အနည်းငယ်မှားလိုက်သည်နှင့် ချက်ချင်းပင် အစမှပြန်၍ လေ့ကျင့်ရတော့သည်။ သူ့အနေဖြင့် တပည့်ကြီး ဖြစ်နေသဖြင့် အခြားသူများထက်ပင် ကြပ်မတ်ခြင်း ခံခဲ့ရသည်။

ယခု သူ့ဆရာဘိုးဘိုး သင်ကြားပုံကမူ သူ့ဆရာရက်ပုချွန်၏ သင်ကြားပုံနှင့် လုံးဝကွဲပြားခြားနားနေချေပြီ။ တင်းကျပ်သော စည်းမျဉ်းစည်းကမ်းဟူ၍ တစ်ခုမျှမရှိချေ။ အဆင်ပြေပြေ သဘာဝကျကျ ကစားရန်ပင် သတိပေးနေသေးသည်။ ထို့ကြောင့် သူ့အနေဖြင့် အလွန်အားရကျေနပ်စွာ ကစားနေခြင်း ဖြစ်တော့သည်။

သူ မည်မျှကြာအောင် ကစားနေသည်ကို သူကိုယ်တိုင်ပင် မသိတော့ချေ။ ဆရာကြီးဖုန်းချင်းကလည်း လုံးဝတားမြစ်ခြင်းမရှိပဲနှင့် တပြုံးပြုံးဖြင့်သာ ကြည့်ရှုနေသည်။ ထိုစဉ် ဂူပြင်ပမှ ထင်ပေါ်၏ အော်ခေါ်သံကို ကြားလိုက်ရတော့၏။

“လင့်ဟူချုံး ... ထွက်ခဲ့တော့လေကွာ ... ငါတို့ပြန်တိုက်ကြမယ် ...”

လင့်ဟူချုံးသည် ထင်ပေါ်၏ အသံကြောင့် ရုတ်တရက် ထိတ်သွားသဖြင့် ဓားကစားနေရာမှ ရပ်ဆိုင်းလိုက်ပြီး သူ့ဆရာဘိုးဘိုးကို လှည့်ကြည့်လိုက်သည်။

“ဆရာဘိုးဘိုး .. ကျွန်တော် အခုလိုဓားနဲ့ လျှောက်ခုတ်နေပုံမျိုးနဲ့ သူ့ကို ခုခံနိုင်ပါ့မလားဟင် ...”

ဆရာကြီး ဖုန်းချင်းက ခေါင်းခါပြ၏။

“ဘယ်ခုခံနိုင်မှာလဲ ...”

လင့်ဟူချုံးမှာ ပါးစပ်အဟောင်းသား ဖြစ်သွားပြီး ... အထိတ်တလန့်ဖြစ်သွားသည်။

“ခင်ဗျာ မခုခံနိုင်ဘူး ဟုတ်လား”

ဆရာကြီးဖုန်းချင်းက.... “ခုခံမယ်ဆိုရင်တော့ ဖြစ်ပါတယ်လေ။ ဒါပေမယ့် မင်းက ဘာဖြစ်လို့ခုခံရမှာလဲ...”

ထိုစကားကို ကြားလိုက်ရသောအခါ လင့်ဟူချုံးသည် ချက်ချင်းပင် သဘောပေါက်သွားပြီး ထခုန်မိမတတ် ဝမ်းသာသွားတော့၏။

“ဟုတ်ပြီ ... သူက ငါ့ကို တောင်ပေါ်ကဆင်းပြီး သူနဲ့လိုက်အောင် တောင်းပန်နေတာဆိုတော့ သူ ငါ့ကို လုံးဝမသတ်ရဲဘူး။ သူ ဘာဓားကွက်သုံးသုံး အရေးစိုက်စရာ မလိုတော့ဘူး၊ ငါကသာ သူ့ကို စိတ်လွတ်ကိုယ်လွတ် အနိုင်တိုက်လိုက်နိုင်ရင် ပြီးတာပဲ ...”

ဤသို့ဖြင့် ...

လင့်ဟူချုံးသည် သူ၏ဓားကိုယ်ဆွဲကာ ဂူပြင်သို့ ထွက်လာခဲ့တော့၏။

× × × × ×

# ကျောက်ဓါးကွက်

လင့်ဟူချုံး ကျောက်ဂူအပြင်သို့ ရောက်ရှိလာသောအခါ ထင်ပေါက ဓားကိုင်၍ ရပ်စောင့်နေသည်ကို တွေ့လိုက်ရ၏။

ထင်ပေါက … "လင့်ဟူချုံး၊ မင်းက ဆရာကြီးဖုန်းချင်းဆီက ပညာသင်လာပြီဆိုတော့ မင်းရဲ့ဓားသိုင်းပညာ အများကြီး တိုးတက်လာမှာပဲ၊ ဒါပေမယ့် စောစောတုန်းက ငါအကြောပိတ်ခံလိုက်ရတာကတော့ မင်း တော်လွန်းလို့ မဟုတ်ဘူးကွ၊ ငါ သတိလက်လွတ်ဖြစ်သွားလို့။ ငါ မကျေနပ်ဘူး။ ငါတို့တစ်ခါထပ်ပြီး ပြိုင်ကြရအောင် …"

လင့်ဟူချုံး၌ စိုးရိမ်ကြောင့်ကြမှုဆိုသည်မှာ မြူမှုန်မျှပင် မရှိတော့ချေ။ သူ့ဆရာဘိုးဘိုး၏ သင်ကြားချက် များကို ကောင်းစွာ သက်ဝင်ယုံကြည် နားလည်ခဲ့ပြီဖြစ်၍ အေးအေးဆေးဆေးပင်ရပ်၍ နားထောင်နေခဲ့သည်။ ပြီးမှ … "ကောင်းပြီလေ … ခင်ဗျားတိုက်ချင်ရင် ထပ်တိုက်ကြသေးတာပေါ့ …"

ပြောပြောဆိုဆိုဖြင့် သူ၏ဓားကို ရှေ့သို့လှမ်းထိုးဆန့်ထုတ်လိုက်၏။ သူ၏ဓားမှာ ရိုးတိုးရွဲ့တဲ့ဖြင့် မည်သည့် ဓားကွက်မှန်းမသိပေ။ ထင်ပေါ၏စိတ်ထဲ၌ အံ့ဩကြီးစွာ ဖြစ်သွားသည်။

"ဟ .. ဒါက ဘာဓားကွက်လဲ"

ထိုစဉ် လင့်ဟူချုံးသည် သူ၏ဓားကိုပြန်လည်ရုပ်သိမ်းလိုက်ရာ ဓားနှောင့်သည် သူ၏ရင်ဝသို့ ပြန်ဆောင့် တော့မည်ကဲ့သို့ ဖြစ်သွားသည်။ ထင်ပေါ ပို၍အံ့ဩ သွားတော့သည်။

"ဒီကောင် ရူးသွားပြီနဲ့တူတယ်။ သူလုပ်နေတာတွေကတော့ လူကောင်းတွေလုပ်တဲ့ပုံစံမဟုတ်ဘူး။ အရူးတွေမှ လုပ်ကြတာ"

ထင်ပေါသည် သူ့ဓားဖြင့် လင့်ဟူချုံးအား တစ်ချက်မျှ စမ်းခုတ်ကြည့်လိုက်၏။ သို့သော် လင့်ဟူချုံးသည် သူ၏ဓားကို လုံးဝမရှောင်တိမ်း။ သူ့ဓားဖျားဖြင့် ထင်ပေါ၏ ချက်အောက်ကို ထိုးစိုက်လိုက်တော့၏။ ထင်ပေါသည် ရုတ်တရက် အော်လိုက်မိသည်။

"ဟာ .. ထူးဆန်းလှချည်လား၊ ဘယ်လိုတွေလဲဟ"

အော်ရင်းဟစ်ရင်း သူ့ဓားဖြင့် ခုခံကာကွယ်လိုက်ရတော့၏။ သို့သော် ထိုအချိန်တွင် လင့်ဟူချုံး၏ဓားသည် သူ့ချက်အောက်သို့ ထိုးစိုက်နေရာမှ ရုပ်သိမ်းသွားလေပြီ။ ဓားကို ရုတ်တရက် အပေါ်သို့မြှောက်လိုက်၏။ ထင်ပေါ သည် အံ့ဩသွားသဖြင့် အပေါ်သို့ သူ့ခေါင်းကိုမော့ကာ လိုက်ကြည့်သည်။ ထိုအခိုက် လင့်ဟူချုံးက လက်သီးဖြင့် တစ်ချက်ထိုးလိုက်ရာ ခွပ်ခနဲမြည်သွားပြီး ထင်ပေါ၏နှာခေါင်းမှ သွေးများယိုစီးကျလာတော့သည်။

ထင်ပေါသည် အလွန်တုန်လှုပ်ချောက်ချားသွားသဖြင့် နောက်သို့ဆုတ်ရန် ဟန်ပြင်လိုက်တော့၏။ သို့သော် လင့်ဟူချုံးသည် သူ၏လက်ချောင်းများကို ဓားသဖွယ်သုံး၍ တစ်ချက်လှမ်းထိုးလိုက်ရာ ထင်ပေါ၏ ရင်ဘတ်အကြော ကို ထိုးပိတ်ပြီးဖြစ်သွားတော့သည်။ ထင်ပေါမှာ ဖြည်းညင်းစွာ ပျော့ခွေကျသွားတော့သည်။ သူ့မျက်နှာ၌ မယုံနိုင်လောက်

သည့် ထူးဆန်းအံ့သြဖွယ်ရာ အရာဝတ္ထုကြီးတစ်ခုကို တွေ့လိုက်ရသကဲ့သို့ ဖြစ်နေသည်။ အလွန်ဒေါသ ထွက်နေသည့် အမူအရာများကလည်း သူ့မျက်နှာ၌ ပေါ်လွင်နေ၏။ သို့သော် ထင်ပေါ မည်သို့မျှ မတတ်နိုင်တော့။ လင့်ဟူချုံးပြုသမျှ နုနေရပြီ။

လင့်ဟူချုံးက နောက်သို့လှည့်လိုက်ပြီး ဆရာကြီးဖုန်းချင်းထံသို့ အေးဆေးစွာ ပြန်လျှောက်လာတော့သည်။ ဆရာကြီးသည် လင့်ဟူချုံးအား လက်ရိပ်ပြကာ ဂူတွင်းသို့ ဝင်သွားသဖြင့် ... လင့်ဟူချုံးသည်လည်း အနောက်မှ ဝင်လိုက်သွားတော့၏။

ဆရာကြီးဖုန်းချင်းက ... "လင့်ဟူချုံး မင်းမှာ နောက်ထပ် ဓားသိုင်းကျင့်ရမယ့်အချိန် တစ်နာရီ တိုးသွားပြန်ပြီ။ နောက်တစ်ခါဆိုရင်တော့ သူက မင်းကို အသေအလဲ တိုက်ခိုက်တော့မှာ။ ဒါကြောင့် နောက်တစ်ခါတိုက်ဖို့ မင်းအများကြီး ပြင်ဆင်ထားရမယ်။ သတိဝီရိယလဲပိုထားရမယ်။ ကဲ ... မင်းအနေနဲ့ ချုံးဆန်းဂိုဏ်းရဲ့ ဓားသိုင်းကွက်တွေကို ကြည့်ပြီး ကျင့်လိုက်စမ်း .."

လင့်ဟူချုံးသည် အချိန်ကို တစ်မိနစ်မျှ မဖြုန်းတော့ချေ။ သူ့ဆရာဘိုးဘိုး အမိန့်ပေးလိုက်သည်နှင့် ချက်ချင်း လေ့ကျင့်တော့၏။ ဓားသိုင်းကွက်များမှာ သိုင်းကွက်များလုံးဝမရှိအောင် ပြန်လှန်လေ့ကျင့်ခြင်း ဖြစ်တော့သည်။ တစ်နည်းအားဖြင့် သိုင်းကွက်များကို ဖျောက်ပစ်နေခြင်း ဖြစ်တော့သည်။

အမှန်တကယ်ပင် လင့်ဟူချုံး၏ဓားကွက်များမှာ လုံးဝခန့်မှန်း၍မရတော့သည့် ထူးဆန်းနက်နဲသည့်အဆင့်သို့ တက်လှမ်းသွားခဲ့ရလေသည်။ ထင်ပေါသည် သူ၏အကြောများပြန်ပွင့်ချိန်၌ လင့်ဟူချုံးနှင့် တစ်ကြိမ်ထပ်တိုက်ခိုက်ကြပြန်၏။ ထင်ပေါခမျာ လင့်ဟူချုံးကို လုံးဝမယှဉ်နိုင်တော့ဘဲ နှစ်ကြိမ်တိတိ လဲကျသွားရတော့သည်။ ထိုအချိန်တွင် နေလုံးပျောက်၍ အမှောင်ရောက်စ ပြုလာလေတော့သည်။

လုရိုက ထမင်းလာပို့သည်။ လင့်ဟူချုံးသည် လုရိုမလာမီကပင် ထင်ပေါ၏အကြောကို ထိုးပိတ်ပြီး ကျောက်တုံးကြီးတစ်တုံး၏နောက်တွင် သိပ်ထားလိုက်သည်။ ဆရာကြီးဖုန်းချင်းကမူ ဂူတွင်းသို့ ခပ်စောစောကပင် ပြန်ဝင်သွားခဲ့လေပြီ။

လင့်ဟူချုံးက လုရိုအား ... "ဒီရက်တွေမှာ ငါတော်တော် စားနိုင်လာတယ်။ မင်းယူလာတာလေးနဲ့ မလောက်ဘူး၊ နောက်နေ့ဆိုရင် ထမင်းများများ ယူလာခဲ့" ဟု မှာကြားလိုက်သည်။

လုရိုမှာ သူ့အစ်ကိုကြီး အားတက်ရွှင်လန်း၍ အလွန်တက်ကြွနေသည်ကို တွေ့မြင်ရသောအခါ ဝမ်းမြောက် ဝမ်းသာ ဖြစ်နေ၏။

သူက ...

"စိတ်ချ အစ်ကိုကြီး .. ကျွန်တော် မနက်ဖြန် ထမင်းလာပို့ရင် ခပ်များများ ယူလာခဲ့တယ် ..."

လုရို ပြန်သွားသောအခါ လင့်ဟူချုံးသည် ထင်ပေါ၏အကြောကို ပြန်ဖွင့်ပေးလိုက်သည်။ ထင်ပေါနှင့် ဆရာကြီးဖုန်းချင်းတို့ကိုခေါ်ပြီး လုရိုယူလာသည့် ထမင်းများကို ဝေငှစားသောက်လိုက်သည်။ ဆရာကြီးဖုန်းချင်းကမူ ထမင်းကိုစားသည်မျှဆိုရုံမျှသာ စားခြင်းဖြစ်၏။ ထင်ပေါက တရှူးရှူးရှဲရှဲ ဒေါသထွက်လျက်စားသည်။ သူက ထမင်း စားပြီးသည်နှင့် ရုတ်တရက် အော်ဟစ်ဆဲဆိုကာ ထမင်းပန်းကန်လုံးကို ခွမ်းခနဲ ပေါက်ခွဲပစ်လိုက်တော့သည်။

လင့်ဟူချုံးက တဟားဟားရယ်ရင်း ... "ထင်ပေါ ဘယ်လိုဖြစ်တာလဲဗျ .. ဘာဖြစ်လို့ ကျုပ်ပန်းကန်လုံးကို ပေါက်ခွဲပစ်ရတာလဲ။ ကျုပ်ဆရာဘိုးဘိုးရှေ့မှာ ခင်ဗျား မိုက်မိုက်ရိုင်းရိုင်းတွေ အော်ဆဲမနေနဲ့" ဟု သရော်တော်တော် ပြောလိုက်တော့၏။

ထင်ပေါသည် ဒေါသအကြီးအကျယ်ထွက်လျက် အော်နေသည်။

"ခွေးကောင် ... ငါက မင်းကိုဒေါသထွက်နေတာကွ။ နားလည်ရဲ့လား။ မင်းကို မသတ်ချင်လို့ညှာနေတာ။ မင်းက ဒါကိုအခွင့်အရေးယူပြီး တိုက်စစ်ကိုပဲအသုံးချတယ်။ ခံစစ်ကိုလုံးလုံးမသုံးဘူး။ ဟင်း... ဟို မယ်သီလရှင်..."

ထင်ပေါသည် ရီလင်ကိုပါ ဆွဲထည့်ဆဲဆိုရန် ဟန်ပြင်လိုက်သော်လည်း ချက်ချင်းပင် တုံ့ခနဲ ရပ်သွားတော့၏။ သူ့အနေဖြင့် ရီလင်ကိုမဆဲရဲသည်မှာ သေချာသွားချေပြီ။ အကြောင်းမည်သို့ရှိသည်ကိုမူ မည်သူမျှမသိနိုင်ချေ။

ထင်ပေါက ... "လင့်ဟူချုံး မင်းနဲ့တစ်ပွဲထပ်တိုက်မယ် ..."

ဤသို့ဖြင့် နောက်တစ်ချီ ထပ်နွှဲကြပြန်တော့၏။ သည်တစ်ခါတွင် ထင်ပေါသည် လင့်ဟူချုံး၏ ခြေထောက်နှင့်လက်များကို လျင်မြန်စွာ ထိုးခုတ်လေတော့သည်။ သို့သော် သေကွင်းကိုမူ လုံးဝမခုတ်ချေ။ လင့်ဟူချုံးမှာ ထင်ပေါက ဤသို့ အပြင်းအထန် တိုက်ခိုက်လာသောအခါ မတတ်နိုင်ဘဲ ဖြစ်လာတော့၏။ စောစောကတိုက်ပွဲများ၌ လင့်ဟူချုံးသည်

သူကသာ ဖိ၍တိုက်ခဲ့ခြင်းဖြစ်သည်။ ယခု သူ့ခြေထောက်နှင့်လက်များကို ထင်ပေါက တိုက်ခိုက် လိုက်ရာတွင် ခြေထောက်၌ ချက်ချင်းဒဏ်ရာရသွားတော့၏။

ထိုအခါ ဒဏ်ရာကြောင့် လှုပ်ရှားမှုများ ရှုပ်ထွေးလာတော့၏။ ထင်ပေါက လင့်ဟူချုံးကို ခြေထောက်နှင့် အလဲကန်ထည့်လိုက်ပြီးမှ သူ၏ဓားဖြင့် လည်ပင်းသို့ ထောက်ထားလိုက်တော့၏။

"ကဲ… မင်းဆက်တိုက်ဦးမလား။ ငါက တစ်ခါတိုက်ရင် မင်းရဲ့ကိုယ်ပေါ်ကို သုံးလေးချက်လောက်ခုတ်မယ်၊ မင်းကို အသက်မထွက်ဘဲ ခြေလက်တွေ ဒဏ်ရာရအောင်တော့ ငါလုပ်နိုင်တယ်ကွ …"

လင့်ဟူချုံးက ရယ်မော၍ … "တိုက်မှာပေါ့ … ဟုတ်တယ် … ကျုပ်ရဲ့ဆရာဘိုးဘိုးက ကျုပ်မနိုင်ရင် ဒီအတိုင်း လက်ပိုက်ကြည့်နေပါ့မလားဗျ" ဟု ပြောလိုက်တော့၏။

ထင်ပေါက … "သူက ဝါစဉ်ကြီးဆရာကြီးပဲ၊ ငါနဲ့ ဘယ်တိုက်လိမ့်မလဲ"

သူက စကားပြောရင်း သူ၏ဓားကို သိမ်းလိုက်သည်။ သူ့စိတ်ထဲတွင်မူ တထိတ်ထိတ် ဖြစ်နေမိတော့သည်။ ဆရာကြီးဖုန်းချင်း ဒေါသထွက်မည်ကိုတော့မူ အမှန်တကယ်ပင် ကြောက်ရွံ့ထိတ်လန့်မိသည်။ အကယ်၍ ဆရာကြီး ဖုန်းချင်းကသာ ဒေါသထွက်၍ မိမိကိုထွက်တိုက်ခဲ့လျှင် မိမိမှာ ထွက်ပြေးရပေတော့မည်။

လင့်ဟူချုံးမှာ သူ၏အင်္ကျီဆုတ်၍ ဒဏ်ရာကို ပတ်တီးစည်းလိုက်သည်။ ကျောက်ဂူထဲသို့ ပြန်ဝင်လာပြီး သူ့အား ခပ်ပြုံးပြုံးကြည့်နေသော သူ့ဆရာဘိုးဘိုးအား အခြေအနေရှင်းပြလိုက်သည်။

"ဆရာဘိုးဘိုး … သူက တိုက်ခိုက်တဲ့ပုံစံပြောင်းပြီး ကျွန်တော့်ခြေထောက်ကို တကယ်ခုတ်တယ်။ တကယ် လို့ သူကသာ ကျွန်တော့်လက်မောင်းတစ်ဖက်ကို တကယ်ခုတ်ချရင် ကျွန်တော်သူ့ကို ဘယ်လိုမှ နိုင်တော့မှာ မဟုတ်ဘူး .."

ဆရာကြီးဖုန်းချင်းက … "ကဲ … အခု မိုးလည်းတော်တော်ချုပ်နေပြီ။ ထင်ပေါကိုပြောလိုက်။ မနက်ဖြန်မှ တိုက်မယ်လို့ချိန်းလိုက်။ မင်းကတော့ ဒီညမအိပ်နဲ့တော့။ ငါတို့တစ်ညလုံး ဓားသိုင်းလေ့ကျင့်ကြမယ်။ ဒီည ငါ မင်းကို သုံးကွက်ပဲ သင်ပေးမယ် .."

လင့်ဟူချုံးက တအံ့တသြ ရေရွတ်လိုက်မိသည်။

သိုင်းကွက်သုံးကွက်ဖြင့် တစ်ညလုံးအချိန်ကုန်ခံရမည်ဆိုပါကလား။

မည်သို့ပင်ဆိုစေ။ ထင်ပေါနှင့်တွေ့ကာ တိုက်ပွဲကို နောက်တစ်ရက်ရွှေ့ရန် ပြောဆိုလိုက်သည်။ လင့်ဟူချုံး ပင်အံ့အားသင့်အောင် ထင်ပေါကလည်း ရှောရှောရှူရှူပင် သဘောတူလိုက်၏။ ထင်ပေါ၏ စိတ်ထဲတွင် …

"ငါကသိပ်ပြီး ဉာဏ်ရည်ညံ့တဲ့လူ မဟုတ်ပါဘူး။ အခုဖြစ်နေတာက သိပ်ထူးဆန်းတဲ့ သိုင်းကွက်တွေမို့ ငါမနိုင်တာ။ တစ်ညလောက်သာ စဉ်းစားလိုက်ရင် ဒီကောင့် သိုင်းကွက်တွေအထဲက ဟာကွက်တွေကို မြင်လာမှာပဲ"

လင့်ဟူချုံး ဂူထဲ ပြန်ဝင်လာသောအခါ ဆရာကြီးဖုန်းချင်းက …

"မင်းကတော့ လိမ္မာပါးနပ်ပုံရတယ်၊ တကယ် လိမ္မာပါးနပ်သလား၊ မပါးနပ်ဘူးလား ဆိုတာတော့ ငါမသိသေးဘူး၊ တကယ်သာ လိမ္မာပါးနပ်ရင်တော့ ဒီသုံးကွက်ကို ကောင်းကောင်းသင်နိုင်မှာပါ၊ … အေး … တကယ်လို့ ဉာဏ်ရည်ညံ့ နေပြီဆိုရင်တော့ နက်ဖြန်မနက် မင်း သူနဲ့ ယှဉ်ပြိုင်စရာ မလိုတော့ဘူး၊ မင်း သူ့ကို အရှုံးပေးပြီး သူခေါ်ရာ လိုက်သွား ပေတော့ .."

ဤစကားကို ကြားလိုက်ရသောအခါမှ သူ့ဆရာဘိုးဘိုး ပြောသည့် ဓားသိုင်းကွက်သည် အလွန်တရာ ခက်ခဲ လှမည်ဖြစ်ကြောင်း သိလိုက်မိတော့သည်။ ထို့ကြောင့် သူ့ရင်ထဲ၌ မခံချင်စိတ် ပိုပေါ်သွားသည်။ လင့်ဟူချုံးသည် သူ့ရင်ဘတ်ကိုကော့၍ …

"ဘိုးဘိုး .. ကျွန်တော့်ဉာဏ်ရည်ကတော့ ညံ့ချင်ညံ့မယ် … ဒါပေမယ့် တကယ်လို့ တစ်ညတည်းမှာ ဒီသုံး ကွက်ကိုမသင်နိုင်ရင်တော့ ကျွန်တော်ပဲ အသေခံလိုက်မယ်၊ ကျွန်တော်ကတော့ ဘယ်တော့မှ သူ့ကိုလက်နက်မချဘူး၊ အရှုံးမပေးဘူး … " ဟု ရဲဝံ့ပြတ်သားစွာ ပြောလေတော့၏။

ဆရာကြီး ဖုန်းချင်းက ပြုံး၍ … "ဒီလိုဆိုရင် ပိုကောင်းတယ်" ဟုပြောပြီးမှ တစ်ချက်စဉ်းစားလိုက်ကာ …

"တစ်ညတည်းနဲ့ သုံးကွက်ကို အပြီးတတ်အောင် သင်ခိုင်းရတာကတော့ မတရားရာ သိပ်ကျသွားလိမ့်မှာပဲ။ ဒီတော့ သုံးကွက်ထဲမှာ ဒုတိယအကွက်ကိုမသင်နဲ့၊ ပထမတစ်ကွက်နဲ့ တတိယတစ်ကွက်ကိုပဲသင်၊ ဒါပေမယ့် …"

ဆရာကြီးဖုန်းချင်းသည် ခေါင်းကိုတစ်ချက်ခါလိုက်ပြီး သက်ပြင်းတစ်ချက်ချလိုက်၏။ သူ့အမူအရာအရ ဤပထမကွက်နှင့် တတိယကွက်သည်ပင်လျှင် လင့်ဟူချုံးအဖို့ တတ်မြောက်ရန် များစွာအခက်အခဲရှိနေကြောင်း ပေါ်လွင်နေတော့သည်။

လင့်ဟူချုံးမှာမူ ဆရာကြီးဖုန်းချင်း၏ အမူအရာများကို မြင်တွေ့လိုက်ရသောအခါ ပို၍အသည်းယားလာ တော့သည်။ သူက ဤသိုင်းကွက် ခက်ခဲသည်ဟုထင်ရလေ ... ပိုသင်ချင်လေ ဖြစ်လာတော့၏။

ဆရာကြီး ဖုန်းချင်းက ရေရွတ်နေသည်။

“ပထမတစ်ကွက်ထဲမှာ ပြောင်းလဲကွက် သုံးရာ့ခြောက်ဆယ်ရှိတယ်၊ တစ်ကွက်မေ့တာနဲ့ တတိယကွက်ကို ကစားလို့မရနိုင်တော့ဘူး၊ မဖြစ်နိုင်တော့ဘူး ...”

လင့်ဟူချုံးသည် ထိုစကားကို ကြားလိုက်ရသောအခါ ထိတ်လန့်တုန်လှုပ်သွားတော့သည်။

ဆရာကြီးဖုန်းချင်းသည် သူ၏လက်ဖျားကိုချိုး၍ ပထမကွက်၏ ပြောင်းလဲကွက်များကို အစမှအဆုံး ရေရွတ်ပြနေတော့သည်။ သူက အတန်ကြာသောအခါမှ ရုတ်တရက်ထရပ်လိုက်ပြီး လေးလံသောအမူအရာဖြင့် ...

“လင့်ဟူချုံး ... ငါ ဒီဓားသိုင်း ပထမကွက်ကိုသင်တာ ဘယ်လောက်ကြာတယ် မှတ်သလဲ။ ဒီပထမ တစ်ကွက်တည်းတင် တစ်လလောက်ကြာတယ်ကွ၊ မင်းကို တစ်ညတည်းနဲ့ နှစ်ကွက်သင်တာကတော့ ငါ့အနေနဲ့ လုံးဝမတရားရာ ကျနေတယ် ..”

ဆရာကြီးသည် သူ၏စကားကို ခေတ္တမျှ ရပ်လိုက်ပြီး ဖြည်းညင်း အေးဆေးသော လေသံဖြင့် ...

“လူလေး .. စောစောတုန်းက ငါဘာတွေ ရွတ်လိုက်သလဲ”

လင့်ဟူချုံးသည် စောစောက သူ့ဆရာဘိုးဘိုးရေရွတ်ပြခဲ့သော ပထမကွက်၏ ပြောင်းလဲကွက် သုံးရာ့ခြောက်ဆယ်တို့၏ အမည်များကို ပြန်ရွတ်ပြလိုက်တော့သည်။ တစ်ခွန်းတစ်ပါဒမျှ မှားယွင်းခြင်း၊ ထစ်ငေါ့ခြင်း မရှိခဲ့ပေ။

ဆရာကြီးဖုန်းချင်းမှာ အံ့သြလွန်းလှသဖြင့် ... “ဒီ ‘ဇကေရာဇ် ကိုးကွက်’ ရဲ့ ကျင့်နည်းကို မင်းသင်ဖူး သလား လင့်ဟူချုံး” ဟု မေးလိုက်တော့၏။

လင့်ဟူချုံးက ...

“ဘိုးဘိုး ... ကျွန်တော်ဖြင့် တစ်ခါမှတောင် မကြားခဲ့ဖူးပါဘူး ဘာဖြစ်လို့ ‘ဇကေရာဇ်ကိုးကွက်’ လို့ ခေါ်မှန်းလည်း မသိပါဘူး ...”

ဆရာကြီး ဖုန်းချင်းက ဆက်မေးသည်။

“မင်း မသင်ဖူးဘဲနဲ့ ဘာကြောင့် အလွတ်ပြန်နိုင်ရတာလဲ”

လင့်ဟူချုံးက ... “ဩော် ... ဒါလား။ ဒါကမခက်ပါဘူး။ စောစောက ဘိုးဘိုးပဲ ရွတ်ပြသွားတာ မဟုတ်လား ..”

ဆရာကြီးဖုန်းချင်းသည် ထိုစကားကို ကြားလိုက်ရသောအခါ အလွန် အားရကျေနပ်သွားသည့် အမူအရာဖြင့် သူ့ပေါင်သူပုတ်ကာ ...

“ရပြီဟေ့ ... လင့်ဟူချုံး။ ဒီလိုဆိုရင်ရပြီ။ မင်းအနေနဲ့ အားလုံးကိုမတတ်နိုင်ပေမယ့် ကျင့်နည်းအားလုံးကိုတော့ အလွတ်ကျက်မှတ်နိုင်တဲ့ ဉာဏ်ရည် မင်းမှာရှိနေတယ်။ ပထမအကွက်ကို မသင်တော့ဘူး၊ တတိယကွက်ရဲ့ ပထမပိုင်းကိုပဲ သင်ကြမယ် ...”

ပြောပြောဆိုဆိုဖြင့် ဆရာကြီးဖုန်းချင်းသည် တတိယကွက်၏ ပထမပိုင်းကျင့်နည်းကို ရွတ်ပြလိုက်သည်။ လင့်ဟူချုံးကလည်း ချက်ချင်းပင် အလွတ်ကျက်မှတ် နိုင်လိုက်သည်။

ဆရာကြီးဖုန်းချင်းသည် လင့်ဟူချုံး၏ တစ်ခါကြားရုံမျှနှင့် အားလုံး အသေးစိတ်မှတ်မိနိုင်သော ဉာဏ်ရည်ကို တွေ့လိုက်ရသောအခါ ‘ဇကေရာဇ်ကိုးကွက်’ ၏ လေ့ကျင့်နည်း ဂါထာအားလုံးကို အစအဆုံး ရွတ်ပြပြီး လင့်ဟူချုံးအား အရကျက်မှတ်ခိုင်းလိုက်တော့၏။ တစ်နာရီကြာသောအခါ လင့်ဟူချုံးက အားလုံးကျက်မှတ် လိုက်နိုင်ပြီး သုံးကြိမ် သုံးခါတိတိ အမှားအယွင်း၊ အထစ်အငေါ့မရှိဘဲ အစအဆုံး ရွတ်ပြလိုက်တော့သည်။

ဆရာကြီးဖုန်းချင်းက ... “ဒီဇကေရာဇ်ကိုးကွက်ရဲ့ လေ့ကျင့်နည်း ဂါထာကိုတော့ မင်းမှတ်မိပြီ။ ကဲ ... အခု ပထမတစ်ကွက်ဖြစ်တဲ့ ‘ပေါင်းချုပ်ကွက်’ ကို သင်စရာမလိုသေးဘူး၊ ဒုတိယကွက်ဖြစ်တဲ့ ဓားဖျက်ကွက်ကို သင်ရမယ်။ ဒီဓားဖျက်ကွက်ထဲမှာ တစ်ဖက်သွားဓား၊ နှစ်ဖက်သွားဓား၊ ဓားနှစ်လက်၊ ဓားရှည်၊ လက်တံရှည်ဓား၊ အဲဒီ ဓားအမျိုးပေါင်းစုံကို ဖျက်တဲ့နည်းတွေပဲ။ အခု ထင်ပေါ်ရဲ့ဓားက တစ်ဖက်သွားဓားဆိုတော့ ဒုတိယကွက်ထဲမှာ ပါနေ တယ်။ ဒီတော့ မင်းအနေနဲ့ ဒုတိယကွက်ဖြစ်တဲ့ ဓားဖျက်ကွက်ကို အရင်စလေ့ကျင့်ရမယ်။ ကဲ ... စပြီးလေ့ကျင့်ပေတော့ ...”

လင့်ဟူချုံးမှာ ဒုတိယကွက်ဖြစ်သော ‘ဓားဖျက်ကွက်’ မှာ ဓားမျိုးစုံကို ဖျက်ဆီးသော အကွက်ဟု ကြားသိ လိုက်ရသဖြင့် အလွန်ဝမ်းသာသွားတော့၏။ သူ၏ ရင်ထဲတွင်လည်း တထိတ်ထိတ်နှင့် ခုန်လာတော့သည်။

လင့်ဟူချုံးက ဆရာကြီး ဖုန်းချင်းအား ပြောလိုက်သည်။

"ဒီ ဇကရာဇ်ကိုးကွက်က ဒီလောက် အစွမ်းထက်တာကို ဘိုးဘိုးပြောမှ ကြားဖူးတော့တာပဲ ..."

ဆရာကြီးဖုန်းချင်းက ... "မင်းရဲ့ဆရာက ဒီပညာကို ကောင်းကောင်း ကြားဖူးတာပေါ့၊ ဒါပေမယ့် သူက မင်းကို ပြောမပြချင်တော့ မင်းမသိရတော့ဘူးပေါ့"

လင့်ဟူချုံးက တအံ့တသြ ဖြစ်သွားတော့သည်။

"အဲဒါ ဘယ်လို ဖြစ်တာလဲ ဘိုးဘိုး .. "

ဆရာကြီး ဖုန်းချင်းက တစ်ချက်ပြုံး၍ ... "သူက လေသိုင်းအဖွဲ့ကလူကိုး" ဟု ပြောလိုက်သည်။

ထိုအခါကျမှ လင့်ဟူချုံး သဘောပေါက်သွားတော့၏။ သူ့ဆရာမှာ လေသိုင်းအဖွဲ့ကဖြစ်နေ၍ ဓားသိုင်းအဖွဲ့၏ ဇကရာဇ်ကိုးကွက် အကြောင်းကို ပြောပြချင်စိတ် ရှိလိမ့်မည်မဟုတ်ချေ။

ထိုစဉ် ဆရာကြီးဖုန်းချင်းက ဆက်လက်၍ ...

"ဒီ ဇကရာဇ်ကိုးကွက်ရဲ့ ဒုတိယဓားဖျက်ကွက်က ပေါ့ပါးတယ်။ မြန်ဆန်တယ်။ ရန်သူရဲ့ လေးလံတဲ့အားကို ကိုယ်က ပေါ့ပါးတဲ့အားနဲ့ တိုက်ခိုက်ရတယ်။ ရန်သူရဲ့ဓားကမြန်ရင် ကိုယ့်ဓားက သူ့ထက်ပိုမြန်ရမယ်။ ထင်ပေါ်ရဲ့ ဓားကွက်က သိပ်ကိုမြန်တယ်။ မင်းက သူ့ထက်ပိုမြန်ရတော့မယ်ဆိုတော့ မင်းဘယ်လိုလုပ်မလဲ။ မင်းက အသက် ငယ်သေးတော့ သူ့ထက်မြန်အောင်ကျင့်နိုင်ရင်တော့ ဖြစ်နိုင်ပါတယ်။ ဒါပေမယ့် ဒါမျိုးက အချိန်အနိုင် မသေချာဘူး၊ ငါ့လို အဘိုးကြီးတစ်ယောက်အနေနဲ့ သူ့ထက်ပိုမြန်ချင်တယ်ဆိုရင် ဘယ်လိုလုပ်ရမလဲ" ဟု လင့်ဟူချုံးအား မေးလိုက်သည်။

လင့်ဟူချုံးမှာ မည်သို့မျှမဖြေနိုင်။ ဆရာကြီးဖုန်းချင်းကိုသာ ငေးစိုက်ကြည့်နေမိသည်။

ဆရာကြီးဖုန်းချင်းက ...

"ငါလို အဘိုးကြီးတစ်ယောက်က သူ့ထက်မြန်စရာ တစ်နည်းပဲရှိတယ်၊ ငါ့အကွက်ကို သူ့ထက်စောပြီး အရင်ဦးဆုံး ထုတ်လိုက်မယ်။ မင်းအနေနဲ့ သူ ဘယ်သိုင်းကွက်ကို ထုတ်မယ်ဆိုတာ ကြိုတင်သိထားရင် မင်းက သူ့ထက် ခြေတစ်လှမ်း ဦးအောင်စောပြီး ထွက်ထားလိုက်၊ နောက်ပြီး ရန်သူရဲ့ဓားမမြှောက်ခင် မင်းရဲ့ဓားက သူ့ရဲ့ အရေးကြီးတဲ့နေရာကို ချိန်ထားပြီးသား ဖြစ်နေရမယ်။ ဒီလိုဆိုရင် သူကမင်းထက် ဘယ်နည်းနဲ့မှ ပိုမမြန်နိုင်ဘူး ..."

လင့်ဟူချုံးမှာ ခေါင်းကို အားရပါးရညိတ်လျက် ဝမ်းသာအားရသောလေသံဖြင့် ပြောလိုက်သည်။

"ဟုတ်တယ် ... ဟုတ်တယ် .. ဒီ ဒုတိယကွက်ရဲ့ သိုင်းပညာက ရန်သူရဲ့အကွက်ကို ကြိုတင်ခန့်မှန်း သိရှိနိုင်တဲ့ ပညာပဲဖြစ်မှာပေါ့"

ဆရာကြီးဖုန်းချင်းသည် လက်ခုပ်တစ်ချက်တီးလိုက်ပြီး ...

"အေး .. ဟုတ်ပြီ၊ မင်း ဒီလိုစဉ်းစားတတ်ရင် ဘယ်ဆိုးတော့မလဲ၊ ရန်သူရဲ့အကွက်ကို ကြိုတင်ခန့်မှန်းတဲ့ ပညာက ဒီဇကရာဇ်ကိုးကွက်ရဲ့ အဓိကသော့ချက်ပဲ" ဟု အလေးအနက်ပြောလိုက်သည်။

ပြီးမှ ... "ဒီ ဒုတိယကွက်ဖြစ်တဲ့ ဓားဖျက်ကွက်တစ်ခုတည်းသာ ရန်သူရဲ့အကွက်ကို ကြိုတင်ခန့်မှန်းတာ မဟုတ်ဘူး။ ကျန်တဲ့ရှစ်ကွက်စလုံးလည်းပဲ ရန်သူ့အကွက်တွေကို ကြိုတင်ခန့်မှန်းတဲ့ သိုင်းပညာချည်းပဲ။ လူတစ်ယောက်က သိုင်းကွက် တစ်ခုခုကို ထုတ်တော့မယ်ဆိုရင် အမူအရာ အရိပ်အခြည် တစ်ခုခုတော့ ပြမှာပဲ။ သူက မင်းရဲ့ ဘယ်လက်မောင်းကို ခုတ်တော့မယ်ဆိုရင် သူ့ရဲ့မျက်လုံးက မင်းရဲ့ဘယ်ဘက်လက်မောင်းကို တစ်ချက်ရောက်လာမယ်။ နောက်ပြီး သူ့ဓားက အောက်မှာရှိနေတယ်ဆိုရင် သူကဓားကိုမြှောက်ပြီး စက်ဝိုင်းခြမ်းလှည့်ပြီးခုတ်ရမှာပဲ ..."

ဤသို့ဖြင့် ဆရာကြီးဖုန်းချင်းသည် ဤဓားဖျက်ကွက်၏ ရန်သူ့သိုင်းကွက်ကို အကဲခတ်ခန့်မှန်းနည်းများကို တစ်ခုချင်း ရှင်းလင်းပြောပြလိုက်သည်။ လင့်ဟူချုံး၏အာရုံသည် ဆရာကြီးဖုန်းချင်း၏ အသံတစ်ခုတည်း၌သာ စူးရောက် လျက်ရှိနေသည်။ စိတ်ရောကိုယ်ပါ နားထောင်နေခြင်းဖြစ်သဖြင့် သူ၏ခန္ဓာကိုယ်ကို တစ်ချက်ကလေးမျှ လှုပ်ရှားရန်ပင် သတိမရတော့ဘဲဖြစ်နေ၏။

သူ၏ဘဝတစ်သက်တာ၌ ဤသို့ ထူးဆန်းအံ့သြလှဖွယ်ရာ ဓားသိုင်းပညာ သဘောတရားနှင့် ပတ်သက်၍ တစ်ကြိမ်တစ်ခါမျှ မကြားခဲ့ဘူးချေ၊ ယခု မကြားစဖူး အကြားထူးလျက် ရှိနေရချေပြီ။ တောတွင်းသား တစ်ယောက်သည် ကြီးကျယ်ခန်းနားလှသော ဘုရင့်နန်းတော်ကြီးအတွင်းသို့ မမျှော်လင့်ဘဲ ရောက်ရှိလာသောအခါ ရင်သပ်ရှု့မောအံ့ချီးဖွယ်ရာ မြင်မြင်ရာကို ငေးမောနေမိသကဲ့သို့ လင့်ဟူချုံးသည်လည်း တအံ့တသြ ငေးမောနားထောင်လျက် ရှိနေပေတော့သည်။

ယခု ဆရာကြီးဖုန်းချင်းပြောပြနေသည့် ဒုတိယကွက်၏ ဓားဖျက်ကွက်မှာ အလွန်ပင် အပြောင်းအလဲများသည်။

ပြောင်းလဲပုံအဆင့်ဆင့်လည်း အလွန်ရှုပ်ထွေးလှ၏။ အလွန်မှတ်ဉာဏ် ကောင်းလှပါသည်ဆိုသော လင့်ဟူချုံး သည်ပင်လျှင် လုံ့လဥဿာဟစိုက်၍ ကြိုးစားမှတ်သားပါလျက် ဆယ်ပုံပုံလျှင် သုံးပုံခန့်သာမှတ်မိတော့သည်။ သာမန် ဉာဏ်ရည်အဆင့်ရှိသူ တစ်ယောက်ဆိုလျှင် မှတ်မိရန်မဆိုထားနှင့်။ ရှုးမသွားလျှင်ပင် ကံကောင်းသည်ဟု ဆိုရပေတော့မည်။

ဤသို့ဖြင့် သင်ပေးသူကလည်း အားရကျေနပ်စွာသင်ပေး။ လေ့ကျင့်သူကလည်း လိုချင်လောဘဖြင့် မနားတမ်း လေ့ကျင့်နေကြသဖြင့် အချိန်ကုန်မှန်းပင် မသိလိုက်ကြတော့ပေ။

ဤသို့ဖြင့် ကျောက်ဂူပြင်ပမှ ထင်ပေါ်၏ အော်သံကို ကြားလိုက်ရတော့သည်။

"ဟေ့ကောင် လင့်ဟူချုံး ... မိုးလင်းပြီ မထသေးဘူးလား"

ထင်ပေါ်သည် လင့်ဟူချုံးနှင့် သူ့ဆရာဘိုးဘိုးတို့နှစ်ယောက် ဂူထဲ၌ အိပ်စက်နေကြသည်ဟုသာ ထင်နေသဖြင့် ဤသို့အော်လိုက်ခြင်းဖြစ်၏။ ဆရာတပည့်နှစ်ယောက် တစ်ညလုံးသိုင်းလေ့ကျင့်နေသည်ကို ထင်ပေါ် လုံးဝ မသိချေ။

လင့်ဟူချုံးမှာ ထင်ပေါ်၏ အော်သံကြောင့် ရုတ်တရက် ငေးကြောင်သွားမိတော့၏။

"ဟာ ... မိုးတောင်လင်းပြီ ..."

ဆရာကြီး ဖုန်းချင်းသည် သက်ပြင်းတစ်ချက်ချ၍ ....

"အချိန်က သိပ်နည်းတာတော့ မှန်တယ် ... ဒါပေမယ့် မင်းတတ်တာ မြန်ပါတယ်၊ ငါက မင်းအနေနဲ့ ဒီလောက်တောင် တတ်မယ်လို့ မမျှော်လင့်ခဲ့ဘူး။ အခု ငါမှန်းတာထက်တောင် ပိုနေသေးတယ်" ဟု ပြော၏။

လင့်ဟူချုံးက မျက်စိနှစ်လုံးကိုမှိတ်၍ မနေ့ညနေကသင်ခဲ့သော ပညာအားလုံးကို အနုလုံ ပဋိလုံ သေချာစွာ ပြန်လည်ဆန်းစစ် နေလိုက်မိသည်။

ခဏကြာသော် လင့်ဟူချုံးသည် သူ၏မျက်လုံးများကို ရုတ်တရက် ပြန်ဖွင့်လိုက်ပြီး...

"ဆရာဘိုးဘိုး...ကျွန်တော် နားမလည်တာ တစ်ခုမေးပါရစေ.. ဒီ 'ဇကရာဇ်ကိုးကွက်' ဒုတိယသိုင်းကွက်ရဲ့ သိုင်းပညာက အားလုံးလိုလို ရန်သူကိုတိုက်စစ်ဆင်တဲ့ တိုက်ကွက်တွေချည်းပဲ၊ ခုခံတဲ့အကွက်လည်း တစ်ခုမှ မရှိပါလား" ဟု တွေးတွေးဆဆဖြင့် မေးလိုက်သည်။

ဆရာကြီးဖုန်းချင်းက...

"လင့်ဟူချုံး ... မင်းဘာမှ သံသယရှိမနေနဲ့။ အသေသာ မှတ်ထားလိုက်။ ဒီ 'ဇကရာဇ်ကိုးကွက်' က တိုက်ကွက်ပဲ ရှိတယ်။ ခုခံကွက် လုံးဝမရှိဘူး၊ မင်းရဲ့တိုက်ကွက်က ရန်သူ မခုခံဘဲ မနေနိုင်တဲ့နေရာမှန်သမျှ အကုန် တိုက်တာပဲ ... ကဲ ... ကိုယ်က ဘာကိုသွားခုခံရမှာလဲ"

ဆရာကြီးဖုန်းချင်းက ဇကရာဇ်ကိုးကွက်၏ အဆုံးစွန်သော စွမ်းရည်ကို ဤသို့ ထုတ်ပြောလိုက်၏။

"လင့်ဟူချုံး ဒီဇကရာဇ်ကိုးကွက်ကို တီထွင်တဲ့လူက သူ့ကိုပြန်ပြီး ခုခံနိုင်မယ့်လူကို တွေ့ချင်ရှာလွန်းလို့ ရှာလိုက်ရတာ တောတောင်ရေမြေ နံ့နေတာပဲ၊ ရှာတာအချည်းနှီးပဲ၊ သူသာ အိုပြီးသေသွားတယ်။ ဒီဇကရာဇ် ကိုးကွက်ကို ခုခံနိုင်မယ့်သူ တစ်ယောက်မှ မတွေ့ခဲ့ဘူး။ ကဲ ... မင်း ဘာသိချင်သေးသလဲ ..."

လင့်ဟူချုံး၏ရင်ထဲဝယ် အတိုင်းမသိ လှုပ်ရှားရင်ခုန် သွားရတော့သည်။ ဤဓားကွက်ကို တီထွင်လိုက်သော ပညာရှင်ကြီးကား တကယ့် သိုင်းအဓိပတိ လူစွမ်းကောင်းကြီးပေတည်း၊ သူ၏ရင်ထဲ၌ ချီးကျူးခြင်း၊ အားကျခြင်းနှင့် ဤပညာကို သူရလိုက်သဖြင့် ကျေနပ်ဝမ်းမြောက်ခြင်းတို့ တစ်ပြိုင်တည်း ခံစားနေရတော့၏။

ထိုစဉ် ထင်ပေါ်က အပြင်မှအော်နေပြန်သည်။

"လင့်ဟူချုံး ... ဘယ်လိုဖြစ်နေတာလဲ။ ထွက်လာခဲ့စမ်းပါ။ ငါအချိန်ကုန် မခံနိုင်ဘူး ..."

လင့်ဟူချုံးကလည်း ကျောက်ဂူထဲမှ ပြန်အော်လိုက်၏။

"ခင်ဗျား သိပ်အော်မနေနဲ့ ကျုပ်လာပြီ"

ကျောက်ဂူအပြင်ရောက်သည်နှင့် လင့်ဟူချုံးကို ထင်ပေါ်က စတင်တိုက်ခိုက်တော့၏။ သူ၏ဓားချက်များမှာ ကြောက်မက်ဖွယ်ရာ ပြင်းထန်လှတော့၏။ လင့်ဟူချုံးအနေဖြင့် 'ဇကရာဇ်ကိုးကွက်' ၏ ဓားဖျက်ကွက်ကို အသုံးပြုရန် စိတ်ထဲ၌ ကြံစည်နေ၏။ သို့သော် ထင်ပေါ်၏ဓားက မြန်ဆန်လွန်းသဖြင့် သူ၏ဓားဖျက်ကွက်ကို လုံးဝမသုံးနိုင်ဘဲ နောက်ကျနေရတော့၏။

"ဒုက္ခပဲ... ဒုက္ခပဲ... ငါအခုလောလောဆယ် သင်ထားတဲ့ဓားသိုင်းကို လုံးဝမသုံးနိုင်ပါကလား။ ဆရာဘိုးဘိုး ကတော့ ငါ့ကို အသုံးမကျတဲ့ကောင်လို့ ထင်သွားတော့မှာပဲ။ ငါတော့ သေလိုက်တာမှ ကောင်းတော့မယ်နဲ့ တူပါရဲ့..."

လင့်ဟုချုံးသည် ကြိုးစား၍ တိုက်ခိုက်လိုက်သည်။ ချွေးသီးချွေးပေါက်ကြီးများလည်း ကျလာတော့သည်။ လင့်ဟုချုံး အနေဖြင့် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုမရှိဘဲ ဤသို့ မဝံ့မရဲ ဖြစ်နေသော်လည်း ထင်ပေါ်၏ မျက်စေ့ အမြင်တွင်မူ လင့်ဟုချုံး၏ ဓားကွက်မှာ လွန်စွာကြောက်မက်ဖွယ်ရာ ကောင်းနေ၏။ လင့်ဟုချုံး၏ ဓားချက်တစ်ချက် ထွက်လာတိုင်း မိမိ၏ဓားကွက်ကို ထိုးပိတ်နေကြောင်း တွေ့ရသည့်အပြင် မိမိခန္ဓာကိုယ်၏ အရေးကြီးသောနေရာများကို ဓားဦးက ချိန်တွယ်နေကြောင်း တွေ့ရသဖြင့် ထိတ်လန့်ခြင်း ဖြစ်မိတော့သည်။

ထင်ပေါ်၏စိတ်ထဲတွင် အလွန်တရာ တုန်လှုပ်ချောက်ချားနေသဖြင့် ဦးခေါင်းထဲဝယ် အပြေးအလွှား စဉ်းစားနေ၏။

"ဒီကောင်ရဲ့ဓားကွက်က ငါ့ကို ထိုးသတ်နိုင်လျက်သားနဲ့ ဘာဖြစ်လို့ သူကတစ်လှမ်း နောက်ကျနေရတာလဲ။ ... ဟုတ်ပြီ ... ဟုတ်ပြီ ... ဒီကောင်က စိတ်ထားကောင်းတဲ့ လူဆိုတော့ ငါ့ကို ညှာနေတာဖြစ်လိမ့်မယ်၊ ဘယ်လိုလုပ်ရမလဲ၊ ငါက ဘယ်နှယ့်နောက်ဆုတ်နိုင်မှာလဲ..."

ထင်ပေါ်သည် ဤသို့ စဉ်းစားမိလိုက်သဖြင့် သူ၏ဓားကို စောစောကလို အားကုန်ထုတ် မတိုက်ရဲတော့ဘဲ အနည်းငယ် လျှော့လိုက်တော့သည်။ သူကထိန်းပြီး တိုက်ခိုက်လိုက်သည်။

ထိုအခါကျမှသာ လင့်ဟုချုံး အသက်ရှူချောင်သွားတော့၏။ ထို့ပြင် ထင်ပေါ်၏တိုက်ခိုက်နှုန်း လျှော့ချလိုက်သည့် ကာလအတွင်း လင့်ဟုချုံးသည် သူ၏ ဧကရာဇ်ကိုးကွက် ဓားဖျက်ကွက်ကို ကောင်းစွာ ကျွမ်းကျင်လာစေရန် လေ့ကျင့်နိုင်တော့သည်။ လင့်ဟုချုံးအတွက် များစွာအကျိုးရှိခဲ့တော့သည်။ တဖြည်းဖြည်းနှင့် လင့်ဟုချုံးသည် ဓားဖျက်ကွက် သိုင်းပညာကို ကျွမ်းကျင်လာပေပြီ။

ထင်ပေါ်သည်လည်း တိုက်ရင်းခိုက်ရင်း ကြောက်သွေးမွှန်လာတော့၏။ ထို့ကြောင့် ရုတ်တရက် နောက်သို့ ခုန်ထွက်လိုက်ကာ ...

"လင့်ဟုချုံး မင်းနဲ့ငါနဲ့ နက်ဖြန်ကျရင် ထပ်ပြိုင်မယ်၊ ဒီနေ့ ငါ မပြိုင်ချင်သေးဘူး၊ ဘယ့်နှယ်လဲ" ဟု မေးလိုက်၏။

အမှန်စင်စစ် ထင်ပေါ်မှာ လင့်ဟုချုံး၏ ဓားကွက်အသွားအလာများကို လုံးဝနားမလည်နိုင်ဘဲ ဖြစ်နေသည်။ သူသည်လည်း ဓားသိုင်းပညာ ကောင်းသူတစ်ယောက်ဖြစ်ရာ လင့်ဟုချုံး၏ ဓားအသွားအလာကို တစ်ညလုံး စဉ်းစား လိုက်ပါက နားလည် သဘောပေါက်လာမည်ဟု တွက်လိုက်ပြီး နောက်တစ်နေ့ကျမှ တိုက်ခိုက်ပါက သူ့အတွက် အခွင့်အလမ်း ပိုသာမည်ဟု ယူဆလိုက်သည်။ ထို့ကြောင့် ဤသို့ ပြောလိုက်ခြင်း ဖြစ်ပေသည်။

လင့်ဟုချုံးကမူ ထင်ပေါ်၏စကားကို ကြားလိုက်ရသောအခါ အလွန်သဘောကျသွားသည်။ သူ့အဖို့ နောက်ထပ် လေ့ကျင့်ချိန် တစ်ရက်ပိုရလိုက်ပြီ မဟုတ်ပါလား။ ဤသို့သာ လေ့ကျင့်လိုက်ပါက ထင်ပေါ်အား လွယ်ကူစွာ အနိုင်ယူနိုင် ပေလိမ့်မည်။

ဆရာကြီး ဖုန်းချင်းသည် သင်ကြားချိန် အတော်အတန်ရရှိပြီဖြစ်သဖြင့် ဧကရာဇ်ကိုးကွက်၏ ပထမအကွက် ဖြစ်သော 'ပေါင်းချုပ်ကွက်' ကို သင်ကြားပေးသည်။ သင်ကြားရာ၌လည်း တစ်ကွက်ချင်း၊ တစ်ကွက်ချင်း အသေးစိတ် ရှင်းလင်းပြသည်။ ဓားကွက်များကို ချက်ချင်းလေ့ကျင့်ပေးသည်။ တစ်နေကုန် တစ်နေခန်း လေ့ကျင့်ပြီးနောက် လင့်ဟုချုံးတို့သည် ထမင်းစားသောက်ကြ၏။ စားသောက်ပြီးသောအခါ လေးနာရီခန့် အိပ်စက် အနားယူလိုက်သည်။

နောက်တစ်နေ့နံနက် လင့်ဟုချုံးသည် ဂူအပြင်သို့ လျှောက်ထွက်လာ၏။ ဤသို့ မထွက်ခင်ကလေးပင် ဆရာကြီးဖုန်းချင်းက ခပ်အေးအေးပြောလိုက်၏။

"လင့်ဟုချုံး ... မင်း ဒီနေ့တော့ ဒီကောင့်ကို ဘယ်နည်းနဲ့မဆိုနိုင်ပြီ.."

ဂူအပြင်သို့ရောက်သည်နှင့် ထင်ပေါ်က ရှေးဦးစွာတိုက်၏။ စတိုက်သည်နှင့်ပင် ထင်ပေါ်၏ဟာကွက်ကို လင့်ဟုချုံး တွေ့လိုက်ရတော့၏။ လင့်ဟုချုံးက ထိုဟာကွက်သို့ သူ့ဓားဦးကို ထိုးသွင်းလိုက်သည်။ ထိုအခါ ထင်ပေါ်သည် လင့်ဟုချုံးအား တိုက်ခိုက်ရန် မကြံနိုင်တော့ဘဲ သူ့ဟာကွက်သို့ တိုးဝင်လာသောဓားကို ကာကွယ်လိုက် ရတော့၏။

သို့သော် လင့်ဟုချုံး၏ဓားသည် တစ်နေရာတည်း၌ ရပ်နေသည်မဟုတ်ဘဲ ထိုနေရာမှ အခြားဟာကွက်သို့ ပြောင်းရွှေ့ထိုးစိုက်သွားပြန်၏။ ထင်ပေါ်က ကမန်းကတန်းဖြင့် ထိုဓားချက်ကို လိုက်၍ကာကွယ်ရပြန်၏။ လင့်ဟုချုံး ၏ဓားက နောက်တစ်နေရာသို့ ထပ်မံပြောင်းရွှေ့ သွားပြန်ချေပြီ။ ဤသို့ဖြင့် ထင်ပေါ်၏ ဟာကွက်များကို တစ်နေရာပြီးတစ်နေရာ တိုက်ခိုက်နေသော လင့်ဟုချုံး၏ ဓားကွက်များသည် ဆက်တိုက်ဆက်တိုက် ရေစီးပမာ ထွက်လာတော့သည်။

လင့်ဟုချုံးသည် အလွန်တရာမှ အဆင့်အတန်းမြင့်လှသော ဓားသိုင်းသမား တစ်ဦးအဖြစ်သို့ နေ့ချင်းညချင်း ရောက်ရှိသွားခဲ့ချေပြီ။ အဘယ်ကြောင့်ဆိုသော် ယခုအခါ ဧကရာဇ်ကိုးကွက် ဓားသိုင်းပညာ၏ အနှစ်သာရကို ရရှိလိုက်ပြီ

ဖြစ်သောကြောင့်ပေတည်း။

ဇကေရာဇ်ကိုးကွက်တွင် တိုက်စစ်သာရှိ၍ခံစစ်မရှိဟု ဆရာကြီးဖုန်းချင်းက ရှင်းလင်းပြခဲ့ပြီဖြစ်၏။ လင့်ဟူချိုးသည်လည်း သူ့စိတ်ကူးထဲ၌ ခံစစ်ကို လုံးဝမတွေးနိုင်အောင် ဖြစ်နေတော့၏။ ထင်ပေါ၏ ဟာကွက်နေရာ များကို အဆက်မပြတ် ထိုးစစ်ဆင်နေရသောကြောင့်ဖြစ်၏။

ဓားကွက်ဆယ်ကွက် ကျော်လာသောအခါ ထင်ပေါမှာ ကျောချမ်းလာလေပြီ။ သူ့အနေဖြင့် လင့်ဟူချိုး၏ တိုက်စစ်ကို မည်သို့ ခုခံရမည်မှန်း မသိတော့ပေ။ လင့်ဟူချိုးက တစ်ချက် ထိုးစိုက်လိုက်တိုင်း သူကနောက်သို့ တစ်လှမ်း ခုန်ဆုတ်နေရသည်။

နောက်ဆုံး ထင်ပေါမှာ ချောက်ကမ်းပါးနံဘေးသို့ ရောက်ရှိသွားတော့၏။ သူသာ နောက်သို့ဆက် ဆုတ်လိုက်လျှင် အသူရာချောက်တမျှ နက်ရှိုင်းလှသော ချောက်ကြီးထဲသို့ ထိုးကျသေဆုံးရန်သာရှိတော့၏။

လင့်ဟူချိုး၏ဓားမှာ သူ၏လည်မျိုသို့ ထိုးစိုက်ရန် အသင့်ဖြစ်နေချေပြီ။ ထင်ပေါ၏ မျက်နှာလည်း ဖြူရော်လျက်ရှိပြီး၊ မည်သည့်စကားမျှ မပြောတော့ချေ။ လင့်ဟူချိုးကမူ ဓားကိုချိန်ရက် တန်းလန်းဖြင့် ငြိမ်သက်နေ၏။ ထင်ပေါက သည်းမခံနိုင်တော့သည့် လေသံဖြင့် ..

"ဟေ့ကောင် လင့်ဟူချိုး ... ဘာဟန်လုပ်နေတာလဲ... သတ်မှာသတ်လိုက်စမ်း .."

ဟု အော်လိုက်တော့သည်။

လင့်ဟူချိုးသည် နောက်ဘက်သို့ ဆုတ်သွားပြီး ..

"ထင်ပေါ .. ခင်ဗျား အငိုက်မိသွားလို့ ဒီလိုခံလိုက်ရတာပါ။ ခင်ဗျားရဲ့ဓားသိုင်း ဘယ်လောက်စွမ်းတယ် ဆိုတာ ကျုပ်သိပါတယ်။ ကဲ ... ကျုပ်တို့ ထပ်ပြိုင်ကြမယ်" ဟု ပြောလိုက်တော့၏။

ထင်ပေါသည် နာကြည်းခံခက်စွာဖြင့် လင့်ဟူချိုးအား တစ်ချက်မျှစိုက်ကြည့်ကာ သူ၏ဓားကိုဝှေ့ယမ်း၍ လျင်မြန်စွာ တိုက်ခိုက်လေတော့သည်။ သူ့စိတ်ထဲတွင် ... "ဒီတစ်ခါတော့ ငါကလက်ဦးအောင် အဆက်မပြတ် တိုက်ခိုက်လိုက်မယ်။ ဒါဆို မင်းဘာတတ်နိုင်တော့မှာလဲ" ဟု ပြောနေမိ၏။

ထင်ပေါ ဓားမြှောက်လိုက်သည်နှင့် လင့်ဟူချိုးက ထင်ပေါ၏ချက်အောက်ကို ထိုးစိုက်လိုက်သည်။ သူ၏ကိုယ်ကိုလည်း ယိမ်းနွဲ့၍ ရှောင်တိမ်းပြီးဖြစ်၏။ ထင်ပေါမှာမူ သူ၏ချက်အောက်သို့ ဓားဦးဝင်လာသောအခါ အန္တရာယ် အလွန်ကြီးမှန်းသိသဖြင့် သူခုတ်မည့်ဓားကို ချက်ချင်းပြန်ရုပ်သိမ်းကာ ချက်အောက်ရောက်လာသည့်ဓားကို ကာကွယ်လိုက်ရတော့၏။ ထိုအခါ စောစောကပုံစံအတိုင်းပင် လင့်ဟူချိုး၏ တိုက်ကွက်များသည် ရေစီးပမာ တစ်ကွက်ပြီး တစ်ကွက် အဆက်မပြတ် ထွက်ပေါ်လာတော့၏။

လင့်ဟူချိုး တိုက်ခိုက်သည့် အကွက်တိုင်းသည် ထင်ပေါ မရှောင်၍မဖြစ်။ မကာကွယ်၍ မဖြစ်သော သေကွင်းနေရာများသို့သာ အဆက်မပြတ် ဆက်တိုက်ရောက်လျက် ရှိနေတော့၏။ ဆယ်ကွက်ကျော်သောအခါ စောစောကအတိုင်းပင် ချောက်ကမ်းပါးနားသို့ ရောက်ရှိသွားပြန်တော့သည်။

လင့်ဟူချိုးသည် ချက်ချင်းပင် နောက်သို့ခုန်ဆုတ်လိုက်ပြန်၏။ ထင်ပေါသည် ယခုတစ်ကြိမ်တွင်မူ ချက်ချင်း ဝင်မတိုက်တော့ဘဲ မျက်စိမှိတ်၍ စဉ်းစားနေလိုက်သည်။ အတန်ကြာသောအခါမှ သူ၏ဓားကိုဝှေ့ယမ်း၍ ဝင်ရောက် တိုက်ခိုက်လာပြန်တော့၏။

သည်တစ်ကြိမ်တွင်တော့ ထင်ပေါ တောင်နံရံကို ကျောပေးထားလိုက်တော့၏။ အကယ်၍ သူနောက်ဆုတ် ပေးရလျှင် နောက်ဆုံးကျောက်ဂူထဲသို့ ဝင်ရရုံသာရှိပေလိမ့်မည်။ ချောက်ကမ်းပါးသို့မူ လုံးဝကျစရာအကြောင်း မရှိတော့။

ယခုအချိန်တွင် လင့်ဟူချိုးမှာ ဓားဖျက်ကွက်ကို ကောင်းစွာကျွမ်းကျင်ပြီးဖြစ်လေရာ ထင်ပေါ၏ဓားကွက်ကို တွေ့သည်နှင့် ဟာကွက်ကိုပါ တစ်ပြိုင်တည်းတွေ့လိုက်သည်။ ထိုဟာကွက်ရှိရာသို့ လှမ်းထိုးလိုက်တော့သည်။ ထင်ပေါမှာ ထိုဟာကွက်ကို မထိခိုက်မိစေရန် ကမန်းကတန်း ကာကွယ်ရပြန်တော့သည်။ ထိုစဉ် လင့်ဟူချိုး၏ဓားမှာ သူ၏ခါးကို ထိုးစိုက်လာပြန်တော့၏။

ထိုအခါ ထင်ပေါသည် အသေရပ်မနေတော့ဘဲ ဘေးသို့တစ်လှမ်းရွေ့၍ ရှောင်ပေးလိုက်ရ၏။ လင့်ဟူချိုး၏ ဓားက သူ၏ပေါင်ကို ထိုးစိုက်လာပြန်သည်။ သူက နောက်ထပ်ဘေးဘက်သို့ ခြေတစ်လှမ်းထပ်ရှောင်ရပြန်သည်။ ထိုအခါ သူသည် ချောက်ကမ်းပါးကို ကျောပေးပြီးဖြစ်သွားပြန်တော့၏။ ယခုတစ်ကြိမ်လည်း စောစောကပုံစံ အတိုင်းပင် တစ်လှမ်းဆုတ်ရင်း တစ်လှမ်းကာရင်း ချောက်ကမ်းပါးအစွန်သို့ ရောက်ရှိသွားပြန်တော့၏။ သည် တစ်ကြိမ်လည်း ရှုံးနိမ့်ရပြန်ချေပြီ။

ထင်ပေါ်မှာ လုံးဝ စိတ်ဓာတ်ကျသွားတော့၏။ သုံးကြိမ်သုံးခါတိတိ ရှုံးနိမ့်ရခြင်းအတွက် အလွန်ပင် စိတ်ထိခိုက်သွားပြီး 'ဝေါ့' ခနဲ သွေးများ ထိုးအန်လိုက်တော့၏။ လင့်ဟုချုံးမှာ သုံးကြိမ်သုံးခါတိတိ ထင်ပေါ်ကို အလွယ်တကူ အနိုင်ယူနိုင်ခဲ့သောကြောင့် အလွန်ဝမ်းသာအားရ ဖြစ်သွားခဲ့ရ၏။ သို့သော် ထင်ပေါ်ခမျာ စိတ်နှလုံး ထိခိုက်ကြေကွဲမှုကြောင့် သွေးအန်ခဲ့သည်ကို တွေ့မြင်လိုက်ရသောအခါတွင်မူ သူ၏ ဝမ်းသာအားရ ဖြစ်မှုများမှာ ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်ပြီး သူပါရောၡ စိတ်မကောင်းဖြစ်မိတော့သည်။

လင့်ဟုချုံးက ... "ထင်ပေါ် ... ကျုပ်စိတ်မကောင်းပါဘူးဗျာ။ ခင်ဗျားဘာဖြစ်လို့ ဒီလောက်တောင် စိတ်ထိခိုက်နေရတာလဲ။ အရှုံးအနိုင်ဆိုတာ သိုင်းသမား တစ်ယောက်အဖို့ မဆန်းပါဘူးဗျာ။ ကျုပ်ဆိုရင် ခင်ဗျားကို ဘယ်နှစ်ခါတောင် ရှုံးနိမ့်ခဲ့သလဲ ..."

ထင်ပေါ်သည် ဓားကိုပစ်ချလိုက်ကာ ခေါင်းတယမ်းယမ်းဖြင့်... "ဆရာကြီးဖုန်းချင်းရဲ့ ဓားသိုင်းပညာကတော့ တကယ့်ကို အဆင့်အတန်း မြင့်တဲ့ပညာပဲ၊ ဒီလောကမှာ ဒီဓားသိုင်းကို ခုခံနိုင်မယ့်သူဆိုလို့ တစ်ယောက်မှ ရှိမှာ မဟုတ်ဘူးလို့ ငါပြောရဲတယ်။ ငါတော့ မင်းကို တစ်သက်လုံးမနိုင်တော့ဘူး" ဟု ကြေကွဲဝမ်းနည်းစွာ ပြောနေတော့၏။

လင့်ဟုချုံးက ... "ကျုပ်က ကံကောင်းထောက်မလို့ ဆရာဘိုးဘိုးရဲ့ သင်ကြားမှုကိုရခဲ့တာပါ၊ ဒီအကြောင်း တွေကို ခင်ဗျားမသိဘူး။ ကျုပ်ရဲ့ဆရာဘိုးဘိုးကိုယ်စား ကျုပ်က ခင်ဗျားဆီက ကတိတစ်ခုတောင်းချင်တယ်"

ထင်ပေါ်က အားလျော့နွမ်းနယ်သော လေသံဖြင့်.. "လင့်ဟုချုံး .. ငါက မင်းကိုရှုံးနေပြီးပြီ ... ဘာကို ငြင်းနိုင်ဦးမှာလဲ" ဟု နာကြည်းစွာ ပြန်မေးလိုက်သည်။

လင့်ဟုချုံးက ... "ဆရာဘိုးဘိုးက သိုင်းလောကထဲက လုံးဝထွက်လိုက်ပြီးပါပြီ။ ဒါကြောင့် ခင်ဗျား သိုင်းလောကထဲ ပြန်ရောက်ရင် ဆရာဘိုးဘိုးအကြောင်း တစ်ခွန်းတစ်ပါဒမျှ မပြောပါဘူးဆိုတဲ့ ကတိတစ်ခု ကျုပ်ကို ပေးစေချင်ပါတယ်..."

ထင်ပေါ်က ... "ဘာဖြစ်လို့ ဒီကတိကို တောင်းနေရတာလဲ။ မင်းက ငါ့ကို တစ်ခါတည်း ထိုးသတ်လိုက်ရင် ပြီးတာပဲမဟုတ်လား..."

လင့်ဟုချုံးက နောက်ဘက်သို့ ခြေနှစ်လှမ်းမျှဆုတ်ခွာလိုက်ပြီး သူ၏ဓားကို ဓားအိမ်ထဲသို့ ပြန်သိမ်းလိုက်၏။

"ဟိုနေ့တုန်းက ခင်ဗျားကျုပ်ကို အပြတ်အသတ်နိုင်ခဲ့တာပဲ။ ဒါပေမယ့် ခင်ဗျားက ကျုပ်ကိုမသတ်ခဲ့ဘူး။ ဒီနေ့ကျတော့ ကျုပ်က ခင်ဗျားကိုသတ်ရင် ကျုပ်လူဟုတ်ပါ့မလားဗျ ..."

ထင်ပေါ်က ချည့်နဲ့စွာဖြင့် ... "ကောင်းပါပြီ ... မင်းလိုချင်တဲ့ ကတိကို ငါပေးပါတယ်" ဟု ပြောလိုက်လေတော့သည်။

လင့်ဟုချုံးက ... "ထင်ပေါ် ... ကျုပ် ခင်ဗျားကို သိပ်ကျေးဇူးတင်ပါတယ်ဗျာ၊ တကယ်ပါ.."

ထင်ပေါ်က ... "ငါဒီကို လာတာကတော့ မင်းကိုခေါ်ဖို့ပါပဲ။ ဒါပေမယ့် အခုတော့ ငါကမင်းကို ဘယ်နည်းနဲ့မှမနိုင်တော့ ငါမတတ်နိုင်တော့ဘူးပေါ့။ ကံ အတိုင်းပဲပေါ့လေ။ ကဲ ... ငါသွားတော့မယ်"

ပြောပြောဆိုဆိုနှင့် ထင်ပေါ်သည် လင့်ဟုချုံးကို နှုတ်ဆက်၍ ထွက်ခွာသွားတော့၏။

ထင်ပေါ်တစ်ယောက် အဆိပ်ဒဏ်ကြောင့် တစ်လအတွင်း သေဆုံးရမည်ကို တွေးလိုက်မိသောအခါ လင့်ဟုချုံးမှာ အလွန်တရာ စိတ်မကောင်းဖြစ်သွားရတော့၏။ ယခုရက်များအတွင်း ထင်ပေါ်နှင့် နေ့တိုင်းလိုလို ဓားရေးယှဉ်ပြိုင်ခဲ့ကြရာ သူ၏အတွင်းစိတ်က ထင်ပေါ်ကို ရင်နီးခင်မင် နေမိတော့သည်။ သို့သော် မိမိအဖို့ မည်သို့ တတ်နိုင်ပါမည်နည်း။ မိမိမှာ ဆရာအမိန့်ဖြင့် တောင်ထိပ်တွင် အပြစ်ဒဏ်ခံနေသည်ဖြစ်ရာ တောင်ထိပ်မှနေ၍ မည်သို့မျှ မဆင်းနိုင်ပေ။

ထင်ပေါ်ထွက်ခွာ သွားသည်နှင့် လင့်ဟုချုံးသည် ကျောက်ဂူတွင်းသို့ပြန်ဝင်လာကာ သူ၏ဆရာဘိုးဘိုးအား ဦးချကန်တော့ လိုက်တော့၏။

သူက ... "ဘိုးဘိုး ... ဘိုးဘိုးဟာ ကျွန်တော့အသက်ကို ကယ်ရုံတင်မကဘူး၊ ကျွန်တော့်ကိုလည်း ထိပ်တန်းဓားသိုင်းပညာကိုလည်း သင်ပေးခဲ့ပါတယ်၊ ဒီကျေးဇူးကို ကျွန်တော် ဒီတစ်သက်ဆပ်လို့ မကုန်နိုင်တော့ပါဘူး..."

ဆရာကြီးဖုန်းချင်းက ပြုံးလိုက်သည်။ သူ့အပြုံးမှာ ဆွေးဆွေးမြေ့မြေ့နှင့် မချိတရိပြုံးလိုက်သော အပြုံးမျိုး ဖြစ်၏။

"မင်း ... ဘာပြောလိုက်တယ် .... ထိပ်တန်းဓားသိုင်းပညာတဲ့ ဟုတ်လား။ ဝေးသေးတယ်။ အဝေးကြီးရှိ သေးတယ်"

"ဘိုးဘိုး ကျွန်တော် တောင်းပန်ပါတယ်။ ကျွန်တော့်ကို ဒီဇကေရာဇ်ကိုးကွက်ကို အားလုံးသင်ပေးပါနော် ...."

ဆရာကြီးဖုန်းချင်းက သက်ပြင်းချရင်း ... "လင့်ဟုချုံး ... မင်း ဒီဇကေရာဇ်ကိုးကွက်ကို သိပ်တတ်ချင်နေသလား" ဟု မေးလိုက်သည်။

လင့်ဟူချုံးသည် စိတ်လှုပ်ရှားလွန်းသဖြင့် တုန်တုန်ယင်ယင်ဖြင့် ပြောလိုက်၏။
"ကျွန်တော် သိပ်တတ်ချင်ပါတယ်"
ဆရာကြီးဖုန်းချင်းက …
"အေး … မင်း သင်ချင်တယ်ဆိုရင်တော့ ငါသင်ပေးမယ်။ ဒါပေမယ့် ဒီဇကရာဇ်ကိုးကွက် တတ်ပြီးတဲ့နောက် မင်းကိုယ်မင်း နောင်တမရနဲ့နော် …"
လင့်ဟူချုံးသည် သူ့ဆရာဘိုးဘိုး၏စကားကို လုံးဝနားမလည် သဘောမပေါက်။ သူ့စိတ်ကပင် မေးခွန်းတစ်ခုပြန်မေးလိုက်မိသည်။ ဤမျှ ထိပ်တန်းကျသော ဓားသိုင်းပညာ သင်ရခြင်းအတွက် အဘယ်ကြောင့် နောင်တရရမည်နည်း။ ဤပညာကို သင်ရခြင်းကြောင့် နောင်တရသူများ စာရင်းတွင် မိမိမည်သို့မျှ မပါဝင်နိုင်ဟု လင့်ဟူချုံးယူဆသည်။ ဤသို့ တွေးနေရင်းမှ ရုတ်တရက် သဘောပေါက်လာတော့သည်။
"ဟုတ်ပြီ … ဟုတ်ပြီ … ဒီဇကရာဇ်ကိုးကွက်က ငါတို့ဝါဆန်းဂိုဏ်းရဲ့ ဓားသိုင်းဟုတ်ပုံမရဘူး။ တကယ်လို့ ဆရာက ငါတခြား ဓားသိုင်းပညာသင်တာကို ဆရာသိသွားရင် ငါ့ကို ဆူပူကြိမ်းမောင်း အပြစ်ပေးလိမ့်မယ်လို့ ဘိုးဘိုးက ယူဆပုံရတယ်။ ဒါပေမယ့် ဆရာက တခြားဓားသိုင်းပညာတွေကို လေ့လာဖို့ အမြဲတမ်း အားပေးနေတာပဲ။ ဒီတော့ ငါက ဒီဇကရာဇ်ကိုးကွက်ကို ဘာဖြစ်လို့မသင်နိုင်ရမှာလဲ။ နောက်ပြီး အခုဆိုရင် ငါ့အနေနဲ့ ဂိုဏ်းကြီးငါးဂိုဏ်းရဲ့ ဓားကွက်တွေ အားလုံးလိုလိုကို ရထားပြီ။ သူတို့ကိုဖျက်တဲ့ ဖျက်ကွက်တွေကိုတောင် မှတ်မိနေတာပဲ။ ဒီဇကရာဇ်ကိုးကွက်က အဲဒီ ဓားကွက်တွေအားလုံးထက် ကောင်းနေတဲ့ဥစ္စာ။ ဒီအခွင့်အရေးကို ငါက ဘာဖြစ် လို့ လက်လွှတ်ခံရမှာလဲ"
လင့်ဟူချုံးသည် ဤသို့တွေးလိုက်မိသည်နှင့် ချက်ချင်းပင် ဒူးထောက်ထိုင်ချကာ ဦးခိုက်ရှိခိုးလိုက်ပြီး …
"ဘိုးဘိုး ကျွန်တော် ဘယ်တော့မှ နောင်တမရပါဘူး၊ ဒီလို အခွင့်အရေးမျိုးကို ဘိုးဘိုးနဲ့သာ မတွေ့ရင် ကျွန်တော့်ဘဝတစ်လျှောက်လုံး ဘယ်မှာရနိုင်တော့မှာလဲ။ ကျွန်တော့်အတွက် ကုသိုလ်ကံ ကောင်းလွန်းလို့ရတဲ့ဥစ္စာ။ ကျွန်တော် သင်ပါရစေ" ဟု တောင်းပန်လိုက်တော့၏။
ထိုအခါ ဆရာကြီးဖုန်းချင်းက … "ကောင်းပြီ .. ဒီလိုဆိုရင် ငါက မင်းကို အစအဆုံး ပြန်သင်ပေးရတော့မှာပေါ့။ ဒီတစ်ခါတော့ ငါတို့ အေးအေးဆေးဆေး သင်ပေးနိုင် … လေ့ကျင့်နိုင်ပါပြီ …"

× × × × ×

## ဂိုဏ်းချုပ်လုခြင်း

ဆရာကြီး ဖုန်းချင်းက ဇကေရာဇ်ကိုးကွက် ဓားသိုင်းပညာကို ပထမအကွက်မှစ၍ ပြန်လည် သင်ကြားပေးတော့သည်။ သည်တစ်ကြိမ်တွင်မူ အလောသုံးဆယ် သင်ကြားရခြင်းမဟုတ်ဘဲ အေးဆေးစွာ သင်ကြားပေးရခြင်း ဖြစ်၍ အသေးစိတ် ရှင်းလင်းပြ၏။ လေ့ကျင့်နည်း ဂါထာကိုလည်း တစ်ခွန်းခြင်း ရွတ်ပြကာ ဆက်စပ်သင်ကြား ပေးသည်။

စောစောပိုင်းက လေ့ကျင့်နည်း ဂါထာကို အလွတ်ကျက်မှတ်ခဲ့ရသဖြင့် သဘောပေါက်လှသည် မဟုတ်ချေ။ ယခုအချိန်ယူ၍ တစ်ခွန်းချင်း၊ တစ်ပိုဒ်ချင်း ရှင်းပြမှသာ ရှင်းရှင်းလင်းလင်း နားလည်သဘောပေါက် လာတော့၏။

ဤသို့ဖြင့် အဖိုးကြီးဖြစ်သော ဆရာကြီးဖုန်းချင်းနှင့် လူငယ်တစ်ယောက် မျှသာဖြစ်သော လင့်ဟူချုံးတို့သည် ဝါဆန်းကျောက်ဂူအတွင်း၌ အဆင့်အတန်းမြင့်လှသော ဇကေရာဇ်ကိုးကွက် ဓားသိုင်းပညာကို သင်ကြားရင်း လေ့ကျင့်၊ လေ့ကျင့်ရင်း သင်ကြားနေကြတော့၏။

ဤဇကေရာဇ်ကိုးကွက် ဓားသိုင်းပညာ၌ ပေါင်းချုပ်ကွက်မှစ၍ ဓားဖျက်ကွက်၊ တုတ်ဖျက်ကွက်၊ လှံဖျက်ကွက်၊ ကျာပွတ်ဖျက်ကွက်၊ ကြိုးဖျက်ကွက်၊ လက်ဝါးဖျက်ကွက်၊ မြားဖျက်ကွက်နှင့် နောက်ဆုံး လေသိုင်းဖျက်ကွက် ဟူ၍ ကိုးကွက်တိတိရှိ၏။

တုတ်ဖျက်ကွက်တွင် တုတ်၊ တောင်ဝှေးနှင့်ခွေးရိုက်တုတ် အစရှိသည် လက်နက်တို့ပါဝင်၏။

လှံဖျက်ကွက်တွင် လှံတိုလှံရှည် သုံးခွလှံ အစရှိသည်တို့ ပါဝင်ကြ၏။

ကျာပွတ်ဖျက်ကွက်တွင် သံကြိုး၊ ဆူးကြိုး၊ သံလုံးပျံ အစရှိသည်တို့ ပါဝင်၏။

ကြိုးဖျက်ကွက်တွင် ကြိုးသိုင်း၊ လှံပျံ၊ နှစ်ချောင်းဆက်တုတ်၊ သုံးချောင်းဆက်တုတ်နှင့် ငါးပိုက်ကဲ့သို့သော ပျော့ပျောင်းသည့် လက်နက်ကိရိယာများ အားလုံးပါဝင်သည်။

နောက်ဆုံးသုံးကွက်မှာ ပို၍ခက်ခဲသည်။ လက်ဝါးဖျက်ကွက်တွင် မိမိအား လက်နက်မဲ့ တိုက်ခိုက်ရဲသည်ကို ကြည့်ခြင်းဖြင့် ရန်သူ၏သိုင်းပညာမှာ မိမိထက် သာလွန်မြင့်မားကြောင်းသိနိုင်၏။ ရန်သူ၏ လက်နက်မဲ့ သိုင်းမှန်သမျှ လက်သိုင်း၊ ခြေသိုင်းအားလုံးကို ဖျက်သည့်အကွက်များပင် ဖြစ်သည်။

မြားဖျက်ကွက်မှာ လျှို့ဝှက်လက်နက်အားလုံးကို ပယ်ဖျက်နိုင်သော သိုင်းပညာဖြစ်သည်။ ရှေးဦးစွာ သောတနားအာရုံ စူးရှထက်မြက်စေရန် လေ့ကျင့်ရသည်။ ထိုအဆင့် အောင်မြင်ပါက ရန်သူ၏ လျှို့ဝှက် လက်နက်မှန်သမျှကို ဓားဖြင့် ပယ်ချဖျက်ဆီးနိုင်ရုံမျှသာ တန်ပြန်အားကိုသုံး၍ ရန်သူ၏ လျှို့ဝှက်လက်နက်များဖြင့် ရန်သူအား ပြန်လည် တိုက်ခိုက်နိုင်သည့် ပညာဖြစ်သည်။

လေသိုင်းဖျက်ကွက် ပညာကား အတွင်းအားသိုင်းပညာကို တိုက်ခိုက်ဖျက်ဆီးသော နည်းပင်ဖြစ်၍ လွန်စွာမှ ခက်ခဲလှသော ပညာရပ်ဖြစ်၏။

ဆရာကြီးဖုန်းချင်းက … "မင်းက ဒီဇကေရာဇ်ကိုးကွက်ကို တတ်ပေမယ့် ဒီဓားကွက်တွေကို ကျွမ်းကျွမ်း ကျင်ကျင်

မကစားတတ်ရင် အလကားပဲ။ ဘယ်တော့မှ ထိပ်သီးသိုင်းသမား မဖြစ်နိုင်သေးဘူး။ အခု မင်းမှာ လမ်းစတော့ရနေပြီ။ အဲဒီလမ်းပေါ်မှာ ဖြောင့်ဖြောင့်မတ်မတ် လျှောက်နိုင်ဖို့ပဲလိုတော့တယ်။ နောက်ထပ် အနှစ် နှစ်ဆယ်လောက်သာ လေ့ကျင့်လိုက်။ မင်းကို ငါနောက်ဆုံးပြောပြလိုက်မယ်။ သိုင်းလောကတစ်ခုလုံးကို မင်း စိန်ခေါ်ချင်သပဆိုရင်တောင် ရဲရဲဝံ့ဝံ့ စိန်ခေါ်လိုက်ပေတော့ ...”

လင့်ဟူချုံး၏ ဝမ်းသာအားရ ကျေနပ်မှုကား ပြောဖွယ်ရာမရှိတော့ချေ။ ဤမျှခက်ခဲနက်နဲသော သိုင်းပညာရပ်ကို သူ့အနေဖြင့် အနှစ်နှစ်ဆယ်လေ့ကျင့်ရုံဖြင့် အောင်မြင်နိုင်နေပေပြီ။ သူ အလွန်အားတက်နေတော့သည်။

ဆရာကြီးဖုန်းချင်းက ဆက်၍ ... “မင်းရဲ့ ဉာဏ်ရည်ကကောင်းတော့ မင်းသာ လိုလိုချင်ချင်နဲ့ ကြိုးစားကျင့်ကြံရင် ဘာမှ မအောင်မြင်စရာမရှိဘူး။ ... ကဲ ... ငါသွားတော့မယ်” ဟု ပြောတော့၏။

လင့်ဟူချုံးမှာ ဆရာကြီး ဖုန်းချင်း၏စကားကို ကြားလိုက်ရသောအခါ ရုတ်တရက် တုန်လှုပ်သွားပြီး ... “ဘိုးဘိုးက ဘယ်ကိုသွားမှာလဲ” ဟု မေးလိုက်မိတော့၏။

ဆရာကြီးဖုန်းချင်းက ... “ငါက ဒီဂူရဲ့ အနောက်ဘက်မှာ နေတယ်။ ငါ့နေရာ ငါ ပြန်သွားမှာပေါ့ ...”

လင့်ဟူချုံးက ဝမ်းသာအားရ လေသံဖြင့် ...

“ဟာ ... ဒီလိုဆိုရင် သိပ်ကောင်းတာပဲ။ ... ကျွန်တော်လည်း ဒီမှာ တစ်ယောက်တည်းနေရတာ သိပ်ပျင်းတာပဲ၊ အခု ကျွန်တော် ဘိုးဘိုးနဲ့ လိုက်နေပါရစေနော်” ဟု တောင်းပန်လိုက်၏။

ဆရာကြီးဖုန်းချင်းက ... “မင်း ... ငါနဲ့လိုက်ကြည့်၊ ငါပြမယ်” ဟု ပြော၍ လင့်ဟူချုံးကို ခေါ်သွားတော့၏။ လင့်ဟူချုံးကလည်း ဝမ်းသာအားရဖြင့် လိုက်သွားတော့သည်။ အတွင်းဖက်သို့ ရောက်သောအခါ ဆရာကြီး ဖုန်းချင်းသည် ကျောက်နံရံကြီး၏တစ်နေရာကို တွန်းလိုက်သည်။ ထိုအခါ ကျောက်ချပ်ကြီးသည် တဖြည်းဖြည်း ရွေ့သွားပြီး နောက်ထပ် ဂူတစ်ခုကို ထပ်မံတွေ့လိုက်ရတော့၏။

လင့်ဟူချုံးက အတွင်းသို့ဝင်လိုက်ရန် ခြေလှမ်းပြင်လိုက်စဉ် ဆရာကြီးဖုန်းချင်းထံမှ တင်းမာခက်ထန်လှသော အသံကို ကြားလိုက်ရတော့၏။

“လင့်ဟူချုံး မင်းခေါင်းကို မော့ကြည့်လိုက်စမ်း ...”

လင့်ဟူချုံးက သူ၏ဦးခေါင်းကို မော့ကြည့်လိုက်သောအခါ အတွင်းဘက်ဂူ၏ နံရံပေါ်တွင် ...

“ဒီဂူတွင်းသို့ ဝင်သူမှန်သမျှ သေစေရမည်” ဟူသော စာတမ်း ရေးသားထားသည်ကို တွေ့ရှိရတော့၏။

လင့်ဟူချုံးသည် တစ်ချက်မျှ ထိတ်လန့်သွားကာ ခြေလှမ်းကို ရပ်လိုက်မိတော့၏။ ဆရာကြီးဖုန်းချင်းက ...

“မင်းကို ငါခေါ်လာခဲ့တာက အဲဒီစာတမ်းကို ပြချင်လို့ပဲ။ ဒီစာတမ်းကို ငါရေးထားတာ။ ဘယ်သူ့ကိုမှ ခြွင်းချက်နဲ့ ဝင်ခွင့်မပြုဘူး။ ဒီအထဲကိုဝင်လိုက်လာရင် မင်းကိုလည်း ငါက သတ်ပစ်မှာပဲ ...”

လင့်ဟူချုံးက တုန်တုန်ယင်ယင်ဖြင့် ...

“ဘိုးဘိုး” ဟု ခေါ်လိုက်၏။

ဆရာကြီး ဖုန်းချင်းသည် တစ်ချက်မှ ငဲ့စောင်းမကြည့်တော့ဘဲ အတွင်းဘက်ဂူသို့ ဝင်လိုက်ကာ အတွင်းမှနေ၍ ကျောက်နံရံ တံခါးကို ပြန်ပိတ်လိုက်တော့သည်။

လင့်ဟူချုံးမှာ ကြာမြင့်စွာပင် ငေးကြောင်ရပ်ကြည့်နေမိတော့၏။ သူက ကျောက်နံရံတံခါးကို တွန်းကြည့်လိုက်သောအခါ အနည်းငယ်လှုပ်ရှားသွားသည်ကို တွေ့ရ၏။ သို့သော် သူ့အနေဖြင့် ဆက်မတွန်းရဲတော့။

ဤရက်များအတွင်းဝယ် သူက ဤဆရာကြီးနှင့် သိုင်းပညာလေ့ကျင့်ခဲ့ရာမှ ဆရာကြီး၏ အတွင်းစိတ်ဓာတ်များကို သိရှိခဲ့ပေသည်။ သူနှင့် ဤဆရာကြီးတို့သည် စိတ်ထားချင်း အလွန်တူညီကြကြောင်းကိုလည်း သူ သတိပြုမိခဲ့၏။ ဆရာကြီးဖုန်းချင်းမှာ သူ့ထက် မျိုးဆက် ဝါသုံးဝါခန့် ပိုကြီးသူဖြစ်သော်လည်း သူ့စိတ်ထဲတွင်မူ သူနှင့် စိတ်တူကိုယ်တူရှိသည့် မိတ်ဆွေသဖွယ် မှတ်ထင်နေခဲ့သည်။ သူ၏ဆရာ ရက်ပုချွန်ထက်ပင် ဆရာကြီးဖုန်းချင်းကို ပို၍ခင်မင်နေသလိုပင် ဖြစ်နေတော့သည်။

သို့သော် ယခု ဆရာဘိုးဘိုး လမ်းခွဲသွားချေပြီ။ သူ့အနေဖြင့် မည်သို့ တတ်နိုင်ပါတော့မည်နည်း။ သူ့စိတ်ထဲတွင် ဝမ်းနည်းကြေကွဲခြင်း ဖြစ်မိသော်လည်း ဤကျောက်တံခါးကို တွန်းဖွင့်၍ ဝင်ရဲလောက်သောသတ္တိ မရှိဖြစ်နေ၏။ ဆရာဘိုးဘိုးအား ယခုမှတွေ့ရသော်လည်း ချစ်ကြောက်ရိုသေ ဖြစ်မိသည်ကတော့ အမှန်ပင်။ သူ့စိတ်ထဲ၌ ပြန်လည်စဉ်းစားနေမိတော့၏။

“ဒီဆရာဘိုးဘိုး ငယ်ငယ်တုန်းကလည်း ငါ့လိုပဲနေမှာပဲ။ ဘာမှ အကြောက်တရားမရှိဘူး။ ကိုယ့်စိတ်ကြိုက်

လျှောက်လုပ်နေတာပဲ။ သူ ငါ့ကို ဓားသိုင်းသင်ပေးတုန်းက အမြဲတမ်းလိုလိုပြောတယ်။ 'လူက ဓားကိုသုံးတာ။ ဓားက လူကိုသုံးတာမဟုတ်ဘူးတဲ့' နောက်ပြီး 'လူကအရှင် ဓားကအသေ၊ ရှင်တဲ့လူက သေတဲ့ဓားရဲ့ထိန်းချုပ်မှုကို ဘယ်တော့မှ မခံရဘူး' တဲ့။ ဒီစကားက ဘယ်လောက်မှန်သလဲ။ ငါ့ဆရာက ဘာဖြစ်လို့ အဲဒီလို ဓားသိုင်း သဘောတရားမျိုးတွေကို တစ်ခါမှ ပြောမပြရတာလဲမသိဘူး"

နောက်ဆုံး လင့်ဟူချုံးသည် သက်ပြင်းတစ်ချက်ချကာ သူ့ဓားကိုဆွဲ၍ အပြင်သို့ ထွက်လာတော့သည်။ အပြင်ရောက်သည်နှင့် ဤဇကေရာဇ်ကိုးကွက်ကို အစအဆုံး ပြန်လည်လေ့ကျင့်တော့သည်။ လင့်ဟူချုံးမှာ တစ်ခါ လေ့ကျင့်တိုင်း တစ်ခါပို၍ သဘောပေါက် နားလည်လာသည်။ သူ၏ဓားကွက်ထဲတွင် ဓားကွက်ပေါင်းစုံ ရောနှောနေ သည်။ သူ့စိတ်ထဲမှ အလိုအလျောက်ထွက်လာသော ဓားကွက်များကို ရေစီးပမာ အဆက်မပြတ် သုံးနေခြင်းဖြစ်တော့၏။ သူ၏ဓားကွက်များ၌ မကောင်းဆိုးဝါးဂိုဏ်း၏ ဓားကွက်လည်းပါသည်။ ဂိုဏ်းကြီးငါးဂိုဏ်းမှ ဓားကွက်များ လည်းပါသည်။ အချို့ဓားကွက်များကို မည်သည့်ဓားကွက်ဖြစ်ကြောင်း သူကိုယ်တိုင်ပင်မသိချေ။ အလိုအလျောက် ထွက်ပေါ်လာခြင်းသာ ဖြစ်တော့၏။

တောင်ထိပ်၌ တစ်ယောက်တည်း စိတ်ကြိုက် လေ့ကျင့်နေစဉ် လုရိ၏အော်သံကို ကြားလိုက်ရတော့သည်။

"အစ်ကိုကြီး ... အစ်ကိုကြီး "

လင့်ဟူချုံးမှာ လန့်ဖျပ်သွားတော့၏။ သူ့စိတ်၌ .... "ဇကေ္တ ထင်ပေါက တောင်အောက်ဆင်းသွားပြီး ညီမလေး လိန်လိန်ကို ဖမ်းပြီးတော့ ငါ့ကို အကျပ်ကိုင်တော့မယ်နဲ့တူတယ်၊ ဒုက္ခပါပဲ ငါဘယ်လိုကြံရရင် ကောင်းမလဲ" ဟု ကြံရာမရ တွေးလိုက်မိတော့၏။

ထို့ကြောင့် အပြေးအလွှား သွားကြည့်လိုက်သည်။ လုရိသည် ထမင်းခြင်းကိုဆွဲ၍ အပြေးတက်လာတော့၏။ လုရိ၏ပါးစပ်မှ အဆက်မပြတ် အော်နေသည်။

"အစ်ကိုကြီး ဒုက္ခပဲ ..."

လင့်ဟူချုံးမှာ စိုးရိမ်စွာဖြင့် မေးလိုက်၏။

"လုရိ ... ဘာတွေဖြစ်နေပြီလဲ ..."

လုရိက မောဟိုက်သံဖြင့် ...

"အစ်ကိုကြီး ... ဆရာနဲ့ ဆရာမတို့ပြန်လာကြပြီ "

လင့်ဟူချုံးသည် ဝမ်းသာသွားပြီး ချက်ချင်းပင် စိတ်ဆိုးသွားကာ ... "လုရိ ... မင်း ဘာတွေလျှောက်ပြော နေတာလဲ၊ ဆရာနဲ့ဆရာမပြန်လာတာ ဘယ်လောက် ဝမ်းသာစရာကောင်းသလဲ ... ဘာဖြစ်လို့ ဒုက္ခပဲဆိုတဲ့စကားကို အော်နေရ တာလဲ" ဟု မေးလိုက်တော့၏။

"မဟုတ်သေးဘူး အစ်ကိုကြီး .. ကျွန်တော်က စကားပြောတာ လောနေလို့ပါ။ ဆရာတို့ ပြန်ရောက်ရောက်ချင်း လူတွေအများကြီး ရောက်လာကြတယ်။ ကောင်းဆန်းဂိုဏ်း၊ ဟန်ဆန်းဂိုဏ်း၊ ချုံးဆန်းဂိုဏ်းနဲ့ ထိုက်ဆန်းဂိုဏ်း လေးဂိုဏ်းစလုံးကလူတွေ ရောက်လာကြတယ်"

လင့်ဟူချုံးက ဒေါသဖြင့် အော်လိုက်၏။

"လုရိ ... ဒါဆန်းသလား၊ ငါတို့ ဂိုဏ်းကြီးငါးဂိုဏ်းက မဟာမိတ်ဖွဲ့ထားတာပဲ၊ သူတို့ ငါတို့ဆီလိုက်လာတာ ဘာမှမထူးဆန်းပါဘူး၊ သူတို့ဆွေးနွေး ညှိနှိုင်းစရာ တစ်ခုခု ရှိလို့နေမှာပေါ့ ..."

လုရိကလည်း အော်၍ ပြန်ရှင်းပြသည်။

"မဟုတ်ဘူး အစ်ကိုကြီး၊ သူတို့နဲ့အတူတူ လူသုံးယောက်ပါလာတယ်၊ သူတို့ကိုယ်သူတို့ ဝါဆန်းဂိုဏ်းက တဲ့။ ဆရာကတော့ သူတို့ကို ဂိုဏ်းတူညီလေးလို့ခေါ်တာ မတွေ့ပါဘူး"

ထိုစကားကို ကြားရသောအခါမှ လင့်ဟူချုံး တအံ့တသြဖြစ်သွားတော့သည်။

"ဟုတ်လား ... သူတို့သုံးယောက်ရဲ့ ပုံစံကို ငါ့ကိုနည်းနည်းလောက် ပြောပြစမ်း"

"တစ်ယောက်က သိပ်ဝတယ် အစ်ကိုကြီး။ သူ့နာမည်က ဖုန်းပုမိန်တဲ့။ နောက်တစ်ယောက်ကတော့ ရှသေ့ တစ်ယောက်ပဲ။ နောက်တစ်ယောက်ကတော့ လူပုကြီးပဲ"

လင့်ဟူချုံးသည် ခေါင်းတစ်ချက်ညိတ်လိုက်ကာ ...

"သူတို့ဓားသိုင်းအဖွဲ့က လူတွေပဲဖြစ်ရမယ်"ဟု မှတ်ချက်ချလိုက်သည်။

"ဟုတ်တယ် အစ်ကို ဟုတ်တယ်။ အစ်ကိုကြီး သိပ်ဉာဏ်ကောင်းတာပဲ။ ကျွန်တော်က ဆရာ့အရိပ်အကဲကို

ကြည့်နေတာ၊ အဲဒီလူသုံးယောက်ကိုလည်းတွေ့ရော ဆရာ့မျက်နှာလည်း သိပ်မကောင်းတော့ဘူး။ ဆရာကပြောတယ် 'ခင်ဗျားတို့သုံးယောက်ဟာ ဝါဆန်းဂိုဏ်းနဲ့ ဘယ်လိုမှ မပတ်သက်တော့ပါဘူး။ အခု ဝါဆန်းဂိုဏ်းကို ဘာကိစ္စနဲ့ ရောက်လာကြသလဲ' လို့ မေးလိုက်တယ်"

လုရိသည် သူ့စကားကို ခေတ္တရပ်လိုက်သည်။ လင့်ဟူချုံး အလွန်တရာ စိတ်ဝင်စားနေသည်ကို တွေ့သောအခါ သူ့စကားကို ထပ်ဆက်၏။

"ဆရာက အဲဒီလိုလည်းပြောလိုက်ရော ဟို ဖုန်းပုမိန်ဆိုတဲ့ လူကပြန်ပြောတယ်။ ဝါဆန်းဂိုဏ်းကို ခင်ဗျား ဝယ်ထားတာမဟုတ်ဘူး ဘယ်သူမဆို လာနိုင်တယ်တဲ့။ ဆရာလည်း ရုတ်တရက် ဒေါသထွက်သွားတယ်၊ ဒါပေမယ့် ဆရာကတော်တယ်။ ပညာရှိအမျက် အပြင်မထွက်ဆိုတဲ့ စကားအတိုင်းပဲ။ ဒေါသကို ပြန်ထိန်းသိမ်းပြီး ပြောလိုက်တယ်။ ခင်ဗျားတို့ ဝါဆန်းတောင်ကို အလည်အပတ်လာကြည့်ရင်တော့ ရပါတယ်၊ ဒါပေမယ့် ခင်ဗျားတို့သုံးယောက် တည်းခိုဖို့ ဒီမှာတော့ နေရာမရှိဘူးလို့ အေးအေးဆေးဆေးပဲ ပြန်ပြောလိုက်တယ်။ အဲဒီအခါမှာ ဖုန်းပုမိန်က ဘာပြောသလဲဆိုတော့ ... 'ဟိုတုန်းက မင်းက အကောက်ကြံပြီး ငါတို့ကို ဝါဆန်းဂိုဏ်းကနေ မောင်းထုတ်လိုက် တယ်။ အဲဒီကိစ္စကိုရှင်းလင်းဖို့ အခု ငါတို့လာခဲ့ကြတာပဲ' လို့ ပြောတယ် အစ်ကိုကြီးရဲ့"

လင့်ဟူချုံးသည် စိတ်ထဲဝယ် မအီမသာကြီးဖြစ်သွားတော့၏။ သူ့ဆရာအဖို့ မဟာအကျဉ်းအကျပ်အတွင်းသို့ ရောက်ရှိနေခြင်းဖြစ်ကြောင်းလည်း အလိုလို ခံစားသိရှိလိုက်မိ၏။ ထို့ကြောင့် အသံမထွက်ဘဲ နှုတ်ခမ်းလှုပ်ရုံကလေး တီးတိုးရေရွတ်လိုက်မိတော့၏။

"ဒီကိစ္စကတော့ ဆရာ့အဖို့ အင်မတန် ဖြေရှင်းရခက်မယ့်ကိစ္စကြီးပဲ"

လုရိက ဆက်၍ပြောပြသည်။

"ကျွန်တော်တို့အားလုံး သိပ်ဒေါသထွက်ကြတာပဲ။ အစ်ကိုကြီးသိတဲ့အတိုင်း ညီမလေးက ဆတ်ဆတ်ကြဲ ဆိုတော့ ပြဿနာစပြီဆိုတာနဲ့ ညီမလေးက ခပ်ကြမ်းကြမ်း ဝင်ပြောတော့တာပဲ။ ဒါပေမယ့် ဆရာမက ဝင်ငေါက် လိုက်တာနဲ့ ညီမလေးလည်း မကျေမနပ်နဲ့ ငြိမ်နေရတယ်"

"ဆရာကရော ဘယ့်နှယ့်နေလဲ"

"ဒီသုံးယောက်လာတော့ ဆရာ့မျက်နှာ မကောင်းပေမယ့် အဲဒီသုံးယောက်စလုံးကိုတော့ ဆရာ လုံးဝဂရုစိုက်ပုံ မရဘူး၊ ဆရာက ခပ်အေးအေးနဲ့ ပြန်မေးတာပဲ၊

'မင်းတို့က ဘယ်လိုစာရင်းရှင်းချင်လဲ' လို့ မေးလိုက်တယ်။

ဟို ဖုန်းပုမိန်ဆိုတဲ့လူက ဒေါသတကြီးနဲ့ ပြန်အော်တယ်။

'မင်း ဝါဆန်းဂိုဏ်းချုပ်လုပ်ခဲ့တာ အနှစ်သုံးဆယ်ရှိပြီ ကျေနပ်ရောပေါ့။ မင်းတစ်သက်လုံး ဂိုဏ်းချုပ်လုပ်ချင် နေသလား၊ အခု ငါတို့ကို နေရာဖယ်ပေး' လို့ ပြောတော့တာပဲ"

"တော်တော်စော်ကားတဲ့လူတွေပါလား၊ ဆရာ့ကိုတောင် ဒီလိုပြောရဲကြသလား"

"ဟာ.... အစ်ကိုကြီး ဆရာကတော့ ဂရုကိုမစိုက်တာပါ၊ ရယ်ပြီးတော့တောင် ပြောလိုက်သေးတယ်၊ 'မင်းတို့ က တပ်တောင်တာဗိုလ်ထုနဲ့ အခုလိုလူစုပြီးတက်လာတာက ဂိုဏ်းချုပ်နေရာကို လုချင်ကြလို့ကိုး။ ကိုယ့်အရည် အချင်းနဲ့ကိုယ် ထိုက်တန်တဲ့နေရာမှာ နေကြရတာပဲ။ မင်းတို့အရည်အချင်းရှိရင် ငါက ဒီနေရာက ဖယ်ပေးမှာပေါ့' လို့ ရယ်ရယ်မောမော ပြန်ပြောတာပဲ"

လင့်ဟူချုံးသည် ယခင်က သူ့ဆရာ အကျဉ်းအကျပ် အခက်အခဲကြီးအတွင်း ကျရောက်ခဲ့သည်ဟု ထင်မှတ်၍ စိတ်ပူပန်ခဲ့သော်လည်း ယခုကဲ့သို့ ရယ်ရယ်မောမော ဖြေရှင်းနိုင်သည်ဟု သိရှိရသောအခါ စိတ်အေးသွားရ၏။ ယုန်၏ အပြေးမြန်ခြင်းကို ခွေးများလိုက်သောအခါမှ သိရှိရသကဲ့သို့ လူစွမ်းလူစကိုလည်း အခက်အခဲကြုံမှ သိရှိနိုင် ပေသည်တကား။

"အစ်ကိုကြီး၊ ဖုန်းပုမိန်ကပြောတယ် 'ဟိုတုန်းက မင်းက မတော်မတရားတဲ့ နည်းတွေနဲ့ ဒီဂိုဏ်းချုပ်နေရာကို လုလိုက်တယ်၊ ငါတို့က ဒီကိစ္စကို မဟာမိတ်အဖွဲ့ချုပ်ခေါင်းဆောင်ဆီ အခုတင်ပြလိုက်ပြီ။ အခု အဖွဲ့ရဲ့ အလံ ပါလာတာက သူ့ရဲ့အမိန့်အရ ငါ ဝါဆန်းဂိုဏ်းကို ပြန်အုပ်ချုပ်ရမယ်လို့ အမိပ္ပါယ်ရတယ်' ခပ်ထန်ထန်ပြောပြီး သူ့ ရင်ထဲက အလံကလေးတစ်ခု ထုတ်ယူလိုက်တယ်။ အဲဒီအလံကတော့ မဟာမိတ်အဖွဲ့ရဲ့အလံပဲ ..."

လင့်ဟူချုံးသည် အသားများ တဆတ်ဆတ်တုန်သည်အထိ ဒေါသထွက်လာပြီး ...

"ဘာအဖွဲ့ချုပ်လဲ။ ဒါသူတို့အလုပ်လား။ အဖွဲ့ချုပ်ခေါင်းဆောင်ဟာ သူ့လုပ်ပိုင်ခွင့်မရှိတဲ့ အလုပ်တွေကို

လုပ်နေတာပဲ၊ ငါတို့ဝါဆန်းဂိုဏ်းရဲ့ အတွင်းရေးကိစ္စမှာ သူ့အနေနဲ့ ဘာမှဝင်စွက်စရာမလိုဘူး၊ သူက ဘာအာဏာရှိလို့ ငါတို့ဝါဆန်းဂိုဏ်းရဲ့ ဂိုဏ်းချုပ်နေရာ ခန့်ပိုင်ခွင့်ရှိရမှာလဲ။ ဆရာက ဘာပြောသလဲ” ဟု လုရှိအားမေးလိုက်၏။

“ဟုတ်ကဲ့ အစ်ကိုကြီး။ ဆရာမလည်း အစ်ကိုကြီးပြောတဲ့အတိုင်း ပြောတာပဲ။ ဒါပေမယ့် ကောင်းဆန်းဂိုဏ်းက အဘိုးကြီးတစ်ယောက်က ဖုန်းပုမိန်ကို နောက်ကနေ ကျောထောက်နောက်ခံ လုပ်ပေးနေတာတွေ့ရတယ်။ အဲဒီ အဘိုးကြီးက ဝါဆန်းဂိုဏ်းကို အုပ်ချုပ်ခွင့်ဟာ ဖုန်းပုမိန်ဆီမှာ ရှိသတဲ့။ ဒါကြောင့် ဆရာ့အနေနဲ့ ဂိုဏ်းချုပ်နေရာကို ဖုန်းပုမိန်ကို လွှဲပြောင်းပေးရမယ်တဲ့။ ဆရာမကလည်း အကြီးအကျယ် ပြန်ငြင်းတာပဲ။ ဟိုချုံးဆန်း၊ ထိုက်ဆန်းနဲ့ ဟန်ဆန်းဂိုဏ်းက သုံးယောက်ကလည်း တကယ်ဒေါသဖြစ်ဖို့ ကောင်းတယ်။ သူတို့ကလည်း ဘာမဆိုင် ညာမဆိုင် ဖုန်းပုမိန်ကို ထောက်ခံနေကြတော့တာပဲ”

လုရှိသည် ခေတ္တအမောဖြေပြီးမှ အရေးကြီးသည်လည်းဖြစ်၊ သူအမြန်ဆုံး လာရောက်ရခြင်း အကြောင်းရင်းလည်း ဖြစ်သည့် လိုရင်းကိစ္စကို ပြောလိုက်တော့၏။

“အစ်ကိုကြီး အပြီးသတ်ကျတော့ သူတို့ဂိုဏ်းကြီးလေးဂိုဏ်းပေါင်းပြီး ကျွန်တော်တို့ ဝါဆန်းဂိုဏ်းကို အနိုင်ကျင့်တာပါပဲ။ အခု အခြေအနေမဟန်လို့ အစ်ကိုကြီးကို အမြန်ဆုံးပြေးခေါ်တာ”

ထိုစကားဆုံးသည်နှင့် လင့်ဟူချုံးက အော်ပြောလိုက်သည်။

“ကိုယ့်ဆရာသမားမှာ အခက်အခဲရှိနေတယ်ဆိုရင် ငါတို့မင်းတို့တပည့်တွေ အသက်စွန့်ပြီးကူညီရမှာပဲ၊ လာ ညီလေး ငါတို့သွားကြစို့”

ပြောပြောဆိုဆိုနှင့် လင့်ဟူချုံးသည် ရှေ့မှနေ၍ တောင်အောက်သို့ ပြေးဆင်းသွားတော့၏။ လုရှိသည်လည်း နောက်မှ ကမန်းကတန်း ပြေး၍လိုက်သွားတော့သည်။ သို့ရာတွင် သူတို့ဆင်းပြေးချင်တိုင်း မပြေးနိုင်သော အခြေအနေတစ်ရပ်ကို တောင်ဆင်းခရီးတစ်ဝက်တွင် ဆုံတွေ့ရတော့၏။ အဘယ်ကြောင့်ဆိုသော် ထိုခရီးတစ်ဝက်တွင် လူနှစ်ယောက်က ပိတ်ဆို့ထားသည်ကို တွေ့လိုက်ရသောကြောင့်ဖြစ်၏။

တောင်ဆင်းလမ်းသည် လမ်းကျဉ်းကလေးတစ်ခု ဖြစ်သည့်ပြင် တစ်ဖက်ချောက်ကမ်းပါးကြီးက ရှိနေသေး၏။ ထိုသို့ လူနှစ်ယောက် ပိတ်ဆို့ရပ်လိုက်သောအခါ လင့်ဟူချုံးမှာ သူတို့နှင့် တိုက်မိမတတ် ဖြစ်သွားရတော့၏။ လင့်ဟူချုံး အနေဖြင့် တတ်နိုင်သမျှ အရှိန်သတ်လိုက်သဖြင့် ဤမျှသာ ဖြစ်ခဲ့ရခြင်းဖြစ်သည်။

မျက်နှာချင်းဆိုင် ရပ်မိသောအခါ ထိုလူနှစ်ယောက်မျက်နှာကို အကဲခတ်လိုက်သည်။ လင့်ဟူချုံးမှာ ထိတ်လန့်တကြားဖြစ်သွားပြီး နောက်သို့ခုန်ဆုတ်လိုက်မိသည်အထိ ဖြစ်တော့သည်။ အဘယ်ကြောင့်ဆိုသော် ထိုလူ နှစ်ယောက်၏ မျက်နှာများသည် တွန့်လိမ်ကောက်ကွေး၍ မျက်နှာအရေခွံမှာ ရှုံ့တွနေသောကြောင့် ဖြစ်ပေသည်။ အမှန်တကယ် ကြောက်စရာကောင်းသော မျက်နှာမျိုးဖြစ်၏။

လင့်ဟူချုံးက အော်မေးလိုက်သည်။

“ခင်ဗျားတို့ ဘယ်သူတွေလဲ”

ထိုသို့မေးလိုက်စဉ်မှာပင် သူ၏နောက်ဘက်မှ ခြေသံတစ်ချက်ကြားလိုက်ရသဖြင့် နောက်သို့ ကမန်းကတန်း လှည့်ကြည့်လိုက်သောအခါ ရှေ့မှလူနှစ်ယောက်၏ မျက်နှာများကဲ့သို့ပင် တွန့်လိမ်ကောက်ကွေးနေသော မျက်နှာပိုင်ရှင်နှစ်ဦးကို တွေ့ရှိရပြန်တော့၏။ နောက်ဘက်မှ လူနှစ်ယောက်၏ မျက်နှာများသည် လင့်ဟူချုံး၏ မျက်နှာနှင့် ထိလုမတတ် ရှိနေတော့သည်။ လင့်ဟူချုံးအဖို့ စားလည်းရှူး၊ ဆုတ်လည်းစူးဆိုသည့် အခြေအနေသို့ ဆိုက်ရောက်လျက် ရှိနေပေတော့၏။ ထိုစဉ် နောက်ထပ်လူနှစ်ယောက်သည် မည်သည့်နေရာမှ ခုန်ဆင်းလာသည်မသိ။ လင့်ဟူချုံး၏ ဘေးဘက်ရှိ ချောက်ကမ်းပါးနံရံသို့ ခုန်ချရောက်ရှိလာကြတော့၏။

လင့်ဟူချုံးအနေဖြင့် ဤလူထူးလူဆန်း ခြောက်ယောက်နှင့် တွေ့သည့်အချိန်ကလေးမှာ ခေတ္တခဏလေး မျှသာဖြစ်သည်။ ထိုခေတ္တခဏ အချိန်ကလေးအတွင်း၌ ဤလူထူးလူဆန်းခြောက်ယောက်၏ကြားတွင် ညှပ်ပူးညှပ်ပိတ် အမိခံနေရလေပြီ။ လင့်ဟူချုံးမှာ ဆူးကြားမှ ဘူးခါးအဖြစ်သို့ ရောက်ရှိနေရခြင်းဖြစ်တော့၏။

လင့်ဟူချုံးသည် သူ၏ဓားကိုဆွဲထုတ်ရန် ဟန်ပြင်လိုက်သောအခါ ထိုလူထူးလူဆန်း ခြောက်ယောက်တို့က ရှေ့သို့တစ်လှမ်းစီတိုး လိုက်တော့၏။ လင့်ဟူချုံးမှာ ဆင်ကြီးခြောက်ကောင် ဖိညှပ်လိုက်သကဲ့သို့ ခံစားလိုက်ရပြီး ဓားကိုဆွဲထုတ်ရန် မဆိုထားနှင့် လက်ပင်မလှုပ်နိုင်တော့ချေ။

ထိုစဉ် လုရှိရောက်လာပြီး နောက်မှနေ၍ အော်ဟစ်မေးမြန်းလိုပ်၏။

“ဟေး .. ခင်ဗျားတို့ ကျုပ်အစ်ကိုကြီးကို ဘာလုပ်နေကြတာလဲ”

လင့်ဟူချုံးမှာ သခ်နုပ္ပတ္တိဉာဏ် အလွန်ကောင်းသည် ဖြစ်သော်လည်း ယခုကဲ့သို့ ထူးဆန်းအံ့ဩဖွယ်ရာ အဖြစ်မျိုးကို တစ်ကြိမ်တစ်ခါမျှ မတွေ့ဘူးခဲ့သဖြင့် ရုတ်တရက် မည်သို့လုပ်ရမည်ကို လုံးဝမစဉ်းစားတတ်အောင် ဖြစ်နေမိတော့၏။ သူသည် ထိုလူခြောက်ယောက်၏ အလယ်မှ လွတ်မြောက်ရန် ကြိုးစားရန်းထွက်ပြန်သည်။ သို့သော် မည်သို့မျှ ရုန်းထွက်၍မရချေ။ ထို့ကြောင့် သူ့စိတ်ထဲ၌ .... "ဒီလူခြောက်ယောက်ဟာ ဖုန်းပုမိန်ရဲ့လူတွေပဲဖြစ်လိမ့်မယ်" ဟု တွေးမိပြီး ခပ်ထန်ထန် ပြန်မေးလိုက်၏။

"ခင်ဗျားတို့က ဘယ်သူတွေလဲ ပြောစမ်းပါဦး"

ရုတ်တရက်သူ၏မျက်စိများ လုံးဝမည်းမှောင်သွားတော့၏။ အိတ်ကြီးတစ်လုံးဖြင့် သူ၏ခေါင်းပေါ်မှ တကိုယ်လုံးသို့ စွပ်ချလိုက်ခြင်းသာဖြစ်တော့သည်။ ထိုအခိုက် စူးရှသောလေသံတစ်ခုက... "မကြောက်နဲ့ မင်းကို ငါတို့က ဘာမှရန်မလုပ်ဘူး၊ မင်းကို ကောင်မလေးတစ်ယောက်ဆီ ခေါ်သွားမလို့ ..."

လင့်ဟူချုံးသည် ထိုစကားကို ကြားလိုက်ရသောအခါ စိတ်ထဲ၌ အတွေးတစ်ခု ပေါ်လာတော့၏။

"အလို ... သူတို့က ထင်ပေါ်နဲ့ တစ်ဖွဲ့တည်းကိုး"

လင့်ဟူချုံးက အော်လိုက်၏။

"ခင်ဗျားတို့ ကျုပ်ကိုလွှတ်နော်၊ ကျုပ်ကိုမလွှတ်ရင် ကိုယ့်ကိုယ်ကို ဓားဆွဲပြီး ထိုးသတ်သေပစ်လိုက်မယ် ..."

သူ၏စကားဆုံးသည်နှင့် လက်နှစ်ဖက်သည် သံညှပ်ပမာ မိမိ၏လက်နှစ်ဖက်ကို တင်းကျပ်စွာ လာရောက်ဆုပ်ကိုင်ထားလိုက်သည်ကို သိလိုက်ရတော့၏။ လင့်ဟူချုံးမှာ မည်မျှ ဓါးသိုင်းပညာတော်သည်ဖြစ်စေ ယခုအချိန် မျိုး၌ မည်သို့မျှ ခုခံနိုင်စွမ်းမရှိတော့ချေ။ ထိုစဉ် အခြားတစ်ယောက်က ...

"မင်းက လိမ္မာပါတယ်ကွာ၊ ငြိမ်ငြိမ်ကလေးနေပါ။ ကောင်မလေးက မင်းကိုတွေ့ချင်နေသတဲ့ ... ငါတို့ စကားကို ကောင်းကောင်းနားထောင်။ မင်းက လိမ္မာပါတယ်"

နောက်တစ်ယောက်က ... "သေရင်မကောင်းဘူးကွ၊ မင်းသာ ကိုယ့်ကိုယ်ကိုသတ်သေမယ်ဆိုရင် ငါက မင်းကို မသေမရှင်ဖြစ်အောင်လုပ်ပြီး ကောင်းကောင်းနှိပ်စက်ပြမယ်"

နောက်တစ်ယောက်က ဝင်ပြောလာပြန်သည်။

"မင်း ဘာတွေ လျှောက်ပြောနေတာလဲ။ သူသေသွားတဲ့နောက် မင်းကသူ့ကို ဘယ်လိုလုပ်ပြီး မသေမရှင် ညှဉ်းပန်းနိုင်တော့မှာလဲ"

ထိုစဉ် အခြားတစ်ယောက် ဝင်ပြောပြန်၏။

"မင်းတို့နှစ်ယောက်က သူ့ကိုချောက်လှန့်ချင်ရင် ဒီလို ဖြောင်ဖွင့်မပြောရဘူးကွ။ ဖြောင်ဖွင့်ပြောရင် ဘယ်ခြောက်လှန့်ရာ ကျတော့မလဲ"

ထိုအခါ မသေမရှင် နှိပ်စက်မည်ဟု ပြောခဲ့သူက ... "ငါဘာသာ ချောက်ချင်လို့ ချောက်တာ မင်းနဲ့ ဘာဆိုင်သလဲ။ မင်း ဘာလုပ်ချင်လို့လဲ"

ထိုအခါ မချောက်လှန့်ရဟုပြောသော လူထူးလူဆန်းသည် မည်သည့်စကားမျှ မဆိုဘဲ ငြိမ်သက်နေတော့၏။

သို့သော် အခြားတစ်ယောက်က ... "မင်းတို့ ပြောနေတာတွေက မဟုတ်သေးပါဘူး။ အားလုံးမဟုတ်တာတွေ လျှောက်ပြောနေကြတယ်။ ငါ့စိတ်ထင်တော့ သူ့ကို ကောင်းကောင်းချော့ပြီး ပြောသင့်တယ်"

ထိုစဉ် ချောက်လှန့်ချင်စိတ်ရှိသူက ... "မချော့ဘူး။ ငါတော့ ချောက်မှာပဲ"

အခြားတစ်ယောက်က ... "ငါတော့ မချောက်ဘူး။ ချော့မှာပဲ"

ဤသို့ဖြင့် ထိုနှစ်ယောက်သည် ထိုစကားလုံးကိုသာ အပြန်အလှန် ငြင်းခုန်နေကြတော့၏။ လင့်ဟူချုံးသည် အိတ်ကြီးထဲတွင် ရောက်ရှိနေသဖြင့် ကြောက်လည်းကြောက်လန့်နေသည်။ ဒေါသလည်း ထွက်နေသည်။ ထိုစဉ် လူထူးလူဆန်းခြောက်ယောက်၏ မဟုတ်တရုတ် ငြင်းခုန်နေပုံကို ကြားသိရသောအခါ ထိုသူများနှင့် ပတ်သက်၍ လည်း တွေးတောနေမိသည်။

"အင်း ... ဒီလူခြောက်ယောက်ဟာ သိုင်းပညာတော့ တော်တော်ကလေး တော်ပုံရကြတယ်။ ဒါပေမယ့် ဦးနှောက် သိပ်ကောင်းပုံတော့မရဘူး၊ ဦးနှောက်သာကောင်းမယ်ဆိုရင် ဒီမဟုတ်မဟတ် စကားလေးတွေကို ဘယ် အကြီးအကျယ် ငြင်းခုန်နေပါ့မလဲ"

ထို့ကြောင့် သူက အော်၍ ပြောလိုက်၏။

"ကျုပ်ကို ခင်ဗျားတို့ချောက်လဲ အလကားပဲ။ ချော့လည်းအလကားပဲ။ ကျုပ်လျှာကျုပ်ကိုက်ပြီး သေပစ်လိုက်မယ်"

ထိုအခါ သူ့ပါးနှစ်ဖက်စလုံး နာကျင်သွားတော့သည်။ လူတစ်ယောက်က အိတ်အပြင်မှ သူ၏ပါးနှစ်ဖက်ကို လက်ဖြင့်ညှပ်ကိုင်ထား လိုက်သောကြောင့်ဖြစ်သည်။ လင့်ဟူချုံး၏ပါးစပ်မှာ လုံးဝလှုပ်ရှား၍ မရတော့ချေ။ တစ်ယောက်က ပြောလိုက်သည်။

"ဟေ့ကောင်တွေ ဒီကောင်လေးက တော်တော်ခေါင်းမာတဲ့ကောင်လေး။ သူ့လျှာသူ ကိုက်ဖြတ်လိုက်ရင် ဘယ်စကားပြောနိုင်တော့မလဲ၊ သူ စကားမပြောနိုင်ရင် ဟိုကောင်မလေးက သူ့ကို သဘောကျပါဦးမလား"

နောက်တစ်ယောက်က … "လျှာကိုကိုက်ဖြတ်ပြီဆိုရင် သေပြီကွ။ စကားပြောနိုင်တာ မပြောနိုင်တာ ပြောမနေကြနဲ့တော့"

နောက်တစ်ယောက်က ဝင်ပြောပြန်သည်။

"မသေနိုင်ဘူးကွ။ မယုံရင် စမ်းကြည့်ပါလား"

အရင်ပြောသည့် တစ်ယောက်က …

"ငါ အသေအချာပြောတယ်။ သေကိုသေရမယ်။ ဒါကြောင့် ငါတော့ မကိုက်ဘူး။ မင်းမယုံရင် မင်းကိုက် ကြည့်ပေါ့"

အခြားတစ်ယောက်က … "မင်းတို့က ငါ့ကိုရန်စတာလား။ ငါက ဘာဖြစ်လို့ ကိုယ့်လျှာကိုယ် ကိုက်ရမှာလဲ။ ဟိုး … ဟိုး … ဟိုး ဟိုကောင့်ကို ကိုက်ခိုင်းမယ် …"

ထိုစဉ် လုရှိ၏ 'အား' ခနဲ အော်သံ ကြားလိုက်ရတော့သည်။ လုရှိအား ဝိုင်းဖမ်းလိုက်ပြီဖြစ်ကြောင်း လင့်ဟူချုံး ရိပ်မိလိုက်သည်။ လူတစ်ယောက်၏ အသံကိုကြားလိုက်ရသည်။

"ဟေ့ကောင် .. မင်းလျှာကို မင်းပြန်ကိုက်ကြည့်စမ်း။ သေသလား မသေဘူးလား။ ငါ သိချင်တယ်"

လုရှိက အော်လိုက်သည်။

"မကိုက်ဘူး၊ ကျုပ် မကိုက်ဘူး"

လင့်ဟူချုံးသည် လုရှိအတွက် စိုးရိမ်လှသဖြင့် အိတ်ကြီးထဲမှ အော်လိုက်တော့၏။

"လွှတ် .. ကျုပ်ကိုလွှတ်"

ထိုစဉ် လူတစ်ယောက်က လင့်ဟူချုံးကိုကြည့်နိုင်ရန် မျက်လုံးနှစ်လုံးနေရာ၌ အိတ်ပေါ်မှ အပေါက်နှစ်ပေါက် ဖောက်ပေးလိုက်သည်။ ထိုအခါကျမှ လင့်ဟူချုံးသည် ပြင်ပမှ မြင်ကွင်းများကို တွေ့ရတော့၏။

ထိုလူဆန်းများထဲမှ တစ်ယောက်က …

"မင်း … ကိုယ့်ကိုယ်ကို သတ်မသေဘူးလို့ ငါ့ကိုကတိပေးရင် မင်းကိုလွှတ်ပေးမယ်၊ ဘယ့်နှယ်လဲ ကတိပေးသလား"

ထိုစဉ် အပြင်ဘက်တွင် အခြားလူဆန်းနှစ်ယောက်က လုရှိအား လျှာကိုက်ခိုင်းနေကြသည်။ လုရှိက အော်ဟစ်၍ 'ကျုပ် မကိုက်ဘူး ကိုက်ရင် ကျုပ်သေရလိမ့်မယ်"

တစ်ယောက်က … "တွေ့လား၊ လျှာကိုကိုက်ရင် သေမှာတဲ့ကွ၊ သူ ပြောနေပြီ"

အခြားတစ်ယောက်က … "သူမှ မသေသေးတာ၊ ဒီလိုပြောလို့ ဘယ်ရမလဲ။ လက်တွေ့သူ့လျှာကို ကိုက်ခိုင်းပြီးမှ သူ ပြောတာ ယုံရမယ်"

နောက်တစ်ယောက်က … "မင်းတို့ဘာမှ ပြောမနေနဲ့။ သူ လျှာမကိုက်သေးတာပေါ့ကွ၊ လျှာကိုက်တာနဲ့ သေနေပြီ"

လင့်ဟူချုံးသည် အပြင်းအထန် ရုန်းကန်ပါသော်လည်း မည်သို့မျှ မတတ်နိုင်ဘဲ ဖြစ်နေသည်။ နောက်မှ အကြံတစ်ခုရလိုက်ပြီး 'အား' ခနဲအော်ကာ မေ့လဲကျသွားဟန် ဆောင်လိုက်တော့၏။

ထိုအခါ လူထူးလူဆန်း သုံးယောက်တို့က တစ်ပြိုင်နက် အော်ဟစ်လိုက်ကြတော့၏။

"ဟာ … ဒုက္ခပဲ"

"ဒီကောင်လေး လန့်ပြီးသေသွားတာကွ"

"လန့်ပြီး မသေနိုင်ဘူး"

"တကယ်သေတယ်ထားဦး။ သေရင် ဒီလိုတော့ မအော်ဘူးကွ"

"ဒီလိုဆို သူက ဘယ်လိုသေသွားတာလဲ"

ထိုခြောက်ယောက် အပြန်အလှန် ပြောနေသည့် စကားများကို ကြားလိုက်ရသောအခါ လုရှိသည် လင့်ဟူချုံး သေသွားပြီဟု ထင်မှတ်သွားပြီး ချုံးပွဲချ ငိုကြွေးလေတော့သည်။

ထိုစဉ် တစ်ယောက်က … "ဟေ့ကောင်တွေ၊ ငါ အသေအချာပြောရဲတယ်၊ ဒီကောင်လန့်ပြီး သေသွားတာကွ"

'ဒီကောင်က ဘယ်လို သေတာလဲကွ"

လူဆန်းများ တစ်ယောက်တစ်ပေါက် ပြောချင်ရာ ပြောနေသည်ကို သည်းမခံနိုင်တော့ဘဲ လင့်ဟူချုံးက အော်ပြောလိုက်သည်။

"ဘယ်လိုမှ သေတာမဟုတ်ဘူးဗျ၊ ကျုပ်ကိုယ်ကျုပ် အကြောပိတ်ပြီး ကိုယ့်ကိုယ်ကို သတ်သေတာ"

သေပြီဟု ထင်မှတ်ထားသော လင့်ဟူချုံးထံမှ စကားပြောသံကို ကြားလိုက်ရသောအခါ လူထူးလူဆန်းခြောက်ယောက်တို့သည် လန့်ဖျပ်၍ ထခုန်မိကြတော့၏။ ပြီးမှ သဘောပေါက်သွားကြဟန်ဖြင့် တဟားဟားရယ်မောကြတော့၏။

"လက်စသတ်တော့ ဒီကောင်က မသေသေးဘူးကိုး။ အင်း ... တော်တော် ဟန်ဆောင်ကောင်းတဲ့ ကောင်ပဲ"

လင့်ဟူချုံးက ... "ကျုပ်က ဟန်ဆောင်တာ မဟုတ်ဘူးဗျ ... တကယ်သေသွားတာ ... အခုမှ ပြန်ရှင်လာတာ ..."

ထိုအခါ တစ်ယောက်သောသူက ... "မင်း တကယ်တော်တဲ့ကောင်ပဲ ... ကိုယ့်အကြောကိုယ် ပိတ်ပြီး သတ်သေတဲ့ ပညာက သိပ်ခက်မှာပဲ ... ငါ့ကို သင်စမ်းပါကွာ ..."

နောက်တစ်ယောက်က ... "ဟေ့ကောင် ... မင်း ဒီကောင်လေးဆီမှာ သွားမေးမနေနဲ့။ ဒီကောင်လေး ဘာမှမတတ်ဘူးကွ ... ဒီပညာက သိပ်ခက်တဲ့ ပညာ ဒီကောင်လေးက မင်းကိုညာနေတာကွ .."

လင့်ဟူချုံးသည် စိတ်တွင်းမှ ရယ်ချင်နေသော်လည်း မရယ်နိုင်ချေ။ သူက ... "ခင်ဗျားတို့က ကျုပ်ကို ညာတယ် ... ဒီပညာမတတ်ဘူး .. ဘာညာနဲ့ ပြောနေကြတယ် ... ဒါဖြင့်ရင် ကျုပ် စောစောတုန်းက ကိုယ့်အကြောကိုယ်ပိတ်ပြီး သေပြတာကို ခင်ဗျားတို့က ဘာဖြစ်လို့ မေ့ထားကြသလဲ"

ထိုသူက ခေါင်းကုတ်ကာ ... "အေး .. ဟုတ်သားပဲကွ ... ဒါ တော်တော်ထူးဆန်းတာ"

လင့်ဟူချုံးအနေဖြင့် ဤလူထူးလူဆန်း ခြောက်ယောက်အကြောင်း ကောင်းကောင်းသိရလေပြီ။ ဤသူများသည် သိုင်းပညာ၌ လွန်စွာထက်မြက်လှသူများ ဖြစ်သော်လည်း ပေါသွပ်သွပ် ခပ်ကြောင်ကြောင် ဖြစ်နေကြောင်း သိလိုက်ပြီး ဖြစ်ပေသည်။ ထို့ကြောင့် သူက ... "ခင်ဗျားတို့ ကျုပ်ကို လွှတ်မပေးဘူးဆိုရင်တော့ ကျုပ်ကိုယ်ကျုပ် အကြောပိတ်ပြီး သေတော့မယ် ... နောက်တစ်ခါဆိုရင်တော့ ဘယ်နည်းနဲ့မှ ကျုပ် ပြန်မရှင်နိုင်တော့ဘူး ..."

ထိုအခါ သူတို့ထဲမှ နှစ်ယောက်က လင့်ဟူချုံး၏ ခြေလက်များကို ချုပ်ကိုင်၍ ထားလိုက်ကြတော့၏။ ထိုအခါ လုရှိက အော်ဟစ်လိုက်တော့သည်။

"ဟေ့ ... ခင်ဗျားတို့ ကျုပ်အစ်ကိုကြီးကို ဘာလုပ်ကြမလို့လဲ"

တစ်ယောက်က ... "ဒီကောင် သိပ်လျှာရှည်ပါလား ... ဒီလောက်လျှာရှည်တဲ့ကောင် ... သတ်ပစ်မှအေးမယ် ..."

လင့်ဟူချုံးက ကမန်းကတန်းအော်ဟစ် တားမြစ်လိုက်ရတော့သည်။

"ဟေ့လူတွေ .. သူ့ကို မသတ်ရဘူး ..."

ထိုလူက ... "အေး ... ကောင်းပြီ ... မင်းရဲ့စကားကို ငါတို့ နားထောင်လိုက်မယ် ... မင်းက မသတ်နဲ့ ဆိုတော့ ငါတို့ မသတ်တော့ဘူး ... ဒါပေမယ့် ဒီကောင် နည်းနည်းလျှာရှည်တယ် ... ဒီတော့ ... ဒီကောင့်ကို စကားမပြောနိုင်အောင်တော့ လုပ်ထားမှဖြစ်မယ် ..."

ပြောပြောဆိုဆိုဖြင့် သူက လက်ချောင်းဖြင့်ထိုးလိုက်ရာ ပြင်းထန်သော လေလှိုင်းတစ်ခု ထွက်ပေါ်လာပြီး လုရှိမှာ တစ်ချက်မျှသာအော်ဟစ်နိုင်ကာ နောက်ထပ် လုံးဝအသံမထွက်နိုင်တော့ဘဲ လဲကျသွားတော့၏။ လုရှိ၏ အကြောကို ထိုးပိတ်လိုက်ဟန်တူ၏။

လင့်ဟူချုံးသည် ဤလူခြောက်ယောက်၏သိုင်းပညာ အလွန်မြင့်မားလှကြောင်း တွေ့ရသောအခါ စိတ်ကူးတစ်ခု ပေါ်လာတော့၏။

"ဆရာနဲ့ဆရာမတို့က အခုအချိန်မှာ အခက်အခဲတွေ့နေတယ်၊ ရန်သူတွေက အဆင်သင့် ပြင်ဆင်လာကြတာ ဆိုတော့ အင်နဲ့အားနဲ့ လူအင်အားသိပ်များနေတယ်... ငါတစ်ယောက်တည်း လိုက်သွားလို့လည်း သိပ်အကျိုးထူးစရာ မမြင်ဘူး ... ဒီလူထူးလူဆန်း ခြောက်ယောက်ကို ညာခေါ်သွားပြီး ဆရာနဲ့ဆရာမတို့ကို ကယ်မယ်ဆိုရင် ဖြစ်နိုင်တယ် ..."

ဤသို့ စိတ်ကူးလိုက်မိသဖြင့် သူတို့ကိုညာခေါ်နိုင်ရန် သူ၏ သေနင်္ဂဗျူဟာကို စတင်တော့၏။ လင့်ဟူချုံး က ခေါင်းကိုတွင်တွင်ခါယမ်းရင်း .. "ခင်ဗျားတို့ရဲ့ သိုင်းပညာလေးက မဖြစ်စလောက်ကလေးကိုး" ဟု မခံချင်စိတ်ပေါ်အောင် ဆွပေးလိုက်တော့၏။

ထိုအခါ သူတို့ထဲမှတစ်ယောက်က ... "မဖြစ်စလောက် ကလေးဆိုရင် မင်းက ငါတို့ဖမ်းတာကို ဘာဖြစ်လို့

ခံနေရသလဲ … လွတ်အောင်ပြေးပေါ့ကွ … အခုတော့ ငါတို့မဖြစ်စလောက် ပညာကလေးကိုတောင် လွတ်အောင် မရုန်းနိုင်ဘူး”

လင့်ဟူချိုးက … “ကျုပ်က ဝါဆန်းဂိုဏ်းမှာ အညံ့ဆုံးတပည့်ပဲ … ကျုပ်ကိုဖမ်းတာ ဘာများခက်လို့လဲ … ကျုပ်ကိုဖမ်းနိုင်လို့ ခင်ဗျားတို့ခြောက်ယောက်ကို ဘာမှအထင်ကြီးစရာမရှိဘူး … အခုလောလောဆယ် ကျုပ်တို့ ဝါဆန်းဂိုဏ်းရဲ့ဌာနချုပ်မှာ ထိုက်ဆန်းဂိုဏ်း၊ ကောင်းဆန်းဂိုဏ်း၊ ချုံးဆန်းဂိုဏ်းနဲ့ ဟန်ဆန်းဂိုဏ်းက ထိပ်သီးသိုင်း သမားတွေ ရောက်နေကြပြီ … သူတို့နဲ့ ခင်ဗျားတို့ ပညာပြိုင်ရဲသလား …”

ထိုလူဆန်းက … “ဘာ … ပညာပြိုင်တာများ ကြောက်စရာလား .. ငါတို့က ဒါမျိုးဆို ပိုတွေ့ချင်သေး တယ် … ဒီကောင်တွေ အခုဘယ်မှာလဲ … လာ .. အခုသွားတွေ့မယ် …”

ထိုစဉ် မျက်နှာရှုံ့တွနေသော အခြားတစ်ယောက်က … “ဟေ့ကောင် … မိန်းကလေးက ငါတို့ကို ကောင်းဆန်းဂိုဏ်း တို့ ဘာဂိုဏ်းတို့နဲ့ ရန်ဖြစ်ခိုင်းလိုက်တာမဟုတ်ဘူး … ပြဿနာသွားမရှာနဲ့ … လာပါ၊ ငါတို့ သွားစရာရှိတာသွားမယ် … ကိုယ့်လမ်းကိုယ်သွားတာ အကောင်းဆုံးပဲကွ …”

လင့်ဟူချိုးက တဟားဟားရယ်မောရင်း … “ဟုတ်တယ် … ဟိုကောင်းဆန်းဂိုဏ်းက လူတွေပြောတာ ခုမှ သတိရမိတယ် … ဘာတဲ့ ဟိုမြင်းမျက်နှာနဲ့လူတို့ … မျက်နှာရှုံ့တွနေတဲ့လူတို့ဆို သိပ်မုန်းဆိုပဲ … အဲဒီလူတွေ တွေ့ရင် ပုရွက်ဆိတ်ကို လက်နဲ့ဖိချေသတ်သလို သတ်ပစ်မယ် … ဒါပေမယ့် ဒီလူခြောက်ယောက်က သူတို့နာမည် ကိုကြားတာနဲ့ အဝေးကနေ ထွက်ပြေးသွားတော့ သူတို့ကို ဘယ်လိုမှ ရှာမတွေ့နိုင်အောင် ဖြစ်နေတော့ စိတ်ညစ် တယ်တဲ့ … တကယ် သရဲဘောကြောင်တဲ့ ခြောက်ယောက်လို့ ပြောလိုက်သေးတယ် ..”

ထိုစကားကို ကြားလိုက်ရသောအခါ လူထူးလူဆန်း ခြောက်ယောက်တို့သည် လင့်ဟူချိုးကို လွှတ်ချလိုက်ပြီး တစ်ယောက်တစ်ခွန်းစီ အော်ဟစ်နေကြတော့၏။

“အဲဒီကောင်ဘယ်မလဲ … ငါတို့ကို ခေါ်သွားစမ်း…. အဲဒီကောင်ကို ပုရွက်ဆိတ်ချေသလို သတ်ပစ်မယ် …”

“ဘာ ကောင်းဆန်းဂိုဏ်း … ဘာ ထိုက်ဆန်းဂိုဏ်းလဲ … ငါတို့ အုံ့ဖွယ်ခြောက်ယောက်က ဒီကောင်တွေကို ငါတို့နဲ့ တူတယ်တန်တယ်လို့ အိပ်မက်ထဲတောင် ထည့်မမက်ဘူးကွ …”

“ဒီကောင်တွေက သေရွာကို တော်တော်သွားချင်ကြတယ်ပေါ့လေ … သတ်မယ် … ဒီကောင်တွေကို ပုရွက်ဆိတ် ချေသလိုကို သတ်ပြမယ် …”

လင့်ဟူချိုးက … “ခင်ဗျားတို့ကတော့ … ခင်ဗျားတို့ကိုယ် ခင်ဗျားတို့ အုံ့ဖွယ်ခြောက်ယောက်လို့ ခေါ်ကြတယ် … ဟိုလူတွေကျတော့ တစ်မျိုး … ကျုပ်နားထဲမှာတော့ အုံ့ဖွယ်ခြောက်ယောက်လို့ မကြားမိပါဘူး … ဘာတဲ့ … သရဲခြောက်ကောင်တဲ့ … အဲဒါ အမြဲတမ်း ခေါ်နေကြတာပဲ … ဒီမှာ ခင်ဗျားတို့ ခြောက်ယောက်စလုံးကို ကျုပ်က သတိပေးလိုက်မယ် … စေတနာနဲ့ သတိပေးတာပါ … ဒီလူတွေကို သွားမတွေ့ပါနဲ့ … ဒီလူတွေရဲ့ သိုင်းပညာက တကယ့်ကို ကြောက်စရာကောင်းပါတယ်.. .. မတွေ့တာဟာ ခင်ဗျားတို့အဖို့ ဘေးရန်ကင်းတာပါပဲ …”

ထိုအခါ မျက်နှာနီနီနှင့် လူဆန်းတစ်ယောက်က အော်လိုက်သည်။

“မရဘူးကွ … ငါတို့ ဒီကောင့်ကို သတ်ရမှ ကျေနပ်မယ်”

မျက်နှာရှုံ့တွနေသောလူက … “ဟေ့ကောင်တွေ … ကြည့်ရတာ အခြေအနေ သိပ်ဟန်ပုံ မရဘူးကွ … ကောင်းဆန်းဂိုဏ်းက လူတွေ ဒီလိုပြောရဲတယ်ဆိုတော့ သူ့မှာ တကယ့် ထိပ်သီးသိုင်းပညာ ရှိလို့ဖြစ်မယ်ကွ … ငါတို့က အဲဒီလူကို နိုင်ချင်မှနိုင်မှာ … ငါတို့ သွားရန်မရှာတာ အကောင်းဆုံးပါကွာ …”

မျက်နှာရှည်ရှည် လူဆန်းတစ်ယောက်က ဝင်၍ ပြောတော့သည်။

“အစ်ကိုလေးက သတ္တိအနည်းဆုံးပဲ … ဒီကောင်တွေနဲ့ ချတောင်မချရသေးဘူး … ဘယ့်နှယ့် ရှုံးမယ်လို့ အသေအချာ ပြောနေရတာလဲ …”

မျက်နှာရှုံ့တွနေသည့် အစ်ကိုလေးဆိုသူက … “မင်းမကြားဘူးလား … သူတို့ပြောတဲ့စကားကို ပုရွက်ဆိတ် ချေသလို ချေသတ်လိုက်ရင် ငါတို့ ဒုက္ခမရောက်ပေဘူးလား ..”

လင့်ဟူချိုးသည် အလွန်ရယ်ချင်နေမိ၏။ မျက်နှာရှုံ့တွနေသော လူထူးလူဆန်းသည် ဤမျှ သိုင်းပညာတော် နေပါလျက် အဘယ်ကြောင့် သတ္တိနည်းနေရသည်ကို မတွေးတတ်အောင် ဖြစ်နေတော့သည်။ ထို့ကြောင့် လင့်ဟူချိုး သည် ရုတ်တရက် သံကုန်အော်ဟစ်လိုက်တော့၏။

“ဟုတ်တယ် … ဟုတ်တယ် … ခင်ဗျားတို့ မြန်မြန်ပြေး ပြေးကြတော့ … တော်ကြာ ဟိုလူက ခင်ဗျားတို့

ဒီမှာရှိနေတယ်ဆိုတာ သတင်းကြားပြီး လိုက်လာရင် ခင်ဗျားတို့ ထွက်ပြေးဖို့ အချိန်ရှိတော့မှာ မဟုတ်ဘူး ...”

ထိုအခါ မျက်နှာရှုံ့တွနေသောလူသည် ထိုစကားကို ကြားလိုက်သည်နှင့် ချက်ချင်းပင် ခုန်ပေါက် ပြေးထွက်သွားတော့၏။ လျှပ်တစ်ပြက်အတွင်း ထိုလူ၏အစအနကိုပင် မမြင်ရတော့ချေ။

လင့်ဟုချုံးမှာမူ ထိုလူ၏ ကိုယ်ဖော့သိုင်းပညာ ဤမျှ ကောင်းမွန်နေသည်ကို တွေ့လိုက်ရသောအခါ အလွန်တရာ ထိတ်လန့်သွားတော့၏။ မျက်နှာရှည်ရှည်နှင့် လူဆန်းက ...

“ဟော့ကောင်တွေ သွားကြစို့ ... ဟို ကောင်းဆန်းဂိုဏ်းကကောင်ကို သွားဆုံးမကြမယ် ... အစ်ကိုလေးက ကြောက်တတ်တဲ့လူဆိုတော့ သူ မလိုက်တာဘဲ ပိုကောင်းတယ် ...”

ကျန်လေးယောက်ကလည်း သံသေးသံကြောင်ဖြင့် အော်ဟစ်လိုက်ကြတော့သည်။

“ဟုတ်တယ် ... သွားမယ် ... တိုက်မယ် ... ခိုက်မယ် ... သူသေကိုယ်သေချမယ် ...”

လင့်ဟုချုံးက ... “ခင်ဗျားတို့ တိုက်ခိုက်ချင်တယ်ဆိုရင် တိုက်ခိုက်ရပ့်စေမယ်။ ဒါပေမယ့် ကျုပ်ကိုတော့ ကတိတစ်ခုပေးရမယ် ...”

မြင်းမျက်နှာနှင့်တူသူက ... “ဘာလဲဆိုတာအရင်ပြော ... ဖြစ်နိုင်မယ်ဆိုရင် ကတိပေးမယ် .... မဖြစ်နိုင်ဘူးဆိုရင်တော့ ဘာကတိမှ မပေးနိုင်ဘူး ...”

လင့်ဟုချုံးက စိတ်ထဲ၌ တွေးလိုက်မိသည်။

“ဒီလူခြောက်ယောက်ထဲမှာ ဟောဒီ မြင်းမျက်နှာနဲ့လူက ဉာဏ်အရှိဆုံးပဲ တော်ရုံတန်ရုံတော့ တွေးခေါ်တတ်တယ် ..”

လင့်ဟုချုံးက အသံကိုမြှင့်၍ ပြောလိုက်သည်။

“ခင်ဗျားတို့ကို ကောင်းဆန်းဂိုဏ်းကလူနဲ့ စာရင်းရှင်းဖို့ ခေါင်းဆောင်ပြီးခေါ်သွားရမှာက ကျုပ်ပဲ .. ဒီတော့ ဟိုရောက်ရင် ကျုပ်ပြောတဲ့စကားကို ခင်ဗျားတို့ နားထောင်ရမယ် ..”

အားလုံးက ... “သဘောတူတယ် ... ”ဟု အော်လိုက်ကြတော့၏။

လင့်ဟုချုံးက ... “ဟိုရောက်ရင် သူတို့ကို တွေ့တဲ့အခါကျရင် ခင်ဗျားတို့ စကားတွေလျှောက်မပြောပါနဲ့ ... ပေါက်ကရတွေလည်း လျှောက်မလုပ်ကြပါနဲ့ ... တော်တော်ကြာ သိုင်းလောက က ထိပ်သီးသိုင်းသမားတွေရှေ့မှာ ခင်ဗျားတို့ အံ့ဖွယ်ခြောက်ယောက်ဟာ ဘာမှနားလည်မှုမရှိဘူး ... လူမှုရေးနားမလည်ဘူးလို့ အထင်ခံနေရဦးမယ် ... ဒါကြောင့် ကျုပ်ပြောသလိုလုပ်ပါ ... ခင်ဗျားတို့ အရှက်ကွဲရင် ကျုပ်လည်းမျက်နှာ ပျက်တာပဲ ...”

လင့်ဟုချုံး၏ စကားများကို လူထူးလူဆန်း ငါးယောက်တို့က သာသာကြည်ကြည်နှင့်ပင် လက်ခံသဘောတူကြသည်။

လင့်ဟုချုံးက ... “ကောင်းပြီ ... ခင်ဗျားတို့ကတိကို ကျုပ်ယုံတယ် ... ကောင်းဆန်းဂိုဏ်းက ခင်ဗျားတို့ကို စော်ကားတဲ့လူကို သွားတိုက်ကြစို့ ... ကျုပ်နောက်ကို လိုက်ခဲ့ကြပေတော့ ...”

သူကပြောပြောဆိုဆိုနှင့် ရှေ့မှ ခပ်တင်းတင်းလျှောက်သွားတော့၏။ အတန်ကြာသောအခါမှ မျက်နှာရှုံ့တွနေသောလူမှာ တောအုပ်တွင်းမှ ခေါင်းတပြုပြုနှင့် နောက်ဘက်မှ တိတ်တဆိတ် ခိုးကြောင်ခိုးဝှက် လိုက်ပါလာသည်ကို တွေ့ရ၏။ များမကြာမီ သူတို့လူအုပ်နားသို့ ရောက်ရှိလာတော့၏။ လင့်ဟုချုံးက ထိုသူ၏ သတ္တိနည်းပုံကို သိရှိပြီးဖြစ်၍ သူတို့နှင့်အတူတကွ ထိုသူ လိုက်ပါလာအောင် စကားတစ်မျိုးဖြင့် စည်းရုံးရတော့၏။

“ဟော့လူ လာစမ်းပါ ... ကျုပ်တို့နဲ့အတူတူပဲ လိုက်ခဲ့စမ်းပါ။ ကောင်းဆန်းဂိုဏ်းက သိုင်းပညာမှာ ခင်ဗျားတို့နဲ့ အများကြီးကွာပါတယ် ... သူတို့ကို လုံးဝကြောက်ဖို့မလိုပါဘူး ... ကျုပ်တို့က စာရင်းရှင်းဖို့ သွားကြတာပဲ ဥစ္စာ ... လာလိုက်ခဲ့ ...”

ထိုလူသည် လင့်ဟုချုံး၏ စကားကို ကြားလိုက်ရသောအခါ စိတ်သက်သာရာ ရသွားပြီး သူ၏အရုပ်ဆိုး လှသောမျက်နှာကြီး၌ အပြုံးပန်းများပွင့်လာတော့၏။ လင့်ဟုချုံးတို့နှင့်အတူ စိတ်ပါလက်ပါ လိုက်ပါလာတော့သည်။

လင့်ဟုချုံး၏ စိတ်ထဲ၌ ... “အင်း ... ဒီလူထူးလူဆန်း ခြောက်ယောက်က နည်းနည်းကြောင်တောင်တောင် ပေါသွပ်သွပ်ဖြစ်နေတာကလွဲလို့ စိတ်သဘောထား မဆိုးလှပါဘူး ... ရိုးဖြောင့်ပုံလည်းရတယ်၊ လူဆိုးလူယုတ်မာတွေတော့ ဟုတ်ဟန်မတူဘူး ... သူတို့နဲ့ အပေါင်းအသင်းလုပ်ရတာလည်း သိပ်မဆိုးလှပါဘူး ...” ဟု တွေးနေမိသည်။

လင့်ဟုချုံးက ပြုံးရယ်ရင်း ... “ခင်ဗျားတို့ အံ့ဖွယ်ခြောက်ယောက်ကတော့ .. တကယ့်ကိုကျော်ကြားပေါ့ဗျာ .. ခင်ဗျားတို့ ဂုဏ်သတင်းကို ကျုပ်တော့ အမြဲကြားနေရတာပဲ .. ခင်ဗျားတို့ တစ်ယောက်စီရဲ့နာမည်ကို ကျုပ် သိခွင့်မရှိဘူးလား ...” ဟု သူတို့အား မြှောက်ပင့်မေးမြန်းလိုက်သည်။

လူထူးလူဆန်းခြောက်ယောက်တို့သည် သူတို့၏ ဂုဏ်သတင်းကို လင့်ဟူချုံးက အမြဲတမ်းကြားနေရသည်ဟု ပြောကြားလိုက်သောအခါ အလွန်အားရ ကျေနပ်သွားတော့၏။

မျက်နှာရှုံ့တွနေသောလူက ရှေးဦးစွာ လက်မထောင်၍ ပြောလိုက်၏။

"ငါကတော့ အစ်ကိုကြီး ထောင်ကန်းပဲ ..."

"ငါကတော့ ဒုတိယ ထောင်ရှမ်း .."

"ငါက တတိယလား စတုတ္ထလားတော့ မသိဘူးကွ၊ နာမည်ကတော့ ထောင်ကျက် .."

"အေး ... ဟုတ်တယ် .. ငါနဲ့ သူနဲ့က ခွဲရခက်နေတယ် ... ငါလည်း စတုတ္ထလား တတိယလား မသိဘူး .. ငါ့နာမည်က ထောင်ချက် ..."

လင့်ဟူချုံးက တအံ့တသြ မေးလိုက်၏။

"ဘယ်လို ... ခင်ဗျားတို့နှစ်ယောက်က ဘယ်သူ တတိယ၊ ဘယ်သူ စတုတ္ထဆိုတာ မသိကြဘူးလား .."

ထောင်ကျက်က ... "ငါတို့နှစ်ယောက်က မသိတာ မဟုတ်ပါဘူး ... ငါတို့အမေက မေ့သွားတာပါ ..."

လင့်ဟူချုံးသည် ထိုစကားကို ကြားလိုက်ရသောအခါ ပို၍ တအံ့တသြ ဖြစ်သွားပြန်တော့သည်။

"ဘယ်လိုကြောင့် ခင်ဗျားတို့ကို အဖေနဲ့အမေက မေ့သွားကြရတာလဲ ..."

ထောင်ကျက်က ရှင်းပြသည်။

"အမေက ငါတို့နှစ်ယောက်ကို ရှေ့ဆင့်နောက်ဆင့်မွေးတာပဲ ... အစတုန်းကတော့ ဘယ်သူ တတိယ၊ ဘယ်သူ စတုတ္ထဆိုတာ သေသေချာချာသိတယ် ... နောက်တော့ မေ့သွားတော့ ငါတို့နှစ်ယောက်လည်း ရောကုန် တော့တာပဲ ..."

ထိုစဉ် ထောင်ရက်က ထောင်ကျက်အား လက်ညှိုးထိုးပြီး ...

"သူက ငါ့ဆီက တတိယ အတင်းလုနေတဲ့ကောင်ပေါ့ ... ငါ့ကိုတော့ စတုတ္ထလုပ်ခိုင်းတယ် ... ငါက သူ့ကို 'အစ်ကိုသုံး' လို့ ခေါ်ရမတဲ့၊ မခေါ်ရင် ငါနဲ့ရန်ဖြစ်တာပဲ ... ငါကလည်း သနားပြီး လိုက်လျောလိုက်ပါတယ် ..." ဟု ပြောလေတော့သည်။

လင့်ဟူချုံးက တဟားဟားရယ်ရင်း... "လက်စသတ်တော့ ခင်ဗျားတို့နှစ်ယောက်က အမြွှာပူးညီအစ်ကိုကိုး..."

ပြောရင်းမှ သူ့စိတ်ထဲတွင် တီးတိုးပြောလိုက်မိတော့သည်။

"ဒီလို သွပ်ချောင်ချောင်အမေမျိုး ရှိနေမှတော့ အခုလို ရူးပေါပေါသားတွေလည်း မွေးလာတော့တာပေါ့ ..."

လင့်ဟူချုံးသည် ကျန်နှစ်ယောက်အား မေးငေါ့၍ မေးလိုပ်သည်။

"ခင်ဗျားတို့နှစ်ယောက်ကရော ..."

"ငါက ထောင်ဝါးကွ ..."

"ငါက ထောင်ဆက် ..."

ထိုစဉ် ထောင်ဝါးက ...

"ငါတို့ညီအစ်ကိုတွေထဲမှာ ငါ့နာမည်က အလှဆုံး မဟုတ်လား၊ မင်း ပြောစမ်း .."

လင့်ဟူချုံးက ရယ်မော၍ ... "ဟုတ်တယ် ... ခင်ဗျားနာမည်က သိပ်လှတာပဲ ... ကျန်တဲ့နာမည်တွေ ကလည်း လှတာချည်းပဲ .... ကျုပ်မှာသာ ဒီလောက်လှတဲ့ နာမည်မျိုးရှိရင် ဘယ်လောက်မျက်နှာပွင့်လိုက်မလဲ မသိဘူး ..."

အံ့ဖွယ်ခြောက်ယောက်ဟု ခေါ်တွင်သော လူထူးလူဆန်းခြောက်ယောက်တို့သည် ကျုပ်မပြည့်စိတ်ထား ရှိသူများဖြစ်ရာ လင့်ဟူချုံး၏ ချီးကျူးသံများကို ကြားလိုက်ရသောအခါ အလွန်ဝမ်းသာအားရဖြစ်ပြီး အလွန်ကျေနပ်သွားကြတော့သည်။ သူတို့၏စိတ်ထဲ၌ လင့်ဟူချုံးအား အကောင်းဆုံး အတော်ဆုံးလူဟု သတ်မှတ်လိုက်ကြတော့၏။

လင့်ဟူချုံးက ရယ်မောရင်း .. "ကဲ .. ကျုပ်တို့ရဲ့ ရန်သူတွေဆီ ချီတက်ကြစို့ .." ဟု ပြောလိုက်တော့သည်။

ဤသို့ဖြင့် မကြာမီပင် ဝါဆန်းဂိုဏ်း၏ ခန်းမကြီးတည်ရှိရာသို့ ရောက်ရှိလာတော့၏။

× × × × ×

စာစဉ် (၄) ပြီးပါပြီ။

# သိုင်းေယာကာꩡါ်ꩢီꩫေꩤါ်သ့

## ꩡာꩡု် (၅)

# သိုင်းလောက၏ စိန်ခေါ်သံ

## စာစဉ်(၅)

## မာတိကာ


| | | | |
|---|---|---|---|
| အခန်း(၂၈) | အံ့ဖွယ်ခြောက်ယောက် | **htetkgkin** | ၃၄၀ |
| အခန်း(၂၉) | အတွင်းအားဖြင့် ကုသခြင်း | **htetkgkin** | ၃၅၀ |
| အခန်း(၃၀) | ရှောင်တိမ်းခြင်း | **htetkgkin** | ၃၆၂ |
| အခန်း(၃၁) | သေပေါင်း ရှင်ပေါင်း | **HarryLwin** | ၃၇၃ |
| အခန်း(၃၂) | မိုးထဲလေထဲ တိုက်ပွဲ | **HarryLwin** | ၃၈၇ |
| အခန်း(၃၃) | အနိုင်မခံ အရှုံးမပေး | **HarryLwin** | ၄၀၂ |
| အခန်း(၃၄) | ပြောမထွက်သော ဝေဒနာ | **HarryLwin** | ၄၀၉ |
| အခန်း(၃၅) | ရွှေဓားရှင် အိမ်ကြီး | **HarryLwin** | ၄၂၁ |



**scanned by NEO@mmcp**

ပထမအဆင့် တည်းဖြတ်သူ **hotrod**

ဒုတိယအဆင့် တည်းဖြတ်သူ **HarryLwin**

အချောသတ် တည်းဖြတ်သူ **sideeffect**

## အံ့ဖွယ်ခြောက်ယောက်

ခန်းမတည်ရှိရာသို့ ရောက်ရှိလာသောအခါ လောင်တက်၊ လန်ဖား၊ စီးကျိုက်၊ လိန်လိန်နှင့် လင်မိန်ကျက် အစရှိသည့် ဂိုဏ်းတူညီအစ်ကို မောင်နှမများက အပြင်ဘက်တွင် ရပ်နေသည်ကိုတွေ့ရ၏။ သူတို့လေးယောက်စလုံး၏ မျက်နှာများသည် ညှိုးငယ်နွမ်းရော်လျက်ရှိကြသည်။ ရုတ်တရက် ဖြစ်ပေါ်လာသော ပြဿနာများသည် သူတို့၏နှလုံးသားကို စိုးရိမ်သောက ဗျာပါဒတို့ဖြင့် ပူလောင်စေလျက်ရှိနေခဲ့ချေပြီ။

ထိုစဉ် လင့်ဟူချုံးကို ရုတ်တရက်တွေ့လိုက်ရသောအခါ သူတို့၏ ညှိုးငယ်နေသည့် မျက်နှာများသည် ချက်ချင်းလိုလိုပင် ဝင်းထိန်တောက်ပသွားတော့၏။ သူတို့၌ ကုန်ဆုံးလျော့ပါးနေသော အားအင်များ ပြန်လည်ပြည့်ဖြိုးလာသကဲ့သို့ ထင်မှတ်လိုက်ကြတော့သည်။

လောင်တက်သည် လင့်ဟူချုံးနားသို့ အပြေးအလွှား ရောက်ရှိလာကာ ...

“အစ်ကိုကြီး ... ဆရာတို့ အထဲမှာ ဧည့်သည်တွေနဲ့ စကားပြောနေကြတယ် ... ”

လင့်ဟူချုံးသည် အံ့ဖွယ်ခြောက်ယောက်တို့အား ခေတ္တမျှရပ်ရန် လက်ဟန်ခြေဟန်ဖြင့် ပြလိုက်သည်။ အံ့ဖွယ်ခြောက်ယောက်ကလည်း လင့်ဟူချုံး အချက်ပြသည်ကို တွေ့လိုက်ရသဖြင့်ရပ်နေကြ၏။ လင့်ဟူချုံးက လောင်တက်အား ...

“လောင်တက် ... ဒါက ငါ့သူငယ်ချင်းတွေ ... မင်းတို့ ဘာမှစိုးရိမ်မနေကြနဲ့ ... ငါ အထဲဝင်ကြည့်မယ် ... ”

ဟု ပြောလိုက်၏။

ထို့နောက် သူက ပြတင်းပေါက်သို့ လျှောက်သွားပြီး အတွင်းဘက်သို့ လှမ်းကြည့်လိုက်လေတော့သည်။

ထိုအခါ ဧည့်သည်များထိုင်သည့်ထိုင်ခုံတွင် ကိုယ်လုံးကိုယ်ထည်ကြီးမားသော အဘိုးကြီးတယောက်ထိုင်နေ၏။ သူ၏ညာလက်တွင် မဟာမိတ်အဖွဲ့ချုပ်အလံကို ကိုင်ထား၏။ ထိုလူသည် လုရိပြောသည့် ကောင်းဆန်းဂိုဏ်းမှ ထိပ်သီးသိုင်းသမား ဖြစ်ပေလိမ့်မည်။

ထိုလူ၏ အောက်ဘက်တွင်မူ အသက်လေးဆယ်ကျော်ခန့်ရှိသော ရသေ့တစ်ပါးထိုင်နေသည်။

သူနှင့်ခပ်လှမ်းလှမ်းအကွာတွင်မူ အသက်သုံးဆယ်ကျော်ခန့်ရှိသော မယ်သီလရှင်တစ်ပါးနှင့် အသက်ငါးဆယ်အရွယ်ခန့်ရှိ အဘိုးကြီးတို့ထိုင်နေကြ၏။

သူတို့၏ အဝတ်အစားများကို ကြည့်ခြင်းအားဖြင့် ချုံးဆန်း၊ ဟန်ဆန်း၊ ထိုက်ဆန်းဂိုဏ်းသားများဖြစ်ကြောင်း ကွဲကွဲပြားပြားပင် သိရှိနိုင်၏။

ထိုသုံးယောက်၏ နောက်ဘက်တွင်မူ အသက်ငါးဆယ်ကျော် လူသုံးယောက် ထိုင်နေကြ၏။

သူတို့အားလုံး၌ ဓားကိုယ်စီ ချိတ်ဆွဲထားကြသည်။

ဓားမှာ ဝါဆန်းဂိုဏ်းသားများ ကိုင်ဆွဲအသုံးပြုလေ့ရှိသော ဓားအမျိုးအစားပင် ဖြစ်တော့၏။

ပထမတစ်ယောက်၏ မျက်နှာမှာ အလွန်တရာ တင်းမာခက်ထန်နေပေသည်။

လုရှိပြောထားသည့် စကားများအရ မှန်းဆကြည့်သောအခါ ထိုလူသည် ဖုန်းပုမိန်ဆိုသူဖြစ်ဟန်ရှိပေသည်။

ဆရာနှင့်ဆရာမတို့ကမူ အိမ်ရှင်ထိုင်သည့်စားပွဲ၌ ထိုင်လျက်ရှိနေ၏။

ထိုစဉ် ချုံးဆန်းဂိုဏ်းမှ အဘိုးကြီးက ...

"နောင်ကြီး ရက်ပုချွန် ... ခင်ဗျားတို့ဂိုဏ်းရဲ့ကိစ္စကို ကျုပ်တို့အပြင်လူက ဝင်မစွက်တာတော့ အမှန်ပါပဲ ... ဒါပေမယ့် ကျုပ်တို့ဂိုဏ်းကြီးငါးဂိုဏ်းက မဟာမိတ်ဖွဲ့ထားကြတော့ ဝင်မစွက်သင့်ပေမယ့် ဝင်စွက်နေရတာပါပဲ ... ဘာကြောင့် စွက်ရသလဲလို့မေးရင် အကြောင်းရှိနေတယ်လို့ ဖြေရမှာပါပဲ ... တကယ်လို့ ကျုပ်တို့ထဲက တစ်ဂိုဏ်းဂိုဏ်းက မကောင်းတော့ဘူး ... နာမည်ပျက်စရာ အလုပ်တစ်ခုခု လုပ်ပြီဆိုရင် ကျန်တဲ့လေးဂိုဏ်းလည်း နာမည်ပျက်ရတော့မှာပါပဲ ... မဟာမိတ်တွေဖွဲ့ထားကြတာကိုး ... ဒါကြောင့်မစွက်ချင်ပေမယ့် ဝင်စွက်နေကြရတာပါ ... ကျုပ်တို့ ချုံးဆန်းဂိုဏ်း၊ ဟန်ဆန်းဂိုဏ်းနဲ့ ထိုက်ဆန်းဂိုဏ်းတွေ ဝင်မစွက်သင့်ဘူးဆိုတာ မမှန်တော့ပါဘူး ... "

လင့်ဟူချုံးသည် ဆွေးနွေးနေသည့် စကားသံများကို ကြားလိုက်ရသောအခါ လွန်စွာစိတ်သက်သာရာရသွားသည်။

သူတို့ ရန်မဖြစ်ကြသေး။

ယခု သူ ရောက်လာပြီဖြစ်၍ ဆရာတို့ဘက်က တစ်စုံတစ်ခု ဝင်ကူညီနိုင်နေပေပြီ။

ရက်ပုချွန်၏ဇနီး ဖူးလင်က ...

"ရှင့်ပြောပုံ ဆိုပုံက မဟုတ်သေးပါဘူး ... ရှင့်စကားက ကျွန်မတို့ ဝါဆန်းဂိုဏ်းက မဟုတ်မမှန်တာတွေ လျှောက်ပြောနေတယ်လို့ ဆိုလိုနေပုံပေါက်တယ် ... ကျွန်မတို့ဂိုဏ်းရဲ့လုပ်ရပ်ဟာ ရှင်တို့ဂိုဏ်းတွေကို သိက္ခာကျစေတယ်လို့ ဆိုလိုနေတာလား ... "

ချုံးဆန်းဂိုဏ်းမှ လူ၏နာမည်မှာ ဖန်လင်ရုံဖြစ်၏။

အမှန်စင်စစ် ချုံးဆန်းဂိုဏ်းမှ လူသည် ဝါဆန်းဂိုဏ်း၏အတွင်းရေးကိစ္စနှင့် မည်သို့မျှ မပတ်သက်ချေ။

သို့သော် ထိုသူမှာ စကားအလွန်များသူဖြစ်၍ ကိုယ်နှင့်ဆိုင်သည်ဖြစ်စေ မဆိုင်သည်ဖြစ်စေ ဝင်ရောက်စွက်ဖက်မည့် လူမျိုးသာဖြစ်၏။

ယခု ဖူးလင်၏စကားကို ကြားလိုက်ရသောအခါ သရော်ပြုံး ပြုံးလိုက်သည်။

"ဝါဆန်းဂိုဏ်းကို တကယ်အုပ်ချုပ်တာက ဘယ်သူမှားလဲ မသိဘူး ... "

ဖူးလင်က ... သူမ၏ယောကျ်ားဖြစ်သူ ရက်ပုချွန်နှင့်အတူ အကျိတ်အနယ် ဝင်ရောက်ဆွေးနွေးနေသဖြင့် ယောကျ်ားဖြစ်သူ ဂိုဏ်းချုပ်ကြီးထက်ပင် အာဏာပိုပြင်းနေသယောင် စောင်းချိတ်လိုက်ပြီး ရက်ပုချွန်က ဂိုဏ်းချုပ်ကြီးလော ဖူးလင်က ဂိုဏ်းချုပ်ကြီးလောဟု သရော်ပြော ပြောလိုက်ခြင်းသာဖြစ်ပေ၏။

ဖူးလင်က ..

"ကျွန်မတို့က ရှင်တို့ကို ဧည့်သည်ဆိုပြီး ခွင့်လွှတ်ပါတယ် ... ဒါပေမယ့် ဧည့်သည်က ဧည့်သည်စကားပြောတာပဲ ကောင်းပါတယ်၊ ဒါကြောင့် ရှင့်အနေနဲ့ စကားပြောရင် ဆင်ဆင်ခြင်ခြင်ပြောပါ ... "

ဖန်လင်ရုံက ခနဲ့ပြုံးပြုံးလိုက်ပြီး ..

"ကျုပ်ကလည်း ဧည့်သည်ဖြစ်နေလို့ပေါ့ ... တကယ်လို့ ဒီနေရာမှာသာ ဝါဆန်းဂိုဏ်းရဲ့ဌာနချုပ်မဟုတ်ဘဲ တခြားတစ်နေရာရာသာဆိုရင် ကျုပ်က ခင်ဗျားခေါင်းကို ဖြတ်ပစ်လိုက်ပြီ ... "ဟု ရိုင်းစိုင်းစွာပြောတော့၏။

ဖူးလင်က ..

"ကျွန်မတော့ ဒီလို မလုပ်ရဲဘူး … ကျွန်မတို့ ဝါဆန်းဂိုဏ်းက ရှင်တို့ဂိုဏ်းရဲ့ကိစ္စကို ဝင်မစွက်ဘူး … ကျွန်မတို့က ဘီလူးစည်း လူစည်း ခွဲခြားထားတယ် … စည်းမဲ့ကမ်းမဲ့ ပြောချင်တိုင်းပြော … လုပ်ချင်တိုင်း လုပ်တာမဟုတ်ဘူး … ရှင်တို့ဂိုဏ်းကလူ မကောင်းဆိုးဝါးဂိုဏ်းနဲ့ပေါင်းလို့ ကောင်းဆန်းဂိုဏ်းချုပ်က ဝင်ဖြေရှင်းလိုက်တာပဲ မဟုတ်လား … ရှင့်တို့ဂိုဏ်းကိစ္စကို ကျွန်မတို့က ဝင်စွက်ဖို့ မလိုပါဘူး … "

သူမ၏စကားများသည် အလွန်တရာကို ထိမိလှတော့၏။ ချိုးဆန်းဂိုဏ်းမှ လျှို့ကျက်ဖုန်းမှာ မကောင်းဆိုးဝါးဂိုဏ်းသားနှင့် ပေါင်းမိသဖြင့် နောက်ဆုံး တစ်မိသားစုလုံး အသတ်ခံခဲ့ရပေသည်။ ထိုအချက်ကို သိုင်းလောက တစ်ခုလုံးက သိရှိခဲ့ပြီးဖြစ်၏။

သူမက ဤကိစ္စကို ပြန်ဖော်လိုက်ခြင်းမှာ ချိုးဆန်းဂိုဏ်းသားတို့သည်လည်း မဟာမိတ်အဖွဲ့၏စည်းကမ်းများ ကျူးလွန်ဖောက်ဖျက်တတ်ကြပုံကို ထုတ်ဖော်ခနဲ့လိုက်ခြင်းသာဖြစ်၏။

ဖူးလင် ပစ်ခတ်လိုက်သော မြားချက်သည် ပစ်ကွင်းတည့်တည့်သို့ ထိမှန်သွားတော့၏။

ဖန်လင်ရုံသည် ဖူးလင်၏စကားကို ကြားလိုက်ရသောအခါ အကြီးအကျယ် မျက်နှာပျက်သွားပြီး ခက်ထန်စွာဖြင့် အော်ဟစ်လိုက်တော့၏။

"ခင်ဗျား စကားပြောရင်ကြည့်ပြောပါ … ဘယ်ဂိုဏ်းမှာမဆို မကောင်းတဲ့တပည့်ဆိုတာ ရှိစမြဲပါ … သိုးအုပ်တစ်အုပ်မှာ သိုးမည်းတစ်ကောင်တော့ပါစမြဲပဲ … ကျုပ်အခု ဝါဆန်းဂိုဏ်းကို လာရတာကလည်း အကြောင်းမဲ့လာတာ မဟုတ်ဘူး … ဖုန်းပုမိန်ကို ကူညီပြီး ဝါဆန်းဂိုဏ်းထဲက လူဆိုးတွေကို ဖယ်ရှားပစ်ဖို့ လိုက်လာရတာ … "

ဖူးလင်က ခနဲ့ပြုံးပြုံးရင်း အေးအေးဆေးဆေးပင် ပြန်ပြောလိုက်သည်။

"ဘယ်သူလဲ လူဆိုးဆိုတာ … ကျွန်မယောကျ်ားက လူဆိုးလား … ကျွန်မတို့ကတော့ ကိုယ့်ယောကျ်ားကို ရိုးရိုးပဲ ခေါ်တာပဲ၊ ဒါပေမယ့် သိုင်းလောကက ပုဂ္ဂိုလ်တွေကတော့ ကျွန်မယောကျ်ားကို 'သစ္စာရှင်ဓားသမား' လို့ ခေါ်ကြတယ် … နာမည်ဂုဏ်ဆိုတာ ကိုယ့်လည်ပင်းကိုယ်ချိတ်လို့ ရတာမျိုးမဟုတ်ဘူး … သူ့ရဲ့ အတိတ်ပစ္စုပ္ပန် လုပ်ရပ်တွေ တော်တည့်ဖြောင့်မှန်မှသာ ထိုက်တန်တဲ့ နာမည်ဂုဏ်ကို သက်ဆိုင်တဲ့ လောကအသိုင်းအဝိုင်းက ဂုဏ်ပြုပေးအပ်ကြတာ … နာမည်ဂုဏ်လိုချင်လွန်းလို့ နာမည်ဂုဏ်ရနိုင်ရအောင် ထမင်းဝိုင်းကြီးတွေပင့်ကျွေးပြီး အဖိုးအနဂ္ဃတန်တဲ့ တန်စိုးလက်ဆောင်တွေ ပေးလို့လည်း စစ်မှန်တဲ့နာမည်ဂုဏ်ကို မရနိုင်ဘူးရှင့် … ရှေ့မှာသာ အားနာပါးနာနဲ့ ဟန်ဆောင်ဂုဏ်ပြုကြမှာ … အသွေးအသား အရိုးထဲကတော့ အဲဒီလူကို ဘာနာမည်ဂုဏ်မှ ပေးအပ်မှာမဟုတ်ဘူး … ကျွန်မယောကျ်ားရဲ့ နာမည်ကတော့ အလျဉ်းသင့်လို့ ပြောပြရတာပါ … သိပ်ပြောချင်လှလို့တော့ မဟုတ်ပါဘူး … ရှင့်နာမည်ဂုဏ်ကိုတော့ သိုင်းလောက က ဘယ်လိုပေးထားလဲမသိဘူး … "

ဖန်လင်ရုံမှာ မျက်နှာတစ်ချက် နီမြန်းသွားတော့၏။ သူ့အား သိုင်းလောကသားများက 'သိမ်းငှက်' ဟု ခေါ်ကြ၏။

'သိမ်းငှက်' ဟူသော အမည်မှာ သူ့ရှေ့တွင်ခေါ်သောအမည်ဖြစ်ပြီး သူ့နောက်ကွယ်တွင်မူ 'ကျီးကန်း' ဟုသာ ခေါ်ကြ၏။

အကြောင်းမှာ ဖန်လင်ရုံသည် စကားအလွန်များပြီး အင်မတန်စပ်စုသောကြောင့် ဖြစ်ပေသည်။

ဖန်လင်ရုံသည် ခေါင်းတပြူပြူဖြစ်လာသော သူ၏ဒေါသများကို မထိန်းချုပ်နိုင်တော့ပေ။

"အင်း … သစ္စာရှင်ဓားတဲ့ … ဘာသစ္စာရှင်ဓားလဲ … သစ္စာမဲ့ဓားလို့ခေါ်တာက ပိုအဓိပ္ပာယ်ပြည့်ဝသေးတယ် … "

လင့်ဟူချိုးမှာ သူ၏ဆရာ ရက်ပုချွန်အား ဤသို့ ပက်ပက်စက်စက် စော်ကားသည့် စကားကို ကြားလိုက်ရသောအခါ စိတ်ကို လုံးဝမထိန်းနိုင်တော့ပေ။ ဒေါသတကြီး အော်လိုက်တော့၏။

"ကျီးကန်းကြီး … သတ္တိရှိရင်ထွက်ခဲ့ … "

ရက်ပုချွန်သည် ဧည့်ခန်းမအပြင်ဘက်မှ လင့်ဟူချိုး၏အော်သံကို ကြားလိုက်ရသောအခါ ချက်ချင်းပင် တားမြစ်လိုက်တော့သည်။

"လင့်ဟူချုံး ... မင်း ဘယ်လိုပြောလိုက်တာလဲ ... ဆရာကြီးတွေကို ဒီလို ရိုင်းရိုင်းစိုင်းစိုင်း မဆက်ဆံရဘူး ... "

ဖန်လင်ရုံ၏မျက်လုံးများကား မီးတောက်မတတ် ဖြစ်နေချေပြီ။ သူ၏ဒေါသသည်လည်း အဆုံးစွန်သော အခြေအနေသို့ ရောက်ရှိနေချေပြီ။ ဝါဆန်းဂိုဏ်း၏တပည့်ကြီး လင့်ဟူချုံး ချုံးဆန်းမြို့ထဲ၌ ရှုပ်ထွေးပွေလီခဲ့သော သတင်းများကိုလည်း သူကြားမိပြီးဖြစ်၍ သူကချက်ချင်းပင် ပြန်အော်လိုက်တော့၏။

"ဩော် ... ငါက ဘယ်သူများလဲလို့ ... ဟို မိန်းမပျက်တွေနေတဲ့အိမ်မှာ သွားပျော်ပါးနေတဲ့ကောင်ကိုး ... ဝါဆန်းဂိုဏ်းက လူတော်တော်စုံတာပဲ ... "

လင့်ဟူချုံးကလည်းရယ်လျက် ..

"ဟုတ်တယ် ... ဟုတ်တယ် ... ကျုပ် ချုံးဆန်းမြို့က ခင်ဗျားပြောတဲ့အိမ်ရောက်တော့ ကျီးကန်းမလေးတစ်ကောင်နဲ့တောင် သိခဲ့သေးသဗျို့ ... " ဟု ရယ်ကျဲကျဲဖြင့် ပြန်သရော်တော့၏။

ရက်ပုချွန်က ဒေါသဖြင့် အော်လိုက်တော့၏။

"မင်း ... မင်း ဘာတွေလျှောက်ပြောနေတာလဲ ... "

လင့်ဟူချုံး ဆက်မပြောရဲတော့ပေ။

ထိုစဉ် ဖန်လင်ရုံက တံခါးကို 'ဝုန်း'ခနဲ ဆောင့်ကန်ကာ အပြင်ဘက်သို့ ခုန်ထွက်လိုက်တော့၏။

သူသည် လင့်ဟူချုံးကို မြင်ဘူးသူမဟုတ်ပေ။

ထို့ကြောင့် ဝါဆန်းဂိုဏ်းသားများဘက်သို့ လက်ညှိုးထိုး၍ အော်လိုက်၏။

"စောစောက အော်နေတဲ့ တိရစ္ဆာန်ဟာ ဘယ်ကောင်လဲ"

ဝါဆန်းဂိုဏ်းသားအားလုံး ဆိတ်ဆိတ်နေကြ၏။ ဖန်လင်ရုံက နောက်တစ်ကြိမ် အော်ဟစ်မေးလိုက်ပြန်သည်။

"ငါမေးနေတယ် ... စောစောက အော်နေတဲ့ တိရစ္ဆာန်ဟာ ဘယ်ကောင်လဲ ... "

ထိုအခါကျမှ လင့်ဟူချုံးက တဟားဟားရယ်ရင်း ..

"စောစောတုန်းက စကားပြောနေတဲ့လူကတော့ ခင်ဗျားတစ်ယောက်တည်းရှိတာပဲ ... ဘယ်တိရစ္ဆာန်လဲဆိုတာတော့ ကျုပ်လည်းမသိဘူးဗျ" ဟု ပြောလိုက်တော့၏။

လင့်ဟူချုံး၏ပြန်လည်ချိုးနှိမ်လိုက်သော စကားကို ကြားလိုက်ရသောအခါ ဝါဆန်းဂိုဏ်းသားအားလုံး အောင့်မထားနိုင်တော့ဘဲ တဟားဟား ရယ်မောမိကြတော့၏။

ဖန်လင်ရုံသည် ထပ်မံအရှက်ကွဲသွားပြန်သဖြင့် ဒေါသအမျက်ခြောင်းခြောင်းထွက်ကာ လင့်ဟူချုံးအား ချက်ချင်းခုန်အုပ် လိုက်တော့၏။

လင့်ဟူချုံးကလည်း သူ၏ဓားကို ဆွဲထုတ်ကာ တိုက်ခိုက်ရန် ပြင်လိုက်သည်။ ထိုစဉ် ရိပ်ခနဲ လူတစ်ယောက် ခုန်ထွက်လာပြီး ကြားမှ ဝင်တားလိုက်တော့သည်။

ထိုသူမှာ အခြားသူမဟုတ်။ ဖူးလင်ပင်ဖြစ်တော့၏။ သူမ၏လှုပ်ရှားမှုမှာ အလွန်ပင်လျင်မြန်လှသည်။ သူမ၏ဓားသည် အဆင်သင့်ထုတ်ပြီးသားဖြစ်၍ ဖန်လင်ရုံ၏ဓားကို ခုခံကာကွယ်လိုက်ခြင်းဖြစ်သည်။

ရက်ပုချွန်က ..

"အားလုံးကိုယ့်လူအချင်းချင်းတွေပဲ ... ဆွေးနွေးဖြေရှင်းလို့ရပါတယ် ... လက်နက်တွေထုတ်ဖို့ မလိုပါဘူး ... "

ထိုအချိန်တွင် ဖူးလင်၏ဓားနှင့် ဖန်လင်ရုံတို့၏ဓားနှစ်လက်သည် တစ်ဦးနှင့်တစ်ဦး ဖိတွန်း အားပြိုင်လျက် ရှိနေကြသည်။

ရက်ပုချွန်သည် သူတို့ထံလျှောက်သွားပြီး လောင်တက်၏ဓားကို ဆွဲယူလိုက်ကာ ဖန်လင်ရုံနှင့် ဖူးလင်တို့၏ ဓားနှစ်ချောင်းစလုံးပေါ်မှ အုပ်မိုး၍ ဖိချထားလိုက်တော့၏။

ဖန်လင်ရုံသည် အားထုတ်၍ အပေါ်သို့ မြှောက်တင်ရန် ကြိုးစားသည်။

သို့သော် သူ့ဓားသည် မြှောက်တင်ရန်မဆိုထားနှင့် အနည်းငယ်မျှပင် လှုပ်ရှား၍မရတော့ချေ။

ရက်ပုချွန်က လင့်ဟူချိုးဘက်သို့ လှည့်ကြည့်လိုက်ပြီး ...

"လင့်ဟူချိုး ... မင်းစောစောက မိုက်မိုက်ရိုင်းရိုင်း ဆက်ဆံထားတယ် ... ဒီဆရာကြီးကို ပြန်တောင်းပန်လိုက်စမ်း ..." ဟု အမိန့်ပေးလိုက်တော့၏။

လင့်ဟူချိုးမှာ သူ့ဆရာ၏စကားကို အာခံ၍မဖြစ်ချေ။ ထို့ကြောင့် ဆရာ့အမိန့်အတိုင်း အပြင်သို့ လျှောက်ထွက်လာပြီး ဖန်လင်ရုံကို ကိုင်းညွှတ်အရိုအသေပေးလိုက်ပြီး ...

"ဆရာကြီး ... ကျွန်တော် စောစောတုန်းက ပြောမှားဆိုမှားရှိခဲ့တာကို ခွင့်လွှတ်ပါ ... ကျွန်တော်တောင်းပန်ပါတယ်" ဟု တောင်းပန်လိုက်တော့၏။

ထိုအချိန်အတွင်း ဖန်လင်ရုံသည် သူ၏ဓားကို သုံးကြိမ်တိတိ အပေါ်သို့မြှောက်တင်နိုင်ရန် အပြင်းအထန် အားထုတ်မိသည်။

သို့သော် သုံးကြိမ်စလုံး ကြိုးစား၍မရခဲ့ပေ။ ရက်ပုချွန်က တစ်ချက်မျှပြုံးလိုက်ပြီး သူ၏ဓားကို ပြန်လည်ရုပ်သိမ်းလိုက်၏။

ဖန်လင်ရုံသည် သူ၏ဓားကို ချက်ချင်းပင် မြှောက်တင်လိုက်သည်။ ထိုအခါ သူ့ဓားသည် 'ထန်း' ခနဲ ကျိုးကျသွားတော့၏။ ဖူးလင်၏ဓားသည်လည်း သူ့နည်းတူ ကျိုးသွားခဲ့ရသည်။

ဖန်လင်ရုံ၏မျက်နှာသည် ရှက်ဒေါသကြောင့် ရဲရဲနီမြန်းလျက်ရှိနေပြီး ...

"ခင် ... ခင်ဗျားတို့က နှစ်ယောက်နဲ့တစ်ယောက် ... "

ရက်ပုချွန်တို့ လင်မယားနှစ်ယောက်က သူ့တစ်ယောက်တည်းကိုဝိုင်း၍ တိုက်ခိုက်ကြခြင်းဖြစ်သည်ဟု စွပ်စွဲရန် စကားစလိုက်ခြင်းဖြစ်၏။

သို့သော် ဖူးလင်၏ဓားရော သူ့ဓားပါနှစ်လက်စလုံး ကျိုးသွားခြင်းဖြစ်ရာ ဤသို့စွပ်စွဲ၍ အခြေအမြစ် မခိုင်လုံကြောင်း စဉ်းစားလိုက်မိသဖြင့် စကားတစ်ပိုင်းတစ်လက်စဖြင့် ရပ်ဆိုင်းသွားရခြင်းဖြစ်၏။

ဖန်လင်ရုံသည် ဤကဲ့သို့ အရှက်ခွဲခံလိုက်ရသောအခါ ဆက်၍မနေနိုင်တော့ဘဲ ရုတ်တရက် လှည့်ပြီးထွက်ပြေး ပျောက်ကွယ်သွားတော့သည်။

ရက်ပုချွန်ကမူ ဖန်လင်ရုံနှင့် ဖူးလင်တို့၏ဓားကို အတွင်းအားဖြင့်ချိုးပြီးမှ လင့်ဟူချိုး၏ နောက်ကွယ်၌ ရပ်နေသော ရုပ်ဆိုးဆိုး လူခြောက်ယောက်ကို သတိပြုမိတော့သည်။

လင့်ဟူချိုးသည် နောက်ဘက်သို့ လှည့်၍ အဖွဲ့ခြောက်ယောက်အား ပြောလိုက်သည်။

"ဒါက ကျုပ်ရဲ့ဆရာပဲ ... ဝါဆန်းဂိုဏ်းချုပ် ... "

သူ၏စကားကို အဆုံးအထိ မပြောလိုက်ရပေ။ အဘယ်ကြောင့်ဆိုသော် ဖုန်းပုမိန်က ကြားဖြတ်ပြောလိုက်ခြင်းကြောင့် ဖြစ်၏။

"မင်းဆရာဆိုတာတော့ မှန်တယ် ... ဒါပေမယ့် ဝါဆန်းဂိုဏ်းချုပ်တော့ မဟုတ်ပါဘူး ... ရက်ပုချွန် ... မင်းက ဒီမိုးကြိုးအတွင်းအားကိုထုတ်ပြပြီး ငါတို့ကိုကြွားလိုက်တာပေါ့ ... ဟား ... ဟား ... ဟား ... ဒီမိုးကြိုးအတွင်းအားသိုင်း တစ်ခုတည်းနဲ့တော့ ဝါဆန်းဂိုဏ်းရဲ့ဂိုဏ်းချုပ် မလုပ်နိုင်သေးပါဘူး ... ငါတို့ဝါဆန်းဂိုဏ်းက ဓားသိုင်းကို အဓိကထားတဲ့ သိုင်းကွ ... မင်းက အတွင်းအားကိုပဲအားကိုးနေတော့ လမ်းမှားကိုရောက်နေပြီ ... ငါတို့ဂိုဏ်းရဲ့ ဂုဏ်သိက္ခာကို ထိခိုက်နိုင်တယ် ... "

ရက်ပုချွန်က ..

"ဖုန်းပုမိန် ... သိုင်းလောက က လူတိုင်း ဘယ်သိုင်းပညာကို လေ့ကျင့်လေ့ကျင့် အဓိကအရေးအကြီးဆုံးကတော့ အတွင်းအားပြည့်ဖို့ဆိုတာ သိုင်းလောကသားတိုင်း သိကြတယ် ... ဓားသိုင်းပညာ ဘယ်လောက်တော်တော် အတွင်းအား သိုင်းမရှိရင် သူ့ရဲ့ဓားစွမ်းကို အကုန်ထုတ်မပြနိုင်ပါဘူး ... "

ထိုအခါ ဖုန်းပုမိန်ဘေး၌ရှိနေသော အရပ်ပုပုလူကြီးက ရုတ်တရက် အော်ဟစ်မေးလိုက်တော့၏။

"ဘယ်သူလဲကွ ... ဓားသိုင်းပညာကို အတွင်းအားမရှိရင် အစွမ်းကုန် ထုတ်မပြနိုင်ဘူးဆိုတာ ... "

ထိုအရပ်ပုပုလူကြီးမှာ တစ်ချိန်လုံး စကားမပြော ငြိမ်နေသူဖြစ်၏။

သို့သော် ယခု သူစကားပြောလိုက်သောအခါ အလွန်တရာကျယ်လောင်လှပြီး နားထဲတွင် အူသွားကြတော့၏။

ရက်ပုချွန်မှာမူ အတွင်းအားသိုင်း ပြည့်ဝနေသူဖြစ်၍ သူ့မျက်နှာမှာ တစ်ချက်ကလေးမျှ ပြောင်းလဲခြင်းမရှိဘဲ ထိုအရပ်ပုပုလူကြီးကို ကြည့်နေလိုက်၏။

မိမိက အောင်မြင်ထားသည့် 'ခြင်္သေ့ဟိန်း' အတွင်းအားသိုင်းကို ထုတ်ပြလိုက်သော်လည်း ရက်ပုချွန်၏အမူအရာ လုံးဝပြောင်းလဲခြင်းမရှိသည်ကို တွေ့လိုက်ရသောအခါ မခံချိမခံသာ ဒေါသပြင်းထန်စွာ ထွက်လာတော့၏။

ရက်ပုချွန်က ပြုံး၍ ...

"ချန်ပု ... ခင်ဗျား အခုထုတ်ပြလိုက်တဲ့ 'ခြင်္သေ့ဟိန်း' အတွင်းအားသိုင်းက ရှောင်လင်ဘုန်းကြီးကျောင်းရဲ့ သိုင်းပညာတစ်ခုပဲ ... ဒီသိုင်းပညာကိုသင်လို့အောင်မြင်ရင် တစ်ချက်အော်လိုက်တာနဲ့ လူတွေအားလုံးကို မေ့လဲသွားစေနိုင်တယ် ... "

ဟု ပြောလိုက်တော့၏။

ချန်ပုသည် ရက်ပုချွန်၏စကားကို ကြားလိုက်ရသောအခါ ...

"ဒီကောင်က အတော်ကလေး ဗဟုသုတကြွယ်တာပဲ ... ငါက ဒီသိုင်းပညာကို ဘုန်းကြီးတစ်ပါးဆီက သင်ခဲ့တာပဲ ... ဒါကိုလည်း ဒီကောင်ကြည့်ပြီး ထိုးထွင်းမြင်သားပဲ ... " ဟု သူ့စိတ်ထဲ၌ တွေးတောနေလိုက်မိ၏။

ထိုအချိန်တွင် သူ့ဓားကို ဆွဲထုတ်ပြီးနေပြီ၊ သူက ...

"အစ်ကိုကြီးဖုန်းပုမိန်ကပြောတယ် ... ခင်ဗျားဟာ ဝါဆန်းဂိုဏ်းရဲ့သိုင်းပညာကို လမ်းမှားရောက်အောင် လုပ်နေတယ်တဲ့ ... ဒါကြောင့် ခင်ဗျားက ဝါဆန်းဂိုဏ်းရဲ့ဂိုဏ်းချုပ် လုံးဝမလုပ်သင့်တော့ဘူးဆိုတာ ထင်ရှားနေပြီ ... ကဲ ... ကျုပ်ပြောမယ် ... ခင်ဗျားအနေနဲ့ ကိုယ့်ဘာသာကိုယ် ဂိုဏ်းချုပ်နေရာက အေးအေးဆေးဆေး ဆင်းပေးမှာလား ... ဒါမှမဟုတ် ကျုပ်က ရိုက်ချရမှာလား ... "

ရက်ပုချွန်က ...

"ချန်ပု ... ခင်ဗျားတို့ဓားသိုင်းအဖွဲ့ဟာ လွန်ခဲ့တဲ့အနှစ်သုံးဆယ်ကတည်းက ကျုပ်တို့ဝါဆန်းဂိုဏ်းက ထွက်ခွာသွားပြီးကြပါပြီ၊ ခင်ဗျားတို့ဟာ ဝါဆန်းဂိုဏ်းကလူတွေ မဟုတ်တော့ပါဘူး ... ဒီတော့ ဝါဆန်းဂိုဏ်းနဲ့လည်း ဘယ်လိုမှ မပတ်သက်ကြတော့ပါဘူး ... ဒီနေ့ကျတော့ ဘာဖြစ်လို့ ဝါဆန်းဂိုဏ်းကိုလာပြီး ပြဿနာရှာကြတာလဲ၊ ခင်ဗျားတို့ကိုယ်ခင်ဗျားတို့ သိုင်းပညာမှာ သိပ်တော်လာတယ်လို့ထင်ရင် ကိုယ့်ဘာသာ ဂိုဏ်းသစ်တစ်ဂိုဏ်းတည်ထောင်ပေါ့ ... လူဆိုတာကိုယ့်တိုးတက်မှုအတွက် ကိုယ့်လမ်းကိုယ်ထွင်သွားနိုင်မှ တန်ဖိုးရှိတိုးတက်တာပေါ့ ... အဲဒီအခါမှာ ကိုယ့်ရဲ့ဗဟုသုတ၊ ဆင်ခြင်တိုင်းထွာတတ်တဲ့ဉာဏ်နဲ့ ခင်ဗျားတို့မှာရှိနေတဲ့ သူရသတ္တိတွေကို လက်နက်ကိရိယာတွေအဖြစ် အသုံးပြုပေါ့ဗျာ ... ဝါဆန်းဂိုဏ်းထက် ကြီးကျယ်ကျော်ကြားမယ့် ဂိုဏ်းကြီးတစ်ဂိုဏ်းတောင် ဖြစ်ချင် ဖြစ်လာလိမ့်ဦးမယ်၊ ကျုပ်ကလည်း ချီးကျူးလိုက်ဦးမယ် ... အခုတော့ ဘယ့်နှယ့် သူများလျှောက်နေပြီးဖြစ်တဲ့ လမ်းကြောင်းကို လိုက်လုနေရတာလဲ ... ဒီကိုလာပြီး စကားများ ငြင်းခုံနေကြရတာ ဘာအကျိုးရှိမှာလဲ ... "

ချန်ပုက အော်၍ ...

"ရက်ပုချွန် ... ကျုပ်က ခင်ဗျားနဲ့ ရန်ငြိုးမရှိပါဘူး ... ဒါပေမယ့် ခင်ဗျားက ဝါဆန်းဂိုဏ်းချုပ်နေရာမှာ ဆက်ခံပြီးတဲ့နောက် သိုင်းပညာမှာ လမ်းမှားရောက်နေတယ် ... ကျုပ်ကလည်း ဝါဆန်းဂိုဏ်းသားတစ်ယောက်ဆိုတော့ ဝါဆန်းဂိုဏ်းကြီး တစ်နေ့တစ်ခြား ယိုယွင်းပျက်စီးလာတာကို ကြည့်မနေနိုင်ဘူး ... ကြည့်နေရင် ဝါဆန်းဂိုဏ်းသား ဘယ်ပီသတော့မလဲ ... " ဟု ပြောလိုက်သည်။

လင့်ဟူချုံးက စိတ်ထဲ၌ ပြောနေမိ၏။

"ဒီဖုန်းပုမိန်တို့လူသိုက်က ဓားသိုင်းအဖွဲ့ကလူတွေပဲ ... သူတို့က အခု ဆရာ့ကို လမ်းမှားရောက်နေတယ်လို့တောင် စွပ်စွဲလိုက်ကြသေးတယ် ... သူခိုးက လူဟစ်တယ်ဆိုတာ ဒါမျိုးပဲ ... ရယ်စရာကောင်းလိုက်တာ ... "

ထိုအခါ ရက်ပုချွန်က ပြုံး၍ပြောလိုက်သည်။

“ဒီလမ်းမှားရောက်တယ်ဆိုတဲ့ကိစ္စကို လွန်ခဲ့တဲ့အနှစ်သုံးဆယ်ကတည်းက ဖြေရှင်းပြီးကြပြီပဲ။ ဒီဖြေရှင်းမှုရဲ့ အကျိုးဆက်အဖြစ်နဲ့ ကျုပ်က ဂိုဏ်းချုပ်နေရာ ဆက်ခံနေခဲ့ရတာ အထင်အရှားပဲ ... အခု ဒီနေ့တစ်ခါ ထပ်ပြောနေလို့ ဘာအကျိုးရှိမှာလဲ ... ”

ချန်ပုက ..

“ဒီလိုဆိုရင် ခင်ဗျားအနေနဲ့ ဒီဂိုဏ်းချုပ်နေရာက လုံးဝဖယ်ရှားမပေးဘူးဆိုပါတော့ ... ”

ဖူးလင်က သည်းမခံနိုင်တော့ဟန်ဖြင့် ..

“ချန်ပု ... ရှင့်ကို ဧည့်သည်ဆိုပြီး ကျွန်မတို့က လိုက်လိုက်လျောလျော ဆက်ဆံနေကြတာ ... ရှင်က ဘယ်လိုလဲ ... တစ်ဆင့်တက်ပြီး စော်ကားချင်လာသလား ... ကျွန်မတို့ဝါဆန်းဂိုဏ်းက သူများကိုလေးစားပေမယ့် သူများစော်ကားလာတဲ့အခါမှာတော့ ခေါင်းငုံ့မခံဘူး ... ”

ချန်ပုက ...

“ဘာလဲ ... ခင်ဗျားက ကျုပ်လက်ထဲကဓားနဲ့ ယှဉ်ပြိုင်ချင်တယ်ဆိုတဲ့သဘောလား ... ခင်ဗျားသာ ကျုပ်ရဲ့ဓားကွက်ကိုဖျက်နိုင်ရင် ကျုပ်အနေနဲ့ တောင်ပေါ်က အေးအေးဆေးဆေးဆင်းသွားမယ် ... ”

အမှန်စင်စစ်အားဖြင့် ချန်ပုသည် ရက်ပုချွန်ကို စိန်မခေါ်ရဲချေ။ ယခု ဖူးလင်က မိန်းမဖြစ်နေ၍ သူ့အနေဖြင့် တိုက်ခိုက်ရလျှင် တစ်ပန်းသာနိုင်သည်။ အကယ်၍ သူမကိုထိန်းချုပ်ထားနိုင်လျှင် ရက်ပုချွန်ကို ခြေချုပ်မိထားသလို ဖြစ်ပေမည်။

ထိုအခါ သူ့အစ်ကိုကြီး ဖုန်းပုမိန်က ရက်ပုချွန်ကို အလွယ်တကူ ယှဉ်ပြိုင်နိုင်ပေလိမ့်မည်။

ထိုအတွေးကြောင့် သူ၏ဓားကို ဆွဲထုတ်လိုက်ပြီး ...

“ကဲ ... ရှေ့ကိုကြွပါ ... ”

ဝါဆန်းဂိုဏ်းက ‘လေသိုင်းသမား’ နဲ့ ‘ဓားသိုင်းသမားချန်ပု’ တို့ လက်ရည်စမ်းကြည့်ကြတာပေါ့။

ဖူးလင်မှာ မိန်းကလေးဖြစ်သော်လည်း သူ့ယောကျ်ားရက်ပုချွန်ထက်ပင် ဒေါသပိုကြီးသေးသည်။ ချန်ပု၏စိန်ခေါ်သံကို ကြားလိုက်ရသောအခါ သူမ၏ဓားကို ‘ရွှမ်း’ ခနဲ ဆွဲထုတ်လိုက်တော့၏။

သို့သော် သူမအနေဖြင့် ရှေ့သို့ ခုန်မထွက်ရသေးမီ လင့်ဟုချုံးက ခုန်ဝင်လာပြီး ...

“ဆရာမ ... သူတို့ ‘ဓားသိုင်းအဖွဲ့’ ကလူတွေ သိုင်းပညာကျင့်တာ လမ်းမှားနေကြတော့ ကျွန်တော်တို့ ‘လေသိုင်းအဖွဲ့’ ကလူတွေကို ဘယ်ယှဉ်နိုင်ပါ့မလဲ ... ကျွန်တော်က သူနဲ့အရင်တိုက်ကြည့်မယ်၊ နောက်မှ ဆရာမတိုက်လည်းရတာပဲ ... ” ဟုပြောပြီး သူ့ဆရာမ၏သဘောတူညီချက်ကို လုံးဝစောင့်ဆိုင်းခြင်းမပြုတော့ဘဲ ဓားကိုင်၍ အသင့်အနေအထားသို့ ပြင်ဆင်လိုက်တော့၏။

ချန်ပုမှာ သူလိုလူကို ဝါဆန်းဂိုဏ်း၏တပည့်တစ်ယောက်က ထွက်၍စိန်ခေါ်လိုက်ခြင်းအတွက် အလွန်တရာ ဒေါသထွက်လာခဲ့သည်။ သူက လင့်ဟုချုံးကို တစ်ချက်တည်းနှင့် အသေထိုးသတ်ပစ်လိုက်ရန် စိတ်ပိုင်းဖြတ်လိုက်သည်။

ထို့ကြောင့် သူက တစ်ချက်အော်ဟစ်ပြီး တစ်ရှိန်ထိုးတိုက်ခိုက်လိုက်၏။ ရက်ပုချွန်တို့လင်မယားသည် လင့်ဟုချုံးကို နောက်ဆုတ်ရန်အော်ပြောလိုက်သော်လည်း အချိန်နောက်ကျသွားပေပြီ။ ထိုနှစ်ယောက်မှာ တိုက်ခိုက်လျက် ရှိနေကြပေပြီ။

ချန်ပုက လျှပ်တစ်ပြက် လင့်ဟုချုံးအား ဓားတစ်ချက်ထိုးလိုက်၏။ လင့်ဟုချုံးသည် ဤဓားကွက်ကိုတွေ့သည်နှင့် ဤဓားကွက်သည် ကျောက်ဂူနံရံတွင်ပါရှိသော ဝါဆန်းဓားကွက်များထဲမှ တစ်ကွက်ဖြစ်ကြောင်း သိလိုက်၏။

အကယ်၍ ယခုအချိန်တွင် သူကိုင်ထားသောလက်နက်မှာ တုတ်လက်နက်သာဖြစ်လျှင် ချန်ပုသည် တစ်ကွက်တည်းနှင့် မိမိကိုအရှုံးပေးရပေတော့မည်။ ယခုမူ မိမိ၌တုတ်လက်နက် မရှိသဖြင့် ချန်ပုသက်သာသွားခြင်းဖြစ်၏။

လင့်ဟုချုံးမှာ ‘ဇကရာဇ်ကိုးကွက်’ ကို အခြေခံရထားသော်လည်း လုံးဝကျွမ်းကျင်စွာ ကစားနိုင်ခြင်းမရှိသေးပေ။ သို့သော် အထိုက်အလျောက် ခုခံကစားနိုင်သည်။

ဤချန်ပုသည် 'ဓားသိုင်းအဖွဲ့' ၏ ထိပ်သီးသိုင်းသမားဖြစ်၍ ထင်ပေါ်ထက် အများကြီးသာသည်။ ထိုအချက်ကို သိခြင်းကြောင့် ရက်ပုချွန်နှင့် ဖူးလင်တို့က လင့်ဟူချီးအတွက် များစွာစိုးရိမ်နေခြင်းဖြစ်၏။

လင့်ဟူချီးက ဓားဖြင့်တစ်ချက်ထိုးလိုက်၏။

ဤတစ်ကွက်မှာ ချန်ပု၏ဟာကွက်ကို ထိုးလိုက်ခြင်းဖြစ်သည်။ ချန်ပုသည် ဆက်၍ တိုက်စစ်မဆင်နိုင်တော့ဘဲ သူ့ဓားကိုပြန်ရုပ်ကာ လင့်ဟူချီး၏ တိုးဝင်လာသောဓားကို အလျင်အမြန် ကာကွယ်လိုက်ရတော့၏။

ချန်ပုမှာ ဤလူငယ်က ဖိအားတစ်ကွက်တည်းနှင့် ပြန်လှန်ခုခံနိုင်သည်ကို တွေ့လိုက်ရသောအခါ မျက်နှာတစ်ပြင်လုံး ရက်သွေးတက်၍ ထူပူသွားတော့၏။ သူ့စိတ်ထဲတွင်မူ ဤလူငယ်သည် ကံကောင်းထောက်မ၍ ရမ်းသမ်းထိုးရင်း အကွက်ဝင် ကြုံကြိုက်သွားခြင်းဖြစ်သည်ဟု ထင်လိုက်မိသည်။

သူက ဒုတိယဓားကွက်ထုတ်ရန် ဟန်ပြင်လိုက်စဉ် လင့်ဟူချီး၏ဓားဦးမှာ သူ၏ လည်မျိုအနီးသို့ရောက်လျက် ရှိနေပေပြီ။ ထို့ကြောင့် ကမန်းကတန်း ဘေးသို့ ရှောင်တိမ်းလိုက်ပြီး သူ့ဓားကို ပြင်းထန်စွာ ဝှေ့ယမ်းတိုက်ခိုက်ရတော့၏။

ထိုအခါ လင့်ဟူချီးမှာ ပြန်လှန်ခုခံရတော့သည်။ သူသည် 'ဧကရာဇ်ကိုးကွက်' ကို သိပ်မကျွမ်းကျင်သေးသောကြောင့် သူ၏ဓားကွက်များမှာ သွက်လက်ခြင်း မရှိလှပေ။

သို့သော် ရန်သူက ဓားကွက်တစ်ကွက်ထုတ်လိုက်တိုင်း ဟာကွက် မည်သည့်နေရာ၌ ရှိနေသည်ကို ချက်ချင်းမြင်သည်။

ချန်ပုက သူ၏ဓားကို ပြင်းထန်စွာ ဝှေ့ယမ်းတိုက်ခိုက်နေသော်လည်း ချန်ပု၏ဟာကွက်များကို သူ့မျက်စိတွင် အထင်းသား မြင်နေရတော့၏။

ထို့ကြောင့် သူက တစ်ချက်မျှထိုးလိုက်သည်နှင့် ချန်ပု၏တိုက်ကွက်မှာ ချက်ချင်းပျက်ပြားသွားပြီး ခံစစ်သို့ ရောက်သွားပြန်တော့၏။

ထိုစဉ် 'ထန်း' ခနဲ မြည်သွားပြီး ဓားတစ်ချောင်း မြေကြီးပေါ်သို့ ကျလာတော့၏။

မည်သူ၏ဓားပေနည်း။ အားလုံး အံ့သြသွားကြတော့၏။ လင့်ဟူချီး၏ဓားက ချန်ပု၏ဓားကိုင်သော လက်ကောက်ဝတ်အကြောကို တစ်ချက်ထိုးမိလိုက်၍ ချန်ပု၏လက်မှဓား လွတ်ကျသွားရခြင်းပေတည်း။

ချန်ပု၏ မျက်နှာတစ်ခုလုံး တင်းမာညိုမည်းနေတော့၏။

လင့်ဟူချီးသည် သူ၏ဓားကို ပြန်သွင်းလိုက်ကာ သူ၏ဆရာမဘက်သို့ လှည့်လိုက်တော့၏။

ချန်ပုသည် သူအရှက်ကွဲရခြင်းအတွက် အလွန်တရာဒေါသထွက်နေရာ လင့်ဟူချီးထံသို့ အော်ဟစ်ခုန်အုပ်လိုက်ပြီး လင့်ဟူချီး၏နောက်ကျောကို ရိုက်ချလိုက်တော့၏။

လင့်ဟူချီး၏နားထဲတွင် သူ့ဆရာမ၏အော်သံ၊ သူ့ဂိုဏ်းတူညီအစ်ကိုများ၏အော်သံများကို ရုတ်တရက် ကြားလိုက်သဖြင့် ရှောင်တိမ်းရန် ကြိုးစားလိုက်သည်။

ထိုစဉ် 'အုန်း' ခနဲ မြည်သွားပြီး သူ့ကျောပြင်၌ စူးစူးဝါးဝါး နာကျင်သွားကာ မှောက်ကျသွားတော့၏။ တစ်ပြိုင်နက်တည်းပင် သွေးများအန်ချလိုက်တော့၏။

အားလုံး ကြောက်လန့်တကြား အော်သူအော်၊ ငေးသူငေးနေကြစဉ် လူရိပ်များ ရိပ်ခနဲ ရိပ်ခနဲ လှုပ်ရှားသွားကြပြီး ချန်ပု၏လက်နှစ်ဖက်နှင့် ခြေနှစ်ဖက်ကို လူလေးယောက်က အသီးသီးကိုင်ဆွဲလိုက်ကြကြောင်း တွေ့လိုက်ကြရ၏။

ချန်ပုက စူးစူးဝါးဝါး နာကျင်စွာအော်ဟစ်လိုက်တော့သည်။ သူ့အော်သံမှာ ကြောက်မက်ဖွယ်ရာ ငယ်သံပါအောင် အော်လိုက်ခြင်းဖြစ်၍ လူအားလုံး ကြက်သီးတဖြန်းဖြန်း ထသွားကြတော့၏။

မြေပြင်တစ်ခုလုံး သွေးသံရဲရဲဖြစ်သွားလေပြီ။

ချန်ပု၏ခန္ဓာကိုယ်သည် မြေကြီးပေါ်တွင် အသက်ပျောက်လျက်နေတော့၏။

အမှန်မူ ချန်ပုကို အံ့ဖွယ်လူထူးလူဆန်းခြောက်ယောက်အနက်မှ လေးယောက်က ဆွဲဖြဲသတ်ဖြတ်လိုက်ခြင်းဖြစ်ကြောင်း သိရှိလိုက်ကြရတော့၏။

ဤအခြေအနေကြီးက လူတိုင်းကို ကြောက်လန့်တုန်လှုပ်သွားစေတော့သည်။ လိုက်လိုက်မှာမူ တစ်ချက်မျှသာ အော်ဟစ်နိုင်ပြီး မေ့လဲသွားတော့၏။

ရက်ပုဗ္ဗနှန်နှင့် ဖူးလင်တို့ကဲ့သော ထိပ်သီးသိုင်းပညာရှင်များပင် ရုတ်တရက် ထိတ်လန့်တုန်လှုပ်သွားကြသည်။

ထိုစဉ် ကျန်အဲ့ဖွယ်လူဆန်းနှစ်ယောက်က မြေကြီးပေါ်တွင်လဲကျနေသော လင့်ဟူချုံးကိုပွေ့ချီ၍ လျှပ်တစ်ပြက် ခုန်ထွက်သွားတော့၏။

ရက်ပုဗ္ဗနှန်တို့လင်မယားသည် ထိုအဖြစ်ကိုမြင်မှ ရုတ်တရက်သတိဝင်လာပြီး ထိုလူများနောက်သို့ ခုန်ထွက်လိုက်ကြသည်။

သို့သော် အပြင်သို့ရောက်သောအခါ အံ့ဖွယ်လူထူးလူဆန်း ခြောက်ယောက်တို့မှာ မည်သည့်နေရာသို့ ရောက်သွားမှန်း လုံးဝမသိရတော့ချေ။ အပြင်တွင် အားလုံးငြိမ်သက်တိတ်ဆိတ်လျက်ရှိနေချေ၏။

× × × × × ×

လင့်ဟူချုံးကို အံ့ဖွယ်လူထူးလူဆန်းနှစ်ယောက်တို့က ထမ်းလာကြသည်။ သူတို့ဆင်းလာ၍ တောင်တစ်ဝက်ခန့် ရောက်ရှိလာသောအခါမှ လင့်ဟူချုံး ပြန်လည်သတိရလာတော့၏။

လင့်ဟူချုံးက မျက်လုံးဖွင့်ကြည့်လိုက်သောအခါ အံ့ဖွယ်လူဆန်းခြောက်ယောက်အနက်မှ ထောင်ဝါးက မိမိအား စိုးရိမ်ပူပန်စွာ ကြည့်နေသည်ကို တွေ့လိုက်ရတော့သည်။

ထောင်ဝါးသည် လင့်ဟူချုံး မျက်စိပွင့်လာသည်ကို တွေ့လိုက်ရသောအခါ ဝမ်းသာအားရ အော်ဟစ်လိုက်၏။

"နိုးလာပြီ ... နိုးလာပြီ ... ဒီကောင်လေး နိုးလာပြီ ... "

အံ့ဖွယ်လူဆန်းထောင်ဆက်က ...

"မသေပါဘူးလို့ ငါပြောသားပဲ ... ဒီလို အသာလေး လက်ဝါးနဲ့တစ်ချက် အရိုက်ခံလိုက်ရရုံနဲ့ သေနိုင်ပါ့မလား ... မင်းတို့ပဲ စဉ်းစားကြည့်ကြပါဦး ... "

ထောင်ဝါးက ...

"မင်းပြောတာ ဟုတ်တော့ဟုတ်တယ် .... အဲဒီလက်ဝါးနဲ့ မင်းရဲ့ကိုယ်ကိုရိုက်ရင်တော့ ဒဏ်ရာဘယ်ရနိုင်မလဲ ... ဒီကောင်လေးနဲ့မင်းနဲ့က တူတာမှမဟုတ်တာ ... အခု ဒီကောင်လေးဆိုတော့ သေချင်သေမှာကွ ... "

ထောင်ဆက်က ...

"မင်း ဘာတွေလျှောက်ပြောနေတာလဲ ... ဒီမှာကြည့်စမ်း၊ ဒီကောင်လေး အခုမှမသေတာ ... မင်းက ဘာဖြစ်လို့ သေမယ် သေမယ်နဲ့ ပြောနေရတာလဲ ... "

ထောင်ဝါးက ပြန်ချေပသည်။

"ငါက သေချင်သေမယ်လို့ ပြောတာကွ ... အသေအချာသေမယ်လို့ ပြောတာ မဟုတ်ဘူး ... "

ထောင်ဆက်က ..

"အခုဆိုရင် သတိတောင် ပြန်ရနေပြီပဲ ... သေချင်သေမယ်ဆိုတဲ့ စကားကို လုံးဝမသုံးရတော့ဘူး ... "

လင့်ဟူချုံးသည် ယခု လူထူးလူဆန်းကြီးနှစ်ယောက်၏ အဓိပ္ပာယ်မရှိ ငြင်းခုံနေပုံကို တွေ့ရသောအခါ ဒဏ်ရာ အပြင်းအထန်ရထားသည့်ကြားမှ ရယ်ချင်စိတ်ပေါ်လာမိသည်။ မရယ်နိုင်သော်လည်း အနည်းငယ်ပြုံး၍ ပြောလိုက်၏။

“ခင်ဗျားတို့ ကျုပ်အတွက် ပူမနေကြပါနဲ့တော့ ... လင့်ဟူချုံးဆိုတဲ့ကောင်က အင်မတန် အသက်ပြင်းတဲ့ကောင်ပါ ... တော်တော်နဲ့ မသေနိုင်ပါဘူး ... ”

ထောင်ဆက်က ဝမ်းသာအားရ အော်ကြီးဟစ်ကျယ်ပြောလိုက်တော့၏။

“ကဲ ... မင်းကြားပြီလား ... သူကိုယ်တိုင်ပြောတာပဲ ... သူ မသေနိုင်ပါဘူးတဲ့ ... သူက အင်မတန် အသက်ပြင်းတယ်တဲ့ ... ဒါနဲ့များကွာ ... မင်းက စောစောတုန်းက သေချင်သေမယ် ပြောနေသေးတယ် ... ”

ထောင်ဝါးက ..

“မင်း ငါ့ကို စကားကပ်မပြောနဲ့ ... ငါ စောစောတုန်းက အဲဒီစကားပြောတုန်းက သူက စကားမှ မပြောသေးတာ ...”

ထောင်ဆက်ကမူ သူ၏စကားကို အခိုင်အမာ ထပ်ပြောနေတော့၏။

“သူက မျက်စိတောင် ဖွင့်လာပြီဆိုတော့ စကားလည်းပြောတော့မှာပေါ့ကွ ... ဒါက ဘယ်သူမဆို ခန့်မှန်းနိုင်တာပဲ ... ”

× × × × × ×

# အတွင်းအားဖြင့်ကုသခြင်း

လင့်ဟုချုံးသည် ဤနှစ်ယောက်က ဆက်၍ငြင်းနေလျှင် တစ်သက်လုံး ပြီးဆုံးတော့မည်မဟုတ်မှန်း သိသဖြင့် တစ်ချက်မျှ ပြုံးလိုက်ပြီး ပြောလိုက်၏။

"ကျုပ်က အစကတော့ သေမလို့ပါဘဲ ... ဒါပေမယ့် ခင်ဗျားတို့လို လူစွမ်းကောင်းကြီးနှစ်ယောက်က မသေဖို့ ပြောနေတော့ ကျုပ်က ခင်ဗျားတို့ရဲ့စကားကို နားမထောင်လို့ ဖြစ်ပါတော့မလား ... ဒီတော့ ကျုပ် ဘယ် သေဖြစ်တော့မှာလဲ ... "

လင့်ဟုချုံး၏ မြှောက်လုံးပင့်လုံးများကို ကြားလိုက်ရသောအခါ ဤအဖွဲ့ဖွယ်လူဆန်းနှစ်ယောက်စလုံး နှလုံးပီတိ ဂွမ်းဆီထိသွားကြတော့၏။

လင့်ဟုချုံးကိုလည်း ပိုမိုခင်မင်စိတ် ပေါက်သွားကြ၏။

ထို့ကြောင့် သူတို့နှစ်ယောက်စလုံးက ...

"ကဲ ... ငါတို့အစ်ကိုကြီးတွေကို သွားခေါ်လိုက်ဦးမယ်"

ပြောပြောဆိုဆိုဖြင့် ပြေးထွက်သွားကြတော့၏။ လင့်ဟုချုံးသည် ပတ်ဝန်းကျင်ကို မျက်စိကစားလိုက်သောအခါ အိမ်ကြီးတစ်အိမ်ထဲသို့ ရောက်နေကြောင်း သိလိုက်ရတော့၏။

သူ အကဲခတ်၍မှ မဆုံးသေးမီ အခြားအံ့ဖွယ်လူဆန်းလေးယောက်ပါ ရောက်ရှိလာကြတော့၏။

ထိုသူတို့သည် အေးချမ်းစွာ ပြန်လည်ရောက်ရှိလာကြခြင်းမဟုတ်ပေ။ ခြောက်ယောက်စလုံး တစ်ယောက်တစ်ပေါက် ငြင်းခုံလာကြခြင်းဖြစ်၏။

တစ်ယောက်က လင့်ဟုချုံး၏ဒဏ်ရာကို ရှေးဦးစွာ ကုသပေးသင့်သည်ဟု အဆိုတင်၏။ အခြားတစ်ယောက်က ထိုအဆိုကိုပယ်ချပြီး ဝါဆန်းဂိုဏ်းကို ပြန်တိုက်ခိုက်ရမည်ဟုပြော၏။ နောက်တစ်ယောက်က ထိုပြောချက်ကို ပယ်ချပြီး အခြားစိတ်ထင်ရာတစ်ခုကို ပြောပြန်တော့သည်။

လင့်ဟုချုံး၏ဒဏ်ရာမှာ လွန်စွာပြင်းထန်လှသဖြင့် စကားသုံးလေးခွန်းမျှသာပြောနိုင်ပြီး ပြန်လည်မေ့မြောသွားပြန်တော့၏။

ဤကဲ့သို့သတိလစ်နေစဉ် သူ၏တစ်ကိုယ်လုံးရှိသွေးများ ပြောင်းပြန်လှည့်စီးနေသကဲ့သို့ ရင်ဘတ်တွင် ပူို့ချင်အန်ချင်ဖြစ်နေ၏။

အလွန်တရာ အခံရဆိုးဝါးလှသော ဝေဒနာတစ်ခုကို ခံစားနေရတော့သည်။ အတန်ကြာသောအခါ အနည်းငယ်သက်သာလာသကဲ့သို့ ခံစားနေရာမှ ချက်ချင်း မီးပုံအတွင်း ကျရောက်သွားသလို ပူပူလောင်လောင်ကြီး ခံစားလိုက်ရပြန်တော့သည်။ ထို့ကြောင့် တစ်ချက်မျှ ညည်းညူလိုက်မိသည်။

လူတစ်ယောက်၏ အသံကို လင့်ဟူချုံး ကြားလိုက်မိသည်။

"အသံမထွက်နဲ့ ... "

ထိုအသံ ကြားလိုက်ရမှ လင့်ဟူချုံးသည် သူ၏မျက်လုံးများကို ဖျစ်ညှစ်အားတင်း၍ ဖွင့်ကြည့်လိုက်မိတော့သည်။

မိမိမှာ အဝတ်မဲ့ခန္ဓာကိုယ်ဖြင့် မြေကြီးပေါ်၌ လဲလျောင်းလျက်ရှိနေပြီး ခြေနှစ်ဖက် လက်နှစ်ဖက်ကို အဲ့ဖွယ်လူဆန်းလေးယောက်က ကိုင်ထားကြ၏။

အခြားနှစ်ယောက်အနက် တစ်ယောက်က သူ၏ချက်အောက်ကို လက်ဝါးဖြင့် ဖိကပ်ထားပြီး နောက်တစ်ယောက်က သူ၏ငယ်ထိပ်ကို လက်ဝါးဖြင့် ဖိကပ်ထား၏။ လင့်ဟူချုံးမှာ လွန်စွာထိတ်လန့်တုန်လှုပ်သွားမိတော့သည်။

ထိုစဉ် နွေးထွေးပူလောင်သော အားလှိုင်းတစ်ခုက သူ၏ဘယ်ဘက်လက်ဝါးမှဝင်၍ ဘယ်ဘက်လက်မောင်းတစ်လျှောက် ရင်ဝ၊ ချက်အောက်၊ ညာဘက်ခြေ ထိုမှတစ်ဆင့် နောက်ဆုံး ညာဘက်ခြေဖဝါးသို့ ရောက်ရှိဖြတ်သန်းနေသည်။

ထို့ပြင် အခြားပူနွေးသော အားလှိုင်းတစ်ခုကလည်း ညာဘက်လက်ဝါးမှဝင်၍ ရင်ဝ၊ ချက်အောက်၊ ဘယ်ခြေတို့မှတစ်ဆင့် ဘယ်ဘက်ခြေဖဝါးသို့ ဝင်ရောက်နေပြန်သည်။

ဤကဲ့သို့ ပူနွေးသော အားလှိုင်းနှစ်ခုတို့က သူ့ခန္ဓာကိုယ်အတွင်းကို ကန့်လန့်ဖြတ်ပြီး စီးဆင်းနေရာက လင့်ဟူချုံး၏တစ်ကိုယ်လုံး ချွေးသီးချွေးပေါက်ကျလျက် လွန်စွာအနေရခက်နေတော့၏။

သူ့အနေဖြင့် အခြေအနေကို ကောင်းစွာသုံးသပ်မိပြီးဖြစ်သည်။

အံ့ဖွယ်လူထူးလူဆန်း ခြောက်ယောက်တို့သည် မိမိကို သူတို့၏အတွင်းအားဖြင့် ကုသပေးနေခြင်းသာ ဖြစ်သည်။

ထို့အတွက် သူတို့ကို ကျေးဇူးကြီးစွာ တင်မိသည်။

သူက သူတို့ဝါဆန်းဂိုဏ်း၏ အတွင်းအားသိုင်းကျင့်စဉ်ကိုအသုံးပြု၍ သူ၏အတွင်းအားကို ချက်အောက်မှ ဆွဲတင်ရန်ကြိုးစားလိုက်သည်။

သို့သော် ထိုသို့ပြုလုပ်လိုက်မိသည်နှင့် သူ၏ချက်အောက်မှ ရုတ်တရက် ဓားဖြင့်ထိုးခုတ်ခံလိုက်ရသကဲ့သို့ စူးရှနာကျင်သွားမိတော့သည်။ ချက်ချင်းပင် 'ဝေါ့' ခနဲ သွေးများ ထိုးအန်လိုက်မိတော့၏။

အံ့ဖွယ်လူဆန်းခြောက်ယောက်တို့သည် ထိတ်လန့်တကြား အော်လိုက်မိကြတော့၏။

"ဟာ ... ဒုက္ခပဲ ... ကိုယ်ကျိုးတော့ နည်းကုန်ပြီ ... "

လင့်ဟူချုံးမှာ သတိပြန်လစ်သွားတော့၏။

ထိုနောက်ပိုင်း တစ်ချိန်လုံး လင့်ဟူချုံးမှာ သတိလစ်နေတော့သည်။ သူ၏ခန္ဓာကိုယ်မှာမူ အပူတစ်ခြမ်း၊ အအေးတစ်ဝက် ဖြစ်သည့်အခါဖြစ်သည်။

တစ်ခါတစ်ရံ နွေးထွေးပူလောင်သော အားလှိုင်းနှစ်ခုက ခန္ဓာကိုယ်အတွင်း လှည့်ပတ်ပြေးလွှားနေသည်ကို အခံရခက်လှစွာ ခံစားလိုက်ရပြီး တစ်ခါတစ်ရံ အားလှိုင်းလေးငါးခြောက်ခုတို့က ခန္ဓာကိုယ်အတွင်းသို့ တစ်ပြိုင်တည်းဝင်ကာ တိုက်ခိုက်တိုးဝှေ့နေသည်ကို ဆိုးဆိုးဝါးဝါး ခံစားနေရပြန်သည်။

သူ့အနေဖြင့် အချိန်မည်မျှကြာကြာ ဝေဒနာခံစားနေရသည် မသိပေ။

သူ့နားထဲတွင် အံ့ဖွယ်လူဆန်းခြောက်ယောက်၏ စကားပြောသံများကို ကွဲကွဲပြားပြား ကြားနေရသည်။

"မင်းတို့ကြည့်ကြစမ်း ... ဒီကောင်လေး ချွေးတိတ်သွားပြီ၊ ငါ့ရဲ့ကုသနည်းကမှ တကယ်ကောင်းတာကွ ... ငါ့နည်းက နည်းမှန်ဆိုတာ သေချာသွားပြီ ... ငါက ငါ့အတွင်းအားကို ဒီလမ်းကြောင်းကနေပို့ပြီး သူ့ကိုယ်ထဲ လှည့်ပတ်လွှတ်ပေးလိုက်တယ် ... သူ ကောင်းသွားပြီ ... "

ထိုအခါ သူတို့ခြောက်ယောက် အပြန်အလှန် ငြင်းခုံကြပြန်တော့၏။ အခြားအကြောင်းအရာကို ငြင်းခုံကြသည် မဟုတ်။

လင့်ဟူချုံးအပေါ် ကုသနည်းနှင့် ပတ်သက်၍ သူ့နည်းမှန်သည် ငါ့နည်းမှန်သည် ငြင်းနေကြခြင်းဖြစ်သည်။

များမကြာမီပင် သူတို့ခြောက်ယောက်စလုံးက ထွေထွေထူးထူး စဉ်းစားခြင်းမပြုတော့ဘဲ ကိုယ့်ကုသနည်းနှင့်ကိုယ် လင့်ဟူချုံး၏ ခန္ဓာကိုယ်အတွင်းသို့ အတွင်းအားသွင်းကာ လှည့်ပတ်ပို့လွှတ်ကြလေတော့၏။

လင့်ဟူချုံးမှာ သက်သာရာလုံးဝမရဘဲ အော့အန်ချင်သလို ခံစားလာရတော့သည်။

သူ၏အသံသည် အပြင်သို့ လုံးဝမထွက်သော်လည်း သူ့ရင်ထဲ၌မူ ကြောက်မက်ဖွယ်ရာ အော်ဟစ်နေသည်သာ ဖြစ်တော့၏။

“ဒုက္ခပဲ … ဒီလူခြောက်ယောက်က စေတနာနဲ့ ငါရဲ့ဒဏ်ရာကို ပျောက်အောင် ကုသတာမှန်ပေမယ့် သူတို့ခြောက်ယောက်က တစ်ယောက်တစ်မျိုးစီဖြစ်နေကြတော့ ငါ သူတို့လက်ချက်နဲ့ ဒုက္ခရောက်ရတော့မှာပဲ … ”

အံ့ဖွယ်လူဆန်းခြောက်ယောက်တို့မှာ တစ်ယောက်တစ်ခွန်းငြင်းရင်း လင့်ဟူချုံး၏ခန္ဓာကိုယ်တွင်းသို့ သူတို့စိတ်ထင်သလို သူတို့၏အတွင်းအားများကို လှည့်ပတ်နေစေရာ လင့်ဟူချုံးမှာ တဖြည်းဖြည်း အသက်ရှူနေးလာပြီး နှလုံးခုန်အားလည်း နေးလာတော့သည်။

ဤအတိုင်းသာ ဆက်သွားနေပါက များမကြာမီအချိန်အတွင်း လင့်ဟူချုံးတစ်ယောက် အသက်ထွက်ရပေတော့မည်။

လင့်ဟူချုံးအတွက် ကုသိုလ်ကံထောက်မသည့်အချက်ကား အံ့ဖွယ်လူဆန်းခြောက်ယောက်အနက်မှ ထောင်ကျက်ဆိုသူ၏ဦးနှောက်အတွင်းသို့ အကြောက်တရား ဝင်ရောက်လာခြင်းပင်ဖြစ်တော့၏။

ထောင်ကျက်သည် ပထမဦးဆုံး ကြောက်လန့်လာပြီး …

“ငါ မလုပ်တော့ဘူးဟေ့ … ကြည့်ရတာ သိပ်အခြေအနေကောင်းပုံမရဘူး” ဟု ပြောလိုက်တော့၏။ ပြီး သူ၏လက်ကို လင့်ဟူချုံး၏ကိုယ်ပေါ်မှ ဖယ်ရှားလိုက်တော့၏။

လင့်ဟူချုံးအဖို့ အနည်းငယ်ခံသာသွားသည်။ ထောင်ကျက်က ကြောက်လန့်တကြား သူ၏လက်ကို လွှတ်လိုက်သောအခါ ထောင်ကန်းကလည်း အလန့်တကြား လွှတ်လိုက်ပြန်၏။

ထိုအခါ ကျန်လူများကလည်း အထိတ်တလန့် လွှတ်မိကြပြန်တော့၏။

ထောင်ရက်က …

“ဒီပုံနဲ့ဆိုရင်တော့ ဒီကောင် ဒီတောင်က ကျော်နိုင်မယ်မထင်တော့ဘူး … ဒီကောင်သေသွားရင်တော့ ဒုက္ခပဲ … ငါတို့ဘယ်လိုလုပ်ကြမလဲ … ”

ထောင်ရှမ်းက …

“မင်းတို့ ဟိုကောင်မလေးကို သွားပြောလိုက်ပေါ့ … ဒီကောင့်ကို ဟိုဂျပုရိုက်လိုက်တာ သေသွားပြီလို့ … ”

ထောင်ကန်းက ..

“ငါတို့အတွင်းအားနဲ့ ကုပေးတဲ့ကိစ္စကိုကော … ပြောပြရင်ကောင်းမလား … ”

ထောင်ရှမ်းက ခါးခါးသီးသီး တားမြစ်လိုက်၏။

“ဒါကိုတော့ ဘယ်နည်းနဲ့မှ ပြောလို့မဖြစ်ဘူး … ”

ထောင်ကန်းက ..

“ကောင်မလေးက သူ့မှာ ဒဏ်ရာရထားတာကိုတောင် ငါတို့က ဘာဖြစ်လို့ ကုသမပေးရတာလဲလို့မေးရင်ကော … ”

ထောင်ရှမ်းက ..

“ဒီလိုဆိုရင် ငါတို့ကတော့ ကုတော့ ကုသပေးတယ် … ဒါပေမယ့် မရဘူးလို့ပဲ ပြောရတော့မှာပေါ့ … ”

ထောင်ကန်းက ..

“ဟေ့ … ဒီလိုပြောလိုက်ရတော့ ကောင်မလေးက ငါတို့ကို အသေအချာချဲတော့မှာပဲ … ဒီအံ့ဖွယ်ခြောက်ယောက်ဟာ နည်းနည်းမှ အသုံးမကျဘူးလို့ ဆဲတော့မှာပဲ … ”

ထောင်ရှမ်းက ..

"သေချာတယ် ... မြေကြီးကို လက်ဝါးနဲ့ရိုက်ရင်သာ လွဲချင်လွဲမယ် ... ကောင်မလေး ဆဲမယ်ဆိုတာကတော့ ဘယ်တော့မှမလွဲဘူး ... ငါပြောရဲတယ် ... "

ထောင်ကန်းက ..

"ဒီကောင်လေးသေရင် ကောင်မလေးက ဒေါသထွက်မယ် ... ဒေါသထွက်ရင် ငါတို့ကို ခွေးလို့ဆဲမယ် ... ဒါပဲ ... "

ထောင်ရှမ်းက ..

"ကောင်မလေးက ငါတို့ကို တကယ်ဆဲမယ်ဆိုရင်တော့ ခွေးလို့ဆဲမှာ မဟုတ်ဘူး ... "

ထောင်ကန်းက ...

"ဒါဖြင့် ဘယ်လိုဆဲနိုင်သလဲ ... "

ထောင်ရှမ်းက ..

"ငါတို့ခြောက်ယောက်က ခွေးနဲ့တူလို့လား ... သူဆဲနိုင်တာတစ်ခုပဲရှိတယ် ... ကြောင်တွေလို့ ဆဲချင်ဆဲမယ် ... "

ထိုအခါ လုံးဝစကားမပြောသေးသည့် ထောင်ရက်က ဝင်ပြောတော့သည်။

"ထွီ ... ငါတို့ကို ဘာဖြစ်လို့ ကြောင်တွေလို့ ဆဲရမှာလဲ ... ငါတို့ခြောက်ယောက်က ကြောင်နဲ့တူလို့လား ... "

ထောင်ဝါးကလည်း စကားဝိုင်းထဲ ဝင်လာတော့၏။

"သူများကို ဆဲတယ်ဆိုတာ အဲဒီကောင်တွေနဲ့ တူဖို့မလိုဘူးကွ၊ ဆဲချင်သလို ဆဲလို့ရတာပဲ ... တကယ်လို့ တူတဲ့ကောင်တွေနဲ့ ဆဲမယ်ဆိုရင်လည်း ငါတို့ကမှုစရာမလိုတော့ဘူး ... ငါတို့က လူတွေပဲ ... ဒီတော့ ငါတို့ကို လူလို့ပဲ ဆဲရတော့မှာပေါ့ ... ဒီလိုဆိုရင်လည်း ဆဲတာဘယ်ဟုတ်တော့မလဲ ... "

ထောင်ဆက်က ဝင်၍ပြောပြန်၏။

"ကောင်မလေးက ငါတို့ကို လူလို့ဆဲလိုက်ရင် မင်းက ဆဲတာမဟုတ်ဘူးထင်နေသလား ... အဲဒါ ဆဲတာပဲတဲ့ ... အဲဒီလူရဲ့နောက်မှာ စကားလုံးတစ်လုံးတိုးလိုက်ပြီး ငါတို့ကို လူအ၊ လူန၊ လူဆိုး၊ လူမိုက်လို့ပြောရင် ငါတို့ကို အကြီးအကျယ် ဆဲတာပေါ့ကွ ... ခွေးလို့ပြောတာထက်တောင် ပိုဆိုးသေးတယ် ... "

လင့်ဟုချုံးမှာ ခုတင်ပေါ်၌ အသက်မျှဉ်းမျှဉ်းကလေးသာ ကျန်ရှိနေသော်လည်း ဤလူထုး၊ လူဆန်း၊ လူအ၊ လူနကြီး ခြောက်ယောက်၏ ငြင်းခုံနေသံများကို ကြားရသောအခါ ရယ်မိတော့၏။

အဘယ်ကဲ့သို့ အဆင်ပြေသွားသည် မသိချေ။ ထိုကဲ့သို့ ရယ်လိုက်သောအခါ အသံထွက်လာတော့သည်။

လင့်ဟုချုံး၏အသံသည် တိုးတိုးညင်းညင်း ထစ်ထစ်ငေါ့ငေါ့ဖြင့် ...

"ခင် ... ခင်ဗျားတို့ ကျုပ် ... ကျုပ်ကို ဝါဆန်းတောင်ကို ပြန်ပို့ပေးကြပါ ... ကျုပ် ... ကျုပ်ရဲ့ ဆ ... ဆရာက ကျုပ်အသက်ကို ကယ်ပေးနိုင်ပါတယ် ... "

ထိုအခါ ထောင်ကန်းက ဝင်အော်တော့၏။

"ဘာပြောတယ်ကွ ... မင်းဆရာက မင်းအသက်ကို ကယ်ပေးနိုင်တယ်ဆိုတော့ ငါတို့ အံ့ဖွယ်ခြောက်ယောက်ကတော့ မင်းအသက်ကို မကယ်နိုင်ဘူးပေါ့ ... "

လင့်ဟုချုံးသည် ခေါင်းကိုသာ အနိုင်နိုင်ညိတ်ပြနိုင်တော့၏။ အသံလုံးဝ မပြုနိုင်တော့ပေ။

ထောင်ရက်က ...

"မဖြစ်နိုင်တာ ... သူ့ဆရာက ဘာကောင်မို့လို့လဲ ... ငါတို့အံ့ဖွယ်ခြောက်ယောက်နဲ့ ပိုတော်လို့လား ... "

ထောင်ဝါးက ..

"အင်း ... ဒါဖြင့်ရင် ငါတို့ သူ့ဆရာနဲ့အရင်ဆုံး စာရင်းရှင်းလိုက်ကြစို့ ... ဒါမှ ဘယ်သူတော်တယ်ဆိုတာ သိသွားမယ် ... "

ထောင်ရှမ်းက ...

"ငါတို့လေးယောက် တစ်ဘက်စီ ဆွဲပစ်မယ် ... 'ဗြန်း' ခနဲလေးခြမ်းဖြစ်သွားရင် ကိစ္စပြတ်တာပဲ ... "

ထောင်ဆက်က ..

"အေး ... ကောင်းတယ် ... ဝါဆန်းဂိုဏ်းက လူတိုင်းကို လေးခြမ်းလေးခြမ်းစီဖြစ်သွားအောင် ဆွဲပစ်မယ် ... "

ထောင်ဝါးက ဖြည့်စွက်ပြောလိုက်သည်။

"ဝါဆန်းတောင်ပေါ်က ခွေး၊ ကြောင်၊ ကြက်၊ ဝက် အားလုံး လေးခြမ်းစီခွဲပစ်မယ် ... သူတို့ ကျန်နေရင်လည်း မကောင်းဘူး ... "

ထိုအခါ သူတို့ခြောက်ယောက်မှာ ဝါဆန်းဂိုဏ်းမှလူများကို မည်သို့မည်ပုံ ဆွဲဆုတ်ပစ်ရမည်ကို အပြင်းအထန် ငြင်းခုံနေကြပြန်လေသည်။

လင့်ဟူချုံးမှာ သေလုမျောပါး ဖြစ်နေသဖြင့် လုံးဝမရယ်နိုင်တော့ချေ။

ယခုထက် အခြေအနေကလေး နည်းနည်းကောင်းပါက မုချဟားတိုက်ရယ်မောမိပေလိမ့်မည်။

ဤလူထူးလူဆန်းခြောက်ယောက်နှင့် တွေ့ရသည်မှာ လင့်ဟူချုံး၏ဘဝအတွက် သစ်ဆန်းသော ဘဝအတွေ့အကြုံတစ်ခုပင် ဖြစ်တော့၏။

ဤလူများ၏သိုင်းပညာကလည်း အံ့မခန်းကောင်းမွန်လှသည်။

ဤလူများနှင့် သေခွဲ ခွဲသွားရလျှင် မိမိအဖို့ ကြီးမားသော နစ်နာဆုံးရှုံးမှုကြီး ဖြစ်ပေလိမ့်မည်။

လင့်ဟူချုံးသည် ရုတ်တရက် မသေချင်သည့် စိတ်ဆန္ဒက ဖုံးလွှမ်းလာ၏။

ထူးခြားစွာပင် သူ၌ အားအင်များ တိုးတက်လာသကဲ့သို့ ခံစားလိုက်ရတော့သည်။

"ကျုပ် ... ကျုပ် ... အရက်သောက်ချင်တယ် ... "

အံ့ဖွယ်လူဆန်းခြောက်ယောက်တို့သည် ထိုစကားကို ကြားလိုက်ရသောအခါ အတိုင်းမသိ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားကြတော့၏။ အားလုံးကပင် ..

"ဟာ ... ကောင်းတယ် ... သိပ်ကောင်းတယ် ... သူ အရက်သောက်ချင်လာပြီ ... အရက်သောက်ချင်ရင် မသေနိုင်တော့ဘူး ... "

လင့်ဟူချုံးသည် တိုးညင်းသော လေသံကလေးဖြင့် ပြောလိုက်သည်။

"ကျုပ်က သေသေရှင်ရှင် ဂရုမစိုက်ပါဘူး ... ကျုပ်အတွက် ဘာမှအရေးမကြီးဘူး ... အခုချက်ချင်း အရက်သောက်ချင်တယ်၊ အရက်ကို အရင်သောက်ပစ်မယ် ... "

ထောင်ဝါးက ..

"ဟုတ်တယ် ... လူ့ဘဝဆိုတာ ပျော်ဖို့ပဲ ... ပျော်ပျော်နေမှလူပီသတယ် ... ငါတို့ကိုကြည့်ပါလား ... ငါတို့က စိတ်ညစ်စရာ ဘာမှမတွေးဘူး ... မသေခင်မှာ လူ့စည်းစိမ်မှန်သမျှ ခံစားသွားရမယ် ... "

ထောင်ကန်းက ..

"ဟော့ကောင်လေး ... မင်းဘာမှမပူနဲ့ ... မင်းသောက်ချင်တာ သောက်ရစေ့မယ် ... ငါအရက်သွားယူလိုက်ဦးမယ် ..."

များမကြာမီ အရက်များ ရောက်လာတော့၏။

လင့်ဟူချုံးမှာ အသက်မျှော့မျှော့သာ ရှိနေသော်လည်း အရက်နံ့ရလိုက်သည်နှင့် အားတက်လာမိတော့သည်။

ပျက်ပြုန်းလုနီးနီး သူ၏အာရုံများကို ကြိုးစား၍ စုစည်းလိုက်သည်။

ထောက်ကျက်က အရက်ကို လင့်ဟူချုံး၏ ပါးစပ်နားကပ်၍ ဖြည်းညင်းစွာ လောင်းထည့်ပေးသည်။

လင့်ဟူချုံးမှာ ဤမျှ သေလုမျောပါး ဖြစ်နေသော်လည်း အရက်တစ်ခွက်လုံး ကုန်အောင်သောက်ပစ်နိုင်သည်။

ထိုအခါကျမှ သူ၏ဦးနှောက်၌ ကြည်ကြည်လင်လင် ဖြစ်လာတော့၏။ သူ့စိတ်ထဲ၌လည်း အနည်းငယ် တွေးတောလာနိုင်တော့သည်။

"ဒီခြောက်ယောက်က အမြှောက်အပင့်ကြိုက်တယ် ... ငါ ဒီနည်းကိုသုံးမှ အဆင်ပြေမှာ ... ဒီနည်းပဲ သုံးရမယ် ..."

ထို့ကြောင့် လင့်ဟူချုံးက စကားစလိုက်သည်။

"ကျုပ်ဆရာက ပြောဖူးတယ်။ သိုင်းလောကမှာ အတော်ဆုံးက ... "

"ပြောစမ်းပါဦး။ သိုင်းလောကမှာ အတော်ဆုံးက ဘယ်သူလဲကွ"

လင့်ဟူချုံးက ... ဆက်မပြောသေးပဲ ခေတ္တဆိုင်းထားလိုက်သည်။

"အံ့ဖွယ် ... အံ့ဖွယ်"

ချက်ချင်းပင် အံ့ဖွယ်ခြောက်ယောက်တို့က ဝိုင်းမေးကြသည်။

"သိုင်းလောကမှာ အတော်ဆုံးက ဘယ်သူလဲကွ ... မင်းပြောတဲ့ အံ့ဖွယ်ဆိုတာက ... "

လင့်ဟူချုံးက ...

"အံ့ ... အံ့ဖွယ် ... "

အံ့ဖွယ်လူဆန်းခြောက်ယောက်တို့၏ သိချင်စိတ်ကို လှုံ့ဆော်သည့်အနေဖြင့် လင့်ဟူချုံးက တမင်တစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်ခြင်းဖြစ်သည်။

အံ့ဖွယ်ခြောက်ယောက်တို့မှာ လုံးဝသည်းခံနိုင်စွမ်း မရှိတော့သဖြင့် အတင်းအကျပ် မေးကြတော့၏။

"အံ့ဖွယ်ခြောက်ယောက်ကို ပြောတာလားကွ ... "

လင့်ဟူချုံးက ပြုံး၍ ...

"ဟုတ်တယ် ... ကျုပ်ဆရာက ဒီလိုပဲ ပြောတာပဲ ... သူက ခင်ဗျားတို့နဲ့ မိတ်ဖွဲ့ချင်တယ်တဲ့ ... ဝါဆန်းဂိုဏ်းသား တွေရဲ့ရှေ့မှာ ခင်ဗျားတို့ရဲ့ အံ့မခန်းသိုင်းပညာစွမ်းကို ပြခိုင်းချင်တယ်တဲ့ ... "

ထောင်ဝါးတို့က တစ်ယောက်တစ်ခွန်းစီ မေးကြတော့၏။

"အခု ဘယ်လိုလုပ်ချင်သလဲပြော ... "

"မင်းတို့ဆရာက ငါတို့ခြောက်ယောက်အကြောင်းကို ဘယ်လိုသိသလဲ ... "

"ဝါဆန်းဂိုဏ်းချုပ်ကြီးက တကယ့်လူတော်ကြီးပဲ ... ငါတို့ဝါဆန်းဂိုဏ်းကို မစော်ကားရဘူးကွ ... "

"ဒါပေါ့ ... ဘယ်သူက ဝါဆန်းဂိုဏ်းကိုထိရဲသလဲ ... ထိရဲထိကြည့်စမ်း ... ထိတဲ့ကောင်ကို ငါတို့က လုံးဝမညှာဘူး ... "

"ငါတို့က မင်းဆရာနဲ့ မိတ်ဖွဲ့ချင်တယ် ... အခု ငါတို့ ဝါဆန်းဂိုဏ်းကို သွားကြရအောင် ... "

ဤကားအံ့ဖွယ်လူထူးလူဆန်းခြောက်ယောက်တို့၏ တစ်ယောက်တစ်ခွန်း ပြောလိုက်ကြသည့် စကားများသာတည်း။

လင့်ဟူချုံးသည် သူတို့ ဝါဆန်းဂိုဏ်း ပြန်ပို့ပေးနိုင်ရေးအတွက် သည်ယုန်မြင်၍ သည်ချုံထွင်ထားခြင်းဖြစ်ရာ နောက်ဆုံး စကားသံကြားလိုက်သည်နှင့် ကမန်းကတန်း ဝင်ပြောရတော့သည်။

"အေး ... ဟုတ်တယ် ... ကျုပ်တို့ အခုချက်ချင်း ဝါဆန်းဂိုဏ်းကို သွားကြစို့ ... "

ဤအံ့ဖွယ်ခြောက်ယောက်တို့မှာ သွားကြစို့ ဆိုလိုက်သည်နှင့် ချက်ချင်းပင် ခရီးစထွက်တော့သည်။

သူတို့က လင့်ဟူချုံးအတွက် ထမ်းစင်လေးတစ်ခုလုပ်ပေးပြီး လင့်ဟူချုံး သက်သက်သာသာ လိုက်ပါနိုင်စေရန် ပြုလုပ်ပေးကြသည်။

ထူးထူးဆန်းဆန်း သွပ်ချောင်ချောင် လူခြောက်ယောက်နှင့် ဒဏ်ရာအပြင်းအထန်ရရှိထားသော လူနာတစ်ယောက် တို့သည် ဝါဆန်းတောင်ဘက်သို့ ခရီးလှည့်ကြပြန်တော့၏။

သုံးလေးရက်ခန့် ကြာသောအခါ လင့်ဟူချုံးတို့သည် ဝါဆန်းဂိုဏ်းတောင်ခြေသို့ ဆိုက်ရောက်လာကြတော့၏။

ဝါဆန်းဂိုဏ်းသားများသည် သူတို့လူစုကိုတွေ့လိုက်ရသောအခါ သူတို့ဆရာနှင့်ဆရာမတို့ထံသို့ ပြေး၍ သတင်းပို့ကြ တော့၏။

ရက်ပုချွန်တို့လင်မယားမှာ အံ့ဖွယ်လူဆန်းခြောက်ယောက်တို့က လင့်ဟူချုံးအား ပြန်ခေါ်လာသည်ကို ကြားသိလိုက်ရ သောအခါ ထိတ်လန့်တုန်လှုပ်သွားကြတော့၏။

သူတို့၏ဝါဆန်းဂိုဏ်းသား တပည့်များကို ဦးစီး၍ တောင်ခြေသို့ဆင်းလာကြတော့၏။

ဖူးလင်မှာ လင့်ဟူချုံးအတွက် စိတ်ပူပန်၍ ထမ်းစင်အနီးသို့ ပြေးသွားကြည့်တော့၏။

လင့်ဟူချုံးမှာ ပိန်ချုံးလျက်ရှိနေပြီး အသက်မရှိတော့သကဲ့သို့ မှတ်ထင်ရပေသည်။

ထို့ကြောင့် ဖူးလင်မှာ ထိတ်လန့်တကြားဖြင့် လင့်ဟူချုံး၏လက်ကောက်ဝတ် သွေးကြောကို စမ်းကြည့်လိုက်၏။

သွေးခုန်နှုန်း လုံးဝမှန်၊ အချိန်မရွေး ရပ်တန့်ပြီး အသက်ဆုံးပါးသွားနိုင်ကြောင်း သိရှိလိုက်မိ၍ စိုးရိမ်ကြီးစွာဖြင့် ...

"လူလေး ... လူလေး ... လင့်ဟူချုံး"

ဟု ကြေကွဲဝမ်းနည်းစွာ ခေါ်လိုက်မိသည်။

လင့်ဟူချုံးသည် သူ၏မျက်လုံးများကို အားယူ၍ ဖွင့်ကြည့်လိုက်သည်။ တိုးညင်းသော လေသံကလေးဖြင့် ...

"ဆရာမ ... "

နောက်ထပ် အသံထွက်မလာတော့ပေ။

ဖူးလင်သည် ရင်တွင်းမှ တစ်လိပ်လိပ်တက်လာသော ဒေါသများကို မထိန်းချုပ်နိုင်တော့သဖြင့် သူမ၏ဓားကို ဆွဲထုတ်ကာ တိုက်ခိုက်ရန် ဟန်ပြင်လိုက်တော့၏။

သို့သော် အမြဲတမ်း နှိုင်းနှိုင်းချိန်ချိန် လုပ်လေ့ရှိသည့် ရက်ပုချွန်က ..

"ညီမလေး ... ခဏနေဦး ... "

ဟု တားမြစ်လိုက်ပြီး အံ့ဖွယ်ခြောက်ယောက်ဘက်သို့ လှည့်ကာ ..

"ခင်ဗျားတို့ ခြောက်ယောက်ဝါဆန်းဂိုဏ်းကို ကြွလာတာကို ကျုပ်တို့က ကြိုဆိုပါတယ်၊ ခင်ဗျားတို့ခြောက်ယောက်ရဲ့ နာမည်ကိုကြားသိပါရစေ"

ဟု ပြောလိုက်တော့သည်။

အံ့ဖွယ်ခြောက်ယောက်တို့မှာ ရက်ပုချွန်၏စကားကို ကြားလိုက်ရသောအခါ ဒေါသလည်းထွက်၊ စိတ်လည်း အလွန် ပျက်သွားကြတော့သည်။ သူတို့ လင့်ဟူချုံး၏စကားကြားရစဉ်က ဝါဆန်းဂိုဏ်းချုပ်ကြီးသည် သူတို့ကို အလွန်ရိုသေ လေးစားနေသည်ဟု မှတ်ထင်လိုက်ကြသည်။ ယခု သူက မိမိတို့၏နာမည်ကိုပင် မသိဟုဆိုနေပါကလား။

ထောင်ကန်းက ..

"မင်းတို့လင်မယားက ငါတို့အံ့ဖွယ်ခြောက်ယောက်ကို သိပ်ချီးကျူးနေကြတယ်လို့ ငါတို့ကြားထားရတယ် ... အခု ကြည့်ရတော့ မင်းတို့က ငါတို့ကိုတောင် မသိသလိုလိုပါလား ... "

ထောင်ရှမ်းကလည်း ..

"မင်းပြောတာမဟုတ်လား၊ သိုင်းလောကမှာ အံ့ဖွယ်ခြောက်ယောက်ကသာ အတော်ဆုံးဆို ... အဲဒါ ဟုတ်သလား ... မင်းတို့က အခုတော့ ငါတို့အံ့ဖွယ်ခြောက်ယောက်မှန်းတောင် မသိဘဲဖြစ်နေကြရသလား ... ညံ့ပါ့ကွာ ... "

ထောင်ကျက်က ဝင်ပြောပြန်သည်။

"ငါတို့က မင်းတို့နဲ့ မိတ်ဆွေဖွဲ့ဖို့လာတာ ... တခြား ဘာကိစ္စမှ မရှိဘူး ... "

ရက်ပုချွန်မှာ နားထောင်ရင်း အံ့အားသင့်နေမိတော့၏။ သူ့စိတ်ထဲတွင် ..

"ဒီလူခြောက်ယောက်ရဲ့ ရုပ်ရည်တွေကလည်း ထူးထူးဆန်းဆန်း စကားပြောတော့လည်း အူကြောင်ကြောင်နဲ့ လူကောင်းတော့ ဟုတ်မယ်မထင်ဘူး ... အခုကြည့် ... လင့်ဟူချုံးကိုလည်း ဒီကောင်တွေ နှိပ်စက်ထားလိုက်ကြတာ ... လူရုပ်တောင် မပေါ်တော့ဘူး၊ သေမလား ရှင်မလားတောင် မသိနိုင်တော့ဘူး ... "

သူက အေးဆေးစွာဖြင့် ..

"ခင်ဗျားတို့က အံ့ဖွယ်ခြောက်ယောက်ဆိုတော့ ကျုပ်တို့လို ဘာမှအံ့သြစရာမရှိတဲ့ သာမန်လူတွေက ခင်ဗျားတို့နဲ့ ဘယ်မိတ်ဖွဲ့ရဲပါ့မလဲ ... "

ရက်ပုချွန်၏စကားသည် အမှန်စင်စစ်အားဖြင့် ခနဲ့တည့်တည့်ပြောလိုက်သော စကားသာဖြစ်၏။

သို့သော် အဲ့ဖွယ်ခြောက်ယောက်တို့သည် ထိုစကားကြားလိုက်ရသည်နှင့် အလွန်သဘောကျ ကျေနပ်သွားကြတော့၏။

သူတို့စိတ်ထဲတွင် ရက်ပုချွန်သည် သူတို့အား တကယ်ပင် အထင်ကြီးလေးစားနေသည်ဟု မှတ်ထင်လိုက်ကြတော့၏။

သူတို့ခြောက်ယောက်စလုံးက တစ်ပြိုင်တည်းလိုလို ပြောလိုက်ကြ၏။

"အရေးမကြီးပါဘူး ... ငါတို့အဲ့ဖွယ်ခြောက်ယောက်က မင်းရဲကတပည့်နဲ့ သူငယ်ချင်းပဲ ... ဒီတော့ မင်း မိတ်မဖွဲ့ရဲဘူးဆိုတော့လည်း ငါတို့အတွက် သိပ်အရေးမကြီးတော့ပါဘူး ... "

ထောင်ဆက်က ...

"မင်းရဲ့သိုင်းပညာက ညံ့ပေမယ့် ငါတို့က မင်းကို လုံးဝအထင်မသေးဘူး ... ဒါတော့ စိတ်ချ ... "

ထောင်ဝါးက ..

"မင်းအနေနဲ့ သိုင်းပညာနဲ့ပတ်သက်ပြီး နားမလည်တာရှိရင် ငါတို့ကိုမေးပါ ... ဘာမှအားနာမနေနဲ့ ... ငါတို့ အဲ့ဖွယ်ခြောက်ယောက်ရဲ့ သူငယ်ချင်းဖြစ်ဖို့က အရေးအကြီးဆုံးပဲ ... သူငယ်ချင်းဖြစ်သွားပြီဆိုရင် မေးချင်ရာမေးပေတော့ ... ငါတို့က မင်းနားမလည်မချင်း သင်ပေးမယ် ... စိတ်သာချ ... "

အံ့ဖွယ်ခြောက်ယောက်တို့သည် ဤစကားများကို တကယ့် စိတ်ရင်းစေတနာရင်းဖြင့် ပြောကြခြင်းဖြစ်၏။

သို့သော် ရက်ပုချွန်ကဲ့သို့ ထပ်သီးသိုင်းပညာရှင်တစ်ယောက်အဖို့မူ တမင်သက်သက် စော်ကားနေသလို ဖြစ်နေတော့သည်။

ရက်ပုချွန်သည် အလွန်ပင် ဒေါသထွက်နေသော်လည်း ပညာရှိအမျက် အပြင်မထွက်သကဲ့သို့ သူ၏ဒေါသများကို ထိန်းသိမ်းကာ ...

"ကျေးဇူးတင်ပါတယ်" ဟု အတတ်နိုင်ဆုံး ချေင်စွာပြန်ပြောလိုက်သည်။

ထောင်ကန်းက ..

"ကျေးဇူးတင်စရာ မလိုပါဘူး ... ငါတို့အဲ့ဖွယ်ခြောက်ယောက်က မင်းကို သူငယ်ချင်းမိတ်ဆွေလို သဘောထားလိုက်ပြီးပဲ ... "

ထောင်ဆက်က ..

"ကဲ ... ကဲ ... ငါ အခုပဲ မင်းတို့ဂိုဏ်းသားတွေကို ငါတို့ရဲ့ သိုင်းပညာ တစ်ကွက်နှစ်ကွက်လောက် ကစားပြရမလား ... "

ဖူးလင်ကမူ ထိုသူခြောက်ယောက်တို့သည် မိမိတို့အား အလွန်မင်းစော်ကားလှသည်ဟု မှတ်ယူလိုက်သဖြင့် သူမ၏စိတ်ကို လုံးဝမထိန်းနိုင်တော့ဘဲ ရုတ်တရက် ထောင်ဆက်၏ရင်ဝသို့ သူမ၏ဓားဖြင့် ထိုးစိုက်လိုက်တော့၏။

ဖူးလင်၏ဓားမှာ အလွန်ပင် မြန်ဆန်လှသည်။

ထို့ပြင် ထောင်ဆက်မှာ သိုင်းကွက်ကစားပြရန် စိတ်အားထက်သန်နေသဖြင့် ဖူးလင်က သူ့အား ဤသို့ ရုတ်တရက် တိုက်ခိုက်လိမ့်မည်ဟု လုံးဝမထင်မှတ်ခဲ့ချေ။

ထို့ကြောင့် လျှပ်တစ်ပြက်အတွင်း ဓားရောက်လာသောအခါ ထောင်ဆက်သည် အကြီးအကျယ် ထိတ်လန့်သွားပြီး နောက်ဘက်သို့ ဆုတ်၍ ရှောင်တိမ်းလိုက်သည်။

သို့သော် ဓားမှာ အလွန်ပင် မြန်ဆန်လွန်းလှသောကြောင့် သူ၏ရင်ဘတ်၌ ထိုးစိုက်သွားတော့သည်။

သို့သော် သူက ချက်ချင်းပင် လက်ဝါးစောင်းတစ်ချက် ရိုက်ထုတ်လိုက်သဖြင့် ဖူးလင်မှာ နောက်သို့လွင့်သွားရတော့၏။

ဓားမှာမူ ထောင်ဆက်၏ရင်ဝ၌ တန်းလန်းကြီး ကျန်ရစ်ခဲ့တော့သည်။

ထောင်ကန်းတို့ ငါးယောက်မှာ တစ်ပြိုင်တည်း အထိတ်တလန့် အော်မိကြတော့သည်။

ထောင်ကျက်ကမူ ထောင်ဆက်ကို ပွေ့ချီပြေးထွက်သွားတော့၏။

ကျန်လေးယောက်သည် မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း ဖူးလင်၏ခြေလက်လေးဖက်ကို တစ်ယောက်စီ ကိုင်ဆွဲ၍ ဆွဲမြှောက်လိုက်ကြတော့၏။

လွန်ခဲ့သောရက်က ချန်ပုဆိုသော ဓားသိုင်းသမားကြီးကို ဆွဲကိုင်လိုက်သည့်ပုံစံပင် ဖြစ်တော့သည်။

ရက်ပုချွန်သည်လည်း မည်သို့မျှ မတတ်နိုင်တော့။ ထိုလူလေးယောက်ကို သူ့အနေဖြင့် အားလုံးတစ်ပြိုင်တည်း လဲကျသွားအောင် မတိုက်ခိုက်နိုင်ပေ။

သူတို့၏လက်များကို ဆွဲဆန့်လိုက်သည်နှင့် ဖူးလင်မှာ လေးစိတ်လေးခြမ်းကွဲလျက် မရှုမလှ သေပွဲဝင်ရပေတော့မည်။

သူ့အဖို့ တိုတောင်းသောအချိန်အတွင်း မည်သို့မျှ လှုပ်ရှားနိုင်စွမ်းမရှိသဖြင့် သူ၏ဓားကိုင်ထားသည့် လက်သည်ပင် တဆတ်ဆတ်တုန်ယင်နေတော့၏။

လင့်ဟူချုံးမှာ သူ၏ဆရာမ အသက်အန္တရာယ်ရှိနေကြောင်း ရုတ်တရက်တွေ့လိုက်ရသောအခါ အလိုအလျောက် အင်အားများထွက်လာပြီး ရုတ်တရက် စူးစူးဝါးဝါး အော်လိုက်သည်။

"ကျုပ်ဆရာမကို ဘာမှမလုပ်နဲ့ ... "

လင့်ဟူချုံးမှာ ဤစကားကလေး ပြောပြီးသည်နှင့် 'ဝေါ့' ခနဲ သွေးများ ထိုးအန်လိုက်ကာ ပြန်လည်မေ့မြော သွားပြန်တော့သည်။

ထောင်ကန်း ရုတ်တရက် ပြောလိုက်သည်။

"ဟေ့ကောင်တွေ ကောင်လေးပြောလိုက်တာ ကြားတယ်မဟုတ်လား ... မသတ်ရဘူးတဲ့ ... ငါတို့ ဒီမိန်းမကို လွှတ်လိုက်မှဖြစ်မယ် ... "

ပြောပြောဆိုဆိုဖြင့် သူတို့လေးယောက်စလုံး ဖူးလင်ကို မြေကြီးပေါ်သို့ ပစ်ချလိုက်ပြီး ဒဏ်ရာရရှိသွားသည့် ထောင်ဆက်အတွက် ပူပန်မှုကြောင့် ထောင်ကျက်ပြေးထွက်သွားရာနောက်သို့ အပြေးအလွှား ထွက်ခွာသွားကြတော့၏။

ဖူးလင်၏အသက်ကို လင့်ဟူချုံးကယ်လိုက်ခြင်းသာတည်း။

ရက်ပုချွန်၊ လိန်လိန်နှင့်၊ ဂိုဏ်းသားများသည် ဖူးလင်နားသို့ စိုးရိမ်တကြီး ပြေးလာကြတော့၏။

ဖူးလင်မှာ ရုတ်တရက် ခုန်ထလိုက်သော်လည်း ကြောက်ရွံ့တုန်လှုပ်မှုကြောင့် သူမ၏မျက်နှာတစ်ခုလုံး သွေးဆုတ်ဖြူရော်လျက် ရှိနေတော့၏။ တစ်ကိုယ်လုံးလည်း တုန်တုန်ယင်ယင် ဖြစ်နေတော့သည်။

ရက်ပုချွန်က တိုးညင်းသောလေသံဖြင့် ..

"ညီမလေး စိတ်ကိုတည်ငြိမ်အောင်ပြန်ထိန်း၊ သူတို့က ညီမလေးကို သတ်မသွားတာ ကံကောင်းသွားတယ် ... ဒီခြောက်ယောက်ဟာ တကယ့်ကို ကြောက်စရာကောင်းတဲ့လူတွေ ... "

ဖူးလင်မှာ ကြောက်စိတ်လုံးဝ မပြယ်သေးပေ။ တုန်တုန်ယင်ယင် ရှိနေဆဲသာ။

သူမသည် ဟိုနေ့က ချန်ပုကို ဤလူလေးယောက်က ဝိုင်းဆွဲဖြဲလိုက်ပုံကို မြင်ယောင်လာပြီး သွေးလေချောက်ချားနေတော့သည်။ သူမက ...

"ဒါ ... ဒါ ... ဒါ ... "

သူမသည် မည်သည့်စကားမျှ ဆက်မပြောနိုင်တော့ပေ။ ရက်ပုချွန်သည် သည်တစ်ကြိမ်၌ သူ၏ဇနီးမှာ တစ်သက်နှင့်တစ်ကိုယ် အကြီးအကျယ်ဆုံး ထိတ်လန့်တုန်လှုပ်သွားရခြင်းဖြစ်ကြောင်း သိထားသဖြင့် သူက ...

"လိန်လိန် ... မင်းအမေကိုခေါ်ပြီး မျက်နှာသွားသစ်လိုက်စမ်း ... "

လိန်လိန်သည် သူမ၏မိခင်ကိုတွဲခေါ်၍ ထွက်သွားတော့၏။ ရက်ပုချွန်မှာမူ လင့်ဟူချုံးကို သွားကြည့်လိုက်သည်။ လင့်ဟူချုံးခမျာ သေလုမျောပါး ဖြစ်နေသည့်ကြားမှ သူ၏ဆရာမအတွက် ရှိစုမဲ့စု အားအင်ကလေးထုတ်ကာ တားမြစ်လိုက်ရရှာသဖြင့် ထပ်မံအခြေအနေ ဆိုးသွားရပြန်ရှာသည်။

သူ၏မျက်နှာမှာ သွေးဟူ၍ လုံးဝမရှိတော့ဘဲ ထွက်သက်ဝင်သက် အလွန်နည်းလာသည်ကို တွေ့ရတော့သည်။

ရက်ပုရွှန်က လင့်ဟူချိုး၏နောက်ကျောကို လက်ဝါးနှင့်ကပ်၍ သူ၏အတွင်းအားနှင့် လင့်ဟူချိုး၏အသက်ကို ပြန်ဆက်ပေးနိုင်ရန် ကြိုးစားလိုက်သည်။

သူ၏အတွင်းအားကို သွင်းလိုက်သောအခါ ထူးဆန်းသော အတွင်းအားလှိုင်းများက လင့်ဟူချိုး၏ခန္ဓာကိုယ်မှ ပြင်းထန်သောအင်အားများဖြင့် တန်ပြန်တွန်းကန်လိုက်သည်ကို ခံစားရတော့၏။

ရက်ပုရွှန်၏လက်ဝါးမှာ လင့်ဟူချိုး၏ကျောမှ ကန်ထွက်သွားမတတ် ဖြစ်သွားတော့၏။

ဤကား အလွန်တရာ ထူးဆန်းထွေလာ အဖြစ်အပျက်ပင်တည်း။

ရက်ပုရွှန်သည်ပင် အထိတ်တလန့် ဖြစ်သွားမိတော့၏။

ရက်ပုရွှန်သည် မိုးကြိုးအတွင်းအားသိုင်းကို အောင်မြင်ပြီးသွားပြီဖြစ်ရာ သိုင်းလောကထဲတွင် အတွင်းအားပညာ၌ ပြိုင်စံရှားသူဖြစ်သည်။

မုကောင်းဖုန်းကဲ့သို့သော ထိပ်သီးသိုင်းပညာရှင်များပင် မိုးကြိုးအတွင်းအားသိုင်း၏ အရိပ်အယောင်ကို မြင်ရသည်နှင့် တစ်ချိုးတည်းနောက်ကြောင်း ပြန်ပြေးသွားခဲ့ရသည်။

သို့သော် ယခုမူ လင့်ဟူချိုး၏ခန္ဓာကိုယ်တွင်းမှ ထူးဆန်းသော အတွင်းအားများက မိမိ၏ပြင်းထန်လှသော အတွင်းအားကို တန်ပြန်တွန်းလှန်လိုက်ပြီး မိမိလက်ကို ပြန်ကန်ထွက်စေကြောင်း တွေ့လိုက်ရသောအခါ တကယ်ပင် တုန်လှုပ်ချောက်ချားသွားခဲ့တော့၏။

တစ်ချိန်တည်းမှာပင် ယင်းအတွင်းအားများနှင့် ပတ်သက်၍အချက်တစ်ခုကို သတိပြုလိုက်မိသည်။

ယင်းအတွင်းအားများသည် လင့်ဟူချိုး၏ခန္ဓာကိုယ်ထဲတွင် အစီအစဉ်တကျ နေသားတကျရှိနေသည် မဟုတ်ချေ။

တစ်ခုနှင့်တစ်ခု အချင်းချင်း တွန်းကန်တိုက်ခိုက်နေကြသည့် အချက်ပင်တည်း။

ရက်ပုရွှန်သည် သူ၏လက်ဝါးနှင့် လင့်ဟူချိုး၏ရင်ဝကိုဖိကပ်၍ အတွင်းအားကို ဖိသွင်းပေးလိုက်ပြန်သည်။

သည်တစ်ခါတွင်လည်း သူ၏လက်ဝါးသည် တန်ပြန်တွန်းကန်ခြင်း ခံရပြန်သည်။

ရက်ပုရွှန်မှာ သူ၏အတွင်းအားကို လုံးဝမထုတ်ရဲတော့ချေ။

သူ၏လက်ဝါးကို လင့်ဟူချိုး ရင်ဝမှခွာ၍ ဖြစ်နိုင်သည့် အခြေအနေများကို စဉ်းစားသုံးသပ်လိုက်၏။

"လင့်ဟူချိုးရဲ့ ခန္ဓာကိုယ်ထဲမှာ အတွင်းအားလှိုင်း ခြောက်ခုတောင်ရှိနေပါလား ... ဒါက ဟိုလူခြောက်ယောက်သွင်းပေးထားတဲ့ အတွင်းအားတွေဖြစ်မှာပဲ ... တယ်ယုတ်မာတဲ့လူတွေပဲ၊ သူတို့ရဲ့ အစီအစဉ်မရှိ ပရမ်းပတာ သွင်းပေးလိုက်တော့ လင့်ဟူချိုးကို ဒီအားတွေက အကြီးအကျယ် ဒုက္ခပေးနေတာပဲ ... အခု ငါ့ရဲ့အတွင်းအားကတောင် သူတို့ကို မထိုးဖောက်နိုင်တော့ဘူး ... "

အမုန်စင်စစ် အံ့ဖွယ်ခြောက်ယောက်တို့သည် လင့်ဟူချိုးကို ကယ်တင်ချင်လွန်းလှသဖြင့် သူတို့၏ ပြင်းထန်ထက်မြက်လှသော အတွင်းအားများ ထည့်သွင်းကုသပေးကြရာတွင် စည်းစနစ်မရှိဘဲ ကိုယ်စိတ်ထင်ရာ ထည့်သွင်းချင်တိုင်း ထည့်သွင်းကုသပေးလိုက်ကြသည်။

နောက်ဆုံး သူတို့၏အတွင်းအားအချင်းချင်း အားပြိုင်နေကြခြင်းဖြင့် လင့်ဟူချိုးမှာ သေလုမျောပါး ဖြစ်သွားခဲ့ရတော့၏။

ဤမျှ ရှုပ်ထွေးတိုက်ခိုက်နေသော အတွင်းအားများကို ထည့်သွင်းပေးပြီး လင့်ဟူချိုးကို မည်သည့်အတွက် မိမိတို့ထံ ပြန်ပို့ရသနည်း။

ရက်ပုရွှန်သည် ထိုအချက်ကို လုံးဝမတွေးတတ်အောင် ဖြစ်နေတော့၏။

ရက်ပုရွှန်သည် ကောင်းကန်းနှင့် လုရိတို့ကို လှမ်းခေါ်လိုက်ပြီး လင့်ဟူချိုးအား ကြည့်ရှုနေရန် မှာကြားလိုက်၏။

သူကိုယ်တိုင်ကမူ ဇနီးဖြစ်သူ ဖူးလင်အား သွားရောက်ကြည့်ရှုသည်။

ဖူးလင်မှာ ခုတင်ပေါ်တွင် ထိုင်လျက်ရှိနေပြီး သမီးဖြစ်သူ လိန်လိန်လက်ကို ဆုပ်ကိုင်ထား၏။ သူမသည် တည်ငြိမ်မှု မရသေးပေ။ သွေးလေချောက်ချားလျက်သာ ရှိနေပေသေးသည်။

ရက်ပုချွန် ရောက်လာသည်ကို တွေ့ရသောအခါ သူမက ..

“လင့်ဟူချိုးကော ... ကောင်လေး ဒဏ်ရာသက်သာရဲ့လား ဟင် ... ”

ရက်ပုချွန်သည် အတန်ကြာ တွေဝေစဉ်းစားနေရာမှ ..

“သိပ်ထူးဆန်းတာပဲ” ဟု ပြောလိုက်၏။

ရက်ပုချွန်က လင့်ဟူချိုး၏ခန္ဓာကိုယ်ထဲမှ ပဋိပက္ခဖြစ်နေကြသော အတွင်းအားလှိုင်းခြောက်ခုရှိသည့် အကြောင်းကို ပြောပြလိုက်သည်။ ဖူးလင်က ..

“အစ်ကိုကြီး ... သူတို့က လင့်ဟူချိုးကို ဖမ်းခေါ်သွားတယ်၊ နောက်ပြီး ကျွန်မတို့လက်ထဲ လာပြန်ပို့တယ် ... ဘာသဘောလဲ၊ ကျွန်မစိတ်ထဲမှာ အဖြေကို စဉ်းစားလို့မရဘူး ... ”

ရက်ပုချွန်သည် အတန်ကြာစဉ်းစားနေသည်။ သူ၏အမူအရာသည် တည်ကြည်လေးနက်လာသည်။ ဖြည်းညင်းသော်လည်း အေးစက်သောလေသံဖြင့် ပြောလိုက်သည်။

“ငါနားလည်ပြီ ... သူတို့က လင့်ဟူချိုးရဲ့ဒဏ်ရာကို ကုသခိုင်းပြီး ငါ့ရဲ့အတွင်းအားကို ကုန်ခန်းသွားအောင် လုပ်ချင်တာဖြစ်လိမ့်မယ် ... ”

ဖူးလင်သည်လည်း ရုတ်တရက်ထခုန်ကာ ...

“ဟုတ်တယ် ... ဟုတ်တယ် ... အစ်ကိုကြီးက လင့်ဟူချိုးရဲ့အသက်ကိုကယ်ချင်ရင် ဒီအတွင်းအားလှိုင်းခြောက်ခုကို တစ်ခုချင်း ချေဖျက်ရမယ် ... အဲဒီလိုချေဖျက်ပြီးတာနဲ့ အစ်ကိုကြီးရဲ့အတွင်းအား အတော်ကလေး ကုန်သွားတော့မှာပဲ ...”

ဖူးလင်သည် စကားကို ခေတ္တရပ်လိုက်သည်။ ပြီးမှ ..

“တော်ပါသေးရဲ့ ... ဒီလူခြောက်ယောက်ထဲက တစ်ယောက်လျော့သွားပေလို့ ... အခုဆိုရင် ငါးယောက်ပဲကျန်တော့တယ် ... အစ်ကိုကြီး ... ကျွန်မနားမလည်တာ တစ်ခုရှိနေတယ် စောစောတုန်းက သူတို့က ကျွန်မကိုဖမ်းမိထားပြီးမှ လင့်ဟူချိုး တစ်ချက်အော်လိုက်တာနဲ့ ကျွန်မကို ပြန်လွှတ်လိုက်ကြတယ် ... အဲဒါဘာသဘောလဲ ... ” ဟု ရက်ပုချွန်အား မေးမြန်းလိုက်သည်။

သူမအနေဖြင့် လုံးဝစဉ်းစား၍ မထွက်၍သာ ဤအကြောင်းကို ပြန်ပြောမိခြင်းဖြစ်သည်။

အမှန်စင်စစ် ဤအဖြစ်ကို လုံးဝပြန်လှန်မစဉ်းစားချင်ပေ။

ခြောက်အိပ်မက်နှယ် မိမိ၏ရင်နှလုံးကို တုန်လှုပ်စေလွန်းသည့်အတွက် အားလုံးကို လုံးဝမေ့ပစ်ချင်သည်။

သို့သော် မမေးလျှင် သူမဘာသာ မည်သို့မျှ တွေးတောကြံဆခြင်း မပြုနိုင်သဖြင့် မေးမြန်းလိုက်ရခြင်းသာဖြစ်သည်။

ရက်ပုချွန်က ဦးခေါင်းကို ခါယမ်းလိုက်သည်။

ထို့နောက် ရက်ပုချွန်၊ ဖူးလင်နှင့် လိန်လိန်တို့သုံးယောက်စလုံး လင့်ဟူချိုး၏အခန်းသို့ လျှောက်လာခဲ့ကြသည်။

ဖူးလင်မှာ လင့်ဟူချိုး အသက်မျှဉ်းမျှဉ်းကလေးရှူနေပုံကို တွေ့မြင်လိုက်ရသောအခါ မျက်ရည်များကျလာတော့၏။

သူမအနေဖြင့် တပည့်တစ်ယောက်သာမက သားတစ်ယောက်နှယ်လည်း ကျွေးမွေးပြုစုခဲ့ရသည် မဟုတ်ပါလား။

ထိုစဉ် လင့်ဟူချိုးသည် ရုတ်တရက် မျက်လုံးများကိုဖွင့်လိုက်ပြီး တိုးညင်းစွာ စကားပြောသည်။

“လင်မိန်ကျဲကော ... ”

လိန်လိန်က တအံ့တသြဖြင့် မေးလိုက်သည်။

“အစ်ကိုကြီး ... သူ့ကို ဘာပြောမလို့လဲဟင် ... ”

လင့်ဟူချိုးသည် မျက်စိများ ပြန်မှိတ်လိုက်၏။ သို့သော် သူ၏နှုတ်ကမူ စကားများကို ဆက်ပြောနေသည်။

“သူ့အဖေသေခါနီးမှာ သူ့အတွက် မှာခဲ့တဲ့စကားကို ငါက သူ့ သူ့ကိုပြောပြရဦးမယ် ... ငါ ... ငါမပြောရင် မဖြစ်တော့ဘူး ... သူ့ကိုသာ မြန်မြန်ခေါ်ခဲ့ပါ ... ”

လင့်ဟူချုံးသည် သူ၏နောက်ဆုံးအချိန်ကို သိနေသကဲ့သို့ လင့်မိန်ကျက်အား ခေါ်ခိုင်းလိုက်ခြင်းဖြစ်ရာ လိန်လိန်သည် မျက်ရည်များစီးကျလာပြီး အပြင်သို့ပြေးထွက်သွားတော့၏။

ရက်ပုချွန်က ဖူးလင်အား ပြောလိုက်သည်။

"ဒီစကားက သိပ်အရေးကြီးတယ် … လင့်ဟူချုံးက သူ့အချိန်ကိုသူသိလို့ ဒီလိုအရေးတကြီးခေါ်ခိုင်းတာ … သူ့ကိုယ်ထဲကအတွင်းအားတွေကို ငါ့မိုးကြိုးအတွင်းအားနဲ့ တားပေးထားရမယ် … "

လင်မိန်ကျက်သည် ချက်ချင်းလိုလိုပင် အခန်းထဲသို့ ပြေးဝင်ရောက်ရှိလာတော့၏။ သူက ဆို့နင့်စွာဖြင့်ခေါ်လိုက်သည်။

"အစ်ကိုကြီး … "

"ညီလေး … လင်မိန်ကျက်လား … "

"ဟုတ်ပါတယ် အစ်ကိုကြီး … ကျွန်တော် လင်မိန်ကျက်ပါ"

"ညီလေး … မင်းအဖေ သေခါနီးတုန်းက ငါ့ကို အရေးကြီးတဲ့စကား ပြောပြခဲ့တယ် … နေ … နေကြာပန်းလမ်းက အိမ် … အိမ်ဟောင်းထဲက ပစ္စည်း … ပစ္စည်းကို … ကောင်းကောင်းစောင့်ရှောက်ပါတဲ့ … ဒါပေမယ့် လုန် … လုန်မကြည့်ရဘူးတဲ့ … ကြည့်မိရင် ဒုက္ခ … ဒုက္ခ … ကြီးနဲ့ တွေ့ တွေ့ရမယ်တဲ့ … "

လင်မိန်ကျက်က တအံ့တဩဖြင့် …

"နေကြာပန်းလမ်းက … ဘယ်မှာပါလိမ့် … ကျွန်တော်တို့ ကျွန်တော်တို့ ဖူးကျိုးနယ်မှာ နေကြာပန်းလမ်းဆိုတာ မရှိပါလား" ဟု ရေရွတ်လိုက်မိတော့သည်။

လင့်ဟူချုံးက …

"ဒီ … ဒီစကားပဲ … မင်းအဖေ မှာကြားခဲ့တာ … "

လင့်ဟူချုံးမှာ ပြန်လည်မေ့မြောသွားပြန်တော့သည်။

ရက်ပုချွန်မှာ လင့်ဟူချုံး ထိုစကားကလေး ပြောနိုင်ရန်အတွက် လင့်ဟူချုံး၏ကိုယ်ထဲမှ အတွင်းအားလှိုင်းများကို သူ၏မိုးကြိုးအတွင်းအားလှိုင်းဖြင့် တွန်းခံနေရသဖြင့် သူ၏တစ်ကိုယ်လုံး ချွေးများစိုရွှဲ၍ အားအင်ကုန်ခမ်းသွားသလို ခံစားလိုက်ရတော့သည်။

ဖူးလင်က လက်ကိုင်ပုဝါကိုထုတ်၍ ရက်ပုချွန်၏နဖူးမှ ချွေးသီးချွေးပေါက်များကို ညင်သာစွာ သုတ်ပေးလိုက်၏။ ရက်ပုချွန်မှာ မိုးကြိုးအတွင်းအားသိုင်းကို လေ့ကျင့်အောင်မြင်ပြီးကတည်းက ကိုယ်ပေါ်မှ ချွေးကျခဲလှ၏။ ယနေ့တော့ တစ်ကိုယ်လုံး ရွှဲရွှဲစိုလျက်ရှိနေပေပြီ။ ဖူးလင်သည် တုန်လှုပ်သွားတော့၏။

မည်သည့်ပညာမဆို ကမ်းကုန်လမ်းကုန် ပြည့်စုံအောင်မြင်ပြီးစီးပြီဟူ၍ မရှိနိုင်ပေ။

× × × × × ×

## ရှောင်တိမ်းခြင်း

ရက်ပုချွန်သည် အတန်ကြာ အနားယူလိုက်ပြီးမှ လင်မိန်ကျက်အား မေးလိုက်၏။

"လင်မိန်ကျက် ... မင်းတို့ ဖူးကျိုးနယ်မှာ နေကြာပန်းလမ်းမရှိဘူး ဟုတ်လား ... တခြားပန်းနာမည်နဲ့ ပေးထားတဲ့ လမ်းတွေလည်း တစ်လမ်းမှ မရှိဘူးလား ... "

လင်မိန်ကျက်သည် အတန်ကြာ စဉ်းစားနေပြီးမှ ..

"မရှိဘူးဆရာ ... ပန်းနာမည်နဲ့ ပေးထားတဲ့လမ်းလည်း တစ်လမ်းမှမရှိဘူး ... "

ဖူးလင် ကြားဖြတ်ဝင်မေးလိုက်၏။

"ဒီလိုဆိုရင် မင်းတို့ရဲ့အိမ်ဟောင်းက ဘယ်မှာလဲ ... "

လင်မိန်ကျက်က ...

"ကျွန်တော့်ရဲ့ အဘေးကတော့ "နေမျက်နှာမူလမ်း" လမ်းမှာ နေခဲ့ကြတာပဲ ... နောက်တော့မှ ....

ထိုစဉ် ရက်ပုချွန်က ရုတ်တရက် ဝင်ပြောလိုက်ခြင်းကြောင့် လင်မိန်ကျက်မှာ သူ၏စကားကို ဆုံးအောင်မပြောလိုက်နိုင်ဘဲ ဖြစ်သွားသည်။

ရက်ပုချွန်က ..

"ဘာ ... နေမျက်နှာမူလမ်း ဟုတ်လား ... ဒါဆိုရင် အဲဒီလမ်းဟာ နေကြာပန်းလမ်းပဲပေါ့ ... နေကြာပန်းဆိုတာ နေရှိရာကို မျက်နှာမူလိုက်တာပဲ ... သေချာပြီ ... နေကြာပန်းလမ်းဆိုတာ နေမျက်နှာမူ လမ်းပဲဖြစ်ရမယ် ... "

လင်မိန်ကျက်က ...

"ဆရာပြောတာ ဖြစ်နိုင်ပါတယ်ဆရာ ... ကျွန်တော်တို့ရဲ့ အဘိုးလက်ထက်ရောက်တော့မှ ကျွန်တော်တို့အားလုံး အာမခံဌာနကို ပြောင်းလာခဲ့ကြတာ ... "

ဖူးလင်က ...

"မင်းအဖေပြောတဲ့ အိမ်ဟောင်းက ပစ္စည်းဆိုတာ ဘာပစ္စည်းလဲ ... "

ရက်ပုချွန်က ဝင်ရောက်တားမြစ်လိုက်သည်။

"ဒါကို နောက်မှပြော ... "

ထိုစကားကို ပြောပြီးသည်နှင့် လင်မိန်ကျက်နှင့် လိန်လိန်တို့အား လှည့်၍ ပြောလိုက်သည်။

"မင်းတို့ ဒီအခန်းထဲမှာနေပြီး လင့်ဟူချုံးကို စောင့်ရှောက်လိုက်ကြ ... အခြေအနေ ဆိုးဝါးလာရင် ငါ့ကိုလာ အကြောင်းကြားကြ"

ပြောပြီးသည်နှင့် ဖူးလင်ကိုလှမ်းခေါ်ကာ သူတို့အခန်းရောက်မှ ရက်ပုချွန်က အသံကိုနှိမ့်၍ မေးလိုက်သည်။

"ညီမလေး ... ဟိုပစ္စည်းဆိုတာ ဘာဖြစ်နိုင်သလဲ ... "

ဖူးလင် ..

"သူတို့အိမ်ဟောင်းထဲက ပစ္စည်းဆိုတော့ ဘယ်လိုခန့်မှန်းရမှာလဲ ... ခန့်မှန်းဖို့တောင် ခပ်ခက်ခက်ပဲ ... "

ရက်ပုချွန်က ဝင်ထောက်ပေးလိုက်သည်။

"ဒါပေမယ့် ... အဲဒီပစ္စည်းကို 'လှန်မကြည့်ရဘူး' ဆိုတဲ့ ပညတ်ချက်က ပါနေသေးတယ် ... "

ဖူးလင်က ရုတ်တရက် သဘောပေါက်သွားကာ ..

"ဟာ ... ဟုတ်ပြီ ... ဟုတ်ပြီ ... ဒါ ... ဒါ သူတို့ရဲ့ မျိုးရိုးသိုင်းကျမ်းဖြစ်တဲ့ ဘီလူးမီးဓားသိုင်းပဲဖြစ်ရမယ်" ဟု အားတက်သရောပြောလိုက်သည်။

ရက်ပုချွန်က တွေးတွေးဆဆဖြင့် ပြောလိုက်သည်။

"တကယ်လို့ ဒီပစ္စည်းက ဘီလူးမီးဓားသိုင်းကျမ်း ဖြစ်တယ်ပဲထားလိုက်ပါတော့ ... သူ့အဖေက ဒီစာအုပ်ကို 'လှန်မကြည့်ရဘူး၊ လှန်ကြည့်ရင် ဒုက္ခကြီးကြုံလိမ့်မယ် ... ' လို့ ဘာဖြစ်လို့ အလေးအနက်ထား မှာရပြန်တာလဲ ... "

ဖူးလင်က ပြုံး၍ ...

"ဒါကတော့ သူတို့မျိုးရိုးသိုင်းပညာဖြစ်တဲ့ ဘီလူးမီးဓားသိုင်းက အစွမ်းမထက်ဘူးဆိုတာ သိနေလို့နေမှာပေါ့ ... " ဟု ပြန်ဖြေလိုက်သည်။ ရက်ပုချွန်က ငြိမ်သက်စွာ စဉ်းစားနေသဖြင့် ဖူးလင်က ပြန်မေးလိုက်သည်။

"အစ်ကိုကြီးကကော ဘယ်လိုထင်သလဲဟင် ... "

ရက်ပုချွန်က ..

"ဘီလူးမီးဓားသိုင်း အစွမ်းမထက်ဘူးဆိုတာတော့ မဟုတ်နိုင်ဘူး ... လင်မိန်ကျက်ရဲ့အဘေး လင်ရွှယ်တုလက်ထက်တုန်းက လင်ရွှယ်တုက ချင်းချန်ဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီးရှီချန်းရဲ့ဆရာကိုတောင် အနိုင်ယူခဲ့တာပဲ ... သိုင်းလောက က ထိပ်သီးဓားသိုင်းပညာရှင် တော်တော်များများလည်း လင်ရွှယ်တုကို အနိုင်မယူနိုင်ခဲ့ကြဘူး ... ဒီဘီလူးမီးဓားသိုင်းသာ အသုံးမကျဘူးဆိုရင် လင်ရွှယ်တုဟာ အဲဒီတုန်းက 'အောင်နိုင်သူ' ဘယ်ဖြစ်ခဲ့တော့မလဲ ... "

ဖူးလင်မှာ စိတ်ရှုပ်ထွေးသွားဟန်ဖြင့် ..

"ဒီကိစ္စက တော်တော်ထူးဆန်းတာပဲ ... ဒီပစ္စည်းဟာ ဘီလူးမီးဓားသိုင်းကျမ်းမဟုတ်ဘူးဆိုရင် ဘာပစ္စည်းဖြစ်မလဲ" ဟု ပြန်လည်မေးခွန်းထုတ်လိုက်သည်။

ရက်ပုချွန်ကမူ မည်သို့မျှ တုံ့ပြန်မပြောတော့ဘဲ သူ့ခေါင်းအုံးအောက်မှ သံဘူးတစ်ဘူးကို ထုတ်ယူလိုက်ကာ အဖုံးဖွင့်လိုက်၏။

သံဘူးထဲမှ မိုးကြိုးအတွင်းအားသိုင်းစာအုပ်ကို ထုတ်ယူလိုက်သည်။

ထိုစာအုပ် နောက်ဆုံးစာရွက်ကို လှန်လိုက်ပြီး နောက်ဆုံးစာကြောင်းတစ်ကြောင်းကို လက်ညှိုးထိုးပြလိုက်၏။

ထိုစာကြောင်းမှာ ...

မိုးကြိုးအတွင်းအားသိုင်းသည် အခြေခံအဆင့်မျှသာဖြစ်၏။ 'နေကြာပန်းသိုင်းပေါင်းချုပ်' ကို ရရှိကျင့်ကြံနိုင်မှသာ အဆင့်မြင့်သို့ရောက်မည်ဟု ရေးသားထားသည်။

ဖူးလင်မှာ ရက်ပုချွန်နှင့် ဂိုဏ်းတူမောင်နှမဖြစ်သော်လည်း ဂိုဏ်းစည်းကမ်းအရ ဤမိုးကြိုးအတွင်းအားသိုင်းကို လင်ယောကျ်ားဖြစ်သူ၏ အခွင့်အမိန့်မရဘဲ ဖွင့်ကြည့်နိုင်ခွင့်မရှိချေ။

ယခု ရက်ပုချွန်ပြသဖြင့် 'နေကြာပန်းသိုင်းပေါင်းချုပ်' ဟူသောစာလုံးကို တွေ့လိုက်ရသောအခါ ရင်ထဲ၌ လှုပ်ရှားသွားတော့၏။ သူမ၏နှုတ်မှ ...

"နေကြာပန်းသိုင်းပေါင်းချုပ် ... ဒါ ... ဒါဖြင့်ရင် ဖူးကျိုးနယ်ကနေကြာပန်းလမ်းနဲ့များ ပတ်သက်နေမလား ... ဒီလောကမှာ တကယ်ပဲ 'နေကြာပန်းသိုင်းပေါင်းချုပ်' ရှိနေလို့လား" ဟု တီးတိုးရေရွတ်နေမိတော့၏။

ရက်ပုချွန်က တည်ကြည်သောလေသံဖြင့် ...

"ဒီ မိုးကြိုးအတွင်းအားသိုင်းစာအုပ်ကို ငါ့ဆရာဘိုးဘိုးလက်ထက်ကတည်းက ထိန်းသိမ်းစောင့်ရှောက်လာခဲ့တာပဲ ... ဒီ 'နေကြာပန်းသိုင်းပေါင်းချုပ်' ရှိမရှိဆိုတာတော့ ငါလည်းမသိဘူး" ဟု ဖူးလင်အား ပြောပြလိုက်သည်။

ဖူးလင်က သက်ပြင်းချရင်း ပြောလိုက်သည်။

"ဒီလောကမှာ ဒီ 'နေကြာပန်းသိုင်းပေါင်းချုပ်' ဆိုတာ ရှိတယ်ပဲထားပါဦး ... ကျင့်ရမှာကတော့ နည်းနည်းမှ လွယ်မှာမဟုတ်ဘူးနော်၊ အခု မိုးကြိုးအတွင်းအားသိုင်းကိုတောင် အစ်ကိုကြီး အကြာကြီးလေ့ကျင့်ခဲ့ရတယ် မဟုတ်လား ... "

ရက်ပုချွန်က ထိုအကြောင်းနှင့်ပတ်သက်၍ မည်သို့မျှစကားမဆက်တော့ပဲ ငြိမ်နေသဖြင့် ဖူးလင်က စကားလမ်းကြောင်းပြောင်းလိုက်သည်။

"အစ်ကိုကြီး အခုအချိန်မှာ ဟိုလူခြောက်ယောက်ပြန်ရောက်လာရင် အစ်ကိုကြီးအနေနဲ့ သူတို့ကိုရင်ဆိုင်နိုင်ပါ့မလား ... "

ရက်ပုချွန်က သက်ပြင်းတစ်ချက်ချရင်း ...

"ညီမလေး ... သူတို့ရဲ့သိုင်းပညာ ဘယ်လောက်အဆင့်အတန်းမြင့်တယ်ဆိုတာ ညီမလေး မခန့်မှန်းနိုင်လိုက်ဘူး ... ငါတို့ လင်မယားနှစ်ယောက်နဲ့ သူတို့ဘက်က နှစ်ယောက်တည်း တိုက်ခိုက်တာတောင်မှ ငါတို့နိုင်လိမ့်မယ်လို့ အသေအချာ မပြောနိုင်ဘူး ... သူတို့ဘက်က သုံးယောက်နဲ့သာတိုက်လို့ကတော့ ငါတို့ အသေအချာရှုံးမှာပဲ ... "

ဖူးလင်မှာ သူမ၏ယောကျ်ားက မိုးကြိုးအတွင်းအားသိုင်းကို လေ့ကျင့်အောင်မြင်ပြီးသူဖြစ်၍ သည်လူခြောက်ယောက်ကို ကောင်းစွာအနိုင်ယူမည်ဟု မှတ်ထင်မျှော်လင့်ထားခဲ့၏။

သို့သော် ယခု ရက်ပုချွန်၏စကားကို ကြားလိုက်ရသောအခါ သူမ၏စိတ်ထဲ၌ ခဲကြီးများဆွဲထားသကဲ့သို့ လေးလံသွားတော့သည်။ အလွန်လည်း စိတ်ပူသွားမိတော့သည်။

ထို့ကြောင့် ...

"အစ်ကိုကြီး ... ဒီတစ်ခါ ဒီလူတွေပြန်ရောက်လာရင် ကျွန်မတို့လက်ပိုက်ပြီး အသေခံရတော့မှာပေါ့ ... "

"ညီမလေး ... ဒီလောက် စိတ်ဓါတ်မကျပါနဲ့ ... ဘယ်အချိန်အခါမဆို လိုလျှင်ကြံဆနည်းလမ်းရတာပါပဲ ... အခု လောလောဆယ် သူတို့နဲ့ရင်မဆိုင်ရင် ဖြစ်တာပါပဲ ... "

"အစ်ကိုကြီးဆိုလိုတဲ့သဘောက ကျွန်မတို့ ထွက်ပြေးကြရမယ်လို့ ဆိုလိုတာလား ... "

"ဟင့်အင်း ... ထွက်ပြေးတာမဟုတ်ဘူး ... ခဏရှောင်နေလိုက်တာ ... ရန်သူက လူများတယ် ... ငါတို့က လူနည်းတယ် ... ငါတို့နှစ်ယောက်က သူတို့ငါးယောက်ကို ဘယ်လိုမှမယှဉ်နိုင်ဘူး ... အခု ငါတို့ဘက်က အခွင့်အရေးနည်းနည်းသာသွားတာက ရန်သူ့အင်အားကို တစ်ယောက်လျော့သွားအောင်လုပ်နိုင်တာပဲ ... သူတို့ဘက်က တစ်ယောက်သေထားတော့ ငါတို့ဘက်က အထက်စီးရထားသလိုဖြစ်နေတယ် ... ငါတို့အနေနဲ့ သိက္ခာမကျပါဘူး ... အခုကိစ္စကို ငါတို့ကသာ မပြောရင် အပြင်လူ ဘယ်သူမှမသိနိုင်ဘူး ... "

"ကျွန်မတို့က သူတို့ထဲကတစ်ယောက်ကို သတ်နိုင်တာတော့မှန်ပါရဲ့ ... ဒါပေမယ့် လူလေးလင့်ဟူချုံးတော့ ... "

သူမသည် လင့်ဟူချုံးကို ငယ်စဉ်ကတည်းက ပြုစုကျွေးမွေးသုတ်သင်လာခဲ့ရသူဖြစ်၍ သားအရင်းတစ်ယောက်နှယ် သဘောထားသူဖြစ်၏။

ယခု လင့်ဟူချုံးမှာ လွန်စွာဒဏ်ရာပြင်းထန်လျက် နေ့သေမလား၊ ညသေမလား အခြေအနေသို့ရောက်ရှိနေရသည်ကို စဉ်းစားလိုက်မိသောအခါ ရင်ဆို့သွားရတော့၏။

မျက်ဝန်းအိမ်မှ မျက်ရည်ဖြိုင်ဖြိုင် ကျဆင်းလာတော့သည်။

အက်ကွဲသောလေသံဖြင့် ...

"အစ်ကိုကြီးရဲ့ အစီအစဉ်အတိုင်းပဲ လုပ်ကြတာပေါ့ ... လင့်ဟူချုံးကိုတော့ အတူတူခေါ်သွားကြတာပေါ့ ... လမ်းမှာပဲ သူ့ ဒဏ်ရာကို ဖြည်းဖြည်းချင်း ကုသပေးကြတာပေါ့ ... "

ရက်ပုချွန်က ငြိမ်နေသည်။ ဖူးလင်က စိတ်ပူပန်စွာဖြင့် မေးလိုက်သည်။

"အစ်ကိုကြီး လင့်ဟူချုံးကိုကော ခေါ်မသွားဘူးလားဟင်"

"ညီမလေး လင့်ဟူချုံးရဲ့ ဒဏ်ရာဘယ်လောက်ပြင်းထန်တယ်ဆိုတာ ညီမလေးအမြင်ပဲ ... သူ့ကိုသာ ငါတို့ခရီးကြမ်းကြီးထဲခေါ်လာရင် နာရီဝက်တောင်ခံမှာမဟုတ်ဘူး ... သေသွားလိမ့်မယ်"

"ဒီလိုဆိုရင် ဘယ်လိုလုပ်ရမလဲဟင် ... သူ့ကို ကျွန်မတို့ မကယ်နိုင်တော့ဘူးလားဟင် ... "

ရက်ပုချွန်သည် သက်ပြင်းရှည်ကြီးတစ်ချက်ချကာ ...

"ဟင်း ... ဟိုနေ့တုန်းက ငါက သူ့ကို မိုးကြိုးအတွင်းအားသိုင်းသင်ပေးမလို့ စိတ်ကူးထားတာ ... သူက ဟိုထူးထူးဆန်းဆန်းဓားကွက်တွေ ထုတ်သုံးနေတာနဲ့ ခဏရပ်ထားခဲ့ရတာ ... အဲဒီနေ့တုန်းကသာ ဒီအတွင်းအားသိုင်းပညာကို သင်ခဲ့ရင် သူ့ဘာသာ အတွင်းဒဏ်ရာကိုကုနိုင်မှာပဲ ... ဒီနေ့ဒီလိုအခြေအနေမျိုးကို လုံးဝမရောက်နိုင်ဘူး" ဟု လေးတွဲ့စွာ ပြောလိုက်မိတော့၏။

ဖူးလင်က မတ်တတ်ရပ်၍ ...

"အစ်ကိုကြီး ... ဒီမိုးကြိုးအတွင်းအားသိုင်းစာအုပ် လင့်ဟူချုံးကို ပေးထားလိုက်ပါ ... သူ့ဘာသာသူလေ့လာပြီး ကုပါစေ" ဟုပြောလိုက်တော့သည်။

ရက်ပုချွန်သည် ဖူးလင်က လင့်ဟူချုံးအပေါ်ထားသည့် မိခင်မေတ္တာကို ကောင်းစွာနားလည်သဘောပေါက်သဖြင့် ဖူးလင်၏လက်ကိုဆွဲ၍ ညင်သာသောလေသံနှင့် ဖျောင်းဖျသည်။

"ညီမလေး ... ငါက လင့်ဟူချုံးကိုချစ်တာ မင်းထက်မလျော့ပါဘူးကွယ် ... ဒါပေမယ့် ... မင်းတစ်ခုစဉ်းစားကြည့် ... ငါတို့က ဒီသိုင်းစာအုပ်ကို ဒီမှာထားခဲ့လို့ ဟိုလူဆိုးငါးယောက်ပြန်လည်သွားပြီး တွေ့သွားရင် ဘယ်လိုလုပ်မလဲ ... လင့်ဟူချုံးက အဲဒီငါးယောက်ကို ဘယ်လိုမှ ခုခံနိုင်မှာမဟုတ်ဘူး ... ဒီတော့ ငါတို့ဝါဆန်းဂိုဏ်းရဲ့ ထိပ်တန်းလျှို့ဝှက်ချက်ဖြစ်တဲ့ အတွင်းအားစာအုပ်က လူဆိုးသူခိုးတွေလက်ထဲရောက်သွားမှာပေါ့ ... ဒီလိုဆိုရင် ငါ့အပြစ်ဘယ်လောက်ကြီးလေးသွားမလဲ ... အဲဒါကို ညီမလေးအနေနဲ့ ခေါင်းအေးအေးစဉ်းစားပါ ... "

ဖူးလင်မှာ မည်သည့်စကားမျှ မပြောနိုင်တော့ပေ။ ပူနွေးသောမျက်ရည်ပေါက်ကြီးများသာ တစ်ပေါက်ပေါက် ကျလာတော့သည်။ ရက်ပုချွန်က ...

"ညီမလေး ... ငါတို့ အေးနေလို့မဖြစ်ဘူး ... ဟိုလူဆိုးငါးယောက်က အချိန်မရွေး ဒီကိုရောက်လာနိုင်တယ် ... ငါတို့ ချက်ချင်းရှောင်တိမ်းမှ သင့်လိမ့်မယ် ... "

ထိုစကားဆုံးသည်နှင့် ရက်ပုချွန်သည် သမီးဖြစ်သူ လိန်လိန်အား လှမ်းခေါ်လိုက်၏။

"သမီး ... ဂိုဏ်းသားအားလုံးကို ခန်းမကြီးထဲ စုဝေးဖို့ ခေါ်လိုက်စမ်း ... အဖေပြောစရာရှိတယ် ... "

လိန်လိန်ကလည်း သူ့ဖခင်၏အမိန့်ကို ဂိုဏ်းသားအားလုံးအား ပြောကြားလိုက်တော့သည်။ ထိုအခါ ရှိရှိသမျှ ဝါဆန်းဂိုဏ်းသားအားလုံး ခန်းမကြီးထဲတွင် စီတန်းရပ်နေကြတော့၏။

လူစုံသောအခါ ရက်ပုချွန်နှင့်ဖူးလင်တို့ ရောက်ရှိလာကြတော့၏။ ရက်ပုချွန်က ဂိုဏ်းချုပ်ကြီးထိုင်သည့် အလယ်ခုံတွင် ထိုင်လိုက်သည်။ ဖူးလင်က ဘေးတွင်ထိုင်လိုက်၏။ ရက်ပုချွန်က ဖြည်းညင်းသက်သာစွာဖြင့် ...

"ဓားသိုင်းအဖွဲ့ဖြစ်တဲ့ ဖုန်းပုမိန်တို့အဖွဲ့က မဟာမိတ်အဖွဲ့ချုပ်အလံကိုယူလာပြီး ငါတို့ကိုစော်ကားဖို့ကြိုးစားခဲ့တယ် ... ငါတို့က ငြိမ်ခံနေမယ်ဆိုရင် သူတို့က ငါတို့ကြောက်နေလို့သာ ငြိမ်ခံနေကြတယ်လို့ ထင်သွားကြလိမ့်မယ် ... ဒီတော့ ငါတို့အနေနဲ့ ... "

ရက်ပုချွန်သည် သူ၏စကားကိုခဏရပ်ပြီး ဂိုဏ်းသားအားလုံးကိုကြည့်ကာ ...

"အခု ငါတို့ ကောင်းဆန်းတောင်ကိုသွားကြမယ် ... မဟာမိတ်အဖွဲ့ချုပ်ခေါင်းဆောင်နဲ့ တွေ့ကြရမယ် ... ဖုန်းပုမိန်တို့ ရောက်လာတဲ့ကိစ္စနဲ့ပတ်သက်ပြီး ဖြေရှင်းရမယ် ... " ဟု ဣန္ဒြေကြီးစွာဖြင့် ပြောလိုက်တော့သည်။

ဝါဆန်းဂိုဏ်းသားများသည်သူတို့ဂိုဏ်းချုပ်ကြီး၏စကားကိုကြားလိုက်ရသောအခါ တုန်လှုပ်ချောက်ချားသွားကြတော့၏။

ကောင်းဆန်းဂိုဏ်းမှ 'ကျိလင်ထန်' မှာ မဟာမိတ်အဖွဲ့ချုပ်၏ ခေါင်းဆောင်သာဖြစ်သည်။

ထိုလူသည် သိုင်းပညာထူးချွန်ထက်မြက်ရုံမျှမက ဉာဏ်နီဉာဏ်နက်လည်း အလွန်များသူဖြစ်၏။

ယခု ထိုကဲ့သို့သောလူမျိုးနှင့် သွားရောက်ဖြေရှင်းမည်ဆိုခြင်းကား ဝါဆန်းဂိုဏ်းသားများအဖို့ ထိတ်လန့်လောက်သော အကြောင်းအရာဖြစ်သွားသည်မှာ အမှန်ပင်ဖြစ်တော့၏။

ဖြေရှင်းသည်ဆိုသောအလုပ်မှာ စကားနှင့်ဆွေးနွေး၍ မရတော့သည့် နောက်ဆုံးအချိန်အခါ၌ သိုင်းပညာဖြင့် ဖြေရှင်းကြခြင်းဖြစ်တော့၏။

ဖူးလင်ကမူ သူမယောကျ်ား၏စကားများကို ကြားလိုက်သောအခါ လွန်စွာသဘောကျသွားတော့၏။

သူမ၏ စိတ်ထဲ၌ ...

"အစ်ကိုကြီးရဲ့အကြံကတော့ တကယ်ကောင်းတာပဲ ... ငါတို့အနေနဲ့ ဟိုလူဆိုးငါးယောက်ကိုကြောက်ပြီး ရှောင်ပြေးတဲ့ကိစ္စကို သိုင်းလောက ကလူတွေရိပ်မိနိုင်တယ် ... အဲဒါကိုသာသိသွားလို့ကတော့ ငါတို့ရှက်ပြီး ကိုယ့်ကိုယ်ကိုယ်သတ်သေဖို့ပဲရှိတော့တယ် ... အစ်ကိုကြီးရဲ့အကြံက သိပ်ကောင်းသွားတော့ ငါတို့ရှောင်ပြေးကြတဲ့ကိစ္စလည်း လူသူမသိတော့ဘူး ... ကောင်းဆန်းဂိုဏ်းနဲ့ ဖြေရှင်းမယ်ဆိုပြီး ထွက်လာကြတော့ သိုင်းလောကသားတွေကြားရင် ငါတို့ကိုတောင် ချီးကျူးကြဦးမှာ ... ကောင်းဆန်းဂိုဏ်းချုပ် 'ကျိလင်ထန်' ဆိုတဲ့ လူကလည်း မိုက်မိုက်ရိုင်းရိုင်းလူစားမျိုး မဟုတ်ပါဘူး"

"ငါတို့ ဟိုရောက်လို့ ချေချေငံငံဆက်ဆံရင် ဘာမှ တိုက်ပွဲဖြစ်စရာမရှိဘူး" ဟု ဖူးလင်က တွေးတောနေမိ၏။

ထို့နောက် ရက်ပုချွန်က တပည့်အားလုံးကို အဝတ်အစား၊ လိုအပ်သည့် ပစ္စည်းပစ္စယအားလုံး ထုပ်ပိုးပြင်ဆင်ခိုင်းလိုက်တော့၏။

ဖူးလင်ကမူ လင့်ဟူချုံးအား နောက်ဆုံးအနေဖြင့် သွားကြည့်လိုက်သည်။ သူမက လုရိုကို လင့်ဟူချုံးအား ကြည့်ရှုစောင့်ရှောက်ရန် စေခိုင်းခဲ့သည်။ သူမက မျက်ရည်စက်လက်ဖြင့် ...

"လုရို ... ငါတို့ကတော့ အခု ကောင်းဆန်းဂိုဏ်းကိုသွားကြတော့မယ် ... မင်းကတော့ မင်းရဲ့အစ်ကိုကြီးကို ကြည့်ရှုစောင့်ရှောက်လိုက်ပါကွယ် ... မင်းသာ မစောင့်ရှောက်ရင်တော့ သူ့ခမျာ စောင့်ရှောက်သူမရှိဘဲနဲ့ သနားစရာဖြစ်ရှာတော့မှာ ... တကယ်လို့များ ဟိုလူဆိုးငါးယောက် ရောက်လာခဲ့ရင် မင်းက တတ်နိုင်သမျှ အောင့်အည်းသည်းခံပါနော် ... အသက်မသေဖို့ အရေးကြီးပါတယ်၊ အသက်မသေရင် ကိုယ်လုပ်ချင်တာမှန်သမျှ အားလုံးပြန်လုပ်နိုင်တာပဲ ... ဆရာမ စိတ်ချပါရစေနော် ... " ဟု မှာကြားရှာသည်။

လုရိုကလည်း မျက်ရည်စက်လက်ဖြင့် ခေါင်းညိတ်ပြလိုက်တော့သည်။

များမကြာမီ ဝါဆန်းဂိုဏ်းသား အားလုံးလိုလို တောင်ပေါ်မှ ဆင်းသက်သွားကြလေပြီ။

ဝါဆန်းဂိုဏ်းကြီးတစ်ခုလုံးတွင် လုရိုနှင့် လင့်ဟူချုံးတို့နှစ်ယောက်သာ ကျန်ရစ်ခဲ့တော့၏။

လုရိုမှာလည်း သူတစ်ယောက်တည်းကျန်ရစ်ခဲ့သဖြင့် အလွန်အားငယ်နေရှာသည်။

သူ့အစ်ကိုကြီး လင့်ဟူချုံးမှာ ဒဏ်ရာပြင်းထန်စွာ ရထားသူဖြစ်၍ ဤအဖြစ်အပျက်များကို လုံးဝမသိရှာပေ။

လုရိုတစ်ယောက်တည်း အားငယ်တုန်လှုပ်နေသည်မှာ မည်မျှ အချိန်ကြာမြင့်သွားသည် မသိချေ။

ခပ်လှမ်းလှမ်းမှ ခြေသံတစ်သံကိုကြားလိုက်ရသောအခါ လုရိုသည် ဆတ်ခနဲ တုန်လှုပ်သွားတော့၏။

ချက်ချင်းပင် အခန်းတွင်း၌ ထွန်းညှိထားသော မီးကိုမှုတ်ပြီး ငြိမ်းလိုက်ပြီး သူ့ဓားကိုဆွဲကိုင်ကာ လင့်ဟူချုံး၏ ခုတင်ရှေ့၌ မားမားမတ်မတ်ရပ်၍ ကာကွယ်ထားလိုက်တော့၏။

ခြေသံမှာ တဖြည်းဖြည်း နီးကပ်လာပြီး သူတို့အခန်းရှိရာသို့ ဦးတည်လာနေကြောင်း လုရိုရိပ်မိလိုက်သည်။

ထို့ကြောင့် သူ့တစ်ကိုယ်လုံး ချွေးများစို၍ ရွဲလျက်ရှိနေပြီး စိတ်ထဲမှ ...

"ရန်သူက အစ်ကိုကြီးအိပ်တဲ့အခန်းကိုတောင် သိနေပါကလား ... "

"ဒုက္ခပဲ ... ဟင်း ဘာပဲဖြစ်ဖြစ် အစ်ကိုကြီးကို ငါ့အသက်နဲ့လဲပြီး ကာကွယ်စောင့်ရှောက်ရမယ် ... ငါမသေသမျှ အစ်ကိုကြီးကို လက်ဖျားနဲ့မထိစေရဘူး" ဟုပြောရင်း အံကိုတင်းနေအောင် ကြိတ်လိုက်မိတော့၏။

ထိုစဉ် မိန်းကလေးတစ်ဦး၏အသံပေါ်လာတော့၏။

"အစ်ကိုလုရို .. အစ်ကိုလုရို ... ဒီအခန်းထဲမှာ ရှိနေသလား"

"အလို ... လိန်လိန်ပါလား ... "

လုရို၏ ဝမ်းသာအားတက်မှုမှာ မည်သို့မျှ စာဖွဲ့မပြနိုင်တော့ပေ။ ဝမ်းသာလွန်းလှသဖြင့် တုန်တုန်ယင်ယင်ဖြင့် ပြောလိုက်သည်။

"ညီမလေး ... ညီမလေး ငါဒီမှာရှိတယ် ... "

လုရိုသည် ကမန်းကတန်း မီးပြန်ထွန်းလိုက်သည်။ လုရိုထွန်းလိုက်သောမီးရောင်ကြောင့် တစ်ခန်းလုံးပြန်လင်းသွားတော့၏။ လင့်ဟူချုံးမှာမူ မေ့မြောလျက်သာ ...

လိန်လိန်က လျှင်မြန်စွာဝင်လာပြီး ...

"အစ်ကိုကြီး ... ဘယ်လိုနေသေးလဲဟင်" ဟု မျှော်လင့်တကြီး မေးမြန်းလိုက်သည်။

"ဒီအတိုင်းပဲ ညည်တောင် မညည်းနိုင်ရှာဘူး ... "

လိန်လိန်သည် ခုတင်နားသို့လျှောက်သွားပြီး လင့်ဟူချုံး၏နဖူးကို စမ်းကြည့်လိုက်သည်။ လင့်ဟူချုံးမှာ ကိုယ်ခြစ်ခြစ်တောက်ပူလျှက် အဖျားကြီးဖျားနေပြန်လေပြီ။

လိန်လိန်သည် သူမ၏လက်ကိုင်ပဝါလေးကိုထုတ်၍ လင့်ဟူချုံး၏နဖူးမှ ချွေးများကို အသာအယာ သုတ်သင်ပေးလိုက်၏။

ထိုစဉ် ...

"ညီမလေး ... ကျေး ... ကျေးဇူးတင်ပါတယ်ကွယ်"

လိန်လိန် ရုတ်တရက်လန့်သွားသည်။ လင့်ဟူချုံးက ပြောလိုက်ခြင်းသာတည်း။ လိန်လိန်သည် ထိတ်လန့်မှုပြေသွားသည်နှင့် လင့်ဟူချုံးစကားပြောနိုင်သည်ကို အလွန်ဝမ်းသာအားရ ဖြစ်သွားတော့သည်။

"အစ်ကိုကြီး ... အစ်ကိုကြီး သက်သာတယ်နော် ... ရင်ထဲမှာ ဆိုးဆိုးဝါးဝါးကြီး ဖြစ်နေသေးသလားဟင် ... "

"မသက်သာပါဘူး ... ငါ့ရင်ထဲ ဓားခြောက်ချောင်းနဲ့ ထိုးမွှေနေသလို ခံစားနေရတယ် ... "

လိန်လိန်သည် သူ့ရင်ခွင်ထဲမှ အထုပ်တစ်ထုပ်ကို ဆွဲထုတ်ယူလိုက်ပြီး တိုးညင်းသော အသံကလေးဖြင့် ...

"အစ်ကိုကြီး ... ဒါ ... ဒါက မိုးကြိုးအတွင်းအားသိုင်းပဲ ... အဖေကပြော ... "

"ဘာ ... မိုး ... မိုးကြိုးအတွင်းအားသိုင်း ... "

"ဟုတ်တယ် ... မိုးကြိုးအတွင်းအားသိုင်းပဲ ... အဖေကပြောတယ် ... ဒီမိုးကြိုးအတွင်းအားသိုင်းကိုသာ အစ်ကိုကြီး တတ်ထားရင် ကိုယ့်အတွင်းဒဏ်ရာ ကိုယ့်ဘာသာ ကုလို့ရတယ်တဲ့ ... အစ်ကိုလုရိုက အစ်ကိုကြီးကို တစ်လုံးချင်း ဖတ်ပြလိုက်ပါနော် ... အစ်ကိုလုရိုကတော့ သွားမကျင့်နဲ့တော့ ... အစ်ကိုလုရိုက အတွင်းအားသိပ်မကောင်းတော့ ဒုက္ခဖြစ်နေဦးမယ် ... နောက်ပြီး အဖေသိသွားရင်လည်း ... ဟင်း ... "

လုရိုက ဝမ်းသာအားရဖြင့် ...

"ညီမလေး ... ငါက ဘာကောင်မို့လို့ ဒီလောက်ခက်တဲ့ အတွင်းအားသိုင်းပညာကြီးကို ကျင့်နိုင်မှာလဲ ... ဒီအတွက် စိတ်ချပါ ငါလုံးဝမကျင့်ဘူးဆိုတာ ကျိန်ပြီးကတိပေးပါတယ် ... ငါဝမ်းသာတာက အစ်ကိုကြီးအတွက်က ... အစ်ကိုကြီးအတွက် .... ဆရာက အစ်ကိုကြီးအတွက်နဲ့ ဒီသိုင်းစာအုပ်ကိုထုတ်ပေးတာ အစ်ကိုကြီးသိပ်ကံကောင်းတာပဲ" ဟု တက်ကြွစွာပြောလိုက်မိသည်။

လိန်လိန်က ...

"အစ်ကိုလုရို ... ဒီကိစ္စကို ဘယ်သူ့မှ အသိမပေးနဲ့နော် ... ကျွန်မက ဒီစာအုပ်ကို အဖေ့ဆီက ခိုးလာတာ ... "

လုရိုက အလန့်တကြားအော်လိုက်သည်။

"အလို ... ဘုရားရေ ... ဆရာ့ဆီက ခိုးလာတာ ... ဆရာသိရင်ဘယ်လိုလုပ်မလဲ ... ညီမလေး ဆရာစိတ်ဆိုးမှာဆိုတာ မသိဘူးလား ... "

လိန်လိန်က ....

"ဘာလုပ်နိုင်မှာလဲ ... အဖေက ကျွန်မကို စိတ်ဆိုးပြီးသတ်နိုင်မလား ... အစ်ကိုလုရိုက သိပ်စိုးရိမ်တာကိုး ... အဖေစိတ်ဆိုးရင် အလွန်ဆုံး ကျွန်မကိုရိုက်ရုံပေါ့ ... တကယ်လို့ ဒီနည်းနဲ့သာ အစ်ကိုကြီးအသက်ရှင်သွားရင် အဖေက ကျွန်မကို ချီးတောင် ချီးကျူးလိမ့်ဦးမယ် ... "

ထိုစဉ် လင့်ဟူချုံး၏အသံကို ရုတ်တရက် ကြားလိုက်ရတော့သည်။

"ညီမလေး ... ဒီစာအုပ်ကို ပြန်ယူသွား ... ဆရာ့ကို ပြန်ပေးလိုက် ... "

လိန်လိန်မှာ အံ့သြလွန်းလှသဖြင့် ပါးစပ်ကလေး အဟောင်းသား ဖြစ်သွားတော့သည်။

"ဘာဖြစ်လို့လဲ အစ်ကိုကြီး ... ကျွန်မက ခက်ခက်ခဲခဲ ခိုးလာခဲ့ရတာ ... ဘာဖြစ်လို့ မယူရတာလဲ ... အစ်ကိုကြီး သေသေချာချာ နားလည်ရဲ့လားဟင် ... ဒီစာအုပ်ကို ကျွန်မခိုးလာတာဟာ အစ်ကိုကြီးရဲ့အသက်ကိုကယ်ဖို့ သိလား ... အစ်ကိုကြီးရဲ့အသက်ကို ကယ်ဖို့ ... "

လုရိုကလည်း ဝင်၍ပြောသည်။

"ဟုတ်တယ် အစ်ကိုကြီး ... အစ်ကိုကြီးအနေနဲ့ အားလုံးကိုလေ့ကျင့်ဖို့ မလိုပါဘူး ... အစ်ကိုကြီးရဲ့ ခန္ဓာကိုယ်ထဲမှာ ဒုက္ခပေးနေတဲ့ အတွင်းအားတွေကို ဖျောက်ပစ်နိုင်တဲ့အထိပဲ ... လေ့ကျင့်ပေါ့ ... ဆရာက ဒီသိုင်းပညာကို အစ်ကိုကြီးကို သင်ပေးဖို့ ရည်ရွယ်ထားတာပဲဥစ္စာ အခုအစ်ကိုကြီးက ကြိုသင်ထားလိုက်တော့ ပိုတောင်ကောင်းသွားသေးတယ် ... "

လင့်ဟူချုံးက ...

"ဟင့်အင်း ... ပြန်ယူသွားကြ ... ငါသေတောင် ဒီလိုမလုပ်ဘူး ... ဆရာက ငါ့ကို ဒီသိုင်းပညာ သင်မပေးသေးဘူးလို့ပြောထားတယ် ... ဆရာ့အမိန့်ကို ငါ ဘယ့်နှယ်လွန်ဆန်လို့ဖြစ်မလဲ ... အသက်သာ အသေခံမယ် ... ဆရာခွင့်မပြုသေးဘဲနဲ့ ငါမသင်ဘူးညီမလေး ... ပြန်ယူသွား ... "

လင့်ဟူချုံးသည် စိတ်ဆောင်နေ၍သာ ဤမျှစကားရှည်ရှည် ပြောလိုက်နိုင်ခြင်းဖြစ်သည်။ သို့သော် ထိုစကားဆုံးသည်နှင့် ပြန်သတိလစ်သွားပြန်တော့သည်။

လိန်လိန်က ဝမ်းနည်းကြေကွဲစွာဖြင့် ...

"အစ်ကိုလုရို ... ကျွန်မ ပြန်သွားရတော့မယ် ... တော်တော်ကြာ အဖေနဲ့အမေက စိတ်ပူပြီး ကျွန်မကို လိုက်ရှာနေကြလိမ့်မယ်၊ ဒီအတွင်းအားသိုင်းစာအုပ်ကို ကျွန်မထားခဲ့မယ် ...အစ်ကိုကြီးကိုချော့မော့ပြီး ဒီအတွင်းအားသိုင်းကို လေ့ကျင့်ခိုင်းပါနော် ... "

လုရိုက ...

"စိတ်ချပါ ညီမလေး ... ငါချော့ပြီး လေ့ကျင့်ခိုင်းပါမယ် ... စိတ်အေးအေးသာ ပြန်သွားပါ ... "

လိန်လိန်သည် လင့်ဟူချုံးကို တစ်ချက်မျှကြည့်လိုက်ပြီး ပြေးထွက်သွားတော့၏။

နောက်ထပ် တစ်နာရီခန့်ကြာသောအခါမှ လင့်ဟူချုံးပြန်လည်သတိရလာတော့သည်။ လုရိုက ချက်ချင်းပင် အတွင်းအားသိုင်းစာအုပ်ကို ကောက်ကိုင်ကာ ...

"အစ်ကိုကြီး သေသေချာချာနားထောင်နော် ... ကျွန်တော်ဖတ်ပြမယ် ... "

လင့်ဟူချုံးသည် ဒေါသတကြီးနှင့် အော်လိုက်၏။ သူ၏ဒဏ်ရာအခြေအနေနှင့် ဤမျှအော်ဟစ်လိုက်ခြင်းသည် သူ၏အသက်နှင့်ရင်း၍ အော်ဟစ်လိုက်ခြင်းဖြစ်ပေသည်။

"လုရို ... မင်းဘာနားလည်သလဲ ... မင်းဟာ မျက်ကန်းတစ္ဆေမကြောက် လုပ်နေတာပဲ ... ဒါဟာ ဝါဆန်းဂိုဏ်းရဲ့ ထိပ်တန်းလျှို့ဝှက်သိုင်းပညာ ... မင်း ဆရာ့အမိန့်မရဘဲနဲ့ ဖတ်ရဲသလား ... မြန်မြန်ပြန်ပိတ်လိုက်စမ်း ... ငါ့အသက်သေလို့ အရေးမကြီးပါဘူးကွာ ... လောကမှာ လူတစ်ယောက် ပြုသင့်ပြုအပ်၊ ကျင့်သင့်ကျင့်အပ်တဲ့ တာဝန်ဝတ္တရားတွေကို ဆောင်ရွက်ပြုကျင့်ဖို့သာ အရေးကြီးတာပါ ... ဒါမှလူပီသမှာ ... တပည့်တစ်ယောက်အနေနဲ့ ဆရာခွင့်မပြုတဲ့အလုပ် တစ်ခုကိုလုပ်တာဟာ မပြုသင့် မလုပ်သင့်တဲ့အလုပ်ပါ ... မင်း စာအုပ်ကို မြန်မြန်ပိတ်လိုက်စမ်းပါ လုရို ... "

လုရိုက ...

"အစ်ကိုကြီး ... ကျွန်တော် ဆရာ့ကို ဘယ်လောက်ရိုသေတယ်ဆိုတာ အစ်ကိုကြီးအသိပဲ ... အခု ကျွန်တော်လုပ်နေတာဟာ အားလုံး အကျိုးမဲ့တဲ့ လူမိုက်အလုပ် လုပ်နေတာမဟုတ်ပါဘူး ... ဆရာကလည်း အစ်ကိုကြီးကို သင်ပေးဖို့ ရည်ရွယ်ထားတာလည်း တစ်ကြောင်း၊ အစ်ကိုကြီးရဲ့အသက်ကို ဒီနည်းနဲ့သာ ကယ်တင်နိုင်မယ်လို့ သိထားလို့လည်း တစ်ကြောင်း၊ ဒီစာအုပ်ကို ဖတ်ပြနေတာပါ ... အခုအချိန်မှာ အစ်ကိုကြီးရဲ့အသက်ကိုကယ်ဖို့က အရေးအကြီးဆုံးပဲ ... ကျန်တာ ဘာမှ ဂရုမစိုက်နိုင်တော့ဘူး ... ကျွန်တော် ဆက်ဖတ်လိုက်မယ် ... အစ်ကိုကြီးသာ ကြိုးစားကျင့်ပါ ... "

လုရိုသည် သူ၏စိတ်ကို ယတိပြတ် ပိုင်းဖြတ်ပြီးဖြစ်သဖြင့် မိုးကြိုးအတွင်းအားသိုင်းစာအုပ်ကို ဆက်ဖတ်နေတော့၏။ လင့်ဟူချုံးမှာမူ ခန္ဓာကိုယ်ဝေဒနာကတစ်ဖက်၊ လုရိုအား ပြောမရဘဲ သိုင်းစာအုပ်မှပညာရပ်များကို မကြားချင်ဘဲ ကြားနေရသည့်အတွက် ခံစားနေရသည့် စိတ်ဝေဒနာကတစ်ဖက် စသည့်ဝေဒနာများကို တပြိုင်နက်ခံစားနေရသဖြင့် ရူးသွပ်ချင်သည်အထိဖြစ်လာတော့၏။

နောက်ထပ် တစ်နာရီလောက်သာ လုရိုဆက်ဖတ်နေပါက စာတစ်အုပ်လုံး ဖတ်၍ပြီးစီးသွားပေတော့မည်။

မိမိအနေဖြင့် ဆရာအခွင့်မပြုဘဲ မကျင့်ရန် ဆုံးဖြတ်ထားသော်လည်း အခြားသူများကမူ မိမိက ခိုးကျင့်သည်ဟုပင် စွပ်စွဲကြပေလိမ့်မည်။

လင့်ဟူချုံးသည် ရုတ်တရက် ညည်းညူလိုက်တော့၏။

လုရိုက အလန့်တကြားဖြင့် ...

"အစ်ကိုကြီး ဘာဖြစ်သလဲဟင် ... "

လင့်ဟူချုံးက ...

"ငါ့ ... ငါ့ခေါင်းအုံးကို နည်းနည်းလောက် မြှင့်ပေးစမ်းပါ"

လုရိုက သူ၏လက်နှစ်ဖက်ဖြင့် လင့်ဟူချုံး၏ခေါင်းအုံးကို ကိုင်၍ အပေါ်သို့ မြှင့်တင်ပေးရန် ဟန်ပြင်လိုက်သည်။

ထိုစဉ် လင့်ဟူချုံးက ရုတ်တရက် လက်ညှိုးဖြင့် လုရို၏ရင်ဝရှိအကြောကို ထိုးပိတ်လိုက်တော့၏။

လုရိုမှာ သူ့အစ်ကိုကြီးက ဤသို့ အကြောထိုးပိတ်လိမ့်မည်ဟု လုံးဝမထင်ခဲ့သဖြင့် ရုတ်တရက် အံ့ဩသွားမိတော့၏။

ထို့ကြောင့် အကြောပိတ်ခံလိုက်ရပြီးသည်နှင့် ခုတင်နားတွင် ပျော့ခွေသွားတော့၏။

လင့်ဟူချုံးက မချိပြုံး ပြုံးလိုက်ရင်း ...

"ညီလေး ... ငါ့ကို စိတ်မရှိနဲ့နော် ... ငါ မလုပ်ချင်ပါဘူး ... မလုပ်မဖြစ်လို့ လုပ်ရတာပါ ... ဒီ အတွင်းအားသိုင်းစာအုပ်ကို မဖတ်ပါနဲ့လို့ အတန်တန်ပြောရက်က မင်းဖတ်ပြနေလို့ ဒီလိုလုပ်လိုက်ရတာပါ ... မင်းဒီမှာ သုံးနာရီလောက် ကောင်းကောင်းအိပ်လိုက်ပါ ... မင်းရဲ့အကြော ပြေသွားပါလိမ့်မယ် ... "ဟု ပြောလိုက်၏။

စကားဆုံးသည်နှင့် ခုတင်ပေါ်မှအားတင်း၍ ထထိုင်လိုက်သည်။ မိုးကြိုးအတွင်းအား သိုင်းစာအုပ်ကို ခုတင်ခေါင်းရင်းရှိ ခုံပေါ်တွင်တင်လိုက်ပြီး အခန်းထောင့်မှ တုတ်တစ်ချောင်းကို ဆွဲယူလျက် တုန်ယင်ချိနဲ့စွာဖြင့် အခန်းအပြင်သို့ ဖြည်းညှင်းစွာ လျှောက်ထွက်သွားတော့သည်။

လုရိုက စိုးရိမ်တကြီး လှမ်းအော်လိုက်သည်။

"အစ်ကိုကြီး ဘယ်သွားမလို့လဲ ... ဒီလောက် ဒဏ်ရာပြင်းထန်တဲ့လူ လမ်းလျှောက်သွားရင် အစ်ကိုကြီး ဒုက္ခရောက်သွားလိမ့်မယ်"

လင့်ဟူချုံးက ချိနဲ့စွာဖြင့် ပြောလိုက်သည်။

“ညီလေး … ငါအဝေးကြီးကိုသွားမယ် … ဒီ မိုးကြိုးအတွင်းအားသိုင်းစာအုပ်နဲ့ ဝေးနိုင်သမျှ ဝေးတဲ့နေရာကို သွားမယ် … ဝေးလေ ငါ့အတွက်ကောင်းလေပဲ … ငါ ဒီသိုင်းစာအုပ်နားမှာ သေနေတာကိုတွေ့ရင် တော်တော်ကြာ သူများတွေက ငါ ဒီသိုင်းစာအုပ်ကိုခိုးကျင့်ရင်း မအောင်မြင်ဘဲနဲ့ သေသွားတာလို့ပြောကြလိမ့်မယ် ညီလေး၊ အဲဒီလို အပြောခံရမှာကို ငါ့အနေနဲ့ ဆယ်ခါပြန်သေရတာထက် ကြောက်ပါတယ် … ညီလေးကို အကြောပိတ်ခဲ့တဲ့အတွက် ငါ့ကို ခွင့်လွှတ်ပါတော့နော် … ”

လင့်ဟူချုံးသည် စကားဆုံးသွားသည်နှင့် ‘ဝေါ့’ ခနဲ သွေးများ ထိုးအန်လိုက်တော့သည်။

လုရှိအား စကားပြောချင်သေးသော်လည်း ဆက်မပြောရဲတော့။

ဆက်ပြောလျှင် ဤအခန်းထဲမှ အပြင်သို့ လျှောက်ထွက်နိုင်သည့်အင်အားပင် ကျန်ရှိတော့မည်မဟုတ်။

ထို့ကြောင့် ချည့်ချည့်နဲ့နဲ့ တုန်တုန်ယင်ယင်ဖြင့် တုတ်ကိုအားပြုကာ လျှောက်ထွက်သွားတော့သည်။

မည်မျှ လမ်းလျှောက်လာမိသည်ကို သူမသိချေ။ သူ့ခြေထောက်များ ပျော့ခွေညွတ်ကျမတတ် ဖြစ်လာသော်လည်း အားတင်း၍ တရွတ်ဆွဲလျှောက်လာခဲ့သည်။ သူ့ဦးခေါင်း၌ တဝီဝီမြည်လျက်ရှိနေချေပြီ။ သူ့မျက်လုံးများသည်လည်း ပြာဝေစပြုလာပြီ။

ထိုစဉ် သူ၏အရှေ့ဘက် မြက်တောထဲမှ ညည်းညူသံတစ်ချက်ကို ကြားလိုက်ရသဖြင့် တစ်ချက်မျှ တုန်လှုပ်သွားမိ၏။ သို့သော် သူ့အား ကူညီနိုင်သူ ဖြစ်ကောင်းဖြစ်မည်ဟူသောအသိကြောင့် အားတက်လာမိပြန်သည်။ သူ၏အင်အားများကို စုစည်း၍မေးလိုက်သည်။

“ရှေ့က ဘယ်သူလဲ … ”

ထိုအခါ မြက်တောထဲမှအသံတစ်သံ ထွက်ပေါ်လာတော့သည်။ ထိုအသံကြောင့် လင့်ဟူချုံးမှာ အလွန်ပင်အံ့သြသွားမိတော့၏။

“လင့်ဟူချုံးလား … ငါက ထင်ပေါ်ပါ … ”

ထင်ပေါ်ထံမှ ညည်းညူသံကို ကြားလိုက်ရသဖြင့် လင့်ဟူချုံး စိုးရိမ်ထိတ်လန့်စွာ မေးလိုက်သည်။

“ထင်ပေါ် … ခင်ဗျား ဘယ်လိုဖြစ်နေတာလဲ … ”

ထင်ပေါ်ထံမှ ဝေဒနာခံစားနေရဟန်တူသည့် ပြန်ပြောသံကို ကြားလိုက်ရပြန်သည်။

“လင့်ဟူချုံး … ငါသေရတော့မယ် … ငါ့ကို လာသတ်ပေးစမ်းပါကွာ … အား … ”

သူ့အသံ၌ ဝေဒနာခံစားနေရပုံပေါက်သော်လည်း အားအင်တော့ အတော်အတန် ပြည့်ဝနေသေးဟန်ရှိသည်။ လင့်ဟူချုံး၏အသံထက် များစွာမာကျောနေသေးသည်။

လင့်ဟူချုံးက …

“ကျုပ်လည်း ဒဏ်ရာ ရထားတယ် … ”

ပြောရင်းဆိုရင်းမှ လင့်ဟူချုံးသည် တင်းမခံနိုင်တော့ဘဲ လဲကျသွားတော့၏။

ထင်ပေါ်က တုန်လှုပ်စွာဖြင့် လှမ်းမေးပြန်သည်။

“လင့်ဟူချုံး … မင်းလည်း ဒဏ်ရာရထားတယ် ဟုတ်လား၊ ဘယ်သူ့လက်ချက်လဲ … ”

“ပြောလို့မကုန်ပါဘူးဗျာ … ခင်ဗျားကော ဘယ်သူ့လက်ချက်နဲ့ ဒီဒဏ်ရာ ရတာလဲ … ”

“ငါလည်း မသိဘူး … ”

လင့်ဟူချုံးက တအံ့တသြပြန်မေးလိုက်၏။

“ဘယ်လို … ဘယ့်နှယ် ကိုယ့်ဒဏ်ရာရအောင် လုပ်တဲ့လူကို မသိရတာလဲ … ”

“ငါတကယ်မသိလို့ မသိဘူးလို့ပြောတာပါကွာ … ငါလျှောက်လာတုန်း ငါ့ရဲ့ခြေနှစ်ဖက်လက်နှစ်ဖက်ကို လူလေးယောက်ကဖမ်းပြီး လေထဲဆွဲမြှောက်ထားလိုက်တာပဲ … ငါက ဒီလူတွေက ဘယ်လိုလူတွေလဲဆိုတာတောင် အကဲမခတ်နိုင်ပါဘူးကွာ … ”

လင့်ဟူချုံးသည် ပြုံးလိုက်မိတော့၏။

“လက်စသတ်တော့ အံ့ဖွယ်ခြောက်ယောက်နဲ့ သွားတိုးနေတာကိုး … ကျုပ်လည်းသူတို့ကြောင့် ဒီလိုဖြစ်ရတာပဲ … တကယ့်လူတွေ … ခင်ဗျားက သူတို့နဲ့ တစ်ဖွဲ့တည်းမဟုတ်ဘူးလား … ”

“ဘာ တစ်ဖွဲ့တည်းလဲ … ဒီလူတွေကို သိဖို့မပြောနဲ့ မြင်တောင် မမြင်လိုက်ရဘူး … ”

“ခင်ဗျားက ကျုပ်ကို မယ်သီလရှင်လေးရီလင်ဆီသွားဖို့ လာခေါ်တာမဟုတ်လား … သူတို့ကလည်း ခင်ဗျားလိုပဲ ကျုပ်ကို ရီလင်နဲ့တွေ့ဖို့ လာခေါ်ကြတာပဲ … ”

လင့်ဟူချုံး၏စကားဆုံးသောအခါ ထင်ပေါသည် မြက်တောထဲမှ ကြိုးစား၍တိုးထွက်လာရာ လင့်ဟူချုံးနားသို့ ရောက်ရှိလာတော့၏။ သူက …

“ငါက သူတို့နဲ့ ဘယ်လိုလုပ် တစ်ဖွဲ့တည်း ဖြစ်နိုင်မှာလဲကွ၊ သူတို့က ဝါဆန်းတောင်က ဒီကိုလိုက်လာကြတာ … လူတစ်ယောက်ကို လာရှာကြတာ … သူတို့က ငါ့ကို လေထဲဆွဲမြှောက်ပြီးတာနဲ့ ‘ဟိုလူ ဘယ်မှာလဲ’ လို့ မေးတော့တာပဲ … ငါက ဘယ်သူလဲလို့ပြန်မေးတော့ သူတို့ကငါ့ကိုပြောတယ် … သူတို့က ငါ့ကိုဖမ်းထားတာဆိုတော့ သူတို့ကသာ ငါ့ကို မေးခွင့်ရှိတယ်တဲ့ … ငါက သူတို့ကို ပြန်မမေးရဘူးတဲ့ … တကယ်လို့ ငါကသာ သူတို့ကိုဖမ်းထားနိုင်ရင် ငါက သူတို့ကို မေးနိုင်ခွင့်ရှိတယ် … သူတို့က ငါ့ကိုပြန်မေးခွင့်မရှိဘူး … အား … ကျွတ် … ကျွတ် … သူတို့က ပြောလိုက်သေးတယ်၊ ငါ့ သိုင်းပညာကောင်းတယ်ဆိုရင် သူတို့ကိုဖမ်းတဲ့ … ”

လင့်ဟူချုံးသည် ရယ်ချင်စိတ်ပေါ်လာသဖြင့် ရယ်လိုက်မိ၏။ သို့သော် သူ့၌ အားအလွန်ပြတ်နေသည်ဖြစ်ရာ ရယ်သံထွက်ပေါ်မလာတော့ပေ။

ထင်ပေါက …

“ငါ့ခြေလက်တွေကို ဖမ်းဆွဲပြီး လေထဲ ဆွဲမြှောက်ထားတာ ငါက သူတို့ကို ဘယ်လိုပြန်ဖမ်းနိုင်တော့မှာလဲ … ”

လင့်ဟူချုံးက …

“နောက်တော့ ဘာဖြစ်သေးသလဲ … ”

“ငါကပြောတယ် … ခင်ဗျားတို့နဲ့ ကျုပ်နဲ့က ဘာရန်ငြိုးမှ မရှိတာ … ကျုပ်ကို ပြန်လွှတ်ပါလို့ … ဒီတော့ သူတို့ထဲက တစ်ယောက်ကပြောတယ် … ‘မင်းက ငါတို့အကြောင်း ဘယ်လောက်သိလို့လဲ၊ ငါတို့ မင်းကို လေးခြမ်းဆွဲမဖြဲလိုက်ရင် ငါတို့ရဲ့သိက္ခာတွေ ကျကုန်မှာပေါ့’ တဲ့ … နောက်တစ်ယောက်ကတော့ ‘သူ့ကို လေးခြမ်းဆွဲဖြဲလိုက်ရင် စကားမှ ပြောနိုင်ပါဦးမလားမသိဘူး’ တဲ့ … နောက်တစ်ယောက်က ထပ်ပြောပြန်ရော … ‘ငါတို့ လေးခြမ်းဆွဲဖြဲပစ်တဲ့လူတွေဟာ မနည်းတော့ဘူး၊ တစ်ယောက်မှ စကားပြန်ပြောတဲ့သူ မရှိဘူး’ တဲ့ … ငါတော့ ရူးချင်သွားတာပဲ … ”

လင့်ဟူချုံးသည် ထင်ပေါ ရူးချင်ချင်ဖြစ်သွားသည့်စကားကို ကောင်းစွာနားလည်လိုက်မိသည်။ သူပင်လျှင် ရူးချင်စိတ်ပေါ်ခဲ့ရသည် မဟုတ်လား။

ထင်ပေါက ဆက်ပြောသည်

“နောက်တစ်ယောက်က ထပ်ပြောသေးတယ် … ”

“ငါတို့ ဆွဲဖြဲပြီးတဲ့လူတွေက မပြောတာဟာ ငါတို့ကမမေးလို့ပါ … ငါတို့ကမေးရင် သူတို့မပြောဘဲ နေရဲမှာလား’ တဲ့ … အရင်ဆုံးတစ်ယောက်က ဝင်ပြောပြန်တယ် … ‘သူတို့ကို လေးခြမ်းဆွဲဖြဲပစ်လိုက်တော့ သူတို့က ဘာကိုမှ ကြောက်စရာမရှိတော့ဘူးပေါ့၊ ငါတို့က ရှစ်ခြမ်းမှ ဆွဲမဖြဲနိုင်တာပဲ၊ သူတို့က ငါတို့ကို မကြောက်တော့တဲ့နောက် ငါတို့မေးတဲ့စကားကိုလည်း ဖြေစရာမလိုတော့ဘူးပေါ့ကွ”

ထင်ပေါသည် ပြတ်တောင်းပြတ်တောင်းနှင့် တတ်နိုင်သမျှပြည့်စုံအောင် ပြောပြနေသည်။

လင့်ဟူချုံးက ...

"ဒီညီအစ်ကိုခြောက်ယောက်ကို ဒီလောကမှာ အင်မတန်တွေ့ရခဲတယ် ... ကျုပ်လည်း သူတို့လက်ချက်နဲ့ အခုလို သေလု မျောပါး ဖြစ်နေရတာပဲ ... "

ထင်ပေါ်မှာ အံ့သြလွန်းလှသဖြင့် ...

"ဘာ ... မင်း ... မင်းလဲ သူတို့လက်ချက်နဲ့ ... "

လင့်ဟူချုံးက သက်ပြင်းချကာ ...

"ဟုတ်တယ် ... သူတို့ ညီအစ်ကိုခြောက်ယောက်ရဲ့ လက်ချက်နဲ့ပဲ ... "

လင့်ဟူချုံးက သူ့စကားကို ခေတ္တရပ်လိုက်ပြီး ...

"ကျုပ်ဇာတ်လမ်းကို ထားစမ်းပါဦး ... ခင်ဗျားရဲ့ဇာတ်လမ်းကို ဆုံးအောင်ဆက်စမ်းပါဦး ... " ဟု ပြောလိုက်လေတော့၏။

× × × × × ×

# သေပေါင်းရှင်ပေါင်း

ထင်ပေါသည် သူကြုံတွေ့ရသည့် အဖြစ်ဆန်းကို ဆက်လက်ပြောပြလေတော့၏။

“သူတို့ကတော့ ဆက်ပြီး ငြင်းခုံနေကြတာပဲ … အဲဒီတုန်းက ငါ့ခံစားချက်ကို အမှန်ပြောပြမယ်ဟေ့ … ထင်ပေါဆိုတဲ့ ကောင်ဟာ ဘယ်လောက်တေပေတယ်ဆိုတာ မင်းလည်းအသိပဲ၊ ဘာမှအကြောက်အရွံ့ရှိတဲ့ကောင်မဟုတ်ဘူးဆိုတာ မင်း သိတယ်မဟုတ်လား … ဒါပေမယ့် အဲဒီအချိန်တုန်းကတော့ ငါ့မှာ ကြောက်လို့တုန်နေတာပဲကွာ … ဘယ်လိုကြောက်မှန်း မသိဘူး … ”

လင့်ဟူချုံးမှာ မရယ်ဘဲမနေနိုင်အောင် သူ့စိတ်ရင်းကို အမှန်အတိုင်း ပြောပြနေသည်ကို သိရှိနေမိသောကြောင့် ပေတည်း။

ထင်ပေါက ဆက်ပြောသည်။

“ဒါပေမယ့် ငါအကြံတစ်ခု ချက်ချင်းရလိုက်တယ် … သူတို့က ပေါကြောင်ကြောင်စကားတွေ လျှောက်ပြောနေတော့ ငါလည်း သူတို့လို ပြောမှဖြစ်တော့မယ် ဆိုတဲ့အကြံပဲ … ဒါနဲ့ ငါ့အကြံကို ချက်ချင်း အကောင်အထည်ဖေါ်လိုက်တယ် … ကဲ … ခင်ဗျားတို့ ကျုပ်ကို မေးစရာရှိရင်မေး … နို့မို့ရင် ကျုပ်အဆိပ်ငွေ့လွှတ်လိုက်တော့မယ်နော်” လို့ ငါက ခပ်တည် တည်နဲ့ခြောက်လိုက်တယ် … ”

လင့်ဟူချုံးသည် ထင်ပေါ၏အကြံကို စဉ်းစားနေမိသည်။ မည်သည့်အကြံဖြစ်မည်ကို ကြိုတင်စဉ်းစားကြည့်ခြင်းဖြစ် ၏။ သို့သော် သူ့ခေါင်းထဲ၌ မည်သို့မျှပေါ်မလာ။ ထို့ကြောင့် ထင်ပေါ၏စကားကိုသာ ဆက်၍နားထောင်နေလိုက်မိတော့ သည်။

ထင်ပေါက …

“ငါထွင်လိုက်တဲ့အကွက်ထဲ ဒီလူတွေ တန်းဝင်လာကြတာပဲ၊ သူတို့က ငါ့ကို ပြန်မေးတယ် … ‘ဘာအဆိပ်ငွေ့လဲ’ တဲ့ … ငါက ‘ကျုပ်လေလည်လိုက်ရင် သိပ်စူးရှပြင်းထန်တာ၊ ဒီအနံ့ရသွားတဲ့လူဟာ သုံးလေးရက်တောင် လုံးဝ အစာမစားနိုင် တော့တဲ့အပြင် အရင်သုံးလေးရက်က စားထားတဲ့ အစာတွေအားလုံးကိုတောင် ပြန်အန်ထုတ်သွားရလိမ့်မယ် … အခု ကျုပ် ကြိုတင်သတိပေးထားတယ် … တော်တော်ကြာ ကျုပ်ကို တော်တော်ရက်စက်တဲ့လူ … ဘာမှမပြောဘူးလို့တော့ အပြစ် မတင်နဲ့ …’ လို့ ငါက ခပ်တင်းတင်းပြန်ပြောလိုက်တယ် … ငါလည်း ကြောက်တော့ကြောက်တယ် … ဒါပေမယ့် ဟန်ကိုယ့်ဖို့ မာန်သူ့ဖို့ ပေါ့ကွာ … ”

လင့်ဟူချုံးမှာ သူ၏ဒဏ်ရာများ နာကျင်နေသည့်ကြားမှ တဟင်းဟင်းနှင့် ရယ်နေမိတော့၏။

ထင်ပေါက …

"ငါ့စကားလည်းကြားရော သူတို့ အလန့်တကြားဖြစ်သွားပုံများ မင်းကိုခေါ်ပြလိုက်ချင်တယ် ... ငါ့ကိုလည်း အားလုံး လွှတ်ချလိုက်ကြတာပဲ ... ငါ့ကိုကျောပေးပြီး သူတို့နှာခေါင်းကို ပိတ်ထားကြတယ် ... ဒါနဲ့ ငါလည်းပိုင်ပြီဆိုပြီး ထွက် ပြေးဖို့ကြိုးစားလိုက်တာ မရပါဘူးကွာ ... တကယ့်ကိုမြန်တဲ့လူတွေပါ ... ငါလည်းပြေးလိုက်ရော ချက်ချင်း ငါ့ရှေ့ ရောက်လာပြီး တားလိုက်ကြတာပဲ ... ငါ့နောက်မှာတော့ တစ်ယောက်မှမရပ်ရဲကြဘူးကွ ... နောက်ဆုံးတော့ သူတို့က ငါ့ကိုဖိချလိုက်ကြတယ် ... နောက်ပြီး သူတို့အချင်းချင်းမေးလိုက်တယ် ... 'လေလည်ရင် ဘယ်ကလည်တာလဲ' တဲ့ နောက်တစ်ယောက်က 'လေလည်တယ်ဆိုတာ အူမလမ်းကလာတာဆိုတော့ 'ဆန်းရက်ကြော' 'ကော့ကုကြော' နဲ့ 'ချီးချယ်ကြော' တွေကိုပိတ်လိုက်ရင် ဒီကောင် လေမလည်နိုင်တော့ဘူး' လို့ ပြန်ဖြေလိုက်တယ်"

လင့်ဟူချုံးသည် ထင်ပေါတစ်ယောက် ဆွမ်းခံရင်းငှက်သင့်သကဲ့သို့ ဒုက္ခရောက်နေရပုံကို ပြုံးစိစိဖြင့် နားထောင်နေ မိ၏။

ထင်ပေါက ...

"ဟာ ... ဘာပြောကောင်းမလဲ ... အဲဒီအကြောပိတ်တဲ့စကားလည်းကြားပြီးရော ... ငါ့ရဲ့ အဲဒီအကြောသုံးကြောကို ထိုးပိတ်လိုက်တော့တာပဲ ... ပြီးတော့ ဘာမေးတယ်မှတ်သလဲ ... 'ကဲ ... ဟိုလူဘယ်မှာလဲ မှန်မှန်ပြောစမ်း ... မပြောရင် မင်းကို ငါတို့က မသေမရှင်နှိပ်စက်ကြမှာပဲ' လို့ပြောတယ် ... "

"အဲဒီတော့ ခင်ဗျားက ဘာတွေပြန်ဖြေလိုက်သလဲ ... "

"ချက်ချင်းဘယ်ဖြေနိုင်မှာလဲကွ ... စဉ်းစားရသေးတာပေါ့၊ ငါစဉ်းစားမိတာကတော့ ဒီလူခြောက်ယောက်ရဲ့သိုင်းပညာ က တကယ့်ကို လက်ဖျားခါလောက်အောင်တော်တာပဲ ... ဝါဆန်းဂိုဏ်းမှာ သူတို့လာရှာတဲ့လူကတော့ သာမညလူ တစ်ယောက် မဖြစ်နိုင်ဘူး၊ ဟိုကျောက်ဂူထဲက မင်းရဲ့ဆရာဘိုးဘိုးပဲဖြစ်ရမယ်လို့ ငါစဉ်းစားလိုက်မိတယ် ... "

လင့်ဟူချုံးမှာ ရင်ခုန်သွားပြီး ကမန်းကတန်းမေးမြန်းလိုက်မိသည်။

"ဆရာဘိုးဘိုးအကြောင်း ခင်ဗျားက ပြောလိုက်သလား"

ထင်ပေါက ဒေါသထွက်သွားပြီး ...

"ထွီ ... ငါက မိန်းမလိုက်စားတာမှန်ပေမယ့် ကတိတစ်လုံးကို ဖျက်တတ်တဲ့လူ မဟုတ်ဘူးကွ" ဟု တင်းမာစွာ ပြန်ပြောသည်။

လင့်ဟူချုံးက ကပျာကယာ တောင်းပန်လိုက်သည်။

"ကျုပ်စကားပြောတာ မှားသွားပါတယ် ... စိတ်မရှိပါနဲ့ဗျာ၊ ကျုပ် တောင်းပန်ပါတယ် ... "

ထင်ပေါက လက်ကာပြလိုက်ပြီး ဆက်ပြောသည်။

"ဒီလူခြောက်ယောက်က ငါ့ကိုဆက်မေးတယ် ... ငါက မပြောတော့ ငါ့ကို ရေရေလည်လည် နှိပ်စက်တော့တာပဲ ... လင့်ဟူချုံး၊ ဒီလူခြောက်ယောက်ရဲ့သိုင်းပညာက တကယ့်ကိုကြောက်စရာကောင်းတဲ့ သိုင်းပညာကွ ... မင်းရဲ့ဆရာဘိုးဘိုး ဆရာကြီးဖုန်းချင်ကို မြန်မြန်ကြိုတင် အကြောင်းကြားထားလိုက် ... "

လင့်ဟူချုံးက ...

"ထင်ပေါ ... ခင်ဗျားမှန်းတာလွဲသွားပြီ ... အဲဒီလူခြောက်ယောက် လိုက်ရှာနေတဲ့လူက ကျုပ်ပါ ... ကျုပ်ဆရာ ဘိုးဘိုး မဟုတ်ပါဘူး ... "

ထင်ပေါက တုန်လှုပ်စွာဖြင့် ...

"မင်း ဟုတ်လား ... သူတို့က မင်းကိုရှာပြီး ဘာလုပ်ကြမလို့လဲ ... "

"သူတို့လည်း ခင်ဗျားလိုပါပဲ ... ဆရာလေးရီလင်က ရှာဖွေဖို့လွှတ်လိုက်လို့ ကျုပ်ကိုလိုက်ရှာနေကြတာ ... တွေ့တာနဲ့ ရီလင်ဆီ ခေါ်သွားကြမှာပဲ ... "

ထင်ပေါခမျာ လင့်ဟူချုံး၏စကားကို နားထောင်နေရင်း သူရရှိထားသည့်ဒဏ်ရာများမှ နာကျင်မှုကြောင့် တညည်းညည်း တညူညူလုပ်လိုက်မိသည်။ ထင်ပေါလိုလူမျိုးသည် ဒေါင်ကျကျပြားကျကျ မိုက်တိမိုက်ကန်း ဖြစ်သလို

နေတတ်သူများဖြစ်ရာ တော်ရုံတန်ရုံဒဏ်ရာလောက်ကို လုံးဝမှုမည့်သူမဟုတ်ပေ။ အံ့ဖွယ်လူထူးလူဆန်းခြောက်ယောက်တို့က သူ့ကို အတော်ကလေးနှိပ်စက်လိုက်၍သာ ဖြစ်ပေမည်။ ဤမျှ နှိပ်စက်ညှဉ်းပန်းခံလိုက်ရသည့်တိုင် သူ့ဆရာဘိုးဘိုးအကြောင်း တစ်ခွန်းတစ်ပါဒမျှ ပြောမပြခဲ့ကြောင်းသိရှိရသောအခါ ထင်ပေါ်ကို လင့်ဟူချုံး အလွန်တရာလေးစားသွားတော့၏။

ထို့ကြောင့် နှုတ်မှ ထုတ်ဖော်၍ လှိုက်လှိုက်လှဲလှဲ ချီးကျူးမိတော့သည်။

'ထင်ပေါ် … ခင်ဗျားဟာ တကယ်ကတိသစ္စာတည်တဲ့လူပဲကိုး … ကျုပ် တကယ့်ကို လေးစားပါတယ်ဗျာ … ''

"လင့်ဟူချုံး … ငါ သေပျော်ပါပြီကွာ … သိုင်းလောကမှာ ငါ့ကို မုန်းတီးနေကြတဲ့လူတွေချည်းပဲ … ငါ့ကို ပြစ်တင်ရှုံ့ချနေကြတဲ့လူတွေချည်းပဲ … မင်းရဲ့စကားမျိုး ငါ့အဖို့ တစ်သက်လုံးကြားရတော့မယ်လို့ မထင်ခဲ့မိဘူးကွာ … ငါလည်း ဒီလောက်တန်ဖိုးရှိသေးတယ်ဆိုတာ မင်းတစ်ယောက်သိသွားတာနဲ့ပဲ ငါသေပျော်ပါပြီ"

လင့်ဟူချုံးသည် ထင်ပေါ်ကို တကယ်လေးစားချီးကျူးမိသော်လည်း မိမိဆရာနှင့် ဆရာမတို့၏အစီအစဉ်ကို ပြန်စဉ်းစားမိ သောအခါ ရင်ထဲ၌ မသက်မသာဖြစ်သွားမိတော့၏။

"ငါ့ဆရာနဲ့ဆရာမတို့က ဒီလူကိုသတ်ဖို့လိုက်ရှာနေကြတယ်၊ ငါကတော့ သူ့ကိုချီးကျူးနေတယ် … ငါ့စကားကိုသာ ဆရာနဲ့ဆရာမကြားလိုက်ရင်တော့ ထင်ပေါ်တင်မကဘူး … ငါ့ကိုပါ သတ်ချင်စိတ်ပေါက်သွားတော့မှာပဲ … "

ထိုစဉ် ထင်ပေါ်က …

"လင့်ဟူချုံးရဲ့ အဲဒီလူခြောက်ယောက်က မင်းကိုတွေ့လျက်သားနဲ့ ဘာဖြစ်လို့ ဆရာလေးရီလင်ဆီ ခေါ်မသွားရတာလဲ … "

လင့်ဟူချုံးသည် သက်ပြင်းတစ်ချက် ရှိုက်လိုက်မိသည်။

"အဲဒီအကြောင်းပြောရင် တော်တော်နဲ့ပြီးမှာမဟုတ်တော့ဘူးဗျ … ဇာတ်ကြောင်းကအရှည်ကြီး … အခု ခင်ဗျားအဆိပ်မိထားတယ်ဆိုတာကော ဘယ့်နှယ်နေသေးသလဲ … "

"သေတော့မှာပါပဲကွာ … ငါ့အတွက် အသက်ရှင်မယ့်ရက်က ခုနစ်ရက်ပဲရှိတော့တယ် … ဒီခုနစ်ရက်ပြည့်ပြီးတာနဲ့ ငါ့ရဲ့အဆိပ်က ဘယ်လိုမှမကုနိုင်တော့ဘူး … "

"ထင်ပေါ် ဆရာလေးရီလင်က အခုဘယ်မှာလဲဗျ … ဒီကနေသွားရင် ဘယ်နှစ်ရက်လောက်သွားရမလဲ … ရီလင်ဘယ်မှာရှိတယ်ဆိုတာ ကျုပ်သိချင်တယ် … "

"လင့်ဟူချုံး မင်း ငါနဲ့လိုက်ဖို့ သဘောတူညီလိုက်တာလားကွာ၊ ငါ ဝမ်းသာလိုက်တာ … "

"ဟုတ်တယ် … ကျုပ် ခင်ဗျားနဲ့လိုက်ဖို့ သဘောတူလိုက်တာပဲ … ခင်ဗျားကသတ်နိုင်ရက်သားနဲ့ ကျုပ်ကိုမသတ်ဘဲ နေခဲ့တာ သုံးလေးကြိမ်ရှိနေပြီပဲ … ဒီပြင်လူတွေဆိုရင် ခင်ဗျားစိတ်မထင်တာနဲ့ ပုရွက်ဆိတ်ကလေးတွေကို ကြိတ်ချေသလို သတ်နေတာ ကျုပ်သိတယ် … ကျုပ်အပေါ်ကောင်းခဲ့တဲ့ကျေးဇူးကို မေ့လို့ဖြစ်ပါ့မလား၊ အမှန်အတိုင်းပြောရရင်တော့ ခင်ဗျားရဲ့အကျင့်စာရိတ္တကို ကျုပ်လုံးဝမကြိုက်ဘူး … ဒါပေမယ့် ခင်ဗျားရဲ့ ကောင်းကွက်ကလေးအတွက်တော့ ကျုပ်လိုက်ကူညီသင့်တယ်ထင်လို့ အခုလို ရီလင်ဆီသွားဖို့ သဘောတူလိုက်တာပဲ … "

သစ္စာနှင့်ပတ်သက်၍ 'သစ္စာလေးနက်၊ ပေါ်ဆီတက်က၊ နွယ်မြက်သစ်ပင်၊ ဆေးဘက်ဝင်' ဟူသော စကားရှိပေ၏။ ယခု ထင်ပေါ်ဆိုလျှင် သိုင်းလောက၌ လုံးဝဂုဏ်သရေရှိသူတစ်ယောက်မဟုတ်ချေ။ သူတစ်ပါး၏သားပျိုသမီးပျိုများကို ဖျက်ဆီးနေသူဖြစ်၍ အားလုံးကစွံရှာမုန်းတီးခြင်း ခံနေရသူဖြစ်သည်။ ယခုကဲ့သို့ လင့်ဟူချုံးက သူ့အသက်ကို ကယ်တင်ပေးရန် သဘောတူညီခြင်းမှာ လင့်ဟူချုံး၏အသက်ကို အကြိမ်ကြိမ်သတ်နိုင်ပါလျက် မသတ်ခဲ့ခြင်းက အကြောင်းရင်းမဟုတ်ပေ။ လင့်ဟူချုံးကိုယ်တိုင်က သူ့အသက်ကို သိပ်တန်ဖိုးမထားသူဖြစ်ရာ ဤအချက်ကြောင့် ထင်ပေါ်ကို ကယ်တင်ချင်စိတ် ပေါ်မည်မဟုတ်ချေ။ အကြောင်းရင်းအစစ်အမှန်မှာ အံ့ဖွယ်ခြောက်ယောက်၏ အညှဉ်းပန်းအနှိပ်စက်ခံနေရသော်လည်း ဆရာကြီးဖုန်းချင်းအကြောင်းကို တစ်ခွန်းတစ်ပါဒမျှဖွင့်မပြောဘဲ အသက်သေချင်သာသေပါစေ၊ ဖွင့်မပြော ဟူသော သံန္နိဋ္ဌာန်ချမှတ်၍ ကြိတ်မှိတ်ခံစားခဲ့သောကြောင့်သာဖြစ်သည်။

လင့်ဟူချုံးအား သူပေးခဲ့သည့်ကတိသစ္စာကို အသက်နှင့်ရင်း၍ စောင့်ထိန်းခဲ့သောကြောင့်သာဖြစ်ပေသည်။ သူ၏ ကတိသစ္စာစောင့်ထိန်းမှုက သူကဲ့သို့ ဆိုးဝါးယုတ်မာလှသူတစ်ဦးကိုပင် အကျိုးပြုကယ်တင်လိုက်ခြင်းပင်ဖြစ်တော့၏။

ထင်ပေါက ...

"ဆရာလေး ... ရီလင် ... ဟာ ... ချွမ်းပေနယ် ... "

ထင်ပေါသည် သူ၏စကားကိုပင် ဆက်မပြောတော့ဘဲ သက်ပြင်းရှည်ကြီးသာ ချလိုက်တော့၏။

"လင့်ဟူချုံး ... ငါတို့နှစ်ယောက် မင်းစီးပြီး ခရီးပြင်းနှင်ရင် တစ်ရက်အတွင်းရောက်နိုင်တယ် ... ဒါပေမယ့် ငါတို့နှစ်ယောက်စလုံး ဒီပုံပန်းနဲ့ခရီးသွားလို့ကတော့ ခုနစ်ရက်မပြောနဲ့ ... ရက်ပေါင်းခုနစ်ဆယ်ကြာတောင် ရောက်မှာမဟုတ်ဘူး ... လမ်းခရီးကြားမှာတင် နှစ်ယောက်စလုံး ကိစ္စချောတော့မှာပဲ ... " ဟုပြောလိုက်တော့၏။

လင့်ဟူချုံးက ...

"ကျုပ်ကတော့ ဒီမှာနေလည်းသေမှာပဲ ... ဒီတော့မထူးဘူး၊ ခင်ဗျားနဲ့လိုက်ခဲ့မယ် ... ခင်ဗျားအတွက် ကံကောင်းချင်ကောင်းမှာပါ ... ဘုရားကိုယ်တော်မြတ်ကြီးရဲ့ ကျေးဇူးအာနုဘော်နဲ့ ကျုပ်တို့ ဟိုကိုရောက်ရင်ရောက်သွားမှာပေါ့ ... "

ထင်ပေါက တဟားဟားရယ်ရင်း ...

"လင့်ဟူချုံး ... ဘုရားကိုယ်တော်မြတ်ကြီးက ငါ့လို လူဆိုးလူယုတ်မာကို စောင့်ရှောက်ပါ့မလားကွ ... "

လင့်ဟူချုံးက ...

"ဟုတ်တယ် ... ခင်ဗျားလိုလူမျိုးကိုတော့ စောင့်ရှောက်ချင်မှစောင့်ရှောက်မယ် ... ဒါပေမယ့် ကျုပ်ပါသေးတယ် ... ကျုပ်က ကျုပ်ဘာသာ စည်းပျက်ကမ်းပျက်နေပေမယ့် သူများကိုဘယ်တော့မှ မတော်မတရား မစော်ကားခဲ့ဘူး ... ကျုပ်အသက်ကိုတောင်စွန့်ပြီး အကူအညီပေးခဲ့တာပါ ... ဒီတော့ ဘုရားကိုယ်တော်မြတ်ကြီးက ခင်ဗျားရဲ့စိတ်ဓါတ်ကို မကြိုက်လို့ မစောင့်ရှောက်ချင်တောင် ကျုပ်မျက်နှာထောက်ထားပြီး ခင်ဗျားကို ကယ်တင်စောင့်ရှောက်နိုင်ပါသေးတယ် ... "

လင့်ဟူချုံး၏စကားများသည် တိုးတိုးညင်းညင်းကလေးသာ ထွက်ပေါ်လာခြင်းဖြစ်သော်လည်း ထင်ပေါ၏နှလုံးသားထဲသို့ စူးရှနစ်ဝင်သွားတော့၏။ ထင်ပေါ၏မျက်နှာ၌ တွေဝေစဉ်းစားနေသော အမူအရာများပေါ်နေတော့သည်။

များမကြာမီပင် နှစ်ယောက်စလုံး လဲကျနေရာမှ မတ်တတ်ထကြရန် စိတ်ကူးမိလိုက်ကြသည်။ သို့သော် နှစ်ယောက်စလုံး၌ အင်အားဟူ၍ လုံးဝမရှိကြတော့ပေ။ ထပ်မံကြိုးစားကြသော်လည်း လုံးဝမတ်တတ်မရပ်နိုင်ကြတော့ပေ။ ထို့ကြောင့် တဟားဟား ရယ်လိုက်မိကြတော့၏။ ထင်ပေါက ...

"လင့်ဟူချုံး ... ငါဆိုတဲ့ကောင်က သိုင်းလောကထဲမှာ ကျင်လည်လာခဲ့တာကြာပြီ ... မိတ်ဆွေကောင်းဆိုလို့ တစ်ယောက်မှမရှိပါဘူး ... ငါ ဆိုးယုတ်ခဲ့လို့လည်း မိတ်ဆွေမရှိခဲ့တာတစ်ကြောင်းပေါ့၊ အခု မင်းနဲ့ အတူတူသေရတော့မယ် ... ဘာပဲပြောပြော မင်းနဲ့အတူတူသေရတာ ငါ ဂုဏ်ယူတယ် ... ငါ ပျော်လည်း ပျော်တယ်"

လင့်ဟူချုံးကလည်း ရယ်၍

"နောက်ပိုင်းမှာ ... ကျုပ်ဆရာက ကျုပ်တို့နှစ်ယောက်ရဲ့အလောင်းကိုသာတွေ့သွားရင်တော့ ... တစ်ယောက်နဲ့တစ်ယောက် အပြင်းအထန် သတ်ပုတ်ကြရင်းနဲ့ သေတယ်လို့ထင်သွားတော့မှာပဲ၊ ဒါပေမယ့် ကျုပ်တို့နှစ်ယောက်က ညီရင်းအစ်ကိုလို သဘောထားပြီး သေသွားကြတာကိုတော့ ဘယ်သူမှသိမှာမဟုတ်ဘူး" ဟုပြောလိုက်မိတော့၏။

ထင်ပေါက သူ၏လက်တစ်ဖက်ကို လှမ်းကာ ...

"လင့်ဟူချုံး ... ငါ့လက်ကိုဆွဲလိုက်စမ်းပါ ... ငါတို့လက်တွဲပြီး သေကြစို့" ဟု ပြောလေတော့သည်။

ထိုအခါ လင့်ဟူချုံးမှာ တချက်မျှတွေဝေသွားတော့၏။ ထင်ပေါက သူနှင့်လက်တွဲခိုင်းခြင်းမှာ သေပေါင်းရှင်ပေါင်း မိတ်ဆွေအဖြစ် အသိအမှတ်ပြုခိုင်းခြင်းပင်ဖြစ်တော့၏။ မိမိအနေဖြင့် ဤအဆင့်အထိတော့ သူနှင့်လက်မတွဲနိုင်ပေ။ ထင်ပေါဆိုသည့်လူမှာ သိုင်းလောက၌ 'ပန်းဘီလူး' ဟူသော နာမည်ဆိုးတစ်လုံးရထားသောသူဖြစ်၏။ မိမိမှာမူ သိုင်းလောက၌ အမြဲတမ်း မှန်မှန်ကန်ကန် ပြုမူဆောင်ရွက်လေ့ရှိသော ဝါဆန်းဂိုဏ်းချုပ် 'သစ္စာရှင်ဓားသမား' ရက်ပုချွန်၏ တပည့်ကြီးဖြစ်သည်။

မိမိအနေဖြင့် ထင်ပေါ်နှင့် အဘယ်မှာလျှင် သေပေါင်းရှင်ပေါင်းမိတ်ဆွေအဖြစ် လက်တွဲနိုင်ပါအံ့နည်း။

ထိုသို့စဉ်းစားလိုက်မိသဖြင့် သူ၏လက်ကို ထင်ပေါ်ရှိရာသို့ မလှမ်းနိုင်အောင် ဖြစ်နေတော့၏။

ထင်ပေါ်ကမူ လင့်ဟူချိုးအနေဖြင့် စဉ်းစားမိပြီး လက်မလှမ်းနိုင်ဖြစ်နေသည်ကိုမသိ။ ဒဏ်ရာပြင်းထန်လွန်းလှ၍ လက်ကိုပင်မရွှေ့နိုင်ဟု ထင်နေသည်။ ထို့ကြောင့် ထင်ပေါ်က တုန်ယင်လှိုက်လှဲစွာ လှမ်းပြောလိုက်သည်။

"လင့်ဟူချိုး ... မင်းစိတ်ချစမ်းပါ ...ငါက မင်းကို ငါ့ရဲ့မိတ်ရင်းဆွေရင်းတစ်ယောက်လို သတ်မှတ်လိုက်ပါပြီ ... ငါတို့နှစ်ယောက် အတူတူမွေးခဲ့ကြတာ မဟုတ်ပေမယ့် တစ်နေ့တည်းတော့ အတူတူသေလို့ဖြစ်ပါတယ် ... မင်းက ငါ့ထက်အရင် ပိုစောပြီးသေရင်လည်း ငါတစ်ယောက်တည်း အသက်ရှင်ကျန်မနေရစ်ခဲ့ဘူး ... ငါပါလိုက်သေမယ် ... "

လင့်ဟူချိုးမှာလည်း ထင်ပေါ်၏စိတ်ရင်းသဘောရင်းကို သိရသောအခါ ရင်ထဲ၌ လှုပ်ရှားသွားတော့၏။ ထို့ကြောင့် သူ၏လက်ကို လှမ်းပုတ်ရင်း ရယ်လိုက်သည်။

"ထင်ပေါ် ... ခင်ဗျားနဲ့ကျုပ် အတူတူသေတော့ အဖော်ရတာပေါ့ဗျာ ... မပျင်းဘူးပေါ့ ... "

သူတို့နှစ်ယောက်လက်တွဲရန် ပြင်လိုက်စဉ်မှာပင် အေးစက်မာကျောသော ရယ်သံတစ်သံကို ထိတ်လန့်စဖွယ် ကြားလိုက်ရတော့၏။ လူတစ်ယောက်က ...

"ဘယ့်နှယ်ဖြစ်နေတာလဲ ... ဝါဆန်းဂိုဏ်းရဲ့တပည့်ကြီး ... ဘယ့်နှယ်ဒီလူဆိုးနဲ့ပေါင်းနေရတာလဲ ... "

ထင်ပေါ်က အော်မေးလိုက်၏။

"ဘယ်သူလဲ ... "

လင့်ဟူချိုး၏ စိတ်ထဲတွင် ...

"ဒုက္ခပဲ ... ငါက သေခါနီးလူဖြစ်နေလို့ ဘာမှအရေးမကြီးဘူး၊ ငါ့အတွက်နဲ့ ဆရာတော့ သိက္ခာကျရတော့မယ် ... "

ထိုစဉ် ... စောစောကပြောလိုက်သည့်လူသည် ဓားကိုင်၍ လျှောက်ထွက်လာသည်ကို တွေ့လိုက်ရတော့၏။ ထိုလူက သရော်၍ပြောလိုက်သည်။

"လင့်ဟူချိုး ... မင်းအနေနဲ့ မင်းရဲ့အမှားကို ပြင်ဆင်ချင်တယ်ဆိုရင် ဖြစ်နိုင်သေးတယ် ... ဟောဒီဓားကိုယူပြီး ထင်ပေါ်ကိုသတ်လိုက် ... ဒီလိုဆိုရင် ဘယ်သူကမှ မင်းကိုအပြစ်မတင်နိုင်တော့ဘူး"

ပြောပြီးသည်နှင့် သူ၏ဓားကို မြေကြီးပေါ်သို့ ပစ်စိုက်လိုက်သည်။ လင့်ဟူချိုးသည် ထိုဓားကိုမြင်လိုက်ရသည်နှင့် ကောင်းဆန်းဂိုဏ်းသားများ ဆွဲကိုင်လေ့ရှိသော ဓားမှန်းသိလိုက်သဖြင့် ...

"ဩော် ... ကောင်းဆန်းဂိုဏ်းကကိုး ... ခင်ဗျား ဘယ်သူလဲ"

"ဟား ...ဟား ... ဟား ... မင်းက မျက်စိအမြင်တော့ တော်တော်သန်သားပဲ ... ငါက ကောင်းဆန်းဂိုဏ်းက ကူရန်ကွ"

"နောင်ကြီးကူရန် ... ဝါဆန်းတောင်ပေါ်ကို ဘာကိစ္စတက် လာတာလဲ သိပါရစေ ... "

"ငါလာတဲ့ကိစ္စလား ... အေး ... မင်းသိချင်ရင်တော့ ပြောပြရမှာပေါ့ ... ငါတို့ရဲ့ ဂိုဏ်းချုပ်ကြီးက ငါ့ကို ဝါဆန်းတောင်ကိုလွှတ်ပြီး ဝါဆန်းဂိုဏ်းအကြောင်း စုံစမ်းခိုင်းလိုက်တာပဲ ... အပြင်လောကမှာ သတင်းထွက်နေသလို ဝါဆန်းဂိုဏ်းကလူတွေ တကယ်ပျက်စီးနေတာ ဟုတ်မဟုတ် စုံစမ်းခိုင်းလိုက်တာပဲ ... ကဲ ... အခုပဲကြည့်စမ်း ... ငါလည်းဝါဆန်းတောင်ကိုလည်းရောက်ရော မင်းက ဒီလူဆိုးနဲ့ ပေါင်းနေတာကို တွေ့ရတော့တာပဲ ... "

ထင်ပေါ်က အော်ဟစ်ဆဲဆိုလိုက်တော့သည်။ ကူရန်ကမူ ထင်ပေါ်ကို လုံးဝဂရုမစိုက်ချေ။ သူက လင့်ဟူချိုးကို အရှက်ခွဲရန်သာ ဆန္ဒပြင်းထန်နေသည်။ လင့်ဟူချိုးအရှက်ကွဲလျှင် ဝါဆန်းဂိုဏ်းအရှက်ကွဲခြင်းပင် မဟုတ်ပါလော။

"လင့်ဟူချိုး .. မင်း သူ့ကို မသတ်နိုင်ဘူးပေါ့ ... "

လင့်ဟူချိုးက ဒေါသဖြင့် အော်ဟစ်လိုက်သည်။

"ကျုပ် သူ့ကို သတ်တာမသတ်တာက ခင်ဗျားနဲ့ဘာမှမဆိုင်ဘူး၊ ခင်ဗျားသတ္တိရှိတယ်ဆိုရင် ကျုပ်ကို တစ်ချက်တည်းနဲ့ ထိုးသတ်လိုက်ပေတော့၊ သတ္တိမရှိဘူးဆိုရင်လည်း ဝါဆန်းတောင်ပေါ်က ဆင်းသွားပေတော့ ... "

ကူရန်က လင့်ဟူချုံးပြောသည့်စကားကို ဂရုမစိုက်၊ သူ့စကားကိုသာ သူဆက်ပြောနေသည်။

“မင်းက သူ့ကိုမသတ်ဘူးပေါ့၊ မင်းစိတ်ထဲမှာ သူ့ကို မိတ်ဆွေလို သဘောထားနေတာပေါ့ ဟုတ်လား … ”

“ကျုပ် ဘယ်လူဆိုးသူခိုးနဲ့ပေါင်းပေါင်း ခင်ဗျားနဲ့ပေါင်းတာထက်တော့ သာသေးတာပဲ … ”

ထင်ပေါက …

“ဟား … ဟား … ဟား … လင့်ဟူချုံး … မင်းရဲ့စကားကတော့ တကယ့်ကိုပြောင်မြောက်ပါပေတယ်ကွာ … ”

ကူရန်ကမူ …

“မင်းတို့က ငါ့ဒေါသထွက်လာပြီး မင်းတို့ကို တစ်ချက်တည်းနဲ့ ထိုးသတ်စေချင်နေတာလား၊ ဒီလိုဘယ်ရလိမ့်မလဲ၊ ငါက မင်းတို့နှစ်ယောက်ကို ကိုယ်တုံးလုံးချွတ်ပြီး ကြိုးနဲ့ချည်ထားမယ်၊ မင်းတို့ရဲ့အကြောင်းတွေကိုလည်း ထိုးပိတ်ထားလိုက်မယ်၊ နောက်တော့မှ ဝါဆန်းဂိုဏ်းရဲ့တပည့်ကြီးက ဒီလူဆိုးနဲ့ပေါင်းနေပါတယ်လို့ သိုင်းလောကတစ်ခွင် ပြုပြစ်အောင် လိုက်ပြမယ်၊ ဟား … ဟား … ဟား … ရက်ပုချွန်က သူ့ကိုယ်သူ သစ္စာရှင်ဓားသမားဆိုပြီး တကယ့်ဆရာကြီးသမားကြီး ပုံစံ ဖမ်းနေတာ၊ ဒီတစ်ခါတော့ ဟား … ဟား … ဟား”

လင့်ဟူချုံးမှာ ထိုစကားကိုကြားလိုက်ရသောအခါ မေ့မြောမတတ်ဖြစ်သွားတော့၏။ ထင်ပေါကမူ အယုတ္တ၊ အနတ္တစကား များဖြင့် အော်ဆဲနေတော့၏။

ကူရန်က လင့်ဟူချုံးကို အင်္ကျီမှဆွဲမလိုက်သည်။ ထိုစဉ် အောက်ဘက်မှ မိန်းကလေးတစ်ယောက်၏အော်သံကို ကြားလိုက်ရတော့၏။

“ဟေး … ဒီက အစ်ကိုကြီး ဘာလုပ်နေတာလဲ … ”

ကူရန်က နောက်ဘက်သို့လှည့်ကြည့်လိုက်သောအခါ မိန်းကလေးတစ်ယောက် ခပ်လှမ်းလှမ်း၌ ရပ်ကြည့်နေသည်ကို တွေ့လိုက်ရလေသဖြင့် လှမ်းမေးလိုက်သည်။

“မင်းဒီမှာ ဘာလာလုပ်နေတာလဲ … ”

ထင်ပေါကမူ ထိုအသံကြားလိုက်ရသည်နှင့် အလွန်တရာဝမ်းသာအားရဖြစ်သွားတော့သည်။ ချက်ချင်းပင် အသံကုန် အော်လိုက်တော့သည်။

“ဆရာ … ဆရာလေးရီလင် မြန်မြန်လာ၊ မြန်မြန်လာ၊ ဟောဒီမကောင်းဆိုးဝါးကြီးက ဆရာလေးရဲ့ အစ်ကိုကြီး လင့်ဟူချုံးကို ဒုက္ခပေးတော့မယ် … ”

ထိုအခါ ရီလင်မှာ မြေကြီးပေါ်၌ လဲလျောင်းလျက်ရှိနေသူမှာ သူမ၏အစ်ကိုကြီး လင့်ဟူချုံးဖြစ်နေသည်ကို ကြားသိလိုက် ရသောအခါ အလန့်တကြားအော်ဟစ်လျက် ချက်ချင်းခုန်ဝင်လာတော့၏။

“အစ်ကိုကြီး လင့်ဟူချုံး ဟုတ်လား … ”

ရီလင်သည် ကူရန်ကို လုံးဝဂရုမစိုက်မိပေ။ လင့်ဟူချုံးကိုသာ အာရုံစိုက်နေသည်။ ကူရန်က လက်ညှိုးဖြင့် ရီလင်၏ အကြောကို ထိုးပိတ်ရန် လက်ဖြင့်ရွယ်လိုက်သည်။

ရုတ်တရက် သူ၏အင်္ကျီကုပ်မှာ တစ်ချက်တင်းခနဲဖြစ်သွားပြီး သူ၏ခန္ဓာကိုယ်မှာ လေထဲတွင် မြောက်တက်သွားတော့၏။ ကူရန်သည် အကြီးအကျယ်ထိတ်လန့်သွားပြီး ညာတံတောင်ကွေးဖြင့် နောက်လူကို ဆောင့်လိုက်သည်။ သို့သော် လုံးဝမထိ၊ ခြေထောက်ဖြင့် နောက်ပြန်ကန်လိုက်ပြန်သည်။ သည်တစ်ကြိမ်လည်း လုံးဝမထိ၊ ထို့ကြောင့် ပိုမိုကြောက်ရွံ့လာပြီး နောက်မှလူကို နောက်ပြန်ဖမ်းချုပ်သည့်သိုင်းကွက်ဖြင့် အသုံးပြုရန် ဟန်ပြင်လိုက်တော့၏။

ထိုအခါ သူ၏လည်မျိုသို့ ခက်ထန်ကြမ်းတမ်းသော လက်ကြီးတစ်ဖက်က လာရောက်ဆုပ်ကိုင်ဖျစ်ညှစ်ခြင်းကို ခံလိုက်ရပြီး လုံးဝအသက်မရှူနိုင်တော့ဘဲ တစ်ကိုယ်လုံး ပျော့ခွေကျသွားတော့၏။

လင့်ဟူချုံး ပြန်လည်သတိရလာသောအခါတွင်မူ မိန်းကလေးတစ်ယောက်၏ အော်ခေါ်နေသံကို ကြားလိုက်မိသည်။

“အစ်ကိုကြီး … အစ်ကိုကြီး … ”

လင့်ဟုချုံးသည် ရီလင့်အသံမှန်းသိသည်။ သူ၏မျက်လုံးများကို ဖွင့်ကြည့်လိုက်သောအခါ တကယ်ပင် ရီလင်ဖြစ်နေကြောင်း တွေ့ရတော့၏။ ထိုစဉ် ကျယ်လောင်လှသည့် အသံကြီးတစ်ခုကိုလည်း ကြားလိုက်ရပြန်၏။

"ရီလင် ... ဒီဘိန်းစားလူမဟာက လင့်ဟုချုံးဆိုတဲ့လူလား ... "

လင့်ဟုချုံးသည် ထိုအသံရှင်ကို လှမ်းကြည့်လိုက်သောအခါ သူ့မှာ ထခုန်မိမတတ် ထိတ်လန့်သွားတော့သည်။ ထိုအသံရှင်မှာ အလွန်ဝဖိုင့်တုတ်ခိုင်လှပြီး အရုပ်အမောင်းမှာလည်း အလွန်ကောင်းလှသည့် ဘုန်းကြီးတစ်ပါးဖြစ်နေသည်ကို တွေ့ရသည်။ သူ၏သင်္ကန်းမှာ အနီရောင်ဖြစ်ပြီး အမှောင်ထဲတွင် သွေးရောင်ကဲ့သို့ဖြစ်နေ၏။ သူ၏ လက်ဝဲဘက်လက်တွင် ကူရန်ကို ဆွဲကိုင်ထားသည်။ ကူရန်မှာ ထိုဘုန်းကြီး၏လက်ထဲတွင် ကြွက်သေလေးတစ်ကောင် ကိုင်ဆွဲထားသကဲ့သို့ ဖြစ်နေတော့သည်။ အသက်ရှိဟန် မတူတော့။

ရီလင်က ...

"အဖေ ... သူက အစ်ကိုကြီးလင့်ဟုချုံးပဲ၊ ဘိန်းစားမဟုတ်ပါဘူး ... "

သူမက လင့်ဟုချုံး၏ဒဏ်ရာများကို စိုးရိမ်တကြီးရှာဖွေနေရာမှ ပြန်ပြောလိုက်ခြင်းဖြစ်၏။ သူမ၏စကားကြောင့် လင့်ဟုချုံး အကြီးအကျယ်ထိတ်လန့်သွားသည်။ သူ့စိတ်ထဲတွင် ...

"ရီလင်က မယ်သီလရှင်လေးပဲ၊ သူ့မှာ ဘယ့်နှယ် ဘုန်းကြီးအဖေရှိနေပြန်တာလဲ၊ ဘုန်းကြီးမှာ သမီးရှိတယ်ဆိုတာက ခပ်ရှားရှားပဲ၊ ဒီလို မယ်သီလရှင်ဖြစ်နေတဲ့ သမီးရှိတယ်ဆိုတာက ပိုတောင်ရှားသေးတယ်" ဟုတွေးလိုက်မိသည်။

ထိုဘုန်းကြီးက တဟားဟားရယ်ရင်း ...

"သမီး ... နင် နေ့တိုင်းညတိုင်းစဉ်းစားနေတဲ့ လင့်ဟုချုံးကို လူချော၊ လူခန့်ကြီး တောင့်တောင့်တင်းတင်း ကျားကျားလျားလျား ယောကျ်ားကြီးလို့ထင်နေတာ၊ အခုတော့ မြေကြီးပေါ်မှာလဲကျ သေချင်ဟန်ဆောင်ပြီး သူများစော်ကားတာကို ဘာမှပြန်မလုပ်ရဲတဲ့ကောင်မှန်း သိရတော့တယ်၊ ဒီလိုဘိန်းစားမျိုးကို ငါတော့ သားမက်မတော်နိုင်ဘူး၊ ဒီကောင်ကို အရေးစိုက်မနေနဲ့၊ ကဲ ... ငါတို့သွားကြမယ်" ဟု ပြောလိုက်တော့၏။

ရီလင်မှာ ရှက်လည်းရှက်၊ ဒေါသလည်းထွက်လာသဖြင့် ...

"အဖေနော် ... ဘာတွေလျှောက်ပြောနေတာလဲ၊ ဘယ်သူက နေ့တိုင်းညတိုင်းစဉ်းစားနေလို့လဲ၊ အဖေသွားချင်သွား၊ ကျွန်မတော့မလိုက်နိုင်ဘူး ... " ဟု ဆူဆောင့်၍ ပြန်ပြောလိုက်တော့သည်။

လင့်ဟုချုံးမှာလည်း ဤဘုန်းကြီးက မိမိအား 'ဘိန်းစား' ဟုလည်းကောင်း၊ 'သူရဲဘောကြောင်သူ' ဟုလည်းကောင်း၊ ရှုတ်ချနေသည်ကို ကြားရသောအခါ ဒေါသထွက်လာတော့သည်။

"ခင်ဗျားသွားချင်ရင်သွား၊ ဘယ်သူကမှ ခင်ဗျားကိုဆွဲမထားဘူး၊ ခင်ဗျားသွားလေ ကျုပ်နားအေးလေပဲ ... "

ထင်ပေါက အလန့်တကြား ဝင်အော်သည်။

"သူသွားလို့ မဖြစ်ဘူးကွ၊ သူ့ကို မသွားပါစေနဲ့ ... "

လင့်ဟုချုံးက ...

"ဘာဖြစ်လို့လဲဗျ ... "

ထင်ပေါက ...

"ငါ့အတွက် အဆိပ်ဖြေဆေးက သူ့ဆီမှာရှိနေတာ၊ သူသွားရင် ငါသေမှာပေါ့ ... "

လင့်ဟုချုံးက ...

"ခင်ဗျား ပူမနေစမ်းပါနဲ့ဗျာ၊ ခင်ဗျားသေရင် ကျုပ်ကလည်း ခင်ဗျားနဲ့အတူတူ လိုက်သေပေးပါ့မယ် ... "

ထိုအခါ ဘုန်းကြီးသည် တဟားဟား ရယ်မောတော့၏။

"ကောင်းတယ်၊ ကောင်းတယ်၊ ဒီကောင်လေးက စိတ်ဓာတ်တော်တော်မာတာပဲ၊ သမီး ဒီကောင့်ကို ငါနည်းနည်း သဘောကျလာပြီ၊ ဒါပေမယ့် ငါသူ့ကို မေးရဦးမယ်၊ သူ အရက်သောက်သလား ... "

ရီလင်က မဖြေမီပင် လင့်ဟုချုံးက အော်၍ ...

"သောက်တာပေါ့ဗျ ... နေ့လည်းသောက်၊ ညလည်းသောက်၊ အမြဲတမ်းသောက်နေတာပဲ ... " ဟု ပြောလိုက်၏။

ဘုန်းကြီးသည် လင့်ဟူချုံး၏စကားကိုကြားသောအခါ အလွန်သဘောကျသွားပြီး ...

"သမီး ... နင့်အဖေဟာ ဘယ်လိုဘုန်းကြီးမျိုး ဆိုတာပြောပြလိုက်စမ်း ... " ဟု ပြောလိုက်တော့၏။

ရီလင်က ရှက်ပြုံးပြုံးရင်း ...

"အစ်ကိုကြီး ... ကျွန်မအဖေက ဘုန်းကြီးအစစ်မဟုတ်ပါဘူး၊ အရေခြုံဘုန်းကြီးပါ၊ သူ့မှာ ဘာဝိနည်းမှလည်းမရှိဘူး၊ အရက်သောက်တယ်၊ အသားစားတယ်၊ အားလုံးလုပ်တယ်၊ နောက်ဆုံး ကျွန်မကိုတောင် မွေးလိုက်သေးတယ် ... " ဟု သူမအဖေ၏ဇာစ်မြစ်ကို အရှင်းဆုံးပြောပြလိုက်သည်။

လင့်ဟူချုံးက လက်မထောင်လိုက်ပြီး ...

"ဟား ... ဟား ... ဟား ... တကယ့်ဘုန်းကြီးပဲ၊ ကျုပ်နဲ့တော့ကိုက်နေပြီ ... "

သူကပြောရင်း လူးလဲထရန် ဟန်ပြင်လိုက်သည်။ ရီလင်ကလည်း ဖေးမတွဲထူပေးလိုက်သဖြင့် မတ်တတ်ရပ်နိုင်သွား၏။ လင့်ဟူချုံးက ရယ်မောရင်း ...

"ဦးလေးက ဘာမဆိုလုပ်ရဲလျက်သားနဲ့ ဒီလိုမွန်မြတ်တဲ့သင်္ကန်းကို ဘာဖြစ်လို့ခြုံထားရတာလဲ၊ သင်္ကန်းကို စော်ကားရာကျနေတာပေါ့ ... " ဟု ပြောလိုက်၏။

ထိုအခါ ဘုန်းကြီးက ...

"ငါက ဒါတွေနားမလည်ပါဘူးကွာ ... ငါ့နာမည်က ပုကျက်တဲ့ ... မှတ်ထား ... ငါဘုန်းကြီးဝတ်တာကိုတော့ သိပ်မအံ့သြနဲ့ ... မင်းလိုပဲပေါ့ကွာ ... မယ်သီလရှင်တစ်ပါးကိုကြိုက်မိလို့ပဲဟေ့"

ရီလင်က ရှက်သွေးကြောင့် ရဲရဲနီနေသော မျက်နှာကလေးဖြင့် ...

"အဖေကလေ သိပ်ခက်တာပဲ ... ဘာတွေလျှောက်ပြောနေပြန်ပြီလဲ မသိဘူး" ဟု ပြောလိုက်တော့၏။

ပုကျက်က ...

"သမီး ... နင်ကဘာနားလည်လို့လဲ ... ယောကျ်ားဆိုတာ ဟုတ်ရင်ဟုတ်တယ် ... မဟုတ်ရင်မဟုတ်ဘူးပေါ့ ... သူများကို ဘာဖြစ်လို့ဂရုစိုက်နေရမှာလဲ ... ရယ်ရယ် ဆဲဆဲ ငါကတော့ ဘယ်သူ့မှမမှုဘူးကွ ... "

လင့်ဟူချုံးနှင့်ထင်ပေါ်မှာ ပုကျက်၏ ဟောဟောဒိုင်းဒိုင်းစကားများကို ကြားလိုက်ရသောအခါ အလွန်သဘောကျသွားသဖြင့်

"ဟုတ်တယ် ... ဒါဟုတ်တယ်" ဟု သံပြိုင်အော်ဟစ် ထောက်ခံလိုက်ကြတော့၏။

ပုကျက်ကထိုနှစ်ယောက်၏ အားတက်သရောချီးကျူးထောက်ခံသံကို ကြားလိုက်ရသောအခါ အလွန်သဘောကျသွားသဖြင့် အားလုံးပွင့်ထွက်လာတော့၏။

"ငါ့သမီးရဲ့ အမေကလည်း မယ်သီလရှင်ပဲကွ ... "

လင့်ဟူချုံး၏ စိတ်ထဲတွင် ...

"သြော် ... ရီလင်ရဲ့ အမေကလည်း မယ်သီလရှင်ပဲကိုး" ဟု တွေးလိုက်မိသည်။

ဘုန်းကြီးယောင်ပုကျက်က ...

"အဲဒီတုန်းက ငါက ဝက်သတ်သမားကွ ... ငါက သူ့အမေကိုကြိုက်မိတော့ နောက်ဆုံးမတတ်သာတော့တာနဲ့ ဘုန်းကြီးဝတ်လိုက်ရတာပဲ ... ယောကျ်ားကြိုက်တော့ဆိုက်ဆိုက်လာ ဆိုတာ ဒါမျိုးပဲပေါ့ကွ ... ငါစဉ်းစားတာက တစ်မျိုးကွ ... ဘုန်းကြီးနဲ့ မယ်သီလရှင်က ပိုပြီးနီးစပ်တယ်မဟုတ်လား ... ဒါကြောင့်ဘုန်းကြီးဝတ်တာ ... ငါ့ဆရာကလည်း ငါ့ကို ဘုန်းကြီးတစ်သက်လုံးဝတ်ခိုင်းတယ် ... ဒါနဲ့ ငါလည်း သူ့အမေရဲ့အချစ်ကိုရပြီးတော့လည်း လူဝတ်မလဲတော့ဘူး ... နောက်ဆုံး ရီလင်ကိုမွေးလာတာပဲ ... လင့်ဟူချုံး မင်းအဖို့တော့ ငါ့လိုမဟုတ်ပါဘူးကွာ ... အများကြီးအဆင်ပြေနေပါပြီ ... ငါ့တုန်းကလို ဘုန်းကြီးဝတ်စရာ မလိုတော့ပါဘူး ... "

လင့်ဟူချုံးမှာမူ ဘုန်းကြီးယောင်ပုကျက်၏စကားကို ကြားရသောအခါ ရယ်ရအခက် ငိုရအခက်ဖြစ်နေတော့၏။ သူ့စိတ်ထဲတွင် ...

"ညီမလေးရီလင်ကို ငါကကယ်တင်ခဲ့တော့ ညီမလေးရီလင်က ငါ့ကိုတိမ်းညွတ်သွားတာများလားမသိဘူး ... သူက ထင်ပေါ်နဲ့ အံ့ဖွယ်ခြောက်ယောက်ကို ခေါင်းတာကတော့ ဘာသဘောလဲ ... သူ့ခများ ယောကျ်ားတွေနဲ့ လုံးဝမထိတွေ့ဘူး တဲ့သူဆိုတော့ ငါ့ကို တိမ်းညွတ်ကောင်းတိမ်းညွတ်မှာပဲ ... ဒီကိစ္စကို သတိထားပြီးဖြေရှင်းမှဖြစ်လိမ့်မယ် ... နို့မို့ဆို ငါတို့ ဝါဆန်းဂိုဏ်းနဲ့ ဟန်ဆန်းဂိုဏ်းနှစ်ခုစလုံး သိက္ခာကျသွားလိမ့်မယ် " ဟူ၍ တွေးနေမိတော့၏။

ရီလင်မှာလည်း အရှက်ရသွားသည်။

"အဖေ ... လျှောက်ပြောမနေနဲ့တော့ ... အစ်ကိုကြီးလင့်ဟူချုံးမှာ ချစ်သူရှိပြီးသား ... အဖေလျှောက်ပြောနေရင် ရယ်စရာကြီးဖြစ်နေလိမ့်မယ် ... "

ဘုန်းကြီးယောင်ပုကျက်က ...

"ဘာ ... ဒီကောင့်မှာ ချစ်သူရှိတယ် ဟုတ်လား ... "

ပုကျက်သည် ဒေါသထွက်သွားသဖြင့် လင့်ဟူချုံးကို သူ့လက်ယာလက်ဖြင့် ဆွဲမြှောက်လိုက်၏။ ရီလင်က ကမန်း ကတန်း ဖြင့် ...

"အဖေ ... အစ်ကိုကြီးကိုလွှတ်လိုက်ပါ ... မလွှတ်ရင် သမီးစိတ်ဆိုးမယ်" ဟုပြောလိုက်သည်နှင့် ချက်ချင်းပင် ပုကျက်က ကြောက်သွားပြီး လင့်ဟူချုံးကို အောက်သို့ပြန်ချပေးလိုက်သည်။ သို့သော် ပါးစပ်ထဲကတော့ မကျေမနပ်ဖြင့် ရေရွတ်နေပေသေး၏။

"ဒီကောင်က ဘယ်မယ်သီလရှင်ကို သဘောကျနေရပြန်တာလဲ ... "

ပုကျက်၏စကားကို နားထောင်ခြင်းအားဖြင့် ပုကျက်၏အယူအဆတွင် မယ်သီလရှင်မှတပါး အခြားချစ်စရာကြိုက် စရာကောင်းသောမိန်းမ မရှိတော့ကြောင်း ထင်ရှားနေပေသည်။

"အဖေက ဘာတွေလျှောက်ပြောနေမှန်း မသိပါဘူး ... အစ်ကိုကြီးရဲ့ ချစ်သူက သူ့ရဲ့ဂိုဏ်းတူညီမလေးလိန်လိန်ပဲ အဖေရဲ့ ... "

ပုကျက်သည် အလွန်တရာဒေါသထွက်သွားပြီး အော်ဟစ်လိုက်သည်။ အားလုံးလိုလို နားများပင် အူသွားကြရ၏။

"ဟို ... ရက်ပုချွန်ရဲ့သမီးကိုး ... တောက် ... ဒီကောင်မလေးက ဘယ်လောက်များလှနေလို့လဲ ... နေပလေ့စေ ... နောက်တစ်ခါတွေ့ရင် လည်ပင်းကို ညှစ်သတ်ပစ်မယ် ... "

ထိုအခါ ရီလင်က စိုးရိမ်ပူပန်စွာဖြင့် ...

"အဖေ ... အစ်ကိုကြီးလင့်ဟူချုံးက ဒဏ်ရာအပြင်းအထန်ရနေတာ ... သူ့ကိုအရင်ကုပေးပါဦး" ဟု ပြောလိုက်၏။

ပုကျက်သည် ကြမ်းကြမ်းတမ်းတမ်း ရမ်းရမ်းကားကားပုံသဏ္ဍာန်ရှိသော်လည်း သူ့သမီးကိုမူ အလွန်ချစ်ဟန်ရှိ၏။ ယခုအချိန်အထိ သူ့သမီး၏စကားကို တစ်ခွန်းတစ်ပါဒမျှ ပယ်ရှားခဲ့ခြင်းမရှိခဲ့သေးချေ။ ယခုလည်း ...

"အေး ... သမီးက ကုပေးဆိုတော့လည်း ကုပေးရတာပေါ့၊ ဒီကောင့်ရောဂါက ဘာများခက်တာမှတ်လို့ ... "

ပုကျက်သည် ကူရန်ကို အရပ်လေးတစ်ရပ်နှယ် လွှင့်ပစ်လိုက်ပြီး လင့်ဟူချုံးကို မြေကြီးပေါ်လှဲအိပ်ခိုင်းလိုက်သည်။

"မင်းက ဘယ်မှာ ဒဏ်ရာရထားတာလဲ ... "

လင့်ဟူချုံးက ...

"ကျုပ်ရဲ့နောက်ကျောမှာ လက်ဝါးတစ်ချက် အရိုက်ခံထားရတယ် ... ဒါကအရေးမကြီးပါဘူး ... အရေးကြီး ... "

ပုကျက်မှာ အလွန်စိတ်မြန်သူဖြစ်၍ လင့်ဟူချုံး၏စကားကို ဆုံးအောင်နားမထောင်ချေ။

"နောက်ကျောမှာ အရိုက်ခံထားရတယ် ဟုတ်လား ... ဒါဆိုရင် မင်းရဲ့ 'လင့်ကျိုး' အကြောကို ထိခိုက်မှာပဲ ... "

"မဟုတ်သေးဘူး ... ကျုပ်ကို အံ့ဖွယ်ခြောက်ယောက်"

“မင်းရဲ့ ‘လင့်ကျိုး’ အကြောတစ်လျှောက်မှာ ဘာမှ အသက်အန္တရာယ်ထိခိုက်စရာမရှိဘူး ... မင်းတို့ဝါဆန်းဂိုဏ်းရဲ့ အတွင်းအားသိုင်းပညာက ညံ့လှချည်လား ... ဒါတောင်မသိကြဘူးလား ... ကဲ ... ငါမင်းရဲ့လင့်ကျိုးအကြောကို ကုပေးလိုက်မယ် ... ”

လင့်ဟူချုံးက ကမန်းကတန်းဖြင့် ...

“မဟုတ်ဘူး ... မဟုတ်ဘူး ...ဟို အံ့ဖွယ် ... ”

“လာပြန်ပြီ ဒီ အံ့ဖွယ် ... ဟော့ကောင် မှတ်ထား ... လူ့ခန္ဓာကိုယ်တစ်ခုလုံးမှာ အံ့ဖွယ်လို့နာမည်ပေးထားတဲ့အကြော တစ်ခုမှမရှိဘူး ... မင်းဘာတွေ သွေးရူးသွေးတန်း လျှောက်ပြောနေတာလဲ”

ပြောရင်း ပြောရင်း စိတ်မရှည်တော့သဖြင့် လင့်ဟူချုံး၏အကြောကိုထိုးပိတ်လိုက်ရာ လင့်ဟူချုံးမှာ လုံးဝစကားမပြောနိုင်တော့ပေ။

ထိုအခါကျမှ ပုကျက်က ...

“ငါက အတွင်းအား အင်မတန်ပြည့်ဝတဲ့ကောင်ကွ ... ငါကုပေးလိုက်ရင် မင်း ခုနစ်ရက်အတွင်း အကောင်းပကတိ ပြန်ဖြစ်သွားမယ်”

ပြောပြောဆိုဆိုဖြင့် သူ၏ကြီးမားသောလက်ဝါးနှစ်ခုဖြင့် တစ်ဘက်က လင့်ဟူချုံး၏ချက်အောက်ကို ကပ်ထားလိုက်ပြီး အခြားတစ်ဘက်က နောက်ကျောကို ဖိကပ်ထား၏။ သူ၏အတွင်းအားလှိုင်းများကို ထိုအကြောနှစ်ခုမှတစ်ဆင့် လင့်ဟူချုံး၏ ခန္ဓာကိုယ်ထဲသို့ သွတ်သွင်းပေးလိုက်သည်။

ထိုစဉ် သူ၏အတွင်းအားလှိုင်းသည် အံ့ဖွယ်ထူးဆန်းခြောက်ယောက်ထည့်သွင်းထားသော အတွင်းအားလှိုင်းခြောက်ခုနှင့် ထိပ်တိုက်ရင်ဆိုင်မိသောအခါ သူ၏လက်ဖဝါးနှစ်ဖက်စလုံး တုန်ခါသွားမတတ်ဖြစ်သွားတော့၏။

ထို့ကြောင့် ပုကျက်မှာ ‘ဟာ’ ခနဲ အထိတ်တလန့် အော်လိုက်မိ၏။

ထိုအဖြစ်ကိုမြင်သော် ရီလင်က စိုးရိမ်တကြီးဖြင့် ...

“အဖေ ဘာဖြစ်လို့လဲ ... ”

“သူ့ကိုယ်ထဲမှာ ထူးဆန်းအတွင်းအားလှိုင်းတွေရှိနေတယ်၊ မှန်း ... ငါစမ်းကြည့်ဦးမယ် ... တစ်ခု၊ နှစ်ခု၊ သုံးခု၊ လေးခု ရှိနေပါကလား ... မဟုတ်သေးဘူး ... မဟုတ်သေးဘူး ... နောက်တစ်ခုရှိသေးတယ် ... အားလုံး ငါးခု ... ဟား ... ဟား ... ဟား ... နောက်တစ်ခု တိုးလာပြန်ပြီ ... အားလုံးခြောက်ခုတောင်မှပါလား၊ ဒါမှ ပျော်စရာကောင်းတာ ... ငါ့အတွင်းအားလှိုင်းနှစ်ခုနဲ့ မင်းတို့ ခြောက်ခုနဲ့ ပြိုင်ကြတာပေါ့ ... ဘယ်သူ့အားက ပိုပြင်းတယ်ဆိုတာ ကြည့်ကြသေးတာပေါ့ ... လာကြဦးလေ ... ထပ်တိုးကြပါဦးလား၊ ဟင်း ... ထပ်တိုးမလာကြတော့ဘူး ... ဒီခြောက်ခုပဲရှိတာပဲ ... ငါက မင်းတို့ကို ကြောက်ရမှာလား ... ”

ပုကျက်မှာ ဝက်သတ်သမားဖြစ်ခဲ့၍ ကိုယ်အမူအရာ၊ နှုတ်အမူအရာ လွန်စွာကြမ်းတမ်းသူဖြစ်၏။ သူ၏ကုသိုလ်ကြောင့် သိုင်းပညာရှင်ဘုန်းကြီးတစ်ပါးထံတွင် တပည့်အဖြစ် ခံယူနိုင်ခဲ့သဖြင့် ယခုကဲ့သို့ အဆင့်အတန်းမြင့်မားလှသော သိုင်းပညာကို တတ်ကျွမ်းခဲ့ခြင်းဖြစ်၏။ ဘုရားစာ၊ တရားစာတို့ကိုမူ တစ်ခွန်းတစ်ပါဒမျှ ရွတ်ဖတ်သရဇ္ဈာယ်တတ်သူ မဟုတ်ပေ။

သူ့လက်ဝါးနှစ်ဖက်ကို လင့်ဟူချုံး၏ ခန္ဓာကိုယ်တွင် တဖြည်းဖြည်းဖိကပ်ထားရာ သူ၏ငယ်ထိပ်မှ ရေငွေ့များ ပျံတက်လာတော့သည်။

နောက်ပိုင်းတွင် စကားပင် တစ်ခွန်းမှမပြောနိုင်တော့ဘဲ လင့်ဟူချုံး၏ခန္ဓာကိုယ်ထဲမှ အံ့ဖွယ်ခြောက်ယောက်၏ အတွင်းအားများနှင့် အပြင်းအထန် တွန်းလှန်တိုက်ခိုက်နေရတော့၏။

အချိန်မည်မျှကြာသွားသည်ပင် မသိလိုက်ကြတော့ပေ၊ အတန်ကြာမှ ရုတ်တရက် တဟားဟားရယ်လိုက်ပြီး ထခုန်လိုက်၏။ သို့သော် ခြေများပျော့ခွေပြီး မြေကြီးပေါ်သို့ ဖင်ထိုင်ပြန်ကျသွား၏။

ရီလင်က ထိတ်လန့်တကြားဖြင့် ...

"အဖေ ... အဖေ" ဟု အော်၍ ကမန်းကတန်းပြေး၍ပွေ့လိုက်သည်။

ပုကျက်၏တကိုယ်လုံးမှာ သွေးများစိုရွှဲနေပြီး မောဟိုက်သံကြီးနှင့် ...

"ငါ ... ငါ ... ဟိုခွေး ... "

သူမ၏အဖေပါးစပ်မှ ဆဲသံထွက်လာနိုင်သေးသည်ကို တွေ့မြင်လိုက်ရသောအခါ ရီလင် ရင်အေးသွားသည်။

သူမက ...

"အဖေ ... ဘာဖြစ်လို့ ဒီလောက်တောင် မောနေရတာလဲ"

ပုကျက်က ဆဲဆဲဆိုဆိုဖြင့် ...

"ဟိုခွေးမသားခြောက်ကောင်ရဲ့ အတွင်းအားခြောက်ခုက တယ်ပြင်းထန်သကိုး ... သူတို့က ငါ့အတွင်းအားကို လာပြိုင်ချင်သေးတယ်၊ ဘယ်ရမလဲကွ ... ငါက ဒီခြောက်ခုစလုံးကို ဖိထားလိုက်ပြီ ... ဟင်း ... ဟင်း ...သမီး ... ဘာမှမပူနဲ့တော့ ... ဒီကောင် မသေနိုင်တော့ပါဘူး" ဟု ပြောလိုက်တော့သည်။

ရီလင်သည်လည်း စိတ်အေးသွားတော့၏။ လင့်ဟူချုံးအား ကြည့်လိုက်သောအခါ လင့်ဟူချုံးမှာ မတ်တတ်ပင် ထရပ်နေသည်ကို တွေ့လိုက်ရတော့သည်။

ထင်ပေါက ရယ်၍ ...

"ဆရာကြီးရဲ့အတွင်းအားက တကယ်ကောင်းတာကိုး ... ခဏလေးနဲ့ လင့်ဟူချုံးရဲ့ဒဏ်ရာ ပျောက်သွားတာပဲ" ဟု ပြောမိသည်။

ပုကျက်သည် ထင်ပေါ၏ချီးကျူးသံကို ကြားလိုက်ရသောအခါ အလွန်သဘောကျသွားတော့၏။ သူက ...

"မင်းကတော့ တကယ့်ကို အကျင့်ယုတ်တဲ့ကောင် ... မင်းလိုလူမျိုးက တကယ့်ဆန်ကုန်မြေလေးကောင်မျိုး ... ငါက တစ်ချက်တည်းနဲ့ ညှစ်သတ်ပစ်ဖို့ စိတ်ကူးထားတာ ... ဒါပေမယ့် မင်းက လင့်ဟူချုံးကို ခက်ခက်ခဲခဲတွေ့အောင်ရှာပေးခဲ့တယ်ဆိုတော့ ငါက မင်းရဲ့အသက်ကို ချမ်းသာပေးလိုက်မယ် ... ရော့ ... ငါ့ရဲ့ဖြေဆေး"

ပုကျက်က ပြောပြောဆိုဆိုနှင့် ဆေးပုလင်းကိုထုတ်၍ ဆေးသုံးလုံးထုတ်ပေးလိုက်ပြီး ...

"ပထမဆုံးတစ်လုံးသောက်ပြီးလို့ သုံးရက်ကြာမှ ဒုတိယတစ်လုံးကိုသောက် ... တတိယတစ်လုံးကိုတော့ နောက်ခြောက်ရက်ကြာမှသောက် ... ဒီကိုးရက်အတွင်းမှာ မင်းကို သူများကသတ်သွားရင်တော့ ငါနဲ့ဘာမှမဆိုင်ဘူး" ဟု ပြောလိုက်၏။

ထင်ပေါသည် ဆေးလုံးသုံးလုံးကိုယူလိုက်ပြီး လင့်ဟူချုံးအား

"လင့်ဟူချုံး ... ငါသွားတော့မယ် ... နောက်ကျတော့မှ တွေ့ကြတာပေါ့" ဟု နှုတ်ဆက်ပြီး ထွက်ခွာသွားတော့၏။

လင့်ဟူချုံးက ထင်ပေါကို ရုတ်တရက် လှမ်းခေါ်လိုက်ပြီး ...

"ထင်ပေါ ... ကျုပ်က အခုဆိုရင် ခင်ဗျားနဲ့ မိတ်ဆွေဖြစ်သွားပြီဆိုတော့ မိတ်ဆွေကောင်းတွေရဲ့ ဝတ္တရားအတိုင်း ခင်ဗျားကို ကျုပ်တစ်ခုဖျောင်းဖျချင်ပါတယ် ... ခင်ဗျားရဲ့အကျင့်စာရိတ္တကို မပြုပြင်နိုင်ဘူးဆိုရင်တော့ ခင်ဗျားနဲ့ကျုပ်နဲ့ မိတ်ဆွေအဖြစ် ပေါင်းသင်းခြင်းဟာလည်း တာရှည်ခံမှာ မဟုတ်တော့ပါဘူး" ဟု ပြောလေတော့သည်။

ထင်ပေါကရယ်ရင်း လေးနက်စွာ ပြန်ပြောသည်။

"မင်း မပြောလည်း ငါသိပါတယ်ကွာ ... မင်းက ငါ့ကို သူများရဲ့သမီးပျိုတွေကို မဖျက်ဆီးဖို့ပြောတာမဟုတ်လား ... ကောင်းပါပြီ၊ ထင်ပေါဆိုတဲ့ကောင်ဟာ တစ်သက်လုံး ဘယ်သူ့စကားမှ နားထောင်ခဲ့တာမဟုတ်ဘူး ... ကိုယ်လုပ်ချင်ရာ လုပ်ခဲ့တဲ့ကောင်ပါ ... ဒါပေမယ့် ဒီနေ့မှာ လင့်ဟူချုံးဆိုတဲ့ ငါ့မိတ်ဆွေရဲ့စကားကို နားထောင်လိုက်ပါ့မယ် ... ငါ့စိတ်တွေ ဖောက်ပြန်လာရင် ဒီ မကောင်းတဲ့မိန်းမတွေဆီပဲ သွားပါတော့မယ် ... သူများသမီးပျိုတွေကို မဖျက်ဆီးတော့ပါဘူး လို့ ငါက ကတိပေးပါတယ် ... "

လင့်ဟူချုံး၏ ခန္ဓာကိုယ်တွင်းရှိ အတွင်းအားလှိုင်းခြောက်ခုကို ပုကျက်က ဖိနှိပ်ပေးထားလိုက်သဖြင့် လင့်ဟူချုံးမှာ အတော်အသင့် အားအင်ပြည့်ဝလာသည်။ ထို့ကြောင့် ပုကျက်ရှေ့သို့လျှောက်လာပြီး အရိုအသေပေးလိုက်၏။ ပြီး ...

“ဆရာကြီး … အခုလို ကျုပ်ကို ကယ်တင်ကုသပေးတဲ့အတွက် အများကြီးကျေးဇူးတင်ပါတယ် … ”

ပုကျက်သည် တဟီးဟီး ရယ်မောနေပြီးမှ …

“ကျေးဇူးတင်စရာမလိုပါဘူးကွာ … မင်းနဲ့ငါက တစ်အိမ်သားတည်းဖြစ်တော့မယ့်ဟာပဲ … မင်းက ငါ့ရဲ့သမက် … ငါက မင်းရဲ့ယောက္ခမ … ကဲ … ဘာကျေးဇူးတင်စရာ လိုသေးလို့လဲ”

ဟု ပြန်ပြောလိုက်တော့၏။

ရီလင်၏မျက်နှာကလေးမှာ ရှက်လွန်းလှသဖြင့် ရဲရဲနီနေတော့၏။

“အဖေ … ဘာတွေလျှောက်ပြောနေပြန်ပြီလဲ … ”

ပုကျက်က အံ့သြသွားပြီး …

“ဘာ … ငါက ဘာတွေလျှောက်ပြောနေရမှာလဲ … သမီးပဲ သူ့ကိုနေ့တိုင်းသတိရပြီး တဖွဖွပြောနေတာ .. နင်က သူနဲ့လက်ထပ်ချင်လို့ မဟုတ်ဘူးလား … ”

ရီလင်မှာ ခြေကလေးဆောင့်ရင်း အော်လိုက်သည်။

“အဖေ … ”

ထိုအချိန်တွင် တောင်ဘက်မှခြေသံကြားလိုက်ရပြီး လူနှစ်ယောက်လျှောက်ထွက်လာသည်။ ရက်ပုချွန်နှင့် လိန်လိန်တို့တည်း။ လင့်ဟူချုံးက ဝမ်းသာအားရ လျှောက်သွားပြီး …

“ဆရာတို့ ပြန်လာတယ် … ဆရာမကော” ဟု မေးလိုက်၏။

ရက်ပုချွန်က မဖြေ။ လင့်ဟူချုံး၏မျက်နှာကို အေးစက်မာကျောစွာစိုက်ကြည့်ပြီး ပုကျက်ဘက်သို့လှည့်၍ …

“ဆရာကြီး ဘယ်ကကြွလာတာလဲ … ဘာကိစ္စရှိလို့ ဝါဆန်းတောင်ကို လာတာပါလဲ” ဟု မေးလိုက်၏။

ပုကျက်က …

ငါ့နာမည်က ပုကျက် … ဝါဆန်းဂိုဏ်းကိုလာတာ … ငါ့သမက်ကို လာရှာတာပဲ … ”

ပြောရင်း လင့်ဟူချုံးကို လက်ညှိုးထိုးပြလိုက်၏။ ရက်ပုချွန်သည် ခပ်လှမ်းလှမ်းတွင်ရပ်နေသော ထင်ပေါကိုလှမ်းကြည့်ကာ

“ထင်ပေါ … မင်းက တယ်ပြီး အတင့်ရဲနေပါလား … ”

“ကျုပ်က ခင်ဗျားတပည့်နဲ့ ခင်လို့ အရက်သောက်ဖို့လာတာပဲ … သတ္တိရှိဖို့မလိုပါဘူး … ”

ရက်ပုချွန်၏မျက်နှာမှာ ပို၍ တင်းမာခက်ထန်သွားသည်။

“ဘယ်မှာလဲ အရက် … ”

ထင်ပေါက …

“တောင်ထိပ်မှာ သောက်လို့ ကုန်သွားပြီ … ”

ရက်ပုချွန်က လင့်ဟူချုံးဘက်သို့လှည့်၍ မေးလိုက်၏။

“ဟုတ်သလား”

လင့်ဟူချုံးက …

“ဆရာ … အကြောင်းစုံကို ကျွန်တော် နောက်မှ ရှင်းပြပါ့မယ်”

ရက်ပုချွန်က …

“ထင်ပေါ … ဝါဆန်းတောင်ပေါ်ကိုရောက်လာတာ ဘယ်နှစ်ရက် ရှိသွားပလဲ … ”

“ရက်နှစ်ဆယ်လောက် ရှိပါပြီ … ”

“ရက်နှစ်ဆယ်စလုံး ဒီကောင် ဒီတောင်ပေါ်မှာ ရှိနေတာပဲလား … ”

“ဟုတ်ပါတယ် ဆရာ … ”

“ဒီလောက် အကြာကြီးနေတဲ့ဥစ္စာ … မင်းကဘာဖြစ်လို့ ငါ့ကို မပြောရတာလဲ … ”

"ဆရာနဲ့ ဆရာမတို့ အဲဒီတုန်းက တောင်ပေါ်မှာ မရှိပါဘူး"

ရက်ပုဠုန်က ဒေါသထွက်လာဟန်ဖြင့် ...

"မင်းက ထင်ပေါ ဒီလောက်ဆိုးဝါးမိုက်မဲနေတာကို သိလျက်နဲ့ ဘာဖြစ်လို့ ထိုးမသတ်ပစ်တာလဲ ... မင်းသူ့ကို မနိုင်ဘူးဆိုရင် အသေခံလိုက်ပေါ့ ... ဘာဖြစ်လို့ သေရမှာကိုကြောက်ပြီး သူနဲ့မိတ်ဆွေလုပ်နေရတာလဲ ... အဲဒါက သေတာထက် မင်းအဖို့ သိက္ခာကျတယ်၊ နားလည်ရဲ့လား ... "

ထင်ပေါက ချက်ချင်းဝင်ပြောလိုက်သည်။

"ကျုပ်ကမှ ခင်ဗျားရဲ့တပည့်ကို မသတ်ချင်တာ ... သူ သေချင်တိုင်းသေလို့ရမှာလား ... သူ့ဘာသာထိုးသတ်ရင်တော့ သေမှာပေါ့ ... "

ရက်ပုဠုန်က ထင်ပေါအား တင်းမာစွာကြည့်ပြီး ...

"ငါ့ရှေ့မှာ မင်းစကားပြောခွင့်မရှိဘူး ... တိတ်စမ်း" ဟု ငေါက်ငမ်းလိုက်သည်။ ချက်ချင်းပင် လင့်ဟူချုံးဘက်သို့ လှည့်ပြီး ...

"ကဲ ... အခု ထင်ပေါကို သွားသတ်လိုက်" ဟု အမိန့်ပေးလိုက်၏။

လိန်လိန်က ဝင်၍ ...

"အဖေ ... အစ်ကိုကြီးမှာ ဒဏ်ရာတွေရထားတယ် ... သူများနဲ့ ဘယ်တိုက်ခိုက်နိုင်ပါ့မလဲ" ဟု ပြောရှာသည်။

ရက်ပုဠုန်က ...

"သူ့မှာလည်း ဒဏ်ရာရနေတာတွေ့တယ်မဟုတ်လား ... ငါတစ်ယောက်လုံးရှိနေတာပဲ ... ငါ့တပည့်ကို ဒီလူဆိုး လူယုတ်မာက ထိခိုက်ဒဏ်ရာရအောင်လုပ်မယ်ဆိုရင် ငါက ကြည့်နေပါ့မလား"

ရက်ပုဠုန်သည် သူ့တပည့်လင့်ဟူချုံး အလွန်ဉာဏ်များကြောင်းသိရှိသည်။

ယခု ထင်ပေါနှင့်ပေါင်းသင်းနေခြင်းမှာ သူ၌ ဒဏ်ရာအကြီးအကျယ်ရနေသဖြင့် အချိန်ဆွဲကာ ထွက်ပေါက်ရှာနေခြင်း သာဖြစ်မည်ဟု ယူဆတွက်ချက်ထားသည်။

ယခု မိမိရောက်ရှိလာပြီဖြစ်သဖြင့် မည့်သည့်နည်းနှင့်မဆို ထင်ပေါကို အနိုင်ယူနိုင်ပေပြီ။

ထို့ကြောင့် တမင်သက်သက် ဒေါသထွက်ချင်ဟန်ဆောင်၍ လင့်ဟူချုံးကို ထင်ပေါအားသတ်ရန် အမိန့်ပေးခြင်းဖြစ် ၏။ ထင်ပေါအားသတ်လိုက်လျှင် လူဆိုးလူယုတ်မာတစ်ယောက် ရှင်းလင်းသွားပြီး သိုင်းလောကတွင်လည်း လင့်ဟူချုံး ၏နာမည် လျှမ်းလျှမ်းတောက် ကျော်ကြားသွားစေမည်ဖြစ်သည်။

သို့သော် လင့်ဟူချုံးက ...

"ဆရာ ... ထင်ပေါက ကျွန်တော့်ကို ကတိပေးထားပါတယ်၊ ဒီကနေ့ကစပြီး သူ့ရဲ့အမှားတွေကိုပြုပြင်ပါ့မယ်တဲ့ ... သူများရဲ့သမီးပျိုတွေကို မစော်ကားတော့ပါဘူးတဲ့ ... ကျွန်တော် သူ့ရဲ့စကားကို ယုံကြည်ပါတယ် ... ဒါကြောင့်မို့ ... "

ရက်ပုဠုန်က ခက်ထန်စွာဖြင့် အော်လိုက်၏။

"မင်း ... မင်း သူ့ရဲ့စကားကိုယုံတယ် ဟုတ်လား ... လူတိုင်းက သတ်ပစ်ချင်နေကြတဲ့သူ့စကားကို မင်းကယုံတယ် ... ဒီလိုလူမျိုးကို မင်းမသတ်ရင် သိုင်းပညာသင်ထားတာတွေ ဘာလုပ်တော့မှာလဲ ... မင်းရဲ့သိုင်းပညာကို ဘယ်မှာသွား အသုံးချတော့မှာလဲ ... လိန်လိန် မင်းရဲ့ဓားကို မင်းအစ်ကိုကြီးကို ပေးလိုက်စမ်း ... "

လိန်လိန်သည် သူမ၏ဓားကို တွန့်ဆုတ်တွန့်ဆုတ်ဖြင့် လင့်ဟူချုံးအား ကမ်းပေးလိုက်သည်။

လင့်ဟူချုံးမှာ တကယ့်အကျဉ်းအကျပ်အတွင်းသို့ ရောက်ရှိနေတော့၏။ သူ့ဆရာအမိန့်ကိုလည်း မနာခံဘဲမနေရဲ၊ သူ့အား ကတိပေးထားပြီးဖြစ်နေသော ထင်ပေါအားလည်း သတ်၍မဖြစ်၊ နဖူးမှ ချွေးသီးချွေးပေါက်ကြီးများ ကျသည်အထိ စိတ်ဒုက္ခရောက်နေရတော့၏။

သူက တစ်ချက်မျှ တွေဝေစဉ်းစားလိုက်ပြီး လိန်လိန်၏လက်ထဲမှ ဓားကိုလှမ်းယူလိုက်သည်။

ပြီးနောက် ယိမ်းယိုင်စွာဖြင့် ထင်ပေါထံသို့ လျှောက်သွားတော့၏။ ထင်ပေါရှေ့ကသို့ ရောက်သောအခါ သူ၏ ခန္ဓာကိုယ်ကို လုံးဝမထိန်းနိုင်တော့ဟန်ဖြင့် ခြေထောက်များပျော့ခွေကျသွားပြီး ရှေ့သို့ ဟပ်ထိုးလဲကျသွားတော့၏။ ထိုစဉ် သူ၏ လက်ထဲမှဓားသည် သူ၏ခြေသလုံးကို ထိုးစိုက်သွားတော့၏။

ဤသို့ဖြစ်လိမ့်မည်ဟု မည်သူကမျှ မျှော်လင့်မထားကြရာ ဤကဲ့သို့ဖြစ်သွားသောအခါ အားလုံး အလန့်တကြား အော်ဟစ်မိလိုက်တော့၏။ လိန်လိန်နှင့် ရီလင်တို့၏ အော်ဟစ်သံမှာ ထူးထူးခြားခြား ထွက်ပေါ်လာသည်။

လိန်လိန်က ...

"အစ်ကိုကြီး ... "

လင့်ဟူချုံးက မျက်စိမှိတ်ထားလိုက်၏။ လိန်လိန်က ဓားကိုဆွဲထုတ်လိုက်သောအခါ စွေးစွေးနီရဲသောသွေးများ ပန်း ထွက်လာ၏။ ချက်ချင်းပင် ဆေးဘူးကိုထုတ်ကာ ဒဏ်ရာကို သုတ်လိမ်းပေးလိုက်၏။

လိန်လိန်က ဓားကိုကိုင်ထားရင်းမှ ...

"အဖေ ... သမီး ဟိုလူဆိုးကို သတ်လိုက်မယ်" ဟု လှမ်းပြောလိုက်သည်။

ရက်ပုချွန်က ချက်ချင်းတားမြစ်လိုက်၏။

"မလုပ်နဲ့ ... သမီးသတ်ရင် သမီးရဲ့နာမည်ပျက်မယ် ... ငါ့ကိုဓားပေးစမ်း ... "

လိန်လိန်က ဓားကိုလှမ်းပေးလိုက်၏။ ရက်ပုချွန်က ဓားကို လက်ဖြင့်လှမ်းမကိုင်ပဲ သူ၏အင်္ကျီစရှည်ဖြင့် ရစ်ပတ် လိုက်၏။ ပုကျက်သည် ထိုအချင်းအရာကိုတွေ့လိုက်ရသောအခါ အလန့်တကြားအော်ဟစ်တားမြစ်လိုက်သည်။

"မလုပ်နဲ့ ... "

သူက ကမန်းကတန်းဖြင့် သူ၏ဖိနပ်နှစ်ဖက်ကိုချွတ်၍ လက်တွင် ကောက်ကိုင်လိုက်သည်။

ထိုစဉ် ရက်ပုချွန်က သူ၏အင်္ကျီလက်စရှည်ကို တစ်ချက်လွှဲ၍ယမ်းလိုက်ရာ ဓားသည်လျင်မြန်လှသော အရှိန်နှုန်းဖြင့် ထင်ပေါရှိရာသို့ ထိုးစိုက်သွားတော့၏။ ဤမျှလျင်မြန်လှသောဓားကို ထင်ပေါအနေဖြင့် ခုခံရှောင်တိမ်းရန်မလွယ်ချေ။ ဒဏ်ရာရထားသည့်အချက်က သူ့အတွက် ပိုဆိုးသွားခြင်းဖြစ်၏။

ပုကျက်ကလည်း သူ၏ဖိနပ်နှစ်ဖက်ကို ချက်ချင်းလိုလိုပင် ပစ်လွှတ်လိုက်တော့၏။

× × × × × ×

# မိုးထဲလေထဲတိုက်ပွဲ

တကယ်စင်စစ် ဓားသည် သံဖြင့်ပြုလုပ်ထားခြင်းကြောင့် လေးလေးလံလံဖြင့်ပစ်ခတ်ရာတွင် အားပါသည်။ ပိုမို၍ ဝေးဝေးလံလံသို့ရောက်နိုင်သည်။ ဖိနပ်ကမူ ပေါ့ပါးသည်။ အဝေးသို့ရောက်ရန် မလွယ်လှချေ။ ထို့ပြင် ဓားကိုအရင် ပစ်လွှတ်လိုက်ခြင်းဖြစ်ရာ ဖိနပ်သည် မည်သည့်နည်းနှင့်မျှ အမီလိုက်နိုင်မည်မဟုတ်ချေ။

သို့သော် ပုကျက်၏ဖိနပ်နှစ်ဖက်သည် ဓားကိုမီသွားပြီး ထိတ်လန့်အံ့သြစဖွယ် ရုတ်တရက်ဝှေ့ပတ်သွားပြီး ဓားဦးကို ရက်ပုချွန်ဘက်သို့ ပြန်လှည့်ဆွဲခေါ်လာလေ၏။ ရက်ပုချွန်ထံမရောက်မီ ပေနှစ်ဆယ်ခန့်အကွာအဝေးသို့ရောက်မှ ဓားနှင့် ဖိနပ်တို့အရှိန်သေ၍ အောက်သို့ပြုတ်ကျသွားတော့၏။

ပုကျက်သည် စိတ်ပျက်လက်ပျက်ဖြင့် အော်ဟစ်နေမိတော့သည်။

"ဒုက္ခပဲ ... ဒုက္ခပဲ ... သမီး အဖေတော့ ဒီသမက်ရဲ့ အတွင်းဒဏ်ရာတွေ ကုသပေးလိုက်ရလို့ အဖေ့အတွင်းအားတွေ ဘယ်လောက်ကုန်ခမ်းသွားတယ်ဆိုတာ တွေ့သလား ... အလိုလေး ... ငါ့သမက်ကို ဒီအတိုင်းထပ်ပြီး ကုသပေးရမယ် ဆိုရင်တော့ ငါ့မှာ အတွင်းအားလုံးဝကျန်မှာတောင်မဟုတ်တော့ဘူး ... အမှန်ဆိုရင် ဓားဟာ ငါ့သမက်ဆရာရဲ့ ရှေ့တစ်ပေ အကွာမှာ အောက်ပြန်ကျရမှာ ... အခုတော့ ကြည့်စမ်းပါဦး ... လမ်းတစ်ဝက်ကတင်ကျသွားသတဲ့ ... ရှက်စရာကောင်း လိုက်တာကွာ ... "

ရီလင်ကမူ သူမအဖေ၏အပြုအမူကြောင့် ရက်ပုချွန် မျက်နှာပျက်နေသည်ကို တွေ့ရသောအခါ သူမ၏အဖေကို လှမ်းဆွဲလိုက်ပြီး စိတ်မပျက်ရန်အားပေးပြီး စကားလမ်းကြောင်းပြောင်းရန် ကြိုးစားနေသည်။

ရက်ပုချွန်သည် စောစောက အင်္ကျီလက်စရှည်ဖြင့်ရစ်ပတ်၍ ဓားကိုပစ်လိုက်သည့်အရှိန်နှုန်း မည်မျှပြင်းသည်ကို သူ ကောင်းစွာသိရှိ၏။ ယခုကဲ့သို့ ထင်ပေါ်အနေဖြင့် ဒဏ်ရာပြင်းထန်စွာရနေသည်မဟုတ်ဘဲ လူကောင်းပကတိရှိနေလျှင်ပင် ဤဓားကို ရှောင်တိမ်းနိုင်မည်မဟုတ်ချေ။ တစ်ချက်တည်းနှင့် ထင်ပေါ်ကို ထိုးစိုက်အသေသတ်နိုင်မည်ဟု တွက်ဆထား သည်။

သို့သော် ပုကျက်က မိမိ၏ဓားကို သူ၏ဖိနပ်နှစ်ဖက်ဖြင့် တားထားနိုင်ရုံမျှမက အားလမ်းကြောင်းကိုပြောင်းစေပြီး မိမိဘက်သို့ ဓားဦးပြန်လှည့်လာစေခဲ့၏။ ဤအချင်းအရာသည် ပုကျက်ဘုန်းကြီး၏အတွင်းအား မည်မျှပြင်းထန်သည်ကို ပြခြင်းဖြစ်၏။ ထို့ပြင် ပုကျက်အနေဖြင့် လင့်ဟူချိုးအား အတွင်းအားဖြင့်ကုသပေးထားရ၍ အားကုန်နေသည်ဟု ဆိုနိုင် ပေသေး၏။ ထိုအချက်များကြောင့် ပုကျက်၏အတွင်းအားသည် မိမိထက် အများကြီးပြည့်ဝနေကြောင်း ထင်ရှားနေပေ သည်။

သို့သော် မိမိက မိုးကြိုးအတွင်းအားကို မထုတ်သေး၍ တကယ်တမ်း အတွင်းအားချင်းယှဉ်ပြိုင်လျှင် မည်သူက အတွင်းအားပိုသာသည် မသိနိုင်သေးချေ။ ထင်ပေါ်ကိုတိုက်ခိုက်သည့်ကိစ္စတွင် မိမိကဲ့သို့ ဂိုဏ်းချုပ်ကြီးတစ်ယောက်အဖို့ တစ်ချက်မထိသည်နှင့် နောက်တစ်ကြိမ် သိက္ခာကျခံ တိုက်ခိုက်၍မဖြစ်တော့ချေ။

ထို့ကြောင့် တင်းမာသောမျက်နှာထားဖြင့် ပုကျက်အား လှမ်းမေးလိုက်သည်။

"ဆရာကြီးက ဒီလူဆိုးလူယုတ်မာကို အကာအကွယ်ပေးနေတာဆိုတော့ ဒီနေ့ ဒီလူဆိုးကို ခွင့်လွှတ်လိုက်မယ် ... ဒါပေမယ့် ... ဆရာကြီးနဲ့ ကျုပ်နဲ့ကတော့ ရင်ဆိုင်ဖို့အခြေအနေရောက်လာပြီ ... ကဲ ... "

ပုကျက်က ရက်ပုချွန်၏စကားကို လုံးဝဂရုမစိုက်ဘဲ လင့်ဟူချုံးဘက်သို့လှည့်ကာ ...

"သမက်လေး ... သွားကြစို့ ... မင်းရဲ့ဂိုဏ်းတူညီမလေးက ငါ့သမီးလောက်နီးနီး ရုပ်ချောတယ် ... မင်း သူနဲ့နီးနီး နေရင် ငါသိပ်စိတ်မချဘူး ... "

လူမှုရေးရာလုံးဝမသိဘဲ ပြောချင်ရာပြောနေသော ပုကျက်၏စကားကြောင့် လင့်ဟူချုံးမှာ များစွာအနေရခက်သွား၏။ ထို့ကြောင့် လင့်ဟူချုံးက ...

"ဆရာကြီး ... စကားကိုသတိထားပြီးပြောပါ ... ဆရာကြီးက ကျွန်တော့်အသက်ကို ကယ်ခဲ့တဲ့အတွက် ကျွန်တော်က ကျေးဇူးမမေ့ပါဘူး ... ဒါပေမယ့် ဆရာကြီး မဆင်မခြင်ပြောလိုက်တဲ့စကားတွေဟာ ညီမလေးရီလင်နဲ့ ဟန်ဆန်းဂိုဏ်းရဲ့ ဂုဏ်သိက္ခာကို ထိခိုက်စေနိုင်ပါတယ် ... ဒါကြောင့် စကားပြောရင် ဆင်ဆင်ခြင်ခြင်ပြောဖို့ မေတ္တာရပ်ခံချင်ပါတယ် ... "

ပုကျက်သည် တအံ့တသြဖြင့် သူ့သမီးရီလင်ဘက်သို့လှည့်၍ မေးလိုက်၏။

"သမီး ... နင့်လူက ဘယ်လိုလဲဟ ... "

ရီလင်မှာ ရှက်လွန်းလှသဖြင့် သူမ၏မျက်နှာကလေးကို လက်ဝါးဖြင့်အုပ်ကာ အော်နေတော့၏။

"အဖေ ... ဘာတွေလျှောက်ပြောနေပြန်တာလဲ ... သူက သူပဲ ... ကျွန်မက ကျွန်မပဲ ... ဘာဆိုင်လို့လဲ ... "

ရီလင်သည် စကားပြောရင်း ကြုံကြုံပါအောင်ငိုကာ တောင်အောက်သို့ ဆင်းပြေးသွားတော့၏။ ပုကျက်ကမူ သူ့သမီး၏စိတ်သဘောထားကို နားမလည်နိုင်အောင်ဖြစ်နေပြီး တအံ့တသြပြောလိုက်သည်။

"ဟ ... ထူးဆန်းလှချည်လား ... ဒီကောင့်ကိုမတွေ့ခင်တုန်းကတော့ တွေ့ချင်လိုက်တာ သေမလိုဘဲ ... တွေ့ပြီးတော့လည်း မတွေ့ချင်ပြန်ဘူးတဲ့ ... ဘယ်လိုလဲဟ ... ဒီကောင်မလေးက သူ့အမေလိုပါပဲလား ... "

ပြောရင်း သူ့သမီးရီလင်နောက်သို့ ပြေးလိုက်သွားတော့၏။ ထင်ပေါ်မှာလည်း ဤနေရာ၌ဆက်နေလျှင် သူ့အတွက် အန္တရာယ်မကင်းသည်ကို သိရှိသဖြင့် ပုကျက်နောက်မှ ပြေးလိုက်သွားသည်။

ရက်ပုချွန်သည် ထင်ပေါ်အဝေး၌ ပျောက်ကွယ်သွားမှ ...

"လင့်ဟူချုံး ... မင်းက ဟိုလူဆိုးလူယုတ်မာကို တကယ်ပဲ သစ္စာစောင့်သိနေတာကိုး ... မင်းက ကိုယ့်ကိုယ်တော့ ဓားထိုးခံတယ် ... ဟိုကောင့်ကိုတော့ မသတ်ရက်ဘူး ... တော်တော့်ကိုကောင်းနေပြီ ... " ဟု ပြောလိုက်သောအခါ လင့်ဟူချုံးမှာ မည်သည့်စကားကိုမျှ မပြောနိုင်တော့ဘဲ မျက်နှာနီနီဖြင့် ခေါင်းငုံ့ငြိမ်နေမိတော့သည်။

သူ့ဆရာ အလွန်မျက်စိရှင်သည်ကို သူသိသဖြင့် မည်သို့မျှ စောဒကမတက်ရဲဘဲ ဖြစ်နေတော့၏။

ထိုစဉ် ရက်ပုချွန်က လက်ဝါးဖြန့်၍ ...

"စာအုပ်ကော" ဟု မေးကာ သူ၏မိုးကြိုးအတွင်းအားသိုင်းစာအုပ်ကို ပြန်တောင်းလိုက်၏။ လင့်ဟူချုံးမှာ သူ၏ဆရာနှင့် ညီမလေးလိန်လိန်တို့ ပြန်လှည့်လာသည်ကို တွေ့ရကတည်းက ဤစာအုပ်ကို ပြန်လာယူခြင်းဖြစ်ကြောင်း ရိပ်မိပြီး ဖြစ်သည်။

လင့်ဟူချုံးက ...

"စာအုပ်က ညီလေးလုရိုဆီမှာ ထားပစ်ခဲ့ပါတယ် ... ညီမလေးက ကျွန်တော့်ဒဏ်ရာတွေကုနိုင်ဖို့ ဒီစာအုပ်ယူလာပေးတာပါ ... ညီမလေးကို အပြစ်မယူပါနဲ့ဆရာ ... ကျွန်တော့်ကြောင့် သူလာတာဆိုတော့ ကျွန်တော်ကတရားခံပါ ... ဒါပေမယ့် ဆရာ့အမိန့်မရဘဲ ဒီပညာကို မသင်ရဲပါဘူးဆရာ ... "

ရက်ပုချွန်၏မျက်နှာသည် ပျော့ပြောင်းသွားပြီး ပြုံး၍ ...

"အေး ... မှန်တယ် ... ဒီအတိုင်းပဲဖြစ်ရမှာပေါ့ ... ငါက ဒီပညာကို မင်းကို မသင်ပေးချင်လို့မဟုတ်ဘူး လင့်ဟူချုံး ... အခုဆို ငါတို့ဂိုဏ်းမှာ အန္တရာယ်တွေ ဝိုင်းဝိုင်းလည်နေတယ် ... ဒီလိုအချိန်မျိုးမှာ ငါက သင်ပြပေးမနေနိုင်ဘူး ... မင်း

ကိုယ်တိုင် မင်းဘာသာလေ့ကျင့်ရင်လည်း မင်းမှားပြီး ဒုက္ခရောက်သွားနိုင်တယ် ... အဲဒါကို မင်းနားလည်ထားပေတော့” ဟု အေးအေးသက်သာ ရှင်းပြတော့သည်။

ရက်ပုချွန်သည် ဆက်၍မေးလိုက်သည်။

“အခု မင်းရဲ့ဒဏ်ရာကကော ဘယ်လိုဖြစ်နေသလဲ ... ”

“အခု ကျွန်တော့်ကိုယ်ထဲက ပူလိုက်အေးလိုက်ဖြစ်နေတဲ့ဝေဒနာတော့ မရှိတော့ပါဘူး ... ဒါပေမယ့် ကျွန်တော့် အတွင်းအားကိုတော့ ထုတ်လို့မရသေးဘူး ... ”

“ဒါကတော့ မင်းဒဏ်ရာက အခုမှပျောက်ကာစဆိုတော့ အားနည်းနေသေးတာပေါ့ ... ဘယ်အားထုတ်လို့ရနိုင်ဦးမလဲ ... တဖြည်းဖြည်းတော့ ရလာမှာပေါ့ ... ”

ရက်ပုချွန်အနေဖြင့် ဤဝါဆန်းတောင်၌ ကြာကြာမနေချင်ပေ။ သူ့စိတ်ထဲ၌ အဲ့ဖွယ်ခြောက်ယောက်နှင့် ပြန်တွေ့ရ မည်ကို စိုးရွံ့နေမိ၏။

ယခုပြန်လာရခြင်းမှာလည်း မိုးကြိုးအတွင်းအားစာအုပ်ကြောင့် ပြန်လာရခြင်းဖြစ်၏။ ထိုအချက်ကြောင့်မဟုတ်ပါက လုံးဝပြန်လာလိမ့်မည် မဟုတ်ချေ။

ထို့ကြောင့် သူက လင့်ဟူချုံးအား ...

“ကဲ ... လင့်ဟူချုံး ... မင်း ငါတို့နဲ့ ကောင်းဆန်းတောင်ကိုလိုက်ခဲ့ပေတော့ ... မင်း ခရီးရှည်သွားနိုင်ပါ့မလား” ဟု မေးလိုက်၏။

လင့်ဟူချုံးမှာ အလွန်ဝမ်းသာအားရ ဖြစ်သွားတော့၏။

“ဟာ ... ဆရာ ... ကျွန်တော်သွားနိုင်ပါတယ် ... အခုဆို တော်တော်သက်သာနေပါပြီ ... ”

ဤသို့အားဖြင့် သူတို့သုံးယောက်သည် မိုးကြိုးအတွင်းအားသိုင်းစာအုပ်ကိုပြန်ယူနိုင်ရန် လုရှီအားထားပစ်ခဲ့သည့် အခန်းအတွင်းသို့ ပြန်လျှောက်လာကြသည်။

လိန်လိန်က ရှေးဦးစွာ အခန်းတွင်းသို့ပြေးဝင်သွားတော့၏။ မကြာမီပင် သူမ၏ ကြောက်လန့်တကြား စူးစူးဝါးဝါး အော်လိုက်သံကို ကြားလိုက်ရတော့၏။ ရက်ပုချွန်နှင့် လင့်ဟူချုံးတို့မှာလည်း ချက်ချင်းပင်လိုက်ဝင်သွားကြသည်။

အတွင်းဘက်အခန်းတွင် လုရှီမှာ ခုတင်ပေါ်၌ တောင့်တောင့်တင်းတင်း လဲလျောင်းနေသည်ကို တွေ့လိုက်ကြရတော့ သည်။ လင့်ဟူချုံးက တစ်ချက်မျှ ရယ်လိုက်ပြီး ...

“ညီမလေး ... ကြောက်မနေပါနဲ့ ... ငါကို လုရှီကို အကြောထိုးပိတ်ထားခဲ့တာပါ” ဟု ပြောလိုက်၏။

“ကျွန်မဖြင့် လန့်သွားတာပဲ ... အစ်ကိုကြီးက ဘာဖြစ်လို့ လုရှီအကြောကို ထိုးပိတ်လိုက်ရတာလဲ ... ”

“မပိတ်လို့ဘယ်ဖြစ်မှာလဲ ညီမလေးရဲ့ ... လုရှီက စေတနာနဲ့ ငါ့ကို ဒီမိုးကြိုးအတွင်းအားသိုင်းစာအုပ်ထဲကစာတွေကို အတင်းဖတ်ပြနေတယ် ... မဖတ်ပြပါနဲ့လို့လည်း ပြောလို့မရဘူး ... နောက်ဆုံး ငါလည်း မတတ်နိုင်တော့တာနဲ့ သူ့အကြောကို ထိုးပိတ်လိုက်ရတာပေါ့ ... ”

ထိုစဉ်ရက်ပုချွန်က လုရှီ၏ရင်ဝသို့ သွားရောက်စမ်းသပ်ကြည့်နေလေပြီ။ ချက်ချင်းလိုလိုပင် ‘ဟင်’ ခနဲဖြစ်သွားပြီး ...

“လင့်ဟူချုံး ... လုရှီဘာဖြစ်လို့သေရတာလဲ ... မင်းက သူ့ရဲ့ဘယ်အကြောကို ထိုးလိုက်သလဲ” ဟု တအံ့တသြ မေးလိုက်တော့၏။

လင့်ဟူချုံးမှာ လုရှီသေပြီဟု ကြားလိုက်ရသောအခါ လိပ်ပြာလွင့်စဉ်ထွက်သွားမတတ် ထိတ်လန့်တုန်လှုပ်သွား၏။

သူ၏ခန္ဓာကိုယ်မှာလည်း ယိမ်းထိုးသွားကာ မေ့လဲကျမတတ်ဖြစ်သွားရတော့သည်။

သူက တုန်ယင်သောလေသံဖြင့် ...

“ကျွန်တော် ... ကျွန်တော် ... ”

စကားပင်ဆုံးအောင် မပြောနိုင်တော့ချေ။ လုရှီ၏မျက်နှာကို သွားရောက်ကိုင်ကြည့်လိုက်သောအခါ အေးစက်နေ သည်ကို တွေ့လိုက်ရသည်နှင့် ချုံးပွဲချငိုကြွေးတော့၏။

"ညီ ... ညီလေးလုရို သေပြီ ... တကယ်သေပြီ ... "

ရက်ပုချွန်က ...

"စာအုပ်က ဘယ်မှာလဲ ... "

လင့်ဟူချုံးမှာ မျက်ရည်များကြောင့် သီဝေနေသောမျက်လုံးများဖြင့် စာအုပ်တင်ထားသည့် ခုံပေါ်သို့လှမ်းကြည့်လိုက်၏။

သူထားခဲ့သည့်ခုံပေါ်တွင် မိုးကြိုးအတွင်းအားသိုင်းစာအုပ်ကို မတွေ့ရတော့ချေ။

ထို့ကြောင့် လင့်ဟူချုံးမှာ တုန်လှုပ်သွားပြီး ချက်ချင်းပင် လုရို၏ကိုယ်အနှံ့အပြားၡ ရှာဖွေကြည့်လိုက်၏။ သို့သော် စာအုပ်နှင့်တူသောအရာ တစ်ခုတလေမျှပင် မတွေ့ရတော့ချေ။

လင့်ဟူချုံးက ...

"ဆရာ ကျွန်တော်က လုရိုရဲ့အကြောကို ထိုးပိတ်လိုက်ပြီး စာအုပ်ကို စားပွဲပေါ်မှာတင်ခဲ့ပါတယ်ဆရာ ... အခု ... အခု မတွေ့ရတော့ဘူး ... "

လိန်လိန်ကလည်း နေရာအနှံ့အပြားလိုက်လံရှာဖွေလေတော့၏။ သူမလည်း ရှာဖွေ၍ မတွေ့ချေ။

ဤမိုးကြိုးအတွင်းအားသိုင်းပညာမှာ ဝါဆန်းဂိုဏ်း၏ ထိပ်တန်းလျှို့ဝှက်သိုင်းပညာတစ်ရပ်ဖြစ်၏။

ဤကဲ့သို့ အရေးကြီးလှသောသိုင်းပညာစာအုပ် ပျောက်ဆုံးနေသည်ဟု သိရသောအခါ ရက်ပုချွန်မှာ မတုန်လှုပ်ဘဲ မနေနိုင်အောင် ဖြစ်သွားရ၏။

ရက်ပုချွန်သည် လုရို၏အလောင်းကို သေချာစွာ ထပ်မံစစ်ဆေးလိုက်သည်။ ဒဏ်ရာလုံးဝမတွေ့ရ။

အနီးအနားၡ သဲလွန်စရှာဖွေကြည့်သော်လည်း တစ်စုံတစ်ယောက်ရောက်ရှိခဲ့သည့်အချင်းအရာ တစ်စုံတစ်ခုမျှ မတွေ့ရချေ။ သူ၏စိတ်ထဲၡ ...

"ဒီနေရာကိုအပြင်လူမလာဘူး ... ဟိုအံ့ဖွယ်ခြောက်ယောက်ရဲ့ ခြေရာလက်ရာတွေလည်း မတွေ့ရဘူး ... ပုကျက်ဘုန်းကြီးကလည်း တောင်ပေါ်ကဆင်းပြေးသွားတာပဲ ... သူလည်း မဖြစ်နိုင်ဘူး၊ ဒီတော့ ... " ဟု တွေးလိုက်မိသည်နှင့် ခက်ထန် စွာဖြင့် အော်လိုက်တော့၏။

"လင့်ဟူချုံး ... မင်း လုရိုရဲ့ ဘယ်အကြောကို ထိုးလိုက်တာလဲ ... "

လင့်ဟူချုံးမှာ ဒူးထောက်ထိုင်ချလိုက်ပြီး ...

"ဆ ... ဆရာ ကျွန်တော်အဲဒီတုန်းက ဒဏ်ရာအပြင်းအထန်ခံစားနေရလို့ အားသိပ်မရှိခဲ့ပါဘူး ... ကျွန်တော်က သူ့ရင်ဘတ်က တန်ကျုံးအကြောကို ထိုးလိုက်တာပါ ... ကျွန်တော်ထိုးပြီးတော့ သူစကားတောင်ပြောနိုင်ပါသေးတယ် ... အခုတော့ ...သူ ... သူ ... "

လင့်ဟူချုံးသည် ရုတ်တရက် သူ၏ဓားကိုဆွဲထုတ်လိုက်ပြီး သူ၏လည်ပင်းကို လှီးဖြတ်လိုက်တော့၏။ သို့သော် ရက်ပုချွန်က သူ့ထက်လျင်မြန်သည်။ လင့်ဟူချုံး၏ဓားကို ရိုက်ချလိုက်ပြီး ...

"သေမယ်ဆိုရင်လည်း ငါ့စာအုပ်ကိုအရင်ရှာဦး ... မင်းက ဒီစာအုပ်ကို ဘယ်မှာဖွက်ထားလိုက်သလဲ" ဟု တင်းမာသောမျက်နှာထားဖြင့် မေးလိုက်တော့၏။

ထိုစကားကို ကြားလိုက်ရသောအခါ လင့်ဟူချုံး၏တကိုယ်လုံး အေးစက်တောင့်တင်းသွားတော့၏။ သူ့စိတ်ထဲတွင် ...

"ဆရာကတောင် ငါ့ကိုမယုံတော့ပါဘူး ... ငါက သူ့ရဲ့မိုးကြိုးအတွင်းအားသိုင်းစာအုပ်ကို ဖွက်ထားပြီလို့ထင်နေပါလား ... "

ထိုအတွေးကြောင့် လင့်ဟူချုံးခမျာ အလွန်စိတ်ထိခိုက်သွားတော့၏။ ရုတ်တရက် စကားပင်မပြောနိုင်တော့ချေ။ အတန်ကြာမှ ကြေကွဲစွာဖြင့် ပြောလိုက်တော့သည်။

“ဆရာ … ဒီစာအုပ်ကို လူခိုးခံရတာ သေချာနေပါပြီ … ကျွန်တော် ဒီစာအုပ်ကို မတွေ့တွေ့အောင် ပြန်ရှာပေးပါ့မယ် … ဆရာ၊ ဒီစာအုပ်ကို ကျွန်တော် ဘယ်မှာမှ မဖွက်ရပါဘူးဆရာရယ် … ”

ရက်ပုချွန်မှာ အလွန်စိတ်ရှုပ်သွားပြီး …

“တကယ်လို့ သူများက ဒီစာအုပ်ကိုယူပြီး ကူးထားလိုက်ရင် ဒါမှမဟုတ် အလွတ်ကျက်ထားလိုက်ရင် ငါတို့အနေနဲ့ ဒီစာအုပ်ပြန်ရတော့လည်း ဘာလုပ်တော့မှာလဲ … ငါတို့ရဲ့ထိပ်တန်းလျှို့ဝှက်သိုင်းပညာက သူများလက်ထဲရောက်သွားပြီပဲ” ဟု ပြောနေရာမှ သူ့လေသံသည် ချက်ချင်း နူးညံ့ပျော့ပျောင်းသွားပြီး လင့်ဟူချုံးအား ထပ်ပြောလိုက်ပြန်သည်။

“လင့်ဟူချုံး … မင်း ဒီစာအုပ်ကို တကယ်ယူထားတယ်ဆိုရင် ပြန်ထုတ်ပေးလိုက်ပါ … ငါက မင်းကို အပြစ်မယူပါဘူး … အားလုံး ခွင့်လွှတ်မှာပါ … ”

လင့်ဟူချုံး၏နှလုံးသားမှာ ကွဲကြေမတတ်ဖြစ်သွား၏။

မိမိအား ဆရာက အတတ်စွပ်စွဲနေချေပြီ။ လင့်ဟူချုံးမှာ လုရို၏အလောင်းကို ငေးကြည့်နေရာမှ တဟားဟားဖြင့် ဟား တိုက်ရယ်မောမိတော့သည်။ အားရပါးရရယ်ပြီးမှ …

“ဆရာ … ကျွန်တော်တော့ ဘာမှ မပြောတတ်တော့ပါဘူးဆရာ … ဆရာ့အနေနဲ့ ဒီသိုင်းစာအုပ်ကို ကျွန်တော်ခိုးသွားတယ်လို့ထင်ရင် ကျွန်တော့်ကို ဒီနေရာမှာပဲ ချက်ချင်းသတ်လိုက်ပါတော့ဆရာ၊ ကျွန်တော်သေရဲပါတယ် … ” ဟု ကြေကွဲဝမ်းနည်းစွာ ပြောလိုက်မိတော့သည်။

ရက်ပုချွန်ကလည်း ခေါင်းကို ဖြည်းညှင်းစွာ ခါယမ်းရင်း …

“ကဲ … မင်းမယူဘူးဆိုလည်း ပြီးတာပါပဲ … ဂိုဏ်းတူညီအစ်ကိုတွေထဲမှာ မင်းက လုရိုကို အခင်မင်ဆုံးဆိုတာလည်း ငါသိပါတယ်၊ မင်း သူ့ကို တမင်သက်သက်သတ်တာတော့ လုံးဝမဖြစ်နိုင်ဘူး … အင်း … ဒီသိုင်းစာအုပ်ကို ဘယ်သူများလာခိုးသွားပါလိမ့်” ဟု တွေးတောရင်း ပြတင်းပေါက်မှ အပြင်သို့ ငေးမောနေမိတော့သည်။

လိန်လိန်ကလည်း မျက်ရည်စက်လက်ဖြင့် …

“အဖေ … ဒါသမီးရဲ့အပြစ်ပါ … အခုတော့ အစ်ကိုကြီးလည်း ဒီစာအုပ်ကိုမကြည့်ရ … အစ်ကိုလုရိုလည်း ကြားထဲက သက်သက်အသေခံရနဲ့ ဒီမီးကိုသမီးမွှေးတာပါ … သမီးအပြစ်ပါ … အဖေ သမီးအပြစ်ပါ … ” ဟု ဝမ်းပန်းတနည်းငိုရင်း ပြောရှာသည်။

ရက်ပုချွန်က …

“ကဲ … သေချာသွားအောင် ငါတို့ ထပ်ရှာလိုက်ကြရအောင်”

သုံးယောက်စလုံး အခန်းတွင်းအခန်းပြင် သေချာစေ့စပ်စွာ လိုက်လံရှာဖွေကြသည်။ သို့သော် သိုင်းစာအုပ်၏ အရိပ်အယောင်မျှပင် မတွေ့ကြရချေ။ နောက်ဆုံး မည်သို့မျှ ရှာဖွေမတွေ့သည့်အဆုံးတွင် ရက်ပုချွန်က

“ဒီကိစ္စကို ငါတို့ ဖုံးဖိထားကြရမယ် … မင်းရဲ့ဆရာမကလွဲလို့ ဘယ်သူမှမသိစေနဲ့ … ငါတို့ အခု လုရိုအလောင်းကို မြေမြှုပ်ပြီးတာနဲ့ တောင်အောက်ကိုဆင်းကြမယ် … ”

လင့်ဟူချုံးမှာ လုရိုကိုမြှုပ်ရင်း မျက်ရည်များစီးကျလာကာ သူ၏စိတ်ထဲ၌ နာကြည်းစွာ တွေးတောနေမိတော့သည်။

“လုရိုဟာ ငါ့ကိုအချစ်ဆုံး၊ ငါ့အပေါ်မှာလည်း အင်မတန်အနွံအတာခံတယ်၊ အခုတော့ ငါ့အတွက်နဲ့ သူ့ခမျာ သေသွားရှာပြီ၊ ဆရာကလည်း ငါ့အပေါ်သဘောမကောင်းဖြစ်နေပြီ၊ ဒီကိစ္စမှာ အဖြစ်မှန်ပေါ်အောင်တော့ ကြိုးစားရတော့မှာပဲ … ဒါမှ ငါ့အပေါ်လည်း သံသယကင်းသွားမယ် … ”

နောက်ဆုံးတွင် သုံးယောက်စလုံး ဖူးလင်တို့လူသိုက်နှင့် ပြန်လည်ပေါင်းဆုံလိုက်ကြသည်။ ဖူးလင်က လင့်ဟူချုံး တစ်ယောက် ဒဏ်ရာပျောက်သွားလျက် နောက်မှပါလာသည်ကို တွေ့လိုက်ရသောအခါ ဖော်မပြနိုင်အောင် ဝမ်းသာသွားတော့သည်။

သို့သော် ရက်ပုချွန်က လုရိုသေသွားသောကိစ္စနှင့် မိုးကြိုးအတွင်းအားသိုင်းစာအုပ် ပျောက်ဆုံးသွားသောကိစ္စကို ပြောပြလိုက်သောအခါ အလွန်တရာ စိတ်ထိခိုက်သွားပြန်တော့သည်။ ကျန်ဂိုဏ်းသားများမှာ အကြောင်းရင်းကိုမသိကြဘဲ

သူတို့၏ ဆရာနှင့်ဆရာမ၊ လင့်ဟူချိုးနှင့် လိန်လိန်တို့၏မျက်နှာများ မသာမယာဖြစ်နေသည်ကို တွေ့နေကြရသဖြင့် စကားကို အသံကျယ်ကျယ်ပင် မပြောရဲကြတော့ချေ။

ထိုညအဖို့ တောတွင်း၌သာ အိပ်စက်ရမည့်ကဲ့သို့ဖြစ်နေကြစဉ် စီးကျိုက်က အရှေ့မြောက်ဘက်သို့ ရုတ်တရက် လက်ညှိုးထိုးပြလိုက်ပြီး ...

"ဆရာ ... ဟိုမှာ ဘုရားကျောင်းတစ်ခုခုလိုပဲ ... ကျွန်တော်တို့ အဲဒီကိုသွားပြီး ဒီညစခန်းချကြရင်မကောင်းဘူးလား" ဟု ပြောလိုက်သည်။

ဖူးလင်က ...

ငါတို့မှာ မိန်းကလေးတွေပါလာတယ် ... ဘုရားကျောင်းထဲမှာ တည်းခိုလို့မဖြစ်ဘူးနဲ့တူတယ် ... "

ရက်ပုချွန်က ...

"စီးကျိုက် မင်းသွားစမ်း ... ဘုရားကျောင်းထဲက ဘုန်းကြီးတွေက သဘောတူတယ်ဆိုရင်ပြီးတာပဲ ... သဘောတူရင် တည်းမယ်၊ သဘောမတူရင် ခရီးဆက်ထွက်ကြတာပေါ့ ... "

စီးကျိုက်သည် သူ့ဆရာ၏အမိန့်အတိုင်း စုံစမ်းရန်ထွက်ခွာသွားတော့၏။ များမကြာမီပင် ပြန်ရောက်လာသည်။

"ဆရာ ... အဲဒါ ဘုရားကျောင်း အဟောင်းကြီးပဲ ... ဘယ်သူမှ အဲဒီထဲမှာ မနေကြဘူး ... "

ထိုအခါ လူအားလုံး ဝမ်းသာအားရဖြစ်သွားကြပြီး ဘုရားကျောင်းဟောင်းရှိရာသို့ အသော့နှင်ကြတော့၏။ သူတို့အားလုံး ဘုရားကျောင်းဝင်းသို့ ဝင်လိုက်သည်နှင့် အပြင်ဘက်တွင် မိုးကြီးသည်းထန်စွာ ရွာချလေတော့သည်။ အားလုံး လိုလို သက်ပြင်းရှည်ကြီးများချလိုက်မိ၏။ သူတို့တတွေ အလွန်ကံကောင်းသွားခြင်းဖြစ်သည်။ စီးကျိုက်သာ ဤဘုရားကျောင်းဟောင်းကြီးကို မတွေ့မြင်ခဲ့လျှင် သူတို့အားလုံး မိုးထဲလေထဲတွင် ပင်ပန်းကြီးစွာဖြင့်ခရီးနှင်ကြရပေလိမ့်မည်။

ဘုရားကျောင်းကြီးမှာ ဟောင်းနွမ်းလှပြီဖြစ်၍ မိုးရွာသည်ဆိုသည်နှင့် မိုးစက်မိုးပေါက်များ ယိုကျလာတော့သည်။ သူတို့အားလုံး မိုးမယိုသည့်နေရာများကိုရွေးချယ်၍ ထိုင်ကြကာ သက်တောင့်သက်သာ အနားယူလိုက်ကြ၏။

လင့်ဟူချိုးမှာမူ ဘုရားကျောင်းရှိ တိုင်ကြီးတစ်လုံးတွင် မှီ၍ထိုင်လိုက်ပြီး အပြင်ဘက်၌ သည်းထန်စွာရွာသွန်းနေသော မိုးစက်မိုးပေါက်များကို အဓိပ္ပာယ်မရှိ ငေးမောနေမိသည်။

သူ့စိတ်ထဲတွင်မူ ...

"အခုနေ ... ညီလေးလုရှိသာရှိနေရင် ဘယ်လောက် အရွှန်းအသောတွေ ပြောနေမလဲမသိဘူး ... သူ့ကြောင့် အားလုံး ရယ်မောနေကြရမှာပဲ" ဟု တွေးနေမိသည်။

ယခင်အချိန်ကများဆိုလျှင် လင့်ဟူချိုးက လိန်လိန်၊ လုရှိ၊ ကောင်းကန်းတို့နှင့် ဝိုင်းဖွဲ့ထိုင်ပြီး ရယ်စရာ မောစရာ ဟာသ စကားများ ပြောနေခဲ့ကြသည်သာဖြစ်တော့၏။ ယခု လုရှိလည်းမရှိတော့ပြီ။ လင့်ဟူချိုးမှာ သူ့ကြောင့် လုရှိသေသွားရသည်ဟု ဥပါဒါန်ကြောင့် ဥပါဒ်ရောက်နေသူဖြစ်နေသဖြင့် လုံးဝ စိတ်နှလုံးညှိုးငယ်နေသည်။ ထို့ပြင် မိမိမှာလည်း ဤလောက၌ သက်ဆိုးရှည်တော့မည်မဟုတ်မှန်း သိနေသဖြင့် အရုပ်ကြိုးပြတ်ဖြစ်နေတော့၏။

ထို့ကြောင့် လိန်လိန်နှင့်လည်း စကားမပြောဖြစ်တော့ပေ။ ထို့ပြင် လိန်လိန်မှာ လင်မိန်ကျက်နှင့် တပူးပူးတတွဲတွဲရှိနေ သည်ကများနေသဖြင့် အဝေးမှ ရှောင်နေလိုက်တော့သည်။ သူ့စိတ်ထဲတွင် ...

"ညီမလေးက ငါ့အပေါ်တကယ်ကောင်းရှာတာပဲ၊ ငါ့အတွက်နဲ့ ဆရာ့ဆီက မိုးကြိုးအတွင်းအားသိုင်းစာအုပ်ကိုတောင် ခိုးပေးရှာတယ် ... ငါကသာ တကယ်သူ့ကိုချစ်တယ်ဆိုရင် သူ့ဘဝပျော်ရွှင်ကောင်းစားဖို့ပဲ အဓိကထား စဉ်းစားရမှာပေါ့ ... ဟုတ်ပါတယ်လေ၊ ညီမလေးလိန်လိန်နဲ့ ညီလေးလင်မိန်ကျက်တို့ဟာ တကယ်ပဲ ရှေ့သွားနောက်လိုက်ညီကြပါတယ် ... ငါ နောက်ဆုတ်ပေးလိုက်တာဟာ အကောင်းဆုံးဖြစ်မှာပါပဲ" ဟု တွေးလိုက်မိရှာသည်။

လင့်ဟူချိုးခမျာ ဦးနှောက်မှအသိဉာဏ်ဖြင့် လိန်လိန်၏ဘဝ ပျော်ရွှင်ကောင်းစားရေးအတွက် သူ အနစ်နာခံရန် ပိုင်းဖြတ်ပြီးဖြစ်သော်လည်း လိန်လိန်နှင့် လင်မိန်ကျက်တို့ သဖန်းပိုးလုပ် တွတ်ထိုးနေသည်ကို တွေ့မြင်ရသောအခါတွင်မူ သူ၏နှလုံးသားကို ဓားထက်ထက်ဖြင့် ထိုးမွှေနေသကဲ့သို့ ခံစားနေရရှာတော့သည်။

ညစာစားသောက်ပြီးနောက် အားလုံးပင် ကိုယ့်နေရာ၌ကိုယ် အိပ်လိုက်ကြတော့သည်။ ပင်ပန်းမှုကြောင့် အားလုံးလိုလို အိပ်ပျော်သွားကြသော်လည်း လင့်ဟူချိုးတစ်ယောက်မှာမူ မည်သို့မျှ အိပ်မပျော်နိုင်အောင်ဖြစ်နေမိ၏။ အိပ်မပျော်သည်မှာလည်း အဆန်းမဟုတ်ပေ။ ယခုရက်အတွင်း၌ လင့်ဟူချိုးကြုံတွေ့ခံစားလိုက်ရသည့် အဖြစ်အပျက်မျိုးနှင့် စိတ်သောကဝေဒနာများသည် လင့်ဟူချိုးသာမဟုတ်ဘဲ အခြားတစ်ယောက်သာဆိုပါက သေသော်လည်းသေသွားမည်၊ ရူးသော်လည်း ရူးသွားရမည် မဟုတ်ပါလား။

ထိုစဉ် အနောက်တောင်ဘက်မှ မြင်းခွာသံတစ်အုပ်ကို ကြားလိုက်ကြရ၏။ အားလုံးမြင်းဆယ်ကောင်ခန့်ရှိမည်ဟု လင့်ဟူချိုး ခန့်မှန်းလိုက်သည်။ လင့်ဟူချိုးမှာ ရင်တထိတ်ထိတ်ဖြစ်သွားတော့၏။

“ဒီလောက်ညဉ့်နက်နက်မှာ ... ဒီလူတွေ ခရီးသွားနေကြပါကလား ... လူကောင်းတွေမှ ဟုတ်ရဲ့လားမသိဘူး ... ”

ထိုစဉ် ရက်ပုချွန်၏ တိုးညင်းသော်လည်း ပြတ်သားသောလေသံကို ကြားလိုက်ရတော့၏။

“အားလုံး ငြိမ်ငြိမ်နေကြ ... ”

များမကြာမီပင် မြင်းဆယ်ကောင်ကျော်ခန့် ဘုရားကျောင်းဝင်း၏အပြင်ဘက်သို့ ရောက်ရှိလာကြတော့၏။ ထိုအခါ ဝါဆန်းဂိုဏ်းသားအားလုံး ဓားကိုယ်စီ ဆွဲထုတ်လိုက်ကြ၏။ ထိုစဉ် ကျောင်းဝင်းအပြင်မှ ကျယ်လောင်သောအသံတစ်ခုကို ကြားလိုက်ကြရတော့သည်။

“ဝါဆန်းဂိုဏ်းက ဆရာကြီးရက်ပုချွန် ရှိပါသလား ... ”

လင့်ဟူချိုးမှာ တပည့်ကြီးဖြစ်၍ အပြင်လူနှင့်စကားပြောမည်ဆိုလျှင် သူက ရှေးဦးစွာလက်ခံတွေ့ဆုံ စကားပြောရသည့် အစဉ်အလာရှိသည်။ ထို့ကြောင့် ဘုရားကျောင်းတံခါးကြီးကို ဖွင့်လိုက်ပြီး

“မိတ်ဆွေတို့က ဘယ်သူတွေပါလဲ” ဟု မေးလိုက်သည်။

အပြင်ဘက်တွင် လူဆယ့်ငါးယောက်ခန့် တန်းစီရပ်နေကြပြီး မီးအိမ်များကိုလည်း ကိုင်ဆွဲထားကြသည်။ သူတို့၏ မီးအိမ်များကို မြှောက်တင်လိုက်ပြီး လင့်ဟူချိုး၏မျက်နှာပေါ်သို့ အလင်းရောင်ကျအောင် ပြုလုပ်လိုက်ကြ၏။ ရန်လိုသောအပြုအမူဖြစ်ပြီး ရန်သူသဘောဆောင်နေကြောင်း ဤအပြုအမူအရပင် သိရှိနိုင်လိုက်သည်။

လင့်ဟူချိုးသည် မီးရောင် သူ့မျက်နှာ၌ စူးနေသော်လည်းအမှောင်ထဲသို့ အားစိုက်ကြည့်လိုက်သည်။ ထိုအခါ ထိုသူအားလုံး မျက်နှာကို ခေါင်းစွပ်နက်များစွပ်ထားကြပြီး မျက်လုံးတွင် အပေါက်နှစ်ပေါက် ဖောက်ထားသည်ကို တွေ့လိုက်ရတော့၏။ အကာလ ညအချိန်မတော် မိမိတို့၏ ရုပ်သွင်များကို ဖုံးကွယ်ထားလိုသူများသည် မည်သည့်နည်းနှင့်မျှ မိတ်တွေ မဖြစ်နိုင်တော့ပေ။

ထိုစဉ် သူတို့ထဲမှ လူတစ်ယောက်က ...

“ဆရာကြီးရက်ပုချွန် ထွက်လာပြီး စကားပြောပါ ... ”

လင့်ဟူချိုးက ...

“ခင်ဗျား ဘယ်သူလဲဆိုတာကိုသာ အရင်ပြောပါ ... ကျုပ်ရဲ့ဆရာကို ပြန်ပြောပြပါမယ် ... ”

“ငါတို့ဘယ်သူလဲဆိုတာ မင်းမေးစရာမလိုဘူး ... အခုချက်ချင်း မင်းဆရာကိုသွားပြောလိုက် ... ဝါဆန်းဂိုဏ်းက ရထားတဲ့ ဘီလူးမီးဓားသိုင်းစာအုပ်ကို ခဏလောက် ငှားစမ်းပါလို့ ... ”

လင့်ဟူချိုးမှာ အလွန်ဒေါသထွက်သွားပြီး ...

“ကျုပ်တို့ဝါဆန်းဂိုဏ်းက ကိုယ့်သိုင်းပညာနဲ့ကိုယ်ရှိတယ် ... သူများရဲ့ ဘီလူးမီးဓားသိုင်းကို ဘာဖြစ်လို့ ကျုပ်တို့ယူထားရမှာလဲ၊ ကျုပ်တို့ဆီမှာ အဲဒီစာအုပ်လုံးဝမရှိဘူး ... ရှိရင်လည်းမပေးနိုင်ဘူး၊ ခင်ဗျားတို့လို ရိုင်းရိုင်းစိုင်းစိုင်း တောင်းပုံမျိုးနဲ့ ဘယ်သူကမှ ပေးချင်မှာလဲမဟုတ်ဘူး” ဟု မာကျောစွာ ပြောလိုက်သည်။

ထိုလူက တဟားဟား ရယ်မောလိုက်ရာ ကျန်လူဆယ့်လေးယောက်ကလည်း လိုက်၍ရယ်မောကြတော့၏။ ထိုရယ်သံများကို ကြားလိုက်ရသောအခါ ထိုလူအားလုံး ပထမတန်းသိုင်းသမားများမှန်း သိလိုက်ရ၏။ ထို့ကြောင့် လင့်ဟူချိုး၏ရင်ထဲ၌ ထိတ်ခနဲဖြစ်သွားတော့၏။

"ဒီနေ့တော့ တကယ့်ရန်သူတွေနဲ့ လာတိုးနေရပြီကိုး ... ဒီဆယ့်ငါးယောက်က ဘယ်သူတွေမှန်းလည်းမသိရဘူး ... "

ထိုစဉ် လူတစ်ယောက်က ...

"ဖူကျိုးမြို့မှာရှိတဲ့ မင်္ဂလာအာမခံဌာနက လင်မိန်ကျက်ဆိုတဲ့ကောင်လေးက ဝါဆန်းဂိုဏ်းထဲဝင်လိုက်တယ်လို့ကြားတယ် ... ဝါဆန်းဂိုဏ်းချုပ်ကြီး ရက်ပုချွန်ဆိုတာက ဓားသိုင်းအင်မတန်တော်တဲ့ပုဂ္ဂိုလ်ကြီးပဲ ... ဒီလိုပုဂ္ဂိုလ်ကြီးမျိုးက ဒီဘီလူးမီးဓားသိုင်းစာအုပ်ကို အိပ်မက်ထဲတောင် ထည့်မက်မှာမဟုတ်ပါဘူး ... ဒါကြောင့် ငါတို့လို သိုင်းလောကမှာ လုံးဝနာမည်မရှိတဲ့လူတွေက ဆရာကြီးရက်ပုချွန်ဆီကနေ ဘီလူးမီးဓားသိုင်းစာအုပ်ကို ခဏတဖြုတ်လောက်ငှားပါလို့ တောင်းပန်ပါတယ် ... "

ထိုလူပြောနေချိန်တွင် ကျန်ဆယ့်လေးယောက်တို့၏ရယ်သံမှာ သောသောညံနေတော့၏။ သို့သော် ထိုလူ၏စကားသံမှာ ရယ်သံများကြား၌ ပီပီသသကြီး ပေါ်လွင်စွာကြားနေရသဖြင့် ထိုလူ၏အတွင်းအားသည် ကျန်လူအားလုံးထက်ပိုကောင်းကြောင်းသိသာပေသည်။

လင့်ဟုချုံးက ...

"ခင်ဗျား ဘယ်သူလဲ ... "

သူ့အသံကို သူပင်မကြားရတော့ချေ။ အပြင်မှလူများ၏ရယ်သံကြား၌ ပျောက်နေပေပြီ။ ရယ်သံကြောင့်ချည်းတော့မဟုတ်ချေ။ သူ၏အတွင်းအား လုံးဝထုတ်မရခြင်းက အဓိကအချက်ဖြစ်နေ၏။

"အင်း ... ငါဆယ်နှစ်ကျော်လေ့ကျင့်လာခဲ့တဲ့ အတွင်းအားတွေ လုံးဝမရှိတော့ပါလား ... "

သူ ဝါဆန်းတောင်ပေါ်မှ ဆင်းလာကတည်းက သူတို့ဝါဆန်းဂိုဏ်း၏အတွင်းအားကို ပြန်လေ့ကျင့်သည်။ သို့သော် အတွင်းအားကို ထုတ်ရန်ကြိုးစားသည့်အခါတိုင်း သူ၏ကိုယ်ထဲရှိ အတွင်းအားများကို လုံးဝထိန်းချုပ်နိုင်ခြင်းမရှိဘဲ မုန်တိုင်းကြီးတစ်ခု ကျရောက်နေသကဲ့သို့ တဟူးဟူးထကာ ကမောက်ကမ ကပြောင်းကပြန် ဖြစ်နေရတော့သည်။

ခန္ဓာကိုယ်ထဲ၌ လွန်စွာ အခံခက်လှသဖြင့် အတွင်းအားလေ့ကျင့်ခြင်းကို ချက်ချင်းရပ်ဆိုင်းလိုက်ရသည်။ မရပ်လျှင် မေ့မြောသွားနိုင်ပေသည်။ ဤအကြောင်းများကို သူ့ဆရာရက်ပုချွန်အား ပြောပြသော်လည်း သူ့ဆရာက မည်သို့မျှ ပြန်ရှင်းပြခြင်းမပြုချေ။

ထို့ကြောင့် လင့်ဟုချုံး၏စိတ်ထဲတွင် ...

"ဧကန္တ ... ငါ မကြာခင်သေတော့မယ်ဆိုတာသိနေလို့ ငါ့ကိုရှင်းမပြတာဖြစ်လိမ့်မယ်" ဟုတွေးခဲ့မိသည်။ ထို့နောက်ပိုင်းတွင်ကား သူ၏အတွင်းအားကိုထုတ်ရန် လုံးဝစိတ်မကူးတော့။ ထို့ကြောင့် သူသည် သာမန်လူတစ်ယောက်ကဲ့သို့ ဖြစ်နေတော့၏။

ထိုစဉ် ရက်ပုချွန်၏အသံက ဘုရားကျောင်းထဲမှ ထွက်ပေါ်လာသည်။

"ခင်ဗျားတို့က သိုင်းလောကမှာ နာမည်မရှိတဲ့လူတွေ မဟုတ်ပါဘူးလေ ... ကျုပ်မုသားစကားမပြောဘူး ... မင်္ဂလာအာမခံဌာနရဲ့ ဘီလူးမီးဓားသိုင်းစာအုပ်က ကျုပ်တို့လက်ထဲမှာမရှိပါဘူး ... "

ရက်ပုချွန်သည် ဤစကားကို မိုးကြိုးအတွင်းအားကိုထုတ်၍ ပြောလိုက်ခြင်းဖြစ်သည်။ ဘေးနားမှ နားထောင်သူများအဖို့ ထူးဆန်းသည်ဟု မထင်ရသော်လည်း လူပေါင်းဆယ့်ငါးယောက်၏ ရယ်သံကြားတွင်မူ လူတိုင်းလူတိုင်း ထင်ရှားပြတ်သားစွာ ကြားနေကြရသည်။ ထိုစကားသံ၏ထူးခြားချက်မှာ ဤမျှ ရယ်သံတသောသောကြားတွင် သာမန်စကားပြောသံကဲ့သို့ ရှင်းလင်းပီသစွာ ကြားနေရခြင်းဖြစ်ပြီး အော်ဟစ်ပြောဆိုသည့်အသံမျိုး လုံးဝမဟုတ်ခြင်းပင်ဖြစ်၏။ စောစောက အော်ပြီးပြောဆိုနေသူထက် မိမိ၏အတွင်းအားမြင့်မားလှကြောင်း ရက်ပုချွန်က ပြသလိုက်ခြင်းပင်ဖြစ်တောသည်။

ထိုအခါ အပြင်မှ အခြားလူတစ်ယောက်က ...

"ခင်ဗျားဆီမှာ မရှိရင် ဘယ်သူ့ဆီမှာလဲ ... "

ရက်ပုချွန်ကား ပြုံးနေသည်။ သူ့အပြုံး၌ ထီမထင်သောသဘော၊ ခနဲ့သောသဘောများ ရောထွေးယှက်တင်ပါဝင်နေသည်။

ထိုလူက ...

"ရက်ပုချွန် ... ခင်ဗျား ထုတ်ပေးမလား မပေးဘူးလား ... ခင်ဗျားထုတ်မပေးရင်တော့ ကျုပ်တို့က အကြမ်းဖက်ရတော့မှာပဲ"

ဖူးလင်က အသံတိုးတိုးဖြင့် ညွှန်ကြားလိုက်၏။

"မိန်းကလေးတွေ ကျောချင်းကပ်ပြီး တစ်စုထဲရပ်လိုက် ... ယောကျ်ားလေးတွေအားလုံး ဓားထုတ်ထား ... "

ဓားထုတ်သံများ 'ခွမ်း' 'ချလွမ်း' 'ရွမ်း' စသည်ဖြင့် မြည်ဟည်းသွားတော့၏။

လင့်ဟူချုံးကမူ တံခါးမကြီးတွင် ရပ်လျက်ရှိနေပြီး ဓားကို လုံးဝမထုတ်သေးချေ။ လူနှစ်ယောက်က မြင်းပေါ်မှ ခုန်ဆင်းပြီး လင့်ဟူချုံးအား ခုန်အုပ်လိုက်ကြ၏။ သူက ဓားကိုဆွဲရန် ဟန်ပြင်လိုက်စဉ်မှာပင် ထိုနှစ်ယောက်အနက်မှ တစ်ယောက်က 'ဘေးဖယ်စမ်း' ဟု အော်ဟစ်ရင်း သူ့အား ကန်ထုတ်လိုက်တော့၏။ လင့်ဟူချုံးမှာ အဝေးရှိ ရွှံ့အိုင်အတွင်းသို့ လွင့်စဉ်လဲကျသွားတော့သည်။

လင့်ဟူချုံးသည် ထိုသူ၏တိုက်ခိုက်မှုကို ကြိုတင်သိမြင်ထားသဖြင့် ဟန်ပြင်ထားမိသည်။ သို့သော် အတွင်းအားလုံးဝမထုတ်နိုင်သဖြင့် ထိုလူ၏ကန်ခြင်းကို ခံလိုက်ရခြင်းဖြစ်တော့၏။ ရွှံ့အိုင်ပေါ်သို့ လွင့်စဉ်လဲကျသွားသောအခါ ဦးခေါင်းတစ်ခုလုံး မူးဝေနောက်ကျိသွားပြီး ရုတ်တရက် မတ်တတ်မထနိုင်ဘဲဖြစ်နေတော့၏။

ထိုစဉ် ဘုရားကျောင်းတွင်း၌ လက်နက်ချင်း ရိုက်ခတ်ထိုးခုတ်သံ ဆူဆူညံလျက်ရှိနေလေပြီ။

ရက်ပုချွန်၊ ဖူးလင်နှင့် လောင်တက်တို့က အပြင်သို့ အပြင်းထိုးခုတ်တိုက်ခိုက်၍ ထွက်လာကြသည်။ မျက်နှာဖုံးစွပ်လူ ခုနစ်ယောက်ခန့်က အတွင်းခန်းသို့ ပြေးဝင်လာကြပြန်သည်။ မိုးထဲလေထဲတွင် အော်သံဟစ်သံများကို ငရဲပွက်သည့်နှယ် ကြားနေရတော့သည်။

ထိုစဉ် မိန်းကလေးတစ်ယောက်၏ စူးစူးဝါးဝါးအော်ဟစ်သံကို ကြားလိုက်ရသဖြင့် လင့်ဟူချုံးမှာ အလွန်ပင် စိတ်ပူသွားတော့သည်။ ထိုမိန်းကလေးသည် သူတို့ဂိုဏ်းထဲမှဖြစ်မည်မှာ သေချာလှသည်။ ရန်သူများတွင် မိန်းကလေး တစ်ယောက်မျှမပါ။ ဆရာက ဓားတစ်ချောင်းတည်းနှင့် ရန်သူလေးယောက်ကို တိုက်ခိုက်လျက်ရှိနေပြီး ဆရာမကမူ ရန်သူနှစ်ယောက်နှင့် တိုက်ခိုက်နေ၏။

လင့်ဟူချုံးမှာ စိတ်ပူလေ အတွင်းအားကိုထုတ်မိလေဖြစ်နေရာ သူ၏ခန္ဓာကိုယ်တွင်းမှ အတွင်းအားလှိုင်းများက ခန္ဓာကိုယ်အနံ့အပြား လျှောက်ပြေးနေတော့သည်။ ထိုအခါ နောက်ထပ် အတွင်းအားလှိုင်းနှစ်ခုက အနံ့အပြားပြေးလာသော အတွင်းအားလှိုင်းခြောက်ခုကို ဖိနှိပ်ထားလိုက်ပြန်သည်။

ထိုအခါကျမှ လင့်ဟူချုံးမှာ ကောင်းစွာသဘောပေါက်တော့သည်။ ဘုန်းကြီးယောင် 'ပုကျက်' က သူ၏အတွင်းအားဖြင့် ကုသပေးခဲ့ရာ အပြင်ပန်းအားဖြင့်ကြည့်လျှင် ပျောက်ကင်းပြီဟုထင်ရသော်လည်း တကယ်တမ်းအားဖြင့် မိမိ၏ကိုယ်တွင်း၌ ထပ်မံဒုက္ခပေးမည့် အတွင်းအားလှိုင်းနှစ်ခု တိုးလာခြင်းသာဖြစ်ပေသည်။

ထိုအတွင်းအားနှစ်ခုသည် အံ့ဖွယ်ခြောက်ယောက်၏ အတွင်းအားလှိုင်းခြောက်ခုကို ဖိထားသည်။

ထိုအခါ လင့်ဟူချုံးအဖို့ လုံးဝအားမထုတ်တော့ချေ။ သူ အားထုတ်လိုက်သည်နှင့် အတွင်းအားအုပ်စုနှစ်ခုကို မထိန်းသိမ်းနိုင်တော့ဘဲ ကမောက်ကမ ဖြစ်လာရတော့သည်။

ထိုအချက်ကို သဘောပေါက်သွားသဖြင့် လင့်ဟူချုံးသည် ဆက်၍အားမထုတ်တော့ဘဲ ငြိမ်ငြိမ်သက်သက် နေလိုက်တော့၏။

ထိုအခါမှ လူကောင်းကဲ့သို့ဖြစ်လာသည်။

လင့်ဟူချုံးမှာ မျက်ရည်ကျလာပြီး ...

"ငါ ဒုက္ခိတဖြစ်နေပြီကိုး ... ကိုယ့်ဆရာ ဒုက္ခရောက်နေချိန်မှာ ငါဘယ်လိုမှမကူညီနိုင်တော့ဘူး" ဟု ဝမ်းနည်းကြေကွဲစွာ တွေးနေမိသည်။

ထိုစဉ် ဖူးလင်မှာ ခြေထောက်တွင် ဒဏ်ရာတစ်ချက်ရလိုက်ပြီး မကြာမီပင် အကြောထိုးပိတ်ခံလိုက်ရကာ အဖမ်းအဆီးခံလိုက်ရတော့၏။

ဘုရားကျောင်းဝင်းထဲရှိ ဝါဆန်းဂိုဏ်းသားအားလုံးမှာ ဒဏ်ရာရသူရ၊ အကြောပိတ်ခံရသူကခံရနှင့် အားလုံး အဖမ်းအဆီးခံလိုက်ရတော့သည်။

သို့သော် ရန်သူအားလုံးက ဝါဆန်းဂိုဏ်းသားတစ်ယောက်တလေကိုမျှ သတ်ဖြတ်ခြင်း မပြုကြပေ။

ထို့နောက် သူတို့ဆယ့်ငါးယောက်စလုံး ရက်ပုချွန်ကို ဝိုင်းထားလိုက်ကြတော့၏။

ရှစ်ယောက်က ရက်ပုချွန်ကိုတိုက်ခိုက်ပြီး ကျန်ခုနစ်ယောက်က မီးအိမ်မှအလင်းရောင်တန်းကို ရက်ပုချွန်၏ မျက်နှာပေါ်ကျအောင် ပြုလုပ်ထားကြသည်။

ရက်ပုချွန်သည် ဤအခြေအနေ၌ မိမိအနေဖြင့် မည်သို့မျှမနိုင် နိုင်သည်ကို သိသည်။

ထို့ကြောင့် သူ့ဓားဖြင့် တစ်ကိုယ်လုံးကို လှည့်ပတ်ကာကွယ်ထားရာ ရန်သူများကလည်း ရက်ပုချွန်ကို အနိုင်မယူနိုင်အောင် ဖြစ်နေတော့သည်။

ထိုစဉ် မျက်နှာဖုံးစွပ်တစ်ယောက်က အော်လိုက်သည်။

"ရက်ပုချွန် ... ခင်ဗျား လက်နက်မချဘူးလား ... "

"ဟေ့ ... ငါက အသေသာခံမယ် ... ဘယ်တော့မှ လက်နက်မချဘူး ... "

ထိုသို့အော်လိုက်ပြီးသည်နှင့် ရက်ပုချွန်သည် မိုးကြိုးအတွင်းအားသိုင်းကို အစွမ်းကုန်ထုတ်လိုက်တော့၏။ သူ၏ မျက်နှာ၌ လိမ္မော်ရောင်သမ်းလာတော့၏။

ထိုစဉ် လူတစ်ယောက်က သူ့ကို ဓားဖြင့်ခုတ်လိုက်ရာ သူက ပြန်လှန်ခုတ်လိုက်၏။

သူ၏ဓားတွင် မိုးကြိုးအတွင်းအားသိုင်း အပြည့်အဝပါရှိနေသဖြင့် ဓားမှာ အလွန်တရာမြန်ဆန်လှပြီး ထိုလူ၏ လက်မောင်းကို ခုတ်ချလိုက်တော့၏။

ထိုလူက တစ်ချက်အော်ပြီး နောက်သို့ လိမ့်ထွက်သွားတော့သည်။

ရက်ပုချွန်သည် တစ်ဆက်တည်းပင် နောက်လူတစ်ယောက်၏ပေါင်ကို ထိုးလိုက်နိုင်သည်။ ထိုလူက တစ်ချက် ဆဲလိုက်ပြီး ချက်ချင်း နောက်သို့ဆုတ်သွားတော့သည်။

ထိုအခိုက် သံလုံးပျံတစ်ခု ပျံဝင်လာပြီး ရက်ပုချွန်၏နောက်ကျောသို့ ထိခိုက်သွားတော့သည်။

ရက်ပုချွန်မှာ 'ဝေါ့' ခနဲ သွေးတစ်ချက် အန်ချလိုက်ရတော့သည်။ ထိုအခါ ရန်သူအားလုံး ဝမ်းပန်းတသာ အော်ဟစ်ကြွေးကြော်ကြတော့၏။

"ဟေ့ ... ဒီကောင်ကြီး အတွင်းဒဏ်ရာ ရသွားပြီကွ"

ရက်ပုချွန်သည် ထိုသူတို့၏စကားသံနှင့် လေယူလေသိမ်းကို နားထောင်ကြည့်သောအခါ တစ်နယ်တစ်ရပ်ထဲမှ လူများမဟုတ်ဘဲ နယ်ပေါင်းစုံမှ လူပေါင်းစုံဖြစ်နေကြောင်း သတိပြုလိုက်မိတော့သည်။

ထို့ပြင် သူတို့၏သိုင်းပညာကလည်း အမျိုးမျိုးအဖုံဖုံ ပညာစုံနေကြောင်း တွေ့နေရသဖြင့် ဂိုဏ်းအဖွဲ့တစ်ခုထဲမှ မဟုတ်ကြောင်း သေချာသွားသည်။

"ဘယ်ကလူတွေလဲ ... ဘာကြောင့် ဝါဆန်းဂိုဏ်းကို လာရန်ပြုရတာလဲ ... တကယ်ပဲ ဘီလူးမီးဓားသိုင်းစာအုပ်ကို လိုချင်လို့လား၊ ဘီလူးမီးဓားသိုင်းကို အကြောင်းပြပြီး ငါတို့ ဝါဆန်းဂိုဏ်းကို ချေမှုန်းချင်ကြလို့ပဲလား ... "

အတွေးများကိုတွေးနေဆဲ သူ၏လက်များကလည်း ရပ်ဆိုင်းနေသည်မဟုတ်ချေ။

ရန်သူများကို အဆက်မပြတ် တိုက်ခိုက်ကာကွယ်ဆဲပင်။

ဆယ်ကွက်ကျော်သောအခါတွင် နောက်ထပ်ရန်သူတစ်ယောက် ထပ်မံဒဏ်ရာရသွားသဖြင့် နောက်တစ်ယောက်က အစားထိုးဝင်ရောက် တိုက်ခိုက်လာပြန်သည်။

ထိုသို့ နောက်ထပ်ဝင်လာသူတွင် ကိုင်ထားသည့်လက်နက်မှာ ခွေးသွားစိတ်များပါသော ဓားမကြီးပင်ဖြစ်၏။

ထိုသူက သူ၏ဓားမကြီးဖြင့် ရက်ပုချွန်၏ဓားကို ချိတ်ထုတ်ပစ်ရန် ကြိုးစားနေသည်။

သို့သော် ရက်ပုချွန်၏ မိုးကြိုးအတွင်းအားမှာ အစွမ်းကုန်ထုတ်ထားခြင်းဖြစ်သဖြင့် ကြောက်မက်ဖွယ်ရာ အလွန်တရာ ပြင်းထန်နေသည်။

အဆက်မပြတ်တိုက်ခိုက်နေရင်းမှ ရက်ပုချွန်သည် ဘယ်ဘက်လက်ဝါးဖြင့် ရုတ်တရက် ရိုက်ချလိုက်ရာ ခွေးသွားစိတ်ဓားပိုင်ရှင်၏ နံရိုးနှစ်ချောင်းကျိုးသွားတော့၏။

သို့သော် ထိုလူသည် အလွန်သတ္တိရှိပြီး ခံနိုင်ရည်ရှိသူတစ်ယောက်ဖြစ်သည်။

နံရိုးကျိုးသွားသည်နှင့် ချက်ချင်းပင် ကြမ်းပေါ်သို့လှိမ့်ချလိုက်ပြီး ရက်ပုချွန်၏ခြေထောက်နှစ်ဖက်ကို အတင်းပင် ဝင်ဖက်တော့၏။

ရက်ပုချွန်မှာ အပေါ်မှဓားများကို အာရုံစိုက်တိုက်ခိုက်နေရသဖြင့် မမျှော်လင့်ဘဲ အောက်မှခြေထောက်ကို အဖက်ခံလိုက်ရသောအခါ ရုတ်တရက်ထိတ်လန့်သွား၏။

သူ၏ဓားဖြင့် ထိုသူ၏နောက်ကျောကို ခုတ်ချလိုက်သည်။

သို့သော် အခြားဝိုင်းဝန်းတိုက်ခိုက်နေသူများထဲမှ ဓားနှစ်ချောင်းထွက်လာပြီး ရက်ပုချွန်၏ဓားကို ကာလိုက်၏။

ထိုအခါ မည်မျှပင်အတွင်းအားသိုင်းကောင်းသော်လည်း ရက်ပုချွန်မှာ ကိုယ်ဟန်မထိန်းနိုင်တော့ဘဲ မြေကြီးပေါ်သို့ လဲကျသွားတော့၏။

မျက်စိတစ်မှိတ်လျှပ်တစ်ပြက်အတွင်း လက်နက်မျိုးစုံက ရက်ပုချွန်၏ အရေးကြီးသော ခန္ဓာကိုယ်အစိတ်အပိုင်းတို့သို့ ထိုးချိန်ထားလိုက်ကြသည်။

ရက်ပုချွန်သည် သက်ပြင်းတစ်ချက်ချလိုက်ပြီး သူ၏ဓားကိုလွှတ်ချလိုက်တော့၏။

ထိုအခါ မျက်နှာဖုံးစွပ်လူများက သူ၏အကြောကိုထိုးပိတ်လိုက်ပြီး မတ်တတ်ရပ်နိုင်ရန် ဆွဲထူမပေးလိုက်သည်။

ရန်သူများထဲမှ တစ်ယောက်က ...

"သစ္စာရှင်ဓားသမား ရက်ပုချွန်က တကယ်ပဲ သိုင်းပညာကောင်းတာကိုး ... ဆယ့်ငါးယောက်နဲ့တစ်ယောက်တိုက်တာတောင် ကျုပ်တို့ဘက်က ငါးယောက်ဒဏ်ရာရသွားသေးတယ် ... ချီးကျူးပါတယ်ဗျာ ... ချီးကျူးပါတယ် ... ဒါပေမယ့် တစ်ခုတော့ရှိတယ်နော်၊ နှစ်ဘက်အင်အားချင်းကျတော့ ခင်ဗျားတို့ကများတယ်ဗျို့ ... ကျုပ်တို့ဘက်က စုစုပေါင်းမှ ဆယ့်ငါးယောက်လောက်တောင်ရှိတာ၊ ခင်ဗျားတို့ဘက်က လူနှစ်ဆယ်လောက်ရှိနေတယ် ... ကျုပ်တို့က အများနဲ့ အနိုင်ကျင့်တာ မဟုတ်တာတော့ ခင်ဗျားအသိပါနော် ... "

ထိုအခါ ကျန်ဆယ့်လေးယောက်တို့သည် သရော်ရယ်ရယ်လိုက်ကြတော့၏။

ထိုလူက ဆက်၍ ...

"ရက်ပုချွန် ... ကျုပ်တို့က ခင်ဗျားနဲ့ ဘာရန်ငြိုးမှလဲမရှိဘူး ... ကျုပ်တို့အနေနဲ့ ခင်ဗျားတို့နဲ့ အသေအကြေတိုက်ဖို့ ရည်ရွယ်ချက်မရှိဘူး ... ကျုပ်တို့လိုချင်တာ တစ်ခုပဲရှိတယ် ... ဘီလူးမီးဓားသိုင်းစာအုပ်ကိုပဲကြည့်ချင်တယ် ... ဒီစာအုပ်ဟာ ခင်ဗျားတို့ဝါဆန်းဂိုဏ်းကပစ္စည်းမဟုတ်ပါဘူး ...ခင်ဗျားက နည်းအမျိုးမျိုး၊ ပရိယာယ်အမျိုးမျိုးနဲ့ လင်မိန်ကျက်ကို ခင်ဗျားတို့ဂိုဏ်းထဲဝင်အောင် သိမ်းသွင်းလိုက်တာဟာ ဒီသိုင်းစာအုပ်ကို လိုချင်လို့ပဲမဟုတ်လား ... ဒီကိစ္စကို သိုင်းလောကသားတွေ လုံးဝမကျေနပ်ကြဘူး ... ဒါကြောင့် ခင်ဗျားရထားတဲ့သိုင်းစာအုပ်ကို အခုချက်ချင်းထုတ်ပေးပါ" ဟု တင်းတင်းမာမာ ပြောတော့၏။

သူတို့ တင်းတင်းမာမာပြောသည်က ရက်ပုချွန်၏ဒေါသနှင့်စာလိုက်ပါက မဖြစ်လောက်သော အသေးအဖွဲကလေး ဖြစ်သွားလေသည်။

"ဘာပြောတယ်ကွ ... မင်းတို့ငါ့ကို သတ်ချင်ရင်သတ်လိုက် ... ငါ့လိုလူမျိုးကို ဒီလိုမစော်ကားနဲ့ကွ ... ငါဘယ်လိုလူဆိုတာ သိုင်းလောက ကလူတွေ ကောင်းကောင်းသိတယ် ... "

ထိုလူက တဟားဟားအော်ရယ်ရင်း ...

"ခင်ဗျားရဲ့နာမည်ကို မစော်ကားနဲ့ဟုတ်လား ... ကောင်းပြီ၊ ခင်ဗျားကိုကျုပ်တို့မစော်ကားတော့ဘူး ... ဒါပေမယ့် ခင်ဗျားရဲ့ဇနီးနဲ့ တပည့်မကလေးတွေအားလုံးကတော့ အင်မတန်ရုပ်ရည်ချောမောကြတာပဲ ... ဒီတော့ ကျုပ်တို့အဖွဲ့က လူတွေ တစ်ယောက်စီဝေစုခွဲပြီး မယားငယ်လုပ်ခိုင်းလိုက်မှာပဲ ... ဘယ့်နှယ်လဲ မကောင်းဘူးလား ... ဒီသတင်းသာ သိုင်းလောကတစ်ခုလုံးပျံ့နှံ့သွားရင် ... ဟာ ... ဘာပြောကောင်းမလဲ ... ဟိုးဟိုးကျော်နာမည်ကြီးသွားတော့မှာပဲ" ဟု ပက်ပက်စက်စက်ပြောလာတော့သည်။

ကျန်လူများကလည်း ဝမ်းခေါင်းသံကြီးများနှင့် တဟားဟားတဟီးဟီး ရယ်နေကြတော့၏။ ရက်ပုချွန်မှာမူ ဒေါသကြောင့် တစ်ကိုယ်လုံး တုန်ယင်လျက်ရှိတော့သည်။ အော်ဟစ်၍ ပြောလိုက်သည်။

"မင်းတို့ မယုံကြဘူး မဟုတ်လား ... မယုံရင်ရှာကြည့်ကြပေါ့၊ ငါ့ကိုယ်မှာရှာကြည့်လိုက်ရင် ရှင်းသွားမှာပဲ ... ရှိသလား ... မရှိသလား ရှာကြည့်ကြလေ"

"ကျုပ်တို့မရှာချင်ပါဘူးဗျာ၊ ခင်ဗျားကိုယ်တိုင်ထုတ်ပေးတာပဲ ကောင်းပါတယ်၊ တစ်ယောက်ချင်းရှာတဲ့အခါ ခင်ဗျားရဲ့ ဇနီးနဲ့ တပည့်မတွေဆီမှာရှာတော့ ဘယ်ကောင်းတော့မလဲ ... မဟုတ်ဘူးလား"

ထိုအခါ လင်မိန်ကျက်က ဝင်အော်သည်။

"ကျုပ်တို့အာမခံဌာနမှာ ဘီလူးမီးဓားသိုင်းစာအုပ်ဆိုတာ လုံးဝမရှိဘူးဗျ၊ ယုံချင်ယုံ မယုံချင်နေ၊ ကျုပ်က အမှန်အတိုင်းပြောတာပဲ ... ခင်ဗျားအနေနဲ့ မကျေနပ်ရင် ကျုပ်ကိုပါ သတ်ပစ်နိုင်တယ်"

ထိုလူက ရယ်မောရင်း ...

"ဒီကောင်လေးက သတ္တိတော့ရှိတယ် ... မင်းရဲ့ဆရာက နာမည်ကသာ သစ္စာရှင်ဓားသမားကွ ... လူကတော့ လူယုတ်မာပါ ... ဒီလူယုတ်မာဆီမှာတပည့်ခံတာထက် ငါ့ဆီမှာတပည့်ခံတာက မင်းအတွက်ပိုကောင်းမှာပါ ... ဘယ့်နှယ်လဲ ... ငါ့ဆီမှာ တပည့်ခံမလား" ဟု ပြောလိုက်သည်။

ထိုအခါ လင်မိန်ကျက်က ခပ်ကြမ်းကြမ်းပင် ခွန်းတုံ့ပြန်တော့သည်။

"ကျုပ်က ဝါဆန်းဂိုဏ်းသားဗျ ... ဆရာကြီးရက်ပုချွန်ရဲ့ တပည့်ဖြစ်ရတာကို ကျုပ်ဂုဏ်ယူတယ် ... ခင်ဗျားတို့လို လူဆိုး သူခိုးတွေဆီမှာ တပည့်ခံပါ့မလား ... "

ထိုစဉ် လန်ဖားကလည်း ဝင်၍ ...

"ဟုတ်တယ် ... ကျုပ်တို့လို ဝါဆန်းဂိုဏ်းသားက ခင်ဗျားတို့လို လူဆိုး သူခိုး ... "

သူ့စကားမဆုံးမီပင် မျက်နှာဖုံးစွပ်လူတစ်ယောက်က တစ်ချက်အော်ဟစ်ရင်း လန်ဖား၏ဦးခေါင်းကို ဓားဖြင့်ခုတ်ချလိုက်တော့၏။ ဝါဆန်းဂိုဏ်းသားအားလုံး အလန့်တကြား ဖြစ်သွားကြတော့သည်။

ထိုလူကမူ လန်ဖားကိုခုတ်သတ်ပြီးသည်နှင့် တဟားဟား အော်ရယ်ရင်း ဖူးလင်ရှိရာသို့ တစ်လှမ်းချင်း လျှောက်သွားတော့သည်။

ဖူးလင်ရှေ့သို့ရောက်သောအခါ သူ၏ဓားဖြင့် ဖူးလင်ကို ခုတ်သတ်ရန် ဟန်ပြင်လိုက်၏။

ထိုစဉ် လိန်လိန်က စူးစူးဝါးဝါး အော်လိုက်တော့သည်။

"ကျွန်မ အမေကို မထိနဲ့ ... "

အော်ပြီးသည်နှင့် လိန်လိန်ခမျာ မေ့မြောလဲကျသွားတော့၏။

ဖူးလင်မှာ မိန်းကလေးဖြစ်သော်လည်း ခုတ်ထစ်သတ်ဖြတ်ခံရခြင်းကို ကျေနပ်သည်။

အဘယ်ကြောင့်ဆိုသော် ချက်ချင်းသေသွားပါက ယုတ်မာရိုင်းစိုင်းသော စော်ကားမှုဘေးအန္တရာယ်မှ လွတ်ကင်းသွားမည် ဖြစ်သောကြောင့်တည်း။

ထို့ကြောင့် သူမက ဦးခေါင်းကိုမော့၍ ရဲပုံစွာ အော်ဆဲလိုက်တော့သည်။

"လူယုတ်မာတွေ ခွေးမျိုးတွေ၊ သတ္တိလည်းမရှိဘူး၊ သတ္တိရှိရင် တစ်ချက်တည်းနဲ့ ခုတ်သတ်လိုက်ပါလား ... "

ထိုစဉ် အပြင်ဘက်မှ မြင်းခွာသံများ ကြားလိုက်ရတော့သည်။ ဖူးလင်အားသတ်ရန် ဟန်တပြင်ပြင်လုပ်နေသောသူက သူ့ လူတစ်ယောက်အား အမိန့်ပေးလိုက်သည်။

"ဟေ့ ... အပြင်က ဘယ်သူတွေလည်းမသိဘူး ... သွားကြည့်စမ်း ... "

ထိုအခါ မျက်နှာဖုံးစွပ်လူနှစ်ယောက် ပြေးထွက်သွားကြတော့၏။

နောက်မှကြားလိုက်ရသော မြင်းခွာသံရှင်များသည် ဘုရားကျောင်းဝင်းထဲသို့ ရောက်ရှိနေကြပေပြီ။ သူတို့ထဲမှ တစ်ယောက်က

"ဝါဆန်းဂိုဏ်းကပါလား ... ဟင် ... နောင်ကြီးရက်ပုချွန်က ဒီမှာပါလား ... "

ရက်ပုချွန်သည် ထိုစကားပြောသူကို လှမ်းကြည့်လိုက်သောအခါ မျက်နှာနီမြန်းသွားတော့၏။ မနီလျှင် အဘယ်မှာ ခံနိုင်မည်နည်း။

မိမိအဖို့ ယခုကဲ့သို့ ဆိုးဝါးနေသည့်အခြေအနေ၌ တွေ့မြင်လိုက်ရသူမှာ လွန်ခဲ့သောရက်များက ဝါဆန်းဂိုဏ်းသို့ ရောက်ရှိလာသည့် ကောင်းဆန်းဂိုဏ်းမှ သိုင်းဆရာကြီးချန်ရင်း ဖြစ်နေသောကြောင့်ပင်တည်း။ သူ့ဘေးတွင်ရပ်နေသူမှာ ဝါဆန်းဂိုဏ်းမှ နှင်ထုတ်ခံထားရသော 'ဓားသိုင်းအဖွဲ့သား' ဖုန်းပုမိန် ဖြစ်နေ၏။

ထို့ပြင် ထိုနေ့က ဝါဆန်းတောင်သို့လိုက်ပါခဲ့ကြသည့် ထိုက်ဆန်းဂိုဏ်း၊ ဟန်ဆန်းဂိုဏ်းနှင့် ချုံးဆန်းဂိုဏ်းများ၏ ကိုယ်စားလှယ် သိုင်းသမားများသည်လည်း ယခုပြန်လာကြသည်။

သို့သော် ဤတစ်ကြိမ်တွင် လူပိုများနေ၏။ ထိုစဉ် ကောင်းဆန်းဂိုဏ်းမှ ချန်ရင်းက ...

"နောင်ကြီးရက်ပုချွန် ... ဟိုနေ့က ခင်ဗျားက မဟာမိတ်အဖွဲ့ချုပ်ရဲ့အလံကို မလေးမစားလုပ်လို့ မဟာမိတ်အဖွဲ့ချုပ်ခေါင်းဆောင်ရဲ့သားကြီးကို အဖွဲ့ချုပ်အလံပေးပြီး တစ်ခါစေခိုင်းလိုက်ပြန်ပြီ ... ကျုပ်တို့က ဝါဆန်းတောင်ပေါ်တက်ကြမလို့ပဲ ... အခု မမျှော်လင့်ဘဲ ခင်ဗျားတို့နဲ့တွေ့လိုက်ရတော့ ဟန်ကျသွားတာပေါ့ ... "

ရက်ပုချွန်သည် ကြီးမားတောင့်တင်းလှသည့် မြင်းဖြူကြီးပေါ်တွင် အခန့်သားထိုင်နေသည့်လူတစ်ယောက်ကို စောင်းငဲ့ ကြည့်လိုက်၏။

အသက်မှာ သုံးဆယ်ကျော်ခန့်သာရှိပေဦးမည်။ သူက မိမိအား အေးစက်မာကျောသော အကြည့်နှင့်ကြည့်နေပြီး ခေါင်းတစ်ချက်ညိတ်ပြသည်။

သူ၏အမူအရာကား လွန်စွာမောက်မာလှချေ၏။

ရှေးဦးစွာ ရောက်ရှိနေသည့်မျက်နှာဖုံးစွပ်လူတစ်ယောက်က အဆောတလျင်ထ၍ နှုတ်ဆက်စကား ပြောလိုက်သည်။

"လက်စသတ်တော့ ကောင်းဆန်းဂိုဏ်းချုပ်ကြီးရဲ့သားကြီး ပါလာတာကိုး ... တွေ့ရတာဝမ်းသာပါတယ် ... ဟောဒီကနောင်ကြီးကတော့ ကောင်းဆန်းဂိုဏ်းရဲ့ ထိပ်သီးသိုင်းသမား ချန်ရင်းထင်တယ် ... "

ချန်ရင်းက ကျေနပ်အားရသောလေသံဖြင့် ...

"ဟုတ်တယ် ... ကျုပ် ချန်ရင်းပါပဲ ... နောင်ကြီးက ဘယ်သူများပါလဲ" ဟု မေးလိုက်သည်။

ထို မျက်နှာဖုံးစွပ်လူက ...

"ကျုပ်တို့က သိုင်းလောကမှာ နာမည်လုံးဝမရှိသေးတဲ့လူတွေပါ ... ကျုပ်တို့နာမည်ပြောပြလို့လည်း ခင်ဗျားတို့ ကြားဖူးမှာမဟုတ်ပါဘူး ... အခု နောင်ကြီးတို့ရှိနေတဲ့အချိန်မှာ အင်မတန်အရေးကြီးတဲ့ ကိစ္စတစ်ခုကို တင်ပြချင်ပါတယ် ... နောင် ကြီးတို့အနေနဲ့ ဒီကိစ္စကို မျှမျှတတ ဖြေရှင်းပေးစေချင်ပါတယ် ... "

ချန်ရင်းက ...

"ပြောပါ ... ဘာကိစ္စလဲ ... အရင်ဆုံးနားထောင်ကြည့်ကြတာပေါ့ ... "

ထိုလူက ...

"ဒီက ဆရာကြီးရက်ပုချွန်က သိုင်းလောကမှာ သစ္စာရှင်ဓားသမားလို့ နာမည်တစ်လုံးရထားပေမယ့် တကယ်တော့ ဒီနာမည်နဲ့ သူနဲ့ မတန်ပါဘူး … ဒီလူဟာ မြေခွေးတစ်ကောင်လို အင်မတန်ကောက်ကျစ်စဉ်းလဲတဲ့လူပါပဲ … ဖုကျိုးမြို့က မင်္ဂလာအာမခံဌာန အဖျက်ဆီးခံရတဲ့သတင်း ခင်ဗျားတို့အားလုံး ကြားကြလိမ့်မယ်လို့ ကျွန်တော်ထင်တယ် … "

ချန်ရင်းက …

"ဟုတ်ပါတယ် … ဒီကိစ္စက သိုင်းလောကတစ်ခုလုံး သိနေတဲ့ကိစ္စပဲ … ဒါက ဆီးချန်းနယ်က ချင်းချန်ဂိုဏ်းရဲ့ လက်ချက်ပဲ … "

ထိုမျက်နှာဖုံးစွပ်လူက ခေါင်းညိတ်ပြပြီး …

"သိုင်းလောကတစ်ခုလုံး သိနေကြတာကတော့ အဲဒီ အပေါ်ယံကြောကိစ္စကလေးပဲသိကြတာပဲ … အဲဒီ အာမခံဌာန ဖျက်ဆီးခံရတဲ့ အဓိကအချက်ကတော့ ဘီလူးမီးဓားသိုင်းစာအုပ်ကြောင့်ပါပဲ၊ သူတို့ မင်္ဂလာအာမခံဌာနမှာ ဘီလူးမီးဓားသိုင်းဆိုတဲ့ မျိုးရိုးအမွေ ဓားသိုင်းပညာစာအုပ်တစ်အုပ်ရှိတယ် … ဒီစာအုပ်ထဲမှာ အင်မတန်လျှို့ဝှက် ခက်ခဲနက်နဲတဲ့ ဓားသိုင်းပညာရှိနေတယ် … အဲဒီဓားသိုင်းကိုသာကျင့်နိုင်ရင် သိုင်းလောကမှာ ပြိုင်စံရှားဖြစ်မှာပဲ … အခု မင်္ဂလာအာမခံဌာနက ခေါင်းဆောင်လင်မယား သေဆုံးရတာလဲ … အဲဒီစာအုပ်အတွက်ပါပဲ … "

ချန်ရင်းက ဝင်ထောက်ပေးသည်။

"ဒီတော့ … "

ထိုလူက …

"ရက်ပုချွန်က အင်မတန် ကောက်ကျစ်ပါးနပ်တဲ့လူဆိုတော့ အကောက်ဉာဏ်နဲ့ လင်မိန်ကျက်ကို သူ့ဂိုဏ်းထဲ ဝင်ခိုင်းပြီး သူ့တပည့်ခံခိုင်းတယ် … ဒီတော့ အင်မတန်အရေးကြီးတဲ့ ဒီဘီလူးမီးဓားသိုင်းက သူတို့ဝါဆန်းဂိုဏ်းကို ရောက်သွားပြီပေါ့ … "

ချန်ရင်းက …

"ဝါဆန်းဂိုဏ်းရဲ့ဓားသိုင်းက သိုင်းလောကမှာ နာမည်ကြီးနေတာပါ … သူတို့အနေနဲ့ သူတို့ဓားသိုင်း နာမည်အပျက်ခံပြီး တခြားဓားသိုင်းကိုလိုချင်တယ်ဆိုတာ ဖြစ်နိုင်ပါ့မလား … "

ထိုမျက်နှာဖုံးစွပ်လူက ရယ်၍ …

"နောင်ကြီးတို့က ရက်ပုချွန်ကို သိပ်အထင်ကြီးနေကြတာကိုး၊ ရက်ပုချွန်က လေသိုင်းပညာကိုသာ အဓိကထားကျင့်နေတဲ့လူဆိုတော့ ဓားသိုင်းပညာ လုံးဝမတတ်ပါဘူး … အခု ခင်ဗျားတို့မျက်မြင်ပဲ၊ ကျုပ်တို့က သူတို့နဲ့ ပညာချင်းယှဉ်ပြီး တိုက်ကြတာ … သူတို့ ဝါဆန်းဂိုဏ်းတစ်ခုလုံးကို အနိုင်ယူနိုင်ခဲ့တာပဲ … ဝါဆန်းဂိုဏ်းက လေသိုင်းအဖွဲ့ ဓားသိုင်းပညာ ဘယ်လောက်အဆင့်အတန်း နိမ့်ကျနေတယ်ဆိုတာ ခင်ဗျားတို့သိကြရောပေါ့ … ရက်ပုချွန်ကလည်း သူတို့ရဲ့အားနည်းချက်ကိုသိနေတယ် … ဒီတော့ ဘီလူးမီးဓားသိုင်းကို မရမကလိုချင်နေတာပေါ့ … "

ချန်ရင်းက ခေါင်းတဆတ်ဆတ်ညိတ်ပြီး …

"ဟုတ်တယ် … ခင်ဗျားရဲ့ ကျိုးကြောင်းပြစကားတွေက ဖြစ်နိုင်လောက်တယ်" ဟု ပြောလိုက်တော့၏။

ထိုမျက်နှာဖုံးစွပ်လူက …

"ဒီနေ့ ကောင်းဆန်းဂိုဏ်းချုပ်ကြီးရဲ့ သားကြီးကိုယ်တိုင်ရောက်လာတယ်ဆိုတော့ ကျုပ်တို့အတွက် အချိန်သင့် အခါသင့်ပါပဲ … တိုင်းယက်သည့်ကမွလာ မိုးရွာသည်နှင့်အဆင်သင့်ဆိုတာလို ဖြစ်သွားပြီ၊ ဒီကိစ္စကို ဘယ်လိုဖြေရှင်းသင့်တယ်ဆိုတာ ဆုံးဖြတ်ပေးပါ … ကျုပ်တို့ကတော့ နောင်ကြီးတို့ရဲ့စကားကို လက်ခံဖို့အသင့်ပါပဲ … "

ထိုအခါ ကောင်းဆန်းဂိုဏ်းချုပ်ကြီး၏သား 'ကျိဖေးရင်း' က

"ဝါဆန်းဂိုဏ်းချုပ်နေရာကို ဆရာကြီးဖုန်းပုမိန်ကို လွှဲအပ်ဖို့သင့်တယ်လို့ ကျုပ်ရဲ့အဖေကပြောလိုက်တယ် … အခု ဒီကနောင်ကြီးပြောစကားအရ ရွက်ပုချွန်က ဉာဏ်နီဉာဏ်နက်တွေသုံးပြီး မအပ်သင့်မအပ်ရာတွေကို ကြံစည်ခဲ့သေးတယ်ဆိုတော့ ဘာမှပြောစရာမလိုတော့ဘူး … ကဲ … ဆရာကြီးဖုန်းပုမိန်ကိုယ်တိုင်ပဲ ဒီကိစ္စကို ဖြေရှင်းလိုက်ပါ … "

ကုသိုလ်ကံ အလှည့်မသင့်သည့်အခိုက်တွင် ကြမ္မာဆိုးဝင်ပြီဆိုပါက ကြောက်မက်ဖွယ်ဆိုးဝါးစွာ ဒုက္ခအထွေထွေနှင့် ကြုံတွေ့ရတတ်ပေသည်။ ယခု ရက်ပုချွန်တို့မှာ မျက်နှာဖုံးစွပ်အမည်မသိရန်သူများ၏ တိုက်ခိုက်မှုကြောင့် ဆုံးရှုံးနိမ့်ပါး နေကြစဉ် မိမိအား ကယ်တင်မည့်သူပေါ်မလာဘဲ ထပ်မံ၍ ဒုက္ခနှံ့တွင်း နစ်စေမည့်သူများသာ ပေါ်ပေါက်လာသဖြင့် လွတ်မြောက်ရေးမျှော်လင့်ချက်ကား ဝေးသည်ထက် ဝေးသွားခဲ့ရချေပြီ။ ကြမ္မာဆိုးသည် အပေါင်းအဖော်ခေါ်၍ လာတတ် ချေသည်တကား။

ကျိဖေးရင်း၏စကားကို သူနှင့်လိုက်ပါလာသူ လူအားလုံးက ခေါင်းတညိတ်ညိတ် လက်ညှိုးတထောင်ထောင်ဖြင့် ထောက်ခံလိုက်ကြသည်။

ထိုအခါ ဖုန်းပုမိန်သည် မြင်းပေါ်မှခုန်ဆင်းလိုက်ပြီး လူတိုင်းလူတိုင်းကို ဦးညွှတ်အရိုအသေပေးလိုက်၏။ ပြီးမှ ...

"နောင်ကြီးတို့က ကျုပ်ကို ခုလိုချီးမြှင့် အခွင့်အရေးပေးတဲ့အတွက် အတိုင်းမသိကျေးဇူးတင်တဲ့အကြောင်း ကျုပ် ပြောပါရစေ၊ ရက်ပုချွန် ဝါဆန်းဂိုဏ်းကို အုပ်ချုပ်လိုက်တဲ့အချိန်ကစပြီး ဝါဆန်းဂိုဏ်းဟာ တစ်နေ့တစ်ခြား ပျက်စီး ဆုတ်ယုတ်လာခဲ့တာပဲ ... ဒီတော့ ကျုပ်က ကျုပ်တို့ဝါဆန်းဂိုဏ်းရဲ့စည်းမျဉ်းအရ သူတို့ကို ချက်ချင်းအပြစ်ပေးလိုက် ပါ့မယ် ... ကဲ ... ညီလေးပေါင်ပုချိ ဟိုသစ္စာဖောက် ရက်ပုချွန်တို့လင်မယားကို သတ်လိုက်ပေတော့" ဟု အမိန့်ပေးလိုက် တော့၏။

ထိုအခါ အသက်ငါးဆယ်ခန့်ရှိလူတစ်ယောက် လျှောက်ထွက်လာတော့၏။ ဖုန်းပုမိန်၏ ဂိုဏ်းတူညီ ပေါင်ပုချိ ပင်ဖြစ်တော့သည်။

သူသည် ဓားကိုဆွဲ၍ ရက်ပုချွန်တို့ လင်မယားထံသို့ လျှောက်လာခဲ့လေပြီ။ မရဏသေမင်း၏ ကောင်းချီးပေးသံ သောင်း သောင်းညံ ပေတော့မည်တကား။

× × × × × ×

## အနိုင်မခံ အရှုံးမပေး

လင့်ဟူချုံး မှာ မြေကြီးပေါ်တွင် လဲလျောင်းနေသော်လည်း အခြေအနေအားလုံးကို စောင့်ကြည့်နေသူဖြစ်၏။ သူ၏ အတွင်းဒဏ်ရာနှင့်ပတ်သက်၍ ယခုအချိန်တွင် လင့်ဟူချုံးအနေဖြင့် ကောင်းစွာ သဘောပေါက်သွားပေပြီ။

သူ့အနေဖြင့် အတွင်းအားလုံးဝမထုတ်နိုင်တော့ပေ။ အတွင်းအားထုတ်လိုက်သည်နှင့် တစ်ကိုယ်လုံးပျော့ခွေကာ တစ်ခေါင်းလုံး မူးဝေနောက်ကျိစွာ ခံစားရတော့သည်။ အားမထုတ်ဘဲနေပါက သာမန်လူများကဲ့သို့ ခြေလက်ကောင်းစွာ လှုပ်ရှားနိုင်သည်။

ယခု မြေကြီးပေါ်တွင် အတွင်းအားလုံးဝမထုတ်ဘဲ ငြိမ်သက်စွာလဲလျောင်းနေခဲ့သဖြင့် ခြေလက်များ ကောင်းစွာ လှုပ်ရှားနိုင်နေပေပြီ။

သူက သူ၏ဆရာနှင့် ဆရာမတို့အသတ်ခံရမည်ကို တွေ့ရသောအခါ ငြိမ်သက်၍ကြည့်မနေနိုင်တော့ပေ။ သူ၏ဓားကို ဆွဲ၍ ရုတ်ခြည်း မတ်တတ်ရပ်လိုက်တော့၏။

အားလုံး ရုတ်တရက် ငေးကြောင်သွားကြတော့၏။ အဘယ်ကြောင့်ဆိုသော် ဤမျှ အပြင်းအထန်တိုက်ခိုက်၊ ရှင်းလင်းပြောကြားနေသည့်တစ်ချိန်လုံး လင့်ဟူချုံးမှာ မြေကြီးပေါ်၌ လဲကျနေခဲ့ရာ လူတိုင်းက လင့်ဟူချုံးသေပြီ၊ သို့မဟုတ် ဒဏ်ရာအပြင်းအထန်ရနပြီဟူ၍သာ မှတ်ထင်သွားခဲ့ကြ၍ ဖြစ်သည်။

ယခု လင့်ဟူချုံးက ရုတ်တရက် မတ်တတ်ရပ်လိုက်သောအခါ ဤသို့ ကြောင်သွားရခြင်းဖြစ်သည်။ ဖူးလင်မှာ ဝမ်းသာ တုန်လှုပ်သောအသံဖြင့် ...

"လူလေး" ဟု ခေါ်လိုက်မိ၏။ ဖူးလင်၏မေတ္တာတရားကား လင့်ဟူချုံးအပေါ်၌ အလွန်တရာကြီးမားလှပေသည်။ တကယ့် ဝမ်းနှင့်လွယ်၍ မွေးထားသည့် သားငယ်ပမာပေတည်း။

ထိုစဉ် လင့်ဟူချုံးက သူ့ဆရာနှင့် ပေါင်ပုချိန်တို့အကြားသို့ လျှောက်သွားပြီးရပ်လိုက်သည်။

ပေါင်ပုချိန်မှာ မမျှော်လင့်သောအဖြစ်ကြောင့် ရုတ်တရက် ငေးကြောင်ကြည့်နေမိသည်။ သို့သော် ချက်ချင်းလိုလိုပင် လင့်ဟူချုံး၏ ချည့်နဲ့တုန်ယင်နေသော ခန္ဓာကိုယ်အတွင်း တွေ့လိုက်ရသောအခါ အထင်သေးသောစိတ်ဝင်သွားပြီး ...

"သွားစမ်း" ဟု အော်ပြီး လင့်ဟူချုံး၏လည်မျိုကို ဓားနှင့် ထိုးစိုက်လိုက်တော့၏။

ထိုစဉ် လင့်ဟူချုံးထိုးချိန်လိုက်သောနေရာမှာ ပေါင်ပုချိန်၏ ချိုင်းကြားဖြစ်နေ၏။ ပေါင်ပုချိန်၏ဓားက ရှေ့သို့ထိုးလိုက်ခြင်းဖြစ်ရာ သူ၏လက်မောင်းရင်းသည်လည်း ရှေ့သို့တိုးလာရတော့သည်။

ထိုအခါ ပေါင်ပုချိန်၏ချိုင်းကြားက လင့်ဟူချုံး၏ဓားရှိရာသို့ တိုးဝင်သွားသကဲ့သို့ ဖြစ်သွားတော့၏။

ဤအကွက်မှာ 'ဧကရာဇ်ကိုးကွက်' တွင်ပါဝင်သော ဓားဖျက်ကွက်ပင်ဖြစ်တော့သည်။

ပေါင်ပုချိမှာ မိမိ၏ဓားက ရှေ့သို့တိုးသွားသည်နှင့် မိမိ၏ချိုင်းကလည်း ရန်သူ၏ဓားထိပ်သို့ သွားထိုးတော့မည်ကို တွေ့ရသောအခါ အကြီးအကျယ်ထိတ်လန့်သွားပြီး ကမန်းကတန်းအားကိုရုပ်သိမ်း၍ နောက်ပြန်လှိမ့်ကာ ရှောင်လိုက်ရတော့သည်။

ဤအကွက်ကို ရှောင်နိုင်ခဲ့ခြင်းမှာ ပေါင်ပုချိန်ကိုယ်တိုင် အင်မတန် လျင်မြန်ဖျတ်လတ်လွန်း၍ဖြစ်သည်။ အလွန်အန္တရာယ်များသောအကွက်ဖြစ်ရာ နောက်ပြန်ရှောင်တိမ်းမှု အနည်းငယ်နောက်ကျသည်နှင့် မိမိ၏လက်တစ်ဖက် ကြီးစွာသော ဒဏ်ရာရရှိသွားပေလိမ့်မည်။

ရှောင်တိမ်းရာမှ မတ်တတ်ရပ်လိုက်သောအခါ သူ့တစ်ကိုယ်လုံးတွင် ရွံ့များပေကျံနေရုံမျှမက မျက်နှာတစ်ခုလုံးတွင်လည်း ရုပ်ပျက်ဆင်းပျက် ရွံ့များပေနေတော့၏။

ထိုအခြင်းအရာကို တွေ့လိုက်ရသောအခါ အချို့မအောင့်နိုင်သူများက တခိုးခိုးတခစ်ခစ် ရယ်ကြတော့သည်။

ရယ်လည်း ရယ်စရာပေကိုး ...

သို့သော် ရယ်စရာဖြစ်၍သာ ရယ်လိုက်ကြရသည်၊ အသေအချာ စဉ်းစားကြည့်သောအခါ လင့်ဟုချုံး၏ ဓားကွက်ကို ရှောင်တိမ်းရန်နည်းလမ်းမှာ ဤတစ်နည်းတစ်လမ်းတည်းသာရှိကြောင်း သူတို့သိမြင်သဘောပေါက်လာကြတော့၏။

ပေါင်ပုချိမှာမူ ဤသို့ ရယ်သံများကြားလိုက်ရသောအခါ အလွန်ရှက်သွားပြီး သူ၏ဒေါသများသည်လည်း အဆီးအတားမရှိ ဖိတ်လျှံထွက်လာတော့၏။ သူက လင့်ဟုချုံးထံသို့ ချက်ချင်းခုန်အုပ်လိုက်၏။

လင့်ဟုချုံးမှာလည်း ... ကံကောင်းထောက်မစွာ စိတ်ဓာတ်ကြည်ကြည်လင်လင် ဖြစ်နေသည်။ သူ့စိတ်ထဲတွင် ...

"ဒီကနေ့ ငါ့အတွင်းအားကို ယောင်လို့တောင်ထုတ်လို့မဖြစ်ဘူး ... ဆရာဘိုးဘိုးသင်ပေးထားတဲ့ ဓားသိုင်းပညာ သက်သက်နဲ့ပဲ ရန်သူကို တိုက်ခိုက်ရတော့မှာပဲ ... "

လင့်ဟုချုံးသည် 'ဇကရာဇ်ကိုးကွက်' ပါ ဓားဖျက်ကွက်များကို တတ်မြောက်ထားပြီးဖြစ်ရာ သူ့အနေဖြင့် ပေါင်ပုချိကို ကြောက်ရွံ့စိတ်လုံးဝမရှိပေ။

ယခု ပေါင်ပုချိက ခုန်အုပ်တိုက်ခိုက်လိုက်သောတိုက်ကွက်သည် အပြင်ပန်းမှကြည့်လျှင် လွန်စွာ ကြောက်မက်ဖွယ်ရာကောင်းလှသော်လည်း လင့်ဟုချုံးအဖို့မူ တစ်ချက်ကြည့်လိုက်ရုံဖြင့် ပေါင်ပုချိ၏ဟာကွက်ကို တွေ့လိုက်ရပြီးဖြစ်သည်။

လင့်ဟုချုံးမှာ မည်သို့မျှ ပျာယာခတ်ခြင်းမရှိဘဲ ဓားဖျားကို အောက်မှပင့်၍ ပေါင်ပုချိ၏ချက်အောက်သို့ ထိုးသွင်းလိုက်တော့သည်။

ထိုအကွက်မှလွတ်မြောက်ရန် လင့်ဟုချုံးအနေနှင့် နောက်သို့ခုန်ရှောင်သော်လည်း ရှောင်ရမည်၊ သို့မဟုတ် ပေါင်ပုချိ၏ဓားကို မိမိဓားဖြင့် ကာသော်လည်းကာရပေမည်။

ထိုနှစ်ခုအနက် တစ်ခုခု လင့်ဟုချုံးပြုမူလိုက်ပါက ပေါင်ပုချိအဖို့ ချက်အောက်ရှိဟာကွက်သည် အန္တရာယ်မရှိနိုင်တော့ပေ။ ထိုဟာကွက်ကို ဂရုတစိုက်ကာကွယ်ရန် မလိုတော့ပေ။

ယခုမူ လင့်ဟုချုံးသည် ရှောင်တိမ်းခြင်း၊ ကာကွယ်ခြင်းတို့ကို လုံးဝဂရုမပြုဘဲ သူ၏ဓားဦးကို ပေါင်ပုချိ ချက်အောက် ဦးတည်ချိန်ရွယ်ထားလျက် သွေးသောက်ရန် အဆင်သင့်ဖြစ်နေချေပြီ။

ပေါင်ပုချိမှာ လေထဲ၌ ဝဲပျံနေစဉ်အတွင်း မိမိ၏ချက်အောက်သို့ ထိုးစိုက်ရန် အသင့်ဖြစ်နေသော ဓားဦးကြောင့် တစ်သက်နှင့်တစ်ကိုယ် မကြုံဘူးသော အဆိုးဝါးဆုံးသောအခြေအနေကို ကြုံတွေ့လိုက်ရတော့၏။

ထိုဓားဦးကို မည်သို့မျှရှောင်တိမ်းရန် မလွယ်တော့ချေ။ သူက ကမန်းကတန်းဖြင့် လင့်ဟုချုံး၏ဓားကို ခုတ်ချလိုက်တော့သည်။

သို့သော် လင့်ဟုချုံးက သည်အကွက်ကို ကြိုမြင်ထားပြီး 'ဇကရာဇ်ကိုးကွက်' ၏ ဓားသိုင်းပညာ၌ ခုခံကွက်ဟူ၍ လုံးဝမရှိပေ။ ရန်သူ၏ဟာကွက်များကို တစ်ခုပြီးတစ်ခု ရှာကြံတိုက်ခိုက်ခြင်းဖြင့် မိမိကိုယ်မိမိ ကာကွယ်ထားသည့် ပညာသာဖြစ်သည်။

ထို့ကြောင့် 'ဇကေရာဇ်ကိုးကွက်' ဓားသိုင်း၏ အနှစ်သာရမှာ ရန်သူအား အဆက်မပြတ်တိုက်စစ်ဆင်ခြင်းသည် မိမိအတွက် အကောင်းဆုံး ခံစစ်ပြင်ခြင်းဖြစ်သည်ဟူ၏။

လင့်ဟူချုံးသည် မိမိ၏ဓားကို ပေါင်ပုချိက ခုတ်ချလိုက်သည်နှင့် ချက်ချင်းပင် ဓားရုပ်လိုက်ပြီး ပေါင်ပုချိ၏ ရင်ဘတ်ကို ထိုးချိန်လိုက်ပြန်၏။

ပေါင်ပုချိမှာ လင့်ဟူချုံး၏ဓားကိုရိုက်ချပြီး ထိုဓားချင်းထိရာမှ တန်ပြန်အားကိုယူ၍ နောက်ပြန်ခုန်ထွက်ရန် ကြိုးစားလိုက်ခြင်းဖြစ်၏။

သို့သော် လင့်ဟူချုံး၏ဓားက ရုတ်တရက် ပြောက်တက်လာသောအခါ ပေါင်ပုချိ၏ ရိုက်ချလိုက်သောဓားသည် လေထဲ၌ လွဲချော်သွားတော့၏။ ထိုအခါ လေထဲ၌ သူ၏အရှိန်ကို ရပ်တန့်ခြင်းငှာ လုံးဝမတတ်နိုင်တော့ဘဲ သူ့ရင်အုံက လင့်ဟူချုံး၏ ချိန်ရွယ်ထားသောဓားဦးသို့ ဝင်တိုးလေတော့၏။

ဖုန်းပုမိန်က ရုတ်တရက်ခုန်ထွက်ပြီး ပေါင်ပုချိ၏နောက်ကျောကို လှမ်းဆွဲထားလိုက်သော်လည်း တစ်လှမ်းမျှ နောက်ကျနေသဖြင့် မမီတော့ချေ။ လင့်ဟူချုံး၏ဓားမှာ ပေါင်ပုချိ၏ပခုံးသို့ 'ဇွိ' ခနဲထိုးစိုက်သွားတော့၏။

ဖုန်းပုမိန်သည် ပေါင်ပုချိကို နောက်ဘက်သို့ဆွဲယူလိုက်ပြီး ဓားဖြင့် လင့်ဟူချုံး၏လည်ပင်းသို့ ခုတ်ချလိုက်တော့သည်။ အမှန်စင်စစ်အားဖြင့် လင့်ဟူချုံးက ပြန်လည်တိုက်စစ်ဆင်မည်ဆိုလျှင် နောက်သို့ခုတ်ဆုတ်၍ ပြင်ဆင်ပြီးမှ တိုက်စစ်ဆင်ရမည်ဖြစ်၏။

သို့သော် လင့်ဟူချုံးအနေဖြင့် အတွင်းအားလုံးဝထုတ်နိုင်သူမဟုတ်သဖြင့် နောက်ပြန်ခုန်ဆုတ်လျှင် လုံးဝလျင်မြန်မှု မရှိနိုင်ပေ။ နေးကွေးနေသဖြင့် ဖုန်းပုမိန်၏ဓားချက်ကိုလည်း ရှောင်တိမ်းနိုင်မည်မဟုတ်ချေ။

ထို့ကြောင့် သူက 'ဇကေရာဇ်ကိုးကွက်' ဓားသိုင်းပညာကိုအသုံးပြုကာ ဓားကို လက်ပြန်ထိုးလိုက်၏။ ဓားကို ဖုန်းပုမိန်၏လည်မျိုသို့ ထိုးစိုက်လိုက်သည်။ ဤအကွက်ကို ရုတ်တရက်ကြည့်လိုက်ပါက နှစ်ယောက်အတူတူ အထိနာသည့် သူသေ ကိုယ်သေတိုက်ကွက်မျိုးဟုထင်ရ၏။

သို့သော် တကယ့်တကယ်တွင်မူ လင့်ဟူချုံး၏ဓားက ဖုန်းပုမိန်၏လည်မျိုကိုစိုက်ပြီးမှ ဖုန်းပုမိန်၏ဓားက လင့်ဟူချုံး၏လည်ပင်းသို့ ရောက်ရှိလာမည်ဖြစ်သည်။

ထိုဓားဦးနှစ်ခု ရောက်ရှိကြသည့်အချိန်ကာလသည် သိပ်ကွာခြားလှသည်မဟုတ်သော်လည်း တကယ့်ထိပ်သီးသိုင်းသမားများမှာ မိမိက ရှေးဦးစွာဒဏ်ရာရပြီးမှ ရန်သူကိုဒဏ်ရာရစေသည့်တိုက်ကွက်မျိုးကို မည်သည့်အခါမှ မသုံးကြချေ။ ဖုန်းပုမိန်သည် သည်တစ်ကွက်ကို တွေ့လိုက်ရသည်နှင့် ချက်ချင်းပင် နောက်ပြန်ခုန်ဆုတ်ပြီး တဆက်တည်းနှင့် ဓားချက် ခုနစ်ချက်တိတိ ထိုးခုတ်လိုက်တော့၏။ ဓားချက်များမှာ တစ်ချက်ထက်တစ်ချက် ပို၍ ပို၍ လျင်မြန်လာသည်။

လင့်ဟူချုံးမှာ ဖုန်းပုမိန်၏ ပြင်းထန်သောဓားချက်များကို တွေ့ရသော်လည်း များစွာတုန်လှုပ်ခြင်းမရှိလှပေ။ သူ၏စိတ်များအတွင်းဝယ် သူ့ဆရာဘိုးဘိုး သင်ပေးသောဓားကွက်များက တစ်ကွက်ပြီးတစ်ကွက်ပေါ်လာနေသည်။

တစ်ခါတစ်ရံ ကျောက်ဂူနံရံပေါ်ရှိ ဓားကွက်များပေါ်လာသည်။ ဤသို့အားဖြင့် သူ့လက်မှာ အလိုအလျောက် ထိုဓားကွက်များကိုသုံးသွားပြီး တိုတောင်းသည့် အချိန်ကာလကလေးအတွင်း၌ ဖုန်းပုမိန်နှင့် ဓားကွက်ပေါင်း ခုနစ်ဆယ်ကျော် တိုက်ခိုက်နိုင်ခဲ့တော့သည်။

သူတို့၏တိုက်ပွဲကား အံ့မခန်းတိုက်ပွဲဖြစ်၏။ အဘယ်ကြောင့်ဆိုသော် သူတို့နှစ်ယောက်၏ဓားများမှာ တစ်ချောင်းနှင့် တစ်ချောင်း လုံးဝထိမိခြင်မရှိပဲ တိုက်ခိုက်နေကြသောကြောင့်ပေတည်း။

နှစ်ယောက်စလုံး၏ တိုက်ကွက်များမှာ အလွန်တရာ ထူးခြားဆန်းကြယ်လှပေသည်။

ဖုန်းပုမိန်သည် လင့်ဟူချုံးထက် အတွင်းအားသာသောသူဖြစ်၍ လင့်ဟူချုံး၏ တိုက်ကွက်များကို ဓားကွက်ဖြင့် မကာကွယ်နိုင်သည့်အခါတိုင်း အတွင်းအားထုတ်၍ ဓားချင်းရိုက်ထုတ်ပစ်ရန် အကြိမ်ကြိမ်ကြိုးစားသည်။ ထိုအခါမျိုးတွင် လင့်ဟူချုံးက ရှောင်တိမ်းပေးရတော့၏။

ဘေးမှကြည့်ရှုနေသော သိုင်းသမားများထဲမှအချို့က ဖုန်းပုမိန်၏ ကလိန်ကကျစ်လုပ်၍ တိုက်ခိုက်သောနည်းကို မကျေမနပ်ဖြစ်လာကြ၏။ ထိုက်ဆန်းဂိုဏ်းမှ သိုင်းသမားတစ်ယောက်က တအံ့တသြဖြစ်သွားဟန်ပြုပြီး ဖုန်းပုမိန်၏ တိုက်ခိုက်မှုကို သွယ်ဝိုက်၍ရှုတ်ချလိုက်သည်။

"ဟာ ... ဘယ်လိုဖြစ်တာလဲ ... ဝါဆန်းလေသိုင်းအဖွဲ့ရဲ့တပည့်က ဓားသိုင်းကောင်းပြီး ဓားသိုင်းအဖွဲ့ရဲ့ ဆရာကြီးကျတော့ လေသိုင်းသိပ်ကောင်းနေပါကလား ... ဝါဆန်းဂိုဏ်းရဲ့ လေသိုင်းအဖွဲ့နဲ့ ဓားသိုင်းအဖွဲ့ကတော့ တကယ့်ကို ပြောင်းပြန်ကြီးပါလားဟေ့"

ထိုစကားကို ကြားလိုက်ရသောအခါ ဖုန်းပုမိန်မှာ မျက်နှာနီသွားတော့၏။ ထို့ကြောင့် သူ၏ဓားကို ပိုမိုပြင်းထန်သည် ထက်ပြင်းထန်အောင် တိုက်ခိုက်တော့သည်။

တကယ့်တကယ်တွင် ဖုန်းပုမိန်မှာ ဓားသိုင်းအဖွဲ့၏ဆရာကြီးဖြစ်သဖြင့် ဓားသိုင်းပညာ အလွန်တော်သူဖြစ်သည်။

လင့်ဟူချုံးမှာလည်း 'ဇကရာဇ်ကိုးကွက်' ကို ထုတ်သုံးနေသည်ဖြစ်ရာ သူအနိုင်ယူနိုင်သည့် အကွက်ပေါင်းများစွာ တွေ့ခဲ့ရသည်။ သို့သော် သူ့ခမျာ အတွင်းအားလုံးဝမထုတ်နိုင်သဖြင့် ခြေလက်များနှေးကွေးလေးလံနေခဲ့ရာ သူအရယူ နိုင်သည့် နိုင်ကွက်များစွာကို လက်လွတ်ဆုံးရှုံးခဲ့ရသည်။

လင့်ဟူချုံးသည် 'ဇကရာဇ်ကိုးကွက်' ကို အများအယွင်းမရှိ ကျွမ်းကျင်လိမ္မာစွာ တတ်မြောက်ခဲ့ပြီးသူ မဟုတ်သေး ချေ။ သူ့အနေဖြင့် တကယ့်ထိပ်သီးသိုင်းပညာရှင်ဖြင့် ပထမဦးဆုံး တိုက်ခိုက်နေခြင်းဖြစ်သဖြင့် သူ့ဓားကွက်များမှာ သေသေသပ်သပ်မရှိဘဲဖြစ်နေ၏။

ပြေပြစ်ညက်ညောခြင်း သိပ်မရှိလှပေ။ ထိုအကြောင်းများကြောင့် ဤမျှကြာမြင့်စွာ တိုက်ခိုက်နေပါလျက် အရှုံးအနိုင် မပေါ်ပေါက်ရခြင်း ဖြစ်တော့သည်။

နောက်ထပ် သိုင်းကွက်သုံးဆယ်ကျော် တိုက်ခိုက်ပြီးသောအခါ လင့်ဟူချုံးသည် အချက်တစ်ချက်ကို သတိပြုမိလာ တော့သည်။

မိမိက ဖြစ်သလိုတိုက်ခိုက်လိုက်သည့်အခါတိုင်း ဖုန်းပုမိန်မှာ ပုံပျက်ပန်းပျက် ခုခံရှောင်တိမ်းနေရသည်။

သို့သော် မိမိတို့၏ ဝါဆန်းဂိုဏ်းမှ ဓားကွက်တစ်ကွက်ကို ထုတ်လိုက်မိသည့်အခါတွင်မူ ဖုန်းပုမိန်က ချက်ချင်း တန်ပြန် တိုက်ခိုက်နိုင်ကြောင်း သတိပြုမိလာသည်။

ထိုစဉ် သူ့နားထဲ၌ သူ့ဆရာဘိုးဘိုး၏ သွန်သင်ချက်များကို ကြားယောင်လာမိတော့သည်။

"မင်းရဲ့ဓားမှာ ဓားကွက်မရှိတော့ရင် ရန်သူက ဘယ်လိုမှမဖျက်နိုင်တော့ဘူး ... ဓားကွက်မရှိတဲ့ ဓားသိုင်းဟာ ဓားသိုင်းပညာရဲ့ အထွတ်အထိပ်ပဲ ... "

ယခုအချိန်တွင် လင့်ဟူချုံးမှာ 'ဇကရာဇ်ကိုးကွက်' ၏ နက်နဲသော သဘောတရားများကို မနောအာရုံတွင်း၌ တစ်စစီ တစ်မျှင်စီ ဆုပ်ကိုင်မိစ ပြုလေပြီ။

ထို့ကြောင့် ထိပ်သီးသိုင်းပညာရှင် ဖုန်းပုမိန်၏ဓားကွက်များ မည်မျှပြင်းထန်စေကာမူ သူတစ်ချက်ကြည့်ရုံဖြင့် ဓားကွက်၏ဟာကွက်များကို တွေ့နိုင်ခဲ့ပြီဖြစ်တော့၏။ ထိုဟာကွက်ကို တစ်ချက်တိုးလိုက်ရုံမျှဖြင့် ဖုန်းပုမိန်မှာ ပြန်လှန် ကာကွယ် ခုခံနေရတော့သည်။

အတန်ကြာတိုက်ခိုက်ပြီးသည့်အခါ လင့်ဟူချုံးသည် တဖြည်းဖြည်း သူ့ကိုယ်သူ ယုံကြည်စိတ်ချလာတော့သည်။ ထို့ကြောင့် မိမိအနေဖြင့် ဖုန်းပုမိန်ကို အနိုင်ယူရန် လုံးဝမခက်ခဲမှန်း သိလာတော့သည်။

သူ၏ဦးနှောက်ထဲတွင် ဓားကွက်နှစ်ဆယ်ကျော် လျှပ်တစ်ပြက်အတွင်း ပေါ်ထွက်လာသည်။ သူက မည့်သည့်အကွက် ထုတ်ပြီးမှ မည်သည့်အကွက်ထုတ်မည်ဟု အစီအစဉ်နှင့် စဉ်းစားတောင်မနေတော့ပေ။ အလိုအလျောက်ပင် လေထဲ၌ ပေါ်လာသမျှအကွက်များကို ထုတ်ပစ်လိုက်တော့၏။

ဤဓားကွက်များမှာ မည်သည့်အဖွဲ့၏ဓားကွက်ဖြစ်သည်၊ မည်သူများက ယခုလက်ခံကျင့်သုံးနေသည်၊ မည်သည့် ဓားကွက်ဖြစ်သည်၊ ဓားက မည်သို့ဆက်တိုက် တိုက်ခိုက်သွားလိမ့်မည် စသည့်အချက်များကို သူကိုယ်တိုင်မသိပေ။ ဓားကွက်များမှာ လျှပ်ပြက်သည့်နှယ် တစ်ကွက်ပြီးတစ်ကွက် ဆက်ထွက်နေတော့၏။

ဖုန်းပုမိန်မှာလည်း ...

"ဟာ ... ဘာဓားကွက်တွေလဲ" ဟု စိတ်ထဲမှ အလန့်တကြား ရေရွတ်နေမိတော့၏။ သူ့အနေဖြင့် ထိုဓားကွက်များ မည်သည့်ဓားကွက်မှန်း မသိသဖြင့် မည်သို့ဖျက်ရမည်မှန်းလည်း မသိနိုင်ဘဲဖြစ်နေတော့သည်။ နောက်ဆုံး တစ်ကိုယ်လုံး ကို ဓားဖြင့် ဝှေ့ယမ်းကာကွယ်ထားနေရတော့၏။ သို့သော် သူ့အနေဖြင့် ဤမျှကာကွယ်နေသည့်ကြားမှ လင့်ဟူချုံး၏ ဓားက သူ၏ခါးကို ရုတ်တရက်ထိုးစိုက်လာတော့သည်။ ဖုန်းပုမိန်မှာ ကမန်းကတန်းပင် နောက်သို့ခုန်ဆုတ်လိုက်ရ တော့၏။

ထိုအခါ ဟန်ဆန်းဂိုဏ်းမှ မယ်သီလရှင်က ရင်သပ်ရှုမောချီးကျူးလိုက်သည်။

"အံ့သြစရာကောင်းလိုက်တာ ... ဒီလူရဲ့ဓားသိုင်းက တကယ့်ပဲ ချီးကျူးစရာကောင်းတာပဲ ... "

သူမက လင့်ဟူချုံး၏ဓားသိုင်းပညာကို ချီးကျူးလိုက်ခြင်းဖြစ်ကြောင်းမှာ ထင်ရှားနေသည်။ ဖုန်းပုမိန်မှာ ထိုစကား ကို ကြားလိုက်ရသောအခါ စိတ်ထဲ၌ ဆုံးဖြတ်ချက်တစ်ခု ချလိုက်မိတော့၏။

"ငါ့လိုလူက ဒီချာတိတ်ကလေးကိုတောင်မနိုင်ရင် ဘယ်လိုလုပ်သိုင်းလောကထဲမှာ မျက်နှာပြရဲတော့မှာလဲ ... ဝါဆန်းဂိုဏ်းရဲ့ဂိုဏ်းချုပ် ဘယ့်နှယ်လုပ်တော့မှာလဲ ... ငါ့ရဲ့ပညာကို ဖုံးဝှက်နေလို့မဖြစ်တော့ဘူး ... ရှိသမျှပညာကို သွန်ချပြရတော့မှာပဲ ... "

ရုတ်တရက် ချက်ချင်းပင် သူ၏ဓားကွက်များ ပြောင်းလဲလာတော့၏။ သူ၏ဓားမှာ တစ်ချက်ခုတ်လိုက်တိုင်း လေတိုးသံ တဟဲဟဲ ထွက်ပေါ်လာသည်။ ဤကား ဖုန်းပုမိန် တောထဲ၌ တစ်ဆယ့်ငါးနှစ်တိတိ လေ့ကျင့်အောင်မြင်ခဲ့သော 'မုန်တိုင်း ဓားသိုင်း' ပင်ဖြစ်တော့၏။

အမှန်စင်စစ် ဤပညာသည် ဖုန်းပုမိန်၏ နောက်ဆုံးထုတ်သုံးလိုက်ရသည့် ပညာပင်ဖြစ်တော့သည်။ ဖုန်းပုမိန် အနေဖြင့် ဤပညာကို ထုတ်မပြချင်ပေ။ သို့သော် ယခုအခြေအနေ၌ ထုတ်မပြချင်၍မဖြစ်တော့။ ထုတ်မပြလျှင် အရှက်ကွဲ ရပေတော့မည်။

ဤ 'မုန်တိုင်းဓားကွက်' မှာ အမှန်တကယ်အားပါပြီး ပြင်းထန်လှ၏။ ဘေးပတ်လည်၌ ရပ်ကြည့်နေသော သူများ၏ မျက်နှာများကိုပင် ဖုန်းပုမိန်၏ဓားမှ ရိုက်ထုတ်လိုက်သည့် လေလှိုင်းအားက သွားရောက်ရိုက်ခတ်နေရာ မျက်နှာများ ကျိန်းစပ်ကုန်သည်အထိ ပြင်းထန်လှပေတော့သည်။ ထိုအခါ ဘေးပတ်လည်မှ လူများအားလုံး နောက်သို့ဆုတ်ခွာသွား ကြရတော့၏။

ယခုအချိန်တွင် ကောင်းဆန်းဂိုဏ်း၊ ထိုက်ဆန်းဂိုဏ်းနှင့် ချုံးဆန်းဂိုဏ်းများမှ သိုင်းသမားများသည် ဖုန်းပုမိန်အား လုံးဝအထင်မသေးရဲတော့ချေ။ ကြောက်မက်ဖွယ်ရာကောင်းလှသော ဓားသိုင်းပညာရှင်တစ်ဦးဖြစ်ကြောင်း တညီတညွတ် တည်း လက်ခံလိုက်မိကြတော့၏။

ဤ 'မုန်တိုင်းဓားကွက်' ကြောင့် အားလုံး၏အမြင်၌ လင့်ဟူချုံးမှာ ပင်လယ်ပြင်တွင် မုန်တိုင်းမိနေသော လှေကလေး နှင့် ပမာတူနေသည်။ မုန်တိုင်းကြီး၏ လှိုင်းအတက်အကျအတိုင်း လှေကလေးလိုက်ပါနေရသည်။ သို့သော် လှေကလေး သည် လှိုင်းပေါ်၌သာရှိနေသည်။ လှိုင်းအောက်သို့မရောက်ချေ။ လှိုင်းကြီးလှေအောက်၊ တောင်ကြီးဖဝါးအောက်ဆိုသည့် စကားစုပမာအတိုင်းပင်တည်း။

လင့်ဟူချုံးမှာ 'ဓကေရာဇ်ကိုးကွက်' ဓားသိုင်းပညာကိုလေ့ကျင့်ပြီး ဓားသိုင်းပညာ၌ အတော်အတန်ထက်မြက်သည့် ထင်ပေါ်နှင့် စတင်တိုက်ခိုက်ခဲ့ရသည်။ သို့သော် ထင်ပေါ်၏ဓားသိုင်းပညာမှာ 'ဓကေရာဇ်ကိုးကွက်' ၏နက်နဲမှုကို ကောင်းစွာ မသိမြင်နိုင်ခဲ့ရချေ။

ယခု ဖုန်းပုမိန်၏ ထက်မြက်သော 'မုန်တိုင်းဓားသိုင်း' နှင့် ထိပ်တိုက်တွေ့ဆုံသောအခါကျမှ 'ဇကရာဇ်ကိုးကွက်' ၏ ဓားသိုင်းပညာမှာလည်း သူ၏နက်နဲလှသောစွမ်းရည်ကို ထုတ်လှစ်ပြသလာတော့သည်။ 'ဇကရာဇ်ကိုးကွက်' ၏ လျှို့ဝှက်ချက်တစ်ရပ်မှာ ရန်သူဓားသိုင်းပညာပိုတော်လေလေ သူက နာတစ်ဖျားသာကြောင်း ပြလေလေဖြစ်သည်။

အမှန်စင်စစ် 'ဇကရာဇ်ကိုးကွက်' ၏ နက်နဲမှုအစအဆုံးကို လင့်ဟူချုံး ဖမ်းဆုပ်ရယူနိုင်ပြီးပြီမဟုတ်ချေ။ ဤဓားသိုင်းကွက်မှာ ခက်ခဲနက်နဲလွန်းလှသဖြင့် သူ့ဘဝတစ်လျှောက်လုံး ဆည်းပူးလေ့ကျင့် သွားရမည်သာဖြစ်သည်။ သူသေသည့်အထိပင် ဤဓားသိုင်းပညာ၏နက်နဲမှုအဆုံးကို ဖမ်းဆုပ်သိရှိနိုင်ကောင်းမှ သိရှိနိုင်မည်။

သို့သော် လင့်ဟူချုံးအနေဖြင့် 'ဇကရာဇ်ကိုးကွက်' ၏ သဘောတရား အရိပ်အငွေ့ကို သဘောပေါက်ရုံမျှနှင့်ပင် ဖုန်းပုမိန်၏ 'မုန်တိုင်းဓားကွက်' ကို အနိုင်တိုက်ခိုက်နိုင်ပေမည်။ တစ်ကွက်တိုက်ခိုက်လိုက်တိုင်း ဓားသိုင်း၏ သဘောတရားအသစ်ကို နားလည်လိုက်သဖြင့် လင့်ဟူချုံးမှာ အသစ်အသစ်သော ဓားသိုင်းပညာရပ်များကို တိုက်ခိုက်ရင်းမှ ဆည်းပူးရရှိနေလေပြီ။ ထို့ကြောင့် သူ့စိတ်ထဲတွင် ...

"ဖုန်းပုမိန်လို ဓားသိုင်းပညာရှင်မျိုးကို တော်တော်နဲ့ရှာလို့တွေ့မှာမဟုတ်ဘူး ... ငါက တကယ်လို့ သူ့ကိုသာသတ်လိုက်ရင် နောက်ဆို ဒီလိုဓားသိုင်းပညာရှင်မျိုးနဲ့ ဘယ်တော့မှ ပညာဖလှယ်နိုင်မှာမဟုတ်ဘူး ... ဒီလူကိုသတ်လို့မဖြစ်ဘူး ... "

ယခုအချိန်တွင် ဓားသိုင်းပညာ၏ သဘောတရားများကို တစ်ဆင့်ပြီးတစ်ဆင့် သဘောပေါက်လာပြီဖြစ်၍ လင့်ဟူချုံးက ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုမှာ ခြွင်းချက်မရှိ အပြည့်အဝရှိနေလေပြီ။ ထို့ကြောင့် သူ့အနေဖြင့်အလောတကြီး အနိုင်မယူချင်တော့။ ရန်သူ၏ဓားသိုင်းပညာကို ခွဲခြမ်းစိတ်ဖြာ၍ လေ့လာသုံးသပ်နေတော့သည်။

ထိုအချိန်၌ ဖုန်းပုမိန်၏ 'မုန်တိုင်းဓားကွက်' မှာ ကုန်ဆုံးသွားလေပြီ။ သူက နောက်ဆုံးဝှက်ဖဲတစ်ချပ်ဖြစ်သည့် 'မုန်တိုင်း ဓားကွက်' ကို ထုတ်သုံးလိုက်သော်လည်း လုံးဝအနိုင်မယူနိုင်သေးကြောင်း တွေ့ရှိလာသောအခါ ရက်စိတ်ဖြင့် တစ်ခေါင်းလုံး ထူပူလာတော့သည်။ ဤဓားသိုင်းကွက်ကိုပင် အစမှပြန်သုံးသပ်ရန် ဟန်ပြင်လိုက်၏။

ထိုစဉ် လင့်ဟူချုံးထံမှ ဓားလေးချက်သည် လျှပ်ပြက်သည့်နှယ်ဝင်လာတော့သည်။ ဖုန်းပုမိန်၏ လက်နှစ်ဖက်နှင့် ခြေထောက်နှစ်ဖက်တွင် ဓားတစ်ချက်စီအထိုးခံလိုက်ရသည်။ ထို့ကြောင့် 'ထန်း' ခနဲ မြည်သွားသံနှင့်အတူ ဖုန်းပုမိန်၏ဓားမှာ လက်မှ လွတ်ကျသွားလေတော့၏။

လင့်ဟူချုံးအနေဖြင့် ဖုန်းပုမိန်အား အသေသတ်ချင်စိတ်လုံးဝမရှိချေ။ ထို့ပြင် သူကိုယ်တိုင် အတွင်းအား လုံးဝမရှိသောကြောင့် ဖုန်းပုမိန်ရသွားသည့် ဓားလေးချက်စလုံးမှာလည်း ကြီးကျယ်ပြင်းထန်သော ဒဏ်ရာကြီးများ မဟုတ်ကြချေ။ သို့သော် ဖုန်းပုမိန် ဆက်၍မတိုက်ခိုက်တော့။ သွေးဆုတ်ဖြူရော်သောမျက်နှာဖြင့် ကောင်းဆန်းဂိုဏ်းချုပ်ကြီး၏သား 'ကျိဖေးရင်း' အား လှည့်ပြောလိုက်တော့၏။

"ခင်ဗျားရဲ့အဖေကို ပြောလိုက်ပါတော့ ... သူ့ရဲ့စေတနာကို ကျုပ်က လိုက်လိုက်လှဲလှဲ ကျေးဇူးတင်ပါတယ်လို့ ... ဒါပေမယ့် ကျုပ်၊ ကျုပ်ရဲ့သိုင်းပညာက သူများနဲ့ယှဉ်ပြိုင်လို့မရတော့ ... "

ဖုန်းပုမိန်သည် စကားကိုပင် ဆုံးအောင်မပြောနိုင်တော့ဘဲ ရုတ်တရက် ပြေးထွက်သွားတော့၏။ သို့သော် ခပ်လှမ်းလှမ်းရောက်မှ ရုတ်တရက်ရပ်လိုက်ကာ ...

"ဟေ့ ... ငါ့ကို အနိုင်ယူသွားတဲ့သူငယ် ... မင်းရဲ့ဓားသိုင်းဟာ တကယ့်ကို ချီးကျူးလောက်ပါပေတယ် ... ငါမင်းကို ကျေကျေနပ်နပ်နဲ့ အရှုံးပေးပါတယ် ... ဒါပေမယ့် ဒီလိုဓားသိုင်းမျိုးကို ရက်ပုချွန်တောင် မကစားနိုင်တာတော့ အသေအချာပါပဲ ... မင်းရဲ့နာမည်နဲ့ ဒီဓားသိုင်းကို သင်ပေးတဲ့ ဆရာကြီးရဲ့နာမည်ကို မသိရဘူးလား"

ထိုအခါ လင့်ဟူချုံးက ...

"ကျွန်တော် လင့်ဟူချုံးပါ ... ဆရာကြီးရက်ပုချွန်ရဲ့ တပည့်ကြီးပါပဲ ... ဒီဓားသိုင်းနဲ့ ဆရာကြီးကိုနိုင်လိုက်တာကတော့ ကုသိုလ်ကံထောက်မလို့ပါ ... စကားထဲထည့်ပြောရလောက်အောင် ကြီးကျယ်တဲ့ကိစ္စမဟုတ်ပါဘူး ... "

ဖုန်းပုမိန်သည် သက်ပြင်းတစ်ချက်ချ၍ မည်သည့်စကားမျှမပြောတော့ဘဲ လှည့်ထွက်သွားတော့သည်။

ကျိဖေးရင်းက ချန်ရင်းကို တစ်ချက်လှမ်းကြည့်လိုက်သည်။

သူတို့နှစ်ယောက်စလုံး၏စိတ်ထဲတွင် တွေးလိုက်မိကြသည်မှာ ...

“ဓားသိုင်းပညာဆိုရင် ငါတို့က ဒီကောင့်ကို ဘယ်နည်းနဲ့မှနိုင်မှာမဟုတ်ဘူး ... တကယ်လို့ အားလုံးစုပြုံပြီး တိုက်ခိုက်ကြမယ်ဆိုရင်တော့ နိုင်နိုင်တယ် ... ဒါပေမယ့် ငါတို့ထဲမှာ တခြားဂိုဏ်းက သိုင်းဆရာကြီးတွေ ပါနေသေးတယ် ဆိုတော့ ဒီလိုအောက်တန်းကျတဲ့နည်းမျိုး သုံးလို့မဖြစ်တော့ဘူး ... ” ဟူ၍ပင် ဖြစ်တော့၏။

ထိုသို့တွေးလိုက်မိသည်နှင့် ကျိဖေးရင်းက ...

“လင့်ဟူချုံး ... ခင်ဗျားရဲ့ ဓားသိုင်းပညာကိုတော့ ကျုပ်တို့အားလုံးက ချီးကျူးပါတယ် ... နောက်မှတွေ့ကြသေးတာပေါ့”

ချန်ရင်းကလည်း ...

“ကဲ ... အားလုံးသွားကြစို့ ... ”

ပြောပြောဆိုဆိုနှင့် သူ၏မြင်းကိုဦးလှည့်၍ ကျောင်းဝင်းအပြင်သို့ ထွက်ခွာသွားတော့သည်။ သူ့နောက်မှ ယခင်က လိုက်ပါလာသူအားလုံး တသီတတန်းကြီး လိုက်ပါသွားကြတော့၏။

ထိုအခါ ဘုရားကျောင်းဝင်းထဲတွင် ဝါဆန်းဂိုဏ်းနှင့် မျက်နှာဖုံးစွပ်လူစုတို့သာ ကျန်ရစ်ကြတော့သည်။ မျက်နှာဖုံးစွပ်လူတစ်ယောက်က ချောက်ကပ်စွာဖြင့် ရယ်မောလိုက်ပြီး ...

“လင့်ဟူချုံး ... မင်းရဲ့ဓားပညာကတော့ တကယ့်ကို အံ့သြချီးကျူးစရာပါပဲ ... ရက်ပုချွန်ရဲ့ ဓားသိုင်းပညာတောင် မင်းကိုမမီပါဘူး ... တကယ်လို့ အမှန်အတိုင်းပြောရရင် ဝါဆန်းဂိုဏ်းရဲ့ ဂိုဏ်းချုပ်နေရာကို မင်းယူဖို့သင့်တယ် ... ငါ မင်းရဲ့ဓားသိုင်းပညာကို အခုတွေ့လိုက်ရပြီ ... ဟို ဖုန်းပုမိန်တောင် မင်းကို မယှဉ်နိုင်တော့တဲ့နောက် ငါတို့လည်း မယှဉ်နိုင်ဘူး ဆိုတာကတော့ သိပ်သေချာသွားပြီ ... ဒါပေမယ့် ငါတို့က မင်းတို့ဂိုဏ်းကို ထိခိုက်စော်ကားထားတော့ နောက်ပိုင်းဆို ဒီရန်က အေးမှာမဟုတ်ဘူး ... မီးကြွင်းမီးစကို ချန်မထားကောင်းသလို ရန်ကြွင်းရန်စကိုလည်း ချန်မထားကောင်းဘူး၊ မီးကြွင်းမီးစကြောင့် တစ်မြို့လုံးတစ်နယ်လုံး မီးလောင်ကျွမ်းသွားနိုင်သလို ရန်ကြွင်းရန်စကြောင့် တစ်မျိုးတစ်ဆွေလုံး၊ တစ်ဂိုဏ်းလုံး ဒုက္ခရောက်တတ်တယ် ... ဒီတော့ မင်းကိုဒီနေ့ အပြတ်သုတ်သင်ပစ်ရတော့မှာပဲ ... မင်းကိုယ်မှာ ဒဏ်ရာ ရထားတယ်ဆိုတာ ငါတို့ကောင်းကောင်းသိတယ် ... ဒါကိုအခွင့်ကောင်းယူပြီး မင်းကို အများနဲ့တစ်ယောက် အနိုင်ကျင့်ပြီး သတ်ဖြတ်ရတော့မှာပဲ ... ”

ပြောရင်း သူ၏လက်ကို ဧွယမ်းအချက်ပြလိုက်ရာ ကျန်ဆယ့်လေးယောက်စလုံး လင့်ဟူချုံးကို ဝန်းရံလိုက်ကြပြီး တဖြည်းဖြည်း စည်းဝိုင်းကို ချုံ့လာကြတော့သည်။

မရဏသေမင်း ကောင်းချီးပေးသံ သောင်းသောင်းညံ ပေတော့မည်တကား။

× × × × × ×

## ပြောမထွက်သောဝေဒနာ

လင့်ဟူချုံးမှာ စောစောက ဖုန်းပုမိန်ကို အပြင်းအထန်တိုက်ခိုက်ခဲ့ရသဖြင့် တစ်ကိုယ်လုံးမှာ ချွေးများရွှဲနစ်နေတော့သည်။ သူ့အနေဖြင့် ထက်မြက်လှသော ဓားသိုင်းပညာရှင် ဖုန်းပုမိန်ကို အနိုင်ယူနိုင်ခဲ့ရခြင်းမှာ သူ့ဆရာဘိုးဘိုး၏ 'ဇကရာဇ် ကိုးကွက်' ကျေးဇူးကြောင့်ပင်ဖြစ်တော့သည်။

ယခု ဆယ့်ငါးယောက်မျှရှိသောလူများက လက်နက်မျိုးစုံဖြင့် မိမိအား တစ်ပြိုင်နက် ဝိုင်းဝန်းတိုက်ခိုက်ရန် တဖြည်းဖြည်း ဝိုင်းဝန်းလာကြသောအခါ သူ့အနေဖြင့် မည်သို့ခုခံကာကွယ်ရပါအံ့နည်း။ သူ့အနေဖြင့် အတွင်းအားကို ထုတ်နိုင်လျှင် ဤဆယ့်ငါးယောက်ကို လုံးဝကြောက်ရွံ့ဂရုစိုက်ရန်မလိုပေ။

သို့သော် ယခု မိမိမှာ အတွင်းအား လုံးဝမထုတ်နိုင်ဘဲဖြစ်နေရသည်။ လင့်ဟူချုံးသည် သက်ပြင်းတစ်ချက်ချလိုက်ကာ လိန်လိန်၏မျက်နှာကလေးကို တစ်ချက်မျှလှမ်းကြည့်လိုက်မိသည်။ မိမိမသေမီ နောက်ဆုံးအကြိမ်အဖြစ် ကြည့်လိုက်မိခြင်းသာဖြစ်သည်။

သို့ရာတွင် လိန်လိန်၏မျက်လုံးများထဲ၌ စိုးရိမ်ကြောင့်ကြသော အရိပ်အယောင်များကို တွေ့လိုက်ရသောအခါ ရင်ထဲ၌ ရှင်လန်းတက်ကြွသွားတော့သည်။ သို့သော် လိန်လိန်၏လက်တစ်ဖက်က ယောကျ်ားတစ်ဦး၏လက်ကို ကိုင်ထားကြောင်းကိုပါ လင့်ဟူချုံးသတိပြုမိလိုက်သည်။ ထိုလက်ပိုင်ရှင်ကား လင်မိန်ကျက် ဖြစ်နေသတည်း။

ထိုအခါ လင့်ဟူချုံး၏ရင်ထဲဝယ် ဆို့နစ်သောဝေဒနာတစ်ရပ်ကို ခံစားလိုက်ရတော့သည်။ စောစောက ရှင်လန်းတက်ကြွခဲ့သောစိတ်ဓာတ်များသည်လည်း လေနှင့်မိုးတိမ်များနှယ် လွင့်ပါးပျောက်ကွယ်သွားရတော့သည်။ တိုက်ခိုက်လိုစိတ်များ လုံးဝပျောက်ကွယ်သွားပြီး ဓားကိုပစ်ချ၍ အသေခံလိုက်ချင်သော စိတ်ဓာတ်များသာဖြစ်ပေါ်နေမိတော့သည်။

ထိုအချိန်သည် မျက်နှာဖုံးစွပ်လူဆယ့်ငါးယောက်၏ စည်းဝိုင်းသည်လည်း တဖြည်းဖြည်း ကျုံ့ဝင်လာလျက်ရှိနေပေပြီ။ တဖြည်းဖြည်း နီးကပ်လာနေချေပြီ။

သို့သော် ထိုဆယ့်ငါးယောက်မှာ လင့်ဟူချုံး၏ဓားသိုင်းပညာကို တွေ့ထားကြရပြီးဖြစ်၍ မည်သူမျှ ရုတ်တရက် ဝင်မတိုက်ရဲဘဲဖြစ်နေကြရသည်။ လင့်ဟူချုံးသည် စိတ်ပျက်လက်ပျက်ဖြင့် ထိုသူများကို ကြည့်လိုက်သောအခါ ထိုသူများ၏ သွေးဆာတောက်ပနေကြသော မျက်လုံးများကိုတွေ့လိုက်မိတော့သည်။

ထိုအခါ လင့်ဟူချုံးသည် ရုတ်တရက် အကြံတစ်ခုရသွားတော့သည်။ သူဦးနှောက်တွင်း၌ ...

"ဇကရာဇ်ကိုးကွက်ထဲမှာ ရန်သူတွေရဲ့မျက်လုံးကို တပြိုင်နက်ထိုးဖောက်ပစ်တဲ့အကွက်ရှိတာပဲ ... ဒါက လျှို့ဝှက်ဖျက်ကွက်ထဲမှာပါတယ်" ဟု တွေးလိုက်မိတော့၏။

လင့်ဟူချုံးမှာ အလွန်တရာ ဉာဏ်ကောင်းသူတစ်ယောက်ဖြစ်သည်။ မရှိနိုင် မဖြစ်နိုင်သည့်အရာများကိုပင် စိတ်ကူးစိတ်သန်းကောင်းကောင်းနှင့် စဉ်းစားတွေးတောနိုင်သူဖြစ်သည်။ ယခုကဲ့သို့ သူ့ခေါင်းထဲ၌သွင်းထားပြီးသည့် ဇကရာဇ်ကိုးကွက်ထဲမှ အကွက်များကိုမူ အကြောင်းတိုက်ဆိုင်လာတိုင်း လင်းခနဲလက်ခနဲ အတွေးထဲ၌ပေါ်လာပြီး အသုံးချနိုင်ရန် အသင့်ဖြစ်လာရတော့သည်။

ထိုစဉ် ထိုဆယ့်ငါးယောက်မှ တစ်ယောက်က အော်ပြောသည်။

"ကဲ ... ငါတို့ ဒီကောင့်ကို အချိန်စောင့်ပြီး တဖြည်းဖြည်းဝင်နေလို့မဖြစ်ဘူး ... အားလုံးတပြိုင်တည်း ခုန်အုပ်ပြီး တပြိုင်နက် ခုတ်ထစ်ပစ်လိုက်ကြရင် ဒီကောင်ဘယ်ခံနိုင်မလဲ ... "

ဤသို့ သူတို့အချင်းချင်း အော်ဟစ်ပြောဆိုသံသည် လင့်ဟူချုံးအား တစ်စုံတစ်ခုကိုလုပ်လိုက်ရန် သတိပေးလိုက်သည်နှင့် တူသွားတော့၏။ လင့်ဟူချုံးမှာ သူလုပ်ရမည့်အလုပ်ကို စဉ်းစားမနေတော့ဘဲ လက်မှ အလိုအလျောက်တိုက်ခိုက်မိပြီးဖြစ်သွားတော့သည်။ လင့်ဟူချုံးသည် သူ၏ဓားဖျားဖြင့် ထိုဆယ့်ငါးယောက်၏မျက်လုံးများကို လျှပ်တပြက် ထိုးဖောက်ပစ်လိုက်တော့၏။

ထိုအခါ 'အား' ခနဲ၊ 'အိုး' ခနဲ အထိတ်တလန့် အာမေဋိတ်သံများ အဆက်မပြတ်ပေါ်လာတော့သည်။ ဤမျှတိုတောင်းလှသည့် အချိန်အတောအတွင်း တစ်ဘက်လူများ လှုပ်ပင်မလှုပ်လိုက်ရဘဲ သူတို့၏မျက်လုံးများ ထိုးဖောက်ခံခဲ့ရလေပြီ။

လင့်ဟူချုံးမှာ ထိုဆယ့်ငါးယောက်၏မျက်လုံးများကို ထိုးဖောက်ပြီးသည်နှင့် ထိုလူအုပ်ကြားမှ အတင်းတိုးထွက်ကာ လောင်တက်၏ပခုံးကိုကိုင်၍ မှီနေလိုက်ရတော့သည်။ လက်ထဲ၌ ကိုင်ထားသည့်ဓားမှာလည်း လွတ်ကျသွားတော့၏။

အဘယ်ကြောင့်ဆိုသော် ...

သေရေးရှင်ရေး အလွန်အရေးကြီးသည့်အခိုက်အတန့်ဖြစ်သဖြင့် စိတ်လှုပ်ရှားလွန်းပြီး သတိမေ့ကာ သူ၏အတွင်းအားကို ထုတ်ရန်ကြိုးစားမိသောကြောင့်ပေတည်း။ တစ်ကိုယ်လုံး ပျော့ခွေမတတ်ဖြစ်သွားပြီး ဦးခေါင်းတစ်ခုလုံးမှာလည်း မူးဝေနောက်ကျိနေတော့သည်။ လောင်တက်၏ပခုံးကို မှီထားနိုင်သဖြင့်သာ လဲကျမသွားရခြင်းဖြစ်သည်။

ထိုအချိန်တွင် မျက်နှာဖုံးစွပ်လူဆယ့်ငါးယောက်မှာ သူတို့၏မျက်နှာများကို လက်ဝါးများဖြင့် အုပ်ထားကြရာ သူတို့လက်ချောင်းများကြားမှ သွေးများယိုစီးကျလာကြတော့သည်။ အချို့က မြေကြီးပေါ်တွင် ထိုင်လျက်ရှိပြီး အချို့မှာမူ ကြမ်းပြင်တွင်လူးလိမ့်လျက် နာကျင်စွာအော်နေကြတော့၏။

လင့်ဟူချုံးမှာ မိမိ၏အသက်၊ မိမိ၏ဝါဆန်းတစ်ဂိုဏ်းလုံးအသက်ကို ကယ်တင်ရန်အတွက် ဤလူများ၏မျက်လုံးများကို ထိုးဖောက်လိုက်ရခြင်းဖြစ်သော်လည်း ဤလူဆယ့်ငါးယောက်၏ ရင်နင့်စဖွယ်အဖြစ်ကို တွေ့လိုက်ရသောအခါ မိမိပြုလုပ်လိုက်သည်ပင် မှားသွားသလိုလို ထင်ယောင်မြင်ယောင ဖြစ်လာပြန်တော့၏။

ထိုဆယ့်ငါးယောက်တို့မှာ ရုတ်တရက် မည်သည့်အရာကိုမျှ မမြင်ရတော့သဖြင့် တုန်လှုပ်ကြောက်ရွံ့သွားကြသည်မှာ မှန်သော်လည်း ထိပ်သီးသိုင်းသမားများပင်ဖြစ်ကြ၍ များမကြာမီပင် သတိနှင့် ဆင်ခြင်ထိန်းချုပ်ကာ တည်ငြိမ်သွားကြတော့၏။ အားလုံး ငြိမ်သက်စွာရပ်လျက် အခြေအနေကို စောင့်၍ နားစွင့်နေကြတော့၏။

ထိုစဉ် ရက်ပုချွန်က အော်လိုက်တော့သည်။

"လင့်ဟူချုံး ... ဒီလူတွေရဲ့ခြေကြောတွေကိုဖြတ်ပစ်လိုက်၊ နောက်မှ ဖြည်းဖြည်းချင်းစစ်ဆေးမယ် ... တစ်ယောက်မှ လွတ်မသွားစေနဲ့ ... "

လင့်ဟူချုံးက 'ဟုတ် ... ဟုတ်ကဲ့ဆရာ' ဟု ဝန်ခံလိုက်ပြီး သူ့ဓားကို ကောက်ကိုင်ရန်ကြိုးစားသော်လည်း တစ်ကိုယ်လုံး တုန်ယင်ချည့်နဲ့နေသဖြင့် သူ့ဓားကိုကောက်ယူရန် လုံးဝမတတ်နိုင်ဘဲဖြစ်နေတော့၏။

ထိုစဉ် မျက်နှာဖုံးစွပ် လူတစ်ယောက်က ...

"အားလုံး ညာဘက်မှာ လက်နက်ကိုင်ထားကြ ... ဘယ်ဘက်လက်က ကိုယ့်အဖော်ရဲ့ခါးစည်းကိုကိုင်ကြ ... ငါ့နောက်လိုက်ခဲ့ကြ ... "

ကျန်ဆယ့်လေးယောက်တို့သည် ထိုလူ၏စကားသံကြားလိုက်ရသောအခါ ချက်ချင်း ကြမ်းပြင်တွင်စမ်း၍ ရရာလက်နက်များကို ကိုင်ထားလိုက်ကြသည်။

ပြီးနောက် တစ်ယောက်၏ခါးစည်းကို တစ်ယောက်က ကိုင်၍ စီတန်း၍ လျှောက်ထွက်သွားတော့သည်။

ဝါဆန်းဂိုဏ်းတွင် လင့်ဟူချုံးမှတစ်ပါး ကျန်လူအားလုံး အကြောပိတ်ခံထားလိုက်ရသဖြင့် တစ်ယောက်မျှ မလှုပ်ရှားနိုင်ချေ။ သို့ရာတွင် လင့်ဟူချုံးမှာလည်း သူ၏အတွင်းအားကို ယောင်၍ထုတ်မိသဖြင့် အကြီးအကျယ် ဝေဒနာခံစားနေရသည်။

အမှန်စင်စစ် အကြောပိတ်ခံထားရသူများထက် သူက ပိုဆိုးဝါးနေပေသေးသည်။ ထို့ကြောင့် သူတို့အားလုံးမှာ ထိုမျက်ကန်းဆယ့်ငါးယောက်ထွက်သွားသည်ကို မည်သို့မျှ တားဆီးနိုင်ခြင်းမရှိဘဲ သည်အတိုင်းကြည့်နေလိုက်ရတော့၏။ ထိုစဉ် ရက်ပုချွန်က အေးစက်မာကျောသောလေသံဖြင့် ...

"သိုင်းပညာရှင်ကြီး လင့်ဟူချုံး ... ကျုပ်ရဲ့ပိတ်နေတဲ့အကြောကို ဖြေမပေးသေးဘူးလား ... ကျုပ်တို့က ရှိခိုးတောင်းပန်မှ ခင်ဗျားကလာဖြေပေးမှာလား" ဟု မေးလိုက်တော့၏။

ထိုစကားကိုကြားလိုက်ရသောအခါ လင့်ဟူချုံးမှာ အကြီးအကျယ် ထိတ်လန့်သွားကာ ...

"ဆရာ ... ဆရာ ... ကျွန်တော့်ကို ဘယ်လိုပြောလိုက်တာလဲ ဆရာ ... ကျွန်တော်က ဆရာ့တပည့်ပါ ... ကျွန်တော် ... ကျွန်တော် ချက်ချင်းဖြေပေးမှာပါ" ဟု စိတ်မကောင်းခြင်းကြီးစွာဖြင့် ပြောလိုက်မိတော့၏။

လင့်ဟူချုံးမှာ မိမိခံစားနေရသော ဝေဒနာများကို အံကြိတ်ဖြေဖျောက်လျက် အားတင်းရုန်းကာထလိုက်သည်။ ရက်ပုချွန်ရှေ့သို့ ယိမ်းယိမ်းယိုင်ယိုင်ဖြင့်လျှောက်လာပြီး ...

"ဆရာ ... ကျွန်တော် ဘယ်အကြောဖြေပေးရမလဲ ဆရာ"

ရက်ပုချွန်မှာ ဒေါသအလွန်ထွက်နေသည်။ လင့်ဟူချုံးသည် ထိုဆယ့်ငါးယောက်တို့ကို တမင်လွှတ်ပေးလိုက်ခြင်းဖြစ်သည်ဟု မှတ်ထင်နေသည်။

ယခု မိမိအကြောဖြေပေးရာတွင် တမင်နှောင့်နှေးကြန့်ကြာအောင် အချိန်ဆွဲနေသည်ဟု ယူဆလိုက်ခြင်းဖြစ်သည်။

ထို့ကြောင့် ဒေါသဖြင့် ...

"ဟေ့ကောင် ... နေတော့ ... မင်းအကြောဖြေပေးဖို့မလိုတော့ဘူး" ဟု ခါးသီးစွာပြောလိုက်တော့၏။ သူ၏ မိုးကြိုးအတွင်းအားသိုင်းကိုထုတ်၍ အပိတ်ခံနေရသောအကြောကို ပြန်ပွင့်သွားအောင် ကြိုးစားနေတော့သည်။

သို့သော် ရက်ပုချွန်အပိတ်ခံလိုက်ရသည့်အကြောသည် တစ်ကြောတည်းမဟုတ်ပေ။ အကြောများစွာ ထိုးပိတ်ခံထားရခြင်းဖြစ်သည်။

ထို့ပြင် သူ့အား အကြောထိုးပိတ်သွားသူမှာလည်း ထိပ်သီးသိုင်းပညာရှင်တစ်ယောက်ဖြစ်၍ သူက အကြောများကို ပြန်လည်ပွင့်အောင်လုပ်ရာတွင် များစွာ ခက်ခက်ခဲခဲရှိလှပေသည်။

လင့်ဟူချုံးမှာ လုံးဝအတွင်းအားမထုတ်နိုင်သဖြင့် သူ၏ခြေလက်ရှိအတွင်းအားမှာ သုံးလေးနှစ် ကလေးငယ်သာသာမျှသာရှိနေ၏။

ထို့ကြောင့် သူ့ဆရာ၏အကြောများကို လုံးဝမဖြေနိုင်ဘဲဖြစ်နေတော့သည်။ သူ့ဆရာ၏အကြောများပွင့်သွားစေရန် အလွန်အားစိုက်လိုက်သည်နှင့် မျက်လုံးများတွင် ကြယ်ပွင့်များပေါ်လာပြီး ပြာဝေလာတော့သည်။

သူ၏နားတွင်း၌ လေမုန်တိုင်းကြီးကျရောက်လာသကဲ့သို့ တဝုန်းဝုန်းရိုက်ခတ်သံများကြားနေရပြီး သတိလစ်မေ့မျောလဲကျမတတ် ဖြစ်သွားရတော့၏။

အချိန်များစွာ ကြာမြင့်လာသောအခါမှ ရက်ပုချွန်မှာ လေတစ်ချက်ချွန်လိုက်ပြီး ခုန်ထလာတော့သည်။

သူ၌ အပိတ်ခံထားရသောအကြောအားလုံး ပြန်ပွင့်သွားလေပြီ။ ချက်ချင်းပင် ကျန်လူများ၏အကြောများကို လိုက်ဖွင့်ပေးလိုက်သည်။

ဖူးလင်တို့မှာ မတ်တတ်ရပ်၍ ခြေလက်များရှိသွေးများ ကောင်းစွာလှည့်ပတ်စီးဆင်းစေရန် ကစားလိုက်ကြရသည်။ သို့မဟုတ်ပါက သူတို့အားလုံး ထုံထိုင်းနေကြပေလိမ့်မည်။

သူတို့အားလုံး သေရွာမှပြန်ရောက်ခဲ့ကြပုံကိုစဉ်းစားမိတိုင်း ကံကြမ္မာ၏ ထူးဆန်း ဆန်းကြယ်ပုံကို တွေးတောနေမိပြန်၏။ လန်ဖား ခုတ်အသတ်ခံရခြင်းအတွက်မူ ဝါဆန်းဂိုဏ်းသားအားလုံး စိတ်မကောင်းခြင်းကြီးစွာဖြစ်ကြရသည်။

သူတို့အားလုံး၏စိတ်ထဲတွင် လင့်ဟူချုံးအား ကျိတ်၍ ကျေးဇူးတင်နေကြ၏။

“တော်သေးရဲ့ … အစ်ကိုကြီးရဲ့ဓားသိုင်းက သိပ်ကောင်းလွန်းလို့ ဒီလူဆိုးတွေကို မောင်းထုတ်နိုင်ခဲ့တာ … နို့မို့ရင် တော့လား … ငါတို့ခုလို အသက်ရှင်နေကြရတော့မှာ မဟုတ်ဘူး … ”

ကောင်းကန်းသည် လင့်ဟူချုံးမှာ ယခုတိုင် မြေကြီးပေါ်၌လဲကျနေသည်ကို တွေ့လိုက်ရသောအခါ ပြေး၍ပွေ့ထူလိုက် သည်။

လင့်ဟူချုံးမှာ တစ်ကိုယ်လုံး ပျော့ခွေနေတော့သည်။

ရက်ပုချွန်ကမူ လုံးဝဂရုမစိုက်ဘဲ …

“လင့်ဟူချုံး … ဟိုလူ ဆယ့်ငါးယောက်က ဘယ်သူတွေလဲ” ဟု ခက်ထန်စွာ မေးလိုက်သည်။

“ကျွန်တော် … ကျွန်တော် မသိပါဘူး ဆရာ … ”

“ဘာ … မင်း သူတို့နဲ့ မသိဘူး ဟုတ်လား … ”

“ဟုတ်ပါတယ် ဆရာ … ဒီလူတွေကို ကျွန်တော် တစ်ခါမှ မတွေ့ဖူးပါဘူး … ”

“ဒီလို မသိဘူးဆိုရင် ငါဖမ်းထားခိုင်းတုန်းက မင်းက ဘာကြောင့်မဖမ်းထားရတာလဲ … ငါ့စကားကို ဘာဖြစ်လို့ မကြားချင်ဟန် ဆောင်နေရတာလဲ … ”

“ဆရာ … ကျွန် … ကျွန်တော့်မှာ တစ်ကိုယ်လုံး အားလုံးဝမရှိတော့လို့ပါ … အခု … အခုတောင် … ”

ပြောရင်းဆိုရင်း သူ့တစ်ကိုယ်လုံး ကတုန်ကယင်ဖြစ်လာပြီး ယိမ်းထိုးလာတော့သည်။ ကြမ်းပေါ်သို့ လဲကျမည်ကဲ့သို့ ဖြစ်နေတော့၏။ သို့သော် လင့်ဟူချုံးမှာ သူ့ဆရာရှေ့မှောက်၌ဖြစ်နေသဖြင့် လဲမကျစေရန် အံကိုတင်းတင်းကြိတ်၍ ကျိတ်မှိတ်ရပ်နေရတော့သည်။

“မင်းက တကယ့် ဇာတ်မင်းသားပဲ” ဟု ပြောချလိုက်တော့၏။

လင့်ဟူချုံးမှာ ထိုစကားကိုကြားလိုက်ရသောအခါ တစ်ကိုယ်လုံးအေးစက်တောင့်တင်းသွားပြီး ဒူးထောက်ကျသွား တော့၏။ သူ့ဆရာသည် သူ့ကို လုံးဝအယုံအကြည်မရှိဘဲဖြစ်နေပါပြီကော။

“ဆရာ … ကျွန်တော့်ကို ဆရာနဲ့ဆရာမတို့က ငယ်ငယ်လေးတည်းက ကျွေးမွေးစောင့်ရှောက်လာခဲ့ကြတာပါ … ကျွန်တော့်မှာ ဆရာနဲ့ဆရာမတို့ကျွေးမွေးခဲ့လို့ အခုလို လူလားမြောက်ခဲ့ရတာပါ။ ဆရာတို့ကသာ အဲဒီလို မကျွေးမွေး မစောင့်ရှောက်ခဲ့ရင် လင့်ဟူချုံးဟာ ငယ်ငယ်ကလေးတည်းက သေရင်လည်းသေသွားခဲ့မှာပါ … မသေလို့ အသက်ရှင် လာလည်း အခုလို သိုင်းသမားတစ်ယောက် ဖြစ်ခဲ့ရမှာမဟုတ်တော့ပါဘူး … ဆရာတို့ရဲ့ကျေးဇူးဟာ ကျွန်တော့်အတွက် အင်မတန်ကြီးမားလှပါတယ် ဆရာ … ကျွန်တော် ဆရာတို့ကို ကျေးဇူးကန်းတဲ့အလုပ်မျိုး ဘယ်တော့မှမလုပ်ဝံ့ပါဘူး ဆရာ … နောက်ပြီး ဘယ်တုန်းကမှလည်း ဆရာ့ကို မလိမ်ညာခဲ့ပါဘူး … ”

လင့်ဟူချုံးမှာ ဒူးထောက်ရင်း မျက်ရည်စက်လက်ဖြင့် ကြေကွဲစွာ ပြောနေမိတော့သည်။

ရက်ပုချွန်က …

“မင်းက ငါ့ကို မလိမ်ဘူးဟုတ်လား … မင်း အခုတတ်ထားတဲ့ဓားသိုင်းပညာက ဘယ်ကတတ်လာတာလဲ … မိုးပေါ်ကကျလာတာလား … ”

လင့်ဟူချုံးက …

"ဆရာ ... ကျွန်တော် ဆရာ့ကို တကယ်မလိမ်ဝံ့တာပါ ... ဆရာ ... ကျွန်တော့်ကို ဒီဓားသိုင်းသင်ပေးတဲ့ဆရာကြီးက ဒီဓားသိုင်းနဲ့ပတ်သက်ပြီး ဘယ်သူ့ကိုမှ ဘာမှမပြောရဘူးလို့ ကျွန်တော့်ဆီက ကတိတောင်းပြီးမှ သင်ပေးခဲ့တာပါ ... ဒါကြောင့် ဆရာ့ကို မပြောပြခဲ့တာပါ ... "

ရက်ပုချွန်က ခနဲ့ပြုံး ပြုံးရင်း ...

"အေးလေ ... မင်းရဲ့သိုင်းပညာက ဒီလောက်အထိ အဆင့်အတန်းမြင့်နေမှတော့ ဆရာလုပ်တဲ့လူကို ဘာအရေးစိုက်စရာရှိတော့မှာလဲ ... ငါတို့ ဝါဆန်းဂိုဏ်းရဲ့သိုင်းပညာက မင်းရဲ့သိုင်းပညာနဲ့ယှဉ်လိုက်ရင် မဖြစ်စလောက်ကလေးပဲကိုး ... ကောင်းပြီ ... ကောင်းပြီ ... ကဲ ... မတ်တတ်ရပ်ပြီး မင်းနေသာသလို နေပေတော့"

လင့်ဟူချုံးသည် မတ်တတ်ရပ်ရန် ကြိုးစားလိုက်သည်။ သို့သော် သူ၏ဒူးများမှာ လုံးဝအားမရှိဘဲဖြစ်နေသဖြင့် ချက်ချင်းလိုလိုပင် ပြန်၍ပျော့ခွေကျသွားတော့၏။ အနီးအနားၦရှိနေသည့် လင်မိန်ကျက်က လင့်ဟူချုံးကို လှမ်းဆွဲ၍ ဖေးမထားလိုက်ရတော့၏။ လင့်ဟူချုံးမှာလည်း လင်မိန်ကျက်ကိုသာ အမိအရဖမ်းတွယ်ပြီး တုန်တုန်ယင်ယင် ရပ်လိုက်ရတော့သည်။

ရက်ပုချွန်က ခနဲ့ပြုံး ပြုံးလိုက်ရင်း ...

"လင့်ဟူချုံး ... မင်းရဲ့ဓားသိုင်းကောင်းတာထက် မင်းရဲ့ဟန်ပန်အမူအရာက ပိုတောင်ကောင်းနေသေးတယ် ... ငါ့ကို ဒီလောက်ဟန်ဆောင်ပြနေဖို့မလိုဘူး" ဟု ပြောလိုက်တော့သည်။

လင့်ဟူချုံးမှာ မည်သည့်စကားမျှ ခွန်းတုံ့မပြန်ရဲချေ။ သူ့ဆရာနှင့်ဆရာမတို့သည် သူ့မိခင်၊ ဖခင်သဖွယ် သူ့ကို စောင့်ရှောက်ခဲ့သူများ မဟုတ်ပါလား။ သူ့ဆရာ၏စကားများကမူ သူ၏ရင်ထဲသို့ ချွန်မြသောဓားဖြင့် ထိုးမွှေလိုက်သကဲ့သို့ အခံရခက်စေသည်က အမှန်ပင်ဖြစ်တော့သည်။

သူ့စိတ်ထဲတွင်မူ ...

"ဆရာ့ကျေးဇူးတွေ ငါ့အပေါ် ဆပ်မကုန်အောင်ရှိနေတယ်၊ ဒီနေ့ သူကငါ့ကို အထင်လွဲနေပေမယ့် အဖြစ်မှန်သိသွားရင်တော့ ငါ့ကိုခွင့်လွှတ်မှာပါ ... အမှန်တရားဆိုတာကလည်း တစ်သက်လုံးမပေါ်ဘဲ မြုပ်နေမှာမဟုတ်ပါဘူး" ဟု သူ့စိတ်ကို သူဖြေသည့်အနေဖြင့် တွေးတောနေမိရှာသည်။

ထို့နောက် အားလုံးစားသောက်ရန် မီးမွှေး၍ ထမင်းဟင်းချက်ပြုတ်ကြရတော့၏။ စားသောက်ပြီးစီးကြသောအခါ ရှေ့ခရီးစဉ်အတွက် ရက်ပုချွန်၏အမိန့်ကို စောင့်စားနေကြတော့၏။

ရက်ပုချွန်က ဖူးလင်အား ...

"ညီမလေး ... အခု ငါတို့ ဘယ်သွားကြရင်ကောင်းမလဲ ... အားလုံးအတွက် ကောင်းမယ့်အစီအစဉ်တစ်ခုကို စဉ်းစားကြရအောင်" ဟု ပြောလိုက်သည်။

ဖူးလင်က ...

"အစ်ကိုကြီး ... အခုဆိုရင် ဖုန်းပုမိန်တို့ရဲ့ကိစ္စပြတ်သွားပြီဆိုတော့ ကောင်းဆန်းဂိုဏ်းကို သွားဖို့လိုတော့မှာမဟုတ်ဘူး ... ကျွန်မတို့ ဝါဆန်းတောင်က ထွက်လာကြတာလည်း ရက်သိပ်မကြာသေးတော့ ချက်ချင်းပြန်ဖို့မလိုသေးပါဘူး ... "

ဖူးလင်အနေဖြင့် ဝါဆန်းတောင်သို့ ချက်ချင်းမပြန်လိုပေ။ အံ့ဖွယ်ခြောက်ယောက်၏ရန်ကို အလွန်အမင်းကြောက်လန့်နေခဲ့သည်။ အမှန်စင်စစ်တွင်မူ ဖူးလင်သာမက ရက်ပုချွန်ပင် ကြောက်လန့်နေခဲ့သည်သာဖြစ်၏။

ရက်ပုချွန်က ...

"အေး .. ဟုတ်တယ် ... အခု ဘာကိစ္စမှ မရှိတော့တဲ့နောက် အေးအေးဆေးဆေး ခရီးသွားကြတာပေါ့ ... တပည့်တွေ အားလုံးလည်း ဗဟုသုတတိုးတာပေါ့ ... "

လိန်လိန်က ဝမ်းသာအားရဖြင့် ...

"ကောင်းတယ် အဖေ ... သိပ်ကောင်းတာပဲ" ဟု လက်ခုပ်လက်ဝါးတီး၍ ထအော်တော့၏။

ရက်ပုချွန်က ပြုံး၍ ...

"ဟင်း ... လည်မယ်၊ ပတ်မယ်၊ ခရီးထွက်မယ်ဆိုရင် သမီးကသိပ်ပျော်နေတာပေါ့ဟုတ်လား ... ကဲ ... ကဲ ... ဒီတစ်ခါ ဘယ်ဘက်ကိုခရီးထွက်ကြရင် ကောင်းမလဲ ... အကြံပေးကြပါဦး" ဟုပြောပြီးသည်နှင့် လင်မိန်ကျက်ကို တစ်ချက်လှမ်းကြည့်လိုက်သည်။

လိန်လိန်က မြူးရွှင်နေသော လေသံကလေးဖြင့် ...

"အဖေ ... ကျွန်မတို့ ဒီတစ်ခါ အေးအေးဆေးဆေးနဲ့ အလည်အပတ်သွားကြမှာဆိုတော့ အင်မတန်ဝေးတဲ့ခရီးကို သွားဖို့ကောင်းတယ်၊ ဝေးလေကောင်းလေပေါ့ ... မဟုတ်ဘူးလား ... ဝေးလေဇဟုသုတရလေပဲပေါ့ ... ခရီးတိုတိုလေး သွား ... ခဏလေးပြန်လာနဲ့ ဘာလုပ်မှာလဲ ... အဖေ ... မောင်လေး လင်မိန်ကျက်တို့အိမ်ကို သွားလည်ကြရင် မကောင်း ဘူးလားဟင် ... သူကပြောတယ် ... သူတို့ ဖုကျိုးနယ်မှာ သစ်သီးလည်းပေါတယ် ... တောတောင်ရေမြေတွေကလည်း သာယာတာပဲတဲ့ ... သမီးတို့ အဲဒီဘက် ခရီးထွက်ကြရအောင်နော် ... "

ဖူးလင်က ပြုံးလိုက်ကာ ...

"သမီး ... ဒီကနေ ဖုကျိုးနယ်ကို သွားရမယ့်ခရီးကို လွယ်လွယ်ကလေး မှတ်နေသလား ... နည်းတဲ့ခရီးမဟုတ်ဘူး ... ဒီလောက်ရှည်လျားတဲ့ခရီးကြီးကိုသွားဖို့ ဘယ်မှာ ငါတို့ခရီးစရိတ်ရှိမှာလဲ ... တော်ကြာ ငါတို့ ဝါဆန်းဂိုဏ်းကြီးက သူတောင်းစားဂိုဏ်းဖြစ်သွားဦးမယ် ... တစ်လမ်းလုံးလျှောက်ပြီး တောင်းစားသွားရမယ်"

ထိုအခါ လင်မိန်ကျက်က ...

"ဆရာနဲ့ ဆရာမ ... ကျွန်တော် တစ်ခုလောက်ပြောပါရစေ၊ မနက်ဖြန်လောက်ဆိုရင် ကျွန်တော်တို့ ဟိုနန်နယ်ကို ရောက်လောက်ပါပြီ ... ကျွန်တော့်အမေရဲ့ဇာတိက ကော့ရန်မြို့မှာ ရှိပါတယ်"

ဖူးလင်က ...

"မင်း အမေဘက်က မင်းရဲ့ဘိုးဘိုးက ကော့ရန်မြို့မှာ နာမည်ကြီး ဓားသိုင်းဆရာပဲ ... ငါတို့သိထားပါတယ် ... "

လင်မိန်ကျက်က ...

"ကျွန်တော့်မိဘတွေ ကွယ်လွန်ပြီးတဲ့နောက် ကျွန်တော့်ဘိုးဘိုးနဲ့ တစ်ခါမှမတွေ့ဆုံရသေးပါဘူး ... ကျွန်တော်တို့ မိသားစုရဲ့အဖြစ်အပျက်တွေကို ကျွန်တော့်ဘိုးဘိုးတို့ သေသေချာချာ ပြည့်ပြည့်စုံစုံ သိဦးမှာမဟုတ်ပါဘူး ... အဲဒီ အကြောင်းတွေကိုလည်း ကျွန်တော့်အနေနဲ့ ပြန်ပြောချင်ပါတယ် ... ဆရာတို့သာ ကျွန်တော်တို့အဘိုးအိမ်ရှိရာ အလည် လိုက်ခဲ့မယ်ဆိုရင် ကျွန်တော့်အတွက်လည်း အင်မတန်အဆင်ပြေသွားမှာပါ ... ဆရာတို့လည်း ဘိုးဘိုးအိမ်မှာ သုံးလေး ရက်လောက် အနားယူလို့ရပါတယ် ... ကျွန်တော့် ဘိုးဘိုးနဲ့ ဘွားဘွားတို့ကလည်း ဆရာတို့လာတာကိုသိရင် သိပ်ပြီး ဝမ်းသာဂုဏ်ယူကြမှာပါ ... အဲဒီကနေ ဖူကျိုးနယ်ကိုသွားကြတာပေါ့ ... ခရီးကြားမှာရှိတဲ့ တောတောင်ရေမြေတွေ လှည့်ပတ်ကြည့်ရှုသွားရင် ပျော်စရာကောင်းတဲ့ ခရီးစဉ်ကြီးဖြစ်သွားမှာပါ ... ခရီးစရိတ် အတွက်ကတော့"

လင်မိန်ကျက်သည် သူ၏စကားကို ခေတ္တမျှ ရပ်တန့်ပြီးမှ ဆက်ပြောလိုက်၏။

"ဒီလမ်းခရီးတစ်လျှောက်လုံးမှာ ကျွန်တော်တို့ရဲ့ အာမခံဌာနခွဲတွေရှိပါသေးတယ် ... သူတို့က တာဝန်ယူပေးပါလိမ့် မယ် ... ဒီအတွက်တော့ စိတ်မပူကြပါနဲ့ ... "

ဖူးလင်မှာ အံ့ဖွယ်ခြောက်ယောက်နှင့် တွေ့ဆုံပြီးကတည်းက ခြေလက်လေးဖက် ဆွဲဖြဲခံရမည့်အန္တရာယ်ကို လွန်စွာ ကြောက်ရွံ့တုန်လှုပ်နေခဲ့သည်။ ညဘက်တွင်ပင် အိပ်မက်ဆိုးများမက်ပြီး ယောင်ယမ်းအော်ဟစ်မိသည်အထိ သွေးလေ ချောက်ချားနေခဲ့ရသည်။

ယခု ဖုကျိုးနယ်သို့ ခရီးထွက်နိုင်မည့်အစီအစဉ်များကို ကြားသိလိုက်ရသောအခါ အလွန်ပင် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားတော့သည်။ ချက်ချင်းပင် သဘောတူလိုက်တော့၏။ အံ့ဖွယ်ခြောက်ယောက်နှင့် လုံးဝကင်းဝေးရပေတော့မည်။

ရက်ပုချွန်ကလည်း ဖုကျိုးနယ်သို့သွားရန်အစီအစဉ်ကို သဘောတူလက်ခံလိုက်သောအခါ ဝါဆန်းဂိုဏ်းသားအားလုံး ပျော်ရွှင်မှုကြောင့် အော်ဟစ်ဆူညံသွားကြတော့၏။ လိန်လိန်နှင့်လင်မိန်ကျက်တို့မှာ အပျော်ဆုံးလူများ ဖြစ်နေကြတော့ သည်။

သူတို့ထဲ၌ လုံးဝမပျော်ရွှင်ဆုံးသူကား လင့်ဟူချုံးပေတည်း။ ဤခရီးစဉ်နှင့်ပတ်သက်၍ နောင်အလားအလာများကို လင့်ဟူချုံးက တွေးတောနေမိ၏။

"ခရီးထွက်မယ်ဆိုရင် ဖုကျိုးနယ်ထက် တောတောင်ရေမြေသာယာတဲ့ဒေသတွေ အများကြီးရှိပါတယ် ... အဲဒီ တခြားနေရာတွေမသွားဘဲနဲ့ ဒီ ဖုကျိုးနယ်ကိုမှ ရွေးသွားတာကတော့ ညီမလေးလိန်လိန်ကို ညီလေးလင်မိန်ကျက်နဲ့ လက်ထပ်ပေးချင်တဲ့သဘောပဲ ... သူတို့အားလုံး ဖုကျိုးနယ်ကိုရောက်တာနဲ့ သူတို့နှစ်ယောက်ရဲ့လက်ထပ်ပွဲကို စီစဉ်ကြမယ်ထင်တယ် ... ဒါကြောင့်သာ လင်မိန်ကျက်ရဲ့ ဘိုးဘိုးဆီ အရင်သွားကြတာဖြစ်ရမယ် ... ဒီလိုဆိုရင် ငါက ဘာဖြစ်လို့ လိုက်ရှုပ်နေတော့မှာလဲ ... "

လင့်ဟူချုံးက သူ၏ဂိုဏ်းတူညီငယ်များ မထိန်းနိုင်မသိမ်းနိုင် ဝမ်းသာအားရဖြစ်နေပုံကိုမြင်ရသော် စိတ်ထဲဝယ် မသက်မသာကြီး ခံစားနေမိတော့၏။ အဘယ်ကြောင့်ဆိုသော် သူတို့၏ ဂိုဏ်းတူညီအစ်ကိုဖြစ်သော လန်ဖားတစ်ယောက် သေဆုံးခဲ့ရသည်မှာ နေ့ပင်မကူးသေးသောကြောင့်တည်း။ လန်ဖားသေဆုံးမှုကို မည်သူကမျှဂရုမစိုက်ကြဘဲ သံယောဇဉ်နည်းပါးစွာ မေ့လျော့ထားကြလေခြင်းဟု ယူကြုံးမရဖြစ်နေတော့သည်။

ထို့ကြောင့် သူ့စိတ်ထဲတွင် ...

"ဒီည ငါခိုးထွက်သွားတော့မယ် ... သူတို့ထဲမှာ ဟန်ဆောင်ပြီးလဲ မနေချင်တော့ဘူး" ဟု ဆုံးဖြတ်လိုက်သည်။

ထို့နောက် အားလုံး ခရီးစတင်ထွက်ကြတော့သည်။ လင့်ဟူချုံးမှာ လူကောင်းများနှင့်ရင်ပေါင်တန်း၍ လမ်းလျှောက်နိုင်သူမဟုတ်သဖြင့် တဖြည်းဖြည်းနောက်တွင်ကျန်ရစ်သည်။ ရှေ့ကအုပ်စုနှင့် ကွာဝေးသည်ထက် ကွာဝေးလာတော့သည်။ ရှေ့အုပ်စုနှင့်မျက်ခြည်ပြတ်သွားသောအခါ လင့်ဟူချုံးမှာ ကျောက်တုံးတစ်တုံးပေါ်တွင်ထိုင်နေရင်း သူ့ဘဝ၏အထီးကျန်နိုင်လှပုံကို တွေးတောငေးမောနေမိတော့၏။ ထိုစဉ် လောင်တက်တစ်ယောက် မိမိရှိရာသို့ ပြန်လိုက်လာသည်ကို တွေ့လိုက်ရတော့သည်။ လောင်တက်က ...

"အစ်ကိုကြီး ... သိပ်ပင်ပန်းနေသလား ... ကျွန်တော် စောင့်ပြီး ခေါ်မယ်လေ ... "

"အေး ... ငါက အတွင်းအားလုံးဝမရှိတော့ မင်းတို့နဲ့ အမီမလိုက်နိုင်ဘူးကွာ ... မင်းကို သိပ်ကျေးဇူးတင်တာပဲ ... "

"အစ်ကိုကြီး သိပ်မပူပါနဲ့ ... ဆရာမက ကျွန်တော့်ကို မှာလိုက်တယ် ... ရှေ့မှာမြင်းလှည်းငှားပြီး စောင့်နေမယ်တဲ့ ... အဲဒီအခါကျတော့ အစ်ကိုကြီး မြင်းလှည်းနဲ့လိုက်ပေါ့ ... လမ်းလျှောက်ရတာလို မပင်ပန်းတော့ဘူးပေါ့ ... "

လင့်ဟူချုံးမှာ အလွန်တရာ စိတ်လှုပ်ရှားသွားမိတော့သည်။ သူ့စိတ်ထဲ၌ ရေရွတ်လိုက်မိသည်။

"ဆရာကတော့ ငါ့ကို လုံးဝအကောင်းမထင်တော့ပေမယ့် ဆရာမကတော့ ငါ့အပေါ် သံယောဇဉ်ရှိနေရှာတုန်းပါလား ... ငါ့အပေါ်မှာ သားတစ်ယောက်လို သဘောထားတုန်းပဲ ... "

များမကြာမီပင် သူတို့နှစ်ယောက်သည် မြင်းလှည်းနှင့်စောင့်နေသည့်နေရာသို့ ရောက်ရှိလာကြတော့၏။ လင့်ဟူချုံးအနေဖြင့် ပင်ပန်းကြီးစွာလမ်းမလျှောက်ရတော့။ မြင်းလှည်းနှင့် သက်တောင့်သက်သာ ခရီးဆက်ရတော့သည်။

ထိုခရီးစဉ်တစ်လျှောက်လုံး လင့်ဟူချုံးနား၌ လောင်တက်အမြဲရှိနေပေသည်။ နေ့ခင်းလည်း သူ့အနားမှ တစ်ဖဝါးမခွာ၊ ညအိပ်ရာတွင်လည်း သူနှင့် အတူပင်အိပ်သည်။ ဤနှစ်ရက်အတွင်း လောင်တက်တစ်ယောက် မိမိအနား၌ အမြဲလိုလိုရှိနေသဖြင့် မိမိအား ဂရုတစိုက် စောင့်ရှောက်နေခြင်းသာဖြစ်သည်ဟု လင့်ဟူချုံးထင်ခဲ့မိသည်။ သို့သော် အဖြစ်မှန်ကို တတိယညတွင် သိရတော့၏။

တတိယည ...

အမှောင်ပျိုးစအချိန် ...

လင့်ဟူချုံးသည် သူ၏အိပ်ရာထက်၌ မျက်စိမှိတ်၍ သက်တောင့်သက်သာအနားယူနေစဉ် တိုးညင်းသော စကားပြောသံများကို ကြားလိုက်မိတော့သည်။ သူပထမဆုံးစတင်ကြားလိုက်ရသည့်အသံရှင်မှာ သူ၏ဂိုဏ်းတူညီငယ်တစ်ယောက်ဖြစ်သည့် စူးချီဖြစ်သည်။ စူးချီက တံခါးနားတွင်ကပ်၍ လေသံတိုးတိုးဖြင့် လောင်တက်အားမေးလိုက်သည်။

"အစ်ကိုလောင်တက် ... ဆရာကမေးလိုက်တယ် ... ဒီကနေ့ အစ်ကိုကြီးမှာ ဘယ်လိုထူးခြားချက်ရှိသလဲတဲ့ ... "

ထိုစဉ် ရွှီးခနဲအသံကြားလိုက်ရ၏။ အသံ၏အနေအထားအရ စကားကျယ်ကျယ်မပြောရန် လောင်တက်က နှုတ်ပိတ်၍ လေသံဖြင့် တားမြစ်လိုက်ခြင်းဖြစ်ဟန်တူသည်။ ချက်ချင်းပင် ...

"အသံတိုးတိုးပြော ... လာ ... အပြင်ကျမှ ငါမင်းကိုပြောမယ် ... အစ်ကိုကြီး ကြားသွားလိမ့်မယ် ... "

စူးချီနှင့်လောင်တက်တို့၏ ခြေကိုဖွနင်း၍ အပြင်သို့ထွက်သွားသံများကို ကြားလိုက်ရတော့၏။

လင့်ဟူချုံးမှာ လိပ်ပြာလွင့်စဉ်မတတ် ချောက်ချားတုန်လှုပ်သွားပြီး တစ်ကိုယ်လုံး အေးစက်တောင့်တင်းသွားတော့သည်။ သူ့ဆရာ၏ မယုံသင်္ကာဖြစ်မှုမှာ အဆုံးစွန်သို့ရောက်ရှိနေပြီတည်း။ သူ့အား လူအစောင့်ချ၍ စောင့်ကြည့်ခိုင်းသည့် အဆင့်သို့ ရောက်ရှိနေပေပြီ။

လောင်တက်ပြန်လာသောအခါ လင့်ဟူချုံးသည် အိပ်ရာမှထ၍ ငေါက်ငမ်းကြိမ်းမောင်းရန် ဟန်ပြင်လိုက်၏။ သို့သော် ချက်ချင်းလိုလိုပင် ...

"အင်း ... ဒီကိစ္စက လောင်တက်နဲ့ လုံးဝမဆိုင်ပါဘူးလေ၊ သူ့ခမျာ ဆရာ့အမိန့်အရ ဆောင်ရွက်နေရတာပဲ ... သူ့ကို ငါစိတ်ဆိုးဖို့မသင့်ဘူး" ဟု တွေးလိုက်မိသည်။

လင့်ဟူချုံးသည် ခနဲ့ပြုံးပြုံးရင်း ဆက်တွေးမိသည်။

"ဆရာက ငါ့ကို အထင်မှားတယ် ... ငါဘာမကောင်းမှုမှ မလုပ်ခဲ့ဘူး ... ဘာတစ်ခုမှ ဆရာ့အပေါ်ကျေးဇူးမကန်းခဲ့ဘူး ... ဟင်း ... ကိုယ်ကောင်းရင် ခေါင်းမရှော့ပါဘူး ... လူတစ်ရာလောက်လွှတ်ပြီး ငါ့ကို စောင့်ကြည့်ခိုင်းလည်း ငါက မတုန်လှုပ်သေးဘူး"

ရွှေစင်ရွှေကောင်းသည် မှတ်ကျောက်တင်ခံနိုင်သကဲ့သို့ လင့်ဟူချုံးသည်လည်း သူ၏ သန့်ရှင်းမွန်မြတ်သော စိတ်ဓာတ်အတွက် အစစ်အဆေးခံနိုင်သူဖြစ်သည်။ သူသည် အခြားတစ်ဖက်မှ စဉ်းစားလိုက်ပြန်သည်။

"ဆရာက ငါ့ကို တပည့်တစ်ယောက်လို သဘောမထားတော့ဘူး ... ရန်သူတစ်ယောက်၊ သူလျှိုတစ်ယောက်လိုပဲ သဘောထားနေတော့ ငါဒီမှာဆက်နေလည်း ဘာမှအဓိပ္ပာယ်မရှိတော့ဘူး ... ဒီတော့ ငါထွက်သွားတာပဲ ကောင်းပါလိမ့်မယ် ... နောက်ပိုင်း အဖြစ်မှန်သိသွားလို့ ဆရာ ခွင့်လွှတ်လွှတ် မလွှတ်လွှတ် အရေးမစိုက်တော့ဘူး"

အမှန်စင်စစ်အားဖြင့် လိန်လိန်က လင်မိန်ကျက်အပေါ် မေတ္တာရှိသွားသည့်အချိန်ကစ၍ လင့်ဟူချုံးမှာ လုံးဝပျော်ပိုက်ခြင်းမရှိတော့ချေ။ ထို့နောက် သူ့အတွက်ကြောင့် သူ၏အချစ်ဆုံးဂိုဏ်းတူညီလေးလုရို သေဆုံးသွားခဲ့သောအခါတွင်မူ သူ၏စိတ်နှလုံးဝယ် ပို၍ထိခိုက်ကြေကွဲသွားခဲ့ရသည်။ ယခု သူ့ဆရာက သူ့ကို ဤမျှမယုံသင်္ကာဖြစ်နေပြီဟု သိလိုက်ရသည့်အခါတွင်မူကား သူ့ရင်တွင်း၌ ဗလာဟင်းလင်းဖြစ်သွားသကဲ့သို့ ခံစားလိုက်ရတော့၏။

ထိုစဉ် ပြတင်းပေါက်အပြင်ဘက်မှ ပြောလိုက်သည့် တိုးတိုးညင်းညင်းလေသံကလေးကို လင့်ဟူချုံးက ကြားဖြစ်အောင် ကြားလိုက်ပေသေးသည်။ လင့်ဟူချုံးကြားလိုက်ရသည့်အသံမှာ ...

"ငြိမ်ငြိမ်နေ၊ အစ်ကိုကြီး ... ခုတင်ပေါ်ကဆင်းနေပြီ" ဟူသတည်း။

လင့်ဟူချုံး၏တစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်နေတော့သည်။ သူ့၌ အတွေးတစ်ခု ဝင်လာတော့၏။

"ငါသာအခုအချိန်ထွက်သွားရင် ငါတကယ်ပဲ အပြစ်တစ်ခုခုကျူးလွန်လို့ ထွက်ပြေးတာလို့ ဆရာတို့ကထင်တော့မှာပဲ ... ကောင်းပြီ ... ငါမသွားတော့ဘူး ... တမင်သက်သက်ပေတေပြီးနေပြမယ်၊ မင်းတို့ ငါ့ကိုဘာလုပ်ကြမလဲဆိုတာ စောင့်ကြည့်ရသေးတာပေါ့ ... ဟင်း ... လင့်ဟူချုံးတို့က ရွံပြီဆို မိုးပေါ်တက်ပြီး ရွံ့ပြမယ့်ကောင်ကွ ... "

လင့်ဟူချုံးသည် ခုတင်ပေါ်မှ လျှောဆင်းလိုက်ပြီးသည်နှင့် တည်းခိုခန်းမှ စားပွဲထိုးကလေးကို လှမ်းခေါ်လိုက်သည်။ စားပွဲထိုးကလေးရောက်လာသောအခါ အရက်များကို ချက်ချင်းအယူခိုင်းလိုက်တော့သည်။ လင့်ဟူချုံးတစ်ယောက် မူးလဲသည်အထိ အရက်များကို သောက်ပစ်လိုက်တော့သည်။

လေးရက်ခန့်ကြာသောအခါ သူတို့အားလုံး ကော့ရန်မြို့သို့ရောက်ရှိလာကြတော့၏။ လင်မိန်ကျက်က သူတစ်ယောက်တည်း သူ၏ဘိုးဘိုးအိမ်သို့ ထွက်ခွာသွားတော့၏။ ရက်ပုချွန်အမှူးပြုသော ဝါဆန်းဂိုဏ်းသားအားလုံးတို့မှာ တည်းခိုခန်းတစ်ခု၌ပင် စခန်းချနေလိုက်ကြတော့၏။

ရက်ပုချွန်နှင့် ဖူးလင်တို့သည် တည်းခိုခန်းတွင်တည်းခိုနေကြစဉ် သစ်လွင်တောက်ပသော အဝတ်အစားများကို ရွေးချယ်ဝတ်ဆင်နေကြတော့သည်။ ဝါဆန်းဂိုဏ်းသားအားလုံးပင် အဝတ်သစ်အစားသစ်ဖြင့် တသွေးတမွေးဖြစ်နေကြတော့၏။

သူတို့ထဲတွင် လင့်ဟူချုံးတစ်ယောက်သာ ရွှံ့များပေကျံနေသည့် အဝတ်အစားများကို ဝတ်ဆင်ထားလျက်ရှိသည်။ ထို့ကြောင့် လိန်လိန်က အင်္ကျီသစ်တစ်ထည်လာပေးသည်။ သူမကိုယ်တိုင်သည်လည်း သစ်လွင်လှပသော အင်္ကျီသစ်တစ်ထည်ကိုဝတ်ဆင်၍ အထူးတလည် အလှပြင်ထားသည်ကို လင့်ဟူချုံးတွေ့ရသည်။

လင့်ဟူချုံးက လျောင်ပြောင်ခနဲ့ရန် စိတ်ကူးလိုက်သည်။ သို့သော် ချက်ချင်းလိုလိုပင် ...

“ငါက ယောကျ်ားရင့်မကြီးလုပ်နေပြီးတော့မှ ဒီလောက်သဘောထားသေးရသလား” သူ့စိတ်ကိုသူ ပြန်ထိန်းလိုက်ပြီး ...

“ညီမလေး ... ငါ့အတွက် အင်္ကျီမလိုပါဘူး၊ ငါမဝတ်ဘူး၊ ပြန်သာယူသွားတော့” ဟု ပြောလိုက်သည်။

လိန်လိန်မှာ မည်သို့မျှ တိုက်တွန်း၍ မရတော့သဖြင့် အင်္ကျီကို ပြန်ယူသွားရတော့၏။

များမကြာမီပင် တည်းခိုခန်း၏တံခါးအပြင်ဘက်မှ ကျယ်လောင်လှသောအသံကြီးတစ်ခုကို ကြားလိုက်ကြရတော့သည်။

“ဂိုဏ်းချုပ်ကြီး ကြွရောက်လာတာကို အခုမှ ကျုပ်တို့ကြိုဆိုနိုင်တဲ့အတွက် ခွင့်လွှတ်ပါ ... ”

ရက်ပုချွန်နှင့် ဖူးလင်တို့သည် ကျေနပ်အားရစွာပြုံးလိုက်မိကြသည်။ သူတို့၏နှလုံးသား၌ ပီတိဖြစ်သွားခြင်းကို သူတို့မျက်နှာပေါ်ရှိအပြုံးများက ဖော်ပြလိုက်ခြင်းသာဖြစ်တော့၏။ သိုင်းလောက၌ နာမည်တစ်လုံးနှင့်ရှိနေသော ရွှေဓားရှင်ဓားသိုင်းဆရာကြီးကိုယ်တိုင် သူတို့အား လာရောက်ကြိုဆိုခြင်းသည် သူတို့၏ဂုဏ်ဒြပ်ကို ထပ်ဆင့်တိုးမြှင့်ပေးလိုက်သည့်သဘောပင်မဟုတ်ပါလော။

ထို့ကြောင့် သူတို့နှစ်ယောက်ကလည်း အခန်းအပြင်သို့ထွက်၍ ကြိုဆိုလိုက်ကြသည်။ သိုင်းဆရာကြီး ရွှေဓားရှင်ဝမ်ရှယ်မှာ အသက်ခုနစ်ဆယ်ကျော်နေလေပြီ။ သို့သော် မျက်နှာ၌ သွေးရောင်ရဲတက်နေပြီး ကျန်းမာရေးကောင်းလှသည်။ သူ့လက်ထဲတွင် ရွှေလုံးနှစ်လုံးကိုကိုင်၍ကစားရင်းမှ တည်းခိုခန်း၏ဧည့်ခန်းသို့ ဝင်လာခြင်းဖြစ်သည်။ သူ၏ဟန်ပန်ကို ကြည့်ခြင်းအားဖြင့် အမှန်တကယ် ချမ်းသာကြွယ်ဝသူတစ်ယောက်ဖြစ်ကြောင်း ကောင်းစွာသိနိုင်ပေသည်။

ရွှေဓားရှင်ဝမ်ရှယ်သည် ရက်ပုချွန်ကိုတွေ့သည်နှင့် အလွန်ပင်ဝမ်းသာအားရ ပွေ့ဖက်နှုတ်ဆက်တော့သည်။ ရက်ပုချွန်က ပြုံး၍ ခန့်ညားရည်မွန်သောစကားများဖြင့် ဂုဏ်ပြုချီးကျူးစကား ပြောကြားသည်။

ရွှေဓားရှင်ဝမ်ရှယ်ကလည်း သူ့နောက်တွင်ရပ်နေသော သူ့သားနှစ်ယောက်အား ခေါ်၍ ...

“ဝမ်ပေါ့ ... ဝမ်ချုံး ... မင်းတို့ရဲ့ ဦးလေးနဲ့ဒေါ်လေးကို နှုတ်ဆက်လိုက်ပါဦး” ဟု မိတ်ဆက်ပေးတော့သည်။ ထိုအခါ ဝမ်ပေါ့နှင့် ဝမ်ချုံးတို့နှစ်ယောက်သည် ရက်ပုချွန်တို့လင်မယားအား လာရောက်နှုတ်ဆက်ကြ၏။

ရက်ပုချွန်ကလည်း သူ့တပည့်များနှင့် ပြန်လှန်မိတ်ဆက်ပေးလိုက်သည်။ ထိုစဉ် ရွှေဓားရှင်ဝမ်ရှယ်က လိန်လိန်ကို တစ်ချက်မျှကြည့်လိုက်ပြီး ...

“ညီလေး ရက်ပုချွန် ... မင်းရဲ့သမီးက တကယ့်ကိုချစ်စရာကောင်းတာပဲကိုး ... အိမ်ထောင်ဘက်ကော ရှာတွေ့ပြီးပြီလား”

ရက်ပုချွန်ကလည်း ပြုံးပြရင်း ...

“သမီးကငယ်ပါသေးတယ် ... နောက်ပြီး သူက တစ်နေကုန်ဓားသိုင်းပဲကျင့်နေတော့ တစ်ပါးမိန်းကလေးတွေလို အိမ်ထောင်ထိန်းသိမ်းမှု လုံးဝမတတ်ဘူး ... ဒီတော့ ဘယ်ယောကျ်ားလေးက သူ့ကိုလာကြိုက်ပါတော့မလဲ” ဟု ပြန်ဖြေလိုက်သည်။

ထိုအခါ ရွှေဓားရှင်ဝမ်ရှယ်သည် တဟားဟားနှင့် ရယ်နေတော့၏။ ပြီးမှ ...

“ညီလေး … မင်းက ငါ့မြေးလေးရဲ့ဆရာသမားဆိုတော့ ငါတို့နဲ့ ဆွေမျိုးသားချင်းတွေဖြစ်နေပြီ … ဧည့်သည်လာ ဧည့်သည်ပြန်ဆိုတာမျိုးတော့မဖြစ်ဘူး … ငါ့အိမ်မှာ အနည်းဆုံး သုံးလေးလလောက်တော့ နေသွားရမယ် … ”

ချက်ချင်းပင် မြင်းလှည်းများစီစဉ်ပြီး ရက်ပုချွန်နှင့်တကွ ဂိုဏ်းသားအားလုံးကို သူ့အိမ်သို့ခေါ်သွားတော့၏။ သူ့အိမ်ကြီးမှာ ကြီးမားခန့်ညားလှသည်။ ဝါဆန်းဂိုဏ်းသားအားလုံး လှုပ်လှုပ်ရှားရှားဖြင့် အသက်ဝင်လာတော့သည်။

ထိုညတွင် ရွှေဓားရှင်ဝမ်ရွှယ်က ရက်ပုချွန်တို့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ ထိုဧည့်ခံပွဲကို ကော့ရန်မြို့မှ နာမည်ကြီးပုဂ္ဂိုလ်များ၊ ဂုဏ်သရေရှိသူဌေးကြီးများအားလုံးကိုဖိတ်ခေါ်၍ ရက်ပုချွန်နှင့် မိတ်ဆက်ပေးသည်။

လင့်ဟူချုံးမှာ ယောကျ်ားဧည့်သည်များတွင် ရက်ပုချွန်ပြီးသည်နှင့် ဒုတိယဂုဏ်အကြီးဆုံးဧည့်သည်ဖြစ်၏။ သို့သော် သူ၏အင်္ကျီမှာ စုတ်ပြဲပေရေလျက်ရှိနေပြီး သူ၏မျက်လုံးများ၌လည်း လုံးဝအသက်ကင်းမဲ့လျက်ရှိနေ၏။ အရက်မူးသမား တစ်ယောက်နှင့် တူနေတော့၏။

တက်ရောက်လာသည့် ဧည့်သည်များကမူ အလွန်တရာအံ့သြကြသည်။ သို့သော် သိုင်းသမားများ၌ ထူးဆန်းသော အလေ့အထများရှိသည်ကို သိထားကြသဖြင့် နှုတ်မှ ဝေဖန်ပြောဆိုခြင်းမပြုကြပေ။

လင့်ဟူချုံးနှင့် တစ်ဝိုင်းတည်းထိုင်နေသူမှာ ဝမ်ရွှယ်၏သားကြီး ဝမ်ပေါ့ဖြစ်၏။ သူက လင့်ဟူချုံး၏ အေးတိအေးစက်အမူအရာနှင့် မည်သူ့ကိုမျှ အရေးမစိုက်သည့်ဟန်ပန်ကို တွေ့ရသောအခါ သူ့စိတ်ထဲ၌ အောင့်သက်သက်ဖြစ်လာသည်။ လင့်ဟူချုံးကို မကျေမနပ်ဖြစ်လာသည်။

အမှန်စင်စစ်အားဖြင့် လင့်ဟူချုံးမှာ ဝမ်ပေါ့ကို မကျေနပ်ခြင်း၊ အရေးမစိုက်ခြင်းမဟုတ်ပေ။ လင်မိန်ကျက်မှာ မင်းသားလေးတစ်ပါးနှယ် ဝတ်စားဆင်ယင်ထားပြီး လိန်လိန်နှင့်အတူ ဧည့်သည်များကို ဧည့်ခံစကားပြောနေသည့် မြင်ကွင်းများကြောင့် အလွန်အနေရအထိုင်ရ ခက်ခဲနေခြင်းဖြစ်တော့သည်။

သူ့စိတ်ထဲတွင် …

“ညီမလေးဟာ တကယ်တော့ လင်မိန်ကျက်နဲ့ ရှေ့သွားနောက်လိုက်ညီတာပဲ … ငါက မျက်နှာမွဲ တစ်ကောင်ကြွက်ပဲ … လင်မိန်ကျက်လို သူဌေးသားမျိုးနဲ့ယှဉ်လိုက်တော့ ငါကမဖြစ်စလောက်ကလေး ဖြစ်သွားတော့တာပေါ့” ဟု တွေးလိုက်မိသည်။

ဝမ်ပေါ့မှာ လင့်ဟူချုံးက သူ့အားအရေးမစိုက်ဘဲ စော်ကားနေသည်ဟု မှတ်ယူနေသဖြင့် သူ့စိတ်ထဲတွင် တစ်စုံတစ်ခု လုပ်ရန် ဆုံးဖြတ်ချက်ချလိုက်၏။

“ဒီကောင် ငါ့ကိုဒီလိုလုပ်တော့ ငါကလည်း ဒီကောင့်ကို ပြန်အရှက်ခွဲမှပဲ … ”

လင့်ဟူချုံးအား အရက်ကိုသာဖိတိုက်တော့သည်။ လင့်ဟူချုံးမှာလည်း ယခုအခြေအနေတွင် အရက်သောက်ခြင်းသာ သူ့အတွက် အကောင်းဆုံးဖြစ်နေသဖြင့် ဝမ်ပေါ့တိုက်သမျှအရက်များကို တစ်ခွက်မငြင်း မော့သောက်နေတော့၏။ နောက်ဆုံး အမူးလွန်ကာ စားပွဲဝိုင်းပေါ်၌ ထိုးအိပ်တော့သည်။

ထိုအခါ လင့်ဟူချုံးနှင့် တစ်ဝိုင်းတည်းထိုင်နေသူများမှာ အလန့်တကြားရောင်ကြတော့၏။ ဝမ်ပေါ့ကမူ သူ၏ ရည်ရွယ်ချက် အောင်မြင်နေပြီဖြစ်၍ ခနဲ့ပြုံးပြုံးကာ ကြည့်နေတော့၏။ ရက်ပုချွန်တို့လင်မယားမှာမူ မျက်မှောင်ကုတ်နေ၏။ လင်မိန်ကျက်က လင့်ဟူချုံးအား လာရောက်တွဲထူကာ …

“အစ်ကိုကြီး … အခန်းထဲသွားပြီး အနားယူလိုက်ကြရအောင်နော် … ”

ဟု ပြောလိုက်သည်။

လင့်ဟူချုံးက …

“ငါ မမူးပါဘူးကွာ … မင်းက ညီမလေးနဲ့အဖော်မလုပ်ဘဲ ဘာဖြစ်လို့ငါ့ကိုလာတွဲရတာလဲ … သွား … မင်းဧည့်ခံရမယ့်နေရာ မင်းပြန်သွား … ”

လောင်တက်က လေသံတိုးတိုးဖြင့် …

"အစ်ကိုကြီး … ကျွန်တော်တို့သွားပြီး အနားယူကြရအောင်၊ ဒီမှာ လူတွေများပါတယ် … စကားသိပ်မပြောနဲ့နော်" ဟု ဖျောင်းဖျသည်။

လောင်တက်၏စကားကိုကြားလိုက်ရသောအခါ လင့်ဟူချုံးက ဒေါသဖြင့်အော်တော့၏။

"စကားသိပ်မပြောနဲ့ဆိုတော့ ငါကဘာတွေများလျှောက်ပြောနေလို့လဲ … ဆရာက မင်းကိုလွှတ်ပြီး ငါ့ကိုစောင့်ကြည့်ခိုင်းထားတယ်မဟုတ်လား … မင်း ငါ့ဆီက ဘာသက်သေအထောက်အထားတွေ ရှာတွေ့ပြီလဲ … "

လောင်တက်သည် လင့်ဟူချုံးက အရက်မူးမူးနှင့် အတွင်းစကားများ လျှောက်ပြောနေမည်ကို စိုးရိမ်သဖြင့် လင်မိန်ကျက်နှင့် နှစ်ယောက်ညှပ်တွဲလျက် အိပ်ခန်းအတွင်းသို့ အတင်းအဓမ္မခေါ်ဆောင်လာကြရတော့သည်။

ရက်ပုချွန်မှာ လင့်ဟူချုံး၏ 'ဆရာကမင်းကိုလွှတ်ပြီး ငါ့ကိုစောင့်ကြည့်ခိုင်းထားတယ်မဟုတ်လား' ဟူသည့်စကားကို ကြားရသောအခါ အလွန်တရာဒေါသထွက်သွားမိသည်။ ရွှေဓားရှင်ဝမ်ရွှယ်သည် ရက်ပုချွန်ကို ကောင်းစွာအကဲခတ်မိလိုက်သဖြင့် တစ်ချက်ရယ်မောလိုက်ကာ …

"ညီလေး … သူက အရက်မူးပြီးလျှောက်ပြောတာပဲ … အရေးစိုက်မနေစမ်းပါနဲ့ … လာ … လာ အရက်သောက်ကြစို့" ဟု ပြောကြားနှစ်သိမ့်လိုက်၏။

ရက်ပုချွန်က အားတင်း၍ ပြုံးကာ …

"တောသားဆိုတော့လည်း ဘာမှနားမလည်ရှာဘူး … အားနာစရာကောင်းလိုက်တာ" ဟု ပြန်လည်ပြောကြားလိုက်ရတော့သည်။

လင့်ဟူချုံးမှာ နောက်တစ်နေ့ နေ့လည်ကျမှ အရက်မူးပြေသွားသည်။ သူအရက်မူးစဉ်က ပြောမိသည့်စကားများကို သူလုံးဝမမှတ်မိတော့။

ရက်ပုချွန်က လောင်တက်ကို စောင့်ကြည့်ခိုင်းသည့်ကိစ္စနှင့်ပတ်သက်၍ လင့်ဟူချုံးရိပ်မိသွားကြောင်း သိလိုက်ပြီဖြစ်၍ လောင်တက်ကို လင့်ဟူချုံးအား စောင့်မကြည့်ခိုင်းတော့ပေ။ လင့်ဟူချုံးအိပ်ရာမှ ထလိုက်သည့်အခါ အခန်းထဲ၌ မည်သူတစ်ဦးတစ်ယောက်မျှမရှိကြောင်း တွေ့လိုက်ရသည်။ သူက အိမ်ဖော်တစ်ယောက်အား စုံစမ်းတီးခေါက်ကြည့်သောအခါ အနောက်ဘက်ရှိ ပန်းခြံကြီးတွင် ရွှေဓားရှင်ဝမ်ရွှယ်တို့ သိုင်းပညာဖလှယ်နေကြောင်း သိလိုက်ရသည်။

လင့်ဟူချုံး၏ စိတ်ထဲ၌ …

"ငါသူတို့နဲ့ သွားရောနေလို့လည်း ဘာလုပ်နိုင်မှာလဲ … ငါတစ်ယောက်တည်း အပြင်လျှောက်လည်တာက ပိုကောင်းလိမ့်ဦးမယ်"

ဟု တွေးလိုက်မိသဖြင့် မြို့ထဲသို့ တစ်ယောက်တည်း လျှောက်သွားတော့၏။

ထိုသို့လျှောက်လည်ရင်း လမ်းကြားတစ်ခုရှိ အရက်ဆိုင်တွင် တေလေကြမ်းပိုးများ အရက်သောက်ဖဲရိုက်နေသည်ကို တွေ့လိုက်ရသောအခါ လင့်ဟူချုံးမှာ ထိုအုပ်စုတွင်းဝင်၍ ပါသမျှငွေနှင့် ဖဲရိုက်တော့သည်။ နောက်ဆုံး မှောင်ရီပျိုးသည့်အချိန်ကျမှသာ အရက်မူးမူးနှင့် တည်းခိုသည့်အိမ်ဂေဟာကြီးသို့ ပြန်လာခဲ့သည်။

ဤသို့ဖြင့် သုံးရက်မျှ ကစားလိုက်၊ အရက်သောက်လိုက်ဖြင့် တေပေနေလိုက်သည်။ သို့သော် နောက်တစ်နေ့တွင်မူ ကံမကောင်း အကြောင်းမလှသဖြင့် ရှိစုမဲ့စုငွေကလေးအားလုံး ရှုံးသွားတော့သည်။ ထို့နောက် ထိုကြမ်းပိုးတေလေများနှင့် စကားများရန်ဖြစ်တော့၏။

ယခင်အချိန်များက လင့်ဟူချုံးဆိုလျှင် ဤကြမ်းပိုးတေလေကလေးများကို မျက်စိမှိတ်၍ အနိုင်တိုက်ခိုက်နိုင်ပေသည်။ သို့သော် ယခုလင့်ဟူချုံးကမူ အတွင်းအားလုံးမထုတ်နိုင်ရုံမျှမက လက်ထဲတွင်လည်း ဓားမရှိသဖြင့် မည်သို့မျှ ပြန်လှန်မခုခံနိုင်တော့ဘဲ ကြမ်းပိုးတေလေအုပ်စု၏ ဝိုင်းဝန်းထိုးကြိတ်မှုကို ခံလိုက်ရတော့သည်။ သူ၏တစ်ကိုယ်လုံးလည်း ဖူးယောင်လျက်ရှိနေပေပြီ။ ဤအတိုင်းသာ ဆက်၍အထိုးခံနေရပါက လင့်ဟူချုံးအနေဖြင့် အသက်ပါထွက်သွားပေလိမ့်မည်။

ထိုစဉ် မြင်းခွာသံများ ရုတ်တရက်ကြားလိုက်ရပြီး လူတစ်ယောက်၏ အော်သံကို ကြားလိုက်ရတော့သည်။

"ရပ်လိုက်ကြစမ်း ... "

ထိုအခါ တေလေကြမ်းပိုးအားလုံး ထွက်ပြေးသွားကြတော့၏။ လင့်ဟူချုံးမှာ လဲကျနေရာက ပြန်မထနိုင်တော့ပေ။ မိန်းကလေးအသံတစ်သံက ...

"ဟင် ... လဲနေတာ အစ်ကိုကြီးပါလား ... "

လိန်လိန်၏ အသံပင်ဖြစ်တော့သည်။

"သွားကြည့်လိုက်မယ်နော် ... "

ဤကား လင်မိန်ကျက်၏ အသံဖြစ်၏။ လင်မိန်ကျက်သည် လင့်ဟူချုံးကို ပွေ့ထူပြီး ...

"အစ်ကိုကြီး ... အစ်ကိုကြီး ... ဘယ်လိုဖြစ်တာလဲဟင်" ဟု မေးလိုက်သည်။

လင့်ဟူချုံးက ...

"ဘာမှမဖြစ်ပါဘူးကွာ ... အရက်မူးလွန်သွားတာပါ ... "

လင်မိန်ကျက်သည် လင့်ဟူချုံးကိုပွေ့၍ မြင်းပေါ်သို့ တင်လိုက်သည်။ ဤနေရာသို့ ရောက်ရှိလာသူများမှာ လင်မိန်ကျက်နှင့် လိန်လိန်တို့ နှစ်ယောက်တည်းမဟုတ်ချေ။ ရွှေဓားရှင်ဝမ်ရွှယ်၏ အိမ်သားလေးယောက်လည်း ပါလာကြသည်။

သူတို့က ဝါဆန်းဂိုဏ်း၏တပည့်ကြီးဖြစ်သော လင့်ဟူချုံးအနေဖြင့် ဤကဲ့သို့သော ကြမ်းပိုးတေလေများ၏ အထိုးအကြိတ်ခံရသည်အထိ သိုင်းပညာညံ့ဖျင်းနေသည်ကို တွေ့ရသောအခါ လင့်ဟူချုံးကို အလွန်အထင်သေးသွားကြတော့၏။ လင့်ဟူချုံးမှာ ဝမ်ရွှယ်၏အိမ်သို့ပြန်ရောက်ပြီး နောက်နှစ်ရက်အကြာအနားယူလိုက်မှ ဒဏ်ရာသက်သာသွားတော့သည်။

ရက်ပုချွန်တို့လင်မယားသည် လင့်ဟူချုံးတစ်ယောက် သူတို့၏မျက်နှာကိုမျှမထောက်၊ ကြမ်းပိုးတေလေများနှင့် ရန်ဖြစ်၍ ဒဏ်ရာရသည်ဟုကြားသိရသောအခါ ဒေါသထွက်ပြီး သူ့အား လုံးဝလာမကြည့်ကြတော့ပေ။ ရက်ပုချွန်တို့ လင်မယား ရောက်မလာသော်လည်း ယနေ့အဖို့ ရွှေဓားရှင်ဝမ်ရွှယ်၏သား ဝမ်ချုံးတစ်ယောက်တော့ ရောက်ရှိလာခဲ့ပေပြီ။

× × × × × ×

## ရွှေဓားရှင်အိမ်ကြီး

ဝမ်ချုံးက ရောက်လျှင်ရောက်ချင်းပင် လင့်ဟူချုံးအား သတင်းစကားပြောကြားလိုက်တော့၏။

"လင့်ဟူချုံး ... ခင်ဗျားအတွက် ကျုပ် ဒီနေ့ ဟို တေလေကြမ်းပိုးတွေကိုရှာပြီး ကောင်းကောင်းဆုံးမလိုက်တယ် ... "

လင့်ဟူချုံးမှာ ထိုကိစ္စမျိုးကို လုံးဝအမှတ်ထားသူမဟုတ်ပေ၊ သူက အေးဆေးစွာဖြင့် ...

"အရေးမကြီးပါဘူး ... ကျုပ်က အရက်မူးနေတော့ ကျုပ်ရဲ့အပြစ်ပါပဲ" ဟု ပြန်ပြောလိုက်သည်။

"ဒီလိုဘယ်ဟုတ်မလဲဗျာ၊ ခင်ဗျားက ကျုပ်တို့ရွှေဓားရှင်အိမ်ကြီးရဲ့ ဧည့်သည်ကိုးဗျ ... သူတို့က ခင်ဗျားကိုစော်ကားရင် ကျုပ်တို့ရွှေဓားရှင်အိမ်ကြီးကို စော်ကားတာနဲ့ အတူတူပဲ ... ကျုပ်တို့ရဲ့ဧည့်သည်ကို စော်ကားခြင်းဟာ ကျုပ်တို့နဲ့ မဆိုင်ဘူးလို့ ကျုပ်တို့က မသတ်မှတ်ဘူးဗျာ ... ဒီတော့ ကျုပ်တို့က ဘယ်လက်ပိုက်ကြည့်နိုင်ပါတော့မလဲ ... "

လင့်ဟူချုံး၏စိတ်ထဲတွင် ဤရွှေဓားရှင်အိမ်ကြီး၏ ပကာသနအဆောင်အယောင်များနှင့် ဟိတ်ကြီးဟန်ကြီးလုပ်နေမှုများကို ကြည့်မရဘဲဖြစ်နေသူဖြစ်၍ ဝမ်ချုံးအား ကျေးဇူးတင်စကား လုံးဝမပြောပေ။ ထို့ပြင် ခနဲ့ပြုံး ပြုံးရင်း ...

"အင်း ... ဒီကြမ်းပိုးတေလေတွေဟာ ရွှေဓားရှင်အိမ်ကြီးနဲ့ခြောက်မှ ကြောက်ကြတာကိုး" ဟု ပြောလိုက်တော့၏။ ထိုစကားကိုကြားလိုက်ရသောအခါ ဝမ်ချုံး၏မျက်နှာမှာ ချက်ချင်းတင်းမာသွားပြီး ...

"လင့်ဟူချုံး ... ခင်ဗျားရဲ့စကားက ဘာသဘောလဲ"

"ဘာသဘောမှ မဟုတ်ပါဘူးဗျာ ... ခင်ဗျားကိုလည်း ကျေးဇူးတင်ပါတယ် ... "

ဝမ်ချုံးသည် လင့်ဟူချုံး၏တုံ့ပြန်စကားကို ကြားလိုက်ရသောအခါ ခနဲ့ပြောမှန်းသိလိုက်၍ ပိုဒေါသထွက်လာပြီး ...

"ခင်ဗျားဟာ ဝါဆန်းဂိုဏ်းရဲ့တပည့်ကြီးပဲ ... ဘယ့်နှယ် ဒီကော့ရန်မြို့က တေလေကြမ်းပိုးတွေကိုတောင် မတိုက်ခိုက်နိုင်ဘူးဆိုတော့ ... ဟင်း ... ခင်ဗျားရဲ့နာမည်က အလကားပါလား ... ခင်ဗျားဘာတွေ နာမည်ကျော်နေတာပါလိမ့်" ဟု ပြန်ခနဲ့တော့သည်။

လင့်ဟူချုံးမှာ နာမည်ဂုဏ်ကို လုံးဝဂရုမစိုက်သူဖြစ်၍ ...

"ကျုပ်က နဂိုကတည်းက နာမည်မရှိတဲ့လူပဲဗျာ ... ဒီတေလေကြမ်းပိုးတွေကို ရှုံးလို့၊ နိုင်လို့ ကျုပ်အတွက် ဘာမှ အရေးမကြီးပါဘူး" ဟု ပြန်ပြောလိုက်သည်။

ထိုစဉ် အခန်းပြင်မှ နောက်တစ်ယောက် ထပ်ဝင်လာပြန်တော့၏။ ထိုသူမှာ ဝမ်ပေါ့ ဖြစ်သည်။ ဝမ်ပေါ့က ...

"ညီလေး ... လင့်ဟူချုံးနဲ့ ဘာတွေပြောနေကြသလဲ"

ဝမ်ချုံးမှာ ဒေါသထွက်နေသူဖြစ်၍ ...

"အစ်ကို ... ကျွန်တော်ကစေတနာနဲ့ သူ့ကိုယ်စား ဟိုကြမ်းပိုးတေလေတွေကို သွားဆုံးမပေးတာ ... အဲဒါ သူက ကျွန်တော့်ကို ကျေးဇူးမတင်တဲ့အပြင် ပြန်တောင်ခနဲ့နေလိုက်သေးတယ်" ဟု တိုင်တန်းလိုက်တော့သည်။

ဝမ်ပေါ့က ...

"ညီလေး ... မင်းမသိဘူး ... လင့်ဟူချုံးမှာ သိုင်းပညာသိပ်တော်တယ်လို့ ညီမလေးလိန်လိန်ကပြောပြတယ် ... ဟိုတစ်နေ့ ဘုရားကျောင်းဟောင်းထဲမှာ သူက ဓားတစ်ချောင်းထဲနဲ့ ရန်သူဆယ့်ငါးယောက်ရဲ့မျက်လုံးတွေကို ထိုးဖောက်လိုက်တယ် ဆိုပဲ ... ဟား ... ဟား ... ဟား ... "

သူ၏ရယ်သံမှာ သရော်ရယ်သံဖြစ်သည်။ ဒဏ္ဍာရီတစ်ခုကို ကြားလိုက်ရသကဲ့သို့ မယုံကြည်နိုင်သော သဘောကို ဆောင်နေသည်။ ဝမ်ချုံးကလည်း တဟားဟား လိုက်ရယ်တော့သည်။

လင့်ဟူချုံးမှာ သူတို့၏သရော်ရယ်သံကို လုံးဝဒေါသမထွက်သည့်ပြင် ဒူးတယမ်းယမ်းဖြင့် တဟီးဟီး လိုက်ရယ်နေပေသေးသည်။ သူကလည်း ဤညီအစ်ကိုနှစ်ယောက်ကို လုံးဝအရေးမစိုက်ကြောင်း အကောင်းဆုံးတုံ့ပြန်ပြလိုက်ခြင်းဖြစ်တော့၏။

ဝမ်ချုံးမှာတကယ်တမ်းအားဖြင့် သူ့အဖေ ရွှေဓားရှင်ဝမ်ရွှယ်၏အမိန့်အရ လင့်ဟူချုံး၏ပညာကို လာရောက်တီးခေါက်စုံစမ်းခြင်းသာဖြစ်သည်။ လင့်ဟူချုံးက သူတို့အား လုံးဝလေးစားခြင်းမရှိဘဲ မထီလေးစားလုပ်နေသည်ကို တွေ့ရသောအခါ များစွာခံပြင်းလာသည်။ ဒေါသထွက်နေသည့်လေသံဖြင့် ပြောလိုက်သည်။

"လင့်ဟူချုံး ... ခင်ဗျားကို ကျုပ်တစ်ခုမေးချင်တယ်"

"မေးပါ ... "

"ကျုပ်အစ်မတို့ သေခါနီးတုန်းက လင်မိန်ကျက်အတွက်မှာစရာရှိတာတွေ ခင်ဗျားကတဆင့် မှာကြားခဲ့တယ်ဆိုတာ ဟုတ်သလား ... "

"ဟုတ်ပါတယ် ... "

"ဒီလိုဆို ကျုပ်အစ်မယောက်ျား လင်ကျန်နန်ရဲ့ ဘီလူးမီးဓားသိုင်းစာအုပ်က ဘယ်မှာလဲ ... "

လင့်ဟူချုံးသည် သူ့အား စော်စော်ကားကား မေးမြန်းလာသည့် စကားကိုကြားလိုက်ရသောအခါ ချက်ချင်းထအော်တော့သည်။

"ဘာ ... ပြော ... တယ် ... "

ဝမ်ချုံးနှင့် ဝမ်ပေါ့တို့မှာ လင့်ဟူချုံး ရုတ်တရက်တိုက်ခိုက်လာမည်ကို ကြောက်သဖြင့် နောက်သို့တစ်ချက်ဆုတ်လိုက်ကြသည်။ ပြီးမှ ...

"ကျုပ်အစ်မယောက်ျားမှာ ဘီလူးမီးဓားသိုင်းစာအုပ်ရှိတယ်၊ ဒီစာအုပ်ကို သိုင်းလောကသားတွေထဲက ထိပ်သီးသိုင်းသမားတိုင်းက လိုချင်တပ်မက်ဖြစ်နေကြတယ် ... အဲဒီစာအုပ်ကို ကျုပ်ယောက်ဖလင်ကျန်နန်က သူ့သားလင်မိန်ကျက်ကို ပေးခိုင်းမှာပဲ ... ခင်ဗျားက ဘာဖြစ်လို့ ဒီနေ့အထိ ဒီစာအုပ်ကို ထုတ်မပေးရသေးတာလဲ ... "

ဤစကားသည် မိမိ၏ဖြောင့်မှန်သော ကိုယ်ကျင့်သိက္ခာကို အတိအလင်းစော်ကားလိုက်ခြင်းဖြစ်ရာ အသားတဆတ်ဆတ်တုန်မျှ ဒေါသထွက်လာမိသည်။ သို့သော် အခြေအနေအရပ်ရပ်ကို ဆင်ခြင်စဉ်းစားလိုက်နိုင်သဖြင့် မိမိ၏ဒေါသကို ထိန်းသိမ်းလိုက်ပြီး ...

"ခင်ဗျားတို့ အခုလိုလာပြောနေကြတာ ခင်ဗျားတို့သဘောနဲ့ လာပြောနေတာလား ... ဒါမှမဟုတ် ခင်ဗျားတို့ရဲ့ အဖေက စေခိုင်းလိုက်လို့ လာပြောနေတာလား ... "

ဝမ်ချုံးက ...

"ကျုပ်ဘာသာ ကျုပ် လျှောက်မေးကြည့်တာပါ ... ဘာလဲ၊ ဒီလောက်အရေးကြီးတဲ့ သိုင်းစာအုပ်နဲ့ပတ်သက်ပြီး ကျုပ်တို့ မမေးရဘူးလား ... "

လင့်ဟူချုံးက ...

“နေပါဦး ... ကျုပ်မေးစမ်းပါရစေဦး ... လင်မိန်ကျက်ကများ မေးခိုင်းလိုက်တာလား ... သူက ဘာဖြစ်လို့ ကိုယ်တိုင် မမေးရတာလဲ ... ”

ဝမ်ချုံးက တဟားဟားရယ်မောလိုက်ရင်း ...

“လင်မိန်ကျက်က ခင်ဗျားရဲ့ဂိုဏ်းတူညီပဲဗျ ... ခင်ဗျားကို ဘယ်မေးရပါ့မလဲ” ဟု ပြောလိုက်တော့၏။

အမှန်စင်စစ် လင်မိန်ကျက်က ဤဘီလူးမီးဓားသိုင်းစာအုပ်နှင့်ပတ်သက်၍ သူတို့အား တစ်ခွန်းတစ်ပါဒမျှ ထုတ်ဖော်ပြောကြားခဲ့သည်မဟုတ်ပေ။ သူတို့က လင်မိန်ကျက်က မေးခိုင်းသယောင်ယောင်သဘောမျိုးရောက်အောင် ဆွဲပြောနေကြခြင်းဖြစ်သည်။

လင့်ဟူချုံးက ခနဲ့ပြုံး ပြုံး၍ ...

“လင်မိန်ကျက်အနေနဲ့ ကျုပ်ကို ဘာမမေးရဲစရာရှိသလဲဗျာ ... အခုဆိုရင် သူ့နောက်မှာ ခင်ဗျားတို့ ရွှေဓားရှင်အိမ်ကြီး ရှိနေပြီပဲ ... ဘာများကြောက်စရာလိုနေသေးလို့လဲ ... သူ့ကိုပါခေါ်လာပြီး ကျုပ်ကို စစ်မေးကြပေါ့ဗျာ” ဟု ပြောလိုက်တော့သည်။

ဝမ်ချုံးက ...

“ခင်ဗျားက ကျုပ်ရဲ့ဧည့်သည်ပဲ ... ကဲ ... ဒီတော့ ကျုပ်တို့က ဘယ်စစ်ဆေးရဲပါ့မလဲ ... ကျုပ်တို့အနေနဲ့ သိပ်သိချင်လို့ မေးလိုက်တာပဲ ... ခင်ဗျားဖြေချင်မှဖြေပါ ... မဖြေရင်လည်း ကျုပ်တို့က ဘာမှမတတ်နိုင်ပါဘူး ... ”

လင့်ဟူချုံးက သူ့စကားကို လက်ခံသည့်သဘောဖြင့် ခေါင်းညိတ်ပြကာ ...

“ကောင်းတယ် ... ခင်ဗျားတို့သဘောထားက ရှင်းသားပဲ၊ ဒီတော့ ကျုပ်ကလည်း ရှင်းရှင်းပဲပြောမယ် ... ကျုပ်ဘာမှ မဖြေချင်ဘူး ... ကဲ ... ခင်ဗျားတို့လည်း ဘာမှမတတ်နိုင်တော့ဘူး ... ခင်ဗျားတို့ ပြန်ထွက်သွားကြပေတော့ ... ”

ထိုအခါ ဝမ်ချုံးတို့ညီအစ်ကိုနှစ်ယောက်မှာ ရုတ်တရက် ဘာပြန်ပြောရမည်မှန်း မသိတော့ဘဲဖြစ်သွားကြသည်။ ထို့ကြောင့် စကားလမ်းကြောင်း ကမန်းကတန်းပြောင်းလိုက်ရသည်။

“လင့်ဟူချုံး ... ခင်ဗျားက ဓားချက်တစ်ချက်တည်းနဲ့ လူဆယ့်ငါးယောက်ရဲ့မျက်လုံးကို ထိုးဖောက်နိုင်တယ်ဆို ... ဒီလောက်ကောင်းတဲ့ဓားကွက်မျိုး ကျုပ်တို့တစ်သက်မှာ မကြုံဖူးမကြားဖူးဘူး၊ ဧကန္တ ... ဒီဓားကွက်ဟာ ဘီလူးမီးဓားကွက်ဖြစ်မယ်ထင်တယ်”

ထိုစကားကိုကြားလိုက်ရသော လင့်ဟူချုံးမှာ တစ်ကိုယ်လုံး ချွေးဒီးဒီးကျလာတော့သည်။ မြုပ်ကွယ်နေသည့် အချက်တစ်ချက်ကို ကံအားလျော်စွာ သူနားလည်သဘောပေါက်ခဲ့ရချေပြီ။ သူတွေးလိုက်မိသည်မှာ ...

“ဆရာ ... ဆရာမနဲ့ ငါ့ဂိုဏ်းတူညီအစ်ကိုမောင်နှမတွေက ငါသူတို့အသက်ကိုကယ်တာကို ကျေးဇူးမတင်တဲ့အပြင် ငါ့ကိုသံသယဖြစ်နေတဲ့ကိစ္စကို ငါအစတုန်းက လုံးဝနားမလည်သဘောမပေါက်ခဲ့ဘူး ... လက်စသတ်တော့ သူတို့ဟာ ငါ့ကို လင်ကျန်နန်ရဲ့ ဘီလူးမီးသိုင်းစာအုပ်ကို မတော်မတရားခိုးယူပြီး အဲဒီထဲကဓားသိုင်းကွက်တွေကို ခိုးပြီးလေ့ကျင့်ထားတယ်လို့ ထင်နေကြတာကိုး ... သူတို့က ဇကေရာဇ်ကိုးကွက်ရဲ့ ဓားသိုင်းပညာကို တွေ့ဖူးကြတာမှမဟုတ်တာ၊ နောက်ပြီး ငါ့အနေနဲ့ကလည်း ဆရာဘိုးဘိုးရဲ့လျှို့ဝှက်ချက်ကြီးကို လုံးဝဖွင့်မပြောနိုင်ပြန်တော့ လူတိုင်းက ငါ့ကို ဒီလို ထင်ကြတော့မှာပဲ ... သူများတွေထင်တာက အရေးမကြီးဘူး ... ငါ့ရဲ့စိတ်ရင်းသဘောရင်းကို မသိကြလို့ထင်ကြတာ ... ဆရာ၊ ဆရာမနဲ့ ညီမလေးတို့ကကော ငါနဲ့နှစ်ပေါင်းဒီလောက်အကြာကြီးနေလာခဲ့ကြတာ ငါ့ကို ဒီလိုထင်ဖို့မသင့်ပါဘူး ... ဟင်း ... ငါ့ကို မယုံကြဘူးတဲ့ ... တကယ်ပဲ အထင်သေးကြတာကိုး ... ”

ဤသို့စဉ်းစားလိုက်မိသောအခါ သူ၏မျက်နှာ၌ ဒေါသကြောင့် တင်းမာခက်ထန်သည့် အရိပ်အယောင်များ ဖြစ်ပေါ်လာတော့သည်။ ထိုအခါ ဝမ်ချုံးက အားရဝမ်းသာသောလေသံဖြင့် အခိုင်အမာထပ် ပြောတော့၏။

“ဘယ့်နှယ်လဲ ... ကျုပ်ပြောတာ မှန်တယ်မဟုတ်လား ... ကျုပ်က ဒီဘီလူးမီးဓားသိုင်းစာအုပ်ကို ကြည့်ချင်လို့ ပြောနေတာမဟုတ်ပါဘူး ... ဒီစာအုပ်ရဲ့ပိုင်ရှင်ကတော့ လင်မိန်ကျက်ပါပဲ ... သူ့လက်ထဲကို ပြန်ပေးရမှာပါ ... ”

“ကျုပ်ဆီမှာမရှိလို့ ကျုပ်က ဒီလောက်ပြောနေတာတောင် ခင်ဗျားတို့က ပြောလေကဲလေဆိုတာလို ဖြစ်နေကြတာကိုး ... ကဲ ခင်ဗျားတို့ယုံအောင် ကျုပ်က ဘယ်လိုလုပ်ပြရမှာလဲ” ဟု ပြန်မေးလိုက်၏။

ဝမ်ချုံးက ...

“ကျုပ်တို့ ညီအစ်ကိုက ခင်ဗျားရဲ့ကိုယ်ပေါ်မှာ ရှာကြည့်မယ်”

လင့်ဟူချုံးက ခနဲ့ပြုံး ပြုံး၍ ပြန်မေးလိုက်သည်။

“ခင်ဗျားတို့က ကျုပ်ကို သူခိုးတစ်ယောက်လိုသဘောထားပြီး ရှာကြဖွေကြမယ်ဆိုတဲ့ သဘောပေါ့ ဟုတ်လား ... ”

ဝမ်ချုံးက ပြုံးရယ်ရင်း ပျာပျာသလဲ ပြန်ပြောသည်။

“ဒီလိုသဘောမျိုး မဟုတ်ရပါဘူးဗျာ ... ဒါပေမယ့် ခင်ဗျားဆီမှာသာ ဘီလူးမီးဓားသိုင်းစာအုပ်မရှိဘူးဆိုရင် ခင်ဗျားက ဘာဖြစ်လို့ ကျုပ်တို့ရှာမှာကိုကြောက်ရတာလဲ ... မရှိရင်မကြောက်နဲ့ပေါ့ဗျာ၊ ရိုးသားသန့်စင်တဲ့သူဟာ အစစ်ဆေးခံနိုင်ရမယ်မဟုတ်လား ... ”

လင့်ဟူချုံးက ...

“ကောင်းပြီ ... ခင်ဗျားတို့အခု လင်မိန်ကျက်နဲ့ လိန်လိန်တို့ကိုသွားခေါ်လိုက် ... သူတို့ကို သက်သေလုပ်ခိုင်းပြီး သူတို့ရှေ့မှာရှာကြ ... ”

ဝမ်ချုံးမှာ အကျဉ်းအကျပ်ကျသွားတော့သည်။ အကယ်၍ သူက လင်မိန်ကျက်တို့ကိုသွားခေါ်ပါက ဝမ်ပေါ့ တစ်ယောက်တည်းကျန်ရစ်ခဲ့မည်။ ထိုအခါ ဝမ်ပေါ့ကို လင့်ဟူချုံးက တိုက်ခိုက်မည်ကိုစိုးရိမ်ရသည်။ အကယ်၍ သူတို့နှစ်ယောက်စလုံး သွား၍ခေါ်မည်ဆိုပါက လင့်ဟူချုံးအနေဖြင့် ဘီလူးမီးဓားသိုင်းစာအုပ်ကို ဝှက်ချိန်ရသွားပေမည်။

ထို့ကြောင့် ဝမ်ချုံးက ...

“ရှာမယ်ဆိုရင်လည်း အခုရှာမယ်ဗျာ ... ဘာဖြစ်လို့ခင်ဗျားက ဆင်ခြေဆင်လက်ပေးနေရတာလဲ ... ခင်ဗျားမှာ ဒီသိုင်းစာအုပ် မရှိဘူးဆိုရင် အရှာခံဝံ့ရမှာပေါ့ ... ”

လင့်ဟူချုံးက သူ့အား သက်သေများဖြင့်မရှာသမျှကာလပတ်လုံး လုံးဝအရှာခံမည်မဟုတ်ချေ။ ထို့ကြောင့် သူက ခေါင်းကိုခါယမ်းပြ၍ ...

“ခင်ဗျားတို့နှစ်ယောက်တည်းရှာဖို့ကိုတော့ ကျုပ်ကလုံးဝရှာခွင့်မပေးပါဘူး ... ခင်ဗျားတို့သိပ်ပြီးရှာချင်နေကြတယ်ဆိုရင် ကျုပ်ပြောသလို လင်မိန်ကျက်နဲ့လိန်လိန်တို့ကိုသာ သွားခေါ်လိုက်ပါ”

ဝမ်ချုံးတို့ညီအစ်ကိုနှစ်ယောက်၏အမြင်တွင် လင့်ဟူချုံးက သူအရှာခံရမည့်ကိစ္စ၌ ကတ်ကတ်သတ်သတ်လုပ်နေခြင်းမှာ အမှန်တကယ် ဘီလူးမီးဓားသိုင်းကျမ်းစာအုပ်ရှိနေ၍သာဖြစ်သည်ဟု ယုံကြည်သထက်ယုံကြည်လာကြသည်။

ထို့ကြောင့် ဘီလူးမီးဓားသိုင်းစာအုပ်ကို လက်ဝယ်ပိုင်ပိုင်ရလိုသောစိတ်တို့မှာလည်း မထိန်းနိုင်မသိမ်းနိုင် ဖြစ်လာကြတော့၏။

ဝမ်ချုံးက ဝမ်ပေါ့ကို မျက်ရိပ်တစ်ချက်ပြရင်း ...

“လင့်ဟူချုံး ... ခင်ဗျားက အနုနည်းနဲ့ပြောမရတဲ့လူဆိုတော့ အကြမ်းနည်းကို သုံးရတော့မှာပဲ ... ” ဟု ပြောတော့သည်။

စကားဆုံးသည်နှင့် ညီအစ်ကိုနှစ်ယောက်စလုံးက ရုတ်တရက် ညုပ်၍ တိုက်ခိုက်လိုက်ကြတော့သည်။ လင့်ဟူချုံးမှာ သူတို့နှစ်ယောက် ဝင်လာပုံကိုကြည့်သည်နှင့် မည်သို့ခုခံကာကွယ်ရမည်ကို ကောင်းစွာသိမြင်သည်။ ထို့ကြောင့် သူ၏လက်ကို တစ်ချက်မျှလှုပ်လိုက်သည်။ သို့သော် သူ့၌ အတွင်းအားလုံးဝမရှိသဖြင့် သူ၏လက်မှာလည်း လုံးဝအားမရှိတော့ပေ။

ထိုအခါ ဝမ်ချုံးက လင့်ဟူချုံး၏ ညာလက်တံတောင်ဆစ်ကို ဖြုတ်ချလိုက်၏။ ဝမ်ပေါ့ကလည်း လင့်ဟူချုံး၏ ဘယ်ဘက် လက်မောင်းရင်းအဆစ်ကို ဖြုတ်ချလိုက်ပြန်သည်။

ဝမ်ချုံးက သတိပေးလိုက်သည်။

"အစ်ကိုကြီး မြန်မြန်ရှာ ... "

ဝမ်ပေါ့သည် လင့်ဟူချိုး၏တစ်ကိုယ်လုံးကို နံ့နံ့စပ်စပ် ရှာဖွေလိုက်သည်။ လင့်ဟူချိုး၏ အင်္ကျီတွင်းမှ စာအုပ်ကလေးတစ်အုပ်ကို ရုတ်တရက် တွေ့ရှိလိုက်ရတော့သည်။ ထုတ်ယူကြည့်ပြီး စာအုပ်မှန်းသိသည်နှင့် အော်လိုက်တော့၏။

"တွေ့ပြီ ... တွေ့ပြီ ... ဟောဒီမှာ ဘီလူးမီးဓားသိုင်းကျမ်း၊ ဘီလူးမီးဓားသိုင်းကျမ်း ... "

ဝမ်ချိုးသည် ဝမ်ပေါ့၏လက်တွင်းမှ စာအုပ်ကလေးကို လှမ်းယူ၍ အဖုံးကိုလှန်ကြည့်လိုက်၏။ ပထမစာရွက်တွင် စာလုံးကြီးနှင့် 'သိုင်းလောက၏စိန်ခေါ်သံ' ဟူသော စာတန်းကို ရေးထိုးထားကြောင်း တွေ့ရှိလိုက်ရသည်။

နောက်တစ်ရွက် ထပ်လှန်ကြည့်လိုက်သောအခါ ထူးခြားဆန်းကြယ်သော သင်္ကေတများကိုတွေ့ရသဖြင့် ဘီလူးမီးဓားသိုင်းကျမ်း၏ လျှို့ဝှက်အမှတ်အသားများ ဖြစ်လိမ့်မည်ဟုယူဆမိကြပြီး ဘီလူးမီးဓားသိုင်းကျမ်းအစစ်ဟု လုံးဝယုံကြည်သွားကြတော့၏။ ထို့ကြောင့် ဝမ်ပေါ့နည်းတူ ဝမ်ချိုးကလည်း အော်ဟစ်တော့၏။

"ဘီလူးမီးဓားသိုင်း ... ဘီလူးမီးဓားသိုင်း သေချာပြီ"

ဝမ်ပေါ့က ...

"ကဲ ... လာ ... လာ ငါတို့အဖေဆီ သွားပြကြမယ် ... "

ထိုသူနှစ်ယောက်တို့သည် ပလွေနှင့် ကြိုးတပ်တူရိယာနှစ်မျိုးတို့ ပေါင်းစပ်တီးမှုတ်ရသော တေးဂီတစာအုပ်ကို ဘီလူးမီးဓားသိုင်းကျမ်းဟုမှတ်ယူလျက် အခန်းတွင်းမှ ထွက်ပြေးသွားကြတော့၏။ လင့်ဟူချိုးမှာ ဒေါသကြောင့် တကိုယ်လုံး ဆတ်ဆတ်တုန်နေသည်။

သို့သော် ချက်ချင်းပင် သူ့စိတ်ကိုဖြေလိုက်ပြီး စဉ်းစားလိုက်သည်။

"ဒီလူနှစ်ယောက်က လူငယ်တွေဖြစ်နေကြတော့ ဘာမှနားမလည်ဘဲဖြစ်နေကြတာ ... သူ့အဖေကတော့ အသက်အရွယ်လည်းမငယ်တော့ဘူး ... ဗဟုသုတလည်း နည်းမှာမဟုတ်ဘူး ... တော်တော်ကြာ တေးဂီတစာအုပ်မှန်းသိသွားပြီး ငါ့ကိုလာတောင်းပန်မှာပဲ ... "

သူ၏လက်နှစ်ဖက်စလုံးမှာ လက်ဆစ်များ အဖြုတ်ခံထားရသဖြင့် အလွန်နာကျင်နေသည်။ သူသည် မြေကြီးပေါ်တွင် လဲလျောင်းရင်း ထပ်မံစဉ်းစားနေမိပြန်သည်။

"ငါ့မှာ အတွင်းအားလည်း မရှိတော့ဘူး ... လမ်းပေါ်ကလူတွေကိုတောင် ငါ ခုခံနိုင်တော့မှာမဟုတ်ဘူး ... ငါတော့ ဒုက္ခိတဖြစ်နေပြီ ... ဒုက္ခိတဘဝနဲ့ ဒီလောကကြီးမှာ ဆက်ပြီးအသက်ရှင်နေလို့ ဘာအကျိုးရှိတော့မှာလဲ ... "

ထိုစဉ် ဝမ်ချိုးတို့ညီအစ်ကို ပြန်ပြေးလာသည်။

ဝမ်ချိုးက ...

"ခင်ဗျား ကျုပ်အဖေနဲ့ လိုက်တွေ့ပါ ... "

လင့်ဟူချိုးက အော်လိုက်သည်။

"ခင်ဗျားအဖေက ကျုပ်ကိုလာမတောင်းပန်မခြင်း ကျုပ်ဒီနေရာက တစ်ဖဝါးမရွှေ့ဘူး ... "

ဝမ်ချိုးတို့ညီအစ်ကိုမှာ ပြက်လုံးတစ်ခုကိုကြားလိုက်ရသကဲ့သို့ တဟားဟားရယ်မောလိုက်ကြ၏။

"ကျုပ်အဖေက ခင်ဗျားလိုသူခိုးတစ်ယောက်ကို တောင်းပန်ရမယ် ဟုတ်လား ... တကယ့်ကို ရယ်စရာစကားတွေလာပြောနေတော့တာကိုး ... "

သူတို့နှစ်ယောက်က လင့်ဟူချိုး၏အင်္ကျီခါးကိုဆွဲမ၍ သူတို့ဖခင် ရွှေဓားရှင်ဝမ်ရွယ်ရှိရာသို့ ခေါ်ဆောင်သွားကြတော့၏။ လင့်ဟူချိုးမှာ အစွယ်မဲ့ အဆိပ်မဲ့ဘဝသို့ ရောက်နေရပြီဖြစ်ရာ မည်သို့မျှ တွန်းလှန်ခုခံနိုင်ခြင်းမရှိတော့ဘဲ သူတို့ခေါ်ဆောင်ရာသို့ လိုက်ပါသွားရတော့၏။

လင့်ဟူချိုးက ကြမ်းတမ်းသော စကားများကိုသုံးကာ အော်ဟစ်ရှုံ့ချနေတော့၏။

"ဒါက ခင်ဗျားတို့ရွှေဓားရှင်အိမ်ကြီးရဲ့ ဆက်ဆံနည်းနဲ့တူတယ်၊ ဒီလောက်တောင် အောက်တန်းကျပြီး ယုတ်မာတဲ့ဆက်ဆံနည်းတွေ ခင်ဗျားတို့ နည်းနည်းမှ မရှက်ကြဘူးလား ... "

ဝမ်ချုံးက လင့်ဟူချုံး၏မျက်နှာကိုဖြတ်ရိုက်လိုက်ရာ လင့်ဟူချုံး၏နှာခေါင်းမှ သွေးများဖြာကျလာတော့၏။ သို့သော် လင့်ဟူချုံး၏ပါးစပ်ကို လုံးဝပိတ်သွားအောင်တော့ သူတို့ညီအစ်ကိုနှစ်ယောက်စလုံး မတတ်နိုင်ကြချေ။

နောက်ဆုံး သူတို့အားလုံး အနောက်ဘက်ခန်းမကြီးထဲသို့ ရောက်ရှိလာကြတော့၏။ ခန်းမကြီးထဲ၌ ရက်ပုချွန်တို့ လင်မယားနှစ်ယောက်တို့သည် အိမ်ရှင်ဝမ်ရွှယ်နှင့်အတူထိုင်လျက် သူတို့အား စောင့်ကြည့်နေကြောင်းတွေ့လိုက်ရတော့၏။

လင့်ဟူချုံးသည် ဝမ်ရွှယ်ကိုတွေ့လိုက်သည်နှင့် ...

"ရွှေဓားရှင်ကြီးရဲ့ဆက်ဆံရေးက တယ်ကောင်းပါလား ... ကျုပ်ကိုဘယ်လိုလုပ်ထားတယ်ဆိုတာ ကြည့်စမ်းပါဦး ... သိုင်းလောကမှာ နာမည်ကြီးတစ်လုံးယူထားပြီး ဒီလောက်ယုတ်မာတဲ့လူမျိုး ကျုပ်ဖြင့် တစ်ယောက်မှမတွေ့ဖူးသေးဘူး ..."

ရက်ပုချွန်၏မျက်နှာ ရုတ်ခြည်းတင်းမာသွားပြီး ...

"လင့်ဟူချုံး ... မင်းပါးစပ် ပိတ်ထားစမ်း ... "

ဟု အော်လိုက်တော့သည်။

လင့်ဟူချုံးမှာ သူ့ဆရာ၏ အော်ငေါက်သံကိုကြားလိုက်ရသည့်အခါမှ သူ့စကားများကို ရပ်ဆိုင်းပစ်လိုက်သည်။ သို့သော် ရွှေဓားရှင်ဝမ်ရွှယ်ကိုကြည့်နေသည့် မျက်လုံးများကမူ မီးတောက်မီးလျှံများနှယ် တရှိန်းရှိန်း ထနေတော့၏။။ အခြေအနေ အချိန်အခါအရ တစ်ခါတစ်ရံ မျက်လုံးများသည် ဒေါသ၏ပါးစပ်ပေါက်များ ဖြစ်သွားတတ်သည် မဟုတ်ပါလော။

ဝမ်ရွှယ်ကမူ အေးဆေးတည်ငြိမ်စွာဖြင့် တေးဂီတစာအုပ်လေးကို မြှောက်ကာ ...

"လင့်ဟူချုံး ... ဒီဘီလူးမီးဓားသိုင်းစာအုပ်ကို မင်းဘယ်ကရတာလဲ မှန်မှန်ပြောစမ်း ... "

လင့်ဟူချုံးမှာ တဟားဟားရယ်မောတော့သည်။ သူ့ရယ်သံမှာ ရှည်လျားလှသဖြင့် တစ်ညလုံးတစ်နေ့လုံး ဆက်၍ ရယ်နေတော့မည်လားဟု ထင်မှတ်နေရပေသည်။ ရက်ပုချွန်က ဒေါသဖြင့် အော်ဟစ်တားမြစ်လိုက်သည်။

"လင့်ဟူချုံး ... လူကြီးကမေးနေတာကို အမှန်အတိုင်းဖြေလိုက်ပါလား ... ဘာဖြစ်လို့ ဒီလိုမထီလေးစား ရယ်နေရသလဲ"

လင့်ဟူချုံးက ...

"ဆရာ ... ကျွန်တော့်မှာ အတွင်းဒဏ်ရာတွေရထားတဲ့အချိန်မျိုးမှာ ဟိုနှစ်ယောက် ကျွန်တော့်အပေါ်ဆက်ဆံသွားပုံ ကြည့်ပါဦး ... ဒါက အိမ်ရှင်က ဧည့်သည်ကိုဆက်ဆံကြတဲ့ ဓလေ့ထုံးစံလား"

ဝမ်ချုံးက ဝင်ပြောလိုက်သည်။

"တကယ်လို့ ဧည့်သည်က မိတ်ဆွေစစ်မိတ်ဆွေမှန်ဆိုရင် ကျုပ်တို့က ဒီလိုဘယ်ဆက်ဆံပါ့မလဲ ... အခု ခင်ဗျားက သူများရဲ့ပစ္စည်းကို ကြားဖြတ်ပြီး သူခိုးကျင့်သူခိုးကြံ ကြံလာတဲ့ဧည့်သည်ပဲ ... ဧည့်သည်ကောင်းမှမဟုတ်တာ ... ဒီလိုလူမျိုးကို ကျုပ်တို့ ရွှေဓားရှင်အိမ်သားတွေက ဘယ်လိုမှ ဧည့်သည်လို့ မသတ်မှတ်နိုင်ဘူး ... "

လင့်ဟူချုံးက ရယ်လျက် ...

"ခင်ဗျားတို့သားအဖတွေက ဒီစာအုပ်ကို ဘီလူးမီးဓားသိုင်းစာအုပ်လို့ တဖွဖွပြောနေကြတယ် ... ကျုပ်မေးစမ်းပါရစေ ... ခင်ဗျားတို့ ဘီလူးမီးဓားသိုင်းစာအုပ်ကိုရော မြင်ဖူးကြရဲ့လား ... ဘာဖြစ်လို့ ဒီစာအုပ်ကို ဘီလူးမီးဓားသိုင်းကျမ်းစာအုပ်လို့ တပ်အပ်သေချာပြောနိုင်ရတာလဲ ... "

ဝမ်ချုံးက ...

"ဒီစာအုပ်ကို ခင်ဗျားရဲ့ကိုယ်ပေါ်ကရှာတွေ့တယ် ... နောက်ပြီး ဆရာကြီးရက်ပုချွန်ကလည်း ဒီစာအုပ်မျိုး ဝါဆန်းဂိုဏ်းမှာမရှိဘူးလို့ပြောတယ် ... ကဲ ... ဒီစာအုပ်မှ ဘီလူးမီးဓားသိုင်းကျမ်းစာအုပ်မဟုတ်ရင် ဘယ်စာအုပ်က ဘီလူးမီးဓားသိုင်းကျမ်းဖြစ်တော့မှာလဲ"

လင့်ဟူချုံးမှာ ဟားတိုက်ရယ်မောနေတော့သည်။

“ခင်ဗျားတို့ ဘီလူးမီးဓားသိုင်းစာအုပ်လို့ အခိုင်အမာပြောနေကြတော့မှ ကျုပ်ကလည်းမငြင်းတော့ပါဘူး … ဘီလူးမီးဓားသိုင်းကျမ်းစာအုပ်လို့ပဲ သတ်မှတ်လိုက်ပါမယ် … ခင်ဗျားတို့ရွှေဓားရှင်အိမ်က အိမ်သားတွေအားလုံး ဒီစာအုပ်ထဲက ပုံစံတွေအတိုင်းလေ့ကျင့်ပြီး သိုင်းလောကမှာ အတော်ဆုံးဓားသိုင်းပညာရှင်ကြီးတွေဖြစ်ပါစေလို့ ဆုတောင်းလိုက်ပါတယ် … ဟား … ဟား … ဟား … ”

ရွှေဓားရှင်ဝမ်ရွှယ်က …

“လင့်ဟူချုံး … ငါ့သားထွေးက မင်းကိုစော်ကားမိတာကို စိတ်မရှိပါနဲ့ … မင်းက အခု ဒီသိုင်းစာအုပ်ကို ပြန်ထုတ်ပေးလိုက်ပြီဆိုတော့ ငါတို့က မင်းအပေါ်မှာ ဘာမှအပြစ်မယူတော့ပါဘူး … အခုပဲ ငါက မင်းရဲ့လက်တွေရဲ့ အဆစ်တွေ ပြန်တည့်ပေးလိုက်ပါ့မယ် … ”

ဗပြာပြောဆိုဆို လင့်ဟူချုံးထံသို့ လျှောက်လာသည်။ သို့သော် လင့်ဟူချုံးက နောက်သို့ခုန်ဆုတ်သွားပြီး ပြန်အော်လိုက်သည်။

“မလိုပါဘူးဗျာ … ကျုပ်ကိုစော်ကားပြီးတဲ့လူတွေရဲ့ အပြုအစုကို ကျုပ်မလိုချင်ဘူး … ”

သူက သူ့ဆရာမ ဖူးလင်ရှေ့သို့ လျှောက်သွားပြီး …

“ဆရာမ … ကျွန်တော့်လက် … ”

ဖူးလင်က သက်ပြင်းရှည်ကြီးတစ်ချက်ချကာ လင့်ဟူချုံး၏ အဆစ်ပြုတ်သွားသောလက်များကို ပြန်ဆက်ပေးလိုက်သည်။ ထိုသို့ လက်ကိုဆက်ပေးနေစဉ် လင့်ဟူချုံးက အေးအေးသက်သာပင် ရှင်းပြလိုက်သည်။

“ဆရာမ … ဒီလူတွေ ရူးနေပြီနဲ့တူတာပဲ … ဒီစာအုပ်ဟာ ပလွေနဲ့ကြိုးတပ်တူရိယာနှစ်ခုနဲ့မှုတ်ရတဲ့ တေးဂီတစာအုပ်ပါ … သူတို့က ဒါကို ဘီလူးမီးဓားသိုင်းကျမ်းစာအုပ်လို့ အတင်းငြင်းနေကြတယ် … ရယ်စရာမကောင်းဘူးလား … ”

ချက်ချင်းလိုလိုပင် ဖူးလင်သည် ဝမ်ရွှယ်ဘက်သို့လှည့်၍ …

“ဆရာကြီးဝမ်ရွှယ် … ကျွန်မက တေးဂီတနဲ့ပတ်သက်လို့တော့ သိပ်နားမလည်ပါဘူး … ဒါပေမယ့် ဒီစာအုပ်က သိုင်းကျမ်းနဲ့မတူတာတော့အမှန်ပဲ … ဆရာကြီးတို့ရဲ့ ဂေဟာကြီးထဲမှာ ပလွေတို့၊ ကြိုးတပ်တူရိယာတို့ တီးမှုတ်တတ်တဲ့လူတစ်ယောက်တလေမရှိဘူးလား … ရှိရင် အဲဒီလူကို ခေါ်မေးခိုင်းလိုက်ရင် အဖြေမှန်ကိုသိရမှာပဲ” ဟု ပြောလိုက်လေတော့၏။

ထိုစကားကို ကြားလိုက်ရသောအခါ အိမ်ရှင်ဝမ်ရွှယ်မှာ စိတ်ဓာတ်မတည်မငြိမ် ဖြစ်သွားတော့၏။ ဤစာအုပ်သာ တေးဂီတစာအုပ် အမှန်ဖြစ်နေပါက သူ့အဖို့ ကြီးစွာသောအရှက်ကို ရပေတော့မည်။

ဝမ်ပေါ့မှာ ဤအချက်ကို မစဉ်းစားချေ။ သူက …

“အဖေ … ကျွန်တော်တို့ရဲ့ငွေကိုင်ကြီး ရီစီးက ပလွေကောင်းကောင်းမှုတ်တတ်တာပဲ … သူ့ကိုခေါ်ပြီး စမ်းခိုင်းကြည့်ပါလား … ဒါက ဘီလူးမီးဓားသိုင်းကျမ်းအစစ်ပါ … ဘယ်က တေးဂီတစာအုပ်ဖြစ်ရမှာလဲ … ”

ဝမ်ရွှယ်မှာ သူ့သားက မဆင်မခြင်ပြောလိုက်သောအခါ မည်သို့မျှမတတ်နိုင်တော့ဘဲ ငွေကိုင်ကြီးရီစီးကို ခေါ်ခိုင်းလိုက်ရတော့၏။ များမကြာမီပင် ပိန်ပိန်ပါးပါးအဘိုးကြီးတစ်ယောက် ရောက်ရှိလာ၏။

ဝမ်ရွှယ်က …

“ရီစီး … မင်းဒီစာအုပ်ကိုကြည့်စမ်း … ဒါဟာ သာမန်တေးဂီတစာအုပ်လား … မင်းအမြင်ကိုပြော … ”

ရီစီးက စာအုပ်ကို သေသေချာချာလှန်လှောကြည့်ပြီး ခေါင်းခါပြသည်။

“ကျွန်တော်တော့ သိပ်နားမလည်ဘူး … ”

သူက နောက်ထပ် စာရွက်သုံးလေးရွက်ခန့် ထပ်မံလှန်လှောကြည့်ပြီး ပါးစပ်မှ တေးသွားများကို ညည်းကြည့်လိုက်၏။ ဘယ်ဘက်လက်ဖြင့်လည်း စားပွဲခုံကိုထောက်၍ စည်းဝါးလိုက်နေသည်။ ရုတ်တရက် သူ၏ခေါင်းကို ခါလိုက်ကာ ‘မဟုတ်သေးဘူး’ ဟု သူ့ဘာသာပြောလိုက်ပြီး ဆက်၍ သီချင်းသံကို ညည်းပြန်သည်။

ချက်ချင်းပင် အသံကိုမြှင့်လိုက်ရာ အသံကမလိုက်နိုင်တော့ဘဲ အက်ကွဲသွားတော့၏။

သူ၏မျက်မှောင်သည် အရုပ်ဆိုးစွာကြုတ်သွားပြီး ...

"ဒါ ... ဒါ ... ကျွန်တော် နားမလည်ဘူး" ဟုပြောသဖြင့် ဝမ်ရှယ်က ပြန်မေးလိုက်သည်။

"ရီစီး မင်းလုပ်နေတာတွေကတော့ ဘာမှနားဝင်ပီယံမရှိဘူး ... ငါမေးတာကိုသာပြောစမ်း ... ဒီတေးဂီတစာအုပ်ဟာ တစ်မျိုးတစ်ဖုံတော့ ထူးခြားနေတယ် မဟုတ်လား ... "

ထိုအခါ ရီစီးက ...

"ဟုတ်တယ် ဆရာကြီး ... ဒီတေးဂီတတွေဟာ သာမန်သံစဉ်တွေမဟုတ်ဘူး ... ဘယ်လိုမှမှုတ်လို့မရဘူး ... ကျွန်တော် ကြိုးစားပြီးမှုတ်ကြည့်တာပါပဲ ... မှုတ်လို့မရဘူး ... ဒီလောက်ထူးခြားနေတော့ တခြားဘယ်သူမှလည်း မှုတ်နိုင်မှာမဟုတ်ဘူး ... "

လင့်ဟူချုံးက ခနဲ့ပြုံး ပြုံး၍

"ဒီမှာ ရီစီး ... ခင်ဗျားမမှုတ်တတ်တာနဲ့ ဘယ်သူမှမမှုတ်နိုင်ဘူးလို့မပြောပါနဲ့ ... ဒီလိုတေးဂီတတင်မဟုတ်ဘူး ... တခြားအလုပ်တွေမှာလည်း ခင်ဗျားတို့ ကျုပ်တို့ မလုပ်နိုင်တဲ့အလုပ်တွေကို တခြားသူတွေ ကျွမ်းကျွမ်းကျင်ကျင် လုပ်နေကြတာ တစ်ပုံကြီးပါပဲ" ဟု ပြောလိုက်၏။

ရီစီးက ခေါင်းညိတ်ပြကာ ...

"ဟုတ်ပါတယ် ... ကျုပ်လည်းလက်ခံပါတယ် ... ဒါပေမယ့် ဒီလောကထဲမှာ ဟောဒီတေးဂီတကို တီးမှုတ်နိုင်တဲ့လူများရှိရင် ကျုပ်တော့ တကယ့်ကို ချီးကျူးလို့မဆုံးဘူး ... ဟို မြို့အရှေ့ဘက်"

သူ၏စကားဆုံးသည်အထိ မစောင့်တော့ဘဲ ဝမ်ရှယ်က ကြားမှဖြတ်၍မေးလိုက်သည်။

"ရီစီး ... မင်းဆိုလိုတာက ဒါဟာ သာမန်တေးဂီတမဟုတ်ဘူးပေါ့ ... ဒါပဲ မဟုတ်လား ... "

ရီစီးက ...

"ဟုတ်ပါတယ် ဆရာကြီး ... ဒီစာအုပ်က သိပ်ကိုထူးဆန်းနေတာပဲ ... ကျွန်တော်တော့ ဘယ်လိုမှမှုတ်လို့မရဘူး ... ဒါပေမယ့် ဟိုမြို့အရှေ့ပိုင်းက ... "

ဖူးလင်က ဝိုင်း၍ ထောက်ပေးလိုက်သည်။

"ပြောပါ ... ဟို မြို့အရှေ့ပိုင်းကလူတစ်ယောက်တော့ ဒီလိုတေးဂီတမျိုးကို ကျွမ်းကျွမ်းကျင်ကျင် တီးတတ်မှုတ်တတ်တယ် ဟုတ်သလား ... "

ရီစီးက ...

"ဒီလိုတော့ အသေအချာ အာမ မခံရဲဘူး ... ဟိုမြို့အရှေ့ပိုင်းက ဝါးရုံတောမှာ ဆရာကြီးလုကျူဆိုတာရှိတယ် ... သူက တေးဂီတနဲ့ပတ်သက်လို့တော့ နာမည်ကျော်ပုဂ္ဂိုလ်ကြီးပါပဲ ... သူက ကြိုးတပ်တူရိယာတွေလည်း တီးတတ်တယ် ... ပလွေလည်း မှုတ်တတ်တယ်၊ သူက ကျွန်တော့်ထက်အများကြီးတော်တယ် ... သူကတော့ ဒီတေးဂီတစာအုပ်ကိုကြည့်ပြီး တီးမှုတ်တတ်ချင် တတ်လိမ့်မယ် ... "

ထိုအခါ ဖူးလင်က တက်တက်ကြွကြွဖြင့် ...

"ဒီလိုဆိုရင် ကျွန်မတို့အနေနဲ့ ဒီစာအုပ်ကို အဲဒီဆရာကြီးဆီသွားပြလိုက်ရင် ပြီးနေတာပဲ ... ကျွန်မတို့သိချင်တဲ့ အဖြေကိုသိရမှာပဲ" ဟု ပြောလိုက်သည်။

ဝမ်ရှယ်က ခေါင်းခါ၍ ...

"ဒီဝါးရုံတောက ဆရာကြီးလုကျူဆိုတာက စိတ်သဘောထားသိပ်ဆန်းကြယ်တဲ့ဆရာကြီးပဲ ... သူက ဘယ်သူ့ကိုမှ အရေးစိုက်တာမဟုတ်ဘူး ... သူထင်ရာသူလုပ်နေတာပဲ ... ဒီလိုလူမျိုးရဲ့စကားကို ယုံရခက်တော့ သူ့သွားပြရင် ဘယ်အတည်ယူလို့ဖြစ်တော့မလဲ" ဟု ငြင်းဆန်သည်။ သူ့အနေဖြင့် ဤသို့ငြင်းဆန်နေရခြင်းမှာ ဤစာအုပ်ငယ်သည် သိုင်းကျမ်းမဟုတ်ဘဲ တေးဂီတစာအုပ်ဖြစ်သွားမည်ကို စိုးရိမ်သောကြောင့်သာဖြစ်ပေသည်။ တေးဂီတစာအုပ်သာဖြစ်သွားပါက သူ့မျက်နှာကို ဤလူများအား မည်သို့ပြရဲတော့မည်နည်း။ သူ့မှာ အရှက်ကောင်းကောင်းရပေလိမ့်မည်။

ဖူးလင်က ...

“ဆရာကြီးဝမ်ရွယ် ... ဒီကိစ္စကို အဖြစ်မှန်ပေါ်တဲ့အထိ စုံစမ်းထောက်လှမ်းရမှာပဲ ... လင့်ဟူချုံးကလည်း ကျွန်မတို့ရဲ့တပည့်ပဲ၊ လင်မိန်ကျက်ကလည်း ကျွန်မတို့ရဲ့တပည့်ပဲ ... ကျွန်မတို့က ဘယ်သူ့ဘက်ကိုမှ မျက်နှာသာမပေးနိုင်ဘူး ... ဒါကြောင့် ကျွန်မတို့အနေနဲ့ ဆရာကြီးလုကျူဆီကို မသွားမဖြစ်သွားသင့်ပါတယ် ... ဒါမှ ဒီကိစ္စရဲ့အဖြစ်မှန်ကိုသိပြီး သေသေချာချာ အဆုံးအဖြတ်ပြုနိုင်မှာပါ ... ”

တကယ်တမ်းအားဖြင့် လင့်ဟူချုံးကို သူခိုးတစ်ယောက်ကဲ့သို့ ဆက်ဆံနေသည်ကို ဖူးလင်၏စိတ်ထဲ၌ မခံချိမခံသာဖြစ်နေခြင်းသာဖြစ်သည်။ လင့်ဟူချုံးကို ဖူးလင်က ကောင်းစွာယုံကြည်သည်။ လင့်ဟူချုံး၏ ယခုတလောဖြစ်ပျက်နေသည့် ထူးဆန်းသည့်အမှုအရာများကြောင့် အတိအလင်း ကူညီပြောဆိုပေးခြင်းမရှိသော်လည်း သူမ၏စိတ်ထဲတွင်မူ လင့်ဟူချုံးကို ဤသို့စွပ်စွဲခံရခြင်းမှ ကင်းလွတ်စေချင်နေသည်။

ထိုစဉ် ရက်ပုချွန်က ...

“ဟုတ်သားပဲ ... ကျုပ်တို့ ဒီလူဆီသွားလို့ မမှားနိုင်ပါဘူး ... အထပ်ထပ်စစ်ဆေးလို့ မှားယွင်းတယ်ဆိုတာ မရှိပါဘူး ... အခု ကျုပ်တို့က အဖြစ်မှန်ကို သိချင်နေကြတယ် ... ဒီတော့ ဒီဝါးရုံတောက အဘိုးကြီးလုကျူဆီပဲ သွားကြတာပေါ့ ...

ရေကောင်းရေသန့်လိုချင်တဲ့လူဟာ ချောင်းဖျားကို သွားကြရတယ် မဟုတ်လား ” ဟု ဝင်ပြောလိုက်၏။

ရွှေဓားရှင်ဝမ်ရွယ်မှာ မည်သို့မျှငြင်းဆန်ရန်မတတ်နိုင်တော့ဘဲ ဤလူသိုက်အားလုံးကို မြင်းလှည်းနှင့်ခေါ်၍ မြို့အရှေ့ပိုင်းသို့ ခေါ်ဆောင်သွားရတော့၏။

× × × × × ×

**စာစဉ် (၅) ပြီး၏။**

# သိုင်းလောကဏါဗီနှိဓါသံ့

## စာစဉ် (၆)

# သိုင်းလောက၏ စိန်ခေါ်သံ

## စာစဉ်(၆)

## မာတိကာ


| | | | |
|---|---|---|---|
| | ရွှေဓားရှင် အိမ်ကြီး မှအဆက် | **harrylwin** | ၄၃၂ |
| အခန်း(၃၆) | ဝါးရုံတောမှ ဘွားဘွား | **harrylwin** | ၄၃၈ |
| အခန်း(၃၇) | လူသတ်သမားတော် | **harrylwin** | ၄၄၈ |
| အခန်း(၃၈) | အံ့ဘွယ်ငါးယောက် | **harrylwin** | ၄၅၁ |
| အခန်း(၃၉) | အကောင်းဆုံးအရက် | **harrylwin** | ၄၆၉ |
| အခန်း(၄၀) | ဆေးရှစ်လုံး | **nnnaing** | ၄၈၃ |
| အခန်း(၄၁) | ဒေဝီဂိုဏ်းချုပ် | **nnnaing** | ၅၀၀ |
| အခန်း(၄၂) | သွေးသွင်းခြင်း | **nnnaing** | ၅၀၈ |


**scanned by NEO@mmcp**

ပထမအဆင့် တည်းဖြတ်သူ **hotrod**

ဒုတိယအဆင့် တည်းဖြတ်သူ **HarryLwin**

အချောသတ် တည်းဖြတ်သူ **sideeffect**

အတန်ကြာသောအခါ သူတို့အားလုံး ဝါးရုံတောသို့ ရောက်ရှိလာကြတော့၏။ ခြံဝင်းတစ်ခုလုံး လေတိမ်းရာ ယိမ်းညွှတ်နေသော ဝါးပင်များနှင့် စိမ်းစိုအေးမြနေတော့၏။

သူတို့အားလုံး ခြံဝင်းထဲသို့ဝင်လိုက်သည်နှင့် ကြိုးတပ်တူရိယာတစ်ခု တီးခတ်နေသံကို ကြားလိုက်ရတော့သည်။ ဤဝါးရုံတောကလေး၏ အေးချမ်းမှုမှာ ခြံဝင်းအပြင်နှင့် တစ်လောကစီကဲ့သို့ ခြားနားနေသည်။ ခြံထဲရောက်ရှိလာသူများ ခံစားလိုက်ရသည့် စိတ်နှလုံးအေးချမ်းမှုမှာ သူတို့တစ်သက်၌ မရခဲ့ဘူးသော အေးချမ်းမှုမျိုးဖြစ်တော့သည်။

ထိုစဉ် တေးဂီတတီးခတ်နေသံ ရုတ်တရက် ရပ်တန့်သွားပြီးနောက် လူအိုတစ်ယောက်၏ အသံမှန်း သိသာသော အသံ တစ်သံက ...

"ဧည့်သည်တော်ကြီးတွေ ကြွလာကြတာကိုး၊ ဘာကိစ္စများ ရှိလို့ပါလဲ"

ရီစီးက ...

"ဆရာကြီး ... ကျွန်တော်တို့ဆီမှာ အင်မတန်အံ့ဩစရာကောင်းလှတဲ့ ထူးထူးခြားခြား တေးဂီတစာအုပ်တစ်အုပ်ပါလာပါတယ်။ ဒီစာအုပ်ကို ကျွန်တော်တို့ ဘယ်လိုမှ နားလည်သဘောပေါက်ခြင်း မရှိကြပါဘူး၊ အဲဒီစာအုပ်နဲ့ပတ်သက်ပြီး ဆရာကြီးအနေနဲ့ အကဲဖြတ်ပေးပါ"

ထိုအခါ ဆရာကြီးလုကျူက လွယ်လွယ်ကူကူပင် လက်ခံလိုက်သည်။

"ဒီလိုဆိုရင် ကျုပ်ကြည့်ပေးပါ့မယ်၊ အထဲကို ယူလာခဲ့ပါ"

ရီစီးက စာအုပ်ယူ၍ ဝါးရုံတောထဲသို့ ဝင်သွားတော့၏။ စာအုပ်ကို ပေးလိုက်ဟန်တူသည်။

အထဲမှ လုကျူ၏အသံက ...

"ကောင်းပြီ၊ မင်းရဲ့စာအုပ်ကို ဒီမှာ ချထားလိုက်"

ရီစီးက ...

"ဆရာကြီး ဒီစာအုပ်က တကယ်ပဲ တေးဂီတစာအုပ် ဟုတ်ပါသလား၊ သိုင်းစာအုပ်များ ဖြစ်နေမလားမသိဘူး"

ထိုအခါ ဆရာကြီးလုကျူမှာ မည်သို့မျှ ထိန်းသိမ်းချုပ်တီးခြင်းငှာ မတတ်နိုင်တော့ဘဲ တဟားဟား ရယ်မောနေတော့၏။ သူ၏ အဆုံးမသတ်နိုင်သော ရယ်ခြင်းကို အင်မတန်ကြိုးစား၍ ရပ်ဆိုင်းလိုက်ရသည်။ ပြီးမှ ...

"ဘာကွ ... သိုင်းပညာစာအုပ် ဟုတ်လား၊ မင်းမို့လို့ထင်ရက်တယ်၊ ကြံကြံဖန်ဖန်ကွာ ... ဟား ... ဟား ... ဟား ... ဒါက တေးဂီတစာအုပ်ကွ"

ထိုအသံများကို လင့်ဟူချုံးနှင့်တကွ အားလုံးကြားလိုက်ကြရာ ရွှေခားရှင်ဝမ်ရွယ်မှာ အကြီးအကျယ် မျက်နှာပျက်တော့သည်။ ထိုစဉ် ကြိုးတပ်တူရိယာတစ်ခု တီးခတ်သံ ကြားလိုက်ရတော့၏။ လင့်ဟူချုံးက အထူးနားစွင့်၍ နားထောင်ကြည့်သောအခါ အမှန်တကယ်ပင် လျှိုကျက်ဖုန်းနှင့် ဖေးရန်တို့ တီးမှုတ်ခဲ့ကြသော 'သိုင်းလောက၏စိန်ခေါ်သံ' တေးဂီတ

ပင်ဖြစ်နေတော့၏။ ဤတေးသံကို ကြားလိုက်ရသည်နှင့် အသက်သေသည်အထိ ခင်မင်မှုမှတ်တိုင် ထူသွားကြသည့် မိတ်ဆွေကြီးနှစ်ဦးကို မျက်စိထဲဝယ် မြင်ယောင်လာမိတော့သည်။ လင့်ဟူချုံးမှာ သူတို့နှစ်ဦးကို ယခု မျက်မှောက်၌ တွေ့မြင်လိုက်ရသကဲ့သို့ ဖြစ်သွားပြီး စိတ်နှလုံးထိခိုက်သွားမိသည်။

အတန်ကြာ တီးခတ်ပြီးသောအခါ ကြိုးတပ်တူရိယာ၏အသံမှာ ရုတ်တရက် မြင့်တက်သွားပြီး စူးစူးရှရှဖြစ်လာတော့၏။ နောက်ထပ် အသံတစ်ချက် မြင့်တက်လိုက်သောအခါ ‘ထန်း’ ခနဲ တူရိယာကြိုး ပြတ်သွားတော့၏။

ထိုအခါလုကျူ၏အသံက ...

“ဟင် ... ဒီတေးဂီတစာအုပ်က တစ်မျိုးပါလား၊ တော်တော်ကလေးထူးဆန်းတာပဲ”

ထိုစကားကိုကြားလိုက်ရသော ဝမ်ရှယ်တို့သားအဖတစ်သိုက်မှာ အလွန်အားတက်သွားကြသည်။

ထိုစဉ် လုကျူက ...

“ငါ ဒီသံစဉ်တွေကို ပလွေနဲ့ စမ်းကြည့်ဦးမယ်”

ထို့နောက် ... ပလွေသံထွက်ပေါ်လာတော့၏။ အစပထမ၌ အတော်ပင်နားထောင်ကောင်းလှသည်။ သို့သော် နောက်ပိုင်း ရောက်လာလေလေ စောစောက ကြိုးတပ်တူရိယာကဲ့သို့ အသံမှာ မြင့်တက်စူးရှလာပြီး ကွဲအက်လာပြန်သည်။

လုကျူက သက်ပြင်းတစ်ချက်ချလိုက်ပြီး ...

“ရီစီး ... ဒီစာအုပ်ကို ဒီမှာခဏထားခဲ့ပါ၊ ငါ သေသေချာချာ လေ့လာကြည့်ချင်တယ်၊ ဒီစာအုပ်က သိပ်ဆန်းကြယ်နေတယ်”

ဟု ပြောလိုက်၏။

ရီစီးက ‘ဟုတ်ကဲ့’ ဟုပြောလျက် ဝါးရုံတောထဲမှ ထွက်လာတော့၏။ အပြင်သို့ရောက်လာသည်နှင့် ဝမ်ချုံးက မေးလိုက်သည်။

“ဟို ... သိုင်းစာအုပ်ကော”

ရီစီးက ဝမ်ချုံးမေးလိုက်သည်ကို ရုတ်တရက် သဘောမပေါက်ဘဲ ကြောင်သွားရာမှ ရုတ်ခြည်းပြန်နားလည်လိုက်သည်။ ထို့ကြောင့်

“သြော် ... ဆရာကြီးလုကျူက သူ့ဆီမှာ ခဏထားခဲ့ပါတဲ့၊ သူ လေ့လာချင်လို့တဲ့”

ဝမ်ချုံးက ဒေါသတကြီး အော်တော့၏။

“ဘယ့်နှယ် ထားပစ်ခဲ့ရတာလဲ၊ သွား မြန်မြန်ပြန်ယူလိုက်၊ ဒါဟာ အင်မတန်အဖိုးတန်တဲ့ သိုင်းစာအုပ်၊ သူများကို ဒီလို ပစ္စလက္ခတ် လျှောက်ပေးထားလို့ ဘယ်ဖြစ်မလဲ၊ ဒီသိုင်းစာအုပ်ကြောင့် လူတွေ အသက်ပေါင်းအများကြီး ပေးခဲ့ရပြီးပြီ၊ သွား ... မြန်မြန်ပြန်ယူ”

ရီစီးက ကြောက်ကြောက်လန့်လန့်ဖြင့် ‘ဟုတ် ... ဟုတ်ကဲ့’ ဟု ပြောလိုက်စဉ်မှာပင် အတွင်းဘက်မှ လုကျူ၏ အသံကို ရုတ်တရက် ကြားလိုက်ကြရသဖြင့် အားလုံးနားစွင့်လိုက်မိကြ၏။

လုကျူက ...

“ဒေါ်လေး၊ ဘယ့်နှယ်ထွက်လာရသလဲ”

အားလုံး တအံ့တသြဖြစ်သွားတော့၏။

ဝမ်ရှယ်က လေသံတိုးတိုးဖြင့် မေးလိုက်၏။

“ဒီ လုကျူဆိုတဲ့လူက အသက်ဘယ်လောက်ရှိပြီလဲ”

ရီစီးက ...

“ခုနစ်ဆယ်ကျော်လောက်ရှိပြီ”

အားလုံးသည် တစ်ဦးကိုတစ်ဦးမပြောမိကြသော်လည်း တူညီသောအတွေးတစ်ခုကို တွေးနေမိကြသည်။

"ခုနစ်ဆယ်ကျော် အဘိုးကြီးမှာ ဒေါ်လေးဆိုတာ ရှိသေးတယ်ဆိုတော့ ဒီအဘွားကြီးဟာ အသက်တစ်ရာနီးပါးတော့ ရှိနေလောက်ပြီ"

ထိုစဉ် မိန်းမတစ်ယောက်၏ စကားပြန်ပြောသံကို ကြားလိုက်ကြရ၏။ ထိုမိန်းမ၏အသံကမူ သိပ်မအိုလှကြောင်း ခန့်မှန်းမိနိုင်သဖြင့် အားလုံး ထပ်မံအံ့ဩသွားပြန်တော့၏။

လုကျူက ...

"ဒေါ်လေး ... ဟောဒီ တေးဂီတစာအုပ်ကို ကြည့်စမ်းပါ၊ တော်တော်ကလေးကို ထူးဆန်းနေတဲ့စာအုပ်ပဲ"

ထိုမိန်းမ၏ အာမေဋ္ဍိတ်သံတစ်ချက်ကို ကြားလိုက်ရပြီး မကြာမီပင် ကြိုးတပ်တူရိယာ တီးခတ်သံ ထွက်ပေါ်လာတော့၏။ စောစောက လုကျူတီးခတ်သွားစဉ်က ကြိုးပြတ်သွားသည့် တူရိယာကို ကြိုးပြန်ဆက်ပြီး အသံညှိနေဟန်တူသည်။ ပြီးနောက် သီချင်းသံ ထွက်ပေါ်လာတော့သည်။

တေးသံမှာ လုကျူတီးခတ်သကဲ့သို့ပင် သာယာငြိမ့်ညောင်းလှသည်။ အစပထမ၌ အကောင်းပင်။ နောက်ပိုင်းသို့ ရောက်လာလေလေ၊ အသံမြင့်တက်လာလေလေဖြစ်လာပြီး ကြိုးပြတ်လေမလား၊ ကြိုးပြတ်လေမလားနှင့် အားလုံး သည်း ထိတ်ရင်ဖို ဖြစ်နေကြတော့၏။

သို့သော် အလွန်စိုးရိမ်ရသည့် အချိန်ရောက်တိုင်း ထိုမိန်းမက ကောင်းမွန်စွာ တီးခတ်ကျော်လွှား သွားနိုင်သည်ကို သိနေကြမိသည်။ လင့်ဟူချုံး၏ ဝမ်းသာမှုမှာ စာဖွဲ့၍ မရတော့ပေ။

အဘယ်ကြောင့်ဆိုသော် ယခုတေးဂီတသံသည် ဟိုးတစ်နေ့က မကောင်းဆိုးဝါးဂိုဏ်းမှ ဝါစဉ်ကြီးပုဂ္ဂိုလ်ကြီး ဖေးရန်နှင့် လျို့ကျုက်ဖုန်း တီးခတ်ပုံနှင့် တစ်ထေရာတည်း တူနေသောကြောင့်ပေတည်း။

တေးသံမှာ လွန်စွာ သာယာငြိမ့်ညောင်းလှပြီး နူးညံ့သိမ်မွေ့လှချေသည်။

ဝမ်ရွှယ်၊ ရက်ပုချွန်နှင့် ဖူးလင်တို့မှာ တေးဂီတနှင့်ပတ်သက်၍ နကန်းတစ်လုံးမျှ နားမလည်ကြသော်လည်း ထိုမိန်းမ၏တေးသံက သူတို့အား ညို့ယူဖမ်းစားလျက်ရှိနေပေပြီ။ သူတို့အားလုံး ထိုတေးသံ၌ ယစ်မူးရီဝေနေကြတော့သည်။ အားလုံး တုပ်တုပ်မလှုပ်၊ ငြိမ်သက်နေကြတော့သည်။

ထိုစဉ် လေထဲ၌ လူးလွန့်ပြေးလွှားတက်လာသော ပလွေသံပေါ်လာတော့သည်။ ပလွေသံသည် လူအားလုံးအား တောတောင်ကြီးတစ်ခုအတွင်းသို့ ရောက်ရှိသွားစေပြီး ကျေးငှက်သာရကာတို့၏ တွန်မြည်ရင့်ကျူးသံများ၊ စမ်းရေစီးသံများ၊ လေပြည်လေညင်း တိုက်ခတ်သံများ၊ သစ်ကိုင်းသစ်ရွက်တို့၏ လှုပ်ရှားသံများ အစရှိသည့် အသံမျိုးစုံတို့ကို မျက်စိတွင်း နားတွင်း၌ ကြားယောင်မြင်ယောင် ဖြစ်စေတော့သည်။

မည်မျှ မင်သက်ငေးမော နေမိကြသည်မသိ။ ရုတ်တရက် တေးသံရပ်သွားသည်ကိုပင် မသိသလို ဖြစ်နေမိကြသည်။ နောက်မှ အားလုံးပြန်လည်သတိဝင်လာကြတော့သည်။

သူတို့အားလုံးက ဤပလွေနှင့် ကြိုးတပ်တူရိယာတို့၏ တီးမှုတ်သံသည် သူတို့အား ဤမျှအထိ ညို့ယူဖမ်းစားနိုင်မည် မဟုတ်ဟု မှတ်ထင်ထားခဲ့ကြ၏။ ယခု သူတို့၏ အထင်နှင့်အမြင် တက်တက်စင် လွဲမှားသွားချေပြီ။

ဖူးလင်မှာ သက်ပြင်းတစ်ချက်ချကာ လှိုက်လှဲသော အသံဖြင့်

"တကယ်ကောင်းတဲ့ တေးသံပါပဲကွယ်၊ ငါတို့တစ်သက်မှာ ဒီလိုတေးသံမျိုး တစ်ခါမှ မကြားဘူးခဲ့ပါဘူး၊ လင့်ဟူချုံး ဒီ တေးသီချင်းရဲ့နာမည်က ဘာတဲ့လဲ" ဟု မေးလိုက်သည်။

လင့်ဟူချုံးက ...

"**သိုင်းလောက၏စိန်ခေါ်သံ** လို့ ခေါ်ပါတယ်ဆရာမ၊ ဒီဘွားဘွားရဲ့လက်သံကလည်း တကယ့်ကို ချီးကျူးစရာ ကောင်းတာပဲကိုး"

ဖူးလင်က ...

"ဒီလောက်ကောင်းတဲ့ တေးသီချင်းမျိုးကို မင်းလည်း အခုမှကြားဖူးတာနဲ့တူတယ်၊ ငါ့လိုပေါ့"

လင့်ဟူချုံးက ခေါင်းခါပြရင်း ...

“ဟင့်အင်း ... ကျွန်တော် နားထောင်ရတာ ဒါဟာ ပထမအကြိမ်မဟုတ်ပါဘူး၊ ကျွန်တော် အရင်တုန်းက ကြားဖူးပြီးပါပြီ၊ အဲဒီတုန်းက တီးခတ်တာက အခုထက်တောင် ပိုကောင်းသေးတယ်”

ဟု ဖြေလိုက်၏။ ဖူးလင်က ...

“ဟုတ်ပါ့မလားကွာ၊ ဒီလောကမှာ ဒီဘွားဘွားထက် ပိုကောင်းအောင် တီးခတ်နိုင်မယ့်သူများ ရှိပါဦးမလား၊ မဖြစ်နိုင်ဘူး၊ မဖြစ်နိုင်ဘူး”

လင့်ဟူချုံးက ...

“ရှိပါတယ်ဆရာမ၊ ပိုပြီးတော်တာ မတော်တာတော့ ကျွန်တော်လည်း သိပ်မသိပါဘူး၊ ဒါပေမယ့် အခုထက်ပိုပြီး နားထောင်ကောင်းတာတော့ အမှန်ပါပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်နားထောင်တုန်းက ဒီသီချင်းကို လူနှစ်ယောက်က တီးခတ်ကြတာ၊ တစ်ယောက်က ပလွေမှုတ်တယ်၊ နောက်တစ်ယောက်က ကြိုးတပ်တူရိယာ တီးတယ်”

သူ့စကားမဆုံးခင်ပင် ဝါးရုံတောအတွင်းမှ လုကျူကိုပြောလိုက်သည့် ဂီတပညာရှင်ဘွားဘွား၏အသံကို ကြားလိုက်ရတော့သည်။

“ဒီလောကမှာ ဒီလိုလူနှစ်ယောက်ကို ဘယ်မှာသွားရှာနိုင်တော့မလဲ ဟင်”

လုကျူက ...

“ရီစီး ... ဒီစာအုပ်ဟာ တေးဂီတစာအုပ်ပဲ၊ အခု ဒေါ်လေး တီးမှုတ်ပြီးသွားပြီ၊ မင်းပြန်ယူသွားပေတော့”

ရီစီးက ‘ဟုတ်ကဲ့’ ဟုပြောရင်း ဝါးရုံတောတွင်းသို့ ပြန်ဝင်သွား၏။ သူထွက်လာသောအခါ သူ့လက်ထဲ၌ စာအုပ်ပါလာသည်။ ဝမ်ရွယ်မှာ သူ၏နားနှင့် ဆတ်ဆတ်ကြားလိုက်ရပြီဖြစ်၍ တေးဂီတစာအုပ်ဖြစ်ကြောင်း အသေအချာသိလိုက်ရပေပြီ။

သူကရုက်ရုက်နှင့် စာအုပ်ကို လင့်ဟူချုံးအား ပြန်ပေးလိုက်၏။ သူ့သားနှစ်ယောက်ကိုလည်း ဆူပူကြိမ်းမောင်းတော့သည်။

လင့်ဟူချုံးအား ထိုနေရာ၌ပင် တောင်းပန်ခိုင်းလိုက်၏။ ဝမ်ချုံးနှင့် ဝမ်ပေ့ါတို့မှာလည်း အရှက်ရနေသော မျက်နှာဖြင့် လင့်ဟူချုံးအား တောင်းပန်နေကြသည်။

လင့်ဟူချုံးက ပြန်လည်၍ သရော်လှောင်ပြောင်ရန် ဟန်ပြင်လိုက်သော်လည်း သူ့ဆရာမဖူးလင်၏ ခေါင်းယမ်းပြခြင်းကို မြင်လိုက်ရသောအခါ သူ့စိတ်ကို ချုပ်တီးလိုက်ရတော့သည်။

ဝမ်ရွယ်တို့သားအဖမှာ အရှက်ရသွားကြပြီဖြစ်၍ ရှေ့ဆုံးမှ ပြန်သွားကြသည်။ ရက်ပုချွန်တို့လူသိုက်က နောက်မှလိုက်သွားကြ၏။

လင့်ဟူချုံးမှာမူ ထိုတေးဂီတစာအုပ်ကိုပိုက်၍ တစ်ယောက်တည်း ငေးမောနေမိတော့သည်။

ထိုစဉ် ဖူးလင်က ...

“လူလေး ... မင်းမပြန်သေးဘူးလား”

“ကျွန်တော် ဒီနားမှာပဲ ခဏနေလိုက်ဦးမယ် ဆရာမ”

“အေး ... နေချင်ရင်နေခဲ့၊ မင်းရဲ့လက်က စောစောကအဆစ်ပြုတ်သွားတာဆိုတော့ သိပ်အားမထုတ်နဲ့နော်”

“ဟုတ်ကဲ့ ဆရာမ”

ဖူးလင်တို့အားလုံး ထွက်ခွာသွားကြလေပြီ။

လင့်ဟူချုံးမှာ တစ်ယောက်တည်း စဉ်းစားနေမိတော့သည်။

“လျှို့ကျုက်ဖုန်းက အထက်လမ်းဂိုဏ်း၊ ဖေးရန်က အောက်လမ်းဂိုဏ်း၊ ဒီသိုင်းဆရာကြီးနှစ်ယောက်ဟာ ရေနဲ့မီးလိုပဲ၊ ဒါပေမယ့် တေးဂီတနဲ့ ပတ်သက်လာတော့ တစ်ယောက်နဲ့တစ်ယောက် နှလုံးသားချင်း စကားပြောကြပြီး နောက်ဆုံး အခင်မင်ဆုံး မိတ်ဆွေတွေဖြစ်သွားကြတယ်၊ သေခါနီးတောင် လက်တွဲပြီးမှ အတူတူ သေလိုက်ကြတယ်၊ ငါ့မှာတော့

ဒီလောကကြီးထဲမှာ တစ်ကောင်ကြွက် မျက်နှာမွဲဖြစ်နေရတယ်၊ အဖော်လုံးဝမရှိတော့ဘူး၊ ငါ့ရဲ့ကျေးဇူးရှင် ဆရာက ငါ့ကို အထင်လွဲတယ်၊ ညီမလေးက ငါ့ကိုပစ်သွားတယ်၊ ငါ့အချစ်ဆုံးညီလေး လုရိုက ငါ့ကြောင့် သေသွားရတယ်"

လင့်ဟူချုံးမှာ လုရိုသေဆုံးရသည့် အဖြစ်အပျက်ကို စဉ်းစားမိသောအခါ ယူကြုံးမရ ရင်နာလှသဖြင့် စိတ်မထိန်းနိုင်တော့ဘဲ တရှိုက်ရှိုက် ငိုမိတော့သည်။

ထိုစဉ် ဝါးရုံတောထဲမှ လုကျူ၏အသံက ...

"ဒီက မိတ်ဆွေလေး ဘာဖြစ်လို့ ငိုနေရတာလဲကွယ်"

လင့်ဟူချုံးက ဆို့နင့်သော အသံဖြင့် ...

"ကျွန်တော့်ဘဝအကြောင်း ပြန်စဉ်းစားမိတာကလည်း တစ်ကြောင်း၊ ဒီတေးသီချင်းကို ရေးစပ်ခဲ့တဲ့ ဆရာကြီး နှစ်ယောက် ကွယ်လွန်ခဲ့တာကို စဉ်းစားမိတာကလည်း တစ်ကြောင်းကြောင့် မျက်ရည်ကျမိတာပါ ခင်ဗျာ"

ဟုပြောရင်း အိမ်ပြန်ရန် လှည့်လိုက်တော့သည်။

လုကျူက ...

"မိတ်ဆွေလေး ... ငါ မင်းနဲ့ စကားပြောချင်ပါတယ်၊ အထဲကို ခဏလောက်ဝင်ခဲ့ပါလား"

လင့်ဟူချုံးမှာ တစ်ချက် အံ့ဩသွား၏။ သို့သော် သူ့အနေဖြင့် အိမ်ကိုပြန်ချင်စိတ် ရှိလှသည်မဟုတ်သဖြင့် အလော်တော်ဖြစ်သွားကာ ဝါးရုံတောအတွင်းသို့ ဝင်လိုက်မိတော့သည်။ ဤအခါ ဝါးစိမ်းအိမ်ကလေးတစ်လုံးကို တွေ့လိုက်ရတော့၏။ ထိုအိမ်ထဲမှ အဘိုးကြီးတစ်ယောက် ထွက်လာပြီး ပြုံး၍ ...

"လူလေး အထဲကိုဝင်ပါ၊ လက်ဖက်ရည်ကြမ်း သောက်ကြရအောင်" ဟု ဖိတ်ခေါ်လိုက်တော့၏။

ထိုအဘိုးကြီးမှာ အသက်ကြီးလုပြီဖြစ်သော်လည်း အလွန် ကျန်းမာသန်စွမ်းနေသေးကြောင်း တွေ့ရပေသည်။

လင့်ဟူချုံးက အဘိုးကြီးလုကျူအား အရိုအသေပြုရင်း ...

"ကျွန်တော်က လင့်ဟူချုံးပါ" ဟု မိတ်ဆက်စကား ဆိုလိုက်သည်။

အခန်းလေးထဲသို့ ရောက်သောအခါ စားပွဲခုံပေါ်တွင် ကြိုးတပ်တူရိယာတစ်ခုနှင့် ပလွေတစ်ချောင်း တင်ထားသည်ကို တွေ့ရသည်။

လင့်ဟူချုံး ထိုင်လိုက်သည်ကို စောင့်ကြည့်ပြီး အဘိုးကြီးလုကျူက စတင်၍ ...

"လင့်ဟူချုံး ... မင်းဒီတေးဂီတစာအုပ်ကို ဘယ်လိုရလာတယ်ဆိုတာ ပြောပြနိုင်မယ်ဆိုရင် ငါသိပါရစေ"

လင့်ဟူချုံးသည် အဘိုးကြီးလုကျူ၏စကားကို ချက်ချင်းမဖြေချေ။ ခေတ္တမျှ စဉ်းစားနေလိုက်သည်။

"ဒီတေးဂီတစာအုပ်ထဲမှာ လျှို့ဝှက်ဇာတ်လမ်းတွေ ပါနေတယ်၊ ဒီဇာတ်လမ်းတွေကို ဆရာ့တောင် မပြောခဲ့ဘူး၊ ဒါပေမယ့် တစ်ခုတော့ ခြွင်းချက်ရှိနေတယ်၊ ဟိုတုန်းက လျှိုကျက်ဖုန်းနဲ့ ဖေးရန်က ဒီစာအုပ်ကို ငါ့လက်ထဲအပ်လိုက်တုန်းက ဒီတေးဂီတကို တီးခတ်နိုင်တဲ့လူများတွေ့ခဲ့ရင် ဒီစာအုပ်ကို ပေးနိုင်ပါတယ်လို့ ပြောခဲ့ကြတယ်။ အခု ဒီဆရာကြီးနဲ့ သူ့ဒေါ်လေးက တေးဂီတနဲ့ပတ်သက်ပြီး အတော်ကျွမ်းကျင်လိမ္မာကြတယ်ဆိုတာ ငါ့ကိုယ်တွေ့ဖြစ်နေပြီ၊ ငါ့အနေနဲ့ ဒီစာအုပ်ဘယ်လောက်ကြာကြာ ထိန်းသိမ်းထားနိုင်တော့မှာလဲ၊ ငါကိုယ်တိုင်က သက်ဆိုးရှည်မယ့်ကောင်မှ မဟုတ်တော့တာ၊ ဒီတော့ ဒီစာအုပ်ကို သူတို့နှစ်ယောက်ကို လက်ဆောင်ပေးလိုက်တာပဲ ကောင်းပါတယ်လေ၊ နောင် ဒီလိုလူမျိုး ရှာတွေ့ဖို့ဆိုတာ မလွယ်ဘူး"

ဤသို့ စဉ်းစားလိုက်မိသည်နှင့် ...

"ဆရာကြီး ... ဒီတေးဂီတကို ရေးတဲ့လူနှစ်ယောက်က တစ်ယောက်က ကြိုးတပ်တူရိယာကို သိပ်ကျွမ်းကျင်တဲ့လူ၊ တစ်ယောက်က ပလွေကို သိပ်ကျွမ်းကျင်တဲ့လူ၊ သူတို့နှစ်ယောက်ပေါင်းပြီး ဒီ 'သိုင်းလောက၏စိန်ခေါ်သံ' ကို ရေးစပ်လိုက်ကြတာပါ၊ သူတို့နှစ်ယောက်ဟာ ကုသိုလ်ကံအကြောင်းမလှခဲ့ကြလို့ နှစ်ယောက်စလုံး တစ်ချိန်တည်း တစ်နေရာတည်း ကွယ်လွန်သွားခဲ့ကြပါတယ်၊ သူတို့မကွယ်လွန်ခင် ဒီတေးဂီတစာအုပ်ကို ကျွန်တော့်လက်ထဲ အပ်ခဲ့တာပဲ၊ ကျွန်တော်က သင့်တော်တယ်လို့ ထင်တဲ့လူကို ပေးကမ်းနိုင်ပါတယ်လို့လည်း မှာကြားထားခဲ့ကြပါတယ်"

လင့်ဟူချုံးသည် စကားကို ခေတ္တရပ်လိုက်ပြီးမှ ဆက်ပြောသည်။

“အခု ကျွန်တော့်အနေနဲ့ ဆရာကြီးတို့၊ ဘွားဘွားတို့ဟာ တေးဂီတမှာ သိပ်ကိုကျွမ်းကျင်နေမှန်း သိလိုက်ရပါပြီ၊ ဒီတော့ ဒီ တေးဂီတစာအုပ်ကို ဆရာကြီးနဲ့ ဘွားဘွားကို ပေးအပ်လိုက်ပါ့မယ်”

လင့်ဟူချုံးက ပြောပြောဆိုဆိုနှင့် စာအုပ်ကိုထုတ်ကာ လက်နှစ်ဖက်ဖြင့် ရိုရိုသေသေ ကမ်းပေးလိုက်သည်။ လုကျူုက ရုတ်တရက် လှမ်းမယူဘဲ …

“နေဦး … ငါဒေါ်လေးကို အရင် မေးကြည့်လိုက်ဦးမယ်”

ထိုစဉ် အတွင်းဘက်အခန်းမှ ဘွားဘွား၏အသံက ထွက်ပေါ်လာသည်။

“လင့်ဟူချုံးက စေတနာနဲ့ပေးတာကို ကျွန်မတို့ငြင်းပယ်လို့ ဘယ်သင့်လျော်မလဲ၊ လင့်ဟူချုံး ဒီတေးဂီတကို ရေးတဲ့ ဆရာကြီးနှစ်ယောက်ရဲ့အမည်ကို မသိရဘူးလား … ”

လင့်ဟူချုံးက မထိန်ဝှက်တော့ဘဲ အမှန်အတိုင်းပင် လျှိုကျက်ဖုန်းနှင့် ဖေးရန်တို့၏ နာမည်များကို ပြောပြလိုက်တော့၏။

ထိုအခါ ဘွားဘွားထံမှ ‘ဟင်’ ခနဲ အာမေဋိတ်ပြုလိုက်သံကိုကြားလိုက်ရပြီး အလွန်အံ့သြသွားဟန်နှင့် …

“လက်စသတ်တော့ သူတို့နှစ်ယောက်ကိုး … ” ဟုပြောလိုက်သဖြင့် လင့်ဟူချုံးက ချက်ချင်းပြန်မေးတော့၏။

“ဘွားဘွားက သူတို့နှစ်ယောက်ကို သိလို့လား”

ဘွားဘွားက ရုတ်ခြည်းပြန်မဖြေ။ အတန်ကြာမှ …

“လျှိုကျက်ဖုန်းက ချုံးဆန်းဂိုဏ်းရဲ့ သိုင်းဆရာကြီး၊ ဖေးရန်က မကောင်းဆိုးဝါးဂိုဏ်းရဲ့ ဝါစဉ်ကြီးပုဂ္ဂိုလ် …၊ သူတို့နှစ်ယောက်က ရန်သူတော်ကြီးတွေပဲ၊ ဘယ့်နှယ် ဒီလိုအံ့မခန်းတေးဂီတမျိုးကို အတူတူရေးစပ်နိုင်ရတာလဲ … အတော့်ကို အံ့သြစရာ ကောင်းပါလား”

လင့်ဟူချုံးမှာ ဘွားဘွား၏မျက်နှာကို မြင်ဖူးတွေ့ဖူးသူမဟုတ်ပေ။ သို့သော် … သူမ၏တီးမှုတ်သံကို ကြားလိုက်ရကတည်းက ထိုဘွားဘွားမှာ အလွန်တရာ စိတ်သဘောထား နူးညံ့သိမ်မွေ့ပြီး သနားကြင်နာတတ်သော ဘွားဘွား ဖြစ်ရမည်ဟု သူ့နှလုံးသားမှ အလိုအလျောက် သိနားလည်ခဲ့လေသည်။ ထို့ကြောင့် သူမအနေဖြင့် မိမိအား ဒုက္ခရောက်အောင် လုပ်လိမ့်မည်မဟုတ်ဟု လုံးဝယုံကြည်စိတ်ချနေ၏။

သို့နှင့် သူက လျှိုကျက်ဖုန်း၏ လက်ဆေးမင်္ဂလာနေ့မှ စတင်ဖြစ်ပျက်ခဲ့သော ကိစ္စအားလုံးကို တစ်ခွန်းတစ်ပါဒမျှ ထိန်ချန်ခြင်းမရှိဘဲ အလုံးစုံဖွင့်ပြောပြလိုက်တော့၏။

အဘိုးကြီးလုကျူုနှင့် ထိုဘွားဘွားတို့ကလည်း တစ်ခွန်းတစ်ပါဒမျှ ဝင်မစွက်ဘဲ ငြိမ်သက်စွာ နားထောင်နေကြတော့၏။

× × × × × ×

## ဝါးရုံတောမှ ဘွားဘွား

လင့်ဟူချုံး၏စကားဆုံးသွားသောအခါ ဘွားဘွားက စကားတစ်ခွန်းမေးသည်။

"ငါက တေးဂီတစာအုပ်လို့ ပြောရဲ့သားနဲ့ ဟိုဝမ်ရှယ်ဆိုတဲ့လူက ဘာဖြစ်လို့ သိုင်းစာအုပ်လို့ ငြင်းနေရတာလဲ၊ မင်းတို့အပြင်မှာ ပြောနေတာတွေအားလုံး ငါကြားရတယ်"

ရွှေဓားရှင်ဝမ်ရှယ်မှာ ဤမြို့၌ အလွန်နာမည်ကျော်ကြားသူဖြစ်ရာ ဘွားဘွားက ကောင်းစွာသိရှိဟန်တူသည်။ ထို့ကြောင့် ဝမ်ရှယ်၏အမည်ကိုတပ်၍ ပြောလိုက်ခြင်းဖြစ်ပေလိမ့်မည်။

လင့်ဟူချုံးက ဇာတ်ကြောင်းပြန် လှန်ရပြန်တော့သည်။ သို့မှသာ ဘွားဘွားအနေဖြင့် ဇာတ်ရည်လည်သွားမည်မဟုတ်ပါလား။ လင်ကျန်နန်တို့ လင်မယားကို ချင်းချန်ဂိုဏ်းနှင့် မြောက်ပိုင်းကုလားအုပ် မုကောင်းဖုန်းတို့ နှိပ်စက်ခဲ့ပုံတို့မှ စ၍ပြောသည်။

လင်ကျန်နန်တို့လင်မယား သေကာနီး၌ မိမိအား အမှာစကားပါးခဲ့ပုံတို့က ဇာတ်လမ်းအလယ်သားဖြစ်သည်။

ရွှေဓားရှင်ဝမ်ရှယ်တို့သားအဖက မိမိအား မယုံသင်္ကာဖြစ်ခဲ့ပုံကို ဇာတ်အဆုံးထား၍ ပြောပြလိုက်သည်။

ဤစကားထဲတွင် သူ ထိန်ချန်ပစ်ခဲ့သော စကားတစ်ခုပါသည်။ သူ့ခမျာ ရင်နာလွန်းလှသဖြင့် ဤအချက်တစ်ချက်ကို ထိန်ချန်ပစ်ခဲ့ရခြင်း ဖြစ်ပါသည်။ ဘီလူးမီးဓားသိုင်းကျမ်း မိမိယူထားသည်ဟု အထင်မှားနေသူများထဲတွင် မိမိ၏ဆရာသခင် ကျေးဖူးရှင် ရက်ပုချွန်ပါဝင်နေသည့် အချက်ကိုပင်တည်း။

လင့်ဟူချုံး၏စကားဆုံးသွားသည်နှင့် ဘွားဘွားက ...

"ဩော် ... လက်စသတ်တော့ ဒီလိုကိုး"

သူမသည် ခေတ္တမျှ စဉ်းစားနေဟန်ဖြင့် ရပ်နေပြီးမှ ဆက်ပြောလိုက်သည်။

"ဒီကိစ္စတွေအားလုံးကို မင်းရဲ့ဆရာကို ပြောပြလိုက်ရင် အားလုံးပြီးပြတ်သွားမှာပဲ၊ မင်းက ကိုယ့်ဆရာကိုတော့ ရှင်းမပြဘဲနဲ့ ငါ့လို လူစိမ်းတစ်ယောက်ကျမှ ဘာဖြစ်လို့ လာပြောပြနေရတာလဲ"

လင့်ဟူချုံးက ...

"ကျွန်တော်လည်း မပြောတတ်တော့ပါဘူး၊ အခုအတောအတွင်း ကျွန်တော်ခံစားလိုက်ရတဲ့ ဒုက္ခသုက္ခတွေ များလွန်းလို့ ရူးချင်စိတ်တောင် ပေါက်ခဲ့မိပါတယ်၊ ဘွားဘွားကျတော့ ဘွားဘွားရဲ့လက်သံကို ကြားပြီးတာနဲ့ ရိုသေလေးစားတဲ့စိတ်ပေါ်ခဲ့လို့ အခုလို ဖွင့်ပြောခဲ့မိတာပါ"

ဘွားဘွားက ...

"မင်းရဲ့လေသံကို နားထောင်ရတာ အားလုံးဝမရှိသလိုဘဲ၊ လူငယ်တစ်ယောက်ရဲ့လေသံက ဒီလောက်တိုးပြီး တုန်ယင်နေတာမျိုး မဖြစ်သင့်ဘူး၊ အခုတလော မင်း ပြင်းပြင်းထန်ထန် ဖျားနာခဲ့သလား၊ ဒါမှမဟုတ် အတွင်းဒဏ်ရာ ရခဲ့လို့လား"

"ကျွန်တော်ဖျားလို့ခုလိုဖြစ်နေတာမဟုတ်ပါဘူး၊ အတွင်းဒဏ်ရာရခဲ့လို့ ခုလိုဖြစ်နေတာပါ"

ထိုစဉ် ဘွားဘွားက ...

"လုကျူ ... ဒီလူငယ်ကို ငါ့ပြတင်းပေါက်ရှေ့ခေါ်လာခဲ့ ...၊ ငါ သူ့ရဲ့လက်ကောက်ဝတ်သွေးကြောကို စမ်းကြည့်မယ်"

အဘိုးအိုလုကျူက ...

"ဟုတ်ကဲ့" ဟု ပြောပြီးသည်နှင့် လင့်ဟူချုံးကို အတွင်းဘက် ပြတင်းပေါက်သို့ခေါ်သွားပြီး ပြတင်းပေါက်ကန့်လန့်ကာထဲသို့ လက်ကို ထည့်ခိုင်းလိုက်တော့၏။

လင့်ဟူချုံးက အတွင်းဘက်သို့ ကြည့်လိုက်သောအခါ အရိပ်သဏ္ဍာန်လောက်သာ တွေ့ရသဖြင့် မိန်းမ ယောကျ်ားဟူ၍ပင် မခွဲခြားနိုင်ချေ။ ထိုစဉ် လက်ချောင်းသုံးချောင်းက မိမိ၏လက်ကောက်ဝတ်သွေးကြောကို လာရောက်ဆုပ်ကိုင်လိုက်သည်ကို သိလိုက်သည်။

လက်ချောင်းများမှာ နူးညံ့တင်းရင်းလှသဖြင့် အဘွားကြီးတစ်ယောက်၏လက်နှင့် လုံးဝမတူကြောင်း လင့်ဟူချုံးသတိပြု လိုက်မိသည်။

ဘွားဘွားသည် အတန်ကြာ စမ်းသပ်ကြည့်ပြီးသောအခါ 'ဟင်' ခနဲ အာမေဋိတ်သံ ပြုမိသွားတော့သည်။ နှုတ်မှလည်း ...

"တယ် ... ထူးဆန်းပါကလား" ဟု ရေရွတ်လိုက်သည်။ အတန်ကြာသောအခါ 'ညာဘက်လက်ကိုပြောင်းလိုက်' ဟု ထပ်၍ ပြောလာသဖြင့် လင့်ဟူချုံးက သူ၏ညာဘက်လက်ကို ထိုးပေးလိုက်သည်။

သူမက လက်နှစ်ဖက်စလုံးကို စမ်းသပ်ပြီးစီးသောအခါ လုံးဝစကားမပြောတော့ဘဲ တိတ်ဆိတ်ငြိမ်သက်နေတော့၏။ လင့်ဟူချုံးက ပြုံး၍ ...

"ဘွားဘွားက ကျွန်တော့်အတွက် စိတ်မပူပါနဲ့တော့၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်က သက်ဆိုးရှည်မယ့်လူမှမဟုတ်တာ၊ ဒါကြောင့် ကျွန်တော်ကလည်း ဘာမှအရေးမစိုက်တော့ဘူး၊ မသေခင် ကူညီစရာရှိတာ ကူညီမယ်၊ နောက်ပြီး သေမယ်၊ ဒါပဲ" ဟုပြောလိုက်၏။

ထိုအခါမှ ဘွားဘွားက ...

"မင်းက ဘယ့်နှယ် သက်ဆိုးမရှည်ဘူးလို့ ခန့်မှန်းနိုင်ရတာလဲ"

"ကျွန်တော့်ညီလေးကို ကျွန်တော်အကြောပိတ်တာ လက်လွန်ပြီး သေဆုံးခဲ့ရတယ်၊ ကျွန်တော့်ကြောင့် ကျွန်တော့်ဆရာရဲ့ မိုးကြိုးအတွင်းအား သိုင်းကျင့်စဉ်စာအုပ်လည်း ပျောက်ဆုံးခဲ့ရတယ်၊ အခု ကျွန်တော် မသေသေးတာက အဲဒီစာအုပ် ပြန်မရသေးလို့ပါ၊ အဲဒီစာအုပ်ပြန်ရတာနဲ့ ဆရာ့လက်ထဲပြန်အပ်ပြီးရင် ကိုယ့်ကိုယ်ကို သတ်သေလိုက်မှာပါ"

ထိုအခါ ဘွားဘွားက ...

"မင်းက ဘယ့်နှယ် မင်းရဲ့ဂိုဏ်းတူညီလေးကို သတ်မိရတာလဲ၊ အကြောင်းမဲ့တော့ ဟုတ်မယ်မထင်ဘူး"

လင့်ဟူချုံးက အံ့ဖွယ်ခြောက်ယောက်တို့က မိမိ၏အသက်ကို ကယ်တင်ရန် သူတို့၏ အတွင်းအားလှိုင်းခြောက်ခုကို မိမိ၏ ခန္ဓာကိုယ်အတွင်းသို့ ထည့်သွင်းခဲ့ကြပုံ၊ လိန်လိန်ကမူ သူမ၏အဖေထံမှ မိုးကြိုးအတွင်းအားသိုင်းကျင့်စဉ်စာအုပ်ကို ခိုးယူ၍ မိမိ၏ အတွင်းဒဏ်ရာ ပျောက်ကင်းရေးအတွက် လေ့ကျင့်ရန်ပေးပုံ၊ မိမိက လုရို၏အကြောကို ထိုးပိတ်၍ ထွက်လာခဲ့ပုံ၊ နောက်ဆုံး ပြန်ရောက်လာသောအခါ မိမိ၏ အကြောထိုးပိတ်ပုံ မဟုတ်သဖြင့် လုရိုသေဆုံးနေပုံနှင့် သိုင်းစာအုပ်ပါ ပျောက်ဆုံးသွားပုံတို့ကို ပြောပြလိုက်သည်။

ဘွားဘွားက ငြိမ်သက်စွာနားထောင်ပြီးသောအခါ စကားဆက်ပြောပြန်သည်။

"မင်းရဲ့ဂိုဏ်းတူညီလေးကို မင်းသတ်တာ မဟုတ်ဘူး"

“ကျွန်တော်လည်း အစက ဒီလိုထင်တာပဲ၊ ဒါပေမယ့် ကျွန်တော့်ကြောင့် သေတာမဟုတ်ရင် သူကဘယ်လို သေသွားရတာလဲ”

“အဲဒီတုန်းက မင်းရဲ့အတွင်းအားက လုံးဝမရှိတာဘဲ၊ မင်းက သူ့အကြောကို ထိုးပိတ်လိုက်ရုံနဲ့ သူ ဘယ်နည်းနဲ့မှ မသေနိုင်ဘူး၊ မင်းရဲ့ဂိုဏ်းတူညီလေးကို အခြားတစ်ယောက်က ဝင်သတ်သွားတာပဲ”

“ဒီလူက ဘယ်သူဖြစ်နိုင်မလဲ ဘွားဘွား”

“ဒီလူက ဘယ်သူဖြစ်နိုင်မလဲ၊ မိုးကြိုးအတွင်းအားသိုင်းစာအုပ်ကို ခိုးယူသွားတဲ့လူ ဖြစ်နိုင်တာပေါ့၊ သူယူသွားတာကို လုရိုက မြင်နိုင် သိနိုင်တာပဲ၊ အသေသတ်ခဲ့တော့ အားလုံးခြေရာပျောက်၊ သဲလွန်စပျောက်သွားပြီ၊ သူ့အတွက် ကောင်းကောင်း လုံခြုံသွားတော့တာပေါ့”

လင့်ဟူချုံးမှာ သက်ပြင်းရှည်ကြီးတစ်ချက် ချလိုက်မိတော့၏။ ဤရက်များအတွင်းဝယ် လုရိုသေသည့် ကိစ္စနှင့် ပတ်သက်၍ မိမိကိုယ်မိမိ အပြစ်တင်မဆုံး ဖြစ်နေခဲ့သည်။ သူ့ဆရာနှင့် ဆရာမတို့အပေါ် သံသယ ကင်းကင်း ရှင်းရှင်းနှင့် ပြဿနာအရှုပ်အထွေးအားလုံး ရှင်းသွားလျှင် သူ့ကိုယ်သူသတ်သေ၍ လုရိုနောက်သို့လိုက်ရန် ဆုံးဖြတ်ချက် ချထားပြီး ဖြစ်ပေသည်။ သို့သော် ... ယခု လုရိုသေဆုံးရသည့်အဖြစ်တွင် မိမိ၌ တာဝန်ရှိသင့်သလောက် ရှိသော်လည်း မိမိ၏ အကြောထိုးပိတ်မှုကြောင့် လုံးလုံးလျားလျား သေရခြင်းမဟုတ်ကြောင်း သိလိုက်ရသောအခါ လုရိုအားသတ်သွား သူအား ရန်ကြွေးပေးဆပ်ရန် သိန္နိဋ္ဌာန် ချမိပြန်တော့၏။

ထိုစဉ် ဘွားဘွားက ...

“လင့်ဟူချုံး ... မင်းရဲ့ကိုယ်ထဲမှာ အတွင်းအားခြောက်ခုရှိတယ်လို့ပြောတယ်၊ ငါစမ်းကြည့်တော့ အတွင်းအားလှိုင်းပေါင်း ရှစ်ခုဖြစ်နေတယ်၊ အဲဒါက ဘယ်လိုဖြစ်နေတာလဲ”

ထိုအခါ မိမိဘဝ၏ ရယ်ရအခက်၊ ငိုရအခက် ဘဝတစ်ဆစ်ချိုးဖြစ်သည့် ပုကျက်ဘုန်းကြီးက မိမိအားကယ်တင်ရန် ကြိုးစားပုံတို့ကို ပြောပြလိုက်သည်။

ဘွားဘွားက ...

“မင်းရဲ့ စိတ်သဘောထားက ပွင့်လင်းတယ်၊ ရဲရင့်တယ်၊ သူများကိုကူညီချင်တယ်၊ သူများအပေါ်မှာ ယုတ်မာတဲ့စိတ် မရှိဘူး၊ မင်းရဲ့ကိုယ်ထဲမှာ အတွင်းအားလှိုင်းရှစ်ခု ရှုပ်ယှက်ခတ်နေပေမယ့် သိပ်ဆိုးဆိုးဝါးဝါးကြီး မဟုတ်သေးပါဘူးလေ၊ ကဲ ... ကဲ ... ငါက မင်းကို ကူညီမယ်၊ အခု ... ငါ သီချင်းတစ်ပုဒ်တီးပြမယ်၊ နားထောင်ပေတော့”

“ဟုတ်ကဲ့ ... ဘွားဘွား”

ထိုအခါ ဘွားဘွားက ကြိုးတပ်တူရိယာကို စတင်တီးခတ်တော့သည်။ ဂီတသံမှာ နူးညံ့ငြိမ့်ညောင်းလှသဖြင့် သက်ပြင်း ရှည်သံကဲ့သို့လည်းကောင်း၊ လေတိုက်သောအခါ သစ်ရွက်ကြွေများ မြေကြီးကို ရှပ်တိုက်ပြေးလွှားရာမှ ထွက်ပေါ်လာသော အသံများကဲ့သို့လည်းကောင်း၊ လွန်စွာညင်သာလှ၏။ ဘွားဘွားကား ထူးချွန်ပြောင်မြောက်လှသည့် ဂီတ အနုပညာရှင် တစ်ယောက်သာတည်း။

လင့်ဟူချုံးမှာ ထိုဂီတသံ၌ယစ်မူးရင်း မျက်ခွံများ တဖြည်းဖြည်း လေးလံလာတော့သည်။ သူ၏မျက်ခွံများကို အားတင်း၍ ဆွဲတင်သည်။ သူ့စိတ်ထဲတွင် ...

“ငါ ... အိပ်ပျော်လို့မဖြစ်ဘူး၊ ဘွားဘွားသီချင်းတီးခတ်ပြနေတာကို နားထောင်ရင်းနဲ့ အိပ်ပျော်သွားတယ်ဆိုရင် ဘယ်လောက် ကြည့်ရဆိုးသလဲ၊ တမင် သူ့လက်သံကို တီးပြနေတာ၊ သူ့ရှေ့မှာ အိပ်ပျော်သွားရင် သူ့ကိုစော်ကားသလို ဖြစ်နေတော့မှာပေါ့” ဟု တွေးနေမိသော်လည်း နောက်ဆုံး မည်သို့မျှတင်းမခံနိုင်တော့ဘဲ အိပ်ပျော်သွားလေတော့သည်။

အိပ်မက်ထဲတွင် ထိုနူးညံ့သိမ်မွေ့လှသော တူရိယာ၏ ဂီတသံကို ဆက်လက်ကြားနေပြန်သည်။ ထိုဂီတသံများသည် ညင်သာလှသော လက်ချောင်းများနှယ် မိမိအား ချော့သိပ်လျက်ရှိနေသည်ဟု အိပ်မက် မြင်မက်နေပြန်တော့၏။ ဂီတစွမ်းအားကား ကြီးမားလှချေသည်တကား။

မည်မျှ အချိန်ကြာသွားသည်မသိချေ။ လင့်ဟူချုံးမှာ အိပ်ရာမှလန့်နိုးလာတော့၏။ ကမန်းကတန်းလူးလဲထ၍ ရှက်ရွံ့စွာဖြင့် ...

"ကျွန်တော်ကတော့ မကောင်းတော့ပါဘူး၊ ဘွားဘွားက စေတနာနဲ့ တီးခတ်ပြနေတယ်၊ ကျွန်တော်က အိပ်နေတယ်၊ ဘယ်ကောင်းတော့မလဲ၊ ကိုယ့်ကိုယ်ကို သတ်သေဖို့ပဲကောင်းတော့တယ်" ဟု ပြောလိုက်မိတော့၏။

ထိုအခါ ဘွားဘွားက ...

"မင်း ကိုယ့်ကိုယ်ကို ဘာမှအပြစ်တင်မနေနဲ့၊ ငါ စောစောက တီးခတ်ပြတဲ့သံစဉ်တွေက မင်းကို အိပ်ပျော်သွားအောင် တမင် တီးခတ်ပြလိုက်တာ၊ငါက မင်းကိုယ်ထဲမှာ ရှုပ်နေတဲ့ အတွင်းအားတွေကို နေသားတကျဖြစ်သွားအောင် ပြန်လုပ်ပေးလိုက်တာ၊ အခု မင်းရဲ့အတွင်းအားတွေဘယ်လိုနေသေးလဲ၊ နည်းနည်းလောက်စမ်းကြည့်စမ်း"

လင့်ဟူချုံးက ဝမ်းသာအားရနှင့် တင်ပျဉ်ခွေထိုင်ကာ သူ၏အတွင်းအားများကို စမ်းသပ်လေ့ကျင့်ကြည့်လိုက်၏။ ထိုအခါ ကိုယ်ခန္ဓာအတွင်းရှိ အတွင်းအားလှိုင်းရှစ်ခုတို့မှာ တစ်ခုနှင့်တစ်ခု တိုးဝှေ့တိုက်ခိုက်နေကြဆဲဖြစ်ကြောင်း တွေ့ရှိမိပြန်သည်။ သို့သော် သူယခင်က ခံစားနေခဲ့ရသည့် မူးမိုက်အော့အန်ချင်သော ဝေဒနာမှာမူ အတော်ကလေး လျော့ပါးပျောက်ကွယ် သွားသည်။ ထိုဝေဒနာ လုံးဝပျောက်ချင်သည့် စိတ်ဆန္ဒဖြင့် အတန်ကြာ ဆက်လက်လေ့ကျင့်သော အခါတွင်မူ ထိုမူးဝေသော ဝေဒနာသည် ချက်ချင်းပင် ပြန်ထွက်လာတော့၏။

ချက်ချင်းလိုလိုပင် လင့်ဟူချုံးမှာ မြေကြီးပေါ်သို့ လဲကျသွားတော့သည်။ လုကျူုက သူ့ကို ကမန်းကတန်း ပွေ့ထူလိုက်ရ တော့၏။ အတန်ကြာသောအခါမှ ထိုဝေဒနာ ပျောက်ကင်း သွားသည်။

ဘွားဘွားက ...

"အံ့ဖွယ်ခြောက်ယောက်နဲ့ ပုကျက်ဘုန်းကြီးတို့ရဲ့ အတွင်းအားလှိုင်းတွေက သိပ်ပြင်းထန်နေတာကိုး၊ ငါ့ရဲ့ဂီတပညာနဲ့ တောင် သူတို့ရဲ့ အတွင်းအားလှိုင်းတွေကို နေသားတကျဖြစ်အောင် မစီစဉ်နိုင်ခဲ့ဘူး၊ စိတ်မကောင်းလိုက်တာ"

လင့်ဟူချုံးက ကမန်းကတန်းပင် နှစ်သိမ့်စကားပြောလိုက်ရသည်။

"ဘွားဘွား ... သိပ်ပြီး စိတ်မထိခိုက်ပါနဲ့၊ ကျွန်တော့်အဖို့ ဒီလိုတေးဂီတမျိုး ကြားလိုက်ရတာပဲ လူဖြစ်ကျိုး နပ်နေပါပြီ၊ အတော် ကုသိုလ်ထူးလို့ ကြားဖူးသွားတာပဲ"

ထိုစဉ် လင့်ဟူချုံးသည် ရုတ်တရက် စိတ်ကူးပေါက်သွားဟန်ဖြင့် ...

"ဘွားဘွား ... ကျွန်တော့်ကို ဒီတေးဂီတ တီးခတ်နည်း သင်ပေးပါလား၊ ကျွန်တော့်အဖို့ နောက်ပိုင်း ကိုယ့်ဘာသာကိုယ် ကုသနိုင်တာပေါ့"

ဤဘွားဘွားထံမှ စကားပြန်မရတော့။

အတန်ကြာမှ ...

"မင်းက ကြိုးတပ်တူရိယာ ဘယ်လောက် တီးခတ်တတ်သလဲ၊ ဘာအခြေခံတွေ ရှိထားသလဲ၊ ငါ့ကို တစ်ပုဒ်လောက် တီးပြပါဦး"

လင့်ဟူချုံး၏မျက်နှာမှာ ရဲခနဲ ဖြစ်သွားတော့၏။

"ကျွန် ... ကျွန်တော် လုံးဝမတီးတတ်ပါဘူး၊ ကျွန်တော်က ဘွားဘွားတို့လို အနုပညာရှင်ကြီးတစ်ယောက်ရဲ့ စွမ်းရည်မျိုး လိုချင်တယ်ဆိုတာက တကယ့်ကို စိတ်ကူးယဉ်အိပ်မက် မက်တဲ့ကိစ္စပဲ"

လင့်ဟူချုံးမှာ သူ့ဆရာနှင့်ဆရာမတို့ကို လေးစားရိုသေသည်ထက် ဤအဘွားကြီးကို ပို၍ရိုသေလေးစားနေမိသည်။ အမှန် စင်စစ် ထိုအဘွားကြီး၏ ဂီတအနုပညာကို အလွန်တရာ အထင်ကြီးလေးစားသွားရာမှ ဤစိတ်ဓါတ် ကူးဆက်သွား ရခြင်း ဖြစ်ပေသည်။

လင့်ဟူချုံးသည် လုကျူုကို အရိပ်အခြေတစ်ချက်ပေးလိုက်ပြီး

"ကျွန်တော့်ကို ခွင့်ပြုပါဦး" ဟု နှုတ်ဆက်လိုက်၏။

ထိုအခါ ဘွားဘွားက ...

"လင့်ဟူချုံး ... ခဏနေဦး၊ မင်းက ငါ့ကို ဟို ... တေးဂီတစာအုပ်ကို လက်ဆောင်ပေးခဲ့တယ်ဆိုတော့ ငါကလည်း မင်းကိုပြန်ပြီး ကျေးဇူးတုံ့ပြန်ရမှာပေါ့ ... ၊ ကဲ ... လုကျူ မနက်ဖြန်ကစပြီး မင်းက လင့်ဟူချုံးကို ငါ့ရဲ့ ဒီ 'ကိုယ်စိတ်နှလုံး အေး ရိပ်ဖုံး' ဆိုတဲ့တေးကို သင်ပေးလိုက်"

နောက်တစ်နေ့တွင် လင့်ဟူချုံးတစ်ယောက် ဝါးရုံတောသို့ စောစောစီးစီး ရောက်ရှိနေပေပြီ။ ကြိုးတပ်တူရိယာ တီးခတ်ပုံစနစ်ကို စတင်သင်ကြားရသည်။ လင့်ဟူချုံးမှာ တေးဂီတနှင့်ပတ်သက်၍ လုံးဝနားမလည်သည့် နလပိန်းတုံး တစ်ယောက်သာ ဖြစ်သော်လည်း အလွန်လိမ္မာပါးနပ်၍ ဉာဏ်ကောင်းသူဖြစ်သဖြင့် သင်ပေးသမျှကို လိုက်နိုင်၏။ တစ်ပိုဒ်မျှ မေ့လျော့ခြင်းမရှိပေ။

လုကျူသည် အလွန်ဝမ်းသာအားရဖြစ်သွားပြီး လိုလိုလားလားဖြင့် လက်ခတ်ပုံစနစ်ကို သင်ကြားပြသည်။ တစ်ဆင့်ခြင်းသင်ပေးခဲ့ရာ နောက်ဆုံး တိုတောင်းသည့်တေးတစ်ပုဒ်ကို သင်ကြားနိုင်သည့် အဆင့်သို့တိုင် ရောက်ရှိလာတော့သည်။

လင့်ဟူချုံးက သုံးလေးခေါက်မျှ လေ့ကျင့်လိုက်သောအခါ အတော်ကလေး ကျင်ကျင်လည်လည် တီးခတ်သွားနိုင်တော့၏။ သူ၏လက်ရာမှာ ယခုမှ သင်ကြားကာစလူနှင့် မတူအောင် ကောင်းမွန်သေသပ်လှသည်။

ထိုတေးတစ်ပုဒ်ကို လင့်ဟူချုံးက ကျကျနနတီးခတ်ပြီးသောအခါ အတွင်းခန်းမှ နားထောင်နေသော ဘွားဘွားက သက်ပြင်းချရင်း ...

"လင့်ဟူချုံး ... မင်း တူရိယာတီးခတ်တတ်တာက တကယ်အံ့ဩစရာပဲ၊ ဘယ်သူမှ ဒီလောက်မြန်မြန် တတ်လိမ့်မယ် မထင်ဘူး၊ ဒီလိုဆိုရင် ငါ့ရဲ့ 'ကိုယ်စိတ်နှလုံး အေးရိပ်ဖုံး' ဆိုတဲ့တေးကို မကြာခင် မင်းတတ်မြောက်သွားမှာပဲ ... " ဟု ပြောလိုက်တော့၏။

လင့်ဟူချုံးက ကျေးဇူးတင်စကားပြော၍ ...

"ကျွန်တော် ဘယ်လောက်ကြာရင် ဘွားဘွားတို့တီးတဲ့ ဟို 'သိုင်းလောက၏စိန်ခေါ်သံ' တေးကို တီးနိုင်မလဲ မသိဘူး နော်"

ဘွားဘွားက အားပေးသံဖြင့် ...

"မင်းသာ လိုလိုချင်ချင်နဲ့ ကြိုးစားရင် ဒီ 'သိုင်းလောက၏စိန်ခေါ်သံ' ကို မင်းတီးခတ်တတ်လာမှာပါ။ ဒီဂီတ အနုပညာတင်မဟုတ်ဘူး၊ ဘယ်ပညာကိုမဆို ပညာရှာတဲ့အခါ တောမုဆိုးဟာ သားကောင်ရှိရာအရပ်မှာ ပျပ်ဝပ်ကျိုးနွံပြီး သားကောင်ကို ရှာသလို ရှာရမယ်' ဟု ပြောကြားလိုက်သည်။

ဤသို့ဖြင့် ဆယ်ရက်ကျော်သည့်တိုင် နံနက်လင်းသည်နှင့် လင့်ဟူချုံးတစ်ယောက် ဝါးရုံတောသို့ ရောက်ရောက်လာသည်။ ကြိုးတပ်တူရိယာကို လိုလိုချင်ချင်ဖြင့် ကြိုးစားသင်ကြားသည်။ အချို့ရက်များတွင် အဘိုးကြီးလုကျူသည် ဝါးများကိုခွဲ စိတ်ယုက်ဖြာရန် တောတွင်းသို့ ဝင်သွားလေ့ရှိသဖြင့် လင့်ဟူချုံးကို ဘွားဘွားကိုယ်တိုင် သင်ကြားပေးလေသည်။

နောက်ပိုင်းရက်များ၌ လင့်ဟူချုံး၏ လက်ခတ်ပညာမှာ အံ့မခန်းတိုးတက်လာသဖြင့် အဘိုးကြီးလုကျူပင် မသင်တော့ဘဲ ဘွားဘွားကိုယ်တိုင် သင်ကြားပေးတော့၏။ သို့သော် လင့်ဟူချုံးမှာ ဘွားဘွား၏မျက်နှာကို တစ်ကြိမ်တစ်ခါမျှ မမြင်ဘူးသေးပေ။ သူမ၏အသံမှာ မိန်းမပျိုတစ်ယောက်၏ အသံနှင့်မခြား ကြည်လင်ချိုမြလှ၏။ အမှန်စင်စစ် တေးဂီတကို အလွန်အကျူးလိုက်စားခဲ့ရာ စိတ်ပျိုကိုယ်နုဖြစ်ပြီး အသံပါ လွန်စွာကောင်းသွားဟန်တူသည်။

ယနေ့တွင် ဘွားဘွားက လင့်ဟူချုံးအား 'အတိတ်' ဟူသော တေးတစ်ပုဒ် အသစ်တက်ပေးသည်။ လင့်ဟူချုံးက လေ့ကျင့်ပြီး နှစ်ခေါက်ခန့်တီးခတ်လိုက်သောအခါ အတိတ်ကာလ ငယ်စဉ်ခါတုန်းက လိန်လိန်နှင့် ကြည်နူးပျော်ရွှင်ခဲ့သည်များကို ပြန်လည်သတိရမိတော့သည်။ နောက်ဆုံး လင်မိန်ကျက်ရောက်လာပြီးနောက် လိန်လိန်က မိမိအား တဖြည်းဖြည်း စိမ်းကားလာပုံ စသည့် အတိတ်ပန်းချီကားကြီးကို ထင်ယောင်မြင်ယောင်လာတော့သည်။

သူ၏ရင်ထဲ၌ နာကျင်ကြေကွဲမှုကို ခံစားလိုက်ရသောကြောင့် တီးကွက်များ ကစဉ့်ကလျား ပျက်စီးသွားပြီး သူ၏ တီးခတ်နေခြင်း ကို လုံးဝ ရပ်ဆိုင်းလိုက်ရတော့သည်။

ဘွားဘွားက ညင်သာသော လေသံဖြင့် ...

"မင်း တီးခတ်နေတာက အစပထမတော့ ကောင်းနေတာပဲ၊ နောက်ကျမှ ဘာဖြစ်လို့ လက်ကွက်တွေ ပျက်သွားရတာလဲ၊ ဧကန္တ မင်းရဲ့အတိတ်ကို ပြန်စဉ်းစားမိတယ်နဲ့ တူတယ်" ဟု လင့်ဟူချိုးအား မေးလိုက်တော့၏။

လင့်ဟူချိုးမှာ သူ၏အသည်းနှလုံးများ ကွဲကြေနေသည့်ဝေဒနာကို မည်သူ့အားမျှ ဖွင့်မပြောဘဲ ကျိတ်မှိတ်ခံစားခဲ့ရသည်မှာ ကြာခဲ့ချေပြီ။ ဖွင့်ပြောပြရမည့်လူလည်း ရှာမတွေ့နိုင်ခဲ့သည်ကလည်း တစ်ကြောင်းဖြစ်၏။ လင့်ဟူချိုးမှာ နဂိုကတည်းက သဘောထားပွင့်လင်းသူဖြစ်၍ ယခု သူ့အား အလွန်ကြင်နာသည့် ဘွားဘွား၏အမေးစကားကို ကြားလိုက်ရသောအခါ မမျိုသိပ်နိုင်တော့ဘဲ သူ့ရင်ထဲမှ ပွင့်ထွက်လာတော့သည်။ လိနံလိနံက သူ့အား ပစ်ပယ်လိုက်သည့်ကိစ္စကို အစအဆုံး ဖွင့်ဟ ပြောကြားလိုက်တော့၏။

သူ၏ဖြစ်ရပ်အားလုံးကို မခြွင်းမချန်ဖွင့်ဟကာ အစ်မရင်း၊ အမေရင်း၊ အဘွားရင်းတစ်ယောက်နှယ် သဘောထားပြောကြားလိုက်သည်။ ပြောပြီးမှ ရှက်သွားပြီး ...

"ဘွားဘွားကို ဘာတွေလျှောက်ပြောမိမှန်းတောင် မသိတော့ဘူး"

ဘွားဘွားက ...

"ဖူးစာဆိုတာ အတင်းလုပ်ယူလို့ရတာ မဟုတ်ဘူး၊ နဖူးစာရွာလည်ဆိုတာ မင်းလည်းကြားဖူးမှာပေါ့၊ ကိုယ့်ဖူးစာနဲ့ကိုယ်ပဲ၊ ကိုယ့်ဘာသာကိုယ် ဝမ်းနည်းကြေကွဲစရာလည်း မလိုဘူး၊ သူများကို အားကျဖို့လည်း မလိုဘူး၊ ဒီနေ့ မင်း အချစ်စစ်အချစ်မှန်ကို မတွေ့ရသေးပေမယ့် နောင်တစ်ချိန်ချိန်မှာတော့ မင်း တွေ့ရမှာပဲပေါ့"

သူမက ရုတ်တရက်ပင် 'ကိုယ်စိတ်နှလုံး အေးရိပ်ဖုံး' တေးကို စတင်တီးခတ်လိုက်တော့၏။ လင့်ဟူချိုးမှာ အိပ်မက်ကမ္ဘာသို့ ရောက်သွားသကဲ့သို့ အလွန်ပင် အေးဆေးချမ်းမြသွားတော့၏။ စောစောက အချစ်ကြောင့် ပူပန်သောကများခံစားနေရသည့် နှလုံးသားသည် စမ်းရေအေးအေးထဲ အနှစ်ခံလိုက်ရသကဲ့သို့ လုံးဝအေးငြိမ်းသွားတော့သည်။

ဘွားဘွားက ...

"ကဲ ... ဒီကနေ့ကစပြီး မင်းကို ငါ ဒီ 'တေး' စတက်ပေးလိုက်မယ်၊ နောက်ဆယ်ရက်လောက်ဆို မင်းကောင်းကောင်းတီးတတ်သွားမှာပါ"

ဤသို့ဖြင့် ဘွားဘွားက ယင်းတေးနှင့်ပတ်သက်၍ တီးခတ်ရမည့်လက်ကွက်များကို အသေးစိတ် ရှင်းလင်းသင်ပြပေးတော့၏။

သုံးရက်ခန့်ကြာသည့် နံနက်ခင်းတစ်ခု၌ လင့်ဟူချိုးသည် ဝါးရုံတောသို့သွားရန်ပြင်ဆင်နေစဉ် လောင်တက် ရောက်လာပြီး ...

"အစ်ကိုကြီး ... ဆရာက မှာလိုက်ပါတယ်၊ မနက်ဖြန်ကျရင် ကျွန်တော့်တို့အားလုံး ခရီးထွက်ကြမယ်တဲ့" ဟု ပြောလာ၏။

လင့်ဟူချိုးမှာ ရုတ်တရက်မမျှော်လင့်ဘဲ ကြားလိုက်ရသဖြင့်

"မနက်ဖြန် သွားတော့မယ်၊ ငါ ... ငါ"

သူ့အနေဖြင့် 'ငါ ကြိုးတပ်တူရိယာ ကောင်းကောင်းမသင်ရသေးဘူး' ဟု ပြောချင်မိသည်။ သို့သော် သူ့စိတ်ကို ထိန်းချုပ်ပြီး လုံးဝမပြောတော့ချေ။

လောင်တက်ကမူ သူ့အစ်ကိုကြီးကို တစ်ချက်ကြည့်ရင်း ...

"ဆရာမကပါ အစ်ကိုကြီးကို မှာလိုက်တယ်၊ ပစ္စည်းတွေကို ထုပ်ပိုးသိမ်းဆည်းထားလိုက်တဲ့၊ ဒါမှ နက်ဖြန်သွားရင် အဆင်သင့်ဖြစ်နေမှာတဲ့" ဟု မှာကြားပြီး ပြန်ထွက်သွားတော့သည်။

လင့်ဟူချိုးသည် ကမန်းကတန်းပင် ဝါးရုံတောသို့ ပြေးမိတော့၏။ လင့်ဟူချိုးက ...

"ဘွားဘွား ... မနက်ဖြန်ကျရင် ကျွန်တော် ခရီးထွက်ရတော့မယ်"

ဘွားဘွားသည် အတန်ကြာ ငြိမ်သက်နေပြီးမှ တိုးညင်းသော လေသံဖြင့် ...

"ဒီလောက်တောင် လောရသလား ... မင်းက ဒီတေးတစ်ပုဒ်ကိုတောင် သင်လို့မပြီးသေးဘူး"

"ကျွန်တော်လည်း မသွားချင်သေးဘူး ... ဘွားဘွားရယ် ... ဒါပေမယ့် ဆရာက အမိန့်ပေးလိုက်တယ်ဆိုတော့ ကျွန်တော် မသွားချင်လို့လည်း မရတော့ဘူး၊ နောက်ပြီး ကျွန်တော်တို့က ဒီမှာ ဧည့်သည်အဖြစ်နဲ့ လာနေကြတာ၊ အကြာကြီးနေလို့လည်း မကောင်းဘူးမဟုတ်လား"

ဘွားဘွားက ...

"အေး ... ဒါလည်း ဟုတ်တာပဲလေ"

သို့နှင့် သူမသည် လင့်ဟူချုံး တစ်ပိုင်းတစ်စဖြစ်နေသည့်တေးကို ဆက်၍သင်ကြားပေးသည်။ လင့်ဟူချုံးမှာ သံယောဇဉ် အလွန်ကြီးသူဖြစ်၏။ ယခုရက်များအတွင်းဝယ် ဘွားဘွား၏မျက်နှာကို တစ်ကြိမ်တစ်ခါမျှ မတွေ့ခဲ့ရသော်လည်း မိမိအပေါ် အလွန်ကြင်နာလှသည့် ဘွားဘွား၏လေသံနှင့် စကားများကြောင့် ဘွားဘွားကို အလွန်တရာ လေးစားခင်မင်နေမိတော့သည်။ မိမိအပေါ် ကြင်နာသနားသည့် စကားတစ်လုံးလုံးကို ပြောနေမိသည့်အခါတိုင်း ရုတ်တရက် သတိရသွားဟန်ဖြင့် ဘွားဘွား၏စကားလမ်းကြောင်း ပြောင်းသွားလေ့ရှိသည်ကိုလည်း လင့်ဟူချုံး ကောင်းစွာသတိထားမိသည်။

ဤလောကတွင် ယခင်က လင့်ဟူချုံးကို အကြင်နာဆုံးလူများမှာ ရက်ပုချွန်တို့ဇနီးမောင်နှံ၊ လိန်လိန်နှင့် လုရိတို့ လေးယောက်ဖြစ်ကြ၏။ ယခုအခါ လုရိသည် ဤလောက၌ မရှိတော့။ သေဆုံးသွားခဲ့ရပြီ။ လိန်လိန်၏အချစ် နှလုံးသားသည်လည်း လင်မိန်ကျက်ထံသို့ ပြောင်းလဲရောက်ရှိသွားပေပြီ။ ရက်ပုချွန်တို့ လင်မယားနှစ်ယောက်ကလည်း မိမိအပေါ် မယုံသင်္ကာ ရှိနေကြလေပြီ။

ထို့ကြောင့် လင့်ဟူချုံး၏စိတ်ထဲတွင် သတ်မှတ်ထားလိုက်သည်မှာ ယခုမိမိအား အကြင်နာဆုံးလူနှစ်ယောက်မှာ ဤ ဝါးရုံတောမှ ဘွားဘွားနှင့် အဘိုးကြီး လုကျူတို့ နှစ်ယောက်သာ ဖြစ်သည်ဟူ၍ပင်တည်း။

ထိုနေ့ညနေစောင်းသို့ ရောက်သောအခါ လင့်ဟူချုံးသည် ဘွားဘွား၏အခန်းပြတင်းပေါက်ရှေ့သို့သွားပြီး ဦးချကန်တော့လိုက်၏။ လင့်ဟူချုံးအံ့သြသွားသည်မှာ ဘွားဘွားကလည်း မိမိအား ပြန်လည်ဦးချလိုက်သကဲ့သို့ အသံများကို ကြားလိုက်ရခြင်း ဖြစ်တော့သည်။

ဘွားဘွားက ...

"လင့်ဟူချုံး၊ မင်းမသွားခင် ငါ မင်းကို စကားလက်ဆောင် တစ်ခွန်း ပါးလိုက်ချင်တယ်"

"ဟုတ်ကဲ့ ဘွားဘွား ပြောပါ၊ ကျွန်တော် အမြဲတမ်းမှတ်သားထားပါ့မယ်"

ဘွားဘွားဆီမှ စကားသံထွက်မလာ။ အတန်ကြာသောအခါမှ

"သိုင်းလောကကြီးဟာ အန္တရာယ် ဆူးငြောင့်ခလုတ်တွေ အများကြီးရှိတယ်၊ သတိနဲ့သွားလာပါ"

"ဟုတ်ကဲ့ ဘွားဘွား"

လင့်ဟူချုံး၏ ရင်ထဲ၌လည်း စိတ်မကောင်းခြင်းကြီးစွာ ဖြစ်နေရတော့သည်။ နောက်ဆုံး လုကျူအား ဂါရဝပြုနှုတ်ဆက်လိုက်ပြီး ဝါးရုံတောကို ကျောပေးထွက်ခွာလာခဲ့ရတော့သည်။ 'အတိတ်' ဟူသော တေးသံသည် သူ၏နောက်ဘက် ကျန် ရစ်ခဲ့သော ဝါးရုံတောဆီမှ လွင့်ပျံ့ဝေ့ဝဲ လာတော့သည်။

နောက်တစ်နေ့နံနက်တွင် ရက်ပုချွန်တို့ဆရာတပည့်အားလုံးသည် လှေဆိပ်သို့သွား၍ မြောက်ပိုင်းသို့ခရီးဆက်ရန် လှေကြီးတစ်စင်းအား ငှားရမ်းလိုက်ကြတော့၏။ လှေမထွက်မီ ရွှေဓားရှင်ဝမ်ရွှယ်တို့က လာရောက်နှုတ်ဆက်ကြသည်။ မြောက်မြားစွာသော ပစ္စည်းများကိုလည်း လက်ဆောင်အဖြစ် ပေးအပ်ကြသည်။

ဝမ်ချုံးတို့ညီအစ်ကိုနှစ်ယောက်က လင့်ဟူချုံး၏ လက်အဆစ်များကို ဖြုတ်ပစ်ခဲ့သည့်ရက်မှစ၍ လင့်ဟူချုံးသည် ရွှေဓားရှင် အိမ်သားတစ်ဦးတစ်ယောက်နှင့်မျှ လုံးဝစကားမပြောတော့ပေ။ ယခု ခွဲခွာသွားကာနီးအချိန်တွင်လည်း လုံးဝ နှုတ်ဆက်ခြင်း မရှိပေ။ ဤသားအဖများကို ဤလူ့လောက၌ လုံးဝမရှိသည့်အလား သဘောထားလိုက်ခြင်းသာဖြစ်သည်။ ရက်ပုချွန်ကမူ သူ့တပည့်ကြီး၏ စိတ်သဘောထားကို ကောင်းစွာသိထားသူဖြစ်ရာ လင့်ဟူချုံးကို ဝမ်ရွှယ်တို့သားအဖနှင့် အတင်းအကျပ် နှုတ်မဆက်ခိုင်းတော့ပေ။ သူကလည်း မသိလိုက်ဘာသာ နေလိုက်တော့၏။ လင့်ဟူချုံးကမူ လက်ပိုက်၍

အေးတိအေးစက်အကြည့်ဖြင့် ကြည့်နေလိုက်သည်။ ဝမ်ရွှယ်တို့က သေတ္တာကြီးငယ်၊ အထုပ်အကြီးအသေးများစွာဖြင့် လက်ဆောင်များ ပေးအပ်နေကြသည်။ လိန်လိန်အတွက်ပေးသော ပစ္စည်းများကား အများဆုံးပင် ဖြစ်တော့သည်။ သူတို့က လိန်လိန်အား သူတို့၏ ချွေးမလောင်းသဖွယ် သဘောထားနေကြကြောင်း ထင်ရှားသည်။ လိန်လိန်ကလည်း ဝမ်းသာအားရ ကျေးဇူးတင်စကားပြောရင်း လက်ဆောင်ပစ္စည်းများကို လက်ခံလိုက်တော့သည်။

လှေဆိပ်၌ ဤသို့စည်စည်ကားကားဖြစ်နေကြစဉ် အဘိုးကြီးတစ်ယောက် လှေဆိပ်သို့ ရုတ်တရက်ရောက်ရှိလာပြီး ...

'လင့်ဟူချုံး' ဟု အော်ခေါ်လိုက်တော့သည်။

လင့်ဟူချုံးသည် ကမ်းပေါ်သို့ လှမ်းကြည့်လိုက်သောအခါ ဝါးရုံတောမှ အဘိုးကြီးလုကျူ ဖြစ်နေသည်ကို တွေ့ရသောအခါ မျှော်လင့်မထားမိသဖြင့် အလွန်အံ့အားသင့်သွားမိတော့၏။

လုကျူက ...

"လင့်ဟူချုံး၊ ဒေါ်လေးက ငါ့ကို ဒီအထုပ်ပေးခိုင်းလိုက်တယ်"

သူက ပြောပြောဆိုဆိုနှင့် လင့်ဟူချုံးအား အထုပ်တစ်ထုပ် လှမ်းပေးလိုက်သည်။ လင့်ဟူချုံးက ရိုရိုသေသေဖြင့် လက်ခံယူလိုက်ပြီး ...

"ဆရာကြီးကို အများကြီး ကျေးဇူးတင်ပါတယ်" ဟုပြောပြီး အရိုအသေပေးလိုက်သည်။

ဝမ်ရွှယ်တို့သားအဖတသိုက်မှာ လင့်ဟူချုံးက သူတို့ကဲ့သို့ ဂုဏ်ဒြပ်ကြီးမားလှသူများကို လုံးဝအရေးမစိုက်ဘဲ အဝတ်အစားဟောင်းများဖြင့် နွမ်းပါးသိမ်ငယ်လှသည့် အဘိုးကြီးတစ်ယောက်ကိုမူ ရိုရိုသေသေ ဆက်ဆံနေသည်ကို မြင်ရသောအခါ သူတို့အား စော်ကားခြင်းဖြစ်သည်ဟု မှတ်ယူလိုက်ကြပြီး ကျိတ်၍ ဒေါသထွက်နေကြတော့၏။

ထိုစဉ် အဘိုးကြီးသည် လှေပေါ်သို့ထိုးတင်ထားသည့် ကုန်းပေါင်မှ ကမ်းပေါ်သို့ ပြန်တက်လာချေပြီ။ ဝမ်ချုံးတို့ ညီအစ်ကိုနှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက်အချက်ပေးလိုက်ကြပြီး အဘိုးကြီးကို ဘယ်ညာ နှစ်ယောက်ညှပ်၍ တိုက်ချလိုက်တော့၏။ တစ်ယောက်ချင်းတိုက်လျှင်ပင် ဤအဘိုးကြီးအနေဖြင့် ရေထဲသို့ အသေအချာကျပေလိမ့်မည်။ ယခုကဲ့သို့ နှစ်ယောက်က ညှပ်ပူးညှပ်ပိတ် တိုက်ချသောအခါ အဘယ်ဆိုဖွယ်ရာ ရှိပေအံ့တော့နည်း။

ရေက နက်လှသည်တော့ မဟုတ်ချေ။ ကမ်းစပ်ရေတိမ်ပိုင်းဖြစ်၍ မသေနိုင်။ သို့သော် လင့်ဟူချုံး၏အရှက်ကိုတော့ ကောင်းကောင်း ခွဲနိုင်ပေသည်။ လင့်ဟူချုံးသည် ဝမ်ချုံးတို့နှစ်ယောက်၏အပြုအမူကိုတွေ့လိုက်ရသောအခါ ထိတ်လန့်တကြား အော်ဟစ်မိတော့သည်။

"မလုပ်နဲ့"

သူက ဝမ်ချုံးတို့နှစ်ယောက်ကို တွန်းပစ်ရန် ကြိုးစားလိုက်သော်လည်း သူ၌ အတွင်းအားလုံးဝမရှိသဖြင့် မည်သို့မျှ မတတ်နိုင်ဘဲ ဖြစ်သွားတော့သည်။ ထိုအချိန်တွင် ဝမ်ချုံးတို့ညီအစ်ကိုနှစ်ယောက်က လုကျူ၏ခန္ဓာကိုယ်ကို တိုက်မိပြီး ဖြစ်ပေလိမ့်မည်။

ဝမ်ရွှယ်ကလည်း 'မလုပ်နဲ့' ဟု လှမ်းအော်လိုက်သည်။ ရွှေဓားရှင် ဝမ်ရွှယ်ဆိုသည်မှာ ကော့ရန်မြို့၌ အိမ်ကြီးရခိုင်နှင့် အထက်တန်းကျကျနေသော သိုင်းသမားမိသားစုဖြစ်သည်။ သာမန်သိုင်းသမားများနှင့် မတူချေ။ အကယ်၍ ဤသားနှစ်ယောက်ကြောင့် ဤအဘိုးကြီး သေဆုံးသွားလျှင် သိုင်းလောကတစ်ခုလုံး အုတ်အော်သောင်းနင်း ဖြစ်သွားပေလိမ့်မည်။ သူက ရက်ပုချွန်နှင့် စကားစမြည်ပြောနေခိုက်ဖြစ်၍ သူတားမြစ်လိုက်သည်မှာလည်း အချိန်မမီလိုက်၊ နောက်ကျသွားခဲ့ရသည်။ ထိုစဉ် 'ဖုန်း' ခနဲ အသံတစ်ချက်ကြားလိုက်ရပြီး ရေထဲသို့ လူရိပ်နှစ်ခုကျသွားကာ 'ဝုန်း' ခနဲ 'ဝုန်း' ခနဲ ရေများစဉ်တက်လာတော့သည်။

ရေထဲသို့ အမှန်တကယ် လွင့်စဉ်ကျသွားသူတို့မှာ ဝမ်ချုံးတို့ ညီအစ်ကိုနှစ်ယောက်သာတည်း။

သူတို့နှစ်ယောက်က အဘိုးကြီးအား ဝင်တိုက်လိုက်သောအခါ အဘိုးကြီး၌ လေများအပြည့် ထိုးထားသကဲ့သို့ ဖြစ်နေသဖြင့် သူတို့ပင် ပြန်ကန်ထွက်သွားပြီး ရေထဲပြုတ်ကျရခြင်းဖြစ်တော့၏။ အဘိုးကြီးကတော့ မည်သို့မျှ ထူးခြားချက်မရှိဘဲ အေးဆေးစွာပင် ကမ်းပေါ်သို့ တက်သွားတော့သည်။

ဝမ်ချုံးတို့ညီအစ်ကိုနှစ်ယောက်မှာမူ ချောင်းရေ သုံးလေးငုံစာမျှဝမ်းထဲဝင်သွားသဖြင့် အလွန်ပင်အကြည့်ရဆိုးအောင် ရှုံ့မဲ့နေကြတော့၏။ ရေထဲ၌ တဂူးဂူးတဝါးဝါး ဖြစ်နေကြတော့သည်။ အိမ်ဖော်များက ချက်ချင်းဆယ်လိုက်ကြရသည်။

သားနှစ်ယောက် ကမ်းပေါ်သို့ရောက်ရှိလာမှ ဝမ်ရှွယ်မှာ အကြီးအကျယ် တုန်လှုပ်ချောက်ချားရတော့သည်။ အဘယ်ကြောင့်ဆိုသော် သူ့သားနှစ်ယောက်စလုံး၏ လက်မောင်းရိုးအဆစ်များ ပြုတ်နေသောကြောင့်ပေတည်း။ ဟိုနေ့က သူတို့က လင့်ဟူချုံး၏ လက်မောင်းအဆစ်များကို ဖြုတ်ထားသည့် ပုံစံအတိုင်းပင် ဖြစ်တော့သည်။

အဘိုးကြီးလုကျူုက မည်သို့မျှလှုပ်ရှားခြင်းမရှိဘဲ လက်မောင်းရိုးအဆစ်များ ဖြုတ်ပစ်လိုက်သည်ကို တွေ့လိုက်ရသဖြင့် ဝမ်ရှွယ် ဤမျှ ထိတ်လန့်သွားခြင်းဖြစ်၏။ ထို့ပြင် သူ့သားနှစ်ယောက်၏ သိုင်းပညာမှာလည်း အတော်ကလေးအဆင့်အတန်းမြင့်နေကြောင်း သူကောင်းကောင်း သိထားပေသေး၏။ သူတို့နှစ်ယောက်က တစ်ကွက်မျှ မတိုက်လိုက်ရသေးခင် သူတို့၏အဆစ်များ အဖြုတ်ခံလိုက်ရခြင်း ဖြစ်ပေသည်။

ဝမ်ရှွယ်သည် အလျင်အမြန် တွက်ချက်လိုက်၏။ မိမိတစ်ယောက်တည်းနှင့်တော့ ဤအဘိုးကြီးကို အနိုင်ယူနိုင်မည်မဟုတ်။ အကယ်၍ ရက်ပုချွန်က ဝင်ရောက်ကူညီတိုက်ခိုက်ပေးလျှင်လည်း မိမိအဖို့မျက်နှာပန်းလှစရာမရှိ။ ထိုသို့တွက်လိုက်မိသဖြင့် အဘိုးကြီး ကုန်းပေါ်တက်ထွက်ခွာသွားသည်ကိုပင် ကျိတ်၍ကျေးဇူးတင်မိတော့သည်။ စိတ်ထဲ၌မူ အခံရခက် နေ၏။ သူ့စိတ်ထဲတွင် ...

"ဒီအဘိုးကြီးက လင့်ဟူချုံးရဲ့ အပေါင်းအသင်းပဲ၊ ငါ့သားနှစ်ယောက်က လင့်ဟူချုံးရဲ့အဆစ်တွေကို ဖြုတ်ပစ်ခဲ့လို့ သူက အခု ပြန်ကလဲ့စားချေတာဖြစ်ရမယ်" ဟု စဉ်းစားလိုက်မိ၏။ သူသည် သားနှစ်ယောက်၏အဆစ်များကို ပြန်ဆက်ပေးလိုက်သည်။

ဝမ်ရှွယ်က ရက်ပုချွန်ကို တစ်ချက်မျှ လှမ်းကြည့်ကာ ...

"ညီလေး ရက်ပုချွန် ... ဒီလူက ဘယ်သူလဲ၊ ငါတော့ ခန့်မှန်းလို့ကို မရဘူး ... "

ရက်ပုချွန်က ...

"လင့်ဟူချုံး ... ဟိုအဘိုးကြီးက ဘယ်သူလဲ ... "

"ဆရာ ... ဟိုဝါးရုံတောက ဆရာကြီးလုကျူုလေ ... "

ရက်ပုချွန်နှင့် ဝမ်ရှွယ်တို့နှစ်ယောက်စလုံး 'ဟာ' ခနဲဖြစ်သွားကြတော့၏။ ဟိုနေ့က ဝါးရုံတောသို့ ရောက်ခဲ့ကြသော်လည်း လုကျူုနှင့် မျက်နှာချင်းဆိုင်မတွေ့ခဲ့ကြသဖြင့် သူတို့က လုကျူုမှန်းမသိကြခြင်း ဖြစ်တော့သည်။

ရက်ပုချွန်က လင့်ဟူချုံး၏လက်မှ အထုပ်ကို လက်ညှိုးထိုးပြကာ ...

"သူက မင်းကို ဘာတွေပေးလိုက်တာလဲ ... " ဟု မေးလိုက်၏။

"ကျွန်တော်လည်း မသိဘူး၊ ဖွင့်ကြည့်ဦးမှပဲ ... "

သူက အထုပ်ကို ဖြေလိုက်သောအခါ ကြိုးတပ်တူရိယာတစ်လုံးကို တွေ့လိုက်ရတော့သည်။ ထို့နောက် တေးဂီတစာအုပ် တစ်အုပ်ကိုပါ ထပ်မံတွေ့ရှိရသည်။ ထိုစာအုပ်၏ မျက်နှာဖုံးတွင် 'ကိုယ်စိတ်နှလုံးအေးရိပ်ဖုံး' ဟူ၍ လှပစွာရေးသားထား၏။

လင့်ဟူချုံးမှာ 'ဟာ' ခနဲ ဖြစ်သွားပြီး အလွန်ဝမ်းသာအားရ ဖြစ်သွားတော့သည်။

ရက်ပုချွန်က သူ့ကိုစိုက်ကြည့်ကာ ...

"ဘာဖြစ်လို့လဲ ... " ဟု မေးလိုက်၏။

လင့်ဟူချုံးက ...

"ဘာမှမဖြစ်ပါဘူးဆရာ၊ ဒီဆရာကြီးက ကျွန်တော့်ကို တူရိယာတစ်လုံး လက်ဆောင်ပေးရုံတင်မကဘူး၊ ကျွန်တော်အင်မတန် နှစ်သက်နေတဲ့ တေးတစ်ပုဒ်ကိုပါ ကူးပေးလိုက်လို့ပါ ... "

သူက ထိုစာအုပ်ကို လှန်လှောကြည့်သောအခါ စာလုံးသေးသေး စိတ်စိတ်ကလေးများနှင့် လက်ကွက်ဂီတ သင်္ကေတများ ရေးဆွဲပြထားသည်။ စာရွက်များမှာလည်း အသစ်စက်စက်ဖြစ်နေသဖြင့် မနေ့ညကမှ ရေးပေးလိုက်ခြင်းဖြစ်ကြောင်း

ထင်ရှားလှပေသည်။ ဝါးရုံတောမှ ဘွားဘွားသည် သူ့အပေါ် ဤမျှစေတနာထားကြောင်း တွေ့ရှိရသောအခါ မျက်ရည်များ ပင် ဝဲလာတော့၏။

ဝမ်ရွယ်တို့မှာ သိပ်မယုံလှသော်လည်း သူတို့အနေဖြင့် မည်သို့မျှ မေးမြန်းပြောဆိုနိုင်ခွင့်မရှိသဖြင့် ငြိမ်နေကြသည်။ ရက်ပုချွန်ကမူ ...

"လုကျူက လက်စသတ်တော့ သိုင်းပညာရှင်ကြီး တစ်ယောက်ကိုး၊ သူဘယ်ဂိုဏ်းကလဲဆိုတာ မင်းသိသလား ... " ဟု မေးလိုက်၏။

မေးသာမေးလိုက်ရသော်လည်း လင့်ဟူချိုးအနေဖြင့် သိလည်း ပြောနိုင်လိမ့်မည်မဟုတ်ဟု တွက်ထားပြီးဖြစ်၏။ အဘိုးကြီး၏ သိုင်းပညာ မြင့်မားလွန်း၍သာ မနေနိုင်ဘဲ မေးမြန်းလိုက်ခြင်းဖြစ်၏။

လင့်ဟူချိုးက ...

"ကျွန်တော်က သူ့ဆီမှာ တေးဂီတ သွားသင်တာပါ၊ သူသိုင်းပညာတတ်မှန်းတောင် မသိပါဘူးဆရာ"

ထို့နောက် ဝမ်ရွယ်တို့က ရက်ပုချွန်တို့ကို နှုတ်ဆက်၍ ကမ်းပေါ်သို့ပြန်တက်သွားသည်။ ရက်ပုချွန်တို့၏လှေမှာလည်း ကမ်းမှခွာတော့သည်။ ရက်ပုချွန်သည် အတန်ကြာလှေဦးတွင်ရပ်နေပြီးမှ သူ့ဇနီးဖူးလင်ထံသို့လျှောက်သွားပြီး ...

"ညီမလေး၊ ဟို လုကျူကို ဘယ်အဖွဲ့ကလို့ထင်သလဲ" ဟု မေးလိုက်တော့၏။

ဤစကားမှာ သူက သူမ၏ယောကျ်ားကို မေးရန်ရည်ရွယ်ထားသော စကားသာဖြစ်၏။ ထို့ကြောင့် ချက်ချင်းပင် ပြန်မေးလိုက်သည်။

"အစ်ကိုကြီးကကော ဘယ်လိုထင်သလဲ"

ရက်ပုချွန်က ...

"ဒီအဘိုးကြီးက လက်မလှုပ် ခြေမလှုပ်ပဲနဲ့ ဝမ်ချိုးတို့ညီအစ်ကိုနှစ်ယောက်ကို ရေထဲကျအောင်လုပ်နိုင်တယ်ဆိုတော့ အထက်လမ်းသိုင်းပညာတော့ ဘယ်နည်းနဲ့မှ မဟုတ်နိုင်ဘူး၊ အောက်လမ်းသိုင်းပညာပဲဖြစ်ရမယ်"

"သူက လင့်ဟူချိုးအပေါ်တော့ တော်တော်ကောင်းပုံရတယ်၊ သံယောဇဉ်ကြီးပုံလဲရတယ်"

"ငါတို့ ရေလမ်းခရီးက သွားတာဖြစ်ပေမယ့် အားလုံးသတိဝီရိယတော့ အမြဲထားရမယ်"

"အစ်ကိုကြီး၊ ရန်သူတွေ ရှိနိုင်လို့လား"

ရက်ပုချွန်က ခေါင်းကိုခါယမ်း၍ ...

"ငါတို့မှာ ရန်သူတွေက ဝိုင်းဝိုင်းလည်နေတာ၊ ငါတို့ရဲ့ရန်သူတွေဟာ ဘယ်သူတွေဖြစ်မယ်၊ ဘယ်ဂိုဏ်းကဖြစ်မယ်၊ ဘာမှ သေသေချာချာမသိရဘူး၊ ဟို မျက်နှာဖုံးစွပ် လူဆယ့်ငါးယောက်ကလည်း ဘယ်သူတွေမှန်းမသိဘူး၊ ရန်သူက အမှောင်ထဲကနေ ငါတို့ကို စောင့်ကြည့်နေကြတယ်၊ ငါတို့က အလင်းထဲမှာ၊ ဒီတော့ ငါတို့က ပိုပြီး သတိဝီရိယထားကြရမယ်"

ရက်ပုချွန်တို့လင်မယားသည် ရေလမ်းခရီးသွားနေကြခြင်းဖြစ်သော်လည်း သူတို့၏တပည့်များ သတိဝီရိယရှိစေရန် အမြဲမပြတ် လှုံ့ဆော်သတိပေးနေသည်။ သို့သော် ခရီးစဉ်တစ်လျှောက်လုံး မည်သို့မျှ ထူးထူးခြားခြား မဖြစ်ပွားခဲ့ချေ။ ကော့ရန်မြို့နှင့်လည်း ဝေးသည်ထက်ဝေးကွာခဲ့ကြလေပြီ။

× × × × × ×

# လူသတ်သမားတော်

ထို့ကြောင့် အားလုံးလိုလို စိတ်အေးသွားကြတော့သည်။ ဤသို့ဖြင့် ခိုင်းဖုန်းမြို့သို့ ဆိုက်ရောက်လာကြတော့၏။ ရက်ပုချွန်သည် လွန်စွာမှ ဗဟုသုတကြွယ်ဝပြီး စနစ်ကျလှသူဖြစ်ရာ ခိုင်းဖုန်းမြို့ရှိ နာမည်ကြီးသိုင်းဆရာကြီးများ၏ အကြောင်းကို တစ်ယောက်ချင်း ပြောပြနေတော့၏။

ထိုစဉ် ဖူးလင်က ပြုံး၍ ...

“ခိုင်းဖုန်းမြို့မှာ သိပ်နာမည်ကြီးတဲ့ လူတစ်ယောက်ရှိနေသေးတယ်လေ၊ အစ်ကိုကြီးက ဘာဖြစ်လို့ အဲဒီဆရာကြီးကို မေ့ထားရသလဲ” ဟု ဝင်ပြောလိုက်၏။

ရက်ပုချွန်သည် စဉ်းစားမရသဖြင့် တွေဝေသောမျက်နှာဖြင့်

“ဘယ်လို၊ သူက နာမည်သိပ်ကြီးတယ် ဟုတ်လား” ဟု ပြန်မေးလိုက်၏။

ဖူးလင်က ပြုံးရယ်ရင်း အဖြေပေးလိုက်သည်။

“အစ်ကိုကြီးကလည်း ဒီလောက်နာမည်ကြီးနေတဲ့ ပုဂ္ဂိုလ်ကြီးကို မေ့နေရတယ်လို့၊ လူတစ်ယောက်ကို ကုပေးပြီးရင် ဒို့ပြင်လူတစ်ယောက်ကို ပြန်သတ်ခိုင်းတာ ဘယ်သူလဲ”

ထိုအခါကျမှ ရက်ပုချွန်က သဘောပေါက်သွားတော့၏။

“သြော် ... ဟုတ်သားပဲ၊ ငါက လူသတ်သမားတော်ကြီးကို မေ့နေတာကိုး၊ ဟုတ်တယ် ... ဟုတ်တယ်၊ ဒီလူက နာမည်သိပ်ကြီးတာ၊ ဒါပေမယ့် ငါတို့သွားတွေ့လည်း သူက ငါတို့ကို လက်ခံတွေ့ဆုံမှာ မဟုတ်ဘူး”

လိန်လိန်က တအံ့တသြဖြင့် ...

“အမေ၊ ဘာဖြစ်လို့ ဒီလူ့ကို လူသတ်သမားတော်ကြီးလို့ခေါ်ရတာလဲဟင်၊ သူက လူလည်းသတ်တယ်၊ ဆေးလည်း ကုတယ်၊ ဟုတ်လား” ဟု မေးလိုက်သည်။

ဖူးလင်က ပြုံး၍ ရှင်းပြသည်။

“ဒီသမားတော်ကြီးရဲ့ နာမည်က ပိန်ရိတဲ့၊ အဲဒီ၏သမားတော်ကြီးပိန်ရိက သိုင်းလောကမှာ လူထူးလူဆန်းကြီး တစ်ယောက်ပဲ၊ သူ့ရဲ့ဆေးပညာက သိပ်ထက်မြက်တယ်၊ ဘယ်လောက်ခက်ခဲတဲ့ ရောဂါဝေဒနာဖြစ်ပါစေ၊ သူက ပျောက်အောင်ကုနိုင်တယ်၊ ဒါပေမယ့် ကြက်သီးထစရာကောင်းတဲ့ အကျင့်တစ်ခုတော့ သူ့မှာရှိနေတယ်။ သူက ဘာပြောသလဲ ဆိုတော့ ယမမင်းကြီးက သေရမယ့်လူနဲ့ ရှင်ရမယ့်လူကို ချင့်ချိန်တွက်ချက်ပြီး ထားတာတဲ့၊ သေရမယ့်လူတစ်ယောက်ကို သူကကုသလို့ ရှင်သွားတဲ့အခါကျတော့ လူရှင်တွေဘက်မှာ လူတစ်ယောက်တိုးသွားတယ်တဲ့။ သူက သေမယ့်လူတွေကို ဒီလိုအများကြီး ကုပေးနေရင် ယမမင်းကြီး တွက်ချက်ထားတာတွေကို သူက ကပျက် ယပျက် ဖြစ်အောင် လုပ်သလို ဖြစ်နေပြီး ယမမင်းကြီးနဲ့ သူနဲ့ ပခုံးချင်းယှဉ်သလို ဖြစ်နေလိမ့်မယ်တဲ့၊ အဲ သူသေသွားတဲ့အခါကျရင် ယမမင်းကြီးက

သူ့ကို ကောင်းကောင်းနှိပ်စက်မှာ စိုးရိမ်တယ်တဲ့၊ ဒါကြောင့် သူက လူတစ်ယောက်ကို ကုပြီးတိုင်း အဲဒီ အကုခံရတဲ့လူက တခြားတစ်ယောက်ကို ပြန်ပြန် သတ်ပေးရတယ်”

ထိုအခါ အားလုံးက တဟားဟားရယ်မိကြတော့၏။

ဖူးလင်က ဆက်လက်၍ ပြောပြသည်။

“သူက ဆေးမကုခင် ဆေးကုခံရတဲ့လူကို ကတိတစ်ခုတောင်းတယ်။ သူ့ဆီမှာ ကုမယ်ဆိုရင် သူသတ်ခိုင်းတဲ့လူကို သတ်ပေးရမယ်လို့၊ ဒါကြောင့် လူတွေက သူ့ကို လူသတ်သမားတော်လို့ ခေါ်ကြတာပေါ့”

လိန်လိန်က ...

“အမေ ... ဒီသမားတော်ကြီးက သိုင်းပညာကော တော်ရဲ့လား”

ဖူးလင်က ...

“ဒါတော့ အသေအချာမသိဘူး၊ ဒါပေမယ့် သူက သိုင်းလောကမှာ ခုထက်ထိ အသက်ရှင်နေသေးတယ်ဆိုတော့ သိုင်းပညာတော်လို့ပဲ ဖြစ်ရမယ် ... ”

ရက်ပုချွန်က ဝင်၍ ပြောပြသည်။

“သူ့ဆီလာကုရတဲ့လူတွေဟာ မတတ်သာလွန်းလို့ လာကြရတာ၊ တကယ်လို့ သူကကုပေးလို့ အသက်ရှင်ပြီထားတော့၊ သူက အဲဒီ အကုခံရတဲ့လူရဲ့ ဆွေမျိုးသားချင်း တစ်ယောက်ယောက်ကို ပြန်သတ်ခိုင်းရင် ဘယ့်နှယ်လုပ်တော့မလဲ၊ တကယ့်ကို အကျဉ်းအကျပ်ထဲ ရောက်သွားတော့မှာ၊ စကတည်းက သူသတ်ခိုင်းတဲ့လူကို သတ်ပေးပါ့မယ်လို့ ကတိပေးခဲ့တယ် မဟုတ်လား၊ ဘယ်လောက် စိတ်ညစ်စရာကောင်းလိုက်မလဲ”

ဝါဆန်းဂိုဏ်းသားအားလုံး၏ ဦးနှောက်ထဲ၌ တူညီစွာ တွေးနေမိသည့်အချက်မှာ တစ်ချက်တည်းသာဖြစ်တော့သည်။ ထူးခြားဆန်းကြယ်လှသည့် စိတ်သဘောထားရှိသည့် လူသတ်သမားတော်ကြီးပိန်ရိ၏အကြောင်းသာ ဖြစ်တော့၏။

လိန်လိန်က ...

“အစ်ကိုကြီး၊ ဒီလိုဆိုရင် အစ်ကိုကြီးရဲ့ရောဂါကို ဒီသမားတော်ကြီးဆီသွားကုလို့ ဘယ်ဖြစ်တော့မလဲ၊ ပေါ့စေလိုလို့ ကြောင်ရုပ်ထိုးကာမှ ဆေးအတွက်လေး ဆိုတာမျိုးဖြစ်မယ့် သမားတော်ကြီးပဲ”

လင့်ဟူချုံးမှာ တစ်ချိန်လုံး လှေပွဲပိုင်းတွင်ထိုင်လျက် သူ့ဆရာနှင့် ဆရာမတို့၏ ပြောစကားများကို နားထောင်နေသည်။ လိန်လိန်က ယခုကဲ့သို့ လှမ်းပြောလိုက်သောအခါတွင်မှ သူက ပြုံး၍ ...

“ဟုတ်တယ်၊ သူ့ဆီသွားကုလို့ဘယ်ဖြစ်မှာလဲ၊ တော်တော်ကြာ ငါ့ရောဂါပျောက်သွားပြီးမှ မင်း ညီမလေးလိန်လိန်ကို သွားသတ်စမ်းဆို ဘယ့်နှယ်လုပ်မလဲ၊ အဲဒါမှ ငါ ဒုက္ခရောက်မှာ”

ဝါဆန်းဂိုဏ်းသားအားလုံး တဝါးဝါးနှင့် ရယ်မိကြတော့၏။

လိန်လိန်ကလည်း တခစ်ခစ်နှင့်ရယ်ရင်း သူမ၏အဖေရှိရာသို့ လှမ်းကြည့်လိုက်ကာ ...

“အဖေ ... သမားတော်ကြီးပိန်ရိ ဆိုတာက လူဆိုးလား လူကောင်းလား”

ရက်ပုချွန်က ...

“သူ့လိုလူမျိုးက အင်မတန်ပြောရခက်တဲ့လူမျိုးပဲ၊ လူကောင်းလို့ ပြောလို့လည်းမရဘူး၊ လူဆိုးလားဆိုတော့လည်း မဟုတ်ပြန်ဘူး၊ လူထူးလူဆန်းလို့ ခေါ်ရမယ့်လူမျိုးပေါ့ သမီးရာ”

နောက်တစ်နေ့ နေ့လည်ဘက်တွင် သူတို့သည် “ခိုင်းဖုန်းမြို့” ၏ အနောက်တောင်ဘက်သို့ ရောက်ရှိလာ၏။

ထိုအနောက်တောင်ဘက်တွင် အလွန်နာမည်ကျော်ကြား ထင်ရှားလှသည့် ဘုရားကျောင်းကြီးတစ်ခု ရှိနေသဖြင့် ထိုဘုရားကျောင်းကြီးသို့ ဝင်ရောက်ဖူးမြော်နိုင်ရန်အတွက် လှေကို ဆိပ်ကမ်း၌ဆိုက်ရန် ရက်ပုချွန်က အမိန့်ပေးလိုက်သည်။

ဆိပ်ကမ်း၌ လှေဆိုက်ကပ်လိုက်သောအခါ လိပ်ပြာကလေး ပျံသန်းလှုပ်ရှားသည့်နှယ် မြူးရွှင်သွက်လက်စွာ ကမ်းပေါ်သို့ ရှေးဦးစွာ ပြေးတက်သွားသည့် မိန်းကလေးမှာ လိန်လိန်ပင်ဖြစ်တော့သည်။

လိန်လိန်ပြေးတက်သွားပြီဖြစ်၍ ကျန်လူများကလည်း တပျော်တပါး လိုက်တက်သွားတော့သည်။

လင့်ဟူချုံးကမူ ကမ်းပေါ်သို့မတက်တော့ဘဲ လှေထဲ၌သာ ငူငူကြီး ထိုင်နေခဲ့တော့၏။

လိန်လိန်က ကမ်းပေါ်မှ လှမ်းအော်လိုက်သည်။

"အစ်ကိုကြီး မလိုက်ဘူးလား"

လင့်ဟူချုံးမှာ သူ၏အတွင်းအားများ ပျောက်ကွယ်သွားသည့်အချိန်မှစ၍ သွားသွားလာလာမလုပ်ချင်တော့ပေ။ ထို့ပြင် သူ့၌ အခြားစိတ်ကူးတစ်ခု ရှိနေသေးသဖြင့် သူတို့နှင့်အတူ ဘုရားကျောင်းသို့မလိုက်ရန် ဆုံးဖြတ်လိုက်သည်။ သူတို့အားလုံး လှေပေါ်၌မရှိတော့လျှင် ဝါးရုံတောမှ ဘွားဘွားပေးလိုက်သည့် ကြိုးတပ်တူရိယာကို တီးခတ်ရန် စိတ်ကူးထားခြင်းဖြစ်တော့သည်။

ထို့ပြင် လိန်လိန်နှင့် လင်မိန်ကျက်တို့ ကြိုးကြာငှက်မောင်နှံလို တပူးတွဲတွဲ မြူးတူးသွားလာနေသည်ကို မမြင်လိုသည့် အချက်ကလည်း ရှိနေသည်။

ထို့ကြောင့် သူက ...

"ငါ့မှာ အားမရှိတော့ သိပ်ပြီး လှုပ်လှုပ်ရှားရှား မလုပ်ချင်တော့ဘူး ... ညီမလေးတို့ဘာသာပဲ သွားကြပါတော့ကွာ"

လိန်လိန်က ...

"ဒီလိုဆိုရင်လည်း ပြီးတာပဲ၊ အစ်ကိုကြီးလှေပေါ်မှာပဲ အနားယူနေလိုက်ပေါ့၊ ကျွန်မတို့ပြန်လာရင် အစ်ကိုကြီး သောက်ဖို့ အရက်ကောင်းကောင်း ရှာလာခဲ့မယ်"

လိန်လိန်သည် လင့်ဟူချုံးအား ဤကဲ့သို့ပြောပြီးသည်နှင့် လင်မိန်ကျက်နှင့် ပခုံးချင်းယှဉ် တွန်းတိုက်၍ မြူးတူး ပျော်ပါးစွာ ထွက်သွားလေတော့သည်။

လင့်ဟူချုံးမှာ ထိုမြင်ကွင်းကို မမြင်ချင် မြင်လျက်သားဖြစ်နေသဖြင့် ရင်ထဲ၌ ဆို့နင့်သွားရတော့၏။

ထိုမြင်ကွင်းမျိုး မမြင်လို၊ မမြင်ရက်သဖြင့် ကမ်းပေါ်သို့ မတက်ခြင်းဖြစ်သော်လည်း ယခုမူ အချည်းနှီးဖြစ်ရချေပြီ။

လိန်လိန်နှင့် လင်မိန်ကျက်တို့မှာ နဖူးချင်း တိုက်မိမျှမတတ် စကားတွတ်ထိုး၍ လျှောက်သွားကြတော့၏။

လိန်လိန်နှင့် လင်မိန်ကျက်တို့ ထွက်သွားပုံကိုကြည့်၍ ဖူးလင်က ရက်ပုချွန်၏လက်ကို တို့လိုက်ပြီး ...

"အစ်ကိုကြီး ... ကျွန်မတို့လည်း သူတို့နဲ့အတူတူလိုက်သွားကြရအောင်"

ဤသို့နှင့် ဘုရားကျောင်းသို့သွားရာတွင် လိန်လိန်နှင့် လင်မိန်ကျက်တို့နှစ်ယောက်တည်း မဟုတ်တော့ဘဲ ရက်ပုချွန် နှင့် ဖူးလင်တို့နှစ်ယောက်ပါ ပေါင်းပြီး လေးယောက်သား ထွက်ခွာသွားကြလေတော့၏။

× × × × × ×

## အံ့ဖွယ်ငါးယောက်

ရက်ပုချွန်တို့က ထို နာမည်ကြီးဘုရားကျောင်းထဲသို့ ဝင်ရောက်ဖူးမြော် ရှိခိုးနေကြစဉ် ဘုရားကျောင်းအပြင်ဘက်မှ လူတစ်စု အပြင်းအထန်ငြင်းခုံရင်း ဘုရားကျောင်းဘက်သို့ လျှောက်လာသည့်အသံကို ရုတ်တရက် ကြားလိုက်ရ၏။

ဖူးလင်မှာ ထိုအသံများကို ကြားလိုက်ရသည်နှင့် သူမ၏မျက်နှာသည် လူမမာတစ်ယောက်၏ မျက်နှာကဲ့သို့ သွေးဆုတ်ဖြူရော်သွားတော့သည်။

ရက်ပုချွန်သည်လည်း ရင်ထဲ၌ စိုးရိမ်ကြောင့်ကြသွားမိတော့၏။

ထို့ကြောင့် ချက်ချင်းပင် အားလုံးကို လက်ဖြင့် အချက်ပြလိုက်သည်။

ရက်ပုချွန်၏ လက်ဖြင့် အချက်ပြချက်ကို အားလုံးက နားလည်လိုက်ကြသည်။

ထို့ကြောင့် အလွန်လျင်မြန်ဖျတ်လတ်လှစွာဖြင့် ဘုရားဆင်းတုတော်ကြီး၏ နောက်ဘက်သို့ ဝင်ရောက်ပုန်းခိုလိုက်ကြသည်။

အဘယ့်ကြောင့် ဖူးလင်၏မျက်နှာ သွေးဆုတ်ဖြူရော်သွားသနည်း။

အဘယ့်ကြောင့် ရက်ပုချွန် အလွန်စိုးရိမ်ကြောင့်ကြသွားသနည်း။

အဘယ့်ကြောင့် ဘုရားဆင်းတုတော်ကြီးနောက်သို့ အလျင်စလို ပုန်းခိုလိုက်ကြရသနည်း။

အကြောင်းမှာ သူတို့ကြားသိလိုက်ရသည့် ငြင်းခုံနေသံများသည် လူထူးလူဆန်းများဖြစ်ကြသည့် အံ့ဖွယ်ခြောက်ယောက်တို့၏ အသံများ ဖြစ်နေသောကြောင့်ပေတည်း။

မသည်သည့် အကြောင်းအရာများကို ငြင်းခုံနေကြမှန်း မည်သူမျှ အတိအကျ မသိကြရချေ။

အမျှင်မပြတ် ငြင်းခုံလာနေကြရာ နောက်ဆုံး ဘုရားကျောင်းထဲသို့ ဆူဆူညံညံဖြင့် ရောက်ရှိလာကြတော့၏။ ဘုရားကျောင်းအတွင်းသို့ ဝင်လာသူစုစုပေါင်းမှာ အံ့ဖွယ်ငါးယောက်သာဖြစ်နေ၏။ အံ့ဖွယ်တစ်ယောက်လျော့နေပေသည်။

ထိုစဉ် အံ့ဖွယ်ထောင်ကန်းက ရုတ်တရက် အော်လိုက်လေတော့သည်။

"အရှင်ဘုရား၊ တပည့်တော်တို့ရဲ့ညီလေးကို မသေအောင် ကာကွယ်စောင့်ရှောက် ပေးတော်မူပါဘုရား၊ တပည့်တော်တို့ရဲ့ညီလေးကို အရှင်ဘုရားထံမှာ အပ်နှံပါတယ်ဘုရား၊ တပည့်တော်တို့ရဲ့ညီလေး မသေဘူးဆိုရင် တပည့်တော်တို့ အကြိမ်ကြိမ် ဦးချပါမယ်ဘုရား၊ ဦးသုံးကြိမ်ထက်ပိုချလို့လည်း တပည့်တော်တို့အဖို့ ဘာမှသိပ်မပင်ပန်းပါဘူးဘုရား ... "

ထောင်ကန်းသည် စကားဆုံးသည်နှင့် ဒူးထောက်လိုက်ကာ အကြိမ်ကြိမ်ဦးချနေတော့သည်။

ရက်ပုချွန်တို့လင်မယားသည်လည်း ထောင်ကန်း၏စကားကို ကြားလိုက်ရသောအခါ မျက်နှာများ ဝင်းထိန်သွားကြတော့၏။

သူတို့နှစ်ယောက်မှာ အလွန်ဝမ်းသာသွားမိကြတော့၏။ ထိုတစ်ယောက် မသေဆုံးပါက ထိုလူခြောက်ယောက်နှင့် သူတို့အဖို့ မည်သည့်ရန်ငြိုးမျှ ရှိနိုင်တော့မည်မဟုတ်ပေ။

သူတို့၏စိတ်ထဲတွင် ...

"တော်ပါသေးရဲ့၊ သူ့လေသံနားထောင်ကြည့်ရတာတော့ ဟို ဓားနဲ့အထိုးခံလိုက်ရတဲ့လူတစ်ယောက်က အသက်သေပုံ မရသေးဘူး" ဟု တွေးလိုက်မိကြ၏။

ထိုစဉ် ထောင်ကျက်က ...

"ဟော့ ... မင်းဘာတွေ ရှုပ်အောင်လာမေးနေရတာလဲ၊ ရှင်းရှင်းလေးပဲ၊ ညီလေး သေသွားကြည့်စမ်း၊ ငါက ဒီဘုရားကို ကြေမွသွားအောင် ရိုက်ချိုးပစ်လိုက်မှာပေါ့ကွ"

ထိုစဉ် ကြားထဲမှ ထောင်ဝါးက ဝင်ပြောပြန်သည်။

"မင်းတို့ဟာ ဘာမှ မတွေးတတ်ဘူး၊ ဘာမှလည်း အရှုံးအမြတ်မတွက်တတ်ဘူး၊ ငါတွက်ပြမယ် နားထောင်၊ ညီလေး သေတဲ့အချိန်ကျမှ ဒီဘုရားဆင်းတုတော်ကြီး ရိုက်ချိုးတော့ ဘာအကျိုးရှိတော့မှာလဲ၊ မင်းပဲ ငရဲကြီးမှာကွ၊ အခု မင်းဦးချ ကန်တော့နေတာ ဘယ်နှစ်ကြိမ်ရှိသွားပြီလဲ၊ အခုထဲက မင်းရှုံးနေပြီ"

ထောင်ကျက်က ...

"အေး ... မင်းပြောတာမဆိုးဘူးကွ၊ ငါတို့အားလုံး လောလော လောလောနဲ့ မကန်တော့ကြနဲ့ဦး၊ အရေးကြီးတဲ့အလုပ်ကို အရင်ဆုံးလုပ်ကြရမယ်၊ ငါတို့ ဟိုကိုအရင်သွားပြီး သေသေချာချာ မေးကြည့်ရမယ်ကွ၊ ညီလေးရဲ့ဒဏ်ရာကို ပျောက်အောင် ကုနိုင်မလား မကုနိုင်ဘူးလားဆိုတာ၊ ကုနိုင်တယ်လို့ သေသေချာချာအာမခံမှ ဒီဘုရားကို ငါတို့အားလုံး လာကန်တော့ကြမယ်၊ မကုနိုင်ဘူးဆိုရင်တော့ ဘာမှပြောစရာမလိုတော့ဘူး၊ ငါတို့လုပ်စရာအလုပ်တစ်ခုပဲ ရှိတော့တယ်"

ထောင်ဝါးက ရုတ်တရက် ဖြတ်မေးလိုက်သည်။

"စကားပြောရင် တစ်ခါတည်းမြန်မြန်ပြော၊ ငါတို့လုပ်စရာရှိတယ်ဆိုတဲ့အလုပ်က ဘာအလုပ်လဲ၊ ဘာဖြစ်လို့ ဒီစကားကို ချန်ထားရတာလဲ"

ထောင်ကျက်က ဒေါသဖြင့်အော်လိုက်သည်။

"မင်း ဝင်မရှုပ်နဲ့၊ မင်းကဘာနားလည်လို့လဲ၊ နောက်လာမယ့်စကားက နောက်မှာပဲနေရမှာပေါ့ကွ၊ အရင်ပြောလို့ရ မလား၊ နောက်စကား အရင်ပြောရင် မင်း နားလည်မလား"

ထောင်ဝါးက ...

"တယ်လျှာရှည်တာပဲ၊ ဘာပြောမှာလဲ ပြောစမ်းပါ"

ထောင်ကျက်က ...

"ငါတို့လုပ်ရမယ့်အလုပ်က ဒီဘုရားဆင်းတုတော်ကြီးကို ရိုက်ချိုးပစ်ရတော့မှာပေါ့ကွ၊ ညီလေးကိုပျောက်အောင်မှ မကုနိုင်ဘူးဆိုတာ သိရတဲ့နောက် ငါတို့ ဒါပဲလုပ်စရာရှိတော့တာပေါ့"

ထောင်ကန်းက ...

"မင်းတို့စဉ်းစားကြပါဦး၊ ကုလို့ပျောက်နိုင်တယ်ဆိုတဲ့နောက် လာမကန်တော့လည်း ကုလို့ပျောက်မှာပဲမဟုတ်လား၊ ဒီတော့ ဘာဖြစ်လို့ လာကန်တော့ရဦးမှာလဲ"

ထိုစဉ် ထောင်ရှမ်းက ရုတ်တရက် ချုံးပွဲချငိုတော့သည်။

ငိုသံကြောင့် ဘုရားဆင်းတုတော်ကြီး၏ နောက်ဘက်၌ပုန်းနေကြသူ ရက်ပုချွန်တို့မှာ ရုတ်တရက်အံ့အားသင့် ထိတ်လန့် သွားမိကြတော့သည်။

ထောင်ရှမ်းက ငိုရင်းပြောလိုက်သည်။

"ညီလေးကိုသာ ကုလို့မရတော့ဘူးဆိုရင်တော့ ငါတို့ လူ့ပြည်မှာ အသက်ရှင်နေလို့ ဘာလုပ်တော့မှာလဲ၊ ငါတို့ အားလုံး လိုက်သေတော့မှာပဲ"

ကျန်လေးယောက်ကလည်း လိုက်ငိုကြတော့၏။ ဤသို့ မျက်ရည်ဖြိုင်ဖြိုင်ကျလျက် ဝမ်းပန်းတနည်း ငိုကြွေးနေကြ ရာမှ ထောင်ကျက်က ရုတ်တရက် တဟားဟားရယ်လိုက်ပြန်တော့၏။ ရူးလည်းရူး၊ ထူးလည်းထူးသည့် လူထူးလူဆန်း များပါပေ။

ထောင်ကျက်က ရယ်နေရာမှ ...

"ဟော့ကောင်တွေ ... ငိုမနေကြနဲ့၊ အားလုံး တိတ်ကြစမ်း၊ တကယ်လို့ ညီလေးမသေဘူးဆိုရင် ဘယ့်နှယ်လုပ်မလဲ၊ အခု မင်းတို့ ငါတို့ ငိုနေတာတွေ အလကားဖြစ်ကုန်မှာပေါ့ကွ၊ လာ ... လာ ငါတို့ ဟိုကိုသွားပြီး သေသေချာချာမေးမယ်၊ နောက်တော့မှ ထပ်ငိုကြတာပေါ့၊ ငိုတယ်ဆိုတာ ဘယ်အချိန်ငိုငို ရတာပဲ၊ နောက်ကျတယ် မရှိဘူးမဟုတ်လား" ဟု ပြောလိုက်သည်။

ထောင်ဝါးက ...

"ဒီစကားဟာ ရှေ့နောက် ဆီလျော်တဲ့စကား မဟုတ်ဘူး၊ အပြစ်ရှိနေတယ်၊ ညီလေးသာ မသေဘူးဆိုရင် ဘယ်အချိန် ငိုငို နောက်ကျတယ်မရှိပါဘူး ဆိုတဲ့စကားကို ပြောဖို့မလိုဘူး၊ ညီလေးမှ မသေဘဲ ဘာဖြစ်လို့ နောက်ထပ်ငိုဖို့ စဉ်းစားနေရတော့မလဲ"

အံ့ဖွယ်လူထူးလူဆန်း ငါးယောက်သည် စကားကလေးတစ်ခွန်းကို အပြင်းအထန်အငြင်းပွားကြရင်း ဘုရားကျောင်း အတွင်းမှ ပြန်လည် ထွက်ခွာသွားကြပြန်တော့သည်။

သူတို့ထွက်ခွာသွားမှ ရက်ပုချွန်တို့မှာ အသက်ပြင်းပြင်း ရှူဝံ့တော့သည်။ သူတို့အားလုံး ဘုရားဆင်းတုတော်ကြီး၏ နောက်မှ ပြန်ထွက်လာကြ၏။

ရက်ပုချွန်က အရေးတကြီးလေသံဖြင့် ပြောလိုက်သည်။

"ဟိုလူတစ်ယောက် သေသလား၊ ရှင်သလားဆိုတာ ငါတို့အတွက် သိပ်အရေးကြီးတယ်၊ ဒီသတင်းသိရဖို့ကလည်း သူတို့နောက် မျက်ခြည်မပြတ်လိုက်ကြည့်မှဖြစ်မှာ၊ ဒီတော့ ငါလိုက်ပြီး စုံစမ်းကြည့်မယ်၊ မင်းတို့အားလုံး ဒီမှာပဲစောင့်နေကြ၊ ငါစုံစမ်းပြီးတာနဲ့ ဒီကိုပဲ ပြန်လာခဲ့မယ်"

ဖူးလင်က ...

"အစ်ကိုကြီးတစ်ယောက်တည်းသွားရင် အန္တရာယ်များပါတယ်၊ ဒီလူတွေ ဘယ်သူတွေဆိုတာ အစ်ကိုကြီးလည်းသိပြီး သားပဲ၊ ကျွန်မပါလာရင် တစ်ယောက်ကိုတစ်ယောက် အထောက်အကူပြုနိုင်တာပေါ့၊ ကျွန်မလည်းလိုက်ခဲ့မယ် ... "

ရက်ပုချွန်က သူ့ဇနီးအား မတားမြစ်တော့ချေ။ သူ့ဇနီးပြောသည့် စကားများကလည်း ကျိုးကြောင်းဆီလျော်လှသဖြင့် သူ့ဇနီးနှင့်အတူ အံ့ဖွယ်ငါးယောက်နောက်သို့ နောက်ယောင်ခံလိုက်သွားတော့၏။

အံ့ဖွယ်ငါးယောက်တို့မှာ ဘုရားကျောင်းပြင်ပသို့ ရောက်သည်နှင့် ဘုရားကျောင်းဘေးမှ လမ်းမြှောင်ကလေးတစ်ခု ထဲသို့ ချိုးကွေ့လိုက်၏။

ထိုမှတဆင့် တောင်ကုန်းကလေးတစ်ခုပေါ်သို့ သွားကြပြန်သည်။

ရက်ပုချွန်နှင့်ဖူးလင်တို့ နှစ်ယောက်မှာ သူတို့ငါးယောက်နှင့် နီးကပ်စွာမလိုက်ရဲချေ။

ခပ်လှမ်းလှမ်းမှသာ လိုက်ရဲကြသည်။

ထိုငါးယောက်၏ သိုင်းပညာမှာ အလွန်တရာ အဆင့်မြင့် ကောင်းမွန်လှသဖြင့် သူတို့နှစ်ယောက်အနား ကပ်လိုက်သည်နှင့် သိသွားကြပေလိမ့်မည်။

ထိုငါးယောက်သာ သိသွားပါက သူတို့နှစ်ယောက်အဖို့ ကျားခံတွင်းထဲ ခေါင်းလျှိုဝင်နေရသည်ကမှ သက်သာပေလိမ့်မည်။

နောက်ခပ်လှမ်းလှမ်းမှ လိုက်နေရသဖြင့် မျက်ခြည်ပြတ်သွားမည်ကို လုံးဝမစိုးရိမ်ရချေ။

အဘယ်ကြောင့်ဆိုသော် လမ်းတစ်လျှောက်လုံး အမျှင်မပြတ် ငြင်းခုံသွားနေသော သူတို့၏အသံများကို အဝေးကြီးမှ ပင် ကြားနိုင်သောကြောင့်ပေတည်း။

ထို့ကြောင့် လွယ်လင့်တကူပင် နောက်ယောင်ခံလိုက်လာနိုင်ခဲ့ကြ၏။

ဤသို့လာရင်းမှာ တောအုပ်ကလေးတစ်ခုအတွင်းသို့ရောက်ရှိလာကြတော့သည်။

ထိုတောအုပ်ကလေး၏အစပ်တွင် ရစ်ခွေစီးဆင်းနေသည့် ချောင်းကလေးတစ်ခုရှိနေ၏။

ချောင်းဘေးတွင်မူ ဝါးအိမ်ကလေးတစ်အိမ်ကို တွေ့လိုက်ရသည်။

အံ့ဖွယ်ငါးယောက်တို့မှာ မည်သူ့ကိုမျှ ဂရုမစိုက်ဘဲ ထိုတဲအိမ်ကလေးအတွင်းသို့ စွပ်ခနဲ ဝင်သွားကြတော့သည်။

ရက်ပုဂ္ဂုန်က လေသံကိုနှိမ့်၍ ...

"ညီမလေး ငါတို့ ရှေ့ကနေဝင်လို့ကတော့ ဘယ်နည်းနဲ့မှမဖြစ်ဘူး၊ နောက်ဘက်ကနေ ပတ်ပြီး သွားကြည့်ကြရအောင်၊ ဒါမှ အခြေအနေမှန်ကို သိရမှာ" ဟု ပြောလိုက်၏။

သူတို့နှစ်ယောက်စလုံး နောက်ဘက်ကနေ ပတ်သွားလိုက်သည်။ တဲအိမ်ကလေး၏ နောက်ဘက်သို့ ရောက်ရှိသွားကြတော့၏။ ရောက်ရောက်ချင်းပင် အံ့ဖွယ်ငါးယောက်၏ ဒေါသတကြီး အော်ဟစ်သံကို ကြားလိုက်ကြရ၏။

"ခင်ဗျား ... ကျုပ်တို့ရဲ့ညီလေးကို သတ်လိုက်ပြီဟုတ်လား"

"ဘာဖြစ်လို့ သူ့ရင်ကို ခွဲလိုက်ရတာလဲ၊ ပြောစမ်း"

"မင်းကို ခွဲမယ်၊ မင်းရင်ကို ပြန်ခွဲမယ်"

"အောင်မယ်လေး၊ ညီလေးရေ ... မင်းသေပုံက အဖြစ်ဆိုးလှချည်လား၊ ငါတို့လည်း မင်းနဲ့လိုက်သေတော့မယ်၊ တကယ့်ကို လိုက်သေတော့မယ်"

ဤကား အံ့ဖွယ်ငါးယောက်တို့၏ တစ်ယောက်တစ်ပေါက်ပြောလိုက်သည့် ထိတ်လန့်ဖွယ်ရာ စကားများသာတည်း။ သူတို့၏စကားများကြောင့် ရက်ပုဂ္ဂုန်နှင့်ဖူးလင်တို့မှာလည်း ထိတ်လန့်သွားတော့၏။

ရက်ပုဂ္ဂုန်၏ စိတ်ထဲတွင် ...

"ဘယ်လိုများဖြစ်တာပါလိမ့်၊ ဘယ်သူကများ သူတို့ညီလေးရဲ့ ရင်ကိုခွဲပြီး သတ်ပစ်လိုက်တာလဲမသိဘူး၊ အဲဒီလူတော့ မသက်သာဘူး၊ ဒီလူငါးယောက်လုပ်ရင် ဘာမှ အဆုံးအစရှိတာမဟုတ်ဘူး၊ ရက်ရက်စက်စက်လုပ်မှာ" ဟု တွေးလိုက်မိ၏။

အတွေးဆုံးသည်နှင့် အခြေအနေအရပ်ရပ်ကို သိနိုင်ရန် ခြေသံဖော့၍ ပြတင်းပေါက်နားသို့ သတိကြီးစွာဖြင့် တိုးကပ်သွားတော့သည်။

အနားရောက်သော် အတွင်းသို့ လှမ်းကြည့်လိုက်၏။

အိမ်ခန်းထဲတွင် မီးများလင်းထိန်နေအောင် ထွန်းညှိထား၏။ အခန်းအလယ်တွင် စားပွဲခုံရှည်ကြီးတစ်ခုရှိနေပြီး ထိုစားပွဲခုံရှည်ကြီးပေါ်တွင် အဝတ်အစားမဲ့ ယောကျ်ားတစ်ယောက် လဲလျောင်းနေ၏။

ထိုလူ၏ရင်ကို ခွဲထားသဖြင့် သွေးရဲရဲ သံရဲရဲဖြစ်နေတော့သည်။ မျက်လုံးများမှာလည်း လုံးဝပိတ်ထားလျက်ရှိနေ၏။ အသက်မရှိတော့သည့် လူတစ်ယောက်၏ ပုံသဏ္ဍာန်အလားပင်။ ဤမြင်ကွင်းကိုသာ အသည်းငယ်သူများမြင်တွေ့သွားပါက ကြောက်လန့်တကြား အော်ဟစ်မိပေလိမ့်မည်။

ထိုစားပွဲခုံရှည်မှလူ၏ မျက်နှာကို ကြည့်လိုက်သောအခါ ဝါဆန်းတောင်၌ ဖူးလင်ဓားဖြင့်ထိုးလိုက်သော ထောင်ဆက်ဆိုသူ ဖြစ်နေတော့၏။ ထောင်ဆက်တစ်ယောက် တမလွန်ဘဝသို့ ရောက်နေပြီလားမသိနိုင်ပေ။

အံ့ဖွယ်ငါးယောက်တို့မှာ ထောင်ဆက်ကိုတင်ထားသည့် စားပွဲခုံရှည်ဘေး၌ တန်းစီရပ်လျက်ရှိကြပြီး၊ အရပ်ပုပု ခန္ဓာကိုယ် ခပ်ဝဝ လူတစ်ယောက်ကို လက်ညှိုးတငေါက်ငေါက်ထိုးပြီး ဆဲဆိုကြိမ်းမောင်းနေကြ၏။

အံ့ဖွယ်ငါးယောက်၏ အဆဲအဆိုခံနေရသူမှာ အရပ်လေးပေခန့်သာရှိသဖြင့် သာမန်ပုညှက်သောလူတို့ထက်ပင် ပုနေ၏။ ထို့ပြင် နောက်ထပ် ဆိုးဝါးသည့်အချက်နှစ်ရပ် ရှိနေသေး၏။

ပထမဆိုးဝါးသည့်အချက်မှာ အရပ်ပုသလောက် သူ၏ခန္ဓာကိုယ်ကြီးကလည်း အလွန်ဝနေခြင်းပင် ဖြစ်တော့၏။

ဒုတိယဆိုးဝါးသည့်အချက်မှာ ထိုလူ၏ ဦးခေါင်းကြီးသည် အလွန်တရာကြီးမားနေခြင်းပင်တည်း။

အဘယ်မှာလျှင် အချိုးအစားကျသော လူတစ်ယောက်ဖြစ်နိုင်တော့အံ့နည်း။

သူ၏လက်နှစ်ဖက်စလုံးမှာ သွေးခြင်းခြင်းနီနေ၏။

ညာဘက်လက်တွင်မူ ဖြူဖွေးတောက်ပလျက် အလွန်ထက်မြက်ဟန်ရှိသည့် ဓားတစ်ချောင်းကို ကိုင်ထားသည်။

ထိုစားမှာလည်း သွေးများပေကျံလျက်ရှိသည်သာ။ ထိုလူကြီးသည် အံ့ဖွယ်ငါးယောက်ကို စူးစူးစိုက်စိုက်ကြည့်လျက်ရှိသည်။

အတန်ကြာသောအခါမှ ...

“မင်းတို့ တစ်ယောက်တစ်ပေါက်နဲ့ ပြောချင်တာပြောလို့ ပြီးကြပြီလား”

အံ့ဖွယ်ငါးယောက်က ...

“ပြီးပြီ၊ ခင်ဗျားက ဘာပြောချင်လို့လဲ”

ထိုလူပုကြီးက ...

“မင်းတို့က ဒီကောင်ရဲ့ဓားဒဏ်ရာကို ဆေးထည့်ပေးပြီးမှ ငါ့ဆီခေါ်လာကြတယ်၊ ခေါ်လာရင်လည်း မြန်မြန်ခေါ်လာတာမဟုတ်ဘူး၊ လမ်းမှာ အချိန်အများကြီးကုန်အောင် ငြင်းပြီးမှ ခေါ်လာခဲ့ပုံရတယ်၊ မင်းတို့လာတာ လမ်းမှာ သိပ်ကြာနေတော့ မင်းတို့ဆေးထည့်ပေးထားတဲ့ ဒဏ်ရာက ကျက်နေပြီ၊ ကျက်တာက အကောင်းကျက်တာမဟုတ်ဘူး၊ အကြောတွေမှားဆက်ပြီး ကျက်ကုန်တာ၊ သူ့အသက်ကို ကယ်ချင်ရင် လွယ်လွယ်ကလေးကွ၊ ငါက မျက်စိမှိတ်ပြီးတောင် ကုနိုင်သေးတယ်၊ ဒါပေမယ့် အဲဒီလိုကုလိုက်ရင် သူ့အသက်တော့ရှင်မယ်၊ သူ့ရဲ့သိုင်းအားတော့ လုံးဝရှိတော့မှာမဟုတ်ဘူး၊ အကြောတွေမှားဆက်ထားတော့ သူ့ရဲ့ကိုယ်အောက်ပိုင်း လုံးဝလှုပ်နိုင်မှာ မဟုတ်ဘူး၊ နားလည်ကြရဲ့လား၊ ဒီလိုကယ်ပြီးမှ ဒုက္ခိတဖြစ်နေရင် ဘာလုပ်တော့မှာလဲ”

ထိုအခါ ထောင်ဝါးက ...

“ဘာဖြစ်သလဲ၊ ခင်ဗျားက ပူစရာမရှိတာပူနေတယ်၊ ဒုက္ခိတဖြစ်တော့ ဘာဖြစ်သလဲ၊ သေတာထက်စာရင် ဒုက္ခိတက ပိုကောင်းသေးတာပေါ့”

လူပုကြီးက ဒေါသနှင့် ပြန်အော်တော့၏။

“ဟေ့ကောင်တွေ ငါ့ကို ဆရာလာလုပ်မနေကြနဲ့၊ ငါက မကုဘူးဆိုရင် ဘယ်သူက ဘယ်လိုလာတောင်းပန်တောင်းပန် မကုဘူးကွ၊ ကုမယ်ဆိုရင်လည်း ငါ့လူနာဟာ ‘အားလုံး’ ကောင်းသွားစေရမယ်၊ ရောဂါအားလုံးပျောက်ပြီး လူကောင်းတစ်ယောက်လို ဖြစ်သွားအောင် ကုတယ်ကွ၊ ငါကုပြီးတော့မှ ဒုက္ခိတကြီးဖြစ်နေတယ်ဆိုရင် ဒီသိုင်းလောကကြီးမှာ ငါ့မျက်နှာ ဘယ်လိုပြရတော့မလဲ၊ တော်ပြီ၊ မင်းတို့ရဲ့လူနာကို ငါမကုတော့ဘူး၊ ဒီတော့ မင်းတို့ရဲ့ညီ အလောင်းကို ပြန်ယူသွားကြတော့”

ထိုစဉ် ထောင်ကန်းက ...

“မင်းက ငါ့ညီလေးကို ကောင်းအောင်မကုနိုင်ဘဲနဲ့ ဘာဖြစ်လို့ ရင်ဘတ်ကိုခွဲရတာလဲ ပြောစမ်းပါဦး၊ မင်း၊ မင်း”

လူပုကြီးက အေးစက်သော လေသံဖြင့် ...

“တိတ်စမ်း၊ ငါ့နာမည်က ဘယ်သူလဲ” ဟု မေး၏။

ထောင်ကန်းက ...

“လူသတ်သမားတော်ကြီးလေ”

ထိုအသံကို ကြားလိုက်ရသောအခါ ရက်ပုချွန်မှာ ထိတ်လန့်သွားတော့၏။

အဘယ်ကြောင့်ဆိုသော် လူသတ်သမားတော်ကြီးပိန်ရိ၏ နာမည်ကိုသာကြားဖူးထားပြီး ရုပ်ရည်ကို မမြင်ဖူးခဲ့သောကြောင့် ဖြစ်ပေသည်။ သူ့စိတ်ထဲတွင် ...

“အင်း ... လက်စသတ်တော့ ဒီလူပုကြီးက အင်မတန်နာမည်ကျော်ကြားနေတဲ့ လူသတ်သမားတော်ကြီးပိန်ရိကိုး၊ ဒါကြောင့်မို့ ဒီလူထူးလူဆန်းငါးယောက်က သူတို့ညီလေးကို ဒီကိုခေါ်လာတာပဲ” ဟု တွေးလိုက်မိ၏။

ထိုစဉ် လူသတ်သမားတော်ကြီး ပိန်ရိက အေးစက်မာကျောသောလေသံနှင့် ပြောတော့သည်။

"ငါ့နာမည်က လူသတ်သမားတော်ကြီး၊ လူသတ်သမားတော်ကြီးက လူတစ်ယောက်ကို သေအောင်လုပ်တာ ဆန်းသလားကွ ...၊ ငါကုလို့ အသက်ရှင်ခဲ့တဲ့လူတွေ အများကြီးရှိသလို ငါ့ကြောင့်သေရတဲ့လူတွေလည်း အများကြီးပဲကွ၊ မဆန်းဘူး၊ ဘာမှမဆန်းဘူး"

ထောင်ဝါးက ...

"လူသတ်တာ ဘာခက်လို့လဲဗျ၊ ရှိရှိသမျှအလုပ်တွေမှာ လူသတ်ရတဲ့အလုပ်က အလွယ်ဆုံးပဲဗျ၊ ခင်ဗျားက ဒီအလွယ်ဆုံး အလုပ်လုပ်တာကိုများ ဂုဏ်ယူနေရသေးတယ်၊ လူကို ကုတတ်တာမဟုတ်ဘူး၊ လူပဲသတ်တတ်တာ၊ ဒီတော့ သမားတော်ကြီး ဆိုတဲ့နာမည်ကို ဖျက်ပစ်လိုက်ပေတော့၊ ခင်ဗျားနဲ့ မတန်ဘူး"

ပိန်ရိက အလွန်ဒေါသထွက်လာဟန်ဖြင့် ...

"ဘယ်သူပြောသလဲကွာ၊ ငါက လူကို မကုတတ်ဘူးဆိုတာ ... ကုတတ်လွန်းလို့ ဟိုဘက်ကမ်းကိုတောင် လွန်သွားသေးတယ်၊ နားလည်ရဲ့လား၊ ငါက မင်းတို့ရဲ့သေခါနီးညီလေးရဲ့ ရင်ဘတ်ကိုခွဲတာက အကြောင်းမဲ့မဟုတ်ဘူး၊ အကြောင်းရှိတယ်ကွ၊ အကြောင်းရှိတယ်၊ သူ့ကိုယ်မှာ မှားယွင်းပြီး ဆက်နေတဲ့အကြောတွေကို မှန်မှန်ကန်ကန် ဆက်သွားအောင် ပြန်ခွဲပြီး ဆက်ပေးရတာကွ၊ ဒါမှ သူ့ဒဏ်ရာတွေ ပျောက်သွားတဲ့အခါမှာ သူ့ရဲ့ 'အတွင်းအား' တွေ 'သိုင်းပညာ' တွေအားလုံး နဂိုအတိုင်းပြန်ရနိုင်မှာ၊ ဒီလိုပြီးစီးပြည့်စုံအောင် ကုတာကမှ လူသတ်သမားတော်ကြီး ငါ့ရဲ့လက်ရာကွ၊ နားလည်ကြရဲ့လား"

ဟု အော်ဟစ်ပြောဆို လိုက်တော့သည်။

ထိုစကားကို ကြားလိုက်ရသောအခါ အံ့ဖွယ်ငါးယောက်တို့မှာ အလွန်တရာဝမ်းသာသွားကြပြီး ...

"ဟား ... ဟား ... ဟား၊ လက်စသတ်တော့ ခင်ဗျားက ကျုပ်တို့ရဲ့ညီလေးကို အသက်ရှင်အောင်ကုပေးနေတာကိုး၊ နောက်ပြီး သိုင်းပညာတွေလည်း ပြန်ရအောင်လုပ်ပေးနေသေးတယ်၊ ကောင်းတယ်၊ သိပ်ကောင်းတယ်၊ ကျုပ်တို့က ခင်ဗျားကို အထင်လွဲသွားမိတယ်" ဟု ပြောကြတော့၏။

ထိုစဉ် ထောင်ကန်းက ...

"ဒီလိုဆိုရင် ကျုပ်ညီလေးကို ဘာဖြစ်လို့ ခုထက်ထိ မကုသေးတာလဲ၊ လူနာကို ဒီအတိုင်းတစ်လက်စကြီး ပစ်ထားလို့ ရသလား၊ ကြည့်စမ်းပါဦး၊ ရင်ဘတ်ကလည်း ခွဲထားသေးတယ်၊ သွေးတွေကလည်း ထွက်နေလိုက်တာ၊ တော်တော်ကြာ အချိန်လွန်သွားပြီး ကုသလို့မရရင် ဘယ့်နှယ်လုပ်မလဲ"

ပိန်ရိက စိတ်တိုသောလေသံဖြင့် ပြန်အော်လိုက်၏။

"ဟေ့ကောင် တိတ်စမ်း၊ မင်းက သမားတော်ကြီးလား၊ ငါက သမားတော်ကြီးလား"

ထောင်ကန်းက ...

"ခင်ဗျား ရူးနေသလား၊ ဘယ်သူ့ကို သွားမေးနေစရာ လိုသေးလို့လဲ၊ ခင်ဗျားမသိရင် ကျုပ်ပြောပြမယ်၊ ကျုပ်က အံ့ဖွယ်ခြောက်ယောက်ထဲက အစ်ကိုကြီးထောင်ကန်းဗျ၊ ခင်ဗျားမှ သမားတော်ကြီးအစစ်၊ ဘယ်သူ့မှသွားမေးမနေနဲ့ဦး၊ ကျုပ်ပြောတာကိုယုံ၊ ခင်ဗျားသာ သမားတော်ကြီးပါ"

ပိန်ရိမှာ ရူးချင်သလိုလိုဖြစ်သွားတော့၏။ ထောင်ကန်း၏စကားကလည်း ရူးချင်စရာ ဖြစ်နေသည်ကိုး။

ပိန်ရိက ...

"ငါက သမားတော်ကြီးဆိုတာ မင်းသိတယ်နော်၊ အေး ဒါပဲအရေးကြီးတယ်၊ ဒီလိုသိရှိသွားနဲ့ မင်းက ဘာဖြစ်လို့ အချိန်လွန်သွားမယ်၊ ကုလို့မရဘဲဖြစ်နေမယ်လို့ လာပြောနေရတာလဲ၊ ငါ သူ့ရင်ဘတ်ကို ခွဲထားတာက အပျော်ခွဲထားတာ မဟုတ်ဘူးကွ၊ သူ့ကို ဆေးကုသပေးဖို့ ခွဲထားတာ၊ မင်းတို့ငါးယောက်က အင်မတန်လျှာရှည်တဲ့ကောင်တွေ၊ အဲဒီလို လျှာရှည်နေရင် ငါက ဘယ်လိုသွားကုရတော့မှာလဲ၊ မင်းတို့ကို ငါဘာလုပ်ခိုင်းထားသလဲ၊ ဘာဖြစ်လို့ ဘုရားကျောင်းက အစောကြီးပြန်လာရတာလဲ"

ပိန်ရိသည် သူ့စကားကို ခေတ္တရပ်လျက် အံ့ဖွယ်ငါးယောက်တို့ကို စေ့စေ့ကြည့်ကာ ပြောလိုက်တော့၏။

"အေး … မင်းတို့ကို ဘုရားကျောင်းကို လွှတ်လိုက်တာက အကြောင်းမဲ့လွှတ်လိုက်တာမဟုတ်ဘူးကွ၊ မင်းတို့ဒီမှာလာ မရှုပ်စေချင်လို့ လွှတ်လိုက်တာ"

ထောင်ကန်းက …

"ခင်ဗျားကသာ မြန်မြန်ကုစမ်းပါဗျာ၊ သူများတွေ လျှာရှည်တယ် လျှာရှည်တယ်နဲ့ ပြောနေတယ်၊ တကယ်လျှာရှည်နေတာက ခင်ဗျားဗျ"

ပိန်ရိသည် ရုတ်တရက် အော်လိုက်၏။

"အပ်ယူခဲ့"

ထိုအသံကြောင့် အံ့ဖွယ်ငါးယောက်တို့ ရုတ်တရက် လန့်သွားကြသည်။

ပိန်ရိ၏အော်သံကြောင့် ပိန်ပိန်ရှည်ရှည် မိန်းမကြီးတစ်ယောက်က အခန်းတွင်းမှ အပြင်သို့ လျှောက်ထွက်လာတော့၏။

သူမ၏လက်ထဲတွင် လင်ပန်းတစ်ချပ်ကို ကိုင်ထားသည်။ မည်သည့်စကားတစ်ခွန်းမျှ မပြောဘဲ သူမလက်ထဲမှ လင်ပန်းကို ခုံပေါ်သို့ တင်လိုက်၏။

ပိန်ရိက မေးလိုက်သည်။

"မင်းတို့က မင်းတို့ရဲ့ညီလေး သိပ်ပြန်ကောင်းစေချင်တယ်၊ ဒါပေမယ့် ငါ့ရဲ့စည်းကမ်းစည်းမျဉ်းတွေကို သိထားကြရဲ့လား၊ မသိလို့တော့ မဖြစ်ဘူးကွ"

ထောင်ကန်းက …

"သိတာပေါ့ဗျ၊ ကျုပ်တို့ညီလေးသာ မြန်မြန်ရှင်ပလေ့စေ၊ ခင်ဗျား ဘယ်သူ့ကို သတ်ခိုင်းမလဲ၊ ကျုပ်တို့သတ်ပေးမယ်၊ ခင်ဗျားရဲ့အမိန့်ကို ကျုပ်တို့ နာခံမယ်"

ပိန်ရိက …

"အေး ဟုတ်တယ်၊ မင်းတို့ ငါ့ရဲ့စည်းကမ်းကို သိထားတယ်ဆိုရင် တော်ပြီ၊ ဘယ်သူ့ကို သတ်ခိုင်းရမယ်ဆိုတာတော့ စဉ်းစားလို့မရသေးဘူး၊ ငါစဉ်းစားလို့ရရင် မင်းတို့ကို သတ်ခိုင်းမယ်၊ အခုတော့ မင်းတို့ငါးယောက်စလုံး ဟိုဘက်ထောင့်မှာ ငြိမ်ငြိမ်သက်သက်ကလေး ရပ်နေကြစမ်း၊ မင်းတို့ဆီက အသံဆိုရင် ဘာသံမှ မကြားချင်ဘူး … ။ မင်းတို့ဆီက တစ်သံသံသာ ကြားလိုက်ရရင် ငါကုနေတာကို ချက်ချင်း ရပ်ပစ်လိုက်မယ်၊ မင်းတို့ရဲ့လူကို ငါဆက်မကုတော့ဘူး၊ ဒီလူသေသေ ရှင်ရှင် ငါနဲ့ မဆိုင်တော့ဘူး"

အံ့ဖွယ်ငါးယောက်တို့မှာ မည်သူ၏အမိန့်ကိုမျှ နာခံလိုသူများ မဟုတ်ပေ။

ထို့ပြင် ပိန်ရိက တားမြစ်လိုက်သည့် စည်းကမ်းချက်များမှာ သူတို့အတွက် အလွန်တင်းကျပ်လှသည့် စည်းကမ်းချက်ကြီးပင်ဖြစ်တော့၏။

သူတို့မှာ စကားမပြောရ မနေနိုင်၊ မငြင်းခုံရ မနေနိုင်သူများဖြစ်ရာ ပိန်ရိက စကားမပြောဘဲ တိတ်တိတ်ဆိတ်ဆိတ် ငြိမ် ငြိမ်သက်သက်နေရန် အမိန့်ပေးခြင်းမှာ ကိုယ့်ကိုယ်ကို သတ်သေခိုင်းသည်နှင့် တူလှတော့၏။

သို့သော် သူတို့ခြောက်ယောက်စလုံးမှာ စားအတူ၊ သွားအတူ၊ အိပ်အတူ အမြဲတမ်း တစည်းတလုံးတည်းရှိခဲ့ကြသည့် ညီအစ်ကိုများဖြစ်ကြရာ တစ်ယောက်အပေါ်တစ်ယောက်က အလွန်ချစ်ခင်ကြ၏။

သေလုမျောပါးဖြစ်နေသည့် သူတို့၏ညီကလေး အသက်ကို လွန်စွာတန်ဖိုးထားကြ၏။

ထို့ကြောင့် ပိန်ရိ၏အမိန့်ကို လုံးဝမလွန်ဆန်ရဲတော့ဘဲ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လျက် ဆွံ့အသူများပမာ လုံးဝ ငြိမ်သက်နေကြတော့၏။

မည်မျှအထိ စိုးရိမ်တကြီး ထိန်းသိမ်းစောင့်ရှောက်ကြသနည်းဆိုသော် ချောင်းပင် မဆိုးရဲသည်အထိ ဖြစ်နေကြတော့၏။

ထိုအချိန်တွင် ပိန်ရိက ထောင်ဆက်၏ရင်ဘတ်ကို အပ်ဖြင့် ပြန်ချုပ်ပြီးနေပေပြီ၊ ထောင်ဆက်မှာ နဂိုကတည်းက သတိ လစ်နေသူဖြစ်၍ လုံးဝအသံမကြားရပေ။

ပိန်ရိသည် သူ၏ဆေးသေတ္တာကလေးအတွင်းမှ ဆေးမှုန့်အချို့ကိုယူ၍ ဒဏ်ရာချုပ်ထားသည့် ချုပ်ရိုးတစ်လျှောက် ထည့် ပေးလိုက်သည်။

ထို့နောက် အခြားသောက်ဆေးတစ်မျိုးကိုလည်း ထောင်ဆက်၏ပါးစပ်ကိုဟ၍ လောင်းထည့်ပေးလိုက်ပြန်၏။

ပိန်ရိက သူလုပ်စရာရှိသမျှအလုပ်များကို ဇယ်ဆက်သလို အဆက်မပြတ်လုပ်နေရာမှ အံ့ဖွယ်ငါးယောက်ရှိရာသို့ တစ်ချက် လှမ်းကြည့်လိုက်၏။

ထိုငါးယောက်စလုံး နှုတ်ခမ်းတလှုပ်လှုပ်ဖြင့် အလွန်တရာ စကားပြောချင်နေကြောင်း တွေ့ရှိလိုက်ရတော့၏။

ပိန်ရိက ...

"မင်းတို့ရဲ့ညီလေး အသက်ပြန်မရှင်သေးဘူး၊ အဲဒီတော့ မင်းတို့ရဲ့ညီလေး အသက်ရှင်စေချင်တယ်ဆိုရင် မင်းတို့ ဆက်ပြီး ငြိမ်ငြိမ်ကလေးနေကြဦး၊ စကားလုံးဝ မပြောကြနဲ့၊ သူပြန်ရှင်လာတော့မှ မင်းတို့စကားပြောကြ" ဟု ပြောလိုက်သည်။

ပိန်ရိ၏စကားကြောင့် အံ့ဖွယ်ငါးယောက်တို့မှာ နှုတ်ခမ်းတလှုပ်လှုပ်တရွရွဖြစ်နေကြသော်လည်း လုံးဝ အသံမထွက် ရဲဘဲ ဖြစ်နေတော့၏။

ပိန်ရိမှာ စိတ်မောသွားဟန်နှင့် သက်ပြင်းတစ်ချက်ချလိုက်ပြီး ဘေးတစ်နေရာ၌ ထိုင်ကာ အနားယူလိုက်တော့၏။

ပိန်ပိန်ရှည်ရှည်မိန်းမကြီးကမူ ခွဲစိတ်ကုသရာတွင် အသုံးပြုသည့် ပစ္စည်းကိရိယာများကို ပြန်လည်သိမ်းဆည်းသွား တော့၏။

ထိုအခြေအနေများကို ချောင်းမြောင်းကြည့်ရှုနေကြသည့် ရက်ပုချွန်တို့ ဇနီးမောင်နှံနှစ်ယောက်မှာ လုံးဝအသံမထွက်ရဲ ချေ။

အသက်ပြင်းပြင်းပင် မရှူဝံ့သည်အထိ ငြိမ်သက်နေကြရတော့သည်။

သူတို့ထံမှ မသင်္ကာဖွယ်ရာ အသံတစ်ခုခုသာကြားသွားပါက သူတို့နှစ်ယောက်၏ ဇာတ်သိမ်းသည် လုံးဝကောင်းလိမ့် မည်မဟုတ်ပေ။

ထို့ကြောင့် နား ရွက်ပင် မခတ်ရဲသည်အထိ ငြိမ်သက်နေကြရခြင်းဖြစ်၏။

ထိုသို့ တိတ်ဆိတ်ငြိမ်သက်နေချိန်တွင် ဘေးတစ်ဖက်အခန်းအတွင်းမှ အသံတစ်သံက ...

"ညီလေး ... ဘယ့်နှယ်လဲဟေ့၊ ကုလို့အဆင်ပြေရဲ့လား"

ပိန်ရိက ထိုအသံရှင်အား ...

"ကုလို့ အဆင်ပြေတာပေါ့၊ ဘယ်တုန်းကများ အဆင်မပြေတာရှိခဲ့ဖူးလို့လဲ၊ သေတဲ့လူ ရှိခဲ့ဖူးလို့လား၊ ဒီကောင်လည်း ရှင်ရမှာပေါ့" ဟု ပြန်ပြောလိုက်သည်။

ထိုစဉ် ဘေးဘက်အခန်းမှ တံခါးပွင့်သွားပြီး လူဝကြီးတစ်ယောက် လျှောက်ထွက်လာတော့သည်။

ထိုလူဝကြီးသည် ထောင်ဆက်အနားသို့ လျှောက်သွားပြီး ရုတ်တရက် သူ၏ကြီးမားလှသော လက်ဝါးကြီးဖြင့် ထောင်ဆက်၏ ငယ်ထိပ်ကို ရိုက်ချလိုက်၏။

အံ့ဖွယ်ငါးယောက်တို့မှာ ထိုမြင်ကွင်းကြောင့် လုံးဝမထိန်းချုပ်နိုင်တော့ဘဲ 'ဟာ'ခနဲ ဖြစ်သွားတော့၏။

သူတို့ အာမေဋိတ်သံပြုလိုက်မိသည်နှင့် တစ်ချိန်တည်းမှာပင် စားပွဲခုံရှည်ပေါ်၌ လှဲနေသော ထောင်ဆက်သည်လည်း 'အား' ခနဲ အော်ကာ ထထိုင်လိုက်တော့သည်။

ထောင်ဆက်သည် အိပ်ရာမှထလိုက်သည်နှင့် ကြမ်းကြမ်းတမ်းတမ်းပင် ဆဲတော့၏။

"ခွေးကောင် ... မင်းက ဘာဖြစ်လို့ ငါ့ခေါင်းကို ရိုက်ရတာလဲကွ၊ ရိုက်စရာနေရာရှားလို့လား၊ ငါ့ကိုဘာမှတ်နေသလဲ"

ထိုလူဝကြီးကလည်း တစ်ခွန်းမခံ ပြန်ဆဲတော့သည်။

“ခွေးတိရစ္ဆာန်လေး … မင်းကများငါ့ကို မိုက်မိုက်ရိုင်းရိုင်း ပြန်ဆဲနေရသလား၊ ငါ့အတွင်းအားကို မင်းကိုယ်ထဲ ရိုက်သွင်းမပေးခဲ့ရင် မင်း ဒီလောက်မြန်မြန်ဆန်ဆန် ထနိုင်ပါ့မလားကွ၊ ဒီစားပွဲခုံရှည်ပေါ်မှာ မင်း … ဘယ်လောက် ဆန့်ဆန့်ကြီး ကြာနေမယ်မှတ်သလဲ”

ထောင်ဆက်က …

“ငါ့ဘာသာ မြန်မြန်ထထ၊ နှေးနှေးထထ၊ မင်းနဲ့ဘာဆိုင်သလဲ၊ ငါ့ဘာသာထချင်ထမယ်၊ မထချင်မထဘူး၊ ချစ်သက် လုံး အိပ်ချင်အိပ်မယ်၊ မင်းနဲ့ ဘာမှမဆိုင်ဘူး”

ထိုလူဝကြီးက …

“အေး … မင်းတစ်သက်လုံးအိပ်နေမှာကို ငါက မစောင့်နိုင်ဘူးကွ၊ ငါ့မှာ ငါ့ညီနဲ့ငါ ဆွေးနွေးရမယ့်ကိစ္စတွေ ရှိနေတယ်၊ မင်းအိပ်ရာက အထစောင့်နေရင် ငါက ဘယ်အချိန်သွား ဆွေးနွေးရတော့မှာလဲ”

ထောင်ဆက်က …

“ဒါဖြင့် ငါသွားမယ်၊ ဘာဖြစ်လို့ငါက ဒီမှာ ဆက်နေရတော့မှာလဲ”

ထောင်ဆက်သည် ပြောပြောဆိုဆိုနှင့် သူလဲလျောင်းနေသည့်စားပွဲခုံမှ လျှောဆင်းရင်း လမ်းလျှောက်ကာ ထွက်သွား တော့၏။

အံ့ဖွယ်ငါးယောက်တို့မှာ အလွန်တရာ ထူးခြားဆန်းကြယ်လှစွာ သူတို့၏ညီလေး အသက်ပြန်ရှင်လာသည်ကို တွေ့ရသောအခါ မယုံနိုင်အောင် ဖြစ်သွားကြတော့၏။

ချက်ချင်းပင် သတိဝင်သွားကြပြီး သူတို့၏ညီလေးနောက်သို့ ကောက်ကောက်ပါအောင် လိုက်သွားကြတော့သည်။

ရက်ပုချွန်တို့ လင်မယားနှစ်ယောက်မှာမူ အလွန်တရာတုန်လှုပ်နေကြတော့သည်။ သူတို့၏စိတ်ထဲတွင် …

“ပိန်ရိုရဲ့ဆေးပညာကတော့ တကယ့်ကို အစွမ်းထက်တာပါကလား၊ တကယ့်ကို သေတော့မလောက်လူကို ပြန်ကောင်းအောင် ကုသနိုင်တာပဲ၊ ဒါကြောင့် ဒီလောက် နာမည်ကျော်တာနေမှာ၊ သူ့အစ်ကိုရဲ့ အတွင်းအားကလည်း သိပ်ပြီး ကြောက်စရာကောင်းတာပဲ၊ ထောင်ဆက်ရဲ့ငယ်ထိပ်ကို တစ်ချက်တည်းရိုက်တာနဲ့ သူ့အတွင်းအားတွေ ထောင်ဆက်တစ်ကိုယ်လုံး ရောက်သွားအောင်သွင်းနိုင်တယ်။ တော်ရုံတန်ရုံ အတွင်းအားနဲ့ ဒီလို ဘယ်လုပ်နိုင်လိမ့်မလဲ၊ သူ့ကြောင့် ထောင်ဆက် ချက်ချင်း သတိရသွားတာပေါ့” ဟု တွေးလိုက်မိသည်။

ရက်ပုချွန်အနေဖြင့် ဤနေရာ၌မနေလိုတော့ပေ။ သိလိုသမျှကိုလည်း သိပြီးဖြစ်သဖြင့် ဤနေရာ၌ ဆက်နေရန် အကြောင်း မရှိတော့။

သို့သော် ဤနေရာမှခွာရန် လှုပ်ရှားမှု အနည်းငယ်ကိုမျှ မလုပ်ရဲကြပေ။

ပိန်ရိုတို့ ညီအစ်ကိုနှစ်ယောက်မှာ သိုင်းပညာ၌ အလွန်တရာထက်မြက်သူများဖြစ်၍ သူတို့ အနည်းငယ်လှုပ်ရှားလိုက် ရုံမျှဖြင့် သူတို့တဲနား၌ လူကပ်နေကြောင်း မုချသိသွားကြပေလိမ့်မည်။

ထို့ကြောင့် သူတို့အနေဖြင့် အောင့်အည်းသည်းခံကာ စောင့်ဆိုင်းနေကြရတော့သည်။

ထိုစဉ် လူဝကြီးက ပိန်ရိုအား …

“မင်းက ဒီအံ့ဖွယ်ခြောက်ယောက်ကို ဘယ်သူ့သွားသတ်ခိုင်းဦးမလို့လဲ” ဟု မေးလိုက်တော့၏။

ပိန်ရိုက …

“ဘယ်သူ့ကို သတ်ခိုင်းမယ်ဆိုတာ ကျွန်တော် မစဉ်းစားရသေးဘူး၊ နောက်မှ အေးအေးဆေးဆေးစဉ်းစားပြီး သွားသတ်ခိုင်းမယ်၊ အစ်ကိုကြီး ကျွန်တော် အခု လူတစ်ယောက်ကို သွားကုစရာရှိနေတယ်၊ ကျွန်တော်နဲ့လိုက်ခဲ့မလား”

ထိုလူဝကြီးက …

“အေး … ကောင်းတယ်၊ ငါလည်း မင်းရဲ့ ဒီတဲအိမ်ကလေးထဲမှာ နေရတာပျင်းလှပြီ၊ အပြင်ဘက်လျှောက်သွားရင် တော့ အမြင်တစ်မျိုးပြောင်းပြီး လန်းလန်းဆန်းဆန်းဖြစ်သွားမှာပဲ၊ ကဲ … ငါက မင်းနဲ့လိုက်ခဲ့မယ်၊ သွားကြစို့”

စကားဆုံးသည်နှင့် သူတို့နှစ်ယောက်စလုံး တဲအပြင်သို့ထွက်ခွာသွားကြတော့၏။

ရက်ပုချွန်သည် ထိုအခါကျမှပင် ရင်ထဲမှအလုံးကြီးကျသွားပြီး သူ့ဇနီးကိုနောက်ဆုတ်ရန် လက်ဟန်တစ်ချက်ပြလိုက်၏။

သူတို့နှစ်ယောက်စလုံး အထူးသတိဝီရိယထား၍ ခြေဖော့ကာ နောက်ဆုတ်လိုက်ကြသည်။

တဲအိမ်နှင့် အတော်အတန်ဝေးသည့်နေရာရောက်မှ ခြေလှမ်းသွက်သွက်လှမ်းကာ လှေဆိုက်ကပ်ထားရာအရပ်သို့ အသော့နှင်ကြတော့၏။

ထိုသို့ လျှောက်သွားနေရင်းမှ ဖူးလင်က ...

"အစ်ကိုကြီး ... ဒီအံ့ဖွယ်ခြောက်ယောက်က ဒီခိုင်းဖုန်းမြို့ကို ရောက်နေတယ်ဆိုတော့ ကျွန်မတို့ ဒီမှာဆက်နေလို့ မကောင်းတော့ဘူး၊ သူတို့ရှိနေရင် ကျွန်မတို့အတွက် အန္တရာယ်သိပ်ကင်းမှာ မဟုတ်ဘူး၊ သူတို့က ပြဿနာ လာလုပ်ချင်လုပ်နေမှာ"

ရက်ပုချွန်ကလည်း ဖူးလင်၏စကားကို ကောင်းစွာသဘောတူသည်။ တစ်ဖက်ကလည်း စိတ်ဆင်းရဲနေမိသည်။

အဘယ်ကြောင့်ဆိုသော် သူသည် နယ်နယ်ရရလူတစ်ယောက်မဟုတ်။

ဝါဆန်းဂိုဏ်း၏ ဂိုဏ်းချုပ်ကြီးတစ်ယောက်ဖြစ်သည်။ သို့စင်လျက် ဤတစ်လလုံးလုံး ဟိုရှောင်တိမ်း သည်ရှောင်တိမ်းဖြင့် များစွာ သိက္ခာကျနေရ၏။

သူတို့သည် လမ်းခုလတ် ဘုရားကျောင်းသို့ဝင်၍ ဝါဆန်းဂိုဏ်းသားများကိုဝင်ခေါ်ကာ လှေဆိပ်သို့ ဆင်းလာခဲ့ကြသည်။

ဝါဆန်းဂိုဏ်းသားများမှာ အံ့ဖွယ်ခြောက်ယောက် ခိုင်းဖုန်းမြို့သို့ ရောက်ရှိနေပြီဟု သိရသောအခါ အားလုံး တုန်လှုပ်ချောက်ချားသွားကြတော့၏။

လှေပေါ်သို့ရောက်သည်နှင့် တစ်ပြိုင်နက် ရက်ပုချွန်သည် လှေကို ကမ်းမှခွာရန် အမိန့်ပေးလိုက်တော့သည်။

ထိုစဉ် အံ့ဖွယ်ငါးယောက်တို့၏ အသံကို ကြားလိုက်ကြရတော့၏။

"လင့်ဟူချုံး ... လင့်ဟူချုံး၊ မင်းဘယ်မှာလဲ"

ရက်ပုချွန်တို့လင်မယားနှင့် ဝါဆန်းဂိုဏ်းသားတို့၏မျက်နှာများ၌ တုန်လှုပ်ချောက်ချားမှုကို လုံးဝမဖုံးနိုင်မဖိနိုင် ဖြစ်နေကြတော့၏။ သူတို့အတွက်ပို၍ ထိတ်လန့်စရာကောင်းသည့် အချက်မှာ လှေသည် ဆိပ်ကမ်းမှ ယခုမှခွာရန် အစပြုနေခြင်းဖြစ်တော့သည်။

ထိုအချိန်မှာပင် လူနှစ်ယောက်ခန့်က ကမ်းစပ်သို့ အပြေးအလွှား လာနေကြသည်။

ထိုသူများကား စောစောက အော်ဟစ်မေးမြန်းလိုက်သည့် အံ့ဖွယ်ငါးယောက်နှင့် ပိန်ရိုတို့ ညီအစ်ကိုနှစ်ယောက်တို့ပင် ဖြစ်တော့၏။

အံ့ဖွယ်ငါးယောက်တို့မှာ ရက်ပုချွန်တို့လင်မယားကို ကောင်းစွာမှတ်မိကြ၏။

ထို့ကြောင့် တွေ့လိုက်သည်နှင့် ဝမ်းသာအားရအော်ဟစ်ကြပြီး ငါးယောက်စလုံး လှေပေါ်သို့ခုန်တက်လိုက်ကြတော့၏။

အခြေအနေဆိုးကား စတင်လာလေပြီ။ ဖူးလင်သည် ဓားကိုဆွဲထုတ်ရန် ဟန်ပြင်လိုက်၏။ သို့သော် ရက်ပုချွန်က လျင်မြန်စွာ တားဆီးလိုက်ပြီး တီးတိုးပြောလိုက်သည်။

"ညီမလေး ... မလောနဲ့၊ အခြေအနေ စောင့်ကြည့်ဦး"

ရက်ပုချွန်သည် အခြေအနေအချိန်အခါကို ကောင်းစွာ ချင့်ချိန်နိုင်းဆတတ်သူဖြစ်သည်။

ယခု အံ့ဖွယ်ငါးယောက်စလုံး လှေပေါ်သို့တစ်ပြိုင်နက် ခုန်တက်၍ လာကြခြင်းဖြစ်သည်။

သူတို့နှစ်ယောက်အနေဖြင့် အလွန်ဆုံးတစ်ယောက် သို့မဟုတ် နှစ်ယောက်ကိုသာ ထိခိုက်ဒဏ်ရာရအောင် လုပ်နိုင်ပေလိမ့်မည်။

ဒါကလည်း သိပ်သေချာလှသည် မဟုတ်ပေ။

အံ့ဖွယ်ငါးယောက်တို့၏ သိုင်းပညာများမှာ များစွာ ထိပ်တန်းကျလွန်းသဖြင့် သူတို့နှင့် တိုက်မည့်ပွဲတွင် တစ်စုံတစ်ရာကို အသေအချာ ကြိုတင်ခန့်မှန်းခြင်းသည် အလွန်တရာမိုက်မဲသော အပြုအမူပင် ဖြစ်ပေလိမ့်မည်။

အထူးသဖြင့် အံ့ဖွယ်ငါးယောက်ထဲမှ တစ်ယောက်ယောက်ကို ထိခိုက်ဒဏ်ရာရစေနိုင်မည်ဟု ခန့်မှန်းချက်က ပို၍မိုက်မဲသော ခန့်မှန်းချက်ဖြစ်ပေလိမ့်မည်။ ဝါဆန်းတောင်၌ ဖူးလင်က ထောင်ဆက်ကို ဓားနှင့်ထိုးစိုက်နိုင်ခဲ့ခြင်းမှာ အလွန်အလွန် ထူးခြားတိုက်ဆိုင်မှုသာဖြစ်၏။ သာမန်အချိန်၌ တစ်ယောက်ကိုတစ်ယောက် အထူးသတိထား၍ တိုက်ခိုက်ကြစတမ်းဆိုလျှင် ထိုအံ့ဖွယ်ငါးယောက်အား မည်သို့မျှ ထိခိုက်အောင် လုပ်နိုင်မည်မဟုတ်ချေ။

ထိုစဉ် အံ့ဖွယ်ငါးယောက်တို့မှာ လှေဦး၌ ရပ်လျက်ရှိနေကြလေပြီ။ လှေတစ်စင်းလုံးကို သူတို့၏မျက်လုံးအစုံဖြင့် လှမ်းကြည့်ရင်းမှ ထောင်ကန်းက အော်လိုက်၏။

"လင့်ဟူချိုး ...ဟေ့ ... လင့်ဟူချိုး ... ၊မင်းဘယ်မှာသွားပုန်းနေတာလဲ၊ ဘာဖြစ်လို့ ထွက်မလာရတာလဲ"

ထိုစဉ် ဒေါသဖြင့် အော်လိုက်သော အသံတစ်သံထွက်လာတော့၏။

"ကျုပ်က ... ခင်ဗျားတို့ကို ဘာကြောက်စရာရှိလို့ ပုန်းနေရမှာလဲ၊ အလကားအော်မနေကြနဲ့"

ဤကား လင့်ဟူချိုး၏ အသံသာတည်း။

ထိုအချိန်တွင် လှေပေါ်သို့ နောက်ထပ်လူနှစ်ယောက် ခုန်တက်လာကြပြန်သည်။ ပိန်ရိုတို့ ညီအစ်ကိုနှစ်ယောက်ဖြစ်ကြ၏။

ရက်ပုချွန်၏စိတ်ထဲတွင် ...

"ငါတို့တော့ တကယ့်ကို အကျဉ်းအကျပ်ထဲရောက်နေကြပြီ၊ စောစောက ငါတို့နှစ်ယောက် ပြတင်းပေါက်ကနေ သူတို့နှစ်ယောက် စကားပြောနေတာကို ချောင်းကြည့်တာ သိသွားလို့ လိုက်လာတာပဲဖြစ်ရမယ်၊ ဒီမှာ အံ့ဖွယ်ငါးယောက်နဲ့တင် ငါတို့ ဒုက္ခရောက်နေကြတာ၊ အခုလို နောက်ထပ် နှစ်ယောက်ထပ်တိုးလာပြီဆိုတော့ ဘယ်လွယ်တော့မလဲ၊ ငါတို့လင်မယားနှစ်ယောက်တော့ ဒီလှေပေါ်မှာပဲ သေကြရတော့မယ်" ဟု တွေးလိုက်မိတော့၏။

ထိုစဉ် ပိန်ရိုက ဟိုဟိုသည်သည် ကြည့်ရင်း ...

"လင့်ဟူချိုးဆိုတာ ဘယ်သူပါလဲခင်ဗျာ၊ ကျွန်တော်တွေ့ပါရစေ" ဟု မေးလိုက်သည်။ သူမေးသောလေသံ၌ အလွန်ရိုသေလေးစားမှု အပြည့်အဝ ရှိနေပါသည်။

လင့်ဟူချိုးမှာ ဖြည်းညင်းစွာနှင့် လှေဦးသို့လျှောက်လာပြီး ...

"ကျုပ်က လင့်ဟူချိုးပါပဲ ခင်ဗျာ"

ပိန်ရိုသည် လင့်ဟူချိုးကို အသေအချာ အကဲခတ်လိုက်ပြီး ...

"လူတစ်ယောက်က ကျုပ်ကို ခင်ဗျားရဲ့ဒဏ်ရာကို ကုခိုင်းလိုက်လို့ အခုလို လိုက်လာရတာပါ၊ တော်သေးတာပေါ့ဗျာ၊ အဆင်သင့်လာတွေ့ပေလို့ နို့မို့ရင် မနည်းရှာရဦးမှာ" ဟု ပြောတော့၏။

ပြောပြောဆိုဆိုနှင့် သူက လင့်ဟူချိုး၏လက်ကို လှမ်းဆွဲလိုက်ကာ သွေးခုန်နှုန်းကို စမ်းသပ်လိုက်သည်။ ချက်ချင်းလိုလိုပင် မျက်မှောင်ကုပ်သွားတော့၏။ အတန်ကြာသောအခါ ခေါင်းကိုကောင်းကင်သို့မော့၍ စဉ်းစားနေပြန်သည်။ ထို့နောက် သူ၏ ခေါင်းကို အဆက်မပြတ် ကုတ်နေပြီး ...

"တကယ် အံ့ဩစရာပဲ၊ ထူးဆန်းလိုက်တာ ... ဘယ်လိုထူးဆန်းမှန်းမသိဘူး ... " ဟု တတွတ်တွတ် ရေရွတ်နေပြန်တော့၏။ ပိန်ရို တတွတ်တွတ်ရေရွတ်နေသည်ကိုကြည့်ပြီး စိတ်ထဲ၌ မရိုးမရွဖြစ်လာသူမှာ အံ့ဖွယ်ငါးယောက်အနက်မှ ထောင်ကန်း ဖြစ်၏။

သူက ...

"ဘာအံ့ဩစရာရှိလဲဗျ၊ သူ့နှလုံးကြောမှာ ဒဏ်ရာအပြင်းအထန်ရထားလို့ ကျုပ်တို့ရဲ့အတွင်းအားနဲ့ သူ့ကို ကုပေးလိုက်ပြီးပြီပဲ"

ထိုအခါ ထောင်ရှမ်းက ဝင်ပြောတော့သည်။

"မင်းက တော်တော်ခက်ပါလား၊ အခုထက်ထိ သူ့နှလုံးကြောမှာ ဒဏ်ရာရနေတယ်လို့ ပြောတုန်းရှိသေးတယ်၊ သူ ဒဏ်ရာရတာက နှလုံးကြောမှာမဟုတ်ဘူးကွ၊ အဆုတ်သွေးကြောမှာ ဒဏ်ရာရတာ၊ အဲဒီတုန်းက ငါသာ ငါ့ရဲ့အတွင်းအား နဲ့ သူ့ရဲ့ အဆုတ်သွေးကြောကို ပြန်ပွင့်အောင် လုပ်မပေးနိုင်ခဲ့ရင် ဒီကောင် ဒီနေ့ထိ ဘယ်အသက်ရှင်နိုင်တော့မလဲ"

ဤသည်မှစ၍ ထောင်ကျက်၊ ထောင်ရက်နှင့် ထောင်ဝါးတို့သုံးယောက်ကလည်း စကားဝိုင်းအတွင်းသို့ဝင်လာကာ စကားစစ်ထိုးပွဲကြီး စတင်ကြတော့၏။

ပိန်ရိက အော်လိုက်သည်။

"တိတ်ကြစမ်း၊ မင်းတို့ချည်းပဲ ဆူညံနေကြတာပဲ၊ မင်းတို့လျှာရှည်တာကို ဘယ်လိုလုပ်ရမယ်မှန်း ငါလည်းမသိသေးဘူး၊ အခု ညီလေးလင့်ဟူချုံးရဲ့ ခန္ဓာကိုယ်ထဲမှာ အင်မတန်အားကြီးတဲ့ အတွင်းအားလှိုင်းနှစ်ခု ရှိနေတယ်၊ ကြည့်ရတာတော့ ပုကျက်ဘုန်းတော်ကြီးရဲ့ အတွင်းအားလှိုင်းဖြစ်ပုံရတယ်၊ နောက် ကျန်တဲ့အတွင်းအားလှိုင်း ခြောက်ခုကတော့ ပုကျက်ဘုန်းတော်ကြီးရဲ့ အတွင်းအားလှိုင်းလောက် မပြင်းထန်ဘူး၊ အားနည်းတယ်၊ ဧကန္တ မင်းတို့ခြောက်ယောက်ရဲ့ အတွင်းအားတွေ ဖြစ်ရမယ်"

ထောင်ကန်းသည် တရှူးရှူး တရားရှားနှင့် ဒေါသအလွန်ထွက်လာပြီး ...

"ခင်ဗျား ဘာစကားပြောတာလဲ၊ ဘာဖြစ်လို့ ကျုပ်တို့ခြောက်ယောက်ရဲ့အတွင်းအားက ဟို ပုကျက်ဘုန်းတော်ကြီးရဲ့ အတွင်းအားထက် နည်းနေရမှာလဲ၊ ကျုပ်တို့ရဲ့အတွင်းအားက သူ့အတွင်းအားထက် ပိုပြီး ထက်မြက်တာဗျ" ဟု အော်လိုက်တော့သည်။

"တိတ်စမ်း၊ မင်းတို့ကို လေ့ပဲ့ပိုင်းမှာ ငြိမ်ငြိမ်ကလေးသွားထိုင်နေဖို့ အမိန့်ပေးထားတယ်၊ ကြားကြတယ်မဟုတ်လား၊ အဲဒီနောက်မှာ သွားထိုင်နေကြ၊ စကားတစ်ခွန်းပြောတာနဲ့ မင်းတို့ရဲ့ညီလေး ထောင်ဆက်ကို မင်းတို့ကို သွားသတ်ခိုင်းလိုက်မယ်၊ ဘယ်သူမှ စကားတစ်ခွန်းမပြောရဘူး၊ ပြောရင် ငါနဲ့တွေ့မယ်"

လင့်ဟူချုံးမှာ ထိုစကားကို ကြားလိုက်ရသောအခါ လွန်စွာသဘောကျသွားပြီး တဟားဟား ရယ်မောတော့၏။ သူက ဆက်၍ ...

"ဆရာကြီး ကျွန်တော့်ရောဂါကို ကုပေးတဲ့အတွက် ကျွန်တော့်ကို ဘယ်သူ့ကိုများသွားသတ်ခိုင်းဦးမှာလဲ၊ ကျွန်တော်ကတော့ ဒီအတွက် လူသတ်မပေးနိုင်ဘူး" ဟု ပြောလိုက်တော့၏။

ပိန်ရိ၏အစ်ကိုဖြစ်သော လူဝကြီးကမူ နှာခေါင်းတစ်ချက်ရှုံ့သွားပြီး မာရေကျောရေပြောလိုက်သည့် လင့်ဟူချုံး၏ တစ်ကိုယ်လုံးကို ခြေဆုံးခေါင်းဆုံး ကြည့်နေတော့၏။

ပိန်ရိက အတန်ကြာမှ ...

"ညီလေး၊ ငါက မင်းရဲ့ဒဏ်ရာကို စမ်းသပ်ကြည့်ပြီးပါပြီ ... ၊ မင်းရဲ့ဒဏ်ရာကို ငါမကုသနိုင်ဘူး၊ ကုနိုင်ခဲ့လို့ ကုပေးရင်လည်း မင်း လူသတ်မပေးရပါဘူး၊ မင်းအစား သူများက သတ်ပေးမှာပါ၊ ဒီအတွက်တော့ မင်းဘာမှ ပူမနေပါနဲ့" ဟု ပြော၏။

ထိုစဉ် လူဝကြီးက မကျေမနပ်ဖြင့် ဝင်မေးလိုက်၏။

"ညီလေး ... ဘယ်သူက ဒီကောင်လေးကိုကုပေးဖို့ မင်းကို လွှတ်လိုက်ရတာလဲ၊ ငါသိရသလောက်တော့ ဘယ်သူမဆို မင်းဆီ ခယယယ လာတောင်းပန်ပြီး ကုသကြတာချည်းပဲ၊ ဒီကောင်လေးကျတော့ တယ်မျက်နှာကြီးပါကလား၊ လူသတ် သမားတော်ကြီးကိုယ်တိုင် သူ့နေရာကိုလိုက်ပြီး ကုသနေရတယ်"

ပိန်ရိက ခေါင်းတယမ်းယမ်းဖြင့် ...

"ကျွန်တော်က ဒီရောဂါကို ပျောက်အောင် ကုသနိုင်တဲ့ အရည်အချင်းမရှိဘူးဆိုတာ အခုတွေ့နေရပြီ၊ ရှက်တောင်ရှက်မိပါရဲ့ အစ်ကိုကြီးရာ၊ ဟို ... အပိုစကားတွေ ပြောမနေပါနဲ့တော့" ဟု ပြောလိုက်၏။

လူဝကြီးသည် မည်သည့်စကားမှ မပြောတော့ဘဲ ငြိမ်သက်သွားတော့သည်။ ထိုအခါပိန်ရိက ဆက်လက်၍ ...

"ညီလေးလင့်ဟူချုံး ... မင်းရဲ့ရောဂါကို တစ်ယောက်ယောက်က ငါ့ကို ကုသခိုင်းတယ်၊ ငါက အစွမ်းကုန် ကြိုးစားကုမလို့ လိုက်လာတာပါ၊ ဒါပေမယ့် အခုတော့ ငါ့မှာ ငါ့တစ်သက်မှာ အကြီးဆုံး အခက်အခဲကြီးနဲ့ တွေ့နေရပြီ၊ မင်းရောဂါက အတွင်းအားနဲ့ ပတ်သက်နေတယ်၊ ဆေးပညာသက်သက်နဲ့ ကုလို့မရနိုင်ဘူး၊ ငါလက်လျှော့လိုက်ရပြီ" ဟု ပြောလိုက်ပြီး သူ့အိတ်ထဲမှ ဆေးပုလင်းကလေးတစ်လုံးကို ထုတ်ကာ ဆေးလုံးဆယ်လုံး ထုတ်ယူလိုက်၏။

"ညီလေး ... ဟောဒီဆေးလုံးတွေက နယ်နယ်ရရ အစွမ်းထက်တဲ့ ဆေးတွေမဟုတ်ပါဘူး၊ ရှားရှားပါးပါး ဖော်စပ်ထားတဲ့ အင်မတန် အစွမ်းထက်တဲ့ ဆေးတွေပါ၊ နလုံးအားတိုးဆေးလုံးခေါ်တယ်၊ မင်းအနေနဲ့ ဆယ်ရက်ခြား တစ်လုံးစီသောက်ပါ၊ မင်းအသက်ကို ရက်တစ်ရာအထိ ပိုရှည်စေနိုင်တယ်"

လင့်ဟူချုံးသည် ပိန်ရိုကမ်းပေးလိုက်သည့် ဆေးများကို လက်နှစ်ဖက်ဖြင့် ရိုရိုသေသေ လှမ်းယူလိုက်သည်။

"ဆရာကြီးကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ပါတယ်ဗျာ"

ပိန်ရိုသည် သူ့ဝတ္တရားကုန်ပြီဖြစ်၍ နောက်ဘက်သို့လှည့်လိုက်ပြီး ကမ်းပေါ်သို့ခုန်တက်ရန် ဟန်ပြင်လိုက်သည်။ သို့သော် တစ်စုံတစ်ခုကို သတိရသွားဟန်ဖြင့် လင့်ဟူချုံးဘက် ပြန်လှည့်လိုက်ပြီး ...

"ညီလေး လင့်ဟူချုံး ... ပုလင်းထဲမှာ နောက်ထပ် ဆေးနှစ်လုံးကျန်နေသေးတယ်၊ မင်းကိုပဲ ပေးလိုက်တော့မယ်" ဟုပြော ပြီး ကျန်နေသည့် ဆေးနှစ်လုံးကို လှမ်းပေးပြန်သည်။

လင့်ဟူချုံးက လက်မခံတော့ဘဲ ...

"ဆရာကြီး၊ ဒီဆေးတွေက ဒီလောက် တန်ဖိုးကြီးနေတဲ့ ဆေးတွေဆိုတော့ တခြားလူတွေရဲ့ အသက်ကို ကယ်ဖို့လည်း ချန်ထားပါဦး၊ ကျွန်တော့်အဖို့ နောက်ထပ် ရက်နှစ်ဆယ်လောက်ထပ်ပြီး အသက်ရှည်လို့လည်း သိပ်အကျိုးမထူးတော့ပါဘူး၊ အခု ကျွန်တော့်မှာ ပေးထားတဲ့ ဆေးဆယ်လုံးတောင် အတော်များနေပါပြီ"

ပိန်ရိုသည် လင့်ဟူချုံးကို တအံ့တဩကြည့်လိုက်ပြီးမှ ...

"မင်းက ကိုယ့်အသက်ကို တကယ်ပဲ အရေးမစိုက်တဲ့အကောင်ကိုး၊ လူဆိုတာ ချမ်းသာ ... ချမ်းသာ၊ ဆင်းရဲ ... ဆင်းရဲ သိုင်းပညာ တတ်တတ် မတတ်တတ် ကိုယ့်အသက်ကိုတော့ ဂရုစိုက်ကြတာချည်းပဲ၊ ဒါကြောင့်မို့လည်း ငါ့ဆီ 'သူများကို သတ်ပေးပါ့မယ်၊ ကျုပ်ကို ကုပေးပါ' ဆိုတဲ့ လူနာတွေ အများကြီးလာနေကြတာပေါ့၊ မင်းကတော့ ဒီလူတွေထဲမှာ မပါဘူး၊ ဒါမှ ယောကျ်ားပီသတာကွ၊ ဩော် ... ဒါကြောင့်ကိုး ... ဟိုက မင်းကို ... "

ပိန်ရိုသည် သူ့စကားကို ရုတ်တရက်ဖြတ်လိုက်ပြီး သူ့အစ်ကိုကို ခေါ်ဆောင်ကာ ကမ်းပေါ်သို့ ခုန်တက်သွားတော့၏။

သူတို့က ရက်ပုချွန်တို့လူစုအား လုံးဝဂရုမစိုက်ကြချေ။ လှေပေါ်၌ ရှိနေသည်ဟူ၍ပင် သဘောထားဟန်မတူ။

ရက်ပုချွန်သည် ဤအချက်ကို လုံးဝမကျေနပ်ချေ။

မိမိတို့၏လှေပေါ်သို့ ပိုင်စိုးပိုင်နင်းတက်ရောက်လာပြီး မိမိတို့အား လုံးဝဂရုမစိုက်ခြင်းသည် မိမိတို့အား စော်ကားခြင်းဖြစ်သည်ဟု မှတ်ယူထား၏။

သို့သော် မိမိတို့၏လှေပေါ်တွင် မိမိတို့အား တကယ်အန္တရာယ်ပြုနိုင်သည့် အံ့ဖွယ်ငါးယောက်တို့ ရှိနေသဖြင့် ထိုမကျေနပ်ချက်ကို မည်သို့မျှ ထုတ်ဖော်ပြောခြင်းငှာ မစွမ်းနိုင်ဘဲ ဖြစ်နေကြတော့သည်။

အကယ်၍ ပြဿနာအရှင်းမတော်၍ တိုက်ကြခိုက်ကြလျှင် မိမိတို့ဝါဆန်းဂိုဏ်းသာ နစ်နာရပေလိမ့်မည်။

အံ့ဖွယ်ငါးယောက်တို့မှာမူ မျက်စိများမှိတ်၍ ဈာန်သမာပတ်ဝင်စားနေသကဲ့သို့ ငြိမ်သက်စွာထိုင်နေကြသည်။

သူတို့ကို ဤပုံစံအတိုင်းတွေ့ရသောအခါ ရက်ပုချွန်မှာ အကြီးအကျယ်စိတ်ရှုပ်သွားတော့၏။

ယခုအခြေအနေအတိုင်း လှေကို ကမ်းမှ ခွာစေလိုက်လျှင် အံ့ဖွယ်ငါးယောက်စလုံး လှေထဲသို့ ပါလာကြပေလိမ့်မည်။

အကယ်၍ သူတို့ပါလာမည်ကိုကြောက်၍ လှေမထွက်စေပါကလည်း မည်မျှအချိန်ကြာသည်အထိ ထိုင်နေကြမည် မသိနိုင်ပေ။

သူတို့အားလုံး တစ်စုံတစ်ခု သွားရောက်သတိပေးပါက အေးဆေးသက်သာစွာ လိုက်နာလျှင် အကြောင်းမဟုတ်။

ထ၍ တိုက်ခိုက်နေလျှင် မိမိတို့သာ ထိခိုက်ဒဏ်ရာ ရကြပေလိမ့်မည်။

ရက်ပုချွန်မှာ အဘက်ဘက် တွေးတောအဖြေရှာသော်လည်း အဖြေရှာ၍ မရနိုင်ဘဲ ဖြစ်နေ၏။

လောင်တက်နှင့် လိန်လိန်တို့မှာလည်း ဤအံ့ဖွယ်ငါးယောက်တို့၏ အစွမ်းကို သိရှိထားကြပြီးဖြစ်သည်။

ချန်ပုကို ဆွဲဖြသတ်ဖြတ်လိုက်သည့် မြင်ကွင်းသည် ယခုတိုင် သူတို့၏မျက်စိထဲမှ မထွက်ကြသေးပေ။

ထို့ကြောင့် ရင်ထဲတွင် တထိတ်ထိတ် ဖြစ်နေကြတော့၏။

သူတို့အားလုံး ဤမျှ ထိတ်လန့် အခက်တွေ့နေကြစဉ် လင့်ဟူချုံးသည် လှေပဲ့ပိုင်းသို့ လျှောက်သွားနေကြောင်း တွေ့လိုက်ကြရ၏။

လင့်ဟူချုံးက အံ့ဖွယ်ငါးယောက်တို့အား ...

"ဟေ့ ... ခင်ဗျားတို့ငါးယောက် ဒီမှာ ဘာထိုင်လုပ်နေကြတာလဲ"

ထောင်ကန်းက ...

"ငါတို့ ဘာလုပ်လို့လဲကွ၊ ဒီမှာ ငြိမ်ငြိမ်လေးထိုင်နေကြတာပဲ၊ ဘာဆိုဘာမှ မလုပ်ပါဘူး"

လင့်ဟူချုံးက ...

"ကျုပ်တို့လှေထွက်တော့မယ်ဗျ၊ ခင်ဗျားတို့ ဒီမှာထိုင်နေရင် လှေနဲ့ပါလာတော့မှာပေ့၊ ကဲ ... ကဲ ... ကမ်းပေါ်တက် ကြပေတော့ .... "

ထောင်ကန်းက ...

"ဟာ ... မဖြစ်ဘူး ... မဖြစ်ဘူး၊ ပိန်ရိက ငါတို့ကို လှေပဲ့ပိုင်းမှာ ငြိမ်ငြိမ်ကလေး ထိုင်နေရမယ်၊ စကားလုံးဝ မပြောရဘူး လို့မှာထားတယ်၊ နို့မို့ဆိုရင် ငါတို့ညီလေးထောင်ဆက်ကို သွားသတ်ခိုင်းမယ်တဲ့၊ သူ့စကားကို ငါတို့ ဘယ် လွန်ဆန်လို့ ဖြစ်မှာလဲ၊ ဒါကြောင့်မို့ ငါတို့ ဘယ်ကိုမှလျှောက်မသွားရဲဘူး၊ ပိန်ရိစိတ်ဆိုးသွားရင် ခက်မယ်"

လင့်ဟူချုံးသည် ထောင်ကန်း၏စကားကို အလွန်ရယ်ချင်နေမိ၏။ သို့သော် လုံးဝမရယ်ဘဲ စကားဆက်ပြောလိုက် သည်။

"ပိန်ရိက အစောကြီးကတည်းက ကမ်းပေါ်တက်သွားပြီ၊ ခင်ဗျားတို့ကို သူ မချုပ်ချယ်တော့ပါဘူး၊ ခင်ဗျားတို့ ကမ်း ပေါ်တက်ပြီး သွားချင်ရာသွားလို့ရပါပြီ"

ထောင်ဝါးက ခေါင်းကို တွင်တွင်ခါ၍ ...

"ဟာ ... မဖြစ်ဘူး ... မဖြစ်ဘူး၊ ပိန်ရိက ကမ်းပေါ်မှာရှိနေတာ၊ တော်တော်ကြာ ငါတို့ ကမ်းပေါ်လျှောက်သွားနေရင် သူ မြင်သွားလိမ့်မယ်၊ အဲဒါမှ ဒုက္ခဖြစ်မှာ" ဟု ပြောလေတော့၏။

ထိုစဉ် ကမ်းပေါ်မှ အက်ကွဲနေသော အသံတစ်ခုက ...

"ဟို သရဲလိုလို လူလိုလို အကောင်ငါးကောင် ဒီလှေပေါ်မှာ ရှိသလားဟေ့" ဟု မေးသံကြားလိုက်ရတော့၏။

ထောင်ရှမ်းက ...

"ဟေ့ ... အဲဒါ ငါတို့ကိုပြောနေတာနဲ့ တူတယ်"

ထောင်ကန်းက ...

"မဟုတ်တာကွာ၊ ဘယ်ကလာ ငါတို့ကိုပြောတာ ဟုတ်ရမှာလဲ၊ ငါတို့က သရဲလိုလို လူလိုလို ထင်ရလောက်အောင် ရုပ်ဆိုးနေကြလို့လား"

အံ့ဖွယ်ငါးယောက်ထံမှ ပြန်ကြားသံမကြားရသဖြင့် ကမ်းပေးမှ ထပ်အော်ပြန်သည်။

"ဟေ့ ... ဘယ်လိုလဲ၊ ဘာမှပြန်မပြောကြဘူးလား၊ ဒီမှာ လူလိုလို သရဲလိုလို အကောင်တစ်ကောင်ရှိနေတယ်၊ ပိန်ရိက ထပ်ပြီးကုပေးထားလို့ အခု အကောင်းပကတိဖြစ်သွားပြီ၊ မင်းတို့လာမခေါ်ရင် မြစ်ထဲ ပစ်ချလိုက်မယ်"

အံ့ဖွယ်ငါးယောက်တို့သည် ထိုစကားကို ကြားလိုက်ရသောအခါ လှေပေါ်မှ 'ဂုန်း' ခနဲ 'ဂုန်း' ခနဲ ခုန်ဆင်းသွားကြ တော့သည်။

ထိုကမ်းပေါ်ရှိ ပိန်ပိန်ပါးပါး မိန်းမတစ်ယောက်၏ လက်ထဲတွင် အထမ်းတစ်ခု ရှိနေသည်ကို တွေ့ကြရ၏။ ထို အထမ်းပေါ်တွင် ထောင်ဆက်တစ်ယောက် ငိုင်တိငိုင်တိုင် ထိုင်နေ၏။

ထောင်ရှမ်းက ထိုမိန်းမကြီးကို လှမ်းအော်လိုက်သည်။

"ကျုပ်တို့ရဲ့ညီကို မြစ်ထဲ ပစ်မချနဲ့နော်၊ ကျုပ်တို့လာခေါ်မယ်"

ကမ်းပေါ်သို့ရောက်သောအခါ ထောင်ကန်းက ထိုမိန်းမကြီးအား ပြောလိုက်သည်။

"ခင်ဗျားက ဘာဖြစ်လို့ မဟုတ်တရုတ်တွေ လျှောက်အော်နေရတာလဲ၊ ကျုပ်တို့ကိုများ လူလိုလို သရဲလိုလိုတဲ့၊ ကျုပ်တို့က ဒီလောက် ရုပ်ဆိုးနေလို့လား"

ထမ်းစင်ပေါ်မှ ထောင်ဆက်ကလည်း ဒေါသတကြီးဖြင့် မိန်းမကြီးအား ရန်တွေ့နေပြန်သည်။

"ခင်ဗျားရဲ့ ရုပ်ကိုလည်း ခင်ဗျားပြန်ကြည့်စမ်းပါဦး၊ ကျုပ်တို့ညီအစ်ကိုခြောက်ယောက်နဲ့ ဘယ်သူက ပိုလှသလဲ ဆိုတာ"

ယခုကဲ့သို့ ထောင်ဆက်တစ်ယောက် ထိုမိန်းမကြီးထံသို့ ပြန်ရောက်နေရခြင်းမှာ ထောင်ဆက်၏ ဒဏ်ရာသည် လူကောင်းနီးပါးမျှ သက်သာခဲ့ပြီဖြစ်သော်လည်း သွေးထွက်လွန်ခဲ့သဖြင့် အတော်အတန်ဝေးသည့်နေရာသို့ မလျှောက်နိုင်ဘဲ မူးမေ့လဲကျသွားသဖြင့် ထိုမိန်းမကြီးက ပိန်ရိထံသို့ ပြန်ခေါ်သွားပြီး ထပ်မံကုသပေးရခြင်းကြောင့် ဖြစ်သည်။

ယခု ထောင်ဆက်တစ်ယောက် ဒဏ်ရာကြောင့်လည်းကောင်း၊ သွေးထွက်လွန်မှုကြောင့် လည်းကောင်း၊ ပင်ပန်းနွမ်းနယ် နေသော်လည်း သူ့ပါးစပ်ကမူ လုံးဝမလျှော့သေးဘဲရှိနေ၏။ ထိုမိန်းမကြီးကိုပင် ရန်စကားပြောနေသေးသည်။

ထိုမိန်းမကြီးက အေးစက်သောလေသံဖြင့် မေးလိုက်၏။

"ဟေ့ကောင်တွေ ... မင်းတို့ကို ငါမေးမယ်၊ မင်းတို့သိကြရဲ့လား၊ ပိန်ရိဟာ ဒီလောကမှာ ဘယ်သူ့ကို အကြောက်ဆုံးလဲဆိုတာကို"

ထောင်ဆက်အပါအဝင် အံ့ဖွယ်ခြောက်ယောက်စလုံးက သိလိုဇောဖြင့် မေးမြန်းလိုက်ကြ၏။

"မသိဘူး ... သူက ဘယ်သူ့ကို အကြောက်ဆုံးလဲ၊ ခင်ဗျားပဲ ပြောပြပါဦး"

ထိုမိန်းမကြီးက ပြတ်တောင်းစွာ ပြောပြ၏။

"သူအကြောက်ဆုံးကတော့ သူ့ရဲ့မိန်းမပဲ"

အံ့ဖွယ်ခြောက်ယောက်တို့သည် မျှော်လင့်သည်ကတခြား၊ ကြားရသည်ကတစ်ဖုံ ဖြစ်နေသဖြင့် အူတက်မတတ် တဟားဟား ရယ်မောနေကြတော့၏။ သူတို့၏စိတ်ဓာတ်များမှာ သွပ်ချောင်ချောင်ဖြစ်နေသဖြင့် ငိုစရာရှိလျှင် အရမ်းငိုမည့်သူများ၊ ရယ်စရာရှိလျှင် အရမ်းရယ်မည့်လူများ ဖြစ်ကြ၏။ သူတို့၏စိတ်ဓာတ်၌ ဆင်ခြင်ထိန်းသိမ်းနိုင်သော အသိဉာဏ် နုံနဲ့နေပေသည်။ သူတို့ခြောက်ယောက်စလုံးက

"ဟား ... ဟား ... ဟား၊ လူသတ်သမားတော်ကြီးက မိန်းမကြောက်သတဲ့၊ ဟား ... ဟား ... ဟား၊ တကယ် ရယ်စရာ ကောင်းတာပဲ"

ထိုမိန်းမကြီးက အေးစက်မာကျောစွာဖြင့် ...

"မင်းတို့က ဘာရယ်စရာကောင်းနေတာလဲ၊ ငါက သူ့မိန်းမပဲ" ဟု ပြောလိုက်တော့၏။

အံ့ဖွယ်ခြောက်ယောက်တို့မှာ ချက်ချင်းလိုလိုပင် အရယ်ရပ်သွားကြတော့၏။

ထိုမိန်းမကြီးက ...

"ပိန်ရိဟာ ဘယ်သူက အမိန့်ပေးပေး၊ သူလုပ်ချင်စိတ်ရှိမှ လုပ်တယ်၊ လုပ်ချင်စိတ်မရှိရင် ဘယ်တော့မှ မလုပ်ဘူး၊ ခြောက်လည်း မကြောက်ဘူး၊ မြှောက်လည်းမမြှောက်ဘူး၊ ဒါပေမယ့် ငါက အမိန့်ပေးလိုက်ရင်တော့ သူ့ဘာသာ လုပ်ချင်စိတ် ရှိရှိ မရှိရှိ ငါခိုင်းတာတော့ ချက်ချင်းလုပ်ရတာပဲ၊ မလုပ်ဘဲ ဘယ်တော့မှ မနေရဲဘူး"

ထိုမိန်းမကြီးသည် သူ၏စကားကို ခေတ္တရပ်လိုက်သည်။ အံ့ဖွယ်ခြောက်ယောက်တို့မှာလည်း မျက်နှာငယ်ကလေးများဖြင့် ကြည့်နေကြသည်။ ထိုမိန်းမကြီးက ဆက်၍ ...

"ငါက ဘယ်သူ့ကို သတ်ချင်တယ်လို့သာ သူ့ကိုပြောလိုက်၊ ပိန်ရိက အဲဒီလူကိုသတ်ဖို့ မင်းတို့ကို ချက်ချင်းလာခိုင်းမှာပဲ" ဟု ပြောလိုက်တော့သည်။

ထိုအခါ အံ့ဖွယ်ခြောက်ယောက်တို့မှာ ကမန်းကတမ်းဖြင့် ...

"ဟုတ်ကဲ့ခင်ဗျာ ...၊ ဟုတ်ကဲ့၊ သမားတော်ကြီးကတော်က ဘယ်သူ့ကိုများ သတ်ပေးစေချင်ပါသလဲ၊ ပြောပါ ... ပြောပါ၊ သမားတော်ကြီးကတော်ရဲ့ စိတ်အလိုကျ ဖြစ်ရပါစေ့မယ်" ဟု ရိုသေလေးစားစွာ ပြောကြပြန်သည်။

ထိုမိန်းမကြီးသည် လှေကြီးဘက်သို့ လှမ်းကြည့်လိုက်တော့သည်။ သူမ၏မျက်လုံးများသည် ရှေးဦးစွာ ရက်ပုချွန်ထံသို့ ရောက်ရှိလာသည်။ ထိုမှတစ်ဆင့် ဖူးလင်၊ ဖူးလင်ကတစ်ဆင့် လိန်လိန်ထံသို့ ရောက်ရှိလာပြန်သည်။

လူတိုင်းမှာ သူမ၏အကြည့်ကြောင့် ကြက်သီးမွေးညင်း ထနေကြတော့၏။ သူမ၏ မျက်လုံးများထဲတွင် သွေးဆာသော အရိပ်အယောက်များ တွေ့နေရ၏။ ထိုမိန်းမကြီးကသာ တစ်ယောက်ယောက်ကို လက်ညှိုး ထိုးလိုက်သည်နှင့် ထိုအထိုးခံရသူမှာ အံ့ဖွယ်ငါးယောက်တို့၏လက်ချက်ဖြင့် ခန္ဓာကိုယ်အစိတ်အပိုင်းများ အစိတ်စိတ် အမွှာမွှာ ဆွဲဖြဲဖျက်ဆီး အသတ်ခံရပေတော့မည်။ ရက်ပုချွန်ကဲ့သို့သော ထိပ်သီးသိုင်းသမားကြီးတစ်ယောက်ပင် ထိုအံ့ဖွယ်ငါးယောက်၏လက်မှ လွတ်အောင်ရှောင်နိုင်လိမ့်မည် မဟုတ်ချေ။

သို့သော် ထိုမိန်းမကြီး၏ မျက်လုံးများက အံ့ဖွယ်ငါးယောက်ထံသို့ ပြန်လည်ဆိုက်ရောက်သွားသဖြင့် ရက်ပုချွန်အစရှိသော ဝါဆန်းဂိုဏ်းသားအားလုံးမှာ ထိုအချိန်ကျမှ အသက်ရှူရန် သတိရကြတော့၏။ သက်ပြင်းရှည်ကြီးများ ချလိုက်မိ ကြတော့သည်။

အံ့ဖွယ်ခြောက်ယောက်တို့မှာမူ စောစောက ရက်ပုချွန်နှင့်တကွ ဝါဆန်းဂိုဏ်းသားများ ခံစားရသည့် တုန်လှုပ်ချောက်ချားမှုများကို ယခုအချိန်ကျမှ ခံစားနေကြရတော့၏။ အဘယ်ကြောင့်ဆိုသော် ထိုမိန်းမကြီးသည် သူတို့အံ့ဖွယ်ခြောက်ယောက်တို့ကို တစ်ယောက်ပြီးတစ်ယောက် အသေအချာကြည့်နေသောကြောင့် ဖြစ်ပေသည်။

ထိုမိန်းမကြီးက 'အဟမ်း' ဟု ချောင်းတစ်ချက် ဟန့်လိုက်သည်။ အံ့ဖွယ်ခြောက်ယောက်တို့မှာ လန့်သွားကြပြီး အားလုံးတစ်ပြိုင်တည်းပင် ...

"ဟုတ်ကဲ့ ... ဟုတ်ကဲ့" ဟု ယောင်ယမ်းပြောမိကြတော့၏။

ထိုမိန်းမကြီးက နောက်တစ်ကြိမ် ချောင်းဟန့်ပြန်သည်။ အံ့ဖွယ်ခြောက်ယောက်တို့က 'ဟုတ်ကဲ့ ... ဟုတ်ကဲ့' ဟု ထပ်မံ ပြောကြပြန်သည်။

ထိုမိန်းမကြီးက ...

"အခုအချိန်မှာတော့ ဘယ်သူ့ကိုသတ်ရမယ်ဆိုတာတော့ ငါစဉ်းစားလို့မရသေးဘူး၊ ဒါပေမယ့် ပိန်ရိက ငါ့ကို ပြောလိုက်တာ တစ်ခုတော့ရှိတယ်၊ ဟောဒီလှေကြီးထဲမှာ လင့်ဟူချုံးဆိုတဲ့ လူတစ်ယောက်ရှိတယ်တဲ့၊ အဲဒီလူငယ်လေးကို သူသိပ် လေးစားတယ်တဲ့၊ ဒီတော့ ငါ မင်းတို့ကို အမိန့်ပေးလိုက်မယ်၊ မင်းတို့ အဲဒီ လင့်ဟူချုံးဆိုတဲ့ လူငယ်ကို ကောင်းကောင်း ပြုစုစောင့်ရှောက်ရမယ်၊ သူသေတဲ့အထိ စောင့်ရှောက်ရမယ်၊ သူခိုင်းသမျှကို မင်းတို့ ဆောင်ရွက်ပေးရမယ်၊ သူ့စကားကို နားထောင်ရမယ်"

အံ့ဖွယ်ခြောက်ယောက်တို့မှာ ခေါင်းကုတ်သူကုတ်၊ ကျောကုတ်သူကုတ် ဖြစ်သွားကြပြီး ...

"သူသေတဲ့အထိ ... ဟုတ်လား" ဟု ပြန်မေးလိုက်ကြ၏။

ပိန်ရိ၏ဇနီးဖြစ်သော ထိုမိန်းမကြီးက ...

"ဟုတ်တယ်၊ သူသေတဲ့အထိ စောင့်ရှောက်ရမယ်၊ သူသေတဲ့အထိဆိုလို့ မင်းတို့ သိပ်ကြောက်မသွားကြပါနဲ့ဦး၊ ရက်တစ်ရာလောက် စောင့်ရှောက်ကြရမှာပါ၊ သူ့မှာ ဒဏ်ရာ ပြင်းပြင်းထန်ထန်ရထားတယ်၊ သူ့ဒဏ်ရာကို ရက်တစ်ရာလောက်

အသက်ဆက်နိုင်အောင် ပိန်ရိ ဆေးပေးထားတယ်၊ ဒီရက်အတွင်းမှာ မင်းတို့က သူ့ရဲ့စကားကို ကောင်းကောင်း နားထောင်ရမယ်”

အံ့ဖွယ်ခြောက်ယောက်တို့သည် ရက်တစ်ရာခန့်သာ စောင့်ရှောက်ရမည်ဟု ကြားသိလိုက်ရသောအခါ အလွန်ဝမ်းသာသွားကြတော့၏။ ဤရက်လောက်ကိုတော့ သူတို့က ကြာသည်ဟု မထင်မှတ်ကြပေ။ သူတို့အားလုံးက ...

“သူ့ကို ... ရက်တစ်ရာလောက် စောင့်ရှောက်ရမယ်ဆိုတာလောက်တော့ ဖြစ်နိုင်ပါတယ်၊ ကျုပ်တို့ တာဝန်ခံပါတယ်”

လင့်ဟူချုံးက ဝင်၍ငြင်းဆိုရန် ဟန်ပြင်လိုက်သည်။ သို့သော် သူပြောချိန်မရတော့၊ ထိုမိန်းမကြီးက ...

“လင့်ဟူချုံးရဲ့ဒဏ်ရာက မင်းတို့ခြောက်ယောက်ရဲ့ လက်ချက်ကြောင့် ဖြစ်ရတာပဲ၊ မင်းတို့သာ ငါခိုင်းတဲ့အတိုင်း မလုပ်ရင် မင်းတို့ညီအစ်ကိုထဲက တစ်ယောက်ယောက်ကို သတ်ခိုင်းမယ်၊ ဒါပဲ”

ထိုအခါ ထောင်ဝါးက ...

“လင့်ဟူချုံးရဲ့ ဒဏ်ရာက ငါတို့ကြောင့်ရလာတာဆိုတော့ ငါတို့ သူ့ကိုပြန်စောင့်ရှောက်တာဟာ အင်မတန် လျော်ကန်သင့်မြတ်တယ်၊ ယောကျ်ားဆိုတာ ကိုယ့်တာဝန်ကိုယ်သိရမယ်၊ မှားရင်လည်း ပြင်တတ်ရမယ်”

ထောင်ကျက်က ...

“ဟုတ်တယ် ... ၊ ယောကျ်ားဆိုတာ ကိုယ့်မိတ်ဆွေအတွက် နံကြားမှာ ဓားနှစ်ချောင်း ထိုးစိုက်ခံနေရရင်တောင် အကူအညီပေးရမယ်၊ အခုလို ငါတို့ကြောင့် ဒုက္ခဖြစ်ရတဲ့လူကို ပြန်ကူညီရတာကိုတော့ စကားထဲ ထည့်မပြောနဲ့တော့”

ထောင်ဆက်ကလည်း ဝင်ပြောပြန်သည်။

“အခု ငါဒဏ်ရာရတာကို တစ်ယောက်ယောက်က ပြုစုစောင့်ရှောက်ခဲ့လို့ အခု ငါပြန်ကောင်းနေပြီ၊ ဒီတော့ ငါကလည်း ဒဏ်ရာရနေတဲ့ အခြားတစ်ယောက်ယောက်ကို ပြန်ကူညီစောင့်ရှောက်ရမှာပဲ၊ အပြန်အလှန်ဆိုတော့ အားလုံးဘယ်သူမှ မနစ်နာပါဘူး”

အမှန်စင်စစ် ဤစကားများကို သူတို့အားလုံး အကြောင်းမဲ့ပြောနေကြခြင်းမဟုတ်ပေ။ သူတို့အနေဖြင့် လင့်ဟူချုံးအား စောင့်ရှောက်ရန် တာဝန်ကို လိုလိုချင်ချင်ယူလိုကြကြောင်း သမားတော်ကြီးကတော်ကို သိစေရန် တမင်ပြောကြားနေခြင်းဖြစ်ကြ၏။ ဤသို့ မပြောကြားပါက သမားတော်ကြီးကတော်က စိတ်ဆိုးပြီး သူတို့ညီအစ်ကိုထဲမှ တစ်ယောက်ယောက်အား သတ်ခိုင်းမည်ကို စိုးရိမ်သောကြောင့်သာဖြစ်၏။

ထိုမိန်းမကြီးကမူ သူတို့၏စကားကို လုံးဝဂရုမစိုက်တော့ဘဲ လာလမ်းအတိုင်း ပြန်လှည့်သွားတော့၏။ ထိုအခါ ထောင်ကျက်နှင့် ထောင်ကန်းတို့က ထောင်ဆက်၏ ထမ်းစင်ကို ဝင်ထမ်းလျက် လှေပေါ်သို့ ခုန်တက်လာကြတော့၏။ ကျန်လူများကလည်း လိုက်၍ ခုန်တက်လာကြသည်။ ရက်ပုချွန်မှာမူ သူတို့အား ငေးကြည့်နေမိတော့၏။

အံ့ဖွယ်ခြောက်ယောက်တို့က အော်လိုက်ကြသည်။

“ကဲ ... လူစုံပြီ ... လူစုံပြီ ... လှေထွက်တော့”

လင့်ဟူချုံးမှာ အခြေအနေကို သုံးသပ်နေ၏။ ယခုအခြေအနေမျိုး၌ ဤအံ့ဖွယ်ခြောက်ယောက်တို့အား သူတို့လှေနှင့် လိုက်ပါခြင်းမပြုရန် မည်သို့မျှ တားမြစ်နိုင်တော့မည်မဟုတ်ချေ။ ထို့ကြောင့် ကြိုကြိုတင်တင်နှင့် ပြောစရာရှိသည့်စကားကို စပြောတော့၏။

“ဒီမှာ ... ခင်ဗျားတို့ခြောက်ယောက် ကျုပ်တို့နဲ့အတူတူ လိုက်ချင်ရင် လိုက်နိုင်တယ်၊ ဒါပေမယ့် ကျုပ်ဆရာနဲ့ ကျုပ်ဆရာမ ကိုတော့ မရိုမသေ မလေးမစား မလုပ်ရဘူး၊ ရိုရိုသေသေ လေးလေးစားစား ဆက်ဆံရမယ်၊ ဒါက ကျုပ်ပထမဆုံး ပြောတဲ့စကားပဲ၊ ကျုပ်စကားကို နားထောင်ရင် ကျုပ်တို့နဲ့ အတူတူလိုက်နိုင်တယ်၊ ကျုပ်စကားကို နားမထောင်ဘူးဆိုရင်တော့ ကျုပ်ကို စောင့်ရှောက်စရာလည်း မလိုတော့ဘူး၊ ဒီကနေ ပြန်ဆင်းကြပေတော့”

ထောင်ရက်က ... “ငါတို့ အံ့ဖွယ်ခြောက်ယောက်က သိပ်ပြီးယဉ်ကျေးသိမ်မွေ့တဲ့ လူတွေပါကွာ၊ ငါတို့အကြောင်းကို လူတိုင်းလိုလို သိကြပါတယ်၊ မင်းရဲ့ဆရာနဲ့ဆရာမကို မပြောနဲ့၊ မင်းရဲ့ညီမလေးတွေ ညီလေးတွေကိုပါ ငါတို့က ရိုရိုသေသေ လေးလေးစားစား ဆက်ဆံမှာပါ”

လင့်ဟူချုံးက ရက်ပုချွန်ဘက်သို့လှည့်၍ ...

"ဆရာ ... သူတို့က ကျွန်တော်တို့နဲ့ လိုက်မယ်တဲ့၊ ဆရာ့အနေနဲ့ ဘယ်လိုသဘောရသလဲဆရာ" ဟု မေးလိုက်သည်။

ရက်ပုချွန်က ဤအခြေအနေကို ကောင်းစွာ ခန့်မှန်းပြီးလေပြီ၊ ဤခြောက်ယောက်အား မည်သို့မျှ လက်မခံ၍ မဖြစ်ကြောင်း သိရှိပြီးဖြစ်၏။ ထို့ကြောင့် ...

"ကောင်းပြီလေ၊ သူတို့လိုက်ချင်တယ်ဆိုရင်လည်း ငါမတားလိုတော့ပါဘူး၊ ဒါပေမယ့် ငါက ဆူဆူပူပူတော့ မကြိုက်ဘူး၊ ငြိမ်ငြိမ်ဆိတ်ဆိတ်နေတာကိုပဲ ကြိုက်တယ်၊ သူတို့ လေ့ပေါ်မှာ တစ်ယောက်တစ်ပေါက် စကားများနေရင်တော့ မဖြစ်ဘူး၊ ငါ နားပူမခံနိုင်ဘူး"

ထောင်ကန်းကဝင်၍ ...

"ဆရာကြီး ... ဒီနေရာမှာတော့ ဆရာကြီးရဲ့စကားက မှားသွားပြီ၊ လူဆိုပြီး ဒီလောကထဲ ရောက်လာကြတဲ့လူတိုင်းမှာ ဘာဖြစ်လို့ ပါးစပ်ပါလာရတာလဲ၊ ပါးစပ်က စားဖို့အပြင် စကားပြောဖို့၊ ဘာဖြစ်လို့ နားရွက်နှစ်ဖက်ပါလာရတာလဲ၊ ဒါကလည်း သူများစကားပြောတာကို နားထောင်ဖို့၊ ဆရာကြီးက ဒီလို ငြိမ်ငြိမ်ဆိတ်ဆိတ်နဲ့ နေချင်တယ်၊ စကားမပြောချင်ဘူး၊ သူများပြောတာကိုလည်း နားညည်းတယ်ဆိုတော့ ဒါက ဘုရားပေးထားတဲ့ ပါးစပ်နဲ့ နားနှစ်ဖက်ကို အလွဲသုံးစားလုပ်ရာ ကျနေတာပေါ့" ဟု ပြောလေသည်။

ရက်ပုချွန်သည် ထိုသူများအကြောင်းကို ကောင်းစွာသိရှိပြီးလေပြီ၊ ထောင်ကန်း၏ စကားတစ်လုံးတစ်လေကို ချေပမိပါက ကျန်ငါးယောက်တို့သည် မိမိအား စကားစစ်ထိုးပွဲ ဆင်နွှဲကြပေတော့မည်။

သူတို့၏ စကားများမှာ ယုတ္တိရှိလှသည်မဟုတ်၊ ပြောချင်ရာကို ကတ်ကတ်သတ်သတ် စွပ်ပြောကြသည်ဖြစ်ရာ မိမိမှာ အလူးအလဲ ခံသွားရမည်ကို သိရှိလိုက်ပေသည်။

သူတို့အား စကားစစ်ထိုးရာတွင်လည်း နိုင် နိုင်မည်မဟုတ်၊ သူတို့နှင့် တိုက်ခိုက်လျှင်လည်း နိုင် နိုင်မည်မဟုတ်သဖြင့် အသာနှုတ်ဆိတ် နေလိုက်ရတော့၏။

လှေသူကြီးဘက်သို့လှည့်ကာ ...

"လှေသူကြီး ... လှေထွက်ပေတော့" ဟု အမိန့်ပေးလိုက်တော့၏။

ထိုအခါ ထောင်ရက်ကဝင်၍ ...

"ဆရာကြီး ... ဆရာကြီးက ဆိတ်ဆိတ်နေတာကိုပဲ ကြိုက်တယ်၊ စကားများတာကို မကြိုက်ဘူးဆို၊ ဒါဖြင့် လှေသူကြီးကို လှေထွက်ဖို့ ဘာဖြစ်လို့ စကားနဲ့ပြောရတာလဲ၊ စကားမပြောနဲ့ပေါ့၊ လက်ဟန်ခြေဟန်နဲ့ ပြလိုက်ရင် ရပါတယ်" ဟု ပြောပြန်သည်။

ထောင်ကန်းက ...

"လှေသူကြီးက ပဲ့ပိုင်းမှာရှိနေတာကွ၊ မင်းက ဒီနေရာက လက်ဟန်ခြေဟန်နဲ့ပြလို့ လှေသူကြီးက ဘယ်မြင်နိုင်မလဲ၊ ဒါကြောင့်မို့ စကားနဲ့ပြောရတာပေါ့ကွ"

ထောင်ရှမ်းက ...

"လှေပဲ့ပိုင်းကိုသွားပြီး လက်ဟန်ခြေဟန်နဲ့ပြလို့ကတော့ မရဘူးလား"

ထောင်ဝါးက ...

"တကယ်လို့ လှေသူကြီးက မင်းရဲ့ ခြေဟန်လက်ဟန်ကို နားမလည်ဘဲ လှေထွက်ခိုင်းတာကို လှေမှောက်ခိုင်းတယ်လို့ ထင်သွားရင် ဒုက္ခမရောက်ကုန်ဘူးလား"

ရက်ပုချွန်သည် အံ့ဖွယ်ခြောက်ယောက်တို့အား စိတ်ပျက်လက်ပျက်ဖြင့် ကြည့်နေမိတော့၏။

× × × × × ×

## အကောင်းဆုံးအရက်

အံ့ဖွယ်ခြောက်ယောက်တို့၏ အော်ဟစ်ငြင်းခုံသံများနှင့်အတူ လှေကြီးမှာ ကမ်းမှ ထွက်ခွာလာတော့သည်။

ရက်ပုချွန်တို့ လင်မယားမှာ လင့်ဟူချုံးကိုကြည့်လိုက်၊ အံ့ဖွယ်ခြောက်ယောက်တို့ကို ကြည့်လိုက်နှင့် ဖြစ်ပေါ်လာသည့် အခြေအနေများကို အကျိုးနှင့်အကြောင်းနှင့် ဆက်စပ်စဉ်းစားနေကြသည်၊ သူတို့၏စိတ်ထဲတွင် ...

"လူသတ်သမားတော်ကြီးပိန်ရိက ပြောတယ်၊ သူ့ကို လူတစ်ယောက်က ခိုင်းလိုက်လို့ လင့်ဟူချုံးရဲ့ဒဏ်ရာကို လာကုပေးတာတဲ့၊ သူ့လေသံကိုထောက်ရင် သူ့ကိုခိုင်းလိုက်တဲ့လူဟာ သိုင်းလောကမှာ အတော်ကို အဆင့်မြင့်မားပုံရတယ်၊ အဲဒီလူက ငါလို ဝါဆန်းဂိုဏ်းချုပ်တစ်ယောက်ကိုတောင် အရေးမစိုက်ဘဲနဲ့ ဘာကြောင့် ဝါဆန်းဂိုဏ်းထဲက ငါ့တပည့် တစ်ယောက်ကိုတော့ ဒီလောက် လေးလေးစားစား ဂရုတစိုက် လုပ်နေရတာလဲ၊ လင့်ဟူချုံးကို ကုခိုင်းလိုက်တဲ့လူဟာ ဘယ်သူများ ဖြစ်နေမလဲမသိဘူး" ဟု တွေးတောနေမိကြတော့သည်။

ရက်ပုချွန်နှင့် လင့်ဟူချုံးတို့၏ ဆက်ဆံရေးအခြေအနေမှာ ယခင့်ယခင် အခါများကကဲ့သို့ မဟုတ်ဘဲ လွန်စွာဆိုးဝါးနေခဲ့ကြသည်။ ရက်ပုချွန်တို့ လင်မယားနှစ်ယောက်စလုံးက လင့်ဟူချုံးအပေါ် သံသယရှိနေကြသဖြင့် လင့်ဟူချုံးကို ကုသခိုင်းသူနှင့် ပတ်သက်၍ ပွင့်ပွင့်လင်းလင်း ခေါ်မေးသင့်သော်လည်း မမေးတော့ဘဲ ဘာသိဘာသာပင် မသိလိုက်မသိဘာသာ နေလိုက်ကြတော့၏။

ထိုနေ့ညတွင် သူတို့သည် ကမ်းတစ်နေရာသို့ ဆိုက်ကပ်လိုက်ပြီး ညစာစားသောက်ရန် ပြင်ဆင်ကြတော့သည်။

ထိုစဉ် ကမ်းပေါ်မှ လူတစ်ယောက်၏လှမ်းမေးသံကို ကြားလိုက်ရတော့သည်။

"တဆိတ်လောက်မေးပါရစေဗျာ၊ ဝါဆန်းဂိုဏ်းက ဆရာကြီးတွေ ဒီလှေကြီးပေါ်မှာ ရှိကြပါသလားခင်ဗျာ"

ရက်ပုချွန်မဖြေရသေးမီ ထောင်ကျက်က ကသောကမျော ဝင်ပြောတော့၏။

"အံ့ဖွယ်ခြောက်ယောက်နဲ့ ဝါဆန်းဂိုဏ်းက ဆရာကြီးတွေအားလုံး ဒီလှေကြီးတွေပေါ်မှာ ရှိကြပါတယ်၊ ခင်ဗျားက ဘာကိစ္စနဲ့ လာမေးရတာလဲ"

ထိုအခါ ကမ်းပေါ်မှလူ၏အသံသည် အလွန်တရာ ဝမ်းမြောက်ဝမ်းသာဖြစ်သွားဟန်ဖြင့် ...

"ဟား ... နေရာကျပြီ၊ သိပ်ကောင်း အလွန်ကောင်းပဲ ... ၊ ကျွန်တော်တို့ ဒီနေရာက စောင့်နေကြရတာ တစ်ရက်နဲ့တစ်ညရှိသွားပြီ၊ ဟော့ ... မြန်မြန်ယူလာခဲ့ကြ" ဟု ပြောလေတော့သည်။

ထိုအခါ လူဆယ်ယောက်က သေတ္တာကြီးတစ်ခုကိုထမ်း၍ လှေပေါ်သို့ တက်လာကြတော့သည်။ သူတို့ထဲမှ တစ်ယောက်က ခါးကိုကိုင်း၊ ဦးကိုညွတ်၍ အရိုအသေပေးပြီး ...

"ကျွန်တော်တို့ရဲ့ဆရာကြီးက နောင်တော်ကြီးလင့်ဟူချုံး ကျန်းမာရေး မကောင်းဘူးဆိုတာကြားလို့ အင်မတန်စိတ်ပူနေပါတယ်၊ အမှန်ဆိုရင် ကိုယ်တိုင်တောင်လာကြည့်ဖို့ပါပဲ၊ ဒါပေမယ့် ခရီးလွန်နေလို့ ပြန်မလာနိုင်ဘဲ ဖြစ်နေရပါ

တယ်၊ ဒါကြောင့် ကျွန်တော်တို့ကို စေလွှတ်ပြီး လက်ဆောင်ပစ္စည်းတွေကို ပို့ခိုင်းလိုက်တာပါပဲ၊ နောင်တော်ကြီး လင့်ဟူချုံးအနေနဲ့ လက်ခံပါနော်” ဟု ရိုသေလေးစားစွာ ပြောလေတော့သည်။

လင့်ဟူချုံးမှာ အံ့သြလွန်းလှသဖြင့် ပါးစပ်အဟောင်းသားနှင့် ဖြစ်နေတော့၏။ လင့်ဟူချုံးက ...

“ခင်ဗျားတို့ရဲ့ဆရာကြီးက ဘယ်သူလဲ”

ထိုလူက လင့်ဟူချုံး၏အမေးကို ပြန်မဖြေ၊ သူပြောချင်ရာကိုသာ ပြောတော့၏။

“နောင်တော်ကြီးလင့်ဟူချုံး အမြန်ပြန်ပြီး ကျန်းမာလာပါစေလို့ ကျွန်တော်တို့အားလုံးက ဆုတောင်းပေးပါတယ်၊ ကျွန်တော်တို့ကို ခွင့်ပြုပါဦးခင်ဗျာ”

စကားဆုံးသည်နှင့် သူ့လူများကို သေတ္တာများချလိုက်ရန် အချက်ပေးလိုက်၏။ ပြီးသည်နှင့် လင့်ဟူချုံးကို အရိုအသေပေးကာ ထွက်သွားကြတော့၏။

လင့်ဟူချုံးက တအံ့တသြဖြင့် ...

“ဒါ ... ဒါ ဘယ်သူကများ ပေးလိုက်တဲ့ လက်ဆောင်တွေပါလိမ့်၊ ထူးဆန်းလှချည်လား” ဟု ရေရွတ်နေမိတော့၏။

အံ့ဖွယ်ခြောက်ယောက်တို့မှာ တည်တည်ငြိမ်ငြိမ် နေနိုင်ကြသူများ မဟုတ်ပေ။ မျောက်များကဲ့သို့ လက်ဆော့ခြေဆော့ ပါးစပ်ဆော့သူများ ဖြစ်ကြပေရာ လက်ဆောင်ပေးသူများ ထွက်ခွာသွားသည်နှင့် တစ်ယောက်တစ်ပေါက် ဝင်ပြောကြတော့၏။

“လင့်ဟူချုံး၊ ဘာတွေ တတွတ်တွတ်ရွတ်နေတာလဲ၊ သေတ္တာကို အရင် ဖွင့်ကြည့်စမ်းပါ၊ အထဲမှာ ဘာတွေများ ပါနေသလဲမသိဘူး၊ ဖွင့်ကြည့်မှ သိရမှာ၊ အပြင်က ဆီမန်းမန်းသလို တတွတ်တွတ်ရွတ်နေလို့ အထဲမှာ ဘာပါမယ်မှန်း သိရမှာ မဟုတ်ဘူး”

အံ့ဖွယ်ခြောက်ယောက်တို့သည် လင့်ဟူချုံး၏ စကားပြန်ကိုပင် မစောင့်တော့ဘဲ သေတ္တာကို ဖွင့်ကြည့်လိုက်လေတော့၏။ သေတ္တာထဲ၌ မည်သည့်အရာများ ပါမည်နည်းဟု သိချင်ဇောဖြင့် ဝိုင်းကြည့်နေကြသူအားလုံး တအံ့တသြကြီး ဖြစ်သွားကြရတော့၏။ အလွန်တရာ အားအင်ပြည့်စေမည့် အဟာရပြည့်ဝသော အစားအစာများကို စနစ်တကျ ထည့်သွင်းထားသည်ကို တွေ့ရှိကြရတော့သည်။ များစွာရှားပါး အဖိုးထိုက်တန်လှသည့် အစားအစာများဖြစ်တော့သည်။ အားတိုးဆေးကအစ အပြည့်အစုံပါ၏။

ထို့အပြင် ရွှေငွေလက်ဝတ်ရတနာများ ထည့်ထားသော သေတ္တာတစ်လုံးလည်း ပါလာသေးသည်။ လက်ဆောင်ပေးသူများ၏ ရည်ရွယ်ချက်မှာ ဤရတနာများကို လမ်းခရီးတစ်လျှောက်လုံး လင့်ဟူချုံးအနေဖြင့် စိတ်ကြိုက်သုံးစွဲနိုင်ရန် ထည့်ပေးလိုက်ခြင်း ဖြစ်ဟန်တူ၏။

အံ့ဖွယ်ခြောက်ယောက်တို့မှာ ရတနာများကိုလည်း အရေးမစိုက်၊ မည်သူ့ကိုမျှလည်း အရေးမစိုက်တော့ဘဲ စားသောက်ဖွယ်ရာများကို တစ်ခုပြီးတစ်ခု ထုတ်ယူ၍ စားသောက်နေကြတော့သည်။

လင့်ဟူချုံးက သူ့ဆရာရက်ပုချွန်အားကြည့်၍ ...

“ဆရာ၊ ဒီကိစ္စကို ကျွန်တော်လည်း ဘယ်လိုမှ နားမလည်နိုင်တော့ဘူး၊ ပေးလိုက်တဲ့ လက်ဆောင်ပစ္စည်းတွေကလည်း နည်းတာမဟုတ်ဘူး၊ အစားအသောက်နဲ့ အားတိုးဆေးတွေ ဘာတွေ ပေးပုံကြည့်ရင် ဒီလက်ဆောင်ပေးတဲ့လူက ရိုးရိုးသားသား ပေးတယ်ဆိုတာတော့ ထင်ရှားနေပါတယ်၊ အကောက်ကြံပုံတော့ မရပါဘူး၊ နောက်ပြောင်တာလည်း လုံးဝ ဟုတ်ပုံ မရဘူး”

လင့်ဟူချုံးသည် အံ့ဖွယ်ခြောက်ယောက် နှိုက်ယူစားသောက်နေသည့် အစားအစာများနှင့် လွတ်ကင်းသည့် သေတ္တာ၏ တစ်ခြမ်းရှိ အစားအစာများကို ထုတ်ယူလိုက်ပြီး သူ၏ ဆရာနှင့် ဆရာမထံသို့ ရိုရိုသေသေ ကမ်းပေးလိုက်သည်။

ရက်ပုချွန်က စဉ်းစဉ်းစားစားဖြင့် ...

“လင့်ဟူချုံး၊ ဟောဒီအနီးအနားတဝိုက်မှာ မင်းရဲ့သိုင်းလောက က မိတ်ဆွေများ ရှိနေသလား” ဟု မေးလိုက်၏။

လင့်ဟူချုံးသည် အတန်ကြာ စဉ်းစားလိုက်ပြီးမှ သူ၏ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းပြလိုက်သည်။

“မရှိဘူး ဆရာ၊ ဒီနားမှာ ကျွန်တော့်မိတ်ဆွေ တစ်ယောက်မှမရှိဘူး၊ ရှိရင်တော့ ကျွန်တော် ပြန်တွေးမိမှာပါ”

ရက်ပုချွန်နှင့် လင့်ဟုချုံးတို့ အပြန်အလှန် ဆွေးနွေးနေကြစဉ် ကမ်းပေါ်မှ မြင်းခွာသံများကို ကြားလိုက်ရတော့သည်။ ကမ်းပေါ်၌ မြင်းနှစ်ကောင်ပြေးလာသည်ကို တွေ့ကြရ၏။ မြင်းပေါ်မှ လူတစ်ယောက် အော်ဟစ်၍ လှမ်းမေးလာပြန်၏။

“ဝါဆန်းဂိုဏ်းက နောင်ကြီး လင့်ဟုချုံးတစ်ယောက် ဒီလှေပေါ်မှာ ပါသလား”

အံ့ဖွယ်ခြောက်ယောက်တို့က ရှေးနည်းအတိုင်း ကသောကမျောပြန်အော်ကြပြန်တော့၏။

“ပါတယ်ဟေ့ ... ။ ဒီလှေပေါ်မှာ လင့်ဟုချုံးပါတယ်၊ မင်းတို့ကကော ဘာစားကောင်းသောက်ဖွယ်တွေ ယူလာသေးသလဲ၊ ယူလာရင်တော့ လှေပေါ် မြန်မြန်တင်လိုက်”

ကမ်းပေါ်မှ ထိုလူက အော်ပြန်သည်။

“ကျွန်တော်တို့ရဲ့ဂိုဏ်းချုပ်ကြီးက နောင်ကြီးလင့်ဟုချုံး ဒီနယ်ထဲ ရောက်လာပြီဆိုတဲ့ သတင်းကို ကြားလိုက်ရပါတယ်၊ နောက်ပြီး နောင်ကြီးလင့်ဟုချုံးက အရက်ကြိုက်တတ်မှန်းသိလို့ ကျွန်တော့်ကို တာဝန်တစ်ခု ပေးလိုက်ပါတယ်၊ စံချိန်မီ လက်ဖျားခါလောက်တဲ့ အကောင်းတကာ့ အကောင်းဆုံး အရက်ဆယ့်ခြောက်အိုးကို နောင်ကြီးလင့်ဟုချုံးဆီ ပို့ပေးရမယ့် တာဝန်ပါပဲ၊ အခုဆို အခန့်သင့် နောင်ကြီးလင့်ဟုချုံးကို တွေ့နေရပြီ၊ ကျွန်တော်ယူလာတဲ့ အရက်တွေကို တဆိတ် ကျေးဇူးပြုပြီး သုံးဆောင်လိုက်ပါဦး”

မြင်းရှစ်ကောင်ပေါ်မှ လူရှစ်ယောက် ဆင်းလာကြသည်။ သူတို့လက်ထဲတွင် လူတစ်ယောက်လျှင် အရက်နှစ်အိုးကျ ကိုင်ဆွဲထားကြ၏။ စုစုပေါင်း အရက်အိုးဆယ့်ခြောက်အိုး ပါရှိလာသည်။ ထိုအရက်အိုးများကို လှေကုန်းပတ်ပေါ်သို့ လာချပေးသည်။

လင့်ဟုချုံးမှာ နဂိုကတည်းက အရက်အလွန်ကြိုက်သူတစ်ယောက်ဖြစ်ရာ အရက်အိုးများ တွေ့ရသောအခါ အလွန် ဝမ်းသာအားရ ဖြစ်သွားတော့၏။ ထို့ကြောင့် ကမန်းကတန်း လှေကုန်းပတ်ပေါ်တက်လာပြီး ...

“လက်ဆောင်တွေ လာပေးတဲ့အတွက် ကျွန်တော် သိပ်ပြီး ကျေးဇူးတင်ပါတယ်၊ နောင်ကြီးတို့က ဘယ်ဂိုဏ်းကပါလဲ၊ နောင်ကြီးနာမည်ကကော ဘယ်သူပါလဲ” ဟု မေးလိုက်တော့၏။

ထိုလူက တစ်ချက်ပြုံးလိုက်ရင်း ...

“ကျွန်တော်တို့ဂိုဏ်းချုပ်ကြီးက အသေအချာ မှာကြားလိုက်ပါတယ်၊ တကယ်လို့နောင်ကြီးက ကျွန်တော်တို့ရဲ့ ဂိုဏ်းနာမည်ကို မေးရင် မပြောရဘူးတဲ့၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ဂိုဏ်းကပေးတဲ့ လက်ဆောင်ပစ္စည်းက သိမ်ငယ်လွန်းနေလို့ နာမည်ကိုပြောလိုက်ရင် ရှက်စရာတောင် ကောင်းနေလိမ့်မယ်တဲ့၊ ဒါပါပဲခင်ဗျာ၊ ကျွန်တော်တို့ကို ခွင့်ပြုပါဦး” ဟု ပြောလိုက်၏။

စကားဆုံးသောအခါ လင့်ဟုချုံးကို အရိုအသေပေးလိုက်ပြီး ပြန်လည်ထွက်ခွာ သွားကြတော့သည်။

လင့်ဟုချုံးမှာ သည်တစ်ကြိမ်တွင်တော့ ဦးနှောက်အခြောက်ခံ၍ လေးလေးနက်နက် တွေးမနေတော့ချေ။ အရာရာကို ခပ်ပေါ့ပေါ့သာ သဘောထားချင်စိတ် ပေါက်လာတော့သဖြင့် ရယ်ရင်း သူ့ဆရာရက်ပုချွန်အား ပြောပြလိုက်တော့၏။

“ဆရာ၊ ဘာတွေဘယ်လို ဖြစ်နေပြီလဲတော့ မသိဘူး၊ ကျွန်တော်တော့ စိတ်ဒုက္ခခံပြီး သိပ်မစဉ်းစားတော့ဘူး၊ တစ်ယောက်ယောက်ကတော့ ကျွန်တော်တို့ကို လာနောက်နေပြီနဲ့တူတယ်၊ ဘယ်သူ လာနောက်နေပြန်ပြီလဲ မသိဘူး၊ ဒီလောက်များတဲ့ အရက်အိုးတွေ လာပို့ပြီး နောက်တဲ့လူကတော့ တကယ် လူပျော်လူပြက်ကြီး ဖြစ်ရမယ်၊ ဒီနည်းနဲ့ နောက်တာကတော့ ခပ်ကောင်းကောင်းပဲ၊ ကျွန်တော်ကလည်း အရက်ကြိုက်ကြိုက်ဆိုတော့ အံကို ကိုက်နေတာပဲ”

ရက်ပုချွန်က တွေတွေဝေဝေဖြင့် ...

“ထင်ပေါ်များလား မသိဘူး၊ ဒါမှမဟုတ် ပုကျက်ဘုန်းတော် ကြီးဖြစ်နိုင်တယ်၊ ဘယ့်နှယ်လဲ လင့်ဟုချုံး၊ သူတို့နှစ်ယောက် မဖြစ်နိုင်ဘူးလား”

လင့်ဟုချုံးက သူ၏ပေါင်ကို တစ်ချက်ပုတ်လိုက်ပြီး သဘောတူ ထောက်ခံလိုက်သည်။

"ဟာ ... ဟုတ်တယ်ဆရာ၊ သူတို့နှစ်ယောက် ဖြစ်နိုင်တယ်၊ ဒီနှစ်ယောက်က ထူးထူးဆန်းဆန်း လုပ်တတ်တဲ့လူတွေ၊ သူတို့ များ ဒီလိုနောက်နေကြသလားမသိဘူး၊ ဟော့ အံ့ဖွယ်ခြောက်ယောက် ဒီမှာအရက်ကောင်းကောင်းတော့ ရောက်နေပြီ၊ ခင်ဗျားတို့ သောက်ချင်ရင် လာသောက်ကြပေတော့"

အံ့ဖွယ်ခြောက်ယောက်တို့မှာ လာသောက်ကြပေတော့ဟူသော အသံကို ကြားလိုက်ရသောအခါ တပြုံးပြုံးဖြင့် ထလာကြတော့၏။ အရက်အိုးများ လာချစဉ်က သူတို့သောက်ချင်ကြသော်လည်း အရက်ကို လင့်ဟူချုံး ကြိုက်နှစ်သက်မှန်း သိနေသဖြင့် လက်ရဲဇက်ရဲ ယူမသောက်ဝံ့ကြပေ။ အရက်အိုးများရှိရာသို့ ထလာကြရင်း ပြောလိုက်၏။

"အရက်ကောင်းရှိမှတော့ ငါတို့က မသောက်ဘဲ နေပါ့မလားကွ၊ ဘယ်လက်လွတ်ခံလိမ့်မလဲ၊ ပေး သောက်မယ်"

ထောင်ကျက်နှင့် ထောင်ဝါးတို့နှစ်ယောက်သည် အရက်အိုးတစ်လုံးကို ဆွဲယူလျက် အဖုံးကိုဖွင့်လိုက်ပြီး မော့သောက်လိုက်ကြတော့၏။ သူတို့မော့နေကြသည်မှာ အရက်အိုးတစ်လုံး ကုန်သည်အထိဖြစ်တော့၏။ အရက်နံ့မှာလည်း အမှန်တကယ် သင်းပျံ့မွှေးကြိုင်နေပြီး အရက်ကောင်းဖြစ်သည်မှာ သေချာလှတော့သည်။

ကျန်အံ့ဖွယ်လေးယောက်ကလည်း အငမ်းမရ ယူသောက်နေကြတော့၏။ လင့်ဟူချုံးကမူ အရက်အိုးတစ်အိုးကို ဆွဲယူလိုက်ပြီး ခွက်တစ်ခုထဲ စောင်းငဲ့လောင်းထည့်လိုက်ပြီး သူ့ဆရာရက်ပုချွန်အား ရိုရိုသေသေ ကမ်းပေးလိုက်သည်။

"ဆရာ အရက်ကတော့ တကယ့်အရက်ကောင်းပါ၊ နည်းနည်းလောက် မြည်းစမ်းကြည့်ပါဦးဆရာ"

ရက်ပုချွန်ကမူ မျက်မှောင်တစ်ချက်ကုပ်သွားပြီး 'အင်း' ဟုပြောလိုက်သည်။ သို့သော် အရက်ခွက်ကိုမူ လှမ်းမယူသေးချေ။

လောင်တက်က ...

"ဆရာ ဒီအရက်တွေက ဘယ်သူပေးလိုက်မှန်း အသေအချာ မသိရပါဘူး၊ ဘာမှ အန္တရာယ်မရှိဘူး ဆိုရင်တော့ အကြောင်းမဟုတ်ပါဘူး၊ တော်ကြာ အရက်ထဲ တစ်ခုခုထည့်ထားရင် ဒုက္ခဖြစ်သွားနိုင်ပါတယ်"

ရက်ပုချွန်က ခေါင်းကိုညိတ်ပြလိုက်ပြီး ...

"လင့်ဟူချုံး သတိဆိုတာ ပိုတယ်မရှိဘူးနော်၊ သိပ်အတင့်မရဲနဲ့" ဟု သတိပေးလိုက်သည်။

လင့်ဟူချုံးမှာ အရက်နံ့ကို ရပြီးသည်နှင့် သောက်ချင်လှလေပြီ။ သူ့ဆရာမသောက်ခင် သူသောက်နေပါက မသင့်လျော်မှန်းသိသဖြင့် ဆရာ့ကို တလေးတစား အရင်ဦးစားပေး သောက်ခြင်းဖြစ်သည်။ ယခုတော့ အောင့်အည်းသည်းမခံနိုင်တော့ပေ။ လင့်ဟူချုံးသည် ရယ်မောရင်း ...

"ဆရာ ကျွန်တော့်ကို သောက်ခွင့်ပြုပါနော် ... ၊ ကျွန်တော်က သက်ဆိုးရှည်မယ့်သူမဟုတ်တော့ သူတို့အရက်ထဲမှာ ဘာထည့်မှာ ညာထည့်မှာကို မစဉ်းစားနိုင်တော့ဘူး၊ ဘာထည့်ထည့် မထူးခြားပါဘူး၊ အဆိပ်ခပ်ထားလို့ ကျွန်တော် သေသွားရင်လည်း အေးသွားတာပါပဲ"

လင့်ဟူချုံးက ပြောပြောဆိုဆိုနှင့် အရက်ခွက်ကို မော့ချလိုက်တော့သည်။ သူသည် နှုတ်ခမ်းကို လျှာနှင့် သပ်လိုက်ပြီး ...

"တယ်ကောင်းတဲ့ အရက်ပါလား" ဟု တအံ့တသြ ချီးကျူးလိုက်တော့၏။

ထိုအချိန်တွင် ကမ်းပေါ်မှ လူတစ်ယောက်၏ ချီးကျူးခန်းဖွင့်သံကိုလည်း ကြားနေရတော့သည်။

"တယ်ကောင်းတဲ့အရက်ပါလား၊ တကယ်ကောင်းတဲ့အရက်ပါလား"

လင့်ဟူချုံးသည် ကမ်းပေါ်သို့ လှမ်းကြည့်လိုက်သောအခါ ကမ်းစပ်ရှိ သစ်ပင်တစ်ပင်အောက်၌ အင်္ကျီအဝတ်အစား စုတ်စုတ်ပြတ်ပြတ်နှင့် လူတစ်ယောက် ထိုင်နေသည်ကို တွေ့လိုက်ရတော့၏။ ထိုသူ့လက်ထဲတွင် ယပ်တောင်တစ်ချောင်း ကိုင်ထား၏။

ထိုသူသည် ငြိမ်သက်စွာ ထိုင်နေသည်မဟုတ်ပေ။ သူ့ဦးခေါင်းကို တမော့မော့လုပ်၍ လေပေါ်မှ ပျံ့လွင့်တက်လာသော အရက်နံ့ကို နှာခေါင်းဖြင့်အနံ့ခံ ရှူရှိုက်ရင်း အရက်ကောင်းကြောင်း ချီးကျူးခန်းဖွင့်နေခြင်းဖြစ်တော့၏။

လင့်ဟူချုံးက ရယ်၍ ...

"ဗျို့ နောင်ကြီး၊ ခင်ဗျားလည်း အရက်ကောင်းကို အနံ့ရတာနဲ့ သိတတ်တာပါပဲလား၊ လာပါ၊ သောက်ချင်ရင် လှေပေါ်ကို တက်လာခဲ့ပါ" ဟု ဖိတ်ခေါ်လိုက်သည်။

ထိုလူက ...

"ဟား ... ဒီလိုလား၊ ဒီလိုဆိုရင် ခင်ဗျားကိုတော့ သိပ်ကျေးဇူးတင်သွားပြီ၊ ကျုပ်မှာ အရက်သောက်ချင်လွန်းလို့ သွားရည်တောင် ကျနေပြီ၊ ခင်ဗျားကဖိတ်မှတော့ ကျုပ်လာမသောက်ရင် ကျုပ်လောက်မိုက်တဲ့လူ ဒီလောကထဲမှာ ရှိမှာမဟုတ်တော့ဘူး"

ပြောပြောဆိုဆိုနှင့် ထိုလူက ဖြည်းညင်းစွာ လျှောက်လှမ်းပြီး လှေပေါ်သို့ တက်လာတော့၏။ လှေပေါ်သို့ ရောက်သည်နှင့် လင့်ဟူချုံးကို ဦးညွှတ်အရိုအသေ ပေးလိုက်ကာ ...

"ကျုပ်နာမည်က ကျူချုန်းပါ၊ နောင်ကြီးရဲ့နာမည်ကိုလည်း သိပါရစေ" ဟု မေးလိုက်သည်။

လင့်ဟူချုံးက ...

"ကျုပ်နာမည်ကတော့ လင့်ဟူချုံးပါ"

ပြောပြောဆိုဆို အရက်ကို ခွက်တစ်ခုထဲ လောင်းထည့်လိုက်ပြီး ကျူချုန်းသောက်ရန် ကမ်းပေးလိုက်သည်။ ကျူချုန်းမှာ အသက်လေးဆယ်ခန့် ရှိသည်။ တစ်ကိုယ်လုံး ညစ်ပတ်ပေရေနေသဖြင့် ကြည့်မကောင်း ရှုမကောင်း ဖြစ်နေတော့၏။

ကျူချုန်းက လင့်ဟူချုံးကမ်းပေးသည့် အရက်ခွက်ကို လှမ်းမယူဘဲ ...

"လင့်ဟူချုံး၊ ခင်ဗျားရဲ့အရက်က ကောင်းပေမယ့် အရက်ခွက်ကောင်းကောင်းမရှိတော့ ဒီအရက်တွေ သိပ်နှမြောစရာ ကောင်းပါတယ်" ဟု ပြောလိုက်သည်။

လင့်ဟူချုံးက ...

"ခရီးသွားနေတဲ့အချိန်မှာ ဘယ် အရက်ခွက်ကောင်းကောင်း သုံးနိုင်မှာလဲဗျာ၊ ရှိတာလေးနဲ့ သောက်ဖြစ်အောင် လုပ်ရတာပဲ၊ အရက်သောက်ရဖို့ကတော့ ကျုပ်အတွက် အဓိကပဲ"

ကျူချုန်းက ခေါင်းကိုခါယမ်း၍ ...

"ကျုပ်တော့ အဲဒီလို မရဘူးဗျာ၊ ခင်ဗျားအရက်သောက်ရင် အရက်ခွက်ကို ဂရုမစိုက်ပေမယ့် ကျုပ်ကတော့ အရက်ခွက်ကို သိပ်ဂရုစိုက်တယ်၊ အရက်ဆိုတာက အရက်အမျိုးအစားကိုလိုက်ပြီး ထိုက်သင့်တဲ့ခွက်နဲ့သောက်မှ ပိုပြီး အရသာရှိတာ၊ အခုဆို ဒီမှာ အရက်ကောင်းရှစ်မျိုးရှိနေပြီ၊ ဒါကြောင့် အရက်ခွက်ရှစ်မျိုးနဲ့ သောက်ကြမယ်" ဟု ပြောတော့သည်။

ထိုစဉ် ထောင်ကန်းက ဝင်၍ ...

"မင်းက ဘာတွေ စကားကြီးစကားကျယ် ပြောနေတာလဲ၊ အရက်တစ်ခါသောက်တာများ အရက်ခွက်အမျိုးမျိုးနဲ့ သောက်မတဲ့၊ တကယ့်ကို လေလုံးထွားတဲ့ကောင်ပဲ၊ ဒီလိုဆိုရင် မင်းမှာ အရက်ခွက်တွေ အဆင်သင့်ရှိနေတယ်ပေါ့၊ ကဲ ... မင်းမှာ အရက်ခွက်ဘယ်နှစ်မျိုး ကိုယ်မှာ အမြဲဆောင်ထားလဲ၊ ငါ့ ... ပြောပြစမ်း" ဟု မေးလိုက်တော့၏။

ကျူချုန်းက ပြုံးပြီး ပြန်ဖြေလိုက်သည်။

"သိပ်မများပါဘူးဗျာ၊ အရက်ခွက်ရှစ်မျိုးလောက်တော့ အမြဲတမ်း ဆောင်ထားပါတယ်"

အံ့ဖွယ်ခြောက်ယောက်တို့သည် ပြက်လုံးတစ်ခုကို ကြားလိုက်ရသည့်အလား တဟားဟား အော်ရယ်ကြတော့၏။ ပါးစပ်မှလည်း နောက်ပြောင်အော်ဟစ်နေကြသေး၏။

"ကိုလေအိုး ... ကိုလေအိုး၊ ကြွားစရာမရှိ ကြံဖန်ကြွားနေတဲ့ ကိုလေအိုးကြီး ... "

ထိုအခိုက် ထောင်ကျက်က ကျူချုန်းအား ...

"ကဲ ... ငါက မင်းနဲ့ လောင်းကြေးစားကြေး တစ်ခုလောက်လုပ်ကြရအောင်၊ မင်းကိုယ်မှာ အရက်ခွက်ရှစ်မျိုးသာ တကယ်ရှိတယ်ဆိုရင် အဲဒီအရက်ခွက်အားလုံးကို ငါ ဝါးစားပြမယ်၊ တကယ်လို့ မရှိရင် မင်းက ငါ့ကို ဘာလုပ်ပြမလဲ၊ ဟော့ ... ဟော့ ... လောင်းကြေးဆိုတာ တူညီမှုဖြစ်မှာနော်၊ ငါ့ထက်နိမ့်လို့တော့ မရဘူးကွ" ဟု ပြောလေတော့သည်။

ကျူးချန်းကလည်း ရယ်မောရင်း ...

"စိတ်ချပါ၊ ကျုပ်ကလည်း ကျုပ်ဆီမှာ အရက်ခွက်ရှစ်မျိုးမရှိဘူးဆိုရင် ဟောဒီလှေပေါ်မှာရှိနေတဲ့ အရက်ခွက်တွေ အားလုံး ကျုပ် ဝါးစားပြမယ်၊ ဘယ့်နှယ်လဲ ... ကျေနပ်ရဲ့လား" ဟု ပြန်မေးလိုက်သည်။

အံ့ဖွယ်ခြောက်ယောက်စလုံးသည် အားလုံး တစ်ပြိုင်တည်း ...

"ကောင်းတယ် ... ကောင်းတယ်၊ ဒီကောင်က ဘယ်ဆိုးလို့လဲ၊ ငါတို့က ဒါမျိုးမှကြိုက်တာကွ" ဟု အော်ဟစ်ကြလေ တော့၏။

အံ့ဖွယ်ခြောက်ယောက်တို့၏ စကားမဆုံးသေး၊ ကျူးချန်းက သူ့ရင်ဘတ်ထဲသို့ လက်နှိုက်၍ အရက်ခွက်တစ်ခွက်ကို နှိုက်ယူလိုက်၏။ သူနှိုက်ထုတ်လိုက်သည့် အရက်ခွက်မှာ အလွန်ပင် ပြောင်ချောနေပြီး တကယ့်ပုလဲအစစ်ဖြင့် ပြုလုပ်ထား သော အရက်ခွက်ဖြစ်သည်။ တန်ဖိုးကြီးလှသည့် အရက်ခွက်ပင်ဖြစ်တော့၏။

အံ့ဖွယ်ခြောက်ယောက်တို့မှာ သူတောင်းစားပုံပန်းမျိုးနှင့်လူက ဤမျှအဖိုးထိုက်တန်သော အရက်ခွက်ကို ထုတ်ယူနိုင် သည်ကို တွေ့လိုက်ရသောအခါ အံ့သြတုန်လှုပ်သွားကြပြီး စကားပင် ဟဟ မပြောနိုင်ကြတော့ချေ။

ထိုအချိန်၌ ကျူးချန်းသည် သူ့ရင်ဘတ်အတွင်းမှ အရက်ခွက်များကို တစ်ခွက်ပြီးတစ်ခွက် ထုတ်လျက်ရှိနေလေပြီ။ သူ ထုတ်ယူလိုက်သည့် ခွက်များမှာ ...

ပတ္တမြားခွက်၊ ကျောက်စိမ်းခွက်၊ နီလာခွက် စသည် စသည် အဖိုးထိုက်တန်လှသည့် ကျောက်မျက်ရတနာများဖြင့် ပြုလုပ်ထားသည့် အရက်ခွက်များပင်ဖြစ်တော့သည်။ နောက်ထပ် ထုတ်ယူလိုက်သည့် အရက်ခွက်များမှာ ရွှေ၊ ငွေ၊ ကြေး၊ သတ္တုမျိုးစုံဖြင့် ပြုလုပ်ထားသော အရက်ခွက်များပင် ဖြစ်တော့၏။

လှေပေါ်၌ ရှိရှိသမျှလူအားလုံးတို့အဖို့ ထိတ်လန့်အံ့သြစွာဖြင့် ငေးကြည့်နေမိကြတော့၏။ ဤကဲ့သို့ သူတောင်းစား တစ်ယောက်နှင့် အလွန်တူနေသည့် လူတစ်ယောက်၏ ရင်ဘတ်အင်္ကျီအတွင်းဝယ် ဤမျှတန်ဖိုးရှိလှသည့် အရက်ခွက်များ ဤအရေအတွက်မျှ ရှိလိမ့်မည်ဟု မည်သူမှ မထင်မှတ်ကြပေ။ ယခု သူတို့မထင်မှတ်ခဲ့သည်များကို ပြုလုပ်ပြနေကြပေပြီ။ ကျူးချန်က ထရပ်လိုက်ပြီး ထောင်ကျက်အား ...

"ကဲ ... ဘယ်လိုလဲ" ဟု မေးလိုက်တော့၏။

ထောင်ကျက်က မျက်မှောင်တစ်ချက်ကြုတ်ကာ ...

"ဟုတ်တယ်၊ ငါ ရှုံးသွားပြီ၊ ဟောဒီ အရက်ခွက်ရှစ်မျိုးကို ငါ့ကတိအတိုင်း ဝါးစားပြမယ်၊ မင်းကျေနပ်တယ်မဟုတ် လား" ဟု ပြောရင်း သူက သူ့ရှေ့၌ ရှိနေသည့် ပုလဲအရက်ခွက်ကို ပါးစပ်ထဲကောက်ထည့်၍ တကျွတ်ကျွတ်ဖြင့် ဝါးစားပစ်လိုက်ပြီး ဝမ်းဗိုက်အတွင်းသို့ မျိုချလိုက်တော့၏။

ဤသို့ ထောင်ကျက်က ပုလဲအရက်ခွက်ကို တကယ်ဝါးစားလိုက်သည်ကို တွေ့လိုက်ရသောအခါ လူတိုင်း ကိုယ့်လည်ပင်းကိုယ် ယောင်ယမ်းကိုင်မိမတတ် ဖြစ်သွားကြ၏။ မည်သူသည် ဤသို့ ဝါးစားနိုင်ပါအံ့နည်း။ ယခု ထောင်ကျက်ကိုကြည့်ပြီး အားလုံး ထိတ်လန့်သွားကြတော့၏။

ထောင်ကျက်သည် ထိုမျှနှင့် အပြီးသတ်လိုက်သည်မဟုတ်ချေ။ ကျူးချန်းရှေ့ရှိ နောက်ထပ် အရက်ခွက်တစ်ခွက်ကို ယူရန် လက်လှမ်းလိုက်ပြန်တော့သည်။ ကျူးချန်းသည် လက်ဝါးစောင်းဖြင့် ထောင်ကျက်၏လက်ကို ရုတ်တရက် ခုတ်ချ လိုက်တော့သည်။ ထောင်ကျက်၏ လျှင်မြန်မှုမှာ အလွန်ချီးကျူးထိုက်လှသည်။ လျှပ်ပြက်သည်ကမှ ကြာချင်ကြာပေ လိမ့်မည်။

ထောင်ကျက်သည် သူ၏လက်ကို လျင်မြန်စွာ ရုပ်သိမ်းလိုက်ပြီး အလွန်တရာအံ့သြသောလေသံဖြင့် ...

“မင်းက ဘယ်လိုဖြစ်သွားတာလဲကွ၊ ငါ့ကို ပေးမစားတော့ဘူးလား၊ ငါက စားချင်လို့စားရတာ မဟုတ်ဘူးကွ၊ ငါ့ကတိအတိုင်း ငါက စားပြရတာ”

ကျူချန်းက ...

“ကျုပ် အရှုံးပေးလိုက်ပြီ၊ ခင်ဗျား ဒီအရက်ခွက် ရှစ်ခုစလုံးကို တကယ်ဝါးစားနိုင်တယ်ဆိုတာ ကျုပ်ယုံသွားပြီ၊ ဒီတော့ ကျုပ်ရဲ့ အရက်ခွက်တွေ အဆုံးမခံနိုင်တော့ဘူး”

ထိုစကားကို ကြားလိုက်ရသောအခါ လူအားလုံး ဝိုင်းရယ်မိကြတော့သည်။

ကျူးချန်းသည် မျက်နှာကိုမဲ့ရင်း ပြောလိုက်သည်။ သူ့လေသံ၌ နှမြောတသသံများ ပါဝင်နေသည်။

“ခင်ဗျားက ကျုပ်ရဲ့ ပုလဲအရက်ခွက်ကို ဝါးစားလိုက်တော့ ကျုပ်တို့သောက်ဖို့ တစ်ခွက်လိုသွားပြီ၊ ကဲ ... ဒီတော့ ဒီကျောက်ခဲအရက်ခွက်နဲ့ပဲ အစားထိုးလိုက်ရတော့မှာပေါ့၊ သစ်မရှိခင် ဝါးပေါင်းကွပ် ဆိုတာလို အဖိုးတန်အရက်ခွက် ရှာမရခင် ဒီကျောက်ခဲအရက်ခွက်နဲ့ပဲ ခဏသုံးရတော့မှာပဲ ... ”

ကျူချန်းသည် ကျောက်ခဲအရက်ခွက်ကိုယူ၍ အိတ်အတွင်းမှ မည်းချိတ်ညစ်ပတ်နေသော ပဝါတစ်ထည်ဖြင့် ပွတ်သပ်သန့်စင်လိုက်၏။ သူ၏အပြုအမူကြောင့် ဝါဆန်းဂိုဏ်းသားများသည် ပျို့ချင်အန်ချင်စိတ်ပင် ပေါက်သွားကြတော့၏။ အဘယ်ကြောင့်ဆိုသော် ကျူချန်း ပဝါဖြင့် မသန့်စင်ခင်က ကျောက်ခဲအရက်ခွက်သည် သန့်သန့်စင်စင်ကလေး ရှိသေးသည်။ သူ့ပဝါဖြင့် သုတ်လိုက်သောအခါမှ လွန်စွာ ညစ်ပတ်ပေရေသွားတော့၏။

ကျူချန်းသည် ကျောက်ခဲအရက်ခွက်ကို အခြားတန်းစီချထားသည့် အရက်ခွက်များနှင့်အတူ ယှဉ်၍ ချထားလိုက်၏။ အရက်ခွက် စုစုပေါင်း ရှစ်ခွက်တိတိ ရှိနေသည်။

ထို့နောက် သူ့အိတ်ထဲမှ အရက်ကရားတစ်လုံးကို ယူလိုက်သည်။ ပြီးနောက် လင့်ဟူချုံးအား လှမ်းပြောလိုက်၏။

“လင့်ဟူချုံး ... ခင်ဗျားက ကျုပ်ရဲ့ အရက်ရှစ်မျိုးကို အရင်သောက်ကြည့်ပါဦး၊ နောက်မှ ခင်ဗျားရဲ့ အရက်ရှစ်မျိုးကို ကျုပ်သောက်မယ်၊ နှစ်ယောက်စလုံး အပြန်အလှန်သောက်ပြီးမှ ဘယ်အရက်ကောင်းတယ်ဆိုတာ ဝေဖန်ကြတာပေါ့၊ ဘယ့်နှယ်လဲ ကျုပ် အကြံမကောင်းဘူးလား”

လင့်ဟူချုံးက ...

“ကောင်းပြီ” ဟု ပြောပြီးသည်နှင့် ကျောက်ခဲအရက်ခွက်ကို ကောက်ယူကာ မော့သောက်ချလိုက်တော့၏။ အရက်မှာ အခြားအရက်များနှင့် လုံးဝမတူချေ၊ ချဉ်စပ်စပ်အရသာမျိုး ဖြစ်နေသဖြင့် လင့်ဟူချုံးမှာ တစ်ချက်မျှ တုန်လှုပ်ချောက်ချားသွားတော့၏။

စိတ်ထဲတွင် တီးတိုးရေရွတ်လိုက်မိ၏။

“ဒီအရက်ရဲ့အရသာက တစ်မျိုးကြီးပါလား”

ကျူချန်းက ...

“လင့်ဟူချုံး ... ခင်ဗျား ကျုပ်ရဲ့အရက်ခွက်တွေအားလုံး မသောက်ခင် ကြိုပြီးပြောထားရဦးမယ်၊ ကျုပ်အရက်က ဒီလို အရက်ခွက် တစ်မျိုးနဲ့တစ်မျိုး ထည့်သောက်ရင် အရက်နံ့က တစ်မျိုးပြောင်းတယ်၊ နောက်ခွက်တစ်မျိုးနဲ့ထည့်သောက်ပြန်ရင် နောက်ထပ် အရက်နံ့တစ်မျိုး ဖြစ်သွားပြန်ရော၊ ဒါကြောင့် သတ္တိနည်းတဲ့လူဆိုရင် တစ်ခွက်သောက်ပြီးတာနဲ့ နောက်တစ်ခွက် မသောက်ရဲကြတော့ဘူး”

ကျူချန်းသည် သူ့စကားကိုရပ်လိုက်သည်။ လင့်ဟူချုံး၏မျက်နှာကို စေ့စေ့ကြည့်ရင်း ဆက်ပြောလိုက်သည်မှာ ...

“ဒီနေ့အထိ ... ကျုပ်ရဲ့အရက်ခွက်ရှစ်ခွက်စလုံး ဆက်တိုက်သောက်ရဲတဲ့လူ မရှိသေးဘူးဗျ” ဟူသတည်း။

လင့်ဟူချုံး၏ စိတ်ထဲတွင် ...

“အင်း ... ဒီလူပြောပုံကြည့်ရတာကတော့ တစ်ခုခုတော့ထူးခြားနေပြီ၊ ဒါဟာ ငါ့ကို စကားခေါ်တာပဲ၊ အင်းလေ ... ဘာပဲဖြစ်ဖြစ် အလွန်ဆုံးရှိလှ ဒီအရက်ခွက်ထဲမှာ အဆိပ်ခပ်ထားရုံပေါ့၊ ငါက သေရတော့မယ့်လူပဲ၊ ဘာအရေးလဲ၊ ငါတို့

ဝါဆန်းဂိုဏ်းကို အထင်သေးတာကိုတော့ မခံနိုင်ဘူး၊ လင့်ဟူချုံး ဘာကောင်လဲဆိုတာတော့ ပြရသေးတာပေါ့” ဟု တွေးလိုက်မိသည်။

ထိုအခါ သူက ဒုတိယအရက်ခွက်ကိုယူ၍ မော့သောက်လိုက်ပြန်၏။ ဤအရက်၏ အရသာမှာတော့ အလွန်ခါးလှပေသည်။ နောက်တစ်ခွက် ထပ်သောက်လိုက်ပြန်သည်။ နောက်တစ်ခွက်၏ အရသာမှာလည်း အလွန်ဖန်နေပြန်၏။

လင့်ဟူချုံးအနေဖြင့် ကောင်းစွာသိသည် ... ။ သူက အရက်မသောက်ဖူးသော လူတစ်ယောက်မဟုတ်၊ ယခုသူသောက်ချလိုက်သည့် အရက်များမှာ အရက်အရသာ တစ်စက်ကလေးမျှ မပေါ်ကြောင်း ကောင်းကောင်းသိနေသည်။

စတုတ္ထမြောက် အရက်ခွက်ကို ကောက်ယူမော့ချပြီးသောအချိန်တွင် ဘေးနား၌ သွားရည်တမြားမြားနှင့် ဖြစ်နေသော ထောင်ဝါးမှာ မနေနိုင်တော့ဘဲ ...

“လင့်ဟူချုံး ... မင်းတော်တော့၊ ကျန်တဲ့ခွက်တွေကို ငါ သောက်ပစ်လိုက်မယ်” ဟု ဝင်ပြောကာ အရက်ခွက်ကို လက်လှမ်းလိုက်တော့၏။

သို့သော် ကျူချန်းကမူ သူ့လက်ထဲတွင်ကိုင်ထားသော ယပ်တောင်ဖြင့် ထောင်ဝါး၏လက်ကို ခေါက်ချလိုက်သည်။ ထောင်ဝါးသည် ယပ်တောင်ရိုက်ချက် အလွန်ပြင်းထန်လှကြောင်း သိသဖြင့် သူ့လက်ကို ချက်ချင်းလှန်လိုက်ကာ ယပ်တောင်ကို ဖမ်းလိုက်ပြီး အရက်ခွက်ကို လက်လှမ်းလိုက်ပြန်သည်။

ထိုစဉ် ယပ်တောင်ကို ဖမ်းဆုပ်ရန် ထောင်ဝါးက ရွယ်နေချိန်မှာပင် စုထားသည့် ယပ်တောင်ရွက်များက ရုတ်တရက် ဖြန့်ထွက်သွားပြီး ထောင်ဝါး၏လက်ချောင်းများကို ရိုက်ဖြတ်မည့်ကဲ့သို့ ဖြစ်သွားတော့၏။

ထောင်ဝါးသည် ကျူချန်း၏ယပ်တောင်ကို မဖမ်းရဲတော့ဘဲ လက်ကို ကမန်းကတန်း ရုပ်သိမ်း၍ နောက်သို့ ခုန်ဆုတ်လိုက်ရတော့၏။ ထိုအခါကျမှ လင့်ဟူချုံးက ကျန်အရက်ခွက် အားလုံးကို တစ်ခွက်ပြီးတစ်ခွက် မော့ချပစ်လိုက်တော့၏။ နောက်ဆုံးအရက်ခွက်မှာ အနံ့အသက်ဆိုးဝါးလှသည့်ပြင် ... သောက်ချလိုက်သောအခါ လည်ချောင်းထဲသို့ ဓားဖြင့် ထိုးစိုက်ချလိုက်သကဲ့သို့ စူးစူးဝါးဝါး အခံရခက်လှစွာ ခံစားလိုက်ရတော့သည်။ အရက်ထက် ဆေးနံ့ပိုထွက်နေကြောင်း လင့်ဟူချုံး ကောင်းကောင်း သတိပြုမိသည်။

အံ့ဖွယ်ခြောက်ယောက်တို့မှာ လင့်ဟူချုံးတစ်ယောက် အရက်ခွက်အားလုံးကို မော့သောက်လိုက်ပြီး မျက်နှာ၌ ထူးဆန်းသော အရိပ်အယောင်များ ယှက်သမ်းနေသည်ကို တွေ့မြင်နေကြရသောအခါ သိချင်ဇောနှင့် မေးမြန်းလိုက်ကြသည်။

“လင့်ဟူချုံး ... အရက်ရဲ့အရသာက ဘယ်လိုနေသလဲ ... ၊ သောက်လို့ကောင်းရဲ့လား၊ ဟို ... ဆယ့်ခြောက်အိုးထဲက အရက်နဲ့ ဘယ်လိုကွာသလဲ”

ကျူချန်းကဝင်၍ ...

“ဘယ့်နှယ် ... ကောင်းမကောင်း မေးနေရတာလဲ၊ ကျုပ်အရက် က တကယ့်စံချိန်မီအရက်ဗျ၊ ဒီအရက်ရှစ်ခွက် သောက်လိုက်ရတဲ့သူဟာ နတ်ပြည်ကို တက်သွားရတာထက်တောင် အရသာရှိသေးတယ်” ဟု ပြောလေတော့၏။

ထိုအခါ ထောင်ကန်းက အော်တော့သည်။

“ဒီလိုဆိုရင် မင်းက ဘာဖြစ်လို့ ငါတို့ကို ပေးမသောက်ရတာလဲ၊ ပြောစမ်းပါဦး၊ ငါတို့ နတ်ပြည်ရောက်သွားတာထက် ကောင်းတဲ့အရသာကို မခံစေချင်လို့ပေါ့ ဟုတ်လား”

ကျူချန်းက ရယ်၍ပြောလိုက်သည်။

“ဒီလိုအရက်မျိုးက အင်မတန် တန်ဖိုးရှိတဲ့အရက်ဗျ၊ ရှားမှရှားတဲ့အရက်၊ ဒါမျိုး ခင်ဗျားတို့ကို ပေးတိုက်လိုက်ရင် အရက်ကောင်းကို သက်သက်ဖြုန်းတီးရာ ကျသွားတော့မှာပေါ့”

ထောင်ကန်းက ...

“ဩော် ... မင်းက ဒီလိုလား”

စကားက ဤမျှသာဖြစ်၏။ သို့သော် သူကမည်သို့အချက်ပြလိုက်သည်မသိ၊ သူတို့အထဲမှ အံ့ဖွယ်လေးယောက်တို့က ရုတ်တရက်ခုန်ထွက်လာကြပြီး ကျူချန်း၏ခြေလက် လေးဘက်စလုံးကို ဆွဲလိုက်ကြတော့၏။ လျှပ်ပြက်သည့်နှယ် လျင်မြန်လှတော့၏။

ကျူချန်းမှာ သိုင်းပညာရှင်တစ်ယောက် ဖြစ်သော်လည်း ဤအံ့ဖွယ်ခြောက်ယောက်၏ ရုတ်တရက် ခြေလက်ဝိုင်းဆွဲသော သိုင်းကွက်ကိုမူ မည်သို့မျှ ရှောင်တိမ်းခြင်း မပြုနိုင်ပေ။ ရှောင်တိမ်းရန် စိတ်မကူးရသေးမီ ခြေလက်များကို ဖမ်းဆီးဆုပ်ကိုင်ခြင်း ခံလိုက်ရပြီး ကျူချန်း၏တစ်ကိုယ်လုံးမှာ လေထဲတွင် ရောက်နေတော့၏။

ဝါဆန်းဂိုဏ်းသားများမှာ ဤအံ့ဖွယ်ခြောက်ယောက်တို့က ချန်ပု၏ ခြေလက်များကို ဝိုင်းဆွဲပြီး ဆွဲဖြဲသတ်ဖြတ်ခဲ့သည်ကို တွေ့ရဖူးပြီဖြစ်၍ ဤအချင်းအရာကို မြင်တွေ့လိုက်ရသောအခါ အလန့်တကြား အော်ဟစ်မိကြတော့သည်။

သူတို့သည် သိုင်းသမားများဖြစ်ကြ၍ သတ်ဖြတ်ခုတ်ထစ်၍ သေကြ၊ ကျေကြသည်များကို တွေ့ရသော်လည်း သိပ်တုန်လှုပ်တတ်ကြသည် မဟုတ်ပေ။ သို့သော် ယခုကဲ့သို့ အပိုင်းပိုင်း အပြတ်ပြတ် အရှင်လတ်လတ်ဆွဲဖြဲခံရပြီး သွေးသံရဲရဲ သေဆုံးသည့်မြင်ကွင်းကိုမူ ရဲရဲတင်းတင်း မကြည့်ရဲကြချေ။

ခြေလက်အဆွဲခံလိုက်ရသော ကျူချန်းသည် သတိကောင်းစွာရှိသည်။ သူက ရုတ်တရက် အော်လိုက်တော့၏။

"အရက်ထဲမှာ အဆိပ်ရှိတယ်၊ ဖြေဆေးက ငါ့ဆီမှာ"

အံ့ဖွယ်ခြောက်ယောက်တို့မှာ ကျူချန်း၏အော်သံကြောင့် ရုတ်တရက် တွေဝေတုံ့ဆိုင်းသွားကြတော့၏။

ကျူချန်းကလည်း ဤအချိန်ကလေးကိုသာ လိုချင်ပေသည်။ သူသည်လည်း ထိပ်တန်းသိုင်းသမားတစ်ယောက်ဖြစ်ရာ အံ့ဖွယ်လေးယောက် ရုတ်တရက် ငေးကြောင်နေစဉ်မှာပင် မာန်သွင်းအော်ဟစ်ကာ ခုန်လိုက်တော့၏။

အံ့ဖွယ်လေးယောက်တို့၏လက်များ ချော်ထွက်သွားပြီး ကျူချန်းမှာ 'ဝုန်း' ခနဲ ခုန်ထွက်လွတ်မြောက်သွားတော့၏။ အံ့ဖွယ်ငါးယောက်တို့ကလည်း ချက်ချင်းပင် ကမ်းပေါ်သို့ခုန်တက်လိုက်ကြသည်။ သို့သော် ကျူချန်း၏ အရိပ်အယောင်ကိုမျှပင် မတွေ့ရတော့ချေ။

သူတို့က ဆက်လက်ရှာဖွေရန် ဟန်ပြင်လိုက်စဉ်မှာပင် ကမ်းပေါ်မှ လူတစ်ယောက်၏ အော်သံကို ကြားလိုက်ရတော့သည်။

"ကျူချန်း … ခွေးသူခိုး၊ ငါ့ရဲ့ဆေးလုံးတွေ ပြန်ပေးစမ်း၊ တစ်လုံးလျော့ရင် မင်းရဲ့အရိုးတစ်ချောင်း ငါချိုးပစ်မယ်၊ နောက်ဆုံး မင်းတစ်ကိုယ်လုံးကို အရေခွံခွာပစ်မယ်"

အံ့ဖွယ်ခြောက်ယောက်တို့မှာ ဤလူ၏ ကျူချန်းကို ဒေါသကြီးစွာ ဆဲဆိုနေသံကို ကြားလိုက်ရသည်နှင့် ထိုသူကို သူတို့၏ မိတ်ဆွေအဖြစ် သတ်မှတ်လိုက်တော့သည်။

ထိုစဉ်မှာပင် အလွန်အံ့ဩ ထူးဆန်းဖွယ်ကောင်းလှသည့် လူကြီးတစ်ယောက် လျင်မြန်စွာပြေးလာသည်ကို တွေ့ရသည်။ ထိုလူကြီးမှာ အလွန်တရာ ဝဖိုင့်လှသဖြင့် ဘောလုံးကြီးတစ်လုံးကဲ့သို့ ဖြစ်နေသည်။

ဝလွန်းလှသဖြင့် လည်ပင်းရှိသည်ဟုပင် မထင်ရတော့ချေ။ ခေါင်းကြီးကလည်း ပြားနေသဖြင့် တူနှင့်ထုထားပြီး ကိုယ်လုံးကြီးပေါ်၌ တင်ထားသည့်ပမာ ဖြစ်နေ၏။

မျက်နှာရှိ မျက်ခုံး၊ မျက်လုံး၊ နှာခေါင်းနှင့် ပါးစပ်တို့မှာလည်း အားလုံး ပုံပျက်ပန်းပျက် ကြည့်မကောင်းရှုမကောင်း ဖြစ်နေသည်။

လူအားလုံးသည် ဤကဲ့သို့ ထူးဆန်းလှသော် ပုံပန်းသဏ္ဌာန်ကြီးကို တွေ့လိုက်ရသောအခါ မရယ်ဘဲ မနေနိုင်ကြတော့ပေ။

ထိုလူကြီးသည် လှေရှေ့သို့ ရောက်လာသောအခါ ဟန်ကြီးပန်ကြီးနှင့် လက်နှစ်ဖက်ကို ခါးထောက်ပြီးရပ်၍ …

"ကျူချန်း … ဟိုခွေးသူခိုး ဘယ်ရောက်သွားပြီလဲ"

ထောင်ကန်းက …

"အဲဒီခွေးသူခိုး ထွက်ပြေးသွားပြီကွ၊ သူ့ခြေလှမ်းက သိပ်မြန်တာ၊ ငါတို့တောင် လိုက်လို့မမီဘူး၊ မင်းက ဒီပုံစံကြီးနဲ့ နေးနေးကွေးကွေး တလိမ့်လိမ့်လိုက်လာတော့ နောက်ဆယ်နှစ်တောင် မင်း သူ့ကို မီမှာမဟုတ်ဘူး"

ထိုလူကြီးက သူ၏သေးငယ်သော မျက်လုံးများဖြင့် ထောင်ကန်းကို တစ်ချက်မျှ လှမ်းကြည့်လိုက်၏။ ပြီးမှ လေထဲတွင် ခေါင်းကိုမော့၍ အနံ့ခံနေလိုက်သည်။

ချက်ချင်းပင် ထအော်လိုက်သည်။

"ငါ့ရဲ့ဆေးလုံး ... ငါ့ရဲ့ဆေးလုံး"

ထိုလူကြီးသည် လေ့ပေါ်သို့ ရုတ်တရက်ခုန်တက်လိုက်ပြီး နှာခေါင်းတရှုံ့ရှုံ့ဖြင့် လိုက်၍ အနံ့ခံနေပြန်တော့၏။ စားပွဲပေါ်ရှိ အရက်ခွက်တစ်ခုကိုလည်း ကောက်ကိုင်လိုက်ကာ သူ့နှာခေါင်းအနီးတွင် ကပ်၍ အနံ့ခံပြန်သည်။

ထိုအခါ ထိုလူကြီး၏မျက်နှာမှာ အကြီးအကျယ် ပျက်သွားတော့သည်။ သူ၏မျက်နှာမှာ နဂိုကတည်းက ရုပ်ဆိုး ရသည့်အထဲ ထိုကဲ့သို့ မျက်နှာပျက် ရှုံ့မဲ့နေသောအခါ ဆိုဖွယ်ရာမရှိတော့ချေ။ အလွန်ပင် အကြည့်ရဆိုးနေတော့သည်။

လင့်ဟူချုံးကမူ ထိုလူကြီး၏ မျက်နှာကိုမြင်လိုက်ရသည်နှင့် ထိုလူကြီးမှာ အကြီးအကျယ် စိတ်ထိခိုက်နေကြောင်း သိလိုက်မိတော့၏။ ထိုလူကြီးသည် ကျန်အရက်ခွက် ခုနစ်ခွက်ကိုလည်း ယူလိုက်ပြီး အနံ့ခံကြည့်သည်။ နှုတ်မှလည်း တတွတ်တွတ်နှင့် ကယောင်ကတမ်း ရေရွတ်နေတော့၏။ သူရေရွတ်နေသည့် စကားလုံးမှာ ဤတစ်လုံးတည်းသာ ဖြစ်တော့၏။

"ငါ့ရဲ့ဆေးလုံး ... ငါ့ရဲ့ဆေးလုံး"

နောက်ဆုံးတွင် သူသည် မည်သို့မျှ ထိန်းချုပ်ခြင်းငှာ မစွမ်းနိုင်တော့ဘဲ စိတ်ထိခိုက်ကြေကွဲလှစွာဖြင့် လှေကြီး၏ ကုန်းပတ်ပေါ်တွင် ထိုင်ချကာ ချုံးပွဲချ ငိုလိုက်တော့သည်။

အံ့ဖွယ်ငါးယောက်တို့က စောစောက ဒေါသတကြီးဖြင့် အော်ဟစ်ဆဲဆိုလာသော လူကြီးမှာ ယခု စိတ်ထိခိုက် ကြေကွဲလှစွာ ထိုင်ငိုနေသည်ကို တွေ့လိုက်ကြရသဖြင့် အလွန်တရာ အံ့သြသွားပြီး အနားသို့ဝိုင်းလာကာ မေးမြန်းကြတော့ ၏။

"ဘာဖြစ်လို့ ငိုရတာလဲ"

"ကျူချုန်းက မင်းကို အနိုင်ကျင့်လိုက်လို့လား"

"မငိုနဲ့ ... မငိုနဲ့၊ အဲဒီကောင်ကို ငါတို့တွေ့အောင်ရှာပြီး မင်းကိုယ်စား လေးခြမ်းလေးစိတ် ဆွဲဖြဲပစ်မယ်"

"ဒီကောင် မင်းကို စော်ကားသွားသလား၊ ငါတို့ကိုလည်း စော်ကားသွားတဲ့ကောင်၊ မိရင်တော့ ဒီကောင်မလွယ်ဘူး"

ဤကား အံ့ဖွယ်ငါးယောက်တို့၏ တစ်ယောက်တစ်ပေါက် မေးမြန်းသံပေတည်း။

ထိုလူကြီးက ငိုသံကြီးဖြင့် ...

"ငါ့ရဲ့ဆေးလုံးတွေကို ဒီကောင် အရက်နဲ့ရောသောက်ပစ်လိုက်ပြီ၊ အရေးကြီးတာက ငါ့ရဲ့ဆေးလုံးတွေကို ပြန်ရဖို့ပဲ၊ အခု သူ့ကို သတ်ပစ်လိုက်လို့ ဘာအကျိုးထူးတော့မှာလဲ" ဟု ပြန်ပြောပြတော့၏။

လင့်ဟူချုံးမှာ ရင်ထဲ၌ လှုပ်ရှားသွားပြီး ...

"ခင်ဗျားရဲ့ဆေးလုံး ဟုတ်လား၊ ဘာဆေးလုံးတွေလဲ၊ ကျုပ်မသိရသေးဘူးလား" ဟု မေးလိုက်၏။

ထိုလူက မျက်ရည်စက်လက်ဖြင့် ...

"ငါ့ဆေးလုံးတွေ ... ငါ့ဆေးလုံးတွေ၊ ဒီဆေးလုံးတွေဟာ လွယ်လွယ်ကူကူရနိုင်တဲ့ ဆေးလုံးတွေ မဟုတ်ပါဘူး၊ ငါက ဆယ်နှစ်တိတိ အချိန်ကုန်ခံပြီး ဆေးမြစ်၊ ဆေးဥ၊ ဆေးရွက်တွေ ရှာဖွေစုဆောင်းပြီး ဒီ 'အသက်ဆက်' ဆေးလုံးရှစ်လုံးကို ငါ ဖော်စပ်ခဲ့ရတာပါ၊ ဒီခွေးသူခိုးက ကျုပ်ဆီက ဒီဆေးလုံးတွေကိုခိုးပြီး အရက်နဲ့ သောက်ပစ်လိုက်တယ်" ဟု စိတ်ထိခိုက် စွာ ပြန်ပြောတော့သည်။

ထိုစကားများကို ကြားလိုက်ရသောအခါ လင့်ဟူချုံး၏ရင်ထဲ၌ ပိုမိုလှုပ်ရှားသွားပြန်တော့သည်။ ထို့ကြောင့် အလျင် စလို မေးမြန်းလိုက်မိသည်။

"ဒီဆေးလုံးရှစ်လုံးရဲ့ အရသာက ဘယ်လိုနေသလဲ"

ထိုလူကြီးက ...

"ဆေးလုံးရှစ်လုံးရဲ့ အရသာက တစ်မျိုးနဲ့တစ်မျိုး မတူကြဘူး၊ တချို့က သိပ်ခါးတယ်၊ တချို့က ဖန်တယ်၊ တချို့က ချဉ်တယ်၊ တချို့က သောက်လိုက်ရင် လည်ချောင်းကိုဓားနဲ့ထိုးစိုက်လိုက်သလိုပဲ၊ ဒီဆေးလုံးရှစ်လုံးကို သောက်လိုက်ရင် ဘယ်လောက်ကြီးကျယ်တဲ့ အတွင်းဒဏ်ရာ ရနေပလေ့စေ၊ မုချ ဒဏ်ရာက သက်သာရမယ်"

လင့်ဟူချုံးသည် သူ၏ပေါင်ကို တစ်ချက်ပုတ်လိုက်ပြီး ...

"ဟာ ... ဒီလိုဆို ဒုက္ခပဲ၊ ဒီကျူချန်းဆိုတဲ့လူက ဆေးလုံးရှစ်လုံးကို အရက်ထဲထည့်ပြီး သူကိုယ်တိုင်သောက်လိုက်တာ မဟုတ်ဘူး၊ သူ ... သူ ... သူက ... "

ထိုလူဝကြီးက သိချင်ဇောဖြင့် အော်ဟစ်မေးမြန်းလိုက်သည်။

"သူက ဘာဖြစ်သလဲ ပြောစမ်း"

လင့်ဟူချုံးက ...

"သူက ကျုပ်ကို ညာပြီးသောက်ခိုင်းတာ၊ ကျုပ်ကတော့ အရက်ထဲမှာ ဒီဆေးလုံးတွေ ထည့်ထားမှန်း မသိပါဘူး၊ အရက်အရသာတွေ ထူးခြားနေလို့ သေချာအောင် ခင်ဗျားကို မေးကြည့်ရတာ၊ ကျုပ်စိတ်ထဲမှာ အဆိပ်တွေခပ်ထားတယ် လို့တောင် ထင်နေသေးတယ်"

လူဝကြီးသည် အကြီးအကျယ် ဒေါသထွက်လာပြီး ...

"အဆိပ် ... ဘာအဆိပ်လဲ၊ မင်း ... မင်းက ငါ့ရဲ့ အသက်ဆက်ဆေးလုံးတွေကို သောက်လိုက်တယ်၊ ဟုတ်လား" ဟု အော်ဟစ်တော့သည်။

နောက်ဆုံး သူ၏ဒေါသကို မထိန်းချုပ်နိုင်တော့ဘဲ လင့်ဟူချုံးထံသို့ ခုန်အုပ်လိုက်တော့သည်။ အံ့ဖွယ်ငါးယောက်တို့မှာလည်း ဘေးနား၌ သတိလက်လွတ် ရပ်နေကြခြင်းမဟုတ်ပေ။ အခြေအနေကို စေ့စေ့စပ်စပ် စောင့်ကြည့်နေကြခြင်း ဖြစ်ရာ ထိုလူဝကြီး လှုပ်ရှားလိုက်သည်နှင့် သူတို့ကလည်း တစ်ပြိုင်နက် လှုပ်ရှားလိုက်ကြသည်။ လျှပ်တစ်ပြက် ခုန်ထွက်ပြီးသည်နှင့် ထိုလူဝကြီး၏ ခြေလက်လေးချောင်းတို့ကို ဖမ်းဆွဲလိုက်တော့၏။

လင့်ဟူချုံးက စိုးရိမ်တကြီး လှမ်းအော်ပြီး ဟန့်တားလိုက်သည်။

"ဟေ့လူတွေ ... သူ့ကို မသတ်နဲ့"

အဖြစ်က အလွန်ထူးဆန်းလှသည်။ အံ့ဖွယ်လေးယောက်တို့ ဖမ်းဆွဲထားသည့် လူဝကြီး၏ ခြေလက်များသည် တဖြည်းဖြည်း တိုဝင်သွားတော့သည်။ ထို့ကြောင့် လူဝကြီး၏ ခြေနှင့်လက်များကို ဆွဲဆန့်ထုတ်ကြပြန်တော့၏။ မည်မျှ အံ့သြဖွယ်ရာ ကောင်းလိုက်ပါသနည်း၊ ဤသို့ဆွဲဆန့်ထုတ်သည့်အခါတွင်လည်း လူဝကြီး၏ခြေလက်များသည် ဆွဲလေ ရှည်လေဖြစ်လာပြီး၊ သူ့ကိုယ်ထဲမှ တကယ်ပင် ရှည်ထွက်လာတော့၏။ လိပ်တစ်ကောင်၏ ခြေလက်များကို သူ့ခန္ဓာကိုယ် အခွံထဲမှ ဆွဲထုတ်သည်နှင့် တူလှပေသည်။

လင့်ဟူချုံးက ထပ်မံသတိပေးလိုက်ပြန်သည်။

"ဟေ့လူတွေ ... ကျုပ်ပြောနေတယ်နော်၊ သူ့ကို မသတ်ကြနဲ့၊ သူက ဆုံးရှုံးထားရတဲ့လူ၊ သူ့ကိုသတ်ရင် ခင်ဗျားတို့နဲ့ ကျုပ်နဲ့ တွေ့မယ်"

အံ့ဖွယ်လေးယောက်တို့သည် သူတို့၏ ဆွဲဆန့်နေသော အားများကို လျှော့ပေးလိုက်သည်။ ထိုအခါ ခြေလက် လေးချောင်းစလုံး တဖြည်းဖြည်း ပြန်ကျုံ့ဝင်သွားပြီး ဘောလုံးကြီးကဲ့သို့ ဖြစ်သွားပြန်တော့၏။

ထိုမြင်ကွင်းကို ထမ်းစင်တွင်လဲလျောင်းနေသည့် ထောင်ဆက်က ကြည့်ရင်း လက်ခုပ်လက်ဝါးတီးလျက် အားပေးနေ တော့၏။

"သိပ်ကြည့်လို့ကောင်းတာပဲဟေ့၊ ဒါက ဘာသိုင်းပညာလဲမသိဘူး၊ တော်တော်ထူးဆန်းတဲ့ သိုင်းပညာပဲဟေ့"

ထောင်ဆက်၏စကားကို ကြားလိုက်ကြရသောအခါ အံ့ဖွယ်လေးယောက်တို့က သူတို့၏ လျှော့ထားသည့်အားများကို ပြန်တင်းလိုက်ပြီး ချက်ချင်း ဆွဲဆန့်ကြပြန်တော့၏။ ထိုအခါ လူဝကြီး၏ခြေလက်များ ပြန်လည်ရှည်ထွက်လာပြန်တော့သည်။ ထောင်ဆက်က လက်ခုပ်တီး၍ ဆက်အားပေးနေသည်။

လိန်လိန်နှင့် ဝါဆန်းဂိုဏ်းမှ မိန်းကလေးတပည့်များမှာလည်း ထိုမြင်ကွင်းကိုကြည့်၍ တခစ်ခစ် ရယ်မောနေမိကြတော့၏။

ထိုစဉ် ထောင်ကန်းက ...

"အေး ... ငါတို့က မင်းရဲ့ခြေလက်တွေ ဆွဲဆန့်ပေးလိုက်တော့ မင်း ပိုပြီး ကြည့်ကောင်းသွားတာပေါ့၊ နို့မို့ဆိုရင် မင်းမှာ ခြေမရှိ လက်မရှိသလိုဖြစ်ပြီး ဘောလုံးကြီးနဲ့ သိပ်တူနေတယ်၊ အခုငါတို့ဆွဲဆန့်ထုတ်ပေးလိုက်တော့ လူနဲ့ တူသွားတော့တာပေါ့"

ထောင်ကန်း၏စကားကြောင့် လိန်လိန်တို့ မိန်းကလေးတစ်သိုက် ပိုရယ်ကြတော့၏။

လူဝကြီးသည် ရုတ်တရက် ...

"ဟာ ... ဒုက္ခပဲ" ဟု အော်လိုက်တော့၏။ အံ့ဖွယ်လေးယောက်တို့မှာ လူဝကြီး၏ အာမေဋိတ်သံကြောင့် အားအနည်းငယ် လျှော့လိုက်ပြီး စူးစမ်းလိုက်သည်။

"ဘာဖြစ်လို့လဲကွ ... "

အံ့ဖွယ်လေးယောက်တို့၏ ဖမ်းဆုပ်အား အနည်းငယ်ပျော့သွားသည်ကို အခွင့်ကောင်းယူပြီး သူ၏ခြေလက်များကို ပိုကျုံ့လိုက်သောအခါ လူဝကြီးသည် အံ့ဖွယ်လေးယောက်တို့၏ လက်ထဲမှ လွတ်မြောက်သွားတော့၏။

ထိုလူဝကြီးသည် လွတ်မြောက်သွားသည်နှင့် လှေပေါ်မှ ခုန်ဆင်းထွက်ပြေးသည်မဟုတ်ချေ။ လှေဝမ်းထဲသို့ လိမ့်ချသွားတော့၏။ ချက်ချင်းလိုပင် 'ဝုန်း' ခနဲ အသံကြီးကြားလိုက်ရပြီး လှေဝမ်းတွင်း၌ အပေါက်ကြီးတစ်ပေါက် ဖြစ်သွား၏။ လူဝကြီးသည် လှေဝမ်းကိုဖောက်၍ မြစ်ထဲမှတဆင့် ထွက်ပြေးသွားလေပြီတကား ...
လှေပေါ်ရှိလူအားလုံး ရုတ်ရုတ်သဲသဲ ဖြစ်သွားကြတော့၏။ အဘယ်မှာလျှင် ဤသို့မဖြစ်ဘဲနေနိုင်တော့အံ့နည်း။ လူဝကြီးဖောက်ထွင်းလိုက်သည့် အပေါက်ကြီးမှ ရေများ ဒလဟောစီးဝင်နေပြီဖြစ်၍ များမကြာမီအချိန်အတွင်း လှေကြီး နစ်မြုပ်တော့မည် ဖြစ်ခြင်းကြောင့်ပေတည်း။

ရက်ပုချွန်က အော်ဟစ်၍ အမိန့်ပေးလိုက်သည်။

"အားလုံး ကိုယ့်ပစ္စည်းကိုယ်သယ်ပြီး ကမ်းပေါ်ကို ခုန်တက်ကြ ... "

ဝါဆန်းဂိုဏ်းသားအားလုံးက သူတို့ဆရာ၏အမိန့်အတိုင်း သူတို့၏ပစ္စည်းများကို သယ်ယူလျက် ကမ်းပေါ်သို့ ခုန်တက် လိုက်ကြသည်။ လှေသူကြီးခမျာ မျက်စိမျက်နှာပျက်လျက် မည်သို့လုပ်ကိုင်ရမည်မှန်း မသိနိုင်လောက်အောင် သောကပွား ဗျာများလျက် ရှိနေတော့၏။

လှေသူကြီး၏အဖြစ်ကို လင့်ဟူချုံးက စာနာမိသဖြင့် ...

"ခင်ဗျား ... ဘာမှစိတ်ပူမနေပါနဲ့၊ ခင်ဗျားရဲ့လှေကြီးဟာ ဘယ်လောက်တန်ဖိုးရှိသလဲ၊ ခင်ဗျားရဲ့လှေတန်ဖိုးကို ပြန်ရစေရမယ်၊ ကျုပ်လျော်ပေးမယ်၊ စိတ်အေးအေးသာထားပါ ... " ဟု နှစ်သိမ့်လိုက်၏။

လင့်ဟူချုံး၏စကားကို ကြားလိုက်ရသည့်အခါမှသာ လှေသူကြီးခမျာ စိတ်အေးလက်အေး ဟင်းချနိုင်တော့သည်။ လင့်ဟူချုံးမှာမူ စောစောက အဖြစ်အပျက်များအတွက် စိတ်ထဲတွင် အလွန်အံ့သြနေမိသည်။

"ငါက ကျူးချန်းဆိုတဲ့လူနဲ့ လုံးဝမသိဘူး၊ သူက ဒီလောက်အဖိုးတန်တဲ့ ဆေးလုံးတွေ ဘာဖြစ်လို့ လာညာတိုက်ရတာလဲမသိဘူး၊ ဟို လူဝကြီးပြောသွားတဲ့ စကားအရဆိုရင် တော်တော့်ကို အချိန်ယူပြီး ဖော်စပ်ထားတဲ့ ဆေးလုံးတွေပဲ ... "

လင့်ဟုချုံးသည် သူ၏အတွင်းအားကို စမ်း၍ ထုတ်ကြည့်လိုက်၏။ မည်သို့မျှ ထုတ်၍မရချေ။ သူ့ကိုယ်တွင်းရှိ အတွင်းအားလှိုင်း ရှစ်ခုတို့ကသာ သူ့တစ်ကိုယ်လုံးအား ဖြောင်းဆန်အောင် ဒုက္ခပေးလေတော့သည်။ ထို့ကြောင့် ထပ်မံ၍ မကြိုးစားဝံ့တော့ဘဲ ငြိမ်သက်စွာ ထိုင်နေရတော့၏။

လောင်တက်သည် နောက်ထပ်လှေကြီးတစ်စင်း သွားရောက်ငှားရမ်းလာသည်။ ထို့ကြောင့် လူအားလုံး လှေပေါ်သို့ တက်ပြီး ကိုယ့်နေရာ၌ကိုယ် အသီးသီးနေရာယူ၍ ရက်ပုချွန်၏အမိန့်ကို စောင့်ဆိုင်းနေကြတော့၏။ ရက်ပုချွန်အနေဖြင့် ဤနေရာ၌ လုံးဝရပ်တန့်မနေချင်တော့ပေ။ ဤနေရာမှ စောစောထွက်ခွာနိုင်လျှင် နောက်ထပ် ပြဿနာများ တက်နိုင်တော့မည်မဟုတ်ဟု တွက်ဆထားသည်။ သို့သော် ညမှောင်နေ၍ လှေသူကြီးအနေဖြင့် လှေကို ကမ်းမှခွာရန် မတတ်နိုင်ဘဲ ဖြစ်နေရတော့သည်။ ထို့ကြောင့် ထိုညတွင် လှေထဲတွင်သာ အိပ်စက်လိုက်ကြရတော့၏။

အံ့ဖွယ်ငါးယောက်တို့မှာလည်း ယနေ့အဖို့ ကျူးချန်းနှင့် လူဝကြီးတို့နှစ်ယောက် မိမိတို့လက်ထဲမှ အောင်မြင်စွာ ထွက်ပြေး လွတ်မြောက်သွားနိုင်ခဲ့ကြသည်ကို အရှက်ကြီး ရှက်နေမိကြတော့၏။ ထို့ကြောင့် သူတို့လည်း စောစီးစွာ အိပ်ရာဝင်ကြတော့သည်။ ဝါဆန်းဂိုဏ်းသားများက ဤအကြောင်း စကားစပ်ပြောနေကြလျှင် မိမိတို့အဖို့ ပို၍ အရှက်ရနိုင်သည်ဟု တွေးမိကြပြီး ဤသို့ ခပ်စောစော အိပ်ရာဝင်ကြခြင်းဖြစ်၏။

ရက်ပုချွန်ကမူ လုံးဝ အိပ်မပျော်ချေ။ သူ့ခေါင်းထဲတွင် အတွေးမျိုးစုံ ချာလည်လည်နေတော့သည်။ တွေးစရာ ကလည်း များပြားလှသည် မဟုတ်ပါလား။

“ကျူးချန်းနဲ့ ဟိုလူဝကြီး နှစ်ယောက်က သိုင်းပညာ အင်မတန်တော်တဲ့ လူနှစ်ယောက်ပဲ၊ တော်ရုံတန်ရုံ ထိပ်သီးဆိုတဲ့ သိုင်းသမားတွေ ဒီလူနှစ်ယောက်ကို ဘယ်နိုင်အောင် တိုက်နိုင်လိမ့်မလဲ၊ ဒီလူနှစ်ယောက်က ဘယ့်နှယ် လင့်ဟုချုံးနဲ့ လာပတ်သက်နေတာပါလိမ့် ... ”

ရက်ပုချွန်၏ အတွေးသည် ဤမျှနှင့် ရပ်တန့်သွားသည် မဟုတ်ချေ။ ဝါဆန်းတောင်မှအဆင်း ဘုရားကျောင်းအတွင်း၌ မျက်နှာဖုံးစွပ် ဆယ့်ငါးယောက်၏ မျက်လုံးများကို ဓားဖြင့် ထိုးဖောက်ခဲ့သည့် ဓားကွက်ကို ပြန်စဉ်းစားမိပြန်သည်။

ထိုစဉ် သူက ကမ်းစပ်ပေါ်မှ ပြေးလာနေသည့် ခြေသံများကို ကြားလိုက်မိတော့၏။ ခြေသံပြင်းလွန်းလှသည် မဟုတ်ချေ။ တိုးတိုးညင်းညင်းကလေးသာ ခြေသံထွက်သည်။ ရက်ပုချွန်သည် ဆတ်ခနဲ မတ်တတ်ရပ်၍ ကမ်းပေါ်သို့ လှမ်းကြည့်လိုက်သည်။ လရောင်အောက်ဝယ် လူနှစ်ယောက် ပေါ့ပါးစွာ ပြေးလာနေသည်ကို တွေ့လိုက်ရသည်။

ထိုလူနှစ်ယောက်သည် လှေနှင့်အနီးဆုံး ကမ်းစပ်တွင် ရုတ်တရက် ရပ်တန့်လိုက်ကြ၏။ ရက်ပုချွန်က သူတို့ နှစ်ယောက် မည်သည့်စကားကို ပြောမည်ကို သိချင်မိသဖြင့် သူ၏မိုးကြိုးအတွင်းအားသိုင်းကို ထုတ်လိုက်တော့သည်။ ထိုအခါ သူ၏ နားအကြားစွမ်းအင်သည် သာမန်အချိန်များထက် ပို၍ရှင်သန်လာသည်။

ထိုစဉ် ကမ်းပေါ်ရှိ နှစ်ယောက်အနက် တစ်ယောက်က ...

“ဒီလှေပဲ ... မမှားဘူး ... ”

နောက်တစ်ယောက်က ...

“ကောင်းပြီ၊ ငါတို့ဆရာဆီပြန်သွားပြီး သတင်းပို့ကြရအောင်”

ထိုလူနှစ်ယောက်သည် ထိုမျှသာစကားပြောကြပြီး နောက်ကြောင်းပြန်လှည့် ပြေးသွားကြတော့သည်။ ရက်ပုချွန်မှာ များစွာ စိတ်ရှုပ်ထွေးသွားတော့၏။

ဤလူနှစ်ယောက်သည် မည်သည့်ဂိုဏ်း၊ မည်သည့်အဖွဲ့ကမှန်း လုံးဝမခန့်မှန်းနိုင်ခဲ့။ သူတို့ပြောခဲ့ကြသည့် စကားများ ကလည်း တစ်ယောက်တစ်ခွန်းမျှသာ ပြောခဲ့ကြခြင်းဖြစ်သဖြင့် ထိုစကားများမှ မည်သည့် သဲလွန်စမျှ မရနိုင်ခဲ့။ သူတို့ သည်လည်း လင့်ဟုချုံးအား လာရှာကြသည်လား မဆိုနိုင်ပေ။

ထိုအချိန်မှာပင် ကမ်းစပ်တစ်နေရာမှ မိန်းကလေးတစ်ယောက်၏ အသံတစ်သံကို ကြားလိုက်ရပြန်သည်။

“ရှင်တို့အိမ်မှာ တကယ်ပဲ ဘီလူးမီးဓားသိုင်းစာအုပ် ရှိနေသလားဟင် ... ”

ထိုအသံရှင်မှာ မိမိ၏သမီး လိန်လိန်ဖြစ်ကြောင်း ရက်ပုချွန်ကောင်းစွာသိ၏။ ထို့ပြင် သူမစကားပြောလိုက်သည့်သူမှာ လင်မိန်ကျက်ဖြစ်ကြောင်း ဗေဒင်မေးစရာပင် မလိုတော့ချေ။ သူတို့နှစ်ယောက် မည်သည့်အချိန်က ကမ်းပေါ်သို့ တက်သွားကြသည်ကိုပင် မိမိအနေဖြင့် သတိမထားမိခဲ့ပေ။

ရက်ပုချွန်သည် မိမိ၏သမီး လိန်လိန်နှင့် လင်မိန်ကျက်တို့၏ အခြေအနေကို ကောင်းစွာရိပ်စားမိခဲ့ပြီးဖြစ်သည်။ နောက်ပိုင်းရက်များတွင် လင်မိန်ကျက်တစ်ယောက်အပေါ် လိန်လိန်က မေတ္တာမျှလိုက်ဟန် တူပေသည်။ နေ့လည် နေ့ခင်းဘက်တွင် ဂိုဏ်းတူညီအစ်ကိုများက နောက်ပြောင်ကျီစယ်မည်စိုးသဖြင့် မသိလိုက်မသိဘာသာ ခပ်ကွာကွာနေကြပြီး ညဘက်ကျမှ တိတ်တဆိတ် ချိန်းတွေ့ကြခြင်း ဖြစ်ပေလိမ့်မည်။

ထိုစဉ် လင်မိန်ကျက်၏အသံကို ကြားလိုက်ရသည်။

"ငါတို့အိမ်မှာ ဘီလူးမီးဓားသိုင်းပညာတော့ ရှိတာပေါ့၊ ငါ မင်းကို ကစားပြပြီးပြီမဟုတ်လား၊ အဲဒါ ငါတတ်သမျှပညာ အကုန်ပါပဲ၊ ဓားသိုင်းစာအုပ်ဆိုတာတော့ တကယ့်ကိုမရှိတာပါ၊ ရှိတယ်ဆိုရင် ငါတို့တွေ့ဖူးရမှာပေါ့ ... "

လိန်လိန်က ...

"ဒါနဲ့များ ... ရှင့်ဘိုးဘိုး ရွှေဓားရှင်ဝမ်ရှယ်နဲ့ ရှင့်ဦးလေးနှစ်ယောက်က ဘာဖြစ်လို့ အစ်ကိုကြီးကို ရှင်တို့ရဲ့ ဓားသိုင်းစာအုပ်ကို ခိုးသွားတယ်လို့ ထင်နေရတာလဲ၊ ဟိုအိမ်မှာတုန်းက အစ်ကိုကြီးကို လုပ်လိုက်ကြတာ ရုပ်ပျက်ဆင်းပျက်ပဲ ... "

"ဒါက သူတို့ အထင်မှားနေကြတာပါ၊ ငါက သူတို့ထင်သလို မထင်ပါဘူး ... "

"စကားကိုလည်း ကြည့်ပြောပါနော်၊ ရှင့်ဘိုးဘိုးနဲ့ ရှင့်ဦးလေးတွေ အစ်ကိုကြီးကို စွပ်စွပ်စွဲစွဲ လုပ်နေတုန်းက ဘာဖြစ်လို့ ရှင်က အစ်ကိုကြီးဘက်က ဝင်ပြီး မကာကွယ်ရတာလဲ၊ အစ်ကိုကြီးအပေါ် အထင်မမှားဘူးဆိုရင် ရှင်ဝင်ပြီး ကာကွယ်ရမှာပေါ့ ... "

"ဒါလား ... ဒါက ဒီလိုရှိတယ်လေ၊ အဖေနဲ့အမေတို့ သေခါနီးတုန်းက ဘာတွေမှာသွားတယ်ဆိုတာ ငါကိုယ်တိုင်ကြားရတာမှ မဟုတ်တာ၊ အဲဒီတော့ ငါ့အနေနဲ့ အစ်ကိုကြီးဘက်က အရမ်းဝင်ကာကွယ်လို့ ဘယ်ဖြစ်မလဲ ... "

"ရှင်းရှင်းပြောစမ်းပါ၊ ရှင်လည်း အစ်ကိုကြီးကို သိပ်မယုံဘူး မဟုတ်လား ... "

"လိန်လိန် ... အဲသလို စကားမျိုးမပြောနဲ့၊ တော်ကြာ ဒီစကားကို အစ်ကိုကြီးကြားသွားရင် ငါတို့ဂိုဏ်းတူညီအစ်ကိုချင်း စိတ်ဝမ်းကွဲနေကြဦးမယ် ... "

လင်မိန်ကျက်၏စကားကို ကြားလိုက်ရသောအခါ လိန်လိန်သည် ခနဲ့ပြုံးပြုံးမိတော့သည်။ ပြီး သူမက ...

"ရှင်လည်း တော်တော် ဟန်ဆောင်တတ်တယ်၊ ကိုယ်က သူများကို မယုံသင်္ကာဖြစ်လည်း ဖြစ်တယ်ပေါ့၊ ဘြဖြစ်သလဲ၊ ကျွန်မသာ ရှင့်နေရာရောက်နေရင် အစောကြီးကတည်းက အစ်ကိုကြီးကို ရှင်းရှင်း ဖွင့်မေးလိုက်ပြီ ... "

သူမ၏စကားကို ခေတ္တရပ်ပြီး လရောင်ဖြင့် မြင်နေရသော လင်မိန်ကျက်၏မျက်နှာကိုကြည့်၍ ပြောလိုက်တော့၏။

"ရှင့်ရဲ့စိတ်သဘောထားကလည်း အဖေနဲ့တူတာပဲ၊ ရှင်ရော အဖေရော နှစ်ယောက်စလုံး အစ်ကိုကြီးအပေါ်မှာ နည်းနည်းမှ အယုံအကြည်မရှိကြဘူး၊ အစ်ကိုကြီးက ရှင်တို့ဆီက ဓားသိုင်းစာအုပ်ကို ခိုးထားတယ်လို့ထင်နေတယ် ... "

လင်မိန်ကျက်က ရုတ်တရက်ဝင်ပြောလိုက်သည်။

"ဘယ်လို ... ဆရာကလည်း မယုံသင်္ကာဖြစ်နေတယ် ဟုတ်လား ... "

လိန်လိန်က တခစ်ခစ်ရယ်ရင်း ...

"ဟော ... ပေါ်လာပြီ ... ပေါ်လာပြီ၊ ရှင်ကိုယ်တိုင်က မယုံသင်္ကာမဖြစ်ဘူးဆိုရင် ဘာဖြစ်လို့ 'ဆရာကလည်း' ဆိုတဲ့ စကားကို ပြောရတာလဲ၊ ဒါကြောင့်ကျွန်မပြောတာပေါ့၊ ရှင့်စိတ်နဲ့ အဖေ့စိတ် တူတယ်လို့၊ ရှင်တို့က ကိုယ့်အကြံအစည်ကို ကိုယ့်ဗိုက်ထဲမှာပဲ ဖုံးဖိထားကြတယ်၊ ပါးစပ်ကတော့ တစ်ခွန်းမှ မဟကြဘူး၊ အင်မတန် ဟန်ဆောင် ကောင်းတဲ့လူတွေ ..." ဟု ပြောလိုက်တော့၏။

× × × × × ×

## ဆေးရှစ်လုံး

ဤမျှ တိတ်ဆိတ်ငြိမ်သက်နေသည့် ညကြီးသန်းခေါင်တွင် အလွန်တရာ ကျယ်လောင်လှသော အော်သံကြီး တစ်ခုက ပတ်ဝန်းကျင်တစ်ခုလုံး တုန်ဟည်းသွားမတတ် ထွက်ပေါ်လာတော့သည်။

"အရှက်မရှိတဲ့ကောင်တွေ၊ သူများနောက်ကွယ်မှာ သူများကို မတော်မတရားတွေ လျှောက်ပြောနေကြတယ်၊ ကိုယ်တိုင်တော့ ဘာအစွမ်းအစမှ မရှိကြဘူး၊ အစွမ်းအစရှိတဲ့ လူတွေကိုကျတော့ လျှောက်ပြီး ပုတ်ခတ်နေကြတယ်၊ လင့်ဟူချုံးကို မင်းတို့က ဘာမှတ်နေကြသလဲ၊ ပစ်စလက်ခတ်နေတတ်လို့ အထင်သေးနေကြတာလား။ လင့်ဟူချုံးက သူ့ရဲကောင်းကွ၊ သူရဲကောင်း ..."

ထိုအသံကြီးသည် ကျယ်လောင်လွန်းလှသဖြင့် ကမ်းစပ်တွင် ဆိုက်ကပ်ထားသော လှေထဲရှိ လူအားလုံး အလန့်တကြား နိုးလာကြတော့၏။ သစ်ပင်များပေါ်ရှိ အိပ်တန်းတက်နေသော ငှက်များပင် လန့်၍ ထပျံကုန်တော့သည်။

ထိုစဉ် အလွန်ကြီးမားသော လူရိပ်ကြီးတစ်ခုက လင်မိန်ကျက်နှင့် လိန်လိန်တို့ထံသို့ ခုန်အုပ်လိုက်တော့၏။

လင်မိန်ကျက်နှင့် လိန်လိန်တို့မှာ အေးအေးဆေးဆေး စကားပြောရန် ကမ်းပေါ်သို့ တက်လာကြခြင်း ဖြစ်သဖြင့် လက်နက်တစ်စုံတစ်ခုမျှ မပါကြပေ။ လက်ဝါးစောင်းဖြင့် ရိုက်ထုတ်ကာကွယ်ရန် သိုင်းကွက်နင်း၍ အဆင်သင့်ပြင်ဆင်ထားလိုက်ကြသည်။

ရက်ပုချွန်ကမူ ထိုလူ၏ အသံကို ကြားလိုက်ရကတည်းက ထိုလူ၏အတွင်းအားသည် မိမိထက် လုံးဝ မညံ့ကြောင်း သိလိုက်သည်။ ဤမျှ အတွင်းအားကောင်းသူတစ်ယောက်က မိမိ၏သမီးနှင့် လင်မိန်ကျက်တို့ကို ရန်ပြုနေသည်ကို တွေ့ရသောအခါ အလွန်စိတ်ပူသွားမိသည်။

ထို့ကြောင့် 'မလုပ်နဲ့' ဟုအော်ဟစ်တားဆီးလိုက်တော့၏။ အော်သံနှင့်အတူ လှေထဲမှ ခုန်ထွက်ကာ ကမ်းပေါ်သို့ ခုန်တက်လိုက်၏။ သူကမ်းပေါ်သို့ပင် မရောက်သေး။ လှေထဲ၌ ရှိနေစဉ်မှာပင် ထိုလူက လိန်လိန်နှင့် လင်မိန်ကျက်တို့နှစ်ယောက်ကို အရုပ်ကလေးနှစ်ရုပ်ကဲ့သို့ ဆွဲမြှောက်ထားလေပြီ။ ဆွဲမြှောက်ဖမ်းယူပြီးသည်နှင့် နောက်ကြောင်းသို့ ပြန်လှည့်ပြေးတော့၏။

ရက်ပုချွန်မှာ ထိုလူ၏ လျင်မြန်မှုကို များစွာ ထိတ်လန့်သွားတော့၏။ မြေကြီးသို့ ခြေထောက်မိသည်နှင့် ကိုယ်ဖော့သိုင်းပညာကို အသုံးပြုကာ ထိုလူ့နောက်သို့ လိုက်တော့၏။ လက်ထဲမှဓားဖြင့် ရှေ့မှပြေးနေသော ထိုလူ၏နောက်သို့ ထိုးစိုက်လိုက်၏။

ထိုသူ၏ ခန္ဓာကိုယ်ကြီးမှာ ဘီလူးကြီးတမျှ ကြောက်မက်ဖွယ် ကျားယား ကြီးမား မြင့်မောက်လှသည်။ ခြေလှမ်းကြီးများကလည်း တစ်လှမ်းတစ်လှမ်း အလွန်ကျယ်စွာ လှမ်းနိုင်သည်။

ရက်ပုချွန်က ဓားဖြင့် လှမ်းထိုးလိုက်သော်လည်း ထိုလူကြီးက ရှေ့သို့ တစ်လှမ်းတိုးလိုက်ရုံဖြင့် ရက်ပုချွန်၏ဓားနှင့် လွတ်ထွက်သွားတော့၏။

ရက်ပုချွန်က နောက်ထပ်တစ်ချက် ထပ်ထိုးလိုက်ပြန်၏။ ဤ လူ့ဘီလူးကြီးမှာ လူနှစ်ယောက်ကို ဆွဲမထားသော်လည်း ခြေလှမ်းမှာ လွန်စွာသွက်လက်လှ၏။ ရှေ့တစ်လှမ်း ထပ်တိုးပြန်သောအခါ ရက်ပုချွန်၏ဓားသည် ဘီလူးကြီးကို မမီနိုင်ဘဲ ထပ်မံလွန်သွားပြန်၏။

ထိုစဉ် လူ့ဘီလူးကြီးက ရုတ်တရက် နောက်ပြန်လှည့်လိုက်ကာ ရက်ပုချွန်အား ခြေထောက်ဖြင့် သုံးချက်တိတိ ဆက်တိုက် တိုက်ခိုက်လိုက်တော့၏။

ထိုလူ၏ ခြေထောက်ကန်ချက်များမှာ ပြင်းထန်အားပါလှသဖြင့် ရက်ပုချွန်မှာ နောက်ဘက်သို့ ဆက်တိုက်လိုလို ဆုတ်ခွာရှောင်တိမ်း ပေးရတော့သည်။

ရက်ပုချွန် နောက်သို့ ဆုတ်ခွာရသောအခါ ထိုလူ့ဘီလူးကြီးသည် ပြန်လည်ခုန်ထွက်သွားရင်း ...

"ဝါဆန်းဂိုဏ်းရဲ့ ဓားသိုင်းက သိပ်မဆိုးလှဘူးဘဲ ... နောက်ထပ် အေးအေးဆေးဆေး တွေ့ကြသေး တာပေါ့ ... အဲဒီအခါကျမှ ဝါဆန်းဂိုဏ်းရဲ့ဓားသိုင်းကို အသေအချာ ဆန်းစစ်မယ်" ဟု ပြောလိုက်၏။

ရက်ပုချွန်သည် ထိုသူ၏ စကားမဆုံးသေးမီပင် တစ်ချက်အော်လိုက်ပြီး ဓားဖြင့် ထိုလူ့ဘီလူးကြီး၏ ခေါင်းကို လျှပ်တပြက် ခုတ်ချလိုက်၏။

ရက်ပုချွန်၏ ခုတ်ချက်သည် လျင်မြန်ပါပေသည်။ သို့သော် ထိုလူ့ဘီလူးကြီး၏ ရှောင်တိမ်းနိုင်မှုက ပို၍ လျှင်မြန်နေပေသေး၏။

ထိုလူ့ဘီလူးကြီးက သူ့ဦးခေါင်းကို ငုံ့ရှောင်လိုက်သည်။ သို့သော် ရက်ပုချွန်၏ဓားသည် လမ်းကြောင်းပြောင်းပြီး ထိုလူကြီး၏ မျက်လုံးများသို့ ရုတ်တရက် ထိုးစိုက်လိုက်တော့သည်။ ထိုလူကြီးက သူ့ဦးခေါင်းကို နောက်သို့ ငဲ့လျက် ရှောင်တိမ်းပေးလိုက်သော်လည်း သူ့ခေါင်းပေါင်းကမူ ဓားချက်မှ လွတ်ကင်းသည်အထိ မတိမ်းနိုင်ခဲ့ပေ။

ထိုအခါ ခေါင်းပေါင်းပြုတ်ကျသွားပြီး ဆံပင်လုံးဝမရှိသည့် ခေါင်းတုံးကြီးတစ်ယောက် ဖြစ်နေကြောင်း သိလိုက်တော့သည်။ ဘုန်းကြီးတစ်ပါး ဖြစ်နေဟန်တူပေသည်။

ထိုဘုန်းကြီးသည် အံ့ဖွယ်အမူတစ်ခုကို ချက်ချင်း ပြုလုပ်လိုက်သည်။ သူ့လက် တစ်ဖက်တစ်ချက်စီ၌ ဆွဲကိုင်ထားသော လိန်လိန်နှင့် လင်မိန်ကျက်တို့ကို လက်တစ်ဖက်တည်း၌ စုစည်းချုပ်ကိုင်လိုက်သည်။ ရက်ပုချွန်အား လှည့်ပြီး ရင်ဆိုင်ကာ ကျန်လွတ်နေသည့် လက်တစ်ဖက်ဖြင့် ရက်ပုချွန်၏ဓားပြားကို လက်ညှိုးဖြင့် တောက်ထုတ်လိုက်တော့သည်။ ပြီးလျှင် ချက်ချင်းလိုလိုပင် နောက်ပြန်ခုန်ထွက်သွားပြီး ထွက်ပြေးသွားတော့၏။

ရက်ပုချွန်မှာ နောက်မှဆက်လိုက်ရန် ဟန်ပြင်လိုက်သည်။ ထိုခဏအတွင်းမှာပင် သူဓားကိုင်ထားသည့် လက်ငါးချောင်းစလုံး တဖြည်းဖြည်း ထုံကျဉ်လာကာ နောက်ဆုံး လုံးဝမကိုင်နိုင်တော့ဘဲ ဓားပင်လွတ်ကျ သွားရတော့သည်။

ရက်ပုချွန်သည် လွတ်ကျသွားသောဓား မြေပေါ်သို့မကျမီပင် ဘယ်လက်ဖြင့် ဖမ်းယူလိုက်၏။ မိမိ၏ညာဘက်လက်ကို ဝင်းဖြာနေသော လမင်းကြီး၏အလင်းရောင်ဖြင့် သေချာစွာ ကြည့်လိုက်မိသည်။ မိမိ၏ လက်ချောင်းကလေး ငါးချောင်းစလုံး ရောင်ကိုင်းနေသည်ကို တွေ့လိုက်ရတော့၏။

ထိုစဉ် ဖူးလင်က ဓားကိုဆွဲ၍ ရက်ပုချွန်ဘေးနားသို့ ရောက်ရှိလာ၏။ သူမက ကမန်းကတန်း မေးလိုက်၏။

"လိန်လိန်ကော ..."

ရက်ပုချွန်က စကားများများမဆို။ သူ၏ဓားဖြင့် ဘုန်းကြီးပြေးသွားရာအရပ်ကို ထိုးပြလိုက်ပြီး ...

"လိုက်"ဟု အော်လိုက်တော့သည်။

သူက အော်ရင်း ခုန်ထွက်သွားသည်ဖြစ်ရာ ဖူးလင်ကလည်း ရက်ပုချွန်နောက်မှ ပြေးလိုက်ရတော့၏။ လရောင်အောက်တွင် လင်မယားနှစ်ယောက် ဓားဆွဲ၍ ပြေးလိုက်နေပုံမှာ အဝေးမှကြည့်လျှင် တစ္ဆေသရဲများ ပြေးလွှားနေသည့်နှယ်

တရိပ်ရိပ် ဖြစ်နေတော့သည်။ သို့သော် ဤမျှ မြန်ဆန်စွာ လိုက်ကြပါသော်လည်း ထိုလူကြီးကို လုံးဝမတွေ့တော့ချေ။ ဖူးလင်မှာ သမီးဖြစ်သူ အဖမ်းခံသွားရသည်ဖြစ်၍ အလွန်စိတ်လှုပ်ရှားပြီး တွေ့ရာသစ်ပင်များကို ခုတ်ထစ်ပစ်တော့၏။

ရက်ပုရွှန်က ...

"လိန်လိန်ကို ဖမ်းသွားတဲ့လူက လင့်ဟူချုံးရဲ့ မိတ်ဆွေ ဖြစ်ပုံရတယ် ... လင့်ဟူချုံးနဲ့ မပတ်သက်ရင်တော့ စိုးရိမ်စရာ ရှိတာအမှန်ပဲ၊ အခု လင့်ဟူချုံးနဲ့ ပတ်သက်နေပုံရတော့ သမီးကို ဒဏ်ရာရအောင်တော့ လုပ်မယ်မထင်ဘူး ... ဒီလောက် လည်း စိတ်ပူမနေပါနဲ့ ... ငါတို့ လင့်ဟူချုံးကို ပြန်မေးကြည့်ရင်ကောင်းလိမ့်မယ် ..."

ဖူးလင်က ခေါင်းညိတ်၍ ...

"ဟုတ်တယ် ... ဒီလူက လင့်ဟူချုံးရဲ့ မိတ်ဆွေဖြစ်နိုင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒီလူက သမီးနဲ့ လင်မိန်ကျက် က လင့်ဟူချုံးကို ဘာဖြစ်လို့ မတော်မတရား ပုတ်ခတ်နေရတာလဲလို့ အော်သံကြားလိုက်ရတယ် ... သမီးတို့က လင့်ဟူချုံးကို ဘာများ ပုတ်ခတ်မိကြလို့လဲ မသိဘူး" ဟု ပြန်ဖြေလိုက်သည်။

ရက်ပုရွှန်က ...

"သမီးနဲ့ လင်မိန်ကျက်တို့က ဘီလူးမီးဓားသိုင်းစာအုပ်နဲ့ပတ်သက်ပြီး ပြောနေကြတာပဲ ... လင်မိန်ကျက်ရဲ့ စကားက လင့်ဟူချုံးကို နည်းနည်းထိခိုက်သလို ဖြစ်သွားလို့ ဒီလိုအော်လိုက်တာ ..."

သူတို့ လင်မယားနှစ်ယောက် လှေပေါ်သို့ ပြန်ရောက်လာသောအခါ တုန်လှုပ်ချောက်ချားစွာဖြင့် လှေကုန်းပတ်ပေါ် တွင်ရပ်လျက် သူတို့ကို စောင့်စားနေကြသည့် တပည့်များကို တွေ့လိုက်ကြရသည်။

ရက်ပုရွှန်က အကြောင်းချင်းရာကို မေးမြန်းလိုက်သည်။

ထိုအခါ စောစောက လှေဝမ်းကို ဖောက်ထွက်၍ ပြေးသွားသည့် လူဝကြီးသည် ရက်ပုရွှန်နှင့် ဖူးလင်တို့ ထွက်သွား သည်နှင့် ပြန်လည်ရောက်ရှိလာပြီး လင့်ဟူချုံးကို ဖမ်းဆီးခေါ်ဆောင်သွားကြောင်း တုန်တုန်ယင်ယင်နှင့် ပြောပြကြ တော့၏။

အဲ့ဖွယ်ခြောက်ယောက်တို့ကလည်း လင့်ဟူချုံးကို ကယ်တင်နိုင်ရန် နောက်မှ လိုက်သွားကြကြောင်း သိလိုက်ကြရ တော့၏။

ရက်ပုရွှန်က လင်ဟူချုံးကို မည်သည့်အရပ်ဘက်သို့ ဖမ်းဆီးခေါ်ဆောင်သွားကြောင်း ထပ်မေးလိုက်၏။ ပြီးမှ ဖူးလင်အား ...

"ညီမလေး ... မင်းကတော့ ဒီမှာပဲ စောင့်နေခဲ့ပေတော့ ... မင်းပါလိုက်လာရင် စောစောကလို တစ်ယောက်ယောက် က လာစော်ကားနေဦးမယ် ... တပည့်ချည်းပဲကျန်နေတော့ ဘာမှ မလုပ်တတ် မကိုင်တတ်နဲ့ ခေါင်းငုံ့ခံနေကြရလိမ့်မယ် ... ငါတော့ လင့်ဟူချုံးနောက် လိုက်ကြည့်မယ် ..."

ရက်ပုရွှန်သည် သူ့စကားဆုံးသည်နှင့် ကိုယ်ဖော့သိုင်းပညာကို သုံးကာ အပြေးထွက်သွားတော့၏။

အတန်ကြာ ပြေးလွှားမိမှ သူ၏အရှေ့ဘက်တွင် ဝင်းခြံကြီးတစ်ခုနှင့် အိမ်တစ်လုံးကို တွေ့လိုက်ရတော့သည်။

သူသည် အလွန်သတိဝီရိယ ကောင်းသူဖြစ်စရာ ဝင်းခြံအတွင်းသို့ အလျင်စလို မဝင်ပေ။ ဝင်းခြံအနီးသို့ သတိကြီးစွာ ကပ်သွားပြီး ဝင်းခြံဘေးနား၌ ကပ်၍ ပေါက်နေသော သစ်ပင်ကြီးတစ်ပင်ပေါ်သို့ ခုန်တက်လိုက်သည်။

ပြီးမှ မိုးကြိုးအတွင်းအားကိုထုတ်၍ အတွင်းမှ အသံဗလံများကို နားစွင့်လိုက်တော့သည်။

ထိုအခါ အိမ်တွင်းမှ စကားပြောသံများကို ပီပီသသ ကြားလိုက်ရတော့သည်။ ထိုအသံမှာ လင့်ဟူချုံးကို ဖမ်းဆီးသွား သော လူဝကြီး၏ အသံဖြစ်၏။

သူ့အသံမှာ ခက်ထန်မာကျောနေသည်။

"ကျူချုန်းက မင်းနဲ့ ဘာတော်သလဲ ... မှန်မှန်ပြောစမ်း"

လင့်ဟူချုံး၏ ပြန်ဖြေသံကို ကြားလိုက်ရ၏။

"ကျူချုန်းနဲ့ ကျုပ်နဲ့ ဘာမှမတော်ပါဘူး ... ကျူချုန်းကို ဒီတစ်ခါပဲ ကျုပ်တွေ့ဖူးတယ် ..."

လူဝကြီးက အလွန်ဒေါသထွက်နေသည့် အသံဖြင့် အော်လိုက်သည်။

"အခုထက်ထိ မင်းက ငါ့ကို လာညာနေတယ်ပေါ့ ... ဟုတ်လား ... မင်းက ငါ့အကြောင်းကို မသိသေးဘူး ... မင်း ငါ့ကို ဘယ်လောက်ကြာကြာ ညာနိုင်မှာလဲ ... ညာထား ... ငါက မင်းကို မသေမရှင်လုပ်ပြီး ကောင်းကောင်းနှိပ်စက်မှာ ... အဲဒီတော့မှ မင်းဘယ်လောက် အသည်းကောင်းသလဲဆိုတာ သိရမှာပေါ့ ..."

လင့်ဟူချုံးက ရယ်၍ ...

"ခင်ဗျားရဲ့ ရှားရှားပါးပါးဆေးကို ကျုပ်က သောက်လိုက်တော့ ခင်ဗျား ဒေါသဖြစ်မယ်ဆိုလည်း ဖြစ်ထိုက်ပါတယ် ... အမှန်အတိုင်း ပြောရရင်တော့ ကျုပ်လည်း ဒီအရက်တွေသောက်တုန်းက ဒီဆေးလုံးတွေ ပါမှန်းတောင် မသိဘူး ... အဲ့ဒါထားပါဦးလေ ... ကျုပ်ပြောချင်တာ ပြောပါရစေဦး ... ခင်ဗျားရဲ့ဆေးက ဘာမှ အာနိသင်ရှိတာ မဟုတ်ပါဘူး ...ကျုပ်အတွက်တော့ နည်းနည်းမှ မထူးခြားဘူး"ဟု ပြောလိုက်၏။

လူဝကြီးက ပို၍ ဒေါသထွက်လာကာ ...

"ဘာပြောတယ်ကွ ... ဒီလောက်နှစ်ရှည်လများ အပင်ပန်းခံပြီး ဖော်စပ်ထားတဲ့ဆေးကို ဘာမှ အစွမ်းမရှိဘူးလို့ မင်းမို့ပြောရက်တယ်၊ ဘာဖြစ်လို့ ငါ့ဆေးက မစွမ်းရမှာလဲ" ဟုပြောတော့၏။

လင့်ဟူချုံးက အရယ်မပျက်ဘဲ ...

"တကယ်ပြောတာပါ ... ကျုပ်မှာ ဘာမှ ညာစရာအကြောင်းမရှိပါဘူး ... ကျုပ်က အတွင်းဒဏ်ရာရထားလို့ သေလူဖြစ်နေတဲ့လူ၊ ကျုပ်အဖို့တော့ တကယ့်ကို ဘာမှမထူးခြားဘူး ... ကျုပ် ... အမှန်အတိုင်း ခင်ဗျားသိအောင် ပြောပြနေတာ ... မယုံလို့ ခင်ဗျားက ကျုပ်ကို သတ်လည်း ကျုပ်ကမကြောက်သေးဘူး"

လူဝကြီးက ...

"ဟင်း ... မင်းက ဒီလို လွယ်လွယ်ကလေးနဲ့ သေချင်လို့ ဘယ်ရမှာလဲကွာ၊ စိတ်ချ ... မင်းကို လွယ်လွယ်ကလေးနဲ့ မသတ်ဘူး၊ မြန်မြန်မသတ်ဘူး၊ ဖြည်းဖြည်းချင်း သတ်မှာ ... ဒါပေမယ့် ခုလောလောဆယ် လုပ်ငန်းမစသေးဘူး ... မင်းကို မေးစရာရှိတာ သေသေချာချာ မေးရဦးမယ် ..."

လင့်ဟူချုံးက ပြုံး၍ ...

"မေးစရာရှိတာ မေးပါဗျာ ... ဘာမှ အားမနာပါနဲ့ ... ကျုပ်ကလည်း ကျုပ်သိသမျှတော့ ပြန်ပြောပြမှာပါ ... မသိရင်မေး မစင်ရင်ဆေးတဲ့ ... ကဲ ကဲ ... မေးစရာရှိတာ မေးပါ ..." ဟု ပြောလိုက်သည်။

"တော် ...တိတ် ... မင်းက ငါ့ကို မိကျောင်းမင်း ရေခင်းလာပြမနေနဲ့ ... ငါမေးတာကိုသာဖြေ၊ ဟိုခွေးမသား ကျူချန်းဆိုတဲ့ကောင်က ငါနဲ့ အနှစ်သုံးလေးဆယ် ပေါင်းသင်းလာတဲ့ သူငယ်ချင်းကွ ... ငါ့အပေါ်မှာ အင်မတန် သစ္စာရှိတဲ့ကောင် ... ခုတစ်ခါတော့ ဘယ့်နှယ် ဖောက်ပြန်သွားရတာလဲ မသိဘူး ... ငါတော့ ဘယ်လိုမှကို နားမလည်နိုင်အောင် ဖြစ်နေရတာ ..."

"ဒါလား ... ဒါကတော့ အကြောင်းရှိလို့ ဖြစ်မှာပေါ့ဗျာ ... ကျူချန်းဆိုတဲ့လူကို ကြည့်ရတာ ညစ်တီးညစ်ပတ်နေပေမယ့် စိတ်သဘောထား ဖြောင့်မှန်ပုံတော့ရပါတယ် ... ဒီလိုရုပ်ရည်မျိုးက 'မိတ်ဆွေတို့မှာ ဖြောင့်မှန်စွာ သစ္စာမဖောက်နှင့်' ဆိုတဲ့ ဆုံးမစကားကို နားထောင်မယ့်သူမျိုးပါ ..."

"မင်း ဝင်ပြောပြန်ပြီ ... ငါပြောတာကိုသာ နားထောင်စမ်း၊ ဒီလောက် ငါ့အပေါ် သစ္စာရှိတဲ့ကောင်က ငါတပင် တပန်းရှာထားတဲ့ ဆေးလုံးတွေကို ခိုးယူပြီး မင်းကိုကျွေးတယ် ဆိုကတည်းက အကြောင်းရှိလို့ဆိုတာ ငါလည်း တွေးမိတာပေါ့ကွ ... ငါ့နာမည်ကိုရော မင်းကြားဖူးရဲ့လား ... လောင်ထိုဆိုတဲ့နာမည်ကို မကြားဘူးရင် မင်းညံ့နေသေးလို့ ဖြစ်ရမယ် ..."

"ဩော် ... ခင်ဗျားနာမည်က လောင်ထိုတဲ့လား ... တွေ့ရတာ ဝမ်းသာတယ်ဗျာ ..."

"ဟေ့ကောင် တိတ်စမ်း ... မင်းဝမ်းသာတာ ဝမ်းမသာတာ ငါအရေးမစိုက်ဘူး ... ငါနဲ့ ကျူချန်းဆိုတဲ့ကောင်က မင်းတို့ရဲ့ ဝါဆန်းဂိုဏ်းဆိုတာကို ဖုတ်လေတဲ့ငါးပိ ရှိတယ်လို့တောင် မမှတ်ဘူးကွ ... အခု ကျူချန်းက ဝါဆန်းဂိုဏ်းက

မဖြစ်စလောက် တပည့်လေးတစ်ယောက်အတွက်နဲ့ ငါ့ဆေးလုံးတွေ ခိုးသွားတယ်ဆိုတာက တကယ့်ကို ထူးဆန်းတဲ့ကိစ္စပဲ ...”

လောင်ထိုသည် စကားပြောရင်း ဒေါသပိုထွက်လာဟန်ဖြင့် တောက်တခေါက်ခေါက် ဖြစ်လာပြန်သည်။ သူက ဆက်၍ အော်လိုက်သည်။

“ဟေ့ကောင် ... မင်းက ကျူချန်းရဲ့သား မဟုတ်ဘူးလား ငါ့ကို မညာနဲ့ ... မှန်မှန်ပြောစမ်း”

လင့်ဟူချုံးက တဟင်းဟင်းဖြင့် ရယ်ရင်း ...

“ကြုံကြုံဖန်ဖန်ဗျာ ... ကျုပ်က ဘယ့်နှယ် ကျူချန်းရဲ့သား ဖြစ်နိုင်မလဲဗျာ ... မဟုတ်ပါဘူး၊ ကျူချန်းမှာ ကျုပ်အရွယ်လောက် သားရှိမရှိ ခင်ဗျား မသိဘူးလား”ဟု ပြန်မေးလိုက်သည်။

လောင်ထိုက တီးတိုးရေရွတ်၍ ...

“တယ်လည်း ထူးဆန်းပါလား၊ ငါ ဒီလောက် အပင်ပန်းခံပြီး ဒီဆေးလုံးတွေ ဖော်စပ်စုဆောင်းနေရတာက ငါ့သမီးလေးအတွက်ကြောင့်ကွ ... ငါ့အတွက်ဆိုရင်တောင် ဒီလောက် အပင်ပန်းခံမှာ မဟုတ်ဘူး ... ငါ့သမီးလေးရဲ့ ရောဂါက သိပ်ပြင်းထန်နေရှာတယ်၊ သူ့ခမျာ ရောဂါခံစားရတာ ပင်ပန်းလွန်းလို့ ငါ့မှာ မကြည့်ရက် မမြင်ရက် ဖြစ်နေရတယ် ... မင်းက ကျူချန်းရဲ့ သားမဟုတ်ဘဲနဲ့ သူက ဘာဖြစ်လို့ ငါ့သမီးအတွက် ဒီလောက်အရေးကြီးတဲ့ ဆေးလုံးတွေကို ခိုးပြီး မင်းကို ကျွေးရတာလဲ” ဟုပြောနေတော့၏။

ထိုအခါကျမှ လင့်ဟူချုံးမှာ ကောင်းစွာ သဘောပေါက်သွားတော့သည်။ ဤလူဝကြီး ဤမျှ ကြိတ်မနိုင်ခဲမရ ဒေါသထွက်နေရခြင်းမှာ သမီးအပေါ် အကြင်နာတရား ကြီးလွန်းလှ၍ ဖြစ်ပေတော့သည်။ လင့်ဟူချုံး၏စိတ်ထဲတွင် ...

“အင်း ... လက်စသတ်တော့ ဒီအဘိုးကြီးက သူ့သမီးအတွက် ဒီဆေးလုံးတွေ ဖော်စပ်ထားတာကိုး ... အခု ငါက စားပစ်လိုက်တော့ အလကားသက်သက် ဖြုန်းတီးသလို ဖြစ်သွားတော့တာပေါ့ ... သူ့ခမျာ သမီးအတွက်ဆိုတော့ ဒီလောက် စိတ်ထိခိုက်တာ မဆန်းတော့ပါဘူးလေ ... သားသမီးအပေါ်မှာ မိဘတွေက ဒီလိုပဲ မေတ္တာထားတတ် ကြတာပဲ” ဟု တွေးနေမိတော့၏။

ထို့နောက် လင့်ဟူချုံးက ...

“ခင်ဗျားသမီးရဲ့ ရောဂါက ဘာရောဂါလဲဆိုတာ ကျုပ် မသိရဘူးလားဟင် ... ဘာဖြစ်လို့ လူသတ်သမားတော်ကြီး ပိန်ရှိဆီ ခေါ်မသွားတာရတာလဲ ... သူက ဆေးပညာနဲ့ ကုသလို့ရနိုင်တဲ့ ရောဂါမှန်သမျှ ပျောက်ကင်းအောင် ကုနိုင်တယ် ... ကျုပ်အကြံပေး ...”

လင့်ဟူချုံး၏ စကားပင်ဆုံးအောင် ပြောခွင့်မပေးတော့ဘဲ လောင်ထိုက ဝင်ပြောတော့သည်။

“မင်းစကား ဒီတင်ပဲ ရပ်စမ်းကွာ ... သူ့ဆီ ခေါ်သွားဖို့ မင်းအကြံပေးတဲ့အထိ ငါကစောင့်နေပါ့မလား ... ဒီဆေးလုံး ကို ဖော်တဲ့ဆေးနည်းကို သူ့ဆီက ငါတောင်းလာခဲ့တာကွ”

“သြော် ... ဒီလိုလား၊ မသိပါဘူးဗျာ ... လူသတ်သမားတော်ကြီးဆီ မသွားဘူးအောက်မေ့လို့ ပြောမိတာပါ ... တကယ်တော့ ခင်ဗျားရဲ့ဆေးလုံးတွေက ကျုပ်ရောဂါနဲ့ ဘာမှ မဆိုင်ဘူးဗျ ... ဒီတော့ ကျူချန်းက ကျုပ်ကို စေတနာနဲ့ လာကျွေးပေမယ့် ကျုပ်အတွက်တော့ ဘာမှ မထူးခြားခဲ့ဘူး ... ‘ပေးကားပေး၏ မရ’ ဆိုတာမျိုးပေါ့ဗျာ၊ အခုတော့ ဆေးလုံးတွေ အချည်းနှီးဖြစ်ရတာပဲ အဖတ်တင်တော့တာပေါ့လေ ... သြော် ... တစ်ခုတော့ရှိတယ်၊ ခင်ဗျားသမီးရဲ့ ရောဂါအခြေအနေက ဘယ်အဆင့်အထိရောက်နေသလဲ ... ဒီဆေးမျိုး ပြန်ပြီးဖော်စပ်ဖို့ အချိန်များ မီမလားမသိဘူး ...”

လောင်ထိုက ဒေါသတကြီးဖြင့် အော်ပြန်တော့သည်။

“ငါ့သမီးက နောက်ထပ်ခြောက်လပဲ အသက်ရှင်နိုင်တော့တယ်ကွ ... ဘယ်လိုလုပ်ပြီး ဒီဆေးတွေကို ဖော်စပ်ဖို့ အချိန်ရှိတော့မှာလဲ ... ဒီဆေးတွေ ဖော်ရတာက ဆယ်နှစ်လောက် အချိန်ယူရတယ်ကွ၊ အခုတော့ ဖြစ်နိုင်မယ့်လမ်း တစ်လမ်းပဲရှိတော့တယ် ... မင်းကိုပဲ ဆေးအဖြစ်ပဲ သဘောထားရတော့မှာပဲ ...”

လောင်ထိုသည် စကားဆုံးသည်နှင့် လင့်ဟူချုံးအား ကုလားထိုင်တစ်လုံးတွင် ကြိုးနှင့် ချည်နှောင် လိုက်တော့သည်။

ခြေနှင့်လက်များကို အဓိကထားပြီး ချည်ထားလိုက်သည်။ သူတုပ်နှောင်လိုက်သည့် ကြိုးများမှာ တင်းကျပ်လွန်းသဖြင့် လင့်ဟူချိုးခမျာ လှုပ်ပင်မလှုပ်နိုင်တော့ချေ။

ကြိုးတုပ်ပြီးစီးသောအခါ လင့်ဟူချိုး၏အင်္ကျီကို ဆွဲဆုတ်လိုက်ပြီး ရင်ဘတ်ကို ဖော်ထားလိုက်တော့၏။

လင့်ဟူချိုးက အေးအေးပင်မေးလိုက်သည်။

"ခင်ဗျား ဘာတွေလုပ်နေတာလဲ ..."

လောင်ထိုက အေးစက်သောအပြုံးနှင့် အဖြေပေးလိုက်၏။

"မလောနဲ့ ...ငါလုပ်တာကို မင်းသေသေချာချာ စောင့်ကြည့်ပေါ့ကွာ ...မကြာခင် မင်းသိရမှာပါ ..."

စကားဆုံးသည်နှင့် လင့်ဟူချိုးကို ထိုင်ခုံနှင့်အတူ မ,ယူသွားပြီး အတွင်းခန်းထဲသို့ ဝင်လိုက်တော့သည်။ အတွင်းခန်းတစ်ခန်းလုံး ဆေးနံ့များ ဖုံးလွှမ်းနေသည်။ လောင်ထို၏ သမီးကို ထားသည့်အခန်း ဖြစ်ဟန်တူပေသည်။

လောင်ထိုက လင့်ဟူချိုးကို ခုတင်ရှေ့တွင်ချထားလိုက်ပြီး ခုတင်၌ထောင်ထားသည့် ခြင်ထောင်ကို အသာအယာဆွဲမကာ ကရုဏာတရား အပြည့်အဝပါသောလေသံဖြင့် ...

"သမီးလေး ... ဘယ့်နှယ်နေသလဲဟင်၊ ဒီနေ့ နေသာထိုင်သာ ရှိရဲ့လားဟင်" ဟုမေးလိုက်၏။

ခုတင်ပေါ်တွင် ... မျက်နှာ၌ လုံးဝသွေးရောင်မရှိသော မိန်းကလေးတစ်ယောက် လဲလျောင်းလျက်ရှိနေ၏။ အလွန်ပင် မကျန်းမမာ ဖြစ်နေပုံရသည်။ သူမက အလွန် ချည့်နဲ့သော လေသံဖြင့် ...

'အဖေ' ဟု ပြန်ထူးလိုက်သည်။ မျက်လုံးများကတော့ လုံးဝမဖွင့်ချေ။ ဖွင့်ရန်လည်း တတ်နိုင်ပုံမရချေ။

လောင်ထိုက ဆို့နင့်သောလေသံဖြင့် ...

"သမီး ... သမီးအတွက် အဖေ ဆေးဖော်စပ်တာ အခု အောင်မြင်သွားပါပြီ သမီးရယ် ... ဒီနေ့ အဲဒီဆေးကို သမီးသောက်ရတော့မယ် ... ဒီဆေးကို သောက်လိုက်ရင် သမီးရဲ့ရောဂါ ယူပစ်လိုက်သလို ပျောက်သွား တော့မှာပါ" ဟု အားပေးစကား ပြောလိုက်၏။

မိန်းကလေးမှာ စကားများများ မပြောနိုင်ရှာပေ။ 'အင်း' ဟူ၍သာ ပြောနိုင်ရှာ၏။

လင့်ဟူချိုးသည် မိန်းကလေး၏ ပိန်လှီနွမ်းလျသော ကိုယ်ခန္ဓာကို ကြည့်လိုက်သည်နှင့် မိန်းကလေး၏ ရောဂါမှာ အလွန်ပြင်းထန်လှကြောင်း ရိပ်မိလိုက်သည်။ သူ့စိတ်ထဲ၌ ဆင်းရဲခြင်းကြီးစွာ ခံစားလိုက်မိတော့သည်။

"ဒီအဘိုးကြီးက သူ့သမီးလေးကို အင်မတန်ချစ်တာကိုး ...မိဘတွေရဲ့ မေတ္တာဟာ တကယ်ကြီးမားတာပဲ ..."

အဘိုးကြီးလောင်ထိုသည် သူ့သမီးလေးကို ပွေ့ပြီး ထိုင်နိုင်အောင် ပြုပြင်ပေးလိုက်သည်။

သူကိုင်တွယ်ပြုပြင်နေပုံမှာ များစွာ နူးညံ့သိမ်မွေ့လှသဖြင့် သူ့သမီးအပေါ်ထားသည့် အကြင်နာတရား မည်မျှကြီးမားကြောင်း မြင်သည်နှင့် သိသာနိုင်ပေသည်။ လောင်ထိုက ...

"သမီး ... ထိုင်နေနော်၊ အခုတင်ပဲ ဆေးသောက်ရမယ် ... ဆေးက သိပ်ရှားတော့ မဖိတ်စင်စေနဲ့နော် ... အားလုံးဝင်အောင် သောက်လိုက် ..."

ထိုအခါ မိန်းကလေးက မျက်လုံးများကို အတင်းအားယူကြိုးစားပြီး ဖွင့်ကြည့်လိုက်သည်။ လင့်ဟူချိုးကို တွေ့သွားသောအခါ ...

"အ ...ဖေ ...သူ ...သူ ...သူ ...ဘ ...ဘယ်သူ ...လဲ"ဟု တိုးညင်းလှစွာ မေးလိုက်၏။

အဘိုးကြီးလောင်ထိုက ပြုံး၍ ...

"သူက ... လူမဟုတ်ဘူး သမီးရဲ့၊ ဆေး ... ဆေး" ဟု ပြောလိုက်တော့၏။

မိန်းကလေးက သူ့ဖခင်၏စကားကို လုံးဝနားမလည်။ ထို့ကြောင့် ...

"သူ ... သူ ... က ... ဆေး ..."

တစ်လုံးချင်း ပြန်လည် ရေရွတ်နေတော့သည်။

လောင်ထိုက ...

"ဟုတ်တယ် သမီးရဲ့၊ သူကဆေးပဲ … ဟိုဆေးရှစ်လုံးက အင်မတန်ပြင်းတဲ့ဆေးတွေ … အဲဒီဆေးလုံးတွေကို သမီးကို တစ်ခါတည်း တိုက်ကျွေးလို့မဖြစ်ဘူး … ဒါကြောင့် သူ့ကို အရင်သောက်ခိုင်းထားရတာ၊ သူ့ရဲ့သွေးကို ဖောက်ပြီး သမီးကိုတိုက်မှ သမီးရောဂါအတွက် အဆင်ပြေမှာ … ပိုလည်းကောင်းတယ်"

အဘိုးကြီးလောင်ထို၏ စကား ဆုံးသွားသောအခါ မိန်းကလေးသည် 'အင်း' ဟု တစ်ချက်ညည်းလိုက်ပြီး မျက်လုံးများ ပြန်မှိတ်သွားပြန်တော့၏။

လင့်ဟူချုံးကမူ အဘိုးကြီး၏စကားများကို ကြားလိုက်ရသည်နှင့် တုန်လှုပ်ချောက်ချားသွားသည်။ ဒေါသလည်း ထွက်သွားမိသည်။

လူမဆန်သော အပြုအမူအတွက် အော်ဟစ်ဆဲဆိုရန် ဟန်ပြင်လိုက်မိသည်။

သို့သော် သူ့စိတ်ထဲ၌ ချက်ချင်းပင် အသိတရားတစ်ခု ဝင်လာတော့၏။

"ငါက ဒီမိန်းကလေးအတွက် ဖော်စပ်ထားတဲ့ဆေးတွေကို သောက်လိုက်မိပြီ … ငါ့အပြစ် မဟုတ်ပေမယ့် သူသေရတဲ့ အကြောင်းတရားတွေထဲမှာတော့ ငါလည်း ပါနေတာပဲ … အခု ငါကလည်း အသက်ရှင်နိုင်မယ့် အခြေအနေမှာမှ မရှိတာ … ငါ့ရဲ့သွေးနဲ့ ဒီမိန်းကလေးရဲ့အသက်ကို ကယ်နိုင်ရင် ပိုမကောင်းပေဘူးလား … နှစ်ယောက်သေမယ့်အစား တစ်ယောက်က အသက်ရှင်ကျန်ရစ်ခဲ့တယ်ဆို တော်သေးတာပေါ့ … ငါ့မှာ သူ့ကို ပြန်ကူညီဖို့ ဝတ္တရားရှိနေတယ်"

လင့်ဟူချုံးသည် ဝမ်းသာဝမ်းနည်း ကြေကွဲသော အပြုံးကို ပြုံးမိလိုက်သည်။ မည်သည့် စကားကိုမျှ မပြောတော့ချေ။ သူ့အနေဖြင့် လိန်လိန်က သူ့ကို စိမ်းကားသွားသည့်အချိန်မှစ၍ လူ့လောကကြီးတွင် ဆက်လက် အသက်ရှင်သန်လိုစိတ် သိပ်မရှိတော့ပေ။

ယခုကဲ့သို့ တစ်ဦးတစ်ယောက်အတွက် အကျိုးပြုရင်း သေသွားရမည့် အဖြစ်မျိုးကြုံရသောအခါ ပို၍ သေရဲသွားလေတော့၏။

သူရဲကောင်းစိတ်ဓာတ်ရှိသူတိုင်း သေခြင်းတရားဟူသည်မှာ အလေးမထားသည့် အသေးအမွှား ကိစ္စကလေးသာ တည်း။

အတန်ကြာသော် လောင်ထိုက …

"ကဲ …မင်းကို ကြိုးနဲ့တုပ်တာ ဘာလုပ်မလို့လဲဆိုတာ အခုသဘောပေါက်လာပြီ မဟုတ်လား … ငါအခု မင်းရဲ့ နှလုံးသွေးကို ဖောက်မယ် … ငါ့သမီးရဲ့ ရောဂါ ပျောက်အောင်တိုက်မယ် … ဘယ့်နှယ်လဲ မင်းအခု ကြောက်လာပြီ မဟုတ်လား …"

လင့်ဟူချုံးက ညင်သာသိမ်မွေ့စွာ ပြန်ပြောလိုက်သည်။

"ကိစ္စမရှိပါဘူးလေ၊ ခင်ဗျား လုပ်စရာရှိတာကိုသာ ဆက်လုပ်ပါ …"

အဘိုးကြီးလောင်ထိုသည် လင့်ဟူချုံး၏ သိမ်မွေ့အေးဆေးသော လေသံကို ကြားလိုက်ရသောအခါ မယုံနိုင်လောက်အောင်ဖြစ်သွားပြီး ပါးစပ်အဟောင်းသား ဖြစ်သွားတော့၏။

လင့်ဟူချုံး၏ မျက်နှာကို သေချာစွာကြည့်လိုက်တော့သည်။ သွေးရူးသွေးတန်းဖြစ်သွားပြီး ပြောမိပြောရာ ပြောလိုက်လေသလားဟု စူးစမ်းမိခြင်း ဖြစ်သည်။

သို့သော် လင့်ဟူချုံး၏မျက်နှာကား ရင့်ကျက်တည်ကြည် လျက်ရှိနေပေသည်။

သူ့မျက်နှာ၌ အကြောက်တရားဟူ၍ အနည်းငယ်မျှ မတွေ့မမြင်ရချေ။ အဘိုးကြီးလောင်ထိုသည် ထူးခြားဆန်းကြယ်သော ခံစားမှုတစ်ခုကို ခံစားလိုက်ရပြီး လင့်ဟူချုံးအား …

"ဟေ့ … ငါက မင်းရဲ့ နှလုံးသွေးကို ဖောက်မှာနော် … နှလုံးသွေးကို ဓားနဲ့ဖောက်လိုက်ရင် ဘာဖြစ်သွားမယ် ဆိုတာ ကော မင်းသေသေချာချာ သိရဲ့လား … အဲဒီအခါကျရင် မင်းအသက်မရှင်နိုင်တော့ဘူး … သေသွားမယ်၊ လူသေဖြစ်သွားမယ် … ငါပြောတာ မင်း နားလည်ရဲ့လား"

လင့်ဟူချုံးက ပြုံး၍ …

“ဒီမှာ လောင်ထို … ကျုပ်ပြောမယ်၊ လူတိုင်း တစ်ခါတော့ သေကြရမှာပဲ၊ ကျုပ်လည်း တစ်နေ့မှာ သေရမှာပဲ … ဘာထူးမလဲ၊ နောင် သေရမှာနဲ့ အခုသေရမှာပဲ ကွာခြားတယ် … ကျုပ်အခု သေရမှာကို ကျေနပ်တယ် … ကျုပ်အသက်နဲ့ ခင်ဗျားသမီးရဲ့ အသက်ကို ကယ်လိုက်နိုင်တယ် ဆိုတာကို ကျုပ်အများကြီး ကျေနပ်တယ် … ကဲဗျာ … အပိုတွေ ပြောမနေပါနဲ့တော့ … ခင်ဗျားလုပ်စရာရှိတာကိုသာ လုပ်ပေတော့ဗျာ” ဟု ပြန်လည် ဖြေကြား လိုက်တော့သည်။

လောင်ထိုက လက်မထောင်၍ …

“အံ့ရော့ကွာ … အံ့ရော၊ မင်းလို သေရမှာမကြောက်တဲ့ လူမျိုးကို တစ်ယောက်မှ မတွေ့ရဖူးဘူး … တကယ့် သတ္တိရှင်ကြီးတွေ တွေ့ဖူးပါ့ကွာ … သူများကို သတ်နိုင်တဲ့အခါမှာတော့ ရဲရဲကိုတောက်နေတာပဲ၊ ကိုယ်သေခါနီးကျရင်တော့ ကြောက်လိုက်ကြတာ … ငါ့သမီးသာ မင်းရဲ့သွေးမသောက်ရဘဲ အသက်ရှင်နိုင်မယ်ဆိုရင် မင်းကို ငါ ပြန်တောင် လွှတ်လိုက်ပါရဲ့ … ဒါပေမယ့် အခုတော့ မလွှတ်နိုင်တော့ဘူးကွာ … ဒီအတွက် ငါစိတ်မကောင်းပါဘူး” ဟု ပြောလိုက်တော့၏။

စကားဆုံးသည်နှင့် နောက်ဖေးခန်းထဲမှ ဆူပွက်နေသော ရေနွေးဇလုံကို ယူလာပြီး ဓားတစ်ချောင်းလည်း အဆင်သင့် ယူလာတော့၏။

သူက မျက်နှာသုတ်ပဝါကို ရေနွေးတွင်စိမ်၍ လင့်ဟူချုံး၏ရင်ဝတွင် ကပ်ထားလိုက်သည်။

ထိုအခိုက် …

“ဟော့ လောင်ထို … ဟော့ လောင်ထို … တံခါးဖွင့်စမ်း … မင်းရဲ့သမီးအတွက် ပစ္စည်းကောင်းတစ်ခု ပါလာတယ် … လာစမ်းပါ၊ တံခါးဖွင့်စမ်းပါ …”

အပြင်ဘက်မှ ထိုသို့ အော်နေသူမှာ ကျူချုန်းသာတည်း။

အဘိုးကြီးလောင်ထိုသည် အဝတ်စတစ်ခုကို ယူ၍ လင့်ဟူချုံး၏ ပါးစပ်အတွင်းသို့ ထိုးသွင်းလိုက်သည်။

လင့်ဟူချုံး အော်ဟစ်အကူအညီ မတောင်းစေရန် အတွက်ဖြစ်၏။

ပြီးမှ အခန်းအပြင်သို့ လျှောက်ထွက်သွားပြီး တံခါးဖွင့်ပေးလိုက်၏။ တံခါးဖွင့်ရင်း မေးလိုက်သည်။

“ငါ့သမီးအတွက် ပစ္စည်းကောင်းပါတယ်လို့ မင်းပြောတယ်၊ ဘာပစ္စည်းပါလာသလဲ …”

ကျူချုန်းက …

“လောင်ထို ဒီကိစ္စမှာ ရုတ်တရက်တော့ … မင်းက ငါ့ကို စိတ်ဆိုးချင် ဆိုးလိမ့်မယ်၊ ကိစ္စက သိပ်အရေးကြီးနေတာ … ပထမ မင်းကို ငါ လိုက်ရှာပါသေးတယ်၊ မင်းကိုရှာလို့ကလည်း မတွေ့ … ကိစ္စကလည်း သိပ်အရေးကြီးနေတော့ မင်းရဲ့ ဆေးလုံးတွေကို ယူပြီး သူ့ကို တိုက်လိုက်ရတာ … ဒါတောင် ဖြောင်တိုက်ရတာ မဟုတ်ဘူး … ညာပြီး တိုက်လိုက်ရတာကွ … တကယ်လို့ ဒီကိစ္စကိုသာ မင်းကြားရင် မင်းကိုယ်တိုင် ဒီဆေးလုံးတွေယူပြီး သူ့ကိုသွားတိုက်မှာပဲ”

အဘိုးကြီးလောင်ထိုသည် ကျူချုန်း၏ ဝေ့လည်ကြောင်ပတ် စကားများကို ကြားရသောအခါ ဒေါသထွက် လာတော့၏။

“ကျူချုန်း …ခုမှ မင်းဘာတွေ လာပြောနေတာလဲ”

ကျူချုန်းက ရုတ်တရက် လောင်ထို၏နား,နားသို့ ကပ်၍ တီးတိုးပြောလိုက်တော့သည်။

အဘိုးကြီးလောင်ထို၏ မျက်နှာသည် ပထမတွင် မည်သို့မျှ ထူးဆန်းပုံမရဘဲ တဖြည်းဖြည်းနှင့် မျက်နှာထား ပြောင်းလဲလာတော့၏။

ကျူချုန်း၏ စကားဆုံးသောအခါ အဘိုးကြီးသည် ရုတ်တရက် ထခုန်လိုက်ပြီး အော်၍ မေးလိုက်သည်။

“တကယ်ဟုတ်ရဲ့လား … မင်း ငါ့ကို ညာပြောတာတော့ မဟုတ်ပါဘူးနော် …”

“လောင်ထို … မင်းနဲ့ ငါနဲ့က တကယ့်သူငယ်ချင်း အရင်းခေါက်ခေါက်ကြီးတွေပဲ … ငါက ဘာဖြစ်လို့ ညာပြောရမှာလဲ … ဒီသတင်းက တကယ့် အမှန်သတင်းပါ … ကဲ … မင်းရဲ့ဆေးလုံးတွေကို ယူသွားတဲ့အတွက် ငါ့ကို စိတ်ဆိုးနေသေးလား …”

“ငါကတော့ကွာ ... တကယ့်ကို သေဖို့ကောင်းနေတဲ့ကောင်ပါပဲ၊ တကယ့်ကို သေဖို့ကောင်းတဲ့ကောင်ပဲကွ ...”

“ဟ ... လောင်ထို၊ မင်း ဘာတွေပြောနေတာလဲ ... ဘာဖြစ်လို့ မင်းက သေရမှာလဲ ...”

အဘိုးကြီးက ကျူချန်းကို အခန်းတွင်းသို့ အတင်းဆွဲခေါ်သွားတော့၏။

ကျူချန်းသည် လင့်ဟူချုံး၏ အဖြစ်ကို မြင်လိုက်ရသောအခါ ကြက်သေ,သေသွားတော့၏။ အဘိုးကြီးလောင်ထိုကမူ လင့်ဟူချုံးရှေ့တွင် ဒူးထောက်ထိုင်ချလိုက်ပြီး ...

“ဆ ... ဆ ... ဆရာလေး လင့်ဟူချုံး ... ကျုပ်က ဘာမှ တတ်သိနားလည်တဲ့သူ မဟုတ်ပါဘူး ... တော်၏ မတော်၏၊ သင့်၏ မသင့်၏ လုံးဝမခွဲခြားတတ်တဲ့ အဘိုးကြီးပါ ... ဘာမှ အသုံးမကျတဲ့ အဘိုးကြီးပါ ... ဘုရားသိကြားမလို့ ကျူချန်း အချိန်မီရောက်လာနိုင်တာ ... နို့မို့ဆိုရင် ကျုပ်အပြစ်က ဘယ်လောက် ကြီးလေးသွားမယ်ဆိုတာ တွေးတောင် မတွေးဝံ့တော့ပါဘူး” ဟု ပြောပြီး အကြိမ်ကြိမ် ဦးချရှိခိုးလေတော့၏။

လင့်ဟူချုံးမှာ ပါးစပ်တွင် အဝတ်ဆို့ခံထားရသဖြင့် လုံးဝအသံမထွက်နိုင်ဘဲ တအင့်အင့် ဖြစ်နေ၏။ ကျူချန်းက ကပျာကယာ အဝတ်စကို ထုတ်ပေးလိုက်ပြီး ...

“ဆရာလေး လင့်ဟူချုံး ... ဘယ့်နှယ် ဒီနေရာကို ရောက်လာရတာလဲ၊ ကြည့်စမ်းပါဦး ... ဆရာလေးကို ဘယ်သူ ဒီလို လုပ်ထားရတာလဲ” ဟု မေးလိုက်တော့သည်။

လင့်ဟူချုံးမှာ ကျူချင်း၏စကားကို မဖြေနိုင်။ မိမိအား အကြိမ်ကြိမ် ဦးချကန်တော့နေသည့် အဖိုးကြီးလောင်ထိုအား မေးငေါ့ပြလိုက်ရင်း..

“အဲဒါတွေ အသာထားစမ်းပါဗျာ ... ဟိုဆရာကြီးလောင်ထိုကို မြန်မြန် မတ်တပ်ရပ်ခိုင်းလိုက်စမ်းပါ ... ကျုပ်ကို ငရဲကြီးအောင် လုပ်နေတာလား”ဟု ပြောလိုက်တော့၏။

ထိုအခါ လောင်ထိုက ...

“ကျုပ်အနေနဲ့ မသိလို့ မှားတာပါ ... ဒါကြောင့် ကျုပ်ကို ခွင့်လွှတ်ပါနော် ... ဆရာလေး လင့်ဟူချုံးက ကျုပ်ရဲ့ ကျေးဇူးရှင်နဲ့ ပတ်သက်နေတဲ့လူကိုး ... စောစောကတည်းက သိထားရင် ဒီသမီးတစ်ယောက်မပြောနဲ့ သမီးတစ်ရာတောင် အသေခံနိုင်ပါတယ် ... ဆရာလေးလင့်ဟူချုံးရဲ့ သွေးတစ်စက်တောင်ယူဖို့ ကျုပ် စိတ်ကူးရဲမှာ မဟုတ်ပါဘူး ...”

ထိုအခါကျမှ ကျူချန်းက ရိုးတိုးရိပ်တိတ် သဘောပေါက်လာသည်။ ထို့ကြောင့် မျက်လုံးပြူးမျက်ဆန်ပြူးဖြင့် ...

“လောင်ထို ... မင်း ...မင်း.. ဆရာလေးလင့်ဟူချုံးကို ဒီမှာ ခေါ်ပြီး ကြိုးနဲ့ချည်ထားတာ ဘာလုပ်မလို့လဲ ... မင်း ဘာလုပ်နေတယ်ဆိုတာကို နည်းနည်းကလေးမှ သဘောမပေါက်ဘူးလားဟင်” ဟု မေးလိုက်၏။

“ဟုတ်တယ် ဟုတ်တယ် ... ငါ့ အပြစ်ပါ၊ ငါ့အပြစ်ပါ ... ငါဟာ ကိုယ့်ကိုယ်ကို သတ်သေဖို့တောင် ကောင်းနေပါပြီ”

အဘိုးကြီးလောင်ထိုသည် ပြောပြောဆိုဆိုဖြင့် သူ့ပါးနှစ်ဖက်ကို သူ့ဘာသာ တဖြန်းဖြန်းနှင့် ရိုက်ချလိုက်တော့၏။ လင့်ဟူချုံး က အော်ဟစ်တားမြစ်လိုက်၏။

“ဆရာကြီး ရပ်စမ်းပါ ... ရပ်လိုက်စမ်းပါ ... ခင်ဗျားတို့ ဘာတွေပြောပြီး ဘာတွေဖြစ်နေကြတာလဲ ... ကျုပ်တော့ ဘာမှ နားမလည်နိုင်အောင် ဖြစ်နေတော့တာပဲ ... ကျုပ်ကိုလည်း အကြောင်းစုံ ရှင်းပြကြစမ်းပါဦး”

လောင်ထိုနှင့် ကျူချန်းတို့သည် ရုတ်တရက် သတိရသွားဟန်နှင့် လင့်ဟူချုံး၏ ခြေနှင့် လက်တို့ကို ချည်ထားသော ကြိုးများကို ပြေး၍ ဖြည်ပေးလိုက်ကြ၏။

ကျူချန်းသည် ရေနွေးဇလုံနှင့် ဓားတို့ကို တွေ့လိုက်ရသောအခါ လောင်ထို ဘာလုပ်ရန် ကြံစည်နေသည်ကို သိမြင်သွားပြီး အကြီးအကျယ် မျက်နှာပျက်သွားတော့၏။

ကျူချန်းက ...

“လောင်ထို ... ဆရာလေး လင့်ဟူချုံးအတွက် ... စားစရာသောက်စရာ တစ်ခုခု စီစဉ်စမ်း ... စားသောက်ရင်းနဲ့ ပြောစရာရှိတာ ပြောကြတာပေါ့ ...”

လောင်ထိုသည် ပျာယာခတ်သွားပြီး အရက်နှင့် စားသောက်ဖွယ်ရာများကို ပြင်ဆင်တည်ခင်း နေတော့၏။ ကျူချန်း ကလည်း ပျာပျာသလဲ ဝင်ရောက်ကူညီလုပ်ကိုင်လေသည်။

အတန်ကြာသော် ကျူချန်းက ...

"လောင်ထို ... ဆရာလေးလင့်ဟူချုံးက အင်မတန် သဘောထားကြီးပြီး အင်မတန် စိတ်ထားမြင့်မြတ်တဲ့သူမို့လို မင်းကို ခွင့်လွှတ်တာ ... မင်းရဲ့ဆေးလုံးတွေသာ တကယ်စွမ်း တကယ်ထက်ပလေ့စေ ... ဆရာလေးလင့်ဟူချုံးရဲ့ ရောဂါ ပျောက်သွားတာနဲ့ မင်းတော့ အကြီးအကျယ် အကျိုးရှိတော့မှာပဲ ..."

အဘိုးကြီးလောင်ထိုက လှိုက်လှဲစွာဖြင့် ပြန်ပြောသည်။

"ငါ့အတွက် အကျိုးရှိဖို့ မလိုတော့ပါဘူးကွာ ... ဒီကိစ္စကို အောင်အောင်မြင်မြင်ဖြစ်သွားအောင် ဆောင်ရွက်တာက မင်းပါ ... မင်းရဲ့ ကျေးဇူးပါ ..."

လင့်ဟူချုံးက ရုတ်တရက် ပြောလိုက်သည်။

"ခင်ဗျားတို့ ဘာတွေ ပြောနေကြတာလဲ ... ခင်ဗျားတို့ ပြောနေတာတွေ ကျုပ် တစ်လုံးမှ နားမလည်ဘူး ... တစ်ယောက်က ဘာတွေ ပြောမှန်းမသိဘူး ... လျှောက်ပြောနေတယ်၊ တစ်ယောက်က ကျုပ်ကို အကျဉ်းသားတစ်ယောက် ကို ခေါ်သလို ခေါ်လာပြီး ဒီမှာ ချုပ်ထားတယ် ... ခင်ဗျားတို့က ကျုပ်ကို လုံးဝ ဂရုမစိုက်တဲ့ သဘောနဲ့ လုပ်နေကြတာပဲ" လောင်ထိုနှင့် ကျူချန်းတို့ နှစ်ယောက်မှာ လင့်ဟူချုံး၏စကားကို ကြားလိုက်ရသောအခါ တုန်လှုပ်ချောက်ချားသွားကြပြီး ကမန်းကတန်း ထရပ်လိုက်ကာ ...

"ဆရာလေးလင်ဟူချုံး ... ကျုပ်တို့ဟာ တကယ်ပဲ သေဒဏ်ထိုက်သင့်တဲ့ လူတွေပါ ... ဆရာလေး ပေးချင်တဲ့ အပြစ်ကို ပေးပါ၊ ကျုပ်တို့ မငြင်းပယ်ဝံ့ပါဘူး၊ ဆရာလေးပေးမယ့် အပြစ်ဒဏ်ကို ခံယူဖို့ အသင့်ပါပဲ" ဟု ပြောကြား ကြလေတော့၏။

လင့်ဟူချုံးက ...

"ကောင်းပြီ ...ကျုပ် ခင်ဗျားတို့ကို တစ်ခုပဲမေးမယ် ... အဲဒါကို သေသေချာချာဖြေပါ ... ခင်ဗျားတို့နှစ်ယောက်ရဲ့ စကားအသွားအလာကို ကြည့်ပြီးကတည်းက တစ်ယောက်ယောက်ကြောင့် ကျုပ်ကို ဒီလိုဆက်ဆံနေတယ်ဆိုတာ ကျုပ် သိတယ် ... ကဲ ပြောကြပါ ... ဘယ်သူ့မျက်နှာထောက်ပြီး ကျုပ်ကို လေးလေးစားစား ဆက်ဆံနေရတာလဲ ..."

လောင်ထိုနှင့် ကျူချန်းတို့ နှစ်ယောက်မှာ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိကြတော့၏။ ကျူချန်းက ...

"ဆရာလေးရဲ့ စိတ်ထဲမှာ သူ ဘယ်သူဆိုတာ သိနေတာပဲ ... ဒီနာမည်ကို ကျုပ်တို့ ဖွင့်မပြောရဲဘူး ... ဆရာလေး သိနေရင် ပြီးတဲ့ဥစ္စာ ..."

လင့်ဟူချုံးက ...

"ကျုပ် မသိဘူးဗျ ... မသိလို့ ဒီလောက်တောင် မေးနေရတာပေါ့ ... သိရင် မေးပါ့မလား"

လင့်ဟူချုံးမှာ ထိုသူ၏နာမည်ကို လုံးဝစဉ်းစား၍ မရပေ။ ဖြစ်နိုင်သမျှတော့ စဉ်းစားကြည့်သေးသည်။

"အင်း ... ဆရာဘိုးဘိုး ဖုန်းချင်းများလား ... ဒါမှမဟုတ် ဘုန်းတော်ကြီး ပုကျက်လား ... ဒါမှမဟုတ် ထင်ပေါ်လား ... ဒါမှမဟုတ် ဝါးရုံတောက အဘိုးကြီး လုကျူလား ... မဖြစ်နိုင်ပါဘူးလေ၊ သေသေချာချာ စဉ်းစားလေ ... သူတို့ မဟုတ်တာ ပိုသေချာလေပဲ"

လင့်ဟူချုံးသည် ဦးခေါင်းထဲတွင် နောက်ကျိရှုပ်ထွေးလာသဖြင့် ခေါင်းတယမ်းယမ်း လုပ်နေမိတော့သည်။

ကျူချန်းက ...

"ဆရာလေး ... ဒါကိုတော့ မမေးပါနဲ့တော့၊ ကျုပ်တို့ကို ဒီနာမည်မပြောရင် သတ်မယ်လို့ ခြိမ်းခြောက်ကြည့်ပါ ... ကျုပ်တို့ အသက်သာအသေခံမယ် ... ပါးစပ်ကတော့ ထုတ်မပြောရဲဘူး ... ဆရာလေးစိတ်ထဲမှာ သိနေရင် ပြီးတာပါပဲ ... ကျုပ်တို့ ပြောစရာ လိုသေးလို့လားဟင်၊ ဒါတစ်ခုတော့ ကျုပ်တို့ကို ခွင့်လွှတ်ပါလို့ တောင်းပန်ပါတယ် ..."

လင့်ဟူချုံးသည် သူတို့ကို လုံးဝမေး၍ မရနိုင်တော့မှန်း သိလိုက်လေပြီ။

သူတို့ကလည်း အရှင်းလင်းဆုံးနှင့် အရိုးသားဆုံး ဖွင့်ဟဝန်ခံထားကြသည် မဟုတ်ပါလား။ အသက်သာ အသေခံမည် ဒီနာမည်ကိုတော့ လုံးဝ ထုတ်မပြောရပါတဲ့။

လင့်ဟူချုံးက ရုတ်တရက်ပြောလိုက်သည်။

"ကောင်းပြီ ... ခင်ဗျားတို့ မပြောဘူးဆိုရင် ကျုပ်ကလည်း ခွင့်မလွှတ်နိုင်ဘူး လောင်ထို ... ခင်ဗျားက ကျုပ်ကို ခုံနဲ့တွဲပြီး ကြိုးနဲ့ ချည်ထားတဲ့လူဆိုတော့ ကျုပ်ကလည်း ခင်ဗျားတို့ကို ကြိုးနဲ့ပြန်ချည်မယ် ... ကြိုးနဲ့ချည်ပြီးလို့မှ ကျုပ်ဒေါသ မပြေသေးဘူးဆိုရင် ခင်ဗျားတို့ရဲ့သွေးကိုဖောက်ပြီး နှစ်ယောက်စလုံးကို အဆုံးစီရင်မယ်"

လောင်ထိုက ကျူချုန်း၏ မျက်နှာကို တစ်ချက်မျှ လှမ်းကြည့်လိုက်ပြီး ...

"ဆရာလေးက ကြိုးနဲ့ချည်ချင်တယ် ဆိုရင်လည်း ချည်ပါ ... ဆရာလေးကို ကျုပ်တို့ ဘယ်လိုမှ မခုခံရပါဘူး ... ဆရာလေးကို ခုခံရဲတယ်ဆိုရင် ကျုပ်တို့လောက် မိုက်မဲတဲ့လူ ဘယ်ရှိတော့မလဲ"

ပြောပြောဆိုဆိုနှင့် လောင်ထိုသည် ခုံနှစ်လုံးကို ဆွဲယူလာပြီး ချည်နှောင်ရန်ကြိုးများကိုလည်း အဆင်သင့် ယူလာသည်။

နှစ်ယောက်စလုံး ခုံများတွင်ထိုင်ကာ ကိုယ့်ခြေထောက်ကိုယ် အသေအချာ ချည်နှောင်လိုက်ကြပြီးမှ လက်နှစ်ဖက်ကို နောက်သို့ပစ်လျက် ...

"ဆရာလေး အဆင်သင့်ဖြစ်ပါပြီ ... ချည်ချင် ချည်တော့လေ"

လောင်ထိုနှင့် ကျူချုန်းတို့နှစ်ယောက်၏ စိတ်ထဲတွင် လင့်ဟူချုံးဆိုသော လူငယ်သည် သူတို့အား နောင်ပြောင်ကျီစယ် နေခြင်းသာဖြစ်၍ တကယ်ချည်နှောင်လိမ့်မည်ဟု မယူဆကြချေ။

သို့သော် သူတို့၏ အထင်နှင့် အမြင် တလွဲစီဖြစ်သွားတော့သည်။

လင့်ဟူချုံးသည် သူတို့၏ လက်နှစ်ဖက်ကို အသေအချာ တုပ်နှောင်လိုက်သောအခါ နှစ်ယောက်စလုံး မျက်စိမျက်နှာပျက်သွားကြပြီး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြ၏။

ထို့နောက် ... စားပွဲပေါ်ရှိ အဆင်သင့်ရှိသော ဓားကို ကောက်ကိုင်လိုက်ပြီး ...

"ကျုပ်ရဲ့ အတွင်းအားကို လုံးဝမထုတ်နိုင်တော့ လက်နဲ့ ခင်ဗျားတို့နှစ်ယောက်ရဲ့အကြောကို ထိုးပိတ်နိုင်မှာ မဟုတ်ဘူး ... ဒီတော့ ဟောဒီဓားနဲ့ပဲ ခင်ဗျားတို့ရဲ့ အကြောကို ထိုးပိတ်ရတော့မှာပဲ" ဟု ပြောလိုက်၏။

လောင်ထိုနှင့် ကျူချုန်းတို့နှစ်ယောက်မှာ အကြီးအကျယ် ကြောက်ရွံ့တုန်လှုပ်လျက် ရှိကြလေပြီ။

ထိုစဉ် ... လင့်ဟူချုံးသည် ဓားရိုးဖြင့် ထိုလူနှစ်ယောက်၏ အကြောများကို ထိုးပိတ်ပစ်လိုက်ပြီး ...

"ခင်ဗျားတို့ ဒီမှာပဲ အေးအေးဆေးဆေး နေခဲ့ကြဦး"

ဟု ပြောဆို၍ အတွင်းခန်းဘက်သို့ ဝင်သွားတော့သည်။

လင့်ဟူချုံးသည် ဓားကို ကိုင်၍ လူနာမိန်းကလေးရှိရာ ခုတင်သို့ လျှောက်သွားတော့သည်။ မိန်းကလေးမှာ မျက်လုံးများမှိတ်၍ မှိန်းနေဆဲ ဖြစ်သည်။ အခန်းအပြင်ဘက်၌ ဖြစ်ပျက်နေသည်တို့ကိုလည်း လုံးဝသိရှိဟန်မပေါ်။ အသက်ကိုသာ ကြိုးစားရှူနေရသည်။ အသက်ရှူနေပုံမှာလည်း မျှင်းမျှင်းကလေးသာဖြစ်သည်။ အချိန်မရွေး အသက်ထွက်သွားနိုင်သည့် ပုံစံမျိုးဖြစ်နေတော့၏။

လင့်ဟူချုံးသည် မိန်းကလေးကို ကြည့်လိုက်ပြီး လွန်စွာ ကရုဏာသက်မိတော့၏။ လောင်ထို၏ သမီးအပေါ် မေတ္တာကရုဏာ ကြီးစွာထားခြင်းကိုလည်း များစွာ လေးစားကြည်ညိုမိသည်။ ထို့ကြောင့် သက်ပြင်းတစ်ချက်ချရင်း စိတ်ထဲတွင် ...

"ငါက သူ့ရဲ့ဆေးကို မှားသောက်လိုက်မိတော့ သူဒုက္ခရောက်တော့တာပေါ့ ... နောက်ပြီး ငါသောက်တဲ့ဆေးကလည်း ငါ့အတွက် ဘာမှအကျိုးမပြုဘူး ... ငါအဖို့ကတော့ ဒီသေတဲ့လမ်းထဲကကို မထွက်နိုင်တော့ဘူး ..." ဟု တွေးလိုက်၏။

လင့်ဟူချုံးသည် စားပွဲခုံပေါ်၌ လောင်ထိုတင်ထားသည့် ဖန်ခွက်ကို လှမ်းယူလိုက်ပြီး သူ၏ လက်ကောက်ဝတ် သွေးကြောကို လှီးဖြတ်ချလိုက်တော့၏။

နီစွေးသောသွေးများ ပန်းထွက်လာသောအခါ ခွက်နှင့် ခံထားလိုက်သည်။

စောစောက ရေနွေးဇလုံတွင်းရှိ ရေနွေးများမှာ ပူနွေးနေဆဲဖြစ်နေ၍ သူက ထိုရေနွေးကို ပဝါတစ်ခုနှင့်နှစ်လျက် သွေးထွက်နေသည့် ဒဏ်ရာပတ်ဝန်းကျင်တွင် စွတ်ပေးလိုက်သည်။

သို့မှသာ အနွေးဓာတ်ကြောင့် သွေးများ ပိုထွက်လာပေလိမ့်မည်။ ထို့ပြင် အအေးဒဏ်ကြောင့် သွေးခဲမည့်အဖြစ်မှ လည်း ကာကွယ်ရာရောက်သည်။

များမကြာမီပင် ဖန်ခွက်တစ်ဝက်ခန့် ရလိုက်တော့သည်။

ထိုမိန်းကလေးသည် သွေးနံ့ရ၍ မျက်လုံးများကို ဖွင့်လိုက်သောအခါ လင့်ဟူချုံး၏ လက်ကောက်ဝတ်၌ သွေးသံရဲရဲ ဖြစ်နေသဖြင့် အလန့်တကြားအော်မိတော့၏။

လောင်ထိုနှင့် ကျူချန်းတို့မှာ အခန်းတွင်း၌ လင့်ဟူချုံး ဘာတွေလုပ်နေမှန်း မသိသဖြင့် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း အကြီးအကျယ် စိတ်ဓာတ်ကျနေကြတော့၏။

လင့်ဟူချုံးက ဖန်ခွက်တွင် သွေးများ အပြည့်ရသောအခါ မိန်းကလေး၏ပါးစပ်နားသို့ ယူသွားပြီး ...

"ကဲ ... မိန်းကလေး မြန်မြန်သောက်လိုက်ပေတော့ ... ငါ့သွေးထဲမှာ ဆေးအာနိသင်တွေ အပြည့်အဝပါတယ်၊ ဒါသောက်လိုက်ရင် မင်းရဲ့ ရောဂါလည်း သက်သာသွားမှာ၊ သောက်လိုက်၊ မြန်မြန်သောက်လိုက်"ဟု တိုက်တွန်းရင်း အတင်းတိုက်တော့၏။

"ကျွန်မ ... ကျွန်မ ...ကြောက် ... ကြောက်တယ်၊ မသောက် မသောက်ရဲဘူး ..."

မိန်းကလေး၏ ငြင်းဆန်နေသည့်စကားကို ကြားလိုက်ရသောအခါ လင့်ဟူချုံးမှာ ဒုက္ခအကြီးအကျယ် ဖြစ်သွား ရတော့သည်။

ဤသို့ သွေးများ ဖောက်ထုတ်လိုက်သဖြင့် သူ့ခေါင်းတစ်ခုလုံး တရိပ်ရိပ်ရီဝေလျက် မူးဝေနောက်ကျိနေချေပြီ။ အချိန်မရွေး လဲကျသေဆုံးသွားနိုင်သည်။

မိမိ ဤမျှအပင်ပန်းခံလျက် ထုတ်ထားသည့်သွေးများကို မသောက်ရဲဟု လူနာမိန်းကလေးက ငြင်းဆန်လျက် ရှိနေလေပြီ။

သူ့စိတ်ထဲတွင် ...

"သူ မသောက်ရင် ငါ့သွေးတွေ အလကားသွန်ပစ်ရတော့မှာပဲ၊ ဒီတော့ ..."

လင့်ဟူချုံးသည် သူ၏ဓားဖြင့် မိန်းကလေး၏လည်မျိုသို့ ထိုးချိန်လိုက်တော့၏။

"မိန်းကလေး ... မင်းရွေးပေတော့၊ ဓားနဲ့ထိုးသတ်တာပဲ ခံမလား၊ ဒီသွေးဆေးကိုပဲ သောက်မလား၊ မင်းကြိုက်တာကို ရွေးပေတော့၊ ဒီသွေးဆေးကို မသောက်လို့ကတော့ ငါက အသတ်ပဲ ..."

ထိုအခါ မိန်းကလေးမှာ ကြောက်ရွံ့ထိတ်လန့်နေပြီဖြစ်၍ လုံးဝမငြင်းဆန်ရဲတော့ပေ။ လင့်ဟူချုံး၏ သွေးများကို ခက်ခဲပင်ပန်းစွာ သောက်ချလိုက်တော့၏။

လင့်ဟူချုံးမှာ ထိုဖန်ခွက်ဖြင့်ပင် မိမိလက်ကောက်ဝတ်မှ သွေးများ ပြန်လည် ခံယူလိုက်ပြန်သည်။

သို့သော် အအေးဒဏ်ကြောင့် သွေးခဲသွားလေပြီ။ သွေးမထွက်တော့ချေ။

လင့်ဟူချုံး၏စိတ်ထဲတွင် ဤသို့တွေးလိုက်မိ၏။

"အမှန်တကယ်ဆို ဒီသွေးတစ်ခွက်ထဲမှာ ဆေးလုံးရဲ့ အာနိသင်က ဆယ်ပုံပုံရင် တစ်ပုံလောက်ပဲ ပါလိမ့်မယ်၊ ဒီတော့ ဒီမိန်းကလေး ဆေးအာနိသင်ရဖို့ ငါမလှုပ်ရှားနိုင်တော့တဲ့အထိ ငါ့သွေးကို ဖောက်ထုတ်တိုက်မှ ဖြစ်လိမ့်မယ်၊ နို့မို့ဆိုရင် ငါလည်းသေ၊သူလည်း ဘာမှ အကျိုးထူးခံစားရမှာ မဟုတ်တော့ဘူး ..."

လင့်ဟူချိုးသည် သူ၏ညာဘက်လက်ကောက်ဝတ်ကို လှီးဖြတ်လိုက်ပြန်၏။ နောက်ထပ် ဖန်ခွက်နှင့်တစ်လုံး သွေးများထပ်မံရပြန်သည်။

သူသည် စောစောက ပုံစံအတိုင်းပင် မိန်းကလေးအား ခြိမ်းခြောက်လျက် အတင်းတိုက်လိုက်ပြန်သည်။

လောင်ထိုနှင့် ကျူချန်းတို့နှစ်ယောက်မှာမူ အခန်းတွင်း၌ လင့်ဟူချိုး ဘာလုပ်နေသည်ကို လုံးဝမသိနိုင်ဘဲ စိတ်ပျက်လက်ပျက် ဖြစ်နေမိကြတော့သည်။

တစ်ခါတစ်ရံ သမီးဖြစ်သူ၏ အော်သံကို ကြားရပြန်သည်။ ဘာဖြစ်နေမှန်းမသိ။

ထိုစဉ် သူ့သမီး၏ အသံက ...

"တော် ...တော် ...ပြီ ...သွေး ...သွေးတွေ သိပ်များနေပြီ ..."ဟု ချည့်နဲ့နဲ့ ထွက်လာသောအသံကို ကြားလိုက်ရပြန်သည်။

ထိုအခိုက် အိမ်တံခါးအပြင်ဘက်မှ လူတစ်ယောက်၏အသံက ...

"လောင်ထို ... အဲ့ဖွယ်ခြောက်ယောက်ကိုတော့ ငါ လမ်းမှား ပို့ပေးလိုက်ပြီ၊ သူတို့ ဒီအိမ်ကို တစ်နှစ်လုံးရှာတာတောင် တွေ့မှာ မဟုတ်ဘူးကွ ..." ဟူသော စကားသံကို ကြားလိုက်ရတော့သည်။

ထိုသူက ပြောပြောဆိုဆိုနှင့် အခန်းတွင်းသို့ ခုန်ဝင်လာသည်။ ထိုသူမှာ လင့်ဟူချိုးအား ကယ်ရန်လိုက်လာသော အဲ့ဖွယ်ခြောက်ယောက်တို့အား လောင်ထို၏နောက်သို့ မလိုက်နိုင်စေရန် လမ်းလွှဲခေါ်သွားသူ ဖြစ်ဟန်ရှိသည်။

အခန်းထဲရောက်သည်နှင့် လောင်ထိုနှင့် ကျူချန်းတို့နှစ်ယောက် ခုံပေါ်တွင် ချည်နှောင်ထားခြင်း ခံနေရသည်ကို တွေ့ရတော့၏။

ထိုအဖြစ်ကို မြင်လိုက်ရသောအခါ ထိုသူသည် အကြီးအကျယ် တုန်လှုပ်ချောက်ချားသွားတော့သည်။ သူ၏ဓားဖြင့် ကြိုးများကို ချက်ချင်းဖြတ်တောက်ပေးပြီး အနှောင်အဖွဲ့မှ လွတ်မြောက်သွားအောင် လုပ်ပေးလိုက်သည်။

ထိုစဉ် အခန်းတွင်းရှိ လောင်ထို၏ သမီးထံမှ စူးစူးဝါးဝါး အသံ ထွက်ပေါ်လာတော့၏။

"ကျွန် ... ကျွန်မ ... တောင်း ... တောင်းပန်ပါတယ်၊ ဒီလို မလုပ်ပါနဲ့တော့ ..."

ထိုလူသည် လောင်ထို၏ သမီးအော်သံကို ကြားလိုက်ရသဖြင့် အလန့်တကြားဖြစ်သွားပြီး အခန်းတွင်းသို့ ပြေးဝင်ရန် ဟန်ပြင်လိုက်သည်။ လောင်ထိုက ချက်ချင်း လှမ်းတားလိုက်ပြီး ...

"ငါတို့ရဲ့ အကြောကို ဖွင့်ပေးခဲ့ဦး ..."ဟုပြောလိုက်သည်။

ထိုလူက လောင်ထိုနှင့် ကျူချန်းတို့၏ အကြောများကို ဖွင့်ပေးလိုက်သည်။ ထိုအခိုက်မှာပင် မိန်းကလေး၏ ကြောက်ရွံ့ တုန်လှုပ်နေသော အသံကလေးက ...

"အဖေ ... အဖေ ... မြန်မြန်လာပါဦး ဒီမှာ ... ဒီမှာ ..."

လောင်ထိုမှာ သူ့သမီး၏ ခေါ်သံကိုကြားသည်နှင့် ချက်ချင်းပင် အခန်းတွင်းသို့ ပြေးဝင်သွားတော့သည်။

လင့်ဟူချိုးတစ်ယောက် ကြမ်းပြင်ပေါ်၌ လဲကျလျက်ရှိကြောင်း သူတို့အားလုံး တွေ့လိုက်ကြရတော့သည်။

ဖန်ခွက်တစ်ခွက်က သူ့ရင်ဘတ်ပေါ်တွင် တင်လျက်ရှိပြီး သူ့တစ်ကိုယ်လုံးမှာလည်း သွေးများပေကျံလျက် ရှိနေတော့၏။

လောင်ထို၏သမီးကလေး နှုတ်ခမ်းတစ်ဝိုက်တွင် သွေးများပေကျံနေသည်ကိုလည်း တွေ့ရှိနေရပြန်သည်။

လောင်ထို နှင့် ကျူချန်းတို့မှာ လင့်ဟူချိုးကို ကြည့်လိုက် မိန်းကလေးကိုကြည့်လိုက်နှင့် လုံးဝနားမလည်နိုင်အောင် ဖြစ်နေမိကြတော့၏။

ထို့ကြောင့်လောင်ထိုသည် သူ့သမီးအား လှမ်းကြည့်လိုက်သည်။ သူ့အကြည့်တွင် မေးခွန်းပေါင်း မြောက်မြားစွာ ပါဝင်နေကြောင်း သူ့သမီးကလည်း သိ၏။ ထို့ကြောင့် သူမက ...

"အဖေ ... သူ ...သူက သွေးတွေကို ဖောက်ထုတ်ပြီး သမီး ... သမီးကို နှစ်ခွက် ... နှစ်ခွက်တောင် အတင်း သောက်ခိုင်းတယ်၊ သူ ... သူက နောက်ထပ် သွေးတွေ ထပ်ဖောက်မလို့ ... လုပ် ... လုပ် ... နေရင်း ..."

လောင်ထိုမှာ သမီးဖြစ်သူ၏ စကားကို ကြားလိုက်ရသောအခါ ခေါင်းနပန်းကြီးသွားမိတော့၏။ အကြီးအကျယ် ထိတ်လန့် ချောက်ချားသွားပြီး လင့်ဟူချိုးအား ပြေးပွေ့ထူလိုက်မိတော့သည်။

လင့်ဟူချိုး၏ လက်ကောက်ဝတ်များရှိ လှီးဖြတ်ထားသောနေရာများမှ သွေးများ စိမ့်ထွက်နေသေးသည်ကို တွေ့ လိုက်ရသည်နှင့် လောင်ထိုသည် လင့်ဟူချိုး၏ အပြုအမူကို ကောင်းစွာ သဘောပေါက်သွားတော့သည်။

လင့်ဟူချိုးအား ကျူချန်း၏ ရင်ခွင်အတွင်းသို့ လွှဲပြောင်းပေးလိုက်ပြီး သူက ဒဏ်ရာလိမ်းဆေးနှင့် ပတ်တီးများ ပြေးယူကာ ဆေးလိမ်း ပတ်တီးစည်းပေးလိုက်တော့၏။

လင့်ဟူချိုးကို မိမိအခန်းတွင်းရှိ ခုတင်ပေါ် ဖြည်းညင်းစွာ တင်ထားလိုက်ရသည်။ လင့်ဟူချိုးမှာ သွေးထွက်လွန်နေပြီ ဖြစ်၍ လုံးဝသတိမရဘဲ ဖြစ်နေ၏။

လောင်ထိုမှာ အလွန်မျက်နှာညှိုးငယ်စွာဖြင့် ...

"ကျူချန်း ... ငါတို့ ဘယ်လိုလုပ်ကြမလဲဟင်၊ ဘယ်လိုလုပ်ကြတော့မလဲ ..."ဟု မေးလိုက်ရှာသည်။

ကျူချန်းက ...

"လောင်ထို ... မင်း ဘာမှ စိတ်မကောင်း ဖြစ်မနေနဲ့တော့၊ တို့လည်း ဘာမှမတတ်နိုင်ဘူး၊ လင့်ဟူချိုး ဘယ်လောက် စိတ်ထားကောင်းသလဲဆိုတာ အဲဒါမျက်မြင်ပဲ၊ သာမညလူတစ်ယောက် မဟုတ်ဘူးဆိုတာ အခုကိုယ်တွေ့ပဲ၊ သူများတွေ ပြောနေတဲ့ တစ်ဆင့်စကား တစ်ဆင့်နားသာ ငါတို့ ကြားခဲ့ရတာ၊ သူရဲကောင်း လင့်ဟူချိုးကို ငါတို့ မျက်မြင် တွေ့ကြရပြီ ..."

လောင်ထိုက ခေါင်းတညိတ်ညိတ်နှင့် ထောက်ခံနေသည်။ လင့်ဟူချိုး၌ သူရဲကောင်းစိတ်ဓာတ်ရှိကြောင်း သူ့ အသည်းနှလုံးထဲမှ လက်ခံပါပြီ။

သူစိုးရိမ်နေသည်မှာ လင့်ဟူချိုး အသက်ဆုံးရှုံးသွားမည်ကိုသာတည်း။ သူ့ခေါင်းထဲတွင် ထူပူနေသဖြင့် လင့်ဟူချိုးကို မည်သို့ ပြုစုရမည်မှန်းမသိဘဲ ဖြစ်နေသဖြင့် ကျူချန်း၏ မျက်နှာကိုသာ ငေးကြည့်နေမိတော့သည်။ ကျူချန်းက ...

"လောင်ထို ... မင်းစိတ်ပူနေတာကို ငါသိပါတယ်ကွာ၊ ဒါကတော့ ကံအကြောင်းတရားပဲ၊ အခုနေ ငါတို့ လုပ်ပေး သင့်တဲ့ အရာမှန်သမျှကို လုပ်ပေးကြမယ်၊ သူသတိမေ့နေတာက သွေးလွန်သွားလို့ကွ၊ ဒီတော့ သွေးအားတိုးနိုင်တဲ့ ဆေးတွေကို ကျွေးရမှာပဲ၊ ဒီတစ်လမ်းပဲ ရှိတော့တယ်၊ ပြီးရင် သူ့ကို သူ့လှေထဲ ပြန်ပို့ပေးလိုက်တာပေါ့ကွာ ..."

ထိုအခါ လောင်ထိုသည် သူ့၌ရှိသော အကောင်းဆုံး သွေးအားတိုးစေသည့် ဆေးမြစ်များကိုသွေး၍ လင့်ဟူချိုးအား တိုက်ကျွေးတော့သည်။

ပြီးနောက် လင့်ဟူချိုးအား လှေကြီးပေါ်သို့ ပြန်ပို့ပေးလိုက်ကြတော့၏။

ဤအခြင်းအရာ အဖြစ်အပျက်များကို ရက်ပုချွန်အနေဖြင့် ကြားမြင်သိပြီးလေပြီ။ လင့်ဟူချိုးအား လောင်ထိုတို့ သုံးယောက် လှေဆီသို့ ပြန်ပို့သည် ခရီးတစ်လျှောက် သူလည်း နောက်မှ လိုက်လာခဲ့သည်။

ထိုလူသုံးယောက်မှာ ထိပ်သီးသိုင်းသမားများ ဖြစ်ကြသဖြင့် သူတို့သိအောင်တော့ မလိုက်ရဲပေ။ တိတ်တဆိတ်သာ လိုက်ခဲ့ရပေသည်။

သူ့လှေကြီးရှိရာသို့ ပြန်ရောက်သောအချိန်တွင် အဲ့ဖွယ်ခြောက်ယောက်တို့လည်း ပြန်လည်ရောက်ရှိ နေကြပေပြီ။ လိန်လိန်နှင့် လင်မိန်ကျက်တို့နှစ်ယောက်သည်လည်း ပြန်လည်လွတ်မြောက်လာကြောင်း တွေ့ရှိရတော့၏။

ရက်ပုချွန် ပြန်ရောက်လျှင်ရောက်ချင်း လိန်လိန်က သူ့အမေ ဖူးလင်အား ငိုယို တိုင်တန်းနေသည့်စကားကို စတင် ကြားရတော့သည်။

"အမေ ...ဟိုလူကြီးက တကယ့် လူဆိုးကြီးအမေရဲ့၊ သမီးကို မိန်းကလေးရယ်လို့ မညှာတာဘူး၊ ကြိမ်းမောင်း ခြိမ်းခြောက် နေတာပဲ၊ အဟင့် ... ဟင့် ... ဟင့် ..."

ဖူးလင်က ချော့လိုက်သည်။

"သမီးရယ် … ဒါဒိုစရာ မဟုတ်ပါဘူး၊ ကြိမ်းမောင်း ခြိမ်းခြောက်ရုံတင်ဆို တော်လှပါပြီ၊ အသက်အန္တရာယ် မပေးလိုက်တာကိုပဲ ကျေးဇူးတင်ရဦးမယ်၊ သူက သမီးကို ဘယ်လို ကြိမ်းမောင်း ခြိမ်းခြောက်လို့လဲ"

လိန်လိန်က ငိုယိုလျက် …

"သူက သမီးကို ရိုက်သတ်မယ်တဲ့၊ သမီးကို သူက ဘာဖြစ်လို့ ရိုက်သတ်ရမှာလဲ၊ သမီးက သူ့ရန်သူမှ မဟုတ်တာ …" ဟု ပြောနေတော့၏။

ဖူးလင်က ပြုံးရင်း လိန်လိန်စိတ်ကျေနပ်သွားအောင် နှစ်သိမ့်လိုက်သည်။

"ကောင်းပြီ … သမီး မငိုနဲ့တော့၊ နောက်တစ်ခါ အဲဒီလူကြီးကိုတွေ့တာနဲ့ သမီးကို ကြိမ်းမောင်းသလို ပြန်ကြိမ်းမောင်းမယ်၊ သူက ဘာမို့လို့လဲ၊ အမေ့အကြောင်း သိသွားစေရမယ် …"

"သမီးက အစ်ကိုကြီး မကောင်းကြောင်း တစ်လုံးမှ ပြောတဲ့သူ မဟုတ်ပါဘူး၊ လင်မိန်ကျက်ကဆို ပိုတောင် မပြောသေးတယ်၊ အဲဒါ သမီးတို့က အစ်ကိုကြီးကို ပုတ်ခတ်ပြောတယ်လို့ စွပ်စွဲတယ်၊ အစ်ကိုကြီးက သူ့ရဲကောင်းတဲ့၊ သူ့ရဲကောင်းတစ်ယောက်ကို သွားပုပ်လေလွင့် လျှောက်ပြောနေတာ သူမကြိုက်ဘူးတဲ့၊ သူက ထပ်ပြောသေးတယ်၊ သိပ်ကြောက်စရာ ကောင်းတာပဲ …"

ဖူးလင်က …

"ဘာများလဲ သမီးရယ်၊ သူက ဘာတွေ ထပ်ပြီး ခြိမ်းခြောက်သေးလို့လဲ …"

"သူခြိမ်းခြောက်တာက တကယ့်ကို ကြောက်စရာကြီးပါအမေ၊ သူမကြိုက်တဲ့ လူဆိုရင် သူက ချက်ပြုတ်ပြီး စားတတ်တယ်တဲ့၊ သူ့ပါးစပ်ကြီးကိုလည်း ဖြဲပြသေးတယ်၊ အဲဒီလူကြီးက လူကောင်က အကြီးကြီးဆိုတော့ ပါးစပ်ကြီးကလည်း တကယ့်ကို အကျယ်ကြီးပဲ၊ သမီးကို မကြောက်ကြောက်အောင် ခြောက်ပြနေတာ …"

လင့်ဟူချုံးမှာ ထိုအချိန်၌ အနည်းငယ် သတိရလာသည်။ စကားပြောရန် ကြိုးစားမိသည်။ သို့သော် 'သူ …သူ …' ဟူသော စကားလုံးမှ ရှေ့ဆက် မပြောနိုင်ဘဲ ဖြစ်နေတော့၏။

လင်မိန်ကျက်က ဝင်၍ ပြောလိုက်ပြန်သည်။

"ဆရာမ … ဒီလူကြီးက တကယ့်လူသားစားတဲ့ လူကြီးပဲ၊ သူက ခြောက်လှန့်ပြောနေတာ မဟုတ်ဘူး၊ တကယ့်ကို လူသားစားတဲ့ လူကြီး …"

ဖူးလင်မှာ တုန်လှုပ်ချောက်ချားသွားတော့၏။ လင်မိန်ကျက်သည် စကားများများ ပြောတတ်သူမဟုတ်ပေ။ မဟုတ်မမှန်သောစကားများကိုလည်း ပြောလေ့ပြောထမရှိသဖြင့် ဖူးလင်နှင့် ရက်ပုချွန်တို့မှာ လင်မိန်ကျက်စကားကို အလေးထားကြ၏။

"ဒီလူကြီးက လူသားစားတယ် ဟုတ်ရဲ့လား၊ မင်းဘယ်လိုလုပ် သိသလဲ …"

လင်မိန်ကျက်က …

"ဒီလူကြီးက ဘုန်းကြီးတုံ၊ ဘုန်းကြီးယောင်ပါ၊ စကားကလည်း အင်မတန်များတယ်၊ ခြိမ်းခြောက်လိုက်၊ ကြိမ်းမောင်းလိုက်နဲ့ တစ်ချက်မှ မနားဘူး၊ နောက်ပြီး ကျွန်တော့်ကိုလည်း ဘီလူးမီးဓားသိုင်းစာအုပ်အကြောင်း မေးလိုက်သေးတယ်၊ အဲဒီလို စကားတွေ လျှောက်ပြောပြီး ပါးစပ်ပိတ်ထားမလား အောက်မေ့တယ်၊ လုံးဝ ပါးစပ် မပိတ်ဘူး.."

လင်မိန်ကျက်သည် သူ၏စကားကို ခေတ္တရပ်တန့်လိုက်ပြီး လိန်လိန်၏မျက်နှာကို တစ်ချက် လှမ်းကြည့်လိုက်သည်။ ဖူးလင်သည် လင်မိန်ကျက်၏ နောက်ဆက်တွဲစကားကို သိလိုလှသဖြင့် သည်းခံစောင့်ဆိုင်းနေရသည်။

လင်မိန်ကျက်က ဆက်လက်၍ …

"သူက သူ့အိတ်ထဲက ပစ္စည်းတစ်ခုကို နှိုက်ပြီး အားရပါးရ ဝါးစားလိုက်တယ်၊ သူက ကျွန်တော့် ပါးစပ်နား ထိုးပေးပြီး ပြောလိုက်သေးတယ်၊ မင်းလည်း စားပါလားတဲ့၊ ကျွန်တော်က ဘယ်စားမလဲ ကြက်သီးတောင် ထသွားမိတယ်၊ သူထိုးပေးတဲ့ ပစ္စည်းကို သေချာကြည့်လိုက်တော့ … လား …လား …လူရဲ့ လက်တစ်ဖက်နဲ့ တူနေတယ် ဆရာမရဲ့ …" ဟု ပြောလိုက်တော့၏။

လိန်လိန်က အလန့်တကြား အော်ဟစ်ရင်း မေးလိုက်သည်။

"ရှင် ...ရှင် ... အစတုန်းက ဘာဖြစ်လို့ ဒီအကြောင်းတွေ ကျွန်မကို မပြောရတာလဲဟင် ..."

လင်မိန်ကျက်က ...

"ဘယ်ပြောလို့ဖြစ်မလဲ၊ မင်းကြောက်သွားမှာပေါ့၊ တမင်မပြောဘဲထားတာ၊ သူကြိမ်းလိုက်မောင်းလိုက် လုပ်နေတာနဲ့ တင်ပဲ မင်းသိပ်ကြောက်နေပြီ မဟုတ်လား ..."

လိန်လိန်က ...

"လင်မိန်ကျက် ... ရှင် ...ရှင် ... သူပေးတာကိုကော ရှင် စားလိုက်သေးသလား ..."

လင်မိန်ကျက်က ခေါင်းခါပြရင်း ...

"ကြုံကြုံဖန်ဖန် ဘယ်စားပါ့မလဲ၊ လူ့လက်ကြီးနဲ့ တူနေတာ သေသေချာချာ မြင်နေမှပဲ ..." ဟု ပြန်ဖြေလိုက်၏။

လိန်လိန်က ရင်ဘတ်ကလေးကို ဖိ၍

"တော်ပါသေးရဲ့၊ ရှင်မစားလိုက်ပေလို့ပဲ၊ စားများစားလိုက်ရင်တော့ ရှင်နဲ့ ကျွန်မနဲ့ ..."

လိန်လိန်သည် သူ့စကားကို ထပ်မဆက်တော့ပေ။ လူအများရှေ့တွင် မိမိတို့နှစ်ယောက် ချစ်ကြိုက်နေကြောင်း ပေါ်သွားမည်ဖြစ်၍ သူမ၏ စကားကို ထပ်မဆက်ခြင်း ဖြစ်တော့သည်။

လှေ၏ကုန်းပတ်တစ်နေရာတွင် ထိုင်နေသော ထောင်ကန်းက ...

"အသားမှန်သမျှထဲမှာ လူသားက အနူးညံ့ဆုံးမို့ အကောင်းဆုံးတဲ့၊ ဒီလောက်ကောင်းတဲ့ အသားကို ကျွေးတဲ့လူက ကျွေးနေပြီ၊ ဒါကို တစ်ယောက်က မစားဘူးဆိုတာ ဟုတ်ပါ့မလား၊ လူရှေ့သူရှေ့မှာတော့ မစားဘူးလို့ ပြောတာပဲပေါ့၊ ဒါပေမယ့် လင်မိန်ကျက်က ခိုးစားမှာပါ၊ ဝန်မခံရဲတော့ ညာပြီးပြောနေတာ ..."

ထောင်ရက်က ဝင်နှောက်ပြန်၏။

"ဟုတ်တယ်၊ သူသာ အဲဒီ အသားကို မစားဘူးဆိုရင် ဘာမှမပြောနဲ့ပေါ့၊ မသိလိုက်မသိဘာသာနေရင် ဘယ်သူက သိမှာလဲ၊ ပြောပြီးမှတော့ ပြန်ငြင်းတယ်ဆိုတာ စားလို့ပဲ ..."

လင်မိန်ကျက်မှာ မိဘနှစ်ပါး သေဆုံးသွားပြီးကတည်းက စကားအပြောအဆို အလွန်နည်းသွားသည်။ စောစောက အသားစားသည့်အကြောင်း ပြောမိခြင်းမှာလည်း အကြောင်းဆိုက်လာ၍ ဖြစ်၏။

ယခု အံ့ဖွယ်ခြောက်ယောက်တို့က သူ့အား စကားမပြောပြောအောင် နှောက်နေသော်လည်း မည်သည့်စကားကိုမျှ ပြန်လည် ချေပခြင်းမပြုဘဲ ငြိမ်သက်စွာ နားထောင်နေတော့၏။

ထောင်ဝါးက ...

"ဟုတ်တယ်၊ မင်းတို့စကားက အမှန်ပဲ၊ အခုကြည့်ပါလား၊ သူစကားတစ်ခွန်းမှ ပြန်ပြောတာမဟုတ်ဘူး၊ ဆိတ်ဆိတ်နေ ဝန်ခံတယ်ဆိုတဲ့ စကားလည်း ရှိတာပဲ ..."

ထောင်ဝါးသည် သူ့စကားကို ခေတ္တဖြတ်၍ လိန်လိန်အား လှမ်းပြောလိုက်၏။

"လိန်လိန် ... ဒီကောင်က လူသားခိုးစားပြီး ဝန်မခံတာဟာ သူ့ရဲ့ မရိုးသားတဲ့သဘောကို ပြနေတာပဲ၊ လူရိုးလူဖြောင့်ဆိုရင် အမှန်ကို ဝန်ခံရဲရမယ်၊ ဒီလူမျိုးကို နင်မကြိုက်သင့်ဘူး၊ ကြိုက်ရင် နင်မှားမှာပဲ ..."

ထောင်ရှမ်းက ဝင်ပြောလာပြန်၏။

"လိန်လိန် ... နင်သူနဲ့ လက်ထပ်ပြီးရင် တစ်သက်လုံး စိတ်အေးသွားရမှာ မဟုတ်ဘူး၊ သူက တခြားမိန်းကလေးတွေနဲ့ ရှုပ်ပွေဦးမှာ အသေအချာပဲ၊ သူ့ရုပ်ရည်ကိုက မိန်းမကြိုက်မဟုတ်လား၊ နင်က 'ရှင် မိန်းမတွေနဲ့ ရှုပ်ပွေနေတယ် မဟုတ်လား ...'လို့ မေးရင် နင့်ကို မဟုတ်ဘူးလို့ အတင်းငြင်းဦးမှာပဲ ..."

ထောင်ရက်က ...

"ဒီထက်ကြောက်စရာ အချက်ကြီး ရှိသေးတယ်ကွ၊ မင်းတို့ သတိမထားမိကြလို့၊ အဲဒီအသားဆိုတာ ဘယ်လောက်စားကောင်းမယ်ဆိုတာ စဉ်းစားကြည့်တာနဲ့ သိနိုင်တယ်၊ အဲဒီအသားစားဖူးတဲ့လူဟာ သူ့အကျင့်ကို ဘယ်လိုမှ ဖျောက်နိုင်မှာ မဟုတ်ဘူး ..."

ထောင်ရက်က ကြက်သီးထသွားဟန်ဖြင့် သူ၏အရုပ်ဆိုးလှသော မျက်နှာကြီးကို ရှုံ့မဲ့ပြပြီး တစ်ကိုယ်လုံး တုန်လှုပ်သွားဟန် လုပ်ပြသည်။

ထောင်ကန်းက ...

"ဟော့ကောင် ... ပြောမှာ ပြောစမ်းပါ၊ 'ထောင်တန်တဲ့စကား ရယ်ရင်ပေါ့' ဖြစ်သွားအောင် ရယ်စရာ လုပ်ပြမနေစမ်းပါနဲ့ ..."

ထောင်ရက်က ဆက်၍ ပြောလိုက်သည်။

"ပြောမှာပေါ့ကွ၊ ခဏစောင့်ပါဦးလား၊ လိန်လိန် ... နင် သူနဲ့အိပ်နေတုန်း ညကြီးသန်းခေါင် နိုးလာတဲ့အခါ ကိုယ့်လက်ချောင်းတွေ ပြန်ကြည့်လို့ လက်ချောင်းတွေ မရှိတော့ဘူးဆိုရင် နင် ဘယ့်နှယ်လုပ်မလဲဟင်၊ ဒီကောင်က နင့်လက်ချောင်းတွေကို ဝါးစားပြစ်လိုက်ရင်၊ ဟင်း ... ငါတော့ နင့်အစား သိပ်ပြီးကြက်သီးထတာပဲ ..."

ဤ ပေါက်တတ်ကရ စကားများ ကြားရခြင်းအားဖြင့် အံ့ဖွယ်ခြောက်ယောက်တို့က သူတို့အကျင့်အတိုင်း ပြောချင်ရာ ပြောနေကြခြင်းဖြစ်သည်ဟု ထင်မှတ်ဖွယ်ရာရှိသည်။ အမှန်စင်စစ် ဤသို့ မဟုတ်ပေ။ ရည်ရွယ်ချက်ဖြင့် ပြောနေကြခြင်းသာ ဖြစ်ကြသည်။

အံ့ဖွယ်ခြောက်ယောက်တို့သည် လင့်ဟူချုံးက သူတို့အား မြှောက်ပင့်သည့် စကားများကြောင့် လင့်ဟူချုံးကို ခင်မင်စိတ် ပေါ်နေကြ၏။ ထို့အပြင် လူသတ်သမားတော်ကြီး ပိန်ရိက လင့်ဟူချုံးကို စောင့်ရှောက်ရန် သူတို့အား အမိန့်ပေးထားသည့်အချက်ပါ ထပ်မံပေါင်းစပ်လိုက်သောအခါ လင့်ဟူချုံးကို ဝါဆန်းဂိုဏ်းသား တစ်ယောက်ဟု သူတို့စိတ်ထဲ၌ မသတ်မှတ်ချင်ကြတော့ပေ။ သူတို့၏ဘက်တော်သား သူတို့၏လူဟု သတ်မှတ်ထားလိုက်ကြတော့သည်။

သူတို့ ခြောက်ယောက်စလုံးမှာ အချို့နေရာများ၌ ပေါသွပ်သွပ် ဖြစ်နေကြသော်လည်း အချို့နေရာများ၌မူ အမှန်အကန် သိမြင်ကြ၏။

ယခု သုံးပွင့်ဆိုင် မေတ္တာဇာတ်လမ်း၌ လင့်ဟူချုံးက လိန်လိန်ကို မေတ္တာသက်ဝင်နေပြီး လိန်လိန်က လင်မိန်ကျက်အပေါ် မေတ္တာသက်ဝင်နေသည်ကို ကောင်းစွာ ရိပ်မိသိရှိကြသည်။ ထို့ကြောင့် သူတို့၏ ဘက်တော်သား လင့်ဟူချုံး ရင်နာ ကြေကွဲနေရသည့် ဖြစ်ရပ်ကို လုံးဝ ကျေနပ်ခြင်း မရှိကြပေ။

အခွင့်အရေးရသည်နှင့် လင်မိန်ကျက်အား ပုတ်ခတ်ပြောဆိုနေခြင်းသာ ဖြစ်လေတော့၏။

× × × × × ×

## ဒေဝီဂိုဏ်းချုပ်

နံနက်မိုးသောက် အလင်းရောက်ခဲ့ချေပြီ။

မိုးသောက်သည်နှင့် လှေကြီးသည် ကမ်းမှခွာလာတော့သည်။ လင့်ဟူချုံးမှာ လုံးဝ ထူထောင်နိုင်ခြင်း မရှိသော်လည်း လှဲအိပ်နေရင်းမှ အရဏ်ဦး၏အလှကို ငေးမောကြည့်ရှုရင်း စိတ်တွင်း၌ လန်းလန်းဆန်းဆန်း ဖြစ်လာခဲ့သည်။

လှေကြီးထွက်ခွာလာသည့်အချိန်နှင့် မရေးမနှောင်းအချိန်တွင်ပင် လှေငယ်တစ်စင်းသည် သူတို့နောက်မှ ရွက်တိုက်လာကြောင်း နှင်းမှုန်များအကြား၌ တွေ့မြင်လိုက်ရတော့သည်။ ထိုလှေငယ်လေးသည် သူတို့လှေကြီးနှင့် တဖြည်းဖြည်း ရင်ပေါင်တန်း ရွက်လွှင့်လာနိုင်ပြီး များမကြာမီပင် သူတို့လှေကြီးအား ကျော်တက်သွားတော့၏။

ထိုလှေငယ် ဖြတ်ကျော်သွားချိန်တွင် ထိုလှေငယ်ပေါ်မှ မိန်းကလေးတစ်ဦး၏ သီချင်းဆိုသံကို ကြားလိုက်ကြရသည်။ ကျယ်ကျယ်လောင်လောင် ကြားရခြင်း မဟုတ်ပေ။ တိုးတိုးညင်းညင်းကလေး ကြားကြရခြင်းဖြစ်သည်။ ထိုမိန်းကလေးက သီချင်းတစ်ပုဒ်ကို ညည်းနေခြင်း ဖြစ်ဟန်ရှိသည်။

ရက်ပုချွန်နှင့် ဖူးလင်တို့သည် ထူးခြားနေသော လှေငယ်ကို အကဲခတ်ကြရတော့သည်။ အဘယ်ကြောင့်ဆိုသော် မိမိတို့၏ ခရီးစဉ်တစ်လျှောက်လုံး ပြဿနာတစ်ထွေးထွေးနှင့် ရှုပ်ထွေးပွေလိမ် နေခဲ့သောကြောင့်ပေတည်း။ မိမိတို့ ပတ်ဝန်းကျင်တွင် ရန်သူမှန်း မိတ်ဆွေမှန်းမသိသူများ လွန်စွာပေါများလှသဖြင့် သတိအလွန်ထားမှ တန်ရုံရှိပေသည်။ ထို့ကြောင့် လှေငယ်လေးအား လျစ်လျူရှုအလေးမထားခြင်း မပြုကြပေ။

ဤသို့ ကြည့်ရှုနေချိန်အတွင်း မြစ်တွင်းတွင် နေလုံးကြီးသည် တဖြည်းဖြည်း မြင့်တက်လာတော့၏။ နေမင်းကြီး ပွင့်လင်းထွန်းပလာသည်နှင့်အမျှ နှင်းမှုန်များသည်လည်း တဖြည်းဖြည်း ပျောက်ကွယ်ကုန် ကြတော့သည်။ မြစ်ပြင်ကြီးသည် ဝင်းလက်တောက်ပလာ၏။

ထိုအချိန်တွင် သူတို့အား ကျော်တက်သွားသည့် လှေငယ်ကလေးသည် ရုတ်တရက် နောက်ကြောင်းပြန်လှည့်လျက် သူတို့ လှေကြီးဖက်သို့ ဦးတိုက်လာနေသည်ကို တွေ့လိုက်ရတော့သည်။ ရက်ပုချွန်သည် ထိုလှေငယ်လေး ၏ရွက်ထည်ကို အသေအချာကြည့်လိုက်မိသည်။ ရက်ပုချွန် အံ့အားကြီး သင့်သွားမိတော့သည်။ အဘယ်ကြောင့်ဆိုသော် ရွက်ထည်ပေါ်တွင် မိန်းကလေးတစ်ယောက်၏ ပေါင်ရင်းမှ ခြေဖျားအထိ ခြေထောက်တစ်ဖက်ကို ထူးထူးခြားခြား ရေးဆွဲထားသော ကြောင့်ပေတည်း။

ဝါဆန်းဂိုဏ်းသားများသည် ထိုရွက်ထည်ကို တွေ့ကြရသောအခါ တီးတိုး ဝေဖန်မိကြတော့၏။

“ဘယ်လိုလဲ … ရွက်ပေါ်မှာ မိန်းကလေးတစ်ယောက်ရဲ့ ပေါင်တစ်ချောင်းလုံး ရေးဆွဲထားရတယ်လို့ တစ်ခါမှ မကြုံဖူးပါဘူး၊ တော်တော် ကြံကြံဖန်ဖန်လုပ်တဲ့ လှေပဲ …”

သူတို့အားလုံးတွင် လုံးဝ အပူအပင်မရှိသူများမှာ အံ့ဖွယ်ခြောက်ယောက်တို့သာ ဖြစ်ကြ၏။ ထောင်ကျက်က …

"ဒီလေဟာ အလကားလေမဟုတ်ဘူး၊ ဟို … လူသားစားတဲ့လူတွေ လိုက်လာတာပဲဖြစ်ရမယ်၊ ဖူးလင်တို့၊ လိန်လိန်တို့ ကောင်းကောင်းသာ သတိထားကြပေတော့၊ ဒီပေါင်တံကြီးရေးထားတာက အကြောင်းမဲ့ရေးထားတာ မဟုတ်ဘူး၊ ဒီလှေပေါ်ကလူက မိန်းကလေးတွေရဲ့ ပေါင်တံကိုပဲစားမယ်လို့ တမင်ကြေညာထားတာ ဖြစ်လိမ့်မယ်"

လိန်လိန်က မျက်နှာကို မဲ့ပြလိုက်သည်။ ရန်သူကို မမှုသည့်သဘော။

သို့သော် … ထောင်ကျက်၏စကားသည် ဟုတ်များဟုတ်နေမလားဟု ကြောက်လန့်နေမိသည်ကတော့ အမှန်ပင်ဖြစ်တော့၏။

များမကြာမီပင် လှေငယ်သည် သူတို့၏လှေကြီးနားသို့ ဆိုက်ကပ်လာတော့၏။ လှေနှစ်စင်း အလွန်တရာ နီးကပ်နေပြီဖြစ်၍ ထိုလှေငယ်ကလေးမှ သီချင်းသံကို ပီပီသသပင် ကြားလိုက်ကြရတော့၏။

သီချင်းသံမှာ နူးညံ့သိမ်မွေ့သည့်ပြင် ယောကျ်ားတို့၏ စိတ်နှလုံးကို ယူကြုံးနိုင်စေသော စွမ်းရည်ရှိသဖြင့် ကြားရသူများအဖို့ ရင်တခုန်ခုန် ဖြစ်လာကြတော့၏။

ဝါဆန်းဂိုဏ်းသားများသည်လည်း ရင်ခုန်သံမြန်လာသည်နှင့်အတူ မျက်နှာများ၌လည်း ရှက်အမ်းအမ်း ဖြစ်လာကြရ၏။ အဘယ့်ကြောင့်ဆိုသော် သီချင်းသံသည် ယောကျ်ားများအား မြူဆွယ်သည့် အသံမျိုး ဖြစ်သောကြောင့်ပေတည်း။

ဖူးလင်ကမဲ့ရွဲ့ပြီး ရွတ်ချလိုက်သည်။

"မိန်းမကောင်းတော့ ဖြစ်မှာမဟုတ်ဘူး၊ ဘယ်တစ္ဆေသရဲမလည်း မသိဘူး၊ အသံကိုက ကျက်သရေ မရှိတဲ့အသံ …"

ထိုစဉ် လှေပေါ်မှ နူးညံ့သိမ်မွေ့သော အသံတစ်သံထွက်လာသည်။

"ဝါဆန်းဂိုဏ်းက လင့်ဟူချုံးဆိုတာ ရှိပါသလားရှင် …"

ဖူးလင်က လေသံကို နှိမ့်၍ ရက်ပုချွန်အား သတိပေးလိုက်သည်။

"အစ်ကိုကြီး … အရေးစိုက်ပြီး ဖြေမနေနဲ့ …"

ထိုလှေငယ်ပေါ်မှ မိန်းကလေးအသံ ထပ်မံထွက်ပေါ်လာပြန်သည်။

"ကျမတို့ လင့်ဟူချုံးကို မတွေ့ဖူး မမြင်ဖူးကြလို့ပါ၊ ခဏတွေ့ခွင့်ပေးဖို့ တောင်းပန်ပါတယ်ရှင် …"

ထိုမိန်းကလေး၏အသံမှာ လွန်စွာနူးညံ့သိမ်မွေ့ပြီး အထူးသဖြင့် ဖိုသတ္တဝါများ၏စိတ်ကို ပို၍ ညို့နိုင်စွမ်းရှိသော အသံမျိုး ဖြစ်ပေသည်။

ဝါဆန်းဂိုဏ်းသား ယောကျ်ားတိုင်းလိုလို ရင်ခုန်နေကြတော့၏။ ထိုမိန်းကလေး၏ မျက်နှာကိုလည်း ကြည့်ချင်မြင်ချင်စိတ် ပေါ်နေကြတော့၏။

ချက်ချင်းလိုပင် လှေငယ်ကလေးပေါ်မှ မိန်းကလေးတစ်ယောက် ခေါင်းပြူထွက်လာတော့သည်။ သူမ၏တစ်ကိုယ်လုံး ထူထူထဲထဲ အင်္ကျီတစ်စုံ ဝတ်ဆင်ထားပြီး ရင်ဘတ်တွင် ပန်းတစ်ပွင့် လှပစွာရေးထိုးထားသည်။ ပန်းပွင့်လေးမှာ လက်ရာမြောက်လှသည့် အပြင် အရောင်တလက်လက်ပင် တောက်ပနေသည်။ နားနှစ်ဖက်တွင်လည်း နေရောင်ကြောင့် တောက်ပဝင်းလက်နေသည့် ရွှေနားကွင်းတစ်စုံ တပ်ဆင်ထားကြောင်း အားလုံးက တွေ့ရှိသတိပြုမိကြပေသည်။

အသက်အရွယ်အားဖြင့် နှစ်ဆယ်ကျော်မျှသာရှိပုံရပြီး အသားက ခပ်ကြမ်းကြမ်းဖြစ်သည်။ နူးညံ့ချောမွေ့လှသည့် အသားမျိုးမဟုတ်။ မျက်လုံးများကလည်း သာမန်မိန်းကလေးများထက် ပြူးကျယ်သယောင်ယောင်ရှိသည်။ သူမ၏အခြားထူးခြားချက်တစ်ခုမှာ ခြေထောက်တွင် ဖိနပ်စီးမထားခြင်းပင် ဖြစ်တော့၏။

လှေငယ်လေးသည် လှေကြီးနှင့် ဘေးချင်းယှဉ်၍ ရွက်တိုက်လိုက်သည်။ ထို့ကြောင့် မိန်းကလေး၏ အသွင်အပြင်နှင့် အဝတ်အစားတို့ကို စိမ်ပြေနပြေ အကဲခတ်လိုက်နိုင်ကြသည်။

ထိုမိန်းကလေး၏ အဝတ်အစားများကြောင့် မြေပြန့်သူမဟုတ်ကြောင်း အားလုံး သိရှိလိုက်မိကြသည်။

ရက်ပုချွန်က ရုတ်တရက် စဉ်းစားလိုက်မိသည်။ သူ့စိတ်ထဲတွင် …

"ဒီမိန်းလေးဟာ ဒေဝီဂိုဏ်းချုပ်ရဲ့ လက်ထောက် မိန်းကလေးများ ဖြစ်နေမလားမသိဘူး …"ဟု တွေးလိုက်မိသည်။

ချက်ချင်းပင် ထိုမိန်းကလေးအား လှမ်းမေးလိုက်တော့၏။ ထိုမိန်းကလေးက တခစ်ခစ်ရယ်လိုက်ပြီး …

"ရှင်က တယ်ပြီးမျက်စိလျင်တာပဲ၊ ကျွန်မတို့ ရွက်ပေါ်က ပုံကိုကြည့်ပြီး ခန့်မှန်းလိုက်တာနဲ့တူတယ်၊ ရှင်ခန့်မှန်းတာက တစ်ဝက်တော့မှန်တယ်၊ အကုန်လုံး မမှန်သေးဘူးရှင့်၊ ကျွန်မက 'ရွှင်နန်' နယ်မှာရှိတဲ့ ဒေဝီဂိုဏ်းကပဲ၊ ဒါပေမယ့် ဒေဝီဂိုဏ်းချုပ်ရဲ့ လက်ထောက်တော့ မဟုတ်ဘူး ..." ဟု ပြန်လည်ဖြေကြားလိုက်သည်။

ရက်ပုချွန်သည် ထိုမိန်းကလေးနှင့် စကားပြောရာတွင် ပို၍အဆင်ပြေစေရန် လှေဦးတွင် ထွက်၍ရပ်လိုက်၏။

"မိန်းကလေးရဲ့ နာမည်ကို မသိရဘူးလား"

ထိုမိန်းကလေးက ရယ်၍ ...

"ရှင် တော်တော်ခက်တဲ့ လူပါလား၊ ကျွန်မရဲ့နာမည်ကို သိရက်နဲ့များ ဆက်မေးနေရတယ်လို့၊ အလကားစကားကြောရှည်အောင် ..." ဟု ပြောလိုက်ပြန်သည်။

ရက်ပုချွန်က ...

"ကျုပ်အနေနဲ့ ခင်ဗျားရဲ့နာမည်ကို လုံးဝမသိပါဘူး၊ ဒါကြောင့်မို့လို့ မေးတာပါ၊ သိရက်သားနဲ့ သူများ အလုပ်ပိုအောင်တော့ ကျုပ်တို့ လုပ်လေ့လုပ်ထ မရှိပါဘူး ..."

မိန်းကလေးသည် တခစ်ခစ်ရယ်ပြန်တော့သည်။ ပြီးမှ ...

"ရှင်ကတော်တော်ကလေး အသက်ကြီးနေပါပြီ၊ မုတ်ဆိတ်မွေးတောင် ပေါက်နေတဲ့ လူကြီးသူမ ဖြစ်ရက်သားနဲ့ ကျွန်မနာမည်ကို မသိဘူး မသိဘူးနဲ့ ဘာဖြစ်လို့ငြင်းဆိုရတာလဲ ..."

မိန်းကလေး၏ စကားများမှာ ရိုင်းသလိုဖြစ်နေသော်လည်း သူမ၏ ပြောဟန်ဆိုဟန်မှာ ချစ်စရာကောင်းနေသဖြင့် တမင် ရိုင်းရိုင်းစိုင်းစိုင်း ပြောနေခြင်းမဟုတ်ကြောင်း သိသာ၏။ သူမ၏ နဂိုပြောတတ်ဆိုတတ်သည့် အကျင့်ဖြစ်ဟန်တူသည်။ ရက်ပုချွန်ကို စော်ကားသည့် အမူအရာမျိုးလည်း မဟုတ်ချေ။

ထိုအချက်ကို ရက်ပုချွန်ကလည်း ကောင်းစွာသိ၏။ ထို့ကြောင့် မည်သို့မျှ စိတ်မဆိုးဘဲ လေးလေးစားစားနှင့်ပင် ထပ်ပြောလိုက်သည်။

"ကျုပ်က အမှန်ကို ပြောတာပါ ..."

မိန်းကလေးက တခစ်ခစ်ရယ်ပြန်တော့သည်။ ဖူးလင်ကမူ ထိုမိန်းကလေး၏ ကလက်တက်တက် အမူအရာများကို တွေ့ရသောအခါ လုံးဝသဘောမကျသဖြင့် အသံတိုးတိုးဖြင့် ရက်ပုချွန်အား သတိပေးလိုက်သည်။

"အစ်ကိုကြီး ဘယ်ကဟာမှန်းလည်း မသိဘဲနဲ့ ဘာဖြစ်လို့ အရေးစိုက်ပြီးမေးနေရတာလဲ ..."

ရက်ပုချွန်က အရေးကြီးနေသည်။ ဝင်မပြောနှင့် ဟူသော အဓိပ္ပာယ်ဖြင့် ဖူးလင်အား လက်ခါပြလိုက်သည်။ ဖူးလင်ထပ်ပြောနေပါက ထိုမိန်းကလေး၏ ဇစ်မြစ်ကို မသိလိုက်ရမည် စိုးသောကြောင့်ဖြစ်သည်။

ထိုအခါ ထောင်ကန်းက ဝင်ပြောတော့သည်။

"ဆရာကြီးရက်ပုချွန်၊ ပြောရင်လည်း ရှင်းရှင်းလင်းလင်းပြောပါ၊ ကျုပ်တို့အားလုံး လူတွေချည်းပဲဥစ္စာ၊ လက်ကို နောက်ဘက်မှာ ခါပြတာက ဘာသဘောလဲ ..."

သူ့စကားကြောင့် ရက်ပုချွန်မှာ အနေရအထိုင်ရ ခက်သွားတော့၏။ ထောင်ကန်းက ဤမျှနှင့် မရပ်ချေ။ ဆက်၍ ပြောနေသည်။

"အင်း ... ဟုတ်ပြီ၊ ဟုတ်ပြီ၊ ဖူးလင်က ဒီမိန်းကလေးကို အရေးမစိုက်နဲ့ လို့ပြောတယ်၊ ဒါပေမယ့် ဆရာကြီးရက်ပုချွန် ကတော့ ဒီမိန်းကလေးက လှနေ၊ ချောနေတယ်ဆိုတော့ အရေးမစိုက်ဘဲ မနေနိုင်ဘူး၊ ဒီတော့ သူ့မိန်းမရဲ့ စကားကို နားမထောင်တော့ဘူး၊ မိန်းကလေးနဲ့ ဆက်ပြီး စကားပြောတယ်၊ ဒါပဲ ..."

ရက်ပုချွန်မှာ မသိသားဆိုးဝါးလှသော ထောင်ကန်း၏စကားကြောင့် မျက်နှာတစ်ခုလုံး ရဲရဲနီလျက် ရှိနေတော့၏။ သို့သော် ထိုမိန်းကလေးကမူ လုံးဝထူးခြားဟန်မပြသည့်အပြင် တခစ်ခစ်ရယ်ရင်း ...

"ကျေးဇူးတင်ပါတယ်ရှင်၊ ရှင်က ကျွန်မကို ချောတယ်၊ လှတယ်လို့ ပြောတာကို၊ ကျွန်မ သိပ်ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ ကျွန်မတို့ 'မြောင်' မိန်းကလေးတွေက မြေပြန့်က မိန်းကလေးတွေလောက်တော့ ဘယ်ချောနိုင်၊ လှနိုင်မှာလဲရှင်၊

ရှင်က ကျွန်မကို မြှောက်ပြောနေတယ်ဆိုတာ သိသာနေပါတယ်၊ ဟုတ်ဘူးလား ...” ဟု ပြောလိုက်သည်။ ပြီးမှ ရက်ပုချွန်ဘက်သို့လှည့်ကာ ...

“ရှင်က ကျွန်မရဲ့နာမည်ကို သိရက်သားနဲ့ ဘာဖြစ်လို့ မေးနေတာလဲ၊ ကျွန်မတော့ လုံးဝ စဉ်းစားလို့ မရဘူး ...” ဟု ပြောလိုက်ပြန်သည်။

ထိုစဉ် ထောင်ကန်းက ဝင်ပြီး ပြောပြန်တော့သည်။ သူတို့အချင်းချင်း မေးမြန်းနေသည့်သဘော ပြောခြင်းသာဖြစ်သည်။

“ဟော့ ...ဟော့ ... ဆရာကြီး ရက်ပုချွန်ကတော့ သူ့မိန်းမရဲ့စကားကို လုံးဝနားမထောင်ဘဲနဲ့ ဆက်ပြီးကြိတ်နေပြီ၊ ရှေ့လျှောက် ဘာဖြစ်လာမလဲ မသိဘူး ...”

ထောင်ဝါးက ...

“ဟ ... ဒီလိုအခြေအနေမျိုးက ကောင်းတဲ့ အခြေအနေမျိုး မဟုတ်ဘူးကွ ...”

ထောင်ကန်းက ...

“ဆရာကြီး ရက်ပုချွန်ကို လူတွေက သစ္စာရှင်ဓားသမားလို့ ခေါ်ကြတယ်၊ တကယ်တော့ သူလည်း ဘယ်မှာ သစ္စာရှိလို့လဲ၊ ကြည့်ပါလား၊ ရိုးမှ မရိုးတာ၊ ဟိုမိန်းကလေးရဲ့နာမည်ကို သူသိတယ်ကွ၊ သိရဲ့သားနဲ့ စကားမရှိစကားရှာ ပြောနေတာက ငါတို့လို သိတဲ့လူတွေအဖို့ သိပ်ရယ်စရာကောင်းနေတော့တာပေါ့ ...”

ရက်ပုချွန်မှာ အံ့ဖွယ်ခြောက်ယောက်တို့ကြောင့် အကြီးအကျယ် ဒုက္ခရောက်နေရတော့၏။ သူတို့၏ သိုင်းပညာကို သာမဟုတ်။ သူတို့၏ပါးစပ်ကိုပါ အလွန်ကြောက်လန့်ခဲ့သူဖြစ်၏။ ဤအတိုင်းသာ ဆက်၍သွားနေပါက မိမိ၏ သိက္ခာများမှာ ကုန်းကောက်စရာပင် ကျန်တော့မည် မဟုတ်ပါချေ။

ထို့ကြောင့် စကားစမြန်မြန်ပြတ်စေရန် နောက်ဆုံးပိတ်စကားကို ပြောချလိုက်ရသည်။

“ကောင်းပါပြီလေ၊ ကျုပ်က မိန်းကလေးတို့ရဲ့ ‘ဒေဝီဂိုဏ်းချုပ်ဆရာမကြီး’ ကို နှုတ်ဆက်လိုက်ပါတယ်လို့ ပြန်ပြောလိုက်ပါ ...”

ထိုမိန်းကလေးက မျက်လုံးပြူးမျက်ဆံပြူးဖြင့် ...

“အို ... ရှင်က ကျွန်မကို ဆရာမကြီးလို့ ခေါ်တယ်၊ ဘုရားရေ ကျွန်မ ဒီလောက်တောင် အိုစာနေပြီလားရှင် ...” ဟု ပြန်မေးလိုက်တော့၏။

ရက်ပုချွန်သည် ထိုစကားကို ကြားလိုက်ရသည်နှင့် အံ့ဩတုန်လှုပ်သွားမိတော့၏။

“ဒီလိုဆိုရင် ... မိန်း ...မိန်းကလေးက ‘ရွှင်နန်နယ်’က ဒေဝီဂိုဏ်းချုပ်လန်ဖုန်းဖုန်း ...”

ဝါဆန်းဂိုဏ်းသားများမှာ သူတို့ဆရာ၏ လေသံတွင် တုန်လှုပ်သောလေသံ ပါနေသည်ကို ကြားလိုက်ရသဖြင့် အလွန်အံ့ဩနေကြသည်။ လောင်တက်သည် နှုတ်မှ လွှတ်ခနဲ ထွက်သွားမိတော့၏။

“ဒီလိုဆိုရင် ခင် ... ခင်ဗျားဟာ ဒေဝီဂိုဏ်းချုပ် ...”

ဤလေ့ကြီးထဲတွင် ရက်ပုချွန်မှလွဲလျှင် လောင်တက်သည် အသက်အကြီးဆုံးဖြစ်၍ ကျန်ဝါဆန်းဂိုဏ်းသားအားလုံးထက် သိုင်းပညာလောကအကြောင်း ပိုသိသည်။ သိုင်းလောကမှ နာမည်ကြီး ဂိုဏ်းချုပ်များအကြောင်းကို ပို၍ ကြားဖူးနားဝရှိသည်။ ဒေဝီဂိုဏ်း၏ကြောက်မက်ဖွယ်ရာ ကောင်းပုံများကို ကိုယ်တိုင်မတွေ့ဘူးသော်လည်း ဒဏ္ဍာရီသဖွယ် ကြားဖူးထားသည်။

ထိုဒေဝီဂိုဏ်းကို သိုင်းလောကသားများ မည်မျှရွံ့ကြောက်ကြီး ဖြစ်နေကြသည်ကို ထိုဂိုဏ်းသားများရှေ့တွင် ဒေဝီဂိုဏ်းဟုခေါ်သော်လည်း နောက်ကွယ်တွင် အဆိပ်ဂိုဏ်းဟု ခေါ်ဆိုကြခြင်းကိုကြည့်၍ သိသာနိုင်ပေသည်။ အလွန်ကြောက်စရာကောင်းသော အဆိပ်ဂိုဏ်းကြီးတစ်ဂိုဏ်းဖြစ်၏။

ဤဂိုဏ်း၏တည်ရှိပုံ အနေအထားကလည်း ဆန်းကြယ်သည်။ အခြားဂိုဏ်းများကဲ့သို့ မဟုတ်ဘဲ နက်ရှိုင်းလှသော တောကြီးများအတွင်းတွင် တည်ထောင်ထားခြင်းဖြစ်၏။

တောတွင်း၌ အဆိပ်ပင်များ၊ အဆိပ်သတ္တဝါများ ပေါများလှသည်ဖြစ်ရာ အဆိပ်နှင့်ပတ်သက်လာလျှင် ထိုဂိုဏ်းသားများထက် အခြားမည်သူကမျှ ပိုမကျွမ်းကျင်ကြပေ။ ထိုအကြောင်းများကြောင့် သိုင်းလောသားများသည် ဒေဝီဂိုဏ်းဟု ကြားလိုက်သည်နှင့် တပြိုင်နက် ကြက်သီးတဖြန်းဖြန်း ထကြရခြင်းဖြစ်တော့၏။

လှေပေါ်ရှိ လူအားလုံး ထိုမိန်းကလေးကို စူးစူးစိုက်စိုက်နှင့် ကြည့်နေကြတော့၏။ ထိုမိန်းကလေးက ...

"ဟုတ်တယ်၊ ကျွန်မနာမည်က လန်ဖုန်းဖုန်းပဲ၊ ရှင် ... အစောကြီးကတည်းက သိအောင် ကျွန်မပြောပြသားပဲ၊ ရှင်ကမှ နားမလည်တာ ကျွန်မက ဒေဝီဂိုဏ်းက၊ ဒါပေမယ့် ဒေဝီဂိုဏ်းချုပ်ရဲ့ လက်ထောက်မဟုတ်ဘူးဆိုရင် ဒေဝီဂိုဏ်းချုပ် လန်ဖုန်းဖုန်းကလွဲလို့ ဘယ်သူဖြစ်နိုင်တော့မှာလဲ၊ ကျွန်တဲ့လူမှန်သမျှ လန်ဖုန်းဖုန်းရဲ့ လက်အောက်ခံ တပည့်ချည်းပဲ ..."

ပြောပြီးသည်နှင့် တခစ်ခစ်ရယ်နေတော့၏။ အံ့ဖွယ်ခြောက်ယောက်ကလည်း လက်ခုပ်လက်ဝါးတီး၍ ရောယောင်ရယ်ကြတော့၏။ သူတို့အားလုံး စည်းဝါးကိုက်ထားသည့်အလား တစ်ပြိုင်တည်းပြောလိုက်ကြသည်။

"ဆရာကြီးရက်ပုချွန်က သိရဲ့သားနဲ့ မသိချင်ယောင်ဆောင်ပြီး အတင်းစကားပြောတယ် ရက်ဖွယ် ...ရက်ဖွယ် ..." အလွန်တရာ ပေါကြောင်ကြောင်နိုင်လှသည့် အံ့ဖွယ်ခြောက်ယောက်ပါပေ။

ရက်ပုချွန်သည် အံ့ဖွယ်ခြောက်ယောက်တို့၏ စကားများကို မကြားချင်ယောင်ဆောင်၍ ဒေဝီဂိုဏ်းချုပ် လန်ဖုန်းဖုန်းအား နှုတ်ဆက်လိုက်သည်။

"သြော် ... လက်စသတ်တော့ ဒေဝီဂိုဏ်းချုပ်ကိုယ်တိုင် ဖြစ်နေတာကိုး၊ ဘာကိစ္စများအထူးရှိနေလို့လဲ ..."

လန်ဖုန်းဖုန်းက ရယ်၍ ...

"ကိစ္စအထူးတော့ မရှိပါဘူး၊ ကျွန်မက လင့်ဟူချုံးကို ခရီးကြုံတာနဲ့ ဝင်ကြည့်တာပါ၊ လင့်ဟူချုံးက ရှင်နဲ့ ဂိုဏ်းတူညီလေးလား၊ ဒါမှမဟုတ် တပည့်လား ..."

"ညီမဟုတ်ပါဘူး၊ တပည့်ပါ ..."

"ကျွန်မ သူ့ကိုတွေ့ချင်ပါတယ်၊ တွေ့ခွင့်ရမလားရှင် ..."

"ကျုပ်တပည့်က သိပ်ဖျားနေတယ်၊ သတိကောင်းကောင်းမရပါဘူး၊ ဒီတော့ ခင်ဗျားကြည့်ဖို့ တွေ့ဖို့ သိပ်အဆင်မပြေဘူးထင်တယ်၊ နောင်ကြုံတဲ့အခါ လာကြည့်ပါလား ..."

လန်ဖုန်းဖုန်းကရယ်ရင်း ...

"သူက ... ဟို ...ဟို ... သူ့ရဲ့ အခင်မင်ဆုံးသူငယ်ချင်းလို့ ပြောသံကြားလို့ ကျမလာကြည့်တာပါ၊ နောက်ပြီး သူက သူဒုက္ခအရောက်ခံပြီး လောင်ထိုရဲ့သမီးကိုကယ်ဖို့ သူ့သွေးကို ဖောက်ထုတ်ပြီး သောက်ခိုင်းတယ်လို့ သိရတယ်၊ ဒီလိုသတ္တိလည်းရှိ၊ စိတ်ကောင်းလည်းရှိတဲ့လူမျိုးကို ကျမတို့ 'မြောင်' မိန်းကလေးတွေ သိပ်ပြီး ချီးကျူးလေးစားကြတယ်၊ ဒါကြောင့် ကျွန်မက သူ့ကိုတွေ့ချင်တာပါ ..." ဟု ပြောသည်။

ရက်ပုချွန်က တွေဝေနေပြီး ...

"ဒါ ...ဒါ ... ဒါပေမယ့် ..."

သူ့စကားကို ဆုံးအောင်မပြောနိုင်ခင်မှာပင် လန်ဖုန်းဖုန်းက ဝင်ပြောလိုက်သည်။

"သူ့ကိုယ်မှာ ဒီလောက်ဒဏ်ရာရထားပြီး သွေးတွေ ဒီလောက်ကုန်ခမ်းနေမှတော့ သူဘယ်လိုလုပ်ပြီး လူကောင်းတစ်ယောက်လို ထူထူထောင်ထောင် ဖြစ်တော့မလဲ၊ သူက အပြင်ထွက်တွေ့ဖို့ မဖြစ်နိုင်ဘူးဆိုတာ ကျမနားလည်ပါတယ်၊ သူ့ကို အပြင်ခေါ်ထုတ်ဖို့ မလိုပါဘူး၊ ကျမအထဲကို ဝင်ကြည့်မှာပါ ..."

ရက်ပုချွန်က ကမန်းကတန်းတားမြစ်လိုက်သည်။

"ခင်ဗျားကိုယ်တိုင် တက်ကြည့်ဖို့ မလိုပါဘူး"

ရက်ပုချွန်၏ တားမြစ်သံနှင့်အတူ လန်ဖုန်းဖုန်းက လှေကြီးပေါ်သို့ ခုန်တက် ရောက်ရှိလာတော့သည်။ သူမ၏ကိုယ်ဟန်မှာ ပေါ့ပါးဖြတ်လတ်သော်လည်း သိုင်းပညာ၌ ထက်ထက်မြက်မြက် မရှိလှကြောင်း မြင်ရုံနှင့် သိလိုက်သည်။

ရက်ပုချွန်က နောက်သို့ နှစ်လှမ်းမျှ ဆုတ်ခွာလိုက်ရသည်။

သို့သော် လန်ဖုန်းဖုန်းဝင်နိုင်မည့်လမ်းကိုတော့ ပိတ်ထားဆဲရှိသေးသည်။

သူ့အဖို့ ရှေ့မတိုးသာ နောက်မဆုတ်သာ မကျဉ်းအကျပ်မျိုးကို တွေ့နေရချေပြီ။

အဘယ်ကြောင့်ဆိုသော် ဤဒေဝီဂိုဏ်းသည် အလွန် ရင်ဆိုင်ရခက်ခဲသော ဂိုဏ်းမှန်း သိနေသောကြောင့် ပေတည်း။

အကယ်၍ ဤဂိုဏ်းနှင့် ရန်ငြိုးဖွဲ့မိသွားလျှင် ထိုသူအဖို့ မသေမချင်း တစ်သက်လုံး အေးအေးချမ်းချမ်း နေရတော့မည်မဟုတ်ချေ။

မည်သည့်အရပ်က ပေါ်လာမည်မှန်း မသိရသော အဆိပ်လက်နက်များကို ကြီးလန့်စာစား သတိဝီရိယနှင့် စောင့်ကြည့်နေရမည်။

သို့မဟုတ်ပါက အဆိပ်ရှိသော သတ္တဝါတစ်ကောင်ကောင်က မိမိအား ကိုက်ခဲခြင်း မပြုနိုင်ရန် မျက်လုံးဒေါက်ထောက်၍ ကြည့်နေရပေမည်။

သူတို့နှင့် တိုက်ခိုက်ရာတွင် သိုင်းပညာတစ်ခုတည်း အားကိုး၍ မရနိုင်ပေ။ အဆိပ်နှင့် ပတ်သက်လာလျှင်လည်း မည်သူမျှ သူတို့လောက် မကျွမ်းကျင်ကြသဖြင့် သူတို့နှင့်ယှဉ်လျှင် ရှုံးဖို့က များနေတော့၏။

ထိုအကြောင်းများကြောင့် ရက်ပုချွန်အနေဖြင့် တစ်ချိန်လုံး လေးစားစွာ ဆက်ဆံနေခြင်း ဖြစ်တော့၏။

ယခု ဒေဝီဂိုဏ်းချုပ်ကိုယ်တိုင် လှေပေါ်သို့ တက်လာသောအခါ သူ့အနေနှင့် လုံးဝတားမြစ်ရန် ခက်ခဲနေတော့၏။

သို့သော် တစ်ကိုယ်လုံးတွင် အဆိပ်မျိုးစုံပါနေသော လူတစ်ယောက်ကို မိမိလှေပေါ် ပေးတက်ခွင့်ပြုရသည်မှာလည်း တကယ်တော့ အလွန်ကျောချမ်းစရာ ကောင်းသောကိစ္စ ဖြစ်၏။

နောက်ပြီး သူမသည် လင့်ဟူချုံးကို သဘောရိုးဖြင့် ကြည့်ခြင်းဟုတ်မဟုတ် မည်သူမျှ တပ်အပ်သေချာ မသိနိုင်ပေ။ ထို့ကြောင့် ရုတ်တရက် ဆုံးဖြတ်လိုက်ပြီး ...

"လင့်ဟူချုံး ... ဂိုဏ်းချုပ်လန်ဖုန်းဖုန်းက မင်းကို လာကြည့်မယ်တဲ့၊ ထွက်တွေ့လိုက်" ဟု အမိန့်ပေး လိုက်တော့၏။

သူ ဤသို့ဆုံးဖြတ်လိုက်ခြင်းမှာ အကြောင်းရှိသည်။

လှေအတွင်းသို့ သူမ ဝင်သွားလျှင် အဆိပ်ကောင်များ အဆိပ်လက်နက်များ ချထားရန် လွယ်ကူသွားနိုင်သည်။ လှေကုန်းပတ်ပေါ်တွင်မူ လူအားလုံးက စောင့်ကြည့်နေသဖြင့် ဤသို့ လွယ်ကူလိမ့်မည်မဟုတ်ချေ။

ထို့ကြောင့် လင့်ဟူချုံးအား အပြင်ထွက်တွေ့ရန် အမိန့်ပေးလိုက်ခြင်းဖြစ်၏။

သို့သော် လင့်ဟူချုံးမှာ သတိမရတစ်ချက် ရတစ်ချက်ဖြစ်နေရာမှ ရက်ပုချွန်အမိန့်ပေးသံကို ကြားလိုက်ရသည့်အခါ ချည့်နဲ့စွာ တစ်ချက်မျှ ပြန်ထူးလိုက်နိုင်သော်လည်း အိပ်ရာပေါ်မှ လုံးဝမထနိုင်ဘဲဖြစ်နေသည်။

လန်ဖုန်းဖုန်းက ...

"သူ့မှာ ဒီလောက် ဒဏ်ရာပြင်းပြင်းထန်ထန် ရနေတဲ့ဥစ္စာ ဘယ်ထွက်လာပြီး တွေ့နိုင်မှာလဲ၊ သူ့ဒဏ်ရာကို ပိုကြီးသွားအောင် လုပ်သလို ဖြစ်နေမှာပေါ့၊ နောက်ပြီး ဒီလှေကုန်းပတ်ပေါ်မှာ လေသိပ်ပြင်းတာ တော်တော်ကြာ အအေးပတ်ဖျားပြီး တခြားရောဂါတွေ ဝင်လာရင် နူရာဝဲစွဲ လဲရာသူခိုးထောင်းဆိုတာလို ဖြစ်သွားဦးမယ်၊ ကျွန်မပဲ ဝင်သွားကြည့်လိုက်ပါ့မယ် ..."

သူမသည် ရက်ပုချွန်ပိတ်ထားသည့် နေရာသိုပင် တည့်တည့်မတ်မတ် လျှောက်ဝင်လာသည်။ ရက်ပုချွန် မည်သို့မျှ မတတ်နိုင်တော့။ ရှောင်ပေးလိုက်ရတော့၏။

သူမသည် အံ့ဖွယ်ခြောက်ယောက်အနက် ငါးယောက်တို့ ထိုင်နေကြပြီး ကျန်တစ်ယောက်က ထမ်းစင်ထက် လဲလျောင်းနေသည်ကို တွေ့ရသောအခါ ပြုံးပြလိုက်သည်။ သူမက ...

"ရှင်တို့က အံ့ဖွယ်ခြောက်ယောက်ဆိုတာလား၊ ကျွန်မက ဒေဝီဂိုဏ်းချုပ်ပါ၊ ရှင်တို့အံ့ဖွယ် ခြောက်ယောက်ကလည်း သိုင်းလောကမှာ တမူထူးခြားတဲ့လူတွေ၊ ကျွန်မတို့ကလည်း သိုင်းလောကမှာ တစ်မူထူးခြားတဲ့လူတွေ၊ ဒီတော့ ကျွန်မတို့ အားလုံး လူထူးလူဆန်း အမျိုးတူတွေပဲ ..."

ထောင်ကန်းက ...

"ဒီလို မဟုတ်ပါဘူးလေ၊ မင်းက ဘာများ ထူးဆန်းလို့လဲ၊ ဘာများ ထူးဆန်းတာလုပ်နိုင်လို့ ငါတို့နဲ့ အမျိုးတူလို့ ပြောရတာလဲ၊ မင်းကအတုပဲ ..."

ထောင်ရှမ်းက ...

"သူက အစစ်ပဲထားပါဦး၊ ငါတို့က ခြောက်ယောက်၊ သူက တစ်ယောက်တည်းပဲကွ၊ ငါတို့က ငါးယောက်တောင် ပိုသေးတယ်၊ ငါတို့ကို အရည်အချင်းနဲ့ပဲပြိုင်ပြိုင်၊ အရေအတွက်နဲ့ပဲ ပြိုင်ပြိုင် ပြိုင်ချင်ရာကပြိုင် ငါတို့ကို မနိုင်ပါဘူးကွ ..."

လန်ဖုန်းဖုန်းက ရယ်၍ ...

"အရေအတွက်များတာများ အဆန်းလုပ်ပြီး ပြောနေရသေးတယ်၊ ရှင်တို့က သိပ်ရယ်စရာကောင်းတဲ့ လူတွေပဲ ..." ဟု ပြောလိုက်သောအခါ အံ့ဖွယ်ခြောက်ယောက်တို့က ပြန်မေးလိုက်၏။

"ဘာဖြစ်လို့ မဆန်းရမှာလဲ၊ မင်းက ငါတို့ထက် အရေအတွက်ပိုနေလို့လား၊ မင်းက ငါတို့ထက် အရေအတွက် မပိုဘဲနဲ့များ မင်းက မဆန်းဘူး ဘာညာ ပြောနေရသေးတယ်၊ မင်းက ဒေဝီဂိုဏ်းချုပ် ခုနစ်ယောက် လုပ်ပြမလို့လား"

လန်ဖုန်းဖုန်းက တခစ်ခစ်ရယ်ရင်း ...

"ဂိုဏ်းချုပ်ခုနစ်ယောက်လုပ်ပြလို့ ဘယ်ရမှာလဲ၊ ဒါပေမယ့် ရှင်တို့က အံ့ဖွယ်ခြောက်ယောက် မဟုတ်လား၊ ရှင်တို့ အားလုံးကို သတ်ပစ်လိုက်ရင် ရှင်တို့တစ်ယောက်မှ မကျန်တော့ဘူး၊ ကျွန်မတစ်ယောက်ပဲ ရှိတော့မယ်၊ ဒီတော့ ကျွန်မက ရှင်တို့ထက် အရေအတွက်သာသွားတာပေါ့ ..." ဟုပြောတော့၏။

ထောင်ဝါးက ဒေါသနှင့် အော်ဟစ်တော့သည်။

"ဘာပြောတယ် မင်းကများ ငါတို့ကို သတ်မယ် ဟုတ်လား၊ သတ်နိုင်မယ် ထင်လို့လား ..."

လန်ဖုန်းဖုန်းက ...

"သတ်ရင်လည်း ရတယ်၊ မသတ်ရင်လည်း ရတယ်၊ ကျွန်မက ရှင်တို့ကို မသတ်နိုင်ဘူးများ ထင်နေလို့လား ဒါပေမယ့် ရှင်တို့က လင့်ဟူချုံးရဲ့မိတ်ဆွေလို့ ပြောသံကြားထားတော့ မသတ်တာပဲ ကောင်းပါတယ်လေ ..."

ထောင်ကန်းက ...

"အောင်မာ ... သတ်လို့ကောရမှာလား ..."

ရုတ်တရက် ထောင်ကန်း၊ ထောင်ရှန်း၊ ထောင်ရက်နှင့် ထောင်ဝါးတို့လေးယောက်သည် ရိပ်ခနဲ လှုပ်ရှားလိုက်ကြပြီး သူမ၏ခြေလက်လေးဘက်ကို ဝိုင်းဆွဲထားလိုက်ကြတော့၏။

သူတို့လေးယောက်သည် သူမအား လေထဲဆွဲမြှောက်ရန် ဟန်ပြင်လိုက်ပြီးမှ 'အား' ခနဲအော်ကာ ချက်ချင်း နောက်ဆုတ်သွား ကြတော့၏။

သူတို့၏လက်ဝါးများကို ဖြန့်၍ ကြောက်အားလန့်အားဖြင့် စူးစိုက်ကြည့်နေကြတော့၏။

သူတို့ မည်သည့်အရာကို ကြည့်နေကြသနည်း။ ရက်ပုချွန်က လှမ်း၍ကြည့်လိုက်မိ၏။

သူလည်း ကြက်သီးမွေးညင်းများထပြီး ကျောရိုးတစ်လျှောက်လုံး အေးစိမ့်သွားတော့သည်။

အကြောင်းမှာ အံ့ဖွယ်လေးယောက်တို့၏ လက်ဖဝါးတိုင်းတွင် တစ်ကိုယ်လုံးမည်းနက်လျက် ခြေချောင်း ဆယ်ချောင်းရှိသော ပင့်ကူနက်ကြီးများ တစ်ကောင်စီ တွယ်ကပ်နေသည်ကို တွေ့လိုက်ရသောကြောင့်ဖြစ်ပေ၏။

ထိုပင့်ကူကြီးများမှာ ထူထဲစွာသော အမွေးရှည်ကြီးများ ဖုံးလွှမ်းနေရာ အသည်းငယ်သူများဆိုလျှင် မိမိလက်ဝါး ပေါ်တွင် မြင်လိုက်ရသည်နှင့် အသက်ထွက်သွားလောက်ပေသည်။

ပင့်ကူကြီးလေးကောင်စလုံး တလှုပ်လှုပ်ဖြစ်နေကြသည်။

အံ့ဖွယ်လေးယောက်ကိုတော့ မကိုက်ကြသေး။

ကိုက်ပြီးလျှင်လည်း သိုင်းပညာ အလွန်ထက်မြက်ကြသည့် သည်လေးယောက်စလုံး တုံးခနဲ သေပြီးဖြစ်နေလိမ့်မည်။

ဤမျှ အသည်းထိပ်ရင်ဖိုဖွယ်ရာ ဖြစ်နေလိမ့်မည် မဟုတ်တော့ချေ။

ဝါဆန်းဂိုဏ်းသားများ အားလုံးမှာလည်း ရင်တမမနှင့် စောင့်ကြည့်နေမိကြတော့၏။

လှေကြီးတစ်စင်းလုံး အသံတစ်စက်မျှ မထွက်တော့ဘဲ လုံးဝ ငြိမ်သက်တိတ်ဆိတ်နေတော့၏။

ထိုစဉ် လန်ဖုန်းဖုန်းက သူမ၏လက်ကို တစ်ချက်မျှ ဝှေ့ယမ်းလိုက်ရာ ပင့်ကူကြီးလေးကောင်စလုံး သူမ၏လက်ထဲသို့ ပြန်လည် ရောက်ရှိသွားတော့၏။

ချက်ချင်းပင် လုံးဝပျောက်ကွယ်သွားကြတော့သည်။ မည်သည့်နေရာများသို့ ဝင်ရောက်သွားကြမှန်း မသိနိုင်ခဲ့ကြပေ။ လန်ဖုန်းဖုန်းသည် အံ့ဖွယ်ခြောက်ယောက်တို့အား ရှိလေသည်ဟုမျှ မထင်မှတ်တော့ဘဲ လင့်ဟူချုံးရှိရာသို့ လျှောက်ဝင်သွားတော့၏။

× × × × × ×

# သွေးသွင်းခြင်း

လင့်ဟူချုံးနှင့် ဝါဆန်းဂိုဏ်းသားများမှာ လေ့ဝမ်း၏အလယ်ခန်းတွင် ရှိနေကြသည်။

လန်ဖုန်းဖုန်းသည် လေ့ဝမ်းအတွင်း ရောက်ရှိလာသည်နှင့် အခန်းတွင်းရှိလူအားလုံးကို မျက်လုံးတစ်ချက် ဝေ့ကြည့်လိုက်သည်။

သူတို့၏ဆရာကိုယ်တိုင်က စိုးရွံ့နေသည့် ဉာဏ်ဒေဝီဂိုဏ်းချုပ် သူတို့အနားသို့ ရောက်သည်နှင့် ဝါဆန်းဂိုဏ်းသားအားလုံး တစ်ကိုယ်လုံး တောင့်တောင့်တင်းတင်းကြီး ဖြစ်ကုန်ကြတော့၏။

လန်ဖုန်းဖုန်းကမူ မည်သူ့ကိုမျှ ဂရုမစိုက်ဘဲ လင့်ဟူချုံး၏ခုတင်နားသို့ လျှောက်သွားလေတော့၏။

လင့်ဟူချုံး၏ခုတင်ဘေးသို့ရောက်သောအခါ တိုးညင်းသောအသံလေးဖြင့် ...

"လင့်ဟူချုံး ...လင့်ဟူချုံး"ဟု ခေါ်လိုက်သည်။

သူမ၏အသံမှာ လွန်စွာ သာယာနာပျော်ဖွယ် ရှိလှပေသည်။ ကြားရသူတိုင်း၏ ဟာဒယနှလုံးကို ကိုင်လှုပ်နိုင်စွမ်းရှိသော အသံပင်ဖြစ်တော့သည်။

သူမက လင့်ဟူချုံးကို ခေါ်လိုက်ခြင်း ဖြစ်သော်လည်း ကြားလိုက်ရသူများမှာ မိမိတို့အား ခေါ်လိုက်သယောင်ယောင် ထင်မှတ်မိကြ၏။

ထို့ပြင် ခရာသလိုလို တာသလိုလို အသံမျိုးလည်းဖြစ်နေသဖြင့် လေ့ဝမ်းထဲရှိ ဝါဆန်းဂိုဏ်းသား ယောကျာ်းကလေးများမှာ သူမ၏အသံ၌ ယစ်မူးတက်ကြွလာမိကြပြီး မျက်နှာများ နီရဲလာကြတော့သည်။

ထိုစဉ် လင့်ဟူချုံး၏မျက်လုံးများက ဖြည်းညင်းစွာ ပွင့်လာတော့၏။

"ခင်ဗျား ... ခင်ဗျား ဘယ်သူလဲ"

လန်ဖုန်းဖုန်းက ...

"ကျွန်မက ရှင့်ရဲ့ အခင်မင်ဆုံး သူငယ်ချင်းရဲ့ သူငယ်ချင်းပါပဲ၊ ဒါကြောင့် ကျွန်မကလည်း ရှင့်ရဲ့ သူငယ်ချင်းပဲပေါ့ ..."

လင့်ဟူချုံးအနေဖြင့် စကားများများပြောရန် အင်အားမရှိပေ။ ထို့ကြောင့် 'အင်း' ဟူ၍ တစ်လုံးသာ ပြောလိုက်ပြီး ပြန်မှိန်းနေပြန်တော့သည်။

လန်ဖုန်းဖုန်းက ...

"လင့်ဟူချုံး၊ ရှင်က သွေးထွက်များသွားလို့ ဒီလောက် အခြေအနေဆိုးဝါးသွားတာပါ၊ ဒါပေမယ့် အခုတော့ ဘာမှ စိုးရိမ်စရာမရှိတော့ပါဘူး၊ ဘာမှမကြောက်နဲ့တော့၊ မသေနိုင်တော့ဘူး ..."

လင့်ဟူချုံးမှာ သူမ၏စကားအဓိပ္ပာယ်ကို ကောင်းစွာနားလည်မိသည်။

သို့သော် မူးနောက်ရီဝေနေသဖြင့် သူမအား မည်သည့်စကားမျှ ခွန်းတုံ့မပြန်မိပေ။

လန်ဖုန်းဖုန်းက လင့်ဟူချုံး၏လက်ကို ဆွဲယူကာ သွေးခုန်နှုန်းစမ်းကြည့်လိုက်၏။

အတန်ကြာ စမ်းသပ်ပြီးသောအခါ သူမ၏မျက်မှောင်သည် တဖြည်းဖြည်း ကုတ်သွားတော့၏။

လင့်ဟူချုံး၏အခြေအနေမှာ ပေါ့ပေါ့ဆဆလုပ်၍ မဖြစ်ကြောင်း သူမတွေ့ရှိရလေပြီ။

လန်ဖုန်းဖုန်းသည် လှေဝမ်းအပြင်သို့ ထွက်သွားပြီး သူမ၏လှေငယ်ကလေးပေါ်သို့ လှမ်းအော်လိုက်သည်။ သူမ အော်ဟစ်နေသည့် စကားကို လှေကြီးပေါ်ရှိလူများ မည်သူမျှ နားမလည်ကြချေ။

အတန်ကြာသောအခါ နောက်ထပ် 'မြောင်' အမျိုးသမီး လေးယောက် လှေကြီးပေါ်သို့ ခုန်တက်လာကြတော့၏။ ထိုမြောင် အမျိုးသမီးကလေးများမှာ အသက်အားဖြင့် ဆယ့်ရှစ်နှစ်ခန့်သာ ရှိကြဦးမည့် ငယ်ရွယ်နုပျိုသူကလေးများ ဖြစ်ကြသည်။ လက်ထဲတွင်လည်း ကြိမ်ခြင်းတစ်လုံးစီ ကိုင်ထားကြ၏။

ရက်ပုချွန်မှာ ထိုအမျိုးသမီးကလေးများကို ကြည့်၍ မျက်မှောင်ကုတ် သွားတော့၏။ အဘယ်ကြောင့် ဆိုသော် ထိုအမျိုးသမီးကလေးများ ကိုင်ဆွဲလာသည့် ခြင်းကလေးများတွင် မည်သည့်နည်းနှင့်မျှ ပစ္စည်းကောင်း မပါနိုင်သည်ကို သိမိသောကြောင့်တည်း။

လန်ဖုန်းဖုန်း၏ ခန္ဓာကိုယ်တွင်ပင် အဆိပ်ကောင် အများအပြား ပါနေပြီဖြစ်ရာ ယခုမိန်းကလေး လေးယောက်က တစ်ခြင်းစီဆွဲ တက်လာသောအခါ အဘယ်ဆိုဖွယ်ရာ ရှိတော့အံ့နည်း။

သို့သော် ဒေဝီဂိုဏ်းသားများဘက်မှ ရန်လိုသည့်အပြုအမူနှင့် အမူအရာ တစ်စုံတစ်ရာမျှ မတွေ့ရသေးသဖြင့် ထိုမိန်းကလေး လေးယောက်အား တားမြစ်ရခက်နေတော့၏။

ဝါဆန်းဂိုဏ်းချုပ်ကြီးအနေဖြင့် များစွာ အကျဉ်းအကျပ် ကျနေရသည့်အတွက် မိမိကိုယ်မိမိ နလုံးမသာမယာ ဖြစ်နေမိတော့၏။

ထိုစဉ် မိန်းကလေးလေးယောက်တို့က လန်ဖုန်းဖုန်းအား တစ်စုံတစ်ခု တီးတိုးပြောကြသည်။

လန်ဖုန်းဖုန်းက ခေါင်းတစ်ချက် ညိတ်ပြလိုက်သည်။ ထိုမိန်းကလေးများက သူတို့သယ်ဆောင်လာသည့် ခြင်းများကို ကိုယ်စီကိုယ်စီ ဖွင့်လှစ်လိုက်ကြတော့၏။

သူတို့၏ အပြုအမူများကို လှေပေါ်ရှိလူအားလုံးက စိတ်ဝင်တစား စောင့်ကြည့်နေမိကြသည်။

ဤခြင်းများထဲမှ မည်ကဲ့သို့သော အဆိပ်ကောင်များ ထွက်လာလိမ့်မည်နည်းဟု သိချင်ဇောဖြင့် ငေးကြည့်နေမိကြသည်။

ကြိမ်ခြင်းများဆီသို့ ငေးကြည့်နေသူများမှာ မိန်းကလေးများ၏ ရုတ်တရက်အပြုအမူကြောင့် အထိတ်တလန့် ဖြစ်သွားကြပြန်တော့၏။

အဘယ်ကြောင့်ဆိုသော် ထိုမိန်းကလေးများသည် မိမိတို့၏ အင်္ကျီလက်စရှည်များကို လက်မောင်းရင်းအထိ ဆွဲတင်လိုက်ကြပြီး ဘောင်းဘီရှည်များကိုလည်း ပေါင်လည်နားအထိ လိပ်တင်လိုက်ကြသောကြောင့် ပင်တည်း။

ဝါဆန်းဂိုဏ်းသား ယောကျာ်းလေးများမှာ ရင်တထိတ်ထိတ်ဖြင့် မျက်တောင်မခတ် ငေးနေမိကြတော့သည်။

ရက်ပုချွန်မှာ အကြီးအကျယ် စိတ်ဒုက္ခရောက်နေရတော့သည်။ သူ့စိတ်ထဲတွင် တွေးနေမိသည်မှာ ...

"ဟာ ... ဒုက္ခပဲ၊ ဒီကောင်မတွေလုပ်ပုံက မဟုတ်သေးပါဘူး၊ ဒေဝီဂိုဏ်းဟာ နာမည်ဆိုးသလောက် ကြောက်စရာကောင်းတာကိုး၊ ငါ့လူတွေကို မြူဆွယ်ပြီး တိုက်ခိုက်တော့မယ်ထင်တယ်၊ ငါ့တပည့်တွေက အတွင်းအား သိပ်မကောင်းသေးတော့ သူတို့မြူဆွယ်တဲ့ဒဏ်ကို လုံးဝခံနိုင်မှာ မဟုတ်ဘူး၊ ခက်ပြီ အခုမှ တကယ့်ကို အခက်ကြီးကြုံတော့တာပဲ ..."

ရက်ပုချွန်သည် သူ၏ဓားရိုးကို တင်းကျပ်စွာဆုပ်ကိုင်လိုက်မိတော့၏။

အကယ်၍ ဤမိန်းကလေးများက တကယ်တမ်းမြူဆွယ်ရန် ကြိုးပမ်းလာလျှင် သူ့အနေဖြင့် စတင် တိုက်ခိုက်ရပေတော့မည်။

ဒေဝီဂိုဏ်းချုပ်ကိုလည်း ဂရုမစိုက်နိုင်တော့။ အဆိပ်ကောင်တွေ ထွက်လာလျှင်လည်း လာစေတော့။ အပြတ်အသတ်တိုက်ခိုက်ရပေတော့မည်။

ထိုအခိုက် လန်ဖုန်းဖုန်းကိုယ်တိုင် သူမ၏ဘောင်းဘီကို ပေါင်လည်အထိ လိပ်တင်လိုက်သည်ကို တွေ့လိုက်ရတော့၏။

ရက်ပုချွန်သည် သူ့တပည့်အားလုံးကို လှေဝမ်းအပြင်သို့ ထွက်သွားရန် မျက်ရိပ်ပြလိုက်သည်။

လောင်တက်နှင့် စီးကျိုက်တို့နှစ်ယောက်က ချက်ချင်းပင် အပြင်သို့ ထွက်သွားကြသည်။ ကျန်လူများကမူ ခြေထောက်များ တုံ့ဆိုင်းနေကြတော့၏။

ထိုစဉ် မိန်းကလေးများသည် သူတို့၏ ကြိမ်ခြင်းများထဲမှ အကောင်များကို စတင်ထုတ်ယူလိုက်ကြသည်။

ထိုအကောင်များမှာ တွန့်လိမ်လှုပ်ရှားနေကြသည်။ အသည်းယားစဖွယ်ပင်။ အဆိပ်ပိုးကောင် တစ်မျိုးမျိုးသာ ဖြစ်ပေလိမ့်မည်။

ထိုမိန်းကလေးများက ထိုအကောင်များကို ပေါင်ပေါ်တွင် တင်ထားလိုက်ကြသည်။ ထိုအကောင်များသည် ချက်ချင်းပင် တွယ်ကပ်သွားကြတော့၏။ တစ်ကောင်မှ အောက်သို့ ပြုတ်မကျပေ။

ရက်ပုချွန်သည် ထိုအကောင်များကို အသေအချာကြည့်မိသည်။

ဩော် ... လက်စသတ်တော့ မျှော့တွေဖြစ်နေပါကလား။ ရေထဲ၌ လယ်ကွင်းထဲ၌ တွေ့ဖူးမြင်ဖူးကြသော ရေမျှော့များပင်ဖြစ်နေသည်။ သို့သော် ထူးခြားသည့်အချက်တစ်ချက်မှာ သည်ရေမျှော့များက သာမန်မျှော့များထက် တစ်ဆခန့် ပိုကြီးနေခြင်းပင်တည်း။

လန်ဖုန်းဖုန်းကလည်း ရေမျှော့တစ်ကောင်ကို ထုတ်ယူ၍ မိမိ၏ပေါင်တွင် ကပ်ထားလိုက်သည်။

များမကြာမီပင် သူတို့၏ ခြေသလုံးများ၊ ပေါင်များနှင့် လက်မောင်းများ၌ ရေမျှော့ပေါင်း အကောင်နှစ်ရာခန့်သည် အသည်းယားစဖွယ် တွယ်ကပ်သွေးစုပ်လျက် ရှိနေကြပေပြီ။

လှေပေါ်ရှိ လူအားလုံးမှာ ထိုမိန်းကလေးများ၏ အပြုအမူကို လုံးဝနားမလည် သဘောမပေါက်နိုင်ဘဲ ရှိနေကြသည်။

ဖူးလင်မှာ နောက်ဘက်ခန်းတွင် ရှိနေရာမှ လှေဝမ်း၏အလယ်ခန်းမှ ‘ဟာ’ ခနဲ ‘ဟင်’ ခနဲ စသည့် အာမေဋိတ်သံများ မကြာခဏ ကြားကြားနေရသောအခါ သူမလည်း သံသယဖြစ်လာပြီး လှေဝမ်းထဲသို့ ဝင်လာတော့သည်။

လှေဝမ်းထဲရှိ မိန်းကလေးငါးယောက်တို့ကို တွေ့ရသောအခါ သူမလည်း ‘ဟာ’ခနဲ ဖြစ်သွားတော့၏။

လန်ဖုန်းဖုန်းတို့ ငါးယောက်မှာ ငြိမ်သက်စွာရပ်ရင်း သူမတို့၏ ခန္ဓာကိုယ်ပေါ်ရှိ မျှော့များကို ကြည့်နေသည်။

ရက်ပုချွန်မှာ ဓားရိုးကို တင်းကျပ်စွာ ဆုပ်ကိုင်လျက် အသင့်တိုက်ပွဲရန် ဟန်ပန်မျိုးဖြင့် ထိုမိန်းကလေးများကို ကြည့်နေသည်။

အခန်းထဲတွင် အသံဆို၍ မည်သည့်အသံမျှ မကြားရဘဲ တိတ်ဆိတ်ငြိမ်သက်နေသည်။

သို့သော် ဝါဆန်းဂိုဏ်းသားအချို့၏ ပြင်းထန်သော အသက်ရှူသံများကိုမူ ကြားနေရသည်။ အတန်ကြာသောအခါ လန်ဖုန်းဖုန်းတို့၏ ခြေသလုံး ပေါင်နှင့် လက်မောင်းများပေါ်ရှိ မျှော့ကြီးများမှာ တဖြည်းဖြည်း ဖောင်းကားလာတော့သည်။

အနီရောင်သမ်းလာသည်။

ရေမျှော့ဆိုသည်မှာ လူ တိရစ္ဆာန် မဟူ သူတို့တွယ်ကပ်လိုက်မိသည်နှင့် သွေးမဝမချင်း ပြန်မခွာတော့ချေ။ သွေးဝသွားမှသာ ခွာချသွားကြပေသည်။

ရက်ပုချွန်က ...

“သူတို့ ဒီရေမျှော့တွေရဲ့ သွေးစုပ်မှုကို ခံနေတာဟာ ဘာသဘောလည်း မသိဘူး၊ ဘယ်လိုမှ စဉ်းစားလို့လည်း မရဘူး၊ တစ်ခုတော့ရှိတယ်၊ ဒီရေမျှော့တွေ သွေးစုပ်လို့ဝလာတော့မှ သူတို့ရဲ့ အောက်လမ်းပညာကိုပြပြီး တိုက်ခိုက်မယ်နဲ့ တူတယ်” ဟု စိတ်ထဲမှ တွေးတောနေမိသည်။

ထိုအချိန်တွင် လန်ဖုန်းဖုန်းက ကိုးဆယ်ရာခိုင်နှုန်းမျှ သွေးစုပ်ပြီးသော မျှော့တစ်ကောင်ကို သူ့လက်မောင်းမှ ခွာချလိုက်ပြီး လင့်ဟူချုံး၏ ခေါင်ကိုခွာချလိုက်ကာ လည်ပင်းမှ သွေးကြောနားတွင် ထိုမျှော့ကြီးကို ကပ်ပေးလိုက်တော့၏။

ထိုမျှော့ကြီးမှာ ရာခိုင်နှုန်းပြည့် သွေးမဝသေးသဖြင့် လင့်ဟူချုံး၏လည်ပင်း၌ မလွတ်တမ်း တွယ်ကပ်နေတော့သည်။

လန်ဖုန်းဖုန်းသည် ပုလင်းကလေးတစ်လုံးကို ထုတ်လိုက်ပြီး ဆေးမှုန့်အနည်းငယ်ယူကာ ရေမျှော့ကြီး၏ကိုယ်ပေါ်သို့ ဖြူးချပေးလိုက်သည်။

ကျန်မိန်းကလေးများကလည်း လင့်ဟူချုံး၏ အင်္ကျီကြယ်သီးများကို ဖြုတ်၍ ရင်ဘတ်၊ ဝမ်းဗိုက်၊ လက်မောင်း၊ ခြေထောက်၊ ပေါင် အစရှိသည့်နေရာများပေါ်သို့ မိမိတို့၏ မျှော့များကို ဖြုတ်ယူပြီး တွယ်ကပ်ပေးလိုက်ကြတော့၏။

ပြီးမှ မျှော့တိုင်းကို ဆေးမှုန့်အနည်းငယ်စီ ဖြူးပေးလိုက်၏။

ထိုရေမျှော့ကြီးများမှာ သူတို့၏ ခန္ဓာကိုယ်ပေါ်၌ရှိနေစဉ်သာ ဖောင်းကားနေသော်လည်း ယခု လင့်ဟူချုံးကိုယ်ပေါ်သို့ ရောက်သောအချိန်တွင်မူ တဖြည်းဖြည်း ပိန်သွားတော့သည်။

ရက်ပုချွန်သည် ထိုအခါမှ ကောင်းစွာသဘောပေါက် သွားတော့၏။

သူက သက်ပြင်းတစ်ချက်ရှိုက်ရင်း စိတ်ထဲတွင် ...

"လက်စသတ်တော့ လန်ဖုန်းဖုန်းက လင့်ဟူချုံးအတွက် သွေးသွင်းပေးနေတာကိုး၊ ငါက အထင်မှားနေခဲ့တာပဲ၊ သူတို့ လုပ်ပုံကလည်း ဘာမှန်းမသိ၊ ညာမှန်းမသိဆိုတော့ အထင်မှားစရာပဲ၊ ဟိုဆေးမှုန့်တွေက မျှော့တွေ သွေးပြန်အန်ထုတ်ခိုင်းတဲ့ ဆေးမှုန့်တွေဖြစ်ရမယ်၊ အင်း တော်တော့်ကို ဆန်းကြယ်တဲ့ပညာပဲ၊ ဘယ်သူမှ ဒီလို စိတ်ကူးပေါက်မိကြမှာ မဟုတ်ဘူး" ဟု တွေးလိုက်မိသည်။

ချက်ချင်း တင်းမာနေသော အကြောများကို ဖြေချလိုက်ပြီး ဓားရိုးကိုင်ထားသော လက်ကိုလည်း လွှတ်ချလိုက်သည်။

သွေးများပြန်အန်ထုတ်နေရသည့် မျှော့များသည် တဖြုတ်ဖြုတ် ပြုတ်ကျကုန်ပြီး သေဆုံးသွားတော့သည်။ လန်ဖုန်းဖုန်းက မျှော့သေများကို ကောက်ယူပြီး အပြင်သို့ လွှင့်ပစ်လိုက်၏။

ယခုအခါ လင့်ဟူချုံး၏ ဝါထိန်နေသော မျက်နှာ၌ သွေးရောင် ပြန်လွှမ်းလာခဲ့ချေပြီ။ ဤရေမျှော့ အကောင်နှစ်ရာကျော်မှ သွင်းလွှတ်လိုက်သော သွေးများမှာ ဖန်ခွက်ကြီးတစ်ခွက်စာမျှ ရှိသဖြင့် လင့်ဟူချုံး၏ ဆုံးရှုံးသွားသော သွေးအားလုံးကို ပြန်လည်အစားမထိုးနိုင်သေးသော်လည်း သူ၏အသက်ရှင်သန်ရေးအတွက်မူ အတော်အတန် အထောက်အကူ ပြုသွားပေပြီ။ သွေးအားနည်းခြင်းကြောင့် သေဆုံးမှုတော့ မဖြစ်နိုင်တော့ပေ။

ရက်ပုချွန်သည် ဖူးလင်အား တစ်ချက်မျှ ကြည့်လိုက်ပြီး၊ ဒေဝီဂိုဏ်းချုပ်နှင့်ပတ်သက်၍ တွေးတောနေမိတော့၏။

"ဒီမိန်းကလေးဟာ ဂိုဏ်းချုပ်တစ်ယောက် ဖြစ်လျက်သားနဲ့ သူ့ရဲ့သွေးကို လင်ဟူချုံးရဲ့ကိုယ်ထဲကို သွင်းပေးသေးတယ်၊ သူက လင့်ဟူချုံးကို ကြိုက်လို့ သွင်းပေးတာတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ သူ့အပြောအရတော့ လင့်ဟူချုံးရဲ့ အခင်မင်ဆုံးသူငယ်ချင်းရဲ့ သူငယ်ချင်းတဲ့၊ အဲဒီအချက်က တော်တော်လေး စဉ်းစားစရာကောင်းတဲ့အချက် ဖြစ်နေတယ်၊ လင်ဟူချုံးက ဘယ်တုန်းကများ ဒီလောက် အရှိန်အဝါကြီးတဲ့လူနဲ့ သူငယ်ချင်းဖြစ်ခဲ့ရတာလဲ ..."

လန်ဖုန်းဖုန်းသည် လင့်ဟူချုံး၏မျက်နှာ သွေးရောင်လွှမ်းလာသည်ကို ကြည့်ပြီး ကျေနပ်အားရသွားသည်။

လင့်ဟူချုံး၏ လက်ကောက်ဝတ်သွေးကြောကို စမ်းသပ်နေစဉ်အခါက သူမ၏စိတ်ထဲ၌ အတော်ကလေး ပူပန်သွားမိခဲ့သည်။ အဘယ်ကြောင့်ဆိုသော် သွေးခုန်နှုန်းကို မနည်းစမ်းသပ်နေခဲ့ရသောကြောင့်ဖြစ်၏။ ယခု လင့်ဟူချုံးအဖို့ သေခြင်းတရားတည်းဟူသော တောင်မှ ကျော်လွှားနိုင်ခဲ့ချေပြီ။

လန်ဖုန်းဖုန်းသည် ချိုလွင်သောလေသံကလေးဖြင့် ...

"လင့်ဟူချုံး ... အခု ဘယ့်နှယ်နေသေးသလဲ၊ စောစောကထက် နေရထိုင်ရတာ ကောင်းသွားတယ် မဟုတ်လားဟင်" ဟု မေးလိုက်၏။

လင့်ဟူချုံးမှာ ခေါင်းထဲ၌ မူးနောက်နေသေးသော်လည်း ထိုမိန်းကလေး၏ ကုသမှုကြောင့် သိသိသာသာ သက်သာလာသည်ကို ခံစားရသဖြင့် သူမအား ကျေးဇူးတင်စကား ပြန်ပြောလိုက်သည်။

"ကျေးဇူးတင်ပါတယ်ဗျာ၊ တော်တော့်ကို သက်သာလာတာပါပဲ ..."

လန်ဖုန်းဖုန်းသည် မျက်လုံးကလေးကို ထောင့်ကပ်၍ စဉ်းစားသလို လုပ်လိုက်ပြီးမှ ...

"ရှင့်ကို ကျွန်မတစ်ခုမေးမယ်နော်၊ ကျွန်မကိုကြည့်ရတာ ရှင့်အဖို့ ဘယ်လိုနေသလဲ ... ဟို ... လေ ...ဟို ... ကျွန်မကိုကြည့်ရတာ အသက် သိပ်ကြီးနေပြီလို့များ ထင်နေသလားဟင်" ဟု မေးလိုက်သည်။

လင့်ဟူချုံးက ...

"ကြံကြံဖန်ဖန် ... ခင်ဗျားကို အသက်ကြီးတယ်လို့ ဘယ်သူပြောသလဲ၊ ကျုပ်ကတော့ မထင်ပေါင်ဗျာ၊ ခင်ဗျား စိတ်ဆိုးမှာစိုးလို့သာ၊ ကျုပ်က ခင်ဗျားကို ညီမလေးလို့တောင် ခေါ်ချင်နေတာ ..."

လန်ဖုန်းဖုန်း၏မျက်နှာ၌ ကျေနပ်နှစ်သိမ့်သွားသော အမူအရာများ မဖုံးနိုင်မဖိနိုင် ပေါ်ပေါက်လာတော့၏။ နှုတ်ချို သျှိုတစ်ပါး မဟုတ်ပါလော။ သူမ၏မျက်နှာတစ်ပြင်လုံး ပျားရည်ဆမ်းထားသည့်နှယ် ချိုမြနေတော့၏။

သူမက ပြုံးလျက် ...

"ရှင်က စိတ်ရင်းသဘောရင်း ကောင်းရုံတင်မကဘူး၊ သူများတွေရဲ့ စိတ်သဘောကိုလည်း သိပ်သိတတ်တာကိုး ..."

"ဒါကြောင့်မို့ တစ်လောကလုံးက ယောကျ်ားတွေကို လုံးဝဂရုမစိုက်ခဲ့တဲ့သူက ရှင့်အပေါ် ဒီလောက် ဂရုစိုက်နေတာ ကိုး၊ ကျွန်မက အစက သိပ်အံ့သြခဲ့တယ်၊ ခုတော့ မအံ့သြတော့ပါဘူးလေ၊ ဂရုစိုက်မယ်ဆိုလည်း ဂရုစိုက်လောက်အောင် ရှင့်နှလုံးရည် လက်ရုံးရည်က ကောင်းနေတာကိုး" ဟု ပြောလေတော့သည်။

လင့်ဟူချုံးက ရယ်လျက် ...

"ခင်ဗျားက ကျုပ်ကိုတော့ ချီးမွမ်းနေလိုက်တာ၊ ခင်ဗျားမြှောက်ပင့်နေတာနဲ့ ကျုပ်ခေါင်းနဲ့ ကောင်းကင်နဲ့တောင် တိုက်တော့မယ်၊ သိပ်စွမ်း သိပ်တော်တယ်လို့တော့ မြှောက်ပါရဲ့၊ အစ်ကိုကြီးလို့ ခေါ်ရမှာကိုတော့ ခင်ဗျား ရှုံ့နေတယ် မဟုတ်လား" ဟု နောက်ရွှတ်၍ ပြောလိုက်တော့၏။

လန်ဖုန်းဖုန်း၏ မျက်နှာကလေး၌ သွေးရောင်လွှမ်းသွားပြီး ရှက်စနိုးဖြစ်သွားတော့၏။ သို့သော် ချက်ချင်းလိုလိုပင် သူမ၏နှုတ်မှ ...

"အစ်ကိုကြီး" ဟု လွှတ်ခနဲ ခေါ်လိုက်မိတော့၏။

လင့်ဟူချုံးက သူ၏လက်မောင်းကို မမြှောက်နိုင်မြှောက်နိုင် အားတင်းမြှောက်လိုက်ပြီး ...

"ဟား ...ဟား ...ဟား ... ဒါမှ ငါ့ညီမကွ" ဟုအော်လိုက်တော့၏။

လင့်ဟူချုံးမှာ ရွှတ်နောက်နောက်ဖြင့် အပြောင်အပျက် အင်မတန် ပြောတတ်သူဖြစ်ရာ ဤကဲ့သို့ စိတ်လွတ်ကိုယ် လွတ် ပြောချင်ရာပြော ဆိုချင်ရာဆို ကိစ္စမျိုး၌ ပျော်ပျော်ရွှင်ရွှင်ဖြင့် ထင်တိုင်းကျဲနေတော့သည်။

သူ့အနေဖြင့် မပျော်နိုင် မရွှင်နိုင်ဖြစ်ရသည့်အချိန်မှာ စည်းနှင့်ကမ်းနှင့် နေရသောအချိန်မျိုးသာ ဖြစ်တော့၏။ ဤအချက်သည်ပင် သူ၏ဆရာ ရက်ပုချွန်နှင့်သူ ဖြောင့်ဖြောင့်ကြီးဆန့်ကျင်နေသော အချက်ပင်ဖြစ်တော့သည်။

လင့်ဟူချုံးသည် အလွန်ပင် လူရိပ်လူကဲကို နားလည်သောသူဖြစ်ရာ သူမ၏အလှကို ချီးကျူး လိုက်သည်နှင့် သူမပီတိဖုံးသွားသည်ကို ကောင်းကောင်းကြီး ရိပ်မိခဲ့သည်။

လန်ဖုန်းဖုန်းသည် သူ့ထက် အသက်ကြီးကြောင်းကိုလည်း ခန့်မှန်းမိသည်။ ဤသို့သိလျက်နှင့် ညီမလေးဟု တမင် ခေါ်လိုက်ခြင်းဖြစ်၏။ ဤကဲ့သို့ ညီမလေးဟု ခေါ်လိုက်ခြင်းမှာ တမင် လျှာအရသာခံလို၍ ခေါ်လိုက်ခြင်း မဟုတ်ပေ။

လင့်ဟူချုံး၏ ပင်ကိုယ်စိတ်သဘောကိုက ယောကျ်ားမိန်းမ မဟူ သူနှင့်ဆက်ဆံသူတိုင်း၏ နှလုံး အေးချမ်းသွား အောင် ကူညီလိုစိတ် အမြဲရှိသူဖြစ်၏။

ရီလင်အား အသက်စွန့်၍ ကူညီခြင်း၊ လောင်ထို၏သမီးအား အသေခံ၍ သွေးထုတ်ကူညီခြင်းတို့က သူ၏ ကူညီ လိုစိတ်အတွက် သက်သေများဖြစ်တော့သည်။

ယခု လန်ဖုန်းဖုန်းအား ချိုချိုသာသာ ဆက်ဆံသည့်ကိစ္စမှာလည်း ဤသဘောအတိုင်းပင်ဖြစ်သည်။ သူ့အား တမင် သက်သက် လာရောက်ကူညီသူအား စိတ်ပျော်ရွှင်သွားစေရန် ဆောင်ရွက်ရမည့်အချက်သည် သူ၏ တာဝန်ဝတ္တရားတစ်ရပ်

ဟု ယူဆသဖြင့် ဤကဲ့သို့ ညီမလေးဟု သူမအကြိုက်ကိုလိုက်၍ ခေါ်လိုက်ခြင်း ဖြစ်တော့၏။

ဤသို့သော စကားလေးသုံးလုံးလောက် ခေါ်လိုက်ခြင်းသည် မည်သူ့အကျိုးမျှ ဆုတ်ယုတ်စေသော ကိစ္စတစ်ရပ် မဟုတ်ပေ။ တစ်ဦးတစ်ယောက်၏ အကျိုးကို လုံးဝမထိခိုက်ပေ။ အကျိုးသာများစေသော စကားလေးတစ်ခွန်းအတွက် အဘယ်ကြောင့် တွန့်တိုနှုတ်ဆိတ်နေရမည်နည်း။

မိမိ၏စကားကြောင့် ကာယကံရှင် ဝမ်းမြောက်ရွှင်လန်းသွားလျှင် ကုသိုလ်ပင်ရနိုင်သေးသည် မဟုတ်ပါလော။

ရက်ပုရွှန်ကတော့ မျက်မှောင်ကုတ်နေ၏။

သူ့စိတ်ထဲတွင် ...

"လင့်ဟူချုံးဆိုတဲ့ကောင်ကတော့ ခြေတစ်ဖက်က သင်္ချိုင်းကို လှမ်းနေပြီ၊ အရှက်အကြောက်မရှိတဲ့ စကားတွေ ပြောတုန်း၊ ဒီကောင်မို့လို့ ဒီလိုအချိန်မျိုးမှာ ဒီလိုအပြောင်အပျက်တွေ ပြောဆိုနိုင်တယ်၊ သည့်ပြင်လူဆို သေခါနီးမှာ သူ့နားမှာ ဒါတွေလာပြောရမလားဆိုပြီး ဝေါက်လွှတ်မှာ၊ အခုတော့ သူက သူ့ကိုယ်သူ လူကောင်းတစ်ယောက်ကျနေတာပဲ" ဟု စိတ်ဆိုးမာန်ဆိုး တွေးတောနေမိတော့၏။

လန်ဖုန်းဖုန်းက ရယ်မောလျက် ...

"အစ်ကိုကြီး ရေမျှော့တွေတော့ကုန်ပြီ မနက်ဖြန်ညကျမှ ထပ်ဖမ်းလာခဲ့ပြီး သွေးသွင်းပေးဦးမယ်၊ အစ်ကိုကြီး ဘာစားချင်သေးလဲ၊ စားချင်တာတွေပြောလိုက်၊ ဘာမှအားမနာနဲ့၊ မနက်ဖြန်လာရင် ကျွန်မယူလာခဲ့ပါ့မယ်" ဟု လိုလိုချင်ချင်ပြောနေတော့၏။

လင့်ဟူချုံး ပြန်ပြောလိုက်သည့် စကားမှာ ...

"ညီမလေး အစ်ကိုကြီးက အစာတော့ သိပ်မစားချင်ဘူးကွ ... အေး ... တကယ်လို့ ကျွေးချင်မွေးချင်စိတ် ရှိရင်တော့ အရက်ယူလာခဲ့၊ အစ်ကိုကြီး အရက်သိပ်သောက်ချင်တယ် ..." ဟူ၍ဖြစ်တော့သည်။

လန်ဖုန်းဖုန်းက တခစ်ခစ်ရယ်ရင်း ...

"အံမာ ... ဒါဆို ပိုတောင်လွယ်သေးတယ်၊ ကျွန်မတို့မှာ 'ရတနာငါးပါး' ဆိုတဲ့ ထိပ်တန်းအရက်တစ်မျိုး ရှိတယ်၊ တော်ရုံလူတော့ သောက်ရတာမဟုတ်ပါဘူး၊ အစ်ကိုကြီးသောက်ချင်တယ်ဆိုရင် စမ်းကြည့်ပါလား" ဟုပြောတော့၏။

စကားဆုံးသည်နှင့် သူမဘေးနားမှ မိန်းကလေးလေးယောက်တို့အား တီးတိုးပြောလိုက်သည်။ ထိုမိန်းကလေးများ လှေဝမ်းတွင်းမှ ထွက်ခွာသွားကြတော့၏။ များမကြာမီပင် အရက်အိုးများကို သယ်မလျက် ပြန်လည်ရောက်ရှိ လာကြတော့သည်။

အရက်အိုးတစ်လုံးကို ဖွင့်လိုက်သောအခါ တစ်လှေလုံး မွှေးကြိုင်သော အရက်နံ့ ဖုံးလွှမ်းသွားတော့သည်။ လင့်ဟူချုံးက ...

"အား ... မွှေးလှချည်လား"

"ဟုတ်တယ်၊ သူ့မူလအရက်နံ့က အဆိပ်ကောင်တွေရဲ့အနံ့အသက်ကြောင့် သိပ်ပြင်းတာ၊ ဒီအနံ့ရတာနဲ့ မသောက်ချင်ပဲ ဖြစ်သွားမှာစိုးလို့ ပန်းနံ့တွေ ဒီလောက်များများ ထည့်ထားရတာ ..."

လင့်ဟူချုံးမှာ တအံ့တသြဖြစ်သွားပြီး ပြန်မေးလိုက်သည်။

"အရက်ထဲမှာ အဆိပ်ကောင်တွေရဲ့ အနံ့အသက်တွေပါနေတယ် ဟုတ်လား ..."

လန်ဖုန်းဖုန်းက ...

"ဟုတ်တယ် အစ်ကိုကြီးရဲ့ ... ရတနာငါးပါးဆိုတာ ကျွန်မတို့ဂိုဏ်းရဲ့ အဖိုးအတန်ဆုံး အရာပဲ ... အစ်ကိုကြီးကြည့်လေ၊ ကျွန်မထုတ်ပြမယ် ..."

သူမက ရေခွက်တစ်ခွက်ကိုယူ၍ အရက်အိုးကို အကုန်သွန်ချလိုက်သည်။ အရက်များ အရက်ခွက်ထဲသို့ အကုန်ကျသွားပြီးကာမှ အရာဝတ္ထုအချို့ ထွက်ကျလာတော့၏။

ထိုကျလာသော အရာဝတ္ထုအချို့ကို လင့်ဟူချုံးသာမက လှေဝမ်းတွင်းရှိလူအားလုံး စိတ်ဝင်တစား ငုံ့ကြည့်မိကြသည်။ ငုံ့ကြည့်မိသူအချို့ အလန့်တကြား အော်ဟစ်မိကြတော့၏။

အော်မိသူများ၏ အပြစ်လည်း မဟုတ်ပေ။ ထွက်ကျလာသည့်အရာများက အော်မိလောက်သည့်အရာများ ဖြစ်နေသောကြောင့်တည်း။ အရက်အိုးထဲမှ နောက်ဆုံးထွက်ကျလာသော အရာများမှာ အဆိပ်ပိုးကောင် ငါးကောင်ဖြစ်နေသည်။

၎င်းတို့မှာ မြွေမည်းသေးသေးလေး တစ်ကောင်၊ ပင့်ကူနက် တစ်ကောင်၊ ကင်းမလက်မည်း တစ်ကောင်၊ ကင်းခြေများ တစ်ကောင်နှင့် အမျိုးအမည် ခွဲခြားမသိနိုင်သော အဆိပ်ပိုးကောင် တစ်ကောင်တို့ဖြစ်ကြသည်။

သတ္တိကောင်းလွန်းသည့် လင့်ဟူချုံးပင်လျှင် ထခုန်မိမတတ် ဖြစ်သွားတော့သည်။

လင့်ဟူချုံးက ...

"ဟာ ... ဘယ့်နှယ် အရက်ထဲမှာ ဒီလို အဆိပ်ကောင်တွေ ထည့်ထားရတာလည်း"

လန်ဖုန်းဖုန်းက သူမ၏နှုတ်ခမ်းတွင် လက်ညှိုးကလေးတင်၍ ရှုးခနဲ လုပ်လိုက်ပြီး ...

"အစ်ကိုကြီး ... ဒါက ရတနာငါးပါး၊ အဆိပ်ကောင် အဆိပ်ကောင်နဲ့ မခေါ်ပါနဲ့၊ အစ်ကိုကြီး မသောက်ရဲတော့ဘူးလား" ဟု လင့်ဟူချုံးအား မေးလိုက်သည်။ လင့်ဟူချုံးက ပြုံး၍ ...

"ဒီ ... ရတနာငါးပါးကိုတော့ ငါနည်းနည်းကြောက်တယ် ညီမလေးရ" ဟု ပြန်ဖြေလိုက်သည်။

လန်ဖုန်းဖုန်းက ...

"ကျွန်မတို့ မြောင်လူမျိုးတွေမှာ ထုံးစံတစ်ခုရှိတယ်၊ သူငယ်ချင်းတစ်ယောက်ကို အရက်တိုက်ဖို့ ဖိတ်ခေါ်ရင် ကျန်တဲ့ သူငယ်ချင်းက ဒီအရက်ကို သောက်တာပဲ၊ ဒီအရက်ကို မသောက်ဘူးဆိုရင် ကျွန်မရဲ့ မိတ်ဆွေသူငယ်ချင်း မဟုတ်တော့ဘူး ..."

လင့်ဟူချုံးသည် အရက်ခွက်ထဲရှိ အဆိပ်ကောင်များမှာ အသေကောင်များဖြစ်ကြောင်း သိသော်လည်း ... သောက်ရမည်ကိုတော့ ကြောက်ရွံ့နေမိ၏။ လန်ဖုန်းဖုန်း၏စကားကို ကြားသောအခါ သူ၏ နဂိုဗီဇစိတ်ဓာတ် ပေါ်လာပြီး အရက်များကို ကောက်ယူမော့ချလိုက်တော့၏။ လင့်ဟူချုံးသည် သတ္တိအရာ၌ ရှာမှရှားသူဖြစ်သည်။ သို့သော် အဆိပ်ကောင်များကိုမူ လုံးဝကိုက်ဝါးခြင်း မပြုရဲချေ။

လန်ဖုန်းဖုန်းမှာ အလွန်သဘောကျသွားတော့၏။ လင့်ဟူချုံး၏ လည်ပင်းကိုဖက်လိုက်ပြီး ချီးကျူးသည့်အနေဖြင့် ပါးကို တစ်ချက်မျှ နမ်းလိုက်သည်။ သူမက ဝမ်းသာအားရ ရယ်မောနေလျက်မှ ...

"ဒါမှ တို့ရဲ့အစ်ကိုကြီးကွ ..."

လင့်ဟူချုံးမှာ ပြုံး၍ လန်ဖုန်းဖုန်းကို ထပ်မံနောက်ပြောင်ရန် ပါးစပ်ဟလိုက်သည်။ သို့သော် သူ့ဆရာ၏ မကျေနပ်မှုကြောင့် မှုန်ကုတ်နေသောမျက်နှာကို တွေ့လိုက်ရသောအခါ မနောက်ပြောင်ဝံ့တော့ဘဲ ချက်ချင်း မျက်နှာပိုး သတ်လိုက်ရတော့၏။ ယခုမှ သူ့ဆရာကို သတိရမိတော့သည်။ ထို့ကြောင့် သူ့စိတ်ထဲ၌ ...

"ငါတော့ ဒုက္ခပဲ၊ ဆရာ့ကို လုံးဝ သတိမထားမိဘူး၊ ဆရာကတော့ ငါ့ကို သိပ်ဒေါသထွက်နေတော့မှာပဲ၊ သူ့ရှေ့မှာ မိန်းကလေးတစ်ယောက်နဲ့ တဟီးဟီးတဟားဟားလုပ်နေတာ သူဘယ်ခွင့်လွှတ်လိမ့်မလဲ၊ ငါ့ကို ကြိမ်းတော့မှာပဲ" ဟု ကြောက်ရွံ့စွာ တွေးလိုက်သည်။

လန်ဖုန်းဖုန်းက နောက်ထပ်အရက်အိုးတစ်လုံးကို အရက်ခွက်ထဲသို့ သွန်ချလိုက်ပြန်သည်။ ဤခွက်ထဲတွင်လည်း သူမတို့ အမြွတ်တနိုးခေါ်ဝေါ်နေကြသည့် ရတနာငါးပါးဆိုသည့် အဆိပ်ကောင်များ ပါလာပြန်သည်။

လန်ဖုန်းဖုန်းက ရယ်လျက် ရက်ပုချွန်အား လှမ်းပြောလိုက်သည်။

"ဆရာကြီး သောက်ပါဦးလား ..."

သူမက ပြောဆိုဆိုနှင့် အရက်ခွက်ကို လှမ်းပေးလိုက်သည်။ သို့သော် ရက်ပုချွန်မှာ ဤအရက်၏အနံ့ကို ရသည်နှင့် အော့ချင်အန်ချင်စိတ် ပေါက်နေသည်ဖြစ်ရာ အဘယ်မှာလျှင် အရက်ခွက်ကို လှမ်းယူလိမ့်မည်နည်း။

လန်ဖုန်းဖုန်းသည် အရက်သောက်ချင်သူများရှိက သောက်နိုင်ပါသည် ဟူသောသဘောဖြင့် အခန်းတွင်းရှိ လူအားလုံးကို လှည့်ပတ်ကြည့်ရှုလိုက်သည်။ တစ်ယောက်မှ တုတ်တုတ်မလှုပ်ကြချေ။

လန်ဖုန်းဖုန်းက သက်ပြင်းတစ်ချက်ချ၍ ...

"အင်း ... ဝါဆန်းဂိုဏ်းမှာ အစ်ကိုကြီးလင့်ဟူချုံးတစ်ယောက်ကလွဲလို့ ဘယ်သူမှ သတ္တိမရှိကြပါလား ..."

ရုတ်တရက် ဒေါသဖြင့် အော်သံတစ်ချက် ထွက်လာသည်။

"ကျုပ်သောက်မယ် ..."

လင်မိန်ကျက်၏အသံပင်ဖြစ်တော့သည်။ လန်ဖုန်းဖုန်း၏ မျက်နှာ ဝင်းခနဲဖြစ်သွားကာ ...

"လက်စသတ်တော့ ရှင် ...ရှင် ..."

သူ၏စကားမဆုံးမီမှာပင် လိန်လိန်က အော်ဟစ်လိုက်၏။

"လင်မိန်ကျက် ... ရှင်နော် ...ရှင် ... ဒီလောက်ညစ်တီးညစ်ပတ် အရက်ကိုသောက်လိုက်ရင် ရှင်ဘယ်လို ဖြစ်သွားမလဲဆိုတာ မစဉ်းစားမိဘူးလား၊ ရှင် အဆိပ်တက်လို့ မသေဘူးဆိုတာတောင် ကျွန်မရှင့်ကို ဘယ်လို ဆက်ဆံမယ်ဆိုတာ စောင့်ကြည့်၊ နောက်မှ ကျွန်မအဆိုးမဆိုနဲ့"

လန်ဖုန်းဖုန်းက လင်မိန်ကျက်နားသို့ အရက်ခွက်ကို ယူလာပြီး လှမ်းပေးလိုက်သည်။

"ကဲ ... သောက်မယ်ဆို"

လင်မိန်ကျက်က တွန့်ဆုတ်သောလေသံဖြင့် ...

"ကျုပ် မသောက်ချင်တော့ဘူး" ဟု ပြောလိုက်တော့၏။

လန်ဖုန်းဖုန်းက မည်သည့်စကားမျှ မဆိုတော့ဘဲ တခစ်ခစ် ရယ်မောနေတော့၏။ လင်မိန်ကျက်မှာ မျက်နှာနီမြန်း လျက်ရှိပြီး ...

"ခင်ဗျား ကျုပ်ကိုသရော်ပြီး ရယ်မနေပါနဲ့၊ ကျုပ်မသောက်တာက ခင်ဗျားအရက်ကို ကြောက်လို့မဟုတ်ဘူး" ဟု ဒေါနှင့်မောနှင့် ပြောလိုက်သည်။

လန်ဖုန်းဖုန်းက ...

"ကျွန်မသိပါတယ်လေ။ ဟိုရုပ်ချောချောနဲ့ ကောင်မလေးက ရှင့်ကို အရေးမစိုက်မှာ ကြောက်လို့ မဟုတ်လား၊ ခစ် ... ခစ် ... ခစ် ... ခစ်"

သူမက လင့်ဟူချုံးနားသို့ ပြန်လျှောက်လာကာ အရက်ခွက်ကို ဘေးနားချထားလိုက်၏။

"အစ်ကိုကြီး ... နောက်မှ ထပ်တွေ့ကြသေးတာပေါ့နော်၊ ကျွန်မသွားတော့မယ်" ဟု ပြောပြီး သူမ၏မိန်းကလေး လေးယောက်ကို ခေါ်၍ သူမ၏လှေကလေးဘက်သို့ ခုန်ကူးသွားတော့၏။

ရက်ပုချွန်မှာ ထိုအခါကျမှ သက်ပြင်းကြီးချနိုင်တော့သည်။

"လောင်တက် ... ဟိုအရက်ခွက်တွေ၊ အရက်အိုးတွေအားလုံး မြစ်ထဲပစ်ချလိုက်စမ်း ..."

လောင်တက်သည် သူ့ဆရာရက်ပုချွန်၏ အမိန့်အတိုင်း စားပွဲနားသို့ လျှောက်သွားသည်။ အရက်ခွက်ကို သွန်ပစ်ရန် လှမ်းကိုင်လိုက်၏။ ဖန်ခွက်နှင့်ထိမိသည်နှင့် ယိမ်းထိုးသွားကာ လဲကျသွားတော့၏။ အရက်အိုးများလည်း စားပွဲပေါ်မှ လွင့်စဉ်ကွဲကျကုန်တော့သည်။

ရက်ပုချွန်က အလန့်တကြားဖြင့် ...

"ဟာ ... ဘယ်လိုဖြစ်တာပါလိမ့်" ဟု အော်လိုက်မိတော့၏။

လောင်တက်ကလည်း လဲကျနေရာမှ ...

"ဆရာ ... ဆရာ ကျွန်တော်တော့ အဆိပ်သင့်သွားပြီဆရာ" ဟုပြောလိုက်သည်။

ရက်ပုချွန် သဘောပေါက်သွားသည်။

"ဟော့ ... တစ်ယောက်မှ အရက်ခွက်နဲ့အရက်အိုးတွေကို မကိုင်ကြနဲ့တော့ ... အဲဒါတွေမှာ အဆိပ်တွေ ရှိနေတယ် ..."

ပြောပြီးသည်နှင့် သူ၏အင်္ကျီလက်စရှည်ကို တစ်ချက်မျှခတ်လိုက်ရာ လေလှိုင်းတစ်ချက်ထွက်လာပြီး စားပွဲပေါ်ရှိ အရက်ခွက်နှင့် အရက်အိုးများ လွင့်စဉ်သွားကာ မြစ်ထဲသို့ ကျသွားတော့၏။ ထိုအခိုက်မှာပင် ရက်ပုချွန်၏ရင်ဘတ်တွင် ပျို့တက်လာပြီး မအောင့်နိုင်တော့ပဲ ထိုးအန်မိတော့၏။

လင်မိန်ကျက်သည်လည်း အော့အန်လျက်ရှိလေပြီ။ များမကြာမီပင် လှေတစ်စင်းလုံး အော့အန်နေကြတော့၏။ လူတိုင်းလူတိုင်း အစာအိမ်မှ အစာများကုန်သည်အထိ အန်ပြီးကြသော်လည်း လည်ချောင်း ယားမြံယားနေသဖြင့် ထပ်မံ မအန်ဘဲ မနေနိုင်ကြပေ။ အစာမရှိဘဲ အန်ရသည့်အခါ အူများအလိပ်လိုက် တက်လာသကဲ့သို့ အခံရ ဆိုးလှတော့သည်။

လိန်လိန်သည် သူမ၏ ဝမ်းဗိုက်ကလေးကိုဖိ၍ ...

"အစ်ကိုကြီးကတော့ သိပ်ဟန်ကျနေတာပေါ့လေ ... ဟို ... သရဲမက အစ်ကိုကြီးကို ဖြေဆေးပေးထားတယ် မဟုတ်လား ... ဒါကြောင့် အစ်ကိုကြီးတစ်ယောက်တည်း မအန်တာပေါ့ ..."

အမှန်တကယ်ပင် လှေကြီးတစ်စင်းလုံး၌ မအော့မအန်သူဆို၍ လင့်ဟူချုံးတစ်ယောက်သာ ရှိနေသည်။ လင့်ဟူချုံး သည်လည်း ဤအချက်ကို နားမလည်နိုင်အောင် ဖြစ်နေမိသည်။ သူ့စိတ်ထဲတွင် ...

"ငါ့ကို ဘာအဆိပ်ဖြေဆေးမှလည်း ပေးမသွားပါဘူး၊ ဟိုအဆိပ်ကောင်တွေပါတဲ့ အရက်ကများ ဖြေဆေးဖြစ်နေ သလား မသိဘူး" ဟုတွေးနေမိ၏။

ထိုစဉ် ထောင်ကန်းက ...

"ဟုတ်တာပေါ့ ...ဟိုကောင်မက မင်းကိုရပ်ချောတယ်ဆိုပြီး သဘောကျလို့ ဖြေဆေးပေးသွားတာ ဖြစ်မယ် ..."

ထောင်ကျက်က စဉ်းစဉ်းစားစားပြောသည်။

"လင့်ဟူချုံး ... အခု မအန်ပေမယ့် သိပ်မထင်နဲ့ဦး ... သူ့ဗိုက်ထဲကအဆိပ်က ငါတို့ထက်တောင် ပြင်းတာ၊ တော်တော်ကြာ တုံးခနဲ ဖြစ်ချင်ဖြစ်သွားမှာ ..."

ထောင်ရှမ်းက ...

"ဒီလိုဆိုရင်တော့ ဒုက္ခပဲ ... လင့်ဟူချုံး အဆိပ်အရက်သောက်တုန်းက ငါတို့ မတားမိလိုက်ကြဘူး၊ တကယ်လို့များ အဲဒီ အဆိပ်အရက်ကြောင့် ဒီကောင်သေသွားရင်တော့ ငါတို့ ပြဿနာတက်ပြီ၊ ပိန်ရိုကမေးရင် ငါတို့ ဘယ်လိုဖြေကြမလဲ ..."

ထောင်ဆက်က ...

"ပူမနေစမ်းပါနဲ့ ... လင့်ဟူချုံးသေရင် ငါတို့အားလုံး ထွက်ပြေးကြတာပေါ့၊ ဒီပိန်ရို ငါတို့ကို လိုက်မရှာနိုင်ပါဘူး ..."

အံ့ဖွယ်ခြောက်ယောက်တို့မှာ အော့အန်နေသည့်ကြားမှ စကားကို အမျှင်မပြတ် ပြောနိုင်ကြသေး၏။ ရက်ပုချွန်က လှေထိုးသားများပင် အော့အန်နေကြသည်ကို တွေ့ရသဖြင့် လှေပဲ့ပိုင်းသို့ ပြေးသွားကာ ပဲ့ကိုင်ပေးရတော့သည်။

ရက်ပုချွန်မှာ အတွင်းအား အလွန်ပြည့်ဝသူဖြစ်သဖြင့် ပဲ့ကိုင်ရင်း ထွက်သက်ဝင်သက်ကို ရှုမှတ်နေလိုက် တော့၏။ အတန်ကြာသောအခါ ရင်ဝမှ ပျို့အန်တက်နေခြင်းတို့ တဖြည်းဖြည်း ပျောက်ကွယ်သွားတော့၏။ အခြေအနေအရ လှေကြီးကို ကမ်းသို့ ဆိုက်ကပ်လိုက်တော့သည်။ မြို့နှင့်မှ သုံးလေးမိုင်ခန့် ကွာဝေးနေသေးသည်။

ရက်ပုချွန်က အားလုံးကို ပြောလိုက်သည်။

"ဒီလှေကြီးကို ဆက်စီးလို့ မဖြစ်တော့ဘူး၊ ငါတို့အားလုံး ကမ်းပေါ်တက်ပြီး မြို့ပေါ်သွားကြမယ်၊ လှေပေါ်မှာဆိုရင် နောက်ထပ် အဆိပ်ကောင်တွေ ထွက်ချင်ထွက်လာလိမ့်ဦးမယ် ..."

ထောင်ကန်းက လင့်ဟူချုံးကိုထမ်း၍ ထောင်ကျက်က ထောင်ဆက်ကိုထမ်းကာ မြို့သို့ ခရီးဆက်ကြ၏။ မြို့ပေါ်သို့ ရောက်သောအခါ ထောင်ကန်းနှင့် ထောင်ကျက်တို့က စားသောက်ဆိုင်ကြီးတစ်ဆိုင်အတွင်းသို့ အရင်ဆုံး ဝင်ကြတော့ သည်။ သူတို့နှစ်ယောက်သည် လင့်ဟူချုံးနှင့် ထောင်ဆက်ကို ခုံလွတ်တစ်ခုစီတွင် ချထားလိုက်၏။ ပြီးမှ ...

"အရက်နဲ့ ထမင်းဟင်းတွေ ယူခဲ့ကြစမ်း" ဟု အော်ဟစ်မှာကြားလိုက်တော့၏။

လင့်ဟူချုံးက ဘေးပတ်လည်ကို မျက်စိကစားလိုက်သောအခါ မမျှော်လင့်သောလူတစ်ယောက်ကို တွေ့လိုက်ရသဖြင့် အလွန်အံ့သြသွားတော့၏။ လင့်ဟူချုံးတွေ့လိုက်သောသူမှာ ချင်းချန်ဂိုဏ်းချုပ် ရီချန်းပင် ဖြစ်တော့သည်။ ချင်းချန်ဂိုဏ်း ချုပ် ရီချန်းမှာ အန္တရာယ် ပတ်လည် ဝိုင်းလျက်ရှိပေပြီ။

သူထိုင်နေသောစားပွဲတွင် ဟင်းခွက်သုံးခွက်နှင့် ဓားတစ်လက်တင်ထား၏။ ထိုစားပွဲကြီးတွင် ရီချန်းထိုင်နေသည့် ထိုင်ခုံအပြင် ထိုင်ခုံကလေး ခုနစ်ခုံချထား၏။ ထိုင်ခုံတစ်ခုစီတွင် လူတစ်ယောက်စီ ထိုင်လျက်ရှိနေကြ၏။

ထူးဆန်းသည်မှာ ထိုထိုင်ခုံတွင် ထိုင်နေသူများမှာ ယောကျ်ားချည်းသက်သက်မဟုတ်။ မိန်းမပါ, ပါဝင်နေခြင်း ပေတည်း။ လူတိုင်း လက်နက်ကိုယ်စီ ကိုင်ထားကြသည်။ သူတို့အားလုံးက ရီချန်းအားငြိမ်သက်စွာ စိုက်ကြည့် နေကြသည်။

ရီချန်းသည် ဂိုဏ်းချုပ်တစ်ယောက်၏ ဂုဏ်သိက္ခာကို ကောင်းစွာ ထိန်းသိမ်းထားနိုင်သည်။ ဤမျှ ရန်သူများ ဝိုင်းဝိုင်းလည်နေသော်လည်း လုံးဝ တုန်လှုပ်ချောက်ချားဟန် မပြ။ တည်တည်ငြိမ်ငြိမ်ပင် ရှိနေသည်။ သူ၏ ဘယ်ဘက် လက်ဖြင့် အရက်တစ်ခွက်ကိုပင် ကိုင်ထားလိုက်သေးသည်။

ထောင်ကန်းက ရီချန်းကို ကြည့်ပြီး ...

"ဟား ... ဟား ... ဟား ... ဒီဂျပုကြီးက စိတ်ထဲမှာတော့ အတော်ကလေး ကြောက်နေပြီကွ၊ ဒါပေမယ့် အပြင်ပန်း မှာတော့ မကြောက်ချင်ယောင် ဟန်ဆောင်ထားတယ်၊ ငါက သူ့အတွင်းစိတ်ကို မြင်နေတယ်ကွ" ဟု အော်ကြီးဟစ်ကျယ် ပြောတော့၏။

ဤကား အံ့ဖွယ်ခြောက်ယောက်တို့၏ အကျင့်ပင်တည်း။ သူတို့စိတ်၌ ဆင်ခြင်ထိန်းကွပ်နိုင်သော အသိစိတ်ဓာတ် မရှိသဖြင့် စိတ်ထဲပေါ်သမျှ ပြောချလိုက်တတ်ကြသည်။ ဓလေ့ထုံးစံနှင့် လူမှုရေးရာများကို လုံးဝ သိနားလည်သူများ မဟုတ်ကြပေ။

ထိုစဉ်ထောင်ကျက်က ဝင်ပြောတော့သည်။

"ဒါ ... မဆန်းပါဘူးကွ၊ သူမကြောက်ဘဲ နေပါ့မလား၊ ခုနစ်ယောက်တစ်ယောက်ဆိုတော့ သူ့ရှုံးမှာသေချာနေပြီ ... ဒါကြောင့် ဟန်လုပ်နေတာကွ ..."

ထောင်ဆက်က ...

"သေချာတယ် ... သူကြောက်တယ်ဆိုတာ သိပ်သေချာတယ် ... သူ အရက်ခွက်ကို ဘယ်လက်နဲ့ ကိုင်ထားတာကို ကြည့်၊ ဘာဖြစ်လို့ ညာလက်နဲ့ မကိုင်တာလဲ၊ ညာလက်ကိုလွှတ်ထားတာက အရေးအကြောင်းရှိရင် ဓားကို ဆွဲထုတ်ဖို့ပေါ့ ကွ၊ မဟုတ်ဘူးလား"

ရီချန်းက မျက်နှာကို တစ်ချက်မဲ့၍ ဘယ်ဘက်လက်ဖြင့် ကိုင်ထားသော ဖန်ခွက်ကို ညာလက်ဖြင့် ပြောင်းကိုင်လိုက် ၏။ ဤသို့ပြုမူလိုက်ခြင်းမှာ အံ့ဖွယ်ခြောက်ယောက်တို့ကို လုံးဝဂရုမစိုက်သည့်သဘောကို ဖော်ပြလိုက်ခြင်းသာ ဖြစ်သည်။ ရီချန်းအနေဖြင့် အံ့ဖွယ်ခြောက်ယောက်စွမ်းပကားကို ကောင်းစွာ သိခဲ့ဖူးသူမဟုတ်ပေ။ ထို့ကြောင့်သာ ဤသို့ပမာမခန့် လုပ်ရဲခြင်း ဖြစ်ပေသည်။

ထိုစဉ် ထောင်ပါးကဝင်၍ ...

"အဲ ... ကြည့် ...ကြည့် ... ညီလေးထောင်ဆက်ပြောတာကို သေသေချာချာ ကြားလိုက်ရရဲ့သားနဲ့ မျက်စိက ညီလေးထောင်ဆက်ဆီ လုံးဝလှည့်မကြည့်ရဲဘူး၊ ဒါက ဘာကိုပြသလဲဆိုရင် ကြောက်တယ်ဆိုတာကိုပဲ ပြနေတယ်၊ ညီလေးထောင်ဆက်ကို ကြောက်လို့တော့ မဟုတ်ဘူး၊ သူက ညီလေးထောင်ဆက်ဆီ တစ်ချက်လှည့်ကြည့်လိုက် တာနဲ့ ဟိုဘက်က ခုနစ်ယောက်ကို အလစ်ပေးလိုက်သလို ဖြစ်သွားမှာပေါ့၊ သူလုံးဝ အလစ်မပေးရဲဘူး၊ အလစ်ပေးလိုက်တာနဲ့ ဟိုခုနစ်ယောက်က သူ့ကို ခုနစ်ခြမ်းခွဲပစ်လိုက်မှာကို ကြောက်နေတာ"

ထောင်ရက်က ရယ်ရင်းဝင်ပြောပြန်၏။

"ဒီလူက နဂိုကတည်းက ဒီလောက်တောင် အရုပ်ပုနေတဲ့ဉစ္စာ၊ ထပ်ပြီးခုနစ်ခြမ်း ခွဲလိုက်ရင် သူ့မှာ ဘာကျန်တော့မှာလဲ"

လင့်ဟူချုံးမှာ ရီချန်း၏ စိတ်သဘောထားများကို နှစ်ခြိုက်ခြင်းမရှိလှသော်လည်း ယခုကဲ့သို့ အများနှင့်တစ်ယောက် တိုက်ခိုက်ရမည့် အချိန်မျိုးတွင် အံ့ဖွယ်ခြောက်ယောက်တို့က ထပ်မံ အနှောက်အယှက် ပေးကြမည့်အဖြစ်မျိုးကို မလိုလားပေ။ ဘူးလေးရာ ဖရုံဆင့် ဆိုသကဲ့သို့ မနိုင်ရင်ကာဖြစ်ပြီး ရှုံးသွားခြင်းမျိုးကို သူ့အနေဖြင့် မကြည့်မြင်လို။ ထို့ကြောင့် သူက …

"သူက ချင်းချန်ဂိုဏ်းချုပ်ပဲ …ခင်ဗျားတို့ ပေါက်ကရတွေလျှောက်ပြောမနေကြနဲ့ …"

ထောင်ရှမ်းက …

"ချင်းချန်ဂိုဏ်းချုပ်သော ဘာသောလာမပြောနဲ့၊ မင်းရဲ့သူငယ်ချင်းလား၊ ဒါပဲပြော …"

လင့်ဟူချုံးက ခေါင်းခါပြလိုက်သည်။

ထောင်ကန်းက …

"ဟား …ဟား …ဟား … မင်းရဲ့သူငယ်ချင်း မဟုတ်ဘူးဆိုရင် ပိုကောင်းတယ်၊ ဒါမှ ငါတို့က စိတ်လွတ်ကိုယ်လွတ် ပွဲကြီးပွဲကောင်းတစ်ပွဲ ကြည့်ရမှာ …"

အံ့ဖွယ်ခြောက်ယောက်တို့မှာ တကယ်ပင် စပ်ဖြဲဖြဲမျက်နှာပေးများဖြင့် ရီချန်းတို့၏ စားပွဲကိုသာ ကြည့်နေကြတော့၏။ ရီချန်းအား ဝန်းရံထားသော ခုနစ်ယောက်စလုံး၏ မျက်နှာများမှာ ကြမ်းတမ်းခက်ထန်လှပြီး သူတို့၏လက်ထဲတွင် ကိုင်ဆောင်ထားသော လက်နက်များမှာလည်း တစ်ယောက်တစ်မျိုး ထူးခြားလှသော လက်နက်များ ဖြစ်နေသည်။

ထိုသူတို့က သူတို့၏လက်နက်များကို အသင့်ဆုပ်ကိုင်လိုက်ကြသည်ကို တွေ့လိုက်ရသောအခါ ရီချန်းက ရယ်မောလျက် …

"အောက်လမ်းသိုင်းသမားတွေဟာ အများနဲ့အနိုင်ကျင့်တတ်တယ်၊ ညစ်ပတ်ယုတ်မာတဲ့နည်းတွေနဲ့ အနိုင်ယူတတ်တယ်ဆိုတာ တယ်မှန်နေပါလား" ဟု ပြောလိုက်တော့၏။

ထိုအခါ သူတို့ထဲမှ မျက်လုံးတစ်ဖက်ကန်းနေသော ယောကျ်ားတစ်ယောက်က …

"ရီချန်း … ငါတို့က မင်းကို မသတ်ချင်ဘူး၊ မင်းကလည်း ငါတို့ကို တစ်ခုလိုက်လျောပါ၊ မင်းရထားတဲ့ ဘီလူးမီးခားသိုင်းစာအုပ်ကို ငါတို့ကို ထုတ်ပေး၊ မင်းကိုလွှတ်လိုက်မယ် …"

ရက်ပုချွန်၊ လင့်ဟူချုံးနှင့် လင်မိန်ကျက်တို့မှာ ဘီလူးမီးခားသိုင်းစာအုပ် ဟူသော အသံကို ကြားလိုက်ရသောအခါ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်မိကြတော့သည်။ သူတို့စိတ်ထဲတွင် …

"ဘီလူးမီးခားသိုင်းစာအုပ်က တကယ်ပဲ ရီချန်းလက်ထဲ ရောက်နေပြီလားမသိဘူး" ဟု တွေးလိုက်မိကြသည်။

ထိုစဉ် လူကြမ်းခုနစ်ယောက်ထဲမှ မိန်းမတစ်ယောက်က အေးစက်မာကျောသောလေသံဖြင့် …

"ဒီဂျပုကြီးနဲ့ စကားရှည်မနေနဲ့တော့၊ ငါတို့လုပ်စရာအလုပ်က တစ်ခုပဲရှိတယ်၊ သူ့ကိုသတ်ပစ်လိုက်၊ သတ်ပြီးမှ သူ့ကိုယ်ပေါ်မှာ ရှာကြမယ်" ဟု ပြောလိုက်၏။

တစ်ယောက်က ရုတ်ချည်း ဝင်တားမြစ်သည်။

"ဟ … ဒီလို အရမ်းလုပ်လို ဘယ်ဖြစ်မလဲ၊ သူက ဒီစာအုပ်ကို တခြားနေရာမှာ သွားဝှက်ထားရင် ဘယ်လိုလုပ်မလဲ၊ သူသေသွားရင် သူက ဘယ့်နှယ် သေရာက ထပြောနိုင်တော့မှာလဲ …"

မျက်နှာမှာ အမာရွတ်ကြီးတစ်ခု ရှိနေသောလူက …

"ရီချန်း … မင်း … ဟိုသိုင်းစာအုပ်ကို ပြန်ပေးလိုက်ပါကွာ၊ အခုလောက်ဆိုရင် မင်းလည်း ဒီသိုင်းစာအုပ်ကို အလွတ်လောက် ရနေပါပြီ၊ ဘာဖြစ်လို့ ဒီစာအုပ်ကို လက်ဝါးကြီးအုပ် သိမ်းထားချင်ရတာလည်း၊ ဒီစာအုပ်ကြီးယူထားပြီး မင်း ဘာလုပ်မှာလဲ၊ မင်းသေသွားရင် တစ်ခါတည်း ယူသွားမလို့လား …"

ရီချန်းက မည်သည့် တုံ့ပြန်စကားမျှ မပြော။ သူ၏အတွင်းအားကိုမူ အပြည့်အဝ ထုတ်ထားလိုက်သည်။ ရန်သူက မည်သည့်နေရာမှ ရုတ်တရက် တိုက်စစ်ဆင်လာမည်ကို တစ်ချက်မျှ အလစ်မပေးဘဲ စောင့်ကြည့်နေ၏။

ထိုတဒင်္ဂအတွင်းမှာပင် ခုနစ်ယောက်ထဲမှ တစ်ယောက်က ရုတ်တရက် မာန်သွင်းအော်ဟစ်လိုက်ပြီး စတင်တိုက်ခိုက်တော့၏။

ထိုသူ၏တိုက်ကွက်မှာ အားလုံးအတွက် အချက်ပေးသံသဖွယ် ဖြစ်တော့သည်။ ထိုသူ တိုက်ခိုက်သည်နှင့် ကျန်လူအားလုံး တစ်ပြိုင်နက် စတင်တိုက်ခိုက်ကြတော့သည်။

သူတို့၏လက်နက်မျိုးစုံဖြင့် တစ်ပြိုင်တည်း ထိုးခုတ်တိုက်ခိုက်ကြခြင်းသာ ဖြစ်၏။ ထို့နောက် ချက်ချင်းပင် နောက်သို့ ပြန်ဆုတ်ခွာသွားကြသည်။ ရီချန်းကိုမူ ဝိုင်းမြဲ ဝိုင်းထားလျက် ရှိနေသေး၏။

ဤပထမတစ်ကွက်တွင် လူကြမ်းခုနစ်ယောက်အနက်မှ ဘုန်းကြီးတစ်ပါးနှင့် ခါးကုန်းကြီးတို့၏ပေါင်၌ ဒဏ်ရာ အသီးသီး ရသွားကြသည်။

ရီချန်း၏ညာဖက်ပခုံးအကျီမှာ စုတ်ပြဲသွားပြီး ညာဘက်လက်သည် တစ်စုံတစ်ခုသော လက်နက်ဖြင့် ထိခိုက်သွားမိဟန်တူသည်။ ဓားကို ဘယ်ဘက်လက်တွင် ပြောင်းကိုင်ထား၏။

ထိုစဉ် ပထမဦးဆုံး တိုက်ခိုက်သူကပင် ထပ်မံအော်ဟစ်လိုက်ပြီး ပထမတစ်ကြိမ်နည်းတူ တိုက်ခိုက်ပြန်သည်။ ကျန်ခြောက်ယောက်တို့ကလည်း ချက်ချင်းလိုလိုပင် ဝင်ရောက် တိုက်ခိုက်ကြပြန်တော့၏။

လက်နက်အချင်းချင်း ရိုက်ခတ်သံများ ကြားရပြီးသည့်နောက် လူကြမ်းခုနစ်ယောက်တို့ အလျင်အမြန် ပြန်ဆုတ်သွားကြပြန်သည်။

ရီချန်းကို ဝိုင်းရံထားမြဲထားလျက် ဆုတ်သွားခြင်းဖြစ်သည်။ သည်တစ်ကြိမ်တွင်မူ လူကြမ်းခုနစ်ယောက်ထဲမှ မိန်းမကြီး၏ မျက်နှာတွင် ဓားတစ်ချက်ထိသွားသည်။

ရီချန်းတွင်လည်း ဓားတစ်ချက် အခုတ်ခံလိုက်ရသည်။ သူ၏ ဘယ်ဘက်လက်တွင် ထိသွားခြင်းဖြစ်သည်။ ထို့ကြောင့် ဘယ်ဘက်လက်ဖြင့် ဓားမကိုင်နိုင်တော့ပေ။ ညာဘက်လက်ကို ပြောင်းကိုင် လိုက်ရပြန်သည်။

သို့သော် ... သူ၏ညာဘက်ပခုံးမှာ နဂိုကတည်းက ဒဏ်ရာရထားသည်ဖြစ်၍ ဓားကို သေသေချာချာကိုင်၍ ခုခံနိုင်တော့မည် မဟုတ်ချေ။

အကယ်၍ လူကြမ်းခုနစ်ယောက်တို့က သည်တစ်ကြိမ် အပြင်းအထန်ဝင်၍ တိုက်ခိုက်ခဲ့ကြလျှင် ရီချန်းမှာ အံ့ဖွယ်ခြောက်ယောက်ပြောသည့်အတိုင်း အစိတ်စိတ်အမွှာမွှာ ခုတ်ခြင်းခံရပေတော့မည်။

ခုနစ်ယောက်ထဲမှ တစ်ယောက်က ...

"ရီချန်း မင်းလက်နက်ချပါတော့၊ မင်းမှာ ဒဏ်ရာတွေလည်း ရနေပြီ၊ တို့ကို မင်းဆက်ပြီး မယှဉ်နိုင်တော့ဘူး ..." ရီချန်းက မျက်နှာကို တစ်ချက်မဲ့လိုက်ပြီး 'ဟင့်' ခနဲ မရယ်ချင့်ရယ်ချင် ရယ်ပြလိုက်သည်။ သူက ချက်ချင်းပင် ဓားကို မြှောက်လိုက်သည်။

သို့သော် ရီချန်း၌အားမရှိတော့။ ဓားသည် လမ်းခုလတ်မှ အောက်သို့ ပြန်ကျသွားရတော့သည်။

× × × × × ×

စာစဉ် (၆) ပြီး၏။

# သိုင်းလောကကျော်ဆီနိခေါ်သံ

## စာစဉ် (၇)

# သိုင်းလောက၏ စိန်ခေါ်သံ

## စာစဥ်(၇)

## မာတိကာ


| | | | |
|---|---|---|---|
| | သွေးသွင်းခြင်း မှအဆက် | **queen123** | ၅၂၂ |
| အခန်း(၄၃) | ဟူပါးတောင်ကုန်းထိပ် | **shadowstriker** | ၅၂၄ |
| အခန်း(၄၄) | ဝေ့လည်ကြောင်ပတ် | **shadowstriker** | ၅၃၄ |
| အခန်း(၄၅) | ရေထဲမှ အရိပ် | **shadowstriker** | ၅၄၆ |
| အခန်း(၄၆) | မေတ္တာရေကြည် | **shadowstriker** | ၅၅၉ |
| အခန်း(၄၇) | ဝါဆန်းဂိုဏ်းမှ အထုတ်ခံရခြင်း | **nnnaing** | ၅၇၂ |
| အခန်း(၄၈) | သူရဲကောင်းစိတ်ဓာတ် | **shadowstriker** | ၅၈၅ |
| အခန်း(၄၉) | နှင်းဆီဂေဟာကြီး | **nnnaing** | ၅၉၂ |



**scanned by NEO@mmcp**

ပထမအဆင့် တည်းဖြတ်သူ **shadowstriker**

အချောသတ် တည်းဖြတ်သူ **sideeffect**

ထိုစဉ် .....

“ဟော့ ခဏနေကြဦး”

လင့်ဟူချုံး၏ အော်သံပင်ဖြစ်တော့၏။ သူက ရီချန်းတို့ ဝိုင်းရှိရာသို့ ဖြည်းညင်းစွာ လျှောက်သွားတော့သည်။ လင့်ဟူချုံး၏ အမူအယာမှာ အေးဆေးတည်ငြိမ် လှသဖြင့် အားလုံးက သတိမပြုပဲ မနေနိုင်လောက်အောင် ဖြစ်သွားကြပြီး လင့်ဟူချုံးကို လှည့်ကြည့်မိကြတော့၏။

လင့်ဟူချုံးက “ခင်ဗျားတို့ ၇ ယောက်က တစ်ယောက်တည်းသမားကို အင်အားနဲ့ဖိပြီး အနိုင်ကျင့်နေတာကတော့ မတရားပါဘူး”

၇ ယောက်အနက်မှ ခါးကုန်းကြီးက “မင်းက ဘယ်သူလဲ ဘာကြောင့် ငါတို့ကို နေကြဦးလေး။ မတရားဘူးလေးနဲ့ ဘာဖြစ်လို့ ဝေဖန်နေရတာလဲ မင်းပါ သူနဲ့လက်တွဲပြီး သချိုင်းထဲ သွားချင်လို့လား”

လင့်ဟူချုံးက “ကျုပ်ကတော့ သူနဲ့အတူတူလိုက်ပြီး မသေချင်ပါဘူး။ ဒါပေမယ့် ခင်ဗျားတို့လုပ်ပုံက မတရား လွန်းလို့ ဝင်ပြောရတာ မတရားတာမှန်သမျှ ကျုပ်ဘာမှ မမြင်ချင်ဘူး”

၇ ယောက်ထဲမှတစ်ယောက်က “အောင်မာ ... ကြီးကြီးကျယ်ကျယ်နဲ့ လူကတော့ လူမမာရုပ်ပေါက်နေတဲ့ ကောင်ကများ ... မင်းကဘာကောင်လဲ”

နောက်တစ်ယောက်က “ဒီကောင့်ကိုပါ တစ်ခါတည်း ရှင်းပစ်လိုက်ကွာ ကိုယ်နဲ့မဆိုင်တဲ့အလုပ် ဝင်ရှုပ်တဲ့ အကောင်”

အခြားတစ်ယောက်က “မင်းက ဘယ်သူလဲ ..... တယ်သတ္တိရှိပါကလား။ မင်းက ဘယ်လိုလူမျိုးတွေနဲ့ ဆက်ဆံ နေရတယ်ဆိုတာကော သိရဲ့လား ငါတို့နဲ့ ပတ်သက်လာရင် ဝင်စွက်ရဲတဲ့သူ အင်မတန်ရှားတယ်။ ပြောစမ်း ... မင်းနာမည် ဘယ်သူလဲ”

လင့်ဟူချုံးက သက်ပြင်းချလိုက်ရင်း .....

“ကျုပ်နာမည်ကတော့ လင့်ဟူချုံးပါ။ ကျုပ်က သတ္တိရှိလွန်းလို့ ဝင်စွက်ရဲတာမဟုတ် ...”

လင့်ဟူချုံး စကားပင် မဆုံးသေးချေ၊ ထိုလူကြမ်း ၇ ယောက်စလုံး တစ်ပြိုင်ထဲ အော်ဟာစ်ကြတော့၏။

“ဘာ ... လင့် ... လင့် ... လင့်ဟူချုံး ဟုတ်လား”

လင့်ဟူချုံးက “ဟုတ်ပါတယ် ကျုပ်က လင့်ဟူချုံးပါ။ ... အင်း ... ခင်ဗျားတို့ မျက်နှာတွေကြည့်ရတာ ခင်ဗျားတို့လဲ ကျုပ်ရဲ့ သူငယ်ချင်းနဲ့ သိကြပြန်ပြီထင်တယ်”

လင့်ဟူချုံးမှာ လမ်းခရီးတစ်လျှောက်လုံး သူတစ်သက်လုံး လုံးဝမတွေ့ဖူးခဲ့သော လူထူးလူဆန်း သိုင်းပညာရှင် ကြီးများက သူ့အား လေးလေးစားစား ဆက်ဆံနေကြသည်မှာ သူ့သူငယ်ချင်း တစ်ယောက်ကြောင့်ဖြစ်ကြောင်း သူတို့၏ စကားများအရ သိရှိခဲ့ရသည်။ သို့သော် ထိုသူငယ်ချင်း မည်သူဖြစ်သည် ဆိုသည်ကိုမူ ယခုအချိန်အထိ ဦးနှောက် ခြောက်မတတ် စဉ်းစားနေသော်လည်း တစ်ကြိမ်မျှ စဉ်းစားမရခဲ့ပေ။

သူ့သူငယ်ချင်းများထဲတွင် ဤမျှ အရှိန်အဝါကြီးမားသူ တစ်ယောက်မျှ မရှိခဲ့ပေ။ သူငယ်ပေါင်း သူငယ်ချင်း တစ်ယောက် ဤသို့ လျှမ်းလျှမ်းတောက် ကျော်ကြားထင်ရှားသူတစ်ယောက် ဖြစ်သွားသည်ကိုလည်း တစ်ကြိမ်မျှ မကြားမိခဲ့ပေ။

ယခု ဤလူကြမ်း ၇ ယောက်တို့က မိမိ၏အမည်ကို ကြားလိုက်သည်နှင့် ချက်ချင်း အမူအရာ ပြောင်းလဲသွား သည်ကို တွေ့ရသောအခါ ဤလူကြမ်းများသည်လည်း မိမိ၏ထူးဆန်းသော သူငယ်ချင်း၏မျက်နှာကြောင့် မိမိအား

ရိုရိုသေသေ ဆက်ဆံတော့မည်ကို ကြိုတင်သိလိုက်မိတော့၏။ လင့်ဟူချုံး၏အတွေးကား တကယ်ပင်မှန်လှပေတော့၏။ ထိုလူကြမ်း ၇ ယောက်၏ အမူအယာများသည် ရိုရိုကျိုးကျိုး အမူအယာများသို့ ပြောင်းလဲသွား၏။ သူတို့အထဲမှ အကြီးဆုံးသောလူကြီးက လင့်ဟူချုံးအား ဦးညွတ် အရိုအသေ ပေးလိုက်ကာ

"ကျုပ်တို့ ၇ ယောက်က သတင်းရရချင်း ဒီကိုလိုက်လာကြတာပါ။ ဆရာလေးကို တွေ့ချင်လို့ပါ။ စောစောက ဆရာလေးမှန်းမသိပဲ စော်ကားမိတာတွေကို ခွင့်လွှတ်ပါလို့ တောင်းပန်ပါတယ်" ဟုပြောလေတော့၏။

မိန်မကြီးကလည်း "ကျွန်မတို့က ရီချန်းဟာ ဆရာလေးရဲ့ သူငယ်ချင်းမှန်း မသိလို့ ခုလို တိုက်ခိုက်မိတာပါ ... တော်ပါသေးရဲ့ ... အားလုံး ဘယ်သူမှ ဒါဏ်ရာ ပြင်းပြင်းထန်ထန် မရကြပေလို့ပဲ" ဟု ဝင်ပြောပြန်သည်။

သူမသည်ထိုစကားကို ရိုကျိုးနှိမ့်ချစွာ ပြောလိုက်ခြင်းဖြစ်သည်။

ရီချန်းက မခံချိမခံသာ ဖြစ်သွားသော်လည်း သူ့အဖို့ ယခုလိုနေခြင်းကသာ အကောင်းဆုံးဖြစ်ကြောင်း သိသည်။ သူ့လက်ထဲမှ ဓါးကိုလည်းဆုတ်ကိုင်ချင်းငှာ မစွမ်းသာတော့ဘဲ ဓါးလွတ်ကျသွားတော့၏။ ခွမ်ခနဲ မြည်ဟီးသံပင် ထွက်ပေါ်လာတော့သည်။။ ထိုလူကြမ်း ၇ ယောက်တို့က ရီချန်းကို လုံးဝ ဂရုမစိုက်ကြတော့ပေ။။ ထိုစဉ် ဓါးကုန်းကြီးက ရင်းနှီးသောလေသံဖြင့် .....

"ကျုပ်တို့ အရှေ့ပိုင်းနယ်တွေကို ရောက်လာတော့ ဆရာလေးရဲ့နာမည်ကို ကောင်းကောင်း ကြားနေရပြီး အခု ဒီကို တပင်တပန်းလာတာက ဆရာလေးနဲ့ တွေ့ချင်လို့ပါ။ သည့်ပြင် ဂိုဏ်းအဖွဲ့အသီးသီးက ခေါင်းဆောင်တွေလည်း ဟူပါးတောင်ကုန်းမှာ ဆရာလေးနဲ့ မိတ်ဆုံနှုတ်ဆက်ပွဲ ကျင်းပဖို့ စီစဉ်ထားကြတယ်"

ဓါးကုန်းကြီးသည် သူ့စကားကို ခေတ္တနားလိုက်ပြီး လင့်ဟူချုံး၏ အနောက်ဘက်မှ နားစွင့်နေသော ပရိတ်သတ်များကို တစ်ချက်လှမ်းကြည့်လိုက်၏။ ပြီးမှ

"ဆရာလေးအတွက် ... ဟူပါးတောင်ကုန်းထိပ်မှာ ဆေးမြစ်ဆေးဥတွေ အမျိုးပေါင်းရာကျော်နေပြီ။ ဆရာလေးရဲ့ ရောဂါလေးအတွက်တော့ ဘာမှမစိုးရိမ်နဲ့တော့ ... ကြိုက်တဲ့ဆေးနဲ့ ကုသလို့ရတယ် ... သေသေချာချာကို ပျောက်ရမှာပါ" ဟုပြောဆိုလိုက်ပြီး လင့်ဟူချုံး၏ လက်ကို လေးစားရင်းနှီးစွာ လှုပ်ကိုင်ခါယမ်း လိုက်သေး၏။ ထိုသူ့စကားကို ကြားလိုက်ရသောအခါ လင့်ဟူချုံးမှာ အလွန်တရာ အံ့သြသွားတော့သည်။ မည်သည့်အရပ်မှ ဂိုဏ်အဖွဲ့များပေနည်း။။ မည်သည့် ဆေးဥ၊ ဆေးမြစ်များနည်း။ ထို့ကြောင့် လင့်ဟူချုံးသည် နှုတ်မှတီးတိုးရေရွတ်လိုက်မိသည်။

"ဂိုဏ်းအဖွဲ့ အသီးသီးက ခေါင်းဆောင်တွေတဲ့။ ငါနဲ့တွေ့ဆုံဖို့တဲ့။ ငါ့အတွက် ဆေးတွေလည်း စုထားတယ်တဲ့။ ဘာတွေလဲ။ ငါလည်းတစ်ခုမှ နားမလည်ပါလား"

လင့်ဟူချုံးတစ်ယောက် နှုတ်ခမ်း တလှုပ်လှုပ်နှင့် တွေတွေဝေဝေ ဖြစ်နေပုံကိုကြည့်ပြီး ထိုဓါးကုန်းကြီးက တဟားဟား ရယ်နေတော့၏။ ပြီးမှ

"ဆရာလေး ဘာမှ စိုးရိမ်ကြောင့်ကြ ဖြစ်မနေပါနဲ့။ ဒီကိစ္စရဲ့ အကြောင်းရင်းကို ကျုပ်တို့ လျှောက်မပြောရဲပါဘူး။ စိတ်ချပါ။ ဟား ဟား ဟား။ ဒီလိုကိစ္စမျိုးက လျှောက်ပြောလို့ဖြစ်တဲ့ ကိစ္စမျိုးမှ မဟုတ်တာ။ ကျုပ်တို့ လျှောက်ပြောလို့ တခြားလူတွေ သိသွားတယ်ဆိုရင် ကျုပ်တို့ပဲ ခေါင်းဖြတ်ခံရမယ့်အလုပ်တော့ ဘယ်လုပ်လိမ့်မလဲ။ ဟား ဟား ဟား" ဟု အားရပါးရ ရယ်ရင်း ပြောနေတော့၏။

ထိုလူကြီးက စကားများကို ပြောလေ။ လင့်ဟူချုံးအဖို့ ပိုနားမလည်လေ ဖြစ်နေတော့၏။ ထိုလူအား မေးခွန်း မေးရန် လင့်ဟူချုံးက ပါးစပ်ပြင်လိုက်စဉ်မှာပင် ဆိုင်အပြင်မှ အိုမင်းသော လူတစ်ယောက်၏အသံကို ကြားလိုက်ရ တော့၏။

"ဒီဆိုင်ထဲမှာ ဆရာလေး လင့်ဟူချုံး ရှိပါသလား ခင်ဗျာ။ ကျုပ်တို့က ဆရာလေးလင့်ဟူချုံးကို လာကြိုကြ တာပါ"

ထိုအခိုက်မှာပင် နောက်ထပ် အသံတစ်သံကို ထပ်ကြားရ ပြန်တော့သည်။

"ဂိုဏ်းချုပ်ကြီး ဝမ်ပေါ်လျှို ... ခင်ဗျားကလည်း ဆရာလေး လင့်ဟူချုံးကို လာကြိုတာလား"

လင့်ဟူချုံးကို လာကြိုသူအချင်းချင်း အပြင်မှာ တွေ့ဆုံမိကြရင်း စကားပြောဆို နေကြဟန်တူပေသည်။။ နောက်ထပ်ပြောသည့် အသံရှင်မှာလည်း ဂိုဏ်းချုပ်ကြီး ဝမ်ပေါ်လျှို ဆိုသူကို တန်းတူရည်တူ ဆက်ဆံခြင်း ဖြစ်ကြောင်း လေသံအရ သိရှိနိုင်သဖြင့် ထိုသူ၏ အဆင့်မှာလည်း သေးငယ်လှမည်မဟုတ်ကြောင်း ခန့်မှန်းနိုင်ပေသည်။

ထိုစဉ် ပထမ မေးလိုက်သည့် အိုမင်းသူ လေသံပေါက်နေသော အသံရှင်က

"အလို ကျွန်းကြီးသခင် စီးမာလည်း ရောက်နေတာကိုး။ ခင်ဗျားလည်း ဝီရိယ တယ်ကောင်းသဗျာ"

ထိုစဉ် ဆိုင်ထဲသို့ ဝင်လာသော ခြေသံတစ်သံကို အားလုံးကြားလိုက် ကြရတော့၏။

# ဟူးပါးတောင်ကုန်းထိပ်

အလွန်တရာ ကြီးမားထွားကျိုင်းလှသည့် ခန္ဓာကိုယ်ပိုင်ရှင် လူကြီးတယောက်။

ဆိုင်ထဲသို့ တလှမ်းချင်း ဖြည်းဖြည်းချင်း ဝင်လာလျက်ရှိသည်။

လူကြမ်းခုနစ်ယောက်ထဲမှ အသက်အကြီးဆုံးဟု ထင်ရသော လူကြမ်းကြီးတယောက်က ...

“ဟာ ... ကျွန်းကြီးသခင် စီးမာပါလား ... ခင်ဗျားလည်းဒီကို ရောက်လာတယ် ဟုတ်လား ...”

ထိုအခါ ကျွန်းကြီးသခင် စီးမာက ထိုလူကြီး၏အမေးကို သိပ်စိတ်ဝင်စားဟန်မတူ။ သူမေးချင်ရာကိုသာ လှမ်းမေးလိုက်တော့သည်။

“ဆရာလေး လင့်ဟူးချုံးက ဘယ်သူပါလဲ ခင်ဗျာ ... ကျုပ်က ဆရာလေး လင့်ဟူးချုံးကို လာကြိုဆိုတဲ့လူပါ ... အခု ကျေးဇူးပြုပြီး ဟူးပါးတောင်ကုန်းထိပ်ကိုကြွပြီး သိုင်းလောက က ထိပ်သီးသိုင်းသမားတွေနဲ့ တွေ့ဆုံနှုတ်ဆက်ပါ ... အားလုံးက ဆရာလေးလင့်ဟူးချုံးကို စောင့်မျှော်နေကြပါတယ် ခင်ဗျာ ...”

ဤသို့ မမေး၍လည်း မဖြစ်ချေ။ ကျွန်းကြီးသခင် စီးမာကိုယ်တိုင် လင့်ဟူချုံးကို မြင်ဖူးသူမဟုတ်။ ဝါဆန်းဂိုဏ်းသားအုပ်စု၊ အံ့ဖွယ်ခြောက်ယောက်၊ ရီချန်းနှင့် လူကြမ်းကြီးခုနစ်ယောက် စသည့် လူတအုပ်ကြီးထဲတွင် လင့်ဟူးချုံးဆိုသူမှာ ချိုပေါက်နေသူ မဟုတ်သဖြင့် အချိုသာဆုံး၊ အပျူငှာဆုံး မေးမြန်းစုံစမ်းလိုက်ခြင်း ဖြစ်ပေသည်။

လင့်ဟူးချုံးက ရှေ့သို့ တလှမ်းတိုးထွက်လျက် . . .

“ကျုပ်က လင့်ဟူးချုံးပါ ...” ဟုဖြေလိုက်၏။

ကျွန်းကြီးသခင် စီးမာသည် ချက်ချင်းပင် ဦးညွှတ်အရိုအသေပေးလိုက်ပြီး ...

“ကျုပ်ရဲ့နာမည်ကတော့ စီးမာပါ ...” ဟုပြန်ပြော၏။

လင့်ဟူးချုံးသည် သူ့ဆရာနှင့် ဆရာမတို့ထံသို့ လက်ညှိုးထိုးပြ၍ မိတ်ဆက်ပေးလိုက်သည်။

“ဒီက ပုဂ္ဂိုလ်ကြီးနှစ်ယောက်ကတော့ ကျုပ်ရဲ့ ဆရာနဲ့ ဆရာမပါပဲ ...”

ကျွန်းကြီးသခင် စီးမာသည် ရက်ပုချွန်နှင့် ဖူးလင်တို့ဘက်သို့ လှည့်၍ ...

“တွေ့ရတာ ဝမ်းသာပါတယ် ...” ဟု နှုတ်ဆက်သည်။ ချက်ချင်းပင် လင့်ဟူးချုံးဘက်သို့ ပြန်လှည့်လိုက်ပြီး ...

“ဆရာလေးလင့်ဟူးချုံး၊ ကျုပ်တို့ အကြိုနောက်ကျနေတာကို ခွင့်လွှတ်ပါခင်ဗျာ။ သတင်းရတဲ့ နေရာတိုင်း ချက်ချင်းလိုက်ကြတာပါပဲ။ [illegible]ပေမယ့် ပွတ်ကာသီကာလေးတွေ လွဲသွားလို့ ဒီလိုနောက်ကျနေရတာပါ ...” ဟု ရှင်းပြနေတော့သည်။

အမှန်စင်စစ် ရက်ပုချွန်သည် သိုင်းလောက၌ အလွန်နာမည်ကြီးသူဖြစ်ပေသည်။ သူ့အမည်ကြားလိုက်တိုင်း လူတိုင်း၊ လူတိုင်းက ရိုသေလေးစားကြသည်။ ရက်ပုချွန်မှာ သိုင်းပညာ ထက်မြက်ရုံမျှမက ပေါင်းသင်းဆက်ဆံရေး၌လည်း အလွန်ပင် ရည်မွန်ဖော်ရွေသူဖြစ်၍ ထိုမျှနာမည်ကျော်ကြားခဲ့ခြင်း ဖြစ်ပေသည်။

သို့သော် ယခုတွေ့နေရသည့် လူတသိုက်မှာ ဝါဆန်းဂိုဏ်းချုပ်ကြီး တယောက်လုံးဖြစ်သည့် မိမိအား လုံးဝ အရေးမထားပဲ ရှိနေသည်ကို ကြုံတွေ့နေရတော့သည်။ အနည်းငယ် အရေးထားသည်ဆိုလျှင်လည်း လင့်ဟူချုံး၏ မျက်နှာကို ထောက်၍ အလေးထားလိုက်ခြင်းသာ ဖြစ်ပေလိမ့်မည်။

ရက်ပုချွန်အဖို့ ဤသို့ ဆက်ဆံခံရသည်မှာ အသည်းကျွဲဝင်ခတ်သကဲ့သို့ အခံရခက်မှ ခက်ပေတော့သည်။ သို့သော် ရက်ပုချွန်မှာ ဆင်ခြင်စဉ်းစားဉာဏ် ကြီးသူဖြစ်ရာ သူ၏စိတ်ကို ထိန်းထားနိုင်သည်။ သူ၏ ခံစားရချက်များကို တခွန်းတလေမှ ဖွင့်မပြောချေ။ မသိလိုက် မသိဘာသာပင် နေလိုက်တော့၏။

ထိုစဉ် ဂိုဏ်းချုပ် ဝမ်ပေါလျှိုဆိုသောသူ ဝင်လာတော့၏။ ဝမ်ပေါလျှိုသည် အသက်ရှစ်ဆယ်ကျော် အရွယ်ရှိလေပြီ။ သို့သော် အရွယ်နှင့်မလိုက်အောင်ပင် သန်စွမ်းဖျတ်လတ်လှကြောင်း အားလုံးက သတိပြုမိလိုက်ကြသည်။

ဝမ်ပေါလျှိုက လင့်ဟူချုံးကို ဦးညွတ် အရိုအသေပေးလိုက်ပြီး ....

"ဆရာလေး၊ ကျုပ်တို့ဂိုဏ်းက ဒီနယ်မှာ ကျက်စားတဲ့ဂိုဏ်းပါ။ ဘယ်နေရာမှာ ဘာဖြစ်တယ်ဆိုတာ ကျုပ်တို့ အရင်သိကြတဲ့လူတွေပါ။ ဒါပေမယ့် ဆရာလေးနဲ့ပတ်သက်ပြီး ကျုပ်တို့ ပျက်ကွက်နောက်ကျနေရတာကတော့ ကျုပ်တို့ရဲ့ ကြီးမားသော အပြစ်ကြီးပါပဲ။ ဆရာလေးကို သူများထက်ပိုပြီး မပြုစုနိုင်တာ စိတ်မကောင်းပါဘူး ..."

ထိုစဉ် လူကြမ်းခုနစ်ယောက်ထဲမှ ခါးကုန်းကြီးက ...

"ဂိုဏ်းချုပ်ကြီး ဝမ်ပေါလျှို၊ ခင်ဗျားက အိမ်ရှင်ပဲ၊ ကျုပ်တို့က အပြင်ကရောက်လာတဲ့ ဧည့်သည်တွေပဲ။ ဧည့်ဝတ်ကျေပွန်ဖို့ တာဝန်ကတော့ ခင်ဗျားတာဝန်ပဲဗျို့ ..."

ဂိုဏ်းချုပ်ဝမ်ပေါလျှိုက တဟားဟား ရယ်မောလျက် ...

"ကျုပ်နားလည်ပါတယ်ဗျာ ၊ ကျုပ်နားလည်ပါတယ်။ ဆရာလေးလင့်ဟူချုံးအတွက်သာ မဟုတ်ဘူးဆိုရင် ကျုပ်တို့ရဲ့ ပိုင်နက်နယ်မြေထဲဒီလောက်များတဲ့ လူစွမ်းကောင်းသိုင်းသမားကြီးတွေ ဘယ်လာလိမ့်မလဲ။ ကြုံတုန်းကြိုက်တုန်း အကျေပွန်ဆုံး ဧည့်ခံရမှာကတော့ ကျုပ်တာဝန်ပဲ။ ဒီအတွက်တော့ မပူကြပါနဲ့ဗျာ။ ဧည့်ဝတ်မကျေပွန်တဲ့ အပြုအမူ တခုတွေ့ရင် ကျုပ်ခေါင်းအဖြတ်ခံမယ်။ ကဲ . . . ကဲ . . . အခုဟူးပါးတောင်ထိပ်မှာ အရက်ဝိုင်းတွေ ပြင်ထားတယ်။ ဆရာလေး လင့်ဟူးချုံးနဲ့ ဒီကမိတ်ဆွေတွေ ဘယ်အချိန်လောက် တောင်ပေါ်တက်ကြမလဲ . . . " ဟု မေးလိုက်တော့၏။

လင့်ဟူးချုံးမှာ သူ့ဆရာ ရက်ပုချွန်ဘက်သို့ တချက်ကြည့်ကာ . . .

"ဆရာ၊ ကျွန်တော်တို့ သွားကြမလား . . . "

ရက်ပုချွန်၏ စိတ်ထဲတွင် . . .

"ငါတို့က အထက်လမ်းဂိုဏ်းသားတွေ၊ သူတို့က အောက်လမ်းဂိုဏ်းက လူတွေ။ ဒီလူတွေနဲ့ အုတ်အရောရော ကျောက်အရောရော နေလို့ဘယ်ဖြစ်မလဲ။ ဒါပေမယ့် အခုအခြေအနေမှာတော့ လင့်ဟူချုံးကို သွားခွင့်မပြုလို့ မဖြစ်ဘူး။ သွားခွင့်မပြုရင် ပြဿနာတက်နိုင်တယ်။ သူတို့က လင့်ဟူချုံးအပေါ်မှာ သိပ်ကို ရိုရိုသေသေ ဆက်ဆံနေကြတာကိုက ပြဿနာဖြစ်နိုင်တဲ့ အချက်ပဲ . . . "

ရက်ပုချွန်သည် ဆုံးဖြတ်ချက်တခု ချလိုက်ပြီး . . .

"လင့်ဟူချုံး၊ မင်းလိုက်သွားလိုက်။ ငါတို့နောက်ကနေ ဖြည်းဖြည်းလိုက်လာခဲ့မယ်" ဟု အမိန့်ပေးလိုက်၏။

ထိုအခါ ဝမ်ပေါလျှိုနှင့် စီးမာတို့လူသိုက်က လင့်ဟူချုံးကို ဝမ်းပန်းတသာ ခေါ်ဆောင်လာကြတော့၏။

လင့်ဟူချုံးကို မျက်ခြည်ပြတ်မခံသော သူများမှာ အံ့ဖွယ်ခြောက်ယောက်တို့သာ ဖြစ်တော့၏။

လင့်ဟူချုံးနှင့် သိပ်အကွာမခံပဲ မလှမ်းမကမ်းမှ လိုက်လာကြသည်။ သူတို့နောက်မှ လူကြမ်းကြီးခုနစ်ယောက် ကလည်း အတူလိုက်ပါလာကြသည်။

ရက်ပုချွန်က ဖူးလင်ကိုတချက်ကြည့်ကာ . . .

"ညီမလေး ... တွေ့လား ၊ ဒီလူတွေက လင့်ဟူချုံးကို အဓိကထားနေကြတာ။ ငါတို့ လိုက်လိုက် မလိုက်လိုက် နည်းနည်းမှ ဂရုမစိုက်ဘူး။ လင့်ဟူချုံးလိုက်လာရင် သူတို့အတွက် အားလုံးပြည့်စုံနေပြီ" ဟု မကျေမချမ်း ပြောလိုက်မိသည်။

လိန်လိန်ကလည်း . . .

"အဖေ ... ကျွန်မတို့ နောက်ကလိုက်ကြည့်ရင်တော့ မမှားဘူးနဲ့တူတယ်။ ဒီလူတွေနဲ့ အကိုကြီး ဘာတွေများ လုပ်ကြမလဲ မသိဘူး ။ လိုက်ကြည့်ရင်တော့ သူတို့လုပ်တာ၊ ကိုင်တာ စီစဉ်တာတွေ သိရမှာပဲ ..."

ရက်ပုချွန်က ခေါင်းညိတ်ပြလိုက်၏။ ထို့ကြောင့် ဝါဆန်းဂိုဏ်းတဖွဲ့လုံး လင့်ဟူချုံးတို့နှင့် အလှမ်းကွာကွာမှ လိုက်ပါလာကြတော့သည်။ လင့်ဟူချုံးမှာ သူတယောက်တည်း လိုက်ပါလာခဲ့ရသဖြင့် စိတ်မသက်မသာ ဖြစ်နေခဲ့ရသည်။ သို့သော် နောက်လှည့်ကြည့်လိုက်သည့်အခါတွင် သူ့ဆရာနှင့် တဖွဲ့လုံးနောက်မှ လိုက်ပါလာသည်ကို တွေ့လိုက်ရသဖြင့် စိတ်အေးသွားပြီး အားတက်ဝမ်းသာသွားသည်။

လင့်ဟူချုံးစီးလာသော မြင်းလှည်းမှာ ဟူပါးတောင်ကုန်းဘက်သို့ ဦးတည်မောင်းနှင်တော့သည်။

လမ်းခရီးတွင် မြင်းစီးခရီးသည်အချို့ ဖြတ်သန်းသွားကြ၏။ လင့်ဟူချုံး၏ မြင်းလှည်းနားသို့ ရောက်သည်နှင့် မြင်းပေါ်မှခုန်ဆင်းကြကာ လင့်ဟူချုံးအား နှုတ်ဆက်စကား ပြောကြသည်။ လင့်ဟူချုံးအား အလွန်တရာ အလေးအမြတ်ပြုကြသူများပါပေ။ ထိုသူများမှာ သူတို့၏နာမည်များကို ဖွင့်ပြောလျက် နှုတ်ဆက်ကြသည်ဖြစ်ရာ လင့်ဟူချုံးမှာ အကြီးအကျယ်အံ့အားသင့်မိတော့၏။

အဘယ်ကြောင့်ဆိုသော် ထိုနာမည်များသည် သိုင်းလောက၌ ထင်ရှားကျော်ကြားသူများ ဖြစ်နေသောကြောင့်ပေတည်း။

ဟူပါးတောင်ကုန်းထိပ်နား နီးလာလေလေ ထိုသို့ နှုတ်ဆက်သူ များလာလေလေ ဖြစ်နေတော့သည်။ သူနှင့်တွေ့ဆုံသူများမှာ များပြားလွန်းလှသဖြင့် ထိုသူတို့၏ နာမည်များကိုပင် မမှတ်မိနိုင်တော့ချေ။ နောက်ဆုံး ဟူပါးတောင်ထိပ်သို့ ရောက်ရှိလာတော့သည်။

တောင်ကုန်းထိပ်တွင် သိုင်းသမား အများအပြား ရောက်ရှိနေကြလေပြီ။ သူတို့သည် ကိုယ့်အုပ်စုနှင့်ကိုယ် ဟိုတစုသည်တစု ခွဲထိုင်နေကြ၏။

သူတို့အားလုံးမှာ လင့်ဟူချုံး၏ မြင်းလှည်း ရောက်ရှိလာသည်နှင့် ချက်ချင်းတစုတပြုံကြီး ဝိုင်းလာကြတော့၏။ အချို့က ...

"ဒါ ... ဆရာလေး လင့်ဟူချုံးလား ..."

"ဆရာလေးလင့်ဟူချုံး ... ဒါက ကျွန်တော်တို့ မျိုးရိုးစဉ်ဆက် သုံးစွဲလာတဲ့ ဆေးကောင်းဝါးကောင်းပါ။ ဘယ်လောက်ပဲ ဒဏ်ရာကြီးကြီး ပျောက်ကင်းနိုင်ပါတယ် ..."

"ဒါကတော့ ကျွန်တော်တို့ 'ချန်ပေ' တောင်ပေါ်က တူးလာခဲ့တဲ့ အနှစ်တထောင် ဆေးမြစ်ကြီးပါ။ တကယ့်ကို ရှားပါးတဲ့ ဆေးပါ။ ဆရာလေး သုံးဆောင်ကြည့်ပါ ..."

ထိုစဉ်နောက်တယောက်က ဝင်ပြောပြန်သည်။

"ဒီလူ ခုနစ်ယောက်က 'လူတုံး' ခြောက်နယ်က အတော်ဆုံးသမားတော်ကြီးတွေပါ။ အခုကျွန်တော်တို့က သူတို့ကို ဒီကို ဖိတ်ခေါ်လာပါတယ်။ တခြားအကြောင်းတော့ မရှိပါဘူး ။ ဆရာလေး လင့်ဟူချုံးရဲ့ ရောဂါကုခိုင်းဖို့အတွက် ပင့်ဖိတ်လာတာပါ ..."

ထိုလူက ပင့်ဖိတ်လာသည်ဟု ပြောနေသော်လည်း ထိုသမားတော်ကြီးခြောက်ယောက်၏ လက်များတွင် ကြိုးစများ ချည်နှောင်ထားလျက်ရှိနေ၏။ အတင်းအကျပ် ဖမ်းဆီးခေါ်ဆောင်လာခြင်းသာ ဖြစ်ပေလိမ့်မည်။

နောက်တယောက်က အထမ်းကြီးနှစ်ခုထမ်းလာပြီး လင့်ဟူချုံးအား ပြလိုက်သည်။

"ဆရာလေး . . . ဒီဆေးတွေဟာ 'ကျိနန်' မြို့ထဲက အကောင်းဆုံး ဆေးတွေအားလုံး ကျွန်တော်ယူလာတာပါ။ ဆေးမျိုးတမျိုးကို နည်းနည်းစီ နည်းနည်းစီ ယူလာခဲ့ပါတယ်။ ဆရာလေး သုံးချင်တဲ့ဆေးကို ယူသုံးပါ . . ."

ဤလူများ၏ ပုံပန်းသဏ္ဌာန်များမှာ အလွန်တရာ ခက်ထန်ကြမ်းတမ်းကြကြောင်း လင့်ဟူချုံးသတိပြုမိ၏။

သို့သော် . . . မိမိအား ဤကဲ့သို့ အရေးတယူ ဂရုတစိုက် ပြုလုပ်နေသည်ကို မြင်လိုက်ရသောအခါ အလွန်တရာ စိတ်ရှုတ်သွားမိတော့၏။

တဦးမေတ္တာတဦးမှာ ဆိုသကဲ့သို့ပင် မည်မျှ ခက်ထန်ကြမ်းတမ်းသော ရုပ်ရည်ရှိစေကာမူ သူတို့အား ခင်မင်လိုစိတ်ဖြစ်ပေါ်လာပြီး မျက်ရည်များပင် ဝဲလာမိတော့၏။

ထိုသူအားလုံးကို ကျေးဇူးတင်စကား ပြန်လည်ပြောရသည်။ ရင်ထဲမှ လှိုက်လှိုက်လှဲလှဲပြောကြားမှုကြောင့် အသံများပင် တုန်ရင်နေတော့သည်။ သူ့စိတ်ထဲတွင်လည်း တွေးနေမိလိုက်သည်။

"ဒီလူတွေရဲ့ စေတနာကို ငါတသက်လုံး မေ့နိုင်တော့မှာ မဟုတ်ဘူး . . ."

ထိုစဉ် ဝမ်ပေါလျှိုက . . . "ဆရာလေးလည်း တော်တော်ပင်ပန်းလာတယ်။ ဆရာလေး အနားယူဖို့ တဲကလေးတတဲလဲ အဆင်သင့်လုပ်ထားပါတယ်။ အဲဒီတဲကလေးမှာ ခဏအနားယူလိုက်ပါအုံး . . ."

တဲအတွင်းသို့ ရောက်လာသောအခါ လင့်ဟူချုံးပင် အံ့ဩသွားတော့၏။ အဘယ်ကြောင့်ဆိုသော် တဲအတွင်း၌ စားပွဲဝိုင်းတခု ခင်းကျင်းထားပြီး အရက်နှင့် အစားအသောက်များကို ဖွယ်ဖွယ်ရာရာ ပြင်ဆင်ထားသည်ကို တွေ့လိုက်ရသောကြောင့်ပေတည်း။

ဤလူအားလုံးသည် လင့်ဟူချုံး အရက်ကောင်းကောင်း ကြိုက်တတ်မှန်း သိထားကြဟန်တူ၏။

လင့်ဟုချုံးသည် စားပွဲပေါ်မှ အရက်ခွက်ကို ကောက်ကိုင်ကာ တဲအပြင်သို့ ပြန်ထွက်လာသည်။ တောင်ကုန်းထိပ်၌ ဟိုတစု သည်တစု ထိုင်နေသော သိုင်းသမားများကိုကြည့်ကာ အသံကိုမြှင့်၍ ပြောလိုက်၏။

"မိတ်ဆွေတို့ ... ခင်ဗျားတို့နဲ့ ဒီနေ့၊ ဒီနေရာမှာ တွေ့ဆုံရတဲ့အတွက် ကျုပ်ဝမ်းသာလို့မဆုံးပါဘူး။ ခင်ဗျားတို့ရဲ့ စေတနာတွေကို တွေ့ရတဲ့အတွက် ပိုပြီးဝမ်းသာပါတယ်။ ဒါကြောင့် အရက်အတူတူ သောက်ကြမယ်။ ကျုပ်တယောက်တည်း ဒီတဲထဲမှာ မသောက်ချင်တော့ဘူး။ ဒီတော့ ဒီအရက်ခွက် တခွက်တည်းကို အားလုံးအတူတူသောက်ကြမယ်။ အေးအတူ ပူအမျှပေါ့ဗျာ ...."

လင့်ဟုချုံးသည် ပြောပြောဆိုဆိုဖြင့် သူ့လက်ထဲမှ အရက်ခွက်ကို လေထဲဝှေ့ယမ်းလိုက်သောအခါ အရက်များသည် အရပ်လေးမျက်နှာသို့ ဖိတ်စင်သွားပြီး ထိုင်နေသူများထံသို့ ရောက်ရှိသွားတော့၏။

ထိုအခါသိုင်းသမားများသည် အလွန်ကျေနပ်အားရစွာ လက်ခုပ်တီး ဩဘာပေးကြလေတော့သည်။

ထိုအဖြစ်အပျက်များကို ရက်ပုချွန်တို့က စောင့်ကြည့်နေကြသည်ဖြစ်ရာ လင့်ဟုချုံး၏ 'အေးအတူပူအမျှ' ဆိုသည့် စကားသံကြောင့် မျက်မှောင်ကုပ်သွားတော့၏။ လင့်ဟုချုံး ထင်တိုင်းကျဲတော့၏။

လင့်ဟုချုံးသည် ထိုသိုင်းသမားအုပ်စုထဲ၌ လျှောက်ရင်း ရယ်စရာ၊ မောစရာ စကားများကို ရင်းရင်းနှီးနှီး ပြောနေတော့၏။ လက်ခုပ်သံများကလည်း သောသောညံနေတော့၏။

ထိုစဉ် သမားတော်ကြီးခုနစ်ယောက်ကို အတင်းအကျပ် ဖမ်းဆီးလာသော သိုင်းသမားများက ရှေ့သို့ထွက်လာပြီး ...

"ဆရာလေး ... ဒီသမားတော်ကြီးတွေရဲ့ အကုအသကို ခံလိုက်ပါဦး။ နောက်မှစကားပြောကြတာပေါ့။ ဆရာလေးရဲ့ ရောဂါပျောက်ကင်းဖို့က အရေးကြီးပါတယ်" ဟု ပြောလိုက်ရသည်။

လင့်ဟုချုံး၏ စိတ်ထဲ၌ ...

"ပိန်ရိလို အင်မတန်တော်တဲ့ သမားတော်ကြီးတယောက်ကတောင် ငါ့ရောဂါကို ကုသလို့မရတော့ဘူးဆိုပြီး လက်မြှောက် အရှုံးပေးထားရတာ၊ ဒီသမားတော် ခုနစ်ယောက်ကကော ကုနိုင်ပါ့မလား" ဟု တွေးနေလိုက်မိ၏။

သို့သော် လင့်ဟုချုံးအနေဖြင့် သူ့အား လေးစားခင်မင်စွာ အကုခိုင်းနေသူ၏ စေတနာကို မထိခိုက်စေချင်ပေ။

ထို့ကြောင့် ပြုံးရယ်ရင်း –

"ကုမယ်လေ ... သူတို့ကိုလွှတ်လိုက်ပါ။ သူတို့ ထွက်ပြေးနိုင်မှာလည်း မဟုတ်ပါဘူး ...." ဟု ပြောလိုက်တော့၏။

ထိုသိုင်းသမားက သမားတော်ခုနစ်ယောက်၏ လက်မှ ကြိုးများကို ဖြေပေးလိုက်သည်။ လက်မှကြိုးဖြေပေးရင်း ပါးစပ်မှလည်း –

"မင်းတို့ ဆရာလေးရဲ့ ရောဂါကို ပျောက်အောင်ကုနိုင်ရင်ကု၊ မကုနိုင်ရင်တော့ မင်းတို့အားလုံးရဲ့ လည်ပင်းကို ချိုးပစ်မယ်။ နောက်တော့မှသာ နောင်တမရကြနဲ့ ။ သေသေချာချာကုကြ ..." ဟု မာန်လိုက်သေး၏။

သမားတော်ခုနစ်ယောက်သည် ထိတ်ထိတ်လန့်လန့် ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ...

"ဟုတ် ... ဟုတ် ... ဟုတ်ကဲ့ ..." ဟု ဝန်ခံလိုက်ကြရသည်။ တကယ်ကုနိုင်၊ မကုနိုင်ဆိုသည့် အချက်ကို သူတို့ကိုယ်တိုင်ပင် လုံးဝမသိကြရသေးပေ။ ကြောက်လန့်သောကြောင့်သာလျှင် ဝန်ခံလိုက်ရခြင်း ဖြစ်လေ၏။

သူတို့ထဲမှ အချို့က လင့်ဟုချုံး၏ လက်ကောက်ဝတ် သွေးခုန်နှုန်းကို စမ်းသပ်ကြည့်ရှုလိုက်သည်။ ထိုစဉ် တဲအပြင်မှ လူတယောက်၏ အော်ဟစ်သံကို ကြားလိုက်ကြရတော့သည်။

"ဟေ့ ... သမားတော်အစုတ်အပြတ်တွေ ထွက်ကြစမ်း ..."

လင့်ဟုချုံးက အသံရှင်ကို လှမ်းကြည့်လိုက်သောအခါ သမားတော်ကြီး ပိန်ရိဖြစ်နေသည်ကို တွေ့လိုက်ရတော့၏။ သူ့အနေဖြင့် အလွန်တရာ ဝမ်းသာသွားသည်။

ထို့ကြောင့် အော်ဟစ် နှုတ်ဆက်လိုက်သည်။

"ဆရာကြီးလည်း ရောက်လာတာကိုး ..."

ပိန်ရိသည် သမားတော်ခုနစ်ယောက်ကို မောင်းထုတ်ပစ်လိုက်သည် ။ ထိုသမားတော် ခုနစ်ယောက်ကို ခေါ်လာသော သိုင်းသမားလည်း သမားတော်ကြီး ပိန်ရိအကြောင်း ကြားဖူးထားဟန်တူသည်။ သူလည်း ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ထွက်သွားရာတော့၏။

ပိန်ရိက မည်သည့်စကားမျှမဆိုဘဲ ထိုင်ချလိုက်ကာ လင့်ဟုချုံး၏ လက်ကောက်ဝတ်ကို ကောက်ကိုင်လိုက်တော့၏။

ပြီးနောက် မျက်စိစုံမှိတ်ကာ အချိန်အတော်ကြာသည်အထိ စဉ်းစားတွေးတောနေတော့၏။

ရောဂါ၏ဇာစ်မြစ်ကို စဉ်းစားရှာဖွေခြင်းသာ ဖြစ်ပေ၏။

လင့်ဟူချုံးက … "ဆရာကြီး … ကျွန်တော့်ရောဂါက ကုရခက်ပါတယ်။ ဆရာကြီးအနေနဲ့ ဒီလောက် အပင်ပန်းခံမနေပါနဲ့တော့။ အခုလို ဂရုတစိုက် ကုပေးနေတာကို ကျွန်တော်သိပ်ကျေးဇူးတင်ပါတယ် …"

ထိုစဉ် အပြင်ဘက်တွင် စားသောက်ပွဲကြီး စတင်ကျင်းပနေပြီ။ ပိန်ရိကမူ မည်သည့်အသံဗလံကိုမျှ စိတ်မဝင်စား။

လင့်ဟူချုံး၏ လက်ကောက်ဝတ်သွေးကြောကိုသာ စမ်းသပ်နေ၏။ ထိုစဉ် အခန်းတွင်းသို့ လူတယောက်ဝင်လာသည်။ ထောင်ကန်းဖြစ်၏။ သူက …

"လင့်ဟူချုံး … မင်းက ဘာဖြစ်လို့ အရက်ထွက်မသောက်ရတာလဲ …"

လင့်ဟူချုံးက …

"လာခဲ့မယ် … ခင်ဗျားတယောက်တည်း ရှိသမျှအရက်တွေ အကုန်လုံးသောက်မပစ်နဲ့ဦး။ ကျုပ်အတွက်လည်း ချန်ထားဦး …"

ထိုစဉ် ပိန်ရိသည် သူ၏လက်ကို ပြန်ရုတ်လိုက်၏။ ပြီးနောက် အတန်ကြာ စဉ်းစားနေပြန်သည်။ သက်ပြင်းတချက်ချကာ စကားပြောသည်။

"လင့်ဟူချုံး … မင်းရဲ့ကိုယ်ထဲမှာ အတွင်းအားလှိုင်း ရှစ်ခုရှိနေတယ်။ သူတို့အချင်းချင်း တွန်းထိုးတိုက်ခိုက်နေကြတယ်။ ဒီအတွင်းအားလှိုင်းတွေကို ဖျောက်ဖျက်ပစ်လို့လည်း မရဘူး။ ငြိမ်ဝပ်သွားအောင် လုပ်လို့လည်းမရဘူး ။ ဒါမျိုးက ဒဏ်ရာတခုခုရတာမျိုး၊ အဆိပ်တခုခု သင့်တာမျိုးမဟုတ်ဘူး။ ရှင်းရှင်းပြောရရင် ဒါက ရောဂါမဟုတ်ဘူး။ ဒါကြောင့် ဆေးပညာနဲ့ ကုသလို့မရဘူး။ အပ်စိုက်ပညာနဲ့လည်း ကုသလို့မရဘူး။ ငါပြောတာ ရှင်းတယ်မဟုတ်လား …"

လင့်ဟူချုံးက ခေါင်းညိတ်၍ ….

"ဟုတ်ကဲ့၊ ရှင်းပါတယ် …" ဟု ဖြေကြားလိုက်၏။

ပိန်ရိက … " ဟိုနေ့က မင်းရဲ့ သွေးခုန်နှုန်းကို စမ်းသပ်လိုက်ကတည်းက နည်းလမ်းတခုကိုတော့ စဉ်းစားမိတယ်။ စွန့်စားကြည့်တဲ့ နည်းလမ်းပေါ့ကွာ။ ဒါကတော့ သိုင်းပညာရှင် ရှစ်ယောက်ကိုခေါ်ပြီး မင်းကိုယ်ထဲက အတွင်းအားလှိုင်း ရှစ်ခုကို တပြိုင်နက် ချေဖျက်ခိုင်းပစ်ဖို့ဘဲ။ အဲ့ဒီလောက် အတွင်းအားကောင်းတဲ့ လူရှစ်ယောက်ကို ငါရှာလာတာ အခု ခုနစ်ယောက် ရှာတွေ့ခဲ့တယ်။ ကျန်တဲ့တယောက်ကိုတော့ ဒီနေ့ ရောက်လာတဲ့ လူတွေထဲက ရှာလိုက်ရင် ရနိုင်တယ် …"

သူက စကားရပ်လိုက်သည်။ ပြီးမှ စဉ်းစဉ်းစားစားဖြင့် …

"ဒါပေမယ့် ဒီနေ့ မင်းရဲ့ သွေးခုန်နှုန်းကို ထပ်စမ်းကြည့်တော့ အခြေအနေအများကြီး ပြောင်းလဲသွားတာကို တွေ့ရတယ်။ အများကြီးရှုပ်ထွေးသွားတယ်။ ဘာကနေဘယ်လို စဉ်းစားရမှန်းတောင် မသိသလိုဖြစ်သွားခဲ့ရတယ် …" ဟု ပြောသည်။

လင့်ဟူချုံးကမူ ငြိမ်သက်၍သာ နားထောင်နေသည်။ ပိန်ရိက ဆက်လက်၍ …

"ငါမင်းရဲ့ သွေးခုန်နှုန်းကို နှစ်ကြိမ်စမ်းသပ်တဲ့ အတောအတွင်းမှာ မင်းရဲ့အခြေအနေ သုံးမျိုးပြောင်းလဲခဲ့တယ်။ ပထမ ပြောင်းလဲတဲ့အချက်က အပူဓာတ်ကိုအားပေးတဲ့ အားတိုးဆေးတွေကို မင်း အများကြီးစားခဲ့တယ်။ ဆေးမြစ်ဆေးဥတွေ ပေါင်းစပ် ဖော်စပ်ထားတဲ့ ဆေးမျိုးပေါ့။ ဒီဆေးတွေက မိန်းကလေးစားဖို့ ဖော်စပ်ထားတဲ့ ဆေးမျိုးတွေဖြစ်ရမယ် …"

လင့်ဟူချုံးသည် ချက်ချင်းပင် သတိရလိုက်မိသည်။ လောင်ထို၏ သမီးကလေးအတွက် ဖော်စပ်ထားသော ဆေးလုံးများကို မိမိစားခဲ့သည် မဟုတ်ပါလား။

"ဟာ၊ ဟုတ်တယ်။ သိပ်ဟုတ်တာဘဲ။ ပညာရှိတွေ တွေးကြည့်တာ ပြေးကြည့်တာထက် မှန်တယ် ဆိုတဲ့စကားက တကယ်ဟုတ်တာပဲ။ ဆရာကြီး တကယ်တော်တယ် …"

ပိန်ရိက …

"လင့်ဟူချုံး မင်း ဘာဖြစ်လို့ ဒီလိုဆေးမျိုးစားရတာလဲ။ ဧကန္တ သမားတု သမားယောင်တွေနဲ့ တွေ့ခဲ့လို့ထင်တယ်။ တကယ် မခံချိမခံသာ ဖြစ်စရာကောင်းတာပဲ …"

လင့်ဟူချုံးသည် ကျူချုန်းက သူ့အား ထိုဆေးလုံးများကို လိမ်ညာ၍ တိုက်ကျွေးပုံကို ရှင်းပြရန် ကြံလိုက်သေး၏။ သို့သော် သူ့စိတ်ထဲတွင် ချက်ချင်းပင် ပြန်တွေးလိုက်မိသည်။

"ကျူချုန်းက စေတနာနဲ့ ခိုးလာပြီး ကျွေးရှာတာ၊ ငါပြောလိုက်ရင် ပိန်ရိက ကျူချုန်းကို ဒေါသဖြစ်နေအုံးမယ် …"

ထိုအတွေးဝင်လာသည်နှင့် သူက …

"ကျွန်တော့်ဘာသာ ကျွန်တော် စားမိတာပါ … သူများနဲ့ မပတ်သက်ပါဘူး …"

ပိန်ရိက …..

"မင်းရဲ့ကိုယ်မှာ လေအားနည်းတာ မဟုတ်ဘူး။ လေအား သိပ်များနေတာ။ အခုလို အားပြင်းတဲ့ အပူဓာတ်အားတိုးဆေးတွေ ထပ်စားလိုက်တယ်ဆိုတော့ ဘယ်လာပြီး သက်သာတော့မလဲ။ ရေအားကြီးလွန်းတော့ တာတမံကျိုးပေါက်သွားတဲ့ သဘောမျိုးပေ့ါ ..."

ပိန်ရိသည် သက်ပြင်းရှည်ကြီးချပြီး ဆက်ပြောပြန်သည်။

"ဒုတိယပြောင်းလဲချက်ကတော့ မင်းက သွေးသိပ်ကုန်သွားတာပဲ။ မင်းကတော့ တကယ့်ကောင်ပါပဲကွာ။ ဒီလောက်အခြေအနေဆိုးနေတဲ့အထဲမှာ ဘာဖြစ်လို့ သူများနဲ့ ရန်ဖြစ်ရသေးတာလဲ။ ဒီလိုလူစားမျိုးက ဘယ်နည်းနဲ့မှ အသက်မရှည်နိုင်ဘူးကွ။ အင်း ဘယ်သူမဆို ကိုယ့်အသက်ကို သိပ်တန်ဖိုးထားကြတယ်။ မင်းကတော့ နည်းနည်းမှ တန်ဖိုးမထားဘူး ..."

ပိန်ရိသည် ခေါင်းတယမ်းယမ်းဖြင့် ပြောနေသည်။ လင့်ဟူချုံးမှာ မည်သည့်စကားကိုမျှ မပြောနိုင်ချေ။

"ဟုတ်ကဲ့၊ ဟုတ်ကဲ့" နှင့်သာ လုပ်နေရ၏။

ပိန်ရိကတောက်တချက်ခေါက်လိုက်ပြီး ...

"ဒီသွေးထွက်လွန်တာ တခုတည်းဆိုတော်သေးတယ်။ ငါ့အနေနဲ့ ကြိုးစားပြီး ကုမယ်ဆိုရင် ကုနိုင်သေးတယ်။ အခုတော့ ဘယ်သောင်ဘယ်စခန်းဆိုက်ပြီး အဆိပ်ဘုရင်မနဲ့ ဘယ်လိုသွားတွေ့လိုက်ရတာလဲ။ ပြောစမ်းပါဦး၊ ငါ့ကိုသေသေချာချာ ပြောပြစမ်းပါဦး။ သူ့ရဲ့ 'ရတနာငါးပါး' အားတိုးဆေးအရက်ကိုတောင် သောက်လိုက်သေးတယ်" ဟု စိတ်ပျက်လက်ပျက် ညည်းညူနေရှာတော့၏။

လင့်ဟူချုံးက 'ရတနာငါးပါး အားတိုးအရက်' အံ့ဩလွန်းသဖြင့် ထိတ်လန့်တကြားအော်ဟစ် မေးလိုက်ခြင်းသာဖြစ်တော့သည်။

ပိန်ရိက .....

"ဒီဒေဝီဂိုဏ်းမှာ အဲဒီ လျှို့ဝှက်အရက်ဖော်စပ်တဲ့နည်း ရှိတယ်။ သူတို့အရက်ထဲမှာ အဆိပ်ပိုးကောင်ငါးမျိုးကိုစိမ်ထားတယ်။ ဒီပိုးကောင်တွေရဲ့အဆိပ်က ပြင်းတယ်။ နောက်ပြီး ဒီအရက်ထဲကို အင်မတန်ထူးဆန်းတဲ့ 'ပန်းပွင့်မြက်ပင်' တမျိုးကို ထည့်ရတယ်။ ဒါကတော့ အဆိပ်တခုကို နောက်ထပ်အဆိပ်တခုနဲ့ ထိန်းချုပ်တဲ့သဘောပဲ။ ဒီအရက်ကို သောက်လိုက်ရတဲ့သူမှာ အဖျားအနာမရှိဘူး။ အဆိပ်လည်း မသင့်နိုင်တော့ဘူး။ သိုင်းအားလည်း ချက်ချင်းတက်လာတယ်။ အမှန်ကတော့ ဒီအရက်က တကယ်ကောင်း၊ တကယ်တန်ဖိုးရှိတဲ့ အားဆေးပါ။ ငါတောင် ဒီလိုအရက်အားတိုးဆေးဖော်စပ်တဲ့ ဆေးနည်းကို သိပ်လိုချင်နေတာ။ လန်ဖုန်းဖုန်းဆိုတဲ့ မိန်းကလေးက ဘယ်ယောကျ်ားကလေးနဲ့မှ အရောဝင်တာမဟုတ်ဘူး ။ မင်းနဲ့ကျမှ ဘယ်လိုဖြစ်ပြီး ဒီလောက်တန်ဖိုးရှိတဲ့ အရက်ကို တိုက်လိုက်ရတာလဲ မသိဘူး ..."

ပိန်ရိသည် သက်ပြင်းရှည်ကြီး တချက်ချလိုက်ပြီး ...

"အင်း ... မင်းတို့ လူငယ်တွေကိုကလည်း ခက်ပါတယ်ကွာ။ နေရာတကာ အချစ်ရှာနေကြတာကိုး။ အခုတော့ဘာဖြစ်သလဲ၊ ကိုယ်ပဲ ဒုက္ခရောက်ရတာပဲ " ဟု လေးလေးပင်ပင်ကြီး ပြောနေတော့၏။

လင့်ဟူချုံးက ကပျာကယာ ရှင်းပြလိုက်သည်။

"လန်ဖုန်းဖုန်းနဲ့ ကျွန်တော်နဲ့က လှေထဲမှာ တခါပဲ တွေ့ဖူးကြတာပါ။ သူနဲ့ ကျွန်တော်က ဘာမှမဖြစ်ကြပါဘူး ..."

ပိန်ရိက ဒေါသဖြင့် အော်ငေါက်လိုက်သည်။

"ဘာ၊ ဘာမှမဖြစ်ရမှာလဲ။ 'ရွှင်နန်နယ်' က 'တင်ချန်းဂိုဏ်း' က သိုင်းပညာရှင် 'ကျန်းဖေး' ဟာ ဘာဖြစ်လို့ကိုယ့်ကိုယ်ကို သတ်သေရတာလဲ။ ကဲ ... မင်းပဲရှင်းပြစမ်းပါအုံး ..."

လင့်ဟူချုံးက တအံ့တဩဖြင့်

"ကျန်းဖေး၊ ဟုတ်လား။ ကျန်းဖေးဆိုတာ ဓားသိုင်းပညာမှာ အင်မတန်တော်တဲ့ လူငယ်သိုင်းသမားတယောက်မဟုတ်လား။ သူက ဘာဖြစ်လို့ ..."

လင့်ဟူချုံး၏ စကားမဆုံးမီပင် ပိန်ရိက ဝင်အော်သည်။

"သူက ဘာဖြစ်လို့ သတ်သေရမှာလဲ။ မင်းကြောင့်ပေ့ါကွ"

"ဗျာ"

"ဗျာမနေနဲ့။ မင်းကြောင့် သတ်သေသွားတာ ..."

လင့်ဟူချုံးက ခေါင်းတယမ်းယမ်းဖြင့် ...

"ကျန်းဖေးနဲ့ ကျွန်တော်နဲ့ ဘယ်လိုမှ မပတ်သက်ဖူးဘူး။ သူ့ဓားသိုင်းပညာ ကောင်းလွန်းလို့ ကြားဖူးတာပဲရှိတယ်။

ကျွန်တော်နဲ့ သူနဲ့ တခါမှတောင် မတွေ့ဖူးဘူး” ဟု နားမလည်နိုင်စွာ ပြောနေတော့၏။

“အမှန်ဆိုရင် ငါခေါ်လာမယ့် သိုင်းပညာရှင် ရှစ်ယောက်ထဲမှာ ဒီကျန်းဖေးလည်း ပါတယ်။ အခု သူသေသွားတော့ တယောက် လျော့သွားတာပေါ့ …”

လင့်ဟူချုံးမှာ ပိန်ရိပြောနေသည့် စကားကို မည်သို့မျှ ဆက်စပ်နားလည်နိုင်ခြင်း မရှိသဖြင့် ပါးစပ်အဟောင်းသား ဖြင့် ပိန်ရိကိုသာ ငေးကြည့်နေမိတော့၏။ ပိန်ရိကလည်း ယခုမှ တည်ငြိမ်မှုကို ရရှိသွားသဖြင့် အေးအေးဆေးဆေး ရှင်းပြသည်။

“အေးလေ … တကယ့်တကယ်တော့ မင်းကို အပြစ်တင်လို့မရပါဘူး။ လန်ဖုန်းဖုန်းမကောင်းလို့ ဒီလိုဖြစ်ရတာပါ။ အဖြစ်က ဒီလိုကွ။ ကျန်းဖေးဟာ သိုင်းပညာလည်း ထက်ထက်မြက်မြက်ရှိတယ်။ လူကလည်း ချောတယ်။ သူက လန်ဖုန်းဖုန်းကို ချစ်ရေးဆိုနေတာကွ။ လန်ဖုန်းဖုန်းက လက်မခံဘူး။ ဒါပေမယ့် ကျန်းဖေးကလည်း ဇွဲမလျှော့ဘူး။ ဆယ်ကမ္ဘာပြုံးတောင် မမုန်းပါဘူးဆိုတဲ့ လူငယ်မျိုးပေါ့ကွာ”

“ဒီလို ဘက်စုံပြည့်စုံတဲ့ လူမျိုးကို လန်ဖုန်းဖုန်းက ဘာဖြစ်လို့ လက်မခံရတာလဲ …”

“လန်ဖုန်းဖုန်းက ဒီလို အကြောင်းပြတယ်။ သူက ဒေဝီဂိုဏ်းချုပ်ဆိုတော့ အိမ်ထောင်မပြုရဘူးတဲ့။ ကဲ … သူ အိမ်ထောင်မပြုရဘူးဆိုတာ ထားပါတော့ကွာ။ သူက ဘာဖြစ်လို့ လူတွေသူတွေရှေ့မှာ မင်းကို ‘အစ်ကိုကြီး’ လို့ ခေါ်ရ တာလဲ …”

“ဟာ … ဆရာကြီးကလည်း အစ်ကိုကြီးလို့ ခေါ်တာများ ဆန်းသလား။ ကျွန်တော့်ကို အစ်ကိုကြီးလို့ခေါ်တဲ့ မိန်းကလေးတွေ တပုံကြီးပါဘဲ။ အားလုံးကျွန်တော်နဲ့ ရိုးရိုးသားသားချည်းပါပဲ။ ဒီအစ်ကိုကြီးဆိုတဲ့ စကားက ‘စကားဆန်း’ မှ မဟုတ်တာပဲ ဆရာကြီးရဲ့ …”

ပိန်ရိက လင့်ဟူချုံးကို ပြုံးကြည့်ရင်း …

“မင်းကရှွင်နန်နယ်က ‘မြောင်’ လူမျိုးတွေရဲ့ အလေ့အထအသုံးအနှုန်းတွေကို နားမလည်လို့ ဒီစကားပြောနေတာ” ဟု ပြောလေ၏။

“ဆရာကြီး … ရှွင်နန်နယ်က မြောင်တွေရဲ့ ဓလေ့ထုံးစံကို ကျွန်တော့်ကို ပြောပြပါအုံး …”

“ပြောမှာပါ … ပြောမှာပါ။ ရှွင်နန်နယ်က မြောင်အမျိုးသမီးကလေးတွေဟာ သူတို့ရဲ့ချစ်သူကိုမှ ‘အစ်ကိုကြီး’ လို့ခေါ်တာကွ။ တခြားနယ်သားတွေက မင်းလိုပေါ့။ ဘာမှထူးထူးဆန်းဆန်း မရှိကြဘူး။ ဒါပေမယ့် ကျန်းဖေးက ရှွင်နန်နယ်သားဆိုတော့ သူ့အဖို့တော့ ထူးခြားနေတာပေါ့။ ဒီသတင်းကို သူကြားလိုက်ရတော့ ရှက်ပြီး ကိုယ့်ကိုယ်ကို သတ်သေလိုက်တာပဲ …”

“ဖြစ်မှဖြစ်ရလေဗျာ …”

ပိန်ရိက မေးလိုက်သည်။

“လင့်ဟူချုံး … မင်းမှာ ချစ်သူရှိနေပြီပဲ။ ဘာဖြစ်လို့ လန်ဖုန်းဖုန်းကို ရိသဲ့သဲ့ လုပ်ရတာလဲ။ ငါမင်းနဲ့ တွေ့ဖူးတာ သိပ်မကြာသေးပေမဲ့ မင်းရဲ့ အလေ့အထကိုတော့ ငါနည်းနည်းရိပ်မိနေပြီ။ မင်းက စည်းကမ်းကန့်လန့်နား ထားမယ့် ကောင်မျိုး မဟုတ်ဘူး။ တော်ကြာ မင်းရဲ့ချစ်သူက ဒီကိစ္စကိုသိသွားရင် မင်းစိတ်မညစ်ရပေဘူးလား …”

လင့်ဟူချုံး မဲ့ပြုံးပြုံးလိုက်၏။ သူ့စိတ်ထဲတွင် …

“ငါက လန်ဖုန်းဖုန်းကို ညီမလေးလို့ နောက်ရွှတ်ရွှတ်ခေါ်မိတာနဲ့ ဒီလိုဖြစ်ခဲ့ရတယ်။ လန်ဖုန်းဖုန်းက ငါ့ကို သွေးသွင်းပေးတယ်။ အရက်တိုက်တယ်။ အကိုကြီးလို့ခေါ်တယ်။ ဒါတွေအားလုံး ညီမလေးလိန်လိန်က တွေ့နေတာပဲ။ ငါနဲ့ လန်ဖုန်းဖုန်းနဲ့ မေတ္တာမရှိကြဘူးဆိုတာ ညီမလေးက သိနေသားပဲ။ သိသိမသိသိ ဘာထူးမှာလဲ။ ညီမလေး လိန်လိန်က လင်မိန်ကျက်ကို မေတ္တာရှိနေပြီပဲ။ ငါ့ကို အရေးစိုက်တာမှ မဟုတ်တာ။ ငါ့အဖို့ ဘာများပိုထူးပြီး စိတ်ညစ်ရ ဦးမှာလဲ …” ဟု တသီတတန်းကြီး တွေးနေမိတော့၏။

ထိုစဉ် ပိန်ရိကဆက်၍ …

“လန်ဖုန်းဖုန်းက မင်းကို ဒီအားတိုးအရက်တိုက်တာတော့ စေတနာနဲ့ပါပဲ။ ဒါပေမယ့် အခုတော့ စေတနာက ဝေဒနာ ဖြစ်နေရပြီ။ ဘူးလေးရာ ဖရုံဆင့်ဆိုတာလို မင်းရဲ့ကိုယ်ထဲမှာ အင်မတန် ရှုပ်ထွေးနေတဲ့ကြားထဲ ဒီအားတိုးအရက် ဝင်လာတော့ ရှင်းလို့မရအောင်ကို ထပ်ရှုပ်သွားတော့တာပဲ။ ဒုက္ခပေါ်မှာ ဒုက္ခထပ်ဆင့်လိုက်တဲ့ သဘောပဲ …” ဟု ပြော လေတော့သည်။

လင့်ဟူချုံးအနေဖြင့် မည်သို့တတ်နိုင်ပါမည်နည်း။ ကံကြမ္မာကသာ အရှင်သခင်ဖြစ်သည်။ ကံကြမ္မာ၏ စေစားချက်

အရ ဤသို့ ဖြစ်ခဲ့ရခြင်းဖြစ်သည်။ မိမိဘာသာ ကြံကြံဖန်ဖန် လျှောက်လုပ်ပြီး ဤသို့ဖြစ်ခဲ့ရခြင်းမဟုတ်၊ အလိုအလျောက် ဖြစ်ပေါ်လာခြင်းသာ ဖြစ်၏။ သို့သော် ဤသမားတော်ကြီးသည် မိမိအား ကရုဏာဒေါသဖြင့် ပြောနေသည်ကို သိရှိမိ၏။ မိမိအတွက် ဤမျှလောက် ပူပန်သောကရောက်နေသည်ကို သိရသဖြင့် စိတ်မကောင်းပင် ဖြစ်မိပြန်သည်။

ထို့ကြောင့် ...

"ဆရာကြီး ... လန့်ဖုန်းဖုန်းကလဲ ..."

သူ့စကားပင် အဆုံးမသတ်နိုင်ချေ။ ပိန်ရိက ဝင်အော်တော့၏။

"အခု ... ငါက ဘယ်လိုကုရတော့မှာလဲ၊ ပြောစမ်းပါအုံး။ ငါဘယ်လိုကုရတော့မှာလဲ ..."

သမားတော်ကြီးသည် စိတ်ထိခိုက်စွာဖြင့် အရူးသဖွယ် အော်ဟစ်နေတော့သည်။ ပြီးမှ ...

"မင်းကိုယ်ထဲမှာ ဒီအားလှိုင်းကြီးတွေက တကယ့်ကို ရှုပ်ထွေးပြင်းထန်နေတာ။ ငါက ထိပ်သီးသိုင်းသမား ရှစ်ယောက်ကိုခေါ်ပြီး ဒီအားလှိုင်းတွေကို အခုဖျက်ခိုင်းလိုက်လျှင် ထိလိုက်တာနဲ့ ပေါက်ကွဲသွားမှာပဲ။ မင်းလည်း ချက်ချင်း ပွဲချင်းပြီး သေမှာပဲ။ နောက်ပြီး မင်းက ဟိုအရက်တွေသောက်လိုက်တော့ မင်းရဲ့သွေးထဲမှာ အဆိပ်တွေ ဖြစ်နေပြီ ..."

လင့်ဟူချုံးမှာ တခွန်းတပါဒမျှ ဝင်မပြောချေ။ ငြိမ်သက်တိတ်ဆိတ်စွာ နားထောင်နေသည်။

ပိန်ရိက သက်ပြင်းတချက်ချကာ ...

"အခုတော့ ငါက မင်းကို ဘယ်လိုမှ မကယ်နိုင်တော့ဘူး ..."

သူက စကားကို ခေတ္တရပ်လျက် လင့်ဟူချုံးကို စိုက်ကြည့်လိုက်ပြီး ...

"လင့်ဟူချုံး ... မင်းရဲ့ရောဂါကို ပျောက်ဖို့ ငါမစွမ်းနိုင်တော့ဘူး။ ဒါပေမယ့် မင်း လူ့လောကကြီးထဲ သုံးနှစ်လောက် ဆက်ပြီး အသက်ရှင်ချင်သေးတယ်ဆိုရင် ငါပြောသလိုလုပ်။ အရက်မသောက်ရဘူး။ မိန်းမ မလိုက်စားရဘူး။ သူများနဲ့ ရန်မဖြစ်ရဘူး။ ဒီသုံးချက်ကို ရှောင်နိုင်ရင်တော့ မင်းနောက်ထပ် သုံးနှစ်လောက် အသက်ရှင်နေနိုင်လိမ့်မယ် ..." ဟု ပြောလေတော့၏။

လင့်ဟူချုံးက တဟားဟား ထရယ်လိုက်ပြီး ...

"ဆရာကြီးက တကယ့်မဖြစ်နိုင်တာတွေကို လာရှောင်ခိုင်းတော့တာကိုး။ ယောကျ်ားတယောက် လုပ်နေပြီး ဒီသုံးချက် ရှောင်ရမယ်ဆိုမှတော့ ဘာဖြစ်လို့ဆက်ပြီး အသက်ရှင်နေသင့်တော့မှာလဲ။ အစောကြီးကတည်းက သေလိုက်တာမှ အကောင်းဆုံးပဲပေါ့ ဆရာကြီးရာ။ ..." ဟု ပြောလိုက်သည်။

ပိန်ရိက ဒေါသတကြီး ထအော်သည်။

"လင့်ဟူချုံး ... ငါက မလုပ်နဲ့ဆိုရင် မင်းမလုပ်ရဘူး။ ငါ့အဖို့ မင်းရဲ့ရောဂါကို ကုလို့မရဘူးဆိုရင် ငါ့နာမည် ပျက်တော့မှာပေါ့ကွ ..."

လင့်ဟူချုံးက စိတ်ထိခိုက်စွာဖြင့် ပိန်ရိ၏လက်ကို ဆုပ်ကိုင်လိုက်၏။ သူက ...

"ဆရာကြီး ... ဆရာကြီးရဲ့ စေတနာကို ကျွန်တော် တသက်လုံး မမေ့နိုင်တော့ပါဘူး။ ဒါပေမယ့် သေရတော့မယ့် လူတယောက်ကိုတော့ ဆရာကြီးဘယ်လိုမှ မကုနိုင်ပါဘူး။ ကျွန်တော့်အတွက်ကြောင့် ဆရာကြီးရဲ့သိက္ခာ မကျစေရပါဘူးလို့ ကျွန်တော်ကတိပေးပါတယ် "

ထိုသို့ ပြောနေစဉ်မှာပင် လူတယောက် ခေါင်းပြူဝင်လာတော့၏။ ထောင်ကန်းပင်ဖြစ်၏။

သူက ... " လင့်ဟူချုံး ... မင်းရဲ့ရောဂါ ကောင်းသွားပြီလား ..."

လင့်ဟူချုံးက ရယ်၍ ...

"ကောင်းသွားပြီ ... ဆရာကြီး ပိန်ရိရဲ့ ဆေးပညာက တကယ်ထက်မြက်တာဗျ။ ကျုပ်ရဲ့ရောဂါကို ဒီဆရာကြီး တယောက်ပဲ ပျောက်အောင်ကုနိုင်တယ် ..." ဟု ပြောလိုက်သည်။

ထောင်ကန်းက ဝမ်းသာအားရလေသံဖြင့် ...

"ဒီလိုဆို သိပ်ကောင်းတယ်။ လာ ... အရက်သွားသောက်ကြစို့ ..." ဟု ခေါ်လေတော့၏။

ပြောပြောဆိုဆိုဖြင့် လင့်ဟူချုံး၏ လက်ကိုဆွဲကာ အပြင်သို့ ဆွဲခေါ်သွားတော့သည်။ လင့်ဟူချုံးက ပိန်ရိကို နှုတ်ဆက်ပြီး ထောင်ကန်းခေါ်ရာသို့ လိုက်သွားတော့သည်။ သမားတော်ကြီး ပိန်ရိမှာမူ တယောက်တည်း ငေးငိုင်လျက် ကျန်ရစ်တော့သည်။

လင့်ဟူချုံးတယောက် တဲအပြင်သို့ရောက်သည်နှင့် လူတိုင်းက အရက်ခွက်ကို ကမ်းပေးကြတော့သည်။ လင့်ဟူချုံးက

လည်း ကမ်းသမျှ၊ လှမ်းပေးသမျှ အရက်ခွက်မှန်သမျှ တစက်မကျန် သောက်လေတော့သည်။ သူ့အနေဖြင့် သေရတော့မည်ကို အသေအချာ သိနေပြီဖြစ်၍ ဘာကိုမျှ အရေးမစိုက်တော့ချေ။ အမူအရာ၊ အပြောအဆိုများကိုလည်း ထိန်းသိမ်းခြင်း မရှိတော့။ စိတ်လွတ်ကိုယ်လွတ် ရယ်မောနေတော့သည်။

သိုင်းသမားတသိုက်မှာ လင့်ဟူချုံး၏ ဖော်ရွေပွင့်လင်းမှုနှင့် သဘောသကာယ ကောင်းလွန်းမှုများကို အလွန် သဘောကျသွားသဖြင့် အုတ်အုတ်ကျွတ်ကျွတ် ဖြစ်နေကြတော့သည်။

လင့်ဟူချုံးသည် အရက်တော်တော်များများ သောက်ပြီးသောအခါမှ သမားတော်ကြီးပိန်ရိုကို ရုတ်တရက် သတိရလိုက်ကာ တဲအတွင်းသို့ ပြန်လည် ဝင်ရောက်လာမိသည်။

သမားတော်ကြီး ပိန်ရိတယောက် စားပွဲခုံပေါ်တွင် မှောက်လျက်သားဖြစ်နေသဖြင့် လင့်ဟူချုံးက ပြေးပွေ့လိုက်သောအခါ အသက်မရှိတော့ကြောင်း တွေ့ရလေတော့၏။

ပညာမာနကြီးလွန်းသော သမားတော်ကြီးပေတည်း။ လင့်ဟူချုံး၏ရောဂါကို မိမိ၏ဆေးပညာဖြင့် မကုသနိုင်တော့ကြောင်း သိရှိရသောအခါ ရှက်ပြီး ကိုယ့်ကိုယ်ကို အဆုံးစီရင်သွားခြင်း ဖြစ်တော့၏။

လင့်ဟူချုံးသည် ချောက်ခြားစွာ အော်ဟစ်လိုက်ပြီး သမားတော်ကြီးပိန်ရိုကို တင်းကျပ်စွာပွေ့ပိုက်ရင်း မျက်ရည်တွေတွေ ကျဆင်းနေတော့၏။

ထိုစဉ် တဲအပြင်မှ အော်သံ၊ ဟစ်သံ၊ သီချင်းဆိုသံများကို ကြားလိုက်ရပြန်သည်။ လင့်ဟူချုံးသည် လွန်စွာ စိတ်ထိခိုက်နေမိတော့၏။ ထိုစဉ် လူတယောက် တိတ်တိတ်ဆိတ်ဆိတ် ဝင်လာသည်။ ထိုသူက တိုးညှင်းသောအသံဖြင့် ခေါ်လိုက်သည်။

"ဆရာလေး ..."

ကျူချန်းပေတည်း။

လင့်ဟူချုံးသည် ငိုသံပါကြီးဖြင့် ...

"ကျူ . . . ကျူချန်း . . . ဆရာကြီးပိန်ရိ သေသွားပြီဗျ ။ သေသွားပြီ . . . " ဟု ပြောလေတော့၏။

သို့သော် ကျူချန်းကမူ ပိန်ရိသေဆုံးသည့်ကိစ္စကို စိတ်ထိခိုက်ဟန်မပြ။ သူက အလောသုံးဆယ်လေသံဖြင့် ..."

ဆရာလေး ကျုပ်တခုတောင်းဆိုပါရစေ။ တကယ်လို့ လူတယောက်ယောက်ကမေးရင် ကျုပ်ကို ဆရာလေးအနေနဲ့ တခါမှ မတွေ့ဖူးပါဘူးလို့ ပြောပါနော် ..."

လင့်ဟူချုံး အလွန်တရာ အံ့သြသွားသည်။

"ဘာဖြစ်လို့လဲဗျ ..."

ကျူချန်းက ...

"ဘာ ... ဘာမှမဖြစ်ပါဘူး။ ဒါပေမယ့် နောက်မှ ထပ်တွေ့ကြသေးတာပေါ့ ..."

စကားဆုံးသည်နှင့် သုတ်ကနဲ ပြေးထွက် ပျောက်ကွယ်သွားတော့၏။

လင့်ဟူချုံးသည် တဲအပြင်သို့ ထွက်ရန်ထလိုက်၏။ ထိုအချိန်တွင် လူတယောက် ဝင်ရောက်လာပြန်သည်။ ကျွန်းကြီးသခင် စီးမာပင်တည်း။ သူက လင့်ဟူချုံးအား ...

"ဆရာလေး ... ကျုပ်တခုလောက် တောင်းဆိုချင်ပါတယ်။ တကယ်လို့လူတယောက်က ဒီဟူးပါးတောင်ထိပ်ကို ဘယ်သူတွေရောက်လာလဲလို့ မေးရင် ဆရာလေးက ကျုပ်ရဲ့နာမည်ကို မပြောပါနဲ့နော်။ ကျုပ်အများကြီး ကျေးဇူးတင်ပါတယ် ..."

လင့်ဟူချုံးက ...

"ဟုတ်ကဲ့ မပြောပါဘူး။ ဒါပေမယ့် ဘာဖြစ်လို့လဲဆိုတာတော့ သိချင်ပါတယ် ..."

ကျွန်းကြီးသခင် စီးမာ၏ မျက်နှာတွင် ကလေးငယ်တယောက် အမှားလုပ်မိသောအခါ ရှက်ရွံ့နေသည့် အမူအရာမျိုး ပေါ်နေ၏။

စီးမာက ထစ်ထစ်ငေါ့ငေါ့ဖြင့် ...

"ဒါ ... ဒါ ... ဒါတော့ ..."

လင့်ဟူချုံးက . . .

"ခင်ဗျားတို့ လုပ်ပုံက မဟုတ်သေးပါဘူး။ ဘာလဲ ကျုပ်နဲ့မိတ်ဆွေအဖြစ် ဆက်ဆံရတာဟာ ခင်ဗျားတို့အဖို့ သိက္ခာကျစရာ ဖြစ်နေတယ်ပေါ့ ဟုတ်လား ..."

စီးမာသည် ထိတ်ထိတ်ပျာပျာ ဖြစ်သွားပြီး . . .

"မ . . . ဟုတ်ပါဘူး ။ ဆရာလေး အထင်လွဲသွားတာပါ။ ကျုပ်တို့ ဒီအကြောင်းကို ရှင်းမပြတတ်ဘူး။ ဒါပေမယ့် ဆရာလေးမှာ အခက်အခဲ တစုံတရာရှိလို့ ကျုပ်တို့ကို လှမ်းခေါ်လိုက်တာနဲ့ ကျုပ်တို့ အပြေးအလွှားရောက်လာကြမှာပါ။ တချက်မှမငြင်းပါဘူး။ စိတ်ချပါ။"

စကားဆုံးသည်နှင့် သူလည်း သုတ်သုတ်ထွက်ခွာသွား ပြန်တော့သည်။ လင့်ဟူချုံး၏ စိတ်ထဲတွင် အလွန် အံ့သြနေတော့သည်။ သူ့အတွေးထဲတွင် ...

"သူတို့ ငါ့အပေါ်မှာ တကယ်ခင်မင်ကြတာတော့ ထင်ရှားတယ်။ အခုတော့ ဘယ်လိုဖြစ်ကုန်ကြ ပြန်တာလဲမသိဘူး။ ဒီကိစ္စကို ဘယ်သူသိမှာ ကြောက်နေရတာလဲ ..."

ထိုစဉ် လူတယောက် တဲအတွင်းသို့ ဝင်လာပြန်သည်။ သူက ချောင်းတချက်ဟန့်လိုက်ပြီး . . .

"ဆရာလေး၊ အပြင်ဘက်က မိတ်ဆွေတွေက ဆရာလေးကို နှုတ်ဆက်ခိုင်းလိုက်ကြပါတယ်။ သူတို့မှာ အရေးတကြီး ကိစ္စရှိနေလို့ ပြန်ရတော့မယ်တဲ့။ ဆရာလေးကို ကိုယ်တိုင်ကိုယ်ကျ နှုတ်မဆက်နိုင်တဲ့အတွက် ခွင့်လွှတ်ပါတဲ့ . . . "

လင့်ဟူချုံးက . . .

" ကိစ္စမရှိပါဘူး . . . "

အပြင်ဘက်မှ လူသံများ တဖြည်းဖြည်း တိတ်ဆိတ်သွားသည်ကို သိနေရသည်။ သူ့အား နောက်ဆုံးလာပြောနေသူမှာ ဂိုဏ်းချုပ် ဝမ်ပေါလျှိုဖြစ်၏။ ဝမ်ပေါလျှိုမှာ အိမ်ရှင်သဘောဖြစ်နေသဖြင့် ယခုအချိန်ထိ ကျန်နေခြင်းဖြစ်ဟန်ရှိသည်။

ဝမ်ပေါလျှိုက ထစ်ထစ်ငေါ့ငေါ့ဖြင့် . . .

"ဒီ ... ဒီကိစ္စ ကျုပ်လုပ်လိုက်တာ သိပ်ပြီး တည့်တိုးကြီးဖြစ်သွားတယ်။ ကျုပ်တို့အားလုံး တကယ့်ကို အံ့သြတာလည်းတကြောင်း၊ မျက်နှာလိုချင်ကြလို့ကလည်း တကြောင်း၊ အခုလို လုပ်မိကြတာပါ။ အခု . . . အခုတော့ ရှက်သွားပြီနဲ့တူတယ်။ ဒီကိစ္စကို သူက လူတွေသိပ်သိစေချင်ပုံ မရဘူး။ ကျုပ်တို့ကလည်း လူကြမ်းတွေဆိုတော့ ဒါမျိုး ဘယ်နားလည်ပါ့မလဲ ....."

လင့်ဟူချုံးမှာ ဝမ်ပေါလျှို၏ စကားများကို လုံးဝနားမလည်နိုင်ဘဲ ဖြစ်နေသည်။

ဝမ်ပေါလျှိုက ဆက်၍ .....

"ဒါပေမယ့် ဆရာလေး ... ဘာမှစိတ်မပူပါနဲ့။ စိတ်အေးအေးသာထားပါ။ ဆရာလေးမှာ ရောဂါရှိနေပေမယ့် ပျောက်ကင်းမှာက သေချာပါတယ်။ ဝါးရုံတောဒေဝီက သိပ်ထက်မြက်တာပါ ..." ဟု ပြောလေတော့၏။

စကားဆုံးသည်နှင့် သူလည်း လှည့်ထွက်သွားပြန်တော့သည်။

လင့်ဟူချုံး၏ စိတ်ထဲတွင် . . .

"ဘယ်က ဝါးရုံတောဒေဝီလဲ။ ငါလည်း တခုမှ နားမလည်ပါလား . . . "

ထိုစဉ်အပြင်ဘက်မှ မြင်းခွာသံများ ကြားလိုက်ရပြီးနောက် လူသံလုံးဝ တိတ်ဆိတ်ငြိမ်သက်သွားတော့သည်။ လင့်ဟူချုံး သမားတော်ကြီးပိန်ရှိ၏ အလောင်းကိုသာ ငေးမောကြည့်လိုက်မိသည်။ အတန်ကြာမှ တဲအပြင်သို့ ထွက်လာမိတော့၏။

## ဝေ့လည်ကြောင်ပတ်

လင့်ဟူချုံးသည် အပြင်ဘက်သို့ ရောက်သောအခါ လူသူလုံးဝမရှိတော့ကြောင်း တွေ့လိုက်ရတော့၏။ တောင်ကုန်းတခုလုံး ငြိမ်သက်နေတော့၏။

သူက အသံကို မြှင့်၍ အော်လိုက်သည်။

"ဆရာ ... ဆရာ .."

သူ့ဆရာ၏ ပြန်လည်ထူးသံကို လုံးဝမကြားရတော့ချေ။ မိုးမှာလည်း မလင်းသေး။ တောင်ကုန်းပေါ်တွင် သူတယောက်တည်းသာ ရှိတော့သည်။

နေရာအနှံ့အပြားတွင် အရက်ခွက်၊ ဖန်ခွက်၊ ဦးထုပ်၊ လက်ကိုင်ပဝါ စသည်တို့ ပြည့်နှက်လျက်ရှိနေသည်။

စောစောက အော်ဟစ်ပျော်ပါးနေသော လူများသည် ရုတ်တရက်ထွက်သွားကြသည်မှာ ထင်ရှားနေသည်။

သူ့စိတ်ထဲတွင် . . .

"သူတို့က ဘာဖြစ်လို့ ဒီလောက်အလောတကြီး ထွက်သွားရတာလဲ မသိဘူး။ ဒီလူတွေဟာ ကြောက်တတ်တဲ့လူတွေ မဟုတ်ပါဘူး။ လူကြမ်းသူကြမ်းတွေပါ။ အခုတော့ တကယ့်ကိုသတ္တိ မရှိတဲ့သူတွေလို ကမန်းကတန်းပြန်ပြေးကြတာပဲ။ ဆရာတို့ကလည်း ဘယ်တုန်းက ပြန်သွားကြသလဲ မသိဘူး။ တကယ်လို့ အန္တရာယ်တခုခု ကျရောက်မယ်ဆိုရင်လည်း ငါ့ကို အကြောင်းကြားဖို့တော့ သင့်တာပေါ့။"

လင့်ဟူချုံးမှာ များစွာ စိတ်ထိခိုက်သွားရတော့သည်။ သူ့ဆရာများကလည်း သူ့ကို စွန့်ပစ်ခဲ့ကြပြီ။

လောကကြီးမှာ အလွန်ကျယ်ဝန်းလှသည် မှန်သော်လည်း သူ့အတွက် သွားစရာနေရာမရှိဘဲ ဖြစ်နေတော့၏။

မည်သူတဦးတယောက်ကမျှ သူ့ကို အရေးမစိုက်တော့ပေ။ ပစ်ပယ်ထားလိုက်ကြလေပြီ။

တွေးပေ . . . ဆွေးပေဦးတော့ လင့်ဟူချုံးရေ။

လင့်ဟူချုံး၏ စိတ်များ ထိခိုက်လှုပ်ရှားလာသည်နှင့်အမျှ သူ့ကိုယ်ထဲမှ အတွင်းအားလှိုင်းများကလည်း လှုပ်ရှားထကြွလာတော့၏။ ထို့နောက် အချင်းချင်း ဆန့်ကျင်တိုက်ခိုက်ကြတော့သည်။

ထို့ကြောင့် တချက်ယိုင်လဲသွားရသည်။ သူက လူးလဲထရန် ကြိုးစားလိုက်သည်။

သို့သော် သူလုံးဝ ပြန်မထနိုင်တော့။ သူ့၌အင်အားဟူ၍ လုံးဝမရှိတော့ချေတကား။

လင့်ဟူချုံးသည် ဇွဲမလျှော့။ ခေတ္တမျှ အနားယူလိုက်ပြီး ဒုတိယအကြိမ် အပြင်းအထန် လူးလဲထရန် ကြိုးစားလိုက်ပြန်သည်။

သို့သော် သည်တကြိမ်တွင် အားထုတ်မှု အဆုံးစွန်ရောက်သွားသဖြင့် သူ၏နားထဲတွင် 'ဝုန်း' ခနဲ မြည်ဟည်းသွားကာ သူ့မျက်စိများအတွင်း အမှောင်ထုကြီး ဖုံးအုပ်သွားလေတော့၏။ ထိုနေရာ၌ပင် လဲကျကာ သတိမေ့သွားလေတော့၏။

အချိန်မည်မျှ ကြာသွားသည်မသိ။ လင့်ဟူချုံးမှာ သူ၏နားတွင်း၌ သာယာငြိမ့်ညောင်းလှသည့် ကြိုးတပ်တူရိယာတီးခတ်သံကို ကြားနေရတော့၏။

ထိုအသံကို ကြားလိုက်ရသည်နှင့် လင့်ဟူချုံး၏ စိတ်ထဲ၌ နှင်းစက်နှင်းပေါက်များနှင့် ထိတွေ့လိုက်ရသော ပန်းဖူးပန်းငုံများသဖွယ် လန်းဆန်း အေးမြသွားတော့သည်။

လင့်ဟူချိုး ကောင်းကောင်းသိလိုက်သည်။ ဤတေးသံသည် ကော့ရန်မြို့ ဝါးရုံတောမှ ဘွားဘွားတီးခတ်သည့် ‘ကိုယ်စိတ်နှလုံးအေးရိပ်ဖုံး‘ တေးသွားပင် ဖြစ်တော့သည်။

မှန်တိုင်းထန်သော ပင်လယ်ပြင်ထဲမှ လူတယောက်သည် နားခိုစရာ ကျွန်းတကျွန်းကို တွေ့လိုက်ရသည့်နှယ် လင့်ဟူချိုးသည်လည်း ထိုတေးသံကို ကြားလိုက်ရသည်နှင့် အလွန်ပင် စိတ်အားတက်သွားမိတော့၏။

ထို့ကြောင့် ရုတ်တရက် ထထိုင်မိသည်။ တူရိယာသံမှာ တဲထဲမှ ထွက်လာခြင်းဖြစ်၏။

လင့်ဟူချိုးသည် တဲရှိရာသို့ လျှောက်သွားမိသည်။ တဲနားသို့ ရောက်သွားသောအခါတွင်မူ တဲတံခါး စေ့ထားသည်ကို တွေ့လိုက်ရတော့၏။

လင့်ဟူချိုးသည် တဲတံခါးကိုဖွင့်ရန် ရှေ့သို့တလှမ်းမျှ တိုးလိုက်မိသည်။

သို့သော် ချက်ချင်းပင် သူ့ခေါင်းထဲသို့ အတွေးတခု ဝင်လာတော့၏။

“ဒီတေးသွားဟာ ဟိုဝါးရုံတောထဲက ဘွားဘွားရဲ့လက်သံပဲ။ ဟိုဝါးရုံတောမှာတုန်းက သူ့မျက်နှာကို တခါမှမပြဘူး . . . အခုလည်း တံခါးကို စေ့ထားတယ်ဆိုတာ အရမ်းမဝင်စေချင်လို့ဖြစ်မှာပဲ . . . ဒီတော့ သူ့ခွင့်ပြုချက်မရပဲနဲ့ ဝင်သွားလို့ မကောင်းဘူး . . . ”

လင့်ဟူချိုးသည် တဲတံခါးဝမှ အတွင်းသို့ လှမ်းပြောလိုက်သည်။

“ဘွားဘွား . . . လင့်ဟူချိုးက ဘွားဘွားကို နှုတ်ဆက်ပါတယ်။”

တေးသွားသည် တဖြည်းဖြည်း တိုးညင်းသွားပြီး နောက်ဆုံး ရပ်ဆိုင်းသွားတော့၏။

လင့်ဟူချိုးသည် ထိုတေးသွား၏ အဓိပ္ပာယ်ကို လုံးဝ နားမလည်သော်လည်း နားဝင်အလွန်ချိုလှကြောင်းကိုမူ သိမိသည်။

မိမိကို အားလုံးက စွန့်ပစ်သွားကြပြီဟု စောစောက စိတ်ထိခိုက်မိသည်။

သို့သော် သည်ဘွားဘွားတယောက်ကမူ မိမိအား အလေးပေးဂရုစိုက်လျက် သနားကြင်နာစိတ် ထားနေသေးကြောင်း ခံစားသိရှိမိလိုက်တော့၏။

ထိုစဉ်အဝေးမှ လူတယောက်၏ ပြောဆိုသံကို ရုတ်တရက်ကြားလိုက်ရသည်။

“ဟိုဘက်မှာ တူရိယာတခု တီးနေတဲ့အသံကို ကြားလိုက်ရတယ် . . . အောက်လမ်းဂိုဏ်းကလူတွေ အကုန်ထွက်ပြေးသွားတာ ကြာသေးတာမဟုတ်ဘူး . . . ကျန်တဲ့သူ ကျန်နေလိမ့်အုံးမယ် . . . ”

နောက်ထပ်လူတယောက်၏ အော်ဟစ်မေးမြန်းသံသည် တောင်ကုန်းထိပ်မှာ ကျယ်လောင်စွာ လွင့်ပျံတက်လာသည်။

“ဟေ့ ... ဘယ်ကောင်လဲ၊ တောင်ကုန်းထိပ်မှာ ရှိနေတာ နာမည်ပြောစမ်း . . . ”

လင့်ဟူချိုးသည် ထိုလူ၏အသံကို ကြားလိုက်ရသည်နှင့် အတွင်းအား အတော်မြင့်မားကြောင်း သိလိုက်၏။

သူ့စိတ်ထဲတွင် . . .

“သြော် . . . ဒါကြောင့် ကျွန်းကြီးသခင်စီးမာနဲ့ ဂိုဏ်းချုပ်ဝမ်ပေါလျှို့တို့ ရေးကြီးသုတ်ပြာနဲ့ ထွက်ပြေးကြတာကိုး . . . တကယ်ပဲ . . . အထက်လမ်းဂိုဏ်းကလူတွေ လာပြီး တိုက်ခိုက်ကြတာကိုး . . . သူတို့ကြောက်မယ်ဆိုလည်း ကြောက်စရာပဲလေ . . .” ဟု တွေးလိုက်မိ၏။

စီးမာနှင့် ဝမ်ပေါလျှို့တို့ကတော့ လွတ်မြောက်သွားပေပြီ။

ယခု အထက်လမ်းဂိုဏ်းသားများနှင့် မိမိ တွေ့မိကြလျှင် မည်သို့ဖြေရှင်းရပါအုံးနည်း။ အဖြေကိုပင် စဉ်းစား၍ မရနိုင်ဘဲ ဖြစ်နေပြန်တော့၏။

နောက်ဆုံး ကြံရာမရသည့်အဆုံး တဲဘေးရှိ အကာအကွယ်တခုနောက်သို့ ဝင်ရောက်ပုန်းခို လိုက်ရတော့သည်။

သူ့စိတ်ထဲတွင် . . .

“တဲထဲမှာ ဘွားဘွား တယောက်ထဲရှိတာပဲ . . . ဘွားဘွားလို အသက်ကြီးတဲ့ အမျိုးသမီးတယောက်ကိုတော့ . . . အနိုင်အထက်လုပ်မယ် မထင်ပါဘူး . . . သူတို့က အထက်လမ်းဂိုဏ်းသားတွေပဲ ဥစ္စာ . . . ” ဟု တွေးလိုက်၏။

ထိုအခိုက်မှာပင် ခြေသံများကို ကြားလိုက်ရတော့၏။ လူသုံးယောက် လျှောက်လာသည့် အသံပင်ဖြစ်တော့၏။

လူနှစ်ယောက်၏ ခြေသံများက ပြင်းသလောက် ကျန်လူတယောက်၏ ခြေသံက တိုး ညှင်းလှကြောင်း လင့်ဟူချိုး သတိပြုမိလိုက်၏။

ထိုသုံးယောက်သည် တောင်ကုန်းထိပ်၌ လူတယောက်မျှ မရှိသည့်အဖြစ်ကို တွေ့ရသောအခါ တအံ့တသြ ဖြစ်သွားကြဟန်တူ၏။ သူတို့သုံးယောက်အနက် အသံအကျယ်ဆုံးလူက . . .

“ဒီခွေးမသား . . . ဘယ်ရောက်သွားပြီလဲ မသိဘူး . . . ”

အသံတိုးတိုးနှင့်လူက . . .

“သိပ်တော့မဆန်းပါဘူးလေ . . . ကြောင်လာရင် ကြွက်တွေ ပြေးကြရမှာပေါ့ . . . ရှောင်လင်ဂိုဏ်းက သိုင်းဆရာကြီးနှစ်ယောက် သရဲတစ္ဆေတွေကို သတ်ဖြတ်ချေမှုန်းဖို့ ရောက်လာတယ် ဆိုတာကိုလည်းကြားရော တချို့တည်း လစ်ပြေးကြမှာပေါ့ . . . ”

နောက်တယောက်၏ တဟားဟားရယ်သံကို ကြားလိုက်ရပြန်၏။ ထိုသူက . . .

“ဟုတ်တယ် . . . ဟုတ်တယ် . . . ဒါပေမယ့် ခင်ဗျားစကားက အကုန်လုံးတော့ မမှန်သေးဘူး . . . တဝက်လောက်ပဲမှန်လိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ ရှောင်လင်ဂိုဏ်းက ဆရာကြီး နှစ်ယောက်ချည်းကြောင့်တော့ မဟုတ်သေးဘူးဗျ . . . ခွန်းလွန်ဂိုဏ်းက ဆရာကြီးကိုလည်း ကြောက်လို့ဖြစ်ပါလိမ့်မယ် . . . ”

ထိုအခါ သုံးယောက်စလုံး တဟားဟား ရယ်လိုက်ကြတော့၏။ သုံးယောက်အနက် တယောက်၏ရယ်သံသည် လင့်ဟူချုံး၏ နားကိုပင် အူသွားစေတော့၏။ ထိုလူ၏အတွင်းအားမှာ အမှန်တကယ်ပင် မြင့်မားလှတော့၏။

လင့်ဟူချုံး၏ စိတ်ထဲတွင် . . .

“ဒီသုံးယောက်ထဲမှာ နှစ်ယောက်က ရှောင်လင်ဘုရားကျောင်းက၊ တယောက်က ခွန်းလွန်ဂိုဏ်းက။ ရှောင်လင်ဘုရားကျောင်းဆိုတာက သိုင်းလောကမှာ ဦးစီးဦးဆောင်ပြုနေတဲ့ ဂိုဏ်းကြီးပဲ။ ခွန်းလွန်ဂိုဏ်းအကြောင်းလဲ ဆရာပြောဖူးတာပဲ . . . ဓားသိုင်းပညာ သိပ်ကောင်းဆိုပဲ . . . အခု သူတို့ဂိုဏ်းကြီးနှစ်ဂိုဏ်း လက်တွဲလာကြတယ်ဆိုတော့ သိပ်အင်အားကောင်းသွားတာပေါ့ . . . ဧကန္တ သူတို့သုံးယောက်က . . . ရှေ့ပြေးကင်းအဖွဲ့သဘောလောက်ပဲ ရှိမယ် . . . နောက်မှာ စစ်ကူတွေပါလာမှာ သေချာတယ် . . . ဒါပေမယ့် ဆရာတို့ကပါ ဘာဖြစ်လို့ရောပြီး ပျောက်သွားရတာလဲ . . . ဒီအချက်ကို လုံးဝစဉ်းစားလို့မရဘူး ...” စသည် . . . စသည်တို့ကို တွေးကြည့်နေမိ၏။

ထိုအခိုက် ခွန်းလွန်ဂိုဏ်းမှလူက . . .

“မဟုတ်သေးဘူးဗျ . . . ကျုပ်တို့စောစောကပဲ ကြိုးတပ်တူရိယာတခု တီးခတ်နေသံကို ကြားလိုက်ရတယ် မဟုတ်လား . . . ဒီလူ ဝေးဝေးမပြေးနိုင်ဘူး . . . ဘယ်နေရာသွားပုန်းနေသလဲ မသိဘူး။ နောင်ကြီး . . . ကျုပ်တို့ ရှာကြည့်ရင် ကောင်းမယ်ထင်တယ် . . . ”

အသံကျယ်လောင်လှသည့်လူက . . .

“ဟုတ်တယ် . . . ဒီကောင်တနေရာမှာ ပုန်းနေတာပဲ ဖြစ်ရမယ် . . . ကဲ . . . ငါတို့ပါ ဝိုင်းရှာကြစို့ ”

နောက်တယောက်က “ခင်ဗျားတို့က ဒီဘက်မှာရှာကြ။ ကျုပ်က ဟိုတဲထဲကို သွားရှာမယ် ”

ပြောပြောဆိုဆိုဖြင့် ထိုလူသည် တဲဘက်သို့ လျှောက်လာတော့၏။

ထိုစဉ်တဲထဲမှ ချိုလွင်သော အသံကလေးတခုက လေလှိုင်းစီးကာ ထွက်ပေါ်လာတော့၏။

“ကျွန်မက . . . ဒီတဲထဲမှာ တယောက်ထဲ နေထိုင်နေတယ်။ ဒီလို ညကြီးမင်းကြီးမှာ ကျွန်မတဲထဲကို ဘယ်သူ့ကိုမှ ပေးမဝင်နိုင်ပါဘူး”

လင့်ဟူချုံးမှာ ရင်တထိတ်ထိတ် ခုန်သွားတော့၏။

“ဟုတ်ပြီ . . . ဟုတ်ပြီ။ ဒါဟာ ဝါးရုံတော ဘွားဘွားရဲ့အသံပဲ”

ထိုလူက . . . “ အလို . . . မိန်းမသံပါလား ” ဟု ရေရွတ်နေတော့၏။

အသံကျယ်လောင်လှသည့်သူက . . .

“စောစောတုန်းက ငါတို့ ကြားလိုက်ရတဲ့ တူရိယာသံဟာ မင်းတီးနေတာလား ”

“ဟုတ်ပါတယ် ၊ ကျွန်မတီးနေတာပါ”

“ကဲ ... ကြုံကြိုက်တုန်း ငါတို့ကို တပုဒ်လောက်တီးပြပါလာ”

“ကျွန်မ မသိကျွမ်းတဲ့လူတွေကို တခါမှ တီးခတ်မပြဖူးပါဘူး”

ထိုအခါ နောက်တယောက်က

“မင်းက တယ်ကြီးကျယ်ပါလား၊ တို့က ချိုချိုသာသာဆက်ဆံတာကို မင်းက မချေမင် ဆက်ဆံတယ်ပေါ့လေ။ ဒီတဲထဲမှာ တခုခုတော့ ရှိနေရမယ်။ ကဲ . . . ကျုပ်တို့ ဝင်ရှာကြမယ်”

အသံကျယ်လောင်လှသည့်လူက . . .

“မင်းလို မိန်းမသားတယောက်က ဘာဖြစ်လို့ တောင်ကုန်းထိပ်မှာ တယောက်တည်း လာနေရတာလဲ။ ဒီလို

တယောက်တည်းနေဝံ့တဲ့ သတ္တိကိုက တော်တော်ထူးခြားနေပြီ . . . ဒီတော့ မင်းလည်း အောက်လမ်းဂိုဏ်းကလူပဲ ဖြစ်ရမယ်။ ငါတို့တဲထဲ ဝင်ရှာကြမယ်”

ပြောပြောဆိုဆိုနှင့် သူတို့သုံးယောက်စလုံး တဲဘက်သို့ လျှောက်လာကြတော့၏။ တဲထဲကို အမှန်တကယ် ဝင်ရှာကြပေတော့မည်။

လင့်ဟူချုံးမှာ သူတို့၏စကားများကို ကြားလိုက်ရသောအခါ ဒေါသဖြစ်လာမိ၏။ ထို့ကြောင့် သူက အကာအကွယ်မှ ထွက်လာပြီး တဲတံခါးရှေ့တွင် မားမားမတ်မတ် ရပ်နေလိုက်တော့၏။ နှုတ်မှလည်း ....

“ရပ်လိုက်ကြ”

ထိုလူသုံးယောက်တို့မှာ တဲဘေးမှ လူတယောက် ရုတ်တရက်ထွက်လာသည်ကို တွေ့လိုက်ရသောအခါ ထိတ်ခနဲ ဖြစ်သွားကြ၏။

သို့သော် ထိုသူများမှာ အတွေ့အကြုံများလျက် ဝါရင့်သူများ ဖြစ်ကြသဖြင့် သူတို့အား တားမြစ်လိုက်သူမှာ လူငယ်တယောက်သာ ဖြစ်နေကြောင်း တွေ့ရသည့်အခါတွင်မူ လုံးဝအရေးမစိုက်တော့ချေ။

အသံကျယ်လောင်သည့်လူက . . .

“ဟေ့ . . . မင်းဘယ်သူလဲ၊ ဘာဖြစ်လို့ ခိုးကြောင်ခိုးဝှက်နဲ့ တဲဘေးမှာ ပုန်းနေရတာလဲ။ မှန်မှန်ပြောစမ်း”

“ကျွန်တော်က ဝါဆန်းဂိုဏ်းက လင့်ဟူချုံးပါပဲ။ ရှောင်လင်ဂိုဏ်းနဲ့ ခွန်းလွန်ဂိုဏ်းက ဆရာကြီးတွေကို ဂါရဝ ပြုပါတယ်”

လင့်ဟူချုံးသည် ပြောပြောဆိုဆိုဖြင့် သူ၏ခါးကိုညွတ်ကာ အရိုအသေပေးလိုက်၏။

ရှောင်လင်ဂိုဏ်းက လူက . . .

“မင်းက ဝါဆန်းဂိုဏ်းကဟုတ်လား။ ဒီမှာ ဘာလာလုပ်နေတာလဲ။ ဘာအကြောင်းရှိလို့လဲ”

လင့်ဟူချုံးက . . .

“ဆရာကြီးတို့ကလည်း ဒီကို ဘာလာလုပ်ကြတာလဲ”

ထိုအခါ ခွန်းလွန်ဂိုဏ်းကလူက ရယ်မောလိုက်ပြီး . . .

“မင်းက တယ်လျှာရှည်တဲ့ကောင်ပါလား။ ငါတို့မေးတာကိုတော့ မဖြေဘူး။ ငါတို့ကိုတောင် ပြန်မေးခွန်းထုတ်လိုက်သေးတယ်။ တယ်အပြောကောင်းတဲ့ ကောင်ပါလား။ ဒီတဲထဲက မိန်းမက ဘယ်သူလဲ၊ ပြောစမ်း ” ဟု မေးလိုက်သည်။

လင့်ဟူချုံးက . . .

“သူက အဘွားကြီးတယောက်ပါ။ အေးအေးချမ်းချမ်းနေချင်တဲ့သူပါ။ သူ့ဘာသာ အေးအေးချမ်းချမ်း နေပါစေ”

ရှောင်လင်ဂိုဏ်းသားက . . .

“မင်းဘာတွေ လျှောက်ပြောနေတာလဲ။ ရူးနေသလား။ သူ့အသံက ဒီလောက်ချိုမြနေတဲ့ဥစ္စာ။ အသက်ငယ်ငယ်လေးပဲ ရှိရအုံးမှာပေါ့။ ဘာအဘွားကြီးလဲ ။ ရူးကြောင်ကြောင်နဲ့။ ပေါက်ကရတွေ ပြောမနေစမ်းနဲ့ ”

လင့်ဟူချုံးက ရယ်၍ . . .

“ဒီဘွားဘွားရဲ့ အသံကောင်းတာ ဘာထူးခြားတာမှတ်လို့။ သူက ငယ်ငယ်ကလေးတည်းက ဂီတကို တော်တော်လေး လိုက်စားခဲ့ပုံရတာဗျ။ ဒီတော့ အသံက သိပ်ချိုနေတာ။ အသက်ကြီးမကြီး ကျွန်တော်ပြောပြမယ်။ သူ့တူက ဆရာကြီးတို့ထက် အသက် ၂၀လောက် ပိုကြီးသေးတယ်။ ကဲ . . . ဒီဘွားဘွားရဲ့ အသက်ကို ခန့်မှန်းကြည့်လေ” ဟု ပြောလိုက်တော့၏။

ရှောင်လင်ဂိုဏ်းသားက . . .

“ဟေ့ကောင် . . . ဘေးဖယ်စမ်း၊ မင်းပြောနေတဲ့ စကားတွေ တခုမှယုတ္တိမရှိဘူး။ ငါတို့ကိုယ်တိုင် တဲထဲဝင်ကြည့်ပြီးမှ ယုံမယ်။”

လင့်ဟူချုံးက လက်နှင့်တားလိုက်ပြီး . . .

“ဆရာကြီးတို့က တယ်ခက်ပါလား။ ဘွားဘွားက ခုနကပြောထားပြီးပြီပဲ။ ဘယ်သူ့ကိုမှ မတွေ့ချင်ပါဘူးတဲ့ ” ဟု တားမြစ်လိုက်တော့၏။

ထိုအခါ ရှောင်လင်ဂိုဏ်းသားက လင့်ဟူချုံး၏လက်ကို တွန်းဖယ်ထုတ်ပစ်လိုက်သည်။ လင့်ဟူချုံးမှာ အတွင်းအား လုံးဝမရှိသူဖြစ်၍ လုံးဝတောင့်မခံနိုင်တော့ဘဲ လဲကျသွားလေတော့၏။

ထိုလူသည် လင့်ဟူချုံးအနေဖြင့် ဤကဲ့သို့ သိုင်းပညာလုံးဝမတတ်သူ ဖြစ်လိမ့်မည်မဟုတ်ဟု ယူဆထားခဲ့သဖြင့်

အထင်သေးအမြင်သေး ရှုံ့ချသောအကြည့်ဖြင့်ကြည့်ကာ . . .

"မင်းကများ ဝါဆန်းဂိုဏ်းသားလေး ဘာလေးနဲ့ . . . "

သူက ပြောပြောဆိုဆိုဖြင့် တဲဘက်သို့လျှောက်ရန် ခြေလှမ်းပြင်လိုက်တော့၏။ လင့်ဟူချုံးသည် ချက်ချင်းပင် ကြိုးစားထရပ်လိုက်၏။ သူက ရိုင်းရိုင်းစိုင်းစိုင်းပင် ပြန်ဆက်ဆံတော့သည်။ အစပထမကဲ့သို့ ရိုသေသမှုနှင့် ဆရာကြီးဟူ၍ပင် ထပ်မခေါ်တော့ချေ။

"ခင်ဗျားတို့ တယ်ရိုင်းစိုင်းပါလား။ ရှောင်လင်ဂိုဏ်းသား၊ ခွန်းလွန်ဂိုဏ်းသားတွေ လုပ်ပြီးတော့ ဘာဖြစ်လို့ ချည့်နဲ့နေတဲ့ အဘွားကြီးတယောက်ကို အနိုင်ကျင့်ချင်ရတာလဲ"

ရှောင်လင်ဂိုဏ်းသားက . . .

"မင်းဟာ တကယ်လျှာရှည်တဲ့ကောင်ပဲ " ပြောပြောဆိုဆိုဖြင့် လင့်ဟူချုံး၏ ပါးကို ဖြန်းခနဲ လှမ်းရိုက်လိုက်တော့၏။

လင့်ဟူချုံးမှာ အတွင်းအားမရှိတော့သော်လည်း ထိုသူ၏ ညာဘက်ပခုံး တချက်လှုပ်လိုက်သည်နှင့် ထိုလူသည် ဘယ်လက်ဖြင့် မိမိ၏ ဦးခေါင်းကို တခုခုလုပ်တော့မည်မှန်း ကြိုတင်သိလိုက်သည်။

သို့သော် သူ၌ အားအင်လုံးဝမရှိသဖြင့် လုံးဝမရှောင်လိုက်နိုင်ချေ။ ထို့ကြောင့် ပါးတချက်အရိုက်ခံလိုက်ရသည်နှင့် 'ဝုန်း' ခနဲ ပစ်လဲကျသွားတော့၏။

ထိုအခါ ရှောင်လင်ဂိုဏ်းသားတယောက်က . . .

"ညီလေး၊ ဒီကောင်က သိုင်းပညာမှ လုံးဝမတတ်တာ။ သူနဲ့ဖက်ပြီး ရန်ဖြစ်မနေနဲ့တော့။ တဲထဲကို အရင်ဝင်ရှာ။ တော်တော်ကြာ တခြားကောင်တွေ အားလုံးထွက်ပြေးကုန်ဦးမယ်"

လင့်ဟူချုံးကို ရိုက်လိုက်သူက . . .

"ဟုတ်တယ် . . . တဲထဲကို ဝင်ရှာကြမယ်"

သည်တကြိမ်တွင်လည်း လင့်ဟူချုံးတယောက် မတ်တပ်ရပ်လာပြန်သည်။ သည်တခါတော့ သူ့လက်ထဲတွင် ဓားရှည်တချောင်းပါလာ၏။

လင့်ဟူချုံးက . . .

"ဒီတဲထဲက ဘွားဘွားက ကျုပ်အပေါ်မှာ ကျေးဇူးရှိခဲ့ဖူးတယ်။ ဒါကြောင့်မို့ ကျုပ်အသက် မသေသေးသရွေ့တော့ ဘွားဘွားကို ဘယ်သူမှမထိစေရဘူး။ အသက်နဲ့လဲပြီး ကာကွယ်မယ်လို့ ကျုပ်ဆုံးဖြတ်ထားတယ်။"

ထိုအခါ ရှောင်လင်ဂိုဏ်းသားတယောက်က တဟားဟား ရယ်လိုက်တော့သည်။

"ဘာလဲ . . . မင်းက မင်းလက်ထဲကဓားနဲ့ ငါတို့ကို တားမယ်ပေါ့လေ။ တားကော တားနိုင်ရဲ့လားကွ "

လင့်ဟူချုံးက . . .

"တကယ်တော့ ကျုပ်ရဲ့ သိုင်းပညာကလေးက မဖြစ်စလောက်လေးပါ။ ကျုပ်အနေနဲ့ ခင်ဗျားတို့ကို ဘယ်လိုမှ အနိုင်မတိုက်နိုင်ပါဘူး ။ ဒါပေမယ့် ဒီတဲထဲကို ဝင်မယ်ဆိုရင်တော့ ကျုပ်ကို အရင်သတ်ပြီးမှ ဝင်လို့ရမယ်။ ကျုပ်ကလည်း ခင်ဗျားတို့ ဒီတဲထဲ မဝင်နိုင်အောင် မသေမချင်းကာကွယ်သွားမှာပဲ "

အသံကျယ်လောင်လှသည့် ရှောင်လင်ဂိုဏ်းသားက . . .

"မင်းက သိပ်သတ္တိရှိတာပေါ့လေ၊ ဟုတ်လား။ မင်းတို့ ဝါဆန်းဂိုဏ်းမှာ ဓားသိုင်းအဖွဲ့၊ လေသိုင်းအဖွဲ့ဆိုပြီး အဖွဲ့နှစ်ဖွဲ့ကွဲနေတယ်။ မင်းက ဓားသိုင်းအဖွဲ့ကလား၊ လေသိုင်းအဖွဲ့ကလား။ ဒါမှမဟုတ် လေလည်တဲ့အဖွဲ့ကလား ဟား . . . ဟား . . . ဟား . . . "

ထိုသူကရယ်လိုက်သော် ကျန်နှစ်ယောက်ကလည်း လိုက်၍ရယ်ကြတော့၏။

ပညာစေ့ဝ အနှစ်ပြည့်ဝသောသူဆိုသည်မှာ တဦးတယောက်အား သရော်စော်ကားခြင်း အမှုမျိုး မပြုအပ်ရာ။

လင့်ဟူချုံးက အေးဆေးတည်ငြိမ်စွာဖြင့် . . .

"ရှောင်လင်ဘုရားကျောင်းမှာ ဒီလိုရိုင်းစိုင်းတဲ့သူ မရှိနိုင်ပါဘူး။ ခင်ဗျားတို့ဟာ ရှောင်လင်ဂိုဏ်းသား အစစ် မဖြစ်နိုင်ဘူး ။ ရှောင်လင်ဂိုဏ်းသား အယောင်ဆောင်ပြီး ရှောင်လင်ဂိုဏ်းကို သိက္ခာချနေတဲ့ ဂိုဏ်းသားအတုပဲ ဖြစ်ရမယ်"

ဟု ပြောချလိုက်တော့၏။

လင့်ဟူချုံးက ပြုံး၍ . . .

"ကျုပ်က အသက်သေတာကိုတောင် ဂရုမစိုက်တဲ့လူပဲ။ နံရိုးသုံးချောင်းလောက်တော့ စကားထဲထည့်မပြောနဲ့တော့ . . . " ဟု ပြောလိုက်သည်။

ထိုလူက . . . “ တစ် . . . နှစ် . . . ”
နောက်တယောက်က ရုတ်တရက် ဝင်ပြောလိုက်သည်။
“ဒီမှာသူငယ် . . . မင်းဘေးကို ဖယ်လိုက်ပါ။ သူက ပြောသလို တကယ်လုပ်တဲ့လူနော် . . . ”
လင့်ဟူချုံးကလည်း . . .
“ကျုပ်ကလည်း တကယ်ပြောပြီဆို တကယ်လုပ်တာပါပဲ။ ကျုပ်နှုတ်က ထွက်ပြီးတဲ့စကားတလုံးကို ကြောက်ရွံ့လို့ ပြန်ရုပ်သိမ်းခဲ့တယ်ဆိုတာ တကြိမ်မှမရှိခဲ့ဘူး။ ဒီနေ့အထိပေါ့ဗျာ . . . ” ဟု ပြုံးရင်း ပြန်ပြောလိုက်သည်။
ကြားမှဝင်ပြောသူ၏ စကားဆုံးသည်နှင့် အသံကျယ်သည့် ရှောင်လင်ဂိုဏ်းသားက ရုတ်ချည်းလက်ဝါးစောင်းနှင့် ရိုက်ချတော့မည်ကို လင့်ဟူချုံးအနေဖြင့် ကြိုတင်သိထားသည်။
ထို့ကြောင့် သူ၏အတွင်းအားကို လက်တွင်းသို့ရောက်ရှိလာအောင် မသိမသာ ထုတ်ကြည့်လိုက်သည်။
ချက်ချင်းပင် ရင်ဝ၌ စူးရှနာကျင်သော ဝေဒနာတရပ်ကို ခံစားလိုက်ရပြီး မျက်လုံးများတွင် ကြယ်ပွင့်များ ပေါ်ထွက်လာတော့၏။
သူ၏ အတွင်းအားထုတ်ခြင်းကို ကမန်းကတန်း ရပ်ဆိုင်းလိုက်ရတော့သည်။
အသံကျယ်လောင်လှသည့် ရှောင်လင်ဂိုဏ်းသားက အော်လိုက်သည်။
“သုံး . . . ”
စကားဆုံးသည်နှင့် ဘယ်ခြေတလှမ်းတက်ကာ ညာလက်ဝါးဖြင့် ရိုက်ချလိုက်တော့၏။ လင့်ဟူချုံးမှာ အသက်ရှူကျပ်သကဲ့သို့ ခံစားလိုက်ရ၏။
ထိုလက်ဝါး၏အားမှာ ပြင်းထန်လှသဖြင့် မိမိကို ပိလာခြင်းဖြစ်သည်။
လင့်ဟူချုံးက သူ၏ဓားကို ရုတ်တရက်မြှောက်၍ လက်ဝါးလာမည့် လမ်းကြောင်းတည့်တည့်တွင် ထောင်ထားလိုက်တော့၏။
လင့်ဟူချုံး ပြုလုပ်လိုက်သည့်အကွက်မှာ နေရာအနေအထားနှင့် အချိန်အဆ အလွန်ကောင်းလှသည်။
ထိုလူက သူ၏လက်ဝါးကို ရိုက်ထုတ်လိုက်သည်နှင့် သူ၏လက်ဝါးသည် ရန်သူ၏ဓားဦးကို ရိုက်ချမိလျက်သား ဖြစ်နေသည်ကို ရုတ်ခြည်း တွေ့လိုက်ရတော့သည်။
သူ၏လက်ဝါးကို ရုတ်သိမ်းရန် လုံးဝအချိန်မရှိတော့ချေ။ တချက်မျှ အော်ဟစ်လိုက်၏။ သူ၏ လက်ဝါးကမူ ဓားဦးကို ဖောက်ထွက်သွားခဲ့လေပြီ။
သူ၏ လက်ကို ကမန်းကတန်း ပြန်နှုတ်ယူလိုက်ပြီး နောက်သို့ ခုန်ဆုတ်လိုက်၏။
သည်အကွက်တွင် သူ၏ညာဘက်လက်မှာ အတော်ကလေး ဒဏ်ရာပြင်းထန်သွား၏။
သူက ချက်ချင်း နောက်ဆုတ်ပြီးသည်နှင့် ဘယ်လက်ဖြင့် ခါးတွင်ချိတ်ထားသော ဓားကိုဆွဲထုတ်ကာ အော်ဟစ်ပြောဆိုလိုက်သည်။
“ဟင်. . . မင်းက သိုင်းပညာသိပ်ကောင်းတာကိုး။ လက်စသတ်တော့ သိုင်းပညာဘာမှမတတ်တဲ့ နလပိန်းတုံးတယောက်လို ကုပ်နေတာက သက်သက်ဟန်ဆောင်နေတာကိုး . . . ”
အမှန်စင်စစ် အသံကျယ်လောင်လှသည့်လူမှာ ရှောင်လင်ဂိုဏ်းသားများ၏ ဒုတိယဝါစဉ် သိုင်းသမားများအနက် အကောင်းဆုံး သိုင်းသမားတယောက်ဖြစ်သည်။
စောစောကအကွက်တွင် လင့်ဟူချုံးသည် မိမိ၏ လက်ဝါးရောက်နိုင်မည့် နေရာကို ကြိုတင်တွက်ဆထားပြီး နေရာအတိအကျ ဓားဦးဖြင့် ထောက်ခံထားခဲ့သဖြင့် မိမိ၏လက်ကို ပြန်လည်ရုပ်သိမ်းချိန်ပင် မရတော့ဘဲ ဒဏ်ရာအပြင်းအထန် ရလိုက်ရပေပြီ။
ထို့ကြောင့် လင့်ဟူချုံး၏ ဓားသိုင်းပညာမှာ နုယ်နယ်ရရ ဓားသိုင်းပညာမဟုတ်။ အလွန်ထက်မြက် ကောင်းမွန်သော ဓားသိုင်းပညာဖြစ်ကြောင်း သိသွားခြင်းဖြစ်တော့၏။
ကျန်နှစ်ယောက်မှာလည်း ဓားသိုင်းအဆင့်မြင့်မားသူများဖြစ်၍ လင့်ဟူချုံး ခုခံသည့်အကွက်ကို ကောင်းစွာကြည့်၍ မြင်ကြသည်။
ထိုလူက ဓားကိုဆွဲထုတ်လျက် လင့်ဟူချုံးအား ဒေါသတကြီး အော်ဟစ်ကြိမ်းမောင်းနေသော်လည်း လင့်ဟူချုံးကို အထင်မသေးရဲတော့ချေ။
ပေါ့ဆ၍မရကြောင်း ကောင်းစွာသိထားကြတော့၏။

မြွေပွေး၊ မြွေဟောက်တို့မှာ အကောင်ငယ်ကလေးများပင် ဖြစ်သော်လည်း လူကိုကိုက်လိုက်ပါက တုံးခနဲ သေစေနိုင်သကဲ့သို့ ဤ အားအင်ကုန်ခန်းနေပုံပေါက်၍ အသက်ငယ်ရွယ်ပုံရသော လူငယ်မှာလည်း သူတို့သုံးယောက်အား ကောင်းကောင်း ဒုက္ခပေးနိုင်သည်ကို ရိပ်မိလာကြတော့၏။

ထိုလူက သုံးချက်တိုက်ခိုက်သည်။ သုံးချက်စလုံး ဟန်ပြတိုက်ကွက် သက်သက်များသာဖြစ်သည်။

လင့်ဟူချုံးမှာ လွန်ခဲ့သောတညက ဘုရားကျောင်းဟောင်းကြီးထဲ၌ သိုင်းသမားဆယ့်ငါးယောက်နှင့် တိုက်ခိုက်စဉ်က အတွင်းအားလုံးဝမရှိဘဲနှင့် တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

သို့သော် ယခုအချိန်ကဲ့သို့ သူ၏ကိုယ်တွင်းမှ အတွင်းအားလှိုင်းများက ဒုက္ခအကြီးအကျယ် မပေးကြသေးပေ။

ထို့ကြောင့် သည်တကြိမ်တွင် လက်ထဲမှဓား လွတ်မကျသွားစေရန်ကိုပင် အားတင်း၍ ကြိုးစားနေရတော့၏။

လင့်ဟူချုံးက . . .

"ဒီမှာ . . . ကျုပ်တခု တောင်းပန်ပါတယ်။ ခင်ဗျားတို့ သုံးယောက်နဲ့ကျုပ်က ရန်ငြိုးရန်စလည်း ရှိတာမဟုတ်ပါဘူး။ ခင်ဗျားတို့ကို စော်ကားမော်ကား လုပ်ချင်တဲ့စိတ်လည်း ကျုပ်မှာမရှိပါဘူး။ ခင်ဗျားတို့ ပြန်သွားကြပါလို့ ကျုပ်တောင်းပန်ပါတယ် . . . "

ထိုစဉ် ထိုလူက ရုတ်တရက် လင့်ဟူချုံး၏လည်မျိုကို ထိုးစိုက်လိုက်တော့၏။

လင့်ဟူချုံးကမူ ထိုသူ၏ ခန္ဓာကိုယ်တချက်လှုပ်ရှားသည်နှင့် မည်သည့်နေရာသို့ ထိုသူ၏ဓားဦး ရောက်လာမည်ကို ကြိုသိနေသည်။

ထို့ကြောင့် သူ၏လက်မှဓားကို လမ်းတဝက်မှ ရုတ်တရက် ထောက်ချိန်လိုက်၏။

ဓားဦးသည် ထိုလူ၏ လက်ကောက်ဝတ်၌ 'ဒုတ်' ခနဲ ထိုးစိုက်သွားလေတော့၏။ ထိုလူသည် ဓားကို ဆုတ်ကိုင်ခြင်းငှာ မစွမ်းသာတော့ဘဲ လွှတ်ချလိုက်ရတော့၏။ ထိုလူမှာ မယုံကြည်နိုင်လုစွာသော မျက်လုံးများဖြင့် သူ၏လက်ကောက်ဝတ်မှ တစက်စက်ကျနေသော သွေးပေါက်များကို ငေးကြောင်ကြည့်နေမိတော့၏။

ထို့နောက် ချက်ချင်းပင် နောက်သို့ခုန်ဆုတ်သွားကာ လာလမ်းအတိုင်း ပြေးထွက်သွားလေတော့၏။

နောက်တယောက်က . . .

" မင်းက တကယ်ပဲ ဝါဆန်းဂိုဏ်းသားလား . . . " ဟု မေးလိုက်သည်။

လင့်ဟူချုံးမှာ ယိမ်းထိုးနေတော့၏။ လဲကျလု လဲကျလု ဖြစ်နေရာမှ အားတင်း၍ ဖြေလိုက်သည်။

"ဟုတ် . . . ဟုတ်တယ် . . . "

ထိုလူသည် တိတိကျကျမဟုတ်သော်လည်း လင့်ဟူချုံး၏ အခြေအနေမှာ အတွင်းဒဏ်ရာရထားကြောင်း ရိပ်မိသွား၏။ မိမိသာ နောက်ထပ် အနည်းငယ်စောင့်လိုက်လျှင် သည်လူငယ်သည် သူ့အလိုအလျောက်ပင် ပြိုလဲကျသွားမည်မှာ သေချာလှတော့သည်။

ထိုအခါ သည်လူငယ်သည် မိမိအား မည်သို့မျှ ခုခံကာကွယ်နိုင်တော့မည် မဟုတ်ချေ။ လွယ်လွယ်ကူကူပင် အနိုင်ယူလိုက်ရုံသာ ရှိတော့၏။

သူက ပြုံး၍ရှေ့သို့ တလှမ်းတက်လာကာ . . .

"မင်းရဲ့ ဓားသိုင်းကတော့ ကောင်းပါတယ်။ ဒါပေမယ့် . . . "

လင့်ဟူချုံးသည် ထိုလူ၏ ကိုယ်အမူအရာနှင့် အပြောအဆိုများကို ကြည့်သည်နှင့် ထိုလူ၏စိတ်ဓာတ်ကို ကောင်းစွာခန့်မှန်းမိသည်။

ထိုလူသည် ရှောင်လင်ဂိုဏ်းသားနှစ်ယောက်ထက် ပိုမိုကောက်ကျစ်သူဖြစ်၏။

ထို့ကြောင့် ထိုလူ၏ရန်မှ ကာကွယ်ရန် မိမိ၏ဓားကိုမြှောက်ရန် ကြိုးစားသော်လည်း လုံးဝမမြှောက်နိုင်အောင် ဖြစ်ရတော့သည်။

လင့်ဟူချုံး၏ နောက်ဆုံးအခြေအနေကို ခွန်းလွန်ဂိုဏ်းမှလူသည် ချက်ချင်းသိရှိသွားပြီး ချက်ချင်းခုန်ဝင်၍ လင့်ဟူချုံး၏ရင်ဘတ်ကို ရိုက်ချလိုက်တော့၏။ လင့်ဟူချုံးမှာ မည်သို့မျှ မရှောင်တိမ်းနိုင်ချေ။

အရိုက်ခံလိုက်ရသည်နှင့် 'ဝေါ' ခနဲ သွေးများထိုးအန်လိုက်တော့၏။

ထိုသွေးများမှာ ခွန်းလွန်ဂိုဏ်းသား၏ မျက်နှာသို့ ပေကျံသွားတော့၏။

ထိုသူသည် မျက်နှာ၌ သွေးများပေကျံနေသည်ကို လုံးဝဂရုမစိုက်ဘဲ လင့်ဟူချုံးအား ဇီဝိန်ပြတ်သွားသည်အထိ ပွဲသိမ်းထပ်မံရိုက်ရန် လင့်ဟူချုံးလဲကျရာသို့ ခုန်ဝင်လာလျက် လက်ကိုမြှောက်လိုက်၏။

သို့သော် သူမြှော်က်လိုက်သည့်လက် အောက်သို့ ပြန်မကျမီပင် အရုပ်ကြိုးပြတ် လဲကျသွားတော့၏။
လင့်ဟူချုံးက ထိုအဖြစ်ကိုကြည့်၍ တအံ့တသြဖြစ်နေတော့၏။ အမှန်စင်စစ်အားဖြင့် သူ့သွေးများသည် ရိုးရိုးသာမန် သွေးများ မဟုတ်တော့ပေ။
ဒေဝီဂိုဏ်းချုပ် လန်ဖုန်းဖုန်း၏ ထူးဆန်းသောအရက်များကို သောက်ခဲ့သဖြင့် သူ့သွေးတွင် အဆိပ်များ ရောနှော ပါဝင်နေပြီဖြစ်၏။
ထို့ကြောင့် အဆိပ်သွေးများက ခွန်းလွန်ဂိုဏ်းသား၏ မျက်နှာကို ထိသွားသောအခါ ထိုလူ ချက်ချင်းလဲကျသွားခဲ့ရခြင်း ဖြစ်တော့၏။
ထိုအချိန်တွင် အရဏ်တက်လာတော့၏။ အရဏ်ဦး၏ နေရောင်ခြည်အောက်၌ ထိုလူ၏မျက်နှာမှာ တဖြည်းဖြည်း အမည်းရောင် သမ်းလာတော့၏။ သူ့တကိုယ်လုံးလည်း တဆတ်ဆတ် တုန်နေတော့သည်။
"ဘွားဘွား . . . တဲထဲဝင်မယ့်လူတွေတော့ ရှင်းသွားပါပြီ . . . "
ဘွားဘွားက . . .
"ငါ့အတွက် ဘာမှစိတ်မပူနဲ့။ မင်းသာထိုင်ပြီး အနားယူလိုက်ပါ။ မင်းအရိုက်ခံလိုက်ရတဲ့ ဒဏ်ချက်ကလည်း သိပ်သေးတာမဟုတ်ဘူး . . . "
မကြာမီပင် ကြိုးတပ်တူရိယာ တီးခတ်သံကို စတင်ကြားလိုက်ရတော့၏။ ထိုတေးသွားကို ကြားလိုက်ရသောအခါ လင့်ဟူချုံးတကိုယ်လုံး လေထဲတွင် လွင့်မျောနေသကဲ့သို့ ထင်မှတ်နေရတော့သည်။ အတန်ကြာမှ တီးခတ်သံ ရပ်သွားသည်။ လင့်ဟူချုံးလည်း အတော်လေး နေလို့ထိုင်လို့ကောင်းသွားသည်။ ဘွားဘွား၏ ဂီတစွမ်းအားကား ထူးခြားဆန်းကြယ်လှပေစွ။
လင့်ဟူချုံးသည် မတ်တပ်ရပ်၍ အရိုအသေပေးလိုက်သည်။
"ဘွားဘွားရဲ့လက်သံက တကယ်အစွမ်းထက်တာပဲ။ ကျွန်တော့်ဒဏ်ရာကတော့ သိသိသာသာကို သက်သာသွားတယ်။ ကျွန်တော့်အတွက် အများကြီးအကျိုးရှိပါတယ်။ ကျေးဇူးတင်ပါတယ်ဘွားဘွား"
"မင်းက ငါ့ရဲ့အသက်ကို ကာကွယ်ပေးတဲ့အတွက်လည်း ငါကမင်းကို ကျေးဇူးတင်ပါတယ် . . . "
"ဒါတော့ကျွန်တော့်တာဝန်ပဲ။ ကျွန်တော်မှ မကာကွယ်၊ ဘယ်သူကာကွယ်မှာလဲ . . . "
အတန်ကြာငြိမ်သက်နေပြီးနောက် ဘွားဘွားက . . .
"မင်းအခု ဘယ်သွားမလဲ . . ."
ဘွားဘွား၏ အမေးစကားကို ကြားလိုက်ရသောအခါ လင့်ဟူချုံးမှာ ရင်ဆို့သွားတော့၏။
ဤမျှကျယ်ပြောလှသော လောကကြီးအတွင်း လင့်ဟူချုံးအဖို့ သွားစရာမြေမရှိတော့သည်မှာ အမှန်ပင် ဖြစ်နေတော့၏။ လင့်ဟူချုံးသည် တွေဝေငေးမောနေရာမှ . . .
"ကျွန်တော့်အဖို့ ဘယ်ကိုမှ သွားစရာမရှိတော့ပါဘူး . . ."
"မင်းက မင်းရဲ့ ဆရာနဲ့ ဆရာမကို သွားမရှာတော့ဘူးလား . . ."
"သူတို့လား . . . သူတို့ ဘယ်ရောက်နေမှန်းတောင် မသိတော့ပါဘူး။ ကျွန်တော့်မှာ ဒီလောက် ဒဏ်ရာ အပြင်းအထန် ရထားတော့ သူတို့ကို ဘယ်လိုက်ရှာနိုင်တော့မလဲ၊ တွေ့လည်း . . . ဟင်း . . ."
သူ့စိတ်ထဲတွင် ဆက်ပြောလိုက်မိသည်မှာ . . .
"တွေ့လည်း သူတို့က လက်ခံတော့မှာ မဟုတ်ပါဘူး . . ." ဟူ၍သာ ဖြစ်၏။
"ဟုတ်တယ်။ မင်းဒဏ်ရာတွေကလည်း မသေးဘူး။ ဒီတော့ တောတောင် စိမ့်စမ်းတွေကြား လျှောက်သွားပြီး မင်းရဲ့ ကိုယ်ရောစိတ်ရော အနားယူလိုက်ပါလား။ အဲ့ဒီလို အနားယူလိုက်ရင် မင်းရဲ့ခန္ဓာကိုယ်က ဒဏ်ရာလည်း သက်သာသွားမယ်။ ရင်ထဲမှာ ခံစားနေရတဲ့ ပူဆွေးသောကတွေလည်း ငြိမ်းအေးသွားမယ် . . . "
လင့်ဟူချုံးက တဟားဟားရယ်၍ . . .
"ဘွားဘွားပြောတာ ဟုတ်တယ်။ ကျွန်တော်မသေခင်မှာ အားရပါးရ ပျော်ပစ်မယ်။ တောတောင်၊ စိမ့်စမ်းတွေကြား လျှောက်လည်မယ်။ နောက်ပြီးမှ သေမယ် . . . " ဟု အားရပါးရ ပြောလိုက်တော့၏။
ပြောရင်းဆိုရင်း လင့်ဟူချုံးသည် လှည့်ထွက်သွားတော့၏။ သို့သော် ဘွားဘွားက . . .
" မင်းသွားတော့မလို့လား . . . "
လင့်ဟူချုံးက သမင်လည်ပြန်လှည့်ကြည့်ရင်း . . .

"ဟုတ်တယ်လေ ဘွားဘွား ။ သွားမယ် ။ ဘွားဘွားစကားအတိုင်း တောတွေ၊ တောင်တွေကြား လျှောက်သွားမယ် . . . " ဟု ပြန်ပြောလိုက်၏။

ဘွားဘွားက

"မင်းရဲ့ဒဏ်ရာ ဒီလောက်ပြင်းထန်နေတဲ့ ဥစ္စာ၊ စောင့်ရှောက်မယ့်သူ တယောက်တော့ ပါမှပေါ့။ နို့မို့ရင် လမ်းခရီးမှာ ဒုက္ခရောက်နေရင် ဘယ်လိုလုပ်မလဲ . . . "

လင့်ဟူချုံးသည် ဘွားဘွား၏ လေသံ၌ မိမိအတွက် အလွန်စိုးရိမ်ပူပန်သော အရိပ်အငွေ့များ ပါနေကြောင်း သိရှိရသဖြင့် မျက်ရည်များပင် ဝဲလာတော့သည်။

"ကျေးဇူးတင်ပါတယ် ဘွားဘွား။ ကျွန်တော့်ဒဏ်ရာက လမ်းဆုံးနေပါပြီ။ ကုသလို့ မပျောက်နိုင်တော့ပါဘူး။ ဘယ်အချိန်သေသေ၊ ဘယ်နေရာမှာသေသေ မထူးခြားတော့ပါဘူး . . . "

"အင်း . . . ဒါပေမယ့် . . . "

သူမသည် ထိုစကားပြောပြီး အတန်ကြာသည်အထိ ငြိမ်သက်နေသေးသည်။ ပြီးမှ . . .

"ဒါပေမယ့် မင်းထွက်သွားတုန်းမှာ ဟိုရှောင်လင်ဂိုဏ်းက လူနှစ်ယောက် ပြန်ရောက်လာရင် ဘယ့်နှယ်လုပ်မလဲ။ ဒီ . . . ခွန်းလွန်ဂိုဏ်းက လူကလည်း ခဏမေ့နေတာ။ တော်ကြာ သူသတိရလာလျှင် ဘယ်လိုလုပ်ရမလဲ။ သူတို့က ငါ့ကိုထပ်ပြီး ဒုက္ခပေးဦးမှာဘဲ . . . "

လင့်ဟူချုံးက ခေတ္တစဉ်းစားပြီး ဘွားဘွားကို ပြန်မေးလိုက်သည်။

"ဒီလိုလုပ်ပါလား။ ဘွားဘွား ဘယ်သွားစရာရှိလဲ။ ဘွားဘွားကို ခရီးတထောက်ရောက်အောင် ကျွန်တော် လိုက်ပို့ပေးမယ် . . . "

"မင်းရဲ့စိတ်ကူးကတော့ ကောင်းပါတယ်။ ဒါပေမယ့် မင်းကိုထပ်ပြီး ဒုက္ခပေးသလို ဖြစ်မှာစိုးတယ် . . . "

"ဟာ . . . ဘွားဘွားကလည်း စိုးရိမ်စရာမရှိပါဘူး။ ဘွားဘွားအတွက်ဆိုရင် သည့်ထက်မကတောင် ဒုက္ခခံနိုင်သေးတယ် . . ."

ဘွားဘွားထံမှ သက်ပြင်းချသံ ကြားလိုက်ရပြီးသည်နှင့် . . .

"ငါ့မှာ ရန်သူတော်ကြီး တယောက်ရှိတယ်။ သူကတော့ ရန်မြို့က ဝါးရုံတောအထိ လိုက်လာတာနဲ့ ငါလည်း ဒီလိုထွက်ပြေးလာရတာ။ ငါ့ခြေရာကိုကောက်ပြီး ဒီကိုလည်း မကြာခင်လိုက်လာမှာဘဲလို့ ငါထင်နေတယ်။ အခုမင်းက ဒဏ်ရာရနေတဲ့လူဆိုတော့ သူနဲ့တိုက်ခိုက်ဖို့ မဖြစ်ပြန်ဘူး . . . "

ဘွားဘွား၏ စကားသံ ခေတ္တပြတ်သွားသည်။ စဉ်းစားနေဟန်တူသည်။ ဘွားဘွားက ဆက်ပြော၏။

"ငါ့အကြံကတော့ လူသူမရှိတဲ့နေရာတခုမှာ ခဏရှောင်နေရင် ကောင်းမယ်လို့ထင်မိတာပဲ။ မင်းဒဏ်ရာကိုလည်း ကုသလို့ ရတာပေါ့။ ဒါပေမယ့် မင်းကလူငယ်၊ ငါကအဘွားကြီး ၊ လမ်းခရီးမှာ မင်းပျင်းနေမှာတော့ အသေအချာပဲ . . ."

လင့်ဟူချုံးက တဟားဟားရယ်၍ . . .

"ကျွန်တော်က ဘယ်လောက်ကြီးတဲ့ အခက်အခဲများလဲလို့။ ဒီလောက်ကလေးကတော့ ရယ်စရာတောင် ကောင်းနေပါသေးတယ်။ ဘွားဘွား ဘယ်သွားမလဲ ပြောပါ။ ကျွန်တော် မရောက်ရောက်အောင် ပို့ပါ့မယ်။ ကမ္ဘာမြေဆုံးတဲ့အထိ သွားမယ်ဆိုရင်တောင် မပျင်းမရိနဲ့ ကျွန်တော်လိုက်ပို့ပါ့မယ် . . . " ဟု လှိုက်လှဲစွာ ပြောလိုက်တော့၏။

ဘွားဘွားက အားရဝမ်းသာလေသံဖြင့် . . .

"တကယ်ပြောတာလား . . . " ဟု မေးလိုက်၏။

"တကယ်ပေါ့ ဘွားဘွားရဲ့ . . . "

"အေး . . . ကောင်းပြီ။ ဒါပေမယ့် နောက်တခုရှိသေးတယ် . . . "

"ပြောပါဘွားဘွား ။ ဘာများလဲ . . . "

"ဒီလိုပါ . . . ငါ့ရုပ်ရည်က သိပ်ဆိုးတယ်။ ဘယ်သူတွေ့တွေ့ ကြောက်သွားမှာပဲ။ ဒါကြောင့် ငါ့မျက်နှာကို မင်းမကြည့်စေချင်ဘူး။ ဒါကြောင့် မင်းငါ့ကို ကတိတခုပေးရမယ်။ ဘယ်လိုအခြေအနေမျိုး ရောက်ရောက် မင်း ငါ့မျက်နှာကို မကြည့်ရဘူး။ ကုန်ကုန်ပြောလိုက်မယ်။ ငါ့ရဲ့ ခြေလက်ကိုတောင် မကြည့်ရဘူး . . . "

"ကျွန်တော်က ဘွားဘွားကို ရိုသေလေးစားနေတဲ့လူပါ။ ဘွားဘွားရဲ့ ရုပ်ရည်ဘယ်လောက်ဆိုးဆိုး ကျွန်တော့်အတွက် ဘာမှမထူးခြားပါဘူး ။ ကျွန်တော်ကြည့်လို့ အရေးမကြီးပါဘူး . . . "

"ငါပြောတာ သဘောမတူရင် မင်းဘာသာမင်း သွားပေတော့ "

လင့်ဟူချုံးက ကမန်းကတန်းဖြင့် . . .

"ကောင်းပါပြီ။ ကောင်းပါပြီ။ ကျွန်တော် သဘောတူပါတယ်။ ကျွန်တော်ဘွားဘွားကို မကြည့်ပါဘူး" ဟု ဝန်ခံကတိပေးလိုက်သည်။

"ကောင်းပြီ။ မင်းရဲ့စကားကို ကောင်းကောင်းမှတ်ထားနော်။ ကဲ . . . မင်းရှေ့ကလျှောက်။ ငါနောက်က လိုက်လာခဲ့မယ် . . . "

လင့်ဟူချုံးသည် ရှေ့မှ လျှောက်ထွက်သွားတော့၏။ သူ့နောက်မှ ဘွားဘွား၏ခြေသံကို ကြားလိုက်ရ၏။ အတန်ကြာလျှောက်မိသောအခါ ဘွားဘွားက နောက်ဘက်မှ သစ်ကိုင်းတချောင်း ထိုးပေးရင်း . . .

"ရော့ . . . သစ်ကိုင်းနဲ့ ထောက်ပြီးလျှောက် . . . " ဟု ပြောလိုက်၏။

လင့်ဟူချုံးသည် ထိုသစ်ကိုင်းကို လှမ်းယူလိုက်ပြီး ဘွားဘွား၏ အမိန့်အတိုင်းလျှောက်သည်။ လမ်းလျှောက်၍ အတော်ကောင်းတော့သည်။

ထိုစဉ် ဘွားဘွားက . . .

"လင့်ဟူချုံး . . . မင်းစောစောတုန်းက ဟိုရှောင်လင်ဂိုဏ်းကလူရဲ့ လက်ကိုထိုးလိုက်တဲ့ ဓားကွက်က သိပ်ကောင်းတာပဲ . . . "

လင့်ဟူချုံးက သက်ပြင်းတချက်ချရင်း . . .

"ဟင်း . . . ကျွန်တော်က မတတ်နိုင်လို့ ထိုးလိုက်ရတာပါ။ တကယ်တော့ မထိုးချင်ပါဘူး ။ ဒီတခါတော့ ရှောင်လင်ဂိုဏ်းနဲ့ ရန်ငြိုးဖွဲ့လိုက်ရတာပါပဲ . . . "

"ဟင်း . . . ရှောင်လင်ဂိုဏ်းကကော ဘာမို့လို့လဲ။ ဘာဖြစ်လို့ ငါတို့က သူတို့ကို ကြောက်ရမှာလဲ။ ငါအံ့သြတာက ဟိုခွန်းလွန်းဂိုဏ်းကလူကိုပဲ။ ဒီလူက မင်းကို လက်ဝါးစောင်းရိုက်လိမ့်မယ်လို့ ငါလုံးဝ မထင်ခဲ့ဘူး . . . "

"သြော် . . . ဘွားဘွား အားလုံးမြင်လိုက်တာကိုး။ ဘွားဘွားကို တခုမေးရအုံးမယ်။ ဟိုခွန်းလွန်ဂိုဏ်းက လူက ဘာဖြစ်လို့ ရုတ်တရက်မေ့လဲ သွားရတာလဲ . . . "

ဘွားဘွား၏ လေသံ အနည်းငယ်မာလာပြီး . . .

"မင်းမသိဘူးလား။ မင်းရဲ့သွေးထဲမှာ ဟိုအဆိပ်ဂိုဏ်းရဲ့ အဆိပ်တွေရှိနေတယ်။ ဟိုကောင်မ လန်ဖုန်းဖုန်းက မင်းကိုတိုက်လိုက်တဲ့ အရက်ကြောင့်ပါ။ ဟိုခွန်းလွန်ဂိုဏ်းကလူရဲ့ ပါးစပ်ထဲကို မင်းရဲ့သွေး နည်းနည်းဝင်သွားတော့ ဒီလူ ဘယ်ခံနိုင်တော့မလဲ . . . " ဟု ပြောလေတော့၏။

လင့်ဟူချုံးသည် ထိုအခါကျမှ ရှင်းရှင်းလင်းလင်း သဘောပေါက်သွားသည်။ သို့သော် သူက . . .

"ကျွန်တော့်ကျတော့ ဘာမှမဖြစ်ပါလား။ ဒေဝီဂိုဏ်းချုပ် လန်ဖုန်းဖုန်းနဲ့ ကျွန်တော်ကလည်း တခါမှ တွေ့ဖူး၊ ဆုံဖူးတာ မဟုတ်ဘူး။ သူနဲ့ ဘာရန်ငြိုးရန်စမှ ရှိတာမဟုတ်ဘူး။ သူက ဘာဖြစ်လို့ ကျွန်တော့်ကို လုပ်ကြံရတာလဲ . . ."

ဘွားဘွားက မကျေနပ်သော လေသံဖြင့် . . .

"ဘယ်သူက ပြောသလဲ၊ မင်းကို လုပ်ကြံတာလို့။ သူက မင်းကို လုပ်ကြံချင်တာ မဟုတ်ဘူး။ ကောင်းလွန်းနေတာ၊ သူက မင်းရဲ့ဒဏ်ရာကိုတောင် ပျောက်အောင် ကုချင်နေတာ။ မင်းရဲ့သွေးထဲမှာ အဆိပ်ဖြစ်နေလျက်သားနဲ့ မင်းကို ဘာမှ ထိထိခိုက်ခိုက် ဘေးအန္တရာယ်မပေးတာက သူတို့ရဲ့ လက်ဆွဲပညာ တခုပဲပေါ့ . . . " ဟု ပြောကြားလိုက်သည်။

လင့်ဟူချုံးက . . .

"အဲ့ဒါကိုဘဲ ကျွန်တော်စဉ်းစားနေတာ။ အဲ့ဒီတုန်းက ကျွန်တော့်ကို ဒုက္ခပေးချင်တဲ့ အမူအရာမျိုး လန်ဖုန်းဖုန်းမှာ မရှိပါဘူးလို့ . . . "

ဘွားဘွားက မကျေနပ်သော လေသံဖြင့် ပြောလိုက်သည်။

"သူက မင်းကို ဘယ်လိုလုပ် လုပ်ကြံမှာလဲ။ သူက မင်းအပေါ် ကောင်းချင်လွန်းလို့တောင် ခက်နေသေးတာ . . . "

လင့်ဟူချုံးသည် ဘွားဘွား၏ လေသံကို ကြားလိုက်ရသောအခါ ပြုံးလိုက်မိသည်။ အတန်ကြာလျှောက်မိသောအခါ ဘွားဘွားစကားသံကို ကြားလိုက်ရ၏။

"မင်းလက်ဝါး ဖြန့်လိုက်စမ်း . . . "

လင့်ဟူချုံးသည် လက်ဝါးကို ဖြန့်ပြပေးလိုက်သည်။ ထိုအခါ လက်ဝါးပေါ်သို့ တစုံတခု ကျရောက်လာတော့၏။ လင့်ဟူချုံးက သေသေချာချာ ကြည့်လိုက်သောအခါ ဆေးလုံးလေးတလုံး ဖြစ်နေ၏။

ဘွားဘွားက . . .

"ဒီဆေးလုံးကိုသောက်ပြီး ဟိုသစ်ပင်အောက်မှာ အနားယူလိုက်။ ဒါမှ သိသိသာသာ သက်သာလာမှာ . . . "

လင့်ဟူချုံးသည် ဆေးလုံးကို ပါးစပ်ထဲသို့ ပစ်ထည့်လိုက်ပြီး မျိုချလိုက်၏။

ဘွားဘွားက . . .

"ငါက မင်းရဲ့ဓားသိုင်းကို အားကိုးရမှာမို့ မင်းရဲ့အသက်ကို ရှည်အောင်လုပ်ပေးနေတာ။ မင်း ရုတ်တရက် သေသွားလို့တော့ မဖြစ်သေးဘူး။ မင်းအပေါ်မှာ စိတ်ကောင်းရှိလွန်းလို့ ဒီဆေးပေးနေတာ မဟုတ်ဘူး။ အဲဒါကို မြဲမြဲမှတ်ထား။ ငါပြောတာ ကြားရဲ့လား . . . "

လင့်ဟူချုံးက . . .

"ဟုတ်ကဲ့ . . . " ဟု ဆိုကာ သစ်ပင်တပင်အောက်တွင် ဝင်ထိုင်လိုက်တော့၏။ ထိုတဒင်္ဂ အတွင်း၌ သူ့တကိုယ်လုံး ရှိန်းဖိန်း၍ပူလာပြီး အားအင်များ ပြည့်ဖြိုးလာသကဲ့သို့ ထင်မှတ်လာရတော့သည်။

သူ့စိတ်ထဲတွင် . . .

"ဘွားဘွားက တကယ်ရယ်စရာကောင်းတာပဲ ။ ဒီဆေးလုံး ငါ့ကိုပေးတာ စေတနာနဲ့ပေးတာ ငါသိနေတာပဲ။ သူက ဘာဖြစ်လို့ တောင်တောင်အီအီတွေ လျှောက်ပြောပြီး ဝန်မခံချင် ဖြစ်နေရတာလဲ။ ငါ့လက်ထဲကို သူ့ဆေးလုံး ပစ်ပေးတုန်းက ဆေးလုံးကျလာပုံက ငြိမ်နေတာပဲ။ လက်ဝါးပေါ်ကျတော့လည်း လှုပ်တောင်မလှုပ်ဘူး။ သူ့မှာ အင်မတန်အဆင့်မြင့်တဲ့ အတွင်းအားသိုင်း ရှိတယ်ဆိုတာ ပြနေတာပဲ။ ဒီလိုအတွင်းအားမျိုး ရှိလျက်သားနဲ့ ငါ့ကို ဘာဖြစ်လို့ စောင့်ရှောက်ခိုင်းရတာလဲ။ အင်းလေ . . . အသက်ကြီးတဲ့လူတွေက ဒီလိုပဲ ဖြစ်တတ်တာပဲ။ ငါ့အနေနဲ့တော့ သူစိတ်ချမ်းသာအောင် နေရမှာပဲ . . . "

လင့်ဟူချုံး အနားယူနေသည်မှာ အချိန်အတန်ကြာသွားပြီဖြစ်၍ မတ်တပ်ရပ်လိုက်သည်။ လင့်ဟူချုံးက ဘွားဘွားအား လှမ်းပြောလိုက်သည်။

"ဘွားဘွား . . . ကျွန်တော်တို့ သွားကြစို့။ ဘွားဘွားကော မောနေသေးလား . . . "

"အေး . . . ငါလည်းနည်းနည်းပင်ပန်းပြီး မောနေသေးတယ်။ ငါ့ကိုစောင့်ရင်း မင်းလည်း ခဏထပ်ပြီး နားလိုက်ပါအုံး . . . "

လင့်ဟူချုံးသည် ပြန်ထိုင်လိုက်တော့၏။ သူ့စိတ်ထဲတွင် . . .

"ဘွားဘွားရဲ့ သိုင်းပညာက တကယ်ကောင်းရဲ့သားနဲ့ . . . မောနေသေးတယ်တဲ့။ ဘာအဓိပ္ပာယ်လည်း မသိဘူး။ အေးလေ . . . သူနားချင်တယ်ဆိုလည်း နားလိုက်ရုံပေ့ါ . . . "

အတန်ကြာမှ ဘွားဘွားက . . . "ကဲ . . . သွားကြစို့ . . . "

လင့်ဟူချုံးက ရှေ့မှဦးဆောင်၍ ထွက်သွားတော့၏။ လင့်ဟူချုံးအဖို့ ဘွားဘွား၏ ဆေးတန်ခိုးကြောင့် အားအင်ပြည့်လာကာ ခြေလှမ်းလည်း သွက်လာသည်။ သူက ဘွားဘွား ညွှန်ကြားထားသည့် အတိုင်း တောနက်ကြီးအတွင်းသို့ တဖြည်းဖြည်းတိုးဝင်လာခဲ့သည်။

အတန်ကြာလျှောက်လာမိမှ ချိုင့်ဝှမ်းကြီးတခုသို့ ရောက်ရှိလာကြသည်။

ထိုအခိုက် သူတို့၏ အရှေ့ဘက်အကွေ့မှ လူတစု၏အသံကို စတင်ကြားလိုက်ရတော့သည်။

လူတယောက်က . . .

"ငါတို့ ဒီနေရာက အမြန်ဆုံးထွက်သွားမှ ဖြစ်မယ် . . . "

လင့်ဟူချုံးသည် သစ်ပင်ချုံနွယ် အကွယ်တခုမှ ချောင်းကြည့်လိုက်သောအခါ လူဆယ်ယောက်ခန့် ဝိုင်းဝန်းစားသောက်နေသည်ကို တွေ့ရ၏။ လင့်ဟူချုံးတို့ ရှေ့ဆက်လျှောက်လာကြသောအခါ ခြေသံကြားသွားပြီး လှည့်ကြည့်လိုက်၏။

အချို့က . . . " ဟာ . . . ဆရာလေး လင့်ဟူချုံးပါလား . . . "

ဤလူများကား ဟူးပါးတောင်ကုန်းထိပ်သို့ ရောက်လာခဲ့ကြသည့် လူများပင်ဖြစ်တော့၏။

သည်လူစုသည် သူတို့၏ဌာနသို့ မပြန်ကြသေးဘဲ ဤနေရာ၌ အေးအေးဆေးဆေး လာရောက် အနားယူနေကြဟန်တူ၏။

လင့်ဟူချုံးက ထိုသူများအား ပြန်လည်နှုတ်ဆက်ရန် ဟန်ပြင်လိုက်စဉ်မှာပင် ထိုသူအားလုံး ရုတ်တရက် တိတ်ဆိတ်ငြိမ်သက်သွားသည်ကို တွေ့လိုက်ရတော့၏။

လင့်ဟူချုံးမှာ ရုတ်တရက် မည်သို့မျှ နားလည် သဘောပေါက်နိုင်စွမ်း မရှိဘဲ ဖြစ်နေရတော့၏။

ထိုသူအားလုံးမှာ လင့်ဟူချုံး၏ နောက်ဘက်သို့ မျက်လုံးပြူး၊ မျက်ဆန်ပြူးဖြင့် ကြည့်နေကြသည်ကို တွေ့နေရ၏။

ထိုလူများ၏ အမူအရာများသည် အလွန်တရာ ထူးဆန်းနေသည်။

သူတို့၏ မျက်နှာများ၌ အသည်းအူတုန်မျှမတတ် ကြောက်လန့်ဖွယ်ရာ ကောင်းလှသည့် မကောင်းဆိုးဝါးကြီး တကောင်ကို တွေ့လိုက်ရသဖြင့် ထိတ်လန့်ချောက်ချား နေသကဲ့သို့သော အမူအရာမျိုး ပေါ်နေကြသည်။

သူတို့မြင်နေရသည့် အရာကိုမပြောနှင့်၊ သူတို့၏မျက်နှာကို မြင်လိုက်ရသည်နှင့်ပင် မြင်သူအား အကြောက်ခာတ်ကူးသွားနိုင်ပေတော့သည်။

လင့်ဟူချုံးသည်လည်း ကျောချမ်းသွားသကဲ့သို့ ခံစားလိုက်ရပြီး နောက်သို့လှည့်ကြည့်ချင်စိတ်များ ထိန်းမနိုင်၊ သိမ်းမရလောက်အောင် ဖြစ်ပေါ်လာတော့သည်။

မိမိ၏အနောက်ဘက်တွင် မည်သည့်အရာရှိ၍ ဤသူများ အဘယ့်ကြောင့် ဤသို့ ကျောက်ရုပ်များကဲ့သို့ ဖြစ်သွားကြရသနည်း။

သို့သော် လင့်ဟူချုံး လှည့်မကြည့်ဖြစ်ချေ။ သူ့ဘွားဘွား၏ ကတိကို သတိရလိုက်သောကြောင့်ဖြစ်သည်။ သူ့စိတ်ထဲတွင်မူ အလွန်တရာ အံ့သြနေတော့၏။

"သူတို့တွေ့တာ ငါ့နောက်က ဘွားဘွားကိုဘဲ ဖြစ်ရမယ်။ ဘွားဘွားကိုတွေ့တာနဲ့ ဘယ့်နှယ်ဒီလို ဖြစ်ကုန်ရတာလဲ။ ဘွားဘွားရဲ့ရုပ်က တကယ်ပဲ ကြောက်စရာ ကောင်းနေလို့လား . . . "

လင့်ဟူချုံး တွေးနေတော့သည်။

× × × × × × × ×

## ရေထဲမှ အရိပ်

များမကြာမီ အချိန်အတွင်းမှာပင် သူတို့အားလုံး ဒူးထောက်၍ မြေကြီးပေါ်တွင် မျက်နှာများကို မှောက်ချကာ တကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်နေကြသည်ကို လင့်ဟူချုံး တွေ့ရှိနေရတော့သည်။ လင့်ဟူချုံးအနေဖြင့် မည်သို့မျှ နားမလည်နိုင်တော့။

လင့်ဟူချုံးက . . .

"ဘွားဘွား . . . ဒီလူတွေ ဘယ်လိုဖြစ်နေကြတာလဲ။ ဘာကို သူတို့ကြောက်နေကြတာလဲ . . . "

ထိုစဉ် ဘွားဘွား၏ တင်းမာသော လေသံကို ကြားလိုက်ရတော့၏။ လင့်ဟူချုံးပင် ထိတ်ခနဲ ဖြစ်သွားမိတော့၏။ ဘွားဘွားက . . . "မင်းတို့အားလုံး . . . ကိုယ့်အပြစ်ကိုယ် သိကြတယ် မဟုတ်လား။ ကောင်းပြီ၊ ငါတခွန်းပဲ ပြောလိုက်မယ်။ မင်းတို့အားလုံး သိုင်းလောကထဲ ပြန်မဝင်ကြနဲ့တော့။ ကိုယ့်ဘာသာ လူသူမရှိတဲ့ နေရာမှာသာ ရှာကြံပြီးနေကြတော့။ အားလုံးကြားကြရဲ့လား . . . "

ထိုသူအားလုံး၏ ကြောက်ရွံ့နေသော မျက်နှာများဝယ် ဝမ်းသာမှုကြောင့် ဝင်းလက်သည့် အမူအရာများ ပေါ်လာကြတော့၏။ သူတို့အားလုံး ပြိုင်တူ ကတိပြုလိုက်ကြသည်။

"ဟုတ်ကဲ့ . . . ဟုတ်ကဲ့ . . . "

ထိုစကားဆုံးသည်နှင့် အားလုံး နောက်ဘက်သို့လှည့်ကာ ပြေးကြတော့၏။ အနည်းငယ်မျှပင် နောက်ဘက်သို့ ပြန်လည်စောင်းငဲ့ကြည့်ခြင်း မရှိကြတော့ပေ။ ဒရောသောပါး ပြေးထွက်သွားကြခြင်းဖြစ်၍ ထိုသူအားလုံး မြင်ကွင်းထဲမှ ချက်ချင်းပျောက်ကွယ်သွားတော့၏။

လင့်ဟူချုံးမှာမူ ရင်တထိတ်ထိတ်နှင့် တွေးနေမိသည်။

"ဘွားဘွားက သိုင်းလောကထဲ ပြန်မဝင်ရဘူးလို့ တခွန်းထဲပြောလိုက်တာကို သူတို့ တကယ်နားထောင်ကြပါ့မလား။ သူတို့ရဲ့ အမူအရာကိုကြည့်ရတာ ဘွားဘွားက သူတို့ကို မသတ်လိုက်တာဘဲ သူတို့ကံကောင်းလှပြီလို့ ထင်နေကြပုံပဲ။ သူတို့မျက်နှာတွေမှာ သိပ်ဝမ်းသာသွားကြပုံလည်း ရတယ်။ အင်း . . . တယ်လည်း ထူးဆန်းလှပါကလား . . . "

လင့်ဟူချုံးသည် ဘွားဘွားကို မည်သည့်စကားမျှ မပြောတော့ပဲ ရှေ့သို့သာ ဆက်လျှောက်တော့သည်။ ခုနစ်မိုင်ခန့် လျှောက်မိကြသောအခါ သူတို့နောက်ဘက်မှ လူတယောက်၏ အော်သံကိုကြားလိုက်ကြရတော့၏။

"အရှေ့ကလျှောက်နေတာ လင့်ဟူချုံးဘဲ . . . "

ထိုအသံမှာ အလွန်ကျယ်လောင်လှသည်။ လင့်ဟူချုံးသည် အသံကို ကြားလိုက်ရသည်နှင့် ချက်ချင်းသိသွားတော့သည်။ ဟူးပါးတောင်ကုန်းထိပ်၌ ဒဏ်ရာရသွားသော ရှောင်လင်ဂိုဏ်းသားပေတည်း။

ဘွားဘွားက . . . "လင့်ဟူချုံး . . . ငါသူတို့နဲ့ မတွေ့ချင်ဘူး။ ဒီတော့ မင်းပဲ သူတို့နဲ့တွေ့ပြီး ကြည့်ရှင်းလိုက်ပေတော့ . . . "

လင့်ဟူချုံးက . . . "ဟုတ်ကဲ့ ဘွားဘွား။ ကျွန်တော်ကြည့်ရှင်းလိုက်ပါ့မယ်။ ဘွားဘွားသာ ရှောင်နေပေတော့ . . . "

သစ်ပင်ချုံဖုတ်များ လှုပ်ရှားသွားသံကို ကြားလိုက်ရသဖြင့် ဘွားဘွားတယောက် ချုံကွယ်များအတွင်းသို့ ဝင်ရောက်

ပုန်းလျှိုးနေလိုက်ပြီဖြစ်ကြောင်း လင့်ဟူချုံး သိလိုက်မိ၏။ သူကမူ နောက်ဘက်သို့လှည့်၍ အသံကြားရာဘက်သို့ မျက်နှာမူ ရင်ဆိုင်လိုက်တော့၏။

ထိုစဉ် အသံကျယ်လောင်လှသည့် ရှောင်လင်ဂိုဏ်းသား၏ အသံကို ထပ်မံကြားလိုက်ရပြန်သည်။

“ဦးလေး . . . ကောင်းကောင်းမီပါတယ်။ လင့်ဟူချုံးဆိုတဲ့ကောင်က ဒဏ်ရာရနေတာ။ သူဘယ်လိုမှ မြန်မြန် မလျှောက်နိုင်ဘူး ”

လင့်ဟူချုံး၏ စိတ်ထဲတွင် လေးလေးနက်နက်ဖြစ်သွားမိတော့၏။ သူ့စိတ်ထဲတွင် . . .

“လက်စသတ်တော့ ဒီရှောင်လင်ဂိုဏ်းသားနှစ်ယောက်က သူတို့ဆရာရဲ့ညီ သူတို့ဦးလေးကို ခေါ်လာကြတာပါ ကလား။ ဒီပုံဆိုရင်တော့ ငါ့အဖို့ သိပ်မလွယ်တော့ဘူး။ အင်းလေ . . . မလွယ်လည်း ဘာဖြစ်ရမှာလဲ။ နောက်ဆုံး သေရုံအပြင် ဘာမှမရှိပါဘူး” ဟု တွေးတောနေမိလိုက်၏။

လင့်ဟူချုံးသည် အေးအေးဆေးဆေးပင် ထိုတောလမ်းခရီး၌ထိုင်၍ ရန်သူများအား စောင့်ဆိုင်းနေတော့၏။

အတန်ကြာသောအခါ ခြေသံများ ကြားလိုက်ရပြီး လူလေးယောက် အသော့နှင်လာကြသည်ကို တွေ့ရတော့၏။

နှစ်ယောက်မှာ ဘုန်းကြီးနှစ်ပါးဖြစ်၍ ကျန်နှစ်ယောက်မှာ သာမန်အရပ်သူ၊ အရပ်သား အဝတ်အစားနှင့် ဖြစ်သည်။

အသံကျယ်လောင်လှသည့် ရှောင်လင်ဂိုဏ်းသားနှင့် သူ့အဖော်မှာ နောက်ဘက်မှ လျှောက်လာနေ၏။ ဘုန်းကြီး နှစ်ပါးအနက် တပါးမှာ အသက်လေးဆယ်ကျော်ခန့်ရှိပြီး ကျန်တပါးမှာ သက်တော် အတော်ကြီးသည်။ ပါးရေနားရေများပင် တွန့်နေပေပြီ။

ထိပ်တိုက် ရင်ဆိုင်တွေ့ကြသောအခါ လင့်ဟူချုံးက ရိုကျိုးစွာဦးညွှတ်လိုက်ပြီး . . .

“ဆရာတော်တို့ကို တပည့်တော် လင့်ဟူချုံးက ဂါရဝပြုပါတယ်ဘုရား . . . ” ဟု လျှောက်ထားလိုက်၏။

ထိုအခါ သက်တော်ကြီးသော ဘုန်းတော်ကြီးက . . . “ဘုန်းကြီးကတော့ ဖန်ဆန်းပါ . . . ”

လင့်ဟူချုံးကြောင့် ဒဏ်ရာရသွားသော ရှောင်လင်ဂိုဏ်းသားနှစ်ယောက်ကမူ လင့်ဟူချုံးကို မကျေနပ်သော အကြည့်များဖြင့် ကြည့်နေကြတော့၏။

ဘုန်းတော်ကြီးဖန်ဆန်းကမူ လင့်ဟူချုံး၏ ရိုသေနှိမ့်ချသော အမူအရာကိုတွေ့ရသောအခါ ချိုသာစွာမေးလိုက်သည်။

“မင်းရဲ့ဆရာ ရက်ပုချွန်ကော နေကောင်းထိုင်သာရှိရဲ့လား . . . ”

လင့်ဟူချုံးမှာ အစပထမ၌ ရှောင်လင်ဘုန်းကြီးကျောင်းမှ စစ်ကူများ လိုက်လာသည်ကို တွေ့ရသည်နှင့် ရင်တမမဖြစ်နေခဲ့ရ၏။

သို့သော် ယခုလိုက်လာသော ဖန်းဆန်းဘုန်းတော်ကြီးမှာ အမှန်တကယ် တရားပြည့်ဝသော ပုဂ္ဂိုလ်ကြီးကို တွေ့ရှိလိုက်ရသဖြင့် ရင်ထဲ အေးချမ်းသွားတော့သည်။

ဘုန်းတော်ကြီး၏ ကိုယ်အမူအရာ၊ နှုတ်အမူအရာများမှာ လွန်စွာ နူးညံ့ပျော့ပျောင်းလှရကား လင့်ဟူချုံးမှာ ရှောင်လင်ဂိုဏ်းနှင့် ရန်ငြိုးရှိခဲ့သည်ကိုပင် မေ့လျော့သွားလေတော့၏။

လင့်ဟူချုံးက ရိုရိုသေသေ ပြန်လျှောက်ထားသည်။

“တပည့်တော်ရဲ့ဆရာ နေကောင်းထိုင်သာ ရှိပါတယ်ဘုရား။ ဆရာတော်ကြီးကို ကျေးဇူးတင်ပါတယ် . . . ”

ဘုန်းတော်ကြီး ဖန်ဆန်းက . . . “လင့်ဟူချုံး . . . သူတို့တွေဟာ ငါ့ရဲ့ဂိုဏ်းတူ တူလေးတွေဘဲ။ ဒီဘက်က ကိုယ်တော်က ‘ဘုန်းကြီးကွယ်ရက်’၊ သူက ‘ရီကော့’၊ သူကတော့ ‘ရှင်းကော့’ ပဲ . . . ”

လင့်ဟူချုံးက ဘုန်းကြီးကွယ်ရက်ဘက်သို့လှည့်၍ . . .

“မှန်ပါ၊ တပည့်တော်က ဒဏ်ရာအပြင်းအထန် ရထားတဲ့သူပါ ဘုရား။ ဆရာတော်ကြီး ဖန်ဆန်းကို ဂါရဝပြုပြီး ဘုန်းတော်ကြီး ကွယ်ရက်ကို ဂါရဝမပြုခဲ့မိတဲ့အတွက် ခွင့်လွှတ်ပါဘုရား . . . ”

အသံကျယ်လောင်လှသည့် ရီကော့က . . . “ ဟင် . . . မင်းမှာ ဒဏ်ရာကြီးရထားတယ်၊ ဟုတ်လား . . . ”

ဆရာတော်ကြီးဖန်ဆန်းကလည်း . . .

“ဟုတ်လား . . . မင်းဒဏ်ရာရထားသလား။ ရီကော့ မင်းသူ့ကိုရိုက်လိုက်တာလား . . . ” ဟု မေးလိုက်တော့၏။

“ဒါက အထင်လွဲလို့ ဖြစ်ကြတာပါ။ ကိစ္စမရှိပါဘူး။ ရီကော့က တပည့်တော်ကို လက်ဝါးစောင်းအတွင်းအားနဲ့ ဆောင့်တွန်းလိုက်တယ်။ နောက်ပြီး တချက်ရိုက်လိုက်တယ်။ တပည့်တော်ကံကောင်းလို့ အသက်ရှင်နေတာပါ ဆရာတော်ကြီး ဘုရား . . . ရီကော့ကို အပြစ်မတင်ဖို့ တပည့်တော် လျှောက်ထားတောင်းပန်ပါတယ် . . . ”

လင့်ဟူချုံးက ယခင်ကတည်းက မိမိရရှိထားသည့်ဒဏ်ရာကို ရိကော့ကြောင့်လိုလို ဖြစ်သွားအောင် ပြောလိုက်သည်။ ထိုသို့ပြောမှသာ ဆရာတော်ကြီးဖန်းဆန်းက မိမိကို ခွင့်လွှတ်ပေလိမ့်မည်။

ထိုအခါ ရိကော့က . . .

"မင်း . . . မင်း . . . လည်ဆည်ပြီး ဘာတွေလျှောက်ပြောနေတာလဲ။ မင်းဘာသာမင်း နဂိုကတည်းက ဒဏ်ရာရထားတဲ့ဥစ္စာ။ ငါနဲ့ ဘာဆိုင်လို့လဲ . . . "

ဤကားလင့်ဟူချုံး စောင့်မျှော်နေသည့် အကွက်ပေတည်း။ ထိုစကားကိုကြားလိုက်သည်နှင့် လင့်ဟူချုံးက သက်ပြင်းရှည်ကြီးချလိုက်ပြီး . . .

"နောင်ကြီး ရိကော့ . . . အဲဒီအချက်ကို ဘယ်သူမှ လျှောက်ပြောမနေပါနဲ့တော့။ တကယ်လို့ ဒီသတင်းသာ အပြင်ထွက်သွားရင် ရှောင်လင်ဘုန်းတော်ကြီးကျောင်းရဲ့ ဂုဏ်သိက္ခာကို အများကြီးထိခိုက်နိုင်ပါတယ် . . . "

သည်စကားကို ကြားလိုက်ရသောအခါ ကျန်လူအားလုံး ခေါင်းညိတ်ကြတော့၏။ လင့်ဟူချုံးပြောသည့် စကားအဓိပ္ပာယ်ကိုလည်း နားလည်သဘောပေါက်ကြသည်။

လင့်ဟူချုံး ဒဏ်ရာပြင်းထန်စွာ ရထားမှန်းသိလျက်နှင့် ရိကော့က လက်ဝါးစောင်းဖြင့် ရိုက်သည်ဟူသည့် သတင်းသည် ရှောင်လင်ဂိုဏ်း၏ ဂုဏ်သိက္ခာကို အဘယ်မှာလျှင် မကျဘဲ နေစေလိမ့်မည်နည်း။

ရှောင်လင်ဂိုဏ်းမှာ သိုင်းလောက၌ အလွန်တရာစည်းကမ်းတင်းကျပ်သော ဂိုဏ်းဖြစ်၏။ ရိကော့ကို သေဒဏ်မပေးသည့်တိုင် သူ၏သိုင်းပညာများကို ပယ်ဖျက်ပြီး ဘုရားကျောင်းမှ မောင်းထုတ်လိုက်မည်မှာ သေချာလှတော့၏။

ရိကော့သည် ထိုအချက်ကို စဉ်းစားမိသောအခါ ချက်ချင်းပင် မျက်နှာ၌ သွေးဆုတ်ဖြူရော်သွားတော့၏။

ဘုန်းတော်ကြီးဖန်းဆန်းက . . .

"လင့်ဟူချုံး . . . မင်းငါ့နားကို လာခဲ့စမ်း။ ငါမင်းရဲ့ ဒဏ်ရာကို စမ်းကြည့်မယ် . . . "

လင့်ဟူချုံးသည် သူ၏လက်ကို ဆရာတော်ကြီးထံသို့ ထိုးပေးလိုက်သည်။ သည်တချက်ကို ကြည့်သည်နှင့် လင့်ဟူချုံး၏ စိတ်ရင်းကို ဆရာတော်ကြီး နားလည်သဘောပေါက်သွားသည်။

ရှောင်လင်ဂိုဏ်းကို ရန်သူသဖွယ် သတ်မှတ်ထားသူဖြစ်ပါက အဘယ်မှာလျှင် သူ၏လက်ကို ရဲရဲဝံ့ဝံ့ ပေးပေလိမ့်မည်နည်း။

ဆရာတော်ကြီး ဖန်းဆန်းသည် လင့်ဟူချုံး၏ လက်ကောက်ဝတ်သွေးကြောကို စမ်းသပ်ရင်း သူ၏မျက်နှာ၌ ထူးဆန်းအံ့ဩသော အမူအရာမျိုး ထွက်ပေါ်လာတော့၏။ သူက လင့်ဟူချုံးကို သေချာစွာ စိုက်ကြည့်ကာ . . .

"မင်း . . . ဝါဆန်းဂိုဏ်းက မဟုတ်ဘူး . . . "

ဆရာတော်ကြီးသည် ထိုစကားကိုသာ ပြောချလိုက်လေတော့၏။ လင့်ဟူချုံးက . . .

"တပည့်တော် ဝါဆန်းဂိုဏ်းသားအစစ်ပါဘုရား။ ဆရာရက်ပုချွန်ရဲ့ ပထမဦးဆုံးသော တပည့်ကြီးပါ။ ဆရာတော်ကြီးကို လိမ်ညာပြီး မလျှောက်ဝံ့ပါဘူး. . ."

ဘုန်းတော်ကြီးဖန်းဆန်းက ခေတ္တမျှ တွေဝေစဉ်းစားလိုက်ပြီး . . .

"ဒီလိုဆိုရင် မင်းဟာ နောက်ပိုင်းမှာ အောက်လမ်းသိုင်းပညာတွေကို သင်ကြားလိုက်တယ်ထင်တယ် . . . " ဟု ပြောလေတော့၏။

လင့်ဟူချုံးက ဆရာတော်ကြီးအား ရှင်းပြရန် ဟန်ပြင်လိုက်စဉ်မှာပင် ရိကော့က ဝင်၍ပြောတော့၏။

"ဦးလေး . . . ဒီကောင်ရဲ့ သိုင်းပညာကလည်း အောက်လမ်းသိုင်းပညာ အတိုင်းပါပဲ။ စောစောတုန်းက သူ့နောက်မှာ မိန်းမတယောက်ပါနေတာကို တွေ့လိုက်ရတယ်။ အခု ဘယ်သွားပုန်းနေသလဲ မသိဘူး။ ခိုးကြောင်ခိုးဝှက် လုပ်နေတာကိုက မရိုးသားဘူးဆိုတာကို ပြနေတာပဲ။ လူကောင်းတွေ မဟုတ်ပါဘူး . . . "

ရိကော့က သူ၏ဘွားဘွားအား စော်ကားပြောဆိုလိုက်သည့် စကားများကို ကြားလိုက်ရသော လင့်ဟူချုံးမှာ ဒေါသထွက်လာတော့၏။

"ခင်ဗျား ဘယ်လိုလူလဲ။ နာမည်ကြီး ဂိုဏ်းသားတယောက် လုပ်နေပြီးတော့ ဘယ့်နှယ်စကားတွေ လျှောက်ပြောနေရတာလဲ။ ဘာဖြစ်လို့ ရိုင်းရိုင်းစိုင်းစိုင်းစကားတွေ ပြောနေရတာလဲ။ ဘွားဘွားက ခင်ဗျားတို့ကိုတွေ့ရင် ဒေါသထွက်လွန်းလို့ တမင်ပုန်းနေတာဗျ။ ခင်ဗျားတို့ကို မတွေ့ချင်လို့ဗျ၊ မတွေ့ချင်လို့ . . . "

ထိုစဉ် တချိန်လုံး ငြိမ်သက်နေသည့် ဘုန်းကြီးကြွယ်ရက်က ဝင်၍ . . .

"စောစောတုန်းက ဒကာ့နောက်မှာ လျှောက်နေတဲ့ မိန်းမရဲ့ ခြေလက်တွေက ပေါ့ပေါ့ပါးပါးပဲ။ အသက်သိပ်ကြီးပုံ

မရပါဘူး။ အခု ဒကာလေးအပြောက တကယ့်အဘွားကြီး ကျနေတာပဲ ”ဟု ပြောတော့၏။

ဆရာတော်ကြီးဖန်းဆန်းက ခေါင်းခါရင်း . . .

“ကြွယ်ရက်နဲ့ ရိကော့ . . . မင်းတို့က ဘယ့်နှယ်သူများ မိန်းကလေးအကြောင်း အတင်းအဖမ္ဗပြောနေကြရတာလဲ။ ကောင်းပြီ၊ လင့်ဟူချုံး။ ငါတို့ဒီနေ့ တွေ့ကြရတာဟာ ငါတို့ရဲ့ ရေစက်ကြောင့်ဘဲ။ မင်းရဲ့ဒဏ်ရာတွေ ပျောက်ကင်းပါစေလို့ ငါဆုတောင်းပါတယ်။ နောက်ကျမှ ထပ်တွေ့ကြသေးတာပေ့ါ . . . ”ဟု ပြောလိုက်၏။

လင့်ဟူချုံးမှာ ဆရာတော်ကြီးဖန်းဆန်းကို အလွန်ရိုသေလေးစားသွား၏။ သူ့စိတ်ထဲတွင် . . .

“ရှောင်လင်ဂိုဏ်းနာမည်ကြီးတာလဲ မပြောနဲ့တော့။ ရှောင်လင်ဘုန်းတော်ကြီးတွေက တကယ်သဘောထားကြီးပြီး တကယ်တရားပြည့်ဝကြတာကိုး . . . ”

လင့်ဟူချုံးက ဆရာတော်ကြီးအား အရိုအသေပေးလိုက်ကာ . . .

“တပည့်တော်သာ ဆရာတော်ကြီးကို ပြန်တွေ့နိုင်ရင် တပည့်တော်ရဲ့ ဘဝဇာတ်ကြောင်း . . . ”

သူ့စကားမဆုံးခင် ရိကော့က သူ၏ဓားကို ‘ရှမ်း’ ခနဲ ဆွဲထုတ်ကာ အော်ဟစ်လိုက်၏။

“ဟောဒီမှာ တွေ့ပြီ . . . ”

သူက ဓားနှင့်တပါတည်း ခုန်ထွက်၍ ချုံဖုတ်ထဲသို့ ထိုးစိုက်လိုက်တော့၏။ အတော်ပင် ရက်စက်သော အပြုအမူပင်တည်း။ ဘုန်းတော်ကြီးဖန်းဆန်းက အော်ဟစ်ကာ တားမြစ်လိုက်၏။

“ရိကော့ . . . မလုပ်နဲ့ . . . ”

ထိုအခိုက်မှာပင် ရိကော့တယောက် အော်ဟစ်ရင်း လွင့်ပျံထွက်လာတော့၏။ သူ့မျက်နှာတွင် သွေးစီကြောင်းများ ပြည့်နှက်နေသည်။

မျက်နှာတွင် စုတ်ပြဲနေသည်။ လက်သည်းများနှင့် ကုတ်ခြစ်ထားသည့် ပုံနှယ်တည်း။

ရိကော့မှာ တချက်မျှတုန်ခါသွားပြီး သတိမေ့သွားတော့၏။

ရှင်းကော့နှင့် ဘုန်းကြီးကြွယ်ရက်တို့မှာ ဒေါသထွက်လာကြပြီး သူတို့၏ ဓားများကိုထုတ်ကာ ချုံဖုတ်ထဲသို့ ခုန်အုပ်ရန် ဟန်ပြင်လိုက်တော့၏။

သို့သော် . . . ဘုန်းတော်ကြီးဖန်းဆန်းက လက်နှစ်ဖက်ကို ဆန့်တန်းတားမြစ်လိုက်၏။ ပြီးမှ ချုံဖုတ်သို့ လှမ်းကြည့်ကာ ရင့်ကျက်တည်ငြိမ်သော လေသံဖြင့် ပြောကြားတော့သည်။

“မဟူရာ တောင်ကုန်းမှ ဒကာကြီးများ . . . ”

ချုံဖုတ်အတွင်းမှ မည်သည့်တုံ့ပြန်သံမျှ မကြားရ။ ဘုန်းတော်ကြီးဖန်းဆန်းက ဆက်၍ . . .

“ရှောင်လင်ဂိုဏ်းဟာ ဒကာတို့ရဲ့ မဟူရာတောင်ကုန်းကလူတွေနဲ့ ဘာရန်ငြိုးမှ မရှိခဲ့ဘူး။ အခုဘာဖြစ်လို့ ဘုန်းကြီးရဲ့ တူလေးကို ဒဏ်ရာရအောင် တိုက်ခိုက်လိုက်ရတာလဲ . . . ”ဟု မေးလိုက်ပြန်သည်။

လင့်ဟူချုံး၏ စိတ်ထဲတွင်မူ

“ဆရာတော်ကြီး ဖန်းဆန်းက ‘မဟူရာတောင်ကုန်း’ ၊ ‘မဟူရာတောင်ကုန်း’ နဲ့ တဖွဖွပြောနေတာပဲ။ ဘယ်က မဟူရာတောင်ကုန်းလဲ။ ဒီနာမည်ကို ငါလည်း တခါမှ မကြားဖူးပါဘူး။ ဘာအဖွဲ့လည်း မသိဘူး . . . ”ဟု တွေးနေမိ၏။

ထိုစဉ် ဘုန်းတော်ကြီးဖန်းဆန်းက ဆက်လက်၍ . . .

“ဘုန်းကြီးအနေနဲ့ တချိန်တုန်းက ဒကာတို့ရဲ့ ဂိုဏ်းချုပ် ‘တုံးဖန်းပု’ နဲ့ တခါတွေ့ဆုံဖူးတယ်။ အခု ဒကာက ငါတို့ရှောင်လင်ဂိုဏ်းသားတယောက်ကို ထိခိုက်ဒဏ်ရာရအောင် လုပ်လိုက်ပြီဆိုတော့ ဒီကိစ္စကို ထွက်ပြီးဖြေရှင်းဖို့ ဘုန်းကြီးက တောင်းဆိုတယ် . . . ”ဟု ပြောလေတော့၏။

လင့်ဟူချုံးမှာ ရင်ထိတ်သွားတော့၏။

“ဂိုဏ်းချုပ်ကြီး ‘တုံးဖန်းပု’ ဆိုတာ မကောင်းဆိုးဝါးဂိုဏ်းချုပ်ကြီး ‘တုံးဖန်းပု’ ကို ပြောနေတာပဲ ဖြစ်ရမယ်။ ဒီလူက သိုင်းလောကမှာ သိုင်းပညာ အတော်ဆုံးလို့ ပြောသံကြားရတယ်။ ဘွားဘွားကလည်း ဒီမကောင်းဆိုးဝါးဂိုဏ်းကလူများ ဖြစ်နေမလားမသိဘူး . . . ”

သို့သော် ချုံဖုတ်ထဲမှ ဘွားဘွားက လုံးဝမဖြေ။ ဘုန်းတော်ကြီးဖန်းဆန်းက . . .

“ကောင်းပြီ။ မင်းထွက်မလာရင် ဘုန်းကြီးကလည်း ထွက်လာအောင် လုပ်ရတော့မှာပေ့ါ . . . ”

ဘုန်းတော်ကြီး ဖန်းဆန်းသည် သူ၏လက်နှစ်ဖက်ကို ရှေ့သို့ ဆတ်ခနဲ ဆန့်တန်းတွန်းထုတ်လိုက်တော့၏။ ထိုအခါ

ချုံဖုတ်အတွင်းရှိ သစ်ကိုင်းသစ်ခက်များမှာ ပြင်းထန်လှသော အားလှိုင်း၏အရှိန်ကြောင့် ကျိုးပြတ်လွင့်စင် ထွက်လာတော့၏။

လူရိပ်တခုကလည်း ချုံဖုတ်အတွင်းမှ 'ဝုန်း' ခနဲ ခုန်ထွက်လာတော့သည်။

လင့်ဟူချုံးမှာ ဘွားဘွားက မည်သည့်အခြေအနေ၌မဆို သူမအား မကြည့်ရဟူသော တားမြစ်ချက်နှင့် သူ၏ကတိကို သတိရလိုက်သဖြင့် လုံးဝမကြည့်တော့ဘဲ ကျောပေးထားလိုက်တော့၏။

ထိုစဉ် ရှင်းကော့နှင့် ကြွယ်ရက်ဘုန်းကြီးတို့၏ မာန်သွင်းအော်ဟစ်သံများကို ကြားလိုက်ရပြီး လက်နက်ချင်း ရိုက်ခတ်သံများကိုလည်း ကြားလိုက်ရသည်။ ဘွားဘွားသည် နှစ်ယောက်တယောက် တိုက်ခိုက်နေဟန်တူသည်။

လင့်ဟူချုံးမှာ အလွန်စိုးရိမ်သောက ရောက်နေ၏။ တိုက်ပွဲအခြေအနေကို ကြည့်ချင်သော်လည်း သူ့ကတိကြောင့် လှည့်မကြည့်ရဲဘဲ ဖြစ်နေတော့၏။ လင့်ဟူချုံးက အော်ဟစ်လိုက်သည်။

"အေးအေးဆေးဆေး ဖြေရှင်းကြပါလား . . . ခင်ဗျားတို့က ယောကျ်ားကြီးတွေဖြစ်ပြီး ဘာဖြစ်လို့ ဒီလောက် အသက်ကြီးနေတဲ့ အဘွားကြီးကို နှစ်ယောက်တယောက် ဝိုင်းတိုက်နေကြရတာလဲ . . . "

ရှင်းကော့က ခနဲ့ပြုံးပြုံးရင်း . . .

"ဟေ့ကောင် . . . မင်းဘာတွေ ကယောင်ကတမ်းနဲ့ အော်နေတာလဲ၊ဘယ်မှာလဲ အဘွားကြီး။ ဟင်း . . . ဒီကောင် အိပ်မက်မက်နေတာနဲ့တူတယ် . . . " ဟု ပြောလိုက်တော့၏။ သူ့စကားမဆုံးခင်မှာပင် ဘုန်းတော်ကြီးဖန်းဆန်းက အော်၍ သတိပေးလိုက်၏။

"ရှင်းကော့ . . . သတိထား . . . "

ရှင်းကော့ထံမှ 'အား' ခနဲ တချက်အော်သံ ကြားလိုက်ရ၏။ ဒဏ်ရာရသွားဟန်တူ၏။

လင့်ဟူချုံးက သူ၏ဘွားဘွားကို ချီးကျူးမိသည်။ သူ့စိတ်ထဲတွင် . . .

"အင်း . . . ဘွားဘွားရဲ့ပညာက တယ်ကောင်းပါလား။ နှစ်ယောက်တယောက်တောင် နိုင်အောင်ပြိုင်နိုင်တယ် . . ."

ထိုအခိုက်မှာပင် ဘုန်းကြီးကြွယ်ရက်၏ အော်သံကို ကြားလိုက်ရပြန်၏။ ယခုအခါ ဘုန်းတော်ကြီးဖန်းဆန်း ကိုယ်တိုင်ဝင်ရောက် တိုက်ခိုက်နေလေပြီ။

ဘုန်းတော်ကြီးဖန်းဆန်းက လက်နက်ကို ကိုင်ဆွဲအသုံးပြုဟန်တူ၏။

ထိုလက်နက်၏ လေတိုးသံကိုသာ ကြားနေရပြီး မည်သည့်လက်နက်ဖြစ်သည်ကို လုံးဝမခန့်မှန်းနိုင်ခဲ့ချေ။

များမကြာမီပင် ဘွားဘွား၏ ပြင်းထန်သော အသက်ရှူသံကို ကြားလာရတော့သည်။

ဘုန်းတော်ကြီးဖန်းဆန်းက . . .

"ဒကာမ . . . မင်းရဲ့အတွင်းအားက ဘုန်းကြီးရဲ့အတွင်းအားကို မယှဉ်နိုင်ဘူး။ မင်းလက်နက်ချပြီး ဘုန်းကြီးနဲ့အတူ ရှောင်လင်ဘုရားကျောင်းကို လိုက်ခဲ့ပါ။ နို့မို့ရင် မင်းမှာ အတွင်းဒဏ်ရာ ရသွားလိမ့်မယ်"

ရုတ်တရက် အားခနဲ အော်သံတချက် ကြားလိုက်ရပြီး သူ၏ လည်ကုပ်အပေါ်သို့ ရေစက်အချို့ ကျရောက်လာသကဲ့သို့ ခံစားလိုက်ရသဖြင့် လက်ဖြင့်စမ်းကြည့်လိုက်မိ၏။

"အလို . . . သွေးတွေပါလား . . . "

သူ့လည်ကုပ်ပေါ်သို့ ရောက်ရှိလာသည်များမှ ရေမဟုတ်ချေ။ သွေးစက်များဖြစ်သည်။

ဘုန်းတော်ကြီးဖန်းဆန်းက . . . " ကဲ . . . မင်း ဒဏ်ရာရသွားပြီ ။ ဆက်ပြီး မခုခံပါနဲ့တော့ . . . "

လင့်ဟူချုံး၏ နားထဲတွင် ဘွားဘွား၏ အသက်ရှူသံမှာ ပြင်းထန်သည်ထက် ပြင်းထန်လာသည်ကို ကြားနေရ၏။ ခြေလှမ်းများ ယိမ်းထိုးနေသည်ကိုလည်း ခြေသံအရ သိနေရသည်။ အချိန်မရွေးလဲကျ သွားနိုင်နေပေပြီ။

လင့်ဟူချုံး၏ စိတ်ထဲတွင် . . .

"ဘွားဘွားက ငါ့ကိုစောင့်ရှောက်ဖို့ ခေါ်လာတာ။ ငါက ဒီလို ကျောခိုင်းနေလို့ ဘယ်ဖြစ်တော့မှာလဲ။ ဘွားဘွားရဲ့ ကျေးဇူးတွေကလည်း ငါ့အပေါ်ရှိနေတယ်။ ဘုန်းတော်ကြီးဖန်းဆန်းလို သက်တော်ဝါတော်ကြီးတဲ့ ဘုန်းကြီးမျိုးက ဘွားဘွားကို ဒဏ်ရာရတဲ့အထိ တိုက်ခိုက်နေတာတော့ မတရားဘူး။ ငါလည်း လက်ပိုက်ပြီး ကြည့်မနေနိုင်ဘူး . . . "

သူက ဓားကိုဆွဲထုတ်လိုက်ပြီး အသံကိုမြှင့်၍ အော်လိုက်လေ၏။

"ဆရာတော်ကြီးဘုရား . . . တပည့်တော် ဘွားဘွားဘက်က တိုက်ခိုက်ပေးရပါမယ်။ ဘွားဘွားရဲ့ ကျေးဇူးတွေကလည်း တပည့်တော်အပေါ်မှာ ရှိနေခဲ့ပါတယ် . . . "

ထိုအခိုက်မှာပင် ဘွားဘွားမှာ ဘုန်းတော်ကြီးဖန်းဆန်း၏ လက်ဝါးရိုက်ချက်တချက်ကို 'ဖြန်း' ခနဲ

အရိုက်ခံလိုက်ရပြီး လင့်ဟူချုံး၏ အနောက်သို့ လွင့်စင်လာ၏။ သူမမှာ ပြိုလဲကျတော့မည်ကဲ့သို့ ဖြစ်နေသဖြင့် လင့်ဟူချုံး၏ နောက်ကျောသို့ အားပြုဆုပ်ကိုင် ထားလိုက်ရသည်။

လင့်ဟူချုံးသည် ချက်ချင်းပင် သူ၏ကိုယ်ကို တပတ်လှည့်လိုက်ပြီး ဘုန်းတော်ကြီးဖန်းဆန်းကို ရင်ဆိုင်လိုက်တော့၏။ ဓားကိုလည်း လှစ်ခနဲ တချက်ထိုးသွင်းလိုက်သည်။ ဘုန်းတော်ကြီးဖန်းဆန်းက နောက်တလှမ်း ဆုတ်သွားသည်။

လင့်ဟူချုံးသည် ဘုန်းတော်ကြီးဖန်းဆန်း၏ လက်ထဲမှ လက်နက်ကို တွေ့ရသောအခါ ရုတ်တရက် ငေးကြောင်မင်သက်မိသွားတော့၏။ သုံးပေခန့်ရှည်သော တုတ်တချောင်းဖြစ်နေသည်။

သူ့စိတ်ထဲတွင် . . . “ ဘုန်းတော်ကြီးဖန်းဆန်းရဲ့ အတွင်းအားသိုင်းက သိပ်ကောင်းနေတော့၊ ငါသူ့ကို ဘယ်လိုမှ ယှဉ်နိုင်မှာ မဟုတ်ဘူး။ ဒီတော့ ဓားသိုင်းပညာနဲ့ပဲ ဘွားဘွားကိုကယ်ဖို့ ကြိုးစားရတော့မှာပဲ . . . ”

ဤကဲ့သို့ ဆုံးဖြတ်ပြီးသည်နှင့် သူ၏ဓားကို စတင်လှုပ်ရှားတော့၏။ သူ့ဆရာဘိုးဘိုး၏ ‘ဇကရာဇ် ကိုးကွက်’ ဓားသိုင်းပညာကို အသုံးပြုတော့သည်။ လင့်ဟူချုံးထံမှ ဤဓားကွက်များ ထွက်လာသောအခါ ဘုန်းတော်ကြီးဖန်းဆန်းမှာ အကြီးအကျယ်တုန်လှုပ်သွားတော့၏။

“မင်း . . . မင်း . . . ”

လင့်ဟူချုံးမှာ သူ၏ဓားကွက်များကို လုံးဝမရပ်ဆိုင်းရဲ ။ မိမိအား ဘုန်းတော်ကြီးဖန်းဆန်းက အတွင်းအားဖြင့် ရိုက်ထုတ်နိုင်သော အချိန်ကလေး အနည်းငယ်မိရုံဖြင့် မိမိမရှုမလှ ရှုံးနိမ့်သွားရပေမည်။

ထို့ကြောင့်သူက သူ့စိတ်စေရာ ဓားသိုင်းကွက်များကို ရေစီးပမာ တကွက်ပြီးတကွက် ဆက်တိုက်ထုတ်နေတော့သည်။

ဤ ‘ဇကရာဇ် ကိုးကွက်’ မှာ ဓားသိုင်းပညာ၏ အထွတ်အထိပ်ဖြစ်၍ လင့်ဟူချုံးသာ သူ၏အတွင်းအားကို ထုတ်၍ တိုက်ခိုက်နိုင်လျှင် ဘုန်းတော်ကြီး ဖန်းဆန်းကဲ့သို့သော သိုင်းပညာရှင်မျိုးကို ဆယ်ကွက်အတွင်း အနိုင်ယူ တိုက်ခိုက်နိုင်သည်။

လင့်ဟူချုံးမှာ စိတ်သွားတိုင်း ကိုယ်မပါပဲ ဖြစ်လာတော့သည်။ တိုက်ခိုက်ရင်း သူ၏ လက်မောင်းများမှာ အားမရှိဘဲ ဖြစ်လာသဖြင့် သူ၏ဓားသည်လည်း ပျော့ကျလာတော့၏။

ထိုစဉ် ဘုန်းတော်ကြီးဖန်းဆန်းက မာန်သွင်း၍ အော်ဟစ်လိုက်ကာ လက်ထဲမှတုတ်ဖြင့် လင့်ဟူချုံး၏ ဓားကိုင်ထားသောလက်မောင်းကို ရိုက်ချပြီး၊ ဘယ်လက်ဝါးက လင့်ဟူချုံး၏ရင်ဝကို ရိုက်ချလိုက်သည်။

လင့်ဟူချုံးကလည်း သူ၏ဓားကို တန်းနေအောင် ထိုးလိုက်သည်။ သို့သော်အားပြတ်နေသဖြင့် ဓားမှာ လမ်းတဝက်မှ ငိုက်ကျသွားတော့၏။

အကယ်၍ အခြားသူတယောက်ဆိုလျှင် မိမိ၏ ပျော့ညံ့သော ဟာကွက်ကြီးအတွက် ကယောင်ကတန်းဖြစ်၍ ရှုံးနိမ့်သွားကောင်း ရှုံးနိမ့်သွားပေလိမ့်မည်။

လင့်ဟူချုံးကမူ ‘ဇကရာဇ် ကိုးကွက်’ ကို လေ့ကျင့်သင်ကြားထားသည်ဖြစ်၍ ကြုံရာကြရာ ဓားကွက်ကို လိုသလို ဆက်သုံးသွားနိုင်သည်။ ထို့ကြောင့် သူ၏ဓား ငိုက်ကျလာသော်လည်း သူက ရှေ့သို့သာဆက်၍ ထိုးထည့်လိုက်တော့သည်။

လင့်ဟူချုံး၏ အားပြတ်နေမှုကြောင့် အနည်းငယ်နောက်ကျသွားသည်။

ဘုန်းတော်ကြီးဖန်းဆန်း၏ လက်ဝါးက လင့်ဟူချုံး၏ ရင်ဘတ်ကို လာရောက်ထိကပ်လာ၏။

တချိန်တည်းမှာပင် လင့်ဟူချုံး၏ဓားဦးက ဘုန်းတော်ကြီးဖန်းဆန်း၏ ရင်ဝသို့ ထိုးစိုက်သွားသည်။

လင့်ဟူချုံးက မိမိမှာ ဘုန်းတော်ကြီး၏ လက်ဝါးအရိုက်ခံလိုက်ရသည်နှင့် သေရမည်ကို သိသည်။

မိမိမှာ နဂိုကတည်းက သက်ဆိုးရှည်မည့်သူမဟုတ်ဟု စိတ်လျှော့ထားသူဖြစ်ရာ သေသေကျေကျေ ဆိုသည့်စိတ်ဖြင့် သူသေ၊ ကိုယ်သေ စိတ်မျိုးထား၍ ဓားကို ထိုးသွင်းလိုက်ပါက ဘုန်းတော်ကြီးမှာ မိမိနှင့်အတူလိုက်၍ သေဆုံးရပေလိမ့်မည်။

ဤကဲ့သို့သော ဘုန်းတော်ကြီးမျိုး လုံးဝမသေသင့်။ မိမိကမူ အကြောင်းမဟုတ်တော့။

ထို့ကြောင့် သူ၏ဓားကို ဆက်မထိုးတော့ဘဲ ချက်ချင်းပြန်ရုပ်လိုက်သည်။ ဤမျှ ချက်ချင်းရုပ်သည့်တိုင် ဓားဖျားကလေး အနည်းငယ် စိုက်ဝင်သွားသေး၏။

ထိုစဉ် ဘုန်းတော်ကြီးဖန်းဆန်းကလည်း သူ၏လက်ဝါးဖြင့် လင့်ဟူချုံး၏ ရင်ဝကို ထိကပ်သွားသည့်တိုင်

လင့်ဟူချိုး၏ သိုင်းပညာကို နမြောသဖြင့် အတွင်းအားကို မထုတ်ဘဲ ချက်ချင်းပြန်ရုပ်လိုက်သည်။

တဦးမေတ္တာ တဦးမှာ ဆိုသည့်အတိုင်း တဦးကိုတဦးက နစ်နာမည်စိုးရိမ်ပြီး ရုပ်သိမ်းလိုက်ကြရာ နှစ်ဦးစလုံး တပြိုင်တည်း ရုပ်သိမ်းမိလျှက်သား ဖြစ်သွားကြ၏။

လင့်ဟူချိုးမှာ အားတင်းကြိုးစားလျက် သူ၏ဓားကို နောက်သို့ ပြန်ရုပ်လိုက်ခြင်းဖြစ်ရာ အားလွန်၍ နောက်သို့လဲကျသွားတော့၏။

ချက်ချင်းပင် အတွင်းဒဏ်ရာ ပြန်ပေါ်လာပြီး 'ဝေါ' ခနဲ သွေးများထွက်နေခြင်းသာ ဖြစ်ကြောင်း တွေ့ရသည်။

ဤဒဏ်ရာမျိုးမှာ အပေါ်ယံဒဏ်ရာလိမ်းဆေး လိမ်းလိုက်ရုံမျှဖြင့် ပျောက်ကင်းနိုင်ပေသည်။

ဘုန်းတော်ကြီးဖန်းဆန်းက . . .

"တကယ်ကောင်းတဲ့ ဓားသိုင်းပါလား။ မင်းသာ လက်ကိုပြန်မရုပ်လိုက်ရင် ငါအခုချိန်မှာ စကားပြောနိုင်တော့မှာ မဟုတ်ဘူး "

မည်မျှ တရားပြည့်ဝ နှလုံးလှသော ဘုန်းတော်ကြီးပါနည်း။

သူ၏လက်ဝါးကို အတွင်းအားမထုတ်ဘဲ ပြန်ရုပ်သိမ်းလိုက်သည့် အချက်ကိုတော့ လုံးဝထည့်မပြောချေ။

မိမိ စိတ်ရင်း၊ စေတနာကောင်းကို မဖော်၊ တပါးသူ၏ စိတ်ကောင်း၊ စေတနာကောင်းကိုသာ ထုတ်ဖော်ချီးကျူး သည်။

လင့်ဟူချိုးမှာမူ အခြေအနေ ဆိုးဝါးလျက် ရှိနေလေပြီ။ မြေကြီးပေါ်တွင် လေးဘက်ထောက် ငြိမ်သက်လျက်ရှိသည်။

သူ၏ ဦးခေါင်းကိုပင် မမော့နိုင်တော့ပဲ ချည့်နဲ့ပင်ပန်းသော လေသံဖြင့် ခက်ခဲစွာ ပြောလိုက်သည်။

"ဆ . . . ဆ . . . ဆရာတော် . . . ဘုရားကို အခုလိုထိခိုက်မိအောင် စော်. . . စော်ကားခဲ့တဲ့ တပည့် . . . တပည့်အမိုက်အမဲကို ခွင့် . . . ခွင့်လွှတ်တော်မူပါဘုရား . . . "

ဖန်းဆန်းဆရာတော်ကြီးက ပြုံး၍ . . .

"လင့်ဟူချိုး . . . ဘာမှ စိတ်မကောင်း ဖြစ်မနေပါနဲ့တော့ ။ အင်း . . . ဝါဆန်းဂိုဏ်းရဲ့ ဆရာကြီး ဖုန်းချင်းရဲ့ ဓားသိုင်းပညာ အဆီအနှစ်ကို ဒီခေတ်ထဲမှာ တတ်ကျွမ်းတဲ့လူ ရှိသေးသကိုး။ ဘုန်းကြီးငယ်ငယ်တုန်းက ဆရာကြီး ဖုန်းချင်းရဲ့ ကျေးဇူးပြုချင်းကို ခံခဲ့ဖူးပါတယ် . . . ဒီနေ့ကိစ္စကိုတော့ ဘယ်သူမှန်တယ်၊ ဘယ်သူမှားတယ်လို့ ဘုန်းကြီးလဲ မဆုံးဖြတ်တတ်ဘူး . . . "

စကားကို ခေတ္တဖြတ်၍ အိတ်ထဲမှ ဆေးလုံးနှစ်လုံးကို နှိုက်ယူလိုက်ပြီး . . .

"ဒါက ဘုန်းကြီးတို့ရဲ့ ရှောင်လင်ဂိုဏ်းက ဒဏ်ကြေဆေးဘဲ . . . မင်းတလုံးစားလိုက်။ လုံးဝ မပျောက်ရင်တောင် ရတ်တရက်ခံစားနေရတဲ့ ဝေဒနာတွေ လျော့ပါးသွားနိုင်တယ် . . . နောက်တလုံးကိုတော့ ဟိုဒကာမကို ပေးလိုက်ပါ " ဟု ပြောလိုက်၏။

စကားဆုံးသည်နှင့် ဒဏ်ရာရထားသော ရှင်းကော့နှင့် ကြွယ်ရက်တို့ကို ပြန်ရန် အချက်ပြလိုက်ပြီး သူကိုယ်တိုင်ကမူ ရိကော့ကို ပွေ့ချီ၍ပြန်ရန် ဟန်ပြင်လိုက်၏။

ထိုစဉ် ရတ်တရက် နောက်သို့ ပြန်လှည့်လိုက်ပြီး . . .

"လင့်ဟူချိုး . . . မင်းက ဆရာကြီးဖုန်းချင်းရဲ့ နောက်ဆက်တပည့်ဆိုတော့ မကောင်းဆိုးဝါးဂိုဏ်းကတော့ ဘယ်နည်းနဲ့မှ မဟုတ်နိုင်ဘူး . . . မင်းမှာ သနားကြင်နာတတ်တဲ့ စိတ်ရှိတယ် . . . မင်းလိုလူမျိုးဟာ ဘယ်တော့မှ အသက်မတိုဘူး . . . မင်းကိုယ်ထဲမှာ ရှိနေတဲ့ ထူးဆန်းတဲ့ဒဏ်ရာကို ကုသနိုင်ဖို့ကတော့ တော်တော့်ကို အဆင့်အတန်းမြင့်တဲ့ သိုင်းပညာကို တတ်ကျွမ်းမှ ဖြစ်လိမ့်မယ် . . . "

"ဘုန်းကြီးရဲ့ သဘောကတော့ မင်း ရှောင်လင်ဘုရားကျောင်းကို လိုက်ခဲ့စေချင်တယ် . . . ဘုန်းကြီးက ဂိုဏ်းချုပ် ဆရာတော်ကြီးကို အကြောင်းစုံလျှောက်ထားတင်ပြပြီး မင်းကို ဘုန်းကြီးတို့ ရှောင်လင်ဂိုဏ်းရဲ့ အဆင့်မြင့်ဆုံး အတွင်းအားသိုင်းပညာကို သင်ကြားပေးဖို့ လျှောက်ထားပေးမယ် . . . ဒါမှ မင်းရဲ့အတွင်းဒဏ်ရာကို ကုသနိုင်မှာ"

သူက သက်ပြင်းတချက်ချလိုက်ပြီး ဆက်ပြောလိုက်သည်။

"ဒါတွေက ဘုန်းကြီးရဲ့ သဘောကိုသာပြောနေတာနော် . . . ဒါပေမယ့် ဂိုဏ်းချုပ်ဆရာတော်ကြီးက သဘောတူမယ်၊ မတူဘူးဆိုတာကိုတော့ ဘုန်းကြီးလည်း အတိအကျ မပြောရဲဘူး . . . "

လင့်ဟူချိုးမှာ မျက်ရည်ကျမိမတတ် ဖြစ်သွားတော့၏။ စေတနာ မေတ္တာတရား ကြီးမားလှသော ဆရာတော်ကြီး ပါပေ။

"ဆရာတော်ကြီးရဲ့ စေတနာကို တပည့်တော် ကျေးဇူးတင်လှပါတယ် ဘုရား . . . ဒီက ဘွားဘွားကို လုံခြုံ စိတ်ချရတဲ့နေရာ ပို့ပြီးရင် တပည့်တော်ရဲ့တာဝန် ပြီးဆုံးပါပြီ . . . အဲ့ဒီအခါမှာ ဆရာတော်ကြီးဆီကို တပည့်တော် အရောက်လာခဲ့ပါ့မယ်ဘုရား . . . "

ဘုန်းတော်ကြီး ဖန်းဆန်းက အလွန်အံ့သြသွားဟန်ဖြင့် . . .

"မင်းကသူ့ကို ဘွားဘွားလို့ခေါ်တယ် ဟုတ်လား . . . မင်းက အထက်လမ်းဂိုဏ်းသားတယောက်ပဲ . . . အောက်လမ်းဂိုဏ်းသားတွေနဲ့ အပေါင်းအသင်း အသွားအလာ မလုပ်ပါနဲ့ " ဟု တားမြစ်စကား ပြောကြားလေတော့၏။ စကားဆုံးသည်နှင့် လှည့်ထွက်သွားတော့သည်။

ထိုအခါ ဘွားဘွား၏ နောက်ဘက်မှ ပြောလိုက်သည့်အသံကို ကြားလိုက်ရသည်။

"လင့်ဟူချုံး . . . မင်းဒီဘုန်းကြီးနဲ့ လိုက်သွားလေ . . . သူက မင်းရဲ့ဒဏ်ရာကို ပျောက်အောင် ကုသပေးနိုင်တယ်လို့ ပြောတယ်မဟုတ်လား . . . ရှောင်လင်ဘုရားကျောင်းရဲ့ အတွင်းအားက သိုင်းလောကမှာ အကောင်းဆုံးပဲ . . . မင်းက ဘာဖြစ်လို့ လိုက်မသွားတာလဲ . . . "

လင့်ဟူချုံးက . . ." ဘယ် . . . ချက်ချင်းလိုက်သွားလို့ ဖြစ်မလဲ . . . ဘွားဘွားကို ခရီးတထောက် ဆုံးတဲ့အထိ လိုက်ပို့မယ်လို့ ကျွန်တော်ကတိပေးထားတယ် မဟုတ်လား . . . "

"မင်းကိုယ်မှာ ဒီလောက် ဒဏ်ရာကြီး ရထားရဲ့နဲ့များ ငါ့ကို လိုက်စောင့်ရှောက်အုံးမယ် . . . ဟုတ်လား "

"ဟားဟားဟား . . . ဘွားဘွားမှာလည်း ဒဏ်ရာရထားတာပဲ . . . ဘယ်သူက ပိုခံနိုင်ရည်ရှိသလဲ ဆိုတာ စမ်းသပ်ကြည့်ကြတာပေါ့ ဘွားဘွားရဲ့ . . . "

"လင့်ဟူချုံး . . . ငါက မကောင်းဆိုးဝါးဂိုဏ်းက အောက်လမ်းဂိုဏ်းသား၊ မင်းက အထက်လမ်းဂိုဏ်းကလူ . . . ငါနဲ့ အပေါင်းအသင်း အသွားအလာ မလုပ်နဲ့ . . . တော်တော်ကြာ မင်းရဲ့ဂုဏ်သိက္ခာ ထိခိုက်နေအုံးမယ် . . . "

"ဟားဟားဟား . . . ကျွန်တော်က နဂိုကတည်းက သိက္ခာမှမရှိတာ . . . သူများတွေ ဘာပြောပြော ကျွန်တော် အရေးမစိုက်ပါဘူး။ ဘွားဘွားက ကျွန်တော့်အပေါ် အင်မတန်ကောင်းခဲ့တဲ့ ဥစ္စာ . . . ဘွားဘွား ဒဏ်ရာရနေတုန်း ကျွန်တော်ထွက်သွားရင် ဘယ်လူဟုတ်တော့မလဲ . . . "

"ဒါဖြင့် တကယ်လို့ ငါဒဏ်ရာမရထားရင် မင်းကငါ့ကို ပစ်ပြီး သွားတော့မှာပေ့ါ ဟုတ်လား . . . "

လင့်ဟူချုံးက အော်ဟစ်ရယ်မောလိုက်ပြန်ကာ . . .

"ကျွန်တော်က ဘွားဘွား ပျင်းနေမှာကိုပဲ စိုးရိမ်နေတာ . . . ဘွားဘွားကသာ မပျင်းဘူးဆိုရင် ဘွားဘွားကို အဖော်လုပ်ပြီး အမြဲတမ်း စကားပြောပေးမှာပါ . . . ဒါပေမယ့် ကျွန်တော်က လူလိမ္မာ လူယဉ်ကျေးမဟုတ်ဘူး လူရိုင်း . . . ကိုယ်နေချင်သလိုနေ . . . ကိုယ်ပြောချင်သလို ပြောတတ်တဲ့လူ . . . တော်ကြာ သုံးလေးရက်လည်း ကြာရော ဘွားဘွားက စကားမပြောချင်ပဲနဲ့တောင် ဖြစ်သွားလိမ့်ဦးမယ် . . . "

လင့်ဟူချုံးက ရှောင်လင်ဆေးလုံးတလုံးကိုယူ၍ ဘွားဘွားကို ကမ်းပေးလိုက်သည်။

"ဟိုဘုန်းတော်ကြီးက တကယ့်ကို သဘောထားကြီးတဲ့ ဘုန်းတော်ကြီးပဲ . . . ဘွားဘွားက သူ့ရဲ့တပည့်လေးတွေ အားလုံး ဒဏ်ရာရအောင် လုပ်ထားပေမယ့် သူတို့ဂိုဏ်းရဲ့ ဒဏ်ကြေဆေးလုံးကိုတော့ ပေးခဲ့သေးတယ် . . . "

"ဒါက သူတို့အထက်လမ်းဂိုဏ်းကလူတွေရဲ့ သူတော်ကောင်းဟန်ပန်လေ . . . ငါကတော့ ဒါမျိုးကို ကြည့်လို့ကို မရဘူး . . . "

"ဘွားဘွား ဒီဆေးလုံးကို သောက်လိုက်ပါ . . . ကျွန်တော်သောက်လိုက်တာ အတော့်ကို သက်သာသွားတယ် . . ."

ဘွားဘွားထံမှ မည်သည့် တုံ့ပြန်သံမျှ မကြားရ။ ထို့ကြောင့် လင့်ဟူချုံးက . . ." ဘွားဘွား . . . "

ထိုအခါ ဘွားဘွားက ရုတ်တရက် အော်တော့၏။

"အခု ဒီတောထဲမှာ မင်းနဲ့ငါနဲ့ နှစ်ယောက်တည်းရှိတာ ဘယ့်နှယ် တချိန်လုံး ဘွားဘွား . . . ဘွားဘွားနဲ့ နားကိုငြီးနေတာပဲ။ နည်းနည်းလောက် လျှော့ခေါ်လို့ မရဘူးလား . . . "

လင့်ဟူချုံးက ရယ်လျက် . . .

"လျှော့ခေါ်လို့ ရပါတယ်။ ဘွားဘွားက ဘာဖြစ်လို့ ဒီဆေးလုံးကို မစားရတာလဲ . . . "

"မင်းက ရှောင်လင်ဂိုဏ်းရဲ့ ဆေးလုံးကောင်းတယ်ဆိုတော့ ငါပေးတဲ့ ဆေးလုံးကတော့ မကောင်းဘူးပေါ့ ဟုတ်လား . . . "

လင့်ဟူချုံးက ကပျာကယာ ရှင်းပြသည်။

"ဟာ . . . မဟုတ်ရပါဘူး . . . ဘွားဘွား ဆေးကလည်း ကောင်းပါတယ် . . . ဒီ ရှောင်လင်ဆေးကလည်း ကောင်းတာပါပဲ . . . ဒီဆေးလုံးစားဖို့ ပြောနေတာက လမ်းလျှောက်ရင် ပိုပြီး အားရှိသွားအောင်ပါ . . . "

ထိုအခါ ဘွားဘွားက . . .

"ဘာလဲ . . . မင်းက ငါ့ကိုစောင့်ရလို့ စိတ်မရှည်တော့ဘူးပေါ့ ဟုတ်လား . . . ဒီလိုဆိုရင် မင်းဘာသာ တယောက်တည်း သွားပေတော့ . . . ငါကမင်းကို ဆွဲမထားဘူး . . . "

လင့်ဟူချုံး၏ စိတ်ထဲတွင် . . .

"ဒီနေ့ ဘာဖြစ်လို့ ဘွားဘွားက ဒီလောက် ဒေါသကြီးနေရတာလဲ မသိဘူး . . . ဟုတ်ပြီ . . . ဟုတ်ပြီ . . . သူ့ဒဏ်ရာရထားတော့ မအီမသာဖြစ်ပြီး ဒေါသကြီးနေတာ ဖြစ်ရမယ် . . . "

ဤသို့ တွေးလိုက်မိသဖြင့် ရယ်မောရင်း . . .

"ကျွန်တော်လည်း အခုအချိန်မှာ တလှမ်းတောင် မလျှောက်နိုင်ဘူး . . . လျှောက်ချင်တာတောင် လျှောက်လို့မရဘူး . . . နောက်ပြီး ဟဲဟဲဟဲ . . . "

ဘွားဘွားက ဒေါသသံဖြင့် ငေါက်လိုက်၏။

"ဘာ . . . ဟဲ . . . ဟဲ . . . ဟဲ လဲ . . . "

လင့်ဟူချုံးက ထပ်မံရယ်မောပြီး . . .

"ဘွားဘွားကလည်း ဟဲ . . . ဟဲ . . . ဟဲ ဆိုတာ ရယ်တာပေါ့ ။ ကျွန်တော် လမ်းလျှောက်နိုင်တာတောင် ဘွားဘွားမလိုက်ဘူးဆိုရင် ကျွန်တော်လည်း မသွားဘူးလို့ ပြောမလို့ပါ . . . "

သူ့အနေဖြင့် ဘွားဘွားကို ရိုရိုသေသေဆက်ဆံခဲ့သည်။ သို့သော် အလကားနေရင်း ဒေါသထွက်နေသည်ကို တွေ့ရသောအခါ သူက နောက်ချင်ပြောင်ချင်စိတ် ပေါ်လာတော့၏။

သို့သော် သူက ရယ်ရွှမ်းပတ်ရွှမ်းပြောနေသော်လည်း ဘွားဘွားက စိတ်မဆိုး။ စကားသံလည်း မကြားရ။ မည်သည့်အကြောင်းများကို စဉ်းစားတွေးတောနေသည် မသိပေ။ ထို့ကြောင့် . . .

"ဘွားဘွား . . . "

"လာပြန်ပြီ ဘွားဘွား . . . မင်းတသက်မှာ ဘွားဘွားဆိုတဲ့ စကားလုံးကို တခါမှ မခေါ်ဖူးဘူးနဲ့တူတယ်။ . . . ဘယ့်နှယ် ဒီလောက်မငြီးမငွေ့ ခေါ်နေရတာလဲ . . . "

လင့်ဟူချုံးက ရယ်၍

"အဲ့ဒီလိုမှ မခေါ်ရင် ဘွားဘွားကို ဘယ်လိုခေါ်ရမလဲ" ဟု မေးလိုက်၏။

ဘွားဘွားထံမှ မည်သည့်အသံမျှ မကြားရဘဲ ရုတ်တရက်ငြိမ်သက်သွားသည်။ ပြီးမှ . . .

"ဒီမှာက မင်းနဲ့ငါ နှစ်ယောက်တည်းရှိတာပဲ . . . ဘာခေါ်စရာ လိုသလဲ . . . မင်းပြောရင် ငါ့ကို . . . ငါပြောရင် မင်းကိုဆိုတာသိနေတာပဲ . . . ဘာလူမှားစရာ ရှိလို့လဲ . . . "

လင့်ဟူချုံးက ရယ်လျက် . . .

"ဒါပေမယ့် . . . တခါတလေ ကျွန်တော်က ကိုယ့်ဘာသာ တယောက်တည်း စကားပြောတတ်တယ် . . . အထင်မလွဲနဲ့နော် "

ထိုအခါ ဘွားဘွားထံမှ . . .

"စကားပြောရင် ကပျက်ကချော် ရွှတ်နောက်နောက်နဲ့ . . . ဘယ်တော့မှ တည်တည်ကြည်ကြည် မရှိဘူး . . . ဒါကြောင့် မင်းရဲ့ ဂိုဏ်းတူညီမလေးက မင်းကိုမရွေးတာပေါ့ . . . "

ထိုစကားမှာ လင့်ဟူချုံး၏ အသည်းနှလုံးပစ်ကွင်းကို တိတိကျကျ ထိုးစိုက်လိုက်သည့် မြားချက်ပင်ဖြစ်တော့၏။

ထိုစကားကို ကြားလိုက်ရသည်နှင့် ရင်ထဲနင့်ခနဲ ဖြစ်သွားတော့၏။ သူ့စိတ်ထဲတွင် . . .

"ညီမလေးက ငါ့ကို မေတ္တာမမျှဘဲ လင်မိန်ကျက်ကို မေတ္တာမျှလိုက်တာဟာ တကယ်ပဲ ငါ့ရဲ့အပြောအဆို အနေအထိုင် မတည်တာကြောင့်ပဲလား . . . အေးလေ . . . ဖြစ်နိုင်တယ်။ လင်မိန်ကျက်က အနေအထိုင် စည်းကမ်းရှိတယ် . . . စကားပြောရင်လည်း တည်တည်ကြည်ကြည် ပြောတတ်တယ် . . . တကယ့် လူကြီး လူကောင်း ပုံစံပဲ . . . သူက ဆရာနဲ့ သိပ်တူတာ . . . ညီမလေးမပြောနဲ့၊ ငါသာမိန်းကလေးဆိုရင်လည်း သူ့ကိုပဲ သဘောကျမိမှာပဲ . . . ကလေကချေ ရွှတ်နောက်နောက် လင့်ဟူချုံးကိုတော့ ဘယ်သဘောကျမှာလဲ . . . အင်း . . . လင့်ဟူချုံး . . . လင့်ဟူချုံး၊ မင်းတချိန်လုံး သောက်လိုက်၊ မူးလိုက်၊ ရွှတ်လိုက်၊ နောက်လိုက် လုပ်နေသမျှဒဏ်တွေ အခုမှ ခံရတော့တာပဲ"

ထိုအခါ ဘွားဘွားမှာ လင့်ဟူချိုး စကားမပြောနိုင်တော့ပဲ တွေဝေငေးမောသွားသည်ကို တွေ့ရသောအခါ . . .

"လင့်ဟူချိုး . . . ငါ့စကားကြောင့် . . . မင်းစိတ်ထိခိုက်သွားသလား . . . ငါ့ကိုစိတ်ဆိုးသွားပြီလား " ဟု မေးလိုက်၏။

လင့်ဟူချိုးက . . .

"စိတ်မဆိုးပါဘူး။ ဘွားဘွားပြောတာ မှန်တာပဲ . . . ကျွန်တော်က စကားပြောရင် ရွတ်နောက်နောက်နဲ့ . . . ဘယ်တော့မှ တည်တည်ကြည်ကြည် မရှိခဲ့ဘူး . . . ဒါကြောင့် ညီမလေးက ကျွန်တော့်ကို မကြိုက်တာ. . . အခုဆိုရင် ဆရာနဲ့ဆရာမတို့တောင် ကျွန်တော့်ကို မကြိုက်ကြတော့ဘူး . . . မတတ်သာလို့သာ ဆက်ဆံနေရတဲ့ ပုံစံမျိုးဖြစ်နေတယ်"

ထိုအခါ ဘွားဘွားက . . .

"သိပ်လည်း စိတ်မကောင်း ဖြစ်မနေပါနဲ့ကွာ . . . မင်းရဲ့ ဆရာ၊ ဆရာမနဲ့ ညီမလေးတို့က . . . မင်းကို စိတ်မဝင်စားပေမယ့် မင်းကိုသဘောကျတဲ့လူ၊ စိတ်ဝင်စားတဲ့သူတွေ ဒီလောကကြီးထဲမှာ ရှိဦးမှာပေါ့ကွာ . . . "

သူမ၏လေသံသည် နူးညံ့ပျော့ပျောင်းလှပြီး အကြင်နာတရား အပြည့်အဝပါရှိသည်။ လင့်ဟူချိုးမှာလည်း လွန်စွာစိတ်လှုပ်ရှားသွား၏။ သူက ဆို့နင့်စွာဖြင့် . . .

"ဘွားဘွား ကျွန်တော့်အပေါ်သိပ်ကောင်းတာ . . . ကျွန်တော့်အပေါ် ဒီလောက် ကြင်ကြင်နာနာရှိတဲ့ လူ တယောက် ဒီလောကထဲမှာ ရှိနေတာကိုပဲ ကျေနပ်လှပါပြီ . . . ကျွန်တော့်ကို ဘယ်သူက သဘောကျကျ၊ မကျကျ ကျွန်တော်ဂရုမစိုက်တော့ပါဘူး . . . " ဟု ပြောရှာတော့၏။

ဘွားဘွားက . . .

"ချစ်အောင်ပြောလည်း ဒီပါးစပ် . . . မုန်းအောင်ပြောလည်း ဒီပါးစပ် ဆိုတာ သိပ်မှန်တာပဲ . . . မင်းကတော့ တကယ့်ကို အပြောချိုတာပဲ . . . ဒါကြောင့်မို့လည်း ဟိုအဆိပ်ဂိုဏ်းက လန်ဖုန်းဖုန်းလို မိန်းကလေးကတောင် မင်းကို သဘောကျသွားတာ . . . ကဲ . . . တော်ပြီ။ ဒီနေ့ မင်းလည်း လမ်းမလျှောက်နိုင်၊ ငါလည်း လမ်းမလျှောက်နိုင်ဘူးဆိုရင် လုံးဝခရီးတွင်တော့မှာ မဟုတ်ဘူး . . ."

လင့်ဟူချိုးက . . .

"ကျွန်တော် . . . ပြော . . . "

ဘွားဘွားက ဖြတ်၍ ပြောလိုက်တော့၏။

"စကားကို လျှော့ပြောတော့ . . . မင်းပြောတဲ့ စကားတွေ သိပ်များနေပြီ . . . အခု မင်းရှေ့က တရွတ်ဆွဲပြီးသွား . . . ငါနောက်က လိုက်ခဲ့မယ် . . . "

"ဘွားဘွားသာ ဟိုရှောင်လင်ဆေးလုံးမစားရင် ကျွန်တော်ရှေ့က အဲ့ဒီလိုသွားနိုင်မယ့် အားတောင် ရှိတော့မှာ မဟုတ်ဘူး . . . "

"လျှောက်ပြောမနေနဲ့ . . . ငါဆေးမစားတာနဲ့ မင်းတရွတ်ဆွဲပြီး သွားတာနဲ့ ဘာဆိုင်လို့လဲ . . . "

"မဆိုင်ဘဲ နေမှာလား . . . ဘွားဘွား ဆေးမစားရင် ကျွန်တော်စိတ်ပူတယ် . . . စိတ်ပူလာရင် ကိုယ်ထဲက အတွင်းအားတွေ ဖြောင်းဆန်လာမယ် . . . ရောဂါထလာမယ် . . . ရောဂါထလာရင် တကိုယ်လုံး အားမရှိတော့ဘူး . . . အားမရှိရင် တရွတ်ဆွဲပြီး သွားဖို့မပြောနဲ့၊ ဒီမှာ ဆက်လှဲနေဖို့တောင် အားမရှိတော့ဘူး . . . "

ထိုစကားကြောင့် ဘွားဘွားက ခစ်ခနဲ ရယ်မိတော့၏။

"မင်းကလဲ ကြံကြံဖန်ဖန် . . . မြေကြီးပေါ်မှာ လှဲနေဖို့တောင် အားလိုသေးသလား . . . "

"ဟာ . . . သိပ်လိုတာပေါ့ ၊ ဒီနေရာက ကုန်းလျှောကြီး မတွေ့ဘူးလား . . . အားနဲ့ ထိန်းမထားရင် အောက်ကို လိမ့်ချလိုက်သလို ဖြစ်သွားမှာပေါ့ . . . အောက်မှာ ရေကန်ကြီးရှိတယ် . . . ရေကန်ထဲကျပြီး ရေနစ်သေနေဦးမယ် . . ."

ဘွားဘွားက သက်ပြင်းတချက်ချ၍ . . .

"မင်းကတော့ တကယ့်လူပဲ . . . ကိုယ်ပေါ်မှာ ဒီလောက်ဒဏ်ရာတွေ ပြင်းပြင်းထန်ထန် ရထားတာတောင်မှ ရွတ်နောက်နောက်စကားတွေ ပြောနိုင်သေးတယ် . . . တော်ရုံတန်ရုံလူဆို စိတ်ဓာတ်ကျတာနဲ့ ဘာစကားမှ ပြောချင်တော့မှာ မဟုတ်ဘူး . . . "

လင့်ဟူချိုးသည် ဆေးလုံးကို နောက်ပြန်ပစ်ပေးလိုက်ပြီး . . .

"ကဲ . . . ဆေးလုံးကို စားလိုက်ပါ . . . "

ဘွားဘွားက . . .

"ဟင်း . . . သူတို့လို အထက်လမ်းဂိုဏ်းက လူကြီးလူကောင်းယောင်ဆောင်နေတဲ့ လူတွေရဲ့ဆေးကို ငါဘယ်တော့မှ မစားဘူး "

ထိုစဉ် လင့်ဟူချုံးက ရုတ်တရက် 'အောင်မယ်လေး' ဟု အော်ကာ သူ၏တကိုယ်လုံး ကုန်းလျှောအတိုင်း လိမ့်ချဟန် ပြုလိုက်၏။ သို့သော် လင့်ဟူချုံးမှာ တကယ်ပင် ဆင်ခြေလျှောအတိုင်း အောက်သို့ လိမ့်ဆင်းသွားတော့၏။

ဘွားဘွားက ထိတ်ခနဲအော်လိုက်၏။

"လင့်ဟူချုံး . . . သတိထား . . . "

သည်ကုန်းလျှောမှာ မတ်ခြင်းမရှိသော်လည်း ရှည်လျားလှသည်။

လင့်ဟူချုံးမှာ အချိန်အတော်ကြာသောအခါမှ အောက်ခြေသို့ရောက်ပြီး လိမ့်ဆင်းခြင်း ရပ်ဆိုင်းသွားတော့၏။

ရေကန်နားရောက်မှ ခြေထောက်လက်ထောက် အားပြုရင်း ပြန်ရပ်လိုက်ရတော့၏။

တောင်ကုန်းထိပ်မှ ဘွားဘွား၏ အော်သံ ပေါ်လာသည်။

"ဟေး . . . လင့်ဟူချုံး . . . မင်းဘယ့်နှယ်နေသေးလဲ . . . ဒဏ်ရာထပ်ရသေးလား . . . "

လင့်ဟူချုံးထံမှ မည်သည့်စကားပြန်မှုမရ။

ထိုစဉ် ဘွားဘွားက အော်ပြန်သည်။

"လင့်ဟူချုံး . . . ငါ ဟိုဘုန်းကြီးပေးလိုက်တဲ့ ဆေးလုံးကို စားမယ် . . . မင်း . . . မင်း တက်လာတော့ "

လင့်ဟူချုံးက အောက်က ပြန်အော်သည်။

"ပြောပြီးတဲ့ စကားအတိုင်း ကတိတည်ရမယ်နော် . . . "

သူတို့နှစ်ယောက်၏ အကွာအဝေးမှာ နည်းနည်းနောနော အကွာအဝေးမဟုတ်ပေ။

ထို့ကြောင့် လင့်ဟူချုံးအဖို့ ဘွားဘွားကြားအောင် ပြောရသည်မှာ လွန်စွာ ခက်ခဲပင်ပန်းနေရတော့သည်။

အားကုန်ခမ်းနေမှုကြောင့် ဤသို့ ဖြစ်နေရခြင်းဖြစ်၏။

ထို့ကြောင့် ဘွားဘွားအနေဖြင့် အသံကောင်းစွာ မကြားရပေ။ ဘွားဘွားက . . .

"မြန်မြန်တက်လေ . . . ဟိုဆေးလုံးကို စားပြမယ် . . . "

လင့်ဟူချုံးသည် တုန်တုန်ချိချိနှင့် ထရပ်လိုက်သည်။ ဆင်ခြေလျှော တောင်ကုန်းကို တက်ရန် ကြိုးစားလိုက်၏။

အဆင်းတွင် အရှိန်နှင့် လိမ့်ဆင်းလာခြင်းဖြစ်ရာ အားမထုတ်ရ။ သို့သော် ယခုအတက်တွင်မူ တကယ့်ကို ပင်ပန်းခက်ခဲနေရတော့၏။

နှစ်လှမ်းခန့် အပေါ်သို့ ကုတ်ကပ်တက်လိုက်ရသေးသည်။ ချက်ချင်းပင် ခြေထောက်များ ပျော့ခွေကျသွားကာ ပြန်လိမ့်ကျသွားပြန်တော့၏။

ထိုအခြင်းအရာကိုမြင်သော ဘွားဘွားမှာ စိုးရိမ်ထိတ်လန့်သွားပြီ သူမပါ ဆင်ခြေလျှောအတိုင်း လိမ့်ချလိုက်လေ၏။

လင့်ဟူချုံးနား ရောက်ရှိသောအခါမှ အင်္ကျီစကို ဆုပ်ကိုင်ကာ ရေထဲမှ ဆွဲမ လိုက်လေတော့သည်။

လင့်ဟူချုံး၏ ပါးစပ်တွင် ရေသုံးလေးငုံစာမျှ ဝင်သွားပြီး မျက်စိများလည်း ပြာဝေလျှက်ရှိနေသည်။

အသက်ကို ဖြည်းညင်းစွာ ရှူရှိုက်ပြီး စိတ်ကိုတည်ငြိမ်အောင် ထိန်းသိမ်းလိုက်သည်။ အတန်ကြာမှ မျက်လုံးများကို ပြန်ဖွင့်လိုက်သည်။

ထိုစဉ် ရေကန်ပြင်သည် ငြိမ်သက်ကြည်လင်လျက်ရှိရာ မှန်သားတမျှ ဖြစ်နေတော့၏။

ရေပြင်ပေါ်တွင် အရိပ်နှစ်ခု ပေါ်နေ၏။

နုနယ်ပျိုမျစ် ချစ်ချင်စဖွယ်ကောင်းလှသော မိန်းကလေးတယောက်က မိမိ၏အင်္ကျီနောက်ကျောကို ဆုပ်ကိုင်ထားသည်ကို တွေ့ရလေ၏။

လင့်ဟူချုံးမှာ ထိတ်လန့်အံ့သြသွားတော့သည်။ ထိုအခိုက်မှာပင် မိမိ၏နောက်ကျောမှ မိန်းကလေးမှာ 'ဝေါ' ခနဲ သွေးတချက်ထိုးအန်တော့၏။

စောစောက လိမ့်ဆင်းလာသည့် ဒဏ်ချက်ပင်တည်း။

ပြီးတော့ ပျော့ခွေကာ မိမိ၏ကျောပေါ်သို့ မှောက်ကျလာသည်ကို သိလိုက်ရတော့သည်။

မိန်းကလေး၏ နွေးထွေးနူးညံ့သော ကိုယ်လုံးမှာ မိမိ၏ ကျောပြင်ပေါ်သို့ ကျရောက်နေပြီး နက်မှောင်ရှည်လျားလှသော ပိတုန်းရောင်ကေသာများမှာလည်း မိမိ၏မျက်နှာဘေးတွင် ကျလျက်ရှိနေသည်ကို တွေ့ရ၏။

မိန်းကလေးအား ကြည့်လိုက်သောအခါ မျက်နှာတဝက်ခန့်သာမြင်ရပြီး မျက်စိများမှိတ်ထားကြောင်း တွေ့ရသည်။

ရေထဲ၌ ဤမျှချောမောနေပါလျက် ပကတိမြင်ရလျှင် . . . အဘယ်ဆိုဖွယ်ရာ ရှိနိုင်တော့အံ့နည်း။ သူမ၏ အသက်မှာ အလွန်ဆုံးရှိမှ ဆယ့်ရှစ်နှစ်ခန့် မျှသာ။

လင့်ဟူချုံးမှာ ဘွားဘွားဆိုသူ၏မျက်နှာကို တကြိမ်တခါမျှ ငဲ့စောင်း၍ပင် မကြည့်ခဲ့ဘဲရှိရာ ယခုချောမောလှသော မိန်းကလေးသည် ဘွားဘွားဖြစ်မည်ဟု လုံးဝမထင်မှတ်ချေ။

ထို့ကြောင့် သူ့စိတ်ထဲ၌ ဤမျှထူးထူးဆန်းဆန်း ဖြစ်နေရခြင်းဖြစ်သည်။

သူ့နှုတ်မှ တီးတိုးရေရွတ်နေမိသည်။

"ဒီမိန်းကလေးက ဘယ်သူလဲ . . . ဘယ်ကရောက်လာတာလဲ . . . ဘာဖြစ်လို့ သူကငါ့ကို လာကယ်ရတာလဲ. . ."

အတန်ကြာမျှ စဉ်းစားသော်လည်း ဤနတ်မိမယ်တမျှ ချောမောလှပလှသော မိန်းကလေး မည်သည့်နေရာက ပေါ်ထွက်လာသည်ကို မတွေးနိုင်ဘဲ ဖြစ်နေ၏။

နောက်ဆုံး ဦးနှောက်ခြောက်ခံ၍ မစဉ်းစားတော့ပဲ သတိမေ့သွားသော မိန်းကလေးအား တွဲယူထူမပေးရန် သူ၏ကိုယ်ကို လှည့်ရန်ကြိုးစားလိုက်၏။

သို့သော် သူ၏ 'အား' ကို လုံးဝမထုတ်နိုင်တော့။ နှစ်ကြိမ်မျှ လိမ့်ကျခဲ့ပြီးဖြစ်၍ အဘယ်မှ 'အား' ထုတ်၍ ရနိုင်တော့အံ့နည်း။

သူ၏လက်နှစ်ဖက်မှာ မြေကြီးကို ထောက်ထားခဲ့ရာ ယခု မြေကြီးမှခွာရန်ပင် လုံးဝမတတ်နိုင်တော့။ ကျောက်ချထားသကဲ့သို့ ဖြစ်နေချေပြီ။

ထို့ကြောင့် မိန်းကလေးအား ထူမပေးရန် အကြံကိုလျှော့လိုက်ပြီး ရေထဲမှ အရိပ်များကိုသာ ငေးကြည့်နေမိတော့၏။

အတန်ကြာသောအခါမှ သူ၏နောက်ကျောရှိ မိန်းကလေးထံမှ 'အင့်' ခနဲ ညည်းသံတချက်ကြားလိုက်ရပြီး မျက်လုံးများပွင့်လာကာ

"ဘာလဲ . . . မင်းကငါ့ကို ခြောက်လှန့်ရုံသက်သက် လိမ့်ချပြတာလား . . . ဒါမှမဟုတ် တကယ်သေချင်နေလို့လား . . ."

လင့်ဟူချုံးမှာ သူမ၏စကားသံများကို ကြားလိုက်ရသောအခါ ထခုန်မိလုမတတ် ထိတ်လန့်သွားတော့၏။

အဘယ်ကြောင့်ဆိုသော် ထိုအသံမှာ ဘွားဘွား၏အသံ ဖြစ်နေသောကြောင့်ပေတည်း။ လင့်ဟူချုံးမှာ တကိုယ်လုံး တုန်သွားကာ

"ခင် . . . ခင်ဗျား . . . ခင်ဗျား . . . "

ထိုမိန်းကလေးက . . . "ဘာခင်ဗျားလည်း . . . မင်းကငါ့ကို တော်တော်ဒုက္ခပေးတယ် ။ ကဲ . . . ဟိုဆေးလုံးကို ငါတမင်ကို မစားတော့ဘူး . . . မင်းသေချင်ရင်လည်း သေပေတော့ . . . "

"အင်း . . . လက်စသတ်တော့ ဘွားဘွားဆိုတာ အင်မတန်ချောတဲ့ မိန်းကလေးပါလား . . . "

ထိုစကားကို ကြားလိုက်ရသော မိန်းကလေးမှာ အထိတ်တလန့်ဖြစ်သွားပြီး . . .

"ရှင် . . . ရှင် . . . ဘယ်လိုလုပ်သိသလဲ . . . ရှင် . . . ရှင် . . . ကတိမတည်ဘူး . . . ရှင် ကျွန်မ မေ့နေတုန်းက ခိုးကြည့်တယ်ပေ့ါလေ"

ဤသို့ပြောပြီးသည်နှင့် ခေါင်းငုံ့လိုက်မိ၏။ ထိုအခါ ရေကန်ထဲမှ လူရိပ်နှစ်ခုကို မြင်တွေ့လိုက်ရတော့၏။

သူမက လင့်ဟူချုံး၏ နောက်ကျောတွင် မှီနေပုံကို ရေကန်ထဲ၌ ကြည်ကြည်လင်လင် မြင်တွေ့နေရ၏။

ထို့ကြောင့် ရှက်သွားပြီး ချက်ချင်း မတ်တပ်ရပ်ရန် ကြိုးစားလိုက်သည်။

လင့်ဟူချုံးကလည်း သူ၏ကိုယ်ကို လှည့်ရန်ကြိုးစားကြည့်သောအခါ လှည့်နိုင်ကြောင်း တွေ့ရသဖြင့် ချက်ချင်းနောက်ပြန် လှည့်လိုက်သည်။

မတ်တပ်ထရပ်ရန် ကြိုးစားသော မိန်းကလေးမှာ လမ်းခုလတ်မှာပင် ဒူးများ ပျော့ခွေကျလာသဖြင့် လင့်ဟူချုံး၏ ရင်ခွင်ထဲသို့ လဲကျလာတော့၏။

ထိုအချိန်တွင် နှစ်ယောက်စလုံး လုံးဝအင်အားမရှိသဖြင့် ထိုနေရာ၌ပင် ထိုပုံစံအတိုင်း လဲနေကြရတော့သည်။

လင့်ဟူချုံးက အံ့ဩလှသော လေသံဖြင့် . . .

"မင်းက ဘာဖြစ်လို့ အဘွားဟန်ဆောင်ပြီး ညာနေရတာလဲ . . . ငါ့မှာတော့ တကယ့်ဘွားဘွားမှတ်လို့ . . . "

ထိုမိန်းကလေးက . . .

"ဘယ်သူက သူ့ကိုညာလို့လဲ . . . ပြောစမ်းပါဦး"

လင့်ဟူချုံးက မိန်းကလေး၏ မျက်နှာကို ငုံ့ကြည့်လိုက်သည်။

နုပျိုသန့်စင်လှသော မျက်နှာကလေး၌ ပန်းရောင်ရက်သွေးများ သန်းနေသည်ကို တွေ့လိုက်ရသဖြင့် ရင်ထဲ၌ လှုပ်ရှားသွားတော့သည်။

သူ့ရင်၌ ဝေဒနာအသစ်တခု စတင်လှုံ့ဆော်လာလေပြီ။

လင့်ဟူချုံးက တချက်ရယ်လိုက်ပြီး . . .

"ငါ့မှာတော့ . . . ဘွားဘွား . . . ဘွားဘွားလို့ တလမ်းလုံးခေါ်လာလိုက်ရတာ . . . ဒီကြားထဲ မရှိမသေတခုခု လုပ်မိရင် ငရဲကြီးမှာစိုးလို့ ဆင်ခြင်နေရလိုက်ရတာလဲ မောနေတာပဲ . . . ဟင်း . . . မင်းကတော့ ဒီလိုအခေါ်ခံနေရတာ နည်းနည်းမှ ရှက်ပုံမရဘူး . . . မင်းအသက်က ဘယ်လောက်ရှိသေးလို့လဲ . . . ငါ့ညီမလေး အရွယ်လောက်ပဲ ရှိသေးတာ . . . အခုကတည်းက ငါ့ရဲ့ဘွားဘွား လုပ်ချင်နေပြီ . . . ဘွားဘွားလုပ်ချင်တယ်ဆို နောက်ထပ် အနှစ်ရှစ်ဆယ်လောက် စောင့်အုန်း . . . "

× × × × × × ×

## မေတ္တာရေကြည်

လင့်ဟူချုံး၏ စကားကြောင့် ထိုမိန်းကလေးက ခစ်ခနဲ တချက်ရယ်လိုက်ပြီး . . .

“ကျွန်မက ဘယ်တုန်းကများ ကျွန်မကိုယ်ကျွန်မ ဘွားဘွားလို့ ပြောခဲ့ဖူးလို့လဲ . . . ရှင့်ဘာသာ ဘွားဘွား၊ ဘွားဘွားနဲ့ တဘွားတည်းဘွားနေတာ . . . ရှင်ခေါ်လွန်းလို့တောင် ကျွန်မက စောစောက စိတ်ဆိုးနေသေးတယ် မဟုတ်လား . . . ရှင်က ကျွန်မစကားမှ ဆုံးအောင်နားမထောင်တာ . . . ” ဟု ပြန်ပြော၏။

လင့်ဟူချုံးမှာ သေသေချာချာ စဉ်းစားကြည့်သောအခါ ထိုမိန်းကလေး၏စကားမှန်ကန်ကြောင်း ဝန်ခံရ၏။ သို့သော် မိမိမှာ ဤမျှလောက် ရှည်ကြာလှသည့် ခရီးစဉ်တလျှောက်လုံး အလိမ်အညာခံခဲ့ရသည်ကို လုံးဝမကျေမနပ်ဖြစ်နေသည်။

ထို့ကြောင့် သူကဆက်ပြောသည်။

“မင်းက မင်းရဲ့မျက်နှာကို ငါမကြည့်ရဘူးဆိုတာက ညာဖို့ဘဲမဟုတ်လား . . . မင်းရဲ့ ဒီလောက်နုနယ်တဲ့ မျက်နှာကလေးကို မြင်ရဲ့သားနဲ့ ငါက ပေါတောတောနဲ့ ဘွားဘွားလို့ခေါ်မှာလား . . . မင်းက ကော့ရန်မြို့ကတည်းက ငါ့ကို ညာခဲ့တာပဲ . . . ဟိုအဘိုးကြီး လုကျူနဲ့ပေါင်းပြီး ငါ့ကိုညာတာ . . . သူကမင်းကို ဒေါ်လေးလို့ခေါ်တော့ ငါ့လိုလူမျိုးက မင်းကို ဘယ်လိုခေါ်ရတော့မှာလဲ . . . ဒီလောက် အသက်ကြီးနေတဲ့ လုကျူက ဒေါ်လေးလို့ အခေါ်ခံရတဲ့လူဟာ အသက်ဘယ်လောက် ဖြစ်နိုင်မလဲ . . . ဒီတော့ငါကလည်း ဘွားဘွားလို့ ခေါ်ရတော့မှာပေါ့ . . . ”

ထိုအခါ မိန်းကလေးက တခစ်ခစ်ရယ်၍ . . . “အဘိုးကြီးလုကျူရဲ့ ဆရာ့ဆရာက ကျွန်မအဖေရဲ့အကိုရှင့်၊ ကဲ . . . လုကျူက ကျွန်မကို ဘယ်လိုခေါ်မလဲ” ဟု လင့်ဟူချုံးအား ပြန်မေးလိုက်၏။

လင့်ဟူချုံးက စဉ်းစဉ်းစားစားဖြင့် ဖြေလိုက်သည်။

“ဟုတ်တယ် . . . လုကျူအနေနဲ့ မင်းကို ဒေါ်လေးလို့ဘဲ ခေါ်ရမှာပဲ . . . သူခေါ်တာ မမှားဘူးကိုး . . . ”

မိန်းကလေးက ရယ်မောရင်း . . .

“ရှင်က လုကျူနဲ့ ကျွန်မ ပေါင်းပြီး ညာတယ်လို့ပြောတာ ရှင်းသွားပြီမဟုတ်လား . . . သူက လိမ်ညာပြီး ဒေါ်လေးလို့ ခေါ်တာမဟုတ်ဘူး . . . အသုံးအနှုန်းကိုက ဒီအတိုင်းသုံးမှ ဖြစ်မှာမို့ ဒေါ်လေးလို့ခေါ်ရတာ . . . ကျွန်မကလည်း သူ့ဒေါ်လေးဟန်ဆောင်ဖို့ ဘာအကြောင်းမှ မရှိတာဘဲ” ဟု ပြောသည်။

လင့်ဟူချုံးက သက်ပြင်းတချက်ချကာ . . .

“ငါက . . . လည်မလိုလိုနဲ့ သိပ်အတဲ့ကောင် . . . အစောကြီးကတည်းက သိဖို့ကောင်းတယ် . . . ”

မိန်းကလေးက ရယ်သံကလေးဖြင့် . . . “ဘာသိဖို့ကောင်းတာလဲ . . . ” ဟု ပြန်မေးသည်။

“မင်းရဲ့အသံက ဘယ်လောက်ချိုလွင်သလဲ . . . နားထဲကို စွဲသွားတာပဲ . . . ဒီလောကမှာ အသက်ရှစ်ဆယ်ကျော်တဲ့ ဘယ်အဘွားကြီး ဒီအသံမျိုး ဘယ်လိုထွက်နိုင်တော့မလဲ . . . နတ်သမီးလေးရဲ့ အသံကျနေတာပဲ . . . ”

မိန်းကလေးမှာ မိမိအား လင့်ဟူချုံးက စိတ်လိုလက်ရ ချီးကျူးလိုက်သည်ကို ကြားလိုက်ရသောအခါ မျက်နှာနီသွားတော့၏။ ရှက်သွေးဖြန်းသွားခြင်း ဖြစ်သည်။ စိတ်ထဲတွင်လည်း ပီတိဖြစ် ကြည်နူးသွားတော့၏။

သူမက နှစ်ခြိုက်စွာရယ်မောရင်း . . .

“တော်ပါပြီ တော်ပါပြီရှင် . . . အစ်ကိုလေး လင့်ဟူချုံး၊ ဘိုးဘိုးလင့်ဟူချုံး . . . ကဲ . . . ရှင်က ကျွန်မကို

လမ်းတလျှောက်လုံး ဘွားဘွားလို့ခေါ်လာတာ အခု ကျွန်မပြန်ခေါ်လိုက်တော့ ကျေပြီပေါ့ . . . မဟုတ်ဘူးလား ”ဟု ပြောလိုက်သည်။

လင့်ဟူချုံးမှာ တဟားဟားရယ်မောလျက် . . .

“မင်းက ဘွားဘွား . . . ငါက ဘိုးဘိုး . . . ငါတို့ ဘိုးဘိုးဘွားဘွားဆိုတော့ . . . ”

လင့်ဟူချုံးမှာ စကားကို ရှတ်နောက်နောက်ပြောတတ်သော အလေ့အကျင့်ရှိသည်။ သူက ‘ငါတို့ ဘိုးဘိုးဘွားဘွား အချစ်ပွားကြတာပေ့ါ’ ဟု ပြောရန် စိတ်ကူးလိုက်ခြင်းဖြစ်၏။

သို့သော် မိန်းကလေး၏ မျက်နှာ၌ ဒေါသရောင်များ သမ်းလာသည်ကို တွေ့လိုက်ရသဖြင့် သူ့စကားကို ကမန်းကတန်း ရပ်ပစ်လိုက်ရသည်။

မိန်းကလေးက စိတ်ဆိုးသံနှင့် . . .

“ဘိုးဘိုးဘွားဘွားဆိုတော့ ဆိုပြီး ဘာဆက်ပြောမလို့လဲ . . . ပြောပြစမ်း” ဟု မေးလေတော့၏။

လင့်ဟူချုံးက ရယ်လျက် . . . “ဒီလိုပါ . . . ငါပြောမှာက ငါတို့က ဘိုးဘိုးဘွားဘွားတွေ ဆိုတော့ . . . ဆိုတော့ . . . သိုင်းလောကမှာ လူကြီးတွေဖြစ်နေပြီလို့ ဆိုချင်တာပါ . . .”

မိန်းကလေးက လင့်ဟူချုံး သူ့စကားကို လျှောချလိုက်မှန်းသိ၏။ သည့်ထက်ပို၍လည်း ဆက်မမေးရဲ။ ဆက်မေးပါက လင့်ဟူချုံးက နောက်ရှတ်ရှတ်စကားများ ဆက်ပြောနေပါက မိမိသာလျှင် အရှက်ရပေလိမ့်မည်။

မိန်းကလေးမှာ လင့်ဟူချုံး၏ရင်ခွင်ထဲ မှီ၍နေနေရသဖြင့် အလွန်ပင် အနေရအထိုင်ရ ကျပ်နေတော့၏။ စိတ်ထဲ၌လည်း လှုပ်ရှားနေသည်။ ရင်ဖိုနေရသဖြင့် အသက်ရှုပင် မမှန်ချင်အောင် ဖြစ်လာသည်။ လင့်ဟူချုံး၏ ရင်ခွင်ထဲမှ လူးလဲထလိုက်ချင်သော်လည်း ထရန် အင်အားလုံးဝမရှိ။

သူမက မျက်နှာနီနီဖြင့် . . .

“ရှင်က ဘာငေးနေတာလဲ . . . ကျွန်မကို တချက်လောက် တွန်းပေးလိုက်ပါ” ဟု ပြောလိုက်သည်။

“ဘာလုပ်မလို့လဲ . . . ”

“ဘာလုပ်ရမှာလဲ . . . ကျွန်မတို့ဖြစ်နေတဲ့ပုံစံကိုလည်း ကြည့်ပါဦး . . . ဘယ်လိုလုပ်ပြီး လူမြင်ကောင်းနိုင်တော့မှာလဲ . . . ”

“ဘိုးဘိုးနဲ့ ဘွားဘွားဆိုတော့ ဒီပုံစံပဲ ဖြစ်ရမှာပေ့ါ . . . မဟုတ်ဘူးလား ” ဟု ပြောလိုက်တော့၏။

မိန်းကလေးက နှုတ်ခမ်းကလေးကို မဲ့၍ . . .

“ဟင်း . . . ရှင်နော် . . . ရှင် နောက်တခါ ဒီလိုပြောရင် ကျွန်မရှင့်ကို သတ်ပစ်လိုက်မယ် ” ဟု ကြိမ်းတော့၏။

လင့်ဟူချုံးမှာ ရင်ထဲ၌ ထိတ်ခနဲ ဖြစ်သွားတော့သည်။ အဘယ်ကြောင့်ဆိုသော် ‘ဟူးပါးတောင်ကုန်း’ ထိပ်သို့ ရောက်ရှိလာသော အောက်လမ်းဂိုဏ်းသားများက သူမကို တွေ့ရမည်ကို အလွန်တရာ ကြောက်လန့်ကြကြောင်း သတိရမိသောကြောင့် ဖြစ်ပေသည်။

သူမသည် ရှောင်လင်ဘုန်းတော်ကြီးတပါးကိုပင် အနိုင်တိုက်ခဲ့သေးသည် မဟုတ်ပါလော ။ သူမ၏ သိုင်းပညာမှာ အသက်ငယ်သော်လည်း လွန်စွာ အဆင့်မြင့်လျက် ရှိနေချေပြီ။ သူမ၏ မိဘများက မည်သူများပေနည်း။

ထိုမိန်းကလေးသည် လင့်ဟူချုံးထံမှ စကားပြန်မရဘဲ ငြိမ်သက်နေသည်ကို တွေ့ရသောအခါ . . .

“ဘာလဲ . . . စိတ်ဆိုးပြန်ပြီလား၊ ယောက်ျားလေးတယောက်လုံး လုပ်နေပြီး စိတ်ထားကလည်း နုလိုက်တာ . . . ” ဟု ပြောတော့၏။

လင့်ဟူချုံးက . . .

“စိတ်ဆိုးလို့ မဟုတ်ပါဘူး . . . မင်းကငါ့ကို သတ်မယ်လို့ ပြောလိုက်တော့ ငါက တကယ်ကြောက်သွားလို့ပါ . . .”

မိန်းကလေးက ရယ်၍ . . .

“ရှင် . . . ကျွန်မကို စကားပြောရင် စကားကောင်းကောင်းပြော . . . နောက်ရှတ်ရှတ် လျှောက်ပြောနေရင်တော့ သတ်မှာဘဲ . . . စကားကောင်းကောင်း ပြောလျက်သားနဲ့တော့ ဘယ်သူက သတ်မှာလဲ . . . ”

လင့်ဟူချုံးမှာ သက်ပြင်းချရင်း ပြောလိုက်၏။

“အင်း . . . ငါက မွေးကတည်းက စကားကို တည်တည်တံ့တံ့ ပြောတတ်ခဲ့တဲ့သူ မဟုတ်ဘူး . . . အခုပုံအတိုင်းဆိုရင်တော့ ငါ့ဇာတာထဲမှာ မင်းသတ်လို့ သေရမယ်လို့ ရေးထားပြီးနဲ့တူတယ် . . .”

မိန်းကလေးက ရယ်ကာ . . .

"ရှင် . . . အစက ဘွားဘွားအမှတ်နဲ့ ဆက်ဆံတုန်းက ဘယ်လိုဆက်ဆံခဲ့သလဲ . . . အဲဒီလို ရိုရိုသေသေ လိမ်လိမ်မာမာ ဆက်ဆံပေ့ါ" ဟု ပြောလေ၏။

လင့်ဟူချုံးက ခေါင်းခါယမ်းပြရင်း . . .

"ဘယ်ဖြစ်မလဲ . . . အခု ငယ်ငယ်ရွယ်ရွယ် မိန်းကလေးတယောက်မှန်း သိနေလျက်သားနဲ့ ဘွားဘွားလို ဘယ်သဘောထားနိုင်တော့မလဲ . . . " ဟု ဖြေလိုက်သည်။

မိန်းကလေးက . . .

"ရှင် . . . ရှင် " ဟု ပြောရာမှ ရုတ်တရက် မျက်နှာနီမြန်းသွားကာ စကားကို ချက်ချင်းရပ်ပစ်လိုက်တော့သည်။ သူမက မည်သည့်အကြောင်းအရာများကို သွားစဉ်းစားမိသည် မသိပေ။

လင့်ဟူချုံးမှာ ပန်းသွေးနုရောင်ထလျက် ရှက်စနိုးဖြစ်နေသော မျက်နှာကိုတွေ့ရသောအခါ ရင်ထဲ၌ ဖိုခနဲဖြစ်သွားပြီး လှုပ်ရှားလာတော့သည်။ စိတ်လွတ်ကိုယ်လွတ်ဖြစ်သွားပြီး သူမ၏ပါးကလေးကို ရွှတ်ခနဲ နမ်းရှုံ့လိုက်တော့၏။

မိန်းကလေးသည် လင့်ဟူချုံးက ဤသို့ပြုလုပ်မည်ဟု လုံးဝမထင်ချေ။ ရုတ်တရက် ကြောင်သွားပြီးမှ ရှက်ဒေါသဖြင့် လင့်ဟူချုံး၏ပါးကို 'ဖြန်း' ခနဲ ရိုက်ချလိုက်တော့သည်။ ပါးရိုက်ပြီးသည်နှင့် ချက်ချင်းပင် ခုန်ထလိုက်တော့၏။ သို့သော် သူမ၌ အားပြတ်နေသည်ဖြစ်ရာ လင့်ဟူချုံး၏ ရင်ခွင်ထဲသို့ပင် ပြန်ကျသွားတော့၏။

ထိုအခါ သူမ၏တကိုယ်လုံး ပျော့ခွေသွားကာ လုံးဝမလှုပ်ရှားပြန်တော့ချေ။ သူမက လင့်ဟူချုံး နောက်ထပ် အတင့်ရဲမည်ကို ကြောက်၍ . . .

"ရှင် . . . နော် . . . ရှင်၊ နောက်ထပ် ဒီလို အတင့်ရဲကြည့် . . . ရှင့်ကို ချက်ချင်းသတ်ပစ်မယ်" ဟု ခြိမ်းခြောက်လိုက်၏။

လင့်ဟူချုံးက ရယ်ရင်း ပြောလိုက်သည်။

"မင်းက ငါ့ကို သတ်ပစ်မယ်ဆိုရင်လည်း ကောင်းတာပါပဲ . . . ငါကလည်း သက်ဆိုးရှည်မယ့်သူမှ မဟုတ်တာ . . . ဒါပေမယ့် အခုအချိန်မှာတော့ ငါလုပ်ချင်သလို လုပ်မှာပဲ . . . "

မိန်းကလေးသည် ချောက်ချားစွာ အော်လိုက်သည်။

"ရှင် . . . ရှင် . . ."

သို့သော် သူမအနေဖြင့် မည်သို့မျှ မတတ်နိုင်။ လှုပ်ပင်မလှုပ်နိုင်ဘဲ ဖြစ်နေရသည် မဟုတ်ပါလား။ ထိုစဉ် လင့်ဟူချုံးက သူမ၏ပခုံးကိုကိုင်ပြီး ကုန်းမြင့်ပေါ်သို့ တွန်းတင်လိုက်ပြီး သူက ဘေးဘက်သို့ လှိမ့်ချလိုက်၏။

လင့်ဟူချုံးသည် ဆိုးဆိုးဝါးဝါး ပုံပျက်ပန်းပျက် လဲကျနေရာမှ ရယ်မောရင်း . . .

"ကဲ . . . မင်းအနေနဲ့ ငါ့ကို ဘာလုပ်နိုင်သေးလို့လဲ . . ."

သူကပြောရင်း ချောင်းတဟွတ်ဟွတ် ဆိုးတော့၏။ သွေးခဲသွေးစများပါ ပါလာတော့သည်။ လင့်ဟူချုံးမှာ စိတ်သဘောထား ပွင့်လင်းရဲတင်းသူ ဖြစ်၏။

မိန်းကလေးများနှင့် ပတ်သက်၍ အခွင့်အရေးများ ရှာကြံရယူတတ်သူ ဣတ္ထိယသိုက်သမား မဟုတ်ပေ။ တိတ်ဆိတ်ငြိမ်သက်နေသည့် တောကြီးအတွင်း နုနယ်ပျိုမျစ်သော မိန်းကလေးနှင့် ပူးပူးကပ်ကပ်နေမိသဖြင့် စိတ်လွတ်ကိုယ်လွတ် ဖြစ်သွားပြီး နမ်းမိလိုက်ခြင်းသာဖြစ်သည်။ သို့သော် သူ၏စိတ်ကို ချက်ချင်း ပြန်ထိန်းလိုက်နိုင်သည်။

ထို့ကြောင့် ပါးစပ်မှ မဟုတ်တရုတ်စကားများ ပြောနေသော်လည်း အမှန်စင်စစ်တွင် ထိုမိန်းကလေးနား၌ ပူးပူးကပ်ကပ် မနေရဲတော့ချေ။ ထို့ကြောင့် မိန်းကလေးနှင့် လွတ်ကင်းသွားအောင် လှိမ့်ချလိုက်ခြင်း ဖြစ်တော့၏။

မိန်းကလေးက လင့်ဟူချုံး ရုတ်တရက် ရှောင်ထွက်သွားသည်ကို တွေ့ရသောအခါ အံ့ဩသွားသည်။ ထို့ပြင် လင့်ဟူချုံးအနေဖြင့် ဤသို့ရှောင်ထွက်ရန် အရေးအတွက် ရှိစုမဲ့စု သူ့အင်အားကလေးများကို ထုတ်သုံးလိုက်ရ၍ သွေးစသွေးခဲများ အန်နေသည်ကို တွေ့ရသောအခါ စိတ်မကောင်းဖြစ်သွားမိတော့၏။

သို့သော် အရှက်နှင့် လူလုပ်ရသော မိန်းကလေးဖြစ်သဖြင့် လင့်ဟူချုံးအား မတောင်းပန်မိ။ ညင်သာသော လေသံဖြင့် လှမ်းမေးလိုက်သည်။

"ရှင် . . . ရင်ဘတ် သိပ်နာနေသလားဟင် . . . "

လင့်ဟူချုံးက မျက်နှာကိုမဲ့၍ ပြောလိုက်သည်။

"ရင်ဘတ်တော့ မနာပါဘူး . . . တခြားနေရာတော့ နာတယ်"

မိန်းကလေးက စိုးရိမ်ပူပန်စွာဖြင့် . . .

“ဘယ်နေရာက နာတာလဲ . . .” ဟု မေးလိုက်တော့၏။
လင့်ဟူချုံးက သူမရိုက်ခဲ့သောပါးကို ပွတ်ပြကာ ဖြေလိုက်သည်။
“ဒီနေရာပေါ့ . . . ”
“အို . . . ကဲကဲ . . . ကျွန်မ လက်လွန်သွားတာ တောင်းပန်ပါတယ်ရှင် . . . ကျေနပ်ပြီလား . . . ”
“မင်း တောင်းပန်ဖို့ မလိုပါဘူးလေ . . . ငါက မှားတာပါ . . . ဘွားဘွားကပဲ ခွင့်လွှတ်ပါ . . . ”
မိန်းကလေးမှာ လင့်ဟူချုံးက မိမိအား ဘွားဘွားဟု ခေါ်လိုက်သည်ကို ကြားရသောအခါ ရယ်လိုက်မိတော့၏။ သူတို့နှစ်ယောက်မှာ တယောက်မျက်နှာ တယောက်ကြည့်ပြီး တောင်ကုန်း ဆင်ခြေလျှောကြီးကို မော့ကြည့်လိုက်မိကြသည်။
နှစ်ယောက်စလုံး သက်ပြင်းချမိတော့၏။ ယခင့်ယခင်အချိန်များကဆိုလျှင် ဤတောင်တန်းဆင်ခြေလျှောမျိုးကို တချက်နှစ်ချက်မျှ ခုန်လိုက်ရုံမျှဖြင့် တောင်ကုန်းထိပ်သို့ ရောက်သွားနိုင်ကြသည်။
ယခုမူကား ခါချဉ်ကောင် မာန်ကြီးလို့ တောင်ကြီးဖြိုမယ်ကြံ ခါးကမသန် ဟူသောကိန်း ဆိုက်နေကြတော့၏။ သူတို့အဖို့ တောင်ကုန်းငယ်လေး မဟုတ်တော့။ တောင်ကြီးတလုံးကို တက်ရမည့်ကဲ့သို့ ခက်ခဲနေကြတော့သည်။
ထိုစဉ် မိန်းကလေးက . . .
“ကဲ . . . ကျွန်မ စိတ်တည်ငြိမ်သွားအောင် သမထ ထိုင်လိုက်ဦးမယ် . . . ရှင် ငြိမ်ငြိမ်ကလေးနေနော် . . . ”
လင့်ဟူချုံးက . . .
“ကောင်းတယ် . . . ထိုင်လေ” ဟု ပြောလိုက်သည်။
သူမသည် ရေကန်ဘေး၌ တင်ပျဉ်ခွေထိုင်လျက် အတွင်းအားသိုင်းကို လေ့ကျင့်နေတော့၏။ လင့်ဟူချုံးမှာ မည်သည့် အလုပ်မျှ မရှိသဖြင့် ရေကန်ကြီးကိုသာ ငေးနေတော့၏။
ထိုစဉ် ‘အုံးအွမ် . . . အုံးအွမ်’ နှင့် ဖားအော်သံများကို ကြားလိုက်ရတော့သည်။ ရေကန်ထဲမှ ခုန်တက်လာသော ဖားကြီးတကောင်ကိုပင် တွေ့လိုက်ရ၏။
လင့်ဟူချုံးမှာ အလွန်တရာ ဝမ်းသာသွား၏။ သူ ဆာလောင်နေခဲ့သည်မှာ ကြာချေပြီ။ ယခု သည်ဖားကြီးကို တွေ့ရသောအခါ ပို၍ပင် ဆာလောင်လှသည်ဟု ထင်မှတ်မိတော့၏။
ထို့ကြောင့် ဖားကြီးကို လှမ်းဖမ်းလိုက်တော့သည်။
သို့သော် . . . ဖားကြီးက လျင်မြန်စွာ ခုန်ထွက်သွားသဖြင့် မမိလိုက်။ လင့်ဟူချုံး လက်လှမ်းမမီသည့်နေရာမှ ‘အုံးအွမ် . . . အုံးအွမ်’ နှင့် အော်ပြန်တော့သည်။ လှောင်ပြောင်သရော်နေသည့် ပုံနှယ်တည်း။
လင့်ဟူချုံးမှာ သက်ပြင်းကြီးတချက် ချလိုက်မိသည်။ သည်ရေကန်တဝိုက်၌ ဖားကြီးများများပြားလှသော်လည်း ဤဖားကြီးများအား ဖမ်းနိုင်ရန် သူ့၌ အင်အားလုံးဝမရှိချေ။
ထိုအခိုက် သူ့နောက်ဘက်မှ လက်တဖက်ပေါ်လာပြီး ဖားတကောင်ကို အသာကလေး ဖမ်းလိုက်သည်။ ထိုလက်ပိုင်ရှင်မှာ အခြားသူမဟုတ်။ မိန်းကလေး ဖြစ်တော့သည်။ သူမသည် သမာဓိရရှိရန် သမထထိုင်ပြီးသည်နှင့် အားအင်များပြည့်ဝလာကာ ဖားကို အလွယ်တကူ ဖမ်းနိုင်ခဲ့ခြင်း ဖြစ်တော့၏။
လင့်ဟူချုံးက ဝမ်းသာအားရ အော်လိုက်သည်။
“ဟန်ကျပြီဟေ့ . . . ဟန်ကျပြီ၊ ငါတို့ဒီမှာ ဖားသားကောင်းကောင်း စားရတော့မှာပေါ့ . . . ”
မိန်းကလေးက ပြုံးလိုက်ရင်း ဖားများကို တကောင်ပြီးတကောင် ဆက်တိုက်ဖမ်းတော့သည်။ များမကြာမီ ဖားအကောင်နှစ်ဆယ်ခန့် ရရှိသွားတော့၏။
လင့်ဟူချုံးက . . .
“တော်ပြီ တော်ပြီ . . . မင်းက သစ်ကိုင်းခြောက်တွေ သွားရှာပြီး မီးမွှေး . . . ငါက ဒီဖားတွေကို ဆေးကြောသန့်စင်ထားမယ် ”
မိန်းကလေးက သစ်ကိုင်းများ သွားရှာ၏။ လင့်ဟူချုံးက ဓားရှည်ကိုဆွဲထုတ်၍ ဖားများကို တကောင်ပြီးတကောင် ခွဲစိတ်ဆေးကြောနေတော့သည်။
မိန်းကလေးသည် မီးမွှေးနေရင်းမှ ရယ်ကာ . . .
“အင်း . . . လက်စသတ်တော့ နာမည်ကြီး သိုင်းဆရာကြီး လင့်ဟူချုံးဆိုတာ ဖားသတ်တဲ့ လူစွမ်းကောင်းကြီးကိုး” ဟု ပြောလိုက်တော့သည်။

လင့်ဟူချိုးက တဟားဟားရယ်ရင်း . . .

"မလုပ်ပါနဲ့ . . . တော်ကြာ 'ဇကရာဇ်ကိုးကွက်' ဓားသိုင်းကို တီထွင်လိုက်တဲ့ ဆရာကြီးက ဒီစကားကို ကြားသွားရင် တမလွန်ဘဝကနေ ငါ့ကို ကျိန်ဆဲနေပါဦးမယ်" ဟု ပြောလိုက်လေတော့၏။

ထိုစဉ် မိန်းကလေးက . . .

"အင်း . . . ရှင့်ရဲ့ ' ဇကရာဇ်ကိုးကွက် ' ဓားသိုင်းက သိပ်ကောင်းတာပဲ . . . ဟိုရှောင်လင်ဘုန်းတော်ကြီးတောင် ရှင့်ကို မနိုင်ဘူး . . . သူကပြောသွားသေးတယ်။ ရှင့်ကို ဒီဓားသိုင်းသင်ပေးသွားတဲ့ ဆရာကြီးက သူ့ရဲ့ ကျေးဇူးရှင် ဆိုပါလား . . . အခုဇာတ်ကြောင်းက ဘယ်လိုလဲ . . . "

"ဒါတော့ ငါလည်း မသိဘူး . . . ဒီဓားသိုင်းသင်ပေးတဲ့ ဆရာကြီးက ငါတို့ဝါဆန်းဂိုဏ်းရဲ့ ဝါစဉ်ကြီး ဆရာကြီး တယောက်ပဲ"

"ဒီဆရာကြီးက ဓားသိုင်း ဒီလောက်တော်နေလျက်သားနဲ့ ဘာဖြစ်လို့ သူ့နာမည်ကို သိုင်းလောကမှာ မကြားရတာလဲ . . . အကြောင်းရှိမယ်နဲ့ တူတယ် "

"ဒါ . . . ဒါကို ပြောလို့မဖြစ်ဘူး . . . ငါက ဒီဆရာကြီးကို ကတိပေးထားခဲ့ရတယ် . . . သူ့အကြောင်းကို ဘယ်သူမှ မပြောပြပါဘူးလို့ . . . "

ထိုအခါ မိန်းကလေးက သက်ပြင်း တချက်ချရင်း . . .

"ဟင်း . . . ဒါက ဘာများဆန်းလို့လဲ . . . ရှင်က ပြောပြချင်ပါတယ်ဆိုတောင် ကျွန်မက နားမထောင်ပါဘူး . . . ကျွန်မ ဘယ်သူဆိုတာကော ရှင်သိရဲ့လား . . . "

လင့်ဟူချိုးက ခေါင်းခါပြရင်း . . .

"ဘယ်သိမလဲ . . . မင်းရဲ့နာမည်ကိုတောင် ငါမသိပါဘူး" ဟု ဖြေလိုက်၏။

"ရှင်က . . . ဟိုကိစ္စကိုတောင်ပြောမပြတော့ ကျွန်မကလည်း ကျွန်မအကြောင်း ရှင့်ကို ဘယ်ပြောပြတော့မလဲ . . ."

"ငါမသိပေမယ့် ခန့်မှန်းလိုက်ရင်တော့ သိနိုင်ပါတယ်လေ "

မိန်းကလေးမှာ ချက်ချင်း မျက်နှာပျက်သွားတော့သည်။

"ရှင် . . . ရှင်က ခန့်မှန်းနိုင်တယ် ဟုတ်လား . . . "

လင့်ဟူချိုးက ယဲ့ယဲ့လေး တချက်ပြုံးပြလိုက်ပြီး . . .

"အင်း . . . သိနိုင်ပါတယ်။ ဒါပေမယ့် ခုချက်ချင်းတော့ မဟုတ်သေးဘူး . . . ညကျရင်တော့ ကောင်းကောင်း သိနိုင်ပါတယ် . . . "

မိန်းကလေးက ပိုမိုအံ့သြသွားကာ . . .

"ညကျရင်၊ ဘာဖြစ်လို့ ညကျမှ ပိုပြီးကောင်းကောင်း သိနိုင်ရတာလဲ " ဟု ပြန်မေးလိုက်မိ၏။

ထိုအခါ လင့်ဟူချိုးက . . .

"ဒီလိုလေ . . . ညရောက်တဲ့အခါကျတော့ အနက်ရောင်ကမ္ဗလာကြီးပေါ်မှာ စိန်တွေဖြန့်ကြဲသလို ကောင်းကင်ကြီးမှာ ကြယ်တွေ လင်းလက်လာလိမ့်မယ် . . . အဲ့ဒီကြယ်တွေထဲမှာ ဘယ်ကြယ်ပျောက်နေသလဲဆိုတာ ရှာကြည့်လိုက်မယ် . . . အဲဒီအခါကျတော့ မင်းဟာ ဘယ်ကြယ်ထဲက ဆင်းလာတဲ့ နတ်မိမယ်ကလေးဆိုတာ သိနိုင်တော့တာပေါ့ . . . မင်းက နတ်သမီးလေးတယောက်လို လှနေတာပဲ . . . ဒီကမ္ဘာကလူတော့ ဘယ်ဖြစ်နိုင်မလဲ . . . "

မိန်းကလေးက 'သွား' ဟု ရှက်စနိုး အော်ဟစ်မိတော့သည်။ မျက်နှာ၌လည်း ရဲခနဲ ရှက်သွေးဖြန်းသွားသည်။ သို့သော်သူ့စိတ်ထဲတွင်မူ လွန်စွာကြည်နူးနှစ်သိမ့်သွား၏။

သူမက . . .

"ရှင်နော် . . . ဘာတွေ လျှောက်ပြောနေပြန်ပြီလဲ . . . "

သူမက လင့်ဟူချိုးအား စကားဆက်မပြောတော့ပဲ မီးများ ရဲရဲတောက်စပြုလာပြီဖြစ်၍ သန့်စင်ဆေးကြောပြီးသော ဖားများကို သစ်ကိုင်းတခုတွင် သီတံထိုးလိုက်ကာ မီးကင်နေတော့သည်။ ဖားကြီးများမှာ ကြီးမားဆူဖြိုးလှသဖြင့် အဆီများ တစက်စက်ယိုကျကာ မီးထဲသို့ 'ရှဲ' ခနဲ 'ရှဲ' ခနဲ ကျနေတော့သည်။

သူမက မီးပုံထဲမှ တငွေ့ငွေ့တက်လာသော အငွေ့များကို ကြည့်ရင်း တိုးညင်းသောလေသံဖြင့် . . .

"ကျွန်မနာမည်က 'လင်းလင်း'တဲ့ . . . ကျွန်မကသာ ပြောနေတာ . . . ရှင်က မှတ်မှ မှတ်ထားပါ့မလား မသိဘူး" ဟု စကားစလိုက်၏။

လင့်ဟူချုံးက . . .

" ဒီနာမည်ကလေးက တကယ်လှတာပဲ . . . မင်းရဲ့နာမည် . . . 'လင်းလင်း' မှန်းသိရင် ဒီနာမည်ပဲ ခေါ်မှာပေ့ါ . . . ဘယ့်နှယ် ဘွားဘွားလို့ ခေါ်တော့မှာလဲ . . . "

လင်းလင်းက တချက်ပြုံးလိုက်ပြီး ချက်ချင်း မျက်နှာပြန်တည်သွားကာ . . .

"ကျွန်မနာမည်ကို လူရှေ့သူရှေ့မှာ မခေါ်ရဘူးနော်"

လင့်ဟူချုံးက တအံ့တသြဖြင့် . . . 'ဟင် . . . ဘာဖြစ်လို့လဲ' ဟု ပြန်မေးလိုက်၏။

"အို . . . မခေါ်နဲ့ဆို မခေါ်နဲ့ပေ့ါ . . . "

"အင်း . . . မင်းရဲ့စိတ်က အမျိုးမျိုးပဲ . . . တော်ကြာတမျိုး အခုတမျိုးနဲ့ . . . ဒီလိုဆို ဘယ်သူက မင်းရဲ့ . . . "

လင့်ဟူချုံး စကားမဆုံးမီမှာပင် လင်းလင်း၏မျက်နှာ၌ ဒေါသ၏ရှေ့ပြေး အရိပ်အငွေ့များကို တွေ့လာရသဖြင့် သူ့စကားကို ချက်ချင်းရပ်လိုက်ရသည်။ လင်းလင်းက ဒေါသသံကလေးဖြင့် 'ဟင်း' ခနဲ ရေရွတ်လိုက်ကာ အံကြိတ်ပြလိုက်သည်။

လင့်ဟူချုံးက ရယ်၍ . . .

"မင်းက ဘာဖြစ်လို့ စိတ်ဆိုးရပြန်တာလဲ . . . စကားလည်း ဆုံးအောင် နားမထောင်ဘူး . . . ငါပြောမှာက တမျိုး . . . ဒီလိုဆို ဘယ်သူက မင်းရဲ့တပည့် လုပ်ချင်တော့မှာလဲလို့ ပြောမလို့ပါ . . . မင်းရဲ့တပည့်လုပ်ရင်တော့ တော်တော်ကလေး ဒုက္ခခံရမှာပဲလို့ ပြောမလို့ပါ . . . "

စင်စစ် လင့်ဟူချုံး ပြောသည့်စကားမှာ 'ဘယ်သူက မင်းရဲ့ ယောကျ်ားလုပ်ချင်တော့မှာလဲ . . .' ဟူသည့် စကားဖြစ်သည်။ သို့သော် အခြေအနေ မဟန်မှန်းသိသဖြင့် စောစောစီးစီးက စကားကို လျှောချလိုက်ခြင်းဖြစ်၏။

လင်းလင်းကလည်း လင့်ဟူချုံး စကားလမ်းကြောင်း ပြောင်းလိုက်မှန်းသိသည်။ ထို့ကြောင့် သူမက . . .

"ရှင်က သိပ်ခက်တာပဲ . . . စကားပြောရင်လည်း ဘယ်တော့မှ တည်တည်တံ့တံ့မရှိဘူး . . . စကားသုံးခွန်း ပြောရင် နှစ်ခွန်းလောက်က အပြောင်အပျက် အရွှတ်အနောက်တွေ ဖြစ်နေတယ် . . . ကျွန်မ၊ ကျွန်မက . . . ကျွန်မရဲ့ နာမည်ကို လူရှေ့သူရှေ့ မခေါ်ပါနဲ့ဆိုတာက အမိန့်ပေးတာ မဟုတ်ပါဘူး . . . အတင်းအကျပ် ခိုင်းတာမဟုတ်ပါဘူး . . . ကျွန်မရဲ့စကားကို နားထောင်ချင် နားထောင်၊ နားမထောင်ရင်လည်း နေပေ့ါ . . . ရှင့်သဘောပဲ . . . "

"ငါက မင်းရဲ့စကားကို နားထောင်ချင်ပါတယ် . . . "

သည်စကားမှာလည်း နောက်ပြောင်သလို ဖြစ်သွားပြန်သည်။ လင်းလင်းသည် ရုတ်တရက် စိတ်ဆိုးသွားရာမှ ထိုစကား၏ အခြားအဓိပ္ပာယ်တခုကို စဉ်းစားမိလိုက်သောအခါ ရှက်သွေးတက်သွားပြီး တဘက်သို့ လှည့်သွားတော့၏။

နှစ်ယောက်စလုံး စကားမပြောမိကြတော့ပဲ ငြိမ်သက်တိတ်ဆိတ်နေကြသည်။ အတန်ကြာသောအခါ တူးနံ့ရသဖြင့် လင်းလင်းက လှမ်းအော်ရင်း မီးဖိုသို့ လှမ်းကြည့်လိုက်ကြသည်။ ဖားသားများကို မီးတူးသွားခြင်းပေတည်း။

လင်းလင်းက စိတ်ဆိုးမာန်ဆိုးဖြင့် . . .

"အဲဒါ ရှင်မကောင်းလို့ ဖြစ်ရတာ . . . "

လင့်ဟူချုံးက မည်သည့်စကားကိုမျှ မပြောဘဲ ဖားသားများကို မီးလွတ်ရာသို့ ချလိုက်ပြီး အားရပါးရ ဖြုတ်ယူစားသောက်တော့သည်။

"ဒါမှ ကောင်းတာ . . . ချိုတဲ့အရသာထဲမှာ ခါးတဲ့အရသာကလေး ပါနေတယ် . . . ဒါမှ ချိုခါးလေး . . . "

လင်းလင်းက သူ၏စကားကြောင့် ရယ်မိသွား၏။ သူမကလည်း ဖားကင်များကို ယူစားလိုက်သည်။ လင့်ဟူချုံးက လင်းလင်းအား ညှာသည်။ မီးတူးသော အသားများကိုသာ ရွေးစားပြီး အသားကောင်းများကို လင်းလင်းအား ကမ်းပေးသည်။ အားရပါးရ စားသောက်ပြီးသောအခါ မျက်ခွံများ လေးလံလာကြပြီး နှစ်ယောက်စလုံး အိပ်ပျော်သွားကြတော့သည်။

ထိုစဉ် လင့်ဟူချုံး အိပ်မက်မက်တော့၏။ အိပ်မက်ထဲတွင် လင့်ဟူချုံးမှာ ဂိုဏ်းတူညီမလေး လိန်လိန်နှင့် ဓားသိုင်း ကျင့်နေကြ၏။ ထိုအခိုက် လင်မိန်ကျက် ရုတ်တရက် ရောက်ရှိလာပြီး မိမိအား တိုက်ခိုက်တော့သည်။ မိမိက 'ဇကရာဇ်ကိုးကွက်' ဖြင့် တိုက်ခိုက်ရန် ကြံရွယ်လိုက်၏။ သို့သော် ဓားကွက်များကို တကွက်မျှမမှတ်မိတော့ပဲ ဒုက္ခအကြီးအကျယ် ရောက်နေရတော့သည်။ ထိုစဉ် လင်မိန်ကျက်က မိမိအား စတင်ထိုးခုတ်တော့သည်။ လိန်လိန်ကား မိမိ၏ မရှုမလှရှုံးနိမ့်နေပုံကိုကြည့်ရင်း တဟားဟား ရယ်မောနေတော့၏။

လင့်ဟူချုံးသည် ထိတ်လည်းထိတ်လန့် ဒေါသလည်းထွက်လာသဖြင့် . . .

"ညီမလေး . . . ညီမလေး " ဟု ချောက်ချားစွာ အော်ဟစ်လိုက်တော့သည်။ အော်လိုက်မိသည်နှင့် ချက်ချင်း လန့်နိုးလာလေတော့၏။

လင့်ဟူချိုးမှာ ချွေးသီးချွေးပေါက်များကို လက်ဖြင့်သပ်ချလိုက်ရသည်။

ထိုစဉ် ချိုလွင်အေးမြသော အသံကလေးက . . .

"ရှင်အိပ်မက်ထဲမှာ ရှင့်ရဲ့ ဂိုဏ်းတူညီမလေးကို မက်နေတယ်ထင်တယ် . . . "

ထိုအသံကလေးကို ကြားလိုက်ရသောအခါမှ မိမိအိပ်မက်မက်နေကြောင်း စိတ်ချယုံကြည်သွားပြီး သက်ပြင်း ချနိုင်တော့သည်။

သူက တဟားဟားရယ်ကာ စကားပြောလိုက်မည် ပြင်စဉ်မှာပင် လင်းလင်းက သူ၏ပါးစပ်ကို ရုတ်တရက် လှမ်းပိတ်လိုက်တော့၏။ ပြီးမှ အသံတိုးတိုးဖြင့် . . . "လူသံ ကြားရတယ် . . . " ဟု ပြောလိုက်၏။

များမကြာမီပင် ခြေသံများ ကြားရတော့သည်။ အတန်ကြာသောအခါမှ လူတယောက်၏ စကားပြောသံကို ကြားလိုက်ရသည်။

"ကျူချန်း . . . ကျိဟု . . . အခု ငါတို့ ဘယ်သွားကြမလဲ"

ဤစကားကို ပြောလိုက်သူမှာ လောင်ထိုဖြစ်ကြောင်း လင့်ဟူချိုး ကောင်းကောင်းသိသည်။ 'ကျိဟူ' မှာ သူ၏ ဂိုဏ်းတူ အစ်ကိုကြီး ဖြစ်ဟန်တူ၏။

ထိုစဉ် ကျူချန်းက . . . "ငါတို့ . . . "

ရုတ်တရက် စကားပြတ်သွားပြီးမှ . . .

"ဟင် . . . ဒီမှာ ဆေးလုံးတလုံးပါလား . . . "

ကျိဟူက ကောက်ယူ၍ သေသေချာချာ ကြည့်လိုက်၏။ "ဒါက ရှောင်လင်ဂိုဏ်းရဲ့ အဖိုးတန်ဆေးလုံးပဲ . . . ဒါက ဒဏ်ကြေဆေး . . . သိပ်အစွမ်းထက်တဲ့ ဆေးကွ . . . "

ကျူချန်းက . . .

"ဒါဆို လောင်ထို့ကိုပေးလိုက် . . . သူ့သမီးကို ကုလို့ရတာပေ့ါ၊ မကောင်းဘူးလား . . . "

လောင်ထိုက . . .

"ကျေးဇူးတင်ပါတယ်ကွာ . . . ဒါပေမယ့် ငါ့သမီးအတွက်က ဒီလောက်အရေးမကြီးပါဘူး။ လင့်ဟူချိုးကို အမြန်ဆုံး တွေ့အောင်ရှာပြီး ဒီဆေးလုံးကို သောက်ခိုင်းလိုက်မယ် . . . "

လင့်ဟူချိုးမှာ ထိုလူများ၏ စေတနာကို ကြားသိလိုက်ရသောအခါ ရင်ထဲ၌ ဝေဒနာတရပ် ခံစားလိုက်ရတော့သည်။ လင်းလင်းက သူ့အား တချက်ပြုံးကြည့်ရင်း ပြောင်ပြလိုက်၏။

ထိုစဉ် လောင်ထိုတို့ သုံးယောက် ထိုင်ချလိုက်သံကို လင့်ဟူချိုးတို့ ကြားလိုက်ကြရ၏။

လောင်ထိုက . . .

"အခု လောလောဆယ် ပြဿနာတခုကို ဖြေရှင်းကြရမယ်"

ကျိဟုက ပြန်မေးလိုက်၏။ "ဘာပြဿနာလဲကွ . . . "

လောင်ထိုက . . .

"ခုချိန်လောက်ဆိုရင် လင့်ဟူချိုးက နေမင်းသမီးတော်ကလေးနဲ့ အတူတူရှိနေမှာပဲ။ ငါတို့က ဒီဆေးလုံးကို သွားပေး ရင် သူနဲ့ ကျိန်းသေတိုးမှာပဲ။ အဲဒါဆိုရင် သူက ငါတို့ကို စိတ်ဆိုးပြီး သတ်ချင်သတ်မှာ . . . "

လင့်ဟူချိုးက လင်းလင်းကို တချက်ကြည့်လိုက်ပြီး စိတ်ထဲတွင် တွေးနေမိ၏။

"အင်း . . . သူတို့က သူ့ကို နေမင်းသမီးတော်လို့ ခေါ်ကြတာပဲကိုး။ နောက်ပြီး သူ့ကိုလည်း သေမလောက် ကြောက်နေကြတာပဲ . . . "

ကျိဟုထံမှ စကားသံ မကြားရချေ။ သုံးယောက်စလုံး ငြိမ်သက်စွာ ထိုင်၍ စဉ်းစားနေသည်။ အတန်ကြာမှ ကျူချန်းက သက်ပြင်းချရင်း . . .

"လင့်ဟူချိုးရဲ့ ရောဂါမြန်မြန်ပျောက်ပြီး ဒီနေမင်းသမီးတော်ကလေးနဲ့ မြန်မြန်လက်ဆက်သွားပါစေလို့ ဆုတောင်း ရတော့မှာပဲ။ သူတို့နှစ်ယောက် အိမ်ထောင်မကျမခြင်း ငါတို့လည်း အေးအေးဆေးဆေး နေရမှာမဟုတ်ဘူး " ဟု ပြောလိုက်တော့၏။

လင့်ဟူချိုးမှာ ထိတ်လန့်တကြားဖြစ်သွားပြီး လင်းလင်းကို တချက်လှမ်းကြည့်လိုက်သည်။ လင်းလင်း၏ မျက်နှာမှာ

နီရဲလျက် ရှိနေလေပြီ။

မျက်လုံးများသည်လည်း . . . ဒေါသကြောင့် တလက်လက် တောက်ပလျက် ရှိနေချေပြီ။

လင့်ဟူချိုးသည် လင်းလင်းတယောက် ခုန်ထွက်သွားပြီး လောင်ထိုတို့သုံးယောက်ကို သတ်ပစ်မည်စိုးရိမ်သဖြင့် သူမ၏ လက်ကလေးကို ဆုပ်ကိုင်ထားမိ၏။

သူမ၏ တကိုယ်လုံး တုန်ယင်နေသည်ကို လင့်ဟူချိုး သတိပြုလိုက်မိ၏။ ရှက်ဒေါသ ထွက်နေခြင်းသာ ဖြစ်ပေလိမ့်မည်။

"ဟူပါးတောင်ကုန်းထိပ်မှာ ဆရာလေးလင့်ဟူချိုးကို ကြိုဆိုနှုတ်ဆက်ပွဲလုပ်တာကို နေမင်းသမီးတော်လေးက သိပ်ဒေါသထွက်သွားတယ်တဲ့ . . . တော်တော်ခက်တာပဲ။ တကယ်တော့ ယောကျ်ားနဲ့မိန်းမ ချစ်ကြိုက်တယ်ဆိုတာ သဘာဝပဲ . . . ဒါက ဘာမှမဆန်းပါဘူး။ ဆရာလေး လင့်ဟူချိုးလို ရုပ်ချောတဲ့လူတယောက်နဲ့ ငါတို့ရဲ့ နေမင်းသမီးတော်လေးလို မိန်းကလေးနဲ့မှ လိုက်ဖက်တာပေါ့ . . . ငါတို့ရဲ့ နေမင်းသမီးတော်လေးဟာ ဘယ်လောက်ထက်ထက်မြက်မြက်ရှိသလဲ . . . အခု ဒီကိစ္စမှာတော့ ဘာဖြစ်လို့ သာမန်မိန်းကလေးတယောက်လို ရှက်ရွံ့ရွံ့ဖြစ်နေရတာလဲ မသိဘူး . . . သူက ဆရာလေးလင့်ဟူချိုးကို သဘောကျနေလျက်သားနဲ့ သူများက ဒီကိစ္စပြောရင် ဘာဖြစ်လို့ မကြိုက်ရတာလဲ မသိဘူး . . . သူများမြင်တာလည်း မကြိုက်ပြန်ဘူး . . . အဲဒါက တမျိုးကြီး ဖြစ်နေတာပေါ့ . . . "

လင့်ဟူချိုးက တွေးလိုက်မိသည်။

"ဒီကျိဟု ပြောတာ ဟုတ်များ ဟုတ်နေမလား မသိဘူး"

ထိုစဉ် လင်းလင်းသည် လင့်ဟူချိုး၏လက်မှ သူမ၏လက်ကို ဆွဲထုတ်ရုန်းကန်လိုက်သည်။ လင့်ဟူချိုးက မလွှတ်ဘဲ အတင်းဆုပ်ကိုင်ထားသည်။ သူမ လွတ်ထွက်သွားပါက ထိုသူသုံးယောက်ကို သတ်ပစ်မည်စိုးသောကြောင့် ဖြစ်၏။

ထိုအခါ ကျူချန်းက ဆက်၍ပြောသည်။

"နေမင်းသမီးတော်လေးက မဟူရာတောင်ကုန်းကလူဆိုတော့ သိုင်းပညာကလည်းကောင်း . . . အဘက်ဘက်ကလည်း တော်တယ် . . . ဒါပေမယ့် သူက ယောကျ်ားဆို ယင်ဖိုတောင် မသန်းခဲ့တဲ့ မိန်းကလေးဆိုတော့ သူကြိုက်တဲ့ ယောကျ်ားကလေး တွေ့ပေမယ့် ဘယ်တိတိလင်းလင်း ထုတ်ပြောရဲမလဲ . . . ရှက်တာပေါ့ . . . ဒီတခါ ငါတို့ မျက်နှာလိုမျက်နှာရလုပ်တာ မှားသွားတယ် . . . အင်းလေ . . . တို့လို တိုက်လိုက်ခိုက်လိုက် သတ်လိုက်ဖြတ်လိုက် လုပ်နေတဲ့ လူကြမ်းကြီးတွေက ဒါမျိုး ဘယ်နားလည်ပါ့မလဲ . . ."

လင့်ဟူချိုးမှာ ယခုမှ ကောင်းစွာ သဘောပေါက်လာတော့သည်။ လမ်းခရီးတလျှောက်လုံး သိုင်းသမားမျိုးစုံက မိမိအား လက်ဆောင်ပဏ္ဏာများပေးခြင်း၊ ဆေးဝါးကုသရေးအတွက် စီစဉ်ပေးခြင်းနှင့် ဟူပါးတောင်ကုန်းထိပ်၌ ဧည့်ခံပွဲကြီးတခု ဆင်ယင်ကျင်းပပေးခြင်းတို့မှာ ဒီ 'လင်းလင်း' ခေါ် နေမင်းသမီးတော်ကလေးကြောင့်သာဖြစ်ကြောင်း သဘောပေါက် နားလည်လာသည်။

ဟူပါးတောင်ကုန်းထိပ်၌ သိုင်းသမားပေါင်းစုံ ရုတ်တရက် ကြက်ပျောက်ငှက်ပျောက် ပျောက်သွားကြခြင်းမှာ လူသူမသိစေချင်သော လင်းလင်း၏ဆန္ဒကို နားမလည်ဘဲ ဟိုးလေးတကျော်ကျော် ဖြစ်သွားအောင် လုပ်ခဲ့မိကြသည့် သူတို့အပြစ်အတွက် အပြစ်ဒဏ်ပေးမည်ကို စိုးရိမ်သောကြောင့်ပင် ဖြစ်တော့၏။

သို့သော် လင်းလင်းက သူ့အပေါ် ဆန်းပြားသော စိတ်ထားမျိုး ထားလိမ့်မည်ဟု မယုံကြည်။ လင်းလင်းနှင့် သူနှင့် စတင်တွေ့ဆုံကြသည်မှာ ဝါးရုံတောတွင်ဖြစ်၍ အချိန်ကြာမြင့်စွာ ရင်းနှီးခင်မင်ခဲ့ကြခြင်း မဟုတ်ပေ။

ထိုအခိုက် လင်းလင်း၏အသံ ရုတ်တရက် ပေါ်လာတော့သည်။

"အေး . . . မင်းတို့သုံးယောက် ဒီနေရာက မြန်မြန်ထွက်သွားကြစမ်း . . . မဟုတ်တယုတ်တွေ ထိုင်ပြောနေတဲ့အတွက် ဒေါသဖြစ်ပြီး ငါသတ်မိတော့မယ် . . . "

လင့်ဟူချိုးမှာ လင်းလင်းက စကားလှမ်းပြောလိမ့်မည်ဟု လုံးဝမမျှော်လင့်ဘဲ နေမိရာမှ ဤသို့ စကားသံ ထွက်လာသောအခါ လန့်သွားသည်။ ထို့ကြောင့် သူမ၏လက်ကလေးကို အတင်းဆုပ်ကိုင်ထားမိတော့သည်။

ကျူချန်းတို့ သုံးယောက်၏ ထိတ်လန့်မှုကား ဆိုဖွယ်ရာမရှိတော့ချေ။ သေဒဏ်နှင့် လက်တလုံးခြားမျှသာ ကွာလျက်ရှိနေလေပြီ။ လောင်ထိုက ချောက်ချားသော လေသံဖြင့် ပြောလိုက်သည်။

"ဟုတ် . . . ဟုတ်ကဲ့၊ ကျွန်တော် . . . ကျွန်တော်တို့ "

ကြောက်လန့်လွန်းသဖြင့် စကားကို ဆုံးအောင် မပြောနိုင်တော့ချေ။ ထစ်ထစ်ငေါ့ငေါ့ဖြင့် ရပ်တန့်နေတော့၏။ ထိုအခါ ကျူချန်းက "ဟုတ် . . . ဟုတ်ကဲ့။ ကျွန်တော်တို့ ပေါက်တတ်ကရစကားတွေ လျှောက်ပြောနေမိလို့ ဒီနေ့ကစပြီး

သိုင်းလောကထဲ မဝင်တော့ပါဘူး . . . ”

လင်းလင်းက ဖြတ်၍ . . .

“ဘယ်သူက မင်းတို့ကို သိုင်းလောကထဲကနေ ထွက်ခိုင်းလို့လဲ . . . အခု ငါက မင်းတို့ကို လူတယောက်ကို သွားသတ်ခိုင်းမယ် . . . အဲ့ဒီလူကို အခု ငါရှာလို့မတွေ့သေးဘူး . . . အခု ငါသတ်ခိုင်းလိုက်တဲ့ သတင်းကို မင်းတို့ သိုင်းလောကထဲ ဖြန့်လိုက်ကြစမ်း . . . ဒီလူကို သတ်နိုင်ဖို့ အရေးကြီးတယ် . . . ငါက ဆုငွေကောင်းကောင်းပေးမယ် ဆိုတာပါ ကြေညာလိုက် . . .”

ကျူချန်းက ဝမ်းသာအားရလေသံဖြင့် . . .

“ဟုတ်ကဲ့ခင်ဗျာ . . . နေမင်းသမီးတော်လေး ခိုင်းတာကို ကျွန်တော်တို့က . . . မဖြစ်ဖြစ်အောင် ဆောင်ရွက်ပေးပါ့ မယ် . . . ကျွန်တော်တို့ သတ်ရမယ့် လူဆိုးရဲ့ နာမည်ကိုသာ ပြောပါ . . . ”

လင်းလင်းက . . .

“ဒီလူရဲ့ နာမည်က လင့်ဟူချုံးပဲ . . . ဝါဆန်းဂိုဏ်းကလူ . . . ”

ထိုစကားကို ကြားလိုက်ရသော ကျူချန်းတို့သုံးယောက်မှာ ထိတ်လန့်တုန်လှုပ်သွားကြတော့၏။ မည်သူကမျှ ခွန်းတုံ့ပြန် မမေးရဲကြတော့ပေ။

လောင်ထိုက တုန်တုန်ယင်ယင်ဖြင့် . . .

“ဒါ . . . ဒါ . . . ”

သူ့စကားပင် ဆုံးအောင် နားမထောင်တော့။ လင်လင်းက အော်ငေါက်လိုက်၏။

“ဒါတွေ ဘာတွေ လုပ်မနေနဲ့ . . . ငါခိုင်းတာကို အမြန်ဆုံးလုပ်၊ အဲဒီလူကို အမြန်ဆုံးသတ် . . . အခုချက်ချင်း သွားကြ . . . ဒီသတင်းကိုလည်း ချက်ချင်းဖြန့်လိုက်ကြ . . . ”

ကျူချန်းတို့မှာ လုံးဝ စကားမပြောနိုင်ကြတော့။ ထိုနေရာမှ ချက်ချင်းပင် ထွက်ခွာသွားကြရတော့၏ . . . ။ လင့်ဟူချုံးကို သတ်ရန် တာဝန်ကြီးသည် သူတို့နှင့်အတူ ပါရှိသွားလေပြီ။

သူတို့သုံးယောက် ထွက်သွားရာသို့ လင့်ဟူချုံးငေး၍ ကြည့်နေလိုက်မိသည်။ ပြီးမှ ‘လင်းလင်း’ အား လှည့်ကြည့် လိုက်၏။ သူမက ခေါင်းငုံ့၍ စဉ်းစားနေသည်။ မည်သည့်အရာများကို စဉ်းစားနေမှန်း လင့်ဟူချုံး မခန့်မှန်းနိုင်ချေ။

လင့်ဟူချုံး၏ စိတ်ထဲတွင် . . .

“အင်း . . . အခုလို သတ်ခိုင်းတာကတော့ သူ့သိက္ခာ မကျစေချင်လို့ပဲ . . . ဒါက ဘာများခက်တာမှတ်လို့ ” ဟု တွေးနေမိ၏။

လင့်ဟူချုံးက . . .

“လင်းလင်း . . . မင်းငါ့ကို သတ်ချင်ရင် ကိုယ်တိုင်သတ်လိုက်ပါလား . . . ဘယ့်နှယ် ရှည်ရှည်ဝေးဝေး သူများတွေ လျှောက်သတ်ခိုင်းနေတာလဲ . . . ”

ပြောပြောဆိုဆိုဖြင့် သူ၏ ဓားရှည်ကို ဆွဲထုတ်ကာ ဓားရိုးကို လင်းလင်းအား ကမ်းပေးလိုက်၏။ လင်းလင်းက ဓားရိုးကို ဆုပ်ကိုင်လိုက်သည်။ ပြီးမှ လင့်ဟူချုံးကို သေချာစွာ စိုက်ကြည့်လိုက်၏။ လင့်ဟူချုံးကမူ သူ၏ရင်ဘတ်ကို ကော့ပေးထားရင်း တဟားဟား ရယ်နေမိတော့သည်။

လင်းလင်းက အော်လိုက်၏။ “ရှင်က သေရမှာများ ဘာဖြစ်လို့ ဒီလောက်ရယ်နေရတာလဲ . . . ”

လင့်ဟူချုံးက . . .

“သေရမှာမို့ ရယ်တာပေါ့ . . . ”

လင်းလင်းက ဓားနှင့်ထိုးရန် ဟန်ပြင်လိုက်ပြီးမှ ရုတ်တရက် ဓားကိုအဝေးသို့ လွှင့်ပစ်လိုက်လေတော့၏။ သူမသည် ခြေကလေးကို ဆောင့်၍ ငိုမဲ့မဲ့နှင့် ပြောတော့၏။

“ရှင်မကောင်းလို့ သိလား။ ရှင့်ကြောင့် အခု သိုင်းလောကက လူတွေက ရယ်နေကြပြီ။ ကျွန်မ တသက်လုံး ယောက်ျားမရတော့မယ့် အတိုင်းပဲ ။ ကျွန်မက ရှင့်ကို အတင်းလိုက်ပြီး ကြိုက်နေတဲ့ အတိုင်းပဲ။ အခု အခု ကျွန်မရဲ့ မျက်နှာကို ဓားနဲ့ လှီးပစ်ဖို့ပဲ ကောင်းတော့တယ်။ မိန်းကလေးတယောက်အနေနဲ့ ဘယ်လောက်ရှက်ဖို့ကောင်းသလဲ . . . ”

လင့်ဟူချုံးက သူမ ပြောနေပုံကလေးမှာ ချစ်စရာလည်းကောင်း၊ ရယ်စရာလည်း ကောင်းနေသဖြင့် တဟားဟား ရယ်လိုက်မိတော့၏။ ထိုအခါ လင်းလင်းက ဒေါသထွက်လာပြီး . . .

“ရှင်က ကျွန်မကို ရယ်သေးတယ် ဟုတ်လား။ ကြည့်ပြီး လှောင်နိုင်သေးတယ်ပေါ့ . . . ” ဟု ပြောကာ ချုံးပွဲချ

ငိုတော့၏။ လင်းလင်းငိုမည်ဆိုလည်း ငိုလောက်ပေသည်။

သူမ၏စိတ်တွင်း၌ လင့်ဟူချုံးအပေါ် မည်မျှ အမှန်တကယ် တိမ်းညွတ်သည်ဖြစ်စေ၊ လူသူပရိသတ် ဤမျှများပြားစွာ မရိပ်မိ၊ မသိရှိစေလိုပေ။ သို့သော် သူဖြစ်စေချင်သည့်အတိုင်း မဖြစ်သည့်အပြင် သူမ၏သိက္ခာကို အတုံးလိုက်အတစ်လိုက် ကျစေမည့်စကားများ ယခုပင် နားနှင့်ဆတ်ဆတ် ကြားလိုက်ရပြီ မဟုတ်လား။

သူမ ချုံးပွဲချငိုသောအခါ လင့်ဟူချုံးမှာ စိတ်မကောင်းဖြစ်သွားတော့၏။ သူ့စိတ်ထဲတွင် တွေးနေလိုက်သည်။

"သူက သူတို့သိုင်းအဖွဲ့ထဲမှာ အင်မတန်ဂုဏ်သိက္ခာရှိတဲ့ မိန်းကလေးတယောက်ပဲ။ သူ့ကို လူတိုင်းလိုလိုက ရိုသေ ကြောက်ရွံ့ကြတယ်။ အဲဒီလို အထင်ကြီး အရိုအသေခံနေရာကနေပြီး ယောက်ျားကလေးတယောက်ကို အရှုးအမူး လိုက်ကြိုက်နေတဲ့ သဘောမျိုး အပြောခံရတော့ စိတ်လည်းဆိုး၊ ရှက်လည်းရှက် ရှာမှာပေါ့လေ။ အခု . . . သူက ငါ့ကို သတ်ဖို့ ကျူချန်းတို့ကတဆင့် အမိန့်ပေးလိုက်ပြီ။ သူနဲ့ ငါအတူ ရှိမနေဘူးဆိုတဲ့ သဘောကို ပြလိုက်တာပဲ . . . "

ဤသို့တွေးမိလိုက်သောအခါ လင့်ဟူချုံးက ဖြည်းညင်းစွာ မတ်တတ်ရပ်လိုက်သည်။ ညင်သာသော လေသံဖြင့် . . .

"ဟုတ်ပါတယ်။ ငါ့ကြောင့် ဒီလိုဖြစ်ရတာပါ။ ငါမကောင်းလို့ပါ။ မိန်းကလေးတယောက်ရဲ့ နာမည်ဂုဏ်သိက္ခာ ဒီလောက်ကျရင် ဘယ်ကောင်းတော့မလဲ။ စိတ်ဆိုးမယ်ဆိုလည်း စိတ်ဆိုးစရာပါပဲ။ ကဲ . . . ငါသွားတော့မယ် . . . " ဟု ပြောကာ ဆင်ခြေလျှော တောင်ကုန်းပေါ်သို့ တက်ရန် ခြေလှမ်းပြင်လိုက်တော့၏။

လင်းလင်းက မျက်ရည်များကို သုတ်ကာ . . .

"ရှင် . . . ရှင် . . . ဘယ်သွားမလို့လဲ . . . "

"ရောက်ရာပေါက်ရာ ခြေဦးတည့်ရာပဲ . . . "

"ကျွန်မကို စောင့်ရှောက်မယ်လို့ ကတိပေးထားတယ် မဟုတ်လား။ အခုတော့ ရှင့်ကတိရှင် မစောင့်ထိန်းတော့ဘူးပေါ့ လေ။ ရှင်က ဘယ်ကိုသွားချင်ရပြန်တာလဲ . . . "

"မင်းကငါ့ထက် သိုင်းပညာအများကြီး တော်တာပဲ။ ငါက လူမမာလို ဖြစ်နေတဲ့လူ။ မင်းကို ငါစောင့်ရှောက်ဖို့ မလို တော့ပါဘူး"

လင့်ဟူချုံးက တောင်ကုန်းပေါ်သို့ စတက်တော့၏။ လင်းလင်းက အလောတကြီး လှမ်းတားလိုက်၏။

"ဟင့်အင်း . . . ရှင် မသွားရဘူး . . . "

သူမသည် ပြောပြောဆိုဆိုနှင့် လင့်ဟူချုံးနားသို့ ပြေးကပ်လာသည်။ လင့်ဟူချုံးက . . .

"ဘာဖြစ်လို့ မသွားရမှာလဲ . . . "

လင်းလင်းက . . .

"ရှင်မသိဘူးလား။ ရှင်ထွက်သွားရင် အသတ်ခံရတော့မှာ။ အခုဆိုရင် ကျူချန်းတို့က ကျွန်မရဲ့အမိန့်ကို တော်တော် လေး ဖြန့်ထားပြီးလောက်ပြီ။ ရှင် ကျွန်မလူတွေအကြောင်း သိပ်မသိသေးဘူး။ ကျွန်မက သေဆိုသေ၊ ရှင်ဆိုရှင်ပဲ။ ရှင့်ကို တွေ့ရာသင်္ချိုင်း ဓားမဆိုင်း သတ်ကြတော့မှာ . . . "

လင့်ဟူချုံးက မြေကြီးပေါ်တွင် ကျနေသောဓားကို ကောက်ယူ၍ ဆက်လျှောက်ပြန်တော့သည်။

လင်းလင်းက ဒေါသတကြီးဖြင့် အော်လိုက်၏။

"လင့်ဟူချုံး . . . ရှင် ကျွန်မစကားကို နားမထောင်ဘူးလား။ မသွားနဲ့ဆို လုံးဝမသွားနဲ့ . . . "

လင့်ဟူချုံးမှာ သူ၏ခြေလှမ်းများကို ရပ်လိုက်၏။ နားမလည်နိုင်စွာဖြင့် လင်းလင်းအား ပြန်ငေးကြည့်နေသည်။ လင့်ဟူချုံးမှာ အလွန်ရိုးသားသူဖြစ်၍ လင်းလင်းက သူ့အပေါ် ထားရှိသည့် စိတ်ဓာတ်ကို လုံးဝမရိပ်စားမိပေ။

ထို့ပြင် မိန်းကလေးသိက္ခာကျစေမည့် အတွေးမျိုးကိုလည်း လုံးဝ တွေးတောလေ့ မရှိသောကြောင့်လည်း တကြောင်း ဖြစ်သည်။

လင်းလင်းက သူ့နားကပ်လာပြီး ငိုသံပါကြီးနှင့် . . .

"ရှင် . . . ရှင် . . . ကျွန်မရဲ့ သဘောကို တကယ်ပဲ မသိဘူးလား " ဟု မေးလိုက်သည်။

လင့်ဟူချုံးက တအံ့တသြဖြင့် ပြန်မေးသည်။

"ဘာ . . . ဘာသဘောလဲ . . . "

လင်းလင်းက အံကိုကြိတ် နှုတ်ခမ်းကလေးကို ကိုက်ကာ . . .

"ကျွန်မ . . . ကျွန်မ . . . ကျူချန်းတို့ကို ဟိုသတင်းဖြန့်ခိုင်းလိုက်တာက တကယ်တော့ ရှင် ကျွန်မအနားမှာ တသက်လုံး ရှိနေစေချင်လို့ပဲ။ ရှင်ကျွန်မအနားက မခွာစေချင်လို့ပဲ . . . " ဟု မျက်စိမှိတ်၍ ပြောချလိုက်တော့သည်။

ထိုစကားဆုံးသွားသည်နှင့် သူမ၏ တကိုယ်လုံး တဆတ်ဆတ် တုန်နေရှာသည်။ မတ်တတ်ရပ်နေရာမှ ပြိုလဲကျသွားတော့မတတ် ဖြစ်နေရှာတော့သည်။

လင့်ဟူချုံးမှာ အလွန်ပင် စိတ်လှုပ်ရှားသွားတော့သည်။

“ဩော် . . . သူက ငါတခုခုဖြစ်သွားမှာ တကယ်စိုးရိမ်နေရှာတာပဲ . . . ငါ့အပေါ် တကယ်မေတ္တာရှိနေတာကိုး . . . မေတ္တာရှိလျက်သားနဲ့ ဘာဖြစ်လို့ ဖုံးကွယ်ချင်နေရတာလဲ . . . အင်းလေ . . . မိန်းကလေးဆိုတော့ ရှက်ရှာတယ် ထင်ပါရဲ့လေ . . . ”

လင့်ဟူချုံးသည် လင်းလင်းဘက်သို့ ပြန်လှည့်လိုက်သည်။ သူမ၏ လက်ကလေးနှစ်ဖက်ကို လှမ်း၍ ဆုပ်ကိုင်လိုက်သည်။ သူမ၏ လက်နှစ်ဖက်မှာ အေးစက်နေ၏။

လင့်ဟူချုံးက . . .

“မင်းလက်တွေ အေးစက်နေတာပဲ . . . ဘာဖြစ်လို့လဲဟင် ”

လင်းလင်းက . . . “ ကျွန်မ ကြောက်တယ် . . . ”

“ဘာကို ကြောက်တာလဲ လင်းလင်းရဲ့ . . . ”

“ရှင် ကျွန်မရဲ့ စကားကို နားမထောင်မှာကို ကြောက်တာ . . . ရှင်တကယ်ပဲ သိုင်းလောကထဲကို ပြန်သွားရင် မနက်ဖြန်ဆို ဟိုတပြားမတန်တဲ့ လူတွေရဲ့လက်ချက်နဲ့ သေရလိမ့်မယ် . . . ”

လင့်ဟူချုံးသည် သက်ပြင်းတချက်ချကာ . . .

“ဒီလူတွေက လူကြမ်းတွေဖြစ်ပေမယ့် စိတ်ရင်းသဘောရင်းကတော့ ကောင်းကြပါတယ် . . . မင်းကိုလည်း ကြောက်ကြတာပဲ။ မင်းက ဘာဖြစ်လို့ သူတို့ကို ဒီလောက် အထင်သေးရတာလဲ” ဟု မေးလိုက်သည်။

လင်းလင်းက . . .

“သူတို့ ကျွန်မရှေ့မှာသာ ကြောက်ကြတာ . . . နောက်ကွယ်ကျတော့ ရယ်နေကြတာပဲ . . . ”

လင့်ဟူချုံးက ရယ်ချင်သည်။ သို့သော် မရယ်မိအောင် ထိန်းထားပြီးမှ . . .

“ကျူချုန်းတို့ စောစောက ပြောတဲ့စကားတွေ မင်းလည်း ကြားတာပဲ . . . သူတို့က မင်းကို ဘယ်လောက် ရိုသေကြသလဲ . . . သူတို့က ရယ်နေကြလို့လား . . . ”

လင်းလင်းက . . .

“သူတို့ပြောနေတဲ့ စကားတွေကို ရှင်မကြားဘူးလား . . . ပါးစပ်က မရယ်ပေမယ့် စိတ်ထဲကတော့ ရယ်နေကြမှာပဲ . . . ”

လင့်ဟူချုံးမှာ လင်းလင်းလို မိန်းကလေးနှင့် စကားနိုင်လုပြော၍ မနိုင်နိုင်မှန်းသိ၏။ ထို့ကြောင့် ဆက်မငြင်းတော့ပဲ . . . “ ကောင်းပါပြီ . . . အခု ငါမသွားတော့ပါဘူး . . . ငါဒီမှာ မင်းနဲ့ပဲနေမယ် . . . သူများရဲ့ ခုတ်အသတ်ခံရလည်း အရသာက သိပ်တော့ကောင်းမှာ မဟုတ်ပါဘူး . . . ”

လင်းလင်းက လင့်ဟူချုံး၏ အဆုံးအဖြတ်ကို ကြားရသောအခါ အလွန်ဝမ်းသာသွားတော့၏။ လရောင်အောက်၌ သူမ၏မျက်နှာကလေးမှာ ဝင်းလက်တောက်ပနေသည်။

လင့်ဟူချုံးက သူမ၏ ချောမောလှပသော မျက်နှာကလေးကို ကြည့်ရင်း . . .

“အင်း . . . လင်းလင်းက ညီမလေးလိန်လိန်ထက် ပိုချောတယ်။ ဒါပေမယ့် . . . ဒါပေမယ့် . . . ငါ့စိတ်ထဲမှာ ညီမလေးလိန်လိန်ကို ဘာကြောင့် မမေ့နိုင်သေးတာပါလိမ့် . . . ” ဟု တွေးနေလိုက်မိ၏။

လင်းလင်းကမူ လင့်ဟူချုံးတယောက် လိန်လိန်ကို စဉ်းစားတွေးတောနေမှန်းမသိ။ သူမက . . .

“ကျွန်မ ရှင့်ကို ပေးထားတဲ့ တူရိယာကော မရှိတော့ဘူး မဟုတ်လား . . . ”

လင့်ဟူချုံးက . . .

“ဘယ်ရှိတော့မလဲ . . . လမ်းမှာ သုံးစရာပိုက်ဆံ မရှိတော့တာနဲ့ အပေါင်ဆိုင်မှာ သွားပေါင်လိုက်ပြီ . . . ”

ပြောပြောဆိုဆိုနှင့် သူ၏နောက်ကျောမှအိတ်ကို ဖြုတ်ချကာ ဖွင့်၍ ကြိုးတပ်တူရိယာကို ထုတ်ယူလိုက်၏။ လင်းလင်းသည် လင့်ဟူချုံး၏ အပြုအမူများကို သေသေချာချာ ကြည့်နေရာမှ သူမပေးထားသည့် ပစ္စည်းကို အလွန်တန်ဖိုးထားကြောင်း တွေ့ရသဖြင့် အလွန်တရာ ဝမ်းသာသွားပြီး မျက်နှာကလေးမှာ ဝင်းလက်တောက်ပနေတော့သည်။

သူမက စိတ်ဆိုးသံကလေးဖြင့် . . .

“ရှင်ကတော့လေ . . . တနေ့မှာ မုသားစကား သုံးလေးခွန်းလောက်ပြောရမှ စားဝင် အိပ်ပျော်တဲ့လူ . . . တကယ်ပဲ

. . . ”

သူမသည် ကြိုးတပ်တူရိယာကလေးကို လှမ်းယူလိုက်ပြီး အသံညှိ၍ သီချင်းတပုဒ် စတင်တီးခတ်တော့သည်။

လင့်ဟုချျုံးမှာ နားထောင်ကောင်းကောင်းနှင့် နားထောင်နေစဉ် ရုတ်တရက် ကြိုးတချောင်း ပြတ်သွားတော့၏။ လင်းလင်း မျက်မှောင်ကုတ်သွားသည်။ ဆက်၍ တီးခတ်ပြန်သည်။ နောက်ထပ်ကြိုးတချောင်း ထပ်ပြတ်ပြန်သည်။

သူမသည် တူရိယာကို ဘေးသို့တွန်းဖယ်လိုက်ပြီး နွဲ့ဆိုးဆိုးသော အမူအရာကလေးနှင့် . . .

“သူက သူများဘေးမှာထိုင်ပြီး နှောင့်ယှက်နေတာကိုး . . .ဘယ်ကောင်းကောင်း တီးနိုင်တော့မှာလဲ. . .”

လင့်ဟုချျုံးသည် ရုတ်တရက် နားမလည်နိုင်သလို ဖြစ်သွားသည်။ ထို့ကြောင့် သူ့စိတ်ထဲတွင် . . .

“ငါက အေးအေးဆေးဆေး ထိုင်နေတာပဲ . . . သူ့ကို ဘယ်တုန်းကများ နှောင့်ယှက်နေလို့လဲ . . . ”

သို့ရာတွင် ချက်ချင်းသဘောပေါက်သွားသည်။

“အင်း . . . သူ စိတ်လှုပ်ရှားသွားတာကိုး . . . သူ့စိတ်လှုပ်ရှားနေရတာတွေ ငါ့ကြောင့်ဆိုပြီး အပြစ်တင်နေတာကိုး . . . ”

လင့်ဟုချျုံးက ပြုံးလိုက်သည်။ သူမနှင့် စကားအခြေအတင် ပြောမနေတော့။ မြက်ခင်းပေါ်တွင် ကျောချ၍ လှဲလိုက်သည်။ များမကြာမီပင် အိပ်ပျော်သွားတော့၏။

နောက်တနေ့ အိပ်ရာမှ ထလာချိန်တွင် လင်းလင်းမှာ ရေကန်တွင် မျက်နှာသစ်ပြီး ရေရိပ်များကိုကြည့်၍ ဆံပင်များ ပြုပြင်နေသည်ကို တွေ့ရ၏။ လင့်ဟုချျုံးက ကြည့်ကောင်းကောင်းနှင့် ငေးမောကြည့်နေမိတော့၏။

လင်းလင်းက ရုတ်တရက် လှည့်ကြည့်လိုက်သောအခါ လင့်ဟုချျုံးက သူမအား ငေးမောကြည့်နေသည်ကို တွေ့ရသောအခါ ရှက်သွားမိတော့၏။

သူမက . . .

“ဟင်း . . . တကယ် အအိပ်ကြီးတာပဲ။ အခုမှ နိုးတယ် ”

လင့်ဟုချျုံးက ရှက်ပြုံး ပြုံး၍ . . .

“ကဲ . . . မင်းလုပ်စရာရှိတာသာ ဆက်လုပ်ပါ။ ငါ ဖားသွားဖမ်းလိုက်အုံးမယ်။ အားရှိသလား၊ မရှိဘူးလား စမ်းကြည့်တာပေ့ါ ”ဟု ပြောလိုက်၏။

“အို . . . ရှင်မဖမ်းပါနဲ့ ။ အေးအေးဆေးဆေး ဒီမှာပဲ အနားယူလိုက်ပါ. . . ကျွန်မ သွားဖမ်းပါ့မယ် . . .”

လင့်ဟုချျုံးက လင်းလင်း၏စကားကို လုံးဝလက်မခံ။ ကြိုးစား၍ ထရန် ဟန်ပြင်လိုက်သည်။ သို့သော် အားမရှိ။ အားကိုပိုထုတ်လိုက်သည်နှင့် ရင်ဝတွင် ဆူကြွလာပြီး ပျို့ချင်အန်ချင်စိတ် ပေါ်ပေါက်လာသည်။

လင့်ဟုချျုံးမှာ အခံရခက်သည့် ဝေဒနာကို ခံစားနေရခြင်းကြောင့် စိတ်ထဲတွင် . . .

“ငါသေသွားရင် ဒီဝေဒနာလည်း ခံစားရတော့မှာ မဟုတ်ဘူး။ မသေမရှင်နဲ့ ဒီဝေဒနာကြီးခံစားနေရတာ ဘာအဓိပ္ပာယ်ရှိသလဲ ”

လင်းလင်းက လင့်ဟုချျုံးအား အမြဲတမ်းလိုလို အကဲခတ်နေသူဖြစ်၏။ ယခု လင့်ဟုချျုံး၏မျက်နှာ မသာမယာ ဖြစ်နေသည်ကို တွေ့ရသောအခါ ချော့မော့နှစ်သိမ့်၍ . . .

“ ရှင့်ရဲ့ အတွင်းဒဏ်ရာက လုံးဝမကုသနိုင်တာ မဟုတ်ပါဘူး။ ဒီနေရာက သိပ်အေးအေးချမ်းချမ်း ရှိတဲ့နေရာပါ . . . ဒီနေရာကလေးမှာ ကောင်းကောင်း အနားယူလိုက်ရင် လုံးဝမပျောက်တာတောင် အထိုက်အလျောက်တော့ သက်သာရာရမှာပဲ . . . သိပ်ပြီးတော့ ဆန္ဒမစောပါနဲ့ . . . ”

ဤသို့ဖြင့် သတို့နှစ်ယောက်မှာ ဤချိုင့်ဝှမ်းကြီးထဲ၌ ဆယ်ရက်ကျော်မျှ အနားယူနေလိုက်ကြသည်။ လင်းလင်း၏အတွင်းဒဏ်ရာကတော့ လုံးဝပျောက်သွား၏။ လင့်ဟုချျုံးမှာမူ တနေ့တခြား ပိန်ချုံးလာလေတော့သည်။

လင့်ဟုချျုံးမှာ မိမိ၏ နောက်ဆုံးအချိန် နီးကပ်လာပြီကို သိနေမိသည်။ သို့သော် လင်းလင်း စိတ်ဆင်းရဲမည်ကို မရှုရက်သဖြင့် လုံးဝအမူအရာမပျက်ပဲ ဟာသစကားများကိုသာ တွင်တွင်ပြောနေတော့သည်။

လင်းလင်းကလည်း လင့်ဟူချုံးက သူမ စိတ်ဆင်းရဲမည်စိုး၍ ဟန်ဆောင်ရယ်မောနေမှန်း ကောင်းကောင်းသိသည်။ လင့်ဟူချုံး၏ မျက်မြင်အခြေအနေအရ အချိန်မရွေး အသက်ထွက်သွားနိုင်သည်ကိုလည်း သိနေမိသည်။ ထို့ကြောင့် အတတ်နိုင်ဆုံး ပြုစုယုယသည်။

လင့်ဟူချုံးမှာ အိပ်စက်နေရင်းမှ နားထဲတွင် ငိုရှိုက်သံလိုလို ကြားနေရသဖြင့် မျက်လုံးများ ဖွင့်ကြည့်လိုက်မိသည်။ လင်းလင်းမှာ သူ့ဘေးတွင် ထိုင်ရင်း ရှိုက်၍ရှိုက်၍ ငိုနေသည်ကို တွေ့ရလေတော့၏။ လင့်ဟူချုံးက ကောင်းစွာ သဘောပေါက်သည်။ သူ့စိတ်ထဲတွင် . . .

"အင်း . . . ငါသေတော့မယ်ဆိုတာ သူလည်း ရိပ်မိမှာပေါ့လေ။ ဒီတော့ ဘယ် စိတ်ကောင်းနိုင်ပါတော့မလဲ" ဟု တွေးလိုက်မိသည်။

လင့်ဟူချုံးသည် လင်းလင်း၏ ဆံပင်ကလေးများကို ပွတ်သပ်၍ နှစ်သိမ့်လိုက်သည်။ လင်းလင်းမှာ လင့်ဟူချုံး နိုးနေပြီကို သိသွားသဖြင့် ချုံးပွဲချငိုတော့သည်။

လင့်ဟူချုံးက အားတင်း၍ ပြုံးလိုက်ပြီး . . .

"မငိုနဲ့ လင်းလင်း . . . မငိုနဲ့။ ငါက လွယ်လွယ်ကလေးနဲ့ သေမယ့်လူမဟုတ်ပါဘူး . . . နောက်ထပ် အနှစ် ရှစ်ဆယ်လောက် အသက်ရှင်ဦးမယ့်လူပါ . . . ဘယ် ဒီလောက်မြန်မြန် သေနိုင်မှာလဲ . . . " ဟု ပြောလိုက်သည်။

လင်းလင်းက ငိုရှိုက်သံကလေးဖြင့် . . .

"အစ်ကို မသိဘူး . . . အစ်ကိုက တနေ့တခြား ပိန်ချုံးလာတယ် . . . ကျွန်မ . . . ကျွန်မ" ဟု စကားမဆက်နိုင် တော့ပဲ ထပ်မံငိုကြွေး ပြန်တော့သည်။

လင့်ဟူချုံးမှာ သူ့အတွက် သည်မိန်းကလေး ဤမျှ စိတ်ထိခိုက်နေသည်ကို တွေ့ရသောအခါ အလွန်တရာ စိတ်မကောင်းဖြစ်သွားသည်။ စိတ်မကောင်းဖြစ်သွားသည်နှင့် ရင်ဝတွင် ဆို့တက်လာပြီး တခေါင်းလုံး မူးမိုက်လာတော့ ၏။ ချက်ချင်းပင် သွေးများထိုးအန်လိုက်ပြီး အမှောင်ထုကြီး ဖုံးလွှမ်းသွားလေတော့သည်။

မည်မျှ အချိန်ကြာသွားသည် မသိပေ။ သူ့နားထဲ၌ အသံတသံ စတင်ကြားလိုက်ရတော့သည်။

"သေမယ် ရှင်မယ်လို့တော့ အတိအကျ မပြောနိုင်ဘူး . . . သူ့ရဲ့ကံပဲ . . ."

လင့်ဟူချုံးမှာ သူ့တကိုယ်လုံး မီးဖိုကြီးတခုထဲ ကျရောက်နေသကဲ့သို့ ပူပူလောင်လောင် ဝေဒနာကြီး ခံစားနေလိုက်ရ သည်။ သူ၏ မျက်စိများကိုဖွင့်၍ ထိုစကားပြောသူကို ကြည့်ချင်၏။ သို့သော် မျက်ခွံများမှာ လေးလံလှသဖြင့် လုံးဝ မဖွင့်နိုင်ဘဲ ဖြစ်နေရသည်။

ထိုစဉ် နောက်တယောက်က . . .

"ငါတို့အနေနဲ့ အတတ်နိုင်ဆုံး ကြိုးစားရမှာပဲ . . . ငါတို့က ကတိပေးထားခဲ့ပြီ မဟုတ်လား . . . ကိုယ့်ကတိကို တည်အောင် ကြိုးစားကုသပေးရတော့မှာပဲ . . . "

ထိုစဉ် သူ့ကိုယ်ထဲသို့ ပူနွေးသော အားလှိုင်းနှစ်ခု တိုးဝင်လာသည်။ ထိုအားလှိုင်းနှစ်ခုက သူ့ကိုယ်ထဲတွင်ရှိသော အားလှိုင်းများနှင့် တိုးဝှေ့တိုက်ခိုက်နေကြတော့၏။ အလွန်အခံရခက်သော ဝေဒနာကို လင့်ဟူချုံး ခံစားနေရပေပြီ။

ထိုဝေဒနာ ပြင်းထန်လှသဖြင့် ဘဝင်ဆုံးသည်အထိ အော်ဟစ်လိုက်ချင်မိ၏။ သို့သော် အော်သံက လုံးဝထွက်မလာ။ သူ့အဖို့ ငရဲပြည်ကို အရှင်လတ်လတ် ကျရောက်နေသည့် အလားပင်တည်း။

ပြန်၍ သတိမေ့သွားပြန်တော့သည်။

လင့်ဟူချုံးတယောက် မည်မျှ အချိန်ကြာသည်အထိ မေ့မြောသွားမည်ကို မည်သူမျှ မခန့်မှန်းနိုင်ကြတော့ပေ။

× × × × × × ×

## ဝါဆန်းဂိုဏ်းမှ အထုတ်ခံရခြင်း

လင့်ဟူချုံးတစ်ယောက် ကံကောင်းထောက်မစွာဖြင့် ယနေ့သတိရလာတော့သည်။

"ဆရာကြီးကို ကျေးဇူးသိပ် . . . သိပ်ပြီးတင်ပါတယ် . . . ကျွန်တော် ဘယ်ကို ရောက်နေတာလဲ . . . "

လင့်ဟူချုံးသည် သူ၏မျက်လုံးများကို ဖြည်းညင်းစွာ ဖွင့်ကြည့်လိုက်၏။ ဂရုဏာပြည့်ဝစွာဖြင့် မိမိအား ကြင်နာစွာ ကြည့်နေသောမျက်နှာကို မြင်တွေ့ရတော့သည်။ ထိုမျက်နှာကို ရုတ်တရက် မမှတ်မိချေ။ အသေအချာ စူးစူးစိုက်စိုက် ကြည့်လိုက်သောအခါမှ ထိုမျက်နှာကို မြင်ဖူးကြောင်း သတိရလိုက်မိ၏။ ဟုတ်ပြီ . . . ထိုမျက်နှာမှာ ရှောင်လင် ဘုန်းတော်ကြီး ဖန်းဆန်း၏ မျက်နှာပေတည်း။

လင့်ဟူချုံး တအံ့တသြဖြစ်သွားပြီး လှိုက်လှဲဝမ်းသာသောလေသံဖြင့် . . .

"ဆ . . . ဆရာတော်ကြီးပါလား . . . "

ဘုန်းတော်ကြီးက နှစ်လိုစွာပြုံးရင်း . . .

"အင်း . . . မင်း ငါ့ကို မှတ်မိသားပဲ . . . ဝေဒနာ သိပ်ခံစားထားရတော့ မှတ်မိချင်မှ မှတ်မိမယ်လို့ ငါက ထင်နေတာ... ငါ ဖန်းဆန်းပဲ . . . "

ထိုအခါကျမှ လင့်ဟူချုံးမှာ မိမိ၏ ပတ်ဝန်းကျင်ကို အကဲခတ်လိုက်တော့သည်။ မိမိမှာ . . . ဘုန်းကြီးများနေသည့် အခန်းတစ်ခုထဲ ရောက်ရှိနေသည်ကို တွေ့ရှိလိုက်ရတော့သည်။

ဘုန်းတော်ကြီး ဖန်းဆန်းက . . .

"မင်း အခု ဘယ့်နှယ်နေသေးသလဲ . . . "

လင့်ဟူချုံးက...

"တပည့်တော် အများကြီး သက်သာသွားပါပြီ ဘုရား . . . အခုတပည့်တော် ဘယ်ကိုရောက်နေတယ်ဆိုတာ သိပါရစေဘုရား . . . "

ဘုန်းတော်ကြီး ဖန်းဆန်းက . . .

"ရှောင်လင်ဘုရားကျောင်းထဲမှာလေ . . . "

ဘုန်းတော်ကြီးဖန်းဆန်းက ဆက်၍ပြောသည်။

"မင်း ဒီကို ရောက်လာတဲ့အချိန်က စပြီး ဒီကနေ့ ပထမဦးဆုံးအကြိမ် စကားစပြောခြင်းပဲ . . . "

လင့်ဟူချုံးမှာ အကြီးအကျယ် တုန်လှုပ်ချောက်ချားသွားတော့သည်။ ထို့ကြောင့် အာမေဋိတ်သံဖြင့် မေးမြန်းလိုက်မိသည်။

“ရှောင်လင်ဘုရားကျောင်း . . . လင်းလင်းကော တပည့်တော်ကကော ဘယ်လို ဒီကို ရောက်လာရတာလဲ . . . ”

ဘုန်းတော်ကြီးဖန်းဆန်းက အေးချမ်းသောအသံဖြင့် . . .

“ဒီကိစ္စကို နောက်မှ အေးအေးဆေးဆေး ပြောကြတာပေါ့ . . . မင်းသာ အေးအေးသက်သာ အနားယူပါဦး” ဟု ပြောလေတော့၏။

ဤသို့ဖြင့် နောက်ထပ် ဆယ်ရက်ခန့်ကြာသောခါ လင့်ဟူချုံးတစ်ယောက် . . . လမ်းလျှောက်နိုင်သည်အထိ အခြေအနေ တိုးတက်ကောင်းမွန်လာတော့၏။

သူက လင်းလင်းအကြောင်း မေးမြန်းသော်လည်း ဘုန်းတော်ကြီးဖန်းဆန်းက လုံးဝမဖြေချေ။ တစ်နေ့ ဘုန်းတော်ကြီးဖန်းဆန်းက လင့်ဟူချုံးအား အတွင်းအားဖြင့် ကုသပေးအပြီးတွင် . . .

“လင့်ဟူချုံး . . . အခုလောလောဆယ်တော့ မင်းရဲ့ အသက်ကို ကယ်လိုက်နိုင်ပြီ . . . ဒါပေမယ့် မင်းရဲ့ ကိုယ်ထဲက အတွင်းအားလှိုင်းတွေကိုတော့ ငါက မချေဖျက်နိုင်ဘူး . . . အဲဒီအတွင်းအားလှိုင်းတွေကို မချေဖျက်နိုင်မချင်း မင်းအတွက် ဘယ်လိုမှ စိတ်မချရဘူး၊ အလွန်ဆုံး တစ်နှစ်လောက်အထိပဲ လူကောင်းလို နေလို့ရမယ် . . . အတွင်းအားကတော့ လုံးဝထုတ်လို့ရမှာ မဟုတ်ဘူး . . . တစ်နှစ်လောက်ကြာရင်တော့ ဒီရောဂါဟောင်းက ပြန်ထလာမှာ အသေအချာပဲ . . . အဲဒီအခါကျရင်တော့ မင်းကို ဘယ်သူမှ ကယ်နိုင်မှာ မဟုတ်ဘူး . . .” ဟု ပြောကြားလေတော့၏။

လင့်ဟူချုံးက ခေါင်းညိတ်၍ . . .

“တပည့်တော်ကို သမားတော်ကြီးပိန်ရိကလည်း အဲဒီလိုပဲ ပြောဖူးပါတယ်ဘုရား . . . တပည့်တော် လောလောဆယ် မသေအောင် ကုသပေးတာကိုဘဲ ကျေးဇူးတင်လှပါပြီ ဘုရား . . .” ဟု ပြန်လည်လျှောက်ထား လိုက်၏။

ဘုန်းတော်ကြီးဖန်းဆန်းက . . .

“ဟိုနေ့တုန်းက မင်းကို ငါပြောခဲ့ဖူးတယ် မဟုတ်လား . . . ငါတို့ ရှောင်လင်ဂိုဏ်းရဲ့ အဆင့်အမြင့်ဆုံး အတွင်းအားသိုင်းပညာကို လေ့ကျင့်ရင်တော့ မင်းအနေနဲ့ ပျောက်ကင်းနိုင်တယ် . . . တစ်ခု ခက်တာက ဒီအတွင်းအားသိုင်းပညာက ငါတို့ ရှောင်လင်ဂိုဏ်းရဲ့ ဂိုဏ်းချုပ်ဆရာတော်ကြီး တစ်ပါးပဲ တတ်တာ . . . ငါအခု မင်းကို ဂိုဏ်းချုပ်ဆရာတော်ကြီးဆီကို ခေါ်သွားမယ် . . . ဟိုရောက်ရင်တော့ မင်းကုသိုလ်ကံအတိုင်းပဲ . . . သူ့အနေနဲ့ သင်ပေးမယ် မသင်ပေးဘူး ဆိုတာတော့ ဇကန်ဇက မပြောနိုင်ဘူး . . .”

လင့်ဟူချုံးသည် ရှောင်လင်ဘုရားကျောင်း၏ ဂိုဏ်းချုပ်ဆရာတော်ကြီး ‘ဖန်းတင်း’ ၏ အမည်နာမကို ကောင်းကောင်းကြီး ကြားသိဖူးပြီးဖြစ်သည်။ ဤမျှ ကျော်ကြားထင်ရှားလှသော ပုဂ္ဂိုလ်ကြီးနှင့် တွေ့ဆုံခွင့်ရတော့မည်ဟု သိရသောအခါ အလွန်ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားတော့၏။

ဘုန်းတော်ကြီး ဖန်းဆန်းက လင့်ဟူချုံးအား ခေါ်ဆောင်လာတော့၏။ အဆောင်ဆောင် အခန်းခန်းကို ဖြတ်ကျော်ပြီးမှ အခန်းငယ်လေးတစ်ခုရှေ့သို့ရောက်ရှိလာတော့သည်။

ထိုအခန်းငယ်လေးထဲသို့ ဝင်လိုက်သောအခါ အခန်း၏အလယ်တည့်တည့်ရှိ ဖျာချပ်အဝိုင်းလေးတစ်ခု ပေါ်တွင် ခြေတင်ပျဉ်ခွေထိုင်နေသော ခန္ဓာကိုယ် သေးလှီလှသော ဘုန်းတော်ကြီးတစ်ပါးကို တွေ့လိုက်ရသည်။

ဘုန်းတော်ကြီး ဖန်းဆန်းက ထိုဘုန်းတော်ကြီးအား ဝတ်ပြုရင်း လျှောက်ထားလိုက်သည်။

“ဂိုဏ်းချုပ်ဆရာတော်ကြီး . . . အခု ဝါဆန်းဂိုဏ်းက လင့်ဟူချုံး ရောက်ရှိလာပါပြီ ဘုရား . . .”

လင့်ဟူချုံးမှာ ဤမျှ ကြုံလှီသေးကွေးသော ဘုန်းတော်ကြီးမှာ သိုင်းလောက၌ နာမည် သိမ့်သိမ့်တုန်အောင် ကြီးနေသော ရှောင်လင် ဘုရားကျောင်း၏ ဂိုဏ်းချုပ်ဆရာတော်ကြီး ဖြစ်နေသည်ကို တွေ့ရသောအခါ ကမန်းကတန်း ဒူးထောက်၍ ဦးချရှိခိုးမိတော့၏။

သူ့စိတ်ထဲတွင် . . .

“အင်း . . . ဒီလောင် နာမည်ကျော်ကြားထင်ရှားလှတဲ့ ဘုန်းတော်ကြီးရဲ့ ဥပဓိရုပ်ကတော့ သာမန်ပါပဲလား . . . တကယ်လို့များ ဒီဆရာတော်ကြီးကို အခုလို တွေ့မထားဘူးဘဲနဲ့ အပြင်လောကမှာ တွေ့လိုက်ရင် ရှောင်လင်ဘုန်းတော်ကြီးကျောင်းရဲ့ ကျောင်းထိုင်ဆရာတော်ကြီးလို့ ဘယ်နည်းနဲ့မှ ထင်မှာ မဟုတ်ဘူး . . .”

ထိုစဉ် ဘုန်းတော်ကြီးဖန်းဆန်းက . . .

“လင့်ဟူချုံးဟာ တပည့်တော်တို့ ကျောင်းမှာ သုံးလတိတိ အနားယူခဲ့တဲ့အတွက် အခုဆိုတော်တော်လေး နေကောင်းသွားပါပြီ . . .”

ထိုစကားကို ကြားလိုက်ရသောအခါ လင့်ဟူချုံးမှာ အကြီးအကျယ် ထိတ်လန့်သွားတော့၏။ အာမေဋိတ်သံဖြင့် ရေရွတ်လိုက်မိသည်။

“တပည့်တော် မေ့နေတာ သုံးလရှိပြီ . . . ဟုတ်လား”

လင့်ဟူချုံး၏စကားကို ဘုန်းတော်ကြီးဖန်းဆန်းက မဖြေ။ ဂိုဏ်းချုပ်ဆရာတော်ကြီးဖန်းတင်းက လင့်ဟူချုံးကို စိုက်ကြည့်ပြီး . . .

“ဖန်းဆန်းပြောပြလို့ သိထားရတယ် . . . မင်းက ဝါဆန်းဂိုဏ်းက ဆရာကြီးဖုန်းချင်းရဲ့ ‘ဇကရာဇ်ကိုးကွက်’ ဓားသိုင်းကို ရထားတယ်တဲ့ . . . ဒီသတင်းကြားတော့ ဘုန်းကြီးလည်း သိပ်ဝမ်းသာသွားတယ်၊ ဆရာကြီးဖုန်းချင်း သိုင်းလောက,က ထွက်သွားတာ သိပ်ကြာသွားပြီ၊ ဘုန်းကြီးတို့က ဆရာကြီးဟာ လူ့ပြည်မှာ မရှိတော့ဘူးလို့ ထင်နေမိတာ . . . အခု ဒီသတင်းကြားရတော့ သိပ်ဝမ်းသာသွားမိတယ် . . .”

လင့်ဟူချုံးက . . .

“မှန်ပါဘုရား . . .”ဟု လျှောက်ရင်း စိတ်ထဲ၌ တွက်နေလိုက်သည်။

“ဆရာဘိုးဘိုးအနေနဲ့ ဝါအရတွက်တွက် . . . အသက်အရ တွက်တွက် . . . ဒီရှောင်လင်ကျောင်းထိုင် ဆရာတော်ကြီးထက် ဝါရော အသက်ရော ပိုကြီးမှာပဲ ... ဒါကြောင့် ဆရာတော်ကြီးက ဆရာဘိုးဘိုးကို ဆရာကြီးလို့ ခေါ်တာပဲ ...”

ထိုစဉ် ကျောင်းထိုင်ဆရာတော်ကြီး ဖန်းတင်းက ဆက်လက်၍ ပြောသည်။

“မင်းကိုယ်ထဲက ဒဏ်ရာကို ကုသဖို့အတွက် ငါတို့ရှောင်လင်ဂိုဏ်းရဲ့ ‘အကြောလျှော့ အတွင်းအားသိုင်းပညာ’ ကို သင်ကြားမှပဲရမယ် . . . ဒါပေမယ့် ဒီအတွင်းအားသိုင်းပညာက အဆင့်အတန်းသိပ်မြင့်တော့ လူတိုင်း သင်ကြားခွင့်မရဘူး . . . ငါ့ရဲ့ ဂိုဏ်းတူညီလေး ဖန်းဆန်းဆိုရင်လည်း အရည်အချင်းပြည့်တဲ့ လူတစ်ယောက်ပဲ . . . ဒါပေမယ့် သူလည်း ဒီသိုင်းပညာကို မသင်ကြားနိုင်ခဲ့ဘူး . . .”

လင့်ဟူချုံးက . . .

“မှန်ပါ့ . . . တပည့်တော်က အပြင်လူဖြစ်နေတဲ့အတွက် ဒီသိုင်းပညာကို သင်ကြားနိုင်ခွင့် လုံးဝမရှိဘူးဆိုတာ တပည့်တော်သိပါတယ် ဘုရား . . .”

ထိုအခါ ကျောင်းထိုင်ဆရာတော် ဖန်းတင်းက ခေါင်းကိုတွင်တွင်ခါယမ်းလျက် . . .

“မဟုတ်ဘူး . . . မင်းမှာ သင်ကြားနိုင်တဲ့ အခွင့်အရေး ရှိပါတယ်” ဟု မိန့်ကြားလိုက်တော့၏။

လင့်ဟူချုံးမှာ ထိုစကားကို ကြားလိုက်ရသောအခါ ရင်တထိတ်ထိတ် ခုန်သွားတော့၏။ ထိုစဉ် ဘုန်းတော်ကြီးဖန်းတင်းက လေးနက်တည်ကြည်သောအသံဖြင့် . . .

“မင်းက ဆရာကြီးဖုန်းချင်းရဲ့ နောက်ဆက်တပည့်ဖြစ်တာကတစ်ကြောင်း . . . ဆရာကြီးဖုန်းချင်းရဲ့ ကျေးဇူးတွေ ငါ့တို့အပေါ်မှာ ရှိခဲ့တာကတစ်ကြောင်း . . . မင်းဟာ . . . ငါတို့ ရှောင်လင်ကျောင်းကို အရောက်လာနိုင်ခဲ့တာက တစ်ကြောင်း . . . မင်းအနေနဲ့ ဒီပညာကို မသင်ကြားရင် အသက်သေဆုံးနိုင်တာက တစ်ကြောင်း . . . အဲဒီအကြောင်းတွေကြောင့် မင်းကို ဒီသိုင်းပညာ သင်ခွင့်ပေးလိုက်တယ်” ဟု ပြောဆိုမိန့်ကြားလေတော့၏။

ဘုန်းတော်ကြီးဖန်းဆန်းက ဝမ်းသာအားရ လေသံဖြင့် လင့်ဟူချုံးအား . . .

"လင့်ဟူချုံး . . . မင်းသိပ်ကံကောင်းတယ် . . . မင်းအတွက် ဘုန်းတော်ကြီး သိပ်ဝမ်းသာတယ် . . . မင်းကြိုးစားဖို့တော့ လိုလိမ့်မယ် . . ."

ကျောင်းထိုင်ဆရာတော်ကြီး ဖန်းတင်းက ဆက်၍ . . .

"ဒါပေမယ့် . . . ဒီမှာ စည်းကမ်းတစ်ခုတော့ ရှိတယ် . . . ဒီအတွင်းအားသိုင်းပညာကို ရှောင်လင်ဂိုဏ်းသားက လွဲလို့ အပြင်လူလုံးဝ သင်ကြားခွင့်မရှိပါဘူး . . . ဒီတော့ မင်းအနေနဲ့ ဘုန်းကြီးရဲ့ တပည့်အဖြစ်ခံယူရလိမ့်မယ် . . ." ဟု မိန်ကြားသည်။

လင့်ဟူချုံးသည် ခေါင်းငုံ့စဉ်းစားလိုက်ပြီးမှ . . .

"ဆရာတော်ကြီးရဲ့ စေတနာကို တပည့်တော် အများကြီး ကျေးဇူးတင်ပါတယ် ဘုရား . . . ဒါပေမယ့် တပည့်တော်က ဝါဆန်းဂိုဏ်းသားဖြစ်နေတော့ တခြားဂိုဏ်းကို ပြောင်းဖို့ မဖြစ်နိုင်ပါဘူးဘုရား . . . တပည့်တော်ရဲ့ ဂိုဏ်းကို တပည့်တော် သစ္စာစောင့်သိရမှာပါဘုရား . . ."

ဆရာတော်ကြီးဖန်းတင်းက ပြုံးလိုက်သည်။

"အင်း . . . မင်း ဘယ်သိမလဲလေ . . . မင်းဟာ အခုဝါဆန်းဂိုဏ်းသား မဟုတ်တော့ပါဘူး . . ."

လင့်ဟူချုံးမှာ အကြီးအကျယ် ထိတ်လန့်တုန်လှုပ်သွား၏။ ဆရာတော်ကြီးအား ငေးမောကြည့်ရင်း သွေးဆုတ်ဖြူရော်သော မျက်နှာဖြင့် မေးလိုက်သည်။

"တပည့်တော်က ဝါဆန်းဂိုဏ်းသား မဟုတ်တော့ဘူး . . . ဘယ်လိုဖြစ်တာလဲ ဘုရား . . ."

ဆရာတော်ကြီးသည် အိတ်ထဲမှ စာတစ်စောင်ထုတ်၍ လင့်ဟူချုံးအား ကမ်းပေးလိုက်သည်။

"ကဲ . . . မင်းကိုယ်တိုင်ပဲ ဖတ်ကြည့်ပေတော့ . . ."

လင့်ဟူချုံးမှာ တုန်တုန်ယင်ယင်ဖြင့် လှမ်းယူလိုက်သည်။ စာကို ကြည့်လိုက်သောအခါ သူ့ဆရာ၏ လက်ရေးဖြစ်ကြောင်း သိလိုက်သည်။ သူ့ဆရာက ရှောင်လင်ကျောင်းထိုင် ဆရာတော်ကြီးအား ပေးသောစာဖြစ်သည်။ စာပါ အကြောင်းအရာများကို ဖတ်ရှုသိရှိပြီးသောအခါ လင့်ဟူချုံးခမျာ စိတ်ထိခိုက်လွန်းလှသဖြင့် မေ့လဲကျသွားလေတော့၏။

ထိုစာတွင်ရေးသားထားသည်မှာ လင့်ဟူချုံးသည် မကောင်းဆိုးဝါးဂိုဏ်းသားများနှင့် အပေါင်းအသင်း ပြုလုပ်နေပြီဖြစ်၍ လင့်ဟူချုံးအား ဝါဆန်းဂိုဏ်းမှ ထုတ်ပယ်လိုက်ပြီဖြစ်ကြောင်း . . . အကယ်၍ လင့်ဟူချုံးအနေဖြင့် နောက်ထပ် မကောင်းဆိုးဝါးဂိုဏ်းသားများနှင့် ဆက်ဆံပေါင်းသင်းနေသေးကြောင်း တွေ့ရှိပါက မည်သည့် အထက်လမ်းဂိုဏ်းသားမဆို လင့်ဟူချုံးကို သုတ်သင်ရှင်းလင်းပစ်နိုင်ကြောင်း ရေးသားထား၏။

လင့်ဟူချုံး ပြန်လည်သတိရလာသောအခါ သူသည် ဘုန်းတော်ကြီးဖန်းဆန်း၏ ရင်ခွင်ထဲ ရောက်ရှိနေသည်ကို တွေ့ရတော့သည်။ လင့်ဟူချုံးမှာ မျက်ရည်ဖြိုင်ဖြိုင်ကျလာတော့၏။ ဝါဆန်းဂိုဏ်းအပေါ် သံယောဇဉ်ကြီးမားလှသော လင့်ဟူချုံးပါပေ။

ဘုန်းတော်ကြီးဖန်းဆန်းက သက်ပြင်းချလျက် . . .

"လင့်ဟူချုံး . . . မင်းအနေနဲ့ မဟုရာတောင်ကုန်းက လူတွေနဲ့ အပေါင်းအသင်း လုပ်နေတာတော့ မသင့်တော်တာ အမှန်ပဲ . . . မင်းဟာ အထက်လမ်းဂိုဏ်းသားတစ်ယောက်ဆိုတာ သတိထားဦးမှပေါ့ . . ."

ကျောင်းထိုင်ဆရာတော်ကြီး ဖန်းတင်းကလည်း ဝင်၍ရှင်းလင်းပြသည်။

"မင်းရဲ့ဆရာက အထက်လမ်းဂိုဏ်းအားလုံးကို ဒီစာတွေ အပို့လွှတ်လိုက်တာပဲ . . . အထက်လမ်းဂိုဏ်းအားလုံး ဒီလိုစာမျိုးတွေ လက်ခံရရှိထားကြပြီ . . . မင်းမှာ အခုဘာဒဏ်ရာမှ မရှိဘူးပဲထားဦး၊ မင်းသာ သိုင်းလောကထဲ ပြန်သွားရင် အန္တရာယ်တွေအများကြီး ကြုံတွေ့တော့မှာပဲ . . . အထက်လမ်းဂိုဏ်းက လူတွေက မင်းကို ရန်ပြုကြတော့မယ် . . ."

လင့်ဟူချုံးသည် ချိုင့်ဝှမ်းကြီးအတွင်းနေခဲ့စဉ် ကာလကို သွားသတိရလိုက်မိသည်။ လင်းလင်းကလည်း ဤစကားမျိုးပြောခဲ့သည်။ သိုင်းလောကကို ပြန်မသွားပါနှင့်၊ သွားလျှင် အောက်လမ်းဂိုဏ်းသားများက မိမိအား တွေ့ရာသင်္ချိုင်း ဓားမဆိုင်းဘဲ သတ်ကြပါလိမ့်မည်တဲ့။

ယခုတော့ အောက်လမ်းဂိုဏ်းသားများတင်မက အထက်လမ်းဂိုဏ်းသားများကလည်း မိမိအား သတ်ကြပေတော့မည်။ ဤလောကကြီးမှာ ကျယ်ဝန်းလှသည်မှာ မှန်ပါ၏။ သို့သော် မိမိမှာ သွားစရာမြေမရှိတော့။ ခိုစရာ ကွန်း မရှိတော့။ မိမိ၏ မိဘကဲ့သို့ ကျေးဇူးရှိခဲ့သော ဆရာနှင့်ဆရာမတို့ကပင် မိမိအား စွန့်ပစ်လိုက်ကြလေပြီ။

လင့်ဟုချုံးမှာ စိတ်ထိခိုက်လှသဖြင့် ကိုယ့်ကိုကိုယ်သတ်သေရန်ပင် ကြံမိလေတော့သည်။ ဆရာတော်ကြီး ဖန်းတင်းက အေးချမ်းသောလေသံဖြင့် . . .

'လင့်ဟုချုံး . . . မင်း ဘာဖြစ်လို့ ဒီလောက်စိတ်ထိခိုက်နေရတာလဲ . . . ဘာမှ စိတ်ထိခိုက်ဖို့ မလိုဘူး . . . လူတိုင်း အမှားလုပ်ဘူးကြတာချည်းပဲ . . . အမှားကို ပြင်နိုင်ဖို့က အရေးအကြီးဆုံးပဲ . . . မင်းအသက်ငယ်သေးတယ် . . . အပေါင်းအသင်းကလေး တစ်ချက်မှားသွားတာနဲ့ မင်းဘဝလမ်းဆုံးပြီလို့ ဘယ်သူမှမပြောနိုင်ပါဘူး . . . မင်းဘဝအတွက် လမ်းသစ်တွေ အများကြီးရှိသေးတယ် . . . အခုဆိုရင် မင်းဟာ ဝါဆန်းဂိုဏ်းနဲ့ ဘယ်လိုမှ မပတ်သက်တော့ဘူး . . . မင်းအနေနဲ့ ငါတို့ ရှောင်လင်ဂိုဏ်းထဲကို ဝင်လိုက် . . . မင်းရဲ့အမှားကိုပြင် . . . စိတ်သစ်လူသစ် ဖန်တီး . . . ဒီလိုဆိုရင် သိုင်းလောကတစ်ခုလုံးကို မင်းဘာမှ ကြောက်စရာ မလိုတော့ဘူး . . ."

ဆရာတော်ကြီး၏ စကားလုံးများမှာ အားဆေးသဖွယ် စိတ်အားတက်ကြွဖွယ် ကောင်းလှ၏။ သူ့စိတ်ထဲတွင် . . .

"အခု . . . ငါ့မှာ တကယ်ပဲ သွားစရာလမ်းမရှိတော့ဘူး . . . လမ်းလျှောက်ရင်း လမ်းပျောက်တယ်ဆိုတာ ငါမှအစစ်ပဲ . . . ငါ့အနေနဲ့ ရှောင်လင်ဘုရားကျောင်းရဲ့ အရိပ်ကိုခိုလိုက်ရင် အဆင်မြင့်သိုင်းပညာတွေကိုလည်း သင်ရမယ် . . . ငါလည်း အသက်ရှည်မယ် . . . နောက်ပြီး ငါက . . . ရှောင်လင်ကျောင်းထိုင်ဆရာတော်ကြီးရဲ့ တပည့်ဆိုတော့ အထက်လမ်းဂိုဏ်းကလူတွေလည်း ငါ့ကို လက်ဖျားနဲ့တောင် ထိရဲတော့မှာ မဟုတ်ဘူး . . ."

ဤသို့တွေးလိုက်ရာမှ ချက်ချင်းပင် သူ၏ဗီဇစိတ်က ပေါ်လာတော့သည်။ သူ၏ မခံချင်စိတ်များ တရိပ်ရိပ်တက်လာသည်။ လောကကြီးကို အရွဲ့တိုက်လိုသော သူ၏ ဗီဇစိတ်က သူ့အား တိုက်တွန်းလှုံ့ဆော်လာပြန်သည်။

"ယောကျ်ားကြီးတစ်ယောက်လုံး လုပ်နေပြီး . . . သေရမှာကြောက်တာနဲ့ သူများဂိုဏ်းရဲ့အရိပ်ကို ခိုရတယ်ဆိုတာ တကယ်တော့ ရှက်စရာကြီးပဲ . . . သူများတွေက ငါ့ကိုသတ်မယ်တဲ့ . . . သတ်ရင်သတ်ပေါ့ . . . နှစ်ခါသေတဲ့သူ မရှိဘူး . . . တစ်သက်မှာ တစ်ခါပဲ သေကြရတာ . . . သေတာက ဘာဆန်းတာသလဲ . . . ဆရာက ငါ့ကို မလိုချင်ဘူးဆိုပြီး မောင်းထုတ်တယ် . . . ငါတစ်ယောက်တည်း သိုင်းလောကထဲ ပြန်သွားတော့ ဘာဖြစ်သလဲ . . . လင့်ဟုချုံးမှာ ကြောက်သွေး တစ်စက်မှ မပါဘူး . . ."

ထိုသို့ စဉ်းစားလိုက်သောအခါ လင့်ဟုချုံး၏ သွေးများ ထကြွလာတော့၏။ ယခုအချိန်တွင် သူလုပ်ချင်သည့် အလုပ်မှာ တစ်ခုတည်းသာရှိသည်။ အရက်ပြင်းပြင်း သောက်လိုသောဆန္ဒသာတည်း။

ဘာလဲ ဝါဆန်းဂိုဏ်း။ ဘာလဲ ရှောင်လင်ဂိုဏ်း။ မည်သည့်ဂိုဏ်း မည်သည့်လူမျှ အရေးမစိုက်တော့။ ယခုအချိန်တွင် သူအမြဲတမ်း သတိရတမ်းတနေခဲ့သော ညီမလေးလိန်လိန်ကိုပင် သူစိမ်းတစ်ယောက်နှယ် ထင်မှတ်နေလေပြီ။

ဤကား အများ၏ အထင်လွဲပစ်ပယ်မှုကို ခံရသဖြင့် အလွန်အမင်းနာကြည်းသွားရာမှ အသည်းနှလုံးများ မာကျောစိမ်းကားလာသည့် အရိပ်လက္ခဏာပေတည်း။

သူက ဆရာတော်ကြီးဖန်းတင်းကိုလည်းကောင်း၊ ဘုန်းတော်ကြီး ဖန်းဆန်းကိုလည်းကောင်း တစ်ဦးစီကို ရိုသေကိုင်းညွတ်စွာ ရှိခိုးပြီးမှ မတ်တတ်ရပ်လိုက်သည်။ ဘုန်းတော်ကြီးနှစ်ပါးတို့ကမူ လင့်ဟုချုံးအနေဖြင့် ရှောင်လင်ဂိုဏ်းသို့ ဝင်ရန် ဆုံးဖြတ်လိုက်ပြီဟု ထင်နေမိကြ၏။

လင့်ဟုချုံးက . . .

"တပည့်တော် . . . အသက်တမျှ ခင်တွယ်သံယောဇဉ်ရှိလှတဲ့ တပည့်တော်ရဲ့ ဝါဆန်းဂိုဏ်းကတော် တပည့်တော်ကို မောင်းထုတ်လိုက်ပြီဆိုတော့ တပည့်တော်အနေနဲ့ တခြားဂိုဏ်းကိုဝင်ဖို့ မျက်နှာမလှတော့ပါဘူး . . . ဆရာတော်ကြီးတို့ဟာ . . . တပည့်တော်အပေါ် အတိုင်းမသိ စေတနာ မေတ္တာနဲ့ စောင့်ရှောက်ခဲ့တာကို တပည့်တော် တစ်သက်လုံး

မမေ့တော့ပါဘူး ဘုရား . . . အခု တပည့်တော်ကို ခွင့်ပြုပါဦး ဘုရား . . .” ဟုပြောပြီးသည်နှင့် ဆရာတော်ကြီးနှစ်ပါးကို ကျော၍ခိုင်း၍ ထွက်လာတော့၏။

ဘုန်းတော်ကြီး ဖန်ဆန်းသည် လင့်ဟူချူးအပေါ် မြင်စ,ကတည်းက သံယောဇဉ်ရှိသွားခဲ့သူဖြစ်၍ လင့်ဟူချူးအား လှမ်း၍ ဖျောင်းဖျသေးသည်။ လင့်ဟူချူးက လုံးဝနားမထောင်တော့ဘဲ လျှောက်သွားမြဲ သွားလေတော့၏။

လင့်ဟူချူးမှာ ရှောင်လင်ဘုရားကျောင်း အပြင်သို့ ရောက်လာသောအခါ တဟားဟားနှင့် အတောမသတ်နိုင်အောင် ဟားတိုက်ရယ်မောမိတော့သည်။ အကယ်စင်စစ် လင့်ဟူချူးတစ်ယောက် ကြေကွဲလွန်းလှသဖြင့် ဒိုသံပါကြီးနှင့် ရယ်မောနေခြင်းသာဖြစ်တော့၏။ သူ့ဘာသာ တီးတိုးရေရွတ်နေမိသည်။

“အထက်လမ်းဂိုဏ်းက လူတွေက ငါ့ကို ရန်သူလို သဘောထားတယ် . . . အောက်လမ်းဂိုဏ်းသားတွေ ကလည်း ငါ့ကို သတ်ဖို့ကြိုးစားနေကြတယ် . . . ငါဟာ အချိန်မရွေးသေနိုင်တဲ့ အကောင်ပဲ . . . ဘယ်အချိန် ဘယ်နေရာမှာ ဘယ်သူ့လက်ချက်နဲ့ သေရမလဲဆိုတာ စောင့်ကြည့်ရသေးတာပေါ့ . . .”

သူ့ကိုယ်ပေါ်တွင် ဝတ်ဆင်ထားသည့် အဝတ်အစားတစ်ခုမှလွဲ၍ အခြားအပိုပစ္စည်းဟူ၍ တစ်စုံတစ်ရာမျှ မပါရှိချေ။ အသပြာငွေကြေးဟူ၍ တစ်ပြားတစ်ချပ်မျှ မပါ။ လက်နက်ဆို၍လည်း ဓားမပြောနှင့် အပ်တိုတစ်ချောင်းမျှ မပါ။ အဝတ်တစ်ထည် ကိုယ်တစ်ခုနှင့် ရှောင်လင်ဘုရားကျောင်းတောင်ခြေသို့ ဆင်းသက်လာတော့၏။

ညနေစောင်းသောအခါ ရှောင်လင်ဘုရားကျောင်းသည် သူနှင့် အတန်ပင်ဝေးသွားခဲ့ချေပြီ။ ထိုဘုရားကျောင်း အတွင်းမှ စေတနာမေတ္တာကြီးမားလှသော ဘုန်းတော်ကြီးနှစ်ပါးတို့သည် အလွန်ထူးဆန်းသော သိုင်းပညာရှင် လူငယ် တစ်ဦးအကြောင်း တွေးတောကောင်း တွေးတောနေပေလိမ့်ဦးမည်။

အချိန်ကြာလာသည်နှင့်အမျှ ဆာလောင်မွတ်သိပ်မှုကို ခံစားလာရတော့သည်။ ဤနေရာ၌ . . . လူသူမပြောနှင့် ခွေးတစ်ကောင် ကြောင်တစ်မြီးမျှ မရှိ။ မည်သည့်နေရာ၌ အစားအသောက်ရနိုင်သည်ကို စဉ်းစားနေမိသည်။

ထိုအခိုက် ခြေသံများကို စတင်ကြားလိုက်ရတော့၏။ လူရှစ်ယောက်ခန့်ရှိပေလိမ့်မည်။ သူတို့အားလုံး လက်နက် ကိုယ်စီ ကိုင်ထားကြ၏။ ခြေလှမ်းများကလည်း လွန်စွာသွက်လက်လှသည်။ အရေးတကြီးကိစ္စ တစ်စုံတစ်ခု ပေါ်ပေါက်ရှိ သည်။ မည်သည့်အရေးကိစ္စ ဖြစ်မည်ကိုမူ လင့်ဟူချူးအနေဖြင့် မခန့်မှန်းနိုင်ပေ။ ထို့နောက် လင့်ဟူချူးက ဖြစ်နိုင်သည့် အချက်ကို စဉ်းစားလိုက်မိသည်။

“ဒီကောင်တွေ သတင်းရပုံက တယ်မြန်ပါလား . . . ငါ ရှောင်လင်ကျောင်းထဲက ဒီအချိန်လောက် ထွက်လာမယ် ဆိုတာ ဘယ်လိုများ သတင်းရကြလဲ မသိဘူး . . . အင်း . . . မင်းတို့က ငါ့ကိုသတ်ဖို့ အုပ်စုကြီးနဲ့ လာကြတယ်ပေါ့ . . . ဒီလိုဆိုလည်း မြန်မြန်လာသတ်ကြပေတော့ . . . အခုတောင် ငါ့မှာ စားစရာရဖို့ တော်တော်စဉ်းစားနေရပြီ . . . စားလို့ဝလည်းသေရမှာ၊ မဝလည်းသေရမှပဲ . . . ဒီတော့ အခုကတည်းက သေထားတာ ပိုကောင်းသေတယ် . . .”

လင့်ဟူချူးသည် ခါးထောက်၍ အော်လိုက်သည်။

“ဟေ့ကောင်တွေ . . . လင့်ဟူချူး ဒီမှာရှိတယ်ကွ . . . လာခဲ့ကြစမ်း . . . ငါ့ကို သတ်မယ့်လူဆိုရင် အရင်ဆုံး နာမည်ပြောပြီး လာသတ်စမ်း . . .”

ထိုလူများသည် သူ့နားသို့ ရောက်ရှိလာကြသော်လည်း တစ်ချက်ကြည့်ပြီးသည်နှင့် ကွင်းပတ်၍ ရှောင်ထွက်သွားကြ ၏။ ထိုသူထဲမှ လူအချို့က . . .

“အရူးနဲ့တူတယ် . . .”

“အရူးမို့ ပေါက်ကရတွေ လျှောက်အော်နေတာပေါ့”

“ဟုတ်တယ်ဟေ့ . . . ပြဿနာမရှာကြနဲ့ . . . ဟိုကိစ္စက ပိုအရေးကြီးတယ် . . .”

ထိုစဉ် အခြားတစ်ယောက်က . . .

“တကယ်လို့ ဟိုကောင်ကြီး ထွက်ပြေးသွားရင် ဒုက္ခပဲ . . .”

တစ်ခဏအတွင်းမှာပင် လူအားလုံး သူ့ကိုဖြတ်ကျော်သွားကြလေတော့၏။ လင့်ဟူချူး စဉ်းစားခန်းရောက်လေပြီ။

"အင်း . . . ငါ့ကိုသတ်ဖို့များ လိုက်လာကြတာလားလို့ လက်စသတ်တော့ ဒီကောင်တွေက လူတစ်ယောက်ကို လိုက်ရှာနေကြတာကိုး . . . ဘယ်လိုလူကိုများ လိုက်ရှာနေကြတာပါလိမ့် . . ."

ထိုစဉ် အဝေးမှ မြင်းခွာသံများကို ကြားရပြန်တော့သည်။ မြင်းငါးစီး၊ လူငါးယောက်။ သူတို့ကလည်း လင့်ဟူချုံးကို ဖြတ်ကျော်တက်သွားကြ၏။ ထိုမြင်းစီးသမား ငါးယောက်အနက်မှ တစ်ယောက်က . . .

"နောင်ကြီး . . . တစ်ဆိတ်လောက် မေးပါရစေ . . . အင်္ကျီအဖြူဝတ်ထားပြီး ခါးမှာ ဓားကောက်ကြီးတစ်လက် ချိတ်ထားတဲ့ ပိန်ပိန်ရှည်ရှည် အဘိုးကြီးတစ်ယောက် ဖြတ်သွားတာများ မြင်လိုက်ပါသလား"

လင့်ဟူချုံးက ခေါင်းခါပြလိုက်သည်နှင့် မြင်းစီးသမားများသည် မည်သည့်စကားမျှ မဆက်တော့ဘဲ ဒုန်းစိုင်းစီး၍ ထွက်သွားကြတော့၏။

လင့်ဟူချုံး၏ စိတ်ထဲတွင် . . .

"ဟို . . . ပထမတစ်စု လိုက်နေတာလည်း အင်္ကျီဖြူဝတ်ထားတယ် ဆိုတဲ့ အဘိုးကြီးပဲ ဖြစ်မှာပဲ . . . ငါ့မှာ ဘာမှ လုပ်စရာမရှိတော့တာနဲ့ အတော်ပဲ . . . သူတို့နောက်ကလိုက်ပြီး ပွဲကြီးပွဲကောင်းတစ်ပွဲတော့ လိုက်ကြည့်ရဦးမယ်" ဟု ဆုံးဖြတ်လိုက်သည်။

ထို့ကြောင့် ထိုအုပ်စုများ ဦးတည်ထွက်ခွာသွားသည့် အရပ်သို့ သူလည်း လိုက်တော့သည်။ အတန်ကြာသောအခါ နောက်ထပ်လူတစ်သိုက် ဖြတ်ကျော်လာကြပြန်ကာ အင်္ကျီအဖြူ ပိန်ပိန်ပါးပါး အဘိုးကြီးကို မေးမြန်းနေကြပြန်၏။

ဤသို့ ဖြတ်သန်းသွားကြသည့် အဖွဲ့များမှာ မနည်းတော့။ အားလုံးလိုလို အင်္ကျီဖြူဝတ်အဘိုးကြီးကိုသာ တမေးတည်း မေးကြသည်။ ထိုလူအားလုံး၏ ရည်ရွယ်ချက်သည် တစ်ခုတည်းဖြစ်သည်မှာ သေချာနေပေပြီ။ ထိုအဘိုးကြီးကို သူတို့ အမီလိုက်နေကြခြင်းသာတည်း။

လင့်ဟူချုံးက တစ်ယောက်တည်း ရေရွတ်နေမိသည်။

"ဒီလူတွေအားလုံး ထိပ်သီးသိုင်းသမားတွေချည်းပဲ . . . သူတို့က ဘာကိစ္စနဲ့ အဘိုးကြီးတစ်ယောက်နောက်ကို လိုက်နေကြရတာလဲ မသိဘူး . . ."

အတန်ကြာ ဆက်လျှောက်သောအခါ . . . သစ်ပင်စုစုအုပ်အုပ်ကလေးများ ဖြစ်နေသည့်နေရာသို့ ရောက်လာတော့၏။ ထိုတောအုပ်ကလေး၏အလယ်တွင် ကွင်းပြင်ကဲ့သို့ ကွက်လပ်ကလေးတစ်ခု ရှိ၏။ ထိုကွင်းပြင်၌ လူများပြည့်နေသည်။ အနည်းဆုံး . . . သုံးလေးရာခန့် လောက်ရှိနေပေလိမ့်မည်။

လင့်ဟူချုံးက ထိုလူအုပ်ကြီးနားသို့ ရောက်ရှိသောအခါကျမှ ဇရပ်ငယ်တစ်ဆောင်ရှိနေကြောင်း တွေ့လိုက်ရသည်။ လူအုပ်ကြီးမှာ ဇရပ်နှင့် ပေသုံးဆယ်ခန့်အကွာတွင် ရပ်နေကြသည်။ ဇရပ်နားသို့မူ တစ်ယောက်မျှ မကပ်ကြ။

လင့်ဟူချုံးက အနားသို့ ပို၍တိုးကြည့်သည်။ ထိုအခါ ဇရပ်အတွင်း၌ အင်္ကျီဖြူဝတ်အဘိုးကြီးတစ်ယောက် ထိုင်နေပြီး တစ်ယောက်တည်း ဟင်းနှင့်အရက်ကို စားလိုက်သောက်လိုက် လုပ်နေ၏။

အဘိုးကြီးမှာ ထိုင်နေသဖြင့် သူ့ခါးတွင် ဓားကောက်ချိတ်ထားသလား၊ မချိတ်ဘဲထားသလားတော့ မသိနိုင်ချေ။ သို့သော် အဘိုးကြီးက ဤမျှ များပြားသောလူများ ဝိုင်းဝန်းထားသည်ကို သိလျက်နှင့် အေးဆေးစွာ အရက်ထိုင်သောက်နိုင်သည်ကို တွေ့ရသောအခါ လင့်ဟူချုံးအနေဖြင့် သည်အဘိုးကြီး၏ သတ္တိကို ချီးကျူးမိတော့၏။

လင့်ဟူချုံးသည် လူအုပ်ကြားမှ တဖြည်းဖြည်းချင်းရှေ့တိုးသွားသည်။ လူအုပ်ကြီးမှာ အဘိုးကြီးမှတစ်ပါး မည်သူ့ကိုမျှ အရေးမစိုက်နိုင်ဘဲ ဖြစ်နေကြသည်။ လင့်ဟူချုံး ဤသို့ တိုးဝင်လာသည်ကိုလည်း တစ်ယောက်မျှ သတိမပြုမိကြချေ။

လူအုပ်ကြီးရှေ့ဆုံးသို့ ရောက်ရှိသွားသောအခါမှ အဘိုးကြီး၏ ခါးတွင် ဓားကောက်ကြီးတစ်လက် ချိတ်ဆွဲထားသည်ကို တွေ့ရသည်။ သူ့အနေဖြင့် အဘိုးကြီးမည်သူဖြစ်သည်ကို လုံးဝမသိချေ။ သိရန်လည်း မကြိုးစားမိချေ။

သူစဉ်းစားမိသည်မှာ တစ်ချက်သာဖြစ်သည်။ လူတစ်ယောက်တည်းကို မျှမတ ဤမျှ များပြားသော အင်အားကြီးဖြင့် လာတိုက်ခိုက်ခြင်းကို သူ့စိတ်ထဲ၌ လုံးဝမနှစ်မြို့နိုင်ခြင်းသာ ဖြစ်တော့၏။ ထို့ပြင် မိမိမှာလည်း သိုင်းလောက၌

ဥတစ်လုံးတစ်ကောင်ကြွက်ကဲ့သို့ အဖော်မဲ့တစ်ကိုယ်တည်း ဖြစ်နေရသူဖြစ်ရာ တစ်ကိုယ်တည်း ဖြစ်နေသော အဘိုးကြီးကိုလည်း စာနာမိ၏။ ထို့ကြောင့် အဘိုးကြီးဘက်မှ ရပ်တည်ရန် ဆုံးဖြတ်လိုက်တော့၏။

ဤသို့ဖြင့် လင့်ဟူချုံးသည် ဇရပ်နားသို့ ရဲဝံ့စွာ လျှောက်သွားတော့၏။ ဇရပ်ပေါ်သို့တက်ပြီး အဘိုးကြီးအား အရိုအသေတစ်ချက်ပေးကာ ထိုင်ချလိုက်၏။ အဘိုးကြီးက လင့်ဟူချုံးအား စူးစူးရဲရဲမျက်လုံးများဖြင့် ကြည့်လိုက်သည်။ သူ၏မျက်လုံးမှာ ဓားချွန်ဓားဖျားများကဲ့သို့ စူးရှထက်မြက်လှပေသည်။

အဘိုးကြီးက တစ်ချက်မျှ ကြည့်လိုက်ရုံနှင့် လင့်ဟူချုံး၏ ပုံသဏ္ဍာန်အားလုံးကို မှတ်မိလိုက်သည်။

သူ့ရှေ့မှာ ဝင်ထိုင်လိုက်သောလူငယ်မှာ လက်နက်လည်းမပါ။ မျက်လုံးများမှာလည်း အားလုံးဝမရှိပဲ အရောင်ဖျော့နေပြီး ဖျားနာပြီးစ လူငယ်တစ်ယောက်ပုံပန်းသဏ္ဍာန်မျိုး ဖြစ်နေသည်။ ထို့ကြောင့် ရုတ်တရက် အံ့အားသင့်သွားမိသည်။

လင့်ဟူချုံးသည် အရက်ကရားကို ကောက်ကိုင်လိုက်ပြီး အဘိုးကြီးရှေ့ရှိ အရက်ခွက်ထဲသို့ ဖြည့်ပေးလိုက်၏။ သူကမူ အခြားဖန်ခွက်တစ်ခွက်ကိုယူ၍ အရက်ငှဲ့ထည့်ကာ ကောက်မော့လိုက်တော့သည်။

ထိုစဉ် ဇရပ်အပြင်မှ လူတစ်ယောက်က အော်လိုက်သည်။

"ဟိုကောင်လေး မြန်မြန်ထွက်ခဲ့စမ်း . . . ငါတို့က ဒီအဘိုးကြီးနဲ့ တိုက်ခိုက်ရမှာ . . . ဒီအဖိုးကြီးကို အပြတ်ရှင်းပစ်ရမှာ . . . မင်းက ကြားထဲက ကန့်လန့်ကန့်လန့် ဝင်လုပ်မနေနဲ့ . . . ကျွန်ဝယ်ရာ အဆစ်ပါ ဖြစ်ချင်ပြီနဲ့ တူတယ် . . ."

လင့်ဟူချုံးက တဟားဟားရယ်၍ . . .

"ကျုပ်ဘာသာကျုပ် ဆရာကြီးနဲ့ အရက်သောက်တာ ခင်ဗျားနဲ့ ဘာဆိုင်သလဲ . . ." ဟု ပြန်ပြောလိုက်၏။ ပြောပြီးသည်နှင့် နောက်ထပ်အရက်ထပ်ငှဲ့ကာ မော့သောက်လိုက်ပြန်၏။ နှုတ်ခမ်းကို လျှာဖြင့်သပ်ရင်း . . .

"အင်း . . . တယ်ကောင်းတဲ့ အရက်ပါလား . . ."

ထိုအခိုက် ဇရပ်၏ ဘယ်ဘက်ထောင့်မှ အေးစက်မာကျောသော အသံတစ်သံ ထွက်ပေါ်လာတော့၏။

"ဟေ့ကောင် . . . မင်းထွက်လာခဲ့စမ်း . . . ငါတို့က ဂိုဏ်းချုပ်ကြီး 'တုံးဖန်းပု' ရဲ့ အမိန့်နဲ့ ဒီသစ္စာဖောက်ကြီးကို လာဖမ်းကြတာ . . . သူက 'ရှန့်ဝန့်ထင်း' ပဲ . . . ဒီကြားထဲမှာ ဝင်ရှုပ်တဲ့သူမှန်သမျှ မရှုမလှသေရမှာချည်းပဲ . . . မင်းထွက်ခဲ့စမ်း . . . ဝင်ရှုပ်မနေနဲ့ . . ."

ဤလူများကား မဟူရာတောင်ကုန်း၏ ဂိုဏ်းချုပ်ကြီးဖြစ်သော တုံးဖန်းပု၏ နောက်လိုက်ငယ်သား မကောင်းဆိုးဝါးဂိုဏ်းသားများ ဖြစ်နေချေသည်တကား . . .။ သည်အဘိုးကြီး ရှန့်ဝန့်ထင်းပင်လျှင် မကောင်းဆိုးဝါးဂိုဏ်းမှ ဝါစဉ်ကြီးပုဂ္ဂိုလ်ကြီးတစ်ဦး ဖြစ်နေသည်။

လင့်ဟူချုံးက ရှန့်ဝန့်ထင်းကို လှမ်း၍ပြောလိုက်သည်။

"ဆရာကြီး . . . ကျုပ်ကို အခုလို အရက်သုံးခွက် သောက်ခွင့်ပြုတာ၊ အများကြီးကျေးဇူးတင်ပါတယ် . . . ကျုပ်မှာ အစာလည်းငတ်၊ အရက်လည်းငတ်နေတော့ သိပ်ကို သောက်လို့ကောင်းနေတာပဲ"

ထိုစဉ် ဇရပ်အရှေ့ဘက်ထောင့်မှ လူတစ်ယောက်က အော်ဟစ်လိုက်သည်။

"ဒီကောင် တခြားသူမဟုတ်လူး . . . ဝါဆန်းဂိုဏ်းက မောင်းထုတ်ခံထားရတဲ့ လင့်ဟူချုံးပဲ . . ."

လင့်ဟူချုံးက လှမ်းကြည့်လိုက်၏။ ထိုသို့လှမ်းအော်လိုက်သူမှာ ချင်းချိန်ဂိုဏ်း၏ တပည့်ကြီး ဟိုလင်ဖြစ်နေသည်။ ဟိုလင့်ကို တွေ့လိုက်မှ လင့်ဟူချုံးက သူနှင့်နီးကပ်ရာလူများကို သေချာစွာကြည့်လိုက်မိသည်။ ဂိုဏ်းကြီးငါးဂိုဏ်းမှ အဖွဲ့သားအတော်များများ ပါဝင်နေကြောင်း တွေ့ရှိလိုက်ရတော့သည်။

ထိုစဉ် လူအုပ်ထဲမှ တစ်ယောက်က . . .

"လင့်ဟူချုံး . . . မင်းဟာ မကောင်းဆိုးဝါးဂိုဏ်းသားတွေနဲ့ ပေါင်းနေတယ်လို့ ပြောတာ တကယ်ပြောတာပဲကိုး . . . ဒီရှန့်ဝန့်ထင်းဆိုတာက ငါတို့အထက်လမ်းဂိုဏ်းသိုင်းသမားတွေရဲ့ တကယ့် 'မဟာ ရန်သူတော်ကြီး' ပဲ . . . မင်းက သူနဲ့ အတူတူနေပြီး ဘာလုပ်နေတာလဲ . . . မင်းထွက်ခဲ့စမ်း . . . ထွက်လာတာနဲ့ မင်းကို အပိုင်းပိုင်းအတစ်တစ် ခုတ်ထစ်ပစ်မယ် . . ."

လင့်ဟူချုံးက . . .

"ခင်ဗျားက ထိုက်ဆန်းဂိုဏ်းက ဆရာကြီးထင်တယ် . . . ကျုပ်နဲ့ တွေလိုက်သမျှ ထိုက်ဆန်ဂိုဏ်းသားမှန်သမျှ သတ်ဖို့ ဖြတ်ဖို့ . . . ခုတ်ဖို့ထစ်ဖို့ ပြောတဲ့လူတွေချည်းပဲ . . . ခင်ဗျားတို့က ပါးကွက် အာဏာသားလုပ်ဖို့ကောင်းတယ်"

လင့်ဟူချုံးက လူအုပ်ကြီးဘက်သို့ လှည့်လိုက်ကာ . . .

"ကျုပ်ကတော့ ဒီဆရာကြီးဟာ ရှန့်ဝန့်ထင်းမှန်း ဘာမှန်းမသိပါဘူး . . . ကျုပ်သိတာကတော့ ခင်ဗျားတို့က လူပေါင်း သုံးလေးရာလောက်နဲ့ လူတစ်ယောက်တည်းကို မတော်မတရား တိုက်ခိုက်ဖို့ ကြိုးစားနေကြတယ် ဆိုတာကိုပဲ . . . ကျုပ် မေးစမ်းပါရစေဦး . . . ဂိုဏ်းကြီးငါးဂိုဏ်းက ဘယ်နှယ့် မကောင်းဆိုးဝါးဂိုဏ်းနဲ့ အတူတူ လက်တွဲပြီး လူတစ်ယောက်တည်းကို တိုက်ခိုက်ဖို့ ကြိုးစားနေရတာလဲ . . . ဒါက ရယ်ချင်စရာမကောင်းဘူးလား . . ."

ထိုက်ဆန်းဂိုဏ်းမှလူက ဒေါသနှင့် ပြန်အော်သည်။

"လင့်ဟူချုံး . . . မင်း ဘာတွေပေါက်ကရ လျှောက်ပြောနေတာလဲ . . . ငါတို့ ဘယ်တုန်းက မကောင်းဆိုးဝါးဂိုဏ်းသားတွေနဲ့ လက်တွဲလို့လဲ . . . သူတို့က သူတို့ဂိုဏ်းရဲ့ သစ္စာဖောက်ကို လိုက်ဖမ်းတယ်၊ ငါတို့က ငါတို့ရဲ့ရန်သူကို လာသတ်တယ် . . . ကိုယ့်ကိစ္စနဲ့ကိုယ် လာကြတာပဲ . . . ဘာမှ မဆိုင်ဘူး . . ."

လင့်ဟူချုံးက . . .

"ကောင်းပြီလေ၊ ခင်ဗျားတို့သာ ယောကျ်ားပီပီ တစ်ယောက်ချင်းတိုက်ပါ . . . ခင်ဗျားတို့သာ တစ်ယောက်ချင်း တိုက်ရင် ကျုပ်အနေနဲ့ ဘာမှ ဝင်မစွက်ဘူး . . . အရက်သောက်ပြီး ထိုင်ကြည့်နေမယ်"

ထိုစဉ် မကောင်းဆိုးဝါးဂိုဏ်းမှ လူတစ်ယောက်က လှမ်း၍အော်ဟစ်ပြောဆိုပြန်သည်။

"ရှန့်ဝန့်ထင်း . . . အခုအခြေအနေရောက်မှတော့ ကျုပ်တို့နဲ့ အေးအေးဆေးဆေး ပြန်လိုက်ခဲ့ပါ . . . ဂိုဏ်းချုပ်ကြီးကလည်း ညှာညှာတာတာ အပြစ်ပေးမှာပါ . . . ခင်ဗျားလည်း ကျုပ်တို့ဂိုဏ်းက လူစွမ်းကောင်း တစ်ယောက်ပဲဥစ္စာ . . . သွေးထွက်သံယို ဖြစ်စေချင်လို့လာ"

ရှန့်ဝန့်ထင်းက တစ်ချက်မဲ့ပြုံလိုက်ပြီး အရက်ခွက်ကို ကောက်မော့လိုက်သည်။ ထိုအခါ 'ချွင်' 'ချလင်' အသံများ မြည်လာတော့သည်။ လင့်ဟူချုံးက တအံ့တသြဖြစ်သွားပြီး ကြည့်လိုက်သောအခါ သံကြိုးရှည်တစ်ချောင်း သူ၏လက်နှစ်ဖက်ကို ချည်ထားကြောင်း တွေ့လိုက်ရတော့၏။

ဤအဖိုးကြီးကား အချုပ်မှ ထွက်ပြေးလွတ်မြောက်လာခဲ့သူပေတကား။

ထိုအဖြစ်ကို တွေ့လိုက်ရသောအခါမှ လင့်ဟူချုံးသည် အဘိုးကြီးကို ပို၍သနားသွားသည်။ သူ့ဆုံးဖြတ်ချက်ကို ပိုမိုခိုင်မာသွားစေတော့၏။

"ငါ ဒီအဘိုးကြီးဘက်က ကူပြီးတိုက်ပေးမယ် . . . ငါ့ဘာသာအခြောက်တိုက် အသတ်ခံရတာထက်စာရင် အားနည်းတဲ့လူကို ကူညီတိုက်ခိုက်ပေးပြီး သေရတာက ပိုတောင်မြင့်မြတ်သေးတယ်"

လင့်ဟူချုံးသည် ဇရပ်၏အပေါက်ဝတွင် ခါးထောက်မတ်တပ်ရပ်လိုက်၏။ ပြီးမှ အားလုံးကြားအောင် အော်ပြောလိုက်သည်။

"ဒီဆရာကြီးရဲ့ လက်နှစ်ဖက်မှာ သံကြိုးတွေချည်ထားတာပဲ၊ ဒီမလွတ်မလပ် လက်နှစ်ဖက်နဲ့ ခင်ဗျားတို့ကို ဘယ်နှယ့် တိုက်ခိုက်နိုင်မှာလဲ . . . ကျုပ်က ဒီဆရာကြီးရဲ့ အရက်ကို သောက်ခဲ့ပြီးပြီဆိုတော့ . . . တစ်လုပ်စားဖူး သူ့ကျေးဇူး ဆိုတာလို သူ့ကျေးဇူးကို သိတတ်သူအနေနဲ့ ဆရာကြီးဘက်က ဝင်တိုက်ပေးရတော့မှာပဲ . . . ဘယ်သူက ဆရာကြီးကို တိုက်ခိုက်ချင်သလဲ . . . အဲဒီလူဟာ ဆရာကြီးနဲ့မတွေ့ခင် ကျုပ်နဲ့ အရင်ဆုံး တိုက်ခိုက်ရမယ် . . . ဒါပဲ"

ရှန့်ဝန့်ထင်းက လင့်ဟူချုံးတစ်ယောက် အခြောက်တိုက် မိမိဘက်မှ အကူအညီပေးနေသည်ကို တွေ့ရသောအခါ အလွန်စိတ်ဝင်စားသွားသည်။

ရှန့်ဝန့်ထင်းက . . .

"ဟော့ကောင်လေး . . . မင်းဟာ ကိုယ်လုပ်နေတဲ့အလုပ် ကိုယ့်ဘာသာ သိပုံမရဘူး . . . ဘာဖြစ်လို့ ငါ့ကို ကူညီနေရတာလဲ . . ."

လင့်ဟူချုံးက . . .

"ကိုယ်လုပ်နေတဲ့အလုပ် ကိုယ့်ဘာသာ မသိတာ အရူးမှဖြစ်မှာ ဆရာကြီးရဲ့ . . . ကျုပ်က အရူးမဟုတ်သေးပါဘူး . . . အများနဲ့တစ်ယောက် မတရားလုပ်နေတယ်ထင်လို့ ကျုပ်ဝင်ကူညီတာ မတရားတာကို လက်ပိုက်ကြည့်တဲ့အကျင့် ငယ်ငယ်ကတည်းက ကျုပ်မှာမရှိခဲ့ဘူး . . ."

ရှန့်ဝန့်ထင်းက . . .

"အိမ်း . . . ကောင်းပါလေရဲ့ကွာ . . . မင်းရဲ့လက်နက်ကော"

လင့်ဟူချုံးက . . .

"ကျုပ်ရဲ့ ဓားတော့ ပါမလာခဲ့ဘူး၊ ဆရာကြီးဆီက ဓားခဏငှားရမှာပဲ"

"မင်းရဲ့ ဓားသိုင်းကကော ဘယ်လိုနေသလဲကွ . . . မင်းက ဝါဆန်းဂိုဏ်းကဆိုတော့ သိပ်စွံပုံမရပါဘူး . . ."

"ဟုတ်ပါ့ဗျာ . . . ဆရာကြီးက ကျုပ်ဝမ်းထဲ ဝင်ကြည့်ပြီးများ ပြောလိုက်သလားမသိဘူး . . . နဂိုကတည်းက ဓားသိုင်း သိပ်မစွံရတဲ့အထဲ အတွင်းဒဏ်ရာကလည်းရ . . . အတွင်းအားကလည်း မရှိဆိုတော့ ပိုပြီး မစွံတော့ဘူးပေါ့ဗျာ . . ."

"မင်းက ထူးထူးဆန်းဆန်းလူပါလား . . . ကောင်းပြီ .. . မင်းအတွက် ငါက ဓားတစ်ချောင်း ရှာပေးရမှာပေါ့ . . ."

ပြောပြောဆိုဆိုဖြင့် အဘိုးကြီးသည် အထက်လမ်းဂိုဏ်းသားများ ရှိရာဖက်သို့ ရုတ်တရက် ခုန်ထွက်သွားတော့၏။ လျင်မြန်လှသဖြင့် လင့်ဟူချုံးပင် မင်သက်မိသွားသည်။

ချက်ချင်းလိုလိုပင် ဓားဆယ်ချောင်းက ရှန့်ဝန့်ထင်းအား လွင့်ပျံထိုးစိုက်လာကြသည်။ ရှန့်ဝန့်ထင်းသည် ဓားများကို လွတ်အောင် ရှောင်တိမ်းထွက်သွားနိုင်သည်။ အံ့ဖွယ်ပညာရပ်ပါပေ။

ရှန့်ဝန့်ထင်း ခုန်ဝင်သွားသူမှာ စောစောက လင့်ဟူချုံးနှင့် စကားအချေအတင် ပြောဆိုခဲ့သည့် ထိုက်ဆန်းဂိုဏ်းသား ထံသို့ပင် ဖြစ်တော့၏။

ထိုသိုင်းသမားကလည်း တုံ့ဆိုင်းမနေပေ။ ချက်ချင်းလိုလိုပင် ဓားဖြင့် လှမ်းထိုးလိုက်သည်။ သို့သော် ရှန့်ဝန့်ထင်းက သူ၏နောက်ကျောသို့ ရောက်ရှိနေလေပြီ။ မည်မျှ လျင်မြန်လိုက်သည့် လူပေနည်း။

သူက တစ်တောင်ဆစ်ဖြင့် ထိုလူ၏နောက်ကျောကို ဆောင့်ချလိုက်ပြီး ထိုဂိုဏ်းသား၏ လက်ထဲမှဓားကို လုယူလိုက်သည်။ ပြီးနောက် ပျံလွှားတစ်ကောင်ကဲ့သို့ လင့်ဟူချုံးရှိရာသို့ ပြန်၍ ခုန်ပျံဝင်ရောက်လာတော့သည်။

ထိုအခါမျိုး၌ပင် အထက်လမ်းဂိုဏ်းမှ သိုင်းသမားများသည် ဇရပ်နားရောက်သည်အထိ လိုက်မလာရဲကြပေ။ တံတောင်ဖြင့် အထုခံလိုက်ရသော သိုင်းသမားမှာ အရက်မူးသူကဲ့သို့ ယိမ်းထိုးနေပြီး နောက်ဆုံး လဲကျသွားတော့၏။

ရှန့်ဝန့်ထင်းက ဓားကို လင့်ဟူချုံးထံ ပစ်ပေးလိုက်ပြီး . . .

"ကဲ . . . မင်းအတွက် . . ."

လင့်ဟူချုံးက ဓားကိုကိုင်ဆကြည့်ကာ ပြုံးရယ်ရင်းပြောလိုက်သည်။

"ဆရာကြီးရဲ့သိုင်းပညာက ဒီလောက်ကောင်းနေတာပဲ . . . ကျုပ်ဝင်ကူဖို့တောင် မလိုတော့ဘူးနဲ့တူတယ် . . . ဒါပေမယ့် ကျုပ်ကလည်း ကျုပ်ရဲ့ သိပ်မစွံတဲ့ ဓားသိုင်းအကြောင်း ပြောထားမိတော့ နည်းနည်းလောက်တော့ ပြရသေးတာပေါ့ . . ."

သူက ပြောပြောဆိုဆိုနှင့် လျှောက်ထွက်သွားတော့၏။ ဇရပ်ပြင်သို့ရောက်သောအခါ ချင်းချန်ဂိုဏ်းမှ ဟိုလင်တို့ ဂိုဏ်းတူညီအစ်ကိုသုံးယောက်က လင့်ဟူချုံးအား ဓားကိုယ်စီဖြင့် တားဆီးလိုက်ကြတော့၏။ တစ်ယောက်က ရင်ဘတ်ကို ထိုးချိန်ထားပြီး ကျန်နှစ်ယောက်က ခါးနှစ်ဖက်ကို ထိုးချိန်ထားလိုက်သည်။ သုံးယောက်က အပိုင် ချုပ်ကိုင် ထားလိုက်ကြခြင်း ဖြစ်သည်။

ဟိုလင်က အမိန့်ပေးလိုက်သည်။

"လင့်ဟူချုံး . . . မင်း ဒူးထောက်လိုက်စမ်း . . ."

လင့်ဟူချုံးက တဟားဟားရယ်၍ . . .

"ဒူးထောက်ဆိုလည်း ထောက်ရမှာပေါ့လေ . . . အမိန့်တော်ကို ဘယ်လွန်ဆန်ရဲပါ့မလဲ . . ." ဟု ပြောရင်းပင် တကယ်ဒူးထောက်ချလိုက်သည်။ သို့သော် လက်ထဲမှဓားကို မည်သို့မည်ပုံ လှုပ်ရှားလိုက်မှန်းမည်သူမျှ မသိလိုက်ကြရပဲ ဓားရောင်တစ်ချက် လက်သွားသည်ကိုသာ တွေ့လိုက်ကြရသည်။ ချင်းချန်ဂိုဏ်းသား တပည့်သုံးယောက်တို့၏ ဓားကိုင်လက်များမှာ လက်ကောက်ဝတ်မှ တိခနဲ ပြတ်ကျသွားတော့၏။ ဓားသုံးချောင်းစလုံး မြေကြီးပေါ် ပြန့်ကြွသွားလေတော့သည်။

ဟိုလင်တို့ သုံးယောက်စလုံးမှာ လုံးဝ မယုံကြည်နိုင်ဟန်ဖြင့် မြေကြီးပေါ် ပြတ်ကျသွားသော လက်ပြတ်များကို ငေးကြည့်နေမိကြတော့၏။ မင်သက်ငေးကြောင်နေမိကြခြင်း ဖြစ်သည်။

ထို့နောက် ချက်ချင်း သတိရသွားကြကာ လူအုပ်ကြားထဲသို့ ပြန်လည်ဆုတ်ခွာသွားကြတော့၏။ တစ်ယောက်သော ဂိုဏ်းသားမှာမူ သူ၏လက်ကိုပိုက်၍ ငိုကြွေးနေတော့သည်။

လင့်ဟူချုံးမှာ လုပ်သာလုပ်လိုက်ရသော်လည်း စိတ်မကောင်းဖြစ်သွားရသည်။ သူ့စိတ်ထဲတွင်မူ ကြံဖန်နှစ်သိမ့်နေရသည်။

"ငါက မလုပ်ချင်ပါဘူး . . . မင်းတို့က ငါ့ကိုအရင်သတ်ဖို့ ကြိုးစားကြတာကိုး . . . မင်းတို့အပြစ်နဲ့မင်းတို့ပဲ . . ."

ထိုစဉ် ရှန့်ဝန့်ထင်းက အော်လိုက်သည်။

"တယ်ကောင်းတဲ့ ဓားကွက်ပါလား . . ."

သူက ဆက်၍ အော်ပြန်သည်။

"ဒါပေမယ့် . . . ဓားချက်က ပျော့တယ် . . . အတွင်းအားညံ့တယ် . . . မင်းပြောတဲ့စကား မှန်သားပဲ . . ."

လင့်ဟူချုံးက ရယ်၍ . . .

"သြော် . . . ဆရာကြီးနှယ် ခက်လိုက်ပါဘိတော့ . . . အတွင်းအားညံ့တာ မဟုတ်ဘူးဗျ . . . အတွင်းအား ရှိကို မရှိတာ" ဟု ပြောလိုက်တော့သည်။

ထိုအခိုက်မှာပင် ဇရပ်ထဲသို့ လူနှစ်ယောက် ရုတ်တရက်ခုန်ဝင်လာပြီး ရှန့်ဝန့်ထင်းကို စတင်တိုက်ခိုက်ကြတော့သည်။ ရှန့်ဝန့်ထင်းကလည်း ပြန်လှန်ခုခံတိုက်ခိုက်သည်။ သို့သော် သူ၏လက်နှစ်ဖက်၌ သံကြိုးများချည်နှောင်ထားသဖြင့် သွက်လက်စွာ မခုခံနိုင်ချေ။

ထို့ကြောင့် ခံစစ်သဘောဖြင့်သာ ခုခံတိုက်ခိုက်နေရသည်။ ထိုစဉ် နောက်နှစ်ယောက် ခုန်ဝင် လာပြန်တော့၏။ မကြာမီ လုံသမားရှစ်ယောက်ပါ ခုန်ဝင်တိုက်ခိုက်ကြတော့၏။

တကယ့်တိုက်ပွဲကြီး စတင်လေပြီ။

လက်နက်ချင်းထိခိုက်သံ ညံနေသည်။

ရှန့်ဝန့်ထင်းက လင့်ဟူချုံးကို အော်ပြောလိုက်သည်။

"မိတ်ဆွေလေး . . . မင်းမြန်မြန်ပြေးပေတော့ . . ."

ဤလူများသည် မကောင်းဆိုးဝါးဂိုဏ်းသားများ ဖြစ်တော့သည်။ သူတို့သည် ရှန့်ဝန့်ထင်း၏ စွမ်းရည်ကို ကောင်းစွာ သိထားကြသူများ ဖြစ်ကြ၏။ ရှန့်ဝန့်ထင်းနှင့် တိုက်ခိုက်ရသည်မှာ လွယ်ကူသောအလုပ် မဟုတ်ပေ။ တစ်မိနစ်ပိုကြာလျှင် တစ်မိနစ်အတွင်း အသက်တစ်ချောင်း ပိုဆုံးရှုံးနိုင်သည်။ ထို့ကြောင့် သူတို့အားလုံး ပေါ့ဆမှုမရှိဘဲ အစွမ်းကုန်အားကုန် ထုတ်၍ တိုက်ခိုက်နေကြခြင်းဖြစ်သည်။

ရှန့်ဝန့်ထင်း၏ တစ်ကိုယ်လုံးမှာမူ ဂျင်ကဲ့သို့ ပတ်ချာလည်နေတော့၏။ လက်နက်ခြင်း ရိုက်ခတ်သံများမှာမူ အဆက်မပြတ် ကြားနေရသည်။ လူတစ်ယောက်၏ သံတူကြီးမှာ ရှန့်ဝန့်ထင်း၏ သံကြိုးရိုက်ချက်ကြောင့် နောက်ပြန်လွင့်စဉ်

လာကာ သူ၏ဦးခေါင်းကို ပြန်ရိုက်မိပြီး ပွဲချင်းပြီး သေဆုံးသွားတော့သည်။ လှံသမားများ အနေဖြင့်လည်း တစ်လှမ်းစီ နောက်ဆုတ်နေကြရသည်။

ဤကား စိတ်ကောင်း စေတနာကောင်းဖြင့် နောက်ဆုတ်ကြခြင်း မဟုတ်ကြပေ။ သူတို့က အခြေအနေကို စောင့်ကြည့်လိုက်ခြင်းဖြစ်သည်။ ရှန့်ဝန့်ထင်းအနေဖြင့် ဤကဲ့သို့ သူ၏ကိုယ်ကို မွတ်မွတ်လည်နေအောင် လှည့်လျက် ခုခံခြင်းကို အချိန်အတိုင်းအဆမရှိ ခုခံနေနိုင်မည်မဟုတ်။

သူတစ်ချက်ရပ်လိုက်သည်နှင့် လှံရှစ်ချောင်းက အဘက်ဘက်မှ ထိုးဖောက်ဝင်ရောက်လာပေလိမ့်မည်။ ထိုအချိန်မျိုး၌ ရှန့်ဝန့်ထင်းအနေဖြင့် မည်သို့မျှ ရှောင်တိမ်းနိုင်တော့မည် မဟုတ်ချေ။

လင့်ဟူချုံးသည် ထိုသူတို့၏အကြံကို ကြိုတင်ရိပ်မိ၏။ ရှန့်ဝန့်ထင်းကလည်း သိသည်။ ယခု အဘိုးကြီး ရှန့်ဝန့်ထင်း တစ်ယောက် အကြီးအကျယ် ဒုက္ခရောက်စပြုနေပြီ။ သူ၏ကိုယ်ကို စကြာလှည့် လှည့်ပတ်ကာ ကာကွယ်နေရာမှ ခေတ္တ ရပ်လိုက်သည်နှင့် သေမင်းက သူ့အားခေါ်ဆောင်သွားပေတော့မည်။

ထို့ကြောင့် သည်အဘိုးကြီးအား စစ်ကူညီမည်ဟု ကတိပေးထားသော လင့်ဟူချုံးမှာ မည်သို့ကူညီရမည်ကို အပြေးအလွှား စဉ်းစားနေရတော့၏။

လိုလျှင်ကြံဆ နည်းလမ်းရ ဆိုထားသည် မဟုတ်ပါလော။ ‘ဇကရာဇ်ကိုးကွက်’ ထဲမှ လှံဖျက်ကွက်ကို သတိရလိုက်မိတော့၏။ စိတ်ထဲ၌ တမဟုတ်ချင်း ပေါ့ပါးသွားတော့သည်။

ထိုအခိုက် လှံရှစ်ချောင်းကလည်း တပြိုင်နက် ထိုးထွက်စပြုလာလေပြီ။ လင့်ဟူချုံး လက်မနှေးတော့။ သူ၏ဓားကို လျှပ်ပြက်သည့်နှယ် လှုပ်ရှားလိုက်လေတော့သည်။ ဓားသွားသည် လှံသမားတိုင်း၏ လက်ကောက်ဝတ်များကို ထိုးစိုက်သွားလေတော့၏။ ဓားချက်သည် ကြောက်မက်ဖွယ်ရာ လျင်မြန်လှသဖြင့် တစ်ချက်တည်း ခုတ်လိုက်သကဲ့သို့ ထင်မှတ်လိုက်ရသည်။

လှံသမားများမှာ လှံများကို ဆုပ်ကိုင်ထားခြင်းငှာ မစွမ်းသာတော့ဘဲ လက်ထဲမှ လွှတ်ချလိုက်ကြရတော့သည်။ သူတို့၏လက်ကောက်ဝတ်များမှ သွေးပေါက်ပေါက် ကျဆင်းလျက် ရှိနေကြလေပြီ။

လင့်ဟူချုံးသည် တုံ့ဆိုင်းမနေတော့ဘဲ ကျန်လူများကိုလည်း ဆက်တိုက် ဝင်တိုက်တော့သည်။ ထိုလူများသည်လည်း လင့်ဟူချုံး၏တိုက်ကွက်များကို မည်သို့မျှ မယှဉ်နိုင်။ မကြာမီ လက်နက်များ လွတ်ကျသွားကာ ဇရပ်ထဲမှ ကိုယ့်အသက် လွတ်မြောက်ရေးအတွက် အူယားဖားယား ပြေးထွက်သွားကြလေတော့၏။

ရှန့်ဝန့်ထင်းသည် လင့်ဟူချုံး၏ ဓားကွက်များကို တွေ့ရသောအခါ ပါးစပ်အဟောင်းသားနှင့် အံ့ဩနေမိတော့သည်။ ဤလူငယ်ကား တကယ့် လူထူးလူဆန်းပေတည်း။ ပါးစပ်မှ တောင်တစ်ခွန်းမြောက်တစ်ခွန်း ပြောနေသော်လည်း လက်တွေ့ အပြုအမူတွင် သူ၏စွမ်းရည်ကို အမှန်တကယ် ထုတ်လှစ်ပြသနေကြောင်း ကောင်းကောင်းကြီး သတိပြုမိသွားတော့၏။

ထိုစဉ် မကောင်းဆိုးဝါးဂိုဏ်းမှ လူကြီးတစ်ယောက်က ထပ်မံအမိန့်ပေးလိုက်သဖြင့် ချက်ချင်းလိုလို လူငါးယောက် ခုန်ဝင်လာကြပြန်သည်။ ငါးယောက်စလုံးက ရှန့်ဝန့်ထင်းကို တိုက်ခိုက်သည် မဟုတ်ချေ။ စတင် ဝင်ရောက်ကတည်းက လူစုခွဲပြီးသား ဖြစ်နေကြ၏။

မကောင်းဆိုးဝါးဂိုဏ်းသား တစ်ယောက်က ဓားစကြာ ဝှေ့ယမ်းလျက် လင့်ဟူချုံးကို ဝင်ရောက်တိုက်ခိုက်ပြီး . . . ကျန်လေးယောက်တို့က ရှန့်ဝန့်ထင်းကို ဝင်ရောက်တိုက်ခိုက်ကြသည်။ သူတို့က ရှန့်ဝန့်ထင်း၏ စွမ်းပကားကို ပို၍ ကြောက်ရွံ့ကြကြောင်း ထင်ရှားနေ၏။

လင့်ဟူချုံးကမူ တစ်ယောက်ချင်း တိုက်ခိုက်နေရခြင်းဖြစ်၍ ခပ်အေးအေးပင် ခုခံနေသည်။ ထိုသူ၏ ဓားကွက်ကိုလည်း နားမလည်သေးသဖြင့် အကဲခတ်ရင်း နောက်ဆုတ်လိုက် ရှောင်တိမ်းလိုက် လုပ်နေသည်။ ရန်သူကမူ လင့်ဟူချုံး ကြောက်နေပြီထင်၍ ဖိတိုက်နေတော့သည်။ သို့သော် သူ၏ဓားချက်ဖြင့် ထိခိုက်အောင်တော့ တစ်ချက်မျှ မတိုက်နိုင်သေးချေ။

ရှန့်ဝန့်ထင်းကမူ တိုက်ပွဲ အလွန်ပြင်းထန်နေသည်။ သူတို့ ကိုင်ဆောင်ထားသည့် လက်နက်များကလည်း ထူးဆန်းလှသဖြင့် တော်ရုံတန်ရုံ သိုင်းသမားသည် လက်နက်စွမ်းကြောင့်ပင် အရှုံးပေးသွားရနိုင်သည်။ မကောင်းဆိုးဝါး ဂိုဏ်းသားတစ်ယောက်က သံလုံးပျံဖြင့် ရှန့်ဝန့်ထင်း၏ လက်နှစ်ဖက်ရှိ သံကြိုးကို ရစ်ပတ်ထားလိုက်သည်။ ထိုအခါ ရှန့်ဝန့်ထင်းမှာ လှုပ်ရှားရန်အတွက် အတော်ကလေး အခက်အခဲ ကြုံသွားရတော့၏။

ထိုအခွင့်အရေးကို အခွင့်ကောင်းအဖြစ် အသုံးချကာ ကျန်သုံးယောက်က ဝင်ရောက်တိုက်ခိုက်ကြ၏။ ရှန့်ဝန့်ထင်းက သူ၏ လက်နှစ်ဖက်ကို ရုတ်တရက် ဆောင့်ဆွဲလိုက်ရာ သံလုံးပျံပိုင်ရှင်သည် သူ့ဘက်သို့ပါလာပြီး ကျန်သုံးယောက်၏ လက်နက်များက သံလုံးပျံပိုင်ရှင်၏ ကိုယ်ပေါ်သို့ ကျရောက်သွားလေတော့၏။ ထိုလူမှာ ‘အား’ ခနဲ တစ်ချက်သာ အော်နိုင်ပြီး အသက်ထွက်သွားတော့၏။

လင့်ဟူချုံးမှာလည်း ရှောင်ရင်းတိမ်းရင်းမှ ရန်သူ၏ဓားကွက်ကို ကောင်းစွာ သဘောပေါက်သွား၏။ ရန်သူ၏ ဟာကွက်ပျော့ကွက်များကိုလည်း တွေ့မြင်လာသည်။

သူက ဓားဖြင့် ရုတ်တရက် ထိုးစိုက်လိုက်သည်။ ထိုရန်သူကလည်း တိုက်ခိုက်ရန် ရှေ့သို့အတိုးဖြစ်၍ ပခုံးတွင် ဓားတစ်ချက်ထိုးစိုက်ခံလိုက်ရတော့သည်။

ထိုလူ၏ဓားလည်း လက်ထဲမှ လွတ်ကျသွား၏။ သူ့ဓားကိုပင် ပြန်လည် မကောက်ယူတော့ဘဲ နောက်ဂျွမ်းထိုးကာ လူအုပ်ထဲသို့ ပြန်ဆုတ်သွားလေတော့သည်။

× × × × × × ×

## သူ့ရဲ့ကောင်းစိတ်ဓာတ်

လင့်ဟူချုံးက မကောင်းဆိုးဝါး ဂိုဏ်းသားတယောက်ကို အနိုင်ရရှိသွားသောအခါ . . . အထက်လမ်း သိုင်းသမား အုပ်စုမှ လူတယောက် ဓားကိုဆွဲ၍ ခုန်ထွက်လာ၏။ ပါးစပ်မှလည်း ခက်ထန်စွာ အော်ဟစ်လာ၏။

“ဒါ . . . ဝါဆန်းဓားသိုင်းလား . . . ဝါဆန်းဂိုဏ်းမှာ ဒီလို မမှန်ကန်တဲ့ ဓားသိုင်းမျိုးမရှိဘူးကွ . . . ဘယ်က အောက်လမ်းဓားသိုင်းပညာလဲ . . . ”

လင့်ဟူချုံးက ကြည့်လိုက်သောအခါ ထိုက်ဆန်းဂိုဏ်းမှ ဝါစဉ်ကြီးဆရာတဦးဖြစ်နေသည်။ ထိုသူသည်လည်း ‘ဇကေရာဇ်ကိုးကွက်’ ကို မြင်ဖူးဟန်မတူ။

ထို့ကြောင့် ‘ဇကေရာဇ်ကိုးကွက်’ ထဲမှ ဓားကွက်ကို ဝါဆန်းဓားကွက်မဟုတ်။ အောက်လမ်းဓားသိုင်းပညာဟု ပြောနေခြင်းဖြစ်သည်။

မည်သို့ပင်ဖြစ်စေ၊ လင့်ဟူချုံးအနေဖြင့် ဝါဆန်းဂိုဏ်းက ထုတ်နုတ်နှင်ထုတ်ခြင်းခံရသော်လည်း သူ့စိတ်ထဲတွင် ဂိုဏ်းကြီးငါးဂိုဏ်းဖြင့် ခိုက်ရန်ဖြစ်ပွားခြင်း ၊ သွေးထွက်သံယိုဖြစ်ခြင်းနှင့် ရန်ငြိုးဖွဲ့ခြင်းတို့ လုံးဝမဖြစ်လိုပေ။ ထို့ကြောင့် ထိုက်ဆန်းဂိုဏ်းမှ ဆရာကြီးကို စကားပြောရန် ဟန်ပြင်လိုက်သည်။

သို့သော် ထိုက်ဆန်းဂိုဏ်း၏ သိုင်းဆရာကြီးက လျှပ်တပြက်အတွင်း ဓားချက်ခုနစ်ချက် ဆက်တိုက်ထိုးတော့သည်။ ခုနစ်ချက်စလုံး အရေးကြီးသည့် နေရာများကိုချည်း ထိုးခြင်းဖြစ်၏။

လင့်ဟူချုံးအနေဖြင့် မည်သို့ရှောင်ရှောင်၊ တချက်မထိ တချက်တော့ ထိခံရမည်သာဖြစ်သည်။

ဤသိုင်းကွက်ကို ထုတ်သုံးလိုက်သောအခါ ကျန်ဂိုဏ်းကြီးငါးဂိုဏ်းမှ လူအားလုံးက ထိုက်ဆန်းဂိုဏ်းအား အတော်ပင် အထင်ကြီး လေးစားသွားတော့၏။

လင့်ဟူချုံးကမူ ဤဓားကွက်ကို သိပ်မအံ့ဩမိချေ။ အဘယ်ကြောင့်ဆိုသော် သူတို့၏ ဝါဆန်းတောင် ကျောက်ဂူ ထိပ်တွင် ဤသိုင်းကွက်ကို တွေ့ဖူးခဲ့ပြီ ဖြစ်သောကြောင့်ပင်။

ထို့ကြောင့် ဤအခိုက်အတန့်အတွင်းဝယ် ‘ဇကေရာဇ်ကိုးကွက်’ ကိုပင် ထုတ်သုံးရန် စိတ်မကူးတော့။ ကျောက်ဂူနံရံတွင် ရေးထားသော ဓားဖျက်ကွက်များကို လျှပ်တပြက်စဉ်းစားလိုက်သည်။

သူသည် . . . ထိုက်ဆန်းသိုင်းဆရာကြီး၏ တိုက်ကွက်များကို မရှောင်တိမ်းတော့ဘဲ ချက်ချင်းလိုလိုပင် ထိုသိုင်းဆရာကြီး၏ ချက်အောက်သို့ ထိုးချိန်လိုက်တော့၏။

လင့်ဟူချုံးအနေဖြင့် အရမ်းကာရော အသုံးပြုသည့် အကွက်မဟုတ်ပေ။ လျှပ်တပြက် စဉ်းစားပြီး အသုံးပြုသည့် အကွက်သာဖြစ်၏။

ရုတ်တရက်ကြည့်လိုက်လျှင်မူ လင့်ဟူချုံး၏ ဓားကွက်သည် ကိုယ့်အသက်ကို မနမြောပဲ စွန့်၍တိုက်ခိုက်လိုက်သည့် သူသေကိုယ်သေ ဓားကွက်မျိုးဖြစ်နေ၏။ ဓားသိုင်းပညာ၌ အလွန့်အလွန် ဝါရင့်သူမဟုတ်လျှင် ဤအတိုင်းသာ သိမြင်ကြပေလိမ့်မည်။

သို့သော် တကယ့်တကယ်အားဖြင့်မူကား . . .

ထိုက်ဆန်းဂိုဏ်း၏ ယခုဓားကွက်တွင် အပိုင်းနှစ်ပိုင်း ခွဲခြားထား၏။ ပထမပိုင်းက ရန်သူအားဓားဖြင့် အဆက်မပြတ် ခုနစ်ချက်ဆက်တိုက် ထိုးခြင်းပင်ဖြစ်သည်။

ခုနစ်ချက်စလုံး အရေးကြီးသည့် သေကွင်းများကို ထိုးခြင်းဖြစ်၍ ရန်သူ့အနေဖြင့် လုံးဝပျာယာခတ်သွားရမည်။ ဟန်ချက်ပျက်သွားရပေမည်။

ဤပထမပိုင်း ဓားကွက်များအရ ရန်သူ့ဟန်ချက်ပျက်သွားမှ ဒုတိယပိုင်းဓားကွက်များက ရန်သူ၏ စိတ်ကြိုက်သေကွင်းကို ရွေးချယ်ထိုးရန်ပင်ဖြစ်သည်။ ထို့ကြောင့် တကယ့်လက်တွေ့ တိုက်ကွက်အစစ်မှာ ဒုတိယပိုင်း ဓားကွက်များသာ ဖြစ်ပေသည်။

ယခုလင့်ဟူချုံးက ထိုက်ဆန်းဂိုဏ်းဆရာကြီး၏ ပထမပိုင်း ဓားကွက်များကို ထုတ်လိုက်သည်နှင့် သူက အရင်ဦးအောင် သိုင်းဆရာကြီး၏ ချက်အောက်ကို ထိုးစိုက်ရာ ထိုက်ဆန်းဂိုဏ်းသိုင်းဆရာကြီးမှာ ဒုတိယပိုင်းကို ဆက်မကစားနိုင်တော့ပဲ သိုင်းကွက်ကြီးတခုလုံးမှာ ခါးအချိုးခံလိုက်ရသကဲ့သို့ ဖြစ်သွားတော့၏။

ထိုက်ဆန်းဂိုဏ်းဆရာကြီး အနေဖြင့် ဤသို့ဖြစ်လာလိမ့်မည်ဟု လုံးဝမမျှော်လင့်မိပေ။

လင့်ဟူချုံး၏ ဓားချက်ထွက်လာသည်နှင့် ထိုဓားချက်ကို မိမိအနေဖြင့် လုံးဝရှောင်တိမ်း၍ မရနိုင်တော့မှန်း သိလိုက်၏။

သူ့စိတ်ထဲတွင် ဓားဖျားသည် သူ၏ချက်အောက်သို့ ထိုးစိုက်သွားသည် ဟူ၍သာ မှတ်ထင်လိုက်သည်။ ထို့ကြောင့် တချက်မျှ အော်မိရင်း မေ့လဲကျသွားလေတော့၏။

အမှန်စင်စစ်အားဖြင့် လင့်ဟူချုံးက တကယ်မထိုးချေ။ ဓားကို အသားနားရောက်သည်အထိ ထိုးလိုက်ပြီး ချက်ချင်းတုံ့ခနဲ ရပ်ဆိုင်းလိုက်ခြင်းသာဖြစ်၏။

ထိုက်ဆန်းဂိုဏ်း သိုင်းဆရာကြီးအား ဒဏ်ရာအနာတရ မဖြစ်စေလို၍ ဤသို့ရပ်တန့်လိုက်ခြင်းဖြစ်၏။

သို့သော် ထိုက်ဆန်းဂိုဏ်း၏ လူများက သူတို့၏ ဝါစဉ်ကြီးသိုင်းဆရာကြီး လဲကျသွားသည်ကို တွေ့ရသောအခါ လင့်ဟူချုံး၏ ဓားချက်ကြောင့်သာ ဒဏ်ရာရသွားခြင်းဖြစ်သည်ဟု ထင်မှတ်သွားကြ၏။

သူတို့အနေဖြင့် ဓားသွားအသားထဲ စိုက်ဝင် မဝင်ကို တိတိကျကျ မသိလိုက်ကြသဖြင့် ဤသို့အထင်မှားသွားကြခြင်းဖြစ်၏။

ထို့ကြောင့် လင့်ဟူချုံးအား ရန်ကြွေးပြန်ဆပ်ရန်အတွက် ထိုက်ဆန်းဂိုဏ်းသားငါးယောက်တို့က ခုန်ထွက်လာကြကာ အပြင်းအထန် ထိုးခုတ်လိုက်ကြတော့၏။

လင့်ဟူချုံးမှာ ထိုလူငါးယောက်ကို လုံးဝမမှုချေ။

ထိုငါးယောက်၏ လက်ကောက်ဝတ်များကို ဒဏ်ရာရစေလိုက်ခြင်းဖြင့် သူတို့လက်ထဲမှ ဓားများကို လွတ်ကျသွားစေလိုက်သည်။

ထိုအချိန်တွင် စောစောက မေ့လဲသွားသော ထိုက်ဆန်းဂိုဏ်း၏ ဝါစဉ်ကြီးသိုင်းဆရာကြီးက ယိမ်းထိုး၍ထလာပြီး ‘ငါသေပြီ၊ ငါသေပြီ’ ဟု ကယောင်ကတမ်း အော်နေတော့သည်။

သူ့တပည့်ငါးယောက်တို့မှာ သူတို့ဆရာ မသေသည့်အပြင် ဓားဒဏ်ရာတချက်မျှ မရဘဲရှိနေသည်ကို တွေ့ရသောအခါ အလွန်အံ့ဩသွားကြသည်။

သူတို့ငါးယောက်စလုံး သူတို့ဆရာကြီးအား တွဲယူကာ နောက်သို့ ဆုတ်ခွာသွားကြတော့၏။

သူတို့၏ဆရာကြီးမှာ နမူးနထိုင်းဖြင့် တပည့်ငါးယောက်ကြား ပါသွားလေတော့၏။

ဇရပ်ပတ်လည်တွင် ရှိနေကြသော သိုင်းသမားများသည် လင့်ဟူချုံးက သူ၏သိုင်းကွက်တဝက်မျှ ထုတ်လိုက်ရုံမျှနှင့် နာမည်ကြီးထိုက်စန်းဂိုဏ်းမှ ဝါစဉ်ကြီး သိုင်းဆရာကြီးကို အလဲတိုက်ခိုက်နိုင်ကြောင်း တွေ့ရသောအခါ ထိတ်လန့်တုန်လှုပ် သွားကြတော့၏။

သို့သော် လူအများ စုပေါင်းမိခြင်းသည် အင်အားကို ပြသစေသည့်အတိုင်း သိုင်းသမားများသည် တယောက်ကို တယောက် ရဲဆေးတင် အော်ဟစ်ကြွေးကြော်ကြရင်း လင့်ဟူချုံးနှင့် ရှန့်ဝန့်ထင်းတို့ကို အပြင်းအထန် ဝင်ရောက်တိုက်ခိုက်ကြတော့၏။

မမျှတသော တိုက်ပွဲကြီးကား စတင်လျက် ရှိလေပြီ။

တဘက်တွင် လူနှစ်ယောက်မျှသာရှိပြီး ကျန်တဘက်တွင် တိုက်နိုင်သမျှသော လူအားလုံးဝင်ရောက် တိုက်ခိုက်လျက် ရှိကြပေပြီ။

ရှန့်ဝန့်ထင်းနှင့် လင့်ဟူချုံးတို့မှာ သူတို့တသက်တာ၌ မကြုံစဖူး ထူးကဲများပြားလှသော လူအုပ်ကြီးနှင့် ရင်ဆိုင်တိုက်ခိုက်နေကြရလေပြီ။

အလူးအလဲ ခုခံနေရသည်ဆိုက ပိုမှန်ပေမည်။

တဘက်ရန်သူများမှာ . . . တယောက် ဒဏ်ရာရပါက နှစ်ယောက်မျှ အစားထိုးဝင်ရောက်တိုက်ခိုက်လာကြသဖြင့် တိုက်ပွဲကြီးက အချိန်ကြာမြင့်လာတော့၏။

ရှန့်ဝန့်ထင်းမှာ အတွင်းအားကောင်းသဖြင့် များစွာခံသာသေးသည်။ လင့်ဟူချုံးမှာ အတွင်းအား လုံးဝမရှိသဖြင့် တဖြည်းဖြည်း လက်ပန်းကျလာတော့၏။

ဤမျှအထိ ခုခံကာကွယ်နေနိုင်ခြင်းမှာ လင့်ဟူချုံး၏ အနိုင်မခံ အရှုံးမပေးသော စိတ်ဓာတ်ကြောင့်သာဖြစ်သည်။

ရှန့်ဝန့်ထင်းက လင့်ဟူချုံး၏ အခြေအနေကို တိုက်ခိုက်နေရင်းမှ ကောင်းစွာသတိပြု အကဲခတ်မိ၏။

လင့်ဟူချုံးအမည်ရှိသော ဤလူငယ်မှာ မိမိဘက်မှ အကြောင်းမဲ့ ဝင်ရောက်ကူညီပေးနေသူ ဖြစ်သည်။

ဤလူငယ်၏ ဓားသိုင်းပညာမှာ သူကဲ့သို့သော ဝါစဉ်ကြီး သိုင်းဆရာကြီးတယောက်အဖို့ပင် ခြေဖျားလက်ဖျား အေးစေသည်အထိ ကြောက်မက်ဖွယ်ရာ ကောင်းလှသော်လည်း သူ့၌အတွင်းအား လုံးဝမရှိကြောင်း တွေ့နေရ၏။

ဤပုံစံအတိုင်းသာ ဆက်လက်တိုက်ခိုက်နေလျှင် ဤလူငယ်မှာ မုချ အသတ်ခံရမည်မှာ သေချာလှတော့၏။

သူ့စိတ်ထဲတွင်လည်း ပွင့်လင်းလှသော ဤလူငယ်အပေါ် သံယောဇဉ် ဖြစ်မိသည်။

ထို့ကြောင့် ရှန့်ဝန့်ထင်းသည် ချက်ချင်းပင် ဆုံးဖြတ်ချက်တခု ချလိုက်သည်။ သူသည် လေထဲသို့ ခုန်ပျံတက်လိုက်ပြီး သူ၏လက်ထဲရှိသံကြိုးကို ဝှေ့ယမ်းလိုက်၏။

သူ့ကို ဝိုင်းဝန်းတိုက်ခိုက်နေသော ရန်သူများသည် ရုတ်တရက် ရှဲသွားကြ၏။

ထိုအခိုက် ရန်သူဝိုင်းထားသည့် စည်းအပြင်သို့ လျှပ်တပြက်ခုန်ထွက်လိုက်ပြီး သံကြိုးဖြင့် လင့်ဟူချုံး၏ခါးကို ရစ်ပတ်ဆွဲလိုက်တော့၏။ လင့်ဟူချုံးကို ထမ်းယူကာ လူအုပ်ကြီး၏ အပြင်ဘက်သို့ ရုတ်တရက် ထွက်ပြေးတော့၏။

"မိုးဘုရင်ကြီး ပြေးပြီဟေ့ . . . လိုက်ကြ . . ."

ရှန့်ဝန့်ထင်း၏ ကိုယ်ဖော့သိုင်းပညာမှာ အလွန်မြင့်မားလှ၏။ လင့်ဟူချုံးကို ထမ်း၍ ပြေးရခြင်းဖြစ်သော်လည်း သူ၏ခြေလှမ်းများမှာ သာမန်သိုင်းသမားတယောက်ထက်ပင် ပေါ့ပါးသွက်လက် လျင်မြန်နေ၏။

နောက်ဘက်မှ . . . သိုင်းသမားများကလည်း ထက်ကြပ်မကွာ လိုက်လာကြ၏။

လိုက်လာရာတွင် ငြိမ်သက်တိတ်ဆိတ်စွာ လိုက်လာကြခြင်းမဟုတ်။ ဟစ်အော် ညာသံပေး၍ တခဲနက်သော အသံပြလျက် အုတ်အုတ်ကျွက်ကျွက် လိုက်လာကြခြင်းသာ ဖြစ်၏။

ရှန့်ဝန့်ထင်းက ရုတ်တရက် ခြေလှမ်းကိုရပ်၍ ပြန်လှည့်ကြည့်လိုက်၏။

နောက်မှလိုက်လာသူများအနက် ရှေ့ဆုံးမှ ရောက်နေသူများက ခြေလှမ်းကို တန့်သွားအောင် ကမန်းကတန်း ရပ်လိုက်ကြသည်။

အတွင်းအားကောင်းသော သိုင်းသမားအချို့က ရပ်တန့်နိုင်ကြသော်လည်း အချို့ကမူ ရှေ့သို့ အရှိန်လွန် ထွက်လာတော့၏။

ထိုသူများသည် ရှန့်ဝန့်ထင်းဆီသို့ ပုံပျက်ပန်းပျက် ရောက်ရှိသွားကြရာ ရှန့်ဝန့်ထင်းက ခြေထောက်ဖြင့် ကန်ထည့်လိုက်တော့၏။

ထိုသူများမှာ နောက်မှ လူအုပ်ကြီး အကြားသို့ လင့်စဉ်ထွက်သွားသည်။

ရှန့်ဝန့်ထင်းသည် ရန်သူများ ရုတ်ရုတ်သဲသဲဖြစ်နေသည်ကို အခွင့်ကောင်းယူပြီး လင့်ဟူချုံးကို ထမ်း၍ ပြေးပြန်သည်။

ရန်သူများသည် နောက်မှ ဆက်လိုက်လာကြသော်လည်း အားကုန်ထုတ်၍ မလိုက်ရဲကြတော့။

ထိုအခါ လိုက်သူနှင့် ပြေးသူတို့ တဖြည်းဖြည်း ဝေးသွားလေတော့၏။

အမှန်စင်စစ် မိုးဘုရင်ဘွဲ့ရ ရှန့်ဝန့်ထင်းမှာ အလွန်မာနကြီးသူဖြစ်သည်။ သူ့တသက်တာ၌ ဤကဲ့သို့ ထွက်ပြေးရသည်ဟူ၍ တကြိမ်တခါမျှ မရှိခဲ့ပေ။ ယခုထွက်ပြေးခဲ့ရခြင်းမှာ လင့်ဟူချုံးအပေါ် သံယောဇဉ်တွယ်မိ၍ ဖြစ်သည်။

ထွက်သာ ထွက်ပြေးလာခဲ့ရသော်လည်း နောက်မှလိုက်လာသူများကို မှန့်မှန့်ညက်ညက် ချေပစ်ချင်စိတ်က သူ့၌ ဖုံးလွှမ်းနေတုန်း ဖြစ်နေသေး၏။ ပြေးရင်းလွှားရင်း စဉ်းစားနေလိုက်သည်။

"ငါတယောက်တည်းဆိုရင် ဒီကောင်တွေနဲ့ သူသေကိုယ်သေ တိုက်လို့ရတယ် . . . ဒီလူအုပ်ကြီးထဲက တဝက်

လောက်ကို ငရဲပြည်အပါခေါ်ပြီးမှ ငါလည်းသေမှာ . . . ဘာနစ်နာစရာရှိလဲ . . . ငါသေတာက အရေးမကြီးဘူး . . . ဒီကောင်လေးက ကြားထဲက သက်သက် ငါ့ဘက်က ဝင်ကူရှာတယ် . . . ဒီလောက် ကိုယ့်အသက်ကို မနမြောဘဲနဲ့ စိတ်ရင်းကောင်းကောင်းနဲ့ ဝင်ကူညီခဲ့တဲ့လူကိုတော့ ဘယ်နည်းနဲ့မှ မသေစေသင့်ဘူး . . . ဒီလိုမိတ်ဆွေမျိုး ဘယ်မှာသွားရှာမလဲ . . . အသက်ဘေးကြုံလာရင် ကိုယ်လွတ်ရုန်းပြေးကြတဲ့ လူချည်းပဲ . . . သူကတော့ အဲဒီလူတွေထဲမှာ မပါတဲ့လူငယ် . . . ဒီတော့ ငါ့အနေနဲ့ ဘယ်နည်းနဲ့မဆို သူ့ကို ကယ်တင်ရမှာပဲ . . . "

ထိုသို့စဉ်းစားလိုက်မိသည်နှင့် သူ၏အားအင်ကို ပိုထုတ်ကာ အပြေးနှုန်းကို မြှင့်တင်လိုက်တော့၏။

သုံးနာရီခန့်ကြာသောအခါ တောင်ကုန်းတခုသို့ ရောက်ရှိလာတော့၏။

တဖြည်းဖြည်း ပြေးတက်လာသည်နှင့်အမျှ အလွန်မြင့်မားကြောင်း သတိပြုမိကြသည်။

ရှန့်ဝန့်ထင်းက . . .

"လင့်ဟူချုံး . . . မင်းဗိုက်ဆာနေပြီလား"

လင့်ဟူချုံးက ခေါင်းညိတ်ပြရင်း . . .

"ဆရာကြီးမှာ ဘာစားစရာ ပါသေးသလဲ" ဟု ပြန်လည်မေးလိုက်၏။

ရှန့်ဝန့်ထင်းက အိတ်အတွင်းမှ ထမင်းခြောက်များကို ထုတ်ပေးလိုက်သည်။ လင့်ဟူချုံးမှာ ဆာလောင်နေသူဖြစ်၍ အားပါးတရ စားတော့၏။

အနီးအနားရှိ သစ်ပင်တပင်အောက်၌ ဝင်၍အနားယူလိုက်ကြသည်။ လင့်ဟူချုံးကမူ သူ၏နဂိုဗီဇအတိုင်း မည်သို့မျှ အပူအပင်မရှိဟန်ဖြင့် ကောင်းကင်ကြီးကို မော့ကြည့်နေသည်။

ရှန့်ဝန့်ထင်းက ရယ်၍ . . .

"ညီလေး . . . မင်းရဲ့စိတ်ဓာတ်က တယ်ထူးဆန်းပါလား . . . ဒီလို ထူးထူးဆန်းဆန်း စိတ်မျိုး တထောင်မှာ တယောက် မရှိဘူးကွ။ နောက်ပြီး မင်းရဲ့အတွင်းအားကတော့ လုံးဝမရှိဘူး . . . ဓားသိုင်းကျတော့ သိပ်ကောင်းနေပြန်ရော . . . အားလုံး အထူးအဆန်းတွေချည်းပဲ . . . " ဟု ပြောသည်။

လင့်ဟူချုံးက မဲ့ပြုံးပြုံးရင်း . . .

"အဲဒါကိုက ကျွန်တော့်ရဲ့ ဝဋ်ပေါ့ဗျာ . . . ကျွန်တော့်ကိုယ်ထဲမှာ အတွင်းဒဏ်ရာတွေ အများကြီးရှိနေတယ် . . . သေဖို့ကလည်း အတော်ကောင်းနေပြီ . . . ဘာဖြစ်လို့ မသေနိုင်ဘဲ ဖြစ်နေရသလဲ မသိပါဘူးဗျာ . . . ကျွန်တော်လည်း ကိုယ့်ဟာကိုယ် အတော့်ကို ထူးထူးဆန်းဆန်း ဖြစ်နေမိတာပဲ . . . "

ရှန့်ဝန့်ထင်းက . . .

"ညီလေးရဲ့ အတွင်းအားက ဘာဖြစ်လို့ ပျောက်သွားရတာလဲ"

လင့်ဟူချုံးက တဟားဟားရယ်ရင်း . . .

"ဒီကိစ္စကို ပြောရမယ်ဆိုရင် အရှည်ကြီးဗျ . . . ရယ်စရာလည်း ကောင်းတယ် . . . ဒီလို ဒီလို . . . "

ဝါဆန်းတောင်၌ မိမိ မည်ကဲ့သို့ ဒဏ်ရာရခဲ့သည်။ ထိုဒဏ်ရာ ပျောက်ကင်းရန် အံ့ဖွယ်ခြောက်ယောက်တို့က သူတို့၏ အတွင်းအားခြောက်မျိုးဖြင့် စိတ်ထင်တိုင်း ကုသကြပုံ။ နောက်ပိုင်း ဘုန်းကြီးပုကျက်က သူ၏အတွင်းအားဖြင့် ကုပေးပုံ စသည် . . . စသည်တို့ကို အစအဆုံး ပြောပြလေတော့၏။

ရှန့်ဝန့်ထင်းကလည်း တဟားဟားရယ်ရင်း . . .

"အေး . . . ဟုတ်သဟ့ေ။ ဒီလောက် ထူးဆန်းတဲ့ အဖြစ်မျိုး ငါ့တသက်မှာ တခါမှ မကြားဖူးပါဘူး . . . အခုညီလေး ပြောပြမှပဲ ကြားဖူးတော့တယ် . . . တကယ့်ကို ထူးဆန်းတာပဲ . . . "

လင့်ဟူချုံးကလည်း ရယ်နေမိသည်။ ရှန့်ဝန့်ထင်းက သူ့ဘာသာ ဆက်ပြောရင်း ရယ်ပြန်သည်။

"ညီလေး . . . မင်း ချောက်ကျတာလည်း မပြောနဲ့လေ . . . ဟို . . . အံ့ဖွယ်ခြောက်ယောက်နဲ့ ပုကျက်ဆိုတဲ့ တကယ့် ငပေါကြီးတွေနဲ့ သွားတိုးနေတာကိုး . . . ဟား ဟား ဟား . . . "

ထိုစဉ် တောင်ကုန်း၏ အောက်ခြေမှ လူတယောက်၏ အော်သံကို ကြားလိုက်ရသည်။

"လက်ယာရံ . . . မင်းထွက်ပြေးလို့ မလွတ်ပါဘူး . . . လိမ္မာစမ်းပါ . . . ငါတို့နဲ့ အတူတူ ဂိုဏ်းချုပ်ကြီးဆီ လိုက်ခဲ့စမ်းပါ။ အဲဒီလိုလိုက်လာရင် မင်းအတွက် သက်ညှာခွင့် အများကြီးရမယ် . . . ဒီလိုထွက်ပြေးနေလို့ကတော့ မင်း အသတ်ခံရတာနဲ့ပဲ နိဂုံးချုပ်မှာပဲ"

ရှန့်ဝန့်ထင်းမှာ ချက်ချင်း အရယ်ရပ်သွားပြီး မျက်နှာထား တင်းမာသွားသည်။

"တောက် . . . ခွေးကောင်တွေ လိုက်လာကြပြန်ပြီ"

လင့်ဟူချိုးအား လှမ်းပြောလိုက်သည်။

"ကဲ . . . ညီလေးရေ . . . ဒီခွေးကောင်တွေနဲ့ လွတ်ကင်းသွားအောင် ပြေးလိုက်ကြဦးစို့ . . . "

ပြောပြောဆိုဆိုဖြင့် လင့်ဟူချိုးကို ထမ်း၍ ပြေးပြန်တော့သည်။ များမကြာမီပင် တောင်ထိပ်နားသို့ ရောက်လာတော့၏။ တောင်ထိပ်နားတွင် မြူနှင်းများကြောင့် တဦးကိုတဦး ကြည်ကြည်လင်လင် မမြင်နိုင်ကြတော့။

ရှန့်ဝန့်ထင်း၏ စိတ်ထဲတွင် တွက်ဆနေသည်။

"အင်း . . . ငါ တောင်ထိပ်ပေါ် ပြေးတက်လာတာ သိပ်မှန်သွားတယ် . . . တောင်ထိပ်အထိ ဟိုကောင်တွေ တက်လာဖို့က သိပ်မလွယ်လှဘူး . . . တက်လာနိုင်ရင်လည်း လူအုပ်ကြီးနဲ့ ဝိုင်းမတိုက်နိုင်တော့ဘူး . . . တယောက်ချင်း တက်လာလို့ကတော့ . . . အားလုံး အလောင်းကောင်တွေချည်း ဖြစ်သွားစေရမယ် . . . "

ထိုအခိုက်မှာပင် အောက်မှ အော်သံများ တဖြည်းဖြည်း နီးလာတော့၏။ ရှန့်ဝန့်ထင်းက လင့်ဟူချိုးကို ဘေးအန္တရာယ် လွတ်ကင်းစေမည့် တောင်ကွေ့တနေရာ၌ ချထားလိုက်သည်။ ပြီးမှ တိုးညင်းသော လေသံဖြင့် . . .

"ညီလေး . . . အသံမပြုနဲ့နော် " ဟု ပြောလိုက်လေ၏။

လင့်ဟူချိုးသည် အကွေ့နံရံတွင် ပြားနေအောင် ကပ်ထားလိုက်သည်။ ရှန့်ဝန့်ထင်းသည်လည်း တောင်နံရံ၌ ကျောမှီ၍ ကပ်ထားသည်။ အတန်ကြာမှ အောက်မှ ခြေသံများ နီးကပ်လာ၏။

မြူနှင်းများဝေ့နေသဖြင့် ပထမဦးဆုံး တက်လာသူ နှစ်ယောက်သည် ရှန့်ဝန့်ထင်းကို မမြင်မိကြ။

သို့သော် အနည်းငယ်ကျော်ဖြတ်သွားပြီးမှ အတွင်းစိတ်၏လှုံ့ဆော်မှုကြောင့် သံသယမကင်းဟန်ဖြင့် ရပ်လိုက်ရန် ဟန်ပြင်မိကြသည်။

သို့သော် သူတို့ အသိနောက်ကျသွားလေပြီ။

အနည်းငယ်နောက်ကျခြင်းဟူသည် များစွာနောက်ကျခြင်း ဖြစ်သည် ဟူသော ဆိုရိုးစကားပင် ရှိခဲ့သည် မဟုတ်ပါလော။

သူတို့ရပ်ရန် ဟန်ပြင်လိုက်သည့်အချိန်တွင်ပင် ရှန့်ဝန့်ထင်းက လက်ဝါးနှစ်ဖက်ကို ရိုက်ထုတ်လိုက်တော့၏။

ထိုသူနှစ်ယောက်မှာ အနည်းငယ်မျှပင် အသံမထွက်နိုင်တော့ပဲ ချောက်ကမ်းပါးကြီးထဲသို့ ကျရောက်သွားလေတော့၏။

အချိန်အတော်ကြာမှ ထိုလူနှစ်ယောက်၏ ခန္ဓာကိုယ်နှင့် မြေပြင်ရိုက်ခတ်သည့် အသံသဲ့သဲ့ကို ကြားလိုက်ကြရသည်။

လင့်ဟူချိုး၏ စိတ်ထဲတွင် . . .

"ဒီလူနှစ်ယောက် . . . ချောက်ထဲ ကျသွားတုန်းက ဘာဖြစ်လို့ မအော်ကြတာပါလိမ့် . . . "

တခဏအတွင်းမှာပင် သူ့ဘာသာ အဖြေကို တွေးလိုက်နိုင်သည်။

"သြော် . . . ဟုတ်ပြီ ဟုတ်ပြီ၊ သူတို့နှစ်ယောက် ဘယ်အော်နိုင်တော့မလဲ . . . ဆရာကြီး ရှန့်ဝန့်ထင်းရဲ့ လက်ဝါးနှစ်ဖက်ကို ခံလိုက်ရပြီးကတည်းက အသက်ထွက်သွားပြီကိုး . . . "

ရှန့်ဝန့်ထင်းက တဟဲဟဲနှင့် သဘောကျရင်း ပြောလိုက်သည်။

"ညီလေး . . . ဒီကောင်နှစ်ကောင့်အကြောင်း ကြားဖူးသလားကွ . . . သူတို့နှစ်ယောက်က သိုင်းလောကမှာ 'ကြယ်ပျံနှစ်လုံး' လေး ဘာလေးနဲ့ ဟဲ ဟဲ ဟဲ . . . အခုတော့ အလောင်းပုံတွေ ဖြစ်သွားကြပြီ . . . "

လင့်ဟူချိုးအနေဖြင့် 'ကြယ်ပျံနှစ်လုံး' အကြောင်း ကောင်းစွာကြားဖူးသည်။

သို့သော် ယခု ကြယ်ပျံနှစ်လုံးမှာ ဘုမသိ ဘမသိဖြင့် သေဆုံးသွားကြရသည်ကို တွေ့လိုက်ရသောအခါ သူတို့ကိုယ်စား . . . စိတ်မကောင်း ဖြစ်မိပြန်သည်။

ထိုစဉ် ရှန့်ဝန့်ထင်းက . . .

"ညီလေး လင့်ဟူချိုး . . . ငါတို့ ဆက်ပြေးကြစို့ . . . ခံစစ်မှာ မြေအနေအထားက သိပ်အရေးကြီးတယ် . . . ဒီတောင်ကွေ့က မိုင်နှစ်ဆယ်လောက် ရှည်သေးတယ် . . . ဟိုဘက်ထိပ်ရောက်ရင် ဒီကောင်တွေကို လုံးဝ ကြောက်စရာ မရှိတော့ဘူး . . . "

လင့်ဟူချိုးကို ထမ်း၍ ပြေးပြန်တော့၏။ လင့်ဟူချိုးက သူ့ကိုယ်သူ သေလူသတ်မှတ်ပြီးဖြစ်နေ၍ အေးအေးဆေးဆေးပင် လိုက်ပါသွားတော့၏။

နောက်ဘက်မှ လိုက်လာသော ခြေသံများကိုလည်း ထပ်မံကြားရပြန်သည်။ တဆက်တည်းမှာပင် လျှို့ဝှက်လက်နက်

ပစ်ခတ်သံကိုပါ ကြားလိုက်ရ၏။

လေသံကိုကြားလိုက်ရသည်နှင့် လျှို့ဝှက်လက်နက်သည် အတော်လေးလံသော လက်နက်မှန်း သိလိုက်ကြသည်။

ရှန့်ဝန့်ထင်းက လင့်ဟူချုံးကို ဘေးနားသို့ချလိုက်ပြီး လေထဲ၌ လွင့်ပျံလာသော လျှို့ဝှက်လက်နက်ကို ဖမ်းယူလိုက်သည်။

ပြီးနောက် သူကအော်လိုက်သည်။

"ရှင့်ဟို . . . မင်းကလည်း ဒီလူအုပ်ထဲ ပါနေတာပေါ့ ဟုတ်လား "

မြူနှင်းများအကြားမှ လူတယောက်၏အသံ လွင့်ပျံလာသည်။

"မင်းက သိုင်းလောကတခုလုံးကို ဒုက္ခပေးနေတဲ့အကောင်ပဲ . . . လူတိုင်း မင်းကို သုတ်သင်ရှင်းလင်းနိုင်တယ် . . . မင်းတယောက်လျော့သွားရင် သိုင်းလောက အေးချမ်းမှုတမျိုး တိုးသွားတာပဲ . . . အပိုတွေ ပြောမနေနဲ့တော့၊ ကဲ . . . ရော့ နောက်ထပ် ငါ့ရဲ့လုံတိုလေးတခု မြည်းကြည့်လိုက်ဦး . . . "

ထိုစဉ် လေတိုးသံ တဂူးဂူး ကြားလိုက်ရတော့သည်။

ထိုသူက လုံတိုလေးဟူ၍သာ ပြောသည်။ တကယ်ပစ်လိုက်သည့်လုံတိုများမှာ ခုနစ်ခု၊ ရှစ်ခုခန့် ရှိသည်။

ရှန့်ဝန့်ထင်းကို ပရိယာယ်ဆင်၊ အငိုက်ဖမ်းပြီး ပစ်လွှတ်လိုက်ခြင်းသာ ဖြစ်တော့သည်။

လင့်ဟူချုံးသည် လုံတိုများ၏ ကြောက်မက်ဖွယ်ရာ လေတိုးသံများကို ကြားလိုက်ရသောအခါ ရှန့်ဝန့်ထင်းအတွက် အလွန်တရာ စိတ်ပူသွားမိသည်။

အနည်းငယ် သတိပေါ့ဆသည်နှင့် သေဆုံးသွားရပေတော့မည်။

လင့်ဟူချုံး၏ စိုးရိမ်ပူပန်မှုက အမှန်တကယ်ပင် ဖြစ်ပေါ်လာခဲ့ချေပြီ။

ထို တဒင်္ဂအတွင်းမှာပင် ရှန့်ဝန့်ထင်းထံမှ 'အား' ခနဲ အော်သံကြီး ကြားလိုက်ရတော့၏။

ဒဏ်ရာရသွားဟန် တူပေသည်။

လင့်ဟူချုံးသည် အလန့်တကြားဖြင့် ရှန့်ဝန့်ထင်းထံ ပြေးသွားကြည့်လိုက်၏။ သူက စိုးရိမ်တကြီး လေသံဖြင့် မေးမြန်းမိသည်။

"ဆရာကြီး . . . ဒဏ်ရာ သိပ်ပြင်းသလား"

ရှန့်ဝန့်ထင်းက . . .

"ညီ . . . ညီလေး၊ ငါ . . . ငါမဖြစ်တော့ဘူး။ မင်း . . . မင်း . . . လွတ်အောင် မြန်မြန်ပြေးပေတော့ . . . "

လင့်ဟူချုံးက ပြန်အော်လိုက်သည်။

"ကျုပ်ကို ဘယ်လိုကောင်စားများ အောက်မေ့နေလို့လဲ . . . ခင်ဗျား သေကာနီးမှ ကျုပ်က ခင်ဗျားတယောက်တည်း ထားပြီးပြေးရမယ် ဟုတ်လား . . . ကျုပ် ဘယ်တော့မှ မသွားဘူး . . . သေအတူ ရှင်အတူပဲ . . . တက်လာကြပစေ . . . ကျုပ်မသေမချင်း ခင်ဗျား မသေစေရဘူး"

အောက်မှ လိုက်လာသူများမှာ ရှန့်ဝန့်ထင်းနှင့် လင့်ဟူချုံးတို့ အပြန်အလှန် အော်ဟစ်နေသည့် စကားများကို ကောင်းစွာကြားကြရသည်ဖြစ်ရာ . . .

"ရှန့်ဝန့်ထင်း ဒဏ်ရာရသွားပြီဟေ့ . . . လုံတို မှန်သွားပြီ . . . တက်ကြ . . . အရှင်ဖမ်းကြ" ဟု ညာသံပေးကာ အော်ဟစ်တက်လာ ကြတော့၏။

လူအုပ်ကြီးထဲမှ ဆယ်ယောက်ကျော်ကျော်မျှသည် တပ်ဦးသဖွယ် ရှေ့ဆုံးမှ ပြေးလွှားချဉ်းကပ်လာနေသည်။

ထင်ထင်ရှားရှား မြင်ရသည်တော့ မဟုတ်။ မြူနှင်း အနည်းငယ်ပါးသွားချိန်တွင်မှ မြင်လိုက်ကြရခြင်းဖြစ်၏။

ထိုအချိန်မှာပင် လင့်ဟူချုံးမှာ ထိတ်လန့်တကြား ဖြစ်သွားမိတော့၏။

အဘယ့်ကြောင့်ဆိုသော် သူ့ဘေးမှ အလွန်ပြင်းထန်လှသော အားလှိုင်းတခု ဖြတ်သွားသည်ကို ခံစားလိုက်ရသောကြောင့် ပေတည်း။

ရှန့်ဝန့်ထင်း၏ တဟားဟား ရယ်မောသံကြီးကိုလည်း အံ့သြစဖွယ် ကြားလိုက်ရတော့၏။

သူတို့ထံသို့ ပြေးလွှားချဉ်းကပ်လာသူများထံမှ နာကျင်မှုအတိဖြင့် စူးစူးဝါးဝါး အော်ဟစ်သံများကိုလည်း ကြားလိုက်ရတော့သည်။

အလွန်တရာ ဉာဏ်များလှသော ရှန့်ဝန့်ထင်းပေတည်း။

ရှန့်ဝန့်ထင်းသည် သူ့အား လှမ်း၍ပစ်ခတ်လိုက်သည့် လုံတိုကလေးများအား ဖမ်းယူလိုက်ပြီး ဒဏ်ရာရသွားဟန်ဖြင့်

သရုပ်ပါပါ နာကြည်းစွာ အော်ဟစ်လိုက်သည်။

ရန်သူများက သူ၏ပရိယာယ်ကို လုံး၀ မရိပ်မိကြဘဲ သတိလက်လွတ် ပြေးလွှားချဉ်းကပ်လာကြစဉ် သူ ဖမ်းယူထားသော လုံတိုများဖြင့် ပြန်လည် ပစ်ခတ်လိုက်ခြင်းဖြစ်တော့၏။

ထောင်ချောက် . . .။ ပိရိသေသပ်စွာ ဆင်လိုက်သည့် ထောင်ချောက်ပေတည်း။

ရှေ့တန်းမှ ပြေးတက်လာသူအားလုံး လုံတိုများ ထိမှန်သေဆုံး သွားကြရတော့၏။

အမှန်စင်စစ် ယခုသေဆုံးသွားသူ အားလုံးလိုလိုမှာ ဝါရင့်သိုင်းသမားများ ဖြစ်ကြပြီး အတွေ့အကြုံ အလွန်များသည်။

သူတို့အား တော်ရုံတန်ရုံ ပရိယာယ်ဆင်၍ ထောင်ချောက်ဆင်၍ မရနိုင်ပေ။

သူတို့အားလုံး ဤနေရာ၌ သတိလက်လွတ် ဖြစ်သွားစေသည့် အကြောင်းသုံးချက်ကြောင့်သာ အသက်ပေးသွားရခြင်း ဖြစ်သည်။

ပထမအချက်အားဖြင့် ဤတောင်ထိပ်၌ မြူနှင်းများ ထူထပ်စွာကျနေခြင်းဖြစ်၏။ ဒုတိယအချက်အားဖြင့် လင့်ဟူချုံး၏ စိုးရိမ်ပူပန်စွာ အော်ဟစ်မေးမြန်းသံကို ကြားလိုက်ရ၍ဖြစ်၏။

တတိယအချက်အားဖြင့် ရှန့်ဝန့်ထင်း၏ နာကြည်းစွာ အော်ဟစ်သံကြောင့် ရှန့်ဝန့်ထင်းတယောက် အမှန်တကယ် ဒဏ်ရာရသွားပေပြီဟု ယုံကြည်သွားကြခြင်းကြောင့် ဖြစ်ပေသည်။

ဤအချက်သုံးချက် ပေါင်းစပ်သွားပြီး အားလုံး အငိုက်မိသွားကြခြင်း ဖြစ်ပေသည်။

လိုက်လာသူများ အလဲလဲအကွဲကွဲ ဖြစ်နေချိန်တွင် ရှန့်ဝန့်ထင်းက လင့်ဟူချုံးကို ထမ်း၍ သူ၏အပြေးခရီးကို စတင်နေပြီဖြစ်၏။ ပြေးရင်းလွှားရင်းဖြင့် ရှန့်ဝန့်ထင်းက လှိုက်လှဲစွာ ချီးကျူးလိုက်သည်။

"ညီလေး လင့်ဟူချုံး . . . မင်းကို ငါ ကယ်ရကျိုးနပ်ပါပေရဲ့ကွာ . . . မင်းက တကယ်သစ္စာရှိတဲ့လူပဲကိုး . . . "

ရှန့်ဝန့်ထန်းကဲ့သို့သော ပုဂ္ဂိုလ်မျိုးသည် . . . အသက်အရလည်းကောင်း၊ သိုင်းသမားဝါအရလည်းကောင်း အလွန်ဝါရင့် အသက်ရင့်သူ ဖြစ်နေသည်။

ထို့ကြောင့် အတွေ့အကြုံ အလွန်စုံသည်။ လူမျိုးစုံအကြောင်း ကောင်းစွာသိသည်။

သူသည် တော်ရုံတန်ရုံမျှဖြင့် တဦးတယောက်အား စိတ်လိုလက်ရ ချီးကျူးလေ့မရှိ။ အလွန်ချီးကျူးခဲသည်။

ယခု လှိုက်လှဲစွာ ချီးကျူးလိုက်သည့်စကားသည် လင့်ဟူချုံးအား မိတ်ဆွေစစ်တယောက်အဖြစ် သဘောထားလိုက်ပြီဖြစ်ကြောင်း ပြသလိုက်ခြင်းပင် ဖြစ်တော့သည်။

သူ့အနေနှင့် ပိရိစွာ ဒဏ်ရာရသွားဟန်ဆောင်လိုက်သည်မှာ အလွန်တန်ဖိုးရှိသော ဟန်ဆောင်မှုတရပ်ဖြစ်သွား၏။ ခဲတလုံးနှင့် ငှက်နှစ်ကောင် ပစ်လိုက်သည့် ပုံနှယ်ပင်တည်း။

တဘက်တွင်လည်း လင့်ဟူချုံးက မိမိဒဏ်ရာရသွားပြီဟု ထင်သော်လည်း လုံး၀ထွက်မပြေးဘဲ မိမိနှင့် သေအတူရှင်မကွာ နေမည်ဟု သူ၏သစ္စာတရားကို ရဲဝံ့စွာ ဖော်ပြခဲ့သည့် အကျိုးထူးကို ရခဲ့သည်။

အခြားတဘက်တွင်လည်း ရန်သူတို့အား အငိုက်ဖမ်းထောင်ချောက်ဆင် သုတ်သင်နိုင်သည့် အခွင့်အရေးထူးကြီးကို ရရှိခဲ့သည်။

ရှန့်ဝန့်ထင်းသည် မိမိ၏ပရိယာယ်ဆင်ကောင်းမှုကြောင့် လင့်ဟူချုံးဟူသော၊ မိတ်ဆွေစစ် မိတ်ဆွေမှန်တယောက်ကို မှတ်ကျောက်တင်နိုင်ခဲ့သည်ကို အလွန်ကျေနပ် အားရနေပေတော့သည်။ ထို့ကြောင့် အားတက်သရော ဆက်လက်ပြေးလွှားနေတော့၏။

လင့်ဟူချုံးကမူ အေးအေးချမ်းချမ်း လိုက်ပါလာသည်။ ရှန့်ဝန့်ထင်း၏ အကြံဉာဏ်ကောင်းပုံကို ချီးကျူးမိသော်လည်း ရန်သူဆယ်ယောက်ခန့် မရှုမလှ သေဆုံးသည်ကိုမူ သနားတတ်သော စိတ်ဓာတ်အခံရှိသည့်အတိုင်း သနားနေပြန်သည်။

နောက်မှရန်သူများကလည်း ဆက်လက်၍ လိုက်ပါမြဲလိုက်ပါနေကြ၏။ သို့သော် အနားသို့မူ မကပ်ရဲကြ။

ဤသို့ဖြင့် တဖြည်းဖြည်း ဝေးကွာသွားလေတော့၏။

× × × × × × ×

## နှင်းဆီဂေဟာကြီး

လင့်ဟူချုံးတို့နှစ်ယောက်မှာ ထိုရန်သူများ၏ လက်မှနောက်ဆုံး လွတ်မြောက်ခဲ့ကြရသည်။ နေ့တစ်ဝက်ခန့် ပြေးလွှားလာရသောအခါ ရှန့်ဝန့်ထင်းသည် အလွန်ပင်ပန်းလာပြီး လွန်စွာဆာလောင်လာသည်။

ထို့ကြောင့် နောက်မှရန်သူများကိုလည်း အတော်အတန် စိတ်ချရပြီကို သိရှိသဖြင့် ကျောက်တုံးကြီး တစ်တုံးဘေးတွင် နှစ်ယောက်သားလှဲ၍ အနားယူလိုက်ကြသည်။ လင့်ဟူချုံးမှာမူ လှဲအိပ်လိုက်သည်နှင့် ချက်ချင်း အိပ်ပျော်သွားတော့သည်။

လင့်ဟူချုံးတစ်ယောက် အိမ်မက်မက်လျက်ပင် ရှိနေပြန်ချေပြီ။

သည်တစ်ကြိမ်... အိမ်မက်ထဲတွင် ပေါ်လာသူမှာ လိန်လိန်မဟုတ်တော့။ လင်းလင်း ဖြစ်နေ၏။ လင်းလင်းက ဖားကင်များ ယူလာပြီး မိမိအား လာပေးသည်ကို တွေ့ရသည်။

သူမက မိမိအား . . .

"ရှင် . . . ကျွန်မကို မေ့နေပြီပေါ့ ဟုတ်လား" ဟုမေးသည်။

မိမိက ကျယ်လောင်သောအသံဖြင့် . . .

"ဘယ်မေ့မလဲ လင်းလင်းရယ် . . . မမေ့ဘူး . . . ဘယ်တော့မှ မမေ့ဘူး . . . မင်း အခု ဘယ်ရောက်နေသလဲ . . . ပြောစမ်း" ဟု ပြန်မေးလိုက်သည်။

ထိုသို့ မေးလိုက်သည်နှင့် လင်းလင်းတစ်ယောက် ပျောက်ကွယ်သွားတော့သည်။ ထို့ကြောင့် ဆက်၍အော်နေမိသည်။

"မင်း . . . မင်း မသွားနဲ့ . . . ငါ မင်းကို မေးစရာစကားတွေ အများကြီးရှိသေးတယ် . . . မင်းကို ပြောစရာ အများကြီးရှိသေးတယ်"

အော်ရင်း ဟစ်ရင်းဖြင့် အိပ်ရာမှ လန့်နိုးလာတော့သည်။ ရှန့်ဝန့်ထင်းက လင့်ဟူချုံးအားကြည့်၍ တဟီးဟီး ရယ်ကာ . . .

"ဘာလဲ . . . အိမ်မက်ထဲမှာ ချစ်သူနဲ့ တွေ့နေလို့လား . . . ဘာတွေများ ပြောစရာ အများကြီးရှိနေရတာလဲ" ဟု မေးတော့၏။

လင့်ဟူချုံးမှာ မျက်နှာတစ်ခုလုံး ရဲတက်သွားတော့သည်။ လူငယ်တစ်ယောက်မျှသာဖြစ်သော လင့်ဟူချုံးမှာ နှလုံးသားရေးရာကိစ္စနှင့် ပတ်သက်လာလျှင် အသည်းနုသူ တစ်ယောက်ဖြစ်သည့်အပြင် အရှက်ကြီးသူလည်း ဖြစ်၏။ အရှက်ကြီးပြီး အရာရာကို စဉ်းစားနေသောကြောင့် အရိပ်တစ်ကြည့်ကြည့်ဖြင့် တစ်သက်လုံး မြတ်နိုးလာခဲ့သော လိန်လိန်အား စွန့်လွှတ်ခဲ့ရခြင်း ဖြစ်ပေသည်။ မိမိ၏ ဥယျာဉ်တွင်းမှ ပန်းကလေးအား မခူးရက် မနမ်းရက် ဖြစ်နေစဉ် အခြားသူ တစ်ယောက်က ဝင်ရောက်ချိုးခူးသွားသဖြင့် ရင်ကျိုးသွားရသည့် ဥယျာဉ်မှူးနှယ် အသည်းကွဲခဲ့ရခြင်း ဖြစ်တော့သည်။

ယခု သူ့အိမ်မက်ထဲတွင် သူ့အပေါ် အကြင်နာတရားကြီးမားလှသော လင်းလင်းတစ်ယောက် ကြီးစိုးလာလေပြီ။ အိမ်မက်, မက်ရာမှ ယောင်ယမ်းပြီး မည်သည့်စကားများ ပြောမိလေသည်မသိ။ ရှန့်ဝန့်ထင်းတစ်ယောက် မိမိအား ရယ်မောလျက်ရှိလေပြီ။ ထို့ကြောင့် ရှက်သွေးလွှမ်းသွားရခြင်း ဖြစ်၏။

ရှန့်ဝန့်ထင်းက . . .

"ညီလေး . . . မင်းအနေနဲ့ မင်းရဲ့ ချစ်သူကို တွေ့ချင်တယ်ဆိုရင် ကိုယ်ရဲ့ဒဏ်ရာကို အရင်ဆုံးပျောက်အောင် လုပ်ပါဦး . . . ဒဏ်ရာပျောက်တော့မှ မိုးဆုံးဆုံး မြေဆုံးဆုံး ရှာကြတာပေါ့ . . ."

လင့်ဟူချုံးက ရှက်ရှက်ဖြင့် . . .

"ကျွန်တော့်မှာ ချစ်သူမရှိပါဘူး . . . နောက်ပြီး ကျွန်တော့်ဒဏ်ရာက ပျောက်နိုင်တဲ့ ဒဏ်ရာမျိုး မဟုတ်ပါဘူး . . . သေချိန်ကို စောင့်နေရတဲ့ ဒဏ်ရာမျိုးပါ . . . သမားတော်ကြီးပိန်ရိကလည်း ပြောပြီးပါပြီ . . . ဒါကြောင့် ကျွန်တော်က ဘာကိုမှလည်း ဂရုမစိုက်တော့တာပါ" ဟု ပြောလိုက်လေတော့၏။

ရှန့်ဝန့်ထင်းက ရုတ်တရက် စဉ်းစားလိုက်ပြီ . . .

"ညီလေး . . . ဒီလိုလုပ် . . . မင်းက ငါ့အသက်ကို ဝင်ကယ်ခဲ့တဲ့လူဆိုတော့ ငါကလည်း မင်းရဲ့အသက်ကို ပြန်ကယ်ချင်တယ် . . . မကယ်နိုင်ရင် တစ်သက်လုံး စိတ်ကောင်းတော့မှာ မဟုတ်ဘူး . . . မင်းကို နေရာတစ်နေရာ ခေါ်သွားမယ် . . . ဟိုရောက်ရင် မင်းဒဏ်ရာကို ကုကို ကုနိုင်ရမယ် . . . ပျောက်မှာ သေချာတယ်ကွာ . . . ဘယ်နှယ့်လဲ" ဟု မေးလိုက်၏။

လင့်ဟူချုံးမှာ သူအသက်ရှင်ရေးအတွက် လုံးဝ မျှော်လင့်ချက် မထားတော့ပေ။ မျှော်လင့်ချက် မရှိတော့ခြင်းအတွက်လည်း ဝမ်းနည်းကြေကွဲနေလိမ့်မည် မဟုတ်ချေ။ ပျော်ပျော်နေရင်း သေခြင်းတရားကို ခံယူမည့်သူသာ ဖြစ်သည်။

သို့သော် ယခု စကားပြောနေသူမှာ သာမန် သိုင်းသမားတစ်ယောက်မဟုတ်၊ ရှန့်ဝန့်ထင်းဖြစ်၏။ သူကဲ့သို့သော လူတစ်ယောက်၏ နှုတ်ထွက်စကားမှာ အလွန်လေးနက် တန်ဖိုးကြီး၏။ ပြီးပြီးပျောက်ပျောက် စကားမျိုးမဟုတ်၊ ဆိုခဲ့စေ၊ မြဲစေဆိုသော လူစားမျိုးဖြစ်၏။ ရှန့်ဝန့်ထင်းဆိုသူမှာ သိုင်းပညာ၌လည်း သူ၏ဆရာဘိုးဘိုး ဖုန်းချင်းပြီးလျှင် အတော်ဆုံးလူတစ်ယောက်ဟု ဆိုနိုင်လောက်သူ ဖြစ်၏။

ထို့ကြောင့် ရှန့်ဝန့်ထင်း၏စကားသည် ပိန်းပိတ်အောင် မည်းမှောင်နေသော အမှောင်ထုကြီးအတွင်းမှ တလက်လက် မြင်ရသော အလင်းရောင်ကလေးသဖွယ် အလွန်အားထား ယုံစားရသည်။ လင့်ဟူချုံးအနေဖြင့်လည်း အမှန်တကယ်ပင် ဝမ်းသာအားတက်မိသည်။

ထို့ကြောင့် လင့်ဟူချုံးက . . .

"ဆ . . . ဆရာကြီး တကယ်ပြောတာလား . . . ကျွန်တော်တော့ ဝမ်းသာလို့ ဘာစကားပြောရမှန်းတောင် မသိတော့ဘူး"

ထိုအခါ ရှန့်ဝန့်ထင်းက ကျေနပ်စွာပြုံး၍ . . .

"ကဲ . . . အခု ငါတို့ လူတစ်ယောက်ကို သွားရှာရမှာပဲ . . . သူ့ရဲ့ စိတ်ထားက အင်မတန်မှန်းရခက်တယ် . . . သူ့စိတ်ကိုက အများနဲ့ မတူဘူး၊ တစ်မျိုးကို ဆန်းတယ် . . . သူ့ကို အရင် အသိပေးလို့တော့မဖြစ်ဘူး . . . ညီလေး . . . ညီလေးရဲ့ ရောဂါပျောက်သွားဖို့အတွက် အစစအရာရာ စီမံပါ့မယ် . . . ညီလေးကသာ ငါဟာ မင်းအတွက် စေတနာနဲ့ ရိုးရိုးသားသား ဆောင်ရွက်ပေးနေတာလို့ ယုံရင် . . . ငါ့ကိုယုံရင် . . . ငါစီမံသလို လိုက်လုပ်ပါ . . . ငါ ရှေ့က လုပ်သွားတာကို ညီလေးက နောက်ကနေ မီးစင်ကြည့်ကပါ . . ." ဟု လေးနက်စွာ ပြောလေတော့၏။

လင့်ဟူချုံးက . . .

"ကျွန်တော့်အနေနဲ့ အစ်ကိုကြီးအပေါ် ဘာမှ မယုံစရာ မရှိပါဘူး . . . အစ်ကိုကြီးက ကျွန်တော့် ကောင်းကျိုးကို ဆောင်ရွက်ပေးနေတာပဲ . . . ပျောက်,မပျောက်ကတော့ ကျွန်တော့်ရဲ့ ကုသိုလ်ပဲ . . . မပျောက်ရင်လည်း ကိစ္စ မရှိပါဘူး . . ."

ရှန့်ဝန့်ထင်းက လှိုက်လှဲစွာဖက်ယမ်းရင်း . . .

"ဒါမှ ငါ့ညီလေးကွ . . . စိတ်ချ စိတ်ချ . . . ဒီတစ်ယောက်နဲ့ မပျောက်နိုင်ဘူးဆိုရင်တောင် နောက် မပျောက် ပျောက်အောင် ကုပေးမယ့်လူကို ရှာမယ် . . . ကမ္ဘာမြေ မဆုံးမချင်း လိုက်ရှာပေးမယ်" ဟု ပြောလေတော့၏။

နောက်တစ်နေ့ . . .

နံနက်မိုးသောက် အလင်းရောက်လာချေပြီ။

သူတို့ ခရီးစဉ်ကို စတင်ရန် တောလမ်းခရီးမှ ဖယ်ခွာကြလေတော့သည်။ ထိုတောလမ်းခရီးမှ မထွက်ခွာမီ နှစ်ဦးသား ရုပ်ဖျက်လိုက်ကြ၏။ သို့မှသာ မြို့လမ်းခရီးရှိ ရန်သူများကိုလည်း လွဲရှောင်နိုင်ပေလိမ့်မည်။

ရှန့်ဝန့်ထင်းသည် သူ၏ဆံပင်အားလုံးကို ရိတ်ပယ်ပစ်လိုက်၏။ ခေါင်းတုံးတစ်ယောက် ဖြစ်သွားတော့သည်။ လင့်ဟူချုံးကမူ မျက်နှာကို ရွှံများ၊ ဖုန်များဖြင့် ပေပေရေရေ ဖြစ်သွားအောင် လုပ်လိုက်သည်။

ရှန့်ဝန့်ထင်းသည် သူ၏လက်နှစ်ဖက်ကို အင်္ကျီအိတ်ကြီးအတွင်းသို့ ထိုးထည့်ထားလိုက်သည်။ သူ့လက်နှစ်ဖက်မှ သံကြိုးများကိုလည်း မတွေ့ရတော့ချေ။ ထိုညစ်ပတ်ပေရေနေသော လူတစ်ယောက်နှင့် ခေါင်းတုံးကြီးတစ်ယောက်တို့အား ရုတ်တရက်ကြည့်ပြီး ဝါဆန်းဂိုဏ်းမှ ထုတ်ပယ်ထားသော လင့်ဟူချုံးနှင့် မိုးဘုရင်ကြီး ရှန့်ဝန့်ထင်းဟူ၍ မည်သူ တစ်ဦး တစ်ယောက်ကမျှ မသိနိုင်တော့ပေ။

ဤသို့ ဆက်လက်ခရီးနှင်လာကြရာ နောက်တစ်ရက် ကူးသွားပြန်တော့သည်။ မြို့ငယ်ကလေး တစ်မြို့အနားသို့ ရောက်ရှိလာကြသဖြင့် ဆိုင်တစ်ဆိုင်သို့ဝင်ကာ ရှန့်ဝန့်ထင်းက သူ့ဆီမှာ ပါလာသော ရွှေဒင်္ဂါးတစ်ပြားကို ထုတ်ပြီး ငွေပြားများဖြင့် လဲလှယ်လိုက်၏။

သူတို့နှစ်ယောက်သည် တည်းခိုခန်းတစ်ခုသို့ ဝင်ရောက်ကာ အစားအသောက်များကို စိတ်ကြိုက်မှာယူ စားသောက် ကြတော့၏။ ရှန့်ဝန့်ထင်းမှာ စားသောက်ပြီးသည်နှင့် ချက်ချင်းလိုလိုပင် အပြင်သို့ ထွက်ခွာသွားသည်။ လင့်ဟူချုံးအား တည်းခိုခန်း၌ပင် အေးအေးဆေးဆေး အနားယူနေရန် ပြောကြားခဲ့၏။

တစ်နာရီကျော်မျှ ကြာသောအခါ ရှန့်ဝန့်ထင်းတစ်ယောက် အထုတ်ကြီး အထုတ်ငယ်ထမ်း၍ ပြန်လည်ရောက်ရှိ လာတော့၏။ သူ၏ လက်နှစ်ဖက်တွင်လည်း သံကြိုးမရှိတော့ချေ။ ပန်းပဲဖိုသို့ သွားရောက်ဖြတ်ခဲ့ဟန်တူသည်။ အထုတ် ကြီးကို ဖြည်လိုက်သောအခါ အလွန်တောက်ပြောင်သော ပိုးဖဲအင်္ကျီအဝတ်အစားများ ဖြစ်နေတော့၏။

ရှန့်ဝန့်ထင်းက . . .

"ညီလေး . . . ဒီတစ်ခါတော့ ကြမ်းပိုးသူခိုးတွေလို ဟန်ဆောင်လို့ မဖြစ်တော့ဘူး . . . တကယ့် ကုန်သည်ကြီး တွေလို တကယ့်သူဌေးကြီးတွေလို ဟန်ဆောင်ရမယ် . . . ဒါကြောင့် ဒီလို သားသားနားနား အဝတ်အစားတွေ ဝယ်လာရ တာပဲ . . ."

လင့်ဟူချုံးရော သူပါ အဝတ်အစား အသစ်များကို လဲလှယ် ဝတ်ဆင်လိုက်သည်။ ဆိုင်ပြင်သို့ ရောက်သောအခါ သူတို့စီးရန် မြင်းနှစ်ကောင်ကို အဆင်သင့် ချည်နှောင်ထားသည်ကို တွေ့လိုက်ကြရ၏။

လင့်ဟူချုံးက ရှန့်ဝန့်ထင်းဆီသို့ လှမ်းကြည့်လိုက်သည်။ ရှန့်ဝန့်ထင်းက ပြုံး၍ လက်မထောင်ပြလိုက်၏။ ဤမြင်းများကို ရှန့်ဝန့်ထင်း ဝယ်လာခြင်း ဖြစ်တော့သည်။ ထို့ကြောင့် မြင်းကိုယ်စီဖြင့် သက်တောင့်သက်သာ ခရီးဆက် နိုင်ကြတော့သည်။ လမ်းခရီးတစ်လျှောက်လုံး၌ ရှန့်ဝန့်ထင်းသည် ငွေကို ရေလိုသုံးစွဲလာသည်။ တကယ့် ကြေးရတတ် ကုန်သည်ကြီးများ ပမာပင်တည်း။

လင့်ဟူချုံးကလည်း မည်သည့်စကားကိုမျှ မဆို။ ရှန့်ဝန့်ထင်းစီမံသလိုသာ လိုက်လုပ်သွားသည်။ ရှန့်ဝန့်ထင်း ကိုယ်တိုင် မီးစင်ကြည့်ကရန် မှာထားခဲ့သည် မဟုတ်ပါလော။

ရှန့်ဝန့်ထင်းက ခရီးသွားရင်း သိုင်းလောကမှ သိမှတ်ဖွယ်ရာများ သူကြုံတွေ့ခဲ့ဖူးသော ထူးထူးဆန်းဆန်း အဖြစ် အပျက်များကို ပြောပြလာရာ လင့်ဟူချုံးအဖို့ အပျင်းလည်းပြေ၊ ဗဟုသုတလည်း တိုးပွားရတော့သည်။

ယခု သူတို့ ဟန်ကျူးမြို့ထဲသို့ ဆိုက်ရောက်လာခဲ့လေသည်။

မြို့ထဲသို့ ဝင်လိုက်သည်နှင့် အလွန်တရာ စည်ကားခမ်းနားလှသည်ကို တွေ့ရှိရတော့သည်။ ရှန့်ဝန့်ထင်းက ဟန်ကျုံးမြို့၏ အလှအပနှင့် နာမည်အကြီးဆုံးဖြစ်သော အနောက်ဖက် ရေကန်ကြီးရှိရာသို့ လင့်ဟူချုံးအား ခေါ်လာသည်။ ထူးထူးခြားခြား သာယာလှပသော ရေကန်ကြီး၏အလှကို လင့်ဟူချုံးအား တွေ့မြင်ခံစား စေချင်သောကြောင့် ဖြစ်သည်။

ရေကန်ကြီးမှာ ကြီးမားကျယ်ဝန်းလှ၏။ ကန်ရေပြင်မှာ ကြေးပြင်ကဲ့သို့ ပြန့်ပြူးနေသည်။ ကမ်းစပ်ရှိ သစ်ပင်ပန်းမန်များနှင့် အလွန်ပင် လှပတင့်တယ်နေသည်။ ကန်ကြီး၏ ရှုခင်းကို မြင်လိုက်ရသည်နှင့် ရင်ထဲ အေးမြသွားတော့၏။ နတ်ပြည်၌ရှိသော နတ်ရေကန်ကြီးအလား ထင်မှားလောက်ပေတော့သည်။

လင့်ဟူချုံးက . . .

“ဟန်ကျုံးမြို့က တကယ်ပဲ သာယာတာပဲကိုး . . . ဒီနေရာကို ကျွန်တော် ရောက်ခဲ့တဲ့အတွက် ကျွန်တော် ကံကောင်းတယ်လို့ ဆိုရမှာပဲ . . . ကျွန်တော်က ဒီလို အေးအေးချမ်းချမ်းနဲ့ ကြည်နူးစရာကောင်းတဲ့ မြင်ကွင်းမျိုးတွေလည်း ကြိုက်တာပဲ . . .”

ရှန့်ဝန့်ထင်းက ရယ်လိုက်ရင်း . . .

“ညီလေးက ရွှတ်နောက်နောက်နဲ့ ဖြစ်သလိုနေတတ်တယ်လို့သာ ပြောတယ် . . . ကဗျာတော့ အဆန်သားပဲကွ” ဟု ပြောလိုက်သဖြင့် လင့်ဟူချုံးပါ ရယ်မောမိတော့၏။

ရှန့်ဝန့်ထင်းသည် သူ၏ မြင်းဇက်ကြိုးကို ဆွဲလှည့်လိုက်ပြီး တစ်နေရာသို့ ခေါ်ဆောင်သွားပြန်တော့သည်။ ထိုနေရာမှာ ရေကန်ကြီးနှင့် ဝေးလှသည်ဟု မဆိုနိုင်ချေ။ ရေကန်ကြီးနှင့် တံတိုင်းတစ်ခုသာ ခြားတော့သည်။

ရှန့်ဝန့်ထင်းက မြင်းပေါ်မှ ဆင်းလိုက်သဖြင့် လင့်ဟူချုံးကပါ လိုက်ဆင်းသည်။ မြင်းဇက်ကြိုးကို အနီးရှိ သစ်ပင်တစ်ပင်တွင် ချည်လိုက်ပြီး ရှန့်ဝန့်ထင်းက အုတ်လှေကားထစ်များအတိုင်း အပေါ်သို့ ပြေးတက်သွားလေတော့၏။ ရှန့်ဝန့်ထင်းကို ကြည့်ရသည်မှာ သူ၏ဌာနဟောင်းကို ပြန်ရောက်နေသည့်နှယ် အလွန်ပင် ကျွမ်းကျင်နံ့စပ်လှကြောင်း တွေ့ရသည်။

တစ်ကွေ့ပြီးတစ်ကွေ့ ဆက်လျှောက်ကြရာ တစ်ခင်းလုံး နှင်းဆီပွင့်ကြီးများဖြင့် ဖွေးဖွေးလှုပ်နေသော ခြံကျယ်ကြီးတစ်ခုကို တွေ့ရတော့သည်။ တစ်ပါးသောပန်းပင်၊ ပန်းပွင့်ဟူ၍ တစ်ပင် တစ်ပွင့်မျှ မတွေ့ရချေ။ တစ်ခြံလုံး နှင်းဆီပင်ချည်းသာ ဖြစ်တော့သည်။ အလွန်သာယာလှပသော နေရာကလေးပင်၊ နေချင်စဖွယ် ကောင်းလှတော့သည်။

ထိုနှင်းဆီခြံကြီးကို ဖြတ်ကျော်လိုက်သောအခါ ကျယ်ဝန်းပြန့်ပြူးသော အုတ်ခင်းလမ်းမကြီးတစ်ခုကို သူတို့ တွေ့မြင်ကြရ၏။ အုတ်ခင်းလမ်းမကြီးသည် ဂေဟာကြီးတစ်ခုအား ဦးခိုက်ဝပ်စင်းလျက်ရှိနေ၏။ ထိုဂေဟာကြီး၏ တံခါးပေါ်တွင် ‘နှင်းဆီဂေဟာ’ ဟု စာလုံးကြီးများ ရေးသားထားသည်။

ရှန့်ဝန့်ထင်းသည် တံခါးမကြီးသို့ လျှောက်သွားပြီး တံခါးမကြီး၏ သံကွင်းနှစ်ခုကိုကိုင်၍ ကျယ်လောင်လှသော သံသံချင်း ရိုက်ခတ်သံ မြည်ဟည်းသွားတော့သည်။ ချက်ချင်းပင် နောက်ပြန်လှည့်၍ လင့်ဟူချုံးအား တီးတိုးပြောလိုက်၏။

“ညီလေး . . . ငါ့ အရိပ်အခြည်ကို ကြည့်ပြီး သင့်သလိုသာ လိုက်လုပ်နော် . . .”

လင့်ဟူချုံးက ခေါင်းညိတ်ပြလိုက်၏။ သူစိတ်ထဲတွင် နဝေတိမ်တောင် ဖြစ်နေသည်။

“ငါ့ရောဂါကုဖို့ ဆိုရင်တော့ . . . သမားတော်ကြီး တစ်ယောက်ယောက်ဆီ လာရမှာပဲ . . . ဒီနှင်းဆီဂေဟာကြီး ကြည့်ရတာကတော့ ဒီ ဟန်ကျုံးမြို့က သူဌေးကြီးတစ်ယောက်ယောက်ရဲ့ ဂေဟာကြီးဖြစ်ပုံရတယ် . . . ဘယ်နှယ့် ဒီသူဌေးကြီးက ဆေးကုတတ်နေလို့လား”

ထိုစဉ် ဧည့်သည်များ ရောက်နေပြီဖြစ်ကြောင်း အချက်ပေးပြီးသည်နှင့် ရှန့်ဝန့်ထင်းသည် နောက်သို့ တစ်လှမ်းဆုတ်ကာ စောင့်ဆိုင်းနေလိုက်သည်။ အတန်ကြာသောအခါမှ တံခါးမကြီးပွင့်လာသည်။ အိမ်စောင့် အဝတ်အစားများနှင့်

အဘိုးကြီးနှစ်ယောက် လျှောက်ထွက်လာ၏။ ထိုအဘိုးကြီးများကို မြင်လိုက်ရသည်နှင့် လင့်ဟူချုံး၏ရင်ထဲ၌ ထိတ်ခနဲ ဖြစ်သွားတော့၏။

အဘယ်ကြောင့်ဆိုသော် . . . ထိုအဘိုးကြီး နှစ်ယောက်စလုံး၏ မျက်စိများမှာ စူးရှလွန်းပြီး နားထင်မှာ မောက်နေသည်။ ခြေလှမ်းများကလည်း အလွန်တည်ငြိမ်လှသည်။ ထိုအချက်များကို ကြည့်ခြင်းအားဖြင့် ထိုသူနှစ်ယောက်စလုံးမှာ ထိပ်သီးသိုင်းသမားများဖြစ်ကြောင်း ကောင်းစွာသိနိုင်၏။ သို့သော် စဉ်းစားရခက်နေသည့် အချက်မှာ ဤကဲ့သို့သော ထိပ်သီးသိုင်းသမားကြီး နှစ်ယောက်က အဘယ့်ကြောင့် အိမ်စောင့်အလုပ်မျိုး ဝင်လုပ်နေရသနည်းဆိုသည့် အချက်ပင် ဖြစ်သည်။

ထိုနှစ်ယောက်အနက် တစ်ယောက်က . . .

"ဘာကိစ္စများ ရှိပါသလဲ . . ."

ရှန့်ဝန့်ထင်းက . . .

"ကျုပ်တို့က ကောင်းဆန်းဂိုဏ်းနဲ့ ဝါဆန်းဂိုဏ်းကပါ၊ 'တောင်ပိုင်း ရဲလေးဘော်' လို့ နာမည်ကျော်နေတဲ့ ဆရာကြီးလေးယောက်နဲ့ အထူးဆွေးနွေးစရာရှိလို့ ဒီကိုရောက်လာကြတာပါ . . ."

ညင်သာမှုမရှိသောလေသံဖြင့် ထိုလူကပင် ပြောကြားသည်။

"ကျုပ်တို့ရဲ့ သခင်ကြီးက ဧည့်သည်တွေနဲ့ လက်ခံတွေ့ဆုံလေ့ မရှိပါဘူး . . . ကဲ . . . ခင်ဗျားတို့ ပြန်ကြပေတော့"

ပြောပြောဆိုဆိုနှင့်ပင် တံခါးပိတ်ရန်ဟန်ပြင်လိုက်သည်။ ရှန့်ဝန့်ထင်းကလည်း ကပျာကယာ သူ့ရင်ဘတ်ထဲမှ ပစ္စည်းတစ်ခုကို ထုတ်လိုက်သည်။ ထိုပစ္စည်းကို မြင်လိုက်ရသောအခါ လင့်ဟူချုံးပင် တုန်လှုပ်သွားရတော့၏။

လင့်ဟူချုံးတစ်ယောက် . . . မတုန်လှုပ်ဘဲ ဘယ်ခံနိုင်လိမ့်မည်နည်း၊ ရှန့်ဝန့်ထင်း ဆွဲထုတ်လိုက်သောအရာမှာ သူတို့ဂိုဏ်းကြီးငါးဂိုဏ်း၏ မဟာမိတ်အဖွဲ့ချုပ် ခေါင်းဆောင်ဖြစ်သော ကောင်းဆန်းဂိုဏ်းချုပ်ကြီး၏ အလံ ဖြစ်နေသောကြောင့်တည်း။

သည်အလံသည် အလွန်အရေးပါ အရာရောက်သောအလံဖြစ်၏။ လျှိုကျက်ဖုန်း၏ လက်ဆေးမင်္ဂလာပွဲတွင် ကောင်းဆန်းဂိုဏ်းသားများ ထုတ်၍ အသုံးပြုခဲ့ဖူးသည်။ သည်အလံ ရောက်ရှိနေသည်မှာ နေရာတိုင်းတွင် မဟာမိတ်အဖွဲ့ချုပ် ခေါင်းဆောင်ကြီးကိုယ်တိုင် ရောက်ရှိနေသည်ဟု သဘောထားရ၏။

လင့်ဟူချုံးမှာ စိတ်ထဲ၌ မသက်မသာကြီး ဖြစ်သွားတော့၏။ သူက နောက်တတ်ပြောင်တတ်သည် မှန်သော်လည်း ရိုးရိုးကျင့် မြင့်မြင့်ကြံသမားဖြစ်သည်။ ကလိန်ကကျစ်ကိစ္စမျိုးကို လုပ်ရန် လုံးဝစိတ်ကူးသူမဟုတ်။ ရှန့်ဝန့်ထင်းသည် သည်အလံကို နည်းကောင်းလမ်းမှန်ဖြင့် ရယူခဲ့ခြင်းတော့ မည်သို့မျှ မဖြစ်နိုင်ချေ။ ကောင်းဆန်းဂိုဏ်းမှ တာဝန်ရှိ သိုင်းဆရာကြီး တစ်ယောက်ယောက်ကို သတ်ပြီး လုယူခဲ့ခြင်းသာ ဖြစ်ပေလိမ့်မည်။

ယခု ရှန့်ဝန့်ထင်းက သူ့ကိုယ်သူ ကောင်းဆန်းဂိုဏ်းသားဟု ပြောနေလေပြီ။ သို့သော် မိမိအနေဖြင့် သူ့စီမံချက်အတိုင်း မီးစင်ကြည့်က,ပါမည်ဟု ကတိပေးထားပြီး ဖြစ်နေ၍ ယခုအချိန်ကျမှတော့ မည်သို့မျှ မတားမြစ်နိုင်တော့။ ဖြစ်ပေါ်လာမည့် အခြေအနေကိုသာ ငြိမ်သက်စွာ စောင့်ကြည့်နေမိတော့၏။

အိမ်စောင့်နှစ်ယောက်သည် အလံကို တွေ့သောအခါ မျက်နှာပျက်သွားကြ၏။

"ဒါ . . . ကောင်းဆန်းဂိုဏ်းချုပ်ကြီးရဲ့ အလံလား . . ."

ရှန့်ဝန့်ထင်းက . . .

"ဟုတ်ပါတယ် . . ."

အိမ်စောင့်တစ်ယောက်က . . .

"တောင်ပိုင်းရဲလေးဘော်က ဂိုဏ်းကြီးငါးဂိုဏ်းနဲ့ လုံးဝ အသွားအလာ အဆက်အသွယ်မရှိပါဘူး . . . ဒီတော့ ဘာပြဿနာမှလည်း မရှိနိုင်ဘူး . . . မဟာမိတ်အဖွဲ့ချုပ်ရဲ့ ခေါင်းဆောင်ကြီးကိုယ်တိုင်ရောက်လာတယ် ဆိုတာတောင် ကျုပ်တို့သခင်ကြီးက ထွက်တွေ့ချင်မှ တွေ့မှာ . . ."

ထိုအိမ်စောင့်လေသံမှာ 'တောင်ပိုင်းရဲလေးဘော်' တို့က . . . မဟာမိတ်အဖွဲ့ချုပ် ခေါင်းဆောင်ကြီးထက်ပင် အရှိန်အဝါ ကြီးမားသယောင် သဘောမျိုးဆောင်နေသည်။ 'တောင်ပိုင်းရဲလေးဘော်' ဆိုသည့် ပုဂ္ဂိုလ်များကား အဘယ်ကဲ့သို့သော ပုဂ္ဂိုလ်များပေနည်း။

လင့်ဟူချုံး၏ စိတ်ထဲတွင် . . .

"အင်း . . . ဒီတောင်ပိုင်းရဲလေးဘော် ဆိုတဲ့ပုဂ္ဂိုလ်တွေက ဘယ်လိုလူမျိုးတွေလဲ . . . သူတို့က သိုင်းလောကမှာ ဘယ်လောက် အရှိန်အဝါကြီးနေလို့လဲ . . . သူတို့သာ သိုင်းလောကမှာ ကျော်ကြားတဲ့ လူဆိုရင် ငါ့ဆရာက ဘာဖြစ်လို့ တစ်ခါမှ ပြောမပြခဲ့ရတာလဲ . . . ငါလည်း သိုင်းလောကထဲရောက်နေတာ အတော်ကြာနေပါပြီ၊ ဒီ တောင်ပိုင်းရဲလေးဘော်ဆိုတဲ့ နာမည်ကို တစ်ခါမှ မကြားခဲ့ဖူးပါဘူး"

ရှန့်ဝန့်ထင်းသည် ပြုံး၍ အလံကို သူ့အိတ်ထဲသို့ ပြန်ထည့်လိုက်၏။ သူ၏အမူအရာမှာ ဤအလံကို ပြသာပြလိုက်ရသော်လည်း သူကိုယ်တိုင်ပင် သိပ်ဂရုမစိုက်ဟူသော အဓိပ္ပာယ်မျိုးပေါက်နေ၏။ သူ၏စကားကို ဆက်ကြားလိုက်ရသောအခါမှ ပိုရှင်းသွားသည်။

"အင်း . . . ကျုပ် 'တူ' ရဲ့အလံကို ခင်ဗျားတို့ကို ပြချင်လွန်းလို့တော့ မဟုတ်ပါဘူး . . . ထုံးစံအတိုင်းသာ ပြလိုက်ရတာပါ . . . 'တောင်ပိုင်းရဲလေးဘော်' ဆိုတဲ့ ဆရာကြီးလေးယောက်လိုပုဂ္ဂိုလ်မျိုးတွေက ဒီအလံလေးလောက် ဘယ်ဂရုစိုက်လိမ့်မလဲ . . . ဒါကို ကျုပ် အစကတည်းက သိသားပဲ..."

လင့်ဟူချုံး အံ့သြသွားပြန်၏။

"အင်း . . . အစ်ကိုကြီး ရှန့်ဝန့်ထင်းကတော့ လုပ်လိုက်ပြန်ပြီ . . . သူ့ကိုယ်သူ ကောင်းဆန်း ဂိုဏ်းချုပ်ကြီး ကျိုလင်ထန်ရဲ့ ဂိုဏ်းတူဦးလေးလို ဟန်ဆောင်နေပြန်ပြီ . . . ဘာအစီအစဉ်တွေများ ရှိနေသလဲတော့ မဆိုနိုင်ဘူး . . . ကြိတ်လိုက်ကွ . . ."

ထိုစဉ် ရှန့်ဝန့်ထင်းက ဆက်ပြောသည်။

"ဒါပေမယ့် . . . ကျုပ်တို့ အခုလာတာက ဒီဆရာကြီးလေးယောက်ကို တစ်ကြိမ်တစ်ခါမှ မတွေ့ဘူးလို့ ဝင်တွေ့ကြတာပါ . . . ဒီအလံကို ခင်ဗျားတို့ကို ပြတာကလည်း ခင်ဗျားတို့ကို ခြိမ်းခြောက်တဲ့သဘောနဲ့ မဟုတ်ဘူးဆိုတာ ခင်ဗျားတို့ သိပါလိမ့်မယ် . . . ကျုပ်တို့အနေနဲ့ ပြတာကတော့ ကျုပ်တို့ ဘယ်အဖွဲ့က လူတွေဆိုတာ သိစေရုံ သက်သက်လောက်ပါပဲ . . . တခြား ဘာသဘောမှ မရှိပါဘူး"

ရှန့်ဝန့်ထင်း၏ စကားများသည် အနည်းငယ် ထိရောက်မှုရှိလာ၏။ အစပထမ၌ အိမ်စောင့်နှစ်ယောက်စလုံး၏ မျက်နှာထားများမှာ တင်းတင်းမာမာပင် ရှိနေကြ၏။ ယခုနောက်ပိုင်း 'တောင်ပိုင်းရဲလေးဘော်' အား ချီးကျူးပြောဆိုလိုက်သည့် အချိန်တွင်မူ မျက်နှာများ သိသာစွာ ပျော့ပျောင်းသွားကြသည်။

တစ်ယောက်က . . .

"ခင်ဗျားက ကောင်းဆန်းဂိုဏ်းချုပ်ကြီး ကျိုလင်ထန်ရဲ့ ဂိုဏ်းတူဦးလေးလား . . ."

ရှန့်ဝန့်ထင်းက . . .

"ဟုတ်ပါတယ် . . . ကျုပ်က သိုင်းလောကမှာ နာမည် မရှိတဲ့လူဆိုတော့ ခင်ဗျားတို့နှစ်ယောက်က ကျုပ်ကို ဘယ်သိနိုင်ပါ့မလဲ . . . ခင်ဗျားတို့နှစ်ယောက်က ကျုပ်ကိုမသိပေမယ့် ခင်ဗျားတို့နှစ်ယောက်ရဲ့ ကျော်ကြားပုံကိုတော့ ကျုပ်က ကောင်းကောင်းကြီး ကြားဖူးခဲ့ပါတယ် . . ."

အိမ်စောင့်နှစ်ယောက်၏ မျက်လုံးများသည် ဝင်းလက်တောက်ပြောင်လာကြ၏။ မိမိတို့၏ စွမ်းရည်ကို အခြားသူက ထုတ်ဖော်ချီးကျူးသည့်အခါတိုင်းတွင် မည်သူမဆို နှစ်ခြိုက်ကျေနပ်စမြဲပင် မဟုတ်ပါလော။ ထို့ကြောင့် ရှန့်ဝန့်ထင်းက ဆက်လက်ပြောကြားမည့်စကားကို အိမ်စောင့်နှစ်ယောက်စလုံး မျှော်လင့်တကြီး နားစွင့်နေမိကြတော့၏။

ရှန့်ဝန့်ထင်းက . . .

“ဟောဒီက နှောင်ကြီးတင်းကျန်းက ဓားတစ်လက်တည်းနဲ့ ပင်လယ်ဓားပြငါးယောက်ကို ခုတ်သတ်ခဲ့တယ် . . . ဟောဒီနှောင်ကြီး ‘စီးလင့်’ ကတော့ ဟူပေနယ်မှာ တစ်ကိုယ်တော် နဂါးနက်ဂိုဏ်းထဲဝင်ပြီး မတရားပြန်ပေးဆွဲခံရတဲ့ မိန်းကလေးတစ်ယောက်ကို သက်စွန့်ဆံဖျား ဝင်ကယ်ခဲ့တယ် . . . ဒီလူစွမ်းကောင်း အပြုအမူတွေကို ကျုပ် ကောင်းကောင်းကြီး ကြားသိထားဖူးပါတယ် . . .”

ဤအိမ်စောင့်နှစ်ယောက်ကား ‘တင်းကျန်း’ နှင့် ‘စီးလင့်’ တို့ဖြစ်နေချေသည်တကား။

ဤနှင်းဆီဂေဟာကြီးသို့ မရောက်မီ အချိန်ကာလက ဤလူနှစ်ယောက်သည် မိုးကို ဒူးနှင့်တိုက်မည်ဆိုသည့် လူစားမျိုးဖြစ်သည်ဟု ပြောယူရလောက်အောင် မိုက်သွေးကြွယ်သည့်လူများ ဖြစ်ခဲ့ကြသည်။ သို့သော် တစ်စုံတစ်ခုကို သူတို့လုပ်ခဲ့ပြီဆိုလျှင် သူတို့လုပ်ခဲ့ကြောင်း မည်သည့်လက်ရာခြေရာမျှ မထားခဲ့ကြ။ ထို့ကြောင့် သူတို့လုပ်မှန်းလည်း သိပ်မသိခဲ့ကြ။ ထိုအကြောင်းများကြောင့်ပင် သိုင်းပညာတော်သော်လည်း သူတို့နှစ်ယောက်အကြောင်းကို လူသိနည်းခဲ့ကြခြင်းဖြစ်သည်။

ယခု ရှန့်ဝန့်ထင်းပြောသော အဖြစ်အပျက်များမှာ သူတို့နှစ်ယောက်၏ အားအရ ဂုဏ်အယူဆုံးသော ကိစ္စကြီးနှစ်ရပ် ဖြစ်နေ၏။ အကြောင်းကလည်း ရှိနေသည်။ ထိုသို့ ဝင်ရောက်တိုက်ခိုက်ကြစဉ်က ရန်သူက အင်အားကြီးမားပြီး ၎င်းတို့က တစ်ကိုယ်တော်စီ ဝင်တိုက်ခဲ့ကြရ၍ ဖြစ်သည်။ တစ်ကိုယ်တော်စီ တိုက်ခိုက်ခဲ့ကြရခြင်း ဖြစ်သော်လည်း ရန်သူများကို အပြတ်အသတ် အနိုင်ယူနိုင်ခဲ့ကြသည်။

**စာစဉ်(၇)ပြီး၏။**

# သိုင်းလောကဓါးဗိန်ခေါ်သံ

## စာစဉ် (၈)

# သိုင်းလောက၏ စိန်ခေါ်သံ

## စာစဉ်(၈)

## မာတိကာ


| | | | |
|---|---|---|---|
| | နှင်းဆီဂေဟာ မှအဆက် | hotrod | ၆၀၁ |
| အခန်း(၅၀) | သွေးအန်ကျားကွက် | hotrod | ၆၀၅ |
| အခန်း(၅၁) | ပြိုင်စံရှား ဓားသိုင်း | hotrod | ၆၁၅ |
| အခန်း(၅၂) | မြေအောက်အချုပ်ခန်း | hotrod | ၆၂၅ |
| အခန်း(၅၃) | အချုပ်ခန်းထဲဝယ် | hotrod | ၆၃၉ |
| အခန်း(၅၄) | အတွင်းအားစုပ်သိုင်း | hotrod | ၆၄၇ |
| အခန်း(၅၅) | မဟူရာတံဆိပ်ပြား | hotrod | ၆၅၇ |
| အခန်း(၅၆) | နေမင်းသခင် ဂိုဏ်းချုပ်ကြီး | hotrod | ၆၇၂ |



**scanned by NEO@mmcp**

ပထမအဆင့် တည်းဖြတ်သူ **hotrod**

ဒုတိယအဆင့် တည်းဖြတ်သူ **born41987**

အချောသတ် တည်းဖြတ်သူ **sideeffect**

ထို့ထက်အရေးကြီးသောအချက်မှာ သူတို့ ၂ ဦးစလုံးသည် ထိုအကြိမ်များ၌ တရားသောဖက်မှ ဝင်ရောက်တိုက်ခိုက်ပေးခဲ့ ကြခြင်းပင်တည်း။ အမြဲတမ်း မတော်မတရား လုယက်တိုက်ခိုက် သတ်ဖြတ်ခဲ့သူများ ဖြစ်ကြသည်။ မွန်မြတ်သော၊ ဖြောင့်မှန်သော အလုပ်ဆို၍ သူတို့တစ်သက်တွင် ထိုအလုပ်တစ်ခုကိုသာ လုပ်ခဲ့ဖူးကြပေသည်။ ထို့ကြောင့် သူတို့အနေဖြင့် ယင်းကိစ္စကို သိုင်းလောကတစ်ဝှမ်းလုံး ကြားသိစေချင်သည်။

ယခုကဲ့သို့ တစ်ကြိမ်တစ်ခါမျှ သိက္ခာမဲ့ခြင်းမရှိသောလူတစ်ယောက်က မိမိတို့၏ ဂုဏ်အယူဆုံးကိစ္စများကို ထုတ်ဖော်ပြောကြားလိုက်သောအခါ နှလုံးသည်းအိမ် ဆီစိမ်လိုက်သည့်အလား ပီတိဖြစ်သွားကြတော့၏။ တင်းကျန်းက အားရကျေနပ်စွာ ပြုံးနေရာမှ

"အို ... ဒီကိစ္စလေးများ ထည့်ပြောနေစရာ မလိုပါဘူးလေ ... ဘယ်သူမဆို လုပ်နိုင်တဲ့ အလုပ်မျိုးတွေပဲဥစ္စာ ... ဒါပေမယ့် နောင်ကြီးကတော့ တကယ့်ကို သတင်းစုံ သိတဲ့လူပေပဲ ... တော်ပါပေ့ဗျာ" ဟုပြောလိုက်တော့၏။

ရှန့်ဝန့်ထင်းက

"သိုင်းလောကမှာ နာမည်လိုချင်တဲ့လူတွေသိပ်များတယ်။ တကယ်သိုင်းပညာထက်မြက်ပြီး အများကောင်းကျိုးဆောင်ရွက်နေတဲ့လူတွေကတော့ သူတို့လုပ်တာကို သူများတွေသိမှာ သိပ်ကြောက်တယ်။ သိပ်နှိမ့်ချတယ်။ မပြည့်တဲ့အိုးတွေ ဘောင်ဘင်ခတ်ပေမယ့် ပြည့်တဲ့အိုးတွေကတော့ ဘောင်ဘင်မခတ်တဲ့သဘောပေါ့။ အဲဒီလိုလူမျိုးတွေကမှ တကယ်ချီးကျူး လေးစားဖို့ကောင်းတာ။ ကျုပ်က ခင်ဗျားတို့ ၂ ယောက်ရဲ့ ဂုဏ်သတင်းကို ကြားနေရတာ ကြာပါပြီ။ ဒီကနေ့ ကျုပ်ဒီကို ရောက်လာတာဟာ ဆရာကြီး ၄ ယောက်နဲ့ တွေ့ဖို့ဆိုပေမယ့် ခင်ဗျားတို့ ၂ ယောက်နဲ့ တွေ့ရရင်ပဲ ကျေနပ်ပြီလို့ တွက်ထားပြီးသားပါ"

တင်းကျန်းနှင့် စီးလင့်တို့ ၂ ယောက်မှာ ရှန့်ဝန့်ထင်း၏ အပြော့ဆွဲတိုက်ကွက်ကို မခံနိုင်တော့ချေ။ သူတို့ ၂ ယောက်ကို ချီးကျူးလိုက်၊ သူတို့ဆရာကြီး ၄ ယောက်ကို ချီးကျူးလိုက်လုပ်နေသည်ကို အလွန်နားဝင်ချိုလျက်ရှိနေကြသည်။ အရုပ်ဆိုးဆိုး ခေါင်းတုံးအဖိုးကြီးသည်ပင် ခင်မင်စဖွယ်ကောင်းသော လူကြီးဟု စိတ်တွင်းမှ ထင်မှတ်လာကြတော့၏။ စီးလင့်က သည်လူအား သူ့ဆရာကြီး ၄ ယောက်နှင့် တွေ့ရန် အကြောင်းကြားသင့်သည်ဟု ပြင်ဆင်ဆုံးဖြတ်လိုက်တော့သည်။ သူက လင့်ဟူချုံးဖက်လှည့်၍

"ဒီက နောင်ကြီးကရော ... ဝါဆန်းဂိုဏ်းကလား" ဟုမေးလိုက်၏။

ရှန့်ဝန့်ထင်းက "ဟုတ်ပါတယ်။ သူက ဝါဆန်းဂိုဏ်းချုပ် ရက်ပုန္နန်ရဲ့ ဂိုဏ်းတူဦးလေးပါပဲ"

လင့်ဟူချုံးအနေဖြင့် ရှန့်ဝန့်ထင်းသည် မိမိနှင့်ပတ်သက်၍လည်း မဟုတ်တရုတ်များလျှောက်ပြောမည်ကို မျှော်လင့်

ထားပြီးဖြစ်သည်။ သို့သော် မိမိဆရာ၏ ဂိုဏ်းတူဦးလေးဟူ၍တော့ ပြောမည်မထင်ခဲ့ချေ။ ထို့ကြောင့် ရှန့်ဝန့်ထင်း၏ စကားကို ကြားလိုက်ရသည်နှင့် တုန်လှုပ်သွားတော့၏။

တင်းကျန်းနှင့် စီးလင့်တို့ ၂ ယောက်ကလည်း

"ဒီလူ့ကြည့်ရတာ အသက်လည်း သိပ်မကြီးသေးပါဘူး။ ဘယ့်နှယ်လုပ်ပြီး ရက်ပုချွန်ရဲ့ ဂိုဏ်းတူဦးလေး ဖြစ်နေရတာလဲ" ဟု တွေးတောနေမိကြသည်။

ထို ၂ ယောက် ဘာတွေးနေသည်ကို ရှန့်ဝန့်ထင်းက ရိပ်မိ၏။ ထို့ကြောင့်

"ဒီလိုပါ။ သူကရက်ပုချွန်ထက် အသက် ၄–၅ နှစ်လောက် ငယ်ပါတယ်။ ဒါပေမယ့် သူက ဝါဆန်းဂိုဏ်းရဲ့ ဝါအကြီးဆုံး ဆရာကြီးဖုန်းချင်းရဲ့ တစ်ဦးတည်းသော တပည့်ပဲ။ ဒါကြောင့် ရက်ပုချွန်ထက် သူကဝါပိုကြီးနေတာပါ"

ချက်ချင်းပင် တင်းကျန်းမှာ ဟာကနဲဖြစ်သွားတော့၏။ အဘယ်ကြောင့်ဆိုသော် သူက ဓါးသမားတစ်ယောက်ဖြစ်နေသောကြောင့်တည်း။ ဝါဆန်းဂိုဏ်းမှ ဆရာကြီးဖုန်းချင်း၏ တပည့်မှန်း သိလိုက်ရသောအခါ ဓါးသိုင်းပညာ အလွန်တရာ ထက်မြက်လိမ့်မည်ဟု ခန့်မှန်းလိုက်၏။ သူ့လက်ဖဝါးများလည်း ယားကျိကျိ ဖြစ်လာတော့၏။ သို့သော် လင့်ဟူချုံးကို ကြည့်ရသည်မှာ ရောဂါသည်နှင့်တူနေသဖြင့် သူနှင့်သာယှဉ်ရလျှင် သူပင်နိုင်လိမ့်မည်ဟု တွက်နေမိသည်။ သူက စီးလင့်ကို တစ်ချက်လှမ်းကြည့်လိုက်သည်။ စီးလင့်က ခေါင်းညိတ်ပြလိုက်ပြန်၏။

တင်းကျန်းက "နောင်ကြီးတို့ ၂ ယောက်ရဲ့ နာမည်တွေကို မသိရဘူးလား"

ရှန့်ဝန့်ထင်းက "ဟာ … သိရပါတယ် … သိရပါတယ်။ ကျုပ်နာမည်က ထင်းဝန့်ပါ။ … သူက ဖုန်းချုံးတဲ့"

နာမည်များ မေးမြန်းပြီးသည့်အခါကျမှ တင်းကျန်းတို့ ၂ ယောက်က ခါးကိုင်း၍ အရိုအသေပေးလိုက်ကြသည်။ တင်းကျန်းက ရှန့်ဝန့်ထင်းအား ပြောလိုက်၏။

"နောင်ကြီးတို့ ၂ ယောက်စလုံး ဒီနားမှာ ခဏထိုင်ပြီး လက်ဖက်ရည်ကြမ်း သောက်နှင့်ကြပါဦး။ ကျုပ်အထဲဝင်ပြီး သတင်းပေးလိုက်ဦးမယ်။ ဆရာကြီးတို့က ခင်ဗျားတို့ကို လက်ခံတွေ့ဆုံမယ် … မတွေ့ဆုံဘူးဆိုတာကတော့ ကျုပ်လည်း အာမ မခံနိုင်ဘူး"

ရှန့်ဝန့်ထင်းက ရယ်၍ "ဆရာကြီး ၄ ယောက်ဟာ ခင်ဗျားတို့ရဲ့ သခင်ကြီးတွေဆိုပေမယ့် ခင်ဗျားတို့ ၂ ယောက်ကို ညီရင်းအစ်ကိုလို သဘောထား ဆက်ဆံကြတယ်ဆိုတာ ကျုပ်ကြားပြီးသားပါ။ ဘာပဲဖြစ်ဖြစ် ခင်ဗျားတို့မျက်နှာကို ထောက်မှာပဲလို့ ကျုပ်ယုံကြည်ပါတယ်" ဟုပြန်ပြောလိုက်၏။

တင်းကျန်းမှာ အလွန်သဘောကျသွားတော့၏။ လင့်ဟူချုံးနှင့် ရှန့်ဝန့်ထင်းတို့ ၂ ယောက်ကို အိမ်တွင်းသို့ဝင်ရန် ဖိတ်ခေါ်လိုက်ပြီး ထိုင်ရန်နေရာများ ချထားပေး၏။ လက်ဖက်ရည်ကြမ်းအိုးနှင့် ပန်းကန်များလည်း ချပေးသည်။ ပြီးသည်နှင့် အခန်းတွင်းသို့ သတင်းပေးရန်ဝင်သွားတော့၏။ ရှန့်ဝန့်ထင်းသည် အခန်းထဲတွင် တိတ်ဆိတ်စွာထိုင်နေပြီး အတန်ကြာမှ လင့်ဟူချုံးအား ရုတ်တရက် လှမ်းပြောလိုက်သည်။

"ညီလေး … ဟိုပန်းချီကားကို ကြည့်စမ်း … လက်ရာ ဘယ်လောက် ကောင်းသလဲ"

ပြောပြောဆိုဆိုဖြင့် ထိုင်ရာမှထကာ အခန်းနံရံကြီးတွင် ချိတ်ဆွဲထားသော ပန်းချီကားကြီးကို ကြည့်နေတော့၏။ လင့်ဟူချုံးသည် ယခုရက်များအတွင်း ရှန့်ဝန့်ထင်းနှင့် စားအတူ သွားအတူ လာအတူ နေထိုင်ခဲ့ရာ ရှန့်ဝန့်ထင်းမှာ အလွန်တရာ လိမ္မာပါးနပ်ကြောင်း ကောင်းကောင်းကြီးသိခဲ့ရ၏။ သို့သော် ပန်းချီပညာနှင့်ပတ်သက်၍ လုံးဝ ထက်မြက်ခြင်းမရှိကြောင်းလည်း သိထားခဲ့၏။ ယခု ရှန့်ဝန့်ထင်းက ရုတ်တရက် ထရပ်လိုက်ပြီး ပန်းချီကားကြီးကို ချီးကျူးလိုက်သည်ကို တွေ့ရသောအခါ အကြောင်းတစ်ခုခု ရှိလိမ့်မည်ဟု ခန့်မှန်းမိလိုက်သည်။ ထို့ကြောင့် သူကလည်း စိတ်ပါလက်ပါ ထသွားပြီး ပန်းချီကားကြီးကို အလွန်စိတ်ပါဝင်စားဟန်ဖြင့် ကြည့်လိုက်တော့၏။

ပန်းချီကားမှာ တောတောင်ရေမြေများကို ရေးဆွဲထားခြင်းသာဖြစ်၏။ ထိုပန်းချီကားအောက်တွင် ကဗျာတစ်ပုဒ်ကိုလည်း ရေးသားထား၏။ ထိုကဗျာစာလုံးများ ရေးသားထားဟန်ကမူ အလွန်ပင်အားမာန်ပါလှကြောင်း တွေ့ရ၏။ အပင့်၊ အတက်၊ အဆွဲ၊ အချ များတွင် အလွန်အားမာန်ပါနေခြင်းဖြစ်သည်။ တကယ့်ဓါးချက်များ အတိုင်းပင် ဖြစ်နေသည်။ ပန်းချီရုပ်ပုံထက် ကဗျာရေးသားထားပုံက ပို၍အသက်ပါနေသည်။

လင့်ဟူချုံးက အသံကျယ်ကျယ်ဖြင့် "အစ်ကိုကြီး … ဒီကဗျာစာလုံးတွေကို ကြည့်လိုက်စမ်းပါ။ ဓါးသိုင်းကွက်တွေနဲ့

မတူဘူးလား။ ကျွန်တော့်စိတ်ထင်တော့ ဟောသည်စာလုံးတွေထဲမှာ ဓါးသိုင်းကွက်တွေပါနေတယ်လို့ ထင်တာပဲ'' ဟု ပြောလိုက်တော့၏။

လင့်ဟူချုံးအနေဖြင့် အသေအချာသိ၍ ပြောလိုက်ခြင်းတော့ မဟုတ်ပေ။ စာလုံးများ အားမာန်ပါသည်ကိုတော့ ကောင်းစွာသိသည်။ သို့သော် တကယ့်ဓါးကွက် ပါမပါကိုမူ အတိအကျမသိ။ ဝါဆန်းတောင် ကျောက်ဂူနံရံပေါ်ကို သတိရလိုက်မိသဖြင့် ရမ်းသမ်းပြောလိုက်ခြင်းသာဖြစ်သည်။ လင့်ဟူချုံး၏စကားကို ရှန့်ဝန့်ထင်းက ပြန်လည် မဖြေရသေးမီမှာပင် စီးလင့်က သူတို့နောက်ဖက်မှ ဝင်ပြောလိုက်သည်။

''နောင်ကြီးဖုန်းချုံးက တကယ့်ဓါးသိုင်းပညာရှင်ပဲကိုး။ ကျုပ်တို့သခင် တန်းချန်းက ပြောဖူးတယ်။ ဒီပန်းချီကားကို ဆွဲပြီးတာနဲ့ အရက်သိပ်မူးသွားသတဲ့။ အရက်မူးမူးနဲ့ ဒီကဗျာကိုရေးလိုက်တုန်းမှာ ဓါးသိုင်းကွက်တွေ ပါသွားသတဲ့။ အခု နောင်ကြီးဖုန်းချုံးက ဒီကဗျာထဲက ဓါးကွက်တွေကို မြင်တယ်ဆိုတော့ ကျုပ်သခင်တန်းချန်းက နောင်ကြီးကို မိတ်ဆွေ ရင်းချာလို သဘောထားတော့မှာပဲ။ ဒီအကြောင်းကို ကျုပ်ကိုယ်တိုင် ဝင်ပြောပြလိုက်မယ်''

စကားဆုံးသည်နှင့် စီးလင့်က အတွင်းခန်းသို့ဝင်သွားတော့၏။ ရှန့်ဝန့်ထင်း၏မျက်နှာ၌ ပြုံးယောင်တစ်ချက်သမ်း သွား၏။ ထို့နောက် ချောင်းတစ်ချက်ဟန့်လိုက်ပြီး လင့်ဟူချုံးကို လှမ်းကြည့်ကာ စကားပြောလိုက်၏။

''ညီလေး ... မင်းက ပန်းချီပညာကို တကယ်နားလည်တာကိုး''

လင့်ဟူချုံးက လေသံတိုးတိုးဖြင့် ''အစ်ကိုကြီး ... ကျွန်တော် ဘာမှနားမလည်ဘူး။ ဒီစကားက ကြုံကြိုက်သွားတာ။ ကံကောင်းချင်လို့ပဲ'' ဟုဖြေလိုက်၏။

ထိုအခိုက် သူတို့နောက်ကွယ်မှ လူတစ်ယောက်၏ ကျယ်လောင်သောအသံကို ကြားလိုက်ရသည်။

''သူက ငါ့ရဲ့ကဗျာရေးဟန်ထဲက ဓါးသိုင်းကွက်တွေကို မြင်တယ်ဟုတ်လား။ ဘယ်မလဲ အဲဒီလူ ... အဲဒီလူ မျက်စိအမြင် အတော်သန်တယ်။ မဆိုးဘူး''

အော်သံနှင့်အတူ လူတစ်ယောက်ထွက်လာသည်ကို တွေ့လိုက်ရတော့၏။ သူ့လက်ထဲတွင် အရက်တစ်ခွက်ကို ကိုင်ထားလျက် ရှိနေသည်။ မျက်နှာကလည်း သောက်ထားသည့်အရက်ရှိန်ကြောင့် နီမြန်းနေသည်။ စီးလင့်က ထိုသူ၏ နောက်ဖက်မှ ကပ်လိုက်လာရင်း

''ဟောသည်က နောင်ကြီး ၂ ယောက်ဟာ ကောင်းဆန်းဂိုဏ်းနဲ့ ဝါဆန်းဂိုဏ်းက ဆရာကြီးတွေပါပဲ။ နောင်ကြီး ထင်းဝန့် နဲ့ နောင်ကြီး ဖုန်းချုံးပါတဲ့။ ဟောဒါကတော့ ကျုပ်တို့နှင်းဆီဂေဟာကြီးရဲ့ နံပါတ် ၄ သခင်ကြီး တန်းချန်းပါပဲ။ သခင်ကြီး ... ဟောဒီ နောင်ကြီး ဖုန်းချုံးကတော့ သခင်ကြီးရဲ့ ကဗျာရေးဟန်ထဲက ဓါးသိုင်းကွက်ကို မြင်တဲ့လူပါပဲ'' ဟု မိတ်ဆက်ရင်း ရှင်းပြလိုက်၏။

နံပါတ် ၄ သခင်ကြီး တန်းချန်းက ယစ်ထုပ်မျက်စိဖြင့် လင့်ဟူချုံးအား အကဲခတ်ကြည့်လိုက်သည်။ လင့်ဟူချုံး ကလည်း တန်းချန်းအား အကဲခတ်နေသူဖြစ်ရာ တန်းချန်း၏လက်ထဲတွင် ကျောက်စိမ်းအရက်ခွက်ကို ကိုင်ထားပြီး ခွက်ထဲတွင် စပျစ်အရက်ကိုထည့်ထားကြောင်း သတိပြုမိလိုက်သည်။ ဤတွင် တစ်ခါတုန်းက လေ့ပေါ်တွင် ကျူချန်း ပြောခဲ့ဖူးသော မည်သည့်အရက်ခွက်မျိုးတွင် မည်သည့်အရက်မျိုး ထည့်သောက်သင့်သည် ဆိုသည့် အရက်ဋီကာကို ချက်ချင်း သတိရလိုက်မိ၏။ ထိုအချက်ကိုအသုံးချရန် ဆုံးဖြတ်လိုက်ပြီး လင့်ဟူချုံးက ရတ်ခြည်းပြုံးရယ်လိုက်ကာ

''ဆရာကြီးက တကယ့်ကို အရက်ကောင်းသောက်တတ်တဲ့လူပဲ။ ကျောက်စိမ်းအရက်ခွက်နဲ့ စပျစ်သီးအရက်ဟာ အသင့်လျော်ဆုံးပဲ။ ဒီခွက်နဲ့ ဒီအရက် တွဲသောက်တတ်တဲ့လူမျိုးကိုမှ တကယ့်အရက်ကောင်း သောက်တတ်တဲ့လူလို့ ခေါ်တာ'' ဟုပြောလိုက်လေတော့၏။

ထိုအခါ နံပါတ် ၄ သခင်ကြီး တန်းချန်းမှာ မျက်လုံးပြူးသွားပြီး လင့်ဟူချုံး၏လက်ကို ဆွဲကိုင်လှုပ်ယမ်းကာ အော်ဟစ် လိုက်တော့သည်။

''ဟား ဟား ဟား ... ဒါမှ ငါ့မိတ်ဆွေကွ။ လာကြ ... လာကြ .. ငါတို့ အရက်သွားသောက်ကြရအောင် ... ညီလေး ... ငါက ပန်းချီကားကြိုက်တယ်။ ဓါးလည်းကြိုက်တယ်။ ဒါပေမယ့် အရက်ကိုတော့ အကြိုက်ဆုံးပဲ။ ငါမသောက်ဖူးတဲ့ အရက်က ခပ်ရှားရှားပဲ''

လင့်ဟူချုံးတစ်ယောက် အလွန်ဝမ်းသာသွားတော့၏။ မုတ်ဆိတ်ပျားစွဲ ဆိုသည့်စကားသည် သူ့အတွက်ပင် ဖြစ်နေ

တော့၏။ စိတ်ထဲမှ

“ပန်းချီကား ဆွဲခိုင်းရင် ငါဆွဲတတ်မှာ မဟုတ်ဘူး။ သူနဲ့ ဓါးချင်းယှဉ်ရရင်လည်း သိပ်မနိုင်ဘူး။ အခုလို အရက်သောက်ခိုင်းတာကတော့ ငါ့အဖို့ အကောင်းဆုံးပဲ။ ငါကလည်း အရက်ကြိုက်တာနဲ့တော့ ဟန်ကျပြီ”

ဤသို့ဖြင့် သူတို့အားလုံး တန်းချန်း၏အရက်ခန်းထဲသို့ ရောက်သွားကြတော့၏။ အခန်းထဲ ဝင်လိုက်သည်နှင့် အရက်မျိုးစုံ၏ ရနံ့များကို ရှူရှိုက်လိုက်မိကြသည်။ အရက်နံ့များကို ရှူရှိုက်လိုက်ပြီး လင့်ဟူချုံးက အရက်အမျိုးအမည်များကို တစ်ခုချင်း ခွဲခြားပြောပြလိုက်သည်။ တန်းချန်းက လက်ခုပ်လက်ဝါးတီးပြီး တဟားဟား ရယ်နေတော့၏။ အလွန်ဝမ်းသာအားရဟန်ဖြင့် “ကြိုက်ပြီ ... ကြိုက်ပြီ ... ငါ့ညီလေးဟာ တကယ်ကို အရက်အကြောင်း ကောင်းကောင်း နားလည်တာကိုး”

သို့နှင့် သူတို့သည် အရက်မျိုးစုံကို စတင်သောက်ကြလေတော့၏။

× × × × × × ×

## သွေးအန်ကျားကွက်

သို့နှင့် သူတို့သည် စကားတပြောပြောဖြင့် အရက်သောက်လျက်ရှိကြပြီး ခဏအကြာတွင် တန်းချန်းက အရက်သောက်ရင်း တစ်ခုခုလို၍ အရသာမတွေ့သည့်ပုံစံဖြင့် အရက်ခွက်ကိုမော့ရင်း မျက်နှာရှုံ့လိုက်သည်။ ထိုအပြုအမူကို ရှန့်ဝန့်ထင်းက တွေ့မြင်သွားသဖြင့် တန်းချန်းအား

"ဘာများ အလိုရှိနေလို့လဲ ညီလေးရ" ဟု မေးလိုက်၏။

တန်းချန်းက "အရက်သောက်ရင်း အစ်ကိုလေး ဟေးပေကျိရဲ့ အကူအညီကို လိုချင်လို့ပါ" ဟုပြန်ပြောလိုက်သည်။

ဟေးပေကျိက "ဘာ အကူအညီလိုနေပြန်လို့လဲ ညီလေးရဲ့" ဟု တန်းချန်းအား ပြန်မေးလိုက်သည်။

တန်းချန်းက "အစ်ကိုလေးရဲ့ ရေခဲတဲ့ပညာကို ပြစမ်းပါ အစ်ကိုလေးရာ။ ဒီက သူငယ်ချင်း ၂ ယောက်က ကြည့်ချင်လို့တဲ့"

ဟေးပေကျိက မထုံတက်တေး အမူအရာဖြင့် "ဒီမဖြစ်စလောက် ပညာလေးကို ထုတ်ပြလို့ သူများက ရယ်မှာပေါ့။ အစ်ကိုလေးရဲ့ အရက်ကို မခွဲချင်စမ်းပါနဲ့" ဟုပြန်ပြောလိုက်သည်။

"အစ်ကိုလေး ... အမှန်အတိုင်း ပြောရရင်တော့ အရက်နဲ့ပတ်သက်နေလို့ အစ်ကိုလေးကို ရေခဲလုပ်ခိုင်းရတာပါ။ ဒီလို အစ်ကိုလေးရ ... ဒီကမိတ်ဆွေ ဖုန်းချုံးကပြောတယ်။ ဒီလို အရက်မျိုးသောက်ရင် ရေခဲထည့်ပြီးသောက်မှ ပိုပြီးသောက်လို့ကောင်းတယ်တဲ့ ... အခုနွေရာသီဆိုတော့ ဘယ်မှာ ရေခဲရနိုင်မှာလဲ"

"ဒီအရက်က ဒီလောက် ကောင်းနေတဲ့ဥစ္စာ ... ရေခဲထည့်သောက်ဖို့ လိုသေးလို့လား ညီလေးရာ"

ထိုအခါ လင့်ဟူချုံးက "ဟုတ်ပါတယ်။ ဒီအရက်က သူ့အတိုင်းကိုကောင်းပါတယ်။ ဒါပေမယ့် ဒီအရက်ကို အပူပိုင်းဒေသကချက်နည်းနဲ့ ချက်တာဆိုတော့ ဒီအရက်ထဲမှာ အပူဓါတ် အငွေ့အသက်တွေ ရှိနေပါတယ်။ ဒီအငွေ့အသက်တွေ လျော့ပါးသွားအောင် ရေခဲထည့်ရတာပါ။ ရေခဲထည့်လိုက်ရင် အပူအငွေ့အသက်တွေကို သတ်လိုက်သလို ဖြစ်သွားပြီး အအေးဓါတ်နဲ့ သမသွားပါတယ်။ သောက်တဲ့အခါ အရသာလည်း ပိုကောင်းသွားပါတယ်"

ထိုအခါ ရှန့်ဝန့်ထင်းကလည်း စကားဝိုင်းအတွင်း ဝင်လာတော့၏။

"ဟုတ်တယ်။ ဒါက ကျားထိုးသလိုပဲ။ ကျားပညာညံ့တဲ့လူတွေကတော့ ဂမူးရှူးထိုးနဲ့ တစ်ယောက်ကိုတစ်ယောက် အကွဲအပြဲ အပြတ်အသတ်နိုင်အောင် အရမ်းထိုးကြတာပဲ။ တကယ်ကျားပညာ အဆင့်မြင့်တဲ့လူကတော့ သမာဓိရှိတဲ့ ဘုန်းကြီး ရဟန်းတွေလို အေးအေးဆေးဆေးပဲ ထိုးကြတယ်"

ရှန့်ဝန့်ထင်း၏စကားကို ဆုံးအောင် အေးအေးဆေးဆေး နားမထောင်နိုင်တော့ပဲ ဟေးပေကျိက ရှန့်ဝန့်ထင်း၏ပုခုံးကို ဆွဲကာ ပြောလိုက်သည်။

"ခင်ဗျားကလည်း ကျားထိုးတတ်တာကိုး"

ရှန့်ဝန့်ထင်းက ပြုံး၍ ပြောလိုက်သည်။

"ကျုပ်တစ်သက်မှာ ဝါသနာအပါဆုံးက ကျားကစားတာပဲ။ ဒါကြောင့် ကျုပ်က အနယ်နယ်အရပ်ရပ်လှည့်ပြီးတော့ နာမည်ကြီးကျားဆရာတွေရဲ့ အကောင်းဆုံးကျားကွက်တွေကို ရှာဖွေစုဆောင်းခဲ့ပါတယ်။ စုဆောင်းတယ်ဆိုတာ အပရိက ကလေးကစားသလို စုဆောင်းတာမဟုတ်ဘူး။ အခုခေတ် ကျားဆရာတွေရဲ့ ကစားကွက်တွေရော၊ ဟိုးရှေးဟောင်း ကျားဆရာတွေရဲ့ ကစားကွက်တွေရော အားလုံးကို စုဆောင်းခဲ့တာပါ။ ဝါသနာဆိုတော့လည်း ဒီလိုပဲအပင်ပန်းခံရတာပေါ့လေ။ နမူနာပြောရရင် နာမည်ကြီး ရှေးဟောင်းကျားဆရာကြီး ဝမ်ကျက်နဲ့ ရသေ့ကြီး ဟိုဆန်း ထိုးခဲ့တဲ့ အကွက်တွေ .. လျို့ချုံးနဲ့ လူဆန်းတောင်က ဆရာကြီး ရိရှမ်းထိုးခဲ့တဲ့ အကွက်တွေ ..."

ဟေးပေကျိက "ဒါတွေအားလုံး ဒဏ္ဍာရီ စကားတွေပါ။ ဒီလိုကျားကွက်မျိုး ဘယ်ရှိနိုင်ပါ့မလဲ။ ဘယ်သူကော သိခဲ့ကြလို့လဲ။ တကယ်ပဲ ဒီလိုကျားကွက်မျိုး ရှိခဲ့လို့လား"

ရှန့်ဝန့်ထင်းက "ကျုပ်လည်း အစတုန်းကတော့ ပုံပြင်ဒဏ္ဍာရီစကားလို့ပဲ ထင်ခဲ့တာ။ ဒါပေမယ့် အနယ်နယ် အရပ်ရပ်ကို လှည့်လည်ပြီး ရှာဖွေစုဆောင်းတော့မှ ဒီကျားကွက်တွေ တကယ်ရှိခဲ့တယ်ဆိုတာကို သိရတော့တာကလား။ ဘာဖြစ်လို့ ကျုပ်က ဒီလောက် အသေအချာ ပြောနေတာကို သိရဲ့လား။ ဒီကျားကွက်တွေကို ကျုပ်ကိုယ်တိုင် စုဆောင်းနိုင်ခဲ့လို့ အသေအချာ ပြောနိုင်တာပေါ့။ ဒီကျားကွက်တွေရဲ့ပညာကတော့ တကယ့်ကို အံ့မခန်း နက်နဲတာပဲ။ သာမန်လူတွေ လုံးဝဉာဏ် မမှီနိုင်ပါဘူး။ ဒီအကွက်တွေဟာ အင်မတန် ထူးခြားနက်နဲတယ်ဆိုတာကို လူပြိန်းတွေအနေနဲ့ ဘယ်လိုမှ မသိနိုင်ပါဘူး"

ထိုအခါ ဟေးပေကျိ စိတ်လှုပ်ရှားလာသည်။

"နာမည်ကြီး ကျားဆရာကြီး ဝမ်ကျက်နဲ့ ရသေ့ကြီး ဟိုဆန်း ထိုးခဲ့တဲ့ပွဲမှာ ကျားဆရာကြီး ဝမ်ကျက် နောက်ဆုံး သွေးအန်ပြီး ရှုံးနိမ့်သွားရတယ်လို့ ကြားဖူးတယ်။ ဒါကြောင့် ဝမ်ကျက်ရှုံးခဲ့တဲ့အကွက်ကို 'သွေးအန်ကျားကွက်' လို့ ခေါ်သတဲ့။ တကယ်ပဲ ဒီကျားကွက်မျိုး ရှိသလား"

"ဟုတ်ပါတယ်။ ရှိလို့ပဲ သတင်းကြားနေကြရတာပေါ့။ ဒီကျားကွက်တွေကို 'သွေးအန်ကျားကွက်' လို့ ခေါ်တာ သိပ်တော့ မမှားပါဘူးလေ။ ဘာဖြစ်လို့လဲဆိုတော့ ..."

"တကယ်သွေးအန်နိုင်လို့လား"

"ဟာ ... ဘာပြောကောင်းမလဲ။ တကယ့်ကို သည်းထိတ်ရင်တုန်စရာကောင်းတဲ့ အကွက်တွေပဲ။ ကျုပ်က လွန်ခဲ့တဲ့ ၁၀ နှစ်ကျော်က ကြည့်ခဲ့တာ ဖြစ်ပေမယ့် ခုထက်ထိ မမေ့နိုင်သေးပါဘူး။ တစ်သက်လုံးလည်း မေ့မှာ မဟုတ်တော့ဘူး။ အကွက်အားလုံးပေါင်း တစ်ရာနဲ့ ဆယ့်တစ်ကွက် ရှိတယ်"

ဟေးပေကျိက ရုတ်ခြည်းပင် ဖိတ်ခေါ်လိုက်သည်။

"ကဲဗျာ ... လာပါ။ ကျုပ်ရဲ့ ကျားထိုးတဲ့အခန်းကို သွားကြရအောင်။ ကျုပ်ကို အဲသည်အကွက်တွေ ပြန်စီပြစမ်းပါ"

ထိုစဉ် တန်းချန်းက ကမန်းကတန်း တားဆီးလိုက်သည်။

"အစ်ကိုလေး ... ကျွန်တော့်အတွက် ရေခဲ လုပ်ခဲ့ပေးပါဦး"

ဟေးပေကျိက စိတ်မရှည်ဟန်ဖြင့် ပြောလိုက်သည်။

"ညီလေးက သိပ်ရှုပ်တာပဲကွာ ... ကဲ ... အထဲမှာ ဘယ်သူရှိသလဲဟေ့ ... ရေခဲတစ်တုံး မြန်မြန်ယူခဲ့စမ်း"

ချက်ချင်းလိုလိုပင် ရေခဲတုံးတစ်တုံး ရောက်လာတော့၏။

"ဖြောင်း ... ဖြောင်း ... ဖြောင်း ... ဖြောင်း ..."

ရှန့်ဝန့်ထင်းနှင့် လင့်ဟူချုံးတို့၏ လက်ခုပ်သြဘာသံများ တစ်ခန်းလုံးကို ဆူညံသွားသည်။ အကြောင်းမှာကား ယင်းဒေသသည် အလွန်ရေခဲရှားပါးသောဒေသ ဖြစ်သောကြောင့် ဝမ်းသာအားရဖြစ်ပြီး လက်ခုပ်သြဘာတီးခြင်း ဖြစ်၏။ ထို့နောက် တန်းချန်းက ရေခဲကို ထုခွဲလိုက်ကာ အရက်ခွက်ထဲသို့ ရေခဲတစ်တုံး ထည့်လိုက်၏။ ခွက်ကို အနည်းငယ် လှုပ်ယမ်းလိုက်ပြီး မော့သောက်လိုက်သောအခါ တကယ်ပင် အရသာတစ်မျိုး ထူးကဲသွားသည်ကို တွေ့လိုက်ရတော့၏။

"အား ... တကယ့်ကို ကောင်းတာပဲ။ ငါ့ညီလေး ဖုန်းချုံးကတော့ အရက်သောက်တတ်ပါပေ့ကွာ"

တန်းချန်းသည် နှုတ်ခမ်းကို လျှာဖြင့်သပ်ရင်း လင့်ဟူချုံးကို အားရပါးရ ချီးကျူးလိုက်တော့၏။

ထိုစဉ် ဟေးပေကျိက ရှန့်ဝန့်ထင်း၏ လက်ကိုဆွဲကာ "ကဲ ... လာ ... သူတို့ကိစ္စပြီးသွားပြီ။ ကျုပ်တို့ရဲ့ 'သွေးအန်ကျားကွက်' ကို သွားကြည့်ရအောင်" ဟု ခေါ်လေတော့၏။

ရှန့်ဝန့်ထင်းက လင့်ဟူချုံးကို လှမ်းခေါ်လိုက်သဖြင့် လင့်ဟူချုံးကလည်း

"ကောင်းတယ် ... ကျုပ်တို့အားလုံး အရက်ကို ဖိမ်ခံသောက်ရင်းနဲ့ နာမည်ကြီး ကျားကွက်ကို ကြည့်ကြတာပေါ့" ဟု တန်းချန်းအား ပြောလိုက်သည်။

ထို့နောက် သူတို့ ၄ ယောက်စလုံး ဟေးပေကျိ၏ ကျားကစားသောအခန်းထဲသို့ ရောက်ရှိလာကြတော့၏။ ရှန့်ဝန့်ထင်းက ကျားခုံတွင် ထိုင်လိုက်ပြီး ကျားကွက်ပေါ်၌ ကျားကောင်များကို တစ်ကောင်ပြီးတစ်ကောင် စီနေတော့၏။ ပွဲစသည်နှင့် ကျားကွက်များ၏ အခြေအနေမှာ အလွန်တရာ ပြင်းထန်နေလေပြီ။ ဟေးပေကျိမှာ ရှန့်ဝန့်ထင်း ရွှေ့နေသည့် ကျားကွက် များကိုကြည့်ရင်း နဖူးမှ ချွေးသီးချွေးပေါက်ကြီးများ ကျနေတော့၏။ ဤကား ဟေးပေကျိ၏ ကျားကစားခြင်း အပေါ်၌ မည်မျှ အလေးအနက်ထားရှိသည်ဆိုသည့်အချက်ကို ပြခြင်းပေတည်း။

လင့်ဟူချုံးအနေဖြင့် ဤနှင်းဆီဂေဟာကြီးနှင့်ပတ်သက်ပြီး ရှန့်ဝန့်ထင်း၏ ကြိုတင်ပြင်ဆင်ထားမှုများကို ရိုးတိုးရိပ်တိတ် သဘောပေါက်လာသည်။ ရှန့်ဝန့်ထင်းသည် ဟေးပေကျိ၏ ပျော့ကွက်ကို ကောင်းစွာသိထားဟန်တူ၏။ ထိုစဉ်မှာပင် ရှန့်ဝန့်ထင်းက ကျားတစ်ကောင်ကို လက်ဖြင့်ကိုင်လိုက်သည်။ သို့သော် ဆက်တော့မရွှေ့ပေ။ ဟေးပေကျိက အလောတကြီး တိုက်တွန်းလှုံ့ဆော်လိုက်တော့သည်။

"နောက် ... နောက် ... ဘယ်အကွက်ကို တက်မှာလဲ"

ရှန့်ဝန့်ထင်းက ပြုံး၍ ပြောလိုက်သည်။

"နောက်တစ်ကွက်ကို ကျုပ်တက်ပြလိုက်ရင် လွယ်လွယ်ကလေး တက်ပြလို့ရတယ်။ ဒါပေမယ့် ကျုပ်တက်တာကို ကြည့်ရုံကြည့်နေတာထက် ဘယ်အကွက်တွေကို တက်ရင် ကောင်းမယ်ဆိုတာ စဉ်းစားတာက ပိုပြီး ဉာဏ်ရည်သွက်မလာနိုင်ဘူးလား။ အခုတက်မယ့်တစ်ကွက်က သိပ်ကောင်းတယ်။ ဆရာကြီးအနေနဲ့ ဘယ်အကွက်ကိုရွှေ့ရင် ကောင်းမယ်လို့ ထင်သလဲ"

ဟေးပေကျိက ရှန့်ဝန့်ထင်း စကားကို လက်ခံဟန်ဖြင့် သေချာစွာ စဉ်းစားနေ၏။ သို့သော် သူ့အနေဖြင့် မည်မျှပင် စဉ်းစားစေကာမူ မည်သည့်ကျားကွက်ကိုရွှေ့သင့်ကြောင်း လုံးဝမစဉ်းစားနိုင်ပဲ ဖြစ်နေ၏။ သူ့အစ်ကိုလေး ဟေးပေကျိ၏ မျက်နှာ၌ စိမ်းပြာပြာ အရောင်များ ယှက်သမ်းလာသည်ကို တွေ့ရသောအခါ တန်းချန်းက

"နောင်ကြီး ထင်းဝန့် ... ဒီကျားကွက်နဲ့ နာမည်ကလည်း 'သွေးအန်ကျားကွက်' တဲ့။ ခင်ဗျားက နာမည်နဲ့လိုက်သွားအောင် ကျုပ်ရဲ့အစ်ကိုလေးကို တကယ်သွေးအန်အောင် လုပ်တော့မလို့လား။ နောက်တစ်ကွက်ကို မြန်မြန်ရွှေ့ပါတော့"

ရှန့်ဝန့်ထင်းက ပြုံးလိုက်ပြီး "ကောင်းပြီ။ ကျုပ်ရွှေ့ပြမယ်။ နံပါတ် ၆၇ မြောက်အကွက်က ဒီလိုရွှေ့ခဲ့ကြတယ်" ဟု ပြောပြီးသည်နှင့် ရွှေ့ပြလိုက်၏။

ထိုအခါတွင်မှ ဟေးပေကျိမှာ သူ့ပေါင်ကို ဖြန်းကနဲ ပုတ်လိုက်ပြီး အော်ဟစ်လိုက်၏။

"သိပ်ကောင်းတဲ့ အကွက်ပါလား။ ဒီအကွက်ကိုရွှေ့တာ သိပ်ကောင်းတာပဲ။ ဘယ်လိုမှ မျှော်လင့်မထားတဲ့အကွက်ကို ရွှေ့လိုက်တာပဲ"

ရှန့်ဝန့်ထင်းက "ဝမ်ကျက်ရဲ့ ဒီတစ်ကွက်က ကောင်းတာတော့မှန်ပါတယ်။ ဒါပေမယ့် ရသေ့ကြီးဟိုဆန်းရဲ့ နောက်တစ်ကွက်က ပိုတောင်ကောင်းသေးတယ်။ ခင်ဗျားစဉ်းစားကြည့်ပါဦး"

ဟေးပေကျိက မိမိဉာဏ်ရည်မမီပါ ဟူသောသဘောဖြင့် ခေါင်းကို ခါပြရင်း

"ကျုပ်စဉ်းစားလို့ မရတော့ပါဘူး။ ခင်ဗျားပဲ ရွှေ့ပြပါတော့" ဟု တောင်းပန်လိုက်သည်။

ရှန့်ဝန့်ထင်းက ပြုံးစေ့စေ့လုပ်နေ၏။ ကျားကွက်ကို ရွှေ့ပြရန်မပြောနှင့်၊ ကျားကောင်ကိုပင် လက်ဖြင့် မကိုင်တော့ချေ။ ဟေးပေကျိသည် ချက်ချင်းသဘောပေါက် သွားတော့သည်။ ရှန့်ဝန့်ထင်းသည် ဤအကွက်ကို လွယ်လွယ်ကူကူနှင့် ရွှေ့ပြတော့မည် မဟုတ်ချေ။ တစ်ခုခု တောင်းဆိုတော့မည်ကို ရိပ်မိလိုက်သည်။

“နောင်ကြီး ထင်းဝန့် ... ခင်ဗျားကသာ ဒီကျားကွက်ကို အစအဆုံးကစားပြရင် ကျုပ်ကလည်း တန်ရာတန်ဖိုး ပြန်ပေးမှာပါ ... အလကား မကစားပြခိုင်းပါဘူး” ဟု ပြောလိုက်လေတော့၏။

လင့်ဟူချုံး၏စိတ်ထဲတွင် “လက်စသတ်တော့ အစ်ကိုကြီးက ဒီနည်းနဲ့ ငါ့ရောဂါကို ကုခိုင်းတော့မှာကိုး” ဟု တွေးလိုက်၏။

သို့သော် ရှန့်ဝန့်ထင်းက တဟားဟားရယ်ရင်း “ကျုပ်နဲ့ ဖုန်းချုံးက ခင်ဗျားတို့ဆီက ဘာမှမတောင်းဆိုပါဘူး။ အဲသည် ရည်ရွယ်ချက်နဲ့ ကျုပ်တို့ လာခဲ့ကြတာ မဟုတ်ဘူး။ ခင်ဗျားအနေနဲ့ အဲသည်စကားပြောတာကတော့ ကျုပ်တို့ကို အထင်သေးရာ ကျပါတယ်” ဟုပြောလိုက်သည်။

ဟေးပေကျိုက မတ်တတ်ရပ်၍ “ကျုပ်တောင်းပန်ပါတယ်ဗျာ” ဟုတောင်းပန်၏။

ရှန့်ဝန့်ထင်းက “ကျုပ်တို့ ၂ ယောက် ဒီကိုလာတဲ့ရည်ရွယ်ချက်က ခင်ဗျားတို့ ဆရာကြီး ၄ ယောက်နဲ့ လောင်းတမ်းစားတမ်းတစ်ခု လုပ်မလို့ လာခဲ့ကြတာပါ”

ဟေးပေကျိုနှင့် တန်းချန်းတို့ ၂ ယောက်စလုံး အာမေဋိတ်သံများဖြင့် မေးမိကြလေတော့သည်။

“ဗျာ ... လောင်းမယ် ...”

ရှန့်ဝန့်ထင်းက “ဟုတ်ပါတယ်။ လောင်းမလို့ပါ။ ဟောသည်က ကျွန်တော့်ညီလေး ဖုန်းချုံးကို ဓါးပညာမှာ ခင်ဗျားတို့ နှင်းဆီဂေဟာထဲက ဘယ်သူကမှ မယှဉ်နိုင်ပါဘူး ... ဒါကို လောင်းတမ်းစားတမ်း လုပ်ချင်လို့ပါ”

ဟေးပေကျိုနှင့် တန်းချန်းတို့ ၂ ယောက်လုံးက လင့်ဟူချုံးကို ဖျတ်ကနဲကြည့်မိကြတော့၏။ ဟေးပေကျိုကတော့ သူ၏ အံ့အားသင့်မှုကို ပြန်လည်ထိန်းချုပ် ထားလိုက်နိုင်သည်။ တန်းချန်းကတော့ တဟားဟား ရယ်နေတော့၏။ အားရပါးရ ရယ်လိုက်ပြီးမှ

“ဘာကြေးလောင်းမှာလဲ ... ကဲ ... ပြော”

ရှန့်ဝန့်ထင်းက “လောင်းကြေးလား ... လောင်းကြေးက တန်ဖိုးတော့မနည်းဘူးဗျို့။ ကျုပ်တို့ဖက်က ရှုံးသွားရင် ဟောသည်ပန်းချီကားချပ်ကြီးကို ခင်ဗျားတို့လက်ထဲ အပ်ခဲ့မယ်”

ပြောပြောဆိုဆိုဖြင့် သူ၏အိတ်ထဲမှ ပန်းချီကားကြီးတစ်ချပ်ကို ထုတ်ယူလိုက်၏။ ရှန့်ဝန့်ထင်း ထုတ်ယူနေသည်မှာ အလွန်တရာ တန်ဖိုးကြီးလှသော ပစ္စည်းတစ်ခုကို တယုတယထုတ်နေပုံနှင့် အလွန်တူသည်။ တန်းချန်းသည် ထိုပန်းချီကားချပ်ကို မြင်လိုက်ရသည်နှင့် မျက်လုံးပြူး၊ မျက်ဆံပြူး အော်ဟစ်တော့သည်။

“ဟာ ... ဒါ ... ဒါ ... ပန်းချီဆရာကြီး ပေဆို့ရဲ့ လက်ရာအစစ်ပဲ။ ခင်ဗျားဘယ်က ရလာတာလဲ။ ဒါ ... ဒါ ... အင်မတန် ရှားပါးတဲ့ အဖိုးတန် ပန်းချီကားကြီးပဲ”

ရှန့်ဝန့်ထင်းက ပြုံး၍ ပန်းချီကားကို ပြန်သိမ်းလိုက်၏။ တန်းချန်းက စိတ်မထိန်းနိုင်တော့ပဲ ပန်းချီကားကို လှမ်းယူရန် လက်အပြင်လိုက်တွင် ရှန့်ဝန့်ထင်း၏လက်မှ အတွင်းအားလှိုင်းများ ထွက်ပေါ်လာပြီး တန်းချန်း၏လက်ကို တွန်းကန်လိုက်သဖြင့် တန်းချန်းလက်ချောင်းများ ပြန်ကန်တက်သွားတော့သည်။ တန်းချန်းအနေဖြင့် သိပ်အားထုတ်ပြီး လှမ်းလိုက်ခြင်း မဟုတ်သော်လည်း ရှန့်ဝန့်ထင်းအနေနှင့် သူ၏လက်ချောင်းများကို တန်ပြန်အားဖြင့် ဤမျှ တွန်းကန်တက်စေလိမ့်မည်ဟု မျှော်လင့်မထားခဲ့ချေ။ ယခုမှ သူ မမျှော်လင့်သည်တို့ ဖြစ်ပေါ်လာသည်ကိုတွေ့ရသောအခါ အလွန်ချီးကျူးအံ့သြမိတော့၏။

သူက “နောင်ကြီးထင်းဝန့်ရဲ့ သိုင်းပညာက တကယ်ကောင်းတာပါကလား။ ကျုပ်တို့ညီအစ်ကို ၄ ယောက်ထက် မညံ့ဘူးဗျို့။ အံ့ရော ... အံ့ရော”

ရှန့်ဝန့်ထင်းက ပြုံး၍ “ဆရာကြီးတို့ ၄ ယောက်မှာ ဓါးသိုင်းပညာကလွဲရင် ကျန်တဲ့သိုင်းပညာမှာ ကျုပ်တို့ကို ခြွင်းချက်မရှိ နိုင်နိုင်ပါတယ်” ဟု ပြောလိုက်တော့၏။

တန်းချန်းက မျက်မှောင်ကုတ်သွားကာ “ဓါးသိုင်းပညာကလွဲရင် ဟုတ်လား။ ကျုပ်ဓါးသိုင်းက သူ့ကို တကယ်မမှီဘူးလား။ သူ့ဓါးသိုင်းကရော အဲဒီလောက် ကောင်းနေသလား”

ရှန့်ဝန့်ထင်းက ပြုံးကာ "ခင်ဗျားတို့ကို ပန်းချီစာလုံး ပြရဦးမယ်"

ပြောပြောဆိုဆိုဖြင့် သူ့အိတ်အတွင်းမှ ပိတ်ချပ်တစ်ချပ်ကို ထုတ်ယူဖွင့်ပြလိုက်သည်။ ထိုပိတ်ချပ်ပေါ်တွင် ပန်းချီစာလုံးများ ရေးဆွဲထားသည်။ ထိုအခါ တန်းချန်းက အလန့်တကြား အော်ဟစ်ခေါ်ငင်နေတော့၏။

"အစ်ကို ... မြန်မြန်လာ ... မြန်မြန်လာ ... အင်မတန် အရေးကြီးတယ်"

အတန်ငယ်လှမ်းသည့် အခန်းတစ်ခန်းဆီမှ လူတစ်ယောက်၏ ပြန်မေးသံကို ကြားလိုက်ရ၏။

"ဘာတွေဖြစ်နေလို့ ဒီလောက်တောင် အော်နေရတာလဲ"

တန်းချန်းကမူ ထပ်အော်လျက်ပင် ရှိသည်။

"အစ်ကို မြန်မြန်လာနော်။ မလာရင် အစ်ကို့အသည်းစွဲလေးကို တွေ့ရမှာမဟုတ်ဘူး။ နောက်မှယူကြုံးမရ တသသ ဖြစ်မနေနဲ့"

ထိုအချိန်တွင် လင့်ဟူချုံးတို့ရှိရာ အခန်းအတွင်းသို့ လူတစ်ယောက် လျှောက်ဝင်လာခဲ့ချေပြီ။ အရပ်ပုပု၊ လူက ခပ်ဝဝ၊ လက်တွင်လည်း စုတ်တံတစ်ချောင်း ကိုင်ထား၏။ ရှန့်ဝန့်ထင်း၏ လက်ထဲမှ အရာကို မြင်ပြီးသောအခါ ထိုလူက ပါးစပ်အဟောင်းသား ဖြစ်သွားရာမှ ထစ်ထစ်ငေါ့ငေါ့ဖြင့် ပြောလိုက်သည်။

"ဒါ ... ဒါ ... တန်မင်းဆက်က ဆရာကြီး ကျန်း ရွှီးရဲ့ လက်ရေးကဗျာ အစစ်ပဲ"

တန်းချန်းက မိတ်ဆက်ပေးသည်။

"ဒါကတော့ ကျုပ်ရဲ့အစ်ကို နံပါတ် ၃ ပဲ။ နာမည်က ခေ့ပိအုန်းတဲ့။ သူကတော့ လက်ရေးပန်းချီကို သိပ်ဝါသနာပါတယ်။ ဒါကြောင့် သူ့ကို မရမကလှမ်းခေါ်ရတာ။ ဟဲ ဟဲ ဟဲ ... အခုတော့ မြင်တဲ့အတိုင်းပဲ"

လင့်ဟူချုံး၏ စိတ်ထဲတွင် ဒုန်းဒုန်းကျသွားလေတော့၏။

"အင်း ... အစ်ကိုကြီးရှန့်ဝန့်ထင်း ဒီတစ်ခါ ဒီကိုလာတာက အားလုံးကို စနစ်တကျ ကြိုတင်ပြင်ဆင်ပြီး လာတာပဲကိုး။ လစ်ကွက်ဟာကွက်မရှိအောင် ကြိုကြိုတင်တင် စီမံလာတာပဲ။ ဒီပစ္စည်းတွေကို သူဘယ်လိုများ စုဆောင်းခဲ့သလဲ မသိဘူး"

ထိုအချိန်တွင် ရှန့်ဝန့်ထင်းတစ်ယောက်မှာ သူ၏ပိတ်ချပ်ကို ပြန်လည်သိမ်းဆည်းပြီးသွားလေပြီ။ ခေ့ပိအုန်းမှာမူ ကျောက်ရုပ်ကြီးတစ်ရုပ်အလား ရှန့်ဝန့်ထင်း၏ အိတ်ကြီးကို ငေးစိုက်ကြည့်နေမိတော့၏။ အတန်ကြာမှ အသက်ဝင်လာသကဲ့သို့ လှုပ်ရှားလာပြီး ရှန့်ဝန့်ထင်းအား မေးလိုက်သည်။

"ဒါကို ဘာနဲ့ လဲမှာလဲ"

ရှန့်ဝန့်ထင်းက ခေါင်းကို ခါယမ်းပြလိုက်သည်။ တန်းချန်းက သူ၏ အစ်ကိုနံပါတ် ၃ ခေ့ပိအုန်းအား လောင်းတမ်းစားတမ်းကိစ္စကို ရှင်းပြလိုက်သည်။

"အစ်ကို ... ဒီလူကရူးပေါပေါနဲ့ ကျွန်တော်တို့ကို လာပြီးစိန်ခေါ်နေတယ်။ ခါးသိုင်းပညာနဲ့ ပတ်သက်လာရင် ဟောသည် နှင်းဆီဂေဟာထဲက လူတွေထဲက ဘယ်သူမှ နောင်ကြီးဖုန်းချုံးကို မယှဉ်ပြိုင်နိုင်ဘူးတဲ့။ အဲဒါကို လောင်းကြေးစားကြေး လုပ်ချင်တယ်တဲ့"

ခေ့ပိအုန်းက "တကယ်လို့ ငါတို့က နိုင်ရင် ..."

ရှန့်ဝန့်ထင်းက ရုတ်တရက် ဝင်ဖြေပေးလိုက်သည်။

"တကယ်လို့ ဆရာကြီးတို့ကနိုင်ခဲ့လို့ရှိရင် ဟောသည်ပန်းချီစာလုံးတွေရေးထားတဲ့ တန်မင်းဆက်က ပိတ်ကားချပ်ကို ခင်ဗျားကို ပေးမယ်။ ဟိုကျားကွက်ကိုတော့ ဆရာကြီး ဟေးပေကျိကို ပြပေးခဲ့မယ်။ ဆရာကြီး တန်းချန်းအတွက်တော့ ပန်းချီကားကြီး ပေးခဲ့မယ်"

ခေ့ပိအုန်းက "အခု ခင်ဗျားပေးမယ်ဆိုတဲ့ ပစ္စည်းတွေရဲ့တန်ဖိုးက နည်းတာမဟုတ်ပါဘူး။ ဒါပေမယ့် ကျုပ်တို့က ညီအစ်ကို ၄ ယောက်ဗျ။ အခုခင်ဗျားပေးမယ့် ပစ္စည်းတွေက ၃ ယောက်အတွက်ပဲ ရှိသေးတယ်။ ကျုပ်တို့ရဲ့ အစ်ကိုကြီးအတွက်ရော ခင်ဗျားက ဘာပေးမှာလဲ"

ရှန့်ဝန့်ထင်းက ပြုံး၍ "ကျုပ်ညီလေး ဖုန်းချုံးဆီမှာ အင်မတန် ခက်ခဲနက်နဲတဲ့ အကောင်းဆုံး တေးဂီတစာအုပ်

တစ်အုပ် ရှိပါတယ်။ 'သိုင်းလောက၏စိန်ခေါ်သံ' လို့ခေါ်တယ်။ ဒီတေးဂီတစာအုပ်က ခက်ခဲနက်နဲလွန်းလို့ တော်ရုံတန်ရုံ ဂီတပညာရှင်တွေ တီးခတ်နိုင်တာ မဟုတ်ဘူး။ အဲသည်တေးဂီတ စာအုပ်ကို ခင်ဗျားရဲ့ အစ်ကိုကြီးကို ပေးမယ်" ဟု ပြော လိုက်လေတော့၏။

အခန်းထဲ၌ ရှိနေကြသော ညီအစ်ကို ၃ ယောက်စလုံး 'သိုင်းလောက၏ စိန်ခေါ်သံ' ဟူသည့် တေးဂီတစာအုပ်နှင့် ပတ်သက်၍ တစ်စွန်းတစ်စမျှ မကြားဖူးကြပေ။ သို့သော် စောစောတုန်းက ထုတ်ပြသော ပစ္စည်းများနှင့်ယှဉ်၍ အကဲခတ် ရလျှင် ထိုတေးဂီတစာအုပ်မှာလည်း အကောင်းတကာ့ အကောင်းဆုံးထဲမှ ပစ္စည်းတစ်ခု ဖြစ်မည်မှန်း ခန့်မှန်းရိပ်မိလိုက် ကြသည်။

ဟေးပေကျိက "အင်း ... ဟုတ်ပါပြီ။ ကျုပ်တို့နိုင်ရင် အဲသည်ပစ္စည်းတွေကို ရမယ်။ တကယ်လို့ ဖုန်းချုံးကို ကျုပ်တို့က မနိုင်ခဲ့ရင်ကော ... ကျုပ်တို့ဘာပြန်ပြီး လျော်ရမလဲ"

ရှန့်ဝန့်ထင်းက "ကျုပ်တို့ ဒီကနေ့ ဒီကိုလာတာ ဘာလိုချင်တဲ့ ရည်ရွယ်ချက်မှမရှိဘူး။ ခင်ဗျားတို့နဲ့ မိတ်ဆွေဖြစ်ရုံ သက်သက်ပဲ။ မိတ်ဆွေရလိုက်တာ အမြတ်ပေါ့"

"သြော် ... ဖုန်းချုံးက နာမည်ကြီးချင်လို့ ရောက်လာတာကိုး။ အင်း ... အကြံကတော့ မဆိုးဘူး။ တောင်ပိုင်း ရဲလေး ဖော်ကို တစ်ချက်တည်းနဲ့ အနိုင်ယူနိုင်တယ်ဆိုရင် သိုင်းလောကတစ်ခုလုံး ဖိန့်ဖိန့်တုန်သွားမှာပဲ။ အကျော်ကြားဆုံး လူတစ်ယောက် ဖြစ်သွားတော့မှာပဲ"

ထိုအခါ ရှန့်ဝန့်ထင်းက ခေါင်းကို တွင်တွင်ယမ်းခါပြလိုက်သည်။

"မဟုတ်ပါဘူး။ ဒီကနေ့ပြိုင်တဲ့ကိစ္စကို ကျုပ်တို့ဆီက လုံးဝမပေါက်ကြားစေရဘူးလို့ ကတိပေးပါတယ်။ ဒါကတော့ ကျုပ်တို့ကို ခင်ဗျားတို့က ယုံကြည်တယ် ဆိုရင်ပေါ့လေ။ ... ကျုပ်တို့အနေနဲ့ လာရတာကတော့ ကျုပ်ညီလေး ဖုန်းချုံးရဲ့ ခါးသိုင်းပညာကို မှတ်ကျောက်တင်ဖို့ပါပဲ။ အကြောင်းကတော့ ဒါပါပဲ"

တန်းချန်းက "ဒီလိုဆိုရင် ကောင်းပြီ။ ဒီအခန်းက ကျယ်တယ်။ ဒီအခန်းထဲမှာ ပြိုင်ပွဲလုပ်နိုင်လောက်ပါတယ်။ ဒီတော့ ငါနဲ့ ဖုန်းချုံးနဲ့ ခါးသိုင်းပညာ ဖလှယ်ကြည့်ရတာပေါ့။ မင်းရဲ့ ခါးကော ဘယ်မှာလဲ"

ရှန့်ဝန့်ထင်းက "နှင်းဆီဂေဟာထဲကို လက်နက်တွေကိုင်ပြီး ဝင်လာရင် မလေးစားရာကျသွားမှာပေါ့"

တန်းချန်းက အော်ဟစ်ပြီး တောင်းလိုက်သည်။

"ခါး ၂ လက် ယူလာခဲ့ကြစမ်း"

ထိုအခါ အိမ်စောင့်များဖြစ်သော စီးလင့်နှင့် တင်းကျန်းတို့ ၂ ယောက်က ခါးတစ်ချောင်းစီ ယူဆောင်လာကြ တော့၏။ တစ်ချောင်းကို တန်းချန်းက ယူလိုက်ပြီး တစ်ချောင်းကိုမူ လင့်ဟူချုံးဆီ ပို့ခိုင်းလိုက်၏။ လင့်ဟူချုံးမှာ အတော်ပင် အကျပ်ရိုက်နေတော့သည်။ သူ့အနေဖြင့် ဤအိမ်ထဲတွင် ခါးသိုင်းမယှဉ်ပြိုင်လိုပေ။ သူယခုလာရောက်ခြင်းမှာ ခါးသိုင်းပညာ ယှဉ်ပြိုင်ရန်မဟုတ်။ သူ့ရောဂါအတွက် ဆေးကုရန်သာဖြစ်သည်။ ယခုတော့ ဆေးကုသည့်စခန်းသို့ မရောက်ပဲ ခါးသိုင်းပြိုင်သည့် စခန်းသို့ ရောက်နေသဖြင့် ရှန့်ဝန့်ထင်းအား တစ်ချက်မျှ လှမ်းကြည့်လိုက်သည်။

သို့သော် ရှန့်ဝန့်ထင်းက "ညီလေး ... မင်းအနေနဲ့ ဒီဆရာကြီးတွေဆီက တစ်ကွက်တစ်လေလောက် ဆည်းပူး လေ့လာ နိုင်တယ်ဆိုရင် မင်းအတွက် တစ်သက်လုံးအကျိုးရှိနိုင်တယ်"

ဤအခြေအနေတွင် လင့်ဟူချုံးအနေဖြင့် ခါးကိုမယူ၍ မဖြစ်တော့ပေ။ ထို့ကြောင့် လှမ်းယူလိုက်စဉ်တွင် ဟေးပေကျိက ရုတ်တရက်ဝင်ပြောလိုက်သည်။

"ညီလေး တန်းချန်း ... ခဏနေဦး။ ဒီကမိတ်ဆွေ ဖုန်းချုံးက ပြောတယ်မဟုတ်လား။ ငါတို့နှင်းဆီဂေဟာထဲက ဘယ်သူမှ သူ့ကို မနိုင်နိုင်ဘူးလို့။ တင်းကျန်းလည်း ခါးသိုင်းကောင်းကောင်း ကစားတတ်တဲ့ ခါးသမားတစ်ယောက်ပဲ။ သူလည်း နှင်းဆီဂေဟာထဲက လူပဲမဟုတ်လား။ တင်းကျန်းနဲ့ အရင်ပြိုင်ခိုင်းလိုက်စမ်း။ ငါတို့လည်း သူ့ခါးကွက်ကို နည်းနည်း လေ့လာရတာပေါ့"

အမှန်စင်စစ် ရှန့်ဝန့်ထင်းနှင့် လင့်ဟူချုံးတို့၏ အပြောအဆို ဟန်ပန်အမူအရာတို့မှာ အလွန်တရာ သေချာပိုင်နိုင်လှ

သဖြင့် ဟေးပေကျိတို့သည် သူတို့၏ ဓါးသိုင်းပညာကို သိပ်စိတ်မချတော့ပေ။ ထို့ကြောင့် တင်းကျန်းကို အရင်ပြိုင်ခိုင်းလိုက်ခြင်းဖြစ်သည်။

ရှန့်ဝန့်ထင်းက ''ဟာ ... ရပါတယ် ... ရပါတယ်။ ဟောသည်နှင်းဆီဂေဟာထဲမှာ ရှိတဲ့လူမှန်သမျှ အားလုံးရတယ်။ ကျုပ်ညီ ဖုန်းချုံးနဲ့ ဓါးသိုင်းယှဉ်ပြိုင်နိုင်တယ်။ ဒီကနောင်ကြီး တင်းကျန်းဆိုတာကလည်း နယ်နယ်ရရလူမှ မဟုတ်တာ။ လျှပ်တစ်ပြက်ဓါးလို့ နာမည်တစ်လုံး ရထားတဲ့လူပဲ။ ဓါးကွက်က သိပ်ကိုမြန်တာကိုး။ ညီလေး ဖုန်းချုံးရေ။ ဟောသည်က လျှပ်တစ်ပြက်ဓါးကို အရင်ယှဉ်လိုက်ပါဦး။ သတိတော့ထားနော်''

တင်းကျန်းအား သူ၏ ဓါးကို ပစ်ပေးလိုက်ပြီး တန်းချန်းက ပြုံးပြုံးရယ်ရယ်နှင့် ပြောလိုက်သည်။

''တင်းကျန်း ... မင်းနိုင်အောင် တိုက်နော်။ ရှုံးရင်တော့ မလွယ်ဘူး။ ဒါဏ်ခတ်တဲ့အနေနဲ့ ၃ ခွက်တိုက်မယ်''

တင်းကျန်းက ဓါးအိမ်ကို ဖမ်းကာ ဓါးကို ဆွဲထုတ်လိုက်သည်။ လင့်ဟူချုံးကလည်း သူ့ဓါးကို ဓါးအိမ်မှ ဆွဲချွတ်လိုက်ပြီး ဓါးအိမ်ကို ဘေးတွင် ချထားလိုက်သည်။ ရှန့်ဝန့်ထင်းက ရုတ်တရက် ဝင်ပြောလိုက်သည်။

''ခင်ဗျားတို့ကို တစ်ခုတော့ ပြောထားရဦးမယ်။ အခုပြိုင်တာက ဓါးသိုင်းပညာ ယှဉ်ပြိုင်ကြတာနော်။ အတွင်းအားကို ထုတ်မသုံးရဘူး''

ဟေးပေကျိက လက်ခံသည်။

''ဟုတ်တာပေါ့။ ဓါးသိုင်းပညာချင်း ဖလှယ်တာပဲ။ အတွင်းအားနဲ့မဆိုင်ဘူး။ တင်းကျန်း ... အတွင်းအားထုတ်မသုံးနဲ့''

ရှန့်ဝန့်ထင်းက ''ညီလေး ဖုန်းချုံး ... မင်းတို့ ဝါဆန်းဂိုဏ်းရဲ့ မိုးကြိုးအတွင်းအားသိုင်းက နာမည်ကြီးပဲ။ ငါတို့ ကောင်းဆန်းဂိုဏ်းရဲ့ အတွင်းအားသိုင်းကတောင် မိုးကြိုးအတွင်းအားသိုင်းကို မယှဉ်နိုင်ဘူး။ အခုဟာက ဓါးသိုင်းပညာ ဖလှယ်တာသက်သက်ဆိုတော့ မင်းရဲ့အတွင်းအားကို မထုတ်မိစေနဲ့။ အတွင်းအားထုတ်တဲ့လူ အရှုံးပဲ''

ရှန့်ဝန့်ထင်း၏စကားကို ကြားရသောအခါ လင့်ဟူချုံးမှာ ရယ်ချင်မိတော့သည်။ မိမိ၌ အတွင်းအားမရှိသည့် အချက်ကို ကြိုတင်ကာကွယ်သောအားဖြင့် စကားဖြင့် ပိတ်ထားခြင်းဖြစ်သည်။ ယခုမူ မိမိအနေဖြင့် သူတစ်ပါးက အတွင်းအားထုတ်၍ တိုက်ခိုက်လာမည့်အချက်ကို လုံးဝမကြောက်ရတော့။ ဓါးပညာချင်းသာ ယှဉ်ပြိုင်တိုက်ခိုက်ရပေတော့မည်။

ထိုအခိုက်မှာပင် တင်းကျန်းက စတင်တိုက်ခိုက်လာတော့၏။ သူ၏ဓါးသည် လင့်ဟူချုံးရှိရာသို့ လျှပ်တစ်ပြက်တိုးဝင်လာမည့်နယ် ဖြစ်တော့၏။ သို့သော် ဇကရာဇ်ကိုးကွက်ကို တတ်ကျွမ်းထားသူ လင့်ဟူချုံးမှာ တင်းကျန်း၏ ဓါးကွက်လောက်ကိုတော့ လုံးဝမဖြုံချေ။ တင်းကျန်း၏ ဓါးကွက်သည် လင့်ဟူချုံးအဖို့ ကလေးကစားစရာလောက်သာ ဖြစ်နေသည်။ မြင်းမိုရ်တောင်ကို ဆီးစေ့နှင့် ပေါက်သကဲ့သို့ပင်တည်း။ ဤ လျှပ်တစ်ပြက်ဓါးကွက်၏ အနှစ်သာရမှာ ရန်သူကို မျက်စိအမြင်မှားစေရန် ယောင်ပြဖြားယောင်းပြီးမှ တကယ်တိုက်ခိုက်သော ဓါးကွက်ဖြစ်သည်။

တင်းကျန်းက လင့်ဟူချုံး အမြင်မှားစေရန် ယောင်ပြဓါးကွက်များကို ထုတ်လိုက်သည်။ လင့်ဟူချုံးက တင်းကျန်း၏ ဟာကွက်များကို နေရာ ၃ နေရာ၌ တွေ့လိုက်ရလေပြီ။ တင်းကျန်းက သူ၏ဓါးကွက်များကိုသာ ကစားပြနေသည်။ လင့်ဟူချုံးကို မတိုက်ခိုက်သေးပေ။ နံပါတ် ၅ အကွက်သို့ ရောက်ရှိချိန်တွင် တင်းကျန်း၏ ဟာကွက် ၁၈ ကွက်ကို လင့်ဟူချုံးက တွေ့ထားပြီးလေပြီ။ ထို့ကြောင့် လင့်ဟူချုံးက သူ့လက်ထဲမှဓါးဖြင့် ရုတ်တရက် ထိုးချိန်လိုက်သည်။ ခပ်စောင်းစောင်းကလေး ထိုးချိန်လိုက်ခြင်း ဖြစ်သည်။

ထိုအချိန်တွင် တင်းကျန်း၏ ဓါးက ဘယ်ဖက်မှ ညာဖက်သို့ ဖြတ်လာခိုက်ဖြစ်သည်။ လင့်ဟူချုံး စတင်ထိုးချိန်လိုက်စဉ်က သူ၏ဓါးသည် တင်းကျန်း၏ ဓါးကိုင်သော လက်ကောက်ဝတ်နှင့် ၂ ပေကျော်မျှ ကွာနေသေးသည်။ သို့သော် တင်းကျန်းက ဘယ်ဖက်မှ ညာဖက်သို့ ဖြတ်ကူးထိုးချိန်လိုက်သောအခါ သူ၏လက်ကောက်ဝတ်က လင့်ဟူချုံး၏ ဓါးဆီ ပြေးသွားသကဲ့သို့ ဖြစ်သွားတော့၏။ လှုပ်ရှားမှုများမှာ မြန်ဆန်လှသဖြင့် ဘေးနားရှိကျန်လူအားလုံး မကယ်နိုင်တော့ပေ။ အားလုံး၏စိတ်ထဲတွင် တင်းကျန်း၏ လက်ကောက်ဝတ်တော့ ပြတ်ပြီဟုသာ တွက်လိုက်ကြသည်။

ကာယကံရှင် တင်းကျန်းကိုယ်တိုင်မှာလည်း မျက်လုံးများ ပြာဝေမတတ် ဖြစ်သွားတော့သည်။ မိမိ၏လက်က အရှိန်လွန်ပြီး ရန်သူ၏ဓါးသွားကို သွားရောက်ခုတ်ဖြတ်သကဲ့သို့ ဖြစ်ပြီး မိမိလက်ကောက်ဝတ် ပြတ်ရတော့မည်ကို သိလိုက်မိသည်။ သို့သော် သိသာသိသည်။ လက်အရှိန်ကို လုံးဝမသတ်နိုင်တော့။ ထို့ကြောင့် အားကနဲသာ အော်လိုက်မိသည်။

သို့သော် ထိုတစ်ဒင်္ဂအချိန်ကလေး အတွင်းဝယ် လင့်ဟူချုံးက သူ၏ခါးသွားကို ပြောင်းပြန်လှန်လိုက်ပြီး ခါးကိုယ်ထည် အပြားဖြင့် တင်းကျန်း၏ လက်ကောက်ဝတ်ကို အသာရိုက်လိုက်၏။

ထို့ကြောင့် တင်းကျန်း၌ မည်သည့်ဒါဏ်ရာမျှ ရရှိလိုက်ခြင်းမရှိပေ။ တင်းကျန်းမှာ မျှော်လင့်ထားသည်နှင့် ဖြစ်လာသည်က တစ်ခြားစီ ဖြစ်နေသဖြင့် ရုတ်တရက် ကြောင်တက်တက် ဖြစ်သွား၏။ ချက်ချင်းလိုလိုပင် လင့်ဟူချုံး၏ ညှာတာမှုကြောင့် သူသက်သာသွားခြင်းဖြစ်သည်ကို သတိပြုမိသွားသည်။ သို့မဟုတ်ပါက သူ့လက်ကောက်ဝတ် ပြတ်သွားပြီး ဖြစ်လောက်ပေပြီ။ တင်းကျန်း၏ တစ်ကိုယ်လုံး ဇောချွေးများ ပြန်နေတော့၏။ သူက လင့်ဟူချုံးအား ခါးကိုင်း၍ အရိုအသေပေးလိုက်သည်။

"ဆရာဖုန်းချုံး အခုလို ညှာလိုက်တာကို အများကြီး ကျေးဇူးတင်ပါတယ်"

လင့်ဟူချုံးက ပြုံး၍ "အရေးမကြီးပါဘူး။ တစ်ခါတစ်ရံ ဒီလို ဖြစ်ကြတာပဲ" ဟု ပြန်ပြောလိုက်သည်။

လင့်ဟူချုံး၏ညှာတာမှုကြောင့် သူတို့လူ လက်မပြတ်ပဲ လွတ်မြောက်သွားသည်ကို တွေ့ရသောအခါ ဟောပေကျိတို့ ၃ ယောက်မှာလည်း လင့်ဟူချုံးအပေါ် ခင်မင်စိတ် ပေါ်သွားကြသည်။ တန်းချန်းသည် အရက်ပုလင်းနှင့် ဖန်ခွက်တစ်ခွက်ကို ကောက်ယူလိုက်သည်။ ဖန်ခွက်ထဲသို့ အရက်များကို လောင်းထည့်လိုက်ပြီး လင့်ဟူချုံးအား ကမ်းပေးရင်း

"သူငယ်ချင်း ဖုန်းချုံး ... ဒီတစ်ခွက်ဟာ မင်းရဲ့ ခါးသိုင်း ကောင်းလွန်းလို့ ချီးကျူးတဲ့ သဘောနဲ့တိုက်တာပဲ။ ဂုဏ်ပြုတဲ့ အရက်ခွက်ပေါ့"

"ဒါက ကြုံကြိုက်သွားတာပါ။ ခါးသိုင်းပြိုင်ရင် ဒါမျိုးမကြာခဏ ကြုံရတတ်တာပဲ ... မဆန်းပါဘူး"

တန်းချန်းက "ကဲ ... ဒီတစ်ခါတော့ ငါတို့ ၂ ယောက် ပညာချင်း ဖလှယ်ကြရအောင်"

ပြောပြောဆိုဆိုဖြင့် တန်းချန်းသည် တင်းကျန်းထံမှခါးကို လှမ်းယူလိုက်သည်။ တိုက်ရန် အဆင်သင့်ဖြစ်လေပြီ။ လင့်ဟူချုံးက အရိုအသေ တစ်ချက်ပေးလိုက်ပြီး ခါးဖြင့် တစ်ချက် လှမ်းထိုးလိုက်သည်။

ထူးခြားဆန်းကြယ်လှသော ခါးချက်ပေတကား။

လင့်ဟူချုံး၏ခါးမှာ တစ်ဖြောင့်တည်း တိုးဝင်သွားခြင်း မဟုတ်ပေ။ ကောက်ကောက်ကွေ့ကွေ့နှင့် တောင်ယိမ်း မြောက်ယိမ်း ဝင်သွားခြင်းဖြစ်သည်။ အားမရှိပဲ ထိုးလိုက်သည့်ပုံစံပေါက်နေပြီး သိုင်းကွက်နှင့်လည်းမတူ။ မည်သည့်နေရာကို ဦးတည်ထိုးလိုက်မှန်းလည်း မသိ။ ... တန်းချန်းသည် ဤကဲ့သို့ ခါးကွက်မျိုးကို လုံးဝမျှော်လင့် မထားမိပေ။ ဤကဲ့သို့ ခါးကွက်မျိုး ရုတ်တရက် ဝင်လာသောအခါ ကြောင်သွားတော့၏။ ဝါဆန်းဂိုဏ်းတွင် ဤကဲ့သို့ ပုံပျက်ပန်းပျက် ခါးကွက်မျိုး ရှိလိမ့်မည်ဟု ထင်မှတ်မထားမိခဲ့ချေ။

အမှန်စင်စစ် လင့်ဟူချုံးသည် ဧကရာဇ်ကိုးကွက် ခါးသိုင်းပညာကို တတ်ကျွမ်းထားပြီး ဖြစ်၍ သူ့ခါးကွက်များသည် မည်သည့်အရာမဆို ဖြစ်နိုင်သည်။ မည်သည့်ပုံစံမဆို ဖြစ်နိုင်သည်။ သူ့အနေဖြင့် ဤခါးသိုင်းကွက်ကို အသုံးပြုရမည်ဟူ၍ မရှိတော့။ မည်သို့သောခါးသိုင်းကွက်ကိုမဆို သူ့စိတ်ကြိုက် စေလိုရာစေ အသုံးပြုနိုင်သည်။

တန်းချန်းမှာ တစ်ချက်မျှ ကြောင်သွားပြီး လင့်ဟူချုံး၏ခါးကွက်ကို မည်သို့ ရှောင်တိမ်းကာကွယ်ရမည်မှန်း မသိတော့သဖြင့် နောက်သို့ ခုန်ဆုတ်လိုက်ရတော့၏။

စောစောက တင်းကျန်းကို လင့်ဟူချုံးက တစ်ကွက်တည်းဖြင့် အနိုင်ယူခဲ့စဉ်က ဟောပေကျိတို့၏ စိတ်ထဲတွင် သာမန် ချီးကျူးခြင်းသာ ဖြစ်လိုက်သည်။ အံ့ဩတုန်လှုပ်ခြင်း မဖြစ်မိကြပေ။ သို့သော် ယခုအခါတွင်လည်း လင့်ဟူချုံးက ခါးကွက်တစ်ကွက်တည်းဖြင့် တန်းချန်းကို နောက်သို့ ၂ လှမ်းမျှ ဆုတ်စေသည်ကို တွေ့လိုက်ရပြန်သောအခါ သူတို့အားလုံး တုန်လှုပ်သွားကြတော့၏။

တန်းချန်းသည် အခြေအနေအရ နောက်သို့ ၂ လှမ်းဆုတ်လိုက်ရသော်လည်း ချက်ချင်းပင် ရှေ့သို့ ပြန်တက်၍ တိုက်ခိုက်လိုက်သည်။ သို့ရာတွင် လင့်ဟူချုံး၏ခါးသည် သူ၏ပုခုံးသို့ ခပ်စောင်းစောင်း တိုးဝင်လာပြန်၏။ တန်းချန်းက လင့်ဟူချုံး၏ခါးကို သူ့ခါးဖြင့် အပေါ်သို့မြှောက်တင်ရန် ကြံရွယ်လိုက်သည်။ သို့သော် မိမိခါးကို မြှောက်လိုက်သည်နှင့် နံကြား၌ ဟာကွက်ဖြစ်သွားပြီး လင့်ဟူချုံး၏ခါးက ရုတ်ကနဲ တိုးဝင်လာပါက မိမိအနေဖြင့် မည်သို့မျှ ရှောင်တိမ်းကာကွယ်နိုင်မည် မဟုတ်တော့ချေ။ ထို့ကြောင့် ကမန်းကတန်းနှင့် မြေကြီးကို တစ်ချက်ဆောင့်ကာ ချက်ချင်း နောက်ပြန်ခုန်ဆုတ် လိုက်ရပြန်တော့၏။

တန်းချန်း၏ နှုတ်မှ "ဟာ ... တယ်ကောင်းတဲ့ ခါးသိုင်းပါလား" ဟု ချီးကျူးလိုက်သည်။ သူသည်နောက်ပြန်ခုန်၍ မြေပေါ်ရောက်ပြီးသည်နှင့် ချက်ချင်း ရှေ့သို့ ခုန်အုပ်လိုက်ပြန်သည်။ သည်တစ်ကြိမ်တွင်မူ သူ၏ခါးချက်မှာ အလွန်

တရာ ပြင်းထန်လှတော့၏။

မည်သို့ပင်ဖြစ်စေ လင့်ဟူချုံးအဖို့ ဟာကွက်တစ်ကွက် တွေ့မြင်ပြီးလေပြီ။ တန်းချန်း၏ ညာလက် တံတောင်ဆစ်ကွေး၌ ဟာကွက်ဖြစ်နေသည်ကို တွေ့ရသည်။ လင့်ဟူချုံးက တန်းချန်း၏ ညာလက်တံတောင်ဆစ်ကွေကို ခုတ်ထည့်လိုက်သည်။ အကယ်၍သာ တန်းချန်းက သူ၏ဓါးကွက်ကို မပြောင်းလဲပဲ ဆက်လက်၍ ခုန်ဝင်ကာ မိုးခုတ်လိုက်ပါက သူ၏ တံတောင်ဆစ်ကွေးမှာ မုချ ခုတ်ဖြတ်ခံရပေမည်။ လက်ပြတ်သွားလျှင် ဓါးလည်း လွတ်ကျသွားမည်ဖြစ်ပြီး လင့်ဟူချုံးကို မည်သို့မျှ ထိခိုက်အောင် တိုက်ခိုက်နိုင်တော့မည် မဟုတ်ချေ။

တန်းချန်းကလည်း ထိုအချက်ကို ကောင်းစွာမြင်သည်။ ထို့ကြောင့် သူ့ဓါးက လင့်ဟူချုံးကိုမတိုက်ခိုက်တော့ပဲ ကြမ်းပြင်အောက်သို့ ထိုးစိုက်လိုက်ပြီး ခြေထောက်အားဖြင့် နောက်ကျွမ်းထိုး ခုန်ထွက်လိုက်ရပြန်သည်။ ဤသို့ အချိန်မီ ခုန်ထွက်နိုင်ခြင်းကပင် တန်းချန်းသည် ထိပ်သီးသိုင်းသမားတစ်ယောက်ဖြစ်ကြောင်း သက်သေပြလိုက်ခြင်းပင် ဖြစ်သည်။ ဤသို့မဟုတ်ပါက ထိုဓါးကွက်အတွင်းမှ ပြန်ရှောင်ထွက်နိုင်လိမ့်မည် မဟုတ်ပေ။

ကြမ်းပြင်ပေါ်သို့ သူ့ခြေထောက်များ ပြန်ကျသောအခါ ကျောဖက်နံရံမှာ သူ၏ကျောနှင့် ၃ လက်မခန့်သာ ကွာဝေးတော့သည်ကို တွေ့လိုက်ရတော့၏။ တန်းချန်းရင်ထဲ၌ ထိတ်ကနဲ ဖြစ်သွားမိတော့သည်။ အကယ်၍သာ အနည်းငယ်ပို၍ အားထုတ်ပြီး နောက်ကျွမ်းပစ်ထွက်မိခဲ့ပါလျှင် မိမိမှာ နံရံနှင့်တိုက်မိပြီး လူအများရှေ့၌ ပုံပျက်ပန်းပျက် ဖြစ်ရပေတော့မည်။ ကံကောင်းထောက်မ၍ အထိအခိုက်မရှိ ခုန်ရှောင်နိုင်ခဲ့ရပေသည်။ ထို့ကြောင့် သူ့မျက်နှာ၌ ရှက်သွေးတက်လာပြီး ရဲကနဲ ဖြစ်သွားတော့၏။ သို့သော် ပွင့်ပွင့်လင်းလင်း သမားပီပီ တန်းချန်းက လက်မကို ထောင်ပြ၍

"ကံကောင်းလို့ ပုံမပျက်တယ်။ ဓါးသိုင်းကတော့ တကယ့်ကို ရှာမှရှားတဲ့ ဓါးသိုင်းပဲ" ဟု ပြောလိုက်၏။

စကားဆုံးသည်နှင့် ချက်ချင်းပင် တိုက်စစ်ဆင်ပြန်သည်။ တန်းချန်းအဖို့ အခက်ခဲ အကျပ်တည်းဆုံး တိုက်ပွဲနှင့် ကြုံတွေ့နေခဲ့ရသည်။ ပထမတစ်ကြိမ် လင့်ဟူချုံး၏ဓါးချက်တစ်ချက် ဝင်လာပြီးသည့်အချိန်မှစ၍ သူကချည်း မရှုမလှ ဆုတ်ခွာနေခဲ့ရသည်။ သူ၏တိုက်စစ်သည် တစ်ကြိမ်တစ်ခါမျှ အရာမရောက်ခဲ့ပေ။ ယခုတစ်ကြိမ် တိုက်စစ်တွင်တော့ ဓါးကို တစ်ချက် ဝှေ့ယမ်းလိုက်ပြီး ဓါးကွက် ၃ ကွက် ထုတ်သုံးလိုက်သည်။

လင့်ဟူချုံးကမူ သူ၏ဓါးကို တန်းချန်း၏ဓါးနှင့် ပူးကပ်လိုက်သည်။ ထို့နောက် တန်းချန်း၏ဓါးပြားအတိုင်း အပြားလိုက် ရှေ့သို့ ဆွဲချလိုက်တော့၏။ တန်းချန်းမှာ ထိတ်ကနဲ ဖြစ်သွားတော့သည်။ အဘယ်ကြောင့်ဆိုသော် မိမိ၏ ဓါးပြားအတိုင်း ဆွဲချလိုက်သော လင့်ဟူချုံး၏ဓါးသည် တန်းချန်း၏လက်ချောင်းများကို ဖြတ်ချတော့မည်ကဲ့သို့ လျှောဆင်းလာနေသောကြောင့် ပေတည်း။ အကယ်၍ မိမိ၏ဓါးကို လုံးဝမရုပ်သိမ်းနိုင်လျှင် မိမိ၏လက်ချောင်းများမှာ မုချအဖြတ်ခံရပေလိမ့်မည်။ ဤအန္တရာယ်ကြီးကို တွေ့လိုက်ရသောအခါ တန်းချန်းမှာ တစ်ချက်အော်ဟစ်လိုက်ပြီး ချက်ချင်း နောက်သို့ ခုန်ဆုတ်ရပြန်တော့သည်။

တန်းချန်းမှာ တိုက်စစ်မဆင်နိုင်ပဲ အကြိမ်ကြိမ် ခုန်ဆုတ်နေရသည့်အတွက် မခံချိမခံသာ ဖြစ်လာတော့သည်။ တန်းချန်းက သူ၏ဓါးကို စက်ဝိုင်းပုံသဏ္ဍာန် ဝှေ့ယမ်းကာ လင့်ဟူချုံးထံသို့ တစ်လှမ်းချင်း ချဉ်းကပ်လာတော့၏။ သူ့အနေဖြင့် စဉ်းစားလိုက်ပြီး ဤနည်းဖြင့်သာ သူ့ကိုယ်သူ အလုံခြုံဆုံး ကာကွယ်နိုင်ပြီး လင့်ဟူချုံးကိုလည်း တိုက်ခိုက်နိုင်လိမ့်မည်ဟု မှတ်ထင်လာခြင်းဖြစ်ပေသည်။ တန်းချန်း ဝှေ့ယမ်းထုတ်လွှင့်လိုက်သည့် ဓါးစက်ဝန်းမှာ မည်မျှ ပြင်းထန်သနည်းဟူမူ အဖြူရောင်စက်ဝိုင်းများ တစ်ကွင်းပြီးတစ်ကွင်း ထွက်လျက်ရှိခြင်းက သက်သေပြနေတော့၏။ ထိုစက်ဝိုင်းကွင်းများသည် လင့်ဟူချုံးနားသို့ တစ်ဖြည်းဖြည်း နီးကပ်လာ၏။ ဓါးစက်ဝိုင်းနှင့်အတူ တဝှီးဝှီးသော လေတိုးသံများကိုလည်း ကြားနေရသည်။

ဘေးမှ ရပ်ကြည့်နေသူအားလုံးသည် ဓါးသိုင်းပညာအရာ၌ အလွန်တရာ ထက်မြက်ကြသည့် ထိပ်သီးသိုင်းသမားများသာ ဖြစ်ကြရာ အားလုံးက တန်းချန်း၏ဓါးကွက်သည် ခုခံတိုက်ဖျက်ရန် အလွန်ခက်ခဲလှကြောင်း ကောင်းစွာ နားလည်လိုက်ကြသည်။ ထိုသို့ နားလည်လိုက်မိသည်နှင့်အတူ လင့်ဟူချုံးက မည်သည့်အကွက်ကိုသုံး၍ ဤဓါးကွက်ကို တိုက်ဖျက်လိုက်မည်ကို အာသာဆန္ဒ ကြီးမားစွာဖြင့် စောင့်ကြည့်နေမိကြသည်။

ရှန့်ဝန့်ထင်းအဖို့မူကား လင့်ဟူချုံး၏ ဓါးသိုင်းပညာကို ကောင်းစွာ စိတ်ချယုံကြည်ပြီးဖြစ်သဖြင့် ထိုဓါးကွက်ကို လင့်ဟူချုံး လွယ်လွယ်ကူကူ ဖျက်ပစ်နိုင်မည်ဟု စိတ်တွင်းမှသိနေမိသည်။ သို့သော် မည်သည့်အကွက်ဖြင့် ဖျက်ပစ်မည်ကိုမူ သူ့အနေဖြင့် တပ်အပ်သေချာ မသိချေ။ ထို့ကြောင့် လင့်ဟူချုံး ထုတ်သုံးမည့်အကွက်ကို မျက်တောင်မခတ်ပဲ စူးစိုက်ကြည့်နေမိ၏။ ဟေးပေကျိ အစရှိသည့် နှင်းဆီဂေဟာမှ လူများကမူ သူတို့ညီလေး၏ဓါးကွက်ကို အလွန်အားရနေကြ

သည်။ ယခုအခြေအနေအရ ဤဓါးကွက်ကသာ လင့်ဟူချိုးကိုတိုက်ခိုက်ရန် အသင့်လျော်ဆုံးဖြစ်သည်ဟု သဘောပိုက်ကြ၏။

သို့သော် လင့်ဟူချိုးသည် သူ၏ဓါးကို အဖြူရောင်ဓါးစက်ဝိုင်း၏ အလယ်ဗဟိုသို့ ထိုးစိုက်လိုက်တော့၏။ ထိုအလယ်ဗဟိုကား တန်းချန်းဓါးကွက်၏ အားအပျော့ဆုံးနေရာပင်တည်း။ တန်းချန်းမှာ အော်ဟစ်လိုက်ပြီး ရုတ်တရက် နောက်ဖက်သို့ ခုန်ဆုတ်လိုက်ရပြန်တော့၏။ သို့သော် သည်တစ်ကြိမ်ခုန်ဆုတ်လိုက်ရာတွင် အားအရှိန်များသွားသဖြင့် နောက်ဖက်ရှိ ကျားထိုးသောစားပွဲနှင့် ဝုန်းကနဲတိုက်မိသွားပြီး ကျားကွက်များ၊ ကျားကောင်များ၊ အရက်ပုလင်းများ၊ အရက်ဖန်ခွက်များ အားလုံး မှောက်ကျ လဲပြိုကုန်တော့သည်။

တန်းချန်းက လူးလဲထရင်း တဟားဟား ရယ်မောနေတော့သည်။ အားရပါးရရယ်ပြီးမှ ... "ကောင်းတယ် ... ကောင်းတယ်။ မင်းရဲ့ ဓါးသိုင်းက ငါ့ထက် အများကြီး ပိုကောင်းနေတယ်" ... ဟု ပြောလိုက်လေတော့၏။

× × × × × × ×

## ပြိုင်စံရှားခါးသိုင်း

ဟေးပေကျိုနှင့် ခေါ့ပိအုန်းတို့ ၂ ယောက်မှာ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်မိကြတော့၏။ သူတို့၏မျက်နှာ၌ စိုးရွံ့မှုများ ယှက်သမ်းလျက် ရှိနေချေပြီ။ သူတို့ညီလေး တန်းချန်း၏ ခါးသိုင်းပညာမှာ အလွန်မြင့်မားကြောင်း သူတို့ ၂ ယောက် ကောင်းစွာသိထားကြ၏။ တန်းချန်းသည် ၁၆ ကွက်တိတိ တိုက်ခိုက်ခဲ့သော်လည်း လင့်ဟူချုံးသည် သူ၏ခြေထောက်များကို တစ်လှမ်းမျှမရွှေ့ခဲ့ပေ။ ခြေတစ်လှမ်းမျှမရွှေ့ပဲနှင့် တန်းချန်း အရှုံးပေးသွားအောင် တိုက်ခိုက်ပြခဲ့သည်။ လင့်ဟူချုံး၏ခါးသိုင်းပညာမှာ အမှန်တကယ် ကြောက်စရာကောင်းလောက်အောင် မြင့်မားနေလေပြီ။

တန်းချန်းကမူ လင့်ဟူချုံးအား အရှုံးပေးလိုက်သော်လည်း တစ်ချက်မျှ မျက်နှာညှိုးငယ်ခြင်း မရှိပေ။ ပြုံးပြုံးရယ်ရယ်နှင့်ပင် ရှိနေသည်။ သူက အရက် ၃ ခွက်ကို ယူလိုက်ပြီး လင့်ဟူချုံးအား ကမ်းပေးလိုက်ပြီးနောက်

"ညီလေး ဖုန်းချုံး … တောင်ပိုင်း ရဲလေးဖော်ထဲမှာ ငါ့သိုင်းပညာကအညံ့ဆုံးပဲ။ ငါအရှုံးပေးလိုက်ရပေမယ့် ငါ့ရဲ့အစ်ကို နံပါတ် ၃ က အရှုံးပေးမှာ မဟုတ်ဘူး။ သူက မင်းနဲ့ပြိုင်မှာပဲ။ ငါ့ကို နိုင်တာလောက်တော့ လွယ်လွယ်ကူကူနိုင်မှာ မဟုတ်ဘူးဟေ့ ညီလေး ဖုန်းချုံး"

လင့်ဟူချုံးက "ဟာ … ဆရာကြီးက ဘယ်မှာ ရှုံးသေးလို့လဲ။ မရှုံးသေးပါဘူး။ ကျွန်တော်က ဆရာကြီးကို ထိထိမိမိ ဘယ်မှာ တိုက်နိုင်သေးလို့လဲ"

တန်းချန်းက တဟားဟား ရယ်ရင်း ပြောလိုက်သည်။

"ညီလေး ဖုန်းချုံး … မင်းက တယ်ပြီး စိတ်သဘောထားပြည့်ဝပါလား။ ပထမ တစ်ကွက်တည်းက ငါရှုံးနေပါပြီ။ ကျန်တဲ့နောက် ၁၅ ကွက်က အလကားပဲ၊ ငါက တစ်ကွက်တည်းနဲ့ အရှုံးပေးရတာကို မခံချင်လို့ ထပ်ထပ်ပြိုင်နေတာပါကွ။ တကယ်တော့ ယောကျ်ားမပီသတဲ့သဘောပေါ့ကွာ။ ဝန်မခံချင်တဲ့ သဘောပေါ့။ … ဟား ဟား ဟား"

တန်းချန်းသည် ပွင့်လင်းသူဖြစ်သည့်အတိုင်း အမှန်တရားကို ဟောဟောဒိုင်းဒိုင်း ပြောချလိုက်သည်။ လင့်ဟူချုံးကပင် တန်းချန်း၏စိတ်ဓါတ်ကို လေးစားသွားမိ၏။ ထိုစဉ် ခေါ့ပိအုန်းက

"စီးလင့် … ငါ့ရဲ့ သံမဏိစုတ်တံကို ယူလာပေးပါလား"

စီးလင့်သည် သူ့သခင်၏အမိန့်အတိုင်း ဆောင်ရွက်ရန် အခန်းတွင်းမှ ထွက်သွားလိုက်၏။ ခဏကြာသောအခါ သူပြန်ဝင်လာပြီး ခေါ့ပိအုန်းအား တစ်စုံတစ်ခုပေးလိုက်ကြောင်း တွေ့ရသည်။ လင့်ဟူချုံးက အသေအချာ ကြည့်လိုက်သောအခါ အရောင်တလက်လက်တောက်နေသော သံမဏိစုတ်တံချွန်တစ်ချောင်း ဖြစ်နေကြောင်းတွေ့လိုက်ရသည်။ ခေါ့ပိအုန်းက စုတ်တံကို ကိုင်ပြီး

"မင်းနဲ့မတိုက်ခင် နည်းနည်းတော့ ရှင်းပြရဦးမယ်။ ငါ့ရဲ့ ဒီသိုင်းကွက်က အရမ်းမဲ့ထွင်ထားတဲ့ သိုင်းကွက် မဟုတ်ဘူး။ 'စစ်ချီသံ' လို့ခေါ်တဲ့ ကဗျာထဲက စာလုံးတွေနဲ့ ထွင်ထားတဲ့ သိုင်းကွက်ပဲ။ အားလုံးပေါင်း စာလုံး ၃၆ လုံးရှိတယ်။ အကွက်ပေါင်း ၁၀၈ ကွက်တိတိ ရှိတယ်"

လင့်ဟူချုံးက ပါးစပ်မှ "ဟုတ်ကဲ့" ဟု အလိုက်သင့်အလျားသင့် ပြောလိုက်သော်လည်း စိတ်တွင်းမှမူ

"ခင်ဗျားဟာခင်ဗျား ... ကဗျာမကလို့ ဘာကြီးပဲဖြစ်နေဖြစ်နေ၊ ကျုပ်ကတော့ ဘာမှ နားမလည်ဘူး" ဟု ပြောလိုက်မိသည်။

ထိုအခိုက် ခေါ့ပိအုန်းက စုတ်တံဖြင့် စတင်၍ ၃ ချက်ဆွဲကာ တိုက်ခိုက်လိုက်၏။ ဤသည်မှာ ကဗျာပထမစာလုံး၏ အစဖြစ်သည်။ သူ၏လက်ကို အပေါ်သို့ မြှောက်လိုက်ပြီးမှ အောက်သို့ဆွဲချဟန် ပြုလိုက်သည်။ စုတ်တံဖြင့် ပထမ ၃ ချက် ဆွဲလိုက်ခြင်းမှာ ဟန်ပြတိုက်ကွက်သာဖြစ်ပြီး နောက်ဆုံး အောက်သို့ဆွဲချလိုက်သော အကွက်သည်သာလျှင် တိုက်ကွက်အစစ်ဖြစ်ပေသည်။ လင့်ဟူချုံးက ဟန်ပြကွက်များကို မည်သို့မျှမလှုပ်ရှားပဲ ရပ်ကြည့်နေခဲ့သော်လည်း တကယ့်တိုက်ကွက် စတင်ရန် ခေါ့ပိအုန်းက ပြင်ဆင်လိုက်သည့်အခါတွင်မူ လုံးဝ စတိုက်ခွင့်မပေးပဲ သူကရုတ်တရက် ကြားဖြတ်ပြီး ခေါ့ပိအုန်း၏ ညာလက်ကို ထိုးလိုက်လေတော့၏။

ခေါ့ပိအုန်းမှာ တိုက်စစ်မဆင်နိုင်တော့ပဲ သူ၏သံမဏိစုတ်တံကို ပြန်ဆွဲကာ ဓါးကိုခုခံလိုက်ရတော့၏။ သို့သော် လင့်ဟူချုံး၏ဓါးမှာ ဟန်ပြကွက်သက်သက်သာ ဖြစ်၍ သူ၏ဓါးကို ချက်ချင်းရုပ်သိမ်းလိုက်၏။ သံမဏိစုတ်တံနှင့် ဓါးတို့ ရိုက်ခတ်ခြင်း မရှိတော့ချေ။ စစချင်းမှာပင် ခေါ့ပိအုန်း၏ပထမစာလုံးကို လင့်ဟူချုံးက တစ်ဝက်မှ ဖြတ်ပစ် လိုက်ချေပြီ။ ခေါ့ပိအုန်းမှာ လမ်းခုလတ်၌ပင် သူ၏အစီအစဉ် ပျက်သွားရတော့၏။ သူက ဒုတိယစုတ်တံကွက်ကို ထုတ်ပြန်တော့သည်။

ခေါ့ပိအုန်း၏ ဒုတိယစုတ်တံကွက်ကိုထုတ်ကတည်းက ဟာကွက်ကို တွေ့လိုက်တော့၏။ ချက်ချင်းလိုလိုပင် သူ၏ ဟာကွက်ကို လင့်ဟူချုံးက ထိုးချိန်လိုက်သည်။ ထိုအခါ ခေါ့ပိအုန်းမှာ တစ်ကွက်လုံးကုန်အောင် မကစားနိုင်တော့ပဲ တစ်ဝက်သာ ကစားလိုက်ရပြီး သူ၏သံမဏိစုတ်တံဖြင့် ဓါးကို ပြန်လည်ခုခံနေရပြန်တော့သည်။ သို့သော် လင့်ဟူချုံးက သူ၏ဓါးကို အသာပြန်ဆုတ်လိုက်ပြီးလေပြီ။ ခေါ့ပိအုန်းမှာ ပွဲစကတည်းက မိမိအလွန်ကြိုက်နှစ်သက်သော စုတ်တံရေးဟန် တိုက်ခိုက်နည်း ၂ ကွက်မှာ တစ်ဝက်သာ ကစားရပြီး အပြင်းအထန် ပြန်လည်ခုခံနေရသဖြင့် လွန်စွာ အခံရခက်နေတော့သည်။

ပန်းချီဆရာတစ်ယောက်သည် ပန်းချီဗျာန်ဝင်လျက် ပုံတစ်ပုံကိုရေးဆွဲနေစဉ် ကလေးတစ်ယောက်က မိမိလက်မှ စုတ်တံကို ဆော့ကစားရန် ဆွဲယူလိုက်သောအခါ ပန်းချီကို ဆက်လက်မဆွဲနိုင်တော့ပဲ ကသိကအောက်ဖြစ်သွားရသကဲ့သို့ ခေါ့ပိအုန်းမှာလည်း မိမိ၏တိုက်ကွက်ကို စိတ်လွတ်ကိုယ်လွတ် မကစားနိုင်တော့သဖြင့် စိတ်ထဲ၌ ကသိကအောက် ဖြစ်နေရတော့၏။ ခေါ့ပိအုန်း၏ စိတ်ထဲမှ

"ငါနည်းနည်းမှားသွားတယ်။ ဒီစုတ်တံရေးဟန်တိုက်ကွက်နဲ့ ကဗျာနာမည်ကို ပြောပြလိုက်လို့ ဒီကောင် သဘောပေါက်သွားပြီး ငါ့ရဲ့စာလုံးကို တစ်ဝက်ဖြတ်ပြီး တိုက်ခိုက်နိုင်သွားတာကိုး။ မဖြစ်ဘူး။ ငါ့ရဲ့ အစီအစဉ်ကို ပြောင်းလိုက်မယ်။ ဒီကောင် ဘယ်လိုတိုက်မလဲဆိုတာ ကြည့်ကြသေးတာပေါ့" ဟု တွေးလိုက်၏။

သူက ကဗျာစာလုံးများကို အစီအစဉ်အတိုင်းမဟုတ်တော့ပဲ အခြေအနေကိုလိုက်၍ လှည့်ပတ်တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။ ဤအချက်တွင် ခေါ့ပိအုန်း၏အယူအဆ မှားယွင်းလျက်ရှိနေချေသည်။ အမှန်စင်စစ် လင့်ဟူချုံးက သူပြောပြသည့် စကားများကို လုံးဝနားမလည်ချေ။ လင့်ဟူချုံးမှာ ဇကရာဇ်ကိုးကွက် ဓါးသိုင်းပညာကို တတ်ထားသဖြင့် မည်သည့်သိုင်းကွက်မဆို တွေ့လိုက်သည်နှင့် ထိုသိုင်းကွက်၏ ဟာကွက်ပျော့ကွက်များကို ချက်ချင်းမြင်တွေ့ပြီး ပြန်လည် တိုက်ခိုက်နေခြင်းသာဖြစ်သည်။ ယခုလည်း ခေါ့ပိအုန်းက တစ်ချက်တိုက်ရန် ဟန်ပြလိုက်သည်နှင့် လင့်ဟူချုံးက ဓါးနှင့် ခေါ့ပိအုန်း၏ဟာကွက်ဖြစ်သော နံကြားသို့ ထိုးချိန်လိုက်တော့၏။

ထို့ကြောင့် ခေါ့ပိအုန်းမှာ အစီအစဉ်ပြောင်း၍ တိုက်ခိုက်သည့် ဤအကွက်တွင်လည်း သိုင်းကွက်တစ်ဝက်ခန့်သာ ထုတ်၍ ကစားခွင့်ရလိုက်သည်။ ချက်ချင်းပြန်ရုပ်သိမ်းကာ လင့်ဟူချုံး၏ဓါးကို ခုခံလိုက်ရပြန်တော့၏။ သို့သော် လင့်ဟူချုံး၏ဓါးမှာ ဟန်ပြဓါးကွက်သာဖြစ်၍ ပြန်လည်ရုပ်သိမ်းသွားပြန်သည်။ ခေါ့ပိအုန်းက တစ်ချက်မျှ မာန်သွင်း အော်ဟစ်လိုက်ပြီး အားကုန်ထုတ်ကာ တိုက်ခိုက်တော့သည်။ သို့သော် သူ့ခမျာ တိုက်ကွက်တိုင်း တစ်ဝက်မျှသာ ထုတ်ကစားနိုင်ပြီး သူ၏စုတ်တံကို ပြန်၍ရုပ်သိမ်းသွားရသည်ချည်းသာ ဖြစ်နေတော့၏။ လင့်ဟူချုံး၏ တိုက်ကွက်ကို ပြန်၍ ပြန်၍ ခုခံနေရတော့သည်။

ခေါ့ပိအုန်းက တဖြည်းဖြည်း ဒေါသထွက်လာပြီး နောက်ဆုံးတွင် ရုတ်တရက်အော်ဟစ်လိုက်သည်။

"တော်ပြီ ... ငါ မတိုက်တော့ဘူး"

ပြောပြောဆိုဆိုနှင့် သူကခုန်ထွက်လိုက်သည်။ ပြီးနောက် သူ၏စုတ်တံဖြင့် အခန်းနံရံတွင် စောစောက သူအသုံးပြုခဲ့

သည့် 'စစ်ချီသံ' ကဗျာကို အားရပါးရ ရေးချလိုက်လေတော့၏။ ရေးခြစ်ပြီးသောအခါ သက်ပြင်းရှည်ကြီးတစ်ချက် ချလိုက်သည်။ ပြီးနောက် တဟားဟားရယ်လိုက်သည်။ နံရံပေါ်၌ သူရေးလိုက်သည့်စာလုံးများကို အသေအချာ အရသာခံကြည့်နေလိုက်သေးသည်။ တစ်ခါ ထပ်မံအော်ပြန်သည်။

"ကောင်းတယ် … ကောင်းတယ် … သိပ်ကောင်းတယ်။ ငါ့ရဲ့ရေးဟန်ထဲမှာ ဒီတစ်ခါရေးဟန်က အကောင်းဆုံးပဲကွ"

လင့်ဟူချုံးကတော့ မည်သို့မျှနားမလည်ပဲ ခေါ့ပိအုန်းကိုသာ ငေးကြည့်နေမိသည်။ ခေါ့ပိအုန်းက လင့်ဟူချုံးဖက်သို့ လှည့်ကာ

"ညီလေး … မင်းအတွက်ကြောင့် ငါ အကောင်းဆုံးရေးဟန်ကို ထွင်လိုက်နိုင်တာကွ။ ကြည့်စမ်း … လက်ရာဘယ်လောက်ကောင်းသလဲ။ မင်းနဲ့ ငါနဲ့ တိုက်ခိုက်တော့ ငါ့မှာ တစ်ကွက်မှ ကောင်းကောင်းမထုတ်နိုင်ခဲ့ဘူး။ ဒါကြောင့်မို့ ငါ့ရင်ထဲမှာ တင်းတင်းကျပ်ကျပ်ကြီး ခံစားနေရတာပေါ့။ အခုမှပဲ အားလုံး ပေါက်ထွက်လာတော့တယ်။ အခုတော့ ရင်ကျပ်တဲ့ ဝေဒနာလည်း သက်သာသွားပါပြီ။ မင်းက ဓါးသိုင်းကောင်းတယ်။ ငါက စုတ်တံရေးဟန်ကောင်းတယ်။ ဘယ်သူမှ အရှုံးအနိုင် မရှိဘူး"

ရှန့်ဝန့်ထင်းက ဝင်၍ ပြောလိုက်သည်။

"ဟုတ်တယ်။ အရှုံးအနိုင် မရှိဘူး"

ရှန့်ဝန့်ထင်းသည် လူတို့၏စိတ်သဘောထားကို လွန်စွာနားလည်လှသည့် ပါးနပ်လှသော လူကြီးတစ်ဦးပင်ဖြစ်သည်။ ရှုံးသွားသူ ခံသာအောင် ကြားမှဖြန်ဖြေဝင်ပြောခြင်း ဖြစ်သည်။ အမှန်စင်စစ် ခေါ့ပိအုန်းသည် လင့်ဟူချုံးအား ရှုံးနိမ့်ပြီးခဲ့လေပြီ။

ရှန့်ဝန့်ထင်းက ကြားထဲမှ မည်မျှ ဖြန်ဖြေနှစ်သိမ့်သည်ဖြစ်စေကာမူ ဟေးပေကျိက အမှန်တရားကို ကောင်းစွာ သိမြင်နိုင်သည်။ အရှုံးကို ကောင်းစွာလက်ခံနိုင်သည်။ ဟေးပေကျိက ရှန့်ဝန့်ထင်းအား "ကျုပ်ညီလေး ခေါ့ပိအုန်း ရှုံးတယ်။ ခင်ဗျားက ကျုပ်ညီလေးကို ခံသာအောင်နှစ်သိမ့်တဲ့အတွက် ကျေးဇူးတင်ပါတယ် … ကဲ … ကျုပ် ပြိုင်ရတော့မှာပေါ့"

ပြောပြောဆိုဆိုနှင့် ဟေးပေကျိက ကျောက်စားပွဲပေါ်မှ သံကျားဗန်းကို ဆွဲယူလိုက်သည်။ သူက ကျားဗန်းကို ကိုင်ရင်း လင့်ဟူချုံးအား လှမ်းပြောလိုက်သည်။

"မိတ်ဆွေ ဖုန်းချုံး … ဒါက ငါ့ရဲ့ လက်နက်ပဲ"

ရှန့်ဝန့်ထင်းက ရယ်မောရင်း ပြောလိုက်သည်။

"ဆရာကြီးရဲ့လက်နက်ဖြစ်တဲ့ ကျားဗန်းဟာ အတော်ကလေး ထက်ထက်မြက်မြက်ရှိတယ်လို့ ကြားဖူးထားတယ်။ နောက်ပြီးတော့ ထူးခြားဆန်းကြယ်မှုတစ်ခုလည်း ရှိတယ်တဲ့။ ဆရာကြီးက ဒီကျားဗန်းနဲ့ လျို့ဝှက်လက်နက်တွေကို သိမ်းယူနိုင်တယ်ဆိုတာ တကယ်လား"

ဟေးပေကျိက ရှန့်ဝန့်ထင်းကို စိုက်ကြည့်လိုက်သည်။ သူ့အကြည့်သည် ရှန့်ဝန့်ထင်း၏ တစ်ကိုယ်လုံးကို ထွင်းဖောက် သွားတော့မလို ထင်မှတ်ရပေသည်။

"နောင်ကြီး ထင်းဝန့် … နောင်ကြီးဟာ တကယ့်ကို အကြားအမြင်များတဲ့ ပုဂ္ဂိုလ်ပါပဲ။ ချီးကျူးပါတယ်။ အမှန်တကယ်ကတော့ ကျုပ်ရဲ့ကျားဗန်းမှာ ဘာမှထူးခြားဆန်းကြယ်မှု မရှိပါဘူး။ ဒါပေမယ့် သံလိုက်ဓါတ်လေးရှိနေတော့ ရန်သူရဲ့ လျှို့ဝှက်လက်နက်တွေနဲ့ သံလက်နက်မှန်သမျှကို ဆွဲဆောင်နိုင်တာပေါ့လေ။ ဒါကို ထူးခြားချက်လို့ ခေါ်မယ်ဆိုရင်လည်း ခေါ်ပေါ့လေ"

ရှန့်ဝန့်ထင်းက "သြော် … ဒီလိုလား … ဒါဆိုရင်တော့ သိပ်အဆန်းတကြယ်ကြီး မဟုတ်လှပါဘူးလေ"

ထိုစကားများကို ကြားလိုက်သော လင့်ဟူချုံးမှာ ကြိတ်၍ သက်ပြင်းချလိုက်သည်။ သူ့စိတ်ထဲတွင်

"အင်း … တော်ပါသေးရဲ့ … အစ်ကိုကြီး ရှန့်ဝန့်ထင်းက ဘေးကနေ စကားနဲ့ဝင်ထောက်ပြပေးပေလို့။ နို့မဟုတ်ရင် ငါ့ဓါးကို သူ့ကျားဗန်းနဲ့ ဆွဲထားလိုက်ရင် ဘာတစ်ကွက်မှတောင် ထုတ်နိုင်မှာမဟုတ်ဘူး။ တစ်ချက်တည်းနဲ့ ငါ ရှုံးသွားတော့မှာပဲ။ အခုအတိုင်းသာဆိုရင် ငါ့ဓါးကို သူ့ကျားဗန်းနဲ့ ထိလို့ မဖြစ်တော့ဘူး" ဟု တွေးလိုက်မိ၏။

ထိုစဉ် ဟေးပေကျိက "မိတ်ဆွေ ဖုန်းချုံး … ဘယ့်နှယ်လဲ … တိုက်တော့မလား"

လင့်ဟူချုံးက ဟေးပေကျို၏လည်မျိုကို ဓါးဖြင့် တစ်ချက်လှမ်းထိုးလိုက်သည်။ ဟေးပေကျိုက လက်ကိုမြှောက်၍ ထိုဓါးချက်ကို ခုခံရန် ဟန်ပြင်လိုက်သည်တွင် လင့်ဟူချုံးက သူ့ပုခုံးကို ဓါးဖြင့်ထိုးလိုက်ပြန်သည်။ ဟေးပေကျိုက သူ့ပုခုံးကို အထိုးမခံရအောင် ကာကွယ်ရပြန်၏။ ထိုအခါ လင့်ဟူချုံး၏ဓါးက ချက်ချင်း ပြန်နုတ်သွားပြီး သူ၏ ချက်အောက်သို့ လှမ်းထိုးလိုက်ပြန်သည်။ ဟေးပေကျိုမှာ ချက်အောက်ကို ကာကွယ်ရပြန်သည်။

ထိုသို့ အပြင်းအထန် ခုခံကာကွယ်နေရင်းမှ ဟေးပေကျို၏ စိတ်ထဲမှ တွေးလိုက်မိသည်။

"တစ်ချိန်လုံး သူ့ကို ပြန်မတိုက်နိုင်ပဲ အခုလိုချည်းပဲ ငုံ့ခံနေရတော့မှာလား"

သူက တိုက်စစ်ဆင်ရန် ကျားဇန်းကို မြှောက်ကိုင်လိုက်သည်။ သို့သော် လင့်ဟူချုံး၏ ဓါးကွက်များမှာ ရေစီးပမာဖြစ်နေသည်။ လုံးဝအဆက်မပြတ်တော့။ တစ်ကွက်ပြီးတစ်ကွက် သူ၏ဟာကွက်များကိုသာ ထိုးနှက်နေတော့ရာ ဟေးပေကျိုအနေဖြင့် လုံးဝတိုက်စစ်မဆင်နိုင်ပဲ မိမိခန္ဓာကိုယ် အထိအခိုက်မခံရရန်သာ အပြင်းအထန် ခုခံကာကွယ်နေရတော့သည်။ ဟေးပေကျိုမှာ သူ၏စိတ်ကူးကို လက်တွေ့အကောင်အထည်မဖော်နိုင်သဖြင့် လွန်စွာ မခံချိမခံသာ ဖြစ်နေရတော့သည်။ မည်မျှ မခံမရပ်နိုင်သည်ဖြစ်စေကာမူ မိမိအနေဖြင့် စွန့်၍ပင် တစ်ကွက်တစ်လေမျှ တိုက်စစ်ဆင်ချိန် မရှိကြောင်း တွေ့နေရသည်။ များမကြာမီပင် သိုင်းကွက်ပေါင်း ၄၀ ကျော်လာတော့၏။ ထိုသိုင်းကွက် ၄၀ ကျော်စလုံး၌ ဟေးပေကျိုမှာ အမြဲတမ်း ခုခံနေရ၏။ တစ်ကွက်မျှ ပြန်မတိုက်နိုင်ခဲ့ချေ။

ခေါ့ပိအုန်း၊ တန်းချုန်း အစရှိသော နှင်းဆီဂေဟာမှလူများမှာမူ ကျောက်ရုပ်ကြီးများသဖွယ် ငေးကြောင်ရပ်ကြည့်နေမိတော့သည်။ သူတို့အဖို့ လင့်ဟူချုံး၏ဓါးကွက်များကို အလွန်အံ့သြနေကြသည်။ အလွန်အံ့သြနေခြင်းမှာ ထူးဆန်းလွန်းသောကြောင့် အံ့သြခြင်းမဟုတ်ပေ။ ရိုးလွန်းသောကြောင့် အံ့သြနေခြင်းဖြစ်သည်။

လင့်ဟူချုံး၏ဓါးမှာ မြန်လွန်းသည်လည်း မဟုတ်၊ ပြင်းထန်သည်လည်း မဟုတ်၊ ရှုပ်ထွေးခက်ခဲနက်နဲသည်လည်း မဟုတ်ချေ။ သို့သော် လင့်ဟူချုံးက ဓါးတစ်ချက်ထုတ်လိုက်တိုင်း ဟေးပေကျိုတစ်ယောက်မှာ ဣန္ဒြေရရဖြင့် မခုခံနိုင်။ ပုံပျက်ပန်းပျက် ကမူးရှူးထိုး ခုခံကာကွယ်နေရသည်။ ထိုမြင်ကွင်းကို မြင်နေရခြင်းကြောင့် ခေါ့ပိအုန်းနှင့် တန်းချုန်းတို့မှာ အသက်ရှူရပ်မတတ်မျှ အံ့သြရင်မောနေကြရခြင်းသာ ဖြစ်သည်။

အမှန်စင်စစ် သိုင်းကွက်တိုင်းတွင် ဟာကွက်ရှိ၏။ ထိုဟာကွက်ကို အမြန်ဆုံးမြင်နိုင်ခြင်းနှင့် ရန်သူ၏ တိုက်ကွက်ထက် တစ်ကွက်စောထွက်ပြီး ရန်သူ၏ဟာကွက်ကို တိုက်ခိုက်နိုင်ခြင်းသည် မိမိ၏ဟာကွက်ကို ပိတ်ဖုံး ကာကွယ်လိုက်သလို ဖြစ်သွားရ၏။ တိုက်စစ်သည် အကောင်းဆုံးခံစစ် ဖြစ်တော့၏။

မိမိက ရန်သူထက် တစ်ကွက်စော၍ တိုက်ခိုက်နိုင်ခြင်းသည် များစွာအရေးပါလှသည်။ မိမိက တစ်ကွက်စော၍ တိုက်ထားလျှင် ရန်သူက မိမိ၏ဟာကွက်ကို တွေ့သည့်တိုင် မိမိကို ပြန်လည်မတိုက်ခိုက်နိုင်ပေ။ သူ၏ဟာကွက်အတွက် သူ့ကိုယ်သူ အရင်ဆုံး ခုခံကာကွယ်ရပေလိမ့်မည်။ ယခု ဟေးပေကျိုမှာလည်း ဤပုံစံအတိုင်းဖြစ်နေ၏။ လင့်ဟူချုံး၏ တိုက်ကွက်များမှာ ပိရိသေသပ်လှပြီး အကွက်စေ့လှသည်။ သူ့ကို တိုက်စစ်ဆင်ရန်မဆိုထားဘိ။ မိမိကိုယ်ကို ကာကွယ်ရန်ပင် မနည်းကြိုးစားနေရသည်။

ထို့ကြောင့် ဟေးပေကျိုအနေဖြင့် မိမိရှုံးနေပြီးဖြစ်ကြောင်း ကောင်းကောင်း သိလိုက်တော့သည်။ နောက်ထပ် အကွက်ပေါင်း တစ်ထောင်မျှ ထပ်မံတိုက်ခိုက်သော်လည်း ထိုအကွက်တစ်ထောင်လုံး မိမိမှာ မရှုမလှ ကာကွယ်ခုခံနေရပေလိမ့်မည်။ တိုက်စစ်ဆင်ဖို့ဆိုသည်မှာ အိပ်မက်ပင် မက်နိုင်လိမ့်မည်မဟုတ်။ ယခုပုံစံအတိုင်းသာ ဖြစ်နေပေလိမ့်မည်။ သူ့စိတ်တွင်းမှ ဆုံးဖြတ်ချက်တစ်ခု ချလိုက်သည်။

"ဒီနေ့အဖို့ ငါမစွန့်စားရင်တော့ ငါ့သိက္ခာကို ဘယ်လိုမှ ဆည်နိုင်တော့မှာမဟုတ်ဘူး"

ထို့ကြောင့် လင့်ဟူချုံးက သူ့အား ထိုးလာသည့်ဓါးကို မရှောင်တော့ပဲ ဟေးပေကျိုက လက်ထဲ၌ကိုင်ထားသော ကျားဇန်းကိုလွှဲ၍ လင့်ဟူချုံး၏ဓါးကို ရိုက်လိုက်တော့၏။ တစ်ပြိုင်နက်တည်း သူ့လက်ချောင်း ၂ ချောင်းဖြင့် လင့်ဟူချုံး၏ဓါးကို ညှပ်ဆွဲလိုက်သည်။ ဘေးနားပတ်လည်မှ ကြည့်နေသူများက ဤအခြင်းအရာကို တွေ့ရသောအခါ ဟာကနဲ ဖြစ်သွားကြတော့၏။ သူတို့အားလုံး သိလိုက်ကြသည်။ ဤအကွက်သည် သူသေကိုယ်သေ တိုက်ကွက်မျိုးသာဖြစ်သည်။ အကယ်၍ ဟေးပေကျိုက လင့်ဟူချုံး၏ဓါးကို ညှပ်ဖမ်း၍မမိခဲ့လျှင် ဓါးထိုးခံရမည်မှာ သေချာလှပေသည်။ အကယ်၍ သူကသာ ဓါးကိုညှပ်မိသွားလျှင်လည်း လင့်ဟူချုံးမှာ သူ့ဓါးကို ရှေ့ဆက်ထိုး၍ရတော့မည်မဟုတ်ပဲ ကျားဇန်းဖြင့် မုချ ရိုက်သတ်ခံရပေလိမ့်မည်။

သို့သော် ထိုတဒင်္ဂအချိန်လေးအတွင်း၌ လင့်ဟူချုံး၏ဓါးထိပ်ဖျားမှာ အပေါ်သို့ မြောက်တက်လာပြီး ဟေးပေကျို၏ လည်မျိုသို့ ထိုးချိန်လျက်ဖြစ်သွား၏။ လူတိုင်းပင် ဟာကနဲ ဖြစ်သွားကြပြန်သည်။ ဤအကွက်မှာ မည်သူမျှ မမျှော်လင့်

ထားသောအကွက်ဖြစ်၏။ ဤအကွက်မျိုး လာလိမ့်မည်ဟု မထင်၍လည်း လူအားလုံးက သူ့သေကိုယ်သေ မှတ်ထင်ထားကြခြင်းဖြစ်သည်။ အကယ်၍ ဟေးပေကျိသည် စောစောက စွန့်စားတိုက်ခိုက်ခဲ့သည့် အကွက်အတိုင်း ဓားကို ညှပ်ဆွဲ၍ ကျားဗန်းဖြင့်ရိုက်ရန် ဆက်ကြိုးပမ်းလျှင် … ခါးကိုမညှပ်မိခင် … ကျားဗန်းဖြင့်မရိုက်မိခင် … အချိန်အတွင်း၌ပင် သူ့ အရှိန်နှင့်သူ သူ့လည်မျိုက လင့်ဟူချုံး၏ခါးဦးသို့ ဝင်တိုးမိပေလိမ့်မည်။

ဟေးပေကျိမှာ မျက်စိများပြာဝေသွားမတတ် မိုက်ကနဲဖြစ်သွားတော့၏။ သူ၏ ခုန်အုပ်တိုက်ခိုက်သည့် အင်အားကို ရုတ်ခြည်း ရပ်ဆိုင်းလိုက်ပြီး ကျားဗန်းကိုလည်း တံ့ကနဲ ရပ်ဆိုင်းပစ်လိုက်၏။ လင့်ဟူချုံး၏သဘောကို သိနေသဖြင့်လည်း ဤသို့ရဲရဲတင်းတင်း ရပ်ပစ်ဝံ့ခြင်းဖြစ်သည်။ မိမိကသာရှေ့မတိုးလျှင် လင့်ဟူချုံး၏ခါးကလည်း ရှေ့တိုးလာမည်မဟုတ်ချေ။

အမှန်တကယ်ပင် လင့်ဟူချုံးကလည်း သူ၏ခါးကို တန့်ကနဲ ရပ်ဆိုင်းလိုက်၏။ ထိုအချိန်တွင် လင့်ဟူချုံး၏ ခါးဦးမှာ ဟေးပေကျိ၏လည်မျိုနှင့် တစ်လက်မခန့်အကွာ၌ အသည်းထိတ်စဖွယ် ရပ်ဆိုင်းသွား၏။ ဟေးပေကျိ၏ ကျားဗန်းကြီးမှာမူ လင့်ဟူချုံး၏ခါးနှင့် နှစ်လက်မခန့်အကွာတွင် ရပ်ဆိုင်းသွားသည်။ ၂ ယောက်လုံး ကျောက်ရုပ်ကြီးများ သဖွယ် ငြိမ်သက်နေကြတော့၏။ အနည်းငယ်မျှ မလှုပ်ရှားကြတော့။

ဘေးမှ ကြည့်ရှုနေကြသည့် ပရိသတ်များအဖို့မူ အရှုံးအနိုင်ကို အဖြူနှင့်အမည်းကဲ့သို့ ကွဲကွဲပြားပြား တွေ့နေကြရသည်။ လင့်ဟူချုံး အနိုင်ရသွားလေပြီ။ အဘယ်ကြောင့်ဆိုသော် ကျားဗန်းကြီးမှာ လေးလံသောအရာကြီးဖြစ်၍ အနည်းဆုံး တစ်ပေကျော်ကျော် လွှဲရိုက်မှသာ ရန်သူကို ထိခိုက်ဒါဏ်ရာ ရစေနိုင်သည်။ ခါးမှာမူ ကျားဗန်းနှင့် တူသည်မဟုတ်ပေ။ လင့်ဟူချုံးက ရှေ့သို့ဆတ်ကနဲ တိုးလိုက်ရုံမျှဖြင့် ဟေးပေကျိတစ်ယောက် အသက်ပျောက်ရပေလိမ့်မည်။

ထိုစဉ် ရှန့်ဝန့်ထင်းက တဟားဟား ရယ်လိုက်ပြီး

“ကဲ … အကွက်က ဒီမှာတင်ရပ်နေကြပြီ။ ဘယ်သူမှ ရှေ့မတက်ရဲကြဘူး။ ဒါမျိုးကို ကျားကစားနည်းမှာဆိုရင် သရေပွဲအဖြစ် သတ်မှတ်တယ်။ ဆရာကြီး ဟေးပေကျိက တကယ်တော်တာပဲ။ ဖုန်းချုံးနဲ့ သရေတိုက်ခိုက်နိုင်တယ်” ဟု ပြောလိုက်၏။

ဟေးပေကျိက ပြုံးလိုက်ပြီး

“နောင်ကြီး ထင်းဝန့်က ရယ်စရာပြောနေတာကိုး။ ဒီပွဲက ဘယ်ကလာ သရေပွဲဖြစ်ရမှာလဲ။ ဖုန်းချုံးရဲ့ ခါးသိုင်းက တကယ်ကောင်းတယ်။ တစ်ကွက်မှ ကျုပ်တိုက်စစ်မဆင်နိုင်ခဲ့ဘူး။ ကျုပ်အနေနဲ့ လုံးဝရှုံးနိမ့်သွားတာပဲ” ဟု ဖြေလိုက်သည်။

ခေါ့ပိအုန်းက ပန်းချီလက်ရေးကားချပ်ကို တသစ္စဲလမ်းစွာ မေးလိုက်၏။

“နောင်ကြီး ထင်းဝန့် … ကျုပ်ကို ဟိုလက်ရေးပန်းချီကားချပ်လေး ခဏလောက် ပြပါဦးလား။ ကျုပ်သိပ်ကြည့်ချင်နေတယ်ဗျာ”

ရှန့်ဝန့်ထင်းက ပြုံး၍ “ဖြည်းဖြည်းပေါ့ဗျာ။ ခဏကြည့်ရုံတင်မကပါဘူး။ အပိုင်တောင်ရမှာပါ။ ခင်ဗျားတို့ အစ်ကိုကြီးက ကျုပ်ညီလေးနဲ့ ခါးသိုင်းယှဉ်ပြိုင်ကြလို့ နိုင်ရင် ခင်ဗျားကြည့်ရမှာပေါ့” ဟု ပြောလိုက်၏။

ခေါ့ပိအုန်းမှာ လက်ရေးပန်းချီကားချပ်ကို လိုချင်လွန်းလှသဖြင့် အသည်းတယားယား ဖြစ်လာတော့သည်။ ထို့ကြောင့် သူက

“အစ်ကို ဟေးပေကျိ … ကျွန်တော်တော့ အစ်ကိုကြီးကို သွားခေါ်ကြည့်လိုက်ဦးမယ်။ လာမှလာပါ့မလား မသိဘူး”

ဟေးပေကျိက “မင်းတို့ ၂ ယောက်လုံး ဒီမှာနေခဲ့ကြ။ မင်းတို့ပြောရင် အစ်ကိုကြီးက ရချင်မှရမှာ။ ငါသွားပြောကြည့်မယ်”

ခေါ့ပိအုန်းက ပိုသဘောကျသွားသည်။ သူသွားခေါ်ပါက အစ်ကိုကြီးက လိုက်လာချင်မှ လိုက်လာမည်။ အစ်ကို ဟေးပေကျိ သွားခေါ်ပါက သူခေါ်တာထက်စာလျှင် ပိုကောင်းသည်။ လိုက်လာဖို့ ပိုနီးစပ်သည်။ ဟေးပေကျိ အခန်းတွင်းမှ ထွက်သွားသည့် အခိုက်အတန့်အတွင်း တန်းချန်းက အရက်ခွက်များ လိုက်ပေးသည်။

“ကဲ … ကျုပ်တို့ရဲ့အစ်ကိုကြီးကို သွားခေါ်နေတုန်း နောင်ကြီး ဝန့်ထင်းရော၊ ညီလေးဖုန်းချုံးရော အရက်သောက်လိုက်ကြဦး”

သူတို့အားလုံး အရက်သောက်ကြ၍ အတန်ကြာသောအခါမှ ဟေးပေကျိ ပြန်လည်ရောက်လာသည်။ သူက

"ဖုန်းချုံး ... အစ်ကိုကြီးက ခင်ဗျားကို သူ့အခန်းဆီခေါ်လာဖို့ မှာလိုက်ပါတယ်။ နောင်ကြီး ထင်းဝန့်ကတော့ ဒီမှာပဲ ဆက်ထိုင်နေပြီး အရက်သောက်နေပေါ့"

ရှန့်ဝန့်ထင်းမှာ ရုတ်တရက် အကျပ်ရိုက်သွားတော့သည်။ ဟေးပေကျိက လင့်ဟူချုံး တစ်ယောက်တည်းကိုသာ ခွဲခြားခေါ်နေခြင်းဖြစ်သည်။ သူ့စိတ်ထဲတွင်

"လင့်ဟူချုံးက အသက်ငယ်သေးတော့ အတွေ့အကြုံ သိပ်စုံသေးတာမဟုတ်ဘူး။ ဒီကောင်တွေ ပရိယာယ်ဆင်ရင် ညီလေးအနေနဲ့ ဘာမှရိပ်မိမှာမဟုတ်ဘူး။ ဒါပေမယ့် ငါပါ အတင်းဝင်ရင်လည်း ရုပ်ပျက်ဆင်းပျက် ဖြစ်နေတော့မှာပဲ"

ဤသို့တွေးမိလိုက်သဖြင့် လင့်ဟူချုံးအား သတိဝီရိယရှိရန် မျက်ရိပ်ပြလိုက်ပြီး အရက်ကိုသာ ဆက်သောက်နေလိုက်သည်။ လင့်ဟူချုံးကမူ ရှန့်ဝန့်ထင်းအား တစ်ချက်ပြုံးပြပြီး ဟေးပေကျိနှင့်အတူ လိုက်ပါသွားတော့သည်။ ဟေးပေကျိနှင့်အတူ တစ်ခန်းပြီးတစ်ခန်း ဖြတ်သွားရသည်။ အခန်း ၄ ခန်းမျှ ဖြတ်ကျော်ပြီးသောအခါ ပန်းခြံကလေးတစ်ခုဖြင့် သပ်သပ်ရပ်ရပ်ဆောက်လုပ်ထားသည့် အိမ်ဝင်းကလေးတစ်ခုဆီသို့ ဆိုက်ရောက်လာကြ၏။ ဟေးပေကျိက အခန်းတံခါးကို တွန်းဖွင့်လိုက်ပြီး လင့်ဟူချုံးကို အတွင်းသို့ ဝင်ခိုင်းလိုက်သည်။ လင့်ဟူချုံး အခန်းတွင်းသို့ ရောက်သွားသောအခါ ဟေးပေကျိက

"အစ်ကိုကြီး ... ဖုန်းချုံးရောက်လာပါပြီ"

ထိုအခါ အတွင်းခန်းထဲမှ လူတစ်ယောက်ထွက်လာ၏။ တစ်ကိုယ်လုံး ပိန်လှီလှသည်။ မျက်နှာပြင်တစ်ခုလုံးမှာလည်း အသားမရှိသကဲ့သို့ ဖြစ်နေပြီး ကြောက်မက်ဖွယ်ရာ ကောင်းလှ၏။ သို့သော် မျက်လုံးအစုံကမူ စူးရှတောက်ပြောင်နေသည်။ လင့်ဟူချုံးက နှုတ်ခွန်းဆက်လိုက်သည်။ ဟေးပေကျိကလည်း မိတ်ဆက်ပေးသည်။

"ဒါက ကျုပ်တို့ရဲ့ အကြီးဆုံး အစ်ကိုကြီး ဝမ်းချုံးပဲ။ ကြားဖူးမှာပေါ့"

လင့်ဟူချုံးက "ဆရာကြီးတို့ ၄ ယောက်စလုံးရဲ့ နာမည်ကို မကြားဖူးရင် သိုင်းလောကသား ဘယ်ပီသတော့မလဲ။ ကျုပ်တို့ကတော့ ဒီနာမည်တွေကို ကြားဖူးနေတာ ကြာပါပြီ။ ဒါပေမယ့် အခုမှပဲ တွေ့ခွင့်ရတော့တယ်"

ဝမ်းချုံးက "မင်းက ဝါဆန်းဂိုဏ်းက ဆရာကြီး ဖုန်းချင်းရဲ့ နောက်ဆုံးတပည့်လို့ ကြားရတယ်။ ဆရာကြီး ဖုန်းချင်းရဲ့ နာမည်လည်း မကြားရတာကြာလှပြီဆိုတော့ သူ့နောက်ဆုံးတပည့်တွေလည်း တစ်ယောက်မှ မရှိတော့ဘူးလို့ အောက်မေ့နေတာ။ အခုလိုဆိုတော့ ဓါးသိုင်းပညာမှာ မင်းက တကယ်တော်မှာပေါ့"

လင့်ဟူချုံးက "ဟာ ... ဒီလောက် မတော်ပါဘူး။ ဆရာကြီး ဖုန်းချင်းရဲ့ပညာကို ၁၀ ပုံ ပုံရင် ၂ ပုံလောက်ပဲ ရခဲ့တာပါ"

ဝမ်းချုံးက သက်ပြင်းတစ်ချက် ချလိုက်ပြီး "အင်း ... မင်းက ဆရာကြီး ဖုန်းချင်းရဲ့ ဓါးသိုင်းပညာကို ၁၀ ပုံ ပုံရင် ၂ ပုံလောက် ရလိုက်ပေလို့ပဲ။ တစ်ဝက်လောက်များ ရလိုက်ရင် သိုင်းလောကတစ်ခုလုံး ပြားပြားဝပ်သွားတော့မှာပဲ။ အခု ၁၀ ပုံ ပုံ ၂ ပုံလောက် ရလိုက်တာတောင် ငါ့ညီလေး ၃ ယောက်စလုံးက မင်းကို အရှုံးပေးခဲ့ရတယ်ဆိုတော့ ... အင်း ... ဆရာကြီး ဖုန်းချင်းရဲ့ ဓါးသိုင်းပညာဟာ တကယ်ပဲ ကြောက်စရာကောင်းလှပါကလား"

လင့်ဟူချုံးက "ဆရာကြီးရဲ့ ညီ ၃ ယောက်နဲ့ တိုက်ခိုက်တုန်းက အပျော်သဘောတိုက်ခိုက်ကြတာပဲ။ ဘယ်သူမှ အရှုံး အနိုင် မရှိပါဘူး"

ဝမ်းချုံးက "အင်း ... မင်းကကိုယ့်ကိုယ်ကို အတော်နှိမ့်ချသကိုး။ အဲဒါမှလည်း ဖြစ်မှာပဲ။ ဒီလောက်ကောင်းတဲ့ ဓါးသိုင်းပညာရထားပြီး ဘဝင်မြင့်နေမယ်ဆိုရင်တော့ ဖွတ်မိကျောင်းဖြစ်၊ မြစ်မချမ်းသာ ဆိုသလို ဖြစ်သွားမှာပဲ"

ဝမ်းချုံးသည် ခေတ္တမျှ စဉ်းစားနေလိုက်ပြီးမှ ဆက်မေးလိုက်၏။

"မင်းဆီမှာ 'သိုင်းလောက၏စိန်ခေါ်သံ' လို့ နာမည်ပေးထားတဲ့ တေးဂီတစာအုပ်တစ်အုပ် ရှိတယ်လို့ကြားတယ်။ သိပ်အဆင့်မြင့်ပြီး ခက်ခဲနက်နဲတယ်တဲ့ ဟုတ်လား"

လင့်ဟူချုံးက "ခက်ခဲနက်နဲတာတော့ အမှန်ပါပဲ။ တော်ရုံတန်ရုံ ဂီတပညာရှင်တစ်ယောက်ဟာ ဒီစာအုပ်ထဲက တေးသွားတွေ မတီးမှုတ်နိုင်ပါဘူး။ ဒါပေမယ့် ရှေးဟောင်းလက်ရာတော့ မဟုတ်ပါဘူး။ ခေတ်သစ်ပညာရှင် ၂ ဦးရဲ့

ကြိုးပမ်း ချက်ပါ။”

ပြောပြောဆိုဆိုနှင့် သူ၏ တေးဂီတစာအုပ်ကို ထုတ်ပြလိုက်သည်။ ဝမ်ချုံးက လှမ်းယူလိုက်၏။

“ဒီခေတ်ထဲက လူတွေရဲ့လက်ရာကိုး။ ငါလည်း ဂီတမှာ အတော်ဝါသနာပါတာပဲ။ တစ်ခါမှလည်း မကြားဖူးပါလား”

သူ၏လေသံတွင် အထင်သေးသောလေသံများနှင့် ယခုကဲ့သို့ ခက်ခဲနက်နဲသောဂီတစာအုပ်ကို ယခုခေတ်လူများက ပြုစုနိုင်သည်ဆိုသည့်အချက်ကို မယုံကြည်နိုင်သည့်လေသံများ ပါဝင်နေသည်။ သူက ပထမစာရွက်တစ်ရွက်ကို လှန်ကြည့်လိုက်ပြီး

“ဩော် ... ဒါက ကြိုးတပ်တူရိယာနဲ့ ပြွေ တွဲမှုတ်ရတဲ့ တေးသွားပဲ”

ကြည့်ရင်းကြည့်ရင်းမှ ဝမ်ချုံး၏မျက်နှာထားမှာ တဖြည်းဖြည်း ပြောင်းလဲလာတော့သည်။ သူ့မျက်လုံးများက စာအုပ်ကို ကြည့်နေသော်လည်း လက်ချောင်းများက လှုပ်လှုပ်ရွရွဖြစ်လာသည်။ ပြီးနောက် ခေါင်းကိုမော့၍ အတန်ကြာအောင် ငေးမောစဉ်းစားနေသည်။ ရုတ်တရက်ထအော်လိုက်သဖြင့် လင့်ဟူချုံးပင် လန့်သွားသည်။

“ဒီလောကထဲမှာ ဒီလောက် တီးရမှုတ်ရခက်ခဲတဲ့ တေးသွားမျိုး ရှိနေသေးသကိုး”

ဟေးပေကျိက ဝင်ပြောလိုက်သည်။

“အစ်ကိုကြီး ... သူက ကောင်းဆန်းဂိုဏ်းက ထင်းဝန့်ဆိုတဲ့လူနဲ့ ဒီကိုရောက်လာကြတာ။ သူတို့ကပြောတယ်။ ဒီနှင်းဆီဂေဟာထဲမှာ ရှိသမျှလူတွေအားလုံးက ဖုန်းချုံးရဲ့ခါးသိုင်းကို ဘယ်လိုမှမယှဉ်နိုင်ဘူးတဲ့။ တကယ်လို့ သူနဲ့ ခါးသိုင်း ယှဉ်ပြိုင်လို့ နိုင်ရင် ...”

ဝမ်ချုံးက “ဘာလဲ ... သူ့ကိုနိုင်မှသာ ဒီတေးဂီတစာအုပ် ငါ့ကိုပေးမယ်ပေါ့လေ ... ဟုတ်လား”

ဟေးပေကျိက “ဟုတ်တယ် အစ်ကိုကြီး ... အခုဆိုရင် ကျွန်တော်တို့ ၃ ယောက်တော့ ရှုံးသွားပြီ။ ဒီတစ်ခါတော့ အစ်ကိုကြီး ကိုယ်တိုင် ပွဲဆင်းမှပဲ”

ဝမ်ချုံးက “ညီလေး ... မင်းတို့တောင် မဖြစ်တဲ့နောက်တော့ ငါကရော ဖြစ်နိုင်မှာလား”

ဟေးပေကျိက “ဟင့်အင်း ... ဒီလိုပြောလို့တော့ဘယ်ဖြစ်မလဲ အစ်ကိုကြီးရဲ့ ... ကျွန်တော်တို့ ၃ ယောက်က အစ်ကိုကြီးကို ယှဉ်ပြီးပြောလို့ ဖြစ်ပါ့မလား။ မအပ်မရာ အစ်ကိုကြီးရာ”

ဝမ်ချုံးက သက်ပြင်းချရင်း “မင်းတို့က ထင်နေကြတာ။ တကယ်တော့ ငါကအိုပြီ။ ဘာမှ အသုံးမကျတော့ဘူး”

သို့သော် ဝမ်ချုံးက နောက်သို့လှည့်ပြီး နံရံတွင်ချိတ်ထားသောပြွေတစ်ချောင်းကို ဖြုတ်ယူလိုက်ကာ လင့်ဟူချုံးကို ကမ်းပေးလိုက်သည်။ တစ်ဆက်တည်း သူ့နှုတ်မှလည်း ပြောလိုက်သည်။

“မင်းအနေနဲ့ ဝါးပြွေကို ခါးလိုသဘောထားပေါ့။ ငါကတော့ ကြိုးတပ်တူရိယာကို လက်နက်လို သဘောထားပြီး ငါတို့ ၂ ယောက် ပြိုင်ကြတာပေါ့”

ဝမ်ချုံးက သူ့စကားကို ခေတ္တရပ်ပြီး ပြုံးလိုက်ပြန်၏။

“ဒီပစ္စည်း ၂ ခုကို ပြည်တန်ပစ္စည်းတွေလို့ ငါမပြောလိုပါဘူး။ ဒါပေမယ့် တန်ဖိုးမနည်းတာကတော့ အမှန်ပါ။ ဒါကြောင့်မို့ ဒီပစ္စည်း ၂ ခုလုံး ကျိုးပဲ့တဲ့အထိတော့ တိုက်ခိုက်ဖို့မလိုဘူး ထင်ပါတယ်။ ပုံစံလေးလောက်ဆိုရင် ရပါပြီ”

လင့်ဟူချုံးက ခေါင်းညိတ်ပြပြီး ပြွေကို လှမ်းယူလိုက်၏။ ပြွေမှာ အလွန်ပင် ချောမွေ့လှသည်။ ကြွေချောင်းနှင့်ပင် တူနေသည်။ အနည်းငယ်ထိခိုက်မိရုံမျှဖြင့် ကျိုးသွားနိုင်၏။ ဝမ်ချုံး၏ကြိုးတပ်တူရိယာမှာလည်း အလွန်ဟောင်းနွမ်းနေသည်။ တစ်ချက်မျှ ထိခိုက်မိရုံဖြင့် ကျိုးပဲ့သွားနိုင်သည်။ လင့်ဟူချုံးက ဝမ်ချုံးကို လှမ်းကြည့်လိုက်သည်။ ဝမ်ချုံးက ပြိုင်ရန် အသင့်ဖြစ်နေသည့်သဘောဖြင့် ခေါင်းညိတ်ပြ၏။ ထိုအခါ ၂ ယောက်သား စတင်ယှဉ်ပြိုင်ကြလေတော့၏။

လင့်ဟူချုံးက ပြွေဖြင့် တစ်ချက်ရိုက်လိုက်သည်။ လေတိုးဝင်မှုကြောင့် ပြွေသံတစ်ချက် ထွက်လာသည်။ ဝမ်ချုံးကလည်း တူရိယာကြိုးကို တစ်ချက်တီးခတ်လိုက်ပြီး တူရိယာ၏အမြီးပိုင်းဖြင့် လင့်ဟူချုံးအား ဆောင့်တွန်းလိုက်၏။ ကြိုးတီးခတ်သံကို ကြားလိုက်ရသောအခါ လင့်ဟူချုံး၏ရင်ထဲ၌ တစ်ချက်မျှ တုန်ခါသွား၏။ သူက ပြွေဖြင့် ဝမ်ချုံး၏ တံတောင်ဆစ်ကွေးကို ထိုးလိုက်သည်။ အကယ်၍ ဝမ်ချုံးကသာ သူ၏ကြိုးတပ်တူရိယာကို ရှေ့ဆက်တွန်းလျှင်

သူ၏ တံတောင်ဆစ်ကွေးကို ခြေဖြင့် မချထိုးမိပေလိမ့်မည်။

ဝမ်ချုံးက ဆက်၍မတွန်းတော့ပဲ သူ၏တူရိယာကို လှည့်လိုက်ပြီး လင့်ဟူချုံး၏ခါးကို ဆောင့်လိုက်၏။ တစ်ချိန်တည်းမှာပင် ကြိုးကို ၂ ချက်မျှ တီးခတ်လိုက်သည်။ လင့်ဟူချုံးက ခြေကိုဝှေ့ယမ်းကာ ဝမ်ချုံး၏ချိုင်းကြားကို ထိုးလိုက်ပြန်၏။ ဝမ်ချုံးမှာ သူ၏တူရိယာကို ချက်ချင်းပြန်ရုပ်သိမ်းလိုက်ပြီး လင့်ဟူချုံး၏ခြေကို ကမန်းကတန်း ကာကွယ်လိုက်ရသည်။ ထိုအခိုက်မှာပင် လင့်ဟူချုံးက သူ၏ခြေကို ပြန်လည်ရုပ်သိမ်းလိုက်သည်။

ဟောပေကျိမှာ ကြိုးခတ်သံထွက်လာသည်နှင့် ချက်ချင်း မျက်နှာပျက်သွားတော့သည်။ အခန်းထဲမှ လှစ်ကနဲ ထွက်သွားလိုက်ပြီး အခန်းတံခါးကို ပြန်စေ့ပိတ်ထားလိုက်သည်။ အမှန်စင်စစ် ဝမ်ချုံး၏ကြိုးခတ်သံမှာ အကြောင်းမဲ့ မဟုတ်ချေ။ သူ၏အတွင်းအားကိုသုံး၍ တီးခတ်လိုက်ခြင်းဖြစ်၏။ သူက မြန်မြန်တီးခတ်လျှင် ရန်သူမှာ စိတ်မြန်ကိုယ်မြန် ဖြစ်လာပြီး သူက နှေးနှေးတီးခတ်လျှင် ရန်သူကလည်း နှေးသွားရမည်။ ရန်သူ၏စိတ်ကို ထိန်းချုပ်နိုင်သည့် 'အတွင်းအားသုံး လက်ခတ်သံ' ဖြစ်သည်။ မိမိအနေဖြင့် စိတ်ကြိုက်အခြေအနေ ဖန်တီးကာ ရန်သူ့အား အလွယ်တကူ အနိုင်ယူနိုင်ပေသည်။

အကယ်၍ ရှန့်ဝန့်ထင်းတစ်ယောက်သာ ပါလာခဲ့လျှင် ဤအဖြစ်မျိုး လုံးဝရောက်မည်မဟုတ်ချေ။ ရှန့်ဝန့်ထင်းသည် ချက်ဆို နားခွက်ကမီးတောက်သူဖြစ်ရာ တူရိယာ ၂ ခုဖြင့် တိုက်ခိုက်မည်ဆိုကတည်းက ထိုအကြောင်းကို ကောင်းစွာ ရိပ်မိနိုင်ပေလိမ့်မည်။ ယခုတော့ လင့်ဟူချုံးမှာ တစ်ယောက်တည်း ဖြစ်နေလေပြီ။

ဟောပေကျိမှာ သူ့အစ်ကိုကြီး၏သိုင်းပညာ လွန်စွာအစွမ်းထက်မှန်းသိ၏။ အသံလှိုင်းဖြင့် တစ်ဖက်ရန်သူကို အတွင်း ဒါဏ်ရာရအောင် လုပ်နိုင်သည်ကိုလည်း သိရှိထား၏။ ထို့ကြောင့် မိမိအနေဖြင့် အခန်းထဲတွင်ဆက်နေလျှင် ထိုအသံ လှိုင်း၏ရိုက်ချက်ကို မခံနိုင်ပဲ အတွင်းဒါဏ်ရာရမည်စိုး၍ အပြင်သို့ထွက်ကာ တံခါးပိတ်ထားရခြင်းဖြစ်သည်။ တံခါး အပြင်ဖက်မှ ကြိုးခတ်သံကိုကြားနေရသဖြင့် စိတ်ထဲတွင် မချမ်းမသာ ခံစားလိုက်ရသည်။

"ဖုန်းချုံးက ငါတို့ ၃ ယောက်နဲ့ တိုက်ခိုက်တုန်းက ငါတို့အပေါ် သက်သက်ညှာညှာ သဘောထားကြီးကြီးနဲ့ တိုက်ခိုက်ခဲ့ တာပဲ။ အခုလို အစ်ကိုကြီးရဲ့ 'အသံလှိုင်းလက်နက်' သိုင်းပညာနဲ့ သူဒါဏ်ရာရသွားရင် ငါတို့ဘယ်လောက် ရှက်စရာ ကောင်းလိုက်မလဲ"

ထိုစဉ် ကြိုးခတ်သံမှာ တဖြည်းဖြည်း ကျယ်လောင် ပြင်းထန်လာတော့သည်။ တံခါးအပြင်ဖက်တွင် ရပ်နေသည့် ဟောပေကျိပင်လျှင် ရင်တစ်ခုလုံး တုန်ခါလာသဖြင့် ထိုနေရာ၌ ဆက်မနေရဲတော့ပဲ နောက်ထပ် အခန်းတစ်ခု၏ အပြင်ဖက်သို့ထွက်ကာ တံခါးပိတ်ထားလိုက်ရပြန်သည်။ ထိုအခါကျမှ သူ့အစ်ကိုကြီး၏ ကြိုးခတ်သံကို မကြားရတော့ပဲ ဖြစ်သွားသည်။ သို့သော် တစ်ချက်တစ်ချက် ကြိုးခတ်သံက အခန်းတံခါး ၂ ချပ်ကို ဖောက်ထွက်လာပြန်သဖြင့် သူ့ရင်တွင် တုန်ခါသွားရပြန်သည်။ သည်မျှကြောက်မက်ဖွယ်ရာ ကောင်းလှသော အသံလှိုင်းလက်နက်ပင်တည်း။

ဟောပေကျိ၏စိတ်ထဲတွင် "ဖုန်းချုံးဟာ ခါးသိုင်းတော်သလောက် အတွင်းအားကလည်း တကယ်ကောင်းတာပါ ကလား။ အခုလောက်ကြာအောင် တောင့်ခံနိုင်တယ်ဆိုတာ သူ့အတွင်းအား တော်တော်ကောင်းလို့ပဲ။ ဒါပေမယ့် ကြာကြာခုခံလေ .. ဒဏ်ထက် ပိုပြင်းထန်လေ ဆိုတာတော့ သိပုံမရဘူး။ ဒုက္ခပါပဲ" ဟု တွေးနေမိ၏။

ထိုအခိုက် သူ့နောက်ဖက်မှ ခြေသံကြားလိုက်ရသဖြင့် လှည့်ကြည့်လိုက်မိသည်။ ခေါ့ပိအုန်းနှင့် တန်းချန်းတို့ ၂ ယောက် သူရှိရာသို့ လျှောက်လာသည်ကို တွေ့ရ၏။ တန်းချန်းက လေသံတိုးတိုးဖြင့်

"ဘယ်လိုလဲ" ဟု စူးစမ်းလိုက်သည်။

ဟောပေကျိက "ယှဉ်ပြိုင်နေကြတာ အတော်ကြာနေပြီ။ ဖုန်းချုံးကတော့ တောင့်ခံနေတုန်းပဲ။ အစ်ကိုကြီးက သူ့ကို ဒါဏ်ရာပြင်းပြင်းထန်ထန်ရအောင် လုပ်မိမှာကို ငါစိုးရိမ်နေတယ်။ ငါတို့ အရှက်ရလိမ့်မယ်"

တန်းချန်းက "ဟာ ... ဒီလိုတော့ ဘယ်ဖြစ်မလဲ။ ဖုန်းချုံးက ကျွန်တော်တို့ကို ညှာခဲ့တာပဲ။ ကျွန်တော်တို့က ပြန်မညှာရင် ရှက်စရာကြီးပေါ့"

ပြောပြောဆိုဆိုနှင့် သူက တံခါးကိုဆွဲဖွင့်ရန် ဟန်ပြင်လိုက်သည်။ သို့သော် ဟောပေကျိက တန်းချန်းကို ဆွဲထား လိုက်ပြီး

"ညီလေး ... ခုချိန်မှတော့ ဝင်လို့ မဖြစ်တော့ဘူး။ တော်ကြာ မင်းပါ ဒါဏ်ရာရသွားလိမ့်မယ်" ဟု ပြောလိုက်၏။

ထိုစဉ် စူးရှပြင်းထန်သော ကြိုးခတ်သံ ၃ ချက်တိတိ တံခါးကို ဖြတ်သန်းထိုးဖောက်လာသည်။ သူတို့ ၃

ယောက်စလုံး နောက်သို့ ယိမ်းယိုင်ထွက်သွားပြီး ၃–၄ လှမ်းခန့်စီ ဆုတ်လိုက်ကြရ၏။

ခေါ့ပိအုန်း၏ မျက်နှာ၌ သွေးမရှိတော့သလို ဖြူရော်သွားပြီး

“အစ်ကိုကြီးရဲ့ ‘အသံလှိုင်းလက်နက်’ သိုင်းက အမြင့်ဆုံးအဆင့်ထိ ရောက်သွားပြီကိုး။ ဖုန်းချုံးက ဒီလောက် ပြင်းထန်တဲ့အသံလှိုင်းကို ဘယ်ခံနိုင်ရည်ရှိပါ့မလဲ” ဟု ညည်းညည်းညူညူနှင့် ပြောလိုက်မိတော့၏။

ထိုစဉ်မှာပင် နောက်ထပ် ထန်းကနဲ မြည်ဟည်းသွားသော စူးရှသည့် ကြိုးခတ်သံကို ကြားလိုက်ကြရသည်။ သူတို့ ၃ ယောက်လုံး နောက်ဖက်သို့ ခြေလှမ်း ၅ လှမ်းစီမျှ ထပ်ဆုတ်ပေးလိုက်ရပြန်သည်။

များမကြာမီပင် ထောက်ကနဲ ကြိုးပြတ်သွားသံကို ကြားလိုက်ကြရတော့၏။ ကြိုးပြတ်သံမှာ လွန်စွာကျယ်လောင်လှ သဖြင့် ကြိုးအားလုံး တစ်ပြိုင်နက် ပြတ်သွားသကဲ့သို့ ထင်မှတ်လိုက်ရသည်။

ဟေးပေကျိမှာ အကြီးအကျယ်ထိတ်လန့်ကာ အခန်းတံခါးကို ဖွင့်၍ဝင်လိုက်၏။ ပထမအခန်းကို လျင်မြန်စွာ ကျော်ဖြတ်ပြီး နောက်တံခါးတစ်ချပ်ကို အတင်းတိုးဖွင့်၍ဝင်သွားကြတော့၏။ ဟေးပေကျိနှင့် ခေါ့ပိအုန်းတို့မှာ ဝမ်ချုံးနှင့် ဖုန်းချုံးတို့ ၂ ယောက် သိုင်းပညာယှဉ်ပြိုင်ရာ အခန်းသို့ရောက်သောအခါ ယှဉ်ပြိုင်ပွဲမှာ ပြီးဆုံးနေပြီးဖြစ်သည်။

ဝမ်ချုံးက ဖုန်းချုံးအား “ကျုပ်အနေနဲ့ ခင်ဗျားကို ရှုံးသွားပါပြီ။ လူတိုင်းနီးပါးဟာ ကျုပ်ရဲ့ ‘အသံလှိုင်းလက်နက်’ သိုင်းကို အံတုယှဉ်ပြိုင်ဖို့ မလွယ်ပါဘူး။ ဒါပေမယ့် ခင်ဗျားကျတော့ ကျုပ်ရဲ့အသံလှိုင်းလက်နက်ကို ခံနိုင်ရည် ရှိရုံတင်မကဘူး။ ကျုပ်ကိုတောင် ပြန်လည်တိုက်စစ်ဆင်နိုင်ခဲ့ပြီး ကျုပ်ရဲ့ တူရိယာကြိုးကိုတောင် ပြွေနဲ့ ထိုးဖြတ်နိုင်ခဲ့ တယ် … တကယ်ပါဗျာ … ခင်ဗျားရဲ့သိုင်းပညာက အံ့မခန်း ပြိုင်စံရှား တော်ပါတယ်” ဟုပြောလိုက်၏။

ဖုန်းချုံးက “ဟာ … ဆရာကြီးကို ကျွန်တော်မနိုင်ပါဘူး။ တကယ်တော့ ဒီပွဲဟာ အရှုံးအနိုင် မရှိပါဘူး။ တကယ်လို့ အရှုံးအနိုင် ရှိမယ်ဆိုရင်တောင် ကျွန်တော်ရှုံးဖို့က သေချာသလောက်ရှိပါတယ်။ ကျွန်တော်ဟာ ဆရာကြီးရဲ့ ‘အသံ လှိုင်းလက်နက်’ သိုင်းကို ဘယ်လိုမှ မခံစား မတုံ့ပြန်နိုင်တာပါ။ ဒါက အမှန်အတိုင်း ပြောပြတာပါပဲ”

ဝမ်ချုံးက မယုံနိုင်ဟန်ဖြင့် ထပ်မေးလိုက်သည်။

“တကယ် …”

“ကဲ … ဆရာကြီး မယုံရင် ကျွန်တော့်ရဲ့သွေးခုန်နှုန်းကို စမ်းကြည့်ပါလား”

ပြောပြောဆိုဆိုနှင့် သူ၏ညာဖက်လက်ကို ထိုးပေးလိုက်သည်။ ဝမ်ချုံးတို့မှာ လင့်ဟူချုံး၏အပြုအမူကြောင့် ရင်တုန်သွားကြတော့၏။ သူ၏သွေးကြောကို စမ်းသပ်ရန်အတွက် လက်ကောက်ဝတ်ကို ရဲတင်းစွာထိုးပေးသည်ကို မယုံသင်္ကာ ဖြစ်လာကြတော့၏။ မည်သည့်သိုင်းသမားမဆို အရေးကြီးလှသော သွေးကြောကို သူတစ်ပါး၏လက်တွင်းသို့ မည်သည့်အခါမျှ ထိုးပေးမည်မဟုတ်ချေ။ ဤသွေးကြောကို ဆုပ်ကိုင်လိုက်သည်နှင့် မိမိမှာ မည်သို့မျှမလှုပ်ရှားနိုင်တော့ပဲ သူတပါး ပြုသမျှ နုရပေလိမ့်မည်။

ဝမ်ချုံးက လင့်ဟူချုံးအနေဖြင့် မည်သည့်ရည်ရွယ်ချက်ဖြင့်ထိုးပေးမှန်း မခန့်မှန်းနိုင်ချေ။ သူက မယုံမရဲဖြင့် လင့်ဟူချုံး၏ လက်ကောက်ဝတ်ကို လှမ်းကိုင်လိုက်သည်။ ပြီးနောက် သူ၏လက်ချောင်း ၃ ချောင်းဖြင့် လင့်ဟူချုံး၏ လက်ကောက်ဝတ် သွေးကြောကို စမ်းသပ်ကြည့်လိုက်၏။ လင့်ဟူချုံးသည် အနည်းငယ်မျှပင်မလှုပ်ရှားပဲ ငြိမ်သက်စွာ ခံနေသည်။ ဝမ်ချုံးမှာ အလွန်အံ့သြသွားပြီး လင့်ဟူချုံး၏သွေးခုန်နှုန်းကို အသေအချာ စမ်းသပ်ကြည့်လိုက်သည်။ သွေးခုန်နှုန်းမှာ အမှန်တကယ်ပင် အားပျော့လှပြီး လင့်ဟူချုံး ပြောခဲ့သည့်အတိုင်း အတွင်းအားလုံးဝမရှိကြောင်း ထင်ရှားလှတော့၏။

ဝမ်ချုံးသည် မယုံနိုင်အောင်ဖြစ်နေပြီးမှ နောက်ဆုံးတွင် တဟားဟား အော်ရယ်လိုက်တော့၏။

“လက်စသတ်တော့ ငါက အညာခံလိုက်ရတာကိုး”

သူ့ပါးစပ်က အညာခံရသည်ဟု ပြောနေသော်လည်း သူ့အမူအရာကမူ အလွန်တရာ ဝမ်းသာနေကြောင်း အားလုံးသိလိုက်ရ၏။

အမှန်စင်စစ် ဝမ်ချုံး၏ ‘အသံလှိုင်းလက်နက်သိုင်းပညာ’ ဆိုသည်မှာ လွန်စွာခက်ခဲနက်နဲသော သိုင်းပညာတစ်ရပ် ဖြစ်သည်။ ဤပညာမျိုးဖြင့် တိုက်ခိုက်ရမည့်ရန်သူမှာ သိုင်းပညာ၌ ထိပ်တန်းအဆင့်ရှိသော ရန်သူမျိုး ဖြစ်ရပေလိမ့်မည်။ ထိပ်သီးသိုင်းပညာရှင်၏ အတွင်းအားသည် မည့်သည့်အခါတွင်မျှ ညံ့လိမ့်မည်မဟုတ်ပေ။ ရန်သူ၏ အတွင်းအားကောင်း

လေလေ၊ ဤ 'အသံလှိုင်းလက်နက်' သိုင်းပညာကလည်း အစွမ်းထက်လေလေ ဖြစ်တော့၏။ သို့သော် လင့်ဟူချုံးမှာမူ အတွင်းအားလုံးဝမရှိသောကြောင့် ဤသိုင်းပညာသည် လုံးဝအသုံးမဝင်ပဲ ဖြစ်သွားရ၏။

ဝမ်ချုံးမှာ အကြောင်းမှန်ကို မသိရသေးခင်က သူတပင်တပန်း လေ့ကျင့်ခဲ့သောသိုင်းပညာ၏ အသုံးမကျပုံကို တွေ့မြင်လိုက်ရသည့်တွင် အလွန် စိတ်ဓါတ် ကျဆင်းသွားခဲ့ရ၏။ ယခု လင့်ဟူချုံး၏ ပွင့်လင်းစာနာတတ်သော စိတ်သဘောထားကြောင့် အကြောင်းရင်းကို သိလိုက်ရချေပြီ။ ယခု သူရှုံးနိမ့်ရခြင်းမှာ သူ၏သိုင်းပညာ မကောင်း၍ မဟုတ်ကြောင်း နားလည်လိုက်ရပြီဖြစ်၍ အလွန်တရာ ဝမ်းသာသွားမိတော့၏။ သူက လင့်ဟူချုံး၏လက် ၂ ဖက်ကို ရင်းနှီးစွာ ဆွဲကိုင်လှုပ်ယမ်းလျက် ရယ်မောရင်း မေးလိုက်တော့သည်။

"ညီလေး ဖုန်းချုံး … မင်းဟာ တကယ်ပဲ စိတ်သဘောထားပွင့်လင်းတဲ့ လူငယ်ပဲ။ ရှားပါပေ့ကွာ။ မင်းလိုလူမျိုး ကတော့ ဒီလောကကြီးထဲမှာ ရှိမယ်လို့တောင် မထင်ထားပါဘူး။ ဘာဖြစ်လို့ မင်းရဲ့ ဒီလျှို့ဝှက်ချက်ကြီးကို ငါတို့ကို ပြောပြရတာလဲ"

× × × × × × ×

## မြေအောက်အချုပ်ခန်း

လင့်ဟူချုံးက ပြုံး၍ . . .

"ကျွန်တော့်မှာ အတွင်းအားမရှိတာကို စောစောတုန်းကထုတ်မပြောခဲ့တာက လိမ်ညာသလို ဖြစ်နေခဲ့ပြီးပြီ။ ဒါပေမယ့် အဲသည်တုန်းက လိမ်ညာသလို ဖြစ်နေပေမယ့် ဘယ်သူ့ကိုမှ ထိခိုက်တာမဟုတ်တော့ အကြောင်းမဟုတ်ဘူး ပေါ့ဗျာ။ အခုဆိုရင် ဒီကဆရာကြီးက အကြောင်းရင်းမသိတော့ ကိုယ်ကျင့်ထားတဲ့သိုင်းပညာအတွက် သိပ်ပြီး စိတ်ထိခိုက်နေတယ် မဟုတ်လား။ ဒီလိုအချိန်မျိုးမှာတော့ ကျွန်တော့်အနေနဲ့ မလိမ်နိုင်တော့ဘူးလေ။ ထုတ်မပြောရင် ဘယ်စိတ်ကောင်းနိုင်တော့မှာလဲ" ဟု ပြောလိုက်လေ၏။

ထို့နောက် ဝမ်ချုံးအားနှုတ်ဆက်ပြီး လင့်ဟူချုံးက ထွက်ခွာလာသည်။ သူ့နောက်တွင် ဟေးပေကျို၊ ခေါ့ပိအုန်းနှင့် တန်းချန်းတို့ ၃ ယောက်က လိုက်ပါလာကြ၏။ ရှန့်ဝန့်ထင်းသည် လင့်ဟူချုံး၏ မျက်နှာအမူအရာကို ကြည့်လိုက်သည်နှင့် လင့်ဟူချုံး အနိုင်ရခဲ့မှန်း သိလိုက်ရသည်။ သူ၏တွက်ကိန်းများ မှန်လာပြီဖြစ်၍ အလွန်အားရကျေနပ်သွားသည်။ သို့သော် ပရိယာယ် ဝေဝုစ်များလှသူ ဖြစ်သည့်အတိုင်း

"ဆရာကြီး ဝမ်ချုံးဆီက ဓါးသိုင်းပညာအချို့ ရလိုက်ရဲ့လား" ဟု မေးလိုက်၏။

လင့်ဟူချုံးက "ဆရာကြီးဝမ်ချုံးရဲ့ သိုင်းအားက သိပ်မြင့်မားတာပဲ။ ဒါပေမယ့် ကျွန်တော့်မှာ အတွင်းအား လုံးဝမရှိတော့ ဆရာကြီးရဲ့ 'အသံလှိုင်းလက်နက်သိုင်းပညာ' က ဘာမှ အကျိုးသက်ရောက်မှုမရှိခဲ့ဘူး။ ကံကောင်းလို့ ကျွန်တော် သက်သာသွားတာ ..."

တန်းချန်းက ရှန့်ဝန့်ထင်းကို စိုက်ကြည့်ကာ "ဖုန်းချုံးက သိပ်ပြီးရိုးသားတယ်။ ဘာမှ ဖုံးကွယ်လျှို့ဝှက်နေတာ မရှိဘူး။ ခင်ဗျားက ဘာဖြစ်လို့ သူ့အတွင်းအားက ခင်ဗျားရဲ့အတွင်းအားထက် ပိုကောင်းတယ်လို့ ပြောရသလဲ" ဟု မေးလိုက်၏။

ရှန့်ဝန့်ထင်းက ရယ်၍ "ဒါလား ... ဒါက ကျုပ်ညာပြောတာမှ မဟုတ်ပဲဗျ။ သူ့အတွင်းအား မပျောက်ခင်တုန်းက ကျုပ်ထက် အတွင်းအားပိုကောင်းတာ အမှန်ပဲဗျ။ ကျုပ်က အရင်တုန်းကအကြောင်းကို ပြောတာပဲ။ အခုအခြေအနေကို ပြောတာမှ မဟုတ်တာ" ဟု ဖြေလိုက်၏။

ခေါ့ပိအုန်းမှာ မျက်နှာတစ်ချက်မဲ့သွားပြီး "ဟင်း ... ခင်ဗျားဟာ တော်တော် တော်တယ်။ ဒါပေမယ့် လူကောင်း တော့ မဟုတ်ဘူး" ဟု ပြောလိုက်လေတော့၏။

ရှန့်ဝန့်ထင်းကမူ အားလုံးကို တပြုံးပြုံးဖြင့် နှုတ်ဆက်ပြီး

"ကဲ ... ကျုပ်တို့ရည်ရွယ်ချက်လည်း ပြည့်သွားပြီ။ ခင်ဗျားတို့ နှင်းဆီဂေဟာထဲမှာ ကျုပ်ညီလေး ဖုန်းချုံးကို

ခါးသိုင်း ယှဉ်ပြိုင်နိုင်မယ့်လူ မရှိတော့ဘူး။ ကျုပ်တို့ ပြန်ကြတော့မယ်။ ခွင့်ပြုပါဦး။ ကဲ ... ညီလေး ဖုန်းချိုးရေ ... ပြန်ကြစို့”

ရှန့်ဝန့်ထင်းသည် လင့်ဟူချိုးကိုခေါ်ကာ နှင်းဆီဂေဟာထဲမှ ထွက်ခွာလာကြတော့၏။ ခေါ့ပိအုန်းတို့ ၃ ယောက်မှာ ရှန့်ဝန့်ထင်း၏နောက်ကျောမှ အိတ်ကြီးကိုသာ အာသာငမ်းငမ်းနှင့် ကြည့်နေမိကြတော့၏။ ထိုအိတ်ကြီးကို လုယူချင်စိတ် ပေါက်နေမိသည်။ ထိုအချိန်တွင် ရှန့်ဝန့်ထင်းနှင့် လင့်ဟူချိုးမှာ နှင်းဆီဂေဟာကြီး၏အပြင်သို့ ရောက်နေကြပေပြီ။ ရှန့်ဝန့်ထင်းက ရယ်၍ “ဟိုကောင်တွေထဲက အကြီးဆုံးကောင်ကြီးရဲ့ ‘အသံလှိုင်းလက်နက်’ သိုင်းဟာ သိပ်ကြောက်စရာကောင်းတာ။ ညီလေးတစ်ယောက်တည်းသာ လွတ်လိုက်ရတာ။ သိပ်တော့ စိတ်ချတာ မဟုတ်ဘူး။ ညီလေး ... မင်းဘယ်လိုလုပ်ပြီး အနိုင်ယူလိုက်သလဲ” ဟု မေးလိုက်၏။

လင့်ဟူချိုးက “ဟား ဟား ဟား ... လက်စသတ်တော့ အစ်ကိုကြီးက ဒီဂေဟာကြီးရဲ့အကြောင်း ‘ကကြီးကနေ အ အထိ’ သိနေတာကိုး။ တော်သေးတာပေါ့ အစ်ကိုကြီးရာ။ ကျွန်တော့်မှာ အတွင်းအားလုံးဝမရှိလို့ပေါ့။ ရှိများရှိနေရင်တော့ အခက်ပဲ။ အခုဆိုရင် လင့်ဟူချိုးဆိုတဲ့ကောင် အသက်ရှိတော့မှာမဟုတ်ဘူး။ ဘယ်လိုလဲ အစ်ကိုကြီးရ။ အစ်ကိုကြီးနဲ့ သူတို့ ၄ ယောက်နဲ့ ရန်ညှိုးရှိနေလို့လား”

ရှန့်ဝန့်ထင်းက “ဘာရန်ဖက်မှ မရှိပါဘူး။ အခုအကြိမ်ဟာ ငါ့အဖို့ ပထမဆုံးအကြိမ် သူတို့နဲ့ တွေ့ဖူးခြင်းပဲကွ”

ရှန့်ဝန့်ထင်း၏စကားကြောင့် လင့်ဟူချိုးမှာ အလွန်အံ့အားသင့်သွားသည်။ ထို့ကြောင့် ပြန်မေးရန် ဟန်ပြင်လိုက်စဉ်မှာပင် သူတို့၏ကျောနောက်မှ လူတစ်ယောက်၏အော်သံကို ကြားလိုက်ကြရသည်။

“ဖုန်းချိုး ... ဖုန်းချိုး ... ခဏလောက် နေပါဦး”

လင့်ဟူချိုးနှင့် ရှန့်ဝန့်ထင်းတို့ ၂ ယောက် သမင်လည်ပြန် လှည့်ကြည့်လိုက်သောအခါ တန်းချန်းတစ်ယောက် အပြေးအလွှား လိုက်လာသည်ကို တွေ့လိုက်ရသည်။

ရှန့်ဝန့်ထင်းက “ခင်ဗျားကြည့်ရတာ အရေးတကြီးနဲ့ ... ဘာကိစ္စများ ဒီလောက် အရေးကြီးလာရတာလဲ”

တန်းချန်းက “ကျုပ်က ဖုန်းချိုးကို အရက်တိုက်ချင်လို့ပါ။ ခင်ဗျားလည်း လိုက်ခဲ့ပါ”

ရှန့်ဝန့်ထင်းက မကြည်မသာမျက်နှာဖြင့် ငြင်းပယ်ရန်ဟန်ပြင်လိုက်သည်။ သို့သော် တန်းချန်းက သူ့လက်ကို အတင်းဆွဲပြီး ကျန်လက်တစ်ဖက်က လင့်ဟူချိုး၏လက်ကိုဆွဲကာ “လာပါဗျာ။ ငြင်းမနေပါနဲ့။ ကျုပ်တို့ ပျော်ပျော်ပါးပါး အရက်သောက်ကြတာပေါ့”

လင့်ဟူချိုး၏စိတ်ထဲတွင်လည်း မအီမသာကြီး ခံစားမိသည်။ အန္တရာယ်အငွေ့အသက်များ ရသလိုလို ထင်မိသည်။ သူ့စိတ်ထဲတွင်

“ငါတို့ထွက်မလာခင်တုံးက ဒီလူ ၄ ယောက်ဟာ အစ်ကိုကြီးကို သိပ်မကျေနပ်ကြဘူး။ အခုတော့ အစ်ကိုကြီးကို ဘယ့်နှယ် လိုက်လိုက်လှဲလှဲ ဆက်ဆံနေကြရပြန်တာလဲ။ သူတို့က အစ်ကိုကြီးရဲ့အိတ်ထဲက ပစ္စည်းကို လိုချင်နေကြတာ။ ဘာများဉာဏ်နီဉာဏ်နက် ထုတ်နေကြပြန်ပြီလဲ မသိဘူး” ဟု တွေးနေမိ၏။

သူတို့ ၃ ယောက် နှင်းဆီဂေဟာကြီး၏ အိမ်ပေါက်ဝသို့ ပြန်ရောက်လာပြန်တော့၏။ ခေါ့ပိအုန်းနှင့် ဟေးပေကျိတို့ ၂ ယောက်က အိမ်တံခါးဝတွင် ရပ်စောင့်နေကြ၏။ ရပ်စောင့်နေသူများက ဝမ်းသာအားရလေသံဖြင့်

“ဟား ဟား ဟား ... ကျုပ်တို့မိတ်ဆွေတွေ ပြန်လိုက်လာကြတယ်။ ကောင်းတယ် .. သိပ်ကောင်းတယ်။ ... ကဲ ... ကျုပ်တို့ အရက်ဝိုင်း ပြန်စရအောင်” ဟု ပြောကာ အားလုံး ဟေးပေကျိ၏ အခန်းထဲသို့ ဝင်လာကြတော့၏။

ဟေးပေကျိကမူ ချက်ချင်းပင် အခန်းထဲမှထွက်ခွာသွားသည်။ အချိန်အတော်ကြာသည်အထိ ပြန်မလာတော့ချေ။ ခေါ့ပိအုန်းနှင့် တန်းချန်းတို့ ၂ ယောက်ကလည်း လင့်ဟူချိုးတို့နှင့် အဖော်အဖြစ် အရက်သောက် ကျန်ရစ်ကြသည်။ ရှန့်ဝန့်ထင်းရော လင့်ဟူချိုးပါ သူတို့ ၂ ယောက်ကို အကဲခတ်နေကြသည်။ သူတို့၏အမူအရာများမှာ တစ်စုံတစ်ယောက်ကို စောင့်နေသကဲ့သို့ ထင်မှတ်ရသည်။ ရှန့်ဝန့်ထင်းက ပြန်ရန် ၂ ကြိမ်တိုင်တိုင် လောဆော်လိုက်သည်။ သို့သော် ၂ ကြိမ်စလုံး ခေတ္တခဏစောင့်ပါရန် တောင်းပန်နေကြသဖြင့် ပြန်ထိုင်နေရ၏။ ထိုအခိုက်မှာပင် ဟေးပေကျိတို့ ပြန်လည်ရောက်ရှိလာတော့၏။ သူက ရောက်လျှင်ရောက်ချင်း လင့်ဟူချိုးအား

“မိတ်ဆွေ ဖုန်းချိုး ... ကျုပ်တို့ဂေဟာထဲမှာ ခင်ဗျားနဲ့ပြိုင်နိုင်တဲ့လူတစ်ယောက် ရှိပါသေးတယ်။ သူကလည်း

ခင်ဗျားနဲ့ ပြိုင်ချင်တယ်တဲ့'' ဟု ပြောလိုက်လေတော့၏။

ခေါ့ပိအုန်းနှင့် တန်းချန်းတို့ ၂ ယောက်မှာ ထိုစကားကို ကြားလိုက်ရသောအခါ ဝမ်းသာအားရထခုန်ကြတော့၏။

''အစ်ကိုကြီးက ဒီကိစ္စကို သဘောတူလိုက်ပြီပေါ့ ... ဟုတ်လား''

လင့်ဟူချုံး၏စိတ်ထဲတွင် ''ကြည့်ရတာကတော့ အခုငါနဲ့ ဓါးသိုင်းယှဉ်ပြိုင်မယ့်လူအတွက် သူတို့အစ်ကိုကြီးရဲ့ သဘောတူညီချက်ကို သွားယူရတာပဲ။ ငါ့ကို အခုလောက်အထိ အချိန်ဆွဲထားရတာကလည်း ဟောပေကျိုက သူတို့ အစ်ကိုကြီးဆီမှာ သွားတောင်းဆိုနေရလို့ ဖြစ်လိမ့်မယ်။ ဒီလိုဆိုရင် အဲသည်လူဟာ သူတို့အစ်ကိုကြီးရဲ့ လက်အောက် ငယ်သား တစ်ယောက်ယောက်ပဲ ဖြစ်ရမှာပေါ့။ အခုပုံအတိုင်းဆိုရင် အဲသည်လူရဲ့ဓါးသိုင်းက သူတို့အားလုံးထက် ပိုကောင်းနေတဲ့ ပုံပဲ'' ဟု တွေးလိုက်မိ၏။

ထိုစဉ် ဟောပေကျိုက ''ဖုန်းချုံး ... မင်း ငါနဲ့ အတွင်းဖက်ကို ခဏလောက် လိုက်ခဲ့ပါလား''

လင့်ဟူချုံးမှာ သံသယရှိနေသဖြင့် တွန့်ဆုတ်သောလေသံဖြင့် ပြောလိုက်သည်။

''ကျုပ်ရဲ့ဓါးသိုင်းက တကယ်တော့ မချီးကျူးလောက်ပါဘူးဗျာ''

တန်းချန်းက လင့်ဟူချုံး မယှဉ်ပြိုင်ပဲ ငြင်းဆန်မည်ကို စိုးရိမ်သော လေသံဖြင့်

''ဒီလူက ခင်ဗျားထက် သိုင်းပညာ အများကြီးမြင့်မားတာတော့ မှန်ပါတယ်။ ဒါပေမယ့် သူ့ကို ခင်ဗျား ကြောက်ဖို့ မလိုပါဘူး''

ဟောပေကျိုက တန်းချန်း၏ စကားကို ကြားဖြတ်လိုက်ပြီး

''ကျုပ်တို့ဂေဟာထဲမှာ ဓါးသိုင်းတော်တဲ့လူတစ်ယောက် ရှိနေသေးတယ်။ ဒါကြောင့် ဘယ်လိုပဲဖြစ်ဖြစ် ခင်ဗျားနဲ့ တော့ တစ်ပွဲတစ်လမ်း စမ်းကြည့်ချင်တယ်တဲ့''

ရှန့်ဝန့်ထင်းက ဝင်၍

''ကောင်းပြီလေ ... ခင်ဗျားတို့ ထပ်ပြိုင်ချင်တယ်ဆိုရင်တော့ ပြိုင်ကြတာပေါ့။ ဒါပေမယ့် ကျုပ်ညီလေးက သိုင်းတော်ပေမယ့် အတွေ့အကြုံနည်းတယ်။ ကျုပ်ကတော့ သိပ်စိတ်မချဘူး'' ဟု ပြောလိုက်၏။

ဟောပေကျိုက ခက်ထန်စွာဖြင့်

''ခင်ဗျားစကားက ဘာစကားလဲဗျ။ ကျုပ်တို့က မတရားတဲ့နည်းကို သုံးမယ်လို့ ခင်ဗျားက ထင်နေလို့လား''

လင့်ဟူချုံးက အခြေအနေမတင်းမာစေလိုသဖြင့်

''အစ်ကိုကြီး မစိုးရိမ်ပါနဲ့။ ဒီကဆရာကြီးတွေက ကျွန်တော့်အပေါ် ဒီလို မတော်မတရား လုပ်လိမ့်မယ်လို့ ကျွန်တော် မထင်ပါဘူး။'' ဟု ပြောလိုက်သည်။

ရှန့်ဝန့်ထင်းက ခေါင်းတစ်ချက် ညိတ်လိုက်ပြီး

''ကောင်းပြီလေ။ ငါ ဒီက စောင့်နေမယ်။ ညီလေး ... သူတို့ မရိုးမသား တစ်ခုခုလုပ်မယ်ဆိုရင် ငါ့ကို တစ်နည်းနည်းနဲ့ အချက်ပေးလိုက်။ သတိတော့ လုံးဝမလစ်စေနဲ့''

လင့်ဟူချုံးက ရယ်လိုက်ပြီး ''အစ်ကိုကြီးက တကယ်အစိုးရိမ်ကြီးတာကိုး။ ဒီလောက်တော့လုပ်မယ် မထင်ပါဘူး'' ဟု နှစ်သိမ့်လိုက်သည်။

ရှန့်ဝန့်ထင်းက ရုတ်တရက် လင့်ဟူချုံး၏ ပေါင်ကိုပုတ်ကာ ဘေးတစ်နေရာသို့ ခေါ်သွားပြီး

''ညီလေး လာဦး ... ငါမင်းကို စကားတစ်ခွန်းမှာလိုက်မယ်။ ဒါမှ သူများဆင်ထားတဲ့ ထောင်ချောက်ထဲ မဝင်နိုင်မှာ'' ဟု ပြောလေတော့၏။

လင့်ဟူချုံး၏စိတ်ထဲတွင် ... ''အင်း ... အစ်ကိုကြီးအနေနဲ့ ဒီလောက် အရေးတကြီး လုပ်နေပုံထောက်ရင် အကြောင်းထူးရှိလို့ ဖြစ်ရမယ်။ ဒါပေမယ့် ငါက ကလေးမှမဟုတ်တာပဲ။ ဒီကောင်တွေ ငါ့ကို ညာချင်ရင်လဲ ဘယ်လွယ်လွယ်နဲ့ ညာလို့ရမလဲ''

တန်းချန်းက ရှန့်ဝန့်ထင်း၏အစိုးရိမ်ကြီးနေပုံကို ကြည့်ပြီး လွတ်လွတ်လပ်လပ် ပြောနိုင်စေရန် ဘေးသို့ ဖယ်ထွက်သွားသည်။ ရှန့်ဝန့်ထင်းက လင့်ဟူချုံး၏လက်ကို လှမ်းဆွဲလိုက်သည်။ ထိုအခိုက်မှာပင် သူက လင့်ဟူချုံး၏လက်ထဲသို့

စက္ကူလုံးတစ်ခု မသိမသာထိုးထည့်ပေးလိုက်သည်။ ထိုစက္ကူလုံးလေးကို လင့်ဟူချုံးက ဆုပ်ကိုင်မိလိုက်သောအခါ မာကြောနေသည်ကို တွေ့လိုက်ရ၏။ ထို့နောက် ရှန့်ဝန့်ထင်းက တဟဲဟဲ ရယ်ရင်း သူ့နားနားသို့ ကပ်ကာ

"ညီလေး ... ဟိုလူ့ကိုတွေ့တာနဲ့ သူနဲ့ လက်ဆွဲနှုတ်ဆက်သလိုလုပ်။ ... ဟဲ ဟဲ ဟဲ ... ဒီစက္ကူလိပ်ကို ထိုးပေးလိုက်။ ဒီကိစ္စက အရေးကြီးတယ်။ မပေါ့ဆနဲ့ ... ကြားလား ... ဟဲ ဟဲ ဟဲ"

ရှန့်ဝန့်ထင်းသည် ဤကိစ္စကို အလွန့်အလွန် အရေးတကြီးပြောနေကြောင်း လင့်ဟူချုံးသိသည်။ သို့သော် သူ့မျက်နှာကမူ တစ်ချိန်လုံး တဟဲဟဲ ရယ်ရင်း စပ်ဖြဲဖြဲသဏ္ဍာန်လုပ်ထားသည်။ ပတ်ဝန်းကျင်ရှိ ညီအစ်ကို ၃ ယောက် အနေဖြင့် အရေးတကြီးကိစ္စကို ပြောနေခြင်းဖြစ်သည်ဟု မည်သို့မျှ ထင်မှတ်စရာအကြောင်း မရှိချေ။ ခေါ့ပိအုန်းတို့မှာ ရှန့်ဝန့်ထင်း၏ တဟဲဟဲ ရယ်သံများကိုသာ ကြားနေကြရာ ဤလူကြီးသည် စောစောကတော့ ပူပုံပူပန်းနှင့် ယခုတော့ မိမိတို့အား ရယ်မောလှောင်ပြောင်နေသည်ဟုပင် ထင်မှတ်နေကြတော့၏။

ထို့နောက် သူတို့ ၃ ယောက်က ရှန့်ဝန့်ထင်းကို အခန်းထဲတွင်ထားခဲ့ပြီး လင့်ဟူချုံးကိုမူ သူတို့၏အစ်ကိုကြီး အခန်းထဲသို့ ထပ်မံခေါ်သွားကြပြန်၏။ ဝမ်ချုံး၏အခန်းထဲ ရောက်လာသောအခါ ဝမ်ချုံးက လင့်ဟူချုံးကို ခေါင်းစွပ်တစ်ခု စွပ်ပေးလိုက်၏။ မျက်လုံးနေရာတွင်မူ အပေါက် ၂ ပေါက် ဖောက်ထားသည်။ လင့်ဟူချုံးမှာမူ သူတို့ပြုလုပ်နေကြသည့် အပြုအမူများအတွက် မည်သို့မျှ နားမလည်နိုင်အောင် ဖြစ်နေတော့သည်။ သို့သော် မည်သည့်စကားကိုမျှ ပြောဆိုခြင်း မပြုပဲ သူတို့ဆောင်ရွက် ပြောဆိုနေသမျှကိုသာ အေးဆေးစွာ စောင့်ကြည့်နေမိသည်။

ဝမ်ချုံးက ဟေးပေကျိအား "ညီလေး သစ်သားခါး ၂ ချောင်းကို အောက်ကိုယူခဲ့။ မင်းကိုယ်တိုင် သေသေချာချာ စစ်ဆေးနော်။ အားလုံး သတိဝီရိယ ကောင်းကောင်းထား" ဟု ပြောလိုက်၏။

လင့်ဟူချုံး၏စိတ်ထဲတွင် သံသယဖြစ်လာသည်။

"ဝမ်ချုံးရဲ့စကားထဲမှာ သစ်သားခါး ၂ ချောင်းကို အောက်ကိုယူသွားဆိုတော့ ဘယ်အောက်ကို ယူသွားရမှာလဲ။ ဇကေ္တ ဟိုလူက မြေအောက်ခန်းထဲမှာများလား"

ထိုစဉ်တွင် ဝမ်ချုံးက လင့်ဟူချုံးအား

"မိတ်ဆွေ ဖုန်းချုံး ... ကျုပ်တစ်ခု တောင်းပန်ချင်ပါတယ်။ ဒီကနေ့ နိုင်နိုင်ရှုံးရှုံး မိတ်ဆွေတွေ့မြင်ရမယ့် အရာတွေကို နောင်ဘယ်သူ့ကိုမှ ပြန်မပြောဖို့ပါပဲ"

လင့်ဟူချုံးက "ဒါကတော့ စိတ်ချပါ။ ကျုပ်စိတ်ထဲမှာ ကျုပ်ရှုံးဖို့ များနေတယ်လို့ ထင်နေမိတယ်။ ကျုပ်အနေနဲ့ ဘယ်ပြောလိမ့်မလဲဗျာ"

ဝမ်ချုံးက "ဒီလိုဆိုရင်တော့ အတိုင်းထက်အလွန်ပဲ ကျေးဇူးတင်ပါတယ်။ ကဲ ... အထဲကို သွားကြရအောင်"

ဝမ်ချုံးပြောသည့် 'အထဲ' ဆိုသည့်စကားကို သဘောမပေါက်သဖြင့် လင့်ဟူချုံးက အပြင်ဖက်သို့လှည့်ထွက်ရန် ဟန်ပြင်လိုက်သည်။ သို့သော် တန်းချန်းက အခန်းထဲသို့လက်ညှိုးထိုး၍ "ဒီထဲကိုသွားပါ" ဟု ပြောလေတော့၏။ လင့်ဟူချုံးမှာ ရုတ်တရက် ကြောင်သွားတော့၏။

"ဘယ်လို ... ဒီအထဲကို ..."

လင့်ဟူချုံးသည် ချက်ချင်းလိုလို အတွေးတစ်ခု ဝင်လာသည်။

"ဇကေ္တ ငါနဲ့ပြိုင်မယ့်လူဟာ မိန်းမနဲ့တူတယ်။ ဒါကြောင့် အတွင်းခန်းထဲမှာ နေနေတာပေါ့။ ယောကျ်ားဆိုရင် ဒီလို အတွင်းခန်းထဲမှာ ဘယ်နေမလဲ။ နောက်ပြီးတော့ ငါ့မျက်နှာကို ခေါင်းစွပ်စွပ်ပေးထားတာကလည်း ငါ့မျက်နှာကို ဒီအမျိုးသမီး မမြင်အောင် ကာကွယ်ပေးထားတာပဲ ဖြစ်ရလိမ့်မယ်"

ထို့ပြင် သူ့လက်ထဲရှိ ရှန့်ဝန့်ထင်းပေးထားသည့် စက္ကူလုံးကလေးကိုကိုင်ပြီး စဉ်းစားလိုက်ပြန်သည်။

"အင်း ... အစ်ကိုကြီးဟာ ဒီမိန်းမနဲ့ တစ်မျိုးမဟုတ် တစ်မျိုးတော့ ပတ်သက်နေရမယ်။ အစ်ကိုကြီးရဲ့ ဇနီးများလား မသိဘူး။ ဒါသိပ်ဖြစ်နိုင်တယ်။ သူက ဒီအိမ်အကြောင်းနဲ့ပတ်သက်ရင် တော်တော်ကလေး သိနေတာပဲ။ ဒီလာရင် ဘာတွေ အဆင်သင့်လုပ်ထားရမလဲဆိုတာတွေလည်း အားလုံးသိနေတာပဲ"

ထိုသို့ဖြင့် သူတို့ ၅ ယောက်စလုံး အခန်းတွင်းသို့ ရောက်ရှိလာကြတော့၏။ အခန်းထဲတွင် ကုတင်တစ်လုံးသာ ရှိသည်။ ထိုကုတင်ပေါ်၌ ခြင်ထောင်တစ်လုံးထောင်ပြီး ချထားသည်။ ဝမ်ချုံးသည် ခြင်ထောင်ကို ဆွဲလှန်လိုက်ပြီး

ကုတင်၌ ခင်းထားသော သစ်သားခင်းများကို ဖယ်ရှားပစ်လိုက်သည်။ ထိုသစ်သားခင်းအောက်၌ သံပြားကြီးတစ်ချပ် ခင်းထားသည် ကို တွေ့ကြရတော့၏။ ထိုသံပြားကြီး၌ သံလက်ကိုင်ကွင်းတစ်ခုလည်း တပ်ဆင်ထားသည်။ ဝမ်ချုံးက ထိုလက်ကိုင်ကွင်းကို ဆွဲမလိုက်သောအခါ သံပြားကြီး ပွင့်ထွက်လာတော့သည်။ အောက်၌ အပေါက်ကြီးတစ်ပေါက် ပေါ်လာတော့၏။

ဝမ်ချုံးက ဦးဆောင်၍ ထိုအပေါက်ကြီးထဲသို့ ဆင်းလိုက်သည်။ လင့်ဟူချုံးအပါအဝင် ကျန်လူအားလုံးလည်း ဝမ်ချုံး နောက်မှ လိုက်ဆင်းကြ၏။ မြေအောက်လိုဏ်ဂူသို့သွားသည့် လှေကားထစ်အတိုင်း တစ်ခါးပေါက်ပင်တည်း။ အောက်ခြေ၌ မြေအောက် လိုဏ်ခေါင်းကြီးတစ်ခု ဖောက်လုပ်ထားကြောင်းတွေ့ကြရသည်။ အတန်ကြာ လျှောက်သွားမှ ဖောက်ထားသည့်လမ်း ဆုံးသွား၏။ လိုဏ်ခေါင်းထဲ၌ မီးအိမ်များ ထွန်းညှိထားသဖြင့် လင်းလင်းချင်းချင်း ရှိနေသည်။

လမ်းဆုံးသွားသောအခါ ဝမ်ချုံးသည် သော့တွဲတစ်ခုကိုထုတ်၍ နံရံရှိ အပေါက်တစ်ခုထဲသို့ထည့်ပြီး လှည့်လိုက်သည်။ ထို့နောက် အတွင်းဖက်သို့ တွန်းဖွင့်လိုက်သောအခါ ကျောက်တံခါးကြီးတစ်ချပ် ကျွီကနဲမြည်ကာ ပွင့်သွားတော့သည်။ သူတို့ကား အိမ်ရှင်များဖြစ်ကြ၍ အထာကျွမ်းနေသဖြင့် မည်သည့်နေရာ၌ မည်သည့်အရာများ ရှိကြောင်း ကောင်းစွာသိနေကြသည်။ လင့်ဟူချုံးအဖို့မူကား လက်ဖြင့်စမ်းသပ်ကြည့်လျှင်ပင် ထိုနေရာ၌ ကျောက်တံခါးကြီးတစ်ချပ် ရှိနေကြောင်း သိလိမ့်မည်မဟုတ်ချေ။ ကျောက်တံခါးကြီးမှာ အလွန်ထုထဲလှသည်။ ၂ ပေခန့်အထူရှိနေသဖြင့် အလွန် အံ့ဩဖွယ်ရာ ကောင်းနေတော့၏။ ဤမျှ ထုထဲလေးလံလှသော ကျောက်တံခါးကြီး၌ တပ်ဆင်ထားသည့် ပတ္တာကြီး များသည်ပင် အံ့ဩစရာ ကောင်းလှပေသည်။

လင့်ဟူချုံး၏စိတ်ထဲတွင် မကျေမနပ် ဖြစ်လာမိ၏။

“ဘယ်လိုလဲ။ ဒီလူတွေဟာ တကယ့်ထိပ်သီးသိုင်းဆရာကြီးတွေ။ နည်းနည်းနောနော သိုင်းပညာရှင်ကြီးတွေ မဟုတ်ဘူး။ ဝမ်ချုံးရဲ့ ‘အသံလှိုင်းလက်နက်’ သိုင်းပညာဆိုရင် ဘယ်လောက်ကြောက်စရာ ကောင်းသလဲ။ ဒီလောက် တော်နေတဲ့ သိုင်းဆရာကြီးတွေ ဖြစ်လျက်သားနဲ့ မိန်းမတစ်ယောက်ကို ဘာဖြစ်လို့ ဒီလောက် အထပ်ထပ် ပိတ်ထားရ သလဲ”

ထိုကျောက်တံခါးမှ အတွင်းပိုင်းသို့ ဝင်လိုက်သောအခါ လိုဏ်ခေါင်းတစ်ခုကို ထပ်မံတွေ့ရပြန်၏။ ထိုလိုဏ်ခေါင်း မှာ တည့်တည့်ဖောက်ထားခြင်း မဟုတ်တော့ပေ။ ကုန်းလျှောဖြစ်နေသည်။ အတန်ကြာ လျှောက်မိကြသည်တွင် နောက်ထပ် တံခါးတစ်ချပ်ကို တွေ့ကြရပြန်၏။ တကယ့်ဝင်္ကပါ ဥမင်လိုဏ်ခေါင်းပင်တည်း။ ရှုပ်ထွေးပွေလီလှသော အခန်းပေါင်း မြောက်မြားစွာ ရှိပေလိမ့်ဦးမည်။ လင့်ဟူချုံးသည် ခေါင်းစွပ်အတွင်းမှ မဲ့ပြုံးပြုံးလိုက်မိသည်။

“အင်း ... ငါကတော့ ဒီတောင်ပိုင်းရဲလေးဖော်ဆိုတာ အင်မတန်သိက္ခာသမာဓိရှိတဲ့ သိုင်းဆရာကြီးတွေပဲလို့ ထင်နေခဲ့တာ။ အခုတော့ ဘယ်မှာ သိက္ခာသမာဓိရှိတဲ့လူတွေ ဟုတ်လို့လဲ။ ဒါတွေက သူတို့ မတော်မတရား နှိပ်စက်ညှဉ်းပန်းဖို့ ဆောက်ထားတဲ့ မြေအောက်အချုပ်ခန်းတွေပဲ”

လင့်ဟူချုံးအနေဖြင့် သူ့အားခေါင်းစွပ်စွပ်ပေးကတည်းက သံသယရှိသော်လည်း မြေအောက်တွင် ဤမျှ ကြီးမားလှသော အချုပ်ခန်း အဆောင်ဆောင်ရှိမည်ဟု လုံးဝသံသယမဝင်ခဲ့ချေ။ယခုမူ အခိုင်အခန့်တည်ဆောက်ထားသော မြေအောက်ခန်းများကို တွေ့လာရသောအခါ ကြောက်စိတ်ဝင်လာတော့သည်။ မိမိတွင် လက်နက်ဟူ၍ အပ်တိုတစ်ချောင်း မျှမပါ။ သူတို့ ၄ ယောက်အား မည်သို့ခုခံနိုင်ပါမည်နည်း။ မိမိ၌ အတွင်းအားကလည်း လုံးဝမရှိသဖြင့် မိမိအား ဝိုင်းဖမ်းချုပ်လိုက်လျှင် မည်သို့မျှ တတ်နိုင်လိမ့်မည်မဟုတ်ချေ။ ထို့ကြောင့် ကြောက်စိတ်လုံးဝမရှိခဲ့သော လင့်ဟူချုံးသည် ယခုတော့ ကြောက်စိတ်များ ဝင်လာခဲ့ချေပြီ။ မိမိအား ဖမ်းဆီးပြီး ဤမြေအောက်ခန်း၌ ချုပ်နှောင်ထားလျှင် အစ်ကိုကြီး ရှန့်ဝန့်ထင်းအနေဖြင့် မည်ကဲ့သို့ လာရောက် ကယ်တင်နိုင်တော့မည်နည်း။ လင့်ဟူချုံးမှာ တွေးရင်းဖြင့် ချွေးသီး ချွေးပေါက်ကြီးများ စို့ထွက်လာတော့၏။

သူတို့အားလုံး နောက်ဆုံးသံတံခါး ၃ ချပ်ကို ကျော်လာကြပြီး ရပ်တန့်လိုက်ကြ၏။ သူတို့၏ရှေ့တွင် သံတံခါး နောက်တစ်ချပ် ရှိနေသေးသည်။ ထိုသံတံခါးတွင် ၆ လက်မပတ်လည်ခန့်ရှိသော အပေါက်တစ်ပေါက်ဖောက်ထားသည်။ ထိုအပေါက်မှနေ၍ အစားအစာများကို ထိုးသွင်းပေးဟန်တူပေသည်။ လင့်ဟူချုံးက သံတံခါးကို လေ့လာနေစဉ်မှာပင် ဝမ်ချုံးတို့ ၄ ယောက်က သူတို့၌ အသင့်ပါလာသည့်ခေါင်းစွပ်များကို ကိုယ်စီကိုယ်င စွပ်လိုက်ကြ၏။ ထို့နောက် ဝမ်ချုံးက အပေါက်ဝနားကပ်၍

“နောင်ကြီး လင်းရှင် ... ဝမ်ချုံးတို့ ညီအစ်ကို ၄ ယောက်က နောင်ကြီးကို လာတွေ့ဆုံပါတယ်” ဟု ပြောလိုက်၏။

လင့်ဟူချုံးမှာ ရုတ်တရက် အံ့သြသွားမိတော့သည်။

"ဟာ ... ဒီလူက မိန်းမမှ မဟုတ်တာပဲ။ ငါ့အထင်တော့ မှားသွားပြီ။ လင်းရှင်ဆိုတဲ့ ယောက်ျားကြီးတစ်ယောက်ကိုး"

ဝမ်ချုံး၏အသံကို ဆက်ကြားနေရသည်။

"နောင်ကြီးလင်းရှင် ... ကျုပ်တို့ ခင်ဗျားကို လာတွေ့ကြတာက အကြောင်းတစ်ခုရှိလို့ပဲ။ ခင်ဗျားကို ပြောစရာတစ်ခုရှိတယ်"

ဝမ်ချုံး၏စကားသံ မဆုံးမီမှာပင် အခန်းတွင်းမှ စူးဝါးကျယ်လောင်လှသော အသံကြီးတစ်ခုက

"ခွေးမသားတွေ ... ဘာလာရှုပ်နေကြတာလဲ။ ဘာအကြောင်း ညာအကြောင်းတွေ လာပြောမနေနဲ့။ လာဟောင်မနေကြနဲ့။ ခွေးမသားတွေ ... မင်းတို့ဟောင်သံတွေကို မကြားချင်ဘူး။ ထွက်သွားကြစမ်း ... မြန်မြန်ထွက်သွားကြစမ်း"

ထိုသို့ အော်ဟစ်ဆဲဆိုနေသည့်အသံကို ကြားလိုက်ရသောအခါ လင့်ဟူချုံးမှာ အလွန်တရာ အံ့သြသွားတော့၏။ ထိုအသံမှာ မိန်းမသံမပေါက်သည့်အပြင် အသက်အရွယ် အတော်အတန်ကြီးနေပြီဖြစ်သော လူကြီးတစ်ယောက်၏အသံမျိုး ပေါက်နေသောကြောင့်ပင်တည်း။ သို့သော် လေသံမှာ ခက်ထန်မာကြောပြီး ကြမ်းတမ်းလှသည်။ ကလေကချေ လူမိုက်တစ်ယောက်၏လေသံမျိုး ထွက်နေ၏။ ဝမ်ချုံးကတော့ ထိုလူ၏ဆဲဆိုမှုကို အလျဉ်းဂရုမစိုက်ပဲ သူပြောစရာ ရှိသည့်စကားကိုသာ ဆက်ပြောနေသည်။

"အရင်တုန်းကတော့ ကျုပ်တို့က ဒီလောကမှာ နောင်ကြီးရဲ့ဓါးသိုင်းက အကောင်းဆုံးပဲလို့ ထင်နေခဲ့ကြတာ။ ဒီကနေ့တော့ ကျုပ်တို့ဂေဟာကို လူတစ်ယောက် ရောက်လာတယ်။ ကျုပ်တို့ညီအစ်ကို ၄ ယောက်စလုံး သူ့ကို လုံးဝမယှဉ်နိုင်ခဲ့ဘူး။ ကျုပ်တို့ ၄ ယောက်စလုံး အရှုံးပေးလိုက်ရတယ် ဆိုပါတော့။ သူ့ဓါးသိုင်းနဲ့ နောင်ကြီးလင်းရှင်ရဲ့ ဓါးသိုင်း ၂ ခုကို ယှဉ်ကြည့်ရင် သူ့ဓါးသိုင်းက အများကြီး ပိုကောင်းနေတာကို တွေ့ရတယ်"

ထိုအခါ လင်းရှင်ဆိုသောလူက တဟားဟားရယ်ရင်း ပြန်ပြောလိုက်၏။

"ဝမ်ချုံး .... မင်းတို့ ၄ ယောက်စလုံး အသုံးမကျလို့ အဲသည်လူကို မနိုင်တာပေါ့ကွ။ ခွေးမသားတွေ။ မင်းတို့အသုံးမကျတော့ ငါ့ကိုဒေါသထွက်အောင်ဆွပေးပြီး ဒီလူနဲ့ ငါနဲ့ ဓါးသိုင်းပြိုင်ခိုင်းဦးမလို့ပေါ့ ... ဟုတ်လား ... ဟား ဟား ဟား ... ကျလည်း ကျတဲ့ အကောင်တွေ ... မင်းတို့ရဲ့ရန်သူကြီးတစ်ယောက်ကို ငါက ရှင်းပေးရဦးမယ်ပေါ့ ... ဟုတ်လား ... ဟား ဟား ဟား ... ငါဓါးမကိုင်တာ အနှစ် ၂၀ ကျော်နေပြီဆိုတော့ ဓါးသိုင်းတောင် မေ့နေပြီ။ ငါက ဒီလူနဲ့ ဘယ်လိုယှဉ်ပြိုင်ရမှာလဲ။ သွားကြစမ်းကွာ။ ခွေးမသားတွေ"

လင့်ဟူချုံး၏ စိတ်ထဲတွင်

"အင်း ... ဒီလူကြီးက တကယ့်ကို ပါးနပ်တဲ့လူကြီးပါလား။ ဝမ်ချုံးရဲ့ စကားအသွားအလာကို ကြားလိုက်တာနဲ့ ချက်ချင်းပဲ ဝမ်ချုံးတို့ရဲ့ အကြံအစည်ကို ရိပ်မိသွားတာပဲ။ ဘယ်လိုလုပ်ပြီးများ အဖမ်းခံလိုက်ရတာပါလိမ့်" ဟု တွေးနေမိသည်။

ဟေးပေကျိက ဝင်၍ ဝမ်ချုံးအား ပြောလိုက်သည်။

"အစ်ကိုကြီး ... နောင်ကြီးလင်းရှင်က ဒီလူနဲ့ ပြိုင်မှာမဟုတ်ပါဘူး။ ဖုန်းချုံးက နှင်းဆီဂေဟာကြီးထဲက ဘယ်သူကမှ သူနဲ့ ဓါးသိုင်းမယှဉ်နိုင်ဘူးလို့ ပြောတဲ့စကားဟာ မှန်နေပါပြီ။ နောင်ကြီးလင်းရှင်နဲ့ ကျွန်တော်တို့ ဘာစကားပြောစရာ ကျန်နေဦးမှာလဲ။ ဖုန်းချုံးကိုသာ ပြန်ပို့လိုက်ကြရအောင်"

လင်းရှင်က အော်လိုက်သည်။

"သွားကြစမ်း ... မင်းတို့အားလုံး မြန်မြန်ထွက်သွားကြစမ်း ... ငါ့စိတ်ကို လာဆွလို့ မရဘူးကွ"

ဟေးပေကျိက

"နောင်ကြီးလင်းရှင် .. ကျွန်တော်တို့ အခုခေါ်လာတဲ့လူကို ဘယ်လိုလူများ အောက်မေ့နေလို့လဲ။ သူက ဝါဆန်းဂိုဏ်းက ဆရာကြီး ဖုန်းချင်းရဲ့ နောက်ဆုံးတပည့်ပဲ။ ဆရာကြီး ဖုန်းချင်းရဲ့ ဓါးသိုင်းအမွေကို အတော်ရလိုက်တာ။ နောက်ပြီးတော့ ... လင်းရှင်ဟာ သိုင်းလောကမှာ ဘယ်သူ့ကိုမှ မကြောက်ခဲ့ဘူးဆိုပေမယ့် ခြွင်းချက်တစ်ခုတော့ ရှိခဲ့တယ် မဟုတ်လား။ ဆရာကြီး ဖုန်းချင်းတစ်ယောက်ကိုတော့ နောင်ကြီးလင်းရှင် ကောင်းကောင်းကြောက်တယ် မဟုတ်လား။

သူ့နာမည်ကြားတာနဲ့ တစ်ချိုးတည်း ထွက်ထွက်ပြေးရတာပဲ မဟုတ်လား''

ထိုစကားကို ကြားရသောအခါ ဒေါသထွက်လာသော လင်းရှင်၏အော်ဟစ်ဆဲဆိုသံများမှာ မြေအောက်ခန်းတစ်ခုလုံး ပွဲတင်ထပ်သွားတော့၏။ တန်းချန်းကလည်း လင်းရှင် စိတ်မဆိုး ဆိုးအောင် ခနိုးခနဲ့စကားများဖြင့် ရန်စလျက် ရှိတော့၏။ ထိုစဉ် ဟေးပေကျိက သက်ပြင်းတစ်ချက်ချကာ

''ညီလေး ဖုန်းချိုး ... ငါတို့ရဲ့အစီအစဉ်တော့ ပျက်သွားပြီ။ လင်းရှင်က မင်းဟာ ဆရာကြီး ဖုန်းချင်းရဲ့ တပည့်မှန်း သိသွားတော့ လိပ်ပြာလွင့်နေပြီ။ သူက ဆရာကြီး ဖုန်းချင်းဆိုရင် အသေအလဲ ကြောက်တဲ့လူ ဖြစ်နေတော့ မင်းနဲ့ ဘယ်လိုမှ ပြိုင်ရဲမှာ မဟုတ်ဘူး။ ငါတို့က မင်းကို ဓါးသိုင်းအတော်ဆုံး သိုင်းသမားလို့ သတ်မှတ်လိုက်ပါပြီ'' ဟု လေးလေးနက်နက် ပြောလေတော့၏။

ဟေးပေကျိနှင့် ကျန်ညီအစ်ကို ၃ ယောက်တို့၏ စကားများကို နားထောင်ပြီး လင်းရှင်ဆိုသောလူကြီးကို လင့်ဟူချိုးမှာ သနားကြင်နာစိတ် ဝင်လာတော့၏။ ထိုလူကြီးမှာ ဤအချုပ်ခန်းအတွင်း၌ နှစ်ပေါင်းအတော်ကြာ ပိတ်လှောင်ခြင်း ခံထားရသည်မှာ သေချာနေ၏။ ဤမျှ ကြာမြင့်စွာ အချုပ်အနှောင်ခံထားရပြီး ရူးသွပ်မသွားသည်မှာ တော်သေးသည်ဟု ဆိုရမည်ကဲ့သို့ ဖြစ်နေ၏။ ထို့အပြင် သူတို့၏စကားအသွားအလာအရ ထိုလူကြီး၏သိုင်းပညာမှာ အလွန်တရာ အဆင့် မြင့်မားကြောင်း သိလိုက်ရ၏။ ယခု ဟေးပေကျိက မိမိအား အတော်ဆုံးဓါးသမား အဖြစ် သတ်မှတ်လိုက်ကြောင်း ပြောလိုက်သည့်စကားကို ကြားရသောအခါ လင့်ဟူချိုးက ကမန်းကတန်းဖြင့်

''ဆရာကြီး ဟေးပေကျိ ပြောတာ မမှန်ပါဘူး။ ဆရာကြီး ဖုန်းချင်းက ကျွန်တော့်ကို ဓါးသိုင်းပညာ သင်ပေးရင်း ပြောဖူးတယ်။ ကျွန်တော့်ဆရာဖိုးဖိုးရဲ့ စကားကတော့ ရှင်းရှင်းလေးပါ။ ဒီလောကကြီးထဲမှာ သူ့အထင်ကြီးလေးစားတဲ့လူ တစ်ယောက်တည်းရှိသတဲ့ ... အဲသည်လူဟာ လင်းရှင်ပဲတဲ့။ ဆရာဖိုးဖိုးကတော့ ဆရာကြီး လင်းရှင်ဆိုတာကို သိပ်ချီးကျူးတာပဲ။ ကျုပ်ကတော့ ဆရာကြီးလင်းရှင်ကို အခုမှတွေ့ဖူးတာပါ။ ... ဒါတင်မကသေးဘူး။ ကျွန်တော့်ဆရာဖိုးဖိုးက မှာခဲ့သေးတယ်။ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ဆရာကြီးလင်းရှင်ဆီမှာ ကျွန်တော့်အနေနဲ့ ဓါးသိုင်းပညာကို ကောင်းကောင်း လေ့လာဆည်းပူး ရမယ်တဲ့''

လင့်ဟူချိုး၏စကားများကို ကြားလိုက်ရသောအခါ ဝမ်ချိုးတို့ ၄ ယောက်မှာ အံ့အားသင့်သွားကြတော့၏။ ထိုအချိန်တွင် လင်းရှင်ထံမှ အားရကျေနပ်စွာရယ်လိုက်သည့်အသံကို ကြားလိုက်ရတော့၏။

''ဟားဟားဟား ... မိတ်ဆွေလေး။ မင်းရဲ့စကားဟာ မှန်ကန်တဲ့သစ္စာတရားပဲ။ ဆရာကြီး ဖုန်းချင်းလို လူစားမျိုးကသာ ငါ့ရဲ့ဓါးသိုင်းအစွမ်းအစကို သိနိုင်တာကွ။ ဒီ့ပြင် ခွေးကောင်တွေ ဘာနားလည်လိမ့်မလဲ''

ဝမ်ချိုးက ''ဆရာကြီး ဖုန်းချင်းက လင်းရှင် ဒီမှာရှိနေတယ်ဆိုတာကို သိနေလို့လား။ ဒီနှင်းဆီဂေဟာမှာ ရှိနေတယ်ဆိုတာကိုပေါ့''

လင့်ဟူချိုးက ဖြန်းသန်း၍ လျှောက်ပြောရတော့၏။

''ဆရာကြီး ဖုန်းချင်းက လင်းရှင် ဒီမှာရှိနေတယ်ဆိုတာကို မသိပါဘူး။ ဆရာဖိုးဖိုး ထင်နေတာက ဆရာကြီး လင်းရှင်ဟာ သိုင်းလောကထဲက ထွက်သွားပြီလို့ထင်နေတာ။ ကျွန်တော့်ကို ဒီဓါးသိုင်းသင်ပေးတိုင်း သူက အမြဲလိုလိုပြောတယ်။ ဒီဓါးသိုင်းက ဆရာကြီးလင်းရှင်နဲ့ နောက်ဆက်တပည့်လက်သားတွေနဲ့ တွေ့တဲ့အခါကျမှ အသုံးပြုရမယ်တဲ့။ ဒီလောကထဲမှာ လင်းရှင်သာရှိမနေရင် ဒီလောက်ခက်ခဲနက်နဲတဲ့ ဓါးသိုင်းပညာကို သင်ထား တတ်ထားဖို့ မလိုဘူးတဲ့''

လင့်ဟူချိုးမှာ တောင်ပိုင်းရဲလေးဖော်ကို ကျေနပ်သဘောကျခြင်းမျိုး လုံးဝမရှိတော့သဖြင့် သူတို့ ၄ ယောက်အား ချိုးနှိမ်သော စကားများနှင့် လင်းရှင်ဆိုသောလူကြီးကို မြှင့်တင်ပေးသည့် စကားများကိုသာ တွင်တွင် ပြောနေတော့သည်။ လင့်ဟူချိုးအနေဖြင့် ဤတောင်ပိုင်းရဲလေးဖော်ဆိုသော လူများကိုလည်း လုံးဝအယုံအကြည် မရှိတော့ပေ။ သူ့စိတ်ထဲ၌ လင်းရှင်ဆိုသည့်လူကြီးအား ဤသို့ဖမ်းဆီးချုပ်နှောင်ထားကြခြင်းမှာ မတရားသော နည်းလမ်းများသုံး၍ ယုတ်ညံ့သော ထောင်ချောက်များဆင်ကာ ဖမ်းဆီးထားခြင်းသာဖြစ်ရမည်ဟု ယူဆလိုက်လေတော့၏။ ထိုနည်းများ မသုံးပဲနှင့် ဤမျှ သိုင်းပညာအဆင့်အတန်း မြင့်မားသူတစ်ယောက်ကို မည်သို့မျှ လွယ်လွယ်ကူကူ ဖမ်းဆီးနိုင်လိမ့်မည် မဟုတ်ချေ။

ထိုအခါ လင်းရှင်က ''ဟုတ်တယ် ... မင်းပြောတာ အမှန်တွေချည်းပဲ မိတ်ဆွေလေး။ ဒီကောင် ၄ ကောင်စလုံးကို

မင်း လွယ်လွယ်ကလေးနဲ့ အနိုင်ချခဲ့တယ် မဟုတ်လား”

လင့်ဟူချိုးက “ကျုပ်ရဲ့ဓါးသိုင်းပညာကို ဆရာကြီး ဖုန်းချင်းကိုယ်တိုင် သင်ကြားပေးခဲ့တာဗျ။ ဆရာကြီးလင်းရှင်က လွဲရင် ဘယ်သူက ကျုပ်ကိုယှဉ်နိုင်မှာလဲ။ ဒီနှင်းဆီဂေဟာက ဆရာကြီး ၄ ယောက်စလုံး ကျုပ်ကို နိုင်ဖို့မလွယ်ပါဘူး”

လင့်ဟူချိုးသည် ဤစကားကို တမင်ပြောလိုက်ခြင်းဖြစ်သည်။ ဝမ်ချိုးတို့ ညီအစ်ကို ၄ ယောက်အား ချိုးနှိမ်လို၍ ပြောချလိုက်ခြင်းသာ ဖြစ်သည်။ လင့်ဟူချိုးသည် အစဉ်အမြဲ အားနည်းသူဖက်မှ ကူညီလိုစိတ်ရှိခဲ့သူ ဖြစ်သည်။ ယခုတော့ လင်းရှင်မှာ မည်သို့မျှမတတ်နိုင်ပဲ သည်ညီအစ်ကို ၄ ယောက် ပြုသမျှနုနေရသူဖြစ်ကြောင်း သိရသောအခါ လင်းရှင် ကိုယ်စား မခံချင်စိတ်ပေါ်ပြီး ဤစကားများကို ပြောခြင်းဖြစ်၏။ ယခုအချိန်တွင် သူ၌ မည်သည့်အစွမ်းအစမျှ မရှိသော်လည်း ဤကဲ့သို့ ထုတ်ဖော်ပြောဆိုလိုက်ရခြင်းအတွက် များစွာကျေနပ်အားရမိသည်။

ဝမ်ချိုးတို့မှာ အနေရအထိုင်ရ ခက်နေသည်။ သို့သော် လင့်ဟူချိုးက သူတို့ ၄ ယောက်ကို အမှန်တကယ် နိုင်ထားသဖြင့် မည်သည့်စကားမျှ မပြောနိုင်ပဲ ဖြစ်နေကြသည်။ သို့ရာတွင် သူတို့ ၄ ယောက်အထဲ၌ ထူးထူးခြားခြား စဉ်းစားနေသူမှာ ဟေးပေကျိဖြစ်၏။ လင့်ဟူချိုးက သူ့အား ချိုးနှိမ်သည့်စကားများ ပြောနေသော်လည်း သူက မည်သို့မျှ စိတ်မကွက်ချေ။ သူ့အထင်မှာ ဝမ်ချိုးတို့နှင့် ခြားနားနေ၏။

လင်းရှင်သည် လင့်ဟူချိုးနှင့် မည်သို့မျှ ယှဉ်ပြိုင်တိုက်ခိုက်မည့် အရိပ်အယောင် လုံးဝမရှိချေ။ ယခုကဲ့သို့ အချိုသတ်သော နည်းကိုမသုံးပါက လင့်ဟူချိုးသည် လင်းရှင်နှင့် ဓါးသိုင်းယှဉ်ပြိုင်ပွဲ လုံးဝဖြစ်မြောက်လိမ့်မည်မဟုတ်။ လင်းရှင်တစ်ယောက် ဓါးသိုင်းယှဉ်ပြိုင်ချင်စိတ်ပေါက်လာအောင် လင့်ဟူချိုးက ပရိယာယ်ဆင်နေခြင်းဖြစ်သည်ဟု ဟေးပေကျိက တွက်ဆယုံကြည်နေသည်။ ထို့ကြောင့် သူက သူ့ညီအစ်ကိုများအား မည်သည့်စကားမျှမပြောရန် လက်ဖြင့် အချက်ပြ လိုက်သည်။

ထိုအခိုက် လင်းရှင်က … “ကောင်းတယ်။ ဒီသတင်းကတော့ မင်္ဂလာသတင်းပဲ။ မင်းက ငါ့အတွက် တိုက်ပေးလိုက်တာပေါ့ကွာ။ မင်းက ဒီခွေးကောင်တွေကို ဘယ်လို အနိုင်ယူလိုက်သလဲကွ”

လင့်ဟူချိုးက … “ကျွန်တော်နဲ့ ပထမဦးဆုံးတိုက်ခိုက်တဲ့လူက တင်းကျန်းဆိုတဲ့လူပဲ။ ဒီလူရဲ့ဓါးရေးက သိပ်တော့ မဆိုးလှဘူး။ သူ့ကို သိုင်းလောကသားတွေက လျှပ်တစ်ပြက်ဓါးလို့ ခေါ်ကြတယ်ဆိုပဲ”

သို့သော် လင်းရှင်ကမူ “ဘာ … အဲသည်ခွေးကောင်နဲ့ မင်းက တိုက်သေးသလား။ ထွီ … ဘာမှတန်ဖိုးမရှိတဲ့ ကောင်ပဲ။ သူ့ဓါးက ဟန်သာကောင်းတာကွ။ အဆံမရှိဘူး။ အနှစ်သာရ ဘာမှမရှိဘူး။ ဓါးရောင်နဲ့ သူများကို ခြောက်လှန့် ရုံလောက် ခြောက်လှန့်နိုင်တာ။ တကယ့်ပညာသားဆိုလို့ ရွေးစေ့တစ်စေ့လောက်တောင် ရှိတာမဟုတ်ဘူး။ ဒီကောင်နဲ့ တိုက်ရင် မင်းက ဓါးကွက်တွေဘာတွေ ထုတ်နေစရာမလိုဘူး။ မင်းရဲ့ဓါးသွားကို လမ်းတစ်ဝက်ကသာ ထောင်ထားလိုက်။ သူ့ရဲ့ လက်ချောင်းကလေးတွေ၊ လက်ကောက်ဝတ်တွေက မင်းရဲ့ဓါးသွားဆီ အလိုလိုလာပြီး အဖြတ်ခံလိမ့်မယ်”

လင့်ဟူချိုးနှင့် ဝမ်ချိုးတို့ ညီအစ်ကို ၄ ယောက်တို့မှာ ထိုစကားကို ကြားလိုက်ရသောအခါ အားလုံး ဟာကနဲ အော်လိုက် မိကြတော့၏။

လင်းရှင်က “ဘာလဲ … ငါပြောတာ မှားသွားလို့လား”

လင့်ဟူချိုးက “သိပ်မှန်နေတာ ဆရာကြီးရေ … သိပ်မှန်နေတာ။ သွေးထွက်အောင် မှန်တယ်ဆိုတာ ဒါမျိုးပဲ။ အခု ဆရာကြီး ပြောနေတာတွေဟာ ဆရာကြီးရဲ့မျက်စိနဲ့ တွေ့ပြီးမြင်ပြီးလို့ ပြောလိုက်သလားတောင် အောက်မေ့နေတာ”

ထိုအခါ လင်းရှင်က တဟားဟား ရယ်ရင်း

“ဟုတ်တယ်လား။ ဘယ့်နှယ်လဲ … ဒီကောင်လက်ချောင်း ပြတ်သွားသလား။ လက်ဝါးပြတ်သွားသလား။ ဒါမှမဟုတ် လက်ပြတ်သွားသလား” ဟု အားရပါးရ ပြန်မေးလိုက်သည်။

လင့်ဟူချိုးက တလေးတစားဖြင့် “ကျွန်တော်က ဓါးသွားကိုလှည့်ပြီး သူ့လက်ကို ဓါးပြားနဲ့ပဲ ရိုက်လိုက်တယ်” ဟု ပြန်လည်ဖြေကြားလိုက်သည်။

ထိုအခါ လင်းရှင်က “မှားတယ်။ မင်း သိပ်မှားတယ်။ မင်းက တကယ့်ရန်သူကို ညှာလိုက်တာကိုး။ မြွေဆိုးကို သနားရင် သနားတဲ့လူ မြွေပေါက်ခံရတာပဲ။ မင်းလည်း တစ်နေ့ကျရင်ခံရမှာပဲ။ မင်းနဲ့ပြိုင်တဲ့ ဒုတိယအကောင်က ဘယ်ကောင်လဲ”

လင့်ဟူချုံးက "ဆရာကြီး တန်းချန်းပါ"

လင်းရှင်က "တန်းချန်းလား ... ဒီခွေးကောင်ရဲ့ဓါးသိုင်းကတော့ တင်းကျန်းထက်စာရင် ပိုကောင်းတယ်။ မင်းက တင်းကျန်းကိုနိုင်ထားတော့ သူက မင်းကို ပေါ့ပေါ့ဆဆ ဘယ်တိုက်လိမ့်မလဲ။ သူ့ရဲ့အားအထားဆုံး ဓါးသိုင်းကို ထုတ်သုံးမှာပေါ့။ ဘာတဲ့ ... ရေစီးဓါးသိုင်းဆိုလား ... ဘာလားပဲ"

တန်းချန်းမှာ ထိတ်လန့်ခြောက်ခြားသွား၏။ လင်းရှင်က မိမိ၏ဓါးကွက်ကို ကောင်းကောင်းသိနေသည်ကို ကြားလိုက်ရသောကြောင့်ပင်တည်း။

လင့်ဟူချုံးက "ဆရာကြီး တန်းချန်းရဲ့ဓါးသိုင်းက တင်းကျန်းထက်တော့ အများကြီးသာပါတယ်။ ဒါပေမယ့် သူ့ရဲ့ ဓါးကွက်မှာ ဟာကွက်တွေ အများကြီးတွေ့ရတယ်"

လင်းရှင်က တဟားဟား ရယ်ရင်း

"ဆရာကြီးဖုန်းချင်းရဲ့ တပည့်လုပ်နေမှတော့ ဒီလောက်တော့ မြင်ရမှာပေါ့ကွ။ ဒီတန်းချန်းဆိုတဲ့ ခွေးကောင် ကလည်း ဘဝင်က ခပ်မြင့်မြင့်ကွ။ သူတတ်ထားတဲ့ဓါးသိုင်းကွက်မှာ သူ့ကိုယ်သူ သိပ်ဟုတ်သိပ်တော်တယ်ဆိုပြီး အထင်ကြီးနေတဲ့ ဓါးကွက်တစ်ကွက်ရှိတယ်။ ဘာတဲ့ ... ရေတံခွန်ဓါးကွက် ... ဆိုလား ... ဘာလား မသိပါဘူး။ သူ့ဓါးကွက်က ဒီလို ... ဓါးကိုမြှောက်ပြီး အပေါ်ကနေခုတ်ချတဲ့ ဓါးကွက်လေ။ အဲသည်ကောင် အဲဒီဓါးကွက်ကို မသုံးရင်တော့ သူ့အတွက် ကံကောင်းတယ်။ သုံးများ သုံးလိုက်ရင်တော့ ... ဟင်း ... မင်းလို ဆရာကြီး ဖုန်းချင်းရဲ့တပည့်နဲ့ တွေ့လိုက်ရင် ... ဓါးရှည်ကို သူ့ဓါးအတိုင်းကပ်ပြီး ရှေ့ကိုလျှောချလိုက်ရုံပဲ။ တစ်ခါတည်း သူ့လက်ချောင်းတွေကို ခုတ်ဖြတ်လိုက်သလို ဖြစ်သွားမယ်။ အဲသည်အခါကျရင်တော့ သူ့ဓါးကွက်က ရေတံခွန်ဓါးကွက် မဟုတ်တော့ပဲ သွေးတံခွန်ဓါးကွက် ဖြစ်သွားမှာပေါ့ကွာ ... ဟား ဟား ဟား"

လင့်ဟူချုံးမှာ ကြက်သီးတဖြန်းဖြန်း ထသွားမိတော့၏။

"ဆရာကြီးက တကယ်တော်တာပါကလား။ ကျွန်တော်လည်း အခု ဆရာကြီးပြောတဲ့ အကွက်တစ်ကွက်တည်းနဲ့ သူ့ကို အနိုင်ယူလိုက်တာပဲ။ ဒါပေမယ့် ဆရာကြီး တန်းချန်းနဲ့ ကျွန်တော်က ဘာမှရန်စမရှိတော့ သူ့လက်ချောင်းတွေကို မဖြတ်လိုက်ပါဘူး။ ဟား ဟား ဟား"

တန်းချန်း၏မျက်နှာမှာ ရဲရဲနီနေတော့၏။ သို့သော် ခေါင်းစွပ်ကြီးစွပ်ထားသဖြင့် ရှက်သွေးလွှမ်းနေသော သူ့မျက်နှာကို မည်သူမျှ မမြင်ကြရချေ။ လင်းရှင်က

"ဟို ခေါင်းတုံးကြီး ခေါ့ပိအုန်းဆိုတဲ့ကောင်ကော မင်းနဲ့ပြိုင်ရဲ့လား။ သူ့ပန်းချီစာလုံးရေးဟန်က ၃ နှစ်သား ကလေးလေး ကောက်ရေးသလိုပဲကွ။ သူ့ကိုယ်သူတော့ အတော်ဟုတ်နေပြီလို့ ထင်နေတဲ့ကောင်ပဲ။ ဒါတောင် အားမရသေးဘူး။ သူရဲ့သိုင်းကွက်ထဲမှာ စုတ်တံရေးဟန်တွေ ဘာတွေ ထပ်ထည့်လိုက်သေးတယ်။ တော်တော်ရူးတဲ့ ကောင်ကွာ။ မိတ်ဆွေလေး ... မင်းကို ငါတစ်ခုပြောပြလိုက်မယ်။ မင်းအနေနဲ့ တစ်ခုတော့ ကောင်းကောင်း သိထားရမယ်။ ရန်သူနဲ့ တိုက်ခိုက်တာဟာ သေရေးရှင်ရေးကိစ္စကွ။ အဲသည်လိုအချိန်မျိုးမှာ ဟန်တွေပန်တွေနဲ့ လုလုပပ လုပ်မနေနဲ့။ လုပ်ရင်တော့ ကိုယ့်အသက်ကို သူများလက်ထဲ ထိုးအပ်လိုက်တာပဲ။ အဲသည်အရူး ခေါ့ပိအုန်းရဲ့ အတုတော့ သွားမခိုးနဲ့ကွ။ အတုခိုးရင် မင်းပဲ ဒုက္ခ ရောက်မှာပဲ"

လင့်ဟူချုံးက "ဆရာကြီးရဲ့စကားက တကယ်မှန်တယ်။ ဆရာကြီး ခေါ့ပိအုန်းက သူများနဲ့တိုက်ခိုက်တဲ့နေရာမှာ အတော်ကလေး ဘဝင်မြင့်နေပုံရတယ်။ ကျွန်တော်နဲ့တိုက်ခိုက်တုန်းက အဲသည်လိုပုံစံမျိုးပဲ"

လင့်ဟူချုံး၏စကားကို ကြားရသော ခေါ့ပိအုန်းမှာ အလွန်ဒေါသထွက်လာ၏။ ဟုတ်တိုင်းဆို နာလိုခံခက် ဆိုသည့် လူ့သဘောသဘာဝအတိုင်းပင် ဖြစ်တော့၏။ ရုတ်တရက် ဒေါသထွက်လာမိသော်လည်း ခေါ့ပိအုန်းမှာ အသေအချာ ပြန်လည်စဉ်းစားကြည့်သောအခါ လင်းရှင်နှင့် လင့်ဟူချုံးတို့၏ စကားများ မှန်ကန်လှကြောင်းတွေ့ရှိရသဖြင့် သူ၏ ဒေါသကို ထိန်းချုပ်ထားလိုက်ရ၏။ လင်းရှင်က ဆက်ပြောပြန်သည်။

"ဟေးပေကျိဆိုတဲ့အကောင်ရဲ့ ကျားဖန်းတိုက်ကွက်ကတော့ သိပ်မဆိုးလှဘူး။ သမားရိုးကျ လက်နက်တွေနဲ့ တိုက်နေတဲ့လူတွေက ကျားဖန်းနဲ့တိုက်တာကို မြင်ရတော့ ဆန်းသွားတာပေါ့လေ။ သူ့ရဲ့ တိုက်ခိုက်မှုကလည်း အဆင့်အတန်း မြင့်တယ်။ တစ်ကွက်တိုက်ခိုက်ပြီးတာနဲ့ နောက်ထပ်နောက်ထပ် သိုင်းကွက်တွေ တစ်ကွက်ပြီးတစ်ကွက်

ဆက်တိုက် ထွက်လာတော့တာပဲ။ သာမန်လူဆိုရင် သူ့တိုက်ကွက်ကို ခံနိုင်ရည်ရှိမှာမဟုတ်ဘူး။ မိတ်ဆွေလေး ... မင်းကတော့ ဒီကောင့်အကွက်ကို လွယ်လွယ်ကလေးနဲ့ဖျက်နိုင်မယ်ဆိုတာ ငါသိနေတယ်။ ဘယ်လိုဖျက်လိုက်တာလဲ ငါ့ကို ပြောပြစမ်းပါဦး"

လင့်ဟူချုံးက "ဟင့်အင်း ... ကျွန်တော်က သူ့အကွက်ကို စောင့်မဖျက်ပါဘူး။ ဖျက်တယ်ဆိုတဲ့စကားကို သုံးလို့ မသင့်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ တိုက်ပွဲစတာနဲ့ ကျွန်တော်က တိုက်စစ်ဆင်တာပဲ။ သူလည်းကျွန်တော့်တိုက်စစ်ကို ပြီးတဲ့အထိ ခံစစ်ပဲ ကစားသွားရတာပဲ"

"ဒီကောင် ဒုတိယအကွက်ကို ဘယ်လိုထုတ်သလဲ"

"ဟင့်အင်း ... ဒုတိယအကွက်ကို ဘယ်လို ထုတ်နိုင်မှာလဲ။ ကျွန်တော်ကပဲ တိုက်စစ်ဆင်နေတာကိုး"

"ဒါဖြင့် တတိယကွက်ရော"

"တတိယအကွက်လည်း သူပဲ ခံစစ်ကစားသွားရတာပဲ"

"ဟ ... ဒီလိုဆိုရင် ဘယ်ဆိုးမလဲကွ။ ဟေးပေကျိရဲ့ ကျားဗန်းတိုက်ကွက်ကို ၃ ကွက်ဆက်တိုက် တိုက်ပြီး သူ့ကို တိုက်စစ်ဆင်ခွင့်မရရအောင် တိုက်နိုင်တဲ့လူ တော်တော်ရှားတာကွ။ ကောင်းပြီ။ စတုတ္ထအကွက်ကိုရော ဘယ်လိုတိုက်သလဲ"

"ဟား ဟား ဟား ... ကျွန်တော်ကပဲ တိုက်စစ်ဆင်တာပဲ"

လင်းရှင်က လေးလေးနက်နက် ပြောလိုက်၏။

"ဝါဆန်းဂိုဏ်းက ဆရာကြီးဖုန်းချင်းရဲ့ဓါးသိုင်းက ဒီလောက်တောင်ပဲ ကောင်းသလား။ ငါ့စိတ်ထင်တော့ ဆရာကြီး ဖုန်းချင်း ကိုယ်တိုင် တိုက်ခိုက်ရင်တောင် ဟေးပေကျိဆိုတဲ့ကောင်ကို ၄ ကွက်တိတိ နလံမထူနိုင်အောင် တိုက်နိုင်လိမ့်မယ်လို့ မထင်ခဲ့ဘူး။ နံပါတ် ၅ အကွက်မှာတော့ သူကမင်းကို သေသေချာချာကို ပြန်တိုက်မှာပဲ"

လင့်ဟူချုံးက ခေါင်းကိုခါယမ်းလိုက်၏။

"နံပါတ် ၅ အကွက်လဲ ကျွန်တော်က တိုက်တာပဲ"

ထိုအခါ လင်းရှင်ထံမှ ဟာကနဲ အာမေဋိတ်သံတစ်ချက် ပေါ်လာတော့၏။ အတန်ကြာသောအခါမှ

"မိတ်ဆွေလေး ... မင်းက အားလုံး ၁၂ ကွက်အထိ တိုက်ခိုက်တာကို ဟေးပေကျိက တစ်ကွက်မှ ပြန်မတိုက်နိုင်ဘူးပေါ့"

လင့်ဟူချုံးက ... "ကျွန်တော်က တိုက်သာတိုက်နေတာ။ အကွက်တွေကို မှတ်ထားတာ မဟုတ်ဘူး။ တိုက်နေရင် ဘယ်တော့မှ အာရုံ ၂ ခုမထားဘူး။ အာရုံ ၂ ခုထားရင် အလွဲလွဲအချော်ချော် ဖြစ်တာချည်းပဲ"

ဟေးပေကျိက ဝင်ရောက်ရှင်းပြလိုက်သည်။

"ဖုန်းချုံးရဲ့ဓါးသိုင်းက သိပ်ကောင်းလို့ တစ်ချိန်လုံး သူကကျုပ်ကို တိုက်စစ်ဆင်နေတာပဲ။ သိုင်းကွက် ၄၀ ကျော်တဲ့အထိ ကျုပ်က တစ်ကွက်ကလေးမှ ပြန်မတိုက်နိုင်တာနဲ့ နောက်ဆုံးမှာ အရှုံးပေးလိုက်ရတာပဲ"

ထိုအခါ လင်းရှင်မှာ ဟာကနဲ ဖြစ်သွားတော့၏။ ထို့နောက် တအံ့တဩ ဆက်ပြောနေတော့သည်။

"မဖြစ်နိုင်ဘူး။ ဒီလောက် မဖြစ်နိုင်ဘူး။ ဝါဆန်းဂိုဏ်းက ဆရာကြီးဖုန်းချင်းဟာ ဝါဆန်းဂိုဏ်းမှာ ဓါးသိုင်းအကောင်းဆုံး ဖြစ်ပေမယ့် ဝါဆန်းဂိုဏ်းဓါးသိုင်းက ဒီလောက် တုလွတ်ကင်းအောင် ကောင်းတာမှမဟုတ်ပဲ။ ဘယ်နည်းနဲ့မှ ငါမယုံဘူးကွာ။ ဝါဆန်းဂိုဏ်းကလူတစ်ယောက်ဟာ ဟေးပေကျိဆီက တစ်ကွက်မှ ပြန်မတိုက်အောင် စွမ်းဆောင် နိုင်တယ်ဆိုတာကတော့ လုံးဝမဖြစ်နိုင်ဘူး"

ဟေးပေကျိက လင်းရှင်၏စကားကို ကြားလိုက်ရသောအခါ အလွန်ကျေနပ်သွားသည်။ သူက အဖြစ်မှန်ကို ရှင်းပြလိုက်၏။

"နောင်ကြီး လင်းရှင်က ကျုပ်ကို သိပ်အထင်ကြီးနေတာကိုး။ နောင်ကြီးရဲ့စကားအတွက် ကျုပ်ဂုဏ်ယူမိတာကတော့ အမှန်ပဲ။ ဒါပေမယ့် ဖုန်းချုံးရဲ့ဓါးသိုင်းက တကယ်ကောင်းတာပါ။ နောင်ကြီးက သူ့ဓါးသိုင်းကို ဝါဆန်းဂိုဏ်းရဲ့ ပရိဂုဏ် ထဲမှာချည်း အောက်မေ့ပြီးပြောနေတာကိုး။ နောင်ကြီးလင်းရှင် ... ဖုန်းချုံးရဲ့ဓါးသိုင်းက ဝါဆန်းဂိုဏ်း ဓါးသိုင်းပညာရဲ့

အပြင်ဖက်ကို ရောက်နေပြီ။ နယ်နိမိတ် မရှိတော့ဘူး။ သူက အဲသည်လောက် ကြောက်စရာ ကောင်းတဲ့ သူငယ်ကလေးပဲ နောင်ကြီးရဲ့"

ထိုအခါ လင်းရှင်က … "ကောင်းပြီ။ မိတ်ဆွေလေး … မင်းနဲ့ ငါ ဓါးသိုင်းပြိုင်ကြမယ်။ မင်းရဲ့ ဓါးသိုင်းပညာ ဘယ်လောက် မြင့်မားသလဲဆိုတာ ငါ စမ်းကြည့်မယ်"

ထိုအခါ လင့်ဟူချုံးက ဝမ်ချုံးတို့ ညီအစ်ကို ၄ ယောက်ဖက်သို့ လှည့်လိုက်ပြီး

"ကောင်းပြီ … ကျုပ်ကလည်း ပြိုင်မှာပါပဲ။ ဆရာကြီးက ကျုပ်ကိုနိုင်ဖို့ သေချာတယ်။ ဒီတော့ ခင်ဗျားတို့ ၄ ယောက်ဆီမှာ ကျုပ်တစ်ခု တောင်းဆိုချင်တယ်။ ဒီတောင်းဆိုချက်ကိုတော့ ခွင့်ပြုပါ" ဟု ပြောလိုက်လေတော့၏။

ဝမ်ချုံးတို့ ၄ ယောက်မှာ အံ့သြတွေဝေသော လေသံဖြင့် ပြန်မေးလိုက်သည်။

"ဘာတောင်းဆိုမှာလဲ"

လင့်ဟူချုံးက "ဆရာကြီးလင်းရှင် ကျုပ်ကိုနိုင်သွားရင် ခင်ဗျားတို့ ၄ ယောက်က ဟိုပစ္စည်းတွေ ရမယ်။ တစ်ခုတော့ ခင်ဗျားတို့ ပြန်လိုက်လျော့ရမယ်။ ဒါကတော့ ဆရာကြီးလင်းရှင်ကို လွှတ်ပေးရမယ်"

ထိုစကားကို ကြားလိုက်ရသောအခါ ဝမ်ချုံး၊ ဟေးပေကျိ၊ ခေါ့ပိအုန်းနှင့် တန်းချန်းတို့ ၄ ယောက်စလုံး ခါးသီးစွာ အော်ဟစ်ငြင်းပယ်ကြတော့၏။

"မရဘူး … ဒါကတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး"

ဝမ်ချုံးက လင့်ဟူချုံးကို အသေအချာကြည့်ပြီး တဟားဟား ရယ်လိုက်သည်။

"ငါ့ညီက မဖြစ်နိုင်တာတွေကို အိပ်မက်မက်နေတာကိုး။ ဆရာကြီး ဖုန်းချင်းက ဒီလိုပြောခိုင်းလိုက်လို့လား"

လင့်ဟူချုံးက … "ဆရာဘိုးဘိုးက ဒီကဆရာကြီး လင်းရှင် ဒီမှာ အချုပ်အနှောင်ခံနေရတယ် ဆိုတာကို သိတောင်သိတာ မဟုတ်ဘူး။ ဆရာဘိုးဘိုး မပြောနဲ့ ကျွန်တော်တောင် မသိဘူး။ ကျွန်တော်နဲ့ယှဉ်ပြိုင်ခိုင်းမယ့်လူကို မိန်းမတစ်ယောက် ဖြစ်လိမ့်မယ်လို့တောင် ထင်နေသေးတာ"

လင့်ဟူချုံး၏စကားကို ဟေးပေကျိက ကောင်းစွာယုံကြည်သည်။ ထို့ကြောင့် သူက လင့်ဟူချုံးအား လှမ်းမေးလိုက်သည်။

"ဖုန်းချုံး … ဒီက လင်းရှင်ဆိုတဲ့လူက ဘယ်သူလဲသိလား။ ဒီလူက သိုင်းလောကမှာ ဘယ်လိုနာမည်မျိုးရထားတယ် ဆိုတာကိုရော သိရဲ့လား။ ဒီလူဟာ အစက ဘယ်ဂိုဏ်းကြီးရဲ့ဂိုဏ်းချုပ်ဆိုတာကိုရော သိရဲ့လား။ ဘာဖြစ်လို့ သူဟာ ဒီမှာ အချုပ်အနှောင် ခံနေရတယ်ဆိုတာကိုရော သိရဲ့လား"

ဟေးပေကျိ၏မေးခွန်းများမှာ များလှစွာ၏။ သူဆက်တိုက် မေးမြန်းလိုက်ခြင်း၏နောက်ကွယ်တွင် ဘုမသိဘမသိ တောင်းဆိုနေသည့် လင့်ဟူချုံးအား ဂရုဏာဒေါသောစိတ်များ မသိမသာ ပါဝင်နေသည်။ ဟေးပေကျိ၏ မေးခွန်းများကို လင့်ဟူချုံးအနေဖြင့် တစ်ခွန်းမျှမဖြေနိုင်ပေ။ သူက ဟေးပေကျိအား တွေဝေစွာကြည့်ရင်း တစ်ခွန်းတည်း ပြန်ဖြေလိုက်၏။

"ဒါ … ဒါ … ကျွန်တော် မသိဘူး"

ဟေးပေကျိက "အေး … မင်းမသိဘူးဆိုတာ ငါယုံတယ်။ မင်း ဘယ်လိုမှ မသိနိုင်ဘူး။ မင်းသာ တကယ်လို့ သိခဲ့ရင် ဒီလူကို လွှတ်ပေးဖို့ မင်းဘယ်တောင်းဆိုပါ့မလဲ။ မသိလို့သာ လွှတ်ပေးဖို့ တောင်းဆိုနေတာပေါ့။ … ဒီလူဟာ ဒီကနေ လွတ်မြောက်သွားပြီး သိုင်းလောကထဲရောက်သွားပြီဆိုရင်တော့ သိုင်းလောကကြီးတစ်ခုလုံး ကျွမ်းထိုးမှောက်ခုံ ဖြစ်ပြီသာမှတ်ပေတော့။ သိုင်းလောကထဲက သိုင်းဆရာကြီးတွေ၊ သိုင်းပညာရှင်ကြီးတွေ ဘယ်လောက်များများ သေကုန်ကြမလဲ မဆိုနိုင်ဘူး"

ထိုအခါ လင်းရှင်က တဟားဟားရယ်၍

"ဟုတ်တယ်။ တောင်ပိုင်းရဲလေးဖော်ဆိုတဲ့ ဟောသည်ခွေးလေးကောင်က ငါ့ကို ဘယ်တော့မှ လွှတ်မပေးရဲဘူးကွ။ ဒီကောင်တွေကို ခွေးတွေလို့ခေါ်တာ အကြောင်းမဲ့ခေါ်တာ မဟုတ်ဘူး။ ဒီကောင်တွေက ငါ့ကိုစောင့်ကြပ်နေရတာ။ သူများရဲ့အမိန့်နဲ့ ငါ့ကိုလာပြီး စောင့်ကြပ်နေရတဲ့ကောင်တွေ။ ငါ့ကိုလွှတ်ပေးရဲတဲ့ အာဏာမျိုး ရှိတဲ့ကောင်တွေမှ

မဟုတ်တာ။ မဖြစ်စလောက် ခွေးလှေးကြမ်းပိုးလို အစောင့်ကောင်တွေ။ မိတ်ဆွေလေး မင်းအခုနက ‘တောင်းဆိုတာ’ ဆိုတဲ့စကားက ဒီခွေးလှေးကြမ်းပိုးတွေကို နည်းနည်းအထင်ကြီးသလို ဖြစ်သွားပြီ။ ဘာမှအထင်မကြီးနဲ့။ ဒီကောင်တွေက အစောင့်တွေ သက်သက်ပဲ”

လင့်ဟူချုံး၏စိတ်ထဲတွင် ရှုပ်ထွေးပွေလီနေတော့၏။ သူတို့ပြောနေသည့်စကားများကိုလည်း လုံးဝနားမလည်ချေ။ ထို့ကြောင့် သူ့စိတ်ထဲတွင်

“သူတို့ပြောတဲ့ စကားတွေက မရှင်းဘူး။ ငါလည်း တစ်ခုမှ နားမလည်ဘူး။ ဘာတွေမှန်းလည်း မသိဘူး”

ဝမ်ချုံးက “ ဖုန်းချုံး … မင်းရဲ့စိတ်ဓါတ်ကို ငါတို့ကောင်းကောင်း သိတယ်။ မင်းက စိတ်ကောင်းရှိလွန်းတယ်။ မင်းမှာ သနားတတ်တဲ့ စိတ်တွေပေါ်လာလို့ ဒီစကားမျိုး ပြောတယ်ဆိုတာ ငါတို့ကောင်းကောင်း ရိပ်မိတယ်။ ဒါပေမယ့် မင်းကျပ်ကျပ်သတိထားရမယ့် အချက်တစ်ခုကို ကြိုပြောထားလိုက်မယ်။ ဟောသည်လူသာ လွတ်သွားရင် မင်းတို့ဝါဆန်းဂိုဏ်း ဖွတ်ဖွတ်ညက်ညက် မကြေဘူးဆိုရင် ငါ့ကိုပြောချင်သလို ပြောပေတော့။ ဒီပြင်ဂိုဏ်းတွေ မပြောနဲ့။ မင်းတို့ ဝါဆန်းဂိုဏ်း တစ်ဂိုဏ်းတည်းတင် အတော့်ကိုဒုက္ခရောက်မှာ”

ထိုအခါ အချုပ်ခန်းအတွင်းမှ လင်းရှင်ဆိုသော လူကြီးက တဟားဟားရယ်ရင်း ပြောလိုက်တော့၏။

“ဟုတ်တယ် … ဟုတ်တယ် … ဒါကတော့ အမှန်စကားပဲ။ ဝါဆန်းဂိုဏ်းမှာ အခုလက်ရှိ ဂိုဏ်းချုပ်လုပ်နေတာ ဘယ်သူတဲ့။ ရက်ပုချွန် မဟုတ်လား။ လူချိုစိတ်ကောက်ဆိုတာ အဲသည်ကောင်မျိုး။ မျက်နှာကတော့ ဘုရားလို။ စိတ်ထားကျတော့ မာရ်နတ်လို။ အလွန်ကောက်ကျစ်ယုတ်မာတဲ့ စိတ်ထားမျိုး။ ဥပမိရှုပ်ကောင်းသလောက် အင်မတန် ယုတ်မာကောက်ကျစ်တဲ့ ကောင်မျိုး။ ငါအချုပ်ခံရတုန်းမှာ ဒီကောင် ဝါဆန်းဂိုဏ်းရဲ့ ဂိုဏ်းချုပ်အဖြစ် ဆက်ခံလိုက်တာ။ ငါသာအချုပ်မခံရရင် ဒီလိုကောင်မျိုးရဲ့ဇာတိရုပ်ကို ပေါ်သွားအောင် ငါကအထုပ်ဖြေပြလိုက်မှာ။ သူ့ရဲ့ မင်းသားရုပ် မျက်နှာဖုံးကို ဆွဲဖြုတ်ပြီး ဘီလူးရုပ်ပေါ်လာအောင် လုပ်ပြလိုက်မှာ”

လင့်ဟူချုံးသည် ဝါဆန်းဂိုဏ်းမှ မောင်းထုတ်ခံထားရသည် မှန်သော်လည်း သူ၏ ဆရာနှင့်ဆရာမတို့ကို ရိုသေလေးစားဆဲပင် ဖြစ်သည်။ ထို့ကြောင့် ယခုကဲ့သို့ လင်းရှင်က သူ၏ဆရာကို ကြမ်းတမ်းစွာ စော်ကားရှုတ်ချနေသည့် စကားများကို ကြားရသောအခါ လွန်စွာ ဒေါသထွက်လာတော့၏။ ထို့ကြောင့် ခါးခါးသီးသီး အော်ဟစ်လိုက်မိသည်။

“တော် … ကျုပ် …”

လင့်ဟူချုံးက ‘ကျုပ်ဆရာ’ ဟုပြောရန် ရည်ရွယ်လိုက်ခြင်း ဖြစ်၏။ သို့သော် မိမိ၏လက်ရှိရုပ်ဖျက်ထားသည်ကို သတိရလိုက်သဖြင့် ကမန်းကတန်း ရပ်လိုက်ရခြင်းဖြစ်သည်။ လင်းရှင်ကမူ လင့်ဟူချုံး ဒေါသထွက်ရခြင်းအကြောင်းကို မသိသဖြင့် တဟားဟားရယ်ရင်း သူပြောချင်ရာကို ဆက်ပြောနေတော့သည်။

“ဝါဆန်းဂိုဏ်းထဲမှာ ကြည့်လို့ရမယ့် ၂ ယောက်က ဆရာကြီးဖုန်းချင်းရယ်။ မင်းရယ်။ ၂ ယောက်ပဲ ရှိမယ်။ နောက်ပြီးတော့ မင်းထက်ဝါငယ်မယ့် မိန်းကလေးတစ်ယောက် ရှိပါသေးတယ်။ ဘယ်သူပါလိမ့်။ ငါမှတ်မိပါတယ်။ သြော် … ဟုတ်ပြီ … ဟုတ်ပြီ။ ဖူးလင် … ဖူးလင် … အဲသည်ကောင်မလေးက သိပ်မဆိုးပါဘူး။ ဒါပေမယ့် ‘အမဲသားပုပ် ထုပ်သည့်ပုဝါ၊ ပေလိမ့်ဇကန်ပါ’ ဆိုတဲ့ စကားလိုပဲ။ အင်မတန် တန်ဖိုးရှိတဲ့ ဖူးလင်လို မိန်းကလေးမျိုးက အမဲသားပုပ်နဲ့ တူတဲ့ ရက်ပုချွန်လို ကောင်မျိုးကို လက်ထပ်တာဟာ အင်မတန် နှမြောဖို့ကောင်းတယ်။ သူက ဘာဖြစ်လို့များ ဒီလို လူယုတ်မာနဲ့ လက်ထပ်လိုက်ရတာလဲ မသိဘူး”

ထိုစကားများကို ကြားလိုက်ရသောအခါ လင့်ဟူချုံးမှာ ငိုရအခက်၊ ရယ်ရအခက် ဖြစ်သွားတော့၏။ သူ၏ဆရာမကို သူ့ထက် ဝါငယ်သည်ဟု ထင်မှတ်နေသည်။ ထို့ကြောင့် ကောင်မကလေးဟု ခေါ်ဝေါ်သုံးနှုန်းနေသည်ကို ကြားလိုက်ရသောအခါ ကသိကအောက်ကြီး ဖြစ်နေတော့သည်။ တစ်ခုတော့ တော်ပါသေးသည်။ လင်းရှင်သည် သူ့ဆရာ ရက်ပုချွန်ကို မှိုချိုးမှျစ်ချိုး နှိမ့်ချပြောဆိုခဲ့သော်လည်း သူ့ဆရာမ ဖူးလင်ကိုတော့ အတော်ကလေး ချီးကျူးပြောဆို သွားသည်။

ထိုစဉ် လင်းရှင်က “မိတ်ဆွေလေး … မင်းရဲ့ နာမည်က ဘယ်သူလဲ။ ငါမသိရဘူးလား”

လင့်ဟူချုံးက “ဖုန်းချုံး” ဟု ဖြေလိုက်၏။

လင်းရှင်က … “ကဲ … ဖုန်းချုံး … မင်း ဝင်လာခဲ့ပေတော့။ ငါက ဝါဆန်းဂိုဏ်းရဲ့ခါးသိုင်းကို သိပ်အထင်ကြီးတဲ့လူ

မဟုတ်ဘူး။ ဒါပေမယ့် ဟိုခွေးကောင်တွေက မင်းရဲ့ ဓါးသိုင်းကို ချီးကျူးလွန်းနေတော့ ဆရာကြီး ဖုန်းချင်းရဲ့ ဓါးသိုင်း ဘယ်လောက်ရှိတယ်ဆိုတာကို စမ်းကြည့်ကြသေးတာပေါ့"

လင့်ဟူချုံးကလည်း လင်းရှင်ဆိုသော လူကြီးကို မြင်ဖူးချင်သည်။ ဘယ်လိုလူမျိုးဖြစ်သည်ကို သိချင်နေမိသည်။ ထို့ကြောင့် သူက

"ကျွန်တော့်ဓါးသိုင်းကတော့ မဖြစ်စလောက်လေးပါ။ ဒါပေမယ့် ဆရာကြီး စမ်းကြည့်ချင်တယ် ဆိုရင်တော့ ကျွန်တော်ကလည်း ကစားပြရတာပေါ့။ ကျွန်တော်လည်း ဆရာကြီးဆီမှာ ပညာယူစရာတွေ ရှိနေတာပဲ"

ထိုစဉ် တန်းချန်းက လင့်ဟူချုံး၏ နား နားကပ်၍ အသံတိုးတိုးဖြင့် သတိပေးလိုက်သည်။

"ညီလေး ... ဒီလူရဲ့ သိုင်းပညာဟာ တကယ်ကြောက်စရာ ကောင်းတာ။ ရက်လည်း ရက်စက်တယ်။ ကောင်းကောင်း သတိထား။ ဒီလူနဲ့ ဓါးသိုင်းပြိုင်ရုံကတော့ အရေးမကြီးဘူး။ ဒါပေမယ့် အတွင်းအားသိုင်းတော့ သွားမပြိုင်နဲ့ ... ကြားလား"

ထိုစကားသည် တန်းချန်း၏ စိတ်ရင်းစေတနာရင်းကို ဖော်ပြလိုက်သည့် စကားပင်ဖြစ်သည်။ လင့်ဟူချုံးကမူ လင်းရှင် ဆိုသောလူကြီးကို သူတို့ပြောသလောက် မကြောက်ရွံ့ချေ။ သို့သော် တန်းချန်းကိုတော့ ခေါင်းညိတ်ပြလိုက်၏။ ထိုစဉ် လင်းရှင်က အတွင်းမှ ပြောလိုက်သည်။

"ဝင်လာခဲ့တော့လေ။ ဒီကောင်တွေပြောတဲ့ စကားတွေကို ယုံမနေနဲ့။ အလကား ခွေးကောင်တွေ။ ဒီကောင်တွေက တစ်ကောင်မှ ကောင်းတဲ့ အကောင်တွေ မဟုတ်ဘူး"

ထိုစကားကို ကြားလိုက်ရပြန်သောအခါ လင့်ဟူချုံးမှာ တွေဝေသွားတော့၏။ ဘယ်သူက လူဆိုး၊ ဘယ်သူက လူကောင်းဖြစ်သည်ကို ခွဲခြားမသိနိုင်တော့။ သူ့အနေဖြင့် မည်သူ့ကို အကူအညီပေးရမည်နည်း။

ဝမ်ချုံးက သော့တစ်ချောင်းကိုထုတ်၍ သော့ပေါက်ထဲထည့်ကာ လှည့်လိုက်သည်။ ဟေးပေကျိကလည်း သော့တစ်ချောင်းကိုထုတ်၍ အခြားသော့တစ်ပေါက်ထဲ ထည့်လိုက်၏။ ထိုမျှနှင့် မပြီးသေးပေ။ ခေါ့ပိအုန်းနှင့် တန်းချန်းတို့ ၂ ယောက်သားလည်း သူတို့၏ သော့များကိုထုတ်၍ အခြားသော့ပေါက် ၂ ပေါက်ထဲတွင် ထည့်ကာ လှည့်လိုက်ကြပြန်သည်။ အဆင့်ဆင့်သော လုံခြုံရေးစနစ်ပင်တည်း။ ဤသံတံခါးကြီးကို ဖွင့်မည်ဆိုလျှင် ညီအစ်ကို ၄ ယောက်စလုံး ထံမှ သော့ ၄ ချောင်းစလုံးကို ရမှသာ ဖွင့်နိုင်ပေလိမ့်မည်။ ဤသို့မဟုတ်ပါက မည်သို့မျှ ဖွင့်နိုင်လိမ့်မည် မဟုတ်ချေ။

ထို့နောက် သံတံခါးကြီး၏ ချက်ကျသံကို ကြားလိုက်ရ၏။ လင့်ဟူချုံး၏ စိတ်ထဲမှ

"အင်း ... ဒီလူ ၄ ယောက်ကလည်း တစ်ယောက်ကို တစ်ယောက် မယုံသလိုပါပဲလား။ သော့ ၄ ချောင်းနဲ့ ပြိုင်တူဖွင့်မှ ဒီတံခါးက ပွင့်မှာကိုး"

တန်းချန်းက သံတံခါးကြီးကို တုန်ခါသွားအောင် ၃–၄ ချက်ခန့် လှုပ်လိုက်သည်။ ပြီးမှ ဆောင့်တွန်းလိုက်ရာ သံတံခါးကြီးမှာ တရွေ့ရွေ့ ပွင့်သွားတော့၏။ သို့သော် တစ်ချပ်လုံး ပွင့်သွားခြင်း မဟုတ်ချေ။ လူတစ်ကိုယ်ဝင်သာရုံ အနည်းငယ် ပွင့်သွားခြင်းသာ ဖြစ်သည်။ ထိုသို့ ပွင့်သွားလျှင်သွားချင်း ဝမ်ချုံးတို့ ညီအစ်ကို ၄ ယောက်စလုံး နောက်သို့ ခုန်ဆုတ်သွား ကြတော့၏။ သူတို့ဘာအကြောင်းကြောင့် ဆုတ်သွားမှန်း မသိသဖြင့် လင့်ဟူချုံးကလည်း နောက်သို့ ခုန်ဆုတ်လိုက်၏။

ဆုတ်ပြီးသည်နှင့် လင့်ဟူချုံးသည် ဝမ်ချုံးတို့၏မျက်နှာများကို မေးခွန်းမေးသည့်နှယ် လှမ်းကြည့်လိုက်သည်။ ဝမ်ချုံးတို့ထံမှ မည်သည့်စကားမျှ မကြားရသေးမီ လင်းရှင်ထံမှ တဟားဟား ရယ်သံကို ကြားလိုက်ရ၏။

"မိတ်ဆွေလေး ... ဒီကောင်တွေက ငါ့ကိုကြောက်လို့ နောက်ဆုတ်ပြေးကြတာ။ မင်းကပါ ဘာဖြစ်လို့ ရောယောင်ပြီး ခုန်ဆုတ်သွားရတာလဲ"

လင့်ဟူချုံးက တစ်ချက်ရယ်လိုက်ပြီး

"အော် ... ဒီလိုလား ... ဒါဖြင့် ကျွန်တော်ဝင်လာပြီ"

တန်းချန်းက သစ်သားဓါး ၂ ချောင်းကိုယူ၍ လင့်ဟူချုံးကို ကမ်းပေးလိုက်သည်။ ခေါ့ပိအုန်းက

"ဖုန်းချုံး ... ဒီမီးအိမ်ကိုလည်း ယူသွားဦး။ အထဲရောက်သွားရင် ဘာမှမမြင်ပဲ ဖြစ်နေဦးမယ်" ဟု ပြောကာ ကျောက်ဂူနံရံတွင် ချိတ်ဆွဲထားသော မီးအိမ်တစ်လုံးကိုပါ လှမ်းပေးလိုက်သည်။ လင့်ဟူချုံးက မီးအိမ်ကိုပါ လှမ်းယူ

လိုက်ပြီး အခန်းထဲ ဝင်လိုက်တော့သည်။

ဤညီအစ်ကို ၄ ယောက်၏ သတိပေးသံများ၊ ဂရုတစိုက်လုပ်မှုများကို တွေ့ရသောအခါ လင့်ဟူချုံးသည် ဤလူများသည် အမှန်တကယ် ဆိုးဝါးယုတ်မာသော လူများ ဟုတ်မှဟုတ်ပါ့မလားဆိုသော ဒွိဟစိတ်များ ဝင်လာပြန်တော့သည်။ ထိုညီ အစ်ကို ၄ ယောက်အပေါ်၌ ရှိနေသော သံသယစိတ်များလည်း လျော့ပါးလာသကဲ့သို့ ထင်မှတ်လာပြန်သည်။ သူ၏စိတ်ထဲတွင် ဤနှစ်ဖက်သော လူများနှင့်ပတ်သက်၍ တိတိကျကျ ပိုင်းခြားဆုံးဖြတ်မရသည်ကတော့ အမှန်ပင် ဖြစ်တော့၏။

× × × × × × ×

## အချုပ်ခန်းထဲဝယ်

အခန်းမှာ ဆယ်ပေပတ်လည်ခန့်ရှိသည်။ လူတစ်ယောက်အဖို့ ကျဉ်းလွန်းသည်ဟု မဆိုနိုင်ပေ။ နံရံနှင့်ကပ်လျက် ကုတင်တစ်လုံးရှိနေ၏။ ကုတင်ပေါ်တွင် လူတစ်ယောက်ထိုင်နေသည်။ ထိုလူ၏ရုပ်ကို ပီပီပြင်ပြင် ကြည့်၍မမြင်နိုင်ချေ။ အဘယ်ကြောင့်ဆိုသော် ထိုလူ၏မုတ်ဆိတ်မွေးများမှာ ရင်ပတ်ပေါ်အထိ ရှည်လျားစွာ ရောက်ရှိနေလေသည်။ နှုတ်ခမ်းမွေးနှင့် ပါးသိုင်းမွေးများမှာလည်း ဖုံးလွှမ်းနေသဖြင့် သူ၏ပကတိရုပ်ရည်ကို မည်သို့မျှ မခန့်မှန်းနိုင်ချေ။ ထိုအမွေးရှည်ကြီးများကြောင့် အကြည့်ရဆိုးလှသည်ကတော့ အမှန်ပင်ဖြစ်တော့သည်။

လင့်ဟူချုံးသည် အခန်းတွင်းရောက်သည်နှင့် ထိုလူကြီးကို အရိုအသေပေး ဂါရဝ ပြုလိုက်သည်။

"ကျွန်တော့်အနေနဲ့ ဆရာကြီးကို တွေ့ဆုံခွင့်ရတဲ့အတွက် အများကြီး ကျေနပ်ဂုဏ်ယူပါတယ်"

ထိုလူကြီးက ရယ်လိုက်ပြီး

"ဟား ဟား ဟား … ငါကလည်း မင်းနဲ့တွေ့ရတဲ့အတွက် ဝမ်းသာပါတယ်ကွာ။ ငါက ပိုတောင် ကျေးဇူးတင်ပါသေးသကွ။ ဘာဖြစ်လို့လဲဆိုတော့ လူလူချင်း အခုလိုမတွေ့ရတာ နှစ်ပေါင်းသိပ်ကြာနေလို့ပဲ။ ငါ့အဖို့ အပျင်းပြေတာပေါ့"

"ဆရာကြီး … မီးအိမ်ကို ကုတင်ပေါ်တင်ထားလို့ ဖြစ်မလား"

"အေး … တင်ထားလိုက် … ဖြစ်တယ်"

လင့်ဟူချုံးအနေဖြင့် မီးအိမ်ကို ကုတင်ပေါ်တင်ရန် စကားစလိုက်ခြင်းမှာ ရည်ရွယ်ချက်ရှိ၏။ ကုတင်နားသို့ လျှောက်သွားပြီးမှ မီးအိမ်ကို ကုတင်ပေါ်တင်လိုက်သည်။ ထိုသို့တင်ရာတွင် တံခါးပေါက်မှ ညီအစ်ကို ၄ ယောက်လုံး မမြင်နိုင်ရန် ကိုယ်ဖြင့်ကာပြီး တင်လိုက်၏။ တစ်ပြိုင်နက်ပင် လက်ထဲမှစက္ကူလုံးကလေးကို ထိုလူကြီး၏လက်ထဲသို့ လှမ်းထည့်လိုက်တော့သည်။

လင်းရှင်က ရုတ်တရက်ကြောင်သွားပြီး ချက်ချင်းပင် ဣန္ဒြေဆည်ကာ မသိမသာ လှမ်းယူလိုက်သည်။ တစ်ဆက်တည်းပင် ကျယ်လောင်လှသောအသံဖြင့် အပြင်ဖက်သို့ လှမ်းအော်ကာ မေးလိုက်သည်။

"ဟေ့ … အပြင်က ၄ ကောင်။ မင်းတို့ပါ အထဲဝင်ကြည့်ကြပါလား။ ကြည့်ချင်ရင် လာခဲ့ကြလေ။ နီးနီးကပ်ကပ် တွေ့ရတာပေါ့"

လင်းရှင်က ဤစကားကို တမင်ပြောလိုက်ခြင်းဖြစ်သည်။ မိမိတို့ငြိမ်သက်နေပါက အပြင်မှ သံသယရှိမည်စိုး၍ ကာကွယ်လိုက်ခြင်းသာ ဖြစ်၏။ ထို ၄ ယောက်စလုံး ဝင်မလာရဲသည်ကို အတပ်သိနေ၏။

ဝမ်ချုံးက "နေရာကျဉ်းတယ် နောင်ကြီးလင်းရှင်။ ကျုပ်တို့အထဲဝင်ကြည့်ရင် ခင်ဗျားတို့ တိုက်ခိုက်ရတာ မလွတ်မလပ် ဖြစ်နေလိမ့်မယ်။ အပြင်ဖက်ကပဲ ကျုပ်တို့ ကြည့်ပါတော့မယ်"

လင်းရှင်က “ဒါဆိုရင်ကောင်းပြီ။ မိတ်ဆွေလေး ... တံခါးသွားပိတ်လိုက်စမ်းပါ။ ပြီးမှ တိုက်ကြတာပေါ့”

လင့်ဟူချုံးက တံခါးသွားပိတ်လိုက်၏။ ထိုအချိန်တွင် လင်းရှင်က မတ်တတ်ရပ်လိုက်ရာ ‘ချလွမ်း’ ‘ချွမ်း’ ကနဲ သံကြိုးချင်းရိုက်ခတ်သံများကို ကြားလိုက်ရတော့သည်။ ထိုအသံများကြောင့် လင့်ဟူချုံး ရုတ်တရက် မျက်လုံးပြူး သွား၏။ အသေအချာ ကြည့်လိုက်သောအခါ ထိုလူကြီး၏ခြေနှင့်လက်များတွင် သံကြိုးများဖြင့် ချည်နှောင်ထားကြောင်း တွေ့လိုက်ရ၏။ ထိုသံကြိုးတစ်ဆက်အဆုံးမှာ နံရံတွင် နှစ်မြုပ်ထားသည်။ ဤမျှ စနစ်တကျ ချုပ်နှောင်ခံနေရသော အကျဉ်းသားသည် မည်သို့ လွတ်မြောက်နိုင်ပါတော့အံ့နည်း။

ထို့နောက် လင်းရှင်က လင့်ဟူချုံးယူလာသော သစ်သားဓါးတစ်လက်ကို ယူလိုက်၏။ ဓါးကိုဆကြည့်သည်။ လေထဲ၌ ဝှေ့ယမ်းကြည့်လိုက်ပြီး သက်ပြင်းတစ်ချက်ချကာ

“ငါဓါးမကိုင်တာ ဆယ်နှစ်ကျော်သွားပြီ။ ဓါးသိုင်းကွက်တွေကို မှတ်မှ မှတ်မိပါ့မလားတောင် မသိတော့ဘူး။ ဓါးဆိုတာ ကလည်း အမြဲတမ်းကိုင်ပြီး လေ့ကျင့်နေမှ တိုးတက်တာ”

လင်းရှင်က ဓါးကိုမြှောက်၍ လေထဲတွင် ခုတ်ချလိုက်၏။ ထိုအခါ အခန်းထဲတွင် ဝုန်းကနဲ ခပ်အုပ်အုပ် မြည်သည့် အသံလှိုင်းတစ်မျိုး ထွက်ပေါ်လာတော့သည်။ လင့်ဟူချုံးက အလွန်တရာ အံ့သြသွားမိတော့၏။

“ဟာ ... ဆရာကြီးရဲ့ အတွင်းအားက တကယ်ကောင်းတာပဲ”

လင့်ဟူချုံးသည် လင်းရှင်အား ချီးကျူးလိုက်၏။ ထိုအချိန်တွင် လင်းရှင်သည် သူ၏ကိုယ်ကို လှည့်လိုက်ပြီး မီးရောင်မှိန်မှိန်အောက်တွင် လက်ထဲမှစက္ကူလုံးကို ဖြေကြည့်ရန် ဟန်ပြင်နေသည်ကို တွေ့လိုက်ရ၏။ လင့်ဟူချုံးက မသိမသာဖြင့် နောက်ဆုတ်ကာ သံတံခါးရှိ ဖ လက်မခန့်ရှိသော အပေါက်ကလေးမှတစ်ဆင့် လင်းရှင်၏အပြုအမူကို အပြင်မှလူများ မမြင်နိုင်စေရန် ကျောဖြင့် ကာကွယ်ထားလိုက်သည်။ ယင်းကြောင့် အပြင်ဖက်ရှိ ညီအစ်ကို ၄ ယောက်တို့က ထိုအပေါက်မှ ကြည့်နေကြသော်လည်း လင့်ဟူချုံး၏ ကျောပြင်ကြီးက ကာထားသဖြင့် လင်းရှင်ကို မမြင်နိုင်ကြတော့ပေ။ လင်းရှင် ဘာလုပ်နေမှန်းလဲ မသိနိုင်ကြတော့ပေ။

လင့်ဟူချုံးက လင်းရှင်ကိုသာ အကဲခတ်နေ၏။ ထိုလူကြီး ဆတ်ကနဲတုန်လှုပ်သွားသည်ကို တွေ့လိုက်ရသည်။ သူ၏လက်ထဲမှစာကို ဖတ်၍ ရသွားဟန်တူ၏။ အတန်ကြာမှ လင့်ဟူချုံးအား လှမ်းကြည့်လိုက်သည်။ သူ၏မျက်လုံးများ သည် စောစောကနှင့်မတူပဲ အရောင်တဖိတ်ဖိတ် တောက်ပလာသည်။ သို့သော် သူ၏လေသံကိုမူ မည်သို့မျှ မပြောင်းလဲစေပဲ

“မိတ်ဆွေလေး ... ငါ့ရဲ့ လက် ၂ ဖက်စလုံးမှာ သံကြိုးတွေ အချည်ခံထားရတော့ လွတ်လွတ်လပ်လပ်မရှိဘူး။ ငါ့စိတ်ကြိုက်ဓါးကွက်ကို ဘယ်ကောင်းကောင်း ထုတ်နိုင်တော့မလဲ။ ငါက မင်းကို နိုင်ချင်မှ နိုင်မှာ” ဟု ပြောလိုက် သည်။

လင့်ဟူချုံးက “ကျွန်တော်က အတွေ့အကြုံသိပ်ရှိတာ မဟုတ်ဘူး။ ဆရာကြီးက အတွေ့အကြုံ တော်တော်များပုံ ရတယ်။ အဲသည်တော့ ကျွန်တော်ကလည်း ဆရာကြီးကို နိုင်ဖို့ သိပ်လွယ်မယ် မထင်ဘူး”

လင်းရှင်က “ကောင်းပြီလေ။ မင်းအနေနဲ့ ဟေးပေကျိုကို တိုက်ခဲ့တဲ့ဓါးကွက် ၄၀ ကျော်ကို ပြန်သုံးစမ်း။ အဲသည်ဓါး ကွက်တွေကို ငါစမ်းကြည့်မယ်။ ဒီကောင်တွေ ပြောတဲ့စကား ညီမညီ သိရတာပေါ့”

လင့်ဟူချုံးက ခေါင်းတစ်ချက် ညိတ်လိုက်ပြီး

“ဆရာကြီး ... ကျွန်တော်က ဆရာကြီး ဟေးပေကျိုနဲ့ တိုက်ခဲ့တဲ့ အကွက်တွေကိုပဲ ပြန်သုံးရမှာလား။ ဒီပြင်အကွက် တွေ မပါဘူးပေါ့ ... ဟုတ်လား”

လင်းရှင်က “ဒီပြင်အကွက်တွေ ထည့်မသုံးပါနဲ့။ ဒီအကွက် ၄၀ ကို စမ်းကြည့်ပြီးရင် ဆရာကြီးဖုန်းချင်းရဲ့ ဓါးသိုင်း ပညာ အတိမ်အနက်ကို သိနိုင်တာပဲ”

လင့်ဟူချုံးက “ဒါဖြင့် ကောင်းပြီ။ ... ဟောဒီမှာ ...”

လင့်ဟူချုံးသည် သူ၏ဓါးကို ရုတ်တရက် ရှေ့သို့ တိုးထုတ်လိုက်တော့သည်။ ဤဓါးကွက်မှာ ဟေးပေကျိုနှင့် တိုက်စဉ်က သူပထမဆုံး အသုံးပြုခဲ့သော ဓါးကွက်ပင်ဖြစ်သည်။ လင်းရှင်ကလည်း သူ့လက်ထဲမှဓါးဖြင့် ပြန်၍ ထိုးလိုက်သည်။ ဤတွင် လင်းရှင်၏ဓါးသိုင်းပညာ တစ်စွန်းတစ်စကို တွေ့လိုက်ရ၏။ သူ၏ဓါးကွက်မှာ တိုက်ကွက်

ချည်းမဟုတ်၊ ခံစစ် ချည်းပဲလည်းမဟုတ်။ တိုက်စစ်နှင့် ခံစစ် ၂ မျိုးပေါင်းစပ်ထားသည်။

ထိုအချိန်တွင် လင့်ဟူချူးမှာ သံတံခါးအပေါက်ကလေးကို ကျောဖြင့် ကာမထားသဖြင့် ဟေးပေကျိတို့က ထိုအပေါက်မှ သူတို့၏ တိုက်ပွဲကို မြင်နေရသည်။ လင်းရှင်၏ ထိုအကွက်ကို မြင်လိုက်ရသောအခါ ဟေးပေကျိမှာ မမျိုသိပ်နိုင်တော့ပဲ လွှတ်ကနဲ ချီးကျူးလိုက်မိသည်။

“ဟာ .. ကောင်းလိုက်တဲ့ အကွက်ပါလား”

လင်းရှင်က အခန်းအပြင်ဖက်သို့ လှမ်းပြောလိုက်၏။

“အေး ... မင်းတို့ ဒီနေ့ တော်တော်ကံကောင်းသွားတယ် မှတ်ပေတော့။ ခါးသိုင်းရဲ့ လျို့ဝှက်နက်နဲတဲ့ ပညာတွေကို မင်းတို့ ဒီကနေ့ တွေ့ကြရမယ်။ ဒီက မိတ်ဆွေလေးက သူ့ပညာတွေကို မလျှိုရင်ပေါ့ကွာ။ ငါကတော့ အစွမ်းကုန် တိုက်မှာပဲ”

ထိုစဉ် လင့်ဟူချူး၏ ဒုတိယခါးကွက် ထွက်လာသည်။ လင်းရှင်ကလည်း လင့်ဟူချူး၏ပုခုံးကို ခပ်စောင်းစောင်း တိုက်ခိုက်လိုက်ပြန်သည်။ သည်တစ်ကွက်မှာလည်း ပထမတစ်ကွက်နည်းတူ တိုက်စစ်နှင့်ခံစစ် ရောနှောပေါင်းစပ်ထားသည့် အကွက်မျိုးဖြစ်၏။ လင်းရှင်၏ ထူးခြားသော ခါးကွက် ၂ ကွက်ကို တွေ့လိုက်ရသောအခါ ရင်ထဲ၌ လှုပ်ရှားလာတော့၏။ သည်လူကိုတော့ လွယ်လွယ်ဖြင့် နိုင်မည်မထင်။ သို့သော် သူ၏ခါးဖျားကမူ ရန်သူ၏ ဝမ်းဗိုက် အောက်ပိုင်းသို့ မသိမသာ ချိန်ရွယ်ထားလိုက်သည်။

လင်းရှင်က တဟားဟား ရယ်၍

“ဒီတစ်ကွက်ကတော့ မဆိုးဘူးဟေ့”

အော်ရင်းဟစ်ရင်းမှ လင်းရှင်က လင့်ဟူချူး၏ခါးကွက်ကို ရှောင်လိုက်၏။ ဤသို့ဖြင့် သူတစ်ချက်၊ ကိုယ်တစ်ချက် ဖြင့် သိုင်းကွက် ၂၀ ကျော်လာ၏။ ခါး ၂ ချောင်းစလုံး တစ်ချောင်းနှင့်တစ်ချောင်း တစ်ချက်မျှ မထိခိုက်မိကြသေးပေ။ လင့်ဟူချူးအနေဖြင့် ‘ဧကရာဇ် ၉ ကွက်” ခါးသိုင်းပညာကို တတ်ကျွမ်းပြီးသည့်နောက် တွေ့ကြုံခဲ့ရသည့် သိုင်းပညာရှင် များအနက် ဤလူသည် ခါးသိုင်းပညာ အမြင့်မားဆုံးသောလူဖြစ်သည်။

ဤမျှလောက် အဆင့်မြင့်သူနှင့် တစ်ကြိမ်တစ်ခါမျှ မတွေ့ဖူးသေးပေ။ အဆင့်နိမ့်သူများနှင့်သာ တွေ့ဆုံတိုက်ခိုက်ခဲ့ရ ခြင်းဖြစ်သည်။ ထို့ကြောင့် သူ့အနေဖြင့် လင်းရှင် အမည်ရှိသော လူကြီး၏ဟာကွက်ကိုရှာရန် အလွန်ခက်ခဲနေတော့သည်။ ထို့ကြောင့် ချွေးသီးချွေးပေါက်များပင် ကျလာတော့သည်။ သို့သော် ‘ဧကရာဇ် ၉ ကွက်’ ခါးသိုင်းပညာအတိုင်း စိတ်ကြိုက်ခါးကွက်များကို အခွင့်သင့်သလို ရေစီးပမာ ထုတ်သုံးနေလိုက်သည်။

လင်းရှင်အဖို့မှာလည်း ကြီးစွာသော အခက်အခဲနှင့် ရင်ဆိုင်နေရသည်။ သူ့ဘဝတစ်လျှောက်လုံးတွင် ဤမျှခက်ခဲစွာ တိုက်ခိုက်ရသည့် ခါးသိုင်းသမား တစ်ဦးတစ်လေမျှ မတွေ့ခဲ့ရဖူးချေ။ လင့်ဟူချူး၏ ခါးကွက်များကို လုံးဝခန့်မှန်း၍ မရသဖြင့် ဦးနှောက်ခြောက်နေတော့၏။ မိမိ၏ ရင့်ကျက်သော အတွေ့အကြုံနှင့် မိမိတတ်ထားသမျှသော ခါးသိုင်း ပညာများကို လှဲသုံးပြီး လင့်ဟူချူး၏ ခါးကွက်များကို တစ်ကွက်ချင်း ကြိုးစားပမ်းစား ဖြေနေရတော့၏။ အစပထမပိုင်း ခါးကွက်များတွင်သာ လွန်ဖြေရရပြေနိုင်သည်။ သိုင်းကွက်ပေါင်း ၄၀ ကျော်လာသောအခါ သူ၏ ခါးကွက်များမှာ လေးလံ နှေးကွေးလာတော့၏။

ဝမ်ချူးတို့ ၄ ယောက်မှာ ဖြ လက်မပတ်လည် အပေါက်ကလေးမှ ခေါင်းချင်းပူးကပ်ကာ အတွင်းသို့ ချောင်းကြည့်နေ ကြတော့သည်။ အစပထမပိုင်းတွင် လင့်ဟူချူးနှင့် လင်းရှင်တို့၏ခါးသိုင်းကွက်များမှာ အလွန်တရာ အဆင့်မြင့်မားလှ သဖြင့် ချီးကျူးအားကျနေသည်။ သို့သော် နောက်ပိုင်းရောက်လာသည်နှင့် သူတို့ ၄ ယောက်သည် လင့်ဟူချူးနှင့် လင်းရှင်တို့၏ ခါးကွက်များကို နားမလည်နိုင်တော့ချေ။

အဘယ်ကြောင့်ဆိုသော် လင့်ဟူချူးတို့၏ခါးသိုင်းကွက်များသည် သူတို့ ၄ ယောက် မီနိုင်သော ဉာဏ်ရည်ထက် ပို၍ အဆင့်မြင့်သွားသောကြောင့် ဖြစ်ပေသည်။ သို့သော် ဝမ်ချူးအနေဖြင့်မူ တစ်ကွက်တစ်လေကို အတန်ကြာ တွေးတော စဉ်းစားပြီး နားလည်လိုက်ရသည်။ ထိုသို့နားလည်လိုက်သည်နှင့် ထိုသိုင်းကွက်၏ အနှစ်သာရကို ရင်သပ်ရှုမောဖြစ် သွားရတော့သည်။ ထို့ကြောင့် ရင်ထဲ၌ တုန်တုန်ယင်ယင်ဖြစ်လာသည်အထိ ချောက်ချားသွားရတော့၏။ သူ့စိတ်ထဲမှ

“ဘုရား ... ဘုရား ... ဖုန်းချူးရဲ့ခါးသိုင်းက ကြောက်စရာ ကောင်းလှချည်လား။ စောစောတုန်းက ငါနဲ့ ခါးရေးပြိုင် တယ်ဆိုတာက သူ့ခါးသိုင်းပညာရဲ့ ၁၀ ပုံ ၁ ပုံလောက်ကလေး ထုတ်သုံးတာပဲ။ သူ့မှာ အတွင်းအားမရှိတာကို ထည့်ပြောနေဖို့ ဘယ်လိုတော့မလဲ။ စစချင်းမှာ ငါ့ရဲ့ မျက်လုံးကို ထိုးဖောက်လိုက်ရင် ငါရှုံးပြီပေါ့။ ... အင်း ...

တကယ့်ကြောက်စရာ ဓါးသိုင်းပဲ”

အမှန်စင်စစ် ‘ဧကရာဇ် ၉ ကွက်’ ဓါးသိုင်းပညာ၏ စွမ်းရည်က အခြား ဓါးသိုင်းပညာများနှင့်မတူ တမူထူးခြားနေသည်။ သည်အချက်ကို လင့်ဟူချုံးကိုယ်တိုင်ပင် မသိချေ။ သူ့ဆရာဘိုးဘိုးကလည်း ဤမျှအထိ ရှင်းပြရန်မလိုဟု ယူဆဟန်တူသဖြင့် လင့်ဟူချုံးအား ရှင်းလင်းမပြခဲ့ချေ။ ‘ဧကရာဇ် ၉ ကွက်’ ၏စွမ်းရည်မှာ ရန်သူ၏အင်အားနှင့် စွမ်းရည်ပေါ် မူတည်နေ၏။ ရန်သူက စွမ်းရည်မြင့်မားလေလေ၊ သူ၏အစွမ်းအစကိုလည်း ပိုထုတ်လေလေ ဖြစ်တော့သည်။ ထို့ကြောင့် ဝမ်ချုံးတို့ ညီအစ်ကို ၄ ယောက် ဉာဏ်ရည်မမီပဲ ဖြစ်လာရခြင်းဖြစ်တော့သည်။

လင့်ဟူချုံးအဖို့ သူ့တစ်သက်တွင် ကြုံဖူးသမျှ သိုင်းပညာရှင်များထဲတွင် တကယ့်ထိပ်သီး သိုင်းပညာရှင်နှင့် တွေ့ကြုံနေရခြင်း ဖြစ်သဖြင့် သူတတ်မြောက်ထားသည့် ‘ဧကရာဇ် ၉ ကွက်’ ဓါးသိုင်းစွမ်းရည်များသည် တစ်ပိုဒ်ချင်း၊ တစ်လွှာချင်း ခွဲခြမ်းစိတ်ဖြာ၍ အကွက်မထပ်အောင် ထွက်ပေါ်လာတော့သည်။ ယခင်က သဘောမပေါက်ခဲ့သည့် အချက်များကို တိုက်ရင်းခိုက်ရင်း သဘောပေါက်လာသည်။ သူ့ဆရာဘိုးဘိုး သင်ပေးလိုက်သည့်သဘောတရားများကို လက်တွေ့ဖြင့် ပေါင်းစပ်မိလာခြင်းဖြစ်၏။ ထိုအခါ သူ့ဓါးကွက်များမှာ အလိုအလျောက် ပို၍ သဘာဝကျလာသည်။ ဓါးကွက်ထုတ်ရာတွင် အခက်အခဲ၊ အဖုအထစ် လုံးဝမရှိတော့။ ရေစီးကဲ့သို့ အဆက်မပြတ် ဆက်တိုက် ထုတ်နိုင်လာတော့သည်။

အကျဉ်းအကျပ်အတွင်းသို့ ရောက်လာသော လင်းရှင်သည် သူ၏ဓါးကွက်များကို ၈ ကွက်တိတိ ပုံစံပြောင်း၍ တိုက်ခိုက်လိုက်၏။ သို့သော် သူမည်မျှပင် ပုံစံပြောင်းပြောင်း လင့်ဟူချုံးက အလွယ်တကူပင် ချိုးနှိမ်တိုက်ထုတ်သွားသည်ကို တွေ့ရလေသည်။ ဤတွင် လင်းရှင်သည် သူ၏ဓါးကို ရုတ်တရက် လျှပ်ပြက်သကဲ့သို့ အမြန်ဆုံး ထိုးထုတ်လိုက်တော့သည်။ တစ်ပြိုင်နက်တည်းမှာပင် စူးရှစွာ လေတစ်ချက်ချွန်လိုက်သည်။ လင့်ဟူချုံးမှာ နားထဲ၌ အုန်းကနဲ တစ်ချက် မြည်ဟည်းသွားပြီး သတိမေ့လဲကျ သွားလေတော့၏။

မည်မျှကြာသည်အထိ သတိမေ့နေသည် မသိရချေ။ သူသတိရလာသောအခါ ဦးခေါင်းခွံမှာ ထက်ခြမ်းကွဲအက်သွားသည့်အလား နာကျင်ကိုက်ခဲနေတော့၏။ သက်သာလိုသက်သာငြား မိမိ၏ဦးခေါင်းကို လက် ၂ ဖက်ဖြင့် ပြန်လည်ဆုပ်ကိုင် ထားမိတော့၏။ သို့သော် မည်သို့မျှ သက်သာရာမရပဲ ဖြစ်နေသည်။ လေးလံလှသော မျက်ခွံများကို အတင်းဆွဲဖွင့် ကြည့်လိုက်မိသည်။ မြင်မြင်သမျှသည် အမှောင်ထုကြီးဖြစ်နေသည်။ အမှောင်ကမ္ဘာကြီး ဖုံးလွှမ်းလျက်ရှိနေသည်။ မိမိသည် မည်သည့်နေရာသို့ ရောက်ရှိနေပြီနည်း။ လင့်ဟူချုံးမှာ အကြီးအကျယ် ထိတ်လန့်ခြောက်ခြားသွားပြီး ပြန်သတိလစ်သွားပြန်တော့၏။

ဤတစ်ကြိမ် ပြန်လည်သတိရလာသောအခါ ဦးခေါင်းအတွင်းမှ ဝေဒနာမှာ အနည်းငယ် သက်သာလာသည်။ တကျွတ်ကျွတ် စုတ်သပ်ရင်းမှ အခြေအနေကို သေချာစေ့ငု ကြည့်လိုက်သောအခါတွင် အကြီးအကျယ် ထိတ်လန့်သွားမိတော့၏။ မိမိမှာ အေးစက်မာကြောသော သံပြားတစ်ခုပေါ်တွင် လဲလျောင်းလျက်ရှိနေချေသည်တကား။ ထိုသံပြားကြီးကို အသေအချာစမ်းသပ်ရန် ကြိုးစားလိုက်သည့်အခါ ‘ချွင် … ချလွင်’ စသည့် သံကြိုးရိုက်ခတ်သံများ ကြားလိုက်ရတော့သည်။ ထိုအခါကျမှ မိမိ၏လက် ၂ ဖက်မှာ ဆရာကြီး လင်းရှင်ကဲ့သို့ သံကြိုးများဖြင့် ချည်နှောင်ခြင်း ခံထားရသည်ကို တွေ့ရလေတော့၏။

ပထမအကြိမ် သတိရလာစဉ်ကပင် သူ့လက်များကို သံကြိုးများ ချည်နှောင်ထားပြီး ဖြစ်ပေသည်။ သို့သော် ဦးခေါင်းအက်ကွဲနေသည့်ပမာ ကိုက်ခဲနာကျင်လွန်းလှသဖြင့် သူ့လက်မှသံကြိုးများကို လုံးဝသတိမရ၊ မသိရှိပဲ ဖြစ်ခဲ့ရသည်။ ဦးခေါင်း ကို ဆုပ်ကိုင်မိပြီး သံကြိုးတန်းလန်းကြီးပါလာသော်လည်း လုံးဝမသိနိုင်လောက်အောင် အာရုံကြောများ ကိုက်ခဲထုံထိုင်းနေခဲ့၍ ဖြစ်သည်။ လင့်ဟူချုံးက ပတ်ဝန်းကျင်ကို အကဲခတ်လိုက်ပြန်သည်။ စောစောကအတိုင်းပင် အမှောင်ထုကြီးသာ လွှမ်းမိုးဖုံးအုပ်နေမြဲ။

လင့်ဟူချုံး၏စိတ်ထဲ၌ စဉ်းစားလိုက်မိသည်မှာ

“ငါ ဆရာကြီး လင်းရှင်နဲ့ ဓါးသိုင်းပြိုင်ရင်း သတိမေ့လဲကျသွားတယ်။ အခုငါဘယ်လို ဖြစ်သွားတာလဲ။ ဧကန္တ ငါလည်း ဟိုလေးကောင်ရဲ့လက်ချက်နဲ့ ဆရာကြီး လင်းရှင်လို အချုပ်ခံရပြီနဲ့ တူတယ်။ ဆရာကြီးလင်းရှင်နဲ့ ငါနဲ့ တစ်ခန်းတည်းများလား မသိဘူး”

လင့်ဟူချုံးသည် သူ၏ထိတ်လန့်မှုများကို ထိန်းသိမ်းလိုက်သည်။ အရေးအကြီးဆုံး အချက်မှာ ဆရာကြီးလင်းရှင်နှင့် ဆက်သွယ်မှုရရန် ဖြစ်သည်။ ထို့ကြောင့် သူက

“ဆရာကြီးလင်းရှင် … ဆရာကြီး … ဆရာကြီးလင်းရှင် … အခု ဆရာကြီးလင်းရှင် ဘယ်အခန်းမှာ ရောက်နေသလဲ” ဟု လှမ်းအော်လိုက်သည်။

သို့သော် သူ့အသံသာ ပဲ့တင်ထပ်သွား၏။ မည်သည့်တုံ့ပြန်စကားမျှ မကြားရချေ။ လုံးဝတိတ်ဆိတ်ငြိမ်သက်လျက် ရှိနေလေသည်။ တိတ်ဆိတ်ငြိမ်သက်မှု ကြီးစိုးလာသောအခါ လင့်ဟူချုံးမှာ အလွန်တရာ ချောက်ချားသွားပြီး ကြောက်ကြောက် လန့်လန့်နှင့် အသံကုန် အော်ဟစ်တော့သည်။ သည်တစ်ကြိမ်လည်း မည်သည့်အသံမျှ မကြားရပြန်ချေ။ လင့်ဟူချုံးမှာ သူသေကိုယ်သေ တိုက်ရသော တိုက်ပွဲများ၊ သူတစ်ပါးကို ကူညီရင်း သေရမည့် ကိစ္စများ၌ ကြောက်ရွံ့မှု လုံးဝမရှိသော်လည်း ဤကဲ့သို့ ပိန်းပိတ်အောင်မှောင်နေသည့် မြေတိုက်ခန်းအတွင်း တစ်ယောက်တည်း ဖြစ်နေကြောင်း သိလိုက်ရသည့် အခါတွင်မူ အလွန်တရာ ထိတ်လန့်ကြောက်ရွံ့လာမိသည်။ ထို့ကြောင့် အသံကုန်အော်မေးလိုက်ပြန်သည်။

“ခင်ဗျားတို့ ဘာဖြစ်လို့ ကျုပ်ကို ပိတ်လှောင်ထားရတာလဲ။ ကျုပ်ကို ပြန်လွှတ်ပါ။ ကျုပ်ကို ပြန်လွှတ်ပါ”

အသံကုန်အော်ဟစ်ရင်းမှ သူ့အသံများ တဖြည်းဖြည်း ကွဲအက်လာတော့သည်။ သူမည်မျှပင် အော်စေကာမူ အသံကလေး တစ်စုံတစ်ရာကိုမျှ လုံးဝပြန်မကြားရချေ။ နောက်ဆုံးတွင် ဒေါသထွက်လာပြီး အော်ဟစ်ဆဲဆိုလေတော့၏။

“ခွေးတွေ … ခွေးကောင်တွေ … ခွေးထက်ယုတ်မာတဲ့ ကောင်တွေ”

မည်းမှောင်နေသော မြေအောက်ခန်းအတွင်း၌ မည်မျှအချိန်ကြာအောင် ဖမ်းဆီးချုပ်နှောင်ခြင်း ခံနေရမည်ကို လုံးဝ မမှန်းဆနိုင်သဖြင့် လင့်ဟူချုံးမှာ ကြောက်သွေးမွှန်လာတော့သည်။ ပထမ၌ ဒေါသဖြင့် အော်ဟစ်ဆဲဆိုနေသော်လည်း တဖြည်းဖြည်း ငိုသံပေါက်လာတော့၏။ နောက်ဆုံးတွင် မည်သို့မျှ အော်ဟစ်ခြင်း မပြုနိုင်တော့ပဲ ပြန်လည်သတိမေ့သွား ပြန်သည်။

လင့်ဟူချုံး၏နားထဲ၌ ရုတ်တရက် ခြေသံလိုလို ကြားလိုက်ရသဖြင့် ဆတ်ကနဲထလိုက်မိသည်။ မည်မျှကြာအောင် သတိ မေ့နေခဲ့သည် မသိချေ။ ယခုသတိရလာသောအခါ သူ့အခန်းတွင်းသို့ အလင်းရောင်ဝင်လာသည်ကို တွေ့လိုက်ရ၏။ သတိရသည့်အချိန်တိုင်း လင့်ဟူချုံးသည် ပိန်းပိတ်အောင်မှောင်နေသော အမှောင်ထုကြီးအတွင်း၌သာ နေခဲ့ရသဖြင့် အလင်းရောင်ကို အလွန်တောင့်တမိသည်။ ယခုတော့ အလင်းရောင်ကိုတွေ့လိုက်ရသဖြင့် သူ၏ဝမ်းမြောက်ဝမ်းသာဖြစ် ပုံကို စာဖွဲ့၍ မပြနိုင်အောင် ရှိတော့သည်။

ထိုအလင်းရောင်မှာ ၆ လက်မ ပတ်လည်ခန့်ရှိသော အပေါက်ကလေးမှ ဝင်ရောက်လာသော အလင်းရောင်ပေတည်း။ ယခုမှ မိမိ၏ ပတ်ပတ်လည်ကို အသေအချာ စူးစမ်းလေ့လာနိုင်တော့သည်။

အလို လက်စသတ်တော့ မိမိ၏အခန်းမှာ ဆရာကြီးလင်းရှင်၏အခန်းမျိုးပေတကား။ ပတ်ပတ်လည် ၁၀ ပေခန့်ရှိပြီး တံခါးတွင် ၆ လက်မပတ်လည်ခန့် အပေါက်ငယ်တစ်ပေါက်သာ ဖောက်ထားသည်။ တစ်စုံတစ်ယောက် ရောက်ရှိလာလျှင် ထိုအပေါက်မှသာ စကားပြောပေလိမ့်မည်။

လင့်ဟူချုံးက အော်ပြန်သည်။

“ဟေ့ကောင်တွေ … ငါ့ကို ပြန်လွှတ်စမ်း။ ဟေ့ … ဝမ်ချုံး … ဟေးပေကျို။ မင်းတို့ဟာ မြေခွေးလို ကောက်ကျစ် ယုတ်မာတဲ့ ကောင်တွေပဲ။ ငါ့ကိုပြန်လွှတ်။ မင်းတို့ နှင်းဆီဂေဟာတစ်ခုလုံးနဲ့ ငါတစ်ယောက်တည်း ချမယ်။ သတ္တိရှိရင် လွှတ်စမ်း။ ခွေးကောင်တွေ။ ယောကျ်ားမပီသတဲ့ ကောင်တွေ။ သူရဲဘောနည်းတဲ့ ကောင်တွေ။”

သူကြားလိုက်ရသောခြေသံသည် အခန်းရှေ့တွင် ရပ်သွား၏။ လင့်ဟူချုံးက စိတ်ရှိလက်ရှိ အော်ဆဲပြန်သည်။ အမှောင်ကြီးထဲတွင် တစ်ယောက်တည်း ထိတ်လန့်စွာ အော်ဟစ်ခဲ့သော်လည်း ရန်သူ သူ့ရှေ့ရောက်လာပြီဟု သတိရလာသောအခါ ဒေါသအမျက် ခြောင်းခြောင်းထွက်လာသည်။ ရန်သူအား မည်သည့်အခါမျှ ဒူးထောက်အညံ့ခံမည် မဟုတ်ချေ။ ထိုစဉ် ၆ လက်မ အပေါက်မှ သစ်သားပျဉ်ချပ်ရှည်တစ်ခု တိုးဝင်လာသည်။ ထိုသစ်သားပြားပေါ်တွင် ထမင်းပန်းကန်နှင့် ဟင်းခွက်များ တင်ထားသည်။ သူစားသောက်ရန်အတွက် လာပို့ပေးခြင်း ဖြစ်ပေလိမ့်မည်။

အစားအသောက်များကို တွေ့ရသောအခါ လင့်ဟူချုံးမှာ ဒေါသအကြီးအကျယ် ပေါက်ကွဲတော့၏။ သူ့စိတ်ထဲမှာ

“ဒီကောင်တွေက ငါ့ကို ဒီလိုထမင်းတွေဟင်းတွေ လာပေးပုံထောက်ရင် ဒီမှာ နှစ်ရှည်လများ ငါ့ကို ပိတ်လှောင် ထားမယ်ဆိုတဲ့ သဘောပေါ့” ဟု တွေးလိုက်မိသည်တွင် ချက်ချင်း အော်ဟစ်ဆဲဆိုတော့သည်။

“ခွေးကောင်တွေ … ငါ့ကို သတ်ချင်သတ်လိုက်။ ဒီလိုတော့ ညှင်းဆဲမထားနဲ့ကွ။ ခွေးကောင်တွေ”

အော်ရင်းဟစ်ရင်း လင့်ဟူချုံးသည် ပန်းကန်များကို ရိုက်ခွဲလွှင့်ပစ်လိုက်တော့သည်။ ထိုအခါ သစ်သားပြားကြီးသည်

အပြင်သို့ ပြန်ဆုတ်သွားတော့၏။ လင့်ဟူချုံးသည် အပေါက်နားသို့ တိုးကပ်သွားပြီး အပြင်သို့ လှမ်းကြည့်လိုက်သည်။ အဖိုးကြီးတစ်ယောက် မီးအိမ်ကိုကိုင်၍ ထွက်ခွာသွားသည်ကို မြင်လိုက်ရသဖြင့် အပေါက်မှ အသံကုန် အော်လိုက်၏။

"ဟေ့ … ဝမ်ချုံးဆိုတဲ့ ခွေးကြီးကို ခေါ်ခဲ့စမ်း။ ဒီခွေးသားတွေနဲ့ သူသေကိုယ်သေ ချမယ်။ ခေါ်ခဲ့စမ်း။ ငါခေါ်နေတယ်လို့ ပြောလိုက်စမ်း"

သူ မည်မျှပင်အော်ဟစ်စေကာမူ အဖိုးကြီးက အနည်းငယ်မျှ ဂရုမစိုက်ချေ။ တစ်ချက်ကလေးမျှပင် လှည့်မကြည့်ခဲ့။ တဖြည်းဖြည်းဝေးသွားကာ နောက်ဆုံးအလင်းရောင်ပါ ပျောက်သွားတော့၏။ ပတ်ဝန်းကျင်တစ်ခုလုံးကို အမှောင်ထုကြီးက ဝါးမျိုသွားပြန်တော့သည်။ လင့်ဟူချုံးက ကုတင်ပေါ်တွင် လဲလျောင်းလိုက်သည်။ ပြီးနောက် ခေါင်းအေးအေးထား၍ စဉ်းစားလိုက်၏။

"ဒီလူက ထမင်းပို့တဲ့လူပဲဖြစ်မယ်။ အခု စကားတစ်ခွန်းမှတောင် မပြောဘူး။ သူလုပ်စရာရှိတာကိုသာ လုပ်သွားတယ်။ ဧကန္တ ဝမ်ချုံးတို့က အကျဉ်းသားနဲ့ စကားမပြောဖို့ ဒီလူ့ကို တားမြစ်ထားတာ ဖြစ်ရမယ်"

သူ၌ စဉ်းစားတွေးတောသည့်အလုပ်မှလွဲ၍ မည်သည့်အလုပ်မျှ မရှိသဖြင့် ဆက်၍ စဉ်းစားနေမိသည်။

"ဒီအခန်းက ဆရာကြီးလင်းရှင်ရဲ့ အခန်းနဲ့ ပုံစံအတူတူပဲ။ ဒါကိုကြည့်တာနဲ့ နှင်းဆီဂေဟာကြီးမှာ ဒီလို မြေအောက်ခန်းတွေ အများကြီး ဆောက်ထားပုံရတယ်။ ဒီမြေအောက်ခန်းတွေမှာ အင်မတန်အဆင့်မြင့်တဲ့ သိုင်းပညာရှင်တွေကို ဖမ်းဆီးချုပ်နှောင်ထားတာ ဖြစ်ရမယ်။ ငါ့ဖာသာ တစ်ယောက်တည်းတော့ လွတ်အောင် ပြေးနိုင်မှာမဟုတ်ဘူး။ ဆရာကြီး လင်းရှင်နဲ့ ဆက်သွယ်ပြီးမှ လွတ်မြောက်အောင် ကြိုးစားရမှာပဲ"

ချက်ချင်းပင် ကုတင်ပေါ်မှထထိုင်ကာ ဘေးနံရံများကိုခေါက်ကြည့်လိုက်သည်။ နံရံမှာ အလွန်ထူထဲလှကြောင်း တွေ့လိုက်ရ၏။ ဘေးပတ်လည်ရှိ နံရံအားလုံးကိုခေါက်ကြည့်ရာ ထိုနည်းတူသာဖြစ်နေသည်။ စိတ်ပျက်လက်ပျက်ဖြင့် နံရံကို ကျောမှီ၍ ထိုင်ချလိုက်ပြီး အဖြစ်အပျက်များကို ပြန်လည်စဉ်းစားကြည့်လိုက်သည်။

မိမိမှာ ဆရာကြီး လင်းရှင်နှင့် တိုက်ခိုက်နေရင်းမှ ဆရာကြီး လင်းရှင်က ရုတ်တရက် လေချွန်လိုက်ရာ သတိမေ့သွားသည်။ မိမိကို ဤတောင်ပိုင်းရဲလေးဖော်က မည်သည့်အတွက်ကြောင့် ဖမ်းချုပ်ထားရသည်ကိုမူ မည်သို့မျှ စဉ်းစားမရချေ။ သူ့စိတ်ထဲတွင်

"ဒီလူ ၄ ယောက်ကို ငါက လူကောင်းတွေလို့ ထင်ခဲ့မိတယ်။ အစ်ကိုကြီး ရှန့်ဝန့်ထင်းကတော့ အင်မတန် ပါးနပ်တဲ့လူမို့ ဒီလူတွေကို လူယုတ်မာတွေမှန်း သိပုံရတယ်။ ဒါကြောင့် ငါ့အတွက်စိုးရိမ်ပြီး အထပ်ထပ် သတိပေးနေတာပဲ။ အခုမှ ကျောချမှ ခါးပြမှန်း သိတော့တယ်။" ဟု တွေးလိုက်မိ၏။

ထိုသို့တွေးရင်းမှ ရုတ်တရက် 'ဟာ' ကနဲ အော်လိုက်မိတော့၏။ သူ့ရင်ထဲ၌ တထိတ်ထိတ်ခုန်လာသည်။

"အစ်ကိုကြီး ရှန့်ဝန့်ထင်းရော။ သူလည်း ငါ့လိုပဲ ခံလိုက်ရပြီလား မသိဘူး"

သူက ဆက်စဉ်းစားလိုက်သည်။

"အင်း … ငါထင်သလိုတော့ ဖြစ်မှာမဟုတ်ပါဘူးလေ။ အစ်ကိုကြီးကတော့ ပါးနပ်ပါတယ်။ ဒီကောင် ၄ ကောင် အကြောင်း အစောကြီးကတည်းက သိထားတဲ့လူပဲ။ ဒီကောင်တွေရဲ့ထောင်ချောက်ကိုတော့ ကောင်းကောင်းသိမှာပါ။ ဒီကောင်တွေရဲ့လက်ချက်နဲ့ ငါအဖမ်းခံထားရမှန်းသိသွားရင် ချက်ချင်း ငါ့ကို လာကယ်မှာပဲ။ အစ်ကိုကြီး အလာကိုပဲ စိတ်ရှည်ရှည်နဲ့ စောင့်ရတော့မှာပဲ"

ရှန့်ဝန့်ထင်းအကြောင်း စဉ်းစားလိုက်မှ လင့်ဟူချုံးမှာ အားတက်လာတော့သည်။ ထိုအခါကျမှ ရယ်နိုင်ပြုံးနိုင်ဖြစ်လာသည်။ သူ့ဖာသာ တစ်ကိုယ်တည်း ရေရွတ်နေမိတော့၏။

"လင့်ဟူချုံး … မင်းကတော့ တကယ်ပဲ အသုံးမကျတဲ့ကောင်ပဲ။ စောစောတုန်းကတော့ ကြောက်ပြီး ငိုကြီးချက်မ ဖြစ်ချင်နေတယ်။ တကယ်လို့များ လူများတွေ ဒီအကြောင်းကို သိသွားရင် မင်းမျက်နှာကို ဘယ်သွားထားတော့မလဲ"

စိတ်အေးသွားသောအခါမှ ဆာလောင်ရမှန်းသိလာတော့၏။ သို့သော် စားစရာမရှိတော့။ သူ့စိတ်ထဲတွင် တောက်ခေါက် လိုက်မိသည်။

"တောက် … စောစောက ဟိုထမင်းပန်းကန်တွေ ဟင်းပန်းကန်တွေကို ရိုက်ခွဲပစ်လိုက်တာ တော်တော်မှားသွား

တယ်။ ငါ့ကိုယ်ငါ အားမွေးထားရမှာ။ ဒါမှ အစ်ကိုကြီးက ငါ့ကိုလာကယ်ရင် ဟိုခွေး ၄ ကောင်ကို ကောင်းကောင်း တိုက်ခိုက်နိုင်မှာပေါ့။ အင်း ... ဟုတ်တယ်။ ဆရာကြီး လင်းရှင် ပြောတာမှန်တယ်။ ဒီကောင်တွေဟာ 'တောင်ပိုင်း ရဲ ၄ ဖော်' မဟုတ်ဘူး။ 'တောင်ပိုင်း ခွေး ၄ ကောင်'။ ဒီခွေး ၄ ကောင်ထဲမှာ ဟေးပေကျိဆိုတဲ့ ခွေးက အကောက်ကျစ်ဆုံး၊ ဂဏှ အများဆုံးပဲ။ ငါလွတ်သွားရင် ဒီကောင့်ကို အရင်ဆုံး သတ်မယ်''

အတန်ကြာမှ အချက်တစ်ချက်ကို စဉ်းစားမိလာသည်။

''ဟာ ... ငါတွေးနေတာတွေ မဟုတ်သေးဘူး။ အခုထက်ထိတောင် အစ်ကိုကြီးရှန့်ဝန့်ထင်းက ငါ့ကိုလာမကယ်သေး ဘူး။ ငါမေ့နေတာ ဘယ်လောက်ကြာပြီလဲဆိုတာတောင် ငါသိတာမဟုတ်ဘူး။ အစ်ကိုကြီးရဲ့ သိုင်းပညာနဲ့သာဆိုရင် ဒီခွေး ၄ ကောင်ကို တစ်ယောက်ချင်း အသာလေးတိုက်ခိုက်နိုင်တယ်။ ဒါပေမယ့် ၄ ယောက်နဲ့ တစ်ယောက် တိုက်ရင် တော့ အစ်ကိုကြီးအဖို့ သိပ်မလွယ်ဘူး။ သူတို့ ၄ ယောက် စလုံးကို နိုင်တယ်ပဲထားဦးတော့။ ဒီမြေအောက်ခန်းကို အစ်ကို ကြီး ဘယ်လိုရှာနိုင်မလဲ။ ဒါက အရေးအကြီးဆုံးပဲ။ မြေအောက်ခန်းကို ရှာမတွေ့ပဲနဲ့ ငါ့ကို ဘယ်လိုကယ်နိုင်မလဲ။ မြေ အောက်ခန်းကို တွေ့ရင်တောင်မှ ဟို ၄ ကောင်ဆီက သော့ ၄ ချောင်းရမှ ငါ့ကိုကယ်နိုင်မှာ''

တစ်မျှော်တစ်ခေါ် စဉ်းစားတွေးတောလိုက်ပြီး လင့်ဟူချူး အိပ်ပျော်သွားပြန်တော့၏။ ပြန်နိုးလာသည့်အချိန်တွင် လည်း မည်းမှောင်နေသည့် ပတ်ဝန်းကျင်ကိုသာ တွေ့ရသည်။ နေ့ရောက်ပြီလား၊ ညရောက်နေသည်လား မည်သို့မျှ မသိနိုင်ပဲဖြစ်နေသည်။ သူ့စိတ်ထဲတွင်

''အင်း ... ငါတစ်ယောက်တည်းတော့ ဒီမြေအောက်ခန်းထဲကနေ ထွက်ပြေးနိုင်ဖို့ သိပ်မလွယ်ဘူး။ ... အင်း ... လင်းလင်းသာ ...''

ရုတ်တရက် လင်းလင်းကို သတိရလိုက်သည်။ သူ့အပေါ် စေတနာ ထားလှသော လင်းလင်း၊ သူ့ရောဂါဝေဒနာများ လုံးဝ ပျောက်ကင်းစေချင်သည့် လင်းလင်း၊ ချက်ချင်းပင် စိတ်အားတက်ကြွလာပြီး ကိုယ်ကို မတ်မတ်ထိုင်လိုက်မိ၏။

''လင်းလင်းက သိုင်းလောကတစ်ခုလုံးက အောက်လမ်းဂိုဏ်းသားတွေကို သတင်းလွှင့်ထားပြီးပြီ။ ဒါက သူများတွေ အပေါ် ထုတ်ထားတဲ့အမိန့်ပါ။ ငါဒုက္ခရောက်နေမှန်းသိရင်တော့ ငါ့ကို သူကိုယ်တိုင် လာကယ်မှာပဲ။ သူက အစ်ကိုကြီး ရှန့်ဝန့်ထင်းလောက် သိုင်းပညာစွမ်းရည်မှာ မကောင်းပေမယ့် နောက်လိုက်အင်အားကတော့ တကယ်များတယ်။ သူ့စကား တစ်ခွန်းပဲ။''

လင့်ဟူချူးက လင်းလင်းနှင့်ပတ်သက်ပြီး ရောက်တတ်ရာရာ လျှောက်တွေးရင်းက ရယ်ချင်စိတ်ပေါက်လာမိတော့၏။

''အင်း ... ဒီကောင်မလေးက သိပ်ရှက်တတ်တာကိုး။ သူများရဲ့ အပြောအဆိုခံရမှာကိုလည်း သိပ်ကြောက်တတ် တယ်။ ဒီတော့ သူငါ့ကိုလာကယ်ရင် အပေါင်းအဖော်တွေနဲ့တော့ လာကယ်မှာမဟုတ်ဘူး။ တစ်ယောက်တည်း လာကယ် မှာပဲ။ တကယ်လို့ သူတစ်ယောက်တည်း ငါ့ကို လာကယ်တယ်ဆိုတာများ လူတွေသိသွားကြရင်တော့ ရှက်ပြီးတော့ သေများ သေသွားမလားတောင် မသိနိုင်ဘူး။ မိန်းကလေးတွေရဲ့စိတ်ထားက တော်တော်လေး ခန့်မှန်းရခက်တာပဲလေ။ သူလည်း ညီမလေး လိန်လိန်လိုပဲ''

ထို့နောက် သူ၏ဂိုဏ်းတူညီမလေး လိန်လိန့်ကို သတိရသွားပြန်တော့၏။ လိန်လိန့်ကို သတိရမိလျှင်ရမိခြင်း ရင်ထဲ၌ နင့်ကနဲ ဖြစ်သွားတော့၏။ သူ၏ နှလုံးသားအား ခွဲချေလိုက်သည့် မိန်းကလေးပေပဲကိုး။ သူ့စိတ်ထဲတွင်

''ညီမလေးလိန်လိန်တော့ အခုလောက်ဆို လင်မိန်ကျက်နဲ့ လက်ထပ်ပြီးလောက်ရောပေါ့။ ငါက ဒီမြေအောက်အချုပ် ခန်းထဲကနေ လွတ်တော့လည်း ငါ့အတွက် ဘာလုပ်စရာရှိတော့မှာလဲ။ ငါ့ဘဝရဲ့မျှော်လင့်ချက်က ဘာရှိတော့မှာလဲ။ ဒီထဲမှာပဲ တစ်သက်လုံး နေသွားတာ ကောင်းပါတယ်လေ''

လင့်ဟူချူး၏စိတ်များမှာ ကြက်ဥအရောင် တိမ်တောင်သဖွယ် အမျိုးမျိုးပြောင်းလဲနေသည်။ အဆိုးဆုံးအခြေအနေ အဖြစ် စိတ်ကို ဒုံးဒုံးချလိုက်သောအခါမှ သူ့စိတ်များ ပေါ့ပါးသွားပြန်တော့၏။ ထို့နောက် ကုတင်ပေါ် လဲလျောင်းလိုက် ပြန်သည်။ သူ့အတွေးထဲတွင် ထင်ပေါ်၏မျက်နှာ၊ အဖွဲ့ဖွယ် ၆ ယောက်တို့၏ မျက်နှာများနှင့် မယ်သီလရင်ကလေး ရီလင်တို့၏ မျက်နှာများကို မြင်ယောင်လာပြန်သည်။ ထိုလူများကို တွေးမိသောအခါ လင့်ဟူချူး၏ မျက်နှာ၌လည်း အပြုံးရိပ်များ ပေါ်လာသည်။ အကြင်နာလွှမ်းသော အပြုံးရိပ်များပင် ဖြစ်တော့သည်။

''အင်း ... ညီမလေး ရီလင်ကတော့ စိတ်ထားနူးညံ့သလောက် သဘောထားလည်းဖြူစင်တာပဲကိုး။ သူအခု

ဘယ်လိုနေသလဲမသိဘူး။ ငါဒီမှာ အဖမ်းခံနေရတယ် ဆိုတာကိုသာ ရီလင်သိသွားရင်တော့ သိပ်စိတ်ပူရှာမှာပဲ။ သူ့ဆရာမကြီးကတော့ ငါ့ဆရာရဲ့ စာကိုရထားတော့ ငါ့ကိုကယ်ဖို့ သဘောတူမှာ မဟုတ်လောက်ဘူး။ ဒါပေမယ့် သူကတော့ သူ့အဖေ ပုကျက်ဘုန်းကြီးဆီမှာ အကူအညီတောင်းပြီး ငါ့ကို လာကယ်မှာပဲ”

ပုကျက်ဘုန်းကြီးအကြောင်း တွေးမိသောအခါ လင့်ဟူချုံးမှာ အားတက်လာပြန်သည်။

“အင်း ... ဖြစ်နိုင်တယ်။ ပုကျက်ဘုန်းကြီးရဲ့အတွင်းအားက သိပ်ကောင်းတာ။ သူကယ်ရင် ဖြစ်နိုင်တယ်။ ရီလင်ဟာ သူ့အဖေ ပုကျက်ဘုန်းကြီးဆီက အကူအညီမရဘူးဆိုရင်တောင် ဟိုအံ့ဖွယ် ၆ ယောက်ဆီမှာ သွားအကူအညီတောင်းမှာပဲ။ ဒီလူတွေသာ တစ်ပြိုင်တည်း တစ်ချိန်တည်း လာကယ်ရင် သိပ်ရယ်စရာကောင်းမှာပဲ။ ဟင်း ... သိပ်တော့ မလွယ်ပါဘူး လေ။ ပုကျက်ဘုန်းကြီးရော၊ ဟို အံ့ဖွယ် ၆ ယောက်ရော ရှုးပေါပေါနဲ့ ဘာမှအလုပ်ဖြစ်မှာ မဟုတ်ပါဘူး။ သူတို့လာရင် ဖွတ်သထက်ညစ်သွားမှာ စိုးရတယ်”

အံ့ဖွယ် ၆ ယောက်တို့က အချင်းချင်း ကပ်တီးကပ်ဖဲ့စကားများပြော၍ ရန်ဖြစ်တတ်ပုံကိုစဉ်းစားမိသောအခါ လင့်ဟူချုံးမှာ ဟက်ဟက်ပက်ပက် ရယ်မိပြန်တော့၏။ ဤသို့ဖြင့် သူ၏အတွေးများ ဟိုရောက်သည်ရောက်ဖြစ်လျက် ရောက်တတ်ရာရာ လျှောက်တွေးရင်း မျက်ခွံများ လေးသထက်လေးလာကာ နောက်ဆုံး အိပ်ပျော်သွားလေတော့၏။ သူနေရသည့်အခန်းမှာ လုံးဝပိန်းပိတ်အောင်မှောင်နေသော အခန်းဖြစ်၍ အချိန်ကို လုံးဝမသိနိုင်ပေ။ နောက်တစ်ကြိမ် အလင်းရောင်မြင်ရသောအခါ လင့်ဟူချုံးမှာ အလွန်ပင် ဝမ်းသာအားရ ဖြစ်သွားတော့၏။ ထမင်းပို့သူ လာချေပြီ။ သူက ထမင်းနှင့် ဟင်းခွက်များကို လိုလိုလားလား လှမ်းယူလိုက်သည်။ အဖိုးကြီးကမူ ထမင်းနှင့် ဟင်းခွက်များ ပေးပြီးသည်နှင့် ပြန်လှည့်ထွက်သွားတော့၏။ လင့်ဟူချုံးက ကမန်းကတန်း အော်ဟစ်တားမြစ်လိုက်သည်။

“ဟေး ... ဟေး ... ခဏနေပါဦး။ ကျုပ်ခင်ဗျားကို မေးစရာရှိလို့ပါ”

သို့သော် အဖိုးကြီးက လင့်ဟူချုံး၏စကားကို လုံးဝဂရုမစိုက်။ သွားမြဲသွားလေတော့၏။ လင့်ဟူချုံးမှာ ဒေါသတကြီးဖြင့် အော်ဟစ်ဆဲဆိုပြန်သည်။ အားရပါးရ အော်ဟစ်ဆဲဆိုလိုက်ပြီးမှ ထမင်းဟင်းများကို စားသောက်လိုက်၏။

ဤသို့ဖြင့် ရက်သတ္တပါတ် တစ်ပါတ် ကျော်လွန်လာခဲ့တော့၏။

× × × × × × ×

## အတွင်းအားစုပ်သိုင်း

ထိုရက်များအတွင်းဝယ် လင့်ဟူချုံးမှာ လွတ်မြောက်ရန်မျှော်လင့်ချက်ကို လုံးဝမထားနိုင်ပဲ ဖြစ်နေသည်။ ကြာသော အခါမှ တဖြည်းဖြည်း စိတ်ဓါတ်များ ပြန်လည်တည်ငြိမ်လာ၏။ ဘာမထီသော မူလ လင့်ဟူချုံး အခြေအနေသို့ ပြန်လည်ရောက် ရှိလာတော့သည်။

အချုပ်ခန်းအတွင်း အချိန်ပြည့် မည်းမှောင်နေသည်ဖြစ်ရာ နေ့နှင့်ညကို ခွဲခြားမသိနိုင်သဖြင့် မိမိအဖို့ မည်မျှ ကြာအောင် ပိတ်လှောင်ခံထားရမှန်းကို မသိနိုင်ပဲ ဖြစ်နေတော့သည်။ သို့သော် တစ်နေ့တစ်ခြား ပူအိုက်လာသဖြင့် ရာသီဥတု ပြောင်းလဲလာသည်ကိုမူ ခန့်မှန်းသိရှိနိုင်ခဲ့၏။

အလွန်ပူအိုက်လာသဖြင့် တစ်နေ့တွင် အဝတ်အစားများချွတ်ကာ အိပ်စက်ရသည်။ ကုတင်ပေါ်တွင် တင်ထားသော ဖျာကြမ်းကို ကုတင်အောက်သို့ ပစ်သွင်းလိုက်ပြီး အေးစက်သော ကုတင်သံပြားပေါ်တွင် အိပ်စက်ရသည်။ သို့မှသာ အပူဒါဏ်မှ အနည်းငယ် သက်သာရာရသွား၏။ ဤသို့ဖြင့် အိပ်စက်လိုက်ရာ အချိန်အတော်ကြာ အိပ်ပျော်သွားတော့၏။ သူပြန်နိုးလာသောအခါတွင်မူ အတော်ကလေး အားအင်ပြည့်ဝနေကြောင်း သိရှိလိုက်မိသည်။

များမကြာမီပင် အဖိုးကြီး ထမင်းလာပို့၏။ ထမင်းနှင့် ဟင်းခွက်များကို လှမ်းယူလိုက်ရင်း ပြင်ပမှလာသော အလင်းရောင်ဖြင့် လင့်ဟူချုံးသည် မိမိ၏လက်ဖျံပေါ်၌ တစ်စုံတစ်ခုဖြင့်ဖိထားသဖြင့် အသားချိုင့်ကာ အရာထင်နေကြောင်း တွေ့ရသည်။ အသေအချာကြည့်သောအခါ စာလုံးရာများဖြစ်နေသည်ကို တွေ့လိုက်ရ၏။

လင့်ဟူချုံးမှာ အလွန်အံ့သြသွားသည်။ စာလုံးများက မိမိ၏လက်ဖျံ၌ အဘယ်ကြောင့် ထင်နေသည်ကို မစဉ်းစား တတ်အောင် ဖြစ်နေမိသည်။ သို့သော် ရုတ်ခြည်းပင် တစ်စုံတစ်ခုကို ဆက်စပ်စဉ်းစားမိတော့သည်။ ကုတင်ပေါ်သို့ ချက်ချင်း ပြေးတက်သွားပြီး သံပြားကို လက်ဖြင့် စမ်းကြည့်လိုက်တော့သည်။ သူ၏အတွေး မှန်ခဲ့ချေပြီ။ ကုတင် အတွင်းဘက် နေရာများတွင် စာလုံးများ ရေးထိုးထားသည်ကို တွေ့ရလေတော့၏။

စာလုံးများမှာ ယခင့်ယခင်ကတည်းက ရေးထိုးထားခဲ့ဟန်တူပေ၏။ အစပထမတွင် ဖျာကြမ်းခင်းထားသဖြင့် ကုတင် ပေါ်၌ စာလုံးများ ရေးထိုးထားသည့်အဖြစ်ကို မသိနိုင်ခဲ့ချေ။ ယနေ့မှ ရာသီဥတု၏အပူဒါဏ်ကြောင့် ကုတင်ပေါ်ရှိ ဖျာကြမ်းကို အောက်သို့လွှင့်ပစ်လိုက်ပြီး သံပြားပေါ်၌ အိပ်လိုက်ရာမှ ထိုစာလုံးများ လက်မောင်း၌ ထင်ခဲ့ရခြင်းဖြစ်သည်။

လင့်ဟူချုံးသည် ထမင်းဟင်းကို အေးဆေးစွာ စားသောက်လိုက်သည်။ စားပြီးမှ ကုတင်ရှိရာသို့ပြန်သွား၏။ ကုတင် သံပြားပေါ်ရှိ စာကြောင်းများ၏ ပထမအကြောင်းကို လက်ဖြင့် စမ်းသပ်ရှာဖွေလိုက်၏။ ပထမစာကြောင်းကို တွေ့ရလေ ပြီ။ လက်ဖြင့် စမ်းသပ်ရင်း တဖြည်းဖြည်း ရေရွတ်မိသည်။ စာ၏ ပြောပြချက်မှာ ...

“ငါ့ရဲ့တစ်သက်တာလုံး ရန်သူမှန်သမျှကို ရှင်းလင်းသုတ်သင်ပစ်ခဲ့တယ်။ ငါ့အလိုကျ၊ ငါ့စိတ်သဘောအတိုင်း၊ ငါလုပ်ချင်တဲ့အလုပ်မှန်သမျှ လုပ်ခဲ့တယ်။ အခုတော့ မြေတိုက်ရဲ့ အောက်ခန်းထဲမှာ အပိတ်ခံရတာဟာ ငါ့အတွက် ဝဋ်လည်တာပဲပေါ့။ လင်းရှင်ဆိုတဲ့လူဟာ ဘယ်တော့မှ အရှုံးပေးတဲ့စိတ်ဓါတ် မရှိဘူး။ လင်းရှင်ဆိုတဲ့လူဟာ သေသည့် တိုင်အောင် အလုပ်တစ်ခုကို ဖြစ်ဖြစ်မြောက်မြောက် လုပ်သွားသေးတယ်လို့ ပြောစမှတ်ပြုစေရမယ်။ ငါဟာ ဒီမြေတိုက်ထဲမှာ အပိတ်ခံထားရပြီး ငါ့ရဲ့ အစွမ်းအထက်ဆုံး သိုင်းပညာတွေ အလဟဿ အချည်းနှီးဖြစ်သွားမှာကို

လုံးဝမလိုလားဘူး။ ငါ့ရဲ့ သိုင်းပညာ အမွေအနှစ်တွေ ဒီလောကကြီးထဲမှာ ကျန်ရစ်ခဲ့စေရမယ်။”

ထိုစာလုံးများကို လက်ဖြင့်စမ်းသပ်ရင်း ဖတ်သည့်အလုပ်ကို လင့်ဟူချုံးက ခေတ္တရပ်တန့်လိုက်ပြီး လင့်ဟူချုံးက စာ၏ သဘောအဓိပ္ပါယ်ကို ပြန်လည်စဉ်းစားလိုက်သည်။

“ဩော် ... လက်စသတ်တော့ ဒီစာလုံးတွေကို ဆရာကြီး လင်းရှင် ရေးထိုးထားခဲ့တာကိုး”

လင့်ဟူချုံးက စာကြောင်းများကို လက်ဖြင့်စမ်းသပ်ရင်း ဆက်ဖတ်ပြန်တော့၏။

“ဒါကြောင့် ငါ့ရဲ့သိုင်းပညာအနှစ်သာရတွေကို ဒီသံပြားပေါ်မှာ ရေးထိုးထားခဲ့တယ်။ တကယ်လို့ ငါသေသွားခဲ့ရင် ကံထူးတဲ့လူ တစ်ယောက်ယောက်ကတော့ ဒီစာတွေကို တွေ့မှာပဲ။ အဲဒီလူဟာ ငါ့ရဲ့သိုင်းပညာကို ဆက်လက်ထိန်းသိမ်းနိုင်လိမ့်မယ်။ ဒီလောကကြီးထဲမှာ ဆက်လက်ပြန့်ပွားအောင် ဆောင်ရွက်နိုင်လိမ့်မယ်။

... ပထမ ...

... အတွင်းအားသိုင်း ...”

ဆက်လက်ရေးသားထားသော စာလုံးများမှာ အတွင်းအားသိုင်းကို လေ့ကျင့်သောနည်းပညာပင် ဖြစ်တော့သည်။ လင့်ဟူချုံးမှာ အကြီးအကျယ် စိတ်ပျက်သွားတော့၏။ လင့်ဟူချုံးသည် ‘ဇကရာဇ် ၉ ကွက်’ ဓါးသိုင်းပညာကို တတ်မြောက်ပြီးသည့်နောက် သူ့အနေဖြင့် ဓါးသိုင်းကိုသာ စိတ်ဝင်စားတော့သည်။ ထို့အပြင် သူ့မှာ အတွင်းအား လုံးဝမရှိတော့ပဲ အတွင်းအားသိုင်း လေ့ကျင့်၍မရနိုင်သည့် ဒုက္ခကလည်း ရှိနေပြန်သည်။ ယခု စမ်းသပ်တွေ့ရှိလိုက်ရသည့် ပညာမှာ အတွင်းအား သိုင်းပညာဖြစ်နေသဖြင့် သူ့အတွက် မည်သို့မျှ အသုံးမဝင်တော့မှန်း သိလိုက်ရသဖြင့် ဤသို့ စိတ်ပျက်သွားရခြင်းဖြစ်သည်။ စာကြောင်းများသည် အတွင်းအားသိုင်းပညာ လေ့ကျင့်နည်းကို အစအဆုံး အပြည့်အစုံ ရေးသားထားသည်။

လင့်ဟူချုံးက သက်ပြင်းရှည်ကြီးတစ်ချက်ချလိုက်ရင်း

“အင်း ... ငါ့ကံကတော့ အတော်ကို ဆိုးပါပေ့ကွာ။ ဒီစာလုံးတွေကို မတွေ့တာကမှ ပိုကောင်းဦးမယ်။ အခုတော့ မြင်သာမြင်ရ၊ မကြင်ရ ဆိုတဲ့ဘဝမျိုး ရောက်နေရတယ်။”

သူက ဤအတွင်းအားသိုင်း လေ့ကျင့်နည်းစာလုံးများကို လုံးဝအရေးမစိုက်နိုင်တော့ချေ။ ပစ်ထားလိုက်ပြီး တောင်စဉ်းစား၊ မြောက်စဉ်းစားသာ လုပ်နေတော့၏။ သို့သော် နေ့တိုင်းနေ့တိုင်း အလုပ်မရှိပဲ မှောင်ကြီးထဲ၌ အချည်းနှီး ထိုင်နေရသောအခါ ပျင်းရိငြီးငွေ့လာပြန်သည်။ ထို့ကြောင့် ကုတင်ပေါ်ရှိ သံပြားပေါ်မှ စာလုံးများကို တဖြည်းဖြည်း စမ်းသပ်ရေရွတ်ရင်း အချိန်ဖြုန်းမိပြန်တော့၏။ နောက်ဆုံးတွင် လင့်ဟူချုံးသည် သံပြားပေါ်ရှိ စာလုံးအားလုံးကို အလွတ်ရသွားတော့သည်။

ရာသီဥတုမှာလည်း တဖြည်းဖြည်း ပူလောင်လာသည်။ အပူဒါဏ်ကြောင့် ချွေးထွက်လွန်ရာမှ လင့်ဟူချုံးမှာ ချွေးကြောင့် အအေးပတ်ပြီး အဖျားဝင်လာတော့သည်။ အိပ်ရာပေါ်မှပင် မထနိုင်တော့ပဲ သည်အတိုင်းပင် လဲလျောင်းနေရတော့၏။ ထိုစဉ် ထူးခြားသော ခြေသံတစ်သံကို ကြားလိုက်ရ၏။ ထိုခြေသံသည် ကြားနေကြဖြစ်သော ထမင်းပို့ အဖိုးကြီး၏ ခြေသံ မဟုတ်ကြောင်း လင့်ဟူချုံးက ကောင်းကောင်းကြီး သိလိုက်သည်။ ကုတင်ပေါ်မှ ထချင်သော်လည်း မထနိုင်ပဲ ဖြစ်နေရသည်။ အားအင်ကုန်ခမ်းသလို ဖြစ်နေသဖြင့် နဂိုပုံစံအတိုင်းပင် ကုတင်ပေါ်၌ လဲလျောင်းနေရတော့၏။

မကြာမီပင် တံခါးမှ အပေါက်ငယ် ပွင့်သွားတော့သည်။ အလင်းရောင်လည်း ဝင်လာတော့၏။ လင့်ဟူချုံးကမူ ငြိမ်သက်စွာဖြင့်ပင် လဲလျောင်းနေလိုက်သည်။ ထိုစဉ် အပြင်ဖက်မှလူက

“နောင်ကြီးလင်းရှင် ... ဒီရက်တွေမှာ ရာသီဥတု သိပ်ပူပြင်းတာပဲ။ အပေါ်မှာတောင် မနေနိုင်အောင် ပူတာ။ ဒီမြေအောက်ခန်းမှာရော ဘယ့်နှယ်လဲ။ နေလို့ ဖြစ်ရဲ့လား”

ဟေးပေကျိ၏ အသံပေတကား။ လင့်ဟူချုံးသည် ဟေးပေကျိ၏အသံကို ကောင်းစွာမှတ်မိနေသဖြင့် အလွန်အံ့သြသွားသည်။ ယခုမူ အံ့သြရုံသာအံ့သြသည်။ သည့်ထက်ပို၍ ထူးခြားဆန်းကြယ်စွာ စိတ်မလှုပ်ရှားတော့ပေ။ အကယ်၍ လွန်ခဲ့သည့်တစ်လခန့်ကသာ ဟေးပေကျိ ရောက်လာခဲ့လျှင် ရေရေလည်လည် အော်ဟစ်ဆဲဆိုခြင်း ခံရပေလိမ့်မည်။ ယခုတော့ လင့်ဟူချုံးမှာ လုံးဝ အားအင်ကုန်ခမ်းနေလေပြီ။ လွတ်မြောက်ရေးအတွက်လည်း မျှော်လင့်ချက် မထားတော့ပေ။ ထို့ကြောင့် အော်ဟစ်ဆဲဆိုချင်စိတ်လည်း မရှိတော့ချေ။ သူ့စိတ်ထဲမှ

“ဒီကောင်က ငါ့ကို ဘာဖြစ်လို့ လင်းရှင်လို့ ခေါ်နေတာလဲ မသိဘူး။ ဧကန္တ အခန်းမှားပြီး ဝင်တာပဲဖြစ်ရမယ်”

ထိုသို့တွေးလိုက်မိသဖြင့် လင့်ဟူချုံးက ငြိမ်သက်နေလိုက်သည်။ ဟေးပေကျိက

“ကျုပ် ၂ လ တစ်ခါ လာမေးနေတဲ့မေးခွန်းကို ခင်ဗျား မဖြေသေးဘူးလား”

လင့်ဟူချုံး၏ စိတ်ထဲတွင် ရယ်ချင်နေမိ၏။

“ဒီကောင် တကယ်ပဲ အခန်းမှားလာတာကိုး။ သူက ငါ့ကို ဆရာကြီးလင်းရှင်လို့ ထင်နေပုံရတယ်။ တကယ့်ကောင်ပဲ”

သို့သော် ချက်ချင်းပင် တုန်လှုပ်ချောက်ချားသွားရပြန်သည်။

“ဒီ နှင်းဆီဂေဟာကြီးထဲမှာရှိတဲ့ ဆရာကြီး ၄ ယောက်ထဲမှာ ဟေးပေကျိက ဉာဏ်အကောင်းဆုံးပဲ။ သူ့အစ်ကိုကြီး ဝမ်ချုံးထက်တောင် ဉာဏ်ထက်မြက်ပုံရတယ်။ ဒီလိုလူက ဘယ့်နှယ်လုပ် အခန်းမှားနိုင်မှာလဲ။ အကြောင်းထူးတစ်ခုခုတော့ ရှိကို ရှိရမယ်။”

ထို့ကြောင့် သူက အသံမပြုပဲငြိမ်နေလိုက်သည်။ ဟေးပေကျိက

“နောင်ကြီး လင်းရှင် … ခင်ဗျားလို အစွမ်းအစရှိတဲ့ လူတစ်ယောက်အဖို့ ဒီလို မြေအောက်ခန်းမှာ ပိတ်လှောင်ခံထားရတာ ဘယ်လောက် ကြေကွဲဖို့ကောင်းသလဲ။ နစ်နာမှုအတိုင်းအတာကိုပဲ စဉ်းစားကြည့်ပါဦး။ ခင်ဗျားသာ ကျုပ်ပြောတဲ့အတိုင်းလုပ်ပါ။ ကျုပ်ပြောတာကို သဘောတူလိုက်ပါ။ ခင်ဗျားအနေနဲ့ သိုင်းလောကထဲကို အေးအေးဆေးဆေး ပြန်သွားနိုင်မှာပဲ”

လင့်ဟူချုံးမှာ ရင်တထိတ်ထိတ် ခုန်လာတော့၏။ သို့သော် အခြေအနေအမှန်ကို လုံးဝသဘောမပေါက်သေးပေ။ ဟေးပေကျိ ပြောနေသည့် စကား၏အဓိပ္ပါယ်ကို အလွန်သိချင်လာသည်။ မည်မျှ သိချင်နေသည်ဖြစ်စေ၊ ဟေးပေကျိ၏ စကားကို စောင့်နားထောင်ရုံမှတပါး မည်သို့မျှမတတ်နိုင်ပေ။

ထိုစဉ် ဟေးပေကျိက “ဘယ့်နှယ်လဲ။ ခင်ဗျား သဘောတူမလား။ မတူဘူးလား”

လင့်ဟူချုံးမှာ သူ့ကံကြမ္မာ တစ်ဆစ်ချိုးလမ်းကွေ့သို့ ရောက်နေပြီဖြစ်ကြောင်း ခန့်မှန်းသိရှိလိုက်၏။ ယခု ဟေးပေကျိ၏ စကားများသည် သူ၏လွတ်မြောက်မှုအတွက် အခွင့်အရေးတစ်ရပ်ဖြစ်ကြောင်း သိရှိလာသောအခါ စိုးရိမ်စိတ်များ ဝင်လာတော့သည်။ ဟေးပေကျိ၏ စကားအဓိပ္ပါယ်ကို တိတိကျကျ မသိရသေးမီ အရမ်းကာရော စကားပြန်၍မဖြစ်သေး။ စကားပြောမှားသွားလျှင် ကြုံတောင့်ကြုံခဲရရှိလာသော လွတ်မြောက်ရေး လမ်းစကလေး ပျောက်သွားရပေလိမ့်မည်။

ဟေးပေကျိက သက်ပြင်းတစ်ချက်ချကာ “နောင်ကြီး လင်းရှင် … ခင်ဗျားဘာဖြစ်လို့ လုံးဝစကားမပြောပဲ နေရတာလဲ။ နောင်ကြီးကို ကျုပ်အနေနဲ့ သိပ်ပြီး ကျေးဇူးတင်နေတဲ့ အချက်တစ်ချက် ရှိပါတယ်။” ဟုပြောသည်။

လင့်ဟူချုံးမှာ သိချင်စိတ်များ ထကြွလာသည်။ သို့သော် မေး၍မဖြစ်သဖြင့် နားစွင့်၍သာ နေလိုက်ရသည်။ ဟေးပေကျိက

“ဟိုတစ်ခါ ဖုန်းချုံးဆိုတဲ့ ကောင်လေးကိုခေါ်ပြီး နောင်ကြီးနဲ့ ဓါးရေးပြိုင်ခိုင်းတုန်းက ကျုပ်အကြောင်း နောင်ကြီးက နှုတ်ပိတ် ရေငုံနေတဲ့ကိစ္စကို ပြောတာပါ။ ကျုပ်က နောင်ကြီးနဲ့ အပေးအယူလုပ်ဖို့ တောင်းဆိုနေတဲ့ကိစ္စကိုသာ ကျုပ်ရဲ့ ညီအစ်ကို ၃ ယောက်ကို ပြောများပြောမိရင် ကျုပ်အသက်ကို ဖက်နဲ့ထုပ်ထားရမှာ သေချာတယ်။ ကျုပ်အနေနဲ့ နောင်ကြီးကို အများကြီး ကျေးဇူးတင်ပါတယ်။ အခုကော ဘာဖြစ်လို့ နောင်ကြီးက သဘောမတူပဲဖြစ်နေရတာလဲ။ နောင်ကြီးရဲ့ဘဝကို ဒီမှာပဲ နှစ်မြုပ်လိုက်တော့မလို့လား”

လင့်ဟူချုံးမှာ ဟေးပေကျိက မိမိအား ဆရာကြီး လင်းရှင်ဟု တကယ်ထင်မှတ်နေသည်ကို တွေ့ရသောအခါ အလွန်တရာ အံ့ဩနေတော့၏။ သံသယလည်း ဖြစ်လာသည်။ အဘယ့်ကြောင့် မိမိအား လင်းရှင်ဟုထင်မှတ်နေရသနည်း။ မိမိကို တစ်ချိန်လုံး သဘောတူခိုင်းနေသည့်ကိစ္စသည် မည်သည့်ကိစ္စနည်း။ သူအလွန်သိချင်လာသည်။ ထိုစဉ် ဟေးပေကျိထံမှ တညဉ်းညဉ်းရယ်သံကို ကြားလိုက်ရသည်။ မည်သည့်အရာကို ကျေနပ်သဘောကျ၍ ရယ်သည်မသိ။

ဟေးပေကျိက … “ကျုပ်က အင်မတန် တုံးတဲ့ကောင်ပဲ။ ဘာမှ အကင်းမပါးဘူး။ ဒီတစ်ခါ နောင်ကြီးလင်းရှင် အော်မဆဲတာကိုက အခြေအနေကောင်းတာကို ပြနေတာပဲ။ ကဲ ကဲ … စဉ်းစားပါ။ နောက်ထပ် ၂ လလောက် အချိန်ယူပြီး

ကောင်းကောင်း စဉ်းစားလိုက်ပါဦး။ နောက် ၂ လ ကြာတဲ့အခါမှ ကျုပ်တစ်ခေါက် ထပ်လာခဲ့ဦးမယ်”

ပြောရင်းမှ ဟေးပေကျိက လှည့်ထွက်ရန် ဟန်ပြင်လိုက်သည်။ လင့်ဟူချုံးက မိမိအနေဖြင့် ဆက်၍ငြိမ်နေရန် မဖြစ်တော့မှန်း သိလိုက်သည်။ ထို့ကြောင့် အသံကိုဖျက်ပြီး ခပ်တိုးတိုးမေးလိုက်သည်။

“မင်း … မင်းက ငါ့ကို … ဘာသဘောတူခိုင်းနေတာလဲ”

ဟေးပေကျိမှာ အချုပ်ခန်းအတွင်းမှ အသံခပ်အစ်အစ်ကို ကြားလိုက်ရသည်နှင့် ချက်ချင်းပင် ခုန်ပေါက်ကာ လှည့်လာတော့သည်။

“နောင် … နောင်ကြီးက သဘောတူပြီပေါ့ … ဟုတ်လား”

“ဘာသဘောတူရမှာလဲ”

“ဟာ … ကျုပ်က နောင်ကြီးကို ဒီမေးခွန်းမေးလာတာကြာလှပါပြီ။ ဘယ့်နှယ် နောင်ကြီးက ပြန်မေးနေရတာလဲ”

“ငါ့မှတ်ဉာဏ်တွေ သိပ်မကောင်းတော့ဘူး။ မင်းပြောနေတဲ့ မေးခွန်းကို ငါမေ့သွားပြီ”

“နောင်ကြီးတတ်ထားတဲ့ ဟို အတွင်းအားသိုင်းပညာကို ကျုပ်ကို သင်ပေးခိုင်းနေတာလေ။ ကျုပ်သာ အဲသည် အတွင်းအားသိုင်းကို တတ်သွားရင် နောင်ကြီးကို ချက်ချင်းလွှတ်ပေးမယ်”

“မင်းရဲ့စကားကို ငါက ဘယ်လိုယုံရမှာလဲ”

“နောင်ကြီးက ကျုပ်ကို ဘယ်လိုအာမခံချက်မျိုး ပေးစေချင်သလဲ။ ပြောပါ။ နောင်ကြီးယုံနိုင်လောက်တဲ့အထိ ကျုပ်လုပ်ပါ့မယ်”

“ငါ ယုံနိုင်လောက်တဲ့ အာမခံချက်ကို မင်းပဲ ပြောစမ်းပါဦး”

“နောင်ကြီးက ဒီအတွင်းအားသိုင်းပညာကို သင်ပေးလိုက်တာနဲ့ ကျုပ်ဟာ နောင်ကြီးရဲ့တပည့်ဖြစ်သွားပြီ။ နောင်ကြီးရဲ့ ဂိုဏ်းထဲမှာ ဆရာသမား ကိုပုန်ကန်တဲ့လူကို အရေခွံခွာတဲ့အပြစ်ဒါဏ် ပေးလေ့ရှိတယ်မဟုတ်လား။ ဒီတော့ ကျုပ်က နောင်ကြီးရဲ့ တပည့်ဖြစ်သွားတဲ့နောက်တော့ နောင်ကြီးကို မလွှတ်ပဲ နေရဲပါတော့မလား”

လင့်ဟူချုံးက ခပ်တည်တည်ဖြင့် “သြော် … ဒီလိုလား” ဟု ပြောလိုက်၏။

ဟေးပေကျိက “နောင်ကြီး သဘောတူပြီပေါ့ … ဟုတ်လား”

“ဟင့်အင်း … အခုတော့ သဘောမတူသေးဘူး။ နောက် ၃ ရက်ကျရင် ငါ့ဆီထပ်လာခဲ့”

ဟေးပေကျိက မချင့်မရဲဖြစ်သော လေသံဖြင့်

“နောင်ကြီးက ဒီကနေ့ပဲ သဘောတူလိုက်ရင် ပြီးနေတာပဲ။ ဘာဖြစ်လို့ နောက် ၃ ရက်လောက် အမှောင်ခန်းကြီး ထဲမှာ နေချင်ရတာလဲ။ မြန်မြန်သဘောတူရင် နောင်ကြီးအနေနဲ့ အပြင်လောကကြီးထဲကို မြန်မြန် ပြန်ရောက်တာပဲ” ဟု ပြောလေတော့သည်။

လင့်ဟူချုံးက အလွန်ကျေနပ်သွားသည်။ သူ့စိတ်ထဲမှ

“အင်း … ဒီကောင်က ငါ့ထက်တောင် လောနေတဲ့ကောင်ကိုး။ ဟန်ကျပြီ။ သူ့ရဲ့စိတ်ကို စမ်းကြည့်လိုက်ဦးမယ်”

လင့်ဟူချုံးက ဒေါသထွက်သောအသံဖြင့် ငေါက်ငမ်းလိုက်သည်။ ထိုအခါ ဟေးပေကျိမှာ ကမန်းကတန်းဖြင့်

“ဟုတ် … ဟုတ်ကဲ့ပါ ဆရာ။ ၃ … ၃ ရက်ကြာမှ ကျွန်တော် ဆရာ့ကို လာတွေ့ပါ့မယ်။ ကျွန် … ကျွန်တော် သွားဦးမယ် ဆရာ”

ဟေးပေကျိ၏ အသုံးအနှုန်းများ ပြောင်းလဲသွားချေပြီ။ နောင်ကြီးဟု မခေါ်တော့။ ဆရာဟု ပြောင်းလဲခေါ်နေချေပြီ။ သူ့ကိုယ်သူလည်း အစက ကျုပ်ဟုသုံးနှုန်းနေရာမှ ကျွန်တော်ဟု ရိုရိုသေသေပြောင်းလဲ သုံးနှုန်းသွားသည်။ သူ့ကို တစ်ဖက်လူက တပည့်အဖြစ် လက်ခံလိုက်သည့် သဘောမျိုးပင်တည်း။ လင့်ဟူချုံးသည် ဟေးပေကျိထွက်သွားပြီး တံခါး ၃ ချပ်စလုံး ပိတ်သွားသည့်အခါကျမှ ကုတင်ပေါ်တွင် ထထိုင်ကာ စဉ်းစားခန်းဝင်မိတော့၏။

“အင်း … ဟေးပေကျိဆိုတဲ့ကောင်ကတော့ ငါ့ကို တကယ်ပဲ ဆရာကြီး လင်းရှင်လို့ ထင်နေတာပဲ။ ငါ့အတွက် လွတ်မြောက်ရေးလမ်းစကတော့ ပေါ်နေပြီ။ ငါက သူ့ကို ဒီကုတင်ပေါ်မှာ ရေးထားတဲ့ သိုင်းပညာကို သင်ပေးလိုက်ရမလား”

သို့သော် ချက်ချင်းပင် တစ်စုံတစ်ခုကို စဉ်းစားမိပြီး တုန်လှုပ်သွားသည်။ နှစ်ပေါင်းများစွာ ကြာသည်အထိ ဆရာကြီး လင်းရှင် ငြင်းပယ်ခဲ့သည့်အချက်ကို သွားစဉ်းစားမိသောကြောင့်ပင်တည်း။

"မဖြစ်ဘူး။ မဖြစ်ဘူး။ ဆရာကြီးလင်းရှင်က သူဒီလောက် နှစ်တွေကြာတဲ့အထိ အပိတ်ခံထားရတာတောင် သဘောမတူခဲ့ဘူး။ ဆရာကြီး လင်းရှင်ဟာ ဉာဏ်လည်း အင်မတန်ကောင်း၊ အင်မတန်လည်း ပါးနပ်တဲ့လူ။ သူ့အနေနဲ့ သင်ပေးလို့ဖြစ်ရင် သင်ပေးလိုက်ပြီးသား ဖြစ်နေမှာပေါ့။ သူလည်း အပြင်လောကကို ပြန်ရောက်ချင်မှာပဲ။ ဒီမြေအောက် ခန်းမှာ သေတဲ့အထိ ဘယ်နေချင်လိမ့်မလဲ။ သူသင်မပေးတာက အကြောင်းရှိလိမ့်မယ်"

သို့သော် သူက တစ်ချက် ပြန်စဉ်းစားလိုက်ပြန်သည်။

"အို ... ဒါတွေ ငါအရေးမစိုက်နိုင်ဘူး။ ငါလွတ်ဖို့က အရေးကြီးတယ်။ နောက် ၃ ရက်ကြာလို့ ဒီကောင် ရောက်လာရင် သူ့ကို ဒီကုတင်ပေါ်က စာကြောင်းတွေ တစ်ကြောင်းချင်း နည်းနည်းချင်းစီ သင်ပေးလိုက်မယ်။ ဒီကောင် ငါ့ကို တကယ်လွှတ်မလား၊ မလွှတ်ဘူးလား ဆိုတာကို အကဲခတ်ကြည့်ရမှာပဲ"

ထိုသို့ စိတ်ကူးလိုက်မိခြင်းကြောင့် လင့်ဟူချုံးသည် စာကြောင်းများကို အကြိမ်ကြိမ် သေသေချာချာဖတ်၍ ကျက်မှတ်တော့၏။ မိမိအနေဖြင့် ကြေကြေညက်ညက်ဖြစ်နေမှသာ မိမိအား ဆရာကြီး လင်းရှင်အတု မဟုတ်ကြောင်း ယုံကြည်ပေလိမ့်မည်။ လင့်ဟူချုံးက စာတစ်ကြောင်းကို အထပ်ထပ်ရွတ်ဖတ်လိုက်သည်။

"ချက်အောက်မှာ ရှိနေတဲ့ 'တန်းတင်' အကြောမှာ အတွင်းအား လုံးဝမရှိစေရ။ ဗလာနတ္ထိ ဖြစ်နေရမယ်။ ဒီ 'တန်းတင်' အကြောမှာရှိတဲ့ အတွင်းအားလှိုင်းတွေကို ကိုယ်လက်နေရာ အသီးသီးကို ဖြန့်ထုတ်ပစ်လိုက်ရမယ်။ အဲသည် တစ်နေရာတည်းမှာ စုမထားရဘူး။"

သည်စာလုံးများကို ယခင်ကလည်း သူဖတ်ဖူးသည်။ သို့သော် အဓိပ္ပါယ်ကို အသေအချာ မစဉ်းစားခဲ့ချေ။ ဖတ်ပြီးသည်နှင့် ပြီးပြီးပျောက်ပျောက် မေ့ပစ်ခဲ့သည်။ သည်တစ်ကြိမ်တွင်တော့ ဖတ်ရုံတင်မက အနက်အဓိပ္ပါယ်ကိုပါ စဉ်းစားတွေးတောလိုက်ရာ အလွန်တရာ အံ့သြသွားတော့၏။

"ဒီစာရဲ့သဘောက ဘယ်လိုပါလိမ့်။ ငါ့ဆရာ ရက်ပုချွန် သင်ပေးတုန်းကတော့ အတွင်းအားသိုင်းရဲ့အခြေခံက အတွင်းအားတွေကို ချက်အောက်က 'တန်းတင်'အကြောမှာပဲ စုထားရမယ်လို့ပြောခဲ့တယ်။ များများစုနိုင်လေ အတွင်းအား ကောင်းလေပဲတဲ့"

စာကြောင်း၏ ဆန့်ကျင်ဖက်သဘောတရားကြောင့် လင့်ဟူချုံးမှာ ဦးနှောက်ခြောက်သွား၏။ သို့သော် သူက ဆက်၍ စဉ်းစားလိုက်သည်။

"ဒီစာကြောင်းကတော့ ဘာဖြစ်လို့ ချက်အောက်မှာ အတွင်းအားတွေကို မစုခိုင်းပဲနဲ့ ဖြန့်ခိုင်းနေရတာလဲ။ တော်တော်ကို ဆန့်ကျင်ဖက်ဖြစ်နေတာပဲ။ ကဲ ... ချက်အောက်မှာ အတွင်းအားတွေ ရှိမနေဘူးဆိုရင် အတွင်းအားကို ဘယ်နေရာကနေ ထုတ်ရတော့မှာလဲ။ အင်း ... ကြည့်ရတာ ဆရာကြီးလင်းရှင်က တမင်သက်သက် လျှောက်ရေးထားတာနဲ့တူတယ်။ ဟန်ကျပြီ။ ငါက ဟေးပေကျိဆိုတဲ့ကောင်ကို ဒီအတွင်းအားသိုင်း အတုကြီး သင်ပေးလိုက်ရင် အတော်ပဲ"

သူသည် စာလုံးများကို အသေအချာ အထပ်ထပ် ရွတ်ဖတ်လိုက်သည်။ အပြန်ပြန်အလှန်လှန် စဉ်းစားတွေးတော လိုက်၏။ စာပါ အနက်အဓိပ္ပါယ်အားလုံးသည် ရည်ရွယ်ချက် တစ်ခုဆီသို့သာ ဦးတည်နေ၏။ လေ့ကျင့်သူ၌ နဂိုက ရှိနေသော အတွင်းအားသိုင်းပညာများကို မည်ကဲ့သို့ ဖျောက်ဖျက်ပစ်ရမည်ကို နည်းလမ်းအဆင့်ဆင့်ဖြင့် ရေးပြထားခြင်း ပေတည်း။ လင့်ဟူချုံးမှာ ဖတ်လေ၊ တုန်လှုပ်လေ ဖြစ်လာတော့၏။

"ဒီလောကကြီးထဲမှာ ဒီလောက် နုံတဲ့ အတဲ့လူ ဘယ်ရှိလိမ့်မလဲ။ ဘယ်သူက ကိုယ်အနှစ်နှစ်အလလ စုဆောင်း ထားတဲ့ အတွင်းအားသိုင်းတွေကို ဖျောက်ဖျက်ပစ်မှာလဲ။ ဒီလို ကိုယ့်ကိုယ်ကို အကျိုးနည်းအောင်လုပ်တဲ့ သိုင်းပညာမျိုးကို ဘယ်သူက သင်မှာလဲ"

လင့်ဟူချုံးမှာ ချက်ချင်းပင် စိတ်ဓါတ်ကျဆင်းသွားတော့သည်။

"ဟေးပေကျိက အစ်ကိုကြီး ရှန့်ဝန့်ထင်းလောက် ပါးနပ်လိမ္မာတဲ့လူမျိုး။ သူသာ ဒီလိုစာအကြောင်း ကြားလိုက်တာနဲ့

သူ့ကို သက်သက်အရူးလုပ်တာလို့ သိသွားမှာပဲ။ ဒီကောင်က ရှေ့ဆက်ပြီး ဘယ်အညာခံတော့မလဲ။ ဒီနည်းတော့ သုံးလို့ဖြစ်မယ် မထင်တော့ပါဘူး”

လင့်ဟူချုံး၏ လွတ်မြောက်ရေးလမ်းစကလေးမှာ ပျောက်ကွယ်သွားရပြန်တော့သည်။ သူ့အဖို့ စဉ်းစားလေလေ၊ ရှုပ်ထွေးလေလေ ဖြစ်လာတော့သည်။ မည်သည့်အကြံဉာဏ်မျှလည်း မထုတ်နိုင်တော့။ နောက်ဆုံးတွင် ကုတင်ကို ထုရိုက်ပြီး စိတ်ရှိလက်ရှိ အော်ဟစ်ဆဲဆိုလိုက်တော့သည်။ စိတ်ရှိလက်ရှိ အော်ဟစ်နေရင်းမှ သူ၏ဦးခေါင်းအတွင်းသို့ ပြိုးကနဲ ပြက်ကနဲ အလင်းရောင်တစ်ခု ဝင်လာသဖြင့် ချက်ချင်း အအော်ရပ်လိုက်တော့သည်။ ထိုင်နေရာမှလည်း ခုန်ထလိုက်မိသည်။

“ငါ့အတွင်းဒါဏ်ရာဖြစ်တဲ့ အကြောင်းရင်းက အံ့ဖွယ် ၆ ယောက်နဲ့ ပုကျက်ဘုန်းကြီးရဲ့ အတွင်းအားလှိုင်းတွေ ငါ့ကိုယ်ထဲမှာ စုပြုံနေလို့ပဲ။ ငါသာ အတွင်းအားလှိုင်းတွေကို ဖျောက်ပစ်နိုင်ရင် ငါ့ရောဂါလည်း ပျောက်ရမှာပေါ့။ စောစောပိုင်းမှာ ငါ့ရဲ့အခက်အခဲက ငါ့ကိုယ်ထဲကအတွင်းအားလှိုင်းတွေကို ဘယ်လိုဖျောက်ဖျက်ပစ်ရမလဲ ဆိုတာကို မသိတာပဲ။ ဟော ... အခုတော့ နည်းတွေ့ပြီ။ ကိုယ်ထဲမှာရှိနေတဲ့ အတွင်းအားလှိုင်းတွေကို ခြေလက် အနှံ့အပြား ရောက်အောင် ကျင့်လို့ရတဲ့နည်းကို တွေ့ပြီ။ ဒီနည်းအတိုင်း သုံးရင် ငါ့အဖို့ ဟန်ကျတော့မှာပဲ”

လှုပ်ရှားနေသောသူ၏စိတ်များကို ပြန်လည်တည်ငြိမ်သွားအောင် လင့်ဟူချုံးက တဖြည်းဖြည်း ထိန်းချုပ်လိုက်သည်။ ထိုသိုင်းပညာကျင့်နည်းကို အစအဆုံး ဖြည်းညင်းစွာ ပြန်ဖတ်သည်။ အစပိုင်းကို သဘောပေါက်အောင် စဉ်းစားပြီး ခြေတင်ပျဉ်ခွေထိုင်၍ လေ့ကျင့်တော့၏။

ထူးခြားဆန်းကြယ်လှသည့် ပညာရပ်ပေတကား။ တစ်နာရီခန့် လေ့ကျင့်လိုက်သည်နှင့် သူ၏ရင်ဝနှင့် ချက်အောက်တွင် စုပြုံနေသော အတွင်းအားများမှ အချို့အဝက်သည် ကိုယ်ခန္ဓာအနှံ့အပြားသို့ ပျံ့နှံ့ပြိုကွဲသွားတော့၏။ လင့်ဟူချုံး အနေဖြင့် ထိုအတွင်းအားများကို လုံးဝချေဖျက်ခြင်း မပြုနိုင်သော်လည်း ရင်ဝနှင့် ချက်အောက်မှနေ၍ ခြေလက်နှင့် ခန္ဓာကိုယ်အနှံ့အပြားသို့ ရွှေ့ပြောင်းသွားသောအခါ လွန်စွာ နေရထိုင်ရ ကောင်းသွားတော့၏။ ရင်ဝ၌ အမြဲလိုလို အန်ချင်နေသော စိတ်များလည်း ပျောက်ကွယ်သွားတော့သည်။ ထိုအခါ လင့်ဟူချုံးမှာ ဝမ်းသာလွန်းသဖြင့် အော်ဟစ် ခုန်ပေါက်မိတော့သည်။ သီချင်းပင် ဆိုလိုက်သေး၏။ သီချင်းဆိုပြီးသည်နှင့် တဟားဟား အော်ရယ်ကာ

“လင်းရှင် ... လင်းရှင် ... ခင်ဗျားက ဒီသိုင်းပညာ လေ့ကျင့်နည်းတွေကို ရေးထားပြီး သူများတွေကို ဒုက္ခရောက်အောင် လုပ်ထားပေမယ့် ကျုပ်အဖို့တော့ သိပ်အကျိုးရှိနေပြီဗျို့။ ဟား ဟား ဟား”

လင့်ဟူချုံး၌ ယခင်ကခံစားနေရသည့် နွမ်းနယ်ညှိုးချုံးနေသည့် စိတ်ဓါတ်များ ပျောက်ကွယ်သွားပြီး ချက်ချင်း လန်းဆန်း တက်ကြွလာသည်။ အားအင်များ ပြည့်ဖြိုးလာကဲ့သို့လည်း ခံစားလိုက်ရသည်။ ထိုအခါ ဆာလောင်မွတ်သိပ်မှု ကိုပါ ခံစားလာရတော့၏။ ထိုအခိုက်မှာပင် ထမင်းပို့သူ အဖိုးကြီး ရောက်လာတော့၏။ လင့်ဟူချုံးသည် သူ့အခန်းတွင်းသို့ ထိုးသွင်းပေးလိုက်သည့် ထမင်းဟင်းများကို အားရပါးရ စားသောက်လေတော့သည်။ ပြီးသည်နှင့် ကုတင်ပေါ်သို့ ပြန်တက်ထိုင်ကာ ဆက်၍ လေ့ကျင့်ပြန်တော့သည်။ ဤသို့လေ့ကျင့်နေရာ တစ်ကြိမ်ထက်တစ်ကြိမ် ပို၍ပို၍ သက်သာလာသည်။ သူ့စိတ်ထဲတွင်

“အင်း ... ငါ့အဖို့တော့ ဟန်ကျပြီ။ အံ့ဖွယ် ၆ ယောက်နဲ့ ပုကျက်ဘုန်းကြီးရဲ့အားတွေကို ခြေတွေလက်တွေမှာ ပို့ထားလိုက်မယ်။ နောက်မှ ငါ့ဆရာရဲ့နည်းနဲ့ အတွင်းအားသိုင်းကို အစအဆုံးပြန်ပြီး လေ့ကျင့်မယ်။ အချိန်တော့ အတော် ကုန်မယ့် အလုပ်ပဲ။ ဒါပေမယ့် ငါ့အသက်တော့ မစိုးရိမ်ရတော့ဘူးပေါ့”

လင့်ဟူချုံးအဖို့ ရှင်လန်းဝမ်းမြောက်ခြင်းဆိုသည်မှာ လွန်ခဲ့သော အတိတ်ကာလက ရှိခဲ့ဖူးသည့်အရာသာဖြစ်သည်။ သူ၏ ပစ္စုပ္ပန်ကာလအတွင်း၌ ရှင်လန်းဝမ်းမြောက်ခြင်းကို မခံစားခဲ့ရသည်မှာ ကြာလှချေပြီ။ ယခုတော့ သူပျောက်ဆုံးခဲ့ရ သည့် ရှင်လန်းဝမ်းမြောက်ခြင်းကို ပြန်လည်ခံစားနေရလေပြီ။

နောက် ၂ ရက်ကြာသောအခါတွင် ရှင်လန်းတက်ကြွစွာဖြင့် ထမင်းစားနေမိသည်။ ထမင်းစားနေရင်း စမ်းသပ်လိုစိတ် ပေါ်လာသဖြင့် လက်ထဲတွင်ကိုင်ထားသော ကျောက်ရေခွက်ကို လက်ဖြင့် ဆုပ်လိုက်မိသည်။ ထိုတစ်ဒင်္ဂအတွင်းဝယ် တကျွတ်ကျွတ်အသံမြည်လျက် ကျောက်ရေခွက်မှာ အစိတ်စိတ်အမြွှာမြွှာ ကြေမွသွားတော့၏။ ကျောက်သား အစအနများကိုကြည့်ရင်း လင့်ဟူချုံးမှာ ထိတ်လန့်သွားတော့သည်။ သို့သော် ကယောင်ကတန်းဖြင့် ထိုကျောက်သား အစအနများကို ထပ်မံ ဆုပ်ချေလိုက်သည့်အခါတွင်မူ လက်ချောင်းများကြားမှပင် တမှုန်မှုန် တမွှားမွှား ကျလာတော့၏။ လင့်ဟူချုံးမှာ သူ့လက်ကိုသူ ပြန်ဖြန့်ကြည့်ရင်း ကျောက်ရုပ်ကြီးတစ်ရုပ်အလား ငေးကြောင်နေမိ

တော့သည်။

ထိုအခိုက်မှာပင် သံတံခါးအပြင်ဖက်မှ ဟေးပေကျိ၏အသံ ထွက်ပေါ်လာ၏။

“ဆရာကြီးရဲ့သိုင်းပညာက တကယ့်ပထမတန်း သိုင်းပညာပဲ။ သိုင်းလောကမှာ ဆရာကြီးကို မီတဲ့လူတော့ ရှိမယ် မထင်ဘူး”

၃ ရက်ပြည့်မြောက်ပြီဖြစ်၍ ဟေးပေကျိပြန်လည်ရောက်ရှိလာခြင်း ဖြစ်တော့သည်။ လင့်ဟူချုံးမှာ မိမိ၏ လက်ချောင်းများ ဤမျှ အားရှိလိမ့်မည်မထင်၍ ငေးကြောင်နေရာ ဟေးပေကျိတစ်ယောက် တံခါးဝသို့ရောက်နေမှန်းပင် မသိလိုက်တော့ချေ။ ဟေးပေကျိက

“ဆရာကြီးရဲ့အစွမ်းကတော့ အံ့မခန်းပဲ။ ကျွန်တော်က ဆရာကြီးကို အမြဲတမ်း လေးစားနေတဲ့လူပါ။ ဒီလို အသာကလေး တစ်ချက်ညှစ်လိုက်ရုံနဲ့ ကျောက်ဖန်ခွက်ကြီးတောင် အမှုန့်ဖြစ်သွားတယ်ဆိုတော့ ဒီလက်နဲ့သာ ရန်သူကို တစ်ချက်လောက် ညှစ်လိုက်ရရင် ... ဟား ဟား ဟား”

လင့်ဟူချုံးက ယခုမှ သတိပြန်ဝင်လာ၏။ သူ့စိတ်ထဲတွင်

“ဟုတ်တယ်။ သူပြောတာ အမှန်ပဲ။ ဒီလက်နဲ့သာ တစ်ချက်လောက်ညှစ်လိုက်ရရင် ရန်သူတော့ အရိုးတွေ တဖျစ်ဖျစ် မြည်ကုန်တော့မှာပဲ” ဟု တွေးတောမိသဖြင့် ကျေနပ်အားရစွာ တဟားဟား ရယ်မောမိတော့သည်။

ဟေးပေကျိက “ဆရာကြီးရဲ့အသံကို ကြားရတာ သိပ်ပျော်နေပုံရတယ်။ ကျွန်တော့်ကို တပည့်အဖြစ်လက်ခံဖို့ သဘော တူလိုက်ပြီလား ဆရာကြီး”

လင့်ဟူချုံး၏ရယ်သံ ချက်ချင်းရပ်သွားတော့၏။ အပြေးအလွှား တွေးတောလိုက်သည်။

“အင်း ... ဒီကောင့်ကို သိုင်းပညာသင်ပေးလို့ ဖြစ်ပါတော့မလား။ ကြည့်စမ်း ... ငါ ၂ ရက်လောက်ပဲ လေ့ကျင့်လိုက်ရသေးတယ်။ ဘယ်လောက်ကြောက်စရာ ကောင်းနေပြီလဲ။ ဒီကုတင်သံပြားမှာ ရေးထားတဲ့သိုင်းပညာက ငါစောစောက ထင်ထားသလို မဟုတ်တရုတ်တွေ ရေးထားတာ မဟုတ်ဘူး။ သိုင်းပညာအတုမဟုတ်ဘူး ...”

လင့်ဟူချုံးမှာ သူသံသယရှိနေသော သိုင်းပညာသည် အတုအယောင်မဟုတ်ပဲ တကယ့်အစစ်အမှန် သိုင်းပညာ ဖြစ်ကြောင်း သိပြီးသည်နှင့် သူ့ဘဝလမ်းကြောင်းနှင့်ပတ်သက်ပြီး တစ်စုံတစ်ခု တွေးလိုက်မိပြန်တော့သည်။ ထိုအခါ ကြက်သီး တဖြန်းဖြန်း ထသွားတော့သည်။

“ဒီကောင့်အနေနဲ့ ဒီလောက်ကြောက်စရာကောင်းတဲ့ သိုင်းပညာကို တတ်ပြီးမှတော့ ငါ့ကို ဘယ်လွှတ်တော့မလဲ။ အင်း ... လွှတ်ကောင်း လွှတ်နိုင်တယ်။ အသက်ရှင်လျက်နဲ့တော့ မဟုတ်ဘူး။ အသက်မပါပဲ အသေလွှတ်မှာ။ သတ်ချင်ရင်လည်း အလွယ်ကလေးပဲ။ အဆိပ်ခတ်လိုက်တာနဲ့ ငါတစ်ခါတည်း ကိစ္စချောမှာပဲ။ ဆရာကြီးလင်းရှင်က ဒီအကွက်ကို ကြိုမြင်ပုံရတယ်။ ဒီလောက်နှစ်တွေကြာတဲ့အထိ သင်မပေးပဲနဲ့ ငြင်းပယ်လာလို့ သူအခုလောက် အသက်ရှည် နေခဲ့တာပဲ”

အခန်းတွင်း၌ လုံးဝ တိတ်ဆိတ်ငြိမ်သက်နေသည်ကို တွေ့လိုက်ရသောအခါ ဟေးပေကျိမှာ သူ့အား သိုင်းပညာ သင်မပေးရန် ဆုံးဖြတ်လိုက်မည်ကို လွန်စွာစိုးရိမ်သွားသည်။

“ဆရာကြီး ... ကျွန်တော့်ကို သင်ပေးမယ်ဆိုရင် ဆရာကြီးအတွက် အကောင်းဆုံးအရက်နဲ့ ကြက်ကင်တွေ ယူလာပေးပါ့မယ်။ ဆရာကြီးလည်း အာဟာရ ဖြစ်သွားအောင်ပေါ့”

လင့်ဟူချုံးမှာ အရက်နှင့်ကြက်ဟူသော စကားကို ကြားလိုက်ရသောအခါ လွန်စွာ တောင့်တမွတ်သိပ် လာတော့သည်။ ‘အရက်နှင့်ကြက်’ ကင်းဝေးခဲ့ရသည့်အချိန်မှာ ကြာမြင့်လှပြီ မဟုတ်ပါလား။ ချက်ချင်းပင် သွားရည်ယိုကျကာ စားချင်စိတ် ပေါက်လာသည်။

လင့်ဟူချုံးက “ကောင်းပြီလေ။ မင်းအခုသွားပြီး အရက်နဲ့ ကြက်သားသွားယူခဲ့။ ငါ့စိတ်ထဲ ရွှင်ရွှင်လန်းလန်း တက်တက် ကြွကြွ ဖြစ်လာရင်တော့ မင်းကို နည်းနည်းပါးပါး စသင်ပေးမယ်။ ဒါပေမယ့် မင်းစိတ်တော့ရှည်ရမယ်။ တန်ဖိုးရှိတဲ့ အရာတိုင်းဟာ လွယ်လွယ်ကူကူ မရဘူးကွ”

ဟေးပေကျိအနေဖြင့် သိုင်းပညာကို အရင်ဦးစွာ သင်ခိုင်းလိုသည်။ သို့သော် လင့်ဟူချုံး စိတ်ဆိုးသွားမည်စိုးသဖြင့် မသင်ခိုင်းရဲချေ။ ထို့ကြောင့် ကမန်းကတန်း ပြောလိုက်သည်။

"ကောင်းပါပြီ။ ကောင်းပါပြီ။ မနက်ဖြန်ကျရင် အရက်နဲ့ ကြက်ကို မဖြစ်ဖြစ်အောင် ယူလာခဲ့ပါ့မယ်"

လင့်ဟူချုံး ဒေါသထွက်သွားသည်။

"ဟော့ ... ဒီကနေ့ ဘာလို့ မဖြစ်ရတာလဲကွ"

ဟေးပေကျိက "ဆရာကြီး စိတ်မဆိုးပါနဲ့။ ကျွန်တော်က ယူမလာပေးချင်လို့ မဟုတ်ပါဘူး။ ဒီကို ကျွန်တော် လာရတာက လွယ်လွယ်ကူကူ လာရတာမဟုတ်ပါဘူး။ အစ်ကိုကြီးတို့မရှိတဲ့အချိန်ကို စောင့်ကြည့်ပြီးမှ လာနိုင်တာပါ"

လင့်ဟူချုံးအနေဖြင့် ဘာများ တတ်နိုင်တော့မည်နည်း။ ထို့ကြောင့် "အင်း" ဟု သဘောတူညီသည့် အထိမ်းအမှတ်ဖြင့် ပြောလိုက်ရ၏။ ဟေးပေကျိသည် မြေအောက်ခန်းမှ ပြန်လည်ထွက်ခွာသွားလေတော့၏။ တစ်ယောက်တည်း ကျန်သောအခါမှ လင့်ဟူချုံးက ထိုင်ရင်း စဉ်းစားနေမိ၏။

"ဒီသိုင်းပညာဟာ တကယ့်ကို ကြောက်စရာ အစွမ်းထက်တာတော့ သေချာနေပြီ။ ငါ ၂ ရက်လောက် လေ့ကျင့်လိုက်တာနဲ့ ဒီလောက် အကျိုးထူးကို ရနေပြီ။ တကယ်လို့ တစ်လလောက်များ လေ့ကျင့်လိုက်ရင် ..."

ထိုအတွေးပေါက်လာသည့်အခါ ထခုန်မိတော့၏။

"ငါသာ တစ်လလောက် လေ့ကျင့်လိုက်ရင် ဒီသံကြိုးနဲ့ ဒီသံတံခါးတွေကို ရိုက်ချိုးပြီး ထွက်ပြေးနိုင်ပြီပေါ့"

သို့သော် သူ၏ ဝမ်းမြောက်ဝမ်းသာဖြစ်မှုမှာ တစ်ဒင်္ဂအတွင်း ကြက်ပျောက်ငှက်ပျောက် ပျောက်သွားပြန်သည်။ အဘယ်ကြောင့်ဆိုသော် စိတ်ပျက်လောက်သည့် အတွေးတစ်ခုကို တွေးလိုက်မိသောကြောင့်ပေတည်း။

"တကယ်တမ်း ဒီသိုင်းပညာ ဒီလောက်ကောင်းနေတယ်ဆိုရင် ဆရာကြီးလင်းရှင်က ဘာကြောင့် ထွက်မပြေးနိုင်ရတာလဲ" ဟူသော အတွေးပင်ဖြစ်၏။ တွေးရင်းတွေးရင်း မကျေမချမ်းဖြစ်လာသဖြင့် လင့်ဟူချုံးသည် သူ၏ဘယ်လက်ဖြင့် သူ့ကိုချည်ထားသော သံကွင်းကို ဆွဲဆန့်လိုက်သည်။ ဆွဲဆန့်ရာတွင်လည်း အားကုန်ထုတ်လိုက်မိ၏။ ဤတွင် သူမမျှော်လင့် မထင်မှတ်ထားသောအဖြစ်က တကယ်ဖြစ်လာတော့၏။

သူ့အနေဖြင့် ဤသံကွင်းကြီးကို ဆွဲဆန့်နိုင်လိမ့်မည်ဟု လုံးဝမထင်မှတ်ခဲ့ပေ။ သို့သော် သံကွင်းကြီးမှာ အကယ်ပင် ဆန့်ထွက်လာတော့၏။ သူ၏ ဘယ်ဘက်လက်သည်လည်း သံကွင်းကြီးမှ လွတ်မြောက်သွားတော့သည်။ လင့်ဟူချုံး၏ အံ့သြမှုသည် အထွတ်အထိပ်သို့ ရောက်ရှိသွားတော့သည်။ တုန်လှုပ်စွာဖြင့် သံကွင်းကြီးကို ကြည့်လိုက်မိ၏။ အလို ... သံကွင်းကား နဂိုကတည်းက ဖြတ်ထားသည်ကိုး။ သို့သော် မိမိသာ ယခင်ကအတိုင်း အတွင်းအားမရှိပဲ ဖြစ်နေလျှင် ဤဖြတ်ထားသောသံကွင်းကို မည်သို့မျှ ဆွဲဆန့်နိုင်လိမ့်မည် မဟုတ်ချေ။ ကုတင်သံပြားပေါ်မှ အတွင်းအားသိုင်း ကျင့်စဉ်၏ အကျိုးကျေးဇူးပင်တည်း။

လင့်ဟူချုံးသည် သံကွင်းကိုယူ၍ အသေအချာ စမ်းသပ်စစ်ဆေးလိုက်ရာ ပြတ်ထွက်သွားသည့်နေရာများ၌ သေးငယ်ညီညာသော လွှရာကလေးများကို တွေ့ရ၏။ သူ့မှာ အံ့သြပြီးရင်း အံ့သြနေရတော့သည်။ ထို့နောက် ခြေထောက် ၂ ဖက်တွင် ထူးခတ်ချည်နှောင်ထားသော သံကွင်းများကို စမ်းသပ်ကြည့်ရှုလိုက်ရာတွင်လည်း ထိုအတိုင်းပင် ညီညာသေးငယ်သော လွှရာကလေးများကို တွေ့ရပြန်သည်။ ခြေထောက်သံကွင်းများသည်လည်း ဖြတ်ထားပြီးချေပြီ။

လင့်ဟူချုံးက အခြေအနေအရပ်ရပ်ကို အပြန်ပြန်အလှန်လှန် ဆက်စပ်စဉ်းစားရပြန်တော့သည်။ လက်ရှိ သူ၏ အခြေအနေမှာ မစဉ်းစားပဲမဖြစ်အောင် ဖန်တီးလျက် ရှိနေလေပြီ။ သူ့စိတ်ထဲမှ

"ငါ့အချုပ်ခန်းထဲ ဘယ်သူဝင်လာပြီး ဒီသံကွင်းတွေကို ဖြတ်လိုက်တာလဲ။ ငါလည်း ဘာမှမသိလိုက်ပါလား။ ဒီမြေအောက်ခန်း ဘယ်လောက်လုံခြုံတယ်ဆိုတာ ငါ့မျက်မြင်ကိုယ်တွေ့ပဲ။ အပြင်လူဝင်ဖို့ဆိုတာ ဘယ်လိုမှ မလွယ်ဘူး။ ဒီနှင်းဆီဂေဟာထဲကလူပဲ ဖြစ်ရမယ်။ ဒီလူဟာ ငါအိပ်ပျော်နေတဲ့အချိန်မှာ လာပြီး ဖြတ်ပေးသွားတာဖြစ်ရမယ်။ ငါ့ကို ချက်ချင်း ကယ်ထုတ်ဖို့ မဖြစ်သေးတာနဲ့ အခြေအနေ စောင့်ကြည့်နေတာနဲ့တူတယ်။ ဒီလူဟာ ငါ့ကို လာကယ်လိမ့်မယ်"

လင့်ဟူချုံးက စိတ်အားတက်လာပြီး အကောင်းဖက်မှ ဆက်၍ တွေးနေပြန်တော့သည်။

"ဒီလူဟာ ဘယ်နည်းနဲ့မှ ဟေးပေကျိ မဖြစ်နိုင်ဘူး။ ဟေးပေကျိက အင်မတန် လည်တဲ့အကောင်ပဲ။ သူတို့ ၄ ယောက် တည်းက အဖြစ်နိုင်ဆုံးတစ်ယောက်ကတော့ တန်းချန်းပဲ။ ဒီကောင်က စိတ်သဘောထား ပွင့်လင်းတယ်။ ဖြောင့်မတ်ပုံလည်း ရတယ်။ သူပဲ ဖြစ်နိုင်တယ်။"

တစ်ဆက်တည်း လင့်ဟူချုံးသည် မနက်ဖြန် ဟေးပေကျိ ရောက်လာလျှင် မည်ကဲ့သို့ရင်ဆိုင်ရမည်ကို စဉ်းစားရပြန်

သည်။ ဟေးပေကျိက လူနာအမဲချောက်ဖုတ်တောင်းသကဲ့သို့ အတွင်းအားသိုင်းပညာ သင်ပေးရန် တကျီကျီ တလောင်လောင်လုပ်နေသူ ဖြစ်သဖြင့် လုံးဝသင်မပေးပဲ အချိန်ဆွဲထားရန်မဖြစ်နိုင်ချေ။

"အင်း ... ဒီကောင်လာရင် သင်မပေးလို့တော့ မဖြစ်ဘူး။ သင်တော့သင်ပေးရမှာပဲ။ အချိန်ဆွဲပြီး သင်ပေးလိုက်ရင် ပြီးတာပဲ။ ကြားထဲမှာ မဟုတ်တရုတ် သိုင်းကွက်တွေလည်း သင်ပေးရမှာပဲ"

ဟေးပေကျိနှင့်ပတ်သက်သည့် လုပ်ငန်းစဉ်ကို စဉ်းစားပြီးသောအခါ အရေးကြီးသော အခြားအချက်များကို စဉ်းစားရပြန်သည်။

"အခုအချိန်မှာ တန်းချန်းက ငါ့ကို အချိန်မရွေး လာကယ်နိုင်တယ်ဆိုတော့ ငါကလည်း ဒီကုတင်ပေါ်က သိုင်းပညာအားလုံးကို ပိုင်နိုင်သထက်ပိုင်နိုင်အောင် တတ်ကျွမ်းသထက် တတ်ကျွမ်းအောင် အမြန်ဆုံး လေ့ကျင့်ထားရမယ်"

ထို့နောက် လင့်ဟူချုံးသည် ကုတင်ပေါ်မှ စာတန်းများကို ထပ်မံကျက်မှတ်ပြန်တော့၏။ နောက်ဆုံးတွင် ပြောင်းပြန်ဆိုနိုင်သည့်အထိ ကျက်မှတ်လိုက်သည်။ ထိုအခါမှ စိတ်ချလက်ချ အိပ်စက်လိုက်လေတော့၏။ အိပ်ရာမှ နိုးလာသောအခါ ထိုသိုင်းပညာကို ဆက်လက် လေ့ကျင့်ပြန်သည်။ ထိုအခါ သူ့စိတ်ထဲတွင် တစ်ခုစဉ်းစားမိပြန်သည်။

"ငါဒီအထဲကနေပြီး ထွက်ပြေးသွားတဲ့အခါကျရင် ဟေးပေကျိတို့က ငါဘယ်လိုထွက်သွားသလဲဆိုတာ ဒီအခန်းထဲဝင်ပြီး သေသေချာချာ စစ်ဆေးကြမှာပဲ။ အဲဒီအခါကျရင် သံကုတင်ပေါ်က စာလုံးတွေကို တွေ့သွားနိုင်တယ်။ ဒီတော့ ဒီကောင်တွေ ဟောသည်စာလုံးတွေကို မတွေ့အောင် ငါတစ်ကြောင်းကျင့်ပြီးတာနဲ့ တစ်ကြောင်း ဖျက်ပစ်လိုက်မယ်"

ထို့ကြောင့် တစ်နေ့တာလေ့ကျင့်ပြီးစီးသွားသောအခါ စာလုံး ၁၅ လုံးခန့်ကို သံကွင်းဖြင့် ပွတ်တိုက်ဖျက်ပစ်လိုက်သည်။ ထို့နောက် လင့်ဟူချုံးက အနားယူရင်း ဟေးပေကျိ ရောက်အလာကို စောင့်ဆိုင်းနေလိုက်သည်။ သို့သော် ဟေးပေကျိ ရောက်မလာချေ။

လင့်ဟူချုံးက ဟေးပေကျိကို မစောင့်တော့ပဲ သိုင်းပညာကိုသာ သဲသဲမဲမဲ ဆက်လက် လေ့ကျင့်ပြန်တော့၏။ သူ၏တိုးတက်မှုကား ဒီရေအလား လျင်မြန်လှပေသည်။

နောက်တစ်ရက်တွင်လည်း ဟေးပေကျိ ရောက်မလာခဲ့ပေ။ ရောက်မလာသဖြင့် သူ့စိတ်ထဲတွင်မည်သို့မျှ အနှောင့်အယှက် မဖြစ်မိ။ မိမိ၏သိုင်းအား လွန်စွာ တိုးတက်မြင့်မားလာသည်ကိုသာ ပီတိဖြစ် ကျေနပ်နေမိတော့၏။ သူ့အနေဖြင့် အံ့ဖွယ် ဖ ယောက်နှင့် ပုကျက် ဘုန်းတော်ကြီးတို့၏ အတွင်းအားလှိုင်းများကို ခြေလက်နှင့် အခြားခန္ဓာကိုယ်အနှံ့အပြားသို့ ဖြန့်ထား နိုင်ခဲ့လေပြီ။

ဤသို့ဖြင့် တစ်လကျော်မျှ အချိန်ကြာလာသောအခါ လင့်ဟူချုံးသည် ကုတင်ပေါ်မှ စာလုံးအတော်များများကို ဖျက်ဆီးပစ်နိုင်ခဲ့၏။ နောက်ထပ်တစ်လခန့် ထပ်မံကုန်ဆုံးသွားပြန်သောအခါတွင်မူကား ဖျက်စရာ စာလုံး တစ်လုံးတစ်လေမျှ မကျန်တော့ချေ။ စာလုံးအားလုံး ကုန်သွားလေပြီ။ သူ့အနေဖြင့်မူ အဆက်မပြတ်လေ့ကျင့်နေသဖြင့် သိုင်းအားမှာ အဆမတန် တိုးတက်လာတော့၏။

ရာသီဥတု တဖြည်းဖြည်း အပူခါတ်လျော့နည်းလာသည်ကို လင့်ဟူချုံး ခံစားသိရှိလာမိ၏။ အပြင်လောက၌ တစ်ရာသီ ပြောင်းလဲသွားလေပြီဟု ရော်ရမ်းမှန်းဆနေမိသည်။ ထိုစဉ်မှာပင် အပြင်ဖက် ခပ်လှမ်းလှမ်းမှ ခြေသံကို ကြားလိုက်ရတော့သည်။ ဟေးပေကျိ၏ ခြေသံဖြစ်ကြောင်း လင့်ဟူချုံးက ကောင်းကောင်းကြီး မှတ်မိနေသည်။ အတန်ကြာမှ ခြေသံသည် တံခါးဝနားသို့ ရောက်ရှိလာသည်။ လင့်ဟူချုံးသည် သူ့လက်မှသံကွင်းနှင့် ခြေထောက်၌ ပူးခတ်ထားသည့် သံခြေကျင်း ကို ဆွဲဖြုတ်ထားလိုက်၏။

ဟေးပေကျိက တံခါးအပြင်ဖက်မှနေ၍

"ဆရာကြီး ... စိတ်မရှိပါနဲ့နော်။ ဒီ ၂ လအတွင်းမှာ အစ်ကိုကြီးက တစ်ချက်မှ အပြင်မထွက်ဘူး။ ကျွန်တော့်မှာ အတော့်ကို ဒုက္ခရောက်နေတယ်။ ဆရာကြီးကို အရက်နဲ့ ကြက်သား လာပို့မယ်လို့ ကတိပေးထားခဲ့တယ် မဟုတ်လား။ နေ့တိုင်း ဆရာကြီးကို သတိရပါတယ်။ ဒါပေမယ့် အစ်ကိုကြီးရှိနေတော့ ဘယ်လိုမှ ပို့လို့မရဘူး။ ဆရာကြီး စိတ်မဆိုးပါနဲ့နော်"

ထိုအချိန်တွင် အရက်နှင့် ကြက်ကြော်နံ့မွှေးမွှေးကို ရှူရှိုက်မိပြီဖြစ်နေသော လင့်ဟူချုံးမှာ သွားရည်ယိုလျက်ရှိနေလေပြီ။ သူက "ဟေ့ ... အပိုတွေ ပြောမနေနဲ့။ အရက်နဲ့ ကြက်သားကြော်ကိုသာ အထဲသွင်းလိုက်စမ်း ... ငါအရင်ဆုံး စားသောက်ပြီးမှ မင်းနဲ့ ဆက်ပြီး စကားပြောမယ်"

ဟေးပေကျိက "ဟုတ် ... ဟုတ်ကဲ့ ဆရာကြီး ... ဆရာကြီးက ကျွန်တော့်ကို သိုင်းပညာ သင်ပေးတော့မှာပေါ့နော်"

လင့်ဟူချုံးက စိတ်မရှည်သောအသံဖြင့် အော်ငေါက်ပြောဆိုလိုက်၏။

"ဟော့ကောင် ... မင်း ဒီကိုလာရင် ငါ့အဖို့ အရက် ၃ အိုးနဲ့ ကြက်ကြော်တစ်ကောင် ယူလာခဲ့။ ငါက မင်းကို ဒီသိုင်းပညာရဲ့ လျို့ဝှက်လေ့ကျင့်နည်း ၄ ခွန်း သင်ပေးမယ်။ အဲသည်လိုသင်သွားရင် ငါက အရက်အိုး ၃ ထောင်နဲ့ ကြက်အကောင် ပေါင်း ၁ ထောင်လောက် စားပြီးတဲ့အခါ မင်း ဒီသိုင်းပညာကို တတ်ပြီ"

ဟေးပေကျိက ဝမ်းသာအားရဖြင့် အရက်အိုးနှင့် ကြက်ကြော်ကို သစ်သားပြားရှည်ပေါ်တွင် တင်ပြီး အခန်းထဲ ပို့လိုက်၏။ လင့်ဟူချုံးကလည်း ခေါင်းမဖော်ပဲ အားရပါးရ စားသောက်လိုက်တော့သည်။ လင့်ဟူချုံး စားသောက်ပြီးသောအခါမှ သူသွင်းထားသည့် သစ်သားပြားရှည်ကို ပြန်လည်ထုတ်ယူ ရုပ်သိမ်းလိုက်၏။ ထို့နောက် အပေါက်ဝမှရပ်ကာ အတွင်းသို့ လှမ်းမေးလိုက်သည်။

"ဆရာကြီး ... ကျွန်တော့်ကို စသင်ပေးတော့မလား"

လင့်ဟူချုံးမှာ စားရ၍ဝပြီဖြစ်သဖြင့် ဟေးပေကျိနှင့်ပတ်သက်ပြီး စိတ်ကူးတစ်မျိုး ပြောင်းသွားပြန်သည်။ သူက ဟေးပေကျိအား မည်ကဲ့သို့ ကောင်းကောင်း နှိပ်စက်ရမည်ကို အကြံထုတ်နေမိသည်။ သူက

"ကောင်းပြီ။ မင်းကို ငါအခုပဲစသင်မယ်။ ဒီမှာ ငါ့လက်ဝါး ၂ ဖက်ကို ကြည့်စမ်း။ သေသေချာချာကြည့်။ လက်ဝါး ၂ ဖက်က အခုလို အနေအထားမျိုး ရှိရမယ်"

ပြောပြောဆိုဆိုဖြင့် သူ့လက်ဝါး ၂ ဖက်ကို လုပ်ပြလိုက်သည်။ ဟေးပေကျိကလည်း လင့်ဟူချုံး လုပ်ပြသည့်အတိုင်း သူ့လက်ဝါး ၂ ဖက်ကို လိုက်လုပ်လိုက်၏။

"မင်း လက်ဝါး ၂ ဖက်ရဲ့ အနေအထားကို ငါလုံးဝမမြင်ရဘူး။ ဒီတော့ ပုံစံမှန်သလား မှားသလား ငါဘယ့်နှယ် သိတော့မလဲ"

ဤတွင် ဟေးပေကျိက ၆ လက်မ ပတ်လည်ရှိသော တံခါးပေါက်မှနေ၍ သူ၏လက် ၂ ဖက်ကို ဆွဲသွင်းကာ လင့်ဟူချုံး ပြသည့်ပုံစံအတိုင်း လုပ်ပြလိုက်သည်။ ထိုအခါ လင့်ဟူချုံးက ရုတ်တရက်ခုန်ထွက်လိုက်ပြီး ဟေးပေကျိ၏ လက်ကို ဖမ်းဆုပ်ကိုင်ဆွဲလိုက်၏။

ဟေးပေကျိသည် သူတို့ညီနောင် ၄ ဖော်တွင် ဉာဏ်အထက်ဆုံး ဖြစ်သည်သာမက အပါးနပ်ဆုံးလည်းဖြစ်သည်။ သို့သော် ယခုတစ်ကြိမ်တွင်ကား သူ့အနေဖြင့် ဤသိုင်းပညာကို အလွန်တရာတတ်လိုသည်က တစ်ကြောင်း၊ လင့်ဟူချုံး၏ ခြေလက်များကို သံကြိုး၊ သံကွင်း၊ ခြေကျဉ်းများနှင့် ခတ်ထားသဖြင့် ဤကဲ့သို့ အပေါက်ဝသို့ ခုန်ထွက်မရောက်ရှိနိုင်ဟု ယုံကြည်ယူဆထား၍တစ်ကြောင်း။ ထို့ကြောင့်သူ၏လက် ၂ ဖက်ကို အထဲသို့ ထိုးသွင်းပြလိုက်မိရာမှ ယခုကဲ့သို့ အဖိုက်မိသွားခြင်း ဖြစ်လေတော့၏။

လင့်ဟူချုံးမှာလည်း ယခုကဲ့သို့ အပေါ်စီးရနိုင်မည့် အခြေအနေမျိုးကို လုံးဝမျှော်လင့်ခဲ့သည် မဟုတ်ပေ။ ဤအခြေအနေ ပေါ်ပေါက်လာရန် ကြိုတင်စဉ်းစား ပြင်ဆင်ထားခြင်းလည်း မဟုတ်ပေ။ ဟေးပေကျိတစ်ယောက် စိတ်ညစ်သွားအောင် အမျိုးမျိုးအဖုံဖုံ လုပ်ခိုင်းမည်ဟုသာ စဉ်းစားကြံစည်ထားခြင်း ရှိခဲ့၏။ ယခုတော့ မမျှော်လင့်သော အခြေအနေ တစ်ရပ်သည် သူ့အတွက် အကောင်းဆုံး ပေါ်ပေါက်ခဲ့လေပြီ။

အခွင့်အခါမပေးလျှင် စွမ်းရည်သည် အရာမရောက်နိုင်ဟူသော စကားတစ်ရပ် ရှိခဲ့သည်မဟုတ်ပါလော။ နောက်ပိုင်း အခြေ အနေများတွင် လင့်ဟူချုံးမှာ ကံဆိုးမိုးမှောင်ကျသော ဖြစ်ရပ်အထွေထွေနှင့်သာ ကြုံတွေ့ခဲ့ရပြီး နောက်ဆုံးတွင် မြေအောက်အကျဉ်းသား ဖြစ်ခဲ့ရတော့သည်။ ယခုအဖြစ်အပျက်သည် လင့်ဟူချုံး၏ ဇာတာစန်းလင် တက်လာသည့် ဖြစ်ရပ်များအတွက် အကြိုနိဒါန်းတစ်ရပ် ဖြစ်သည်လားတော့ မဆိုနိုင်ပေ။

ဟေးပေကျိက ကြောက်လန့်တကြား ရုန်းကန်လိုက်သည်။ သို့သော် လင့်ဟူချုံး၏ လက် ၂ ဖက်သည် သံကွင်း ထက်ပင် မာကျောသန်မာနေသဖြင့် သူ၏ရုန်းကန်မှုများမှာ အချည်းနှီး ဖြစ်နေတော့၏။ လင့်ဟူချုံး၏ ဖျစ်ညှစ် ဆုပ်ကိုင်မှုကြောင့် ဟေးပေကျိ၏ လက်ကောက်ဝတ်အရိုးများပင် တဖျစ်ဖျစ် မြည်လာချေပြီ။

## မဟူရာတံဆိပ်ပြား

ထိုအခိုက်မှာပင် ဟေးပေကျိသည် အရိုးတဖျစ်ဖျစ်မြည်သည်ထက် ကြောက်ရွံ့ထိတ်လန့်ဖွယ်ရာ အဖြစ်အပျက်တစ်ခုကို တွေ့ရလေတော့၏။ မိမိ၏ လက်ကောက်ဝတ်အကြောများမှ အတွင်းအားများသည် တစိမ့်စိမ့်ဖြင့် လင့်ဟူချုံးထံသို့ စီးထွက်နေသည်ကို သိလိုက်ရခြင်းပေတည်း။ ဤသို့ ဖြစ်ရခြင်း၏ အကြောင်းရင်းကို စဉ်းစားမိလိုက်သည်နှင့် ဟေးပေကျိ သည် လိပ်ပြာလွင့်ထွက်လုမတတ် ဖြစ်သွားတော့သည်။ သူက ရှိုးဦးတင်တောင်းပန်သောလေသံဖြင့်

"ဆရာကြီး ... ဆရာကြီး"

ဤကား ဟေးပေကျိ၏ ထပ်ဆင့်အမှားပင်တည်း။ သူ့အနေဖြင့် ယခုအချိန်တွင် ရေငုံနှုတ်ပိတ်နေခြင်းသည်သာ အကောင်းဆုံးဖြစ်၏။ စကားပြောလိုက်သည်နှင့် သူ့ကိုယ်တွင်းမှ အတွင်းအားများသည် ပို၍ စီးထွက်သွားကြတော့၏။ ထို့ကြောင့် သူက စကားကို ဆက်မပြောတော့ပဲ ချက်ချင်း ပါးစပ်ပြန်ပိတ်လိုက်သည်။ သို့သော် သူ၏အတွင်းအားများကမူ လင့်ဟူချုံး၏ကိုယ်ထဲသို့ စီးထွက်နေဆဲဖြစ်၏။

လင့်ဟူချုံးမှာ သံပြားပေါ်မှ အတွင်းအားသိုင်းပညာကို လေ့ကျင့်ပြီးနောက်တွင် သူ၏ချက်အောက်အကြော၌ အတွင်းအားလုံးဝမရှိတော့ချေ။ လုံးဝ ဗလာနတ္ထိ ဖြစ်နေ၏။ ယခုကဲ့သို့ ဟေးပေကျိ၏လက်ကို ဆုပ်ကိုင်ဖမ်းဆွဲထားသည့်အချိန်တွင် သူ၏ချက်အောက်သို့ အတွင်းအားလှိုင်းများ စိမ့်ဝင်လာသည်ကို သတိထားလိုက်မိတော့၏။ ဟေးပေကျိ၏ လက် ၂ ဖက် သည် တဆတ်ဆတ်တုန်နေ၏။ အလွန်တရာ ကြောက်ရွံ့တုန်လှုပ်နေကြောင်း သိသာထင်ရှားလှသည်။ နောက်ဖက်သို့ သူ့လက်ကို အတင်းဆွဲထုတ်နေသည်ကလည်း သူ၏အကြောက်တရားကို အထင်အရှားပြသနေသည်။

ဟေးပေကျိ၏စိတ်ထဲတွင် လက်ကို အားကုန်ထုတ်ကာ ရုပ်သိမ်းပြီး ခါး၌ချိတ်ထားသော ဓါးကိုယူ၍ လင့်ဟူချုံး၏ ဖမ်းထားသောလက်ကို ခုတ်ဖြတ်ပစ်ရန် စိတ်ကူးပြီး သူ၏အားကို ပိုထုတ်လိုက်သည်။ ထိုသို့ ထုတ်လိုက်သည်နှင့်အမျှ သူ၏အတွင်းအားများသည် ပို၍ပို၍ ယိုစိမ့်ထွက်လာကာ နောက်ဆုံး၌ မိုက်ကနဲဖြစ်သွားပြီး မေ့မြောသွားလေတော့၏။

လင့်ဟူချုံးက ဟေးပေကျိ၏လက်ကို ရုတ်တရက်ဖမ်းဆွဲလိုက်ခြင်းမှာ ခြိမ်းခြောက်ရုံ ခြိမ်းခြောက်ရန်သာဖြစ်၏။ သို့သော် ယခုအခြေအနေက တစ်မျိုးပြောင်းလဲသွားချေပြီ။ ဟေးပေကျိ မေ့မြောသွားသည်ကို တွေ့ရသောအခါ ရယ်ချင်မိတော့၏။ ထို့နောက် လင့်ဟူချုံးက အကြံတစ်ခုရကာ ဟေးပေကျိ၏လက်ကို ဆွဲကိုင်မြှောက်ယူလိုက်ပြီး ခါးကို စမ်းသပ်လိုက်သည်။ ဓါးတစ်ချောင်း ချိတ်ဆွဲထားသည်ကို တွေ့ရသဖြင့် ဓါးကို ဆွဲဖြုတ်ယူလိုက်သည်။

ထို့နောက် အပေါက်ငယ်ကို ဓါးဖြင့် ခုတ်၍ချဲ့လိုက်၏။ ဓါးမှာ ကောင်းလွန်းလှသဖြင့် အပေါက်ငယ်သည် တဖြည်းဖြည်း ပို၍ပို၍ ကျယ်လာလေတော့သည်။ လင့်ဟူချုံးက သူ့ခေါင်းကို အပြင်သို့ထုတ်ကြည့်သည်။ ခေါင်းထွက်နိုင်သည်ကိုတွေ့ရ သောအခါ အလွန်ဝမ်းသာသွားတော့သည်။ ချက်ချင်းပင် ဦးခေါင်းကိုထုတ်၊ ကိုယ်ကိုကျုံ့၍ ထိုအပေါက်မှ တိုးထွက်လိုက်သည်။ လင့်ဟူချုံးတစ်ယောက် အချုပ်ခန်းအပြင်ဖက်သို့ ထွက်မြောက်ရောက်ရှိလာလေပြီ။

အပြင်သို့ ရောက်ရောက်ချင်း လင့်ဟူချုံးလုပ်သည့်အလုပ်မှာ ဟေးပေကျိ၏ အဝတ်အစားများနှင့် မိမိ၏ အဝတ်အစားများ လဲလှယ်ဝတ်ဆင်ခြင်းပေတည်း။ ထိုကိစ္စပြီးလျှင်ပြီးခြင်း ဟေးပေကျိ၏ခန္ဓာကိုယ်ကို ထိုအပေါက်ထဲမှပင် အတွင်းသို့ ထိုးထည့်လိုက်၏။ သူလည်း ထိုအပေါက်မှ အတွင်းသို့ ပြန်ဝင်လိုက်သည်။

အခန်းတွင်းသို့ ရောက်သောအခါ ဟေးပေကျိုကို ကုတင်ပေါ်တင်လိုက်သည်။ လက်ကို သံကွင်းများဖြင့် စွပ်ပေးလိုက်၏။ ခြေထောက်ကိုလည်း သံခြေကျဉ်းများဖြင့် ထူးခတ်လိုက်သည်။ ထိုသံကွင်း၊ သံခြေကျဉ်းများကို ဟေးပေကျို၏လက်များ၊ ခြေများနှင့် အံကိုက်ဖြစ်စေရန် အတွင်းအားကိုထုတ်ပြီးညှစ်လိုက်သည်။ ထိုအခါ သံကွင်း၊ သံခြေကျဉ်းများသည် မိမိ၏ လက်ခြေများ၌ တပ်ဆင်ထားသည်ထက် ပို၍ ကျဉ်းသွားကာ ဟေးပေကျိုအား ကောင်းစွာ ချုပ်နှောင်မိသွားတော့သည်။

ဟေးပေကျိုမှာ သံကွင်းများ၏ချုပ်နှောင်မှုကြောင့် နာကျင်လွန်းလှသဖြင့် မေ့မြောနေရာမှ ပြန်လည်သတိရလာတော့သည်။ လင့်ဟူချုံးသည် အားရကျေနပ်စွာ တဟားဟားရယ်မောရင်း ဟေးပေကျိုအား ပြောလိုက်သည်။

“ကဲ … ငါတို့ ၂ ယောက် နေရာချင်း လဲကြတာပေါ့ကွာ။ ဒီနေရာက သိပ်မဆိုးပါဘူး။ နေလို့ထိုင်လို့ ကောင်းပါတယ်။ မင်းအနေနဲ့ ဘာမှပူစရာမရှိပါဘူး။ စားပြီးအိပ်၊ အိပ်ပြီးစားပဲ။ အဖိုးကြီးကလည်း အမြဲတမ်း ထမင်းမှန်မှန်ပို့နေမှာပဲ။ အစားအသောက်အတွက်တော့ လုံးဝမပူပါနဲ့”

ဟေးပေကျိုက လေသံသဲ့သဲ့ဖြင့် ပြောလိုက်သည်။

“ဆ … ဆရာကြီး … ဆရာကြီး … အတွင်းအားစုပ်သိုင်း”

လင့်ဟူချုံးက “ဘာတွေပြောနေတာလဲ။ ဘာအတွင်းအားစုပ်သိုင်းလဲ”

ဟေးပေကျိုသည် စကားဆက်ပြောနေသော်လည်း လေသံလုံးဝမထွက်တော့ပေ။ ပါးစပ်ကသာ တလှုပ်လှုပ် ဖြစ်နေ၏။ လင့်ဟူချုံးသည် ဟေးပေကျို၏စကားထက် သူ၏လွတ်မြောက်ရေးက အဓိကဖြစ်နေသဖြင့် အပေါက်မှ ခေါင်းပြူထွက်ကာ ခုန်ထွက်လိုက်တော့၏။ အခန်းအပြင်သို့ရောက်၍ မတ်တပ်ရပ်လိုက်သောအခါ သူ့ချက်အောက်၌ အတွင်းအားများ စုပြုံရောက်ရှိနေပြီး လွန်စွာ အနေရအထိုင်ရ ခက်နေသည်ကို ခံစားလိုက်ရတော့သည်။ ထိုအတွင်းအားများမှာ ဟေးပေကျိုကိုယ်ထဲမှ စုပ်ယူထားသော အတွင်းအားများဖြစ်ကြောင်းကို လင့်ဟူချုံး မသိချေ။ သူ့စိတ်ထင်မှာ ကုတင်ပေါ်မှ အတွင်းအားသိုင်းပညာကို လေ့ကျင့်စဖြစ်သဖြင့် သူ့ခြေနှင့်လက်များသို့ ဖြန့်ထားသည့် အံ့ဖွယ် ၆ ယောက်နှင့် ပုကျက်ဘုန်းကြီးတို့၏ အတွင်းအားများက သူ၏ချက်အောက်သို့ ပြန်လည်စုရုံး ရောက်ရှိလာခြင်းသာ ဖြစ်သည်ဟု ထင်မှတ်နေသည်။

လင့်ဟူချုံးက မီးအိမ်ကိုကိုင်စွဲ၍ ဥမင်တစ်လျှောက် ထွက်လာခဲ့သည်။ သူ့အဖို့ ပို၍ အဆင်ပြေသွားသည့်အချက်မှာ ဥမင်အတွင်း၌ အဆင့်ဆင့်ရှိနေသော တံခါးများ ပွင့်နေခြင်းပေတည်း။ ဟေးပေကျိုသည် လင့်ဟူချုံးဆီသို့အလာတွင် အဆင့်ဆင့်ဖွင့်ထားခဲ့ပြီး အပြန်မှပိတ်မည်ဟု ရည်ရွယ်ဟန်တူ၏။ ထို့ကြောင့် လင့်ဟူချုံးအဖို့ တိုင်း၍ရက်သည့် ပက္ကလာ၊ မိုး ရွာသည်နှင့် အခန့်သင့် ဆိုသကဲ့သို့ အလွန်လွယ်ကူစွာ ထွက်လာနိုင်ခဲ့တော့၏။

နောက်ဆုံး ဥမင်လိုဏ်ခေါင်းအဆုံးသို့ ရောက်ရှိလာလေတော့၏။ သူ့ဦးခေါင်းထက်တွင် သံပြားတစ်ချပ်ကို တွေ့ရသည်။ သူက သံပြားနားသို့ကပ်၍ အသေအချာ နားထောင်ကြည့်သည်။ မည်သည့်အသံမျှ မကြားရသဖြင့် သံပြားကို အောက်မှ တွန်းတင်လိုက်၏။ သံပြားပွင့်သွားသောအခါ လျင်မြန်စွာ ခုန်တက်လိုက်သည်။ လင့်ဟူချုံးအဖို့ အပြင်လောကသို့ ပြန်လည်ရောက်ရှိလာချေပြီ။

သူက သံပြားကို အသာအယာပြန်ပိတ်လိုက်ကာ ခြေထောက်ကိုဖော့၍ အခန်းထဲမှ လျှောက်ထွက်လိုက်သည်။ ရှေ့မှ အခန်းသည် ဝမ်ချုံး၏အခန်းဖြစ်ဟန်ရှိသဖြင့် သတိကြီးစွာထားပြီး ခြေသံလုံလုံဖြင့် လျှောက်လှမ်းလိုက်၏။ သို့သော် သူ အခန်းအပြင်ဖက်ရောက်သည်နှင့် လူတစ်ယောက်၏ အေးစက်သောအသံကို ရုတ်တရက် ကြားလိုက်ရသည်။

“ညီလေး … မင်းတစ်ယောက်တည်း အောက်ဆင်းပြီး ဘာသွားလုပ်နေတာလဲ။ ပြောစမ်း”

လင့်ဟူချုံးမှာ အလန့်တကြားဖြစ်သွားပြီး နောက်ဖက်သို့လှည့်ကြည့်လိုက်ရာ ဝမ်ချုံးကို တွေ့လိုက်ရ၏။ ထိုစဉ်တွင် သူ့ နောက်ကျောဖက်မှ လူများ ခုန်ဝင်လာသံကို ကြားလိုက်ရသဖြင့် လှည့်ကြည့်လိုက်ပြန်ရာ ခေါ်ပိအုန်းနှင့် တန်းချန်းတို့ ၂ ယောက်က လက်နက်ကိုယ်စီဖြင့် သူ့နောက်မှပိတ်ဆို့ထားသည်ကို တွေ့လိုက်ရလေတော့သည်။ လင့်ဟူချုံးမှာ ဟေးပေကျို၏ အဝတ်အစားများကို ဝတ်ဆင်ထားသည့်အပြင် ခေါင်းစွပ်ကြီးကိုပါ စွပ်ထားသဖြင့် သူတို့က လင့်ဟူချုံးဟု မထင်ပဲ သူတို့၏ညီလေး ဟေးပေကျိုဟုသာ ထင်မှတ်နေကြခြင်း ဖြစ်သည်။

လင့်ဟူချုံးမှာ ရုတ်တရက် ဖြစ်နေသဖြင့် အနည်းငယ် ထိတ်လန့်သွားပြီး

“ကျုပ် … ကျုပ်”

ဝမ်ချုံးက “ဘာ ကျုပ်လဲ … မင်းရဲ့အမူအရာက မမှန်ကန်ဘူး။ မင်းမူပျက်နေတာကြာပြီ။ ငါ ကောင်းကောင်း အကဲခတ်မိတယ်။ မင်းက လင်းရှင်ဆီသွားပြီး အတွင်းအားစုပ်သိုင်းကို သင်ပေးခိုင်းပြန်ပြီမဟုတ်လား။ ဟိုတုန်းက မင်းဘယ်လိုကတိပေးထားသလဲ။ မင်းကတိကို မင်းမေ့သွားပြီလား”

လင့်ဟူချုံးမှာ မိမိအနေဖြင့် သည်အတိုင်းဆက်၍ ဟန်ဆောင်သင့်မသင့်ကို စဉ်းစားလိုက်သည်။ ဟေးပေကျိအနေဖြင့် ဆက်၍ ဟန်ဆောင်နေလျှင် အခြေအနေ ပိုဆိုးလာတော့မည်ကို ရိပ်စားမိသဖြင့် ခါးကိုထုတ်ကာ ခေါ့ပိအုန်းကို လှမ်းထိုးလိုက်လေတော့သည်။

ခေါ့ပိအုန်းက ဒေါသဖြင့် အော်လိုက်သည်။

“အစ်ကိုက တကယ်တိုက်တော့မယ်ပေါ့လေ”

အော်ရင်းဟစ်ရင်းမှ ခေါ့ပိအုန်းက လက်ထဲမှသံမဏိစုတ်တံဖြင့် ကာကွယ်လိုက်သည်။ သို့သော် သူ့ကာကွယ်ချက်သည် အချည်းနှီးဖြစ်သွား၏။ အဘယ်ကြောင့်ဆိုသော် လင့်ဟူချုံးက တကယ်ထိုးခြင်းမဟုတ်ပဲ ဟန်ပြသာ ထိုးလိုက်၍ ဖြစ်သည်။ ခေါ့ပိအုန်းလှုပ်ရှားလိုက်သည်နှင့် လင့်ဟူချုံးက သူ၏ခါးကိုရုပ်သိမ်းကာ ချက်ချင်းပင် ထွက်ပြေးလေတော့၏။ ဝမ်ချုံးတို့ ၃ ယောက်က အနောက်မှ အပြေးအလွှားလိုက်လာကြသည်။ ဤသို့ဖြင့် လင့်ဟူချုံးက ဧည့်ခန်းအတွင်းသို့ ရောက်ရှိလာသည်။ ဝမ်ချုံးက အနောက်မှ လှမ်းအော်လိုက်သည်။

“ဟေးပေကျိ … မင်းဘယ်ကို ထွက်ပြေးမလို့လဲ။ မပြေးနဲ့ … ပြေးလို့လည်း မလွတ်ဘူး”

လင့်ဟူချုံးသည် မည်သည့်စကားမျှ တုံ့ပြန်မနေတော့ပဲ ဆက်၍သာပြေးသွား၏။ ထိုစဉ် သူ၏ရှေ့မှ လူတစ်ယောက်က ရုတ်တရက် ကာရပ်လိုက်သည်ကို တွေ့လိုက်ရသည်။ ထိုလူ၏ နှုတ်မှလည်း

“ဆရာကြီး ရပ်လိုက်ပါ”

လင့်ဟူချုံးမှာ တရှိန်ထိုးပြေးလာသူဖြစ်လေရာ သူ၏အရှိန်ကို မသတ်နိုင်တော့ပဲ ရှေ့မှကာဆီးနေသူကို ဝင်တိုက်မိတော့သည်။ ထိုလူမှာ ဂုန်းကနဲလွင့်စဉ်သွားပြီး လဲကျသွားတော့၏။ လင့်ဟူချုံးက လဲကျနေသူအား ကမန်းကတန်း လှမ်းကြည့်လိုက်သည်။ နှင်းဆီဂေဟာကြီး၏ တံခါးစောင့် ၂ ယောက်အနက်မှ တစ်ယောက်ဖြစ်သော တင်းကျန်းပေတကား။ တင်းကျန်းမှာ မည်သို့ဖြစ်သွားသည်မသိ။ ထိုနေရာ၌ပင် လဲကျငြိမ်သက်နေတော့သည်။

လင့်ဟူချုံးသည် အချိန်အနည်းငယ်အတွင်းမှာပင် နှင်းဆီဂေဟာကြီး၏ အပြင်ဖက်သို့ ရောက်ရှိလာတော့သည်။ သူက နောက်သို့လှည့်ကြည့်လိုက်သောအခါ ဝမ်ချုံးတို့ ညီအစ်ကို ၃ ယောက်တို့ လိုက်ပါလာခြင်းမရှိတော့။ သို့သော် သူ့အနေဖြင့် အရှိန်သတ်ရန် မစဉ်းစားမိပေ။ လူနေအရပ်ထက် လူသူမရှိသော တောကြိုအုံကြားသို့သာ ဦးတည်ပြေးလေတော့သည်။ မျှားမကြာမီပင် လူသူလုံးဝမရှိသော တောတောင်လျှိုမြောင်ကြားသို့ ရောက်ရှိလာလေတော့၏။ မြို့နှင့်အလွန်တရာ ဝေးကွာသွားလေပြီ။ လင့်ဟူချုံးမှာ မြို့နှင့်ဝေးလာလေလေ၊ သူ၏လုံခြုံမှုအတွက် စိတ်ချရလေလေ ဖြစ်သဖြင့် ကျေနပ်အားရနေမိသည်။

သူပြေးနေပုံမှာ လွန်စွာလျှင်မြန်လှသည်။ မည်မျှအရှိန်တင်၍ ပြေးနေမိသည်ကို သူကိုယ်တိုင် သတိမပြုမိခဲ့။ ယခုလုံခြုံစိတ်ချရပြီထင်၍ ရပ်ဆိုင်းလိုက်ချိန်တွင် လင့်ဟူချုံးမှာ သူ့ကိုယ်သူ အလွန်အံ့ဩနေမိတော့သည်။ အဘယ်ကြောင့်ဆိုသော် သူ၌ နွမ်းဟိုက်မောပန်းခြင်း လုံးဝမရှိသောကြောင့်ပေတည်း။ သူသည် အချက်တစ်ချက်ကိုတော့ ကောင်းစွာသတိပြုမိလိုက်သည်။ သူ့အတွင်းဒါဏ်ရာ မရခင်အချိန်ကထက် သိုင်းအား အံ့မခန်းတိုးတက်လာခြင်းပင် ဖြစ်တော့သည်။ အတွင်းဒါဏ်ရာကလည်း လွန်စွာ သက်သာလာခဲ့လေပြီ။ လင့်ဟူချုံးမှာ လူသစ်စိတ်သစ်ဖြင့် တက်ကြွနေတော့သည်။

ထိုစဉ် ရေကျသံကြားသဖြင့် ရေသံကြားရာသို့ အပြေးအလွှားသွားလိုက်သည်။ ရေကန်သို့ရောက်သောအခါ ခေါင်းစွပ်ကို ချွတ်ပစ်လိုက်ပြီး ရေငုံ့သောက်ရန် ဟန်ပြင်လိုက်၏။ သို့သော်ရေရိပ်ထဲတွင် ဆံပင်စုတ်ဖွားဖွား၊ မျက်နှာတစ်ပြင်လုံး မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေး ထူလပျစ်နှင့် လူတစ်ယောက်၏မျက်နှာကို တွေ့လိုက်ရသောအခါ လင့်ဟူချုံးမှာ ရုတ်တရက် ထိတ်လန့်သွားတော့၏။ သို့သော် ချက်ချင်းပင် သဘောပေါက်သွားပြီး တဟားဟား အော်ဟစ်ရယ်မောနေမိတော့သည်။

အဘယ်မှာလျှင် မရယ်ပဲ နေနိုင်လိမ့်မည်နည်း။ ကိုယ့်ရုပ်ကိုယ်ကြည့်၍ လန့်ခြင်းဖြစ်သဖြင့် ဘေးဘီမှ တစ်စုံတစ်ယောက် စောင့်ကြည့်နေလျှင်လည်း မပြုံးပဲနှင့် ဝါးလုံးကွဲ ရယ်မိမည်သာတည်း။ လင့်ဟူချုံးမှာ မြေအောက်အကျဉ်းခန်းအတွင်း၌ လနှင့်ချီ၍ အချုပ်ခံခဲ့ရရာတွင် ဆံပင်များ၊ မုတ်ဆိတ်မွေးများ၊ ပါးသိုင်းမွေးများကို တစ်ကြိမ်တစ်ခါမျှ ရိတ်ပယ်ရှင်းလင်းခြင်း မပြုခဲ့ရပေ။ ထို့ကြောင့် မိမိကိုယ်မိမိ မမှတ်မိလောက်အောင်ပင် ရုပ်ရည်

ပြောင်းလဲနေခြင်း ဖြစ်တော့သည်။ သူ့အဖို့ အဆိုးဝါးဆုံးအချက်မှာ အကျဉ်းစံဘဝအတွင်း တစ်ကြိမ်တစ်ခါမျှ ကိုယ်လက်သန့်ရှင်းရေး ပြုလုပ်ခွင့် မရခြင်းပေတည်း။ သူ့တစ်ကိုယ်လုံး နံစော်လျက် ရှိလေပြီ။

လင့်ဟူချုံးမှာ စိတ်လွတ်ကိုယ်လွတ် ဖြစ်လာပြီဖြစ်သဖြင့် သူ့တစ်ကိုယ်လုံး ယားယံလာသကဲ့သို့ ခံစားလာရသောအခါ အင်္ကျီအဝတ်အစားအားလုံးကို ချွတ်၍ ရေကန်ထဲသို့ ခုန်ချလိုက်လေတော့သည်။ သူ့တစ်ကိုယ်လုံးရှိ ချေးညှော်အညစ်အကြေးများ ကင်းစင်လောက်သည့်အခါ ပါလာသော ဓါးရှည်ကြီးဖြင့် မုတ်ဆိတ်ကျင်စွယ်များကို ရိတ်ပယ်လေတော့သည်။ ထို့နောက် ရေရိပ်ထဲသို့ ပြန်ကြည့်လိုက်သောအခါ ခန့်ညားသော လူတစ်ယောက်၏ရုပ်သွင်ကို မြင်လိုက်ရတော့သည်။ သူ၏မျက်နှာသည် နဂိုကထက် ရင့်ကျက်တည်ကြည်နေလေပြီ။ ဤသို့ဖြစ်ရခြင်းမှာ တိုတောင်းသည့် အချိန်ကာလအတွင်း အမျိုးမျိုးအဖုံဖုံသော ဒုက္ခတို့ကို ခံစားလိုက်ရ၍ဖြစ်သည်။ သူက ရေကန်စပ်တွင်ထိုင်၍ စဉ်းစားတွေးတောနေသည်။

"နှင်းဆီဂေဟာက ဘယ်လိုဂေဟာမျိုးပါလိမ့်။ သူတို့က ဘာဖြစ်လို့ ဆရာကြီးလင်းရှင်ကို ချုပ်ထားရတာလဲ။ ဘာများ ရန်စရှိလို့လဲမသိဘူး။ လူတစ်ယောက်ကို နှစ်ပေါင်းဒီလောက်များများ ချုပ်နှောင်ထားတာဟာ တကယ့်ကို လူမဆန်တဲ့ အပြုအမူပဲ။ သူ့ဘဝမှာ သာယာပျော်ရွှင်မှု လုံးဝဆိတ်သုဉ်းသွားပြီပေါ့"

လင့်ဟူချုံးက ဆရာကြီးလင်းရှင်၏ ပွင့်လင်းရင်းနှီးသည့် ဟောဟောဒိုင်းဒိုင်းစိတ်ဓါတ်ကို သဘောကျရာမှ ဆရာကြီး၏ ဒုက္ခကို ကြင်နာသည့်စိတ်ပေါ်လာခြင်း ဖြစ်သည်။

"ဘယ်လိုပဲဖြစ်ဖြစ်လေ။ ဆရာကြီးလင်းရှင်ဟာ မတော်မတရား အချုပ်ခံထားရတာလား။ ဆိုးသွမ်းလွန်းလို့ အချုပ်ခံထားရတာလားဆိုတာ အရင်ဆုံး စုံစမ်းရမယ်။ မတော်မတရား အချုပ်ခံရတာဆိုရင်တော့ ငါသွားပြီး ကယ်ထုတ်ပေးမယ်။ အခု ငါ့ပုံနဲ့သွားကယ်ရင် နှင်းဆီဂေဟာထဲကလူတွေ တစ်ယောက်မှ ငါ့ကို မှတ်မိမှာမဟုတ်ဘူး။ အင်္ကျီအဝတ်အစားတော့ လဲဝတ်သွားရမယ်"

လင့်ဟူချုံးသည် အင်္ကျီများကို ပြန်ဝတ်လိုက်ပြီး ချက်အောက်၌ မအီမသာ ခံစားနေရမှုများကို တိုက်ဖျက်ပစ်ရန် ခြေတင်ပလ္လင်ခွေထိုင်ကာ အချုပ်ခန်းအတွင်းမှ တတ်မြောက်ထားသော အတွင်းအားသိုင်းပညာကို လေ့ကျင့်လိုက်၏။ ထိုအခါ ချက်အောက်၌စုပြုံနေသော အတွင်းအားများသည် ခြေလက်များသို့ ပြန့်နှံ့သွားကာ ချက်အောက်၌ ဗလာနတ္ထိဖြစ်သွားလေတော့၏။

အမှန်စင်စစ် လင့်ဟူချုံးမှာ သိုင်းလောက၌ အလွန်တရာ အစွမ်းထက်မြက်လှပြီး ကြောက်မက်ဖွယ်ရာကောင်းလှသော သိုင်းပညာတစ်ရပ်ကို တတ်ကျွမ်းနေပြီဖြစ်ကြောင်း လုံးဝမသိရှိသေးပေ။ သူ့ရှေ့၌ ထိုသိုင်းပညာရပ်၏ နာမည်ကို ဟေးပေကျိက ၂ ကြိမ်၊ ၃ ကြိမ်မျှ ထုတ်ဖော်ပြောကြားခဲ့သော်လည်း လင့်ဟူချုံးအနေဖြင့် ထိုသိုင်းပညာရပ်အကြောင်းကို လုံးဝ တီးခေါက်မိခြင်းမရှိသဖြင့် ဆက်စပ်တွေးတောမိခြင်း မရှိခဲ့ချေ။

မြေအောက်အချုပ်ခန်းအတွင်း၌ ဟေးပေကျိ၏လက်ကို လင့်ဟူချုံးက ဖမ်းဆုပ်ကိုင်လိုက်စဉ်အခါက ဟေးပေကျိ၏ကိုယ်ထဲမှ အတွင်းအားများသည် သူ၏ကိုယ်ထဲသို့ စိမ့်ဝင်လာခဲ့၏။ ယခု သူက ထိုအတွင်းအားများကို ခြေနှင့်လက်များကို ဖြန့်ကျက် ထုတ်လွှင့်လိုက်သည်။ ဟေးပေကျိ၏ အတွင်းအားများကို သူ၏အတွင်းအားများအဖြစ် ပြောင်းလဲလိုက်ခြင်းပင်ဖြစ်၏။ ယခုအခါ လင့်ဟူချုံး၏ သိုင်းပညာမှာ အဆင့်တစ်ဆင့်တိုး၍ ပိုမိုမြင့်မား တိုးတက်သွားပြန်လေပြီ။ လင့်ဟူချုံးအတွက် အလွန် အဆင်ပြေသွားသည့်အချက်မှာ သူအချုပ်ခန်းမှ မထွက်ခွာမီ ဟေးပေကျိ၏အဝတ်အစားများကို လဲလှယ်ဝတ်ဆင်ခဲ့သည့် အချက်ပင်တည်း။ ဟေးပေကျိ၏ အင်္ကျီအိတ်များကို စမ်းသပ်ရှာဖွေ လိုက်သောအခါ ရွှေဒင်္ဂါးအချို့ကို တွေ့လိုက်ရ၏။ လင့်ဟူချုံး၏ဝမ်းမြောက်မှုမှာ ဆိုဖွယ်ရာ မရှိတော့ချေ။

ချက်ချင်းပင် ဟန်ကျူးမြို့သို့ ဦးတည်ပြေးလွှားသွားတော့၏။ သူ့၌ သုံးစွဲစရာ ရွှေဒင်္ဂါးများ အဆင်သင့်ရှိနေပြီ မဟုတ်ပါလား။ မြို့ထဲ၌ ပထမဦးဆုံးတွေ့သော စားသောက်ဆိုင်ထဲဝင်ကာ အားရပါးရစားသောက်လေတော့၏။ ထို့နောက် တည်းခိုခန်းတစ်ခုအတွင်းသို့ဝင်၍ စိတ်လွတ်ကိုယ်လွတ် အိပ်စက်အနားယူတော့သည်။ နောက်တစ်နေ့နံနက်တွင် တည်းခိုခန်းမှထွက်၍ အဝတ်အစားအသစ် ၂ စုံကို သွားရောက်ဝယ်ယူလိုက်သည်။ ထိုအဝတ်အစားအသစ်များကို ဝတ်ဆင်လိုက်သောအခါ ရည်မွန်ခန့်ညားသော လင့်ဟူချုံးဘဝသို့ ရောက်ရှိသွားလေတော့၏။ မှန်ထဲ၌ ကြည့်လိုက်သောအခါ လင့်ဟူချုံးမှာ သူ့ကိုယ်သူ မမှတ်မိလောက်အောင် ဖြစ်သွားသည်။

သူ့စိတ်ထဲတွင် "ညီမလေးလိန်လိန်သာ ငါ့ကိုမြင်သွားရင် တော်တော်ကလေး အံ့သြသွားမှာပဲ။ ဘာလို့လဲဆိုတော့

ငါက အခုလို သပ်သပ်ရပ်ရပ် တစ်ခါမှရှိခဲ့ဖူးတာမှ မဟုတ်တာ။ အမြဲတမ်း ညစ်တီးညစ်ပတ်နဲ့ ဖြစ်သလိုနေခဲ့တော့ အခုပုံကို မြင်သွားရင် သူ့အဖို့ အမြင်ဆန်းနေမှာပဲ”

ထိုအတွေးကို တွေးနေရာမှ သူ့ကိုယ်သူ စိတ်ဆိုးသလို ဖြစ်သွားပြန်သည်။

“ဟင်း … ငါ ဘာတွေ စဉ်းစားနေပြန်သလဲ မသိဘူး။ အခုတစ်ခါ ကံကောင်းလို့ မသေခဲ့တာ။ သေရွာပြန် ဖြစ်နေပြီ။ စိတ်သစ်လူသစ် ဖြစ်နေပြီ။ ဘာဖြစ်လို့ ညီမလေး လိန်လိန်ကို မမေ့နိုင်ပဲ ဖြစ်နေရတာလဲ”

မှောင်ရီပျိုးလာသည်နှင့် လင့်ဟူချုံးသည် အစောကြီး အိပ်ရာဝင်တော့၏။ သန်းခေါင်ယံအချိန်သို့ ရောက်သောအခါ နိုးလာသည်တွင် ပြတင်းတံခါးဖွင့်ကာ အပြင်သို့ ခုန်ထွက်လိုက်သည်။ သူ၏ကိုယ်ဖော့သိုင်းပညာမှာ ယခင်က သာမန်အဆင့်လောက်သာ ရှိခဲ့၏။ ယခု သံပြားပေါ်၌ ရေးထိုးထားသောသိုင်းပညာကို လေ့ကျင့်ပြီးသောအခါတွင်မူ ခြေလှမ်းများမှာ လွန်စွာ သွက်လက်ပေါ့ပါးလှကြောင်း တွေ့ရှိရတော့သည်။ ရှေ့သို့ ပြေးရာတွင်သာမက အပေါ်သို့ ခုန်တက်ရာတွင်လည်း အလွန်ထူးခြားနေသည်။ မိမိစိတ်ကြိုက်အားကုန်ခုန်လိုက်သောအခါ မိမိအနေဖြင့် ရောက်လိမ့်မည်ဟု လုံးဝမျှော် လင့်မထားသောအမြင့်သို့ ရောက်အောင်ခုန်နိုင်သည်ကိုလည်း တွေ့ရှိလာရသည်။

အကာလ သန်းခေါင်ယံအချိန်ဖြစ်၍ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။ လင့်ဟူချုံးသည် အသွက်လက်ဆုံး ခြေလှမ်းများဖြင့် ပြေးလွှားနေသည် မှန်သော်လည်း မိမိခြေသံကို မိမိပင်ပြန်မကြားရလောက်အောင် ငြိမ်သက် ပေါ့ပါးနေသည်ကို တွေ့ရ၏။ ထို့ကြောင့် သူ့ကိုယ်သူပင် သံသယရှိလာသည်။ ပြေးလာသည့်အရှိန်ကို ချက်ချင်း ရပ်တန့်လိုက်ပြီး သူ့ကိုယ်သူ အသေအချာ ပြန်လည်ဆန်းစစ်ကြည့်လိုက်မိသည်။ လရောင်အောက်ဝယ် သူ၏အရိပ်ကို ထင်ထင်ရှား ရှား တွေ့မြင်နေရသေးသည်။ သူ့စိတ်ထဲမှ

“ဘယ်လိုဖြစ်နေတာလဲ။ ငါဟာ လူသားလား။ ဒါမှမဟုတ် တစ္ဆေများလား။ ဘယ့်နှယ် ငါပြေးတဲ့အခါမှာ ဒီလောက် ပေါ့ပေါ့ပါးပါးကလေး ဖြစ်နေရတာလဲ။ ငှက်မွှေးလေးတစ်ချောင်း လေတိုက်လို့ လွင့်သွားတာ ကျနေတာပဲ”

ပို၍ သေချာသွားစေရန် သူ၏လက်မောင်းကို ဆိတ်ကြည့်လိုက်သည်။ အသားနာသွားသည်ကို ခံစားလိုက်ရသည့် အခါမှ တဟားဟား ရယ်မိသည်။

“ဟိုသံပြားပေါ်မှာရေးထားတဲ့ သိုင်းပညာက တကယ်ကောင်းတဲ့ သိုင်းပညာပါကလား။ ဒီ ၂ လလောက်ကလေး လေ့ကျင့်ရသေးတယ်။ လက်ဖျားခါလောက်အောင် တိုးတက်နေပြီ။ နောက် ဆက်တိုက် ဆက်တိုက် လေ့ကျင့်လိုက်ရင် တစ္ဆေသရဲတောင် ဖြစ်သွားမလားမသိဘူး”

တကယ်တမ်းအားဖြင့် သံပြားပေါ်၌ ရေးသားထားသည့် သိုင်းပညာသည် အလွန်တရာ ခက်ခဲနက်နဲလှသော သိုင်းပညာဖြစ်၏။ လင့်ဟူချုံးမှာ ကံအကြောင်းတရားသင့်သွား၍ ထိုပညာကို လွယ်လွယ်ကူကူ ရလိုက်ခြင်းသာ ဖြစ်သည်။ တကယ်တမ်းတွင်မူ လူတစ်ထောင်မှာ တစ်ယောက်၊ တစ်သောင်းမှာတစ်ယောက် ရနိုင်ခွင့်မလွယ်သော ပညာဖြစ်သည်။ ထိုပညာရပ်၏ အခက်ခဲဆုံးအဆင့်မှာ တစ်ကိုယ်လုံးရှိ အတွင်းအားများကို ဖျောက်ဖျက်ပစ်သော အဆင့်ဖြစ်သည်။

ချက်အောက်တွင် အတွင်းအားမရှိစေရ။ ဗလာနတ္ထိ ဖြစ်နေစေရမည်။ အတွင်းအားကို ဖျောက်ဖျက်နိုင်၊ မနိုင်ဆိုသော အချက်သည် ဤသိုင်းပညာကို လေ့ကျင့်၍ အောင်မြင်၊ မအောင်မြင်ဆိုသော အချက်ပေါ်တွင် မူတည်နေသည်။ အတွင်းအားများကို မဖျောက်ဖျက်နိုင်လျှင်သော်လည်းကောင်း၊ ဖျောက်ဖျက်သည့်အခါတွင် အတွင်းအားများက အခြားအကြောများထဲသို့ လမ်းမှားဝင်ရောက်သွားခဲ့လျှင်သော်လည်းကောင်း၊ ချက်ချင်းလေဖြတ်ပြီး တစ်ကိုယ်လုံးရှိ အကြောများ သေသွားပေလိမ့်မည်။ ထိုအခါ တစ်သက်လုံး ဒုက္ခိတဘဝသို့ ရောက်ရှိသွားပေမည်။ ထို့ကြောင့် ဤသိုင်းပညာသည် လွန်ခဲ့သော ရှေးနှစ်ပေါင်း ၃၀၀ လောက်ကတည်းက ပေါ်ပေါက်ခဲ့သည့် ပညာဖြစ်သော်လည်း တကယ်တမ်း လေ့ကျင့်အောင်မြင်သူဟူ၍ မရှိသလောက် ရှားပါးလှတော့သည်။

လင့်ဟူချုံးမှာမူ ကံကောင်းထောက်မခဲ့သည်။ သူ၏ခန္ဓာကိုယ်ထဲတွင် အံ့ဖွယ် ၆ ယောက်နှင့် ပုကျက်ဘုန်းကြီးတို့၏ အတွင်းအားလှိုင်းများက အနှံ့အပြား ရောက်ရှိနေကြ၏။ ချက်အောက်တွင် စုပြုံမနေခဲ့ကြပေ။ ထို့ကြောင့် ချက်အောက်ရှိ အတွင်းအားများကို ဖျောက်ဖျက်ပစ်ရန်အရေးမှာ သူ့အဖို့ ခက်ခဲလှသည်မဟုတ်တော့ချေ။ သူ၏ နဂိုမူလအခြေအနေကိုက ထိုသိုင်းပညာကျင့်စဉ်ကို အောင်မြင်စွာ လေ့ကျင့်နိုင်ရန် အစစအရာရာ လိုလေသေးမရှိအောင် လမ်းခင်းပေးပြီး ဖြစ်နေသည်။ ထို့ကြောင့် ထိုကျင့်စဉ်အတိုင်း ကျင့်လိုက်ရုံဖြင့် လူတစ်ထောင်၊ တစ်သောင်းအတွက် အခက်ခဲဆုံး အဆင့်ကို သူက အလွယ်တကူ ရရှိအောင်မြင်ခဲ့သည်။

အခြားသူများက အနှစ် ၂၀၊ ၃၀ ကြာသည်အထိ ချက်အောက်မှ အတွင်းအားများကို ခြေ၊ လက်နှင့် အခြားခန္ဓာကိုယ် အနှံ့အပြားသို့ ရင်တထိတ်ထိတ်နှင့် ဖြန့်နေရသည်။ မည်မျှ ဂရုတစိုက်ဖြန့်သည်ဖြစ်စေ၊ ဆယ်ယောက်တွင် ကိုးယောက် ခန့်က အတွင်းအားများ အကြောများ လမ်းလွဲ၍ လေဖြတ်သွားကြကာ တစ်ကိုယ်လုံးမရွေ့လျားနိုင်သော ဒုက္ခိတဘဝသို့ ရောက်ကြရသည်။ လင့်ဟူချုံးအဖို့မူ ၂ လဆိုသည့် အလွန်တရာ တိုတောင်းလှသည့် အချိန်ကာလအတွင်း၌ အတွင်းအား များကို ခြေနှင့်လက်များသို့ ပို့နိုင်ခဲ့သည်။ ဤသို့ လွယ်ကူစွာ အောင်မြင်နိုင်ခဲ့ခြင်းကြောင့် သူ့အဖို့ မယုံကြည်နိုင်လောက်အောင်၊ နားမလည်နိုင်လောက်အောင် ဖြစ်နေရခြင်း ဖြစ်သည်။

နောက်တစ်ချက်မှာ လင့်ဟူချုံး၏ကိုယ်တွင်း၌ ရှိနေသော အံ့ဖွယ် ၆ ယောက်နှင့် ပုကျက်ဘုန်းကြီးတို့၏ အတွင်းအားလှိုင်းများသည် အလွန်စွမ်းအင်ကြီးမားကြသည်။ ထိုအတွင်းအားလှိုင်းများကို ခြေနှင့်လက်ရှိ အကြောများသို့ စနစ်တကျ ပို့ဆောင်လိုက်သည်နှင့် လင့်ဟူချုံး၏ အံ့မခန်းစွမ်းအားများ ဖြစ်ပေါ်လာတော့သည်။

ကျောက်ဖန်ခွက်ကို အမှုန့်ဖြစ်အောင် လက်နှင့် ချေမွနိုင်ခြင်းသည် ထိုစွမ်းအားများ၏အကျိုးဆက်ပေတည်း။ သူ၏ ကိုယ်ထဲသို့ အတွင်းအားထည့်သွင်းပေးထားသည့် သိုင်းပညာရှင် ၇ ယောက်တို့မှာ သာမည သိုင်းသမားများ မဟုတ်ကြ ချေ။ ရှာမှရှားသော တကယ့်ထိပ်သီး သိုင်းပညာရှင်များ ဖြစ်ကြ၏။ ထို့ကြောင့် သူတို့၏အတွင်းအားများမှာလည်း အလွန်တရာ ပြင်းထန်လှ၏။ ထို့အပြင် လင့်ဟူချုံးမှာ ရှောင်လင်ဘုရားကျောင်းသို့ ရောက်ခဲ့ရသေးသဖြင့် ရှောင်လင် ဘုန်းတော်ကြီးများထံမှ အတွင်းအားများ ရရှိခဲ့ပြန်သေးသည်။ ဤသို့ဖြင့် လင့်ဟူချုံး၏ အတွင်းအားမှာ သိုင်းလောကတွင် ပြိုင်စံရှားလှသည့် အတွင်းအား ဖြစ်နေသည်။ ယင်းအချက်ကို သူ လုံးဝမသိချေ။ ဤသို့ မသိပဲ ဖြစ်နေခြင်းကပင် သူ့ကိုယ်သူ ကြောက်လန့်အောင် ဖန်တီးသကဲ့သို့ ဖြစ်နေပေတော့သည်။

ယခု လင့်ဟူချုံး ဦးတည်ပြေးလွှားနေသည့် နေရာကား နှင်းဆီဂေဟာပင် ဖြစ်တော့သည်။ များမကြာမီပင် နှင်းဆီဂေဟာသို့ ရောက်ရှိလာတော့၏။ လင့်ဟူချုံးသည် တံ့ဆိုင်းခြင်းမရှိပဲ ဝင်းနံရံကို ခုန်ကျော်ဝင်လိုက်သည်။ လက်ယာဘက် အိမ်ခန်းထဲမှ မီးရောင်ကို တွေ့လိုက်ရသဖြင့် ထိုအခန်းရှိရာသို့ ချဉ်းကပ်လိုက်သည်။ အထဲမှ စကားသံများကို နားစွင့်လိုက်၏။ ထိုအခိုက်မှာပင် အသက်အရွယ် အိုမင်းရင့်ရော်ဟန်ရှိသည့် လူကြီးတစ်ယောက်၏ အသံကို ကြားလိုက်ရသည်။

“ဝမ်ချုံး … မင်းရဲ့ အပြစ်ကို မင်းသိရဲ့လား”

အသံသည် ကြောက်မယ်ဖွယ်ရာ အေးစက်မာကြောလှပေသည်။ တော်ရုံတန်ရုံ အသည်းငယ်သူတစ်ယောက်သည် ထိုအသံကို ကြားရုံမျှဖြင့် ဒူးတဆတ်ဆတ် တုန်လောက်ပေ၏။

လင့်ဟူချုံးသည်လည်း အလွန်တရာ အံ့ဩသွားသည်။ ဝမ်ချုံးကဲ့သို့သော သိုင်းပညာရှင်မှာ အနုံညာတ သိုင်းသမားမျိုး မဟုတ်ချေ။ မိမိကိုယ်တိုင် ကြုံးပမ်းလျက် ‘အသံလှိုင်းလက်နက်’ သိုင်းပညာမျိုးကိုပင် တီထွင်လေ့ကျင့် နိုင်သည့် သိုင်းပညာရှင်မျိုးဖြစ်သည်။ ထိပ်သီးသိုင်းပညာရှင် တစ်ယောက်ဖြစ်၏။

ဝမ်ချုံးကဲ့သို့သော ထိပ်သီးသိုင်းပညာရှင်တစ်ယောက်ကို ဤကဲ့သို့ အထက်စီးလေသံမျိုးဖြင့် ပြောရဲသူသည် မည်ကဲ့သို့သော လူစားမျိုးပေနည်း။ လင့်ဟူချုံးသည် ပြတင်းပေါက်နားသို့ တိုးကပ်သွားပြီး အတွင်းသို့ လှမ်းကြည့်လိုက် သည်။ အတွင်းခန်းမှ မြင်ကွင်းကို ကောင်းစွာ မြင်ရသည်။

ခုံ ၄ ခုံတွင် လူ ၄ ယောက် ထိုင်လျက်ရှိ၏။ ဝမ်ချုံး၊ ခေါ့ပိအုန်းနှင့် တန်းချုန်းတို့မှာ ထို ၄ ယောက်ရှေ့တွင် ရပ်နေ၏။ သူတို့ ၃ ယောက်က လင့်ဟူချုံးကို ကျောပေးထားသည်။ လင့်ဟူချုံးအနေဖြင့် ထပ်မံအံ့ဩစရာ အချက်တစ်ခုမှာ ထိုလူ ၄ ယောက်အနက် တစ်ယောက်မှာ မိန်းမကြီးတစ်ယောက် ဖြစ်နေခြင်းပေတည်း။ ထိုစဉ် ဝမ်ချုံးသည် ကြောက်ရွံ့ရှိသေလှစွာ ဖြင့် ခါးကိုကိုင်း၍ ပြောလိုက်သည်။

“ဆရာကြီးတို့ကြွလာတာကို ကျွန်တော်တို့ထွက်ပြီး မကြိုဆိုမိတာ ကျွန်တော့်ရဲ့အပြစ်ပါ”

ထိုအခါ ကိုယ်လုံးကိုယ်ထည် ကြီးမားလှသော လူကြီးက ဒေါသထွက်လာသည့်ဟန်ဖြင့် တဟင်းဟင်း မာန်ဖီကာ

“ဘာကွ … မင်းဘာတွေ လျှောက်ပြောနေတာလဲ။ ဒီလို အသေးအဖွဲကလေးတွေကို ပြောနေတာမဟုတ်ဘူး။ မင်းက ဘာမသိချင်ယောင် ဆောင်နေတာလဲ၊ သူက ငါတို့ကို ဘာဖြစ်လို့ထွက်မတွေ့တာလဲ ပြောစမ်း”

လင့်ဟူချုံးကမူ စိတ်ထဲ၌ ကြိတ်ရယ်နေမိတော့၏။

“ဟေးပေကျိုကို ငါက မြေအောက်ခန်းထဲမှာ ပိတ်ထားခဲ့တယ်။ ဝမ်ချုံးက ဒီကောင်ထွက်ပြေးနေတယ်လို့ ထင်နေတယ်။ ဟင်း ဟင်း ဟင်း … ဒီပွဲကတော့ တကယ်ကြည့်ကောင်းမယ့်ပွဲပဲ”

ဝမ်ချုံးက "ဆရာကြီး ... ဟေးပေကျိုကို ကျွန်တော် လုံးဝမထိန်းနိုင်တော့ဘူး။ ဒီကောင် မူပျက်နေတာ ကြာပြီ။ အခုဆိုရင် ပိုတောင်ဆိုးလာသေးတယ်။ အရင်ကနဲ့ လုံးဝမတူတော့ဘူး။ နောက်ပြီး ဒီရက်တွေမှာ ဂေဟာထဲမှာလည်း ရှိမနေဘူး"

လူထွားကြီးက "ဘာ ... ဂေဟာထဲမှာ မရှိဘူး ... ဟုတ်လား"

သူက ဝမ်ချုံးကို စူးစူးစိုက်စိုက် ကြည့်လိုက်သည်။ သူ့အကြည့်သည် ဝမ်ချုံး၏တစ်ကိုယ်လုံးကို ဖောက်ထွင်းသွားမလား ထင်မှတ်ရ၏။

"ဝမ်ချုံး ... ဂိုဏ်းချုပ်ကြီးက မင်းကို ဒီဂေဟာမှာ နေခိုင်းတာ အပျော်သက်သက် နေခိုင်းတာလား"

သူ့အသံသည် လင့်ဟူချုံး ဤနေရာသို့ ရောက်စက ကြားလိုက်ရသည့် အသံပမာ အေးစက်မာကျောလာပြန်သည်။

ဝမ်ချုံးက ခါးကို ကိုင်း၍

"အပျော်မဟုတ်ပါဘူး။ ဂိုဏ်းချုပ်ကြီးက တာဝန်တစ်ခုအဖြစ် အမိန့်ပေးထားလို့ တရားခံကို စောင့်ကြပ်ထိန်းသိမ်းနေရတာပါ" ဟု ပြန်ဖြေလိုက်၏။

ထိုလူကြီးက "ကောင်းပြီ။ အခု မင်းတို့ ဘယ်လို ဖြစ်နေတာလဲ"

ဝမ်ချုံးက "ဆရာကြီး ခင်ဗျား။ ကျွန်တော်တို့ဟာ ဆယ်နှစ်လုံးလုံး ဒီဂေဟာကြီးထဲကနေ အပြင်ကို မထွက်ခဲ့ကြပါဘူး။ ကျွန်တော်တို့ရဲ့ တာဝန်ကို တစ်ကွက်ကလေးမှ မလစ်ဟင်းစေခဲ့ရပါဘူး။"

ထိုလူကြီးက "ကောင်းတယ်။ သိပ်ကောင်းတယ်။ တာဝန်ကို မလစ်ဟင်းဘူးဆိုတော့ ဟိုတရားခံကြီးက မြေအောက်အချုပ်ခန်းထဲမှာ ရှိနေသေးတယ်ပေါ့။ မင်းတို့က ကောင်းကောင်းကြီး စောင့်ကြပ်ထားတယ်ဆိုတဲ့ သဘောပေါ့။ ဟုတ်ရဲ့လား"

ဝမ်ချုံးက "ဟုတ်ပါတယ်။ ဆရာကြီး"

ထိုလူကြီးက သူ၏ရုပ်ဆိုးကြမ်းတမ်းလှသော မျက်နှာကြီးကို တစ်ချက်မျှ ရှုံ့မဲ့လိုက်သည်။ ပြီးမှ တဟားဟား အော်ရယ်၏။ သူ့ရယ်သံ၌ သရော်လှောင်ပြောင်ခြင်းနှင့် ဒေါသထွက်ခြင်းတို့ ရောထွေးယှက်တင်ဖြစ်နေ၏။

အတန်ကြာမှ "ကောင်းပြီ။ မင်း စောင့်ကြပ်နေတယ်ဆိုတဲ့ တရားခံကြီးကို ငါ့ဆီခေါ်ခဲ့စမ်းပါဦး"

ဝမ်ချုံးက "ဆရာကြီး ... ဂိုဏ်းချုပ်ကြီးက သေသေချာချာ မှာကြားခဲ့ပါတယ်။ သူ့အမိန့်မရပဲနဲ့ ဘယ်သူ့ကိုမှ တရားခံကြီးကို ခေါ်ထုတ်မသွားရဘူး။ နောက်ပြီးတော့ သူကလွဲရင် ဘယ်သူက ခေါ်ထုတ်ခိုင်းခိုင်း ခေါ်ထုတ်မပေးရဘူးတဲ့"

ထိုလူကြီးက ရုတ်တရက် ဒေါသထွက်လာဟန်ဖြင့် သူ့ရင်ပတ်အတွင်းမှ ပစ္စည်းတစ်ခုကို ဆွဲထုတ်လိုက်၏။ ချက်ချင်း မတ်တပ်ရပ်ကာ ထိုပစ္စည်းကို ကိုင်မြှောက်ပြလိုက်၏။ ထိုအခါ ကျန်သည့် ၃ ယောက်ကလည်း ကမန်းကတန်း မတ်တပ် ထရပ်လိုက်ကြသည်။ ထိုလူကြီးထုတ်ယူလိုက်သည့် ပစ္စည်းကို အရိုအသေပေးကြသည့်သဘောပင် ဖြစ်သည်။ လင့်ဟူချုံးက ထိုပစ္စည်းလေးကို လှမ်းကြည့်လိုက်သည်။ မည်းနက်သော သစ်သားပြားကလေး တစ်ခုဖြစ်ပြီး အပေါ်တွင် စာများ ရေးထိုးထားသည်။ မြင်ရုံနှင့် သိသာထင်ရှားစွာသိနိုင်သော သစ်နက်သားပြားကလေးပင်။

ဝမ်ချုံးတို့ ၃ ယောက်လုံး ပြိုင်တူပင် ခါးကိုညွှတ်၍ အရိုအသေပေးလိုက်ကြ၏။ နှုတ်မှလည်း ပြိုင်တူပင် ပြောလိုက်ကြသည်။

"ဂိုဏ်းချုပ်ကြီးရဲ့ မဟူရာတံဆိပ်ပြားကို ဂါရဝပြုပါတယ်"

ထိုစဉ် လူကြီးက "ကဲ ... မြင်ပြီလား။ အခုချက်ချင်း တရားခံကြီးကို ခေါ်ထုတ်လိုက်စမ်း။ ဒါက ဂိုဏ်းချုပ်ကြီးရဲ့ အမိန့်ပဲ"

ဝမ်ချုံးတို့ ညီအစ်ကို ၃ ယောက်မှာ လုံးဝ စောဒကမတက်ကြတော့ပေ။ ကြောက်ရွံ့ရိုကျိုးစွာဖြင့် တရားခံကြီးကို ခေါ်ထုတ်ရန် ထွက်ခွာသွားကြတော့၏။

မိန်းမကြီးအပါအဝင် လူ ၄ ယောက်မှာ ကျောက်ရုပ်မျက်နှာများဖြင့် ထိုင်ခုံများတွင် ငြိမ်သက်စွာထိုင်နေကြ၏။ သူတို့၏ မျက်နှာများတွင် ဒေါသထွက်ခြင်း အရိပ်အယောင်များ လုံးဝမရှိတော့။ ခံစားချက်မရှိသော မျက်နှာများအဖြစ်သို့

ချက်ချင်း ပြောင်းလဲသွားတော့၏။ ဝမ်ချုံးတို့အတွက် သေမင်းတမန်များ ဖြစ်ကောင်းဖြစ်နိုင်ပေသည်။ လင့်ဟူချုံးက စဉ်းစားလိုက်သည်။

"ဒီလူ ၄ ယောက်က ဘယ်ဂိုဏ်းကလဲ မသိဘူး။ သူတို့က မကောင်းဆိုးဝါးဂိုဏ်းက လူတွေလား။ မကောင်းဆိုးဝါးဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီး တုံးဖန်းပုဆိုရင် နှစ်တစ်ရာအတွင်း သိုင်းလောကမှာ အတော်ဆုံး၊ အထက်မြက်ဆုံး သိုင်းသမားလို့ သိုင်းလောကသားတွေ ပြောစမှတ်ပြုကြတယ်။ ဒီလူ ၄ ယောက်က သူ့လက်ထောက် ဆရာကြီးတွေလားမသိဘူး။ ဒါ အများကြီးဖြစ်နိုင်တယ်။ ဒါကြောင့် ဝမ်ချုံးလိုလူတောင်မှ ဒီလောက် သေမလို ကြောက်ရွံ့နေတာဖြစ်လိမ့်မယ်။ ဟာ ... ဒါဆိုရင် ဝမ်ချုံးတို့ကလည်း မကောင်းဆိုးဝါးဂိုဏ်းကပဲပေါ့"

ထိုစဉ်မှာပင် တိတ်ဆိတ်ငြိမ်သက်နေသော အကာလ ညအခါကြီးတွင် အော်သံကြီးတစ်ခုကို ကြားလိုက်ကြရတော့၏။ ထိုအော်သံ၌ ကြောက်ရွံ့ခြင်း၊ မယုံနိုင်အောင်ဖြစ်ခြင်း၊ မျှော်လင့်ချက်ပြိုကွဲခြင်း စသည့်အချက်များ ပါဝင်နေကြောင်း လင့်ဟူချုံး သိလိုက်မိ၏။ သည့်အပြင် ထိုသို့ ကြောက်လန့်တကြား အော်လိုက်သည့်အသံရှင်မှာ တန်းချန်း ဖြစ်ကြောင်းလည်း သိလိုက်မိသည်။ လင့်ဟူချုံးအနေဖြင့် သည်ညီအစ်ကို ၄ ယောက်စလုံး၏ အသံများကို ကောင်းစွာကျက်မိပြီးဖြစ်ပေသည်။ တန်းချန်း အော်လိုက်သည့် အကြောင်းမှာ တရားခံကြီးအစား ဟေးပေကျိုကို တွေ့လိုက်ရသောကြောင့်သာ ဖြစ်ပေလိမ့်မည်။

ထို့နောက်တွင်တော့ တဖျတ်ဖျတ်ပြေးလာသော ခြေသံများကို ကြားလိုက်ရပြီး ဝမ်ချုံးတို့ ပြန်လည်ရောက်ရှိလာကြသည်။ ခေါ့ပိအုန်းနှင့် တန်းချန်းတို့က ဟေးပေကျိုကို တစ်ဖက်တစ်ချက်မှ တွဲထူလာကြသည်။ ဟေးပေကျိုမှာ ပျော့ခွေလျက်ရှိ၏။ သူ၏မျက်နှာမှာ သွေးမရှိသကဲ့သို့ ဖြူရော်လျက်ရှိနေပြီး မျက်စိမှာလည်း အရောင်အဆင်းကင်းမဲ့နေသည်။ အရောင်တောက်ပခြင်း လုံးဝမရှိတော့။ နာမကျန်းဖြစ်နေသော လူတစ်ယောက်နှင့် တူနေတော့သည်။

ဝမ်ချုံးက ခါးတစ်ချက်ကိုင်းကာ "ဆ ... ဆရာကြီးတို့ ... တ ... တရားခံကြီးတော့ ထွက်ပြေးသွားပါပြီ။ ကျွန်တော်တို့မှာ အပြစ်ရှိနေပါပြီ။ ဒီအတွက် သေဒါဏ်ကို ခံယူပါ့မယ်" ဟု ပြောကြားလေတော့သည်။

ဝမ်ချုံးသည် အစပထမ၌သာ ကြောက်ကြောက်ရွံ့ရွံ့နှင့် ထစ်ထစ်ငေါ့ငေါ့ ဖြစ်နေသော်လည်း နောက်ပိုင်း၌ တည်ငြိမ်လာ၏။ သေရတော့မည်ကို အသေအချာသိလာရ၍ ဖြစ်သည်။ ငါသေရတော့မည်ဟု စိတ်ဒုံးဒုံးချလိုက်သူတစ်ယောက်အတွက် မည်သည့်အရာကမျှ ကြောက်စရာမဟုတ်တော့ချေ။

ထိုလူကြီးက အေးစက်သော လေသံဖြင့် မေးလိုက်၏။

"ဟေးပေကျိုပါလား။ စောစောတုန်းက ဟေးပေကျို ဒီမှာမရှိဘူးလို့ မင်းပဲပြောတယ်။ အခုတော့ ဟေးပေကျိုက ဘယ်က ပြန်ရောက်လာရတာလဲ"

ဝမ်ချုံးက "ဆရာကြီးပေါင်တား ... ဒီလိုဖြစ်ရတဲ့ ဇာတ်ကွက်ကိုတော့ ကျွန်တော်လည်း အခုထက်ထိ လုံးဝနားမလည်သေးပါဘူး။ ကျွန်တော်တို့ရဲ့ပျော့ကွက်ကိုနင်းပြီး တရားခံကို ခိုးထုတ်သွားတယ်လို့ ယူဆရတာပါပဲ"

လင့်ဟူချုံး၏ စိတ်ထဲတွင် "ဟင် ... ဆရာကြီး လင်းရှင်က ထွက်ပြေးသွားပြီကိုး။ သူတို့က ဘာကြောင့် မသိပဲဖြစ်နေရတာလဲ" ဟု တွေးလိုက်မိ၏။

ထိုအခါ ပေါင်တားဆိုသော လူကြီးက

"ငါတို့က ဂိုဏ်းချုပ်ကြီးရဲ့အမိန့်အရ ဒီကိုလာစုံစမ်းတာ။ တရားခံကြီး ဘယ်ကိုထွက်ပြေးသွားတယ်ဆိုတာကို မင်းတို့က အမှန်အတိုင်းပြောပြပါ။ တရားခံကြီးရဲ့ခြေရာကို မိနိုင်ဖို့အရေးကြီးတယ်။ မင်းတို့ကသာ မှန်မှန်ကန်ကန်ပြောနိုင်ရင် မင်းတို့ကို သက်သက်ညှာညှာ စီရင်မယ်"

ဝမ်ချုံးက သက်ပြင်းချလိုက်ပြီး

"ဂိုဏ်းချုပ်ကြီးက ကျွန်တော်တို့ကို သက်သက်ညှာညှာ စီရင်မယ်ဆိုလဲ အလကားပါပဲ။ ဒီလောက်ကြီးလေးတဲ့ ပျက်ကွက်မှုကြီးဖြစ်နေမှတော့ ဒီလောကထဲမှာ ဆက်ပြီးအသက်ရှင်နေဖို့ မသင့်တော့ပါဘူး။ ဒီလောက် ဂုဏ်သရေပျက်နေတဲ့ မျက်နှာကြီးနဲ့ ဆက်ပြီးအသက်ရှင်နေဖို့ရော သင့်ပါတော့မလား"

ဝမ်ချုံးက သူ၏စကားကို ခေတ္တရပ်တန့်လိုက်၏။ ပြီးမှ လေးလေးနက်နက် ဆက်ပြောသည်။

"ဒါပေမယ့် အခုကိစ္စ ဘယ်လိုဖြစ်သွားတယ်ဆိုတာ ကျွန်တော်ကိုယ်တိုင် နားမလည်ပဲ ဖြစ်နေတာကိုတော့

မကျေနပ်ဘူး။ ဆရာကြီးကို တစ်ခုမေးပါရစေ။ ဂိုဏ်းချုပ်ကြီးကိုယ်တိုင် ဟန်ကျူးမြို့ကိုရောက်နေပြီလား''

ပေါင်တားက ''ဂိုဏ်းချုပ်ကြီး ဟန်ကျူးမြို့ကိုရောက်နေပြီလို့ မင်းကို ဘယ်သူကပြောသလဲ''

ဝမ်ချုံးက ''တရားခံကြီးက မနေ့ညကမှ ထွက်ပြေးသွားတာပဲ။ ဂိုဏ်းချုပ်ကြီးက ချက်ချင်းသိနိုင်တယ်ဆိုတော့ ...''

ပေါင်တားက မျက်နှာကြီးရှုံ့မဲ့ကာ ''မင်း ဘာတွေလျှောက်ပြောနေတာလဲ။ တရားခံကြီးက မနေ့ညကမှ ထွက်ပြေးတယ်လို့ ဘယ်သူကပြောသလဲ။ ပြောစမ်းပါဦး။ မင်းရူးနေသလား''

ဝမ်ချုံးက ''သူက မနေ့ညကမှ တကယ်ထွက်ပြေးသွားတာပဲ။ အဲသည်တုန်းက ကျွန်တော်တို့က သူ့ကို ဟေးပေကျိုလို့ ထင်နေတာ။ သူက အင်မတန်လည်တာပဲ။ ဟေးပေကျိုကို သူ့အစား မြေအောက်အချုပ်ခန်းထဲ ထည့်ထားလိုက်တယ်။ နောက်ပြီးတော့ ဟေးပေကျိုရဲ့အဝတ်အစားတွေကို ကောက်လဲပြီး ခေါင်းစွပ်ကြီးလဲစွပ်ထားတာဆိုတော့ ကျွန်တော်တို့က ဟေးပေကျိုပဲ မှတ်တာပေါ့။ သူက ထွက်ပြေးရင်း တင်းကျန်းကိုတောင် တစ်ချက် တိုက်ခိုက်သွားသေးတယ်။ အဲသည်တစ်ချက်ကလည်း တကယ်ကြောက်စရာကောင်းတာပဲ။ နံရံ ၁၀ ချောင်းစလုံး ကျိုးသွားတယ်''

ပေါင်တားက သူ့အဖော် ၃ ယောက်ရှိရာသို့ မျက်မှောင်ကုတ်ရင်း ပြောလိုက်သည်။

''ဒီကောင် ဘာတွေပြောနေတာလဲ မသိဘူး''

ထို ၃ ယောက်အနက်မှ အလွန်ဝဖိုင့်သော လူကြီးက

''တရားခံကြီး လွတ်မြောက်သွားပြီဆိုတဲ့ သတင်းကို ကြားရတာ ၂ လရှိသွားပြီ''

ဝမ်ချုံးမှာ အံ့သြထိတ်လန့်မှုကြောင့် နောက်သို့ ခြေ ၂ လှမ်း ဆုတ်သွားမိတော့၏။

''ဒါ ... ဒါကတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။ ကျွန်တော်တို့ ၃ ယောက်စလုံး မျက်မြင်ပဲ။ သေသေချာချာကို တွေ့လိုက်ကြရတာပါ။ မနေ့ညကမှ ထွက်ပြေးသွားတာ။ ကျွန်တော်တို့ကို ဘာဖြစ်လို့ မသတ်ပဲ ချန်ခဲ့တာလဲ မသိဘူး''

ဝမ်ချုံးက နောက်ဖက်သို့လှည့်ပြီး အော်လိုက်သည်။

''စီးလင် .. တင်းကျန်းကို ခေါ်ထုတ်ခဲ့စမ်း''

ပေါင်တားသည် မည်သည့်စကားမျှမဆိုပဲ ဟေးပေကျိုအနားသို့ လျှောက်လာပြီး ဟေးပေကျို၏ခန္ဓာကိုယ်ကို မကြည့်လိုက်သည်။ ခြေနှင့်လက်များမှာ လုံးဝတောင့်တင်းခိုင်မာမှုအင်အား မရှိတော့ပဲ တွဲလောင်းကြီး ဖြစ်နေတော့၏။ သူ့တစ်ကိုယ်လုံး၌ အရိုးလုံးဝမရှိတော့သကဲ့သို့ ဖြစ်နေသည်။

''ဟုတ်တယ်။ ဒါက ဟိုကောင့် အတွင်းအားစုပ်သိုင်းရဲ့ လက်ချက်ပဲ''

ပေါင်တားသည် ဟေးပေကျိုကို မေးလိုက်သည်။

''မင်း ဘယ်တုန်းက သူ့လက်ချက်ကို ခံလိုက်ရတာလဲ''

ဟေးပေကျိုက ''ကျွန် ... ကျွန်တော် ... မနေ့ညက ခံလိုက်ရတာ။ သူ ... သူက ကျွန် ... ကျွန်တော့်လက်ကို ဖမ်းဆွဲထားတာ။ ... ကျွန် ... ကျွန်တော် လုံးဝလှုပ်ရှားနိုင်တော့ဘူး''

ပေါင်တား၏မျက်နှာ၌ နားမလည်ခြင်း၊ ရှုပ်ထွေးခြင်းတို့ ပေါ်လာသည်။

''အင်း ... ပြောစမ်းပါဦး။ နောက်ကော ...''

ဟေးပေကျိုက ''သူ ထမင်းပို့တဲ့ အပေါက်ကလေးထဲက ထွက်လာတာပဲ။ ကျွန်တော့်ကို အဲသည်အပေါက်ထဲကနေပဲ အထဲကို ထိုးသွင်းတယ်။ ကျွန်တော့် အင်္ကျီတွေနဲ့ သူ့အင်္ကျီတွေကို ချွတ်လဲတယ်။ နောက်ပြီးတော့ သံကွင်းတွေ သံခြေကျဉ်းတွေကို ကျွန်တော့်လက်မှာ ခတ်ထားလိုက်တယ်။ ပြီးတာနဲ့ အဲသည်အပေါက်ထဲကနေ အပြင်ကို အေးအေး ဆေးဆေး ထွက်သွားတာပဲ''

ပေါင်တားက ပို၍ မျက်မှောင်ကုတ်သွားသည်။

''မနေ့ညက ... ဘယ့်နှယ်လုပ် မနေ့ညက ဖြစ်နိုင်မှာလဲ။ မင်းပြောတာတွေ ဘာမှ အဓိပ္ပါယ်မရှိဘူး''

ထိုအချိန်တွင် ပိန်ပိန်ရှည်ရှည်လူကြီးက သံကွင်းနှင့် သံခြေကျဉ်းများကို အသေအချာ ကြည့်ရှုလေ့လာပြီး လက်ဖြင့် ထောက်ပြကာ မေးမြန်းလိုက်သည်။

''ဒီသံကွင်းတွေမှာ လွှဖြတ်ရာတွေ တွေ့နေရတယ်။ ဒါတွေက ဘာသဘောလဲ''

ဟေးပေကျိက "ဒါ ... ဒါတော့ ကျွန်တော်လဲ မသိဘူး"

ခေါ့ပိအုန်းက ဝင်ပြောလိုက်သည်။

"ဟုတ်ပါတယ်။ မြေအောက်မှာတုန်းကတည်းက သံကွင်းတွေကို အသေအချာလကြည့်ခဲ့တယ်။ လွှနဲ့ဖြတ်ထားတဲ့ အရာတွေ တွေ့ခဲ့ရတယ်။ ဒီလောက်ထက်တဲ့လွှကို ဒီကောင် ဘယ်ကနေ ရသွားလဲ မသိဘူး"

ထိုစဉ်မှာပင် စီးလင့်ဝင်လာ၏။ သူ့နောက်တွင် အိမ်ဖော် ၂ ဦးက တင်းကျုန်းကို ထမ်းလာပြီး လူကြီး ၄ ယောက်၏ရှေ့တွင် ချထားပေးလိုက်သည်။ ပေါင်တားက တင်းကျုန်း၏ခန္ဓာကိုယ်ပေါ်၌ လွှမ်းထားသောစောင်ကို ဖယ်လိုက်ပြီး ရင်ပတ်ကို လက်နှင့်တစ်ချက်ဖိ၍ စမ်းသပ်လိုက်ရာ တင်းကျုန်းထံမှ စူးစူးဝါးဝါးအော်သံတစ်ချက် ထွက်လာတော့၏။ ပေါင်တားက ခေါင်းတစ်ချက်ညိတ်ပြလိုက်ပြီး ပြန်သယ်သွားရန် လက်ဖြင့်အချက်ပြလိုက်သည်။ စီးလင့်သည် အိမ်ဖော် ၂ ယောက် ကို ဦးဆောင်ပြီး တင်းကျုန်းကို ပြန်လည်သယ်ယူသွားတော့၏။

ပေါင်တားက "အင်း ... တင်းကျုန်းကို တိုက်လိုက်တဲ့အားက အတော်ပြင်းထန်တာပဲ။ ဟိုကောင်ရဲ့ လက်ချက် ဆိုတာတော့ သေချာတယ်။ တော်ရုံတန်ရုံလူက နံရိုး ၁၀ ချောင်းလုံးကျိုးသွားအောင် မတိုက်နိုင်ဘူး"

ထိုအခါ တစ်ချိန်လုံး စကားမပြောပဲ ရင့်နှုတ်ပိတ်နေသော မိန်းမကြီးက စကားပြောလာတော့သည်။

"ပေါင်တား ... ဟိုကောင်က မနေ့ညကမှ ထွက်ပြေးရိုးမှန်ရင် ငါတို့ရထားတဲ့သတင်းက သတင်းမှားကြီး ဖြစ်နေပြီပေါ့။ ဒီကောင်က အပြင်မှာ တမင်သက်သက် သတင်းမှားတွေ လွှင့်ထုတ်ပြီး ငါတို့ကို စိတ်ခါတ်ခြောက်ခြား အောင် လုပ်နေတာပေါ့။ ဒီလိုလုပ်မယ်ဆိုရင် အပြင်နဲ့ အဆက်အသွယ် မုချရှိရလိမ့်မယ်"

ပေါင်တားက ခေါင်းကို ခါယမ်းလိုက်ပြန်သည်။

"ဟင့်အင်း ... သတင်းမှား မဖြစ်နိုင်ဘူး"

ထိုမိန်းမကြီးက ပြန်မေးလိုက်၏။

"ဘာဖြစ်လို့လဲ"

ပေါင်တားက "ငါတို့ အသင်းခွဲခေါင်းဆောင် ဖိရှမ်းရဲ့သိုင်းပညာက တကယ့်ကိုထက်မြက်တာ။ သူ့ရဲ့ ခန္ဓာကိုယ်ကို ခါးလက်နက်၊ လုံလက်နက်လောက်နဲ့တောင် ဘယ်လိုမှ ထိုးမပေါက်နိုင်ဘူး။ အခုတော့ သူ့ရင်ပတ်ကို ဒီလူက လက်ငါး ချောင်းနဲ့ထိုးစိုက်ပြီး သတ်သွားတယ်။ ဘယ်သူက ဒီလိုလုပ်နိုင်မလဲ။ လင်းရှင်ဆိုတဲ့ကောင်ကလွဲရင် ဘယ်သူဖြစ်နိုင်ဦး မှာလဲ။ ဒါကြောင့် သတင်းမှားမဟုတ်ဘူးလို့ ပြောတာပေါ့"

လင့်ဟူချုံးက စိတ်ဝင်စားစွာဖြင့် နားထောင်နေမိသည်။ ထိုစဉ် သူ့ပုခုံးကို တစ်စုံတစ်ယောက်က ရုတ်တရက် လက်ဖြင့် လာပုတ်သဖြင့် လန့်ပြီး လှည့်ကြည့်လိုက်သည်။ ထိုအခါ သူ့နောက်တွင် လူ ၂ ယောက်ရပ်နေသည်ကို တွေ့လိုက်ရတော့သည်။ လရောင်ကို ကျောပေးထားသဖြင့် မျက်နှာများတွင်အရိပ်ကျနေကာ မည်သူများဖြစ်သည်ကို တိတိကျကျမသိနိုင်ပဲ ဖြစ်နေသည်။ တစ်ယောက်က လင့်ဟူချုံးအား လက်ယပ်ခေါ်လိုက်သည်။

"ညီလေး ... လာ ... ငါတို့ အထဲဝင်ကြမယ်"

ရှန့်ဝန့်ထင်း၏ အသံပေတကား။ လင့်ဟူချုံးက အတိုင်းမသိဝမ်းသာသွားပြီး လေသံတိုးတိုးဖြင့် ဝမ်းသာအားရ နှုတ်ဆက် လိုက်သည်။

"အစ်ကိုကြီး ... ဘယ်လိုရောက်လာတာလဲ"

သူတို့ ၂ ယောက်၏အသံမှာ တိုးညှင်းလှသော်လည်း အခန်းထဲကလူများက နားပါးလှသဖြင့် ကြားသွားတော့၏။

"ဟေ့ ... အပြင်က ဘယ်သူလဲ"

ထိုအခါ ရှန့်ဝန့်ထင်းနှင့်အတူ ရပ်နေသောလူက တဟားဟား အော်ရယ်လိုက်လေတော့သည်။ သူ၏အသံမှာ ကျယ်လောင်လွန်းရကား အိမ်ကြီးတစ်အိမ်လုံး ဟိန်းထွက်သွားလေတော့၏။ ထိုလူကရယ်မောရင်း ရှေ့သို့ တဖြည်းဖြည်း တိုးလာရာ နံရံအနားသို့ ရောက်သွားတော့သည်။ နံရံနှင့်လက် ထိမိသည်နှင့် လက်ကို ရုတ်တရက်ဆန့်ထုတ်လိုက်ရာ ဝုန်းကနဲ မြည်ဟည်းသွားပြီး နံရံ၌ အပေါက်ကြီးဖြစ်သွားလေတော့၏။ ပြီးနောက် ထိုအပေါက်ထဲမှ ရှေးဦးစွာ ဝင်သွားလေတော့သည်။ ရှန့်ဝန့်ထင်းက လင့်ဟူချုံး၏လက်ကိုဆွဲ၍ အတွင်းသို့ လျှောက်ဝင်လိုက်သည်။ လင့်ဟူချုံးသည့် အံ့သြဝမ်းသာစွာဖြင့် ရှန့်ဝန့်ထင်း ခေါ်ရာနောက်သို့ လိုက်ဝင်သွားမိတော့သည်။

ပေါင်တားတို့ ၄ ယောက်သည် အသင့်အနေအထားဖြင့် မတ်တတ်ရပ်နေကြပြီး လက်နက်ကိုယ်စီ ကိုင်ထားကြသည်။ သူတို့၏မျက်နှာများ၌ အေးဆေးငြိမ်သက်မှုများအစား စိုးရိမ်တုန်လှုပ်မှုများက အစားထိုးဝင်ရောက်လျက်ရှိနေ၏။ ပေါင်တားက အထစ်ထစ်အငေါ့ငေါ့ ပြောလိုက်၏။

"ဟာ ... လင်း ... လင်း ... ဆရာကြီး လင်းရှင် ရောက်လာတာကိုး"

လင်းရှင်သည် တင်းမာသော မျက်နှာထားဖြင့် ရှေ့သို့ လျှောက်သွားတော့သည်။ ပေါင်တားတို့လူစုမှာ ကြောက်လန့်တကြား ဘေး ၂ ဖက်သို့ ရှဲပေးလိုက်ကြတော့၏။ လင်းရှင်က အလယ်တည့်တည့်တွင်ရှိနေသော ထိုင်ခုံ၌ ဝင်ထိုင်လိုက် လေတော့သည်။ ထိုထိုင်ခုံမှာ ခပ်စောစောပိုင်းက ပေါင်တားထိုင်နေသော ထိုင်ခုံပင် ဖြစ်တော့၏။

ထိုအခါကျမှ လင့်ဟူချုံးသည် ထိုလူကြီး၏မျက်နှာကို သေချာစွာ တွေ့လိုက်ရတော့သည်။ ထိုလူ၏မျက်နှာမှာ ဖြူဖတ်ဖြူရော် ဖြစ်နေသော်လည်း တည်ကြည်ခန့်ညားမှု အပြည့်အဝရှိနေသည်။ သူက လင့်ဟူချုံးနှင့် ရှန့်ဝန့်ထင်းတို့ကို လက်ယပ်ခေါ်လိုက်၏။

"ရှန့်ဝန့်ထင်း ... လင့်ဟူချုံး ... မင်းတို့ ဘာငေးနေကြတာလဲ။ လာကြ။ ဒီမှာ ထိုင်ခုံတွေရှိတယ်။ လာထိုင်ကြ။ ဒီနေရာမှာ မင်းတို့ ရပ်နေစရာမလိုဘူး"

ထိုအသံကို ကြားလိုက်ရသောအခါ လင့်ဟူချုံးသည် ဆရာကြီး လင်းရှင်၏အသံမှန်း ကောင်းစွာ ကျက်မိသဖြင့် ဝမ်းသာအားရ ပြောလိုက်သည်။

"ဆ ... ဆရာကြီး လင်းရှင်"

ထိုလူကြီးက ပြုံး၍ "ဟုတ်တယ်။ ငါ ... လင်းရှင်ပဲ။ မင်းမဆိုးဘူး။ မင်းရဲ့ခါးသိုင်းက ကောင်းသားပဲ" ဟု ပြောသည်။

လင့်ဟူချုံးက "ဆရာကြီးက လွတ်လာပြီကိုး။ ကျွန်တော်က ဒီနေ့ ..."

ထိုလူကြီးက တဟားဟား ရယ်မောလေတော့၏။ အားရပါးရ ရယ်ပြီးမှ

"ဘာလဲ ... မင်းက ငါ့ကိုလာကယ်ဖို့ ဒီနေ့ရောက်လာတာလား။ ဟား ဟား ဟား ရှန့်ဝန့်ထင်း ... မင်းပြောတာမှန်သဟေ့။ မင်းညီက တယ်ပြီး သစ္စာရှိတဲ့လူပါလားကွ"

ရှန့်ဝန့်ထင်းသည် လင့်ဟူချုံး၏လက်ကိုဆွဲကာ လင်းရှင်၏ လက်ယာဖက်ရှိ လွတ်နေသော ခုံလွတ်တစ်ခုတွင် ဝင်ထိုင်လိုက်တော့၏။ အသေအချာ ထိုင်ပြီးမှ

"ညီလေး လင့်ဟူချုံးက သစ္စာရှိတာကိုတော့ ဘာမှပြောစရာမရှိဘူး။ နောက်ပြီးတော့ ယောကျ်ားပီသတဲ့ နေရာမှာလည်း ၂ ယောက်မရှိဘူး" ဟု ပြောလိုက်လေတော့၏။

လင်းရှင်က ရယ်မောရင်း

"ယုံပါပြီကွာ။ ဟေ့ ... လင့်ဟူချုံး ... မင်း အချောင်သက်သက် မြေအောက်ခန်းထဲမှာ သုံးလေးလလောက် အပိတ်ခံထားရတာကို ငါတို့စိတ်မကောင်းပါဘူး။ ဟား ဟား ဟား ... ဒါပေမယ့် ပါရမီဖြည့်တယ်လို့ သဘောထားပေါ့ ကွာ။ ဟုတ် လား ... ဟား ဟား ဟား" ဟု ပြောလေတော့၏။

ထိုစကားကို ကြားရသောအခါမှ လင့်ဟူချုံးမှာ ရိပ်မိသလိုလိုရှိလာ၏။ လင့်ဟူချုံး တွေဝေနေသည်ကိုကြည့်ပြီး လင်းရှင်က

"မင်းက ငါ့အတွက်နဲ့ မြေအောက်ခန်းမှာ အချုပ်ခံလိုက်ရပေမယ့် အချုပ်ခံရကျော်ပါတယ်ကွာ။ မဟုတ်ဘူးလား။ သံကုတင်ပေါ်မှာ ငါရေးခဲ့တဲ့ အတွင်းအားစုပ်သိုင်းပညာကိုတွေ့ပြီး လေ့ကျင့်အောင်မြင်သွားပြီဆိုတော့ ကျေပြီပေါ့ကွာ"

လင့်ဟူချုံးက "သြော် ... သံပြားပေါ်ကစာတွေကို ဆရာကြီးကိုယ်တိုင် တကယ်ရေးခဲ့တာပဲကိုး"

ရှန့်ဝန့်ထင်းက ဝင်၍ "ညီလေး ... ဂိုဏ်းချုပ်ကြီးရဲ့ အတွင်းအားစုပ်သိုင်းပညာဟာ အင်မတန် ရှားပါးခက်ခဲတဲ့ သိုင်းပညာကွ။ ဒီပညာကို တတ်ကျွမ်းတဲ့သူကလည်း ဂိုဏ်းချုပ်ကြီးပြီးရင် မင်းတစ်ယောက်ပဲရှိတယ်။ ငါက ညီလေးအတွက် ဂုဏ်ယူပါတယ်ကွာ" ဟု ဝမ်းပန်းတသာ ပြောလေတော့၏။

လင့်ဟူချုံးက တအံ့တသြ မေးလိုက်သည်။

"ဂိုဏ်းချုပ်ကြီး .. ဟုတ်လား"

ရှန့်ဝန့်ထင်းက တဟားဟား ရယ်မောရင်း

"ဩော် … မင်းက အခုထက်ထိ ဂိုဏ်းချုပ်ကြီး လင်းရှင်ရဲ့အကြောင်းကို မသိသေးပဲကိုး။ ဆရာကြီး လင်းရှင်က နေမင်းသခင်ဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီးပဲ" ဟု ပြောပြလေတော့၏။

လင့်ဟူချုံးသည် နေမင်းသခင်ဂိုဏ်းကြီး အကြောင်းကို ကောင်းစွာကြားဖူးသည်။ သည်ဂိုဏ်းကြီးမှာ မကောင်းဆိုးဝါးဂိုဏ်းကြီးပင် ဖြစ်သည်။ သို့သော် မကောင်းဆိုးဝါးဂိုဏ်းသားများက သူတို့ဂိုဏ်းကို မကောင်းဆိုးဝါးဂိုဏ်းဟု မည်သည့်အခါမျှ မခေါ်ကြချေ။ နေမင်းသခင်ဂိုဏ်းဟုသာ ခေါ်ကြ၏။ အပြင်လောကနှင့် သိုင်းလောကသားများကမူ နေမင်းသခင်ဂိုဏ်းဟု မည်သည့်အခါမျှ မခေါ်ကြပဲ မကောင်းဆိုးဝါးဂိုဏ်းဟုသာ ခေါ်ကြ၏။

သို့သော် လင့်ဟူချုံးသိထားသမျှ မကောင်းဆိုးဝါးဂိုဏ်း၏ ဂိုဏ်းချုပ်ကြီးမှာ တုံးဖန်းပုဖြစ်၏။ ယခုတော့ အဘယ်ကြောင့် လင်းရှင်ဆိုသောလူကြီးကို မကောင်းဆိုးဝါး ဂိုဏ်းချုပ်ကြီးဟု ဆိုနေရသနည်း။ ထို့ကြောင့် လင့်ဟူချုံးက မယုံမရဲလေသံ ဖြင့်

"ဆရာကြီးက ဂိုဏ်းချုပ်ကြီးကိုး" ဟု ပြောလိုက်မိတော့၏။

ထိုအခါ ပေါင်တားတို့ ၄ ယောက်အနက်မှ အရပ်ရှည်ရှည် အဖိုးကြီးက အော်ဟစ်ကန့်ကွက်လေတော့သည်။

"ဘာဂိုဏ်းချုပ်ကြီးလဲ။ ငါတို့ နေမင်းသခင်ဂိုဏ်းကြီးရဲ့ဂိုဏ်းချုပ်ကြီးဟာ တုံးဖန်းပုဆိုတာ လူတိုင်းသိတယ်။ ဘာမှ အထူးကြေညာစရာ မလိုတဲ့ကိစ္စပဲ။ ဒီလင်းရှင်ဆိုတဲ့လူက ငါတို့ဂိုဏ်းရဲ့ သစ္စာဖောက်ကြီးပဲ"

ထိုအဖိုးကြီးသည် သူ၏ လက်ညှိုးကို ရှန့်ဝန့်ထင်းရှိရာသို့ ရုတ်တရက် ညွှန်လိုက်ရင်း

"ရှန့်ဝန့်ထင်း … မင်းက သစ္စာဖောက်နဲ့ အတူသွား၊ အတူလာ၊ အတူပေါင်းဖက်နေတဲ့လူ ဖြစ်တဲ့အတွက် မင်းလည်း အပြစ်ဒဏ်ကို ခံရမယ်" ဟု ပြောလေတော့၏။

ထိုအခါ လင်းရှင်သည် အေးစက်မာကြောသောအကြည့်ဖြင့် ထိုပိန်ရှည်ရှည်လူကြီးအား စိုက်ကြည့်လိုက်သည်။

"မင်းရဲ့နာမည်က ဖန်းဝေး ထင်တယ်"

ထိုအဖိုးကြီးက မာကြောစွာပင် ပြန်ဖြေသည်။

"ဟုတ်တယ်။ ကျုပ် ဖန်းဝေးပဲ"

လင်းရှင်က "ငါ ဂိုဏ်းချုပ်ကြီးအရာ ဆက်ခံတုန်းက မင်းဟာ ကျန်းစီးနယ်က အဖွဲ့ခွဲမှူးတစ်ယောက်အဖြစ်ပဲ ရှိသေးတယ် မဟုတ်လား"

ဖန်းဝေးက "ဟုတ်တယ်။ အဲဒါ ဘာဖြစ်သလဲ"

လင်းရှင်က "အင်း … အခုတော့ မင်းက ငါတို့ဂိုဏ်းကြီးရဲ့ ဝါစဉ်ကြီးပုဂ္ဂိုလ် ၁၀ ယောက်ထဲက တစ်ယောက် ဖြစ်နေပြီပေါ့လေ။ ဒီအဆင့်အထိရောက်အောင် တက်လာတာကတော့ အတော်မြန်တာပဲ။ တုံးဖန်းပုက မင်းကို တယ်အရေးပေးပါကလား။ တစ်ယောက်ကို တစ်ယောက် ချီးမြှောက်နေကြတာပေါ့လေ"

ဖန်းဝေးက "ကျုပ်ကြိုးစားလို့ ဒီရာထူးအဆင့်ကို ရောက်လာတာပဲ။ ဒါက ဘာမှမထူးဆန်းဘူး"

လင်းရှင်က သရော်တော်တော် ပြောလိုက်၏။

"အင်း … မင်းက ဘယ်ဆိုးလို့လဲ။ ဒီလိုဆိုတော့ တော်တော်ကလေး တော်တယ်လို့ ဆိုရမှာပေါ့။"

စကားဆုံးသည်နှင့် လင်းရှင်သည် လျှပ်ပြက်သလို လှုပ်ရှားလိုက်၏။ သူ၏လက်ချောင်းများသည် ပေါင်တား၏ လည်မျိုကို ကုပ်ဆွဲလိုက်သည်။ ပေါင်တားမှာ ထိုကဲ့သို့ဖြစ်လာလိမ့်မည်ဟု လုံးဝမျှော်လင့်မထားသဖြင့် သူ့လက်ထဲ၌ ကိုင်ထားသောလက်နက်ဖြင့် ခုခံကာကွယ်ချိန်ပင် မရတော့ချေ။ နောက်သို့ တစ်လှမ်းဆုတ်ကာ တံတောင်ဆစ်ဖြင့် လည်မျိုကို ကာကွယ်လိုက်ရသည်။ ထိုအခါ လင်းရှင်သည် ပေါင်တား၏အင်္ကျီကို ဆွဲဆုတ်လိုက်ပြီး အရာဝတ္ထုတစ်ခုကို ဆွဲဖြုတ်ယူလိုက်သည်။

သူယူလိုက်သော အရာမှာ မဟူရာ တံဆိပ်ပြားကလေးပင် ဖြစ်၏။ တစ်ဆက်တည်းမှာပင် ပေါင်တား၏ လက်ကောက်ဝတ်ကို လိမ်ချိုးလိုက်ပြီး ဖမ်းချုပ်ထားလိုက်တော့သည်။ ကျန် ၃ ယောက်က ချက်ချင်း ဝင်ရောက် ထိုးခုတ်ကြသော်လည်း ရှန့်ဝန့်ထင်းက ကာကွယ်လိုက်သဖြင့် သူတို့၏တိုက်ကွက်များသည် ရေပေါ် အရုပ်ဆွဲသည့်ပမာ

မည်သို့မျှ အရာမရောက်ပဲ ဖြစ်သွားတော့၏။

ပေါင်တားမှာမူ လင်းရှင်၏လက်ထဲသို့ လုံးဝကျရောက်သွားတော့၏။ လင်းရှင်သတ်လျှင် သေရမည်။ လင်းရှင်ထားလျှင် နေရမည်။ ထိုစဉ်တွင် လင်းရှင်က ပြုံး၍ပြောလိုက်သည်။

“ငါလွှတ်လာပြီးကတည်းက ငါ့ရဲ့ အတွင်းအားစုပ်သိုင်းပညာကို လုံးဝမသုံးရသေးဘူး။ ဒီသိုင်းပညာရဲ့အရသာကို မင်း နည်းနည်းပါးပါး မြည်းစမ်းကြည့်ချင်သလား”

ပေါင်တားသည် မကောင်းဆိုးဝါးဂိုဏ်းတွင် ဝါစဉ်ကြီးပုဂ္ဂိုလ်တစ်ယောက် ဖြစ်နေခဲ့သည်မှာ ကြာပြီဖြစ်၍ အတွေ့အကြုံများသည်။ အခြေအနေများကိုလည်း မှန်မှန်ကန်ကန် သုံးသပ်နိုင်သည်။ ယခုအချိန်တွင် လင်းရှင်အား အညံ့ခံ လက်နက်မချပါက မုချအသတ်ခံရပေတော့မည်။ ထို့ကြောင့် အမြန်ဆုံး ဆုံးဖြတ်ချက်ချလိုက်၏။ တွေဝေနေခြင်း လုံးဝမရှိ။

“ဂိုဏ်းချုပ်ကြီး … ကျွန်တော် … ဒီနေ့ကစပြီး ဂိုဏ်းချုပ်ကြီးအပေါ် တစ်သက်လုံး သစ္စာစောင့်သိသွားပါ့မယ်။ ဂိုဏ်းချုပ်ကြီးအကျိုးအတွက် ကျွန်တော့်ရဲ့အသက်ကို ပခါနမထားပဲ သယ်ပိုးဆောင်ရွက်သွားပါ့မယ်”

လင်းရှင်က တဟားဟား ရယ်လိုက်ပြီး

“အင်း … မင်းကတော့ ဒီအသုံးအနှုန်းမျိုး သုံးနှုန်းရဲသေးသကိုး။ ဟိုတုန်းကလည်း ဒီလိုပဲ ငါ့ကို ကတိပေးခဲ့တာပဲ မဟုတ်လား။ နောက်ကျတော့ ဘာဖြစ်လို့ ငါ့ကို သစ္စာဖောက်ရသလဲ” ဟု မေးလိုက်၏။

ပေါင်တားက “ဟုတ် … ဟုတ်ပါတယ်။ ကျွန်တော့်မှာ အဲဒီလိုကတိပျက်တဲ့အတွက် အပြစ်တွေရှိနေပါတယ်။ ဒီအပြစ်တွေ ကျေသွားအောင် ဂိုဏ်းချုပ်ကြီးရဲ့အကျိုးကို သယ်ပိုးဆောင်ရွက်သွားပါ့မယ်။ နောက်နောင် ဒီလို ကတိပျက်ခြင်းမျိုး မဖြစ်အောင်လည်း ပြုပြင်သွားပါ့မယ်”

“ကောင်းပြီ။ ဒီလိုဆိုရင် ဟောသည်ဆေးလုံးကို စားလိုက်စမ်း”

လင်းရှင်က ဆေးပုလင်းကလေးတစ်လုံးကို ထုတ်ယူလိုက်ပြီး ထိုပုလင်းထဲမှ ဆေးလုံးကလေးတစ်လုံးကို ထုတ်ကာ ပေါင်တားအား ပစ်ပေးလိုက်၏။ ပေါင်တားသည် ဆေးလုံးကို ကြည့်ရှုစစ်ဆေးခြင်းပင်မရှိပဲ မျိုချလိုက်တော့သည်။ ဖန်းဝေးက လွှတ်ကနဲ အော်လိုက်သည်။

“အသားစားဆေးလုံး”

လင်းရှင်က ခေါင်းတစ်ချက် ညိတ်ပြကာ

“ဟုတ်တယ်။ ဒါဟာ အသားစားဆေးလုံးပဲ” ဟု ပြောကြားလိုက်၏။ ထို့နောက် လင်းရှင်က ဆေးလုံး ၆ လုံးကို ထုတ်ယူလိုက်ပြီး စားပွဲပေါ် ပစ်တင်လိုက်ကာ

“ကဲ … မင်းတို့ထဲမှာ ဒီအသားစားဆေးလုံးရဲ့ အာနိသင်ကို ကောင်းကောင်းသိတဲ့လူများ ရှိကြသလား” ဟု မေးလိုက်၏။

ပေါင်တားက “ကျွန်တော် ကောင်းကောင်းသိပါတယ်။ ဂိုဏ်းချုပ်ကြီးရဲ့ဆေးလုံးကို စားပြီးရင် ဂိုဏ်းချုပ်ကြီးရဲ့ စကားကို တစ်သက်လုံး နားထောင်ရပါမယ်။ ဒီလိုမှ နားမထောင်ဘူးဆိုရင် ဆေးလုံးထဲက ပိုးကောင်ထွက်လာပြီးရင် အသားတွေကို တစ်စတစ်စစားပြီးတော့ နောက်ဆုံး ဝေဒနာကို အလူးအလိမ့်ခံရပြီးမှ သေရပါလိမ့်မယ်”

လင်းရှင်က ကျေနပ်စွာ ပြောလိုက်သည်။

“မင်းပြောတာမှန်တယ်။ ဒါတွေသိလျက်သားနဲ့ ဘာဖြစ်လို့ ဒီဆေးလုံးကို ရဲရဲတင်းတင်း စားလိုက်ရတာလဲ။ ဒီဆေးလုံးကြောင့် ဘယ်လောက်အဖြစ်ဆိုးနိုင်တယ်ဆိုတာကို တွေးပြီး မကြောက်ဘူးလား။”

ပေါင်တားက သွက်လက်စွာဖြင့်

“ကျွန်တော့်အဖို့ ပိုင်းဖြတ်ပြီးပါပြီ။ ဒီနေ့ကစပြီး ဂိုဏ်းချုပ်ကြီးအပေါ် တစ်သက်လုံး သစ္စာစောင့်သိသွားမယ်လို့ ဆုံးဖြတ်ပြီးပြီဆိုတော့ ဘာမှကြောက်နေစရာ မလိုတော့ပါဘူး”

လင်းရှင်က တဟားဟား ရယ်မောရင်း

“ကောင်းတယ်။ ကောင်းတယ်။ ဒါမျိုးမှ ငါကသဘောကျတာ။ ဒီမှာ ဆေးလုံး ၆ လုံး ရှိသေးတယ်။ ဘယ်သူစား

မလဲ" ဟု မေးလေတော့၏။

ဝမ်ချုံး၊ ခေါ့ပိအုန်းနှင့် တန်းချန်းတို့မှာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်မိကြ၏။ အားလုံးမှာ သည်ဆေးလုံးများကို မစားရဲကြ။ ကြောက်လန့်တွန့်ဆုတ် နေမိကြသည်။ ထိုစဉ် ဟေးပေကျိက ရုတ်တရက် အော်လိုက်သည်။

"ဂိုဏ်းချုပ်ကြီး ... ကျွန်တော် ဒီဆေးလုံးကို စားမယ်"

ပြောပြောဆိုဆိုနှင့် ဟေးပေကျိက ယိမ်းထိုးလျက် ကြိုးစားထလာပြီး စားပွဲပေါ်မှ ဆေးလုံးတစ်လုံးကိုယူရန် ဟန်ပြင်လိုက်၏။ သို့သော် လင်းရှင်က သူ၏လက်ကို တစ်ချက်မျှ ဖော့ယမ်းလိုက်သည်နှင့် ဟေးပေကျိမှာ အဝေးသို့ လွင့်စဉ်သွားတော့၏။ လင်းရှင်က ခနဲ့ပြုံးပြုံးလျက်

"မင်းမှာ ဘာသိုင်းအားမှ မရှိတော့တာ။ ငါ့အတွက် ဘာအကျိုးပြုနိုင်တော့မှာလဲ။ ဒီလို သိုင်းလောကမှာ အသုံးမဝင်တော့တဲ့လူမျိုးကို ဆေးလုံးတစ်လုံးပေးရင် အလကား ဖြုန်းတီးရာ ရောက်တော့မပေါ့" ဟု ပြောလိုက်သေး၏။

ဟေးပေကျိအား ထိုသို့ပြောလိုက်ပြီးနောက် လင်းရှင်က ရုတ်တရက် ပေါင်တား၏ အပေါင်းအပါ ၃ ယောက်ဖက်သို့ လှည့်လိုက်ပြန်သည်။

"ဖန်းဝေး ... ဝမ်ချန် ... ဆန်းလန် ... မင်းတို့ ၃ ယောက်က ငါ့ဆေးလုံးကို မသောက်ချင်ဘူးပေါ့ ... ဟုတ်လား ... ငါ့ရဲ့သစ္စာကို မခံချင်ဘူးပေါ့"

ထိုအခါ ဆန်းလန်အမည်ရှိသော မိန်းမကြီးက ခါးကိုတစ်ချက်ကိုင်းကာ

"ဂိုဏ်းချုပ်ကြီး ... ဒီနေ့ကစပြီး ဂိုဏ်းချုပ်ကြီးအပေါ် သစ္စာရှိပါ့မယ်။ ဂိုဏ်းချုပ်ကြီးရဲ့အကျိုးကို အသက်ပဓာန မထားပဲ သယ်ပိုးဆောင်ရွက်ပါ့မယ်" ဟု ပြောလိုက်၏။

တစ်ဆက်တည်းပင် အလွန်တရာဝဖိုင့်လှသော ဝမ်ချန်အမည်ရှိ လူကြီးကလည်း ခါးကိုင်း၍ ဦးညွှတ်အရိုအသေ ပေးလိုက်၏။ သူ၏ပါးစပ်မှတော့ မည်သို့မျှမပြောချေ။ ဆန်းလန်ရော၊ ဝမ်ချန်ပါ ၂ ယောက်စလုံး စားပွဲနားသို့ လျှောက်လာပြီး ဆေးလုံးကို တစ်ယောက်တစ်လုံးစီ ကောက်ယူကာ မျိုချလိုက်ကြတော့၏။

ယခုတော့ သူတို့ ၄ ယောက်အနက် သတ္တိအရှိဆုံးလူမှာ ဖန်းဝေးဖြစ်နေတော့သည်။ သူက လင်းရှင်အကြောင်း ကောင်းစွာ မသိသေးသူဖြစ်၏။ ထို့ကြောင့်လည်း ဤမျှ သတ္တိကောင်းနေခြင်းဖြစ်သည်။ သူက ရုတ်တရက် အော်လိုက်သည်။

"ဟင်း ... ကျုပ်ကတော့ ဒီဆေးလုံးကို ဘယ်တော့မှ မစားဘူး ... ကျုပ်သွားမယ်"

ဟု ပြောကာ အခန်းတွင်းမှ ခုန်ထွက်သွားတော့၏။

ထိုအခါ လင်းရှင်က တဟားဟားရယ်လိုက်ပြီး လက်ကို တစ်ချက်မျှလှုပ်ရှားလိုက်ရာ ရှည်လျားသော အနီရောင်ကြိုး တစ်ချောင်း ရုတ်တရက်ပျံထွက်သွားပြီး ဖန်းဝေး၏ခြေထောက်ကို သွားရောက်ရစ်ပတ်လေတော့သည်။ ထို့နောက် ချက်ချင်းဆောင့်ဆွဲလိုက်သောအခါ ဖန်းဝေးမှာ အခန်းထဲသို့ ဝုန်းကနဲ ပြန်လိမ့်ဝင်လာတော့၏။ ကြမ်းပြင်ပေါ်၌ လူးလိမ့်လျက် ရှိနေပြီး လုံးဝ မတ်တပ်မရပ်နိုင်တော့ချေ။

လင်းရှင်က တင်းမာစွာ အမိန့်ပေးလိုက်၏။

"ဆန်းလန် ... စားပွဲပေါ်က ဆေးလုံးတစ်လုံးကိုယူပြီး အပေါ်က အနီရောင် အခွံကို ခွာလိုက်စမ်း။ သတိထားပြီးခွာ။ ပေါက်မသွားစေနဲ့"

ဆန်းလန်သည် အမိန့်အတိုင်း စားပွဲပေါ်မှ ဆေးလုံးတစ်လုံးကို ယူလိုက်ပြီး အပေါ်မှ အနီရောင်အခွံကို သတိကြီးစွာဖြင့် ခွာလိုက်သည်။ ထိုအခါ အတွင်းမှ အဖြူရောင်ဆေးလုံးကလေး ထွက်ပေါ်လာတော့၏။ လင်းရှင်က ထပ်မံအမိန့်ပေး လိုက်သည်။

"ဖန်းဝေးကို ကျွေးလိုက်စမ်း"

ဆန်းလန်သည် ဖန်းဝေးအနားသို့ လျှောက်သွားပြီး အော်လိုက်သည်။

"ဖန်းဝေး ... ပါးစပ်ဟစမ်း"

ဖန်းဝေးက ကိုယ်ကို တစ်ချက်စောင်းလိုက်ပြီး ဆန်းလန်ကို လက်ဝါးစောင်းဖြင့် ခုတ်လိုက်သည်။ သို့သော်

သူ့အနေဖြင့် လဲကျနေရာမှ လက်ဝါးစောင်းခုတ်ရခြင်းဖြစ်ရာ ဆန်းလန်ကို မည်သို့မျှမယှဉ်နိုင်။ တစ်ပန်းရှုံးနေပြီးဖြစ်သည်။ ဆန်းလန်က သူ၏လက်ကို ခြေတစ်ဖက်ဖြင့် ကန်ထုတ်လိုက်ပြီး အခြားခြေတစ်ဖက်ဖြင့် ရင်ဝသို့ကန်လိုက်သည်။ ထို့နောက် ဖန်းဝေး၏ပါးရိုးကို ချုပ်ကိုင်လိုက်ပြီး ညှစ်ချလိုက်သောအခါ ပါးစပ်မှာဟသွားတော့၏။

ချက်ချင်းပင် သူမ၏လက်ထဲမှ ဆေးလုံးကို ဖန်းဝေးပါးစပ်ထဲသို့ ပစ်ထည့်လိုက်တော့၏။ ဖန်းဝေးမှာ လုံးဝ မရုန်းကန်နိုင်တော့သော်လည်း သူ့လည်မျိုထဲသို့ ဝင်လုဝင်ခင်ဖြစ်နေသော ဆေးလုံးကို အန်ထုတ်ပစ်ရန် ကြိုးစားလိုက်သေး၏။ သို့သော် သူ့ပါးရိုးကို ဆန်းလန်က ချုပ်ကိုင်ထားရာ သူ့ပါးစပ်ကို မလှုပ်ရှားနိုင်ပဲ ဖြစ်နေတော့၏။ ထို့ကြောင့် ဆေးလုံးမှာ အပြင်သို့ထွက်မလာပဲ လည်မျိုထဲမှ ဝမ်းထဲသို့ တဖြည်းဖြည်း ကျဆင်းသွားလေတော့သည်။ လင်းရှင်ကပြုံး၍ ကြည့်နေလိုက်တော့သည်။ ဆန်းလန်မှာမူ တာဝန်ကျေပြီဖြစ်၍ သူမ ပထမရပ်နေသည့်နေရာသို့ သွားကာ မတ်တတ်ရပ်နေလိုက်သည်။ ထို့နောက် လင်းရှင်သည် ဝမ်ချုံးတို့ ညီအစ်ကို ၃ ယောက်ထံသို့ လှမ်းကြည့်လိုက်ပြန်၏။

ထိုအခါ ခေါ့ပိအုန်းသည် မည်သည့်စကားမျှ မပြောတော့ပဲ ဆေးလုံးတစ်လုံးကို ကောက်ယူ၍ မျိုချလိုက်တော့သည်။ အနည်းငယ် တုံ့နှေးနေသူမှာ ဝမ်ချုံးဖြစ်သည်။ သူ၏မျက်နှာမှာ မသာယာပေ။ မသာယာသည်ထက် မှုန်ကုပ်ကုပ် ဖြစ်နေသေးသည်။ သို့သော် သူလည်း ကြာကြာမဆိုင်းရဲပေ။ ကောက်ယူ၍ မျိုချလိုက်ရပြန်သည်။ တန်းချန်းကမူ နှုတ်မှတတွတ် တွတ် ရေရွတ်နေ၏။ မည်သည့်စကားကို ရေရွတ်နေမှန်းတော့ မသိကြရပေ။ သူသည်လည်း ဆေးလုံးကို မျိုချလိုက်သည် သာ။

ထို့နောက်တွင် လင်းရှင်က

“ကဲ … အခုတော့ ငါ့ရဲ့သစ္စာခံယူတဲ့ အခမ်းအနားတော့ ပြီးသွားပြီ။ စားဖို့သောက်ဖို့ပဲ ကျန်တော့တယ်။ ဝမ်ချုံး … အရက်နဲ့ စားစရာတွေ သွားယူလာခဲ့စမ်း။ ဒီကနေ့တော့ ငါတို့ ၃ ယောက် မျက်နှာချင်းဆိုင်ပြီး စားသောက်ပွဲတစ်ခု ကျင်းပရမယ်”

ဝမ်ချုံးတို့ ညီအစ်ကို ၃ ယောက်သည် ‘ဟုတ်ကဲ့’ ဟု ပြောကာ စားသောက်ပွဲတစ်ခုဖြစ်စေရန် ခင်းကျင်းပြင်ဆင်ရ တော့သည်။

အတန်ကြာသောအခါ လင်းရှင်က အေးဆေးသက်သာသော လေသံဖြင့်

“ပေါင်တား … မင်းတို့ ၆ ယောက်လည်း စိတ်ပင်ပန်းလူပင်ပန်း ဖြစ်နေကြပြီ။ အပြင်ခန်းမှာ စားသောက်ပြီး သွားအနား ယူကြပေတော့” ဟု အခွင့်ပေးလိုက်၏။

ထိုအခါ လူအားလုံးသည် လင်းရှင်ကို အရိုအသေပေးလိုက်ကြပြီး အပြင်ခန်းသို့ ထွက်သွားကြတော့၏။ လင်းရှင်က ထိုလူများ၏ကျောပြင်ကို သေချာစွာ စူးစိုက်ကြည့်နေသည်။

ထိုစဉ် ရှန့်ဝန့်ထင်းက

“ညီလေး လင့်ဟူချုံး … မင်းက ဘယ့်နှယ် ဂိုဏ်းချုပ်ကြီးရဲ့အတွင်းအားစုပ်သိုင်းပညာကို သင်လိုက်နိုင်တာလဲ။ ဒီပညာက တကယ်ခက်တာနော်။ ညီလေး ရလာပုံကို ပြောပြပါလား”

ထိုအခါ လင့်ဟူချုံးသည် သံပြားပေါ်မှစာလုံးများကို မည်သို့စတင်တွေ့ရှိခဲ့ပုံ၊ မည်သို့လေ့ကျင့်ခဲ့ပုံတို့ကို အစမှ အဆုံးထိ ပြောပြလိုက်တော့၏။

ရှန့်ဝန့်ထင်းက တဟားဟား ရယ်ရင်း

“တကယ့်ကို ကြံကြံဖန်ဖန်ကြုံကြိုက်တဲ့ ကိစ္စပဲ၊ တကယ်ဖြစ်ချင်လာတဲ့ကိစ္စတစ်ခုကို ဘယ်သူမှ တားဆီးလို့မရဘူး။ ဘယ်နည်းနဲ့မဆို ဖြစ်လာတော့တာပဲ” ဟု ပြောနေတော့၏။

## နေမင်းသခင် ဂိုဏ်းချုပ်ကြီး

လင်းရှင်၊ ရှန့်ဝန့်ထင်းနှင့် လင့်ဟူချုံးတို့ ၃ ယောက်မှာ စကားတပြောပြောနှင့် စိတ်လွတ်ကိုယ်လွတ် ပျော်ပျော်ပါးပါး စားသောက်ကြ၏။ လင့်ဟူချုံးမှာလည်း မည်သည့်အရာကိုမျှ အမှုမထားသူဖြစ်ရာ လင်းရှင်၊ ရှန့်ဝန့်ထင်းတို့၏ စိတ်သဘောထားနှင့် အံကိုက်ဖြစ်နေတော့သည်။ အတန်ကြာစားသောက်ပြီးသောအခါမှ လင်းရှင်က

"ဒီကိစ္စကို သေသေချာချာ စဉ်းစားကြည့်ရင် အတော့်ကို ကြောက်စရာကောင်းတာကွ။ အဲသည် သံပြားတွေပေါ်မှာ သိုင်းပညာတွေ ရေးထားလိုက်တာကို မင်းတို့ ဘယ်လိုထင်ကြသလဲ။ ငါက စိတ်ကောင်းစေတနာကောင်းနဲ့ ရေးတာ မဟုတ်ဘူးကွ။ သိုင်းပညာကတော့ အတုအယောင် မဟုတ်ပါဘူး။ ငါကိုယ်တိုင် လေ့ကျင့်အောင်မြင်ထားတဲ့ သိုင်းပညာ အစစ်အမှန်ပါပဲ။ ဒါပေမယ့် ဒီပညာက အင်မတန်ခက်ခဲ နက်နဲလေတော့ ငါကိုယ်တိုင် ကြပ်ကြပ်မတ်မတ် ထောက်ပြ သင်ကြားမပေးရင် ဒီသိုင်းပညာကို လေ့ကျင့်တဲ့လူတိုင်း လေဖြတ်မှာသေချာတယ်။"

ရှန့်ဝန့်ထင်းကတော့ မည်သို့မျှ ထူးခြားမသွားသော်လည်း လင့်ဟူချုံးကမူ လင်းရှင်၏စကားကြောင့် လန့်၍သွား၏။ လင်းရှင်က ဆက်၍

"မင်းကတော့ ကြုံကြဖန်ဖန်ကို ကြုံကြိုက်သွားတာပဲ။ ကုသိုလ်ကံ တော်တော်ကောင်းတယ်။" ဟု ပြောလေ၏။

လင့်ဟူချုံးက ကျောချမ်းသွားပြီး

"တော်သေးတာပေါ့။ ကျွန်တော့်ရဲ့အတွင်းအားက လုံးဝမရှိပဲဖြစ်နေလို့။ ရှိနေရင် ကျွန်တော်လည်း လေဖြတ်ပြီး ဒုက္ခိတဖြစ်နေလောက်ပြီ။ ဆရာကြီးကော ဘယ်လိုလွတ်သွားတာလဲ။ ကျွန်တော့်စိတ်ထဲမှာ ဆရာကြီး အချုပ်ခန်းထဲမှာ ရှိနေတုန်းပဲလို့ ထင်နေတာ"

ထိုအခါ ရှန့်ဝန့်ထင်းကရယ်မော၍ သူ့ရင်ဘတ်ထဲမှ ပစ္စည်းလေးတစ်ခုကိုထုတ်ယူလိုက်ပြီး လင့်ဟူချုံး၏လက်ထဲသို့ ထည့်ပေးလိုက်၏။

"ညီလေး ... ဒါဘာလေးလဲ"

လင့်ဟူချုံးက သူ့လက်ထဲ ရောက်လာသောပစ္စည်းကို အသေအချာကြည့်လိုက်၏။ သံလုံးတစ်လုံးဖြစ်သည်။ ထိုသံလုံးပေါ်တွင် သံလုံးသေးသေးကလေးတစ်လုံး ရှိနေပြန်သေးသည်။ ထိုသံလုံး သေးသေးလေးကိုကိုင်၍ ဆွဲထုတ်လိုက်သောအခါ သံကြိုးတစ်ချောင်း ထွက်လာတော့၏။ ထိုသံကြိုးကား သာမန်သံကြိုးမဟုတ်ချေ။ လွှကလေး တစ်ချောင်း ဖြစ်နေ၏။ လင့်ဟူချုံးက ချက်ချင်းပင် သဘောပေါက်သွားတော့သည်။

"ဟား ဟား ဟား ... ကျွန်တော်စဉ်းစားလို့မရပဲ ဖြစ်နေတာတွေ အခုမှပဲ ရှင်းသွားတော့တယ်။ လက်စသတ်တော့ ဆရာကြီးရဲ့လက်က သံကွင်းတွေ၊ ခြေကျင်းတွေကို ဒီလွှကြိုးကလေးနဲ့ ဖြတ်သွားတာကိုး"

လင်းရှင်က ရယ်မောရင်း "ဟုတ်တယ်။ ဟိုနေ့တုန်းက မင်းနဲ့ငါ ဓါးရေးပြိုင်နေတဲ့အဖြစ်ကို မှတ်မိတယ်မဟုတ်လား။ ငါလေချွန်လိုက်တာကို မင်းမှတ်မိသေးသလား။ အဲဒါ ငါ့ရဲ့အစွမ်းပဲ။ မင်းတင်မကဘူး။ ဟို ဝမ်ချုံးတို့ ၄ ယောက်လည်း

သတိလစ်သွားကြတာပဲ။ ငါက ဘယ်အချိန်ဆိုင်းနေလိမ့်မလဲ။ သံကွင်းတွေ၊ ခြေကျဉ်းတွေကို ဒီလွှကြိုးလေးနဲ့ ဖြတ်လိုက်တယ်။ နောက်ပြီးတော့ ငါ့အစား မင်းကို လူစားထိုးလိုက်တယ်။ မင်းလည်း ငါ့လမ်းစဉ်လိုက်ခဲ့တာပဲ။ ဟေးပေကျိဆိုတဲ့ကောင်ကို မင်းနေရာမှာ လူစားထိုးပြီး ထွက်လာတာမဟုတ်လား'' ဟု ရှင်းပြလိုက်၏။

လင့်ဟူချုံးက ရယ်လိုက်ပြီး ''သြော် ... လက်စသတ်တော့ ဆရာကြီးက ကျွန်တော့်အဝတ်အစားတွေလဲပြီး အပြင်ထွက်ခဲ့တာကိုး'' ဟု ပြောလိုက်သည်။

ရှန့်ဝန့်ထင်းက ''ဟုတ်တယ် ညီလေးရ။ ဂိုဏ်းချုပ်ကြီးက မင်းရဲ့အဝတ်အစားတွေကိုလဲပြီး ထွက်လာတာ။ ဝမ်ချုံးတို့ ၄ ယောက်က မေ့လဲနေကြတော့ ဘာမှ အခက်အခဲမရှိတော့ဘူးပေါ့''

လင့်ဟူချုံး ...

''အစ်ကိုကြီးရဲ့ အကြံက တကယ်ကောင်းတာပဲ။ စပြီး စီစဉ်ကတည်းက တစ်ကွက်မှ ဟာကွက်မရှိဘူး။ ဒီနှင်းဆီဂေဟာရောက်ရောက်ချင်း အစ်ကိုကြီး ထုတ်ထုတ်ပြနေတဲ့ ပစ္စည်းတွေကိုတွေ့ရတော့ ကျွန်တော် အရမ်းအံ့သြနေတာ။ တော်ရုံတန်ရုံလူဆိုရင် ဘယ်ဒီလောက် အကွက်စေ့စေ့ စီစဉ်နိုင်လိမ့်မလဲ။ အစ်ကိုကြီးထုတ်ပြတဲ့ ပစ္စည်းတွေက ဒီနှင်းဆီဂေဟာက ၄ ယောက်စလုံး ငန်းငန်းတက်လိုချင်နေတဲ့ ပစ္စည်းတွေဖြစ်နေလို့သာ ဆရာကြီးလင်းရှင်ကို ကယ်ထုတ်နိုင်တဲ့အဆင့်အထိ ရောက်လာတာပဲနော်''

ရှန့်ဝန့်ထင်းက ရယ်မောလိုက်သည်။ သူ့အနေဖြင့်လည်း သည်တောင်ပိုင်းရဲလေးဖော်ဆိုသည့် ဝမ်ချုံးတို့ ၄ ယောက်က သူတို့အား စိတ်ဝင်တစား လက်ခံမှသာ လင်းရှင်လက်ထဲသို့ သံမဏိကြိုးကလေး ပေးပို့နိုင်မည်ကိုသိသည်။ ထို့ကြောင့် လစ်ကွက်ဟာကွက်မရှိအောင် အဖက်ဖက်မှ ပြင်ဆင်ခဲ့ရခြင်းဖြစ်၏။ ရှန့်ဝန့်ထင်းက လင့်ဟူချုံးအား လာမကယ်နိုင်သည့် အခြေအနေကို ဆက်ရှင်းပြလိုက်သည်။

''ညီလေး ... ဂိုဏ်းချုပ်ကြီး လွတ်လာပြီးတဲ့နောက် ငါတို့မှာ လုပ်စရာကိစ္စတွေ အများကြီးရှိနေတယ်။ အဲသည်လုပ်စရာတွေကို အကွက်စေ့စေ့ လိုက်လုပ်နေရတယ်။ နောက်တစ်ခုက ငါတို့လွတ်လာပြီဆိုတာကို ငါတို့ရန်သူကြီးကို အသိပေးလို့မဖြစ်တဲ့ အချက်ပဲ။ ဒီတော့ မင်းအနေနဲ့ မြေအောက်ခန်းထဲမှာ အချိန်ကြာကြာ ပိုနေလိုက်ရတာပေါ့''

ရှန့်ဝန့်ထင်းက လင့်ဟူချုံးကို ပြုံး၍ကြည့်လိုက်ကာ

''မြေအောက်အချုပ်ခန်းထဲမှာ နေနေရတဲ့အတွက် ညီလေးအနေနဲ့တော့ တော်တော်ကလေး စိတ်ဆင်းရဲစရာဖြစ်သွားမှာပဲ။ ဒါပေမယ့် ညီလေးက မြေအောက်ခန်းထဲမှာ ရှိနေတဲ့အတွက် တစ်ဖက်ရန်သူတွေက ဂိုဏ်းချုပ်ကြီး မြေအောက်ခန်းထဲမှာ ရှိနေသေးတယ်လို့ ထင်ထားကြတော့ ငါတို့အတွက် လုပ်ရကိုင်ရတာ ပိုပြီးအဆင်ပြေသွားတာပေါ့။ ဒီကနေ့ည ငါတို့ဒီကို ရောက်လာတာကတော့ မင်းကို လာကယ်တာပဲ။ အခုတော့ မင်းကကံကောင်းပြီး ဂိုဏ်းချုပ်ကြီးရဲ့ အတွင်းအားသိုင်းပညာကိုတောင် ရထားသေးတယ်။ ကျေရောပေါ့ကွာ။ ဟား ဟား ဟား''

ရှန့်ဝန့်ထင်းက ပြောပြောဆိုဆိုနှင့် သူ့လက်ထဲမှ ကိုင်ထားသောအရက်ခွက်ကို မြှောက်လိုက်သည်။

''ကဲ ... ဟောသည်တစ်ခွက်ကတော့ ညီလေးအနေနဲ့ အချုပ်ထဲမှာ ကြာကြာနေလိုက်ရတဲ့အတွက် ငါက တောင်းပန်တဲ့ အရက်ပဲ''

ရှန့်ဝန့်ထင်း၏စကားများကို ကြားရသောအခါ လင့်ဟူချုံး အလွန်တရာ ကျေနပ်သွား၏။ ဘေးရောက်သောအခါ၌ တစ်ချက်၊ ဥစ္စာပျောက်သောအခါ၌လည်း တစ်ဝ၊ ထိုကာလမျိုး၌ မေးမြန်းပေးကမ်း ဖေးမထောက်ကူလာသူသည် ချစ်ဆွေခင်ပွန်း မြည်သည် မဟုတ်ပါလား။ ယခုတစ်ခေါက် ရှန့်ဝန့်ထင်းတို့လာခြင်းသည် မိတ်ဆွေကောင်းပီသစွာ မိမိအား မေ့လျော့ခြင်းမရှိပဲ ကယ်တင်ရန် ရောက်လာခြင်းဖြစ်၍ မိမိအဖို့ အဘယ်မှာလျှင် မကျေနပ်ပဲရှိအံ့နည်း။

လင့်ဟူချုံးကလည်း သူ၏လက်ထဲမှအရက်ခွက်ကို မော့သောက်လိုက်တော့သည်။ လင့်ဟူချုံး အရက်ခွက်ပြန်ချလိုက်သောအခါ လင်းရှင်ကလည်း အရက်တစ်ခွက်ကို မြှောက်၍ပြကာ

''ငါကလည်း မင်းကို ဒီတစ်ခွက်နဲ့ တောင်းပန်ပါတယ်'' ဟုပြောရင်း အရက်ခွက်ကို မော့သောက်လိုက်တော့၏။ လင့်ဟူချုံးကလည်း နောက်တစ်ခွက် ထပ်သောက်လိုက်ပြန်သည်။

လင့်ဟူချုံးမှာ သဘောထားကြီးပြီး နားလည်ခွင့်လွှတ်တတ်သူဖြစ်ရာ ရှန့်ဝန့်ထင်းနှင့် လင်းရှင်တို့ကို ခွင့်လွှတ်ကျေနပ်ပြီးဖြစ်သည်။ ရှန့်ဝန့်ထင်းကိုမူ တကယ့်ညီရင်းအစ်ကိုကဲ့သို့ ရင်းနှီးပြီးဖြစ်၍ မည်သို့မျှ ရှင်းလင်းပြရန်

မလိုသော်လည်း လင်းရှင်နှင့်မူ ရှန့်ဝန့်ထင်းလောက် ရင်းနှီးမှုမရှိသေး၍ ရှင်းပြရန်လိုသည်ဟု ယူဆပြီး လင့်ဟူချုံးက ရယ်မော၍ ရှင်းပြလိုက်သည်။

"ကျွန်တော့်ကို ဒီလောက်တောင်းပန်ဖို့ မလိုပါဘူး။ ကျွန်တော်ကသာ အစ်ကိုကြီးနဲ့ ဆရာကြီး လင်းရှင်ကို ပြန်ပြီး ကျေးဇူးတင်ရမှာပါ"

လင်းရှင်က "ဟ … ဘယ့်နှယ် ငါတို့ကိုပြန်ပြီး ကျေးဇူးတင်နေရတာလဲကွ။ ငါတို့က မင်းကို ဘာမှ ကျေးဇူး မပြုခဲ့ပါဘူး"

လင့်ဟူချုံးက "အဲသည်အကြောင်းကို အစ်ကိုကြီး သိပြီးဖြစ်နေလို့ သိပ်ထူးဆန်းမှာ မဟုတ်ပါဘူး။ ဆရာကြီး မသိသေးလို့ အခုလိုရှင်းပြရတာပါ။ ကျွန်တော့်ရဲ့ အတွင်းဒါဏ်ရာက ကုရာနတ္ထိ ဆေးမရှိ ဖြစ်နေတဲ့ရောဂါပါ။ အခု ဆရာကြီးရဲ့ အတွင်းအားသိုင်းပညာကို လေ့ကျင့်လိုက်တော့ မမျှော်လင့်ပဲ အတွင်းဒါဏ်ရာ လုံးဝပျောက်ကင်းသွားခဲ့ပါပြီ။ အရင်ကဆိုရင် လင့်ဟူချုံးဆိုတဲ့ကောင်ဟာ သေမယ့်ရက်ကို လက်ချိုးပြီး စောင့်နေရတဲ့ကောင်ပါ။ အခုတော့ အသက် ချမ်းသာရာ ရသွားခဲ့ပါပြီ"

လင့်ဟူချုံး၏စကားဆုံးသွားသောအခါ လင်းရှင်နှင့် ရှန့်ဝန့်ထင်းတို့က သဘောကျနှစ်ခြိုက်စွာ ရယ်မောလိုက်သဖြင့် လင့်ဟူချုံးပါ လိုက်၍ရယ်မိတော့သည်။

လင်းရှင်က "အင်း … ရှန့်ဝန့်ထင်း ပြောလည်း ပြောလောက်ပါရဲ့ကွာ။ မင်းက သစ္စာရှိရုံတင်မကဘူး။ ပွင့်လည်း အင်မတန် ပွင့်လင်းသကိုး"

ဤသို့ဖြင့် ၃ ယောက်သား ရွှင်ရွှင်လန်းလန်းနှင့် စကားဖောင်ဖွဲ့နေမိကြတော့သည်။ အတန်ကြာ စကားပြောဆို မိကြသောအခါ လင့်ဟူချုံးသည် ဂိုဏ်းချုပ်ကြီး လင်းရှင်၏ ပြောပေါက်ဆိုပေါက်ကို အလွန်သဘောကျလာမိ၏။ သည်လူကြီးသည် အတွေ့အကြုံ ဗဟုသုတ စုံလင်လှသကဲ့သို့ အပြောအဆိုလည်း ပွင့်လင်းလှ၏။

**စာစဉ် (၈) ပြီးပါပြီ။**

# သိုင်းလောကဓါစီနဲ့ဓေါသံ

## အခဉ် (၉)

# သိုင်းလောက၏ စိန်ခေါ်သံ

## စာစဉ်(၉)

## မာတိကာ


| | | | |
|---|---|---|---|
| | နေမင်းသခင် ဂိုဏ်းချုပ်ကြီးမှ အဆက် | hotrod | ၆၇၇ |
| အခန်း(၅၇) | သက်တန့်တောင်ထိပ် | hotrod | ၆၈၆ |
| အခန်း(၅၈) | ခြောင်းမြောင်းလုပ်ကြံခြင်း | hotrod | ၆၉၆ |
| အခန်း(၅၉) | ထောင်ချောက်ဆင်ခြင်း | hotrod | ၇၀၈ |
| အခန်း(၆၀) | နောက်ဆုံးဂတိ | hotrod | ၇၂၂ |
| အခန်း(၆၁) | ဓားသိုင်းစာအုပ် | hotrod | ၇၃၀ |
| အခန်း(၆၂) | ဝါဆန်းဂိုဏ်း၏ သစ္စာဖေါက် | hotrod | ၇၃၆ |



**scanned by NEO@mmcp**

ပထမအဆင့် တည်းဖြတ်သူ **hotrod**

အချောသတ် တည်းဖြတ်သူ **sideeffect**

လင်းရှင်က အရက်တစ်ခွက်ကို မော့သောက်လိုက်ပြီး လင့်ဟူချုံးအား လှမ်းပြောလိုက်၏။

"ညီလေး . . . အခုဒီလူတွေ အပေါ် ဆက်ဆံလိုက်တာကို ကြည့်ပြီး ငါ့ကို မင်းက တစ်မျိုးမြင်ချင် မြင်နေလိမ့်မယ်။ . . . မင်းစိတ်ထဲမှာ တစ်မျိုးကြီး ခံစားနေရတယ်။ ငါပြောတာ ဟုတ်ရဲ့လား"

လင့်ဟူချုံးက စကားတစ်လုံးမျှမပြောပဲ ဂိုဏ်းချုပ်ကြီးလင်းရှင်ကို ပြုံး၍သာ ကြည့်နေလိုက်၏။

လင်းရှင်က "ညီလေးအနေနဲ့ တစ်ခု သိထားရမယ်။ ငါက ရက်ရက်စက်စက် ဆက်ဆံလိုက်တဲ့ လူတွေဟာ ဘယ်လို လူတွေလဲဆိုတာ ကောင်းကောင်းကြီး သိထားရမယ်။ ဒီလူတွေဟာ သာမန်အရပ်သားတွေ မဟုတ်ကြဘူး။ . . . ငါ့ရဲ့ ရန်သူတွေ၊ ငါ့ကို မြေအောက်ခန်းထဲမှာ ပိတ်ထားတာ ဘယ်လောက်ကြာသလဲ မင်းပဲစဉ်းစားကြည့်။ . . . မင်းလည်း မြေအောက်ခန်းထဲမှာ ၃ လလောက် နေခဲ့ရတာပဲ။ မြေအောက်အကျဉ်းသား ဖြစ်ရတဲ့ ခံစားချက်ကို ကောင်းကောင်း သိမှာပေါ့။"

စကားပြောနေရင်းမှ လင်းရှင်၏လေသံမှာ တဖြည်းဖြည်း မာကျောလာ၏။ သူ့စိတ်ထဲတွင် မြေအောက်ခန်းထဲသို့ ပြန်ရောက်သွားသကဲ့သို့ ခံစားလိုက်ရသည့် အသွင်ဖြင့်

". . . ငါ့အနေနဲ့ ရန်သူနဲ့ သစ္စာဖောက်တွေကို ညှာညှာတာတာ ဆက်ဆံသင့်သလား။ . . . ဒီကောင်တွေကို ရက်ရက်စက်စက် လုပ်နိုင်မှ တန်ရာကျမှာ။ ဒီအချက်ကို ညီလေး သဘောပေါက်ရင်တော့ ငါ့ကို သိပ်ရက်စက်တယ်လို့ ထင်မှာ မဟုတ်ပါဘူး"

လင့်ဟူချုံးက ကောင်းစွာ သဘောပေါက်ပြီးဖြစ်သဖြင့် ခေါင်းညိတ်ပြလိုက်၏။ ချက်ချင်းပင် ဆတ်ကနဲ ဖြစ်သွားပြန်သည်။ ယင်းကို လင်းရှင်သာမက ရှန့်ဝန့်ထင်းကပါ သတိပြုလိုက်မိ၏။ လင့်ဟူချုံးက မတ်တတ်ရပ်လိုက်ပြီး လင်းရှင်အား ဂါရဝ ပြုလိုက်၏။

"ဆရာကြီးကို ကျွန်တော့်အနေနဲ့ အနူးအညွတ် တောင်းပန်ချင်တဲ့ ကိစ္စတစ်ခု ရှိနေပါတယ်။ ကျွန်တော့်ကို လိုက်လျောဖို့ တောင်းပန်ပါတယ်"

လင်းရှင်က စိတ်ဝင်စားစွာဖြင့် မေးလိုက်၏။

"ဘာကိစ္စများလဲ"

လင့်ဟူချုံးက "ကျွန်တော်နဲ့ ပထမဆုံးအကြိမ် စတွေ့တုန်းက ဆရာကြီး ကြုံးဝါးလိုက်တဲ့ အချက်ကို ပြန်သတိရ လိုက်လို့ပါ။ 'ငါသိုင်းလောကထဲ ပြန်ရောက်ရင် ဝါဆန်းဂိုဏ်းကို ကောင်းကောင်းကြီး နှိပ်စက်ပြမယ်' လို့ ဆရာကြီး ပြောဖူးတယ် မဟုတ်လား။ ဆရာကြီးရဲ့ သိုင်းပညာနဲ့သာဆိုရင် ဘယ်သူမှ ဆရာကြီးကို ခုခံနိုင်မှာ မဟုတ်ပါဘူး"

လင်းရှင်က ရယ်မောလိုက်ပြီးနောက် "မင်းက ဘာတွေ တောင်းပန်နေတာတုန်း။ ရက်ပုဒ္ဒါန်က မင်းကို ဝါဆန်းဂိုဏ်းကနေ မောင်းထုတ်လိုက်ပြီတဲ့။ အခုပဲ ငါတို့သွားပြီးတော့ ဒီကောင်တွေကို အရှက်ခွဲပစ်မယ်။ မင်းအတွက် ပိုပြီး လက်စားချေပေးမယ်။ မကောင်းဘူးလား။"

လင့်ဟူချုံးက ခေါင်းကို သွက်သွက်ခါယမ်းလိုက်ပြီး

"မကောင်းဘူး ဆရာကြီး . . . မကောင်းဘူး။ ဘာလို့လဲဆိုတော့ မိဘမဲ့ ကျွန်တော့်ကို ဆရာနဲ့ ဆရာမက

ကျွေးမွေးပြုစုပြီး လူလားမြောက်အောင် စောင့်ရှောက်ခဲ့တာပါ။ အခုအချိန်မှာ ဆရာက ကျွန်တော့်ကို ဂိုဏ်းထဲက မောင်းထုတ်ခဲ့တာ မှန်ပါတယ်။ ဒါပေမယ့် သူတို့ရဲ့ကျေးဇူးကို ကျွန်တော် မမေ့နိုင်ပါဘူး ဆရာကြီး။ ဒါကြောင့် တောင်းပန်ရတာပါ"

လင်းရှင်က ပြုံးလိုက်ပြီးနောက် "ကောင်းပြီ။ ဒါဆိုရင် မင်းလိုချင်တဲ့ အချက်က ဘာလဲ။ ရှင်းရှင်း ပြောလိုက်စမ်းပါကွ"

လင့်ဟူချုံးက

"ကျွန်တော် တောင်းပန်ချင်တာက ဒီလိုပါ။ ကျွန်တော့်ဆရာ၊ ဆရာမနဲ့ ဝါဆန်းဂိုဏ်းသားတွေကို ဆရာကြီး အနေနဲ့ အပြစ်မယူပဲ ခွင့်လွှတ်ဖို့ပါပဲ"

လင်းရှင်က ချက်ချင်းအဖြေမပေးချေ။ စဉ်းစားနေသေး၏။ ပြောပြီးသည်နှင့် လင့်ဟူချုံးမှာ ရင်တမမဖြင့် စောင့်စားနေရတော့၏။ လင်းရှင်ကသာ မသက်ညှာလျှင် ဝါဆန်းဂိုဏ်းသားတို့၏ သွေး ပင်လယ် ဝေရတော့ပေမည်။

အတန်ကြာသောအခါ လင်းရှင်က တဟားဟား အော်ရယ်လိုက်တော့သည်။

"ညီလေး ... သက်တောင့်သက်သာ ထိုင်နေစမ်းပါ။ မတ်တတ်ကြီး ရပ်မနေပါနဲ့"

လင်းရှင် ဆက်ပြောမည့် စကားကို တွေးဆရင်း လင့်ဟူချုံးက ထိုင်ခုံ၌ ပြန်ထိုင်လိုက်၏။

လင်းရှင်က "ဒီလောကမှာ ရှန့်ဝန့်ထင်းနဲ့ မင်းဟာ ငါ့ရဲ့ လူယုံတော်ကြီးတွေပဲ။ သစ္စာရှိ ရဲဘော်ရဲဘက်တွေလို့ ပြောရင် ပိုမှန်မယ်။ မင်းက တစ်စုံတစ်ခု တောင်းဆိုလာတာကို ငါ့အနေနဲ့ ဘယ်မှာ လျစ်လျူရှုလို့ဖြစ်မလဲ။ မင်းတောင်းဆိုလာတာကို လေးလေးနက်နက် စဉ်းစားရမှာပေါ့။ . . . ကဲ . . . ငါပြောမယ်။ . . . မင်းဖက်က ငါ့ကို တစ်ခု လိုက်လျောရင် ငါကလည်း မင်းတောင်းဆိုတာကို လိုက်လျောမယ် . . . ဘယ့်နှယ်လဲ"

လင့်ဟူချုံးက ဝမ်းသာအားရဖြင့် "ဟုတ်ကဲ့ . . . ဆရာကြီး ဘာပြောမှာလဲ ပြောပါ"

လင်းရှင်က "မင်းနဲ့ ငါနဲ့ အခုဆိုရင် ညီအစ်ကိုလို ဖြစ်လာပြီ။ ဒီနေ့ကစပြီး ငါတို့ ၃ ယောက် သေအတူ ရှင်အတူ၊ အေးအတူပူအမျှ လက်တွဲကြရင် မကောင်းဘူးလား။ ရှန့်ဝန့်ထင်းနဲ့ မင်းသာ သစ္စာရှိနေမယ်ဆိုရင် ရန်သူတစ်ထောင် လာပါစေ။ ငါမကြောက်ဘူး . . . ငါပြောချင်တာက . . ."

လင်းရှင်က စကားကို ရပ်လိုက်ပြီး လင့်ဟူချုံးကို အကဲခတ် ကြည့်လိုက်သည်။ လင့်ဟူချုံး၏ မျက်နှာ၌ သိလိုသည့် အရိပ်အယောင်များ ပေါ်ပေါက်နေသည်ကို တွေ့တော့မှ ဆက်ပြောလိုက်၏။

"ရှန့်ဝန့်ထင်းက နေမင်းသခင်ဂိုဏ်းကြီးရဲ့ လက်ဝဲရံဆိုတော့ကာ မင်းကို လက်ယာရံအဖြစ် ခန့်မယ်။ မင်းဘယ်လို သဘောရလဲ"

လင့်ဟူချုံးမှာ ပါးစပ်အဟောင်းသား ဖြစ်သွားရတော့၏။ သူ့အနေဖြင့် ဤကဲ့သို့သော ကမ်းလှမ်းမှုမျိုး ရလိမ့်မည်ဟု လုံးဝထင်မထားခဲ့သဖြင့် စကားမပြန်နိုင်တော့ပဲ အကြောင်သား ငေးနေမိ၏။ လင်းရှင်သည် မိမိကို သူ့ဂိုဏ်းထဲ ဝင်ခိုင်းမည်ထက် အခြားအရေးကြီးသော ကိစ္စတစ်ခုခုကို ခိုင်းစေလိမ့်မည်ဟုသာ ထင်မှတ်ခဲ့မိ၏။

သူ့အနေဖြင့် ငယ်စဉ်တောင်ကျေး ကလေးဘဝကတည်းကပင် မကောင်းဆိုးဝါးဂိုဏ်းအကြောင်းကို ဆရာနှင့် ဆရာမတို့ ပြောစကားများအရ သိရှိထားပြီး ဖြစ်သည်။

ယခု ဝါဆန်းဂိုဏ်းမှ နှင်ထုတ်ထားသဖြင့် တစ်ယောက်တည်း လေလွင့်နေရသော်လည်း မကောင်းဆိုးဝါးဂိုဏ်းထဲ ဝင်ရသည်ထက်တော့ ကျေနပ်မှုရှိ၏။ မကောင်းဆိုးဝါးဂိုဏ်းထဲ ဝင်ရန်မှာ လင့်ဟူချုံးအဖို့ မလွယ်ကူသော အလုပ်ကြီး ဖြစ်နေတော့၏။

လင်းရှင်၏ စကားဆုံးသောအခါ ငြိမ်သက်တိတ်ဆိတ် သွားလေတော့၏။ လင့်ဟူချုံး စဉ်းစားနေသည်ကို လင်းရှင်ရော ရှန့်ဝန့်ထင်းပါ စောင့်ကြည့်နေကြ၏။ မည်သည့်စကားမျှ မပြောတော့ပဲ အေးအေးဆေးဆေး စဉ်းစားနိုင်ရန် တိတ်ဆိတ်စွာ နေပေးကြ၏။

အတန်ကြာသောအခါ လင့်ဟူချုံးက စကားစလိုက်သည်။

"ဆရာကြီး . . . အခုလောလောဆယ် ကျွန်တော့်ကို ဆရာက မောင်းထုတ်လိုက်ပေမယ့် နောင်တစ်ချိန်ချိန်ကျရင် ဆရာက ကျွန်တော့်ကို ပြန်ပြီး လက်ခံမှာပဲလို့ ထင်နေတယ်။ ဒါကြောင့်မို့ . . ."

လင်းရှင်က ရယ်လိုက်ပြီး "အေးလေ . . . မင်းက ငါနဲ့ မပူးပေါင်းချင်ဘူး ဆိုတာကို ငါက အပြစ်မတင်ပါဘူး။ ငါဟာ နေမင်းသခင် ဂိုဏ်းချုပ်ကြီးဆိုတာ အတိတ်မှာပဲ။ အခုအချိန်မှာတော့ တုံးဖန်းပုကသာ နေမင်းသခင် ဂိုဏ်းချုပ်ကြီးပဲ"

လင့်ဟူချုံးက ကမန်းကတန်း ဖြေရှင်းလိုက်သည်။

"အဲသည်လို မဟုတ်ပါဘူး ဆရာကြီး။ အဲသည်သဘောနဲ့ ကျွန်တော်က နေမင်းသခင်ဂိုဏ်းထဲ မဝင်တာ မဟုတ်ပါဘူး . . ."

လင်းရှင်က စကားဖြတ်ပြီး ပြောလိုက်၏။

"ထားပါလေ။ မင်းစိတ်ထဲမှာ ဘယ်လိုရှိသလဲဆိုတာကို ငါ့ကိုပြောပြဖို့ မလိုပါဘူး။ အခုလည်း စကားအလျဉ်းသင့်လို့ ရှင်းပြတာပါ။ တုံးဖန်းပုဆိုတဲ့ကောင်က ငါ့ထက် သိုင်းပညာ တော်ချင်မှတော်မယ်။ ဒါပေမယ့် ငါ့ထက် ဉာဏ်ရည်ကောင်းတာတော့ အမှန်ပဲ။ သူ့လက်အောက်မှာ တပည့်တပန်း ငယ်သားတွေကလည်း တော်တော်လေး စုစုစည်းစည်း ဖြစ်နေတယ်။ သူ့လက်ထဲက ဂိုဏ်းချုပ်ကြီးရာထူးကို ပြန်လုဖို့ဆိုတာ အပြောလွယ်ပေမယ့် အလုပ်ခက်တဲ့ ကိစ္စပေပဲ။ . . . ကဲ . . . ကဲ . . . ငါတို့ အရက်ဆက်သောက်ကြစို့။ ဒီအကြောင်းတွေ ထားလိုက်တော့"

ဤသို့ဖြင့် ဝါဆန်းဂိုဏ်း ဖျက်ဆီးမခံရအောင် တားဆီးရန် ကြိုးစားသော လင့်ဟူချုံး၏ အကြံမှာ သောင်မတင်ရေမကျ ဖြစ်နေတော့သည်။ လင့်ဟူချုံးက စကားလွှဲလိုက်၏။

"ဆရာကြီး . . . တုံးဖန်းပုက ဂိုဏ်းချုပ်ကြီး ရာထူးကို ဘယ်လို လုသွားတာလဲ"

ရှန့်ဝန့်ထင်းက ဝင်၍

"တုံးဖန်းပုအကြောင်းကို ရှင်းပြရရင် အတော်ကလေး ရှည်မယ်။ . . . ညီလေး . . . မင်းနဲ့ငါနဲ့ စတွေ့တဲ့နေ့ကို မှတ်မိသလား"

လင့်ဟူချုံးက "ဟာ . . . မှတ်မိတာပေါ့။ အဲသည်တုန်းက ရှောင်လင်ကျောင်းပေါ်က ဆင်းလာတာ။ လူတွေက ရတ်ရတ်သဲသဲ ဖြစ်နေတာနဲ့ လိုက်ကြည့်တော့ လူတစ်ယောက်ကို လိုက်ဖမ်းနေတာ ဖြစ်နေတယ်။ အလိုက်ခံရတဲ့လူက အစ်ကိုကြီး ရှန့်ပဲလေ"

ရှန့်ဝန့်ထင်းက "အဲဒါပေါ့ ညီလေးရ။ တုံးဖန်းပုဆိုတာက ကိစ္စတစ်ခုကို လုပ်ပြီဆိုရင် အောင်မြင်တဲ့အထိ လုပ်တာ။ အဲသည်နေ့က ငါ့ကို လိုက်ဖမ်းတဲ့လူတွေ နည်းသလား။ မင်းအမြင်ပဲ။ မင်းကသာ ဝင်မကယ်ရင် ငါဘယ်ခံနိုင်မလဲ။ သူတို့ဓါးချက်နဲ့ သေလောက်ပြီ။ ဒီလောက်များတဲ့ အင်အားကို ငါက ဘယ်မှာ ယှဉ်ပြိုင်နိုင်မှာလဲ"

ရှန့်ဝန့်ထင်းက ခဏနားပြီး အရက်တစ်ခွက်ကို မော့သောက်လိုက်၏။ လင့်ဟူချုံးက စိတ်ရှည်လက်ရှည် နားထောင်နေသည်။

ရှန့်ဝန့်ထင်းက ဆက်၍ "ဂိုဏ်းချုပ်ကြီးလင်းရှင် မဟူရာတောင်ကုန်းမှာ ရှိနေစဉ်တုန်းက တုံးဖန်းပုကို ဘယ်လက်ရုံးအဖြစ် အားကိုးခဲ့တယ်။ ဂိုဏ်းရဲ့ ကိစ္စအားလုံးကို တုံးဖန်းပုကိုပဲ လွှဲထားတယ်။ ဂိုဏ်းတွင်းမှာ ဘယ်ကိစ္စမဆို တုံးဖန်းပုက စီမံခန့်ခွဲနိုင်တဲ့ အာဏာရှိတယ်။ အဲသည်တုန်းက ဆရာကြီး လင်းရှင်က အတွင်းအားစုပ်သိုင်းပညာရဲ့ ချွတ်ယွင်းချက်တွေကို ပြုပြင်ဖို့ ကြိုးစားနေတဲ့ အချိန်ပဲ။ ဒါကြောင့်မို့ ဂိုဏ်းတွင်း အရေးကိစ္စတွေကို မကြည့်နိုင်ဘူး။ အားလုံးကို မျက်နှာလွှဲထားခဲ့ရတယ်"

ရှန့်ဝန့်ထင်းက စကားကို ရပ်ကာ လင်းရှင်၏ အခြေအနေကို လှမ်းကြည့်လိုက်၏။ လင်းရှင်က ဆက်ပြောရန် လက်ဟန်ပြတော့မှ ဆက်ပြောသည်။

"အဲသည်မှာတင် တုံးဖန်းပုက အဲသည်အခွင့်အရေးကို အပြည့်အဝ ယူတော့တာပဲ။ ဂိုဏ်းချုပ်ကြီး ရာထူးကို လုယူဖို့အတွက် အတွင်းကြိတ် ကြံစည်တော့တာပေါ့။ ဂိုဏ်းထဲမှာ သူ့လူတွေ ကြိတ်ပြီးမွေးတယ်။ ဂိုဏ်းချုပ်ကြီး အပေါ် သစ္စာရှိတဲ့လူတွေကိုတော့ အကြောင်းအမျိုးမျိုးရှာပြီး ဖြုတ်ပစ်တယ်။ တစ်ချို့ကို သတ်ပစ်တယ်။ အဲသလိုနဲ့ နောက်ဆုံးမှာ ဂိုဏ်းချုပ်ကြီးအပေါ် သစ္စာရှိတဲ့ ဂိုဏ်းသားဆိုလို့ မရှိသလောက် ဖြစ်သွားတယ်။ အဲသလို ဖြစ်ပျက်နေတာကို ဂိုဏ်းချုပ်ကြီးက မသိဘူး။ မသိရတဲ့ အကြောင်းကတော့ ၂ ခုရှိတယ်။ အတွင်းအားစုပ်သိုင်းကို ဂိုဏ်းချုပ်ကြီးက နေ့နေ့ညည စိတ်ဝင်စားနေတာက တစ်ကြောင်း၊ တုံးဖန်းပုက အလုပ်လုပ်ရင် အင်မတန်ပါးနပ်ပြီး ပိပိရိရိနဲ့ လုပ်တတ်တာ တစ်ကြောင်းပေါ့ကွာ"

လင်းရှင်က သက်ပြင်းချလိုက်ပြီး "ရှန့်ဝန့်ထင်း . . . အဲသည်တုန်းက အဖြစ်အပျက်တွေအတွက် မင်းကို ငါက တောင်းပန်ဖို့ ကောင်းနေပြီ။ အခုနောက်ပိုင်းကျမှ ငါလည်း တွေးတွေးပြီး စိတ်မကောင်း ဖြစ်နေရတာပဲ။ အဲသည်တုန်းက မင်းက ငါ့ကို တုံးဖန်းပုကို သတိထားဖို့ ပြောခဲ့ဖူးတယ်။ ငါကလည်း တုံးဖန်းပုကို သိပ်ယုံကြည်နေတော့ မင်းကို အော်လားငေါက်လားနဲ့ ဒေါသထွက်ခဲ့သေးတယ်။ အဲဒါနဲ့ မင်းကလည်း ငါ့ကိုစိတ်ဆိုးပြီး ထွက်သွားတယ်။ ငါ့အမှားပေါ့ကွာ။ အင်မတန်ကြီးမားတဲ့ အမှားပေါ့"

မိုးလွန်မှ ထွန်းချ ဆိုသကဲ့သို့ လင်းရှင်သည် ဖြစ်ပြီးမှ နောင်တရခဲ့ရသည်။ စကားသာယာ ချောင်းစွာဖြင့် ဝမ်းထဲက ကွေ့ကောက် ကြံစည်တတ်သော လူယုတ်မာတို့၏ သဘောကို မရိပ်မိခဲ့သဖြင့် တုံးဖန်းပု၏ လက်ချက်မိကာ ဂိုဏ်းချုပ်ကြီးအရာမှ ကျခဲ့ရ၏။ ယခုကဲ့သို့ အတိတ်ဇာတ်ကြောင်းကို ပြန်လည် ပြောမိသောအခါတွင် လင်းရှင်က သူ့အမှားကို တသသ ဝန်ခံမိတော့၏။

ရှန့်ဝန့်ထင်းက "ကျွန်တော်က စိတ်ဆိုးပြီး ထွက်သွားတယ်လို့ထင်ရင် ဂိုဏ်းချုပ်ကြီး လွဲသွားပြီ။ အခြေအနေ မဟန်လို့ ကျွန်တော် ထွက်သွားတာပါ။ တုံးဖန်းပုက အစီအစဉ်အားလုံး လုပ်ပြီးနေပြီ။ လစ်ကွက်ဟာကွက် ဆိုလို့ တစ်ကွက်မှ မရှိအောင် စီစဉ်ထားတာ။ ဂိုဏ်းချုပ်ကြီး အနားမှာ ကျွန်တော်ရှိနေရင် သူက တစ်နည်းနည်းနဲ့ ကျွန်တော့်ကို လုပ်ကြံမှာပဲ။ ဂိုဏ်းထဲမှာလဲ သူ့လူတွေချည်းပဲဆိုတော့ တစ်ချိန်မဟုတ် တစ်ချိန်တော့ ခံရမှာပဲ"

လင်းရှင်က ခေါင်းငြိတ်ပြရင်း

"မင်းပြောတာ ဟုတ်တယ်။ ဟိုတုန်းကတော့ ငါက လုံးလုံးလျားလျား သဘောမပေါက်ခဲ့ဘူး။ မင်းကို ဒေါသထွက်ပြီးတော့ ငါတို့ဂိုဏ်းရဲ့ 'နေကြာပန်း သိုင်းပေါင်းချုပ်' ကိုတောင် တုံးဖန်းပုလက်ထဲကို ငါက ထည့်လိုက်သေးတယ်"

လင်းရှင်၏စကားကို ကြားလိုက်ရသောအခါ လင့်ဟူချုံးမှာ 'ဟာ' ကနဲ ရေရွတ်လိုက်မိ၏။ လင့်ဟူချုံးကို လင်းရှင်က တစ်ချက်ကြည့်လိုက်ပြီး

"ညီလေး . . . ဘာဖြစ်လို့လဲ။ 'နေကြာပန်း သိုင်းပေါင်းချုပ်' ဆိုတဲ့ နာမည်ကို ကြားဖူးနေလို့လား။"

လင့်ဟူချုံးက ခေါင်းညိတ် ဝန်ခံလိုက်၏။

"ဟုတ်ကဲ့ . . . ကြားဖူးပါတယ်။ ဆရာတစ်ခါ ပြောဖူးလို့ပါ။ အဲသည်သိုင်းစာအုပ်ထဲက သိုင်းပညာက သိပ်ပြီး ကျယ်ဝန်းတယ်။ ခက်ခဲနက်နဲတယ်တဲ့။ 'နေကြာပန်း သိုင်းပေါင်းချုပ်' ဘယ်ရောက်နေမှန်း ဘယ်သူမှ မသိကြဘူးတဲ့။ လက်စသတ်တော့ ဆရာကြီးတို့ဂိုဏ်းထဲမှာ ရှိနေတာကိုး"

လင်းရှင်က ကျေနပ်စွာဖြင့် "အေးလေ . . . မင်းဆရာလို လူမျိုးကတောင် ဒီသိုင်းစာအုပ် ဘယ်မှာရှိနေမှန်း မသိရင်တော့ မင်းလို လူငယ်လေးအဖို့ သာပြီးဝေးပြီပေါ့။ . . . အဲသည် သိုင်းပေါင်းချုပ်က ငါတို့ဂိုဏ်းထဲကို မနေ့တစ်နေ့ကမှ ရောက်လာတာ မဟုတ်ဘူးကွ"

လင့်ဟူချုံးက "ဟုတ်ကဲ့ . . . ကျွန်တော်ကတော့ ဘယ်လိုမှ မသိနိုင်ပါဘူး။ ဆရာကြီးတို့ ပြောပြရင်တော့ ကျွန်တော့်အဖို့ ဗဟုသုတ တိုးတာပေါ့"

လင်းရှင်က ပြုံး၍ "အဲသည်သိုင်းပေါင်းချုပ်က လွန်ခဲ့တဲ့ အနှစ် ၃၀၀ လောက်ကတည်းက ငါ့တို့ဂိုဏ်းရဲ့ ရတနာ တစ်ပါးပါပဲ။ ရတနာဆိုတာ အမွန်အမြတ်ထားတဲ့ ပစ္စည်းဖြစ်တဲ့အတိုင်း ဂိုဏ်းချုပ်ကြီးတွေကသာ ထိန်းသိမ်းစောင့်ရှောက်ခဲ့ရတယ်။ ဒါမှလည်း လုံလုံခြုံခြုံ ဖြစ်နိုင်မယ် မဟုတ်လား"

ပြောရင်းမှ လင်းရှင်သည် အိမ်ပြတင်းဝမှ တစ်ဆင့် အဝေးသို့ ငေးမျှော်ကြည့်လိုက်၏။ လွန်ခဲ့သောအနှစ် ၃၀၀ သို့ လှမ်းပြီး ရော်ရမ်းမှန်းဆနေသည်လော မဆိုနိုင်ပေ။

"အဲသည်တုန်းက အတွင်းအားစုပ်သိုင်းကို နေ့မအား ညမနား လေ့ကျင့်နေတော့ ဘာကိုမှ အရေးမထားခဲ့ဘူး။ ဘယ်လောက်အထိ သိုင်းပညာထဲမှာ စိတ်ဝင်စားနေသလဲဆိုရင် ငါ့ရဲ့ ဂိုဏ်းချုပ်ရာထူးကိုတောင် တုံးဖန်းပုကိုပေးဖို့ စိတ်ပိုင်းဖြတ်ပြီးပြီ။ ဒါကြောင့်လည်း 'နေကြာပန်း သိုင်းပေါင်းချုပ်' ကို သူ့လက်ထဲ ထည့်ပေးလိုက်တာပေါ့ . . ."

". . . ဒါပေမယ့် ငါနားမလည်တာ တစ်ချက် ရှိတယ်။ တုံးဖန်းပုဟာ ဥာဏ်ရည် သိပ်ကောင်းတဲ့အကောင်။ အင်မတန်လည်း ပါးနပ်တယ်။ ဂိုဏ်းချုပ်ရာထူး သူ့ကို ပေးမယ်ဆိုတာကို သိနေလျက်သားနဲ့ ဘာဖြစ်လို့ ဒီလို လုယက်တဲ့ အဆင့်အထိ လုပ်ရတာလဲ။ အဲသည်အချက်ကို ငါစဉ်းစားမရဘူး"

ရှန့်ဝန့်ထင်းက

"အဲသည်အချက်ကို ကျွန်တော်သိပါတယ်။ ဂိုဏ်းချုပ်ကြီးကို မလုပ်ကြံခင် နောက်ဆုံးကျင်းပခဲ့တဲ့ နှစ်သစ်ကူးပွဲတော်ကို ဂိုဏ်းချုပ်ကြီး မှတ်မိတယ် မဟုတ်လား။ အဲသည်ပွဲတော်မှာ အရက်ဝိုင်းဖွဲ့ပြီး စားသောက်နေကြတုန်းမှာ သခင်မလေးက စကားတစ်ခွန်း ပြောလိုက်တယ်။ အဲသည်စကားကို ဂိုဏ်းချုပ်ကြီး သတိရသေးလား မရတော့ဘူးလားကို ကျွန်တော်မသိပေမယ့် အဲသည်စကားကြောင့် တုံးဖန်းပုက ဂိုဏ်းချုပ်ကြီးကို အမြန်ဆုံး ဖယ်ရှားပစ်လိုက်တယ်လို့ ကျွန်တော်ကတော့ ထင်တာပဲ"

လင်းရှင်က ခေါင်းတယမ်းယမ်းဖြင့် "နှစ်သစ်ကူးပွဲတော် . . . ဟုတ်လား . . . ဘယ်တုန်းကလဲ . . ."

လင်းရှင်က မျက်မှောင်ကုတ်လျက် စဉ်းစားနေသဖြင့် ရှန့်ဝန့်ထင်းနှင့် လင့်ဟူချုံးတို့က လင်းရှင်ပြောမည့် စကားကို

စောင့်စားနေကြသည်။

နောက်ဆုံးတွင် လင်းရှင်က "နှစ်သစ်ကူးပွဲတော် . . . လင်းလင်း . . . အဲဒါ ဘာဖြစ်သလဲ။ အဲသည်တုန်းက လင်းလင်းက ကလေးလေးပဲ ရှိသေးတာပဲ။ သူက ဘာများ ပြောနိုင်မှာလဲ။ ကလေးတစ်ယောက်ရဲ့ စကားတစ်ခွန်းနဲ့ တုံးဖန်းပုက သည်လိုလုပ်မတဲ့လား။ ငါတော့ မမှတ်မိတော့ဘူးကွာ"

ရှန့်ဝန့်ထင်းက ဖြေလိုက်၏။ "ဂိုဏ်းချုပ်ကြီး မမှတ်မိဘူးကိုး။ ဒီလိုပါ သခင်မလေးက ကလေးသာသာ ဖြစ်ပေမယ့် မှတ်ဉာဏ်သိပ်ကောင်းတယ်။ အဲသည် နှစ်သစ်ကူးပွဲတော်တုန်းက သူ့အသက်က ၈ နှစ်ပဲ ရှိသေးတယ်။ သူက ဂိုဏ်းချုပ်ကြီးဘေးမှာ ထိုင်နေပြီးတော့ လူတွေကို ရေတွက်နေတယ်။ ပြီးလဲပြီးရော ဂိုဏ်းချုပ်ကြီးကို မေးတော့တာပဲ။ . . . 'ဖေဖေ၊ ဘာဖြစ်လို့ သမီးတို့ရဲ့ နှစ်သစ်ကူးပွဲတော် စားသောက်ပွဲမှာ တစ်နှစ်ထက်တစ်နှစ် လူတွေ လျော့လျော့သွားတာလဲ။ မနှစ်တုန်းက ၁၀ ယောက်။ အရင်နှစ်က ၁၁ ယောက်၊ ဒီ့အရင်နှစ်က ၁၂ ယောက်၊ အခုနှစ်မှာတော့ ၉ ယောက်ပဲ ရှိတော့တယ်။ အဲဒါ ဘာဖြစ်လို့လဲ ဖေဖေ' . . . အဲသည်တုန်းက ဂိုဏ်းချုပ်ကြီးက သခင်မလေးကို ဘာမှ ပြန်မပြောဘူး။ ငြိမ်ပြီး စဉ်းစားနေတာပဲ။ ဂိုဏ်းချုပ်ကြီး ဘာတွေ စဉ်းစားနေမှန်းတော့ ကျွန်တော်လဲ မသိဘူး"

လင်းရှင်က သက်ပြင်းချလိုက်ရင်း

"အင်း . . . အမှန်အတိုင်း ပြောရရင်တော့ ငါအသုံးမကျလို့ပဲပေါ့ကွာ။ အဲသည်တုန်းက ငါက အတွင်းအားစုပ် သိုင်းပညာကို လေ့ကျင့်နေဆဲကိုးကွ။ . . . ငါအခုလို ပြောရတာ အကြောင်းရှိတယ်။ ဒီသိုင်းပညာက သိုင်းလောကမှာ အရမ်းနာမည်ကြီးနေတယ်။ ကြားတဲ့လူတိုင်းကလဲ ကြောက်လန့်ကုန်တာပဲ အဲဒါကြောင့်မို့ပေါ့ကွာ။ ဒါပေမယ့် ငါကိုယ်တိုင် အဲသည်သိုင်းပညာရဲ့ ဟာကွက်နဲ့ အားနည်းချက်တွေကို တွေ့ထားခဲ့တယ် . . ."

စိတ်ပါဝင်စားစွာ နားထောင်နေသည့် လင့်ဟူချုံးကို လင်းရှင်က တစ်ချက် လှမ်းကြည့်လိုက်ပြီး

"အတွင်းအားစုပ် သိုင်းပညာမှာ ဟာကွက်နဲ့ အားနည်းချက်ကို စစချင်းတော့ သတိမထားမိဘူး။ ကြာလာတော့ သတိထားမိလာတယ်။ ရောဂါလက္ခဏာက ပြလာတာကိုး။ ပျောက်အောင် မကုနိုင်ရင် တစ်နေ့ကျရင် ဒုက္ခရောက်တော့မယ်ဆိုတာ သိလာရတယ်။ သူများဆီက စုပ်ယူထားတဲ့ အတွင်းအားတွေက တစ်ချိန်မှာ ငါ့ကိုပြန်ပြီး တိုက်ခိုက်ကြလိမ့်မယ်။ ကောင်းကောင်း မထိန်းချုပ်နိုင်ရင် အဲသည်အတွင်းအားတွေရဲ့ ထိုးနှက်ချက်ကို ခံရပြီး သေမလား။ တစ်ကိုယ်လုံး အကြောတွေ သေကုန်မလားပဲ"

လင့်ဟူချုံးက လွတ်ကနဲ ပြောလိုက်မိသည်။

"ဟာ . . . တော်တော်ကြောက်စရာ ကောင်းပါကလား"

လင်းရှင်က လက်ကာပြလိုက်ပြီး သူ့စကားကို ဆက်ပြောသည်။

"ဒါကြောင့်မို့ အဲသည်နှစ်တွေတုန်းက ငါ့မှာ နေ့မအား ညမအား ဦးနှောက်ကို အလုပ်ပေးနေရတာပေါ့။ အတွင်းအားစုပ် သိုင်းပညာရဲ့ ချွတ်ယွင်းချက်၊ အားနည်းချက်တွေကို ဘယ်လို ပြုပြင်ရမလဲဆိုတာကို နာရီနဲ့အမျှ စဉ်းစားနေရတာ။ အရက်ဝိုင်းမှာ စားလိုက်၊ သောက်လိုက်၊ စကားပြောလိုက် လုပ်နေပေမယ့် ငါ့စိတ်က စားသောက်ပွဲမှာ ရှိတာ မဟုတ်ဘူး။ ရောဂါကုဖို့ပဲ စိတ်ရောက်နေတာ"

ရှန့်ဝန့်ထင်းက "ကျွန်တော် အံ့သြသွားတာကိုတော့ ပြောပြလို့တောင် ရမှာမဟုတ်ဘူး။ ဂိုဏ်းချုပ်ကြီးအကြောင်း ကျွန်တော် ကောင်းကောင်း သိတာပေါ့။ တုံးဖန်းပု ပါးနပ်တာ မှန်ပါတယ်။ ဒါပေမယ့် ဂိုဏ်းချုပ်ကြီးကလည်း အင်မတန် ပါးနပ်တာပဲ။ တစ်ထွာပြလို့ တစ်တောင် မြင်တဲ့လူကို လူတော်လို့ပြောရင် ဂိုဏ်းချုပ်ကြီးကို တစ်ထွာပြရင် တစ်လံလောက်မြင်တယ်လို့ တင်စားရမှာပဲ။ လူတစ်ယောက် ပါးစပ်ဟလိုက်တာနဲ့ သူ့ဝမ်းထဲမှာ အူဘယ်နှစ်ခွေ ရှိသလဲဆိုတာ သိနိုင်တဲ့ ဂိုဏ်းချုပ်ကြီးလို လူမျိုးက တုံးဖန်းပုရဲ့ လျို့ဝှက်အကြံအစည်ကို ဘာဖြစ်လို့ မရိပ်မိတာလဲ"

လွန်ခဲ့သည့် အတိတ်ကာလသို့ ပြန်လည်ရောက်ရှိသွားသည့်ပမာ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီး ရှန့်ဝန့်ထင်းသည် စိတ်အားထက်သန်စွာ ပြောနေ၏။

"သခင်မလေးရဲ့ စကားဆုံးသွားတဲ့အခါ တုံးဖန်းပု မျက်နှာပျက်သွားတာပဲ။ ကျွန်တော်က တုံးဖန်းပုရဲ့ အကြံအစည်ကို ရိပ်မိထားလို့ သူ့မျက်နှာရိပ်ကို အမြဲတမ်း အကဲခတ်နေတာ။ မြွေမြွေချင်း ခြေမြင် ဆိုသလိုပေါ့လေ။ ဒီကောင်က အင်မတန် လည်တော့ ချက်ချင်းပဲ ဣန္ဒြေဆည်လိုက်တယ်။ တော်ရုံလူတွေ ဘယ်သိမလဲ။ ကျွန်တော်က အမြဲတမ်း ဂရုစိုက်နေတဲ့လူမို့ သိတာ"

လင်းရှင်က "ငါယုံပါတယ်ကွာ။ အဲသည်တုန်းက မင်းရဲ့ စကားကို ငါနားထောင်ခဲ့ရင် ဒီလောက်အထိ ဘယ်ဒုက္ခရောက်လိမ့်မလဲ။ ကဲ . . . ဆက်ပြောစမ်းပါဦး"

ရှန့်ဝန့်ထင်းက ဆက်၍ “တုံးဖန်းပုဟာ မျက်နှာပျက်နေတာကို ပြင်လိုက်ပေမယ့် သူ့မျက်လုံးထဲက သက်ာမကင်းတဲ့ အရိပ်အရောင်တွေကတော့ ပျောက်မသွားဘူး။ ဒါကို ကျွန်တော်က ကောင်းကောင်းကြီး မြင်နေတယ်။ သူ့စိတ်ထဲမှာ ကျွန်တော်စဉ်းစားသလိုပဲ စဉ်းစားနေမှာပဲ။ ဂိုဏ်းချုပ်ကြီးလို အင်မတန် ပါးနပ်ပြီး အစွမ်းအစ ထက်မြက်တဲ့ လူတစ်ယောက်က ဒီအခြေအနေမျိုးမှာ သူ့အကြံအစည်ကို မရိပ်မိပဲ နေပါ့မလား။ ဂိုဏ်းချုပ်ကြီးဟာ သိလျက်သားနဲ့ မသိချင်ယောင် ဆောင်နေတာလို့ သူတွက်လိုက်ပုံရတယ်”

လင်းရှင်က “ငါကလည်း တည့်တည့်ပြောမှပဲ သိတော့တယ်။ . . . အင်း . . . ဟုတ်တယ်။ ငါ့သမီးရဲ့ စကားတစ်ခွန်းကြောင့် ဒီကောင် မယုံသင်္ကာ ဖြစ်သွားပြီး ဂိုဏ်းချုပ်ရာထူးကို ငါ့အပေး မစောင့်နိုင်တော့ပဲ မြန်မြန် လုယူတော့တာကိုး”

တုံးဖန်းပုက ဂိုဏ်းချုပ်သရဖူကို အမြန်လုယူရခြင်း အကြောင်းကို ရှန့်ဝန့်ထင်း၏ ရှင်းပြချက်ကြောင့် လင်းရှင်က ရှင်းရှင်းလင်းလင်း သဘောပေါက်သွားသည်။ ရှန့်ဝန့်ထင်းကမူ လင့်ဟူချုံးဖက် လှည့်၍

“ညီလေး . . . ဂိုဏ်းချုပ်ကြီး စောစောကပြောတဲ့ စကားကို ကြားတယ်မဟုတ်လား။ အစောပိုင်းက သူ့ရဲ့ အတွင်းအားစုပ် သိုင်းပညာမှာ ချွတ်ယွင်းချက်၊ အားနည်းချက်တွေ ရှိနေတယ်။ မြေအောက်ခန်းမှာ ၁၂ နှစ်လောက် အချုပ်ခံလိုက်ရတဲ့ အတောအတွင်းမှာ အဲဒီအားနည်းချက်တွေကို ပြုပြင်နိုင်တဲ့ နည်းလမ်းကို ရှာတွေ့ခဲ့တယ်။ တကယ်တမ်းတော့ မြေအောက်ခန်းမှာ အချုပ်ခံလိုက်ရတာဟာ ဂိုဏ်းချုပ်ကြီးအတွက် ခပ်ကောင်းကောင်းပဲ။ အခုဆိုရင် ဂိုဏ်းချုပ်ကြီးတတ်ထားတဲ့ သိုင်းပညာမှာ ချွတ်ယွင်းချက် မရှိတော့ဘူး”

လင်းရှင်က ကျေနပ်စွာဖြင့် မေးစေ့ကို ပွတ်နေရင်း

“ဟုတ်တယ်။ ငါ့ရဲ့ အတွင်းအားစုပ် သိုင်းပညာမှာ ချွတ်ယွင်းချက်၊ အားနည်းချက်ဆိုတာ မရှိတော့ဘူး။ ငါစုပ်ထားတဲ့ အတွင်းအားတွေက ငါ့ကို ပြန်ပြီး ဒုက္ခမပေးနိုင်တော့ဘူး။ သူများတွေရဲ့ အတွင်းအားတွေကို စုပ်ယူပြီး ငါ့စိတ်ကြိုက် အသုံးချလို့ရပြီ။ ဘယ်တန်ပြန်အားကိုမှ ကြောက်စရာ မလိုတော့ဘူ။ . . . ညီလေး လင့်ဟူချုံး . . . မင်းအခု သက်ပြင်းတစ်ချက်ရှိုက်ပြီး နောက်စေ့ကအကြောကို တွန်းကြည့်စမ်း။ ဘယ်လိုနေသလဲလို့ . . .”

လင်းရှင်ပြောသည့်အတိုင်း လင့်ဟူချုံးက သက်ပြင်းတစ်ချက် ရှိုက်လိုက်ကာ နောက်စေ့အကြောကို တွန်းကြည့်လိုက်၏။

သူ့ဦးခေါင်းတစ်ခုလုံး ပေါက်ကွဲသွားသကဲ့သို့ ‘အုန်း’ ကနဲ ခံစားလိုက်ရပြီး နားတစ်ခုလုံး အူသွား၏။ မျက်လုံးများ ထဲတွင်လည်း မည်းမှောင်သွားသည်။ လင့်ဟူချုံး၏ မျက်နှာရိပ်ကို အကဲခတ်နေသော လင်းရှင်က

“ညီလေး . . . အခုဘယ်လို ခံစားလိုက်ရသလဲ။ မင်းက လေ့ကျင့်ခါစပဲ ရှိသေးတယ်နော်။ မင်းအခုခံစားလိုက်ရတာ ပထမအဆင့်ပဲ ရှိသေးတယ်။ သိပ်အခံရ မခက်သေးဘူ။ တစ်လထက်တစ်လ အချိန်တွေ ကြာညောင်းလာရင် သည့်ထက်ပိုပြီး အခံရခက်လာလိမ့်မယ်။ လွန်ခဲ့တဲ့ ၁၂ နှစ်က ငါ့မှာ အဲသည်ဒုက္ခတွေ ခံစားနေရချိန်မှာ တုံးဖန်းပုက အခွင့်ကောင်းယူပြီး ငါ့ရဲ့ ဂိုဏ်းချုပ်ရာထူးကို လုယူသွားနိုင်တာပေါ့”

ထိုစကားများကို ကြားလိုက်ရသောအခါ လင့်ဟူချုံး၏ ရင်ထဲတွင် မသက်မသာ ခံစားလိုက်ရတော့၏။ လင်းရှင်သည် သူ့ကို နေမင်းသခင်ဂိုဏ်းထဲသို့ မဝင် ဝင်အောင် ခြိမ်းခြောက်နေသည် မဟုတ်ပါလား။ လင့်ဟူချုံးက စိတ်ထဲမှ ဆုံးဖြတ်လိုက်သည်။

“နောက်ဆိုရင် ဒီသိုင်းပညာကို မသုံးတော့ဘူး”

ချက်ချင်းပင် စကားလမ်းကြောင်း ပြောင်းလိုက်ကာ

“ဆရာကြီးကို ကျွန်တော် တစ်ခု မေးရဦးမယ်”

“မေးပါ . . . မေးပါ . . . ဘာများ မေးချင်လို့လဲ”

“ဆရာကြီးမှာ ‘နေကြာပန်း သိုင်းပေါင်းချုပ်’ ရှိနေလျက်သားနဲ့ ဘာဖြစ်လို့ အတွင်းအားစုပ် သိုင်းပညာကိုပဲ လေ့ကျင့်ရတာလဲ”

“ညီလေးက ဘယ်လို တွေးမိသလဲ”

“ကျွန်တော် တွေးမိတာက တစ်မျိုးပါ။ . . . ဒီလိုလေ . . . ကျွန်တော် သိသလောက်ကတော့ ‘နေကြာပန်း သိုင်းပေါင်းချုပ်’ ထဲက သိုင်းပညာတွေက မိုးအောက်မြေပြင်မှာ အကောင်းဆုံး၊ အခက်ခဲ အနက်နဲဆုံးလို့ ပြောကြတာပဲ။ ဆရာကြီးက ဒီလောက် ခက်ခဲနက်နဲတဲ့ သိုင်းပညာကို မလေ့ကျင့်ပဲနဲ့ အန္တရာယ်များလှတဲ့ အတွင်းအားစုပ် သိုင်းပညာကို လေ့ကျင့်တယ်ဆိုတာကို ကျွန်တော့်စိတ်ထဲမှာ ထူးဆန်းလို့ပါ”

ထိုအချိန်တွင် လင်းရှင်၏ မျက်နှာ၌ ထူးခြားဆန်းကြယ်လှသော အပြုံးတစ်ခု ပေါ်လာ၏။ သူ့အပြုံးမှာ လျို့ဝှက်လှသဖြင့် သတိပြုလိုက်မိသော်ငြား မည်သည့်အဓိပ္ပါယ်မှန်း မည်သူမျှ မသိကြချေ။ လင်းရှင်က ပြုံးလျက် ဖြေကြားလိုက်၏။

"ဒီကိစ္စကတော့ အပြင်လူတွေ မသိနိုင်ပါဘူး" (သိခွင့်မရှိပါဘူး)

လင်းရှင်၏ ပြတ်သားလှသော အဖြေကြောင့် လင့်ဟုချူးမှာ ဆက်မေး၍ မရတော့ပဲ ငြိမ်နေလိုက်ရတော့သည်။ လင်းရှင်ကိုယ်တိုင်က ရှင်းပြမည် မဟုတ်ကြောင်း ထုတ်ဖော်ပြောပြလိုက်ပြီ မဟုတ်ပါလား။

ရှန့်ဝန့်ထင်းက မတ်တတ် ရပ်လိုက်ပြီး

"ညီလေး . . . ဂိုဏ်းချုပ်ကြီးဟာ အခုဆိုရင် အသက်တော်တော်ရနေပြီ။ ငါလဲ အသက်တော်တော် ကြီးနေပြီ။ ဒီတော့ ညီလေးကို ငါတို့ဂိုဏ်းကြီးထဲ ဝင်စေချင်တယ်။ ဒီလောက် တိုက်တွန်းနေရတာကလဲ ညီလေးရဲ့ စိတ်ဓါတ်နဲ့ သတ္တိကို သဘောကျလို့ပါ။ နောင်တစ်ချိန်မှာ ညီလေးဟာ ဂိုဏ်းချုပ်ကြီးရဲ့ အရိုက်အရာကို မုချဆက်ခံရမှာပဲ။ နောက်တစ်ချက်က မင်းကသာ ငါတို့ဂိုဏ်းထဲ မဝင်ဘူးဆိုရင် မင်းရဲ့ အတွင်းဒါဏ်ရာက ပျောက်မှာ မဟုတ်ဘူး။ ဒါတင်မက မင်းရဲ့ ဝါဆန်းဂိုဏ်းကိုလဲ ဂိုဏ်းချုပ်ကြီးက လွယ်လွယ်ကလေး ချေမှုန်းပစ်နိုင်တယ်။ . . . ကဲ . . . ညီလေးရဲ့ သဘောက ဘယ်လိုလဲ"

ရှန့်ဝန့်ထင်း၏ စကားကို ကြားလိုက်ရသောအခါ လင့်ဟုချူးမှာ အတော်ကလေး စိတ်ပျက်သွားသည်။ လင်းရှင်နှင့်သူ တွေ့သည်မှာ မကြာလှသေးသဖြင့် သူ့သဘောကို လင်းရှင်က နားမလည်နိုင်ဆိုခြင်းကို ခွင့်လွှတ်နိုင်သည်။ ရှန့်ဝန့်ထင်းမှာမူ သူနှင့် ရက်ပေါင်းများစွာ သွားသွားလာလာ စားစားသောက်သောက် လုပ်ခဲ့သဖြင့် တစ်ဦး၏ စိတ်သဘောကို တစ်ဦးက သိနေပြီဟု လင့်ဟုချူးက ယူဆမိသည်။

ခပ်စောစောက လင်းရှင်က မသိမသာ ခြိမ်းခြောက်သည့် စကားကို ပြောခဲ့၏။ သူက လက်မခံခဲ့။ ယခုတော့ ရှန့်ဝန့်ထင်းက ခြိမ်းခြောက်နေပြန်သည်။ ဤတွင် လင့်ဟုချူး၏ ဗီဇနှင့် မာနတို့ ထွက်ပေါ်လာကြတော့၏။

"ဆရာကြီးနဲ့ အစ်ကိုကြီး . . . ကျွန်တော်က အတွင်းအားစုပ် သိုင်းပညာကို လေ့ကျင့်ချင်လွန်းလို့ ရှာဖွေပြီး လေ့ကျင့်ခဲ့တာ မဟုတ်ပါဘူး။ မမျှော်လင့်ပဲ တွေ့ခဲ့ရပြီး မမျှော်လင့်ထားပဲ လေ့ကျင့်လိုက်ရတာပါ။ ဘယ်လောက်ကြီးကျယ်တဲ့ သိုင်းပညာပဲ ဖြစ်ပါစေ။ လူကိုထိခိုက်စေရင် ကျွန်တော်နောက်ကို မသုံးတော့ပါဘူးခင်ဗျာ"

လင့်ဟုချူး၏ တင်းမာပြတ်သားသော စကားများကြောင့် လင်းရှင်ရော ရှန့်ဝန့်ထင်းပါ အံ့အားသင့်သွားကြ၏။ "တကယ့်ကို ဘာမထီတဲ့ လူငယ်ကလေးပါလား" ဟုလည်း တွေးလိုက်မိကြသည်။

လင့်ဟုချူးက ဆက်၍ "ကျွန်တော်တို့ ဝါဆန်းဂိုဏ်းကို တည်ထောင်ခဲ့တာ အခုဆိုရင် နှစ်ပေါင်း ၁၀၀ ကျော်လာပါပြီ။ ဒီအတောအတွင်းမှာ ကျွန်တော်တို့ဂိုဏ်းဟာ ထုသားပေသားကျပြီး ခိုင်ခိုင်ခံ့ခံ့နဲ့ ရပ်တည်နိုင်နေခဲ့ပြီပဲ။ ဒီလိုဂိုဏ်းကြီးမျိုးကို ဆရာကြီးအနေနဲ့ လွယ်လွယ်ကလေး ချေမှုန်းပစ်ဖို့ မဖြစ်နိုင်ပါဘူး။ တကယ်တမ်း တိုက်ခိုက်ရင် ဝါဆန်းဂိုဏ်းက ရှုံးမယ်ဆိုတာ သိပါတယ်။ ဒါပေမယ့် လေ့ခွက်ချည်းကျန် အလံမလှဲပဲနဲ့ ပြန်တိုက်မှာပဲ။ အသက်ကိုအရေးမထားပဲ တိုက်ခိုက်ရင် ဘယ်လောက်အထိ အနိုင်ယူဖို့ ခက်ခဲသလဲဆိုတာ ဆရာကြီးတို့ သိပါတယ်။

ကျွန်တော်ကလည်း ကျွန်တော့်အသက်ကို သိပ်ပြီး အရေးထားတဲ့ကောင် မဟုတ်ပါဘူး။ ဒီအတွင်းအားစုပ် သိုင်းပညာကို မမျှော်လင့်ပဲ သင်ခဲ့မိတယ်။ ကျွန်တော်မသိပဲနဲ့ အတွင်းဒါဏ်ရာ ရခဲ့တယ်။ ဘယ်တတ်နိုင်မလဲ။ ကံအကြောင်းတရားပဲပေါ့။ . . . ကဲ . . . အားလုံးကို နှုတ်ဆက်ပါတယ်။ ကျွန်တော့်ကို သွားခွင့်ပြုပါဦး"

ပြောပြောဆိုဆိုပင် လင့်ဟုချူးက မတ်တတ်ထရပ်လိုက်ကာ ဦးညွှတ် အရိုအသေ ပေးလိုက်ပြီးနောက် သူတို့ ၂ ယောက်ကို ကျောခိုင်းထွက်ခွာလာတော့သည်။

လင့်ဟုချူးဆိုသည့်ကောင်ကို ဒီလိုအကျပ်ကိုင်ပုံမျိုးနဲ့ ဘယ်ရနိုင်မလဲလေ။ မေတ္တာတရား၊ ဂရုဏာတရားဖြင့် ကုသပေးပါမည် ဆိုလာသော ရှောင်လင်ကျောင်းတော်ကိုတောင်မှ လက်မခံပဲ ငြင်းဆန်ခဲ့သည် မဟုတ်ပါလား။

ရှောင်လင်ကျောင်းတော်၏ ဂရုဏာတွင် ခြိမ်းခြောက်စကားဆို၍ တစ်လုံးတစ်ပါဒမျှ မပါ။ ထိုကဲ့သို့သော ဂရုဏာတရားမျိုးကိုပင် ငြင်းပယ်ခဲ့သူ တစ်ယောက်အဖို့ ခြိမ်းခြောက်မှု အပြည့်ပါသော လင်းရှင်၏ ကမ်းလှမ်းချက်ကို မည်သို့သော အကြောင်းဖြင့် လက်ခံရမည်နည်း။

အပြင်ဖက်လမ်းမပေါ် ရောက်လာသောအခါ လင့်ဟုချူးက သက်ပြင်းတစ်ချက် ရှိုက်လိုက်မိ၏။ လမ်းကို ဖြည်းဖြည်းလျှောက်ရင်း စဉ်းစားလိုက်သည်။

"လင်းရှင်က လောလောဆယ်မှာ ဝါဆန်းဂိုဏ်းကို သွားပြီး ရန်ရှာနိုင်မှာ မဟုတ်သေးဘူး။ သူ့ဂိုဏ်းတွင်းက အရှုပ်အရှင်းကိစ္စတွေကို အရင်ရှင်းလင်းရဦးမှာပဲ။ ငါ့အနေနဲ့ကတော့ ဒီအကြောင်းတွေကို ဆရာနဲ့ ဆရာမကို စောစောစီးစီး သွားပြောထားမှ ကောင်းမယ်။ ဒါမှ ဝါဆန်းဂိုဏ်းက အသင့်ပြင်ဆင်ပြီး သတိဝီရိယနဲ့ စောင့်ဆိုင်းနေနိုင်မှာ။ ကိုယ့်ကို လာတိုက်မှာကို ကြိုတင်သိထားရင် ကာကွယ်ဖို့နည်းလမ်းတွေကိုလဲ ကောင်းကောင်းရှာနိုင်မယ်။ . . . ဒီအကြောင်းတွေကို ဆရာနဲ့ ဆရာမတို့ကို ပြောပြဖို့ဆိုတာတော့ ဟုတ်ပါပြီ။ သူတို့ကို ဘယ်မှာသွားရှာရမလဲ။ . . . ဟား . . . သတိရပြီ။ လင်မိန်ကျက်ရဲ့ မင်္ဂလာအာမခံ ဌာနခွဲတွေကို လိုက်ရှာပြီး မေးလိုက်ရင် သိနိုင်တာပေါ့"

ဤသို့ဖြင့် လင့်ဟူချုံးတစ်ယောက် ခရီးစတင်တော့၏။ ထိုစဉ်မှာပင် သူက တစ်စုံတစ်ခုကိုသွား၍ စဉ်းစားမိလိုက်သည်။

"ဆရာတို့ကို သွားမရှာခင် ငါ့ကိုယ်ငါ ရုပ်ဖျက်ထားမှပဲ။ လင်းလင်းက သူ့ရဲ့ သိုင်းသမားတွေကို အမိန့်ပေးထားတယ်။ ငါ့ကို တွေ့ရာသင်္ချိုင်း ခါးမဆိုင်းပဲ သတ်မယ်တဲ့။ သူတို့က လင်းလင်းကို သိပ်ကြောက်တဲ့ လူတွေဆိုတော့ ငါ့ကိုတွေ့ရင် အမိန့်အတိုင်း လုပ်ကြမှာပဲ။ အဲသည်တော့ ငါ့ကိစ္စကို မဆောင်ရွက်ရသေးခင် ကြားထဲမှာ သူတို့နဲ့ ပြဿနာ တက်နေဦးမယ်။ ဒီတော့ ငါ့ရုပ်ကို ဖျက်ထားရင် ကောင်းမယ်"

ထိုအခိုက်မှာပင် သူ့နောက်မှ တခွပ်ခွပ်နှင့် မြင်းခွာသံ ကြားလာရသည်။ လင့်ဟူချုံးမှာ မြင်းခွာသံကို ဂရုမစိုက်မိပဲ သူ့အတွေးနှင့် သူဆက်လျှောက် မိနေချိန်တွင် အနောက်ဖက်မှ အော်ဟစ်လိုက်သည့် အသံတစ်သံ ထွက်ပေါ်လာတော့၏။

"ဟေ့ . . . ဘေးဖယ်စမ်း . . . ဘေးဖယ်စမ်း . . . ငါလိုစစ်ဗိုလ်ကြီး တစ်ယောက်လုံး လာနေတာကို လမ်းဖယ်ပေးရကောင်းမှန်း မသိဘူးလား တောသားရဲ့"

တစ်ဆက်တည်းပင် ဝှီးကနဲ မြည်သွားသော လေတိုးသံတစ်ချက် ကြားလိုက်ရသည်တွင် လင့်ဟူချုံးက ချက်ချင်းပင် ခုန်ထွက်ရှောင်တိမ်းလိုက်၏။ မြင်းပေါ်မှလူက ကြာပွတ်ဖြင့် လှမ်းရိုက်လိုက်ခြင်းပင် ဖြစ်တော့သည်။ ရှောင်တိမ်းပြီးသည်နှင့် မြင်းပေါ်မှလူကို လင့်ဟူချုံးက လှမ်းကြည့်လိုက်သည်။

မြင့်မားကြံ့ခိုင်လှသည့် စစ်မြင်းကြီးတစ်ကောင်ပေါ်မှ စစ်ဝတ်စုံနှင့် ခန့်ညားလှသော စစ်ဗိုလ်ကြီး တစ်ယောက်ကို လှမ်းမြင်လိုက်ရသည်တွင် သူ့ခေါင်းထဲ၌ အကြံတစ်ခု ချက်ချင်း ပေါ်လာတော့၏။

"စစ်ဗိုလ်ကြီးလို ရုပ်ဖျက်လိုက်ရင် သိပ်ဟန်ကျသွားမှာပဲ။ ဘယ်သူမှလည်း မှတ်မိမှာ မဟုတ်ဘူး။ ညစ်တီးညစ်ပတ် ရုပ်ဖျက်တာထက်စာရင် ဒီလို ရုပ်ဖျက်တာက ပိုကောင်းလိမ့်မယ်"

လင့်ဟူချုံးက အေးအေးဆေးဆေး တွေးနေသည်ကိုတွေ့သော စစ်ဗိုလ်ကြီးမှာ ဒေါသဖြစ်လျက် ရှိလေပြီ။ သူ့ဘဝ တစ်လျှောက်လုံးတွင် သူများကို အမိန့်ပေး စေခိုင်းလာသူဖြစ်သော စစ်ဗိုလ်ကြီးမှာ လူမှန်သမျှ သူ့အမိန့်ကို ကျိုးနွံစွာ လိုက်နာမှသာ ဘဝင်ကျသူဖြစ်လေရာ ယခုတော့ သူ့ကို မထီလေးစားဖြင့် တွေးတောငေးမောနေသော လင့်ဟူချုံးအား ဒေါသသံဖြင့် ငေါက်ငမ်းလိုက်သည်။

"ခွေးမသားလေး . . . မင်းက ငါလိုစစ်ဗိုလ်ကြီးကိုတောင်မှ မလေးမစား လမ်းပိတ်ထားတဲ့အပြင် ပြန်ပြီး စိုက်ကြည့်နေသေးတယ်။ ဘာလဲ . . . မင်းက တစ်ပွဲတစ်လမ်း စမ်းချင်လို့လား"

ပြောရင်းဆိုရင်း ကျာပွတ်ဖြင့်ရိုက်ရန် ဟန်ပြင်လိုက်ပြန်သည်။ ထိုအခိုက်မှာပင် စစ်ဗိုလ်ကြီး၏ခါးမှာ ထုံကျဉ်သွားပြီး မြင်းပေါ်မှ ဝုန်းကနဲ ပြုတ်ကျသွားတော့၏။ စစ်ဗိုလ်ကြီး၏ ရင်ဝကို လင့်ဟူချုံးက ခြေထောက်ဖြင့် နင်းထားရင်း ရယ်မောကာ ပြောလိုက်၏။

"ဘယ့်နှယ့်တုန်း စစ်ဗိုလ်ကြီးရဲ့ . . . ခင်ဗျားလို စစ်ဗိုလ်မျိုးချည်းသာ ဆိုရင်တော့ ဘုရင့်စစ်တပ်ကြီး တစ်ခုလုံး ပြုတ်ပြုတ်ပြုန်းတော့မှာပဲ။ ဒီလောက်တောင် အသုံးမကျရင် ရန်သူနဲ့ ဘယ်လို စစ်တိုက်တော့မလဲ"

စကားဆုံးသောအခါ စစ်ဗိုလ်ကြီး၏ တစ်ကိုယ်လုံးကို လင့်ဟူချုံးက လှန်လှောရှာဖွေတော့သည်။ အတွင်းအိတ်ထဲမှ စာတစ်စောင် တွေ့ရသဖြင့် ဖတ်ကြည့်လိုက်သောအခါ စစ်ဗိုလ်ကြီးသည် ဖုကျုက်နယ်သို့သွားပြီး ရာထူးလက်ခံယူမည် ဖြစ်ကြောင်း သိလိုက်ရ၏။

လင့်ဟူချုံး၏ ချုပ်ကိုင်မှုကို ခံနေရသော စစ်ဗိုလ်ကြီးမှာ ကြောက်လန့်သော လေသံသို့ ပြောင်းလဲသွားခဲ့လေပြီ။ စိတ်ထားမမှန်ကန်သော လူတို့သဘောအတိုင်း နိုင်လိုမင်းထက် လုပ်နိုင်သည့်အခါ၌ ဩဇာအာဏာ ပြင်းထန်လှသော်လည်း 'မှန်ကင်းတစ်လှည့်၊ ထင်းတစ်လှည့်' ဆိုသော သဘောအရ သူတို့ 'ထင်း' ဖြစ်သောအခါတွင်မူ အကြောက်တရားက သူ့ကို ဖိစီးလာလေပြီ။

စစ်ဗိုလ်ကြီးက "မင်း . . . မင်း . . . ဘယ်ကကောင်လဲ။ လွှတ်စမ်း . . . ငါ့ကို အခုလွှတ် . . . တယ်ပြီး

အတင့်ရဲပါလား။ မင်းက ဘုရင့်အာဏာတော်ကို ဖီဆန်စော်ကားတယ်ပေါ့လေ”

လင့်ဟူချုံးက တဟားဟား အော်ရယ်လိုက်ပြီး “ကျုပ်က ဘယ်သူ့ကိုမှ မစော်ကားချင်ပါဘူးလေ။ ခင်ဗျားက ကျုပ်ကို ကျာပွတ်နဲ့စရိုက်လို့ အခုလို ဖြစ်သွားတာပါ။ . . . ကဲ . . . ကဲ . . . လောလောဆယ်တော့ ကျုပ်မှာ ခရီးစရိတ် မရှိဘူး။ ဒါတင်မက အကြောင်းလေး တစ်ခုကြောင့် စစ်ဝတ်စုံ တစ်စုံလဲ လိုနေတယ်။ စစ်ဗိုလ်ကြီးရဲ့ ဝတ်စုံကို ခဏလောက် ငှားချင်ပါတယ်။ ငှားပါနော်”

လင့်ဟူချုံး၏ စကားကို ကြားရသော စစ်ဗိုလ်ကြီးသည် စိတ်သက်သာရာ ရသွားဟန်ဖြင့် ခေါင်းကို နောက်လှန်ချ လိုက်၏။ သို့ရာတွင် လင့်ဟူချုံးက သူ့ခေါင်းကို ဓါးရိုးဖြင့် ဆတ်ကနဲ ရိုက်ချလိုက်သည်တွင် သတိမေ့သွားတော့၏။

လင့်ဟူချုံးသည် သူ့အဝတ်အစားများကို ကပျာကယာ ချွတ်ပြီး စစ်ဗိုလ်ကြီး၏ စစ်ဝတ်စုံနှင့် လဲလှယ် ဝတ်ဆင်လိုက် တော့၏။ ကံအားလျော်စွာပင် စစ်ဗိုလ်ကြီး၏ ကိုယ်အနေအထားမှာ လင့်ဟူချုံးနှင့် မကွာလှသဖြင့် စစ်ဝတ်စုံသည်လည်း အံကိုက်နေတော့သည်။

အဝတ်အစားများ လဲပြီးနောက် လင့်ဟူချုံးက ဟိုဟိုသည်သည် ကြည့်လိုက်သောအခါ မြင်းကုန်းနှီး၏ နောက်ဖက်တွင် အထုပ်တစ်ထုပ်ကို တွေ့ရ၍ အထုပ်ထဲတွင် ရွှေငွေဒင်္ဂါးပြားများကို တွေ့လိုက်ရသည်။ စစ်ဗိုလ်ကြီး၏ ကိုယ်ပိုင်လော၊ ပြည်သူပြည်သားများထံမှ အနိုင်အထက် ယူလာသော ပစ္စည်းများလော ဆိုသည်ကတော့ မည်သို့မျှ မသိနိုင်ချေ။ သို့သော် အသွင်အပြင်အရ မတရား လုယူလာသော ပစ္စည်းများ ဖြစ်ရန်ပိုများသည်။

“အင်း . . . ဒီလောက်များတဲ့ ရွှေဒင်္ဂါးတွေကတော့ ဘယ်နည်းနဲ့မှ သူ့ကိုယ်ပိုင် မဖြစ်နိုင်ဘူး။ သူ့ကိုယ်ပိုင်ဆိုရင် ဒီလို မြင်းနောက်မှာ ထုပ်ပြီး ယူလာမှ မဟုတ်လောက်ဘူး။ ဒါတွေဟာ လမ်းတစ်လျှောက်မှာ အနိုင်ကျင့်ပြီး သိမ်းယူလာတဲ့ ပစ္စည်းတွေပဲ ဖြစ်ရမယ်။ ဟား . . . ဟား . . . စစ်ဗိုလ်ကြီးက စစ်ဝတ်စုံတင်မက စားစရိတ်ကိုပါ ငါ့ကို ထောက်ပံ့လိုက်တာပဲ။ . . . ဖြစ်ရမယ် . . . ဟား ဟား ဟား . . . လင့်ဟူချုံးတို့ ကံကောင်းပြီဆိုရင် အဲသည်လိုပဲ ဖြစ်ရမယ်”

ဤသို့တွေးလိုက်မိသောအခါ လင့်ဟူချုံးသည် စိတ်လွတ်ကိုယ်လွတ် ရယ်မောလိုက်မိတော့၏။ ပြီးနောက် စစ်ဗိုလ်ကြီး၏ ဓါးကို သူ့ခါးတွင် ချိတ်လိုက်သည်။ စစ်ဗိုလ်ကြီးကိုမူ သူ့နောက်သို့ ရုတ်တရက် လိုက်မလာနိုင်စေရန် ခြေလက်များကို ကြိုးဖြင့် တုပ်နှောင်ထားလိုက်၏။ စစ်ဗိုလ်ကြီးမှာ သတိမေ့ လဲနေဆဲ ဖြစ်သဖြင့် လင့်ဟူချုံးအဖို့ အေးဆေးစွာ လုပ်ကိုင်ချိန် ရလိုက်သည်။

စစ်ဗိုလ်ကြီးအစစ်မှာ အနုံညာတ အရုပ်သားအဝတ်ဖြင့် ချုံဖုတ်ထဲတွင် လဲလျောင်းနေလေပြီ။ လင့်ဟူချုံးကတော့ စစ်ဝတ်စုံဖြင့် ခန့်ညားလှသော စစ်မြင်းကြီးပေါ် လွှားကနဲ ခုန်တက်လိုက်ကာ စောစောတုန်းက စစ်ဗိုလ်ကြီး လေသံဖြင့် အော်ဟစ်လိုက်သည်။

“ဟေ့ကောင်တွေ . . . ဘေးဖယ်ကြစမ်း၊ . . . ငါလို စစ်ဗိုလ်ကြီး တစ်ယောက်လုံး လာနေတာကို မမြင်ဘူးလား။ ဟား ဟား ဟား”

လင့်ဟူချုံး၏ ရယ်သံက ပတ်ဝန်းကျင်တစ်ခုလုံး ဂယက်ရိုက်သွား၏။ မြင်းကြီးကလည်း တခွပ်ခွပ်ဖြင့် ပြေးလေပြီ။

ထိုညတွင် ဟန်ချန်မြို့သို့ ရောက်သွားသည်နှင့် သပ်ရပ်သော တည်းခိုခန်း တစ်ခုတွင် ဝင်ရောက်တည်းခိုလိုက်သည်။ ဆိုင်ရှင်နှင့် စားပွဲထိုးများက ပျာပျာသလဲဖြင့် ကျိုးနွံရိုသေစွာ ဆက်ဆံကြ၏။ လင့်ဟူချုံးက သူ၏ရုပ်ဖျက်ထားခြင်းကို လွန်စွာ ကျေနပ်အားကျသွားပြီး ဖုကျက်နယ်သို့ သွားရာ လမ်းကြောင်းကို မေးမြန်းလိုက်သည်။

နောက်တစ်နေ့ နံနက်စောစောတွင် သူ၏ ဆရာနှင့် ဆရာမတို့ထံ ခရီးဆက်ရပြန်တော့သည်။

× × × × × × ×

## သက်တန့်တောင်ထိပ်

လင့်ဟူချုံးသည် ခရီးစဉ်ကို ဖုကျက်နယ်သို့သာ ဦးတည်ပြီး မနားတမ်း ခရီးပြင်းနှင်လာဖြင့် မကြာမြင့်မီတွင် သက်တန့်တောင်တန်းဆီသို့ ရောက်လာတော့သည်။ သက်တန့်တောင်တန်း ဆိုသည်မှာ ရှည်လျားလှသော တောင်တန်းကြီးများ ဖြစ်၏။ နိမ့်ဆင်းရာမှ တဖြည်းဖြည်း မြင့်တက်သွားသည်။

မိုင် ၂၀ ခန့် မနားတမ်း ခရီးဆက်ပြီးသောအခါ ထမင်းဆိုင် တစ်ဆိုင်ကို မမျှော်လင့်ပဲ တွေ့လိုက်ရသည်တွင် လင့်ဟူချုံးက အလွန်ဝမ်းသာစွာ ဆိုင်တွင်းဝင်ပြီး အနားယူနေလိုက်သည်။

လင့်ဟူချုံး ဆိုင်ထဲရောက်ပြီး မကြာမီမှာပင် လူ ၃ ယောက် ဆိုင်ထဲ ဝင်လာကြသည်။ တစ်ဦးမှာ အသက် ၅၀ ကျော် လူကြီးတစ်ဦးဖြစ်ပြီး ကျန် ၂ ဦးမှာ လူငယ်များ ဖြစ်၏။ ၃ ယောက်စလုံး ဖျတ်လတ်သွက်လက်ဟန် ရှိပြီး ခါးကိုယ်စီ ခါးတွင် ချိတ်ဆွဲထားကြ၏။

သူတို့ ၃ ယောက်က ဆိုင်ထဲဝင်လာရင်း မျက်လုံးများ ဝေ့ကြည့်ကာ အကဲခတ်လိုက်ကြသည်။ လင့်ဟူချုံးကို တွေ့လိုက်သည်တွင် အားလုံး အံ့အားသင့်သွားကြ၏။ ဤနေရာမျိုး၌ စစ်ဗိုလ်၊ စစ်သားများကို တွေ့ရခဲသည် မဟုတ်ပါလား။

လင့်ဟူချုံးကတော့ သူတို့ ၃ ယောက်ကို မသိချင်ဟန်ဆောင်ကာ ဂရုမစိုက်ပဲ ထမင်းကိုသာ ဆက်စားနေ၏။ ထမင်းစားပြီးသောအခါ ကျသင့်သည်ကို ရှင်းကာ သူ့ခရီးသူ ဆက်လေတော့၏။

တဖြည်းဖြည်းနှင့် အလင်းကုန်ပျောက်ကာ ညဥ့်အမှောင် ကြီးစိုးလာတော့သည်။ လူနေအိမ်ခြေဟူ၍လည်း လုံးဝ မတွေ့ရတော့ချေ။ ယင်းကြောင့် လင့်ဟူချုံးသည် အတော်အသင့် ကြီးမားသည့် သစ်ပင်ကြီးတစ်ပင်ပေါ် တက်ကာ တစ်ညတာ ခိုနားရန် ပြင်ဆင်လိုက်ရ၏။

ထိုအခိုက်မှာပင် သူ၏ချက်အောက်ထဲသို့ အတွင်းအားလှိုင်းများ ရုတ်တရက် စိမ့်ဝင်လာသည်ကို ခံစားလိုက်ရသည်။ အလွန်တရာ အခံရခက်သော ဝေဒနာကို စတင်ခံစားလိုက်ရတော့၏။ နောက်ဆုံး မခံစားနိုင်တော့သဖြင့် အတွင်းအားစုပ် သိုင်းပညာကို လေ့ကျင့်လိုက်ရပြီး ချက်အောက်မှ အတွင်းအားလှိုင်းများကို ခြေနှင့်လက်များဆီ ဖြန့်ကျက်ပို့လွှတ် လိုက်ရသည်။

သည်တော့မှသာ ဒုက္ခပေးနေသည့် အတွင်းအားများသည် ချက်အောက်မှ ထွက်ခွာသွားပြီး လင့်ဟူချုံး၏ တစ်ကိုယ်လုံး ပေါ့ပါးလန်းဆန်းသွားသလို နေရထိုင်ရ ကောင်းသွားတော့သည်။ သက်ပြင်းရှည်ကြီး ချလိုက်ကာ လင့်ဟူချုံးက တွေးလိုက်သည်။

"ငါက ဆရာကြီး လင်းရှင်ကို မေးခဲ့တယ်။ ဘာဖြစ်လို့ နေကြာပန်း သိုင်းပေါင်းချုပ်ကို မလေ့ကျင့်ပဲနဲ့ ဒီအတွင်းအားစုပ် သိုင်းပညာကို လေ့ကျင့်ရတာလဲလို့။ သူက ငါ့မေးခွန်းကို မဖြေခဲ့ဘူး။ ဘာဖြစ်လို့လဲဆိုတာ အခုမှပဲ ငါသဘောပေါက်တော့တယ်။ ဒီသိုင်းပညာက ဘိန်းလိုပဲ။ လေ့ကျင့်မိတာနဲ့ စွဲသွားပြီး နောက်ကို မလေ့ကျင့်ပဲ မနေနိုင်တော့တာကိုး"

ဤသို့ စဉ်းစားနေခိုက် စကားပြောသံအချို့ကို ရုတ်တရက် ကြားလိုက်ရ၏။ ထိုလူသံများ ထွက်ပေါ်လာသော နေရာမှာ အတန်ပင် ကွာလှမ်းသော်လည်း လင့်ဟူချုံး၏ အတွင်းအားမှာ အလွန်ကောင်းနေသဖြင့် သောတအာရုံ အလွန်တရာ ထက်မြက်နေကာ အဝေးမှ စကားပြောသံများကို ကောင်းစွာ ကြားနေရသည်။

ချက်ချင်းပင် သစ်ပင်အောက်သို့ ဆင်းလိုက်ကာ သူစီးလာသည့် မြင်းကို တောအုပ်ထဲ မောင်းလွှတ်လိုက်သည်။ သူကိုယ်တိုင်ကမူ ထူထဲသိပ်သည်းသည့် ချုံကြီးတစ်ခု၏ နောက်ကွယ်၌ ပုန်းခိုနေလိုက်သည်။

အတန်ကြာသောအခါ တောလမ်းတစ်ဖက်မှ ခြေသံများ တဖြည်းဖြည်း နီးကပ်လာသည်။ လင့်ဟူချုံး ပုန်းခိုနေသည့်ဖက်ကို ဦးတည် လျှောက်လှမ်းလာခြင်းဖြစ်၏။ ခြေသံကို နားထောင်ကြည့်ခြင်းအားဖြင့် လူဦးရေ မနည်းလှကြောင်း သိရှိရသည်။

ချုံပုတ်များကြားထဲမှ လင့်ဟူချုံးက ချောင်းကြည့်လိုက်သောအခါ ရှေ့ဆုံးမှ လျှောက်လာသူကို ကောင်းစွာ တွေ့လိုက်ရ၏။ ထိုလူမှာ လမ်းခုလတ် ထမင်းဆိုင်တွင် တွေ့ခဲ့ရသည့် လူ ၃ ယောက် အနက်မှ အသက်အကြီးဆုံးသော လူကြီး ဖြစ်၏။ သူ့နောက်တွင် လူ ၃၀ ခန့်ပါလာသည်။ ထိုလူကြီးက ခေါင်းဆောင်လာဟန် ရှိသည်။

လင့်ဟူချုံး စိတ်ထဲမှ တွေးလိုက်မိသည်။

"ဘယ်လိုပါလိမ့် … ဒီလူတွေက ညကြီး မင်းကြီးမှာ ဘာဖြစ်လို့ ဒီလောက်တောင် အရေးတကြီးနဲ့ ခရီးသွားနေတာလဲ"

အကြောင်းထူးတစ်ခုခု မရှိပဲနှင့် ဤမျှသော လူအုပ်ကြီးသည် ဤအချိန်မျိုးတွင် သွက်လက်လျင်မြန်စွာ ခရီးသွားမည် မဟုတ်ကြောင်း စဉ်းစားမိလိုက်သည်တွင် အချိန်မဆိုင်းတော့ပဲ သူတို့နောက်မှ လင့်ဟူချုံးက လိုက်သွားတော့၏။

ဤနည်းဖြင့်သာ သူတို့၏ ရည်ရွယ်ချက်ကို သိနိုင်မည် မဟုတ်ပါလား။

၂ မိုင်ခန့် ခရီးဆက်မိသောအခါ သူတို့သွားနေသည့် တောင်ပေါ်လမ်းမှာ တဖြည်းဖြည်း ကျဉ်းမြောင်းလာကြောင်း တွေ့ရှိရ၏။ ဘေး ၂ ဖက်လုံး၌ နက်ရှိုင်းသော ချောက်ကမ်းပါးကြီးများ ဖြစ်ပေါ်လာသည်။

ထိုလူအုပ်ကြီးသည် တောင်ပေါ်လမ်းအတိုင်း အထက်သို့ ဆက်ပြီး တက်သွားသည်တွင်

လင့်ဟူချုံးမှာ သူတို့နောက်မှ ဆက်လိုက်ရန် အခွင့်မသာပဲ ဖြစ်သွား၏။ ထိုတောင်ပေါ်လမ်း၌ သစ်ပင်များ ပါးရှားသွားသည့်အတွက် တစ်ယောက်ယောက်ကသာ လှည့်ကြည့်လိုက်ပါက သူ့အား တွေ့မြင်သွားမည် မုချဖြစ်ပေသောကြောင့်တည်း။

ထိုလူများ တောင်ကုန်းထိပ်သို့ ရောက်ပြီး တစ်ဖက်တောင်ကြောသို့ ဆင်းသွားမှ ဆက်လိုက်မည်ဟု ကြံရွယ်လိုက်ရင်း လင့်ဟူချုံးက နောက်ဖက် ချုံဖုတ်များအတွင်း၌ ပုန်းခိုရင်း အခြေအနေကို စောင့်ကြည့်လိုက်၏။

သူ၏ အထင်နှင့် အမြင်တို့ လွဲမှားသွားရလေပြီ။ ထိုလူအုပ်ကြီးသည် တစ်ဖက်တောင်ကြောသို့ ဆင်းမသွားကြသေးပဲ တောင်ထိပ်တွင် လူစုခွဲကာ အသီးသီး နေရာယူလိုက်ကြကြောင်း တွေ့လိုက်ရ ပေသောကြောင့်ပင်တည်း။ ကြီးမားသော ကျောက်တုံး ကျောက်ဆောင်ကြီးများ နောက်တွင် ပုန်းကွယ်လိုက်သောအခါ လူရိပ်လူယောင်များ လုံးဝ ကွယ်ပျောက်သွားတော့၏။ အကြောင်းမသိသူများအဖို့ ထိုတောင်ကုန်းထိပ်၌ လူသူမရှိဟု ထင်မှတ်မိကြပေလိမ့်မည်။

တောင်ကုန်းအောက်ဖက်ရှိ ချုံဖုတ်ကြီးများ နောက်ကွယ်မှ ကြည့်နေသော လင့်ဟူချုံးမှာတော့ ထိုလူစု၏ မှုမမှန်သော အပြုအမူများကို အစအဆုံး တွေ့မြင်လိုက်ရ၏။ သူ့စိတ်ထဲမှ

"လက်စသတ်တော့ ဒီလူတွေက ဒီမှာလာပြီးတော့ တစ်ယောက်ယောက်ကို ချောင်းမြောင်းလုပ်ကြံဖို့ကိုး။ ဒီလူတွေက ဘယ်သူတွေလဲ။ ဘယ်လိုလူမျိုးကို တိုက်ခိုက်ဖို့ လာပုန်းနေတာလဲ။ ရွေးထားတဲ့ နေရာကတော့ တကယ့်ကို အချက်အချာကျတာပဲ။ တောင်တက်လမ်းလေးက ကျဉ်းကျဉ်းလေး။ ဘေးနှစ်ဖက်မှာ ချောက်ကမ်းပါးကြီးတွေနဲ့။ ဒီလမ်းလေးအတိုင်း တက်လာတဲ့ အကောင်ကို တိုက်ခိုက်မယ်ဆိုရင် လူမပြောနဲ့ ပုရွက်ဆိတ်တောင် လွတ်မှာ မဟုတ်ဘူး"

ဤသို့တွေးလိုက်မိသည်တွင် လင့်ဟူချုံးသည် သူပုန်းနေရာ ချုံပုတ်ထဲမှ အသာထွက်ပြီး နောက်ဖက်မှ လာမည့် ခြေသံများကို နားစွင့်နေလိုက်၏။

သူ့တွက်ကိန်းမှန်ပေသည်။ အတန်ကြာသောခါ ခပ်လှမ်းလှမ်းမှ မိန်းမတစ်ယောက်၏ ခပ်စူးစူး စကားသံကို စတင်ကြားလိုက်ရတော့သည်။

"လင့်ဟူချုံး . . . ဆိုတဲ့ အကောင်ကို ညည်းက ဘာဖြစ်လို့ ဒီလောက်တောင် ကာကွယ်နေရတာလဲ"

ညကြီးမင်းကြီး၌ မိန်းမများ ခရီးထွက်လာသည်ကို တွေ့လိုက်ရသဖြင့် အံ့အားသင့်နေရသည့်အထဲ မိမိအမည်ကို အော်ပြောသံကို ကြားလိုက်ရသဖြင့် လင့်ဟူချုံးမှာ ကြက်သီးတဖြန်းဖြန်း ထသွားလေတော့၏။ ထိုအခိုက်မှာပင် နောက်ထပ် မိန်းမတစ်ယောက်၏ အသံကို ကြားရပြန်သည်။ ထိုအသံမှာ တိုးညင်းလှသဖြင့် ဘာပြောလိုက်သည်ကို ကွဲကွဲပြားပြား မကြားလိုက်ရချေ။

လင့်ဟူချုံးသည် မြေပေါ်၌ ရပ်မနေတော့ပဲ အနီးရှိ သစ်ပင်တစ်ပင်ပေါ်သို့ လျင်မြန်စွာ တက်လိုက်တော့၏။ ပြီးနောက် အသံထွက်ပေါ်လာရာသို့ လှမ်းမျှော်ကြည့်လိုက်ရာ လူ ၃၀ ခန့်မှာ သူရှိရာဖက်သို့ ဦးတည်လာနေကြကြောင်း တွေ့ရသည်။

ချက်ချင်းပင် သစ်ပင်ပေါ်မှ ပြန်ဆင်းကာ လင့်ဟူချုံးက ချုံပုတ်များနောက်တွင် ပုန်းကွယ်နေလိုက်ပြန်၏။
မိန်းမသံတစ်သံကို ကြားလိုက်ရသည်။
"ဆ . . . ဆရာမကြီး . . . အစ်ကိုကြီး လင့်ဟူချုံး . . ."
ထိုအသံကို ကြားလိုက်ရသည်တွင် လင့်ဟူချုံးမှာ လန့်ပြီး ထခုန်မိမတတ် ဖြစ်သွား၏။ သူ့မျက်စိထဲတွင်တော့ ဟန်ဆန်းဂိုဏ်းမှ မယ်သီလရင်လေး ရီလင်၏ မျက်နှာကို မြင်ယောင်လာတော့သည်။
ထိုစဉ်တွင် မိန်းမကြီးတစ်ယောက်၏ ဒေါသဖြင့် အော်ဟစ်ပြောဆိုလိုက်သံသည် တောလမ်းလေးအတွင်း ပဲ့တင်ထပ်သွားမတတ် ပေါ်လာတော့သည်။
"အသက်ကဖြင့် ငယ်ငယ်ကလေး ရှိသေးတယ်။ ညည်းက လူကြီးသူမ ပြောတဲ့စကားကို ကန့်ကွက်လား ဘာလားနဲ့။ ငါက အကြောင်းမဲ့ ပြောနေတာ မဟုတ်ဘူး ရီလင်ရဲ့။ ဝါဆန်းဂိုဏ်းချုပ် ရက်ပုချွန်ကိုယ်တိုင် စာရေးပြီး ငါတို့ကို အကြောင်းကြားလိုက်လို့ ပြောနေရတာ။ အခုဆိုရင် လင့်ဟူချုံးဟာ မကောင်းဆိုးဝါးဂိုဏ်းက လူတွေနဲ့ ပေါင်းသင်းနေပြီတဲ့။ ဒါကြောင့်မို့ သူ့ကို ဝါဆန်းဂိုဏ်းက မောင်းထုတ်လိုက်တယ်တဲ့"
သူ့ကို ဝါဆန်းဂိုဏ်းမှ မောင်းထုတ်လိုက်သော သတင်းက သိုင်းလောကအတွင်း ဤမျှ ဂယက်ရိုက်ခတ်လျက်ရှိနေသည်ကို ကြားရသောအခါ စိတ်မကောင်းခြင်းကြီးစွာ ဖြစ်ရလေတော့၏။ စကားပြောသံများကို ဆက်ကြားနေရဆဲဖြစ်သည်။
"အခု ဒီတစ်ခေါက် ဖုကျုက်နယ်ကို ထွက်လာရတဲ့ ခရီးတစ်ခေါက်မှာ မကောင်းဆိုးဝါးဂိုဏ်းက လူတွေနဲ့ တိုက်ခိုက်ရမှာ သေချာတယ်။ မကောင်းဆိုးဝါး ဂိုဏ်းသားတွေဟာ အင်မတန် ယုတ်မာကောက်ကျစ်ကြတော့ သိပ်သတိထားရတယ်။ သူတို့နဲ့ ပြောင်ပြောင်တင်းတင်း ရင်ဆိုင်ရရင်တော့ ငါက သေမှာ မကြောက်ဘူး။ တိုက်ရဲတယ်။ ဒါပေမယ့် နောက်ကွယ်ကနေ ချောင်းမြောင်းလုပ်ကြံမှာတော့ ငါကြောက်တယ်။ . . . ဒါကြောင့် ငါတို့အနေနဲ့ သတိဝီရိယ ကောင်းကောင်းရှိဖို့ နှိုးဆော်နေတာ။ လင့်ဟူချုံးက မင်းအပေါ်မှာ ကျေးဇူးနည်းနည်းရှိတာ မှန်တယ်။ ဒါပေမယ့် ဒီကျေးဇူးကလေး အပေါ်မှာ အခွင့်ကောင်းယူပြီး ငါတို့ကို ချောင်းမြောင်းလုပ်ကြံရင် မခက်ပါလား"
ထိုစဉ် စူးစူးရှရှ ပြောလိုက်သော ရီလင်၏ အသံကလေးကို ကြားလိုက်ရ၏။
"အစ်ကိုကြီး လင့်ဟူချုံးက ကျွန်မအပေါ် ကျေးဇူးနည်းနည်းကလေး ရှိခဲ့တာ မဟုတ်ပါဘူး။ သူ့အသက်ကိုစွန့်ပြီး ကျွန်မကို ကယ်တင်ခဲ့တာပါ"
မိန်းမကြီးက ဒေါသဖြင့် ပြန်အော်သည်။
"နင်က အခုထက်ထိ လင့်ဟူချုံးကို အစ်ကိုကြီးလို့ ခေါ်နေတုန်းပဲလား"
ရီလင်မှာ ကြောက်ရွံ့သွားသလိုမျိုးဖြစ်ကာ မည်သည့်စကားမျှ ထပ်မပြောဝံ့တော့ပေ။ မိန်းမကြီးကသာ ဆက်၍ပြောနေသည်။
"အားလုံး နားထောင်ကြ . . . ဒီတစ်ခါ ငါတို့ ဖုကျုက်နယ်ကို ခရီးထွက်လာရတဲ့ အကြောင်းကို ရှင်းပြမယ်။ . . . ဒီတစ်ခေါက် ထွက်လာတာ ငါတို့ တစ်ဂိုဏ်းတည်း မဟုတ်ဘူး။ ဂိုဏ်းကြီး ၅ ဂိုဏ်းစလုံး ပြိုင်တူ ခရီးထွက်လာကြတာ။ ဒီလိုထွက်လာကြခြင်းရဲ့ အကြောင်းရင်းကလဲ မင်္ဂလာအာမခံဌာနရဲ့ ဘီလူးမီးခါးသိုင်းကျမ်းကို ယူဖို့ ထွက်လာတာပဲ"
ထိုအခါ မိန်းကလေးများထံမှ ဟာကနဲ ဟင်ကနဲ အာမေဋိတ်သံများ ကြားလိုက်ရတော့၏။ မိန်းမကြီးကတော့ ဆက်ပြောလိုက်၏။
"ငါတို့ ဟန်ဆန်းဂိုဏ်းကတော့ သူများပစ္စည်းကို လုံးဝ မလိုချင်ဘူး။ ဒီစာအုပ်သာ ငါတို့ဆီရောက်လာရင် လင်မိန်ကျုက်ကို ပြန်ပေးမှာပဲ၊ အခုဆိုရင် လင်မိန်ကျုက်က ရက်ပုချွန်ရဲ့ တပည့်။ ဒီတော့ အဲသည် စာအုပ်ကို ပိုင်ခြင်းပိုင်ရင် ဝါဆန်းဂိုဏ်းကပဲ ပိုင်သင့်တယ်။ ဒါပေမယ့် . . ."
ဂိုဏ်းကြီး ၅ ဂိုဏ်း၏ လှုပ်ရှားမှုသတင်းကို မမျှော်လင့်ပဲ ကြားလိုက်ရသဖြင့် လင့်ဟူချုံးမှာ အလွန်အံ့သြသွားသည်။
"ဒါပေမယ့် သိုင်းကျမ်းကို တစ်ခြားလူတွေရဲ့ လက်ထဲကိုတော့ အရောက်မခံနိုင်ဘူး။ အထူးသဖြင့် မကောင်းဆိုးဝါးဂိုဏ်းရဲ့ လက်ထဲကို အရောက်မခံနိုင်ဘူး။ အခု ဒီနယ်ကို ဝင်လာကတည်းက ရန်သူနဲ့ နီးကပ်လာပြီ။ ခြေလှမ်းတိုင်းမှာ အန္တရာယ်ရှိနိုင်တယ်။ မျက်စိကိုဖွင့် . . . နားကို စွင့်ထားရမယ်။ ရန်သူဟာ ကိုယ့်ပတ်ပတ်လည်မှာ ရှိတယ်။ ငါတို့ကို ချောင်းမြောင်းကြည့်နေတယ်လို့ သိထားရမယ်။ မင်းတို့ငါတို့အားလုံး သတိဝီရိယ အကြီးဆုံး ထားနိုင်မှ တော်ကာကျမယ်။ ငါပြောတာကို အားလုံး သဘောပေါက်ရဲ့လား"
မိန်းကလေးများ၏ တပြိုင်နက် ပြန်လည်ဖြေကြားသံကို ကြားလိုက်ရ၏။

"ဟုတ်ကဲ့ . . . သဘောပေါက်ပါတယ် ဆရာမကြီး"

လင့်ဟူချုံးမှာ အကြီးအကျယ် စဉ်းစားနေမိတော့၏။

"ဒီဆရာမကြီးဟာ ဟန်ဆန်းဂိုဏ်းချုပ် ဆရာမကြီး တင့်ရှန်တော့ မဟုတ်ဘူး။ ရီလင်ရဲ့ ဆရာမကြီး တင့်ရီလည်း မဟုတ်ဘူး။ သူက ဘယ်သူပါလိမ့်။ ဒါပေမယ့် ဟန်ဆန်းဂိုဏ်းရဲ့ ဝါစဉ်ကြီး ဆရာမကြီး ဆိုတာတော့ သေချာတယ်။ သူကတော့ ငါ့ဆရာရဲ့စာကိုဖတ်ပြီး ငါ့ကို လူဆိုးလို့ပဲ ထင်မှာပေါ့လေ။ . . . သူက ဟန်ဆန်းဂိုဏ်းသားတွေကို သတိထားဖို့တော့ ပြောပါရဲ့။ ရန်သူတွေက သူတို့ရှေ့ရောက်နေတာကိုတော့ လုံးဝမသိဘူး။ ကျားရှေ့မှောက်လျက်လဲတဲ့ အဖြစ်ထက် ပိုဆိုးတော့မယ်။ . . ."

". . . တော်ပါသေးရဲ့။ ငါက မမျှော်လင့်ပဲ ဟိုကောင်တွေရဲ့ အကြံအစည်ကို သိလိုက်ရတယ်။ နို့မဟုတ်ရင် မယ်သီလရင် တစ်သိုက်တော့ မလွယ်ဘူး။ ကဲ . . . ဒီထောင်ချောက်ကို သူတို့သိအောင် ဘယ်လို ပြောပြရင် ကောင်းမလဲ။"

ခေါင်းဆောင် မယ်သီလရင်ကြီးက "ကဲ . . . ခရီးဆက်ကြစို့။ ငါပြောတဲ့အတိုင်း သတိမလွတ်စေနဲ့။ လက်နက်တွေကို အသင့်ပြင်ထားကြ"

စကားသံဆုံးသည်နှင့် မိန်းကလေး ၇ ယောက် ပြေးလာကြသည်။ ရှေ့ကင်းဖြစ်ပုံရ၏။ အတန်ကြာသောအခါ နောက်ထပ် ၇ ယောက် ပြေးလာပြန်သည်။ ဒုတိယ ကင်းအဖွဲ့ ဖြစ်ပုံရသည်။

ဟန်ဆန်းဂိုဏ်း၏ ကိုယ်ဖော့သိုင်းပညာမှာ မဆိုးလှကြောင်း တွေ့ရသည်။ အဝေးမှ ကြည့်လျှင် လိပ်ပြာများလို၊ ပျံလွှားငှက်များလို လှပစွာ ပျံဝဲနေသည်ဟု ထင်မှတ်ရပေသည်။ သူတို့ချီတက်သွားသည်မှာ လွန်စွာ စနစ်ကျလှ၏။ တစ်ဂိုဏ်းလုံး၊ တစ်အုပ်တစ်မကြီး ချီတက်သွားခြင်း မဟုတ်ပေ။ ၇ ယောက်တစ်အုပ်စုခွဲပြီး အုပ်စုလိုက် ချီတက်နေကြခြင်း ဖြစ်သည်။

ဤသို့ အုပ်စုလေးများ ခွဲ၍ စနစ်တကျ ချီတက်ခြင်းကြောင့် ရန်သူများက အလစ်တိုက်ခိုက်လျှင် အားလုံး ရှုန်းရင်းဆန်ခတ် မဖြစ်နိုင်၊ ရန်သူများကိုလည်း တစ်အုပ်စုချင်း ပြန်လှန်တိုက်ခိုက်နိုင်သည်။ အင်းကွက်ပုံစံချကာ ချီတက်နေသော အုပ်စုများကို ကြည့်ပြီး ဟန်ဆန်းဂိုဏ်း၏ နည်းဗျူဟာကို လင့်ဟူချုံး ချီးကျူးလိုက်မိသည်။ သို့သော် သူတို့သွားနေသည့် ဦးတည်ရာလမ်းမှာ ရန်သူများ အသင့်စောင့်ဆိုင်းနေသည့် သေမင်းခံတွင်းပေါက်သို့သာ ဖြစ်၏။

"ဟန်ဆန်းဂိုဏ်းက လူတွေက သိုင်းပညာမှာ သိပ်မဆိုးပေမယ့် မြေအနေအထားအရ တစ်ပန်းရှုံးနေတယ်။ ဟိုနေရာက လမ်းသိပ်ကျဉ်းနေတော့ သူတို့ဘယ်လိုလုပ်ပြီး ပြန်တိုက်နိုင်တော့မှာလဲ။ အဲသည်အချိန်မှာ ဟိုလူဆိုးတွေက အပေါ်စီးကနေ ရုတ်တရက် တိုက်ခိုက်ရင် ဟန်ဆန်းဂိုဏ်းတော့ အထိနာတော့မှာပဲ"

များမကြာမီ အချိန်အတွင်းမှာပင် ဟန်ဆန်းဂိုဏ်းမှ အုပ်စု ၅ စု လင့်ဟူချုံးကို ကျော်တက်သွားကြသည်။ နောက်ဆုံးအုပ်စုသည်ကား လူ ၈ ယောက် ဖြစ်နေ၏။ ခေါင်းဆောင် မယ်သီလရင်ကြီး ပိုနေခြင်းသာ ဖြစ်သည်။ သူမသည် နောက်ဆုံး အုပ်စုတွင်မှ ပါလာခြင်းမှာ ရန်သူများက နောက်ကျောဖက်မှ ချုံခိုတိုက်ခိုက်မည်ကို ကာကွယ်ရန် ဖြစ်ဟန်တူသည်။

ချက်ချင်းပင် လင့်ဟူချုံးက မြေကြီးများကို လက်ဝါးဖြင့်ယူကာ မျက်နှာကို ပွတ်သပ်လိုက်၏။ ပြီးနောက် ဟန်ဆန်းဂိုဏ်းသားများနောက်မှ ပြေးလိုက်သွားလေတော့၏။ များမကြာမီပင် ဟန်ဆန်းဂိုဏ်းသားများ၏ ရှေ့သို့ ပြေးသွားရာ တောင်ကုန်းအောက်သို့ ရောက်လာတော့သည်။ တောင်ကုန်းပေါ်မှ မည်သည့် အသံဗလံမှ မကြားရချေ။

လင့်ဟူချုံးသည် ဖြေးညင်းစွာဖြင့် တောင်ကုန်းထိပ်သို့ တက်လိုက်၏။ လမ်းကျဉ်းကလေးသို့ ရောက်လုရောက်ခင် နေရာ၌ ထိုင်ချလိုက်ပြီး သူ့စိတ်ထဲမှ တွေးလိုက်မိသည်။

"အခုဆိုရင် တောင်ကုန်းထိပ်က လူဆိုးတွေကတော့ ငါ့ကို ကောင်းကောင်း တွေ့သွားလောက်ပြီ။ ဟန်ဆန်းဂိုဏ်းက လူတွေကို လှန့်လိုက်သလို ဖြစ်မှာစိုးလို့ အသံမပြုပဲ နေနေကြတာပဲ ဖြစ်မယ်။"

ဤအချိန်အထိ ဟန်ဆန်းဂိုဏ်းသားများ ရောက်မလာသေးပေ။ လင့်ဟူချုံးက မြေပြင်ပေါ် ဝပ်လိုက်ပြီး ဟန်ဆန်းဂိုဏ်းသားများအား မည်ကဲ့သို့ သတိပေးရမည်ကို ဦးနှောက်ခြောက်မတတ် စဉ်းစားနေရတော့၏။

"သိပြီ။ ဒီကောင်တွေကို ရန်စရမယ်။ ငါနဲ့ သူတို့နဲ့ ရန်ဖြစ်လိုက်ရန် ဟန်ဆန်းဂိုဏ်းက သိသွားမှာပဲ"

အကြံရလိုက်သော လင့်ဟူချုံးသည် စိတ်လက်ပေါ့ပါးစွာဖြင့် တောင်ကုန်းပေါ်သို့ လှမ်းကာ ဆဲလိုက်၏။

"ခွေးသူခိုးတွေ . . . ခိုးကြောင်ခိုးဝှက်နဲ့ ခွေးသူခိုးတွေ . . . ယောကျ်ားပီသတဲ့လူက ဘယ်တော့မှ ခိုးကြောင်ခိုးဝှက် မလုပ်ဘူးကွ . . . သတ္တိရှိရင် ပြောင်တိုက်ပေါ့။ အခုတော့ ပုန်းခိုပြီး စောင့်နေကြတယ်။ ထွီ .. ရှက်ဖို့ ကောင်းလိုက်တာ"

သို့သော် တောင်ကုန်းထိပ်မှာကား လုံး၀ ငြိမ်သက်လျက် ရှိ၏။ လူသူမရှိသည့် အတိုင်းပင်။ လင့်ဟူချုံး အကြံအိုက်သွားကာ အခက်တွေ့နေသော ထိုအခိုက်မှာပင် ဟန်ဆန်းဂိုဏ်း၏ ရှေ့ပြေးကင်းဖြစ်သော ၇ ယောက်အုပ်စု သည် တောင်ကုန်းအောက်ခြေသို့ ရောက်ရှိလာတော့သည်။

သူတို့တစ်သိုက်သည် စစ်ဗိုလ်ကြီးတစ်ယောက် ခြေကားယား လက်ကားယားဖြင့် တောင်တက်လမ်းကျဉ်းကို ပိတ်ပြီး လှဲအိပ်နေသည်ကို တွေ့လိုက်ရာတွင် လွန်စွာ အံ့ဩသွားကြတော့၏။ သူတို့၏ ခြေလှမ်းများကို ချက်ချင်း အရှိန်သတ် လိုက်ကြရတော့သည်။

သူတို့အားလုံးက စစ်ဗိုလ်ကြီးကို အသာလေး ခုန်ကျော်သွားနိုင်သော်လည်း ယောကျ်ားနှင့် မိန်းမဖြစ်နေ၍ ခုန်ကျော်ရန် မ၀့ံရဲပဲ ဖြစ်နေသည်။

လင့်ဟူချုံးကတော့ မျက်လုံးများ မှိတ်ကာ အိပ်ချင်ဟန် ဆောင်နေ၏။ အသက် ၄၀ ခန့်ရှိမည့် မယ်သီလရှင် တစ်ပါးက ပြောလိုက်သည်။

“စစ်ဗိုလ်ကြီး . . . တဆိတ်လောက် လမ်းဖယ်ပေးပါ”

လင့်ဟူချုံးထံမှ မည်သည့်တုံ့ပြန်မှုမှ မရချေ။ တခူးခူးဖြင့် ဟောက်သံပေးကာ အိပ်နေသယောင် ဟန်ဆောင်နေ၏။

စကားပြောလိုက်သည့် မယ်သီလရှင်မှာ ရိဟိုဖြစ်၏။ သူမသည် လက်ရှိအခြေအနေကို သံသယ ဖြစ်လာသည်။ အကာလ ညအချိန်မျိုး၌ မည်သည့်နည်းနှင့်မျှ တွေ့ကြုံရန် အကြောင်းမရှိသော စစ်ဗိုလ်ကြီး တစ်ယောက်က တောင်တက်လမ်းကို ကန့်လန့်ဖြတ်၍ အိပ်နေသည်မှာ မသင်္ကာစရာ ကောင်းလှသည် မဟုတ်ပါလား။

စိတ်ဆတ်သူ တစ်ယောက်ဖြစ်သော ရိဟိုက စိတ်ကို ထိန်း၍ ပြောလိုက်၏။

“စစ်ဗိုလ်ကြီး . . . လမ်းဖယ်ပေးပါ။ ရှင်က ဖယ်မပေးရင် ကျွန်မတို့က ရှင့်အပေါ်က ခုန်ကျော်သွားရပါလိမ့်မယ်။ ယောကျ်ားနဲ့ မိန်းမမို့ မသင့်တော်ပါဘူး။ ဒါပေမယ့် ရှင်ကသာ မဖယ်ပေးရင်တော့ အဲဒါတွေကို မစဉ်းစားနိုင်တော့ဘူး”

ထိုအခါကျမှ လင့်ဟူချုံးက ထလာသည်။ အိပ်မှုန်စုံမွှားအသွင်ဖြင့် မယ်သီလရှင်များကို တစ်ချက် လှမ်းကြည့် လိုက်ပြီး

“ဟာ . . . မယ်သီလရှင်တွေပါလား။ ဘယ်ကို သွားကြမလို့လဲ။ ရှေ့ဆက် မသွားကြနဲ့။ ရှေ့မှာ သရဲသဘက်တွေ ရှိနေတယ်။ သွားလို့ မကောင်းဘူး။ နောက်ပြန်ဆုတ်ကြ”

ထိုစကားကို ကြားလိုက်ရသော ရိဟိုသည် အံ့ဩသွားပြီး ထူးဆန်းသည်ဟု ယူဆကာ လက်ဖြင့် အချက်ပြလိုက် သည်။ ချက်ချင်းပင် ၇ ယောက်စလုံး နောက်ဆုတ်သွားကြ၏။ မယ်သီလရှင်လေး တစ်ယောက်က လေသံတိုးတိုးဖြင့်

“အစ်မကြီး . . . ဒီလူ့ကို ကြည့်ရတာ သိပ်ထူးဆန်းတယ်”

“ဟုတ်တယ်။ မကောင်းဆိုး၀ါးဂိုဏ်းက သူလျှိုများ ဖြစ်နေမလား မသိဘူး”

“မကောင်းဆိုး၀ါးဂိုဏ်းက လူတွေက စစ်ဗိုလ်ယောင်ဆောင်တယ်လို့တော့ တစ်ခါမှ မကြားဖူးဘူး။ ထူးတော့ ထူး တယ်”

မယ်သီလရှင်လေးများ၏ တစ်ယောက်တစ်ပေါက် ပြောဆိုနေသံများသည် ရိဟိုက အချက်ပြလိုက်သောအခါ တိတ်ဆိတ်သွားတော့၏။

ရိဟိုက “ဘာပဲဖြစ်ဖြစ် ငါတို့ ခရီးဆက်ဖို့ ရှိသေးတယ်။ ဒီတော့ သူ့ကိုယ်ပေါ်က ခုန်ကျော်သွားရတော့မှာပဲ”

ပြောပြီးသည်နှင့် ရိဟိုက ရှေ့တစ်လှမ်းတက်ကာ

“ဘယ်လိုလဲ . . . လမ်းဖယ်ပေးမှာလား။ မဖယ်ပေးဘူးလား။ ရှင်က ဖယ်မပေးရင်တော့ ကျွန်မတို့က ရှင့်ကိုယ်ပေါ် ကနေ ခုန်ကျော်သွားရမှာပဲ”

ထိုစဉ်မှာပင် လင့်ဟူချုံးသည် အညောင်းဆန့်လိုက်ပြီး တ၀ါး၀ါး သမ်းလိုက်၏။ မျက်စိများကို ပွတ်လျက် ယိုင်တိယိုင်ထိုး မတ်တတ်ရပ်လိုက်ကာ အရက်မူးနေသော ဟန်ဖြင့် ရိဟိုအား ပြောလိုက်သည်။

“အရက်ကလဲ ကောင်းလိုက်တာ . . . ဒီလိုအရက်မျိုး သောက်လိုက်တာ ဆွေမျိုးပါ မေ့ချင်စိတ်ပေါက်သွားတယ်”

ထိုစဉ်မှာပင် ဟန်ဆန်းဂိုဏ်းမှာ ဒုတိယအုပ်စု ရောက်လာ၏။ တစ်ယောက်က လှမ်းမေးလိုက်သည်။

“အစ်မရိဟို . . . အဲသည်စစ်ဗိုလ်ကြီးက ဒီမှာ ဘာလုပ်နေတာလဲ”

“ဘယ်သိမလဲ . . . သူက လမ်းပိတ်နေလို့ ငါတို့ ရှေ့ခရီး ဆက်လို့ မရ ဖြစ်နေတယ်။ အခုလမ်းဖယ်ခိုင်းနေတာ”

ထိုစဉ်တွင် လင့်ဟူချုံး၏ အော်ဟစ်သံကို ရုတ်တရက် ကြားလိုက်ရ၏။

“အမလေး . . . ငါအန်ချင်လာပြီ . . . အန်ချင်လာပြီနော် . . . မင်းတို့အားလုံး ဘေးဖယ်ကြ။ ငါထိုးအန်လိုက်

တော့မယ်”

ဟန်ဆန်းဂိုဏ်းမှ မယ်သီလရင်များ ကြောက်လန့်တကြားဖြင့် နောက်ဆုတ်သွားကြ၏။ သို့သော် စစ်ဗိုလ်ကြီးကမူ မအန်ချေ။ ထိုစဉ်မှာပင် တတိယ ၇ ယောက် တစ်သုတ် ရောက်လာပြန်၏။ ထိုအသုတ်ထဲမှ နူးညံ့သော အသံလေး တစ်သံ ကြားလိုက်ရသည်။ ထိုအသံကို လင့်ဟူချုံး ကောင်းစွာ မှတ်မိ၏။ ရီလင်ပင်တည်း။

“ဒီလူ အရက်မူးနေတယ်နဲ့ တူတယ်။ ကျွန်မတို့ ခဏလောက် စောင့်လိုက်တာပေါ့။ သူ့ကို ခဏလောက် အနားယူခိုင်းလိုက်ရင် အမူးပြေသွားမှာပဲ။ အချိန်နည်းနည်း နောက်ကျသွားလို့လဲ ကျွန်မတို့အတွက် သိပ်အရေးကြီးမယ် မထင်ပါဘူး”

လင့်ဟူချုံး၏ စိတ်ထဲတွင် ကြည်နူးသွား၏။

“ညီမလေး ရီလင်ကတော့ တကယ့်ကို စိတ်သဘောထား ကောင်းတာပဲ။ ဘယ်သူ့ကိုမဆို ကူညီချင်စိတ် ရှိပါပေ တယ်”

သို့သော် ရိဟိုကမူ “ဒီလူက လူကောင်းဟုတ်ဟန် မတူဘူး။ ငါတို့ကို သက်သက်မယ့် ကြန့်ကြာအောင် လုပ်နေတာ”

သူမက ရှေ့တစ်လှမ်းတက်ကာ ဘေးဖယ်စမ်းဟု အော်လိုက်ပြီး လက်ဖြင့် တစ်ချက် တွန်းလိုက်၏။ ထိုအခါ လင့်ဟူချုံးမှာ ယိမ်းထိုးကာ နောက်သို့ ၃-၄ လှမ်းမျှ ဆုတ်ခွာသွားရတော့သည်။ သူ၏ ခြေလှမ်းများသည် တောင်ကုန်းအမြင့်ထက်သို့ ပိုရောက်သွားပြီး တောင်တက်လမ်းကျဉ်းလေးကို ပိတ်ဆို့လိုက်သကဲ့သို့ ဖြစ်သွား၏။

ရိဟိုတို့အဖို့ ပို၍ ခက်ခဲသွားလေတော့သည်။ ယခုတော့ သူတို့အနေဖြင့် လင့်ဟူချုံး၏ ခေါင်းပေါ်တည့်တည့်မှ ခုန်ကျော်ရန်မှတပါး အခြားနည်းလမ်း မရှိတော့ပေ။ လင့်ဟူချုံးသည် ဒယီးဒယိုင်ဖြင့် နောက်ပြန်ဆုတ်ရင်း တောင်ကုန်းပေါ်သို့ ဖြည်းဖြည်းချင်း တက်သွားသည်။

အေးဆေးစွာ တက်သွားခြင်း မဟုတ်ချေ။ သူ့နှုတ်မှ အော်ဟစ်သွား၏။

“အပေါ်က ချောင်းနေတဲ့ ခွေးသူခိုးတွေ . . . မင်းတို့ စောင့်နေတဲ့ လူတွေ လာနေပြီ။ အခုနေ အပေါ်ကနေ တိုက်ရင်တော့ အောက်ကလူတွေ တစ်ယောက်မှ လွတ်မှာ မဟုတ်ဘူး”

လင့်ဟူချုံး၏ စကားကို ကြားလိုက်သည်တွင် ရိဟိုတို့အားလုံး နောက်ဖက်သို့ ကမန်းကတန်း ဆုတ်ခွာသွားကြ တော့၏။ ထိုစကား၏ နောက်ကွယ်တွင် ကြောက်မက်ဖွယ်ကောင်းသော သေခြင်း၏ အတိတ်နိမိတ်များ ပါဝင်နေသည် မဟုတ်ပါလား။

မယ်သီလရင် တစ်ယောက်က “ဒီနေရာက တကယ်အန္တရာယ်များတဲ့ နေရာပဲ။ ရန်သူတွေသာ တကယ်တမ်း အပေါ်မှာ ပုန်းခိုနေတာ မှန်ခဲ့ရင် ကျွန်မတို့ ဘယ်လိုမှ ခုခံကာကွယ်နိုင်မှာ မဟုတ်ဘူး။ လည်စင်းပေးတာနဲ့ အတူတူပဲ”

ရိဟိုက “ညည်းတို့ ဘာတွေ ပြောနေတာလဲ။ သူပြောသလိုသာ လူဆိုးတွေ တကယ်တမ်းရှိနေရင် ဒီလူ ဒီလို အော်နိုင်ပါဦးမလား။ ဒါက ငါတို့ကို သက်သက်မဲ့ ခြောက်လှန့်နေတာ။ ငါတို့က အဟုတ်ထင်ပြီး နောက်ဆုတ်သွားရင် လူရယ်စရာ ဖြစ်တော့မှာပေါ့”

နောက်ဖက်နားမှ မယ်သီလရင် ၂ ပါးကလည်း

“ဟုတ်တယ်။ လူဆိုးတွေ ရှိပုံ မရပါဘူး။ ကျွန်မတို့ ၃ ယောက် ရှေ့ကနေ လမ်းရှင်းပြီး တက်မယ်။ ကျန်တဲ့လူတွေ နောက်ကနေ လိုက်ခဲ့ကြပေါ့”

ဤသို့ဖြင့် မယ်သီလရင် ၃ ပါးသည် လင့်ဟူချုံး၏ နောက်နားသို့ ပြေးတက်လာကြ၏။ သူတို့၏ လက်များက လက်နက်များပေါ် အဆင်သင့် တင်ထားသည်။ လင့်ဟူချုံးကမူ သူ့နောက်နားသို့ ရောက်လာသည့် မယ်သီလရင်များကို ဂရုမထားမိဟန်ဖြင့် တောင်ကုန်းထိပ်ပေါ်သို့သာ ဖြည်းညင်းစွာ တက်နေသည်။

မောဟိုက်သံကြီးဖြင့် လင့်ဟူချုံးက ပြောလိုက်၏။

“အသက်ကြီးလာတော့ တောင်ကုန်းကလေးပေါ် တက်ရတာတောင် တယ်မောပါကလား။ တကယ့် တောင်မြင့်ကြီး များ တက်ရင် ဘယ်လိုနေမလဲ မသိဘူး”

ထိုအခါ မယ်သီလရင် တစ်ပါးက “ဒီမယ် . . . ရှင် လမ်းဖယ်ပေးပါ။ ရှင်တက်နေပုံက သိပ်နှေးတော့ ကျွန်မတို့ ဘယ်လိုတက်ရမလဲ။ ရှင် ဖယ်ပေးလိုက်ပါ။ ကျွန်မတို့ အရင်တက်မယ်”

လင့်ဟူချုံးက “ဘယ်လိုလဲ . . . သီလရှင်တွေက တယ်ပြီး ဒေါသကြီးကြပါကလား။ မင်းတို့က ဘုရားရဲ့ သမီးတော်တွေ လုပ်နေပြီး ဒီလောက် ဒေါသကြီးရင် မှားမှာပေါ့။ မင်းတို့သွားမယ့် နေရာက ဘယ်ထွက်ပြေးမှာမို့လဲ။ မြန်မြန်သွားလဲ ဒီနေရာပဲ။ နှေးနှေးသွားလဲ ဒီနေရာပဲ။ သေရွာသွားဖို့ ပြေးသွားနေတာမှ မဟုတ်တာ။”

"ရှင် ဘယ်လိုစကားမျိုး ပြောတာလဲ။ စကားကို ကောင်းကောင်းပြောပါ။ ကျွန်မတို့ကို သွယ်ဝိုက်ပြီး ကျိန်ဆဲတာပေါ့လေ။ ရှင်သာ လမ်းဖယ်ပါ။ ကျွန်မတို့ကို ကျိန်ဆဲစရာ မလိုပါဘူး"

ထိုမယ်သီလရှင်က လင့်ဟူချုံး၏ရင်ပတ်ကို ဓါးအိမ်ဖြင့် ထောက်ရန်ပြင်လိုက်သည်။ ထိုအချိန်မှာပင် လင့်ဟူချုံးသည် ရုတ်တရက် နောက်သို့ လှည့်လိုက်ရာ ဓါးမှာ သူ့ရင်ဝသို့ ထိုးချိန်ထားသလို ဖြစ်သွားတော့၏။

လင့်ဟူချုံးက လန့်သွားသယောင်ဖြင့် အော်လိုက်သည်။

"မင်း . . . မင်းတို့ . . . ဒါဘာလုပ်တာလဲ။ ပြောစမ်း . . . ငါလိုစစ်ဗိုလ်ကြီး တစ်ယောက်ကိုများ လုယက်ဖို့ ကြိုးစားကြတာပေါ့ ဟုတ်လား။ ဟေ့ကောင်တွေ လာကြစမ်း။ ဟောသည် မယ်သီလရှင်ကို ဖမ်းချုပ်လိုက်ကြစမ်း။ ငါကို ဓါးနဲ့ ထောက်ပြီး ခြိမ်းခြောက်နေတယ်"

တကယ့် စစ်ဗိုလ်ကြီး တစ်ယောက်က ငယ်သားများကို အမိန့်ပေးသလို လင့်ဟူချုံး အော်ဟစ်လိုက်သည်။ သို့သော် တောကြီးမျက်မည်းထဲသို့ မည်သည့်စစ်သားက လာရောက်မည်နည်း။

မယ်သီလရှင်လေးများသည် တောကြီးတောင်ကြီးထဲ၌ သြဇာအာဏာပြနေသည့် စစ်ဗိုလ်ကြီး တစ်ယောက်ကို ကြည့်ပြီး တခစ်ခစ် ရယ်မိကြတော့၏။ မယ်သီလရှင် တစ်ပါးက ရယ်မောရင်း

"ကဲ . . . ကျွန်မတို့မှာ အရေးတကြီး သွားစရာ ကိစ္စတစ်ခု ရှိနေပါတယ်။ ဒါကြောင့် တစ်ဆိတ်လောက် လမ်းဖယ်ပေးဖို့ တောင်းပန်ပါတယ်ရှင်။ ရှင်ကသာ အခုလို လမ်းပိတ်ထားရင်တော့ ကျွန်မတို့ရဲ့ ပန်းတိုင်ကို အချိန်မီရောက်တော့မှာ မဟုတ်လို့ပါ"

"မင်းကလဲကွာ . . . တစ်ချိန်လုံး 'ရှင်' . . . 'ရှင်' နဲ့ ပြောနေတာပဲ။ ငါ့လို စစ်ဗိုလ်ကြီးကို စစ်ဗိုလ်ကြီးပဲ ခေါ်ပါ"

ဤတွင် မယ်သီလရှင်လေးများအားလုံး တခစ်ခစ်ရယ်မောမိကြတော့၏။ သူတို့က သံပြိုင်ဖြင့်

"စစ်ဗိုလ်ကြီးရှင့် . . . ကျေးဇူးပြုပြီး လမ်းဖယ်ပေးပါ"

ထိုအခါ လင့်ဟူချုံးက တဟားဟား ရယ်လိုက်ပြီး ဓါးကိုဆန့်၍ ရင်ကိုကော့လိုက်၏။ ထိုစဉ်တွင် တစ်ချက်မျှ ယိမ်းယိုင်သွားပြီး ဘေးဘက်ရှိ ချောက်ကြီးထဲသို့ ကျလုနီးနီး ဖြစ်သွား၏။ မယ်သီလရှင်လေးများသည် အလန့်တကြား အော်ဟစ်ရင်း လင့်ဟူချုံးကို ဖမ်းဆွဲထားလိုက်ကြသည်။

"တောက် . . . ဒီလမ်းက သိပ်ဆိုးနေပါလား။ ဒီနယ်က အရာရှိတွေ အိပ်နေကြတယ် ထင်တယ်။ ဒီလမ်းကို ပြင်ဖို့ ကောင်းနေပြီ။ ဘာမှ အသုံးမကျတဲ့ လူတွေပဲ"

ပြောပြောဆိုဆိုနှင့် ဘေးဖယ်ပေးလိုက်သော လင့်ဟူချုံးအား မယ်သီလရှင်များက ဖြတ်ကျော်သွားကြ၏။ လင့်ဟူချုံးက အသာလေး စောင့်ကြည့်နေလိုက်သည်တွင် မယ်သီလရှင်များ တစ်ယောက်ပြီး တစ်ယောက် ဖြတ်ကျော်သွားသည်။ ရီလင်က သူ့အား ဖြတ်ကျော်သွားသည်အထိ စောင့်နေပြီးမှ ရီလင့်နောက်နားမှ ကပ်လိုက်သွား၏။

ဒယီးဒယိုင်ဖြင့် လျှောက်နေသော လင့်ဟူချုံးကြောင့် မယ်သီလရှင်အားလုံး စိတ်ညစ်နေကြတော့၏။ သူ့ခြေလှမ်းများမှာ နှေးလှသည်လည်းမဟုတ်။ အလိုက်သင့် ခပ်မြန်မြန် လျှောက်နေသဖြင့် အားလုံးက အောင့်အည်းသည်းခံပြီး လိုက်နေကြသည်။ သူတို့က စိတ်ဆိုးရအခက်၊ ရယ်ရအခက် ကြုံနေကြတော့၏။

စိတ်မရှည်တော့သော မယ်သီလရှင် တစ်ပါးက "စစ်ဗိုလ်ကြီးကလဲ ဘယ်လို လျှောက်နေတာလဲ . . . သိပ်နှေးတာပဲ။ ခပ်သွက်သွက် လျှောက်စမ်းပါ"

ရီလင်ကမူ "အစ်မရိဟို . . . စစ်ဗိုလ်ကြီးကို သွားမလောပါနဲ့။ တော်တော်ကြာ လောကြီးပြီး လျှောက်လိုက်တော့မှ ချောက်ကြီးထဲ ကျသွားရင် ကျွန်မတို့ပဲ စိတ်မကောင်း ဖြစ်နေရဦးမယ်"

လင့်ဟူချုံးသည် ရီလင်၏ အပြစ်ကင်းလှသော စကားသံလေးများကြောင့် နုမလေး တစ်ယောက်သဖွယ် ချစ်ခင်ကြင်နာစိတ်များ တဖွားဖွားပေါ်လာတော့သည်။ သူ့စိတ်ထဲမှ ကြိတ်၍ ဆုံးဖြတ်လိုက်သည်။

"ဒီတောင်ကုန်းပေါ်မှာ ရန်သူတွေချည်းပဲ။ ရီလင်ရဲ့ အသက် . . . သူ့ရဲ့ ဂိုဏ်းတူ ညီအစ်မတွေရဲ့ အသက်ကိုပါ ငါက ကာကွယ်ရတော့မယ်"

ရီလင်က "အစ်မ ရီချင်း . . . စစ်ဗိုလ်ကြီးရဲ့ ခြေလှမ်းတွေက ချော်ချင်နေတယ်။ တကယ်လို့ စစ်ဗိုလ်ကြီး ခြေချော်လဲသွားရင် အစ်မက ဖမ်းဆွဲပေးပါနော်"

"ရီလင်ကလဲ . . . ကြုံကြုံဖန်ဖန် . . . သူ့ကိုယ်လုံးနဲ့ ငါ့ကိုယ်လုံး ယှဉ်ကြည့်ပါဦး။ ငါက သူ့ကို ဆွဲထားနိုင်ပါ့မလား။ ငါပါကျသွားမှာပေါ့"

လင့်ဟူချုံးက ဒေါနှင့် မောနှင့် ပြောလိုက်၏။

"မင်းတို့ မယ်သီလရင်တွေက စကားပြောတာ တယ်ရိုင်းပါလား။ လူကြီးသူမကို ရိုသေရကောင်းမှန်းလဲ မသိဘူး။ ငါ့လို စစ်ဗိုလ်ကြီးတစ်ယောက်ကို ဒီလိုပဲ မရိုမသေ ပြောနေကြတယ်။ စစ်ပွဲထဲမှာဆိုရင် ငါဘယ်လောက် ထည်ဝါခန့်ညားတယ်ဆိုတာ မင်းတို့ မြင်စေချင်တယ်။ ဒါမှ ငါ့အစွမ်းကိုသိပြီး ရိုသေလေးစားရကောင်းမှန်း သိသွားမယ်။ ငါလို စစ်ဗိုလ်ကြီးတစ်ယောက်က ဒီလောက် တောင်ကုန်းကလေးကို ဂရုစိုက်မယ် ထင်သလား။ သည့်ထက်ကြောက်စရာ ကောင်းတဲ့ ထောင်ချောက်၊ ဆူးညောင့်ခလုတ် မိုင်းကျင်းတွေကိုတောင် ငါက အသာကလေး ဖြတ်ကျော်နိုင်တာ။ ဒီလို ချောက်ကြီးထဲကို ခြေချော်ကျပါ့မလား။ . . . ဟဲ့ . . . ဟဲ့ . . . အမလေး . . . လုပ်ကြပါဦး . . . ငါ့ကို တွဲကြပါဦး"

ပြောရင်းဆိုရင်းကနေ လင့်ဟူချုံးသည် ခဲလုံးကလေးတစ်လုံးကို နင်းမိပြီး ချော်လဲသွားတော့၏။ နောက်ဖက်သို့ လဲကျသွားပြီး ချောက်ထဲသို့ ကျသွားပါက သူ့နောက်မှ ပါလာသော မယ်သီလရင်များအတွက် အတော်ကလေး ဒုက္ခများသွားပေလိမ့်မည်။ သို့သော် ရီလင်က ခြေကားယား လက်ကားယား ဖြစ်နေသော လင့်ဟူချုံးကို လှမ်းဆွဲထား လိုက်သဖြင့် အားလုံး သက်သာရာ ရသွားတော့၏။

သည်တော့မှ သူ့နောက်မှ မယ်သီလရင်များလဲ ဟင်းကနဲ သက်ပြင်းချလိုက်နိုင်တော့သည်။ ရီလင်၏ လက်ကိုတွဲ၍ လင့်ဟူချုံးက မတ်တတ်ရပ်လိုက်သည်။ စောစောပိုင်းက အလွန်တရာ ပုံပျက်ပန်းပျက် ဖြစ်ခဲ့သည်ကို မယ်သီလရင် လေးများအားလုံး တခစ်ခစ်နှင့် ရယ်မောနေကြတော့၏။

သူ့ကိုယ်သူ ကောင်းစွာ ထိန်းနိုင်သောအခါ ရီလင်၏ လက်ကလေးကို လွှတ်လိုက်ကာ လင့်ဟူချုံးက ပါးစပ်မှ တဖျစ်တောက်တောက် မြည်တွန်လိုက်သည်။

"သားရေဖိနပ်က သိပ်လေးတာ။ ဖိနပ်ကိုမနိုင်လို့ အခုလို ဖြစ်သွားတာပေါ့။ မင်းတို့လို ပိတ်ဖိနပ် ပါးပါးကလေး တွေသာ စီးထားရင် ဘယ်ခြေချော်ကျလိမ့်မလဲ။ နောက်ပြီး ငါက အောက်ကို တကယ်ကျ သွားသေးတာမှ မဟုတ်တာ . . . ဘာရယ်စရာ ရှိလို့လဲ"

ရီလင်ကတော့ "ဟုတ်တာပေါ့။ စစ်ဗိုလ်ကြီးက စစ်ဖိနပ်အထူကြီး စီးထားတော့ တောင်တက်လမ်းမှာ အခက်အခဲ တွေ့တာပေါ့"

"အေး . . . ဟုတ်တယ်။ . . . တောင်တက်လမ်းနဲ့ ငါ့ဖိနပ် အလေးကြီးက တကယ့်ကို မလိုက်ဖက်တဲ့ ကိစ္စပဲ။ ဒါပေမယ့် ဒီစစ်ဖိနပ်ကြီးက ငါနဲ့ ဘယ်လောက် ခံ့ညားသလဲ။ ဘယ်လောက် ကြည့်ကောင်းသလဲ။ မင်းတို့လို ပိတ်ဖိနပ်ကလေး ဝတ်ထားရင် ငါဘယ်ဒီလောက် ခန့်ညားပါတော့မလဲ"

အခုအချိန်အထိ စစ်ဗိုလ်ကြီးဆိုသော အရှိန်အဝါကို ဟန်ပန်ထုတ်ချင်နေသေးသည့် ပုံစံကိုကြည့်ရင်း မယ်သီလရင် လေးများမှာ ပို၍ ရယ်မောမိကြတော့၏။ ထိုစဉ်မှာပင် ဟန်ဆန်းဂိုဏ်းမှ နောက်ဆုံးအသုတ်သည် တောင်ခြေသို့ ရောက်နေကြလေပြီ။ ရှေ့ဆုံးအသုတ်ကမူ တောင်ကုန်းထိပ်နားသို့ ရောက်လုနီးနေပေပြီ။

တောင်ကုန်းထိပ်နားမှ မယ်သီလရင်လေးများ သတိမလစ်စိမ့်သောငှာ လင့်ဟူချုံးက အော်ဟစ်၍ သတိပေးလိုက် သည်။

"ဟေ့ . . . ရှေ့ဆုံးက မယ်သီလရင်လေးတွေ သတိထားကြနော်။ ဒီတစ်ဝိုက်မှာ ခိုးကြောင်ခိုးဝှက် လုပ်တတ်တဲ့ ခွေးသူခိုးတွေ သိပ်များတယ်။ တော်တော်ကြာ မင်းတို့ ပင်ပင်ပန်းပန်း အလှူခံထားရတဲ့ ငွေစလေးတွေကို ခွေးသူခိုးတွေ လုသွားဦးမယ်"

ရီချင်းက ရယ်လိုက်ပြီး "ကျွန်မတို့နားမှာ စစ်ဗိုလ်ကြီး တစ်ယောက်လုံး ရှိနေမှတော့ ဘယ်ခွေးသူခိုးကို ကြောက်ရဦးမှာလဲ။ ကျွန်မတို့ကို ဘယ်လူဆိုးတွေက ထိရဲမှာလဲ"

ရီချင်း၏ စကားကို လင့်ဟူချုံးမှာ ဂရုမစိုက်နိုင်။ ရှေ့ဆုံး အသုတ်အတွက် စိတ်ပူနေရသဖြင့် တောင်ကုန်းထိပ်သို့ လှမ်းမျှော် ကြည့်ရင်း အော်ဟစ်လိုက်၏။

"သတိထားကြ။ ကောင်းကောင်း သတိထားကြဟေ့။ ဟိုးအပေါ်မှာ ခွေးသူခိုးတစ်ယောက် ပြူတစ်ပြူတစ် လုပ်နေတာကို တွေ့သလိုပဲ။ ငါတော့ သံသယ မကင်းဘူး။ ရှေ့ဆုံးက မယ်သီလရင်လေးတွေ . . . လက်နက်တွေ အဆင်သင့် ပြင်ထားတော့ဟေ့"

သို့သော် မယ်သီလရင်လေး တစ်ယောက်က "စစ်ဗိုလ်ကြီးက တယ်လျှာရှည်ပါလား။ ကျွန်မတို့က ဒီသူခိုးခါးပြတွေ ကို ကြောက်နေရမှာလား။ . . . ဟင်း . . . ဟန်ဆန်းဂိုဏ်းကိုထိရင် သူတို့ပဲ ဒုက္ခဖြစ်သွားမှာပေါ့"

သူမစကား မဆုံးမီပင် ရှေ့ဆုံးမှ မိန်းကလေး ၂ ယောက်မှာ အော်ဟစ်လိုက်ပြီး ညည်းညူလဲကျ သွားတော့၏။ အနောက်ဖက်မှ မယ်သီလရင်လေးများက ဆီးကြိုပွေ့ဖက် လိုက်ရ၏။ ထို့နောက်တွင်တော့ ရှေ့ဆုံး အသုတ်၏

အော်ဟစ်သတိပေးသံများ ကြွက်ကြွက်ညံ သွားလေတော့၏။

"လူဆိုးတွေ . . . သူခိုးတွေ . . . လက်နက်ပုန်းနဲ့ ပစ်တယ်။ သတိထားကြ"

ထိုအခိုက်မှာပင် နောက်တစ်ယောက် လိမ့်ကျသွားပြန်သည်။ ရိဟိုက အော်ဟစ် အမိန့်ပေးလိုက်၏။

"အားလုံး ဝပ်ကြ . . . ရပ်မနေကြနဲ့ . . . လျှို့ဝှက်လက်နက်ကို သတိထားကြ"

ရိဟို၏ အမိန့်အတိုင်း အားလုံးပင် ဝပ်လိုက်ကြ၏။ ယခုအခြေအနေတွင် ရိဟို၏ စီမံခန့်ခွဲပုံသည် အကောင်းဆုံး ခန့်ခွဲလိုက်ခြင်း ဖြစ်တော့၏။ မတ်တတ်ရပ် နေခြင်းအားဖြင့် ပစ်မှတ်များ ထင်ထင်ရှားရှား ဖြစ်နေပြီး ရန်သူများက အလွယ်တကူ တိုက်ခိုက်နိုင် ပေလိမ့်မည်။ ဝပ်နေလိုက်ခြင်းအားဖြင့် ပစ်မှတ်များ ကျဉ်းသွားသဖြင့် ရန်သူက အလွယ်တကူ မတိုက်ခိုက်နိုင်တော့ပေ။

လင့်ဟူချုံးကမူ အော်ဟစ်နေ၏။

"ခွေးသူခိုးတွေ . . . အတင့်ရဲလှချေလားကွ။ ငါလို စစ်ဗိုလ်ကြီး တစ်ယောက်လုံး ရှိနေတာတောင် ဒီလို လုပ်ကြံဝံ့ကြသလား။ တွေ့မယ် . . . ငါနဲ့ တွေ့မယ်။ ငါ့အစွမ်း ဘယ်လောက်ရှိသလဲ ဆိုတာကို မင်းတို့ကို ပြရသေးတာပေါ့ကွာ"

ရီလင်ကမူ လင့်ဟူချုံး၏ လက်ကို ဆွဲချလျက် စိတ်ပူပန်စွာ ပြောရှာ၏။

"စစ်ဗိုလ်ကြီး . . . မထနဲ့လေ . . . ဝပ်နေလိုက်ပါ"

ဟန်ဆန်းဂိုဏ်းမှ တင့်ကျင့်မယ်သီလရင်ကြီးသည် ရှေ့ဖက်တွင် ရန်သူများ ရှိနေသည်ဆိုသော သတင်းကို ကြားရသောအခါ နောက်ဆုံးအုပ်စုမှ ရှေ့ဆုံးသို့ ပြေးလွှားခုန်တက် လာတော့၏။

သူမက လူအုပ်ကြီး၏ ဦးခေါင်းများပေါ်မှ ခုန်ပျံကျော်လွှားပြီး ရှေ့ဆုံးတပ်ဦးသို့ ခုန်ကျော် ထွက်သွား လေတော့သည်။ သူ့ခေါင်းပေါ်မှ ခုန်ကျော်သွားသဖြင့် လင့်ဟူချုံးက အော်ဟစ်လိုက်၏။

"ကုန်ပါပြီ . . . ကုန်ပါပြီ။ ငါ့မှာရှိသမျှ ဘုန်းကံတွေတော့ ကုန်ပါပြီ။ မိန်းမတွေ ခေါင်းပေါ်က ခုန်ကျော်သွားမှတော့ ဘယ်က ဘုန်းကံ ကျန်တော့မလဲ"

ထိုစဉ် တင့်ကျင့် မယ်သီလရင်ကြီးဆီသို့ လက်နက်ပုန်းများ ပြေးဝင်လာကြ၏။ သူမက အင်္ကျီလက်စရှည်ကြီးကို တစ်ချက်မျှ ယမ်းခါလိုက်သည်တွင် လျှို့ဝှက်လက်နက်များသည် လေလှိုင်းရိုက်ခတ်မှုကြောင့် ဘေးဘက်သို့ လွင့်စဉ်ထွက်ကုန်တော့သည်။ သူမ၏ သိုင်းပညာ မည်မျှမြင့်မားကြောင်း သရုပ်ပြသွားသည်နှင့်ပင် တူလှသေးတော့သည်။

တင့်ကျင့် မယ်သီလရင်ကြီး၏ ကိုယ်ဖော့သိုင်းနှင့် အတွင်းအားပြည့်ဝပုံကို တွေ့မြင်လိုက်ရသောအခါ ဟန်ဆန်းဂိုဏ်းသားများအတွက် စိတ်သက်သာရာ ရသွားတော့၏။

"အင်း . . . ဒီမယ်သီလရင်ကြီးရဲ့ သိုင်းပညာက အတော်ကလေး ကောင်းသားပဲ။ ဒါဆိုရင် ရီလင်တို့အတွက် တော်သေးတာပေါ့ . . . သိုင်းပညာ သိပ်မကောင်းတဲ့ လူကသာ ခေါင်းဆောင်လာရင် တစ်ယောက်မှ အသက်ရှင်ဖို့ လမ်းမမြင်ဘူး"

ထိုအချိန်တွင် တင့်ကျင့် မယ်သီလရင်ကြီးသည် တောင်ကုန်းထိပ်သို့ ရောက်သွားလေပြီ။ သူမခြေချလိုက်သည်နှင့် တစ်ပြိုင်နက် တုတ်ရှည်တစ်ချောင်းက သူမ၏ ဦးခေါင်းသို့ ဗိုးကနဲ လာရိုက်တော့၏။

လေတိုးသံကို နားထောင်လိုက်သည်နှင့် တင့်ကျင့် မယ်သီလရင်ကြီးက ထိုတုတ်သည် သာမန် သစ်သားတုတ် မဟုတ်ပဲ သံတုတ်ဖြစ်ကြောင်း သိလိုက်သည်။ သံတုတ်ရှည်၏ ရိုက်ချက်ကို သူမက ဘေးဘက်သို့ ရှောင်ပေးလိုက်သောအခါ ဘေး ၂ ဖက်မှ လှံရှည် ၂ လက်က ထိုးစိုက်လာပြန်၏။

လက်နက်မဲ့ ခုခံရန် မဖြစ်တော့သဖြင့် တင့်ကျင့် မယ်သီလရင်ကြီးက ဓါးကို ဆွဲထုတ်ကာ လှံတစ်ချောင်းကို ဘေးသို့ ဖယ်ထုတ်လိုက်ရသည်။ ထိုအခိုက်မှာပင် သံတုတ်ရှည်က သူမ၏ ဦးခေါင်းရှိရာသို့ ဝင်လာပြန်သည်။

တင့်ကျင့် မယ်သီလရင်ကြီးမှာ ထူပူသွားတော့၏။ ဤတောင်ကုန်းထိပ်မှ လူဆိုးများမှာ သာမညလူဆိုးများ မဟုတ်၊ တကယ့် ထိပ်သီးသိုင်းသမား ၃ ယောက်ထက်မနည်းက ပုန်းခိုစောင့်ဆိုင်း နေပေသည်။ သူမအဖို့ ထိုနေရာမှ ရှေ့တက်ဖို့ အရေးမှာ အလွန်တရာ ခက်ခဲလှသော ကိစ္စကြီး ဖြစ်ပေတော့သည်။

ထိုအခိုက်မှာပင် ကျောက်တုံးကြီးများ လိမ့်ကျလာသော အသံနှင့်အတူ အောက်ဖက်မှ မယ်သီလရင်လေးများ၏ ထိတ်လန့်တကြား အော်ဟစ်သံများ လွင့်ပျံလာတော့၏။ တောင်ကုန်းထိပ်မှ ရန်သူများက ကျောက်တုံးကြီးများကို လိမ့်ချလိုက်ခြင်း ဖြစ်သည်။

တင့်ကျင့် မယ်သီလရင်ကြီးက နောက်သို့ဆုတ်ရင်း အော်ဟစ် အမိန့်ပေးလိုက်သည်။

"အားလုံး နောက်ပြန်ဆုတ်၊ တောင်ကုန်းအောက်ကို ရောက်အောင် ပြန်ဆင်းကြ"

သူမသည် တကယ့်ခေါင်းဆောင်ကောင်း ပီသပေသည်။ ဖိတိုက်လာသော ရန်သူများကို အထီးတည်း ကာကွယ်ရင်း ဂိုဏ်းသားများကို လွတ်ရာသို့ ပြန်ဆုတ်ရန် အမိန့်ပေးလိုက်သည်။ ထိုစဉ်မှာပင် တောင်ကုန်းအောက်ဖက်မှ လက်နက်ချင်း ရိုက်ခတ်သံများကို ကြားလိုက်ရတော့၏။

သွေးပျက်ဖွယ်ရာ အခြေအနေပင်။ ရန်သူများသည် တောင်ထိပ်နှင့် တောင်အောက်တွင် တပ်ပုန်းများချလျက် ညှပ်ပူးညှပ်ပိတ် တိုက်ခိုက်နေကြခြင်းပင် ဖြစ်သည်။ မကြာမီပင် နောက်ဆုံးအုပ်စုမှ သတင်းပို့ လာတော့သည်။

"ဆရာမကြီး . . . တောင်ကုန်းအောက်မှာ ရန်သူတွေ သိပ်များနေတယ်။ ထုနဲ့ထည်နဲ့ ပိတ်ဆို့ထားတော့ ထိုးဖောက်လို့ မရလောက်အောင် ဖြစ်နေတယ်"

အပြင်းအထန် ခုခံနေရင်းမှ တင့်ကျင့် မယ်သီလရင်ကြီးက ဒေါသတကြီးဖြင့် တောက်ခေါက်မိလိုက်၏။

"တော်တော်ယုတ်မာတဲ့ ကောင်တွေ၊ အလစ်ချောင်းပြီးတော့လဲ တိုက်သေးတယ်။ အထက်အောက်လဲ ညှပ်တိုက်သေးတယ် . . . သတ္တိမရှိတဲ့ ကောင်တွေ"

စကားဆုံးသည်နှင့် ချက်ချင်းပင် နောက်ဆုံး အုပ်စုရှိရာသို့ သူမသည် ပြေးသွားပြန်၏။ သူ့နေရာတွင် ဟန်ဆန်းဂိုဏ်းမှ မယ်သီလရင်လေးများက အစားထိုးနေရာယူလျက် သက်စွန့်ဆံဖျား တိုက်ခိုက်ရပြန်သည်။

တောင်ကုန်းအောက်ခြေသို့ ရောက်သောအခါ သံတုကြီးတစ်ခုနှင့် ကြီးမားသော ဓါးကြီးကို ကိုင်ဆောင်ထားသည့် ရန်သူ ၂ ယောက်ကို အလျင်ဦးစွာ တွေ့ဆုံရလေသည်။ အလွန်တရာ ကျဉ်းမြောင်းလှသည့် နေရာမှာ ကြီးမား လေးလံသော လက်နက်ကြီးများနှင့် တိုက်ခိုက်နေရသည့် ရန်သူများကြောင့် ဟန်ဆန်းဂိုဏ်းသားအချို့ ဒါဏ်ရာရလျက် ရှိနေချေပြီ။ ကျန်သော ဂိုဏ်းသားများသည်လည်း ရန်သူများကို လုံးဝထိုးဖောက်ခြင်း မပြုနိုင်ပဲ နောက်သို့သာ တဆုတ်တည်း ဆုတ်နေရတော့၏။ ကြာလျှင် ရှေ့ရန်သူနှင့် နောက်ရန်သူများအကြား ကြားညပ်၍ သေကုန်ချေတော့မည်။

မြေပြန့်၌ဆိုလျှင် တင့်ကျင့်မယ်သီလရင်ကြီးသည် တုကြီးကိုင်ဆောင်သော ရန်သူနှင့် ဓါးကြီး ကိုင်ဆောင်သော ရန်သူတို့ကို လွယ်ကူစွာ အနိုင်ယူနိုင် ပေလိမ့်မည်။ သို့သော် ယခုရောက်နေသည့် နေရာမှာ လွန်စွာ ကျဉ်းမြောင်းလှသဖြင့် သူမ၏ ဓါးသိုင်းကို အစွမ်းကုန် မထုတ်နိုင်ချေ။ ထို့ကြောင့် သူမသည်လည်း နောက်သို့ ဆုတ်လိုက်ရတော့၏။

ဤသို့ဆုတ်ခွာနေရင်းမှ သူမစိတ်ထဲတွင် စဉ်းစားကာ ဆုံးဖြတ်ချက်တစ်ခု ချလိုက်သည်။ သူသေကိုယ်သေ အသေခံ၍ ရှင်းလင်းပါက တောင်ထိပ်မှ ရန်သူများကို ရှင်းလင်းရလွယ်မည်ဟု ဆုံးဖြတ်လိုက်၏။ ထို့ကြောင့် တောင်ခြေမှ မသိမသာ ခွာပြီး တောင်ထိပ်သို့ ခုန်လွှားတက်သွားပြန်၏။

လင့်ဟူချုံးကမူ ပါးစပ်မှ တတွတ်တွတ်နှင့် ညည်းတွားနေ၏။

"ငါမင်းတို့ကို ပြောသားပဲ။ ဒီတောင်ထိပ်မှာ ခွေးသူခိုးတွေ ရှိနေပါတယ်လို့။ မင်းတို့က ယုံမှ မယုံပဲကိုး။ အခုတော့ ဒုက္ခဖြစ်နေကြပြီ မဟုတ်လား"

တကယ်တမ်း သူ့စိတ်ထဲမှ တွေးနေသည်မှာကား

"ငါ တော်တော် ညံ့ပါလား။ ငါ့အသုံးမကျလို့ ညီမလေး ရီလင်တို့ ဒုက္ခတွေ့နေရပြီ။ တောင်ကုန်းထိပ်က ပုန်းနေတဲ့ ရန်သူတွေကို သိလျက်သားနဲ့ သတ္တိမရှိတဲ့အတွက် အပြစ်မရှိတဲ့ မယ်သီလရင်တွေ ဒုက္ခရောက်နေရပြီ"

ထိုအတွေးသည် လင့်ဟူချုံး၏ နှလုံးသားကို ဆုပ်ညှစ်ချေနေသကဲ့သို့ ဖြစ်နေတော့သည်။ အမှန်စင်စစ်အားဖြင့် လင့်ဟူချုံးသာ ဤခရီးလမ်းသို့ မလာခဲ့ပါက ဟန်ဆန်းဂိုဏ်းသားများမှာ ညှပ်ပူးညှပ်ပိတ် အတိုက်ခံရပြီး အကုန်လုံး သုတ်သင်ရှင်းလင်းခြင်း ခံရလောက်ပေသည်။

လင့်ဟူချုံး ရောက်မလာလျှင်လည်း ဖြစ်ပျက်မည့်ကိစ္စပင်။ သို့သော် လင့်ဟူချုံးမှာ သူတစ်ပါးအား ကူညီလိုစိတ်ရှိသည့်အပြင် မကူညီနိုင်လျှင် သူ့အပြစ်မကင်းဟု အစွဲရှိသဖြင့် စိတ်ဆင်းရဲနေရခြင်း ဖြစ်သည်။

လင့်ဟူချုံး၏ သူရဲကောင်းစိတ်ဓါတ်သည် ဟုန်းကနဲ ပေါ်ထွက်လာသည်။

"ညီမလေးရီလင်နဲ့ ဒီမယ်သီလရင်လေးတွေ သေရတော့မှာလား။ ငါ့အသက်က ဘာများ တန်ဖိုးရှိလို့လဲ။ ငါသာ မီးကုန်ယမ်းကုန်နဲ့ သူသေကိုယ်သေတိုက်ရင် ညီမလေးရီလင် ဒုက္ခ ရောက်နိုင်မလား"

သူရဲကောင်းတို့၏ စိတ်ဓါတ်ကား တစ်ခါတစ်ရံတွင် နူးညံ့လှသော ဝါဂွမ်းဖတ်ကလေးနှင့် တူ၍ တစ်ခါတစ်ရံတွင် စိန်သွားကျောက်သွားပမာ မာကျောလှပေသည်။

× × × × × × ×

## ချောင်းမြောင်းလုပ်ကြံခြင်း

တင့်ကျင့်မယ်သီလရင်ကြီးသည် တောင်ကုန်းထိပ်သို့ တစ်ဖန်ရောက်ရှိ လာပြန်ချေပြီ။ တောင်ထိပ်သို့ မရောက်မီ ကလေးတွင် သူမ၏ခေါင်းထဲသို့ အတွေးတစ်ခု ဝင်ရောက်လာ၏။

"ငါသာ ဒီကနေ့ ဒီနေရာကနေ မဖောက်ထွက်နိုင်ရင်တော့ ငါတို့ဟန်ဆန်းဂိုဏ်းက လူတွေအားလုံး ဒီမှာ သေကုန်တော့မှာပဲ"

ထိုအခိုက်မှာပင် သံချောင်းရှည်တစ်ချောင်းက သူမ၏ ဦးခေါင်းဆီ ရိုက်ချလာ၏။ တင့်ကျင့်မယ်သီလရင်ကြီးက ကိုယ်ကို အနည်းငယ်သာ တိမ်းလိုက်ပြီး ဓါးရောလူပါ ရှေ့သို့ တဟုန်ထိုး ခုန်အုပ်လိုက်တော့၏။

သည်တိုက်ကွက်မျိုးသည် အလွန်တရာ အန္တရာယ်များလှသော သူသေကိုယ်သေ တိုက်ကွက်မျိုး ဖြစ်သည်။ ရန်သူအား ခုန်အုပ်ခွင့်ရရန် သံချောင်းရှည်ကို အနည်းငယ်လေးသာ ကပ်ရှောင်လိုက်ခြင်း ဖြစ်သည်။ သံချောင်းရှည်အား လွတ်လွတ်ကင်းကင်းဖြစ်အောင် ရှောင်ပါက ဟန်ချက်ပျက်သွားပြီး ရန်သူအား ခုန်အုပ်ရန် အခွင့်အလမ်း ရတော့မည် မဟုတ်ပေ။ ယခုလို အနည်းငယ်သာ ကပ်ရှောင်လိုက် ခြင်းအားဖြင့် လွတ်သွားလျှင်တော့ ရန်သူကို သုတ်သင်နိုင်ပေလိမ့်မည်။ မလွတ်လျှင်တော့ သူမသေဆုံးသွားနိုင်သည်။

တင့်ကျင့်မယ်သီလရင်ကြီး၏ သူသေကိုယ်သေ တိုက်ကွက်ဆန်သော အကွက်ကြောင့် သံချောင်းရှည်သမားမှာ အံ့ဩကာ တစ်ချက်မျှ တုံ့နှေးသွား၏။ ထိုအချိန်တွင် တင့်ကျင့်မယ်သီလရင်ကြီးက တုတ်ချက်အောက်မှ လွတ်ထွက်သွားသည်။ သူမ၏ ဓါးသည်လည်း ရန်သူ၏ နံကြားထဲသို့ စိုက်ဝင်သွားတော့၏။

သို့သော် သံချောင်းရှည်သမားသည် အလွန်တရာ စိတ်ဓါတ်မာကျောသူ ဖြစ်ရကား မာန်သွင်း၍ တစ်ချက် အော်ဟစ်လိုက်ပြီး လက်သီးနှင့် ထိုးချလိုက်သည်တွင် တင့်ကျင့်မယ်သီလရင်ကြီး၏ ဓါးမှာ ထက်ပိုင်းကျိုးသွားတော့သည်။

တင့်ကျင့်မယ်သီလရင်ကြီးက အရေးတကြီး အော်ဟစ်လိုက်သည်။

"ဓါးယူခဲ့စမ်းဟေ့"

ရိုဟိုက ချက်ချင်းခုန်တက်လာပြီး

"ဆရာမကြီး . . . ဓါး . . ." ဟုဆိုကာ ဓါးတစ်ချောင်းကို ကမ်းပေးလိုက်၏။ တင့်ကျင့် မယ်သီလရင်ကြီးကလည်း လှမ်းယူရန် ဟန်ပြင်လိုက်သည်။ သို့သော် ရိုဟို၏ ဓါးကို တင့်ကျင့်မယ်သီလရင်ကြီးမှာ လှမ်းမယူနိုင်တော့ပေ။

လှံသမား ၂ ယောက်အနက် တစ်ယောက်က ရိုဟိုကို တိုက်ခိုက်လိုက်ပြီး ကျန်တစ်ယောက်က တင့်ကျင့်မယ်သီလရင်ကြီးကို ဝင်တိုက်လိုက်သောကြောင့် ဖြစ်၏။ ရိုဟိုမှာ သူမလက်မှ ဓါးကို လှမ်းမပေးနိုင်တော့ပဲ လှံသမားကို ခုခံရတော့၏။ ချက်ချင်းလိုပင် ဓါးကိုင်သူ ရန်သူ ၂ ယောက်နှင့် သံမဏိတုတ်ကိုင်သော ရန်သူနောက်တစ်ယောက် ခုန်ထွက်လာကြပြန်သည်။

သူတို့က တင့်ကျင့်မယ်သီလရင်ကြီးကို ဝိုင်းဝန်းတိုက်ခိုက်တော့၏။ လက်နက်မဲ့သိုင်းပညာဖြင့် အပြင်းအထန် ခုခံပါသော်လည်း သူမမှာ လက်နက်မဲ့ ဖြစ်နေသဖြင့် တင့်ကျင့်မယ်သီလရင်ကြီးမှာ ခံစစ်သက်သက်ဖြင့်သာ ရှောင်တိမ်းနေရ၏။

ရီလင်မှာ . . . "ဟာ . . . ဒုက္ခပဲ။ ဘုရားကယ်ပါ" ဟု ရေရွတ်လိုက်မိ၏။

လင့်ဟူချုံးက ကြုံးဝါး အော်ဟစ်လိုက်သည်။

"ခွေးသူခိုးတွေကို ဒီအတိုင်း ကြည့်နေလို့ မဖြစ်တော့ဘူး။ ငါ စစ်ဗိုလ်ကြီး ကိုယ်တိုင် သုတ်သင်ရှင်းလင်းမှ ဖြစ်တော့မယ်။ နို့မဟုတ်ရင် ဒီခွေးသူခိုးတွေက နည်းနည်း နည်းနည်းနဲ့ ပိုပိုပြီး ရောင့်တက်လာတယ်။ ဒီကောင်တွေ ငါ့ကို ဘယ်လောက် ခုခံနိုင်မလဲဆိုတာ ကြည့်ကြတာပေါ့"

ရီလင်က အော်လိုက်၏။

"စစ်ဗိုလ်ကြီး . . . သွားလို့မဖြစ်ဘူး။ သူတို့က ရိုးရိုးခါးပြတွေ မဟုတ်ဘူး။ သိုင်းသမား လူဆိုးတွေ။ စစ်ဗိုလ်ကြီး တက်သွားရင် စစ်ဗိုလ်ကြီးကို လွယ်လွယ်ကလေးနဲ့ သူတို့က သတ်ပစ်လိုက်လိမ့်မယ်။ ဘေးကင်းရန်ကင်းအောင် နေပါ"

လင့်ဟူချုံးက ရင်ပတ်ကို ကော့ပြလိုက်သည်။

"မင်းက ငါ့ကို သာမန်စစ်ဗိုလ် ထင်နေလို့လား။ ဟား ဟား ဟား . . . အောင်ပွဲအလီလီ ဆင်လာတဲ့ စစ်ဗိုလ်ကြီး ပါကွ။ ဒီခွေးသူခိုးတွေက မိန်းမတွေဆိုပြီး အနိုင်ကျင့်နေတာပဲ။ ဒီကောင်တွေကို တရားဥပဒေအရ အရေးယူရမယ်"

ရီလင်က စိတ်ထဲမှ ပြောနေမိသည်။

"သြော် . . . စစ်ဗိုလ်ကြီးက ငါတို့ကို သာမန်မိန်းမတွေ ထင်နေတာကိုး။ ရန်သူတွေနဲ့ ဒီလောက် သူသေကိုယ်သေ တိုက်ခိုက်နေတာတောင် သိုင်းသမားတွေလို့ မထင်ဘူး။ သာမန်မိန်းမတွေလို့ ပြောနေတုန်း ရှိသေးတယ်။ သူဘာမှ မသိပါလား"

လင့်ဟူချုံးသည် ဘောက်ဆတ် ဘောက်ဆတ်ဖြင့် မယ်သီလရင်များအကြားမှ တိုးထွက်လာသည်။ တောင်ကုန်းထိပ်နားသို့ ရောက်လာချိန်တွင် သူ့ခါးမှ ဓါးကြီးကို ဆွဲချွတ်လိုက်၏။ အတန်ကြာ ဆွဲထုတ်နေသည့်တိုင် ဓါးမှာ ကျွတ်ထွက်မလာပေ။

လင့်ဟူချုံးက ဒေါသဖြင့် အော်ဟစ်လိုက်သည်။

"တယ် . . . ဒီဓါးကလဲ လူရှေ့သူရှေ့မှာ ငါ့ကို အရှက်ခွဲနေပြန်ပြီ။ မထုတ်တာ ကြာလို့ သံချေးတက်နေပြီ ထင်တယ်။ စစ်ဗိုလ်ကြီးရဲ့ဓါး သံချေးတက်တယ်ဆိုတာ အရပ်ရပ် နေပြည်တော် ကြားလို့မှ မတော်ပါလားကွယ်ရို့"

လူဆိုး ၂ ဦးနှင့် တိုက်ခိုက်နေသော ရိဟိုသည် လင့်ဟူချုံး၏ မြည်တွန်သံကို ကြားရသောအခါ ငိုအားထက်ရယ်အားသန် ဖြစ်ပြီး လှမ်းကြည့်မိလိုက်သည်။ လှည့်ကြည့်မိ လိုက်သောအခါ ရိဟိုမှာ အော်ဟစ်မိတော့၏။

"နောက်ကို ဆုတ်လိုက်၊ ဒီမှာ သိပ်အန္တရာယ်များတယ်"

လင့်ဟူချုံးအား အော်ဟစ်သတိပေးလိုက်သဖြင့် သူမ၏ ကာကွယ်မှု လစ်ဟင်းသွားပြီး ရန်သူတစ်ယောက်၏ လှံချက်မိတော့မတတ် ဖြစ်သွား၏။ ရိဟိုက ကမန်းကတန်း နောက်သို့ ခုန်ဆုတ်ကာ ရှောင်လိုက်ရတော့၏။ ထိုအခါ လှံသမားက ရှေ့သို့တိုးကာ နောက်တစ်ချက် ထပ်ထိုးလိုက်သည်။

လှံသမားကိုကြည့်ပြီး လင့်ဟူချုံးက အော်ဟစ်လိုက်၏။

"ဟေ့ကောင် . . . ခွေးသူခိုး . . . မင်းက ပုန်ကန်ချင်တယ်ပေါ့လေ။ တွေ့မယ် . . . ငါနဲ့ တွေ့မယ်။ ငါ့လို စစ်ဗိုလ်ကြီး တစ်ယောက်လုံးနဲ့ တွေ့နေမှတော့ ဘယ်လွယ်လိမ့်မလဲ။ ငါ့အကြောင်း ကောင်းကောင်း သိစေရမယ်"

ပြောပြောဆိုဆိုဖြင့် လင့်ဟူချုံးက ရှေ့တက်ပြီး ရိဟိုကို ကာကွယ်လိုက်၏။ လှံသမားသည် စစ်ဗိုလ်ကြီး တစ်ယောက်ကို မြင်လိုက်ရသောအခါ ကြောင်သွားပြီး လှံကို တုံ့ကနဲ ရပ်လိုက်မိသည်။ အသေအချာ ထပ်ကြည့်လိုက်သောအခါတွင် အမှန်တကယ် စစ်ဗိုလ်ကြီးတစ်ယောက် ဖြစ်နေကြောင်း တွေ့လိုက်ရတော့သည်။

လင့်ဟူချုံးကို လှံဖြင့် ချိန်ထားရင်း မေးလိုက်၏။

"မင်းက ဘယ်သူလဲ။ ဒီနေရာမှာ ဘာလာရှုပ်နေတာလဲ။ စောစောတုန်းက တောင်အောက်မှာ အော်နေတာ မင်းပဲ မဟုတ်လား။ ဒီနေရာမှာ မင်းလို စစ်ဗိုလ် အစုတ်ပလုတ်တွေ မလိုချင်ဘူး"

လှံသမားကို လင့်ဟူချုံးက ပြန်ဆဲဆိုတော့သည်။

"ခွေးမသား . . . ခွေးသူခိုး . . . သူရဲဘောကြောင်တဲ့ကောင်။ ငါက စစ်ဗိုလ်ကြီးကွ။ မင်းသာ ခွေးသူခိုး။ မင်းတို့ မတရား လုပ်နေတာကို ငါက လက်ပိုက်ပြီး ကြည့်နေမယ်များ ထင်နေသလား။ ခွေးသူခိုးတွေ မင်းတို့အားလုံးကို ကျောတစ်ရာ ရင်တစ်ရာ ကြိမ်ဒါဏ်ပေးပစ်မယ်။ အားလုံး ကျောစုတ်ဖို့သာ ပြင်ပေတော့"

လင့်ဟူချုံး၏ စကားကို ကြားလိုက်ရသော ဟန်ဆန်းဂိုဏ်းမှ မယ်သီလရင်လေးများကတော့ ခေါင်းတယမ်းယမ်း ဖြစ်ကုန်ကြတော့သည်။ စစ်ဗိုလ်ကြီး တစ်ယောက်တော့ လှံသမား၏ လက်ချက်ဖြင့် အသက်ထွက်ရတော့မည်ဟု စိတ်မကောင်း ဖြစ်နေကြ၏။

တင့်ကျင့်မယ်သီလရင်ကြီးကို လှမ်းကြည့်လိုက်ရာ အခြေအနေ ဆိုးဝါးခြင်းမရှိပဲ ကောင်းစွာ ခုခံနိုင်သေးသည်ကို တွေ့သဖြင့် လင့်ဟူချုံး စိတ်အေးသွားသည်။ သိပ်အလောတကြီး မတိုက်ခိုက်သေးပဲ သူ့အား ရှုးပေါပေါ စစ်ဗိုလ်ကြီးဟု ထင်စေရန် အော်ဟစ် ကြိမ်းမောင်း နေပြန်တော့သည်။

"ဟေ့ . . . ခွေးသူခိုးတွေ . . . ဒူးထောက်ပြီး ငါ့ကို ရှိခိုးတောင်းပန်ကြစမ်း။ ဒါဆိုရင်တော့ သက်သက်ညှာညှာ အပြစ်ပေးမယ်။ မရှိခိုးရင်တော့ မင်းတို့ ခွေးသူခိုးတွေ အားလုံးကို ငါက ခေါင်းဖြတ်သတ်ပစ်မယ်"

ရိဟိုမှာ လွန်စွာ စိတ်ဆင်းရဲ သွားတော့၏။ တစ်ဖက်တွင် ရန်လူတစ်ယောက်ကို ခုခံကာကွယ်နေရင်းမှာ လင့်ဟူချုံးအား ရန်ပြုမည့်လူကိုလည်း သတိထားနေရ၏။ သို့ကြောင့်မို့ သူမက ဓါးကွက်ခင်းကာ စောင့်ကြည့်နေသည်။ လင့်ဟူချုံးကို ရန်သတ္တုရု ပြုလိုက်သည်နှင့် ဝင်ရောက်ကာကွယ်ရန် အသင့်ပြင်ထားခြင်း ဖြစ်သည်။ ရှုးရှုးပေါပေါ ပြောချင်ရာ ပြောနေသဖြင့် တစ်ဖက်ရန်သူက ဒေါသထွက်ပြီး ထိုးသတ်မည်ကို ရိဟိုက စိုးရိမ်နေ၏။

လင့်ဟူချုံးကတော့ သူ၏ ဓါးအိမ်မှ ဓါးကို အတင်းဆွဲချွတ်ပြန်၏။ ပါးစပ်မှလည်း ဆဲဆိုရေရွတ်နေသေး၏။

"ခွေးမသား ဓါးကလဲ အရေးထဲမှာ သံချေးတက်နေသေးတယ်။ . . . အင်း . . . ငါ့ဓါးသာ သံချေးမကိုက်ရင် မင်းတို့ကောင်တွေလောက်တော့ ကလေးကစားစရာလောက် မှတ်တယ်ကွ။ အခုလည်း မင်းတို့အဖို့ သက်သာမယ် မှတ်သလား။ အသက်ကို ဖက်နဲ့သာ ထုပ်ထားကြပေတော့"

ထိုအခါ လင့်ဟူချုံးအား ရှုးပေါပေါ စစ်ဗိုလ်တစ်ယောက်အဖြစ် ထင်မှတ်ယုံကြည်သွားကာ လုံသမားက အော်ငေါက်ရင်း လုံဖြင့် ရိုက်ချလိုက်တော့၏။

ထိုအတောအတွင်းတွင် လင့်ဟူချုံး၏ဓါးမှာ ကျွတ်ထွက်လာသဖြင့် လူလည်း အားလွန်သွားကာ လင့်ဟူချုံး၏ ကိုယ်လုံးသည် ရှေ့သို့ ယိမ်းထိုးထွက်သွားလေတော့သည်။

ရိဟိုက အလန့်တကြား အော်ဟစ်လိုက်၏။

"သတိထား"

လင့်ဟူချုံးမှာ တကယ် လဲကျသွားခြင်း မဟုတ်ချေ။ သူ၏ ခန္ဓာကိုယ်မှာ ယိမ်းယိုင်သွားပြီး သူ၏ ဓါးကမူ 'ဇကရာဇ် ၉ ကွက်' ထဲမှ လုံဖျက်ကွက်အတိုင်း ရန်သူ၏ ဓါးကြောကို ထိုးစိုက်လိုက်တော့၏။

လုံသမားမှာ လုံးဝ အငိုက်မိသွားသဖြင့် အော်ပင် မအော်နိုင်တော့ပဲ ပျော့ခွေလဲကျသွားတော့၏။ လင့်ဟူချုံးမှာလဲ အရှိန်လွန်သွားဟန်ဖြင့် ရောယောင် လှဲချလိုက်၏။ ပြီးတော့မှ ကမန်းကတန်းဟန်ဖြင့် လူးလဲထလိုက်သည်။ မြေကြီးပေါ် လဲကျနေသော လုံသမားကို ကြည့်လိုက်ပြီး အလွန်အံ့သြဟန် လုပ်ကာ

"ဟား ဟား ဟား . . . မင်းလဲ ငါ့လို ချော်လဲသွားတာကိုး။ ဟေ့ကောင် ခွေးသူခိုး . . . ထ . . . ငါတို့ ပြန်တိုက်ကြမယ်။ ထစမ်းပါကွ ငါတောင် ချက်ချင်း ပြန်ထနိုင်သေးတာ။ မင်းက ဘာဖြစ်လို့ မထနိုင်တာလဲ"

ရိဟိုသည် ဟန်ဆန်းဂိုဏ်းတွင် အတွေ့အကြုံ ရင့်ကျက်သူတစ်ယောက်ဖြစ်ရာ လုံသမား လဲကျနေရာသို့ ချက်ချင်း ခုန်ဝင်သွားပြီး လုံသမားကို ဆွဲယူပြီး သူမ၏ ဂိုဏ်းသားများထံ ပစ်ပေးလိုက်၏။ သုံ့ပန်းတစ်ယောက် ရလေပြီ။ ဤသုံ့ပန်းသည် နောင်တစ်ချိန်တွင် ပြဿနာများ ဖြေရှင်းရန် ကောင်းစွာ အထောက်အပံ့ ပေးပေလိမ့်မည်။

ထိုအချိန်တွင် ရန်သူ့ဖက်မှ လူ ၃ ယောက် ခုန်ဝင်လာပြီး သူတို့လူအား ကယ်တင်ရန် ကြိုးစားတော့သည်။ လင့်ဟူချုံးက

"ဟား ဟား ဟား . . . မင်းတို့ လိမ်လိမ်မာမာ နေကြစမ်း။ ဘာလဲ . . . မင်းတို့က ငါ့ကို ခုခံချင်တယ်ပေါ့လေ။ ကောင်းပြီ . . . မင်းတို့ကို ငါက နည်းနည်းပါးပါး ဆုံးမရမယ်။ ဒါမှ အကြောင်းသိသွားကြမှာ"

ပြောပြောဆိုဆိုဖြင့် လင့်ဟူချုံးသည် သူ၏ စစ်ဓါးပြားကြီးကို တောင်ထိုး၊ မြောက်ထိုး၊ ဟိုခုတ်၊ သည်ခုတ် လုပ်နေတော့၏။ သိုင်းကွက်ဟူ၍ မရှိချေ။

'ဇကရာဇ် ၉ ကွက်' မှာ သိုင်းကွက်မရှိသော ဓါးသိုင်းပညာ ဖြစ်သဖြင့် မိမိစိတ်လိုသလို လှုလှုပပ ကစားပြနိုင်သလို ပုံပျက်ပန်းပျက်ဖြင့် လူရယ်စရာ ဖြစ်အောင်လဲ ကစား၍ရသည်။ လိုရင်းဖြစ်သော စွမ်းရည်ထက်မြက်မှုကတော့ ထပ်တူထပ်မျှပင် ဖြစ်၏။

ယခု လင့်ဟူချုံး၏ ခြေလှမ်းများမှာ ယိမ်းယိုင်လျက် ရှိ၏။ ရုတ်တရက် ခြေချော်သွားဟန်ဖြင့် ရန်သူ ၃ ယောက် အကြားသို့ ခေါင်းထိုးလဲသွား၏။ လင့်ဟူချုံး၏ ခေါင်းကို ခုတ်ချရန် ရန်သူတစ်ယောက်က ရွယ်လိုက်စဉ်မှာပင် လင့်ဟူချုံး၏ ဓါးရိုးက လူဆိုး၏ ရင်ဝကို ဆောင့်လိုက်သဖြင့် လူဆိုးမှာ ပျော့ခွေကျသွားတော့၏။

ပျော့ခွေသွားသော လူဆိုးကိုကြည့်ရင်း လင့်ဟူချုံးက လန့်သွားကာ နောက်ဖက်သို့ ခုန်ဆုတ်လိုက်ပြန်သည်။

ထိုအချိန်တွင် နောက်ဖက်မှ တိုက်ခိုက်ရန် ပြင်နေသော လူဆိုးမှာ လင့်ဟူချုံး၏ အပြုအမူကြောင့် ရုတ်တရက် ကြောင်သွားသည်။ ထိုစဉ်မှာပင် နောက်ပြန်ခုန်ဆုတ်လာသော လင့်ဟူချုံး၏ တံတောင်ဆစ်က သူ့ရင်ဝကို ဝင်ဆောင့်လိုက်သည်တွင် ထိုလူဆိုးလဲ ပျော့ခွေကျသွားပြန်၏။

ထိုလူဆိုးနှင့် တိုက်မိသွားပြီး လင့်ဟူချုံးမှာ ဒယိမ်းဒယိုင်ဖြစ်ကာ ယိမ်းထိုးနေပြန်၏။ ဘေးဘက် လဲတော့မယောင်၊ နောက်ဖက် လဲတော့မယောင် ဖြစ်နေသည်။ သူ့ကိုယ်ကို အားတင်း၍ ပြန်ထိန်းလိုက်သည်တွင် ရှေ့ဖက်သို့ အားလွန်ကာ ယိုင်သွားပြန်၏။

ထိုစဉ်တွင် သူ့လက်ထဲမှ စစ်ဓါးပြားကြီး၏ ဓါးဦးက လူဆိုးတစ်ဦး၏ နောက်ကျောမှ အကြောမ တစ်ခုကို ထိုးစိုက်သွားပြန်တော့၏။ ထိုလူဆိုးမှာ တင့်ကျင့်မယ်သီလရင်ကြီးကို ဝိုင်းတိုက်နေသော ထိပ်သီးသိုင်းသမား ၄ ယောက်ထဲမှ တစ်ယောက် ဖြစ်သည်။

ထိုလူမှာ ဘယ်လိုမှ မမျှော်လင့်ထားသော လူတစ်ယောက်က နောက်ဖက်မှနေပြီး သူ့အကြောကို ထိုးလိုက်သဖြင့် မည်သို့မျှ မတတ်နိုင်တော့ပဲ ဓါးကိုလွှတ်ချ လိုက်ရတော့၏။

တင့်ကျင့်မယ်သီလရင်ကြီးက လက်မနှေးချေ။ သူမ၏ လက်ဝါးစောင်းသည် လေထဲ၌ ‘ဗြိုး’ ကနဲ ဖြတ်သွားပြီး ထိုလူဆိုး၏ ရင်ဝကို ရိုက်ချလိုက်တော့သည်။ လူဆိုးမှာ ‘ဝုန်း’ ကနဲ လွင့်ထွက်သွားသည်။ လွင့်သွားပုံအရ အသက်ရှင်စရာ အကြောင်း မရှိတော့ချေ။ ထိုအခိုက် အတန့်ကလေး အတွင်းမှာပင် နောက်ထပ်လူဆိုး တစ်ယောက်မှာလဲ လင့်ဟူချုံး၏ ဓါးချက်ဖြင့် လဲကျသွားပြန်သည်။

ယခုအခိုက်အတန့်တွင် သူတို့အား ဒုက္ခပေးနေသူမှာ လင့်ဟူချုံးဖြစ်ကြောင်း စုတ်တံကိုင်ထားသော လူဆိုးတစ်ယောက်က ကောင်းစွာ ရိပ်မိလိုက်သည်။ ထို့ကြောင့် လင့်ဟူချုံး၏ နောက်ကျောကို ခုန်အုပ်ကာ စုတ်တံဖြင့် ထိုးလိုက်၏။ ရုတ်တရက် စောင်းကြည့်လိုက်ပြီး ခုန်အုပ်လာသော ရန်သူကို မြင်သောအခါ လင့်ဟူချုံးက “အောင်မယ်လေး” ဟု အော်ကား ထွက်ပြေးလေတော့သည်။

စုတ်တံကိုင် သိုင်းသမားက နောက်မှခုန်ကာ လိုက်သွား၏။ ထိုစဉ်မှာပင် လင့်ဟူချုံး၏ ခြေလှမ်းမှာ ရုတ်တရက် တုံ့ကနဲ ရပ်ကာ ဓါးအိမ်ကို ချိုင်းအောက်မှ နောက်ပြန် ထိုးထုတ်လိုက်သည်။

လင့်ဟူချုံး အနေဖြင့် ဤသို့ တုံ့ကနဲ ရပ်သွားမည်ဟု စုတ်တံကိုင်သိုင်းသမားက မထင်မှတ်ခဲ့ချေ။ သိုင်းပညာ မြင့်မားသော ထိပ်သီးသိုင်းသမား ဖြစ်သော်ငြားလည်း စိတ်လွတ်ကိုယ်လွတ် ခုန်အုပ်လိုက်ချိန်တွင် အရှိန်မသတ်နိုင်ချေ။ ဤသို့ဖြင့် သူ၏ ခန္ဓာကိုယ်ကြီးမှာ အရှိန်ဖြင့် လင့်ဟူချုံး၏ ဓါးဦးဆီ တိုးဝင်သွားတော့သည်။ သည်တွင် သူ၏ ရင်ပတ်မှ အကြောမကြီးကို လင့်ဟူချုံး၏ ဓါးအိမ်က ပြေးဆောင့်မိသလို ဖြစ်သွား၏။

ထိုလူဆိုး၏ မျက်နှာတွင် အလွန်တရာ အံ့ဩနေသော အရိပ်အယောင်များ ပေါ်ထွက်လာတော့သည်။ သူ့တစ်သက်တွင် ဤကဲ့သို့ အဖြစ်မျိုးနှင့် တွေ့ကြုံမည်ဟု လုံးဝထင်မှတ်မထားချေ။ ယခုတော့ . . . ယခုတော့ သူမထင်မှတ်ထားသော အဖြစ်နှင့် ကြုံတွေ့ရလေပြီ။ ထိုအချိန်တွင် သူ၏ ခန္ဓာကိုယ်မှာ ပျော့ခွေကျသွားတော့၏။

လင့်ဟူချုံးက သူ့ကိုယ်ကို ပြန်လှည့်ပြီး တောင်ကုန်းတစ်ဝိုက်ကို အကဲခတ်ကြည့်လိုက်၏။ တောင်ကုန်းထိပ်၌ တိုက်ပွဲများ ရပ်စဲသွားပြီး ဟန်ဆန်းဂိုဏ်းသား တစ်ဝက်ခန့်သည် တောင်ကုန်းထိပ်သို့ ရောက်ရှိနေလေပြီ။

တောင်ကုန်းအောက်တွင်မူ တိုက်ပွဲများ ဖြစ်ပွားနေဆဲ။ ဂိုဏ်းသားအချို့သည် အန္တရာယ်ကင်းပြီဖြစ်သော တောင်ကုန်းပေါ်သို့ တက်လာနေကြသည်။ လင့်ဟူချုံး၏ ရင်ထဲတွင် အတော်ကလေး အေးသွားပြီး ကျယ်လောင်စွာဖြင့် အော်ဟစ်လိုက်သည်။

“ခွေးသူခိုးတွေ . . . ငါ့လို စစ်ဗိုလ်ကြီး တစ်ယောက်လုံး ဒီမှာ ရှိနေတာကို တွေ့လျက်သားနဲ့ အခုထိ ဒူးမထောက်သေးဘူးပေါ့လေ။ အခုထက်ထိ အာခံနေကြတယ်ပေါ့”

တောင်ခြေရှိ လူဆိုးအုပ်ထဲသို့ အော်ရင်းဟစ်ရင်း လင့်ဟူချုံးက တိုးဝင်သွားလေတော့၏။ လူဆိုးများကလဲ သူ့ကို သဲသဲမဲမဲ တိုက်ခိုက်ကြတော့သည်။ ဟန်ဆန်းဂိုဏ်းသားများက လင့်ဟူချုံး ဖက်မှ လူဆိုးများကို ဝင်တိုက်ပေးကြသည်။

လင့်ဟူချုံး၏ အော်သံထွက်လာသည်။

“မလွယ်ဘူး . . . မလွယ်ဘူး . . . ဒီခွေးသူခိုးတွေက အတော်ဆိုးတာပဲ။ တောခွေးလိုပဲ အုပ်လိုက်ဝိုင်းပြီး ကိုက်တတ်တဲ့ သဘာဝ ရှိပုံရတယ်”

ပြောနေရင်းမှ သူ့ကို ဝိုင်းတိုက်ကြသည့်အတွက် လူဆိုးအုပ်ထဲမှ လင့်ဟူချုံးက အတင်းတိုးထွက်လိုက်၏။ တိုးထွက်ရင်း ခြေတစ်ချက် ချော်သွားသည်။ ဟန်ချက်ပြန်ထိန်းရန် လက်ကို ယမ်းလိုက်သည်တွင် သူ့လက်ထဲမှ

ခါးရိုးသည် နောက်ဖက်မှ လူဆိုးတစ်ဦး၏ နဖူးကို ရိုက်မိသွားသည်တွင် ထိုလူမှာ မေ့လဲသွားတော့၏။

ဟန်ဆန်းဂိုဏ်းသားများနှင့် လူဆိုးများ အကြား လင့်ဟူချုံးက ဝင်လိုက်ထွက်လိုက်ဖြင့် အလုပ်ရှုပ်နေသည်။ သူ၏ ဟန်ပန်မှာ အလွန်တရာ ဆိုးဝါးလှသည်။ သို့သော် ရန်သူများထဲမှ ထိပ်သီးသိုင်းသမား ၅ ယောက်မှာ မကြာမီပင် လင့်ဟူချုံး၏ လက်ချက်မိကာ မြေပေါ်သို့ လဲကျသွားတော့၏။

လင့်ဟူချုံး၏ အပြုအမူများကို နှစ်ဖက်စလုံးသော အုပ်စုများမှ လူများမှာ နားမလည်နိုင်ကြချေ။ ကိုးရိုကားယားဖြင့် လဲမလိုပြိုမလို ဖြစ်နေရာမှ ရန်သူများ တစ်ယောက်ပြီး တစ်ယောက် လဲကျစေခြင်းအတွက် ဟန်ဆန်းဂိုဏ်းသားများက အံ့သြဝမ်းသာနေကြသလောက် ရန်သူများက ကြိတ်မနိုင်ခဲမရ ဒေါသထွက်နေတော့၏။ ထိုအခိုက်မှာပင် အလိုလိုနေရင်း လင့်ဟူချုံး လဲကျသွားတော့သည်။

ရိုဟိုနှင့် ရိချင်းတို့က ကမန်းကတန်း ခုန်ထွက်သွားပြီး လင့်ဟူချုံးကို ဖေးမတွဲထူလိုက်ကြသည်။

"စစ်ဗိုလ်ကြီး . . . စစ်ဗိုလ်ကြီး . . . ဘာဖြစ်သွားတာလဲ"

လင့်ဟူချုံးက လုံးဝ ပြန်မဖြေပဲ မေ့လဲချင်ယောင် ဆောင်နေလိုက်သည်။ ရိုဟိုနှင့် ရိချင်းတို့သည် စစ်ဗိုလ်ကြီးအတွက် စိုးရိမ်ပူပန်စိတ်များ လွှမ်းခြုံနေပြီး ဘာဆက်လုပ်ရမှန်း မသိနိုင်အောင် ဖြစ်နေတော့သည်။

ရန်သူများကို ခေါင်းဆောင်လာသော အဖိုးကြီးကား ကြိတ်မနိုင်ခဲမရ ဒေါသထွက်နေတော့၏။ ရှူးပေါ်ပေါ် ကြောင်တောင်တောင် လူတစ်ယောက်ကြောင့် မိမိတို့ဖက်မှ လူတစ်ယောက်မက သေဆုံးပြီး ၁၁ ယောက်မှာ အကြောပိတ်ခံထားရပြီး ဖြစ်နေသည်။ သူ့ဖက်မှ လူ ၅ ယောက် အကြောပိတ်ခံရပြီးကတည်းက သည်စစ်ဗိုလ်ကို လွှတ်ထား၍ မဖြစ်တော့မှန်း ရိပ်မိခဲ့သည်။ ထိုအချိန်တွင် သူ့အဖွဲ့ထဲသို့ ဤစစ်ဗိုလ် ထိုးဖောက်ဝင်ရောက်လာစဉ် ဖမ်းဆီးသတ်ဖြတ်ရန် သူကိုယ်တိုင် ကြိုးပမ်းခဲ့သည်။

သို့ရာတွင် ရက်ဖွယ်ကောင်းလှအောင် ဖမ်းဆီးရန် ကြိုးစားသော အဖိုးကြီးမှာ သူ့ရင်ပတ်သို့ ရောက်လာသော စစ်ဗိုလ်၏ခါးကို သေလုမျောပါး ရှောင်တိမ်းခဲ့ရခြင်း ဖြစ်တော့၏။ ခါးအိမ်နှင့် သီသီကလေး လွတ်သွားရသော ကြောင့်သာ မိမိ၏ လူများကို ဆက်လက် ဦးစီးနေနိုင်ခြင်း ဖြစ်၏။ သို့မဟုတ်ပါက မိမိပါ မေ့လဲနေလောက်ပေပြီ။

နောက်ဆုံးတွင်ကား ရူးကြောင်ကြောင် စစ်ဗိုလ်၏ သိုင်းပညာမှာ အလွန်တရာ နက်ရှိုင်းနေသည်ဟု ကောက်ချက် ချလိုက်၏။ ကြိတ်မနိုင်ခဲမရ ဖြစ်နေသော်လည်း မည်သို့မျှ မတတ်နိုင်တော့ပေ။ ယခုအခါတွင် အကြောပိတ်ခံရသူများ အနက် ၅ ယောက်ခန့်မှာ ဟန်ဆန်းဂိုဏ်းသားများ၏ လက်ထဲသို့ ရောက်နေကြလေပြီ။ မိမိတို့အနေဖြင့် ဆက်လက် တိုက်ခိုက်လျှင်လည်း နိုင်ရန် အကြောင်းမရှိတော့။ ခွေးပြေးဝက်ပြေး ထွက်မပြေးရလျှင်ပင် အတော်အတန် ဟုတ်နေပေပြီ။

အဖိုးကြီးက အသံကို မြှင့်၍ အော်လိုက်၏။

"တင့်ကျင့်ဆရာမကြီး . . . ခင်ဗျားရဲ့ တပည့်မတွေ လျှို့ဝှက်လက်နက် အထိခံထားရတယ် မဟုတ်လား။ ဖြေဆေး မလိုချင်ဘူးလား"

တပည့်မများ၏ ဒါဏ်ရာများကို စစ်ဆေးကြည့်လိုက်သောအခါ တင့်ကျင့်မယ်သီလရင်ကြီးသည် ညိုမည်းသော သွေးများကို တွေ့လိုက်ရ၏။ လျှို့ဝှက်လက်နက်များတွင် အဆိပ်များ သုတ်လိမ်းထားသော သက်သေပင်တည်း။

ရန်သူလူဆိုးခေါင်းဆောင်၏ စကားကို ကြားလိုက်သည်တွင် သူ၏ ဆိုလိုရင်းကို ကောင်းစွာ သဘောပေါက် လိုက်မိ၏။ ထို့ကြောင့် တင့်ကျင့်မယ်သီလရင်ကြီးက ချက်ချင်းပင် အဖြေပေးလိုက်သည်။

"ကောင်းပြီ . . . ဖြေဆေးသာပေး။ ရှင့်ရဲ့ တပည့်တွေကို လွှတ်ပေးမယ်။"

လူဆိုးတစ်ယောက်မှတဆင့် ရန်သူခေါင်းဆောင်က ဖြေဆေးပုလင်းကို ပေးလိုက်သည်။ တင့်ကျင့်မယ်သီလရင်ကြီး သည် ဖြေဆေးပုလင်းကို လှမ်းယူလိုက်ပြီး ခက်ထန်စွာ ပြောလိုက်၏။

"ဖြေဆေးဟုတ်မဟုတ် စမ်းကြည့်ဦးမယ်။ ဟုတ်တော့မှ ရှင်တို့လူတွေကို ပြန်လွှတ်ပေးမယ် . . . ကျွန်မတို့က နောက်တစ်ခါ အလိမ်မခံနိုင်ဘူး"

တင့်ကျင့်မယ်သီလရင်ကြီး၏ စကားကို အဖိုးကြီးက ရှောရှောရှူရှူပင် လက်ခံလိုက်ပြီး

"ကောင်းပြီ . . . ခင်ဗျားတို့ရဲ့ ကတိကို ကျုပ်ယုံတယ်။ ခင်ဗျားတပည့်မတွေ ပြန်ကောင်းတာနဲ့ ကျုပ်လူတွေကို ပြန်လွှတ်လိုက်ပေတော့"

စကားဆုံးသည်နှင့် သူ့လူများကို အချက်ပြလိုက်သည်တွင် အနောက်ဖက် တောလမ်းအတိုင်း ဆင်းသွားကြတော့ သည်။ ထိုအချိန်မှ လင့်ဟူချုံးက ခေါင်းထောင်ထလိုက်သည်။ သူ့နဖူးကို ပြန်ကိုင်ရင်း တကျွတ်ကျွတ်စုတ်သတ်ကာ

ညည်းညူနေလိုက်၏။

"ကျွတ် ကျွတ် ကျွတ် . . . နာလိုက်တာ"

သူက အံ့ဩသွားဟန်ဖြင့် မေးလိုက်သည်။

"ဟင် . . . ခွေးသူခိုးတွေ ဘယ်ရောက်ကုန်ပလဲ"

ရိဟိုက ခစ်ကနဲ ရယ်ကာ "စစ်ဗိုလ်ကြီးက သိပ်တော်တာပဲ။ စစ်ဗိုလ်ကြီး ဝင်တိုက်ပေးလိုက်တော့ လူဆိုးတွေအားလုံး ထွက်ပြေးကုန်ပြီ။ စစ်ဗိုလ်ကြီးသာ ကျွန်မတို့ဖက်က ဝင်မတိုက်ပေးရင်တော့ မလွယ်ဘူး . . . အခုတော့ သူတို့အားလုံး ထွက်ပြေးသွားကြပြီ"

လင့်ဟူချုံးက တဟားဟား အော်ဟစ်ရယ်မောလိုက်ပြီး

"ဖြစ်ရမယ်။ ဒီလိုပဲ ဖြစ်ရမယ်။ စစ်ဗိုလ်ကြီး တစ်ယောက်လုံး တိုက်ပွဲဆင်းမှတော့ ဒီတိုက်ပွဲကို ဘာလို့ မနိုင်ရမလဲ၊ ဒီလို ခွေးသူခိုးတွေက ငါလို စစ်ဗိုလ်ကြီးကို ဘယ်မှာ အံတုနိုင်ပါ့မလဲ၊ အဝေးက မြင်တာနဲ့ ထွက်ပြေးရမှာပေါ့။ အောင်မယ်လေး . . . ကျွတ် ကျွတ် ကျွတ် . . . နာလိုက်တာ"

ပြောပြောဆိုဆိုဖြင့် သူ့နဖူးကို အုပ်ကိုင်ကာ မျက်နှာကို ရှုံ့မဲ့နေတော့သည်။

ရိချင်းက "စစ်ဗိုလ်ကြီး . . . ဒါဏ်ရာ သိပ်ပြင်းသလား . . . ဒါဏ်ကြေဆေး ထည့်ပေးမယ်လေ"

လင့်ဟူချုံးက ကမန်းကတန်း လက်ကာပြရင်း

"မလိုပါဘူး . . . စစ်မြေပြင်မှာသာ ဆိုရင် ဒီဒါဏ်ရာက ပုရွက်ဆိတ်ကိုက်သလောက် မှတ်တယ်"

လင့်ဟူချုံး၏ စကားကြောင့် မယ်သီလရင်လေးများမှာ တခစ်ခစ် ရယ်မောမိကြတော့သည်။ လင့်ဟူချုံးကလည်း သူတို့ပျော်အောင် တမင်တကာ ပေါက်တတ်ကရများ လျှောက်ပြောနေခြင်း ဖြစ်သည်။ ထိုအချိန်တွင် တင့်ကျင့် မယ်သီလရင်ကြီးမှာ ဒါဏ်ရာရသွားသော တပည့်မများကို ဖြေဆေးထည့်ပေးပြီး ဖြစ်သွားသဖြင့် လင့်ဟူချုံးထံ လျှောက်လာ၏။

လင့်ဟူချုံးကို အရိုအသေ ပေးလိုက်ပြီး သူမက ပြောလိုက်သည်။

"ကျွန်မက ဟန်ဆန်းဂိုဏ်းက တင့်ကျင့်ပါ။ ဆရာလေးရဲ့ နာမည်ကို မသိရဘူးလား"

လင့်ဟူချုံး၏ ရင်ထဲတွင် တစ်ချက်မျှ တုန်လှုပ်သွားသည်။

"ဆရာမကြီးက တယ်ပြီး မျက်စိလျှင်ပါလား။ အသက်ကြီးသယောင် ငါ ရုပ်ဖျက်ထားတာကိုတောင် သိနေတယ်။ စစ်ဗိုလ်မဟုတ်ဘူး ဆိုတာလဲ သိနေတယ်"

လင့်ဟူချုံးက ပြန်လည်အရိုအသေ ပေးလိုက်ပြီး

"ကျုပ်နာမည်က ဟုတင်းပါ။ ဖုကျက်နယ်မှာ တာဝန်ထမ်းဆောင်မယ့် စစ်ဗိုလ်ကြီးပေါ့ဗျာ"

တင့်ကျင့်မယ်သီလရင်ကြီးက မယုံချေ။ သူမ၏ စိတ်ထဲမှ တွေးနေမိသည်။

"ဒီလူရဲ့ သိုင်းပညာက ဒီလောက် အဆင့်အတန်းမြင့်နေတာ ဘယ်နည်းနဲ့မှ သာမညစစ်ဗိုလ် မဟုတ်နိုင်ဘူး။ မျက်နှာမှာလဲ ရုပ်ဖျက်ထားသေးတယ်။ . . . ထားလိုက်ပါတော့လေ။ ဒီလောက်တောင် ကွယ်ဝှက်နေတာက သူဘယ်သူ ဆိုတာကို ဘယ်သူမှ မသိစေချင်တဲ့သဘောပဲ။ . . . အင်း . . . ဒီကနေ့ ငါတို့ ဟန်ဆန်းဂိုဏ်း ဒုက္ခတွေ့တာကတော့ စာဖွဲ့လောက်ပါတယ်။ တစ်ဂိုဏ်းလုံး ပြုတ်ပြုတ်ပြုန်း သွားလောက်တယ်။ ဒီလူငယ်သာ ဝင်မကယ်ရင် ငါတို့အားလုံး အသက်နဲ့ကိုယ် တွဲနေနိုင်မှာ မဟုတ်တော့ဘူး။ သူ့ကျေးဇူးကို ဘယ်လိုဆပ်ရမှန်းတောင် မသိတော့ဘူး"

သူမက လင့်ဟူချုံးအား စိုက်ကြည့်ရင်းမှ ပြောလိုက်ပြန်သည်။

"စစ်ဗိုလ်ကြီးရဲ့ ပညာစွမ်းကတော့ တကယ့်ကို အံ့မခန်းပါပဲ။ ကျွန်မက သိုင်းပညာ သိပ်မတော်ပေမယ့် ဝါနုတဲ့ သိုင်းသမားတစ်ယောက် မဟုတ်ပါဘူး။ ဒါပေမယ့် စစ်ဗိုလ်ကြီး သိုင်းပညာ တော်တော်ကောင်းတာကိုပဲ သိတယ်။ ဘယ်ဂိုဏ်းက ပညာဆိုတာ မခန့်မှန်းနိုင်ဘူး။ ရှင့်ရဲ့ သိုင်းပညာကို လှိုက်လှိုက်လှဲလှဲ ချီးကျူးပါတယ်"

လင့်ဟူချုံးကမူ တဟားဟား အော်ဟစ်ရယ်မော နေလိုက်၏။

"ဟုတ်တယ်။ ဟုတ်တယ်။ ကျုပ်ရဲ့ သိုင်းပညာက တကယ့်ကို ကြောက်စရာ ကောင်းတာဗျ။ ဟောသည်မှာကြည့် . . . မိုးပျံလက်သီး . . . သစ်ပင်ခုတ်တဲ့ ခြေထောက် . . . ကျားလက်သည်းသိုင်း . . . ဟောဒါက . . . အောင်မယ်လေးဗျ . . ."

လက်သီးထုတ်လိုက်၊ ခြေထောက်ကန်လိုက်၊ လက်သည်းကုပ်ဆွဲလိုက်၊ အမျိုးမျိုး လုပ်ပြနေရာမှ ရုတ်တရက် ခါးမျက်သွားဟန်ဖြင့် ခါးကိုနှိပ်ကာ အော်လိုက်လေတော့သည်။ လင့်ဟူချုံး ဟန်ဆောင် အော်လိုက်သည်ကို

အလွန်ရိုးသားသော ရီလင်က မသိပဲ ပျာပျာသလဲ ပြေးလာပြီး စိုးရိမ်တကြီး တွဲထူလိုက်၏။

"အင်း ရီလင်ကတော့ သူတစ်ပါး နာကျင်ဒုက္ခရောက်တာကို သိပ်စိုးရိမ်တတ်တာပဲ။ စစ်ဗိုလ်ကြီး ဟန်ဆောင်နေတာ ငါပဲဆိုတာ သိသွားရင် သူဘယ်လို နေမလဲ မသိဘူး"

တင့်ကျင့်မယ်သီလရင်ကြီးကမူ အတွေ့အကြုံ ရင့်ကျက်သူ ဖြစ်သဖြင့် အသာအယာ ပြုံးလိုက်ပြီး

"စစ်ဗိုလ်ကြီးက ကိုယ့်ကိုယ်ကို သိပ်ပြီး နှိမ့်ချတတ်သကိုး။ ဘယ်လိုပဲ ဖြစ်ဖြစ်ပါလေ။ ကျွန်မတို့ကတော့ ကျေးဇူးအထူး တင်ပါတယ်။ စစ်ဗိုလ်ကြီး ကျန်းမာ ချမ်းသာပါစေလို့ ကျွန်မတို့က အမြဲတမ်း ဆုတောင်းပေးပါ့မယ်"

လင့်ဟူချိုးကတော့ "ကျေးဇူးတင်ပါတယ်ဗျာ။ ဆုတောင်းပေးကြပါ။ . . . ရာထူးမြန်မြန် တိုးပါစေ။ မိန်းမ ဆယ်ယောက် ရပါစေ။ ဖဲချတိုင်း နိုင်ပါစေ။ သားတွေ သမီးတွေလဲ အများကြီး ရပါစေလို့ ဆုတောင်းပေးကြပါ"

လင့်ဟူချိုးသည် ရယ်မောရင်း တင့်ကျင့် မယ်သီလရင်ကြီးတို့ကို နှုတ်ဆက်ကာ ထွက်ခွာသွားတော့၏။ ဒယီးဒယိုင်ဖြင့် ထွက်ခွာသွားသော စစ်ဗိုလ်ကြီးကို အံ့သြထူးဆန်းသော အကြည့်များဖြင့် ကြည့်နေကြလေတော့သည်။ သူတို့မြင်ကွင်းမှ လင့်ဟူချိုး ပျောက်ကွယ်သွားသောအခါ သူတို့၏ ဆရာမကြီးနားသို့ ပြေးအုံလာကြတော့၏။ ပြီးနောက် ဆရာမကြီးအား တစ်ယောက်တစ်ပေါက် မေးမြန်းကြတော့၏။ သူတို့ မေးသည့် မေးခွန်းများမှာ ခင်မင်ဖွယ် ကောင်းလှသော ရူးပေါပေါ စစ်ဗိုလ်ကြီးနှင့် ပတ်သက်သည့် မေးခွန်းများသာတည်း။

"ဆရာမကြီး . . . ဒီလူက ဘယ်လို လူစားလဲ"

"သူက တကယ့်ကို ရူးပေါပေါ ဖြစ်နေတာလား။ ဒါမှမဟုတ် . . . ဟန်ဆောင်နေတာလား"

"ကံကောင်းလို့ နိုင်သွားတာနဲ့ တူပါတယ်နော်။ ဟုတ်တယ် မဟုတ်လား ဆရာမကြီး"

တင့်ကျင့်မယ်သီလရင်ကြီးကမူ သက်ပြင်းရှည်ကြီး တစ်ချက်ကိုသာ ချလိုက်ပြီး သူ့တပည့်မများကို ဘာတစ်ခွန်းမှ ပြန်မပြောပဲ ဒါဏ်ရာရသူများထံ လျှောက်သွားလိုက်၏။ ဒါဏ်ရာများမှ ထွက်လာသော သွေးများမှာ မည်းညစ်မနေတော့ပဲ အနီရောင် ဖြစ်သွားပြီ ဖြစ်သဖြင့် အဆိပ်များ ကင်းစင်သွားကြောင်း သိလိုက်ရ၏။

တင့်ကျင့်မယ်သီလရင်ကြီးက စိတ်အေးသွားပြီး 'ဟူး' ကနဲ သက်ပြင်းချလိုက်၏။

"တော်ပါသေးရဲ့ . . . အဆိပ်တွေ ပြေသွားပြီ။ မကောင်းဆိုးဝါးဂိုဏ်းက ကောင်တွေရဲ့ စကားဆိုတာ တစ်ခွန်းမှ ယုံလို့ မဖြစ်ဘူး။ အခုတော့ သူတို့ဂိုဏ်းသားတွေ ငါတို့လက်ထဲရှိနေလို့ ဖြေဆေးပေးတာ ဖြစ်မှာ"

ရန်သူ့သုံ့ပန်း ၅ ယောက်ကို ချက်ချင်းပင် သူမက လွှတ်ပေးလိုက်၏။ ပြီးနောက် သူမ၏ တပည့်မများကို ပြောလိုက်သည်။

"ကဲ . . . အားလုံး ဟိုနားက သစ်ပင်ကြီးအောက်မှာ ခဏထိုင်ပြီး အနားယူကြဦး"

သူမကမူ ကျောက်တုံးကြီး တစ်တုံးပေါ်တွင် တစ်ယောက်တည်း ထိုင်ချလိုက်ပြီး စာတစ်စောင် ရေးသားလိုက်သည်။ ရေးပြီးသွားသော် ခိုတစ်ကောင်ကို လှောင်အိမ်တွင်းမှ ထုတ်ယူကာ ခို၏ ခြေထောက်တွင် စာကို ချည်လိုက်၏။ ပြီးနောက် လက်လွှတ်လိုက်သောအခါ ခိုလေးက လေထဲ ပျံတက်သွားတော့သည်။

ဟန်ဆန်းဂိုဏ်းသားအားလုံး တင့်ကျင့်မယ်သီလရင်ကြီး၏ လှုပ်ရှားမှုများကို ငေးကြည့်နေကြသည်။ ဆရာမကြီး စိတ်အနှောင့်အယှက် ဖြစ်သွားမည် စိုးသဖြင့် တစ်ယောက်မှ အသံမထွက်ရဲကြပဲ ငြိမ်သက်တိတ်ဆိတ်နေကြ၏။ ယခုအချိန်တွင် သူတို့အားလုံး၏ ဦးနှောက်များထဲတွင် တူညီသော အသိတစ်ခု ရှိသည်။ သူတို့အားလုံး သေစွာပြိန်များ ဖြစ်ကြသည် ဆိုခြင်းပင်တည်း။

စောစောတုန်းက တိုက်ပွဲသည် ပုံမှန်တိုက်ပွဲ မဟုတ်ချေ။ တစ်ဖက်ရန်သူများက အကွက်အကွင်းကောင်းသော အပေါ်စီးရသော မြေအနေအထားမှ စောင့်ကြိုပြီး အငိုက်ဖမ်းတိုက်ခိုက်ခြင်း ဖြစ်သဖြင့် တစ်အုပ်စုလုံး အသက်ဆုံးရှုံးသွားနိုင်သည်။ ရူးပေါပေါ စစ်ဗိုလ်ကြီးသာ မရှိခဲ့လျှင် . . . အားလုံးက ခေါင်းယမ်းလိုက်သည်။ ဤအတွေးကိုပင် တွေးနိုင်တော့မည်မဟုတ်ချေ။ ရင်တုန်ဖွယ်ကောင်းလှသော တိုက်ပွဲပါပေ။ တင့်ကျင့်မယ်သီလရင်ကြီးက စာတစ်စောင် ရေးနေခြင်းမှာ တိုက်ပွဲအခြေအနေကို ဂိုဏ်းချုပ်ဆရာမကြီးဖြစ်သည့် တင့်ရှန်မယ်သီလရင်ကြီးအား တင်ပြအသိပေးလိုက်ခြင်းသာ ဖြစ်ရပေမည်။

ထိုစဉ် ဟန်ဆန်းဂိုဏ်းအတွင်းမှ အသက် ၁၆ နှစ်ခန့်သာ ရှိသေးသော မိန်းကလေး တစ်ယောက်သည် တင့်ကျင့်မယ်သီလရင်ကြီးထံ လျှောက်လာ၏။ မယ်သီလရင်ကြီးက ထိုမိန်းကလေး၏ခေါင်းကို ကြင်နာစွာ ပွတ်သပ်လိုက်ပြီး

"ချင်ကျွမ်း . . . မင်းစောစောတုန်းက ကြောက်နေသလား"

ချင်ကျွမ်းက ခေါင်းညိတ်ပြလိုက်သည်။

"ကြောက်တော့ ကြောက်တယ် ဆရာမကြီး . . . ဒါပေမယ့် ဟိုစစ်ဗိုလ်ကြီးက သိပ်ပြီး သတ္တိရှိတာပဲနော်။ သူ့ရဲ့ သိုင်းပညာက တကယ်ကောင်းတယ်။ ကျွန်မတို့က ကြည့်နေပေမယ့် ဘာတွေမှန်းတော့ မသိဘူး။ ရှုပ်ရှက်ခတ်နေတာပဲ။ နောက်ဆုံး သူ့ခေါင်းကိုတောင် သူ့ဖာသာ ပြန်ရိုက်မိသွားသေးတယ်"

ဟန်ဆန်းဂိုဏ်းသားများသည် ချင်ကျွမ်းနှင့် တင့်ကျင့်မယ်သီလရင်ကြီး စကားပြောနေရာသို့ ဝိုင်းအုံလာကြတော့သည်။ ချင်ကျွမ်းမှာ တင့်ကျင့်မယ်သီလရင်ကြီး၏ နောက်ဆုံးပိတ် တပည့်မကလေးဖြစ်သည်။ တင့်ကျင့်မယ်သီလရင်ကြီး၏ တပည့်မ ၁၀ ယောက်အနက် ၆ ယောက်မှာ မယ်သီလရင်များ ဖြစ်ကြပြီး ၄ ယောက်မှာ သာမန်အရပ်သူ မိန်းကလေးများ ဖြစ်ကြ၏။ ချင်ကျွမ်းသည် သာမန်အရပ်သူ မိန်းကလေးများထဲမှ ဖြစ်သည်။ ဟန်ဆန်းဂိုဏ်း၏ အသက်အငယ်ဆုံး ဂိုဏ်းဝင်လေးလဲ ဖြစ်၏။

ရိဟိုက ဝင်၍ ပြောသည်။

"သူ့ရဲ့ သိုင်းကွက်တွေက ရှုပ်ရှက်ခတ်နေတာတော့ မှန်တယ်။ ဒါပေမယ့် ဟာကွက်မရှိဘူး။ အဲသည်လို လုပ်ထားနိုင်တာကိုက သိပ်တော်နေပြီ။ . . . ဆရာမကြီး . . . အဲဒီ စစ်ဗိုလ်ကြီးက ဘယ်ဂိုဏ်း ဘယ်အဖွဲ့က ဖြစ်နိုင်သလဲဟင်"

တင့်ကျင့်မယ်သီလရင်ကြီးက ခေါင်းယမ်းလိုက်ပြီး

"ငါသာ နည်းနည်းပါးပါး ခန့်မှန်းနိုင်ရင် ဒီလို ဘယ်စိုးရိမ်နေတော့မလဲ။ ဒီလူရဲ့ သိုင်းပညာက ထက်မြက်လွန်းအားကြီးတယ်။ အနိုင်းအဆ မရှိဘူး"

ထို့နောက်တွင်တော့ ဟန်ဆန်းဂိုဏ်းသားများသည် တစ်ယောက်တစ်ပေါက် ဝေဖန်နေကြတော့၏။ တင့်ကျင့်မယ်သီလရင်ကြီးကမူ ခေါင်းငုံ့၍ အတွေးနက်နေသည်။ အတန်ကြာမှ လူအုပ်အပြင်ဖက်တွင် တစ်ယောက်တည်း ရပ်ပြီး ငေးမောနေသော ရီလင်အား လှမ်းမေးလိုက်သည်။

"ရီလင် . . . မင်းပြောဖူးတယ်။ . . . လင့်ဟူချုံးရဲ့ သိုင်းပညာက ထင်ပေါက်ကိုတောင် မမီဘူးတဲ့ ဟုတ်သလား"

တင့်ကျင့်မယ်သီလရင်ကြီး၏ မမျှော်လင့်သော မေးခွန်းကြောင့် ရီလင်မှာ တစ်ချက်မျှ ကြောင်သွား၏။ ချက်ချင်းပင် သူမ၏ ပါးပြင်လေးမှာ နီရဲသွားတော့သည်။ အခြားသူ တစ်ယောက်ယောက်က လင့်ဟူချုံး၏ နာမည်ကို ခေါ်လိုက်တိုင်း ရီလင်အဖို့ နှလုံးခုန် မြန်လာသည်သာ ဖြစ်၏။ ထိုသို့ ရင်ခုန်မိတိုင်း သူမမှာ ပြစ်မှုတစ်ခုခု ကျူးလွန်သလို ခံစားရမိ၏။ သို့သော် လင့်ဟူချုံး၏ အကြောင်းကို ကြားမိတိုင်း နားထဲတွင် လွန်စွာ ချိုမြိန်သည်မှာလည်း အမှန်ပင် ဖြစ်သည်။

ရီလင်သည် ခဏမျှ ငြိမ်သက်နေပြီးနောက်

"ဟုတ်ကဲ့ ဆရာမကြီး . . . အစ်ကိုကြီး လင့်ဟူချုံးရဲ့ သိုင်းပညာက ထင်ပေါက်ကို မမီပါဘူး။ သူကျွန်မကို ကယ်တုန်းက ထင်ပေါက်ရဲ့ ဓါးချက်တွေကို အတော်များများ အထိခံလိုက်ရပါတယ်။ ကံကောင်းလို့ မသေတာပါ"

တင့်ကျင့်မယ်သီလရင်ကြီးက မည်သည့်စကားကိုမျှ ဆက်မပြောတော့ပေ။ အတန်ကြာသောအခါ တပည့်မအားလုံးကို အနားယူအိပ်စက်ခိုင်းလိုက်တော့သည်။

နောက်တစ်နေ့တွင် သူတို့အားလုံး ခရီးဆက်ကြသည်။ ညနေပိုင်းသို့ရောက်သောအခါ ရွာလေးတစ်ရွာသို့ ရောက်လာတော့၏။ ရွာထဲ ဝင်လိုက်သည့်အချိန်တွင် နေဝင်ရီတရော ဖြစ်နေလေပြီ။ ဟန်ဆန်းဂိုဏ်းသား အားလုံးပင် ထူးထူးဆန်းဆန်း ခံစားလိုက်ရ၏။

တစ်ရွာလုံးတွင် လူတစ်ယောက်မျှ မတွေ့ရချေ။ ရိဟိုက ပြောလိုက်၏။

"ဒီရွာကလဲ ထူးဆန်းလှချေလား။ နေဝင်တာနဲ့ တစ်ရွာလုံး အိပ်ကုန်ပလား မသိဘူး"

တင့်ကျင့်မယ်သီလရင်ကြီးက "ကဲ . . . တည်းခိုခန်း တစ်ခုကို အရင်ဆုံး ရှာကြ။ တည်းခိုခန်းရောက်မှ အနားယူရမယ်"

ဟန်ဆန်းဂိုဏ်းသား အားလုံးသည် သူတို့ဆရာမကြီး၏ အမိန့်အတိုင်း တည်းခိုခန်းကို လိုက်ရှာကြသည်။ ဆိုင်ခန်းတိုင်း တံခါးများ ပိတ်ထားကြသည်ကို မြင်ရသောအခါ အံ့ဩစိတ်များ ပေါ်လာတော့၏။ နောက်ဆုံး ဆိုင်ခန်းတစ်ခုကို တံခါးတွန်းဖွင့်၍ မရသောအခါ နံရံမှ ခုန်ကျော်ဝင်ပြီးမှ ရှေ့တံခါးမကြီးကို ဖွင့်လိုက်နိုင်ကြသည်။

ဆိုင်တွင်းရောက်သောအခါ ဆိုင်၏ အခြေအနေကို သေချာစွာ လေ့လာကြတော့၏။ ရိက္ခာပစ္စည်းများနှင့် ပန်းကန်ခွက်ယောက်များ အစုံအလင် ရှိနေသည့်အပြင် ရေနွေးကရားထဲမှ ရေနွေးများပင် ပူပူနွေးနွေး ရှိနေသေးသည်ကို

တွေ့ရတော့၏။

ထူးခြားနေသည့် အခြေအနေကြောင့် တင့်ကျင့်မယ်သီလရင်ကြီးမှာ သက်မကင်း ဖြစ်လာတော့၏။ အန္တရာယ် အငွေ့အသက်ကို ရလိုက်သဖြင့် သူ့တပည့်မများကို လှမ်းခေါ်လိုက်သည်။

"၇ ယောက်စီ အဖွဲ့ဖွဲ့ပြီး ရွာတစ်ရွာလုံးရဲ့ အခြေအနေကို သွားလေ့လာကြစမ်း။ ဘာဖြစ်လို့ တစ်ရွာလုံး အခုလို လူမရှိ၊ သူမရှိ ဖြစ်နေရတာလဲ ဆိုတာကို စုံစမ်းခဲ့။ ၇ ယောက်အဖွဲ့တွေက လုံးဝ လူစု မကွဲရဘူး။ ရန်သူတွေ့ရင် လေချွန်ပြီး အချက်ပေး။ ငါပြောတာ ရှင်းတယ် မဟုတ်လား။ . . . ကဲ . . . အားလုံး သွားပြီး စုံစမ်းပေတော့"

ဟန်ဆန်းဂိုဏ်းသားများသည် ၇ ယောက်တစ်ဖွဲ့စီ ထွက်သွားကြတော့၏။ အတန်ကြာသောအခါ အဖွဲ့အသီးသီး ပြန်ရောက်လာပြီး ရှိဟိုက အခြေအနေကို ပြန်လည် အစီရင်ခံလိုက်သည်။

"ဆရာမကြီး . . . ဒီရွာထဲမှာ လူမပြောနဲ့၊ ခွေးတစ်ကောင် ကြောင်တစ်မြီးတောင် မရှိဘူး"

ရှိချင်းကလည်း "အခြေအနေ အကဲခတ်ရတာတော့ ဒီရွာထဲကလူတွေက အလောသုံးဆယ် ထွက်သွားကြပုံပဲ။ အိမ်တိုင်းအိမ်တိုင်း ခြေရာလက်ရာ မပျက်ဘူး"

သူတို့က ဆန်များကို ထုတ်ယူကာ ချက်ပြုတ်စားသောက်ကြသည်။ ထိုအခိုက်မှာပင် အရှေ့မြောက်အရပ်မှ မိန်းကလေး တစ်ယောက်၏ စူးစူးဝါးဝါး အော်လိုက်သံကို ရုတ်တရက် ကြားလိုက်ရတော့၏။ တစ်စုံတစ်ခုသော ဘေးအန္တရာယ်ကြောင့် ကြောက်ရွံ့တုန်လှုပ်စွာ အော်လိုက်သော အသံပင်တည်း။

"ကယ်ကြပါဦးရှင် . . . ကယ်ကြပါဦး"

တိတ်ဆိတ်ငြိမ်သက်သော ညအချိန်တွင် အသံကို ကျယ်လောင်စွာ ကြားလိုက်ရသည်။ ဆိုင်ခန်းအတွင်း၌ ရှိသော ဟန်ဆန်းဂိုဏ်းသားများ အားလုံးက ထိုအသံကို ပီပီသသကြီး ကြားလိုက်ကြသည်။ ရှိချင်းနှင့် အဖွဲ့သား ၆ ယောက်တို့သည် အသံထွက်ပေါ်လာရာသို့ ချက်ချင်း ပြေးထွက်သွား ကြတော့သည်။

အတန်ကြာအောင် တစ်ယောက်မျှ ပြန်မလာကြချေ။ တင့်ကျင့်မယ်သီလရင်ကြီးမှာ နဖူးကြောများ ထောင်လာလေပြီ။ ထိုစဉ် ရှိဟိုက ခွင့်တောင်းလိုက်၏။

"ဆရာမကြီး . . . အခြေအနေ ဘယ်လိုမှန်း မသိဘူး။ ကျွန်မတို့ ၇ ယောက်ကို သွားပြီး စုံစမ်းခွင့်ပြုပါ"

တင့်ကျင့်မယ်သီလရင်ကြီးက ခေါင်းညိတ်ပြလိုက်၏။ ရှိဟိုတို့ အဖွဲ့လည်း ထွက်သွားပြန်၏။ ထိုအဖွဲ့လည်း စုပ်စမြုပ်စ ပျောက်ကွယ်သွားပြန်သည်။ တစ်ယောက်မျှ ပြန်မလာချေ။

အတန်ကြာသောအခါ စောစောက မိန်းကလေး အော်သံကို ထပ်မံကြားလိုက်ရပြန်သည်။

"ကယ်ကြပါဦး . . . ကယ်ကြပါဦး"

ဟန်ဆန်းဂိုဏ်းသားများအားလုံး တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိကြတော့သည်။ ထိုမိန်းကလေးသည် အဘယ်ကြောင့် ထပ်မံအော်ဟစ် ရပြန်သနည်း။ ရှိချင်းတို့အဖွဲ့ မည်သည့်အတွက်ကြောင့် ပြန်ရောက်မလာရသနည်း။ တို့အဖွဲ့က အကြောင်း တစ်စုံတစ်ရာကြောင့် ပြန်လည် သတင်းမပို့နိုင်လျှင် ရှိစေတော့။ ရှိဟိုတို့အဖွဲ့လည်း အဘယ်ကြောင့် ပြန်လည် သတင်းမပို့နိုင် ဖြစ်ရသနည်း။

အကယ်၍ ရန်သူနှင့် ထိပ်တိုက်ရင်ဆိုင် တိုးကြလျှင် အော်ဟစ်တိုက်ခိုက်သံများ မုချကြားရပေလိမ့်မည်။ သို့သော် ယခု မည်သည့်အော်သံမျှ မကြားကြရချေ။ မည်သည့် အရေးအခင်းကြောင့် သတင်းပြန်မပို့နိုင်ရသနည်း။

တင့်ကျင့်မယ်သီလရင်ကြီးက "ရှိဆိုး . . . ဒီအခြေအနေကို ငါသဘောမကျဘူး။ အခုလို ငြိမ်သက်နေတာက မုန်တိုင်းမကျခင် ငြိမ်သက်နေတာနဲ့ တူတယ်။ ဒီတစ်ခါ မင်းလိုက်သွား။ မင်းက တည်ငြိမ်တော့ အခြေအနေ ဘယ်လောက်ဆိုးဆိုး၊ ထိန်းထိန်းသိမ်းသိမ်း လုပ်နိုင်မယ်လို့ ငါယုံတယ်။ အကြောင်းထူး တစ်ခုခု ကြုံတာနဲ့ ငါ့ဆီကို ချက်ချင်းလူလွှတ်ပြီး အကြောင်းကြားပေတော့"

ရှိဆိုးမှာ အသက် ၄၀ နီးပါး ရှိလေပြီ။ ဆရာမကြီး၏ အမိန့်ရသောအခါ သူမ၏အဖွဲ့ကို အချက်ပြလိုက်ပြီး ရှိချင်းနှင့် ရှိဟိုတို့နောက် လိုက်သွားလေတော့၏။

သို့သော် သည် ၇ ယောက်သည်လည်း ရေကန်ထဲသို့ ကျသွားသော ကျောက်တုံးများနှယ် တစ်ယောက်မျှ ပြန်မလာတော့ချေ။ တင့်ကျင့်မယ်သီလရင်ကြီးမှာ တုန်လှုပ်ခြောက်ခြား လာလေပြီ။ စောစောက ခံစားလိုက်ရသည့် အန္တရာယ် အငွေ့အသက်များသည် အမှန်တကယ် ဖြစ်လာမည့် ဖြစ်ရပ်များ၏ အငွေ့အသက်များပင်တည်း။

တင့်ကျင့်မယ်သီလရင်ကြီးမှာ ကျောချမ်း ခါးပြမ်း သိရလေပြီ။ ရန်သူ၏ ထောင်ချောက် အတွင်းသို့ မိမိ၏ တပည့်မများအား တစ်သုတ်ပြီး တစ်သုတ် စေလွှတ်မိခဲ့လေပြီ။ ဤသည်ကား ကျားခံတွင်းထဲသို့ လည်စင်းပေးသည်နှင့်

အတူတူပင် ဖြစ်နေမှန်း အချိန်နှောင်းမှ သိလိုက်ရသော တင့်ကျင့်မယ်သီလရင်ကြီးကား တပည့်မများအတွက် စိုးရိမ်သောကပွားလျက် ဆောက်တည်ရာ မရအောင် ဖြစ်လာတော့သည်။

သူမက "ရိကျက်နဲ့ ရိကျင်း . . . မင်းတို့ ၁၄ ယောက်က ဒီဆိုင်ထဲမှာပဲ နေကြ။ ဒါဏ်ရာရထားတဲ့ လူတွေကို စောင့်ရှောက်ထားကြ။ အပြင်မှာ ဘာပဲဖြစ်ဖြစ်၊ ဘာသံပဲ ကြားကြား ဒီဆိုင်ထဲက လုံးဝ မထွက်ရဘူး"

"ဟုတ်ကဲ့ . . . ဆရာမကြီး . . . ဆရာမကြီးရဲ့ အမိန့်အတိုင်း တစ်သဝေမတိမ်း နေပါ့မယ်"

"ကောင်းပြီ . . . ကျန်တဲ့လူတွေအားလုံး ငါ့နောက်လိုက်ခဲ့ကြ။ ရိချင်း၊ ရိဟို၊ ရိဆိုးတို့ကို သွားကယ်ရမယ်"

ယခုတော့ သူမနှင့်အတူ လိုက်မည့်တပည့်မှာ ၃ ဦးမျှသာ ရှိတော့၏။ ရီလင်၊ ချင်ကျွမ်းနှင့် ကျက်ပန်းဆိုသော ငယ်ရွယ်လှသည့် မိန်းကလေးများသာဖြစ်၏။ တင့်ကျင့်မယ်သီလရင်ကြီးသည် ဓါးကို ဆွဲထုတ်လိုက်ပြီး အသံကြားရသည့် အရှေ့မြောက်အရပ်သို့ ပြေးထွက်သွားတော့၏။ ရီလင်တို့ ၃ ယောက်ကလည်း အနောက်မှ ထက်ကြပ်မကွာ လိုက်သွားကြ၏။

အိမ်ခန်းများမှာ မှောင်မည်းနေပြီး မည်သည့်အသံကိုမျှ မကြားရချေ။ တင့်ကျင့်မယ်သီလရင်ကြီးက အိမ်ခန်း တစ်ခန်း၏ တံခါးကို ခြေထောက်ဖြင့် ကန်ပြီး ဖွင့်လိုက်၏။

အတွင်းဖက်အခန်းတွင် မှောင်မည်းနေသဖြင့် အရိပ်အယောင်မျှ မမြင်ရချေ။ တင့်ကျင့်မယ်သီလရင်ကြီးက အော်ဟစ်၍ မေးလိုက်သည်။

"ရိချင်း၊ ရိဟို၊ ရိဆိုး . . . မင်းတို့ အထဲမှာ ရှိသလား"

သူမ၏ အသံမှာ ကျယ်လောင်လှပြီး အဝေးသို့ လွင့်ပျံ့ရောက်သွားသည်။ ထို့နောက် တောင်များဆီမှ ပဲ့တင်ထပ်ကာ သူမထံသို့ ပြန်ရောက်လာ၏။ သို့သော် မည်သည့်ထူးသံမျှ မကြားရချေ။ တင့်ကျင့်မယ်သီလရင်ကြီးက ရီလင်တို့ ၃ ယောက်အား လှည့်ပြောလိုက်သည်။

"မင်းတို့ ၃ ယောက် ငါ့နောက်က မခွာနဲ့နော်။ လုံးဝ မခွာနဲ့။ ငါ့နောက်မှာ ကပ်နေ။ လူချင်းကွဲမခံနဲ့"

သူမက ဓါးကို အသင့်အနေအထားဖြင့် ကိုင်ထားလိုက်ပြီး အိမ်ခန်းအတွင်းမှာ တစ်ပတ်မျှ လှည့်ပတ်ကြည့်ရှုလိုက်သည်။ မည်သည့်ထူးခြားချက်မျှ မတွေ့ရချေ။ ခေါင်မိုးပေါ် ခုန်တက်ကာ လေးဖက်လေးတန်သို့ ကြည့်လိုက်ပြန်သည်။ မည်သည့်လှုပ်ရှားမှုမျှ မတွေ့ရချေ။

ထိုအခိုက်အတန့်အလေးမှာပင် တင့်ကျင့်မယ်သီလရင်ကြီး၏ စိတ်တွင်းတွင် တစ်စုံတစ်ခုကို ထိုးထွင်းသိမြင်လိုက်တော့၏။ အကြီးအကျယ် နောင်တရလိုက်မိတော့သည်။

"ဒီလူယုတ်မာတွေဟာ အင်မတန် ဉာဏ်နီဉာဏ်နက် များတဲ့လူတွေ။ ငါ့တပည့်မလေးတွေကို အုပ်စုခွဲပြီး ချန်မထားသင့်ဘူး။ . . . အခုတော့ . . . ငါမှားပြီ"

အိမ်ခေါင်မိုးပေါ်မှ ချက်ချင်းခုန်ဆင်းကာ သူတို့စားသောက်ဆိုင်ခန်းလေးသို့ အားသွန် ပြေးမိပြန်တော့၏။ စားသောက်ဆိုင်အတွင်းတွင် ကျန်ခဲ့သော တပည့်မများအတွက် စိုးရိမ်ပူပန်လှချေသည်တကား။

ဆိုင်ခန်းနား ရောက်သောအခါ အော်ဟစ်မေးမြန်းလိုက်၏။

"ရိကျက် . . . ရိကျင်း . . . မင်းတို့ရှိသေးသလား"

မည်သည့်တုံ့ပြန်သံမျှ မကြားရ။ တင့်ကျင့်မယ်သီလရင်ကြီးက နောက်တစ်ကြိမ် အော်ဟစ်လိုက်ပြန်သည်။

"ရိကျက် . . . ရိကျင်း . . . မင်းတို့ရှိသေးသလား . . . ငါမေးတာ မကြားဘူးလား"

စားသောက်ဆိုင်အတွင်းမှ မည်သည့်အသံမျှ မကြားရချေ။ တင့်ကျင့်မယ်သီလရင်ကြီးက ဆိုင်အတွင်းသို့ ဝုန်းကနဲ ခုန်ဝင်လိုက်၏။ ဆိုင်အတွင်း၌ လူတစ်ယောက်မျှ မရှိတော့ချေ။

× × × × × × ×

တင့်ကျင့်မယ်သီလရင်ကြီးမှာ အသက်အရွယ် ကြီးရင့်ပြီး အတွေ့အကြုံလည်း ရင့်ကျက်သူတစ်ဦး ဖြစ်၏။ သို့စေကာမူ ဤမျှ များပြားသော တပည့်မများ အကြောင်းရင်းမသိပဲ ပျောက်ခြင်းမလှ ပျောက်နေသောအခါ သူမ၏စိတ်ကို တည်ငြိမ်အောင် မထိန်းသိမ်းနိုင်တော့ပေ။ တစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်လာတော့၏။ သူမက သက်ပြင်းတစ်ချက် ရှိုက်လိုက်ပြီး စိတ်ဓါတ်များကို ပြန်လည်တည်ငြိမ်အောင် ကြိုးစားထိန်းသိမ်း လိုက်ရ၏။

အတန်ကြာသောအခါမှ စိတ်များ ပြန်လည်တည်ငြိမ်သွားသည်။ စားသောက်ဆိုင် ဘေးပတ်လည်ကို လှည့်ပတ်ကာ သဲလွန်စများ ရှာဖွေလိုက်သောအခါ သစ်ပင်တစ်ပင်အောက်၌ ဖိနပ်တစ်ဖက်ကို တွေ့မြင်လိုက်ရ၏။ ဖိနပ်မှာ ဟန်ဆန်းဂိုဏ်းသားများ စီးလေ့ရှိသော ဖိနပ်မျိုးပင် ဖြစ်သည်။

ရန်သူများက ဟန်ဆန်းဂိုဏ်းသားများကို အတင်းအကျပ် ဖမ်းဆီးခေါ်ဆောင်သွားကြစဉ် ကျွတ်ကျန်ခဲ့သော ဖိနပ်ပင် ဖြစ်လိမ့်မည်။ ဤသို့ တွေးလိုက်မိပြီးနောက် သူနှင့်အတူ ပါလာသော တပည့်မ ၃ ယောက်အား ချက်ချင်း သတိရလိုက်မိသဖြင့်

"ရီလင် . . . ချင်ကျွမ်း . . . ကျက်ပန်း . . . ဒီဖိနပ်ကို လာကြည့်စမ်း . . . ဘယ်သူ့ဖိနပ်လဲ"

သို့သော် ညအမှောင်ထဲတွင် သူမ၏ အသံတစ်သံသာ ပဲ့တင်ထပ်မျှ ကြားလိုက်ရပြီး ရီလင်တို့၏ ပြန်လည်ထူးသံကို လုံးဝမကြားရတော့ချေ။

ဤတွင် တင့်ကျင့်မယ်သီလရင်ကြီးမှာ သူမ၏ နှလုံးသားများ အပြင်ဖက်သို့ တစ်ပြုံတစ်မကြီး ခုန်ထွက်လာသလို ခံစားလိုက်ရတော့၏။ အထိတ်တလန့်ဖြင့် နောက်ပြန်လှည့်ပြေးကာ လှည့်ပတ်ရှာဖွေမိတော့သည်။ သို့သော် ရီလင်၊ ချင်ကျွမ်းနှင့် ကျက်ပန်းတို့မှာ စုပ်စမြုပ်စ ပျောက်သွားကြချေပြီတည်း။

ထိုစဉ် အိမ်များကြားမှ လူ ၇ ယောက် ရုတ်တရက် ထွက်ပေါ်လာကြတော့၏။ ရန်သူများကို တွေ့လိုက်သည်တွင် တင့်ကျင့်မယ်သီလရင်ကြီးမှာ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွား၏။ သူ့နှုတ်မှ မည်သည့်စကားမျှ ထွက်ပေါ်မလာသော်လည်း ရင်ထဲကမူ ပြောနေမိ၏။

"အေး . . . မင်းတို့ အခုလို ထွက်လာတာ ကောင်းတယ်။ ငါက သေရမှာ မကြောက်ဘူး။ ရန်သူမတွေ့ပဲနဲ့ အရူးလို ဟိုပြေးသည်ပြေး လုပ်နေရတာကို ကြောက်တာ။ ရန်သူကို မတွေ့ရင် ငါ့တပည့်မတွေကို ဘယ်လိုရှာမလဲ။ ကောင်းတယ်။ မင်းတို့ထွက်လာတာ သိပ်ကောင်းတယ်"

ထိုစကားများသည် သူ့ရင်ထဲမှ ပြောလိုက်သည့် စကားများသာ ဖြစ်သည်။ ထိုရန်သူ ၇ ယောက်သည် မည်သည့် လက်နက်မျှ ကိုင်ဆောင်ထားခြင်း မရှိကြောင်း တွေ့ရသည့်အပြင် စကားလည်း တစ်ခွန်းမှ မပြောကြကြောင်း တင့်ကျင့်မယ်သီလရင်ကြီးက သတိပြုလိုက်မိသည်။

တင့်ကျင့်မယ်သီလရင်ကြီးက ဒေါသဖြင့် မေးလိုက်၏။

"ငါ့တပည့်မတွေကို မင်းတို့ဘယ်မှာ ဖမ်းထားသလဲ"

ထိုလူ ၇ ယောက်က တုံဏှိဘာဝေ ဆိတ်ဆိတ်နေကြ၏။ တင့်ကျင့်မယ်သီလရင်ကြီးက ထပ်မမေးတော့ပေ။ သူမ၏ ဓါးဖြင့် စတင်တိုက်ခိုက်တော့၏။ ထိုလူများ အနက်မှ တစ်ယောက်က ဒိုင်းကြီး တစ်ခုကို ရုတ်တရက် ထုတ်ယူလိုက်ပြီး ခုခံပေးလိုက်သည်။ အခြားတစ်ယောက်ကမူ လက်အိတ်ကြီးတစ်အိတ် စွပ်လိုက်ကာ သူမ၏ဓါးကို လုယူလိုက်၏။ ဓါးဖြင့် ခုတ်ဖြတ်၍ မပြတ်နိုင်သော လက်အိတ် ဖြစ်ပေလိမ့်မည်။

တင့်ကျင့်မယ်သီလရင်ကြီးနှင့် တိုက်ခိုက်နေသော ၇ ယောက် စလုံးမှာ ထိပ်သီး သိုင်းသမားချည်းဖြစ်၍ သူမမှာ များမကြာမီပင် ခံစစ်ဖြစ်သွားတော့၏။ တဖြည်းဖြည်း လက်ပန်းကျလာသည်နှင့်အမျှ ရှုံးရိပ်ပြလာတော့၏။

ခုခံတိုက်ခိုက်နေရင်းမှ အိမ်ခေါင်မိုး တစ်ခုပေါ်တွင် လူ ၃၀ ခန့် ပုန်းခိုနေကြကြောင်း တွေ့လိုက်ရပြန်သည်။

တင့်ကျင့်မယ်သီလရင်ကြီး၏ စိတ်ဓါတ်မှာ လုံး၀ ကျဆင်းသွားပေပြီ။

"ငါတော့ ရှုံးပြီ။ ဒီ ၇ ယောက်ကိုတောင် နိုင်အောင် မတိုက်နိုင်ဘူး။ ကျန်တဲ့လူတွေကို ဘယ်လို ခုခံနိုင်တော့မှာလဲ"

သူမက တစ်စုံတစ်ရာကို ဆုံးဖြတ်လိုက်တော့၏။ ရန်သူ၏ အဖမ်းအဆီးကို ခံမည့်အစား မိမိကိုယ်ကို သတ်သေရန်ပင် ဖြစ်သည်။ ဤသို့ ဆုံးဖြတ်လိုက် ပြီးသည်နှင့် အားကုန်ထုတ်၍ တိုက်ခိုက်လိုက်သောအခါ ရန်သူများမှာ နောက်သို့ ရှဲသွားကြတော့၏။ ထိုအခါကျမှ သူမ၏ ဓါးကို နောက်ပြန်လှန်၍ ရင်ဝသို့ ထိုးစိုက်လိုက်၏။

ထိုတစ်ဒင်္ဂအတွင်း ထန်ကနဲ အသံတစ်ချက် မြည်သွားပြီး သူမ၏ ဓါးမှာ ဘေးသို့ ခါယမ်းထွက်သွားတော့သည်။ တစ်ဆက်တည်းပင် ယောကျ်ားကြီးတစ်ယောက်သည် တင့်ကျင့်မယ်သီလရင်ကြီး ဘေးသို့ ခုန်ဆင်းရောက်ရှိလာတော့၏။

"ဆရာမကြီး . . . စိတ်ဓါတ်မကျပါနဲ့။ ကောင်းဆန်းဂိုဏ်းက မိတ်ဆွေတွေ ရောက်လာပါပြီ"

တင့်ကျင့်မယ်သီလရင်ကြီးမှာ ကမ်းမမြင်လမ်းမမြင် မျောနေရာမှ ကမ်းဆွယ်သောင်ကျွန်းကို မြင်လိုက်ရဘိသကဲ့သို့ ခံစားလိုက်ရ၏။ သေးငယ်သော မီးပွားကလေးသည် အမှောင်ထဲတွင် တောက်ပ၏ ဆိုသော စကားပမာ ထိုလူ၏ အားပေးစကားသည် မျှော်လင့်ချက် ကင်းမဲ့ခြင်းဟူသော အမှောင်တိုက်ကြီး အတွင်းမှ အားကိုးရာရခြင်းတည်းဟူသော မီးပွားကလေးပင် ဖြစ်၏။

ထိုမီးပွားကလေးသည် သေးငယ်သည် မှန်သော်လည်း ၇ ယောက်တစ်ယောက် သေလုမျောပါး တိုက်ခိုက်နေရသူ တစ်ယောက်အဖို့ နေမင်းကြီးထံမှ တစ်လုံးတစ်ခဲတည်း ရလိုက်သော အလင်းရောင်ကြီးသဖွယ် တန်ဖိုးကြီးလှပေသည်။

ခုန်ဆင်းရောက်ရှိလာသူသည် ရန်သူ ၇ ယောက်ကို စတင်တိုက်ခိုက်လိုက်သည်။ တစ်ဆက်တည်းတွင်ပင် ခေါင်မိုးပေါ်၌ ဝပ်လျိုးပုန်းကွယ် နေသူများသည်လည်း ခုန်ချလိုက်ကာ ထိုရန်သူ ၇ ယောက်ကို ဝိုင်းဝန်း တိုက်ခိုက်လေတော့၏။

ထိုအခါ ရန်သူ ၇ ယောက်တို့သည် တိုက်ခိုက်နေရင်းမှ စူးစူးရှရှ လေချွန်အချက်ပေးပြီး နောက်ပြန်လှည့်ပြေးကြလေတော့၏။

× × × × × × ×

## ထောင်ချောက်ဆင်ခြင်း

တင့်ကျင့်မယ်သီလရင်ကြီးက သူမ၏ ဓါးကို ဓါးအိမ်အတွင်း ပြန်လည်ထိုးသွင်းကာ သိမ်းဆည်းလိုက်သည်။ ပြီးသည်နှင့် မိမိအား ဝင်ရောက်ကယ်တင်သူကို လက်အုပ်ချီ၍ ကျေးဇူးတင်စကား ပြောကြားလိုက်၏။

"နောင်ကြီး ချုံးကျုန်း . . . အခုလို ဝင်ပြီး ကယ်တင်ပေးတဲ့အတွက် အများကြီး ကျေးဇူးတင်ပါတယ်"

တင့်ကျင့်မယ်သီလရင်ကြီးသည် သူမအား ဝင်ရောက်ကယ်တင်သည့်လူကို သိရှိပြီး ဖြစ်ချေသည်တကား။ ထိုလူကြီးမှာ အခြားသူ မဟုတ်။ ကောင်းဆန်းဂိုဏ်းချုပ်ကြီး ကျိုလင်ထန်၏ ဂိုဏ်းတူညီ ချုံးကျုန်းပင် ဖြစ်တော့သည်။

ချုံးကျုန်းက ပြန်လည် အရိုအသေပေးကာ ပြုံးပြုံးရယ်ရယ်ဖြင့်

"ဆရာမကြီးက တကယ်တော်တာပဲ။ မကောင်းဆိုးဝါးဂိုဏ်းရဲ့ ခုနစ်စင်ကြယ်အဖွဲ့ကို ဆရာမကြီး တစ်ယောက်တည်းနဲ့ ယှဉ်ပြီးတိုက်ခိုက်တယ်ဆိုတာ တကယ်တော့ မလွယ်ဘူး။ ဆရာမကြီးရဲ့သိုင်းပညာ တကယ်ကောင်းလို့ အခုလို တိုက်ခိုက်နိုင်တာ"

ချုံးကျုန်း၏ စကားကို နားထောင်ပြီးနောက် တင့်ကျင့်မယ်သီလရင်ကြီးမှာ ဇဝေဇဝါ ဖြစ်လာတော့၏။

"မကောင်းဆိုးဝါးဂိုဏ်းမှာ အဲသည်လို နာမည်နဲ့ အဖွဲ့မျိုး ရှိတယ်ဆိုတာ ငါတစ်ခါမှ မကြားဖူးဘူး"

တင့်ကျင့်မယ်သီလရင်ကြီးက ပြန်မေးလိုက်၏။

"ကျွန်မကို မချီးကျူးပါနဲ့ဦး။ အခု ဖုကျုက်နယ်ကို ဟန်ဆန်းဂိုဏ်းက ခရီးထွက်လာတာမှာ ကျွန်မက ဦးဆောင်လာတယ်။ ဒီရွာလဲရောက်ရော အားလုံး ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်တော့တာပဲ။ နောင်ကြီးတို့ ဒီရွာအဝင်မှာ ဘာများ ကြားမိသေးသလဲ။ ကျွန်မရဲ့ တပည့်မလေးတွေများ မတွေ့မိဘူးလား"

တင့်ကျင့်မယ်သီလရင်ကြီးမှာ နယ်နယ်ရရ ဆရာမကြီးတစ်ယောက် မဟုတ်ပေ။ ဟန်ဆန်းဂိုဏ်းချုပ် တင့်ရှန် ဆရာမကြီး၏ ဂိုဏ်းတူအစ်မကြီးဖြစ်၏။ ဂိုဏ်းချုပ်ဆရာမကြီးထက်ပင် ဝါကြီးသေးသည်။ စိတ်ဓါတ်ကလည်း ခက်ထန်မာကြောသူတစ်ယောက် ဖြစ်ပေသည်။

သွေးအေးသွားပြီ ဖြစ်သဖြင့် တင့်ကျင့်မယ်သီလရင်ကြီးက အေးဆေးစွာ ချင့်ချိန်စဉ်းစားလိုက်သည်။ စောစောပိုင်းက ရန်သူများအဖြစ် မိမိအထင်မှားခဲ့သူ လူ ၃၀ မှာ အကယ်စင်စစ် ရန်သူများမဟုတ်ပဲ ကောင်းဆန်းဂိုဏ်းသားများ ဖြစ်နေသည်။ သူတို့သည် အစောကြီးကတည်းက ရောက်ရှိနေကြပါလျက် ဝင်မကူညီကြ။ နောက်ဆုံးတွင် မိမိဖာသာ သတ်သေရန် ကြိုးစားတော့မှ ဝင်ရောက် တိုက်ခိုက်ပေးကြ၏။ သည်အချက်က မိမိ၏သိက္ခာကို ရှေးဦးစွာ ချလိုက်ခြင်း ဖြစ်တော့၏။ မိမိသိက္ခာကျပြီးတော့မှ သူတို့၏အစွမ်းကိုပြကာ ဝင်ကူခြင်း ဖြစ်သည်။

တင့်ကျင့်မယ်သီလရင်ကြီး၏ ရင်ထဲတွင် မကျေနပ်ခြင်း၊ နာကျည်းခြင်းတို့ ခံစားလိုက်ရ၏။ သို့သော် မိမိတာဝန်ယူလာသော တပည့်မ ၄၀ ကျော် ၅၀ ခန့် ရုတ်တရက် ပျောက်ဆုံးသွားသည့် ဝန်ထုပ်ဝန်ပိုးကြီးသည် အလွန်တရာ ကြီးမားလေးလံလှသဖြင့် ကောင်းဆန်းဂိုဏ်းသားများကိုပင် ရှေ့မျက်နှာနောက်ထား၍ အောက်ကျို့မေးမြန်းနေရခြင်း ဖြစ်တော့၏။

ချုံးကျုန်းက "ဆရာမကြီး . . . ကျုပ်တို့ ဂိုဏ်းကြီး ၅ ဂိုဏ်းဟာ မဟာမိတ် အဖွဲ့ကြီး ဖွဲ့ထားတာဆိုတော့ သူ့လူကိုယ့်လူ ခွဲခွဲခြားခြား လုပ်နေဖို့မလိုပါဘူး။ ဆရာမကြီးတို့ ဟန်ဆန်းဂိုဏ်းရဲ့ ကိစ္စကလည်း ကျုပ်တို့ ကိစ္စပါပဲ။ ဒီနှစ်တွေထဲမှာ ကျုပ်တို့ အဖွဲ့ ၅ ဖွဲ့ဟာ တစ်ဖွဲ့နဲ့ တစ်ဖွဲ့ တွေ့ဆုံနှီးနှောဖလှယ်မှု မရှိသလောက်ပဲ။ ဒီတော့ တစ်ဖွဲ့ရဲ့ အကျိုးကို ကျန်တဲ့ အဖွဲ့တွေက လက်တွဲဆောင်ရွက်တာမျိုးလဲ သိပ်နည်းသွားတာပေါ့။ . . . အဲဒါဟာ မကောင်းဆိုးဝါးဂိုဏ်းသားတွေ ခေါင်းထောင်လာနိုင်တဲ့ အချက်ပဲပေါ့"

တင့်ကျင့်မယ်သီလရင်ကြီး၏ မျက်နှာ ပြုံးမဲ့မဲ့ ဖြစ်သွားတော့သည်။ သူမက စိတ်ထဲမှ ပြောလိုက်မိသည်။
"ဟင်း . . . မင်းတို့က ဟန်ဆန်းဂိုဏ်းကို လာပြီး သရော်နေတာပေါ့လေ။ ကူညီတာက နည်းနည်း။ အသားယူချင်တာက များနေတယ်"
ယခုတစ်ခေါက် ဟန်ဆန်းဂိုဏ်း ဖုကျက်နယ်သို့ ခရီးထွက်လာခြင်းအတွက် ကောင်းဆန်းဂိုဏ်းချုပ်ကြီး ကျိုလင်ထန်ကို အကြောင်းကြားခြင်း မရှိခဲ့ပေ။ ဤသို့ အကြောင်းမကြားသည်မှာ ဟန်ဆန်းဂိုဏ်း တစ်ဂိုဏ်းထဲမဟုတ်။ ကျန်သော ထိုက်ဆန်းဂိုဏ်း၊ ချုံးဆန်းဂိုဏ်းတို့ကလည်း မဟာမိတ် အဖွဲ့ခေါင်းဆောင်ကို အကြောင်း မကြားခဲ့ကြပေ။
ချုံးကျန်းက ဆက်ပြောလိုက်၏။
"ဂိုဏ်းချုပ်ကြီးက အမြဲတမ်း ပြောခဲ့တယ်။ 'စည်းလုံးခြင်းသည် အင်အား' တဲ့။ ကျုပ်တို့ ဂိုဏ်းကြီး ၅ ဂိုဏ်းသာ တစ်ဂိုဏ်းတည်းအဖြစ် ပူးပေါင်းလိုက်နိုင်ရင် မကောင်းဆိုးဝါးဂိုဏ်းက ဘယ်လိုမှ မယှဉ်နိုင်တော့ဘူး။ ရှောင်လင်နဲ့ ဟူတန်း ဂိုဏ်းကြီးတွေတောင် ကျုပ်တို့ကို ယှဉ်နိုင်တော့မှာ မဟုတ်ဘူး။
ကျုပ်တို့ ဂိုဏ်းချုပ်ကြီးမှာ ဆန္ဒတစ်ခု ရှိနေတယ်။ တစ်ကွဲတစ်ပြားစီ ဖြစ်နေတဲ့ ဂိုဏ်းကြီး ၅ ဂိုဏ်းကို တစ်ဂိုဏ်းတည်းဖြစ်အောင် စုစည်းပြီး တောင် ၅ လုံးဂိုဏ်းအဖြစ် အသစ်ဖွဲ့ပြီး တည်ထောင်လိုက်ဖို့ပဲ။ ဆရာမကြီးရဲ့ သဘောကရော ဘယ်လို ရှိသလဲ"
တင့်ကျင့်မယ်သီလရင်ကြီးက လေသံကိုထိန်း၍ ဆင်ဆင်ခြင်ခြင် ပြောလိုက်၏။
"ကျွန်မအနေနဲ့ကတော့ ဟန်ဆန်းဂိုဏ်းရဲ့ အရေးကိစ္စနဲ့ ပတ်သက်လို့ ဘာမှ ဆုံးဖြတ်ပိုင်ခွင့် မရှိပါဘူး။ နောင်ကြီး ချုံးကျန်းအနေနဲ့ ဒီကိစ္စမျိုးမှာ ကျွန်မကို လာပြောတာ မှားနေပါတယ်။ ဟန်ဆန်းဂိုဏ်းရဲ့ ကိစ္စအဝဝကို ဆုံးဖြတ်နိုင်တဲ့ အာဏာက ကျွန်မရဲ့ ဂိုဏ်းတူညီမလေးဆီမှာပဲ ရှိပါတယ်။ တင့်ရှန်ကသာ ဟန်ဆန်းဂိုဏ်းချုပ်ကြီးပါ။ အခု အရေးကြီးတာကတော့ လူဆိုးတွေ လက်ထဲရောက်နေတဲ့ ကျွန်မရဲ့ တပည့်မလေးတွေကို ပြန်ကယ်ထုတ်ဖို့ပါပဲ"
ချုံးကျန်းက ပြုံး၍ ပြောလိုက်သည်။
"ဟန်ဆန်းဂိုဏ်းသားတွေ ပျောက်နေတဲ့ကိစ္စ အတွက်ကိုတော့ ဆရာမကြီးအနေနဲ့ ပူပင်သောက ရှိမနေပါနဲ့တော့။ ကျုပ်တို့ ကောင်းဆန်းဂိုဏ်း ရောက်လာမှတော့ ဒီကိစ္စကို ဝင်ကူညီရတော့မှာပေါ့"
တင့်ကျင့်မယ်သီလရင်ကြီးက "ဒီလိုဆိုရင် အတိုင်းထက် အလွန်ပဲ။ ကဲ . . . သွားကြရအောင်"
"ဆရာမကြီးက ဘယ်ကို သွားမှာလဲ"
"ကျွန်မတပည့်မလေးတွေကို သွားကယ်မယ်လေ"
"ဘယ်မှာ သွားကယ်မှာလဲ"
တင့်ကျင့်မယ်သီလရင်ကြီးသည် ထိုမေးခွန်းကို မည်ကဲ့သို့ ပြန်ဖြေရမှန်း မသိတော့ချေ။ ချုံးကျန်းက ပြုံး၍
"ဆရာမကြီး စိတ်မပူပါနဲ့။ ဒီလူဆိုးတွေ ဘယ်မှာစခန်းချနေတယ်ဆိုတာ ကျုပ်တို့ သိပြီးပါပြီ။ ဟန်ဆန်းဂိုဏ်းသားတွေကို ကယ်တင်ဖို့က ကျုပ်တာဝန်သာ ထားလိုက်ပါ။ အခုအရေးကြီးတာက ဆရာမကြီးနဲ့ ဆွေးနွေးဖို့ပါပဲ"
မည်သို့မျှ မတတ်နိုင်တော့သဖြင့် တင့်ကျင့်မယ်သီလရင်ကြီးက အောင့်အည်းသည်းခံကာ နားထောင် လိုက်ရတော့၏။ ချုံးကျန်းက
"ကျုပ်တို့ အနေနဲ့ ဖုကျက်နယ်ကို ခရီးထွက်လာတာက ဂိုဏ်းချုပ်ကြီးရဲ့ အမိန့်အရ အရေးကြီးတဲ့ ကိစ္စတစ်ခုကို ဆရာမကြီးနဲ့ ဆွေးနွေးညှိနှိုင်းဖို့ပါပဲ။ ဒီကိစ္စက အင်မတန် ကျယ်ပြန့်ပါတယ်။ ကျုပ်တို့ မြေပြန့်သိုင်းလောကရဲ့ အကျိုးနဲ့လဲ ပတ်သက်နေပါတယ်။ ဂိုဏ်းကြီး ၅ ဂိုဏ်းရဲ့ သေရေးရှင်ရေး ကိစ္စပါပဲ။ ဒါကြောင့် ဒီကိစ္စကို အရင်ဆွေးနွေးရအောင်။ ဆွေးနွေးပြီးတာနဲ့ ဆရာမကြီးရဲ့ ဂိုဏ်းသားတွေကို သွားကယ်ပါ့မယ်"
"ကောင်းပြီလေ။ ဘာအရေးကြီးကိစ္စ ဆွေးနွေးမှာလဲ၊ ဆွေးနွေးပါ"
"ကိစ္စအသစ်တော့ မဟုတ်ပါဘူး။ ကျုပ်စောစောက ပြောပြီးသားပါ။ ဂိုဏ်းကြီး ၅ ဂိုဏ်းကို တစ်ဂိုဏ်းတည်း ဖြစ်အောင် စုစည်းပြီး တောင် ၅ လုံးဂိုဏ်းအဖြစ် ထူထောင်ဖို့ပါပဲ"
တင့်ကျင့်မယ်သီလရင်ကြီးမှာ သူမ၏ ဒေါသကို မထိန်းသိမ်းနိုင်တော့ပေ။ တစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်လာလေပြီ။
"ရှင် . . . ရှင် . . . ရှင်တို့က"
ချုံးကျန်းက ပြုံးလျက် ပြောလိုက်သည်။
"ဆရာမကြီး အထင်မလွဲပါနဲ့။ ကျုပ်တို့က အကျပ်ကိုင်နေတာလို့ ထင်ရင် မှားသွားလိမ့်မယ်။ ကျုပ်တို့က အကျပ်

မကိုင်ပါဘူး။ ဆရာမကြီးရဲ့ သဘောပါ။ ဆရာမကြီးကို အတင်းအကျပ် သဘောတူခိုင်းနေတာ မဟုတ်ပါဘူး"

တင့်ကျင့်မယ်သီလရင်ကြီးက ဒေါသဖြင့် အော်လိုက်၏။

"ရှင့်ပါးစပ်က အကျပ်ကိုင်တာ မဟုတ်ဘူး၊ မဟုတ်ဘူးနဲ့ တစ်ပြောတည်းပြောနေတော့ ကျွန်မက ဘာမှ ပြောစရာ မလိုတော့ဘူး။ အခုရှင်ပြောနေတာက အကျပ်ကိုင်တာ မဟုတ်လို့ ဘာလဲ"

ချုံးကျန်းက "ဆရာမကြီး . . . ကျုပ်တို့ကို အထင်မလွဲပါနဲ့။ တကယ်တော့ ကျုပ်က ဂိုဏ်းချုပ်ရဲ့ အမိန့်အရ ဆောင်ရွက်တာပါ။ ဂိုဏ်းချုပ်ကြီးရဲ့ အမိန့်မရပဲနဲ့ ကျုပ်က ဘာမှမလုပ်ရဲပါဘူး"

ဒေါသထွက်လွန်းလှသဖြင့် တင့်ကျင့်မယ်သီလရင်ကြီး၏ မျက်နှာမှာ ပြာနှမ်းနှမ်းပင် ဖြစ်လာတော့၏။ တတ်နိုင်ပါက သူမအနေဖြင့် ချုံးကျန်းတို့လူသိုက်ကို မွှန်မွှန်ညက်ညက် ချေပစ်ချင်စိတ် ပေါက်လာမိ၏။ သူမက အေးစက်မာကြောသော အသံဖြင့်

"ဂိုဏ်းကြီး ၅ ဂိုဏ်းကို တစ်ဂိုဏ်းတည်းဖြစ်အောင် ပူးပေါင်းတဲ့ကိစ္စကို ကျွန်မ တာဝန်မယူနိုင်ဘူး။ ဘာကြောင့် တာဝန် မယူနိုင်သလဲ ဆိုတာကိုလဲ ရှင်းပြပြီးပြီ။ ကဲ . . . ရှင်တို့နဲ့ ဆက်ပြီး လေကုန် မခံနိုင်ဘူး"

ပြောပြီးနောက် တင့်ကျင့်မယ်သီလရင်ကြီးသည် အနောက်ဖက်သို့ ခုန်ထွက်လိုက်၏။ သူမအဖို့ ရှေ့ဆက်၍ ဘာဆက်လုပ်ရမည်ကို မသိတော့။ လမ်းလျှောက်လာရင်း မည်သည့်အရပ်ကို သွားရမည်ကို စဉ်းစားရင်း သူ့တစ်ကိုယ်တည်း အထီးကျန် အကူအညီမဲ့ ဖြစ်နေရသည့်ဘဝကို တွေးမိကာ တဖြည်းဖြည်း ကြေကွဲလာမိတော့၏။

အတန်ကြာ လမ်းလျှောက်လာပြီးမှ ရုတ်တရက် ရပ်တန့်လိုက်ပြီး တွေးတော စဉ်းစားလိုက်သည်။

"အင်း . . . ငါတစ်ယောက်တည်းနဲ့ကတော့ ဂိုဏ်းသားတွေကို လုံးဝကယ်တင်နိုင်မှာ မဟုတ်ဘူး။ ဒီတော့ မတတ်သာတဲ့ အဆုံး ခွေးကောင်ချုံးကျန်းရဲ့ တောင်းဆိုချက်ကို လောလောဆယ် လက်ခံလိုက်ရင် ကောင်းမယ်။ ငါ့ဂိုဏ်းသားတွေကို ကယ်ပြီးမှ ငါ့ကိုယ်ငါ သတ်သေလိုက်ရင် ဒီချုံးကျန်းဆိုတဲ့ကောင် ငါ့ကို ဘယ်လိုလုပ် အကျပ်ကိုင် အရှက်ခွဲနိုင်တော့မှာလဲ"

သို့နှင့် သက်ပြင်းရှည်ကြီး တစ်ချက်ချကာ စားသောက်ဆိုင်ဖက်သို့ ပြန်လည်လျှောက်သွားမိတော့၏။ သူမအနေဖြင့် ချုံးကျန်းတို့အား ဦးညွှတ်အရှုံးပေးရန် ပြန်လာခြင်း ဖြစ်သည်။ ထိုစဉ် သူမ၏ အနောက်ဖက်မှ ကျယ်လောင်သော အော်ဟစ်သံကြီး တစ်ခုကို ကြားလိုက်ရတော့၏။

"ဟေ့ . . . ဆိုင်ရှင် . . . ဟေ့ကောင်တွေ . . . ဘယ်ရောက်ကုန်ကြပလဲကွ။ ငါလို စစ်ဗိုလ်ကြီး တစ်ယောက်လုံး ရောက်လာတာတောင် တစ်ယောက်မှ ခရီးဦးကြို ပြုမယ်မရှိဘူး။ . . . ငါခရီးပန်းလာတယ်ကွ . . . စားဖို့သောက်ဖို့ လာပြင်ပေးကြစမ်း"

အသံရှင်ကား သက်တန့်တောင်ထိပ်၌ တွေ့ခဲ့ရသော ရှူးပေါပေါ စစ်ဗိုလ်ကြီး၏ အသံသာတည်း။ တင့်ကျင့်မယ်သီလရင်ကြီး၏ ရင်ထဲဝယ် ဖြုံးကနဲ ရွှင်လန်းတက်ကြွသွားတော့၏။ ထိုအသံကို ကြားလိုက်ရသည်မှာ သူမအဖို့ ရေနစ်နေရာမှ တွယ်စရာ တစ်ခုခုကို လှမ်းဆုပ်ဖက်တွယ် မိသကဲ့သို့ပင် ဖြစ်တော့သည်။

အသံကြားရာသို့ တင့်ကျင့်မယ်သီလရင်ကြီး လှမ်းကြည့်လိုက်သောအခါ အော်ဟစ်ရင်း စားသောက်ဆိုင်ထဲ ဝင်လာသည့် စစ်ဗိုလ်ကြီးကို တွေ့လိုက်ရတော့သည်။

× × × × × × ×

သက်တန့်တောင်ထိပ်၌ ဟန်ဆန်းဂိုဏ်းသားများကို အကူအညီပေးပြီးသည့်တိုင် ရီလင်က သူ့ကို မမှတ်မိပဲ ရှိနေသည်ကို တွေ့ရသောအခါ လင့်ဟူချုံးက သူ့ကိုယ်သူ အလွန်တရာ ကျေနပ်အားရသွား၏။ ထိုမှ ခရီးဆက်ခဲ့ရာ ဤရွာကလေးသို့ ရေးဦးစွာ ဆိုက်ရောက်ခဲ့လေသည်။

လင့်ဟူချုံး ရောက်ရှိလာချိန်တွင် ရွာကလေးရှိ လူများသည်လည်း သွားသွားလာလာ လှုပ်လှုပ်ရှားရှား ရှိနေသေး၏။ စားသောက်ဆိုင်များလည်း ဖွင့်ထားဆဲ ရှိသေးသည်။ လင့်ဟူချုံးကလည်း ဆိုင်တစ်ဆိုင်သို့ဝင်ကာ အရက်နှင့် ဟင်းလျာများ မှာယူလျက် အားရပါးရ သောက်စားခဲ့သေးသည်။

ဆိုင်ရှင်က တကယ့်စစ်ဗိုလ်ကြီး ထင်မှတ်အောက်မေ့ကာ သေချာကျနစွာ ဧည့်ခံပြုစုခဲ့သေးသည်။ စားသောက်ပြီးသောအခါ လင့်ဟူချုံးက စဉ်းစားခန်း ဝင်တော့သည်။

"မကောင်းဆိုးဝါးဂိုဏ်းသားတွေက ရှုံးနိမ့်သွားတာကို အခဲကျေမယ် မထင်ဘူး။ တစ်နေရာရာက ပြန်ပြီး လုပ်ကြံကြဦးမှာပဲ။ တင့်ကျင့်မယ်သီလရင်ကြီးက သတ္တိရှိပေမယ့် ဉာဏ်ရည်မရှိဘူး။ ငါကသာ သူတို့နောက်ကွယ်က လိုက်ပြီး စောင့်ရှောက်မပေးရင် ညီမလေးရီလင်ရော၊ ကျန်တဲ့ ဟန်ဆန်းဂိုဏ်းသား အားလုံးရော ကောင်းကောင်း ဒုက္ခရောက်ကုန်တော့မှာပဲ"

ဤသို့ စဉ်းစားဆုံးဖြတ်ပြီးသည်နှင့် လင့်ဟူချုံးက အိပ်ခန်းထဲဝင်၍ အနားယူ အိပ်စက်လိုက်တော့၏။ ညနေစောင်းတွင် လူတစ်ယောက်၏ စူးစူးရှရှ အော်ဟစ်သံကို ရုတ်တရက် ကြားလိုက်ရတော့သည်။

"ကျောက်တောင်ကုန်းက ဓါးပြတွေ ဒီနေ့ည ရွာကိုစီးမယ်တဲ့။ လူတွေ့ရင် တွေ့တဲ့လူကို သတ်လိမ့်မယ်။ ကိုယ့်အသက်ကိုယ် နှမြောရင် ရွာထဲက မြန်မြန် ထွက်ပြေးကြပေတော့"

ချက်ချင်းပင် ရွာထဲက လူများမှာ ပွက်လောရိုက်သွားတော့၏။ ရုတ်ရုတ်သဲသဲ ဆူဆူညံညံဖြင့် ထွက်ပြေးရန် ပြင်ဆင်ကြတော့သည်။ ရွာထဲမှ ကလေး၊ လူကြီး၊ မိန်းမနှင့် သက်ကြီး ရွယ်အိုများပါမကျန် ထွက်ပြေးတိမ်းရှောင်ကြတော့၏။ ဂရုဏာတရားရှိသော ဆိုင်ရှင်က လင့်ဟူချုံး၏ အိပ်ခန်းကို တဒုံးဒုံးထုကာ အော်ဟစ်သတိပေးလိုက်၏။

"စစ်ဗိုလ်ကြီး . . . အားလုံးတော့ ဒုက္ခဖြစ်ကုန်ပြီ။ စစ်ဗိုလ်ကြီးလည်း ထွက်ပြေးပေတော့"

အိပ်ရာမှ လန့်နိုးလာသော လင့်ဟူချုံးက ဒေါသဖြင့် အော်ငေါက်လိုက်၏။

"ခွေးမသား . . . ငါအိပ်နေတာကို လာနှောင့်ယှက်တယ်။ ဘာဒုက္ခလဲ"

"စောစောက အော်သံကို စစ်ဗိုလ်ကြီး မကြားဖူးလား။ ကျောက်တောင်ကုန်းက ဓါးပြတွေ ဒီည ရွာကို စီးမယ်တဲ့။ အားလုံး ထွက်ပြေးနေကြပြီ"

"အဲဒါ ဘာဖြစ်သလဲကွ။ ငါလိုစစ်ဗိုလ်ကြီး တစ်ယောက်လုံး ရွာထဲမှာရှိနေတာကို ဒီခွေးကောင်တွေ လာလုယက်ရဲပါ့ မလား။ ဒီကောင်တွေ သေသွားမှာပေါ့"

ဤစစ်ဗိုလ်နှင့် ဆက်စကားပြောနေလျှင် သူ့အတွက် ထွက်ပြေးရန် အချိန်မရှိ ဖြစ်သွားမည်ကို စိုးရိမ်သဖြင့် ဆိုင်ရှင်မှာ မည်သည့်စကားမျှ ဆက်မပြောတော့ပဲ ရွာပြင်ဖက်သို့ ပြေးထွက်သွားတော့သည်။

လင့်ဟူချုံး ဆိုင်ရှေ့ထွက်ကာ လက်ပိုက်လျက် အခြေအနေကို ကြည့်ရှုစစ်ဆေးလိုက်သောအခါ ရွာထဲတွင် လူဟူ၍ သူတစ်ယောက်တည်းသာ ရှိတော့ကြောင်း သိလိုက်ရ၏။

"အင်း . . . ဒီနယ်က လုံးဝ မလုံခြုံပါလား။ ဒီလို ရွာလုံးကျွတ် ဝင်စီးတဲ့ ကိစ္စမျိုးတောင် ဖြစ်နေတာကိုး။ ဟား ဟား ဟား . . . လင့်ဟူချုံးဆိုတဲ့ကောင်က အလိုလိုနေရင်း စစ်ဗိုလ်ကြီး ဖြစ်နေမှတော့ ဒီလိုကိစ္စမျိုးတွေကို လက်ပိုက်ကြည့်နေလို့ ဘယ်ဖြစ်ပါ့မလဲ။ လူဆိုးဓါးပြတွေကို သတ်ပစ်တဲ့ အလုပ်ကလည်း သိပ်တော့ မဆိုးပါဘူး။ လူတွေ

အေးချမ်းမှု ရသွားတာပေါ့။

ဟား ဟား ဟား . . . သူ့ဝတ်စုံ ဝတ်ထားမှတော့ သူ့အလုပ်ကို လုပ်ပေးရတော့မှာပေါ့။ သူ့ဆန်စား ရဲမှတဲ့။ ငါက စစ်ဗိုလ်ကြီး လင့်ဟူချုံးကိုးကွ”

ပထမ စိတ်ထဲမှသာ ကြိတ်ရယ်နေသော်လည်း စဉ်းစားရင်း၊ စဉ်းစားရင်း မအောင့်နိုင်တော့ပဲ တဟားဟား ရယ်ချလိုက်မိသည်။ တစ်ရွာလုံးကို သူ့ရယ်သံ ဖုံးလွှမ်းသွားသည်အထိ ရယ်လိုက်ပြီးနောက် အူရှင်စွာ တွေးလိုက်မိပြန်သည်။

“ဒီတစ်ခါ ရွာဝင်စီးမယ့် ဓါးပြတွေတော့ ကံမကောင်းဘူး ဖြစ်သွားပြီ။ ဘယ်လိုကနေ ဘယ်လို သတင်းပေါက်ကြား သွားတယ် မသိဘူး။ တော်တော်ကြာ သူတို့ ရောက်လာရင် လုယက်ဖို့ လူတွေ တစ်ယောက်မှ မတွေ့ရရင် အတော့်ကို အူကြောင်ကြောင် ဖြစ်သွားကြမှာပဲ”

အတန်ကြာသောအခါ အဝေးမှ တခွပ်ခွပ်ဖြင့် မြင်းခွာသံများ ထွက်ပေါ်လာပြီး မြင်း ၄ ကောင်သည် ရွာ၏ အနောက်တောင်ဘက် အရပ်မှ ရွာတွင်းသို့ ဝင်လာတော့၏။ လင့်ဟူချုံး၏ စိတ်ထဲတွင်

“ဓါးပြတွေ ဝင်လာပြီနဲ့ တူတယ်။ ဘယ့်နှယ်လူကလည်း နည်းလှချေလား”

လင့်ဟူချုံးက ဆိုင်ရှေ့တွင် မားမားမတ်မတ် ရပ်မနေတော့ပဲ တံခါးနောက်သို့ အသာဝင်လျှိုကာ ရပ်နေလိုက်၏။ ထိုစဉ် မြင်းပေါ်မှ လူတစ်ယောက်က အော်ပြောလိုက်သည်။

“ရွာသူရွာသားတွေ အားလုံး သေသေချာချာ နားထောင်ကြပါ။ ဗိုလ်ကြီးက တစ်ချက်လွှတ် အမိန့်တစ်ခု ပေးလိုက်တယ်။ ယောကျ်ား၊ မိန်းမ၊ ကလေး၊ လူကြီးအားလုံး အိမ်ထဲက ထွက်ပြီး ကိုယ့်အိမ်ရှေ့ကိုယ် ရပ်နေကြပါ။ အိမ်ပြင်ကို ထွက်ရပ်နေတဲ့လူဆိုရင် တစ်ယောက်မှ မသတ်ဘူး။ အိမ်ထဲမှာ ပုန်းနေတဲ့လူ မှန်သမျှ အားလုံး သတ်ပစ်မယ်”

ထိုမြင်းစီးသမားသည် တစ်လမ်းလုံး အော်ဟစ်သွားရာ ရွာ၏ သည်မှာဖက်ထိပ်မှသည် အခြားတစ်ဖက်သို့ ရောက်သွားတော့၏။ ထိုမြင်းစီးသမား ၄ ယောက်စလုံး အဝါရောင်အင်္ကျီများ ဝတ်ဆင်ထားသည်ကို တွေ့လိုက်ရသော လင့်ဟူချုံးက စိတ်လှုပ်ရှားသွားတော့သည်။

“မဖြစ်နိုင်ဘူး . . . လုံးဝ မဖြစ်နိုင်ဘူး။ ဒီလူ ၄ ယောက် မြင်းစီးပုံက တကယ့်သိုင်းပညာရှင်တွေ ဖြစ်ကြောင်း သက်သေပြနေတာပဲ။ ဓါးပြဂိုဏ်းထဲမှာ ဒီလို သိုင်းပညာရှင်တွေ ရှိနေတယ်ဆိုတာ လုံးဝ မဖြစ်နိုင်ဘူး”

ယခု ကြုံတွေ့နေရသော အခြေအနေမှာ မူမှန်အခြေအနေ မဟုတ်ကြောင်း ရိပ်မိလာသဖြင့် တိတ်တဆိတ် ဆိုင်ပြင်သို့ထွက်ကာ အမြင့်ဆုံး သစ်ပင်ကြီးတစ်ပင်ပေါ်သို့ တက်နေလိုက်တော့၏။ လုံခြုံသည့် သစ်ပင်ခွကြား၌ ထိုင်ကာ ရွာထဲမှ အခြေအနေများကို အသေအချာ စောင့်ကြည့်နေတော့သည်။

အတန်ကြာ စောင့်ဆိုင်းနေသည့်တိုင် မည်သည့်အသံကိုမျှ မကြားရချေ။ မည်သည့်လှုပ်ရှားမှုကိုမျှ မတွေ့ရချေ။ အချိန်ကြာသည်ထက် ကြာလာသောအခါ လင့်ဟူချုံးမှာ ပို၍ ပို၍ သင်္ကာမကင်း ဖြစ်လာတော့သည်။ ဓါးပြဂိုဏ်း၏ ရှေ့ပြေးများ ထွက်သွားသည်မှာ ကြာလှလေပြီ။ အဘယ်ကြောင့် လူဆိုးဗိုလ်က ရောက်မလာရသေးသနည်း။ ဤရှေ့ပြေး ဓါးပြများ လုပ်သွားပုံမှာ ရွာသားများ ရွာတွင်းမှ ထွက်ပြေးနိုင်အောင် လုပ်ပေးသလို ဖြစ်နေ၏။ ဤအချက်သည်လည်း သံသယ ဖြစ်စရာ အချက်ပင် ဖြစ်သည်။

လင့်ဟူချုံးက စိတ်ရှည်လက်ရှည် စောင့်ဆိုင်းနေလိုက်သည်။ နောက်ထပ် နာရီဝက်ခန့်ကြာသော အခါမှ ရွာအပြင်ဖက်ဆီမှ မိန်းမတစ်အုပ်၏ အသံသဲ့သဲ့ကို ကြားလိုက်ရ၏။

ရတ်တရက် အံ့သြသွား၏။ ပြီးနောက် အသေအချာ နားစိုက်ထောင်လိုက်သောအခါ သက်တန့်တောင်ထိပ်တွင် ကျန်ရစ်ခဲ့သည့် ဟန်ဆန်းဂိုဏ်းသားများ ဖြစ်ကြောင်း သိလိုက်ရတော့၏။

ဟန်ဆန်းဂိုဏ်းသားများ ရွာအတွင်းသို့ ဝင်လာကြပုံ၊ ရွာသားများကို မတွေ့ရပဲ ဖြစ်နေ၍ အံ့သြကြပုံ၊ တည်းခိုခန်း၊ သို့မဟုတ် စားသောက်ဆိုင် တစ်ခုခုကို ရှာဖွေနေကြပုံကို တွေ့မြင်ရ၏။ ထို့နောက် လူမရှိသော စားသောက်ဆိုင် တစ်ခုထဲသို့ ဟန်ဆန်းဂိုဏ်းသား အားလုံး ဝင်သွားကြသည်တို့ကို လင့်ဟူချုံးက သစ်ပင်ပေါ်မှ ကောင်းကောင်းကြီး မြင်နေရ၏။

ထိုအခါတွင် အခြေအနေ တစ်ရပ်လုံး၏ မူမမှန်ပုံကို လင့်ဟူချုံးက ဆက်စပ်တွေးမိလာ၏။ စောစောက သံသယ ဖြစ်ခဲ့သော်လည်း မည်သည့်အရာကို သံသယရှိမှန်း သူကိုယ်တိုင် ကွဲကွဲပြားပြား မသိခဲ့ချေ။ ယခုကျမှ သဲလွန်စ ရရှိလာတော့သည်။

“ဟုတ်ပြီ . . . ဒါက မကောင်းဆိုးဝါးဂိုဏ်းရဲ့ ထောင်ချောက်ပဲ ထင်တယ်။ သူတို့က ဟန်ဆန်းဂိုဏ်းသားတွေ မလာခင် အစစအရာရာ အသင့်ပြင်ဆင်ထားတာပဲ။ ဒါကြောင့်မို့ ခါးပြတွေရဲ့ ရှေ့ပြေး ၄ ယောက်လာတုန်းက ငါ့စိတ်ထဲမှာ သံသယ ဖြစ်ခဲ့တာပဲ”

ဤသို့တွေးမိပြီးနောက် လင့်ဟုချုံးအနေဖြင့် သစ်ပင်ပေါ်၌ထိုင်ရင်း ဆက်လက် စောင့်ကြည့်ရန် ဆုံးဖြတ်လိုက်တော့၏။ အတန်ကြာသောအခါ ဟန်ဆန်းဂိုဏ်းသားများက ၇ ယောက်တစ်ဖွဲ့ကျဖြင့် ရွာထဲသို့ လှည့်ပတ်စစ်ဆေးနေကြောင်း တွေ့လိုက်ရသည်။ မျှားမကြာမီပင် အရှေ့မြောက်ဖက် အိမ်တစ်အိမ်မှ မိန်းကလေးတစ်ဦး၏ စူးစူးရှရှ အော်ဟစ်သံကို ကြားလိုက်ရ၏။

“ကယ်ကြပါဦးရှင် . . . ကယ်ကြပါဦး”

ရုတ်တရက်တော့ လင့်ဟုချုံးက လန့်ဖျပ်သွား၏။ ဟန်ဆန်းဂိုဏ်းသား တစ်ဦးဦးကို မကောင်းဆိုးဝါးဂိုဏ်းက ဖမ်းဆီးထားလေပြီဟု ထင်လိုက်မိ၍ ဖြစ်သည်။ အချိန်မဆိုင်းပဲ ချက်ချင်းပင် သစ်ပင်ပေါ်မှ အိမ်ခေါင်မိုးတစ်ခုပေါ် ခုန်ဆင်းလိုက်မိသည်။ ထိုမှတစ်ဆင့် အရှေ့မြောက်ဖက် အရပ်သို့ ဦးတည်ပြေးလွှားမိတော့၏။

မိန်းကလေးအော်သံ ထွက်ပေါ်ရာ အိမ်အနားသို့ ရောက်ရှိလာသောအခါ ကြောင်တစ်ကောင်အလား ပေါ့ပါးစွာဖြင့် နံရံပေါ်သို့ တက်လိုက်သည်။ ပြီးနောက် ပြတင်းပေါက် တံခါးအနားကပ်ကာ အတွင်းဖက်သို့ ချောင်းကြည့်လိုက်၏။ ရုတ်တရက်တော့ အခန်းတစ်ခုလုံး မည်းမှောင်နေသဖြင့် မည်သည့်အရာကိုမျှ မမြင်ရချေ။ အမှောင်ထဲသို့ ကြည့်နေရင်း မျက်စိကျင့်သား ရသွားတော့မှ အခန်းထဲတွင် မိန်းမတစ်ယောက်နှင့် ယောကျ်ား ၇ ယောက်ရှိနေသည်ကို တွေ့လိုက်ရတော့၏။ မိန်းမက အခန်းအလယ်တွင် ရပ်လျက်ရှိပြီ။ ယောကျ်ားများက တံခါးအကွယ် နံရံတွင် ကျောကပ် ရပ်နေသည်ကို တွေ့လိုက်ရ၏။ ထိုမိန်းမသည် အခန်းအလယ်ခေါင်တွင် ရပ်နေရင်း ထပ်မံ အော်ဟစ်လိုက်ပြန်သည်။

သူမ၏ အသံမှာ စူးစူးဝါးဝါး ကျယ်လောင်လှသော်လည်း သူမ၏ မျက်နှာ၌ ကြောက်ရွံ့ဟန် လုံးဝမရှိချေ။ မျက်နှာအမူအရာကို မြင်လိုက်ရသည်နှင့် သည်လူသိုက်၏ မူမမှန်ပုံကို ကွက်ကွက်ကွင်းကွင်း သိမြင်လိုက်ရလေပြီ။

“ကယ်ကြပါဦးရှင် . . . ကယ်ကြပါဦး”

ထိုအခိုက်မှာပင် အပြင်ဖက်မှ မိန်းမသံတစ်သံကို ကြားလိုက်ရတော့သည်။

“မိန်းကလေး တစ်ယောက်ကို နိုင့်ထက်စီးနင်း လုပ်နေတာ ဘယ်သူလဲဟေ့”

အခန်းတံခါးမှာ လုံးဝပိတ်ထားခြင်း မရှိသဖြင့် ချက်ချင်းလိုလိုပင် မိန်းကလေး ၇ ယောက် ခုန်ဝင်လာသည်ကို တွေ့လိုက်ရသည်။ ရှေ့ဆုံးမှ ဝင်လာသူမှာ ရိချင်းဖြစ်၏။ သူတို့အားလုံးသည် ဓါးကိုယ်စီ ကိုင်ဆောင်ထားကြသည်။ ရန်သူက ထိုးခုတ်တိုက်ခိုက်လာပါက ခုခံကာကွယ်ရန် အဆင်သင့် ပြင်ဆင်ပြီး ဝင်လာကြခြင်း ဖြစ်၏။ ထိုစဉ် အခန်းအလယ်၌ ရပ်နေသော မိန်းမက သူ့လက်ထဲမှ ပုဝါတစ်စကို ရုတ်တရက် ခါယမ်းလိုက်၏။ ရိချင်းတို့ ၇ ယောက်မှာ တစ်ချက်မျှ တုန်ခါသွားပြီး ယိမ်းထိုးလဲကျ သွားတော့သည်။

လင့်ဟုချုံးက ဟာကနဲ လန့်အော်မိမတတ် ထိတ်လန့်အံ့ဩသွားပြီး ချက်ချင်းပင် အဖြေကို တွေးလိုက်မိတော့သည်။

“ဒီမိန်းမရဲ့ ပုဝါထဲမှာ မေ့ဆေးမှုန့်တစ်မျိုးမျိုး ထည့်ထားတာ ဖြစ်ရမယ်။ ရိချင်းတို့ ခဏလေးနဲ့ လဲကျသွားပုံထောက်ရင် အတော်ပြင်းထန်တဲ့ ဆေးမှုန့်တွေဆိုတာ သေချာတယ်။ အခုအချိန် ငါဝင်သွားရင် ငါလည်း ခံရမှာပဲ။ အတော်ကြောက်စရာ ကောင်းပါကလား”

ထိုအခိုက်မှာပင် နံရံ၌ ကပ်နေသော ယောကျ်ားများသည် ရုတ်ခြည်း ပြေးထွက်လာပြီး အသင့်ပြင်ထားသော ကြိုးများဖြင့် ရိချင်းတို့၏ ခြေလက်များကို တုပ်နှောင်လိုက်ကြသည်။ ပြီးနောက် လဲကျနေသူ ၇ ယောက်ကို ဘေးဘက်ရှိ အခန်းတစ်ခု အတွင်းသို့ ဆွဲသွင်းလိုက်ကြ၏။

“ကယ်ကြပါဦးရှင် . . . ကယ်ကြပါဦး”

အခန်းအလယ်ခေါင်ရှိ မိန်းမထံမှ စူးစူးဝါးဝါး အော်ဟစ်သံ ထပ်မံထွက်ပေါ်လာပြန်သည်။ လင့်ဟုချုံး ခေါင်းနပန်း ကြီးသွားတော့၏။ ကြောက်မက်ဖွယ်ရာ ကောင်းလှပါတကား။

မျှားမကြာမီပင် အပြင်ဖက်မှ အသံတစ်ခုကို ကြားလိုက်ရပြန်သည်။

“အထဲမှာ ဘယ်သူရှိလဲ . . . ဘယ်သူနှိပ်စက်နေတာလဲ”

ဤမယ်သီလရင်၏ အသံကို သက်တန့်တောင်ထိပ်မှာ ကတည်းက လင့်ဟုချုံး ကောင်းစွာ မှတ်မိခဲ့၏။ အလွန်တရာ စိတ်မြန်လက်မြန်ရှိလှသော ရိဟိုပင်တည်း။

“အင်း . . . မင်းထက် ဆင်ဆင်ခြင်ခြင်ရှိတဲ့ ရိချင်းတောင် ခံလိုက်ရသေးတာ။ မင်းလို စိတ်မြန်လက်မြန်ကတော့

ဘယ်ပြောစရာ ရှိတော့မလဲ"

ရိုဟိုသည် ၃ ကြိမ် ၃ ခါမျှ အော်ဟစ်မေးမြန်း လိုက်သေးသည်။ ၃ ကြိမ်စလုံး တုံ့ပြန်သံ လုံးဝ မကြားရသောအခါ တံခါးကို ခြေထောက်ဖြင့် ကန်ဖွင့်လိုက်ပြီး သူတို့ ၇ ယောက်က ၂ ယောက်တစ်တွဲ ပုခုံးချင်းယှဉ်၍ ဝင်လာတော့သည်။

အခန်းအလယ်တွင်ရှိသော မိန်းမသည် ရိုဟိုတို့ ၇ ယောက်စလုံး ဝင်လာသည့်အထိ စောင့်ကြည့်နေသေး၏။ ၇ ယောက်စလုံး အခန်းတွင်းသို့ ရောက်လာတော့မှ သူမလက်ထဲမှပုဝါကို လှုပ်ရှားခါယမ်း လိုက်ပြန်သည်။ ထိုအခါ ရိုဟိုတို့မှာ မေ့လဲကျသွားပြီး ရိချင်းတို့ လမ်းစဉ်အတိုင်း ကြိုးများဖြင့် တုပ်နှောင်ခံလိုက်ရပြန်သည်။ ဟန်ဆန်းဂိုဏ်းသား ၁၄ ယောက်မှာ တစ်ခဏချင်းတွင်ပင် မသမာသော လူတစ်သိုက်၏ အကျဉ်းသားများ ဖြစ်သွားခဲ့ရချေပြီ။

ထို့နောက် ရိဆိုးတို့ အဖွဲ့ရောက်လာပြန်၏။ သူတို့သည်လည်း ရှေ့ကဂိုဏ်းသားများနှယ်ပင် ထိုလူသိုက်၏ အကျဉ်းသားများ ဖြစ်သွားကြပြန်တော့သည်။ စုစုပေါင်း ဟန်ဆန်းဂိုဏ်းသား ၂၁ ယောက်ကို ရန်သူများက လက်ရဖမ်းမိသွားကြလေပြီ။ အခန်း အလယ်ခေါင်မှ မာယာရှင်က စူးစူးဝါးဝါး အော်သံဖြင့် ထပ်မံအော်နေပြန်သည်။ သို့သော် ဟန်ဆန်းဂိုဏ်းသားများ တစ်ယောက်မှ ထပ်မလာကြတော့ချေ။ ထိုအခါ နံရံ၌ ကျောကပ်ရပ်နေသော ယောကျ်ားများက လက်ဖြင့် အချက်ပြကာ အိမ်နောက်ဖက်ပေါက်မှ တိတ်ဆိတ်စွာ ထွက်ခွာသွားကြလေတော့၏။

လင့်ဟူချုံးက ခေါင်မိုးပေါ်သို့ ပေ့ါပါးစွာ ခုန်တက်လိုက်သည်။ သူ့အား ရန်သူများ ရုတ်တရက် မမြင်နိုင်စေရန် ခါးကိုကိုင်း ကိုယ်ကို ညွှတ်၍ ရန်သူများနောက်မှ လိုက်တော့၏။ ထိုစဉ် အရှေ့ဖက်မှ ခြေသံသဲ့သဲ့ ကြားလိုက်ရသဖြင့် ခေါင်မိုးပေါ်သို့ ဝပ်ချလိုက်ကာ ကိုယ်ကို ပြားပြားဝပ်လိုက်သည်။ ပြီးမှ အသာမော့ကြည့်လိုက်ရာ သူ့အရှေ့ဖက် ခေါင်မိုးပေါ်တွင် လူ ၁၀ ယောက်ခန့်တွေ့လိုက်ရ၏။

ထိုလူများသည် လက်ဖြင့် အချင်းချင်း အချက်ပြပြီး ခေါင်မိုးပေါ်တွင် ပြားပြားမှောက် နေရာယူလိုက်ကြောင်း တွေ့လိုက်ရတော့၏။ ထိုနေရာမှာ ဟန်ဆန်းဂိုဏ်းသားတို့ စတည်းချနေသည့် စားသောက်ဆိုင်နှင့် မဝေးလှချေ။ ဟန်ဆန်းဂိုဏ်းသားများအတွက် အန္တရာယ်ရှိနေပြီကို သိလိုက်သဖြင့် လင့်ဟူချုံးက နံရံမှလျှော၍ အောက်သို့ ဆင်းလိုက်၏။ ထိုအခိုက်မှာပင် တင့်ကျင့်မယ်သီလရင်ကြီးနှင့် ရီလင်တို့ ၃ ယောက် စားသောက်ဆိုင် အပြင်ဖက်သို့ ပြေးထွက်သွားကြကြောင်း တွေ့လိုက်ရ၏။

"ဒုက္ခပဲ။ ဒါက တင့်ကျင့်မယ်သီလရင်ကြီးကို မျှားခေါ်ထုတ်လိုက်တာပဲ။ စားသောက်ဆိုင်ထဲမှာ ကျန်နေတဲ့ မယ်သီလရင်တွေတော့ ဒုက္ခပဲ။ ခက်တော့နေပြီ။ ဒီဆရာမကြီးက ဘာမှ မရိပ်မိဘူးနဲ့တူတယ်။ အုပ်စုခွဲထွက်လေ။ ရန်သူတွေက အကြိုက်တွေ့လေပေါ့"

တွေးရင်းမှ လင့်ဟူချုံးက မခံချိ မခံသာ ဖြစ်လာသည်။ ထိုအချိန်၌ လူအချို့သည် စားသောက်ဆိုင်ဖက်သို့ ပြေးလွှားသွားလျက် ရှိလေပြီ။ ထိုလူများနောက်သို့ လိုက်ရန် ကိုယ်ကို အနည်းငယ် ကြွလိုက်စဉ်မှာပင် သူ၏ရှေ့ဖက်ရှိ ခေါင်မိုးပေါ်မှ အသံတစ်သံကို ကြားလိုက်ရသဖြင့် ကိုယ်ကို ပြန်ဝပ်ချလိုက်ရသည်။

"တော်တော်ကြာ ဟိုအဖွားကြီး ပြန်လှည့်လာလိမ့်မယ်။ မင်းတို့ ၇ ယောက်က တားထားလိုက်"

လင့်ဟူချုံးမှာ လုံးဝမလှုပ်ရှားရဲပဲ ငြိမ်သက်စွာ ဝပ်နေရတော့၏။ သူလှုပ်ရှားလိုက်လျှင် အရှေ့ဖက်မှ လူများက သူရှိနေသည်ကို ရိပ်မိသွားပေတော့မည်။ ထိုအချိန်တွင် တင့်ကျင့်မယ်သီလရင်ကြီးသည် ရိချင်း၊ ရိဟိုနှင့် ရိဆိုးတို့ကို ဖမ်းဆီးထားသော အိမ်ရှေ့သို့ ရောက်နေလေပြီ။ သို့သော် သူမက အိမ်ထဲသို့ မဝင်ပဲ အိမ်ကို ပတ်၍ ရှာဖွေနေသည်ကို တွေ့ရ၏။

လင့်ဟူချုံး၏ စိတ်ထဲမှ ပြောလိုက်မိသည်။

"အထဲကို မဝင်တာပဲ ကောင်းပါတယ်။ နို့မဟုတ်ရင် သူလဲ ဟို ၂၁ ယောက်လို မေ့ဆေးမိဦးမှာပဲ။ တပည့်တွေ မိတာက တော်သေးတယ်။ ဆရာအမိခံလိုက်ရရင် သိပ်ရှက်စရာ ကောင်းသွားမှာပဲ။ ဆရာမကြီးကတော့ သတိပြန်ရတာနဲ့ ကိုယ့်ကိုယ်ကို သတ်သေမှာ သေချာတယ်"

များမကြာမီ အချိန်အတွင်းမှာပင် ဟန်ဆန်းဂိုဏ်းသားများ တည်းခိုနေသည့် စားသောက်ဆိုင်ဖက်သို့ တင့်ကျင့်မယ်သီလရင်ကြီး ပြေးလွှားလာသည်ကို တွေ့လိုက်ရတော့၏။ သူမပြေးလာသည်မှာ လျင်မြန်လှသဖြင့် နောက်မှ လိုက်လာသော ရီလင်တို့ ၃ ယောက်မှာ လိုက်မမီနိုင်တော့ပဲ နောက်တွင် ကျန်ရစ်ခဲ့တော့၏။

ရီလင်တို့ ၃ ယောက် လမ်းတစ်ဆစ်ချိုးသို့ ရောက်လာသောအခါ ထိုလမ်းထောင့်မှ လူအချို့ ခုန်ထွက်လာပြီး သူတို့၏လက်တွင်းမှ ပုဝါစတစ်စကို ခါယမ်းလိုက်ရာ ရီလင်တို့ ၃ ယောက်စလုံး ခွေလဲကျသွားလေတော့၏။ အနားရှိ အိမ်ခန်းတစ်ခုအတွင်းသို့ ရီလင်တို့ အားလုံးကို ထိုလူများက ဆွဲသွင်းလိုက်ပြန်သည်။ လင့်ဟူချုံး၏ စိတ်ထဲမှ

တွေးလိုက်မိ၏။

"အခုနေ . . . ညီမလေး ရီလင်တို့ကို အရင်ဆုံး ကယ်ရရင် ကောင်းမလား။ ဒါမှမဟုတ် ရှိချင်းတို့ ရိဟိုတို့ကို အရင်ကယ်ရရင် ကောင်းမလား"

ထိုအချိန်တွင် တင့်ကျင့်မယ်သီလရင်ကြီးနှင့် လူဆိုး ၇ ယောက်တို့ တိုက်ခိုက်နေကြလေပြီ။ လင့်ဟူချိုးက တိုက်ပွဲကို အကဲခတ်ကြည့်လိုက်ပြီး ရေရွတ်လိုက်မိ၏။

"တင့်ကျင့်မယ်သီလရင်ကြီးရဲ့ ဓါးသိုင်းက အတော်ကောင်းတာပဲ။ သူက ၇ ယောက်တစ်ယောက် တိုက်နေရတယ် ဆိုပေမယ့် ဟို ၇ ယောက်က သူ့ကို လွယ်လွယ်နဲ့ အနိုင်ယူနိုင်မယ် မထင်ဘူး။ ဒီတော့ ငါ့အနေနဲ့ ညီမလေး ရီလင်တို့ကို အရင်ဆုံး သွားကယ်ရမယ်"

ဤသို့ဖြင့် လင့်ဟူချိုးသည် ရီလင်တို့ ၃ ယောက်ကို ဖမ်းဆီးထားသည့် အိမ်ခန်းရှိရာသို့ ချဉ်းကပ်လာတော့၏။ အခန်းထဲ ဝင်လိုက်သောအခါ ဓါးကိုင်အစောင့်တစ်ဦးကို တွေ့လိုက်ရသည်နှင့် ချက်ချင်း ခုန်အုပ်ကာ လက်ထဲမှ ဓါးဖြင့် အစောင့်၏ လည်မျိုကို ထိုးချိန်လိုက်သည်။ ထိုအစောင့်မှာ အခြေအနေကို နားလည်သဘောပေါက်ချိန် မရပဲ ဓါးကလည်မျိုထဲ ထိုးစိုက်နစ်ဝင်သွားသည်ကိုသာ ခံလိုက်ရတော့၏။ လင့်ဟူချိုးမှာ ရုတ်တရက် ငေးကြောင်သွားမိသည်။

"ဟင် . . . ဘယ်လို ဖြစ်သွားတာပါလိမ့်။ ငါ့ဓါးကလည်း မြန်လှချေလား။ ဘယ့်နှယ်လုပ် တစ်ချက်ကလေး ချိန်လိုက်တာနဲ့ သူ့လည်ပင်းကို ထိုးစိုက်မိသွားရတာလဲ . . . ဒုက္ခပါပဲ"

သူ၏ အတွင်းအားလှိုင်းများ ထိပ်ဆုံးအဆင့်သို့ ရောက်ရှိမြင့်မားနေသည်ကို လင့်ဟူချိုးသည် လုံးဝမသိပဲ ဖြစ်နေ၍ ဤသို့ တွေးလိုက်မိခြင်း ဖြစ်သည်။ လင်းရှင်၏ အတွင်းအားစုပ် သိုင်းပညာကို လေ့ကျင့်တတ်မြောက်ခဲ့သည့် အချိန်မှစပြီး သူ့ကိုယ်ထဲတွင်ရှိနေသော အံ့ဖွယ် ၆ ယောက်၏ အတွင်းအားလှိုင်းများ၊ ပုကျက်ဘုန်းကြီး၏ အတွင်းအားလှိုင်းနှင့် ဟေးပေကျိတို့၏ အတွင်းအားလှိုင်းများကို သူ၏ ခြေလက်များသို့ အနှံ့အပြား ခွဲဖြန့်နိုင်ခဲ့သည်။ ဤတွင် အမြင့်မားဆုံးသော အဆင့်သို့ ရောက်ရှိခဲ့ခြင်း ဖြစ်သည်။

ထို့ကြောင့် သူ့အနေဖြင့် သာမန်မျှသာ ထိုးချိန်လိုက်သော ဓါးချက်သည် သာမန် မဟုတ်တော့ပဲ အလွန်တရာ ထက်မြက်လျင်မြန်သော ဓါးချက် ဖြစ်သွားရ၏။ ရန်သူလူဆိုးခမျာ မျက်စေ့တစ်မှိတ် လျှပ်တစ်ပြက်အတွင်း ကိုယ့်ကိုယ်ကို ဘာမှန်းပင်မသိပဲ သေဆုံးသွားရလေတော့၏။ မမျှော်လင့်ပဲ လူသတ်လိုက်မိခြင်းအတွက် လင့်ဟူချိုးမှာ များစွာ စိတ်ထိခိုက်သွားရ၏။

ရီလင်တို့ ၃ ယောက်ကို လှမ်းကြည့်လိုက်သောအခါ မြေကြီးပေါ်တွင် မှေ့လဲကျနေသည်ကို တွေ့ရ၏။ အသက်မှန်မှန် ရှူနေသည်ကို တွေ့လိုက်ရခြင်းကြောင့် အသက်အန္တရာယ်အတွက် စိတ်အေးသွားသည်။ အနောက်ဖက် အခန်းတွင်းဝင်ကာ ရေအေးတစ်ခွက် ခပ်ယူခဲ့ပြီး ရီလင်၏မျက်နှာကို ပက်ဖျန်းလိုက်သည်။ ရေအေး၏ အထိအတွေ့ ကြောင့် ရီလင်မှာ သတိရလာသည်။ သို့သော် သူမ မည်သည့်နေရာသို့ ရောက်နေသည်ကိုမသိပဲ နဝေတိမ်တောင် ဖြစ်နေပုံရ၏။

များမကြာမီ မည်ကဲ့သို့ ဖြစ်ပျက်နေသည်ကို နားလည်သဘောပေါက်သွားဟန်ဖြင့် သူမက ရုတ်တရက် ခုန်ထလိုက်ပြီး ဓါးကို ရှာကြည့်လိုက်မိသည်။ သို့သော် သူမအဖို့ တကယ်တမ်း လှုပ်ရှားနိုင်သည် မဟုတ်သေးချေ။ စိတ်တွင်းမှသာ လှုပ်ရှားလိုက်ခြင်း ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သူမ၏ ခြေလက်များကို ကြိုးများဖြင့် ချည်နှောင် ထားသော ကြောင့်ပေတည်း။

ကြိုးများဖြင့် တုပ်နှောင်ခံထားရသည်ကို ရီလင်က မေ့ပြီး ရုန်းကန်ကာ ခုန်ထရန် ကြိုးစားနေကြောင်း ရိပ်မိလိုက် သဖြင့် လင့်ဟူချိုးက ကမန်းကတန်း သတိပေးလိုက်သည်။

"ညီမလေး မကြောက်နဲ့တော့။ လူဆိုးကို စစ်ဗိုလ်ကြီး သတ်ပစ်လိုက်ပြီ။ ညီမလေးအဖို့ ဘေးရန်ကင်းသွားပါပြီ"

ပြောပြောဆိုဆို သူ့လက်ထဲက ဓါးဖြင့် ရီလင်၏ ခြေလက်မှ ကြိုးများကို ဖြတ်တောက်ပေးလိုက်၏။ ရီလင်သည် အမှောင်ထဲမှ လူ၏ အသံကို ကြားလိုက်ရသောအခါ မိမိ အစဉ်အမြဲ သတိရနေသော အစ်ကိုကြီး လင့်ဟူချိုး၏ အသံနှင့် အလွန်တူလှသည်ကို သိလိုက်ရသဖြင့် ဝမ်းသာ တုန်လှုပ်သွား၏။ သူမက တုန်တုန်ယင်ယင် လေသံဖြင့်

"ရှင် . . . ရှင် . . . ရှင်ဟာ အစ်ကိုကြီး လင့်ဟူ . . ."

သူမက စကားကို ဆက်မပြောတော့ချေ။ သူမကို ကယ်တင်လိုက်သူသည် စစ်ဗိုလ်ကြီးမှန်း သတိရသွားသော ကြောင့်ပင်တည်း။ လင့်ဟူချိုးကတော့ ရုတ်တရက် ရင်ထိတ်သွား၏။ ရီလင့်ထံမှ စကားသံ မကြားရသောအခါမှ ဆက်ပြောလိုက်ရသည်။

"ဘာမှ မကြောက်နဲ့တော့ . . . စစ်ဗိုလ်ကြီးတစ်ယောက်လုံး ဒီမှာရှိနေရင် ဘယ်လူဆိုးသူခိုးမှ မင်းတို့ကို အနိုင်မကျင့်ရဲတော့ဘူး။ အနိုင်ကျင့်ရင် ငါ့ဓါးနဲ့ တွေ့မှာပဲ"

ရီလင်က "ကျွန်မတို့ကို လာကယ်တဲ့အတွက် စစ်ဗိုလ်ကြီးကို ကျေးဇူးတင်လိုက်တာ . . . ကျွန်မ . . . ဆရာမကြီးရော"

"မင်းတို့ရဲ့ ဆရာမကြီး အပြင်ဖက်မှာ တိုက်ပွဲဆင်နေတယ်။ ကဲ . . . လာကြ . . . ငါတို့ သွားကြည့်ကြစို့"

"စစ်ဗိုလ်ကြီး . . . ခဏနေပါဦး . . . အစ်မကျက်ပန်းနဲ့ ညီမလေး ချင်ကျွမ်းတို့ သတိမေ့နေတုန်း ရှိသေးတယ်။ သူတို့ကို သတိရအောင် လုပ်ပါရစေဦး"

"ညီမလေး . . . သူတို့က အရေးမကြီးဘူး။ ဘယ်အချိန် လာကယ်ကယ်ရတယ်။ မင်းရဲ့ ဆရာမကြီးက အသေအလဲ တိုက်ခိုက်နေရတာ သူ့ကို အရင်သွားကယ်ဖို့က ပိုအရေးကြီးတယ်"

"ဟုတ် . . . ဟုတ်ကဲ့ . . . ဒီလိုဆိုရင် ဆရာမကြီးဆီပဲ အရင်သွားကြတာပေါ့"

လင့်ဟုချုံးနှင့် ရီလင်တို့ ၂ ယောက်က အပြင်သို့ ခပ်သွက်သွက် လျှောက်လာတော့၏။ ထိုအချိန်တွင် တင့်ကျင့်မယ်သီလရင်ကြီးကို ဝိုင်းဝန်းတိုက်ခိုက်နေသော လူဆိုး ၇ ယောက်မှာ ထွက်ပြေးသွားကြလေပြီ။ အခြားလူတစ်စု ရောက်နေသည်ကို တွေ့လိုက်ရ၏။

ထို့နောက် တင့်ကျင့်မယ်သီလရင်ကြီးမှာ ထိုလူစုနှင့် စားသောက်ဆိုင်ရှေ့တွင်ရပ်၍ အကြိတ်အနယ် စကားပြောနေ၏။ လင့်ဟုချုံးကလည်း ရီလင်၏ လက်ကိုဆွဲကာ စားသောက်ဆိုင်၏ ပြတင်းပေါက်နားမှ ကပ်ကာ ချောင်းနားထောင်လိုက်သည်။ များမကြာမီ တင့်ကျင့်မယ်သီလရင်ကြီးက ဒေါသတကြီးဖြင့် တစ်ဖက်သို့ ထွက်သွားကြောင်း တွေ့လိုက်ကြရ၏။

လင့်ဟုချုံးက ရီလင်ကို အသာနေရန် လက်ဖြင့် အချက်ပြလိုက်၏။ တင့်ကျင့်မယ်သီလရင်ကြီး ခပ်လှမ်းလှမ်းသို့ ရောက်သွားသော အခါကျမှ ဆိုင်ရှေ့ထွက်လာကာ အော်ဟစ်လေတော့သည်။

"ဟေ့ . . . ဆိုင်ရှင်တွေ . . . ဟော့ကောင်တွေ . . . ဟေ . . . ငါလို စစ်ဗိုလ်ကြီး တစ်ယောက်လုံး ရောက်လာတာ တောင်မှ ခရီးဦးကြို မပြုကြဘူးလားကွ . . . ဟေ . . . ခရီးပန်းလာတယ်ကွ . . . စားဖို့သောက်ဖို့ လာပြင်ပေးကြစမ်း"

× × × × × × ×

စစ်ဗိုလ်ကြီးရှိရာသို့ တင့်ကျင့်မယ်သီလရင်ကြီးက အားရဝမ်းသာ လှည့်လာစဉ်မှာပင် ရီလင်က ပြေးထွက်လာတော့၏။

"ဆရာမကြီး"

တင့်ကျင့်မယ်သီလရင်ကြီးမှာ ဝမ်းသာလွန်းလှသဖြင့် ကတုန်ကယင်ပင် ဖြစ်လာတော့သည်။ ချက်ချင်းပင် မေးလိုက်တော့၏။

"စောစောတုန်းက မင်း . . . မင်းတို့ ဘယ်ရောက်ကုန်တာလဲ"

"ဆရာမကြီး . . . ကျွန်မတို့ကို လူဆိုးတွေက မေ့ဆေးနဲ့ ဖမ်းသွားကြတာ။ ဒီက စစ်ဗိုလ်ကြီးက ကျွန်မတို့ကို ကယ်လာတာ"

ထိုစဉ် လင့်ဟူချုံးသည် စားသောက်ဆိုင်၏ တံခါးကို တွန်းဖွင့်၍ ဝင်သွားလေပြီ။ ဆိုင်ထဲတွင် ကြီးမားသော ဖယောင်းတိုင်ကြီး ၂ တိုင်ထွန်းထားကြောင်း တွေ့ရ၏။ သူဝင်သွားသည်နှင့် ချုံးကျန်းက အေးစက်မာကြောသော လေသံသဖြင့်

"ဟေ့ . . . ဘယ်သူလဲကွ . . . ဒီမှာလာပြီး အော်ကြီးဟစ်ကျယ် လုပ်နေတာ။ အခု ချက်ချင်းထွက်သွားစမ်း"

"အောင်မာ . . . မင်းကရော ဘာကောင်လဲကွ။ ငါလို စစ်ဗိုလ်ကြီး တစ်ယောက်လုံးကို ဒီလို ပြောရဲတာ။ ဟေ့ . . . ဆိုင်ရှင် . . . ဆိုင်ရှင် ဘယ်ရောက်နေသလဲ . . . မြန်မြန်လာစမ်း"

စစ်ဗိုလ်ကြီး ကြောက်လန့်လျက် ရှိနေပြီဟု ကောင်းဆန်းဂိုဏ်းမှလူများက မှတ်ထင် ယူဆလိုက်ကြသည်။ အဘယ်ကြောင့်ဆိုသော အစပထမတွင် ခပ်ကြမ်းကြမ်း အော်ဟစ်ကြိမ်းမောင်းလိုက်သော်လည်း ယခုတော့ စကားလျှော့ကာ ဆိုင်ရှင်ကို ခေါ်နေသည်ကို တွေ့ကြရ၍ ဖြစ်သည်။ စစ်ဗိုလ်ကြီး၏ အတွင်းစိတ်က သူတို့ကို ကြောက်လန့်လျက် ရှိနေပြီဟု ကောင်းဆန်းဂိုဏ်းသားများ နားလည်လိုက်ကြ၏။

ဤညတွင် အလွန်တရာ အရေးကြီးသော ကိစ္စများကို ဆောင်ရွက်ရမည် ဖြစ်သဖြင့် စစ်ဗိုလ်တစ်ယောက် ဤကိစ္စများထဲ ကန့်လန့်ကန့်လန့် ပါနေမည်ကို ချုံးကျန်းက မလိုလားပေ။ ထို့ကြောင့် သူ့ဂိုဏ်းသားများဖက် လှည့်ကာ ခပ်တိုးတိုး ပြောလိုက်သည်။

"ဒီကောင့်ကို အကြောထိုးပိတ်လိုက်စမ်း . . . အသက်တော့ မသေစေနဲ့ဦး"

သူတို့လူစုထဲမှ ကောင်းခေါ့ဆိုသူက လင့်ဟူချုံး ရှိရာသို့ လျှောက်ထွက်လာပြီး သရော်ပြုံးပြုံးရင်း ပြောလိုက်၏။

"သြော် . . . လက်စသတ်တော့ ဧရာမ စစ်ဗိုလ်ကြီးကိုး။ ကျုပ်တို့က ရုတ်တရက်မသိတော့ ပျူပျူငှာငှာ မလုပ်နိုင်တာ၊ စိတ်မရှိပါနဲ့ဗျာ။ စိတ်မရှိပါနဲ့"

"ဟား ဟား ဟား . . . မင်းကတော့ သိပ်မဆိုးဘူး။ မင်းတစ်ယောက် သိရင် တော်သေးတာပေါ့။ မင်းရဲ့ လူတွေကတော့ ဘာမှ နားမလည်ဘူး"

ကောင်းခေါ့က ပြုံးလိုက်ပြီး "ဟုတ်ကဲ့ . . . ဟုတ်ကဲ့" ဟုပြောကာ လက် ၂ ချောင်းကိုစု၍ လင့်ဟူချုံး၏ ခါးပေါ်ရှိ အကြောကို ထိုးစိုက်လိုက်တော့သည်။ အကြောထိုးပညာမှာ ကောင်းဆန်းဂိုဏ်း၏ ထူးခြားသော သိုင်းပညာတစ်ရပ် ဖြစ်သည်။ ယခု ထိုးလိုက်သည့်နေရာမှာ ခါးပေါ်ရှိ ရယ်မောစေသည့် အကြောသို့ဖြစ်၏။ ထိုအကြောကို ထိုးပိတ်ခံရသူသည် တဟားဟားရယ်ပြီး သတိမေ့လဲကျသွားမည်။ ၆ နာရီကြာမှ ပြန်လည်သတိရနိုင်၏။

သို့သော် ယခုလင့်ဟူချုံး၏ ခါးကို ကောင်းခေါ့က လှမ်းထိုးလိုက်သောအခါ လင့်ဟူချုံးက တဟားဟားရယ်ကာ

“ဘယ်လိုလဲကွ။ မင်းက မကြီးမငယ်နဲ့ ငါလိုစစ်ဗိုလ်ကြီးကိုတောင် ကလိထိုးနေရသလား”

တံခါးပေါက်မှ ရပ်ကြည့်နေသော တင့်ကျင့်မယ်သီလရင်ကြီးနှင့် ရီလင်တို့ ၂ ယောက်မှာ အခြေအနေအားလုံးကို ကောင်းစွာ မြင်တွေ့နေရသည်။ စစ်ဗိုလ်ကြီး၏ အကြောကို ကောင်းခေါ့က ထိုးပိတ်နေသည်ကိုလည်း တွေ့မြင်လိုက်ရသည်။ သို့သော် စစ်ဗိုလ်ကြီးက မည်သို့မျှမဖြစ်ပဲ ပြန်လှန်နောက်ပြောင် နေသည်ကို တွေ့ရသောအခါ ဝမ်းလည်းဝမ်းသာ၊ တုန်လည်းတုန်လှုပ် သွားကြတော့၏။

စစ်ဗိုလ်ကြီး၏ သိုင်းပညာမှာ အလွန်တရာ မြင့်မားလှကြောင်း သံသယရှိရန် မလိုတော့ပေ။ လူစုလူဝေးနှင့် အနိုင်ကျင့်လိုသော ကောင်းဆန်းဂိုဏ်းသားများသည် တစ်ကြိမ်တွင်တော့ ကောင်းကောင်းကြီး ခံရပေတော့မည်။ မိမိက အကြောထိုးပိတ် လိုက်သော်လည်း စစ်ဗိုလ်ကြီးမှာ မည်သို့မျှမဖြစ်သည်ကို တွေ့လိုက်ရသောအခါ ကောင်းခေါ့က အံ့ဩထိတ်လန့် သွားလေတော့၏။ ထို့ကြောင့် ဒုတိယတစ်ချက် ထိုးပိတ်လိုက်ပြန်သည်။

သည်တစ်ကြိမ်တွင်တော့ ကောင်းခေါ့က သူ၏အားကို အဆင့်ဆယ်ဆင့်အထိ ထုတ်ကာ ထိုးပိတ်လိုက်ခြင်း ဖြစ်သည်။ အကြောပိတ်ခံရသူသည် ရယ်ပင်မရယ်နိုင်ပဲ ဘုန်းကနဲ လဲကျသွားရပေမည်။ သို့သော် လင့်ဟူချုံးကမူ တဟားဟား ရယ်ရင်း ထခုန်ကာ

“ဟေ့ကောင် . . . မင်းက ဘာကောင်လဲ . . . ဘာဖြစ်လို့ ငါ့ခါးကို လာနှိုက်ရသလဲ။ ဘာလဲ . . . ငါ့ပိုက်ဆံအိတ်ကို နှိုက်ယူမလို့ပေါ့လေ။ ရုပ်ရည်က သနားကမားနဲ့ ဘယ်နှယ် မကောင်းတဲ့အကျင့် ရှိနေရတာလဲ”

၂ ချက်တိတိ အကြောထိုးပိတ်လိုက်သော်လည်း မည်သို့မျှ အရာမရောက်ပဲ ဖြစ်နေသည်ကို တွေ့ရသောအခါ ကောင်းခေါ့က ဒေါသထွက်လာပြီး လင့်ဟူချုံး၏ လက်ကောက်ဝတ်ကို ဆွဲကိုင်ကာ ကိုင်ပေါက်ရန် ကြိုးစားလိုက်၏။ သို့သော် ကိုင်ပေါက်နိုင်သည့် စခန်းသို့ မရောက်လိုက်ပေ။

သူ၏ အတွင်းအားကို ထုတ်လိုက်သည်နှင့် သူ့အတွင်းအားများသည် လင့်ဟူချုံး၏ လက်ထဲသို့ တဖြည်းဖြည်း စိမ့်ဝင်သွားလေတော့သည်။ ဤသို့စိမ့်မဝင်စေရန် ကောင်းခေါ့အနေဖြင့် မည်သို့မျှ မတားဆီး နိုင်တော့ချေ။ ကြောက်လန့်တကြားဖြင့် အော်ဟစ်ရန် ပါးစပ်ဟလိုက်သည်။ သို့သော် မည်သည့်အသံမျှ ထွက်မလာတော့။

အတွင်းအားစုပ် သိုင်းပညာကို နောက်ပိုင်းတွင် အသုံးမချတော့ဟု လင့်ဟူချုံးက ဆုံးဖြတ်ခဲ့သည်။ သို့သော် ဤသိုင်းပညာမှာ အခြားသော သိုင်းပညာများနှင့် မတူချေ။ မိမိက အသုံးမချသော်လည်း ရန်သူက သူ၏အတွင်းအားထုတ်၍ မိမိကိုယ်ကို လာရောက်ထိကပ်လျှင် ရန်သူထုတ်သမျှ အတွင်းအားကို စုပ်ယူတတ်သော သဘောရှိ၏။ ရန်သူက အတွင်းအား မထုတ်လျှင်တော့ မည်သို့မျှ အကျိုးသက်ရောက်မှု မရှိချေ။

ကောင်းခေါ့၏ အတွင်းအားများ မိမိကိုယ်ထဲ စိမ့်ဝင်လာသည်ကို သိလိုက်ရသောအခါ လင့်ဟူချုံးသည် စိတ်ထဲမှ ရေရွတ်လိုက်မိ၏။

“ဒီသိုင်းပညာကို ငါသုံးလို့ မဖြစ်ဘူး”

ချက်ချင်းပင် ကောင်းခေါ့၏လက်ကို လင့်ဟူချုံးက ခါယမ်းဖယ်ထုတ် ပစ်လိုက်၏။ ထိုအခါကျမှ ကောင်းခေါ့က သက်ပြင်းချနိုင်ကာ နောက်သို့ ခုန်ဆုတ်သွားတော့၏။ သို့သော် သူ၏ကိုယ်ဟန်မှာ ယခင်ကလို မဟုတ်တော့ပေ။ တစ်ကိုယ်လုံး အားအင်ကုန်ခမ်းလျက် ပျော့ဖတ်နွမ်းနယ် နေတော့သည်။ နွမ်းနယ်နေရာမှ သူကအားတင်း၍ အော်ဟစ်လိုက်သည်။

“အတွင်းအားစုပ်သိုင်း . . . အတွင်းအားစုပ်သိုင်း”

သူ့အသံသည် ကြောက်ရွံ့မှုအတိ ပြီးနေ၏။ ကောင်းဆန်းဂိုဏ်းသားများက တုံ့ဆိုင်း၍ မနေပဲ ချက်ချင်း ခုန်ထွက်လိုက်ကြကာ လင့်ဟူချုံးကို ဝိုင်းထားလိုက်ကြသည်။ လင့်ဟူချုံး ထွက်မပြေးနိုင်စေရန် ဖြစ်သည်။ ပြီးမှ ချုံးကျန်းက ကောင်းခေါ့ကို သေချာစွာ မေးလိုက်သည်။

“မင်း စောစောက ဘာပြောလိုက်တယ် . . .”

“ဒီ . . . ဒီကောင် . . . အတွင်းအားစုပ်သိုင်း တတ်တယ်”

ထိုအခါ အားလုံးက လင့်ဟူချုံးကို တစ်ပြိုင်တည်း တိုက်လိုက်ကြတော့၏။ သူတို့အထဲတွင် ချုံးကျန်း၏ဓါးမှာ အမြန်ဆုံးဖြစ်၍ လျှပ်တစ်ပြက်အတွင်း လင့်ဟူချုံး၏ လည်မျိုကို ထိုးစိုက်လာ၏။ လင့်ဟူချုံးသည် သူ၏ဓါးကို ဆွဲမထုတ်ပဲ ဓါးအိမ်နှင့်တကွ ဖြုတ်ယူလိုက်ပြီး လျှပ်တစ်ပြက်ပင် ဆင့်ကာဆင့်ကာ ရိုက်ချလိုက်၏။

လင့်ဟူချုံး ဝှေ့ယမ်းလိုက်ပုံမှာ မြန်လှသဖြင့် အားလုံးက တစ်ချက်တည်း ရိုက်ချလိုက်သည်ဟု ထင်လိုက်ကြ၏။ သို့သော် တဒင်္ဂအတွင်း ထိုလူများ၏ လက်ကောက်ဝတ်များကို တစ်ချက်စီ ရိုက်ချလိုက်ခြင်း ဖြစ်သည်။ အလွန့်အလွန်

လျင်မြန်လှသဖြင့် တစ်ချက်တည်း ဇေယျ့ယမ်းရိုက်ချလိုက်သည်ဟု အားလုံးက ထင်မြင်လိုက်ခြင်း ဖြစ်သည်။

ထို့နောက် 'ထန်' ကနဲ၊ 'ထန်' ကနဲ ဓါးလွတ်ကျသွားသံများကို အဆက်မပြတ် ကြားလိုက်ရတော့သည်။ သူတို့အထဲတွင် ချိုးကျန်းသည် ဓါးသိုင်းပညာ အတော်ဆုံးဖြစ်သည်။ သူ့လက်ကောက်ဝတ်ကို တစ်ချက် အရိုက်ခံလိုက်ရသော်လည်း သူ့လက်မှ ဓါးကမူ လွတ်မကျသွားခဲ့ပေ။

ချိုးကျန်းသည်နံရံတွင် ကျောမှီ၍ ရပ်လိုက်၏။ သူ့မျက်နှာသည် လုံးဝ သွေးဆုတ်ဖြူရော်လျက် ရှိလေပြီ။ တုန်ယင်သော လေသံဖြင့် သူက မေးလိုက်သည်။

"မကောင်းဆိုးဝါးဂိုဏ်းရဲ့ ဂိုဏ်းချုပ်ဟောင်း လင်းရှင် သိုင်းလောကထဲ ပြန်ရောက်နေပြီလို့ သတင်းထွက်နေတာ ကြာပြီ . . . ခင် . . . ခင်ဗျားက ဂိုဏ်းချုပ်ကြီး လင်းရှင်လား"

လင့်ဟူချိုးက တဟားဟား ရယ်မောရင်း

"ဘာ လင်းရှင်လဲ။ ဘာဂိုဏ်းချုပ်ကြီးလဲ . . . ငါ့နာမည်က လင်းရှင် မဟုတ်ဘူး။ ဟူတင်းကွ . . . ဟူတင်း . . . ဂိုဏ်းချုပ်ကြီးလဲ မဟုတ်ဘူး။ စစ်ဗိုလ်ကြီးကွ။ မင်းတို့က ဘယ်တောင်ကုန်းက ဓါးပြတွေလဲ . . . ပြောစမ်း" ဟု ပြန်မေးလိုက်၏။

ချိုးကျန်းက လက် ၂ ဖက်ဆုပ်၍ အရိုအသေ ပေးလိုက်ပြီး

"ဆရာကြီး ပြန်ထွက်ပေါ်လာတာကို ကျုပ်တို့ မသိခဲ့ပါဘူး။ အခုတော့ ကျုပ်တို့ အရှုံးပေးပါတယ်။ နောက်များမှ တွေ့ကြသေးတာပေါ့" ပြောလိုက်ပြီးနောက် ပြတင်းပေါက်မှ ခုန်ထွက်သွားတော့၏။ သူထွက်သွားပြီးသည်နှင့် ကျန်လူများသည်လည်း သူတို့၏ ဓါးများကိုပင် မကောက်ရဲတော့ပဲ ချိုးကျန်းအနောက်မှ ပြေးလိုက်သွားတော့၏။

တင့်ကျင့်မယ်သီလရင်ကြီး ကြိုတင်တွက်ဆထားသလိုပင် ကောင်းဆန်းဂိုဏ်းသားများသည် စစ်ဗိုလ်ကြီးကို အရှုံးပေး သွားကြရလေပြီ။ တင့်ကျင့်မယ်သီလရင်ကြီးသည် လူတော်လူကောင်းတို့၏ သဘောကို သိရှိနားလည်ခဲ့ပြီး ဖြစ်၏။ စစ်ဗိုလ်ကြီးသည် အလွန်တရာ ထက်မြက်လှသော သိုင်းပညာရှင် တစ်ယောက်ဖြစ်မှန်း သေချာသွားတော့၏။

စစ်ဗိုလ်ကြီး၏ စကားများမှာ သောင်စဉ်ရေမရ ပေါက်တတ်ကရ စကားများဖြစ်ကြ၏။ သူတတ်ကျွမ်းထားသော သိုင်းပညာကိုလည်း လျှို့ဝှက်ဖုံးကွယ်ထား၏။ သို့သော်လည်း အလွန်တရာ ဒုက္ခရောက်နေသည့် မိမိတို့အား ၂ ကြိမ်တိုင်တိုင် ဝင်ရောက် ကယ်တင်ပေးခဲ့ ပြီးချေပြီ။

အချို့လူများသည် တော်ကားတော်၏။ မကောင်း။ အချို့မှာမူ ကောင်းကားကောင်း၏။ မတော်။ တော်လည်းတော်၊ ကောင်းလည်းကောင်းသည့် လူကား ရှားလှပါဘိတောင်း။ ထို့ကြောင့် တင့်ကျင့်မယ်သီလရင်ကြီးက လက်အုပ်ချီ၍ တောင်းပန်လိုက်သည်။

"စစ်ဗိုလ်ကြီး . . . အခုလိုလာပြီး ကူညီတဲ့အတွက် သိပ်ပြီး ကျေးဇူးတင်ပါတယ်။ လက်စနဲ့ ကျန်တဲ့ တပည့်မလေးတွေကိုပါ ကယ်ပေးခဲ့ပါလား"

လင့်ဟူချိုးက စဉ်းစားလိုက်သည်။

"ချိုးဆန်းတို့လူသိုက် မရှိတဲ့နောက်တော့ တင့်ကျင့်မယ်သီလရင်ကြီးကို ဒုက္ခပေးမယ့်လူ မရှိတော့လောက်ပါဘူး"

ထို့ကြောင့် လင့်ဟူချိုးက တဟားဟား ရယ်လိုက်ပြီး

"ကယ်တော့ ကယ်ပေးချင်ပါတယ်ဗျာ။ ဒါပေမယ့် ကျုပ်က ခရီးပန်းလာတော့ မလိုက်နိုင်တော့ဘူးဗျ။ ဒီမှာပဲ အရက်သောက်ပြီး အနားယူပါရစေဦး"

ရီလင်က စိတ်ထဲမှ တွေးလိုက်မိသည်။

"ဒီစစ်ဗိုလ်ကြီးက တစ်ချိန်လုံး အရက်ပဲ သောက်ချင်နေတာပဲ။ အစ်ကိုကြီး လင့်ဟူချိုးနဲ့သာ ပေါင်းမိရင်တော့ ၂ ယောက်တွဲပြီး တစ်နေ့လုံး၊ တစ်ညလုံး အရက်ချည်းပဲ သောက်နေကြမှာပဲ"

စစ်ဗိုလ်ကြီး မလိုက်လိုမှန်း သိလိုက်ရသဖြင့် တင့်ကျင့်မယ်သီလရင်ကြီးက အတင်းအကျပ် မခေါ်တော့ပဲ နှုတ်ဆက်ထွက်ခွာ သွားတော့၏။ လင့်ဟူချိုးကမူ ဆိုင်ခန်းတစ်ခုလုံး မွှေနှောက်ရှာဖွေလိုက်ပြီး အရက်အိုးတစ်အိုးကို တွေ့လိုက်ရသဖြင့်ဝမ်းသာအားရ မော့သောက်နေတော့၏။

ထိုသို့ သောက်နေရာမှ . . . "အင်း . . . ဒီဆိုင်ထဲကို မယ်သီလရင်တွေ မိန်းကလေးတွေ မကြာခင် ပြန်ရောက်လာတော့မယ်။ ဒီလိုဆိုရင် ငါလဲ အေးအေးဆေးဆေး နေရမှာ မဟုတ်တော့ဘူး။ ရေရေလည်လည် နားပူတော့မှာပဲ။ ဒီတော့ ဒီမှာ ကြာကြာနေလို့ မဖြစ်ဘူး။ စားသောက်ပြီးတာနဲ့ မြန်မြန် လစ်မှ။ နောက်ပြီးတော့ ဒီမှာ ကြာကြာနေရင် အလိမ်လည်း ပေါ်သွားနိုင်တယ်" . . . ဟု တွေးတောလိုက်မိသဖြင့် ဆိုင်အတွင်းမှ စားစရာများကို ရှာဖွေ၍ လျင်မြန်စွာ စားသောက်

လိုက်တော့သည်။

ထိုစဉ် အဝေးတစ်နေရာမှ စူးစူးဝါးဝါး အော်ဟစ်လိုက်သော ရီလင်၏ အသံကို ရုတ်တရက် ကြားလိုက်ရတော့၏။

"ဆရာမကြီး . . . ဆရာမကြီး"

လင့်ဟူချုံးသည် အစားကိုပင် ဖြောင့်အောင် မစားနိုင်တော့ပဲ အသံကြားရာကို အားသွန်၍ ပြေးသွားလိုက်မိသည်။ ရီလင်နှင့် မိန်းကလေး ၂ ယောက်ကို လမ်းပေါ်တွင် တွေ့လိုက်ရသည်။ ထိုမိန်းကလေး ၃ ယောက်စလုံးက 'ဆရာမ'၊ 'ဆရာမကြီး' စသဖြင့် တစ်ယောက်တစ်ခွန်း အော်ခေါ်နေကြ၏။ လင့်ဟူချုံးက စိုးရိမ်တကြီး လှမ်းမေးလိုက်၏။

"ဘယ်လို ဖြစ်ကြတာလဲ"

ရီလင်က "ကျွန်မက သူတို့ ၂ ယောက်ကို သတိရအောင် လုပ်နေတုန်း ဆရာမကြီးက အစ်မရီဟိုနဲ့ ရီချင်းတို့အတွက် စိတ်ပူတယ်လို့ ပြောပြီး ဟိုဖက်မှာ သွားရှာတယ်။ အခု ကျွန်မတို့ ၃ ယောက်လည်း ထွက်သွားရော ဆရာမကြီးကို လုံးဝ မတွေ့လိုက်ရတော့ဘူး။ ဘယ်ရောက်သွားသလဲ မသိဘူး။ အန္တရာယ်များ တွေ့နေသလား မသိဘူး"

လင့်ဟူချုံးသည် ကျက်ပန်းနှင့် ချင်ကျွမ်းတို့ ၂ ယောက်ကို လှမ်းကြည့်ပြီး များစွာ စိတ်လည်းပူ၊ စိတ်လည်းပျက် ဖြစ်သွားသည်။

"ဆရာမကြီးက တော်တော်ခက်တာပဲ။ ဒီလောက် ငယ်ရွယ်တဲ့ မိန်းကလေးတွေကိုခေါ်ပြီး ဘာဖြစ်လို့များ ထွက်လာသလဲ မသိဘူး။ သူတို့မှာ သိုင်းလောက အတွေ့အကြုံ ဘာရှိမှာလဲ၊ သူတို့ကြောင့် အများကြီး အကျဉ်းအကျပ် ကျနိုင်တာပေါ့"

လင့်ဟူချုံးက "ကဲ . . . ငါ့နောက် လိုက်ခဲ့ကြ။ မင်းတို့ရဲ့ ဂိုဏ်းတူအစ်မတွေ၊ ညီမတွေကို ငါပါ လိုက်ရှာပေးမယ်။"

ပြောပြောဆိုဆိုဖြင့် ရီချင်း၊ ရီဟို၊ ရီဆိုးတို့ကို ဖမ်းဆီးထားသည့် အရှေ့မြောက် အရပ်ဆီသို့ ဦးတည်ထွက်ခွာ လာတော့သည်။ ထိုအိမ်ရှေ့ရောက်လာသောအခါ တံခါးကိုကန်၍ ဖွင့်လိုက်၏။ အတွင်းဖက်၌ မေ့ဆေးပုဝါဖြင့် ဒုက္ခပေးနေသည့် မိန်းမ ရှိနေပါက အန္တရာယ် ရှိနိုင်မည်ကို စိုးရိမ်သဖြင့်

"မင်းတို့မှာ လက်ကိုင်ပုဝါတွေ ပါလာတယ် မဟုတ်လား။ နှာခေါင်းနဲ့ ပါးစပ်တွေကို လက်ကိုင်ပုဝါနဲ့ ပိတ်ထားကြ။ ဒီအထဲမှာ မေ့ဆေးနဲ့ ဒုက္ခပေးနေတဲ့ မိန်းမ ရှိချင်ရှိနေမယ်"

ဟု ရီလင်တို့ ၃ ယောက်ကို လှည့်ပြီး သတိပေးလိုက်၏။

သူကိုယ်တိုင်လဲ နှာခေါင်းနှင့် ပါးစပ်ကို ပိတ်ကာ လင့်ဟူချုံးက အခန်းထဲ ခုန်ဝင်လိုက်၏။ အခန်းထဲ ရောက်သောအခါ မည်သည့်တုံ့ပြန်မှုမျှ မတွေ့ရသဖြင့် အံ့သြသွားမိသည်။ ထို့အပြင် သည်အခန်းကလေးအထဲ၌ ဟန်ဆန်းဂိုဏ်းသား ၂၀ ယောက်သည် မေ့ဆေးမိကာ မေ့မြောလဲလျောင်းနေခဲ့ကြ၏။ ယခုတစ်ယောက်မျှ မရှိတော့။

လင့်ဟူချုံးသည် အခန်းတစ်ခုလုံး အသေအချာ လှည့်ပတ်ကြည့်ရှုလိုက်သည်။ ဟန်ဆန်းဂိုဏ်းသားများ လုံးဝ မရှိတော့ပေ။

"တယ်ဆန်းပါကလား"

ရီလင်တို့ ၃ ယောက်ကမူ လင့်ဟူချုံး၏ အပြုအမူကိုသာ ငေးကြည့်နေမိကြတော့၏။ လင့်ဟူချုံးက ဒေါသထွက်လာပြီး

"ခွေးမသားတွေ . . . ဘယ်ကိုသယ်သွားကြသလဲ မသိဘူး။ မင်းတို့ရဲ့ အစ်မတွေကို မေ့ဆေးနဲ့ ဖမ်းပြီး ဒီအခန်းထဲမှာ ချုပ်ထားခဲ့ကြတာကွ။ ခွေးကောင်တွေ တစ်နေရာရာကို သယ်သွားကြပြီ"

ကျက်ပန်းက "စစ်ဗိုလ်ကြီးက သူတို့ကို ဖမ်းထားတာကို ကိုယ်တိုင်တွေ့လိုက်လို့လား"

"တွေ့တာပေါ့ကွ။ ငါမနေ့ညက အိပ်မက် မက်နေတုန်းက သေသေချာချာ တွေ့လိုက်တာပဲ။ ဘယ်လိုနည်းနဲ့မှ မမှားနိုင်ဘူးကွ။ သူတို့ကို ဒီအခန်းထဲမှာ ဖမ်းချုပ်ထားတာ"

ကျက်ပန်းက "စစ်ဗိုလ်ကြီး . . . အိပ်မက်ထဲမှာ . . ."

ကျက်ပန်း နှုတ်ပိတ်သွားတော့၏။ အစပထမတော့ အိပ်မက်ထဲ၌ တွေ့သည်များကို အတည်မယူနိုင်ဟု ပြောရန် ဟန်ပြင်လိုက်ခြင်း ဖြစ်သည်။ သို့သော် ဤစစ်ဗိုလ်ကြီးသည် ပေါက်တတ်ကရ စကားများကို လျှောက်ပြောတတ်သည်ဟု သတိရသွားသည်။ အိပ်မက်ထဲ မဟုတ်ပဲ အပြင်၌ တကယ်တွေ့တာလဲ ဖြစ်ချင် ဖြစ်ပေလိမ့်မည်။ သို့နှင့် သူမ၏ စကားကို ပြောင်းလိုက်ရသည်။

"စစ်ဗိုလ်ကြီး . . . ကျွန်မတို့ အစ်မတွေ ဘယ်ကို ထွက်သွားမယ်လို့ ထင်သလဲ"

လင့်ဟူချုံးက စဉ်းစားလိုက်ပြီးနောက် "သူတို့မေ့နေတုန်း ဟိုခွေးမသားတွေ နေရာရွှေ့ပြီး ဖမ်းချင် ဖမ်းထားနိုင်

တယ်။ ဒါမှမဟုတ် တစ်နေရာရာသွားပြီး အသားဟင်း၊ ငါးဟင်းတွေကို သွားပြီး ခိုးစားနေတာပဲ ဖြစ်မယ်။ ဒါမှမဟုတ်ရင် ပွဲဈေးသွားပြီး ဇာတ်ပွဲခိုးကြည့်နေတာ ဖြစ်မယ်”

လင့်ဟူချုံး၏ စကားကြောင့် ရီလင်တို့ ၃ ယောက်မှာ မျက်နှာများ နီရဲသွားကြတော့၏။ သို့သော် ရယ်လည်း ရယ်ချင်မိကြသည်။ ရီလင်တို့ ၃ ယောက်ကို လက်ယပ်ခေါ်လိုက်ပြီး လင့်ဟူချုံးက

“ဟော့ ဟော့ .. မင်းတို့ ၃ ယောက်လည်း ငါ့နောက်မှာ ကပ်နေကြနော်။ လျှောက်မသွားကြနဲ့။ အသားငါး ခိုးစားချင်ရင်လည်း ဒီအချိန်မှာ ခိုးမစားနဲ့ဦး။ ခဏလောက်တော့ အောင့်ထားကြပါလို့ ငါတောင်းပန်ပါတယ်။ နောက် စားရမယ့် အချိန်တွေ အများကြီး ရှိပါသေးတယ်”

သူတို့၏ ဂိုဏ်းတူအစ်မများ ရန်သူများ၏ လက်တွင်း၌ ကျရောက်နေကြောင်း ရီလင်တို့က ကောင်းစွာ သဘောပေါက်မိကြသည်။ သူတို့ပင်လျှင် လင့်ဟူချုံးနှင့် ခပ်ကွာကွာ ဖြစ်သွားပါက ရန်သူများ၏ ဖမ်းဆီးမှုကို ခံရနိုင်ကြောင်း လင့်ဟူချုံးက သွယ်ဝိုက်၍ ပြောနေကြောင်း သိလိုက်ကြ၏။ ယခုအချိန်တွင် ဟန်ဆန်းဂိုဏ်းသားဆို၍ သူတို့ ၃ ယောက်သာ ကျန်ရှိတော့ရာ ဤစစ်ဗိုလ်ကြီး နောက်သို့ လိုက်ရန်မှလွဲ၍ အခြားနည်းလမ်းလည်း မရှိတော့ပေ။

× × × × × × ×

## နောက်ဆုံးကတိ

“လူဆိုးတွေက ဟန်ဆန်းဂိုဏ်းသားတွေကို ဖမ်းခေါ်သွားတယ်ပဲ ထားဦး။ တင့်ကျင့်မယ်သီလရင်ကြီးက ဘာဖြစ်လို့ ပျောက်သွားရတာလဲ။ သူလည်း အငိုက်မိပြီး ရန်သူ့လက်ချက် မိသွားပြီနဲ့ တူတယ်။ ငါ့အနေနဲ့ ဆရာမကြီးကို ချက်ချင်းရှာမှ ဖြစ်မယ်။ ဒီမိန်းကလေး ၃ ယောက်ကို ပစ်ထားလို့လဲ မဖြစ်ဘူး။ သူတို့ကိုပါ ငါနဲ့ တစ်ပါတည်း ခေါ်ပြီး ဆရာမကြီးကို လိုက်ရှာမှ ဖြစ်တော့မှာပဲ”

ဤသို့စဉ်းစားလိုက်ပြီး လင့်ဟူချုံးက ရီလင်တို့ ၃ ယောက်ဖက်သို့ လှည့်၍ ပြောလိုက်သည်။

“ငါတို့အားလုံး အတူတူသွားပြီး ဆရာမကြီးကို ရှာကြတာပေါ့ . . . မကောင်းဘူးလား”

ကျက်ပန်းက ဝမ်းသာအားရ ပြောလိုက်၏။

“ကောင်းတာပေါ့ . . . ကျွန်မတို့က သိုင်းပညာ ဘာမှတတ်တာ မဟုတ်ဘူး။ စစ်ဗိုလ်ကြီးကသာ တော်တာ။ ကျွန်မတို့ချည်းပဲ ဆရာမကြီးကို ဘယ်ရှာနိုင်မလဲ။ စစ်ဗိုလ်ကြီးကသာ လိုက်ရှာပေးရင် ဆရာမကြီးတို့ကို မြန်မြန် တွေ့မှာပဲ”

လင့်ဟူချုံးက ရယ်၍ . . .

“အေး . . . မင်းတို့ငါ့ကို အားကိုးတာ မှန်တယ်ကွ။ ငါ့ကို မြင်တာနဲ့ လူဆိုးတွေ ဒူးထောက်ကြမှာ . . . ဟား ဟား ဟား . . . ငါ့လို စစ်ဗိုလ်ကြီးက ဘယ်သူ့ကို ကြောက်နေရမှာလဲ”

နောက်၅တ်၅တ်ပြောရင်း ရွာထဲမှ ထွက်လာခဲ့ကြတော့သည်။ အတန်ကြာ၍ ခပ်လှမ်းလှမ်းသို့ ရောက်သောအခါ လမ်းမပေါ်တွင် အစိမ်းရောင် အရာဝတ္ထုတစ်ခုကိုတွေ့သဖြင့် ကောက်ကြည့်လိုက်ရာ မိန်းမများကိုင်သည့် လက်ကိုင်ပုဝါ လေး ဖြစ်နေကြောင်း တွေ့ရ၏။

ရီလင်အား လင့်ဟူချုံးက မေးလိုက်သည်။

“ဒါ . . . မင်းရဲ့ လက်ကိုင်ပုဝါလား”

ရီလင်က သူမ၏ ခါးကို စမ်း၍ ပုဝါလေး တစ်ထည်ကို ထုတ်ယူလိုက်၏။ ကျက်ပန်းကလည်း . . .

“ဒါက ကျွန်မလက်ကိုင်ပုဝါ မဟုတ်ဘူး။ အဖမ်းခံရတဲ့ အစ်မတစ်ယောက်ရဲ့ အိတ်ထဲက ကျကျန်ခဲ့တာပဲ ဖြစ်လိမ့်မယ်”

ချင်ကျွမ်းက ပြောလိုက်သည်။

“ဇကန္တ . . . လူဆိုးတွေ ဖမ်းတုန်း ရုန်းရင်းဆန်ခတ်ဖြစ်ပြီး ပြုတ်ကျလာတာပဲ ဖြစ်မယ်”

လင့်ဟူချုံးက မေးလိုက်သည်။

“ငါတို့ ဘယ်ဘက်ကို လိုက်ကြမလဲ။ တောင်ဖက်ကို လိုက်ကြမလား။ မြောက်ဖက်ကို လိုက်ကြမလား”

ကျက်ပန်းက “ဒီပုဝါလေးက တောင်ဖက်လမ်းမှာ ကျကျန်နေတာဆိုတော့ အစ်မတို့ကို တောင်ဖက်ပဲ ဖမ်းခေါ်သွားကြတာဖြစ်မယ်။ တောင်ဖက်လမ်းကို လိုက်ကြတာပေါ့”

လင့်ဟူချုံးက အားထုတ် ပြေးသွားလိုက်သည်။ သို့မှသာ လူဆိုးများကို မီနိုင်မည် မဟုတ်ပါလား။ ရီလင်တို့ ကျက်ပန်းတို့မှာ အစပထမတွင် နောက်မှ အမီလိုက်နိုင်ကြသေး၏။ သို့သော် အချိန်ကြာလာသည်နှင့် အမျှ တဖြည်းဖြည်း နောက်ကျန်ရစ်တော့သည်။ လင့်ဟူချုံးမှာ အားထုတ်၍ ပြေးသော်လည်း အရမ်းမပြေးရဲချေ။ မိန်းကလေး ၃ ယောက်နှင့်

အလွန်ဝေးကွာသွားပါက ရန်သူများ ကြားဖြတ် ဖမ်းဆီးသွားနိုင်သည်။ ဤသည်ကို စိုးရိမ်သဖြင့် ပြေးရင်းစောင့်ရင်း လုပ်နေရသည်။

နောက်ဆုံးတွင် အရှေ့ဖက် တောလမ်းတစ်ခုကို စတင်တွေ့ရတော့၏။ ဤတောလမ်းအတိုင်း ဆက်ပြေးသွားပါက ရီလင်တို့ကို လုံးဝတွေ့နိုင်တော့မည် မဟုတ်၍ ထိုနေရာမှပင် ရပ်စောင့်နေရတော့သည်။ သူတို့ ၃ ယောက် မီလာသောအခါမှ ခပ်နှေးနှေး ခရီးဆက်ကြရသည်။ အတော်အသင့် ခရီးပေါက်လာကြသောအခါ ချုံပင်များ အကြားမှ ပိတ်ဦးထုပ်လေး တစ်လုံးကို တွေ့ကြရပြန်သည်။ ဟန်ဆန်းဂိုဏ်းမှ မယ်သီလရင်များ ဆောင်းလေ့ရှိသည့် ဦးထုပ်ကလေး ပင်တည်း။ ကျက်ပန်းက အရေးတကြီး ပြောလိုက်သည်။

"စစ်ဗိုလ်ကြီး . . . ဒါက သဲလွန်စပဲ။ ကျွန်မတို့ အစ်မတွေကို လူဆိုးတွေက ဒီလမ်းအတိုင်း ခေါ်သွားကြတာ သေချာပြီ"

သူတို့၏ ခြေလှမ်းများ ပို၍ သွက်လာကြ၏။ လင့်ဟူချုံးကမူ ရန်သူများ နောက်ကြောင်းမှ ဒုက္ခပေးမည် စိုးသဖြင့် နောက်မှလိုက်သည်။

နေ့လည်ပိုင်းသို့ ရောက်လာသည်တွင် စားသောက်ဆိုင်လေး တစ်ဆိုင်ကို တွေ့ရသဖြင့် ဝင်၍ စားသောက်အနားယူကြသည်။ သူတို့အုပ်စုကို ကြည့်ပြီး ဆိုင်ရှင်က အလွန်အံ့သြနေ၏။ စစ်ဗိုလ်ကြီးတစ်ယောက်၊ မယ်သီလရင် တစ်ပါးနှင့် မိန်းကလေး ၂ ယောက်တို့ အတူတကွ ခရီးသွားကြသည် ဆိုသည်မှာ အံ့ဖွယ်တစ်ပါးပင် မဟုတ်ပါလား။ လင့်ဟူချုံးက စားပွဲခုံကို ဖြန်းကနဲ ရိုက်ချလိုက်သော အခါမှ ဆိုင်ရှင်မှာ လန့်ဖျပ်သွား၏။

"ဘာကြည့်နေတာလဲ။ မယ်သီလရင်ကို မမြင်ဖူးဘူးလား"

"ဟုတ် . . . ဟုတ်ကဲ့ . . . ကျွန် . . . ကျွန်တော် မကြည့်တော့ပါဘူး"

ကျက်ပန်းက ရုတ်တရက် မေးလိုက်သည်။

"ဒီက ဦးလေးကြီးကို တစ်ခုလောက် မေးပါရစေ။ ဒီက ဆရာလေးလို မယ်သီလရင်တွေ တော်တော်များများ ဆိုင်ရှေ့ဖြတ်သွားတော မမြင်လိုက်ဘူးလား"

ဆိုင်ရှင်က "ဟင့်အင်း . . . အများကြီး ဖြတ်သွားတာတော့ မတွေ့လိုက်ရပါဘူး။ တစ်ယောက်တော့ ဖြတ်သွားတာတွေ့လိုက်တယ်။ ဒီက ဆရာလေးထက် အများကြီး အသက်ကြီးတယ်။ သူကလည်း အခုလို မေးတာပဲ။ ဒီလမ်းက မယ်သီလရင်တွေ ဖြတ်သွားသလားတဲ့။ ကျွန်တော်က မမြင်လိုက်ဘူးလို့ ဖြေလိုက်တာနဲ့ ရှေ့ကိုဆက်ပြီး ပြေးသွားတော့တာပဲ။ အသက်ကြီးပေမယ့် ခြေလှမ်းက မြန်လိုက်တာ ပြောမနေနဲ့တော့။ လက်ထဲမှာလည်း ဓါးရှည်ကြီးတစ်ချောင်း ကိုင်ထားသေးတယ်။"

လင့်ဟူချုံးတို့မှာ ဆက်ပြီး မစားနိုင်တော့ပဲ ကမန်းကတန်း ပြေးလိုက်ကြတော့၏။ ညအမှောင် လွှမ်းခြုံထားသည့်တိုင် တင့်ကျင့်မယ်သီလရင်ကြီး၏ အရိပ်အယောင်ကို လုံးဝမမြင်ကြရပဲ ဖြစ်နေသည်။ ထိုအခိုက် သူတို့၏ အရှေ့ဖက်၌ ကိုင်းတောကြီးတစ်ခုကို တွေ့လိုက်ကြရတော့သည်။ ကိုင်းတောကြီးမှာ လူတစ်ရပ်စာမျှ မြင့်မားနေသည်။ ဤအချိန်၌ ညအမှောင် ဖုံးလွှမ်းလာပြီဖြစ်၍ လူသွားလမ်းကို မမြင်နိုင်တော့ပေ။

အနားရှိ သစ်ပင်တစ်ပင်ပေါ်သို့ လင့်ဟူချုံးက ခုန်တက်လိုက်ကာ ဘေးပတ်ဝန်းကျင်ကို အစွမ်းကုန် စူးစမ်းလိုက်သည်။ အနောက်မြောက်ဖက်မှ ဓါးချင်းရိုက်ခတ်သံသဲ့သဲ့ကို ကြားလိုက်ရသဖြင့် ချက်ချင်း ခုန်ဆင်းလိုက်တော့သည်။

"ငါ့နောက် မြန်မြန် လိုက်ခဲ့ကြ။ ဟိုဖက်မှာ တိုက်ပွဲဖြစ်နေတယ်။ မင်းတို့ရဲ့ ဆရာမကြီး ဖြစ်ချင် ဖြစ်နေမယ်။"

ပြောပြောဆိုဆိုနှင့် လင့်ဟူချုံးက ရှေ့မှ ပြေးထွက်သွားရာ ရီလင်တို့ ၃ ယောက်လည်း နောက်မှ အမြန် ပြေးလိုက်ကြရတော့၏။ အတန်ကြာ ပြေးလွှားလိုက်သောအခါတွင် မီးရောင်များကို တွေ့လိုက်ကြရတော့သည်။ မီးတုတ်ကြီး ၁၀ ချောင်းခန့် ထွန်းညှိထားခြင်း ဖြစ်၏။ ထိုနေရာ ရောက်ရန် လင့်ဟူချုံးက ခြေလှမ်းကို ခပ်သွက်သွက် လှမ်းလိုက်ပြန်သည်။

လူများစွာ ဝိုင်းကြီးဖွဲ့၍ ထိုင်နေကြသည်။ ထိုဝိုင်းအလယ်တွင် လူ ၇ ယောက်နှင့် တင့်ကျင့်မယ်သီလရင်ကြီးတို့ တိုက်ခိုက်နေကြသည်။ လူဝိုင်းကြီး၏ အပြင်ဖက်တွင် ဟန်ဆန်းဂိုဏ်းသားများ လဲကျလျက် ရှိနေသည်။ ထိုလူအားလုံးမှာ မျက်နှာဖုံးများ စွပ်ထားသဖြင့် လူကောင်းများ မဟုတ်ကြောင်း အတပ်သိလိုက်ပေပြီ။ လူအားလုံးမှာ တိုက်ပွဲကိုသာ အာရုံစိုက်နေကြသဖြင့် နောက်ဖက်မှ လင့်ဟူချုံး ရောက်လာသည်ကို မည်သူမျှ သတိမပြုမိပဲ ရှိနေကြသည်။

"ဟား ဟား ဟား ... ကျလည်း ကျတဲ့လူတွေ။ ၇ ယောက်နဲ့ တစ်ယောက် တိုက်ခိုက်နေတာကို ကြည့်နေလိုက်

ကြတာ။ တကယ်တရားမျှတတဲ့ တိုက်ပွဲကြီးပါပဲ”

လင့်ဟူချုံး၏ ရယ်သံကို ကြားလိုက်ရသောအခါ မျက်နှာဖုံးစွပ်လူများက ကမန်းကတန်း လှည့်ကြည့်လိုက်ကြသည်။ ထိတ်လန့်တုန်လှုပ်မှုကိုလည်း ခံစားလိုက်ကြရသည်။ တိုက်ခိုက်နေသည့် ၇ ယောက်ကမူ လင့်ဟူချုံးကို လုံးဝ အရေးမစိုက်ပဲ ဆက်လက်ပြီး တိုက်ခိုက်နေကြ၏။

တင့်ကျင့်မယ်သီလရင်ကြီး၏ ညာဖက်လက်တွင် သွေးများထွက်လျက် ရှိနေ၏။ ဒါဏ်ရာရထားဟန် တူပေသည်။ သူမ၏ ခန္ဓာကိုယ်တွင်လည်း သွေးများ ပေကျံနေ၏။ ဓါးကိုပင် ဘယ်လက်ဖြင့် ကိုင်၍ တိုက်ခိုက်နေရ၏။

ပြင်ပလူဝိုင်းထဲမှ လူတစ်ယောက်က ရုတ်တရက် ခုန်ထွက်လာပြီး လင့်ဟူချုံးကို တိုက်ခိုက်တော့သည်။ သူ၏ နောက်မှ အခြား ၂ ယောက်ကလည်း ဓါးကိုယ်စီ ကိုင်စွဲ၍ ဝင်ရောက် တိုက်ခိုက်တော့၏။

လင့်ဟူချုံးက “အေး . . . ငါ့မှာတော့ တိုက်ပွဲတွေက တစ်ပွဲပြီး တစ်ပွဲ တိုက်ခိုက်နေရတာပဲ”

သူက ပြောပြီးသည်နှင့် လူအုပ်ကြားထဲ ရုတ်တရက် ခုန်ဝင်သွားပြီး တင့်ကျင့်မယ်သီလရင်ကြီးအား ဝင်ကူတော့သည်။ ဓါးကို ဓါးအိမ်မှ မချွတ်ပဲ ဓါးအိမ်ဖြင့်ပင် လူဆိုး ၇ ယောက်တို့အား ခုခံတိုက်ခိုက်လိုက်တော့၏။ ထိုအခါ လူဆိုး ၇ ယောက်စလုံး၏ လက်ကောက်ဝတ်များ အရိုက်ခံလိုက်ရပြီး ဓါးများ လွတ်ကျကုန်တော့သည်။ ၇ ယောက်အနက်မှ တစ်ယောက်မှာ အရှောင်နှေးသွားသဖြင့် တင့်ကျင့်မယ်သီလရင်ကြီး၏ ဓါးချက်ဖြင့် အသက်ထွက် သွားလေတော့သည်။

တင့်ကျင့်မယ်သီလရင်ကြီးသည် လင့်ဟူချုံး ရောက်လာပြီ ဖြစ်သဖြင့် လည်းကောင်း၊ တိုက်ပွဲအရှိန်သေသွား၍ လည်းကောင်း၊ စိတ်လျှော့လိုက်ရာ အားပြတ်လဲကျသွားတော့၏။

“ဆရာမ . . . ဆရာမ . . .”

ချင်ကျွမ်းက ပြာပြာသလဲအော်ရင်း သူမ၏ ဆရာမကြီးကို ပြေး၍ ပွေ့ထူလိုက်သည်။

ထိုအခိုက် မျက်နှာဖုံးစွပ် လူဆိုးတစ်ယောက်သည် သူတို့ဖမ်းထားသော လူများကို ဓါးစာခံပြုလုပ်၍ အကျပ်ကိုင်ရန် အတွက် ဟန်ဆန်းဂိုဏ်းသားများဖက်သို့ ခုန်ထွက်သွားတော့သည်။ သို့သော် ထိုလူ၏ အကြံကို လင့်ဟူချုံးက ရိပ်မိသဖြင့် ချက်ချင်း အချိန်မီ ရောက်သွားပြီး ထိုးနှက်တိုက်ခိုက်လိုက်ရာ ထိုလူမှာ ဟန်ဆန်းဂိုဏ်းသားများ ရှိရာသို့ မသွားနိုင်တော့ပဲ လင့်ဟူချုံး၏ တိုးနှက်ချက်များကို ပြန်လှန်ခုခံနေရတော့သည်။ ထိုခဏအတွင်းမှာပင် လူဆိုးများဖက်မှ ၃ ယောက် လဲကျသွားတော့သည်။ ကျန်လူများကလဲ ဝင်မတိုက်ရဲကြတော့ပဲ ရှဲသွားကြတော့၏။

မျက်နှာဖုံးစွပ်ခေါင်းဆောင်သည် အခြေအနေ မလှကြောင်း ကောင်းစွာ သိရှိလိုက်လေပြီ။ ဆက်တိုက်၍လည်း အသာမရနိုင်တော့ ဟန်ဆန်းဂိုဏ်းသားများကိုလည်း ဓါးစာခံ မလုပ်နိုင်တော့ပေ။ ထို့ကြောင့် လင့်ဟူချုံးကို သူက အရှိအသေ ပေးလိုက်ပြီးနောက်

“ဂိုဏ်းချုပ်ကြီး လင်းရှင်ရဲ့ မျက်နှာကို ထောက်ထားပြီး ကျုပ်တို့ နောက်ဆုတ်ပေးပါတယ်”

ဟု ပြောရင်း သူ့လူများကို လက်ဖြင့် ဇော့ယမ်း အချက်ပြလိုက်သည်။ ပါးစပ်ကလည်း အော်ဟစ်ပြောဆိုလိုက်၏။

“မကောင်းဆိုးဝါး ဂိုဏ်းချုပ်ကြီး လင်းရှင် ဒီမှာ ရောက်နေပြီ။ မင်းတို့ ဘယ်လောက်တိုက်တိုက် မနိုင်နိုင်တော့ဘူး။ အားလုံး ပြန်ဆုတ်ကြ . . .”

ထိုအခါ လူဆိုးအားလုံးသည် သူတို့ဖက်မှ သေဆုံးသူနှင့် ဒါဏ်ရာရသူများကို ပွေ့ချီသယ်မ၍ ထွက်ခွာသွားကြ တော့၏။ ကျက်ပန်းနှင့် ရီလင်တို့ ၂ ယောက်ကလည်း သူတို့၏ ဂိုဏ်းတူညီအစ်မများဆီ ပြေးသွားပြီး ခြေလက်များ၌ တုပ်နှောင်ထားသော ကြိုးများကို ဖြတ်တောက်ပေးလိုက်ကြ၏။ ချင်ကျွမ်းကမူ ဆရာမကြီး၏ ဒါဏ်ရာများကို ဆေးထည့်ပေးနေသည်။ ဂိုဏ်းသား ၄ ယောက်က မီးတုတ်များ ကိုင်၍ ဆရာမကြီး ဘေးနားတွင် ရပ်နေကြသည်။

တင့်ကျင့်ဆရာမကြီး၏ ဒါဏ်ရာမှာ အလွန်ပြင်းထန်လှကြောင်း သိရှိလိုက်ရသဖြင့် အားလုံး ငြိမ်သက်တိတ်ဆိတ် နေကြတော့သည်။ စိတ်ထိခိုက်ပြီး ကြေကွဲဝမ်းနည်းမှုများ ခံစားနေကြရတော့၏။

ဆရာမကြီးမှာ အမောဖောက်နေလေပြီ။ သူမက မျက်လုံးများကို အားယူဖွင့်လိုက်ပြီး လင့်ဟူချုံးအား ကြည့်ကာ မေးလိုက်သည်။

“ရှင် . . . ရှင် . . . တကယ်ပဲ မကောင်းဆိုးဝါး ဂိုဏ်းချုပ်ကြီး လင်းရှင်လား . . .”

လင့်ဟူချုံးက ခေါင်းကို ခါယမ်းရင်း ပြန်ဖြေလိုက်သည်။

“မဟုတ်ပါဘူး။ သူတို့ရမ်းပြောနေကြတာပါ”

တင့်ကျင့်မယ်သီလရင်ကြီးက မျက်စိများကို ပြန်မှိတ်လိုက်သည်။ သူမအဖို့ ပင်ပန်းလှလေပြီ။ သူမ၏ ဂိုဏ်းသားများ

ကို ကယ်တင်ရန်အတွက် အသက်စွန့်၍ တိုက်ခိုက်ခဲ့ပြီးပေပြီ။ သူမက အသက်ကို ခဲခဲယဉ်းယဉ်း ရှုလိုက်သည်။ သည်တစ်ကြိမ်တွင်တော့ သေခြင်းတရားတည်းဟူသော တောင်ကြီးကို ကျော်လွှားနိုင်တော့မည် မဟုတ်သည်ကို သူမကိုယ်တိုင် ကောင်းစွာ သိနေသည်။

ရုတ်တရက် သူမ၏ မျက်လုံးများ ပြန်လည်ပွင့်လာပြီး

"ငါ . . . ငါမခံနိုင်တော့ဘူး။ ကျေး . . . ကျေးဇူးပြုပြီး ဒီကလေးမတွေကို . . ."

သူမက အသက်ကို ခဲရာခဲဆစ် ရှုနေရပြန်သည်။ အသက်ရှူသံ အလွန်ပြင်းထန်လာ၏။ အတန်ကြာ နားနေပြီးမှ

". . . ဖုကျုက်နယ်က ကူရှန် မယ်သီလရင်ကျောင်းကို အရောက် ခေါ်သွားပေးပါ။ ငါ့ ဂိုဏ်းတူညီမလေး တင့်ရှန် ရောက်လာလိမ့်မယ်"

"ဆရာမကြီး . . . ဘာမှ စိတ်သောက ဖြစ်မနေပါနဲ့။ စိတ်အေးအေးသာ နေပါ။ ၃– ၄ ရက်လောက် အနားယူလိုက်ရင် ဆရာမကြီး ပြန်ကောင်းသွားမှာပါ"

တင့်ကျင့်မယ်သီလရင်ကြီးက "ငါ . . . ငါ . . . သူတို့အတွက် စိတ်မဖြောင့်ဘူး။ သူတို့ကို ပို့ပေးဖို့ မင်း . . . တာဝန်ယူသလား။ သဘောတူသလား။ ငါ့ကို ကတိပေးနိုင်မလား"

တင့်ကျင့်မယ်သီလရင်ကြီး၏ စိုးရိမ်ပူပန်သော တောင်းပန်ခယနေသော မျက်လုံးများကို ကြည့်လိုက်ပြီး အသည်းနှလုံးထဲမှ နာကျင်စွာ ဝေဒနာတစ်ခုကို ခံစားလိုက်ရသည်။ စိတ်မကောင်းခြင်းကြီးစွာ ဖြစ်သွားရသဖြင့် ချက်ချင်းပင် ကတိပေးလိုက်သည်။

"ဆရာမကြီး စိတ်ချပါ။ သူတို့အားလုံးကို ဘေးမသီရန်မခပဲ ဖုကျုက်နယ်က ကူရှန်မယ်သီလရင်ကျောင်းကို ရောက်သွားအောင် ကျွန်တော် စောင့်ရှောက်ပြီးတော့ ပို့ပေးပါ့မယ်။ ကတိပေးပါတယ်"

တင့်ကျင့်မယ်သီလရင်ကြီး၏ နှုတ်ခမ်းဝယ် ချမ်းမြေ့သော အပြုံးပေါ်လာတော့သည်။ မယ်သီလရင်ကြီးသည် တိုးညင်းသော လေသံဖြင့်

"လူကလေး . . . ဘုရားသိကြားမလို့ မင်းနဲ့ငါ တွေ့ရတာပါ။ ကျန်းမာချမ်းသာပါစေကွယ်။ လူကလေး . . . သိခွင့်ရှိရင် သိချင်ပါတယ်။ မင်း . . . မင်း . . . ဘယ်သူလဲ"

တင့်ကျင့်မယ်သီလရင်ကြီးသည် တိုတောင်းလှသည့် မျက်စိတစ်မှိတ် အချိန်အတွင်း အသက်ထွက်သွားနိုင်သည်ကို သိနေသဖြင့် လင့်ဟူချုံးက ဆက်၍ ဖုံးကွယ်မနေချင်တော့ပေ။ သူက တင့်ကျင့်မယ်သီလရင်ကြီး၏ နားနားသို့ ကပ်ပြီး တိုးညင်းစွာ ပြောလိုက်သည်။

"ဆရာမကြီး . . . ကျွန်တော်ဟာ ဝါဆန်းဂိုဏ်းက နှင်ထုတ်ခံထားရတဲ့ လင့်ဟူချုံးပါပဲ"

တင့်ကျင့်မယ်သီလရင်ကြီးမှာ အံ့သြလွန်းလှသဖြင့် ဟင်ကနဲ ဖြစ်သွားတော့၏။ စကားဆက်ပြောရန် ကြိုးစားရင်းမှ နောက်ဆုံးတွင် မည်သည့်စကားမျှ မပြောနိုင်တော့ပဲ အသက်ထွက် သွားလေတော့သည်။

"ဆရာမကြီး . . . ဆရာမကြီး"

လင့်ဟူချုံးက ဖြည်းညင်းသက်သာစွာ ခေါ်ကြည့်သော်လည်း မည်သည့်တုံ့ပြန်မှုမျှ မရသဖြင့် စမ်းသပ်ကြည့်လိုက်သည်။ တင့်ကျင့်မယ်သီလရင်ကြီးကား အသက်ရှူ ရပ်သွားလေပြီ။ ဟန်ဆန်းဂိုဏ်းသားများ အားလုံး ကြေကွဲဝမ်းနည်းစွာ ငိုကြွေးလေတော့၏။ သူတို့၏အသက်ကို ကယ်တင်ရန်အတွက် တင့်ကျင့်မယ်သီလရင်ကြီးက သူမ၏ အသက်ကို စွန့်လွှတ်သွားခြင်း မဟုတ်ပါလား။ ခေါင်းဆောင်ပီသလှသည့် ဆရာမကြီးပင်တည်း။

လင့်ဟူချုံးက တောစပ်တစ်နေရာတွင် ထိုင်ရင်း စဉ်းစားလိုက်သည်။

"တင့်ကျင့်မယ်သီလရင်ကြီးလို ထိပ်သီးသိုင်းပညာရှင် တစ်ယောက်က ဒီလိုနေရာမျိုးမှာ လုပ်ကြံခံရတာဟာ တကယ်နှမြောဖို့ ကောင်းတယ်။ ဒီခွေးသူခိုးတွေ ၇ ကောင်ဝိုင်းတိုက်တာတောင် တစ်ယောက်တည်းကို နိုင်အောင် မတိုက်နိုင်ဘူး။ ဘာဖြစ်လို့ ဒီခွေးသူခိုး မကောင်းဆိုးဝါးဂိုဏ်းက ကောင်တွေက သူတို့ကို ရန်ရှာလိုက် တိုက်ခိုက်နေတာလဲ မသိဘူး"

ထိုသို့စဉ်းစားနေရင်း အချက်တစ်ချက်ကို ဖျတ်ကနဲ တွေးလိုက်မိသည်။

"ဒီကောင်တွေက မကောင်းဆိုးဝါးဂိုဏ်းကကောင်တွေ မဟုတ်ဘူး။ ထွက်သွားခါနီးတုန်းက သူတို့အော်သွားကြတယ်။ 'မကောင်းဆိုးဝါး ဂိုဏ်းချုပ်ကြီး လင်းရှင် ဒီမှာရောက်နေတယ်' တဲ့။ မကောင်းဆိုးဝါးဂိုဏ်းသားတွေက သူတို့ကိုယ်သူတို့ မကောင်းဆိုးဝါးဂိုဏ်းလို့ ဘယ်တုန်းကမှမခေါ်ဘူး။ အဲသည်လိုခေါ်ရင် သိက္ခာကျတယ်၊ စော်ကားတယ်လို့ ယူဆခဲ့ကြတယ်။ သူတို့ဂိုဏ်းကိုသူတို့ နေမင်းသခင်ဂိုဏ်းလို့ပဲ ခေါ်ကြတယ်။ အခုသုံးနှန်းပုံက

ဒီလူတွေဟာ မကောင်းဆိုးဝါးဂိုဏ်းက မဟုတ်ကြောင်း ဖော်ပြနေတယ်။ ဘယ်ဂိုဏ်းကလူတွေပါလိမ့်”

ထိုညတွင် သူတို့အားလုံး ကိုင်းတောကြီးဘေး၌ အိပ်စက်အနားယူလိုက်ကြတော့သည်။ ဟန်ဆန်းဂိုဏ်းသားများမှာ လူလည်းပန်း၊ စိတ်လည်းနွမ်းလှပြီဖြစ်၍ အိပ်သည်နှင့် ချက်ချင်းပင် အိပ်မောကျသွားလေတော့၏။ လင့်ဟူချုံးသည် ထိုင်ရင်း စဉ်းစားနေမိ၏။

“ငါသာ ဒီစစ်ဗိုလ်အဝတ်အစားနဲ့ ဒီမယ်သီလရင်တွေကို ဖုကျုက်နယ်အထိ ခေါ်သွားရင် လူတွေ ဝိုင်းကြည့်မှာ သေချာတယ်။ ငါကလည်း ဖုကျုက်နယ်ကို သွားရမယ့်လူပဲ။ ဒီတော့ ဖြောင်ခေါ်သွားမယ့်အစား သူတို့နောက်ကွယ်က စောင့်ရှောက်ပေးတာ ပိုကောင်းလိမ့်မယ်”

ဤသို့စဉ်းစားလိုက်မိသဖြင့် ဟန်ဆန်းဂိုဏ်းသားများ မနိုးမီ သစ်ပင်ကြီးတစ်ပင်ပေါ်သို့ တက်၍ ပုန်းအောင်း နေလိုက်မိတော့၏။ ဟန်ဆန်းဂိုဏ်းသားများနှင့် ကွာဝေးခြင်း မရှိသဖြင့် စောစောက လူဆိုးများ ပြန်လာခဲ့လျှင်လည်း ဘေးရန်ကို အချိန်မီကာကွယ်နိုင်မည့် နေရာဖြစ်သည်။

မိုးသောက်အရုဏ်ကျင်း၍ ဟန်ဆန်းဂိုဏ်းသားများ နိုးလာကြသောအခါ စစ်ဗိုလ်ကြီးကို မတွေ့ကြရတော့ပေ။ အားလုံးက စိုးရိမ်တကြီးဖြင့် ‘စစ်ဗိုလ်ကြီး . . . စစ်ဗိုလ်ကြီး’ ဟု တကြော်ကြော် အော်ခေါ်ကြတော့၏။ သစ်ပင်ပေါ်မှ လင့်ဟူချုံးကမူ တုတ်တုတ်မျှ မလှုပ်ပဲ ငြိမ်သက်စွာ စောင့်ကြည့်နေလိုက်သည်။

ဟန်ဆန်းဂိုဏ်းသားများမှာ သူတို့အားထားရာ ခေါင်းဆောင်ဆရာမကြီးလည်းသေ၊ သူတို့အပေါ် စေတနာ ကောင်းလှသည့် စစ်ဗိုလ်ကြီးသည်လည်း သူတို့အား လျစ်လျူရှု့သွားပြီဟု ယူဆလိုက်ကြသဖြင့် အားလုံး ဝမ်းပန်းတနည်း ငိုကြွေးကြလေတော့၏။ နောက်ဆုံးတွင် တင့်ကျင့်မယ်သီလရင်ကြီး၏ အလောင်းကို ပြင်ဆင်ထမ်းပိုးလျက် ဖုကျုက်နယ်သို့ ခရီးဆက်ကြရာလေတော့သည်။

ဟန်ဆန်းဂိုဏ်းသားများက သူ့ကို အားကိုးတကြီး ရှိလှပုံနှင့် သူ့အား ခေါ်မရတော့သောအခါ ငိုကြွေးနေကြပုံများကို တွေ့လိုက်ရသဖြင့် လင့်ဟူချုံးမှာ အလွန်တရာ စိတ်ထိခိုက်သွားတော့၏။ သည်မယ်သီလရင်လေးများအား မဲ့တစ်ပေါက် မစွန်းထင်းစေရန် ကာကွယ်စောင့်ရှောက်သွားမည်ဟု ထပ်မံ၍ သန္နိဋ္ဌာန် ချလိုက်မိတော့သည်။

ဤသို့ဖြင့် လမ်းခရီးတစ်လျှောက်လုံး ဟန်ဆန်းဂိုဏ်းသားများနောက်မှ လင့်ဟူချုံးသည် အရိပ်ပမာ ကပ်လိုက်၍ စောင့်ရှောက်ခဲ့သည်။ မြို့လေးတစ်မြို့သို့ ရောက်သောအခါ ဟန်ဆန်းဂိုဏ်းသားများသည် တင့်ကျင့်မယ်သီလရင်ကြီး၏ အလောင်းကို ခေါင်းသွင်းလိုက်ကြသည်။

ထိုမှ ခရီးဆက်ကြပြန်ရာ နောက်ဆုံးတွင် ဖုကျုက်နယ်သို့ ရောက်ရှိလာခဲ့တော့၏။ ဟန်ဆန်းဂိုဏ်းသားအားလုံး တင့်ကျင့်မယ်သီလရင်ကြီး၏ အခေါင်းကြီးနှင့်အတူ ကူရှန်ဟု အမည်ရေးထိုးထားသော မယ်သီလရင်ကျောင်းဝင်းထဲသို့ ဝင်သွားသည်အထိ လင့်ဟူချုံးက တစ်နေရာမှ စောင့်ဆိုင်းကြည့်ရှုနေခဲ့သည်။ အားလုံး ပျောက်ကွယ်သွားသောအခါမှ သက်ပြင်းရှည်ကြီး တစ်ချက်ချကာ လှည့်ထွက်လာခဲ့တော့၏။

ဟန်ဆန်းဂိုဏ်းသားများသည် သူတို့ခင်မင်အားကိုးမိသည့် စစ်ဗိုလ်ကြီးက သူတို့နောက်ကွယ်မှ ဘေးမသီရန်မခ ဖြစ်စေရန် ခရီးစဉ်တစ်လျှောက်လုံး လိုက်လံစောင့်ရှောက်ပေးခဲ့သည်ကို လုံးဝ မရိပ်မိခဲ့ကြချေ။

လင့်ဟူချုံးသည် ဖုကျုက်မြို့၏ လမ်းများတွင် လျှောက်သွားပြီး မင်္ဂလာအာမခံဋ္ဌာန တည်နေရာကို ရှာဖွေစုံစမ်းရန် စိတ်ကူးလိုက်၏။ ရှေးဦးစွာ စားသောက်ဆိုင်တစ်ဆိုင်အတွင်းသို့ ဝင်၍ ဆာလောင်နေသည့် သူ့ဝမ်းကို ဖြည့်တင်းလိုက်သည်။ ထိုစဉ် သူအလွန် ရင်းနှီးကျွမ်းဝင်လှသည့် အသံတစ်သံသည် လေထုကို ဖြတ်၍ သူ့နားတွင်းသို့ စီးဝင်လာတော့သည်။

“လင်မိန်ကျက် . . . ရှင် . . . ကျွန်မနဲ့ လိုက်မလား မလိုက်ဘူးလား။ ပြော . . .”

ထိုအသံကို ကြားလိုက်ရသော လင့်ဟူချုံးမှာ ခေါင်းထဲတွင် မိုက်ကနဲ ဖြစ်သွားတော့သည်။ သူ့အနေဖြင့် ဖုကျုက်နယ်သို့ ခရီးရှည်နှင်၍ လိုက်လာခဲ့ရခြင်းမှာ သည်အသံလေးကို ကြားလို၍ မဟုတ်ပါလော။ သို့သော် ယခုအခြေအနေတွင် အဘယ်သို့လျှင် နောက်လှည့်ကြည့်ရဲ ပါတော့မည်နည်း။ မကျွမ်းမီက လွမ်းနှင့်နေသော သူ၏ အမှားပင် မဟုတ်ပါလော။ သူ့တစ်ကိုယ်လုံးမှာ ကျောက်ရုပ်ကြီးနှယ် တောင့်တင်းနေမိတော့၏။

လင်မိန်ကျက်၏ အသံကို ကြားလိုက်ရပြန်သည်။

“လိန်လိန် . . . ဆရာက ငါတို့ကို မှာထားတယ် မဟုတ်လား။ ဒီရက်တွေမှာ ဘယ်မှ လျှောက်မလည်ပါနဲ့တဲ့။ ကဲ . . ငါတို့ ပြန်ကြရအောင်”

သူတို့ ၂ ယောက်က စကားတပြောပြောဖြင့် ထွက်သွားသည်တွင် တဖြည်းဖြည်း ဝေးသွားတော့သည်။ လင့်ဟူချုံးမှာ

မတုန်မလှုပ် ကျောက်ရုပ်ကြီး ဖြစ်လျက်သာ ကျန်ခဲ့၏။ အချိန်အတော်ကြာသောအခါမှ သတိပြန်ဝင်လာသည်။ သူ၏ စိတ်များမှာ လေနှင့်မိုးတိမ်များနှယ် ဖမ်းဆုပ်၍ မရပဲ လွင့်မြောခဲ့ရပေသည်။

လွင့်မြောနေသည့် စိတ်များကို ကြိုးစားထိန်းသိမ်းရင်း

"သူတို့ ၂ ယောက်ကို ငါ့အနေနဲ့ တစ်သက်လုံး မတွေ့တာပဲ ကောင်းပါတယ်လေ။ မဟုတ်ရင် ငါ့ဒုက္ခ ငါရှာသလိုပဲ ဖြစ်နေမှာ . . . ဆရာတို့ကို သတိပေးရမယ့် ကိစ္စကိုလည်း ဒီညမှာပဲ စာတစ်စောင်ရေးပြီး သတိပေးလိုက်မယ်။ မကောင်းဆိုးဝါး ဂိုဏ်းချုပ်ကြီး လင်းရှင်တစ်ယောက် သိုင်းလောကထဲကို ပြန်ရောက်နေတဲ့ အကြောင်းနဲ့ ဝါဆန်းဂိုဏ်းကို အန္တရာယ် ပေးနိုင်တဲ့အကြောင်း တိုတိုတုတ်တုတ် ရေးပြီး သတိပေးလိုက်တော့မယ်။ မနက်ဖြန်ဆိုရင် နယ်ခြားကို ထွက်သွားတာပဲ ငါ့အဖို့ အကောင်းဆုံးနေမှာ" ဟု စဉ်းစားလိုက်မိတော့သည်။

ထိုညတွင် လက်ရေးဖျက်ပြီး စာတစ်စောင် ရေးသားလိုက်၏။ ရေးပြီးသောအခါ စားပွဲထိုးလေး တစ်ယောက်ကို ခေါ်၍ မင်္ဂလာအာမခံဌာန မည်သည့်အရပ်တွင် ရှိသည်ကို မေးမြန်းစုံစမ်းလိုက်၏။ ထိုစားပွဲထိုးကလေးထံမှပင် အင်္ကျီအဝတ်အစား တစ်စုံ ဝယ်ယူဝတ်ဆင်လိုက်ပြီး သူ၏ စစ်ဗိုလ်အဝတ်အစားများနှင့် လဲလှယ်ဝတ်ဆင် လိုက်တော့၏။ ထို့နောက် တည်းခိုခန်းမှထွက်၍ မင်္ဂလာအာမခံဌာန ရှိရာသို့ ပြေးလွှားလာခဲ့တော့သည်။

× × × × × × ×

မင်္ဂလာအာမခံဌာန၏ ဝင်းခြံကြီးမှာ ကျယ်ဝန်းလှကြောင်း တွေ့ရှိရသည်။ အိပ်ဆောင်ကြီးများကလည်း ပေါများလှသည်။ ဆရာနှင့် ဆရာမတို့အနေဖြင့် မည်သည့်အိပ်ဆောင်တွင် တည်းခိုနေထိုင်ကြသည်ကို မခန့်မှန်းနိုင်အောင် ဖြစ်နေရတော့၏။ ထို့ကြောင့် လင့်ဟူချုံးသည် ခြံဝင်းကျယ်ကြီး၏ အနောက်ဖက်သို့ ပတ်သွားလိုက်မိသည်။

ထိုစဉ် လူတစ်ယောက်သည် အနောက်ဖက် ခြံနံရံကို ခုန်ကျော်၍ အပြင်ဖက်သို့ ထွက်လာသည်ကို တွေ့လိုက်ရသည်။ ယောကျ်ားတစ်ယောက်နှင့် မတူပဲ မိန်းကလေးတစ်ယောက်နှင့် တူနေသဖြင့် မြင်သာသည့်နေရာသို့ တိုးကပ်ကြည့်ရှုလိုက်ရာ သူ၏ ဂိုဏ်းတူညီမလေး လိန်လိန် ဖြစ်နေသည်ကို တွေ့လိုက်ရတော့၏။ လင့်ဟူချုံးက တအံ့တသြဖြစ်သွားလေတော့သည်။

“ဟင် . . . လိန်လိန်ပါလား။ ဒီလောက် ညဥ့်နက်နေတဲ့ဥစ္စာ။ ဘယ်များ သွားဦးမလို့လဲ မသိဘူး”

လင့်ဟူချုံး၏ ခြေထောက်များသည် လိန်လိန်သွားရာနောက်သို့ အလိုအလျောက် လိုက်ပါသွားလေတော့သည်။ လိန်လိန်ကလည်း မည်သည့်အရာကိုမျှ ဂရုမပြုတော့ပဲ ဖုကျက်မြို့ထဲရှိ လမ်းများကို ဟိုကွေ့သည်ပတ်ဖြင့် ကျွမ်းကျင်စွာသွားနေ၏။ ထို့နောက် လမ်းကျဉ်းကလေး တစ်ခုထဲသို့ ချိုးကွေ့လိုက်တော့သည်။

ထိုလမ်းကျဉ်းကလေး၏ အဆုံးသို့ ရောက်ရှိလာသောအခါ ဝင်းခြံဖြင့်အိမ်ကြီးတစ်လုံးကို တွေ့လိုက်ရသည်။ လိန်လိန်သည် ခြံဝင်းကိုခုန်၍ အိမ်ကြီးထဲသို့ ဝင်သွားလေ၏။ သူမအနေဖြင့် အိမ်ကြီးထဲသို့ ရောက်ဖူးပေါက်ဖူးဟန်ရှိနေပေသည်။ လင့်ဟူချုံးကလည်း သတိဝီရိယကို မလွှတ်စေပဲ လိန်လိန်နောက်သို့ ခြေသံလုံလုံဖြင့် ကပ်လိုက်သွားသည်။

အိမ်ကြီးမှာ အလွန်ပင် ဟောင်းနွမ်းနေလေပြီ။ သို့သော် အိမ်ကြီးထဲမှ မီးရောင်ကို တွေ့နေရသဖြင့် အထဲ၌ လူရှိကြောင်း သိနိုင်သည်။ လိန်လိန်သည် မီးရောင်လင်းဖြာနေသည့် အခန်း၏ ပြတင်းပေါက်နားသို့ ဖြည်းညင်းစွာ ချဉ်းကပ်သွားသည်။ ပြတင်းဝနားသို့ ရောက်သောအခါ ပြတင်းဝ၌ ကာရံထားသည့် ကန့်လန့်ကာ ပိတ်စကို ရုတ်တရက် ဆွဲမလိုက်ပြီး ကြောက်မက်ဖွယ်ရာ စူးစူးဝါးဝါး အော်ဟစ်လိုက်လေတော့၏။

လင့်ဟူချုံး၏ စိတ်ထဲတွင် လိန်လိန်တစ်ယောက် ညကြီးမင်းကြီး ထွက်လာခြင်းမှာ ရန်သူတစ်စုံတစ်ယောက်အား လာရောက် ချောင်းမြောင်းခြင်း ဖြစ်ရမည်ဟု တွက်ဆထားခဲ့၏။ သို့သော် ယခုကဲ့သို့ တစ္ဆေသရဲလုပ်၍ ကြောက်မက်ဖွယ်ရာ အော်ဟစ်လိုက်သည်ကို တွေ့ရသောအခါ အလွန်အံ့သြသွားပြီး မတွေးတတ်အောင် ဖြစ်သွားတော့၏။ ထိုစဉ် အခန်းထဲမှ ပြန်လှန်စကားပြောသံ ကြားလိုက်ရသည်နှင့် ချက်ချင်း သဘောပေါက်သွား၏။

အခန်းထဲမှ ပြန်ပြောလိုက်သည့် ယောကျ်ားသံမှာ လင်မိန်ကျက်၏ အသံပင် ဖြစ်တော့သည်။

“လိန်လိန် . . . မင်းက ငါ့ကို သရဲလို လာခြောက်လှန့်တယ်။ ဟုတ်လား။ လာလုပ်မနေနဲ့။ ငါသေရင် မင်းလို သရဲဖြစ်မှာ။ ဘာမှ မထူးဘူး”

လိန်လိန်က ချစ်စဖွယ် အသံကလေးဖြင့် ပြောလိုက်သည်။

“လင်မိန်ကျက် . . . ရှင်က ကျွန်မကို သရဲမလို့ ပြောတာပေါ့လေ။ ဟင်း . . . ရှင့်ကို ကုပ်ချိုးပြီး သတ်ပစ်မယ် သိလား”

သူတို့ ၂ ယောက်သည် တစ်ယောက်ကိုတစ်ယောက် ကျီစယ်နောက်ပြောင်နေကြ၏။ မကြာမီပင် လိန်လိန်က ပြတင်းပေါက်မှတစ်ဆင့် အခန်းထဲသို့ ခုန်ဝင်သွားတော့၏။ သူတို့အသံများကို လင့်ဟူချုံးက မကြားလိုပါ။ သို့သော် သူက ခြေရှည်ပြီး လိုက်လာမိသဖြင့် မကြားလိုသော်လည်း ကြားနေခဲ့ရပြီ။ သက်ပြင်းရှည်တစ်ချက် ချလိုက်ပြီး နောက်သို့ ပြန်လှည့်ရန် ကိုယ်ကို လှည့်လိုက်၏။ ထိုစဉ် လိန်လိန်၏ အသံပေါ်ထွက်လာသည်။

“လင်မိန်ကျက် . . . ဒီလောက် ညဥ့်နက်နေတာတောင် ရှင်က ဘာဖြစ်လို့ မအိပ်သေးတာလဲ”

“ဘယ်အိပ်နိုင်မလဲ . . . မင်းကို စောင့်နေတာပေါ့”

“သွား . . . မရှက်ဘူးလား။ ဘယ်သူက သူ့ဆီလာမယ်လို့ ပြောထားလို့လဲ”

"ငါက ဒိဗ္ဗစက္ခုရထားတာ။ မင်းလာမယ်ဆိုတာ မြင်နေရတာပေါ့"

"တော်ပါ . . . မသိရင်ခက်မယ်။ ရှင့်အခန်းလဲ ရှင်ပြန်ကြည့်စမ်းပါဦး။ ရှုပ်ပွနေတာပဲ။ ဟိုဓါးသိုင်းစာအုပ်ကို ရှာနေပြန်ပြီ မဟုတ်လား"

ထိုအချိန်တွင် လင့်ဟူချုံးမှာ ခြေလှမ်း ၃–၄ လှမ်းခန့် ဆုတ်ခွာလာခဲ့ပြီး ဖြစ်လေပြီ။ သို့သော်လည်း 'ဟိုဓါးသိုင်းစာအုပ်' ဟူသော အသံ ကြားလိုက်ရသည်နှင့် သူ့ခြေလှမ်းများက အလိုလို ရပ်တန့်သွားလေတော့၏။

ထိုစဉ် လင်မိန်ကျက်က

"ငါတို့ ဖုကျက်မြို့ကို ရောက်နေကြတာ ၃ လ ကျော်ပြီ။ နေ့တိုင်းနေ့တိုင်း ငါရှာခဲ့တာ တစ်အိမ်လုံးလည်း နှံ့နေပြီ။ ခုထက်ထိ ဒီသိုင်းစာအုပ်ကို မတွေ့ရသေးဘူး။ အိမ်ခေါင်မိုးရဲ့ အုတ်ကြွပ်တွေကိုတောင် တစ်ချပ်ခြင်းလှန်ပြီး ရှာခဲ့သေးတယ်။ အင်း . . . . အိမ်နံရံကြီးကို ဖြိုချပြီး ရှာဖို့ပဲကျန်တယ် လိန်လိန်။ ဒီအိမ်ကြီးက ဟောင်းလည်းဟောင်း၊ စုတ်လည်း စုတ်နေပြီ။ ငါတော့ ဒီအိမ်ကြီးကို ဖြိုချပြီး ရှာကြည့်ချင်တယ်။ ဘယ့်နှယ်လဲဟင်"

လိန်လိန်က "ဒါက ရှင်တို့ 'လင်' မျိုးနွယ်ရဲ့ အိမ်ပဲ။ ရှင်ဖျက်ချင်ရင် ဖျက်ပေါ့။ ကျွန်မနဲ့ ဘာဆိုင်လို့လဲ"

လင်မိန်ကျက်က ရယ်၍ "ဘာဖြစ်လို့ မဆိုင်ရမှာလဲ။ တော်တော်ကြာ မင်းလည်း 'လင်' မျိုးနွယ်ထဲ ရောက်လာမယ့်ဟာပဲ။ ဒါကြောင့်မို့ တိုင်ပင်ရတာပေါ့"

"ဟင်း . . . လင်မိန်ကျက် . . . ရှင်နော် . . . ရှင် . . . သေသွားမယ် သိလား"

လိန်လိန်၏ ချစ်စဖွယ် အသံကလေးနှင့်အတူ လင်မိန်ကျက် ကျောပြင်ကို ရိုက်ပုတ်နေသည် အသံများကို ကြားလိုက်ရလေတော့၏။

အခန်းထဲက ချစ်သူ ၂ ဦးက ကြည်နူးလျက် ကလူကျီစယ်လျက် ရှိနေကြသည်။ အပြင်ဖက်မှ လင့်ဟူချုံး၏ အသည်းနှလုံးများမှာမူ ပြုတ်ပြုတ်ပြုန်း ကြွေကျလျက် ရှိနေတော့၏။ လင့်ဟူချုံးသည် သူများပြောနေသည့် စကားများကို ခိုးကြောင်ခိုးဝှက် နားထောင်လိုသူ မဟုတ်ချေ။ သူ့အနေဖြင့် လှည့်ထွက်ရန် ကြံရွယ်ပြီး ဖြစ်ပေသည်။

ဘီလူးမီးဓါးသိုင်းနှင့် ပတ်သက်၍ ဝါဆန်းဂိုဏ်းက မိမိအား အထင်လွဲလျက်ရှိနေရာ သူတို့၏ အထင်လွဲမှုကို ဖြေရှင်းရန်အတွက် ဘီလူးမီးဓါးသိုင်း သတင်းနှင့် ပတ်သက်သမျှကို အောင့်အည်းသည်းခံ၍ နားထောင်နေရခြင်း ဖြစ်တော့သည်။ အရိပ်လိုသူသည် နေပူက စောင့်ရသည် မဟုတ်ပါလား။

ထိုစဉ် လိန်လိန်က "ကဲ . . . ဒီလိုဆိုရင် ကျွန်မပါ ကူပြီး ရှာပေးမယ်လေ။ ၂ ယောက်ရှာရင် ဒီသိုင်းစာအုပ် ဘယ်ပြေး မလဲ"

ဤသို့ဖြင့် လိန်လိန်နှင့် လင်မိန်ကျက်တို့ ၂ ယောက်မှာ တစ်အိမ်လုံးကို ဆက်လက်မွှေနှောက် နေကြလေတော့၏။

× × × × × × × ×

## ဓါးသိုင်းစာအုပ်

လိန်လိန်နှင့် လင်မိန်ကျက်တို့ ၂ ယောက် ရှာဖွေနေပုံကို လင့်ဟူချုံးအနေဖြင့် ကောင်းစွာ မြင်နေရသည်။ အဘယ်ကြောင့်ဆိုသော် သူက ခေါင်မိုးပေါ်မှ ကြည့်နေသောကြောင့်ပင်တည်း။ နောက်ဆုံးတွင် ထို ၂ ယောက်က ဘုရားခန်းထဲသို့ ရောက်လာကြသည်။ ဘုရားခန်းရှိ ဘုရားစာအုပ်များ၊ ကျမ်းစာအုပ်များကို တစ်အုပ်ချင်းချကာ တစ်ရွက်ချင်း လှန်လှော ရှာဖွေကြည့်ပြန်သည်။

ထိုအခိုက် လင့်ဟူချုံးသည် သူ့နောက်ဖက်မှ အသံသဲ့သဲ့ ကြားလိုက်ရသဖြင့် ကိုယ်ကိုဝပ်ကာ နောက်ဖက်သို့ ငဲ့စောင်းကြည့်လိုက်၏။ လူ ၂ ယောက်က အိမ်ကြီးရှိရာသို့ ပေါ့ပါးသွက်လက်သော ခြေလှမ်းများဖြင့် ချဉ်းကပ်လာသည်။ ထိုလူများသည် ဘုရားခန်း၏ ပြတင်းပေါက်နားသို့ ခိုကပ်လိုက်ကြ၏။ ပြတင်းပေါက်မှ အတွင်းသို့ ချောင်းကြည့်လိုက်ပြီး လျှပ်တစ်ပြက် ခုန်ဝင်လိုက်ကြတော့၏။

"ဟေ့ . . . ဘယ်သူတွေလဲ"

လင်မိန်ကျက်၏ အော်ဟစ်မေးမြန်းလိုက်သံပင် ဖြစ်၏။ သူက ချက်ချင်းပင် ဓါးကိုဆွဲထုတ်လိုက်သည်။ သို့သော် ဝင်လာသည့် လူစိမ်း ၂ ယောက်အနက် တစ်ယောက်သည် အလွန်လျင်မြန်စွာဖြင့် လင်မိန်ကျက်၏ အကြောကို ထိုးပိတ်လိုက်သည်။ လိန်လိန်သည်လည်း သူမ၏ ဓါးကို တစ်ဝက်ခန့်သာ ဆွဲထုတ်ရသေးသည်။ အကြောထိုးပိတ် ခံလိုက်ရပြန်သည်။

အောက်ဖက်၌ ဖြစ်ပျက်နေသမျှတို့ကို လင့်ဟူချုံးက အားလုံး တွေ့မြင်နေရသည်။ လိန်လိန်နှင့် လင်မိန်ကျက်တို့ အတွက် အသက်အန္တရာယ် စိုးရိမ်ရန် မရှိသည်ကို တွေ့နေရသဖြင့် လင့်ဟူချုံးက အသာပင် ကြည့်နေလိုက်သည်။ ထိုလူစိမ်း ၂ ယောက်သည် မည်သည့်ဂိုဏ်းက ဖြစ်သည်ကို အလွန်တရာ သိချင်နေမိ၏။

လူစိမ်း ၂ ယောက်သည် ဘုရားခန်း တစ်ခုလုံးကို လှည့်ပတ်ကြည့်ရှုလိုက်သည်။ ၂ ယောက်စလုံး အသက် ၅၀ ကျော်ခန့် ရှိကြသည်။ တစ်ယောက်မှာ ထိပ်ပြောင်လျက်ရှိပြီး အခြားတစ်ယောက်မှာ ဆံပင်များ ဖြူဖွေးနေသဖြင့် အလွန်ပင် မှတ်မိလွယ်သူများ ဖြစ်ကြသည်။ ထိုလူ ၂ ယောက်စလုံးက ဘုရားဆင်းတုတော်ကို အသေအချာ လေ့လာကြည့်ရှုနေကြသဖြင့် လင့်ဟူချုံးကလည်း အထူးဂရုစိုက်၍ ကြည့်နေလိုက်သည်။

ဆံပင်ဖြူဖြူနှင့် လူကြီးက "ဘုရားဆင်းတုတော်ရဲ့ လက်ညှိုးကို ကြည့်စမ်း"

လင့်ဟူချုံးသာမက အကြောထိုးပိတ်ထားသော လိန်လိန်နှင့် လင်မိန်ကျက်တို့ပါ ဘုရားဆင်းတုတော်၏ လက်ညှိုးကို အသေအချာ ကြည့်မိကြတော့၏။

ဟုတ်ပေ၏။ ဘုရားဆင်းတုတော်၏ လက်ညှိုးတော်သည် ထူးခြားစွာပင် အိမ်ခေါင်မိုးထောင့်သို့ ထိုးညွှန်ပြလျက် ရှိနေချေသည်။ ထိပ်ပြောင်ကြီးသည် မည်သည့်စကား တစ်လုံးမျှ မပြောတော့ပဲ ရုတ်တရက် ခုန်တက်လိုက်ကာ ဆင်းတုတော်ညွှန်ပြထားသည့် နေရာကို ဖြန်းကနဲ လက်ဝါးဖြင့် ရိုက်ချလိုက်တော့၏။ ထိုအခါ ခေါင်မိုးမှာ

ပေါက်ထွက်သွားပြီး နီဝါရောင် အရာတစ်ခု အောက်သို့ လွင့်ကျလာ၏။

သက်န်းတစ်ထည် ဖြစ်နေချေသည်တကား။

ဆံပင်ဖြူကြီးက သက်န်းကို လေထဲမှ ဖမ်းဆွဲယူလိုက်ပြီး မီးရောင်တွင် ကြည့်ရှုစစ်ဆေးလိုက်သည်။ ပြီးနောက် ဝမ်းသာတုန်ယင်စွာဖြင့်

"တွေ့ပြီ . . . တွေ့ပြီ . . . ဒါ . . . ဒါပဲ" ဟု ဗလုံးဗထွေး ရေရွတ်နေတော့၏။

ထိပ်ပြောင်ကြီးက "သေချာရဲ့လား" ဟု မေးလိုက်သည်။

ထိုအချိန်တွင် လင့်ဟူချုံးမှာ အိမ်ခေါင်မိုးပေါ်မှ ပြတင်းပေါက်နားသို့ လျှောဆင်းလာခဲ့ ပြီးလေပြီ။ အတွင်းဖက်သို့ လှမ်းကြည့်လိုက်သောအခါ သက်န်းပေါ်တွင် သေးဝပ်သော စာလုံးကလေးများ မြောက်မြားစွာ ရေးထားကြောင်း တွေ့လိုက်ရ၏။

ထိပ်ပြောင်ကြီးက "ဒါ . . . တကယ်ပဲ ဘီလူးမီးခါးသိုင်း စာအုပ်လား"

ဆံပင်ဖြူကြီးက "ဟုတ်ဖို့များတယ်။ ငါတို့ ညီအစ်ကို ၂ ယောက်တော့ လာရကျိုးနပ်ပြီ။ အောင်ပြီကွ။ အောင်ပြီ"

ထိပ်ပြောင်ကြီးက သက်န်းကို သေချာစွာ ခေါက်၍ ရင်ပတ်ထဲသို့ ထိုးထည့်လိုက်သည်။ ထို့နောက် တစ်ယောက်ကို တစ်ယောက် မေးဆတ်ပြပြီး ပြတင်းပေါက်မှတစ်ဆင့် အပြင်သို့ ခုန်ထွက်သွားကြလေတော့သည်။ လင့်ဟူချုံးသည် တုံ့ဆိုင်းမနေတော့ပဲ သူတို့ ၂ ယောက် နောက်မှတိတ်တဆိတ် လိုက်ပါသွားတော့သည်။ ထိုအဖိုးကြီး ၂ ယောက်၏ ခြေလှမ်းများမှာ အလွန်တရာ သွက်လက်မြန်ဆန်လှသဖြင့် သာမန်နှုန်းဖြင့် လိုက်၍ မတတ်နိုင်တော့ပဲ အတွင်းအား ထုတ်၍ လိုက်ရတော့၏။

အတန်ကြာ လိုက်မိသောအခါ လင့်ဟူချုံး၏ နှာခေါင်းအတွင်းသို သင်းပျံ့သော အမွှေးရနံ့တစ်ခု တိုးဝင်လာလေတော့၏။ သူ့ရင်ထဲ၌ ထိတ်ကနဲ ဖြစ်သွား၏။ လူဆိုးများက ဟန်ဆန်းဂိုဏ်းသားများကို ထောင်ချောက်ဆင် ဖမ်းဆီးခဲ့သည့် နည်းလမ်းကို ချက်ချင်းသတိရမိသဖြင့် အသက်ရှုရပ်လိုက်ရသည်။ သို့သော် အမွှေးရနံ့ကို အတော်အတန် ရှူရှိုက်လိုက်ပြီးခဲ့လေပြီ။

လင့်ဟူချုံး၏ တစ်ခေါင်းလုံး မူးနောက်နောက် ဖြစ်လာတော့၏။ သို့သော် သူ၏အတွင်းအားမှာ အလွန် မြင့်မားနေသဖြင့် တော်တော်ကလေး တောင့်ခံနိုင်သည်။ မေ့လဲကျသွားသည်အထိ မဖြစ်သေးပေ။ ထိုစဉ်တွင် ဓါးရောင်တစ်ချက် လက်သွားပြီး ပုခုံးတွင် ကျဉ်ကနဲခံစားလိုက်ရ၏။ သူ့ပုခုံးတွင် ဓါးချက်တစ်ချက် မိသွားလေပြီ။ ထိုအဖိုးကြီး ၂ ယောက် ၏ ဓါးသိုင်းသည်လည်း အတော်ကလေး ထက်မြက်ကြောင်း ကောင်းစွာသိလိုက်၏။ တစ်ချက်ခုတ်ပြီးသည်နှင့် နောက်တစ်ချက်က ချက်ချင်းရောက်လာတော့သည်။

လင့်ဟူချုံးသည် တစ်နေရာတည်းတွင် ရပ်မနေဝံ့တော့ပဲ ကမန်းကတန်း နောက်ပြန်ခုန်ဆုတ်လိုက်ရ၏။ အတွင်းအား အလွန်တရာ ပြည့်ဝနေ၍ သူတစ်ချက် ခုန်လိုက်သည်နှင့် အနောက်ဖက် ခပ်ဝေးဝေးသို့ ရောက်သွားခဲ့လေ၏။ ထိုအဖိုးကြီး ၂ ယောက်တို့မှာ တုန်လှုပ်ခြောက်ခြားသွား၏။ သူတို့၏ မေ့ဆေးမိသွားလျှင် တုန်းကနဲ မေ့လဲကျသွားလိမ့်မည်ဟု မျှော်လင့်ထားခဲ့သော်လည်း မျှော်လင့်သလို မဖြစ်ရုံသာမက ဒါဏ်ရာရလျက်က လျင်မြန်သွက်လက်စွာ နောက်သို့ ခုန်ဆုတ်နိုင်သည်ကို တွေ့လိုက်ရသောကြောင့် ဤမျှ တုန်လှုပ်ခြောက်ခြား သွားရခြင်း ဖြစ်ပေသည်။

လင့်ဟူချုံးသည် လှည့်ပတ်ပြေးနေရတော့သည်။ သူ့ပုခုံးမှ ဒါဏ်ရာကလည်း အလွန်ပင် နာကျင်လှသည်။ ခေါင်းကလည်း မူးမိုက်နေသဖြင့် အချိန်မရွေး သတိမေ့ လဲကျသွားနိုင်ကြောင်း သိနေမိသည်။ သို့သော်သူ့စိတ်ထဲတွင် တွေးနေမိသည့် အချက်မှာ ထိုလူများထံမှ သက်န်းပြန်ရရှိရေးပင် ဖြစ်သည်။

"ဒီလူကြီး ၂ ယောက် လုသွားတဲ့ သက်န်းဟာ ဘီလူးမီးခါးသိုင်းကျမ်းပဲ ဖြစ်ရမယ်။ အဲသည်အပေါ်မှာ ရေးထားတဲ့ စာတွေက ဘီလူးမီးခါးသိုင်းကွက်တွေ ဖြစ်ရမယ်။ ငါ့အနေနဲ့ ဖြစ်တဲ့နည်းနဲ့ ပြန်လုပြီး လင်မိန်ကျက်ကို ပြန်ပေးရမယ်။ ဒါမှ ငါ့အပေါ် အထင်လွဲနေတာတွေ ပျောက်သွားမှာ"

အံကို တင်းတင်းကြိတ်လိုက်ပြီး လင့်ဟူချုံးက ဓါးပေါ်မှဓါးကို ဆွဲထုတ်လိုက်တော့၏။ ထိုစဉ် နောက်ဖက်မှ ဓါးချက်တစ်ချက် ကျလာသံ ကြားလိုက်ရသဖြင့် ကမန်းကတန်း ရှောင်လိုက်ရတော့၏။ သို့သော် ဘယ်ဘက်လက်မောင်းတွင် ပူကနဲ တစ်ချက်တော့ ခံလိုက်ရသေးသည်။ ဓါးသည် သူ့လက်မောင်းကို ရှပ်၍ ထိသွားခြင်း ဖြစ်သည်။ မည်သို့ပင်ဆိုစေ ယခုတော့ လင့်ဟူချုံး၏ လက်ထဲသို့ ဓါးရောက်ရှိလာလေပြီ။

လင့်ဟူချုံးက ကိုယ်ကို နောက်ပြန်လှည့်လိုက်ပြီး ထိုလူကြီး ၂ ယောက်ကို မျက်နှာချင်းဆိုင် ရပ်လိုက်၏။ ထိုလူကြီး ၂ ယောက်က သူ့အား ပြုံးရယ်ပြကြသည်။ သူတို့၏ အပြုံးကာ မရဏသေမင်း၏ အပြုံးနှင့် တူလှချေ၏။ ကောက်ကျစ်

ရက်စက်၍ သွေးဆာနေသည့် အပြုံးများသာတည်း။

"မင်းက သေချင်လို့ ငါတို့နောက်ကို လိုက်လာတာကိုး . . . စိတ်ချ . . . စိတ်ချ . . . ငရဲပြည်ကို ဖောက်ထိုး ဆင်းသွားရစေ့မယ်"

"သေတာက မဆန်းပါဘူးလေ။ ခင်ဗျားတို့ ၂ ယောက်က ဘယ်အဖွဲ့၊ ဘယ်ဂိုဏ်းကလဲ။ ဘာဖြစ်လို့ ကျုပ်ကို သတ်ချင်ရတာလဲ"

ဆံပင်ဖြူဖြူ အဖိုးကြီးက "တယ်လျှာရှည်တဲ့ ကောင်ပဲ . . ." ဟု ပြောလိုက်ပြီး သူ၏ဓါးဖြင့် ခုတ်ချလိုက်တော့၏။ ထိပ်ပြောင်ပြောင် လူကြီးကမူ လင့်ဟူချုံးကို မလောက်လေး မလောက်စား လူတစ်ယောက်ဟု ယူဆထားသဖြင့် လက်ပိုက်ပြီး အသာရပ်ကြည့်နေလိုက်သည်။

ဆံပင်ဖြူကြီး၏ ဓါး လေထဲတွင် ရှိနေသေးချိန်မှာပင် လင့်ဟူချုံး၏ဓါးက ထိုလူကြီး၏ လည်မျိုကို ထိုးစိုက်သွား လေသည်။ ထိုအခါကျမှ ထိပ်ပြောင်ကြီးက အကြီးအကျယ် ထိတ်လန့်သွားတော့၏။ ချက်ချင်းပင် လင့်ဟူချုံးကို ဝင်ရောက်တိုက်ခိုက်တော့သည်။ သို့သော် သူက အနည်းငယ်မျှ နောက်ကျသွား၏။

အနည်းငယ် နောက်ကျခြင်းသည် များစွာ နောက်ကျခြင်းပင် မဟုတ်ပါလား။ လင့်ဟူချုံး၏ ဓါးသည် ထိုလူကြီး၏ ရင်ဝသို့လည်း ထိုးစိုက်သွားလေတော့သည်။ လင့်ဟူချုံး၏ လက်ထဲသို့ ဓါးတစ်ချောင်း ထည့်ပေးလိုက်ပါက သူတို့အနေဖြင့် မည်သို့မျှ မယုံနိုင်တော့မှန်း အသက်နှင့်လဲ၍ သိရှိသွားကြလေပြီတကား။

လင့်ဟူချုံးသည် အဖိုးကြီး ၂ ယောက် လဲကျရာသို့ လျှောက်သွားပြီး ရင်ပတ်ထဲမှ သက်န်းကို ထုတ်ယူလိုက်၏။ လင်မိန်ကျက်အိမ်မှ ပါသွားသည့် သက်န်းဟုတ်မဟုတ် အသေအချာ စစ်ဆေးပြီးမှ သူ့ရင်ပတ်ထဲသို့ ထိုးထည့်လိုက်သည်။ ဘီလူးမီးဓါးသိုင်းကွက် ရေးထားသည့် သက်န်းကို ပြန်လည်ရရှိလိုက်ပြီဖြစ်၍ အားလျှော့လိုက်ရာ သူ့ခေါင်းထဲ၌ တရိပ်ရိပ် မူးဝေလာတော့သည်။

ဒါဏ်ရာမှလည်း သွေးထွက်လွန်ခဲ့၍ ဤမျှ မူးဝေလာရခြင်း ဖြစ်တော့၏။ ပုခုံးမှ ဒါဏ်ရာမှာ အပြင်းထန်ဆုံးဖြစ်ပြီး သွေးများ စီးဆင်းလျက် ရှိနေပေသေးသည်။ သက်န်းကို လင်မိန်ကျက်လက်ထဲ ပြန်အပ်နိုင်ရန်အတွက် သက်ပြင်း တစ်ချက် ရှိုက်လိုက်ပြီး လင့်ဟူချုံးက အိမ်ကြီးဆီ ပြန်ပြေးရပြန်တော့သည်။ ခြေလှမ်း ၃–၄၀ ခန့် ပြေးမိသည်နှင့် မခံမရပ်နိုင်အောင် မူးမိုက်လာပြီး လဲကျလုမတတ် ဖြစ်လာတော့၏။

သူ့စိတ်ထဲတွင် "မဖြစ်ဘူး . . . အခုအချိန်မှာ ဘယ်နည်းနဲ့မှ ငါလဲကျသွားလို့ မဖြစ်ဘူး။ လဲကျသွားရင်တော့ ငါဟာ တကယ်ပဲ လင်မိန်ကျက်ရဲ့ ဓါးသိုင်းကျမ်းကို ခိုးထားတယ်လို့ ထင်ကြတော့မှာပဲ။ ငါ့ရင်ပတ်ထဲမှာ ဒီသက်န်းကြီး ရှိနေမှတော့ ငါဘယ်လို ရှင်းပြ ရှင်းပြ ဘယ်သူမှ ယုံကြမှာ မဟုတ်ဘူး"

ဤအတွေး ဝင်လာသောအခါ လင့်ဟူချုံးက အားခဲ၍ ဆက်ပြေးပြန်တော့၏။ အိမ်ဟောင်းကြီးရှေ့သို့ ရောက်သောအခါ တံခါးမကြီး ပိတ်ထားသည်ကို တွေ့လိုက်ရသည်။ လင့်ဟူချုံးမှာ အကြီးအကျယ် စိတ်ဓါတ်ကျသွား တော့၏။ လိန်လိန်နှင့် လင်မိန်ကျက်မှာ အကြောပိတ်ခံထားရသဖြင့် မည်သည့်နည်းနှင့်မျှ တံခါးလာဖွင့်ပေးနိုင်မည် မဟုတ်ချေ။ မိမိမှာလည်း ပြင်းထန်သော ဒါဏ်ရာ ရထားသဖြင့် ဝင်းခြံကို ခုန်ကျော်၍ မဝင်နိုင်။

နောက်ဆုံးတွင် တံခါးမကြီးကို ခြေထောက်နှင့် ကန်ဖွင့်ရန် ကြိုးစားလိုက်တော့သည်။ တစ်ချက်ကန်လိုက်၏။ တံခါးမကြီးသည် အနည်းငယ် လှုပ်ရှားသွားသည်။ နောက်တစ်ချက် ကန်ရန် ကြိုးစားလိုက်စဉ်မှာပင် လောကကြီး တစ်ခုလုံး မှောင်အတိ ကျသွားတော့၏။

လင့်ဟူချုံး ပြန်လည်သတိရလာသောအခါ မိမိမှာ ကုတင်တစ်လုံးပေါ်တွင် လဲလျောင်းလျက် ရှိသည်ကို သိလိုက်ရ၏။ မျက်လုံးများကို ဖွင့်ကြည့်လိုက်သောအခါ ရက်ပုချွန်တို့ လင်မယားက သူ့ဘေးတွင် ရပ်ကြည့်နေကြောင်း တွေ့လိုက်ရတော့၏။ လင့်ဟူချုံးက ဝမ်းသာအားရ ခေါ်လိုက်သည်။

"ဆရာ . . . ဆရာမ . . . ကျွန်တော် . . ."

လင့်ဟူချုံးသည် စိတ်လှုပ်ရှားလွန်းလှသဖြင့် စကားပင် မဆက်နိုင်တော့ချေ။

ရက်ပုချွန်က "မင်း . . . ဘယ်လို ဖြစ်လာတာလဲ"

"ဆရာ . . . ညီမလေးနဲ့ လင်မိန်ကျက်ရော၊ သူတို့ဘာမှ မဖြစ်ပါဘူးနော်"

ထိုအခါ ဖူးလင်က ဝင်၍ ပြောလိုက်သည်။

"သူတို့ဘာမှ မဖြစ်ပါဘူး။ မင်းက ဘယ့်နှယ် ဖုကျက်နယ်ကို ရောက်လာရတာလဲ။ ဒီလောက်ဝေးတဲ့ ခရီးကြီးကို ..."

ဖူးလင်မှာ မိန်းမသားဖြစ်၍ စိတ်ထားနူးညံ့သည်။ သူမသည် လင့်ဟူချုံးကို ငယ်ရာမှ ကြီးသည်အထိ

ကျေးမွေးပြုစုခဲ့သဖြင့် သားတစ်ယောက်နှယ် သံယောဇဉ် ဖြစ်နေခဲ့၏။ ယခုလင့်ဟူချုံးကို ပြန်တွေ့ရသောအခါ အလွန်ပင် ဝမ်းသာဝမ်းနည်း ဖြစ်နေတော့၏။

လင့်ဟူချုံးက "ညီလေး လင်မိန်ကျက်ရဲ့ ဘီလူးမီးခါးသိုင်းကျမ်းကို လူဆိုး ၂ ယောက် ဝင်လုသွားကြတယ်။ ကျွန်တော် သူတို့ ၂ ယောက်ကို သတ်ပြီး ပြန်လုယူလာခဲ့တယ်"

လင့်ဟူချုံးက ပြောပြောဆိုဆိုဖြင့် သူ့ရင်ပတ်ထဲသို့ လက်နှိုက်လိုက်သည်။ သို့သော်သက်န်းမှာ သူ့ရင်ပတ်ထဲ၌ မရှိတော့ပေ။

"ဟို . . . ဟို . . . သက်န်းကော"

ဖူးလင်က "လင်မိန်ကျက်ရဲ့ ပစ္စည်းဆိုတော့ သူ့ဆီမှာပဲ သိမ်းထားသင့်တာပေါ့"

"ဟုတ်ပါတယ် ဆရာမ။ ကျွန်တော်ကလည်း သူ့ကိုပဲ ပြန်ပေးမလို့ပါ။ ဒါနဲ့ ကျွန်တော်က ဘယ်လိုလုပ်ပြီး ဒီနေရာ ရောက်နေတာလဲ မသိဘူး"

ဖူးလင်က "ငါ . . . ဒီကနေ့မနက် မိုးလင်းတော့ လင်မိန်ကျက်ရဲ့ အိမ်ဟောင်းကြီးဆီကို သွားမိတယ်။ တံခါးမကြီး ရှေ့မှာ မင်း မေ့လဲနေတာတွေ့တာနဲ့ ငါသယ်လာခဲ့တာပဲ"

လင့်ဟူချုံး သိလိုက်သည်။ ဆရာမသည် လိန်လိန့်ကို မတွေ့သဖြင့် လင်မိန်ကျက်ရှိရာသို့ လာရှာခြင်း ဖြစ်ပေလိမ့် မည်။ လင့်ဟူချုံးက တွေးလိုက်မိသည်။

"ဒီတစ်ခါ ညီလေးလင်မိန်ကျက်ရဲ့ ခါးသိုင်းကျင့်စဉ်ကို ပြန်လုပေးနိုင်ခဲ့တော့ ဆရာရော၊ ဆရာမရော၊ ညီမလေးရော ငါ့ကို အထင်လွဲကြတော့မှာ မဟုတ်ဘူး။ နောက်ပြီး ဟိုလူဆိုး ၂ ယောက်ကိုပါ သတ်နိုင်ခဲ့သေးတယ်ဆိုတော့ ငါဟာ မကောင်းဆိုးဝါးဂိုဏ်းသားတွေနဲ့ အပေါင်းအသင်း မလုပ်ဘူးဆိုတာ သူတို့သိသွားကြတော့မှာပဲ . . . ရှေ့လျှောက် ငါစိတ်ချမ်းသာရပြီ"

လင့်ဟူချုံးမှာ ခဏချင်းပင် ထိတ်လန့်သွားမိတော့၏။ အဘယ်ကြောင့်ဆိုသော် ရက်ပုချွန်သည် စိမ်းပြာသော မျက်နှာထားဖြင့် သူ့အား စိုက်ကြည့် နေသောကြောင့် ပေတည်း။ ရက်ပုချွန်ထံမှ အေးစက်မာကြောသော စကားသံ ထွက်လာသည်။

"လင့်ဟူချုံး . . . မင်းက ငါတို့ကို အခုထိ လိမ်ညာဖို့ ကြိုးစားနေတုန်းပဲကိုး"

လင့်ဟူချုံးခမျာ တုန်လှုပ်ခြောက်ခြားစွာဖြင့်

"ဆရာ . . . ကျွန်တော် . . . ဘယ်တုန်းကမှ ဆရာ့ကို မလိမ်ညာခဲ့ပါဘူး"

"တိတ်စမ်း . . . ငါ့ကို ဆရာလို့ မခေါ်နဲ့။ ငါက မင်းရဲ့ဆရာ မဟုတ်ဘူး။ မကောင်းဆိုးဝါးဂိုဏ်းနဲ့ မင်းပူးပေါင်းနေတာ ကြာပြီ။ ဂိုဏ်းချုပ်ကြီး လင်းရှင်ရဲ့သမီးက မင်းအပေါ်မှာ ဒီလောက် မေတ္တာရှိနေတာ မင်းက ဘာဖုံးကွယ်ချင်သေးသလဲ။ မင်းဘယ်လောက် စက်ပုန်းခုတ် နေတယ်ဆိုတာ ဒီအချက်က ပြနေတာပဲ . . . ရွှေအကြောင်း ဖယောင်းသက်သေ၊ လူအကြောင်း အပေါင်းအသင်းကို ကြည့်ရတယ် ဆိုတဲ့ စကားရှိတယ်မဟုတ်လား။ မင်းလို မကောင်းဆိုးဝါးဂိုဏ်းနဲ့ အပေါင်းအသင်း လုပ်နေတဲ့ လူရဲ့ဆရာက ငါဖြစ်နိုင်ပါ့မလား"

လင့်ဟူချုံးက အံ့သြလွန်းလှသဖြင့် "ဗျာ . . . မကောင်းဆိုးဝါး ဂိုဏ်းချုပ်ကြီးရဲ့ သမီး ဟုတ်လား။ ဆရာဘာတွေ ပြောနေတာလဲ။ ဂိုဏ်းချုပ်ကြီး လင်းရှင်ဆီမှာ သမီးတစ်ယောက် ရှိတယ်လို့ ကျွန်တော် ကြားဖူးပါတယ်။ ဒါ . . . ဒါပေမယ့် ကျွန်တော်နဲ့ တစ်ခါမှ မတွေ့ဖူးသေးပါဘူး" ဟု တုန်တုန်ယင်ယင်နှင့် ရှင်းပြနေတော့၏။

သူ၏ ဆရာမ ဖူးလင်ကမူ "လင့်ဟူချုံး . . . မင်းက တော်တော်ခက်တဲ့ ကလေးပါလား။ ဘာဖြစ်လို့ ဒီအချိန်ထိ ငါတို့ကို လိမ်ညာချင်ရတာလဲဟင်"

ထိုစကားပြောပြီးနောက် ဖူးလင်သည် သက်ပြင်းရှည်ကြီးတစ်ချက် ချလိုက်၏။ ထို့နောက် ဆက်လက်၍

"ဟို ဂိုဏ်းချုပ်ကြီးရဲ့ သမီးက သိုင်းလောက တစ်ဝှမ်းလုံးက ရှိရှိသမျှ အောက်လမ်း သိုင်းသမားတွေကို အမိန့်ပေးပြီး ဟူပါးတောင်ကုန်းထိပ်မှာ မင်းရဲ့ အတွင်းဒါဏ်ရာကို ကုသခိုင်းတာ သိုင်းလောကတစ်ခုလုံး ဟိုးဟိုးကျော်နေတာပဲ။ သိုင်းလောက တစ်ခုလုံး သိတယ်။ မသိတဲ့လူ တစ်ယောက်မှ မရှိဘူး။ အဲဒါကို မင်းက ငါတို့ကို လာညာသေးသပေါ့ . . . ဟုတ်လား"

လင့်ဟူချုံးက အကြီးအကျယ် ထိတ်လန့်တုန်လှုပ်သွားကာ

"ဟို . . . ဟို မိန်းကလေးက လင်းလင်းပဲ . . . သူ . . . သူက မကောင်းဆိုးဝါးဂိုဏ်းချုပ်ကြီး လင်းရှင်ရဲ့ သမီး . . . ဟုတ်ရဲ့လားခင်ဗျာ"

လင့်ဟူချုံး၏ ပါးစပ်မှ တတွတ်တွတ် ရေရွတ်နေတော့သည်။ သူများအဖို့ မည်သို့သိနေ၊ နားလည်သဘောပေါက်နေကြမှန်း မသိသော်လည်း လင့်ဟူချုံးအဖို့မူ မည်သို့မျှ ဆက်စပ်နားလည် သဘောပေါက်ခြင်း မရှိပေ။ ဟူပါးတောင်ကုန်းထိပ်မှ လင်းလင်းသည် မကောင်းဆိုးဝါးဂိုဏ်းချုပ်ကြီး လင်းရှင်၏သမီး လင်းလင်းတို့သည် တစ်ယောက်တည်း ဖြစ်လိမ့်မည်ဟု သူ့အနေဖြင့် လုံးဝမယုံကြည်နိုင်ပဲ ဖြစ်နေတော့၏။

လင့်ဟူချုံး၏ အမူအရာကို ကြည့်ပြီး ဖူးလင်က လုံးဝကျေနပ်ခြင်း မရှိတော့ပေ။ လင့်ဟူချုံး မသိချင်ယောင်ဆောင်နေသည်ဟုသာ ထင်မှတ်နေ၏။ ထို့ကြောင့် သူမက

"လင့်ဟူချုံး . . . မင်းက ဘာဖြစ်လို့ ကိုယ့်ဆရာနဲ့ ဆရာမကိုတောင် မုသားစကား ပြောနေရတာလဲ။"

ရက်ပုချွန်က ဒေါသဖြင့် အော်ငေါက်လိုက်သည်။

"ဘယ်သူလဲ . . . သူ့ရဲ့ဆရာဆိုတာ ဘယ်သူလဲ။ သူ့ရဲ့ ဆရာမဆိုတာကရော။ ဒီနားမှာ သူ့ရဲ့ ဆရာနဲ့ ဆရာမဆိုလို့ တစ်ယောက်မှ မရှိဘူး"

အော်ငေါက်ရင်းမှ ရက်ပုချွန်က လွန်စွာ ဒေါသထွက်လာဟန်ဖြင့် စားပွဲခုံကို လက်ဝါးဖြင့် ဖြန်းကနဲ ရိုက်ချလိုက်တော့သည်။ ဖူးလင်က ပြောသည်။

"ကဲ ကဲ . . . ဟူပါးတောင်ကုန်းထိပ်မှာ မင်းကို ဆေးကုပေးတဲ့ ကောင်မလေးက မကောင်းဆိုးဝါးဂိုဏ်းချုပ်ကြီးရဲ့ သမီးမှန်း မသိဘူးပဲ ထားပါဦး။ မင်းက ဘာဖြစ်လို့ မကောင်းဆိုးဝါးဂိုဏ်းက ဝါစဉ်ကြီး ရှန့်ဝန့်ထင်းဆိုတဲ့ လူဆိုးကြီးနဲ့ အပေါင်းအသင်း လုပ်ရတာလဲ။ . . . အပေါင်းအသင်း လုပ်ရုံတင် မကဘူး။ ငါတို့ အထက်လမ်းဂိုဏ်းက သိုင်းသမားအတော်များများကို သတ်ပစ်လိုက်သေးတယ်။ . . . မင်းရဲ့ လုပ်ရပ်တွေက ဘယ်လောက် ဆိုးဝါးနေတယ်ဆိုတာ ကိုယ့်ဖာသာ နည်းနည်းလေးတောင် မသိတာ ဘာဖြစ်လို့လဲကွဟင်။ . . . အခုမင်းရဲ့ လက် ၂ ဖက်မှာ အထက်လမ်းဂိုဏ်းက သိုင်းသမားတွေရဲ့ သွေးတွေနဲ့ ပေကျံနေပြီ။ . . . အထက်လမ်းဂိုဏ်းသားတွေရဲ့ သွေးတွေ မင်းလက်မှာ စွန်းထင်းနေပြီ။ . . . ဒါတွေကို မင်းဘယ်လို ဖျောက်မလဲ။ . . . ဒါတွေကို ဘာနဲ့ ဆေးမလဲ။ . . . ဘာနဲ့မှ ဖျောက်လို့ ဆေးလို့ မရတော့ဘူး။ . . . အခုလို မင်းကို စကားပြောနေတာတောင် ငါတို့အဖို့ လွန်လှပြီ။ ကဲ . . . မင်း မြန်မြန်သာ ထွက်သွားပါတော့"

သူ့ဆရာမ ဖူးလင်ပြောလိုက်သော စကားများကို ကြားလိုက်ရသောအခါ လင့်ဟူချုံး၏ ကျောရိုးတစ်လျှောက်လုံး စိမ့်သွားလေတော့၏။ ဟိုနေ့တုန်းက မိမိသည် ရှန့်ဝန့်ထင်းနှင့်အတူ လက်တွဲတိုက်ခိုက်ခဲ့သည်မှာ မှန်၏။ သို့ရာတွင် အခြေအနေအရ မတိုက်ခိုက်လျှင် မဖြစ်တော့သဖြင့် တိုက်ခိုက်ခဲ့ရခြင်း ဖြစ်သည်။ မိမိကြောင့် တစ်ဖက်မှ ရန်သူများ အတော်များများ သေဆုံးခဲ့ရသည်။ သို့သော် မိမိက သူတို့ကို တမင်သက်သက် သေစေချင်လွန်း၍ တိုက်ခိုက်ရသည် မဟုတ်ချေ။ ထိုအချိန်တွင် တိုက်ပွဲမှာ အလွန်တရာ ပြင်းထန်နေ၍ မိမိကသာ သူတို့အား မသတ်လျှင် သူတို့က မိမိအား သတ်သွားမည်မှာ မုချဖြစ်နေတော့၏။ ထိုအခိုက်အတန့်အတွင်းဝယ် လမ်း ၂ လမ်းသာ ရွေးချယ်ရန် ရှိသည်။ 'သတ်မလား'၊ 'သေမလား' ဟူသည့် လမ်း ၂ သွယ်ပင် ဖြစ်သည်။ ကိုယ်အသတ်မခံချင်လျှင် သူ့အားကိုယ်က သတ်ရပေလိမ့်မည်။ ဤသို့ ကံကြမ္မာဖန်လာသည့် အခင်းဖြစ်ရပ် တစ်ခုအတွင်း မိမိမှာ အဘယ်သို့ တတ်နိုင်ပါတော့မည်နည်း။ ထို့ကြောင့် သူ၏ မျက်လုံးတွင်းဝယ် မျှော်လင့်ချက် ကင်းမဲ့လှသော အရိပ်အယောင်များသာ ရှိတော့၏။ အဓိပ္ပါယ်မဲ့ မျက်လုံးများဖြင့် သူ၏ ဆရာမကို ငေးစိုက်ကြည့်နေမိတော့သည်။

ဖူးလင်က ဆက်၍ ပြောလိုက်သည်။

"လင့်ဟူချုံး . . . အရင်တုန်းက ငါက မင်းကို ငါ့သားအရင်း တစ်ယောက်လိုပဲ သဘောထားတယ်။ ဒါပေမယ့် အခုတော့ အခြေအနေတွေ ပြောင်းကုန်ပြီ။ မင်းဘာတွေ လုပ်ခဲ့သလဲ ဆိုတာတွေကို နဖူးပေါ် လက်တင်ပြီး သေသေချာချာ စဉ်းစား။ အခုဆိုရင် မင်းလုပ်ခဲ့တဲ့ အပြုအမူတွေကြောင့် မင်းရဲ့ ဆရာမလဲ မင်းကို မကာကွယ်နိုင်တော့ဘူး။ ဘယ်သူမပြု မိမိမှုပဲ လင့်ဟူချုံး"

ဖူးလင်က စိတ်ထိခိုက်စွာ ပြောနေရာမှ မျက်ရည်ပေါက်ကြီးများ တပေါက်ပေါက် ကျလာတော့၏။ ထိုအခိုက် အခန်းအပြင်ဖက်မှ ရက်ပုချွန်၏ နံပါတ် ၂ တပည့်ကြီးဖြစ်သော လောင်တက် ဝင်လာပြီး သူ့ဆရာအား အစီရင်ခံလိုက်သည်။

"ဆရာ . . . ကောင်းဆန်းဂိုဏ်းက သိုင်းဆရာကြီး ချုံးကျန်း ရောက်လာပါတယ်။ သူ့ရဲ့ ဂိုဏ်းတူညီ ၂ ယောက်လည်း ပါလာတယ်။ အပြင်ဧည့်ခန်းမှာ ခဏစောင့်နေကြပါတယ်။ ဆရာအခုပဲ ထွက်တွေ့ပါလိမ့်မယ်လို့ မှာခဲ့တယ်"

"ကောင်းဆန်းဂိုဏ်းက သိုင်းဆရာကြီး ရောက်လာတာကို။ အေး . . . ငါအခုချက်ချင်း သွားတွေ့လိုက်မယ်"

ရက်ပုချွန်သည် ပြောပြောဆိုဆိုနှင့် အခန်းအပြင်သို့ လျှောက်ထွက်သွားလေတော့၏။ ဖူးလင်ကလည်း လင့်ဟူချုံးကို တစ်ချက် ကြည့်လိုက်ပြီး ရက်ပုချွန်နောက်မှ လိုက်သွားလေ၏။ လင့်ဟူချုံးမှာမူ ခုတင်ပေါ်တွင် ငေးမောလျက် ကျန်ရစ်ခဲ့တော့သည်။ သူ့စိတ်ထဲမှ

"သြော် . . . လက်စသတ်တော့ လင်းလင်းဟာ ဆရာကြီး လင်းရှင်ရဲ့ သမီးကိုး။ ဒါကြောင့်မို့လည်း ဟိုလောင်ထိုတို့၊ ကျူးချန်းတို့ အဖိုးကြီးတစ်သိုက်က သူ့ကိုကြောက်ရွံ့နေကြရတာပဲ။ သူ့နှုတ်ထွက်စကားတစ်ခွန်းပဲ . . . သူ့စကားတစ်ခွန်း ကြားလိုက်ရတာနဲ့ သူ့ရဲ့စကားအတိုင်း လူတိုင်းလိုက်လုပ် ကြရတာပဲ။ . . . အင်း . . . ငါကတော့ တကယ့်ကို တုံးတဲ့ အတဲ့ ကောင်ပဲ။ ဒီအချက်ကို အစောကြီးကတည်းက ငါစဉ်းစားဖို့ ကောင်းတယ်။ ဒါပေမယ့် . . ."

လင့်ဟူချုံးသည် ဧည့်ခန်းအပြင်ဖက်သို့ ရုတ်တရက် အာရုံရောက်သွား၏။ သို့သော် အပြင်မှ မည်သည့် စကားသံကိုမျှ မကြားရပဲ ဖြစ်နေရသဖြင့် သူ့အတွေးကိုသာ ဆက်၍တွေးနေလိုက်သည်။

"ဒါပေမယ့် ငါနဲ့ အတူတူ ရှိနေတုန်းကတော့ လင်းလင်းက သူဟာ မကောင်းဆိုးဝါးဂိုဏ်းချုပ်ကြီးရဲ့ သမီးဆိုတဲ့ အကြောင်း တစ်စွန်းတစ်စလေးတောင် မပြောဘူး။ နည်းနည်းပါးပါး ဒေါသကြီးတာ စိတ်ထက်တာက လွဲလို့ တစ်ခြား မိန်းကလေးတွေနဲ့ ဘာမှ မထူးပါဘူး။ ရှက်တတ် ရွံ့တတ်တာပဲ"

ထိုစဉ် အခန်းတံခါးကြီးမှာ 'ဂုန်း' ကနဲ ပွင့်လာတော့၏။ ရက်ပုချွန်သည် ဒေါသတကြီးဖြင့် လျှောက်ဝင်လာ၏။ သူက ခက်ထန်စွာဖြင့် အော်ဟစ်ပြောဆိုလိုက်သည်။

"လင့်ဟူချုံး . . . မင်းကတော့ သိပ်ကောင်း၊ သိပ်တော်တဲ့ လူပဲကွ . . . ကောင်းဆန်းဂိုဏ်းက ဆရာကြီးတွေကို မင်းက သတ်ပြီးတော့ ငါ့ကို လူဆိုးတွေလို့ လိမ်ညာ ပြောတာပေါ့လေ။ အတော်ယုတ်မာတဲ့ ကောင်ပါလား"

လင့်ဟူချုံးမှာ အံ့ဩလွန်းလှသဖြင့် စကားကိုပင် ဖြောင့်ဖြောင့်တန်းတန်း မပြောနိုင်တော့ချေ။

"ဆရာ . . . ကျွန်တော် ကောင်းဆန်းဂိုဏ်းက ဘယ်သူ့ကိုမှ မသတ်ခဲ့ပါဘူး ဆရာ"

ရက်ပုချွန်၏ ဒေါသသည် ယခုမှ တကယ်ပင် ပေါက်ကွဲသွားလေပြီ။

"ဟေ့ကောင် . . . တော် . . . တိတ် . . . ဟို ဆံဖြူခေါ့ချန်နဲ့ ထိပ်ပြောင်ဆားထင်းတို့ ၂ ယောက်ကို မင်းမသတ်ရင် ဘယ်သူသတ်မလဲ ပြောစမ်း"

လင့်ဟူချုံးမှာ သူ၏ ငယ်ထိပ်ကို မိုးကြိုးပစ်ချလိုက်သကဲ့သို့ ခံစားလိုက်ရတော့၏။ သူ့အနေဖြင့် ဤလူ ၂ ယောက် ၏ နာမည်ကို ကြားဖူးခဲ့၍ မဟုတ်ပေ။ သို့သော် ဆံဖြူနှင့် ထိပ်ပြောင်ဟူသော နာမဝိသေသန စကားလုံးများကို ကြားလိုက်ရ၍ ဤမျှထိတ်လန့်တကြား ဖြစ်သွားရခြင်း ဖြစ်လေတော့၏။

လင့်ဟူချုံးက အထစ်ထစ် အငေါ့ငေါ့ဖြင့်

"ဆရာ . . . ဆံပင်ဖြူဖြူ အဖိုးကြီး တစ်ယောက်နဲ့ ထိပ်ပြောင်ပြောင် အဖိုးကြီး တစ်ယောက်ကိုတော့ ကျွန်တော် သတ်လိုက်မိပါတယ်။ ဒါပေမယ့် သူတို့ကို ကောင်းဆန်းဂိုဏ်းကမှန်းတော့ ကျွန်တော် မသိပါဘူး။ သူတို့ရဲ့ သိုင်းပညာကလည်း ကောင်းဆန်းဂိုဏ်းရဲ့ သိုင်းပညာ မဟုတ်ပါဘူး။ ကောင်းဆန်းဂိုဏ်းရဲ့ သိုင်းပညာဆိုရင် ကျွန်တော် ကောင်းကောင်း သိတာပေါ့။ ဒါကြောင့်မို့လည်း အသေသတ်မိတဲ့အထိ ဖြစ်သွားတာပါ။ နို့မဟုတ်ရင် ဘယ်သတ်မိမလဲ"

ရက်ပုချွန်၏ မျက်နှာထားမှာ စောစောတုန်းကထက်ပင် ပို၍ တင်းမာလာသည်။ သူက

"အဲဒီ ဆံဖြူခေါ့ချန်နဲ့ ထိပ်ပြောင်ဆားထင်းတို့ ၂ ယောက်ကို မင်းတကယ်ပဲ သတ်လိုက်သလား"

"ဟုတ်ကဲ့ . . . ကျွန်တော် သတ်လိုက်မိပါတယ်"

လင့်ဟူချုံး၏ အမှန်အတိုင်း ဝန်ခံစကားကို ကြားလိုက်ရသောအခါ ရက်ပုချွန်က အေးစက်စွာ ပြုံးလိုက်ပြီး

"အေး . . . ကောင်းတယ် . . . မင်းက သူတို့ကို သတ်ပြီးတော့ မင်းရဲ့ သွေးခြေရာကို ငါ့အိမ်ရောက်တဲ့အထိ သဲလွန်စ ချထားခဲ့တယ်။ အခုသူတို့က ခြေရာနောက်ကို လိုက်လာပြီး ငါ့အိမ်ကို ရောက်လာကြပြီ။ မင်းကို သူတို့လက်ထဲ အပ်ပါတဲ့။ ငါက ဘာပြောနိုင်တော့မလဲ။ ကဲ . . . မင်းကရော ဘာပြောချင်သေးသလဲ"

ထိုစဉ် ဖူးလင်ပြေးဝင်လာပြီး "လူလေး . . . လူလေး . . . မင်း အမြန်ဆုံး ဒီနေရာက ပြေးပေတော့ . . . အဝေးကြီးကို ပြေးပေတော့ . . . ဒီကို ဘယ်တော့မှ ပြန်မလာနဲ့။ ဒီနေရာ ပြန်လာရင် မင်းအတွက် အသက်အန္တရာယ် သိပ်များတယ်" ဟု အမောတကော ပြောလေတော့၏။

ရက်ပုချွန်က ပြောလိုက်သည်။

"ဘယ်ဖြစ်မလဲ။ ဒီအိမ်က သူထွက်သွားရင် အိမ်ရှေ့က လူ ၃ ယောက်က အေးအေးဆေးဆေး လက်ခံပါ့မလား။ ဒါကို မင်းစဉ်းစားလိုက်ပါဦး။ ကိုယ့်စိတ်ထဲမှာ ရှိတာတွေ လျှောက်ပြောမနေနဲ့"

လင့်ဟူချုံးသည် စိတ်ထဲတွင် တွေးလိုက်၏။

“လက်စသတ်တော့ ဆရာက ချုံးကျုန်းတို့ လူသိုက်ကို ရွံ့နေတာကိုး။ ဒီကောင်တွေကို ဘာကြောက်စရာ ရှိသလဲ။ ငါအခုထွက်သွားပြီး ဒီကောင် ၃ ကောင်ကို ရှင်းထုတ်ပစ်လိုက်မယ်။ ဒါဆိုရင် ဆရာလည်း အတော်ကလေး စိတ်အေးသွားမှာ”

ထို့ကြောင့် လင့်ဟူချုံးက ချက်ချင်းပြောလိုက်သည်။

“ဆရာ . . . ဒီ ၃ ယောက်ကို ဖြေရှင်းဖို့အတွက် ဘာမှ မပူပါနဲ့ဆရာ။ ဒီ ၃ ယောက်ကို ကျွန်တော် ထွက်တွေ့ပြီး ဖြေရှင်းလိုက်ပါ့မယ်”

စကားဆုံးသည်နှင့် လင့်ဟူချုံးက အားတင်း၍ ထလိုက်သည်။ ထို့နောက် အားတင်းကာ အပြင်ဧည့်ခန်းသို့ လျှောက်ထွက်လာတော့၏။ ဖူးလင်က ကမန်းကတန်း တားမြစ်လိုက်သည်။

“လင့်ဟူချုံး . . . ဘာဖြစ်လို့ အပြင်ထွက်တွေ့ရမှာလဲ။ မတွေ့နဲ့။ တွေ့တာနဲ့ သူတို့က မင်းကို သတ်ကြလိမ့်မယ်။”

သို့သော် သူမ၏ တားမြစ်ချက်မှာ အချည်းနှီး ဖြစ်သွားရချေပြီ။ သူမ၏စကားမဆုံးမီပင် လင့်ဟူချုံးက အပြင်ခန်းသို့ ရောက်ရှိနေပြီ ဖြစ်၏။

အပြင်ဖက်ဧည့်ခန်းသို့ လင့်ဟူချုံး ရောက်သောအခါ ချုံးကျုန်းနှင့် သူ၏ ဂိုဏ်းတူညီအစ်ကို ၂ ယောက် ထိုင်နေကြသည်ကို တွေ့ရ၏။ သည်လူများကို လင့်ဟူချုံးက ကောင်းကောင်းကြီး မှတ်မိနေသည်။ သူတို့ ၃ ယောက်သည် အခန်း၏ နောက်ဖက်ထိုင်ခုံ ၃ ခုံပေါ်တွင် ထိုင်စောင့်နေကြသည်။

ယခု လင့်ဟူချုံး၏ ပုံသဏ္ဌာန်မှာ လွန်စွာ သန့်ရှင်းသပ်ရပ်နေသည်။ အဝတ်အစားကိုလည်း ရိုးရိုးနှင့် သန့်သန့်ရှင်းရှင်း ဝတ်ဆင်ထားသည်။ ဖူးလင်က ဆေးကြောသုတ်သင် ပေးထားသဖြင့် တည်ကြည်ချောမောကာ သူ၏ နဂိုရုပ်ရည် ပေါ်နေ၏။ ထို့ကြောင့် ယခုရုပ်ရည်နှင့် သက်တန့်တောင်ကုန်းထိပ်နှင့် တောင်ခြေတွင် ကောင်းဆန်းဂိုဏ်းသားများနှင့် တွေ့ခဲ့စဉ်က ရုပ်ရည်မှာ အဖြူနှင့် အမည်းကဲ့သို့ လုံးဝခြားနားနေ၏။ ထိုစဉ်က စစ်ဗိုလ် အဝတ်အစားကို ဝတ်ဆင်ထားခြင်း ဖြစ်ရာ ပို၍ မမှတ်မိနိုင်အောင် ဖြစ်နေတော့၏။

ချုံးကျုန်းတို့ ၃ ယောက်နှင့် မျက်နှာချင်းဆိုင် ထိုင်လိုက်ပြီးနောက် လင့်ဟူချုံးက အေးစက်မာကြောစွာ မေးလိုက်သည်။

“မင်းတို့ ၃ ယောက်က ဒီမှာ ဘာလာလုပ်နေကြတာလဲ . . . ဘာကိစ္စရှိသလဲ . . . ပြောစမ်း . . .”

ချုံးကျုန်းတို့မှာ လင့်ဟူချုံးကို လုံးဝမမှတ်မိကြချေ။ ဤလူငယ်၏ စီးစီးပိုးပိုး မောက်မောက်မာမာ နိုင်လှသော လေသံကို ကြားရသောအခါ ဒေါသအကြီးအကျယ် ထွက်လာကြတော့သည်။ သူတို့ ၃ ယောက်ထဲတွင် ကောင်းခေါ့ ဆိုသူက ဒေါသအကြီးဆုံး ဖြစ်ရာ ချက်ချင်းပင် အော်ဟစ်တော့၏။

“ဟေ့ကောင် . . . မင်းစကားပြောတာ မိုက်ရိုင်းလှချေလား။ ဆရာကြီး ရက်ပုချွန်ကို သွားခေါ်လိုက်စမ်း။ ငါတို့က ဆရာကြီး ရက်ပုချွန်နဲ့ စကားပြောဖို့ စောင့်နေတာ။ မင်းလို မလောက်လေး မလောက်စားနဲ့ စကားပြောဖို့ မဟုတ်ဘူး။ ငါတို့ သိက္ခာကျတယ်”

လင့်ဟူချုံးနှင့် ကောင်းဆန်းဂိုဏ်းသားများ၏ ဖြေရှင်းပွဲကား စကတည်းက ယဉ်သကိုဟု ဆိုရမလောက် အော်ကြီးဟစ်ကျယ်နှင့် ရန်ပွဲကြီး စတင်လာတော့၏။ ရက်ပုချွန်၊ ဖူးလင်နှင့် ဝါဆန်းဂိုဏ်းသားများမှာ ခန်းဆီး နောက်ကွယ်တွင် ရပ်၍ အခြေအနေကို စောင့်ကြည့်နေကြသည်။ ထိန်းမနိုင် သိမ်းမရ ဖြစ်လာပါက သူတို့ ဝင်ရပေလိမ့်မည်။

လင့်ဟူချုံးက “ဆရာကြီး ရက်ပုချွန်လား။ ငါလည်း သူ့ဆီကို လာတာပဲ။ ကောင်းဆန်းဂိုဏ်းက အသုံးမကျတဲ့ ၂ ကောင် . . . ဘယ်သူတွေပါလိမ့် . . . ဩော် . . . ဩော် . . . ဆံဖြူနဲ့ ထိပ်ပြောင်ဆိုတဲ့ ကောင် ၂ ကောင်ကို ငါသတ်ပစ်လိုက်တယ်။ အခုလည်း ကောင်းဆန်းဂိုဏ်းသား ၃ ယောက် ဒီကိုရောက်လာပြန်ပြီလို့ ကြားတာနဲ့ အဲဒီ ၃ ယောက်ကို ဆရာကြီး ရက်ပုချွန်ဆီက လာတောင်းတာပဲ။ ဆရာကြီး ရက်ပုချွန်ကလည်း လုံးဝသဘောမတူဘူး။ ငါတော့ အတော်ဒေါသထွက်နေပြီ”

လင့်ဟူချုံးသည် တဖျစ်တောက်တောက် ပြောနေရင်းမှ လှမ်းအော်လိုက်သည်။

“ဆရာကြီး ရက်ပုချွန် . . . ဘယ်လိုလဲ . . . ကျုပ်က ဒီအတိုင်းပဲ ထိုင်စောင့်နေရတော့မှာလား။ ကောင်းဆန်းဂိုဏ်းက အသုံးမကျတဲ့ အကောင် ၃ ကောင် ဒီကို ရောက်နေတယ် မဟုတ်လား။ ချုံးကျုန်းဆိုလား ဘာဆိုလား မသိဘူး။ အဲဒီကောင် ၃ ကောင်ကို မြန်မြန်ထုတ်ပေးပါ။ ဒီကောင် ၃ ကောင်နဲ့ ကျုပ်နဲ့ စာရင်းရှင်းစရာ ရှိတယ်။ အပြတ်ကို

ရှင်းရမှာ”

ရက်ပုချွန်တို့အားလုံး တုန်လှုပ်ခြောက်ခြား သွားကြရတော့သည်။ ရက်ပုချွန်နှင့် ဖူးလင်တို့သည် လင့်ဟူချုံးက မည်သည့်အတွက်ကြောင့် အော်ဟစ်ပြောဆိုနေခြင်း ဖြစ်သည်ကို ရိပ်မိကြသည်။ ကောင်းဆန်းဂိုဏ်းမှ လူ ၂ ယောက်ကို သတ်လိုက်ခြင်းမှာ ဝါဆန်းဂိုဏ်းနှင့် လုံးဝမပတ်သက်ကြောင်း သိအောင် ပြောလိုက်ခြင်းသာ ဖြစ်ပေသည်။

သို့သော် သူတို့မျက်မြင်အားဖြင့် လင့်ဟူချုံးမှာ ဒါဏ်ရာ အပြင်းအထန် ရထားကြောင်း သိနေကြသည်။ ထို့အပြင် လင့်ဟူချုံးက ခပ်ကြမ်းကြမ်း ခပ်ရမ်းရမ်း ပြောနေသည့် သိုင်းသမားများမှာ သာမန်သိုင်းသမားများ မဟုတ်ကြချေ။ တကယ့်ထိပ်သီး သိုင်းသမားများ ဖြစ်ကြ၏။ အဘယ်ကြောင့် ဤသို့ စိန်ခေါ်ရဲနေရသနည်း။ ထို့အပြင် လင့်ဟူချုံး၏ စကားသွား စကားလာ အရ ထိုသိုင်းသမား ၃ ယောက်ကို သိနေသယောင် သဘောမျိုး ဖြစ်နေသေးသည်။

ထိုစဉ် ဒေါသကြီးသော ကောင်းခေါ့က မည်သည့်စကားမျှ မပြောပဲ ရုတ်တရက် ခုန်ထွက်လာပြီး ဓါးရှည်ဖြင့် လင့်ဟူချုံးကို ထိုးရန် ဟန်ပြင်လိုက်၏။ သို့သော် ရှေ့နောက်မြော်မြင်တတ်သော ချုံးကျုန်းက ကောင်းခေါ့ကို ရုတ်တရက် တားဆီးလိုက်၏။

သူက လင့်ဟူချုံးအား “မင်း . . . ဘယ်သူလဲ . . . မှန်မှန်ပြောစမ်း”

လင့်ဟူချုံးက “ဟား ဟား ဟား . . . မင်းတို့က ငါ့ကို မမှတ်မိပဲကိုး။ ငါက မင်းတို့ ၃ ယောက်ကို ကောင်းကောင်း မှတ်မိနေတော့ မင်းတို့ကလည်း ငါ့ကို မှတ်မိမယ် ထင်နေတာ။ အခုတော့ လွဲနေတာပေါ့လေ . . . ဟား ဟား ဟား”

ချုံးကျုန်းက စိတ်ဆိုးမာန်ဆိုးဖြင့် ဝေါက်ငန်းလိုက်တော့၏။

“ဟေ့ကောင် . . . မင်းရူးနေသလား။ ပြောစရာ ရှိတာ ပြောစမ်း။ မှတ်မိတာတွေ မမှတ်မိတာတွေ ပြောမနေနဲ့”

လင့်ဟူချုံးက “ဟား ဟား ဟား . . . ကောင်းပြီ ကောင်းပြီ။ ငါပြောပြမယ်။ ငါပြောတာတွေ မှန်လွန်းလို့ ရက်ပြီး နားပိတ်ပြန်မပြေးကြနဲ့နော်။ မင်းတို့ ကောင်းဆန်းဂိုဏ်းက ပထမဆုံး ဖြစ်စေချင်တဲ့ အချက်က ဂိုဏ်းကြီး ၅ ဂိုဏ်းကို လက်ဝါးကြီးအုပ်ပြီး တစ်ဂိုဏ်းထဲ ဖြစ်အောင် တည်ထောင်ချင်တယ် . . . ဟုတ်ရဲ့လား”

“ဟေ့ကောင် . . . စကားပြောရင် ကောင်းကောင်းပြော၊ သူများဂိုဏ်းတွေကို ပုတ်ခတ်ပြီးတော့ မပြောနဲ့”

“ဟား ဟား ဟား . . . ပြောတော့လဲ တစ်မျိုး၊ မပြောတော့လဲ တစ်မျိုး။ နောက်တစ်ချက်က မင်းတို့ ၃ ယောက် အခုဖုကျုက်မြို့ထဲ ရောက်လာတာဟာ မင်္ဂလာအာမခံဌာနရဲ့ ဘီလူးမီး ဓါးသိုင်းကျမ်းကို လုဖို့ မဟုတ်ဘူးလား”

ချုံးကျုန်းက ဒေါသသံဖြင့် “တယ် . . . ဒီကောင် . . .”

“စိတ်မဆိုးပါနဲ့လေ . . . ပြောစရာ ကျန်ပါသေးတယ်။ နောက်တစ်ချက်ကလည်း တော်တော် အရေးကြီးတာပါပဲ။ အဲဒါကတော့ ဝါဆန်းဂိုဏ်းနဲ့ ဟန်ဆန်းဂိုဏ်းတွေထဲ အရေးပါ အရာရောက်တဲ့ ပုဂ္ဂိုလ်တွေကို လုပ်ကြံသတ်ဖြတ်ဖို့ပဲ။ ဒီအကြံအစည်တွေ အားလုံးကို ငါသိထားတယ်။ . . . ကဲ . . . ငါဘယ်သူဆိုတာ မင်းတို့ မသိကြသေးဘူးလား”

လင့်ဟူချုံး၏စကား ဆုံးသွားသောအခါ ရက်ပုချွန်နှင့် ဖူးလင်တို့ လင်မယား ၂ ယောက်သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိလိုက်ပြီး ၂ ယောက်သား စိတ်ထဲတွင် ပြိုင်တူ မှတ်ချက် ချလိုက်မိကြ၏။

“လင့်ဟူချုံးရဲ့ စကားတွေက အမှန်တွေလိုပဲ။ သူ့လေသံက တော်တော့်ကို ခိုင်ခိုင်မာမာ ပြောနေတာပဲ။ လုပ်ကြံပြောတဲ့ စကားတွေတော့ မဖြစ်နိုင်ဘူး”

ချုံးကျုန်းက “မဟုတ်မဟတ်တွေ လျှောက်ပြောမနေနဲ့။ မင်း ဘယ်ကလဲ . . . ဘယ်ဂိုဏ်းကလူလဲ”

လင့်ဟူချုံးက “ဟား ဟား ဟား . . . မင်းတို့ရဲ့ အကြံအစည်တွေ သိထားလို့ ငါ့ကို တော်တော်ကြောက်သွားကြပြီ မဟုတ်လား . . . မင်းတို့ ကောင်းဆန်းဂိုဏ်းရဲ့ စားခွက်ကို ဝင်လုမယ့်ကောင်လို့တော့ ငါ့ကို မထင်ပါနဲ့ကွာ။ စိတ်ချပါ . . . ဟား ဟား ဟား”

ချုံးကျုန်းက “မင်းက ဝါဆန်းဂိုဏ်းက လူမဟုတ်ပဲနဲ့ ဒီမှာ ဘယ့်နှယ် သြဇာအာဏာ လာပေးနေရတာလဲ။ ဒီနေရာဟာ ဆရာကြီး ရက်ပုချွန်ရဲ့ သြဇာအာဏာ လွှမ်းခြုံတဲ့ နေရာကွ။ ဒီလိုနေရာမျိုးမှာ ပြောချင်ရာပြော၊ အော်ချင်ရာအော်ပြီး ဆရာကြီး ရက်ပုချွန်ကို နှောင့်ယှက်ဖို့ မကောင်းဘူး။ ဒီတော့ အပြင်ထွက်ပြီး စကားပြောကြရင် မကောင်းဘူးလား”

ချုံးကျုန်း၏ လေသံမှာ အလွန်တရာ အေးဆေးတည်ငြိမ်လှပေသည်။ သို့သော် ‘နေသေးသပ ခြုံထဲက၊ ချိုသွေးသပ တမြမြ” ဟု အကြံအစည် တစ်ခုခုနှင့် တေးမှတ်ပြီး ပြောလိုက်ခြင်း ဖြစ်ကြောင်း ထင်ရှားနေသည်။

လင့်ဟူချုံး ယခုပြောလိုက်သည့် စကားများသည် သူတို့၏ လျှို့ဝှက်ချက် အကြံအစည်အားလုံးကို ဖော်ထုတ်

လိုက်ခြင်း ဖြစ်နေသည်။ ဤစကားများကို လူတကာကိုသာ လျှောက်ပြောနေပါက မိမိတို့အဖို့ မဟာအရှက်တော်ကြီး ကွဲရပေတော့မည်။ ထို့ကြောင့် ချုံးကျုန်းက အိမ်အပြင်ဖက်၌ ဆွေးနွေးရန် အကြံပြုလိုက်ခြင်း ဖြစ်သည်။

ချုံးကျုန်း၏ လေသံ၌ အေးစက်ခြင်း၊ လျို့ဝှက်နက်နဲခြင်း၊ သွေးဆာခြင်းနှင့် ကြိတ်မနိုင်ခဲမရဖြစ်သည့် အဓိပ္ပါယ်များ ပါဝင်နေကြောင်း လင့်ဟူချုံးက ကောင်းစွာ ရိပ်မိပေ၏။ "ခွေးငြိမ်လျှင် ကြည့်သွား၊ ရေငြိမ်လျှင် သတိထား" ဟူသည့် စကားပုံမျိုးကဲ့သို့ပင် ချုံးကျုန်း၏ စကားသည်လည်း အလွန်တရာ သတိဝီရိယ ထားရမည့် စကားမျိုး ဖြစ်နေ၏။

မှန်၏။

သူတို့၏ အကြံအစည်များ ပေါ်ထွက်နေပြီဖြစ်၍ ဤကဲ့သို့ ဖော်ထုတ်လိုက်သော လင့်ဟူချုံးကို နှုတ်ပိတ် သတ်ဖြတ်ပစ်ရန် ချုံးကျုန်းက စိတ်ပိုင်းဖြတ်ပြီးလေပြီ။

× × × × × × ×

## ဝါဆန်းဂိုဏ်း၏ သစ္စာဖောက်

ချိုးကျန်း၏ 'အပြင်ထွက်ပြီး စကားပြောကြရင် မကောင်းဘူးလား' ဟူသော စကားကို ကြားလိုက်ရသောအခါ လင့်ဟူချုံးမှာ ပို၍ အကြိုက်တွေ့သွား၏။ သူ့အနေဖြင့် ဤ ၃ ယောက်လုံးကို မမှု၊ သူမှုသည်မှာ သူ၏ ဆရာနှင့် ဆရာမတို့ပင် ဖြစ်၏။ ဆရာနှင့် ဆရာမတို့၏ မျက်ကွယ်တွင် ဖြေရှင်းရမည်ဆိုလျှင် မည်သည့်ကိစ္စမဆို ဖြေရှင်းရဲသည်။ လင့်ဟူချုံးက နောက်ဖက်သို့လှည့်၍ ပြောလိုက်၏။

"ဆရာကြီး ရက်ပုချွန် . . . ခင်ဗျားကို သတိပေးစရာ သတင်းတစ်ခုရလာလို့ ကျုပ်ဒီကို လာခဲ့တာပဲဗျို့ . . . မကောင်းဆိုးဝါး ဂိုဏ်းချုပ်ကြီး လင်းရှင်က ခင်ဗျားတို့ရဲ့ ဝါဆန်းဂိုဏ်းကို ဖျက်ဆီးပစ်မယ်လို့ ကြံမ်းမောင်းခြိမ်းခြောက်ထားတယ်။ . . . လင်းရှင်ရဲ့ရန်လိုပဲ ကြောက်စရာ ရန်တစ်ခု ရှိသေးသဗျို့။ အဲဒီရန်က ခင်ဗျားရဲ့ ကျောနားမှာ ကပ်နေတာဆိုတော့ ပိုပြီးသတိထားရမယ်။ ကောင်းဆန်းဂိုဏ်းက ခင်ဗျားတို့ ဝါဆန်းဂိုဏ်းကို လက်ဝါးကြီးအုပ် ဝါးမျိုပစ်ချင်နေပြီ . . . သတိထားပါ"

လင့်ဟူချုံးအနေဖြင့် ဖုကျက်နယ်သို့ လာရခြင်း၏ အဓိကအကြောင်းရင်းမှာ သူ့ဆရာအား လာရောက် သတိပေးခြင်း ဖြစ်၏။ ယခုသတိပေးပြီး ဖြစ်သဖြင့် သူ၏တာဝန် ကျေပွန်ပေပြီ။ ထို့ကြောင့် ခြေလှမ်းကျဲကျဲဖြင့် အဆောက်အဦ အပြင်ဖက်သို့ ထွက်လာသည်။ ကောင်းဆန်းဂိုဏ်းသား ၃ ယောက်သည်လည်း ထက်ကြပ်မကွာ လိုက်ပါလာကြ၏။ သို့သော် တံခါးမကြီး အပြင်ဖက်သို့ ရောက်သည်နှင့် လင့်ဟူချုံးမှာ အံ့သြသွား၏။ အဆောက်အဦ အပြင်ဖက်တွင် မယ်သီလရင်တစ်စု ရောက်ရှိနေသည်ကို တွေ့လိုက်ရသောကြောင့်ပင်တည်း။

ဟန်ဆန်းဂိုဏ်းသားများပင် ဖြစ်သည်။ ရိဟိုနှင့် ကျက်ပန်းတို့သည် ထိုမယ်သီလရင် အုပ်စု၏ ရှေ့ဆုံးမှ လျှောက်လာကြသည်။ သူ၏ လက်ထဲ၌ ဘူးလေးတစ်ဘူး ကိုင်ဆောင်ထားကြောင်း တွေ့ရ၏။ သူတို့သည် ရက်ပုချွန်တို့ လင်မယားကို လာရောက်တွေ့ဆုံခြင်းပင် ဖြစ်ပေလိမ့်မည်။ လင့်ဟူချုံးမှာ ဤနေရာ၌ ဤအုပ်စုကို တွေ့ရလိမ့်မည်ဟု လုံးဝ မမျှော်လင့်မိချေ။

တွေ့လိုက်ရသောအခါ ခေါင်းစောင်းသွားသော လင့်ဟူချုံးကို ဟန်ဆန်းဂိုဏ်းသားများက မည်သို့မျှ သတိပြုမိပုံ မရသော်လည်း လင့်ဟူချုံး၏ နောက်မှ ကပ်လိုက်လာသော ချိုးကျန်းတို့ ၃ ယောက်ကိုမူ ကောင်းစွာ မှတ်မိ၏။ ထို့ကြောင့် ရိဟို၏ ခြေလှမ်းမှာ တုံ့ကနဲ ရပ်သွားလေတော့၏။ လင့်ဟူချုံး၏ စိတ်ထဲတွင်မူ ဤမယ်သီလရင်များ ဤနေရာသို့ ရောက်လာရခြင်း၏ အကြောင်းကို စဉ်းစားနေမိသည်။

"ဒီမယ်သီလရင်တွေ ဒီကိုလာတာ အကြောင်းမဲ့တော့ ဟုတ်မယ် မထင်ဘူး။ ငါ့ဆရာနဲ့ ဆရာမ ဒီမှာ ရှိနေမှန်း သိလို့ လာပြီး အကူအညီတောင်းတာပဲ ဖြစ်မယ်။ ဆရာနဲ့ ဆရာမတို့ကသာ စောင့်ရှောက်ထားရင် တော်ရုံတန်ရုံ အန္တရာယ်ကို ကြောက်စရာ မရှိတော့ပါဘူး"

ဤသို့ စဉ်းစားမိခြင်းမှာလဲ အကြောင်းမဲ့ မဟုတ်ချေ။ ရီလင်တို့နှင့် အတွေ့မခံတော့ပဲ ရှောင်ထွက်သွားရန် တွေးတောလိုက်မိခြင်းဖြစ်၏။ သို့သော် သူ့အနေဖြင့် ရှောင်ထွက်ရန် မည်သို့မျှ မဖြစ်နိုင်တော့ချေ။ အဘယ်ကြောင့်ဆိုသော် ချိုးကျန်း၊ ကောင်းခေါ့နှင့် ထင်ပါးတို့ ၃ ယောက်က ခါးကိုယ်စီထုတ်၍ လင့်ဟူချုံးကို ဝိုင်းထားလိုက်သောကြောင့်ပေတည်း။

ချိုးကျန်းက တဟားဟား ရယ်ရင်း "ဘာလဲ . . . မင်းက အပြင်ရောက်တာနဲ့ ထွက်ပြေးချင်ပြီပေါ့ . . . ကြောက်သွားပြီပေါ့ . . . ဟုတ်လား . . . ဟား ဟား ဟား" ဟု သရော်လေတော့၏။

ထိုအချိန်တွင် ရက်ပုချွန်တို့ လင်မယားနှင့် ဝါဆန်းဂိုဏ်းသားများ အားလုံးလိုလိုပင် တံခါးမကြီးရှေ့သို့

ရောက်ရှိလာကြပေပြီ။ သူတို့ထွက်လာသည်မှာ အကြောင်းရှိ၏။ လင့်ဟူချုံးက ရဲဝံ့စွာ အခြေအတင် ပြောထားသဖြင့် သူတို့အားလုံး အံ့သြနေကြ၏။ အပြင်ဖက်တွင် ဖြေရှင်းကြလျှင် မည်သည့်နည်းဖြင့် ဖြေရှင်းကြမည်ကို အလွန်သိချင်နေမိကြ၏။ ထို့ကြောင့် တံခါးမကြီးရှေ့သို့ တစ်စုတစ်ပြုံတည်း ထွက်လာကြခြင်း ဖြစ်တော့၏။

ချုံးကျန်း၏ သရော်သံ အဆုံးတွင် လင့်ဟူချုံးက ရယ်မောပြီး ပြန်ဖြေလိုက်၏။

"မင်းတို့က ထင်လို့ပါလေ။ လင့်ဟူချုံးဆိုတဲ့ကောင်ရဲ့ ကိုယ်ထဲမှာ ကြောက်သွေးတစ်စက်မှ မပါဘူးကွ။ ငါ့မှာ လက်နက်မရှိတော့ မင်းတို့ကို ဘယ့်နှယ့်လုပ် တိုက်ခိုက်နိုင်မှာလဲ။ ဒါကို မင်းတို့က အသားယူမနေစမ်းပါနဲ့"

ထိုစကားကို ကြားသောအခါ လင့်ဟူချုံးအား လှမ်းပေးရန် လိန်လိန်က သူမ၏ဓါးကို ထုတ်ယူလိုက်၏။ သို့သော် ရက်ပုချွန်က သူမ၏ လက်ကို ဖိထားလိုက်ပြီး ခေါင်းကို ခါယမ်းပြနေသည်ကို တွေ့လိုက်ရသဖြင့် လိန်လိန့်မှာ ဓါးကို မထုတ်နိုင်တော့ပဲ ဖြစ်သွားတော့၏။

ထိုအခိုက် ဟန်ဆန်းဂိုဏ်းသားအချို့၏ အလန့်တကြား အော်ဟစ်လိုက်သံကို ရုတ်တရက် ကြားလိုက်ရတော့၏။ လင့်ဟူချုံးမှာလည်း သူ့အနောက်ဖက်မှ တစ်စုံတစ်ခု၏ လေတိုးသံကို ကြားလိုက်ရသည်။ အနောက်ဖက်မှ တစ်စုံတစ်ယောက်က သူ့အား အလစ်ချောင်းမြောင်း တိုက်ခိုက်လိုက်မှန်း ကောင်းစွာသိလိုက်၏။ ထို့ကြောင့် အနောက်ဖက်သို့ လုံးဝလှည့်မကြည့်ပဲ ရှေ့သို့သာ ခုန်ထွက်လိုက်တော့သည်။

လင့်ဟူချုံး ကံကောင်းသွားသည်။ အဘယ်ကြောင့်ဆိုသော် သူ၏အတွင်းအားများ ကောင်းစွာ ပြည့်ဝနေသဖြင့် ရှေ့သို့ လျင်မြန်သွက်လက်စွာ ခုန်ထွက်နိုင်ခဲ့သည်။ ထို့ကြောင့် ကြောက်မက်ဖွယ်ရာ ကောင်းလှသော လျှပ်တစ်ပြက် ဓါးချက်ကို သီသီကလေး ရှောင်ထွက်နိုင်ခဲ့ခြင်း ဖြစ်လေတော့၏။ အကယ်၍သာ အနည်းငယ် အခုန်နောက်ကျသွားလျှင် ခန္ဓာကိုယ် ၂ ပိုင်းဖြစ်သွားပေလိမ့်မည်။ ထိုအခိုက် ထပ်မံ၍ အော်သံတစ်ချက် ကြားလိုက်ရပြီး ဓါးရောင်လက်ကနဲ ဖြစ်သွားပြန်၏။

သည်တစ်ကြိမ်တွင်တော့ ဟန်ဆန်းဂိုဏ်းသားများကလည်း ရုတ်ခြည်း လှုပ်ရှားလိုက်ကြ၏။ ၇ ယောက်လျှင် တစ်ဖွဲ့ကျဖြင့် အဖွဲ့ ၃ ဖွဲ့ လှုပ်ရှားလိုက်ကြခြင်း ဖြစ်သည်။ အဖွဲ့တစ်ဖွဲ့လျှင် ကောင်းဆန်းဂိုဏ်းသား တစ်ယောက်ကျစီ ဝိုင်းဝန်းချိန်ရွယ်ထားကြ၏။ သူတို့၏ ဓါးများက ထိုးခုတ်တိုက်ခိုက်ရန် အသင့်ဖြစ်နေလေပြီ။

ချုံးကျန်း၊ ကောင်းခေါ့နှင့် ထင်ပါးတို့ ၃ ယောက်မှာ လျှပ်တစ်ပြက်အတွင်း အဝိုင်းခံလိုက်ရ၏။ ဟန်ဆန်းဂိုဏ်းသား ၇ ယောက်အဖွဲ့များ၏ ဓါးဆွဲထုတ်ပုံ၊ နေရာယူပုံတို့မှာ အလွန်တရာ ညီညာလျင်မြန်လှပြီး အားလုံးပင် တိတိရိရိ အကွက်စေ့လှ၏။ ဤဓါးကွက်များကို လပေါင်းများစွာ၊ အကြိမ်ပေါင်းများစွာ လေ့ကျင့်ထားခဲ့ကြသည်မှာ ထင်ရှားလှပေသည်။ သူတို့ ကိုင်ဆောင်ထားသော ဓါး ၇ ချောင်းတို့သည် အချောင်းတိုင်း အချောင်းတိုင်း ရန်သူ၏ အရေးကြီးသော ခန္ဓာကိုယ် အစိတ်အပိုင်းတို့ကို ချိန်ရွယ်ထားကြခြင်း ဖြစ်သည်။

ရန်သူ၏ အရေးကြီးသော နေရာ ၇ နေရာကို ချိန်ရွယ်ပြီးသည်နှင့် ကျောက်ရုပ်များနှယ် သူတို့၏ လှုပ်ရှားမှုများသည် လုံးဝ ရပ်ဆိုင်းသွားတော့၏။ အကယ်၍ ချုံးကျန်းတို့ထဲမှ တစ်ယောက်ယောက်ကသာ စတင်လှုပ်ရှားလိုက်သည်နှင့် ဟန်ဆန်းဂိုဏ်းသား ၇ ယောက်တို့၏ ဓါးများက သူတို့ဦးတည်ချိန်ရွယ်ထားသည့် ပစ်မှတ်များဆီသို့ ထိုးစိုက်သွားပေလိမ့်မည်။ ထိုဓါးချက်များကို မည်သို့မျှ ကာကွယ်နိုင်မည် မဟုတ်ချေ။

စောစောက လင့်ဟူချုံးကို အနောက်ဖက်မှ ချောင်းမြောင်းတိုက်ခိုက်လိုက်သူမှာ ချုံးကျန်းပင် ဖြစ်တော့၏။ သူသည် ကောင်းဆန်းဂိုဏ်းက ဝါစဉ်ကြီး ဂိုဏ်းသားတစ်ဦးဖြစ်၍ သိုင်းပညာလည်း မြင့်မားသည်။ သို့သော် ဟန်ဆန်းဂိုဏ်း၏ စနစ်တကျ လေ့ကျင့်ထားသော ၇ ယောက် အစုအအုပ် သိုင်းကွက်နှင့် တွေ့ရသောအခါ မည်သို့မျှ မတတ်နိုင်တော့ချေ။ မလှုပ်ရှားရဲပဲ ဖြစ်သွားလေတော့၏။

ထိုအဖြစ်အပျက်များကို တွေ့ရသော ရက်ပုချွန်တို့မှာ အလွန်တရာ အံ့သြနေကြတော့၏။ မဟာမိတ်အဖွဲ့သားချင်း ဖြစ်လျက် အဘယ်ကြောင့် ဤသို့ ခိုက်ရန်ဖြစ်ပွား နေကြသနည်း။ သူတို့အနေဖြင့် သက်တန့်တောင်ခြေရှိ ရွာကလေးတွင် ဖြစ်ပွားခဲ့သည့် အဖြစ်အပျက်များကို လုံးဝမသိရှိသဖြင့် ဤသို့အံ့သြနေခြင်း ဖြစ်၏။ လင့်ဟူချုံးကမူ ဟန်ဆန်းဂိုဏ်း၏ ၇ ယောက်အဖွဲ့ဓါးကွက်များ ဤမျှ ထိမိ ကောင်းမွန်လှသည်ကို တွေ့ရသောအခါ အလွန်သဘောကျပြီး အော်ဟစ်ချီးကျူး လိုက်မိတော့၏။

"ဒါမှ ဟန်ဆန်းဂိုဏ်းကွ။ တယ်ကောင်းတဲ့ ဓါးကွက်ပဲ"

ချုံးကျန်းမှာ အသက်လည်းကြီး၊ ပညာရည်လည်းဝ၊ အတွေ့အကြုံလည်း များလှသဖြင့် အခြေအနေ မဟန်ကြောင်း ချက်ချင်းသိလိုက်သည်။ ထိုအချက်များထဲတွင် ကလိမ်ကကျစ် လုပ်တတ်သည့် ဉာဏ်ကလေးပါ ပေါင်းစပ်နေရကား

တဟားဟား ရယ်မောရင်း ဟန်ဆန်းဂိုဏ်းသားများကို လှမ်းပြောလိုက်၏။

"အားလုံး ကိုယ့်အချင်းချင်းတွေပဲ။ ဘာဖြစ်လို့ ရန်ဖြစ်နေကြမှာလဲ။ ကျုပ်ပဲ အရှုံးပေးပါတယ်ဗျာ"

ပြောပြောဆိုဆိုနှင့် ချုံးကျန်းက သူ၏ဓါးကို မြေကြီးပေါ်သို့ ထန်းကနဲနေအောင် ပစ်ချပြလိုက်၏။ သူ၌ လက်နက်မဲ့သွားပြီ ဖြစ်ကြောင်း လက်ဝါး ၂ ဖက်ကိုပင် ဖြန့်ပြလိုက်ပေသေး၏။ ချုံးကျန်းကို ဝိုင်းထားသည့်အဖွဲ့မှာ ရိဟိုတို့အဖွဲ့ဖြစ်၏။ ရိဟိုက ခေါင်းဆောင်ဖြစ်သည်။ ချုံးကျန်းက ဓါးကို မြေကြီးပေါ်ပစ်ချကာ အရှုံးပေးလိုက်သည်ကို တွေ့လိုက်ရသဖြင့် သူမ၏ဓါးကို ရိဟိုက ဓါးအိမ်အတွင် ပြန်သွင်းလိုက်၏။

ထိုအခိုက် ချုံးကျန်းက မြေကြီးပေါ်မှဓါးကို ခြေဖြင့်မတင်လိုက်ပြီး ဖမ်းဆုပ်ကာ ရိဟိုကို တစ်ဆက်တည်း ထိုးလိုက်တော့၏။ ရိဟိုမှာ အားကနဲ တစ်ချက်အော်ကာ လက်မောင်းတွင် ဓါးတစ်ချက် အထိုးခံလိုက်ရတော့သည်။ သူမ၏ဓါးကို ဆွဲထုတ်လိုက်သော်လည်း ဆုပ်ကိုင်ခြင်း မပြုနိုင်တော့ပဲ လွှတ်ချလိုက်ရတော့၏။ ချုံးကျန်းကမူ တဟားဟား အော်ဟစ်ရယ်မောလိုက်ပြီး အခြားဟန်ဆန်းဂိုဏ်းသားများကိုပါ တိုက်ခိုက်လိုက်တော့ရာ နောက်ထပ် ဟန်ဆန်းဂိုဏ်းသား ၃ ယောက် ဒါဏ်ရာရသွားတော့၏။

ဤကဲ့သို့ အခြေအနေ ရှုန်းရင်းဆန်ခတ် ရှုပ်ထွေးသွားသည်နှင့် ကောင်းခေါ့နှင့် ထင်ပါးတို့ ၂ ယောက်ကလည်း ကျန်အဖွဲ့များအား ထိုးခုတ်တိုက်ခိုက်တော့၏။ ဟန်ဆန်းဂိုဏ်းသားများ၏ သတိလစ်ငေးကြောင်သွားမှုကြောင့် သူတို့၏ ၇ ယောက်အဖွဲ့ အုပ်စုလိုက် တိုက်ခိုက်ခြင်း ဓါးကွက်မထုတ်နိုင်ပဲ ဖြစ်သွားရ၏။ ဤတွင် တစ်ဖက်ရန်သူ၏ ထိုးခုတ်တိုက်ခိုက်ခြင်းကို ပရမ်းပတာ ခုခံကာကွယ်နေကြရတော့သည်။

လင့်ဟူချုံးကမူ ရိဟိုလက်မှ လွတ်သွားသော ဓါးကို ကောက်ယူရန် ကိုယ်ကို မြေကြီးပေါ် လှိမ့်ချလိုက်၏။ သူပြန်လည် ခုန်ထလာသည်တွင် အဆက်မပြတ် ဓါးချက် ၃ ချက် ထိုးလိုက်တော့သည်။ ထိုအခါ ကောင်းခေါ့နှင့် ထင်ပါးတို့၏ လက်မှ ဓါးများမှာ လွတ်ကျသွားရတော့သည်။ ချုံးကျန်း၏ လက်ထဲမှ ဓါးမှာ လွတ်မကျသေးသော်လည်း သူ၏ ညာလက်ကို မြှောက်ရန် အားမရှိတော့ချေ။ ဓါးလွတ်မကျရုံသာ ထိန်းကိုင်ထားနိုင်တော့သည်။ ဤတွင် ဟန်ဆန်းဂိုဏ်းမှ မိန်းကလေး ၂ ယောက်က ပြိုင်တူအော်ဟစ် လိုက်ကြတော့၏။

"ဟာ . . . စစ်ဗိုလ်ကြီး . . . စစ်ဗိုလ်ကြီး"

နောက်တစ်ယောက်ကလည်း "အစ်ကိုကြီး လင့်ဟူချုံး"

စစ်ဗိုလ်ကြီးဟု အော်လိုက်သော မိန်းကလေးမှာ ကျက်ပန်းဖြစ်၏။ ကျက်ပန်းက အော်လိုက်ခြင်းမှာ အကြောင်းရှိသည်။ စောစောက ချုံးကျန်းတို့ ၃ ယောက်ကို လင့်ဟူချုံးက တိုက်ခိုက်လိုက်သော သိုင်းကွက်မှာ ဟိုနေ့တုန်းက ကောင်းဆန်းဂိုဏ်းသားများနှင့် တွေ့ဆုံစဉ် စစ်ဗိုလ်ကြီး ထုတ်လိုက်သော သိုင်းကွက်ပင် ဖြစ်သည်။ ထိုဓါးကွက်ကို ကျက်ပန်းကိုယ်တိုင် တွေ့မြင်ခဲ့ရသည်။ ယခုထိုဓါးကွက်ကို ထပ်မံတွေ့မြင်လိုက်ရသည်တွင် လင့်ဟူချုံး၏ နဂိုဟန်ပန်ကို မြင်မိကြတော့၏။ စစ်ဗိုလ်အဝတ်အစားမှ အရပ်သား အဝတ်အစားသို့ ပြောင်းလဲသွားသည်ကို သတိထားလိုက်မိကြ တော့၏။ ထို့ကြောင့် 'စစ်ဗိုလ်ကြီး' ဟု အော်လိုက်ခြင်း ဖြစ်တော့သည်။

"အစ်ကိုကြီး လင့်ဟူချုံး" ဟု အော်လိုက်သောသူမှာ ရီလင်ဖြစ်၏။ စောစောက လင့်ဟူချုံး၏ မျက်နှာကို အသေအချာ မတွေ့ရသဖြင့် လင့်ဟူချုံးမှန်း မသိခဲ့ချေ။ အခြားလူတစ်ယောက်ဟုသာ ထင်နေခဲ့သည်။ ယခုမှ အသေအချာ တွေ့လိုက်ရသဖြင့် အစ်ကိုကြီး လင့်ဟူချုံးဟု အော်လိုက်မိခြင်း ဖြစ်သည်။ လင့်ဟူချုံးကို မတွေ့ရသည်မှာ ကြာမြင့်လှပြီ။ ယခုမမျှော်လင့်ပဲ တွေ့လိုက်ရသောအခါ တစ်ကိုယ်လုံး တုန်ယင်သွားပြီး မူးမေ့လဲကျမတတ် ဖြစ်သွားရတော့၏။

ဟန်ဆောင်၍ မရတော့မှန်း သိသွားသဖြင့် လင့်ဟူချုံးက တဟားဟား အော်ရယ်လိုက်သည်။ ပြီးမှ

"ခွေးမသားတွေ . . . မင်းတို့ ၃ ကောင်ကို ဟန်ဆန်းဂိုဏ်းက ဆရာမကြီးတွေက သနားလို့ ညာလိုက်တာကို လုံးဝ အမှတ်သည်းခြေ မရှိကြဘူး။ ဟန်ဆန်းဂိုဏ်းကို ကလိန်ကကျစ်နည်းနဲ့ ထပ်ပြီး ဒုက္ခပေးချင်ကြသေးတယ်။ တော်တော် ကျေးဇူးကန်းတဲ့ ကောင်တွေ။ ငါက ဒီလိုကျေးဇူးကန်းတဲ့ အလုပ်မျိုးဆိုရင် လုံးဝကြည့်မရတဲ့ စစ်ဗိုလ်ကွ။ ခွေးကောင်တွေ . . . ငါ့ကို ဘာမှတ်သလဲ . . . ငါ . . . ငါ . . ."

လင့်ဟူချုံးမှာ စကားကို ဆုံးအောင် မပြောနိုင်တော့ပဲ လဲကျသွားတော့၏။ ရီလင်က ကမန်းကတန်း ပြေးလာကာ ပွေ့ထူလိုက်ပြီး "အစ်ကိုကြီး . . . အစ်ကိုကြီး" ဟုခေါ်ကာ စိုးရိမ်တကြီး လှုပ်ကြည့်နေတော့သည်။ ချက်ချင်းလိုလိုပင် သူမက သတိရပြီး ဒါဏ်ရာကို ရှာဖွေလိုက်သည်။ ပခုံးတွင် ကြီးမားသော ဓါးဒါဏ်ရာများအပြင် လက်မောင်းတွင်လည်း ဒါဏ်ရာများ ရထားကြောင်း တွေ့လိုက်ရသဖြင့် ကမန်းကတန်း သူတို့ဂိုဏ်း၏ ဒါဏ်ရာလိမ်းဆေးကို ထုတ်ကာ လိမ်းပေး လိုက်ရသည်။ ဆေးလုံးတစ်လုံးကိုလည်း ပါးစပ်ထဲသို့ ထည့်ပေးလိုက်သည်။

ကျက်ပန်းနှင့် ရိချင်းတို့ကမူ လင့်ဟူချုံး၏ ဒါဏ်ရာများကို ပတ်တီးစည်းပေးလိုက်ကြ၏။ အခြားလူများကလည်း ဘေးမှ စိုးရိမ်တကြီး မျက်နှာများဖြင့် စောင့်ကြည့်နေကြတော့သည်။ ဟန်ဆန်းဂိုဏ်းသား အားလုံးက ယခုမှပင် လင့်ဟူချုံးကို စစ်ဗိုလ်ကြီးမှန်း သိသွားကြသည်။ လင့်ဟူချုံး၏ ကျေးဇူးသည် သူတို့အားလုံးအပေါ်၌ အလွန်ကြီးလှသည်။ လင့်ဟူချုံးကြောင့်သာ သူတို့အားလုံး အသက်ချမ်းသာရာ ရခဲ့ကြသည်။ ထိုစဉ်က လင့်ဟူချုံးကသာ ဝင်မကယ်ခဲ့ပါက သက်တန့်တောင်ကုန်းထိပ်၌ အားလုံးသေဆုံးခဲ့ကြပြီး ဖြစ်ပေလိမ့်မည်။

ယခုတော့ သူတို့၏ ကျေးဇူးရှင်ကြီး ဒါဏ်ရာရပြီး မေ့လဲသွားသည်ကို တွေ့ရသောအခါ အားလုံးလိုလို ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားကြတော့သည်။ ဆေးထည့်သူထည့်၊ သွေးသုတ်သူသုတ်၊ ပတ်တီးစည်းပေးသူက စည်းပေးနှင့် ပျာယာခတ်ပြီး လင့်ဟူချုံးကို ပြုစုကုသကြတော့၏။ ဝါဆန်းဂိုဏ်းသားများသည် ထိုအခြင်းအရာကို တွေ့မြင်ရသောအခါ ပါးစပ်အဟောင်းသားနှင့် အလွန်တရာ အံ့ဩနေကြတော့သည်။ ရက်ပုချွန်၏ စိတ်ထဲတွင်

“အင်း . . . ဟန်ဆန်းဂိုဏ်းရဲ့ စည်းကမ်းဟာ အစက သိပ်ကောင်းတာပဲ။ အခုတော့ ဘယ့်နှယ် ဖြစ်နေတာလဲ။ ဒီမိန်းကလေးတွေက လင့်ဟူချုံးလို ကလေကချေ တစ်ကောင်ကို ဘာဖြစ်လို့ ဒီလောက်တောင် အရှုးအမူး ဖြစ်နေကြရတာလဲ။ . . . ဟင်း . . . အခုများ ဖြစ်နေလိုက်တာ . . . အစ်ကိုကြီး ခေါ်တဲ့လူကခေါ်၊ စစ်ဗိုလ်ကြီး ခေါ်တဲ့လူကခေါ်နဲ့ ဘာတွေဖြစ်နေမှန်းကို မသိဘူး။ ဒီကောင်က ဘယ်တုန်းက စစ်ထဲ ဝင်ဖူးလို့လဲ။ ဒီလို ကလေကချေက စစ်ဗိုလ် မပြောနဲ့ စစ်သားတောင် လုပ်လို့ရမှာ မဟုတ်ဘူး။ ပေါက်ကရတွေ ဖြစ်နေပါကလား”

ချုံးကျန်းတို့ကမူ လင့်ဟူချုံးကို လုံးဝမမှတ်မိသေးပဲ ရှိနေ၏။ ချုံးကျန်းက သူ၏ဂိုဏ်းတူညီး ၂ ယောက်ကို လက်ဟန်ခြေဟန်ဖြင့် အချက်ပြလိုက်သည်။ လင့်ဟူချုံးကို သတ်ဖြတ်ရှင်းလင်းပစ်လိုက် ဟူသော သဘောပင်ဖြစ်၏။ ရိဟိုက မျက်စိလျင်လှသူ ဖြစ်သဖြင့် ချုံးကျန်း၏ အချက်ပြလိုက်ခြင်းကို ကောင်းစွာ တွေ့မြင်လိုက်ရ၏။ ထို့ကြောင့် စူးရှစွာ လေတစ်ချက် ချွန်လိုက်သည်။

လေချွန်သံ ကြားလိုက်ရသည်နှင့် ချက်ချင်းပင် မိန်းကလေး ၁၄ ယောက်က ဝုန်းကနဲ ထရပ်လိုက်ကာ ချုံးကျန်းတို့ ၃ ယောက်ကို တားဆီးလိုက်ကြတော့၏။ သူတို့၏ ဓါးများမှာ လက်ထဲ၌ အဆင်သင့်ပင်။ ထိုမိန်းကလေး ၁၄ ယောက်တို့၏ တစ်ဦးချင်း ဓါးသိုင်းမှာ ကောင်းလှသည်မဟုတ်ပေ။ သို့သော် ယခုကဲ့သို့ အင်းကွက်ပုံစံဖြင့် အကွက်ချ တိုက်ခိုက်သည့်နည်းကိုမူ အထူးလက်တွဲ လေ့ကျင့်ထားကြသည်။ ထို့ကြောင့် ချုံးကျန်းတို့ ၃ ယောက်ကို လုံးဝ ဂရုမစိုက်ချေ။ ဤ ၃ ယောက်မကဘဲ ချုံးကျန်းထက် ထက်မြက်သော ထိပ်သီးသိုင်းသမားကြီး ၅ ယောက်လောက်ကိုမျှပင် ဂရုစိုက်မည် မဟုတ်ပေ။ ကောင်းကောင်းကြီး ခုခံတိုက်ခိုက်နိုင်၏။

ချုံးကျန်းတို့ကမူ မိန်းကလေးများ၏ စွမ်းရည်ကို သိပ်မသိသေးသဖြင့် ထွင်းဖောက်တိုက်ခိုက်ရန် ကြိုးစားတော့၏။ သို့သော် မည်သို့မျှ ထွင်းဖောက်ခြင်း မပြုနိုင်ချေ။ ကောင်းခေါ့မှာ အလောတကြီး ဝင်ရောက်တိုက်ခိုက် လိုက်သည်တွင် ဟန်ဆန်းဂိုဏ်းသား တစ်ဦးတစ်ယောက်မျှကိုပင် ထိခိုက်အောင် မစွမ်းဆောင်နိုင်သည့်အပြင် သူ့ခြေထောက်တွင်ပင် ဒါဏ်ရာကြီးတစ်ချက် ရသွားလေတော့၏။

ထိုအချိန်တွင် လင့်ဟူချုံး ပြန်သတိရလာတော့၏။ သူ့မျက်လုံး ဖွင့်လိုက်သည်တွင် ရီလင်၏ စိုးရိမ်ပူပန်စွာ ကြည့်နေသော မျက်လုံးကလေးများကို တွေ့လိုက်ရတော့၏။ လင့်ဟူချုံးမှာ သူ့အပေါ် သံယောဇဉ်ကြီးလှသော မယ်သီလရင်လေးအတွက် စိတ်ထိခိုက်သွားမိတော့၏။ ရီလင်မှာ စိတ်ရင်းစေတနာရင်း ကောင်းလှသူကလေးပါပေ။ ရီလင်သိပ်စိတ်မပူပေရန် လင့်ဟူချုံးက ပြုံးပြလိုက်ပြီး အသာအယာ ထလိုက်ကာ

“ညီမလေး . . . စိတ်မပူပါနဲ့ . . . ငါဘယ်လောက် အသက်ပြင်းတယ်ဆိုတာ ညီမလေး အသိပဲ မဟုတ်လား။ ငါ့ကို ပြုစုပေးတဲ့အတွက် အများကြီး ကျေးဇူးတင်ပါတယ်။ ကဲ . . . အခုအတိုင်း ကြည့်နေလို့တော့ မဖြစ်သေးဘူး။ . . . မင်းလက်ထဲကဓါး ငါ့ကိုပေးစမ်း။ ဟိုခွေးကောင်တွေကို ရှင်းရဦးမယ်”

ပြောပြောဆိုဆိုဖြင့် ရီလင်၏ ဓါးကို လှမ်းယူလိုက်ပြီး လင့်ဟူချုံးက ထရပ်လိုက်သည်။ မိန်းကလေး ၁၄ ယောက်နှင့် ချုံးကျန်းတို့၏ တိုက်ပွဲကို တစ်ချက်မျှ အကဲခတ်လိုက်ပြီး တိုက်ပွဲတွင်းသို့ ဖျတ်ကနဲ ဝင်သွားတော့၏။ တိုက်ပွဲကြားထဲ ရောက်သွားသည်နှင့် ကောင်းခေါ့ကို ဓါးဖြင့် တစ်ချက် ထိုးလိုက်သည်။ ကောင်းခေါ့မှာ လင့်ဟူချုံးကို မည်သို့မျှ တန်ပြန်မခုခံနိုင်ပဲ လက်ထဲမှဓါး လွတ်ကျသွားတော့သည်။

လင့်ဟူချုံး၏ ဒုတိယဓါးချက်မှာ ထင်ပါးနှင့် ဓါးချင်းရိုက်ခတ်မိ၏။ ထိုအခါ မိမိ၏ အတွင်းအားများမှာ ဓါးမှတစ်ဆင့် လင့်ဟူချုံးထံ စီးဝင်နေသည်ကို ထင်ပါးက ထိတ်လန့်တကြား ခံစားလိုက်ရတော့၏။ လင့်ဟူချုံးမှာမူ အလိုလိုနေရင်း စိတ်အားတက်လာသလို ခံစားလိုက်ရသည်။

အဖြစ်ကား ဤသို့တည်း။ လင့်ဟူချုံး လေ့ကျင့်ခဲ့သော အတွင်းအားစုပ် သိုင်းပညာသည် အချိန်ကြာမြင့်လာသည်နှင့်အမျှ တဖြည်းဖြည်း အဆင့်မြင့်လာနေပြီဖြစ်၏။ ၎င်းပညာတွင် ထိပ်တန်းအဆင့် ရောက်လာသူသည် ရန်သူနှင့်အသားချင်းထိကပ်မှ အတွင်းအားကို စုပ်ယူနိုင်သည် မဟုတ်တော့ပဲ ရန်သူ့အသားနှင့် ထိကပ်ခြင်း မရှိသည့်တိုင် လက်နက်မှတစ်ဆင့် ရန်သူ့အတွင်းအားကို စုပ်ယူနိုင်လာသည်။ လင့်ဟူချုံးမှာ သူ၏အဆင့် ဤမျှမြင့်မားလာသည်ကို သူကိုယ်တိုင် မသိပဲ ဖြစ်နေသည်။ သူက အလိုလို စိတ်အားတက်လာခြင်း ဖြစ်သည်ဟုသာ မှတ်ထင်နေမိသည်။

ချုံးကျန်းကလည်း ဤအကြောင်းကို လုံးဝမသိချေ။ ထို့ကြောင့် ယောင်ကန်းကန်း ဖြစ်နေသည့် ထင်ပါးကို ဝင်ကူသည့်အနေဖြင့် လင့်ဟူချုံးကို ဝင်ရောက်တိုက်ခိုက်တော့သည်။ ထင်ပါးမှာမူ သူ့လက်မှဓါး လွတ်ကျသွားသဖြင့် နောက်သို့ လျင်မြန်စွာ ခုန်ဆုတ်လိုက်ရတော့၏။ ဤတွင် ချုံးကျန်း၏ အတွင်းအား အပြည့်ပါသော ဓါးနှင့် လင့်ဟူချုံး၏ ဓါးတို့ ရိုက်ခတ်မိကြသည်။ ဓါးချင်း ရိုက်ခတ်မိသည်နှင့် ချုံးကျန်း ခန္ဓာကိုယ်မှ အတွင်းအားများသည် လင့်ဟူချုံး၏ ကိုယ်ထဲသို့ တရဟော စီးဝင်လာကြတော့၏။ ဤတွင် ချုံးကျန်းက လင့်ဟူချုံး၏ဓါးကို တွန်းဖယ်ပစ်ရန် ကြိုးစားလိုက်သည်။ ထိုသို့ ကြိုးစားလိုက်သောအခါ သူ့အတွက် ပိုမိုဆိုးဝါးသွားတော့သည်။

လင့်ဟူချုံး၏ဓါးကို တွန်းဖယ်ပစ်ရန် အတွင်းအားကို ပိုထုတ်လိုက်သည်နှင့်အမျှ သူ့အတွင်းအားများက ထပ်မံစီးထွက်ပြန်လေရာ အကြီးအကျယ် ထိတ်လန့်တုန်လှုပ်သွားပြီး နောက်ဆုံးတွင် ဓါးကို ကမန်းကတန်း လွှတ်ချလျက် နောက်သို့ ခုန်ဆုတ်လိုက်ရတော့၏။ သို့ရာတွင် သူခုန်အထွက်တွင်သာ အင်အားရှိပြီး နောက်ပိုင်းတွင် အားပြတ်သွားသဖြင့် သူ၏တစ်ကိုယ်လုံး လေထဲမှ ပြန်အကျတွင် မထိန်းနိုင်တော့ပဲ ဝုန်းကနဲ ပြုတ်ကျသွားလေတော့၏။ မြေကြီးပေါ်၌ ပုံပျက်ပန်းပျက် လဲကျသွားသဖြင့် ချုံးကျန်းက အတင်းလူးလဲပြီး ပြန်ထလိုက်သည်။ သို့သော် အားပြတ်သွားသဖြင့် မထနိုင်ပဲ ဖြစ်နေတော့၏။

ချုံးကျန်းကို ကောင်းခေါ့နှင့် ထင်ပါးတို့ ၂ ယောက်က ပြေးပွေ့ထူလိုက်ကြသည်။ ကောင်းခေါ့က မေးလိုက်၏။

"အစ်ကိုကြီး ဘယ်လိုဖြစ်သွားတာလဲ"

ချုံးကျန်းက ထိတ်လန့်တကြားဖြင့် လင့်ဟူချုံးကို လက်ညှိုးထိုးကာ အော်လိုက်သည်။

"သူ . . . သူ . . . မကောင်းဆိုးဝါး ဂိုဏ်းချုပ်ကြီး လင်းရှင်ပဲ"

သို့သော် လင့်ဟူချုံး၏ မျက်နှာမှာ လူငယ်တစ်ယောက်သာ ဖြစ်နေသဖြင့် သူ့စကားကို ပြင်ပြောရပြန်တော့သည်။

"မင်း . . . မင်း . . . လင်းရှင်တော့မဟုတ်ဘူး။ လင်းရှင်ရဲ့ တပည့်ဖြစ်ရမယ်။ မင်းက အတွင်းအားစုပ်သိုင်းကို တတ်တယ် မဟုတ်လား"

ကောင်းခေါ့က ထိတ်လန့်တကြား အော်ဟစ်လိုက်သည်။ သူ့အော်သံကြောင့် ထင်ပါးပါ တုန်လှုပ်ခြောက်ခြားသွားတော့၏။

"သူ . . . သူ . . . အစ်ကိုကြီးရဲ့ အတွင်းအားကို စုပ်ယူသွားပြီ မဟုတ်လား"

ချုံးကျန်းက "ဟုတ် . . . ဟုတ်တယ်"

ပြောပြောဆိုဆိုနှင့် ထရပ်ကြည့်လိုက်သောအခါ ချုံးကျန်းက သူ့အတွင်းအားများ ပြန်လည်ပြည့်ဝနေသည်ကို သိလိုက်ရသည်။ သူက အလွန်ဝမ်းသာသွားပြီး ထရပ်လိုက်၏။ အမှန်စင်စစ် လင့်ဟူချုံးက ချုံးကျန်း၏ တစ်ကိုယ်လုံးမှ အတွင်းအား အကုန်လုံးကို စုပ်ယူလိုက်သည် မဟုတ်ချေ။ ချုံးကျန်း ထုတ်သုံးလိုက်သည့် အတွင်းအား အနည်းငယ်မျှကိုသာ စုပ်ယူလိုက်ခြင်း ဖြစ်၏။ ယင်းကြောင့် သူ့ကိုယ်ထဲ၌ အတွင်းအားများ ကျန်ရှိနေခြင်း ဖြစ်သည်။

ထင်ပါးက ကြောက်လန့်စိုးရိမ်စွာဖြင့် ချုံးကျန်းနားသို့ကပ်ကာ တိုးတိုး ပြောလိုက်သည်။

"အစ်ကိုကြီး . . . ကျွန်တော်တို့ ပြန်ကြစို့။ အခြေအနေက သိပ်မဟန်ဘူး။ နောက်တော့မှ ထပ်တွေ့ကြတာပေါ့"

ချုံးကျန်းက အားတင်း၍ ထရပ်ကာ လင့်ဟူချုံးကို လက်ညှိုးငေါက်ငေါက်ထိုး၍ ကြိမ်းမောင်းလိုက်တော့၏။

"ဟေ့ . . . မကောင်းဆိုးဝါး ဂိုဏ်းကကောင်။ မင်းဟာ အတွင်းအားစုပ်သိုင်းပညာ တတ်ထားတယ်ဆိုတော့ သိုင်းလောကတစ်ခုလုံးရဲ့ ရန်သူပဲကွ။ သိုင်းလောကသားတွေဟာ မင်းကို တွေ့ရာသင်္ချိုင်း ဓါးမဆိုင်းပဲ သတ်မှ သိုင်းလောကကြီး အေးချမ်းရာ အေးချမ်းကြောင်း ဖြစ်လိမ့်မယ်။ အခုတော့ ငါတို့ မင်းကို မနိုင်ဘူး"

ဤသို့ပြောပြီးသည်နှင့် လင့်ဟူချုံး၏ရှေ့မှ ချုံးကျန်းက ပြေးထွက်သွားတော့၏။ ကောင်းခေါ့နှင့် ထင်ပါးတို့ ၂ ယောက်ကလည်း သူ့နောက်မှ ထက်ကြပ်မကွာ ပြေးလိုက်သွားကြတော့သည်။ အခိုက်အတန့်လေးတော့ ဟန်ဆန်းဂိုဏ်းကို အနှောင့်အယှက် ပြုမည့်သူများ ကင်းရှင်းသွားလေပြီ။

သို့သော် ရက်ပုချွန်သည် တံခါးမကြီးပေါ်မှ ဆင်းသက်လာတော့သည်။ မြေကြီးပေါ်အထိ ဆင်းလာသည်တော့

မဟုတ်ချေ။ လေ့ကားထစ်ပေါ်၌ ခါးထောက်ရပ်ရင်း အေးစက်စွာဖြင့် ပြောလိုက်သည်။

"ဟေ့ကောင် လင့်ဟူချုံး . . . မင်းဟာ သိပ်တော်နေပါကလား။ ဒီကောင်းဆန်းဂိုဏ်းက ထိပ်သီးသိုင်းသမားတွေကို ဘာဖြစ်လို့ ဒီလောက်ရဲရဲဝံ့ဝံ့ ရင်ဆိုင်ရဲပါလိမ့်လို့ ငါကအံ့သြနေတာ။ လက်စသတ်တော့ မင်းက လင်းရှင်ရဲ့ အတွင်းအား စုပ်သိုင်းပညာကို တတ်ထားလို့ ဒီလို စိန်ခေါ်ရဲတာကိုး"

သည်ပညာကို လိုချင်လွန်းလှ၍ သင်ခဲ့သည် မဟုတ်ငြားသော်လည်း လင့်ဟူချုံး အနေဖြင့် ဤပညာကို မတတ်ဟု ငြင်းပယ်ရန် မဖြစ်နိုင်ချေ။ ထို့ကြောင့် ဆိတ်ဆိတ်နေ ဝန်ခံဆိုသော သဘောအတိုင်း ခေါင်းငုံ့၍ နေလိုက်ရတော့၏။

"လင့်ဟူချုံး . . . မင်းဟာ ငါတို့ အထက်လမ်း ဂိုဏ်းသားတွေရဲ့ ကမ္ဘာ့ရန်သူကြီးပဲ။ မင်းကို အထက်လမ်းဂိုဏ်းက ဘယ်သူမဆို သတ်ပိုင်ခွင့်ရှိတယ်။ အခုမင်းမှာ ဒါဏ်ရာတွေရနေလို့ မင်းနဲ့ငါ မတိုက်ခိုက်ချင်ဘူး။ ဒါပေမယ့် အခုကတည်းက မင်းကို ကြိုကြိုတင်တင် ပြတ်ပြတ်သားသား ပြောထားမယ်။ နောင် မင်းကိုငါ လုံးဝမတွေ့ပါစေနဲ့။ ငါနဲ့ ထပ်တွေ့လို့ကတော့ ငါက မင်းကို အသတ်ပဲ။ ငါက မင်းကို မသတ်နိုင်ရင် မင်းက ငါ့ကို သတ် . . . ဒါပဲ"

ရက်ပုချွန်သည် သူ၏ဂိုဏ်းသားများဖက်သို့ လှည့်၍ ပြောလိုက်သည်။

"ဟောဒီကောင်ဟာ မင်းတို့ရဲ့ ဝါဆန်းဂိုဏ်းသား ညီအစ်ကိုတော် တစ်ယောက် မဟုတ်ဘူးဆိုတာတော့ မင်းတို့အားလုံး သိနေပြီမဟုတ်လား။ အေး . . . အခုငါထပ်ပြောမယ်။ ဒီကောင်ဟာ မင်းတို့ရဲ့ ညီအစ်ကိုတော် မဟုတ်တဲ့ အပြင် သာမန်လူတစ်ယောက်လည်း မဟုတ်တော့ဘူး။ သူဟာ မင်းတို့ရဲ့ ရန်သူဖြစ်သွားပြီ။ ကမ္ဘာ့ရန်သူတော်ကြီး ဖြစ်သွားပြီ။ သူနဲ့ ဆက်သွယ်တဲ့ လူမှန်သမျှ ဝါဆန်းဂိုဏ်းက ထုတ်ပစ်မယ်။ အားလုံး ငါပြောတာ ရှင်းရဲ့လား"

"ဟုတ် . . . ဟုတ်ကဲ့ . . . ရှင်းပါတယ် ဆရာ"

ဝါဆန်းဂိုဏ်းသားအားလုံး တညီတညွတ်တည်း အဖြေပေးလိုက်ကြသည်။

× × × × × × ×

စာစဉ် (၉) ပြီးပါပြီ။

# သိုင်းလောကဏါဓိနိုခေါ်သံ့

## စာစဉ် (၁၀)

# သိုင်းလောက၏ စိန်ခေါ်သံ

## စာစဉ်(၁၀)

## မာတိကာ


| | | | |
|---|---|---|---|
| | ဝါဆန်းဂိုဏ်း၏ သစ္စာဖေါက်မှ အဆက် | hotrod | ၇၄၇ |
| အခန်း(၆၃) | ကယ်တင်ခြင်း | hotrod | ၇၅၅ |
| အခန်း(၆၄) | မေတ္တာနှင့်ကျေးဇူး | hotrod | ၇၆၅ |
| အခန်း(၆၅) | ရှောင်လင်သို့ချီတက်ခြင်း | hotrod | ၇၇၈ |
| အခန်း(၆၆) | ဟူတန်းတောင်ခြေ | hotrod | ၇၈၆ |
| အခန်း(၆၇) | ရှောင်လင်ဘုရားကျောင်းတွင်ပိတ်မိခြင်း | hotrod | ၇၉၉ |



**scanned by NEO@mmcp**

ပထမအဆင့် တည်းဖြတ်သူ **hotrod**

အချောသတ် တည်းဖြတ်သူ **sideeffect**

လင့်ဟူချုံးမှာ ဒါဏ်ရာဒါဏ်ချက်များကြောင့် အားနည်းချည့်နဲ့နေရာ ဤမျှ ရက်စက်ခက်ထန်လှသည့် သူ့ဆရာ၏စကားလုံးများကို ကြားလိုက်ရသောအခါ သူ့လက်ထဲမှ ဓါးကိုပင် မကိုင်နိုင်တော့ပဲ 'ထန်' ကနဲ လွတ်ကျသွားလေတော့၏။

သူ့ကိုယ်ခန္ဓာတစ်ခုလုံးလည်း လုံးဝတင်းမထားနိုင်တော့ပဲ ပျော့ခွေကျသွားတော့သည်။

ရိဟိုက ဘေးနားမှ ဖေးမတွဲထားသူဖြစ်ရာ ရက်ပုချွန်၏ စကားကြောင့် လင့်ဟူချုံး စိတ်ထိခိုက်သွားသည်ကို သိလိုက်၏။

ထို့ကြောင့်. . .

"ဆရာကြီး ... အခုလို အရမ်းမဆုံးဖြတ်သင့်ပါဘူး။ ဒီကိစ္စတွေကြားထဲမှာ တစ်ဦးနဲ့တစ်ဦး အထင်လွဲစရာတွေရှိနေပါတယ်။ အသေအချာ စုံစမ်းစစ်ဆေးပြီးတော့မှ အဆုံးအဖြတ်ပေးရင် ပိုပြီး တရားမျှတရာကျပါလိမ့်မယ်"

ရက်ပုချွန်က ဒေါသဖြင့် အော်လိုက်သည်။

"ဘာအထင်လွဲစရာရှိမလဲ။ ဒီကောင့်အကြောင်း မင်းတို့က ဘယ်လောက်သိလို့လဲ။ ငါ့ထက် ပိုသိနိုင်မလား"

ရိဟိုက ...

"ဆရာကြီးလောက် သိမသိတော့ မပြောတတ်ဘူး။ ဒါပေမယ့် ကျွန်မတို့ ဟန်ဆန်းဂိုဏ်း တစ်ဂိုဏ်းလုံး မကောင်းဆိုးဝါးဂိုဏ်းရဲ့ စော်ကားမှုကို ခံရတုန်းက အစ်ကိုကြီးလင့်ဟူချုံးက ကျွန်မတို့ဖက်ကဝင်ပြီး ကူညီခဲ့တာပဲ။ သူသာမကူရင် ကျွန်မတို့အသက် ဘယ်ရှိတော့မလဲ ... သူ့ကြောင့် ကျွန်မတို့ အသက်ချမ်းသာရာရခဲ့တာပါ"

ရက်ပုချွန်နှင့် ဝါဆန်းဂိုဏ်းသားများကို တစ်ချက် အကဲခတ်လိုက်ပြီး ရိဟိုက ...

"ဆရာကြီးပြောသလိုသာဆို .... အစ်ကိုကြီးက မကောင်းဆိုးဝါး ဂိုဏ်းသားတွေကို တိုက်ခိုက်ပါ့မလား။ တိုက်ပေးတာကလည်း ဟန်ပြလေးတိုက်ပေးတာ မဟုတ်ပါဘူး။ သေသူသေ၊ ဒါဏ်ရာရသူရတဲ့အထိ တိုက်ပေးခဲ့တာပါ"

ရက်ပုချွန်က ...

"မင်းတို့က ငယ်ပါသေးတယ်။ မကောင်းဆိုးဝါးဂိုဏ်းကလူတွေ ဘယ်လောက် ဥာဏ်နီဥာဏ်နက်များတယ် ဆိုတာ မင်းတို့မသိပါဘူး။ ငါတစ်ခုပြောမယ်။ ... မင်းတို့ ကောင်းကောင်း သတိထားကြပေတော့ ... သူ့လှည့်ကွက်ထဲ သွားမဝင်နဲ့။ ... ဒါနဲ့ အခုမင်းတို့ ဖုကျက်နယ်ကိုရောက်တဲ့အထိ ခေါင်းဆောင်လာတာ ဘယ်သူလဲ ... ဘယ်ဆရာမကြီး ခေါင်းဆောင်လာသလဲ"

ရက်ပုချွန်က ဟန်ဆန်း မယ်သီလရင်လေးများသည် လင့်ဟူချုံး၏ ပျားရည်ဆမ်းထားသည့် စကားများကြောင့် လှည့်ကွက်အတွင်း ဝင်မိနေပြီဟု ပြောဆိုလိုက်ခြင်းဖြစ်သည်။ ပြီးနောက် သေချာစွာ သတိပေးလိုသဖြင့် သူတို့၏ ဆရာမကြီးကို မေးမြန်းသည့်ပုံမျိုး ဖမ်းလိုက်ခြင်း ဖြစ်သည်။

ရိဟိုက ...

"ကျွန်မတို့ကို ဆရာမကြီးတင့်ကျင့်က ဦးဆောင်လာတာပါ။ ဆရာမကြီးကတော့ မကောင်းဆိုးဝါးဂိုဏ်းသားတွေရဲ့လက်ချက်နဲ့ ကွယ်လွန်သွားပါပြီ။"

မမျှော်လင့်သော စကားမို့ ရက်ပုချွန်နှင့် ဖူးလင်တို့မှာ 'ဟာ' ကနဲ ဖြစ်သွားကြတော့၏။

ထိုအချိန်တွင်ပင် မယ်သီလရင်တစ်ပါး အဝေးမှပြေးလာနေသည်ကို တွေ့လိုက်ကြရသည်။ အနားသို့ ရောက်

သောအခါ သူမက စာလိပ်လေးတစ်လိပ်ကို ရိဟိုအား လှမ်းပေးရင်း ...

"ဂိုဏ်းချုပ်ကြီးဆီက စာလာတယ်"

ဟန်ဆန်းဂိုဏ်းသားများ အားလုံး ရိဟိုအနားသို့ ဝိုင်းလာကြတော့သည်။ သတင်းထူးတစ်ခုကို သိရတော့မည် မဟုတ်ပါလား။ ရိဟိုက စာလိပ်လေးကို ဖတ်ကြည့်လိုက်ပြီးနောက် အလန့်တကြား အော်ဟစ်လိုက်သည်။

"ဟာ ... ဒုက္ခပါပဲ"

အားလုံး ထိတ်လန့်တကြားဖြင့် ဝိုင်းမေးကြတော့သည်။

"အထဲမှာ ဘာတွေရေးထားသလဲ။ ဖတ်ပြပါဦး"

ရိဟိုက အသံထွက်၍ ဖတ်ပြလိုက်သည်။

"အစ်မကြီး တင့်ကျင့် ... ကျွန်မနဲ့ ညီမလေး တင့်ရီတို့ နဂါးတောင်ကြားမှာ ပိတ်မိခံနေရပြီ ..."

ရိချင်းက စာလုံးများကို ကြည့်ရင်း ခြောက်ခြားစွာ အော်လိုက်ပြန်သည်။

"ဒါ ... ဒါ ... ရိုးရိုးမင် မဟုတ်ဘူး။ ဂိုဏ်းချုပ်ဆရာမကြီးရဲ့ သွေးနဲ့ ရေးလိုက်တဲ့ စာပဲ"

ရိကျင်းကလည်း ...

"ဒီလိုဆိုရင် ကျွန်မတို့ ဒီအတိုင်း နေလို့ မဖြစ်တော့ဘူး။ နဂါးတောင်ကြားကို အမြန်ဆုံး လိုက်ကြရမှာပဲ"

ရိချင်းက ...

"ရန်သူ ဘယ်သူလဲ ကျွန်မ မသိဘူး"

ရိဟိုက ...

"ရန်သူဘယ်သူပဲဖြစ်ဖြစ် အရေးမကြီးဘူး။ အရေးကြီးတာက ဂိုဏ်းချုပ်ဆရာမကြီးကို ကယ်နိုင်ဖို့ပဲ။ မကယ်နိုင်ဘူး ဆိုရင်လဲ ဆရာမကြီးတွေနဲ့အတူတူ အားလုံးအသေခံကြမယ်"

သူတို့အထဲ၌ ရိချင်းသည် စိတ်တည်ငြိမ်ပြီး အတွေးအခေါ်လည်း အကောင်းဆုံးဖြစ်သည်။ သူမက တွေးနေ လိုက်သည်။

"ဆရာမကြီးတို့ ၂ ယောက်ရဲ့ သိုင်းပညာနဲ့တောင် အပိတ်ခံရတယ်ဆိုတော့ ငါတို့လို မတောက်တခေါက် ပညာလေး နဲ့ ဘယ်လိုလုပ်ပြီး ကယ်နိုင်တော့မလဲ။ ငါတို့လိုက်သွားလဲ ဘာမှ အကျိုးထူးမှာမဟုတ်ဘူး"

ထိုသို့ တွေးလိုက်မိသည်နှင့် သူမက စာရွက်လေးကို လှမ်းယူလိုက်ကာ ရက်ပုချွန်ရှေ့သို့ လျှောက်သွားပြီး အရိုအသေ ပေးလိုက်၏။

"ဆရာကြီး ... ကျွန်မတို့ရဲ့ ဂိုဏ်းချုပ်ကြီးဆီက စာရောက်လာပါတယ်။ သူတို့အားလုံး နဂါးတောင်ကြားမှာ အပိတ်ခံနေရပါတယ်တဲ့။ ဆရာကြီးနဲ့ ကျွန်မတို့က ဂိုဏ်းကြီး ၅ ဂိုဏ်း မဟာမိတ်အဖွဲ့သားချင်းမို့လို့ ကျွန်မတို့ကို အကူအညီပေးပါလို့ တောင်းပန်ပါတယ်။ ကျွန်မတို့ချည်းပဲသွားရင် ဆရာမကြီးတွေကို ကယ်နိုင်ဖို့မသေချာပါဘူး။ ဆရာကြီးတို့ ဝါဆန်းဂိုဏ်းကသာ ကူညီရင် ကျွန်မတို့ရဲ့ ဆရာမကြီးတွေကို သေချာပေါက်ကယ်နိုင်မှာပါ"

ရက်ပုချွန်သည် မထုံတက်သေး အေးစက်စက်အမူအရာဖြင့် ရိချင်းလက်မှစာကို ယူ၍ဖတ်လိုက်၏။

အတန်ကြာ စဉ်းစားနေပြီးမှ ...

"မင်းတို့ရဲ့ ဆရာမကြီးနှစ်ယောက်က ဘယ့်နှယ် နဂါးတောင်ကြားထဲ ရောက်သွားရတာလဲ။ မင်းတို့ဂိုဏ်းသား တွေကတော့ဒီမှာ၊ သူတို့နှစ်ယောက်က ဟိုမှာ ဘာသွားလုပ်နေကြတာလဲ။ ... သူတို့ နှစ်ယောက်ရဲ့ သိုင်းပညာက တကယ်ကောင်းတာပဲ။ ဘာဖြစ်လို့ ပိတ်မိခံနေရတာလဲ။ ဒါလည်း စဉ်းစားစရာအချက်ပဲ။ တော်တော်လေးကို ထူးဆန်းနေတယ်။ ... ငါမေးစမ်း ပါရစေဦး။ ဒီစာကို မင်းရဲ့ ဆရာမရေးတာမှ ဟုတ်ရဲ့လား"

ရိချင်းက အောင့်အည်းသည်းခံ၍ ပြောသော လေသံဖြင့် ...

"ဒါက ဆရာမကြီးရဲ့ လက်ရေးအစစ်ပါ။ ကျွန်မတို့ ကောင်းကောင်းမှတ်မိပါတယ်။ တစ်ခုတော့ရှိတယ်။ မှင်ကတော့ ရိုးရိုးမှင်မဟုတ်ဘူး။ သူတို့ ဟိုမှာ အခက်အခဲကြီးကြုံနေရလို့ သွေးနဲ့ရေးလိုက်တာ ဖြစ်ပါလိမ့်မယ်"

ရက်ပုချွန်က ထပ်မေးလိုက်ပြန်သည်။

"ရန်သူတွေက ဘယ်သူတွေဖြစ်မလဲ"

"ရန်သူတွေကတော့ မကောင်းဆိုးဝါးဂိုဏ်းပဲ ဖြစ်မှာပါ။ ကျွန်မတို့အလာတုန်းကလဲ သူတို့ပဲဝိုင်းပြီး လုပ်ကြံ ကြတာပဲလေ။ ဒါကြောင့်မို့လို့ ဆရာမကြီးတင့်ကျင့်မယ်သီလရင်ကြီးတောင် အသက်ဆုံးရှုံးခဲ့ရတာ ... နောက်တချက်က ကျွန်မတို့နဲ့ ရန်ငြိုးဖွဲ့ထားတဲ့ဂိုဏ်း တစ်ဂိုဏ်းမှမရှိပါဘူး"

လင့်ဟူချုံးကို စွေစောင်းကြည့်လိုက်ပြီး ရက်ပုချွန်က ...

"မင်းတို့ အရမ်းမလုပ်ကြနဲ့ဦးနော်။ သေသေချာချာစဉ်းစားပြီးမှ ဘာလုပ်သင့်တယ်ဆိုတာ ဆုံးဖြတ်။ တော်တော်ကြာ ဒီစာဟာ မကောင်းဆိုးဝါးဂိုဏ်းကနေ လုပ်ကြံရေးပြီး မင်းတို့ကို ထောင်ချောက်ဆင်ဖမ်းတာ ဖြစ်ချင် ဖြစ်နေမယ်။ အဲဒီလို ထောင်ချောက်ထဲဝင်မိမှ အားလုံး ငါးပါးမှောက်ကုန်လိမ့်မယ်။ တောင်မင်းကို မြောက်မင်း မကယ်နိုင်ဆိုတာလို ဖြစ်ကုန်မယ်"

ရိဟိုမှာ စိတ်အလွန်ဆတ်သူ ဖြစ်၍ ...

"ထောင်ချောက်တွေဘာတွေ လျှောက်စဉ်းစားနေရင်တော့ ကျွန်မတို့ရဲ့ဆရာမကြီးတွေကို အသက်ရှင်လျက် ပြန်တွေ့ရတော့မှာ မဟုတ်ဘူး။ ဆရာမကြီးတွေ ဒုက္ခရောက်နေချိန်မှာ ဘာပဲဖြစ်ဖြစ် သွားကယ်ရမှာပဲ။ ... ညီမလေး ရိချင်း ... အဆင်သင့်ပြင်ပေတော့ ဆရာကြီးက အချိန်မပေးနိုင် မလိုက်နိုင်မှတော့ ငါတို့ဆက်တောင်းပန်နေလဲ အပိုပဲ။ အကျိုးမရှိဘူး"

ရိဟို၏ စကားကို ရိချင်းကလည်း ထောက်ခံလိုက်သည်။

"ဟုတ်တယ်။ ကျွန်မတို့ နည်းနည်းနောက်ကျသွားလို့ ဆရာမကြီးတို့သာ တစ်ခုခုဖြစ်သွားရင်တော့ တသက်လုံး ယူကျုံးမရဖြစ်ရတော့မယ်"

ရက်ပုချွန်၏ စကားအဓိပ္ပါယ်ကို ဟန်ဆန်းဂိုဏ်းသားများ ကောင်းစွာသဘောပေါက်ကြသည်။ ရက်ပုချွန်ပြော သောစကား၌ သိုင်းလောကသားချင်း ယိုင်းပင်းကူညီမည့်အရိပ်အယောင် လုံးဝမပါ။ အပျက်သဘောများကိုသာ စစ်စစ်ပေါက်ပေါက် မေးလျက်ရှိသည်။ အန္တရာယ်စက်ကွင်းမှ လွတ်ကင်းထွက်နိုင်မည့် ကာယအား၊ ဉာဏအားဖြင့် ပံ့ပိုးဆောင်ရွက်ပေးမည်ဟူ၍ တစ်လုံးတစ်ပါဒမျှမပါချေ။

ရက်ပုချွန်ကို ဟန်ဆန်းဂိုဏ်းသားများ အားလုံးလိုလိုပင် ဒေါသထွက်လာတော့သည်။

ရီလင်က ...

"အစ်ကိုကြီး လင့်ဟူချုံး ... ဟိုဖက်နားက စားသောက်ဆိုင်လေးတစ်ခုမှာ အနားယူလိုက်ပါနော်။ ကျွန်မတို့ အဲဒီဆိုင်လေးကို လိုက်ပို့ပေးပါ့မယ်။ ပြီးရင် ဆရာမကြီးတို့ကို သွားကယ်ရဦးမယ်။ ကယ်နိုင်မကယ်နိုင် ဆိုတာက တော့ ကံပဲပေါ့လေ။ ကံကောင်းရင်တော့ ကယ်နိုင်ပါလိမ့်မယ်။ ကံဆိုးရင်လည်း ဆရာမကြီးတို့နဲ့ အတူတူ အသေခံရမှာပေါ့။ တစ်ယောက်တည်းတော့ အသက်ရှင်ကျန်ပြီး မနေချင်တော့ပါဘူး။ ကဲ အစ်ကိုကြီး ... ကျွန်မတို့ အဆင် သင့်လို့ အခွင့်အခါပေးရင် အစ်ကိုကြီးကို လာကြည့်ပါဦးမယ်။ ... သွားတော့မယ်နော်"

သို့သော် လင့်ဟူချုံးက ...

"ဟားဟားဟား ... ဒီဒဏ်ရာလေးလောက်များ စာဖွဲ့နေသေးတယ်။ ဒီဒဏ်ရာတွေက ငါ့လိုစစ်ဗိုလ်ကြီးအဖို့ ပုရွက်ဆိတ်ကိုက်သလောက်ပဲရှိတာပါကွ။ .. ဘာလဲ .. အတင့်ရဲတဲ့ သူခိုးဓါးပြတွေ သောင်းကျန်းနေကြပြန်ပြီပေါ့ ဟုတ်လား။ ငါလို စစ်ဗိုလ်ကြီး တစ်ယောက်လုံး ဟိုစားသောက်ဆိုင်ထဲက အိပ်ခန်းလေးထဲကနေ ဒီသူခိုးဓါးပြတွေကို ဖမ်းမယ်။ မင်းတို့ရဲ့ ဆရာမကြီးတွေကို ကယ်တင်ပေးမယ်"

ရီလင်က ကမန်းကတန်း တားမြစ်လိုက်သည်။

"အို ... အစ်ကိုကြီးမှာ ဒဏ်ရာကြီးနဲ့ ... ဘယ်ဖြစ်မလဲ"

လင့်ဟူချုံးက တဟားဟား ရယ်လိုက်ရင်း ...

"ညီမလေးက သိပ်ပြီး အစိုးရိမ်ကြီးတာကိုး။ ငါလို စစ်ဗိုလ်ကြီးတွေဆိုတာ နည်းနည်းနောနော သတ္တိရှိကြ တာမဟုတ်ဘူး။ တိုက်ပွဲတွေမှာ လက်တွေ ခြေတွေ ပြတ်သွားတာတောင် အလျှော့မပေး အရှုံးမပေးပဲ နိုင်အောင် ဆက်တိုက်ကြသေးတာပဲ။ ဒီဒဏ်ရာလေးတွေလောက်တော့ ထည့်ပြောမနေနဲ့။ ... လာကြ မြန်မြန်၊ နောက်ကျနေရင် ဆရာမကြီးတွေကို မကယ်နိုင်ပဲဖြစ်နေမယ်"

ဟန်ဆန်းဂိုဏ်း၏ ဆရာမကြီးများပင် ပိတ်မိခံနေရလျှင် သာမညဂိုဏ်းသားများအနေဖြင့် ကယ်တင်ရန်မှာ မလွယ်ကူလှပေ။ ယခုကဲ့သို့ လင့်ဟူချုံးက လိုက်ပါကူညီမည်ဟု ကြားလိုက်ရသောအခါတွင်မူ သူတို့၏ဝမ်းမြောက် ဝမ်းသာဖြစ်မှုမှာ ဖော်ပြ၍မကုန်နိုင်အောင် ဖြစ်သွားကြတော့သည်။ သူတို့သည် လင့်ဟူချုံး၏ သိုင်းပညာစွမ်းရည်ကို သိမြင်ထားကြသည် မဟုတ်ပါလား။

ယခင်က သူတို့၏ဆရာမကြီးများကို ကယ်တင်လိုစိတ်ဖြင့် စိုးရိမ်ပူပန်လွန်း၍သာ သေသေကြေကြေ သွား ရောက်မည်ဟု ဆုံးဖြတ်လိုက်ကြခြင်း ဖြစ်သည်။ ယခုတော့ သူတို့အတွက် အမှန်တကယ် မျှော်လင့်ချက် ရောင်ခြည်

သန်လာပြီ ဖြစ်သည်။ သူတို့၏ ဆရာမကြီး နှစ်ယောက်ကို အသက်ရှင်လျက် ကောင်းစွာ ကယ်တင်နိုင်မည်ဟု ယုံကြည်ချက် ရှိလာကြပေပြီ။

သွေးကြွလာသော ရှိချင်းက ...

"ဟာ ... ဒီလိုဆိုရင်တော့ အကောင်းဆုံးပေါ့။ ကျွန်မတို့အားလုံးက စစ်ဗိုလ်ကြီးရဲ့ ကျေးဇူးကို ဘယ်တော့မှ မမေ့ပါဘူး။ ... ကဲ ... ကျွန်မတို့ အတူတူ သွားကြတာပေါ့"

လင့်ဟူချုံးကလည်း "အေး သွားမယ် ... အချိန်မရှိဘူး"

ခပ်ကြောင်ကြောင် ငေးကြည့်နေသော ရက်ပုချွန်ဖက်သို့ လှည့်ကာ အရိုအသေပေးလိုက်ပြီး ရှိချင်းက ...

"ကဲ ... ကျွန်မတို့ကို ခွင့်ပြုပါဦး"

ရှိဟိုကမူ ...

"ဒီလိုလူမျိုးဆီမှာ အခွင့်ပန်နေရသေးတယ်။ ဘာလုပ်မှာလဲ။ ကိုယ့်မဟာမိတ် အဖွဲ့အချင်းချင်းတောင် မကူညီချင်တဲ့ ဥစ္စာ။ ဘာ သစ္စာရှင်ခါးလဲ။ နာမည်နဲ့လူနဲ့ တခြားစီပဲ"

အသက်အကြီးဆုံး ဖြစ်သော ရှိဆိုးက မဖြစ်တန်သည်များ မဖြစ်ရန် အော်ဟစ်တားမြစ်လိုက်သည်။

"ညီမလေး .. ဘယ်သူတရားပျက်ပျက် ကိုယ်မပျက်ရဘူး။ စကားကို အရမ်းမပြောရဘူး"

ရှိဆိုးတားသော်ငြား ရှိဟို၏စကားက ပြောထွက်သွားပြီးလေပြီ။ ရက်ပုချွန်မှာ ထိုစကားကြောင့် အကြီးအကျယ် မျက်နှာပျက်သွား၏။ သို့သော် သူက မည်သည့်စကားမျှမပြောပဲ ခပ်စိမ်းစိမ်းသာ ကြည့်နေလိုက်သည်။

ထိုစဉ် လောင်တကက်က ရုတ်တရက် ခုန်ထွက်လာပြီး ရှိဟိုအား အော်လိုက်သည်။

"ခင်ဗျားက ဘာစကားပြောတာလဲ ... ကျုပ်တို့ရဲ့ဆရာကို သက်သက်မဲ့ စော်ကားတာပေါ့လေ။ ခင်ဗျားတို့ ကိုယ့်ဟာကိုယ်လည်း ပြန်ကြည့်ပါဦး။ ကူညီချင်စရာ တော်တော် ကောင်းနေသလားဆိုတာ ... ခင်ဗျားတို့ကိုယ်တိုင်က လင့်ဟူချုံးလို မကောင်းဆိုးဝါးဂိုဏ်းကလူနဲ့ ပေါင်းနေတယ်ဆိုတာလည်း သတိရကြပါဦး။ ကျုပ်တို့ ဘာကြောင့် မကူညီသလဲဆိုတာ ရှင်းပါတယ်။ ကျုပ်တို့ကို စကားနာထိုးစရာမလိုဘူး"

ရှိဟိုမှာ ဒေါသထွက်လှသဖြင့် အသားများပင် တဆတ်ဆတ် တုန်လာတော့သည်။ လင့်ဟူချုံးကို စော်စော်ကားကား ပြောလိုက်သဖြင့် လုံးဝမခံမရပ်နိုင် ဖြစ်မိသည်။ သူမက ဓါးရိုးကို ဆုပ်ကိုင်ရင်း ...

"ဘာပြောတယ် ... ရှင်တို့သာ ကိုယ့်ကိုကိုယ် ပြန်ကြည့်ကြ။ အစ်ကိုကြီး လင့်ဟူချုံးကို သွားပုပ်လေလွင့် မပြောပါနဲ့။ အစ်ကိုကြီးက သစ္စာလည်းရှိတယ်။ သတ္တိလည်းရှိတယ်။ ဒုက္ခရောက်နေတဲ့ လူတွေကိုလည်း အကူအညီ ပေးတတ်တယ်။ ဒီလိုလူမျိုးကမှ တကယ့်ယောကျာ်းကောင်း။ ရှင်တို့လို အရေးအကြောင်းပေါ်လာရင် ဟိုရှောင် သည်တိမ်း လုပ်နေတဲ့လူမျိုး မဟုတ်ဘူး။ အပြင်ပန်းက ခန့်ခန့်ညားညားစကားပြောပြီး အတွင်းဖက်ကတော့ မိတ်ဆွေရင်းသဘောမျိုး မထားတဲ့ ရှင်တို့လိုလူမျိုး မဟုတ်ဘူး။ ... ဟင်း ... သူခိုးက လူဟစ်လို့ .. သူက ရှင်တို့ လို သစ္စာမရှိတဲ့လူမျိုး မဟုတ်ဘူးရှင့်"

စကားများသည် ကြမ်းတမ်းပြင်းထန်လှ၏။ ရှိဟိုပြောသောစကားမျိုးကို အခြား မည်သည့်မယ်သီလရင်မျှ ပြောထွက်ကြလိမ့်မည် မဟုတ်ချေ။ ရှိဟိုမှာ အင်မတန်စိတ်ဆတ်ပြီး မဟုတ်မခံ ဆတ်ဆတ်ကြဲ ဖြစ်သောကြောင့်သာ ပြောထွက်ခြင်း ဖြစ်တော့သည်။

ရက်ပုချွန်၏ သိုင်းလောကဘွဲ့နာမည်မှာ သစ္စာရှင်ခါးဟူ၍ဖြစ်ရာ သစ္စာမရှိတဲ့လူ ဆိုသောစကားကို ဝါဆန်း ဂိုဏ်းသားများ မကြားချင်ဆုံးဖြစ်သည်။ ထိုစကားကိုမှ ရှိဟိုက ပယ်ပယ်နယ်နယ် ပြောလိုက်သောအခါ ဝါဆန်း ဂိုဏ်းသားများ ကြက်သီးတဖြန်းဖြန်း ထကုန်ကြ၏။

လောင်တကက်မှာကား သူ့ဆရာရက်ပုချွန်အား တိုက်ရိုက်ကြီး ထိခိုက်သည့်စကားများကို ကြားလိုက်ရသဖြင့် ဓါးကို ရွှမ်းကနဲ ဆွဲထုတ်လိုက်တော့၏။ ရှိဟို၏လည်မျိုကို ထိုးချိန်လိုက်သည်။

သို့သော် ချက်ချင်းဆိုသလိုပင် ဓါး ၇ ချောင်းက လောင်တကက်ထံသို့ ထိုးစိုက်လာတော့သည်။ မြန်လိုက်သည့် ဓါးချက်များပါပေ။ လောင်တကက်မှာ ကမန်းကတန်း ခုခံလိုက်ရတော့၏။ ရင်ပတ်သို့ ထိုးစိုက်လာသော ဓါးချက်တစ်ချက် ကိုသာ ကောင်းစွာခုခံနိုင်ပြီး ကျန်ဓား ၆ ချက်ကို လုံးဝမကာကွယ်နိုင်ချေ။

ဓားခြောက်လက်က လောင်တကက်၏အင်္ကျီကို ခြောက်ကြောင်းခွဲပစ်လိုက်တော့သည်။ အလျားနှစ်ပေခန့် ရှည်အောင် ဓါးရာပေးလိုက်သော်ငြား လောင်တကက်၏ အသားကို မထိခိုက်ပေ။ အင်္ကျီသာပြဲသွားသည်။ ယင်းမှာ ဟန်ဆန်းဂိုဏ်းသား များ၏ လက်ဆကောင်းခြင်းကို ပြလိုက်ခြင်းပေတည်း။

လောင်တက် မည်သို့မျှမတတ်နိုင်ပဲ နောက်သို့ ခုန်ဆုတ်လိုက်ရတော့၏။ ဒရောသောပါးနှင့် အလန့်တကြား ခုန်လိုက်ရသဖြင့် သူ့ရင်ပတ်ထဲမှ စာအုပ်လေးတစ်အုပ် ထွက်ကျသွားသည်။

နေရောင်အောက်တွင် ထိုစာအုပ်လေးကို ထင်ထင်ရှားရှား ပီပီသသ တွေ့မြင်လိုက်ကြရသည်။ စာအုပ်ပေါ်တွင် ရေးထားသော စာများမှာ 'မိုးကြိုးအတွင်းအား သိုင်းကျမ်း' ဟူသတည်း။

လောင်တက်၏မျက်နှာ၌ သွေးမရှိတော့ချေ။ သူက ထိုစာအုပ်ကို ကောက်ယူရန် ဟန်ပြင်လိုက်သည်။ သို့သော် လင့်ဟုချုံးက အသံကုန်အော်လိုက်သည်။

"ဒီကောင့်ကို တားထားလိုက်ကြစမ်း"

လင့်ဟုချုံး၏ စကားအဆုံးတွင် ရိပ်ဟိုက ဓားဖြင့်ထိုးချိန်လိုက်ရာ လောင်တက်မှာ မကောက်နိုင်တော့ပဲ ကမန်းကတန်း နောက်ပြန်ဆုတ်သွားရတော့၏။

လိန်လိန်က အလန့်တကြား အော်လိုက်၏။

"အဖေ ... အဖေ့ရဲ့ စာအုပ်မဟုတ်လား။ ဘယ့်နှယ်လုပ် အစ်ကိုနှစ်ရဲ့ကိုယ်ပေါ် ရောက်နေရတာလဲ။ ပျောက်လို့ ဒေါင်းတောက်အောင် ရှာနေတာ အဲဒီစာအုပ်မဟုတ်လား"

လင့်ဟုချုံးက ဆို့ဆို့နစ်နစ် မေးလိုက်သည်။

"လောင်တက် .. မင်း တော်တော် ရက်စက်တဲ့ ကောင်ပါလား။ ညီလေးလုရိုကို မင်းသတ်ပစ်လိုက်တယ်ပေါ့ .. မင်း .. မင်း"

တစ်ချိန်က ဝါဆန်းတောင်ထိပ်တွင် လုရိုအသတ်ခံရပြီး 'မိုးကြိုးအတွင်းအား သိုင်းကျမ်း' စာအုပ်လည်း ပျောက်ဆုံးသွားခဲ့ရသည်။ လင့်ဟုချုံးပင် အထင်လွဲခံခဲ့ရသေးသည်။ ထိုသိုင်းကျမ်းစာအုပ်ကို မည်သူခိုးယူမှန်း မသိနိုင်ပဲ ဖြစ်ခဲ့ရသည်။

ယခုတော့ မမျှော်လင့်ပဲ လောင်တက်၏ ရင်ပတ်တွင်းမှ ထွက်ကျလာသောအခါ မဖြေနိုင်ခဲ့သော ပဟေဠိသည် အလိုလိုဖြေပြီး ဖြစ်သွားတော့သည်။

လောင်တက်က စိုးရိမ်ထိတ်လန့်သော လေသံဖြင့် ...

"မင်း ... မင်း .. ဘာတွေ လျှောက်ပြောနေတာလဲ"

ပြောရင်းမှ တစ်ဖက်လမ်းကြားထဲသို့ ခုန်ထွက်ပြေးသွားတော့၏။

လင့်ဟုချုံးမှာ ဒေါသဖြင့် ချက်ချင်းပင်ပြေးလိုက်သော်လည်း သူ့၌ ဒါဏ်ရာကြီးများ ရှိနေသဖြင့် သုံးလေးလှမ်းမျှသာ ပြေးနိုင်ပြီး လဲကျသွားတော့၏။ ရီလင်နှင့် ကျက်ပန်းတို့မှာ လင့်ဟုချုံးကို ပြေး၍ထူလိုက်ကြရ၏။

လိန်လိန်ကမူ သိုင်းစာအုပ်ကို ကောက်ယူလျက် သူမ၏ ဖခင်ကို လှမ်းပေးလိုက်ရင်း ...

"လက်စသတ်တော့ အစ်ကိုနှစ်က ဒီသိုင်းစာအုပ်ကို ခိုးထားတာကိုး ... အံ့ရော ... အံ့ရော"

ရက်ပုချွန်၏မျက်နှာမှာ စိမ်းပြာပြာဖြစ်နေတော့၏။ ရှက်လည်း ရှက်။ ဒေါသလည်းထွက်နေသဖြင့် သမီးဖြစ် သူအား မာန်မဲလိုက်၏။

"အားလုံး နင့်ကြောင့် ဖြစ်ရတာချည်းပဲ"

ရိပ်ဟိုက အခွင့်ကောင်းယူ၍ ...

"ဟင်း ... ဟင်း .. ဒါက ရှင်တို့ အထက်တန်းလွှာတွေရဲ့ လုပ်ရပ်ပေါ့ ဟုတ်လား"

ပြီးနောက် လင့်ဟုချုံးအား ...

"အစ်ကိုကြီး ဘယ့်နှယ်နေသေးလဲ"

လင့်ဟုချုံးက တောက်တစ်ချက် ခေါက်ကာ ...

"ညီလေးလုရိုကို ဒီကောင်သတ်သွားတာ ... မမိလိုက်တာ နာတာပဲ။ ငါ့ညီလေးအတွက် ပြန်ပြီး လက်စား ချေပေးရမှာ အခုတော့ ..."

ရက်ပုချွန်တို့မှာမူ အပြင်ဖက်တွင်မရှိတော့ အဆောက်အဦအတွင်းသို့ ပြန်ဝင်သွားကြလေပြီ။ သူတို့အဖို့ အရှက်ကွဲစရာ အဖြစ်ပင် မဟုတ်ပါလား။

လင့်ဟုချုံးက "ကဲ ... ဒီအတိုင်းနေလို့ မထူးဘူး။ မင်းတို့ရဲ့ ဆရာမကြီးတွေကို သွားကယ်ရအောင်"

ထို့နောက် လင့်ဟုချုံးဦးဆောင်သော မယ်သီလရင်အားလုံး မြင်းကိုယ်စီဖြင့် ခရီးဆက်ကြတော့၏။

နောက်တစ်နေ့ နံနက်သို့ ရောက်သောအခါ သူတို့နောက်ဖက်မှ မြင်းတစ်ကောင် အပြင်းဒုန်းစိုင်းလာသည်ကို

ကြားလိုက်ကြသဖြင့် အားလုံး နောက်ဖက် လှည့်ကြည့်လိုက်မိကြသည်။

"လင့်ဟူချုံး ... လင့်ဟူချုံး"

သူ့ညီမလေး လိန်လိန်၏ အသံဖြစ်နေသောကြောင့် လင့်ဟူချုံးမှာ ရင်ထဲ၌ထိတ်ကနဲ ဖြစ်သွားသည်။

"ညီမလေး ... ငါဒီမှာ ရှိတယ်"

များမကြာမီပင် လိန်လိန်၏မြင်းမှာ လင့်ဟူချုံးအနီးသို့ ရောက်လာတော့၏။ မြင်းပေါ်မှ လူမှာလည်း အမှန်တကယ်ပင် လိန်လိန်ဖြစ်ကြောင်း တွေ့လိုက်ရ၏။ သို့သော် ထူးဆန်းသည့်အချက်မှာ လိန်လိန်၏ မျက်နှာလေးသည် ကြောက်မက်ဖွယ်ရာ တင်းမာနေခြင်းပင်ဖြစ်သည်။

သူ့ဆရာနှင့်ဆရာမတို့ တစ်စုံတစ်ခုဖြစ်နေပြီဟု အထင်ရှိသွားသဖြင့် လင့်ဟူချုံးက အလန့်တကြား မေးလိုက်မိသည်။

"ညီမလေး ... ဆရာနဲ့ ဆရာမတို့ ဘာမှ မဖြစ်ပါဘူးနော်"

လိန်လိန်က ခါးခါးသီးသီး အော်ဟစ်ကန့်ကွက်လိုက်သည်။

"ဘယ်သူလဲ ရှင့်ဆရာ .. ရှင့်ဆရာမ။ ကျွန်မရဲ့ အဖေနဲ့အမေက ရှင်နဲ့ ဘာဆိုင်လို့လဲ"

လင့်ဟူချုံးမှာ ရင်ဝကို သံတူကြီးဖြင့် ထုရိုက်ခြင်းခံလိုက်ရသကဲ့သို့ ခံစားလိုက်ရတော့သည်။ ယခင်က သူ့အပေါ်တွင် သူ့ဆရာ ရက်ပုချွန်က ခက်ထန်မာကြောစွာ ဆက်ဆံလိုက်စဉ်က သူ့ဆရာမ ဖူးလင်နှင့် လိန်လိန်တို့က သူ့အပေါ် ကြင်နာစွာ ဆက်ဆံခဲ့ကြသေးသည်။

ယခုတော့ မတူတော့ပြီ။ လိန်လိန်ကပင် စိမ်းကားစွာ ဆက်ဆံနေလေပြီ။ လိန်လိန်က တဆက်တည်းပင် ...

"ပေးပါ"

လင့်ဟူချုံးက တုန်ယင်အက်ကွဲသော လေသံဖြင့် ...

"ဘာ .. ဘာလဲ"

"ရှင်ဟာ တော်တော် ယုတ်မာပါလား။ အခုအချိန်ထိ ကျွန်မကို လှည့်ပတ်ဖို့ ကြိုးစားတုန်းပဲလား"

ပြောပြီးသည်နှင့် လင့်ဟူချုံးကို စိမ်းစိမ်းကြည့်ရင်း လိန်လိန်က ထပ်အော်ပြန်သည်။

"ပေးပါ"

လင့်ဟူချုံးမှာ ခေါင်းတယမ်းယမ်း ဖြစ်နေတော့သည်။

"ငါဘာမှ နားမလည်ဘူး။ မင်းက ငါ့ဆီက ဘာတွေလာတောင်းနေတာလဲ။ ငါက ဘာကို ပေးရမှာလဲ"

"ဘာတောင်းရမှာလဲ။ ရှင်က မသိချင်ဟန်ဆောင်နေတာလား။ ဒါဆိုလဲ ပြောရတာပေါ့။ လင်မိန်ကျုက်တို့ရဲ့ မျိုးရိုးပိုင် ဘီလူးမီးဓားသိုင်းကျမ်းကို တောင်းနေတာ ... သိပြီလား"

လင့်ဟူချုံးက အကြီးအကျယ် အံ့ဩသွားပြီး ...

"ဘာပြောတယ်။ ဟိုဓားသိုင်းကွက်ရေးထားတဲ့ သက်န်းလား။ ငါ့ဆီကတောင်းနေတယ် ဟုတ်လား။ ညီမလေး ... ငါရှင်းပြတာ သေချာနားထောင်ပါဦး"

"ပြောစမ်းပါ ... မြန်မြန်ပြော ..."

"အဲသည်သင်္ကန်းကို ကောင်းဆန်းဂိုဏ်းသားနှစ်ယောက်ဆီက ပြန်လုလာတာအမှန်ပါပဲ။ မင်းတို့ကို ပြန်ပေးဖို့ အလာမှာ လင်မိန်ကျုက်တို့အိမ်ဟောင်းကြီးရှေ့ကတံခါးမှာ ငါမေ့လဲသွားတယ်။ ဘာမှ မသိတော့ဘူး။ ငါသတိရလာတော့ ဆရာနဲ့ဆရာမတို့က ငါ့ကို ကယ်ထားတာတွေ့တာပဲ။ အဲသည်သင်္ကန်းလဲ ငါ့ကိုယ်ပေါ်မှာ မရှိတော့ဘူး။ ညီလေး လင်မိန်ကျုက်ကို ဆရာတို့က ပေးပြီးပြီမဟုတ်လား"

လိန်လိန်က တဟားဟား အော်ရယ်လိုက်သည်။ သို့သော် သူ့ရယ်သံ၌ အသက်မပါချေ။ ခြောက်သွေ့ အက်ကွဲနေသော ရယ်သံသာဖြစ်သည်။

"ရှင်ပြောသလိုဆိုရင် ကျွန်မတို့ကပဲ ယူထားသလိုဖြစ်နေပြီပေါ့။ ရှင်ဟာ အင်မတန် ကောက်ကျစ်ယုတ်မာတဲ့လူ။ ရှင်မို့လို့ ဒီလိုသစ္စာမဲ့တဲ့ အလုပ်မျိုးလုပ်ပြီး၊ သစ္စာမဲ့တဲ့စကားမျိုး ပြောထွက်ရဲတယ်"

"ဆရာတို့ ယူသွားတယ်လို့ ငါမပြောပါဘူး။ ... ငါ .. ငါဆိုလိုတာက"

ဆက်မပြောသေးပဲ လင့်ဟူချုံး စဉ်းစားကြည့်လိုက်သည်။

"အင်း ဒီပုံဆိုရင်တော့ ငါ့ဆီဆရာရောက်မလာခင် တစ်ယောက်ယောက်တော့ သင်္ကန်းကို ခိုးယူသွားပြီ ထင်တယ်"

ကျောပြင်တစ်ခုလုံး ချွေးများ သီးလာတော့သည်။ ချက်ချင်းပင် ...

“ငါဆိုလိုတာက တစ်ယောက်ယောက်က ကြားဖြတ် ခိုးယူသွားပြီလို့ပါ”

သူ၏ အင်္ကျီကို ဖွင့်ပြလိုက်ပြီး လင့်ဟူချုံးက ...

“တွေ့လား ... ငါ့ကိုယ်ထဲမှာ ဘာမှ မရှိဘူး။ မယုံရင် ညီမလေးကိုယ်တိုင် လာစစ်ဆေးကြည့်ပါ”

လိန်လိန်က သရော်ပြုံးပြုံးရင်း ...

“ရှင့်လို ကောက်ကျစ်ယုတ်မာတဲ့လူက သူများပစ္စည်းကို ခိုးပြီးတာနဲ့ ကိုယ်ပေါ်မှာ ဝှက်ထားပါ့မလား ... နောက်ပြီးတော့ ...”

ရိပ်ဟိုအစရှိသော မယ်သီလရှင်များကို တစ်ချက် ဝေ့ကြည့်လိုက်ပြီး လိန်လိန်က ...

“နောက်ပြီးတော့ ရှင့်ဘေးပတ်လည်မှာ ဗရုတ်သုတ်ခ မယ်သီလရှင်တွေက တစ်ပုံကြီး။ သူတို့ကို ဝှက်ခိုင်းထားလို့ကော မရဘူးလား။ တော်စမ်းပါရှင်။ ဒီလိုပဲပေါ့။ သူခိုးက ခိုးတယ် ဘယ်ပြောပါ့မလဲ”

လိန်လိန်က လင့်ဟူချုံးအား စွပ်စွဲနေသည်ကိုကြည့်ရင်း ဟန်ဆန်းဂိုဏ်းသားများက အလွန်တရာ မကျေမနပ်ဖြစ်နေခဲ့ကြသည်။ ယခုတော့ ထိုမျှသာမကတော့ပေ။ သူတို့ကိုပါ ထိခိုက်စော်ကားလာလေပြီ။ အချို့က ဓါးများကို ဆွဲထုတ်လိုက်ကြသည်။ အချို့ကမူ တိုက်ခိုက်ရန် အသင့်ပြင်လိုက်ကြသည်။

လိန်လိန်ကလည်း အရေးမစိုက်ပဲ ပြန်အော်လိုက်သည်။

“ရှင်တို့က ကျွန်မကို အများနဲ့ အနိုင်ကျင့်ကြမယ်ပေါ့လေ။ ဟင်းဟင်း ... ရှင်တို့ကိုမကြောက်လို့ ကျွန်မက လိုက်လာတာ ... သိရဲ့လား။ ရှင်တို့ကိုကြောက်နေရင် လိုက်မလာဘူး ... လာလေ ... သတ္တိရှိရင် လာစမ်းပါ”

ဟန်ဆန်းဂိုဏ်းသားများကို ကပျာကယာ တားဆီးလိုက်ရင်း လင့်ဟူချုံးက ...

“လိန်လိန် ... ငါ့အပေါ် မင်းက ဒီလောက်သံသယရှိနေမှတော့ ငါလည်း ရှင်းမပြတတ်တော့ဘူး။ ငါတို့ဂိုဏ်းထဲမှာ သစ္စာဖောက်တဲ့လူ ဘယ်သူဆိုတာ ... သူခိုးက ဘယ်သူဆိုတာ မင်းလဲသိပြီးသားပဲ”

“ဘာလဲ .. စကားပြောတာ ရှင်းရှင်းပြောပါ။ ဟိုလိုလို ဒီလိုလို ပြောမနေပါနဲ့”

“လောင်တက် ... မင်းအနေနဲ့ လောင်တက်ကို သွားမေးကြည့်ပါလား။ မိုးကြိုးအတွင်းအား သိုင်းကျမ်းကို ခိုးတဲ့ကောင်ဟာ ဘီလူးမီးဓါးသိုင်းကျမ်းကို မခိုးဘူးလို့ ဘယ်သူအာမခံနိုင်မှာလဲ။ ဒီကောင့်ကြောင့် ညီလေးလုရို သေရတယ်။ ငါလဲ အထင်လွဲခံရတယ်”

“ရှင်ဟာ ကောက်ကျစ် ယုတ်မာတဲ့နေရာမှာတော့ ပထမတန်းပဲ။ လောင်တက်ကို ရှင်နှုတ်ပိတ်ပြီးတော့မှ ဒီစကားကို ပြောတယ်”

အံ့လည်း အံ့သြ၊ တုန်လည်း တုန်လှုပ်၊ ဝမ်းလည်း ဝမ်းသာသွားသည့် လေသံဖြင့် လင့်ဟူချုံးက ...

“ဘာ ... ဒီကောင့်ကို ဆရာက သတ်ပစ်လိုက်ပြီ ... ဟုတ်လား”

ဤသို့မေးလိုက်ခြင်းမှာ အကြောင်းရှိသည်။ လောင်တက်သည် ဝါဆန်းဂိုဏ်းထဲတွင် သူပြီးလျှင် ဒုတိယတပည့်ဖြစ်ပြီး သူ့အောက် သိုင်းပညာအကောင်းဆုံးဖြစ်သည်။ ရက်ပုချွန်ကိုယ်တိုင် မတိုက်ခိုက်ပါက လောင်တက်ကို မည်သူမှ သတ်နိုင်လိမ့်မည် မဟုတ်ချေ။

လောင်တက်သေသွားပြီဟူသည့် သတင်းအတွက် သူအလွန်ဝမ်းသာမိသည်။ သူအလွန်ချစ်လှသော ညီလေး လုရိုကို သတ်သွားသူဖြစ်၍ လောင်တက်အား အလွန်သေစေချင်နေသည်။

သို့သော် လိန်လိန်ကမူ ...

“ဘာပြောလိုက်တယ်။ ရှင်ကိုယ်တိုင်သတ်ပြီးမှ ဘာဖြစ်လို့ အဖေသတ်တယ် ပြောရတာလဲ။ ကျွန်မအဖေကို သွေးဆာနေတဲ့ လူသတ်သမားဖြစ်အောင် မပြောပါနဲ့”

လင့်ဟူချုံးက တအံ့တသြဖြင့် ...

“မင်းကငါ့ကို လောင်တက်ကို သတ်ပါတယ်လို့ လာပြီးစွပ်စွဲနေတာကိုး။ တကယ်လို့ ငါသတ်တော့ကော ဘာဖြစ်သလဲ။ ဝန်မခံရဲစရာအကြောင်း ဘာမှမရှိဘူး။ ဒီကောင်က ဆယ်ခါပြန်လောက် သေသင့်တဲ့ကောင်။ ငါ့လက်နဲ့မသတ်ရတာကို စိတ်ထဲမှာ ကသိကအောက်ဖြစ်မိတယ်။ သေသွားလို့ ငရဲပြည်ရောက်ရင်တောင် မကောင်းမှု တွေ ဆက်လုပ်မယ့်ကောင်မျိုး။ ဒီလိုလူမျိုးသေလို့ လွမ်းစရာမလိုဘူး။ ဝမ်းသာဂုဏ်ယူဖို့ပဲရှိတယ်။ မင်းက ဘယ်နှယ့် လုပ်ငါ့ကို ရန်စွယ်ငေါငေါနဲ့လာပြီး ရန်တွေ့နေရတာလဲ။ လောင်တက်ကို ငါမသတ်ဘူးဆိုတာ ဟောသည် ဟန်ဆန်းတစ်ဂိုဏ်းလုံး သက်သေရှိတယ်။ ငါတို့ ထွက်လာကတည်းက သူတို့နဲ့ခွဲပြီး ဘယ်ကိုမှ ထွက်မသွားရသေးဘူး။ ငါမသတ်ဖူးဆိုတာ ရှင်းပြီလား”

ဒေါသထွက်လာသဖြင့် အာခေါင်ခြောက်မတတ် လင့်ဟူချုံး ရှင်းပြလိုက်သည်။ လိန်လိန်ဖြစ်နေ၍သာ ဤမျှ ရှင်းပြခြင်း ဖြစ်သည်။ အခြားလူဆိုလျှင် ရှင်းပြမည် မဟုတ်ချေ။ သို့သော် လိန်လိန်ကမူ ...

"ဒီလိုဆိုရင် ... ဘာဖြစ်လို့ အစ်ကိုရှစ်ကို ရက်ရက်စက်စက်သတ်ရတာလဲ ... ရှင်ဟာ အင်မတန် သွေးဆာနေတဲ့ လူသတ်သမား"

လင့်ဟူချုံးမှာ မူးမေ့လဲကျမတတ် ဖြစ်သွားရလေတော့သည်။ မကောင်းသော ကံကြမ္မာသည် မိမိနှင့် အတူ ယှဉ်တွဲလိုက်ပါရုံမက တစ်ခါတစ်ရံ မိမိလည်ကုပ်ပေါ်သို့ ခွစီးတတ် ပေသေးသည်တကား။

* * *

## ကယ်တင်ခြင်း

ထိုစကားကို ကြားလိုက်ရသောအခါ လင့်ဟူချုံးမှာ အလွန်တရာ ထိတ်လန့်တုန်လှုပ်သွားတော့သည်။ သူက တုန်ယင်သော လေသံဖြင့် လိန်လိန့်အား လှမ်းပြောလိုက်သည်။

"ညီလေး ရင်းပေက ငါ့ကို လုရိုလောက်နီးပါး ချစ်တဲ့ကောင်လေးပဲ ... ငါက ဘာဖြစ်လို့ သတ်ရမှာလဲ"

လိန်လိန်က ...

"ဘာဖြစ်လို့လဲ ဟုတ်လား ... ရှင်ဟာ မကောင်းဆိုးဝါးဂိုဏ်းနဲ့ ပူးပေါင်းပြီးနောက် စိတ်တွေဘယ်မှာ မှုမှန်တော့လို့လဲ ... ရှင်သတ်ချင်ရင် သတ်မှာပဲ ... ဘယ်သူ့မျက်နှာမှ ထောက်မှာ မဟုတ်ဘူး ... လူယုတ်မာ"

ပြောနေရင်းမှ လိန်လိန်သည် မျက်ရည်များ တတွေတွေကျလာတော့၏။ မျက်ရည်ကျသော်ငြား သူမ၏ မျက်နှာတွင် နူးညံ့ပျော့ပြောင်းမှု လုံးဝမရှိချေ။ ခက်ထန်မာကြောစွာဖြင့် ဆက်၍ အော်ပြောလိုက်သည်။

"ကဲ ... လင်မိန်ကျက်ကို ရှင်သတ်တဲ့ကိစ္စကော ပြောပြစမ်းပါဦး"

လင့်ဟူချုံး၏အံ့ဩမှုကား အထွတ်အထိပ်သို့ ရောက်ရှိသွားလေပြီ။ အံ့ဩလွန်းလှသဖြင့် သူ့ဦးခေါင်းတစ်ခုလုံး ဟင်းလင်းပွင့်သွားသကဲ့သို့ ထင်မှတ်ရတော့၏။ လင့်ဟူချုံးက ခြောက်သွေ့စွာဖြင့် ...

"လင်မိန်ကျက် အသတ်ခံရတယ် ... ဟုတ်လား"

"ဟုတ်တယ်။ အသတ်ခံရတာပဲ။ ဒါပေမယ့် ကံကောင်းလို့ ရှင်ခုတ်လိုက်တဲ့ဓါးချက်က သူ့ကို တစ်ချက် တည်းနဲ့ သေအောင်မသတ်နိုင်ခဲ့ဘူး။ ... သူ ... သူ ..."

ပြောနေရင်းမှ လိန်လိန်သည် ကျုံကျုံပါအောင် ငိုလေတော့၏။

လင့်ဟူချုံး သဘောပေါက်သွားချေပြီ။

"သြော် ... ဒါဏ်ရာပြင်းပြင်းထန်ထန် ရသွားတာကိုး ... သူ့ကို ဘယ်သူခုတ်လိုက်တယ်ဆိုတာ သူသိလား။ ပြောပြနိုင်သလား"

"ပြောနိုင်မလားရှင့်။ မသေတာတောင် ကံကောင်းလို့။ သူ့နောက်ကနေ ရှင်ခုတ်လိုက်တာကို သူက ဘယ်သိမှာလဲ။ နတ်မျက်စိရထားရင်တော့ သိချင်သိမှာပေါ့လေ"

လင့်ဟူချုံး၏ရင်ထဲတွင် တင်းကြပ်လာသည်။ ဒေါသထွက်လာသည်။ မည်သူ့ကို ဒေါသထွက်ရမှန်းလည်း မသိချေ။ လောကကြီး တစ်ခုလုံးကို ဖြိုခွဲဖျက်ဆီးချင်စိတ် ပေါက်နေတော့၏။

"လိန်လိန် ... ကြားရတဲ့ သတင်းတွေအတွက် ငါ့ရင်ထဲမှာ တကယ့်ကိုမကောင်းတာပါ။ ... ငါရှင်းပြတာကို နားထောင်ပါ။ ဟုတ်၏မဟုတ်၏ ဆုံးဖြတ်ပါ။ ငါ့လိုလူမျိုးက လင်မိန်ကျက်ကိုသတ်ချင်ရင် နောက်ကနေ ချောင်းပြီး သတ်ဖို့မလိုပါဘူး။ အခုလက်ရှိ ငါ့ရဲ့ ဓါးသိုင်းပညာဟာ မင်းသိထားတဲ့ အရင်တုန်းက ဓါးသိုင်းပညာနဲ့ဆိုရင် မိုးနဲ့ မြေလောက် ကွာခြားနေပါပြီ။ ငါ့ဓါးတစ်ချက် ထုတ်လိုက်တာနဲ့ ဘာဓါးကွက်မှန်းမမြင်ပဲနဲ့ သေသွားနိုင်ပါတယ်။ ငါသာ တကယ်သတ်ရင် လင်မိန်ကျက် မသေမရှိပါဘူး"

လင့်ဟူချုံးကို မည်သည့်စကားမျှမပြန်တော့ပဲ လိန်လိန်က သူမ၏မြင်းကို တစ်ဖက်သို့ ဆွဲလှည့်လိုက်သည်။ ထို့နောက် မြင်းကို တရကြမ်း စီးထွက်သွားတော့သည်။

ခပ်လှမ်းလှမ်းသို့ ရောက်သောအခါ လှမ်းအော်ပြောလိုက်သည်မှာ ...

"လင့်ဟူချုံး ... လင်မိန်ကျက်သာ တစ်ခုခု ဖြစ်သွားရင်တော့ ရှင့်ကို .. ရှင့်ကို .. ကျွန်မ ..."

လင့်ဟူချုံးမှာမူ ထိုနေရာ၌ပင် ငေးကြောင်နေမိတော့၏။ ဆိုးဝါးလှသော ကံကြမ္မာကို စိတ်နာရမည်လား။ စိတ်ဆိုးရမည်လား မသိတော့ပေ။

ချင်ကျွမ်းက ...

"ဒီအမျိုးသမီးက တယ်မိုက်ရိုင်းတာပဲ... အဲသည် လင်မိန်ကျက်ဆိုတဲ့ကောင်လေး သေသွားမှကောင်းမယ်..."

ရီလင်က...

"ညီမလေး... ဘယ်လိုပြောလိုက်တာလဲကွယ်... ငါတို့က အဲသည်လိုစကားမျိုး မပြောရဘူးကွယ့်... လိန်လိန် အပြောအဆိုမတတ်တာတော့ မှန်ပါတယ်... ဒါပေမယ့် မမတို့က အဲဒီလိုမကျိန်ဆဲရဘူးကွယ့်..."

ရုတ်တရက် တစ်စုံတစ်ခုကို သတိရလိုက်သဖြင့် လင့်ဟူချုံးဦးခေါင်းထဲတွင် ပြိုးကနဲ ပြက်ကနဲ ဖြစ်သွားသည်။

"ရီချင်း ... ငါ့အနေနဲ့ မင်းတို့ဆီမှာ အကူအညီတစ်ခုတောင်းချင်ပါတယ်... ကူညီပါလို့လည်း တောင်းပန်ပါတယ်..."

ရီချင်းက... "ပြောပါ အစ်ကိုကြီး ... ကျွန်မတို့ ဘာအကူအညီ ပေးရမလဲ"

"ဒီလိုပါ... လင်မိန်ကျက်ဆိုတာ ငါ့ရဲ့ဂိုဏ်းတူညီလေးပါ။ လိန်လိန်ပြောတဲ့ စကားအရဆိုရင် သူ့ဒါဏ်ရာက တော်တော်လေး ပြင်းထန်နေတယ်ဆိုတာသိရတယ်... မင်းတို့ ဟန်ဆန်းဂိုဏ်းရဲ့ ခါးဒါဏ်ရာလိမ်းဆေးက သိပ်အစွမ်းထက်တာဆိုတော့ ..."

"သြော် ... အစ်ကိုကြီးက ကျွန်မကို ဖုကျက်နယ်ကိုပြန်သွားပြီး လင်မိန်ကျက်ရဲ့ ဒါဏ်ရာကို ဆေးကုပေးဖို့ ပြောချင်တာကိုး ... ဖြစ်ပါတယ် ... ကျွန်မပြန်သွားပြီး ဆေးပေးလိုက်ပါ့မယ်။ ရီရွှင် .. ငါနဲ့လိုက်ခဲ့ .. ငါတို့ ဖုကျက်နယ်ဘက်ပြန်လှည့်ကြစို့"

"ဝမ်းသာလိုက်တာ ... မင်းတို့ရဲ့ကျေးဇူးကတော့ ကြီးလှပါပေတယ် ..."

သို့သော် ရီချင်းက မကျေမချမ်းဖြင့်ပြောလိုက်သည်။

"မနေ့ညကစပြီး အစ်ကိုကြီးက ကျွန်မတို့နဲ့ တစ်ချိန်လုံးရှိနေတာပဲ... ဘယ်အချိန်သွားပြီး လူသတ်နိုင်မှာလဲ... ဒါက သက်သက်မဲ့ အစ်ကိုကြီးကို သွားပုပ်လေလွင့် စွပ်စွဲတဲ့ကိစ္စပဲ ... အခုအစ်ကိုကြီးက ရှင်းပြတာကိုတော့ တခွန်းမှ လက်မခံဘူး ... သူပြောချင်တာတွေပဲ စွတ်ပြောပြီး အစ်ကိုကြီးကို တရားခံလုပ်သွားတာပဲ .. ကိစ္စမရှိပါဘူး ... အစ်ကိုကြီးရဲ့ဆရာ ရက်ပုချွန်ကို ကျွန်မတို့ ရှင်းပြလိုက်ပါ့မယ်"

လင့်ဟူချုံးကမူ မဲ့ပြုံးတစ်ချက် ပြုံးလိုက်မိ၏။

ဤစကားကို ရီချင်းတို့ပြောခြင်းမှာ မိမိနှင့်ဝါဆန်းဂိုဏ်း၏အခြေအနေကို ကောင်းစွာမသိသေး၍သာ ဖြစ်ပေသည်။

သူ့ စိတ်ထဲမှ ပြောလိုက်မိသည်။

"အင်း ... မင်းတို့က ဘာမှမသိသေးပဲကိုး... ငါ့ဆရာကိုယ်တိုင်က ငါ့ကို သတ်ပစ်ချင်လောက်အောင် အထင်လွဲနေတဲ့ ကိစ္စကို မင်းတို့က ဘယ်လိုလုပ်ရှင်းပြနိုင်မှာလဲ... မင်းတို့ကို အော်ငေါက်မထုတ်ရင်တောင် ကံကောင်းပဲ..."

သည့်နောက်တွင်တော့ ရီချင်းတို့နှစ်ယောက် ထွက်ခွာသွားရာအနောက်သို့ ငေးမောကြည့်နေမိ၏။ သူတို့ မထွက်ခွါမီ သူတို့နောက်ကို ဤလမ်းကြောင်းအတိုင်း ဆက်လက်လိုက်လာရန် အသေအချာ မှာလိုက်ပေသေးသည်။ ရီချင်းတို့ ပျောက်ကွယ်သွားမှ သူတို့အားလုံး ခရီးဆက်ထွက်လာခဲ့ကြတော့သည်။

ရီလင်က ...

"အစ်ကိုကြီး ... မြင်းကို သိပ်မြန်မြန်မစီးနဲ့နော်... ဒါဏ်ရာသိပ်ကြီးနေတာ... မခံနိုင်ပဲ ဖြစ်နေဦးမယ်"

လင့်ဟူချုံးကမူ ...

"ဒါဏ်ရာက အပေါ်ယံကြောလေးပါ... မဖြစ်စလောက်လေးကို ဘာများဂရုစိုက်ရမှာလဲ။ ညီမလေးတို့ရဲ့ လိမ်းဆေးက သိပ်အစွမ်းထက်တဲ့ဥစ္စာပဲ။ မကြာခင် ပျောက်သွားမှာပါ"

လင့်ဟူချုံး၏ စကားကို ကြားလိုက်ရသော ရီလင်မှာ တီးတိုးပြောလိုက်မိသည်။

"ကျွန်မသိပါတယ်လေ... အစ်ကိုကြီးရဲ့ ဒါဏ်ရာက နလုံးသားမှာဆိုတာ ..."

ဤသို့ဖြင့် သူတို့အားလုံး ကြာကြာအနားမယူပဲ ခရီးပြင်းနှင်ခဲ့ကြရာ သုံးရက်ကြာသောအခါ 'ကျက်နန်မြို့' သို့

ရောက်လာတော့သည်။

ဟန်ဆန်းဆရာမကြီးများ အပိတ်ခံနေရသည်ဆိုသော နဂါးတောင်ကြားဆိုသည်မှာ ကျက်နန်မြို့၏ တောင်ဘက်ယွန်းယွန်းတွင် တည်ရှိသည်။ သူတို့သည် တောင်ဖက်သို့ ခရီးပြင်းနှင်ကြပြန်သည်။ မကြာမီပင် တောင်တက်လမ်းသို့ ရောက်လာတော့သည်။

တောင်ပေါ်တက်သည့် ခရီးလမ်းတစ်လျှောက်လုံးတွင် လျှို့ဝှက်လက်နက်များ၊ ဓားအကျိုးများကို တွေ့ကြရသည်။ တိုက်ပွဲကြီးတစ်ရပ် ဖြစ်ပွားခဲ့ခြင်း၏ အရိပ်လက္ခဏာများပင်တည်း။ တစ်နေရာတွင် ရိပ်ဟိုက ဟာကနဲ အော်လိုက်ကာ ချုံပုတ်တစ်ခုထဲမှ ဓားတစ်ချောင်းကို ဆွဲထုတ်လိုက်သည်။ ပြီးနောက် လင့်ဟူချုံးအား ပြသရင်း ...

"ဒါ ... ဒါ ... ဟန်ဆန်းဂိုဏ်းရဲ့ ဓားပဲ အစ်ကိုကြီး"

လင့်ဟူချုံးက "မင်းတို့ဆရာမကြီး တင့်ရှန်နဲ့ တင့်ရီတို့နှစ်ယောက်ကတော့ ရန်သူတွေနဲ့ ဒီနေရာမှာ အပြင်း အထန် တိုက်ခိုက်ခဲ့တယ်နဲ့တူတယ်"

သူတို့ဂိုဏ်းတူညီအစ်မများ၏ လက်ထဲမှ လက်နက်များ လွတ်ကျခဲ့သည်ကို တွေ့ရသောအခါ ဟန်ဆန်းဂိုဏ်းသားများ၏ ရင်ထဲတွင် ပို၍ လေးလံလာတော့သည်။

နဂါးတောင်ကြားမှာ အလွန်တရာ ဆိုးဝါးကြမ်းတမ်းလှသည်။ လင့်ဟူချုံးတို့မှာ သုံးမိုင်ခန့်မျှ သွားပြီးနောက် လမ်းစပျောက်ကာ အခက်အခဲတွေ့တော့သည်။

ထိုစဉ်မှာပင် တောင်၏အနောက်ဖက်မှ မီးခိုးလုံးတစ်လုံး ရုတ်တရက် တက်လာသည်ကို တွေ့လိုက်ရသဖြင့် သဲလွန်စရကာ လင့်ဟူချုံးက အော်လိုက်သည်။

"ကဲ... အားလုံးပဲ သတိဝီရိယ ထားကြတော့။ ဟိုဖက်ကို အမြန်ဆုံး သွားကြမယ်..."

မီးခိုးလုံးများရှိရာသို့ ချက်ချင်းပြေးသွားကြရာ တောင်ကုန်းကြီးတစ်ခု၏ နောက်ဖက်မှ ထွက်နေကြောင်း တွေ့လိုက်ရသည်။ တောင်ကုန်းကြီးကို မကွေ့ပတ်လျှင်မဖြစ်သဖြင့် ကွေ့ပတ်လျှောက်ကြရပြန်သည်။ ဤသို့ဖြင့် နောက်ဆုံးတွင် တောင်ကုန်းကြီးနောက်ဖက်မှ ချိုင့်ဝှမ်းကြီးဆီသို့ ရောက်လာတော့သည်။

ချိုင့်ဝှမ်းကြီးမှာ မီးဟုန်းဟုန်းတောက်လောင်လျက်ရှိနေသဖြင့် စောစောက သူတို့တွေ့ခဲ့သော မီးခိုးလုံးကြီးများ ဖြစ်ပေါ်လာရခြင်း ဖြစ်ပေတော့သည်။

ထိုအခိုက် ရှေ့ဆုံးမှ လင့်ဟူချုံးသည် ကျောက်တုံးကြီးတစ်တုံး၏ အကွယ်သို့ ရိပ်ကနဲ တိုးကပ်လိုက်ပြီး နောက်မှ စီတန်းလိုက်ပါလာသော ရိပ်ဟိုတို့အားလည်း အသံမထွက်ရန် လက်ဟန်ပြလိုက်သည်။

တစ်ဆက်တည်းပင် သူတို့ရှေ့မှ လူသံများ ကြားလိုက်ရတော့သည်။ အသက်အရွယ် အတော်အတန် ကြီးနေပြီ ဖြစ်ပုံရသော လူကြီးတစ်ယောက်၏ အသံကို ကြားလိုက်ရသည်။

"တင့်ရှန် ... တင့်ရီ။ ဒီနေ့တော့ မင်းတို့နှစ်ယောက်ကို နတ်ပြည်ရောက်သွားအောင် စေတနာနဲ့ ငါတို့ ပို့ပေးလိုက်မယ်။ စိတ်ဖြောင့်ဖြောင့်နဲ့ သွားကြပေတော့။ ဒီအတွက်တော့ ကျေးဇူးမတင်ပါနဲ့။ ဟားဟားဟား"

ထိုစကားကို ကြားလိုက်ရသော လင့်ဟူချုံးတစ်ယောက်မှာ လွန်စွာအားတက်သွား၏။ သူ့စိတ်ထဲတွင် ...

"ဟင်း... တော်ပါသေးရဲ့။ ငါတို့ နောက်မကျသေးဘူး၊ ဆရာမကြီးနှစ်ယောက်စလုံး ရှိနေကြသေးတယ်။ ဒါဆိုရင် ငါတို့ ကောင်းကောင်းကယ်နိုင်ပြီ..."

ထိုစဉ် နောက်ထပ် အသံတစ်သံ ထွက်လာပြန်သည်။

"တကယ်တော့ မင်းတို့ကို ငါတို့က မသတ်ချင်ပါဘူး။ မသတ်ချင်လို့လည်း ဂိုဏ်းကြီးငါးဂိုဏ်းကို တစ်ဂိုဏ်းတည်း ဖြစ်အောင် ပူးပေါင်းကြဖို့ စည်းရုံးဆွေးနွေးကြတာပေါ့ ... ခုတော့ မင်းတို့က လုံးဝသဘောမတူဘူး။ သဘောမတူတော့ ဘာဖြစ်သလဲ။ သိုင်းလောကမှာ ဒီနေ့ကစပြီးတော့ ဟန်ဆန်းဂိုဏ်းဆိုတာ မရှိဘဲဖြစ်သွားတော့တာပေါ့ ... ဟား ... ဟား ... ဟား ..."

ရယ်သံများ ဆက်တိုက်ထွက်လာကြသည်။ အလွန်ပင် အားရကျေနပ်နေကြဟန်တူသည်။ ထိုယောက်ျားကြီးနှစ်ယောက်၏အသံမှာ တစ်နေရာတည်းမှ လာခြင်းမဟုတ်ပေ။ အသံတစ်သံက အနောက်မြောက်ဖက်မှလာ၍ အခြားတစ်သံက အရှေ့မြောက်ဖက်မှ ထွက်ပေါ်လာသည်။ ယခုအချိန်တွင်ကား ချိုင့်ဝှမ်းကြီးအတွင်းမှ မီးတောက်မီးလျှံများ ကြီးမားသည်ထက် ကြီးမားလာလေပြီ။ တင့်ရီနှင့် တင့်ရှန် သီလရင်ကြီးနှစ်ပါးသည် ဤမီးတောက်များ အကြား၌ ထွက်ပေါက်မရှိပဲ ပိတ်မိနေဟန်တူသည်။

ယခုအချိန်သည် စောင့်ဆိုင်းရန်အချိန် မဟုတ်တော့ပြီကိုသိသဖြင့် လင့်ဟူချုံးသည် ဓားကိုဆွဲထုတ်ရင်း အော်ဟစ်လိုက်သည်။

"ခွေးမျိုးတွေ ... မင်းတို့က ဟန်ဆန်းဂိုဏ်းက ဆရာမကြီးတွေကိုလုပ်ကြံဖို့ ကြိုးစားကြတာပေါ့လေ ... စကောလောက်မှ စောက်မနက် ပက်ပက်စက်စက်ကြံတဲ့ ကောင်တွေ ... မင်းတို့အားလုံး လက်နက်ချစမ်း။ ဟန်ဆန်းဂိုဏ်းရဲ့ မဟာမိတ် ဂိုဏ်းအဖွဲ့တွေ ရောက်လာပြီဟေ့..."

အော်ဟစ်ရင်းမှ ချိုင့်ဝှမ်းကြီးအတွင်းသို့ လင့်ဟူချုံးတစ်ယောက် ပြေးဆင်းသွားလေတော့သည်။

သို့သော် ချိုင့်ဝှမ်းကြီးအဝင်ဝ၌ သစ်လုံးကြီးများ၊ သစ်ကိုင်းကြီးများ ပိတ်ဆို့တားဆီးထားသဖြင့် ချက်ချင်း မဝင်နိုင်ပဲ တစ်ထစ်ခြင်း ခုန်ကျော်နေရတော့သည်။ အတွင်းဖက်သို့ ရောက်သောအခါတွင်မူ နေရာအနှံ့အပြား မီးတောက်မီးလျှံများ စွဲလောင်နေလေပြီ။ အရှေ့ဖက်တွင် ကျောက်ဂူကြီးနှစ်လုံးကို တွေ့လိုက်ရသော်လည်း လူတစ်ယောက်မျှ မတွေ့ရချေ။

လင့်ဟူချုံးက အော်ဟစ်မေးမြန်းလိုက်သည်။

"ဆရာမကြီး တင့်ရှန်၊ တင့်ရီ။ ဟန်ဆန်းဂိုဏ်းက စစ်ကူတွေရောက်လာပြီ ... ဘာမှ မစိုးရိမ်ကြနဲ့တော့..."

ရိပ်ဟိုနှင့် ရီလင်တို့ကလည်း မီးဝိုင်းအပြင်မှ အသံပေး အော်ဟစ်ကြသည်။

"ဆရာမကြီးတို့ ... ကျွန်မတို့ ရောက်လာပြီ... ဟန်ဆန်းဂိုဏ်းသားတွေ အားလုံး ရောက်လာကြပြီ..."

ဓားချင်းရိုက်ခတ်သံများ ကြားလိုက်ရပြီး များမကြာမီပင် ဂူထဲမှလူတစ်ယောက် ခုန်ထွက်လာသည်။ ထိုလူ၏ တစ်ကိုယ်လုံးမှာ သွေးများဖုံးလွှမ်းနေသဖြင့် မည်သူမှန်း ရုတ်တရက်မသိကြချေ။ အသေအချာ ကြည့်လိုက်သောအခါ တင့်ရီမယ်သီလရင်ကြီး ဖြစ်နေကြောင်း တွေ့လိုက်ရသည်။ သူမလက်ထဲတွင် ဓားရှည်တစ်ချောင်း ကိုင်စွဲထားသည်။ တစ်ကိုယ်လုံးတွင် သွေးများပေကျံလျက် အကျီများစုတ်ပြဲနေသော်လည်း အသက်သာအသေခံမည်။ ဘယ်တော့မှ ဒူးမထောက်၊ လက်မမြှောက်ဟူသော မာန်အပြည့်အဝရှိသဖြင့် လွန်စွာခန့်ညားလှတော့သည်။

လင့်ဟူချုံးကို တွေ့သောအခါ သူမက ...

"မင်း ... မင်း ..."

"ကျွန်တော် လင့်ဟူချုံးပါ"

"မင်းဟာ လင့်ဟူချုံးမှန်း ငါသိတယ်။ ဘယ့်နှယ် ဒီရောက်လာသလဲ ဆိုတာကို မေးနေတာ"

"ဒါတွေက အရေးမကြီးပါဘူး ဆရာမကြီး။ လောလောဆယ် အရေးကြီးတာကို အရင်လုပ်ကြတာပေါ့။ ကျွန်တော် လမ်းဖွင့်ပေးမယ်။ ဆရာမကြီးတို့ အားလုံး ကျွန်တော့်နောက်က လိုက်ခဲ့ကြပါ"

"နေဦး ငါမေးစမ်းမယ်။ မင်းက မကောင်းဆိုးဝါးဂိုဏ်းနဲ့ ပူးပေါင်း ..."

တင့်ရီမယ်သီလရင်ကြီး၏ အမေးစကားမဆုံးသေးမီ လူတစ်ယောက်၏အော်သံကို ကြားလိုက်ရ၏။

"ဟေ့ ... ဘယ်သူ ဒီအထဲမှာ ဝင်ရှုပ်နေသလဲ။ သေချင်လို့ ဝင်နှောင့်ယှက်နေတာလား"

အသံနှင့်အတူ ဓားချက်တစ်ချက် ဝင်းကနဲလက်ကနဲ ဖြစ်သွားသည်။ ဦးတည်ရာကား လင့်ဟူချုံးပင် ဖြစ်တော့သည်။

တင့်ရီမယ်သီလရင်ကြီး မိမိအပေါ် သံသယဝင်နေမှန်း လင့်ဟူချုံးသိသော်လည်း မဖြေရှင်းနိုင်တော့ချေ။ မီးတောက်များမှာ ကြာလေကြီးလေ အန္တရာယ်များလေ ဖြစ်တော့သည်။ ထိုကြားထဲတွင် ရိပ်ကနဲဝင်လာသော ဓားချက်ကို လျှပ်တပြက် ခုခံလိုက်ရတော့သည်။

ရွပ်ကနဲ အသံကြားကာ ထိုလူ၏ လက်တစ်ဖက် ပြတ်သွားတော့သည်။

ထိုအခိုက်မှာပင် မီးဝိုင်းပြင်ပမှ ဟန်ဆန်းဂိုဏ်းသား တစ်ယောက်၏ အော်ဟစ်သံကို ကြားလိုက်ရသဖြင့် ထိခိုက်ဒဏ်ရာ ရသူများရှိကြောင်း သိလိုက်သည်တွင် တုန့်ဆိုင်းခြင်းမရှိပဲ လင့်ဟူချုံး ခုန်ထွက်လိုက်သည်။

အပြင်ဖက်တွင် နေရာ အနှံ့အပြား ထိုးခုတ်တိုက်ခိုက်လျက် ရှိနေလေပြီ။ ဟန်ဆန်းဂိုဏ်းသား များကမူ သူတို့၏ သေနင်္ဗျူဟာအတိုင်း ခုနစ်ယောက်တစ်ဖွဲ့ အုပ်စုများဖြင့် တိုက်ခိုက်နေကြသည်။ ခုနစ်ယောက်အဖွဲ့အဖြစ် မပေါင်းစည်းလိုက်နိုင်သူများမှာ တစ်ဦးချင်း တိုက်ခိုက်နေကြရသည်။ ထိခိုက်ဒဏ်ရာ ရသူများမှာ တစ်ယောက်ချင်း သမားများဖြစ်ကြသည်။ အဖွဲ့နှင့်တိုက်ခိုက်နေသူများမှာ မရှုံးသည့်အပြင် အသာစီးမှ တိုက်ခိုက်နိုင်ကြသည်။

ထိုအခိုက်မှာပင် ဟန်ဆန်းဂိုဏ်းသားနှစ်ဦး ထပ်မံလဲကျသွားပြန်သည်။ တိုက်ပွဲအခြေအနေကို လင့်ဟူချုံးက အကဲခတ်လိုက်သည်။ ဟန်ဆန်းဂိုဏ်းသားအတော်များများ တောင့်ခံထားနိုင်ကြောင်း တွေ့ရသောအခါ ကျေနပ်သွားသည်။ မိမိသာ အကွက်ကျကျဝင်တိုက်ပေးလျှင် မုချအောင်ပွဲရပေလိမ့်မည်။

ထိုစဉ်မှာပင် ရီလင်နှင့် ချင်ကျွမ်းတို့နှစ်ယောက် ကျောချင်းကပ်၍ ရန်သူများကို ခုခံတိုက်ခိုက်နေကြောင်း

တွေ့ရသောအခါ ချက်ချင်းပင် ထိုနေရာသို့ ခုန်ဝင်သွားမိသည်။ သူတို့နှစ်ယောက်မှာ သိုင်းပညာရော အတွေ့အကြုံပါ နုနယ်သူများဖြစ်ကြသဖြင့် သူတို့ကိုကူမှ ဖြစ်ပေတော့မည်။

လင့်ဟူချုံး ခုန်ဝင်လိုက်စဉ်မှာပင် သူ့နံကြားသို့ ဓားတစ်ချောင်း ထိုးစိုက်လာသည်။ လင့်ဟူချုံးက ခြေကို မြေကျသည်အထိစောင့်မနေတော့ပဲ လေထဲမှာပင် ဓားကိုရှောင်လိုက်ပြီး ရန်သူ၏လည်မျိုကို သူ့ဓားဖြင့် ထိုးစိုက်လိုက်သည်။

ရှိဟိုတို့ အနားသို့ရောက်သောအခါ ဝိုင်းတိုက်နေသည့် ရန်သူသုံးဦးအနက်မှ တစ်ဦး၏နောက်ကျောသို့ ဓားဖြင့် ထိုးစိုက်လိုက်သည်။ ကျန်တစ်ဦးက အလန့်တကြားဖြင့် လင့်ဟူချုံးကိုလှည့်ကာ ခုခံရန်ဟန်ပြင်လိုက်သည်။ သို့သော် သူ့ခမျာ ခုခံချိန်မရလိုက်ပေ။ ချင်ကျွမ်း၏ဓားက သူ့အသက်ကို နုတ်ယူသွားလေ၏။

ကျန်တစ်ဦးကား သွေးပျက်မတတ် ကြောက်လန့်သွား၏။ သူ့အဖော် နှစ်ဦးငရဲပြည်သို့ ရောက်သွားပြီ မဟုတ်ပါလား။ သူက ထွက်ပြေးရန် ကြံလိုက်၏။ သို့သော် ယုန်သူငယ်သည် ကေသရာဇာ ခြင်္သေ့မင်း၏ လက်မှ မလွတ်မြောက်နိုင်သကဲ့သို့ သူသည်လည်း လင့်ဟူချုံး၏ ဓားချက်မှ မလွတ်မြောက်ချေ။

ရှီလင်သည် ထိုလူသေဆုံးသွားသော အခါကျမှ သက်ပြင်းချ နိုင်တော့သည်။

လင့်ဟူချုံးက ...

“ညီမလေး ... မင်းတို့ ဒီနေရာမှာပဲ ရပ်နေကြ... ဘယ်မှ မသွားကြနဲ့... ငါလိုက်ရှင်းလိုက်ဦးမယ်”

ပြောပြောဆိုဆိုဖြင့် ရှိဆိုးအား ဝိုင်းဝန်းတိုက်ခိုက်နေကြသော လူနှစ်ယောက်ထံသို့ ခုန်ထွက်သွားလေတော့သည်။ ရှိဆိုးမှာ နှစ်ယောက်တစ်ယောက် ဖြစ်နေသဖြင့် အလူးအလဲ ခုခံကာကွယ်နေရချိန်ဖြစ်သည်။ လင့်ဟူချုံး ရောက်ရှိလာသောအခါတွင်မူ ထိုလူနှစ်ယောက်စလုံး အသက်ပျောက်သွားရလေတော့သည်။

တစ်ဆက်တည်းမှာပင် ရှိဟိုနှင့် ရှိချင်းတို့ကို တိုက်ခိုက်နေသည့် လူသုံးယောက်ကိုလည်း ရှင်းလင်း ပစ်လိုက်သည်။

ထိုအခိုက် အိုမင်းရင့်ရော်နေသော လူကြီးတစ်ယောက်၏အသံကို ပီပီသသ ကြားလိုက်ရသည်။

“အဲသည်ကောင်ကို အရင်ဆုံး ရှင်းပစ်လိုက်စမ်း... အားလုံးဝိုင်းပြီး ရှင်း...”

ထိုစကားဆုံးသည်နှင့် လူသုံးယောက်ခုန်အုပ်လာသည်။ တစ်ယောက်၏ဓားဦးက လင့်ဟူချုံး၏ ဝမ်းဗိုက်ဆီသို့၊ နောက်တစ်ယောက်က လင့်ဟူချုံး၏လည်မျိုသို့။ အခြားတစ်ယောက်က လင့်ဟူချုံး၏ရင်ဝသို့ ထိုးစိုက်လာ၏။

ဓားချက်များက ပြင်း၏။ ဓားကွက်များကလည်း ကောင်း၏။ ထိုဓားကွက်များကို မြင်လိုက်ရသည်နှင့် လင့်ဟူချုံး၏ ရင်ထဲတွင် ထိတ်ကနဲဖြစ်သွားသည်။

“ဒါက ကောင်းဆန်းဂိုဏ်းရဲ့ ဓားကွက်တွေပါလား။ ဒါဆိုရင် ဒီသုံးယောက်ဟာ ကောင်းဆန်းဂိုဏ်းက လူတွေပဲ ဖြစ်မယ်”

ထို့ထက်ပို၍ စဉ်းစားချိန် မရတော့ပေ။ သူ့အသက်နှင့်ကိုယ် အိုးစားကွဲသွားပေလိမ့်မည်။ ‘ဇကရာဇ် ကိုးကွက်’ ဖြင့် ထိုလူများ၏ တိုက်ကွက်များကို ဖြည်လိုက်ရသည်။ တစ်ဆက်တည်းမှာပင် တန်ပြန်တိုက်ကွက်များ ထုတ်လိုက်သည်။ ထိုလူ သုံးယောက်မှာ ကမန်းကတန်း နောက်သို့ ခုန်ဆုတ်သွားတော့သည်။ သူတို့၏သိုင်းပညာ ကောင်းလွန်း၍သာ လွတ်မြောက်သွားခြင်း ဖြစ်သည်။

ထိုအချိန်ကျမှ လင့်ဟူချုံးက ဘေးသို့ခုန်ထွက်ကာ ဓားနှစ်ချက်ထုတ်လိုက်သည်။ ကျက်ပန်းကို ဝိုင်းတိုက်နေကြသော ရန်သူနှစ်ယောက် လဲကျသွားတော့၏။ ဤတွင်စောစောက လင့်ဟူချုံး၏ ‘ဇကရာဇ် ကိုးကွက်’ ကြောင့် ရှောင်ထွက်သွားရသည့် လူသုံးယောက်တို့သည် ဒေါသတကြီးအော်ဟစ်ကာ သူ့နောက်သို့ ပြေးလိုက်လာကြတော့၏။

တိုက်ပွဲတွင်းသုံးစွဲရမည့် သေနင်္ဗျူဟာကို လင့်ဟူချုံးစဉ်းစားရတော့၏။ အကြောင်းမှာ သူ့နောက်သို့ လိုက်လာသည့် လူသုံးယောက်သည် ထိပ်သီးသိုင်းသမားများ ဖြစ်နေသောကြောင့်တည်း။ သူတို့၏သိုင်းပညာသာ မကောင်းပါက ပထမအကွက်နှင့်ပင် အသက်ဆုံးရှုံး သွားရပေလိမ့်မည်။

“ဒီလူသုံးယောက်ရဲ့ ဓားသိုင်းပညာက မဆိုးဘူး။ တော်တော်လေးကို ထက်ထက်မြက်မြက်ရှိတယ်။ သူတို့ကို အချိန်တိုတိုနဲ့ အနိုင်ယူဖို့ဆိုတာ သိပ်လွယ်တဲ့ကိစ္စမဟုတ်ဘူး။ ... သူတို့နဲ့တိုက်လို့ အချိန်ကြာသွားရင်လဲ ဟန်ဆန်းဂိုဏ်းသားတွေ ပိုပြီး ဒါဏ်ရာရကုန်လိမ့်မယ်။”

ထိုသိုင်းသမားသုံးယောက်ကို လှည့်၍မတိုက်ခိုက်ပဲ လင့်ဟူချုံးက လှည့်ပြေးတော့၏။ သို့သော် သူပြေးသွား သောနေရာမှာ ခုတ်ထစ်တိုက်ခိုက်နေသည့် တိုက်ပွဲအတွင်းသို့ဖြစ်သည်။ ဟိုကွေ့သည်ပတ်ဖြင့် ပြေးသွားရင်းမှ သူ၏ ဓားကို အလုပ်ပေးသွားခြင်းဖြစ်သည်။ ဟိုတစ်ချက်ထိုးလိုက်၊ သည်တစ်ချက်ထိုးလိုက်ဖြင့် ရန်သူများကို ထိုးနှက်သွား

သည်။ ယင်းကြောင့် လင့်ဟူချုံးရောက်သွားသည့် နေရာများတွင် ရန်သူများ တစ်ယောက်ပြီး တစ်ယောက် လဲကျလျက်ရှိတော့၏။

နောက်ဖက်မှ ထိပ်သီးသိုင်းသမားသုံးယောက်ကလည်း လင့်ဟူချုံးကို ရှင်းလင်းပစ်ရန် အော်ဟစ်ရင်း လိုက်လာလျက်ရှိနေ၏။ သို့သော လင့်ဟူချုံးနှင့် သူတို့၏အတွင်းအားမှာ များစွာကွာခြားနေသဖြင့် မည်သို့မျှ လိုက်၍ မမီနိုင်အောင် ဖြစ်နေတော့၏။

များမကြာမီ ရန်သူလူဆိုးအဖွဲ့မှ လူလေးဆယ်ခန့် လဲကျသွားတော့သည်။ ဒါဏ်ရာရသူရ၊ သေသူသေ ဖြစ်ကာ ရန်သူ့အင်အားမှာ သိသိသာသာကြီး နည်းပါးသွားတော့သဖြင့် တိုက်ပွဲအရှိန်လည်း ချက်ချင်း ကျသွားတော့သည်။ အချို့လူများမှာ သွေးကြောင်ပြီး လုံးဝဆက်မတိုက်ရဲတော့ပေ။ အချို့ကမူ လှည့်ပြီးထွက်ပြေးတော့သည်။

လင့်ဟူချုံးက ပြေးနေသည်ကို ရပ်လိုက်၏။ သူ့နောက်မှ ထိပ်သီးသိုင်းသမား သုံးယောက်ကို ရင်ဆိုင်ရန် သင့်လျော်သော အချိန်ရောက်လာပြီ မဟုတ်ပါလား။

လင့်ဟူချုံးက နောက်ဖက်လှည့်ကာ...

"မင်းတို့ ကောင်းဆန်းဂိုဏ်းသားတွေ မဟုတ်လား"

ထိုလူ သုံးယောက်ကလည်း ကမန်းကတန်း အရှိန်သတ်လိုက်ကာ ..

"မင်းကရော ဘယ်သူလဲ"

ထိုလူ၏ အမေးကို လင့်ဟူချုံးက မဖြေသေးပဲ ရိုဆိုးတို့ဖက်သို့ လှည့်ပြီး ပြောလိုက်သည်။

"ငေးမနေကြနဲ့... မီးတွေငြိမ်းသတ်ကြ... မင်းတို့ရဲ့ ဆရာမကြီးတွေကို သွားကယ်ထုတ်ကြပေတော့"

ထိုအခါကျမှ ဟန်ဆန်းဂိုဏ်းသားများသည် မီးများထဲသို့ ဝင်ပေါက်ရအောင် လုပ်ကြတော့သည်။ ပြီးနောက် သူတို့၏ ဆရာမကြီး နှစ်ပါးကို ဆွဲထုတ်ကြရတော့၏။

လင့်ဟူချုံးက အရိုအသေပေးလိုက်ရင်း ...

"ဆရာမကြီး တင့်ရှန် .. နေလို့ သက်သာရဲ့လား။ ဒါဏ်ရာများ ပြင်းထန်နေသလား"

တင့်ရှန်မယ်သီလရှင်ကြီးက နွမ်းဟိုက်သော လေသံဖြင့် ပြန်လည်ဖြေကြားလိုက်သည်။

"ကျေးဇူးတင်ပါတယ်ကွယ်... ဒါဏ်ရာက မပြောပလောက်ပါဘူး..."

တင့်ရှန်မယ်သီလရှင်ကြီးကို လင့်ဟူချုံးက သေချာစွာအကဲခတ်လိုက်သည်။ သူမ၏ အကျီပေါ်တွင် သွေးများစွန်းပေနေခြင်း မရှိချေ။ သူမလက်ထဲတွင်လည်း လက်နက်တစုံတရာ ကိုင်ဆောင်ထားခြင်းမရှိချေ။ မျက်နှာကလည်း လွန်စွာ အေးချမ်းလှပေသည်။

"သြော်... ဟန်ဆန်းဂိုဏ်းချုပ် တင့်ရှန်မယ်သီလရှင်ကြီးဆိုပြီးနာမည်ကြီးတာ ဒါကြောင့်ကိုး... သူ့မျက်နှာက တကယ့်ကို အေးဆေးတည်ငြိမ်တဲ့မျက်နှာ။ မြင်သူတိုင်း လေးစားကြည်ညိုလောက်တဲ့ ရုပ်ရည်ပါလား... ဒါကြောင့်မို့လဲ ဒီလောက် နာမည်ကျော်တာပေကိုး..."

လင့်ဟူချုံးက ခါးကို ထပ်မံကိုင်းကာ မိတ်ဆက်လိုက်သည်။

"ဆရာမကြီး .. ကျွန်တော် လင့်ဟူချုံးပါ"

တင့်ရှန်မယ်သီလရှင်ကြီးကလည်း လက်အုပ်ချီ၍ ပြန်လည်နှုတ်ဆက်လိုက်သည်။ သူမ၏ မျက်လုံးများ အရောင်တစ်ချက်လက်သွားပြီး ပါးစပ်မှ ...

"နောက်မှာ ... သတိထား"

သူ့နောက်မှ လေတိုးသံတစ်ချက်ကြားလိုက်ရသဖြင့် သူ့အား ချောင်းမြောင်း တိုက်ခိုက်လိုက်သည်ကို လင့်ဟူချုံး သိလိုက်သည်။ နောက်သို့လှည့်၍ပင်မကြည့်ပဲ ဓားကိုသာ နောက်ပြန်တိုးထုတ် တိုက်ခိုက်လိုက်ရာ ရန်သူမှာ သေလုမြောပါး ပြန်လည်ဆုတ်ခွာသွားရတော့သည်။

လင့်ဟူချုံးက ဆက်၍ ...

"ကျွန်တော်တို့ ကြိုးစားလာခဲ့ပေမယ့် အချိန်မီ မရောက်နိုင်ခဲ့ဘူး ... ခွင့်လွှတ်ပါခင်ဗျာ..."

တင့်ရှန်မယ်သီလရှင်ကြီးနှင့် စကားပြောနေရင်းမှ လင့်ဟူချုံး၏လက်များ နောက်ပြန်လှုပ်ရှား လိုက်ပြန်သည်။ သူ့နောက်ဖက်မှ ဝင်တိုက်သူနှစ်ယောက်မှာ ချက်ချင်း ခုန်ဆုတ်သွားရပြန်တော့၏။

ထိုစဉ် မီးဝိုင်းအတွင်းမှ မယ်သီလရှင်များ စီတန်းထွက်လာကြ၏။ ဒါဏ်ရာရသူများကို တွဲလာကြသည်။ အလောင်းများကို ထမ်းသူကထမ်းလာ၏။ တင့်ရှီမယ်သီလရှင်ကြီးကမူ မားမားမတ်မတ်ဖြင့် နောက်ဆုံးမှ ထွက်လိုက်

လာသည်။

သူမက ...

"ဒီလူဆိုးတွေ ... လူယုတ်မာတွေ"

လင့်ဟူချုံးက တင့်ရီမယ်သီလရင်ကြီးကို ဖြတ်၍ ...

"ဆရာမကြီးတို့ နှစ်ယောက် ဘေးမသီရန်မခ လွတ်မြောက်လာတာပဲ ကံကောင်းလှပါပြီ"

သူ့နောက်မှ လေတိုးသံတစ်ချက် ကြားလိုက်ရပြန်သဖြင့် လင့်ဟူချုံးက နောက်ပြန် ခုန်ဆုတ်လိုက်ရပြန်သည်။ လင့်ဟူချုံး၏ ဓားကွက်ထုတ်လိုက်သည်တွင် သူ့နောက်မှ သိုင်းသမားတစ်ယောက်၏ လက်ကောက်ဝတ်တွင် ဓားစိုက်မိသွားသဖြင့် ထိုလူ၏ဓား လွတ်ကျသွားတော့သည်။

"ဆရာမကြီးတို့နှစ်ယောက်ကို ကောင်းဆန်းဂိုဏ်းကလူဆိုးတွေက ဘာဖြစ်လို့လုပ်ကြရသလဲဆိုတာ တော်တော် စဉ်းစားရကျပ်တာပဲ။ ဒီလူတွေ ဘာဖြစ်နေတာလဲ မသိဘူး..."

တင့်ရီမယ်သီလရင်ကြီးက ...

"ဒါနဲ့ အစ်မတင့်ကျင့်ကို မမြင်ပါလား... သူက ဘာဖြစ်လို့ ရောက်မလာရတာလဲ..."

ဤတွင် ချင်ကျွမ်းသည် ချုံးပွဲချ ငိုကြွေးလေတော့သည်။

"ဆရာမကို လူဆိုးတွေ လုပ်ကြလို့ ကွယ်လွန်သွားပြီ"

"ဘာပြောတယ် ..."

တင့်ရီမယ်သီလရင်ကြီး၏ နာကြည်းသော၊ ဒေါသဖြစ်သော အသံမှာ တစ်တောလုံးကို ဟိန်းသွားစေတော့သည်။ သူမက ရှေ့သို့ ခြေနှစ်လှမ်း လှမ်းလိုက်သေးသည်။ ပြီးနောက် သွေးတစ်ချက် အန်ပြီး လဲကျသွားတော့သည်။

တင့်ရီမယ်သီလရင်ကြီးကို ပြောနေရာမှ လင့်ဟူချုံးသည် နောက်သို့ ရုတ်တရက် လှည့်လိုက်ပြီး သိုင်းသမား သုံးယောက်ကို ရင်ဆိုင်တိုက်ခိုက် လိုက်တော့၏။ မကြာမီတွင် သုံးယောက်လုံး၏ လက်ကောက်ဝတ်များတွင် ဒါဏ်ရာကိုယ်စီရသွားပြီး ဓားသုံးလက် လွတ်ကျသွားတော့၏။ လင့်ဟူချုံးက ဆက်မတိုက်တော့ပဲ နောက်သို့ ခုန်ဆုတ်လိုက်သည်။

ချက်ချင်းလိုလိုပင် ရိဟိုဦးဆောင်သော ခုနှစ်ယောက်အဖွဲ့က ဓားကိုယ်စီဖြင့် ထိုလူသုံးယောက်ကို ဝိုင်းထား လိုက်၏။ တင့်ရီမယ်သီလရင်ကြီးက ဖြည်းညင်းစွာဖြင့် စကားစတင်ပြောလေတော့၏။

"ရှင်တို့ကောင်းဆန်းဂိုဏ်းက ဂိုဏ်းကြီးငါးဂိုဏ်းကို ပေါင်းစည်းဖို့ ဆန္ဒရှိတာကို ကျွန်မတို့ သိထားပါတယ် ... ဒါပေမယ့် ... ဟန်ဆန်းဂိုဏ်းက မနေ့တစ်နေ့ကမှ ပေါ်လာတဲ့ဂိုဏ်းမဟုတ်တော့ ရှင်တို့လိုချင်သလို လွယ် လွယ်ကလေးနဲ့ ဖျက်သိမ်းဖို့က သိပ်လွယ်တဲ့ကိစ္စ မဟုတ်ပါဘူး ..."

"ဟန်ဆန်းဂိုဏ်းဖြစ်တည်လာတာ နှစ်ပေါင်းများစွာ ကြာခဲ့ပါပြီ ... အခု ကျွန်မတို့ လက်ထက်ကျမှ ပျောက် ကွယ်သွားရမယ့်အဖြစ်ကို ဘယ်နည်းနဲ့မှ ကျွန်မတို့ လက်မခံနိုင်ပါဘူး ... နောက်ပြီးတော့ ဒီလိုကိစ္စမျိုးက အသေအချာ ညှိနှိုင်းဆွေးနွေးရမယ့် ကိစ္စမျိုးပါ ... အခုရှင်တို့လုပ်တဲ့ အပြုအမူကတော့ အင်မတန် ရက်စက်တဲ့အပြင် ယုတ်မာ ကောက်ကျစ်ရာလဲ ကျပါတယ်... နိမ့်ကျတဲ့လူတွေရဲ့ အပြုအမူပါပဲ ... ဒီလိုနည်းမျိုးသုံးဖို့ လုံးဝ မသင့် တော်ပါဘူး..."

တင့်ရီမယ်သီလရင်ကြီးသည် လဲကျနေရာမှ ဒေါသသံဖြင့် အော်လိုက်သည်။

"အစ်မကြီး ... ဒီလိုလူမျိုးတွေကို အေးချမ်းတဲ့စကားမျိုး ပြောနေလို့မရဘူး ... လူယုတ်မာတွေကို ဒီလို ရှင်းပြလို့ သူတို့ရဲ့ ယုတ်မာတဲ့စိတ်ဓါတ်နဲ့ အကြံဉာဏ်တွေ ပြောင်းလဲသွားမယ်ထင်နေလို့လား ... ကျောက်ခဲက နို့ညှစ်လို့ မထွက်သလို လူယုတ်မာတွေရဲ့ အသည်းနှလုံးကလည်း တော်တည့်ဖြောင့်မှန်တဲ့ စိတ်သဘောထား ထွက်လာအောင် လုပ်လို့မရနိုင်ဘူး ... အားလုံးကို သတ်ပစ်လိုက်မှ အေးမယ်"

တင့်ရီ မယ်သီလရင်ကြီးအား တင့်ရှန် မယ်သီလရင်ကြီးက ခေါင်းခါယမ်းပြလိုက်သည်။ ပြီးနောက် ကောင်းဆန်း ဂိုဏ်းသား သုံးယောက်ဖက် ပြန်လှည့်လိုက်ကာ ...

"အပြစ်ဒဏ်ဆိုတာကို သူ့ကံကြမ္မာက ဖန်တီးစီရင်ပါလိမ့်မယ် ... ဘယ်သူမပြုမိမိမှု ဆိုတာလို မတရားတာတွေ လုပ်ခဲ့တဲ့လူတွေဟာ မတရားမှုနဲ့ ပြန်ကြုံရမှာပဲ ... ကဲ ... ရှင်တို့ သွားနိုင်ပါပြီ... ရှင်တို့ရဲ့ ဂိုဏ်းချုပ်ကြီး ကျိုလင်ထန်ကိုလည်း ပြန်ပြောလိုက်ပါ ... ဟန်ဆန်းဂိုဏ်းအနေနဲ့ ကျိုလင်ထန်ကို မဟာမိတ်အဖွဲ့ချုပ် ခေါင်းဆောင်အဖြစ် မသတ်မှတ်တော့ပါဘူးလို့ ... ကျွန်မတို့ဂိုဏ်းက မိန်းမသားတွေချည်းပဲဆိုပေမယ့် ဒီလိုမတရားသဖြင့် နိုင့်ထက်စီးနင်း လုပ်လာရင်တော့ ဘယ်တော့မှ ဒူးထောက် အရှုံးမပေးနိုင်ဘူး..."

ရိပ်ဟိုက ...

"ဂိုဏ်းချုပ်ဆရာမကြီး ... သူတို့ကို ..."

ရိပ်ဟိုအား တင့်ရှန်မယ်သီလရင်ကြီးက အေးချမ်းသောအကြည့်ဖြင့် တစ်ချက်ကြည့်ကာ ဩဇာညောင်းလှသော လေသံဖြင့် အမိန့်ပေးလိုက်၏။

"ရိပ်ဟို .. မင်းတို့ရဲ့ ဓားတွေကို ပြန်သိမ်းလိုက်ကြစမ်း"

ရိပ်ဟိုတို့မှာ မည်သို့မျှမတတ်နိုင်တော့ပဲ သူတို့၏ဓားများကို ပြန်သိမ်းလိုက်ရတော့သည်။ ကောင်းဆန်းဂိုဏ်းသားများမှာ စကားတစ်ခွန်းမျှ မပြောတော့ပဲ ထွက်ပြေးကြလေတော့၏။

တင့်ရီမယ်သီလရင်ကြီးသည် တောင်ဖက်အရပ်သို့ မျက်နှာမူလိုက်သည်။ ထိုအချိန်ကျမှ မျက်ရည်များ ဖြိုင်ဖြိုင်ကျလာတော့သည်။ သူမ၏နှုတ်မှ "အစ်မကြီး တင့်ကျင့်..." ဟု ခေါ်လိုက်ပြီးသည်နှင့် တစ်ကိုယ်လုံး ပျော့ခွေကျ သွားလေတော့၏။ ဟန်ဆန်းဂိုဏ်းသားများအားလုံး အလန့်တကြားဖြစ်သွားပြီး ပွေ့သူကပွေ့၊ ယပ်ခပ် သူက ခပ်ပေးဖြင့် အလွန်ရှုပ်ထွေးသွားကြ၏။

အမှန်စင်စစ် ဟန်ဆန်းဂိုဏ်းကို ကောင်းဆန်းဂိုဏ်းက ဝိုင်းဝန်းတိုက်ခိုက်သောအခါ တင့်ရှန်နှင့် တင့်ရီတို့ သည် တပည့်ငယ်သားများရှေ့မှ မားမားမတ်မတ် ဦးဆောင်တိုက်ခိုက်ကြသည်။ ဆုတ်ခွာရင်း ခုခံလာကြရာ နောက်ဆုံး နဂါးတောင်ကြားသို့ ရောက်ရှိလာတော့သည်။ လေးရက်ခန့်ကြာသောအခါ သူတို့တွင် ရိက္ခာပြတ်လပ် သွားတော့သည်။ အဆိုးဆုံးမှာ သောက်ရေပြတ်သွားခြင်း ဖြစ်သည်။

တိုက်ပွဲပြင်းထန်လွန်းခြင်း၊ အားအင်ကုန်ခန်းသွားခြင်းတို့နှင့် ကြုံရသော်လည်း စိတ်ဓါတ်ဆောင်၍ ခုခံနေကြ ခြင်းသာဖြစ်သည်။ ယခု ရန်သူများ ဆုတ်ခွာသွားကြသောအခါမှ တင့်ရီမယ်သီလရင်ကြီးသည် စိတ်တုံးတုံးချ နိုင်တော့သည်။ ထိုအခိုက်မှာပင် တင့်ကျင့်မယ်သီလရင်ကြီး ကွယ်လွန်သွားသော သတင်းကို ကြားလိုက်ရသောအခါ စိတ်နှလုံးထိခိုက်ပြီး အရုပ်ကြိုးပြတ် လဲကျသွားရခြင်းဖြစ်တော့၏။ ဟန်ဆန်းဂိုဏ်းသားများမှာ ပြာလောင်ခတ် နေကြပြီး မည်သို့မည်ပုံ ရှေ့ဆက်သွားရမည်ကို မသိနိုင်အောင် ဖြစ်နေကြတော့၏။

ရပ်ကြည့်နေ၍ မဖြစ်တော့သဖြင့် လင့်ဟူချုံးက အားလုံးကို စီမံကွပ်ကဲရတော့သည်။

"ကဲ ... ဒီနေရာဟာ တောင်ကြားချိုင့်ဝှမ်းကြီး ဖြစ်နေတဲ့အတွက် ငါတို့ ဒီအထဲမှာပဲနေရင် အများကြီး အန္တရာယ်ရှိတယ်... ရန်သူတွေက နောက်တစ်ကြိမ် လာမတိုက်ဘူးလို့ အာမမခံနိုင်ဘူး... ဒီတော့ ဒီနေရာက အားလုံး ဆုတ်ခွာကြရမယ်..."

"တောင်ကုန်းပေါ် အားလုံးတက်ကြ... တောင်ကုန်းပေါ်ရောက်မှ အနားယူရမယ်... ကျက်ပန်းနဲ့ ချင်ကျွမ်းတို့ နှစ်ယောက်က စားဖို့သောက်ဖို့ သစ်သီးတွေ ရေတွေ သွားရှာကြ၊ လောလောဆယ် စားစရာတွေ လိုအပ်တယ်၊ အထူးသဖြင့် ဒဏ်ရာရတဲ့လူတွေ အားအင်ဖြစ်ဖို့ ပိုလိုအပ်နေတယ်..."

ဟန်ဆန်းဂိုဏ်းသားများက လင့်ဟူချုံး၏ စီမံကွပ်ကဲမှုအတိုင်း လိုက်နာကြသည်။ သောက်ရေခပ်ရန် တာဝန်ကျသူ များက စမ်းရေအိုင်များဆီ ထွက်သွားကြသည်။ နောက်ဆုံးတွင် ဟန်ဆန်းဂိုဏ်းသားများ၏ ကျဆုံးမှုကို စာရင်းကောက် လိုက်သောအခါ ဂိုဏ်းသား သုံးဆယ်ကျော် ကျဆုံးကြောင်း သိရသည်။

ကျန်ရစ်ခဲ့သော ဂိုဏ်းသားများမှာ ကွယ်လွန်သွားကြသူများ အထူးသဖြင့် တင့်ကျင့်မယ်သီလရင်ကြီး အတွက် စိတ်နှလုံးထိခိုက်ကာ ငိုကြွေးတော့သည်။

တင့်ရီမယ်သီလရင်ကြီးက ...

"အားလုံး တိတ်ကြစမ်း... သေတဲ့လူတွေ သေသွားပြီ၊ အော်ငိုနေလို့ ဘာအကျိုးထူးမှာလဲ... ငါတို့တွေ ရှေ့ဆက်ပြီး ဘယ်လို စခန်းသွားရမယ်ဆိုတာ စဉ်းစားရမယ်။ အားမွေးရမယ်။ မာန်တင်းရမယ်။ ငိုမနေကြနဲ့ ..."

တင့်ရီမယ်သီလရင်ကြီး၏ဒေါသကို ကောင်းစွာသိထားကြသဖြင့် ဟန်ဆန်းဂိုဏ်းသားများ မည်သူမျှ အသံ မထွက်ရဲ ကြတော့ချေ။ တင့်ရီမယ်သီလရင်ကြီးက ကျက်ပန်းအား မေးလိုက်သည်။

"အစ်မကြီး တင့်ကျင့် ဘယ်လိုလုပ်ကြံခံရသလဲဆိုတာ သေသေချာချာရှင်းပြစမ်း။ ကျက်ပန်း ... မင်းက စကားပြောသွက်တယ်။ မင်းပဲ ပြောပြ..."

ကျက်ပန်းက မတ်တတ်ရပ်လိုက်ပြီး ဖြစ်ကြောင်းကုန်စင် ရှင်းပြလေတော့၏။

သက်တန့်တောင်ကုန်းထိပ်တွင် တစ်ယောက်မကျန် ခြေမှုန်းခံရတော့မည့် အခြေအနေများနှင့် လင့်ဟူချုံး ဝင်ရောက်ကယ်ဆယ်ပေးပုံ။ တောင်ခြေရှိ ရွာကလေး၌ ထောင်ချောက်ဆင်ခံရပုံနှင့် လင့်ဟူချုံး အချိန်မီလာရောက်

ကူညီပုံ၊ တင့်ကျင့်မယ်သီလရင်ကြီးကို ကောင်းဆန်းဂိုဏ်းသားများက မည်သို့အကျပ်ကိုင်ကြပုံ၊ မျက်နှာဖုံးစွပ်လူဆိုးများနှင့် တင့်ကျင့်မယ်သီလရင်ကြီး တိုက်ခိုက်ကြပုံ၊ လင့်ဟူချုံး လာရောက်ကူညီပေးသဖြင့် လူဆိုးများ ထွက်ပြေးသွားပုံ၊ သို့သော် တင့်ကျင့်မယ်သီလရင်ကြီးမှာမူ ဒဏ်ရာပြင်းထန်စွာ ရရှိသွားသဖြင့် ကွယ်လွန်သွားပုံတို့ကို အစီအစဉ်တကျ ပြောပြလိုက်တော့သည်။

တင့်ရီမယ်သီလရင်ကြီးက ဇာတ်ကြောင်းစုံကို နားထောင်ပြီးသော် စဉ်းစားတွေးတောရင်း အတန်ကြာမျှ ငြိမ်သက်နေသည်။ ပြီးမှ လှုပ်ရှားလာကာ လင့်ဟူချုံးအား လှမ်းပြောလိုက်သည်။

"မင်းရဲ့ စိတ်သဘောကတော့ တကယ့်ကို ပြည့်ဝတာပဲ… တကယ့်သူရဲကောင်းစိတ်မျိုးပဲ၊ ဒါနဲ့များ မင်းရဲ့ဆရာ ရက်ပုချွန်က မင်းကို ဘာဖြစ်လို့ ဝါဆန်းဂိုဏ်းထဲက နှင်ထုတ်ရတာလဲ… မကောင်းဆိုးဝါး ဂိုဏ်းသားတွေနဲ့ မင်းက ပူးပေါင်းတယ်လို့ သူက ဘာလို့ စွပ်စွဲရတာလဲ…"

လင့်ဟူချုံးက …

"ကျွန်တော်က သိပ်ပြီး စည်းနဲ့ကမ်းနဲ့ တင်းတင်းကျပ်ကျပ် နေလေ့မရှိပါဘူး … အပေါင်းအသင်း အပျော်အပါးလည်း မက်တော့ မကောင်းဆိုးဝါး ဂိုဏ်းသားတချို့နဲ့ မိတ်ဆွေဖြစ်ခဲ့ပါတယ် … အဲဒါကြောင့် ဆရာက စွပ်စွဲနေတာပါ"

တင့်ရီမယ်သီလရင်ကြီးက မျက်နှာတစ်ချက်မဲ့ကာ …

"လူဆိုးလူကောင်းဆိုတာ ဘယ်သူက သတ်မှတ်တာလဲ၊ ဘာကိုကြည့်ပြီး သတ်မှတ်တာလဲ။ အခုပဲ ကြည့်စမ်း… သူတို့ကိုယ်သူတို့ အထက်လမ်းဂိုဏ်းသား၊ အင်မတန် တော်တည့် ဖြောင့်မှန်ပါတယ်ဆိုတဲ့ မတရားတာ မလုပ်တဲ့ ကောင်းဆန်းဂိုဏ်းသားတွေ လုပ်သွားတာကို ကြည့်စမ်း … ဘယ်လောက် ယုတ်မာပက်စက်သလဲ။ ဒါက အထက်လမ်းဂိုဏ်းသားတွေရဲ့ အပြုအမူတဲ့လား…"

"… အဲသလိုပဲ မကောင်းဆိုးဝါးဂိုဏ်းထဲမှာ လူဆိုးတွေရှိတယ်ဆိုပြီး ပြောကြတယ်။ လူဆိုးတွေရှိသလို တော်တည့်ဖြောင့်မှန်တဲ့ လူကောင်းတွေလဲ မကောင်းဆိုးဝါး ဂိုဏ်းထဲမှာ ရှိမှာပဲ …"

ရိဟိုက "အစ်ကိုကြီး လင့်ဟူချုံး ကျွန်မတစ်ခုလောက် ပြောချင်ပါတယ် … အစ်ကိုကြီး စိတ်မဆိုးပါနဲ့ … အစ်ကိုကြီးရဲ့ ဆရာနဲ့ ပတ်သက်လို့ပါ … အစ်ကိုကြီးဆရာကို ပုတ်ခတ်ပြီး ပြောတာတော့ မဟုတ်ပါဘူး။ ဒါပေမယ့် သူဟာ ကျွန်မတို့ဟန်ဆန်းဂိုဏ်း ဒုက္ခအကြီးအကျယ်ရောက်နေတာကို သိလျက်သားနဲ့ လက်ပိုက်ပြီး ကြည့်နေတာတော့ မလုပ်သင့်ဘူးလို့ ထင်ပါတယ်။ တစ်ဂိုဏ်းလုံး ပြုတ်ပြုတ်ပြုန်းတော့မယ့် အချိန်ထက် အရေးကြီး တဲ့အချိန် ရှိဦးမှာလား။ သူ့ကို ကြည့်ရတာ တစ်မျိုးပဲလို့ ကျွန်မထင်တယ်…"

ဘွင်းဘွင်းရှင်းရှင်း သမားဖြစ်သော တင့်ရီမယ်သီလရင်ကြီးက ခပ်ဆတ်ဆတ် ဝင်ပြောလိုက်သည်။

"မင်းထင်တာကို ရှင်းရှင်းပြောစမ်းပါ။ အားနာမနေပါနဲ့။ ဒါမှ လင့်ဟူချုံးက ဟုတ်မဟုတ် ချိန်ဆလို့ ရသွားမှာပေါ့ …"

ရိဟိုက "ဒီ … ဒီလိုပါ။ … သူ … သူက ကောင်းဆန်းဂိုဏ်းရဲ့ ဂိုဏ်းကြီးငါးဂိုဏ်းကို တစ်ဂိုဏ်းတည်း ပူးပေါင်းဖို့ကိစ္စကို သဘောများ တူထားသလားမသိဘူး …"

ရိဟို၏ စကားသည် လင့်ဟူချုံး၏ရင်ကို လှုပ်ရှားသွားစေတော့သည်။ ထိုစကားမမှန်ဟု မည်သူမျှ မငြင်းနိုင်ချေ။ သေချာစဉ်းစားကြည့်ပါက ဟုတ်လောက်စရာရှိနေသည်။ သို့သော် လင့်ဟူချုံးအနေဖြင့် ဆရာ့ကို စော်ကားသည့် အတွေးမျိုး မတွေးရဲပဲဖြစ်နေတော့၏။

ထိုအခိုက်မှာပင် တင့်ရှန်မယ်သီလရင်ကြီး၏ မျက်လုံးများပွင့်လာတော့သည်။

"အခုတစ်ခါ ဒုက္ခရောက်တာကတော့ ငါတို့ဟန်ဆန်းဂိုဏ်းအနေနဲ့ ငါဦးဆောင်လာတဲ့ သက်တမ်း တစ်လျှောက်မှာ အကြီးကျယ်ဆုံး ဒုက္ခရောက်ရခြင်းပဲ… တစ်ဖက်ကလည်း ရက်ရက်စက်စက် ကြံစည်ကြတော့ အရိုးခံအတိုင်းဆက်ဆံမိတဲ့ ငါတို့တွေ ဒုက္ခရောက်ကြတာပေါ့… ငါတို့ကို ဒီဒုက္ခကြီးထဲက ကယ်တင်ပေးခဲ့တဲ့ လူကတော့ လင့်ဟူချုံးပဲ…"

ဆရာမကြီးသည် လင့်ဟူချုံးဖက်သို့ လက်အုပ်ချီရင်း တလေးတစား ပြောလိုက်သည်။

"သူ့ကြောင့် ငါနဲ့တင့်ရီ အသက်ချမ်းသာရာရခဲ့ရုံမက ဟန်ဆန်းဂိုဏ်းတစ်ဂိုဏ်းလုံး ပြုတ်ပြုတ်ပြုန်းမယ့် ဘေးကလည်း လွတ်ကင်းခဲ့ရတယ်… လင့်ဟူချုံးရဲ့ ကျေးဇူးကို ဘယ်လိုမှ မမေ့နိုင်တော့ပါဘူး…"

ဤမျှကြီးမြင့်သော ဟန်ဆန်းဂိုဏ်းချုပ်ဆရာမကြီးက သူ့အား ချီးကျူးနေသောအခါ လင့်ဟူချုံး တစ်ယောက် မနေတတ်တော့ပေ။

"ဆရာမကြီး ကျွန်တော်ကူညီခဲ့တာ အသေးအဖွဲလေးပါ ... ဒီလောက်ကလေးကိုတော့ စကားထဲ ထည့်ပြောမနေပါနဲ့တော့..."

ဆရာမကြီး တင့်ရှန်က ခေါင်းယမ်းပြရင်း ...

"မင်းက အင်မတန် ကိုယ့်ကိုယ်ကို နှိမ့်ချတတ်တဲ့သူငယ်လေးပဲ ... ငါချီးကျူးလို့ ရှက်မနေပါနဲ့၊ ချီးကျူးသင့်တဲ့လူကို ချီးကျူးတာ မင်္ဂလာတစ်ပါးပါပဲ၊ မင်းဆရာက ငါတို့ကိုလာပြီး မကူညီနိုင်လို့ သူတပည့်ဖြစ်တဲ့ မင်းကိုလွှတ်ပြီး ကူညီခိုင်းတယ်လို့ ငါတို့မှတ်ယူ ကျေးဇူးတင်ပါတယ်"

လင့်ဟူချုံးမှာ မျက်ရည်များ ဝဲလာသည်အထိ ခံစားမှုတစ်မျိုးကို ခံစားလိုက်ရတော့သည်။

ထို့နောက် ဟန်ဆန်းဂိုဏ်းသားများသည် တိုက်ပွဲအတွင်း ကျဆုံးကွယ်လွန်သွားခဲ့သည့် သူများကို သူရဲကောင်းများအား ဂုဏ်ပြုမြှုပ်နှံသည့် နည်းတူ မြှုပ်နှံသင်္ဂြိုဟ်လိုက်ကြတော့သည်။

## မေတ္တာနှင့် ကျေးဇူး

နောက်တစ်နေ့တွင် ထမ်းစင်များ ပြုလုပ်၍ ဟန်ဆန်းဂိုဏ်းသားများက သူတို့၏ ဆရာမကြီး နှစ်ယောက်ကို ထမ်းပိုးပြီး ရေကြောင်းခရီးဖြင့် စုန်ဆင်းနိုင်ရန် ဆိပ်ကမ်းသို့ ဆင်းသက်လာကြတော့၏။

လမ်းခရီး၌ ကောင်းဆန်းဂိုဏ်းသားများ ထပ်မံနှောင့်ယှက်မည်ကို စိုးရိမ်သဖြင့် လင့်ဟူချုံးသည်လည်း ဟန်ဆန်းဂိုဏ်းသားများနှင့်အတူ လိုက်ပါလာသည်။ သူလိုက်ပါလာသည်ကို ဟန်ဆန်းဂိုဏ်းသားများကလည်း ကျေးဇူးတင်ပြီး အားလည်းရှိကြသည်။ ဟန်ဆန်းဂိုဏ်းအဖို့ ရှေ့ဆက်ဆောင်ရွက်ရန် မည်သည့်အကြောင်းမျှ မရှိကြတော့သဖြင့် သူတို့၏ဌာနချုပ်ရှိရာ ဟန်ဆန်းတောင်သို့ ပြန်ကြတော့မည်ဖြစ်၏။

ဤသို့ဖြင့် ရေကြောင်းမှ ခရီးနှင်ခဲ့ကြရာ မြစ်ဝသို့ရောက်သောအခါ ကျောက်ချအနားယူလိုက်ကြ၏။ ဤနေရာ၌ ညအိပ် ရပ်နားမည့်အကြောင်းကို တင့်ရှန်မယ်သီလရင်ကြီးက အားလုံးကို အကြောင်းကြားလိုက်သည်။

ည ...

လောကကြီးတစ်ခုလုံး အိပ်မောကျလျက်ရှိနေပြီ။ လင့်ဟူချုံးမှာ လှေထိုးသားယောက်ျားများနှင့်အတူ ရောနှော အိပ်သည်။

ထိုစဉ်...

"ဖြောင်း .. ဖြောင်း .. ဖြောင်း"

လက်ခုပ်တီးသံ သုံးချက်ပေါ်လာသည်တွင် အိပ်နေသောလင့်ဟူချုံးမှာ ဖျတ်ကနဲ နိုးလာတော့သည်။ သူက အသာပင် နားစွင့်နေလိုက်သည်။

"ဖြောင်း .. ဖြောင်း .. ဖြောင်း"

နောက်ထပ် လက်ခုပ်သံသုံးချက် အခြားနေရာမှ ပေါ်ထွက်လာပြန်သည်။ လင့်ဟူချုံး မျက်မှောင်ကုပ်သွား သည်။ ဤလက်ခုပ်သံများသည် အကြောင်းမဲ့ ထွက်ပေါ်လာခြင်းမဟုတ်ကြောင်း ကောင်းစွာ ရိပ်မိ၏။

"အင်း ... သည်အတိုင်း အိပ်နေလို့တော့မဖြစ်ဘူး ... ဒီကောင်တွေကို စုံစမ်းမှပဲ။ ဟန်ဆန်းဂိုဏ်းကို လုပ်ကြံမယ့်လူတွေ ဖြစ်ချင်ဖြစ်နေမှာ ... ဖြစ်ခဲ့ရင် နောက်ကွက်ကနေ ငါဖြေရှင်းပေးလိုက်မယ်။ ပို့မယ့်ပို့ ကူးတို့ရောက်အောင်ပို့ဆိုတာလို သူတို့အားလုံးကို ဘေးမသီရန်မခ ဟန်ဆန်းဂိုဏ်းဌာနချုပ်ကို ရောက်သွားရအောင် ငါ့မှာ တာဝန်ရှိတယ်"

လင့်ဟူချုံးက လှေပေါ်ထထိုင်လိုက်ပြီး အကဲခတ်နေလိုက်သည်။ သူတို့၏နောက်ဖက် ခပ်လှမ်းလှမ်းရှိ လှေတစ်စင်း ပေါ်မှ လူတစ်ယောက်သည် ကမ်းပေါ်သို့ခုန်တက်သွားသည်။ လင့်ဟူချုံးကလည်း ချက်ချင်းပင် ကမ်းပေါ်ခုန်တက်ကာ ထိုလူထွက်သွားရာနောက်သို့ ကြောင်တစ်ကောင်အလား ပေါ့ပါးညင်သာစွာ လိုက်ပါသွားတော့သည်။

ထိုစဉ် လူတစ်ယောက်၏ အသံကို ကြားလိုက်ရသည်။

"ဟုတ်တယ်ဟေ့... လှေပေါ်က ဟန်ဆန်းမယ်သီလရင်တွေပဲ"

နောက်တစ်ယောက်၏ အသံထွက်လာသည်။

"မင်းက ဘယ်လိုလုပ်ဖို့ စိတ်ကူးထားလဲ... ဒီညပဲ အလုပ်စမှာလား။ ဒါမှမဟုတ် မနက်မှ စမှာလား။ သူတို့ ဟန်ဆန်းဂိုဏ်းက ထိပ်သီး ဘယ်နှစ်ယောက်ပါလာတယ် ဆိုတာရော သိရဲ့လား... ဒါက အရေးကြီးတယ်..."

အခြားတစ်ယောက်၏ အသံထပ်ထွက်လာသည်။

"မဖြစ်ဘူး... ငါစုံစမ်းပြီးပြီ။ အခုသူတို့ရဲ့ ဆရာမကြီး နှစ်ယောက်လုံး ပါလာတယ်။ အရမ်းလျှောက်လုပ်လို့ မဖြစ်ဘူး..."

မှောင်ရိပ်အတွင်းမှထွက်ကာ လင့်ဟူချုံးက ရှေ့သို့တိုးကပ်လိုက်သည်။ တစ်စွန်းတစ်စ ထွက်နေသော လရောင်ဖြင့် စကားပြောနေသူလူများ၏ မျက်နှာများကို ကြည့်လိုက်သည်။ တစ်ယောက်မှာ မုတ်ဆိတ်မွေးများ ထူထပ်စွာပေါက်နေပြီး နောက်တစ်ယောက်မှာ မျက်နှာတွင် ကျောက်ပေါက်မာများဖြင့် ပြည့်နေသည်။ အလွန်ပင် မှတ်မိလွယ်သော မျက်နှာများ ဖြစ်ကြသည်။

ကျောက်ပေါက်မာနှင့်လူက ...

"ငါတို့ ရေမြွေဂိုဏ်းက အရေအတွက်သာများတာ ... အရည်အချင်းက သိပ်ရှိတာ မဟုတ်ဘူး ... ဟန်ဆန်းဂိုဏ်းလို ဂိုဏ်းကြီးမျိုးကို ဘယ်လို ယှဉ်နိုင်ပါ့မလဲ"

မုတ်ဆိတ်က ...

"ဒါဆိုရင် ဒီလိုလုပ်... ဒီမယ်သီလရင်တွေက သိုင်းပညာသာတော်တာပါ။ ရေတော့ အကူးတော်မယ် မထင်ဘူး။ နောက်ပြီးတော့ သူတို့နေတာက တောင်ပေါ်မှာဆိုတော့ ရေကူးတတ်ဖို့ဆိုတာ သိပ်မလွယ်ဘူး။ ငါ့တို့က သူတို့ရဲ့ လှေကြီးနောက်ကို လိုက်သွားကြမယ်။ ပြီးတော့ မြစ်ဝကျယ်ကိုရောက်တော့မှ လှေဝမ်းကို ဖောက်ပစ်လိုက်မယ်။ ရေနစ်ပြီးတော့ ဒီမယ်သီလရင်တွေ ကယ်ပါယူပါ တစာစာနဲ့ ဖြစ်နေတုန်းမှ တစ်ယောက်ပြီး တစ်ယောက် ဖမ်းလိုက်ရုံပဲ..."

ကျောက်ပေါက်မာနှင့်လူက အလွန်သဘောကျသွားဟန်ဖြင့် တဟဲဟဲ ရယ်ကာ ...

"ကောင်းတယ်။ ဒီအကြံသိပ်ကောင်းတယ်။ ဒီလိုမှမလုပ်ရင်လဲ သူတို့ကို ဘယ်လိုမှယှဉ်နိုင်မှာ မဟုတ်ဘူးကွ..."

အချိန်မဆိုင်းတော့ပဲ လင့်ဟူချုံးက ခုန်ဝင်သွားကာ ထိုလူများ၏နောက်စေ့ကို ရိုက်ချလိုက်ရာ အားလုံးလဲကျပြီး သတိလစ်သွားတော့သည်။

ထိုစဉ်မှာပင် ခပ်လှမ်းလှမ်းမှ ပြောလိုက်သည့် အသံတစ်သံကြောင့် လင့်ဟူချုံး၏ ရင်ထဲတွင် ထိတ်ကနဲ ဖြစ်သွားတော့သည်။

"လင့်ဟူချုံး သူတို့ကို မသတ်ပါနဲ့ဦး။ နည်းနည်းပါးပါး စစ်ဆေးပါရစေဦး"

တင့်ရှန်မယ်သီလရင်ကြီး၏ အသံဖြစ်နေချေသည်တကား။ သူမသည်လည်း လင့်ဟူချုံးကဲ့သို့ပင် လက်ခုပ် တီးသံကြားလိုက်ပြီး နိုးနေခြင်းဖြစ်ပုံရသည်။ ပြီးနောက် သူ့လိုပင် ကုန်းပေါ်လိုက်တက်လာခြင်း ဖြစ်ပေလိမ့်မည်ဟု လင့်ဟူချုံး သိလိုက်သည်။ တစ်ဆက်တည်းလိုလိုပင် တင့်ရီမယ်သီလရင်ကြီးလဲ ရောက်ရှိလာတော့သည်။

များမကြာမီ ထိုလူနှစ်ယောက် သတိရလာတော့သည်။ မျက်နှာထားကို အတင်းမာဆုံး ဖြစ်စေလျက် လင့်ဟူချုံးက စစ်မေးလိုက်သည်။

"မင်းတို့ကို တစ်ခွန်းမေးရင် တစ်ခွန်းဖြေပါ။ ဝေ့လည်ကြောင်ပတ်တွေ လျှောက်မဖြေနဲ့။ နို့မဟုတ်ရင် တော့ ငါ့ကိုအဆိုးမဆိုနဲ့။ ငါဘယ်လောက် ရက်ရက်စက်စက် နှိပ်စက်တတ်သလဲဆိုတာကို မင်းတို့ အသက်နဲ့လဲပြီး သိသွားမယ် ..."

ထိုနှစ်ယောက်မှာ ကြောက်ကြောက် ရွံ့ ရွံ့နှင့် ခေါင်းကို အခါခါ ညိတ်ပြလေတော့၏။

လင့်ဟူချုံးက ...

"မင်းတို့ ရေမြွေဂိုဏ်းက ဟန်ဆန်းဂိုဏ်းနဲ့ ဘယ်တုန်းက ရန်ငြိုးရှိခဲ့ဖူးသလဲ..."

မုတ်ဆိတ်နှင့်လူက ...

"ကျွန်တော်တို့နဲ့ ဟန်ဆန်းဂိုဏ်း ဘယ်တုန်းကမှ ရန်ငြိုးမရှိခဲ့ဖူးပါဘူး"

"ရန်ငြိုးမရှိပဲနဲ့များ မင်းတို့မို့လို့ ဟန်ဆန်းဂိုဏ်းသားတွေ စီးတဲ့လှေကြီးကို ဖောက်ပစ်ဖို့ ကြံနေသေး တယ်။ ကဲ ... ရှင်းစမ်းပါဦး။ မင်းတို့ကို ဘယ်သူက ဒီလိုလုပ်ဖို့ ခိုင်းလိုက်သလဲ"

တင့်ရီမယ်သီလရင်ကြီးသည် ကုန်းပေါ်သို့ နောက်မှ ရောက်ရှိလာသူဖြစ်၍ လင့်ဟူချုံးက ထိုသူနှစ်ယောက်ကို မည်သည့်အကြောင်းကြောင့် ဖမ်းထားမှန်း မသိချေ။ ယခုမှ အကြောင်းရင်းကို သိရသဖြင့် သူမက ဒေါသတကြီး အော်ဟစ်လိုက်သည်။

"သြော် .. လက်စသတ်တော့ ဒီကောင်တွေက ငါတို့ကို မြစ်ထဲမှာ ရေနစ်သေအောင် ကြံနေတာကိုး"

မုတ်ဆိတ်နှင့်လူက ကမန်းကတန်း ဖြေရှင်းလိုက်သည်။

"ဆရာမကြီး ဒေါသမကြီးပါနဲ့။ ကျွန်တော်တို့လို အသေးအမွှားဂိုဏ်းကလေးက ဟန်ဆန်းလိုဂိုဏ်းကြီးကို ရန်ငြိုးမဖွဲ့ရဲပါဘူး။ ဒါပေမယ့် ဆရာမကြီးတို့က မြောက်ဖက်ကိုသွားမယ်ဆိုတော့ ... ဘာသာရေးဂိုဏ်း အချင်းချင်းလဲ ဖြစ်နေပြန်တော့ ဟိုကိုသွားပြီး ကူညီတာဖြစ်မှာပဲဆိုပြီး အရဲစွန့်လုပ်ကြတာပါ ..."

လင့်ဟူချိုးမှာ မုတ်ဆိတ်ပြောသည့်စကားများကို လုံးဝနားမလည်။ နားမလည်ရုံမက ပို၍ပင် နားရှုပ်သွား သေး၏။ ထို့ကြောင့်လင့်ဟူချိုးက ပြန်မေးလိုက်သည်။

"မင်း ... ဘာတွေပြောနေတာလဲ။ ဘာ ... ဘာသာရေးဂိုဏ်းချင်းတူတာလဲ၊ ဘာကိုကူညီတယ်ထင်တာလဲ..."

ကျောက်ပေါက်မာနှင့်လူက ဝင်၍ ...

"အစ်ကိုလေးက ထင်ပေါ်ဆိုတဲ့ နာမည်များ ကြားဖူးမလား မသိဘူး.."

ထင်ပေါ်၏ အမည်ကို ကြားလိုက်ရသောအခါ လင့်ဟူချိုး အံ့အားသင့်သွားသည်။ ထင်ပေါ်က ဘယ်နေရာမှ ပါဝင်လာသည်ကိုလည်း မတွေးတတ်အောင် ဖြစ်သွားသည်။

လင့်ဟူချိုးက ...

"အင်း .. ထင်ပေါ်ကို သိတယ်။ အဲဒါ ဘာဖြစ်သလဲ"

ကျောက်ပေါက်မာနှင့်လူက ...

"အဲသည် ထင်ပေါ်ဆိုတဲ့လူက ကျွန်တော်တို့ဂိုဏ်းချုပ်ကြီးနဲ့ သိပါတယ်။ လွန်ခဲ့တဲ့သုံးရက်က ကျွန်တော်တို့ ဆီလာရင်းနဲ့ သူကပြောသွားတယ်။ နေမင်းသမီးတော်ကလေးကို ရှောင်လင်ဂိုဏ်းက ဖမ်းချုပ်ထားတယ်တဲ့။ သွား ကယ်ရမယ်တဲ့။ ဒါပေမယ့် ဒီကိစ္စကို အထက်လမ်းဂိုဏ်းသားတွေသိသွားပြီး သွားကူမကူဆိုတာ ကျွန်တော်တို့ကို စုံစမ်းခိုင်းထားပါတယ်။ ဒါကြောင့် ကျွန်တော်တို့က အခုလို ကြံစည်ရတာပါ"

တင့်ရှန်မယ်သီလရင်ကြီးက သူမ မရှင်းလင်းသည့်အချက်ကို မေးလိုက်သည်။

"နေမင်းသမီးတော်ဆိုတာ ဘယ်သူလဲ ..."

ကျောက်ပေါက်မာနှင့်လူက ပြန်ဖြေလိုက်၏။

"နေမင်းသခင် ဂိုဏ်းချုပ်ကြီး လင်းရှင်ရဲ့ သမီးလေးကို ပြောတာပါ"

လင့်ဟူချိုး၏ရင်ထဲ၌ ထိတ်လန့်စိုးရိမ်မှုများ ဖြစ်ပေါ်လာတော့၏။ သူ့ဦးခေါင်းထဲတွင် အတွေးများ ဆူပွက်လာတော့သည်။

"သူတို့က လင်းလင်းကို ပြောနေတာပါလား။ လင်းလင်း ဘယ်လို ဖြစ်သွားတာပါလိမ့်။ အခုဟာက သူ့သတင်းကို ပထမဆုံး ကြားရခြင်းပဲ..."

လင့်ဟူချိုးမှာ မျက်နှာပျက်သွားရုံမက ချွေးများလည်း စို့လာတော့၏။ လက်ဝါးနှစ်ဖက်လုံး စိုထိုင်းလာသည် အထိပင် ဖြစ်တော့၏။ တင့်ရှန်ဆရာမကြီးက ဆက်၍ မေးလိုက်သည်။

"ဒီမိန်းကလေးကို ကယ်ဖို့ ထင်ပေါ်က ခေါင်းဆောင်လာတာလား..."

"မဟုတ်ပါဘူး။ သူကလိုက်ပြီးသတင်းပေးနေတာပါ။ နှီးဆော်ရေးသမား လုပ်နေတာပေါ့။ နေမင်းသမီးတော် ကလေးကိုကယ်ဖို့ ကြားထဲကနေ အဆက်အသွယ်ရှာပေးနေတာပါ။ ကျွန်တော်တို့ အားလုံးက နေမင်းသမီးတော် ကလေးကို ရှောင်လင်ကျောင်းကနေ ဖမ်းချုပ်ထားတယ်ဆိုတဲ့ သတင်းလည်းကြားရော သွားကယ်ကြမလို့ပဲ။ ... ကျွန်တော်တို့မှာ ခေါင်းဆောင်တော့ မရှိသေးပါဘူး"

တင့်ရှန် မယ်သီလရင်ကြီးက ...

"အံ့သြစရာပဲ။ ဒီမိန်းကလေး တစ်ယောက်အတွက်နဲ့ အုတ်အော်သောင်းတင်း ဖြစ်နေတာကိုး။ ဘာဖြစ်လို့ သူ့အတွက် မင်းတို့က အသက်စွန့်ပြီး ဆောင်ရွက်ပေးနေကြရတာတုန်း"

"နေမင်းသမီးတော်ကလေးက ကျွန်တော်တို့အပေါ်မှာ အများကြီး ကျေးဇူးပြုခဲ့ပါတယ်။ ကိုယ့်အပေါ် ကောင်းထားတဲ့ လူကို ကျွန်တော်တို့ကလည်း ပြန်ကောင်းမှ ဝတ္တရားကျေပွန်ပါလိမ့်မယ်။ တစ်ဦးမေတ္တာ၊ တစ်ဦးမှာ ဆိုတဲ့ စကားအတိုင်း အပြန်အလှန် ကူညီကြတာပဲ ဆိုပါတော့ဗျာ။ သူ့အတွက်ဆိုရင် အားလုံးက သေသေရှင်ရှင် ကူညီဖို့ အဆင်သင့်ပါပဲ"

လင်းလင်းက ဤလူများအပေါ် ကျေးဇူးပြုခဲ့သည်ဆိုသော အချက်ကို လင့်ဟူချိုးက လုံးဝနားမလည်နိုင်ပဲ ဖြစ်နေသည်။

"လင်းလင်းက ငယ်ငယ်လေးပဲ ရှိသေးတာ .. ဒီလူတွေကို ဘယ်လိုများ ကျေးဇူးပြုခဲ့လို့ပါလိမ့်"

တွေးနေရင်းမှ လင့်ဟူချုံးက မေးခွန်းထုတ်လိုက်သည်။

"တစ်ခုမေးပါရစေဦး။ အဲသည် လင်းလင်းဆိုတဲ့မိန်းကလေးကို ရှောင်လင်ကျောင်းလို အထက်လမ်းဂိုဏ်းကြီးက ဘာဖြစ်လို့ ဖမ်းထားရတာလဲ။ ရှင်းပြစမ်းပါဦး"

မုတ်ဆိတ်နှင့်လူက ...

"ဒါတော့ ကျွန်တော် မသိဘူး"

တင့်ရှန် မယ်သီလရင်ကြီးက လှမ်းပြောလိုက်သည်။

"လင့်ဟူချုံး .. အခုလိုဆိုတော့ ငါတို့အတွက်လည်း ဘာမှ အန္တရာယ်မရှိတော့ပါဘူး။ ငါတို့ လေ့ပေါ် ပြန်သွားတော့မယ်။ မင်းသာ ဒီလူတွေကိုဆက်ပြီး စစ်မေးထားလိုက်ပေါ့"

စကားဆုံးသည်နှင့် တင့်ရှီမယ်သီလရင်ကြီးအား တင့်ရှန်မယ်သီလရင်ကြီးကဆွဲကာ သူတို့လှေရှိရာသို့ ထွက်သွားတော့သည်။ တင့်ရှန်မယ်သီလရင်ကြီး၏ စိတ်သဘောကို လင့်ဟူချုံးက များစွာလေးစားမိသည်။ လူ့အရိပ်အကဲ နားလည်မှု၊ လူမှုရေး နားလည်မှုပင်တည်း။ မိမိက သည်လူနှစ်ယောက်ကို လွတ်လွတ်လပ်လပ် မေးမြန်းနိုင်စေရန် ရှောင်ပေးသွားခြင်း ဖြစ်သည်။

လင်းလင်းအတွက် လွန်စွာပူပန်ပြီး စိတ်ရှုပ်ထွေးနေသဖြင့် လင့်ဟူချုံးတစ်ယောက် မည်သည့်စကား မေးရမှန်းပင် မသိတော့ချေ။ သူ့ပါးစပ်မှ ထွက်သွားသည်မှာ ...

"မင်းတို့အားလုံး ရှောင်လင်ကျောင်းကို ဘယ်နေ့မှာ စုဝေးပြီး သွားကြမှာလဲ"

ကျောက်ပေါက်မာနှင့်လူက ...

"နောက်လ ဆယ့်ငါးရက်ဆိုရင် ကျွန်တော်တို့ သွားကြတော့မယ်"

နေ့ရက်များကို စိတ်ထဲမှ လင့်ဟူချုံး တွက်ချက်လိုက်မိသည်။

"အခုဆိုရင် လကုန်တော့မယ်။ နောက်လဆယ့်ငါးရက်ရောက်ဖို့ ဘာမှမလိုတော့ဘူး။ ရှောင်လင်ကျောင်းက ကျောင်းထိုင်ဆရာတော်ကြီး ဖန်းတင်းနဲ့ ဆရာတော်ကြီးမန်ဆန်းတို့က ငါနဲ့ အင်မတန် ရင်းနှီးတဲ့ဥစ္စာပဲ။ တကယ်လို့ ဒီလူတွေသာ လင်းလင်းကိုသွားကယ်ရင် ရှောင်လင်ဂိုဏ်းနဲ့ တိုက်ခိုက်မှာသေချာတယ်"

ရှေ့ရေးကို တွေးလိုက်မိသောအခါ သွေးပင်လယ်ဝေမည့် တိုက်ပွဲကြီးကို လင့်ဟူချုံး မြင်ယောင်မိလေသည်။ သက်ပြင်းရှည်ကြီးတစ်ချက် ချလိုက်မိတော့သည်။

"အင်း ... တိုက်ပွဲသာဖြစ်လို့ကတော့ သေးမှာမဟုတ်ဘူး။ ဘယ်သူပဲနိုင်နိုင် ရှုံးရှုံး။ နှစ်ဖက်စလုံး အထိနာ တော့မှာပဲ။ ဒီတော့ ငါ့အနေနဲ့ အကောင်းဆုံးလုပ်နိုင်တဲ့ အချက်တစ်ချက်ရှိတယ်။ ဒီလူတွေထက်စောပြီး ရှောင်လင်ကျောင်းကို သွားရမယ်။ လင်းလင်းကိုလွှတ်ပေးဖို့ ကျောင်းထိုင်ဆရာတော်ကြီးကို လျှောက်ထား တောင်းပန်ရမယ်။ ဒါဆိုရင် ပိုမကောင်းပေဘူးလား။ သွေးပင်လယ်ဝေစရာ မလိုတော့ဘူးပေါ့..."

လင့်ဟူချုံးက ဆက်၍ အတွေးနယ်ချဲ့လိုက်သည်။

"အခုဆိုရင် ဆရာမကြီး တင့်ရှန်နဲ့ တင့်ရှီတို့လည်း ဒါဏ်ရာတွေ အတော်ပျောက်သွားပြီ။ လူကောင်းနီးနီး ဖြစ်သွားကြပြီ။ သူတို့ရဲ့ခရီးလည်း ဒီအထိပေါက်လာပြီဆိုတော့ ကောင်းဆန်းဂိုဏ်းကလည်း ပြောင်ပြောင်တင်းတင်း တိုက်ခိုက်ရဲမှာ မဟုတ်တော့ဘူး။ ဒီတော့ ငါနေဖို့မလိုတော့ဘူး။ ဒါပေမယ့် သူတို့ကို ငါ့အနေနဲ့ ဘယ်လို နှုတ်ဆက် ထွက်သွားရပါ့မလဲ..."

လင့်ဟူချုံးတွေးမည်ဆိုလည်း တွေးလောက်ပေသည်။ အဘယ်ကြောင့်ဆိုသော် ဟန်ဆန်းဂိုဏ်းတစ်ဂိုဏ်းလုံးသည် သူ့ကို တကယ့်ကျေးဇူးရှင်ကြီး တစ်ယောက်ပမာ ရိုသေကိုင်းရှိုင်းစွာ ဆက်ဆံနေကြသောကြောင့် ဖြစ်ပေသည်။ သူတို့၏နှုတ်ဖျားက 'အစ်ကိုကြီး' ဟုသာ ခေါ်ဝေါ်ဆက်ဆံနေကြသော်လည်း သူတို့၏အပြုအမူအားဖြင့် လင့်ဟူချုံးကို ရိုသေလေးစားပုံမှာ ဆရာမကြီး တင့်ရှန်နှင့် တင့်ရှီတို့အား လေးစားပုံနှင့် ထပ်တူပင်ဖြစ်သည်။ သူ့ကို ဟန်ဆန်း ဂိုဏ်းချုပ်ကြီး တစ်ယောက်သဖွယ် သဘောထားပြီး လေးစားစွာဆက်ဆံနေကြသည်မှာ ထင်ရှားလှသည်။

ယခုကဲ့သို့ ရုတ်တရက် ခွဲခွာသွားရမည်ကို ပြောမထွက်သကဲ့သို့ ဖြစ်နေမိသည်။ ထိုစဉ် သူ့နောက်ဖက်မှ ခြေသံများ ကြားလိုက်ရသည်။ လူများစွာ၏ ခြေသံများပင်တည်း။ လှည့်ကြည့်လိုက်သောအခါ ရီလင်နှင့် ကျက်ပန်းတို့ ဖြစ်နေကြောင်း သိရသည်။ ရီလင်က သူ့အနားသို့ ရောက်လာသောအခါတွင်...

"အစ်ကိုကြီး ... ဂိုဏ်းချုပ်ဆရာမကြီးက ကျွန်မတို့ကို ပြောခိုင်းလိုက်ပါတယ်။"

သူမက စကားကို မဆက်ပဲ ကျက်ပန်းဖက်လှည့်ကာ ...

"ညီမလေး ... နင်ပဲ ဆက်ပြောပြလိုက်ပါ ..."

ကျက်ပန်းက "ဂိုဏ်းချုပ်ဆရာမကြီးက အစ်မကို ပြောခိုင်းလိုက်တာလေ"

ရီလင်က ...

"နင်ပြောလည်း အတူတူပါပဲ... ပြောသာ ပြောပြလိုက်ပါ..."

"အစ်ကိုကြီး ... ဆရာမကြီးက ပြောခိုင်းလိုက်ပါတယ်၊ အစ်ကိုကြီးကသာ လင်းလင်းဆိုတဲ့မိန်းကလေးကို သွားကယ်ရင် ကျွန်မတို့အားလုံးကလည်း အစ်ကိုကြီးဖက်ကနေ ကူပါ့မယ်တဲ့။ အဲဒါ ဆရာမကြီး ပြောခိုင်းလိုက်တဲ့ စကားပါပဲ..."

လင့်ဟူချုံး တအံ့တသြ ဖြစ်သွား၏။ သူ့စိတ်ထဲတွင် တွေးလိုက်မိသည်။

"ငါက လင်းလင်းကို သွားကယ်မယ်လို့တောင် မပြောပြရသေးဘူး။ ဘယ့်နှယ်လုပ် ဆရာမကြီးတင့်ရှန်က သိနေရတာလဲ၊ ဟာ ... ဟုတ်ပြီ...ဟုတ်ပြီ ... ဟိုတစ်ခါ ငါ့ကိုဆေးကုပေးဖို့ လင်းလင်းက ကြိုးစားခဲ့တဲ့ကိစ္စက သိုင်းလောကတစ်ခုလုံး ဟိုးဟိုးကျော်သွားခဲ့တာပဲ။ လူတိုင်းသိကြတော့ ဆရာမကြီး တင့်ရှန်လည်း သိတော့မှာပေါ့..."

ထိုအချက်ကို စဉ်းစားမိသောအခါ လင့်ဟူချုံး၏ မျက်နှာတစ်ခုလုံး ထူပူပြီး ရှက်သွားလေတော့၏။

ကျက်ပန်းက ...

"ဆရာမကြီးက အကြံပေးလိုက်ပါသေးတယ်။ ဒီကိစ္စအတွက် အကောင်းဆုံးနည်းလမ်းကတော့ အကြမ်းမဖက်တဲ့နည်းလမ်းပါပဲတဲ့။ အခုဆိုရင် ဆရာမကြီးတို့နှစ်ယောက် ရှောင်လင်ကျောင်းကို သွားနေပါပြီ။ သူတို့ခရီးပြင်းနှင်ပြီး အမြန်ဆုံးရောက်အောင် သွားမယ်တဲ့"

လင့်ဟူချုံးမှာ ပါးစပ်အဟောင်းသား ဖြစ်သွားတော့၏။

"ဆ ... ဆရာမကြီးတို့ ရှောင်လင်ဘုရားကျောင်းကို သွားကြပြီ ... ဟုတ်လား ... သူ .. သူတို့ ဘာသွား လုပ်မယ်လို့ ပြောသွားသလဲ"

"ဟုတ်ပါတယ်။ ဂိုဏ်းချုပ်ဆရာမကြီး တင့်ရှန်ရော၊ ဆရာမကြီး တင့်ရီရော။ နှစ်ယောက်စလုံး ထွက်သွား ကြပါပြီ။ သူတို့သွားတာကတော့ ရှောင်လင်ကျောင်းထိုင် ဆရာတော်ကြီး ဖန်းတင်းဆီမှာ လင်းလင်းကို လွှတ်ပေးဖို့ တောင်းပန်မလို့ပါတဲ့။ အစ်ကိုကြီးကတော့ ကျွန်မတို့နဲ့ အတူတူ နောက်ကနေ လိုက်ခဲ့ပါတဲ့ ... "

ထိုစကားကို ကြားလိုက်သောအခါ လင့်ဟူချုံးက မြစ်လယ်သို့ လှမ်းမျှော်ကြည့်လိုက်မိတော့၏။ လှေငယ်တစ်စင်း ရွက်လွှင့်သွားနေသည်ကို တွေ့လိုက်ရသည်။

သည်လှေသည် တင့်ရှန်နှင့် တင့်ရီမယ်သီလရင်ကြီးတို့၏ လှေသာလျှင် ဖြစ်ရချေတော့မည်။

လင့်ဟူချုံး၏ရင်ထဲတွင် အမျိုးမျိုးသောခံစားမှုများကို စုပြုံခံစားနေရတော့သည်။ မိမိအပေါ် ကောင်းလွန်းလှ သော ဆရာမကြီးနှစ်ယောက်တို့၏ စေတနာ၊ မေတ္တာကို အလွန်တရာ ကျေးဇူးတင်နေမိ၏။ သို့သော် တစ်ဖက်တွင် လည်း ရှက်နေမိ၏။

"တင့်ရှန်နဲ့ တင့်ရီဆိုတဲ့ ဆရာမကြီးနှစ်ယောက်ဟာ သိုင်းလောကမှာ ဝါစဉ်လည်းကြီး၊ နာမည်လည်း ကျော်ကြား လှတဲ့ ဆရာမကြီးတွေ။ အခုကြည့်စမ်း။ သူတို့ကိုယ်တိုင် တောင်းတောင်းပန်ပန် ပြောကြတော့မယ်။ ရှောင်လင်ဂိုဏ်းက ဆရာတော်ကြီးကလည်း အရမ်း စိတ်ထားကောင်းတာဆိုတော့ လင်းလင်းကို အသာတကြည် လွှတ်ပေးလိုက်မှာ သေချာ တယ်..."

လင့်ဟူချုံးသည် အလွန်တရာ စိတ်သက်သာရာ ရသွားတော့သည်။ စိတ်လက် ပေါ့ပါးသွားသည်။ ထို့ကြောင့် ရေမြွေဂိုဏ်းသားနှစ်ယောက်ကို ပြန်လွှတ်လိုက်သည်။ ထိုလူများကလည်း လင့်ဟူချုံးက သူတို့ကို ကူညီမည့်လူ ဖြစ်နေသည့်အတွက် အရိုအသေပေးကာ ဝမ်းသာစွာဖြင့် ထွက်သွားကြတော့သည်။ လင့်ဟူချုံးကလည်း ရီလင်နှင့် ကျက်ပန်းကို ခေါ်ဆောင်ကာ လှေကြီးဆီ ပြန်ခဲ့သည်။

လှေပေါ်သို့ရောက်သောအခါ ဟန်ဆန်းဂိုဏ်းသားအားလုံး ရေငုံနှုတ်ပိတ်နေကြသည်ကို တွေ့ရသည်။ အလွန် တရာစပ်စုသူများပင် ငြိမ်သက်နေကြ၏။ ဤကဲ့သို့ဖြစ်နေရခြင်း၏ အကြောင်းရင်းကို လင့်ဟူချုံး တွေးတောမိသည်။

တင့်ရှန် မယ်သီလရင်ကြီးသည် လူမှုရေးကို အလွန်တရာ နားလည်လှသဖြင့် ဟန်ဆန်းဂိုဏ်းသားများက ပေါက်တတ်ကရ မေးခွန်းများ မေးခြင်းဖြင့် လင့်ဟူချုံး အနေအထိုင်ခက်စေမည်ကို ကြိုတင်တွေးပြီး ဟန့်တားခဲ့ဟန် တူပေသည်။

'လင့်ဟူချုံး အနေအထိုင်ခက်စေမည့် မည်သည့်စကားမဆို မေးခွင်းမပြုရန်' တင်းကြပ်စွာ တားမြစ်ခဲ့ဟန် တူပေသည်။

မေးမြန်းစပ်စုခွင်း မခံရသည့်အတွက် တစ်ဖက်တွင် အနေအထိုင်သက်သာသော်လည်း တစ်ဖက်တွင်မူ ဂိုဏ်းသားအားလုံး၏ ပြုံးယောင်ယောင်မျက်နှာများကို တွေ့နေရသောအခါ ရုက်ရက်ဖြင့် မျက်နှာပူထူလာမိပြန်သည်။

"အင်း .. သူတို့ပါးစပ်ကတော့ ဘာမှမပြောကြပါဘူး။ ဒါပေမယ့် သူတို့အမူအရာတွေက ငါနဲ့လင်းလင်းဟာ ချစ်သူတွေလို့ တထစ်ချ မှတ်ယူထားကြတဲ့ပုံ ပေါက်နေတယ် ... တကယ်တော့ ငါက လင်းလင်းကို ချစ်ခွင့်တောင် မပန်ရသေးဘူး။ အဲဒါကို ငါဘယ်လို ရှင်းပြရပါလိမ့်..."

ဟန်ဆန်းဂိုဏ်းမှ ချင်ကျွမ်း၏ ပြုံးတုံ့တုံ့မျက်လုံးများကို ကြည့်ရင်း သူ့ကိုယ်သူ မလုံမလဲ ဖြစ်လာတော့၏။

"မင်းတို့တလွဲထင်မနေကြနဲ့။ မင်းတို့ ထင်သလို မဟုတ်ပါဘူး"

ချင်ကျွမ်းက ရယ်၍ ...

"ကျွန်မတို့က ဘာများ တလွဲထင်နေလို့လဲ..."

"ဟ ... မင်းတို့ မျက်နှာတွေ ကြည့်ရုံနဲ့ မင်းတို့ ဘာတွေ တွေးနေတယ်ဆိုတာ ငါသိတယ်..."

"ဟင် ... မဟုတ်သေးပါဘူး။ အစ်ကိုကြီးက ဘာတွေ သိနေတာလဲ"

ချင်ကျွမ်း၏ အမေးကို လင့်ဟူချုံး ပြန်မဖြေနိုင်ချေ။ ဖြေလိုက်ပါက ပို၍အရှက်ရပေလိမ့်မည်။ ဤတွင် ရိဟိုက ဝင်၍ အော်ငေါက်လိုက်သည်။

"ညီမလေးချင်ကျွမ်း ... ဘာတွေလျှောက်ပြောနေတာလဲ။ ဆရာမကြီး သေသေချာချာ မှာခဲ့တဲ့စကားတွေကို မေ့နေပြီလား။ ကိုယ့်ဆရာမရဲ့စကားကို ရှေ့မှာဖြစ်ဖြစ်၊ နောက်မှာဖြစ်ဖြစ် သေသေချာချာလိုက်နာမှပေါ့ ညီမလေးရဲ့"

"ဟုတ်ကဲ့ ... ကျွန်မ မပြောတော့ပါဘူး"

စိတ်သက်သာရာ ရသွားသော လင့်ဟူချုံးသည် အခြားတစ်ဖက်သို့ လှည့်လိုက်ရာ မြစ်ပြင်ကျယ်ကြီးကို ငေးမောနေသည့် ရီလင်ကို တွေ့လိုက်ရသည်။

ထိုစဉ်ရိဟိုက လင့်ဟူချုံးအား ...

"အစ်ကိုကြီး၊ ကျွန်မတို့ ကုန်းလမ်းကပြောင်းပြီးသွားရင် ပိုကောင်းမလား။ ဒါမှမဟုတ် ရေလမ်းအတိုင်းပဲ ဆက်သွားကြမလား..."

ကုန်းလမ်းမှသွားခြင်းသည် ခရီးပိုတွင်ပြီး လင်းလင်း၏သတင်းကို စောစီးစွာကြားသိနိုင်ကြောင်း လင့်ဟူချုံး သိထားသည်။ သို့သော် မိန်းကလေးတစ်သိုက်က မိမိသည် လင်းလင်းကို အလွန်တွေ့ချင်နေသဖြင့် မြန်မြန်ရောက် သည့် ကုန်းလမ်းကို ပြောင်းပစ်သည်ဟု အထင်မခံနိုင်ချေ။

"ဆရာမကြီးတွေက ငါတို့ကို ဖြည်းဖြည်းလိုက်ခဲ့ပါလို့ မှာတယ်မဟုတ်လား။ ဒီတော့ အစီအစဉ် ပြောင်းဖို့ မလိုပါဘူး။ ဒီလှေနဲ့ပဲ သွားကြတာပေါ့..."

ခဏကနဲ ရယ်လိုက်ပြီး ချင်ကျွမ်းက ဝင်ပြောတော့၏။

"အစ်ကိုကြီး ...ဒီလှေက သိပ်နှေးတာနော်။ ဟိုမှာ ဒုက္ခရောက်နေမလားမသိဘူး။ စိတ်အေးအေး ထားနိုင်ရဲ့လား ..."

လင့်ဟူချုံး၏မျက်နှာမှာ ရဲကနဲဖြစ်သွားတော့၏။ ရိဟိုက ချက်ချင်းပင် ဝင်ငေါက်ပြန်သည်။ သူမ၏ လေသံမှာ ဒေါသဖြင့်တင်းမာလှသည်။

"ချင်ကျွမ်း .. မင်းဘာတွေ လျှောက်ပြောနေတာလဲ..."

ချင်ကျွမ်းက ပြုံးစိစိဖြင့် ငြိမ်သက်သွား၏။ လင့်ဟူချုံးကလည်း အခြားတစ်ဖက်သို့ မျက်နှာလှည့်လိုက် သည်။ မလှည့်ပါက သူ့မျက်နှာ မည်သို့ထားရမည်မှန်း မသိတော့ချေ။

သူတို့အားလုံးရေကြောင်းခရီးဖြင့် ဆက်ထွက်ခဲ့ကြ၏။ ရိက္ခာ၊ အစားအသောက်နှင့် သတင်းစုံစမ်းရန်အတွက် ဆိပ်ကမ်းတိုင်း၌ဆိုက်ကပ်သည်။ ထိုသို့ ဆိုက်ကပ်သည့်အခါတိုင်း လင့်ဟူချုံးတစ်ယောက်တည်း ကမ်းပေါ်တက်၍ အရက်သောက်လေ့ရှိ၏။ ဤသို့ဖြင့် တစ်ရက်တွင် မြို့ကလေးတစ်မြို့သို့ ဆိုက်ကပ်မိလာသည်။ ထုံးစံအတိုင်း လင့်ဟူချုံးက အရက်သောက်ရန် ကမ်းပေါ်တက်တော့၏။ အရက်ဆိုင်သို့ ရောက်သောအခါ လူသူရှင်းလှသဖြင့် အလွန်သဘောကျမိတော့၏။ သို့မှသာ အေးအေးဆေးဆေး အရက်သောက်ရမည် မဟုတ်ပါလား။ စားပွဲလွတ်တစ်လုံး တွင် ဝင်ထိုင်လိုက်ကာ တစ်ယောက်တည်း အရက်သောက်တော့သည်။

ထိုအခိုက် သူ၏နောက်ဖက်မှ သက်ပြင်းချသံတစ်ချက် ကြားလိုက်ရပြီး တစ်ကိုယ်တည်း ပြောနေသည့်

စကားသံတစ်သံ ထွက်ပေါ်လာသည်။

"အင်း .. ဒီလောကမှာ ယောကျ်ားတွေက မိန်းမတွေကို သစ္စာမရှိဘူး။ ဘာညာနဲ့ အပြစ်ပြောကြသေးတယ်။ တကယ်သစ္စာမရှိတာက ယောကျ်ားတွေပဲ။ ယောကျ်ား ဆယ်ယောက်မှာ ကိုးယောက်က သစ္စာမရှိဘူး။"

ထူးထူးဆန်းဆန်းဖြစ်နေသဖြင့် နောက်သို့ လင့်ဟူချျိုး လှည့်ကြည့်လိုက်၏။ အရက်ဆိုင်ထောင့်တွင် လူတစ်ယောက် စားပွဲပေါ် မျက်နှာမှောက်အိပ်နေသည်ကို တွေ့ရ၏။ ကြည့်နေရင်းမှ ရုတ်တရက် ခေါင်းထောင်လာပြီး အရက်ထ သောက်ပြန်၏။ မည်သူ့ကိုမျှ အရေးမစိုက်။ တစ်လောကလုံး သူတစ်ယောက်တည်း ရှိနေသည့် ပုံစံမျိုးပင်။

ဦးခေါင်းကိုပြန်လှည့်လိုက်ပြီး သောက်မြဲအတိုင်း လင့်ဟူချျိုး အရက်ဆက်သောက်နေလိုက်သည်။ သူ့နောက် ဖက်မှ အသံကြားရပြန်သည်။

"သူများက မင်းအတွက် အချုပ်ခံနေရတယ်။ မင်းကကျတော့ အချုပ်ခံနေရတဲ့လူကို လုံးဝသတိမရဘူး။ တစ်နေကုန် တစ်နေခန်း မိန်းမတွေကြားမှာ ပျော်ပါးနေတယ်၊ ဟင်း ... သစ္စာမရှိတဲ့ကောင်"

လင့်ဟူချျိုး၏ စိတ်ထဲတွင် အတော်ကလေး မကျေမနပ်ဖြစ်လာတော့သည်။ ထိုလူ၏စကားများသည် မိမိကို တိုက်ရိုက်ကြီး လာထိခိုက်နေလေပြီ။ ယခုတစ်ကြိမ်တွင်မူ ခေါင်းကိုမလှည့်တော့ပဲ အတန်ကြာ စဉ်းစားနေလိုက်သည်။

"ဒီလူက ဘယ်သူများလဲ။ ငါ့ကို တမင်ပြောနေတာလား။ ဒါမှမဟုတ် တိုက်ဆိုင်တာပဲလား။ သူပြောနေတာက လင်းလင်းအတွက်လား။ လင်းလင်းက ဘာဖြစ်လို့ ငါ့အတွက်နဲ့ အချုပ်ခံနေရတာလဲ ..."

ထိုအခိုက်မှာပင် ထိုလူ၏ စကားသံ ထပ်ထွက်လာပြန်တော့သည်။

"ကြည့်စမ်း ... မဆီမဆိုင်လူတွေကတောင် ဘယ်လောက်အားကြိုးမာန်တက် အလုပ်လုပ်နေသလဲ။ သူတို့ရဲ့ အသက်ကိုစွန့်ပြီး ကယ်တင်ဖို့လုပ်နေကြတာ။ ဘယ်လောက် ချီးကျူးဖို့ကောင်းသလဲ။ ဒါပေမယ့် ခက်နေတာ တစ်ခုက ကယ်ချင်တာတော့ဟုတ်ပါရဲ့။ သူကလည်း ခေါင်းဆောင်လုပ်မယ်။ ငါကလည်း ခေါင်းဆောင်လုပ်မယ်နဲ့။ နေရာလုရင်း သတ်နေကြတာ အတော်ကလေးသေနေကြပြီ။ သေကြ၊ သေကြ။ မျက်စိရှုပ်တော့ အတော်ကလေး သက်သာသွားတာပဲ"

လင့်ဟူချျိုးက သည်တစ်ကြိမ်တွင်တော့ နောက်ပြန်လှည့်မကြည့်တော့ပဲ ထိုင်နေရာမှ နောက်ကျွမ်းထိုးလိုက်ရာ ထိုလူ၏စားပွဲရှေ့ရှိ ခုံလွတ်ပေါ်သို့ ထိုင်လျက်သားကျသွားတော့သည်။ ထိုလူက ခေါင်းမထောင်ပဲ မှောက်အိပ်နေ သဖြင့် မျက်နှာကို အသေအချာ မမြင်ရပဲဖြစ်နေသည်။ သို့သော် လင့်ဟူချျိုး၏ အကြောအခြင်များ ရုတ်တရက် တောင့်တင်းသွား သကဲ့သို့ ခံစားလိုက်ရသည်။

ထိုလူ၏ထိုင်ခုံအောက်တွင် ကြိုးတပ်တူရိယာတစ်ခု ထိုးထည့်ထားသည်ကို တွေ့လိုက်ရသော ကြောင့်ပင်တည်း။

ကပျာကယာ မတ်တတ်ရပ်လိုက်ပြီး လင့်ဟူချျိုးက ဂါရဝပြုလိုက်သည်။

"ကျွန်တော် လင့်ဟူချျိုးက ချုံးဆန်းဂိုဏ်းချုပ်ကြီး ဆရာကြီးမော်တားကို နှုတ်ဆက်ပါတယ် ခင်ဗျား..."

ထိုအခါကျမှ ထိုလူကြီးက ဦးခေါင်းကို ဖြည်းညင်းစွာမော့လိုက်သည်။ အမှန်တကယ်ပင် ဆရာကြီး မော်တား ပင်တည်း။ သူက မျက်နှာကို တစ်ချက်ရှုံ့လိုက်ပြီး ...

"လင့်ဟူချျိုး ... မင်းကတော့ ဒီရက်တွေမှာ တော်တော်လေး ပျော်နေတယ်ပေါ့လေ၊ ဟုတ်လား ..."

"မပျော်ပါဘူး ဆရာကြီး။ ဒီရက်တွေမှာ ကူညီသင့်တဲ့လူတွေကို ကျွန်တော်ကူညီခဲ့ပါတယ်။ အခုလည်း ဆရာမကြီးတင့်ရှန်ရဲ့ အမိန့်အရ ဟန်ဆန်းဂိုဏ်းက ညီမလေးတွေကိုခေါ်ပြီး ရှောင်လင်ဂိုဏ်းကိုသွားဖို့ ခရီးထွက်လာ တာပါ။ ကျွန်တော် ဘယ်လောက်ပဲ အရက်သောက်သောက်၊ ဘယ်လောက်ပဲ မိုက်မိုက်၊ ညီမလေးတွေ အပေါ်မှာ တော့ စိတ်နဲ့တောင် မပြစ်မှားခဲ့ပါဘူး ..."

သက်ပြင်းချသံတစ်ချက် ဆရာကြီးမော်တားထံမှ ထွက်ပေါ်လာသည်။ သူ၏လေသံမှာလည်း ချက်ချင်းနူးညံ့ ပျော့ပြောင်းသွား၏။

"ငါ ... ဒီငါးရက်အတွင်းမှာ ညတိုင်းညတိုင်း မင်းတို့ရဲ့ လှေပေါ်ကိုတက်တက်ပြီး ချောင်းကြည့်ခဲ့တယ်..."

လင့်ဟူချျိုးမှာ အလွန်တရာ အံ့သြသွားတော့၏။ သူ့စိတ်ထဲမှ ... "ဟာ ... ငါလုံးဝ မသိခဲ့ပါလား..."

"အေး ... မင်းအံ့သြသွားတယ် မဟုတ်လား။ ထားပါလေ။ ဒါက အရေးမဟုတ်ပါဘူး။ ညညရောက်ရင် မင်းက လှေထိုးသားတွေကြားမှာ သွားအိပ်တယ်။ ဟန်ဆန်းဂိုဏ်းက မိန်းကလေးတွေကို ရိတိတိ၊ ပြီတီတီ မလုပ်ဘူး။ မစော်ကားဘူး။ စကားတောင် သိပ်မပြောဘူး ..."

ဆရာကြီးမော်တား လှေပေါ်တက်ကြည့်ခဲ့သည်ဆိုခြင်းကို လင့်ဟူချျိုး သံသယမရှိတော့ချေ။ အားလုံးသိနေ သည် မဟုတ်ပါလား။ ဆရာကြီးမော်တားက ဆက်ပြောသည်။

"လင့်ဟူချုံး ... မင်းက တော်တော်လေး စိတ်ဓါတ်ခိုင်မာတဲ့လူပဲ။ ဒီလို ချောချောလှလှ မိန်းကလေး တွေကြားထဲမှာ ဒီလောက်တည်တည်ငြိမ်ငြိမ်နဲ့ ကိုယ့်စိတ်ကိုယ် ထိန်းသိမ်းနိုင်တယ်ဆိုတာ တကယ်ယောက်ျားပီသတဲ့ လူမှ လုပ်နိုင်တာပဲ။ ငါမင်းကို တကယ်ပဲ ချီးကျူးပါတယ်။"

ပြောရင်းမှ အရက်ကို ခွက်ထဲထည့်လိုက်ပြီး လင့်ဟူချုံးထံသို့ ဆရာကြီးမော်တားက ကမ်းပေးလိုက်သည်။ လင့်ဟူချုံးက အရိုအသေပေးကာ လှမ်းယူလိုက်ပြီးနောက် နှုတ်မှပြောလိုက်သည်။

"ဆရာကြီး ... ကျွန်တော့်ကို ဒီလောက် မချီးကျူးပါနဲ့။ ကျွန်တော့်အတွင်းစိတ်ကို ဆရာကြီးမသိလို့ ဒီလောက် ချီးကျူးနေတာပါ။ ... တကယ်တော့ ကျွန်တော်လဲ ပုထုဇဉ်ပဲ။ ဘယ်မှာ စိတ်မလှုပ်ရှား၊ မဖောက်ပြန်ပဲ နေပါ့မလဲ။ ဖောက်ပြန်တာပေါ့။ ဒါပေမယ့် မလုပ်သင့်တဲ့ အလုပ်မို့ ကိုယ့်ကိုယ်ကို ထိန်းထားတာပါ"

ဆရာကြီးမော်တားက တဟားဟား အော်ဟစ်ရယ်မောလေတော့၏။ သူ့ရယ်သံက အရက်ဆိုင် တစ်ခုလုံး ဟိန်းသွား တော့သည်။

"အေး ... မင်းစကားက အပွင့်လင်းဆုံးပဲ။ ယောက်ျားဆိုတာ ဒီလိုမှပေါ့။ ရော့ .. နောက်တစ်ခွက်"

လင့်ဟူချုံးကို ကမ်းပေးရင်း သူလည်းတစ်ခွက် မော့လိုက်ပြန်သည်။

ဆရာကြီးမော်တား၏ ရုပ်ရည်နှင့် အဝတ်အစားများကို လင့်ဟူချုံးက မသိမသာ အကဲခတ်လိုက်သည်။ ဆရာကြီးမော်တား၏ ဟန်ပန်မှာ လူတို့ အထင်တကြီးဝတ်ဆင်သည့် အဝတ်တန်ဆာအဆင်အပြင်များကို လုံးဝ ပယ်ထားပြီး ဖြစ်သလိုနေ ဖြစ်သလိုစား ဟန်ရှိသည်။ ထို့ကြောင့် တောသားတစ်ယောက်ကဲ့သို့ ဟောင်းနွမ်းစုတ်ပြတ် ပေရေနေပြီး ဂိုဏ်းချုပ်ကြီးတစ်ယောက်နှင့် လုံးဝမတူသည်ကိုတွေ့ရ၏။

သို့သော် ပတ်ဝန်းကျင်ကို တစ်ခါတစ်ရံ ဝေ့ကြည့်လိုက်သည့် အကြည့်များကမူ အလွန်တရာခံ့ညားမှန်း တွေ့ရှိရ၏။ သို့ရာတွင် ထိုသို့ ခန့်ညားမှုများသည် ချက်ချင်းပင် ပျောက်ကွယ်သွားပြီး တောသားကြီး တစ်ယောက်၏ ဟန်ပန်မျိုး ချက်ချင်း ပြန်ပေါ်လာတတ်ပြန်၏။

"ဟန်ဆန်းဂိုဏ်းရဲ့ ဆရာမကြီးတင့်ရှန်ကတော့ နူးညံ့သိမ်မွေ့တယ်။ ထိုက်ဆန်းဂိုဏ်းချုပ်ဆရာကြီးကတော့ အပြောအဆို သွက်လက်လိမ္မာတယ်။ ငါ့ဆရာရက်ပုချွန်ကတော့ ယဉ်ကျေးရည်မွန်တယ်။ ဒီဆရာကြီး မော်တားကျ ပြန်တော့ သူ့ရဲ့ ခန့်ညားတဲ့ ဟန်ပန်တွေအကုန်လုံး ဖုံးအုပ်ထားတတ်တယ်။ အင်း ... ဂိုဏ်းကြီးငါးဂိုဏ်းရဲ့ ဆရာကြီးတွေ အားလုံးဟာ လက်ရုံးရည်သာမက နှလုံးရည်ပါ ပြည့်ဝတဲ့လူကြီးတွေပါလား"

ထိုအခိုက် ဆရာကြီး မော်တားက ...

"လင့်ဟူချုံး ... ငါ့ရဲ့ ဂိုဏ်းတူညီလေး လျိုကျက်ဖုန်းကို မင်းအကူအညီပေးပြီးတဲ့နောက်ပိုင်း ငါ့စိတ်ထဲမှာ မင်းကို ခင်မင်လာခဲ့မိတယ် ... ဒီလိုစကားမျိုးကို ငါအင်မတန်ပြောခဲတယ်ဆိုတာ မင်းသိလား ... အခုတော့ မင်းနဲ့ တွေ့တော့ဆိုင်ဆိုင် တွေ့လိုက်ရတော့မှ မင်းရဲ့စိတ်ဓါတ်ကို ငါပိုပြီးတော့ သဘောကျလာတယ်။ ဒါပေမယ့် ..."

ပြောနေရင်းမှ စကားကို ရပ်ကာ ဆရာကြီး မော်တားက အရက်ခွက်ထဲသို့ အရက်များ သွန်ထည့်လိုက် သည်။ ခွက်ပြည့်သွားသောအခါ ကုန်အောင် မော့သောက်လိုက်ပြန်သည်။ ပြီးမှ ...

"ဒါပေမယ့် ... ဒီဟန်ဆန်းဂိုဏ်းက မယ်သီလရင်တွေနဲ့ ဒီလောက်ရောနေဖို့ မင်းမှာ ဘာအကြောင်းပြချက်မှ မရှိဘူး။ မကောင်းဆိုးဝါးဂိုဏ်းချုပ်ကြီးရဲ့သမီးက မင်းအပေါ် ဘယ်လောက် မေတ္တာထားတယ်ဆိုတာ သိုင်းလောက တစ်ခုလုံး သိရဲ့သားနဲ့ မင်းမသိဘူးဆိုတာ သိပ်အံ့ဩစရာကောင်းနေတယ်။ ဘယ်လိုပဲ ဖြစ်ဖြစ်။ သူ့ကျေးဇူးတွေ မင်းအပေါ်မှာ အများကြီးရှိနေတယ်။ သူ့ကို မင်းအနေနဲ့ သစ္စာမမဲ့သင့်ဘူးကွ..."

လင့်ဟူချုံး၏ မျက်နှာ၌ ရှက်သွေးတစ်ချက် လွှမ်းသွားပြီး...

"ဆရာကြီး .. ရိုးရိုးစစ်ပွဲတစ်ရာကို တိုက်ပစ်လိုက်ချင်တယ်။ အချစ်စစ်ပွဲတစ်ပွဲကိုတော့ မတိုက်ရဲဘူး။ အချစ်နဲ့ ပတ်သက်ပြီး ကျွန်တော့်နှလုံးသားတွေ ကွဲကြေခဲ့ရလို့ နောက်ထပ်အချစ်သစ် မရှာလိုတော့ပါဘူး"

ပြောရင်းမှ ဂိုဏ်းတူညီမလေး လိန်လိန်ကို သတိရလာမိသဖြင့် လင့်ဟူချုံးက အရူးသဖွယ် တဟားဟား အော်ဟစ်ရယ်မောမိတော့သည်။

"ဆရာကြီး ... ကျွန်တော် ရေလိုက်လွဲနေတာ။ တကယ်တော့ ကျွန်တော်က ဘုန်းကြီးဝတ်သင့်တာ။ ဒါပေမယ့် ဘုန်းကြီးတွေ အရက်မသောက်ရဘူးဆိုလို့ ဘုန်းကြီးမဝတ်ရဲတော့ပဲ လူဝတ်ကြောင်ဖြစ်နေပြီး ဒုက္ခများမြောင် ဤလူ့ဘောင် ထဲမှာ ဒုက္ခဖြစ်နေရတာပါ ဟား...ဟား...ဟား..."

လင့်ဟူချုံးသည် ဟက်ဟက်ပက်ပက် ရယ်မောလိုက်၏။ သို့သော်သူ၏ရယ်သံ၌ ရွှင်လန်းတက်ကြွမှု လုံးဝမပါ။

သရော်လှောင်ပြောင်မှု လုံးဝမပါ။ ထိုရယ်သံ၏နောက်ကွယ်၌ ငိုကြွေးကြေကွဲနေမှုသာအရိပ်ပမာ ကပ်ပါလာသည်။

အတန်ကြာမှ ဟန်ဆန်းဂိုဏ်းနှင့် မည်ကဲ့သို့တွေ့ခဲ့ရပုံ၊ မည်သို့ကြားဝင် ကူညီခဲ့ရပုံကို ပြောပြလိုက်၏။

ဆရာကြီး မော်တားသည် အရက်တစ်ခွက် မော့သောက်လိုက်ကာ ...

"သြော် ... ကျိုလင်ထန်က ကျန်တဲ့ဂိုဏ်းလေးဂိုဏ်းစလုံးကို ဝါးမျိုပစ်ချင်နေတာကိုး။ ဒီတော့မှ သူက ရှောင်လင်၊ ဟူတန်းတို့နဲ့ သုံးပွင့်ဆိုင် ပုခုံးချင်းပြိုင်နိုင်မှာပေါ့။ ဒီကောင်က အင်မတန် အကြံကြီးတဲ့ကောင်ပဲ။ ဒီကောင့်မှာ အဲသည်အကြံအစည်ရှိနေတာ ငါသိတာကြာပါပြီ။ ဒါပေမယ့် အခုလို ပြောင်ပြောင်တင်းတင်း ဟန်ဆန်း ဂိုဏ်းကို လုပ်ရဲမယ်လို့တော့ ငါမထင်ခဲ့မိဘူး။ ဒီအချက်မှာတော့ ဒီကောင်တွေ သိက္ခာအတော်ကျသွားတာပေါ့။ မလွယ်ဘူး ... သိပ်မလွယ်ဘူး။ ကျိုလင်ထန် သူ့အကြံအတိုင်း အကောင်အထည်ဖော်နိုင်ဖို့ သိပ်မလွယ်လှဘူး..."

"ဆရာကြီးထင်သလို ပြောင်ပြောင်တင်းတင်း ကြီးကြီးစည်တာတော့ မဟုတ်သေးဘူးဆရာကြီးရဲ့။ သူတို့ ပထမ စီစဉ်ထားတာက မကောင်းဆိုးဝါးဂိုဏ်းသား ဟန်ဆောင်ထားတဲ့လူတွေက ဟန်ဆန်းဂိုဏ်းကို ဖိတိုက်မယ်၊ ဟန်ဆန်းဂိုဏ်း အကျဉ်းအကျပ်ဖြစ်နေချိန်မှာ သူတို့က ကယ်တင်ရှင်ကြီးတွေဝင်လုပ်မယ်။ ပြီးတော့မှ ဟန်ဆန်းဂိုဏ်း ကို ဂိုဏ်းကြီးငါးဂိုဏ်းပေါင်းဖို့ အကျပ်ကိုင်မယ်။ ဒီလိုစီစဉ်ထားတာ ... အဲ ... ကျွန်တော်က ဒီဖက်က ဝင်ရှုပ် လိုက်တော့ သူတို့ အကြီးအကျယ် ဒုက္ခရောက်သွားတော့တာပဲ ... ဒါပေမယ့် တင့်ရှန်ဆရာမကြီးတွေ ဖက်မှာတော့ ပြောင်ပြောင်တင်းတင်းကို အကြမ်းဖက်တာပဲ။ ဟန်ဆန်းဂိုဏ်းသားတွေ တော်တော်ကလေး သေကြေ ဒဏ်ရာရ သွားတယ်။"

ဆရာကြီးမော်တားက ခေါင်းညိတ်လိုက်သည်။

"ဒီကောင်ရဲ့ နောက်ခြေလှမ်းကို ငါသိတယ်။ ထိုက်ဆန်းဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီး ထင်းမင်ကို တိုက်ခိုက်မှာ သေချာတယ်ကွ။ ... ဟင်း ... သိုင်းလောကသားတွေရဲ့ ပါးစပ်ထဲမှာ မကောင်းဆိုးဝါးဂိုဏ်းကို ဆိုးတယ်။ ယုတ်မာ တယ်။ ကောက်ကျစ်တယ်လို့ တဖွဖွ ပြောနေကြတယ်။ အခုကြည့်စမ်း။ ကျိုလင်ထန် ဆိုးဝါးယုတ်မာပုံတွေကို ကြည့်စမ်းပါဦး။ မကောင်းဆိုးဝါးဂိုဏ်းသားတွေ လိုက်မှီသေးရဲ့လား ..."

လူတို့၏ အပြောတခြား၊ အလုပ်တခြားဖြစ်နေသည်ကိုစဉ်းစားရင်း ဆရာကြီးမော်တားမှာ ခေါင်းတယမ်းယမ်း ဖြစ်နေမိတော့၏။ ထိုလူများကို အလွန်စိတ်ပျက်နေပုံလည်း ရ၏။

"လင့်ဟူချုံး ... အခုဆိုရင် မင်းက ဘယ်ဂိုဏ်းကမှမဟုတ်တော့ဘူး။ ဘယ်သူ့ကိုမှလည်း သစ္စာစောင့်နေစရာ မလိုတော့ဘူး။ သိုင်းလောကသားတွေက အရှုးတွေလိုသတ်မှတ်ပြီး ပြောနေကြတဲ့ အထက်လမ်းဂိုဏ်း၊ အောက်လမ်း ဂိုဏ်း၊ ဘာဂိုဏ်း၊ ညာဂိုဏ်းတွေ ခွဲခြားမနေနဲ့တော့ကွ။ စိတ်လည်း ထိခိုက်မနေနဲ့။ ဘုန်းကြီးလည်း ဝတ်မနေနဲ့။ မကောင်းဆိုးဝါးဂိုဏ်းချုပ်ကြီးရဲ့ သမီးကိုသာ ယူလိုက်ပေတော့။ ဒါကို ယူရကောင်းလားဆိုပြီး အထက်လမ်းဂိုဏ်း ကကောင်တွေ ဘယ်သူလာလာ၊ မလာလာ ငါလာခဲ့မယ်။ မင်းတို့ရဲ့ မင်္ဂလာအရက်ကို ဘယ်သူသောက်သောက်၊ မသောက်သောက်။ ငါလာသောက်မယ်။ ဟား ... ဟား ... ဘယ်သူ့ကြောက်ရမှာလဲကွ..."

ပထမ၌ စိတ်ပျက်လက်ပျက် ဖြစ်နေသော်လည်း ပြောရင်းမှ နောက်ပိုင်းတွင် ဆရာကြီးမော်တားမှာ အတောမသတ်အောင် ရယ်မောနေတော့သည်။ လင့်ဟူချုံးက ရုတ်တရက် ဖြတ်မေးလိုက်သည်။

"ဆရာကြီး ... ရှောင်လင်ဂိုဏ်းကဘုန်းကြီးတွေက ဘယ်တော့မှ မဟုတ်တာမလုပ်ကြပါဘူး။ သူတို့က ဘာဖြစ်လို့ အဲသည်မိန်းကလေးကို ဖမ်းထားတာလဲ"

ဆရာကြီးမော်တားမှာ မျက်လုံးပြူးမျက်ဆန်ပြူး ဖြစ်သွားပြီး ...

"ဘုရားရေ ... လင့်ဟူချုံး ... သိုင်းလောကသားတွေ အားလုံးသိနေကြတဲ့ကိစ္စကို မင်းမသိဘူးပေါ့ ... ဟုတ်လား"

"ကျွန်တော် ဘယ့်နှယ်လုပ်သိမလဲ။ သုံးလကျော်ကျော်လောက် သူများဖမ်းထားတာ ခံနေရတဲ့ဥစ္စာ။ သိုင်း လောကမှာ ဘာတွေဖြစ်နေတယ်ဆိုတာ ကျွန်တော် ဘာမှမသိရပါဘူး"

"အော် ... မင်းက တကယ်မသိဘူးလား။ ငါကတော့ သိလျက်သားနဲ့ တမင် ရှောင်နေတာများလားလို့ ... ဒီလိုကွ ... မင်းရဲ့အတွင်းဒဏ်ရာ ပျောက်ကင်းသွားအောင် အောက်လမ်းဂိုဏ်းသားတွေ အားလုံးက ကူညီကုသပေးကြတယ် မဟုတ် လား"

"ဟုတ်ကဲ့ ... ကုပေးကြပါတယ်။ ... ဒါပေမယ့် ..."

"... ဒါပေမယ့် မပျောက်ခဲ့ဘူး။ အခု မင်းရဲ့ရောဂါ ဘယ်လိုပျောက်သွားတာလဲ။ အလိုလိုနေရင်းနဲ့တော့ ပျောက်မသွားနိုင်ဘူး။ ရှောင်လင်ကျောင်းရဲ့ အကြောလျှော့သိုင်းပညာကို လေ့ကျင့်လိုက်လို့ ပျောက်သွားတာ မဟုတ်

လား”

“ဟာ … မဟုတ်ပါဘူး။ ရှောင်လင်ကျောင်းထိုင် ဆရာတော်ကြီးဖန်းတင်းက ကျွန်တော့်ကို ရှောင်လင်ဂိုဏ်းထဲ ဝင်ခိုင်းတယ်။ ဝင်ပြီးရင် အဲသည် အကြောလျှော့သိုင်းပညာကို သင်ပေးမယ်လို့ပြောပါတယ် … ခက်တာက အနှောင်အဖွဲ့နဲ့ လုပ်ခိုင်းတာမျိုးကို ကျွန်တော်က သဘောမကျတတ်ဘူး။ ဒီတော့ အတွင်းဒဏ်ရာ မပျောက်ရင်လဲ နေပါစေတော့။ ရှောင်လင်ဂိုဏ်းထဲတော့ မဝင်ဘူးဆိုပြီး ရောက်ချင်ရာရောက်၊ ပေါက်ချင်ရာပေါက် ထွက်လာခဲ့တာပဲ”

“ဘာ .. မင်းတော်တော် အ, တဲ့ကောင်ပါလား။ ဒီလိုအခွင့်အရေးမျိုးကို လက်လွှတ်ပစ်လိုက်တယ် ဟုတ်လား။ လူမိုက်…”

“ဟုတ်ပါတယ်ဆရာကြီး … ကျောင်းထိုင်ဆရာတော်ကြီး ဖန်းတင်းပေးတဲ့ အခွင့်အရေးကြီးဟာ တကယ့်မဟာ အခွင့်အရေးကြီးပါပဲ … ဒါပေမယ့်…”

“လင့်ဟူချုံး … မင်းဟာ ဒီလောက် အ, လိမ့်၊ တုံးလိမ့်မယ်လို့ တစ်ခါမှ ငါမထင်ခဲ့မိဘူး … ဒါပေမယ့် ဘာဖြစ်လဲ။ ပြောစမ်းပါဦး…”

“ဒီ … ဒီလိုပါ။ ကျွန်တော့်ဆရာနဲ့ ဆရာမဟာ ကျွန်တော့်ကို ငယ်ငယ်ကလေးတည်းက ကျွေးမွေးပြုစု စောင့်ရှောက်လာခဲ့ကြတာမို့ အဖေနဲ့ အမေလိုပါပဲ။ သူတို့ရဲ့ကျေးဇူးကို ကျွန်တော့်တစ်သက်မှာ ဘယ်တော့မှ မမေ့နိုင်ပါဘူး။ … တစ်ချိန်မှာ ကျွန်တော့်ကို ဝါဆန်းဂိုဏ်းထဲပြန်ပြီး လက်ခံမှာပဲလို့ ကျွန်တော်ယုံပါတယ်။ … အဲ တကယ်လို့ ကျွန်တော်က ရှောင်လင်ဂိုဏ်းထဲဝင်လိုက်ရင် ဝါဆန်းဂိုဏ်းက ပြန်ပြီးလက်ခံဖို့ကိစ္စက ဘယ်ဖြစ်နိုင်တော့မလဲ။ ဒါကြောင့်မို့ပါ…”

ဆရာကြီးမော်တားမှာ စဉ်းစားလိုက်ပြီးနောက် ခေါင်းညိတ်ကာ …

“အေး … မင်းတွေးတာလဲ မဆိုးပါဘူး။ ဒီလိုဆိုရင် မင်းရဲ့ အတွင်းဒဏ်ရာ ပျောက်ကင်းခဲ့တာက တခြား အကြောင်းတစ်ခုကြောင့်ပေါ့။ ဟုတ်လား”

“ဟုတ်ပါတယ်ဆရာကြီး။ ရှောင်လင်ကျောင်းက ကုပေးလိုက်လို့ မဟုတ်ပါဘူး”

“လင့်ဟူချုံး … ရှောင်လင်ကျောင်းက သူတို့ရဲ့ အင်မတန်ခက်ခဲနက်နဲပြီး လျှို့ဝှက်ထားတဲ့ အကြောလျှော့ သိုင်းပညာကို မင်းကိုသင်ပေးဖို့ ဘာဖြစ်လို့ သဘောတူရသလဲဆိုတာ မင်းသိရဲ့လား”

“ဟင့်အင်း … ကျွန်တော် မသိပါဘူး”

“အေး … မင်းမသိရင် ငါပြောပြမယ်။ အဲသည်နေ့က ဟိုမိန်းကလေးကိုယ်တိုင် မင်းကိုထမ်းပြီး ရှောင်လင်ကျောင်းပေါ် တက်သွားသတဲ့ …”

“ဗျာ … လင်းလင်း .. လင်းလင်းက …”

“အေး … ဟုတ်တယ် … လင်းလင်းဆိုတဲ့ မိန်းကလေးက ရှောင်လင်ကျောင်းက ဆရာတော်ကြီးတွေနဲ့ တွေ့ပြီး တောင်းဆိုတယ်တဲ့။ မင်းရဲ့အသက်ကို ကယ်ပေးပါလို့။ မင်းရဲ့အသက်ကိုသာ ကယ်ပေးနိုင်ရင် ရှောင်လင်ဂိုဏ်းက သူ့ကို ကြိုက်သလို စီရင်နိုင်တယ်။ သတ်ချင်ရင်လဲ သတ်နိုင်တယ်တဲ့…”

ဆရာကြီးမော်တား၏ စကားကို ကြားလိုက်ရသောအခါ လင့်ဟူချုံးမှာ မူးမေ့လဲကျမတတ် ဖြစ်သွားတော့၏။ အသိနောက်ကျလေခြင်းဟူ၍ ခံစားရပြီး သူ့တစ်ကိုယ်လုံး ဖောချွေးများ ပြန်လာတော့၏။

သူ၏ဦးနှောက်ထဲတွင် ထိုစဉ်က အဖြစ်အပျက်များ တရိပ်ရိပ်ပြန်ပေါ်လာ၏။ ရေအိုင်ကလေး ရှိသော တောင်ကြားချိုင့်ဝှမ်း အတွင်းတွင် လင်းလင်းနှင့်အတူ ရှိနေစဉ်က တစ်နေ့တစ်ခြား ပိန်ချုံးလာပြီး သေရတော့မလို ဖြစ်လာပုံများနှင့် … တစ်ည မိမိအိပ်နေရာမှ ငိုသံကြားသဖြင့် လှည့်ကြည့်လိုက်သောအခါ လင်းလင်းငိုနေသည်ကို တွေ့ရ၍ မိမိက မငိုရန် ပြောလိုက်ပုံများကို ပြန်လည် မြင်ယောင်လာမိတော့သည်။

လင်းလင်းက မျက်ရည်လည်ရွှဲဖြင့် …

“အစ်ကို .. တစ်နေ့တစ်ခြား ပိန်ပိန်လာတယ်။ ကျွန်မ .. ကျွန်မ …”

လင်းလင်း၏ ထိုစကားများကို ကြားလိုက်ရပြီး မိမိသတိလစ်သွားပြန်၏။ ပြန်လည်သတိရလာသောအခါ ရှောင်လင်ဘုရားကျောင်းအတွင်းသို့ ရောက်နေလေပြီ။ မည်သို့ရောက်သွားခဲ့သည်ကို မသိခဲ့ချေ။ ယခု ဆရာကြီး မော်တား ပြောပြတော့မှ လင်းလင်းသည် သူမ၏အသက်ကိုပုံအပ်ပြီး မိမိအား ကယ်တင်လိုက်မှန်း သိရတော့၏။

လင့်ဟူချုံး၏ နှလုံးသားမှာ နာကျင်မှုကို ခံစားလိုက်ရသည်။ သူ့မျက်လုံးများမှ မျက်ရည်များပင် ဝဲလာ တော့သည်။ ဆရာကြီးမော်တားက သက်ပြင်းတစ်ချက် ချလိုက်၏။

"ဒီမိန်းကလေးက မကောင်းဆိုးဝါးဂိုဏ်းက ဖြစ်တာတော့မှန်တယ်။ ဒါပေမယ့် မင်းအပေါ်မှာ မေတ္တာတရားကြီးမားပုံကတော့ စံနမူနာ ယူလောက်ပါတယ်ကွာ။ မင်းအပေါ်မှာ ဒီလိုစိတ်ထားမျိုးထားတဲ့ မိန်းကလေး တယောက်ရှိတယ်ဆိုတာ အင်မတန် ဂုဏ်ယူစရာကောင်းတယ်ကွ။ ... အင်း ... သူ့အတွက် ဆိုးဝါးတဲ့ အချက်တစ်ချက် ကတော့ သူက ရှောင်လင်ဂိုဏ်းသား သုံးလေးယောက်လောက်ကို ထိခိုက်ဒဏ်ရာရအောင် လုပ်ဖူးထားတာပဲ။ သူက ရှောင်လင်ရဲ့ ရန်သူတစ်ယောက် ဖြစ်နေပြီ..."

ဆို့နစ်ကြေကွဲနေသဖြင့် လင့်ဟူချုံးမှာ စကားပင် ပြန်မပြောနိုင်တော့ပေ။ ဇာတ်ကြောင်းစုံကို လင့်ဟူချုံး သိရှိသွားစေရန် ဆရာကြီးမော်တားက ဆက်ပြောပြလိုက်သည်။

"ရှောင်လင်ဂိုဏ်းကိုသွားရင် သူ့အဖို့အသက်ရှင်နိုင်စရာလမ်းမရှိဘူး။ ဒါပေမယ့် မင်းအသက်ကိုကယ်ဖို့ သူက ဘာကိုမှအရေးမစိုက်တော့ဘူး။ မင်းကို ရှောင်လင်ဘုန်းကြီးတွေရဲ့ကလက်ထဲ အပ်တော့တာပဲ၊ အခုတော့ ... သူ့ကို ရှောင်လင်ဘုရားကျောင်းရဲ့ အနောက်ဖက်ကျောက်ဂူထဲမှာ ပိတ်ထားတယ်တဲ့ ..."

"ဆရာကြီးပြောသလိုဆိုရင် လင်းလင်းဟာ ရှောင်လင်ကျောင်းမှာ အကျဉ်းချခံနေရတာ အတော်ကြာပြီပေါ့..."

"ကြာပြီပေါ့ကွာ။ မင်းကိုအပ်တဲ့နေ့ကတည်းက ဒီနေ့အထိဆိုတော့ စဉ်းစားကြည့်ပေတော့။ ဒီမိန်းကလေးရဲ့ လက်အောက်ငယ်သားတွေကလည်း အများကြီး။ ကယ်ထုတ်ဖို့ ကြိုးစားကြတယ်။ ဒီလထဲမှာ ရှောင်လင်ဘုရားကျောင်းတစ်ခုလုံး တစ်ရက်မှ ငြိမ်ငြိမ်သက်သက်မရှိခဲ့ဘူး။ ရှောင်လင်ကျောင်းထဲမှာ ဖမ်းမိခံလိုက်ရတဲ့လူပေါင်း ၁၀၀ ကျော်သွားပြီလို့ ပြောကြတယ်။"

လင့်ဟူချုံးမှာ 'ဟာ' ကနဲဖြစ်သွားတော့၏။ သူယုံပါသည်။ ဤလူများသည် လင်းလင်းအတွက်ဆိုလျှင် သူတို့၏အသက်ကို တစ်ခါမဟုတ် ဆယ်ခါပြန်စွန့်ရန်ပင် ဝန်မလေးသူများဖြစ်ကြသည်။ ဟူပါးတောင်ကုန်းထိပ်၌ မိမိအား ဧည့်ခံပွဲပြုလုပ်ခြင်း၊ ဆေးကုပေးခြင်းတို့သည် လင်းလင်းထံမှ မျက်နှာကောင်းရလို၍ လုပ်ပေးကြခြင်းဖြစ် သည်။ ယခုတော့ လင်းလင်းအတွက် သူတို့ ရာနှင့်ချီ၍ အဖမ်းဆီးခံနေကြရလေပြီ။

လင့်ဟူချုံးက မေးလိုက်ပြန်သည်။

"ဆရာကြီးစောစောက ပြောတဲ့စကားထဲမှာ ခေါင်းဆောင်ဆိုတဲ့အကြောင်းပါတယ်။ အဲဒါက ဘယ်လိုဖြစ်တာ လဲ"

ဆရာကြီးမော်တားက သက်ပြင်းချ၍ ...

"ဒီအောက်လမ်းဂိုဏ်းသားတွေက အခါတိုင်းဆိုရင် အဲသည်မိန်းကလေးရဲ့စကားကိုပဲ နာခံနေကျ။ တခြားလူ ဆို ဘယ်သူ့မှဂရုစိုက်တာမဟုတ်ဘူး။ ဘယ်သူ့စကားမှလည်း နားထောင်တာမဟုတ်ဘူး။ အားလုံးက ခပ်ကြမ်းကြမ်း၊ ခပ်ရမ်းရမ်း လူတွေချည်းပဲ။ ဒါပေမယ့် ဒီကောင်တွေက တွေးခေါ်မြော်မြင်နိုင်တဲ့ဉာဏ်တော့ရှိတယ်။ ဒီတစ်ခါ သွားကယ်ရတဲ့ကိစ္စဟာ လွယ်လွယ်ကလေးမဟုတ်မှန်းတော့ သိတယ်။"

"အင်း .. အဲသည်လိုလဲ သိကြဦးမှပဲ။ ရှောင်လင်ဂိုဏ်းဆိုတာက သေးသေးဖွဲ့ဖွဲ့မှ မဟုတ်တာ"

"အေး ... အဲသည်လိုပဲ အောက်လမ်းဂိုဏ်းသားတွေလဲ တွေးတာပဲ။ သူတို့သာ တကွဲတပြား ဖြစ်သွားရင် ရှောင်လင်ဂိုဏ်းကို တိုက်ခိုက်နိုင်မှာမဟုတ်တဲ့အပြင် ကိုယ်ပဲခံရမယ်။ အဲဒါကြောင့် စုစုစည်းစည်း သွားမှဖြစ်မယ်လို့ စဉ်းစားမိကြတယ်... အဲသည်လို စုစည်းဖို့ဆိုတာက ခေါင်းဆောင်လုပ်မယ့်လူ လိုလာပြန်ရော။ ဒီမှာတင် သူခေါင်းဆောင်လုပ်မယ်။ ငါခေါင်းဆောင်လုပ်မယ်ဆိုပြီး သတ်ကြဖြတ်ကြပါရော"

လင့်ဟူချုံးမှာ စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းယမ်းလိုက်ပြီး ...

"ဆရာကြီး ဆက်ပြီး အမိန့်ရှိပါဦး"

"ဘာဆက်ပြောရတော့မှာလဲကွ။ ဒါပါပဲ။ ဒီမှာညီလေး .. ငါအကြံတစ်ခုပေးမယ်။ မင်းသာ အမြန်ဆုံးလိုက် သွားပါ။ သူတို့အားလုံးကို ထိန်းချုပ်နိုင်မယ့်လူဆိုလို့ မင်းတစ်ယောက်တည်းရှိတယ်။ မင်းရဲ့စကားသာဆိုရင် ဘယ်သူမှ နားမထောင်ပဲ မနေရဲဘူးကွ .. ဟား...ဟား...ဟား..."

ပြောနေရင်းမှ ဆရာကြီးမော်တားက တဟားဟားရယ်လိုက်သောအခါ လင့်ဟူချုံးမှာ မျက်နှာမထားတတ်အောင်ဖြစ်သွားတော့၏။ ဆရာကြီးမော်တား၏ စကားသည် အလွန်မှန်၏။ အောက်လမ်းဂိုဏ်းသားများသည် မိမိကို လင်းလင်း၏ ချစ်သူအဖြစ် သတ်မှတ်ထားရာ မိမိ၏စကားကို အဘယ်မှာလျှင် နားမထောင်ပဲနေပါအံ့နည်း။

သို့သော် ဤသို့လုပ်လိုက်ပါက နောက်ပိုင်း၌ လင်းလင်းသာသိသွားလျှင် သူမ၏ဒေါသမီးတောင် ပေါက်ကွဲနိုင်ပြန်၏။ လင့်ဟူချုံးက ဆက်စဉ်းစားလိုက်သည်။

"လင်းလင်းက ငါ့အပေါ် သိပ်ပြီးမေတ္တာထားတယ်။ ဒါပေမယ့် အရှက်ကလည်း သိပ်ကြီးတယ်။ ငါနဲ့ ပတ် သက်ပြီး

သူများ အပြောအဆိုခံရမယ့် ကိစ္စကို သိပ်ကြောက်တယ်။ ကြောက်မယ်ဆိုလည်း ကြောက်စရာပေါ့။ ယောကျာ်းလေးက မပိုးရပဲ မိန်းကလေးက ပိုးဆိုတဲ့စကားမျိုး ဖြစ်နေတော့ မိန်းကလေးမှာ ဘယ်သိက္ခာရှိတော့မလဲ။ ဒီတော့ သူစိုးရိမ်ကြောက်ရွံ့တာကို အပြစ်ပြောစရာ မရှိတော့ဘူးပေါ့”

မည်သို့မည်ပုံလုပ်ထိုက်သည်ကို ဆက်လက်စဉ်းစားပြန်၏။

“လင်းလင်းရဲ့ ကျေးဇူးတွေ ငါ့အပေါ်မှာ တပုံတပင်ကြီးရှိနေတယ်။ ဘယ်သူက ကိုယ့်အသက်စွန့်ပြီး ငါ့ကို ကယ်မလဲ။ သူ့ကျေးဇူးကို ငါပြန်ဆပ်ရမယ်။ ပြန်ဆပ်ရာရောက်အောင် လုပ်ရမယ့်နည်းလမ်း တစ်ခုတည်းရှိတယ်။ ... လင့်ဟူချုံးဆိုတဲ့ကောင်ဟာ လင်းလင်းဆိုတဲ့မိန်းကလေးကို ချစ်လွန်းလို့ အသက်ကိုတောင်ပဓါနမထားပဲ လာကယ်တယ်ဆိုတဲ့ အဖြစ်မျိုးရောက်အောင်လုပ်ပြရမယ်”

ထိုသို့ စဉ်းစားလိုက်မိသောအခါ လင့်ဟူချုံး၏ မျက်နှာတစ်ခုလုံး ဝင်းပသွားတော့၏။ ထိုအတိုင်း ပြုလုပ်ဆောင်ရွက်ရန်လည်း သန္နိဋ္ဌာန်ချလိုက်သည်။

“ငါအခုပဲ ရှောင်လင်ကျောင်းကိုသွားမယ်။ လင်းလင်းကို သွားကယ်ထုတ်မယ်။ ကယ်ထုတ်နိုင်ရင်တော့ ပြောစရာမရှိတော့ဘူး။ မကယ်နိုင်ရင်လဲ လင်းလင်းအတွက် ငါဘယ်လောက် ကြိုးစားတယ်ဆိုတာ သိုင်းလောက တစ်ခုလုံးသိသွားမှာပဲ။ ကောင်းတယ် ... ဒီအကြံ သိပ်ကောင်းတယ်”

ဆရာကြီးမော်တားအား လင့်ဟူချုံးက ပြောလိုက်သည်။

“ဆရာကြီး အခုဆိုရင် ဟန်ဆန်းဂိုဏ်းက ဆရာမကြီး တင့်ရှန်နဲ့ တင့်ရီတို့နှစ်ယောက် ရှောင်လင်ကျောင်းကို သွားနေကြပြီ။ သူတို့က ကျောင်းထိုင်ဆရာတော်ကြီးဆီမှာ လင်းလင်းကို လွှတ်ပေးဖို့ သွားတောင်းပန်ပေးမလို့ပါ။ တကယ့်တိုက်ပွဲကြီးဖြစ်ပြီး သွေးပင်လယ်ဝေတဲ့အဖြစ်မျိုး မဖြစ်အောင် ကာကွယ်တဲ့အနေနဲ့ သွားကြတာပါ”

ဆရာကြီးမော်တားက ...

“ဩော် .. ဒါကြောင့် သူတို့ရဲ့ တပည့်မတွေအားလုံးကို မင်းလက်ထဲအပ်ပြီး ထွက်သွားတာကိုး။ အစက ဘာမှန်းမသိခဲ့ဘူး။ လက်စသတ်တော့ သူတို့ကလည်း မင်းအတွက် ဝင်ပြီး ဆောင်ရွက်ပေးကြတာကိုး”

“ဟုတ်ပါတယ် ဆရာကြီး ... ကျွန်တော့်အတွက် အခုလို အပင်ပန်းခံပြီး ထွက်သွားကြတာပါ။ ကျွန်တော် ကလည်း လင်းလင်း ဘာကြောင့်အဖမ်းခံနေရမှန်း မသိလို့ပါ။ အခုဆိုရင် အတောင်တပ်ပြီး ရှောင်လင်ကျောင်းကို ချက်ချင်းပျံသွားချင်နေပါပြီ ... ဒါပေမယ့် ကျွန်တော်စောင့်ရှောက်ပေးရမယ့် ဟန်ဆန်းဂိုဏ်းက ညီမလေးတွေ ရှိနေ တော့ သွားဖို့ခက်နေပါတယ်။ သူတို့ကို ဒီအတိုင်းထားခဲ့ဖို့ ဘယ်လိုမှစိတ်မချနိုင်ပါဘူး”

လင့်ဟူချုံးက ထိုသို့ပြောလိုက်သောအခါ ဆရာကြီးမော်တားက ...

“မင်းသွားစရာရှိတာသာ သွားပါ။ ဘာမှ စိတ်မပူပါနဲ့၊ စိတ်ချပြီးသွားပါ”

လင့်ဟူချုံးက ဝမ်းသာအားရ ပြန်မေးလိုက်၏။

“ဗျာ ... ကျွန်တော် စိတ်ချလက်ချ သွားလို့ရတယ် ဟုတ်လား”

ဆရာကြီးမော်တားက မည်သည့်စကားမျှ ပြန်မပြောတော့ချေ။ သူ၏ထိုင်ခုံအောက်မှ ကြိုးတပ်တူရိယာကို အသာအယာ ဆွဲထုတ်လိုက်ပြီး တစ်ချက်တီးခတ်လိုက်သည်။ တူရိယာသံသည် လင့်ဟူချုံး၏ စိတ်နှလုံးကို ချမ်းမြေ့သာယာစေတော့သည်။

လင့်ဟူချုံး သိလိုက်ပေပြီ။ ဆရာကြီးမော်တားက မိမိကိုယ်စား ဟန်ဆန်းဂိုဏ်းသားများ၏ လုံခြုံရေးကို စောင့်ရှောက်ပေးမည်ဟူသော ကတိတစ်လုံးကို ယခု ဂီတသင်္ကေတဖြင့် ပေးလိုက်ခြင်းဖြစ်တော့သည်။

ဆရာကြီးမော်တားကား စိတ်ကောင်းနှလုံးကောင်းရှိသည့် အတွင်းစိတ်ကို တတ်နိုင်သမျှ ဖော်ထုတ်ခြင်းမရှိ သည့် လူထူးလူဆန်းကြီးပေတည်း။ အသွင်အပြင် အဝတ်အစား စုတ်ပြတ်လျက် ရှိသော်လည်း တန်ဖိုးကြီးမားလှ သည့် စိတ်နှလုံးကောင်းကို လင့်ဟူချုံး ကောင်းစွာသိမြင်လိုက်ရသည်။

ချက်ချင်းပင် ဆရာကြီးမော်တားရှေ့၌ ဒူးထောက်ထိုင်ချလိုက်သည်။ ဤကဲ့သို့သော လူကြီးမျိုးကို အလေးအမြတ်ပြုရန်အတွက် ဦးချလိုက်မိတော့သည်။ ဆရာကြီးကမူ သူ့ကို တစ်ချက်မျှပင် မကြည့်တော့။ ကြိုးတပ်တူရိယာကိုသာလျှင် အနုပညာစျာန်ဝင်လျက် တီးခတ်နေတော့၏။

ဒူးထောက်ကာ ရိုသေလေးစားစွာ ဦးညွှတ်လိုက်ပြီး လင့်ဟူချုံးက အသာအယာထကာ နောက်ပြန်ဆုတ်လာခဲ့သည်။ ထို့နောက် ဟန်ဆန်းဂိုဏ်းသားများ၏ လှေကြီးဆိုက်ကပ်ရာ မြစ်ဆိပ်ကမ်းသို့ပြေးလာခဲ့သည်။ အေးချမ်းစွာ

ဆိုက်ကပ်ထားသော လှေကြီးကို တွေ့လိုက်ရသောအခါ ရင်ထဲ၌အေးချမ်းသွားတော့၏။

လှေကြီးကို တစ်ချက်မျှ အကဲခတ်လိုက်ပြီးနောက် မြောက်ဖက်အရပ်သို့ ဦးတည်ပြေးလွှားသွားတော့၏။

မြောက်ဖက်တွင် ရှောင်လင်ကျောင်းတိုက်တည်ရှိ၏။

ရှောင်လင်ကျောင်းတိုက်တွင် လင်းလင်းတစ်ယောက် သူ့အတွက် အဖမ်းခံနေရသည်မဟုတ်ပါလား။

လင့်ဟူချုံး၏ အတွင်းအားများမှာ အလွန်တရာပြည့်ဝနေရာ မိုင်လေးဆယ်ခန့် မရပ်မနား ပြေးလွှားခဲ့သော်လည်း လုံးဝမောပန်းခြင်းမရှိချေ။ ထို့ကြောင့် ဆက်လက်ပြီး ပြေးလွှားနေပြန်လေတော့၏။

မြောက်အရပ်ဆီသို့ ...

# ရှောင်လင်သို့ စစ်ချီခြင်း

မိုးစင်စင်လင်းသောအခါ လင့်ဟုချုံးသည် မြို့လေးတစ်မြို့သို့ ရောက်သွားသည်။ အစာမစားရသေးသော ဝမ်းဗိုက်ကို ထမင်းဆိုင်တစ်ဆိုင်တွေ့သည်နှင့် ဝင်ရောက်အစာဖြည့်ရတော့၏။ စားသောက်ပြီး၍ သူဆိုင်မှ ထွက်လာ သောအခါ မျက်နှာချင်းဆိုင်မှလူတစ်စု လျှောက်လာသည်ကို တွေ့လိုက်ရတော့၏။ ထိုလူစုထဲတွင် 'လောင်ထို' ဆိုသော အဖိုးကြီးလည်း ပါလာသည်။ ထိုအဖိုးကြီးမှာ အခြားသူမဟုတ်ပေ။ သူ၏ သမီးအသက်ရှင်ရေးအတွက် လင့်ဟုချုံးက သွေးဖောက်၍ ကူညီပေးခဲ့ဖူးသော လူကြီးပင်ဖြစ်တော့၏။

အလွန်ဝမ်းသာစွာဖြင့် လင့်ဟုချုံးက လှမ်းအော်လိုက်သည်။

"ဗျို့ .. ဆရာကြီး လောင်ထို၊ နေကောင်းရဲ့လားဗျို့..."

သူ့အားခေါ်သံကြားသဖြင့် လောင်ထိုက လှည့်ကြည့်လိုက်ရာ လင့်ဟုချုံးဖြစ်နေကြောင်း တွေ့လိုက်ရသည်။ ထိုတစ်ဒင်္ဂအတွင်း သူ့မျက်နှာတွင် အမျိုးအမည်မခွဲခြားနိုင်သော ထူးဆန်းသည့် အရိပ်လက္ခဏာများ ထွက်ပေါ်လာ တော့သည်။

လင့်ဟုချုံး သူ့အနားရောက်သွားသောအခါ လောင်ထိုက ဘာမပြောညာမပြောနှင့် ဓားကိုထုတ်ကာ ခုတ်ချ လိုက်တော့သည်။ သို့သော် သူ့လက်မှန်းမှာ လွန်စွာညံ့ဖျင်းရကား လင့်ဟုချုံးနှင့် ခြောက်လက်မကျော်ကျော်မှ လွဲချော်ဖြတ်သန်းသွား၏။

လန့်ဖျပ်သွားသော လင့်ဟုချုံးက နောက်သို့ ခုန်ဆုတ်ကာ ...

"လောင်ထို .. လောင်ထို .. ခင်ဗျား ကျုပ်ကို မမှတ်မိဘူးလား။ ကျုပ် .. လင့်ဟုချုံးလေ"

လောင်ထိုက "အေး ... မင်း ... လင့်ဟုချုံးဆိုတာ ငါကောင်းကောင်းကြီး သိတာပေါ့ကွ"

သူနှင့် ပါလာသည့် လူစုဖက်သို့လှည့်ကာ လောင်ထိုက ပြောလိုက်သည်။

"မိတ်ဆွေတို့ အားလုံး မျက်မြင်ပဲနော်။ နေမင်းသမီးတော်ကလေးက အမိန့်ထုတ်ထားတယ်။ ဘယ်သူမဆို လင့်ဟုချုံးကိုမြင်တာနဲ့ သတ်ပစ်ရမယ်တဲ့။ အခုဆိုရင် အဲသည်အမိန့်အတိုင်း ကျုပ်ခုတ်လိုက်တာပဲ။ လွဲသွားတာတော့ မတတ်နိုင်ဘူး။ ဟုတ်တယ် မဟုတ်လား"

ထိုလူများက သံပြိုင်ဖြင့် "ဟုတ်တယ်။ ဟုတ်တယ်" ဟု ထောက်ခံလိုက်ကြသည်။ သို့ရာတွင် ထိုလူများ၏ မျက်နှာများ၌ ဒေါသအရိပ်အငွေ့လုံးဝ မပါသည့်အပြင် ပြုံးစိစိပင်ဖြစ်နေကြသေးသည်။ ထိုမျက်နှာများကို တွေ့လိုက် ရသောအခါ လင့်ဟုချုံးမှာ ရှက်ပြီး မျက်နှာရဲကနဲဖြစ်သွားသည်။ သူတို့အားလုံးသည် လင့်ဟုချုံးအား ဝင်ရောက် တိုက်ခိုက်မည့်ဟန်ပန် လုံးဝမရှိကြချေ။

တစ်ချိန်တုန်းက လင့်ဟုချုံးအား သတ်ရန်ဟူသောအမိန့်ကို လင်းလင်းက လောင်ထိုမှတစ်ဆင့် ဖြန့်ခိုင်း လိုက်သည်။ ယင်းမှာလည်း သူမ၏ဘေးနား၌ လင့်ဟုချုံးကို ထာဝရရှိနေစေချင်၍တစ်ကြောင်း၊ နောက်ပြီး သူမက လင့်ဟုချုံးကို တစ်ဖက်သတ် တန်းတန်းစွဲ ဖြစ်နေခြင်း မဟုတ်ကြောင်းကို ပြလို၍တစ်ကြောင်းဖြစ်၏။

ထိုသတင်း ပြန့်နှံ့သွားသောအခါ သိုင်းလောကတစ်ခုလုံးက မယုံကြချေ။ သူတို့မယုံခြင်းသည် မကြာမီမှာ ပင် ခိုင်မာလာတော့သည်။ အဘယ်ကြောင့်ဆိုသော် လင့်ဟုချုံး အသက်ရှင်ရေးအတွက် လင်းလင်းသည် သူမကိုယ် တိုင်

ရှော်လင်ကျောင်း၌ အဖမ်းခံလိုက်ပြီ ဆိုသောကြောင့်တည်း။ လူတစ်ယောက်သည် အခြားလူတစ်ယောက်အား ကိုယ့်ကိုယ်ကို အနစ်နာခံ၍ ကယ်တင်သည်ဆိုပါက ထိုလူအား အဘယ်မှာလျှင် အခြားသူများက သတ်၍ သေစေချင်ပါ လိမ့်မည်နည်း။

သိုင်းလောကတစ်ခွင်၌ ရှာမှရှားသော မေတ္တာရှင်မလေးအဖြစ် လင်းလင်းမှာ နာမည်ကျော်ကြား ခဲ့တော့သည်။

အောက်လမ်းဂိုဏ်းသားများ၏ စိတ်ထဲတွင် ကြိတ်၍ ရယ်မောမိသည်ကတော့ အမှန်ပင်ဖြစ်သည်။ သူမ၏ ရက်ရမ်းရမ်းမှုအတွက် ရယ်မိကြခြင်းဖြစ်သည်။ ယခု လင့်ဟူချုံးကို မမျှော်လင့်ပဲ တွေ့လိုက်ရသောအခါ အားလုံး ကြောင်သွားကြ၏။ ဤနေရာ၌ ယနေ့ဆုံကြရမည်ဟု မည်သူမျှ မမျှော်လင့်မိကြပေ။

လောင်ထိုက ...

"လင့်ဟူချုံး ... နေမင်းသမီးတော်ကလေးက မင်းကိုသတ်ဖို့ ငါတို့အားလုံးကို အမိန့်ပေးထားတယ် ... စောစောလေးက မင်းခေါင်းကို ငါခုတ်လိုက်တာ သီသီလေးလွဲသွားတယ်။ အားလုံး အမြင်ပဲနော်။ ငါညံ့လို့ မဟုတ်ဘူး။ မင်းရဲ့သိုင်းပညာ သိပ်ကောင်းလွန်းတော့ ငါက မသတ်နိုင်တော့တာ"

လောင်ထိုက သူ့လူများဖက်သို့ ပြန်လှည့်လိုက်ကာ ...

"ငါပြောတာ ဟုတ်မဟုတ် အားလုံးတွေ့ကြတာပဲ။ ငါက လင့်ဟူချုံးကို မသတ်တာမဟုတ်ဘူးနော်။ မသတ် နိုင်တာ။ လုံးဝ မသတ်နိုင်တာ။ ကဲ ... စဉ်းစားကြ။ လောင်ထိုဆိုပြီး နာမည်တစ်လုံးရနေတဲ့ ငါတောင်မှ လင့်ဟူချုံးကို မသတ်နိုင်ဘူးဆိုရင် ကျန်တဲ့ မင်းတို့တစ်တွေက ဘယ်မှာသတ်နိုင်တော့မှာလဲ မဟုတ်ဘူးလား"

အားလုံးက တဟားဟားရယ်ရင်း ...

"ဟုတ်တယ် ... ဟုတ်တယ်" ဟု ဝိုင်းဝန်း ထောက်ခံကြတော့သည်။ ထိုစဉ်တွင် အချို့က အော်ဟစ်လိုက်သည်။

"ငါတို့ကို နေမင်းသမီးတော်ကလေး အမိန့်ပေးထားတာက သူ့ကို သတ်ဖို့ပဲမဟုတ်လား။ လက်နက်နဲ့ သတ်ရမယ်လို့ ပြောတာမှမဟုတ်ပဲ။ သည့်ပြင် ဘယ်နည်းနဲ့သတ်သတ် သတ်ရင်ဖြစ်တာပဲ ... လင့်ဟူချုံးကို တွေ့ နေမှတော့ လက်လွတ်ခံလို့မဖြစ်ဘူး။ ဒီတော့ အရက်ဆိုင်ထဲခေါ်သွားပြီး အရက်တိုက်ပြီးသတ်ကြမယ်။ မကောင်းဘူး လား..."

ထိုအခါ လူအားလုံး၏ ရယ်သံမှာ ပွက်ပွက်ညံသွားတော့၏။

"ဟားဟားဟား .. သိပ်ကောင်းတဲ့အကြံ။ ကောင်းတယ်။ သိပ်ကောင်းတယ်။ ငါတို့လက်ခံတယ်။ ကဲ ... အရက်ဆိုင်ကိုသွားကြမယ်"

လင့်ဟူချုံးမှာ ရယ်ချင်လာတော့၏။ သူတို့၏စကားများသည် စိတ်ဓာတ်ကို ရွှင်လန်းတက်ကြွ စေတော့၏။ သို့ဖြင့် လင့်ဟူချုံးကို အလယ်မှထား၍ ထိုလူအုပ်ကြီးသည် တအုံးအုံး၊ တရုံးရုံးဖြင့် အရက်ဆိုင်ကြီး တစ်ခုအတွင်းသို့ ဝင်ရောက် လာကြတော့သည်။

ထိုင်လိုက်ပြီးပြီးချင်း လောင်ထိုအား လင့်ဟူချုံးကမေးလိုက်သည်။

"နေမင်းသမီးတော်ကလေး ဘယ်လိုနေသေးသလဲ။ ခရီးတစ်လျှောက်လုံး ကျုပ်မှာ စိတ်ပူလိုက်ရတာ။ ခင်ဗျားနဲ့ တွေ့တော့မှ နည်းနည်း ပျော်ပျော်ရွှင်ရွှင်ဖြစ်လာတာဗျ ..."

လင့်ဟူချုံးက လင်းလင်းအတွက် ဂရုတစိုက်မေးသံကြားလိုက်ရသဖြင့် လောင်ထိုတို့တစ်သိုက်မှာ နှစ်ထောင်း အားရ ဖြစ်သွားတော့သည်။

"နောက်လ ဆယ့်ငါးရက်မှာ ရှောင်လင်ကျောင်းကို တက်မယ်။ နေမင်းသမီးတော်ကလေးကို မရ ရအောင် ကယ်ထုတ်ဖို့ အားလုံး အချိန်းအချက် လုပ်ထားပြီးပါပြီ။ ဒါပေမယ့် ကျုပ်တို့မှာ အခက်အခဲတစ်ခုတွေ့နေတယ် ..."

"ဘာအခက်အခဲလဲ ပြောပါ... နေမင်းသမီးတော်ကလေး အတွက်ဆိုရင် ကျုပ်အသက်ကိုတောင် စွန့်ပြီး ကူညီမှာ ပါ..."

လောင်ထိုက ဝမ်းသာအားရဖြင့် ...

"တခြားတော့ မဟုတ်ပါဘူး။ ကျုပ်တို့အချင်းချင်း ခေါင်းဆောင်လုပ်ဖို့ စိတ်ဝမ်းကွဲနေတာပါပဲ။ အခု ဆရာလေး ရောက်လာတော့ အတော်ပဲ။ ဒါက အသင့်တော်ဆုံးပဲ။ တခြားလူတစ်ယောက်ယောက်ကို ခေါင်းဆောင် တင်မိရင် နေမင်း သမီးတော်ကလေး လွတ်လာတဲ့အခါ အပြစ်တင်ချင်တင်နေဦးမယ် ..."

"ဘာကို ပြဿနာ တက်ရမှာလဲဗျ။ သူလွတ်ဖို့ အဓိကပဲဟာ ..."

လောင်ထိုက ပြုံးပြီး ...

"ဟာ ... ဆရာလေး မသိပဲကိုး။ တခြားလူကို ခေါင်းဆောင်တင်တာကို နေမင်းသမီးတော်ကလေးက သဘောကျချင်မှ ကျမှာ။ ဆရာလေးဆိုတော့ ပြီးရောပေါ့။ သဘောမကျစရာ မရှိတော့ဘူးပေါ့ဗျာ"

တစ်ခေါင်းလုံး ဆံပင်များ ဖြူဖွေးနေသော အဖိုးကြီးက ရယ်မော၍ ...

"ဟုတ်တယ်။ ဆရာလေးလင့်ဟူချုံးကို ခေါင်းဆောင်တင်လိုက်ရင် အားလုံးအဆင်ပြေသွားမှာပဲ။ အခက်အခဲ တွေ့လို့ မကယ်တင်နိုင်ရင်တောင် ဆရာလေးခေါင်းဆောင်လျက်နဲ့ မကယ်နိုင်တာဆိုပြီး နေမင်းသမီးတော်ကလေးက ခွင့်လွှတ်မှာ သေချာတယ်။ ဘာပဲပြောပြော သူ့ကိုကယ်ဖို့ အုပ်စုတွေကို ဆရာလေး ခေါင်းဆောင်လာတယ်ဆိုတာ သူသိသွားရင် သိပ်ဝမ်းသာမှာပါ။ ဒီတော့ ခေါင်းဆောင်နေရာမှာ ဆရာလေးကိုပဲခန့်ရမှာပဲ"

လင့်ဟူချုံးက ...

"ခေါင်းဆောင်လုပ်ရတာ မလုပ်ရတာ အရေးအကြောင်းမဟုတ်ပါဘူး။ နေမင်းသမီးတော်ကလေးကို ကယ်ရဖို့ ဆိုရင် ခေါင်းဆောင်နေရာကပဲ နေရနေရ၊ ငယ်သားနေရာကပဲ အသက်စွန့်ရချင်စွန့်ရပါစေ။ ကယ်တင်လို့ရရင် ပြီးရော။ ကျုပ်အသက်ကို တန်ဖိုးမထားပါဘူး"

ဤစကားများမှာ နှုတ်ဖျားလေးမှ အပေါ်ယံကြော ထွက်ပေါ်လာသော စကားများမဟုတ်ကြပေ။ အသည်း ကြားမှ လှိုက်လှိုက်လှဲလှဲ ထွက်ပေါ်လာသော စကားများဖြစ်သဖြင့် ကြားရသူများ ကြက်သီးဖြန်းဖြန်း ထသွားကြ တော့သည်။

လင်းလင်းသည် သူ့အပေါ် အလွန်ကျေးဇူးကြီးခဲ့သည်။ ထို့ကြောင့် သူကလည်း လင်းလင်းအတွက် အသက်စွန့်ရန် အသင့်ရှိနေသည်။ အသက်စွန့်၍ ပြန်လည်ကူညီသည့်တိုင် လင်းလင်း၏စေတနာအတွက် အကြွေး ကျေချင်မှ ကျေပေလိမ့်မည်။

လင့်ဟူချုံး၏ အသည်းနှလုံးထဲမှ လာသောစကားများကြောင့် လူအုပ်ကြီးမှာ ကျေနပ်သွားကြ၏။ သူတို့စိတ်ထဲမှ တွေးလိုက်မိကြသည်။

"သိုင်းလောကထဲမှာ ပျံ့နေတဲ့ သတင်းတွေက တလွဲတွေပဲ။ လင့်ဟူချုံးဆိုတဲ့ကောင်က မိန်းမသိပ်ပွေသတဲ့။ နေမင်းသမီးတော်ကလေးကို မေတ္တာမရှိဘူးတဲ့။ အခုတော့ ဘယ်မှာဟုတ်လို့လဲ။ လူတွေက မလိုတမာ လျှောက်ပြော နေတာပဲ။ နေမင်းသမီးတော်ကလေး ကြင်ယာရွေးတာ မှန်သွားပြီ"

လင့်ဟူချုံးက ...

"ဆရာကြီး လောင်ထို .. ရှောင်လင်ကျောင်းကိုချီတက်ဖို့ ကျန်တဲ့မိတ်ဆွေတွေက ဘယ်မှာ စုဝေးနေကြသလဲ။ သူတို့နဲ့ ပေါင်းစည်းရမယ်"

"ရှင်ဆန်းတောင်မှာပါ ဆရာလေး"

"ဒါဆိုရင် ကျုပ်တို့ ဘာဖြစ်လို့ ဒီမှာအချိန်ဖြုန်းနေတော့မလဲ။ အားလုံး ရှင်ဆန်းတောင်ကို လိုက်သွားကြမယ်"

ဤသို့ဖြင့် သူတို့အုပ်စုကြီးသည် ရှင်ဆန်းတောင်သို့သွားကြရင်း လမ်းခရီးတွင် အခြားအုပ်စုတစ်စုနှင့် တိုးမိ ပြန်သဖြင့် လူပေါင်းတစ်ရာကျော်မျှ ဖြစ်လာလေတော့သည်။

လင့်ဟူချုံးက လောင်ထိုနှင့် ပုခုံးချင်းယှဉ် လျှောက်ရင်းမေးလိုက်သည်။

"ဆရာကြီးလောင်ထို .. ခင်ဗျားသမီးလေးရဲ့ အခြေအနေရော ဘယ်လိုလဲ။ နေကောင်းရဲ့လား"

"ဟာ ... ကောင်းပါတယ်။ အများကြီးကို ကောင်းပါတယ်။ အဲဒါကလည်း ဆရာလေးရဲ့ ကျေးဇူးတွေပါပဲ။ ဆရာလေးသာ အဲသည်တုန်းကမကူညီရင် ကျုပ်သမီးတော့ အသေပဲ"

သူ့စိတ်ထဲ၌ တစ်ချိန်လုံး မရှင်းမလင်းဖြစ်နေသည့် မေးခွန်းတစ်ခုကို လင့်ဟူချုံးက ထုတ်မေးလိုက်သည်။

"ဆရာကြီးလောင်ထို ... ဒီက မိတ်ဆွေတွေအားလုံးကပြောကြတယ်။ နေမင်းသမီးတော်ကလေးရဲ့ ကျေးဇူးက သူတို့ အားလုံးအပေါ်မှာ ရှိနေကြသတဲ့။ အဲဒါကို ကျုပ်လုံးဝနားမလည်ဘူး ... နေမင်းသမီးတော်ကလေးက အသက် ငယ်ငယ် ကလေး ရှိသေးတာပဲ။ ဒီလောက် လူတွေအများကြီးအပေါ် ကျေးဇူးရှိလောက်အောင် သူက ဘာတွေများ လုပ်ပေးထား လို့လဲ..."

လောင်ထိုမှာ ကျီးကြည့်ကြောင်ကြည့် ဖြစ်သွားကာ တိုးတိုးလေး ပြန်ဖြေလိုက်သည်။

"ဒီကိစ္စတော့ ကျုပ်လည်း မပြောရဲဘူး။ ဆရာလေးကိုယ်တိုင်သာ နေမင်းသမီးတော်ကလေးကို မေးကြည့်ပါ" ဟု စကားဖြတ်လိုက်လေတော့၏။

ရှင်ဆန်းတောင်။

သူတို့အားလုံး ရှင်ဆန်းတောင်သို့ ရောက်ရှိလာကြလေပြီ။ သူတို့ရောက်ရှိသည့်အချိန်မှာ နေလုံးကြီးပင် စုံးစုံးမြုပ်နေလေပြီ။

ထိုစဉ် ခပ်လှမ်းလှမ်းမှ ဆူဆူညံညံအသံများကို ကြားလိုက်ကြရတော့၏။

အသံများကား စုံလင်လှသည်။ အော်သံ၊ ဟစ်သံ၊ ဆဲသံ၊ ဆိုသံ၊ ငြင်းခုံသံ စသည့်အသံများ။

လင့်ဟူချုံးတို့က ခပ်သွက်သွက် ခရီးဆက်လိုက်ကြသောအခါ လူပေါင်းမြောက်မြားစွာ တောင်ကုန်းပေါ်တွင် စုဝေးနေကြသည်ကို တွေ့လိုက်ရတော့၏။

အံ့ညြလောက်စဖွယ် လူအုပ်ကြီးပါပေ။ စုစုပေါင်း လူဦးရေ တစ်ထောင်ခန့်ရှိနေပေ၏။

ထိုအထဲတွင် အံ့ဖွယ်ခြောက်ယောက်တို့၏အသံကို အကျယ်လောင်ဆုံး ကြားနေကြရသည်။

ဤလူခြောက်ယောက် မရောက်သောနေရာဟူ၍ လုံးဝရှိလိမ့်မည်ပင်မထင်။ တကယ့်ပွဲကြီးပွဲကောင်းပင်တည်း။

ထိုလူအုပ်ကြီးအနား ရောက်ရှိသွားသည်။ လောင်ထိုက အသံကို အစွမ်းကုန်မြှင့်တင်၍ အော်ဟစ်လိုက်တော့သည်။

"မိတ်ဆွေတို့ .. အားလုံး နားထောင်ကြပါ"

ရုတ်တရက် အားလုံးတိတ်ဆိတ်ငြိမ်သက်သွားသည်။ လင့်ဟူချုံးတိုလူသိုက်ကိုလှည့်ကြည့်ကြတော့၏။

လောင်ထိုက ဆက်၍ ...

"ဒီနေ့ ကျုပ်တို့ ကံအကောင်းဆုံးနေ့လို့ ပြောရတော့မှာပဲ။ ကျုပ်တို့အခု ဘယ်သူ့ကိုတွေ့ခဲ့တယ်လို့ ထင်သလဲ..."

လူအုပ်ကြီးထဲမှ အော်သံများ ထွက်လာသည်။

"ပြောမှာသာ ပြောစမ်းပါ... ဘာတွေပြန် မေးနေတာလဲ ... ကြာတယ်ကွ ..."

လောင်ထိုက ...

"ပြောမှာပါဗျာ။ ကျုပ်တို့ရဲ့ဆရာလေး လင့်ဟူချုံးဟာ သူတကိုယ်တည်း နေမင်းသမီးတော်ကလေးကို ကယ်တင်ဖို့ အသွား ... လမ်းမပေါ်မှာ ကျုပ်တို့နဲ့တိုးခဲ့တာ။ အခုသူက မိတ်ဆွေတို့အားလုံး ဒီတောင်ပေါ်မှာ ရှိတယ်လို့ သတင်းကြားတာနဲ့ ... နေမင်းသမီးတော်ကလေးကို ကယ်တင်ဖို့ကိစ္စ ဆွေးနွေးဖို့ ဒီကိုရောက်လာပါပြီ"

လောင်ထိုက လူအုပ်ကြီးကို ခေတ္တအကဲခတ်လိုက်ရာ သူ့စကားကို စိတ်ဝင်စားစွာနားထောင်နေမှန်း သိလိုက်ရသဖြင့် အားရစွာ ဆက်ပြောလိုက်၏။

"ကျုပ်သဘောကိုပြောရရင်တော့ နေမင်းသမီးတော်ကလေးကို ကယ်တင်ဖို့ကိစ္စမှာ ဆရာလေး လင့်ဟူချုံးကို ခေါင်းဆောင် နေရာမှာ ခန့်ထားခြင်းသာ အသင့်တော်ဆုံးလို့ ပြောချင်ပါတယ်။ အားလုံး ဘယ်လိုသဘောရကြပါသလဲ"

ယခု ရောက်ရှိနေသူအားလုံးမှာ လင့်ဟူချုံးအတွက် နေမင်းသမီးတော်ကလေး အဖမ်းခံနေရသည်ကို သိရှိ ထားကြ၏။

ထို့အပြင် လင့်ဟူချုံးက ဟိုနန်နယ်၌ ရှန့်ဝန့်ထင်းနှင့် လက်တွဲကာ သိုင်းသမားများကို တိုက်ခိုက်ခဲ့သော သတင်းကိုလည်း အားလုံးကြားသိထားပြီးဖြစ်၏။

အားလုံးက လင့်ဟူချုံး၏သိုင်းပညာကို အလွန်ချီးကျူး လေးစားနေကြပြီးဖြစ်သည်။

အကယ်၍ လင့်ဟူချိုးတစ်ယောက် မည်သည့်သိုင်းပညာမှ မတတ်ပါဆိုလျှင်လည်း သူတို့က လင့်ဟူချိုးကို စိတ်ပျက်လက်ပျက် ငြင်းပယ်ကြလိမ့်မည် မဟုတ်ကြချေ။

နေမင်းသမီးတော်ကလေး၏ မျက်နှာကိုထောက်ထား၍ လင့်ဟူချိုးကို ခေါင်းဆောင်တင် မြှောက်ကြမည်သာဖြစ်သည်။

ထိုအခြေအနေမျိုး ရှိနေသောကြောင့် လောင်ထို၏ စကားကို ကြားလိုက်သောအခါ အားလုံးက တစ်ခဲနက် အော်ဟစ်ထောက်ခံကြလေတော့၏။

ထိုအခိုက် အံ့ဖွယ် ခြောက်ယောက်အနက်မှ ထောင်ဝါးက အသံသေးအသံကြောင်ဖြင့် ...

"အခု ဂိုဏ်းချုပ်ကြီးရဲ့သမီးဆိုတဲ့ နေမင်းသမီးတော်ကလေးကို ကယ်ထုတ်တဲ့ကိစ္စက လင့်ဟူချိုးရဲ့ မိန်းမ လုပ်ခိုင်းဖို့ မဟုတ်လား"

လူအားလုံး၏ စိတ်ထဲတွင် နာလိုခံခက်ကြီး ဖြစ်သွားတော့၏။ သူတို့အားလုံးသည် လင်းလင်းအား လွန်စွာကြောက်ရွံ့ ရှိသေကြ၏။

ယခုကဲ့သို့ တည့်တိုးကြီး ပြောချလိုက်သောအခါ သူတို့၏ နေမင်းသမီးတော်ကလေးကို စော်ကားလိုက် သကဲ့သို့ မှတ်ထင်လိုက်မိတော့၏။

လင့်ဟူချိုးမှာလည်း အနေရအထိုင်ရ ခက်သွားသည်။ အားလုံးရှေ့တွင် ငြိမ်နေလိုက်လျှင်လည်း အခက်။ ဆန့်ကျင်ကန့်ကွက် လိုက်လျှင်လည်း လင်းလင်း၏ အရှက်နှင့် ဂုဏ်သိက္ခာကို လုံးလုံးကျဆင်းအောင် လုပ်သလို ဖြစ်နိုင်သဖြင့် ငြိမ်နေလိုက်ရတော့၏။

ထိုစဉ် ထောင်ရက်က ...

"ဒါကတော့ ဘယ်တရားမလဲ။ သူက ခေါင်းဆောင်လည်းလုပ်မယ်။ မိန်းမလည်း ရမယ်ဆိုတော့ သိပ်ဟန်ကျနေတာပေါ့။ ဒီလိုလုပ်ရင် မကောင်းဘူးလား။ ငါတို့က သူ့မိန်းမကိုတော့ သွားကယ်ပေးမယ်။ ခေါင်းဆောင်နေရာမှာတော့ ငါတို့ ညီအစ်ကိုခြောက်ယောက်လုပ်မယ်။ ဘယ့်နှယ်လဲ"

ထောင်ကန်းက "ဟုတ်တယ်။ ဒါမှ တရားမျှတမှာပေါ့။ နို့မို့ရင်တော့ လက်မခံနိုင်ဘူး။ တကယ်လို့ သူက ငါ့တို့ထက် သိုင်းပညာပိုတော်ရင်တော့ လက်ခံမယ် ..."

ပြောရင်းဆိုရင်းမှ ထောင်ကန်း၊ ထောင်ကျက်၊ ထောက်ရှမ်း၊ ထောင်ဆက်တို့လေးယောက်က လင့်ဟူချိုး၏ ခြေလက်လေးချောင်းကို တစ်ပြိုင်နက်ဆုပ်ကိုင်ပြီး လေထဲတွင် မြှောက်ကိုင်ထားလိုက်ကြသည်။ သူတို့ လေးယောက် ၏ တစ်ပြိုင်နက်လှုပ်ရှားမှုမှာ လွန်စွာမြန်ဆန်လှသဖြင့် လင့်ဟူချိုးအဖို့ ရှောင်တိမ်းချိန်ပင် မရလိုက်တော့ပေ။

သိုင်းသမားများမှာလဲ ထိတ်လန့်တကြား အော်ဟစ်လိုက်မိကြသည်။

"ဟေ့ .. မလုပ်နဲ့ .. မလုပ်နဲ့"

ထောင်ရက်ကရယ်၍ ...

"စိတ်ချပါ။ ငါတို့က သူ့ကို ဆွဲမဖြဲသေးပါဘူး။ တကယ်လို့ ငါတို့ခေါင်းဆောင်လုပ်တာကို သူက သဘော တူရင် ... အား ..."

စကားကို ဆုံးအောင်မပြောနိုင်ပဲ ထောင်ကန်းတို့လေးယောက်မှာ ပြိုင်တူပင် အလန့်တကြားအော်ဟစ်လိုက် မိပြီး လင့်ဟူချိုးကို လွှတ်ချလိုက်ကြတော့၏။ သူတို့ပါးစပ်မှလဲ အော်ဟစ်နေကြတော့၏။

"အောင်မယ်လေး ... မင်း .. မင်း ... ဘာပညာ သုံးလိုက်တာလဲ"

အကြောင်းမှာ သူ့ကို အံ့ဖွယ် လေးယောက်တို့ ဖမ်းဆုပ်ဆွဲမြှောက်လိုက်သည်နှင့် လင့်ဟူချိုးမှာ အတော်ကလေး ထိတ်လန့်သွားမိ၏။

ထို့ပြင် တကယ်ဆွဲဖြဲမဖြဲကို မည်သူမျှအာမခံ၍ ရနိုင်သောကိစ္စမျိုး မဟုတ်ချေ။

ရှူးပေါ်ပေါ်နှင့် ဆွဲဖြဲလိုက် ပါက လင့်ဟူချိုးမှာ သေဆုံးရပေတော့မည်။

ထိုအကြောင်းကြောင့် မိမိကိုယ်ကိုကာကွယ်သည့်အနေဖြင့် သူ၏ 'အတွင်းအားစုပ်" သိုင်းပညာကို ချက်ချင်း ထုတ်သုံး လိုက်ရခြင်းဖြစ်၏။

ထို့ကြောင့် အံ့ဖွယ်လေးယောက်တို့မှာ လင့်ဟူချိုး၏ ခြေနှင့်လက်များကို ဆုပ်ကိုင်မိသည်နှင့် သူတို့၏ အတွင်းအားများက တသွင်သွင် စီးထွက်ကြရတော့၏။

သူတို့၏အတွင်းအားများ မထွက်နိုင်စေရန် ပိုမိုအားထုတ်ကြိုးစား တားဆီးလေ၊ အတွင်းအား စီးထွက်နှုန်းမှာ

ပိုမိုမြန်လေလေ ဖြစ်တော့၏။

ထို့ကြောင့် သူတို့လေးယောက်မှာ အကြီးအကျယ်ထိတ်လန့်သွားကြပြီး လင့်ဟူချုံးအား လွှတ်ချလိုက်ကြ၏။

ထိုအချိန်နှင့် တစ်ပြိုင်နက်တည်းလိုလို လင့်ဟူချုံးကလည်း သူ၏ အတွင်းအားစုပ် သိုင်းပညာကျင့်စဉ်ကို ရပ်ဆိုင်းလိုက်၏။

ထို့ကြောင့် လင့်ဟူချုံးမှာ ဣန္ဒြေရရဖြင့် မြေကြီးပေါ်သို့ကောင်းမွန်စွာ ကျရောက်ရပ်တည်သွားနိုင်တော့၏။

ထောင်ရက်က ဘေးမှ ကမန်းကတန်းဖြင့် ...

"ဘယ်လိုလဲ ..."

ထောင်ကန်းနှင့်ထောင်ကျက်တို့နှစ်ယောက်ကလဲ မထင်မှတ်ဘဲနှင့် စကားတစ်ခွန်းကို ပြိုင်တူပြောလိုက်မိကြတော့၏။

"သူ ... သူ့ရဲ့ သိုင်းပညာက သိပ်ထူးဆန်းပါလား၊ ငါတို့ သူ့ခြေထောက်တွေကို ဖမ်းဆုပ်လို့မရဘူး ..."

ထိုစကားကို ကြားလိုက်ရသော ဘေးမှ သိုင်းသမားများက အားရဝမ်းသာ အော်ဟစ်လိုက်တော့သည်။

သူတို့ ခေါင်းဆောင်တင်မည့်လူသည် အမှန်တကယ် အရည်အချင်းရှိနေကြောင်း တွေ့ရှိလိုက်ရသဖြင့် နှစ်ထောင်းအားရ ဖြစ်သွားကြပေသတည်း။

ထို့ကြောင့် အားလုံးက ...

"ကဲ ... ဆရာလေးကို ငါတို့အားလုံး ခေါင်းဆောင်တင်မြှောက်မယ်ဟေ့၊ ဒါပဲ ဘယ်သူမှကန့်ကွက်တာမှ မလိုချင်ဘူး ..."

အံ့ဖွယ်ခြောက်ယောက်တို့ကလည်း ...

"အေးလေ ... မင်းတို့သဘောပဲ သူ့ကိုမြှောက်လိုက်တာဘဲ ကောင်းပါတယ်ကွာ၊ ငါတို့က သူ့ကို ဖမ်းလို့မှ မရနိုင်တောတဲ့ဉစ္စာ၊ ငါတို့လဲ သဘောတူရတော့မှာပေါ့ ..."

ဟု လိုက်လိုက်လျောလျောဖြင့် သဘောတူလိုက်ကြလေတော့၏။

ထိုအခါ လင့်ဟူချုံးသည် ကြီးမားလှသော လူစု၊ လူအုပ်ကြီးကြားစေရန် အသံကို အစွမ်းကုန် မြှင့်တင် အော်ဟစ်ရင်း ...

"အခုဒီတောင်ကုန်းပေါ်မှာ စုဝေးနေတဲ့ နောင်ကြီးတို့၊ မိတ်ဆွေများတို့။ အခုတစ်ကြိမ် နေမင်းသမီးတော်ကလေးကို သွားကယ်ဖို့ ကိစ္စကြီးဟာ အင်မတန်ကြီးလေးတဲ့ တာဝန်ကြီးတစ်ခုပါ။ အခု ရှောင်လင် ဘုရားကျောင်းထဲမှာလဲ နေမင်းသမီးတော်ကလေးကို ကယ်ဖို့ကြိုးစားရင်း အဖမ်းချုပ်ခံထားရတဲ့လူတွေလည်း မနည်းတော့ပါဘူး။ ဒီအချက်က ဘာကိုပြသလဲဆိုရင် ကျုပ်တို့အနေနဲ့ အခုကိစ္စကို ပေါ့ပေါ့ဆဆလုပ်လို့မရဘူး အထူးသတိဝီရိယထားပြီး ဆောင်ရွက်ကြရမယ် ဆိုတာကို ပြနေပါတယ် ..."

ရှင်ဆန်းတောင်ကုန်းထိပ်၌ စုရုံးရောက်ရှိနေကြသည့် သိုင်းသမားများသည် လင့်ဟူချုံး၏စကားကို ကောင်းစွာလက်ခံလိုက်ကြသည်။

"ရှောင်လင်ဘုရားကျောင်းဆိုတာ သိုင်းလောကရဲ့ ကြယ်တံခွန်ကြီးဖြစ်ပါတယ်။ ဘယ်ဂိုဏ်း၊ ဘယ်အဖွဲ့ကမှ သူနဲ့ယှဉ်ပြိုင်လို့ မရနိုင်ပါဘူး ... ဒါပေမယ့် ဒီအတွက်ကျုပ်တို့က ကြောက်ပြီး အရှုံးပေးရမှာလား ... ဟင့်အင်း ... ကျုပ်တို့ ဘယ်တော့မှ အရှုံးမပေးဘူး။ သူတို့က ကျုပ်တို့ထက် သိုင်းပညာသာတယ်။ ဒါပေမယ့် ကျုပ်တို့က သူတို့ထက် လူများတယ်။ အခုဒီမှာတင်ပဲလူပေါင်း တစ်ထောင်ကျော်ရှိနေပြီ။ တစ်ခြားက ရဲဘော်တွေလဲ တဖွဲဖွဲရောက်လာကြဦးမယ်။ သူတို့ကို တစ်ယောက်ချင်း ပညာချင်းမယှဉ်နိုင်ပေမယ့် သူတို့တစ်ယောက်တည်းကို ကျုပ်တို့ဆယ်ယောက်က ယှဉ်နိုင်ပါတယ်။ ကဲ ... ဒီတော့ သူတို့ကို ကျုပ်တို့က မနိုင်နိုင်ဘူးလား"

လူအားလုံးက ဝိုင်းဝန်းအော်ဟစ်ကြတော့၏။

"ဟုတ်တယ်။ မှန်တယ်။ ဆယ်ယောက်တစ်ယောက်ဆိုရင် ကျုပ်တို့ ကျိန်းသေနိုင်တယ်"

လင့်ဟူချုံးက ဆက်ပြောလိုက်သည်။

"ခင်ဗျားတို့သတိထားဖို့ ကိစ္စတစ်ခုကိုတော့ ကျုပ်က ကြိုတင်ပြောထားပါရစေ။ ရှောင်လင်ဘုန်းကြီးတွေက နေမင်းသမီးတော်ကလေးကို ထိန်းချုပ်ထားတယ်။ ဒီလို သူတို့ထိန်းချုပ်ထားတာကို ခင်ဗျားတို့ ဘာမှစိုးရိမ် ကြောင့်ကြမဖြစ်ကြပါနဲ့။ သူတို့က ဝါတော်ကြီးဘုန်းတော်ကြီးတွေဆိုတော့ နေမင်းသမီးတော်ကလေးကို ဘာမှ ဒုက္ခပေးမှာ မဟုတ်ပါဘူး။ ဒီဆရာတော်ကြီးတွေက သီလသမာဓိနဲ့ ပြည့်စုံကြတာမို့ အင်မတန် လေးစားကြည်ညိုဖို့ ကောင်းပါတယ်။"

လင့်ဟူချုံးမှာ သူ့စကားကို ရှည်လျားစွာ ပြောရတော့မည်ဖြစ်သဖြင့် လူအုပ်ကြီးအား တစ်ချက်အကဲခတ်လိုက်ပြန်၏။

"ဒါကြောင့်မို့ ကျုပ်သဘောကတော့ သူတို့ကို အရင်ဆုံး အနုနည်းနဲ့ပြောမယ်။ ပြောလိုရရင်တော့ နှစ်ဦး နှစ်ဖက်အကောင်းဆုံးပဲ။ အကျအဆုံး အထိအခိုက် မရှိတော့ဘူးပေါ့။ သွေးထွက်သံယိုမှုမရှိဘဲနဲ့ အေးအေးချမ်းချမ်းအောင်မြင်သွားရင် သိုင်းလောကတစ်ခုလုံး စိတ်ချမ်းသာသွားကြမှာဘဲ ..."

"ဟုတ်တယ်။ အနုနည်းနဲ့ အောင်မြင်ရင် ပိုကောင်းတယ်"

လူအုပ်ကြီးက တစ်ခဲနက် ထောက်ခံကြပြန်၏။ လင့်ဟူချုံးက ဆက်လက်၍ ...

"ဒီနေ့ကစတွက်ရင် နောက်လဆယ့်ငါးရက်ရောက်ဖို့ ဆယ့်ခုနစ်ရက်လိုသေးတယ်။ ကျုပ်တို့အတွက် ပြင်ဆင် ချိန်အတော်လေးရသေးတယ်။ ရှောင်လင်ကျောင်းနဲ့ ကျုပ်တို့နဲ့ သိပ်ဝေးတော့တာမှမဟုတ်တာ ... ဒီတော့ အားလုံးမှန်မှန်ပဲခရီးသွားကြမယ်။ ကျုပ်တို့ဟာ လျှို့ဝှက်ပြီး တိတ်တဆိတ်သွားနေတာမဟုတ်ဘူး။ ရှောင်လင်ကျောင်းကိုစစ်ချီနေကြတာ။ ဒီတော့ စစ်ချီမှုနဲ့တူအောင် ပြင်ဆင်မှုတွေ လုပ်ရမယ်။ ပထမဆုံး ကျုပ်တို့သိုင်းသမားအားလုံးရဲ့တပ်ပေါင်းစုံ အလံတစ်ခုလုပ်ရမယ်။ အဲဒီအလံပေါ်မှာလည်း 'နေမင်းသမီးတော်ကို ဖူးမြော်ခြင်း' လို့ စာတန်းထိုးထားမယ်၊ ဒါကတော့ တပ်ပေါင်းစုံရဲ့အလံပဲ ..."

လင့်ဟူချုံး၏ အစီအမံကို နောက်လိုက်သိုင်းသမားများက အလွန်သဘောကျသွားကြသည်။ သွေးလည်းကြွလာကြသည်။ လင့်ဟူချုံးက ထပ်ပြောလိုက်ပြန်သည်။

"ဒုတိယအချက်ကတော့ ခရီးစဉ်တစ်လျှောက်လုံး ငြိမ်ငြိမ်ကလေး မသွားကြဘူး။ အောင်စည်အောင်မောင်း တွေရှာကြပြီး တီးခတ်ထုနက်သွားကြမယ်။ ကျုပ်တို့ချီတက်တဲ့ ခရီးစဉ်တစ်လျှောက်လုံး မိုးမြေသိမ့်သိမ့်တုန်သွား အောင်ရိုက်ခတ်သွားကြမယ်။ ဒါမှ ရှောင်လင်ဘုန်းကြီးတွေ ကျုပ်တို့နဲ့ ထိပ်တိုက်တွေ့မှာကို တုန်လှုပ်ခြောက်ခြား သွားမယ်။ ... ဘယ့်နှယ်လဲ။ ကျုပ်ပြောတာကို ကျေနပ်ကြရဲ့လား"

"ကျေနပ်တယ်။ သဘောတူတယ်။ အလံလွှင့်မယ်။ အောင်စည်အောင်မောင်း ရိုက်ပြီး ချီတက်မယ်"

ယခုစုစည်းမိနေကြသော သိုင်းသမားများမှာ မိုက်မိုက်ကန်းကန်း လူများချည်းဖြစ်၍ ဆူဆူညံညံ ဝုန်းဝုန်း ဒိုင်းဒိုင်းလုပ်လိုသူများချည်းဖြစ်ကြ၏။ လှုပ်လှုပ်ရှားရှား လုပ်ရမည့်ကိစ္စဆိုလျှင် လွန်စွာသဘောကျ နှစ်ခြိုက်ကြ သူများဖြစ်ကြသည့်အတိုင်း လင့်ဟူချုံး၏စကားကို အားရပါးရ ထောက်ခံကြတော့သည်။

နောက်နေ့တွင် စီစဉ်ထားသည့်အတိုင်း တပ်ပေါင်းစုအလံကြီးကို လွှင့်တင်လိုက်ကြပြီး အိုးစည်ဗုံမောင်းအောင်စည်အောင်မောင်းများ ဝယ်ယူလျက် စတင်ခရီးထွက်ကြတော့၏။

ခရီးသွားရာတွင် ခုနစ်ယောက်တစ်ဖွဲ့ စနစ်တကျသွားတတ်သော ဟန်ဆန်းဂိုဏ်း၏စနစ်ကို သတိရသွား သဖြင့်လင့်ဟူချုံးက တပ်ပေါင်းစုကြီးအတွင်းမှ တပ်ဖွဲ့ခုနစ်ဖွဲ့ ခွဲထုတ်လိုက်သည်။ နှစ်ဖွဲ့ကို ရှေ့ကင်းအဖြစ် နေရာချထားလိုက်ပြီး လက်ဝဲလက်ယာ တောင်ပံများတွင် နှစ်ဖွဲ့စီ။ စုစုပေါင်း ခြောက်ဖွဲ့ကို အရံအတားကင်းများ အဖြစ် နေရာချထားလိုက်၏။ ရန်သူများ နောက်မှ အလစ်ဝင်မတိုက်နိုင်စေရန် နောက်ဆုံးတစ်ဖွဲ့ကို နောက်ချန်ကင်း အဖြစ် ချီတက်စေ၏။

ကျန်လူအားလုံးမှာ ဗဟိုတပ်မကြီးအဖြစ် ရှိနေသည်။ ကင်းအဖွဲ့အသီးသီးနှင့် ဗဟိုတပ်မကြီးတို့ အဆက်အသွယ်မပြတ်စေရန် သတင်းပေးပို့သည့် အဖွဲ့ကလေးများကိုလည်း ထပ်မံရွေးချယ်ရသေးသည်။

သိုင်းသမားအားလုံးသည် ယခင်က သူတစ်လူငါတစ်မင်းဖြင့် ပြောချင်ရာပြော၊ လုပ်ချင်ရာလုပ်ရာမှ ယခု ကဲ့သို့ခေါင်းဆောင်တစ်ယောက်က တကယ့်တပ်မကြီးပမာ ဖွဲ့စည်းလိုက်သည်ကို တွေ့ရသောအခါ ထိုခေါင်းဆောင် အားလေးစားလာကြတော့သည်။

လေးရက်ခန့် ခရီးဆက်မိကြသည်တွင် လင့်ဟူချုံးတို့သည် ဟူတန်းတောင်ခြေသို့ ဆိုက်ရောက်လာတော့ သည်။ ယခုလေးရက်အတွင်း၌ သူတို့တပ်မကြီးသို့ လာရောက်ပူးပေါင်းသည့်အဖွဲ့များမှာ နည်းလှသည် မဟုတ်ချေ။

ထိုစဉ် ကျူချုန်းက ...

"ဆရာလေး .. အခုဆိုရင် ကျုပ်တို့တပ်ပေါင်းစုကြီးက ဟူတန်းတောင်ခြေကို ဖြတ်ရတော့မယ်။ အောင်စည်အောင်မောင်းတွေကို တီးခတ်ပြီးဖြတ်ရမလား။ ဒါမှမဟုတ် အားလုံးရပ်ပြီး ငြိမ်ငြိမ်လေး ခရီးသွားရမလား..."

လင့်ဟူချုံးက တစ်ချက်စဉ်းစားလိုက်ပြီး ...

"ဟူတန်းဆိုတာ သိုင်းလောကရဲ့ ဒုတိယပဲ။ တကယ်တော့ ရှောင်လင်နဲ့ မတိမ်းမယိမ်း၊ ပခုံးချင်းယှဉ်နေတဲ့ဂိုဏ်းကြီးပါပဲလေ။ ဒီတော့ ငါတို့အဖို့ ရန်မပွားတာ အကောင်းဆုံးပဲ။ ရန်သူနည်းလေ ကောင်းလေမဟုတ်လား။

အခုလက်ရှိ ရှောင်လင်နဲ့ ရန်ဖြစ်ဖို့ သွားနေချိန်မှာ ဟူတန်နဲ့ ပြဿနာမဖြစ်တာ အကောင်းဆုံးပဲ၊ ဒါကြောင့် ငါတို့အနေနဲ့ လမ်းကြောင်းပြောင်းပြီး ချီတက်ကြတာပေါ့။ ဟူတန်းဂိုဏ်းချုပ် ရသေ့ကြီးချုံးရှိုးကို အရိုအသေပေးတဲ့ သဘောပေါ့လေ…"

လောင်ထိုက ဝင်၍ …

"ဆရာလေးပြောတာ မှန်တယ်။ ကျုပ်တို့ရဲ့ အဓိကတာဝန်ဟာ နေမင်းသမီးတော်ကလေးကို ကယ်တင်ဖို့ပဲ။ ပြဿနာနည်းလေ။ ကျုပ်တို့အတွက် ကောင်းလေပဲ…" ဟုထောက်ခံလိုက်သည်။

လင့်ဟူချုံးက …

"ကောင်းပြီ၊ ခင်ဗျားတို့လည်း သဘောတူပြီဆိုရင် အခုအမိန့်ကိုကြေညာလိုက်ပေတော့၊ ဆိုင်းတွေဗုံတွေ ရပ်ခိုင်းလိုက်တော့၊ လမ်းကြောင်းပြောင်းပြီး ချီတက်ကြမယ် …"

ဤသို့ဖြင့် နေမင်းသမီးတော်ကလေးကို ကယ်တင်မည့် တပ်မကြီးသည် ဟူတန်းတောင်ခြေကို ကွေ့ပတ်သွားကာ အရှေ့ဖက်သို့ ခရီးစဉ်ပြောင်း၍ ချီတက်ကြတော့၏။ တဖြည်းဖြည်းနှင့် ဟူတန်းတောင်နှင့် ဝေးကွာလာတော့သည်။ ပြဿနာ တစ်စုံတစ်ရာ ဖြစ်ပွားခြင်းလည်း မရှိတော့ချေ။

## ဟူတန်းတောင်ခြေ

နေမင်းကြီးသည် အနောက်ဖက် ဟူတန်းတောင်ခြေပေါ်၌ မေးတင်နေလေပြီ။ များမကြာမီကာလအတွင်း နေအလင်းရောင်ကွယ်ပျောက်၍ ညအမှောင်ဖုံးပေတော့မည်။ ထိုအခိုက်မှာပင် သူတို့ရှေ့မှ တိရိစ္ဆာန်တစ်ကောင်၏ ခွာသံလိုလို ကြားလိုက်ရတော့၏။

လင့်ဟူချုံးတို့က သတိထား၍ ကြည့်လိုက်သောအခါ လူတစ်ယောက်က မြည်းတစ်ကောင်ကိုစီး၍ လာနေသည်ကိုတွေ့ရ၏။ ထိုမြည်းနှင့်လူ၏နောက်မှ နောက်ထပ်လူနှစ်ယောက် လိုက်လာသည်ကိုတွေ့ရ၏။ ထိုလူအားလုံးသည် ထူးခြားဆန်းကြယ်သည့် မြို့ကြီးသားအဝတ်အစားများ ဝတ်စားဆင်ထားခြင်း မရှိကြပါ။ သူတို့အားလုံး လယ်သမား အဝတ်အစားများကိုသာ ဝတ်ဆင်ထားကြပါသည်။

မြည်းနောက်မှ လူနှစ်ယောက်အနက် တစ်ယောက်က ဟင်းသီးဟင်းရွက်အစည်းကြီးတစ်ခုကို ထမ်းထားပြီး ကျန်တစ်ယောက်က ထင်းစည်းကြီးတစ်စည်းကို ထမ်းထားသည်။ မြည်းပေါ်မှ ငိုက်မြည်းလျက် စီးလာသူမှာ အဖိုးကြီးတစ်ယောက်ဖြစ်၏။ အသက်အတော်ပင် ကြီးနေပေပြီ။ ခါးလည်းကုန်းနေ၏။ ချောင်းတဟွတ်ဟွတ် ဆိုးနေသေး၏။ ဝတ်ဆင်ထားသော အဝတ်အစားများမှာလည်း အဖာအထေးချည်းသာဖြစ်သဖြင့် အတော်ကို နွမ်းနဲ့စုတ်ချာလှသော အဖိုးကြီးတစ်ယောက်ဖြစ်ပေတော့၏။

လင့်ဟူချုံး၏ တပ်မကြီးမှာ တစ်လမ်းလုံး ခန့်ညားစွာ ချီတက်ခဲ့ကြသဖြင့် လမ်း၌ တွေ့သူမှန်သမျှက လေးစားကြောက်ရွံ့စွာ လမ်းဖယ်ပေးခဲ့ကြရ၏။ မဖယ်၍လည်း မနေရဲကြပေ။ တပ်မကြီး၏ အနင်းခံရပါက အရိုး တစ်ခြား၊ အသားတစ်ခြား ဖြစ်သွားရပေလိမ့်မည်။ သို့သော် ယခုတွေ့ရသည့် လူသုံးယောက်မှာကား ထူးဆန်းလှပေသည်။ ဤမျှများပြားဆူညံလှသော လူအုပ်ကြီးကို မတွေ့မမြင်ကြသကဲ့သို့ ထိပ်တိုက်ကြီး တိုးဝင်လာကြသော ကြောင့်ပင်တည်း။

ထောင်ကန်းက အော်လိုက်သည်။

“ဟေ့ … အကန်း။ မမြင်ဘူးလား”

ပြောပြောဆိုဆိုဖြင့် မြည်းကို လက်ဝါးဖြင့်ရိုက်ချလိုက်ရာ မြည်းမှာ နာကျင်စွာအော်လျက် လွင့်ထွက်သွားလေတော့၏။ မြည်းပေါ်မှ ငိုက်နေသော အဖိုးကြီးသည်လည်း လွင့်ထွက်သွား၏။ အဖိုးကြီးမှာ သနားစဖွယ် ညည်းညူရင်း မြေပေါ်မှထရန် ကြိုးစားရတော့၏။

ဝါဆန်းတောင်၌ ငယ်စဉ်ကတည်းကနေလာသော လင့်ဟူချုံးမှာ ကြီးသူကိုရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကိုသနားဟူသော ဆောင်ပုဒ်ကို အသည်းထဲမြဲနေသူဖြစ်၏။ ယခုလို ထောင်ကန်း၏အပြုအမူကို တွေ့လိုက်သောအခါ ရင်ထဲမှ ကျင်ကနဲဖြစ်သွားပြီး အဖိုးကြီးအား သနားသွားမိ၏။

ထို့ကြောင့်သူက ဝုန်းကနဲခုန်ထွက်လိုက်ကာ လဲကျရာမှ ထရန်ကြိုးစားနေသော အဖိုးကြီးကို ပွေ့ထူလိုက် ၏။ ပါးစပ်မှလည်း နူးညံ့ကြင်နာစွာဖြင့် မေးလိုက်မိသည်။

“ဘဘကြီး ဘယ်နေရာ နာသွားသေးလဲ”

အဖိုးကြီးက …

“ငါတို့က ဆင်းရဲသားတွေပါ”

ထိုစဉ် နောက်မှ အထမ်းသမားနှစ်ယောက်တို့သည် သူတို့ထမ်းလာသည့် အထမ်းများကို ပစ်ချလိုက်ပြီး လင့်ဟူချုံးအား ဒေါသဖြင့် မေးမြန်းကြတော့သည်။

“ဒီနေရာက ဟူတန်းတောင်ခြေကွ။ မင်းတို့ ဘယ်ကလူတွေလဲ။ ဘာဖြစ်လို့ လူလူချင်းမစာမနာ ရိုက်နေရတာလဲ”

ထောင်ကန်းက "ဘာဖြစ်လဲကွ။ ဟူတန်းတောင်ခြေက ဘာမို့လို့ ငါတို့ကဂရုစိုက်ရမှာလဲ"

"ဘာဖြစ်ရမလဲ။ ဟူတန်းတောင်ခြေမှာ လူတိုင်း သိုင်းပညာတတ်ကြတယ်။ မင်းတို့က ဒီနယ်သား မဟုတ်တာ သေချာနေပြီ။ တစ်ရပ်တစ်ကျေးက အကောင်တွေက မောက်မောက်မာမာ ရန်စတာပေါ့လေ။ မင်းတို့ သေချင်နေပြီ ထင်တယ်"

တပ်မကြီးမှ သိုင်းသမားများသည် ဟာသတစ်ပုဒ်ကို ကြားလိုက်ရသလို တဟားဟား ရယ်မောလိုက်ကြတော့၏။ အကြောင်းမှာ သိုင်းပညာတတ်သည်ဟူ၍ ကိုယ့်ကိုယ်ကိုညွှန်းနေကြသော လူနှစ်ယောက်သည် စကားပြော ရာတွင်ပင် မောဟိုက်သကဲ့သို့ ဖြစ်နေသောကြောင့်ပင်တည်း။

ထောင်ဝါးက ရယ်လိုက်ရင်း ...

"ဘာ .. မင်းက သိုင်းပညာတတ်တယ် .. ဟုတ်လား။ မယုံနိုင်စရာကွာ"

ထိုလူက "ဩော် .. မင်းက မသိပဲကိုး။ ဟူတန်းတောင်ခြေမှာ သုံးနှစ်သားကလေးတွေတောင် သိုင်းကစား တတ်ကြတယ်။ ငါတို့လိုလူကြီးတွေတော့ ပြောမနေနဲ့တော့။ ဒီတောင်ခြေမှာ သိုင်းပညာတတ်တယ်ဆိုတာ ဘာမှ မထူးဆန်းဘူး"

ထင်းစည်းထမ်းလာသောလူကို လက်ညှိုးထိုးပြပြီး ထောင်ဝါးက မေးလိုက်သည်။

"သူကော သိုင်းပညာတတ်တာပဲလား"

ထင်းစည်းနှင့်လူက "ငါငယ်ငယ်ကတော့ သိုင်းကစားဖူးပါတယ်။ ဒါပေမယ့် အခုမကစားတာကြာတော့ မေ့သွားပြီ။ ဘာဖြစ်လို့လဲ"

ထိုလူက ထောင်ဝါးကို သေချာစွာ ကြည့်၍ ဆက်ပြောလိုက်တော့၏။

"ဟူတန်းဂိုဏ်းရဲ့ သိုင်းပညာက သိုင်းလောကမှာ အကောင်းဆုံးပဲ။ တုနှိုင်းမရတဲ့ပညာပဲ။ ဒီပညာကို တစ်လလောက် သင်ခဲ့ဖူးတဲ့လူကိုတောင် မင်းတို့ဘယ်လိုမှ ယှဉ်လို့မရဘူးကွ။ ငါအပိုပြောနေတာ မဟုတ်ဘူး။ ယုံ .. ယုံ .. ငါပြောတာယုံ"

ထောင်ဝါးက အူတက်မတတ် ရယ်မောတော့၏။ ပြီးမှ ...

"ဟားဟားဟား .. ဒီလိုဆိုရင် များများမဟုတ်ပါဘူး။ မင်းတို့က တစ်ကွက်နှစ်ကွက်လောက် ကစားပြပါလား။ အပြောနဲ့ ညီမညီ သိရတာပေါ့၊ မဟုတ်ဘူးလား ... "

ထင်းစည်းနှင့်လူက ...

"ဘာကစားပြရမှာလဲ။ ငါက ကစားပြလို့ရော မင်းတို့က နားလည်မှာတဲ့လား

ထိုအခါ သိုင်းသမားများက တဝါးဝါး ရယ်မောကြတော့၏။ ရယ်မောရင်း လှမ်းပြောကြသည်။

"ဟုတ်တယ်... ငါတို့က နားလည်ချင်မှ နားလည်မှာပေါ့။ ဒါပေမယ့် အပျင်းပြေ ကြည့်ရတာပေါ့"

ထင်းစည်းသမားက ...

"ကောင်းပြီ။ ဒီလိုဆိုရင် ငါကစားပြမယ်။ မင်းတို့က ဓားတစ်ချောင်းလောက်ငှားစမ်းကွာ။ ငါ့ဓားကွက်တွေကို မှတ်မှ မှတ်မိရဲ့လားတောင် မသိတော့ပါဘူး"

စကားမဆုံးမီမှာပင် သူ့ထံသို့ ဓားတစ်လက် လွင့်ပျံထွက်လာသည်။ သူက လေထဲတွင်ပင် ဖမ်းယူလိုက်ပြီး ဟိုတစ်ကွက်၊ သည်တစ်ကွက် ကစားပြလိုက်၏။ သုံးလေးကွက်ကစားပြီးသောအခါ မမှတ်မိတော့ဟန်ဖြင့် ခေါင်းကုတ်၍ စဉ်းစားလိုက်သည်။ အတန်ကြာ စဉ်းစားပြီးနောက် သိုင်းကွက်များကို ဟိုတစ်ကွက်၊ သည်တစ်ကွက် ထပ်မံကစားပြန်၏။

တပ်ပေါင်းစု သိုင်းသမားများသည် ထိုလူ၏ ပုံပျက်ပန်းပျက်နိုင်လှသော သိုင်းကွက်များကို တွေ့မြင်ရသော အခါ အူတက်မတတ် ဗိုက်နှိပ်၍ရယ်နေကြတော့၏။

ဟင်းရွက်စည်းထမ်းထားသော လူက ...

"ဘာရယ်တာလဲ။ ဒါရယ်စရာမှ မဟုတ်တာ။ ပေးစမ်းဓားတစ်ချောင်း၊ မင်းတို့အံ့သြသွားအောင် ငါလည်း ကစားပြမယ်။ ကြည့်ကြ ..."

ဓားတစ်ချောင်း လွင့်ပျံထွက်လာ၏။ ဟင်းရွက်စည်းသမားသည် ထိုဓားကို လှမ်းဖမ်းလိုက်ပြီး ဝှေ့ဝိုက်၍ ခုတ်ထစ်ပြန်တော့၏။ လှုပ်ရှားမှုမှာ မြန်ဆန်လှသော်လည်း အရူးတစ်ယောက်နှယ်ဖြစ်နေ၏။

တပ်ပေါင်းစု သိုင်းသမားများအဖို့ ရယ်စရာတစ်ခု ထပ်မံတွေ့လိုက်ရသဖြင့် တဟားဟား အော်ဟစ်ရယ်မော ကြလေတော့၏။ ထိုအခိုက်အတန့်အတွင်း ပတ်ဝန်းကျင်တစ်ခုလုံး တဝါးဝါးရယ်သံကြီးကသာ ဖုံးလွှမ်းနေတော့၏။

လင့်ဟူချုံးက လက်နောက်ပစ်၍ ပြုံးကြည့်နေသည်။ သို့သော် ကြည့်နေရင်းမှပင် သူမပြုံးနိုင်တော့ချေ။ ဆက်ကြည့်

လိုက်မိသောအခါ သူ့မျက်နှာ၌ တုန်လှုပ်သော အမူအရာများပေါ်လာတော့၏။

ထိုလူနှစ်ယောက်၏ ဓားကွက်များမှာ တစ်ဦးကနှေးပြီး တစ်ဦးကမြန်၏။ သို့သော် သူတို့သုံးသော အကွက်များသည် ဟာကွက်မရှိသလောက် ပိရိလှပေသည်။ သူတို့သည် အကြည့်ရဆိုးသော်လည်း တိုက်ကွက်နှင့် ခံကွက်များမှာ ကြားကွက်လပ်မရှိပဲ တစ်ပြင်လုံး ဆက်စပ်နေ၏။ သည်လိုဓားကွက်များကို မည်သည့်အကွက်ဖြင့် ခုခံရန်ပင် စဉ်းစား၍မရပဲဖြစ်နေတော့၏။

သူတို့ဓားသိုင်း၏ အနှစ်သာရကို တွေ့မြင်လိုက်ရသော လင့်ဟူချုံးမှာ မလေးစားပဲ မနေနိုင်တော့ပေ။ သူက ရှေ့သို့လှမ်းတက်ကာ အရိုအသေပေးလိုက်သည်။

"ဒီကဆရာကြီးနှစ်ယောက်ရဲ့ အဆင့်မြင့်ဓားကွက်တွေကို တွေ့မြင်ခွင့်ရတဲ့အတွက် အများကြီး ကျေးဇူးတင်ပါတယ်။ ကျုပ်ကံကောင်းတယ်လို့ ဆိုရမှာပေါ့လေ။ ဒီလောက်ကောင်းတဲ့ ဓားကွက်တွေကို သိုင်းလောကထဲမှာ လွယ်လွယ်နဲ့ မတွေ့နိုင်ဘူးမဟုတ်လား"

လင့်ဟူချုံး၏လေသံတွင် သရော်လှောင်ပြောင်ခြင်း၊ ခနဲ့ခြင်း အလျဉ်းမပါချေ။ လိုက်လိုက်လှဲလှဲ ချီးကျူး လိုက်ခြင်း ဖြစ်ပေတော့သည်။ ဤတွင် ဟင်းရွက်စည်းသမားနှင့် ထင်းစည်းထမ်းသမားတို့နှစ်ယောက်က သူတို့ ဓားကွက်များကို ရုပ်သိမ်းလိုက်ပြီး လင့်ဟူချုံးကို မျက်လုံးပြူးလျက်ကြည့်လိုက်ကြသည်။

"မင်းလို ကောင်ကလေးက ငါတို့ရဲ့ဓားကွက်တွေကို နားလည်သဘောပေါက်တယ် ဟုတ်လား။ ... မင်းက ... နားလည်သဘောပေါက်တယ်"

လင့်ဟူချုံးက ...

"နားလည်သဘောပေါက်တယ်လိုတောင် ကျုပ်မပြောရဲပါဘူး နည်းနည်းပါးပါး ရိုးတိုးရိပ်တိတ်လောက်ပဲ သိတယ်လို့ဆိုရမှာပဲ။ ဆရာကြီးတို့ရဲ့ဓားကွက်တွေက သိပ်ကို ကျယ်ပြန့်နက်နဲလွန်းတော့ အားလုံးကို သဘောပေါက်တယ်လို့ပြောရင် ကျုပ်လိမ်ရာကျသွားမှာပေါ့။ ဒါကြောင့် နားလည်သဘောပေါက်တယ်ဆိုတဲ့ စကားလုံးကို မသုံးရဲပါဘူးခင်ဗျာ။ ဟူတန်းဂိုဏ်းရဲ့ဓားသိုင်းဟာ တကယ့်ကို ပြိုင်ဘက်ကင်းပါပေတယ်။ ဆရာကြီးတို့ရဲ့စကားနဲ့ ကိုက်ညီပါတယ်"

ဟင်း ရွက်ထမ်းသမားက မေးလိုက်၏။

"ဟေ့ကောင်လေး .. မင်းနာမည် ဘယ်လိုခေါ်လဲ"

လင့်ဟူချုံး မဖြေရသေးမီ တပ်ပေါင်းစု သိုင်းသမားများက အော်ဟစ်လိုက်သည်။

"ဒါက ကျုပ်တို့တပ်ပေါင်းစုရဲ့ ခေါင်းဆောင် လင့်ဟူချုံးဆိုတာပဲ။ ခင်ဗျားက 'ကောင်လေး' ဆိုပြီး မရိုမသေ မပြောပါနဲ့"

ထိုအခါ ထင်းစည်းထမ်းသူက ...

"ဘာကွ ... လင့်ဟူချုံး ... ဟုတ်လား။ နာမည်ကလည်း ဆိုးလှချေလား။ နည်းနည်းမှ နားဝင်ပီယံ မရှိဘူး။ ရှားမှ ရှားတဲ့ နာမည်ကွာ ..."

လင့်ဟူချုံးက ခပ်ပြုံးပြုံးဖြင့် အရိုအသေပေး ဂါရဝပြုလိုက်၏။

"ကျုပ် လင့်ဟူချုံးက ဟူတန်းဂိုဏ်းရဲ့ဓားသိုင်းပညာကို သိပ်လေးစားပါတယ်။ ဒီက ဆရာကြီးနှစ်ယောက်ရဲ့ နာမည်များကို သိပါရစေ"

ဟင်းရွက်စည်းထမ်းသူက ထွီကနဲ တံထွေးတစ်ချက် ထွေးလိုက်ကာ ...

"မင်းတို့လူတွေ အများကြီးနဲ့ ဘာလုပ်နေကြတာလဲ။ အသုဘ ချနေကြတာလား"

ထိုလူနှစ်ယောက်တို့၏ မာဆတ်ဆတ်စကားများကို ကြားလိုက်ရသော်ငြား လင့်ဟူချုံးက စိတ်ဆိုးဟန် မပြ ချေ။ ထိုနှစ်ယောက်သည် ဟူတန်းဂိုဏ်း၏ ထိပ်သီးသိုင်းဆရာကြီးများဖြစ်မှန်း သိလိုက်သဖြင့် ရိုသေလေးစားစွာဖြင့် ဆက်ဆံ၏။ ထိုလူ၏ အမေးစကားကို ဖြေကြားရာတွင် ကိုယ်နှုတ်အမူအရာကို နှိမ့်ချကာဆက်ဆံသည်။ ယခုလည်း လင့်ဟူချုံးက ခါးကိုအသာညွတ်ကာ ပြန်လည်ဖြေကြားလိုက်သည်။

"အသုဘချနေတာ မဟုတ်ရပါဘူးခင်ဗျာ။ ကျုပ်တို့ရဲ့ မိတ်ဆွေတစ်ယောက် ရှောင်လင်ဘုရားကျောင်းမှာ ထိန်းသိမ်းခံနေရပါတယ်။ အဲဒါကို လွတ်မြောက်အောင်လို့ ဆရာတော်ကြီးတွေကို သွားတောင်းပန်ရအောင် လူစု လူဝေးနဲ့ ချီတက်လာကြတာပါ"

ထင်းစည်းထမ်းသမားက ...

"အိုးဟိုးဟိုး ... အသုဘချလာတာ မဟုတ်ပဲကိုး။ အေးလေ ... မင်းတို့ဖာသာ ဘာပဲလုပ်လုပ် အကြောင်းမဟုတ်ပါဘူး။ ဒါပေမယ့် ငါတို့မြည်းကို ရိုက်လိုက်တဲ့အတွက် မြည်းက သေမလိုဖြစ်နေပြီ။ လျော်ပေးရမယ်။"

လင့်ဟူချုံးသည်သူတို့နှင့် အတူပါလာသော မြင်းသုံးကောင်ကို ဆွဲလာပြီး ...

"ရော့ပါခင်ဗျာ။ ဒီမြင်းသုံးကောင်ကို ဆရာကြီးတို့ရဲ့မြည်းအစား လျော်ပေးပါတယ်။ စီးသွားကြပါ။ ဆရာကြီးတို့ကို စော်ကားသလိုဖြစ်သွားတဲ့အတွက်လည်း ကျုပ်က တောင်းပန်ပါတယ်"

တပ်ပေါင်းစုမှ သိုင်းသမားများမှာ ထိုလူသုံးယောက်ကို သာမန်လယ်သမားများဟုထင်သဖြင့် ရိုင်းပျစွာ ဆက်ဆံခဲ့ရာမှ ယခုတော့ လင့်ဟူချုံး၏ နှိမ့်ချရိုကျိုးမှုကိုကြည့်ရင်း ထိုလူများသည် သာမန်လူများ မဟုတ်ကြောင်း တဖြည်းဖြည်း ရိပ်မိလာကြတော့၏။

ဟင်းရွက်ထမ်းသူက ...

"လင့်ဟူချုံး .. မင်းက ငါ့ဒါးသိုင်းကို ကောင်းတယ်လို့ပြောတယ်။ ဒါဆိုရင် နည်းနည်းတော့ စမ်းကြည့်ဖို့ ကောင်းတာပေါ့ကွာ။ ဘာဖြစ်လို့ မစမ်းကြည့်ရတာလဲ"

လင့်ဟူချုံးက လက်ကာပြရင်း ...

"ဟာ .. စမ်းကြည့်တယ်ဆိုတာ အရမ်းစမ်းလို့ ဖြစ်တာမှမဟုတ်တာပဲ။ ဆရာကြီးတို့ကို နည်းနည်းမှ မယှဉ်နိုင်တဲ့လူက စမ်းကြည့်လဲအပိုပါပဲ။ ကိုယ့်အရှက် ကိုယ်ခွဲသလို ဖြစ်နေမှာပေါ့"

ဤတွင် ထင်းစည်းထမ်းသောလူက ဝင်ပြောလိုက်၏။

"ကဲ .. မင်းက မစမ်းချင်ပေမယ့် ငါကတော့ စမ်းကြည့်ချင်တယ်ဟေ့။ ငါတို့ပညာကို မြင်တယ်ဆိုတဲ့ နောက်တော့ မင်းရဲ့ပညာကလည်း နည်းနည်းနောနော မဟုတ်လောက်ဘူး"

ပြောပြောဆိုဆိုဖြင့် လင့်ဟူချုံးထံသို့ ထိုလူက ဓားတစ်ချက် လှမ်းထိုးလိုက်၏။ သူ၏ဓားကွက်မှာ ထူးဆန်း လှ၏။ ကွေးကွေးကောက်ကောက်ဖြင့် ဝင်လာခြင်းဖြစ်သည်။ တော်ရုံတန်ရုံဓားသမား လန့်၍ နောက်ဆုတ်ပြေးသွား နိုင်၏။

ပို၍ထူးဆန်းသည်မှာ ထိုဓားကွက်သည် တစ်ကွက်တည်းနှင့် လင့်ဟူချုံး၏ကိုယ်ပေါ်ရှိ အကြောကိုးနေရာကို ထိုးချိန်လျက်သား ဖြစ်နေခြင်းပင်တည်း။

လင့်ဟူချုံးက လွတ်ကနဲ အော်လိုက်မိသည်။

"ကောင်းလိုက်တဲ့ ဓားကွက်"

သို့ရာတွင် လင့်ဟူချုံးက နောက်ဆုတ်၍ မရှောင်ချေ။ သူ၏ဓားကို ချက်ချင်းဆွဲနုတ်ကာ တစ်ချက်ထိုးထုတ်လိုက်သည်။ ထိုလူက သူ့ဓားကို ရုတ်သိမ်းလိုက်ပြီး နောက်တစ်ချက် ထပ်ခုတ်ပြန်သည်။ လင့်ဟူချုံးကလည်း တုံ့ဆိုင်းမှုမရှိပဲ သူ့ဓားကို ဝှေ့ယမ်းလိုက်သည်။

ဤသို့အားဖြင့် နှစ်ယောက်စလုံး ဓားကွက်ခုနှစ်ကွက်အထိ ဆက်တိုက် တိုက်ခိုက်လိုက်မိကြသည်။ အပြန် အလှန် တိုက်ခိုက်နေသော သူတို့၏ဓားများမှာ တစ်လက်နှင့်တစ်လက် ရိုက်ခတ်မိခြင်း အလျဉ်းမရှိချေ။ အကြောင်းမှာ သူတို့သည် ဆယ်ပေခန့်အကွာမှ ဓားကွက်များ ထုတ်လျက်ရှိနေသောကြောင့်ပင်တည်း။

သို့သော် သူတို့၏အမူအရာများမှာ လက်တစ်ကမ်းမှ သေရေးရှင်ရေး တိုက်နေသည့်ပမာပင်။ ဓားကွက် ခုနှစ်ကွက်အဆုံးတွင် ထင်းစည်းထမ်းသည့် သိုင်းသမားမှာ နောက်ဖက်သို့ခုနှစ်လှမ်းဆုတ်လိုက်ရတော့သည်။

သူတို့၏တိုက်ပွဲကို ဘေးမှရပ်ကြည့်နေသော ဟင်း ရွက်စည်းထမ်းသမားက အော်ပြောလိုက်သည်။

"ဟ ... ဒီကောင်လေးက ဘယ်ဆိုးလို့လဲ"

ထိုလူက ဓားကို ရုတ်တရက်ဆွဲထုတ်ကာ တောင်ယာများကို ဓားဖြင့်ခုတ်သည့်ဟန်ဖြင့် အဆက်မပြတ် လေထဲသို့ အချက်နှစ်ဆယ်ခန့် ခုတ်ချလိုက်သည်။ ထိုအချက်များမှာလည်း ဆယ်ပေအကွာမှ ခုတ်လိုက်သည့် ဓားချက်များသာဖြစ်သည်။

လင့်ဟူချုံးက အေးဆေးစွာပင် သူ၏ဓားကို ဝှေ့ယမ်းကာ ထင်းစည်းထမ်းသမားကို တစ်ချက်ထိုးလိုက်၊ ဟင်းရွက်စည်းထမ်းသမားကို တစ်ချက်ထိုးလိုက်ဖြင့် အဆက်မပြတ် တိုက်ခိုက်လိုက်သည်။

တိုက်ပွဲမှာ ဆယ်ပေအကွာအဝေးမှ တိုက်ခိုက်ခြင်းဖြစ်သည့်အပြင် နှစ်ယောက်တစ်ယောက်လည်းဖြစ်သည်။

သို့သော် တည်တည်ငြိမ်ငြိမ်တိုက်ပွဲ မဟုတ်ချေ။

လင့်ဟူချုံး၏ ဓားကွက်ထွက်လာတိုင်း ထိုလူနှစ်ယောက်မှာ တုန်လှုပ်စွာဖြင့် ဟိုခုန်သည်ခုန် ရှောင်တိမ်းနေရ တော့၏။ တစ်ချက်တစ်ချက်လည်း ဓားကို အားကုန်ဝှေ့ယမ်းကာ ကာကွယ်နေရ၏။ အလူးအလဲ ခုခံနေရသည့်

သဘောပင် ဖြစ်တော့သည်။

သည်အချိန်ကျမှသာ တပ်ပေါင်းစုသိုင်းသမားများသည် ထိုလူနှစ်ယောက်၏စွမ်းရည်ကို သိရှိလာတော့၏။ သာမန်သိုင်းသမားများ မဟုတ်နိုင်ကြောင်းကိုလည်း နားလည်သွားကြ၏။ ထိုလူနှစ်ယောက်၏ ဓားကွက်များမှာ တစ်ယောက်ကနှေးပြီး တစ်ယောက်ကမြန်၏။ ဆန့်ကျင်ဖက်အကွက်များ ဖြစ်ကြသည်။ သူတို့၏ ဓားသိုင်းပညာ ဝါစဉ်ကို ခန့်မှန်းရာတွင် အနည်းဆုံး အနှစ်လေးငါးဆယ်ခန့်ရှိမည်ဟု ခန့်မှန်းမိကြ၏။

ရုတ်တရက် ထိုလူနှစ်ယောက်သည် လေတစ်ချက်ချွန်လိုက်ပြီး ဓားကွက်များကို ပြောင်းလိုက်၏။ အံ့စဖွယ် ဓားသိုင်းပညာကို ထုတ်သုံးကြတော့သည်။

ထင်းစည်းထမ်းသမား၏ ဓားကွက်များသည် ပြန့်ကားကျယ်ဝန်းလာပြီး ဟင်းရွက်စည်းထမ်းသမားကမူ သေးသေးစိပ်စိပ်ကလေးများ ဖြစ်လာသည်။ သူတို့၏ ဓားချက်များသည် လျှင်မြန်လွန်းသဖြင့် ဓားထိပ်ဖျားများ၌ ကြယ်ပွင့်ကလေးများ လင်းလက်နေသကဲ့သို့ပင် ထင်မှတ်ရတော့သည်။ ထိုဓားထိပ်ဖျားများသည် လင့်ဟူချုံးထံသို့ ရုတ်တရက် ထိုးစိုက်ချလိုက်တော့၏။

ထိုစဉ်တွင် လင့်ဟူချုံးက သူ၏ဓားကို ရုပ်သိမ်းလိုက်လေပြီ။ သို့သော် သူ့မျက်လုံးများကမူ ထင်းစည်းထမ်း သူကို စိုက်ကြည့်လိုက်၊ ဟင်းရွက်စည်းထမ်းသူကို စိုက်ကြည့်လိုက်ဖြင့် အပြန်ပြန်အလှန်လှန် ကြည့်နေ၏။

လင့်ဟူချုံးဆိုလိုသည်ကို ထိုလူနှစ်ယောက်ကလည်း သိလိုက်ကြသည်။

လင့်ဟူချုံး မျက်လုံးဖြင့် စိုက်ကြည့်လိုက်သည့်နေရာများကို အပြင်းအထန် ခုခံကာကွယ်ကြတော့၏။ တစ်ခါ တစ်ရံ နောက်ကျွမ်းထိုးကာ နောက်ဖက်သို့ ရှောင်လိုက်ကြ၏။ တစ်ခါတစ်ရံ ဓားစကြာလှည့်၍ တစ်ကိုယ်လုံးကို ကာကွယ်ထားကြ၏။

အတန်ကြာ ကြည့်ပြီးသောအခါမှ လောင်ထိုကဲ့သို့သော ထိပ်သီးသိုင်းသမားကြီးများက အနည်းငယ် ရိပ်မိလာသည်။ လင့်ဟူချုံး လှမ်းကြည့်လိုက်သည့် နေရာများမှာ ထိုလူနှစ်ယောက်၏ ဟာကွက်များဖြစ်သည်။ ယင်း ကြောင့် လင့်ဟူချုံးက စိုက်ကြည့်လိုက်သည်နှင့် ထိုလူများမှာ မိမိတို့၏ဟာကွက်ကို ကမန်းကတန်း ခုခံကာကွယ် နေရခြင်းဖြစ်ပေတော့သည်။

ထိုစဉ် ထင်းစည်းထမ်းသူက သူ၏ဓားကိုမြှောက်၍ လင့်ဟူချုံးအား ခုတ်ချရန်ဟန်ပြင်လိုက်၏။ သို့သော် သူ၏ဟာကွက်ဖြစ်သော ချက်အောက်သို့ လင့်ဟူချုံးက စိုက်ကြည့်လိုက်သည်တွင် ထိုလူမှာ ကမန်းကတန်း ဓားကို ပြန်ဆွဲချလျက် ချက်အောက်သို့ ကာကွယ်ထားလိုက်ရတော့၏။

တစ်ချက်တွင် ဟင်းရွက်စည်းထမ်းသူက ဓားကိုဝှေ့ယမ်းလိုက်ပြီး လင့်ဟူချုံး၏ခါးကို ထိုးစိုက်ရန် ဟန်ပြင် လိုက်သည်။ သို့သော် လင့်ဟူချုံးက သူ၏လက်ဝဲဖက်ပါးကို စိုက်ကြည့်လိုက်သောအခါ ထိုလူမှာ ကမန်းကတန်း ဦးခေါင်းကို ငုံ့လိုက်ရတော့၏။ သူ၏ဓားမှာမူ အရှိန်မသတ်နိုင်ပဲ မြေကြီးပေါ်သို့ ထိုးစိုက်မိလျက်သား ဖြစ်သွားတော့ သည်။

ထိုသိုင်းသမားနှစ်ယောက်မှာ ချွေးသံတရွှဲရွှဲ ဖြစ်နေကြလေပြီ။ ပင်ပန်းခက်ခဲစွာ ခုခံနေရသဖြင့် ချွေးသီးချွေး ပေါက်များ ကျလာခြင်းဖြစ်တော့၏။

ထိုစဉ် ချောင်းဟန့်သံတစ်ချက် ကြားလိုက်ရ၏။ သူတို့ဘေး၌ တစ်ချိန်လုံး ငြိမ်သက်စွာ ကြည့်နေသည့် အဖိုးကြီးထံမှ ရုတ်တရက် ချောင်းဟန့်သံထွက်လာသဖြင့် လင့်ဟူချုံးနှင့်တိုက်နေသော သိုင်းးသမား နှစ်ယောက်မှာ အနည်းငယ် တုံ့ဆိုင်းသွား၏။

ထိုအဖိုးကြီးက ပြောလိုက်သည်။

"ချီးကျူးစရာ ကောင်းပါပေ့ကွာ။ မင်းတို့နှစ်ယောက် ဘယ်လိုမှ ယှဉ်နိုင်မှာမဟုတ်ဘူး။ နောက်ဆုတ်ကြတော့"

"ဟုတ်ကဲ့"

ထိုသိုင်းသမားနှစ်ယောက်သည် ပြိုင်တူပြောလိုက်ရင်း နောက်သို့ခုန်ဆုတ်ရန် ကြိုးစားလေတော့၏။ ထိုအချိန်မှာပင် လင့်ဟူချုံး၏ မျက်လုံးများမှာ ထိုလူနှစ်ယောက်၏ အရေးကြီးသော အကြောမကြီးများပေါ်သို့ ကြည့်လျက်ပင် ရှိသေး သည်။

ထို့ကြောင့် ထိုအကြောမကြီးများကို မတိုက်ခိုက်နိုင်စေရန် သူတို့၏ ဓားများကို ဝှေ့ယမ်းကာကွယ်ရင်း လင့်ဟူချုံး၏ မျက်ဝန်းစက်ကွင်းထဲမှ ခုန်ထွက်ရန် ကြိုးစားကြသည်။ သို့သော် တကယ်တမ်းတွင်မူ မည်သို့မျှ မလွတ်ပဲဖြစ်နေသည်။

အဖိုးကြီးက ...

"တယ်ကောင်းတဲ့ ဓားသိုင်းပါလား။ ငါ့တစ်သက်မှာ အတော်လေး ကြုံတောင့်ကြုံခဲ မြင်လိုက်ရတာပဲ။ ကဲ ... လင့်ဟူချုံး ... မင်းနဲ့ငါ ဓားသိုင်းစမ်းကြည့်ရအောင်"

လင့်ဟူချုံးက အဖိုးကြီးဖက်သို့လှည့်ကာ အရိုအသေပေးပြီး နှုတ်ဆက်လိုက်သည်တွင် သိုင်းသမား နှစ်ယောက်မှာ လင့်ဟူချုံး၏ မျက်ဝန်းစက်ကွင်းထဲမှ လွတ်မြောက်ခွင့်ရသွားတော့သည်။ ထိုတစ်ဒင်္ဂအတွင်း နှစ်ယောက်စလုံး နောက်ကျွမ်းထိုးထွက်သွားတော့၏။

တပ်ပေါင်းစုသိုင်းသမားများသည် ထိုမြင်ကွင်းကို မြင်လိုက်ရသောအခါ ရင်သပ်ရှုမော အံ့ဩသွားကြတော့သည်။ အကြောင်းမှာ ထိုလူနှစ်ယောက် နောက်ကျွမ်းထိုး ပျံဝဲသွားကြပုံမှာ သိမ်းငှက်ကြီးနှစ်ကောင်အလား လေဟုန်စီးပြီး ခပ်လှမ်းလှမ်း၌ ပေါ့ပါးတည်ငြိမ်စွာ သက်ဆင်းသွားသည်ကို တွေ့မြင်လိုက်ရသောကြောင့်ပင်တည်း။

ထိုလူနှစ်ယောက်၏ ဓားသိုင်းပညာအဆင့်အတန်းကို နားမလည်သော်လည်း အဆင့်မြင့်သော ကိုယ်ဖော့ပညာကို တွေ့လိုက်ရသောအခါတွင်မူ သိုင်းသမားအားလုံးမှာ အုတ်အော်သောင်းတင်း ချီးကျူးလိုက်မိကြတော့၏။

အဖိုးကြီးက ချောင်းတစ်ချက် ဟန့်လိုက်ပြီး ...

"လင့်ဟူချုံးက မင်းတို့ကို ညှာနေတာ။ သူကသာ တကယ်တမ်း မညှာမတာတိုက်မယ်ဆိုရင် မင်းတို့ နှစ်ယောက်မှာ ဇကာပေါက်တွေဖြစ်နေလောက်ပြီ။ ပြန်ပြီး ကျေးဇူးတင်စကား ပြောလိုက်ကြစမ်း ..."

ချက်ချင်းပင် ထိုလူနှစ်ယောက်တို့သည် လင့်ဟူချုံးအနားသို့ ခုန်ဝင်လာကြတော့၏။ ဟင်းရွက်ထမ်းသမားက ...

"ဒီကနေ့တော့ 'တောင်ထိပ်တစ်ခုအထက်မှာ ဒီထက်မြင့်တဲ့ တောင်ထွတ်ရှိတယ်' ဆိုတဲ့စကားကို သဘော ပေါက်ပါပြီ"

လင့်ဟူချုံးက လက်ဝါးကာလိုက်ပြီး ...

"ကျုပ်ရဲ့ မဖြစ်လောက်တဲ့ သိုင်းပညာလေးကို မပြောပါနဲ့ခင်ဗျာ။ နောင်ကြီးတို့က ဟူတန်းဂိုဏ်းက လူတွေလား။ အဲဒါဆိုရင် စကားလက်ဆောင် ပါးလိုက်ပါရစေ။ နောင်တစ်ချိန်မှာ ဂိုဏ်းချုပ်ကြီး ချုံးရှီးကို လာကန်တော့ပါဦးမယ်"

ထိုအခါ အဖိုးကြီးက အားရကျေနပ်စွာဖြင့် ...

"တော်ပါပေ့ကွာ ... တော်ပါပေ့... အသက်ငယ်ငယ်နဲ့ ဒီလောက် သိုင်းပညာတော်နေတာတောင် နည်းနည်းလေးမှ မာန်မတက်ဘူး။ ဒါက မလွယ်တဲ့ ကိစ္စတစ်ခုပဲ။ ရှေ့လျှောက်လည်း သည်အတိုင်းနေနိုင်အောင် ကြိုးစားပေါ့။ 'မာန်စောင် ကြီးက ဝေးနီးလူသူ မကြည်ဖြူ' ဆိုတဲ့ စကားကို အမြဲနှလုံးသွင်း လင့်ဟူချုံး ... မင်းကို ငါ တစ်ခုမေးမယ်။ မင်းဟာ ဝါဆန်းဂိုဏ်းရဲ့ ဆရာကြီးဖုန်းချင်းကိုယ်တိုင်ဆီကနေ ဓားသိုင်းပညာကို ဆည်းပူးသင်ယူခဲ့ တာမဟုတ်လား"

လင့်ဟူချုံးမှာ အလွန်အံ့အားသင့်သွားသည်။

"ဒီအဖိုးကြီးရဲ့ မျက်စိအမြင်က တယ်စူးရှပါလား။ ငါ့ဘာပညာ သုံးလိုက်သလဲဆိုတာကို သူကောင်းကောင်း ကြီးတွေ့လိုက်တာပဲ"

ခါးကိုင်း၍ ဦးညွှတ်လိုက်ပြီး လင့်ဟူချုံးက ဖြေကြားလိုက်သည်။

"ဟုတ်ပါတယ်။ ကံကောင်းထောက်မလို့ ကျွန်တော်ဟာ ဆရာကြီးဖုန်းချင်းရဲ့ ဓားသိုင်းပညာကို အပေါ်ယံလောက် ကလေး သင်ကြားခဲ့ရပါတယ် ..."

အဖိုးကြီးက ပြုံးလိုက်ပြီး ...

"အပေါ်ယံကလေး ... အပေါ်ယံကလေး ... ဟုတ်လား။ အေးလေ ... တကယ့် ကြောက်စရာကောင်းတဲ့ အပေါ်ယံ ကလေးပါပဲ။ ဆရာကြီးဖုန်းချင်းရဲ့ အပေါ်ယံ ဓါးသိုင်းပညာလေးက ဒီလောက်တောင် ကြောက်စရာ ကောင်းနေရင်တော့ သူ့ရဲ့ အတွင်းသားပညာဆိုရင် ဘာမှပြောဖွယ်ရာရှိမယ်မထင်ဘူး"

လင့်ဟူချုံးနှင့် စကားပြောနေရာမှ နောက်သို့လှည့်လိုက်ပြီး ထင်းစည်းထမ်းသူ၏လက်ထဲမှဓားကို အဖိုးကြီးက လှမ်းယူလိုက်သည်။ ပြီးနောက် လင့်ဟူချုံးနှင့် မျက်နှာချင်းဆိုင်ရပ်လိုက်ပြီး ...

"ကဲ ... ဒီလိုဆိုရင် ဆရာကြီးဖုန်းချင်းရဲ့ အပေါ်ယံ ဓားသိုင်းပညာလေးကို စမ်းသပ်ကြည့်ရဦးမှာပေါ့"

လင့်ဟူချုံးက ခေါင်းခါယမ်းလိုက်ပြီး ...

"ကျွန်တော့်အနေနဲ့ ဆရာကြီးနဲ့ ဘယ်လိုမှ ယှဉ်ပြိုင်နိုင်မှာမဟုတ်ပါဘူး"

အဖိုးကြီးက ပြုံးလိုက်၏။ သူ့အဓိပ္ပါယ်မှာ ဤမျှလောက် ဖုံးဖိုက်မနေပါနှင့်ဟူ၍ ပြောလိုက်သည့် သဘောပါပေ။ တစ်ဆက်တည်းပင် သူ၏ဓားကို ရှေ့သို့ထုတ်လိုက်၏။ ဘယ်လက်ကမူ ရင်ပတ်ရှေ့၌ တစ်စုံတစ်ရာကို ပွေ့ပိုက်ထားသည့် အလား ဓားရေးခင်းလိုက်တော့၏။

လင့်ဟူချုံးမှာ တစ်ချက် တုန်ယင်သွားမိသည်။ အဖိုးကြီး၏ ဓားကွက်များ ထွက်မလာသေးသော်လည်း အားနှင့်မာန်နှင့် ဓားခင်းထားပုံ ကောင်းလွန်းလှ၍ဖြစ်သည်။ သူ၏စိတ်ကို ပြန်လည်တည်ငြိမ်အောင် မနည်းကြိုးစားရတော့၏။

အဖိုးကြီးက သူ့လက်ထဲမှဓားကို စက်ဝိုင်းတစ်ခုနှယ် လှည့်လိုက်၏။

အဖိုးကြီး လှည့်ပတ်လိုက်သည့်ဓားရှိန် မည်မျှပြင်းထန်သနည်းဟူမူ ဓားအရှိန်သည် သူ့မျက်နှာသို့ပင် လာဟပ်သည်ကို ခံစားလိုက်ရတော့သည်။

ထို့ကြောင့် သူ့အနေဖြင့် ပြန်လှန်မတိုက်ခိုက်၍ မဖြစ်တော့ချေ။

သို့သော် သူ့အဖို့ ဒုက္ခဖြစ်နေသည့်အချက်မှာ အဖိုးကြီးထုတ်လိုက်သည့် ဓားကွက်၏ ဟာကွက်ကို လုံးဝ မတွေ့ရှိရသေးခြင်းပင် ဖြစ်တော့၏။

ထို့ကြောင့် သူကလဲ ဟန်ပြဓားကွက်တစ်ကွက်ကို ပြန်ထုတ်လိုက်တော့သည်။

ထိုအခါတွင် လွန်စွာအံ့သြဖွယ်ကောင်းလှစွာဖြင့် အဖိုးကြီးက ဓားကို ဘယ်လက်သို့ ပြောင်းကိုင်လိုက်သည်။

ဓားချက်တချက်သည် လျှပ်ပြက်လိုက်သည့်နှယ် လင့်ဟူချုံး၏လည်ပင်းဆီသို့ ခုန်ဝင်လာတော့သည်။

ဓားချက်မှာ လျင်မြန်လွန်းလှသဖြင့် ဘေးမှဝိုင်းကြည့်နေကြသော သိုင်းသမားများပင် အလန့်တကြား အော်ဟစ်မိကြတော့သည်။

လင့်ဟူချုံးအဖို့ ထိုအချိန်ကျမှ သက်ပြင်းချနိုင်တော့သည်။

အဘယ့်ကြောင့်ဆိုသော် အဖိုးကြီး ထိုသို့ထိုးခုတ်လိုက်တော့မှ အဘိုးကြီး၏ချိုင်းအောက်၌ ဟာကွက်ကို တွေ့လိုက်ရသောကြောင့် ဖြစ်ပေသည်။

ထို့ကြောင့် အဖိုးကြီး၏ချိုင်းအောက်သို့ ဓားဖြင့် ချက်ချင်းထိုးလိုက်၏။

အဖိုးကြီးသည် လင့်ဟူချုံး၏လည်ပင်းကို ထိုးခုတ်လိုက်သည့်ဓားကို ရုတ်သိမ်းကာ သူ့ချိုင်းအောက်သို့ ဝင်လာသော လင့်ဟူချုံး၏ဓားကို 'ထန်း' ခနဲ ဖယ်ထုတ်လိုက်ရတော့သည်။

တချိန်တည်းမှာပင် နှစ်ယောက်စလုံး နောက်ဖက်သို့ ခုန်ဆုတ်လိုက်ရသည်။

လင့်ဟူချုံးသည် အဖိုးကြီး၏အတွင်းအားများ အံ့မခန်းပြည့်ဝနေကြောင်း သိလိုက်ရလေပြီ။

သူ့နည်းတူပင် အဖိုးကြီးမှာလည်း 'ဟင်' ကနဲ ဖြစ်သွားကာ ထူးဆန်းသော အမူအရာများ ပေါ်လာတော့၏။

ထိုအခိုက် အဖိုးကြီးသည် ဓားကို ဘယ်လက်မှ ညာလက်သို့ပြောင်းလိုက်ပြန်၏။

သူ၏ရှေ့တွင် ဓားကို စက်ဝိုင်းနှစ်ဝိုင်းဖြစ်အောင် လှည့်ပတ်လိုက်သည်။

လင့်ဟူချုံးသည် အဖိုးကြီး၏ ယခုဓားကွက်၌ အင်အားအလွန်ပြည့်ဝပြီး အဆက်မပြတ်ရုံသာမက သူ့တစ်ကိုယ်လုံးကို ဟာကွက်လွတ်ကွက်မရှိအောင် ကာကွယ်ထားနိုင်သည်ကို တွေ့လိုက်ရတော့သဖြင့် အလွန်တရာ အံ့သြမိတော့သည်။

"ဒီတစ်ခါတော့ ဒုက္ခပဲ။ ငါ 'ဇကရာဇ်ကိုးကွက်' စတတ်ကတည်းက ဒီလိုဟာကွက်မရှိတဲ့ ဓားသိုင်းမျိုး ဓားကွက်မျိုး ငါတစ်ခါမှမတွေ့ဖူးသေးဘူး။ ငါက ဘယ်နေရာမှာ 'ဟာကွက်' သွားရှာရတော့မှာလဲ။ သူက ငါ့ကို တစ်ချိန်လုံး ဒီလိုတိုက်ခိုက်ရင် ငါက ဘယ်လိုခုခံရတော့မှာလဲ..."

ဟု တွေးမိလေတော့၏။

လင့်ဟူချုံး၏ နဖူး၌ ချွေးသီးချွေးပေါက်ကြီးများ ကျလာလေတော့၏။

ထိုတစ်ဒင်္ဂအတွင်း၌ပင် အဖိုးကြီး၏ဓားသည် ရှေ့သို့တုန်ခါ၍ တိုးထွက်လာတော့သည်။

သည်တစ်ကွက်တည်းနှင့်ပင် လင့်ဟူချုံး၏ အကြောနေရာခုနှစ်ခုကို ထိုးစိုက်တိုက်ခိုက်လိုက်ခြင်းဖြစ်သည်။

လင့်ဟူချုံးအဖို့ ဒုတိယအကြိမ် သက်ပြင်းချနိုင်ပြန်ပေပြီ။ ဤသို့ တိုက်ခိုက်လာသည့်အတွက် အဖိုးကြီး၏ကိုယ်ပေါ်၌ ဟာကွက်သုံးကွက် ကိုတွေ့လိုက်ရသည်။

ထိုဟာကွက်သုံးကွက်ထဲမှ တစ်ကွက်ကို တိုက်ခိုက်ထိုးနှက်လိုက်ရုံမျှနှင့် လင့်ဟူချုံးအဖို့ အသာစီးရနိုင်ပေပြီ။

အဖိုးကြီး၏နားထင်သို့ လင့်ဟူချုံးက ထိုးချိန်လိုက်သည်။ အကယ်၍ အဖိုးကြီးက သူ၏ဓားကို ရှေ့ကဆက်ထုတ်ပါက သူ၏နားထင်ကို လင့်ဟူချုံး၏ဓားက ထိုးစိုက်မိမည်ဖြစ်၏။ ပြီးမှသာ သူ့ဓားသည် လင့်ဟူချုံးကို ထိုးစိုက်မိပေလိမ့်မည်။ သူသေကိုယ်သေ တိုက်ကွက်ဟု ထင်ရသော်ငြား သူ့အတွက် တစ်လှမ်းနောက်ကျပေလိမ့်မည်။

ထိပ်သီးသိုင်းပညာရှင်များအဖို့ မျက်စိတစ်မှိတ် လျှပ်တစ်ပြက် အချိန်ကလေးများကို လု၍ အနိုင်အရှုံး ဆုံးဖြတ်ကြသည်။ အဖိုးကြီးသည် သူနစ်နာနိုင်သောကြောင့် သူ့ဓားကို အဆုံးထိ မထိုးထုတ်တော့ပဲ စက်ဝိုင်းကြီးတခု ဖြစ်ပေါ်လာစေရန် ဝှေ့ယမ်းလိုက်တော့၏။

ထူးခြားဆန်းကြယ်လှစွာပင် စက်ဝိုင်းကြီးအတွင်း၌ စက်ဝိုင်းကလေး ပေါ်လာအောင် ဓားကွက်ကို ဖော့ယမ်းနေတော့၏။

လင့်ဟူချုံးသည် သူ၏ဓားဖြင့်ထိုးစိုက်ရန် ကြိုးစားလိုက်သည်။

သို့သော် 'ထန်း' ကနဲ အသံမြည်ဟည်းသွားပြီး ဓားနှစ်လက်ရိုက်ခတ်မိကာ လင့်ဟူချုံး၏ဓားမှာ ပြန်ထွက်လာရတော့သည်။

ထိုအချိန်တွင် အဖိုးကြီး၏ပတ်ဝန်းကျင်၌ စက်ဝိုင်းများ တစ်ခုပြီးတစ်ခု ပေါ်လာနေချေပြီ။

စက်ဝိုင်းများကလဲ များသည်ထက်များလာတော့သည်။

နောက်ဆုံး၌ သူ့တစ်ကိုယ်လုံးကို စက်ဝိုင်းများ ဖုံးကွယ်သွားလေတော့၏။

လင့်ဟူချုံးမှာ 'ဟာကွက်' ဆို၍ တစ်ကွက်တစ်လေမျှ မတွေ့ရချေ။

အဖိုးကြီး၏ဓားစက်ဝိုင်းမှ ရိုက်ခတ်လာသော လေလှိုင်းများသည်ပင် သူ့ကိုရိုက်ခတ်စပြုလာသည်။

လင့်ဟူချုံး၏နဖူးတွင် ချွေးသီးချွေးပေါက်ကြီးများ သီးလာပြန်သည်။

'ဇကရာဇ်ကိုးကွက်' ကို တတ်ကျွမ်းပြီးသည့်နောက်ပိုင်းတွင်း ဤသို့ချွေးပေါက်များ တစ်ကြိမ်မျှမကျခဲ့ဖူးချေ။

ထိုစဉ် ဓားစက်ဝိုင်းများမှာ သူ၏ကိုယ်ပေါ်သို့ လှိုင်းများသဖွယ် တစ်ဝိုင်းပြီးတစ်ဝိုင်း လာရောက်တိုက်ခိုက်နေချေပြီ။

လင့်ဟူချုံးမှာ မည်သို့ခုခံရမည်နည်းမသိသဖြင့် နောက်သို့သာ တွင်တွင်ဆုတ်နေရတော့သည်။

တိုတောင်းလှသော အချိန်ကလေး အတွင်း၌ ခြေလှမ်းရှစ်လှမ်းမျှ ဆုတ်လိုက်ရတော့၏။

ဘေးမှ ဝိုင်းကြည့်နေသည့် သိုင်းသမားများမှာ သူတို့၏ခေါင်းဆောင် လင့်ဟူချုံးတစ်ယောက် အခြေအနေ မဟန်မှန်း သိလိုက်ကြလေပြီ။

ထို့ကြောင့် သူတို့အားလုံး ဇောချွေးများ ပျံလာကြတော့၏။

ထောင်ကန်းက ရုတ်တရက် ပြောလိုက်သည်။

"ဒါက ဘာဓားသိုင်းလဲ။ ကလေးတစ်ယောက် စက်ဝိုင်းဝိုင်းသလိုပါပဲလား။ ဒီလိုဆိုရင် ငါလည်းကစားတတ်တာပဲ"

ထောင်ဝါးက ...

"ငါသာဝိုင်းရင် သူ့ထက်တောင် ပိုဝိုင်းဦးမယ်"

ထောင်ကျက်က "လင့်ဟူချုံး ... မင်းတတ်နိုင်သမျှသာခုခံ။ ဘာမှမကြောက်နဲ့။ မင်းသာရှုံးရင် ဒီအဖိုးကြီးကို ခြေရောလက်ရော လေးခြမ်းဆွဲဖြဲပစ်လိုက်မယ်။ ငါတို့တာဝန်သာ ထားလိုက်"

ထောင်ရက်က ...

"မင်းရဲ့ ၏စကားက ဘာမှအဓိပ္ပါယ်မရှိဘူး။ အခုသူက ခေါင်းဆောင်ဖြစ်နေပြီကွ။ မင်းက သူ့ကို လင့်ဟူချုံးလို့ မခေါ်နိုင်တော့ဘူး။ ခေါင်းဆောင်ကြီးလို့ပဲ ခေါ်ရမယ်။ နောက်တစ်ချက်က မင်းက သူ့ကို မကြောက်နဲ့လို့ ဘာလို့ပြောရတာလဲ။ သူကြောက်နေမှန်း မင်း ဘယ်လိုလုပ်သိသလဲ"

ခက်ခဲစွာ တိုက်ခိုက်နေရသော လင့်ဟူချုံးမှာ ရူးပေါပေါ ညီအစ်ကိုတစ်သိုက်၏ ငြင်းခုန်သံများကို ကြားလိုက်ရသော အခါ ပို၍ စိတ်ရှုပ်သွားတော့၏။

ထိုအချိန်မှာပင် နောက်ဖက်သို့ တစ်လှမ်း ဆုတ်လိုက်ရပြန်သည်။

'ဗွမ်း' ကနဲ အသံတစ်ချက်ထွက်လာပြီး လင့်ဟူချုံးမှာ ဗွက်အိုင်လေးတစ်ခုထဲသို့ ခြေထောက်ကျွံ သွားတော့ ၏။

လင့်ဟူချုံးမှာ ထိတ်ကနဲဖြစ်သွားပြီး စဉ်းစားရလေတော့၏။

"ဆရာဘိုးဘိုးက ပြောဖူးတယ် ... 'ရန်သူက ဘယ်လောက်ပဲ တော်နေတော်နေ၊ ဓားကွက်ဆိုတာရှိရင် ဟာကွက်ဆိုတာ ရှိနေမှာပဲ' တဲ့။ အခု သည်အဖိုးကြီးမှာ ဓားကွက်ရှိတယ်။ စက်ဝိုင်းတွေပဲ။ ... ဓားကွက်ရှိလျက်နဲ့ ဟာကွက်မတွေ့တာကတော့ ငါမမြင်တာပဲ ဖြစ်ရမယ်။ ဟာကွက်ကတော့ မုချရှိရမယ်"

စဉ်းစားနေရင် နောက်သို့ နှစ်လှမ်းမျှ ဆုတ်လိုက်ရပြန်သည်။ အဖိုးကြီး၏ ဓားစက်ဝိုင်းများအထဲမှ ဟာကွက်ကို အပြင်းအထန် ရှာဖွေလိုက်သည်။ စက်ဝိုင်းဓားရောင်များကိုကြည့်ရင်း အချက်တစ်ခုကို သတိရလိုက်မိ သည်။

"အဲသည်စက်ဝိုင်းတွေရဲ့ အလယ်ဗဟိုဟာ သူ့ဓားကွက်ရဲ့ ဟာကွက်ဖြစ်ရမယ်။ ... တကယ်လို့သာ ငါက ဗဟိုကို ထိုးစိုက်လိုက်လို့ ဟာကွက်မဟုတ်ရင်တော့ ငါ့လက် ပြတ်ထွက်သွားမှာပဲ။ ... ဘယ်လိုပဲဖြစ်ဖြစ် စွန့်ပြီး စမ်းကြည့်ရမှာပဲလေ။ ဒီအဖိုးကြီးကိုသာမနိုင်ရင် လင်းလင်းကိုလည်း သွားကယ်နိုင်မှာ မဟုတ်ဘူး"

လင်းလင်းကို သတိရလိုက်မိသည်တွင် သူ့လက်မောင်းတစ်ဖက် ဆုံးရှုံးနိုင်သည့်အရေးကို လုံးဝ နမြောတသခြင်း

မဖြစ်မိတော့ချေ။ လင့်ဟူချုံး၏စိတ်ထဲတွင် တအားတက်သွားပြီး အဖိုးကြီး၏ ဓားစက်ဝိုင်း အလယ်ဗဟိုသို့ ထိုးစိုက်လိုက်တော့သည်။

"ထန်း"

ဓားချင်းရိုက်ခတ်သံ ကျယ်လောင်စွာ ထွက်ပေါ်လာပြီးနောက် လင့်ဟူချုံး၏ ဓားကိုင်လက် တုန်ခါသွားတော့သည်။ သူ့ရင်ပတ်ထဲတွင်လည်း နှလုံးခုန်နှုန်း ရုတ်တရက် ထိုးတက်သွားသည်။

သို့သော် သူ့လက်မှာမူ မည်သို့မျှ မဖြစ်ချေ။

အဖိုးကြီးသည် နောက်တစ်လှမ်းဆုတ်သွားပြီး သူ့ဓားကို ပြန်လည်ရုပ်သိမ်းလိုက်တော့သည်။ ငေးကြောင် နေသော သူ့မျက်နှာတွင် အမျိုးမျိုးသောအရိပ်များ ပြောင်းလဲနေသည်။ ထူးဆန်းခြင်း၊ တုန်လှုပ်ခြင်း၊ ရှက်ခြင်း စသော အမူအရာများပင်တည်း။ အတန်ကြာ ငေးကြောင်နေပြီးမှ အဖိုးကြီးက စကားပြောလိုက်သည်။

"လင့်ဟူချုံး ... မင်းကိုငါ တစ်ခု ပြောချင်တယ်"

ပြောနေရင်းမှ အဖိုးကြီးသည် သူ့လက်ထဲမှဓားကို ထင်းစည်းထမ်းသည့် သိုင်းသမားထံသို့ ပြန်ပေးလိုက်သည်။ ထို့နောက် အရှေ့ဖက်ရှိ သစ်ပင်ကြီးတစ်ပင်ဆီသို့ လျှောက်သွားလေတော့၏။ လင့်ဟူချုံးကလည်း သူ့လက် ထဲမှဓားကို ပစ်ချကာ လိုက်သွားသည်။

လူများနှင့် အတန်ငယ်လှမ်းသည့် နေရာရောက်မှ ရှေ့မှသွားနေသော အဖိုးကြီးက ရပ်တန့်လိုက်ပြီး လင့်ဟူချုံးနှင့် မျက်နှာချင်းဆိုင်ရပ်လိုက်သည်။ ယခုဆိုလျှင် သူတို့ပြောသောစကားသံကို အခြားလူများ မကြားနိုင်တော့ပေ။ အဖိုးကြီးက ဖြည်းညင်းစွာဖြင့် စကားစလိုက်သည်။

"လင့်ဟူချုံး ... လူငယ်သိုင်းးသမားထဲမှာ မင်းလောက် သိုင်းပညာပြည့်ဝတဲ့လူ အင်မတန်ရှားတယ်။ မင်းလို စိတ်ဓါတ်မျိုးရှိတဲ့လူက ပိုရှားသေးတယ်"

လင့်ဟူချုံးက ခေါင်းငုံ့၍ ...

"အဲသည်လိုလည်း မဟုတ်သေးပါဘူးဆရာကြီး။ ကျွန်တော့်အနေအထိုင်ကြောင့် ကျွန်တော့်ဆရာက ဝါဆန်းဂိုဏ်း ကနေ မောင်းထုတ်ခဲ့ပြီးပါပြီ"

အဖိုးကြီးက ...

"ငါတို့သိုင်းသမားဆိုတာ အလုပ်တစ်ခုခုကိုလုပ်ရင် ပွင့်လင်းပြတ်သားရမယ်။ စိတ်ထားဖြောင့်မှန်ရမယ်။ ဒါက ယေဘုယျသဘောပဲ။ မင်းရဲ့အပြုအမူတွေကတော့ သိပ်ရဲတင်းလွန်းတယ်။ စိတ်လွတ်ကိုယ်လွတ် လုပ်တယ်။ စည်းကမ်း တွေကို ဂရုမစိုက်ဘူး။ ဒါပေမယ့် မင်းမှာ တော်တည့်ဖြောင့်မှန်တဲ့ သူရဲကောင်းစိတ်မျိုးရှိပြန်တယ်"

သူ့ကိုချီးကျူးသည့် စကားများကို ကြားလိုက်ရသဖြင့် လင့်ဟူချုံးက မနေတတ်မထိုင်တတ်ဖြစ်ကာ ပါးစပ် ပြင်လိုက်သည်။ အဖိုးကြီးက လက်ကာပြရင်း ဆက်ပြောသည်။

"မင်းရဲ့လှုပ်ရှားမှုတွေကို နောက်ကွယ်ကနေ လူလွှတ်ပြီး ငါစုံစမ်းထားပါတယ်။ မင်းက မကောင်းတဲ့ ကိစ္စတွေ မကျူးလွန်ဘူးဆိုတာ ငါသိထားတယ်။ ငါတို့သိုင်းလောကကလည်း ခပ်ခက်ခက်ပဲ။ တစ်ခါတစ်လေ ကောလဟာလ သတင်းတွေချည်းပဲ ဖုံးလွှမ်းနေတာ မဟုတ်လား ... ဒါကြောင့်မို့ သိုင်းလောကထဲက သတင်းတိုင်းကို သတင်း မှန်လို့ ယူဆလို့မရနိုင်ဘူး"

ထိုစကားကို ကြားလိုက်ရသောအခါ လင့်ဟူချုံးက လွန်စွာဝမ်းသာသွားသည်။ သူ၏ အပြုအမူများနှင့် ပတ်သက်၍ ထောက်ခံပြောဆိုပေးမည့် သိက္ခာသမာဓိရှိသူဆို၍ တစ်ဦးတစ်ယောက်မျှ မရှိခဲ့သည်ကို သူသာ အသိဆုံး ဖြစ်ခဲ့သည် မဟုတ်ပါလား။

"ဒီအဖိုးကြီးက လူလွှတ်ပြီး စုံစမ်းတယ်ဆိုတော့ သူက ဟူတန်းဂိုဏ်းရဲ့ ဝါစဉ်ကြီးပုဂ္ဂိုလ်ကြီး တစ်ယောက်ယောက် ဖြစ်လိမ့်မယ်နဲ့တူတယ်။"

အဖိုးကြီးက ဆက်၍ ...

"လင့်ဟူချုံး ... လူငယ်တစ်ယောက်ဟာ သိပ်ပြီး အရည်အသွေးတောက်ပြောင်လွန်းရင် ဒုက္ခတွေ့တတ်တယ်။ မင်းက လူလည်းလူငယ်၊ အတွေ့အကြုံလည်း သိပ်မရှိတော့ ကာလဒေသ ပယောဂကို ချင့်ချင့်ချိန်ချိန် နှိုင်းနှိုင်းဆဆ မလုပ်တတ် သေးဘူး။ ... မင်းရဲ့ဆရာ ရက်ပုချွန်ဆိုတာကလည်း အပြင်ပန်းက ရုပ်ရည် ယဉ်ကျေးသိမ်မွေ့သလောက် အတွင်း သဘောက သေးသိမ်ကျဉ်းမြောင်းတယ်"

"ဆရာကြီးက ကျွန်တော့်အတွက် ချီးမြှောက်ထောက်ခံ ပေးတယ်ဆိုတာကိုတော့ ကျွန်တော် အများကြီး ကျေးဇူးတင်

ပါတယ်ခင်ဗျာ။ ဒါပေမယ့် ကျွန်တော့်ဆရာဟာလဲ အင်မတန် ကျေးဇူးကြီးမားလှတဲ့ ပုဂ္ဂိုလ်ကြီး ဖြစ်ပါတယ်။ ဆရာ့ရဲ့ အပြစ်အနာတွေကို ကျွန်တော် မကြားရပါဘူးခင်ဗျာ"

အဖိုးကြီးက ခေါင်းတဆတ်ဆတ်ညိတ်ရင်း ပြောလိုက်၏။

"ကျေးဇူးမမေ့တတ်ဘူးကိုး ... ကောင်းတယ်။ လူ့လောကထဲမှာ ကိုယ့်ကျေးဇူးရှင်ကို ပြန်သိတတ်တဲ့လူဟာ ဘယ်တော့မှ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ မဖြစ်ဘူးကွ ... နောက်ပြီး"

အဖိုးကြီး၏ မျက်နှာသည် တည်ကြည်သွားတော့သည်။

"လင့်ဟူချုံး ... အတွင်းအားစုပ်သိုင်းပညာကို ဘယ်တုန်းကစပြီး သင်ခဲ့တာလဲ"

"ကျွန်တော် အဲဒီသိုင်းပညာကိုသင်မိတာ သိပ်မကြာသေးပါဘူး။ သိပ်သင်ချင်လွန်းလို့ သင်ခဲ့တာလဲ မဟုတ်ပါဘူး။ မမျှော်လင့်ပဲ သင်လိုက်မိတာပါ။ သင်တုန်းကလည်း ရိုးရိုးသိုင်းပညာအောက်မေ့ပြီး သင်လိုက်တာပါ။ ပြီးတော့မှ အတွင်းအားစုပ်တဲ့ အတတ်မှန်း သိလိုက်ရတော့ နောက်ဆုတ်လို့မရတော့ဘူး"

"ဒါကြောင့်ကိုး ... စောစောတုန်းက မင်းရဲ့ဓါးနဲ့ သုံးကြိမ် ထိမိခဲ့တယ်။ မင်းရဲ့ အတွင်းအားစုပ်တဲ့ဒဏ်ကို ခံလိုက်ရတယ်။ ပြောပလောက်အောင်တော့ မဟုတ်ပါဘူး။ ဒီပညာကို မင်း ကောင်းကောင်း မသုံးတတ် သေးဘူးဆိုတာ ငါသိလိုက်ရတယ် ... ဒီမှာ ... လင့်ဟူချုံး ... မင်းကို ငါတစ်ခုပြောချင်တယ်။ မင်းနားထောင် မလား"

လင့်ဟူချုံးက ကမန်းကတန် ဝန်ခံကတိပြုလိုက်သည်။

"တွေ့တွေ့ချင်းမှာပဲ စေတနာ မေတ္တာနဲ့ ဆရာကြီးကဆုံးမခဲ့တာ ကျွန်တော် နားလည်ပါတယ်။ ဆရာကြီးရဲ့ စကားဆိုရင် အခုသာမဟုတ် နောင်လည်း နားထောင်ဖို့ အသင့်ပါပဲခင်ဗျာ ... ပြောပါ"

"ဒီအတွင်းအားစုပ်သိုင်းပညာဆိုတာက ရန်သူနဲ့တိုက်ခိုက်နေတုန်းတော့ သိပ်အစွမ်းထက်ပေမယ့် ဒီသိုင်းပညာကို အသုံးချတဲ့လူအတွက်တော့ အများကြီး အကျိုးယုတ်တယ်။ 'သိုင်းအား' ရင့်လာလေလေ။ ဒါဏ်ရာ ပိုကြီးလာလေ လေပဲ"

လင့်ဟူချုံးက ခေါင်းညိတ်ရင်း ပြောလိုက်၏

"ဟုတ်ကဲ့ပါ ဆရာကြီး။ ကျွန်တော်လည်း ပထမတော့ အကြောင်းမသိခဲ့ပါဘူး။ နောက်တော့ ဆရာကြီးပြောသလိုပဲ ကြားသိခဲ့ရပါတယ်"

"အေး ... မင်းသိရင်တော်သေးတာပေါ့။ မင်းအနေနဲ့ ဒီသိုင်းပညာကို ဆက်မကျင့်ပဲရပ်လိုက်တာ အကောင်းဆုံးပဲ။ နို့မဟုတ်ရင် မင်းရဲ့စိတ်ဓါတ်လည်း ပြောင်းလာလိမ့်မယ်။ အမှားအမှန်ကို လုံးဝမခွဲခြားနိုင်ပဲ ဖြစ်သွားပြီး စိတ်ထင်ရာတွေ လျှောက်လုပ်မိလိမ့်မယ်။ အဲဒီအခါကျရင် မင်းရဲ့ရောဂါက လုံးဝကုလို့ ရတော့မယ်မဟုတ်ဘူး"

ဤစကားမျိုးကို နှင်းဆီဂေဟာကြီးအတွင်းတွင် မကောင်းဆိုးဝါးဂိုဏ်းချုပ်ကြီး လင်းရှင်က လင့်ဟူချုံးအား ပြောခဲ့ဖူးသည်။ အတွင်းအားစုပ်သိုင်းသည် လေ့ကျင့်သူအား ဘေးဒုက္ခအလွန်ပေးသည်။ လင့်ဟူချုံးက မကောင်းဆိုးဝါးဂိုဏ်းအတွင်းသို့ဝင်ပါက လင်းရှင်က ထိုဒါဏ်များကို ဖြေဖျောက်ပေးနိုင်သည့်နည်းကို သင်ကြားပေးမည်ဟုပင် ပြောကြားခဲ့သေးသည်။

ထိုစဉ်က လင်းရှင်ပြောခဲ့သည့် စကားများမှာ ခြိမ်းခြောက်သည့်သဘောမျိုး ပါဝင်သည်။ ယခု အဖိုးကြီးကမူ စေတနာသန့်သန့်နှင့် သတိပေးစကား ပြောကြားခြင်းဖြစ်သဖြင့် လင့်ဟူချုံးမှာ ကျောမှ ချွေးများထွက်လာသည်အထိ ကြောက်လန့်သွားတော့သည်။

"ဆရာကြီးရဲ့ဆုံးမစကားကို ကျွန်တော် တစ်သက်လုံးမမေ့ပါဘူး အမြဲတမ်း အသည်းနှလုံးထဲမှာ ထည့်ထားပါ့မယ်။ ဒီသိုင်းပညာဟာ မကောင်းဘူးဆိုတာလည်း ကျွန်တော်သိပါတယ်။ ဒီပညာနဲ့ သူများကို ထိခိုက်အောင် မလုပ်ပါဘူး ... ဒါပေမယ့် တစ်ခုခက်နေတာက ဒီပညာက အလိုအလျောက် ရန်သူကို တိုက်ခိုက်တတ်တဲ့ သဘောပဲ။ သူ့ကို မသုံးချင်ပေမယ့်လဲ အတွင်းအားထုတ်လိုက်တာနဲ့ သူက အလိုလို တိုက်ခိုက်တတ်တော့ အတော့်ကို ခက်နေပါတယ်"

"အေး ... မင်းရဲ့ ဒုက္ခကို ငါနားလည်ပါတယ်။ တစ်ခုတော့ ရှိတယ်။ ခက်တော့ ခက်တယ် ... ရှောင်လင်ဘုရားကျောင်းရဲ့ 'အကြောလျှော့ သိုင်းပညာ' ဆိုတာ မင်းကြားဖူးသလား"

"ဟုတ်ကဲ့ ... ကြားဖူးပါတယ်။ အဲဒီ အတွင်းအားသိုင်းပညာဟာ သိုင်းလောကမှာ အမြင့်ဆုံး အတွင်းအား ပညာလို့ ကြားဖူးပါတယ်"

"အေး ... အဲဒီသိုင်းပညာနဲ့ ပတ်သက်ပြီး မင်းကို ငါကူညီနိုင်လိမ့်မယ်လို့ မျှော်လင့်မိတာပဲ ... ဒီလောက် များပြားတဲ့ လူစုလူဝေးကြီးကိုဦးဆောင်ပြီး ရှောင်လင်ကျောင်းကို ချီတက်သွားမယ်ဆိုတာ သေးသေးဖွဲဖွဲ မဟုတ်ဘူး။ တိုက်ပွဲကြီး ဖြစ်သွားလို့ ဘယ်သူပဲနိုင်နိုင်ရှုံးရှုံး နှစ်ဖက်စလုံး နာမှာပဲ"

အဖိုးကြီးက ခေတ္တနားကာ လင့်ဟူချုံးကို အကဲခတ်လိုက်သည်။

"ဒီတော့ မင်းရဲ့လူအုပ်ကြီးကို ဖျောင်းဖျပြီး နောက်ကြောင်းပြန်လှည့်သွားစေချင်တယ်။ ငါကတော့ မင်းရဲ့ ကိုယ်စား ရှောင်လင်ကျောင်းကိုသွားပြီး မင်းရဲ့ အတွင်းအားစုပ် သိုင်းပညာကြောင့် ရထားတဲ့အတွင်းဒါဏ်ရာတွေ ပျောက်အောင် 'အကြောလျှော့ အတွင်းအား' ကို သင်ပေးခိုင်းမယ်။ ဘယ့်နှယ်လဲ။ သွေးထွက်သံယို ဖြစ်မယ့်ဘေးကို လည်း ရှောင်လွှဲနိုင်၊ မင်းအတွက်လည်း အကျိုးရှိတာပေါ့ကွာ"

လင့်ဟူချုံးက မေးလိုက်သည်။

"ဒါပေမယ့် ရှောင်လင်ကျောင်းထဲမှာ ဖမ်းချုပ်ခံထားရတဲ့ မိန်းကလေး အတွက်ကျတော့ကော"

"ဒီမိန်းကလေးက ရှောင်လင်ဂိုဏ်းသားလေးယောက်ကို ထိခိုက်အောင်လုပ်ခဲ့တယ်။ နောက်တစ်ချက်က မကောင်း ဆိုးဝါး ဂိုဏ်းချုပ်ကြီးရဲ့ သမီးဖြစ်နေတယ်။ မင်းလို အရည်အချင်းမျိုး၊ စိတ်ထားမျိုးဟာ အဲသည် မိန်းကလေးမျိုးနဲ့ မတန်ပါဘူး။ ဘာဖြစ်လို့ အဲသည်မိန်းကလေးကို မင်းက မစွန့်လွှတ်နိုင်အောင် ဖြစ်နေရတာလဲ။ ဘာဖြစ်လို့ ကိုယ့်ကိုယ်ကို နစ်မွန်းအောင် လုပ်ချင်ရတာလဲ"

"ဆရာကြီးတို့ရဲ့ အယူအဆက တစ်မျိုးဖြစ်နေပါတယ်။ အမှန်ကတော့ ဒီမိန်းကလေးအကြောင်း သေသေချာချာ မသိလို့ သူ့ကို ဥပေက္ခာပြုဖို့ ကျွန်တော့်ကို ဆရာကြီးပြောနေတာပါ။ သူဟာ ကျွန်တော့်အပေါ်မှာ အသက်နဲ့ ဆပ်ရလောက် အောင် ကျေးဇူးတွေရှိနေပါတယ်။ ကျွန်တော်က ပြန်ဆပ်ရပါလိမ့်မယ်။ ဆရာကြီးပြောတဲ့ စကားတွေထဲက အဲဒီအချက်ကို လက်မခံနိုင်တဲ့အတွက်တော့ စိတ်မကောင်းပါဘူးခင်ဗျာ"

အဖိုးကြီးက သက်ပြင်းတစ်ချက်ချကာ ညည်းညည်းညူညူ ပြောလိုက်သည်။

"လူငယ်ဆိုတော့ မ,နဲ့ပတ်သက်လာတဲ့အခါ ရှောင်နိုင်ဖို့ မလွယ်ဘူးပေါ့လေ"

လင့်ဟူချုံးက ခါးညွှတ်၍ နှုတ်ဆက်လိုက်သည်။

"ဆရာကြီး ... ကျွန်တော့်ကို သွားခွင့်ပြုပါဦး"

အဖိုးကြီးက ...

"လင့်ဟူချုံး .. ခဏနေဦး။ ငါက မင်းတို့ ဝါဆန်းဂိုဏ်းနဲ့ အသွားအလာ သိပ်မရှိပေမယ့် မင်းရဲ့ဆရာ ရက်ပုချွန် ကတော့ ငါ့ရဲ့မျက်နှာကို နည်းနည်းပါးပါး ထောက်ထားလိမ့်မယ်လို့ထင်ပါတယ် ... မင်းသာ ငါ့ဖျောင်းဖျချက်ကို လက်ခံမယ်ဆိုရင် ငါနဲ့ ရှောင်လင်ကျောင်းထိုင်ဆရာတော်ကြီးနဲ့ မင်းအတွက် အာမခံပေးကြမယ် ... မင်းရဲ့ဆရာက မင်းကို ဝါဆန်းဂိုဏ်းထဲပြန်ဝင်ဖို့ လက်ခံစေရမယ် ... ငါပြောတာ မင်းလက်ခံသလား"

အဖိုးကြီး၏စကားကို ကြားလိုက်ရသောအခါ လင့်ဟူချုံးမှာ ကတုန်ကယင်ဖြစ်သွားတော့သည်။ ဝါဆန်းဂိုဏ်း သို့ ပြန်လည်ဝင်ရောက်ခွင့်ရရေး ဆိုသည်မှာ သူ၏ အကြီးဆုံးသော မျှော်လင့်ချက်ကြီးပင် မဟုတ်ပါလား။ အဖိုးကြီး၏ လေသံနှင့်ဟန်ပန်အရ သူသည် ဟူတန်းဂိုဏ်း၏ ထိပ်သီးသိုင်းဆရာကြီးတစ်ယောက် ဖြစ်သည်မှာ သေချာနေသည်။

ထို့ကြောင့် သည်အဖိုးကြီးကသာ ရှောင်လင်ဆရာတော်ကြီးများနှင့် အတူတကွသွား၍ သူ့ဆရာ ရက်ပုချွန်အား ပြောပေးပါက သူ့ဆရာအနေဖြင့် ငြင်းပယ်ရန် အလွန်ခက်ပေလိမ့်မည်။ ရှောင်လင်နှင့် ဟူတန်းဆိုသည်မှာ သိုင်းလောက ၏ မီးရှူးတန်ဆောင်များမဟုတ်ပါလား။

ဝါဆန်းဂိုဏ်းသို့ မိမိ ပြန်လည်ဝင်ရောက်ခွင့်ရလျှင် အနည်းဆုံး လိန်လိန်နှင့် နေ့တိုင်းတွေ့ခွင့်ရမည်။ သို့သော် မိမိအသက်ကို ကယ်တင်ခဲ့သည့် လင်းလင်းခမျာမှာတော့ ရှောင်လင်ကျောင်းတွင် ပိတ်လှောင်ခံနေရတော့ မည်။ ဤသို့ ဖြစ်သင့်ပါသလော။ လင်းလင်းတစ်ယောက် မိမိအတွက် ဒုက္ခရောက်နေသည်ကို ကြည့်ရက်ပါသလော။

ဤသို့ စဉ်းစားလိုက်သောအခါ လင့်ဟူချုံး၏ တစ်ကိုယ်လုံးရှိသွေးများ ဆူဝေလာတော့သည်။

"ဆရာကြီးခင်ဗျား ... အဲသည်မိန်းကလေးကိုသာ ရှောင်လင်ဘုရားကျောင်းရဲ့ လက်ထဲကနေ မကယ်နိုင်ဘူး ဆိုရင် ကျွန်တော်ဟာ လူ့လောကထဲမှာ အသက်ရှင်နေဖို့ မကောင်းတော့ပါဘူး။ ဘာပဲဖြစ်ဖြစ်။ ဆရာကြီးရဲ့ စေတနာကိုတော့ ကျေးဇူးတင်ပါတယ်။ ကျွန်တော့်အနေနဲ့ တစ်ခုတော့ ကတိပြုချင်ပါတယ်။ ဒီကိစ္စကြီး အောင်မြင်သည်ဖြစ်စေ၊ မအောင်မြင်သည်ဖြစ်စေ။ ကျွန်တော်သာ အသက်ရှင်သေးတယ်ဆိုရင်တော့ ဟူတန်းတောင်ကို လာဖြစ်အောင် လာပါဦး မယ်။ ဆရာကြီးတို့ရဲ့ ဂိုဏ်းချုပ်ကြီးကို လာပြီး ဂါရဝပြုပါဦးမယ်"

အဖိုးကြီးက အတန်ကြာ စိုက်ကြည့်နေပြီးမှ ပြောလိုက်သည်။

"ကောင်းပြီလေ။ မင်းသွားနိုင်ပါပြီ"

လင့်ဟူချုံးက ခါးညွှတ်၍ အဖိုးကြီးကို ဂါရဝပြုလိုက်ပြီး နေးကွေးစွာဖြင့် သူ့ရဲ့ဘော်များဆီ ပြန်လျှောက်လာ

တော့သည်။

“ကဲ … ကျုပ်တို့ ခရီးဆက်ရအောင်”

ထောင်ဆက်က …

“လင့်ဟူချုံး … မင်းက ဘယ့်နှယ် တိုက်ပွဲကို ရပ်ပစ်လိုက်ရတာလဲကွ။ အရှုံးအနိုင်မှ မပေါ်သေးတာ … ဆက်ပြိုင်ဖို့ကောင်းတယ်”

လင့်ဟူချုံးနှင့် အဖိုးကြီးတို့၏ပြိုင်ပွဲကို သိုင်းပညာအလွန်တော်သည့် အံ့ဖွယ်ခြောက်ယောက်မှ မသိလျှင် အခြားလူများ သိနိုင်မည် မဟုတ်တော့ချေ။ ဓားသိုင်းယှဉ်ပြိုင်လျှင် အဖိုးကြီးအနေဖြင့် လင့်ဟူချုံးကို မည်သို့မျှ နိုင်ရန်အကြောင်းမရှိသဖြင့် ဆက်မပြိုင်တော့ခြင်းသာ ဖြစ်သည်။

သို့သော် လင့်ဟူချုံးကမူ …

“ဒီဆရာကြီးရဲ့ဓားသိုင်းက သိပ်ကောင်းတယ်။ ဆက်ပြိုင်ရင် ကျုပ်ပဲ ရှုံးမှာပဲ။ အခုလောက် ပြိုင်တာတောင် ကျုပ်မှာ ဘယ်လောက် ဇောချွေးပြန်နေသလဲ။ ဆက်မပြိုင်တာပဲ ကောင်းပါတယ်ဗျာ”

ထောင်ဆက်က …

“လင့်ဟူချုံး … ဒီနေရာမှာတော့ မင်းက ငါတို့ခြောက်ယောက်ကို လုံးဝမမှီဘူး။ သိပ်နုံတာပဲ။ ဆက်ပြိုင် ပေါ့ကွ။ ဆက်ပြိုင်ရင် မင်းနိုင်,နိုင်တယ်”

လင့်ဟူချုံးက ရယ်လိုက်ပြီး …

“ခင်ဗျားတို့ မတွေ့ဖူးလား။ ကျုပ်ကြီးပဲ နောက်ကို တစ်ဆုတ်တည်း ဆုတ်နေရတာ။ ကျုပ်နိုင်မယ်လို့ ဘယ်မှာ ပြောနိုင်ပါ့မလဲ။ ဒီလောက်နဲ့ ရပ်လိုက်တာ ကျုပ်အတွက် အတော်ကလေး သက်သာသွားတာဗျ”

ထောင်ဆက်က အလျှော့မပေးပဲ ပြောလိုက်သည်။

“ဘာလို့ မင်းက မနိုင်ရမှာလဲ။ အဖိုးကြီးက အသက်ကြီးနေပြီပဲ။ ဒီတော့ မင်းလောက် ဘယ်အားရှိပါ့မလဲ။ အချိန်ကြာလာတာနဲ့အမျှ မင်းက အသာစီးရလာမှာပဲ”

လင့်ဟူချုံးက စိတ်ထဲမှ တွေးလိုက်သည်။

“အင်း … ဒီလူ ခြောက်ယောက်ကို ရူးပေါပေါဆိုပြီးတော့ အထင်သေးလို့မရဘူး။ သူတို့မှာ ချင့်ချိန် စဉ်းစားတတ်တဲ့ ဦးနှောက်တော့ ရှိသေးတာပဲ။ ဒီလိုဆိုတော့လဲ သိပ်မဆိုးပါလား”

ထောင်ဆက်၏စကားကို လင့်ဟူချုံးက တွေဝေစဉ်းစားနေသည်ဟု ထင်မှတ်ကာ ထောင်ကန်းက ဝင်မေးလေ သည်။

“အခုနက မင်းဘာပြောလိုက်တယ်။ ပြန်ပြောစမ်းပါဦး။ အသက်ကြီးရင် ဘာဖြစ်လို့ အားမရှိရမှာလဲ။ အသက်ကြီးရင် အားပိုရှိတယ်ကွ”

ထောင်ကန်း၏စကားကို လင့်ဟူချုံးက သဘောပေါက်လိုက်သည်။ အံ့ဖွယ်ခြောက်ယောက်တွင် ထောင်ကန်း သည် အစ်ကိုအကြီးဆုံး မဟုတ်ပါလား။ ထောင်ဆက်မှာ ဒုတိယသာဖြစ်လေရာ ‘အသက်ကြီးလျှင် အားမရှိ’ ဟု ထောင်ဆက်က ပြောလိုက်ခြင်းသည် ထောင်ကန်းအား တိုက်ရိုက်ထိခိုက်စေတော့သည်။ ထောင်ကန်းအနေဖြင့် မည် သို့မျှ သဘောမတူနိုင်ပေ။

ထောင်ကန်းက ဆက်၍ …

“မင်းပြောတဲ့အတိုင်းသာဆိုရင် လောကကြီးတစ်ခုလုံး ခက်ကုန်ရချေရဲ့။ အသက်ငယ်လေ၊ အားကြီးလေ။ ဟုတ်လား။ ကဲ … သွားစမ်း။ သုံးနှစ်သားကလေး သွားခေါ်ခဲ့စမ်း။ ဘယ်လောက်အားကောင်းသလဲ ငါစမ်းမယ်။ အဲသည်တော့မှ မင်းပြောတဲ့စကား မှန်မမှန် သိရမယ်”

ထောင်ဝါးက ဝင်၍ …

“ဒီစကား မမှန်သေးဘူး။ သုံးနှစ်သားကလေးက အားကြီးပါ့မလားကွ။ နှစ်နှစ်သားကလေးက ပိုအားကြီး တော့မပေါ့”

သူပြောနေသည့် စကားလမ်းကြောင်း ဘယ်ရောက်၍ ဘယ်ပေါက်မှန်းမသိတော့ပဲ ထောင်ကန်းက ချက်ချင်း ပင် တုံ့ပြန်လေသည်။

“မင်းလည်း မှားတာပဲ။ တစ်နှစ်သားကလေးက ပိုပြီး အားကြီးမှာပေါ့ကွ”

ဤတွင် စကားဝိုင်းထဲ မပါသေးသော ထောင်ရက်က ဝင်နှောင့်ပြန်သည်။

“အားလုံးမှားတယ်။ အမေ့ဗိုက်ထဲမှာ ရှိတဲ့ မမွေးရသေးတဲ့ ကလေးက အားအကြီးဆုံးပဲကွ။ ဟား …ဟား … ဟား”

လင့်ဟူချုံးတို့အားလုံး မြောက်အရပ်သို့ ဦးတည်ချီတက်လာခဲ့ကြသည်။ ဟိုနန်နယ်သို့ ရောက်သောအခါ အုပ်စုကြီးနှစ်စုနှင့် ထပ်မံပူးပေါင်းမိကြပြန်သည်။ ယခုတော့ သူတို့၏တပ်ပေါင်းစုကြီးတွင် လူဦးရေ လေးထောင်ခန့် ရှိလာလေပြီ။

ဤသိုင်းသမားများသည် လင်းလင်းအပေါ် အလွန်သစ္စာရှိကြမှန်း လင့်ဟူချုံး ကောင်းစွာသိသည်။ သို့သော် သူတို့သည် မိုက်မိုက်ကန်းကန်းနှင့် တုံးတိုက်တိုက် ကျားကိုက်ကိုက် လုတ်တတ်ကြသူများဖြစ်လေရာ အလွန်ကြောက်စရာ ကောင်းသည်။ ရှောင်လင်ဂိုဏ်းနှင့် တကယ်တမ်းတိုက်ခိုက်ကြပါက အထိအခိုက်အကျအဆုံး မည်မျှရှိမည်ကို တွေးကြည့်လျှင်ပင် မဝံ့ရဲစရာဖြစ်နေသည်။

နေ့စဉ်နေ့တိုင်းပင် ဆရာမကြီး တင့်ရှန်နှင့် တင့်ရီတို့ထံမှ ပို့လွှတ်မည့် ဆက်သားကို လင့်ဟူချုံး တစ်ယောက်စောင့်မျှော်နေမိသည်။ သို့ရာတွင် မည်သည့်ဆက်သားမျှမလာ။ မည်သည့်သတင်းမျှ မရချေ။ တဖြည်း ဖြည်းနှင့်သူတို့တပ်မကြီးသည် ရှောင်လင်ဘုရားကျောင်းနှင့် မိုင်ပေါင်း ငါးဆယ်ခန့်သာ ကွာဝေးတော့သည်။

သူတို့ချီတက်လာသော သတင်းမှာလည်း သိုင်းလောကတစ်ခုလုံး သောင်းသောင်းညံလျက်ရှိနေပေပြီ။ သို့သော် ရှောင်လင်ဂိုဏ်းဆီမှ မည်သည့်လှုပ်ရှားမှုမျှ မတွေ့ရချေ။ ငြိမ်သက်နေသော ရေပြင်၏အနက်ကို မှန်းဆရန် ခက်သည် ဆိုသကဲ့သို့ ရှောင်လင်ဂိုဏ်း၏ ငြိမ်သက်နေမှုသည် ကြီးမားသောအန္တရာယ် အရိပ်အယောင်များကို ပြသလျက်ရှိနေသည်ဟု လင့်ဟူချုံးတွေးမိသည်။ ရှောင်လင်ဂိုဏ်းသည် အလွန်ပြည့်စုံလှသော စစ်ပြင်ဆင်မှု အမျိုး မျိုးကို အဆင်သင့် ပြင်ဆင်ထားပြီးလောက်လေပြီ။

ယင်းကြောင့် သူ့သဘောနှင့်သူမလုပ်တော့ပဲ အသက်ကြီးပြီး အတွေ့အကြုံများပြားသော လောင်ထို၊ ကျူချုန်း၊ စသော ဝါရင့်သိုင်းသမားကြီးများနှင့် လင့်ဟူချုံးက တိုင်ပင်ဆွေးနွေးသည်။ ယင်းဆွေးနွေးပွဲမှ ထွက်ပေါ် လာမည့် ဆုံးဖြတ်ချက်များကိုသာ တပ်ပေါင်းစု သိုင်းသမားများက လိုက်နာရမည်ဖြစ်သည်။

ထိုညတွင် ကင်းအထပ်ထပ်ချ၍ အိပ်စက်ကြသည်။ အလစ်တိုက်ခိုက်ခြင်းခံရမည့်ဘေးမှ ကာကွယ်ရန်ပင် ဖြစ်တော့သည်။ အားလုံးကို ကြက်အိပ်ကြက်နိုးသာ အနားယူကြရန် လင့်ဟူချုံးက တပ်လှန့်ထားသည်။

အချို့သော သိုင်းသမားများမှာ အိပ်စက်ခြင်းအလျဉ်းမရှိပဲ သူတို့၏ ဓါးလှံလက်နက်များကို သွေးနေကြ သည်။ ထိုလူများကိုကြည့်ရင်း လင့်ဟူချုံးတစ်ယောက်တည်း တွေးနေမိသည်မှာ ...

"အင်း ... ဒီလူတွေအားလုံးကို ဘုရားကျောင်းပေါ်ခေါ်မသွားပဲ ငါတစ်ယောက်တည်း အရင်သွားပြီးတော့ ကျောင်းထိုင်ဆရာတော်ကြီး ဖန်းတင်း၊ ဆရာတော်ကြီး ဖန်းဆန်းတို့နဲ့ သွားတွေ့ရင် မကောင်းဘူးလား။ သိပ်ပြီးတော့ ရတ်ရတ်သဲသဲ မဖြစ်တော့ဘူးပေါ့"

သို့သော်ချက်ချင်းပင် အချက်တစ်ချက်ကို သတိရလိုက်မိသည်။

"မဖြစ်သေးဘူး။ တကယ်လို့ ရှောင်လင်ဂိုဏ်းက သဘောထားပြောင်းပြီး ငါ့ကိုဝိုင်းတိုက်ရင် ဘယ်လိုလုပ် မလဲ ... ငါသေတာ ရှင်တာကို ထားလိုက်ပါတော့။ ငါသာမရှိတော့ရင် ဒီလူအုပ်ကြီးကို ခေါင်းဆောင်မယ့်လူ မရှိ ဖြစ်သွားမယ်။ အဲဒါဆိုရင် နောက်ထပ်ခေါင်းဆောင်ရွေးရင်းနဲ့ သတ်ကြဖြတ်ကြဖြစ်ဦးမယ်။ ရှောင်လင်ဂိုဏ်းရဲ့ အကွက်ထဲ ဝင်သွားမှာပေါ့။ အားလုံး ပြုတ်ပြုတ်ပြုန်း ကုန်တော့မှာပဲ"

ရှေ့ရေးကိုတွေးလိုက်မိသော လင့်ဟူချုံးမှာ အလွန်စိုးရိမ်ပူပန်သွားမိသည်။ နောက် ကျန်သေးသည့် အချက် တစ်ခုကား လင်းလင်းပင်ဖြစ်သည်။ လင့်ဟူချုံး၏ မျက်စိထဲတွင် တကွဲတပြားစီဖြစ်နေသော လူအုပ်ကြီးသည် လင်းလင်းအား ကျောခိုင်းလျက် ကြောက်အားလန့်အားဖြင့် အော်ဟစ်ပြေးလွှားနေသည်ကို မြင်ယောင်လာတော့သည်။

"ငါသာမရှိခဲ့ရင် လင်းလင်းကိုကယ်နိုင်ဖို့ မလွယ်တော့ဘူး။ ဒီလူတွေဟာ ရဲရဲတောက် စစ်သည်တွေ ဖြစ်တာ မှန်တယ်။ သတ္တိရှိတယ်။ လက်ရုံးရည်ရှိတယ်။ ဒါပေမယ့် သူတို့မှာ နှလုံးရည်မရှိကြဘူး။ ဒီတော့ သူတို့အားလုံးကို သည်အတိုင်းသာ လွှတ်ပေးလိုက်ရင် ရှောင်လင်ကျောင်းတော် ပရိဝုဏ်အထဲမှာ ကျဆုံးကြမှာ သေချာသလောက်ပဲ။ ဒီလိုတော့ မဖြစ်ဘူး။ ငါအသေခံလို့ မဖြစ်ဘူး။ လင်းလင်းကို မရရအောင် ငါကယ်ရမယ်"

တဖြည်းဖြည်း စိတ်ဓါတ်နှင့် သတ္တိများ ဆူဝေလာသဖြင့် လင့်ဟူချုံးက အံကို တင်းတင်းကြိတ်ပြီး ရှောင်လင်ကျောင်းတော် ရှိရာဖက်သို့ မျှော်ကြည့်လိုက်သည်။

* * *

## ရှောင်လင် ဘုရားကျောင်းတွင် ပိတ်မိခြင်း

ရှောင်ဆက်တောင်တန်း။

ရှောင်ဆက်တောင်တန်းပေါ်တွင် နှစ်ပေါင်းရာနှင့်ချီ၍ သက်တမ်းရှိ ရှောင်လင်ဘုရားကျောင်းကြီး တည်ရှိ သည်။

တပ်ပေါင်းစုကြီး ရှောင်ဆက်တောင်ခြေသို့ တစုတဝေးကြီး ဆိုက်ရောက်လာချိန်တွင် တွေ့ရသော မြင်ကွင်း ကြောင့် လင့်ဟူချုံးမှာ အလွန်တရာ အံ့သြသွားမိသည်။ လင့်ဟူချုံးတို့၏ နောက်တွင် မြောက်မြားစွာသော လူများ ပါလာသည် မဟုတ်ပါလား။ သူ့စိတ်ထဲတွင် ဤတပ်မကြီးထဲမှ လူများမှာ အောက်လမ်းဂိုဏ်းသားများ အကုန်ပင် ဖြစ်သည်ဟု လင့်ဟူချုံး၏စိတ်တွင် ထင်မှတ်ခဲ့သည်။ ယခုတော့ သူ့အထင်မှားမှန်း သိလိုက်ရချေပြီ။

ရှောင်ဆက်တောင်ခြေဝန်းကျင်၌ တစ်ဦးချင်း၊ တစ်ဖွဲ့ချင်းလာကြသော အောက်လမ်းဂိုဏ်းသားများကို တွေ့ရှိရပြန်သည်။ ဟူပါးတောင်ကုန်းထိပ်တွင် တစ်ခါသာမြင်ဖူးသော သိုင်းသမားများကို ယခုနောက်တစ်ကြိမ် တွေ့ရ သည်။ မည်မျှအထိ လူစုံသနည်းဆိုသော် အဆိပ်ဒေဝီ လန်ဖုန်းဖုန်းကိုပင်တွေ့ရသည်။

တပ်ပေါင်းစု သိုင်းသမားများသည် ဤလူများကို တွေ့လိုက်ရသောအခါ စိတ်ဓါတ်တက်ကြွလာပြီး အောင်စည် အောင်မောင်းများကို အဆက်မပြတ် တီးခတ်ကြလေတော့၏။ အတန်ကြာ တီးခတ်လိုက်သည့်တိုင် ရှောင်လင်ဘုန်းကြီး ဟူ၍ တစ်ပါးတစ်လေမျှ ထွက်လာခြင်း မတွေ့ရချေ။

သည်တွင် အောင်စည်အောင်မောင်းများ တီးခတ်ခြင်းကို ရပ်ဆိုင်းစေလိုက်ပြီး လင့်ဟူချုံးက ရှောင်လင် ကျောင်းတိုက်အတွင်းသို့ လှမ်းစကားပြောလိုက်တော့သည်။

"တပည့်တော် လင့်ဟူချုံးပါ။ သိုင်းလောကက မိတ်ဆွေအပေါင်းအသင်းတွေနဲ့အတူ ဆရာတော်ကြီးများကို တွေ့ဆုံဖို့ ရှောင်လင်ကျောင်းကို ရောက်နေပါပြီ။ အရှင်ဘုရားတို့ထဲက ကိုယ်တော် တစ်ပါးပါးလောက် ဆွေးနွေးဖို့ အပြင်ကို ထွက်ခဲ့ပါလို့ လျှောက်ထားတောင်းပန်ပါတယ်ဘုရား"

လင့်ဟူချုံး၏ အသံမှာ ကျယ်လောင်လှသည် မဟုတ်သော်ငြား အတွင်းအားထုတ်လျက် ပြောလိုက်ခြင်း ကြောင့် ဘုရားကျောင်းအတွင်းမှ မကြားနိုင်စရာမရှိချေ။ သို့သော် ကျောင်းဝင်းအတွင်းမှ ရှောင်လင်ဘုန်းကြီး တစ်ပါးတစ်လေမျှ ထွက်လာခြင်းမရှိပါ။ အရိပ်အယောင်ကလေးမျှပင် မတွေ့ကြရပေ။ ဘုရားကျောင်းဝင်းကြီး တစ်ခုလုံး တိတ်ဆိတ် ငြိမ်သက် နေတော့သည်။

လင့်ဟူချုံးက နောက်တစ်ကြိမ် အော်ဟစ်လိုက်ပြန်သည်။ သည်တွင်လည်း တုံ့ပြန်မှု မရှိချေ။

"နောင်ကြီး ကျူချန်း … အခုပဲ ဖိတ်စာတစ်စောင် ရေးလိုက်မယ်။ နောင်ကြီးကိုယ်တိုင် တံခါးခေါက်ပြီး သွားပေး၊ ပေးမလား"

"ဟုတ်ကဲ့ဆရာလေး … ကျွန်တော်သွားပေး၊ ပေးပါ့မယ်"

ဤသို့ဖြင့် ဘူးနီလေးတစ်လုံးအတွင်းသို့ ဖိတ်စာကိုထည့်ပြီး ရှောင်လင်ကျောင်း၏ တံခါးမကြီးရှိရာသို့ လျှောက်သွားကာ ကျူချန်းက တံခါးမကြီးကို ခေါက်လိုက်သည်။ သို့သော် မည်သည့်တုံ့ပြန်သံမျှ မကြားရချေ။ နောက်ဆုံးတွင် စိတ်မရှည်တော့သော ကျူချန်းက တံခါးမကြီးကို တွန်းလိုက်သောအခါ အလွယ်တကူပင် ပွင့်သွား တော့သည်။ အတွင်းသို့ လှမ်း၍ကြည့်လိုက်သောအခါ ဘုန်းတော်ကြီး တစ်ပါးတစ်လေမျှ မတွေ့ရသည့်အပြင် ပုန်းကွယ်

နေသည့် လက္ခဏာလည်း မတွေ့ရချေ။

ကျူချန်းသည် အတွင်းသို့ လှမ်းဝင်ရန်ကိုမူ တွန့်ဆုတ်သွားကာ ချက်ချင်းပင်လှည့်ပြီး လင့်ဟူချုံးအား အကြောင်းကြားလိုက်တော့သည်။ ကျူချန်းပြောသည့် စကားများကို ကြားလိုက်ရသောအခါ လင့်ဟူချုံးမှာ သူ့နားပင် သူမယုံပဲ ဖြစ်နေတော့သည်။ ယခုချီတက်လာသည့် လူများထက် သိုင်းပညာတော်သော်ငြား ဤကဲ့သို့သော ကိစ္စမျိုးတွင် မည်သို့မည်ပုံ ဆောင်ရွက်ရမည်ကို မဆုံးဖြတ်တတ်အောင်ဖြစ်နေတော့၏။

ထောင်ကန်းက ...

"ဟားဟား ... ရှောင်လင်ဘုန်းကြီးတွေအားလုံး ထွက်ပြေးကုန်ပြီကိုး။ ငါတို့ မြန်မြန်လိုက်တိုက်မယ်ဆိုရင် မီနိုင်သေးတယ်"

ကျိဟူကမူ ...

"အပြင်ကနေ အရမ်းဆုံးဖြတ်နေလို့ မဖြစ်ဘူး။ ကျောင်းဝင်းထဲမှာ ဘာတွေဖြစ်နေတယ် ဆိုတာကို ဝင်ကြည့်ကြဦးမှဖြစ်မယ်။ မျက်မြင်တွေ့တော့မှ ဘာဆက်လုပ်ရမလဲ ဆုံးဖြတ်ကြတာပေါ့"

လင့်ဟူချုံးက ...

"ကောင်းပြီ။ ကျုပ်ရယ်၊ ခင်ဗျားရယ်၊ လောင်ထိုရယ်၊ ကျူချန်းရယ်၊ ဝမ်ပေ့ရယ်၊ ငါးယောက် အရင်ဆုံး ဝင်ကြည့်မယ်။ ကျန်တဲ့လူတွေတော့ အပြင်မှာပဲစောင့်နေကြပေါ့။ နောက်ထပ် အမိန့်မရမချင်း ဘာမှလှုပ်ရှားမှုမလုပ်ရဘူးဆိုတာ တိတိကျကျပြောပြကြပါ။ ရှောင်လင်ဘုန်းကြီး တစ်ပါးတစ်လေတွေ့ခဲ့ရင်တောင် ဘာမှ ထိခိုက်အနာတရ ဖြစ်အောင်မလုပ်ရဘူး။ တွေ့သမျှပစ္စည်းတွေကို သူ့အတိုင်းပဲရှိပါစေ။ လုံးဝမဖျက်ဆီးရဘူး"

လင့်ဟူချုံး၏အမိန့်ကို အုပ်စုခေါင်းဆောင်များမှတဆင့် တပ်ပေါင်းစု သိုင်းသမားများအားလုံးကို ကြားသိစေလိုက်သည်။ ထိုအချိန်တွင် လင်းလင်းအတွက် လွန်စွာစိတ်ပူနေသော လင့်ဟူချုံးသည် ကျောင်းဝင်းအတွင်းသို့ ဝင်ရောက်သွားပြီဖြစ်သည်။

လှေကားထစ်များကို ခုန်လွှားကျော်တက်လာခဲ့သော လင့်ဟူချုံးသည် အရှေ့ဖက်အဆောင်သို့ ရောက်လာ သည့်တိုင် ဘာကိုမျှမတွေ့ရချေ။ ဘုန်းကြီးလည်း တစ်ပါးမျှမတွေ့ရ။ ဤသို့ဖြင့် အလယ်ဆောင်သို့ ရောက်လာ သည်။ ဘုရားဆင်းတုတော်ကြီးများနှင့် ဖုန်မှုန့်များသာ တွေ့ရ၏။

ကျူချန်းက ...

"တကယ်ပဲ ရှောင်လင်ဘုန်းကြီးတွေအားလုံး ထွက်ပြေးကုန်ပြီလား။ တစ်ပါးမှမတွေ့ရတာ အံ့သြစရာ ကောင်းလိုက်တာ"

သူတို့ငါးယောက်စလုံး ငြိမ်သက်စွာ ရပ်လိုက်ကာ အသံဗလံများကို နားထောင်လိုက်သည်။ သို့သော် မည်သည့်အသံမျှ မကြားရချေ။ မည်ကဲ့သို့ ဆက်စပ်တွေးတောရမည်မှန်းလည်း မသိနိုင်တော့ပေ။ ဤမျှ ကြီးမားသော ကျောင်းဝင်းကြီးအတွင်း လူဟူ၍ တစ်ဦးတစ်ယောက်မျှ မတွေ့ရသောအခါ လင့်ဟူချုံးတို့ငါးဦးစလုံး ထိတ်လန့်လာတော့၏။ ရှောင်လင်ဘုန်းကြီးများသည် လင်းလင်းကို မည်ကဲ့သို့ စီရင်လိုက်မှန်း မသိကြရတော့ပေ။ လွန်စွာ ရင်ထိတ်စဖွယ် ကောင်းလှသော အခြေအနေပင်တည်း။

ဤသို့ဖြင့် ဆက်လျှောက်လာခဲ့ကြရာ အနောက်ဆောင်သို့ ရောက်လာကြသည်။ ရှေ့ဆုံးမှ လျှောက်သွားနေသော လင့်ဟူချုံးသည် ရုတ်ခြည်းပင် ရပ်လိုက်ပြီး သူ့နောက်မှလူအားလုံးကိုလည်း ရပ်တန့်ရန် အချက်ပေးလိုက်သည်။ သူ့လက်မှာ နံရံဘေး အခန်းတစ်ခုကို ညွှန်ပြနေသည်။

ငါးယောက်စလုံး ထိုအခန်းဘေးသို့ အလျင်အမြန်ပြေးကပ်ကာ နားထောင်လိုက်ရာ အတွင်းမှ ညည်းညူသံများ ကြားလိုက်ရသည်။ လင့်ဟူချုံးက အခန်းတံခါးကို တွန်းဖွင့်လိုက်ပြီး လျှို့ဝှက်လက်နက်များ၏ရန်မှ လွတ်ကင်းရန် ဘေးသို့ကပ်နေလိုက်သည်။ သို့သော် မည်သည့် လက်နက်မျှ ထွက်မလာချေ။

အခန်းတွင်းသို့ ခေါင်းပြူချောင်းကြည့်လိုက်သော လင့်ဟူချုံးမှာ အကြီးအကျယ် တုန်လှုပ်ချောက်ခြား သွားတော့သည်။ သူမြင်တွေ့လိုက်ရသည့် မြင်ကွင်းမှာကား ...

မယ်သီလရင်ကြီးနှစ်ပါးသည် အခန်းတွင်းတွင် လဲကျလျက်ရှိနေသည်။ အခန်းပြင်ဖက်သို့ မျက်နှာမူကာ လဲနေသူမှာ တင့်ရီမယ်သီလရင်ကြီး ဖြစ်တော့သည်။ သူမ၏မျက်နှာတွင် သွေးရောင်ဟူ၍ မရှိတော့။ မျက်စိလည်း မှိတ်ထား၏။ အသက်ရှိတော့ဟန်မတူပေ။

လင့်ဟူချုံးမှာ တုံ့ဆိုင်းမနေနိုင်တော့ပဲ ခုန်ဝင်သွားလေတော့၏။ ကျိဟူက အော်ဟစ်ကာ သတိပေးလိုက်သည်။

"ဆရာလေး ... သတိထား"

သူတို့လည်း ချက်ချင်းလိုလို ခုန်ဝင်လာကြသည်။

လင့်ဟူချုံးက တစ်ဖက်မှ မယ်သီလရင်ကြီးကို ကြည့်လိုက်သည်။ သူထင်သည့်အတိုင်းပင် တင့်ရှန် မယ်သီလရင်ကြီး ဖြစ်နေတော့သည်။ လင့်ဟူချုံးက စိုးရိမ်ကြီးစွာဖြင့် အော်ခေါ်လိုက်သည်။

"ဆရာမကြီး ... ဆရာမကြီး"

တင့်ရှန်မယ်သီလရင်ကြီးမှာလည်း မျက်စိများကို မှေးမှိတ်ထားသည်။ အစပထမတွင် သူမ၏ မျက်လုံးများ သည် အရောင်ဟူ၍မရှိတော့အောင် မှေးမှိန်နေသော်လည်း လင့်ဟူချုံးကို မမျှော်လင့်ပဲ တွေ့လိုက်ရသည့်အခါတွင်မူ ဝမ်းသာ သယောင် တောက်ပလာသည်။

နှုတ်ခမ်းများလည်း တုန်တုန်ယင်ယင်ဖြစ်လာသည်။ စကားပြောရန် ကြိုးစားနေသည်မှာ ထင်ရှားသည်။ သို့သော် နှုတ်ခမ်းများ လှုပ်လှုပ်ရွရွ ဖြစ်လာသည်မှအပ အသံထွက်မလာချေ။ တင့်ရှန်မယ်သီလရင်ကြီး၏ နားသို့ ကပ်ကာ လင့်ဟူချုံးက ညင်သာစွာပြောလိုက်သည်။

"ဆရာမကြီး ... ကျွန်တော် လင့်ဟူချုံးပါ"

တင့်ရှန်မယ်သီလရင်ကြီး၏ နှုတ်ခမ်းများမှာ ထပ်မံလှုပ်ရှားသွားပြန်သည်။ အလွန်အားတင်းပြီးပြောရသည်။ သည်တစ်ကြိမ်တွင်တော့ အသံအနည်းငယ်ထွက်လာသည်။

"မင်း ... ငါ့ကို ... ကတိတစ်ခု ... ပေးပါ"

လွန်စွာအရေးကြီးသည့်အချိန် ဖြစ်နေသဖြင့် စဉ်းစားရန် အချိန်မရတော့ပဲ လင့်ဟူချုံးက ကမန်းကတန်းပြော လိုက်သည်။

"ဟုတ်ကဲ့ပါ ဆရာမကြီး ... ပြောသာပြောပါ"

သည်ဆရာမကြီးနှစ်ယောက် ဤသို့ အဖြစ်ဆိုးကြုံရခြင်းမှာ မိမိအတွက်ကြောင့်ဖြစ်လေရာ အကျိုးအကြောင်း အဆိုး အကောင်း စဉ်းစားနေရန်မလိုဟုလည်း ပိုင်းဖြတ်မိသည်။ သူ့အနေဖြင့် ဆရာမကြီးများကို ခင်မင်မိနေပြီ ဖြစ်သဖြင့်လည်း လင့်ဟူချုံးမှာ မျက်ရည်ဖြိုင်ဖြိုင်ကျလာတော့သည်။

တင့်ရှန်မယ်သီလရင်ကြီးက ပြောလိုက်သည်မှာ ...

"မင်း ... ငါတို့ ဟန်ဆန်းဂိုဏ်းရဲ့ ဂိုဏ်းချုပ်အဖြစ် ဆောင်ရွက်ရမယ်"

ထိုစကားကို ကြားလိုက်ရသော လင့်ဟူချုံးမှာ အကြီးအကျယ် တုန်လှုပ်သွားလေတော့သည်။

"ဆရာမကြီး ... ကျွန်တော်က ယောက်ျားလေးပဲ။ ဟန်ဆန်းဂိုဏ်းချုပ်နေရာကို ဘယ်လိုဆက်ခံနိုင်မှာလဲ။ ဒါပေမယ့် စိတ်ချပါ။ ဟန်ဆန်းဂိုဏ်းကို အမြဲတမ်း ကြည့်ရှုစောင့်ရှောက်ပေးမှာပါ"

တင့်ရှန်မယ်သီလရင်ကြီးက ဦးခေါင်းကို ခါယမ်းရင်း ...

"ဟင့်အင်း .. မဖြစ်ဘူး ... မဖြစ်ဘူး ... ဟန်ဆန်းဂိုဏ်းချုပ်လုပ်ဖို့ မင်းကသဘောမတူရင် ငါဘယ်လိုမှ အသေဖြောင့်မှာမဟုတ်ဘူး ... မင်းဆုံးဖြတ်ပါ ... ငါအသေမဖြောင့်စေချင်ရင်တော့ မင်းရဲ့သဘောပါပဲ"

သူမမျှော်လင့်ထားသောကိစ္စဖြစ်သဖြင့် လင့်ဟူချုံးမှာ မည်သို့ဆုံးဖြတ်ရမှန်း မသိပဲဖြစ်နေ၏။ သူ့အဖို့ အလွန်တရာ ဆုံးဖြတ်ရန် ခက်ခဲသည့်အခြေအနေပင်။ သို့သော် ယခုအချိန်တွင် ဆရာမကြီးမှာ အသက်ထွက်လုနီး ပါးဖြစ်နေချေပြီ။ ယင်းကြောင့် လင့်ဟူချုံးက သူမစိတ်ကို ဒုံးဒုံးချသွားနိုင်စေရန် ပြောလိုက်သည်။

"ဆရာမကြီး ... စိတ်ချပါ။ ကျွန်တော် ဟန်ဆန်းဂိုဏ်းရဲ့ ဂိုဏ်းချုပ်အဖြစ်ဆောင်ရွက်ဖို့ သဘောတူပါတယ်"

တင့်ရှန်မယ်သီလရင်ကြီးက ပြုံးလိုက်ပြီး ...

"ကျေးဇူးတင်လိုက်တာ ... ငါ ... ငါ့တပည့်တွေအတွက် ရင်မအေးနိုင်ပဲဖြစ်နေခဲ့ရတာ။ အခုတော့ စိတ်အေး နိုင်ပါပြီ"

လင့်ဟူချုံးက ကမန်းကတန်း မေးလိုက်သည်။

"ဆရာမကြီးကို ဘယ်သူသတ်သွားတာလဲ ... ပြောပါ ... ဆရာမကြီးအတွက် ကျွန်တော် လက်စားချေပေးပါ့မယ်"

တင့်ရှန်မယ်သီလရင်ကြီးသည် လင့်ဟူချုံးကို ထူးဆန်းစွာစိုက်ကြည့်လိုက်ပြီး မချိတင်ကဲပြုံးလိုက်သည်။ ပြီးမှ လေသံဖြင့်...

"မင်း ... မသိချင် ... ပါနဲ့တော့"

စကားဆုံးသည်နှင့် သိမ်မွေ့နူးညံ့လှသော ဟန်ဆန်းဂိုဏ်းချုပ် တင့်ရှန်မယ်သီလရင်ကြီး ကွယ်လွန်သွားလေ

တော့သည်။ သူ့တစ်သက်တာ၌ မကြေကွဲစဖူး ကြေကွဲစွာခံစားလိုက်ရပြီး လင့်ဟူချုံးက ချုံးပွဲချငိုကြွေးလိုက်တော့သည်။

လူကြမ်းများဖြစ်ကြသော လောင်ထိုတို့ပင် လင့်ဟူချုံးကိုကြည့်ရင်း ဝမ်းနည်းသွားကြသည်။ လောင်ထိုက ...

"ဆရာလေး ... ဒီဆရာမကြီးတွေအတွက် ကျုပ်တို့ကလက်စားချေပေးရမယ်။ အခုတော့ ရှောင်လင်ဘုန်းကြီးတွေ ထွက်ပြေးသွားကြပြီ။ ... ထွက်ပြေးကြပါစေ။ ဒီကျောင်းကြီးကို ပြာကျသွားအောင် မီးရှို့ပစ်မယ်"

လူငယ်ဖြစ်သော လင့်ဟူချုံးမှာ ဆရာမကြီးနှစ်ယောက်အတွက် လွန်စွာနာကြည်းနေသဖြင့် ချက်ချင်းပင် ...

"ဟုတ်တယ်။ ပြာကျသွားအောင် လုပ်ပစ်မယ်။ ရှောင်လင်ကျောင်းဆိုတာ ဒီမြေပေါ်မှာမရှိစေရဘူး"

သို့ရာတွင် ကျိဟူက တားမြစ်လိုက်သည်။

"မဖြစ်သေးဘူး။ ... တကယ်လို့ နေမင်းသမီးတော်ကလေးကို သူတို့က ဒီကျောင်းဆောင်ထဲမှာ ထည့်ထားရင် ဘယ့်နှယ်လုပ်မလဲ။ နေမင်းသမီးတော်ကလေး မီးသင့်ပြီးသားဖြစ်သွားမှာပေါ့"

ထိုစကားကိုကြားမှ ဆူပွက်နေသော လင့်ဟူချုံး၏သွေးများ အေးခဲသွားပြီး ...

"ကဲ .. ခင်ဗျားတို့ ခေါင်းအေးအေးနဲ့ စဉ်းစားပေးကြပါဦးဗျာ"

ကျိဟူက ဆက်၍ ...

"အခု ကျုပ်တို့လုပ်သင့်တာက ကျောင်းဝင်းအပြင်က ရဲဘော်တွေခေါ်ပြီးတော့ ရှောင်လင်ကျောင်းကြီးကို သေသေချာချာ စေ့စေ့စပ်စပ် ရှာရမယ်။ ဒါမှ နေမင်းသမီးတော်ကလေးကို တွေ့နိုင်မယ်"

လင့်ဟူချုံးက ...

"ကောင်းတယ်။ ခင်ဗျားပဲ အပြင်က ရဲဘော်တွေကို သွားခေါ်ပေးပါ"

ကျူချန်းက ...

"အံ့ဖွယ်ခြောက်ယောက်ကိုတော့ မခေါ်ခဲ့နဲ့နော်။ သူတို့လာငြင်းနေရင် ဘာမှမရှာနိုင်ပဲဖြစ်နေမယ်"

ကျိဟူခုန်ထွက်သွားသောအခါ လင့်ဟူချုံးက ဆရာမကြီးနှစ်ပါး၏ရုပ်ကလာပ်ကို အခန်းထဲရှိ ကုတင်ပေါ် တင်လိုက်ပြီး ဒူးထောက်ကန်တော့လိုက်၏။

"ဆရာမကြီးတို့ ... ကျွန်တော် လင့်ဟူချုံး ကတိပြုပါတယ်။ ဆရာမကြီးတွေကိုသတ်ခဲ့တဲ့ လူသတ်သမားကို မတွေ့တွေ့အောင်ရှာပြီး လက်စားချေပေးပါ့မယ်။ ဟန်ဆန်းဂိုဏ်းကိုလည်း တိုးတက်သထက် တိုးတက်အောင် ဆောင်ရွက်ပါ့မယ်။ ဆရာမကြီးတို့ ရောက်လေရာဘဝကနေ ကျေနပ်နိုင်ပါစေ"

ဆရာမကြီးနှစ်ပါး၏ကိုယ်ပေါ်တွင် ထင်ရှားသောဒဏ်ရာဟူ၍မတွေ့ရချေ။ သို့သော် အကျီများကိုလှန်လှော၍ ရှာရန်မှာ မကြည့်ကောင်းသည့်အတွက် သေချာတော့မရှာနိုင်ချေ။ ရန်သူ၏ လက်ဝါးစောင်းအားလှိုင်းဒဏ်ကို ခံလိုက်ရသည်လောမဆိုနိုင်။

ထိုအခိုက်တွင် အပြင်ဖက်မှ ရဲဘော်နှစ်ရာ ဝင်ရောက်လာပြီး လူစုခွဲကာ အဆောင်တိုင်း၊ အခန်းတိုင်းကို ပိုက်စိပ်တိုက် ရှာဖွေကြလေတော့၏။ ထိုစဉ် အပြင်ဖက်မှ လူတစ်ယောက်က အော်ပြောလိုက်သည်။

"လင့်ဟူချုံး ... ဘယ်လိုလဲကွ။ မင်းက ခွဲခြားခွဲခြားမလုပ်ပါနဲ့။ ငါတို့ကိုတော့ ပေးမဝင်ဘူး။ ... ဒါဆိုရင် ငါတို့က ပိုတောင်ဝင်ချင်သေးတယ်။ ကဲ .. အခု ငါတို့ဝင်လာတော့ ဘာတတ်နိုင်သေးသလဲ"

ထောင်ဝါးပင်တည်း။ လင့်ဟူချုံးမှာ မျက်မှောင်တစ်ချက်ကုတ်သွားတော့၏။ သို့သော် မည်သို့မျှပြန်မပြောပဲ ငြိမ်နေလိုက်သည်။ အငြင်းအခုန်လုပ်နေပါက လင်းလင်းကို ရှာဖွေနိုင်မည်မဟုတ်ချေ။

ထောင်ကန်းက ...

"ဒီလောက်နာမည်ကြီးတဲ့ ရှောင်လင်ကျောင်းကိုရောက်ပြီးမှ အထဲဝင်မကြည့်ရဘူးဆိုရင် ဘယ်လောက်ရင်နာ စရာကောင်းလိုက်မလဲ။ အခုဆိုတော့ ရှောင်လင်ကို ရောက်ရကျိုးနပ်ပြီပေါ့"

ထောင်ဝါးက ...

"အင်မတန် နာမည်ကြီးတဲ့ ဘုရားကျောင်းထဲ ရောက်တာတော့ ဟုတ်ပါပြီ။ ဒါပေမယ့် ရှောင်လင်ဘုန်းကြီး တစ်ပါးမှမတွေ့ရတာ ရင်နာစရာပဲပေါ့"

ညီအစ်ကိုခြောက်ယောက်သည် အပြန်ပြန်အလှန်လှန်ပြောရင်း တစ်ခန်းဝင်တစ်ခန်းထွက် လျှောက်သွားနေကြ တော့၏။ သူတို့ကို အားလုံးက ဘေးမဲ့လွှတ်ထားကြတော့သည်။

များမကြာမီပင် ရှာဖွေသူများ သတင်းပို့လာကြသည်။ ရှောင်လင်ကျောင်းအတွင်း၌ လူဟူ၍ တစ်ယောက်မျှ မရှိ။ ကျမ်းစာအုပ်ဆောင်တွင်လည်း စာအုပ်တစ်အုပ်မျှမရှိ။ ဆန်၊ ဆီ၊ ဆား စသည့် ရိက္ခာနှင့်တူသည့်အရာလည်း မရှိ။

အနောက်ဖက် ခြံကျယ်ကြီးအတွင်း၌ စိုက်ပျိုးထားသော ဟင်းသီးဟင်းရွက်များကအစ အားလုံး နုတ်ယူသွား ပြီးဖြစ်သည် ဆိုသည့်သတင်းပင်ဖြစ်သည်။

လင့်ဟူချုံး၏ စိတ်များ လေးလံလာတော့၏။

"ဘယ်လိုဖြစ်တာပါလိမ့်။ သူတို့က ဒီလိုပစ္စည်းတွေတောင် အားလုံးယူသွားတယ်ဆိုတော့ လင်းလင်းကိုလည်း ဘယ်ထားခဲ့မလဲ။ သူတို့နဲ့ အတူခေါ်သွားမှာပဲ၊ ဆက်ရှာနေလည်း မတွေ့နိုင်ဘူး"

လေးလံသောစိတ်များဖြင့် တွေဝေငေးမောနေသော လင့်ဟူချုံး၏ဘေးတွင်ကား တပ်ပေါင်းစု ရဲဘော်များသည် ကျေနပ်အားရနေကြသည်။

"ရှောင်လင်ဆိုတာ သိုင်းလောကမှာ နံပါတ်တစ်ဆို၊ အခုတော့ ဘယ်မှာဟုတ်လို့လဲ။ ငါတို့ရောက်လာတော့ ပြေးလိုက်ကြတာ အရိပ်တောင်မမြင်ရဘူး"

"ဟားဟားဟား ... ဒီတစ်ခါတော့ ငါတို့ရဲ့အစွမ်းကို သိုင်းလောက က လူတွေအားလုံး သိသွားတာပေါ့။ ဘယ်ကောင်မှ ငါတို့ကို အထင်သေးရဲတော့မှာမဟုတ်ဘူး"

ထိုကဲ့သို့ တစ်ယောက်တစ်ပေါက် ဆူညံနေသော အချိန်တွင် အသံတစ်သံထွက်လာ၏။

"ရှောင်လင်ဘုန်းကြီးတွေ ထွက်ပြေးတာက အရေးမကြီးပါဘူး။ သူတို့ဖာသာ ပြေးချင်ပြေး၊ မပြေးချင်နေ။ ငါက ဂရုမစိုက်ဘူး ... ငါ့အတွက်အရေးကြီးတာက နေမင်းသမီးတော်ကလေးကို ကယ်ထုတ်ဖို့ပဲ။ ငါလာတဲ့ ရည်ရွယ်ချက်က ဘုန်းကြီးတွေကို မောင်းထုတ်ဖို့မှမဟုတ်တာ"

ထိုစကားကို ကြားရသောအခါ လူအားလုံး ငြိမ်သက်သွားကြတော့၏။ လင့်ဟူချုံးက မေးလိုက်သည်။

"ကဲ ... အခုဘယ်လိုလုပ်ပြီး ဆောင်ရွက်သင့်တယ်ဆိုတာ ဆွေးနွေးရအောင် အကြံဉာဏ်တွေပေးကြပါ"

ဝမ်ပဲ့က ...

"ကျုပ်သဘော ပြောရရင်တော့ နေမင်းသမီးတော်ကလေးကို ရှာရတာခက်တယ်။ ဘုန်းကြီးတွေကိုရှာဖို့လွယ်တယ်။ ရှောင်လင်ဘုရားကျောင်းမှာ ဘုန်းကြီးတွေ ထောင်ချီပြီးရှိနေတာပဲ။ သူတို့တစ်သက်လုံး ပုန်းနေလို့မှမရတာ။ ဒီတော့ ဘုန်းကြီးတွေကို အရင်ရှာရမယ်။ သူတို့ကိုတွေ့ရင် နေမင်းသမီးတော်ကလေး ဘယ်မှာရှိတယ်ဆိုတာ သိနိုင်ပြီပေါ့"

သူ့စကားကို နားထောင်ပြီးနောက် လင့်ဟူချုံး၏ စိတ်ထဲတွင် ပေါ်လာသော အကြံမှာကား။

"ဟုတ်တယ်။ ဘုန်းကြီးတွေကိုတွေ့ဖို့ အရေးကြီးတယ်။ ငါတို့ကသာ ဘုန်းကြီးတစ်ရာလောက် ဖမ်းထားနိုင်ရင် သူတို့နဲ့လဲဖို့ အကျပ်ကိုင်လို့ရပြီ"

ထိုစဉ် လူတစ်ယောက်၏ ကျယ်လောင်သောအသံကို ကြားလိုက်ရသည်။ ထိုအသံမှာ ကျယ်လောင်လှသဖြင့် ပတ်ဝန်းကျင်တစ်ခုလုံး တုန်ဟည်းသွားသယောင်ထင်ရ၏။

"ဒီနေ့တစ်နေ့လုံး အသားမစားရသေးဘူး။ ဗိုက်လည်းဆာလှပြီ။ ဒီဘုရားကျောင်းထဲမှာ ဘုန်းကြီးတစ်ပါးမှ မရှိတာ ခက်တယ်။ နို့မဟုတ်ရင် ဘုန်းကြီးငယ်ငယ် အသားနုနုအရွယ်လေးတွေကိုရှာပြီး ချက်စားလိုက်ရရင် သိပ်အားရှိမှာပဲ ... ဟင်း ... ဆာလိုက်တာ"

ထိုစကားကိုပြောလိုက်သူမှာ ကိုယ်လုံးကိုယ်ထည် ကြီးမားလှသော လူကြီးတစ်ယောက်ဖြစ်၏။ သူ့လိုလူမျိုး နောက်ထပ်တစ်ယောက်ရှိသေးသည်။ သူတို့ နှစ်ယောက်သည် အတူတူထိုင်နေရင်း ပြောလိုက်ကြခြင်းဖြစ်သည်။

သိုင်းလောကသားများက သူတို့ကို မြောက်ပိုင်း ဝက်ဝံကြီးနှစ်ကောင်ဟုခေါ်ကြ၏။ အသားဖြူသောလူကြီးမှာ မြောက်ပိုင်း ဝက်ဝံဖြူဖြစ်ပြီး အသားမည်းသူမှာ ဝက်ဝံမည်းဖြစ်သည်။ သူတို့ကား လူသားစားသော သိုင်းသမားများ ဖြစ်ကြသည်။

ထိုလူနှစ်ယောက်၏ ညည်းညူသံကို ကြားလိုက်ရသောအခါ တိုက်ဝံ့ခိုက်ဝံ့၊ သတ်ဖြတ်ဝံ့သော သိုင်းသမား များပင် ကြက်သီးဖြန်းဖြန်း ထ,သွားကြလေတော့၏။ အမှန်တကယ်တော့ ဤနေရာတွင်ရှိသော သိုင်းသမားတိုင်း ဆာလောင်နေကြလေပြီ။

ဝမ်ပဲ့က ...

"ရှောင်လင်ကျောင်းကတော့ တကယ့်အကြံကို ကြံလိုက်တာပဲ။ ကျုပ်တို့ ဝော်ပြတ်ပြီး ပြန်ပြေးတာကို ကြည့်ချင် တယ်နဲ့တူတယ်။ ဒါပေမယ့် သူတို့ထင်သလောက် ဘယ်လွယ်မလဲ။ ကျုပ်တို့က ဒီလောက် လွယ်လွယ် ကလေးနဲ့ ပြန်ပြေးစရာလား"

လင့်ဟူချုံးက ... "ခင်ဗျားမှာ အကြံရှိပုံရတယ်"

ဝမ်ပဲ့က "ကျုပ်တို့ရဲ့ ရဲဘော်တွေကို အုပ်စုနှစ်စုခွဲလိုက်မယ်။ တစ်စုက ရှောင်လင်ဘုန်းကြီးတွေရဲ့ ခြေရာကိုခံမယ်။ နောက်တစ်စုက တောင်ပေါ်က သိုင်းသမားတွေအတွက် ဟင်းသီးဟင်းရွက်၊ စားရေရိက္ခာတွေရှာရမယ်။ ကျန်တဲ့ သိုင်းသမားတွေကတော့ ဒီအပေါ်ကပဲ စောင့်နေရင်ရပါတယ်။"

လင့်ဟူချုံးက ... "ဒီအစီအစဉ် ကောင်းသားပဲ။ ဒီလိုဆိုရင် ရဲဘော်ငါးရာကို ရွေးချယ်ပြီး လွှတ်လိုက် ပေတော့ သူတို့ရဲ့တာဝန်က ရှောင်လင်ဘုန်းကြီးတွေကို ခြေရာခံလိုက်ဖို့။ နောက်ထပ် တစ်ဖွဲ့လည်းရွေးရမယ်။ စားရေရိက္ခာ အတွက်ပေါ့။ ဒီကိစ္စတွေကို အားလုံး ဝိုင်းလုပ်ကြတာပေါ့"

ဝမ်ပဲ့က လူရွေးရန် ထွက်သွားမည်အပြုတွင် လန်ဖုန်းဖုန်းက လှမ်းနောက်လိုက်သည်။

"ဝမ်ပဲ့ ... မြန်မြန်ပြန်လာနော်။ ကျွန်မတို့အနားမှာ ဝက်ဝံညီအစ်ကိုရှိနေတာ။ ရှင်ပြန်မလာပဲ ကြာနေရင် ဝက်ဝံညီအစ်ကို သိပ်ဆာနေလိမ့်မယ်။ စားစရာမရှိလို့ ကျွန်မတို့ကို လိုက်စားနေမှ ဒုက္ခ"

ဝမ်ပဲ့က နောက်ပြန်လှည့်ကာ တဟားဟားရယ်ရင်း ...

"ဒါတော့ မပူပါနဲ့။ ဝက်ဝံညီအစ်ကို ဗိုက်ဘယ်လောက်ပဲဆာဆာ။ ဆာလွန်းလို့ ပျော့ခွေနေပါစေ။ ခင်ဗျားကို လက်နဲ့မထိရဲစေရဘူး။ ကျုပ်တာဝန်ယူပါတယ်"

ထို့နောက် သိုင်းသမားတိုင်းလိုလို ရှောင်လင်ကျောင်းကြီး၏ အဆောင်ဆောင် အခန်းခန်းကို ဝင်ထွက် ကြည့်ရှု လေ့လာကြတော့သည်။ ကျောင်းဝင်းကြီးမှာ ကျယ်လွန်းလှသဖြင့် ကြည့်စရာများ မကုန်နိုင်အောင် ဖြစ်နေတော့သည်။ လင့်ဟူချုံးမှာတော့ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း စဉ်းစားခန်း ဝင်နေ၏။

"ဆရာမကြီး တင့်ရှန်က ဘာဖြစ်လို့ ငါ့ကို ဟန်ဆန်းဂိုဏ်းရဲ့ ဂိုဏ်းချုပ်လုပ်ဖို့ ကတိတောင်းရတာလဲ ...

ငါကယောက်ျားပဲ။ ဟန်ဆန်းဂိုဏ်းလို မိန်းမတွေချည်းရှိတဲ့ နေရာမှာ ဘယ့်နှယ်လုပ် ဂိုဏ်းချုပ်လုပ်နိုင်မလဲ ... သိုင်းလောကသားတွေ ရယ်ရလွန်းလို့ အူတက်ပြီးသေတော့မှာပဲ ... ဒါပေမယ့် ကတိပေးလိုက်ပြီးပြီ။ ကတိကို တော့ ဖျက်လို့မရတော့ဘူး ... တကယ်တော့ ငါက တစ်ကိုယ်ရေတစ်ကာယ လေလွင့်နေတာပဲလေ။ ဘယ်သူရယ် ရယ် အရေးစိုက်စရာမလိုပါဘူး။ အရေးမစိုက်ဘူး။ ဘယ်သူ့မှ အရေးမစိုက်ဘူး ..."

ဤသို့ စဉ်းစားလိုက်မိသောအခါ အားတက်သွားရသည်။ ထိုအခိုက် အဝေးမှ အော်ဟစ်သံများကို ခပ်သဲ့သဲ့ ကြားလိုက်ရ၏။ များမကြာမီပင် ဘုရားကျောင်းရှေ့ရှိ လူအုပ်ကြီးအတွင်းမှလည်း အုတ်အုတ်ကျက်ကျက် အသံများ ကြားလိုက်ရပြန်သည်။

လင့်ဟူချုံးက ကမန်းကတန်း ပြေးထွက်၍ကြည့်လိုက်သည်။ ထိပ်ဆုံးမှ ပြေးလာသူမှာ ပုခုံးတွင် မြားစိုက်ဝင်နေ သည့် ဝမ်ပဲ့ပင်တည်း။

"ခေါင်းဆောင်ကြီး .. ရှောင်လင်ဂိုဏ်းကလူတွေ တောင်ခြေကို ပိတ်ဆို့ထားတယ်။ ကျုပ်တို့တော့ အရှုံးလုပ်ခံရပြီ။ သူတို့ရဲ့ ပရိယာယ်ညွှတ်ကွင်းထဲဝင်မိပြီ။ ကျုပ်တို့ အဝိုင်းခံနေရပြီ ခေါင်းဆောင်ကြီး"

လင့်ဟူချုံးက စိတ်လှုပ်ရှားစွာဖြင့် ပြန်မေးလိုက်သည်။

"ဘာ .. ရှောင်လင်ဘုန်းကြီးတွေက ဝိုင်းထားတယ် ... ဟုတ်လား"

"ဘုန်းကြီးတွေ မဟုတ်ဘူး။ လူတွေ ... လူတွေ။ တောင်အောက်ကို ကျုပ်တို့ တစ်မိုင်လောက် ဆင်းသွား ပြီးတော့ ရှေ့ကနေ မြှားတွေထွက်လာတော့တာပဲ။ ချောင်းပြီးပစ်တာမို့ ရဲဘော်ဆယ်ယောက်လောက် ကျဆုံးသွားတယ်။ ဒဏ်ရာ ရတဲ့လူတွေ အများကြီးပဲ။ ဒီလူတွေကိုတောင် မနည်းပြန်ကယ်လာရတယ်"

စကားပြောရင်းဖြင့် ကျောင်းဝင်းရှေ့သို့ ထွက်လာရာ မြှားထိခံရသော လူနာအများအပြားကို တွေ့လိုက်ရသည်။ ဤတွင် တပ်ပေါင်းစု သိုင်းသမားထုကြီးမှာ အောက်သို့ဆင်း၍တိုက်ခိုက်ရန် ဒေါမာန်ကြီးလာကြတော့၏။

လင့်ဟူချုံးက သူတို့အား ဖျောင်းဖျရင်း ကျူချန်းအား စကားပြောစေသည်။

ကျူချန်းက ...

"ဒီပုံအတိုင်းဆိုရင် ရှောင်လင်ဂိုဏ်းကလူတွေ ကြိုတင်ထောင်ချောက်ဆင်ထားတယ်ဆိုတာ သေချာနေပြီ"

လောင်ထိုကလည်း ခေါင်းညိတ်ကာ ...

"ဟုတ်တယ်။ ကျုပ်တို့က သူတို့ထောင်ချောက်ထဲ ဝင်လာကြတာပဲ၊ ဘာမှပြောစရာ မရှိတော့ဘူး။ ကျောချမှ ခါးပြမှန်းသိတယ် ဆိုတဲ့အတိုင်းပဲ။ သူတို့အကွက်ထဲမှာ ကျုပ်တို့ လည်စင်းပေးခဲ့သလိုပဲ။ အခုတော့ ရှင်းသွားပါပြီ လေ။ ဒီဘုန်းကြီးတွေက ကျုပ်တို့အားလုံးကို ငတ်သေအောင် အစီအစဉ်လုပ်တာပဲ"

ထိုစဉ် လူအုပ်ကြီးဆီမှ အော်ဟစ်သံများ ထပ်မံကြားလိုက်ရပြန်သည်။ ရှောင်လင်ဂိုဏ်း၏ ပရိယာယ် ညွှတ်ကွင်း

တွင်း ဝင်မိပြီဟု သိရသောခဏ၌ သူတို့သည် ဆာလောင်မှုများ၊ မောပန်းမှုများ ခေတ္တပျောက်ကွယ်သွားကြပြီး ဒေါသများက မီးတောင်ပေါက်ကွဲသည့်နှယ် ထွက်လာတော့သည်။

လင့်ဟူချုံးက ...

“ရန်သူတွေရဲ့မြှားတပ်က ကြောက်စရာပဲ။ ဒီတစ်ခါ ကျုပ်တို့တိုက်မယ်ဆိုရင် အဲဒီမြှားတွေကို ကာကွယ်တဲ့ နည်းကို အရင်စဉ်းစားပြီးမှ တိုက်လို့ရမယ်”

ကျိဟူက ...

“ကျုပ်မှာ အကြံတစ်ခုရှိတယ်။ ဒီဘုရားကျောင်းဝင်းထဲက ဘုန်းကြီးတွေအိပ်တဲ့ မွေ့ရာတွေက အကောင်းဆုံး အကာအကွယ်တွေပေါ့။ မြှားတွေဖောက်မဝင်နိုင်အောင် မွေ့ရာတံတိုင်းကာပြီးတော့ တက်တိုက်ကြတာပေါ့”

အားလုံးက ထိုအကြံကို လက်ခံလိုက်ကြပြီး မွေ့ရာများကို အပြင်သို့ထုတ်လာကြသည်။

“မွေ့ရာတွေ ကိုင်ထားတဲ့လူတွေက ရှေ့ကနေဆင်းကြ။ ရှေ့တန်းကနေ အကာအကွယ်ပေးကြ”

ကျိဟူက “ခေါင်းဆောင်ကြီး ... တောင်ခြေရောက်ရင် ဘယ်မှာပြန်ဆုံကြမလဲ။ နေမင်းသမီးတော်ကလေးကို ဘယ်လိုပြန်ကယ်ကြမလဲ။ အခုကတည်းက ကြိုတင်အစီအစဉ် လုပ်ထားကြမှဖြစ်မယ်”

“နေမင်းသမီးတော်ကလေးကိုကယ်ဖို့က ဒုတိယဦးစားပေးဖြစ်သွားပြီ။ ဒီကသိုင်းသမားတွေ ထောင်ချောက်ထဲကလွတ်ဖို့က ပထမဦးစားပေးပဲ။ လွတ်သွားတဲ့သိုင်းသမားတိုင်း ကိုယ့်နေရာကိုယ်ပြန်ကြပေတော့။ နေမင်းသမီးတော်ကလေးကို ဘယ်မှာဖမ်းထားတယ်ဆိုတာ သီးခြားစုံစမ်းကြ။ သတင်းရတဲ့အခါမှ လူပြန်စုကြမယ်”

လင့်ဟူချုံးသည် တပ်ပေါင်းစုကြီးအတွင်း အဖွဲ့ခွဲများအလိုက် ပြန့်သွားတော့၏။

“ကျိဟူ ... ကျုပ်တို့ တစ်ပြုံတစ်မကြီး ဆင်းလို့မဖြစ်ဘူး။ တပ်ဖြန့်ပြီးဆင်းမှဖြစ်မယ် ... ရဲဘော်တို့ .. ကျုပ်တို့အခု တောင်ခြေကို ထိုးဖောက်ပြီးဆင်းကြမယ်။ အရပ်ရှစ်မျက်နှာလုံးကနေ ဖြန့်ဆင်းမယ်။ အားလုံး စစ်ကြောင်း ရှစ်ကြောင်းရှိမယ်။ ခင်ဗျားတို့တိုက်ရမယ့်ပုံစံကို နည်းနည်းပြောပြထားမယ် ... အခုဟာက သူတို့နဲ့ အရှုံးအနိုင် တိုက်ခိုက်ဖို့ မဟုတ်ဘူး။ ပိတ်မိခံနေရတဲ့ စည်းဝိုင်းထဲကနေ လွတ်သွားဖို့ပဲ။ ဒါကြောင့် အချိန်မဆွဲပါနဲ့။ တားဆီးနေတဲ့တပ်တွေ ပေါက်သွားတာနဲ့ အပြင်ရောက်အောင် မြန်မြန်ထွက်ကြပါ”

ဤသို့ဖြင့် စစ်ကြောင်း ရှစ်ကြောင်းသည် ကိုယ်ဆင်းရမည့် လမ်းများကို ခွဲတမ်းချ ကြတော့၏။

လင့်ဟူချုံးက ...

“တောင်ဖက်စစ်ကြောင်းက အဓိကပဲ။ ဒီတောင်ဖက်မှာ ရန်သူ့အင်အား အတောင့်တင်းဆုံးပဲ။ ဒီတော့ ကျူချုန်း၊ လောင်ထို၊ ကျိဟူနဲ့ ကျုပ် ... လေးယောက်က တောင်ဖက်စစ်ကြောင်းကို ဦးစီးမယ်။ ရန်သူတွေကို မျှားခေါ်မယ်။ ရန်သူတွေ ကျုပ်တို့ဖက်မဲလာရင် ကျန်တဲ့ဖက်တွေက ထိုးဖောက်ရတာ သက်သာသွားမှာပေါ့။ ကျန်တဲ့ စစ်ကြောင်းက ရဲဘော်တွေ လွတ်အောင်သာထွက်ကြပေတော့”

ဒေဝီဂိုဏ်းချုပ် လန်ဖုန်းဖုန်းက ဝင်ပြောလိုက်သည်။

“ကျွန်မကတော့ အစ်ကိုကြီး လင့်ဟူချုံးတို့အဖွဲ့နဲ့ပဲ လိုက်မယ်။ ဒီစစ်ကြောင်းက အင်အားတောင့်ဖို့ လိုတယ် မဟုတ်လား။ ဒါကြောင့် ကျွန်မလိုက်မယ်”

လင့်ဟူချုံးက မည်သည့်စကားကိုမျှ မပြောတော့ပဲ သူ၏ဓားကိုဆွဲထုတ်ကာ ရှေ့ဆုံးမှ ပြေးဆင်းသွားလေတော့သည်။ ထိုအခါ ကျန်လူများကလည်း ညာသံပေး၍ လိုက်လာကြတော့၏။ အတန်ကြာ ပြေးဆင်းမိသောအခါ ရှေ့ဖက်မှ ဗုံတီးသံများ ကြားလိုက်ရပြီး တောအုပ်အတွင်းမှ မြှားတံများ အဆက်မပြတ် ပြေးထွက်လာတော့၏။ လင့်ဟူချုံးက ‘ဇကရာဇ်ကိုးကွက်’ ထဲမှ မြှားဖျက်ကွက်ကို အသုံးပြုလိုက်သည်။

အရှိန်ပြင်းစွာဖြင့် လေထုကိုထိုးခွဲလာသော မြှားတံများသည် အုံ့သြဖွယ်ရာကောင်းလှစွာပင် လင့်ဟူချုံး၏ ဓားသိုင်းစက်ဝိုင်းအတွင်းသို့ လုံးဝမဝင်နိုင်ချေ။ ကျိုးပဲ့သည့်မြှားတံက ကျိုးပဲ့ကာလွင့်စဉ်ကုန်ကြသည်။ လင့်ဟူချုံးမှာ မူ ခြေလှမ်းကို တုံ့ဆိုင်းခြင်းအလျဉ်းမရှိပဲ ရှေ့သို့သာဆက်၍ ပြေးသွားလေတော့၏။

သို့သော် သူနှင့်ထပ်ကြပ်မကွာ ပြေးလိုက်လာသော လန်ဖုန်းဖုန်းထံမှ အော်သံတစ်ချက်ကြားလိုက်ရ၏။ လင့်ဟူချုံးက ရှေ့ဆက်မပြေးနိုင်တော့ပဲ ကမန်းကတန်း နောက်သို့ ပြန်လှည့်လိုက်ရကာ သူမကိုပွေ့ထူလိုက်ပြီး ...

“ညီမလေး .. ဘာမှ မစိုးရိမ်ပါနဲ့။ ငါကာကွယ်ပေးပါ့မယ်”

“ကျွန်မအတွက် မစိုးရိမ်ပါနဲ့။ ဒါဏ်ရာက အရေးမကြီးပါဘူး။ သူတို့တပ်တွေကို ဖောက်နိုင်ဖို့ အရေးကြီးတာ။ အစ်ကိုကြီးဖာသာ ပြေးဆင်းပါ”

မြွားတံသည် လန်ဖုန်းဖုန်း၏ပေါင်ကို စိုက်ဝင်နေမှန်း လင့်ဟူချုံး တွေ့လိုက်ရသည်။ ဆက်လက်၍လည်း မြွားတံများ အဆက်မပြတ်ရောက်ရှိလာသဖြင့် လင့်ဟူချုံးမှာ အနားမရပဲ သူ၏ဓားဖြင့် ကာကွယ်နေရသည်။ နောက်ဆုံးတွင် လန်ဖုန်းဖုန်းကို ဘယ်လက်ဖြင့်ပွေ့ကာ ညာလက်ဖြင့် ဓားကိုဝှေ့ယမ်းရင်း တောင်အောက်သို့ ပြေးဆင်းရတော့၏။

ထိုစဉ် ဓားတစ်ချောင်းက သူ့အား ခုတ်ချလာသည်။ တစ်ပြိုင်နက်တည်း သံတောင်ဝှေးနှစ်ချောင်းကလည်း ဘယ်ညာ ညှပ်၍ တိုက်ခိုက်လာသည်။

လင့်ဟူချုံးက သူ၏ဓားဖြင့် ပြန်လှန်တိုက်ခိုက်လိုက်ရာ ထိုလက်နက်သုံးမျိုးစလုံး လွင့်ထွက်သွား လေတော့သည်။ ထိုအခိုက် အနောက်ဖက်မှ အော်သံတစ်ချက် ကြားလိုက်ရတော့၏။ လောင်ထို၏အော်သံပင်တည်း။ သူသည်လည်း ဒါဏ်ရာ ရသွားဟန်တူပေ၏။

နောက်ဖက်သို့ လှည့်ကြည့်လိုက်သောအခါ ကျူချုန်းနှင့် ကျိဟူတို့နှစ်ယောက် နောက်ကြောင်းပြန်ပြေးသွား သည်ကို တွေ့လိုက်ရသည်။ လောင်ထိုကို သွားကယ်ခြင်းဖြစ်ဟန်တူပေ၏။

လင့်ဟူချုံးမှာလည်း လက်တစ်ဖက်က လန်ဖုန်းဖုန်းကိုပွေ့ထားရသဖြင့် စိတ်လွတ်ကိုယ်လွတ် မဟုတ်သဖြင့် နောက်ကြောင်းလှည့်ပြီး တောင်ပေါ်ပြန်တက်ရန် ဟန်ပြင်လိုက်သည်။ ထိုစဉ်မှာပင် မိန်းကလေး အော်သံတစ်သံကို ကြားလိုက်ရတော့၏။

"လင့်ဟူချုံး … ရှင်ဟာ ကြီးလေမိုက်လေဆိုတဲ့ လူစားမျိုးပါလား"

ထိုအသံကို ကြားလိုက်ရသည်တွင် ရင်ထဲ၌ ထိတ်ကနဲဖြစ်သွားကာ လင့်ဟူချုံးတစ်ယောက် နောက်ပြန်လှည့် ကြည့်လိုက်မိသည်။ အသံရှင်မှာကား သူ၏ဂိုဏ်းတူညီမလေး လိန်လိန်ပင်တည်း။ သူမ၏ဘေးတွင် လင်မိန်ကျက် ရပ်နေသည်ကိုတွေ့ရ၏။

လင့်ဟူချုံးက ဝမ်းသာအားရ အော်မေးလိုက်သည်။

"ညီမလေးပါလား။ ညီလေး လင်မိန်ကျက်လည်း နေကောင်းသွားပြီနော်။ ငါသိပ်ဝမ်းသာတာပဲ"

လိန်လိန်ကမူ နှုတ်ခမ်းကို မဲ့လိုက်ကာ …

"ဘယ်သူက ရှင့်ညီမလေးလဲ။ စကားပြောတာ ကြည့်ပြောပါ။ ကျွန်မတို့ရဲ့ဂုဏ်သိက္ခာကို မထိခိုက်ပါစေနဲ့ … အခုတော့ ရှင်က မကောင်းဆိုးဝါးဂိုဏ်းက လူဆိုးတွေကို ခေါင်းဆောင်လာပြီး ရှောင်လင်ဂိုဏ်းကို လာနှောင့်ယှက် ရဲတဲ့အထိ မိုက်လုံးကြီးနေပြီပေါ့။ ရှင်ဟာ လူမဟုတ်တော့ဘူး …"

လိန်လိန်၏ စကားများသည် လင့်ဟူချုံး၏ရင်ပတ်ကို သံတူကြီးဖြင့် ထုနှက်လိုက်သကဲ့သို့ပင်ဖြစ်တော့၏။ သို့သော် စွဲချက်များကို မည်ကဲ့သို့ ပြန်လည်ငြင်းပယ်ရမည်ကိုလည်း လင့်ဟူချုံးတစ်ယောက် မသိပါချေ။ ဝါဆန်းဂိုဏ်းသားများ၏ အမြင်တွင် သူသည် အမှန်တကယ် လူဆိုးကြီးဖြစ်နေလေပြီ။ လိန်လိန်က ဆက်၍အော်လိုက်သည်။

"လင့်ဟူချုံး … ဒီကနေ့တော့ ရှင့်အသက်ကို ဖက်နဲ့ထုပ်ထားပေတော့။ အထက်လမ်းဂိုဏ်းတွေအားလုံးက ရှောင်လင်ဂိုဏ်းကို ကူညီနေပြီ။ မကောင်းဆိုးဝါး ဂိုဏ်းသားတွေအားလုံးကို ကျွန်မတို့ ဝိုင်းထားပြီးပြီ။ လွတ်ဖို့ မမျှော်လင့်နဲ့တော့"

တပ်ပေါင်းစုသိုင်းသမားများကို လှည့်၍အကဲခတ်လိုက်ရာ ဝါးအစည်းပြေသလို ဖရိုဖရဲပြေးလွှားနေသည်ကို လင့်ဟူချုံး တွေ့လိုက်ရ၏။ ရှောင်လင်ဂိုဏ်းဖက်ကမူ စည်းစနစ်ကျနစွာ လှုပ်ရှားနေသည်။ ထိုအချက်ကို ကြည့်လိုက် သည်နှင့် မိမိတို့ အရှုံးကြီးရှုံးနေပြီဖြစ်ကြောင်း သိလိုက်ရသည်။

"ရှောင်လင်ဂိုဏ်းက တကယ့်ကို ပြင်ဆင်ထားတာကိုး။ သူတို့က အထက်လမ်းဂိုဏ်းတွေအားလုံး ပေါင်းပြီး ထောင်ချောက်ဆင်မှာကို ငါတို့က ဘာမှကြိုမတွေးခဲ့ဘူး။ ငါတို့ညံ့လို့ ခံလိုက်ရတာပဲ။ ဖောက်မထွက်နိုင်မယ့် အတူတူ ဒီကနေ့ ဒီနေရာမှာ အားလုံးအတူတူ သေကြတာပေါ့"

သို့သော် အတွေးတစ်ခုက လင့်ဟူချုံး၏ခေါင်းထဲဝင်လာပြန်၏။

"ငါသေတာ ဘာအရေးလဲ။ လင်းလင်းကိုကယ်ဖို့က အရေးကြီးတာ။ ဘယ်နည်းနဲ့ဖြစ်ဖြစ် လင်းလင်းကို ကယ်ရမယ်။ ငါသေလို့ မဖြစ်သေးဘူး"

ထို့နောက် အံကိုတင်းတင်းကြိတ်ကာ လင့်ဟူချုံးက အော်ပြောလိုက်သည်။

"လိန်လိန် … မင်းတို့က ပိတ်ဆို့ထားရင် ငါတို့ကလည်း မဖြစ်ဖြစ်အောင် ထိုးဖောက်ထွက်ရမှာပဲ"

လိန်လိန်ကလည်း ဒေါသဖြင့် …

"ရှင်က ကျွန်မတို့ကို တိုက်ခိုက်မလို့ပေါ့လေ … ဟုတ်လား"

ထိုအခိုက်တွင် လိန်လိန့်နောက်ဖက်မှ လူတစ်ယောက်ထွက်ပေါ်လာ၏။ ထိုလူက ခက်ထန်မာကျောစွာဖြင့်...

"လင့်ဟူချုံး ... မင်းလက်ထဲကဓားကို ခုထိမချသေးဘူးလား"

ထိုလူသည်ကား ဝါဆန်းဂိုဏ်းချုပ် သစ္စာရှင်ဓားသမား ရက်ပုချွန်ပင်တည်း။

လင့်ဟူချုံးမှာ သူ့ဆရာကိုတွေ့သည်နှင့် စကားတစ်ခွန်းမှမပြောတော့ပဲ လန်ဖုန်းဖုန်းကိုပွေ့လိုက်ပြီး ချာကနဲ လှည့်ကာ တောင်ပေါ်သို့ပြေးတက်သွားတော့၏။ လင့်ဟူချုံး၏နောက်ကျောကို ရက်ပုချွန်က ဓားဖြင့်ထိုးစိုက်လိုက် သော်ငြား လင့်ဟူချုံး၏အတွင်းအားမှာ လွန်စွာပြည့်ဝနေသဖြင့် ရက်ပုချွန်၏ဓားသည် လေထုကိုသာ ထိုးခွဲသွားလေ တော့၏။

လန်ဖုန်းဖုန်းကို ပွေ့ချီထားရသော်ငြားလည်း လင့်ဟူချုံးမှာ အရှိန်နှေးမသွားပဲ တောင်ပေါ်သို့ ဆက်တိုက် ပြေးတက် သွားနိုင်ပေ၏။ ရက်ပုချွန်မှာ မမီလေ၊ ဒေါသထွက်လေဖြစ်ကာ အနောက်မှ အတင်းလိုက်လေတော့၏။

ထိုစဉ် ရက်ပုချွန်၏ အနောက်ဖက်မှ အေးစက်မာကျောသော လေသံတစ်ခုထွက်လာ၏။

"ဓားကို လွှတ်ချလိုက်ပါ"

တစ်ဆက်တည်းပင် သူ့နောက်ကျောသို့ ချွန်မြသောအရာတစ်ခု လာထောက်နေကြောင်း ရက်ပုချွန် သိလိုက်မိသည်။ ဓားတစ်ချောင်းပင် ဖြစ်ပေလိမ့်မည်။ ရက်ပုချွန်သည် အကြီးအကျယ် နောင်တရလိုက်မိတော့၏။

အမှန်စင်စစ် ရက်ပုချွန်ဆိုသည်မှာ အလုပ်တစ်ခုကို စေ့စပ်သေချာစွာ လုပ်ဆောင်တတ်သူဖြစ်၏။ အလွန် သတိဝီရိယရှိသဖြင့် သူတစ်ပါး၏ထောင်ချောက်များ၊ ချောင်းမြောင်းလုပ်ကြံမှုများကို တစ်ခါမျှမခံရဘူးချေ။ သို့သော် ယခုကား အခြေအနေ တစ်မျိုးပြောင်းခဲ့ချေပြီ။

သူကိုယ်တိုင် လက်သပ်မွေးထားသောတပည့်က ရန်သူလူဆိုးများနှင့် ပူးပေါင်းနေသဖြင့် နောက်မှလိုက်မိ သည်။ မမီလေ၊ ဒေါသထွက်လေဖြင့် ရန်သူ့နယ်ထဲ ကျွံဝင်လာမိသည်တွင် လူရှစ်ယောက်က လက်နက်ကိုယ်စီဖြင့် ရက်ပုချွန်အား ချိန်ရွယ်ထားကြသည်။

ဤတွင် အားမတန် မာန်လျှော့ကာ ရက်ပုချွန်သည် လက်ထဲမှဓားကို လွှတ်ချလိုက်ရတော့၏။ သူ့ကို ချိန်ထားသူမှာ ကျိဟူဖြစ်သည်။ ကျိဟူက အော်ဟစ် အစီရင်ခံလိုက်သည်။

"ခေါင်းဆောင်ကြီး .. ကျုပ်တို့ရဲဘော်တွေအားလုံး တောင်ခြေကို မဆင်းနိုင်ပဲဖြစ်နေပါတယ်။ အထိအခိုက် အကျအဆုံးလည်း အတော်များနေပါတယ်။ သူတို့အားလုံးကို တောင်ပေါ်ပြန်ဆုတ်ဖို့ အမိန့်ပေးလိုက်ရင် သင့်တော် မယ်ထင်ပါတယ်"

လင့်ဟူချုံးက သဘောတူကာ အားလုံးကို ရှောင်လင်ကျောင်းဝင်းထဲပြန်ဝင်ရန် အမိန့်ထုတ်လိုက်တော့၏။ ဤတွင် စစ်ကြောင်းအသီးသီး အနောက်သို့ပြန်ဆုတ်တော့သည်။ ရက်ပုချွန်ဖက်လှည့်ပြီး လင့်ဟူချုံးကပြောလိုက်၏။

"ဆရာ ... အခုလိုဖြစ်ရတာကို စိတ်မရှိပါနဲ့။ ဆရာပြန်သွားပါတော့..."

ကျိဟူက လေသံတိုးတိုးဖြင့် ...

"ခေါင်းဆောင်ကြီး ... ကျုပ်တို့ အခြေအနေက သိပ်မကောင်းဘူး။ အခု ကျုပ်တို့ရထားတဲ့ သုံ့ပန်းက နည်းနည်း နောနော မဟုတ်ဘူး။ ဝါဆန်းဂိုဏ်းရဲ့ ဂိုဏ်းချုပ်။ ကျုပ်တို့အတွက် အများကြီးသာတယ် ... အများကြီး အလဲအလှယ် လုပ်လို့ရတယ်..."

ကျိဟူအား လင့်ဟူချုံးက ပြန်ပြောလိုက်သည်။

"နောင်ကြီး ကျိဟူ ... ဂိုဏ်းချုပ်ကြီး ရက်ပုချွန်ဆိုတာ ကျုပ်ရဲ့ဆရာပါ။ ကျုပ်မျက်နှာကို ထောက်ထားပြီး ဒီတစ်ခေါက်တော့ ပြန်လွှတ်ပေးပါလို့ တောင်းပန်ပါတယ်"

ရက်ပုချွန်က မျက်နှာကို မဲ့၍ ခါးသီးစွာ ပြောလိုက်၏။

"ဆရာ ... ဟုတ်လား။ ဘယ်သူက မင်းရဲ့ဆရာလဲ။ မင်းလို လူဆိုးသူခိုးရဲ့ဆရာဖြစ်ရတာထက် အသတ်ခံရတာက ပိုကောင်းသေးတယ်။ ဆရာခေါ်မယ့်အစား သတ်သာသတ်လိုက်စမ်းပါ"

ကျိဟူက တန်ဖိုးကြီးသော သုံ့ပန်းကို လက်မလွှတ်လိုသဖြင့် ...

"ခေါင်းဆောင်ကြီး ... သူကတော့ ခေါင်းဆောင်ကြီးကို တပည့်အဖြစ် အသိအမှတ်မပြုဘူးတဲ့။ ခေါင်းဆောင်ကြီး စဉ်းစားပါဦး"

ခေါင်းကို တွင်တွင်ခါယမ်းပြလိုက်ပြီး လင့်ဟူချုံးက မြေပေါ်ကျနေသည့် ရက်ပုချွန်၏ဓားကို ကောက်ယူကာ ဓားအိမ်အတွင်းသို့ ပြန်ထည့်ပေးလိုက်သည်။

ရက်ပုချွန်၏ မျက်လုံးများတွင်ကား ဒေါသမီးလျှံများက ဟုန်းဟုန်းထနေတော့၏။ သူ့ပုံစံမှာ လင့်ဟူချုံးကို ပိုးပုရွက်ငယ်တစ်ကောင်လို ကြိတ်ချေပစ်ချင်နေသည့် အသွင်ပင်တည်း။ လင့်ဟူချုံးကို သူ့အနေဖြင့် မသတ်နိုင်ကြောင်းကိုလည်း ကောင်းကောင်းသိနေပြန်၏။

သူ့ဆရာကို ကြည့်လိုက်မိသည်တွင် လင့်ဟူချုံး လွန်စွာထိတ်လန့်သွားသည်။

"ဩော် .. ဆရာရယ်။ တပည့်ကို ဘာဖြစ်လို့ ဒီလောက်တောင် မုန်းတီးနေရတာလဲ"

စိတ်ထဲမှ မေးလိုက်မိသော်ငြား လင့်ဟူချုံး၏နှုတ်မှမူ စကားတစ်ခွန်းမျှ မထွက်ရဲချေ။ ရက်ပုချွန်က မျက်နှာကို တစ်ချက်မဲ့ကာ လှည့်ထွက်သွားလေတော့၏။

ကျူချန်းက ခေါင်းတခါခါ လည်တခါခါဖြင့် ...

"ခေါင်းဆောင်ကြီးက သူ့အပေါ် သံယောဇဉ်ရှိပေမယ့် သူကတော့ ဘာသံယောဇဉ်မှမရှိတော့ဘူး။ ဒါကို ခေါင်းဆောင်ကြီး မသိဘူးလား။ ကျုပ်တို့ ဘေးလူတွေတောင် သိနေတာပဲ။ ဒီလူဟာ 'လူချို စိတ်ကောက်' ဆိုတဲ့ လူမျိုးပဲ။ ကျုပ်ကြည့်ရသလောက်တော့ ဒီလူဟာ တစ်ချိန်ချိန်မှာ ခေါင်းဆောင်ကြီးကို ကောင်းကောင်းကြီး ဒုက္ခပေး မှာပဲ။ နောင်ပြန်တွေ့ကြရင် ခေါင်းဆောင်ကြီးအနေနဲ့ သတိဝီရိယထားပါလို့ပဲ ကျုပ်မှာပါရစေ"

ကျူချန်းက စိတ်ရင်းစေတနာဖြင့် ပြောကြောင်းသိလိုက်ရသည့်အတွက် လင့်ဟူချုံးက မည်သို့မျှ မတုန့်ပြန် တော့ပဲ တောင်ထိပ်သို့ တိတ်ဆိတ်စွာတက်လာခဲ့တော့သည်။

တောင်ထိပ်တွင် ဒဏ်ရာရသူများကို ဆေးထည့်၊ ပတ်တီးစည်းပေးပြီး အနားယူစေသည်။ ညဖက်သို့ ရောက်လာသောအခါ လင့်ဟူချုံးက လူသုံးရာကို ထပ်မံရွေးချယ်ပြီး တိတ်တဆိတ် ထိုးဖောက်ထွက်ရန် ကြံစည်ပြန်၏။ အကာလညအခါတွင် ရန်သူများ၏ အလစ်အငိုက်ဖမ်းကာ စီစဉ်ရခြင်းဖြစ်တော့၏။

သို့သော် တောင်ပေါ်မှ အတော်အတန်ဆင်းမိသောအခါ သူ့ခြေဖျားတွင် စူးကနဲဖြစ်သွားသဖြင့် လင့်ဟူချုံးက အနီးရှိ သစ်ပင်တစ်ပင်ပေါ်သို့ ခုန်တက်လိုက်သည်။ သူ့နောက်မှ လိုက်လာသူအချို့၏ အော်ဟစ်ညည်းညူသံများကို ကြားလိုက်ရ၏။ တိတ်ဆိတ်သော ညအချိန်တွင် ပို၍ကျယ်လောင်သယောင် ထင်မှတ်ရ၏။

"အား .. အောင်မယ်လေး"

"အားလုံးပဲ သတိထားဟေ့... မြေကြီးပေါ်မှာ သံချွန်တွေနဲ့ ဆူးငြောင့်တွေ တပ်ထားတယ် ..."

သို့ဖြင့် ... နောက်မှ လိုက်လာသူများလည်း ဆက်မဆင်းရဲတော့ပဲ နောက်ကြောင်း ပြန်ပြေးရတော့သည်။ သို့သော် ညကြီးမင်းကြီးတွင် ဆူးငြောင့်များကို မည်သူသည် လုံးဝလွတ်အောင် ရှောင်ကွင်းနိုင်ပါမည်နည်း။ အားလုံး တောင်ထိပ်ပြန်ရောက်၍ စစ်ဆေးကြည့်သောအခါ လူသုံးရာအနက် တစ်ဝက်ကျော်မှာ ဒါဏ်ရာကြီးစွာရနေတော့၏။

ရန်သူတို့၏ အကွက်စေ့စေ့ ကြိုတင်ပြင်ဆင်ထားပုံကို တွေ့လိုက်ရသော တပ်ပေါင်းစု သိုင်းသမားများ အားလုံး ကျောရိုးထဲအထိ စိမ့်သွားကြလေတော့သည်။ ရန်သူများကို လွယ်လွယ်နှင့်ထိုးဖောက်၍ မရနိုင်သည်မှာ သေချာနေလေပြီ။

လင့်ဟူချုံးသည် သူ့ကိုယ်သူသာ မကျေမနပ်ဖြစ်မိနေတော့၏။ အဘယ်ကြောင့်ဆိုသော် ညဖက်လျှပ်တပြက် ထိုးဖောက်ရေးအစီအစဉ်ကို ရေးဆွဲသူမှာ သူဖြစ်နေသောကြောင့်ပင်တည်း။ ရန်သူ၏ထောက်ချောက်ကို မစဉ်းမစား၊ မထောက်လှမ်းပဲ ဆင်းသက်မိသောကြောင့်လည်း ဤမျှ ဒဏ်ရာအနာတရ ရကြခြင်းဖြစ်၏။

ဒဏ်ရာရသူများအတွက် များစွာစိတ်ထိခိုက်သည့်နည်းတူ သူ့ကိုယ်သူလည်း ခွင့်မလွှတ်နိုင်အောင် ဖြစ်ရ သည်။ ယခုတော့ တောင်ပေါ်ရှိ သိုင်းသမားတိုင်း စိတ်ပျက်အားလျော့နေမိကြတော့၏။

ယနေ့အတွက် စားရေရိက္ခာ လုံးဝမရှိသဖြင့် အားနည်းချည့်နဲ့နေရာ မနက်ဖြန်ဆိုလျှင် အဘယ်ဆိုဖွယ်ရာ ရှိပါတော့အံ့နည်း။ ဤသည်ကို အခွင့်ကောင်းယူပြီး တောင်ခြေမှရန်သူများက အလုံးအရင်းနှင့် တိုက်စစ်ဆင်လာပါက တောင်ပေါ်မှ အားနည်းချည့်နဲ့နေသူများမှာ မည်သို့မျှ ခုခံနိုင်ကြမည်မဟုတ်ချေ။ သူတို့အားလုံး မုချသေဆုံး ကြပေတော့မည်။

ထို့ကြောင့် အားလုံးလိုလို စိတ်ပျက်လက်ပျက်နှင့်ထိုင်ကာ မှိုင်နေမိကြတော့၏။ ထိုစဉ်မှာပင် လူအချို့၏ ထိတ်လန့်စဖွယ်ကောင်းလောက်သော တဟီးဟီး တဟားဟား ရယ်မောသံများကို ကြားလိုက်ကြရတော့သည်။

* * *

စာစဉ် (၁၀) ပြီးပါပြီ။

# သိုင်းလောကကြစီနိခေါ်သံ

## စာစဉ် (၁၁)

# သိုင်းလောက၏ စိန်ခေါ်သံ

## စာစဉ်(၁၁)

## မာတိကာ


| | | | |
|---|---|---|---|
| အခန်း(၆၈) | လမ်းဆုံးရွာတွေ့ | **hotrod** | ၈၁၁ |
| အခန်း(၆၉) | အကောက်ကြံ၍အနိုင်ယူခြင်း | **hotrod** | ၈၂၀ |
| အခန်း(၇၀) | သုံးပွဲယှဉ်ပြိုင်ခြင်း | **hotrod** | ၈၂၈ |
| အခန်း(၇၁) | နှင်းတော | **hotrod** | ၈၃၆ |
| အခန်း(၇၂) | အတိတ်ဇတ်ကြောင်း | **hotrod** | ၈၄၅ |
| အခန်း(၇၃) | ဟန်းဆန်းဂိုဏ်းချုပ်ကြီး | **hotrod** & **heinnlinn** | ၈၅၃ |
| အခန်း(၇၄) | လှို့ဝှက်တိုင်ပင်ခြင်း | **heinnlinn** | ၈၆၉ |


**scanned by NEO@mmcp**

ပထမအဆင့် တည်းဖြတ်သူ **hotrod**

ဒုတိယအဆင့် တည်းဖြတ်သူ **nnnaing**

အချောသတ် တည်းဖြတ်သူ **sideeffect**

# လမ်းဆုံး ရွာတွေ့

“ဟား … ဟား … ဟား … ဟီး … ဟီး … ဟီး … ဟား”
ရယ်မောနေကြသည်။
အားရပါးရ ရယ်မောနေကြသည်။
ဤမျှ စိတ်လွတ်ကိုယ်လွတ် ရယ်မောနေကြသူများမှာ မည်သူများပေတည်း။
လူအားလုံး အလန့်တကြား ကြည့်မိလိုက်ကြသည်။
အံ့ဖွယ် လူထူးလူဆန်း ခြောက်ယောက်တို့ပေတည်း။
လင့်ဟူချုံးနှင့် ကျိုလင်ထန်တို့၏ စိတ်ထဲတွင် …
“အင်း … ဒီလောကကြီးထဲမှာ သေခါနီးကျမှ ဟက်ဟက်ပက်ပက် ရယ်တဲ့လူတွေဆိုလို့ ဒီညီအစ်ကို ခြောက်ယောက်ပဲ ရှိလိမ့်မယ်ထင်တယ်”
ဟုတွေးလိုက်မိကြသည်။
ထိုစဉ် …
ထောင်ကျက်က …
“ဒီလောကကြီးထဲမှာ ဒီလောက်ရဲတဲ့ အ,တဲ့လူတွေ ရှိသေးသကိုး။ သံချွန်ပေါ်များ မိုက်မိုက်ကန်းကန်း တက်နင်းကြသတဲ့။ အံ့ရော … အံ့ရော။ ဟားဟားဟား … တယ်ပြီး ရယ်စရာကောင်းတဲ့လူတွေပဲ။ အခုတော့ သံချွန်စူးတဲ့အရသာ သိသွားပြီပေါ့ … ဟားဟားဟား”
ထောင်ဝါးက ထပ်၍ … “မင်းတို့ကလဲကွာ စမ်းချင်ရင် သည့်ပြင်နည်းတွေ အများကြီးရှိပါတယ်။ သံချွန်စူးတဲ့အရသာသိဖို့ တောင်အောက်ဆင်းပြေးဖို့ မလိုပါဘူး။ သံတူကြီးတစ်လက်လောက်ယူပြီး ကိုယ့်ခြေဖမိုးပေါ် ရိုက်ချလိုက်လဲ အတူတူပါပဲ။ ဟားဟားဟား”
ထိုညီအစ်ကိုခြောက်ယောက် ရယ်လိုက်သံကြောင့် နဂိုကတည်းက နာကျင်ပြီး ဒေါသထွက်နေသော သိုင်းသမားများသည် ပို၍ ဒေါသထွက်လာပြီး အော်ဟစ် ဆဲဆိုကြလေတော့၏။ အံ့ဖွယ်ခြောက်ယောက်ကမူ မည်သူ့ကိုမျှ ဂရုမစိုက်ပဲ ရယ်မြဲရယ်နေကြတော့သည်။
သည်ခြောက်ယောက်ကို ထိန်းသိမ်းရန်မှာ အလွန်ခက်ခဲမှန်းသိသဖြင့် လင့်ဟူချုံး ခေါင်းခဲလာတော့၏။ ပြဿနာကြီးလာပါက ပိုဆိုးပေတော့မည်။ ယင်းကြောင့် လင့်ဟူချုံးက ရုတ်တရက်အော်လိုက်သည်။
“ဟာ … ထူးဆန်းလိုက်တာ”
သူ၏အသံမှာ အတန်ပင် ကျယ်လောင်သဖြင့် အံ့ဖွယ်ခြောက်ယောက်တို့က သူ့ဘေးနားသို့ အပြေးအလွှား ရောက်လာတော့၏။
“လင့်ဟူချုံး .. ဘာတွေ့လို့လဲ။ ဘာပစ္စည်းလဲ”
လင့်ဟူချုံးက မှင်သေသေဖြင့် …

"စောစောက ကျုပ်တွေ့လိုက်တဲ့အဖြစ်အပျက်ဟာ သိပ်ထူးဆန်းတာပဲ။ ကြွက်စုတ်ခြောက်ကောင်က ကြောင်တစ်ကောင်ကိုက်ချီပြီး ဟိုဖက်ကို ဆွဲသွားကြတယ်။"

အံ့ဖွယ်ခြောက်ယောက်တို့က အံ့သြဝမ်းသာစွာဖြင့် ...

"ဘာ .. ကြွက်က ကြောင်ကိုချီတယ် .. ဟုတ်လား။ ငါတို့တစ်ခါမှ မတွေ့ဖူးဘူး။ ဘယ်ဘက်ကို ချီသွား သလဲ။ လိုက်ကြည့်ရအောင် ... ဒါမျိုးက မြင်ရခဲတယ်"

သူ့ရည်ရွယ်ချက်မှာ အံ့ဖွယ်ခြောက်ယောက်တို့၏ ရယ်သံရပ်သွားစေရန်ဖြစ်သဖြင့် ခပ်လှမ်းလှမ်း အခန်းဆောင်တစ်ခုကို လက်ညှိုးထိုးပြရင်း လင့်ဟူချုံးက ...

"ဟိုဖက်ကို သွားတယ်"

လင့်ဟူချုံး၏ လက်မောင်းကို ဆွဲထူကာ ထောင်ကန်းက ပြောလိုက်သည်။

"လာပါကွ။ သွားကြည့်ရအောင်။ ဒါမျိုးက တွေ့ရခဲတယ်"

ကြည့်နေသော သိုင်းသမားများက လင့်ဟူချုံး၏ပရိယာယ်ကို ကောင်းစွာသဘောပေါက်ကြသည်။ ထို့အပြင် အံ့ဖွယ်ခြောက်ယောက်တို့ကို သွယ်ဝိုက်ပြီး ကြွက်စုတ်ခြောက်ကောင်ဟု ပြောလိုက်မှန်းလည်းသိသည်။ သို့တိုင်အောင် အံ့ဖွယ်ခြောက်ယောက်တို့က သဘောမပေါက်သေးပဲ အဟုတ်မှတ်နေကြသည်ကို တွေ့သောအခါ အားလုံးပင် ဟားတိုက်ရယ်မော မိကြတော့၏။

ထိုစဉ် လင့်ဟူချုံးမှာမူ အံ့ဖွယ်ခြောက်ယောက်တို့၏ ဆွဲခေါ်ရာသို့ လိုက်ပါသွားရတော့၏။ သို့ဖြင့် သူတို့ ခုနစ်ယောက်သည် အနောက်ဖက်အဆောင်သို့ ရောက်ရှိလာကြတော့၏။

အံ့ဖွယ်ခြောက်ယောက်ကို သိုင်းသမားများနှင့် ဝေးရာသို့ ဥပါယ်တံမျဉ်ဖြင့် ခေါ်ဆောင်သည့်အကြံ အောင်မြင်သွားသဖြင့် လင့်ဟူချုံးက စိတ်ထဲမှ ကြိတ်ရယ်ရင်း ...

"ဟော .. ဟိုမှာ မဟုတ်လား"

နေရာ တစ်နေရာသို့ လက်ညှိုး ညွှန်ပြလိုက်သည်။ သူညွှန်ပြရာမှာ ပိတ်ထားသော အခန်းတစ်ခု ဖြစ်နေတော့၏။

ထောင်ဆက်က ... "ငါတို့ကျတော့ ဘာဖြစ်လို့ မမြင်ရတာလဲ"

အခန်းတံခါးကို ထောင်ဆက်က 'ဖြန်း' ကနဲ ရိုက်ဖွင့်လိုက်၏။ အခန်းတွင်းတွင် မှောင်မည်းနေ၏။ လင့်ဟူချုံးက ရယ်ရင်း ....

"ဟော ဟော ... ကြွက်ခြောက်ကောင် ကြောင်ကိုဆွဲပြီး တွင်းထဲဝင်သွားပြီ"

"မင်း ... ငါတို့ကို မညာနဲ့နော်"

ထောင်ဆက်က ပြေးသွားကာ မီးတုတ်တစ်ချောင်း ယူလာလိုက်သဖြင့် အခန်းထဲတွင် လင်းသွားတော့၏။ သူတို့အားလုံး သေချာစွာ ကြည့်လိုက်သည်။ အခန်းထဲတွင် ဘုရားဆင်းတုတော် တစ်ဆူမှတစ်ပါး အခြားမည်သည့် အရာမျှမရှိချေ။ ထိုဆင်းတုတော်မှာလည်း အံ့သြစဖွယ် နံရံဖက်သို့ မျက်နှာမူထားကြောင်းတွေ့ရ၏။ သို့ဖြင့် ဆင်းတုတော်ကြီးကို သူတို့က ဆွဲလှည့်လိုက်ကြသည်။

ဆင်းတုတော်ကြီး လည်လာသည်နှင့်အတူ နံရံမှ သံပြားကြီးတစ်ချပ်က အပေါ်တက်သွားသဖြင့် ကျယ်ဝန်း သောအပေါက်ကြီးတစ်ခုကို တွေ့လိုက်ရတော့၏။

ထောင်ကျက်က အော်လိုက်သည်။

"ဟေး .. တကယ်ပဲ .. ဒီအထဲမှာ တွင်းကြီးတစ်တွင်း ရှိနေတာကိုး"

ထောင်ကန်းက ... "ငါတို့အားလုံး ဒီတွင်းထဲဝင်မယ်။ ပြီးရင် တွင်းထဲက ကြွက်တွေကို ဆွဲထုတ်ကြမယ်။"

ပြောပြောဆိုဆိုဖြင့် ထောင်ကန်းက ရှေးဦးစွာ ဝင်သွားသည်တွင် ကျန်သောငါးယောက်မှာ သူ့ထက်ငါ အလုအယက် လိုက်ဝင်ကြလေတော့၏။ မီးတုတ်ကိုပါ တစ်ပါတည်း ယူသွားသဖြင့် ထိုတွင်းပေါက်ကြီးသည် ကျယ်ဝန်း ရှည်လျားလှသည်ကို တွေ့ရ၏။ အဆုံးကိုပင် မတွေ့ရချေ။

အံ့ဖွယ်ခြောက်ယောက်တို့၏ နောက်မှလိုက်ရင်း လင့်ဟူချုံးက တွေးလိုက်သည်။

"ဒါဟာ ရှောင်လင်ကျောင်းရဲ့ လျှို့ဝှက်လိုဏ်ခေါင်းကြီးပဲ။ ဒီလိုလိုဏ်ခေါင်းမျိုးကို ငါတစ်ခါ လျှောက်ဖူးတယ်။ အား ... ဟုတ်ပြီ။ နှင်းဆီဂေဟာ။ နှင်းဆီဂေဟာထဲမှာ လျှောက်တုန်းက ဒီလို လိုဏ်ခေါင်းမျိုးပဲ။ ... အင်း ... လင်းလင်းကို ဒီလိုဏ်ခေါင်းထဲမှာ ထည့်ပိတ်ထားသလား မသိဘူး"

ထိုသို့ စဉ်းစားမိလိုက်သောအခါ ရင်တထိတ်ထိတ် ခုန်လာပြီး လင့်ဟူချုံးမှာ မစောင့်နိုင်တော့ပေ။ အတွင်း

အားကိုထုတ်ကာ အံ့ဖွယ်ခြောက်ယောက်၏ အရှေ့သို့ရောက်အောင် ပြေးသွားသည်။ လိုဏ်ခေါင်းကြီးမှာ ရှည်လျားလှသဖြင့် အဆုံးသို့ မရောက်နိုင်ချေ။ ဤတွင် လင့်ဟူချုံးက နောက်ကြောင်း ပြန်လှည့်သွားပြန်သည်။

များမကြာမီပင် လောင်ထို၊ ကျူချန်းနှင့် ကျိဟူတို့ကို ခေါ်ဆောင်ကာ တစ်စုတစ်ဝေးတည်း ချီတက်ကြပြန်သည်။ အတော်ကလေး သွားပြီးသည့်နောက် သူတို့သိလိုက်ရသည်မှာ လိုဏ်ခေါင်းကြီးသည် အောက်ဖက်သို့နိမ့်ဆင်း လာသည့်အချက်ပင်တည်း။

နောက်ဆုံးတွင် သူတို့၏ရှေ့ဖက်၌ အလင်းရောင် ဖြာထွက်နေသည်ကို တွေ့လိုက်ရလေတော့သည်။ လိုဏ်ခေါင်းကြီး၏ အဆုံးသည်ကား ပြင်ပလောက ဖြစ်နေလေသတည်း။

လိုဏ်ဂူဝမှ ထွက်လိုက်သောအခါ တောအုပ်တစ်ခု ဖြစ်နေကြောင်းတွေ့ရ၏။ နှင်းများ တဖွဲဖွဲ ကျနေပေ သည်။ ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်လိုက်ပြီးနောက် လင့်ဟူချုံးက စိတ်ပျက်လက်ပျက် ဖြစ်သွားမိ၏။ သူ့စိတ်ထဲမှ လိုဏ်ခေါင်းအဆုံးတွင် လင်းလင်းအား ချုပ်ထားမည်ဟု မျှော်လင့်ထားခဲ့ရာ ယခုတော့ အထင်နှင့်အမြင် လွဲနေပေပြီ။

သို့သော် ကျိဟူက ဝမ်းသာသော လေသံဖြင့် ...

“ခေါင်းဆောင်ကြီး .. ကျုပ်တို့ တောင်ခြေကို ရောက်နေပြီနဲ့တူတယ်။ အသံမထွက်ကြပါနဲ့။ မျက်စိရှင်ရှင် နားပါးပါးထားကြပါ”

သည်တော့မှ လင့်ဟူချုံးမှာလည်း စဉ်းစားမိကာ ထိတ်ကနဲ ဝမ်းသာအားတက်သွား၏။

“ကျိဟူပြောသလို တကယ်လွတ်မြောက်လာပြီလား မသိဘူး”

ကျိဟူက လေသံဖြင့် ... “ခေါင်းဆောင်ကြီး ... ကျုပ်တို့တော့ ဟန်ကျပြီ။ မမျှော်လင့်ပဲနဲ့ ရှောင်လင်ဂိုဏ်းရဲ့ လျှို့ဝှက်ထွက်ပေါက်ကို တွေ့လိုက်ရတာပဲ”

လင့်ဟူချုံးက ... “ကဲ .. ဒီလိုဆိုရင် သိပ်အချိန်မရှိဘူး။ ကျုပ်တို့ရဲဘော်တွေကို ပြန်ခေါ်ရဦးမယ်။ ဒီပတ်ဝန်းကျင်ကို မြန်မြန်စုံစမ်းမှုပဲ”

လင့်ဟူချုံး၏ စကားအတိုင်း စုံစမ်းရန် ကျူချန်းထွက်ခွာသွား၏။ ကျန်လူများကမူ ဂူဝအနီး၌ဝပ်ကာ ပုန်းနေကြသည်။ နယ်မြေအခြေအနေ မသိသေးပဲ လှုပ်ရှားလိုက်ပါက လူထောင်ပေါင်းများစွာတို့၏ လွတ်မြောက်ရေး လမ်းစကြီး ပိတ်သွားမည် မဟုတ်ပါလား။

ကျူချန်းပြန်ရောက်လာသည့်အခါ အခြေအနေများကို သိလိုက်ရတော့သည်။ သူတို့ရောက်နေသည့် နေရာမှာ ရှောင်ဆက်တောင်တန်း၏ အနောက်ဖက် တောင်ခြေဖြစ်သည်။ အရှေ့ဖက်သို့ မော့ကြည့်ပါက ရှောင်လင်ဘုရားကျောင်းကို တွေ့ကြရပေလိမ့်မည်။

ဤတွင်ပင် လောင်ထို၊ ကျူချန်းနှင့် ကျိဟူတို့သုံးယောက်ကို လျှို့ဝှက်လိုဏ်ခေါင်းအတိုင်း ပြန်စေကာ တပ်ပေါင်းစု သိုင်းသမားများကို အသံမထွက်ပဲ စနစ်တကျ ခေါ်ထုတ်လာစေသည်။ လင့်ဟူချုံးနှင့် အံ့ဖွယ်ခြောက်ယောက်ကမူ ထွက်ပေါက်ဖြစ်သည့် ဂူဝကို စောင့်ရှောက်ရင်း ကျန်ခဲ့သည်။

များမကြာမီပင် သူတို့၏ ရဲဘော်များ အသုတ်လိုက် အသုတ်လိုက် ရောက်လာတော့၏။ လွတ်မြောက်လာ ခြင်းကို လူအားလုံးပင် အတိုင်းမသိ ဝမ်းသာနေကြသည်။

ဝက်ဝံညီနောင်က ... “ခေါင်းဆောင်ကြီး ... အခုအချိန်မှာ ကျုပ်တို့တတွေဟာ ဘုရားကျောင်းထဲမှာ ပိတ်မိနေတုန်းလို့ ရန်သူတွေ ထင်နေဦးမှာပဲ။ သူတို့ရဲ့နောက်ပိုင်းကို ကျုပ်တို့က အလစ်ဝိုင်းပြီး တိုက်လို့ရနေပြီဗျ။ သွားတိုက်လိုက်ရအောင်”

လင့်ဟူချုံးက ခေါင်းခါယမ်းလိုက်ရင်း ... “ကျုပ်တို့ရဲ့ ရည်ရွယ်ချက်က နေမင်းသမီးတော်ကလေးကို ကယ်ဖို့၊ ရန်ဖြစ်ဖို့ မဟုတ်ဘူး။ ဒီတစ်ခါ ကျုပ် အစီအစဉ် မလုပ်ခဲ့လို့၊ နေမင်းသမီးတော်ကလေးကို မကယ်နိုင် ခဲ့ဘူး။ နောက်တစ်ခါတော့ ဒီလိုအဖြစ်ဆိုးမျိုး ထပ်မကြုံရအောင် သေသေချာချာ အစီအစဉ်ဆွဲရမယ်။ အခုတော့ အားလုံး လူစုခွဲကြမယ်။ အစီအစဉ် ဆွဲပြီးမှ ရဲဘော်တွေကို ထပ်အကြောင်းကြားမယ်။ အဲဒီအခါတော့ အောင်ကို အောင်ရမယ်”

လောင်ထိုတို့ ဖက်သို့ လှည့်၍ လင့်ဟူချုံးက ထပ်ပြောလိုက်သည်။

“ခင်ဗျားတို့လဲ လူစုခွဲကြပေတော့။ နောက်မှ ပြန်ဆက်သွယ်မယ်။ နေမင်းသမီးတော်ကလေးရဲ့ သတင်းကို ခင်ဗျားတို့ အရင်ရရင် ကျုပ်ကို ဆက်သွယ်ပါ။ ကျုပ်က သတင်းဦးရရင်လဲ ခင်ဗျားတို့ကို ဆက်သွယ်ပါ့မယ်”

ဤသို့ဖြင့် လူအားလုံး ကိုယ့်အရပ်သို့ ပြန်ကြရန် ပြင်ဆင်တော့သည်။ လင့်ဟူချုံးမှာ သူ့ရဲဘော်များ လွတ်မြောက်လာသည်ကို ကြည့်ရင်း အလွန်ပင် စိတ်ချမ်းမြေ့နေတော့၏။ သူ့စိတ်ထဲတွင် စိတ်ကူးတစ်ခု ပေါ်လာ

ပြန်၏။

"ကဲဗျာ။ မပြန်ခင် စကားသုံးခွန်း ပြိုင်တူအော်ကြရအောင်။ ကျုပ် ရှေ့က တိုင်ပေးမယ်။ ခင်ဗျားတို့ နောက်ကလိုက်ဆိုကြ"

အားလုံးက ရယ်မောရင်း သဘောတူလိုက်သည်။ အုမြုံးနေသူအားလုံးအတွက် လင့်ဟူချုံး၏ အကြံအစည် သည် ရေငတ်တုန်း ရေတွင်းထဲကျ ဆိုသကဲ့သို့ ဖြစ်သွားလေသည်။

လောင်ထိုနှင့် ကျူချန်းတို့က ... "သိပ်ကောင်းတယ်။ ခေါင်းဆောင်ကြီးရဲ့အကြံ သိပ်ကောင်းတယ်။ ကဲ ကဲ .. အားလုံးပဲ လိုက်အော်ကြမယ်"

အတွင်းအားကို အပြည့်ထုတ်ကာ လင့်ဟူချုံးက တိုင်ပေးလိုက်၏။

"ဟေး ... ငါတို့အားလုံး တောင်ပေါ်က ဆင်းသွားပြီ ..."

ကျန်လူများကလည်း သံပြိုင်အော်လိုက်သည်။

"ဟေး ... ငါတို့အားလုံး တောင်ပေါ်က ဆင်းသွားပြီ ..."

"... မင်းတို့အားလုံး တောင်ထိပ်မှာ မီးလှုံနေရစ်တော့ ..."

"... မင်းတို့အားလုံး တောင်ထိပ်မှာ မီးလှုံနေရစ်တော့ ..."

"... နောက်တစ်ခါ ပြန်ဆုံကြဦးမယ်"

"... နောက်တစ်ခါ ပြန်ဆုံကြဦးမယ်"

ထောင်ချီသော လူအုပ်ကြီး၏ အော်သံများသည် တောင်ကြီးတစ်ခုလုံး ပြိုကျမတတ် တုန်ဟည်းသွားတော့ သည်။

ထို့နောက် လူအားလုံးပင် တောင်ခြေမှ လမ်းခွဲလိုက်ကြတော့၏။ သူတို့အားလုံး ထွက်ခွာသွားကြသည်ကို လင့်ဟူချုံးက စောင့်ကြပ်ပေးနေရင်းမှ သူ့စိတ်ထဲတွင် တွေးမိလာသည်။

"အခုဆိုရင် အော်လိုက်တဲ့အတွက် ငါတို့ လွတ်မြောက်သွားပြီဆိုတာကို ရှောင်လင်ဂိုဏ်းက သိသွားလောက် ပြီ။ ဒီတော့ သူတို့ ဘာလုပ်မလဲ။ တောင်ပေါ် ပြန်တက်မှာပေါ့။ ... နောက်ပြီးတော့ သူတို့နဲ့အတူတူ လင်းလင်းလဲ ပါလာမှာပဲ။ ဒီတော့ ငါဘာလုပ်ရမလဲ။ ရှောင်လင်ကျောင်းထဲ ပြန်ဝင်ပြီး စုံစမ်းရမှာပေါ့"

ထိုစိတ်ကူး ရလိုက်သဖြင့် လင့်ဟူချုံးက ဂူပေါက်ဝသို့ ပြန်လျှောက်သွား၏။ အထဲဝင်လိုက်ပြီးနောက် ကျောက်တုံးကြီးများဖြင့် ဂူပေါက်ဝကို ကွယ်လိုက်သည်။ ပြီးနောက် အေးဆေးစွာပင် လိုဏ်ခေါင်းတစ်လျှောက် ပြန်ဝင်လာတော့သည်။ လိုဏ်ခေါင်းအဆုံးနားသို့ ရောက်သောအခါ လူသံသဲ့သဲ့ ကြားလိုက်ရ၏။

လူအနည်းငယ်၏ အသံသာဖြစ်လေရာ အထက်လမ်းဂိုဏ်းသားများ အကုန်လုံး ဝင်မလာသေးသည်မှာ ထင်ရှားပေသည်။ အောက်လမ်းဂိုဏ်းသားများ၏ ထောင်ချောက်ဆင်ခံရမည်ကို သူတို့က ကြောက်ရွံ့ကြသဖြင့် အားလုံး ကျောင်းဝင်းအတွင်းသို့ ဝင်မလာရဲပဲ ရှေ့ပြေးတပ်ဖွဲ့ကို လွှတ်၍ စစ်ဆေးစေခြင်း ဖြစ်ပေလိမ့်မည်။

လိုဏ်ခေါင်းပေါက်ဝမှ ထွက်ပြီးသည်နှင့် ဆင်းတုတော်ကြီးကို လှည့်လိုက်ရာ အပေါက်ဝကို ပြန်ပိတ်လိုက် ပြီး ဖြစ်သွားသည်။ ပြီးနောက် လင့်ဟူချုံးက စဉ်းစားလိုက်သည်။

"အနည်းဆုံးတော့ ရှောင်လင်နဲ့ အထက်လမ်းဂိုဏ်းက လူကြီးတွေ စုပြီး ဆွေးနွေးတာတို့ အစည်းအဝေးတို့ လုပ်မှာသေချာတယ်။ ငါဘယ်နေရာကနေ ချောင်းနားထောင်ရင် ကောင်းမလဲ"

ထိုစဉ် သူ့ခေါင်းထဲ၌ သတိရလိုက်သည်။ တစ်ချိန်တုန်းက ဆရာတော်ကြီးဖန်းတင်းက သူ့အား ရှောင်လင် ကျောင်းထိုင် ဆရာတော်ကြီး၏ အခန်းထဲ ခေါ်ဖူးသည်ကို သတိရလိုက်မိသဖြင့် လင့်ဟူချုံးက ထိုအခန်းကို လိုက် ရှာတော့၏။ သို့သော် ရှောင်လင်ကျောင်းတော်၏ အဆောင်များမှာ အလွန်တရာ များပြားလှ၍ ပြန်ရှာရန် မလွယ်ကူ လှချေ။

ထိုအခိုက် ခြေသံများကို ကြားလိုက်ရ၏။ လူဆယ်ယောက်ခန့်သည် သူရှိနေသည့်အခန်းသို့ ဦးတည် လျှောက်လာနေကြောင်း သိလိုက်ရ၏။ လင့်ဟူချုံးမှာ ကြံရမရ ဖြစ်သွားသည့်အဆုံးတွင် အခန်းမျက်နှာကြက်တွင် ချိတ်ဆွဲထားသော သစ်သားပြားကြီးအနောက်ဖက်သို့ ခုန်တက်ကာ ပုန်းနေလိုက်ရတော့၏။

ခြေသံများကား ပို၍ နီးကပ်လာလေပြီ။ လူတစ်ယောက်၏ စကားသံကို စတင်ကြားလိုက်ရသည်။

"မကောင်းဆိုးဝါးဂိုဏ်းသားတွေက သိပ်မဆိုးပါဘူး။ ကျုပ်တို့ သည်လောက်တောင် တောင်ခါးပန်းကို သေသေချာချာ ပိတ်ဆို့ထားတာတောင် တောင်အောက်ကို လွတ်အောင် ဆင်းသွားနိုင်သေးတယ်။ အံ့ရော ... အံ့ရော။"

အခြားတစ်ယောက်က ... "အခု သူတို့ လွတ်သွားတဲ့ပုံ ကြည့်ရတာတော့ ဒီရှောင်လင်ကျောင်းမှာ လျှို့

ဂုက်လိုဏ်ခေါင်းတို့ ဘာတို့ ရှိနေပုံရတယ်။ မဟုတ်ရင် ဒီလူတွေ ဘယ်နှယ့် ထွက်ပြေးနိုင်မှာလဲ”

“လျှို့ဂုက်လိုဏ်ခေါင်းကတော့ မရှိနိုင်ဘူး။ ဦးဇင်းက ဒီကျောင်းမှာ နေလာတာ အနှစ် နှစ်ဆယ်ကျော်ပါပြီ။ တစ်ခါမှ လျှို့ဂုက်လိုဏ်ခေါင်းအကြောင်း မကြားခဲ့ဖူးပါဘူး”

ယခုရောက်လာသည့် လူစုကို လင့်ဟူချုံးအနေဖြင့် ခန့်မှန်းမိလေပြီ။ ရှောင်လင်ကျောင်းမှ ဘုန်းကြီးတစ်ပါး က အထက်လမ်းဂိုဏ်းသားများကို ဦးဆောင်လာခြင်း ဖြစ်ပေလိမ့်မည်။

ထိုစဉ်မှာပင် သူပုန်းနေသည့်နေရာနှင့် မျက်နှာချင်းဆိုင်နေရာရှိ မျက်နှာကြက်မှ လူသုံးယောက် ခုန်ဆင်း လာ၏။ ထိုလူသုံးယောက်သည် ဆယ်ယောက်ခန့်သောလူများကို တိုတောင်းလှသော အချိန်အတွင်း အလဲတိုက်ခိုက်လိုက်လေတော့၏။ မနေနိုင်တော့သဖြင့် လင့်ဟူချုံးက ခေါင်းပြူ၍ ကြည့်လိုက်မိသည်။

သူ့မျက်နှာမှာ ချက်ချင်းပင် ရွှင်လန်းသွားမိတော့၏။ မြင်တွေ့လိုက်ရသူများမှာ နေမင်းသခင် ဂိုဏ်းချုပ်ကြီး လင်းရှင်၊ လင်းလင်းနှင့် ရှန့်ဝန့်ထင်းတို့ ဖြစ်နေသောကြောင့်တည်း။ စောစောပိုင်းက လူဆယ်ယောက်မှာ တုံးလုံး ပက်လက် ဖြစ်နေကြပေပြီ။ လင်းလင်းကို သေချာစွာ ကြည့်လိုက်သောအခါ သူမသည် ပိတ်ကြမ်းအကျီကို ဝတ်ဆင်ထားပြီး မျက်နှာလေးမှာ ညှိုးရော်နေသည်ကို သတိထားလိုက်မိသည်။ လင့်ဟူချုံး၏ သနားဂရုဏာစိတ်များ ဖိတ်လျှံကျလာပြီး မျက်နှာကြက်ပေါ်မှ အောက်သို့ ခုန်ချရန် ဟန်ပြင်လိုက်၏။

ထိုအချိန်တွင်ပင် လင်းရှင်က လင့်ဟူချုံးကို မော့ကြည့်လိုက်ပြီး ခုန်မဆင်းလာရန် လက်ဖြင့် အချက်ပြလိုက် ၏။ လင့်ဟူချုံးက အံ့အားသင့်သွားပြီး ခုန်မဆင်းဖြစ်တော့ချေ။

“သူတို့က ငါ့ထက်စောပြီး ဒီအခန်းထဲ ရောက်နေကြတာဆိုတော့ ငါတက်ပုန်းနေတာ မြင်ကြမှာပေါ့လေ။ တွေ့တာကတော့ ထားပါတော့။ မထွက်နဲ့လို့ အချက်ပြတာက ဘာသဘောလဲ မသိဘူး”

သိပ်မကြာပါချေ။ လင်းရှင်၏သဘောကို နားလည်လိုက်ရတော့၏။ အခန်းထဲသို့ လူတစ်စု ရောက်ရှိလာသောကြောင့်ပင်တည်း။ ထိုသူများကား လင့်ဟူချုံး၏ဆရာ ရက်ပုချွန်၊ ဆရာမ ဖူးလင်၊ ဆရာတော်ကြီး ဖန်းတင်း နှင့် အခြားလူများပင်တည်း။ လင့်ဟူချုံးမှာ မကြည့်ရဲတော့ပဲ ခေါင်းပြန်ငုံ့လိုက်ရ၏။ သူ့အသည်းနှလုံးများ ယမ်းခါ နေပေပြီ။

လင့်ဟူချုံးက စိတ်ထဲမှ ပိုင်နိုင်စွာ ဆုံးဖြတ်ထားလိုက်သည်။

“အခုဆိုရင် လင်းလင်းတို့ အဝိုင်းခံနေရပြီ။ ငါတော့ ဒီအတိုင်း မနေနိုင်ဘူး။ ဘယ်နည်းနဲ့မဆို လင်းလင်း ကို ကယ်ထုတ်ရမှာပဲ။ လင်းလင်း ပြန်မိသွားမှာ မခံနိုင်ဘူး”

ရှောင်လင်ကျောင်းထိုင် ဆရာတော်ကြီး ဖန်းတင်းက ...

“ခင်ဗျားတို့ရဲ့ လက်ဝါးစောင်းအားက တယ်ပြီး ကြောက်စရာကောင်းလှပါကလား။ ဒီက မိန်းကလေးကရော ထွက်သွားပြီးမှ ဘာဖြစ်လို့ ပြန်ရောက်လာရတာလဲ ... ခင်ဗျားတို့နှစ်ယောက်ကို ကြည့်ရတာ မဟုရာတောင်ကုန်းက ထိပ်သီး သိုင်းဆရာကြီးတွေနဲ့တူတယ် ... ထိုင်ကြပါဦး ...”

ဆရာတော်ကြီး ဖန်းတင်းကို ကြည့်ရင်း လင့်ဟူချုံးက တွေးလိုက်မိသည်မှာ ...

“ဆရာတော်ကြီး ဖန်းတင်းဆိုတာ တကယ့်ကို သိက္ခာကြီး၊ ဝါကြီးတဲ့အပြင် သမာဓိအားလည်း တယ်ကောင်းပါကလား။ သူ့အခန်းထဲမှာ သေနေတဲ့လူတွေ မနည်းပါဘူး။ ဒါတောင် ဟန်မပျက်ပဲ ဧည့်ဝတ်ကျေအောင် စကားပြောနိုင်သေးတယ်။ ကြည်ညိုစရာ ကောင်းလှပါလား”

ရှန့်ဝန့်ထင်းက ...

“ဆရာတော်ကြီး ... ဟောသည်လူကတော့ နေမင်းသခင်ဂိုဏ်းကြီးရဲ့ ဂိုဏ်းချုပ်ကြီး လင်းရှင်ပါ။ ကျုပ်က တော့ ရှန့်ဝန့်ထင်းပါ”

သည်အမည်နှစ်ခုမှာ တစ်ချိန်က သိုင်းလောကတွင် ထင်ရှားကျော်ကြားခဲ့ဖူးသည်။ ယခုကဲ့သို့ ပြန်လည်ပေါ်ပေါက်လာသည်ကို တွေ့ရသောအခါ လူအများပင် ဟာကနဲ၊ ဟင်ကနဲ ဖြစ်ကုန်ကြတော့၏။ လူတိုင်းပင် စိတ်ထဲ၌ တုန်လှုပ်ခြောက်ခြား သွားသော်လည်း အတွေ့အကြုံ ရင့်သူများပီပီ မျက်နှာတွင် မပေါ်ရလေအောင် ဟန်မပျက်ပဲ ကောင်းစွာ ထိန်းချုပ်ထားနိုင်ကြသည်။

လင်းရှင်က ... “ကျုပ်ကတော့ သိုင်းလောကထဲက ပျောက်ကွယ်နေတာ ကြာတော့ နောက်တက်ကလေးတွေ ရဲ့ နာမည်ကို မသိတော့ဘူး။ ဒီကမိတ်ဆွေများကိုလဲ မသိဘူးဗျ။ ဘယ်သူတွေများပါလိမ့်”

လင်းရှင်၏ စကားသည် အထက်စီးမှပြောလိုက်သော စကားဖြစ်သည်။ သို့သော် ဆရာတော်ကြီး ဖန်းတင်း ကမူ တည်ကြည်စွာဖြင့် တုန့်ပြန်လိုက်သည်။

“ဒီလိုဆိုရင် ဘုန်းကြီးကပဲ မိတ်ဆက်ပေးရတော့တာပေါ့။ ဟောသည်လူကတော့ ဟူတန်းဂိုဏ်းချုပ်ကြီး ရသေ့ကြီး ချုံးရှိုးပါတဲ့”

အသက်အရွယ်ကြီးရင့်နေပြီဖြစ်သော လူကြီးတစ်ယောက်၏ အသံကို တစ်ဆက်တည်း ကြားလိုက်ရ၏။

“ဆရာကြီး လင်းရှင်ထက် ကျုပ်က အသက် ၃–၄ နှစ် ပိုကြီးမယ် ထင်ပါတယ်။ ကျုပ်ဂိုဏ်းချုပ်ရာထူး ဆက်ခံချိန်မှာ ဆရာကြီးက သိုင်းလောကက ထွက်ခွာသွားတဲ့အချိန်နဲ့ တိုက်ဆိုင်နေတယ်ဆိုတော့ ဆရာကြီး ကျုပ်ကို မသိဘူးဆိုတာ လက်ခံပါတယ်”

ပုန်းကွယ်နေရသော လင့်ဟူချုံးမှာ စကားပြောသူများကို ခေါင်းထောင်၍ မကြည့်ရဲပေ။ သို့သော်လည်း ထို ဟူတန်းဂိုဏ်းချုပ်ကြီး ဆိုသည့် လူကြီး၏ စကားပြောသံကို ကြားလိုက်ရသောအခါ သူ့စိတ်ထဲမှ ...

“ဒီလူကြီးရဲ့ အသံကို ငါကြားဖူးနေပါတယ်။ သေသေချာချာ ကြားဖူးတယ်။ ဘယ်မှာပါလိမ့် ...”

အတန်ကြာစဉ်းစားလိုက်ပြီးနောက် သတိရသွားတော့၏။

“ဟုတ်ပြီ .. ဟူတန်းတောင်ခြေမှာ တွေ့ခဲ့တဲ့ လူသုံးယောက်။ တစ်ယောက်က ဟင်း ရွက်စည်းထမ်း၊ တစ်ယောက်က ထင်းစည်းထမ်းတယ်။ နောက်ဆုံးတစ်ယောက်ကတော့ အဖိုးကြီး ... ဒါက အဲဒီအဖိုးကြီးရဲ့ အသံပဲ။ ... ဒါကြောင့် သူ့ဓားသိုင်းက ကောင်းနေတာကိုး။ လက်စသတ်တော့ ... သူက ဟူတန်းဂိုဏ်းချုပ်ကြီး ဖြစ်နေ တာကိုး။ အင်း ... လက်ရုံးရည်ရော၊ နှလုံးရည်ပါ ပြည့်ဝတဲ့ ဂိုဏ်းချုပ်ကြီးပါပဲ”

ထိုခဏမှာပင် လင့်ဟူချုံး၏ တစ်ကိုယ်လုံးမှာ သွေးများဆူဝေကာ ကျေနပ်အားရသော ခံစားချက်ကို ရလိုက် ၏။ ရှောင်လင်နှင့် ဟူတန်းဆိုသည်မှာ သိုင်းလောကတွင် ထိပ်တန်းက နာမည်ကြီးလှသော ဂိုဏ်းကြီးများပင်တည်း။ သမိုင်းစဉ်ကလည်း ရှည်လျားလှ၏။ ဂိုဏ်းကြီးငါးဂိုဏ်းမှာ အထိုက်အလျောက် နာမည်ကြီးသော်ငြားလည်း ရှောင် လင်၊ ဟူတန်းနှင့်တော့ မယှဉ်သာပေ။

အတော်ပင် နိမ့်ကျနေပေသေး၏။ ယင်းကြောင့်ပင် ကောင်းဆန်းဂိုဏ်းချုပ် ကျိုလင်ထန်က ဂိုဏ်းကြီး ငါးဂိုဏ်းကို တစ်ဂိုဏ်းတည်းအဖြစ် ပူးပေါင်းရန် ကြံနေခြင်းဖြစ်သည်။ ယင်းသို့ ပူးပေါင်းနိုင်ပါက ရှောင်လင်၊ ဟူတန်းတို့နှင့် အမီလိုက်နိုင်မည်ဟု တွက်ဆထားပုံရသည်။

ယခုတော့ ဤမျှ ထင်ရှားကျော်ကြားလှသည့် ဟူတန်းဂိုဏ်းချုပ်ကြီးအား ဓားသိုင်းပညာ၌ အနိုင်ယူခဲ့သည်ကို လင့်ဟူချုံးက ပြန်လည်သတိရလိုက်သောကြောင့် သူ့ကိုယ်သူ အလွန်ဝမ်းသာဂုဏ်ယူစိတ် ဖြစ်ပေါ်လာခြင်းပေတည်း။

လင်းရှင်၏ အသံပေါ်ထွက်လာသည်။

“ဂိုဏ်းချုပ်ကြီး ကျိုလင်ထန်ကိုတော့ အရင်တုန်းကတည်းက ကျုပ်တွေ့ဖူးပါတယ်။ ဂိုဏ်းချုပ်ကြီးကျိုလင်ထန် ... ခင်ဗျားရဲ့ နေမင်းလက်ဝါးစောင်းသိုင်းက ဘယ်အဆင့်အထိ ရောက်နေပြီလဲဗျ။ နောက်ဆုံးအဆင့်ထိ ရောက် လောက်ပြီလို့ ကျုပ်ထင်တယ်”

လင့်ဟူချုံးက တုန်လှုပ်ခြောက်ခြားစွာဖြင့် တွေးလိုက်မိသည်။

“လက်စသတ်တော့ ကောင်းဆန်းဂိုဏ်းချုပ်ကြီး ကျိုလင်ထန်လဲ ရောက်နေတာကိုး”

နူးညံ့သိမ်မွေ့သော အသံတစ်ခုက ...

“ဆရာကြီး လင်းရှင်က ဆရာကြီးရဲ့ လက်အောက်ငယ်သားတစ်ယောက်ရဲ့ ဖမ်းချုပ်တာကို ခံလိုက်ရတယ် လို့ ကြားသိရပါတယ်။ အခုလို ပြန်လွတ်လာတယ်ဆိုတာသိရလို့ အများကြီး ဝမ်းသာပါတယ်။ ... ကျုပ်ရဲ့ နေမင်း လက်ဝါးစောင်းသိုင်းကတော့ အသုံးမပြုတာကြာတော့ မေ့တောင် နေပါပြီဗျာ”

စကားအသွားအလာကို ထောက်ချင့်၍ ထိုစကားပြောလိုက်သူမှာ ကောင်းဆန်းဂိုဏ်းချုပ်ကြီး ကျိုလင်ထန် ဖြစ်ရမည်ဟု လင့်ဟူချုံးက တွေးလိုက်၏။ ဘုန်းတော်ကြီး ဖန်းတင်း၏အသံက ဆက်လက်၍ ထွက်ပေါ်လာသည်။

“ဟောသည် ပုဂ္ဂိုလ်ကတော့ ထိုက်ဆန်းဂိုဏ်းချုပ်ကြီး ထင်းမင်ပါတဲ့။ သည်ဖက်ကတော့ ဝါဆန်းဂိုဏ်းချုပ် ကြီး ရက်ပုချွန်နဲ့ သူ့ဇနီး ဖူးလင်တို့ပါပဲ”

လင်းရှင်က အရယ်တစ်ဝက်ဖြင့် ...

“ဖူးလင်ဆိုတဲ့နာမည်တော့ ကြားဖူးတယ်။ ဟိုဝါဆန်းဂိုဏ်းချုပ်ကြီး ဆိုတဲ့လူရဲ့ နာမည်တော့ မကြားဖူးဘူး”

လင်းရှင်၏ စကားကို ကြားလိုက်ရသော လင့်ဟူချုံးက မကျေမနပ်ဖြင့် တွေးလိုက်သည်။

“ငါ့ဆရာက ဆရာမထက် နာမည်အများကြီး ပိုကြီးတာပေါ့။ အခုတော့ ဆရာမကိုတော့ ကြားဖူးပြီးတော့ ဆရာ့နာမည်ကျတော့ မကြားဖူးဘူးတဲ့။ ဒါက ဆရာကို သက်သက်မဲ့ ရန်စတာပဲ”

ရက်ပုချွန်၏ လေသံကမူ ချမ်းမြေ့လှ၏။

"ဟုတ်ပါတယ်။ ကျုပ်က နာမည်သိပ်ရှိတာမှ မဟုတ်တာ။ ဆရာကြီးက ကျုပ်ကိုမသိဘူးဆိုတာ သဘာဝကျပါတယ်"

လင်းရှင်က မာဆတ်ဆတ် လေသံဖြင့် မေးလိုက်သည်။

"ရက်ပုချွန် ... ခင်ဗျားကို တစ်ခု မေးချင်တယ်။ လူတစ်ယောက် အကြောင်းပဲဗျ။ ခင်ဗျား သိမသိတော့ မပြောတတ်ဘူး။ အဲ .. ခင်ဗျားတို့ ဝါဆန်းဂိုဏ်းက လူပါပဲ"

"မေးပါ .. မေးပါ ... ဆရာကြီးက ဘယ်သူ့အကြောင်းများ သိချင်ပါသလဲ။ ကျုပ်သိသမျှ ဖြေပါ့မယ်"

"အဲသည်လူက သစ္စာလည်းရှိတယ်။ သတ္တိလည်းရှိတယ်။ သိုင်းပညာ၊ လက်ရုံးရည်၊ နှလုံးရည်နဲ့လည်း ပြည့်စုံတယ်။ အကျင့်စာရိတ္တလည်း ကောင်းတယ်။ ... ဒါပေမယ့် 'ထင်ရှားတွေ့လျက် အမြင်ခက်' ဆိုသလို လူအချို့က အဲသည်အရည်အချင်းတွေကို တွေ့လျက်သားနဲ့ မမြင်ချင်ယောင် ဆောင်နေကြတယ် ... သူ့ကို မနာလို တော့ မမြင်ချင်ယောင် ဆောင်လိုက်တာ အလွယ်ဆုံးနဲ့ အကောင်းဆုံးပေါ့ဗျာ ... ကျုပ်ကတော့ ဘွင်းဘွင်းသမား ပဲ။ မြင်တာနဲ့ သဘောကျတယ်။ ဒီလူ့ကို ကျုပ်သမီးနဲ့ လက်ဆက်ပေးဖို့ ဆုံးဖြတ်လိုက်တယ်"

နားထောင်နေရင်းမှ လင့်ဟူချုံးတစ်ယောက် ရင်ခုန်လာတော့သည်။ လင်းရှင်သည် မည်သူ့ကိုမျှ ဂရုစိုက်သူ မဟုတ်ရာ ရက်ပုချွန်ကိုလည်း ထီမထင်ပဲ ပြောချင်ရာသာပြောနေသည်။ ယင်းအတွက် လင်းရှင်အနေဖြင့် ထူးထူး ခြားခြား ခံစားရပုံ မပေါ်သော်လည်း လင့်ဟူချုံးအတွက်မှာမူ အလွန်တရာ အနေရအထိုင်ရ ကျဉ်းကျပ်စေတော့၏။

လင်းရှင်က မရပ်သေးပဲ ဆက်ပြောလိုက်သေး၏။

"အင်မတန် သစ္စာရှိတဲ့ သူငယ်ခင်ဗျ။ ကျုပ်သမီးလေး ရှောင်လင်ဘုရားကျောင်းမှာ အချုပ်ခံနေရတယ်ဆိုတာ ကြားလိုက်တာနဲ့ လူထောင်ချီစုစည်းပြီး ချီတက်လာတော့တာပဲ။ သူ့ဇနီးလောင်းကို လာကယ်တာပေါ့လေ။ ဒါပေမယ့် အခုတော့ အဲဒီ ထောင်ချီနေတဲ့ လူအုပ်ကြီးနဲ့အတူ သူပါပျောက်သွားတော့ ... အဲဒါ ဘယ်ရောက်သွားလဲ မသိဘူး။ ယောက္ခမဖြစ်တော့မယ့် ကျုပ်က စိတ်ပူတာပေါ့ဗျာ။ ဒါကြောင့် ခင်ဗျားကို မေးကြည့်တာပါ"

ရက်ပုချွန်က မျက်နှာတစ်ချက်မပျက်ပဲ ပြုံး၍ နားထောင်နေရာမှ လင်းရှင်၏ စကားဆုံးသောအခါ တဟားဟား အော်ရယ်လိုက်တော့၏။

"ဒီလောက် ထူးချွန်နေတဲ့ သားမက်လောင်းပျောက်သွားတာ ဆရာကြီး ဘာဖြစ်လို့ မသိလိုက်ရတာလဲ။ ... မနေ့ညကတော့ ရှောင်ဆက်တောင်ခြေမှာ လူငယ်တစ်ယောက်ကို တွေ့လိုက်ရတယ်။ ဆရာကြီးရဲ့ သားမက်လောင်းနဲ့ တူပါရဲ့ဗျာ။ ညာလက်မှာ ဓားတစ်ချောင်း။ ဘယ်လက်မှာ မိန်းမချောလေး တစ်ယောက်ကို ပွေ့ထားတယ်။ သေချာ ကြည့်လိုက်တော့ ဒေဝီဂိုဏ်းချုပ် လန်ဖုန်းဖုန်းနဲ့တူတာပဲ။ ... ဆရာကြီး တစ်ခုတော့ သတိထားနော်။ တော်တော် ကြာ ဆရာကြီးရဲ့ သားမက်လောင်းက သူများလက်ထဲ ပါသွားဦးမယ်"

လင့်ဟူချုံး၏ စိတ်ထဲတွင် အတော်ကလေး ကျဉ်းကျဉ်းကျပ်ကျပ် ခံစားလိုက်ရ၏။

"ဆရာက ဘာသဘောနဲ့ ဒီစကားပြောတာလဲ။ လန်ဖုန်းဖုန်းဒဏ်ရာရလို့ ငါက ချီပြေးတာကို အဲသည်နေ့က လူတိုင်း မြင်တာပဲ။ ... အရင်တုန်းက ဆရာက သူတစ်ပါးကို ထိခိုက်နစ်နာအောင် မပြောတတ်ပါဘူး။ အခုမှ ဘယ်လို ဖြစ်နေတာလဲမသိဘူး"

လင်းရှင်၊ လင်းလင်းနှင့် ရှန့်ဝန့်ထင်းတို့ကမူ လင့်ဟူချုံး အပေါ်တွင် ပုန်းခိုနေမှန်းသိသဖြင့် ရက်ပုချွန်၏ စကားကို ကြားလိုက်ရသောအခါ ပြုံးမိကြတော့၏။ လင့်ဟူချုံး ထိခိုက်နစ်နာအောင် မဟုတ်မမှန်သော စကားများကို ပြောခြင်းသည် ပြောသူ၏ ဂုဏ်သိက္ခာကိုသာ ကျဆင်းစေတော့၏။ လင်းရှင်က တဟားဟား ရယ်လိုက်ပြီး ...

"ဒီသူငယ်က တော်တော်ခက်တဲ့ သူငယ်ပါလား။ အသက်ငယ်ငယ်နဲ့ မြာပွေတတ်နေပြီဆိုတော့ သူ့ဆရာဆီ က ပညာစုံရထားပြီနဲ့တူတယ်။ ဆရာကောင်းတပည့် ပန်းကောင်းပန်ဆိုတာ ဒါမျိုးဖြစ်ရမယ်"

ရက်ပုချွန်မှာ မျက်နှာတစ်ချက်နီသွားပြီး ဖူးလင်ရှိရာသို့ မသိမသာ လှမ်းကြည့်လိုက်၏။ ပြီးမှ လင်းရှင်ဖက် ပြန်လှည့်ကာ ... "ဆရာကြီးပြောတဲ့ သူငယ်က အရင်တုန်းကတော့ ကျုပ်တို့ဂိုဏ်းကပါ။ အခုတော့ ဝါဆန်းဂိုဏ်းက မောင်းထုတ်လိုက်တဲ့ လူဆိုးလေးပေါ့။ နာမည်က လင့်ဟူချုံးလို့ ခေါ်ပါတယ်"

လင်းရှင်က ... "ပတ္တမြားကို ကျောက်ဖြုံးလို့ ထင်နေသကိုး။ ခင်ဗျားမျက်စိက မွဲလှချေလား။ ကိုယ်နဲ့ မရင်းနှီးသေးသူ တစ်ယောက်ရဲ့ အရည်အသွေးကို ထိုးထွင်းမမြင်တာ ထားပါတော့။ အခုလို ကိုယ့်တပည့် တစ်ယောက်ကို ကိုယ်မသိတာကတော့ ညံ့လှသဗျာ။ ... ခင်ဗျားက သူ့ကို လူဆိုးလေးလို့ နာမည်တပ်လိုက်တော့ ကျုပ်က လူဆိုးကြီး

ဖြစ်သွားပြီပေါ့"

ရက်ပုချွန်က အမူအရာ မပျက်ပဲ ... "ဒီကောင်က တကယ့်လူဆိုးပေါ့ ဆရာကြီးရဲ့။ ဘယ့်နှယ့်ဗျာ။ မိန်းကလေးတစ်ယောက် အတွက်နဲ့များ အောက်လမ်းသိုင်းသမားတွေ ထောင်ချီပြီးစုရုံး၊ နှစ်ပေါင်းရာနဲ့ချီ သမိုင်းဝင် တဲ့ ရှောင်လင်ဘုရားကျောင်းတော်ကြီးကို ထိပါးစော်ကားရဲတာကို ကြည့်ပါလား။ ကောင်းဆန်းဂိုဏ်းချုပ်ကြီး ကျိုလင် ထန်သာ အကြံကောင်းကောင်းနဲ့ အကွက်ဆင်မထားရင် ဒီသမိုင်းဝင် ဘုရားကျောင်းကြီးတော့ ပြာပုံဖြစ်မှာ အသေ အချာပဲ"

ထိုစဉ် ရှန့်ဝန့်ထင်းက ဖြတ်၍ ... "ရက်ပုချွန်။ ကြည့်လဲပြောပါဦး။ လင့်ဟူချုံးလာတာက ဒိပြင် ရည်ရွယ်ချက်နဲ့ပါ။ အဲဒါကို ခင်ဗျားက ရှောင်လင်ကျောင်းကြီးကို လာဖျက်ဆီးတဲ့ ရည်ရွယ်ချက်ဖြစ်အောင် ပုံကြီးချဲ့ ပြောနေတယ် ... လင့်ဟူချုံး ရှောင်လင်ကိုလာတာက လင်းလင်းကို ကယ်ထုတ်ဖို့ပဲ။ ရှောင်လင်ကျောင်းကြီးကို လာဖျက်ဆီးတာ မဟုတ်ဘူး။ ... အခုကြည့်ပါလား ... မျက်မြင်ပဲလေ ..."

ရှန့်ဝန့်ထင်းသည် ဟန်ပါပါဖြင့် အရပ်ရှစ်မျက်နှာသို့ လက်ဟန်ဖြင့် ပြလိုက်ပြီး ...

"အားလုံးအမြင်ပဲ။ ဒီဘုရားကျောင်းထဲက ခုံလေးတစ်ခုံကျိုးတာ တွေ့ကြသလား။ အဆောက်အဉီတွေ၊ ဆင်းတုတော်တွေ ပျက်စီးဖို့ဝေးလို့ ဘာပစ္စည်းများ ပျောက်သွားသလဲ။ လင့်ဟူချုံးက လူတွေ ထောင်နဲ့ချီ ခေါ်လာ ပြီးတော့ ဘုရားကျောင်းထဲမှာ တစ်နေ့နဲ့တစ်ည စခန်းချသွားတယ် ... ဘာတွေများ ပျက်စီးသွားသလဲ"

ရှောင်လင်ကျောင်းထိုင် ဆရာတော်ကြီး ဖန်းတင်းက ...

"ဟုတ်ပါတယ်။ လင့်ဟူချုံးနဲ့ သူ့မိတ်ဆွေတွေ ဘုရားကျောင်းထဲ ရောက်နေတုန်းက ဘုန်းကြီးလဲ ရင်တမမ နဲ့ပါ။ အားလုံး ပြာပုံဖြစ်သွားရင် ခက်ရချေရဲ့လို့ သောကပွားနေတာပါပဲ။ ... ဒါပေမယ့် ဘုန်းကြီးက သက်သက်မဲ့ အစိုးရိမ်ကြီးနေတာပါ။ လင့်ဟူချုံးနဲ့ သူ့မိတ်ဆွေတွေက ရှောင်လင်ရဲ့ပစ္စည်းဆိုရင် ဘာတစ်ခုမှ မဖျက်ဆီးခဲ့ကြ ပါဘူး။ ဒါဟာ လင့်ဟူချုံးရဲ့ စိတ်နှလုံးကောင်းမွန်မှုနဲ့ သဘောထားပြည့်ဝမှုကို ပြနေတာပါ။ ဒီကိစ္စတွေ အားလုံး အေးချမ်းသွားရင်တော့ ဘုန်းကြီးကိုယ်တိုင် လင့်ဟူချုံးကိုတွေ့ပြီး ကျေးဇူးတင်စကား ပြောရဦးမယ်"

ရှန့်ဝန့်ထင်းက ... "ဆရာတော်ကြီး ဖန်းတင်းဆိုတာ တကယ်ပဲ သီလသမာဓိနဲ့ ပြည့်စုံပေတာပဲ။ ကိုယ် ရန်သူဆီက ကောင်းမြတ်တဲ့အရည်အသွေးကို ဖော်ထုတ်ချီးကျူးတယ်ဆိုတာ သာမန်လူတွေ ပြုလုပ်နိုင်တဲ့အရာ မဟုတ်ပါဘူး။ ... တစ်ချို့ကတော့ ဟန်ဆောင်နေပေမယ့် တကယ်တမ်းမှာ မင်းသားခေါင်းဆောင်ထားတဲ့ ဘီလူး တွေပါ"

ဆရာတော်ကြီးက ... "ဘုန်းကြီး တစ်ခု မေးချင်ပါတယ်။ ဟန်ဆန်းဂိုဏ်းက ဆရာမကြီးနှစ်ပါးက ဘယ့် နှယ်လုပ် ဘုန်းကြီးတို့ကျောင်းထဲမှာ ကွယ်လွန်နေရတာလဲ"

လင်းလင်းက လွှတ်ကနဲ အော်လိုက်သည်။

"ဘယ်လို ... ဆရာမကြီး တင့်ရှန်နဲ့ တင့်ရီတို့ ဆုံးသွားပြီ ..."

ဆရာတော်ကြီး ဖန်းတင်းက ...

"ဟုတ်ပါတယ်။ သူတို့နှစ်ယောက်ရဲ့ ရုပ်အလောင်းတွေကို ဘုရားကျောင်းဆောင် တစ်ဆောင်ထဲမှာ တွေ့ရ တယ်။ အချိန်ကို တွက်ကြည့်တော့ သူတို့ကွယ်လွန်ချိန်ဟာ ဟိုသိုင်းသမားတွေ ဘုရားကျောင်းထဲ ဝင်လာတဲ့ အချိန် လောက်ပဲ"

လင်းလင်းက ... "မဖြစ်နိုင်ဘူး ... မဖြစ်နိုင်ဘူး။ သိပ်ထူးဆန်းတယ်။ ... ဆရာမကြီးနှစ်ယောက် ဒီကိုလာ တာက ကျွန်မကိုလာပြီး ကယ်ထုတ်ကြတာပါ။ ဆရာတော်ကြီးတွေကလည်း ဆရာမကြီးတွေရဲ့မျက်နှာကို ထောက် ထားပြီး ကျွန်မကို ပြန်လွှတ်ပေးကြပါတယ်"

ထိုစကားများကို ကြားလိုက်ရသောအခါ လင့်ဟူချုံး၏ စိတ်ထဲတွင် ထိခိုက်လှုပ်ရှားသွားလေတော့၏။

"ဆရာမကြီးတွေဟာ တကယ့်ကို အပြောနဲ့အလုပ်ညီကြပါပေတယ်။ ရှောင်လင်ကျောင်းထိုင် ဆရာတော်ကြီး ကို တောင်းပန်ပြီး လင်းလင်းကို တကယ်ပဲ လာကယ်ထုတ်ကြတာကိုး။ ဒါပေမယ့် သူတို့နှစ်ယောက်က ဘာဖြစ်လို့ ဒီမှာ အသတ်ခံလိုက်ရတာလဲ။ သူတို့က ငါနဲ့လင်းလင်းအတွက် သေသွားကြတာပဲ။ ငါက သူတို့အတွက် လက်စား ချေပေးရမယ်"

လင်းလင်းက ဆက်၍ ... "ဆရာမကြီးနှစ်ယောက်က ကျွန်မကို ရှောင်လင်ကျောင်းပေါ်ကနေ ခေါ်ဆင်း လာပြီး သုံးရက်မြောက်တဲ့နေ့မှာ အစ်ကိုလင့်ဟူချုံးက သိုင်းလောကသား မိတ်ဆွေတွေကိုခေါ်ပြီး ချီတက်လာပြီဆိုတဲ့ သတင်း စကားကို ကြားရတော့တာပါပဲ။ အဲဒီမှာ ဆရာမကြီးတင့်ရှန်က အတော့်ကို စိုးရိမ်တကြီးဖြစ်သွားတယ်။ အဲဒါနဲ့ အစ်ကို့ကို ကျွန်မက အမြန်ဆုံးသွားတွေ့ပြီး 'အခြေအနေအားလုံး အေးဆေးသွားပြီ' ဆိုတဲ့ အကြောင်းနဲ့။ လူအုပ်ကြီးကို ပြန်သွားဖို့

တိုက်တွန်းခိုင်းတယ်။ သူတို့နှစ်ယောက်ကတော့ ရှောင်လင်ကျောင်းကို ပြန်သွားမယ်တဲ့။ လိုလိုမယ်မယ် ဘုရားကျောင်းဖက်က ကာကွယ်ရမယ်တဲ့။ … အဲဒါဟာ ဆရာမကြီးနှစ်ယောက်နဲ့ ကျွန်မ နောက်ဆုံး တွေ့လိုက်ရတာပါပဲ။ … အခုတော့ … ကျွန်မကို ကယ်မိတဲ့ အတွက်နဲ့ …”

လင်းလင်းမှာ ရှည်လျားစွာ ရှင်းပြနေရာမှ တဖြည်းဖြည်း ဆို့နစ်သွားတော့၏။ ဆရာမကြီးနှစ်ယောက် ကွယ်လွန်သွားသည့် သတင်းမှာ သူမ၏ နှလုံးသားကို ကွဲကြေစေတော့၏။ လင့်ဟူချုံးမှာမူ ဆရာမကြီး နှစ်ယောက်တို့အတွက် ကြေကွဲခြင်းက တစ်ဖက်၊ လင်းလင်း၏ ‘အစ်ကိုလင့်ဟူချုံး’ ဟူသောအသုံးအနှုန်းကို သုံးလိုက်တိုင်း ရှက်စနိုးဖြစ်သွားသော လေသံကလေးကို နားထောင်ရင်း ကြည်နူးသည်က တစ်ဖက်ဖြင့် ဝမ်းသာဝမ်းနည်းခြင်းဟူသော ဆန့်ကျင်ဖက်ခံစားမှု နှစ်မျိုးကို တစ်ပြိုင်တည်း ခံစားနေရတော့၏။

× × × × ×

## အကောက်ကြံ၍ အနိုင်ယူခြင်း

“နှမြောစရာ ကောင်းလိုက်တာ။ အခုတော့ အင်မတန်မှ ထက်ထက်မြက်မြက်ရှိတဲ့ ဆရာမကြီးနှစ်ယောက် အချောင်သက်သက် လုပ်ကြံခံလိုက်ရရှာပြီ”

ဤကား ဆရာတော်ကြီး ဖန်းတင်းက နှမြောတသစွာ ပြောလိုက်သည့် စကားပင်တည်း။

လင်းလင်းက ဆက်၍ ရှင်းပြလိုက်သည်။

“ကျွန်မက ဆရာမကြီးနှစ်ယောက်နဲ့ လမ်းခွဲလိုက်တဲ့ညမှာပဲ လူဆိုးတစ်သိုက်နဲ့တွေ့ပြီး အဖမ်းခံရပြန်တယ်။ အဖေနဲ့ ဦးလေးတို့နှစ်ယောက် လာကယ်လို့ လွတ်မြောက်ခဲ့ရတယ်။ ကျွန်မအဖမ်းခံရတဲ့အချိန်မှာ သိုင်းသမားတပ်ကြီးက ရှောင်လင်ဘုရားကျောင်းထဲ ရောက်နေကြပြီ။ အခုကျွန်မတို့ ပြန်ဝင်လာတာ နာရီဝက်တောင် မရှိသေးပါဘူး။ သိုင်းသမားတွေ ဘယ်လို ထွက်သွားသလဲ ဆိုတာလဲ ကျွန်မတို့ မသိလိုက်ပါဘူး ... ဒါကြောင့် ဆရာမကြီးနှစ်ပါး အသတ်ခံလိုက်ရတယ်ဆိုတာကို ကြားတာနဲ့ ကျွန်မ အံ့သြသွားမိတာပါ။ ဘယ်လိုများ အသတ်ခံလိုက်ရတာလဲ မသိဘူး”

ဆရာတော်ကြီး ဖန်းတင်းက ... “ဒီလိုဆိုရင် ဆရာမကြီးနှစ်ပါးကို ဆရာကြီး လင်းရှင်နဲ့ ရှန့်ဝန့်ထင်းတို့ သတ်တာ မဟုတ်ဘူးပေါ့”

လင်းလင်းက ကမန်းကတန်း ရှင်းပြလိုက်သည်။

“ဆရာမကြီးတွေက ကျွန်မရဲ့ ကျေးဇူးရှင်ကြီးတွေပါ။ အဖေနဲ့ ဦးလေးက ဘာဖြစ်လို့ တိုက်ခိုက်ရမှာလဲ။ တကယ်လို့ တိုက်ခိုက်ရင်တောင် ကျွန်မက ကြည့်မနေပါဘူး။ ဝင်ပြီး တားမှာပဲ။ အခုဟာက အရှင်းကြီးပါ။ အဖေရော၊ ဦးလေးရော၊ ကျွန်မပါ ဘယ်သူမှ ဆရာမကြီးတွေကို မတွေ့ရသေးဘူး”

ဆရာတော်ကြီး ဖန်းတင်းက စဉ်းစားလိုက်ပြီး ရေရွတ်လိုက်သည်။

“ဒါလည်း ဟုတ်နေတာပဲ”

ထိုစဉ် ချင်းချန်ဂိုဏ်းချုပ် ရီချန်းက ရုတ်တရက် ဝင်ပြောလိုက်၏။

“မကောင်းဆိုးဝါးဂိုဏ်းထဲက လူတွေက သာမန်လူတွေနဲ့မှ မတူတာ။ သာမန်လူတွေက ကျေးဇူးရှင်ကို ကျေးဇူးပြန်ဆပ်ဖို့ စဉ်းစားပေမယ့် သူတို့က ကျေးဇူးရှင်ကို ကျေးဇူးကန်းဖို့ပဲ စဉ်းစားနေကြတာ”

ကြောက်မက်ဖွယ်ရာ မာကြောအေးစက်သော အကြည့်ဖြင့် လင်းရှင်က ရီချန်းကို ကြည့်လိုက်သည်။ သည်တွင် ရီချန်းမှာ ရှေ့ဆက် စကားမပြောရဲတော့ပဲ နှုတ်ပိတ်လိုက်မိသည်။ သူ့စိတ်ထဲတွင် မကောင်းဆိုးဝါး ဂိုဏ်းချုပ်ကြီးကို အတော်ကလေး စိုးရွံ့နေမိသည်မှာ အမှန်ပင်ဖြစ်သည်။

ဆရာတော်ကြီး ဖန်းတင်းက စကားစလိုက်သည်။

“ကဲ .. ဆရာကြီးတို့က အခုဘုန်းကြီးတို့ရဲ့ လူရှစ်ယောက်ကို သတ်ပစ်တဲ့ကိစ္စကို ဘယ်လိုရှင်းမလဲ”

လင်းရှင်က အေးဆေးစွာပင် ... “ဒါက ဘာများခက်လို့လဲ။ ဆရာတော်ကြီးတို့က ကျုပ်ရဲ့ ဂိုဏ်းသား ရှစ်ယောက်ကို

အစွမ်းအစနဲ့ သတ်ကြပေါ့။ ဒါက အကောင်းဆုံး ဖြေရှင်းနည်းပဲ”

ဆရာတော်ကြီး ဖန်းတင်းက ဒေါသသံမပါပဲ … “ဒီလိုတော့လည်း ဘယ်ဖြစ်မလဲလေ။ ဘုန်းကြီးတို့က ဘယ်လိုလုပ်ပြီး လူသတ်မလဲ။ အကြင်နာတရားမရှိတဲ့ အလုပ်မှန်သမျှ ဘုန်းကြီးတို့အနေနဲ့ ဘာတစ်ခုမှ မလုပ်နိုင်ပါဘူး …”

ဆရာတော်ကြီး ဖန်းတင်းက စကားကို ရပ်လိုက်ပြီး လင်းရှင်ကို သေချာစွာ ကြည့်၍ …

“… ဒါပေမယ့် ဘုန်းကြီးပြောချင်တာ တစ်ခုရှိတယ်။ ဆရာကြီး ဒီတစ်ခါ သိုင်းလောကထဲ ပြန်ဝင်လာတာ လူတွေအများကြီး ဘေးဒုက္ခ ရောက်စေနိုင်တယ်ဆိုတာ ဘုန်းကြီး သိနေမိတယ်။ ဒါကြောင့်မို့ ဆရာကြီးတို့ သုံးယောက် ဘုန်းကြီးတို့ကျောင်းမှာ တစ်သက်လုံး အေးအေးဆေးဆေး နေသွားပါလို့ ဘုန်းကြီးက တောင်းပန်ပါတယ်။ ဒါဆိုရင် သိုင်းလောကကြီး အေးချမ်းသွားမှာပဲ”

လင်းရှင်က တဟားဟား ရယ်လိုက်သည်။ ဆရာတော်ကြီး ဖန်းတင်းက လေသံအေးအေးဖြင့် …

“ဆရာကြီး လင်းရှင် .. ဆရာကြီးတို့ ဒီဘုရားကျောင်းမှာပဲ အေးအေးချမ်းချမ်း နေသွားပြီး ဘုန်းကြီးနဲ့ မိတ်ဆွေရင်းချာတွေလို ဆက်ဆံသွားရင် မကောင်းပေဘူးလား။ ခင်ဗျားတို့သုံးယောက်သာ ဒီဘုရားကျောင်းပေါ်က မဆင်းဘူးလို့ ကတိပေးပါ။ ခင်ဗျားတို့ကို ဘယ်သူကမှ လက်ဖျားနဲ့ မထိစေရဘူး။ ဘုန်းကြီးက အသက်ပေးပြီး ကာကွယ်မယ်လို့ ကတိပေးပါတယ်။ အားလုံး အေးအေးချမ်းချမ်း ဖြစ်သွားအောင် ခင်ဗျားတို့ ဒီမှာပဲ နေလိုက်ကြပါလား”

ကျိုလင်ထန်နှင့် ရက်ပုချွန်တို့က ပြိုင်တူပင် တွေးလိုက်မိကြသည်။

“ဆရာတော်ကြီး ဖန်းတင်းက တကယ်ရိုးသားတာပဲ။ သိုင်းလောကနဲ့ ပတ်သက်ရင် သူမြင်တဲ့ အမြင်ကလဲ တကယ့်ကို အရိုးခံသက်သက်ပဲ။ ကျားကို ဥပုသ်စောင့်ဖို့ ပြောနေသလို ပြောနေတာပဲ။ ဒီလို လူသတ်သမားတွေကို ဘုရားကျောင်းထဲမှာနေဖို့ ပြောရက်တယ်။ တကယ့်ကို မဖြစ်နိုင်တဲ့ အလုပ်။ အိမ်မက်မက်နေတာပဲ”

လင်းရှင်က ပြုံး၍ … “ဆရာတော်ကြီးရဲ့ စေတနာကို တကယ်ပဲ လေးစားပါတယ်။ တကယ့်ကို စိတ်ကောင်းနဲ့ ပြောနေမှန်းလဲ သိပါတယ်။ … တကယ်လဲ ကျုပ်တို့ ဒီမှာ နေသင့်ပါတယ်”

ဆရာတော်ကြီး ဖန်းတင်းက ဝမ်းသာအားရဖြင့် …

“ဆရာကြီးက ဘုန်းကြီးပြောတာကို သဘောတူတယ်ပေါ့”

လင်းရှင်က … “ဟုတ်ပါတယ်။ ဖြစ်သင့်တာကို ပြောတာပါ။ ဒါပေမယ့် ကျုပ်တို့က ဒီမှာ အလွန်ဆုံး သုံးနာရီပဲ နေနိုင်မယ်။ ဒီထက်ပိုပြီးတော့ မနေနိုင်ပါဘူး”

ဆရာတော်ကြီးက စိတ်ပျက်လက်ပျက်ဖြင့် ညည်းညူလိုက်၏။

“လက်စသတ်တော့ ဆရာကြီးက ဘုန်းကြီးကို နောက်ပြောင်နေတာကိုး”

လင်းရှင်က … “မဟုတ်ပါဘူး … ကျုပ်က ဆရာတော်ကြီးကို နောက်ပြောင်ဝံ့တဲ့အထိတော့ မရိုင်းပါဘူး။ လူဆိုးဆိုပေမယ့် ဆိုးတဲ့လူတွေအပေါ်မှာသာ ဆိုးတာပါ … တလက်စတည်း ပြောရဦးမယ်။ ဒီလောကကြီးထဲမှာ ကျုပ်အထင်အကြီးဆုံးလူဆိုလို့ သုံးယောက်နဲ့ တစ်ပိုင်းရှိနေပါတယ်။ ဒီလူတွေထဲမှာ ဆရာတော်ကြီးက တစ်ယောက် အပါအဝင်ပါပဲ။ ဒီလူတွေကို ကျုပ်ရင်ထဲ အသည်းထဲက တကယ့်ကို အထင်ကြီးတာပါ။ … နောက်ပြီး …”

လင်းရှင်၏ စကားရပ်သွားသဖြင့် နားထောင်နေသူတိုင်း သိလိုဇောဖြင့် မချိမဆန့် ဖြစ်သွားရ၏။ လင်းရှင်က ဆက်ပြောလိုက်သည်။

“… နောက်ပြီး ကျုပ် လုံးဝအထင်မကြီးတဲ့ လူတစ်ယောက်လဲ ရှိပါသေးတယ်”

အာသာဆန္ဒ ပြင်းပြစွာဖြင့် နားထောင်နေသူများမှာ အာသာပြေမသွားကြပေ။ လင်းရှင်၏ စကားအဓိပ္ပာယ်ကို သိလိုကြသေး၏။ ဆရာတော်ကြီး ဖန်းတင်းက ပြုံးလိုက်ပြီး …

“ဆရာကြီးက ဘုန်းကြီးကို မြှောက်ပင့်ပြောနေတာပေါ့လေ .. ဟုတ်လား”

ဆရာတော်ကြီး ဖန်းတင်းက စကားလမ်းစဖွင့်ပေးလိုက်သဖြင့် အားလုံး ကျေနပ်စွာဖြင့် နားထောင်နေကြသည်။ သူတို့အားလုံး ကောင်းကောင်းကြီး သိနေသည့် အချက်ရှိသည်။

လင်းရှင်လိုလူမျိုး၏ အထင်ကြီးခံရရေးဆိုသည်မှာ အလွန့်အလွန် ခက်ခဲသော ကိစ္စကြီးပင်တည်း။ ထို့အတူ အထင်ကြီးမခံရသော သူမှာလည်း အတော်ကလေးကို ထူးခြားသူ ဖြစ်ရချိမ့်မည်။

ဆရာတော်ကြီး ဖန်းတင်းက … “ဆရာကြီးရဲ့ အကျိုးအကြောင်းနဲ့ ရှင်းပြတဲ့စကားကိုတော့ ဘုန်းကြီး ကြားချင်ပါသေးတယ်”

လင်းရှင်က ခေါင်းညိတ်လိုက်ကာ … “ဆရာတော်ကြီး ဖန်းတင်းက သိုင်းပညာတကာမှာ အဆင့်အမြင့်ဆုံးဖြစ်တဲ့

'အကြောလျှော့ အတွင်းအား' သိုင်းကို တတ်ကျွမ်းအောင်မြင်အောင် လေ့ကျင့်နိုင်ခဲ့တယ်။ အတွင်းအားသိုင်းမှာ အတော်ဆုံးပဲ။ ဒါတင်မက စိတ်သဘောထား ကြီးမြင့်မှုနဲ့ အကြင်နာတရားလဲ ပြည့်ဝတယ်။ သိမ်မွေ့နူးညံ့မှုလဲ ရှိတယ်။ ကျုပ်လို ဟော့ဟော့ရမ်းရမ်း လူမျိုး မဟုတ်ဘူး။ ဒါကြောင့် ကျုပ်က အထင်ကြီးတာပါ"

ဆရာတော်ကြီး ဖန်းတင်းက ဝမ်းသာဝမ်းနည်းခြင်း ကင်းစွာဖြင့် နားထောင်နေသည်။

"ကျုပ်အထင်ကြီးတဲ့ ဒုတိယလူတစ်ယောက်ကတော့ နေမင်းသခင်ဂိုဏ်းချုပ်နေရာကို ကျုပ်လက်ထဲက လုသွားတဲ့ တုံးဖန်းပုပါပဲ"

နားထောင်နေသူများ အားလုံး 'ဟင်' ကနဲ အာမေဋိတ်သံများ ပြုလိုက်မိကြတော့၏။

လင်းရှင်မှာ တုံးဖန်းပု၏ အကျဉ်းချထားခြင်းမှ များမကြာမီကလေးကမှ လွတ်မြောက်လာခဲ့ခြင်းဖြစ်၏။ သို့သော် ယခုတော့ သူတို့နားဖြင့် ဆတ်ဆတ်ကြားလိုက်သည်မှာ မှန်ပါသည်။

"ကျုပ်အထင်ကြီးတဲ့ ဒုတိယလူတစ်ယောက် ကတော့ တုံးဖန်းပုပါပဲ"

လင်းရှင်က ဆက်၍ ပြောလိုက်သည်။

"ကျုပ်ရဲ့ သိုင်းပညာနဲ့ ဉာဏ်ရည်က တော်တော့်လူထက် သာပါတယ်။ ဒါတောင်မှ ဒီကောင့်ရဲ့လက်ချက်ကို ခံလိုက်ရတယ်ဆိုတော့ ဒီလူ့ကိုမှ အထင်မကြီးရင် ဘယ်သူ့ကို အထင်ကြီးရတော့မှာလဲ"

ဆရာတော်ကြီး ဖန်းတင်းက ခေါင်းညိတ်၍ သဘောတူကြောင်း ဖော်ပြလိုက်၏။ လင်းရှင်က ...

"ကျုပ်အထင်ကြီးတဲ့ တတိယတစ်ယောက်ကတော့ ဒီကနေ့ ဝါဆန်းဂိုဏ်းရဲ့ ထိပ်သီးသိုင်းဆရာကြီး တစ်ယောက်ပါပဲ"

လူအားလုံး 'ဟာ' ကနဲ ဖြစ်သွားရပြန်သည်။ စောစောတုန်းကလေးမှာပင် လင်းရှင်၏လေသံမှာ ရက်ပုချွန်ကို ချိုးချိုးနှိမ်နှိမ် ပြောခဲ့သည်။ ယခုတော့ ရက်ပုချွန်သည် လင်းရှင်၏ အထင်ကြီးသူများ စာရင်းတွင် ပါဝင်နေပြန်သည်။ ဖူးလင်က ရုတ်ခြည်းပင် ပြောလိုက်သည်။

"ရှင်က စကားအမျိုးမျိုး ပြောနေပါလား။ ပြောချင်တဲ့ စကားကို ရှင်းရှင်းပြောလဲရပါတယ်။ ကျွန်မတို့ကို ခနဲ့နေစရာ မလိုပါဘူး"

လင်းရှင်က သဘောကျစွာ ရယ်လိုက်ပြီး ...

"ဟားဟားဟား ... ငါပြောတဲ့လူက မင်းယောကျ်ားလို့ ထင်နေလို့လား။ မင်းယောကျ်ားက အများကြီး နုပါသေးတယ်။ ငါအထင်ကြီးတာက ဓားသိုင်းမှာ ပြိုင်စံရှားတဲ့ ဆရာကြီး ဖုန်းချင်းကို ပြောတာကွ။ ဆရာကြီးဖုန်းချင်းရဲ့ ဓားသိုင်းက ကျုပ်ထက်သာတယ်။ ဒီအထဲက ဘယ်သူမှလည်း မီမှာမဟုတ်ပါဘူးလေ။ ဒါကြောင့် ကျုပ်ရဲ့ အသည်းနှလုံးထဲက သူ့ကို အထင်ကြီးတယ်"

ဆရာတော်ကြီး ဖန်းတင်းက အံ့သြစွာဖြင့် ...

"ဘာ ... ဘယ်လို .. ဆရာကြီး ဖုန်းချင်း လူ့လောကထဲမှာ ရှိနေသေးတယ်။ .. ဟုတ်ရဲ့လား"

မေးပြီးသည်နှင့် ဆရာတော်ကြီး ဖန်းတင်းက ရက်ပုချွန်တို့ လင်မယားကို တစ်ချက်မျှ ကြည့်လိုက်မိသည်။ ရက်ပုချွန်က ဖြေလိုက်သည်။

"ဆရာဘိုးဘိုးက လွန်ခဲ့တဲ့ အနှစ်သုံးဆယ်လောက်တည်းက သိုင်းလောကထဲကနေ ထွက်သွားပါတယ်။ ကျုပ်တို့နဲ့လည်း လုံးဝ အဆက်အသွယ် မလုပ်တော့ပါဘူး။ သူသာ အသက်ထင်ရှား ရှိနေသေးရင် ဝါဆန်းဂိုဏ်းအဖို့ တကယ့်မင်္ဂလာကြီး တစ်ရပ်ပါပဲဗျာ။"

လင်းရှင်က ခနဲ့ပြုံးပြုံးရင်း ...

"ဆရာကြီး ဖုန်းချင်းက ဓားသိုင်းအဖွဲ့ကလူ၊ ခင်ဗျားက လေသိုင်းအဖွဲ့ကလူ။ ဝါဆန်းရဲ့ ဓားသိုင်းနဲ့ လေသိုင်းဆိုတဲ့ အဖွဲ့တွေဟာ တကယ့် ကမ္ဘာ့ရန်သူတော်ကြီးတွေ။ ဆရာကြီး ဖုန်းချင်းသာရှိနေသေးရင် ခင်ဗျားအတွက် မင်္ဂလာကြီး ဖြစ်တယ် ... ဟုတ်လား။ ရယ်တောင် ရယ်လိုက်ချင်သေးတယ်ဗျာ"

ဤတွင် အလွန်တရာ ဟန်ပန်မှင်မောင်းကောင်းလှသော ရက်ပုချွန်မှာ ဣန္ဒြေမဆည်နိုင်တော့ပဲ မျက်နှာပျက်သွားလေတော့၏။ သူ့စိတ်ထဲမှလည်း ...

"ဒီမကောင်းဆိုးဝါး ကောင်ကြီးဟာ ဆိုးသွမ်းပေမယ့် မဟုတ်မမှန်တာ မပြောဘူးလို့ နာမည်ကြီးတာပဲ။ ဆရာကြီး ဖုန်းချင်း အသက်ရှင်နေသေးတယ်ဆိုတာ အဟုတ်ပဲပေါ့"

ဤသို့ တွေးလိုက်မိသည်တွင် ရက်ပုချွန်မှာ အခြားကိစ္စများတွင် ဣန္ဒြေဆည်နိုင်သော်လည်း ယခုသတင်းကို ကြား

လိုက်ပြီးနောက် အကြီးအကျယ် မျက်နှာပျက်သွားရခြင်း ဖြစ်တော့၏။

လင်းရှင်က တဟဲဟဲ ရယ်လိုက်ပြီး ... "သိပ်လည်းစိတ်မပူပါနဲ့။ ဆရာကြီး ဖုန်းချင်းက လောကီရေးရာတွေကို စွန့်လွှတ်လိုက်ပါပြီ။ ခင်ဗျားဆီက ဂိုဏ်းချုပ်နေရာ လာမလုပါဘူး။ လုချင်ရင်လည်း သူလာဖို့မလိုပါဘူး။ လူတစ်ယောက်ယောက်ကို သူ့ဓားသိုင်းပညာ သင်ပေးပြီး လွှတ်လိုက်တာနဲ့ ဂိုဏ်းချုပ်ရာထူးကို အဲသည်လူရသွားမှာပဲ"

လင်းရှင်၏ ချိုးချိုးနှိမ်နှိမ်ပြောသော စကားကို ရက်ပုချွန်မှာ အောင့်သက်သက်ဖြင့် ခံလိုက်ရလေသည်။ ပြီးနောက် လင်းရှင်က ရသေ့ကြီး ချုံးရှိုးဖက်သို့ လှည့်ကာ ...

"ကျုပ်အထင်ကြီးတဲ့အထဲမှာ ရသေ့ကြီး ချုံးရှိုးက တစ်ပိုင်းပါတယ်။ ရသေ့ကြီးရဲ့ ထိုက်ကျိဓားသိုင်းက သိပ်ကောင်းတယ်။ ဒါပေမယ့် ရသေ့ကြီးက တစ်ကိုယ်တည်းပဲနေတယ်။ သိုင်းလောကရေးရာကို အရေးမစိုက်ဘူး။ တပည့်တပန်းတွေကိုလည်း ပညာမျိုးဆက် ဖြန့်မပေးဘူး။ ဟူတန်းဂိုဏ်းမှာ ထူးချွန်ပြောင်မြောက်တဲ့ လူငယ်ရယ်လို့ မရှိတော့ဘူး။ ရသေ့ကြီးသာ ကွယ်လွန်သွားရင် ဟူတန်းထိုက်ကျိဓားသိုင်းဟာ တိမ်ကောပပျောက် သွားတော့မှာပဲ။ ဒါကြောင့် ရသေ့ကြီးကို ကျုပ်က တစ်ပိုင်းပဲ အထင်ကြီးတာပါ"

ရသေ့ကြီး ချုံးရှိုးက ရယ်ရယ်မောမောဖြင့် ...

"ဆရာကြီး လင်းရှင်ရဲ့ တစ်ဝက်တစ်ပိုင်း အထင်ကြီးခံရတာကိုပဲ ကျုပ်က ဂုဏ်ယူလှပါပြီဗျာ။ ဆရာကြီး ထောက်ပြတာတွေကလည်း တကယ့်ကို မှန်ကန်ပေတာပဲ။"

လင်းရှင်က ကောင်းဆန်းဂိုဏ်းချုပ် ကျိုလင်ထန်ဖက် လှည့်ကာ ...

"ကျိုလင်ထန် .. ခင်ဗျားရဲ့ မျက်နှာကတော့ ပြုံးနေတယ်။ စိတ်ထဲကတော့ ဒေါသထွက်နေတယ်။ ကျုပ်ပြောတာ ဟုတ်ရဲ့လား။ ခင်ဗျားက ကျုပ်အထင်ကြီးတဲ့ စာရင်းမှာ မပါပေမယ့် ကျုပ်ရဲ့ အထင်မကြီးတဲ့စာရင်းမှာတော့ ခင်ဗျားက ပထမဆုံးလူပဲ။"

ကျိုလင်ထန်က ရယ်လိုက်ပြီး "ကျေးဇူးတင်ပါတယ်" ဟု ပြောလိုက်သည်။

လင်းရှင်က မရပ်သေးပဲ ဆက်ပြောလိုက်သည်။

"ခင်ဗျားက သိုင်းပညာမှာ တော်တယ်။ ဉာဏ်နီဉာဏ်နက်လည်း များတယ်။ ဒါကို ကျုပ်က သဘောကျတယ်။ ခင်ဗျားက ဂိုဏ်းကြီးငါးဂိုဏ်းကို ပူးပေါင်းပြီး တစ်ဂိုဏ်းတည်းလုပ်ချင်တယ်။ ရှောင်လင်နဲ့ ဟူတန်းကို ပခုံးချင်းယှဉ်ချင်တယ်။ ဒါပေမယ့် ဂိုဏ်းကြီး ငါးဂိုဏ်းကို ပူးပေါင်းဖို့လုပ်တဲ့နေရာမှာတော့ ခင်ဗျားရဲ့ လုပ်နည်း လုပ်ဟန်တွေက သိပ်အောက်တန်းကျတယ်။ ယုတ်မာနိမ့်ကျတယ်။ ယောကျ်ား မပီသဘူး။ ဒါကြောင့် ခင်ဗျားကို ကျုပ်က လုံးဝအထင်မကြီးဘူး"

ကျိုလင်ထန်က ခနဲ့ပြုံးပြုံး၍ ..

"ကျုပ်အထင်မကြီးတဲ့ သုံးယောက်နဲ့ တစ်ပိုင်းမှာ ခင်ဗျားပါတယ်"

လင်းရှင်က ခေါင်းကို ခါယမ်း၍ ...

"အဲဒါပြောတာပေါ့။ သူများစကားကို ငှားပြီးပြောတာကိုက ကိုယ်ပိုင်ဉာဏ် မရှိတာပြနေတာပဲ။ ဒါကြောင့် သူများတွေက ခင်ဗျားကို အထင်မကြီးတာပေါ့"

ကျိုလင်ထန်မှာ မျက်နှာကြီး နီရဲသွားတော့၏။ သို့သော် သူက ချက်ချင်းပင်... "ခင်ဗျား ဟိုစကားပြော၊ ဒီစကားပြောလုပ်နေတာ ဘာသဘောလဲ။ ကျုပ်တို့ကို တမင်သက်သက် အချိန်ဆွဲနေတာပေါ့"

လင်းရှင်က အေးဆေးစွာပင် ...

"ဒီလေသံကတော့ ကျုပ်တို့ကို အများနဲ့ ဝိုင်းတိုက်မယ့် လေသံပဲ"

ကျိုလင်ထန်က ... "ခင်ဗျားတို့လို မကောင်းဆိုးဝါးတွေနဲ့ တိုက်ခိုက်တဲ့နေရာမှာ စည်းကမ်းတွေဘာတွေ ထားမနေနိုင်ဘူး"

လင်းရှင်က ရယ်လိုက်ပြီး ... "ဟားဟားဟား .. ကောင်းတယ် ... ကောင်းတယ်။ တကယ်လို့သာ ခင်ဗျားတို့က ကျုပ်ကို ဒီကနေ လွတ်ထွက်မသွားအောင် တားထားနိုင်တယ်ဆိုရင် ဟောဒီက ကျုပ်ရဲ့ခေါင်းကြီးကို လက်ဆောင်ပေးလိုက်မယ် ... ဟား ဟား ဟား"

လင်းရှင်က သူ့လည်ပင်းကို လက်ညှိုးဖြင့် ဖြတ်ဟန်ပြရင်း တဟားဟား ရယ်လိုက်တော့၏။ ကျိုလင်ထန်ကလည်း အေးစက်စွာဖြင့် ...

"ကျုပ်တို့ ဆယ်ယောက်က ခင်ဗျားကို မတားနိုင်ဘူးပဲ ထားပါတော့။ ဒါပေမယ့် ခင်ဗျားသမီးကို သတ်ဖို့ကတော့

မခက်ပါဘူး”

ဆရာတော်ကြီး ဖန်းတင်းက ဝင်ပြောလိုက်သည်။

“ဘုန်းကြီးကတော့ လူသတ်တာကို လုံးဝမထောက်ခံဘူး။ ဘုန်းကြီးရဲ့ ကျောင်းတိုက်အတွင်းမှာလဲ ဒါတွေကို ခွင့်မပြုနိုင်ဘူး”

လင့်ဟုချုံး၏ ရင်ထဲ၌ အေးစက်သွား၏။ ကျိုလင်ထန်၏ စကားမှာ မှန်ပေသည်။ သူတို့ ဆယ်ယောက်သည် ထိပ်သီးသိုင်းသမားများ ဖြစ်လေရာ လင်းရှင်ကို တားဆီးနိုင်ကောင်းမှ တားနိုင်မည် ဖြစ်သော်လည်း လင်းလင်းလို သိုင်းပညာ အဆင့်နိမ့်သောသူကိုမူ အသာကလေး ဖမ်းဆီးသတ်ဖြတ်နိုင်မည်ဖြစ်သည်။

လင်းရှင်ကတော့ တဟားဟား ရယ်ကာ ...

“သိပ်ကောင်းတဲ့ အကြံပါလား။ တကယ့် သိုင်းပညာ ရှင်ကြီးတွေပါလား။ ကဲ ကဲ ... ကျုပ်ကလည်း ပြန်အကြောင်းပြရမှာပေါ့လေ ... သိကြတဲ့ အတိုင်းပဲ ကျုပ်က လူဆိုးဗျ။ ခင်ဗျားတို့က ပါးကိုက်ရင် ကျုပ်က ပြန်ပြီးတော့ ခင်ဗျားတို့ရဲ့ ပါးရော၊ နားရော၊ နှာခေါင်းရော ပြန်ကိုက်မယ့် လူစားမျိုးနော်”

လင်းရှင်၏စကားတွင် သူ့၌ ပြန်လည်လက်စားချေမည့် အစီအစဉ်ရှိနေကြောင်း ထင်ရှားနေပေတော့သည်။ အားလုံးက တုန်လှုပ်စွာဖြင့် နားစွင့်နေမိကြ၏။ လင်းရှင်က အေးဆေးစွာပင် ...

“ကျုပ်ပြောပြမယ်။ ဂိုဏ်းချုပ်ကြီး ကျိုလင်ထန်မှာ တစ်ဦးတည်းသော သားလေးရှိတယ်။ ရက်ပုချွန်မှာ တစ်ဦးတည်းသော သမီးကလေးရှိတယ်။ ရီချန်းမှာ မယားချောကလေးတွေ အတော်များများရှိတယ်။ ရသေ့ကြီး ထင်းမင်မှာတော့ မယားမရှိပေမယ့် သားတပည့်တွေရှိတယ်။ ဆရာကြီးမော်တားရဲ့ အဖေကြီးနဲ့ အမေကြီး။ ခွန်းလွန်ဂိုဏ်းက ဆရာကြီးမှာ တစ်ဦးတည်းသော မြေးကလေးရှိတယ်။ သူတောင်းစား ဂိုဏ်းချုပ်ကြီးမှာတော့ တိတ်တိတ်ပုန်း သားနှစ်ယောက်တောင် ရှိတယ်”

လင်းရှင်သည် သူ့ရန်သူတော် တစ်ဦးချင်း၏ အတွင်းရေးများကို အေးဆေးစွာရေရွတ်နေရာ အားလုံးပင် အကြီးအကျယ် မျက်နှာပျက်သွားတော့၏။ သူတို့၏ ကျောရိုးထဲမှ စိမ့်တက်လာကြ၏။ လင်းရှင်သည် နှယ်နှယ်ရရလူမဟုတ်။ သိုင်းပညာတော်ပြီး ရက်စက်သူလည်း ဖြစ်၏။ သူ့ကို ရက်စက်သူကို သူက ဆယ်ဆပြန်၍ လက်စားချေမည်ဖြစ်၏။

မည်သူကမျှ မိမိတို့နှင့်ပတ်သက်သူ၊ မိသားစုဝင်များကို နာရီစက္ကန့်မလပ် စောင့်ကြည့်နိုင်ကြမည်မဟုတ်ချေ။ စောင့်ကြည့်နိုင်သည် ထားဘိဦး။ လင်းရှင်ကို တားဆီးကာကွယ်ရန်မှာ လွယ်ကူသောအလုပ် မဟုတ်ချေ။ ထို့ကြောင့် လူအားလုံးပင် ကျောချမ်းသွားပြီး လုံးဝ စကားမပြောနိုင်တော့ပေ။

အတန်ကြာမှ ဟူတန်းဂိုဏ်းချုပ်ကြီးက ...

“ဆရာကြီး လင်းရှင် ... ကျုပ်တို့ လောင်းကြေး တစ်ခု လုပ်ကြမယ်”

“ဘာလောင်းကြေးလဲ”

“ဒီလိုလေ။ ကျုပ်တို့ဖက်က ခင်ဗျားကို အများနဲ့တစ်ယောက် ဝိုင်းမတိုက်ဘူး။ အားလုံး မျှမျှတတ သိုင်းပညာချင်း ယှဉ်ပြိုင်ကြမယ်။ ခင်ဗျားတို့သုံးယောက်၊ ကျုပ်တို့သုံးယောက်၊ တစ်ယောက်တစ်ပွဲပေါ့။ ပြိုင်ကြမယ်။ သုံးပွဲမှာ နှစ်ပွဲနိုင်တဲ့ဖက်က အနိုင်ပဲ”

ဆရာတော်ကြီး ဖန်းတင်းက ... “သိပ်ကောင်းတဲ့ အကြံပဲ။ သိုင်းပညာချင်းပဲ ယှဉ်ရမယ်။ အသက်ကို မထိခိုက်ရဘူး”

လင်းရှင်က ... “ကောင်းပြီ။ ကျုပ်တို့ ရှုံးရင် ရှောင်လင်ကျောင်းမှာ ဆယ်နှစ်နေမယ်။ တောင်ပေါ်က မဆင်းရဘူး။ ကျုပ်တို့ နိုင်ရင်တော့ ကိုယ့်လမ်းကိုယ်သွားနိုင်တယ်ပေါ့ ... ဟုတ်လား”

ဟူတန်းဂိုဏ်းချုပ်ကြီးက ... “ဟုတ်ပါတယ်။ ဒီမှာ အသတ်ခံလိုက်ရတဲ့လူတွေရဲ့ ရန်ငြိုးတွေကိုလည်း ချေဖျက်လိုက်ပါ့မယ်”

လင်းရှင်က တစ်ချက် စဉ်းစားလိုက်ပြီး အားလုံးကို လှမ်းမေးလိုက်သည်။

“ခင်ဗျားတို့ဖက်က ဘယ်သူတွေ ထွက်မှာလဲ။ ကျုပ်ရွေးရမှာလား။ ခင်ဗျားတို့ဖာသာ ရွေးမှာလား”

ကျိုလင်ထန်က ... “ကိုယ့်ဖက်ကလူကို ကိုယ်ရွေးမှာပေါ့။ ဆရာတော်ကြီးက အိမ်ရှင်ဆိုတော့ ပထမဆုံး ပွဲဆင်းရမယ့်လူပဲ။ ကျုပ်လည်း သိုင်းမကစားတာ ကြာပြီဆိုတော့ အခုတစ်ပွဲလောက် လက်ရည်စမ်းချင်တယ်။ နောက်ဆုံးတစ်ယောက် ... ဒီပြိုင်ပွဲကို အကြံပေးတဲ့ ချုံးရှီးရသေ့ကြီးကိုလည်း ပွဲဆင်းခွင့် ပေးသင့်တာပေါ့။ အဲဒါက ကျုပ်တို့ဖက်က လူစာရင်းပဲ”

ကျိုလင်ထန်ဖက်မှ လူဆယ်ယောက်စလုံးမှာ ထိပ်သီးသိုင်းပညာရှင်ကြီးများသာ ဖြစ်၏။ သို့သော်လည်း အားလုံးထဲတွင်မှ ရှောင်လင်ကျောင်းထိုင်ဆရာတော်ကြီး ဖန်းတင်း၊ ဟူတန်းဂိုဏ်းချုပ်ကြီး ရသေ့ကြီးချုံးရှီးနှင့် ကောင်းဆန်း

ဂိုဏ်းချုပ်ကြီး ကျိုလင်ထန်တို့မှာ အတော်ဆုံးဟု ဆိုနိုင်သူများဖြစ်သဖြင့် သူတို့သုံးယောက် ထွက်ရန်စီစဉ်ခြင်းဖြစ်သည်။

လင်းရှင်တို့ ဖက်တွင်မူကား လင်းလင်းမှာ မည်သူနှင့် တွေ့တွေ့ ရှုံးမည်မှာ သေချာနေတော့၏။ သို့သော်လည်း လင်းရှင်က တဟားဟား ရယ်လိုက်ကာ ...

"ကောင်းပါပြီ .. ကောင်းပါပြီ။ ဒီလိုဆိုရင် ကျုပ်က ကျောင်းထိုင်ဆရာတော်ကြီးနဲ့ အရင်ဆုံး ယှဉ်ပြိုင်ရမယ်ပေါ့"

ဆရာတော်ကြီး ဖန်းတင်းက ... "ဘုန်းကြီးကတော့ သိုင်းပညာ မလေ့ကျင့်တာ အတော်ကလေး ကြာသွားပါပြီ။ ဆရာကြီးကို ယှဉ်နိုင်မယ်လို့တော့ မထင်ဘူး။ ဒါပေမယ့် ဆရာကြီးတို့တစ်တွေကို ဒီဘုရားကျောင်းထဲမှာ နေစေလိုတဲ့ အတွက်ကြောင့် ဘုန်းကြီးက အားအင်ထုတ်ပြီးတော့ ဆရာကြီးကို ယှဉ်ပြိုင်ရတော့မှာပဲ"

ဤတွင် ကျိုလင်ထန်က လွန်စွာသဘောကျသွား၏။ လင်းရှင်က သူ့အား ပထမဦးစွာ စိန်ခေါ်လိုက်မည်ကို သူ့စိတ်ထဲတွင် စိုးရိမ်နေသည်။ လင်းရှင်၏ အတွင်းအားစုပ်သိုင်းပညာကို ခုခံကာကွယ်ရန် သူ့တွင် နည်းလမ်းရှိထားသော်ငြား တစ်ကြိမ်တစ်ခါမျှ အသုံးမချဘူးသေးသဖြင့် ထိုနည်းလမ်းကို စိတ်ချလက်ချ မဖြစ်မိချေ။

ထိုစဉ် လင်းရှင်က ဆရာတော်ကြီး ဖန်းတင်းကို အရိုအသေပေးလိုက်သည်။ ဆရာတော်ကြီးကလည်း တုံ့ပြန်ပြီး အရိုအသေပေးသည်။

လင်းရှင်က .. "ကျုပ်က နေမင်းသခင်ဂိုဏ်းရဲ့ စစ်မှန်တဲ့ သိုင်းပညာကို သုံးမယ်။ ဆရာတော်ကြီးကလည်း ရှောင်လင်ဂိုဏ်းရဲ့ စစ်မှန်တဲ့ သိုင်းပညာကို သုံးမယ်ဆိုတော့ အစစ်အမှန်ချင်း တွေ့နေကြပြီ"

ချင်းချန်ဂိုဏ်းချုပ် ရီချန်းက ခနဲ့ပြုံးပြုံးကာ မကြားတကြား ပြောလိုက်၏။

"ဟင်း .. စစ်မှန်တဲ့ သိုင်းပညာတဲ့။ ဘာစစ်မှန်တာလဲ။ မရှက်ဘူးလား"

လင်းရှင်က ဒေါသချောင်းချောင်း ထွက်သွားပြီး ...

"ဆရာတော်ကြီး .. ခဏလောက် စောင့်ပါဦး။ ဟောဒီဂျပုကို အရင်ရှင်းပစ်လိုက်ဦးမယ်"

ဆရာတော်ကြီး ဖန်းတင်းက ကမန်းကတန်း အော်လိုက်သည်။

"မလုပ်နဲ့"

လင်းရှင်၏ သိုင်းပညာစွမ်းကို သိရှိထားသော ဆရာတော်ကြီးက ရီချန်း အသတ်ခံရမည်ကို စိုးရိမ်သွားသည်။ ချက်ချင်းပင် လက်ဝါးတစ်ချက် ရိုက်ထုတ်လိုက်၏။

ဆရာတော်ကြီး၏ လက်ဝါးမှာ ရိုးရိုးရှင်းရှင်းပင် ဖြစ်၏။ သို့သော် လမ်းတစ်ဝက်သို့ ရောက်သည်တွင် တစ်ချက်မျှ တုန်ခါသွားပြီးနောက် လက်ဝါးရိပ် တစ်ခုမှ နှစ်ခုသို့ဖြာထွက်လာသည်။ ပြီးသည်နှင့် နှစ်ခုမှ လေးခု၊ လေးခုမှ ရှစ်ခုသို့ ပြောင်းလဲသွားတော့၏။

လင်းရှင်၏ နှုတ်မှ အာမေဋိတ်သံ ထွက်လာသည်။

"လက်ဝါးတစ်ထောင် ဘုရားသိုင်း"

လင်းရှင်က ချက်ချင်းပင် ဆရာတော်ကြီး၏ ပုခုံးကို ခုတ်ချလိုက်၏။ ဆရာတော်ကြီးကလည်း ညာလက်ဝါးနောက်မှ ဘယ်လက်ဝါးကို ရိုက်ထုတ်လိုက်သည်။ ထိုလက်ဝါးသည်လည်း တစ်ခုမှ နှစ်ခု၊ နှစ်ခုမှ လေးခု၊ လေးခုမှ ရှစ်ခုသို့ ပွားသွားပြန်၏။

လင်းရှင်က လေထဲသို့ ခုန်တက်လိုက်ပြီး သူ၏ လက်ဝါးကို ဝုန်းကနဲ၊ ဝုန်းကနဲ မြည်အောင် ရိုက်ထုတ်ကာ တိုက်ခိုက်လိုက်သည်။ သူတို့ နှစ်ယောက်၏ တိုက်ကွက်များကို အပေါ်စီးမှ ကြည့်နေသော လင့်ဟူချုံးက အသေအချာ တွေ့နေရ၏။

ဆရာတော်ကြီး၏ လက်ဝါးမှာ ရိုက်ထုတ်လိုက်တိုင်း လမ်းတစ်ဝက်တွင် နှစ်ဆဖြာထွက်နေသဖြင့် မည်သည့်နေရာသို့ ဦးတည်တိုက်ခိုက်နေမှန်း လုံးဝ မခန့်မှန်းနိုင်ပေ။ ဤကဲ့သို့ ဆန်းပြားလှသော လက်ဝါးစောင်း သိုင်းပညာမျိုးကို လင့်ဟူချုံး၏ တစ်သက်တွင် တစ်ကြိမ်တစ်ခါမျှ မတွေ့ခဲ့ဖူးချေ။

လင်းရှင်၏ လက်ဝါးစောင်းသိုင်းကမူ ရိုးရှင်းပြတ်သားလှ၏။ တစ်ချက်ဆိုဆိုသလောက် အားမာန်ပါပြီး ဘုန်းတော်ကြီး၏ ရှုပ်ထွေးဆန်းပြားသော သိုင်းကွက်များကို ဖြေထုတ်နေသည်။ ရုတ်ခြည်းပင် လင်းရှင်က လက်ဝါးနှစ်ဖက်လုံးကို ရိုက်တွန်းလိုက်၏။ ဤတွင် ဆရာတော်ကြီး ဖန်းတင်းက နောက်သို့ သုံးလှမ်းဆုတ်လိုက်ရ၏။

လင့်ဟူချုံး၏ စိတ်ထဲမှ ... "ဟာ .. ဒုက္ခပဲ။ ဆရာတော်ကြီး ရှုံးတော့မှာပါလား"

သို့သော် အတွေးမဆုံးသေးမီမှာပင် ဆရာတော်ကြီးက လက်ဝါးစောင်းသုံးချက် ရိုက်ထုတ်လိုက်ပြန်သည်။ လင်းရှင်မှာ တစ်ချက်ကို တစ်လှမ်းနှုန်းဖြင့် နောက်သို့ သုံးလှမ်း ပြန်ဆုတ်လိုက်ရတော့၏။

"တော်ပါသေးရဲ့" ... သက်ပြင်းချရင်း လင့်ဟူချုံးက ပြောလိုက်မိသည်။

"ငါက ဆရာတော်ကြီး ရှုံးတော့မယ်ဆိုတာ တွေ့ရတော့ စိတ်ပူမိတယ်။ ဆရာတော်ကြီးပြန်ပြီး အသာစီးရလာတော့ စိတ်ပျော်သွားတယ်။ ဒါဘာဖြစ်လို့လဲ ... ဟုတ်ပြီ ... ဆရာတော်ကြီးက ဝါစဉ်ကြီးတဲ့၊ သိက္ခာသမာဓိရှိတဲ့ ဘုန်းတော်ကြီး၊ အမှန်တရားဖက်က။ လင်းရှင်က မကောင်းဆိုးပါးဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီး ... ငါ့စိတ်ထဲမှာ အကောင်းနဲ့ အဆိုးကိုတော့ ခွဲခြားတတ်ပါသေးတယ်"

သို့သော် သူကဆက်၍ စဉ်းစားလိုက်၏။

"အဲ ... ဒါပေမယ့် ဆရာကြီးလင်းရှင်သာ ရှုံးသွားခဲ့ရင် လင်းလင်းက ရှောင်လင်ဂိုဏ်းမှာ ဆယ်နှစ်အပိတ်ခံရတော့မှာ။ ငါဘယ်လို လုပ်ရပါ့မလဲ"

လင်းလင်းအား လင့်ဟူချုံးက လှမ်းကြည့်လိုက်သည်။ လင်းလင်းက တိုင်တစ်လုံးကိုမှီ၍ ထိုင်နေပုံမှာ အလွန်ပင် ချည့်နဲ့နွမ်းနယ်နေပုံ ပေါက်သည်။ ကြည့်ရင်းဖြင့် လင့်ဟူချုံး၏ စိတ်ထဲတွင် သနားကြင်နာစိတ်များ ယိုဖိတ်လာတော့၏။

"သူ နောက်ထပ် ဆယ်နှစ် အချုပ်ခံရမယ့်အဖြစ်ကို ငါက ဘယ်လက်ပိုက်ကြည့်နိုင်မလဲ"

လင်းလင်း၏ စေတနာ မေတ္တာများကို စဉ်းစားနေမိတော့၏။ လင့်ဟူချုံး၏ အသက်ကို ကယ်နိုင်ရန်အတွက် သူမ ကိုယ်ကို ရှောင်လင်ကျောင်းသို့ အပ်ခဲ့သည်။ မည်သူသည် အခြားလူတစ်ယောက်အတွက် ဤမျှ စွန့်စားဝံ့သနည်း။ ဝါဆန်းဂိုဏ်းကိုပင် ကြည့်ပါ။ ဆရာ၊ ဆရာမနှင့် ဂိုဏ်းတူ ညီအစ်ကိုများသည် လင့်ဟူချုံးအပေါ် ကောင်းခဲ့ကြသည်မှာ မှန်ပါသည်။ သို့သော် အတိုင်းအတာ တစ်ခုအထိသာ ဖြစ်သည်။

အသက်ကိုစွန့်ပြီး သူ့အပေါ်ကောင်းသူမှာမူ လင်းလင်းတစ်ယောက်သာ ရှိပေသည်။ လင်းလင်း၏ ကျေးဇူးကို လင့်ဟူချုံးအနေဖြင့် ဆယ်သက် ဆယ်ကမ္ဘာကြာသည်အထိ မေ့လိမ့်မည် မဟုတ်ချေ။ ထို့ကြောင့် လင်းလင်းကို လျစ်လျူရှုရန်လည်း မဖြစ်နိုင်ပါချေ။

ထိုအချိန်တွင် လူအားလုံးမှာ ဆရာတော်ကြီး ဖန်းတင်းနှင့် လင်းရှင်တို့၏ တိုက်ပွဲကိုကြည့်နေကြ၏။ နှစ်ယောက်စလုံး သိုင်းပညာ မြင့်မားသူများ ဖြစ်သဖြင့် အံ့မခန်းတိုက်ပွဲကြီး ဖြစ်ပေတော့သည်။ ကျိလင်ထန်၏ စိတ်ထဲတွင် ...

"တော်သေးတယ်။ ငါ့ကိုအရင်ဆုံး စိန်မခေါ်တာ ကံကောင်းသွားတယ်။ ဆရာတော်ကြီးနဲ့ ဒီကောင်နဲ့ အရင်တွေ့တော့ ငါ့အတွက် ဟန်ကျသွားတာပေါ့"

ရှန့်ဝန့်ထင်းကမူ ... "ရှောင်လင်ဂိုဏ်းရဲ့ သိုင်းပညာက ကျော်ကြားသလောက် ကောင်းမွန်တာပဲကိုး။ ဒီဆရာတော်ကြီးရဲ့ 'လက်ဝါးတစ်ထောင် ဘုရားသိုင်း' က သိုင်းကွက်ရှုပ်ပေမယ့် သိုင်းအား ပြန့်မသွားဘူး။ သူ့ရဲ့ ရိုက်ချက်တိုင်းက အားအပြည့်ပါတယ်။ ရိုက်ချက်တစ်ချက် ထိလိုက်တာနဲ့ လွင့်စဉ်ထွက်သွားလောက်တယ်။ ဒီလိုအဆင့်အထိ ရောက်အောင် လေ့ကျင့်ဖို့ဆိုတာ တကယ့်ကို မလွယ်တဲ့ အလုပ်ကြီးပဲ"

တိုက်ရင်းခိုက်ရင်းဖြင့် ဆရာတော်ကြီး၏ ရိုက်အားမှာ ပို၍ ပြင်းထန်လာသည်ကို လင်းရှင်တွေ့လိုက်ရသည်။ ဤတွင် လင်းရှင်ကလည်း သူ၏ အစွမ်းထက်ဆုံး ဖြစ်သော 'အတွင်းအားစုပ်သိုင်းပညာ' ကို ထုတ်သုံးရတော့၏။

သို့သော် ဆရာတော်ကြီး ဖန်းတင်း၏ အတွင်းအားကို စုပ်ယူ၍မရပဲ ဖြစ်နေကြောင်း တွေ့လိုက်ရသဖြင့် လင်းရှင်မှာ အလွန်အမင်း အံ့သြသွားမိသည်။

ထိုအခိုက်မှာပင် ဆရာတော်ကြီးက နောက်ထပ် လက်ဝါးစောင်းတစ်ချက် ရိုက်ထုတ်လိုက်၏။ လင်းရှင်မှာ တောင့်မခံနိုင်ပဲ နောက်ဖက်သို့ ယိုင်ထွက်သွားတော့သည်။

လင်းရှင် ယိုင်ထွက်သွားရာမှာ ချင်းချန်ဂိုဏ်းချုပ် ရီချုန်းရှိသောနေရာသို့ ဖြစ်လေရာ လင်းရှင်သည် သူ၏ကိုယ်ကို လှည့်လိုက်ပြီး လက်တစ်ဖက်က ရီချုန်း၏ရင်ဝကို ဆုပ်ကိုင်လိုက်သည်။ ကျန်လက်တစ်ဖက်ကမူ ရီချုန်း၏ ငယ်ထိပ်သို့ ရိုက်ချရန် ဟန်ပြင်လိုက်၏။ အပြောင်းအလဲမှာ လျှင်မြန်လွန်းရကား လူအားလုံးပင် အလန့်တကြား အော်ဟစ်လိုက်မိတော့၏။

စောစောကလေးကပင် သူတို့အားလုံး ပျော်ရွှင်နေကြသည်။ လင်းရှင်သည် ဆရာတော်ကြီးကို ရှုံးရိပ်ပြနေသည် မဟုတ်ပါလား။ သို့သော် တစ်ဖက်တွင် အသေအလဲ တိုက်ခိုက်နေရာမှာ အခြားတစ်ယောက်ကို ဤသို့ ရုတ်တရက် ဝင်တိုက်လိမ့်မည်ဟု မည်သူမျှ မျှော်လင့်မထားကြချေ။ ရီချုန်းကိုယ်တိုင်ပင် မထင်မှတ်ထားသဖြင့် ဤမျှလွယ်ကူစွာ အချုပ်ခံလိုက်ရခြင်း ဖြစ်သည်။

ရီချုန်းမှာလည်း ဂိုဏ်းချုပ်ကြီးတစ်ဦးဖြစ်ရာ သာမန် ရင်ဆိုင်တိုက်ခိုက်ပါက လင်းရှင်ကို ရှုံးမည်ဖြစ်သော်လည်း တစ်ကွက်တည်းနှင့်တော့ အချုပ်ခံရစရာ အကြောင်းမရှိချေ။ အတော်အတန် တိုက်ခိုက်ရပေလိမ့်မည်။ ယခုတော့

လင်းရှင်၏ မမျှော်လင့်သော တိုက်ကွက်ကြောင့် အားလုံးပင် ရုတ်ရုတ်သဲသဲ ဖြစ်ကုန်ကြတော့၏။

ချက်ချင်းပင် ဆရာတော်ကြီး ဖန်းတင်းက လက်ကိုဆန့်ထုတ်ကာ လင်းရှင်၏နောက်စေ့ကို လက်ဝါးဖြင့် ရိုက်ချလိုက်၏။ ဤသည်မှာ လူ့အသက်ကယ်သော ရိုက်ချက်ဖြစ်၏။ ရန်သူ၏ အရေးကြီးသောနေရာကို တိုက်ခိုက်မှသာ ရန်သူသည် သူ့လက်ထဲမှ သားကောင်ကို လွှတ်ချကာ ထိုရိုက်ချက်ကို ရှောင်တိမ်းခုခံပေမည်။

အားလုံးက ဆရာတော်ကြီး၏ ရိုက်ချက်ကို တွေ့ရသောအခါ ချီးကျူးလိုက်ကြသည်။ လင်းရှင်သည် ရီချန်းကို သတ်နိုင်တော့မည် မဟုတ်ချေ။

အမှန်တကယ်ပင် လင်းရှင်သည် ရီချန်းကို ဆက်မတိုက်တော့ပဲ ပြန်လှည့်လာ၏။ သို့သော် သူလှည့်လာပုံမှာ မြန်ဆန်လွန်းရကား ထိုသို့လှည့်ရန် ရှေးဦးကတည်းကပင် အကြံရှိထားကြောင်း ထင်ရှားနေသည်။

လင်းရှင်သည် အလွန်တရာ လျင်မြန်စွာဖြင့် ဆရာတော်ကြီး၏ရင်ဝကို ဘက်ဘက်လက်ညှိုးဖြင့် ထိုးလိုက်ရာ ရီချန်း၏အသက်ကို ကယ်တင်ရန် အာရုံစိုက်နေသော ဆရာတော်ကြီး ဖန်းတင်းမှာ အငိုက်မိသွားပြီး ပျော့ခွေလဲကျသွားတော့၏။

အားလုံးက အလန့်တကြားဖြစ်ကာ အော်လိုက်မိတော့၏။ သည်တွင် ကျိုလင်ထန်က ခုန်ထွက်လာကာ လင်းရှင်၏ နောက်ကျောကို လက်ဝါးစောင်းတစ်ချက် ခုတ်ချလိုက်၏။ လင်းရှင်ကလည်း ချက်ချင်းလှည့်ကာ ခုခံလိုက်ပြီး ပါးစပ်မှ အော်ဟစ်လိုက်သည်။

"ဒါက ဒုတိယပွဲပဲ"

လင်းရှင်မှာ အားအင်ကုန်ခန်းနေလေပြီ။ ရှောင်လင်ကျောင်းထိုင်နှင့် တိုက်ခိုက်ခဲ့ရာတွင် မည်သူသည် အင်အားမကုန်ပဲနေမည်နည်း။ ဤအချက်ကို ပါးနပ်လှသော ကျိုလင်ထန်က အပိုင်ယူ၍ ချက်ချင်းပင် ဝင်ရောက်တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

လင်းရှင်သည် ဆရာတော်ကြီးဖန်းတင်းကို ဉာဏ်သုံး၍ အနိုင်ယူလိုက်နိုင်သော်လည်း ကျိုလင်ထန်ကို နိုင်,နိုင်ပါမည်လော။ လင့်ဟူချုံးက စိတ်ထဲမှတွေးရင်း သူ့ဆရာနှင့် ဆရာမတို့ရှိရာသို့ လှမ်းကြည့်လိုက်မိသည်။

ရသေ့ကြီးချုံးရှိုးက ဆရာတော်ကြီးကို အကြောဖြေပေးလိုက်ပြီး ထောင့်တစ်ထောင့်တွင် ရပ်နေသည်။ သူတို့နှစ်ယောက်၏ နောက်ဖက်တွင် ထိုက်ဆန်းဂိုဏ်းချုပ် ရသေ့ကြီး ထင်းမင် ရပ်နေပြီး အခြားထောင့်တွင်မူ ချုံးဆန်းဂိုဏ်းချုပ် ဆရာကြီးမော်တား ရပ်နေ၏။

ချင်းချန်ဂိုဏ်းချုပ် ရီချန်းကမူ ကျန်သောထောင့်တွင် ရပ်နေသည်။ သူ့မျက်နှာ၌ ဒေါသအရိပ်အငွေ့များ ယှက်သမ်းနေသည်။ အနောက်ဖက်ထောင့်တွင် ဆံပင်များ ဖြူဖွေးနေသော သူတောင်းစားဂိုဏ်းချုပ်ကြီး ကြယ်ဖုန်း ရပ်လျက်ရှိနေသည်။

သူတို့အားလုံးသည် လင်းရှင်နှင့် ကျိုလင်ထန်တို့၏ တိုက်ပွဲအား အာရုံစူးစိုက်စွာ ကြည့်နေကြသည်။ ဤတိုက်ပွဲ၏ ပြင်းထန်ပုံမှာ စောစောပိုင်းက လင်းရှင်နှင့် ဆရာတော်ကြီးတို့၏တိုက်ပွဲထက် မညံ့ချေ။

လူအားလုံးက မျက်တောင်မခတ်တမ်း စိုက်ကြည့်နေသည်ကို တွေ့ရသောအခါ ပုန်းနေရသော လင့်ဟူချုံးမှာ စိတ်မလုံလှချေ။ ဤကဲ့သို့ အတွင်းအားကောင်းလှသော ဆရာကြီးများအနက်မှ တစ်ယောက်မဟုတ် တစ်ယောက်က သူပုန်းနေသည်ကို သိပြီးဖြစ်မည်ဟု ယုံကြည်နေသောကြောင့်ပင်တည်း။

သည်တစ်ပွဲကို လင်းရှင်နိုင်လိုက်ပါစေဟု လင့်ဟူချုံးက စိတ်ထဲမှ ဆုတောင်းနေမိသည်။ လင်းရှင်သာ နိုင်သွားပါက သူတို့သုံးယောက်စလုံး ရှောင်လင်ဘုရားကျောင်းထဲမှ အေးအေးဆေးဆေး ထွက်ခွာသွားနိုင်မည် မဟုတ်ပါလား။ သို့မှသာ သူ့ကလည်း တောင်ပေါ်မှ ဆင်းပြီး လင်းလင်းနှင့် တွေ့ဆုံနိုင်ပေလိမ့်မည်။

× × × × ×

## သုံးမွဲ့ယှဉ်ပြိုင်ခြင်း

ထိုစဉ်မှာပင် လင်းရှင်နှင့် ကျိုလင်ထန်တို့သည် လက်ဝါးချင်းပြိုင်၍ ရိုက်လိုက်ကြတော့၏။ ကျိုလင်ထန် နောက်ဆုတ်သွားရ၏။ လင့်ဟူချုံးက စိတ်ထဲမှ ပြောလိုက်မိသည်။

“ကျိုလင်ထန်တော့ ဒုက္ခရောက်တော့မယ်။ ဆရာကြီးလင်းရှင်နဲ့ အတွင်းအားချင်းယှဉ်လို့ ဘယ်ရမလဲ။ အတွင်းအားစုပ်သိုင်းကိုသာ ဆရာကြီးလင်းရှင်က သုံးလိုက်ရင် ကျိုလင်ထန် ရှုံးမှာသေချာတယ်”

သို့သော် ကျိုလင်ထန်က လက်ညှိုး၊ လက်ခလယ်ကို စုကာ လင်းရှင်ကို ထိုးစိုက်လိုက်တော့၏။ လင်းရှင်က တစ်ချက်အော်ကာ ခုန်ဆုတ်လိုက်၏။ ကျိုလင်ထန်က သုံးကြိမ်ဆက်တိုက် ထိုးလိုက်သည်တွင် လင်းရှင်ကလည်း သုံးကြိမ်စလုံး ခုန်ဆုတ်ရှောင်တိမ်းလိုက်ရ၏။

ထူးခြားဆန်းကြယ်လှပေ၏။ ပထမပိုင်းတွင် ကျိုလင်ထန်သည် ရှုံးရိပ်ပြနေ၏။ ယခုတော့ ချက်ချင်းပင် အခြေအနေပြောင်းလဲသွားကာ လင်းရှင်က ရှုံးရိပ်ပြသွားပြန်သည်။ ကျိုလင်ထန်၏ အကွက်သုံးကွက်ကို တွေ့လိုက်ရသောအခါ လင့်ဟူချုံးမှာ အလွန်ပင် အံ့ဩထူးဆန်း သွားမိတော့၏။

“ဒီအကွက် သုံးကွက်က တကယ်ထူးဆန်းပါလား။ ဘာသိုင်းပညာပါလိမ့်။ ငါလည်း တစ်ခါမှ မတွေ့ဖူးဘူး။ ဆရာကြီး လင်းရှင်တောင် အသေအလဲ ရှောင်တိမ်းနေပုံထောက်ရင်တော့ အတော့်ကို ကြောက်စရာကောင်းမှာပဲ။ နို့မဟုတ်ရင် ဆရာကြီးလင်းရှင်က ဒီလောက် ဘယ်ရှောင်နေမလဲ”

ထိုစဉ် ရှန့်ဝန့်ထင်းက အော်ဟစ်ပြောကြားလိုက်သည်။

“ဒီနှစ်ထဲမှာ သိုင်းလောကက လူတွေ ဘီလူးမီးဓားသိုင်းကျမ်းကို လိုက်ရှာနေကြတယ်။ လက်စသတ်တော့ ဘီလူးမီးဓားသိုင်းကျမ်းက ကောင်းဆန်းဂိုဏ်းရဲ့ လက်ထဲမှာ ရောက်နေတာကိုး”

ထိုစကားကို ကြားလိုက်ရသောအခါ လင့်ဟူချုံးမှာ အံ့ဩသည်ထက် အံ့ဩသွားသည်။

“ဘယ့်နှယ်လုပ် အစ်ကိုကြီးရှန့်က ဘီလူးမီးဓားသိုင်းလို့ အော်နေတာလဲ။ ကျိုလင်ထန်ရဲ့လက်ထဲမှာ ဓားမကိုင်မထားတာ။ ဘီလူးမီးဓားသိုင်းက ဓားမပါပဲ လက်ချည်းနဲ့တိုက်တဲ့ သိုင်းပညာလား။ ဒါမှမဟုတ် ... အခု ကျိုလင်ထန် သုံးနေတဲ့ အကွက်က ဘီလူးမီးဓားသိုင်း ဟုတ်ရဲ့လား။ ထူးတော့ထူးဆန်းတဲ့ အကွက်ပဲ။ အခြေအနေကို စောင့်ကြည့်ရမှာပဲလေ”

ကျိုလင်ထန်၏ သိုင်းကွက်များကို လင့်ဟူချုံးက မျက်တောင်မခတ်တမ်း စောင့်ကြည့်လိုက်မိသည်။ ဤတွင် ကျိုလင်ထန်၏ လက်နှစ်ဖက်မှာ ထိုးစိုက်လိုက်သဖြင့် ဓားကွက်များပမာ ဖြစ်နေတော့၏။ လက်ကို ဓားသဖွယ် သဘောထားပြီး သုံးနေခြင်းပင်ဖြစ်၏။

ထိုဓါးကွက်များ၏ ‘ဟာ’ ကွက်ကို လင့်ဟူချုံးအနေဖြင့် ချက်ချင်းပင်တွေ့ရသည်။ သို့သော်လည်း ထိုဟာကွက်များမှာ ဓားဖြင့်တိုက်ခိုက်လျှင်သာ ဟာကွက်မည်သော်ငြား လက်ဖြင့် တိုက်ခိုက်လျှင် ဟာကွက်မမည်တော့ပေ။

ယခု လင်းရှင်နှင့် ကျိုလင်ထန်တို့မှာ လက်နက်မဲ့ ယှဉ်ပြိုင်တိုက်နေကြခြင်းဖြစ်သဖြင့် ကျိုလင်ထန်၏ သိုင်းကွက်များကို လင်းရှင်မှာ တုန်လှုပ်စွာ ရှောင်တိမ်းနေရတော့၏။ လင်းရှင်သည် အစပထမက ကျိုလင်ထန်ကို အထင်မကြီးချေ။ ဤသုံးယောက်အနက် ကျိုလင်ထန်ကို အလျင်မြန်ဆုံး အနိုင်ယူမည်ဟု မှတ်ယူထားခဲ့၏။ ကျိုလင်ထန်တွင် ဤမျှ

နက်နဲထူးဆန်းသည့် သိုင်းပညာ ရှိလိမ့်မည်ဟု လုံးဝမမှတ်ထင်ခဲ့ချေ။

ထိုစဉ်မှာပင် လင်းရှင်၏ရင်ဝသည် ရုတ်တရက် နာကျင်သွားပြီး သူ၏အတွင်းအားမှာ တုံ့ဆိုင်းပိတ်ဆို့သွားသကဲ့သို့ ခံစားလိုက်ရ၏ ဤသည်ကား အတွင်းအားစုပ်သိုင်း၏ တန်ပြန်ဒဏ်ချက်ပင်တည်း။

သာမန်အချိန်များမှာဆိုလျှင် ငြိမ်သက်စွာထိုင်၍ အတွင်းအားပညာ လေ့ကျင့်လိုက်ပြီး ရောဂါကို ကုလေ့ရှိသော်ငြား ယခုလို သေရေးရှင်ရေး အသက်လုတိုက်ပွဲဝင်နေချိန်တွင် မည်ကဲ့သို့ ငြိမ်သက်စွာ ထိုင်နိုင်ပါမည်နည်း။ ရွေးစရာလမ်း မရှိတော့သဖြင့် လင်းရှင်သည် သူ၏ အတွင်းအားစုပ်သိုင်းကို ထုတ်သုံးရလေတော့၏။

သို့သော် ကျိုလင်ထန်နှင့် လက်ဝါးစောင်းချင်း နှစ်ကြိမ်၊ သုံးကြိမ်မျှ ရိုက်ခတ်မိသော်လည်း ကျိုလင်ထန်၏ လက်ဝါးတွင် အတွင်းအား ဗလာနတ္တိဖြစ်နေသည်ကို တွေ့ရလေ၏။ လင်းရှင်၏အဖြစ်မှာ ရေသောက်လိုသူ တစ်ယောက်က ရေပိုက်ကို ပါးစပ်တွင်တေ့ပြီး စုပ်လိုက်သော်လည်း ရေစုပ်၍မရပဲ လေသာလိုက်လာသဖြင့် ဒုက္ခရောက်နေသည့်အသွင်နှင့် တူပေ၏။

တဖြည်းဖြည်းနှင့် လင်းရှင်မှာ သူ့အတွင်းအားကို ထုတ်သုံးရန် မဖြစ်နိုင်တော့သည့်အခြေသို့ ရောက်လာ၏။ ထိုစဉ် ကျိုလင်ထန်၏ လက်ညှိုးက သူ့ရင်ဝကို ထိုးစိုက်လာတော့၏။

အမှန်စင်စစ် ဤသည်မှာ လင်းရှင်က အကွက်ဆင်ပေးထားခြင်းဖြစ်သည်။ သူ့ရင်ဝကို ဟာကွက်အဖြစ် ပေးထားလျှင် ကျိုလင်ထန်က ထိုးစိုက်တိုက်ခိုက်ပေမည်။ ထိုအခါ သူ၏အတွင်းအားစုပ်သိုင်းပညာကို ထုတ်သုံးမည်ဟု လင်းရှင်က စိတ်ကူးထားသည်။

ကျိုလင်ထန်၏ လက်ညှိုးသည် လင်းရှင်၏ရင်ဝအကြောမသို့ ဒုတ်ကနဲမြည်အောင် လာစိုက်မိ၏။ ဘေးမှကြည့်နေသည့် ပရိသတ်များက ဟာကနဲ အာမေဋိတ်သံ ပြုလိုက်မိကြသည်။ လင်းရှင်ကလည်း အတွင်းအားစုပ်သိုင်းကို ထုတ်သုံးကာ စုပ်ယူလိုက်၏။

ကျိုလင်ထန်၏ အတွင်းအားများသည် လင်းရှင်ထံ တရဟော စီးဝင်လာကြတော့၏။ ဤတွင် လင်းရှင်က ပိုသဘောကျသွားပြီး အားကုန်သုံး၍ စုပ်ယူလိုက်တော့၏။

ရုတ်တရက် လင်းရှင်၏ခန္ဓာကိုယ်မှာ တစ်ချက် တုန်ကနဲ ဖြစ်သွားတော့၏။ သူ၏ ချက်အောက်အကြောမကြီးမှ အေးစိမ့်သော လေလှိုင်းတစ်ချက် တက်လာပြီး တစ်ကိုယ်လုံးသို့ ပျံ့နှံ့သွားခြင်းကြောင့်ဖြစ်ပေသည်။ လင်းရှင်မှာ တစ်ကိုယ်လုံး အေးစက်တောင့်တင်းသွားပြီး မလှုပ်ရှားနိုင်တော့ချေ။

ကျိုလင်ထန်က လက်ကို ဖြည်းညင်းစွာရုပ်ကာ နောက်သို့ ဆုတ်သွားသည်။ သူ့မျက်လုံးများကမူ လင်းရှင်ကို စိုက်ကြည့်နေဆဲ။ လင်းရှင်သည် အကြောပိတ် ခံလိုက်ရသကဲ့သို့ ဖြစ်ကာ တစ်ကိုယ်လုံး မလှုပ်ရှားနိုင်တော့ချေ။

လင်းလင်းက အလန့်တကြား အော်လိုက်ပြီး ခုန်ထွက်ကာ လင်းရှင်ကို စမ်းသပ်ကြည့်လိုက်သည်။ လင်းရှင်၏ ခြေဖျားလက်ဖျားများ အေးစက်နေသည်ကို တွေ့လိုက်သောအခါ ကြောက်အားလန့်အားနှင့် အော်လိုက်တော့၏။

"ဦးလေး … လာကြည့်ပါဦး"

ရှန့်ဝန့်ထင်းက ကမန်းကတန်း ခုန်ဝင်လာကာ လက်ဝါးဖြင့် လင်းရှင်၏ရင်ဝကို ပွတ်သပ်ပေးလိုက်၏။ သုံးလေးချက်ခန့် ပွတ်သပ်ပေးပြီးသောအခါ လင်းရှင်ထံမှ အသံထွက်လာ၏။

"အေး … ငါက ဒီတစ်ကွက်ကို မတွက်လိုက်မိဘူး။ ဒါက သူ့ရဲ့ ဖဲကိုး။ … ကဲ .. ငါတို့ ဆက်ပြိုင်ကြမယ်"

ကျိုလင်ထန်က ပြုံး၍ ခေါင်းခါပြလိုက်သည်။

ရက်ပုချွန်က ဝင်၍ … "ဘာလို့ ဆက်ပြိုင်ရမှာလဲ။ ဆရာကြီးလင်းရှင်ကို ဂိုဏ်းချုပ်ကြီး ကျိုလင်ထန်က ရင်ဝအကြော ထိုးပိတ်ခဲ့တာ လူတိုင်းတွေ့တာပဲ"

လင်းရှင်မှာ ငိုင်ကျသွားတော့၏။ သူက အံကြိတ်လိုက်ပြီး …

"ကောင်းပြီ။ … ငါရှုံးတယ်။ .. ဒီတစ်ပွဲတော့ ထားလိုက်တော့"

သည်တစ်ပွဲတွင် ကျိုလင်ထန်က အရဲစွန့်လိုက်ခြင်းသာဖြစ်သည်။ လင်းရှင်၏ အတွင်းအားစုပ် သိုင်းအကြောင်း သူကလည်း သိရှိထားသည်ပင်။ ထို့ကြောင့် လင်းရှင်၏ ကိုယ်ထဲသို့ နှစ်ပေါင်းများစွာ လေ့ကျင့်ထားသော သူ့အအေးဓာတ် အတွင်းအားကို စုပ်ပြီးသွင်းပေးလိုက်ခြင်းဖြစ်၏။ ကျိုလင်ထန်၏ ထောင်ချောက်ကို မမြင်သောလင်းရှင်က အားရပါးရ စုပ်ယူလိုက်သောအခါ အအေးဓာတ်အစွမ်းကြောင့် တစ်ကိုယ်လုံး တောင့်တင်းသွားရခြင်း ဖြစ်ပေတော့သည်။

အခန်းတွင်းရှိ လူအားလုံးမှာ သိုင်းအကျော်အမော်များချည်းဖြစ်သဖြင့် အခြေအနေကို ရိပ်မိကြသည်။ ကျိုလင်ထန်သည် အနိုင်ရလိုက်သော်လည်း များစွာသော သူ့အတွင်းအားများကို သုံးစွဲလိုက်ရသဖြင့် မူလအခြေသို့ပြန်ရောက်ရန်

လပေါင်းများစွာ ကြာပေမည်။

ရှန့်ဝန့်ထင်းသည် ထိုအချက်ကို ကောင်းစွာ ရိပ်မိသူဖြစ်ရာ ... "ကောင်းပြီ ... ဒီတစ်ပွဲတော့ ကျုပ်ကပဲ ဂိုဏ်းချုပ်ကြီး ကျိုလင်ထန်ရဲ့ လက်စွမ်းကို စမ်းကြည့်ရတော့မှာပေါ့"

သို့သော် ယခုအချိန်တွင် ကျိုလင်ထန်မှာ တိုက်ခိုက်ရန် မပြောနှင့် စကားပြောရန်ပင် မလွယ်တော့ချေ။

သည်တွင် ဟူတန်းဂိုဏ်းချုပ် ရသေ့ကြီးချုံးရှိုးက ရှေ့တစ်လှမ်းတက်ကာ ... "ရှန့်ဝန့်ထင်း ... ခင်ဗျားရဲ့ 'မိုးဘုရင်ကြီး' ဆိုတဲ့ ဂုဏ်ပုဒ်ဟာ သေးတဲ့ ကျော်ကြားမှုမဟုတ်ပါဘူး။ တကယ့်ကို ကျော်ကြားပေတာပဲ။ ခင်ဗျားကို ကျုပ်တွေ့ချင်နေတာ ကြာပြီ။ ဒီကနေ့တော့ တွေ့ရုံမကပဲ သိုင်းပညာပါ ဖလှယ်ရတော့မယ်"

ဟူတန်းဂိုဏ်းချုပ်ကြီး၏ စကားမှာ ငြင်းပယ်ရန် မဖြစ်နိုင်ချေ။ သူသည်လည်း ပွဲဆင်းမည့်သုံးယောက်တွင် ပါဝင်သည် မဟုတ်ပါလား။ ရှန့်ဝန့်ထင်းက ငြင်းပယ်ရန် ခက်နေသဖြင့် တွေဝေနေခိုက် လင်းရှင်က အော်လိုက်၏။

"ညီလေးရှန့် .. ခဏနေဦး။ မင်းပြန်ဆုတ်လိုက်စမ်း"

ပြောနေရင်းမှ လင်းရှင်က ခါးမှာ ချိတ်ဆွဲထားသော ဓားကို ဆွဲထုတ်လိုက်၏။

ဤတွင် အခန်းတွင်းမှ လူအားလုံး အလန့်တကြားဖြင့် တွေးလိုက်မိတော့၏။

"ဘုရား .. ဘုရား .. သူက စောစောတုန်းကပဲ ဒဏ်ရာရထားတယ်။ ရှောင်လင်ကျောင်းထိုင်နဲ့ တိုက်တာက တစ်ပွဲ၊ ကောင်းဆန်းဂိုဏ်းချုပ်နဲ့ တစ်ပွဲ။ အခုလည်း ထပ်တိုက်ဦးမလို့လား။ ... ဒီမကောင်းဆိုးဝါးကြီးရဲ့ ခံနိုင်ရည်အားက တကယ်ပဲ ကြောက်စရာ ကောင်းလှပါကလား"

အမှန်တော့ လင်းရှင်မှာ စကားကို သက်တောင့်သက်သာ ပြောနေခြင်းမဟုတ်ပေ။ သူ၏ ချက်အောက်၌ ဓားဖြင့် ထိုးမွှေခံရသည့်အလား ခံစားနေရ၏။ စောစောက စကားကိုပင် အသံမတုန်အောင် ကြိုးစားကာ မနည်းပြောလိုက်ရခြင်း ဖြစ်သည်။

ရသေ့ကြီး ချုံးရှိုးက ပြုံး၍ "ဆရာကြီးက နှစ်ပွဲဆက်တိုက် တိုက်ခိုက်ပြီးပြီ။ ကျုပ်နဲ့ တစ်ပွဲ ထပ်ပြိုင်ဦးမယ်ဆိုရင် ကျုပ်က အမြတ်ထုတ်သလို ဖြစ်နေပါလိမ့်မယ်။ ဆရာကြီး စဉ်းစားပါဦး"

လင်းရှင်ကလည်း ရယ်လိုက်ပြီး ... "ဟုတ်ပါတယ်။ နှစ်ပွဲတိုက်ပြီးတော့ ရသေ့ကြီးနဲ့ ထပ်ပြိုင်ရင် ရသေ့ကြီးကို မလေးမစား လုပ်သလို ဖြစ်နေမှာပေါ့။ ကျုပ်က မာနကြီးပေမယ့် ဟူတန်းဓားသိုင်းကိုတော့ လုံးဝအထင်မသေးပါဘူး"

ရသေ့ကြီး ချုံးရှိုးက ကျေးဇူးတင်ကြောင်း ပြောလိုက်သည်။ လင်းရှင်က ဓားဆွဲထုတ်လိုက်သည်ကို မြင်လိုက်သော ဟူတန်းဂိုဏ်းချုပ်ကြီးမှာ စိတ်မသက်မသာ ခံစားလိုက်ရ၏။ သည်တစ်ပွဲသာ လင်းရှင်က ဆက်တိုက်လာပါက ရသေ့ကြီး ချုံးရှိုးက နိုင်လျှင်လည်း ဂုဏ်မရှိ။ ရှုံးလျှင်တော့ ဟူတန်းဂိုဏ်း သိက္ခာကျတော့မည် ဖြစ်သောကြောင့်ပင်တည်း။

လင်းရှင်က ... "ရသေ့ကြီး ချုံးရှိုးက နောက်ဆုံးတပ်မကြီး မဟုတ်လား။ ဒီလိုဆိုတော့ ကျုပ်ကလည်း ကျုပ်ဖက်က နောက်ဆုံးတပ်မကြီးကို ထုတ်ရတော့မှာပေါ့။ ... လင့်ဟူချုံး ... မင်းဆင်းလာခဲ့ပေတော့"

လူအားလုံးသည် လင်းရှင်အော်လိုက်သည့် နေရာဆီ လှမ်းကြည့်လိုက်မိ၏။ မမျှော်လင့်ထားသော အချိန်တွင်မှ ခေါ်ထုတ်ခံလိုက်ရသဖြင့် လင့်ဟူချုံးမှာ အကျပ်ရိုက်သွားသည်။ မည်သို့ပင် ဖြစ်စေ။ ဆက်လက်ပုန်းနေရန် မဖြစ်နိုင်တော့သဖြင့် ခုန်ဆင်းလိုက်ရတော့၏။

ကြမ်းပြင်ပေါ်သို့ ခြေချမိသည်နှင့် ဆရာတော်ကြီး ဖန်းတင်းကို ဂါရဝပြုလိုက်ပြီး လင့်ဟူချုံးက ... "ဆရာတော်ဘုရား ... တပည့်တော် လူစုလူဝေးကြီးနဲ့ ဆရာတော်ဘုရားရဲ့ ကျောင်းထဲကို ခွင့်မပန်ပဲ ဝင်ခဲ့မိတာကို တောင်းပန်ပါတယ်ဘုရား ... ခွင့်လွှတ်ပေးပါ"

ဆရာတော်ကြီး ဖန်းတင်းက တဟားဟားရယ်မောရင်း ...

"ငါက ဘယ်သူများလဲလို့ .. လက်စသတ်တော့ မင်းကိုး။ မင်းရဲ့ အသက်ရှူသံကို နားထောင်ပြီး ငါ့စိတ်ထဲမှာ ဘယ်က ထိပ်သီးသိုင်းပညာရှင်ကြီးများ တက်ပုန်းနေတာလဲလို့ စိတ်ပူနေတာ"

ထင်ထားသည့်အတိုင်းပင် သူတက်ပုန်းနေကြောင်းကို ဤဆရာကြီးများ သိနေကြပေသည်။ လင့်ဟူချုံးက ခေါင်းငုံ့၍ လျှောက်ထားလိုက်ပြန်သည်။

"ဆရာတော်ကြီးတွေ ဝင်လာတာကို တပည့်တော်တွေ့ပါတယ်။ ဒါပေမယ့် တပည့်တော်က ဆရာကြီးတွေကို မတွေ့ရဲလို့ တက်ပုန်းနေမိတာပါ"

ရက်ပုချွန်ကို လင့်ဟူချုံးက လှည့်မကြည့်ရဲပေ။ သူသည် ဆရာသမားအပေါ် လွန်စွာ ကြောက်ရွံ့နေဆဲ မဟုတ်ပါ

လား။ ထိုအချိန်တွင် သူတောင်းစားဂိုဏ်းချုပ်ကြီး ကြယ်ဖုန်းက မေးလိုက်သည်။

"မင်းက ဘာအမှားတွေ လုပ်ထားလို့ ငါတို့ကို မတွေ့ရဲတာလဲကွ"

"ကျွန်တော့်အမှားကို ဝန်ခံပါတယ်ခင်ဗျာ။ ဒါပေမယ့် ဖြေရှင်းပါရစေ၊ ဒီရောင်လင်ကျောင်းထဲ အခွင့်မပန်ပဲ ဝင်လာတာဟာ တမင်သက်သက် စော်ကားနှောင့်ယှက်လိုတဲ့စိတ်နဲ့ မဟုတ်ပါဘူး။ ဆရာကြီးလင်းရှင်ရဲ့ သမီးလေး အချုပ်ခံနေရလို့ လာကယ်တာပါ"

ကြယ်ဖုန်းက ရယ်လိုက်ပြီး ... "မိန်းမလာခိုးတာပဲကွာ။ တောင်းပန်စရာ မလိုပါဘူး"

လင့်ဟူချုံးက ... "လင်းလင်းရဲ့ ကျေးဇူးတွေ ကျွန်တော့်အပေါ်မှာ အများကြီးရှိနေပါတယ်။ ဒါကြောင့်မို့ သူ့အတွက် အသက်စွန့်ဖို့ အဆင်သင့်ပါပဲ"

သည်စကားကို ကြားလိုက်သောအခါတွင်မူ ကြယ်ဖုန်းက မရယ်တော့ပဲ သက်ပြင်းချလိုက်သည်။

"နှမြောစရာ ကောင်းလိုက်တာကွာ။ မင်းဟာ အင်မတန် တက်လမ်းရှိတဲ့ လူငယ်လေးကွ။ မိန်းမတစ်ယောက်အတွက်နဲ့များ ကိုယ့်တက်လမ်းကို ဖျက်ဆီးပစ်ရသလား။ မင်းသာ အမြင်မှန်ရပြီး အနေအထိုင်တတ်မယ်ဆိုရင် ဝါဆန်းဂိုဏ်းချုပ်နေရာက မင်းလက်ထဲက ဘယ်ထွက်ပြေးမလဲ"

လင်းရှင်က ဒေါသသံဖြင့် ... "ထွီ ... ဝါဆန်းဂိုဏ်းချုပ် ... ဟုတ်လား။ အဲသည် မဖြစ်စလောက် နေရာလေးကို စကားထဲ ထည့်ပြောမနေပါနဲ့။ ကျုပ်က သူ့လက်ထဲကို နေမင်းသခင်ဂိုဏ်းကြီးကို ပေးခဲ့မှာ"

လင့်ဟူချုံးက အလန့်တကြား အော်ဟစ်လိုက်သည်။

"မလုပ်ပါနဲ့"

လင်းရှင်က ရယ်လိုက်ပြီး ... "လူလေး ... မင်းလောလောဆယ် လုပ်ရမှာက ဟောဒီက ဟူတန်းဂိုဏ်းချုပ်ကြီးရဲ့ ဓားသိုင်းကို မြည်းစမ်းကြည့်ပေတော့။ သူ့ရဲ့ ထိုက်ကျိဓားသိုင်းက စက်ဝိုင်းတွေနော်။ အင်မတန် ကြောက်စရာကောင်းတယ်။ သတိထားပေတော့"

လင့်ဟူချုံးကို လင်းရှင်က 'လူလေး' ဟု ခေါ်လိုက်ခြင်းမှာ သူ့သားမက်အဖြစ် သဘောထားကြောင်း ပြသလိုက်ခြင်းပင်ဖြစ်တော့၏။ မည်သို့ပင်ဖြစ်စေကာမူ လင်းလင်းကို ကယ်ရန်အတွက် အခြေအနေကို တွက်ဆလိုက်ရာ တစ်ပွဲနိုင်၊ တစ်ပွဲရှုံး ဖြစ်နေသဖြင့် ယခု နောက်ဆုံးပွဲသည် အဆုံးအဖြတ်ပွဲ ဖြစ်သွားပြီး အရေးကြီးလှတော့၏။ သည်ပွဲကို နိုင်မှသာ လင်းလင်းအနေဖြင့် ရောင်ဆက်တောင်ပေါ်မှ ဆင်းခွင့်ရပေလိမ့်မည်။

လင့်ဟူချုံးသည် ရသေ့ကြီးကို တစ်ကြိမ် အနိုင်ရခဲ့ဖူးသဖြင့် စိတ်ထဲတွင် အလွန်အမင်း တုန်လှုပ်ခြင်းမရှိချေ။ ဓားသိုင်းပညာတွင် မိမိက မည့်ကြောင်း သိနေပြီးဖြစ်၏။ ယခုတော့ လင်းလင်းအတွက် ထပ်မံယှဉ်ပြိုင်ရပေတော့မည်။

ရသေ့ကြီး ချုံးရှီးအား လင့်ဟူချုံးက ဒူးထောက်ကာ အရိုအသေပေးလိုက်၏။ ထိုအခါ ရသေ့ကြီးချုံးရှီးက ကမန်းကတန်း ဆွဲထူရင်း တုန်ယင်လှုပ်ရှားစွာဖြင့် ...

"လူလေး .. မင်း ... မင်း"

လင့်ဟူချုံးက ... "ဆရာကြီး ... ကျွန်တော့်ကို ခွင့်လွှတ်ပါ။ ဆရာကြီးကို အင်မတန် ရိုသေလေးစားပါတယ်။ အခုတော့ အခြေအနေအရ ဆရာကြီးနဲ့ ယှဉ်ပြိုင်ရပါတော့မယ်"

"ဟားဟားဟား ... လူလေးရဲ့စိတ်ထားက တယ်နူးညံ့တာကိုး။ သိုင်းသမားဖြစ်ပေမယ့် ပန်းပွင့်အသည်းနဲ့ပါလား"

လင့်ဟူချုံးက မတ်တတ်ထရပ်လိုက်သည်။

လင်းရှင်က သူ့၏ ဓားကို ကမ်းပေးလိုက်၏။

လင့်ဟူချုံးက လှမ်းယူလိုက်သည်။

ရသေ့ကြီး ချုံးရှီးကမူ မတ်တတ်ရပ်ရင်း ကျောင်းအပြင် မိုးကောင်းကင်ကို မျှော်ကြည့်နေသည်။ လင့်ဟူချုံးကို မည်သည့်ဓားကွက်ဖြင့် တိုက်ခိုက်ရမည်ကို စဉ်းစားနေခြင်းဖြစ်၏။

ဘေးပတ်လည်ရှိ ပရိသတ်များကမူ ရသေ့ကြီးချုံးရှီးတစ်ယောက် အချိန်ကြာမြင့်စွာ မလှုပ်မရှက် ရပ်နေသည်ကို တွေ့ရသည်တွင် များစွာ အံ့သြသွားကြ၏။

အချိန်များစွာကြာသောအခါ ရသေ့ကြီး ချုံးရှီးထံမှ ဟူးကနဲ သက်ပြင်းရှည်ကြီးချသံ ကြားလိုက်ရပြီး စကားသံထွက်ပေါ်လာလေတော့သည်။

"ဒီပွဲကို ပြိုင်ဖို့ မလိုတော့ဘူး ထင်တယ်။ မင်းတို့ လေးယောက် တောင်ပေါ်က ဆင်းသွားနိုင်ပါပြီ"

ထိုစကားကို ကြားလိုက်ရသောလူအားလုံး တုန်လှုပ်သွားကြတော့၏။ ကြယ်ဖုန်းက ... "ရသေ့ကြီး ... ဒါက ဘာ

သဘောလဲ”

ရသေ့ကြီး ချုံးရှိုးက … “အရှုံးပေးတဲ့ သဘောပဲ။ စောစောပိုင်းက လင့်ဟူချုံးရဲ့ ဓားသိုင်းကို ဘယ်လိုဖျက်ရမလဲလို့ ကျုပ်စဉ်းစားနေတာ။ အခုတော့ ဘယ်လိုမှ စဉ်းစားမရလို့ ဒီပွဲမှာ အရှုံးပေးလိုက်တယ်။”

ကြယ်ဖုန်းက မကျေနပ်သေးပဲ … “မဟုတ်သေးပါဘူး။ ရသေ့ကြီးက သူနဲ့တောင် မတိုက်ရသေးပဲနဲ့ ရှုံးမယ်ဆိုတာ ကြိုသိနေသလား”

ရသေ့ကြီး ချုံးရှိုးက … “အခုတော့ မတိုက်ရသေးဘူး။ ဒါပေမယ့် လွန်ခဲ့တဲ့ ဆယ်ရက်လောက်က ဟူတန်းတောင်ခြေမှာ လင့်ဟူချုံးနဲ့ သိုင်းကွက်ပေါင်း သုံးရာကျော် ယှဉ်ပြိုင်ပြီးပြီ။ အဲသည်တုန်းက ကျုပ်ရှုံးခဲ့တယ်။ အဲသည်ကတည်းက သူ့သိုင်းကွက်ကို ဘယ်လိုဖျက်ရမလဲလို့ စဉ်းစားနေတာ ဒီကနေ့အထိပဲ။ စဉ်းစားမရမှတော့ ထပ်ပြိုင်လည်း ရှုံးမှာပဲ”

ဆရာတော်ကြီး ဖန်းတင်းက လက်အုပ်ချီလိုက်ပြီး … “ရသေ့ကြီး ချုံးရှိုး .. တကယ်တိုက်ခဲ့ရတာလား”

ရသေ့ကြီး ချုံးရှိုးက … “လင့်ဟူချုံးကို ဓားနဲ့အနိုင်ရဖို့ မလွယ်တော့ဘူး။ သူက ဆရာကြီး ဖုန်းချင်းရဲ့ ဓားသိုင်း အနှစ်သာရကို ရထားပြီးပြီ”

စကားဆုံးသည်နှင့် ဟူတန်းဂိုဏ်းချုပ်ကြီးသည် နောက်သို့ ဆုတ်သွားတော့၏။

လင်းရှင်က … “ရသေ့ကြီး .. ခင်ဗျားဟာ သဘောထားကြီးသလောက် ပွင့်လင်းတာပဲ။ ခင်ဗျားလို စိတ်ထားနိုင်တဲ့လူ အရမ်းရှားတယ်။ တကယ့်ကို ချီးကျူးပါတယ်ဗျာ။ ဒီကနေ့မှာတော့ ကျုပ်အထင်ကြီးတဲ့လူ သုံးယောက်နဲ့တစ်ပိုင်း မဟုတ်တော့ဘူး။ လေးယောက်တိတိ ဖြစ်သွားပြီဗျို့”

တစ်ဆက်တည်းပင် လင်းရှင်က ဆရာတော်ကြီး ဖန်းတင်းဆက် လှည့်ကာ နှုတ်ဆက်လိုက်သည်။

“ဆရာတော်ကြီးကိုလည်း ကျေးဇူးတင်ပါတယ်ဗျာ။ နောက်များမှ တွေ့ကြတာပေါ့”

လင့်ဟူချုံးက သူ့ဆရာနှင့်ဆရာမရှေ့သို့သွားပြီး ဂါရဝပြု နှုတ်ဆက်သည်။ ရက်ပုချွန်က ခပ်မာမာပင် ပြောလိုက်၏။

“မလိုပါဘူး”

ဖူးလင်ကမူ မျက်ရည်များကျကာ လင့်ဟူချုံးကို ကြည့်နေရှာသည်။ သူမ၏ ဝမ်းမလွယ်သားပင် မဟုတ်ပါလား။

ဤသို့ဖြင့် လင်းရှင်သည် လက်တစ်ဖက်က လင်းလင်းကိုဆွဲ။ အခြားလက်တစ်ဖက်ဖြင့် လင့်ဟူချုံးကိုဆွဲကာ ရှောင်လင်ကျောင်းတိုက်မှ ထွက်ခွာရန် ခြေလှမ်းလိုက်၏။ နှုတ်ကတိအရ သူတို့အားလုံး ရှောင်လင်ကျောင်းတိုက်မှ ထွက်ခွာသွားခွင့် ရှိနေလေပြီ။

ကျန်လူအားလုံးမှာ ငေးကြည့်နေကြ၏။ သူတို့သည် ဟူတန်းဂိုဏ်းချုပ်ကြီးလောက် ဓားသိုင်းပညာ မတော်ကြသဖြင့် လင့်ဟူချုံးကို စိန်မခေါ်ရဲကြပေ။

လင်းရှင်တို့ လေးယောက် တံခါးမကြီး အပြင်သို့ ရောက်လုရောက်ခင်တွင် ရက်ပုချွန်က ရုတ်တရက် အော်လိုက်၏။

“ခဏနေကြဦး”

ရက်ပုချွန်သည် သူ့ဓားကို ဆွဲထုတ်လိုက်ရင်း လင့်ဟူချုံးအားလည်း လှမ်းပြောလိုက်၏။

“ကဲ .. မင်းဓားကို ထုတ်စမ်း”

လင့်ဟူချုံးက နောက်တစ်လှမ်းဆုတ်လိုက်ပြီး …

“ကျွန်တော် မယှဉ်ရဲပါဘူး ဆရာ”

ထိုစဉ် ရက်ပုချွန်က ဓားဖြင့် စွပ်ကနဲထိုးလိုက်၏။ လင့်ဟူချုံးက ဘေးဘက်သို့ ခုန်ရှောင်လိုက်သည်။ ယခုထိ လင့်ဟူချုံးသည် သူ့ဓားကို ဆွဲမထုတ်ရသေးပေ။ ရက်ပုချွန်က နောက်ထပ်နှစ်ချက် ထိုးပြန်၏။ လင့်ဟူချုံးက ရှောင်လိုက်ပြန်၏။

လင်းရှင်က …

“လူလေး … မင်းက သုံးကွက်တိတိ ရှောင်ပေးပြီးပြီ။ ဒါက ဆရာသမားကို လေးစားကြောင်း ပြတာ ပဲ။ မင်းရဲ့ဓားကို အခုထိ ဆွဲမထုတ်သေးတာကတော့ မဟုတ်သေးဘူး။ မင်းတကယ်ပဲ အသေခံတော့မလို့လား”

လင်းရှင်၏စကား မှန်နေသဖြင့် လင့်ဟူချုံးက ဓားကိုဆွဲထုတ်လိုက်သည်။ လက်ထဲသို့ ဓားရောက်လာသည်နှင့် လွန်စွာ စိတ်အားတက်သွားတော့၏။

သူသိသည်။

ကောင်းကောင်းကြီးသိနေ၏။

လင်းရှင်က သမင်လည်ပြန်လှည့်ကြည့်ရင်း မေးလိုက်၏။

"ဘာလဲ .. ဘာကိစ္စလဲ"

ရက်ပုဗ္ဗန်က ...

"ရသေ့ကြီး ချုံးရှိုးက လူကြီးမို့လို့ ဘာမဟုတ်တဲ့ ကလေးတစ်ယောက်ကို မပြိုင်တာ။ ဒီတော့ တတိယပွဲကို ကျုပ်ပြိုင်မယ်"

လင့်ဟူချုံးမှာ ငယ်ထိပ်ကို မိုးကြိုးမှန်သူနှယ် အလန့်တကြား ဖြစ်သွားတော့၏။ သူက အထစ်ထစ် အငေါ့ငေါ့ဖြင့် ...

"ဆရာ .. ဆရာ ... ကျွန်တော်က ဆရာ့ကို ... ဘယ့်နှယ်လုပ်"

ရက်ပုဗ္ဗန်က အေးစက်မာကြောစွာဖြင့် ...

"မင်းက ငါတို့ဂိုဏ်းက ဆရာကြီး ဖုန်းချင်းဆီက ဓားသိုင်းပညာရခဲ့တော့ မင်းရဲ့ဓားသွားက ငါ့ထက်သာမှာပဲ။ ဒါပေမယ့် မင်းက မသမာသူတွေနဲ့ပေါင်းပြီး ငါတို့ အထက်လမ်းကလူတွေကို ကောင်းကောင်း ဒုက္ခပေးနေတယ်။ ဒီတော့ ငါက မင်းနဲ့ စာရင်းရှင်းချင်နေတာကြာပြီ။ အခုတော့ စာရင်းရှင်းဖို့ အခွင့်ကြုံလာပြီ။ မင်းသေရင်သေ၊ မသေရင် ငါအသေပဲ"

ဟုပြောလေ၏။

လင့်ဟူချုံးက ကောင်းစွာ သိနေသည်။ ရက်ပုဗ္ဗန်၏ ဓားသိုင်းမှာ သူ့ကို မည်သို့မျှ မယှဉ်နိုင်ချေ။ သူကသာ တိုက်ခိုက်လျှင် ဆရာက သူ့ကို သတ်ရန်ထား၍ ထိပင် မထိနိုင်။ သို့သော် ခက်နေသည်က လင့်ဟူချုံး ကလည်း သူ့ဆရာကို သတ်ရန်မဆိုထားနှင့်။ ထိပင် မထိရဲ။

ဤအခြေအနေမျိုး၌ မည်ကဲ့သို့ ပြိုင်ရမည်နည်း။

ဆရာ့ကို အနိုင်ပေးရမည်လား။ သို့မဟုတ် သူ့ဆရာကို သူပြန်အနိုင်ယူရမည်လား။ လင့်ဟူချုံး မဝေခွဲနိုင်တော့ချေ။

သည်ကြားထဲတွင် အချက်တစ်ချက် ရှိသေးသည်။ ယခုပြိုင်ပွဲတွင် လင့်ဟူချုံးရှုံးသွားလျှင် လင်းရှင်တို့သည် ဤ ရှောင်လင်ကျောင်းထဲတွင် ဆယ်နှစ် အပိတ်ခံရပေတော့မည်။ ထိုအတောအတွင်း ဆရာတော်ကြီး ဖန်းတင်းက မဟုတ်မမှန်သည်ကို ပြုလုပ်မည်မဟုတ်ဟု စိတ်ချရသော်လည်း ကျိုလင်ထန်နှင့် အခြားလူများက မလုပ်ကြံပါဟု မည်သူမျှ အာမမခံနိုင်ချေ။

အကယ်၍ လင့်ဟူချုံးက သူ့ဆရာကို အနိုင်ယူလျှင်လည်း ကျေးဇူးရှင်ကို လူရှေ့သူရှေ့တွင် အရှက်ခွဲရာ ရောက်ပေတော့မည်။ ဤပြဿနာမှ လွတ်အောင် မည်ကဲ့သို့ ဖြေရှင်းရမည်နည်း။

လင့်ဟူချုံးက အတွေးများနေစဉ် ရက်ပုဗ္ဗန်က ငြိမ်မနေပဲ တိုက်ခိုက်တော့၏။ လင့်ဟူချုံးအဖို့ 'ဇကရာဇ်ကိုးကွက်' ကိုတတ်ကျွမ်းထားသဖြင့် သည်ဓားကွက်များလောက်ကိုတော့ အေးဆေးစွာ ခုခံနိုင်ပေသည်။ ထို့ကြောင့် ရက်ပုဗ္ဗန်က မည်မျှပင် ကြိုးစားပြီး တိုက်ခိုက်သည်ဖြစ်စေ၊ အရာမရောက်ပဲ ဖြစ်နေတော့သည်။

ဘေးပတ်ဝန်းကျင်မှ ကြည့်နေသော လူများမှာ ထိပ်သီးသိုင်းဆရာကြီးများသာ ဖြစ်ကြရာ အားလုံးက အခြေအနေကို သဘောပေါက်ကြ၏။ ရက်ပုဗ္ဗန်က လင့်ဟူချုံးအား ရက်ရက်စက်စက် တိုက်နေသည်ကို လည်းကောင်း၊ လင့်ဟူချုံးက ရက်ပုဗ္ဗန်အား ညှာနေသည်ကို လည်းကောင်း သူတို့ထင်ရှားစွာ မြင်ကြရ၏။

လင့်ဟူချုံး၏ ဓားကွက်များသည် တိုက်ကွက်တစ်ကွက်မျှ မပါချေ။ သူသည် ရက်ပုဗ္ဗန်ကို စိတ်ပါလက်ပါ တိုက်နေခြင်းမဟုတ်သည်မှာ ထင်ရှား၏။ ထို့ကြောင့် လင်းရှင်နှင့် ရှန့်ဝန့်ထင်းတို့မှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်မိ၏။ သူတို့ နှစ်ယောက်လုံး မျက်မှောင်ကုတ်နေကြလေပြီ။

လင့်ဟူချုံးနှင့်တွေ့သည်မှာ မကြာသေးသော်လည်း သူတို့က လင့်ဟူချုံး၏စိတ်ကို နားလည်နေကြလေပြီ။ နေမင်းသခင်ဂိုဏ်းသို့ ဝင်ရောက်ရန် အတိအလင်း ဖြောင်းဖြင့်ပြောခြင်းဖြင့်တစ်နည်း၊ သွယ်ဝိုက်၍ တစ်ဖုံ၊ ခြိမ်းခြောက်ပြီး တစ်မျိုး၊ ဆွယ်ပြီးကြလေပြီ။

သို့သော် လင့်ဟူချုံးက သဘောမတူ။ ယင်းမှာ ဝါဆန်းဂိုဏ်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိနေကြောင်းကို ပြနေခြင်းဖြစ်၏။ သူ၏ ဆရာနှင့် ဆရာမကို လွန်စွာ ရှိသေလေးစားဆဲဖြစ်နေ၏။

ယခုတိုက်ပွဲသည်လည်း တစ်ဖက်စောင်းနင်းဖြစ်နေသည်။ ဤပုံအတိုင်းသာ ဆက်သွားပါက မကြာခင်ပင် လင့်ဟူချုံးသည် ဓားလွတ်ကျကာ အရှုံးပေး လိုက်ရပေလိမ့်မည်။

လင်းရှင်တို့မှာ ဆိုးဝါးလှသော အခြေအနေကိုကြည့်ရင်း ထူပူသွားသဖြင့် အတန်ကြာမျှ ငိုင်နေမိသည်။ လင့်ဟူချုံးကို မည်ကဲ့သို့ သွေးဆောင်ရမည်ကို မသိသလို ဖြစ်နေကြခြင်းပင်။

အတော်ကြာမှ လင်းရှင်က သတိရသွားပြီး လင်းလင်းအား တိုးညင်းစွာ ပြောလိုက်သည်။

"သမီး ... ဟိုဖက်နား ကပ်ပြီး သွားရပ်လိုက်"

လင်းလင်းက မလှုပ်ပေ။

လင်းရှင်က ထပ်ပြောလိုက်၏။

"သမီး ... အဖေပြောတာ သဘောမပေါက်ဘူးနဲ့ တူတယ်။ ဟိုဖက်နား ကပ်ပြီး သွားရပ်နေလိုက်လေ"

သည်တစ်ကြိမ်တွင်လည်း လင်းလင်းက မလှုပ်ပေ။ လင်းရှင်ဖက်သို့လည်း လှည့်မကြည့်။ သူမ၏ စိတ်ထဲတွင် ပိုင်းဖြတ်ထားသည်မှာ

"ကျွန်မက ရှင့်အပေါ်မှာ ဘယ်လိုစေတနာမျိုး ထားခဲ့တယ်ဆိုတာ ရှင်အစောကြီးကတည်းက သိနေတာပဲ။ ရှင့်စိတ်ထဲမှာ ကျွန်မကို အလေးထားရင်၊ ကျွန်မစေတနာကို နားလည်ရင် ကျွန်မကို ကယ်မှာပဲ။ နိုင်အောင် တိုက်မှာပဲ။ တကယ်လို့ ရှင့်ဆရာကို အလေးထားရင် ကျွန်မတောင်းပန်နေလို့လဲ မထူးဘူး။ ကျွန်မစေတနာတွေ ရေပေါ်အရုပ်ရေးသလို ဖြစ်သွားမှာပဲ။ ဘာဖြစ်လို့ သတိပေးနေတော့မလဲ"

လင့်ဟူချုံးမှာ သတိကြီးစွာထားလျက် သူ့ဆရာ၏ တိုက်ကွက်များကို ဖြေနေရ၏။ သူကသာ ပြန်လှန်တိုက်ခိုက်လျှင် ရက်ပုချွန်အနေဖြင့် အစောကြီးကတည်းက လက်မြှောက် အရှုံးပေးရပေမည်။ သူ့ဆရာ၏ ဟာကွက်များစွာကို တွေ့သော်လည်း သူတစ်ချက်မျှ မတိုက်ခဲ့ပေ။

ရက်ပုချွန်ကာ ထိုအခွင့်ကောင်းကိုယူကာ အားကုန်ထုတ် တိုက်နေ၏။ ယခုအထိ လင့်ဟူချုံးက သူ့ကို ပြန်လှန်တိုက်ခိုက်ခြင်းမရှိသဖြင့် သူက တိုက်ကွက်များကိုသာ ထုတ်နေတော့၏။ သူ့ဓားကွက်တွင် ဟာကွက် ချွတ်ယွင်းကွက်များကို အရေးမစိုက်တော့ပေ။

ဘေးမှ ရပ်ကြည့်နေသော လူများကမူ လင့်ဟူချုံးကိုသာ ချီးကျူးနေကြတော့၏။ အဘယ်ကြောင့်ဆိုသော် ရက်ပုချွန်သည် စိတ်လွတ်လက်လွတ်ဖြင့် အစွမ်းကုန်တိုက်ခိုက်သမျှကို လင့်ဟူချုံးက အသာအယာပင် ကာကွယ်နေခြင်းကြောင့်ပင်တည်း။

ရက်ပုချွန်က ဘေးဘီကို တစ်ချက် ကြည့်လိုက်သည်နှင့် ထိုအချက်ကို ရိပ်မိသွား၏။

"ဒုက္ခပဲ။ ခွေးကောင်လေးက ငါ့ကိုကြောက်လို့ ပြန်မတိုက်ရဲပေမယ့် အခုဟာက ပြန်တိုက်တာထက်တောင် ဆိုးနေတယ်။ ဒီလောက်ကြာအောင်လဲ တိုက်နေတာတောင် မနိုင်နိုင်တော့ ငါက ဘာကောင် ဖြစ်သွားပြီလဲ။ ဒီကြားထဲမှာ သူက ငါ့ကို တစ်ချက်မှမတိုက်ဘူး။ ငါကသာ အတင်းတရကြမ်းတိုက်နေတော့ ငါ့သိက္ခာ ဘယ်ရှိတော့မလဲ။ ဂိုဏ်းချုပ်လို့သာ ဆိုတယ် ကိုယ့်တပည့်တောင် မနိုင်ပါလားလို့ အထင်ခံရတော့မှာပေါ့ ... ခွေးကောင် ... ခွေးကောင်လေး"

ဖူးလင်မှာ တိုက်ပွဲကိုကြည့်ရင်း စိတ်မသက်မသာ ခံစားလိုက်ရ၏။ သူ့နှုတ်မှ ကြိတ်မနိုင်ခဲမရ ပြောလိုက်မိသည်။

"လင့်ဟူချုံးက ဒီလောက်အလျှော့ပေးနေတာကို သူက ဘာဖြစ်လို့ မညှာမတာ ဆက်တိုက်နေရတာလဲ။ မျက်နှာပူစရာ ကောင်းလိုက်တာနော်"

လင်းရှင်ကမူ ...

"အင်း .. ဒီလိုသာ ရက်ပုချွန်က အရှက်မရှိပဲ ဆက်တိုက်နေရင် လင့်ဟူချုံးတော့ အသက်အန္တရာယ်ရှိတယ်။ ဒီတော့ စကားနာထိုးပြီး စစ်မျက်နှာသစ်ဖွင့်မှပဲ လင့်ဟူချုံး သက်သာမယ်"

အတွေးဆုံးသည်နှင့် လင်းရှင်က စကား စလိုက်သည်။ "ရှန့်ဝန့်ထင်း ... ဒီတစ်ခေါက် ငါတို့ ရှောင်လင်ကျောင်းထဲ ရောက်လာတာ မျက်စိရော နားရော ပွင့်သွားတာပဲ"

"ဟုတ်တယ် ဂိုဏ်းချုပ်ကြီး ... သိုင်းလောကက ထိပ်သီးသိုင်းဆရာကြီးတွေ အားလုံးနဲ့ တွေ့လိုက်ရတာကိုး"

"ဒါပေမယ့် ထိပ်သီး သိုင်းဆရာကြီးတွေ ထဲမှာမှ တစ်ယောက်သောသူက ပိုတော်တယ်ကွ"

"ဘယ်သူလဲ ဂိုဏ်းချုပ်ကြီး ..."

"အဲသည်လူက လျှို့ဝှက်သိုင်းပညာရပ် တစ်ခုကို လေ့ကျင့်ထားတာကွ။ တကယ့်ကို လက်ဖျားခါရလောက်အောင် တော်ပေတာပဲ"

"ဟာ ... ဂိုဏ်းချုပ်ကြီးရဲ့ ပါးစပ်ကတောင် ထုတ်ပြောရတယ်ဆိုတော့ တကယ့်ကိုတော်မှာပဲ။ ဘာသိုင်းပညာလဲ ဂိုဏ်းချုပ်ကြီး ..."

"ဆင်သားရေ မျက်နှာသိုင်းတဲ့"

"ဂိုဏ်းချုပ်ကြီး ... ကျွန်တော်ကြားဖူးတာတော့ သိုင်းပညာဆိုတာ လက်၊ ခြေ၊ ဝမ်းဗိုက်၊ ကိုယ်ခန္ဓာတွေမှာသာ လေ့ကျင့်တာပဲ။ မျက်နှာမှာလေ့ကျင့်တဲ့ သိုင်းပညာတော့ တစ်ခါမှ မကြားဖူးဘူး ... ပြောပြပါဦး ဂိုဏ်းချုပ်ကြီး ..."

"ဒီလိုလေကွာ ... ဆင်ရဲ့သားရေက အရမ်းထူတယ်မဟုတ်လားကွ။ ဆင်သားရေသိုင်းကို လေ့ကျင့်ထားရင် အရေပြားတွေက ထူလာပြီး တော်ရုံလက်နက်ကို မမှုတော့ဘူးပေါ့။ အခုဒီလူက 'ဆင်သားရေ' ရိုးရိုးမဟုတ်ဘူးကွ။ 'ဆင်သားရေ မျက်နှာသိုင်း' ဆိုတာကိုလေ့ကျင့်ထားတာ။ ဒီတော့ သူ့မျက်နှာက ပိုထူတာပေါ့ကွာ"

"တယ်စိတ်ဝင်စားစရာ ကောင်းတာပဲ။ ဒီသိုင်းပညာက ဘယ်ဂိုဏ်းက သိုင်းပညာလဲ မသိဘူးနော်"

"ဟေ့အေး ... အခုမှ ထွင်ထားတာ ... ဝါဆန်းဂိုဏ်းချုပ်ကြီး .. ဘာတဲ့ .. သစ္စာရှင် ဓားသမား ရက်ပုချွန်ကိုယ်တိုင် တီထွင်လိုက်တဲ့ သိုင်းပညာကွ။ ... ပေါ့သေးသေးတော့ မဟုတ်ဘူးနော်။ တော်ရုံလူက 'ဆင်သားရေ မျက်နှာသိုင်း' ကို မသုံးဝံ့ဘူးကွ"

"တယ်ဟုတ်ပါလား။ သစ္စာရှင်ဓားသမား ရက်ပုချွန်ဆိုတာ ဓားသိုင်းနဲ့ နာမည်ကြီးတာမဟုတ်လား။ သူက အခု 'ဆင်သားရေ မျက်နှာသိုင်း' ကို ထပ်ပြီး တီထွင်လေ့ကျင့်တာ ဘာလုပ်မလို့လဲ။ ... သြော် .. သိပြီ။ သူ့ပညာကို တိုးပွား သထက် တိုးပွားများပြားအောင် လုပ်မလို့ဖြစ်မယ်။ ... ဒါနဲ့ အဲဒီသိုင်းပညာကို လေ့ကျင့်တဲ့ အကျိုးကျေးဇူးကလေးကို ပြောပြပါဦးခင်ဗျ"

"ဒါကတော့ ငါလဲ အကုန်မသိဘူးကွ။ ... ဟဲဟဲ ... ငါသိသလောက်ကတော့ အကျိုးကျေးဇူးတွေက ပြောမကုန်ဘူး တဲ့။ ငါက ဝါဆန်းဂိုဏ်းက မဟုတ်တော့ အတွင်းကျကျ မသိဘူးလေ"

လင်းရှင်နှင့် ရှန့်ဝန့်ထင်းတို့နှစ်ယောက်က အပေးအယူညီစွာ အတိုင်အဖောက်နှင့် ရက်ပုချွန်ကို သရော်လိုက်၊ ခနဲ့လိုက်၊ လုပ်နေကြသည်ကို ဖူးလင်က အလွန်ဒေါသထွက်မိသည်။ သို့သော် ထိုဒေါသများသည် အပြင်သို့ ရောက်မလာချေ။ သူမကိုယ်တိုင်က သူမယောကျ်ားကို မကျေမနပ် ဖြစ်နေမိသည် မဟုတ်ပါလော။

× × × × ×

## နှင်းတော

မည်သည့်စကားကိုမျှ မကြားသည့်အလား ရက်ပုချွန်က တိုက်ခိုက်နေသည်။ တိုက်နေရင်းမှ သူ့ကိုယ်ကို ဘေးဘက်သို့တိမ်းကာ နောက်ဖက်သို့ ရတ်တရက် လှည့်လိုက်သည်။

ဤဓားကွက်မှာ ဝါဆန်းဂိုဏ်း၏ သီးသန့်ဓားကွက်ဖြစ်သည်။ 'သားမိုက်အိမ်ပြန်' ဟု အမည်ရသည်။ လင့်ဟူချုံးက အသာအယာပင် သူ့ဓားဖြင့် ကာလိုက်၏။

ရက်ပုချွန်က သူ့ဓားကို အပေါ်မှ အောက်သို့ ဆွဲချလိုက်သည်။ သည်အကွက်ကမူ 'လက်ကမ်းကြိုဆို' ဟု အမည်ရ၏။ ရက်ပုချွန်က ထပ်မံ၍ ဓားနှစ်ချက် ထိုးထုတ်လိုက်ပြန်သည်။ ထိုအကွက်များကို တွေ့လိုက်သောအခါ လင့်ဟူချုံးမှာ ရုတ်တရက် ကြောင်သွားပြီး နောက်သို့ ခြေနှစ်လှမ်းဆုတ်လိုက်မိ၏။ သူ့မျက်နှာ၌ ဝမ်းသာသော အရိပ်အယောင်များ ယှက်သမ်းလာတော့သည်။

ရက်ပုချွန်က နောက်ထပ် ဓားချက်တစ်ချက် ထုတ်လိုက်ပြန်ရာ လင့်ဟူချုံးက နောက်သို့ ထပ်ဆုတ်သွားပြန်၏။ ဘေးပရိသတ်များ မည်သို့မျှ နားမလည်တော့ပဲ ဖြစ်ကာ ...

"ရက်ပုချွန်ရဲ့ ဒီဓားကွက်တွေက ဘာများထူးဆန်းနေလို့လဲ။ ဝါဆန်းဂိုဏ်းရဲ့ ကလေးကစားတဲ့ အခြေခံ ဓားကွက်တွေပဲကို ... လင့်ဟူချုံးက ဘာဖြစ်လို့ မခုခံနိုင်ပဲ ဖြစ်နေရတာလဲ"

တကယ့်အဖြစ်ကား ထိုဓားကွက်များသည် လင့်ဟူချုံးနှင့် လိန်လိန်တို့၏ ကိုယ်ပိုင် တီထွင်ထားသော ဓားကွက်များ ဖြစ်လေ၏။ အရင်တုန်းက ထိုဓားကွက်များကို ရက်ပုချွန် မသိရှိပေ။ ယခုတော့ ရက်ပုချွန်က ထိုဓားကွက်များကို ထုတ်ပြလိုက်သောအခါ လင့်ဟူချုံးမှာ လိန်လိန့်ကို တွေးမိကာ စိတ်လှုပ်ရှားသွားခြင်း ဖြစ်တော့၏။

ထိုအခိုက်မှာပင် ရက်ပုချွန်က ဓားကွက်များ ပြောင်းလိုက်ပြန်၏။ ဝါဆန်းဓားကွက်တစ်ကွက်ဖြစ်သော 'သားမက်နဂါးစီး' ဆိုသည့် ဓားကွက်ပင်တည်း။ လင့်ဟူချုံး တွေဝေသွားတော့၏။ ဆရာက မိမိအား တစ်စုံတစ်ခု ပြောနေခြင်း ပင်လော။

ထိုစဉ်မှာပင် ရက်ပုချွန်သည် 'သားမိုက်အိမ်ပြန်' မှစ၍ 'သားမက်နဂါးစီး' အထိ စောစောကအစီအစဉ်အတိုင်း တစ်ကွက်ပြီး တစ်ကွက် ပြန်တိုက်တော့၏။

ထိပ်သီးသိုင်းသမားတစ်ယောက်အဖို့ သုံးပြီးသားသိုင်းကွက်ကို ပြန်သုံးခဲလှသည်ဖြစ်ရာ ဘေးပတ်လည်မှ သိုင်းပညာရှင်ကြီးများသည် နားမလည်နိုင်အောင် ဖြစ်သွားတော့၏။ လင့်ဟူချုံးကမူ ယခုမှ နားလည်သွားတော့၏။

ရက်ပုချွန်က နောက်ထပ်တစ်ကြိမ် 'သားမိုက်အိမ်ပြန်' ဓားကွက်ကို သုံးလိုက်သည်တွင် လင့်ဟူချုံး၏ စိတ်ထဲမှ ...

"ဆရာက ငါ့ကို ဓားကွက်နဲ့ စကားပြောနေတာကိုး။ သားမိုက်တစ်ယောက် အိမ်ပြန်လာရင် ... လက်ကမ်းကြိုဆိုမယ်။ နောက်ပြီးတော့ ... 'သားမက်နဂါးစီး' ဆိုတာက ... ငါ့ကို လိန်လိန်နဲ့ ပေးစားမယ်ဆိုတဲ့ သဘောပေါ့"

ဤသို့ နားလည်သဘောပေါက် လိုက်သောအခါ လင့်ဟူချုံးမှာ ဝမ်းသာလုံး ဆို့သွားတော့သည်။ လိန်လိန်နှင့် လင်မိန်ကျက် ချစ်ကြိုက်နေမှန်း သူသိသည်။ မည်သို့ပင်ဖြစ်စေ၊ သမီးမိန်းကလေးဖြစ်သော လိန်လိန်မှာ ဖခင်ဖြစ်သော သူ၏ အစီအမံကို နာခံနေကျဖြစ်သဖြင့် လင့်ဟူချုံး စိတ်ထဲမှ ...

"ငါ ဝါဆန်းဂိုဏ်းထဲ ပြန်ဝင်လို့ရရင် အများကြီးကံကောင်းနေပြီ။ ညီမလေး လိန်လိန်နဲ့ လက်ထပ်ရရင်တော့ အပိုဆု

ကြီးပဲ။ နတ်ပြည်ရောက်တာထက်တောင် စိတ်ချမ်းသာဦးမယ်။ လိန်လိန်တော့ အစမှာ စိတ်ဆင်းရဲမှာပေါ့လေ။ ဒါပေမယ့် ငါ့အချစ်ကို နားလည်သွားရင် နေသားထိုင်သား ကျသွားမှာပါ”

ထိုအတွေးကို တွေးလိုက်မိသောအခါ လင့်ဟူချုံး၏ မျက်နှာတစ်ခုလုံး ပျားရည်ဆမ်းထားသည့်နှယ် ပြုံးချိုလာတော့၏။ ထိုအချိန်တွင် ရက်ပုချွန်က ‘သားမိုက်အိမ်ပြန်’ ဆိုသည်ဓားကွက်ကို ပြန်သုံးလာသည်။ သည်တစ်ကြိမ်တွင် ထိုဓားကွက်မှာ အလွန်လျင်မြန်လှသဖြင့် စိတ်မရှည်သည့် သဘောများ ပါရှိနေသည်။

လင့်ဟူချုံးက နောက်တစ်မျိုး စဉ်းစားမိပြန်၏။

“ဆရာကတော့ ငါ့ကိုအရှုံးပေးခိုင်းနေပြီ။ ငါလည်း ဝါဆန်းဂိုဏ်းထဲ ပြန်ဝင်နိုင်မယ်။ ညီမလေးလိန်လိန်နဲ့ လက်ထပ်ရမယ်။ ငါ့ဘဝတော့ ပျော်စရာ ကောင်းပြီ။ ... ဒါပေမယ့် ... လင်းလင်းကတော့ ဘယ်နှယ့်လုပ်မလဲ။ သူတို့ သုံးယောက် ရှောင်လင်ကျောင်းမှာ ဆယ်နှစ်အချုပ်ခံရမယ်။ အသက်ရှင်လျက် ထွက်သွားဖို့ မလွယ်တော့ဘူး ... ငါ့တစ်ယောက်တည်းရဲ့ အကျိုးအတွက် သူတို့အားလုံးကို ဒုက္ခရောက်အောင် လုပ်မလား”

စဉ်းစားနေရင်းမှ ရက်ပုချွန်၏ ဓားကွက်များကို ခုခံလိုက်မိသည်။ သူ့ကိုယ်သူလည်း ပြန်လည် သုံးသပ်မိသည်။

“လင့်ဟူချုံး .. မင်းသေသေချာချာ စဉ်းစားစမ်း။ ညီမလေး လိန်လိန်က မင်းအပေါ် ဘယ်လောက် သစ္စာရှိသလဲ။ ... မင်းမရှိတော့တာနဲ့ လင်မိန်ကျက်နဲ့ ချစ်ကြိုက်နေပြီ။ ‘တစ်ချုံကွယ် တစ်မယ်မေ့’ ဆိုတာမျိုးပဲ။ လင်းလင်းကို ကြည့်စမ်း။ မင်းအတွက်နဲ့ သူ့အသက်ကို စွန့်လွှတ်မယ့် မိန်းကလေးမျိုး။ ... ပထမမိန်းကလေးကို လက်ထပ်ပြီးတော့ သူ့ကို ရှောင်လင်ကျောင်းထဲမှာ သေသေရှင်ရှင် ပစ်ထားမလို့လား။ အဲသည်လိုလုပ်ရင် မင်းလောက်မိုက်တဲ့လူ လောကမှာ ရှိပါဦးမလား”

ဤကဲ့သို့ သေချာစဉ်းစားလိုက်ပြီးနောက် သူ့စိတ်ဓါတ်များ တည်ကြည်ဖြောင့်မတ် လာတော့သည်။ ထွေပြားသော အတွေးများ ပျောက်ကွယ်သွားပြီး ဆုံးဖြတ်ချက်တစ်ခုကို ပိုင်နိုင်စွာ ချမှတ်လိုက်တော့၏။

“လင်းလင်းအပေါ် ငါသစ္စာမဖောက်နိုင်ဘူး”

အတွေးနှင့်အတူ လင့်ဟူချုံး၏ သွေးများသည်လည်း ဟုန်းကနဲကန်ကြွလာပြီး သူ့လက်ကို လျင်မြန်စွာ လှုပ်ရှားလိုက်မိတော့၏။ ထိုအခါတွင် ‘ထန်း’ ကနဲ အသံတစ်ချက် မြည်သွားပြီး ဓားတစ်ချောင်း ကြမ်းပြင်ပေါ် ကျသွားလေတော့သည်။

ဘေးမှရပ်ကြည့်နေသူအားလုံးက ‘ဟင်’ ကနဲ၊ ‘ဟာ’ ကနဲ ရေရွတ်လိုက်မိကြ၏။

လင့်ဟူချုံးသည် တစ်ချက်မျှ ယိမ်းယိုင်သွားပြီး အသေအချာ ကြည့်လိုက်သည်။ ရက်ပုချွန်တစ်ယောက် နောက်ပြန် ခုန်ဆုတ်သွားလေပြီ။ သူ့မျက်နှာသည်ကား ဒေါသကြောင့် ကြောက်မက်ဖွယ်ရာ စိမ်းပြာနေတော့၏။

ပညာရှိ သူတော်ကောင်းတို့သည် လက်ခုပ်ထဲ၌ရှိသော မီးပွားကို အပြင်မှမီးစာများအပေါ်သို့ မကျစေရပဲ လက်ခုပ်တွင်း၌ပင် ငြိမ်းအောင် ကြိတ်နယ်သကဲ့သို့ မိမိတို့၏ အမျက်ဒေါသကို ကြိတ်နယ်ချေဖျက်ပစ်ကြသည်။ ယခု ရက်ပုချွန်မှာကား လက်ခုပ်ထဲ၌ရှိသော မီးပွားကို အပြင်တစ်ပါးသော အမှိုက်မီးစာများအပေါ်သို့ ချပစ်ရန် အဆင်သင့်ရှိနေသည့် အပြင် သူ၏အသည်းနှလုံးနှင့် ဦးနှောက်များထဲသို့ပါ ထိုးသိပ်ထည့်သွင်းကာ ဒေါသမီးလျှံများကို အလျှံတငြီးငြီး တောက်လောင်စေတော့၏။

ရက်ပုချွန်၏ ညာလက်၌ သွေးများစီးကျနေ၏။ လင့်ဟူချုံး၏ဓားဦး၌လည်း သွေးများ တစက်စက်ကျနေ၏။ ထိုအချင်းအရာကို မြင်လိုက်တော့မှ အဖြစ်မှန်ကို လင့်ဟူချုံး သိလိုက်တော့၏။ လင့်ဟူချုံးက စိတ်လွှတ်ကိုယ်လွှတ် ဖြစ်သွားကာ သူ့ဆရာလက်ကို ဓားဖြင့် ထိုးလိုက်မိပြီးလေပြီ။

ချက်ချင်းပင် လင့်ဟူချုံးက သူ့ဓားကို ပစ်ချလိုက်ပြီး ကြေကွဲ ဝမ်းနည်းစွာ တောင်းပန်လိုက်သည်။

“ဆရာ ... ကျွန်တော် ... တပည့်အမိုက်အမဲကို ခွင့်လွှတ်ပါ ဆရာရယ်”

သို့သော် ရက်ပုချွန်က ရက်ရမ်းရမ်းပြီး လင့်ဟူချုံး၏ရင်ဝကို ပတ်ကန်လိုက်လေ၏။ ကန်ချက်မှာ ပြင်းထန်လှသဖြင့် လင့်ဟူချုံးမှာ လွင့်ထွက်သွားတော့သည်။ ပြန်အကျတွင် ပါးစပ်မှသွေးများ ထိုးအန်လိုက်ပြီးနောက် သတိလစ်သွားလေတော့၏။

သူမည်မျှကြာသည်အထိ သတိလစ်နေသည် မဆိုနိုင်။ အသိပြန်ဝင်လာလာခြင်း ပထမဆုံး သတိပြုလိုက်မိသည်မှာ တစ်ကိုယ်လုံး ချမ်းစိမ့်နေခြင်းပင်တည်း။ မျက်စိဖွင့်ကြည့်လိုက်သောအခါ စူးရှသော အလင်းရောင်ကြောင့် မျက်လုံးများ ကျိန်းစပ်သွားသဖြင့် ချက်ချင်းပင် ပြန်မှိတ်လိုက်ရ၏။

လင်းလင်းက ဝမ်းသာအားရဖြင့် အော်ဟစ်လိုက်သည်။

“ဖေဖေ ... သူ ... သူ ... သတိရလာပြီ”

လင်းရှင်၏ တုံ့ပြန်သံကိုမူ မကြားရချေ။ သည်တစ်ကြိမ် မျက်လုံးဖွင့်ကြည့်လိုက်သောအခါ သူ့အား စိုက်ကြည့်နေသော လင်းလင်း၏မျက်နှာ ဝင်းပပလေးကို တွေ့လိုက်ရတော့၏။ လင့်ဟူချုံးက ထရန်ဟန်ပြင်လိုက်သောအခါ လင်းလင်းက တားလိုက်၏။

"မထနဲ့ဦး။ ခဏလောက် လှဲနေပါဦး"

ပတ်ဝန်းကျင်ကို ဝေ့ကြည့်လိုက်သောအခါ ကျောက်ဂူတစ်ခုထဲတွင် ရောက်နေကြောင်း လင့်ဟူချုံး သိလိုက်သည်။ ချက်ချင်းလိုလိုပင် ရက်ပုချွန်က သူ့ကိုကန်လိုက်သည်ကို သတိရလိုက်သဖြင့် လင့်ဟူချုံးက အလောတကြီး မေးလိုက်သည်။

"လင်းလင်း ... ဆရာ ... ဆရာကော"

လင်းလင်းက ...

"အစ်ကိုက သူ့ကို ဆရာလို့ ခေါ်နေတုန်းပဲလား။ အစ်ကို့အနေနဲ့ သူ့ကို ဆရာသမားဆိုပြီး လေးလေးစားစား အလျှော့ပေးခဲ့တာတောင် သူကရက်ရက်စက်စက် ခြေထောက်နဲ့ ကန်လိုက်သေးတယ်"

လင့်ဟူချုံးက တတွတ်တွတ် ရေရွတ်နေမိ၏။

"ငါ .. ငါက ဆရာ့လက်ကို ဓားနဲ့ ထိုးမိတာ"

"ဘာလဲ ... အစ်ကိုက နောင်တရနေပြီပေါ့ .. ဟုတ်လား"

"လင်းလင်း .. ဆရာနဲ့ ဆရာမက ငါ့ကို မွေးမထုတ်ရုံပါပဲ။ ကျေးကျေးဇူးတွေ ရှိပါတယ်။ သူတို့ကြောင့် ငါလူဖြစ်လာတာပါ"

လင်းလင်းက ကြေကွဲသံကလေးဖြင့် ...

"အစ်ကို .. အစ်ကိုက ကျွန်မအတွက်နဲ့ ဆရာ့ကိုတောင်ပြန်ပြီး စော်ကားမိတယ်နော်။ ကျွန်မလေ ... ကျွန်မစိတ်ထဲမှာ ..."

လင်းလင်း၏ ခေါင်းကလေး ငုံ့သွားပြီး မျက်နှာတစ်ခုလုံး ပန်းသွေးရောင် ထလာတော့သည်။ လင်းလင်း၏ ရှက်သွေးဖြာသော မျက်နှာလေးကို တွေ့လိုက်ရသော လင့်ဟူချုံးမှာ ရင်တသိမ့်သိမ့် ခုန်ရပြန်သည်။

လင်းလင်း၏ လက်ကလေးတစ်ဖက်ကို လင့်ဟူချုံးက လှမ်းဆုပ်လိုက်မိသည်။ လင်းလင်းက နူးညံ့ငြင်သာသော လေသံကလေးဖြင့် ...

"ကျွန်မနဲ့ တွေ့ခဲ့တာကို အစ်ကိုနောင်တရနေပြီလားဟင်"

လင့်ဟူချုံးက ခေါင်းကိုသွင်သွင်ခါယမ်းရင်း ...

"မရပါဘူး။ ဘာကို နောင်တ ရရမှာလဲ။ မင်းက ငါ့အတွက် ရှောင်လင်ကျောင်းမှာ အသတ်ခံရတော့မလောက် စွန့်စားခဲ့သေးတာ။ ငါကလည်း ပြန်ပြီး အသက်စွန့်ရဲရမှာပေါ့။ ဒီလိုမှ မင်းရဲ့ ကျေးဇူးကို ပြန်ဆပ်နိုင်တော့မှာပေါ့"

"အစ်ကို ... ဘာဖြစ်လို့ ဒီစကားမျိုး ပြောရတာလဲ၊ အစ်ကို့ရင်ထဲမှာ ကျွန်မကို တစိမ်းတစ်ယောက်လို သဘောထားနေတုန်းပဲလားဟင်"

ဤတွင် သူ့စကားမှားသွားမှန်း သိလိုက်ရသဖြင့် လင့်ဟူချုံးက ကမန်းကတန်း ရှင်းပြလိုက်ရသည်။

"မဟုတ်ပါဘူး။ အဲသည်အဓိပ္ပါယ်နဲ့ မဟုတ်ရပါဘူး။ ငါက မင်းအတွက် ဘယ်နည်းနဲ့မဆို စွန့်စားဝံ့တယ်လို့ ပြောတာပါ။ နောက်ဆိုရင် သည်လို တစိမ်းဆန်တဲ့ စကားတွေ မင်းမကြားစေရပါဘူး"

လင်းလင်း၏ မျက်လုံးထဲတွင် ကြည်နူးဝမ်းသာသော အရိပ်အယောင်များ တလက်လက် တောက်ပလာတော့၏။ သူမက ကြည်နူးသော်လည်း မဝံ့မရဲ လေသံကလေးဖြင့် ..

"အစ်ကို ... အစ်ကိုက ကျွန်မကို နှစ်သိမ့်နေတာလား။ ရင်ထဲက တကယ်ပြောနေတာလားဟင်"

"ကြံကြံဖန်ဖန် လင်းလင်းရယ်။ ရင်ထဲက စကားတွေပါ။ ဘယ်နှယ့်လိမ်ညာ ပြောရမှာလဲ။ ညာပြောတယ်ဆိုရင် ငါ့ခေါင်းကို မိုးကြိုးအစိတ်စိတ် ခွဲပါစေလို့ ကျိန်ရဲပါတယ်"

ဤတွင် လင်းလင်းသည်လည်း လင့်ဟူချုံး၏လက်ကို ပြန်လည်ဆုပ်ကိုင် ထားလိုက်မိ၏။ သူမ၏ ဘဝတစ်သက်တာတွင် ဤအချိန်ကလေးသည် အပျော်ရွှင်ဆုံးသော အချိန်လေးပင်တည်း။ အတန်ကြာမှ လင်းလင်းက ဖြည်းညင်းစွာ ပြောလိုက်သည်။

"နောင်တစ်ချိန်ချိန်မှာ အစ်ကိုသာ သစ္စာဖောက်သွားရင်တော့ မိုးကြိုးပစ်စရာမလိုဘူး။ ကျွန်မကိုယ်တိုင် လိုက်သတ်မှာ သိလား"

ကျောချမ်းသွားသော်လည်း လင့်ဟူချူးက ရယ်မောလိုက်ပြီး ...

"ငါ့အသက်ကို ကယ်ခဲ့တာ မင်းပါပဲ။ မင်းကယ်တဲ့ အသက်ကို ပြန်လိုချင်ရင် အချိန်မရွေး ပြန်ယူနိုင်ပါတယ် လင်းလင်းရယ်"

လင်းလင်းက တခစ်ခစ် ရယ်ရင်း ...

"သူများတွေက အစ်ကို့ကို ကပျက်ကချော် လူပျက်၊ လူရှုပ်လူပွေလို့ ပြောကြတယ်။ အစ်ကိုကလည်း အစ်ကိုပဲ။ စကားပြောလိုက်ရင် ဘယ်တော့မှ တည်တည်ကြည်ကြည်မရှိဘူး။ ကျွန်မကလည်း ဘာဖြစ်လို့မှန်းမသိဘူး။ ရွှတ်ရွှတ် နောက်နောက် လူမျိုးကိုမှ သဘောကျမိနေတယ်"

လင့်ဟူချူးကလည်း ရယ်ကာမောကာ ပြန်စလိုက်သည်။

"ငါကမင်းကို ဘယ်တုန်းကများ ကပျက်ကချော် လုပ်ခဲ့ဖူးလို့လဲ၊ မင်းကပြောနေမှတော့ ကပျက်ကချော် လုပ်ရတော့ မှာပဲ"

လင်းလင်း၏ မျက်နှာလေးမှာ သုန်မှုန်သွားပြန်သည်။

"ကျွန်မက အစ်ကို့အပေါ် စေတနာကောင်း ထားခဲ့တယ်။ ဒါကိုတော့ အခွင့်အရေး မယူနဲ့နော်။ ဘာလဲ ကျွန်မကို ပေါ့ပျက်ပျက် မိန်းကလေးလို့ သဘောထားတယ်ပေါ့"

လင့်ဟူချူးက အရယ်မပျက်ပဲ ...

"ငါက မင်းကို ဘယ်တုန်းကများ ပေါ့ပျက်ပျက်မိန်းကလေးလို့ သဘောထားခဲ့လို့လဲ။ မင်းက ဘွားဘွားပဲဟာ။ ငါ့ကို လှည့်ကြည့်ခွင့်တောင် မပေးခဲ့တဲ့ ဘွားဘွားပဲ။ ဘယ်မှာ ပေါ့ပျက်ပျက် ဖြစ်နိုင်မလဲ"

ဤနေရာသို့ ရောက်သောအခါ လင်းလင်းစိတ်ဆိုးပြေသွားပြီး ခစ်ကနဲ ရယ်မိတော့၏။ ထိုစဉ်မှာပင် လင့်ဟူချူးက တစ်စုံတစ်ခုကို သတိရလိုက်မိပြီး ...

"လင်းလင်း ... မင်းကို မေးစရာ တစ်ခုရှိတယ်။ မေးမလို့ကြံထားတာ ကြာနေပြီ။ တစ်ခါမှ မမေးဖြစ်ဘူး။ ငါ့စိတ်ထဲမှာ သိပ်ပြီး အံ့ဩနေတဲ့ အချက်တစ်ချက် ရှိတယ်။ လောင်ထို၊ ကျူချန်းတို့နဲ့ ကျန်တဲ့ သိုင်းသမားတွေက မင်းကို ဘာဖြစ်လို့ အရမ်းကို ကြောက်ရွံ့ရှိသေနေကြတာလဲ"

"အဖေက နေမင်းသခင်ဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီးဆိုတာ အစ်ကိုသိပြီးပြီနော်။ နောက်ပိုင်းမှာ တုံးဖန်းပုက အကွက် ဆင်ပြီး အဖေ့ကို ဖမ်းချုပ်လိုက်တယ်။ အပြင်မှာတော့ ဂိုဏ်းသားတွေကို အဖေသေသွားပြီလို့ လိမ်ညာပြောထားတယ်။ ဒါ့အပြင် အဖေမသေခင်မှာ ဂိုဏ်းချုပ်ကြီးရာထူးကို ဆက်ခံဖို့ သူ့ကို ရွေးချယ်သွားတယ်လို့ပြောပြီး ဂိုဏ်းချုပ်နေရာ ယူလိုက်တာပဲ။ အဲသည်တုန်းက ကျွန်မ ငယ်ငယ်လေးပဲ ရှိသေးတာပေါ့။ တုံးဖန်းပုက သိပ်ပြီး ကောက်ကျစ်ပါးနပ်တယ်။ အလုပ်လုပ်ရင် သိပ်ပြီး ပိရိသေသပ်တယ်။ အကြံပက်စက်တာကို ဘယ်သူမှ မရိပ်မိနိုင်ခဲ့ဘူး။ အင်မတန်လည်တဲ့လူ ဆိုတော့ ကျွန်မကို အထူးအခွင့်အရေးတွေပေးပြီး မြှောက်စားထားတယ်။ ဖတဆိုးလေးဆိုပြီး ကျွန်မပြောသမျှ ဘာတစ်ခုမှ မငြင်းဘူး။ ဒါကြောင့် ကျွန်မတို့ ဂိုဏ်းသားတွေအပေါ်မှာ ကျွန်မရဲ့ တန်ခိုးအာဏာက သိပ်ကြီးနေတာပေါ့"

"ဒါဆို ဟိုလူတွေအားလုံးက မင်းတို့ဂိုဏ်းသားတွေ ချည်းပဲပေါ့"

"ဟင့်အင်း ... သူတို့က ဂိုဏ်းသားတွေ မဟုတ်ပါဘူး။ ဒါပေမယ့် ဂိုဏ်းရဲ့ ထိန်းချုပ်မှုအောက်မှာ ရှိတယ်။ အစ်ကို နားရှုပ်သွားပြီထင်တယ်။ သူတို့ရဲ့ ဂိုဏ်းချုပ်တွေ၊ ဂိုဏ်းခေါင်းဆောင်တွေ အားလုံးဟာ ကျွန်မတို့ဂိုဏ်းရဲ့ "ဦးနှောက်စား" ဆေးလုံးတွေ စားထားကြရတယ် မဟုတ်လား"

လင့်ဟူချူးမှာ 'ဟာ' ကနဲ ဖြစ်သွား၏။

လင်းလင်းက ဆက်ပြီး ရှင်းပြသည်။

"ဒီ 'ဦးနှောက်စား' ဆေးလုံးကို စားလိုက်တဲ့လူဟာ တစ်နှစ်တစ်ခါ ဖြေဆေးစားရတယ်။ ဒီလိုမစားရင် အဆိပ်က ချက်ချင်းတက်လာတော့တာပဲ၊ အဆိပ်တက်လာရင် မရှုမလှ ဝေဒနာခံစားရပြီး သေရတာပဲ"

လင်းလင်း၏ စကားများကို နားလည်သွားသော လင့်ဟူချူးမှာ ကျောရိုးထဲမှ စိမ့်တက်လာတော့၏။

"တုံးဖန်းပုက လက်အောက်ငယ်သားတွေနဲ့ ဆက်ဆံတဲ့နေရာမှာ သိပ်ရက်စက်တယ်။ နည်းနည်းသဘောမကျတာနဲ့ ဖြေဆေးမပေးတော့ဘူး။ အဲသည်လို အခါတိုင်းမှာ ကျွန်မက ဖြေဆေးတောင်းပြီး ပေးရတယ်။ ကျွန်မတောင်းရင် တုံးဖန်းပုက ဘယ်တော့မှ မငြင်းဘူး"

"သြော် .. လက်စသတ်တော့ မင်းက သူတို့ရဲ့ ကျေးဇူးရှင် ဖြစ်နေတာကိုး"

တစ်ချိန်တုန်းက ပေါင်တားပြောခဲ့သော စကားများကို လင့်ဟူချူး ပြန်သတိရမိသည်။

"ဂိုဏ်းချုပ်ကြီးရဲ့ ဆေးလုံးကိုစားပြီးရင် ဂိုဏ်းချုပ်ကြီးအပေါ် တစ်သက်လုံး သစ္စာရှိနေရမယ်။ သစ္စာဖောက်တာနဲ့ ဒီဆေးလုံးထဲက ပိုးကောင်ထွက်လာပြီး ဦးနှောက်ကို နည်းနည်းချင်း နည်းနည်းချင်း ဖဲ့စားတော့တယ်။ နာကျင်တယ်ဆိုတာတော့ ပြောမနေနဲ့တော့။ ဘယ်နာကျင်မှုမျိုးနဲ့မှ မတူဘူး။ အဲသည်အချိန်မှာ ပြုမူပြောဆိုပုံတွေကလည်း ခွေးရူးပြန်တာထက်တောင် ဆိုးသေးတယ်"

ထိုဆေးလုံး၏ သဘောကို လင့်ဟူချူးသိသွားလေပြီ။ ဆေးလုံးကို သောက်လိုက်ပြီး၍ တစ်နှစ်ကြာလျှင် ဆေးလုံးအခွံမှာ ပေါက်ကွဲသွားပြီးလျှင် ပိုးကောင်ထွက်လာမည်ဖြစ်သည်။ တစ်နှစ်ပြည့်တိုင်း ဖြေဆေးကို မှန်မှန်စားနေပါမှ ဆေးလုံးအခွံမပေါက်မပြဲ၊ မပျက်စီးပဲ အကောင်းပကတိ ရှိနေပေမည်။

အောက်လမ်းသိုင်းသမားများက လင်းလင်းအား ဤမျှ ကြောက်ရွံ့နေကြခြင်းမှာ သည်ဆေးလုံး၏ ပယောဂကြောင့်သာတည်း။

လင်းလင်းက "ဒီလူတွေအားလုံးက ဆေးလုံးကိုယ်စီ စားထားကြတာ မဟုတ်ပါဘူး။ သူတို့ရဲ့ ဆရာကြီးတွေ ဂိုဏ်းချုပ်၊ ဂိုဏ်းအုပ်တွေက စားထားကြတော့ အဲသည်လူတွေရဲ့ လက်အောက်ငယ်သားတွေကလည်း ကျွန်မတို့ကို ကြောက်ရွံ့ရိုသေနေကြတာပေါ့"

ပြောပြောဆိုဆိုဖြင့် လင်းလင်းက ရက်ပြုံးလေးပြုံးလိုက်ကာ ...

"ဒီလိုလူတွေကို ခေါင်းဆောင်လာရတာ စိတ်ညစ်သွားသလားအစ်ကို။ ကျွန်မတော့ အစ်ကိုလာကယ်ဖို့ ကြိုးစားနေတယ်ဆိုတာ ကြားရတာနဲ့ သိပ်ဝမ်းသာတာပဲ။ ဟိုလူတွေက မဟုတ်တရုတ်တွေ လျှောက်ပြောနေကြတယ်။ ကျွန်မက အစ်ကို့အပေါ်မှာ သိပ်ကောင်းပေမယ့် အစ်ကိုကတော့ ကျွန်မကို ဂရုမစိုက်ပဲနဲ့ အပြင်မှာ တခြားမိန်းကလေးတွေနဲ့ ရှုပ်ပွေနေသတဲ့။ ကျွန်မကို လာကယ်မှာ မဟုတ်ဘူးတဲ့။ အခုတော့ သူတို့ပြောတာတွေ မဟုတ်ဘူးဆိုတာကို အစ်ကိုက ချေဖျက်ပြလိုက်တာပဲ"

လင်းလင်း၏ စကားသံလေး တိုးသွားပြီး ...

"အခုလို အစ်ကိုက ကြီးကြီးကျယ်ကျယ် လုပ်ပြလိုက်တော့ သိုင်းလောကကြီး တုန်လှုပ်သွားတာပေါ့။ နောက်ပြီးတော့ ... ကျွန်မသိက္ခာလည်း တက်သွားတာပေါ့။ အခုဆိုရင် ကျွန်မလေ .. သေမယ်ဆိုရင် သေပျော်ပါပြီ"

လင်းလင်း၏ အဆုံးသတ်စကားများကို ကြားလိုက်ရသော လင့်ဟူချူးမှာ များစွာစိတ်ထိခိုက်သွားပြီး ရှင်းပြလိုက်ရ၏။

"ငါသေလုမြောပါး ဖြစ်နေတုန်း မင်းက ရှောင်လင်ကျောင်းကိုခေါ်လာပြီး ဆေးကုပေးတဲ့ကိစ္စကို ငါလုံးဝမသိဘူး။ နှင်းဆီဂေဟာရဲ့ မြေအောက်ခန်းမှာ အပိတ်ခံရပြီး လွတ်လာတော့မှပဲ အဲဒီသတင်းကိုသိရတာ။ ချက်ချင်းလာမကယ်တော့ ဒီကောင် လင်းလင်းကို အရေးမထားဘူးလို့ မထင်ပါနဲ့နော်။ ငါသတင်းကြားကြားချင်း လာခဲ့တာပဲ။ ... ငါအရောက်နောက်ကျလို့ မင်းတော့ အတော်လေး ဒုက္ခခံလိုက်ရတယ်မဟုတ်လား"

လင်းလင်းက ကျေနပ်စွာဖြင့် ...

"ဒုက္ခတော့ မခံရပါဘူး။ ဘုန်းကြီးတွေက ကျွန်မကို ကျောက်ဂူထဲမှာ အခန်းတစ်ခန်း ပေးထားပါတယ်။ ဆန်၊ ဆီ၊ ဆားနဲ့ ဟင်းသီးဟင်းရွက်တွေပေးတယ်။ ဘယ်သူနဲ့မှတော့ တွေ့ခွင့်မပြုဘူးပေါ့လေ။ နောက်ပိုင်း တင့်ရှန်နဲ့ တင့်ရီ ဆရာမကြီးတွေ ရောက်လာမှ ကျောင်းထိုင်ဆရာတော်ကြီး ဖန်းတင်းကို တွေ့ခွင့်ရတယ်"

လင်းလင်းက ဒေါသသံကလေး ပါလာပြီး ...

"အဲဒီအခါကျမှ အစ်ကို့ကို ရှောင်လင်ဂိုဏ်းရဲ့ 'အကြောလျှော့ အတွင်းအား သိုင်းပညာ' သင်မပေးလိုက်ဘူးဆိုတာ သိရတယ်။ ဒါနဲ့ ကျွန်မကလည်း ဆရာတော်ကြီးကို အပြစ်တင်တာပေါ့။ အဲသည်မှာ ဆရာမကြီး တင့်ရှန်က ကျွန်မကို ဖျောင်းဖျပြီး စိတ်မပူဖို့ ပြောတယ်။ အစ်ကို ဘာမှမဖြစ်ပါဘူးတဲ့။ အခု သူတို့ နှစ်ယောက်လာတာကလည်း အစ်ကိုက တောင်းပန်လို့ ကျွန်မကို လွှတ်ပေးဖို့ ဆရာတော်ကြီးဆီမှာ အခွင့်ပန်ဖို့ လာတာတဲ့"

လင့်ဟူချူးက ပြုံး၍ ...

"အဲသည်တော့ ဆရာတော်ကြီးက ဆူဆူပူပူ မလုပ်ဘူးလား"

"အစ်ကိုကလည်း ... ဘယ်ကလာ ဆူဆူပူပူလုပ်ရမှာလဲ။ ဒါနဲ့ ကျွန်မလည်း ဆရာမကြီးနှစ်ယောက်နဲ့ ဆင်းလာတာပေါ့။ လမ်းမှာ ထင်ပေါ်ဆိုတဲ့လူနဲ့တွေ့တယ်။ အဲသည်မှာ သူပြောတော့မှ အစ်ကိုက လူတွေကိုခေါင်းဆောင်ပြီး ရှောင်လင်ကျောင်းကို ချီတက်လာပြီဆိုတာ သိရတာ"

လင်းလင်းက ဆရာမကြီးတို့၏ ဇာတ်သိမ်းခန်းကို သတိရလာပြီး မျက်ရည်များ ဝဲလာတော့၏။

"ထင်ပေါ်ရဲ့ စကားကိုလည်းကြားရော ဆရာမကြီး နှစ်ယောက်လည်း သိပ်ပြီးစိုးရိမ်သွားတယ်။ လူစုခွဲပြီး အစ်ကို့ကို အကျိုးအကြောင်း ပြောပြဖို့ ကျွန်မကို လွှတ်လိုက်တယ်။ သူတို့နှစ်ယောက်ကတော့ အရေးအကြောင်းရှိရင် ကူညီဖို့ဆိုပြီး ရှောင်လင်ကျောင်းကို ပြန်သွားကြတာပဲ။ အခုတော့ ... အခုတော့ သူများတွေအတွက် ကူညီချင်တဲ့ ဆရာမကြီး နှစ်ယောက် သေသွားကြရှာပြီ"

လင့်ဟုချုံးက သက်ပြင်းချပြီး ...

"ဘယ်သူ့လက်ချက်လဲ မသိဘူးနော်။ ဘာဒဏ်ရာမှလည်း မရှိဘူး"

လင်းလင်းက ... "ဘယ်သူပြောလဲ ဒဏ်ရာ မရှိဘူးလို့။ ဒဏ်ရာ ရှိတာပေါ့။ ဆရာမကြီးတွေရဲ့ ရုပ်ကလာပ်ကို တွေ့တော့ အဖေနဲ့ကျွန်မက အဝတ်အစားတွေချွတ်ပြီး တစ်ကိုယ်လုံးကို ပိုက်စိပ်တိုက် ရှာကြည့်တယ်။ သူတို့ နှစ်ယောက်လုံးရဲ့ရင်ဝမှာ အနီစက် အပ်ရာကလေး တစ်ခုစီတွေ့တယ် ဆရာမကြီးတွေကို လူသတ်သမားက အပ်ချောင်းနဲ့ ထိုးသတ်သွားတာ"

"ဘာ .. အပ်ချောင်း ... ဟုတ်လား။ ဒီသိုင်းလောကထဲမှာ အပ်ချောင်းကို လက်နက်အဖြစ် သုံးတဲ့ သိုင်းသမားများ ရှိလို့လား"

လင်းလင်းက ခေါင်းတစ်ခါခါဖြင့် ...

"မသိဘူး။ ကျွန်မတို့မပြောနဲ့ အဖေနဲ့ ဦးလေးရုန့်ဝန့်ထင်းတို့တောင် မသိဘူး။ အဖေနဲ့ ဦးလေးဆိုတာက သိုင်းလောကအတွေ့အကြုံ အင်မတန်များတဲ့ လူတွေပါ။ သူတို့တောင် အပ်ချောင်းကို လက်နက်အဖြစ် သုံးတဲ့လူကို မတွေ့ဖူးဘူးတဲ့ ... အပ်ရာတွေကို အသေအချာကြည့်တော့ ဆရာမကြီး တင့်ရှန်ကိုထိုးလိုက်တဲ့တစ်ချက်က နှလုံးနဲ့ နည်းနည်းလေး လွဲနေတာ တွေ့တယ်"

လင့်ဟုချုံးက တက်တစ်ချက် ခေါက်လိုက်ပြီး ...

"ဟုတ်တယ်။ ဒါကြောင့်မို့ ငါတွေ့တုန်းက ဆရာမကြီးတင့်ရှန်က စကားနည်းနည်း ပြောနိုင်သေးတာကိုး။ ဒါပေမယ့် သူ့ကို ဘယ်သူသတ်သွားသလဲဆိုတာကို မပြောသွားနိုင်တာ သိပ်နာတာပဲ"

လင်းလင်းက စိတ်အားထက်သန်စွာဖြင့် ...

"အဖေက ပြောတယ်။ အပ်ကို လက်နက်လိုသုံးတဲ့လူကိုသိထားရင် သဲလွန်စ ရတာပေါ့တဲ့။ လူသတ်သမား ရှာရတာ မခက်ခဲပါဘူးတဲ့"

မြေကြီးကို လက်ဖြင့် 'ဖြန်း' ကနဲ ရိုက်လိုက်ကာ လင့်ဟုချုံးက ...

"ငါအသက် ရှင်နေသရွေ့တော့ ဆရာမကြီးနှစ်ယောက်ကို သတ်တဲ့ လူသတ်သမားကို မတွေ့တွေ့အောင်ရှာပြီး သွေးကြွေး ပြန်ဆပ်မယ်"

လင်းလင်းကလည်း အံကလေး ကြိတ်၍ ပြောလိုက်၏။

"ဟုတ်တယ်။ ပြန်ပြီး လက်စားချေရမယ်"

လင့်ဟုချုံးက ကျောက်ဂူနံရံတွင် မှီပြီးထိုင်လိုက်၏။ တစ်ဆက်တည်းပင် သူ့ခြေလက်များကို လှုပ်ရှားကြည့်ရာ အကောင်းပကတိအတိုင်း လှုပ်ရှားနိုင်ပြီး ရင်ဝတွင်လည်း မည်သည့်နာကျင်မှုမျှ မရှိသည်ကို တွေ့ရသောအခါ လွန်စွာ အံ့သြသွားသည်။

"ဆရာက ငါ့ကိုကန်လိုက်တာ တော်တော်ပြင်းထန်တာ။ အခုတော့ ငါက ဘာဒဏ်ရာမှ မရပါလား"

လင်းလင်းက ...

"အဖေက ပြောတယ်။ အစ်ကိုက အတွင်းအားစုပ်သိုင်းကို လေ့ကျင့်ထားတော့ သူများတွေရဲ့အတွင်းအားကို ရထားတာမို့ ကိုယ်ခံအား သိပ်ကောင်းနေတယ်တဲ့။ ဒါကြောင့် ဒဏ်ရာက သိပ်မပြင်းတာ။ နောက်ပြီးတော့ အဖေကလည်း အစ်ကို့အကြောတွေကို နှိပ်ပြီး ကုပေးထားသေးတယ်"

"သြော် .. လက်စသတ်တော့ ဒီလိုကြောင့်ကိုး"

လူရှေ့သူရှေ့၌ တပည့်ဖြစ်သူအား ရှုံးသွားရသည့် ဆရာ့အဖြစ်ကို စဉ်းစားမိသောအခါ လင့်ဟုချုံးမှာ များစွာ စိတ်မကောင်း ဖြစ်သွားတော့၏။ ထိုစဉ်မှာပင် ကျောက်ဂူဝမှ ပြင်းထန်သော အသက်ရှူသံကို ကြားလိုက်ရ၏။

"လူတစ်ယောက်ရဲ့ အသက်ရှူသံကို ကြားရတယ်။ ဘယ်သူများလဲ။ မင်းအဖေလား"

"အဖေနဲ့ ဦးလေးက အပြင်ထွက်ပြီး လမ်းလျှောက်မယ်လို့ ပြောသွားတာပဲ"

ကျောက်ဂူဝမှ အသက်ရှူသံကို ကြားနေရဆဲ ဖြစ်၏။

"လင်းလင်း .. ငါတို့ အပြင်ဖက် ထွက်ကြည့်ရအောင်"

ကျောက်ဂူအပြင်ဖက် ရောက်သောအခါ ကျောက်ဂူဝတွင် လင်းရှင်နှင့် ရှန့်ဝန့်ထင်းတို့နှစ်ယောက် ပုခုံးချင်းယှဉ်၍ ထိုင်နေကြောင်းတွေ့ရ၏။ နှစ်ယောက်စလုံး မလှုပ်မရှား ထိုင်နေကြသည်မှာ ကျောက်ရုပ်ကြီးများနှင့်ပင် တူသေးတော့၏။ လင်းလင်းက အလန့်တကြား အော်ဟစ်လိုက်သည်။

"ဖေဖေ"

လင်းရှင်၏ ညာဖက်လက်ကို လင်းလင်းက ဆွဲလိုက်မိသောအခါ လက်ချင်းထိလိုက်မိသည်နှင့် သူမတစ်ကိုယ်လုံး တုန်ခါသွားတော့၏။ အလွန်အေးစက်သော အားလှိုင်းတစ်ခုသည် လင်းရှင်၏ လက်မှတစ်ဆင့် လင်းလင်းထံ စီးဝင်လာတော့သည်။

ချက်ချင်းပင် လင်းလင်းမှာ သွားချင်းရိုက်ခတ်လာ၏။ အအေးဒဏ်ကို တင်းခံရင်း လင်းလင်းက ...

"ဖေဖေ ... ဘယ်လို ဖြစ်နေတာလဲ"

သို့သော် သူမပြောနေသည့် စကားကိုပင် ဆုံးအောင် မပြောနိုင်တော့ပေ။ တစ်ကိုယ်လုံး တုန်ခါနေလေတော့၏။ သူမအနေဖြင့် သိရှိလိုက်လေပြီ။ လင်းရှင်မှာ ကျိလင်ထန်၏ အအေးဓါတ် အတွင်းဒဏ်ကို ရရှိခဲ့သော်လည်း တစ်ချိန်လုံး တောင့်ခံထားခဲ့သည်။ ယခုအချိန်မှ ပေါက်ကွဲထွက်လာခြင်း ဖြစ်တော့သည်။

ရှန့်ဝန့်ထင်းမှာလဲ လင်းရှင်၏ ဘယ်ဖက်လက်ကို ဆုပ်ကိုင်ထားသည်။ သူကလဲ သူ၏အတွင်းအားဖြင့် လင်းရှင်ကို ကူညီကာ အအေးဓါတ် အတွင်းအားကို တိုက်ဖျက်ပေးနေခြင်း ဖြစ်သည်။

လင့်ဟူချုံးကမူ အစပထမတွင် သဘောမပေါက်ပေ။ လင်းလင်းတစ်ကိုယ်လုံး ခိုက်ခိုက်တုန်နေသည်ကို တွေ့လိုက်သောအခါ မနေနိုင်တော့ဘဲ သူမလက်ကို လှမ်းဆွဲလိုက၏။ ထိုအခါ အေးစိမ့်သော အအေးဓါတ်လှိုင်းက သူ့ထံ ချက်ချင်းကူးဝင်လာတော့၏။ ထိုအခါကျမှ လုံးဝသဘောပေါက်သွားခြင်း ဖြစ်ပေသည်။

ရှောင်လင်ဘုရားကျောင်း တိုက်ပွဲအတွင်း ကျိလင်ထန်ဆီမှ ရခဲ့သော အအေးဓါတ် အဆိပ်ကို လင်းရှင်သည် ယခုမှ ပြန်ထုတ်ရန် ကြိုးစားနေခြင်း ဖြစ်တော့၏။ နားလည် သဘောပေါက် လိုက်သည်နှင့် လင်းလင်းမှတစ်ဆင့် လင်းရှင်အား လင့်ဟူချုံးက စတင်ကူညီတော့၏။

သူတို့ လေးယောက်စလုံး လှုပ်ရှားခြင်း မပြုကြချေ။ အအေးဓါတ်အဆိပ်ကို တိုက်ဖျက်ရင်း ပုံမှန်အခြေအနေသို့ ရောက်ရန် ငြိမ်သက်စွာ ထိုင်နေကြခြင်း ဖြစ်တော့၏။

ဤကဲ့သို့ ထိုင်နေကြသည်မှာ မည်မျှ အချိန်ကြာသွားမှန်း မည်သူမျှ သတိမထားလိုက်မိကြချေ။ နောက်ဆုံးတွင် မြင်းခွာသံများကို ကြားလိုက်ရတော့၏။ မြင်းနှစ်စီးက သူတို့ဖက်သို့ လာနေသည့် အသံပင်တည်း။ မကြာမီပင် လူတစ်ယောက်၏ အော်ဟစ်သံကို ကြားလိုက်ရသည်။

"ညီမလေး ... ညီမလေး ... ငါပြောတာ နားထောင်ပါဦး။ အလျင်စလို မလုပ်ပါနဲ့"

လင့်ဟူချုံး ရင်ထဲ၌ တစ်ချက်မျှ တုန်ခါသွားသည်။ ဤအသံကား ရက်ပုချွန်၏ အသံပင်တည်း။ ထိုအခိုက်မှာပင် ဖူးလင်၏ အသံကိုလည်း ကြားလိုက်ရပြန်၏။

"ကျွန်မဖာသာ ပြန်တာပဲ။ အစ်ကိုကြီးနဲ့ ဘာမှ မဆိုင်ပါဘူး။ အစ်ကိုကြီး ဘာမှ ပြောနေစရာ မလိုဘူး။"

လင့်ဟူချုံးက စိတ်ထဲမှ တွေးလိုက်မိသည်။

"ဆရာမက သိပ်သဘောကောင်းတာ။ ဆရာနဲ့ တစ်ခါမှ စကားမများဖူးပါဘူး။ အခုတော့ ဘာဖြစ်လို့ ဒီလောက် စိတ်ဆိုးနေရတာလဲ မသိဘူး။ ... ဆရာမ အလွန်တော့ မဖြစ်လောက်ဘူး။ ဆရာက သူစိတ်ဆိုးအောင် လုပ်လို့ပဲ ဖြစ်မယ်။ ဆရာမက အင်မတန် သည်းခံတတ်တာပဲ"

မြင်းခွာသံများက ရပ်သွားပြီး ရက်ပုချွန်နှင့် ဖူးလင်တို့က လမ်းမလယ်တွင် ရပ်လိုက်ကြသည်။

"ညီမလေး မင်းက ဘာဖြစ်လို့ သည်လောက်တောင် ဒေါသကြီးနေတာလဲ။ အခု ဒီအနားမှာ ဘယ်သူမှ မရှိကြတော့ဘူး။ ငါတို့ ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြတာပေါ့။ မကောင်းဘူးလား"

"ကျွန်မ ဒေါသမဖြစ်ပါဘူး။ ဒီမှာမနေချင်တော့ဘူး။ ဝါဆန်းတောင်ကိုပဲ ပြန်တော့မယ်။ အစ်ကိုကြီးက ကျိလင်ထန်ကို မျက်နှာလို မျက်နှာရလုပ်ချင်ရင် အစ်ကိုကြီးပဲ ကောင်းဆန်းတောင်ကို လိုက်သွားပေတော့"

"ဘာပြောတယ်။ ငါက ဘာများ ကျိလင်ထန်ကို မျက်နှာလိုမျက်နှာရ လုပ်လို့လဲ။ ငါလိုလူက ကျိလင်ထန်ကို ဘာဖြစ်လို့ မျက်နှာလို မျက်နှာရ လုပ်ရမှာလဲ"

"အဲဒါကိုပဲ ကျွန်မ နားမလည်တာ။ အစ်ကိုကြီးက သာမန်လူ မဟုတ်ဘူး။ ဝါဆန်းဂိုဏ်းချုပ်ပဲလေ။ ဂိုဏ်းချုပ်ချင်း

အတူတူ ဘာဖြစ်လို့ ကျိုလင်ထန်ကို အလျှော့ပေးနေရတာလဲ။ သူခိုင်းသလို လုပ်နေရတာလဲ"

ဖူးလင်က ပြောနေရင်းမှ အသံမာလာပြီး "အခု ဂိုဏ်းကြီးငါးဂိုဏ်း ပေါင်းဖို့ကိစ္စကို သဘောတူလိုက်ရင် ကျွန်မတို့ ဝါဆန်းဂိုဏ်း ဘာဖြစ်သွားမလဲ၊ … ဆရာမသေခင် အစ်ကိုကြီးကို ဝါဆန်းဂိုဏ်းချုပ်နေရာ ဆက်ခံဖို့ပေးတုန်းက ဘာတွေ မှာခဲ့သလဲ အစ်ကိုကြီး မှတ်မိသေးရဲ့လား"

"ဆရာက ငါ့ကို မှာသွားတယ်။ ဝါဆန်းဂိုဏ်း တိုးတက်ထွန်းကားအောင် လုပ်ရမယ်တဲ့"

"ကဲ … အခု အစ်ကိုကြီး စဉ်းစားကြည့်ပါဦး။ ကျွန်မတို့ ဝါဆန်းဂိုဏ်းနဲ့ ကောင်းဆန်းဂိုဏ်း ပူးပေါင်းလိုက်ရင် ဆရာ့ကို သစ္စာဖောက်ရာ မကျဘူးလား။ ဆရာ့စကားကို ပယ်ရှားရာ မကျဘူးလား။ ကျွန်မတို့ ဝါဆန်းဂိုဏ်းက အရှိန် အဝါ သိပ်မကြီးပေမယ့် ကိုယ့်အားကိုယ်ကိုးပြီး ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ခဲ့တယ်။ ဘယ်တုန်းကမှ သူများဩဇာ မခံခဲ့ဘူး။ ဒီအစဉ်အလာကို ကျွန်မတို့ မထိန်းသိမ်းရင် ဘယ်သူထိန်းသိမ်းမလဲ"

"ညီမလေး … မင်း မသိဘူးနော်။ ဟန်ဆန်းဂိုဏ်းက ဆရာမကြီးနှစ်ယောက်ရဲ့ သိုင်းပညာက ငါတို့နဲ့စာရင် ဘယ်လို နေမလဲ။ စဉ်းစားကြည့်စမ်း"

"ကျွန်မတို့နဲ့ သိပ်ကွာမယ် မထင်ဘူး။ ဘာဖြစ်လို့လဲ"

"အဲဒါကို သတိထားစမ်း။ ဆရာမကြီး တင့်ရှန်နဲ့ တင့်ရီတို့ဟာ ငါတို့နဲ့ သိုင်းပညာချင်း သိပ်မကွာပါဘူး။ ဒါပေမယ့် သူတို့ နှစ်ယောက်လုံး ရှောင်လင်ကျောင်းထဲမှာ သေဆုံးခဲ့ရတယ်။ ကျိုလင်ထန်ရဲ့ လက်ချက် ဖြစ်ဖို့များတယ်"

ထိုစကားကို ကြားသောအခါ လင့်ဟူချုံး ရင်ထဲ၌ ထိတ်ကနဲ ဖြစ်သွား၏။

ဖူးလင်က …

"အဲဒါ ဘာဖြစ်သလဲ။ ကျိုလင်ထန်သတ်တာ သေချာရင် သက်သေအထောက်အထားရှာပြီး သိုင်းလောကသားတွေ ရှေ့မှာ စွဲချက်တင်ရမယ်။ ဆရာမကြီးနှစ်ယောက်အတွက် လက်စားချေမယ်ဆိုရင် အဲသည်နည်းက တရားအမျှတဆုံး နည်းပဲ မဟုတ်လား"

"မင်းပြောတာက လွယ်တယ်။ ဒါပေမယ့် ခက်နေတာက ငါတို့မှာ ဘာသက်သေ အထောက်အထားမှမရှိဘူး။ အဲဒါ ထက် ခက်နေတာက ငါတို့မှာ ခိုင်မာတောင့်တင်းတဲ့ အင်အား ကျောထောက်နောက်ခံ မရှိဘူး"

"ခိုင်မာတောင့်တင်းတဲ့ အင်အား … ဟုတ်လား။ ဘယ်လိုအင်အားမျိုးကို ပြောနေတာလဲ ဒီလို သိုင်းလောကတစ်ခုလုံး နဲ့ သက်ဆိုင်နေတဲ့ ကိစ္စမျိုးကိုကျတော့ ရှောင်လင်ကျောင်းထိုင် ဆရာတော်ကြီး ဖန်းတင်းနဲ့ ဟူတန်းဂိုဏ်းချုပ်ကြီးတို့ရဲ့ အကူအညီကို ယူရမှာပေ့ါ။ သူတို့သာ ဦးဆောင်ရင် ကျိုလင်ထန် ဘာလုပ်ရဲမှာလဲ။ ဒီထက်ခိုင်မာတဲ့ အင်အားကို ရနိုင်ပါဦး မလား"

"ဖူးလင် မင်းပြောတာ သိပ်လွယ်တာပဲ။ ငါကတော့ ကြောက်နေမိတုန်းပဲ။ ငါတို့ဆီ ရောက်လာမယ့် ကြမ္မာဆိုးကို မင်း တွေးမိရဲ့လား။ ရှောင်လင်ကျောင်းထိုင် ဆရာတော်ကြီးနဲ့ ဟူတန်းဂိုဏ်းချုပ်ကြီးတို့ကို မဖိတ်ခေါ်နိုင်ခင် ငါတို့ လင်မယားနှစ်ယောက်လုံး ဟန်ဆန်းဂိုဏ်းက ဆရာမကြီးနှစ်ယောက်နောက်ကို လိုက်သွားရလိမ့်မယ်။"

"ဟင်း ဟင်း ဟင်း … ဘာလဲ။ အစ်ကိုကြီးက လုပ်ကြံခံရမှာကို ကြောက်နေသလား။ ရယ်ဖို့တောင် ကောင်းသေး တယ်။ သိုင်းလောကသားတွေအဖို့ သေခြင်းတရားဆိုတာက ဒဂ်ါးတစ်ခုရဲ့ ခေါင်းနဲ့ပန်းလိုပါပဲ။ ဒါတွေကို ကြောက်နေလို့ သင့်တော်ပါ့မလား။ ဟိုဟာလည်း ကြောက်ရ၊ ဒီဟာလည်း ကြောက်ရဆိုရင် ဘာဖြစ်လို့ သိုင်းလောကထဲမှာ နေတော့မှာ လဲ။ သိုင်းလောကက ထွက်ပြီး အနားယူရုံ ရှိတော့တာပေ့ါ"

သူ့ဆရာမ၏ ရဲရဲတောက် စကားများကို ကြားလိုက်ရသော လင့်ဟူချုံးက ဖူးလင်အား စိတ်ထဲမှ ချီးကျူးလိုက်သည်။

"ဆရာမက မိန်းမသား ဆိုပေမယ့် ယောကျာ်းတွေထက်တောင် သတ္တိရှိသေးတယ်။ ဒါကြောင့်မို့လည်း ဆရာကြီး လင်းရှင်က ဆရာမကို ချီးကျူးတာကိုး"

ထိုအခိုက် ရက်ပုချွန်က …

"ငါတို့နှစ်ယောက် သေတာက အရေးမကြီးပါဘူး။ ဒါပေမယ့် ဘာများ အကျိုးရှိသလဲဆိုတာ ဆန်းစစ်ကြည့်ရမယ်။ ကျိုလင်ထန်က လုပ်ကြံရင် ငါတို့ ဘုမသိ ဘမသိနဲ့ သေရမယ်။ နောက်ဆုံးမှာ ဘယ်သူ အကျိုးခံစားရမလဲ။ ကျိုလင်ထန် ပဲ ဂိုဏ်းကြီးငါးဂိုဏ်းကို လက်ဝါးကြီးအုပ်ပြီး ဂိုဏ်းချုပ်ကြီး လုပ်သွားမှာပဲ"

ဖူးလင်က ငြိမ်နေသဖြင့် ရက်ပုချွန်က ဆက်ပြောသည်။

"ငါတို့နှစ်ယောက် မရှိရင် အပြစ်မဲ့တဲ့ ဝါဆန်းဂိုဏ်းသားတွေဟာ ကျိုလင်ထန်ရဲ့ဓားစာ ဖြစ်သွားတော့မှာပဲ။ ငါတို့ မြန်မြန်သေရင် သူတို့လည်း ငါတို့နောက် မြန်မြန်လိုက်ရမှာပဲ။ သူတို့ကို ဘယ်သူက ကာကွယ်ပေးမလဲ။ သူတို့ချည်း

ကျိလင်ထန်ကို ဘယ်နယ့်လုပ် တွန်းလှန်နိုင်မလဲ။ နောက်အရေးကြီးတဲ့ အချက်တစ်ခုက သမီးလေး။ ငါတို့ရဲ့ သမီးလေး လိန်လိန့်အတွက်လည်း ထည့်စဉ်းစားရဦးမယ် … ညီမလေး မင်းက ငါတို့ရဲ့သမီးလေးကို လောကထဲမှာ တစ်ယောက်တည်း မျက်စိသူငယ် နားသူငယ်နဲ့ ထားခဲ့ရက်သလား"

ဖူးလင်က သက်ပြင်းချလိုက်ရင်း …

"ထားလိုက်ပါတော့လေ။ အခုလောလောဆယ် ကျိလင်ထန်ရဲ့ အကြံအစည်က ရုပ်လုံး မပေါ်သေးဘူး။ ဒီတော့ အခြေအနေ စောင့်ကြည့်လိုက်ဦးမယ်။ ဒါပေမယ့် ကျွန်မစိတ်ထဲမှာ မကျေနပ်တဲ့ အချက်တစ်ခုရှိသေးတယ်။ လင်မိန်ကျက်ရဲ့ မျိုးရိုးအမွေဖြစ်တဲ့ ဘီလူးမီးဓားသိုင်းကို ကျိလင်ထန်လက်ထဲ အစ်ကိုကြီးက ဘာဖြစ်လို့ ထည့်ပေးလိုက်ရတာလဲ။ အဲဒါက ကျားကို အတောင်တပ်ပေးလိုက်တာနဲ့ အတူတူပဲ"

ရက်ပုချွန်က …

"ငါလုပ်ချင်လို့ လုပ်လိုက်တာ မဟုတ်ပါဘူး။ အခြေအနေ အချိန်အခါကိုကြည့်ပြီး လုပ်သင့်တယ်ထင်လို့ လုပ်လိုက်တာပါ။ အချိန်ဆွဲလိုက်တဲ့ သဘောပါ"

"ဘာကို အချိန်ဆွဲတာလဲ။ သူ့ဖာသာ သူနေ၊ ကိုယ့်ဖာသာ ကိုယ်နေ။ ကိုယ့်စည်း သူ့စည်း ခွဲခြားပြီးရင် ဘာကို အချိန်ဆွဲနေစရာ လိုတော့မလဲ"

"မင်းမသိဘူး။ အခုအချိန်ဟာ သူ့စည်းကိုယ့်စည်း ခွဲခြားနေရမယ့်အချိန် မဟုတ်ဘူး။ အင်မတန် သိမ်မွေ့ပြီး အရေးကြီးတဲ့အချိန်"

"ပြောပါဦး … ဘာဖြစ်လို့ အချိန်ဆွဲနေရတဲ့ အကြောင်းကို"

ရက်ပုချွန်က ပိုမိုလေးနက်သော အသံဖြင့် …

"ညီမလေး … ဘီလူးမီးဓားသိုင်းကျမ်းကို ငါက မပေးလိုက်ရင် ကျိလင်ထန်က ငါ့ကို ဘယ်ယုံတော့မလဲ။ အခုအချိန်မှာ သူက ကိုယ့်ကိုယုံနေဖို့ သိပ်အရေးကြီးတယ်။ သူက ငါ့ကိုယုံလေ။ ငါ့အဖို့ အလုပ်လုပ်ရတာ လွယ်လေပဲ။ နောက်ပိုင်းကနေ သူ့ရဲ့အထုပ်ကို ဖြေချပြမယ့် သဲလွန်စတွေ၊ သက်သေအထောက်အထားတွေ အကွက်စေ့နေအောင် ရှာထားရမယ်။ အခြေအနေတွေ အားလုံး အဆင်သင့်ဖြစ်တာနဲ့ သူ့ရဲ့ ယုတ်မာတဲ့ အကြံအစည်အားလုံးကို ဖော်ထုတ်ဖွင့်ချလိုက်မယ်။ နောက်ပြီးတော့ သိုင်းလောကသား မိတ်ဆွေတွေရဲ့ အကူအညီနဲ့ အပြစ်ဒဏ် စီရင်လိုက်မယ်"

ရက်ပုချွန်၏ စိတ်အားထက်သန်စွာ ပြောလိုက်သော စကားများသည် ထိုအနီးတစ်ဝိုက်၌ ပဲ့တင်ထပ်သွားတော့၏။

× × × × ×

## အတိတ်ဇာတ်ကြောင်း

"မနေ့က လင့်ဟူချုံးနဲ့ တိုက်ခိုက်တုန်းမှာ ဘာဖြစ်လို့ အစ်ကိုကြီးက 'သားမိုက်အိမ်ပြန်'၊ 'လက်ကမ်းကြိုဆို'၊ 'သားမက်နဂါးစီး' ဆိုတဲ့ သိုင်းကွက်တွေကို ထပ်ခါတလဲလဲ သုံးခဲ့ရတာလဲ။ အဲဒါက ဘာသဘောလဲ"

ရက်ပုချွန်အပေါ် ဘဝင်မကျ ဖြစ်နေသော အကြောင်းအရာ နောက်တစ်ခုကို ဖူးလင်က ထုတ်ဖော်လိုက်ပြန်သည်။

ရက်ပုချွန်က မဲ့ပြုံးတစ်ချက် ပြုံးကာ ...

"ဒီကောင်က အကျင့်စာရိတ္တ မကောင်းတာ မှန်ပေမယ့် ဘာပဲပြောပြော ငါတို့က ကျွေးမွေးသုတ်သင်လာတာပါ။ သူ ပျက်စီးနေတာမြင်တော့ ငါ့ရင်ထဲမှာ ဘယ်ကောင်းပါ့မလဲ။ သူကသာ အမြင်မှန်ရရင် ငါက ဝါဆန်းဂိုဏ်းထဲ ပြန်ဝင်ခွင့် ပေးမလို့ပဲ"

"ဒါကို ကျွန်မလက်ခံနိုင်ပါတယ်။ ဒါပေမယ့် နောက်ဆုံးဓားကွက်ကို နားမလည်ဘူး။ ဘာဖြစ်လို့ 'သားမက်နဂါးစီး' လို့ ပြောရတာလဲ။ ဒီ့အပြင် ဓားကွက်တွေ အများကြီးပါ။"

"ညီမလေး ... မင်းက သိလျက်သားနဲ့ ငါ့ကို ပြန်မေးနေတာ မဟုတ်လား"

"ဒါဖြင့် အစ်ကိုကြီးသဘောက ... လင့်ဟူချုံးကသာ သူ့ကိုယ်သူ ပြုပြင်လိုက်ရင် အစ်ကိုကြီးက လိန်လိန်နဲ့ သူ့ကို လက်ထပ်ပေးမယ်ပေါ့"

ရက်ပုချွန်က ငြိမ်သက်သွားသည်။ ဤစကားသည် အရေးကြီးမှန်း သူကောင်းစွာ သိသည်။

"ငါကသူ့ကို ကတိပေးလိုက်မှတော့ သူကသာ ငါ့စကားကို နားထောင်ခဲ့ရင် ငါကလည်း ငါ့ကတိကို ဘယ်ဖျက်လို့ ဖြစ်မလဲ"

"လင့်ဟူချုံးက မကောင်းဆိုးဝါးဂိုဏ်းချုပ်ရဲ့ သမီးကို ကြိုက်နေတာ အစ်ကိုကြီး သိတယ် မဟုတ်လား"

"လင့်ဟူချုံးလား။ ဒီကောင် မကြိုက်ပါဘူး။ ကြောက်နေတာပါ။ ဒီကောင်ကြိုက်တာ လိန်လိန်ပဲ။ အသည်းစွဲအောင် ကြိုက်နေတာ။ ငါ့ဓားကွက်တွေတွေ့တော့ ဒီကောင့်မျက်နှာ ပျားရည်ဆမ်းထားသလို ဖြစ်သွားတာ မင်းမတွေ့လိုက် ဘူးလား"

"အင်း ... ကျွန်မတွေ့လိုက်တယ်။ ဒါပေမယ့် ဒါမျိုးကိုတော့ ကျွန်မ မကြိုက်ဘူး။ အစ်ကိုကြီးက လိန်လိန့်ကို ငါးစာလုပ်ပြီး အစ်ကိုကြီးကို လင့်ဟူချုံးက အရှုံးပေးအောင် လုပ်တာမဟုတ်လား။ ... တော်တော်ကောင်းတဲ့ အကြံပါပဲ"

နားထောင်နေသော လင့်ဟူချုံးမှာ ကြက်သီးမွေးညင်း ထသွားသည်။ သူ့ဆရာမ၏လေသံတွင် ဒေါသသံမက ခနဲ့သော အသံများ ပါဝင်နေသည်။ သူ့တစ်သက်တွင် ဆရာမ ဤမျှ ဒေါသထွက်နေသည်ကို တစ်ခါမျှ မကြုံဖူးချေ။ သူ့ဆရာမသည် ဆရာ့ကို အမြဲတမ်း ရိုသေလေးစားစွာ ပြောဆိုဆက်ဆံခဲ့ပေသည်။ ယခုအကြိမ်တွင်တော့ သူမရင်ထဲ၌ ဖော်မပြနိုင်လောက်အောင် မကျေမနပ် ဖြစ်နေ၍ ပွင့်အန်လာခြင်း ဖြစ်ပေလိမ့်မည်။

ထို့နောက်တွင်တော့ သူတို့နှစ်ယောက် ဆက်၍ စကားမပြောကြတော့ပဲ ခရီးဆက်သွားကြတော့၏။ မည်သည့်အရပ်သို့ သွားနေကြောင်း တစ်စွန်းတစ်စမျှ မပြောကြချေ။

များမကြာမီပင် နောက်ထပ် မြင်းနှစ်စီး အပြင်းနှင်လာသည်ကို ကြားလိုက်ရပြန်သည်။

မိန်းကလေးတစ်ယောက်၏ အသံထွက်ပေါ်လာ၏။

"ဒီနေရာမှာ မြင်းခွာရာတွေ ထပ်နေတယ်။ အဖေနဲ့ အမေတို့ ခဏနားပုံရတယ်"

လိန်လိန်၏ အသံဖြစ်၏။ လိန်လိန်ပါလျှင် လင်မိန်ကျက်လည်း မုချပါရပေမည်။ ထိုခဏတွင်ပင် ...

"ဒီလိုဆိုရင် ငါတို့အမြန်ဆုံးလိုက်မှပဲ။ ဟိုနောက်က လူတွေ ငါတို့ကို မီတော့မယ်"

လင်မိန်ကျက်၏ အသံတွင် စိုးရိမ်ပူပန်မှုများ ဖုံးလွှမ်းနေသည်။ သူတို့၏ နောက်တွင် ရန်သူများ လိုက်လာဟန်တူပေ၏။ မြင်းခွာသံများကိုလည်း ကြားလိုက်ရသည်။ မြင်းကောင်ရေများမှန်း အသံကြားရုံနှင့် သိသာလှပေ၏။ ရန်သူများ၏ အင်အားကောင်းမှုကို သိသာစေတော့သည်။

လင်မိန်ကျက်က ...

"ဒုက္ခပဲ ... ဒီကောင်တွေ မီလာတော့မယ်။ လိန်လိန် .. ငါတို့မြန်မြန်ပြေးမှ လွတ်လိမ့်မယ်"

သို့သော် သူတို့မပြေးနိုင်ကြတော့။ လင်မိန်ကျက်နှင့် လိန်လိန်တို့၏ မြင်းနှစ်ကောင်မှာ ဝုန်းကနဲ ပြိုလဲသွားတော့၏။ နောက်မှ လိုက်လာသော ရန်သူများက မြားဖြင့် ပစ်လိုက်ဟန်တူပေသည်။ သူတို့နှစ်ယောက်မှာ မည်သို့မျှ မတတ်နိုင်တော့ပဲ မြေပြင်ပေါ်ဆင်းကာ ရန်သူများကို လှည့်၍ ရင်ဆိုင်ရုံမှတပါး အခြားနည်းလမ်း မရှိတော့ပေ။

လင့်ဟူချုံး၏ ရင်ထဲ၌ လှုပ်လှုပ်ရှားရှား ဖြစ်နေရတော့၏။ လိန်လိန်တို့ကို နှောင့်ယှက်မည့်ရန်သူများ အနီးသို့ရောက်ပြီကို သိလိုက်ရချိန်တွင် ပို၍စိုးရိမ်လာသည်။ စိတ်တည်ငြိမ်မှု ပျက်ပြားနေသဖြင့် လင်းရှင်၏ခန္ဓာကိုယ်မှ အအေးဓာတ်ကို တိုက်ထုတ်ရန် အခက်အခဲ ဖြစ်လာတော့သည်။ တစ်ဆက်တည်းပင် သူ၏ ဘယ်လက်မှာ အအေးဓာတ်ကြောင့် တောင့်တင်းလာတော့၏။

ထိုစဉ်ပင် လူတစ်သိုက်၏ တဟီးဟီး တဟားဟားဖြင့် အော်ဟစ်ရယ်မောလိုက်သည့် အသံများကို စတင်ကြားလိုက်ရလေတော့သည်။

လိန်လိန်က အလန့်တကြားအော်ကာ နောက်သို့ ခုန်ဆုတ်သွား၏။

လူတစ်ယောက်က ရယ်ရင်း ...

"ဟေး ဟေး .. ဒီတစ်ခါတော့ မင်းတို့ ဘယ်ကိုလွတ်အောင် ပြေးမလဲ ... ပြေးစမ်းပါဦး ... ဟား ဟား ဟား"

နောက်တစ်ယောက်ကလည်း ...

"ဒီကောင်မလေးက ရုပ်လေးလည်း သိပ်မဆိုးဘူး။ အသားအရေကလည်း ဖြူဖြူဖွေးဖွေးဆိုတော့ အဝတ်အစားအားလုံး ချွတ်လိုက်ရင် အတော်လေး ကြည့်ကောင်းမှာပဲ ... ဟီး ဟီး ဟီး"

ထိုစကားကြောင့် ကျန်လူများကလည်း ဟားတိုက်ရယ်မော ကြလေတော့၏။

လိန်လိန်နှင့် လင်မိန်ကျက်တို့မှာ ထိုမျှပက်စက်သောစကားကို ကြားလိုက်ရသောအခါ ဒေါသမထိန်းနိုင်အောင်ဖြစ်လာကြပြီး ဓားများကို ကိုယ်စီဆွဲထုတ်လိုက်၏။ ပြီးနောက် ဓားချင်းရိုက်ခတ်သံများကို လင့်ဟူချုံး ကြားလိုက်ရတော့၏။

လူအချို့က အော်ပြောလိုက်သည်။

"ဟိုကောင်မလေးကို ငါဖို့ ဝေစုထား"

နောက်တစ်ယောက်ကမူ ...

"ဟား ဟား ဟား ... ဒီလိုဘယ်ရမလဲ။ လူတိုင်း အလှည့်ကျ ကိုယ့်ဝေစု ရကြမှာပေါ့"

လိန်လိန်နှင့် လင်မိန်ကျက်တို့မှာ နှစ်ယောက်နှင့်အများ တိုက်ခိုက်နေကြရသည်။ ကျန်လူများသည် ဒေါသထွက်လာသဖြင့် ဝိုင်းအုံကာ တိုက်တော့၏။ ချက်ချင်းလိုလိုပင် လင်မိန်ကျက်ထံမှ အော်သံတစ်ချက် ကြားလိုက်ရ၏။ ဒဏ်ရာရသွားဟန် တူပေသည်။ တစ်ဆက်တည်းမှာပင် လိန်လိန်၏ အော်သံကိုပါ ကြားလိုက်ရတော့၏။

"လွှတ် ... လွှတ် ... ကျွန်မကို လွှတ်"

လူတစ်ယောက်၏ အသံကို ကြားလိုက်ရသည်။

"ဟိုကောင်က ပြောတယ်။ မင်းက အသားဖြူတော့ အဝတ်အစားမရှိရင် သိပ်ကြည့်ကောင်းမှာပဲတဲ့။ ငါကတော့ မယုံချင်သေးဘူး။ ... ဘယ်လိုလဲဟေ့။ ငါတို့ဒီကောင်မလေးရဲ့ အဝတ်တွေကို ချွတ်ကြည့်ရင် မကောင်းဘူးလား"

ကျန်လူများက လက်ခုပ်လက်ဝါးတီးကာ တဟီးဟီး တဟားဟားဖြင့် အော်ဟစ်ထောက်ခံကြတော့၏။ ဤအခြေအနေမျိုးကို လင့်ဟူချုံးအနေဖြင့် ဘယ်သို့လျှင် ငြိမ်သက်၍ ကြည့်နေနိုင်အံ့နည်း။ သူ၏ ဂိုဏ်းတူညီမလေးအား လူဆိုးများက စော်ကားကြပေတော့မည်။

လင့်ဟူချုံးက လင်းလင်း၏လက်ကို လွှတ်လိုက်ကာ ဓားကိုဆွဲထုတ်လျက် ကျောက်ဂူအပြင်သို့ ပြေးထွက်သွား

လေ၏။ သူ၏ ဘယ်လက်မှာ အအေးဓာတ် အဆိပ်ကြောင့် လှုပ်ရှားမရပဲ တွဲလောင်းကြီးဖြစ်နေ၏။

လူဆိုးများသည် လူမရှိသော တောကြီးမျက်မည်းဟု ထင်မှတ်ထားကြရာ လင့်ဟူချုံး ပြေးထွက်လာသည်ကို မြင်ရသောအခါ အံ့အားသင့်ပြီး ကြောင်သွားကြသည်။

လင့်ဟူချုံးက လူဆိုးသုံးယောက်၏လည်မျိုကို ဓားနှင့်ထိုးလိုက်ပြီး ချက်ချင်းပင် နောက်လှည့်ကာ လူနှစ်ယောက်ကို ထပ်ထိုးလိုက်ပြန်၏။

လူဆိုးတစ်ယောက်က လိန်လိန်၏လက်ကို နောက်ပြန်ဖမ်းလိမ်ကာ နောက်တစ်ယောက်က လင့်ဟူချုံးကို ခုတ်ချရန် ဓားကို မြှောက်လိုက်သည်။ လင့်ဟူချုံးက တုံ့ဆိုင်းခြင်းအလျဉ်းမရှိပဲ ထိုလူ၏ဟာကွက်ဖြစ်နေသော ခါးကို ဓားဖြင့် လှမ်းထိုးလိုက်ရာ ထိုလူမှာ ဓားကို ခုတ်ချနိုင်ခြင်း မရှိတော့ပဲ လဲကျသွားရတော့၏။

အနောက်ဖက်မှ လက်နက်များ ဖြတ်သန်းတိုးဝင်လာသံကို ကြားလိုက်ရပြန်သည်။ လင့်ဟူချုံးက ဓားချက်နှစ်ချက် နောက်ပြန်တွက်လိုက်သည်တွင် လူနှစ်ယောက်၏ စူးစူးဝါးဝါး အော်သံကို ကြားလိုက်ရ၏။

သူ့လူနှစ်ယောက် လဲကျသွားသည်တွင် လိန်လိန့်ကို ဖမ်းချုပ်ထားသူသည် လိန်လိန့်ကို ရှေ့မှကာရင်း ဓားကို မြှောက်ကာ တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။ ဤတွင် လင့်ဟူချုံး၏လက်က ရိပ်ကနဲ လှုပ်ရှားသွားပြီး သူ့ဓားက လိန်လိန့် ပါးနားမှကပ်ကာ လူဆိုး၏လည်မျိုသို့ ထိုးစိုက်သွားတော့၏။

ထိုလူဆိုးသည် လင့်ဟူချုံး၏ဓားချက် ဤမျှ မြန်ဆန်သည်ဟု ထင်မှတ်မထားသဖြင့် လိန်လိန့်အား ဓားစာခံ လုပ်ချိန်မရတော့ပဲ တစ်ချက်တည်းနှင့် အသက်ထွက်သွားလေတော့သည်။ သူ့လည်မျိုမှ သွေးများပန်းထွက်လာရာ လိန်လိန်၏ မျက်နှာနှင့် လည်ပင်းတွင် ပေကျံကုန်တော့သည်။

တိုတောင်းလှသည့် အချိန်အတွင်းတွင် လူကိုးယောက်ကို ထိုးသတ်လိုက်ရာ ကျန်လူဆိုးများမှာ ထိတ်လန့်ချောက်ချားကုန်တော့သည်။ ကျန်သည့် လူဆိုးလေးယောက်သည် အော်ဟစ်ရင်း ထွက်ပြေးကုန်တော့၏။

လင့်ဟူချုံးက ..

"မင်းတို့က ငါ့ရဲ့ ဂိုဏ်းတူညီလေးနဲ့ ညီမလေးကို စော်ကားပြီးမှတော့ ထွက်ပြေးလို့ ဘယ်ရမလဲ"

လင့်ဟူချုံးက နောက်မှခုန်လိုက်ကာ လူနှစ်ယောက်ကို ထိုးသတ်လိုက်ပြန်၏။

ကျန်လူနှစ်ယောက်မှာ ရှေ့တစ်ယောက်၊ နောက်တစ်ယောက် လူခွဲ၍ ပြေးကြ၏။ လင့်ဟူချုံးက သူ့လက်ထဲမှ ဓားကို ပစ်လိုက်ရာ အလင်းရောင်တန်း တစ်ခုအဖြစ် ပြေးထွက်သွားသော လူဆိုး၏ နောက်ကျောထဲသို့ ထိုးစိုက်သွားတော့၏။ အရှိန်ပြင်းလှသောကြောင့် လဲကျနေသူကိုပင်ရှေ့သို့ တလိမ့်ကောက်ကွေး လိမ့်ဆင်းသွားစေ၏။

အနောက်ဖက်သို့ ပြေးသွားသော လူရမ်းကားသည်လည်း လင့်ဟူချုံး၏လက်မှ မလွတ်ချေ။ ထိုလူ၏ နောက်သို့ လင့်ဟူချုံးက ပြေးလိုက်သွားပြီး လက်သီးဖြင့် ထိုးလိုက်ရာ အသံပင်မထွက်နိုင်တော့ပဲ အသက်ထွက် သွားလေတော့၏။

ရန်သူများအားလုံး ရှင်းလင်းသွားသည်တွင် လင့်ဟူချုံးသည် လင်မိန်ကျက်နှင့် လိန်လိန်တို့ထံ လျှောက်လာလိုက်သည်။

လင်မိန်ကျက်က ...

"အစ်ကိုကြီး ... ကျွန်တော်တို့ရဲ့ အသက်ကို အခုလို လာပြီး ကယ်တင်ပေးတာကို အများကြီး ကျေးဇူးတင်ပါတယ်"

"မဖြစ်စလောက်လေးကို စကားထဲ့ထည့်ပြောမနေစမ်းပါနဲ့။ မင်းလက်က ဒဏ်ရာ အတော်များလား"

"သိပ်မများပါဘူး အစ်ကိုကြီး"

ရက်ပုချွန်နှင့် ဖူးလင်တို့ ထွက်သွားရာဖက်သို့ လင့်ဟူချုံးက လက်ညှိုးညွှန်ပြလိုက်ပြီး ...

"ဆရာနဲ့ ဆရာမတို့ အဲသည်ဖက်ကို ထွက်သွားကြတယ်။ မင်းတို့ အဲသည်ဖက်ကို လိုက်ကြ"

လင်မိန်ကျက်က ...

"ဟုတ်ကဲ့ အစ်ကိုကြီး"

လိန်လိန်သည် လူဆိုးများ၏ မြင်းများထဲမှ နှစ်ကောင်ကို ဆွဲယူလာပြီး ...

"ကျွန်မတို့ အဖေနဲ့ အမေနောက်ကို လိုက်သွားတော့မယ်"

"အေး ... အေး ... အဲသည်ဖက်ကို လိုက်ကြ"

လိန်လိန်က မြင်းဇက်ကို တုံ့ကနဲ ဆွဲလိုက်ပြီး လင့်ဟူချုံးအား စိုက်ကြည့်ကာ ...

"ကျွန်မ ... ကျွန်မ ..."

သူမသည် စကားဆုံးအောင် ဆက်မပြောတော့ပဲ မြင်းကို တဟုန်ထိုးစိုင်းကာ ထွက်ခွာသွားလေတော့၏။ လင့်ဟူချုံး

က သူတို့နှစ်ယောက်၏ နောက်ကျောပြင်များကို ငေးမောကြည့်ရှုနေမိတော့သည်။

နောက်ဆုံးတွင် သူ့မြင်ကွင်းမှ လုံးဝပျောက်ကွယ်သွားသောအခါမှ လေးကန်သော ခြေလှမ်းများဖြင့် ကျောက်ဂူရှိရာသို့ ပြန်လျှောက်လာလေတော့၏။ လင်းရှင်၊ လင်းလင်းနှင့် ရှန့်ဝန့်ထင်းတို့က မတ်တတ်ရပ်လျက် သူ့ကို ကြည့်နေကြ၏။

လင်းရှင် မတ်တတ်ရပ်နေသည်ကို တွေ့သောအခါ လင့်ဟူချုံးက ဝမ်းသာသွားပြီး ...

“ဆရာကြီး ကောင်းသွားပြီ။ ကျွန်တော့်ကြောင့်တော့ ဆရာကြီးမှာ ဘေးဥပါဒ် မဖြစ်ခဲ့ပါဘူးနော်”

လင်းရှင်က မဲ့ပြုံးပြုံး၍ ...

“ငါကတော့ ဘာမှ မဖြစ်ပါဘူး။ မင်းရဲ့ ဘယ်လက်က ဘယ်လို ဖြစ်သွားတာလဲ”

လင့်ဟူချုံးကလည်း မဲ့ပြုံးပြုံးပြီး ပြန်ဖြေလိုက်သည်။

“အအေးဓာတ်အဆိပ်ကြောင့် အကြောပိတ်သွားတာပါ”

“ကောင်းပြီ။ အခု ငါက မင်းကို ဘယ်ဘက်လက် အကြောပြန်ပွင့်သွားစေနိုင်တဲ့ နည်းကို သင်ပေးလိုက်မယ်”

ပြောပြောဆိုဆိုဖြင့် လင်းရှင်က လေ့ကျင့်နည်းကို သင်ကြားပေးလိုက်ပြီးနောက် ...

“မင်းက ငါ့ရဲ့ အအေးဓာတ်အဆိပ်ကို ကုပြီးထုတ်ပေးတယ်။ ငါက မင်းရဲ့ ဘယ်လက်ကို ပြန်ပြီးကုပေးတယ်။ ဒီတော့ ဘယ်သူ့ဘယ်သူမှ ကျေးဇူးတင်ဖို့ မလိုတော့ဘူးပေါ့။ ... မင်းရဲ့လက် ပြန်ကောင်းဖို့ကတော့ ခုနစ်ရက်လောက် ကြာလိမ့်မယ်။”

“ဟုတ်ကဲ့”

“အခု မင်းကို ငါထပ်ပြောဦးမယ်။ ဟိုးတစ်နေ့က နှင်းဆီဂေဟာမှာ မင်းကို နေမင်းသခင်ဂိုဏ်းထဲ ဝင်ခိုင်းတုန်းက မင်းက တစ်ချက်တည်း ငြင်းတယ်။ ဒီနေ့အခြေအနေနဲ့ ဟိုနေ့ကအခြေအနေ မတူတော့ဘူး။ မင်းကိုငါ ထပ်မေးဦးမယ်။ ဒီတစ်ခါတော့ မင်းမငြင်းဘူးလို့ ငါထင်ပါတယ်”

မည်သို့ ပြန်ပြောရမှန်း မသိတော့သဖြင့် လင့်ဟူချုံးက ငြိမ်သက်နေမိ၏။ လင်းရှင်က ဆက်ပြောသည်မှာ ...

“အတွင်းအားစုပ်သိုင်းကို လေ့ကျင့်ထားတော့ မင်းမှာ အတွင်းဒဏ်ရာရနေပြီ။ တစ်နေ့ကျရင် မင်းကို ဒုက္ခပေးမှာပဲ။ အဲသည်အခါကျရင် သိကြားမင်းဆင်းကယ်ရင်တောင် မရတော့ဘူးမှတ်”

လင်းရှင်က လင့်ဟူချုံးကို အကဲခတ်လိုက်ပြီးနောက် ...

“ငါက စကားကို တစ်ခွန်းပဲပြောတတ်တယ်။ မင်းအနေနဲ့ ငါ့ဂိုဏ်းထဲကို မဝင်ရင်တော့ ငါ့သမီးနဲ့ လက်ထပ်ရင်တောင်မှ အတွင်းဒဏ်ရာ ကုသနည်းကို သင်မပေးနိုင်ဘူး။ ငါ့သမီးက ငါ့ကို စိတ်ဆိုးရင်လဲ ငါက ဂရုမစိုက်ဘူး။ ငါ့စကားကတော့ ဒီတစ်ခွန်းပဲ။ အခုငါတို့ တုံးဖန်းပုကို စာရင်းသွားရှင်းမယ်။ မင်းငါတို့နဲ့ လိုက်မလား”

စိတ်ပိုင်းဖြတ်ပြီးသော လေသံဖြင့် လင့်ဟူချုံးက ပြန်ဖြေလိုက်၏။

“စိတ်တော့မရှိပါနဲ့ ဆရာကြီး။ ကျွန်တော်တော့ ဒီတစ်သက်မှာ ဆရာကြီးတို့ရဲ့ ဂိုဏ်းထဲကို ဘယ်တော့မှ မဝင်ပါဘူး။ ဒါဟာ ကျွန်တော့်ဆုံးဖြတ်ချက်ပါပဲ”

လင့်ဟူချုံး၏ စကားမှာ ရှင်းလင်းပြတ်သားလှသဖြင့် လင်းရှင်တို့ သုံးယောက်လုံး အကြီးအကျယ် မျက်နှာပျက်သွားကြတော့၏။ လင့်ဟူချုံးက ဆက်ရှင်းပြလိုက်သည်။

“ကျွန်တော်က တင့်ရှန် မယ်သီလရင်ကြီးကို ကတိပေးထားခဲ့တယ်။ ဟန်ဆန်းဂိုဏ်းချုပ်အဖြစ် ဆောင်ရွက်ပါ့မယ်လို့”

ဤတွင် လင်းရှင်မှာ အံ့ဩလွန်းလှသဖြင့် ပါးစပ်အဟောင်းသား ဖြစ်သွားတော့၏။ လင့်ဟူချုံးက သူ့ဂိုဏ်းထဲ မဝင်ဟုပြောတုန်းက ဤမျှ မအံ့ဩခဲ့ပေ။ သို့သော် လင့်ဟူချုံးတစ်ယောက် ဟန်ဆန်းဂိုဏ်းချုပ် လုပ်မည်ဆိုသော စကားကမူ ထူးဆန်းလှသဖြင့် သူတို့နားကို သူတို့မယုံနိုင်အောင် ဖြစ်နေကြတော့၏။

လင့်ဟူချုံးကို လက်ညှိုးတထိုးထိုးဖြင့် လင်းရှင်က အော်ဟစ်ရယ်မောလေတော့သည်။

“လင့်ဟူချုံး ... မင်းက ဘာစိတ်ကူးပေါက်သွားတာလဲ။ မယ်သီလရင် သွားလုပ်မလို့လား။ ငါတော့ အံ့ဩပါတယ်ကွာ။ မင်းတကယ်ပဲ မယ်သီလရင် ဂိုဏ်းချုပ် သွားလုပ်မလို့လား”

လင့်ဟူချုံးက ...

“ကျွန်တော်က ယောကျ်ားပဲ။ ဘယ်လိုလုပ် မယ်သီလရင် ဝတ်မလဲဗျ။ ဟန်ဆန်းဂိုဏ်းချုပ် လုပ်မှာကို ပြောတာပါ။ ဆရာမကြီး တင့်ရှန်က မကွယ်လွန်ခင်လေးမှာ ကျွန်တော့်ဆီက အဲသည်ကတိကို မရရ ရအောင် တောင်းသွားပါတယ်။ အဲသည်ကတိကို မရရင် အသေမဖြောင့်ဘူးဆိုလို့ ကျွန်တော်က ကတိပေးလိုက်ရတာပါ”

လင်းရှင်ကတော့ အတောမသတ် ဆက်ရယ်နေသည်။ ရှန့်ဝန့်ထင်းကမူ စဉ်းစားတွေးတောနေဟန်ဖြင့် ရပ်နေသည်။ လင်းလင်းက ဝင်ပြောလိုက်၏။

“ဆရာမကြီး တင့်ရှန်က သမီးအတွက် သေဆုံးသွားရတာပါ ဖေဖေ။ ဒီအချက်ကိုတော့ မမေ့သင့်ပါဘူး”

လင်းလင်းအား လင့်ဟူချုံးက ကျေးဇူးတင်စွာ လှမ်းကြည့်လိုက်မိသည်။ လင်းလင်း၏ စကားကြောင့် လင်းရှင်မှာ အရယ်ရပ်သွားတော့၏။

လင်းရှင်က ...

“လင့်ဟူချုံး ... မင်းပေးလိုက်တဲ့ ကတိအတိုင်း မင်းဆောင်ရွက်ရတော့မှာပေါ့။ ဟုတ်လား”

“ဟုတ်ပါတယ်။ ဆရာမကြီး တင့်ရှန်နဲ့ တင့်ရီတို့က ကျွန်တော့်အတွက် ကူညီရင်း သေဆုံးသွားခဲ့ရတာပါ။”

“ကောင်းပြီ။ ဒီလိုဆိုတော့ မင်းအနေနဲ့ ဟန်ဆန်းတောင်ကို သွားရတော့မှာပေါ့”

“ဟင့်အင်း .. ဟန်ဆန်းတောင်ကို ချက်ချင်း မသွားနိုင်သေးဘူး။ ရှောင်လင်ကျောင်းကို အရင်သွားရဦးမယ်”

လင်းရှင်က တစ်ချက်ကြောင်သွားသော်လည်း ချက်ချင်းသဘောပေါက်သွားပြီး ...

“ဟုတ်ပြီ ဟုတ်ပြီ ... မယ်သီလရင်ကြီးနှစ်ပါးရဲ့ အလောင်းကို ဟန်ဆန်းတောင်ကို ပြန်သယ်သွားရဦးမှာကိုး”

“ဟုတ်ပါတယ်”

လင်းရှင်က လင်းလင်းဖက် လှည့်ကာ ...

“သမီးကရော ... လင့်ဟူချုံးနဲ့ လိုက်သွားမှာလား”

“ဟင့်အင်း ... ကျွန်မ ဖေဖေနဲ့ လိုက်မယ်”

“ဟား ဟား ဟား ... ဟုတ်တာပေါ့။ ငါနဲ့လိုက်မှ မှန်တယ်။ ဟန်ဆန်းဂိုဏ်းကို လိုက်သွားရင် မယ်သီလရင်ဖြစ်သွားဦးမယ်”

စကားဆုံးသည်နှင့် လင်းရှင်က တဟားဟား ရယ်လိုက်ပြန်သည်။ သူ့ရယ်သံ၌ ကြေကွဲမှု အပြည့်ပါနေတော့၏။ လင့်ဟူချုံးက လင်းရှင်ကို ဂါရဝ ပြုလိုက်ပြီး ...

“ဆရာကြီးရော ... အစ်ကိုကြီး ရှန့်ဝန့်ထင်းကိုရော ... လင်းလင်းကိုရော ... နှုတ်ဆက်ပါတယ်။ ကျွန်တော့်ကို ခွင့်ပြုပါဦး။ ကျွန်တော်သွားတော့မယ်”

ဤသို့ သွားရင်းမှ ချက်ချင်း တုံ့ကနဲ ပြန်လှည့်ကာ ...

“ဆရာကြီးတို့ ဘယ်အချိန်မှာ မဟူရာ တောင်ကုန်းကို သွားကြမှာလဲ”

လင်းရှင်က ခက်ထန်စွာ ပြောလိုက်သည်။

“ဒါက ဂိုဏ်းရဲ့ အတွင်းရေးကိစ္စပါ။ အပြင်လူ သိစရာ မလိုပါဘူး”

လင့်ဟူချုံးနှင့် လင်းရှင်တို့သည် တစ်ယောက်သဘောကို တစ်ယောက် နားလည်လိုက်ကြသည်။ လင်းရှင်က တုံးဖန်းပုကို သွားရောက်တိုက်ခိုက်လျှင် ကူညီမည်ဟု လင့်ဟူချုံးက အရိပ်အမြွက်မေးခြင်း ဖြစ်သည်။ သို့သော် လင်းရှင်က လင့်ဟူချုံး၏ အကူအညီကို အလိုမရှိဟု ငြင်းပယ်လိုက်သည်။

လင့်ဟူချုံးက ခေါင်းတစ်ချက်ညိတ်ကာ နှင်းပြင်ပေါ်တွင် ကျနေသော ဓားတစ်လက်ကို ကောက်ယူပြီး ခါးကြားထဲ ထိုးလိုက်တော့၏။ ပြီးနောက် ရှောင်လင်ကျောင်းရှိရာသို့ ဦးတည် ထွက်ခွာသွားလေတော့၏။

ညနေစောင်းတွင် ရှောင်လင်ကျောင်းရှေ့ ရောက်လာခဲ့၏။ သူက အကျိုးအကြောင်းရှင်းပြသောအခါ ဆရာတော်ကြီး ဖန်းတင်းက မယ်သီလရင်ကြီးနှစ်ပါး၏ ရုပ်ကလာပ်ကို မီးသဂြိုဟ်ပြီးဖြစ်သဖြင့် အရိုးပြာကိုသာ ဟန်ဆန်းတောင်သို့ ပို့ပေးလိုက်မည် ဖြစ်ကြောင်း ပြန်လည်ရှင်းပြသည်။

မိမိမှာ ဟန်ဆန်းဂိုဏ်းချုပ်အဖြစ် ဆက်ခံမည့်သူဖြစ်သဖြင့် မိမိအား ပေးလိုက်ပါဟု ပြောရန်ကြံမိသော်လည်း ပြောမထွက်သဖြင့် လင့်ဟူချုံးက သည်အတိုင်း ပြန်ခဲ့ရလေသည်။

ဆယ်ရက်မျှ ခရီးဆက်လိုက်သောအခါ လင့်ဟူချုံး၏ ဘယ်ဘက်လက်မှာ အကြောများ ပြန်ပွင့်သွားပြီး ပြန်လည်ကောင်းမွန်သွား၏။ နောက်ဆုံးတွင် သူသည် မြို့လေး တစ်မြို့သို့ ဆိုက်ရောက်လာခဲ့သည်။

စားသောက်ဆိုင် တစ်ဆိုင်ကို တွေ့ရသဖြင့် ဝင်ပြီး စားသောက် အားဖြည့်လိုက်၏။ နှစ်သစ်ကူးချိန်နီးပြီ ဖြစ်သဖြင့် လူအများ လှုပ်လှုပ်ရှားရှား ဖြစ်နေကြသည်ကို တွေ့ရ၏။ ပစ္စည်းများ ဝယ်ခြမ်းသူက ဝယ်ခြမ်းနေပြီး အိမ်သန့်ရှင်းရေး လုပ်ကာ အလှဆင်သူက အလှဆင်နေကြသည်။

လင့်ဟူချုံး၏ စိတ်ထဲတွင် ဝါဆန်းတောင်ကို သတိရနေမိ၏။

"အခါတိုင်း နှစ်တွေတုန်းကဆိုရင် ဝါဆန်းမှာ အခုအချိန်ဆိုရင် အလုပ်များနေပြီ။ အလုပြင်တဲ့လူကပြင်၊ သန့်ရှင်းရေးလုပ်တဲ့လူက လုပ်နဲ့ သိပ်ပျော်စရာ ကောင်းတာပဲ။ ဒီနှစ်တော့ ငါတစ်ယောက်တည်း ပျင်းပျင်းရိရိနဲ့ အရက်သောက်နေရပြီ"

တစ်ယောက်တည်း တွေးနေခိုက်မှာပင် လှေကားပေါ် တက်လာနေသော လူတစ်ယောက်၏ အသံကို ကြားလိုက်ရတော့သည်။

"အာခေါင်ခြောက်နေတာနဲ့ အတော်ပဲ။ အရက်သောက်လိုက်ရရင် အာခြောက်ပြေသွားမှာ"

နောက်တစ်ယောက်က ...

"အာခေါင်မခြောက်လဲ အရက်သောက်ရမှာပဲ။ အရက်သောက်တာဟာ ဆိုးတာမှ မဟုတ်တာ"

အခြားတစ်ယောက်ကမူ ...

"အရက်သောက်တာက သောက်တာပဲ။ အာခေါင်ခြောက်တာက အာခေါင်ခြောက်တာပဲ။ အဲဒါ နှစ်ခုက တစ်ခြားစီကွ။ ပေါင်းပြီး မပြောနဲ့"

ထိုစဉ် နောက်ထပ် တစ်ယောက်ကမူ ...

"အရက်သောက်လေ အာခေါင်ခြောက်လေပဲ။ ပေါင်းပြီးပြောဖို့ဆိုတာ ဝေးလို့ အဲသည်ကိစ္စ နှစ်ခုက တခြားစီပဲကွ"

ထိုစကားသံများကို ကြားလိုက်ရသည်နှင့် အုံ့ဖွယ်ခြောက်ယောက်မှန်း သိနိုင်ပေသည်။ လင့်ဟူချူး ရင်ထဲတွင် ဖော်မပြနိုင်လောက်အောင် ဝမ်းသာသွားမိ၏။ ချက်ချင်းပင် သူက အော်ခေါ်လိုက်၏။

"နောင်ကြီး အုံ့ဖွယ်တို့ ... ကျုပ် အပေါ်မှာ ရှိတယ်။ မြန်မြန်လာခဲ့ကြပေတော့။ အရက်သောက်ကြမယ်"

ဤတွင် အုံ့ဖွယ်ခြောက်ယောက်တို့က တစ်ပြိုင်နက်တည်း ခုန်တက်လာပြီး လင့်ဟူချူးကို အလုအယက် ပွေ့ဖက်ကြလေတော့၏။

"ငါအရင် တွေ့တာကွ"

"ငါအရင် ဖမ်းမိတာ"

"ငါစကားပြောလိုက်လို့ သူက ငါ့အသံကြားသွားတာကွ"

"ငါကသာ အရက်သောက်ဖို့ မပြောရင် ငါတို့ ဒီဆိုင်ထဲ ဘယ်ရောက်တော့မလဲ"

လင့်ဟူချူးက တဟားဟားရယ်ရင်း ...

"ခင်ဗျားတို့ခြောက်ယောက် ဘာတွေ လျှောက်ပြော နေကြတာလဲ"

သို့သော် လင့်ဟူချူး၏ အမေးကို မည်သူကမျှ အရေးလုပ်၍ ပြန်မဖြေပေ။ ထောင်ဝါးက ပြတင်းပေါက်နား သွားကာ အသံပြဲကြီးဖြင့် အော်လိုက်၏။

"ဗျို့ .... မယ်သီလရင်ကြီး ... မယ်သီလရင်လေးတို့ရေ။ ငါတို့ ခြောက်ယောက်က လင့်ဟူချူးကို ရှာလို့တွေ့ပါပြီ။ ငွေတစ်ထောင်ကိုသာ ယူလာခဲ့ပေတော့"

ထိုအခါ ထောင်ကျက်ကလည်း ကပျာကယာ ပြတင်းပေါက်ဆီ ပြေးသွားကာ အော်လိုက်ပြန်သည်။

"ဟေ့ ... ဟေ့ ... လင့်ဟူချူးကို အရင်တွေ့တာက ထောင်ကျက်ဆိုတဲ့ ငါကွ။ ငွေယူလာရင် ငါ့ကို ပေးကြ"

ထောင်ကန်းက လင့်ဟူချူး၏ လက်မောင်းကို ကိုင်ရင်း ငြင်းပြန်သည်။

"ဘာပြောတယ်။ ငါအရင်တွေ့တာပါကွ"

ထိုစဉ် လှေကားပေါ် ပြေးတက်လာသည့် ခြေသံများကို ကြားလိုက်ရတော့၏။ ရှေ့ဆုံးမှ ပြေးတက်လာသူမှာ ရိဟိုဖြစ်သည်။ သူမနောက်တွင် လင့်ဟူချူးမသိသော မယ်သီလရင်လေးပါးအပြင် ကျက်ပန်း၊ ချင်ကျွမ်းစသူတို့ ပါလာကြသည်။

သူတို့ခုနှစ်ယောက်သည် လင့်ဟူချူးကို တွေ့လိုက်ကြသောအခါ ဝမ်းသာအားရ ဖြစ်သွားကြတော့၏။ ထောင်ကန်းက လက်နှစ်ဖက်ကားကာ လင့်ဟူချူးရှေ့မှ ကာရပ်လိုက်ပြီး မယ်သီလရင်များအား လှမ်းပြောလိုက်သည်။

"ငွေမပေးရင် လူကိုမပေးနိုင်ဘူး"

လင့်ဟူချူးက ရယ်မောရင်း လှမ်းမေးလိုက်၏။

"အုံ့ဖွယ်ခြောက်ယောက်က ငွေတစ်ထောင်ကို ဘာလုပ်ဖို့ တောင်းနေတာလဲ"

ချင်ကျွမ်းက ရှင်းပြလိုက်သည်။

"သူတို့ခြောက်ယောက်ကို ကျွန်မတို့က အလုပ်တစ်ခုအပ်ထားတယ်။ အစ်ကိုကြီးကို တွေ့အောင်ရှာနိုင်ရင်

ငွေတစ်ထောင်ပေးမယ်လို့ ပြောထားလို့ အခုငွေတစ်ထောင် တောင်းနေတာပါ”

အံ့ဖွယ်ခြောက်ယောက်က ယိမ်းတိုက်ထားသည့်အလား လက်ဝါးများကို တစ်ပြိုင်နက် ဆန့်ထုတ်လိုက်ကြ၏။

“ဘယ်မှာလဲ ငါတို့ကို ပေးမယ်ဆိုတဲ့ငွေ ... ပေးလေ”

ရိဟိုက “ကျွန်မတို့က ခရီးထွက်လာတာဆိုတော့ ရှင်တို့ကို ပေးလောက်အောင် အပိုအလျှံမပါခဲ့ဘူးရှင့်။ ရှင်တို့တွေ ဟန်ဆန်းတောင်ကို လိုက်ခဲ့ကြပါ။ ပေးမယ်လို့ ကတိထားတဲ့ ငွေကို အပြည့်အဝရစေ့မယ်”

ရိဟိုက ဖြတ်ထိုးဉာဏ် သုံးလိုက်ခြင်းဖြစ်၏။ ဝေးလံသော ဟန်ဆန်းတောင်အထိ ဒုက္ခခံပြီး လိုက်မည်မဟုတ်ဟု သူမက ယူဆထားသည်။ သို့သော် အံ့ဖွယ်ခြောက်ယောက်ကမူ သံပြိုင် ပြောလိုက်ကြသည်မှာ ...

“အေး ... ငါတို့ လိုက်ယူမယ်”

ရိဟိုတို့ခုနစ်ယောက်က ညှိုးငယ်သောမျက်နှာဖြင့် လင့်ဟူချိုးရှေ့တွင် ဒူးထောက်ထိုင်ချလိုက်ကြသည်။ လင့်ဟူချိုးက အလန့်တကြားဖြင့် ...

“ဟေ့ ဟေ့ ... ဒါက ဘယ်လို ဖြစ်ကြတာလဲ”

ရိဟိုက ...

“ကျွန်မတို့ရဲ့ ဂိုဏ်းချုပ်ကို အရိုအသေ ပေးတာပါ”

လင့်ဟူချိုးက သဘောပေါက်သွားပြီး ...

“သြော် ... မင်းတို့တောင် သိထားပြီးကြပြီကိုး။ ကဲ ... မတ်တတ်ရပ်လိုက်ပါတော့။ ပြောစရာရှိတာ ပြောကြတာပေါ့”

ရိဟိုတို့အားလုံး မတ်တတ်ရပ်လိုက်ကြသည်။ သို့သော် သူတို့၏မျက်နှာများတွင် ကြေကွဲမှုများ ပေါ်လွင်နေ၏။ ချက်ချင်းလိုလိုပင် မျက်ရည်ဖြိုင်ဖြိုင် ယိုစီးလာတော့သည်။ ဆရာမကြီး တင့်ရှန်နှင့် တင့်ရီတို့ ကွယ်လွန်သွားကြသည်ကို ဖြေမဆည်နိုင်ပဲ ထပ်မံငိုကြွေးမိကြခြင်းဖြစ်၏။

ရိဟိုက ငိုယိုရင်း ...

“ဟိုးတစ်နေ့က အစ်ကိုကြီး ... အဲလေ ... ဂိုဏ်းချုပ်ကြီး လေ့ပေါ်က ဆင်းသွားပြီးတဲ့နောက် ချုံးဆန်းဂိုဏ်း ဆရာကြီးမော်တားက စာတစ်စောင်လာပေးတယ်။ ရှောင်လင်ကျောင်းကို ဂိုဏ်းချုပ်ကြီး လိုက်သွားပြီတဲ့။ ဆရာမကြီး နှစ်ယောက်ကို သွားတွေ့မယ်လို့ ရေးထားတယ်။ ဒီတော့ ကျွန်မတို့အားလုံးလည်း ရှောင်လင်ကျောင်းအထိ လိုက်မယ်လို့ ဆုံးဖြတ်လိုက်ကြတယ်။ ဒါပေမယ့် ကျွန်မတို့ လမ်းတစ်ဝက်မှာတင် သတင်းတစ်ခု ကြားရတာပဲ။ ဂိုဏ်းချုပ်ကြီးက ရှောင်လင်ကျောင်းကို တိုက်ခိုက်ပြီး ပြန်ထွက်လာပြီတဲ့”

ရိဟိုက မျက်ရည်များကို သုတ်ပစ်လိုက်သည်။

“ကျွန်မတို့ ခရီးဆက်နေရင်းကနေ လမ်းခုလတ်မှာ စားသောက်ဆိုင်တစ်ဆိုင်က လူတွေပြောနေတဲ့ သတင်းကို ကြားတယ်။ ဆရာမကြီး တင့်ရှန်နဲ့ တင့်ရီတို့ ရှောင်လင်ကျောင်းထဲမှာ လုပ်ကြံခံလိုက်ရပြီဆိုတာပါပဲ။ ဆရာမကြီးတွေ မကွယ်လွန်ခင်မှာ အစ်ကိုကြီး လင့်ဟူချိုးကို ဂိုဏ်းချုပ်ကြီးနေရာ ဆက်ခံဖို့ ကတိတောင်းသွားတယ်တဲ့ ... အဲသည်လို ကျွန်မတို့အားလုံး ကြားလိုက်ရတယ်”

စကားဆုံးသည်နှင့် သူတို့ခုနစ်ယောက်က ငိုကြွေးကြပြန်သည်။ လင့်ဟူချိုးက သက်ပြင်းရှည်ကြီး တစ်ချက်ချကာ ...

“ဆရာမကြီး တင့်ရှန်က ငါ့ဆီက ကတိတောင်းလို့ ငါလည်း ကတိပေးလိုက်ရတယ်။ ဒါပေမယ့် ငါက လူငယ်လည်း ဖြစ်တယ်။ နာမည်လည်း မကောင်းလှဘူး။ လူတိုင်းလိုလိုက ငါ့ကို လူရှုပ်လူပွေလို့ ပြောနေကြတော့ ငါ့အနေနဲ့ ဟန်ဆန်းဂိုဏ်းချုပ်လုပ်လို့ သင့်တော်ပါ့မလား။ အဲသည်တုန်းကတော့ အခြေအနေအရ ငါက လက်ခံပါ့မယ်လို့ ကတိပေး လိုက်ရပေမယ့် အခုတော့ ဒုက္ခရောက်နေပြီ”

ရိဟိုက ...

“ကျွန်မတို့အားလုံးက အစ်ကိုကြီးကို ဂိုဏ်းချုပ် လုပ်စေချင်ပါတယ်။”

ကျက်ပန်းက ...

“အစ်ကိုကြီးက ကျွန်မတို့ကို သေတွင်းက နှစ်ကြိမ်တောင် ကယ်ခဲ့တာပဲ။ ကျွန်မတို့အားလုံးက အစ်ကိုကြီးဟာ လူကောင်းသူကောင်းဆိုတာ သိနေပါတယ်။ ယောကျ်ားဖြစ်နေလို့ ဟန်ဆန်းဂိုဏ်းချုပ်လုပ်ဖို့ ခက်မယ်လို့ အစ်ကိုကြီးက ထင်ကောင်းထင်နေပါလိမ့်မယ်။ ဒါပေမယ့် မပူပါနဲ့။ ဟန်ဆန်းဂိုဏ်းရဲ့စည်းမျဉ်းမှာ ယောကျ်ားက ဂိုဏ်းချုပ် မလုပ်ရဘူးလို့ တားမြစ်ချက်မရှိပါဘူး”

ရိဝန်ကလည်း ...

"ဆရာမကြီးနှစ်ယောက် ကွယ်လွန်သွားတဲ့ သတင်းကို ကြားလိုက်ရတော့ အားလုံးပဲ စိတ်ထိခိုက် ကြေကွဲရပါတယ်။ ကျွန်မတို့အားလုံး အမိမဲ့သား ရေနည်းငါးလို ဖြစ်ကြပြီလို့ သိပ်ပြီး စိတ်အားငယ်ခဲ့ကြရပါတယ်။ ဒါပေမယ့် အစ်ကိုကြီးကို ဂိုဏ်းချုပ်နေရာ လွှဲပေးခဲ့တယ်ဆိုတာကို ကြားရတော့ ကျွန်မတို့အားလုံး စိတ်သက်သာရာ ရခဲ့ပါတယ်။ ဟန်ဆန်းဂိုဏ်း မတိမ်ကော နိုင်တော့ဘူးပေါ့"

ရိဟိုက ...

"ကျွန်မတို့ရဲ့ ဆရာမကြီးသုံးယောက်စလုံး သုံးလအတွင်းမှာ ဆက်တိုက် ကွယ်လွန်သွားခဲ့ပါတယ်။ ဘယ်သူ့လက်ချက်လဲဆိုတာကို ကျွန်မတို့အနေနဲ့ စုံစမ်းနိုင်တဲ့ အရည်အချင်းမရှိပါဘူး။ အစ်ကိုကြီးသာ ဟန်ဆန်းဂိုဏ်းချုပ်အဖြစ် မဆက်ခံဘူးဆိုရင် ဟန်ဆန်းဂိုဏ်းလည်း သူများတွေလက်ချက်နဲ့ တိမ်ကောပျက်စီးတော့မှာပဲ။ ဆရာမကြီးတို့အတွက် လက်စားချေဖို့ ဆိုတာတော့ ဝေးပါသေးရဲ့"

လင့်ဟူချုံးက ...

"ဆရာမကြီးတွေအတွက် လက်စားချေဖို့ကို ငါတာဝန်ယူပါတယ်"

ခေတ္တမျှ တွေဝေစဉ်းစားပြီးနောက် လင့်ဟူချုံးက ပြတ်သားသော လေသံဖြင့် အာမခံလိုက်သည်။

"မင်းတို့အားလုံး ဘာမှ စိတ်မပူကြနဲ့တော့။ ဆရာမကြီး တင့်ရှန်ကို ကတိပေးပြီးတဲ့နောက်တော့ ငါ့ကတိကို မဖျက်ပါဘူး။ ဟန်ဆန်းဂိုဏ်းချုပ် လုပ်ရတော့မှာပေါ့။ အခုငါတို့ စားသောက်ပြီးရင် ဟန်ဆန်းတောင်ကို ပြန်ကြမယ်"

× × × × ×

## ဟန်ဆန်းဂိုဏ်းချုပ်ကြီး

အားလုံး စားသောက်ပြီးကြသောအခါ ဟန်ဆန်းတောင်သို့ ဦးတည်ထွက်ခွာလာကြတော့၏။ ဟန်ဆန်းတောင်ခြေသို့ ရောက်သောအခါ လာရောက်ကြိုဆိုနေသည့် ဂိုဏ်းသားများကို တွေ့လိုက်ရသည်။ သူတို့က ကြိုတင်သတင်းရ ထားပြီး လေပြီ။

လာရောက်ကြိုဆိုသူ အားလုံးက လင့်ဟူချုံးကို ဂိုဏ်းထုံးစံအတိုင်း အရိုအသေပေးကြသည်။ အားလုံးသည် ဆရာမကြီး နှစ်ယောက်အတွက် လွန်စွာ စိတ်ထိခိုက်နေကြသည်။

ရီလင်မှာ အတော်ကလေး ပိန်ချုံးသွားသည်ကို တွေ့လိုက်သဖြင့် လင့်ဟူချုံးက စိတ်မကောင်းဖြစ်စွာဖြင့် မေးလိုက်သည်။

"ညီမလေး ရီလင် ... မင်းကိုကြည့်ရတာ ပိန်လှချေလား။ နေမကောင်းဘူးနဲ့ တူတယ်"

ရီလင်က မျက်နှာလေး နီနီဖြင့် ... "မဟုတ်ပါဘူး" ဟုဖြေလိုက်၏။ ခေတ္တမျှ ရပ်တန့်လိုက်ပြီးမှ ...

"အခုဆိုရင် အစ်ကိုကြီးက ကျွန်မတို့ရဲ့ ဂိုဏ်းချုပ်ကြီး ဖြစ်သွားပြီဆိုတော့ ကျွန်မကို ညီမလေးလို့ မခေါ်ရတော့ဘူး"

လမ်းတစ်လျှောက်လုံးတွင် ရီဟိုတို့က 'ဂိုဏ်းချုပ်ကြီး' ဟု ခေါ်ဝေါ်ကြ၏။ ထိုသို့အခေါ်ခံရသည်ကို လင့်ဟူချုံးက မနေတတ်၊ မထိုင်တတ်ဖြစ်ပြီး ပြောင်းလဲခေါ်ရန် ပြောသော်လည်း လက်မခံကြပေ။ ယခုတော့ ရီလင်ကပါ ယင်းစကားမျိုး ပြောလာသဖြင့် လင့်ဟူချုံးက ဂိုဏ်းသားအားလုံးကို စကားပြော လိုက်ရတော့၏။

"မင်းတို့အားလုံးကို တစ်ခုပြောချင်တယ်။ ငါက မင်းတို့ဟန်ဆန်းဂိုဏ်းမှာ ဂိုဏ်းချုပ်ကြီးဆိုပေမယ့် အသက်အားဖြင့်ရော၊ ဝါအားဖြင့်ရော သိပ်ပြီး ကြီးလှတာ မဟုတ်သေးပါဘူး။ ဒီတော့ ငါ့အနေနဲ့ တစ်ခု မေတ္တာရပ်ခံမယ်။ မင်းတို့တွေက လိုက်လျောရင်တော့ ဂိုဏ်းချုပ်ကြီး နေရာကို ဆက်ခံမယ်။ မလိုက်လျောရင် မဆက်ခံနိုင်ဘူး"

ရီဟိုက ...

"ပြောပါ ... ဂိုဏ်းချုပ်ကြီး ပြောတဲ့စကားကို ကျွန်မတို့အားလုံး လိုက်နာပါ့မယ်"

လင့်ဟူချုံးက ...

"ငါသိုင်းလောကထဲရောက်တဲ့ ဝါကိုကြည့်ရင် မင်းတို့နဲ့ သိပ်ကွာမယ် မထင်ပါဘူး။ မင်းတို့ရဲ့ အစ်ကိုကြီးလိုပါပဲ။ ဒါကြောင့် မင်းတို့အနေနဲ့ ငါ့ကို ခေါ်ရင် 'ဂိုဏ်းချုပ်ကြီး" တစ်လုံးတည်း မခေါ်ကြပါနဲ့။ 'ဂိုဏ်းချုပ်အစ်ကိုကြီး' လို့သာ ခေါ်ကြပါ"

ရီဟိုတို့အားလုံးက ... "ဟုတ်ကဲ့ .. ကျွန်မတို့အားလုံး အခုပြောတဲ့အတိုင်းဘဲ ခေါ်ပါတော့မယ်"

တောင်ထိပ်သို့ ရောက်သောအခါ ဟန်ဆန်းဂိုဏ်း၏ တည်ရှိနေပုံနှင့် အဆောင်များ ဖွဲ့စည်းပုံကို လေ့လာကြည့်လိုက် ၏။ ဟန်ဆန်းဂိုဏ်း၏ ဘုရားကျောင်းခန်းမှာ ခပ်ငယ်ငယ်သာဖြစ်သည်။ ကျောင်းဝင်း ဘေးပတ်လည်တွင် အုတ်ဖြင့် ဆောက်လုပ်ထားသည့် အိမ်ပေါင်း ၃၀ ခန့်ရှိသည်။ ဟန်ဆန်းဂိုဏ်းသားများမှာ ထိုအုတ်အိမ်များတွင် နေထိုင်ကြသည်။

ဘုရားကျောင်းဝင်းထဲဝင်ကာ မယ်တော်ဘုရားရုပ်ထုကို လင့်ဟူချုံးက ကန်တော့လိုက်၏။ ပြီးသောအခါ ဆရာမကြီး တင့်ရှန်နေထိုင်သော အခန်းကို သွားကြည့်၏။ အခန်းထဲတွင် မွေ့ရာတစ်လုံးနှင့် ကုတင်တစ်လုံးမှအပ အခြား မည်သည့် ပစ္စည်းမျှ ရှိမနေချေ။

လင့်ဟူချုံးမှာ အမြဲတမ်း လှုပ်လှုပ်ရှားရှား လုပ်နေသူဖြစ်၏။ အရက်ကလည်း ကြိုက်သေးသည်။ သူလိုလူမျိုးနှင့် ဤအခန်းမှာ မည်သို့မျှ မအပ်စပ်ပေ။ ထိုသို့ တွေးလိုက်မိသည်နှင့် လင့်ဟူချုံးက ရိဟိုအား ပြောလိုက်သည်။

“ငါက ဟန်ဆန်းဂိုဏ်းချုပ်ဆိုပေမယ့် ယောက်ျားဖြစ်နေတော့ မိန်းကလေးတွေနဲ့ အတူတူနေဖို့ မသင့်တော်ဘူး။ ခပ်လှမ်းလှမ်းမှာ အိမ်လေးဘာလေး မရှိဘူးလား။ ငါနဲ့ အံ့ဖွယ်ခြောက်ယောက်တို့ အဲသည်မှာ နေကြမယ်လေ။ မကောင်းဘူးလား”

“ဟုတ်ကဲ့ ... တောင်ကုန်း အနောက်ဖက်မှာ အိမ်ကြီးသုံးလုံးရှိပါတယ်။ ဧည့်သည်တွေအတွက် ဆောက်ထားတဲ့ အဆောင်ကြီးတွေပါ။ ဂိုဏ်းချုပ်အစ်ကိုကြီး သဘောကျရင်တော့ အဲသည်မှာ ခဏတည်းပေါ့။ နောက်မှ ကျွန်မတို့တွေ အဆောင်သစ်တစ်လုံး ဆောက်ပေးပါ့မယ်”

“ကောင်းတယ်။ သိပ်ကောင်းတယ်။ အဲသည်ဧည့်သည်ဆောင်မှာ ငါနေမယ်”

လင့်ဟူချုံး၏စိတ်ထဲမှ တွေးလိုက်မိသည်မှာ ... “ဘာဖြစ်လို့ အဆောင်သစ် ဆောက်နေမှာလဲ၊ ငါက တစ်သက်လုံး ဂိုဏ်းချုပ်လုပ်နေမှာမှ မဟုတ်တာ။ သူတို့ဂိုဏ်းထဲက သင့်တော်တဲ့လူကို လွှဲပေးခဲ့မှာပဲ။ ငါ့အတွက် အဆောင်သစ် ဆောက်နေဖို့မလိုပါဘူး။ ငါ့ဖာသာ သိုင်းလောကထဲမှာ လျှောက်သွားနေရတာ ပိုကောင်းပါတယ်လေ”

အနောက်ဖက်ရှိ အိမ်များ၌မူ အိမ်ထောင်ပရိဘောဂ စုံလင်စွာရှိ၏။ ထိုအိမ်ခန်းတစ်ခန်းတွင် နေထိုင်ရန် လင့်ဟူချုံးက ရွေးချယ်လိုက်ပြီးသည့်တိုင် အံ့ဖွယ်ခြောက်ယောက်တို့ကို မတွေ့ရသေးသဖြင့် အော်ခေါ်လိုက်မိ၏။

“နောင်ကြီး အံ့ဖွယ်တို့ ... ခင်ဗျားတို့ ဘယ်ရောက်နေကြသလဲ”

ရိဟိုက ...

“သူတို့က ဟိုးအနောက်ဖက် အခန်းထဲမှာ အရက်သောက်နေကြတယ်”

လင့်ဟူချုံးက တအံ့တသြ မေးလိုက်မိသည်။

“ဘာပြောတယ်။ တောင်ပေါ်မှာ အရက်ရတယ် ... ဟုတ်လား”

ရိဟိုက ပြုံး၍ ...

“ရှိပါတယ်။ ညီမလေး ရီလင်ကပြောတယ်။ ဂိုဏ်းချုပ်အစ်ကိုကြီးက အရက်သိပ်ကြိုက်တာပဲ။ အရက်သာ ဝယ်မထားရင်း ဂိုဏ်းချုပ်အစ်ကိုကြီး ဒီမှာ ကြာကြာနေမှာ မဟုတ်ဘူးတဲ့။ ဒါကြောင့် ကျွန်မတို့က ဝယ်ထားတာပါ”

လင့်ဟူချုံးက ရှက်ပြုံးပြုံးရင်း ...

“မင်းတို့ကလည်း ဒုက္ခခံလိုက်ကြတာ”

ထိုညတွင် လင့်ဟူချုံးနှင့် အံ့ဖွယ်ခြောက်ယောက်တို့သည် အရက်သောက်ကာ မူးပြီး အိပ်ကြတော့သည်။

နောက်တစ်နေ့တွင်တော့ ဟန်ဆန်းဂိုဏ်းသားများနှင့် လင့်ဟူချုံးတို့ ဆွေးနွေးကြရတော့သည်။ အဓိကအချက်မှာ ဆရာမကြီး နှစ်ယောက်၏ အရိုးပြာများကို ယူဆောင်ရေးနှင့် လူသတ်သမားကို မည်ကဲ့သို့ လက်စားချေရမည်ဆိုသော အချက်များပင် ဖြစ်သည်။

ရီချင်းက ...

“အခုလို ဂိုဏ်းချုပ်အစ်ကိုကြီးက ရာထူးလက်ခံလိုက်ပြီဆိုတဲ့ အကြောင်းကို သိုင်းလောကတစ်ခုလုံးကို အကြောင်းကြားရမယ်။ ဂိုဏ်းကြီးငါးဂိုဏ်း မဟာမိတ် အဖွဲ့ခေါင်းဆောင် ကျိုလင်ထန်ကိုလည်း အကြောင်းကြားရမယ်”

ရိဟိုက ဒေါသဖြင့် ...

“ဆရာမကြီး တင့်ကျင့်ကို သတ်တာ ကောင်းဆန်းဂိုဏ်းက လူဆိုးတွေပဲ။ ဆရာမကြီး တင့်ရှန်နဲ့ တင့်ရီကို သတ်သွားတာလည်း သူတို့ပဲဖြစ်မှာ။ ဘာဖြစ်လို့ အဲသည် လူသတ်သမားတွေကို အကြောင်းကြားရမှာလဲ”

ရီချင်းက အေးဆေးစွာ ရှင်းပြသည်။

“လူမှုရေးသဘောအရတော့ အကြောင်းမကြားလို့ မဖြစ်ဘူး။ ဆရာမကြီးတွေ အသတ်ခံရတဲ့ကိစ္စကိုတော့ အသေအချာ စုံစမ်းရမယ်။ တကယ်ပဲ ကောင်းဆန်းဂိုဏ်းရဲ့ လက်ချက်ဆိုရင် ဂိုဏ်းချုပ်အစ်ကိုကြီးရဲ့ ဦးဆောင်မှုနဲ့ သွားပြီးတော့ စာရင်းရှင်းရမယ်။ အဲသည်အချိန်မှာ သူသေကိုယ်သေ တိုက်ရမှာ ဖြစ်ပေမယ့် အခုတော့ ရန်မဖြစ်သင့်သေးဘူး”

လင့်ဟူချုံးက ခေါင်းညိတ်လိုက်သည်။

“ရီချင်းပြောတာ မှန်တယ်။ ... ငါတစ်ခုလောက် ပြောချင်တယ်။ ဂိုဏ်းချုပ်အဖြစ် ဆက်ခံတဲ့အခမ်းအနား ဆိုပြီးတော့ ကြီးကြီးကျယ်ကျယ်တွေ မလုပ်ပါနဲ့တော့”

သူငယ်စဉ်တုန်းက ရက်ပုချွန်၏ ဝါဆန်းဂိုဏ်းချုပ် အဖြစ်ဆက်ခံသည့် မင်္ဂလာ အခမ်းအနားကို လင့်ဟူချုံးက

ကောင်းစွာမှတ်မိသည်။ လွန်စွာမှ အလုပ်ရှုပ်သော အစီအစဉ်ဖြစ်၏။ ထို့အပြင် သိုင်းလောကရှိ ဂိုဏ်းအဖွဲ့အသီးသီးမှ လာရောက်ပြီး မင်္ဂလာစကား ပြောကြားကြပေမည်။ ထိုအခါ မယ်သီလရင်များအကြား ဂိုဏ်းချုပ်လုပ်နေသော လင့်ဟူချိုး မှာ လူအများရယ်ဖွယ် ဖြစ်နေလိမ့်မည်။

လင့်ဟူချိုး၏ စိတ်သဘောကို ရီချင်းက ကောင်းစွာ ရိပ်မိလိုက်၏။

"ဂိုဏ်းချုပ်အစ်ကိုကြီး အနေနဲ့ သိုင်းလောက မိတ်ဆွေတွေကို အနှောင့်အယှက် မပေးချင်ဘူးဆိုရင် ဧည့်သည်တွေကို မဖိတ်ပဲနေလိုက်လို့ ဖြစ်ပါတယ်။ ဒါပေမယ့် ဂိုဏ်းချုပ်အစ်ကိုကြီးအနေနဲ့ ဘယ်နေ့ကစပြီးတော့ ဂိုဏ်းချုပ်ကြီးရာထူးကို ဆက်ခံလိုက်တယ် ဆိုတာကိုတော့ သိုင်းလောကသားတွေကို အကြောင်းကြားရမှာပေါ့"

ဤသို့ဖြင့် သူတို့အားလုံး တိုင်ပင်ပြီးသောအခါ ၂ လပိုင်း ၁၆ ရက်ကို လင့်ဟူချိုး ရာထူးဆက်ခံမည့်ရက် အဖြစ် သတ်မှတ်လိုက်ကြသည်။

အစီအစဉ်များ ချမှတ်ပြီးနောက် အဖွဲ့ငယ်လေးများခွဲကာ တာဝန်အသီးသီး ယူလိုက်ကြ၏။ တစ်ဖွဲ့က ရှောင်လင် ကျောင်းသို့သွားပြီး တင့်ရှန်နှင့် တင့်ရီ မယ်သီလရင်ကြီးနှစ်ပါး၏ အရိုးပြာများကို သွားရောက် သယ်ဆောင်ရန် ထွက်ခွာသွား၏။ အခြားသော အဖွဲ့များကမူ သိုင်းလောကရှိ ဂိုဏ်းအသီးသီးထံသို့ တစ်စုချင်း ခွဲသွားကြသည်။ သူတို့၏ တာဝန်မှာ ၂ လပိုင်း ၁၆ ရက်တွင် လင့်ဟူချိုးက ဟန်ဆန်းဂိုဏ်းချုပ်အဖြစ် ဆက်ခံကြောင်း အကြောင်းကြား အသိပေးရန် ဖြစ်သည်။

အခြားသောဂိုဏ်းများကို အကြောင်းကြားရာတွင် အသေအချာ ပြောရမည့်စကားများကို လင့်ဟူချိုးက အထူးမှာ လိုက်၏။

"မင်းတို့အားလုံး ကိုယ်အကြောင်းကြားရမယ့် ဂိုဏ်းတွေဆီရောက်သွားရင် သက်ဆိုင်တဲ့ ဂိုဏ်းချုပ်ကြီးတွေကို အခု ငါပြောမယ့်စကားကို သေသေချာချာပြောကြပါ။ ... 'ဆရာမကြီးနှစ်ယောက် ကွယ်လွန်ခဲ့တဲ့ ရန်ကြွေးကို မချေဆပ်လိုတဲ့ အတွက် ဂိုဏ်းချုပ်အဖြစ် ဆက်ခံတဲ့ပွဲကိုလည်း အခမ်းအနားနဲ့ မကျင်းပါတော့ပါဘူး။ ဒါကြောင့် ဧည့်သည်တွေကိုလည်း လွှတ်စရာ မလိုတော့ပါဘူး' ... အသေအချာ ပြောပြကြပါ"

အဖွဲ့ငယ်အသီးသီး ကိုယ့်တာဝန် ကိုယ်ထမ်းဆောင်ရန် ထွက်ခွာသွားကြသောအခါ လင့်ဟူချိုးမှာ အချက်တစ်ချက်ကို စဉ်းစားမိလိုက်၏။

"အခုဆိုရင် ငါက ဟန်ဆန်းဂိုဏ်းရဲ့ ဂိုဏ်းချုပ်ဖြစ်လာပြီ။ ဒီတော့ ဟန်ဆန်းဂိုဏ်းရဲ့ သိုင်းပညာကို လေ့လာထားမှ ဖြစ်မယ်"

ထိုသို့ တွေးလိုက်မိသည်တွင် ဟန်ဆန်းဂိုဏ်းသား အားလုံးကို စုဝေးစေလိုက်ပြီး သူတို့တတ်ကျွမ်းသမျှ ဟန်ဆန်း ဂိုဏ်း၏ သိုင်းပညာကို ကစားပြစေသည်။ အခြေခံမှ နောက်ဆုံးအဆင့်အထိ လေ့ကျင့်ခိုင်းလိုက်၏။

ဟန်ဆန်းဂိုဏ်းသားများ ကစားပြသည့် သိုင်းကွက်များကို ကြည့်လိုက်သောအခါ လင့်ဟူချိုးအနေဖြင့် သဘော ပေါက်သွားသည်။ ဟန်ဆန်းဂိုဏ်း၏ ဓားသိုင်းတွင် တိုက်စစ်ထက် ခံစစ်ကများသည်။ တစ်ခါတစ်ရံ လျှပ်တစ်ပြက် ထိုးစစ်ကို သုံးတတ်သည်။ ဓားကွက်သွက်လက်သည်မှာ မှန်သော်လည်း အားမာန်လုံးဝမရှိ။ ဤဓားကွက်များမှာ မိန်းကလေးများနှင့် အထူးသင့်လျော် လှပေသည်။

'ဇကေရာဇ်ကိုးကွက်' ဓားသိုင်းကို တတ်ကျွမ်းထားသော လင့်ဟူချိုးမှာ ဓားသိုင်းတစ်ခုကို ကြည့်လိုက်သည်နှင့် 'ကောင်းကွက်' နှင့် 'ဆိုးကွက်'၊ 'ထက်မြက်ကွက်' နှင့် 'ပျော့ညံ့ကွက်' တို့ကို ချက်ချင်းပင် ထွင်းဖောက် သိမြင်ပေသည်။

ဟန်ဆန်းဓားကွက်များသည် ဟာကွက်အလွန်နည်းပါးသော ဓားကွက်များဖြစ်ကြောင်း တွေ့ရ၏။ ဟူတန်းဂိုဏ်း၏ တိုက်ကျိဓားသိုင်း နီးပါးလောက် ကောင်းမွန်နေသည်။ သိုင်းလောက၌ ဟန်ဆန်းဂိုဏ်းမှာ နာမည်ရှိသော ဂိုဏ်းတစ်ဂိုဏ်း ဖြစ်ရာ ထိုသို့ နာမည်ကြီးလောက်အောင်ပင် ထူးခြားကောင်းမွန်သော ဓားကွက်များ ရှိနေပေ၏။

ဝါဆန်းတောင်ထိပ်တွင် ဂူပိတ်ပြစ်ဒဏ် ခံခဲ့ရစဉ်က တွေ့မြင်ခဲ့သော ကျောက်ဂူနံရံပေါ်မှ ဓားကွက်များကို ပြန်လည် သတိရလိုက်မိ၏။ ထိုဓားကွက်များထဲတွင် ဟန်ဆန်းဓားကွက်များလည်း ပါသည်မဟုတ်ပါလား။ ယင်းဓားကွက်များ သည် ယခုလက်ရှိ ဟန်ဆန်းဂိုဏ်းသားများ သူ့ရှေ့တွင် ကစားပြနေသည့်အထဲမှ အဆင့်အမြင့်ဆုံးဆိုသော ဓားကွက်ထက် ပင် ပို၍ ခက်ခဲနက်နဲပေသေး၏။ ထိုမျှ ခက်ခဲနက်နဲသော ဓားကွက်များပင်လျှင် အဖျက်ခံရပေသေးသည်။

တင့်ရှန်ဆရာမကြီး အပါအဝင် ဆရာမကြီးသုံးပါးတို့၏ တိုက်ခိုက်ပုံများကို လင့်ဟူချိုးက ပြန်လည်စဉ်းစား ကြည့်လိုက်သည်။ ဆရာမကြီးတို့မှာ အတွင်းအား ပြည့်ဝကြသဖြင့် တိုက်ကွက်များ လွန်စွာပြင်းထန်လှသည်။ ရီချင်းနှင့် ရီဟိုတို့ ကစားပြနေသည်နှင့် လွန်စွာ ကွာခြားနေတော့၏။

ထို့ကြောင့် ဟန်ဆန်းဂိုဏ်းသားများသည် သူတို့ဆရာမကြီးသုံးယောက်တို့၏ သိုင်းပညာကို တစ်ဝက်မျှပင် မတတ်ကျွမ်းကြသေးဟု လင့်ဟူချိုး ကောက်ချက်ချလိုက်၏။ သည်ပုံအတိုင်းဆိုလျှင် ဆရာမကြီးသုံးယောက် ကွယ်လွန်သွားပြီဖြစ်၍ ဟန်ဆန်းဂိုဏ်း၏ အဆင့်မြင့်သိုင်းပညာများ တိမ်ကောပပျောက် သွားတော့မည်ကဲ့သို့ ရှိနေပေသည်။

သူတို့ကစားပြနေသည်ကို မကြည့်ပဲ လင့်ဟူချိုးက ငေးမောနေသည်ကို တွေ့ရသောအခါ ရိဟိုတို့က သူတို့၏သိုင်းပညာများ အလွန်ပင် နိမ့်ကျနေသည်ဟု မှတ်ထင်သွား၏။

“ဂိုဏ်းချုပ်အစ်ကိုကြီး … ကျွန်မတို့ရဲ့ ဓားသိုင်းပညာက သိပ်နိမ့်ကျနေတော့ စိတ်ပျက်သွားပြီလား”

“မဟုတ်ပါဘူး။ စိတ်ပျက်လို့ မဟုတ်ပါဘူး။ မင်းတို့ဂိုဏ်းရဲ့ ပညာတစ်ချို့ကို ငါရထားတယ်။ အဲဒါကို ပြန်စဉ်းစားနေတာ။ မင်းတို့ရဲ့ ဆရာမကြီးတွေကတော့ သိမှာပဲ၊ ဒါပေမယ့် မင်းတို့ကို သင်ပေးထား မထားတော့ ငါမသိဘူး”

ပြောပြောဆိုဆိုဖြင့် ရိဟိုလက်ထဲမှဓားကို ဆွဲယူကာ လင့်ဟူချိုးက ကစားလိုက်၏။ ကျောက်ဂူနံရံတွင် သူမြင်ခဲ့ရသည့် ဓားသိုင်းကို တစ်ကွက်ချင်း ဖြည်းညင်းစွာ ကစားပြခြင်း ဖြစ်သဖြင့် ဂိုဏ်းသားအားလုံး သိမြင်ခွင့်ရလိုက်သည်။

သုံးကွက်ခန့် ကစားပြလိုက်သောအခါ ဟန်ဆန်းဂိုဏ်းသားများက နှစ်ထောင်းအားရ လက်ခုပ်တီး ဩဘာပေးလိုက်မိကြတော့၏။ လင့်ဟူချိုးကစားပြနေသည့် ဓားကွက်တိုင်းသည် ဟန်ဆန်းဂိုဏ်း၏ ဓားသိုင်းအနှစ်သာရများဖြစ်ကြောင်း သူတို့ကောင်းစွာ သိကြသည်။

ဓားကွက်၏ အပြောင်းအလဲ နက်နဲခြင်း၊ ထိရောက်ခြင်းတို့မှာ သူတို့တတ်ကျွမ်းထားသမျှသော ဓားသိုင်းကွက်များထက် အများကြီး သာလွန်ကောင်းမွန်နေ၏။ အကွက်တိုင်း အကွက်တိုင်း သူတို့၏သွေးများကို ဆူဝေစေသည်။ ရင်သပ်ရှုမောခြင်းဖြစ်စေသည်။ ဂုဏ်ယူ ဝမ်းမြောက်စေသည်။

အမှန်စစ်စစ် ဤဓားကွက်များသည် နံရံပေါ်၌ ရေးထားစဉ်က အသက်ဝင်မနေချေ။ လင့်ဟူချိုးက တစ်ကွက်နှင့်တစ်ကွက် ဆက်စပ်ကစားပြ လိုက်သည့်အခါမှ အသက်ဝင်လာခြင်းဖြစ်၏။ လင့်ဟူချိုး၏ စိတ်ကူးနှင့် တီထွင်မှုတို့က ထိုဓားသိုင်းကွက်များကို အံ့မခန်းပညာရပ် ဖြစ်သွားစေတော့၏။

လင့်ဟူချိုး အစအဆုံး ကစားပြပြီးသောအခါ ဟန်ဆန်းဂိုဏ်းသားများ၏ ဩဘာသံများသည် ဘဝင်ညံသွားလေတော့၏။ ဂိုဏ်းသားအားလုံးက လင့်ဟူချိုးကို ကြည်ညိုလေးစားသွားကြတော့၏။

ရိဟိုက …

“အစ်ကိုကြီး … ဒီဓားကွက်တွေဟာ ဟန်ဆန်းဂိုဏ်းရဲ့ ဓားကွက်တွေမှန်းတော့ မြင်တာနဲ့ သိနိုင်ပါတယ်။ ဒါပေမယ့် ကျွန်မတို့ တစ်ခါမှမမြင်ဖူးဘူး။ အစ်ကိုကြီးက ဘယ်လိုဖြစ်ပြီးတော့ ကျွန်မတို့ဂိုဏ်းရဲ့ဓားသိုင်းကို ဒီလောက်အထိ တတ်ကျွမ်းနေရတာလဲ”

လင့်ဟူချိုးက …

“ငါလည်း ကျောက်ဂူနံရံတစ်ခုပေါ်မှာ တွေ့လိုက်မိတာပဲ။ ကဲ … အခုမင်းတို့ကို အဲသည်ဓားကွက်တွေကို သင်ပေးမယ်။ ကြိုးကြိုးစားစားနဲ့ လေ့ကျင့်ကြ”

လင့်ဟူချိုး၏ စကားကြောင့် အားလုံး ဝမ်းသာအားရဖြင့် လေ့ကျင့်ကြတော့၏။ ထိုနေ့ တစ်နေကုန်အောင် လင့်ဟူချိုးက ဓားသိုင်းကွက်များကို သင်ပေးလိုက်သည်။ လင့်ဟူချိုးက အပြောင်းအလဲများ၊ အနှစ်သာရများ အားလုံးကို ရှင်းပြပြီးမှ လေ့ကျင့်စေ၏။

ယင်းဓားကွက်များမှာ လွန်စွာ ခက်ခဲနက်နဲသဖြင့် ရိဟို၊ ရိချင်းစသော ဝါရင့်များပင် ခုနစ်ရက်ခန့် ထပ်မံလေ့ကျင့်တော့မှ အနှစ်သာရကို ရရှိသွားကြသည့် ကျက်ပန်း၊ ရီလင်၊ ချင်ကျွမ်းစသော ဝါနုသူများမှာမူ ပို၍ လေ့ကျင့်ရ၏။ ဆယ်ရက်မြောက်မှ တတ်ကျွမ်းသွားကြသည်။

ဤသို့ဖြင့် သင်ကြားလိုက် လေ့ကျင့်လိုက်ဖြင့် အဆက်မပြတ် ပြုလုပ်ခဲ့ရာ နှစ်လကျော်ကြာမှ သိုင်းကွက်အားလုံးကုန်သွားတော့၏။ သူတို့အနေဖြင့် ဤဓားကွက်များကို မည်မျှအထိ အသုံးချနိုင်မည်မှာ တစ်ဦးချင်းစီ၏ ကြိုးစားမှုနှင့်နားလည်မှုစွမ်းရည် အပေါ်တွင် မူတည်ပေးသေးသည်။

ထိုအချိန်တွင် ဟန်ဆန်းတောင်ပေါ်မှဆင်းပြီး တာဝန်အသီးသီး ထမ်းဆောင်နေသော ဂိုဏ်းသားအချို့ ပြန်ရောက်လာပေပြီ။ ပြန်လာသူများ၏ မျက်နှာများမှာ လုံးဝမကောင်းပေ။ သူတို့က လင့်ဟူချိုးထံ သတင်းပို့ အစီရင်ခံရာတွင်လည်း အထစ်ထစ် အငေါ့ငေါ့ ဖြစ်နေကြသည်။

သူတို့၏ အခြေအနေကို မြင်လိုက်ရသည်နှင့် ကောင်းစွာသဘောပေါက် နားလည်သဖြင့် လင့်ဟူချိုးက ထပ်မံမေးမြန်းခြင်း မပြုတော့ချေ။ သွားရောက်အကြောင်းကြားသည့် ဂိုဏ်းအသီးသီးက လှောင်ပြောင်လိုက်ကြဟန်တူပေသည်။

မိန်းကလေးများ၊ မယ်သီလရှင်များက ယောကျ်ားတစ်ယောက်ကို ဂိုဏ်းချုပ်တင်မြှောက်လိုက်သည်ကို မတော်တရော် နောက်ပြောင်လိုက်ကြခြင်းသာ ဖြစ်ရပေမည်။

သူတို့အား ချော့မော့နှစ်သိမ့်လိုက်ပြီး ဓားသိုင်းအသစ်များ သင်ကြားလေ့ကျင့်ရန် စေလွှတ်လိုက်၏။ ဝါဆန်းဂိုဏ်းသို့ စေလွှတ်လိုက်သော ရှိဆိုးနှင့် ရိဝန်တို့မှာမူ အတော်အတန် ရင့်ကျက်ပြီး လူမှုရေး နားလည်သူများ ဖြစ်ကြသဖြင့် အဆင်ပြေပြေ ပြန်လာနိုင်လိမ့်မည်ဟု မျှော်လင့်ရသည်။ သို့သော် ယခုအထိ ပြန်မလာကြသေးပေ။

လင့်ဟုချုံး ဟန်ဆန်းဂိုဏ်းချုပ်အဖြစ် ဆက်ခံမည့် ၂ လပိုင်း ၁၆ ရက်သို့ ရောက်ခါနီးလာပေပြီ။ ရှိဆိုနှင့် ရိဝန်တို့ နှစ်ယောက် ပြန်မရောက် လာသေးသဖြင့် ရိကွမ်းနှင့် ရိမိန်တို့ နှစ်ယောက်ကို ထပ်မံစေလွှတ်လိုက်သည်။

တောင်ပေါ်တွင် ရှိနေသည့် ဟန်ဆန်းဂိုဏ်းသားများကမူ ဂိုဏ်းချုပ်သစ် ဆက်ခံပွဲ၌ ဧည့်သည်များ လာရောက်မည် မဟုတ်မှန်း သိနေသဖြင့် နေရာထိုင်ခင်းအသစ်များ ပြင်ဆင်ခြင်း မပြုကြပေ။ ဟန်ဆန်းဂိုဏ်း၏ အဆောင်များကိုသာ သန့်ရှင်းရေးလုပ်ပြီး ဘုရားခန်းကို သပ်သပ်ရပ်ရပ် ဖြစ်အောင် ပြုပြင်လိုက်ကြ၏။

ဂိုဏ်းသားတိုင်း အင်္ကျီသစ်၊ ဖိနပ်သစ်များ ချုပ်လုပ်ကြ၏။ ဂိုဏ်းချုပ်ကြီး လင့်ဟုချုံး အတွက် အင်္ကျီသစ်ကိုလည်း ချုပ်လုပ်ကြ၏။ ရာထူးဆက်ခံသောနေ့တွင် ဝတ်ဆင်ရန် ဖြစ်ပေသည်။

ဤသို့ဖြင့် ၂ လပိုင်း ၁၆ ရက်သို့ ရောက်လာတော့သည်။

ထိုနေ့နံနက် လင့်ဟုချုံး အိပ်ရာမှထလိုက်သည်နှင့် ဟန်ဆန်းတောင်ထိပ် အဆောင်တိုင်း၌ ရောင်စုံမီးပုံးများ၊ ဖဲပြား ပန်းပွားများကို လှပစွာ တပ်ဆင်ထားကြောင်း တွေ့လိုက်ရတော့၏။ မိန်းကလေးများ ဖြစ်ကြသော ဟန်ဆန်းဂိုဏ်းသား များမှာ စိတ်ရှည်ပြီး စေ့စပ်သေချာလှ၏။ ပြင်ဆင်သမျှကို လှလှပပဖြစ်အောင် ပြင်ဆင်ထားကြသည်။

ထိုအခြင်းအရာများကို တွေ့မြင်ရသော လင့်ဟုချုံးက ကျေးဇူးတင်စွာဖြင့် တွေးလိုက်မိသည်။

"ငါ့အတွက်နဲ့ ဆရာမကြီးနှစ်ယောက် ကွယ်လွန်သွားခဲ့ရတာ။ ဒါကို သူတို့က စိတ်မခုတဲ့အပြင် ငါ့အပေါ် ဒီလောက် တောင် အလေးထားကြသေးတယ်။ ဆရာမကြီးနှစ်ယောက်အတွက် လက်စားချေဖို့ မကြိုးစားဘူးဆိုရင် ငါဟာ လူမဟုတ် တော့ဘူး။ ဟန်ဆန်းဂိုဏ်းအတွက် လက်စားချေပေးရမယ့် တာဝန်ဟာ ငါ့အတွက် ပထမတန်း ဦးစားပေး ဆောင်ရွက်ရ မယ့် တာဝန်ကြီးပဲ"

စဉ်းစားနေရင်းမှ အဝေးရှိ တောင်တန်းကြီးများကို ငေးမောကြည့်နေမိတော့၏။ ထိုအခိုက် တောင်ကုန်းအောက်ဖက်မှ ဆူဆူညံညံဖြင့် တက်လာသော လူတစ်သိုက်၏ အသံကို ကြားလိုက်မိသည်။ ဟန်ဆန်းတောင်သည် အလွန်အေးချမ်း ဆိတ်ငြိမ်သော သဘာဝရှိပြီး ဆူဆူညံညံ အသံများကို အလွန်ကြားခဲလှပေသည်။

စိုးရိမ်တကြီးဖြင့် ကြည့်နေသော လင့်ဟုချုံး၏ မြင်ကွင်းထဲသို့ ရာနှင့်ချီသော လူအုပ်ကြီးရောက်လာ၏။ လင့်ဟုချုံး ကို တွေ့သောအခါ ရှေ့ဆုံးလူက အော်ဟစ်လိုက်သည်။

"ဆရာလေး လင့်ဟုချုံး … ဆရာလေးက ကျုပ်တို့ကို မဖိတ်ပေမယ့် ကျုပ်တို့က ဆရာလေးအတွက် မင်္ဂလာစကား လာပြောကြတာပါ"

ထိုလူကား လောင်ထိုပင်တည်း။ လောင်ထို၏နောက်တွင် ကျိဟူ၊ ကျူချန်း၊ ဝမ်ပါ့နှင့် မြောက်ပိုင်းဝက်ဝံကြီးတို့ အားလုံးပါလာ၏။ လင့်ဟုချုံးက ကမန်းကတန်း ပြေးသွားပြီး နှုတ်ဆက်စကား ပြောလိုက်ရသည်။

"ကျုပ်ကတော့ ဆရာမကြီးတွေရဲ့ အမိန့်အရ ဂိုဏ်းချုပ်ရာထူး ဆက်ခံလိုက်ရတာပါ။ ခင်ဗျားတို့ကို မဖိတ်တာကလဲ အလုပ်ရှုပ်သွားမှာ စိုးလို့ပါဗျာ။ အားလုံးပဲ လူစုံတက်စုံ ရောက်လာတာကိုး … ကျေးဇူးတင်ပါတယ်ဗျာ"

"ဆရာလေး … ကျုပ်တို့အားလုံးလဲ ဝမ်းသာနေကြတာပဲ။ နေမင်းသမီးတော်ကလေးကို ဆရာလေး ကယ်ထုတ် သွားပြီဆိုတဲ့သတင်းကို ကြားရတဲ့အချိန်ကလည်း ဝမ်းသာတာပဲ။ အခုလည်း ကျုပ်တို့ ဝမ်းသာတာပဲ။ ဒီကနေ့ ဆရာလေးက ဟန်ဆန်းဂိုဏ်းချုပ်အဖြစ် ဆက်ခံမယ့်နေ့ဆိုတာ သိုင်းလောကတစ်ခုလုံး သိနေကြတယ်။ ကျုပ်တို့မသိပဲ ရှိပါ့မလား။ ဒီကနေ့မှာ ဟန်ဆန်းတောင်ပေါ်လာပြီး မင်္ဂလာစကား မပြောဘူးဆိုရင် ကျုပ်တို့အားလုံး ကိုယ့်ကိုယ်ကို သတ်သေလိုက်ဖို့ပဲ ကောင်းတယ်"

အားလုံးက တဟေးဟေး တဟားဟားဖြင့် ဆူညံစွာ အော်ဟစ်သြဘာ ပေးကြလေတော့၏။ ဟန်ဆန်းတောင် ရောက် ကတည်းက တစ်ကိုယ်တည်း ပျင်းရိနေခဲ့သော လင့်ဟုချုံးမှာ ယခုတော့ မိတ်ဟောင်းဆွေဟောင်းများနှင့် တွေ့နေသဖြင့် ပျင်းရိသောစိတ်များ ပျောက်ကုန်လေပြီ။

ဝမ်ပါ့က ရယ်၍ …

"ဟား ဟား ဟား … ကျုပ်တို့က မဖိတ်ခေါ်ပဲ ရောက်လာတဲ့ ဧည့်သည်တွေဆိုတော့ အိမ်ရှင်တွေက စားစရာ

သောက်စရာတွေ ပြင်ဆင်ထားမှာ မဟုတ်ဘူးဆိုတာ သိပါတယ် ... ဒါကြောင့် ကိုယ့်ရိက္ခာ ကိုယ်ယူလာပါတယ်ဗျ"

လင့်ဟူချုံးက ရယ်ရင်း ပြန်ပြောလိုက်သည်။

"ပိုကောင်းတာပေါ့။ ကျုပ်တပည့်တွေ တာဝန် မပိုတော့ဘူး"

ထိုစဉ်မှာပင် နောက်ထပ် လူများ ထပ်မံရောက်ရှိလာသည်။

ကျိဟူက ...

"ဆရာလေး ... ကျုပ်တို့က လူရင်းတွေပဲ၊ ဂရုစိုက်ဖို့ မလိုပါဘူး။ ဆရာလေးရဲ့ တပည့်တွေက မိန်းကလေးတွေ ဖြစ်နေတော့ ထွက်ပြီးဧည့်ခံဖို့ မပြောပါနဲ့။ ကျုပ်တို့က ကိုယ့်လူကိုယ် ဧည့်ခံတတ်ပါတယ်။"

ဟန်ဆန်းတောင် တစ်တောင်လုံး ရယ်မောသံများဖြင့် ပွက်ပွက်ညံနေတော့၏။ မမျှော်လင့်ပဲ ဤမျှ များပြားသော ဧည့်သည်များ ရောက်လာသည်ကို တွေ့ရသောအခါ ဟန်ဆန်းဂိုဏ်းသားများမှာ စိတ်အားတက်သွားကြတော့၏။ သို့သော်လည်း ရောက်လာသော လူအားလုံးမှာ အောက်လမ်းသိုင်းသမားများ ဖြစ်နေသည်ကို တွေ့ရသောအခါ သူတို့စိတ်ထဲတွင် လေးလံသွားကြပြန်၏။

လင့်ဟူချုံးက စိတ်ထဲမှ အစီအစဉ် လုပ်နေမိသည်။

"အင်း ... ငါ့ရဲဘော်တွေကတော့ လူစုံဆိုတော့ ဒီတောင်ပေါ်မှာ ချက်ပြုတ်စားသောက်ခိုင်းဖို့တော့ မကောင်းဘူး။ သူတို့ကို တောင်လယ်မှာသွားပြီး ချက်ခိုင်းရမယ်။ ဟန်ဆန်းဂိုဏ်းသားတွေက သတ်သတ်လွတ် စားတာဆိုတော့ သူတို့ စိတ်အနှောင့်အယှက် ဖြစ်အောင် မလုပ်သင့်ဘူး"

ဤသို့ဖြင့် လောင်ထိုတို့အဖွဲ့သည် တောင်လယ်တွင် သွားရောက်ပြီး ချက်ပြုတ်စားသောက်ကြတော့၏။ နေ့လည်စာ စားသောက်ပြီးသောအခါ ထိုလူအုပ်ကြီးသည် တောင်ထိပ်ရှိ ကျောင်းရင်ပြင်တွင် စုဝေးကာ ထိုင်နေကြတော့သည်။

လင့်ဟူချုံးက ဘုရားကျောင်းနှင့် အနီးဆုံးတွင်ထိုင်ပြီး ဟန်ဆန်းဂိုဏ်းသားများမှာ ဝါစဉ်ကြီးငယ်အလိုက် လင့်ဟူချုံး၏နောက်ဖက်တွင် စီတန်း ရပ်နေကြသည်။ ရာထူးဆက်ခံသည့် အခမ်းအနား ကျင်းပပေတော့မည်။

ထိုအခိုက်မှာပင် တောင်အောက်မှ ပြွေသံများ ထွက်ပေါ်လာပြီး လူတစ်စုတက်လာ၏။ အဝတ်အစားအနက်များ ဝတ်ထားသော အဖိုးကြီး နှစ်ယောက်က ရှေ့ဆုံးမှ တက်လာ၏။

လက်ဝဲဖက်မှ အဖိုးကြီးက ...

"နေမင်းသခင် ဂိုဏ်းချုပ်ကြီး တုံးဖန်းပုက လက်ဝဲရံနဲ့ လက်ယာရံကိုစေလွှတ်ပြီး ဟန်ဆန်းဂိုဏ်းချုပ်အသစ် လင့်ဟူချုံးကို မင်္ဂလာစကား အပြောခိုင်းလိုက်ပါတယ်။ ဂိုဏ်းချုပ်အသစ်ကြီး သက်တော်ရာကျော် ရှည်ပါစေ"

ထိုစကားကို ကြားလိုက်ရသောအခါ သိုင်းသမားအပေါင်းမှာ လှုပ်လှုပ်ရွရွ ဖြစ်သွားကြတော့၏။ ဤလူအုပ်ကြီးထဲတွင် တုံးဖန်းပု၏ 'ဦးနှောက်ပိုးစားဆေးလုံး' ကို စားထားကြသူ များစွာပါဝင်နေသည်။ ထို့ကြောင့် 'နေမင်းသခင် တုံးဖန်းပု' ဆိုသော နာမည်ကို ကြားလိုက်သည်နှင့် ထိတ်လန့်တုန်လှုပ် သွားကြတော့၏။

အဖိုးကြီးနှစ်ယောက်ကိုလည်း သူတို့ ကောင်းစွာ သိရှိကြသည်။ လက်ဝဲဖက်မှ အဖိုးကြီးကို ပိုက်ပုဟု ခေါ်ပြီး လက်ယာဖက်မှ အဖိုးကြီးမှာ ဆန့်ကွမ်းဖြစ်သည်။ သူတို့မှာ တုံးဖန်းပု၏ လက်ဝဲနှင့် လက်ယာဖြစ်သဖြင့် သိုင်းပညာလည်း မြင့်မားလှပေသည်။ ဤကဲ့သို့ အဆင့်မြင့်လှသည့် ထိပ်သီးသိုင်းသမားကြီးများကို စေလွှတ်၍ တုံးဖန်းပုက မင်္ဂလာစကား အပြောခိုင်းခြင်းသည် လင့်ဟူချုံးကို ကြီးစွာသော ဂုဏ်ပြုခြင်းပင်ဖြစ်၏။

လင့်ဟူချုံးသည် သူ့နေရာမှထ၍ ကြိုဆိုနှုတ်ဆက်လိုက်သည်။

"ကျုပ်ကတော့ ဂိုဏ်းချုပ်ကြီး တုံးဖန်းပုနဲ့ မသိကျွမ်းပါဘူး။ အခုလို ဆရာကြီးနှစ်ယောက် ကြွလာတာကို အဆင်သင့် မကြိုဆိုမိတဲ့အတွက် တောင်းပန်ပါတယ်။"

ပိုက်ပုက ...

"ဒီကနေ့ဟာ ဂိုဏ်းချုပ်သစ် လင့်ဟူချုံးရဲ့ နေ့ထူးနေ့မြတ် မင်္ဂလာနေ့ဆိုတော့ အမှန်အတိုင်းပြောရရင် ကျုပ်တို့ရဲ့ ဂိုဏ်းချုပ်ကြီးကိုယ်တိုင် လာဖို့သင့်ပါတယ်။ ဒါပေမယ့် ဂိုဏ်းချုပ်ကြီးက အလုပ်ကိစ္စတွေ သိပ်များနေလို့ သူ့ကိုယ်စား ကျုပ်တို့ကို စေလွှတ်လိုက်တာပါ။ သူကိုယ်တိုင် မလာနိုင်တဲ့အတွက်လည်း တောင်းပန်လိုက်ပါတယ်"

လင့်ဟူချုံးက တွေးလိုက်မိသည်မှာ ...

"သူ့စကား အသွားအလာကို ကြည့်ရသလောက်တော့ ဆရာကြီး လင်းရှင်က တုံးဖန်းပုကို မဖြုတ်ချနိုင်သေးဘူး ဆိုတာ ထင်ရှားနေတယ်။ တုံးဖန်းပုက အာဏာလက်ရှိ၊ ပြီးတော့ အင်မတန် ဉာဏ်များတာဆိုတော့ လွယ်လွယ်ကလေးနဲ့တော့ ဘယ်ဖြုတ်ချနိုင်မလဲလေ။ အစ်ကိုကြီး ရှန့်ဝန့်ထင်းနဲ့ လင်းလင်းတော့ ဘယ်လိုများ ဖြစ်နေကြပြီလဲ မသိဘူး"

ပိုက်ပုက သူ့လက်ကို တစ်ချက်မျှ ငေ့ယမ်းလိုက်သည်။

"ဟောဒါကတော့ ကျုပ်တို့ဂိုဏ်းချုပ်ကြီးရဲ့ လက်ဆောင်ပါပဲ"

ထိုအခါ လူလေးဆယ်ခန့်က တန်းစီဝင်လာတော့၏။ ထိုလူများသည် လူလွတ်ဝင်လာသည် မဟုတ်ချေ။ အမျိုးမျိုးသော သေတ္တာများကို ထမ်းလာကြခြင်းဖြစ်ပြီး ဘုရားကျောင်းထဲတွင် ထိုသေတ္တာများကို စုပုံချထားလေတော့၏။

လင့်ဟူချုံးမှာ နားမလည်နိုင်အောင် ဖြစ်သွားသော်လည်း သူ့အနေဖြင့် ငြင်းပယ်ရန် မဖြစ်နိုင်သဖြင့် ကျေးဇူးတင်စကားကိုသာ ပြောလိုက်ရတော့၏။ ထိုစဉ် ဟန်ဆန်းဂိုဏ်းသားတစ်ယောက်က လင့်ဟူချုံးအနားကပ်ကာ တီးတိုးလှမ်းပြောလိုက်၏။

"ဂိုဏ်းချုပ်အစ်ကိုကြီး ... ဟူတန်းဂိုဏ်းချုပ်ကြီး ကြွလာတယ်"

အကြီးအကျယ် အံ့အားသင့်သွားသဖြင့် လင့်ဟူချုံးမှာ မည်သည့်စကားမျှ မပြောနိုင်အောင် ဖြစ်သွားတော့သည်။ ပြီးတော့မှ ကမန်းကတန်း ပြေးထွက်၍ ကြိုဆိုလိုက်ရ၏။

အမှန်တကယ်ပင် ဟူတန်းဂိုဏ်းချုပ် ရသေ့ကြီး ချုံးရှီးကိုယ်တိုင် နောက်လိုက်ရှစ်ယောက်နှင့်အတူ ဟန်ဆန်းတောင်ထိပ်သို့ တက်လာခြင်းဖြစ်၏။ ရသေ့ကြီးမှာ ပင်ကိုယ်စရိုက်အတိုင်း ရိုးရိုးသားသားပင် ဝတ်ဆင်ထားသည်။

လင့်ဟူချုံးမှာ ဝမ်းသာလွန်းလှသဖြင့် စကားပင် မပြောနိုင်ပဲ ဖြစ်နေတော့သည်။ အရိုအသေပေး ဂါရဝ ပြုလိုက်ပြီး အတန်ကြာမှ ...

"ဂိုဏ်းချုပ်ကြီးကိုယ်တိုင် ကြွလာတဲ့အတွက် ကျွန်တော် ကျေးဇူးတင်လို့မဆုံးပါဘူး။ ရင်ထဲမှာ တကယ့်ကို လှိုက်လှိုက်လှဲလှဲ ဝမ်းသာပါတယ်"

ရသေ့ကြီး ချုံးရှီးက ရယ်ရင်း ...

"မင်း ... ဟန်ဆန်းဂိုဏ်းချုပ် ဖြစ်သွားပြီဆိုတဲ့ သတင်းကို ကြားတော့ ငါသိပ်ဝမ်းသာသွားတာပဲ။ ရှောင်လင်ကျောင်းက ဘုန်းတော်ကြီး ဖန်းတင်နဲ့ ဖန်းဆင်းတို့လဲ ကြွလာမယ် ကြားတယ်။ ဆရာတော်နှစ်ပါး ရောက်မလာသေးဘူးလား။ နောက်ကျလှချေလား"

ဟူတန်းဂိုဏ်းချုပ်ကြီး ကြွလာသဖြင့် အလွန်တရာအံ့သြနေသော လင့်ဟူချုံးမှာ ရှောင်လင်ကျောင်းထိုင် ဆရာတော်ကြီး ကြွလာဦးမည်ဟု ကြားလိုက်ရသောအခါ မည်သည့်စကားကို ပြန်ပြောရမည်မှန်း မသိနိုင်လောက်အောင် ဖြစ်သွားလေတော့၏။ သူက အထစ်ထစ် အငေါ့ငေါ့ဖြင့် ...

"ရှောင် .. ရှောင်လင်ကျောင်း ..."

ထိုအခိုက်မှာပင် တောင်တက်လမ်းတစ်လျှောက် ဘုန်းတော်ကြီးများ စီတန်းတက်လာကြသည်ကို တွေ့လိုက်ရ၏။ ရှေ့ဆုံးက လျှောက်လာသော ဘုန်းတော်ကြီးမှာ အမှန်တကယ်ပင် ရှောင်လင်ကျောင်းထိုင် ဆရာတော်ကြီး ဖန်းတင်ဖြစ်နေချေသည်တကား။ ဆရာတော်ကြီး ဖန်းဆင်းက နောက်မှပါလာ၏။ အခြားဘုန်းတော်ကြီးများလည်း ပါလာသေးသည်။

"အလို ... ရသေ့ကြီးက ခြေလှမ်းမြန်လှချေလား။ ကျုပ်တို့ကိုယ်ကျုပ်တို့ မြန်လှပြီ အောက်မေ့နေတာ။ ရသေ့ကြီးက ကျုပ်တို့ထက် ပိုစောနေတာကိုး"

လင့်ဟူချုံးမှာ ကမန်းကတန်း ပြေးဆင်းပြီး ခရီးတစ်ဝက်မှ ကြိုလိုက်ရ၏။

"ဆရာတော်ကြီးဘုရား ... ဆရာကြီးတို့နှစ်ပါးလုံး ကြွရောက်လာတာကို တပည့်တော် ဘယ်လို ကျေးဇူးတင်ရမှန်းတောင် မသိတော့ပါဘူးဘုရား .... ဒါဟာ တပည့်တော်ကို အဆုံးစွန်သော ချီးမြှောက်ခြင်းပါပဲဘုရား"

ဆရာတော်ကြီး ဖန်းတင်းက ...

"လင့်ဟူချုံး ... မင်းက ရှောင်လင်ကျောင်းကို သုံးကြိမ်တောင် လာခဲ့ဖူးတယ်။ ငါက မင်းဆီကို တစ်ခါလောက်တော့ လာသင့်တာပေါ့။ လူမှုရေးပေါ့ကွာ" ဟု ရယ်မောရင်း မိန့်ကြားလိုက်သည်။

လင့်ဟူချုံးက ရှောင်လင်ကျောင်းထိုင် ဆရာတော်ကြီးနှင့် ဟူတန်းဂိုဏ်းချုပ်ကြီးတို့ကို ကြိုဆိုလာပြီး တောင်ထိပ်အခမ်းအနား ကျင်းပရာသို့ ဝင်လာတော့၏။ တောင်ထိပ်သို့ ရောက်နှင့်နေကြသော သိုင်းသမားများသည် ဆရာကြီးနှစ်ပါးကိုယ်တိုင် ကြွရောက်လာကြသည်ကို တွေ့လိုက်ရသောအခါ တုန်လှုပ်ခြောက်ခြား သွားကြတော့၏။

အဘယ်မှာလျှင် မတုန်လှုပ်ပဲ နေနိုင်ပါအံ့နည်း။ ရှောင်လင်ဂိုဏ်းနှင့် ဟူတန်းဂိုဏ်းဆိုသည်မှာ သိုင်းလောက၌ ယှဉ်ပြိုင်၍ မရနိုင်သော ကြယ်တံခွန်ကြီးနှစ်ခု မဟုတ်ပါလား။

နေမင်းသခင်ဂိုဏ်းမှ ပိုက်ပုနှင့် ဆန့်ကွမ်းတို့မှာ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိပြီး ဘေးနားသို့

ကပ်လိုက်တော့၏။ အခြားသော သူများလည်း ရုတ်ခြည်းပင် ငြိမ်ကျသွား၏။

လင့်ဟူချုံးသည် ဆရာတော်ကြီး ဖန်းတင်းနှင့် ရသေ့ကြီး ချုံးရှီးတို့ကို ထိုက်သင့်လျော်ကပ်ပတ်သည့် နေရာထိုင်ခင်းများ ချထားပေးလိုက်ရင်း စိတ်ထဲမှ စဉ်းစားလိုက်သည်။

“ငါ့ဆရာ ဝါဆန်းဂိုဏ်းချုပ်ရာထူး ဆက်ခံတုန်းကတောင် ရှောင်လင်နဲ့ ဟူတန်းဂိုဏ်းချုပ်ကြီးတွေ ကိုယ်တိုင် ကြွမလာဘူး။ ငါငယ်သေးပေမယ့် ကောင်းကောင်းကြီး မှတ်မိပါတယ်။ အခုတော့ သူတို့နှစ်ယောက်လုံး လာကြတယ်ဆိုတော့ တကယ့်အံ့ဖွယ်ရာကြီး ဖြစ်နေတာပဲ။ တကယ်ပဲ ငါ့အတွက် မင်္ဂလာစကားပြောဖို့ လာတာလား။ ဒါမှမဟုတ် တခြားအကြောင်းထူး ရှိလို့လားတော့ မသိဘူးပေါ့လေ”

ထို့နောက်တွင် အခြားသော ဂိုဏ်းအဖွဲ့များထံမှ ကိုယ်စားလှယ်များ ထပ်မံရောက်ရှိလာပြန်သည်။ သို့သော် ထိုက်ဆန်း၊ ချုံးဆန်း၊ ကောင်းဆန်းနှင့် ဝါဆန်းဂိုဏ်းတို့ကမူ သဝဏ်လွှာလည်း မပေး၊ ကိုယ်စားလှယ်လည်း ရောက်မလာပဲရှိနေ၏။

ဤသို့ဖြင့် ရာထူးဆက်ခံရန် အချိန်စေ့ရောက်လာသောအခါ လင့်ဟူချုံးသည် ဟန်ဆန်းဂိုဏ်း၏ ထုံးတမ်းစဉ်လာအရ မယ်တော်ဘုရားကို ဦးချကန်တော့လိုက်၏။ ပြီးနောက် ရိဟိုက ဆရာမကြီး တင့်ရှန်၏ ကျန်ရှိသော ပစ္စည်းများကို ဂိုဏ်းချုပ်အသစ်အဖြစ် ဆက်ခံမည့် လင့်ဟူချုံး လက်ထဲသို့ ပေးအပ်လိုက်၏။

ဆရာမကြီး တင့်ရှန်၏ ပစ္စည်းများကား ....

ကျမ်းစာအုပ် တစ်အုပ်။

စိပ်ပုတီးတစ်ကုံး။

ဓါးတိုတစ်လက်တို့သာ ဖြစ်၏။

ထိုပစ္စည်းများကို လင့်ဟူချုံးက လက်ခံယူပြီးသော အချိန်တွင် ရိချင်းက ပိတ်စလိပ်တစ်ခုကို ဖြန့်လိုက်ပြီး သူမက အသံကို မြှင့်ကာ ဖတ်ကြားလိုက်သည်။

“ဟန်ဆန်းဂိုဏ်း၏ စည်းကမ်းချက်ကြီး ၄ ချက် ...

တစ်– အပြစ်မဲ့သူများကို မသတ်ရ။

နှစ်– မတရား နိုင့်ထက်စီးနင်း မပြုလုပ်ရ။

သုံး– မိမိထက် အသက်၊ ဝါ ကြီးသူများကို စော်ကားခြင်း မပြုရ။

လေး– လူဆိုးလူမိုက်များနှင့် ပေါင်းသင်းဆက်ဆံခြင်း မပြုရ။

... ဂိုဏ်းချုပ်အစ်ကိုကြီး အနေနဲ့ စည်းကမ်းချက်ကြီး လေးချက်ကို ထိန်းသိမ်းလိုက်နာပြီး ဂိုဏ်းသားအားလုံးကို ဦးစီးဦးဆောင် ပြုရပါလိမ့်မယ်”

လင့်ဟူချုံးက ဝန်ခံလိုက်သည်။

“စည်းကမ်း လေးချက်အတိုင်း လိုက်နာပါ့မယ်”

အစီအစဉ်အရ နှုတ်မှ ဝန်ခံလိုက်ရသော်လည်း သူ့စိတ်ထဲတွင် မသက်မသာ ခံစားလိုက်ရ၏။

“ပထမသုံးချက်ကတော့ မခက်ပါဘူး။ လိုက်နာဖို့ ဖြစ်နိုင်တယ်။ ဒါပေမယ့် နောက်ဆုံးအချက်ကတော့ အတော့်ကို ခက်နေတယ်။ ဒီကနေ့ ဟန်ဆန်းတောင်ထိပ်ကို ရောက်လာတဲ့ လူတွေထဲက တစ်ဝက်ကျော်က လူဆိုးလူမိုက်လို့ နာမည်ခံကြတဲ့ လူတွေချည်းပဲ။ အခုကတည်းက နောက်ဆုံးအချက်နဲ့ ကောင်းကောင်းကြီး ဆန့်ကျင်နေပြီ”

ရိချင်းက ...

“အခု ပြုလုပ်ရမယ့် အစီအစဉ်ကတော့ ဂိုဏ်းချုပ်အစ်ကိုကြီးအနေနဲ့ ဘုရားကျောင်းခန်းထဲက ဟန်ဆန်းဂိုဏ်းကို တည်ထောင်ခဲ့တဲ့ ဆရာမကြီးရဲ့ ရုပ်ပုံကို ဦးချကန်တော့ရမယ့် အစီအစဉ်ပါပဲ”

“ကောင်းပါပြီ”

လင့်ဟူချုံးက ဘုရားကျောင်းခန်းထဲဝင်ရန် ခြေလှမ်းပြင်လိုက်၏။ သို့သော် ဝင်မည့်ဆဲဆဲတွင် မဝင်နိုင်သေးပဲ ရုတ်တရက် ခြေလှမ်းရပ်တန့်လိုက်ရတော့သည်။

အဘယ်ကြောင့်ဆိုသော် တောင်တက်လမ်းမှ လူတစ်ယောက်၏ အော်ဟစ်တားမြစ်လိုက်သံကို ကြားလိုက်ရသောကြောင့်တည်း။

ထိုလူက ...

“ဂိုဏ်းကြီးငါးဂိုဏ်း မဟာမိတ်အဖွဲ့ခေါင်းဆောင် ကျိုလင်ထန်ရဲ့ အမိန့်ပါလာတယ်။ လင့်ဟူချုံး အမိန့်နာခံပါ။

လင့်ဟူချုံးအနေနဲ့ ဟန်ဆန်းဂိုဏ်းရဲ့ ဂိုဏ်းချုပ်အဖြစ် ဆက်ခံခွင့်ကို ခေါင်းဆောင်ကြီး ကျိုလင်ထန်က ပိတ်ပင်လိုက်တယ်”

ထိုလူနှင့်အတူ လူငါးယောက် ပြေးတက်လာကြသေး၏။ ထိုလူငါးယောက်၏ နောက်မှလည်း လူပေါင်း သုံးလေးဆယ်ခန့် ပါလာသေးသည်။ တပ်စုတစ်စု အနေအထားမျိုးဖြင့် လာကြဟန်တူ၏။

ရှေ့ဆုံးငါးယောက်၏ လက်ထဲတွင် အလံငယ်တစ်ခုစီ ကိုင်ဆောင်ထားသည်။ မဟာမိတ် အလံငယ်များ ဖြစ်ကြောင်း အားလုံးက တွေ့ရှိကြရ၏။

ဤမဟာမိတ် အလံများသည် ဂိုဏ်းကြီးငါးဂိုဏ်း မဟာမိတ်အဖွဲ့ခေါင်းဆောင်ကြီး ကျိုလင်ထန်၏ အမိန့်ကို အခိုင်အမာအတည်ပြုနေသည့် အလံငယ်များပေတည်း။

အလည်တည့်တည့်တွင် ရပ်နေသူမှာ ကောင်းဆန်းဂိုဏ်း၏ ထိပ်သီးသိုင်းသမားတစ်ဦး ဖြစ်ပေသည်။ သူ့အမည်ကို တောင်ထိပ်ပေါ်ရောက်ရှိနေကြသည့် သိုင်းသမားအတော်များများက သိရှိကြသည်။ သူ့အမည်မှာ ‘လင်ဟို့’ ဖြစ်၏။ လင်ဟို့က သူ့လက်ထဲမှ မဟာမိတ် အလံကို တစ်ချက်မျှ ဝှေ့ယမ်းလိုက်ပြီး ...

“ဟန်ဆန်းဂိုဏ်းဟာ မဟာမိတ်အဖွဲ့ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့အတွက် မဟာမိတ်ခေါင်းဆောင်ကြီး ကျိုလင်ထန်ရဲ့ အမိန့်ကို နာခံရမယ်” ဟု မာကျောစွာ ပြောလေတော့၏။

လင့်ဟူချုံးသည် ဘုရားကျောင်းခန်းအတွင်းသို့ ဝင်မည့်ဟန်ပြင်နေခြင်းကို ရပ်ဆိုင်းလိုက်ပြီး ရုတ်တရက်ရောက်လာသည့် ဧည့်သည် ကောင်းဆန်းဂိုဏ်းသားများဘက်သို့ လှည့်လိုက်၏။

လင့်ဟူချုံး၏ အမူအရာမှာ လွန်စွာ အေးဆေးတည်ငြိမ်လှသဖြင့် ကောင်းဆန်းဂိုဏ်းသားများပင် အနည်းငယ် တုန်လှုပ်သွားတော့၏။

လင့်ဟူချုံးသည် ပြုံးရင်း ပြောလိုက်၏။

“ခင်ဗျားတို့က အပိုင်လာပြောနေကြတာကိုး၊ ကျုပ်က ဒီဂိုဏ်းချုပ်ရာထူး ဆက်ခံပြီးတာနဲ့ မဟာမိတ်အဖွဲ့ထဲ ပါသင့်မပါသင့် ဆိုတာကိုတောင် ပြန်စဉ်းစားရဦးမယ်လို့ ဆုံးဖြတ်ထားတာ၊ ခင်ဗျားတို့ မဟာမိတ်အဖွဲ့နဲ့ ပတ်သတ်ဖို့ အကြောင်းကတော့ တော်တော့်ကို နည်းနေတယ်ဗျ”

ထိုစဉ် လူငါးယောက်နောက်မှ လိုက်လာသော လူသုံးလေးဆယ်ခန့်လည်း ‘လင်ဟို့’ ၏နောက်သို့ ရောက်ရှိလာကြတော့၏။

အားလုံး အံ့သြသွားကြ၏။ ကောင်းဆန်းဂိုဏ်းသားများချည်း မဟုတ်ကြ။ ဝါဆန်း၊ ချုံးဆန်း၊ ထိုက်ဆန်းနှင့် ကောင်းဆန်းဂိုဏ်းမှ တပည့်များ ဖြစ်နေကြသည်။ ဝါဆန်းဂိုဏ်းမှ ပါလာသော လူရှစ်ယောက်တို့မှာ လင့်ဟူချုံး၏ ဂိုဏ်းတူညီများပင်ဖြစ်တော့၏။

သူတို့ လူလေးဆယ်သည် ဆယ်ယောက်စီ ဆယ်ယောက်စီ တန်းစီလိုက်ကြ၏။ အားလုံးလိုလို သူတို့၏ ဓားရိုးများ ကို လက်ဖြင့် ဆုပ်ကိုင်ထားကြသည်။ တိုက်ပွဲဝင်မည့် အသင့်အနေအထားပေတည်း။

“ဟန်ဆန်းဂိုဏ်းက မယ်သီလရှင်ဂိုဏ်းပဲ၊ ဒါကို သိုင်းလောကတစ်ခုလုံး သိနေကြတာပဲ ... လင့်ဟူချုံးဆိုတာက ယောကျ်ား၊ ယောကျ်ားမဟုတ်ဘူး၊ ရုပ်ရုပ်ပွေပွေ ယောကျ်ားဖြစ်တယ်၊ သူက ဘယ့်နှယ် ဟန်ဆန်းဂိုဏ်းချုပ် လုပ်နိုင်မှာ လဲ၊ သူ့ကိုသာ ဟန်ဆန်းဂိုဏ်းချုပ်အဖြစ် ဆက်ခံခွင့်ပြုလိုက်ရင် ဟန်ဆန်းဂိုဏ်းရဲ့ အနှစ်သုံးရာကျော် တည်တံ့လာတဲ့ စည်းကမ်းကြီးကို ဖောက်ဖျက်ရာ ကျတော့မှာပေါ့”

လင့်ဟူချုံးက အပြုံးမပျက် ပြန်ပြောလိုက်၏။

“ဒါတွေက ကျုပ်တို့ ဟန်ဆန်းဂိုဏ်းရဲ့ အတွင်းရေးကိစ္စပါ၊ ကျုပ်တို့ဘာသာ ခန့်ချင်တဲ့သူခန့်မယ်၊ ဖြုတ်ချင်တဲ့လူ ဖြုတ်မယ်၊ ရှင်းရှင်းလေး၊ အပြင်လူတွေ ဘာမှ စွက်ဖက်ပိုင်ခွင့်မရှိဘူး၊ အပြင်လူတွေနဲ့ ဘာမှမဆိုင်ဘူး”

ထိုအခိုက် သိုင်းသမားများထဲမှ လင်ဟို့အား အော်ဟစ်ဆဲဆိုစပြုလာတော့၏။

“ဟေ့ကောင်တွေ၊ ဒါက သူတို့ ဟန်ဆန်းဂိုဏ်းရဲ့ ကိစ္စကွ၊ မင်းတို့ ကောင်းဆန်းဂိုဏ်းက ဘာလာရှုပ်တာလဲ”

“ခွေးမသားတွေ ... ဒီခွေးသားတွေ ... မရှုပ်နိုင်အောင် ကန်ထုတ်ပစ်ကြ”

“ဘာမဟာမိတ်ခေါင်းဆောင်လဲ၊ ခွေးကောင်တွေ၊ ထွီ”

လင်ဟို့က လင့်ဟူချုံးကို ကြည့်ကာ ...

“ဒီလူတွေ အော်နေတဲ့စကားတွေက အင်မတန်ညစ်ညမ်းတဲ့ စကားတွေပဲ၊ ဒီလူတွေက ဒီမှာ ဘာလုပ်နေတာလဲ” ဟု မေးလိုက်၏။

လင့်ဟူချုံးက ...

"ဒီလူတွေလား ... ဒီလူတွေက ကျုပ် ဂိုဏ်းချုပ်ကြီးရာထူး ဆက်ခံတဲ့အတွက် မင်္ဂလာစကားပြောဖို့လာကြတဲ့ ကျုပ်ရဲ့ မိတ်ဆွေတွေပဲ"

လင်ဟိုကျ ...

"ဟုတ်ပြီ ... ၊ မင်းရဲ့ မိတ်ဆွေတွေလို့ ပြောတယ်နော် ... ကောင်းပြီ၊ မင်းတို့ ဟန်ဆန်းဂိုဏ်းမှာ စည်းကမ်းချက် လေးချက်ရှိတယ် မဟုတ်လား။ နောက်ဆုံးစည်းကမ်းချက်က ဘာလဲ"

လင့်ဟူချျး စိတ်ထဲမှ တီးတိုး ရေရွတ်လိုက်မိသည်။

"ဒီကောင် ငါ့ကို သက်သက် သိက္ခာချနေတာပဲ၊ ငါတို့ရဲ့အစီအစဉ် မပျက်ပျက်အောင် ဖျက်ဖို့လာတဲ့ ကောင်တွေ ဆိုတော့ ... ငါကလည်း ဒီကောင်တွေရဲ့ အရှက်ကိုပြန်ခွဲမှပဲ ... ဒါမှ မှတ်လောက်သားလောက်ရှိမယ်"

သို့နှင့် သူက ...

"သြော် ... ခင်ဗျားက ကျုပ်တို့ ဟန်ဆန်းဂိုဏ်းရဲ့ နောက်ဆုံးစည်းကမ်းချက်ကို သိချင်လို့ကိုး ... ၊ ခင်ဗျား မသိသေးဘူးဆိုရင်တော့ ကျုပ်က ပြောပြရသေးတာပေါ့၊ ကျုပ်တို့ရဲ့နောက်ဆုံး စည်းကမ်းချက်က လူဆိုးလူမိုက် မကောင်းဆိုးဝါးတွေနဲ့ မပေါင်းသင်း မဆက်ဆံရဘူးတဲ့၊ ဒါကြောင့်မို့ ခင်ဗျားတို့လို လူမျိုးတွေကို ကျုပ်က ဘယ်တော့မှ ပေါင်းသင်းဆက်ဆံမှာ မဟုတ်ပါဘူး၊ ဒါတော့ စိတ်ချပါ"

"ဝါး.. ဟား... ဟား... ဟား... "

တောင်ပေါ်ရှိ သိုင်းသမားများမှာ မထိန်းနိုင် မသိမ်းနိုင် အော်ဟစ် ရယ်မောကြတော့၏။ အချို့က ထပ်မံ အော်ဟစ်ကြပြန်သည်။

"ဟုတ်တယ် ... ဟုတ်တယ် ... ၊ ဒီမကောင်းဆိုးဝါးတွေကို မြန်မြန် မောင်းထုတ်ပစ်လိုက်၊ သူတို့ဆီက အကျင့်ဆိုး အကျင့်ယုတ်တွေ ဒီကလူတွေကို ကူးစက်လာမှာ ကြောက်ရတယ်"

လင်ဟိုကျ ကျောင်းထိုင်ဆရာတော်ကြီး ဖန်တင်းနှင့် ဟူတာန်း ဂိုဏ်းချုပ်ကြီး ရသေ့ကြီး ချုံး ရှီးဘက်သို့ လှည့်၍ ...

"ဂိုဏ်းချုပ်ကြီးများ ခင်ဗျား... ၊ ဂိုဏ်းချုပ်ကြီးတို့ နှစ်ယောက်ဟာ ကျွန်တော်တို့ သိုင်းလောကကြီးရဲ့ ရှေ့ဆောင် လမ်းပြကြီးတွေပဲ။ အခုဆိုရင် သိုင်းလောကကြီးအတွက် နစ်နာဆုံးရှုံးမှုတွေ ဖြစ်ပေါ်စေမယ့် ပြဿနာကြီးတစ်ခု ဖြစ်နေပါပြီ၊ ဒါဆို ဂိုဏ်းချုပ်ဆရာကြီးတွေ ကိုယ်တိုင် ဝေဖန်ပြီး အဆုံးအဖြတ်ပေးကြပါ"

လင်ဟို၏ အသံသည် ... အတော်ပင်ကျယ်လောင်လှသဖြင့် တောင်ထိပ်၌ရှိသော သိုင်းသမားတိုင်း ကောင်းစွာ ကြားနေရသည်။ လင်ဟိုကဆက်၍ ...

"အခုဆိုရင် လင့်ဟူချျးဟာ မကောင်းဆိုးဝါးတွေနဲ့ မိတ်ဆွေဖြစ်နေပါတယ်၊ ဒါကို ဂိုဏ်းချုပ်ကြီးတွေ မျက်မြင် ကိုယ်တွေ့ပါပဲ၊ ဒီအချက်ကိုက ဟန်ဆန်းဂိုဏ်းရဲ့ စည်းကမ်းကို ဖျက်ဆီးနေတာပါပဲ ... ဟန်ဆန်းဂိုဏ်းကြီးအနေနဲ့ လက်ပိုက်ကြည့်နေကြတော့မှာလား"

လင်ဟို၏ စကားပြောပုံမှာ လွန်စွာ အဆင်ပြေ အကွက်ဝင်လှသဖြင့် ရှောင်လင်ကျောင်းထိုင်ဆရာတော်ကြီး ဖန်းတင်းမှာ ချောင်းတစ်ချက် ဟန့်လိုက်ရင်း ...

"ဒါ.. ဒါ.. ဒါကတော့"

ထိုမှ ဆက်၍မပြောနိုင်တော့ဘဲ ဖြစ်နေတော့၏။ ဆရာတော်ကြီးမှာ လင့်ဟူချျး၏ ဖြူစင်လှသော အတွင်းသဘောကို ကောင်းစွာသိသည်။ ယခု မြင်တွေ့နေရသော အဖြစ်အပျက်မှာမူ လင်ဟိုပြောသကဲ့သို့ ဖြစ်နေ၍ မည်သို့ ဖြေရှင်းရမှန်း မသိဘဲ လွန်စွာ အကျဉ်းအကျပ် ဖြစ်နေရတော့၏။

ထိုစဉ် မိန်းကလေး တစ်ယောက်၏ အော်ဟစ်ကြေညာသံကို ကြားလိုက်ရတော့၏။

"နေမင်းသခင်ဂိုဏ်းက နေမင်းသမီးတော်ကလေး လင်းလင်းကြွလာပါပြီ"

လင့်ဟူချျးမှာ အံ့သြသွားတော့၏။ ဝမ်းသာလှိုက်လှဲမှုကိုလည်း ခံစားလိုက်ရသည်။ ထို့ကြောင့် လွှတ်ကနဲ အော်လိုက်မိသည်။

"ဟာ ... လင်းလင်းလည်း လာတယ် ဟုတ်လား"

လင့်ဟူချျးသည် ပြောပြောဆိုဆိုဖြင့် ပြေးထွက်၍ ကြိုဆိုလိုက်သည်။ ထိုအခါ တောင်တက်လမ်းမှ လူနှစ်ယောက်တို့သည် ရှေ့တစ်ယောက်၊ နောက်တစ်ယောက်ထမ်းလျက် ဝေါတစ်ခုကို အပြေးကလေး သယ်ဆောင်လာသည်။ ဝေါဘေး တွင် မိန်းကလေး လေးယောက်ပါလာသည်။ ဘေးမှ စောင့်ရှောက်လိုက်ပါလာခြင်းဖြစ်သည်။

လင်ဟိုက အော်ပြောလိုက်၏။

"ကြည့်ပါလား ... မကောင်းဆိုးဝါးဂိုဏ်းက ထိပ်သီးပုဂ္ဂိုလ်တွေတောင် ရောက်လာတာကိုး၊ ဒါဟာ မကောင်းဆိုးဝါးဂိုဏ်းနဲ့ ပေါင်းသင်းဆက်ဆံတာ မဟုတ်လို့ ဘာလဲ၊ ဟန်ဆန်းဂိုဏ်းရဲ့ အဓိက စည်းကမ်းကြီးလေးချက်ထဲက နောက်ဆုံးစည်းကမ်းချက်ကို ချိုးဖောက်တာ မဟုတ်လို့ ဘာလဲ"

တောင်ပေါ်၌ ရောက်နေသော သိုင်းသမားများကမူ လင်းလင်းရောက်လာပြီဟု ကြားသိလိုက်ရသောအခါ ကိုးဆယ်ရာခိုင်နှုန်းခန့်က ပြေးထွက်ကြိုဆိုကြသည်။ သူတို့၏ ကြိုဆိုနှုတ်ဆက်သံကြီးသည် တောင်ကြီးတစ်ခုလုံး ပြိုကျမတတ်ပဲ့တင်ထပ်နေလေတော့၏။ ကောင်းဆန်းဂိုဏ်းသားများသည် မကောင်းဆိုးဝါးဂိုဏ်းသားများ၏ အင်အားကို တွေ့လိုက်ရသောအခါ အနည်းငယ် ကြောက်ရွံ့သွားကြတော့၏။ အင်အားချင်း ကွာလွန်းလှသည်ကို ကောင်းကောင်းကြီး သတိပြုမိသွားကြလေပြီ။

သိုင်းသမား အများစုကြီး ဝန်းရံကြိုဆိုလာသော ဝေါသည် တောင်ထိပ် ကွင်းပြင်သို့ ရောက်ရှိလာတော့၏။ ဝေါကိုချလိုက်သောအခါ ဝေါထဲမှ လင်းလင်း ဆင်းလာတော့၏။ သိုင်းသမားပေါင်းများစွာ ဝမ်းပန်းတသာ အော်ဟစ်ကြွေးကြော်လိုက်ကြတော့သည်။

"နေမင်းသမီးတော်ကလေးဟေ့၊ နေမင်းသမီးတော်ကလေးဟေ့ .. "

အားလုံးလိုလို ခါးကိုညွတ်၍ အရိုအသေပေး နှုတ်ဆက်နေကြသည်။ သူတို့၏ အမူအရာများမှာ သူမအား အမှန်တကယ် ရိုသေလေးစား ကြောက်ရွံ့နေကြကြောင်း ပေါ်လွင်နေတော့၏။ လင့်ဟူချိုးသည် လင်းလင်းနားသို့ ပြေးဝင်လာသည်။ လင်းလင်းအား ဝန်းရံထားသည့် သိုင်းသမားများသည် လင့်ဟူချိုး ဝင်သာရန် လမ်းဖယ်ပေးလိုက်ကြ၏။

လင့်ဟူချိုးက လှိုက်လှဲသော လေသံဖြင့် ...

"လင်းလင်း ... မင်းလာတယ်နော် ... "

"ဟင် .. ဒီနေ့က အစ်ကို့ရဲ့ နေ့ထူးနေ့မြတ်ကြီးပဲ၊ ဒီလိုမင်္ဂလာ နေ့မျိုးမှာ ကျွန်မ မလာဘဲနေလို့ ဖြစ်ပါ့မလား"

သူမသည် ရောက်ရှိနေသည့် ဧည့်ပရိသတ်များကို မျက်လုံးတစ်ချက် ဝေ့ကြည့်လိုက်သောအခါ ရှောင်လင်ကျောင်းထိုင် ဆရာတော်ကြီးနှင့် ဟူတန်းဂိုဏ်းချုပ်ကြီး ချုံးရှီးကို တွေ့လိုက်ရသည်။ဂိုဏ်းချုပ်ကြီးနှစ်ယောက်က သူမအားအေးဆေးစွာ ကြည့်ရှုနေသည်။ ထို့ကြောင့် လင်းလင်းသည် ဦးညွတ်၍ဂါရဝ ပြုလိုက်၏။

"ဆရာတော်ကြီးနဲ့ ရသေ့ကြီးတို့ကို ကျွန်မ နှုတ်ဆက်ပါတယ်၊ ရောက်ရောက်ချင်း ဂါရဝ မပြုနိုင်တာကိုတော့ ခွင့်လွှတ်ပါ"

ဆရာတော်ကြီး ဖန်းတင်းကလည်း ပြန်လှန်နှုတ်ဆက်လိုက်သည်။ သို့သော် ဆရာတော်ကြီး၏ စိတ်ထဲတွင် ဘဝင်မကျလှပေ။

"ဒီမိန်းကလေးဟာ လင့်ဟူချိုး အပေါ်မှာတော့ ... အတော်ကလေး ကောင်းရှာပါတယ်၊ ဘယ်လောက်ပဲကောင်းကောင်း ဒီလိုနေ့မျိုး၊ ဒီလိုအချိန်မျိုးမှာတော့ ဒီကို မလာသင့်ဘူး၊ ဒီကိုလိုက်လာတော့ လင့်ဟူချိုး အတွက် ပိုပြီး အကျပ်တွေ့သွားတာပေါ့"

ထိုအချိန်တွင် လင်ဟိုတစ်ယောက် အော်ဟစ်နေလေပြီ။ သူ့အတွက် အကွက်ကောင်းဝင်နေသည့် အချိန်သမယပင် မဟုတ်ပါလော။

"ဒီမိန်းကလေးဟာ မကောင်းဆိုးဝါးဂိုဏ်းရဲ့ ထိပ်သီးပုဂ္ဂိုလ် တစ်ယောက်ပဲ၊ လင့်ဟူချိုး မင်းဘာကို ငြင်းချက်ထုတ်ချင်သေးတာလဲ"

"ဟုတ်တယ် ... အဲဒါ ဘာဖြစ်လဲ"

"ဘာဖြစ်ရမှာလဲကွ၊ ဟန်ဆန်းဂိုဏ်းရဲ့ နောက်ဆုံးစည်းကမ်းချက်က မကောင်းဆိုးဝါးတွေနဲ့ မပေါင်းရဘူးတဲ့၊ မင်းဟာ သူတို့နဲ့ ပေါင်းသင်းဆက်ဆံနေတာ ဘယ်လိုမှ ငြင်းကွယ်မရအောင် ဖြစ်နေပြီပဲ၊ မင်းသူတို့နဲ့ အဆက်အသွယ် မဖြတ်သမျှ ဟန်ဆန်းဂိုဏ်းချုပ်ရာထူးကို မဆက်ခံရဘူး"

လင့်ဟူချိုးက ထပ်၍ ပြန်လည်ချေပရန် ဟန်ပြင်လိုက်စဉ် လင်းလင်းက ဝင်၍ ...

"ဒီလူက ဘယ်သူလဲ ... ဘယ်ကလဲ" ဟုမေးလိုက်တော့၏။

လင့်ဟူချိုးက ...

"သူ့ကို ကောင်းဆန်းဂိုဏ်းချုပ် ကျိုလင်ထန်က လွှတ်လိုက်တယ်လို့ ပြောတာပဲ၊ လက်ထဲမှာတော့ မဟာမိတ်အဖွဲ့ချုပ်ရဲ့ အလံကို ကိုင်ထားတယ်၊ ဒီအလံမပြောနဲ့ ကျိုလင်ထန်ကိုယ်တိုင်လာတောင် ငါတို့ဟန်ဆန်းဂိုဏ်းရဲ့ ကိစ္စထဲကို

ဝင်စွက်ဖက်ခွင့်ပေးမှာ မဟုတ်ဘူး၊ ဒါကို သူ နားမလည်ဘူး”
ထိုအခါ လင်းလင်းက ...
“ဘယ်သူတွေ ပြောသလဲ၊ သူ့လက်ထဲမှာ ကိုင်ထားတာ မဟာမိတ်အဖွဲ့ချုပ်ရဲ့ အလံလို့၊ အလကား သူညာနေတာ”
စကား မဆုံးသေးမီပင် သူမ၏ ဘယ်ဖက်လက်တွင် ဓားတစ်ချောင်း ရောက်သွားပြီး လင်ဟို့၏ရင်ဝသို့ ထိုးစိုက်လိုက်တော့၏။ လင့်ဟို့မှာ ဓားထုတ်ချိန်မရဘဲ ဖြစ်နေသဖြင့် ဘေးသို့ အလွန်လျှင်မြန်စွာ ရှောင်တိမ်းလိုက်ရတော့၏။
သို့သော် ...
လင်းလင်းက တကယ်ထိုးလိုက်သည် မဟုတ်ချေ။ ဟန်ဖြင့် ချောက်လိုက်ခြင်းသာဖြစ်သည်။ သူမ၏ ညာဘက်လက်သည် ထိုတဒင်္ဂအတွင်း လင်ဟို့၏ လက်ထဲမှ အလံကို လုယူလိုက်လေတော့၏။
တဆက်တည်းမှာပင် ...
ထိုနည်းအတိုင်း လျှပ်တပြက်တိုက်ခိုက်၍ ကျန်လေးယောက်လက်ထဲမှ အလံများကိုပါ လုယူလိုက်တော့၏။ အလံများ ရရှိလာသောအခါ လင်းလင်းသည် လင့်ဟူချုံးနောက်သို့ လှည့်ဝင်လိုက်ရပြီး ရယ်မောရင်းပြောလိုက်၏။
“အစ်ကို ... ကျွန်မစိတ်ထင်နဲ့ ရမ်းပြောလိုက်တာ တကယ်မှန်နေတာပဲ၊ ဒီအလံတွေက ကျွန်မရမ်းပြော လိုက်တဲ့အတိုင်း တကယ် အတုတွေဖြစ်နေတာကိုး၊ ဒါတွေက ဘယ်ကလာ မဟာမိတ်အဖွဲ့ရဲ့ အလံဟုတ်ရမှာလဲ၊ ဒေဝီဂိုဏ်းက အဆိပ်ဘုရင်မရဲ့ အလံပဲ”
သူမက ပြောပြောဆိုဆိုနှင့် နောက်မှထွက်လာကာ အလံငါးခုစလုံးကို ဖြန့်ပြလိုက်၏။ ထိုအခါ ထိုအလံများကို မြင်လိုက်ရသော သိုင်းသမားတိုင်း ‘ဟာ’ ခနဲ ‘ဟင်’ ခနဲ ဖြစ်ကုန်ကြတော့၏။ အမှန်တကယ်ပင် အလံငါးခု စလုံးမှာ မဟာမိတ်အလံများ မဟုတ်တော့ပေ။ အလံငါးခုစလုံးပေါ်တွင် မြွေ၊ ကင်း အစရှိသည့် အဆိပ်ကောင်ငါးကောင်တို့၏ ရုပ်ပုံများ ရေးထိုးထားသည်ကို တွေ့လိုက်ရတော့၏။
မဟာမိတ်အလံများ မည်သည့်နေရာသို့ ရောက်ရှိသွားလေသနည်း။
လင်ဟို့တို့အားလုံးမှာ ပါးစပ်အဟောင်းသား ဖြစ်နေကြတော့၏။ မည်သည့် စကားမျှ မပြောနိုင်တော့ပေ။ သူတို့ မျက်စိကိုပင် သူတို့ မယုံနိုင်အောင် ဖြစ်နေရပြီ မဟုတ်ပါလား။
လောင်ထိုတို့ အုပ်စုကမူ အော်ဟစ် ချီးကျူးနေကြတော့၏။ သူတို့ကမူ လင်းလင်း မည်ကဲ့သို့ လုပ်လိုက်သည်ကို ကောင်းကောင်းကြီး သိနေကြ၏။ လင်းလင်းက အလံများကို အလွန်လျှင်မြန်စွာ လဲလှယ်လိုက်ခြင်းသာ ဖြစ်တော့သည်။ သူ၏ လဲလှယ်ပုံမှာ မြန်ဆန်လွန်းလှသဖြင့် အခြားသူများက လုံးဝမတွေ့ကြ၊ မမြင်လိုက်ကြချေ။
ထိုစဉ် လင်းလင်းက အော်ဟစ်၍ ခေါ်လိုက်၏။
“လန်ဖုန်းဖုန်း..”
သိုင်းသမားများသည် လှုပ်လှုပ်ရွရွ ဖြစ်သွားကြတော့၏။ အဆိပ်ဒေဝီ လန်ဖုန်းဖုန်းသည် အမှန်တကယ်ပင် ကြောက်ရွံ့စရာကောင်းသော မိန်းကလေး မဟုတ်ပါလား။ ထိုအခါ လူအုပ်ကြီးထဲမှ မိန်းကလေးတစ်ဦး တိုးထွက်လာသည်။ မြောင်လူမျိုးစု၏ ရိုးရာ အဝတ်အစားများကို ဝတ်ဆင်ထားသည်။ သူမက ရယ်ရယ်ပြုံးပြုံးနှင့်...
“ဟုတ်ကဲ့ ... နေမင်းသမီးတော်ကလေး ဘာများ အမှာစကားပါးချင်လို့လဲ”
ထိုမိန်းကလေးမှာ ဒေဝီဂိုဏ်းဟု ခေါ်သော အဆိပ်ဂိုဏ်း၏ ဂိုဏ်းချုပ် လန်ဖုန်းဖုန်းဖြစ်သည်။ လင်းလင်းက ...
“ရှင်တို့ဂိုဏ်းရဲ့ အလံက ဘယ့်နှယ့် ကောင်းဆန်းဂိုဏ်းရဲ့လက်ထဲ ရောက်နေရတာလဲ၊ ရှင်တို့ကများ ပေးထားတာလား”
လန်ဖုန်းဖုန်းက ရယ်ရင်း ...
“ဒါကတော့ ဒီလိုဖြစ်မှာပါ၊ ကောင်းဆန်းဂိုဏ်းကလူတွေက လူကောင်းသူကောင်းတွေမှ မဟုတ်ကြတာ၊ သူတို့ ဂိုဏ်းထဲက လူတချို့ဟာ ကျွန်မတို့ရဲ့ ဂိုဏ်းသူတစ်ချို့နဲ့ တော်တော်ကလေးရင်းနှီးကြပါတယ်။ ဒီတော့ စဉ်းစားစရာ တစ်ချက်ပဲ ရှိတယ်၊ အဲဒီလူတွေတော့ ချော့မော့ မြူဆွယ်ပြီး ကျွန်မတို့ရဲ့ ဂိုဏ်းသူတွေဆီက ဒီအလံတွေ ညာယူသွားတာပဲ ဖြစ်မှာပဲ”
လင်းလင်းကမူ တည်တည်ငြိမ်ငြိမ်ပင် ပြောလိုက်သည်။
“သြော် ... ဒီလိုလား၊ ကျွန်မက တော်တော်လေး စဉ်းစားရခက်နေတာ၊ အခု လန်ဖုန်းဖုန်းပြောတဲ့အတိုင်း အများကြီး ဖြစ်နိုင်ပါတယ်၊ ဒီလိုဆိုတော့လည်း ရှင်တို့ရဲ့ အလံတွေကို ရှင်တို့ပဲ ပြန်ယူသွားလိုက်ပေတော့”
လင်းလင်းသည် ပြောပြောဆိုဆိုဖြင့် အလံများကို လှမ်းပစ်ပေးလိုက်၏။ လန်ဖုန်းဖုန်းသည် ရယ်မောရင်း လှမ်း၍

ဖမ်းယူ လိုက်သည်။ လင်ဟို့က ကြမ်းတမ်းရိုင်းပြစွာ အော်ဟစ် ဆဲဆိုနေတော့သည်။ ဒေါသထွက်လွန်းသဖြင့် တစ်ကိုယ်လုံး တုန်တုန်ယင်ယင်လည်း ဖြစ်နေ၏။

"အရှက်မရှိတဲ့ မိန်းမ၊ မင်းက ငါတို့ကို မျက်လှည့်လာပြတာပေါ့လေ၊ ဘယ်မှလဲ ငါတို့ယူလာတဲ့ မဟာမိတ်အလံတွေ ပြန်ပေးစမ်း၊ ငါတို့ရဲ့ အလံတွေပြန်ပေး"

လင်းလင်း တခစ်ခစ် ရယ်ရင်း ...

"ဘာ ... ရှင်တို့ရဲ့ အလံ ဟုတ်လား၊ ရှင်တို့ရဲ့ အလံကလည်း အဆိပ်ကောင်တွေ ရေးထားလို့ပါလား၊ ရှင်တို့ရဲ့ အလံဆိုရင်လည်း လန်ဖုန်းဖုန်းဆီက ပြန်တောင်းပေါ့လေ"

လင်ဟို့မှာ ရှက်လည်းရှက်၊ ဒေါသလည်း ထွက်လှချေပြီ၊ မည်သို့မျှလည်း မတတ်နိုင်တော့၊ နောက်ဆုံး ဆရာတော်ကြီး ဖန်းတင်းနှင့် ချုံး ရှီးရသေ့ကြီးဘက်သို့လှည့်ကာ အကူအညီတောင်းရတော့၏။

"ဆရာကြီးတို့ ဒီလိုပဲ ကြည့်နေကြတော့မှာလား"

ဆရာတော်ကြီး ဖန်းတင်းမှာ မနေသာတော့သဖြင့် ...

"ဒီကိစ္စက လွယ်လွယ်ကူကူ ပြောချလိုက်လို့ရတဲ့ ကိစ္စမဟုတ်ဘူး၊ ဒီနေ့ ဒီအခမ်းအနား ကျင်းပနေတာက လင့်ဟူချုံး အနေနဲ့ ဟန်ဆန်းဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီးအဖြစ် ဆက်ခံလို့ လုပ်ရတဲ့ပွဲပဲ၊ ဂိုဏ်းချုပ်သစ်ကို မင်္ဂလာစကားပြောကြရအောင် လာကြတာက သိုင်းလောကမှာ ထုံးစံကြီးတစ်ခုဖြစ်နေပြီ၊ အခု လင့်ဟူချုံးအနေနဲ့ သူ့ကို မင်္ဂလာစကား လာပြောကြတဲ့ လူတွေကို လာမပြောကြပါနဲ့လို့ တားမြစ်လို့ကတော့ တော်တော်ကလေး မဖြစ်နိုင်တဲ့ကိစ္စ ဖြစ်နေတယ်၊ ဒါက လူမှုရေးအရ လာကြတာပဲ"

လင်ဟို့က ရုတ်တရက် လူအုပ်ထဲမှ လူတစ်ယောက်ကို လက်ညှိုးထိုးပြလိုက်ကာ ...

"သူလိုလူကလည်း လင့်ဟူချုံး ရဲ့ မိတ်ဆွေပဲလား"

လူအားလုံးသည် လင်ဟို့ လက်ညှိုးညွှန်ပြရာသို့ ဝိုင်းကြည့်မိကြသည်။ အခြားသူ မဟုတ်ပေ။ တစ်ချိန်တစ်ခါက နာမည်ကြီး ဆိုးသွမ်းခဲ့သော ပန်းဘီလူးထင်ပေါ် ဖြစ်နေသတည်း။ လူတိုင်းလိုလို ထင်ပေါ်၏ မကောင်းသတင်းကို ကြားဖူးကြသည်။ သိုင်းသမားမပြောနှင့် သာမန် အရပ်သူ အရပ်သားများပင် ထင်ပေါ်၏ နာမည်သတင်းကို ကောင်းစွာ ကြားဖူးနေကြသည်။

လင်ဟို့က ခက်ထန်စွာဖြင့် ...

"ထင်ပေါ် ... မင်းက ဟန်ဆန်းတောင်ပေါ်ကို ဘာကိစ္စနဲ့ လာရတာလဲ" ဟုမေးလိုက်၏။

ထင်ပေါ်က ...

"ငါ့ဆရာကို ငါလာနှုတ်ဆက်တာပေါ့ကွ"

လင်ဟို့က တအံ့တသြဖြင့် ...

"ဘာ... ဆရာ့ကို လာနှုတ်ဆက်တာ ဟုတ်လား၊ ဘယ်က ဆရာလဲ" ဟုမေးပြန်၏။

ထင်ပေါ်က ...

"ဟုတ်တယ်လေ၊ ဆရာ့ကို လာနှုတ်ဆက်တာ"

ပြောပြောဆိုဆိုနှင့် ထင်ပေါ်သည် ရီလင်ရှေ့သို့ လျှောက်သွားပြီး ဒူးထောက်ကာ ဦးချလိုက်၏။

"ဆရာမ.. ကျွန်တော် လာပြီး နှုတ်ဆက်ပါတယ်"

ရီလင်မှာ မျက်နှာတပြင်လုံး ရဲရဲနီလျက် ရှိတော့၏။ ကိုယ်ကလေးကို ရှောင်ကာ တိမ်းကာဖြင့် ...

"ရှင် .. ရှင် .."

ရီလင်မှာ စကားကို ဆုံးအောင် မပြောနိုင်ရှာဘဲ ထစ်ငေါ့လျက် ထိုစကားနှင့်ပင် အဆုံးသတ်လိုက်ရရှာသည်။ လူအားလုံးကလည်း ထင်ပေါ်ကဲ့သို့ သိုင်းသမားရင့်မာကြီး တစ်ယောက်က ရီလင်လို သိုင်းပညာသက် နုနယ်သေးသော မယ်သီလရှင်ကလေးကို ဦးချကာ ဆရာမဟု ခေါ်လိုက်ခြင်းအတွက် မအံ့သြဘဲ မနေနိုင်ကြချေ။

အမြင်အားဖြင့်လည်း အလွန်တရာ အံ့သြစရာ ကောင်းနေသည် မဟုတ်ပါလား။ ဤလူများအားလုံးတွင် ထင်ပေါ်၏ အပြုအမူအတွက် နားလည်သဘောပေါက်သူဟူ၍ လင့်ဟူချုံး တစ်ယောက်သာရှိသည်။ ထိုစဉ်က အဖြစ်အပျက်၊ အကြောင်းရင်းကို လင့်ဟူချုံးတစ်ယောက်သာ သိရှိထား၍ဖြစ်သည်။

"သာဓု ... သာဓု ... သာဓု"

ရှောင်လင်ကျောင်းထိုင် ဆရာတော်ကြီး ဖန်းတင်း၏ သာဓုခေါ်လိုက်သံပင်တည်း။ ဆရာတော်ကြီး အမြင်သည်

လူတကာအပေါ်၌ သန့်ရှင်းကြင်လင်စွာ မြင်တတ်သည်။ ဆင်းရဲ ဒုက္ခရောက်နေသူများကို မြင်ရသောအခါ သနားကြင်နာတတ်ပြီး ချမ်းသာခြင်း ဘဝသုခရသူများကို မြင်ရသောအခါတွင် ရင်တွင်းမှ လှိုက်လှဲစွာ ဝမ်းမြောက်တတ်သည်။

ထိုစဉ် လင်းလင်းက အော်ပြောလိုက်သည်။

"အားလုံး နားထောင်ကြပါ၊ ကျွန်မ စကားနည်းနည်းလောက်ပြောပါရစေ"

လင်းလင်း၏ ထူးထူးခြားခြား အော်ပြောသံကို ကြားလိုက်ရသောအခါ ကျွတ်စီကျွတ်စီ ဖြစ်နေသော အသံများ လုံးဝတိတ်ဆိတ်သွားတော့၏။ လင်းလင်းက ဆက်၍ ...

"အားလုံးနားထောင်ကြပါ၊ ကျွန်မတို့အားလုံး ဒီကို လိုက်လာကြတာက ဟန်ဆန်းဂိုဏ်းကို ဝင်ဖို့ လာကြတာပါ၊ ဂိုဏ်းချုပ်ကြီး လင့်ဟူချုံးကသာ လက်ခံမယ်ဆိုရင် ကျွန်မတို့အားလုံး ဟန်ဆန်းဂိုဏ်းထဲကို ဝင်ကြပါမယ်။ ကျွန်မတို့အားလုံးသာ ဟန်ဆန်းဂိုဏ်းသားတွေ ဖြစ်သွားပြီဆိုရင် ဟိုလူလိမ်လူညာတွေ ပြောနေသလို ကျွန်မတို့ဟာ လူဆိုးလူမိုက် မကောင်းဆိုးဝါးတွေ မဖြစ်နိုင်တော့ပါဘူးနော်" ဟု ပြောလေတော့၏။

လင့်ဟူချုံးသည် လင်းလင်း၏ ထိုစကားကို ကြားလိုက်ရသောအခါမှ ကောင်းစွာ သဘောပေါက်သွားတော့၏။ ထို့ကြောင့် သူ့စိတ်ထဲ၌ ပြောနေမိသည်။

"သြော်... လက်စသတ်တော့ လင်းလင်းက ငါ့ရာထူးဆက်ခံပွဲမှာ အခက်အခဲ ရှိမယ်ဆိုတာ ကြိုတွက်မိလို့ သူ့လူတွေကို အရင်လွှတ်လိုက်တာကိုး၊ သူက နောက်မှ ဣန္ဒြေရရ လိုက်လာတာဖြစ်မယ်၊ ငါတစ်ယောက်တည်း မိန်းကလေးတွေကြားမှာ နေနေရတော့ အင်မတန် အနေရအထိုင်ရ ခက်နေတာပဲ၊ အခု လင်းလင်းပြောသလိုသာ ဒီလူတွေအားလုံး ဟန်ဆန်းဂိုဏ်းထဲ ဝင်ကြရင် သိပ်ကောင်းသွားမှာပဲ"

သို့နှင့် ရိဟိုအား လင့်ဟူချုံးက မေးလိုက်၏။

"ရိဟို ... ငါတို့ဂိုဏ်းထဲမှာ ယောကျ်ားတွေကို ဂိုဏ်းသားအဖြစ် လက်မခံရဘူးဆိုတဲ့ စည်းကမ်းချက်များ ရှိထားသေးလား"

ရိဟိုက ...

"မရှိပါဘူး၊ ဒါ.. ဒါပေမဲ့"

ဟန်ဆန်းဂိုဏ်းတွင် ယောကျ်ားများကို ဂိုဏ်းသားအဖြစ် လက်မခံရဟူသော စည်းကမ်းချက်မရှိချေ။ သို့သော် ယောကျ်ားဂိုဏ်းသား အမြောက်အမြား ဝင်ရောက်လာမည့် အခြေအနေသစ်ကိုမူ သူ့စိတ်ထဲ၌ လက်မခံနိုင်သလို ဖြစ်နေသဖြင့် ဒါပေမဲ့ ... ဟူသော စကားဖြင့် အဆုံးသတ်သွားရခြင်း ဖြစ်ပေသည်။ လင့်ဟူချုံးကမူ သူလိုချင်သည့် အချက်သိရပြီးသောအခါ ရိဟို၏ နောက်ဆက်တွဲစကားကို ဂရုမစိုက်တော့ချေ။ ထို့ကြောင့် သိုင်းသမားအားလုံးကို ခြုံ၍ ပြောလိုက်တော့၏။

"ဘယ်လိုလဲ.. ခင်ဗျားတို့ ဟန်ဆန်းဂိုဏ်းထဲ ဝင်ချင်ကြတယ်ဆိုတာ ဟုတ်သလား"

"ဟုတ်ပါတယ်.. ဟုတ်ပါတယ်"

"ဝင်ချင်ပါတယ်.. ဝင်မယ်.. ဝင်မယ်"

အောက်လမ်းဂိုဏ်းသား သိုင်းသမားများ၏ အောက်ဟစ်ကြွေးကြော်သံသည် ဟန်ဆန်းတောင်တစ်ခုလုံး သိမ့်သိမ့်တုန်နေတော့၏။

"ကောင်းပြီ ... ခင်ဗျားတို့သာ ကျုပ်တို့ ဟန်ဆန်းဂိုဏ်းထဲ ဝင်မယ်ဆိုရင်တော့ သိုင်းလောကကြီးတစ်ခုလုံးအတွက် အကောင်းဆုံးပဲ၊ ဟန်ဆန်းဂိုဏ်းသားတွေ လိုက်နာရမယ့် စည်းကမ်းချက်တွေကိုတော့ နောက်မှပဲ ရှင်းပြတော့မယ်၊ အခုအချိန်မှာ လောလောဆယ် နေရာချထားဖို့ကိစ္စကို အရင်ဆုံးပြောမယ်၊ ခင်ဗျားတို့အားလုံးဟာ ဟောဒီ ဟန်ဆန်းတောင်ရဲ့ မျက်နှာချင်းဆိုင် တောင်ကုန်းမှာနေကြရမယ်၊ အဲဒီမှာ အဆောင်တွေ ရှိနေတယ်၊ အားလုံးကြားကြတယ် မဟုတ်လား"

"ကြားပါတယ် ဂိုဏ်းချုပ်ကြီး၊ ကြားပါတယ်.. "

ဟန်ဆန်းတောင်ထိပ်နှင့် မျက်နှာချင်းဆိုင်ရှိနေသော တောင်ကုန်းမှာ ဟန်ဆန်းတောင်နှင့် အတော်ပင် ခရီးကွာဝေးသည်။ ခရီးလမ်းလည်း ကြမ်းတမ်း၏။ တောကလည်း ကြီးသည်။ လင့်ဟူချုံးအနေဖြင့် ထိုတောင်ကုန်းထိပ်သို့ တမင်ပို့လိုက်ခြင်းဖြစ်သည်။ ဤသို့ မပို့၍လည်း မဖြစ်ချေ။ ယောကျ်ားဂိုဏ်းသားများနှင့် မယ်သီလရှင်များ၊ မိန်းကလေးများကို အဘယ်မှာလျှင် အတူတကွ ရောနှောထား၍ ဖြစ်ပါမည်နည်း။ ယောကျ်ားနှင့် မိန်းမ ခွဲခြားထားမှသာ ပြဿနာ အရှင်းဆုံးဖြစ်ပေလိမ့်မည်။

ဆရာတော် ဖန်းတင်းသည် လင့်ဟူချုံး၏ အမြော်အမြင်ကြီးသော အစီအစဉ်ကို နားထောင်ပြီး ခေါင်းတဆတ်ဆတ် ညိတ်နေသည်။ ဆရာတော်ကြီးက ...

"ကောင်းတယ် ... လင့်ဟူချုံးရဲ့ အစီအစဉ်တွေ သင့်လျော်ပါတယ်၊ ဒီက မိတ်ဆွေ သိုင်းသမားအားလုံးဟာ ဟန်းဆန်းဂိုဏ်းထဲ ဝင်လိုက်ပြီဆိုတော့ ဟန်ဆန်းဂိုဏ်းရဲ့ ထိန်းကွပ်မှုကို ခံရမယ်၊ စည်းကမ်းရှိရှိ သေသေဝပ်ဝပ်လည်း နေကြပါ၊ ဒါဟာ သိုင်းလောကကြီး တစ်ခုလုံးရဲ့ မင်္ဂလာအရှိဆုံး အဖြစ်အပျက်ကြီးပဲ.. "

လင်ပဟိုတို့မှာ ဒုက္ခဖြစ်သွားကြရတော့သည်။ ယခုကဲ့သို့ ရှောင်လင်ကျောင်းထိုင် ဆရာတော်ကြီး ကိုယ်တိုင်က သဘောတူလိုက်သည်ကို ကြားရသောအခါ လင့်ဟူချုံးကို ဟန်ဆန်းဂိုဏ်းချုပ် မပြုလုပ်ရန် မည်သို့မျှ မတားမြစ်နိုင်တော့ချေ။ ထို့ကြောင့် သူက ကျိုလင်ထန်၏ ဒုတိယအမိန့်ကို ထုတ်ဖော်ကြေညာရတော့၏။

လင်ပဟိုက ချောင်းတစ်ချက် ဟန့်၍ ...

"မဟာမိတ်ခေါင်းဆောင် အမိန့်ရှိလိုက်တယ်၊ သုံးလ ဆယ့်ငါးရက်နေ့မှာ ဂိုဏ်းကြီးငါးဂိုဏ်းက ဂိုဏ်းသူဂိုဏ်းသား တွေအားလုံးကို ကောင်းဆန်းတောင်မှာလာပြီး စုဝေးစေရမယ်၊ အဲဒီနေ့မှာ ဂိုဏ်းကြီးငါးဂိုဏ်းဟာ တစ်ဂိုဏ်းတည်းအဖြစ် ပူးပေါင်းပြီး ဂိုဏ်းချုပ်အသစ်ကို ရွေးကောက်တင်မြှောက်မယ်၊ အဲဒီ စည်းဝေးပွဲကို မပျက်မကွက် လာရောက်စေရမယ်" ဟုပြောလိုက်၏။

လင့်ဟူချုံး ကချက်ခြင်း ပြန်မေးလိုက်၏။

"ဂိုဏ်းကြီးငါးဂိုဏ်းကို ပူးပေါင်းဖို့အကြံက ဘယ်သူ့ အကြံလဲ၊ ဘယ်သူ အကြံပေးတာလဲ"

လင်ပဟိုက ပြန်ဖြေသည်။

"ကောင်းဆန်း၊ ချုံးဆန်း၊ ထိုက်ဆန်းနဲ့ ဝါဆန်းဂိုဏ်း လေးဂိုဏ်းစလုံး သဘောတူပြီးကြပြီ၊ မင်းတို့ ဟန်ဆန်း တစ်ဂိုဏ်းပဲ ကျန်တော့တယ်၊ မင်းတို့ ဟန်ဆန်းဂိုဏ်းက သဘောမတူဘူးဆိုရင်တော့ ငါတို့ မဟာမိတ် အဖွဲ့ချုပ်ကို တော်လှန်ပုန်ကန်တာပဲ၊ ငါတို့ ဂိုဏ်းကြီး လေးဂိုဏ်းကို ဆန့်ကျင်တာပဲ"

စကားဆုံးသောအခါ လင်ပဟိုသည် လှည့်ထွက်ရန် ဟန်ပြင်လိုက်၏။

ဤတွင် လန်ဖုန်းဖုန်း၏ အသံကို ရုတ်တရက် ကြားလိုက်ရ၏။

"ဆရာကြီးလင်ပဟို၊ ရှင်တို့ ဒီအတိုင်းပဲ ပြန်သွားကြတော့မလို့လား၊ ရှင်တို့ ဒီအတိုင်း ပြန်သွားရင်ကော ဖြစ်ပါ့မလား၊ ဘယ်မှာလဲ ရှင်တို့ယူလာတဲ့ အလံတွေ၊ ရှင်တို့ရဲ့ ဂိုဏ်းချုပ်ကြီးကိုရော ဘယ်လိုလုပ်ပြီး အစီရင်ခံမလဲ"

လင်ပဟိုတို့လူသိုက်မှာ လန်ဖုန်းဖုန်း၏ စကားကြောင့် တုံ့ခနဲဖြစ်သွားတော့၏ အနည်းငယ် တွေဝေစဉ်းစားနေမိကြတော့၏။

"ကဲပါရှင်၊ ရှင်တို့အလံတွေကို ကျွန်မကပဲ ပြန်ပေးလိုက်ပါမယ်၊ ကဲ... ရော့..."

ပြောပြောဆိုဆိုဖြင့် သူမ၏လက်ကို တစ်ချက် ဝှေ့ယမ်းလိုက်သောအခါ သူမ၏လက်ထဲမှ အလံတစ်ချောင်း လွင့်ထွက်သွားသည်ကို အားလုံးမြင်လိုက်ကြရ၏။

လင်ပဟိုမှာ အလံများ ပျောက်ဆုံးခဲ့သဖြင့် အကြံအိုက် ခေါင်းခဲနေခဲ့ရ၏။ လန်ဖုန်းဖုန်း ၏စကားကို ကြားလိုက်ရသောအခါ အလွန်တရာ ဝမ်းသာသွားကြ၏။ ဤမျှ လွယ်လွယ်ကူကူ ပြန်ရလိမ့်မည်ဟု မထင်ခဲ့ကြပေ။ ထို့ကြောင့် လန်ဖုန်းဖုန်းက ပစ်ပေးလိုက်သောအခါ ကမန်းကတန်း ဖမ်းယူလိုက်သည်။

သို့သော်....

သူသည် အား ခနဲ တစ်ချက်အော်ရင်း အလံကို ပစ်ချလိုက်တော့၏။

သူ့လက်ဖဝါးမှာ မီးလောင်ခံရသလို နာကျင်ပူစပ်နေသဖြင့် သူ့လက်ဝါးကို သူ ငုံကြည့်မိတော့၏။ သူ၏လက်ဖဝါး မှာ ရဲရဲနီလျက်ရှိနေလေပြီ။

ထိုအခါကျမှ လန်ဖုန်းဖုန်းပစ်လိုက်သော အလံပေါ်တွင် အဆိပ်များ ဖြူးထားမှန်း သိလိုက်ရတော့သည်။ လင်ပဟို၏ ကြောက်စိတ်များသည် ငယ်ထိပ်သို့တက်သွားတော့၏။ ဒေါသလည်းထွက်လာကာ အော်ဆဲမိတော့၏။

"ခွေးမ... ဘယ်လိုလုပ်တာလဲ "

လန်ဖုန်းဖုန်းက ရယ်၍ပြောလိုက်သည်။

"ကျွန်မ ပြောမယ်၊ သေသေချာချာနားထောင်၊ အစ်ကိုကြီး လင့်ဟူချုံးကို 'ဂိုဏ်းချုပ်ကြီး လင့်ဟူချုံး' လို့ခေါ်ပြီး တောင်းပန်လိုက်၊ အသနားခံလိုက်။ အဲဒီလို တောင်းပန် အသနားခံမှသာလျှင် ကျွန်မရဲ့ဖြေဆေးကို ပေးမယ်၊ ဒီလိုမှ မတောင်းပန်ရင်တော့ ကျွန်မဆီက ဖြေဆေးရဖို့ လုံးဝစိတ်မကူးနဲ့။ အဲဒါဆိုရင် ရှင့်လက်ကတော့ အကောင်းပကတိ

ပြန်ဖြစ်တော့မှာ မဟုတ်ဘူး၊ တဖြည်းဖြည်း ရိဆွေးပြီး ပုပ်ကျသွားမှာပဲ"

လင်ဟို့မှာ လွန်စွာ ထိတ်လန့်နေတော့၏။ သူ့အနေဖြင့် ဤဒေဝီဂိုဏ်း ဟုခေါ်သော အဆိပ်ဘုရင်မဂိုဏ်း၏ အစွမ်းကို ကောင်းစွာကြားဖူးထားသည်။ ထိုတဒင်္ဂအတွင်းမှာပင် သူ၏ လက်ဖဝါးတစ်ခုလုံး ထုံကျင်လာတော့သည်။ ထုံကျင်မှုမှတစ်ပါး အခြား ခံစားချက်များ လုံးဝမရှိတော့ပေ။ လန်ဖုန်းဖုန်းမှာ အဆိပ်ဘုရင်မဖြစ်ရာ သူ့စကားအတိုင်း မှန်ပေလိမ့်မည်။

သူ့စိတ်ထဲ၌ ရေရွတ်လိုက်မိ၏။

"ငါ့ရဲ့ ညာလက်က ငါ့ရဲ့အသက်ပဲ၊ ဒီညာလက်နဲ့ ငါ့ရဲ့ အထက်မြက်ဆုံးသိုင်းပညာကို အသုံးချနေရတာ၊ ငါ ဒီလက်သာမရှိရင် ဒုက္ခိတ တစ်ယောက်နဲ့ ဘာမှထူးတော့မှာမဟုတ်ဘူး"

ထို့ကြောင့် ကြောက်အားလန့်အားနှင့် အော်လိုက်မိတော့၏။

"ဂိုဏ်း ... ဂိုဏ်းချုပ်ကြီးလင့်ဟူချုံးခင်ဗျား"

သို့သော် လင်ဟို့၏စကားမှာ ထိုနေရာမှ ရှေ့သို့ မဆက်ချေ။ လန်ဖုန်းဖုန်းက ရယ်၍ဝင်ပြောသည်။

"ဆက်ပြောလေ၊ ရှင်အသနားခံမှ ကျွန်မဆီက ဖြေဆေးရမှာ။ ဖြေဆေးလိုချင်ရင်တော့"

လင်ဟို့က ... "ဂိုဏ်းချုပ်ကြီး လင့်ဟူချုံးခင်ဗျား၊ ကျွန်တော် ပြောမှားဆိုမှားရှိတာတွေကို ခွင့်လွှတ်ပါ၊ ကျွန်တော် တောင်းပန်ပါတယ်၊ အဆိပ်ဖြေဆေးပေးပါ"

လင့်ဟူချုံးမှာ လင်ဟို့၏ အဖြစ်ကိုကြည့်၍ ပြုံးမိသည်။ ပြီးနောက် လန်းဖုန်းဖုန်းဘက်သို့လှည့်၍ ပြောလိုက်သည်။

"လန်းဖုန်းဖုန်း.. သူ့ကို ကြည့်ရတာ သနားပါတယ်၊ ဖြေဆေးပေးလိုက်ပါ။ သူ့ခမျာ အတော် စိတ်ဆင်းရဲနေရှာပါပြီ"

လန်းဖုန်းဖုန်းသည် တခစ်ခစ်ရယ်ရင်း လက်ဖြင့် တစ်ချက်မျှ ဝှေ့ယမ်းလိုက်သည်။ အထုပ်ကလေးတစ်ထုပ် လင်ဟို့၏ရှေ့သို့ ကျသွားသည်။ ထိုအထုပ်ကား လန်ဖုန်းဖုန်း၏ အဆိပ်ဖြေဆေး အထုပ်ကလေးပင်တည်း။

လင့်ဟူချုံးက လှမ်းမေးလိုက်သည်။

"လန်ဖုန်းဖုန်း.. ထပ်ပြီး သူ့ကိုမကျီစယ်ပါနဲ့တော့၊ အခုမင်းပေးလိုက်တာ တကယ့် အဆိပ်ဖြေဆေးပါနော်"

လန်ဖုန်းဖုန်းကရယ်ရင်း ...

"အစ်ကိုကြီးကလည်း ကျွန်မက ဒီလောက် မကျီစယ်တတ်ပါဘူး၊ အခုပေးလိုက်တာက တကယ့်အဆိပ်ဖြေဆေး အစစ်ပါ။ သူက သူ့အပြစ်တွေအတွက် အစ်ကိုကြီးကို တောင်းပန်ပြီးပြီပဲ" ဟုပြောလေ၏။

လင်ဟို့ကမူ သူ့ရှေ့သို့ကျလာသော အထုပ်ကလေးကို ကမန်းကတန်း ကောက်ယူ၍ တောင်အောက်သို့ ဆင်းပြေးလေတော့၏။ သိုင်းသမားများ၏ တဝါးဝါး တဟားဟားရယ်သံကြီးသည် သူ၏နောက်သို့ ပြေးလိုက်လာသကဲ့သို့ ထင်မှတ်ရလေတော့၏။

× × × × ×

# လျှို့ဝှက်တိုင်ပင်ခြင်း

ထို့နောက် လင့်ဟူချုံးက အသံကို မြှင့်တင်ကာ အလေးအနက် ပြောကြားလိုက်၏။

"မိတ်ဆွေတို့ ... ဟန်ဆန်းဂိုဏ်းချုပ် အနေနဲ့ ကျုပ်အလေးအနက် ပြောလိုပါတယ်။ ... ခင်ဗျားတို့တွေဟာ အခုဆိုရင် ဟန်ဆန်းဂိုဏ်းသားတွေ ဖြစ်သွားပြီမို့ ကျုပ်တို့ ဟန်ဆန်းဂိုဏ်းရဲ့ စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာဖို့ ကတိပြုကြရဲ့လား"

"ကတိပြုပါတယ်"

အားလုံးက တညီတညွတ်တည်း သဘောတူ လက်ခံကြ၏။ လင့်ဟူချုံးက ဆက်ပြောသည်။

"ခင်ဗျားတို့ဟာ အခုမှဝင်လာတဲ့ ဂိုဏ်းသားအသစ်တွေ ဖြစ်တဲ့အတွက် ထောက်ထားညှာတာတဲ့အနေနဲ့ အရက်သောက်တာနဲ့ အသားစားတာကို ခွင့်ပြုတယ်။ ဒါပေမယ့် ဒီတောင်ထိပ်မှာတော့ လုံးဝမစားရဘူး။ ဟိုဖက်တောင်ထိပ်မှာပဲ စားရသောက်ရမယ်။ အဲသည်အပြင် ဒီဖက်တောင်ထိပ်ကို မနက်ဖြန်ကစပြီး ဘယ်သူမှ မလာရတော့ဘူး။ ကျုပ်ပြောတာ ရှင်းပါတယ်နော်"

"ရှင်းပါတယ် ဂိုဏ်းချုပ်ကြီး ... ရှင်းပါတယ်"

ထို့နောက် ဧည့်သည်များကို ရှိစုမဲ့စု အကျွေးအမွေးများဖြင့် တည်ခင်းဧည့်ခံလိုက်သည်။ အားလုံး စားသောက်ပြီးစီးသောအခါ ရှောင်လင်ကျောင်းထိုင် ဆရာတော်ကြီးနှင့် ဟူတန်းဂိုဏ်းချုပ်ကြီးတို့က လင့်ဟူချုံး အနားသို့ ရောက်လာကြတော့၏။ သူတို့က လေသံတိုးတိုးဖြင့် ပြောလိုက်ကြသည်မှာ ...

"လင့်ဟူချုံး ... မင်းနဲ့ ဆွေးနွေးစရာ ရှိတယ်"

လင့်ဟူချုံးကလည်း ...

"မှန်လှပါ ... တပည့်တော် လိုက်လာခဲ့ပါ့မယ်" ဟု လျှောက်ထားလိုက်ရင်း စိတ်ထဲမှ တွေးလိုက်၏။

"ငါစောစောက တွေးထင်တာ အမှန်ပဲ။ သိုင်းလောကရဲ့ ဦးသျှောင်ကြီး နှစ်ယောက်ကိုယ်တိုင် ဒီကနေ့ လာတာဟာ အကြောင်းထူးတစ်ခုတော့ ရှိရမယ်လို့ ငါထင်သားပဲ။ ဒီကိစ္စက တော်ရုံတန်ရုံ အရေးကြီးတာတော့ မဖြစ်နိုင်ဘူး။ အလွန့်အလွန် အရေးကြီးတဲ့ ကိစ္စကို ဆွေးနွေးမလို့ပဲ ဖြစ်ရမယ်။ ဘာကိစ္စများ ဖြစ်မလဲမသိဘူး"

လင့်ဟူချုံးက ရိပ်ဟိုနှင့် ရိချင်းကို လှမ်းခေါ်ပြီး ဧည့်သည်များကို ဧည့်ဝတ်ကျေပွန်အောင် ပြုစုရန် အခြေအနေအားလုံးကို ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ရန် မှာကြားလိုက်၏။ ပြီးသောအခါ ဆရာတော်ကြီးနှင့် ရသေ့ကြီးတို့ဖက်သို့လှည့်ကာ ...

"ဆရာတော်ကြီး ဘုရား ... ဒီတောင်ကုန်းရဲ့ အနောက်ဖက်မှာ ကျောက်စိမ်းတောင်ဆိုတာ ရှိပါတယ်။ သိပ်ပြီး မတ်စောက်ပါတယ်။ တောင်ရဲ့တစ်ဖက်က ကြေးမုံချပ်လို ချောမွေ့နေလို့ တက်ရတာ သိပ်ခက်တာကြောင့် လူသူအရောက်အပေါက် အင်မတန်နည်းပါတယ်။ အဲသည်တောင်ကုန်းထိပ်မှာ ဘုရားကျောင်းတစ်ခုလည်း ရှိပါတယ်။ ကျောက်စိမ်းတောင်ရဲ့ ဘုရားကျောင်းဟာဖြင့် ဟန်ဆန်းတောင်တစ်ဝိုက်မှာ အင်မတန်လုပတဲ့ ရှုခင်းတစ်ခုပါပဲ။ ဆရာတော်ကြီးနဲ့ ဆရာကြီးတို့ သွားလိုတဲ့ဆန္ဒရှိရင် ကျွန်တော် လမ်းပြပေးပါ့မယ်"

ဆရာတော်ကြီးနှင့် ရသေ့ကြီးတို့သည် ချက်ချင်း သဘောတူလိုက်၏။ လင့်ဟူချုံး၏ ဆိုလိုချက်ကိုလည်း ကောင်းစွာ သဘောပေါက်ကြသည်။ အရေးကြီးသော ကိစ္စကို တိုင်ပင်လျှင် လူသူရှင်းသည့်အရပ်၌ တိုင်ပင်မှသာ လုံခြုံနိုင်မည်

မဟုတ်ပါလော။

ဤသို့ဖြင့် သူတို့သုံးယောက် ကျောက်စိမ်းတောင်ခြေသို့ ရောက်လာသောအခါ ဦးခေါင်းမော့၍ ကြည့်လိုက်မိကြသည်။ တောင်ထိပ်တွင် တိမ်လွှာလိပ်များသည် ဝါဂွမ်းကြီးများကို ကြိုးဖြင့် ဆိုင်းထားသည့်နှယ် ဖုံးလွှမ်းနေ၏။

သုံးယောက်သား စကားပြောရင်း တက်လာရာ နောက်ဆုံးတွင် တောင်ထိပ်သို့ ရောက်လာတော့၏။ လင့်ဟုချျူး ပြောသော ဘုရားကျောင်းကိုလည်း တွေ့ရ၏။ ဘုရားကျောင်းမှာ တစ်ဆောင်တည်း မဟုတ်။ နှစ်ဆောင် ဖြစ်၏။

တစ်ဆောင်မှာ သူတို့ရောက်နေသည့် တောင်ကုန်းထိပ်တွင် ရှိနေပြီး ကျန်တစ်ဆောင်မှာ ပေငါးဆယ်ခန့်ကွာသော အခြားတောင်ကုန်းထိပ်တွင် ရှိနေသည်။ ဤမှာဘက်တောင်ကုန်းထိပ်နှင့် ဟိုမှာဘက်တောင်ကုန်းထိပ်ကို ကြိုးတံတားဖြင့် ဆက်သွယ်ထား၏။ တံတား၏ အောက်တွင်မူ အဆုံးအစ မမြင်သော အသူတစ်ရာ ချောက်ကြီး ရှိနေသည်။

ယခု သူတို့ရောက်ရှိနေသည့် ဘုရားကျောင်းတွင် အသက်ငါးဆယ်ခန့်ရှိသော မယ်သီလရင်ကြီးတစ်ပါး ရှိနေသည်။ သူမသည် ဘုရားကျောင်းဆောင်၏ သန့်ရှင်းရေးကို တာဝန်ယူရသူဖြစ်သည်။ လင့်ဟုချျူးတို့သုံးယောက်ကို တွေ့သော်လည်း နှုတ်မဆက်ချေ။ သူမဖာသာ တစ်ယောက်တည်း လုပ်စရာ ရှိသည်များကို လုပ်ကိုင်နေ၏။

လင့်ဟုချျူးသည် ဤလများအတွင်း ဟန်ဆန်းတောင်၌ နေရသဖြင့် ကျောက်စိမ်းတောင်ထိပ်သို့လည်း ရိဟိုတို့နှင့် ရောက်ဖူးပြီး ဖြစ်သည်။ ထိုမယ်သီလရင်ကြီးမှာ နားလည်းမကြား၊ စကားလည်း မပြောနိုင်သည့် အခြေအနေကို သိနှင့်ပြီး ဖြစ်သဖြင့် ဆရာတော်ကြီးနှင့် ရသေ့ကြီးတို့အား ရှင်းပြလိုက်သည်။

ပြီးနောက် ကြိုးတံတားပေါ်မှ ဖြတ်သန်းကာ အခြားတစ်ဖက်ရှိ ဘုရားကျောင်းဆီသို့ ဖြတ်လျှောက်လာကြ၏။ ကြိုးတံတားမှာ သုံးပေခန့်သာ ကျယ်ပေသည်။ သာမန်လူများဆိုလျှင် ဤကြိုးတံတားမှ ဖြတ်လျှောက်လာရင်း ဒူးတဆတ်ဆတ် တုန်မည်မှာ မုချဧကန် ဖြစ်တော့၏။

သို့သော် လင့်ဟုချျူးတို့မှာ ထိပ်သီးသိုင်းပညာရှင်များ ဖြစ်သည့်အားလျော်စွာ ခြေလက်များ တုန်လှုပ်ခြင်း လုံးဝ မရှိကြချေ။ သူတို့က ကြိုးတံတားပေါ်တွင် လမ်းလျှောက်နေရခြင်းကိုပင် ပျော်ရွှင် နေကြသေး၏။

အောက်ဖက်မှ အသူတစ်ရာချောက်ကြီးက သေမင်းခံတွင်းသဖွယ် ဖြစ်နေသည်ကို ငုံ့ကြည့်လိုက်။ မြောက်ဖက်သို့ မျှော်ကြည့်လိုက် လုပ်နေကြသည်။ မြောက်ဖက်အဝေးဆီမှ ကွေ့ကောက်တွန့်လိမ်နေသော တောင်ကြီးများ အကြားတွင် ရှည်လျားသော လမ်းမကြီး တစ်ခုကို အပ်ချည်ကြိုးမျှင်လေးပမာ တွေ့မြင်နေရ၏။

ချျူးရှိုးရသေ့ကြီးက ...

"ဒီတောင်ကြားလမ်းကို ဖောက်တဲ့ လူတွေကတော့ တကယ့်ကို ချီးကျူးစရာ ကောင်းပါပေတယ်"

လင့်ဟုချျူးက တအံ့တသြ မေးလိုက်၏။

"ဗျာ ... ဆရာကြီးဆိုလိုတာက အခု ကျွန်တော်တို့မြင်နေရတဲ့ ဟိုးအဝေးကြီးက လမ်းကြီးကို လူတွေ ဖောက်ခဲ့တယ်လို့ ပြောချင်တာလား"

ချျူးရှိုးရသေ့ကြီးက ...

"ဟုတ်တယ်။ လူတွေဖောက်ထားတာပဲ။ သမိုင်းထဲမှာ ရေးထားတော့ အသေအချာ သိရတာပေါ့။ 'ဝေ့ကောက်' ဆိုတဲ့ ဘုရင်ကြီးဟာ အင်မတန် စစ်စိတ်စစ်သွေး ကြီးသတဲ့။ အမြဲတမ်း စစ်တိုက်ဖို့ စဉ်းစားကြံဆနေတတ်သတဲ့။ သူစစ်တိုက်ဖို့ အတွက် စစ်သည်အင်အား ၁၀ သိန်းနဲ့ အခုမြင်နေရတဲ့ လမ်းကြီးကို ဖောက်ခဲ့တယ်လို့ဆိုတယ်"

လင့်ဟုချျူးက ရယ်မောလိုက်ပြီး ...

"သြော် ... ဒါကြောင့်မို့ လူတွေက ဘုရင်လုပ်ချင်ကြတာကိုး။ သူ့ပါးစပ် တစ်ချက် ဟ,လိုက်တာနဲ့၊ ဒီလောက်များတဲ့ စစ်သားတွေက သူ့အတွက် လမ်းဖောက်ပေးရတာပဲ။ လမ်းကလည်း နည်းတာ မဟုတ်ဘူး။ တောင်ကြိုတောင်ကြားထဲမှာ ဘယ်လောက်များ ခက်ခက်ခဲခဲ ဖောက်ရမလဲ မသိဘူး"

ချျူးရှိုးရသေ့ကြီးက သံဝေဂရဟန်ဖြင့် ဖြည်းညင်းစွာ ပြောလိုက်၏။

"အာဏာဆိုတဲ့ ချောက်ကြီးထဲကို ခေတ်အဆက်ဆက်က လူစွမ်းကောင်းတွေ သူရဲကောင်းတွေ ကျခဲ့ကြတာ ဘယ်လောက်များသလဲ၊ ဘုရင်ဖြစ်ဖို့ ဆိုတာတော့ ပြောမနေနဲ့တော့။ ဘာမဟုတ်တဲ့ သိုင်းလောကကိုပဲ ကြည့်စမ်း။ ရှုပ်ထွေးပွေလီ နေတာပဲ။ ဘာကြောင့် အဲသည်လောက် ရှုပ်ထွေးနေတာလဲကို ခြေရာကောက်ကြည့်စမ်း။ အရင်းစစ်တော့ အမြစ်မြေက ဆိုသလို အာဏာကြောင့် ဖြစ်နေတာကို တွေ့ရလိမ့်မယ်"

လင့်ဟုချျူး၏ ရင်ထဲ၌ ထိတ်ကနဲ ဖြစ်သွား၏။ ဆရာကြီး နှစ်ယောက် ဆွေးနွေးလိုသည့် ကိစ္စကိုလည်း ရိပ်မိသလိုလို ဖြစ်လာသည်။ သူက စိတ်ထဲမှ ရေရွတ်လိုက်သည်။

"အင်း ... ဇာတ်လမ်းတော့ စပြီ"

နှုတ်မှမူ လင့်ဟူချုံးက ...

"ဆရာကြီး ပြောတာကို ကျွန်တော် သိပ်သဘောမပေါက်ဘူး။ ဆရာကြီး ဆက်ပြီး ရှင်းပြမှ နားလည်မှာပါ ခင်ဗျ"

ဆရာတော်ကြီး ဖန်းတင်းက ဝင်မေးလိုက်၏။

"လင့်ဟူချုံး ... ငါမေးမယ်။ မင်းစိတ်ထဲမှာ ထင်မြင်တဲ့အတိုင်းသာ ဖြေပါ။ ဒီကနေ့ ကောင်းဆန်းဂိုဏ်းက လင်ဟိုဟာ ဟန်ဆန်းတောင်ကို ဘာအတွက်ကြောင့် ရောက်လာသလဲ"

"ကျိုလင်ထန်ရဲ့ အမိန့်အရ ဟန်ဆန်းဂိုဏ်းချုပ်အဖြစ် တပည့်တော် မဆက်ခံဖြစ်အောင် လာတားမြစ်တာပါ"

"ဟုတ်ပြီ။ ကျိုလင်ထန်က ဘာဖြစ်လို့ မင်းဟန်ဆန်းဂိုဏ်းချုပ် လုပ်တာကို သဘောမတူတာလဲ"

"တပည့်တော်စိတ်ထင်ကတော့ ... ဟုတ်မဟုတ်တော့ မသေချာပါဘူး ... ရှောင်လင် ဘုရားကျောင်းမှာတုန်းက တပည့်တော်က သူ့ကို စော်ကားခဲ့ဖူးတယ်။ နောက်တစ်ခုက သူ့ရဲ့ ဂိုဏ်းကြီးငါးဂိုဏ်း ပူးပေါင်းမယ့် အစီအစဉ်ကို တပည့်တော်က နှောင့်ယှက်ကန့်ကွက်ခဲ့ ဖူးသေးတယ်"

"အေး ... ဟုတ်ပြီ ... သူ့ရဲ့ အစီအစဉ်ကို မင်းက ဘာဖြစ်လို့ သဘောမတူပဲ နှောင့်ယှက်ခဲ့တာလ၊ မင်းစိတ်ထဲက အတိုင်းသာ ပြောပါ။ စဉ်းစားပြီး မဖြေနဲ့"

လင့်ဟူချုံးမှာ ရုတ်တရက် ကြောင်သွားပြီး မည်ကဲ့သို့ ဖြေရမည်ကို မသိနိုင်အောင် ဖြစ်သွား၏။ ဆရာတော်ကြီးက လင့်ဟူချုံး၏ အခက်အခဲကို သဘောပေါက်စွာဖြင့် သူကသာ ဦးဆောင်ပြီး မေးမြန်းတော့သည်။

"ကောင်းပြီ။ ဒါဆိုရင် ငါပဲမေးမယ်။ ဂိုဏ်းကြီးငါးဂိုဏ်း ပူးပေါင်းပြီး တစ်ဂိုဏ်းထဲ ဖြစ်သွားမယ့်ကိစ္စကို မင်းက မကောင်းဘူး၊ မသင့်တော်ဘူး၊ မလုပ်သင့်ဘူးလို့ ထင်တယ်ပေါ့။ ဟုတ်လား"

"ဟင့်အင်း ... တပည့်တော်က ဂိုဏ်းကြီးငါးဂိုဏ်း ပူးပေါင်းတဲ့ကိစ္စကို ကောင်းတယ်၊ မကောင်းဘူးလို့ မဝေဖန်လိုပါဘူးဘုရား။ ဒါပေမယ့် ကောင်းဆန်းဂိုဏ်းရဲ့ လုပ်ပုံကိုင်ပုံက မှားနေတယ်။ ဟန်ဆန်းဂိုဏ်းကို တရားဝင် ဆက်သွယ်ပြီး သဘောတူညီချက် တောင်းရမယ့်အစား အကျပ်ကိုင်ချင်တယ်။ အဲဒါဟာ လူဆိုးလူသွမ်းတွေရဲ့ လုပ်ရပ်ပါပဲ၊ ဆရာမကြီး သုံးပါးထဲက တစ်ပါးက ကွယ်လွန်သွားပြီး နှစ်ပါးက အပြင်းအထန် ဒါဏ်ရာရသွားတယ်"

ပြောရင်းမှ စိတ်ပါလာသဖြင့် လင့်ဟူချုံးက တက်တက်ကြွကြွ ဖြစ်လာသည်။

"သူတို့အကျပ်ကိုင်တာက လုံးဝရိုးသားမှု မရှိဘူး။ မကောင်းဆိုးဝါး ဂိုဏ်းသားတွေလို ဟန်ဆောင်ပြီး ဟန်ဆန်းဂိုဏ်းသားတွေကို ဖမ်းတယ်။ ဒါတင်မက နဂါးတောင်ကြားမှာ ချောင်ပိတ်ပြီး မီးတိုက်တယ်။ ... ဘယ်လောက် ယုတ်ညံ့တဲ့ နည်းမျိုးလဲ"

ချုံ့ရှိုးရသေ့ကြီးက ထောက်ပေးလိုက်၏။

"ဟုတ်တယ်။ တော်တော် ယုတ်ညံ့တာပဲ။ ဆက်ပြောပါဦး"

"ဒါတွေအားလုံးကို ကျွန်တော်က တိုက်တိုက်ဆိုင်ဆိုင် သွားတွေ့တယ်။ အဲသည်လို လုပ်တာကို ကျွန်တော်က လက်ပိုက် ကြည့်မနေနိုင်ဘူး။ ဒါကြောင့် ဟန်ဆန်းဂိုဏ်းဖက်က ရပ်တည်ပြီး သူတို့ကို တွယ်လိုက်တာပဲ။ ဂိုဏ်းကြီးငါးဂိုဏ်း ပူးပေါင်းတဲ့ကိစ္စဟာ ကောင်းမြတ်တဲ့ကိစ္စ။ သဘောရိုးနဲ့လုပ်တဲ့ ကိစ္စသာမှန်ရင် သူတို့ကောင်းဆန်းဂိုဏ်းက ဘာဖြစ်လို့ အခုလို ပုန်းလျှိုးကွယ်လျှိုး လုပ်စရာလိုသလဲ၊ ကျန်တဲ့ ဂိုဏ်းကြီးလေးဂိုဏ်းရဲ့ ခေါင်းဆောင်တွေနဲ့ အတိအလင်း ဆွေးနွေးပေါ့။ သဘောတူညီချက် ယူပေါ့။ အခုလို ခိုးကြောင်ခိုးဝှက်နဲ့ သူရဲဘောကြောင်တဲ့ အလုပ်တွေကို ကျွန်တော် လက်မခံနိုင်ဘူး။ ဒါကြောင့်မို့ ဂိုဏ်းကြီးငါးဂိုဏ်း ပူးပေါင်းတဲ့ ကိစ္စကိုပါ ကျွန်တော် သဘောမတူဘူး။"

ချုံးရှိုးရသေ့ကြီးက ခေါင်းညိတ်လိုက်ပြီး ... "ဟုတ်တယ်။ မင်းရဲ့ ယူဆချက်က သိပ်မဆိုးဘူး။ ကျိုလင်ထန်ရဲ့ စိတ်သဘောက အတော်ကလေး ကောက်ကျစ်တယ်။ လူကလည်း အာဏာရူး ရူးနေတာပဲ။ သူက သိုင်းလောကရဲ့ ဧကရာဇ်ကြီး လုပ်ချင်နေတဲ့လူ။ လူတွေက သူ့လိုဘကို မလိုက်လျောဘူးဆိုတာလဲ သိနေတယ်။ အဲသည်တော့ အကောက် ဉာဏ် သုံးတော့တာပေါ့"

ဆရာတော်ကြီး ဖန်းတင်းက သက်ပြင်းရှည်ကြီး ချလိုက်ကာ ...

"ကျိုလင်ထန်ရဲ့ သိုင်းပညာနဲ့ ဉာဏ်ပညာ အရည်အချင်းတွေပေါင်းလိုက်ရင် တကယ့်ကို လူချွန်တစ်ယောက်ပဲဆိုတာ ငြင်းလို့မရပါဘူး။ ဂိုဏ်းကြီးငါးဂိုဏ်းထဲမှာ သူ့ထက်ထူးချွန်တဲ့လူ မရှိဘူး။ ဟိုနေ့က မကောင်းဆိုးဝါး ဂိုဏ်းချုပ်ကြီးကိုယ်တိုင် သူ့ကို ချီးကျူးသွားတာပဲ။ ဒါပေမယ့် သူက အကြံ သိပ်ကြီးသွားတယ် ..."

ဆရာတော်ကြီးသည် စကားကို ခေတ္တမျှ ရပ်တန့်လိုက်၏။ သူ့အသွင်မှာ ကျိုလင်ထန် ရှိရာသို့ မျှော်ကြည့်နေ

သယောင်ပင်။

"အကြံကတော့ နည်းနည်းနောနော မဟုတ်ဘူး။ ရှောင်လင်နဲ့ ဟူတန်းရဲ့ ထိပ်ကိုတက်ဖို့ ကြံနေတာပဲ။ နည်းမှန် လမ်းမှန်နဲ့ တက်လို့ကတော့ ငါတို့ခေါင်းပေါ်မကလို့ မိုးပေါ်ပဲရောက်ရောက် ငါတို့အနေနဲ့ ဘာမှ ပြောစရာမရှိဘူး။ အခုတော့သူက ကောက်ကျစ်ယုတ်မာတဲ့ နည်းတွေ သုံးပြီးတော့ သိုင်းလောကရဲ့ ဥသျှောင်လုပ်ဖို့ ကြိုးစားနေတာကို ငါတို့က ထိုင်ကြည့်နေလို့ မဖြစ်တော့ဘူး"

ချုံးရှိုးရသေ့ကြီးကလည်း … "ရှောင်လင်ကျောင်းဟာ သိုင်းလောကကို ဦးဆောင်ခဲ့တာ နှစ်ပေါင်း ရာချီရှိခဲ့ပြီ။ ရှောင်လင်ကျောင်းကို သိုင်းလောကရဲ့ ဥသျှောင်၊ သိုင်းလောကရဲ့ ကြယ်တံခွန် စသဖြင့် နာမည်တွေရတာဟာ လူတွေက ပေးထားတာပါ။ အဲသည်လို လူတိုင်းရဲ့ အသည်းနှလုံးထဲက လက်ခံလာအောင် အနှစ် ၃၀၊ ၄၀၊ … အနှစ် ၁၀၀ ကြိုးစားလို့ မရနိုင်ပေဘူး"

လင့်ဟူချုံးက … "ဒီလူက တကယ့်ကို အကြံကြီးတာပဲနော်"

ချုံးရှိုးရသေ့ကြီးက … "အကြံကြီးတာကတော့ မင်းမြင်တဲ့ ကြားတဲ့အတိုင်းပါပဲ။ လင့်ဟူချုံး … ငါ့စကား မဆုံးသေးဘူး။ ဆက်ပြောရဦးမယ်။ ရှောင်လင်ပြီးရင် ဟူတန်းဆိုပြီးရှိတယ်။ ဟူတန်း နောက်မှာလဲ ခွန်းလွန်၊ ဝါမေ၊ ခုံးတုံဆိုပြီး အစဉ်လိုက်ရှိသေးတယ်၊ အဲသည်ဂိုဏ်းတွေဟာ မင်းတို့ တောင်ကြီးငါးလုံး၊ ဂိုဏ်းငါးဂိုဏ်းထက် သံမဏိသက် ရှည်ကြာခဲ့တဲ့ ဂိုဏ်းကြီးတွေပဲ။ အခုလို ဂိုဏ်းကြီးတစ်ဂိုဏ်း နာမည်ကြီးအောင် တည်ထောင်နိုင်ဖို့ဆိုတာ လွယ်တယ်မှတ်သလား"

ချုံးရှိုးရသေ့ကြီးက ပြောနေရင်းမှ လင့်ဟူချုံးအား လှမ်းမေးလိုက်သည်။ လင့်ဟူချုံးက ငြိမ်သက်၍သာ နားထောင်နေလိုက်၏။

"ဂိုဏ်းတစ်ဂိုဏ်း နာမည်ထွက်လာဖို့ဆိုတာ မလွယ်တဲ့ကိစ္စမှ တကယ့်ကို မလွယ်တာ။ အဲသည်ဂိုဏ်းထဲက လူစွမ်းကောင်းတွေရဲ့ သွေးနဲ့ ချွေးနဲ့ ရင်းနှီးပြီးမှ ဂိုဏ်းတစ်ဂိုဏ်းရယ်လို့ နာမည်ရတာ။ သူတို့ရဲ့ သိုင်းပညာတွေကိုလည်း တစ်ကွက်ချင်း၊ တစ်ကွက်ချင်း အကြိမ်ကြိမ် အဖန်ဖန် လေ့ကျင့်တီထွင်ထားခဲ့ရတာ။ ဒါတွေဟာ တစ်နေ့၊ တစ်လ၊ တစ်နှစ်၊ ဆယ်နှစ်နဲ့ ဖြစ်လာနိုင်တဲ့ ကိစ္စတွေမဟုတ်ဘူး … လင့်ဟူချုံး … ဂိုဏ်းကြီးငါးဂိုဏ်း နာမည်ကြီးလာတာ နှစ်ပေါင်း ဘယ်လောက် ရှိပြီလဲ"

လင့်ဟူချုံးက ခေါင်းခါပြလိုက်၏။ အသေအချာ မသိပါဆိုသော သဘောပင်။

ချုံးရှိုးရသေ့ကြီးက … "ဂိုဏ်းကြီးငါးဂိုဏ်း နာမည်ရလာတာ အလွန်ဆုံးရှိလှ နှစ်ပေါင်း ၇၀ ပေါ့။ နာမည်ကြီးတာ မြန်တာကို ငါဝန်ခံတယ်။ ဒါပေမယ့် အခြေခံအုတ်မြစ်ကတော့ ခွန်းလွန်တို့၊ ဝါမေတို့လောက် မခိုင်သေးဘူး။ ရှောင်လင်နဲ့ ဟူတန်းကို ယှဉ်ဖို့ကတော့ ပြောမနေနဲ့တော့"

ချုံးရှိုးရသေ့ကြီး၏ အစီအစဉ်တကျ ရှင်းပြချက်ကို လင့်ဟူချုံးက ခေါင်းညိတ် သဘောတူလိုက်၏။

ချုံးရှိုးရသေ့ကြီးက ဆက်ပြီး …

"ဂိုဏ်းတစ်ဂိုဏ်းမှာ တစ်ခါတစ်ရံတော့ သိပ်ပြီးထူးချွန် ပြောင်မြောက်တဲ့ သိုင်းသမား တစ်ယောက်စ နှစ်ယောက်စတော့ ပေါ်လာတတ်တယ်။ အဲသည်သိုင်းသမားဟာ သိုင်းလောကရဲ့ ပထမ၊ သိုင်းလောကရဲ့ ထိပ်သီးဘဝကို ရချင်ရင် ရမယ်။ ဒါပေမယ့် သူတစ်ယောက်တည်းကနေ တစ်ဦးတည်းသောအာဏာနဲ့ သိုင်းလောက တစ်ခုလုံးကို အုပ်စိုးဖို့ကတော့ မဖြစ်နိုင်ခဲ့ဘူး …"

ချုံးရှိုးရသေ့ကြီး၏ လေသံက ပို၍ လေးနက်လာသည်။

"… ကျိုလင်ထန်က ဂိုဏ်းကြီးငါးဂိုဏ်း မဟာမိတ် အဖွဲ့ချုပ်ရဲ့ ခေါင်းဆောင် ဖြစ်လာကတည်းက ဆရာတော်ကြီး ဖန်းတင်းဟာ သိုင်းလောကရဲ့ အနာဂတ်အရေးအတွက် သိပ်ပြီးရင်လေးသွားခဲ့တယ်။ … ကျိုလင်ထန်ကြောင့် သိုင်းလောကမှာ ရှုပ်ထွေးတဲ့ အရေးအခင်းတွေ ဖြစ်လာတော့မယ်ဆိုတာ ဆရာတော်ကြီးက တင်ကြိုတွက်ချက်နိုင်ခဲ့တယ်"

ရသေ့ကြီး၏ စကားများကို နားထောင်ပြီး ဆရာတော်ကြီး ဖန်းတင်းအား လင့်ဟူချုံးက ပို၍ လေးစားကြည်ညို သွားမိ၏။ ဆရာတော်ကြီး၏ အမြင်သည် သန့်ရှင်းကြည်လင်သလောက် ဖြစ်ပွားလာမည့် ကောင်းကျိုးဆိုးပြစ်များကို လည်း တင်ကြိုသိမြင် နိုင်ခဲ့ပေသည်တကား။

ချုံးရှိုးရသေ့ကြီးက ဆက်၍ … "အခုကျိုလင်ထန်ရဲ့ လုပ်ပုံတွေကို ကြည့်စမ်း။ ဆရာတော်ကြီးရဲ့ ထင်မြင်ချက်တွေ၊ ယူဆချက်တွေ မှန်နေပြီဆိုတာကို ထောက်ခံနေတာပဲ။ ဒါကြောင့်မို့ 'ပညာရှိတို့တွေးကြည့်က လူမိုက်များ ပြေးကြည့်တာ ထက်မှန်တယ်' လို့ ဆိုရိုးရှိတာပဲ"

ဤသို့နေရာတွင် ဆရာတော်ကြီး ဖန်းတင်းက သက်ပြင်းရှည်ကြီး ချလိုက်၏။ စကားတော့ ဝင်မပြောချေ။

ချုံးရှိုးရသေ့ကြီးကသာ ဆက်ပြီး ရှင်းပြလိုက်၏။

"ကျိုလင်ထန်ဟာ အင်မတန် ဉာဏ်ကောင်းတဲ့လူ။ ဉာဏ်ကောင်းတဲ့လူများ ဖောက်ပြန်ရင် လောကကြီးကို ကောင်းကောင်း ဒုက္ခပေးတော့တာပဲ။ မဟာမိတ်အဖွဲ့ချုပ်ရဲ့ ခေါင်းဆောင်ဖြစ်ဖို့က သူ့ရဲ့ ပထမခြေလှမ်းပဲ ..."

"... ဒုတိယ ခြေလှမ်းကိုလည်း ပထမ ခြေလှမ်း မလှမ်းခင်ကတည်းက ကြိုတင်ကြံစည်ထားတယ်။ အဲဒါကတော့ ဂိုဏ်းကြီးငါးဂိုဏ်းကို ပေါင်းစည်းလိုက်ပြီးရင် သူက ဂိုဏ်းချုပ်ကြီးလုပ်မယ်။ ဂိုဏ်းကြီးငါးဂိုဏ်း ပေါင်းလိုက်တော့ အင်အားက သိပ်ကောင်းသွားတာပေါ့"

ချုံးရှိုးရသေ့ကြီးက ရှည်လျားစွာ ပြောနေသောစကားကို ခေတ္တရပ်ကာ နားထောင်နေသူ လင့်ဟူချုံးအား အကဲခတ်လိုက်၏။ လင့်ဟူချုံးက စိတ်ပါဝင်စားစွာ နားထောင်နေသည်ကို တွေ့ရသဖြင့် ဆက်၍ ရှင်းပြလိုက်သည်။

"အင်အားကောင်းလာရင် ရှောင်လင်နဲ့ ဟူတန်းကို ပခုံးချင်း ယှဉ်လာနိုင်မယ် မဟုတ်လား။ အဲဒါဆိုရင် သုံးပွင့်ဆိုင် ရပ်တည်နိုင်တဲ့ အနေအထားကို ရောက်လာပြီ။ အဲဒီအခါကျရင် သူက တတိယခြေလှမ်း လှမ်းလိမ့်မယ်။ သူ့ရဲ့ တတိယ ခြေလှမ်းက ဘာလို့ထင်သလဲ ..."

"ခွန်းလွန်၊ ဝါမေ၊ ခုံးတုံဂိုဏ်းတွေကို တစ်ခုချင်း ဝါးမျိုမှာပေါ့။ ဘယ်လောက် ကြောက်စရာ ကောင်းတဲ့ အကြံလဲ။ ဒါက ခြေလှမ်းကုန် မဟုတ်သေးဘူး။ စတုတ္ထခြေလှမ်း ကျန်သေးတယ်"

လင့်ဟူချုံးက တအံ့တသြဖြင့် ... "ဘုရားရေ ... ကျိုလင်ထန်က ဘယ်လိုလူလဲ"

"သူ့ရဲ့စတုတ္ထခြေလှမ်းကတော့ အထက်လမ်းဂိုဏ်းသားတွေက မကောင်းဆိုးဝါးဂိုဏ်းလို့ ခေါ်ကြတဲ့ နေမင်းသခင်ဂိုဏ်းကို ဖြိုဖျက်ဖို့ပဲ။ အဲသည်အချိန်မှာ ရှောင်လင်နဲ့ ဟူတန်းကိုပါ သူ့ဖက်ပါအောင် နည်းအမျိုးမျိုးနဲ့ ဆွဲဆောင်မှာ သေချာတယ်။"

လင့်ဟူချုံး၏ ရင်ထဲတွင် အေးစိမ့်လာ၏။ ကျိုလင်ထန်၏ ရည်မှန်းချက်ကိုလည်း မခန့်မှန်းတတ်အောင် ဖြစ်လာသဖြင့် ပြန်မေးလိုက်မိသည်။

"တော်တော့်ကို မလွယ်တဲ့ ကိစ္စတွေပါလား။ ဒီလောက် ကြီးကြီးကျယ်ကျယ် အလုပ်ကြီးကို ဘာဖြစ်လို့ အပင်ပန်းခံပြီး ကြံစည်နေတာလဲ"

ဆရာတော်ကြီး ဖန်းတင်းက ပြောလိုက်၏။

"ဒါတွေဟာ လောဘရမက် ကြောင့်ပဲပေါ့ကွာ'

ချုံးရှိုးရသေ့ကြီးက ဆက်ပြောလိုက်သည်။

"သိုင်းလောကကြီးကို ချုပ်ကိုင်ဖို့၊ သိုင်းလောကရဲ့ တစ်ဦးတည်းသော ဧကရာဇ်ကြီး ဖြစ်ဖို့ပေါ့ကွာ။ အဲသည်လို ဖြစ်သွားပြီးရင် သူဘာလုပ်မယ် ထင်သလဲ။ သူ့လိုဘတွေ ပြည့်သွားမယ် ထင်သလား။ မထင်နဲ့ လင့်ဟူချုံး ... သူက မသေဆေးကို ရှာဦးမှာ။ လူတွေရဲ့ လောဘစိတ်ဟာ ဘယ်တော့မှ ချုပ်ငြိမ်းတယ်ရယ်လို့ မရှိဘူး"

လင့်ဟူချုံးမှာ ကြက်သီးတဖြန်းဖြန်း ထသွားပြီး သံဝေဂရစွာဖြင့် ပြောလိုက်မိ၏။

"ဘုရား ... ဘုရား ... လူတစ်ယောက်ရဲ့ သက်တမ်းက အနှစ် ၁၀၀ မကျော်ပါဘူး။ ဒါတွေက ဘယ်လောက်များ တန်ဖိုးရှိနေလို့လဲ။ ဘာဖြစ်လို့ ဒီလောက် ကြီးလေးပင်ပန်းတဲ့ အလုပ်ကြီးကို အပင်ပန်းခံပြီးလုပ်ဖို့ ကျိုလင်ထန်က ကြံနေတာလဲ။ သူ့အနေနဲ့ ဂိုဏ်းကြီးငါးဂိုဏ်း၊ နေမင်းသခင်ဂိုဏ်း၊ ရှောင်လင်နဲ့ ဟူတန်းဂိုဏ်းတွေကို ဝါးမျိုဖို့ လူတွေ ဘယ်လောက်များများ သွေးချောင်းစီးကုန်မလဲ"

ချုံးရှိုးရသေ့ကြီးက လက်ခုပ်တစ်ချက် တီးလိုက်ကာ ...

"ငါတို့ပြောနေတာ အဲဒါပဲ။ အခုငါတို့သုံးယောက်ဆီမှာ ပိနေတဲ့ တာဝန်ကြီးဟာ ဘယ်လောက် ကြီးမားတယ် မှတ်သလဲ၊ ဒီတာဝန်ကြီးကို ပေါ့ပေါ့တွေးလို့ မရဘူး။ ကျိုလင်ထန်ရဲ့ အကြံအစည်ကို ဖျက်ဆီးရမယ်။ သိုင်းလောက တစ်ခုလုံး သွေးချောင်းစီးစေမယ့် အဖြစ်ဆိုးကြီးကို ကြိုတင်တားဆီးရမယ်"

ချုံးရှိုးရသေ့ကြီး၏ စကားကို ကြားလိုက်ရသောအခါ ဆရာကြီးနှစ်ပါး၏ အဓိကရည်ရွယ်ချက်ကို လင့်ဟူချုံး သိသွားတော့၏။ သူက ရိုသေစွာ ပြောလိုက်သည်။

ချုံးရှိုးရသေ့ကြီးက ... "ဟိုနေ့တုန်းက သိုင်းသမားတွေကို ဦးဆောင်ပြီး ရှောင်လင်ကျောင်းထဲကို မင်းတို့ဝင်ခဲ့တဲ့ ကိစ္စမှာ ဆရာတော်ကြီး ဖန်းတင်းက မင်းကို သိပ်ကျေးဇူးတင်နေတာ။ ဒီလောက် လူအများကြီးကို ထိန်းသိမ်းနိုင်ဖို့ဆိုတာ လွယ်တဲ့ကိစ္စမဟုတ်ဘူး။ တစ်ယောက်တစ်လက် ဖျက်ဆီးသွားရင် ကျောင်းကြီးတစ်ခုလုံး ရစရာမရှိအောင် ပျက်စီးသွားမှာပဲ။ အခုတော့ ဘုရားကျောင်း တစ်ခုလုံးမှာ ပျက်စီးတာ တစ်ခုမှမရှိခဲ့ဘူး။ ဒါကြောင့် ဆရာတော်ကြီးက မင်းကို

လိုက်လိုက်လဲလဲ ကျေးဇူးတင်နေတယ်”

“ကျွန်တော့်ကို ကျေးဇူးတင်ဖို့မလိုပါဘူး။ ကျွန်တော်ကသာ ဆရာတော်ကြီးကို တောင်းပန်ရမှာပါ။ စိတ်လိုက်မာန်ပါ လုပ်ခဲ့မိတဲ့အတွက် စိတ်မကောင်း ဖြစ်ရပါတယ်”

ချုံးရှိုးရသေ့ကြီးက … “မင်းတို့ထွက်သွားပြီးတော့ … ကျိုလင်ထန်လဲ ပြန်သွားပြီးတော့ပေါ့လေ။ ငါကတော့ ရှောင်လင်ကျောင်းမှာ တမင်ချန်နေရစ်ခဲ့တယ်။ ကျိုလင်ထန်ရဲ့ ခြေလှမ်းတွေ မှုမမှန်တော့ဘူးဆိုတာ သိလိုက်ရလို့ပဲ။ ငါ ချန်နေရစ်တော့မှ ဆရာတော်ကြီးနဲ့ အေးအေးဆေးဆေး တိုင်ပင်ဆွေးနွေးလို့ ရမှာ မဟုတ်လား”

“ဩော် … ဆရာကြီးနဲ့ ဆရာတော်ကြီးတို့ တိုင်ပင်ဆွေးနွေးပြီးမှ အခုလို တားဆီးမယ့်အကြံ ပေါ်လာကြတာပေါ့”

“ဟုတ်တယ်။ ရှောင်လင်ကျောင်းထဲမှာ ငါနဲ့ ဆရာတော်ကြီးတွေနဲ့ ခုနစ်ရက်တိတိ တိုင်ပင်ညှိနှိုင်းပြီးတော့မှ ဒီအကြံကို ရလာတာပဲ။ အဆင်ပြေချင်တော့ မင်းက ဟန်ဆန်းဂိုဏ်းချုပ်အဖြစ် ဆက်ခံမယ်ဆိုတဲ့သတင်းကို ကြားရတယ်။ ဒါနဲ့ပဲ တစ်ချက်ခုတ်၊ နှစ်ချက်ပြတ် ဆိုသလို မင်းဆီကို လာခဲ့ကြတာပဲ။ မင်းကိုလဲ မင်္ဂလာစကားပြောရင်း၊ ကျိုလင်ထန်ရဲ့ ခြေလှမ်းကိုလည်း ကြည့်ရင်းဆိုပါတော့”

“ဆရာတော်ကြီးနဲ့ ဆရာကြီးဟာ သိုင်းလောကမှာ အတုမရှိတဲ့ မဟာပုဂ္ဂိုလ်ကြီးနှစ်ယောက်ပါ။ လက်ရုံးရည်ရော၊ နှလုံးရည်ပါ အလွန်ပြည့်ဝကြတာမို့ ကျွန်တော့်ရဲ့ ရင်ထဲ အသည်းထဲကနေ လေးစားကြည်ညိုမဆုံးပါပဲ။ ဒီလောက်တောင် ကြီးကျယ်တဲ့ ပုဂ္ဂိုလ်ကြီးတွေက ကျွန်တော့်ကို အလေးထားကြတယ်ဆိုတာ သိရတော့ ကျွန်တော် ဝမ်းသာမဆုံးပါဘူး”

ချုံးရှိုးရသေ့ကြီးက … “ဒီကနေ့တော့ ကျိုလင်ထန်က သူ့ရဲ့ခြေလှမ်းကို အထင်အရှား လှမ်းလိုက်တာပဲ၊ မင်းရဲ့ ဂိုဏ်းချုပ်ဆက်ခံပွဲမှာ လင်ဟို့ပြောသွားတဲ့ စကားတွေဟာ သူ့ရဲ့ ခြေလှမ်းတွေပဲ။ ဂိုဏ်းကြီးငါးဂိုဏ်းကို ကောင်းဆန်း တောင်မှာ စုဝေးမယ်။ ပြီးရင် တစ်ဂိုဏ်းတည်း ဖြစ်သွားအောင် ပေါင်းစည်းမယ်။ တောင်ငါးလုံးဂိုဏ်းသစ်ကြီး တည် ထောင်မယ်။ နောက်ပြီးရင် ဂိုဏ်းချုပ်ကြီးတစ်ယောက် ရွေးကောက်မယ်တဲ့”

ရသေ့ကြီးက ပြောနေရင်းမှ အဝေးသို့ မျှော်ကြည့်ပြန်သည်။

“အဲဒီအစီအစဉ်တွေ ဖြစ်လာနိုင်တယ်ဆိုတာကို ငါတို့ မျှော်လင့်ပြီးသားပါ။ ဒါပေမယ့် မင်းရဲ့ရာထူးဆက်ခံပွဲမှာ အဲဒါကို ကြားလိုက်ရတော့ ငါတို့ အံ့အားသင့်သွားတယ်။ သူ့အနေနဲ့ ဒီလောက်မြန်မြန်၊ အလောတကြီး လုပ်မယ်လို့ ငါတို့ ထင်မထားခဲ့ဘူး။ အခုကြားလိုက်ရတဲ့ အစီအစဉ်အတိုင်းဆိုရင်တော့ ဂိုဏ်းကြီးငါးဂိုဏ်းကို ပေါင်းစည်းဖို့ကိစ္စမှာ သူ့အနေနဲ့ သူ့စိတ်ကြိုက် ပိုင်ပိုင်နိုင်နိုင် ဖြစ်နေပြီဆိုတဲ့ သဘောတွေ တွေ့ရတယ်”

“ဟုတ်တယ်။ ကျွန်တော်လဲအံ့ဩတယ်။ ကျန်တဲ့ လေးဂိုဏ်းစလုံးက သဘောတူတယ်ဆိုတာ အံ့ဩစရာ မကောင်း ဘူးလား”

“ဟာ … သိပ်အံ့ဩစရာ ကောင်းတာပေါ့။ ငါတို့တွက်ထားပုံကို ပြောပြရဦးမယ်။ ချုံးဆန်းဂိုဏ်းချုပ် ဆရာကြီး မော်တားရဲ့ စိတ်သဘောထားက သာမာန်လူတွေနဲ့ မတူဘူး။ သိပ်ပြီး ထူးခြားဆန်းကြယ်တယ်။ သူက သူတစ်ပါးအပေါ် မတရားတာ မလုပ်တတ်သလို သူ့အပေါ် မတရားလုပ်တယ်လို့ ထင်ရင်လည်း ငြိမ်ခံနေမယ့် လူမျိုးမဟုတ်ဘူး”

“ဟုတ်တယ် … ဆရာကြီး မော်တားရဲ့ စိတ်သဘောထားကို ကျွန်တော်ကောင်းကောင်းသိတယ်။ ကျွန်တော့်ကိုလည်း ခင်တယ်”

“ထိုက်ဆန်းဂိုဏ်းချုပ်ကြီး ထင်းမင်ကတော့ အင်မတန်စိတ်ကြီးတယ်။ သူကလည်း သူ့ကိုကြောလာရင် ခံမှာမဟုတ် ဘူး။ မင်းရဲ့ဆရာ ရက်ပုချွန်ကလည်း အပြင်ပန်းက ပျော့သယောင် ထင်ရပေမယ့်။ အတွင်းစိတ်သဘောကတော့ မာကြော တယ်။ သူကလည်း ဝါဆန်းဂိုဏ်းကို ဆက်ပြီး ထိန်းသိမ်းထားချင်တဲ့ ဆန္ဒရှိပုံပဲ။ သူကလည်း သဘောတူမှာ မဟုတ်ဘူး”

“အေး … ငါတို့လည်း အဲသည်အတိုင်း မျှော်လင့်ထားတာပဲ။ ငါတို့ မျှော်လင့်မထားတာက ဟန်ဆန်းဂိုဏ်းရဲ့ အဖြစ်အပျက်ပဲ။ ဆရာမကြီးသုံးယောက် ဖြုန်းကနဲ ကွယ်လွန်သွားတော့ ဂိုဏ်းသားတွေချည်းပဲ အားငယ်ပြီး ကျန်ခဲ့မယ့် အချိန်မှာ ကျိုလင်ထန်က စိတ်ကြိုက် ခြယ်လှယ်တော့မယ်လို့ ထင်ခဲ့ကြတယ်။ ဒါပေမယ့် ငါတို့အထင်လွဲသွားခဲ့တယ်။ အဲဒါကတော့ မင်းကြောင့်ပေါ့”

“ဗျာ … ကျွန်တော့်ကြောင့် … ဟုတ်လား”

“ဟုတ်တယ်။ မင်းက ဆရာမကြီး တင့်ရှန် မသေခင်မှာ သွားတွေ့တော့ အင်မတန် ဉာဏ်အမြော်အမြင်ကြီးမားတဲ့ ဆရာမကြီးက ဟန်ဆန်းဂိုဏ်းချုပ်အဖြစ် ဆက်ခံဖို့ မင်းကို အကူအညီ တောင်းလိုက်တာပေါ့။ အဲသည်လိုနဲ့ မင်းက ဟန်ဆန်းဂိုဏ်းချုပ် ဖြစ်လာတာဟာ ကျိုလင်ထန်အတွက် ကြီးစွာသော အနှောင့်အယှက်ပေါ့။ တကယ်လို့ ကျန်တဲ့ ဂိုဏ်းလေးဂိုဏ်းကသာ သဘောမတူရင် ကျိုလင်ထန်ရဲ့ အကြံအစည်က ဘယ်မှာ အောင်မြင်ပါတော့မလဲ”

"ဆရာကြီး ... ကျွန်တော့်စိတ်က ထင်နေတာလားတော့မသိဘူး။ ဒါပေမယ့် ဒီကနေ့ လင်ဟိုရဲ့လေသံကို ကြည့်ရတာ သိပ်ပိုင်နိုင်နေပုံပဲ။ ထိုက်ဆန်း၊ ချုံးဆန်း၊ ဝါဆန်းဂိုဏ်းတွေဟာ ကျိုလင်ထန်ရဲ့ အကျပ်ကိုင်မှုကို ခံနေရသလားမသိဘူး။ ... ကျိုလင်ထန်ရဲ့ လုပ်နည်းကိုင်နည်းကို ဟန်ဆန်းဂိုဏ်းရဲ့ ဥပမာမှာပဲ ကြည့်ပါလား။ သူက ဒီလိုနည်းမျိုးတွေပဲ သုံးမှာပဲ"

ချုံးရှိုးရသေ့ကြီးက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်။ နောက်တစ်ချက်က မင်းရဲ့ ဆရာ ရက်ပုချွန် ... သူ့ရဲ့ လုပ်ရပ်တွေကို ငါနဲ့ ဆရာတော်ကြီးနဲ့ နားမလည်ဘူး။ ပဟေဠိဖွက်သလိုပဲ ရှုပ်ပွေနေတာပဲ၊ ဖုကျက်နယ်က 'လင်မိန်ကျက်' ဆိုတဲ့ ကောင်ကလေးဟာ မင်းရဲ့ ဆရာဆီမှာ တပည့်ခံလိုက်တယ်ဆိုတာ ဟုတ်သလား"

"ဟုတ်ပါတယ် ဆရာကြီး"

"ဒီလူငယ်ရဲ့ မျိုးရိုးအမွေဖြစ်တဲ့ ဘီလူးမီးဓားသိုင်းက သိပ်အစွမ်းထက်သတဲ့။ မင်းလည်း ကြားဖူးမှာပေါ့"

"ဟုတ်ကဲ့ ... ကြားဖူးပါတယ် ဆရာကြီး"

ကြားဖူးရုံတင်မက ဖုကျိုးမြို့ရှိ လင်မိန်ကျက်တို့ အိမ်ဟောင်းထဲမှ ဘုန်းကြီးသင်္ကန်းစပေါ်တွင် ရေးထားသော သိုင်းကျမ်းကို တွေ့ခဲ့ပုံ၊ လာရောက်လုယက်သော ကောင်းဆန်းဂိုဏ်းသားများလက်ထဲမှ ပြန်လည်လုယူခဲ့ပုံနှင့် လမ်းတွင် မိမိအားပြတ်မေ့လဲသွားပုံ တို့ကိုပါ ပြောပြလိုက်၏။

လင့်ဟုချုံး၏ စကားဆုံးအောင် ပြောပြီးသောအခါ ဆရာတော်ကြီး ဖန်းတင်းနှင့် ချုံးရှိုးရသေ့ကြီးတို့က လေးနက်စွာ စဉ်းစားနေကြတော့၏။ အတန်ကြာသောအခါ ချုံးရှိုးရသေ့ကြီးက စတင်ပြောလိုက်သည်။

× × × × ×

စာစဉ် (၁၁) ပြီးပါပြီ။

# သိုင်းလောကကော်ဝီနိုခေါ်သံ

## စာစဉ် (၁၂)

# သိုင်းလောက၏ စိန်ခေါ်သံ

## စာစဉ်(၁၂)

## မာတိကာ


| | | | |
|---|---|---|---|
| | လို့ဝှက်တိုင်ပင်ခြင်း မှအဆက် | hotrod | ၈၇၈ |
| အခန်း(၇၅) | မဟူရာတောင်ကုန်းသို့ ချဉ်းကပ်ခြင်း | hotrod | ၈၉၀ |
| အခန်း(၇၆) | မဟူရာတောင်ကုန်း | hotrod | ၉၀၅ |
| အခန်း(၇၇) | တုံးဖန်းပု | hotrod | ၉၁၁ |
| အခန်း(၇၈) | နေကြာပန်း သိုင်းပေါင်းချုပ် | hotrod | ၉၁၉ |
| အခန်း(၇၉) | ကောင်းဆန်းတောင်သို့ | hotrod | ၉၂၅ |
| အခန်း(၈၀) | ဂိုဏ်းကြီးငါးဂိုဏ်း | hotrod | ၉၃၁ |
| အခန်း(၈၁) | စကားစစ်ထိုးပွဲ | hotrod | ၉၄၆ |



**scanned by NEO@mmcp**

ပထမအဆင့် တည်းဖြတ်သူ **hotrod**

ဒုတိယအဆင့် တည်းဖြတ်သူ **nnnaing**

အချောသတ် တည်းဖြတ်သူ **sideeffect**

"မင်းပြောတဲ့ အတိုင်းသာဆိုရင် မင်းရဲ့ဆရာက ဒီသက်န်းကို တွေ့သွားပြီး မင်းရဲ့ ဂိုဏ်းတူညီလေး လင်မိန်ကျက်ကိုပဲ ပေးရမှာပေါ့"

"ကျွန်တော်လည်း ပထမတော့ ဒီအတိုင်းပဲ ထင်တာပဲ ... ကျွန်တော့်ဆီမှာ အဲဒီ သက်န်းစမှ မရှိတဲ့ဥစ္စာ ... ဒါပေမယ့် နောက်ပိုင်းကျတော့ ဆရာက ကျွန်တော့်ဆီမှာ ပြန်တောင်းနေတယ်။ ဟိုနေ့ ရှောင်လင်ဘုရားကျောင်းမှာ တုန်းက ကျိုလင်ထန်ရဲ့တိုက်ကွက်ကို ဆရာကြီးတို့ မှတ်မိလိမ့်မယ်လို့ ထင်ပါတယ် ... လက်ချောင်းကို ဓားလို သုံးပြီး တိုက်ခိုက်တဲ့ အကွက်လေ ..."

"အဲဒါကို အစ်ကိုကြီး ရှန့်ဝန့်ထင်းက 'ဘီလူးမီးဓားသိုင်း' လို့ပြောတယ်။ ကျွန်တော်ကတော့ ဆရာတော်ကြီးနဲ့ ရသေ့ကြီးတို့လောက် အတွေ့အကြုံ ဗဟုသုတမရှိတော့ ဟုတ်သလား မဟုတ်ဘူးလား ဝေခွဲရခက်နေပါတယ်"

ရသေ့ကြီး ချုံးရှုံးသည် ဆရာတော်ကြီး ဖန်းတင်းကို တစ်ချက်လှမ်းကြည့်လိုက်ကာ ...

"ဆရာတော်ကြီး ... ဒီအကြောင်းတွေကို လင့်ဟူချုံး သိထားရင် ကောင်းမယ်လို့ ထင်တယ်။ ဆရာတော်ကြီးပဲ ပြောပြလိုက်ပါလား..."

ဆရာတော်ကြီး ဖန်းတင်းက ခေါင်းတစ်ချက်ညိတ်ပြကာ ... "ဟုတ်တယ်။ ကျုပ်လည်း ပြောပြရင် ကောင်းမယ်လို့ စိတ်ကူးထားတာပဲ"

ဆရာတော်ကြီး ဖန်းတင်းက လင့်ဟူချုံးအား ... "လင့်ဟူချုံး ... 'နေကြာပန်း သိုင်းပေါင်းချုပ်' ဆိုတဲ့ နာမည်ကို မင်းကြားဖူးသလား" ဟု မေးလိုက်သည်။

လင့်ဟူချုံးက ... "ဟုတ်ကဲ့ .. ဆရာပြောတာ ကြားဖူးပါတယ်။ ဒီ 'နေကြာပန်း သိုင်းပေါင်းချုပ်' က သိုင်းပညာ တွေထဲမှာ အဆင့်အမြင့်ဆုံးလို့ ပြောတာပဲ။ အခုတော့ အဲဒီ သိုင်းပေါင်းချုပ်ကြီး ပျောက်ဆုံးနေလို့ ဘယ်ရောက်နေမှန်း တောင် မသိကြတော့ဘူးတဲ့။ အဲဒါကတော့ ဆရာပြောတဲ့ စကားပါ ... နောက်ပြီး ဆရာကြီး လင်းရှင်ကလည်း ပြောသေး တယ် ..."

လင့်ဟူချုံးက ပြောလက်စ, စကားကို ရပ်တန့်လိုက်သဖြင့် ရသေ့ကြီးချုံးရှုံးက လှမ်းကြည့်လိုက်သည်။ လင့်ဟူချုံးက ကမန်းကတန်း ဆက်ပြောလိုက်သည်။

"ဆရာကြီး လင်းရှင်ကပြောတယ်။ အဲဒီ 'နေကြာပန်း သိုင်းပေါင်းချုပ်' ဟာ သူတို့ နေမင်းသခင်ဂိုဏ်းရဲ့ အမွန် အမြတ် ကျမ်းကြီးတဲ့။ ဒီကျမ်းကြီးကို ဆရာကြီးလင်းရှင်က တုံးဖန်းပုကို ပေးလိုက်သတဲ့။ သူ့စကားအရဆိုရင်တော့ အခု လောလောဆယ်မှာ 'နေကြာပန်း သိုင်းပေါင်းချုပ်' ဟာ နေမင်းသခင်ဂိုဏ်းက တုံးဖန်းပုလက်ထဲမှာ ရှိနေမှာ အသေအချာ ပဲ"

ဤနေရာတွင် ဆရာတော်ကြီး ဖန်းတင်းက ခေါင်းခါပြလိုက်သဖြင့် လင့်ဟူချုံးမှာ အလွန်တရာ အံ့သြသွားတော့၏။

"ဆရာတော်ကြီး ဖန်းတင်း .. တပည့်တော် ပြောတာ မှားနေလို့လား ဘုရား"

"မင်းပြောတာ မှားတော့ မမှားပါဘူး။ နေမင်းသခင်ဂိုဏ်းရဲ့ လက်ထဲမှာ 'နေကြာပန်း သိုင်းပေါင်းချုပ်' ရှိနေတာ အမှန်ပါပဲ။ ဒါပေမယ့် ကျမ်းတစ်ခုလုံး မဟုတ်ပါဘူး။ ကျမ်းရဲ့ တစ်ဝက်ပဲ ရှိနေတာပါ"

လင့်ဟူချုံးမှာ ပါးစပ် အဟောင်းသား ဖြစ်နေတော့၏။ အံ့သြမှုမှာ အထွတ်အထိပ်သို့ ရောက်သွားလေပြီ။ ဤမျှ ဗဟုသုတရှိသော ရှေ့မီနောက်မီ ပုဂ္ဂိုလ်ကြီးများ၏ စကားသည် မည်သို့မျှ မမှားယွင်းနိုင်ချေ။

ဆရာတော်ကြီး ဖန်းတင်းက အဝေးရှိ တောင်တန်းကြီးများကို ငေးမောနေရင်းမှ မဆီမဆိုင်သော မေးခွန်းတစ်ခုကို လင့်ဟူချုံးအား လှမ်းမေးလိုက်သည်။

"ဝါဆန်းဂိုဏ်းမှာ လေသိုင်းအဖွဲ့နဲ့ ဓားသိုင်းအဖွဲ့ဆိုပြီး ကွဲသွားတာ ဘာကြောင့်လဲ မင်းသိသလား"

"တပည့်တော် မသိပါဘူး ဘုရား။ ဆရာတော်ဘုရား ရှင်းပြပါမှ တပည့်တော် အပြည့်အစုံ နားလည်ခွင့်ရမှာပါ"

ဆရာတော်ကြီး ဖန်းတင်းက အေးဆေးတည်ငြိမ်သော လေသံဖြင့် တစ်ခွန်းချင်း ပြောလိုက်သည်။

"အမှန်တကယ်ကတော့ ... အဲဒီ 'နေကြာပန်း သိုင်းပေါင်းချုပ်' ကြောင့်ပါပဲ"

သူလုံးဝ မမျှော်လင့်သော စကားကြောင့် လင့်ဟူချုံးမှာ နောက်ထပ်တစ်ခါ 'ဟာ' ကနဲ ဖြစ်သွားရပြန်တော့သည်။

'နေကြာပန်း သိုင်းပေါင်းချုပ်' အကြောင်း ပြောနေရင်းက ဝါဆန်းဂိုဏ်း၏ အဖွဲ့နှစ်ဖွဲ့အကြောင်း မေးမြန်းခံလိုက်ရသဖြင့် မည်သို့မျှမဆိုင်ပဲ အဘယ်ကြောင့် မေးမြန်းရသနည်းဟု နဝေတိမ်တောင် ဖြစ်ခဲ့ရသည်။ ယခု စပ်ဆိုင်လာလေပြီကား။

ဆရာတော်ကြီး ဖန်းတင်းက ဆက်ပြောလိုက်သည်။

"ဒီ 'နေကြာပန်း သိုင်းပေါင်းချုပ်' ဟာ ရှေးပဝေသဏီကတည်းက ရေးခဲ့တဲ့ ကျမ်းဖြစ်တယ်။ လင်မယား နှစ်ယောက် ပူးပေါင်းပြီး ရေးခဲ့တယ်လို့ အဆိုရှိတာပဲ။ ဒီလင်မယားတွေဟာ ဘယ်သူတွေလဲတော့ ဘယ်သူမှ အတိအကျ မသိကြဘူး ..."

" ... တစ်ချို့လူတွေ ပြောတာကတော့ ယောကျ်ားရဲ့ နာမည်မှာ 'နေ' ဆိုတဲ့ စာလုံး ပါသတဲ့။ မိန်းမရဲ့ နာမည်မှာ 'ကြာပန်း' ဆိုတဲ့ စာလုံးပါသတဲ့။ အဲဒီနှစ်လုံးကို ပေါင်းခေါ်လိုက်တော့ 'နေကြာပန်း' ဆိုတာ ဖြစ်လာသတဲ့ ... ဒါပေမယ့် ဒါတွေအားလုံးဟာ စာနဲ့ ပေနဲ့ ရေးမှတ်ထားတာတွေ မဟုတ်ပါဘူး။ တစ်ဆင့်စကား တစ်ဆင့်နားနဲ့ ကြားလာရတဲ့ အကြောင်းအရာတွေပါ"

ဆရာတော်ကြီးသည် သူ၏ စကားကို ခေတ္တမျှ ရပ်လိုက်ကာ ချောင်းဟန့်လိုက်သည်။ ပြီးမှ...

" ... အားလုံးသိထားတဲ့ အချက်ကတော့ နောက်ပိုင်းမှာ ဒီလင်မယားနှစ်ယောက် စကားများပြီး ကွဲသွားသတဲ့။ ဒါနဲ့ 'နေကြာပန်း သိုင်းပေါင်းချုပ်' တစ်ပေါင်းတစ်စည်းတည်းကို ရရှိခဲ့တဲ့သူ မရှိဘူး။ အဲဒီသတင်းကတော့ တကယ့်ကို သေချာတဲ့ သတင်းပါ။"

"... 'နေကြာပန်း သိုင်းပေါင်းချုပ်' သာ တစ်ပေါင်းတစ်စည်းတည်း ရှိခဲ့ရင်လည်း သိုင်းလောကမှာ ဘာတွေ ဖြစ်မလဲ ဆိုတာ မမှန်းဆရဲဘူး။ နောက်ပိုင်း အကြောင်းတွေကို ထောက်ချင့်ခြင်းအားဖြင့် ဒီလို ကွဲပြားနေခဲ့တာပဲ ခပ်ကောင်း ကောင်းလို့ ဆိုရမယ့် အခြေအနေပဲ"

ဤနေရာတွင် လင့်ဟူချုံးက စိတ်ထဲမှ တွေးလိုက်သည်။

"အင်း .. ဒီအကြောင်းတွေကို ဆရာက ငါ့ကို တစ်ခါမှ မပြောပြဖူးဘူး။ ဆရာကိုယ်တိုင်လည်း မကြားဖူးဘူးနဲ့ တူပါရဲ့"

ဆရာတော်ကြီး ဖန်းတင်းက ဆက်ပြောသည်။

"ဒါပေမယ့် လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်ရာကျော်လောက်တုန်းက ဒီကျမ်းနှစ်ကျမ်းဟာ ဖုကျုက်နယ်က ရှောင်လင် ကျောင်းထဲကို ရောက်သွားသတဲ့ ... "

"အဲသည်တုန်းက ဖုကျုက်နယ်က ရှောင်လင်ကျောင်းထိုင် ဆရာတော်ကြီးရဲ့ နာမည်က 'ဟုန်ရက်' လို့ ခေါ်တယ်။ ဆရာတော်ကြီးရဲ့ သိုင်းပညာက အင်မတန် ထူးချွန်ပြောင်မြောက်သတဲ့။ ဒါပေမယ့် ဆရာတော်ကြီးဟာ 'နေကြာပန်း သိုင်းပေါင်းချုပ်' ထဲက သိုင်းပညာတွေကို လုံးဝမတတ်ဘူးတဲ့။ သူ့အနေနဲ့ မသင်ကြား မလေ့ကျင့်ခဲ့ဘူး"

လင့်ဟူချုံးက ... "ဇကန္တတော့ အဲဒီကျမ်းထဲက သိုင်းပညာက သိပ်ပြီး ခက်ခဲ နက်နဲတယ်နဲ့ တူတယ်"

ဆရာတော်ကြီး ဖန်းတင်းကလည်း ... "အေး .. ငါတို့လဲ ဒီလိုပဲ ထင်တာပဲ။ နောက်ဆုံးတော့ ဖုကျုက်နယ်က

ရှောင်လင်ဘုရားကျောင်းကို ဝါဆန်းဂိုဏ်းက မိတ်ဆွေနှစ်ယောက် အလည်အပတ် ရောက်လာကြတယ်။ ဘယ်လိုနည်းနဲ့လဲတော့ မသိဘူးပေါ့လေ။ သူတို့နှစ်ယောက်ဟာ အဲဒီ 'နေကြာပန်း သိုင်းပေါင်းချုပ်' ကို တွေ့သွားကြသတဲ့"

လင့်ဟူချုံးက သိလိုက်သည်။ "ဒီလို အဆင့်အတန်းမြင့်ပြီး ခက်ခဲနက်နဲတဲ့ သိုင်စာအုပ်မျိုးကို ဘယ်လိုလုပ်ပြီး လွယ်လွယ်နဲ့ တွေ့နိုင်မလဲ။ ဖုကျက်နယ် ရှောင်လင်ကျောင်းကလဲ လူမြင်သူမြင် ပစ်စလက်ခတ် ထားပါ့မလား။ မဟုတ်မှလွဲရော ငါတို့ဝါဆန်း ဆရာကြီးနှစ်ယောက်က သွားခိုးကြည့်တာပဲ ဖြစ်ရမယ်"

ဆရာတော်ကြီး ဖန်းတင်းက ဆက်ပြောနေသည်။

"သူတို့နှစ်ယောက်က ဘုရားကျောင်းထဲမှာ သိုင်းကျမ်းကို ဖတ်တုန်းက ခပ်လောလော ခပ်မြန်မြန် ဖတ်လိုက်ရတယ်နဲ့တူပါတယ်။ အချိန်လုပြီး ဖတ်ရတာဆိုတော့ တစ်ယောက် တစ်အုပ်စီ ခွဲဖတ်ရမှာပေါ့လေ။ နောက်ဆုံးမှာ သူတို့တွေ ဝါဆန်းတောင်ကို ပြန်ရောက်တော့ ပြန်ပြီး တိုက်ဆိုင် စစ်ဆေးကြည့်ကြတယ်။ အဲသည်မှာ တစ်ခြားစီ ဖြစ်နေတာကို တွေ့ရတယ်။ ..."

" ... ဒီမှာပဲ သူတို့နှစ်ယောက်က 'သူက ကျမ်းအမှားဖတ်တယ်'၊ 'ငါက ကျမ်းမှန်ဖတ်တယ်' နဲ့ အငြင်းပွားကြတယ်။ နောက်ဆုံးမှာတော့ ကိုယ်ဖတ်ခဲ့ရတဲ့ သိုင်းပညာချင်း ယှဉ်ကြတာပေါ့လေ။ အဲသည်မှာ ဓားသိုင်းအဖွဲ့နဲ့ လေသိုင်းအဖွဲ့ဆိုပြီး ကွဲသွားကြတော့တာပေါ့"

သည်တော့မှ သူတို့ဝါဆန်းဂိုဏ်းတွင် ဓားသိုင်းအဖွဲ့နှင့် လေသိုင်းအဖွဲ့ ကွဲပြားရခြင်း၏ အကြောင်းရင်းကို လင့်ဟူချုံးတစ်ယောက် တိတိကျကျ သိသွားတော့သည်။

ဝါဆန်းတောင်ထိပ် ကျောက်ဂူတွင်း၌ သူ့ဆရာ ရက်ပုချွန်ကလည်း ဓားသိုင်းအဖွဲ့နှင့် လေသိုင်းအဖွဲ့အကြောင်း ရှင်းပြခဲ့ဖူးသော်လည်း ယခုကဲ့သို့ ကွဲရခြင်း၏ အကြောင်းကို အတိအကျ ရှင်းပြခဲ့ခြင်း မဟုတ်ချေ။ ဓားသိုင်းအနှစ်သာရ၊ လေသိုင်း အနှစ်သာရ နှင့် ပတ်သက်ပြီး၍သာ ရှင်းပြခဲ့ခြင်း ဖြစ်သည်။

ဆရာတော်ကြီး ဖန်းတင်းက ဆက်၍ "နောက်တော့ ဖုကျက်ရှောင်လင်ဘုရားကျောင်းရဲ့ 'ဟုန်ရက်' ဆရာတော်ကြီးက ဒီလူနှစ်ယောက် သိုင်းပေါင်းချုပ်ကို ဖတ်သွားမှန်း သိသွားတယ်"

" ... ဆရာတော်ကြီးဟာ သိုင်းပညာမှာ အလွန်တော်တဲ့ ဆရာတော်ကြီး ဖြစ်ပေမယ့် ဒီ 'နေကြာပန်း သိုင်းပေါင်းချုပ်' ထဲမှာပါတဲ့ ကျင့်စဉ်တွေဟာ သိပ်ပြီး ခက်ခဲနက်နဲနေတယ်။ ဘယ်လောက် ခက်ခဲနက်နဲနေသလဲဆိုရင် သူလိုသိုင်းပညာရှင်ကြီး အတွက်တောင်မှ နားမလည်လောက်အောင် ဖြစ်နေတယ်"

လင့်ဟူချုံး ... "ဟာ ... ဒါဆိုရင် ဝါဆန်းဂိုဏ်းက ဆရာကြီးနှစ်ယောက်က ဆရာမရှိဘာမရှိနဲ့ ရမ်းသမ်းပြီး ကျင့်ရင် ကောင်းကောင်းကြီး ဒုက္ခဖြစ်နိုင်တာပေါ့နော်"

"အမှန်ပဲ .. ဒုက္ခဖြစ်နိုင်တာပေါ့။ 'ဟုန်ရက်' ဆရာတော်ကြီးကလည်း အဲသလိုပဲ တွေးမိတယ်။ အဲသည်နှစ်ယောက် မျက်ကန်းတစ္ဆေမကြောက် လေ့ကျင့်ရင်းနဲ့ ဒုက္ခတွေရောက်ကုန်မှာကို စိုးရိမ်ပြီးတော့ သူ့တပည့် 'တူရှယ်' ဆိုတဲ့ ဘုန်းကြီးကို လွှတ်လိုက်တော့မှ ပြဿနာအသစ်တစ်ခု ထပ်တက်တော့တာပဲ"

လင့်ဟူချုံး "တပည့်တော် စိတ်ထင်တော့ ဝါဆန်းဆရာကြီးနှစ်ယောက်က 'တူရှယ်' ဘုန်းကြီးကို မချေမငံ ပြောလွှတ်လိုက်တယ်နဲ့ တူတယ်"

ဆရာတော်ကြီး ဖန်းတင်းက ခေါင်းကို ခါရင်း ...

"မင်းထင်သလို မဟုတ်ဘူး။ 'တူရှယ်' ဘုန်းကြီး ရောက်လာတော့ နှစ်ယောက်စလုံး သူတို့ရဲ့အမှားကို တောင်းပန်ကြပါတယ်။ တောင်းပန်ပြီးတော့မှ ပြဿနာအသစ်က စတော့တာပဲ ..."

" ... ဘာလဲဆိုတော့ ဝါဆန်းဆရာကြီးနှစ်ယောက်က ဖတ်ထားတဲ့ စာထဲက မရှင်းလင်းတဲ့ အချက်တွေကို 'တူရှယ်' ဘုန်းကြီးကို မေးတော့တာပဲ။ သူတို့စိတ်ထဲမှာတော့ ဒီကျမ်းတွေကို 'တူရှယ်' ဘုန်းကြီးလည်း ဖတ်ဖူးတယ် ထင်တာပေါ့လေ။ တကယ်ကတော့ 'တူရှယ်' ဘုန်းကြီးကလည်း ဒီကျမ်းကို ဖတ်ဖူးတာ မဟုတ်ဘူး ..."

" ... ဒါပေမယ့် 'တူရှယ်' ဘုန်းကြီးကလည်း မရိုးသားတဲ့ အကြံရှိနေတော့ သူမဖတ်ဖူးတာကို ဖွင့်မပြောဘူး။ ဝါဆန်းဆရာကြီးနှစ်ယောက် ဖတ်မှတ်ထားတဲ့ စာပိုဒ်တွေကို အစအဆုံး ပြောပြခိုင်းတယ်။ ပြီးတော့ သူက တစ်ခွန်းချင်းကြံသလို ရှင်းပြလိုက်တယ်။ သူဖတ်ထားတဲ့ ပုံစံပေါ့လေ။ မှန်မမှန်ကို စစ်ပေးသလိုလိုနဲ့ပေါ့။ ဒါပေမယ့် သူ့စိတ်ထဲကနေ ဝါဆန်းဆရာကြီးနှစ်ယောက် ပြောပြသမျှကို အစအဆုံး ကျက်မှတ်ထားလိုက်တယ် ..."

ဆရာတော်ကြီးသည် အလွန်တရာ စိတ်ပင်ပန်းသွားဟန်ဖြင့် လေးလံသော သက်ပြင်းရှည်ကြီးကို ချလိုက်သည်။

"အဲသလိုလည်း ဖြစ်ပြီးရော ... 'တူရှယ်' ဘုန်းကြီးကလည်း ဝါဆန်းတောင်ကနေ ထွက်သွားတယ်။ ဒါပေမယ့်

ဖုကျက်နယ်က ရှောင်လင်ဘုရားကျောင်းကို ဘယ်တော့မှ ပြန်မရောက်လာတော့ဘူး"

လင့်ဟူချုံးမှာ နောက်တစ်ကြိမ် 'ဟာ'ကနဲ ဖြစ်သွားပြန်သည်။

"သူ .. ဘာဖြစ်သွားလို့လဲ ... ဘယ်ရောက်သွားသလဲ"

ဆရာတော်ကြီး ဖန်းတင်းက လက်ကာပြရင်း ...

"အဲဒါကို ခဏထားလိုက်ပါဦး။ ဒီကိစ္စတွေ ဖြစ်ပြီးတဲ့ နောက်ပိုင်းမှာ ... မရှေးမနှောင်းပေါ့လေ။ ထိပ်သီး သိုင်းဆရာကြီး ဆယ်ယောက် ဦးဆောင်ပြီး မကောင်းဆိုးဝါးဂိုဏ်းက ဝါဆန်းဂိုဏ်းကို လာတိုက်တော့တာပဲ။ ဝါဆန်းဂိုဏ်းက တစ်ဂိုဏ်းတည်းဖြစ်ပြီး အားနည်းနေတော့ ထိုက်ဆန်း၊ ကောင်းဆန်း၊ ဟန်ဆန်း၊ ချုံးဆန်းဂိုဏ်းတွေနဲ့ မဟာမိတ်ဖွဲ့ပြီး ပြန်ခုခံရတယ်။ အဲဒီကစပြီး ဂိုဏ်းကြီးငါးဂိုဏ်း မဟာမိတ်အဖွဲ့ဆိုတာ ပေါ်လာတာပဲ"

"ဩော် .. ဒီလိုဆိုရင် မဟာမိတ်အဖွဲ့ ဖြစ်လာတာ ကြာပြီကိုး ... တပည့်တော်က ဒါတွေ ဘာမှ မသိခဲ့ဘူး ဘုရား"

"အင်း ... ကြာပြီပေါ့ .. မနေ့တစ်နေ့ကမှ ပေါ်လာတာ မဟုတ်ဘူး ... အဲသလိုနဲ့ ပထမတစ်ကြိမ်မှာ မကောင်းဆိုးဝါးဂိုဏ်းသားတွေ ရှုံးနိမ့်ပြန်သွားကြတယ်။ ဒါပေမယ့် နောက်ထပ်ငါးနှစ်ကြာတော့ ဒီရန်ကြွေးကို ပြန်ဆပ်ဖို့ မကောင်းဆိုးဝါးဂိုဏ်းက နောက်တစ်ကြိမ် ထပ်လာတိုက်ပြန်တယ် ..."

"ဒီတစ်ကြိမ်ကတော့ အသေအချာကို ပြင်ဆင်ပြီးမှ လာကြတာ .. မကောင်းဆိုးဝါးဂိုဏ်းက ဂိုဏ်းကြီးငါးဂိုဏ်းရဲ့ သိုင်းပညာတွေ အားလုံးကို သေသေချာချာ လေ့လာပြင်ဆင်ပြီးမှ လာတိုက်ကြတာ"

ထိုနေရာသို့ ရောက်သောအခါ လင့်ဟူချုံးတစ်ယောက် ဆတ်ကနဲ ဖြစ်သွားတော့သည်။ ဝါဆန်းတောင်ထိပ် ကျောက်ဂူထဲရှိ အရိုးစုများနှင့် ကျောက်နံရံပေါ်ရှိ ဓားကွက်များကို မျက်စိထဲ၌ ပြေးမြင်လိုက်သောကြောင့် ဖြစ်သည်။

သူ့ဆရာနှင့် ဆရာမတို့ကို အသိပေး၍ မေးမြန်းရန် ကြံရွယ်ခဲ့သော်လည်း မည်သို့မျှ မေးမထွက်ပဲ ဖြစ်ခဲ့ရပြီး ထိုဇာတ်ကြောင်းကိုလည်း သူမသိခဲ့ရချေ။ ယခု ဆရာတော်ကြီး ဖန်းတင်း ပြောပြမှ ဇာတ်ရည်လည်သွားတော့သည်။

"ဒီတစ်ခေါက်တော့ မကောင်းဆိုးဝါး ဆရာကြီးဆယ်ယောက်က ပြင်ဆင်ပြီး လာကြတာဆိုတော့ ဂိုဏ်းကြီးငါးဂိုဏ်းရဲ့ ဓားကွက်တွေရဲ့ ဖျက်ကွက်ကို ကောင်းကောင်းလေ့ကျင့်လာခဲ့ကြတယ်။

ဒီဒုတိယအကြိမ် တိုက်ပွဲမှာ မကောင်းဆိုးဝါးဂိုဏ်းသားတွေက အပေါ်စီးကနေ တိုက်ခိုက်တော့တာပေါ့။ ဂိုဏ်းကြီးငါးဂိုဏ်းအနေနဲ့ ကောင်းကောင်းကြီး ခံလိုက်ရတယ်။ ဝါဆန်းဂိုဏ်းက ကူးယူထားတဲ့ 'နေကြာပန်း သိုင်းပေါင်းချုပ်' ဟာလည်း မကောင်းဆိုးဝါးဂိုဏ်း လက်ထဲကို ရောက်သွားတယ်။ ဒါပေမယ့် ထူးဆန်းတာက မကောင်းဆိုးဝါးဂိုဏ်းက ဆရာကြီးသုံးယောက်ဟာ အဲဒီ ဝါဆန်းတောင်မှာပဲ သေဆုံးသွားကြတယ်"

လင့်ဟူချုံးမှာ သူမသိ မမှီလိုက်သည့် အကြောင်းအရာများကို စိတ်ပါဝင်စားစွာ နားထောင်နေသည်။

ဆရာတော်ကြီး ဖန်းတင်းက ... "ဆရာကြီး လင်းရှင်က တုံးဖန်းပုကို ပေးလိုက်တဲ့ သိုင်းစာအုပ်က ဝါဆန်းဂိုဏ်းက ကူးထားတဲ့ 'နေကြာပန်း သိုင်းပေါင်းချုပ်' ပေါ့။ ဒါပေမယ့် ဒီသိုင်းစာအုပ်က မပြည့်စုံဘူး။ ဘာလို့လဲဆိုတော့ အဲသည်စာအုပ်ကို ပြန်ကူးထားတဲ့ ဝါဆန်းဆရာကြီးက လင်ရွှယ်တူလောက် မကျွမ်းကျင်လို့ပဲ"

လင့်ဟူချုံးမှာ လင်ရွှယ်တူ၏ နာမည် ပါဝင်လာသည်ကို ကြားလိုက်ရသောအခါ တအံ့တဩ ဖြစ်သွားပြန်သည်။ သူ့အမူအရာကို ကြည့်၍ ဆရာတော်ကြီး ဖန်းတင်းက ဆက်ပြောလိုက်သည်။

"လင်လွှယ်တူဆိုတာ ဘယ်လင်ရွှယ်တူလဲ သိလား။ မင်းရဲ့ ဂိုဏ်းတူညီလေး လင်မိန်ကျက်ရဲ့ ဘိုးဘိုးအဖေပဲ။ အဲသည်လူဟာ ဘီလူးမီးခါးသိုင်းနဲ့ သိုင်းလောကကို သိမ့်သိမ့်တုန်စေခဲ့တယ်။"

လင့်ဟူချုံး ... "ဆရာတော်ကြီးဘုရား .. ဆရာတော်ကြီးပြောသလိုဆိုရင် လင်ရွှယ်တူကလည်း 'နေကြာပန်း သိုင်းပေါင်းချုပ်' ကို ဖတ်ခဲ့ဖူးတာပေါ့နော်"

ဆရာတော်ကြီး ဖန်းတင်းက ... "သူကလား .. သူက ကျမ်းစာအုပ်ကိုတော့ မဖတ်ဖူးဘူးပေါ့လေ။ ဒါပေမယ့် ကောင်းကောင်းကြီး သိတဲ့လူပေါ့။ သူက 'တူရွှယ်' ဘုန်းကြီးလေ။ တစ်ချိန်တုန်းက ကျောင်းထိုင်ဆရာတော်ကြီး ဟုန်ရက်ရဲ့တပည့်ပေါ့"

လင့်ဟူချုံးက အထစ်ထစ် အငေါ့ငေါ့ဖြင့် ...

"ဒါ .. ဒါ ... ဒါဖြင့်"

ဆရာတော်ကြီး ဖန်းတင်းက ... "တူရွှယ်ဆိုတာက သူဘုန်းကြီးဝတ်တုန်းက သူ့ရဲ့ ဘွဲ့နာမည်။ သူ့ရဲ့ လူနာမည်ကတော့ လင်ရွှယ်တူတဲ့။ နောက်ပိုင်းမှာ သူက သားမယားတွေနဲ့ ဖြစ်လာတယ်။ စီးပွားရေးကလည်း အတော့်ကို တိုးတက်လာတယ်။ ဘီလူးမီးဓားသိုင်းရဲ့ အကူအညီ အများဆုံးရတာပေါ့။ ဒီတော့ သိုင်းလောကမှာ 'လင်ရွှယ်တူ'၊ 'လင်ရွှယ်တူ' နဲ့

နာမည်ကြီးလာတော့တာပဲ"

လင့်ဟူချုံး ... "ဒီလင်ရွှယ်တူဆိုတဲ့ ဆရာကြီးက 'နေကြာပန်း သိုင်းပေါင်းချုပ်' ကိုနာမည်ပြောင်းပြီး ဘီလူးမီးဓားသိုင်းလို့ ခေါ်လိုက်တာပဲပေါ့။ သူ့ရဲ့ ဘီလူးမီးဓားသိုင်းက သိုင်းလောကတစ်ခုလုံး နာမည်ကြီးလောက်အောင် ကောင်းနေပြီးတော့ လင်မိန်ကျက်ရဲ့ အဖေလက်ထက်ကျတော့ ဘာဖြစ်လို့ သုံးမရလောက်အောင် ညံ့နေရတာလဲ။ တပည့်တော်တော့ ဘယ်လိုမှ နားမလည်နိုင်ဘူး ဆရာတော်ကြီး"

ထိုအခါ ရသေ့ကြီး ချုံးရှိုးက ဝင်၍ ...

"ဒီအချက်ကိုတော့ ခုထက်ထိ လုံးဝ နားမလည်နိုင်ကြဘူး။ နားမလည်တာကလည်း အကြောင်းရှိမှာပေါ့။ ဒီကြားထဲမှာ မြုပ်ကွက်တစ်ကွက်ကတော့ ရှိနေရမယ်။ ဘာပဲဖြစ်ဖြစ် လင်ရွှယ်တူဟာ သူ့ရဲ့ ဘီလူးမီးဓားသိုင်းနဲ့ ချင်းချန်ဂိုဏ်းချုပ် ရီချန်းရဲ့ဆရာကို သုံးကွက်ထဲနဲ့ အနိုင်ယူလိုက်တာကို လူတိုင်းသိကြတယ်"

ရသေ့ကြီး ချုံးရှိုးက လင့်ဟူချုံး၏ မျက်နှာကို သေချာစွာ ကြည့်ရင်း စကားဆက်သည်။

"လင်ရွှယ်တူက ရီချန်းရဲ့ဆရာကို သုံးကွက်တည်းနဲ့ နိုင်လိုက်တော့ ဒီဘီလူးမီးဓားသိုင်း သိပ်ကောင်းတယ်ဆိုပြီး ဂိုဏ်းအသီးသီးက သိုင်းသမားတွေ သွားရည်ကျကုန်တာပဲ။ လူတိုင်းလိုလို ဘီလူးမီးဓားသိုင်းကျမ်းကို လိုချင်ကုန်ကြတယ်..."

"ဒီလူတွေထဲမှာ ရီချန်းက မျက်နှာ အပြောင်ဆုံးပဲ။ သူကြိုးစားလိုက်လို့ ဖုကျက်နယ်မှာ သွေးချောင်းစီးမတတ် ဖြစ်သွားခဲ့ရတယ်"

လင့်ဟူချုံးက ခေါင်းငြိတ်ပြပြီး ဆက်နားထောင် နေမိသည်။

"ချင်းချန်ဂိုဏ်းချုပ် ရီချန်းက မျက်နှာသာ ပြောင်တာ ... ဉာဏ်ကျတော့ လုံးဝမရှိဘူး။ သူက မင်းရဲ့ဆရာ ရက်ပုချွန် လောက် ဟန်မဆောင်တတ်ဘူး။ ကျားပုန်းမချွေ့တတ်ဘူး"

လင့်ဟူချုံးမှာ ချက်ချင်းပင် မျက်စိမျက်နှာ ပျက်သွားကာ နှုတ်မှလည်း "ဆရာကြီး .. ဒီလိုတော့ မပြောပါနဲ့" ဟု ရုတ်ခြည်းကန့်ကွက်လိုက်သည်။

ရသေ့ကြီး ချုံးရှိုးက ပြုံး၍ ... "လင်မိန်ကျက်က မင်းဆရာဆီမှာ တပည့်ခံလိုက်တော့ ဘီလူးမီးဓားသိုင်းက သူ့လက်ထဲကနေ ဘယ်ပြေးတော့မလဲ။ သည့်ထက်ပိုင်တာတောင် ရက်ပုချွန်က လုပ်လိုက်သေးတယ်။ မင်းသိပြီးပလား ..."

"ဘာများလဲ ဆရာကြီး ... ကျွန်တော် မသိသေးဘူး"

"ရက်ပုချွန်ရဲ့ တစ်ဦးတည်းသောသမီးကို လင်မိန်ကျက်နဲ့ လက်ထပ်ပေးတော့မယ်ဆိုတဲ့ သတင်းပဲပေါ့... အကြံကတော့ တကယ်ကြီးတဲ့လူပါပဲ"

ဤစကားကို ကြားလိုက်ရသော အခါ လင့်ဟူချုံး တစ်ယောက် ငိုင်ကျသွားတော့၏။ အစပထမ၌ သူ့ဆရာ ရက်ပုချွန်အား ဟန်ဆောင်တတ်သူ၊ ကျားပုန်းချွေ့တတ်သူဟု ပြောလိုက်သည်ကို စကြားလိုက်ရချိန်၌ ဒေါသဖြစ်သွားမိခဲ့၏။

သို့သော် ယခုကဲ့သို့ လင်မိန်ကျက်နှင့် လိန်လိန်ကို လက်ထပ်ပေးတော့မည်ဆိုသော စကားကို ကြားလိုက်ရသောအခါ ရုတ်ခြည်းပင် အတိတ်က အကြောင်းအရာများကို ပြန်လည် သတိရသွားမိတော့သည်။

မင်္ဂလာ အာမခံဌာနကို ချင်းချိန်ဂိုဏ်းက ဖြိုဖျက်တော့မည်ဟူသည့် သတင်းကို ရသည်နှင့် သူ့ဆရာသည် သူ၏ ဂိုဏ်းတူညီ နံပါတ် နှစ် ဖြစ်သော လောင်တက်ကို အဖိုးကြီးအသွင် ဆောင်စေပြီး သူ့သမီး လိန်လိန်နှင့် အတူ ဖုကျိုးမြို့ ပြင်၌ အရက်ဆိုင် ဖွင့်စေခဲ့သည်။

ထိုစဉ်တုန်းက သူ့ဆရာ၏ အကြံအစည်ကို လင့်ဟူချုံး အနေဖြင့် လုံးဝမရိပ်မိခဲ့ချေ။ ယခု ပြန်လည် စဉ်းစားကြည့်လိုက်သောအခါ ကွင်းဆက်များမိကာ မည်သည့် အဓိပ္ပါယ်ရှိကြောင်း ကွက်ကွက်ကွင်းကွင်း ပေါ်လာတော့၏။

မင်္ဂလာ အာမခံဌာနသည် ဝါဆန်းတောင်နှင့် မည်သို့မျှ မသက်ဆိုင်ချေ။ အရေးပါ အရာရောက်လှသည်လည်း မဟုတ်ချေ။ ထိုကဲ့သို့ အရေးမပါသော မင်္ဂလာ အာမခံဌာနအတွက် ဆရာသည် အဘယ့်ကြောင့် ဤမျှ အပင်ပန်းခံရပါသနည်း။

ထို့အပြင် လင်မိန်ကျက်ကဲ့သို့သော မည်သည့်သိုင်းပညာမျှ မရှိသေးသည့် လူငယ်လေးတစ်ယောက်ကို သူ၏ သတ္တမ တပည့်အဖြစ် လက်ခံလိုက်သေးသည်။ ထိုမျှသာ မကသေး ... အင်မတန် လျှို့ဝှက်သော သိုင်းပညာများကိုလည်း သင်ကြားပေးသည်။ ရိုးရိုးတန်းတန်း သာမက တစ်ဦးတည်းသော သမီးဖြစ်သူကို သင်ကြားစေသည်။ ယခုတော့ လင်မိန်ကျက်အား သားမက် တော်ပေဦးမည်။ အဘယ်ကြောင့်နည်း။

အဖြေမှာ တစ်ခုတည်းသာ ရှိသည်။ ဘီလူးမီးစားသိုင်းကို လိုချင်သည့်အကြောင်းမှလွဲ၍ အခြား မည်သည့် အကြောင်းများ ဖြစ်နိုင်ပါဦးမည်နည်း။

ဆရာသည် ရီချန်းကဲ့သို့ နလပိန်းတုံး မဟုတ်ချေ။ သိုင်းလောကတွင် လူဆိုးလူကြမ်း အဖြစ်မခံ။ ပန်းရုံသမားများသည် မိမိလိုချင်သည့် အမြင့်တစ်နေရာကို တစ်ဆင့်ခြင်း ငြိမ်းဆင်၍ တက်သကဲ့သို့ ဆရာသည်လည်း ဘီလူးမီးစားသိုင်းကျမ်း ရဖို့အရေးတွင် တစ်ကွက်ချင်း စိတ်ရှည်လက်ရှည် အကွက်ဆင်သည်။ ပညာကိုလွှာ၍ သုံးသည်။

ဆရာဆင်ခဲ့သည့် အကွက်များကို ယခုမှ သေချာ စဉ်းစားမိတော့၏။ လင့်ဟူချုံးက စိတ်ထဲမှ ရေရွတ်လိုက်မိ၏။

"ဆရာက တကယ့်ကို အကြံကြီး ကြံထားတာပဲ။ ညီမလေး လိန်လိန်လို တစ်ဦးတည်းသော သမီးပျိုလေးကိုတောင် ဘီလူးမီးစားသိုင်းရဖို့ကိစ္စအတွက် ကျားစာလုပ် သုံးရက်တယ်။ မိန်းမပျိုလေး တစ်ယောက်ကို အရက်ဆိုင်မှာ စားပွဲထိုးဘဝမျိုးအဖြစ် က, ခိုင်းခဲ့တယ်။ ဖုကျိုး မြို့ပြင်မှာ အရက်ဆိုင်ဖွင့်ထားတာကိုက ဆရာရဲ့ မဟာဗျူဟာကြီးကို ထင်ထင်ရှားရှား ဖော်ပြနေတာပဲ"

တွေးရင်းတွေးရင်း လင့်ဟူချုံးမှာ သူ့ဆရာ ရက်ပုချွန်၏ စိတ်သဘောထားနှင့် ကြိုတင်ပြင်ဆင်ထားသည့် အကွက်များကို မြင်လာကာ ကျောရိုးထဲမှ စိမ့်လာတော့၏။ အခြေအနေများကိုလည်း ကောင်းစွာ သဘောပေါက်သွားတော့၏။

"လက်စသတ်တော့ ဆရာက ဟိုးတုန်းကတည်းက ညီမလေးကို လင်မိန်ကျက်နဲ့ လက်ထပ်ပေးဖို့ ကြံရွယ်ထားတာကိုး ... သည်တော့ သူ့အကြံအောင်မြင်ဖို့ အိုးချင်းထား၊ အိုးချင်းထိ။ ကြိုးချင်းထား ကြိုးချင်းငြိအောင် လုပ်ဖို့လိုလာပြီ ..."

"တကယ်လို့ ငါက အပြင်မှာဆိုရင် လိန်လိန်ကလည်း ငါ့ကိုပဲ တွယ်ကပ်နေမှာမြင်တော့ လိန်လိန်နဲ့ ငါ ကွဲသွားအောင် ငါ့ကို ဝါဆန်းတောင်ထိပ်မှာ တစ်နှစ် ဂူပိတ်ပစ်လိုက်တယ်။ လိန်လိန့်ကိုကျတော့ လင်မိန်ကျက်ကို သိုင်းသင်ပေးဖို့ အမိန့်ပေးလိုက်တယ်။ ဒီလောက် တပူးပူး တတွဲတွဲ ဖြစ်မှတော့ငြိကြပြီပေါ့။ ... ဩော် .. ဆရာ .. ဆရာ ... အကြံကြီးလှချေလား"

ဆရာတော်ကြီးနှင့် ဟူတန်းဂိုဏ်းချုပ်ကြီးတို့မှာ လင့်ဟူချုံးတစ်ယောက် ငေးမော တွေးတောနေသည်ကို အသာအယာပင် စောင့်ကြည့်နေကြသည်။ လင့်ဟူချုံး၏ မျက်နှာပေါ်၌ အရိပ်အယောင်အမျိုးမျိုး ပြောင်းနေသည်ကို ကြည့်ပြီး လင့်ဟူချုံး၏ ရင်ထဲမှ သောကဝေဒနာ အမျိုးမျိုးကို ရိပ်မိသိရှိကြသည်။

ဆရာတော်ကြီး ဖန်းတင်းက ဖြေပြောပြောလိုက်သည်။

"ဒီစကားတွေ အားလုံး အတည်ဖြစ်ပြီလို့တော့ မပြောနိုင်သေးပါဘူး။ ကြိုတင်ခန့်မှန်းချက် တွေပါ။ ငါတို့ ခန့်မှန်းတာလဲ လွဲချင် လွဲမှာပေါ့ကွာ"

ဆရာတော်ကြီးသည် ဖျောင်းဖျနှစ်သိမ့်လိုက်ခြင်း ဖြစ်သော်လည်း ဆရာတော်ကြီးနှင့် ရသေ့ကြီး ပြောသော စကားများ အခွန်းတိုင်း မှန်ကန်နေသည်ကို လင့်ဟူချုံး သိရှိလိုက်တော့၏။ သူ့ဆရာ ရက်ပုချွန်၊ သူ့ညီမလေး လိန်လိန်နှင့် ပတ်သက်နေသော ဤစကားများကို သူ့အနေဖြင့် လုံးဝ မကြားချင်။ သို့သော် မကြားချင်၍လည်း မဖြစ်ပါချေ။

အမှန်တရားကို မည်သည့်အရာနှင့်မျှ ဖုံးကွယ်၍ မရနိုင်စကောင်းသည် မဟုတ်ပါလား။

ရုတ်တရက် ရသေ့ကြီး ချုံးရှီးအား လင့်ဟူချုံးက မေးလိုက်သည်။

"ရသေ့ကြီး ... ဟိုရှောင်လင်ဘုရားကျောင်းမှာတုန်းက ကျိုလင်ထန် ထုတ်သုံးလိုက်တဲ့သိုင်းကွက်ကို အစ်ကိုကြီး ရှန့်ဝန့်ထင်းက ဘီလူးမီးစားသိုင်းလို့ အော်ပြောလိုက်တာနဲ့ ပတ်သက်ပြီး ကျွန်တော်တော့ နားမလည်ဘူး။ ဆရာကြီးတို့တော့ သိမှာပဲ။ နည်းနည်းလောက် ရှင်းပြပါလား"

ရသေ့ကြီး ချုံးရှီးက ခေါင်းခါပြရင်း ...

"ငါလည်း ဒါကိုတော့ နားမလည်ဘူး။ ကျိုလင်ထန်ကပဲ မင်းရဲ့ဆရာဆီက ဘီလူးမီးစားသိုင်းကျမ်းကို လုယူသွားသလား မသိတော့ဘူး ... ဒါမှမဟုတ် မင်းရဲ့ ဆရာနဲ့အတူတူ ဒီဘီလူးမီးစားသိုင်းကျမ်းကို လေ့ကျင့်တာလား မသိဘူး ... တစ်ခုခုတော့ တစ်ခုခုပဲ ...နောက်စဉ်းစားစရာတစ်ခု ရှိသေးတယ်။ အဲဒီ ဓားကွက်ဟာ ဘီလူးမီးစားသိုင်း ဟုတ်မဟုတ် မသေချာတဲ့ အချက်ပဲ။ ဒီတော့ ဆုံးဖြတ်ရခက်တယ်"

လင့်ဟူချုံးမှာ ယခုအချိန်တွင် ဘီလူးမီးစားသိုင်းကျမ်းနှင့် ပတ်သက်၍ သူ့မှာ မရှင်းလင်းသည့် အချက်များကို ဤဆရာကြီးနှစ်ယောက်အား တင်ပြရင်း ရှင်းရှင်းလင်းလင်း သိလိုစိတ်များ တဖွားဖွား ပေါ်ပေါက်လာသည်။ ထို့ကြောင့် တစ်ချိန်က ဘုရားကျောင်းပျက်အတွင်း လင်ကျန်နန်တို့လင်မယား အသက်ထွက်ခါနီး မိမိအား မှာကြားခဲ့သည့် စကားများကို သတိရမိသည်။ ထိုစကားများမှ သဲလွန်စ ရနိုင်ကောင်းသည်ဟု တွေးမိသဖြင့် ဆရာတော်ကြီးနှင့် ရသေ့ကြီးတို့အား ပြောပြရန်ကြံမိ၏။

"ဆရာတော်ကြီး ... လင်မိန်ကျက်ရဲ့ အဖေကလည်း သဘောထား ကျဉ်းမြောင်းပုံရတယ် ... ဘာလို့လဲဆိုတော့ သူသေခါနီးမှာ ကျွန်တော်နဲ့ တွေ့ရသေးတယ်။ ကျွန်တော့လက်ပေါ်မှာပဲ သေသွားတယ် ဆိုပါတော့။ မသေခင် သူ့သားကို ပြောပေးဖို့ စကားတစ်ခွန်း ကျွန်တော့်ကို ပါးခဲ့တယ်။ အဲဒီစကားက ဘီလူးမီးခားသိုင်းကျမ်းနဲ့ ပတ်သက်နေပုံရတယ်။ ဒါပေမယ့် စကားက ဖုံးတစ်ဝက် ဖော်တစ်ဝက် ဖြစ်နေတယ်။ ကျွန်တော်က သူတို့ရဲ့ မျိုးရိုးအမွေ ဖြစ်တဲ့ ဘီလူးမီးခားသိုင်းကို ခိုးမှာ စိုးရိမ်လို့နဲ့ တူပါတယ်"

ရသေ့ကြီး ချုံးရှီးသည် အလွန်စိတ်ဝင်စားသွားကာ မေးလိုက်သည်။

"လင့်ဟူချုံး ... သူ့သားကို မသေခင် သူက ပြောသွားတဲ့ စကားက ဘာလဲ"

လင့်ဟူချုံးက ထိုစဉ်က အဖြစ်အပျက်များကို ပြန်ပြောင်းပြောပြသည်။

× × × × ×

"အဲဒီအချိန်တုန်းက လင်ကျန်နန်ဟာ အသက်မျှင်းမျှင်းကလေးပဲ ကျန်တော့တယ်။ ဘာဖြစ်လို့လဲဆိုတော့ ချင်းချန် ဂိုဏ်းသားတွေကရော၊ မြောက်ပိုင်းကုလားအုပ်ကြီးကရော နှိပ်စက်ထားကြလို့ပါပဲ။ အဲဒီတုန်းက ကျွန်တော့် သိုင်းအားက အခုလောက် မကောင်းသေးတော့ ... လင်ကျန်နန်ကို နှိပ်စက်နေတဲ့ မုကောင်းဖုန်း ထွက်ပြေးသွားအောင် ဥပါယ်တံမျဉ်နဲ့ ... ကျွန်တော့ဆရာ ရက်ပုချွန်က ဖိတ်ခေါ်ခိုင်း လိုက်ပါတယ်လို့ ပြောလိုက်ရတယ်။ ဆရာ့နာမည်လည်း ကြားရော၊ မုကောင်းဖုန်းက ထွက်ပြေးတာ တန်းနေတာပဲ ဆိုပါတော့။ သူထွက်ပြေးသွားတော့မှ အသက် မျှင်းမျှင်း ကျန်တဲ့ လင်ကျန်နန်ကို တွေ့ရတာပါ"

ရသေ့ကြီး ချုံးရှိုးက ... "အင်း ... ဆိုပါဦး ..."

လင့်ဟုချုံးက ... "သူမသေခင်မှာ သူ့သား လင်မိန်ကျက်ကို စကားတစ်ခွန်း ပြောခဲ့ချင်ပါတယ်တဲ့။ ကျွန်တော့်ကို ပြောပေးပါလို့ တောင်းပန်တယ် ... ကျွန်တော်က ပြောပေးပါ့မယ်လို့ ကတိပေးတော့ သူက ပြောတယ်။ ဖုကျက်နယ်က နေကြာပန်းလမ်းမှာရှိတဲ့ အိမ်ဟောင်းမှာ သူတို့ မျိုးရိုးပိုင် ပစ္စည်း ရှိတယ်။ အဲဒါကို သေသေချာချာ စောင့်ရှောက်ဖို့ မှာတယ် ... အဲဒါဆိုတာက ဟိုသင်္ကန်း ... ဘီလူးမီးစာသိုင်းကျမ်းကို ရေးထားတဲ့ သင်္ကန်းပဲ"

ရသေ့ကြီး ချုံးရှိုးက ... "မင်းပြောတဲ့ အထဲမှာ လင်ကျန်နန်က ဖုံးတစ်ဝက် ဖေါ်တစ်ဝက် ပြောတယ်လို့ပါတယ်။ ခုထက်ထိတော့ ဖုံးဖိတာ ဘာမှ မပါသေးပါလား"

"ပါပါတယ် ဆရာကြီး။ သူက ဆက်ပြောတယ်။ သူတို့ရဲ့ ဘိုးဘိုး လင်ရွယ်တူက မှာကြားခဲ့တယ်တဲ့။ သားစဉ် မြေးဆက်တိုင်း ဒီပစ္စည်းကို လှန်မကြည့်ရဘူးတဲ့။ ကြည့်မိရင် ဒုက္ခ အကြီးအကျယ် ရောက်လိမ့်မတဲ့။ အဲဒီအကြောင်းကို သူ့သား လင်မိန်ကျက်ကို ပြောပေးဖို့ ကျွန်တော့်ကို မှာတယ်။ သဘောကတော့ သူတို့ရဲ့ မျိုးရိုးပိုင်ပစ္စည်းကို ကျွန်တော် ခိုးကြည့်မှာ စိုးတဲ့သဘောပေါ့။ လှန်ကြည့်ရင် ဒုက္ခရောက်မယ်ဆိုတာက ကျွန်တော့်ရဲ့ အကူအညီကို မတတ်သာလို့ ယူရပေမယ့် ကျွန်တော့်ကို မယုံကြည်တဲ့ သဘောပေါ့"

ရသေ့ကြီး ချုံးရှိုးက မေးလိုက်ပြန်သည်။

"သူပြောခိုင်းသလို မင်းက လင်မိန်ကျက်ကို ပြောပြလိုက်သလား"

"ဟာ ဘယ်မပြောလို့ ဖြစ်မလဲ။ ကတိပေးပြီးသား ဖြစ်နေတော့ ကျွန်တော်က လင်မိန်ကျက်ကို အဲသည်အတိုင်း ပြန်ပြောပြလိုက်ရတာပေါ့။

ဆရာတော်ကြီး ဖန်းတင်းက ဝင်ပြောလိုက်သည်။

"ကဲ ... အခုဆိုရင် 'နေကြာပန်း သိုင်းပေါင်းချုပ်' ဆိုတာ ဘယ်မှာ တစ်စုတစ်စည်းထဲ ရှိတော့လို့လဲ။ မကောင်း ဆိုးဝါးဂိုဏ်းမှာ နည်းနည်း၊ ကောင်းဆန်းဂိုဏ်းမှာ နည်းနည်း။ အားလုံးဆီမှာ နည်းနည်းစီ ပြန့်ကြဲရောက်နေပြီ။ ... ကျိုလင်ထန်လိုလူမျိုးက ဒီလို နည်းနည်းကလေး ရထားတာကို ဘယ်လိုမှ ကျေနပ်မယ့်လူမျိုး မဟုတ်ဘူး။ သူက မကောင်းဆိုးဝါးဂိုဏ်းကိုရော၊ ရှောင်လင်ဂိုဏ်းကိုရော၊ အားလုံးကို ဝါးမျိုပြီး 'နေကြာပန်း သိုင်းပေါင်းချုပ်' ကို အပိုင်စီးမှာပဲ။ အင်း ... သိုင်းလောကကြီးတော့ ပိုပြီး ရှုပ်ထွေးလာဦးတော့မှာပဲ"

လင့်ဟုချုံးအား ရသေ့ကြီး ချုံးရှိုးက မေးလိုက်သည်။

"ကျိုလင်ထန်ရဲ့ အန္တရာယ်ကတော့ တကယ့်ကို မသေးတဲ့ကိစ္စပဲ လင့်ဟုချုံး။ အခု သုံး လပိုင်း၊ ဆယ့်ငါးရက်နေ့မှာ ဂိုဏ်းကြီးငါးဂိုဏ်း စုပေါင်းပြီး ဂိုဏ်းချုပ်အသစ်တစ်ယောက် ရွေးမယ့် ကိစ္စကို မင်းဘယ်လို သဘောရသလဲ"

"ကျွန်တော့် အမြင်တော့ ဂိုဏ်းချုပ်အသစ် ရွေးရင် ကျိုလင်ထန်ပဲ ရမှာပဲ"

ဤတွင် ဆရာတော်ကြီး ဖန်းတင်းက လေးနက်စွာ မေးလိုက်သည်။

"မင်းက သဘောတူတယ်ပေါ့။ မင်းအနေနဲ့ မကန့်ကွက် တော့ဘူးလား"

"ကောင်းဆန်း၊ ထိုက်ဆန်း၊ ချုံးဆန်း၊ ဝါဆန်းဂိုဏ်းတွေအားလုံး သဘောတူ တိုင်ပင်ထား ပြီးပြီပဲ။ ဟန်ဆန်းဂိုဏ်း တစ်ဂိုဏ်းတည်း ကန့်ကွက်လို့ရော ဘယ်အရာ ရောက်နိုင်ပါတော့မလဲ"

ဆရာတော်ကြီးက … “ငါ့သဘောကတော့ မင်းအနေနဲ့ ဒီလောက် လွယ်လွယ်ကူကူ အလျှော့ မပေးစေချင်ဘူး။ စကား စစ်ထိုးကြည့်ပေါ့။ အဲဒါမှ အနိုင်မရပဲ ဂိုဏ်းကြီးငါးဂိုဏ်း ပေါင်းမယ်ဆိုရင် ဂိုဏ်းချုပ်အသစ်ကို သိုင်းပညာ ယှဉ်ပြိုင်ပြီး ရွေးခိုင်း .. အဲသည်အခါမှာ မင်းရဲ့ ဓားသိုင်းကိုသုံး …ကျိုလင်ထန်က ဓားသိုင်းမှာတော့ မင်းကို မနိုင် နိုင်ဘူး … ဂိုဏ်းချုပ်နေရာကို မင်းရအောင် ယူထားလိုက်”

ဤအကြံမှာ လင့်ဟူချုံး အနေဖြင့် အိပ်မက်မျှပင် မမက်ဝံ့သော အကြံအစည်ဖြစ်နေ၍ သူက အထစ်ထစ် အငေါ့ငေါ့ဖြင့် …

“ဒါ … ဒါကတော့ …” စကားကိုဆုံးအောင် မပြောနိုင်ပဲ ဖြစ်နေတော့သည်။

ရသေ့ကြီး ချုံးရှိုးက …

“လမ်းမှာ ငါနဲ့ ဆရာတော်ကြီး ဆွေးနွေး တိုင်ပင်ခဲ့ကြတယ်။ မင်းက ရိုးဖြောင့်တယ်။ ဂုဏ်ပကာသနကိုလည်း မမက်မောဘူး။ တကယ်လို့ မင်းသာ ဂိုဏ်းကြီးငါးဂိုဏ်းရဲ့ ဂိုဏ်းချုပ်အသစ်ဖြစ်လာရင် ဂိုဏ်းရဲ့စည်းကမ်းတွေ လျော့ရဲလာ ပြီးတော့ ဂိုဏ်းသားတွေလည်း စည်းကမ်း ပျက်ကုန်ကြတော့မှာပဲ”

ဤတွင် လင့်ဟူချုံးက တဟားဟား ရယ်ရင်း ပြောလိုက်သည်။

“ဆရာကြီးပြောတာ သိပ်မှန်တာပဲ။ ကျွန်တော့်လို လူမျိုးက သူများကိုသွားပြီး စည်းနဲ့ကမ်းနဲ့ ထိန်းချုပ်ဖို့ ဘယ်ဖြစ် နိုင်ပါ့မလဲ။ ကျွန်တော်ကိုယ်တိုင်က စည်းမဲ့ကမ်းမဲ့ နေတတ်တဲ့ဉစ္စာ”

သို့ရာတွင် ရသေ့ကြီး ချုံးရှိုးက ဆက်ပြောလိုက်သည်မှာ …

“အနေအထိုင် စည်းကမ်းမရှိတာက လောကကြီးကို သိပ်ပြီး ဒုက္ခမပေးပါဘူး … လောဘကြီးတဲ့၊ အကြံကြီးတဲ့ လူတွေကသာ ဒုက္ခပေးတာပါ … မင်းသာ ဂိုဏ်းကြီးငါးဂိုဏ်းရဲ့ ဂိုဏ်းချုပ် လုပ်လိုက်ရင် … ပထမအချက် အနေနဲ့ ခိုက်ရန်ဖြစ်ပွားမှု သိပ်မရှိနိုင်တော့ဘူး။ မင်းက မကောင်းဆိုးဝါးဂိုဏ်းကို သွားပြီး တိုက်ခိုက်မယ့်လူ မဟုတ်ဘူး။ မကောင်းဆိုးဝါးဂိုဏ်းကလည်း မင်းရဲ့ မျက်နှာကိုထောက်ပြီး ဂိုဏ်းကြီးငါးဂိုဏ်းကို လာတိုက်ခိုက်မှာ မဟုတ်ဘူး …

“ဒုတိယအချက်ကတော့ မင်းက ရှောင်လင်နဲ့ ဟူတန်းကို မင်းဘယ်လိုမှ ရန်လုပ်မှာ မဟုတ်ဘူး။ တတိယအချက် အနေနဲ့ ဝါမေ၊ ခွန်းလွန်၊ ခုံးတုံဂိုဏ်းတွေကိုလည်း မင်းအနေနဲ့ ဝါးမျိုဖို့ ကြိုးစားမှာ မဟုတ်ဘူး”

လင့်ဟူချုံးက မည်သည့်စကားမျှ မပြောတော့ပဲ ငြိမ်သက်စွာ နေလိုက်သည်။ အတန်ကြာမှ …

“ဆရာကြီးတို့က ဒီလို စီမံကြတယ်ဆိုတော့ ကျွန်တော့် အနေနဲ့ ဘာလုပ်ရမှန်း မသိအောင် ဖြစ်နေပါတယ်။ ကျွန်တော်ကတော့ ကိုယ့်ကိုယ်ကို သိပ်မယုံလှဘူး။ ဒီအသက်အရွယ်နဲ့ ဟန်ဆန်းဂိုဏ်းချုပ် လုပ်တာတောင် သိပ်ဝံ့ကြွား သလို ဖြစ်နေပါပြီ။ ဂိုဏ်းကြီးငါးဂိုဏ်းရဲ့ ဂိုဏ်းချုပ်ရာထူးကိုတော့ ဘယ်တော့မှ မယူလိုပါဘူး …”

“ဒါပေမယ့် ဆရာကြီးတို့ရဲ့ အစီအမံတွေက သိုင်းလောကကြီးတစ်ခုလုံး ကောင်းဖို့ပဲဆိုတော့ ကျွန်တော်က တတ်နိုင် သမျှ ဖြည့်စွမ်းပေးပါ့မယ်။ ကဲ … လာမယ့် သုံးလပိုင်းဆယ့်ငါးရက်နေ့ရောက်ရင် ကောင်းဆန်းတောင်ထိပ်ကို ကျွန်တော် သွားပါ့မယ်။ ဘယ်နည်းနဲ့မဆို ကျိုလင်ထန် ဂိုဏ်းချုပ်မဖြစ်အောင် တားဆီးပါ့မယ်…”

“ဆရာတော်ကြီးနဲ့ ဆရာကြီးတို့ မသိသေးတဲ့ ကျွန်တော့်ရဲ့ စွမ်းရည်တစ်ခုကို ပြောပြမယ်။ ကျွန်တော်က ကိစ္စတစ်ခု ကို ဖြစ်မြောက်အောင်မြင်အောင် မလုပ်တတ်ပေမယ့် ပျက်စီးအောင်တော့ ကောင်းကောင်း လုပ်တတ်ပါတယ်”

ရသေ့ကြီး ချုံးရှိုးက ခေါင်းတစ်ခါခါ၊ လည်တစ်ခါခါဖြင့် ပြောလိုက်သည်။

“လင့်ဟူချုံး … ဒီကိစ္စကို လွယ်လွယ်ကလေးနဲ့ ပျက်အောင် ဖျက်နိုင်လိမ့်မယ်လို့ မင်းထင်ထားသလား။ မင်းသာ ဂိုဏ်းချုပ်မလုပ်ဘူးဆိုရင် ကျိုလင်ထန်ပဲ ဂိုဏ်းချုပ်ဖြစ်မှာပဲ … သူက ဂိုဏ်းချုပ်ကြီး ဖြစ်လာရင် ပထမဆုံး မင်းကို ရှင်းပစ်မှာ သေချာတယ်”

လင့်ဟူချုံးက သက်ပြင်းချ၍ …

“ဒါကတော့ ဘယ်တတ်နိုင်ပါ့မလဲ။ ကျွန်တော်ကတော့ သေလည်း ဂရုမစိုက်ပါဘူး”

“အေး … မင်းက သေမှာမကြောက်လို့ အသတ်ပဲခံခံ၊ ထွက်ပြေးနိုင်လို့ ထွက်ပဲပြေးပြေး၊ မင်းအတွက်က မထောင်း တာဘူး။ ဒါပေမယ့် မင်းရဲ့ ဟန်ဆန်းဂိုဏ်းသားတွေ အတွက်ကတော့ မလွယ်ဘူး”

ဤတွင် လင့်ဟူချုံးတစ်ယောက် တုန်လှုပ်သွားတော့၏။ သူက ဂိုဏ်းသားများအတွက် လုံးဝထည့်မတွက် ခဲ့သော ကြောင့်ပေတည်း။

ရသေ့ကြီး ချုံးရှိုးက ဆက်ပြောလိုက်သည်။

“မင်းရဲ့ ဟန်ဆန်းဂိုဏ်းသားတွေကို ကျိုလင်ထန်က ကောင်းကောင်းကြီး နှိပ်စက်မှာပဲ။ အားမနာတမ်း ပြောရရင်

ဆရာမကြီး တင့်ရှန်က မင်းကို ယုံကြည်လို့ အားကိုးလို့ သူ့တပည့်မတွေကို မင်းလက်ထဲမှာ အပ်ခဲ့တာ။ အခု မင်းလုပ်ပုံက ဆရာမကြီးတွေရဲ့ ယုံကြည်မှုကို မျက်နှာလွှဲခဲပစ် လုပ်ရာကျနေတာပဲ။ ကျိုလင်ထန်က ဟန်ဆန်းဂိုဏ်းသားတွေကို နှိပ်စက်မှာကို မင်းက ကြည့်ရက်သလား"

လင့်ဟူချုံးက မွန်ထူသွားပြီး အော်လိုက်မိသည်။

"မဖြစ်ဘူး ... ဒါကတော့ ဘယ်လိုမှ မဖြစ်နိုင်ဘူး"

"နောက်ပြီး ကျိုလင်ထန်ဆိုတဲ့လူက နည်းနည်းနောနော ကောက်ကျစ်ယုတ်မာတဲ့လူ မဟုတ်တော့ သူ့ဘက်သား မဟုတ်သမျှ။ သူ့ကို အန္တရာယ်ပေးနိုင်မယ့် လူမှန်သမျှ။ ကျူပြင်ခုတ် ကျူငုတ်မကျန် ရှင်းမှာ ... မင်းရဲ့ ဆရာ၊ ဆရာမ၊ ဂိုဏ်းတူညီ၊ ညီမလေးတွေကို ချန်ထားမယ် ထင်သလား။ သူတို့ကို တစ်နှစ်၊ နှစ်နှစ် အတွင်းမှာ အပြတ်သုတ်သင် ရှင်းလင်းပစ်မှာပဲ။ ဒါကို မင်းအနေနဲ့ သံသယ မရှိနဲ့"

လင့်ဟူချုံးမှာ တုန်လှုပ်ပြီးရင်း တုန်လှုပ်နေတော့၏။ သူက ဆရာတော်ကြီး ဖန်းတင်းနှင့် ရသေ့ကြီး ချုံးရှီးတို့ကို ရုတ်တရက် အရိုအသေပေးလိုက်ပြီး ...

"ဆရာတော်ကြီးနဲ့ ဆရာကြီးတို့ ပြောတဲ့စကားတွေကို လုံးဝဥဿုံ နားလည်သဘောပေါက်ပါပြီ။ ဆရာတော်ကြီးနဲ့ ဆရာကြီးတို့ စကားကို ကျွန်တော် လိုက်နာပါတော့မယ်"

ဆရာတော်ကြီး ဖန်းတင်းက ...

"သုံးလပိုင်း ဆယ့်ငါးရက်နေ့ကျရင် ငါနဲ့ ရသေ့ကြီးတို့လည်း ကောင်းဆန်းတောင်ကို လာဦးမှာပါ။ မင်းတစ်ယောက်တည်း ကျိုလင်ထန်ကို ယှဉ်ရမှာ မဟုတ်ပါဘူး။ ငါတို့က မင်းအနောက်ကနေ ဖိအားပေးပြီး တရားမျှတမှုရအောင် လုပ်ပေးကြမှာပါ"

ရသေ့ကြီး ချုံးရှီးကလည်း ... "ကောင်းဆန်းဂိုဏ်းက ကောက်ကျစ်တဲ့နည်းသုံးဖို့ ကြိုးစားရင် ငါတို့လည်း ဒီအတိုင်း ဘယ်ကြည့်နေမလဲ။ ဝင်တားမှာပါ"

လင့်ဟူချုံးက ဝမ်းသာအားရဖြင့်...

"ဆရာတော်ကြီးနဲ့ ဆရာကြီးတို့ကသာ ကောင်းဆန်းတောင်ကို လာခဲ့ကြမယ်ဆိုရင် ကျိုလင်ထန် ဥာဏ်နီဥာဏ်နက် သုံးရဲမယ် မထင်ပါဘူး။ ဆရာတော်ကြီးတို့ရဲ့ အရှိန်အဝါကို သူကြောက်သွားမှာပါ"

ဤသို့ဖြင့်သုံးယောက်သား အစီအစဉ်များကို ရေးဆွဲ တိုင်ပင် ပြီးစီးသွားသဖြင့် စိတ်လက်ပေါ့ပါးသွားကြသည်။ ယခုတွေ့ကြုံရမည့် အခက်အခဲများမှာ ရင်မောဖွယ်ရာ ကောင်းလှသော်လည်း နောင်အရှည်သဖြင့် သိုင်းလောကကြီး အေးချမ်းစေမည့် အစီအစဉ်များ ဖြစ်သဖြင့် ထိုအခက်အခဲများကို ရင်ဆိုင်မည်ဟု လင့်ဟူချုံးက သန္နိဋ္ဌာန်ချလိုက်သည်။

× × × × ×

ညနေဆည်းဆာမှသည် နေဝင်ချိန်သို့ပင် ရောက်ရှိလာပေပြီ။

ရသေ့ကြီး ချုံးရှီးက "ဆရာတော်ကြီး ဖန်းတင်း ... ကျုပ်တို့ ပြန်ကြရအောင်လား။ တော်တော်ကြာ ဟန်ဆန်းဂိုဏ်းသားတွေက သူတို့ ဂိုဏ်းချုပ်အသစ်လေး ပျောက်နေလို့ စိတ်ပူပြီး ကျုပ်တို့ကို အပြစ်တင်နေဦးမယ်"

သို့ဖြင့် သုံးယောက်လုံး ကြိုးတံတားမှလှည့်၍ ပြန်လျှောက်လာကြတော့၏။ သူတို့ ခြေလှမ်းများခုနှစ်လှမ်းမျှသာ လျှောက်လိုက်ရသေးသည်။ သုံးယောက်စလုံး၏ခြေလှမ်းများ ရုတ်တရက် ရပ်လိုက်ကြ၏။

လင့်ဟူချုံးက အော်ဟစ်၍ မေးလိုက်၏။

"ရှေ့က ဘယ်သူတွေလဲ"

အကြောင်းကား ဤသို့ဖြစ်သည်။ သူတို့ပြန်လာသည့် ကြိုးတံတား တစ်ဖက်စွန်းရှိ ဘုရားကျောင်းဆောင် ခေါင်မိုးပေါ်မှ လူအချို့၏ အသက်ရှူသံများကို ကြားလိုက်ရသောကြောင့်ပင် ဖြစ်သည်။ လင့်ဟူချုံးအပါအဝင် သုံးယောက်စလုံးမှာ အတွင်းအား အလွန်ကောင်းကြသဖြင့် ခိုးကြောင်ခိုးဝှက် ပုန်းနေသောလူများ၏ အသက်ရှူသံများကို နားပါးစွာ

ကြားလိုက်ခြင်းကြောင့်ပင်တည်း။

လူသူ အရောက်အပေါက်မရှိသော အရပ်သို့ တမင်တကာ လာရောက်၍ လျှို့ဝှက်သော စကားကို တိုင်ပင် နှီးနှော ကြခြင်းဖြစ်ရာ ယခုကဲ့သို့ လူမမြင်ရပဲ အသက်ရှူသံများကို ကြားလိုက်ရခြင်း အားဖြင့် ရန်သူဟု ရိပ်မိသိရှိလိုက်ကြသည်။ ယင်းကြောင့်ပင်လျှင် လင့်ဟူချိုးက ဟစ်အော်၍ မေးလိုက်ခြင်း ဖြစ်သည်။

ထိုအခါတွင် ဘုရားကျောင်း ခေါင်မိုးပေါ်တွင် ပုန်းဝပ်နေကြသော လူများသည် ထွက်ပေါ်လာကြတော့၏။ လူပေါင်း ဆယ်ယောက်ကျော်မျှ ရှိနေ၏။ သူတို့သည် မည်သည့်နည်းနှင့်မျှ မိတ်ဆွေများ မဖြစ်နိုင်ချေ။

သည့်အပြင် သူတို့၏ လက်များထဲတွင် ထူးခြားဆန်းကြယ်သော လက်နက်အမျိုးမျိုး ကိုင်ဆောင်ကာ လင့်ဟူချိုးတို့ သုံးဦးအား ချိန်ရွယ်ထားကြသေးသည်။ ယင်းလက်နက်များမှာ လေးမြားလက်နက်နှင့် ပုံသဏ္ဍာန်တူသော်ငြား လေးမြား လက်နက် မဟုတ်ချေ။

ဆရာတော်ကြီးဖန်းတင်း ရသေ့ကြီးချိုးရှိုးနှင့် လင့်ဟူချိုးတို့အားလုံးမှာ သိုင်းလောကထဲတွင် ထိပ်သီး သိုင်းပညာ ရှင်ချည်းသာ ဖြစ်သည်။ လင့်ဟူချိုးတစ်ယောက်သာ အသက်အရွယ်နှင့် အတွေ့အကြုံ နုနယ်သူဖြစ်၏။ ကျန်ဆရာကြီး နှစ်ယောက်တို့မှာ အသက်လုတိုက်ပွဲပေါင်းများစွာ ဆင်နွှဲခဲ့ဖူးသော မဟာ ပညာရှင်ကြီးများ ဖြစ်ကြ၏။

သူတို့ နှစ်ယောက်က ဤကဲ့သို့ လက်နက်များဖြင့် ဝိုင်းဝန်းချိန်ရွယ် ခံထားရခြင်းကို လုံးဝ မဖြုံချေ။ သည့်ထက်များ သည့် လက်နက်များဖြင့် ချိန်ရွယ်ခံရလျှင်လည်း ကြောက်မည်မဟုတ်။ သို့သော် သူတို့ လက်ရှိရောက်နေသည့် အနေ အထားမှာ မြေပြန့်မဟုတ်။ ကြိုးတံတား ဖြစ်နေ၏။

ကြိုးတံတား၏ အခြေအနေမှာ ကျဉ်းမြောင်းလှသဖြင့် ရှောင်တိမ်းရန် နေရာမရှိပဲ ဖြစ်နေ၏။ လေဟာပြင်ကြီးက နံဘေးတွင်၊ နက်ရှိုင်းလှသော ချောက်ကြီးက အဆင်သင့် စောင့်ကြိုနေသည်။ အခြား ဆိုးဝါးသော အချက်တစ်ချက်မှာ သူတို့ကိုယ်ပေါ်တွင် လက်နက်ဟူ၍ တစ်စုံတစ်ခုမျှ ပါမလာခြင်းပေတည်း။

ထို့ကြောင့် အရင့်အမာ သိုင်းပညာရှင်ကြီးများ ဖြစ်ကြသော်လည်း ဆိုးဝါးလှသည့် ပတ်ဝန်းကျင် အခြေအနေတွင် သုံးယောက်စလုံး တုန်လှုပ်သွားကြတော့သည်။

× × × × ×

လင့်ဟူချိုးသည် အိမ်ရှင်ဖြစ်နေ၍ ရှောင်လင်ဂိုဏ်းချုပ်ကြီးနှင့် ဟူတန်းဂိုဏ်းချုပ်ကြီးတို့၏ ရှေ့သို့ တက်လိုက်ကာ မားမားရပ်လိုက်၏။ အကယ်၍ ရန်သူတို့က ပစ်ခတ်လိုက်လျှင် ဆရာကြီး နှစ်ယောက်အား မထိခိုက်စေရန် ကာကွယ် လိုက်ခြင်းပေတည်း။ ထိုစဉ်မှာပင် အမိန့်ပေးသံ တစ်ချက် ကြားလိုက်ရ၏။

"ပစ်"

သူတို့သုံးယောက်စလုံး အင်္ကျီလက်စများကို ကမန်းကတန်း ဖေ့ယမ်း၍ ကာကွယ်လိုက်ကြသည်။ သို့သော် ရန်သူ များပစ်လွှတ်လိုက်သော အရာများမှာ ဓားလည်းမဟုတ်။ မြားလည်းမဟုတ်။ အပ်ချောင်းများလည်း မဟုတ်ချေ ... အမည်းရောင် အရည်များသာဖြစ်သည်။ ထို့အပြင် သူတို့ထံသို့ ပစ်လွှတ်လိုက်ခြင်း မဟုတ်သေးချေ။ သူတို့ ရှေ့သို့ ပစ်လိုက်ခြင်းသာဖြစ်သည်။

အလွန်တရာ ဆိုးဝါးပြင်းထန်လှသော အနံ့ကြီးကြောင့် လင့်ဟူချိုးတို့အားလုံးမှာ အော့အန်ချင်စိတ်များ ပေါက်လာ တော့သည်။ သို့ရာတွင် သူတို့အားလုံး မြင်လိုက်ရသည့် မြင်ကွင်းကြောင့် အော့အန်ချင်စိတ်များ ပျောက်သွားရသည်။

ကြိုးတံတားပေါ် ကျရောက်လာသော ထိုအမည်းရောင် အရည်များနှင့် ထိမိသည့် နေရာတိုင်း အပေါက်များ ဖြစ်သွားသောကြောင့်ပင်တည်း။ စားလောင်တတ်သော အဆိပ်ရည်များပင်တည်း။ အလွန်တရာ ကြောက်မက်ဖွယ် ကောင်းလှပေတော့သည်။

ဆရာတော်ကြီး ဖန်းတင်းနှင့် ရသေ့ကြီး ချိုးရှိုးတို့ နှစ်ယောက်သည် ဤမျှ ပြင်းထန်သော အဆိပ်ရည်များကို တွေ့လိုက်ရသောအခါ မျက်နှာပျက်သွားကြ၏။

ဤကဲ့သို့သော ဂိုဏ်းချုပ်ကြီး နှစ်ယောက်အား ကြောက်ရွံ့ထိတ်လန့်မှု ဝင်လာစေရန်မှာ မလွယ်ကူလှချေ။ သူတို့သည် လျှို့ဝှက်လက်နက်များ၊ အဆိပ်လူးထားသော လက်နက်ပုန်းများ ဆိုလျှင်ပင် အဝတ်အစားများဖြင့် ရိုက်ဖယ်ထုတ်ပြီး ထိုးဖောက်ထွက်ပြေးနိုင်သော်ငြား ယခုကဲ့သို့ အဆိပ်ရည်မျိုးကို မည်ကဲ့သို့ ဖယ်ရှား ရှောင်တိမ်းနိုင်မည်နည်း။ အသားကို ထိခိုက်မိသည်နှင့် အသားများ ပုပ်ပွ ဆွေးမြည့်သွားပေလိမ့်မည်။

အချည်းနှီး အကျိုးမဲ့ သေရခြင်းကို မည်သူ မကြောက်ရွံ့ပဲ နေနိုင်မည်နည်း။ အကျိုးရှိရှိ၊ အဓိပ္ပါယ်ရှိရှိ သေရလျှင် ဤဂိုဏ်းချုပ်ကြီး နှစ်ယောက်အနေဖြင့် နောက်တွန့် ကြောက်ရွံ့မည် မဟုတ်ချေ။

လူတစ်ယောက်၏ အော်သံ ထွက်ပေါ်လာသည်။

“ခင်ဗျားတို့ မျက်မြင်ကိုယ်တွေ့ ဖြစ်သွားအောင် ပက်ပြလိုက်တာပဲ။ ဒီ အဆိပ်ရည်စက်တွေ ခင်ဗျားတို့ရဲ့ ကိုယ်ပေါ်ကို ပက်လိုက်ရင် ခင်ဗျားတို့ ဘယ်လိုဖြစ်သွားမလဲ။ စဉ်းစားကြည့်လိုက်စမ်းပါ”

အသံကို ကြားလိုက်သည်နှင့် လင့်ဟူချုံးက ချက်ချင်းပင် သတိရသွားတော့၏။

“ဂိုဏ်းချုပ်ကြီး တုံးဖန်းပု ပေးလိုက်တဲ့ လက်ဆောင်ပစ္စည်းတွေက တကယ့်လက်ဆောင်တွေပဲကိုး။ ကျေးဇူးတင်လောက်ပါပေ့ဗျာ”

ထိုသူကား တုံးဖန်းပု၏ ဘယ်လက်ရုံး ပိုက်ပုပင်တည်း။ ပိုက်ပုသည် သူ့အား လင့်ဟူချုံး မှတ်မိသည်ကို တွေ့ရသော အခါ အားရပါးရ ရယ်မောပြီးမှ ...

“လင့်ဟူချုံးက တယ်ပြီး မှတ်ဉာဏ်ကောင်းတာကိုး။ ကျုပ်အသံကို ချက်ချင်း မှတ်မိတယ်။ ကဲပါလေ ... ဘယ်လောက်ပဲ မှတ်ဉာဏ်ကောင်းကောင်း ဒီနေရာမှာတော့ ခင်ဗျားကို ဘယ်သူမှ မကယ်နိုင်တော့ပါဘူး။ အခုဆိုရင် ကျုပ်တို့က ဉာဏ်သုံးပြီး ခင်ဗျားတို့ကို အပိုင်ကိုင်ထားလိုက်ပြီ ... ဘယ့်နှယ်လဲ။ ခင်ဗျားတို့ ဘယ်နည်းနဲ့ လွတ်နိုင်ဦးမလဲ”

လင့်ဟူချုံးက တဟားဟား အော်ရယ်လိုက်သည်။ သူက တမင်ရယ်လိုက်ခြင်းဖြစ်သည်။ မိမိ၏ စိုးရိမ်ထိတ်လန့်မှု မပေါ်ပေါက်စေရန် ဟန်ဆောင်ရယ်နေခြင်း ဖြစ်ပေတော့၏။ ရယ်နေရင်းမှ ရုတ်တရက် အရယ်ရပ်လိုက်ပြီး မေးခွန်းထုတ်လိုက်၏။

“ခင်ဗျားတို့က ကျုပ်တို့အားလုံးကို သတ်ပစ်နိုင်ရဲ့သားနဲ့ ချက်ချင်းမသတ်ပဲ စကားကြောရှည်နေပုံ ထောက်ရင် အပေးအယူ ကိစ္စတစ်ခုခုတော့ ရှိနေပြီ။ ကဲ ... ပြောပါဦး ကျုပ်တို့ကို ဘာလုပ်စေချင်သလဲ”

ပိုက်ပုက ... “ကျုပ်တို့ ဂိုဏ်းချုပ်ကြီးက မှာကြားလိုက်ပါတယ်။ ခင်ဗျားနဲ့ ဆရာကြီး နှစ်ယောက်လုံးကို မဟူရာ တောင်ကုန်းအရောက် ဖိတ်ခေါ်လာခဲ့ပါတဲ့။ ဒါကြောင့် ခင်ဗျားတို့ သုံးယောက် အေးအေးသက်သာ လိုက်ခဲ့စေချင်တယ် ... မလိုက်လာရင်တော့ ...”

လင့်ဟူချုံးသည် ပိုက်ပု၏ စကားကို ခေတ္တမျှ စဉ်းစားလိုက်၏။

× × × × ×

## မဟူရာ တောင်ကုန်းသို့ ချဉ်းကပ်ခြင်း

လင့်ဟူချုံးသည် ဆရာတော်ကြီး ဖန်းတင်း နှင့် ရသေ့ကြီး ချုံးရှီးတို့အား တီးတိုးပြောလိုက်သည်။

"ဆရာတော်ကြီးနဲ့ ဆရာကြီး ... ကျွန်တော် ရှေ့ကနေ အတင်းတိုက်ထွက်မယ်။ ပထမဆုံး ကျွန်တော့်တစ်ယောက်တည်းကိုသာ ထိမှာဆိုတော့ ဆရာတော်ကြီးနဲ့ ဆရာကြီးတို့က အချိန်အများကြီးရပါတယ် ..... ကျွန်တော့်နောက်က ကပ်လိုက်ကြပါ"

ချုံးရှီး ရသေ့ကြီးက တီးတိုး တားမြစ်လိုက်သည်။

"လင့်ဟူချုံး ... မလုပ်နဲ့"

ထိုစဉ် ... မိန်းကလေး တစ်ယောက်က ကြိုးတံတားပေါ်သို့ ခုန်တက်ရောက်ရှိလာပြီး လင့်ဟူချုံး၏ ရှေ့တွင် ကာကွယ်ပြီး ရပ်လိုက်တော့၏။ အခြားသူမဟုတ် လင်းလင်းပေတည်း။

လင့်ဟူချုံးက ကမန်းကတန်း လှမ်းပြောလိုက်၏။

"လင်းလင်း ... နောက်ဆုတ်နေ"

သို့သော် လင်းလင်းက လင့်ဟူချုံးအား ခေါင်းခါပြလိုက်သည်။ သူမက ရှေ့ဖက်သို့ကြည့်ရင်း အော်ပြောလိုက်သည်။

"ဦးလေး ပိုက်ပု ... ဒါက ဘာလုပ်တာလဲ"

ပိုက်ပုက ... "နေမင်းသမီးတော်လေးပါလား။ သမီးတော်လေး ဘေးကိုဖယ်လိုက်ပါ။ ဒါက သမီးတော်လေးနဲ့ ဘာမှ မဆိုင်ဘူး။ ဒီတော့ ဒီကိစ္စထဲ ဝင်မစွက်ပါနဲ့"

"ဦးလေး ပိုက်ပု၊ ရှင်က ကောင်းဆန်းဂိုဏ်းက ကျိုလင်ထန်ရဲ့ လာဘ်ထိုးတာကို လက်ခံပြီး ဟန်ဆန်းဂိုဏ်းကို လာနှောင့်ယှက်တာ မဟုတ်လား။ ဦးလေး တုံးဖန်းပုက ဦးလေး ဆန့်ကွမ်းနဲ့အတူ ရှင့်ကို လွှတ်လိုက်တာက လက်ဆောင်ပစ္စည်းပေးဖို့ပဲ။ အခု ရှင်လုပ်နေတာက ကျိုလင်ထန်အတွက် မဟုတ်လား"

"နေမင်းသမီးတော်လေး ... ကိုယ်နဲ့ မဆိုင်ရင် ဝင်မစွက်ပါနဲ့။ ကျုပ်က ကျိုလင်ထန်ရဲ့လာဘ်ကို ယူတယ် ဟုတ်လား။ ဘယ်သူက ပြောသလဲ။ အခု ကျုပ်လုပ်နေတာ ဂိုဏ်းချုပ်ကြီးရဲ့ လျှို့ဝှက်အမိန့်။ ဒါကြောင့် နေမင်းသမီးတော်လေး မသိတာပါ။ အေးအေးဆေးဆေး ဘေးဖယ်နေပါ"

"ဦးလေး ပိုက်ပု၊ ကျွန်မ မေးစမ်းပါရစေဦး။ ဦးလေး တုံးဖန်းပုရဲ့ လျှို့ဝှက်အမိန့်မှာ ကျွန်မကို သတ်ဖို့ရော ပါသေးသလား"

"အဲသလိုတော့ အမိန့်မပေးလိုက်ပါဘူး။ ဒါပေမယ့် ဂိုဏ်းချုပ်ကြီးရဲ့ အမိန့်ကို နှောင့်ယှက်မယ် ဆိုရင်တော့ ..."

ပြောသာ ပြောနေရသော်လည်း ရှေ့မှ လင်းလင်းက ခံနေသဖြင့် မည်သို့လုပ်ရမည်ကို ပိုက်ပုတစ်ယောက် မစဉ်းစားတတ်အောင် ဖြစ်နေရသည်။ သူ့နောက်လိုက်များကလည်း တုံးဖန်းပုက လင်းလင်းကို အလွန် အရေးပေးမှန်း သိကြသည်။ လင်းလင်း တစ်စုံတစ်ခု ထိခိုက်သွားပါက သူတို့ အပြစ်ပေးခံရမည်ကိုလည်း စိုးရိမ်ကြသည်။ ထို့ကြောင့် သူတို့လက်နက်များက အောက်သို့ ကျသွားကြသည်။

လင်းလင်းက ဤအကွက်ကို စောင့်နေခြင်းဖြစ်ရာ လက်နက်များ နိမ့်ကျသွားသည်နှင့် ...

"အားလုံး .. ခုန်ထွက်ကြတော့ ..."

အော်ရင်း ဟစ်ရင်းဖြင့် လင်းလင်းက ရှေ့ဆုံးမှ ခုန်ထွက်သွားရာ လင့်ဟူချိုးတို့ သုံးယောက်လည်း နောက်မှ ခုန်ထွက်လိုက်ပါ သွားကြတော့၏။ သူတို့ သုံးယောက်မှာ ထိပ်သီးသိုင်းပညာရှင်များ ဖြစ်သည့်အားလျော်စွာ အခွင့်အရေးလေး အနည်းငယ်သာ ရဖို့လိုသည်။ ထိုအနည်းငယ်ကို မလွတ်တမ်း ထိထိမိမိ အသုံးချနိုင်သူများ ဖြစ်ကြ၏။

သူတို့ လေးယောက်စလုံး ဘုရားကျောင်းခန်းတွင်းသို့ ခုန်ဝင်လိုက်ရာ သူတို့အား အဆိပ်ရည်များဖြင့် တိုက်ခိုက်ရန် မလွယ်ကူတော့ချေ။ လင့်ဟူချိုးက ဖယောင်းတိုင်ထွန်းသော သံတိုင်ကို ကောက်ကိုင်ကာ ဓားအဖြစ်သုံးပြီး တိုက်ခိုက်လေတော့၏။ အခြားသူများကလည်း မနေးပါချေ။

သူတို့အားလုံးသည် အဆိပ်ရည်များ၏ အစွမ်းကို ကောင်းစွာ တွေ့မြင်ထားသူများ ဖြစ်ကြသည့်အလျောက် ရန်သူများကို အပြင်းထန်ဆုံး တိုက်ခိုက်လိုက်ကြတော့၏။ လျှပ်တစ်ပြက်အတွင်း ရန်သူခြောက်ယောက်ကို ရှင်းပစ်လိုက်ကြပြီးနောက် အချိန်အနည်းငယ် ကြာသောအခါ နောက်ထပ် ခြောက်ယောက် လဲကျသွားပြန်သည်။

ထိုအချိန်တွင် လင်းလင်းမှာ ပိုက်ပုနှင့် တစ်ယောက်ချင်း ရင်ဆိုင်တိုက်ခိုက်နေ၏။ ဆရာတော်ကြီး ဖန်းတင်းက ... "မင်း လက်နက်မချသေးဘူးလား" ဟု အော်မေးလိုက်၏။

ပိုက်ပုက လက်နက်မချ အရှုံးမပေးသေးပဲ ဆက်လက် တိုက်ခိုက်မြဲ တိုက်ခိုက်နေသဖြင့် ဆရာတော်ကြီး ဖန်းတင်းက လက်ဝါးစောင်းနှစ်ဖက်ဖြင့် ဝင်ရောက် တိုက်ခိုက်လိုက်တော့၏။ ဤတွင် ပိုက်ပု၏လက်ထဲမှ ဓားမှာ လွတ်ကျသွားတော့၏။ ဆရာတော်ကြီးက ပိုက်ပု၏ လက်နှစ်ဖက်ကို ဖမ်းချုပ်ထားလိုက်သည်။

ပိုက်ပုက အပြင်းအထန် ရုန်းကန်သော်လည်း ဆရာတော်ကြီး၏ လက်တွင်းမှ လွတ်အောင် မရုန်းနိုင်ချေ။ ဤတွင် ပိုက်ပုသည် ဆရာတော်ကြီး၏ ပေါင်ခွကြားကို သူ၏ ခြေထောက်ဖြင့် ကန်ထည့်လိုက်တော့သည်။

ဆရာတော်ကြီး ဖန်းတင်းက သက်ပြင်းတစ်ချက် ချလိုက်ကာ သူ၏လက်နှစ်ဖက်ကို ရှေ့သို့ တွန်းထုတ်လိုက်တော့သည်။ ထိုအခါတွင်မတော့ ပိုက်ပုမှာ ကြမ်းပြင်၌ ရပ်တည်နိုင်စွမ်း မရှိတော့ပဲ ဘုရားကျောင်းပြတင်းဝမှ အပြင်သို့ လွင့်စဉ်ထွက်သွားတော့သည်။

တဆက်တည်းမှာပင် ကြောက်လန့်တကြား စူးစူးဝါးဝါး အော်ဟစ်လိုက်သံကြီးကို ကြားလိုက်ရတော့၏။ ပိုက်ပုသည် ဆရာတော်ကြီး တွန်းလွှတ်လိုက်သည့် အရှိန်ကို ရပ်တန့်အောင် မလုပ်နိုင်သဖြင့် အသူတရာချောက်ကြီး အတွင်းသို့ ထိုးကျသွားရခြင်း ဖြစ်လေတော့၏။

ကျန်ရှိနေသည့် ငယ်သားများမှာ လင်းလင်းကို ကြောက်ရွံ့ပြီး ဖြစ်နေသဖြင့် တိုက်ပွဲမှာ တမုဟုတ်ချင်း ရပ်ဆိုင်းသွားတော့၏။ သူတို့သည် သိုင်းပညာအားဖြင့် လင့်ဟူချိုးတို့ကို မည်သို့မျှ ယှဉ်နိုင်သည် မဟုတ်ချေ။

လင်းလင်းက တုံးဖန်းပု၏ ညာလက်ရုံးဖြစ်သော ဆန့်ကွမ်းအား လှမ်းမေးလိုက်သည်။

"ဦးလေးဆန့်ကွမ်း .. အခုဆိုရင် နေမင်းသခင်ဂိုဏ်းရဲ့ ဝါစဉ်ကြီးပုဂ္ဂိုလ် ဆယ်ယောက်ထဲမှာ ခြောက်ယောက်က ကျွန်မအဖေဖက်ကို ပါသွားကြပြီ။ တစ်ဝက်ကျော် ပါသွားပြီဆိုကတည်းက အခြေအနေကို စဉ်းစားကြည့်ပါ။ ဦးလေးဆန့်ကွမ်းက အခုထိ တုံးဖန်းပုကို သစ္စာရှိနေတုန်းပဲလား"

ဆန့်ကွမ်းသည် ချက်ချင်းပင် ခါးကိုင်းကာ ဦးညွှတ်လိုက်၏။

"ကျုပ်လည်း ဒီနေ့ကစပြီး ဂိုဏ်းချုပ်ကြီး လင်းရှင်ဆီမှာပဲ အမှုထမ်းပါတော့မယ်"

ပြောပြီးသည်နှင့် ဆန့်ကွမ်းသည် ကျန်ရှိသော တပည့်များကို ခေါ်ဆောင်၍ ပြန်သွားတော့၏။ လင့်ဟူချိုးတို့အဖို့ အေးချမ်းသွားလေပြီ။ အကယ်၍ လင်းလင်းသာ လာ၍မကူညီလျှင် သုံးယောက်လုံးအတွက် တွေးဝံ့စရာ မရှိချေ။ လောင်ထိုနှင့် ကျူချန်းတို့လည်း ရောက်ရှိလာကြတော့၏။

လင်းလင်းအား လင့်ဟူချိုးက မေးလိုက်၏။

"လင်းလင်း .. ငါ့မှာ မင်းကယ်တဲ့ အသက်ပဲ ရှိတော့တယ်။ ဒါနဲ့ ငါတို့ကို ပိုက်ပုက ချောင်းမြောင်း တိုက်ခိုက်တော့မယ်ဆိုတာ မင်းက ဘယ်လို သိနေရတာလဲ"

"အစ်ကိုတို့ ထွက်သွားပြီးတဲ့နောက် ကျွန်မတို့ ကျန်ရစ်ခဲ့တုန်း စဉ်းစားမိတာပါ။ ဦးလေးဆန့်ကွမ်းနဲ့ ဦးလေးပိုက်ပုတို့က အစ်ကို့အတွက် လက်ဆောင်တွေ လာပို့တယ်ဆိုတဲ့အကြောင်း သိလိုက်ရတော့ အံ့သြသွားတယ်။ တုံးဖန်းပုက စိတ်ကောင်းနှလုံးကောင်း မရှိတာ သေချာတယ်။ အစ်ကို့ကို သဘောရိုးနဲ့တော့ ဒီလိုလက်ဆောင်မျိုး ဘယ်တော့မှ ပေးမှာ မဟုတ်ဘူး။ လာပေးတယ် ဆိုကတည်းက အကြောင်းတစ်ခုခု ရှိလို့ဆိုတာ ကျွန်မရိပ်မိတယ်။ ဒါနဲ့ပဲ သူတို့ကို အကဲခတ်နေတာ။ သူတို့ ဒီတောင်ထိပ်ဖက်ကို ထွက်လာတော့ ကျွန်မက လောင်ထိုနဲ့ ကျူချန်းကိုခေါ်ပြီး သူတို့ နောက်က လိုက်လာ

ခဲ့တာပဲ”

ဆရာတော်ကြီး ဖန်းတင်းနှင့် ရသေ့ကြီး ချုံးရှိုးတို့သည် အခြားကိစ္စ မရှိတော့သဖြင့် နှုတ်ဆက်ပြီး ပြန်သွားကြတော့၏။ လင့်ဟူချုံးက လင်းလင်းနှင့် ပုခုံးချင်းယှဉ်လျှောက်ကာ ဟန်ဆန်းတောင်ထိပ်သို့ ပြန်လာကြသည်။ လမ်းတွင် လင်းလင်းက ...

“အစ်ကို ... အစ်ကို အခု ကြုံလိုက်ရတဲ့ အခြေအနေဟာ ဘာကြောင့် ဖြစ်တယ်ဆိုတာ ရိပ်စားမိရဲ့လား”

လင့်ဟူချုံးက ခေါင်းခါပြလိုက်၏။ လင်းလင်းက ...

“တုံးဖန်းပုဟာ အဖေ့သတင်းကို အစောကြီးကတည်းက ရပြီးသား။ သိပ်မကြာခင် အတောအတွင်း သူ့ကို တိုက်စစ်ဆင်တော့မယ်ဆိုတာ သိနေတယ်။ တုံးဖန်းပု ဆိုတာကလည်း သိပ်ဉာဏ်ကောင်းတဲ့လူ ဆိုတော့ကာ သူက တစ်ကွက်ကြိုပြီး ရွှေ့လိုက်တယ်။ အဖေ့ကို ချောင်းမြောင်းလုပ်ကြံဖို့ ရှာမရတော့ အစ်ကို့ကို လာဖမ်းတာပဲ။ အစ်ကို့ကိုသာ ဖမ်းမိသွားရင် ... ကျွန်မက ...”

လင်းလင်းမှာ ထိုနေရာသို့ ရောက်သောအခါ စကား မဆက်နိုင်တော့ပဲ သူမ၏ မျက်နှာလေးမှာ ရှက်သွေးကြောင့် နီရဲသွားတော့သည်။ လင်းလင်း၏ ချစ်စရာ ကောင်းလှသော မျက်နှာလေးကို ငေးမောကြည့်ရင်း အဖြေကို လင့်ဟူချုံး သိလိုက်သည်။ ရင်ထဲတွင်လည်း ဘောင်ဘင်ခတ်အောင် လှုပ်ရှားသွားတော့သည်။

“သူကလေးက ငါ့အပေါ် ဘယ်လောက် မေတ္တာ ရှိနေသလဲ .. ကြည့်စမ်း ... တုံးဖန်းပုလို လူမျိုးကတောင် ငါ့အပေါ် သူဘယ်လောက် မေတ္တာရှိနေသလဲကို သိနေပြီ။ ငါ့ကို ဖမ်းမိပြီးရင် သူ့ကို အကျပ်ကိုင်လို့ ရတယ်ဆိုတာ ... လင်းလင်းကို အကျပ်ကိုင်လို့ရရင် လင်းလင်းရဲ့အဖေ လင်းရှင်ဟာ ဘယ်ပြေးတော့မလဲ။ လင်းလင်းဟာ အညာပဲ။ ဒီအကွက်ကို မြင်တဲ့ တုံးဖန်းပုဟာ ငါ့ကိုလာဖမ်းတာပေါ့။ တော်တော့်ကို အကွက်မြင်တဲ့လူပဲ”

တွေးနေရင်းမှ လင့်ဟူချုံးက လင်းလင်းအား ကြည့်လိုက်သည်။ လင်းလင်းသည် သူမ၏ ဦးခေါင်းကလေးကို ပြန်မဖော်သေးပဲ ခေါင်းငုံ့လျက်သာ လျှောက်မြဲလျှောက်နေသည်။ လင့်ဟူချုံးက ဆက်တွေးနေမိပြန်သည်။

“လင်းလင်း ... လင်းလင်း ... ငါ့အပေါ် ဘယ်လောက် အချစ်ကြီးတဲ့ မိန်းကလေးလဲ ... စောစောက သူ့အတွက် တကယ့် အန္တရာယ်ရှိနေတာကို ကြောက်ရမှန်း လန့်ရမှန်း မသိဘူး။ ငါ့ကိုကယ်ဖို့ အတင်းကြိုးစားတာပဲ။ ငါ့မှာ ဒီလို ချစ်သူမျိုး ရှိနေမှတော့ သည့်ပြင် ဘာလိုသေးလဲ”

လင့်ဟူချုံး၏ နှလုံးသားထဲတွင် ချစ်စိတ်ချစ်သွေးများ ပြည့်လျှမ်းလာသဖြင့် လင်းလင်း၏ ခါးလေးကို လှမ်းဖက်လိုက်သည်။ သို့ရာတွင် လင်းလင်းက ခစ်ကနဲ ရယ်ကာ ရှောင်တိမ်းလိုက်သဖြင့် လွတ်သွားတော့သည်။

သူမက ရယ်ရင်း ...

“ဘယ်လိုလဲ ဂိုဏ်းချုပ်ကြီးရဲ့ .. ဂိုဏ်းချုပ်ကြီး လုပ်နေပြီး ဒီလို ခြေဆော့လက်ဆော့ လုပ်နေတာ တော်ရော့လား”

“ဟား .. ဟား .. ဟား ... လင်းလင်းက အစ်ကို့ကို ဘယ်လိုဂိုဏ်းချုပ်မျိုး အောက်မေ့နေလို့လဲ။ ဒီလောကကြီးထဲမှာ ရှိရှိသမျှ ဂိုဏ်းချုပ်တွေထဲမယ် သိက္ခာသမာဓိ မရှိဆုံး ဂိုဏ်းချုပ်ပဲ ဉစ္စာ”

“သွား ... အဲဒီလိုပဲ ... နောက်တီးနောက်တောက် ပြောရမယ်ဆိုရင် ဖြစ်တယ်”

“ဘာဖြစ်လဲ ... လင်းလင်းပဲ အဲသည်လို လူမျိုးကိုမှ သဘောကျတယ်ဆို ...”

လင့်ဟူချုံး၏ စကားကို သဘောကျလှသဖြင့် လင်းလင်းသည် တခစ်ခစ် ရယ်နေမိတော့သည်။ တစ်ချိန်တုန်းက သူမကလည်း ထိုအတိုင်းပင် ပြောခဲ့မိသည် မဟုတ်ပါလား။ အတန်ကြာမှ လင်းလင်းက တည်ကြည်လေးနက်သော အသံလေးဖြင့် ပြောလိုက်သည်။

“အစ်ကို ... လင်းလင်း တစ်ခုပြောမယ်။ စောစောက အစ်ကို ပြောလိုက်တယ်။ ‘ဒီလောကကြီးထဲမှာ ရှိရှိသမျှ ဂိုဏ်းချုပ်တွေထဲမယ် သိက္ခာသမာဓိ မရှိဆုံး ဂိုဏ်းချုပ်’ ဆိုပြီး အဲဒီလို ဘာဖြစ်လို့ ပြောရတာလဲ”

“လင်းလင်းကလည်း အဲဒါက နောက်တီးနောက်တောက် ပြောတာ မဟုတ်ပါဘူး။ တကယ့်အဖြစ်ကို ပြောတာ”

“အစ်ကိုက သိပ်ခက်တာပဲ။ ရှောင်လင်ကျောင်းထိုင် ဆရာတော်ကြီးဆိုတာ နယ်နယ်ရရ ပုဂ္ဂိုလ်ကြီးလား။ ဟူတန်း ဂိုဏ်းချုပ်ကြီးဆိုတာ နယ်နယ်ရရ ပုဂ္ဂိုလ်ကြီးလား။ သိုင်းလောကမှာ သူတို့ရဲ့ အထက်မှာ ဘယ်သူမှ မရှိတော့ပါဘူး။ အဲသည်လို ပုဂ္ဂိုလ်ကြီးတွေတောင် အစ်ကို့ကို ဘယ်လို ဆက်ဆံကြသလဲ။ လေးလေးစားစား ဆက်ဆံကြတယ် မဟုတ်လား...”

“ဘာဖြစ်လို့ အစ်ကိုက ကိုယ့်ကိုယ်ကို အထင်သေးသွားရသလဲဆိုတာ ကျွန်မသိပါတယ်လေ။ ဒါပေမယ့် အစ်ကို့ အနေနဲ့ ကိုယ်ကိုယ်ကို အဲသလောက် အထင်သေးဖို့ မလိုပါဘူး”

လင့်ဟူချုံးက မေးလိုက်သည်။
"လင်းလင်းက ဘာတွေ သိနေတာလဲ။ ပြောစမ်းပါဦး"
"အစ်ကို့ကို ဝါဆန်းဂိုဏ်းက နှင်ထုတ်လိုက်လို့ ဒီလောက် စိတ်ပျက်နေတာ မဟုတ်လား"
ဤတွင် လင့်ဟူချုံးတစ်ယောက် သက်ပြင်းရှည်ကြီးချကာ ခေါင်းငိုက်စိုက် ကျသွားလေတော့၏။ လင့်ဟူချုံး၏ လက်ကို လင်းလင်းက ကိုင်ဆွဲကာ ...
"အစ်ကို ဘာတွေတွေးပြီး စိတ်ဆင်းရဲ နေတာလဲဟင်"
လင့်ဟူချုံးက လင်းလင်းကို ကြည့်ပြီး ...
"အစ်ကို့အနေနဲ့ မယ်သီလရှင်တွေရဲ့ ဂိုဏ်းချုပ်ကြီး လုပ်နေရတော့ တစ်မျိုးကြီးပေါ့ကွာ။ ဘယ်ယောကျ်ားပဲ ဖြစ်ဖြစ် အစ်ကို့နေရာ ရောက်လာရင် အစ်ကို့လိုပဲ ခံစားရမှာပဲ။"
လင့်ဟူချုံးက ဤသို့ ပြောလိုက်သောအခါ လင်းလင်းက ပြုံး၍ ...
"မယ်သီလရှင်တွေကြားမှာ အစ်ကို တစ်ယောက်တည်း မဟုတ်တော့ပါဘူး။ ဒီနေ့ ဟန်ဆန်းဂိုဏ်းထဲ ဝင်လိုက်တဲ့ ယောကျ်ားသိုင်းသမားတွေ နည်းသလား။ အစ်ကို့အနေနဲ့ ရှက်ဖို့ မလိုပါဘူး"
"ဟာ .. ဟုတ်သားပဲ။ ဒီကိစ္စနဲ့ ပတ်သက်ပြီး လင်းလင်းကိုတောင် ကျေးဇူး မဆပ်ရသေးဘူး"
"တော်ပါ"
သူတို့နှစ်ယောက် စကားတပြောပြောဖြင့် လျှောက်လာကြရာ ဟန်ဆန်းတောင်ခြေအနီးသို့ ရောက်လာကြတော့၏။ ခပ်လှမ်းလှမ်းမှ သိုင်းသမားတစ်စု စကားပြောရင်း ရယ်မောနေသံများကိုပင် ကြားနေရပေပြီ။ ထိုအခိုက်တွင် လင်းလင်းက ခြေလှမ်းများကို တုံ့ကနဲ ရပ်လိုက်ပြီး ...
"အစ်ကို .. ကျွန်မတို့ လောလောဆယ် လမ်းခွဲသွားကြရင် ကောင်းမယ်။ ဖေဖေ့ကိစ္စက သိပ်အရေးကြီးနေတယ်။ အဲဒါပြီးမှ ကျွန်မတို့ ပြန်တွေ့ကြမယ်"
"လင်းလင်း .. မင်းတို့ မဟူရာ တောင်ကုန်းကို သွားကြတော့မလို့လား"
"ဟုတ်တယ်။ သွားကြတော့မယ်"
"ဒီလိုဆို အစ်ကိုလည်း အတူတူ လိုက်ခဲ့မယ်လေ။ ဘာပဲ ပြောပြော တစ်တပ်တစ်အားတော့ ဝင်တိုက်နိုင်မှာပဲ"
လင်းလင်း၏ မျက်နှာလေးမှာ ဝင်းလက်တောက်ပသွားတော့၏။ နှုတ်မှမူ...
"အစ်ကိုက ဒီနေ့မှ ဟန်ဆန်းဂိုဏ်းချုပ်ဖြစ်တာ ဒီနေ့ပဲ ကျွန်မနောက်လိုက်လာရင် မကောင်းဘူးထင်တယ်။"
"တုံးဖန်းပုကို တိုက်ခိုက်ဖို့ ကိစ္စဟာ သာမန်မဟုတ်ပါဘူး။ ဒါကို လင်းလင်းလဲ သိမှာပါ။ ဒီလောက် ခက်ခဲတဲ့ တိုက်ပွဲကြီးမှာ မင်းကတော့ စွန့်စွန့်စားစားတိုက်ပြီး အစ်ကိုက ဘေးက ရပ်ကြည့်နေရမှာလား"
လင်းလင်းက ... "ယောကျ်ားသိုင်းသမားတွေ ဟန်ဆန်းတောင်ပေါ်မှာ အများကြီးရှိနေကြတယ်။ သူတို့က စိတ်ချရတာမဟုတ်ဘူး။ တော်တော်ကြာ ဟန်ဆန်းဂိုဏ်းက မယ်သီလရှင်တွေနဲ့ မိန်းကလေးတွေကို သွားပြီး နှောင့်ယှက်နေရင် ဘယ့်နှယ် လုပ်မလဲ"
"ဒါက ပြဿနာ မရှိပါဘူး။ မင်းကသာ အမိန့်တစ်ခွန်းပေးထားလိုက်။ အဲသည်လူတွေ ဘာမှ မလုပ်ရဲဘူး။ သူတို့ အကြောင်း အစ်ကို ကောင်းကောင်း သိတယ်"
ဤတွင် လင်းလင်းက ဝမ်းသာအားရ ပြောလိုက်သည်။
"အစ်ကိုသာ ကျွန်မနဲ့ အတူလိုက်မယ်ဆိုရင် ... အဖေ့ကိုယ်စား ကျွန်မက ကျေးဇူးအများကြီး တင်ပါသတဲ့ရှင်"
ဟန်ဆန်းတောင်ပေါ် သူတို့ရောက်ကြသောအခါ လင့်ဟူချုံးက ဟန်ဆန်းဂိုဏ်းသားများအား ထုံးစံအတိုင်း နေကြပြီး သိုင်းပညာများကို ကြိုးကြိုးစားစား လေ့ကျင့်ရန် မှာကြား၏။ သူကမူ လင်းလင်းအား ကူညီရန်အတွက် ခေတ္တ လိုက်ပါသွားမည် ဖြစ်ကြောင်း အသိပေးလိုက်သည်။
လင်းလင်းမူကား ဟန်ဆန်းတောင်၏ တစ်ဖက်တောင်ကုန်းသို့ ကူးသွားကာ ဟန်ဆန်း ဂိုဏ်းသားသစ်များအား ဟန်ဆန်းတောင်မကြီးဖက်သို့ လုံးဝ ကူးသွားခြင်းမပြုရန်၊ ဟန်ဆန်းတောင်မှ မယ်သီလရှင်များနှင့် မိန်းကလေးများကို လုံးဝ အနှောင့်အယှက်မပေးရန်။ ဤတားမြစ်ချက်ကို ဖောက်ဖျက်သူတိုင်းအား သေဒဏ်ပေးမည်ဟု အမိန့်ထုတ်လိုက်သည်။
နောက်တစ်နေ့နံနက်တွင် လင့်ဟူချုံးနှင့် လင်းလင်းက အားလုံးကို နှုတ်ဆက်၍ ဟန်ဆန်းတောင်ပေါ်မှ ဆင်းသက်တော့၏။ လင်းလင်း၏ ဖခင်ဖြစ်သူ လင်းရှင်နှင့် ပူးပေါင်းရပေတော့မည်။

လမ်းခရီးတစ်လျှောက်လုံး တုံးဖန်းပု၏ ဘက်တော်သားများ မရိပ်မိစေရန် ရုပ်ဖျက်သွားကြရ၏။ လမ်းတစ်ဝက်တွင် ဆန့်ကွမ်းတို့နှင့် တိုးမိကြသည်။ ဆန့်ကွမ်းက သူ၏ယောသားများကိုပါ ခေါ်ကာ လင်းလင်းနောက်သို့ လိုက်ပါလာတော့သည်။

တစ်ညတွင် တည်းခိုခန်းတစ်ခု၌နှစ်ဦးတည်း အေးအေးလူလူ စားသောက်နေကြရင်း လင်းလင်းအား လင့်ဟူချုံးက မေးလိုက်သည်။

"သိုင်းလောကမှာ တုံးဖန်းပုဟာ နှစ်တစ်ရာအတွင်း အတော်ဆုံး သိုင်းသမားလို့ ပြောကြတယ်။ အဲဒါ ဟုတ်ရဲ့လား"

"တုံးဖန်းပုရဲ့ ဉာဏ်ရည်ကတော့ ပြောစရာမရှိအောင် ကောင်းတာအမှန်ပဲ။ အဖေ့အကြောင်း အစ်ကိုသိမှာပေါ့။ အဖေဟာ အလွန်ဉာဏ်ကောင်းတဲ့သူပါ။ အဲ .. အဖေ့လို လူမျိုးကိုတောင် ဖြုတ်ချပြီး ဂိုဏ်းချုပ်လုပ်တဲ့ တုံးဖန်းပုကိုတော့ ပြောစရာမရှိဘူး ... သိုင်းပညာကတော့ ကျွန်မလဲ မပြောတတ်ဘူး။ အခုနောက်ပိုင်းနှစ်တွေမှာ သူ့ကို ကျွန်မ သိပ်မတွေ့တော့ဘူး"

"လင်းလင်းလိုမျိုး အင်မတန် အရေးပေးခံရတဲ့ လူမျိုးတောင် သူ့ကို မတွေ့ရဘူးဆိုတော့ ဘယ်သူများ တွေ့ဖို့လွယ်တော့မလဲ။ သိုင်းခေါင်းဆောင်ကြီးတွေဟာ အဲဒီလိုပဲ ဟိတ်ကြီး ဟန်ကြီးတွေ လုပ်တတ်ကြသလား"

"ဒါလည်း အကြောင်းတစ်ခု ဖြစ်ပါလိမ့်မယ်။ ဒါပေမယ့် ကျွန်မအထင်ကို ပြောရရင်တော့ သူဟာ 'နေကြာပန်းသိုင်းပေါင်းချုပ်' ကို လေ့ကျင့်နေတာပဲ ဖြစ်ရမယ်။ သည့်ပြင်အကြောင်းတော့ စဉ်းစားလို့ မရဘူး"

"ဒါဆိုရင် ဂိုဏ်းကို ဘယ်သူ အုပ်ချုပ်ပေးနေသလဲ။ သူက လူကြားထဲ မထွက်ပဲနဲ့ အခန်းအောင်းနေရင် ဂိုဏ်းရဲ့ ကိစ္စအဝဝကို သူ့အစား တစ်ယောက်ယောက်ကတော့ အုပ်ချုပ်ပေးနေရမှာပဲ"

"ဟုတ်တယ်။ အုပ်ချုပ်ပေးနေတဲ့ လူတစ်ယောက်တော့ ရှိတယ်။ သူ့နာမည်က ရန်လင်တဲ့"

"ဘာ .. ရန်လင် .. ဟုတ်လား။ အဲဒီနာမည်ကို တစ်ခါမှလည်း မကြားဖူးပါလား။ ဘာလဲ သူက ဂိုဏ်းသားအသစ်လား။ ဒါဆိုရင်လည်း သိုင်းပညာ သိပ်ကောင်းလို့လား။ ဒါမှမဟုတ် စီမံခန့်ခွဲမှု သိပ်တော်လို့လား"

လင်းလင်း၏ မျက်နှာတွင် အပြောရခက်သော အမူအရာများပေါ်လာ၏။ သူမ၏နှုတ်မှ စကားလုံးများ တော်တော်နှင့် မထွက်ပဲ ဖြစ်နေသည်။ လင့်ဟူချုံးက အတင်းမေးမှ...

"ပြောရမှာတောင် ရှံ့တယ်။ ဒီကိစ္စကို ဂိုဏ်းထဲက လူတိုင်းသိကြတယ်။ ဒါပေမယ့် ဂိုဏ်းပြင်ကတော့ တစ်ယောက်မှ မသိကြပါဘူး"

လင့်ဟူချုံးမှာ သိလိုသော ဆန္ဒများ ပြင်းထန်သည်ထက် ပြင်းထန်လာသဖြင့်...

"ညီမလေး .. ပြောစမ်းပါဦး" ဟု မေးလိုက်ပြန်၏။

လင်းလင်းက ... "ရန်လင်ဆိုတဲ့လူက သိုင်းပညာလည်း မတော်ဘူး။ လုပ်ရည်ကိုင်ရည်လည်း ဘာမှမရှိဘူး။ ဒါပေမယ့် တုံးဖန်းပုက သူမှသူပဲ။ သူ့ကို သဘောကျနေတယ်"

ပြောရင်းပြောရင်း လင်းလင်း၏ မျက်နှာလေးမှာ နီရဲတွတ်လာသည်။ ရှံ့ရှာသော ပုံလေးလဲ ပေါ်လာသည်။ သည်တော့မှ လင့်ဟူချုံးက လက်ကနဲ အတွေးပေါက်သွားသည်။

"သြော် .. သြော် .. ရန်လင်ဆိုတာ တုံးဖန်းပုရဲ့ ယောကျ်ားချစ်သူကိုး .. လက်စသတ်တော့ တုံးဖန်းပုက ..."

"မပြောပါနဲ့တော့ အစ်ကိုရယ်။ ကျွန်မ နားရှက်တယ်။ အဲဒီ ရန်လင်ကြောင့် ဂိုဏ်းထဲက လူတွေ ဒုက္ခအများကြီး ရောက်ခဲ့ကြတယ်။ သူက အနှစ်ရှိတဲ့လူမှ မဟုတ်တာ။ ဒီလိုလူမျိုး အုပ်ချုပ်လိုက်တော့ ဂိုဏ်းသားတွေ ဒုက္ခမတွေ့ပဲ နေပါတော့မလား"

ထိုစဉ် ပြတင်းပေါက် အပြင်ဖက်မှ လူတစ်ယောက်၏ ခပ်အုပ်အုပ် ရယ်သံတစ်ချက်ကို ကြားလိုက်ကြရသည်။ တစ်ဆက်တည်း ထိုသူက ပြောလိုက်သည်။

"ဒီစကား မှားတယ်။ ငါတို့က ရန်လင်ကိုတောင် ကျေးဇူးတင်ဖို့ ကောင်းတာ"

လင်းလင်းက ဝမ်းသာအားရ လွှတ်ကနဲ အော်လိုက်မိသည်။

"ဖေဖေ"

လင်းလင်းက တံခါးကို ဖွင့်ပေးလိုက်၏။ လင်းရှင်နှင့် ရှန့်ဝန့်ထင်းတို့နှစ်ယောက် အေးဆေးစွာ လျှောက်ဝင်လာကြသည်။ သူတို့နှစ်ယောက်သည်လည်း ရုပ်ဖျက်ထားကြသည်။ ရုတ်တရက် ကြည့်လိုက်လျှင် သူတို့သည် လူစိမ်းနှစ်ယောက်အလား ထင်မှတ်စရာပင်။ အသံသာ မကြားမိလျှင် လင်းရှင်မှန်း သိနိုင်လိမ့်မည် မဟုတ်ချေ။ ရုပ်ဖျက်ကောင်းလှပေသည်။

လင်းရှင်က ထိုင်ချလိုက်ပြီး စကားစတင် ပြောသည်။

"ဒီရက်တွေမှာ ငါနဲ့ ရှန့်ဝန့်ထင်း နားချိန် အင်မတန် နည်းနေတယ်"

"ဘာတွေ ဒီလောက် အလုပ်များနေတာလဲ ဖေဖေ။ တိုက်ပွဲအတွက် ပြင်ဆင်နေသလား"

"ဒါပေါ့ .. တိုက်ပွဲအတွက် အလုပ်များနေတာပေါ့။ ငါနဲ့ ရှန့်ဝန့်ထင်းက လူဟောင်းတွေကို ပြန်ပြီး စည်းရုံးနေရတာ။ အစက စည်းရုံးရတာ အတော်ကလေး ခက်မယ်လို့ ငါက ထင်ထားတာ။ အခုတော့ လွယ်မှ အလွန်လွယ်သဟေ့။ သူတို့အားလုံးလိုလို တုံးဖန်းပုကို မကျေနပ်ပဲ ဖြစ်နေကြတာကိုး"

လင်းရှင်၏ စကားကို လင့်ဟူချုံးရော လင်းလင်းပါ အလွန်စိတ်ပါဝင်စားစွာ နားထောင်နေမိကြ၏။ လင့်ဟူချုံး အနေဖြင့် ပို၍စိတ်ဝင်စားသည်။ ရန်လင်ဆိုသည့်လူက ဤဇာတ်လမ်းတွင် အဓိက ဇာတ်ဆောင် ဖြစ်နေသည်ကို ရိပ်မိသလိုလို ရှိသောကြောင့်ဖြစ်၏။ လင်းရှင်က ဆက်၍ ...

"ဂိုဏ်းသားတွေက တုံးဖန်းပုကို မကျေနပ်ကြဘူး။ အထူးသဖြင့် ရန်လင်ဆိုတဲ့ကောင်ကို မကျေနပ်ကြဘူး။ သူ့ကို မကျေနပ်တော့ တုံးဖန်းပုကို အပြစ်မြင်တော့တာပေါ့။ ဒီရန်လင်ကလည်း တုံးဖန်းပုကို ဘယ်လို ချဉ်းကပ်လိုက်သလဲ မသိဘူး။ တစ်ခါတည်း အာဏာအားလုံး သူ့လက်ထဲ ရောက်သွားတော့တာပဲ။ တကယ့်ကို ကြောက်စရာ ကောင်းတဲ့ကောင်"

လင်းရှင်က စကားကို ခေတ္တရပ်လျက် စားပွဲပေါ်မှ အရက်တစ်ခွက်ကို မော့လိုက်ပြီးမှ ဆက်ပြောသည်။

"အဲဒီ ရန်လင်ဆိုတဲ့ ငါတို့ မိတ်ဆွေကြီးက သူကြိုက်တဲ့လူတွေကို ရာထူးတင်ပေးတယ်။ မကြိုက်ရင် ရာထူးကနေ ဖြုတ်ချပစ်တယ်။ သတ်ပစ်တယ်။ ရှင်းလင်းပစ်တယ်။ နှိပ်စက်တယ်။ ရန်လင်ဆိုတဲ့ကောင် လုပ်နေတာ အဲဒီအလုပ်တွေပဲ။ ဒီကောင်က နင်းကန်လုပ်လေ။ ဂိုဏ်းသားတွေက တုံးဖန်းပုကို မကျေမနပ်ဖြစ်လေ။ ဒါကြောင့် ငါတို့က သူ့ကို ကျေးဇူးတင်သင့်တာပေါ့"

လင့်ဟူချုံးက လင်းရှင်ကို ထောက်ခံလိုက်သည်။ လင်းလင်းက ရယ်ကာ မေးလိုက်သည်။

"ဒါနဲ့ ကျွန်မတို့ ဒီကို ရောက်နေတယ်ဆိုတာ အဖေက ဘယ်လို သိသလဲ"

လင်းရှင်က တဟားဟား ရယ်လိုက်ရင်း ...

"သမီးရဲ့ ဦးလေးဆန့်ကွမ်းနဲ့ တွေ့လိုက်ရတာကိုး။ ဒီတော့မှ သူက အဖွဲ့ဘက်ရောက်နေမှန်း သိတယ်။ သမီးတို့ ဒီရောက်နေတယ်ဆိုတာပါ သိရတော့တာပေါ့"

"ဖေဖေ .. မဟူရာ တောင်ကုန်းကို ဘယ်တော့သွားကြမှာလဲ။ အစီအစဉ်တွေကော လုပ်ပြီးပလား"

"အင်း .. အဖေ ဒီရက်တွေမှာ ဒီလောက် အလုပ်များနေတာ ဒီအတွက်ကြောင့်ပေါ့။ အစီအစဉ် အားလုံး ဆွဲထားပြီးပြီ။ အဖေ သတင်းတစ်ခု ရထားတယ်။ တုံးဖန်းပုက လူလွှတ်ပြီးတော့ တုံးပေရှန်ကို ဖမ်းခိုင်းထားသတဲ့"

လင်းလင်းက အံ့သြစွာဖြင့် ... "ဟုတ်လား ဖေဖေ။ ဘယ်လိုဖြစ်တာလဲ။ သူက တုံးဖန်းပုအပေါ် အရမ်းသစ္စာရှိတဲ့ လူမဟုတ်လား"

"ဟာ .. သစ္စာရှိပြီလား။ တုံးပေရှန်ဆိုတာ ငါတို့သွားပြီး စည်းရုံးတာတောင် မရဘူး။ ဒါကိုတောင်မှ တုံးဖန်းပုက ဖမ်းဖို့ အမိန့်ထုတ်ထားသတဲ့။ ဒီကိစ္စအတွက်နဲ့ မဟူရာတောင်ကုန်းမှာ ဒီညတော့ ရှုပ်ရှုပ်ထွေးထွေး ဖြစ်နေဦးမှာ မြင်ယောင်သေးတယ်ဟေ့ ... "

ပြောရင်းဆိုရင်း လင်းရှင်က အကြံပေါက်သွားကာ ...

"ဟုတ်တယ် ... ငါတို့ ဒီညပဲ မဟူရာ တောင်ကုန်းပေါ် တက်ကြမယ်"

ရှန့်ဝန့်ထင်းက ဝင်၍ ပြောလိုက်သည်။

"ဒီကိစ္စကို မဆုံးဖြတ်ခင် ဆန့်ကွမ်းနဲ့ အရင်ဆုံး တိုင်ပင်ကြည့်တာ ကောင်းလိမ့်မယ်နဲ့တူတယ်။ မဟူရာတောင်ကုန်းက နောက်ဆုံးသတင်းတွေနဲ့ ညှိပြီး ပြင်ဆင်နိုင်တာပေါ့"

ပြီးနောက် ရှန့်ဝန့်ထင်းက ဆန့်ကွမ်းကို ခေါ်လိုက်သည်။ အခန်းထဲသို့ ဝင်လာပြီး လင်းရှင်ကို တွေ့သည်နှင့် ဆန့်ကွမ်းက ဒူးထောက်ကာ အလေးပြုလိုက်သည်။

"ဂိုဏ်းချုပ်ကြီး သက်တော်ရာကျော် ရှည်ပါစေ"

ဆန့်ကွမ်းကို ကြည့်လိုက်ပြီး လင်းရှင်က အော်ရယ်လိုက်ကာ ...

"ဟေ့ .. ဆန့်ကွမ်း .. မင်းက ငါ့ကို ဧကရာဇ်ကြီးများ မှတ်နေလို့လား။ ဒီလောက်တောင် အရိုအသေပေးဖို့ မလိုပါဘူးကွာ။ ထပါ"

လင်းလင်းက ... "ဖေဖေ ... ဒါက တုံးဖန်းပုရဲ့ စည်းကမ်းပဲ။ ဂိုဏ်းသားတိုင်း သူ့ကိုတွေ့တာနဲ့ ဒူးထောက်ပြီး

အဲသလို ပြောရတယ်။ သူ့အမိန့်ကို မနာခံတဲ့လူတွေကို ရက်ရက်စက်စက် အပြစ်ဒဏ်ပေးတယ်။ အဲသည်တော့ မလိုက်နာပဲ မနေရဲဘူးပေါ့”

လင်းရှင်က “ဟ .. တုံးဖန်းပုက အဲသည်လောက်ထိ စိတ်ကြီးဝင်နေပလား”

“ဒီလောက် ဘယ်ကမလဲ ဖေဖေ။ ဂိုဏ်းထဲမှာ သူချထားတဲ့ စည်းကမ်းတွေက အများကြီးပါ ... ဒါက တစ်ခုပဲ ရှိသေးတာ။ ဦးလေး ဆန့်ကွမ်းလဲ အကျင့်ပါသွားပြီး အခုလို ပြောနေမိတာ”

“အေးလေ... အကျင့်ပါတာကို ဖျောက်ရတာ သိပ်မလွယ်လှဘူး။ ဒါပေမယ့် ငါက ဧကရာဇ်ကြီး မဟုတ်တာကိုလည်း သတိထားဦး ... ဒါနဲ့ ဆန့်ကွမ်း .. တုံးဖန်းပုက လူလွတ်ပြီးတော့ တုံးပေရှန်ကို ဖမ်းခိုင်းထားတယ်လို့ ငါတို့ကြားတယ်။ ဒီသတင်းကြောင့် မဟူရာတောင်ကုန်းမှာ လှုပ်လှုပ်ရှားရှား ဖြစ်နေလိမ့်မယ်လို့ ငါထင်တယ်။ ဒီတော့ ငါတို့ ဒီညပဲ တောင်ကုန်းပေါ် တက်တိုက်ကြရင် ဘယ်လိုနေမလဲ။ မင်းအထင်ကို ပြောပါဦး”

ဆန့်ကွမ်းက ... “ဂိုဏ်းချုပ်ကြီး ပြောတဲ့သတင်းက မှန်ပါတယ်။ ဂိုဏ်းချုပ်ကြီး ယူဆသလို ဂိုဏ်းထဲမှာ လှုပ်လှုပ်ရှားရှား ဖြစ်နေမယ်လို့ ကျွန်တော်လည်း ထင်ပါတယ်။ ဂိုဏ်းချုပ်ကြီးတို့ တိုက်ခိုက်မယ်ဆိုရင် ဒီညဟာ အင်မတန် သင့်လျော်ပါတယ်”

လင်းလင်းက ... “ဖေဖေ .. သွားတိုက်မယ်ဆိုတာတော့ ဟုတ်ပါပြီ။ ဒါပေမယ့် မဟူရာ တောင်ကုန်းပေါ် ဘယ်လို တက်ကြမလဲ။ တက်ဖို့ မလွယ်ဘူးနဲ့ တူတယ်။ တုံးဖန်းပုက အမြဲတမ်း သတိဝီရိယထားတာ။ အခုဆိုရင် အဖေ့ရန်ကို ကြောက်ရင် ပိုတောင် တင်းကြပ်ထားဦးမယ်”

လင်းရှင်က ဆန့်ကွမ်းဖက်သို့ လှည့်၍ မေးလိုက်သည်။

“ငါ့သမီးပြောတဲ့အချက်က စဉ်းစားသင့်တဲ့ အချက်ပဲ ... ဆန့်ကွမ်း .. လင့်ဟူချုံးကို ဖမ်းခိုင်းလိုက်တုန်းက မင်းကို တုံးဖန်းပုက ဘယ်လို အမိန့်ပေးလိုက်သလဲ”

ဆန့်ကွမ်းက ဖြေလိုက်သည်။

“လင့်ဟူချုံးကို ဖမ်းမိဖို့က သိပ်အရေးကြီးတယ်တဲ့။ မရ ရအောင် ဖမ်းခဲ့တဲ့။ အရှင်မရလည်း အသေဖမ်းခဲ့တဲ့”

လင်းရှင်က အားရပါးရ ပြုံးကာ ... “ဟုတ်ပြီ... ဆန့်ကွမ်း .. ဒီနေ့ည လင့်ဟူချုံးကို ဖမ်းပြီး ခေါ်သွားလိုက်စမ်း”

ဆန့်ကွမ်းက ကြောက်လန့်တကြား ပြန်ပြောလိုက်သည်။

“ဆရာလေး လင့်ဟူချုံးက ဂိုဏ်းချုပ်ကြီးရဲ့ လက်ရုံးတော်ပဲ။ ကျွန်တော် မလုပ်ရဲပါဘူး”

လင်းရှင်က ရှင်းပြလိုက်သည်။

“မဟုတ်သေးဘူးလေ။ ငါက လင့်ဟူချုံးကို ဖမ်းသွားဆိုတာက ပရိယာယ်နဲ့ ဖမ်းသွားခိုင်းတာ။ တုံးဖန်းပု ရှိတဲ့နေရာကို အရောက်သွားဖို့ ဘယ်လွယ်လိမ့်မလဲ။ မင်းကသာ လင့်ဟူချုံးကို ဖမ်းသွားရင် သူက ချက်ချင်းခေါ်တွေ့မှာ။ ဒါကို တွေးမိလို့ လင့်ဟူချုံးကို ဖမ်းသွားခိုင်းတာ”

လင်းလင်းက သဘောကျစွာ ရယ်လိုက်သည်။

“ဖေဖေ့အကြံ တယ်ကောင်းတာပဲ။ တုံးဖန်းပု ဘယ်လို ပုန်းမလဲ။ ကျွန်မတို့က ဦးလေး ဆန့်ကွမ်းရဲ့ ငယ်သားတွေလို ဟန်ဆောင်ပြီး လိုက်သွားရုံပဲပေါ့။ တုံးဖန်းပုက ခေါ်တွေ့တာနဲ့ အားလုံး ဝိုင်းပြီး တိုက်ကြတာပေါ့။ သူက ‘နေကြာပန်း သိုင်းပေါင်းချုပ်’ ကို လေ့ကျင့်ထားတယ်။ ဘယ်လောက်ထိ အစွမ်းထက်သလဲတော့ မသိဘူး”

လင့်ဟူချုံးက ... “ဘာဖြစ်သလဲ... ‘နေကြာပန်း သိုင်းပေါင်းချုပ်’ ဘယ်လောက်ပဲ အစွမ်းထက်ထက်။ ဒီလောက် လူအများကြီးကိုတော့ နိုင်အောင် တိုက်ခိုက်နိုင်မှာ မဟုတ်ပါဘူး။ ငါတို့က သူ့ကို အင်အားနဲ့ ဖိပြီးတိုက်မှာပဲ”

ရှန့်ဝန့်ထင်းက ဝင်၍ ... “ညီလေး .. မင်းကို ဖမ်းသွားတယ်လို့ လုပ်တဲ့အခါမှာ သဘာဝကျဖို့ အရေးကြီးသေးတယ်။ သူက လုံးဝ သံသယမရှိမှ ငါတို့ကိစ္စ အောင်မြင်မှာ”

“ဟုတ်ကဲ့ အစ်ကိုကြီး .. အစ်ကိုကြီးက ဘာတွေများ မြင်ထားသလဲ”

“အကောင်းဆုံးကတော့ ညီလေးအနေနဲ့ ဒဏ်ရာ ပြင်းပြင်းထန်ထန် ရနေတဲ့ပုံစံမျိုး ဟန်ဆောင်ရမယ်။ ခြေထောက်တွေ လက်တွေမှာ ပတ်တီးစီးထားရမယ်။ ပြီးရင် ပတ်တီးပေါ်ကနေ သွေးတွေဘာတွေ သုတ်ပေးထားရမယ်။ မင်းကို ဒါဏ်ရာအနာတရမရှိပဲ ဖမ်းလာနိုင်တယ်ဆိုရင် ဘယ်လိုမှ ယုတ္တိရှိမှာ မဟုတ်ဘူး”

“ဟာ .. ဟုတ်တယ်။ အစ်ကိုကြီး စဉ်းစားတာက အသေးအဖွဲလေးပေမယ့် အင်မတန် အရေးကြီးတာပဲ။ ဆက်ပြောပါဦး အစ်ကိုကြီး”

“နောက်ပြီးတော့ မင်းကို ထမ်းစင်နဲ့ တင်သွားရမယ်။ အဲသည် ထမ်းစင်က ရိုးရိုးထမ်းစင် မဟုတ်ဘူး။ ဓားတွေကို

ထမ်းစင်ရဲ့ ဝါးလုံးရှည်တွေထဲမှာ ဝှက်သွားရမယ်။ ဒါဆိုရင် ဘယ်လိုမှ မရိပ်မိနိုင်တော့ဘူး"

အားလုံးက ရှန့်ဝန့်ထင်း၏ အကြံကို ချက်ချင်း သဘောတူ ထောက်ခံလိုက်သည်။ ချက်ချင်းပင် အားလုံး အဆင်သင့် ပြင်ဆင်ကြလေ၏။ လင်းရှင်၊ ရှန့်ဝန့်ထင်းနှင့် လင်းလင်းတို့သုံးယောက်က ရုပ်ဖျက်ပြီး ထမ်းစင်ကို ထမ်းကြ၏။ အစစအရာရာ စစ်ဆေးပြီး စိတ်ကျေနပ်သောအခါမှ မဟူရာ တောင်ကုန်းသို့ ချီတက်ကြလေတော့၏။

မဟူရာ တောင်ကုန်း၏ တောင်တက်လမ်းသို့ ရောက်လာချေပြီ။ လမ်းတစ်လျှောက်လုံး နေမင်းသခင်ဂိုဏ်းသားများ ကင်းအထပ်ထပ် စောင့်ကြပ်နေကြကြောင်း တွေ့ရှိရသည်။ ကင်းပုန်းဝပ်နေသူများ မည်မျှ ရှိမည်ကို မခန့်မှန်းနိုင်ပေ။

အစောင့်အကြပ် များပြားလှသော်လည်း ဆန့်ကွမ်းပါလာသည့်အတွက် လွယ်ကူစွာ ဖြတ်ကျော်လာနိုင်ကြသည်။ အစောင့်များသည် ဆန့်ကွမ်းကို အလွန်ရိုသေစွာ ဆက်ဆံကြ၏။ သူတို့အား လုံးဝ စစ်ဆေးခြင်းမရှိပဲ ဖြတ်ကျော်ခွင့်ပေး လိုက်ကြ၏။

ဌာနချုပ်သို့ ရောက်ခါနီးတွင် ထပ်မံ၍ သတင်းပို့ရပြန်သည်။ လင့်ဟူချုံးကို ဖမ်းမိ ရောက်ရှိလာပြီ ဆိုသည့် သတင်း ပေတည်း။ ပြီးနောက်တွင် ဆန့်ကွမ်းတို့ အားလုံးမှာ ခရီးမဆက်နိုင်တော့ပဲ ရပ်စောင့်ကြရသည်။

အတန်ကြာမှ ဂိုဏ်းသားတစ်ဦးက ပိတ်ဝါတစ်ချပ်ကိုင်၍ ဆင်းလာသည်။ ဘုရင့်အမိန့်စာချွန် ဖတ်သည့်လေသံမျိုး နှင့် တုံးဖန်းပုက သူနှင့်တွေ့ဆုံရန် ဆန့်ကွမ်းအား ဆင့်ခေါ်လိုက်ကြောင်း ဖတ်ပြလေတော့၏။

ရှန့်ဝန့်ထင်းကို လှမ်းကြည့်လိုက်ပြီး လင်းရှင်က မဲ့ပြုံးပြုံးပြလိုက်သည်။ ခရီးထပ်ဆက် ကြရပြန်သည်။ သံတံခါး မကြီးသုံးခုကို ဖြတ်ကျော်လာပြီးသောအခါမှ တောင်ကုန်းထိပ်သို့ ရောက်ရှိလာကြတော့သည်။ နောက်ဆုံးပိတ်တွင် ကျောက်တံခါးကြီး တစ်ချပ်ရှေ့သို့ ရောက်လာသောအခါ ဆန့်ကွမ်းက အော်ပြောလိုက်သည်။

"လက်ယာရံ ဆန့်ကွမ်းက ဂိုဏ်းချုပ်ကြီးရဲ့ အမိန့်အရ ရှေ့တော်မှောက်ကို ရောက်ပါပြီ"

ထိုအခါမှ ကြီးမားသော ကျောက်တံခါးချပ်ကြီး တရွေ့ရွေ့ ပွင့်သွားကာ လူလေးယောက်ထွက်လာကြသည်။ ရှေ့ဆုံးထွက်လာသူက ...

"လက်ယာရံကြီးက ပေးအပ်လိုက်တဲ့တာဝန်ကို အောင်အောင်မြင်မြင် ထမ်းရွက်ခဲ့တာကိုး။ ဆုတော်လာဘ်တော်တွေ တော့ ရဦးမှာပဲ။ ဒါနဲ့ လက်ဝဲရံကြီး ပိုက်ပုရော မတွေ့ပါလား"

ဆန့်ကွမ်းက ... "လက်ဝဲရံကြီးက ဂိုဏ်းချုပ်ကြီးအတွက် သူ့အသက်ကို ပေးစွန့်သွားပါတယ်။ အခုဖမ်းမိလာတဲ့ လူက အသေအလဲ ခုခံတိုက်ခိုက်တာ .. ကျွန်တော်တောင် ကံကောင်းထောက်မလို့ ဖမ်းမိတာပါ"

"ဩော် .. ဒီလိုဆိုရင် လက်ယာရံကြီးကို ရာထူး တိုးတက်ပေးသင့်တာပေါ့"

ဆန့်ကွမ်းက ... "တကယ်လို့သာ ရာထူးတိုးပေးမယ်ဆိုရင် ကျွန်တော်က ခင်ဗျားရဲ့ ကျေးဇူးကို မမေ့ပါဘူး"

ထိုလူက အားရကျေနပ်စွာဖြင့် လက်နှစ်ဖက်ကို ပွတ်သက်ကာ လှမ်းကြည့်လိုက်သည်။ သူလှမ်းကြည့်လိုက်ရာမှာ ကား လင့်ဟူချုံးဖြစ်သည်။ ထမ်းစင်ပေါ်၌ ပက်လက်ကလေး ပါလာသော လင့်ဟူချုံးအား ကြည့်လိုက်ပြီး ...

"နေမင်းသမီးတော်ကလေး မျက်စိကျနေတာ ဒီကောင်လား .. သမီးတော်လေး မျက်စိကျနေတယ်ဆိုတော့ တော် တော်လေး ရုပ်ချောမယ်ထင်နေခဲ့တာ။ အခုတော့ ဒီလောက်ကြီးလဲ မဟုတ်ပါလား။ လူကလည်း သေကောင်ပေါင်းလဲ ဖြစ်နေပြီ။ အသက်မှ ရှိသေးရဲ့လား"

"ရှိပါတယ် .. ရှိပါတယ်... ဒဏ်ရာက သိပ်ပြင်းထန်နေလို့ပါ"

ပြောပြောဆိုဆိုနှင့် သူတို့အားလုံး အထဲသို့ ဝင်လာကြသည်။ ပြီးနောက် ရှေ့ဆက်ဝင်ရန် ခြေလှမ်းများ ပြင်လိုက် သောအခါ ထိုလူက လက်တစ်ချက်တားကာ ...

"အုပ်ချုပ်ရေးမှူးက ခင်ဗျားကို တွေ့ချင်တယ်တဲ့။ ဒီမှာပဲ စောင့်နေကြပါ"

"ဟုတ်ကဲ့ .. စောင့်နေပါ့မယ်"

ဆန့်ကွမ်းသည် ပါးစပ်မှပြောလိုက်ကာ ထပ်မံစောင့်ဆိုင်းနေရပြန်သည်။ အချိန်အတန် ကြာသည့်တိုင် အုပ်ချုပ်ရေး မှူးက ထွက်မလာနိုင်ပေ။ ဆန့်ကွမ်းတို့မှာ မည်သို့မျှမတတ်နိုင်ပဲ စိတ်ရှည်စွာဖြင့် စောင့်နေကြရပြန်သည်။

ထမ်းစင်ပေါ်၌ လှုပ်မရသော လင့်ဟူချုံးတစ်ယောက်မှာ စိတ်မရှည်နိုင်အောင် ဖြစ်လာတော့သည်။

"ဒီအုပ်ချုပ်ရေးမှူးဆိုတာက ဘယ်သူလဲ။ သူက ဆန့်ကွမ်းလို လက်ယာရံကြီးကိုတောင် ဒီမှာ ရပ်စောင့်ခိုင်းတယ်ဆို တော့ ဒီကောင်က ဘယ်လောက် တန်ခိုးကြီးလို့လဲ .. ဇကေ္ဆ .. ရန်လင်ဆိုတဲ့ ကောင်များလား မသိဘူး"

ဤသို့ဖြင့် အချိန်ကြာမြင့်စွာ စောင့်ဆိုင်းပြီးမှ ခြေသံများကို ကြားလိုက်ရပြန်တော့သည်။ ထိုသူ၏ ခြေသံကိုကြား လိုက်သည်နှင့် သိုင်းပညာ အလွန်ညံ့မှန်း သိသာလှသည်။

လူတစ်ယောက် အတွင်းခန်းထဲမှ ထွက်လာတော့သည်။ ကိုယ်လုံးကိုယ်ထည်မှာ တောင့်တင်း ကြံ့ခိုင်လှပြီး ရုပ်ရည်ကလည်း ခံ့ညားသည်။ အသက်လည်းငယ်သည်။

လင့်ဟူချုံးမှာ တအံ့တသြဖြင့် … "လင်းလင်းပြောတုန်းကတော့ ရန်လင်ဆိုတာ တုံးဖန်းပုရဲ့ ယောက်ျား ချစ်သူလိုလို … နွဲ့နွဲ့နှောင်းနှောင်း … ပျော့ပျော့ပျောင်းပျောင်း မိန်းမရာလေး ဖြစ်မယ်လို့ ငါထင်ထားတာ။ အခုတော့ ဘယ့်နှာကြီးလဲ ကျားကျားယားယား တကယ့်ယောက်ျားကြီးပါလား။ တယ်လည်း ထူးဆန်းပါလား"

ထိုအခိုက်မှာပင် ကျားကျားယားယားရှိသော ထိုယောက်ျားကြီးက စကားစတင်ပြောတော့၏။ ရုပ်ရည်နှင့်လိုက်အောင် အသံသြဇာ ကောင်းလှကြောင်း အားလုံးပင် သတိပြုလိုက်မိကြ၏။

"လက်ယာရုံကြီး … ဒီတစ်ခါလည်း ပေးအပ်လိုက်တဲ့ တာဝန်ကို အောင်မြင်အောင် ထမ်းဆောင်နိုင်ခဲ့ပြီ။ ခင်ဗျားကို ဂိုဏ်းသားတိုင်း အတုယူဖို့ ကောင်းတယ်။ ဂိုဏ်းချုပ်ကြီးက ခင်ဗျားကို သိပ်သဘောကျနေတာပဲ"

ဆန့်ကွမ်းက ခါးကိုကိုင်း၍ … "ကျွန်တော့် အရည်အချင်းကြောင့် အောင်မြင်တာ မဟုတ်ပါဘူး။ ဂိုဏ်းချုပ်ကြီးရဲ့ ဘုန်းတန်ခိုး အရှိန်အဝါက သိပ်ကောင်းတယ် မဟုတ်လား။ အဲဒါကြောင့် အောင်မြင်တာပါ။ နောက်ပြီး အုပ်ချုပ်ရေးမှူးရဲ့ အစီအစဉ် ကောင်းမှုကိုလည်း မျက်ကွယ်ပြုလို့ မရပါဘူး"

ရန်လင်က ကျေနပ်စွာ ပြုံးလိုက်သည်။ ပြီးနောက် ထမ်းစင်နားသို့ လျှောက်လာပြီး လင့်ဟူချုံးကို သေချာကြည့်သည်။ လင့်ဟူချုံးကလည်း မျက်စိကို မှေးကာ အပြင်းအထန် ဒါဏ်ရာရနေသော လူတစ်ယောက်၏ ပုံစံမျိုး သရုပ်ပါပါ ဟန်ဆောင်ပြလိုက်သည်။ ရန်လင်က သံသယဖြင့် မေးလိုက်သည်။

"ဒီလူ့ကြည့်ရတာ မသေမရှင်နဲ့ လင့်ဟူချုံးမှ ဟုတ်ရဲ့လား"

ဆန့်ကွမ်း … "ဟုတ်ပါတယ်။ လင့်ဟူချုံး အစစ်ပါ။ ကျွန်တော်က လက်ဝါးစောင်း နှစ်ချက်ရိုက်ပြီးတော့ အကြောမကြီးသုံးခုကို ထိုးပိတ်ထားလို့ ဒီလောက် ဒဏ်ရာ ပြင်းထန်နေတာ။ ပိုက်ပုကလည်း အသေခံပြီး တိုက်သွားတော့ သူ အထိနာသွားတာပေါ့"

ရန်လင်က ရယ်လိုက်ပြီး …

"ဆန့်ကွမ်း .. ဂိုဏ်းချုပ်ကြီးက ချီးကျူးပေမယ့် ခင်ဗျားကို နေမင်းသမီးတော်လေးကတော့ နည်းနည်းမှ ကျေနပ်မှာ မဟုတ်ဘူး။ သူ့ချစ်သူကို ဒီလောက် နှိပ်စက်ထားတော့ သခင်မလေးက ခင်ဗျားကို လာသတ်နေဦးမယ် .. ဟား … ဟား"

ဆန့်ကွမ်းက ရိုရိုသေသေဖြင့် …

"ကျွန်တော်ကတော့ ဂိုဏ်းချုပ်ကြီး ပေးအပ်တဲ့ တာဝန်နဲ့ အမိန့်ကို တသဝေမတိမ်း ကျေပွန်အောင် ထမ်းဆောင်ဖို့ပဲ သိပါတယ်။ သူများတွေက ကျွန်တော့်အပေါ် ဘယ်လိုပဲ ထင်မြင်ပါစေ။ ဘယ်လိုပဲ ရန်ပြုပါစေ။ လုံးဝဂရုမစိုက်ပါဘူး"

"ကောင်းတယ် … ကောင်းတယ် … ခင်ဗျားရဲ့ သစ္စာရှိမှုကတော့ တကယ့်ကို ချီးကျူးလောက်ပါတယ်။ ဂိုဏ်းချုပ်ကြီးလည်း အဲဒါကိုသိအောင် ကျုပ်ပြောပြပေးရမှာပေါ့။ ဒါနဲ့ တုံပေရှန်ဆိုတဲ့ကောင် သစ္စာဖောက်တာကို ခင်ဗျားကြားလိုက်သေးလား"

"ကြားပါတယ် … "

"ဒီကောင်က ကျုပ်တို့ဂိုဏ်းရဲ့ သစ္စာဖောက် လင်းရှင်နဲ့ ရှန့်ဝန့်ထင်းကို လက်ခံစကားပြောတယ်လေ။ ဒီလိုဆိုက တည်းက သူ့ကို ဘယ်လိုယုံရတော့မလဲ။ ဟိုသစ္စာဖောက် နှစ်ကောင်ရဲ့ လူဖြစ်သွားပြီ။ ကျုပ်တို့ဂိုဏ်းရဲ့ သစ္စာဖောက် ဖြစ်သွားပြီ။ ဒါကြောင့် သူ့ကို ဖမ်းခိုင်းလိုက်ရတာပဲ"

ဆန့်ကွမ်းကို စိုက်ကြည့်ပြီး ရန်လင်က ဆက်ပြောလိုက်သည်။

"ကျုပ်တို့ဂိုဏ်းမှာ ခင်ဗျားလို သစ္စာရှိသူမျိုး အများကြီး လိုအပ်နေတယ်။ အခုတော့ ခင်ဗျား ပင်ပန်းလာပုံပဲ။ ကဲ … အနားယူပေတော့"

ရန်လင်၏ စကားကြောင့် ဆန့်ကွမ်းမှာ စိတ်ဓါတ်ကျသွားတော့သည်။ သူက တွက်ချက်ထားသည်မှာ တစ်မျိုးဖြစ်သည်။ ပေးအပ်သည့်တာဝန် ကျေပွန်သည့်အတွက် တုံးဖန်းပုနှင့် တိုက်ရိုက်တွေ့ဆုံခွင့် ရမည်ဟု မျှော်လင့်ထားသည်။

သာမန်အားဖြင့်ဆိုလျှင် အကြောင်းမဟုတ်။ ရန်လင်၏ စကားအတိုင်း ပြန်ရုံသာဖြစ်သော်လည်း ယခုမူကား … အကွက်ရိုက်လာသည်များ အလကား ဖြစ်တော့မည်။ ဆန့်ကွမ်းက ဖြတ်ထိုးဉာဏ်ကို သုံးရတော့၏။

"ဂိုဏ်းချုပ်ကြီးနဲ့ ကျွန်တော် တွေ့ချင်ပါသေးတယ်။ အုပ်ချုပ်ရေးမှူးရဲ့ အစီအစဉ် ဘယ်လောက် ကောင်းတယ်ဆိုတာကို တင်ပြရင်းနဲ့ ကျွန်တော်ဟာလည်း ဒီအစီအစဉ်အတိုင်း တသဝေမတိမ်း ဆောင်ရွက်လို့ အောင်မြင်ခဲ့ရတယ်ဆိုတာ အစီရင်ခံချင်ပါတယ် …"

"နောက်တစ်ချက်က ဂိုဏ်းချုပ်ကြီးရဲ့ မျက်နှာကိုတွေ့ရင် ကျွန်တော့်အဖို့ သိပ်အားတက်ရပါတယ်။ အလုပ်လုပ်ရတာလဲ သိပ်အားရှိပါတယ်။ ဒါကြောင့်မို့ ကျွန်တော့်ကို ဂိုဏ်းချုပ်ကြီးနဲ့ တွေ့ခွင့်ပေးပါခင်ဗျား"

"လောလောဆယ်မှာ ဂိုဏ်းချုပ်ကြီးဟာ သိပ်နေမကောင်းဘူးဗျ။ ဒီတော့ ခင်ဗျားကို ထွက်တွေ့နိုင်မယ် မထင်ဘူး"

ဆန့်ကွမ်းက သူ၏ရင်ဘတ်တွင်းသို့ လက်နှိုက်လိုက်သည်။ ပြန်ထုတ်လိုက်သောအခါ ပုလဲဆယ်လုံးပါလာသည်။ ရန်လင်အနားသို့ကပ်ကာ လက်ဝါးပေါ်မှ ပုလဲများကိုပြရင်း တီးတိုးပြောလိုက်သည်။

"ဒါလေးတွေဟာ အုပ်ချုပ်ရေးမှူးအတွက် ကျွန်တော့်ရဲ့ လက်ဆောင်ပါ။ ဂိုဏ်းချုပ်ကြီးနဲ့ တွေ့ခွင့်ရချင်တာ အကြောင်းမဲ့ မဟုတ်ပါဘူး။ အခုဆိုရင် ပေးအပ်လိုက်တဲ့ တာဝန်ကို ကျွန်တော်က အောင်မြင်လာတော့ ဂိုဏ်းချုပ်ကြီးနဲ့ တွေ့ခဲ့ရင် ကျွန်တော့်ကို ရာထူးတိုးပေးချင်ပေးမှာ။ တကယ်လို့များ ရာထူးတိုးပေးရင် အုပ်ချုပ်ရေးမှူးကို သည့်ထက်မက ကျေးဇူးဆပ်ပါ့မယ်"

ရန်လင်၏ မျက်နှာမှာ ပြုံးချိုသွားကာ ပျူပျူငှာငှာဖြင့် …

"ကိုယ့်လူအချင်းချင်းတွေပဲ။ ဒီလောက်တော့ ဖြစ်အောင် လုပ်ပေးရမှာပေါ့။ လက်ဆောင်တွေ ဘာဖြစ်လို့ ယူလာရတာလဲ။ … ကဲကဲ .. ခင်ဗျား ဒီမှာ စောင့်နေ။ ကျုပ် အခြေအနေ သွားကြည့်လိုက်ဦးမယ်။ ဂိုဏ်းချုပ်ကြီး အားလပ်နေမယ်ဆိုရင် ခင်ဗျားကို လှမ်းခေါ်လိုက်မယ်။ ဟုတ်ပြီလား"

"ဟုတ်ကဲ့ခင်ဗျာ … သိပ်ကျေးဇူးတင်တာပဲ"

ရန်လင်က ပုလဲလုံးများကို လှမ်းယူလိုက်ပြီး သူ့အိတ်ထဲ ထည့်လိုက်သည်။ သွက်လက်မြန်ဆန်လှသဖြင့် လင်းရှင်တို့ပင် ပြုံးလိုက်မိသည်။ ထို့နောက် ရန်လင်က အခန်းထဲသို့ ပြန်ဝင်သွားတော့၏။

အတန်ကြာမှ လူတစ်ယောက် ထွက်လာပြီး …

"လက်ယာရုံကြီး .. သုံ့ပန်း လင့်ဟူချုံးနဲ့အတူ ဂိုဏ်းချုပ်ကြီး ရှေ့မှောက် ခစားစေ"

လင်းရှင်၊ ရှန့်ဝန့်ထင်းနှင့် လင်းလင်းတို့သည် လင့်ဟူချုံးကိုထမ်းကာ ဆန့်ကွမ်းနောက်မှ အသာလိုက်သွားတော့သည်။ ထစ်ငေါ့နေသော အခက်အခဲတစ်ခုကား ဆန့်ကွမ်း၏ အကွက်မြင်မှုကြောင့် ပြေလည်သွားခဲ့ရလေပြီ။

× × × × ×

စကြီလမ်းတစ်လျှောက်လုံး လက်ဝဲလက်ယာ အစောင့်အကြပ်များဖြင့် ပြည့်နှက်နေ၏။ တုံးဖန်းပု၏ လုံခြုံရေးကာလွန်စွာ တင်းကြပ်လှတော့သည်။ တော်ရုံအင်အားဖြင့် မည်သို့မျှ ထိုးဖောက်နိုင်မည် မဟုတ်ချေ။ သွားရင်းမှ အခန်းတစ်ခုတွင်းသို့ ရောက်လာကြသည်။

ထိုအခန်းတွင်းသို့ ဝင်သည်နှင့် သူတို့အားလုံး၏ ခေါင်းကို ငုံ့ထားရသည်။ ဘုရင်ဧကရာဇ်ကြီးများ ရှေ့တော်သို့ ခစားရသည့်နှယ်တည်း။ ဘေးနှစ်ဖက်မှ တပ်သားများက လက်ထဲမှ ဓားများကို မြှောက်၍ချိန်ရွယ်ထားရသည်။ သူတို့က ခေါင်းငုံ့ရင်း ထိုဓားများအောက်မှ ဖြတ်လျှောက်ကြရသည်။ ထိုအချိန်တွင် ဓားများကသာ ခုတ်ချလိုက်လျှင် အသက်နှင့်ကိုယ် အိုးစားကွဲရတော့မသည်။

လင်းရှင်သည် သူဂိုဏ်းချုပ်ကြီးလုပ်စဉ်က အခြေအနေနှင့် ယခု ကွာခြားလှသည်ကို တွေ့ရသောအခါ တုံးဖန်းပု၏ စေ့စပ်သေချာလှပုံကို စိတ်ထဲမှ ချီးကျူးလိုက်သည်။

"အင်း … တုံးဖန်းပုကတော့ တကယ့်ကို တော်ပါပေတယ်။ ငါ့ကိုဖြုတ်ချခဲ့တဲ့ သင်ခန်းစာကို သူ့အလှည့်ကျရင် ပြန်မကြုံအောင် ကောင်းကောင်း ကာကွယ်ထားတာပဲ။ ဒီလောက် အစောင့်အကြပ် အထပ်ထပ်ကြားထဲကို ဘယ်လိုလူက ထိုးဖောက်နိုင်မလဲ။ အင်းလေ … သူ့အတွက် လိုအပ်တာက အရည်အချင်းထက် သစ္စာရှိမှုပဲ .. တော်တယ်။ ဒီကောင်တော်တော်လေး တော်တယ်"

စီတန်းနေသော ဓားများအောက်မှ ထွက်လာပြီးသောအခါ ခန်းမကျယ်ကြီးတခုသို့ ရောက်လာတော့သည်။ ခန်းမကြီး၏ တစ်ဖက်စွန်းရှိ ခုံမြင့်ကြီးတစ်ခုပေါ်တွင် အသက်ခပ်ကြီးကြီး လူကြီးတစ်ယောက် ထိုင်လျက်ရှိနေသည်။ တုံးဖန်းပုကို တွေ့မြင်ရလေပြီ။

သို့သော် ထိုင်ခုံသည် လင့်ဟူချုံးနှင့် ဝေးကွာလွန်းနေသဖြင့် မျက်နှာကို အသေအချာ မတွေ့ရပေ။ တုံးဖန်းပုကို အသေအချာ မြင်ဖူးချင်သော်လည်း မသဲမကွဲ ဖြစ်နေသည်။ တုံးဖန်းပုကို သိရှိပြီးဖြစ်သည့် လင်းရှင်၊ ရှန့်ဝန့်ထင်းနှင့် လင်းလင်းတို့ပင်လျှင် အသေအချာ မသိနိုင်ကြပေ။ ခန့်မှန်းခြေအားဖြင့်သာ တုံးဖန်းပုဟု သတ်မှတ်လိုက်ကြသည်။

ဆန့်ကွမ်းက ဒူးထောက်ထိုင်ချလိုက်ပြီး အော်ဟစ်လိုက်သည်။

"ဂိုဏ်းချုပ်ကြီး သက်တော်ရာကျော် ရှည်ပါစေ"

ဘေးမှ လူတစ်ယောက်က ဝေါက်ဆတ်ဆတ်ဖြင့်ပြောလိုက်သည်။

"ဟေ့ … ဟိုဘေးနားက ကောင်တွေက ဘာဖြစ်လို့ ဂိုဏ်းချုပ်ကြီးကို အရိုအသေမပေးတာလဲ"

လင်းရှင်သည် ထောင်းကနဲ ဒေါသထွက်သွား၏။ သို့သော် သူ၏စိတ်ကို တည်ငြိမ်အောင် ထိန်းလိုက်နိုင်၏။ သူ့ရင်ထဲတွင်မူ နေသေးသပ၊ ချုံထဲက ချိုသွေးလို့တမြမြ ဟူသောစိတ်ဖြင့် တေးမှတ်ထားလိုက်၏။

"အင်း .. အချိန်မတန်သေးဘူး … အချိန်မတန်သေးပဲ ရင်ဆိုင်ရင် အစီအစဉ်တွေအားလုံး ပျက်စီးကုန်မယ်။ … ငါအခု ဒူးထောက်လိုက်မယ် … အဲဒီအတွက် ခဏနေရင် မင်းရဲ့ အရေခွံကို နွှာပစ်ပြီး ဆုံးမမယ်"

ထိုအတွေးနှင့် လင်းရှင်သည် ဒူးထောက်ချလိုက်သည်။ ရှန့်ဝန့်ထင်းနှင့် လင်းလင်းတို့သည်လည်း လင်းရှင်၏ အရိပ်အခြည်အတိုင်း ဒူးထောက်လိုက်တော့၏။

တုံးဖန်းပု၏ ဘေးနားတွင် ရပ်နေသော ရန်လင်က …

"လက်ယာရံကြီး … ဂိုဏ်းချုပ်ကြီးရဲ့ ရှေ့မှောက်မှာ တိုက်ပွဲအကြောင်းကို အသေအချာ ရှင်းပြစေဗျား"

ဆန့်ကွမ်းက ပိုက်ပု မည်သို့ ကျဆုံးသွားရသည်ကို ဖွဲ့နွဲ့ကာ လည်ဆယ်ပြောပြတော့၏။ လင့်ဟူချုံးနှင့် တိုက်ခိုက်ကြသည်။ နောက်ဆုံးတွင် လင့်ဟူချုံး၏ လက်ဝါးစောင်းနှစ်ချက်မိကာ ပိုက်ပု အသက်ထွက်သွားပြီး သူ(ဆန့်ကွမ်း) ၏ လက်ဝါးစောင်း နှစ်ချက်မိကာ လင့်ဟူချုံးကို ဖမ်းမိခဲ့ကြောင်းနှင့် သူ၏ လံကြုတ်ဓာတ်လမ်းကြီးကို အဆုံးသတ်လိုက်သည်။

တုံးဖန်းပုမှာ တချိန်လုံး ငြိမ်သက်နေသည်။ မည်သည့်စကားမျှမပြော ဆန့်ကွမ်း၏ ဇာတ်လမ်းကိုသာ စူးစူးစိုက်စိုက်

နားထောင်နေသည်။ ဆန့်ကွမ်း၏ ဇတ်လမ်းလည်း ယုတ္တိသဘာဝ ကျလှသဖြင့် သံသယ လုံးဝမဖြစ်ပဲ စိတ်ဝင်တစား နားထောင်နေဟန်တူသည်။

ထို့နောက် ရန်လင်က ဆန့်ကွမ်းကို ချီးကျူးဂုဏ်ပြုစကား ပြောပြီး ဂိုဏ်းချုပ်ကြီး တုံးဖန်းပုက ဆန့်ကွမ်းကို လက်ယာရံရာထူးမှ လက်ဝဲရံရာထူးသို့ တိုးမြှင့်ပေးလိုက်ကြောင်း ကြေညာသည်။ ထိုအချိန်ထိ တုံးဖန်းပုထံမှ စကားတခွန်း မျှထွက်မလာပေ။

ထို့နောက် ရန်လင်က ဂိုဏ်းချုပ်ကြီး အနားယူလိုပြီဖြစ်၍ ဆန့်ကွမ်း ပြန်သွားနိုင်ပြီဖြစ်ကြောင်း ပြောကြားလေတော့၏။ ထိုအခါ တုံးဖန်းပုက ထိုင်ခုံမှထကာ နောက်ဖက်သို့ လှည့်ဝင်သွားတော့၏။

"ကဲ ... လုပ်ငန်းစကြတော့"

လင်းရှင်၏ အသံနက်ကြီးသည် ခန်းမကြီးတခုလုံး တုန်ဟည်းသွားစေတော့သည်။ တိုက်ပွဲခေါ်သံ ပေးပြီးသည်နှင့် လင်းရှင်သည် လွှားကနဲခုန်ကျော်ကာ တုံးဖန်းပုဆီ ပြေးဝင်သွားတော့သည်။

လင့်ဟူချုံးသည်လည်း ထမ်းစင်ထက်မှ ခုန်ထလိုက်ကာ ဝှက်ထားသောဓါးကို ဆွဲထုတ်လိုက်သည်။ ရှန့်ဝန့်ထင်း ကလည်း ထမ်းစင်၏အတွင်းမှ သူ၏ဓားကို ထုတ်ယူလိုက်သည်။ လင်းလင်းမှာလည်း ထို့အတူပင်။ လင်းရှင်၏ လက်ထဲ တွင်မူ ကျာပွတ်တစ်ချောင်းတွေ့ရ၏။

တစ်ဒင်္ဂအတွင်းမှာပင် တုံးဖန်းပုထံမှ အော်သံတစ်ချက် ထွက်လာပြီး လဲကျသွားတော့၏။ လင်းရှင်က တဟားဟား ရယ်လိုက်ပြီး ...

"ဒီတုံးဖန်းပုက အတုပဲ"

စကားဆုံးသည်နှင့် လင်းရှင်က သူ၏ကျာပွတ်ကို တစ်ချက်ထပ်ရိုက်လိုက်၏။ ရန်လင်ကိုသွား၍ ရစ်ပတ်လိုက်တော့ သည်။ နောက်တစ်ချက် ဆောင့်ဆွဲလိုက်သောအခါ ရန်လင်မှာ ရပ်တည်၍ မနေနိုင်တော့ပဲ ပစ်လဲကျသွားတော့သည်။

တုံးဖန်းပုအတုသည် ကုန်းထပြီး ထွက်ပြေးရန် ကြိုးစားလိုက်သည်။ သို့ရာတွင် လျင်မြန်လှသော လင်းရှင်က လည်ကုပ်ကို ဖမ်းဆွဲထားလိုက်သဖြင့် မပြေးနိုင်တော့ချေ။ အသက်ဘေးကို ကြောက်လန့်လှသဖြင့် ရှန်းကန်နေသည်မှာ ရယ်စရာ ကောင်းလှတော့သည်။

ထိုသူအား လင်းရှင်က ဆွဲမြှောက်လိုက်ပြီး ...

"အားလုံး နားထောင်ကြပါ။ ဒီကောင်ဟာ တုံးဖန်းပုအဖြစ် ဟန်ဆောင်ထားတဲ့ လူပါ။ တုံးဖန်းပု မဟုတ်ပါဘူး"

ပြောရင်းဆိုရင်း ထိုလူ၏မျက်နှာကို ဆွဲခွာလိုက်ရာ မျက်နှာဖုံးတစ်ခု ကွာကျသွားပြီး အမှန်တကယ်ပင် တုံးဖန်းပု မဟုတ်ကြောင်း တွေ့ရှိလိုက်ရတော့သည်။

ခန်းမထဲရှိ အစောင့်တပ်သားများမှာ ငေးကြောင်ကာ ဘာလုပ်ရမှန်းမသိ ဖြစ်ကုန်တော့သည်။ လင်းရှင်က ခြိမ်း ခြောက်လိုက်သည်။

"ဟေ့ကောင် .. မင်းဘယ်သူလဲ ပြောစမ်း .. မပြောရင် ခေါင်းတစ်ခုလုံး ကြေမွသွားအောင် ရိုက်ပစ်လိုက်မယ်"

ထိုလူမှာ တစ်ကိုယ်လုံး တုန်ယင်ကာ သွားချင်း တဂတ်ဂတ်ရိုက်နေသည်။ ကြိုးစား၍ ပြောရှာပါသည်။

"ကျွန် ... ကျွန် .. ကျွန်တော်"

ထိုစကားမှနေ၍ ရှေ့ဆက် မပြောထွက်တော့ပေ။

ထိုစဉ် ရန်လင်၏အကြောကို ရှန့်ဝန့်ထင်းက ထိုးပိတ်ပြီး ခေါ်လာသည်။ ရှန့်ဝန့်ထင်းကလည်း တုံးဖန်းပုအတုကို လက်ညှိုးထိုးပြပြီး ရန်လင်အား ...

"ဒီကောင်ဘယ်သူလဲ ပြောစမ်း"

ရန်လင်က မောက်မာသော လေသံဖြင့် ...

"မင်းက ဘာကောင်မို့လို့ ငါ့ကို စစ်လားဆေးလား လုပ်နေရသလဲ။ တကယ်တော့ မင်းဟာ ငါတို့ဂိုဏ်းရဲ့ သစ္စာ ဖောက်ပဲ။ မင်းလိုလူမျိုး မဟူရာတောင်ကုန်းကို ပြန်မလာရဘူး"

ရှန့်ဝန့်ထင်းက ခနဲ့ပြုံးပြုံးကာ ...

"ဟုတ်တယ်။ .. မဟူရာ တောင်ကုန်းကို ပြန်မလာသင့်ဘူး။ ဒါပေမယ့် မင်းလို လူ့အမှိုက်တွေကို ရှင်းဖို့ ပြန်လာခဲ့ တာပဲ"

ပြောရင်းဆိုရင်း ရှန့်ဝန့်ထင်းက လက်ဝါးစောင်းတစ်ချက် ထုတ်လိုက်သည်။ ရန်လင်၏ ခြေသလုံးရိုးတစ်ဖက် ကျွတ်ကနဲ ကျိုးသွားတော့၏။

ရန်လင်မှာ အတော်ကလေး ချီးကျူးဖွယ်ရာကောင်းသူဖြစ်သည်။ သူသည် သိုင်းပညာမတော်သော်လည်း ခေါင်းတော့မာသည်။ မျက်နှာ တစ်ချက်မပျက်ချေ။

"မင်းတို့က တကယ်သတ္တိရှိရင် ငါ့ကို သတ်လိုက်စမ်း။ ဒီလို နှိပ်စက်တာမျိုးကို ယောကျ်ားပီသတဲ့လူတွေ မလုပ်ဘူးကွ"

ရှန့်ဝန့်ထင်းက ရယ်လိုက်ပြီး ...

"ဘယ် ... ဒီလို လွယ်လွယ်လေး သေချင်လို့ ရမလား"

နောက်ထပ် လက်ဝါးစောင်းတစ်ချက် ထုတ်လိုက်ပြန်ရာ ရန်လင်၏ ကျန်ရှိနေသေးသော ခြေသလုံးရိုးတစ်ချောင်းပါ ထပ်ကျိုးသွားပြန်သည်။ ရန်လင်သည် အံကို တင်းတင်းကြိတ်၍ ခံနေသည်။ တစ်ခွန်းမှ မအော်ချေ။

ရှန့်ဝန့်ထင်းအား လင်းရှင်က လောဆော်လိုက်သည်။

"ညီလေး ရှန့်ဝန့်ထင်း၊ ငါတို့ အချိန်ဆွဲလို့ မဖြစ်ဘူး။ တုံးဖန်းပုကို တွေ့အောင်ရှာဖို့ အရေးကြီးတယ်။ သူ့ကို တွေ့မှ ကိစ္စပြတ်မှာ"

လင်းရှင်သည် အသံကို မြှင့်၍ ...

"အားလုံး နားထောင်ကြပါ။ ငါဟာ တခြားသူ မဟုတ်ဘူး။ နေမင်းသခင်ဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီး လင်းရှင်ပဲ။ အခု နေမင်းသခင် ဂိုဏ်းသားတွေကို တုံးဖန်းပုက မတရား နှိပ်စက်နေတယ်ဆိုလို့ လာကယ်တာပဲ၊ အခုအချိန်ကစပြီး ငါ့ရဲ့ ဂိုဏ်းချုပ်ကြီးရာထူးကို ပြန်ယူလိုက်ပြီ"

ဆန့်ကွမ်းသည် ကျယ်လောင်စွာ အော်ဟစ်လိုက်သည်။

"ဂိုဏ်းချုပ်ကြီး လင်းရှင်ဟာ ငါတို့ရဲ့ ဂိုဏ်းချုပ်ကြီးအစစ်ပဲ။ ဒီနေ့ကစပြီး ဂိုဏ်းသားအားလုံးဟာ ဂိုဏ်းချုပ်ကြီး လင်းရှင်ကို သစ္စာရှိရမယ်"

ပြောပြောဆိုဆိုဖြင့် ဆန့်ကွမ်းက ဒူးထောက်ကာ လင်းရှင်အား ဆုတောင်းပေးလိုက်သည်။

"ဂိုဏ်းချုပ်ကြီး သက်တော်ရာကျော်ရှည်ပါစေ"

ခန်းမကြီးအတွင်းရှိ နေမင်းသခင် ဂိုဏ်းသားများအားလုံးသည် ဆန့်ကွမ်းကို လက်ယာရုံကြီးအဖြစ် သိထားပြီးဖြစ်သည်။ ဆန့်ကွမ်းကဲ့သို့သော ထိပ်သီးခေါင်းဆောင်ကြီးကပင် လင်းရှင်ကို ထောက်ခံနေသဖြင့် သူတို့ကလည်း ဆန့်ကျင်ဖက် မပြုလိုတော့။ နောက်တစ်ကြောင်းမှာလည်း သူတို့အားလုံးအနက် ရန်လင်နှင့် တုံးဖန်းပုကို မကျေနပ်သူများသည်။ ကြောက်ရွံ့၍သာ ငြိမ်သက်နေကြခြင်း ဖြစ်သည်။ ယခုလို တုံးဖန်းပုကို ဖယ်ရှားမည့်လူကို လိုလားကြသည်။

ထို့ကြောင့် ခန်းမကြီးအတွင်းတွင် သံပြိုင်အော်ဟစ်သံများ ဖုံးလွှမ်းသွားတော့သည်။

"ဂိုဏ်းချုပ်ကြီး လင်းရှင် ... သက်တော်ရာကျော်ရှည်ပါစေ"

လင်းရှင်သည် ခန်းမကြီး၏ထိပ်၌ ရပ်ကာ တဟားဟား ရယ်နေတော့၏။ သူ၏ မျက်နှာတွင် ပီတိ ဖြစ်နေသည်မှာ မြင်သာပေသည်။ သူနှင့် တန်ခိုးအာဏာသည် နှစ်ပေါင်းများစွာ အလှမ်းကွာဝေးနေခဲ့ရာမှ ယခုပြန်လည် နဖူးစာ ဆုံရခြင်း မဟုတ်ပါလား"

လင်းရှင်က ...

"မင်းတို့အားလုံး မဟူရာတောင်ကုန်းရဲ့ ထွက်ပေါက်မှန်သမျှ ပိတ်ထားလိုက်ပါ။ အခု အင်မတန် အရေးကြီးတဲ့ အချိန်အခါကို ရောက်လာပြီ။ ဘယ်သူ့ကိုမှ တောင်ကုန်းအပြင် ပေးမထွက်ရဘူး"

ဂိုဏ်းသားများကို အမိန့်ပေးပြီးသည်နှင့် လင်းရှင်သည် ရန်လင်ရှိရာသို့ လျှောက်လာပြီး ...

"ရန်လင် .. မင်းရဲ့သတ္တိကို ငါတကယ် ချီးကျူးတယ်။ မင်းကို ထပ်ပြီးတော့ မနှိပ်စက်ချင်တော့ဘူး။ ခုဆိုရင် မဟူရာတောင်ကုန်းကို ထွက်ပေါက်မရှိအောင် ငါတို့ပိတ်ဆို့ထားလိုက်ပြီ ... မင်းကို ငါမေတ္တာရပ်ခံတယ်။ ငါတို့ကို လမ်းပြပါ။ တုံးဖန်းပုဆီ ခေါ်သွားပေးပါ။ ပြတ်ပြတ်သားသား ရှင်းရမယ့် အချိန်ရောက်နေပြီ။ ကျားနဲ့ဆင် လယ်ပြင်မှာ တွေ့ကြတာပေါ့။ ဒါမျိုးကမှ ကျေနပ်စရာ ကောင်းတယ်"

ရန်လင်က ပြုံးလိုက်ပြီး ...

"ခင်ဗျားတို့က ဒီလို ပြောရဲသလား။ ဒါဟာ တုံးဖန်းပုကို အထင်သေးရာ ရောက်တယ်။ သူဟာ သာမန် ထိပ်သီးသိုင်းသမား မဟုတ်တော့ဘူး။ သိုင်းပညာအားလုံးရဲ့ အထွတ်အထိပ်ကို ရောက်နေပြီ။ မဟာသိုင်းပညာရှင် ဖြစ်နေပြီ"

အားရပါးရ ပြောနေရာမှ ရပ်လိုက်ပြီး လင်းရှင်ကို စေ့စေ့ကြည့်ကာ ရန်လင်က ပြောလိုက်သည်။

"ခင်ဗျားတို့ကို သူက မကြောက်သေးဘူး။ ခင်ဗျားတို့ရဲ့ သိုင်းပညာတွေဟာ သူ့အတွက် ကလေးကစားစရာ ဖြစ်နေပြီ

... ခင်ဗျားရဲ့ စိန်ခေါ်မှုကို ကျုပ် သဘောကျတယ်။ ကြိုက်တယ် ... ကောင်းပြီ ... ကျုပ်လမ်းပြမယ်။ ခင်ဗျားတို့ကို သူ့ဆီခေါ်သွားပေးမယ်။ ခင်ဗျားတို့ရဲ့ သေမင်းဆီကို အားရပါးရ လိုက်လာကြပေတော့"

ရှန့်ဝန့်ထင်းက ဆန့်ကွမ်းကို လှမ်းပြောလိုက်သည်။

"ကျုပ်တို့ နှစ်ယောက် လောလောဆယ် အထမ်းသမား လုပ်လိုက်ရအောင်"

စကားဆုံးသည်နှင့် ရန်လင်ကို ထမ်းစင်ပေါ်တင်လိုက်ပြီး သူတို့နှစ်ယောက် အတူထမ်း၍ ထွက်လာကြတော့သည်။ ရန်လင် ညွှန်ပြသည့်အတိုင်း ဘယ်ကွေ့၊ ညာကွေ့ဖြင့် တဖြည်းဖြည်း လျှောက်လာကြရာ နောက်ဆုံးတွင် မြေအောက်ခန်း တစ်ခုသို့ ရောက်လာတော့၏။

× × × × ×

မြေအောက် လိုဏ်ခေါင်းအတွင်း အတော်အတန် လျှောက်ရသေးသည်။ ထိုမှ ထွက်လိုက်သောအခါ အလွန်တရာ လှပသေသပ်သော ပန်းခြံလေးတစ်ခုကို အံ့သြစဖွယ် တွေ့လိုက်ရတော့၏။

ထိုပန်းခြံလေးတွင် ပန်းပေါင်းမျိုးစုံ စိုက်ထား၏။ ဖူးပွင့်နေသော ပန်းများ၏ မွှေးရနံ့များက သင်းပျံ့လျက်ရှိ၏။ ရေကန်ငယ်ကလေးလည်း ရှိသည်။ ထိုရေကန်လေးထဲတွင် လှပသော ရွှေငါးလေးများ ကူးခတ်နေသည်။ ပန်းခြံလေး၏ အလှသည် ရန်လင်မှအပ လူအားလုံး၏ စိတ်နှလုံးကို လန်းဆန်းကြည်နူး သွားစေသည်။ သူတို့အားလုံးသည် မြေအောက်လိုဏ်ခေါင်း၏ တစ်ဖက်၌ ဤမျှ လှပသော ရှုခင်းရှိနေမည်ဟု လုံးဝ မျှော်လင့် မထားခဲ့ကြချေ။

လင့်ဟူချုံး၏ ပြုံးယောင်ယောင် မျက်နှာထားကို လှမ်းမြင်လိုက်ရသော လင်းလင်းက တိုးတိုးမေးလိုက်သည်။

"အစ်ကို .. ဒီနေရာလေးက မလှဘူးလားဟင်"

"သိပ်လှတာပဲ .. တုံးဖန်းပုကို မောင်းထုတ်ပြီးရင် လင်းလင်းနဲ့ အစ်ကို ဒီနေရာမှာ နေရအောင် ... လင်းလင်းက အစ်ကို့ကို တူရိယာတီးနည်း သင်ပေးလေ ... ဘယ်လောက် ပျော်စရာ ကောင်းလိုက်မလဲ"

"အစ်ကို တကယ်ပြောတာနော်"

"အစ်ကိုက နောက်နေရမှာလား .. တော်တော်ကြာ တူရိယာ အတီးသင်လို့ တပည့်ကလေး ညံ့နေရင် ဘွားဘွားက စိတ်မဆိုးရဘူးနော်"

လင့်ဟူချုံး၏ အပြောကြောင့် လင်းလင်းမှာ ကြည်နူးသွားပြီး ခစ်ကနဲ ရယ်မိတော့၏။ သူမ၏ စိတ်အစဉ်မှာလည်း လွန်ခဲ့သော အတိတ်ကာလက သူတို့နှစ်ဦးသား တူရိယာအတီးသင်ခဲ့သည့် ဝါးရုံတောလေးကို သတိရမိလိုက်တော့သည်။

ထိုအခိုက်မှာပင် အိမ်ကလေး တစ်ဆောင်သို့ ရောက်ရှိလာတော့သည်။ ထိုအိမ်ကလေးကိုလည်း နေချင့်စဖွယ် ပြင်ဆင်ထားသည်။ အိမ်လေးနားသို့ ကပ်လိုက်မိသည်နှင့် နံ့သာဖြူ အမွှေးရနံ့များကို ရှူရှိုက်လိုက်မိကြသည်။

လင့်ဟူချုံးသည် အိမ်ကလေးအား ပြင်ဆင်ထားပုံကို လှည့်ပတ်ကြည့်ရှုရင်း တွေးမိသည်မှာ ...

"ဒါက မိန်းမတွေရဲ့ အိပ်ဆောင်ပဲ။ တုံးဖန်းပုက ဘယ့်နှယ် ဒီနေရာကို ရောက်နေတာလဲ ... ဪ .. သိပြီ .. ဒါဟာ သူ့မိန်းမရဲ့ အခန်းဖြစ်ရမယ်။ ဧကန္တတော့ မိန်းမနဲ့ အပျော်ကြူးနေတာနဲ့ အချိန်ကုန်ပြီး ဂိုဏ်းချုပ်ကြီး အလုပ်တွေတောင် မလုပ်နိုင်တော့ဘူးနဲ့ တူပါတယ်"

ထိုစဉ် အခန်းတွင်းမှ လူတစ်ယောက်က ...

"မောင်လေး .. ဘယ်သူတွေကို ခေါ်လာတာလဲ"

အသံမှာ စူးတူးတူးရှတတနှင့် ယောက်ျားလိုလို၊ မိန်းမလိုလို အသံမျိုးဖြစ်သည်။ ကြားရသူအဖို့ ကြက်သီးထဖွယ်ရာ ပင်။

ရန်လင်က ဖြေလိုက်သည်။ "မင်းရဲ့သူငယ်ချင်းတွေကို ခေါ်လာတာပေါ့။ သူတို့က မင်းကို တွေ့ရမှ ဖြစ်မယ်တဲ့"

"မင်းက ဘာဖြစ်လို့ ခေါ်လာရသလဲ။ ဒီနေရာဟာ သီးသန့်နေရာဆိုတာ မင်းမသိဘူးလား ... ဒီနေရာကို မင်းက လွဲရင် ဘယ်သူမှ မလာရဘူး ... မင်းကလွဲရင် ဘယ်သူ့ကိုမှ မတွေ့ချင်ဘူး။ မင်းခေါ်လာတဲ့ လူတွေကို ပြန်လွှတ်လိုက်"

အသံမှာ ယောက်ျားသံမှန်း သိသာထင်ရှားသည်။ သို့ရာတွင် အောက်ကလိအာ အသံမျိုး ဖြစ်နေသည်။ ထိုအသံကို

ကြားလိုက်ပြီးနောက် လင့်ဟူချုံး အော်ကလီဆန်လာသည်။ ထို့ကြောင့် အခြားသူများကို လှမ်းကြည့်လိုက်သည်။

လင်းရှင်၊ ရှန့်ဝန့်ထင်း၊ လင်းလင်းနှင့် ဆန့်ကွမ်းတို့ကား တုံးဖန်းပုကို အရင်ကတည်းက သိကျွမ်းပြီးသူများ ဖြစ်၍ မည်မျှပင် ပြောင်းလဲစေကာမူ ဤအသံသည် တုံးဖန်းပု၏အသံမှန်း သိလိုက်ကြ၏။

သူတို့အားလုံး ငေးကြောင်နေမိသည်။ တုံးဖန်းပုကဲ့သို့သော ဂိုဏ်းချုပ်ကြီးတစ်ယောက်သည် အဘယ်ကြောင့် မိန်းမ တစ်ယောက်လို ညုတုတု၊ ခရာတာတာ ပြောနေရသနည်း။

မိုးကောင်းကင်ကြီး ပြိုကျလာသည်ကို တွေ့မြင်လိုက်ရ သူများကဲ့သို့ သူတို့ အားလုံးသည်လည်း အံ့သြတုန်လှုပ် နေမိကြတော့သည်။

× × × × ×

## မဟူရာတောင်ကုန်း

ရန်လင်က သက်ပြင်းချကာ လှမ်းပြောလိုက်သည်။

“ငါက ခေါ်လာချင်လို့ မဟုတ်ပါဘူး။ ဒါပေမယ့် ခေါ်မလာလို့လဲ မရဘူး။ သူတို့ကို ခေါ်မလာရင် သူတို့က ငါ့ကို သတ်လိမ့်မယ် … သေရမှာကြောက်လို့တော့ မဟုတ်ပါဘူး။ ဒါပေမယ့် ငါမသေခင် မင်းရဲ့မျက်နှာကို တွေ့သွားချင်သေးတယ် … မင်းရဲ့ မျက်နှာကို မမြင်ရပဲ သေသွားရင် ငါအသေဖြောင့်မှာ မဟုတ်ဘူး”

အခန်းထဲမှ အသံက စူးရှစွာ ထွက်ပေါ်လာတော့၏။

“ဘယ်သူတွေလဲ။ ဒီလောက်တောင် အတင့်ရဲတာ။ မင်းကို အနိုင်ကျင့်နေ ကြတယ်ပေါ့လေ။ ခေါ်ခဲ့စမ်း။ သူတို့ကို အခန်းထဲခေါ်ခဲ့စမ်း။ ငါ ကောင်းကောင်း ဆုံးမပစ်လိုက်မယ်”

ဤတွင် လင်းရှင်က လူအားလုံး အခန်းတွင်းဝင်ရန် လက်ဟန်ပြလိုက်သဖြင့် ဆန့်ကွမ်းနှင့် ရှန့်ဝန့်ထင်းတို့က ရန်လင်ကိုထမ်းကာ ရှေ့ဆုံးမှ ဝင်သွားကြ၏။

အခန်း၏ အထားအသို အပြင်အဆင်အားလုံးမှာ တကယ့် မိန်းမပျိုလေး တစ်ယောက်၏ အခန်းမျိုးဖြစ်သည်။ သေသပ်ကျနလွန်းသဖြင့် တစ်ယောက်တည်းက ဤမျှကျနအောင် ပြင်ဆင်ကောင်းမှ ပြင်ဆင်နိုင်လိမ့်မည်ဟု လင့်ဟူချိုး တွေးလိုက်မိသည်။

အခန်းတွင်းတွင် အလှပြင်သည့် မှန်ခုံတစ်ခုရှိပြီး ရှေ့တွင် လူတစ်ယောက်ထိုင်နေသည်။ အနီရောင် ပန်းပွင့်များ ရေးခြယ်ထားသည့် အဝတ်အစားများကို ဝတ်ဆင်ထားသော ထိုလူသည် ဘယ်လက်တွင် ဇာပန်းထိုးသည့် ကိုင်းတစ်ခု ကိုင်ထားပြီး ညာလက်တွင်မူ ပန်းထိုးအပ်တစ်ချောင်း ကိုင်ထားသည်။

ထိုသူသည် ဝင်လာသော လူများကိုကြည့်၍ အံ့ဩသွားပုံရသည်။ သို့သော် သူ၏အံ့ဩမှုမှာ လင်းရှင်တို့ လူသိုက်၏ အံ့ဩမှုကို မည်သို့မျှ မီလိမ့်မည် မဟုတ်ချေ။

ထိုသူသည်ကား လွန်ခဲ့သော ဆယ်စုနှစ်အတွင်း လင်းရှင်၏လက်ထဲမှ နေမင်းသခင် ဂိုဏ်းချုပ်ရာထူးကို လုယူခဲ့သော၊ နှစ် တစ်ရာအတွင်း အတော်ဆုံး သိုင်းသမားဟု သတ်မှတ်ခြင်းခံရသော၊ ကြံရည်ဖန်ရည် ဉာဏ်ရည် အကောင်းဆုံးဟု ဆိုကြသော နေမင်းသခင်ဂိုဏ်း၏ လက်ရှိဂိုဏ်းချုပ် တုံးဖန်းပုပင်တည်း။

တုံးဖန်းပုကို လင်းရှင်တို့အားလုံး ကောင်းစွာတွေ့ဖူးကြသည်။ သို့သော် ယခုတွေ့နေရသည့် တုံးဖန်းပုမှာကား မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေး လုံးဝမရှိ။ မျက်နှာတွင် ပြောင်ချောချောကြီး ဖြစ်နေသည်။ ထို့အပြင် နံ့သာမှုန့်များ၊ နံ့သာရည်များကိုလည်း သုတ်လိမ်းထားသေးသည်။ ကိုယ်ပေါ်တွင်လည်း ယောကျ်ားမကျ၊ မိန်းမမကျ အဝတ်အစားများကို ဝတ်ဆင်ထားသည်။

သိုင်းလောကကြီး တစ်ခုလုံးကို သိမ့်သိမ့်တုန်စေခဲ့သော သိုင်းပညာရှင်ကြီး တစ်ယောက်က အခန်းအောင်း၍ ဇာထိုး ပန်းထိုး အလုပ်လုပ်နေသည်ကို တွေ့လိုက်ရသောအခါ လူတိုင်းပင် ကိုယ့်မျက်စိကိုယ် မယုံအောင် ဖြစ်ကုန်ကြတော့၏။

လင်းရှင်မှာ ဤမဟူရာတောင်ကုန်းသို့ ဝင်လာစဉ်က ဒေါသမီးလျှံများ တဟုန်းဟုန်း တောက်လောင်နေခဲ့သည်။ သို့သော် ယခုမြင်ကွင်းကို မြင်တွေ့လိုက်ရသောအခါ သူ၏ဒေါသမီးလျှံများသည် ရုတ်ခြည်း ငြိမ်သက်သွားကာ ရယ်ချင်စိတ် တလိပ်လိပ် တက်လာတော့သည်။

လင်းရှင်က မေးလိုက်သည်။

“တုံးဖန်းပု .. မင်းက အရူးဟန် ဆောင်နေတာလား”

တုံးဖန်းပုက စူးရှသော လေသံဖြင့် ...

“ငါက ဘယ်သူများလဲလို့ .. လင်းရှင် .. မင်းကိုး။ အမလေး .. မောင်လေး ... မင်း ဘယ်လို ဖြစ်တာလဲ။ သူတို့က မင်းကို နှိပ်စက်ထားတယ်ပေါ့။ ပြောစမ်း ...”

တုံးဖန်းပုက ရုတ်တရက် ခုန်ထွက်လိုက်ကာ ထမ်းစင်ပေါ်မှ ရန်လင်ကို ပွေ့ချီပြီး ကုတင်ပေါ်သို့ အသာအယာတင်လိုက်သည်။

လူအားလုံး၏ အကြည့်များက တုံးဖန်းပု၏ လှုပ်ရှားမှုများနောက် လိုက်ပါသွားမိသည်။ ကုတင်တွင် ပန်းနုရောင် အိပ်ရာခင်း ခင်းထားသည်။ အမွှေးနံ့သာများကလည်း တထောင်းထောင်း ထနေသည်။ လိုတာထက် ပိုနေသဖြင့် မသတီစရာပင် ဖြစ်နေသည်။ တုံးဖန်းပု၏ မျက်နှာတွင် အလွန်တရာ ပူပန်သောက ရောက်နေသော အသွင်က လွှမ်းမိုးနေသည်။ သူက ဆက်တိုက် မေးလိုက်သည်။

“မောင်လေး .. သိပ်နာသွားလားဟင်”

“ဟင် .. ခြေသလုံးရိုး ကျိုးသွားတာကိုး။ ဒါက အသေးအဖွဲကလေးပါ။ ခြေထောက်ရိုး ကျိုးသွားတာက အရေးမကြီးပါဘူး။ ငါအခုချက်ချင်း အရိုးဆက် ပေးလိုက်ပါ့မယ်။”

ပြောပြောဆိုဆိုနှင့် ရန်လင်၏ခြေထောက်မှ ဖိနပ်များကို သူက ချွတ်ပေးလိုက်သည်။ အပေါ်ရုံ အဝတ်အစားများကိုလည်း လဲလှယ်ပေးကာ စောင်တစ်ထည် ခြုံပေးလိုက်သည်။ သူ၏ အပြုအမူမှာ အလွန်တရာ ယုယကြင်နာတတ်သော ဇနီးမယား တစ်ယောက်က မိမိ၏ လင်ယောကျ်ားကို ပြုစုပေးနေသည်နှင့် မခြားပေ။

ထိုအခြင်းအရာ အားလုံးကို တွေ့နေရသော လူအားလုံးမှာ ငိုရမလို၊ ရယ်ရမလို ဖြစ်နေတော့၏။ ဤမြင်ကွင်းမှာ ရယ်စရာ ကောင်းလှသည် မဟုတ်ပါလား။

သို့သော် တကယ်တမ်းတွင်မူ သူတို့အားလုံး မရယ်နိုင်ကြပေ။ အားလုံး၏ ကျောရိုးထဲမှ စိမ့်တက်လာကြတော့၏။ တစ်ခုခုတော့ မှားယွင်းနေလေပြီ။

တုံးဖန်းပုက အိတ်ထဲမှ လက်ကိုင်ပုဝါတစ်ထည်ကို ထုတ်ယူကာ ရန်လင်၏မျက်နှာမှ ချွေးများကို ယုယုယယ သုတ်ပေးလိုက်၏။ တုံးဖန်းပုက အကောင်းဆုံး ကြင်နာမှုကို ပြခြင်းဖြစ်သော်လည်း ရန်လင်ကမူ ဒေါသဖြင့် အော်ငေါက်လိုက်သည်။

“မင်းဘာတွေ လျှောက်လုပ်နေတာလဲ။ ဒီကောင်တွေဟာ မင်းရဲ့ ရန်သူတွေ ... ရန်သူတွေ သိရဲ့လား။ အခု လောလောဆယ် ပထမဆုံး လုပ်ရမှာက ဒီကောင်တွေကို ရှင်းပစ်ရမှာ ... အဲဒါပြီးတော့မှ ငါ့ကို ပြုစုလည်း ရတာပဲ။ အခုတော့ ဘာတွေ လျှောက်လုပ်နေမှန်း မသိဘူး”

တုံးဖန်းပုတစ်ယောက် ရုတ်တရက် တုံ့ဆိုင်းသွားသည်။ သူ့မျက်နှာပေါ်တွင် မိန်းမတစ်ယောက်၏ ရှက်ပြုံးမျိုး ပေါ်လာသည်။ သူက ကိုယ်ကို အနည်းငယ် မတ်လိုက်ပြီး ...

“ဟုတ်တယ်။ မောင်လေးပြောတာ မှန်တယ်။ စိတ်မဆိုးနဲ့နော်။ ခြေထောက်ကရော သိပ်နာနေလား”

“ခြေထောက်နာတာ မနာတာ .. အသာထားစမ်းပါ။ သူတို့က မဟူရာတောင်ကုန်းက တံခါးတွေအားလုံး ပိတ်ထားလိုက်ပြီ။ ဂိုဏ်းသားတွေအားလုံးလဲ သူ့သစ္စာ ခံလိုက်ကြပြီ။ မင်းကို သူတို့က စာရင်းရှင်းမလို့ လာကြတာ။ မင်းက ပေါက်ကရတွေ လျှောက်လုပ်ပြီး သူတို့ရှေ့မှာ ငါ့ကို အရှက်ခွဲမလို့လား”

“စိတ်မဆိုးပါနဲ့ မောင်လေး ... စိတ်မဆိုးပါနဲ့”

လင်းရှင်နှင့် ရှန့်ဝန့်ထင်းတို့မှာ သိုင်းလောကတွင် ကျင်လည်ခဲ့သည်မှာ ကြာမြင့်ခဲ့ပြီး ဖြစ်သည်။ အတွေ့အကြုံလည်း အလွန်များပြားကြသည်။ သို့သော် သူတို့တစ်သက်၌ ဤမျှ ထူးဆန်းသော အဖြစ်အပျက်ကို မတွေ့ဘူးကြချေ။

တုံးဖန်းပု ကဲ့သို့သော ဂိုဏ်းချုပ်ကြီးရင့်မကြီး တစ်ယောက်သည် အဘယ့်ကြောင့် မိန်းမလို ဝတ်စားပြီး မိန်းမစိတ် ပေါက်နေရသနည်း။ ရန်လင်က စိတ်ဆိုးမာန်ဆိုးနှင့် အော်ငေါက်နေသည်ကိုပင် သူက ပြန်လည် ချော့မော့နေလိုက်သေး၏။

ကြည့်နေရင်းမှ လူအားလုံးသည် မသတီသည့်စိတ်၊ အော့အန်ချင်စိတ်များ ပေါက်လာကြ၏။

ထိုစဉ်မှာပင် အပြင်ဖက်မှ လူတစ်ယောက်၏ အော်လိုက်သံကို ရုတ်တရက် ကြားလိုက်ရ၏။

“တုံးဖန်းပု ... တုံးဖန်းပု ... မင်း ... ဒီထဲမှာ ရှိသလား”

မေးလိုက်သံကပင် နောက်ကျနေသေးသည်။ စကားသံ မဆုံးမီပင် ထိုလူသည် အခန်းတံခါးကို ဝုန်းကနဲ တွန်းဖွင့်

ကာ ဝင်လာတော့သည်။

ထိုလူသည်ကား ရန်လင်က အမိန့်ထုတ်ကာ ဖမ်းဆီးခိုင်းထားသော၊ တုံးဖန်းပု၏ တစ်ချိန်က ညီရင်းအစ်ကိုကဲ့သို့ သစ္စာဆိုထားခဲ့သော 'တုံပေရှန်' ဖြစ်သည်။ သူသည်လည်း တုံးဖန်းပုအတု ကိစ္စကို ကြားပြီးဖြစ်၍ ဤနေရာအထိ လိုက်လာခြင်းဖြစ်သည်။ တုံးဖန်းပု အတုဟူသော ကိစ္စက သူ့ဦးနှောက်ကို အကြီးအကျယ် ရှုပ်ထွေးသွားစေခဲ့သဖြင့် ရှင်းလင်းရန် လိုက်လာခဲ့ခြင်းဖြစ်၏။

တုံပေရှန်သည် အခန်းထဲသို့ ရောက်သည်နှင့် တုံးဖန်းပု၏ အဝတ်အစားနှင့် အမူအရာများကို ရုတ်ချည် နဖူးတွေ့ ဒူးတွေ့ ရင်ဆိုင်လုက်ရတော့၏။ သူ့မျက်လုံးများသည် အံ့သြမှုကြောင့် ပြူးထွက်လျက်ရှိနေပေသည်။ သူသည် တုံ့ခနဲ ရပ်သွားပြီး ...

"တုံး ... တုံး ... တုံးဖန်းပု ... မင်း .. မင်း .. ဒါက ဘာဖြစ်တာလဲ ... ဘယ်လို ဖြစ်တာလဲ" ဟု ထစ်ငေါ့စွာ မေးမြန်းလိုက်မိတော့၏။ ထိုအခါကျမှ တုံးဖန်းပုသည် ကုတင်စွန်းမှခွာကာ သူတို့ဖက်သို့ လှည့်ရပ်လိုက်သည်။ အေးစက်သော မျက်လုံးများဖြင့် သူတို့အား ခြုံကြည့်လိုက်သည်။

တုံးဖန်းပုက စူးတူးတူး ရှုတတ မိန်းမ မကျ၊ ယောကျ်ား မကျ လေသံမျိုးဖြင့် ...

"ငါ့မောင်လေး ရန်လင်ကို အနိုင်ကျင့်တဲ့လူတွေထဲမှာ မင်းရောပါလား တုံပေရှန်"

တုံပေရှန်သည် ယခုထက်ထိ အံ့သြမှု မပြေသေးပေ။ လင်းရှင်တို့ အုပ်စု အံ့သြထိတ်လန့်သွားသကဲ့သို့ သူလည်း အံ့သြထိတ်လန့်နေသဖြင့် ... တုံးဖန်းပု၏ စကားကိုပင် ရုတ်တရက် မကြားလိုက်သလို ဖြစ်နေသည်။ အတန်ကြာမှ သတိပြန်ဝင်လာပြီး တုံးဖန်းပုအား ပြန်မေးလိုက်၏။

"တုံးဖန်းပု ... မင်းက ဘာဖြစ်လို့ ရန်လင်ကို ဒီလောက်တောင် ယုံကြည်နေရတာလဲ။ ဒီကောင့်မှာ ဘာများ ယုံစရာတွေရှိနေလို့လဲ။ သူက လူတစ်ယောက်ကို မင်းဆိုပြီး အယောင်ဆောင် ခိုင်းထားတယ်"

တုံးဖန်းပုက အောက်ကလိအာ အသံဖြင့် ...

"အဲဒါ ဘာဖြစ်သလဲ"

တုံပေရှန်က ဒေါသဖြင့် အော်လိုက်သည်။

"အဲဒါ ဘာဖြစ်ရမလဲ။ နေမင်းသခင်ဂိုဏ်းကြီး ဘယ်လောက် ကသောင်းကနင်း ဖြစ်နေတယ်ဆိုတာ မင်းသိရဲ့လား။ ဒီကောင်က အမိန့်တွေ အာဏာတွေ လျှောက်ထုတ်တယ်။ သူမတရားတာတွေ လျှောက်လုပ်နေတာကို မင်းမသိဘူး မဟုတ်လား"

တုံးဖန်းပုက အေးစက်သော အသံဖြင့် ...

"ငါသိသားပဲ။ ... မောင်လေး ရန်လင်က မတရားတာ ဘာမှမလုပ်ဘူး။ ငါကောင်းဖို့အတွက် လုပ်နေတာ။ ဒီဂိုဏ်းထဲကအလုပ်တွေကို ငါက စိတ်ရှုပ်ခံပြီး မလုပ်ချင်မုန်းသိလို့ ငါ့ကိုယ်စား လူတစ်ယောက်ကို ဟန်ဆောင်ခိုင်းထားတာ ... ငါ့ကိုယ်စား အမိန့်ပေးနေတာ။ ငါ့ကိုယ်စား အပင်ပန်းခံပြီး လုပ်ပေးနေတာ။ အဲဒါ ဘာဖြစ်သလဲ"

တုံပေရှန်သည် ရုတ်တရက်အားဖြင့် စကားပင် ပြန်မပြောနိုင်အောင် အံ့အားကြီး သင့်သွားတော့သည်။

အတန်ကြာမှ ... "ဒီကောင်က ... ငါ့ကို သတ်ဖို့ လုပ်နေတယ်ဆိုတာကော မင်းသိရဲ့လား"

တုံးဖန်းပုက ခေါင်းခါပြသည်။

"ဒါတော့ ငါမသိဘူး။ ဒါပေမယ့် ငါ့မောင်လေး ရန်လင်ကတော့ ဘယ်တော့မှ မဟုတ်တာ မလုပ်တတ်ဘူး။ တကယ်လို့ မောင်လေးရန်လင်က မင်းကို သတ်မယ်ဆိုရင်လည်း မင်းမကောင်းလို့ပဲ ဖြစ်ရမယ်။ မင်းက ဘာဖြစ်လို့ အသတ်မခံရတာလဲ"

တုံပေရှန်က ယောင်တီးယောင်တဖြင့် ဘုရားတ ရေရွတ်လိုက်မိသည်။ ထို့နောက် ရုတ်တရက် တဟားဟားဖြင့် ရယ်မောနေတော့၏။

သူ၏ရယ်သံတွင် ဆွေးမြည့်ကြေကွဲမှု အပြည့်ပါနေသဖြင့် သည်ရယ်သံ ကြားရသူများအဖို့ လွန်စွာ စိတ်မသက်မသာ ဖြစ်ကြရတော့သည်။ အတန်ကြာမှ အရယ်ရပ်လိုက်ပြီး ...

"တုံးဖန်းပု ... သူက သတ်ချင်တာနဲ့ မင်းက ပေးသတ်ခွင့်ပြုတယ်ပေါ့ .. ဟုတ်လား"

ဟု ခက်ထန်စွာ မေးလိုက်၏။

"အေး .. ဟုတ်တယ်။ ပေးသတ်ခွင့်ပြုတယ်။ မောင်လေး ရန်လင်ဘာပဲ လုပ်ချင် လုပ်ချင် .. ငါက ဖြစ်အောင် လုပ်ပေးမှာပဲ။ ဒီလောကကြီးထဲမှာ သူတစ်ယောက်ကလွဲလို့ ငါ့အပေါ် ဘယ်သူမှ မကောင်းဘူး ... တုံပေရှန် .. မင်းဟာ

ငါနဲ့ သေအတူ၊ ရှင်မကွာ တိုက်ပွဲဝင်ခဲ့ဖူးတယ် ... ဒါပေမယ့် ဒါလေးကို အခွင့်အရေး ယူပြီးတော့ မောင်လေး ရန်လင်ကို မထိခိုက် မစော်ကားသင့်ဘူး။ သူ့စကား သူ့အာဏာကို မဖယ်ရှားသင့်ဘူး"

တုံပေရှန်၏ မျက်နှာမှာ နီရဲလာတော့၏။

"ငါက ပထမတုန်းကတော့ မင်းစိတ်ရူးပေါက်နေလို့ ဘာမှ မသိတော့ဘူး မှတ်နေတာ ..."

တုံးဖန်းပုက ခက်ထန်စွာဖြင့်...

"ဘာပြောတယ် ... ငါ့ကို စိတ်ရူးပေါက်နေတယ်လို့ မင်းပြောရဲသလား"

"အေး .. ငါပြောတာက မင်းစိတ်ရူးပေါက်နေတယ်လို့ ထင်မိတယ်။ အခုတော့ မင်းက အားလုံးကို မှတ်မိနေတာပဲ ကိုး ... ငါတို့ နှစ်ယောက်က သွေးသောက် ရဲဘော်တွေ ဆိုတာလည်း မင်း ကောင်းကောင်းကြီး မင်းမှတ်မိနေသေးတာကို"

တုံးဖန်းပုက ... "အေး .. ဟုတ်တယ်။ ဒါကြောင့်မို့လည်း မင်းက ငါ့ကို စော်ကားပေမယ့် ငါခွင့်လွှတ်တာပေါ့။ ဒါပေမယ့် မင်းတစ်ခု သိထားရမှာက မောင်လေး ရန်လင်ကိုတော့ စော်ကားလို့မရဘူး။ ငါက သည်းခံနေမှာ မဟုတ်ဘူး"

တုံပေရှန်က ဒေါသဖြင့် အော်လိုက်သည်။

"ဒီခွေးကောင်ကို ဘာဖြစ်လို့ မစော်ကားရမှာလဲ။ နေမင်းသခင် တစ်ဂိုဏ်းလုံးကို စောက်ထိုးမိုးမျှော်ဖြစ်အောင် လုပ်တဲ့ကောင်။ ခွေးကောင် ... ကဲ ... ငါအခု သူ့ကို စော်ကားလိုက်ပြီ။ မင်းက ငါ့ကို ဘာလုပ်ချင်သလဲ"

တုံးဖန်းပုသည် ရန်လင့်ဖက်သို့ လှည့်ကာ မေးလိုက်သည်။

"မောင်လေး .. မင်းက သူ့ကို တကယ် သတ်ချင်သလား"

"ဘာတွေ ပြန်မေးနေတာလဲ။ ဒီသစ္စာဖောက်ကို မြန်မြန်သတ်လိုက်စမ်း။ အချိန်ဆွဲမနေနဲ့"

တုံးဖန်းပုက ပြုံးကာ ပြောလိုက်သည်။

"ကောင်းပါပြီ။ မောင်လေး စိတ်တိုင်းကျ ဖြစ်ရစေ့မယ်"

ပြီးနောက် တုံပေရှန်ဖက်သို့ လှည့်၍ ...

"တုံပေရှန် ... ဒီနေ့ကစပြီး မင်းနဲ့ ငါဟာ သွေးသောက် ညီအစ်ကိုတွေ မဟုတ်တော့ဘူး"

ထိုစကားကို ကြားလိုက်ရသောအခါ တုံပေရှန်က နောက်နှစ်လှမ်း ဆုတ်လိုက်မိသည်။ ထိုစကား၏ နောက်ကွယ်၌ သေမင်းရယ်သံကို ကြားလိုက်ရသောကြောင့်ပင် ဖြစ်သည်။

သူ၏ရင်ပတ်ရှေ့တွင် ဓားကို ကာကွယ်ထားလိုက်၏။ တုံးဖန်းပု၏ သိုင်းပညာမှာ အလွန်အဆင့်အတန်းမြင့်မှန်း သိ၍ လုံးဝမပေါ့ဆရဲချေ။ တုံးဖန်းပုက အေးစက်စွာ ရယ်လိုက်ပြီး ...

"ဟင်း .. တော်တော်လေးတော့ ခက်နေတာပဲနော်။ တုံပေရှန်၊ ဟိုနှစ်တုံးက 'လော့တုံးနယ်' မှာသောင်းကျန်းနေတဲ့ လူဆိုးနှစ်ယောက်နဲ့ ငါတို့ သဲသဲမဲမဲ တိုက်ခဲ့ကြတယ်။ 'ထိုက်တန်' တောင်ပေါ်မှာ တိုက်ခဲ့တဲ့ တိုက်ပွဲပေါ့။ အဲဒီတုန်းက ငါ့ရဲ့ အသက်ကို မင်းက ကယ်ပေးခဲ့တယ်။ မင်းသာ မကယ်ရင် ဒီနေ့အထိ ငါဘယ်မှာ အသက်ရှင်နိုင်တော့မှာလဲ"

တုံပေရှန်က သူ့ရင်ပတ်ရှေ့မှဓါးကို လုံးဝမချဘဲ မျက်နှာကို တစ်ချက် မဲ့လိုက်သည်။

"မင်းက ဒီကိစ္စတွေကို မှတ်မိသေးသကိုး"

တုံးဖန်းပုက ...

"ဒီလိုကိစ္စမျိုးက လွယ်လွယ်ကလေး မေ့ပစ်သင့်တဲ့ ကိစ္စမျိုးမှ မဟုတ်တာဘဲ။ ဒီတော့ ငါက ဘယ်မေ့ပါ့မလဲ။ ငယ်ငယ်တုန်းက ငါဟာ တော်တော်လေး ဆင်းရဲနွမ်းပါးပါတယ်။ မင်းဟာ ငါ့ကို ကြီးမှ ငါ့အသက်ကိုကယ်ခဲ့တာ မဟုတ်ဘူး၊ အဲသည် ငယ်ငယ်တုန်းကတည်းက ... မင်းက ငါ့ကို စောင့်ရှောက်ခဲ့တယ်"

တုံပေရှန်က အော်လိုက်သည်။

"တော်ပြီ။ ပြီးခဲ့တဲ့ ကိစ္စတွေကို မပြောနဲ့တော့"

ထိုတဒင်္ဂတွင် လူအားလုံး၏မျက်စိများထဲတွင် အနီရောင်အရိပ်တစ်ခု ရိပ်ကနဲ လှုပ်ရှားသွားသည်ကို တွေ့လိုက်ရ၏။ ယင်းမှာ တုံးဖန်းပု၏ ခန္ဓာကိုယ် လှုပ်ရှားလိုက်ခြင်းပေတည်း။

"ထန်း"

လက်တွင် ကိုင်ဆောင်ကာ သူ့ကိုယ်သူ ကာကွယ်ထားသည့် တုံပေရှန်၏ဓား ကြမ်းပြင်ပေါ် လွတ်ကျသွားသံ ဖြစ်သည်။ တုံပေရှန်၏ ကိုယ်လုံးမှာလည်း တုန်တုန်ယင်ယင်ဖြင့် ဒယီးဒယိုင်ဖြစ်ကာ ဖြည်းညင်းစွာဖြင့် လဲကျသွားတော့၏။

တုံပေရှန်ကား ပါးစပ်ကို ဟလျက် လဲကျနေပေပြီ။ သူ၏ မျက်ခုံးမွေးနှစ်ခုကြား နဖူးတည့်တည့်တွင် တစ်ချက်။

ဘယ်ဖက်နားထင်နှင့် ညာဖက်နားထင်များတွင် တစ်ချက်စီ။ အောက်နှုတ်ခမ်းပေါ်တွင် တစ်ချက်။ ဤအရေးကြီးသော အကြောမကြီးလေးခုပေါ်တွင် သေးငယ်သော အနီစက်လေးများကို တွေ့လိုက်ရပြီး ယင်းအနီစက်လေးများမှ သွေးများ စိမ့်ထွက်စပြုလာသည်ကို လင်းရှင်တို့အားလုံး သတိပြုလိုက်မိကြ၏။

ဤဒါဏ်ရာ ဒါဏ်ချက်များကား တုံးဖန်းပု၏ လက်တွင် ကိုင်ဆောင်ထားသော ပန်းထိုးအပ်၏ ဒါဏ်ချက်များသာ ဖြစ်ရပေမည်။

လင်းရှင်တို့ အားလုံးမှာ တကယ့် ထိပ်သီး သိုင်းပညာရှင်များ ဖြစ်ကြ၏။ သို့သော် ဤကဲ့သို့သော အခြေအနေကို တွေ့လိုက်ရသောအခါ သူတို့အားလုံး နောက်သို့ ခြေနှစ်လှမ်းမျှ ဆုတ်လိုက်မိကြတော့၏။

လင့်ဟူချုံးက လင်းလင်း၏ လက်ကိုဆွဲကာ ရှေ့မှကာရပ်လိုက်သည်။ ရုတ်တရက်အားဖြင့် လင်းလင်းအား မထိခိုက်စေရန်ဖြစ်သည်။

အခန်းထဲတွင် မည်သည့်အသံမျှ မကြားရတော့ အားလုံးငြိမ်သက်နေကြသည်။ သက်ပြင်းချသံပင် မကြားရချေ။ တုံးဖန်းပု၏ ကြောက်မက်ဖွယ်ရာ လျင်မြန်မှုက အားလုံးကို ဆွံ့အသွားစေခဲ့သည်။

တုံးဖန်းပု၏ သိုင်းပညာ အလွန်ကောင်းမွန်း လူအားလုံးက သိကြသည်။ သို့သော် ဤမျှအထိ ကောင်းလိမ့်မည်ဟု မထင်မှတ်ခဲ့ကြချေ။ အလွန်တရာ သေးသွယ်သော အပ်ချောင်းလေးဖြင့် မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း တုံပေရှန် ၏ အကြောမ လေးနေရာကို ထိုးစိုက်နိုင်သည်ကို တွေ့ရသောအခါ လူအားလုံး တုန်လှုပ်ခြောက်ခြား သွားကြတော့၏။

ထို့အပြင် တုံးဖန်းပု မည်မျှဉာဏ်များကြောင်းကိုလည်း တွေ့မြင်လိုက်ရသေးသည်။ တုံပေရှန်၏ စိတ်ဓါတ်များ ညွတ်ပြောင်းသွားစေရန် ရေးဟောင်းနှောင်းဖြစ်များကို ပြောနေလိုက်သေး၏။ ပြီးမှ အလျင်မြန်ဆုံး လှုပ်ရှားကာ သတ်ဖြတ်လိုက်ခြင်း ဖြစ်တော့၏။

လင်းရှင်သည် သူ၏ ဓားကို လျင်မြန်စွာ ဆွဲထုတ်လိုက်သည်။

"တုံးဖန်းပု ... မင်းက 'နေကြာပန်း သိုင်းပေါင်းချုပ်' ကို လေ့ကျင့်အောင်မြင်သွားပြီကိုး။ တော်တယ်။ မင်းတော်တယ်။ ငါအများကြီး ချီးကျူးတယ်။ ဂုဏ်ပြုပါတယ်။"

တုံးဖန်းပုက ...

"ဂိုဏ်းချုပ်ကြီး .. အဲဒီ 'နေကြာပန်း သိုင်းပေါင်းချုပ်' ဆိုတာကြီးကို ခင်ဗျားက ကျုပ်ကို ပေးတာပါ"

ပြောရင်းမှ သူက သက်ပြင်းရှည်ကြီး တစ်ချက် ချလိုက်၏။

"ခင်ဗျားဟာ တကယ်တော့ ကျုပ်အပေါ် ကောင်းခဲ့တဲ့လူပါ။ ခင်ဗျား ကောင်းခဲ့တာတွေကို တစ်သက်လုံး မမေ့ပါဘူး"

လင်းရှင်က ...

"အေး .. အဲဒီကျေးဇူးတွေ ထောက်ထားပြီး ငါ့ကို ဂိုဏ်းချုပ်ရာထူးကနေ ဖြုတ်ချပစ်လိုက်တယ်ပေါ့ ... ဟုတ်လား"

လင်းရှင်၏ စကားကို ပြန်မဖြေပဲ တုံးဖန်းပုက သူပြောချင်ရာ ဆက်ပြောနေသည်။

"နေမင်းသခင် ဂိုဏ်းမှာ ကျုပ်ဟာ သာမန်အဖွဲ့မှူး တစ်ယောက်ပဲ။ ကျုပ်ကို ခင်ဗျားက မြေတောင်မြှောက်ပေးခဲ့တာပါ။ နှစ်တိုင်း ရာထူးတိုးပေးခဲ့တယ်။ ဒါတွေဟာ ကျုပ်အပေါ် ကောင်းခဲ့တာတွေပဲပေါ့။"

"ဒါတင်မကဘူး။ ခင်ဗျားရဲ့ စေတနာကို အဆုံးစွန် ပြခဲ့သေးတယ်။ 'နေကြာပန်း သိုင်းပေါင်းချုပ်' စာအုပ်ကို ပေးပြီးတော့ ဂိုဏ်းချုပ်ရာထူးကို ဆက်ခံရမယ့် အိမ်ရှေ့ဥပရာဇာအဖြစ် ကျုပ်ကို သတ်မှတ်ခဲ့တာပဲ။ တော်ရုံတန်ရုံလူဟာ ကျုပ်အပေါ် ဒီလောက် ကောင်းနိုင်ပါ့မလား။ ဒီတော့ ကျုပ်ကလည်း ဒီကျေးဇူးတွေကို ဘယ်မေ့နိုင်ပါ့မလဲ"

လင်းရှင်က ပြုံးနေ၏။ သူ့အပြုံး၌ သတိဝီရိယများ ပါရှိနေသည်ကို တော်ရုံလူများအနေဖြင့် မည်သို့မျှ ခန့်မှန်းနိုင်ကြမည် မဟုတ်ချေ။

လင်းရှင်၏ အတွင်းစိတ်ကို လင့်ဟူချုံးသည်လည်း မသိရှိပေ။ ကြမ်းပေါ်တွင် လဲကျသေဆုံးနေသော တုံပေရှန်ကို ကြည့်ရင်း သူက တွေးနေမိသည်။

"တုံးဖန်းပုဆိုတာ မြွေထက်တောင် ကြောက်စရာ ကောင်းပါကလား။ စောစောတုန်းက တုံပေရှန်ရဲ့ စိတ်ဓါတ်တွေ နူးညံ့သွားအောင် အတိတ်ဇာတ်ကြောင်းတွေ ဖွဲ့ဖွဲ့နွဲ့နွဲ့ပြောပြီးတော့ ချက်ချင်း သတ်ပစ်လိုက်တယ်။ အခုလည်း ဒီအကွက်ကို သုံးနေပြန်ပြီပေါ့ ..."

"စောစောတုန်းက မင်းပြောခဲ့တဲ့ စကားတွေ ... ဘာတဲ့ .. တုံပေရှန်ဟာ မင်းအပေါ် ဘယ်လောက် ကောင်းခဲ့သလဲ။ အဲဒီ ကောင်းခဲ့တဲ့ ကျေးဇူးတွေကို သူ့ကိုသတ်ပြီးတော့ မင်းက ဆပ်လိုက်တယ်ပေါ့။ အခုလည်း ဆရာကြီး လင်းရှင်ရဲ့

ကျေးဇူးတွေကို ဖွဲ့နွဲ့နေပြန်ပြီ။ ဆရာကြီးလင်းရှင်ကို ကျေးဇူးပြန်ဆပ်တဲ့အနေနဲ့ သတ်ဦးမလို့ မဟုတ်လား”

မည်သို့ပင် ဖြစ်စေ။ လင်းရှင်သည် တုံပေရှုန်ထက် သိုင်းပညာ များစွာကောင်းသူဖြစ်သည်။ တုံပေရှုန် သတိဝီရိယ ထားသည်ထက် လင်းရှင်က အဆများစွာ ပို၍ သတိထားမည် ဖြစ်ကြောင်းကို ယုံသည်။ ထို့အပြင် တုံပေရှုန်ကို တိုက်ခိုက် လိုက်သည့် တိုက်ကွက်နှင့် ကိုယ်ဟန် လှုပ်ရှားမှုမှာ အလွန်တရာ မြန်ဆန်လွန်းလှသဖြင့် တုံပေရှုန်အနေဖြင့် ခုခံကာကွယ် ရန် ခက်သွားခြင်းလည်း ဖြစ်သည်။ လင်းရှင်အနေဖြင့်မူ တုံပေရှုန်ထက် ပို၍ သွက်လက်စွာ ခုခံနိုင်မည်သာဖြစ်သည်။

လင့်ဟူချုံးသည် သူများ အတွက် တွေးနေရုံဖြင့် မပြီး။ မိမိအတွက်ပါ တွေးရမည်ကိုလည်း သတိမလစ်ချေ။ သူက ခါးကိုထုတ်ကာ တုံးဖန်းပု၏ ရင်ဝသို့ ချိန်ရွယ်ထားလိုက်သည်။ အကယ်၍ တုံးဖန်းပု တစ်ချက်မျှ လှုပ်ရှားလိုက်သည်နှင့် သူက လက်ဦးအောင် တိုက်ခိုက်နိုင်တော့မည် ဖြစ်သည်။ ကြိုတင်ပြင်ဆင်ထားခြင်းသည် မည်သည့်အခါမျှ မှားယွင်းသည် ဟူ၍ မရှိချေ။

ကြိုတင်ပြင်ဆင်မှု မရှိပါက တုံးဖန်းပု လှုပ်ရှားသည်နှင့် မိမိသော်လည်းကောင်း၊ မိမိအဖွဲ့သား တစ်ယောက်ယောက် သော်လည်းကောင်း သေဆုံးရပေလိမ့်မည်။ ယင်းကြောင့် လင့်ဟူချုံးသည် သတိဝီရိယကြီးစွာဖြင့် အသင့်ပြင်ဆင်ထားခြင်း ဖြစ်၏။

အနည်းငယ် နောက်ကျခြင်းသည် များစွာ နောက်ကျခြင်းဖြစ်သည် ဟူသော စကားကို လင့်ဟူချုံး ကောင်းစွာသိပေ သည်။ သူ့အနေဖြင့် မည်သည့် အနည်းငယ်နောက်ကျခြင်းကိုမျှ လက်ခံနိုင်မည် မဟုတ်ချေ။ တုံပေရှုန်၏ သင်ခန်းစာကို မယူပဲ သတိမဲ့လစ်ဟင်းပါက သူတို့၏ အမှားသာ ဖြစ်ပေလိမ့်မည်။

တုံးဖန်းပုက ဆက်ပြောနေသည်။

“အစတုန်းကတော့ ကျုပ်ဟာ နေမင်းသခင်ဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီး လုပ်မလို့ပဲ။ ဂိုဏ်းချုပ်ကြီးဆိုတဲ့ ရာထူးဟာ ကျုပ် အဖို့ အင်မတန် ယစ်မူးစရာကောင်းတဲ့ ရာထူးကြီးပဲ။ ဒါကြောင့် ခင်ဗျားရဲ့ လူယုံတော်မှန်သမျှကို ဖယ်ရှားပြီး ဂိုဏ်းချုပ် ကြီးရာထူးကို လုယူဖို့ ကျုပ်ကြံစည်ခဲ့တယ်”

စကားကို ခေတ္တရပ်တန့်လိုက်ပြီး တုံးဖန်းပုက လှည့်ကာ ရှန့်ဝန့်ထင်းကို လက်ညှိုးထိုးလိုက်သည်။

“ဒါပေမယ့် ကျုပ်ရဲ့အကြံအစည်ကို ဟောသည်က ရှန့်ဝန့်ထင်းက ကောင်းကောင်း ရိပ်မိခဲ့တယ် ... ရှန့်ဝန့်ထင်း .. ဟောသည် နေမင်းသခင်ဂိုဏ်းထဲမှာ ဂိုဏ်းချုပ်ကြီးနဲ့ ကျုပ်ကလွဲရင် ခင်ဗျားဟာ လူတော်ပါပဲ”

× × × × ×

## တုံးဖန်းပု

ရှန့်ဝန့်ထင်းကမူ ကျာပွတ်ကို အသင့်အနေအထားဖြင့် ပြင်ဆင်ထားသည်။ တုံးဖန်းပုကို စကားတစ်လုံးမျှ ပြန်မပြော ချေ။ အကြောင်းမဲ့ မဟုတ်။ သူ၏ စိတ်အာရုံ ပျံ့လွင့်သွားမည်စိုး၍ ဖြစ်သည်။

တုံးဖန်းပု၏ ဉာဏ်ရည်နှင့် မျက်မြင်တွေ့ခဲ့ရသည့် သိုင်းပညာ အခြေအနေအရ စိတ်အာရုံ ပျံ့လွင့်သူသည် ကိုယ်သေတွင်း ကိုယ်တူးခြင်းသာတည်း။ ထို့ကြောင့် ရှန့်ဝန့်ထင်းသည် တုံးဖန်းပုကိုသာ စူးစူးစိုက်စိုက် ကြည့်နေမိသည်။

တုံးဖန်းပုက သက်ပြင်းရှည်ကြီး တစ်ချက် ချလိုက်ပြီး ...

"ဒါပေမယ့် ဂိုဏ်းချုပ်လုပ်ပြီးတဲ့နောက်မှာ ... ဟောသည်က 'နေကြာပန်း သိုင်းပေါင်းချုပ်' ကို လေ့ကျင့်ပြီးတဲ့ နောက်မှာ မှ ... လူ့ဘဝရဲ့ သာယာမှု၊ လူ့ဘဝရဲ့ အရသာဟာ ဘာလဲဆိုတာ သိလိုက်ရတယ်"

လူအားလုံးသည် တုံးဖန်းပု၏ စူးတူးတူး ရှတတ အသံကို နားထောင်ရင်း လက်ဝါး၌ ချွေးများ စို့လာကြတော့၏။

တုံးဖန်းပုသည် အမှန်တကယ် စကားပြောကောင်းသော သူပင်ဖြစ်၏။ သူ့စကားများသည် အခန်းတွင်းရှိ လူအား လုံး၏ အာရုံကို ဆွဲဆောင်လျက်ရှိ၏။ နားထောင်နေသူများသည် တစ်ချက်တစ်ချက် သူ့စကား၌ နစ်မြောသွားကြ၏။

လင့်ဟူချုံးက သေချာစွာ စဉ်းစားလိုက်သည်။ ဤလူ၏ စကားသည် အကျိုးအကြောင်း ဆက်စပ်မှုရှိနေ၏။ ဦးနှောက်ပျက်နေသူကဲ့သို့ ပရမ်းပတာ မဟုတ်ချေ။ သို့သော် ယောကျ်ားမဟုတ်၊ မိန်းမမဟုတ် အမူအရာများကို မြင်တွေ့ရသော အခါတွင်မူ လင့်ဟူချုံးမှာ ကြက်သီးထမိတော့၏။

ထိုစဉ်တုံးဖန်းပုက လင်းလင်းကို တစ်ချက်စိုက်ကြည့်ကာ ပြောလိုက်၏။

"လင်းလင်း ... ငါတော့ မင်းကို သိပ်အားကျတာပဲ။ လောကမှာ လူတစ်ယောက်ဟာ မိန်းမဖြစ်ရတာ ပိုတန်ဖိုး ရှိတယ်"

လင့်ဟူချုံးမှာ သူ့ဦးခေါင်းမှ ဆံပင်များအားလုံး ထောင်သွားဘိသကဲ့သို့ ခံစားလိုက်ရသည်။ တုံးဖန်းပုက ဆက်၍ ပြောနေသည်။

"မိန်းမတစ်ယောက်ဟာ ဟိုယောကျ်ားတွေထက် အများကြီးသာတယ်။ မင်းက အသက်လေးလည်း ငယ်တယ်။ ရုပ်ရည်လဲ ချောတယ်။ နေရာချင်းသာ လဲလို့ရရင် မင်းနဲ့ငါ လဲလိုက်ချင်တယ်။ ဒီနေမင်းသခင် ဂိုဏ်းချုပ်ရာထူး မပြောနဲ့။ ဘုရင်ဧကရာဇ်ကြီး ရာထူးကိုတောင် မမက်မောဘူး"

လင့်ဟူချုံးသည် ဤနေရာသို့ ရောက်ကတည်းက ခံစားချက်အမျိုးမျိုးကို ခံစားခဲ့ရပြီးဖြစ်သည်။ သို့သော် ဤစကား မျိုးကို ကြားလိုက်ရသော အခါတွင်ကား စိတ်ချဉ်ပေါက်ကာ ခါးခါးသီးသီး ဝင်ပြောလိုက်တော့၏။

"ဘာပြောတယ်။ ခင်ဗျားကများ လင်းလင်းနဲ့ နေရာချင်းလဲလိုက်ချင်တယ် ဟုတ်လား။ ဟင်း ... ခင်ဗျားလို မိန်းမ မဟုတ်၊ ယောကျ်ားမဟုတ်ကြီးကို ကျုပ်က ဘယ်ကြိုက်နိုင်မလဲ"

လင့်ဟူချုံး၏ ခါးသီးလှသော စကားကို ကြားလိုက်ရသော လင်းရှင်၊ ရှန့်ဝန့်ထင်းနှင့် ဆန့်ကွမ်းတို့မှာ အကြီး

အကျယ် တုန်လှုပ်ခြောက်ခြား သွားကြတော့သည်။

တုံးဖန်းပု၏ မျက်နှာကား ကြောက်မက်ဖွယ်ရာ စိမ်းပြာလာတော့သည်။ လင့်ဟုချုံးအား မီးတောက်နေသည့် မျက်လုံးများဖြင့် စိုက်ကြည့်ကာ ...

"မင်းက ဘယ်သူလဲ။ ဘယ်ကကောင်လဲ။ ငါ့ကို ဒီလိုစကားမျိုးပြောရဲတယ် ... ဟုတ်လား"

တုံးဖန်းပု၏ အသံမှာ လွန်စွာ စူးရှလှသဖြင့် လူတိုင်း၏နားထဲသို့ သံချွန်ဖြင့် ထိုးလိုက်သကဲ့သို့ နစ်ဝင်သွားသည်။ အကြီးအကျယ် ဒေါသထွက်နေပြီဖြစ်ကြောင်း အသံနှင့် မျက်နှာထားက ဖော်ပြလျက်ရှိနေချေပြီ။

သို့သော် လင့်ဟုချုံးဆိုသော လူငယ်ကား နဂိုကတည်းက သတ္တိရှိပြီးသူဖြစ်သည်။ သေခြင်းတရားကိုလည်း ထီမထင်သူဖြစ်၏။ တုံးဖန်းပု၏ ဒေါသကို လင့်ဟုချုံးက အလျဉ်းပင် ဂရုမစိုက်ချေ။ သရော်လှောင်ပြောင်၍ပင် ရယ်လိုက်သေးသည်။

လင်းရှင်နှင့် ရှန့်ဝန့်ထင်းတို့မှာလည်း သတ္တိရှိသူများပင် ဖြစ်ကြသည်။ အတွေ့အကြုံအားဖြင့် လင့်ဟုချုံးထက်ပင် သာပေဦးမည်။ သို့သော် သူတို့အားလုံး လင့်ဟုချုံးကဲ့သို့ လုပ်ရဲသူမရှိချေ။ သူတို့၏ရင်ထဲ၌ အကြောက်တရားများ ရှိနေကြသဖြင့် မလုပ်ဝံ့ကြခြင်း ဖြစ်သည်။

လင့်ဟုချုံးက ရယ်လိုက်ပြီးနောက် ...

"တုံးဖန်းပု ... ကျုပ်ထပ်ပြောမယ်။ သေသေချာချာ နားထောင်။ မှတ်ဆိတ်မွေး ဗလပျစ်ပေါက်နေတဲ့ ယောကျ်ားပဲဖြစ်ဖြစ်။ နွဲ့နှောင်းတဲ့ မိန်းကလေးပဲဖြစ်ဖြစ်။ သူ့နည်းသူ့ဟန်နဲ့ ကောင်းကြတာချည်းပဲ။ ယောကျ်ားလဲ သူ့ဘဝနဲ့သူ။ မိန်းမလဲ သူ့ဘဝနဲ့သူ။ လူ့လောကကြီးထဲမှာ အံဝင်ခွင်ကျ ဖြစ်ကြတာချည်းပဲ။ ... အံဝင်ခွင်ကျ မဖြစ်တာကတော့ ခင်ဗျားလို ... ယောကျ်ားမဟုတ်၊ မိန်းမမဟုတ်တဲ့ နပုလ္လိင်ပဲ။ ကျုပ်အရွံ့ဆုံး၊ အမုန်းဆုံးကလဲ ခင်ဗျားလို မိန်းမရှာပဲဗျို့"

တုံးဖန်းပု၏ မျက်နှာမှာ ဒေါသကြောင့် ပြာနှမ်းနေလေပြီ။ သူက စူးစူးဝါးဝါး အော်ဟစ်လိုက်သည်။

"ငါမေးနေတယ်။ ငါမင်းကို မေးနေတယ်။ မင်းဘယ်သူလဲ ပြောစမ်း"

"ကျုပ်လား ... ကျုပ်နာမည် လင့်ဟုချုံး။ ကောင်းကောင်း မှတ်ထားပါ"

"သြ .. လင့်ဟုချုံး ဆိုတာကိုး။ ငါကလည်း မင်းကိုတွေ့ချင်နေတာနဲ့ အတော်ပဲ"

"အင်း ... ခင်ဗျားတွေ့ချင်တယ်ဆိုလို့ ကျုပ်ကလည်း လာခဲ့ရတာ"

"လင်းလင်းက မင်းကို သိပ်ချစ်နေတယ်လို့ ပြောသံကြားတယ်။ မင်းအတွက်ဆို အသက်တောင် ပေးရဲသတဲ့။ လင်းလင်းက အသက်ပေးပြီး ချစ်ရလောက်အောင် ဘယ်လိုများ ထူးခြားနေသလဲလို့ ငါက ကြည့်ချင်နေတာ။ အခုတော့ သာမန်လူ့နဲ့ ဘာများ ထူးခြားလို့လဲ ဘာမှ မထူးခြားပါဘူး။ ငါ့မောင်လေး ရန်လင်နဲ့ဆိုရင် ဆီနဲ့ ရေပဲ။ တခြားစီပဲ။ ဘယ်လိုမှ နှိုင်းယှဉ်လို့ မရဘူး"

လင့်ဟုချုံးက တဟားဟား ရယ်လိုက်ပြီး ...

"ဘာပြောတယ် ဆီနဲ့ရေ ... ဟုတ်လား။ ဟားဟား .. ခင်ဗျားရဲ့ ရန်လင်က ရေလား။ ကျုပ်ကောင်းတဲ့ အချက်တွေကို ခင်ဗျားမှ မမြင်ပဲကိုးဗျ။ ကျုပ်ရဲ့ ကောင်းကွက်တစ်ကွက်ကို ပြောပြမယ် ... ကျုပ်က အချစ်နဲ့ ပတ်သက်ပြီး သစ္စာရှိတယ်ဗျ။ လင်းလင်းကို ကျုပ်က သေတပန်သက်တဆုံး ချစ်သွားမှာ။ ခင်ဗျားရဲ့ရန်လင်က ရုပ်ချောပေမယ့် သစ္စာမရှိဘူး။ ခင်ဗျားကွယ်ရာမှာ မိန်းမတွေကို ပိုးပန်းပြီး မိန်းမရွှင်တွေနဲ့ ပျော်ဖို့လောက် ကြည့်နေတဲ့လူပဲ"

ဤနေရာသို့ ရောက်သောအခါ တုံးဖန်းပုသည် စူးရှစွာ တစ်ချက်အော်လိုက်ပြီး အလွန်လျင်မြန်လှသော အရှိန်အဟုန်ဖြင့် ခုန်အုပ်ကာ ပန်းထိုးအပ်ဖြင့် ထိုးစိုက်လိုက်တော့၏။

ဤကား လင့်ဟုချုံး၏ ပရိယာယ်ပင်တည်း။ သူက တုံးဖန်းပု ဒေါသထွက်လာအောင် ဆွပေးလိုက်ခြင်းဖြစ်သည်။ ရန်လင်နှင့် ပတ်သက်လျှင် တုံးဖန်းပု၌ ပျော့ကွက်ရှိကြောင်း သိနေသဖြင့် ဒေါသထွက်အောင် ထိုပျော့ကွက်ကို နင်းလိုက်ခြင်းဖြစ်၏။

ထိပ်သီးသိုင်းပညာရှင်တိုင်းသည် ရန်သူနှင့် တိုက်ခိုက်သောအခါ လွန်စွာ စိတ်တည်ငြိမ်ရန် လိုအပ်သည်။ စိတ်လှုပ်ရှားနေသူက တစ်ပန်းရှုံးသည်။

ယခုလည်း တုံးဖန်းပုက လှုပ်လိုက်သည်နှင့် လင့်ဟုချုံး၏ဓားက တုံးဖန်းပု၏ လည်မျိုကို ထိုးစိုက်လိုက်ပြီး ဖြစ်နေ၏။ လင့်ဟုချုံး၏ ဓားမှာ လျှပ်ပြက်သည့်နှယ် လျင်မြန်လှသဖြင့် တုံးဖန်းပုမှာ စိတ်ထင်တိုင်း မတိုက်ခိုက်နိုင်ပဲ သူ၏ ပန်းထိုးအပ်ကို ချက်ချင်း ပြန်လည် ရုပ်သိမ်းလိုက်ရသည်။

တုံးဖန်းပုသည် အပ်ချောင်းဖြင့် လင့်ဟုချုံး၏ ဓားကို ဘေးသို့ ဖယ်ထုတ်လိုက်ပြီး နောက်ထပ်တစ်ခါ ထပ်ထိုးလိုက်

ပြန်၏။ တုံးဖန်းပု၏ လှုပ်ရှားမှုမှာ အမှန်ပင် မြန်ဆန်လှသည်။

လင့်ဟူချုံးသည် သူ၏ပါးတွင် စူးကနဲ တစ်ချက် ဖြစ်သွားသည်ကို သိလိုက်မိသည်။ ကံကောင်း ထောက်မ၍ မျက်လုံး အထိုးမခံရခြင်းဖြစ်သည်။ လင့်ဟူချုံး၏ဓားကို ဤမျှသေးငယ်သော ပန်းထိုးအပ်ကလေးဖြင့် ဖယ်ရှားနိုင်သည်ကို တွေ့ရသောအခါ အားလုံးပင် 'ဟာ' ကနဲ ဖြစ်သွားကြတော့သည်။

လင့်ဟူချုံးမှာလည်း အတော်ကလေး တုန်လှုပ်သွားမိ၏။ သူ့တစ်သက်တာတွင် ဤမျှ သိုင်းပညာအဆင့် မြင့်မားသူကို မတွေ့ခဲ့ဖူးချေ။ တုံးဖန်းပုကို တိုက်ခိုက်ချိန် အနည်းငယ်မျှ ပေး၍မဖြစ်ကြောင်း သိလိုက်ချေပြီ။ တုံးဖန်းပု၏ တိုက်ကွက်ကို စောင့်နေပါက မိမိ၏အသက် သေဆုံးသွားရပေလိမ့်မည်။

ထို့ကြောင့် လင့်ဟူချုံးသည် ရပ်နားခြင်းမရှိပဲ သူ၏ဓားကို လေးချက်တိတိ အလွန်လျင်မြန်စွာ ထိုးသွင်းလိုက်တော့သည်။

တုံးဖန်းပုထံမှ အံ့သြသံတစ်ချက်ထွက်လာသည်။

“ဟင် ... ဘာဓားသိုင်းပါလိမ့်။ တယ်ကောင်းတဲ့ ဓားသိုင်းပါကလား”

တုံးဖန်းပုသည် သူ၏ ပန်းထိုးအပ်ဖြင့် ဘယ်ရိုက်၊ ညာရိုက် ရိုက်ဖယ်လျက် လင့်ဟူချုံး၏ ဓားချက်လေးချက်စလုံးကို ခုခံကာကွယ်လိုက်သည်။ ပြီးနောက် ရုတ်တရက် ခုန်ထွက်ပြီး တိုက်ခိုက်လိုက်ပြန်သည်။

တုံးဖန်းပု၏ ပန်းထိုးအပ်က မိမိ၏ ဘယ်ဘက်မျက်လုံးသို့ လျှပ်တစ်ပြက် ထိုးစိုက်လာသည်ကို လင့်ဟူချုံး သိလိုက်ရသော်လည်း ရှောင်တိမ်းချိန် မရတော့ချေ။ ထို့ကြောင့် သူကလည်း တုံးဖန်းပု၏ ဘယ်ဘက်မျက်လုံးကို သူ၏ ဓားဖြင့် ပြန်လည် ထိုးချိန်လိုက်တော့သည်။ သူသေကိုယ်သေ ဓားကွက်မျိုးပင်ဖြစ်၏။

ရုတ်ခြည်းပင် လင့်ဟူချုံး၏ ဘယ်ဘက် မျက်ခုံးကြားတွင် စူးကနဲ နာကျင်သွားပြီး တုံးဖန်းပုမှာလည်း ရုတ်တရက် ဘေးသို့ ခုန်ရှောင်သွားသည်ကို တွေ့လိုက်ရသည်။ မရှောင်ပါကလည်း လင့်ဟူချုံး၏ဓားက သူ၏မျက်လုံးသို့ ထိုးစိုက်သွားပေလိမ့်မည်။

လင့်ဟူချုံး သိလိုက်ပေပြီ။ မိမိမျက်ခုံးတွင် ပန်းထိုးအပ်တစ်ချက် အထိုးစိုက်ခံလိုက်ရပြီ။ တုံးဖန်းပုက သူ၏ဓားကို ရှောင်တိမ်းလိုက်သဖြင့်သာ အချိန်အဆလွဲသွားပြီး မျက်လုံးသို့ စိုက်ရမည့်အစား မျက်ခုံးပေါ် စိုက်သွားခြင်းဖြစ်သည်။ သို့မဟုတ်ပါက မိမိ၏ မျက်လုံးတစ်ဖက် ပျက်စီးသွားရပေတော့မည်။

ဘေးမှ ရပ်ကြည့်နေသော လင်းရှင်၊ ရှန့်ဝန့်ထင်းနှင့် ဆန့်ကွမ်းတို့ကလည်း အခြေအနေ မဟန်မှန်း သိလိုက်ကြလေပြီ။ လင့်ဟူချုံးအနေဖြင့် ဤမျှအထိ တောင့်ခံနိုင်ခြင်းမှာ သူ၏ 'ဧကရာဇ် ကိုးကွက်' ဓားသိုင်းပညာ ကောင်းလွန်း၍ ဖြစ်ပေသည်။ သို့မဟုတ်ပါက သူသည်လည်း တုံပေရှန်နောက်သို့ လိုက်သွားရပေလိမ့်မည်။

အခြေအနေ ဆိုးရွားလာခြင်းကြောင့် လင်းရှင်တို့အားလုံးသည်လည်း လက်နက်ကိုယ်စီ ကိုင်စွဲကာ ဝင်ရောက်တိုက်ခိုက်ကြလေတော့သည်။ တိုက်ပွဲမှာ လေးယောက်တစ်ယောက် ဖြစ်သွားလေပြီ။

တုံးဖန်းပုက လေးယောက်တစ်ယောက် အကြိတ်အနယ် တိုက်ခိုက်လျက် ရှိသည့်တိုင် လုံးဝလက်ရည်မကျ။ ရှုံးနိမ့်မည့်အရိပ်အယောင်လည်း မရှိ။ ပန်းထိုးအပ်ကိုကိုင်လျက် လေးယောက်အကြား လှည့်ပတ်တိုက်ခိုက်လျက် ရှိနေတော့သည်။

အတန်ကြာသောအခါ ဆန့်ကွမ်းထံမှ အော်သံတစ်ချက် ကြားလိုက်ရ၏။ ဆန့်ကွမ်းသည် ဓားလွတ်ကျကာ နောက်ပြန်ခုန်ထွက်သွား၏။ သူ၏ လက်နှစ်ဖက်ကမူ ညာဖက်မျက်လုံးကို ဖုံးအုပ်ထား၏။ ယင်းကို တုံးဖန်းပုက ထိုးဖောက်လိုက်ဟန် တူပေသည်။

လင်းရှင်နှင့် ရှန့်ဝန့်ထင်းတို့နှစ်ယောက် ဝိုင်းတိုက်ကြခြင်းကြောင့် တုံးဖန်းပုက သူ့အား တိုက်ခိုက်ရန် အခွင့်အရေး မရတော့သည်ကို တွေ့ရသော လင့်ဟူချုံးက အခွင့်ကောင်းယူကာ တုံးဖန်းပု၏ အချက်အချာ သေကွင်းနေရာများကို ရွေးချယ်၍ တိုက်ခိုက်လိုက် လေတော့သည်။

ထိုစဉ်မှာပင် ရှန့်ဝန့်ထင်းနှင့် လင့်ဟူချုံးတို့မှာ တစ်ပြိုင်နက်လိုလို အော်လိုက်မိကြသည်။ သူတို့နှစ်ယောက်စလုံးပင် အပ်တစ်ချက်စီ အထိုးခံလိုက်ရသောကြောင့်ဖြစ်သည်။ ကြောက်ခမန်းလိလိ ထက်မြက်သော တုံးဖန်းပု ပါပေတကား။

လင်းရှင်မှာလည်း ရင်ဝတွင် အပ်တစ်ချက် အထိုးခံလိုက်ရသည်။ သို့သော် သူ့အဖို့ ကံကောင်းသွားသည်မှာ ထိုအချိန်၌ လင့်ဟူချုံး၏ တိုက်ကွက်မှာ ပြင်းထန်လွန်းလှသဖြင့် တုံးဖန်းပုက လင်းရှင်ကို အသေအချာ မထိုးစိုက်နိုင်တော့ပဲ လက်ဆ လွဲချော်သွားရခြင်းဖြစ်၏။

ထိပ်တန်းသိုင်းပညာရှင် လေးယောက်က ဝိုင်းဝန်း တိုက်ခိုက်နေသော်ငြား သူတို့သည် တုံးဖန်းပုကို အနိုင်ရရန်၊

ဒဏ်ရာရစေရန် ဝေးစွ။ တုံးဖန်းပု၏ အင်္ကျီစကိုပင် ထိအောင် မတိုက်ခိုက်နိုင်ကြချေ။ သို့သော် တုံးဖန်းပု၏ အပ်ချက်ကိုမူ သူတို့အားလုံး ခံခဲ့ကြရလေပြီ။ သည်အတိုင်းသာဆိုပါက ဤတိုက်ပွဲတွင် အဘယ်သို့လျှင် တုံးဖန်းပုကို အနိုင်တိုက်ခိုက်နိုင်တော့မည်နည်း။

ဘေးမှ ရပ်ကြည့်နေသော လင်းလင်းသည် အခြေအနေ တဖြည်းဖြည်း ဆိုးဝါးလာမှုန်း သိလိုက်တော့၏။ သူ့စိတ်ထဲတွင်...

"အင်း .. သူ့ရဲ့ အပ်ချောင်းမှာ အဆိပ်မပါလို့သာ တော်တော့တယ်။ အဆိပ်များ ပါလို့ကတော့အားလုံး သေကုန်လောက်ပြီ"

တုံးဖန်းပု၏ ကိုယ်ဟန်မှာ ကြာလေ မြန်လာလေ ဖြစ်နေတော့သည်။ အခန်းထဲတွင် အနီရောင်တန်းကြီးသည် ရိပ်ကနဲ ရိပ်ကနဲ လူးလာဖြတ်သန်းနေသည်ကိုသာ မြင်တွေ့နေရတော့၏။ လူကိုယ်လုံးကို အသေအချာ ကြည့်၍ မမြင်ရတော့သလို ဖြစ်နေသည်။

လင်းရှင်၊ ရှန့်ဝန့်ထင်းနှင့် လင့်ဟူချိုး တို့သည် မာန်သွင်းအော်ဟစ်လိုက်ရင်း တိုက်ခိုက်နေကြသည်။ သူတို့၏ အော်ဟစ်သံများတွင် ဒေါသသံများနှင့်အတူ တုန်လှုပ်ခြောက်ခြားသံများလည်း ပါဝင်နေသည်။ အခြေအနေကား ဆိုးသထက် ဆိုးလာလေပြီ။

လင်းလင်းက အပြင်းအထန် စဉ်းစားလိုက်သည်။

"ငါက ဝင်ပြီး တိုက်ခိုက်ရင်တော့ သူတို့ကို ကူညီရာမကျပဲ အနှောင့်အယှက်ပေးရာ ရောက်သွားတော့မယ် ... စဉ်းစားစမ်း ... စဉ်းစားစမ်း ... သည်အတိုင်း ဆက်သွားနေရင်တော့ တုံးဖန်းပုက သုံးယောက်တစ်ယောက် အနိုင်ယူသွားတော့မှာပဲ"

ထိုစဉ် ကုတင်ပေါ်မှ ရန်လင်ကို လှမ်းတွေ့လိုက်ရသဖြင့် လင်းလင်းအနေဖြင့် ဘာလုပ်သင့်သည်ကို ချက်ချင်းသဘောပေါက် သွားတော့၏။ ချက်ချင်းပင် ကုတင်ဘေးနားသို့ တိုးကပ်သွားကာ ရန်လင်၏ပုခုံးကို ဓားဖြင့် ထိုးဆွလိုက်လေတော့၏။ ရန်လင်မှာ တိုက်ပွဲကို အားရကျေနပ်စွာ ကြည့်နေသဖြင့် တိုးကပ်လာသော လင်းလင်းကို သတိမပြုမိချေ။ ထို့ကြောင့် အငိုက်မိသွားပြီး နာကျင်စွာ အော်ဟစ်လိုက် မိတော့သည်။

နောက်တစ်ချက် အနေဖြင့် ရန်လင်၏ပေါင်ကို လင်းလင်းက ခုတ်ချလိုက်ပြန်သည်။ သည်တစ်ကြိမ်တွင်မူ ရန်လင်က သိသွားလေပြီ။ လင်းလင်း၏ အကြံမှာ သူ့ကို နာကျင်စွာ အော်ဟစ်စေမည်။ သူ၏အသံကိုကြားပါက တုံးဖန်းပုအနေဖြင့် စိုးရိမ်ကြောင့်ကြကာ တိုက်ပွဲအတွင်း အမှားမှားအယွင်းယွင်း ဖြစ်သွားမည်။ ထိုသို့ဆိုလျှင် လင်းရှင်တို့သုံးယောက်က အနိုင်ယူသွားမည် ဖြစ်သည်။ ထို့ကြောင့် ရန်လင်သည် အသံထပ်မထွက်စေပဲ အောင့်ခံလိုက်လေ၏။

နောက်ကျသွားလေပြီ။ ရန်လင်၏ ပထမတစ်ချက် အော်လိုက်သံကို တုံးဖန်းပုက ကြားပြီးချေပြီ။ သူက လှမ်းကြည့်လိုက်သောအခါ ရန်လင်၏ ကုတင်ဘေးတွင် လင်းလင်းကို ဓားတစ်ချောင်းကိုင်လျက် ရပ်နေသည်ကို တွေ့လိုက်ရသည်။ တုံးဖန်းပုက စိုးရိမ်ပူပန်စွာ အော်ဟစ်လိုက်သည်။

"ကောင်မစုတ် .. ရပ်စမ်း"

အော်သံနှင့်အတူ တုံးဖန်းပုသည် လင်းလင်းရှိရာသို့ ခုန်အုပ်လိုက်တော့၏။

တုံးဖန်းပု ရိပ်ကနဲ ခုန်ဝင်လာသည်ကို တွေ့လိုက်ရသည်နှင့် လင်းလင်းသည် သူမ၏ခေါင်းကို အမြန်ဆုံး ငုံ့လိုက်သည်။ လွတ်နိုင်မည်ဟု မထင်သော်ငြားလည်း လွတ်လိုလွတ်ငြား ရှောင်လိုက်ခြင်းဖြစ်၏။

လင့်ဟူချိုးနှင့် လင်းရှင်တို့ကမူ သူတို့၏ဓားများကို တုံးဖန်းပု၏နောက်ကျောသို့ ထိုးစိုက်ချလိုက်ကြ၏။ ရှန့်ဝန့်ထင်းကမူ ကျာပွတ်ဖြင့် ရန်လင်၏ခေါင်းကို ရိုက်ချလိုက်သည်။ 'ရွှမ်း' ကနဲ မြည်သွားသော အသံကြီးအရ ထိုကျာပွတ်ချက်သာ မိလိုက်ပါက ရန်လင်၏လည်ပင်း ပြတ်သွားနိုင် လောက်ပါပေ၏။

တုံးဖန်းပုမှာ သူ၏ အသက်ကိုပင် အရေးမစိုက်တော့ပဲ ကျာပွတ်ကိုဖမ်းဆွဲကာ ရှန့်ဝန့်ထင်းကို အပ်ဖြင့် ထိုးစိုက်လိုက်တော့သည်။ ပေါင်ကြောတည့်တည့် ထိုးမိသဖြင့် ရှန့်ဝန့်ထင်းမှာ ပျော့ခွေကျ သွားတော့သည်။

ထိုအချိန်မှာပင် လင့်ဟူချိုးတို့၏ ဓားများမှာ တုံးဖန်းပု၏ နောက်ကျောသို့ နက်ရှိုင်းစွာ စိုက်ဝင်သွားခဲ့လေပြီ။ တုံးဖန်းပုမှာ တစ်ချက်မျှ တုန်သွားပြီး ရန်လင်၏ ကိုယ်ပေါ်သို့ မှောက်လျက်သား ကျသွားလေတော့၏။

တုံးဖန်းပု၏ နောက်ကျောမှ ဓားကိုဆွဲနုတ်ကာ လည်ပင်းကို လင်းရှင်က ထိုးချိန်လိုက်၏။ ပြီးနောက် ကျေနပ်အားရစွာဖြင့် မေးလိုက်သည်။

"တုံးဖန်းပု .. မင်းဘယ်လောက်ပဲ လည်လည်။ ဘယ်လောက်ပဲ ဉာဏ်ကောင်းကောင်း။ နောက်ဆုံးတော့ ငါ့လက်ထဲ

ရောက်ရတာပဲ မဟုတ်လား”

လင်းလင်းမှာမူ ဒူးနှစ်ဖက်စလုံး ပျော့ခွေကာ လဲကျတော့မလို ဖြစ်သွားသဖြင့် လင့်ဟူချိုးက တွဲထားလိုက်ရသည်။ သူမ၏ လည်ပင်းတွင် သွေးစီးကြောင်းလေးတစ်ခုကို တွေ့လိုက်ရသည်။ ခြစ်မိရုံမျှလေးသာ ဖြစ်သဖြင့် တော်ပေသေး၏။

လင့်ဟူချိုး၏ မျက်နှာကို လင်းလင်းက သေချာစွာ ကြည့်ပြီးနောက် ...

“အစ်ကို့မျက်နှာမှာ ရထားတဲ့ ဒါဏ်ရာတွေက မနည်းပါလား”

သူမက အင်္ကျီလက်စဖြင့် လင့်ဟူချိုး၏မျက်နှာကို အသာအယာ သုတ်ပေးလိုက်၏။ သွေးများ စွန်းပေသွားတော့သည်။

လင့်ဟူချိုးကမူ မှန်မကြည့်ပဲနှင့် မိမိ၏မျက်နှာတွင် အပ်ရာအများဆုံးရှိနေမည်ကို ကောင်းကောင်းကြီး သိနေမိသည်။ လေးယောက်ထဲတွင် မိမိက အများဆုံး တိုက်ခိုက်သူဖြစ်ရာ ထိခိုက်မှုလည်း အများဆုံးဖြစ်၏။ အရေးကြီးသော အကြောမများနှင့် လွတ်ကင်းနေသဖြင့် ဤသို့ စကားပြောနေနိုင်ခြင်း ဖြစ်တော့သည်။ တုံးဖန်းပုမှာကား ...

တုံးဖန်းပု၏ နောက်ကျောတွင် ဓားဒဏ်ရာမှ သွေးများ အဆက်မပြတ် စီးကျလျက်ရှိ၏။ ဤမျှ ဒဏ်ရာ ပြင်းထန်စွာ ရထားပါလျက် သူ့ပါးစပ်က စကားတတွတ်တွတ် ပြောနေသေးသည်။

“မောင်လေး ... ဒီလူတွေက မင်းကို ဒီလောက်တောင် နှိပ်စက်ထားကြတယ် .. ဟုတ်လား ... သူတို့ ... သူတို့ သိပ်ရက်စက်ကြတာပဲ”

ရန်လင်က ဒေါသဖြင့် အော်လိုက်သည်။

“မင်းပြောတော့ မင်းရဲ့ သိုင်းပညာ အရမ်းတော်တယ်ဆို။ သိုင်းလောကမှာ မင်းတစ်ယောက်သာ အတော်ဆုံးဆို”

တုံးဖန်းပုက ဆို့နစ်စွာဖြင့် ...

“ငါ ... ငါ ...”

ရန်လင်က ဒေါသမပြေသေးပဲ ...

“ဘာငါလဲ။ ငါက ဘာအသုံးကျလို့လဲ။ အခုကြည့်စမ်း။ သူတို့က မင်းကို နိုင်သွားကြပြီ မဟုတ်လား”

တုံးဖန်းပုသည် ကုတင်ပေါ်မှ ကြမ်းပြင်ပေါ် လျှောကျလာတော့သည်။ သူက ကုတင်စောင်းကိုမှီလျက် ကြမ်းပေါ်တွင် ထိုင်လိုက်တော့၏။ မဲ့ပြုံးပြုံးရင်း သူက ...

“ဂိုဏ်းချုပ်ကြီး၊ နောက်ဆုံးတော့ ခင်ဗျား အနိုင်ရ သွားပြီပေါ့။ ကျုပ်ကတော့ ရှုံးခဲ့ရပြီပေါ့”

လင်းရှင်က တဟားဟားရယ်၍ ...

“ကြည့်ရတာတော့ သိုင်းလောကမှာ အတော်ဆုံးဆိုတဲ့ မင်းရဲ့ဘွဲ့ကို ပြောင်းပစ်ရတော့မယ်”

တုံးဖန်းပုက ခေါင်းကို ခါယမ်းကာ ပြောလိုက်သည်။

“ပြောင်းစရာ မလိုပါဘူး”

ထိုသို့ ပြောလိုက်သည့်လေသံမှာ စူးတူးတူးရှုတတာအဖြစ်မှ ယောကျ်ားသံညြညြအဖြစ် ရုတ်တရက် ပြောင်းလဲသွားသဖြင့် လင်းရှင်တို့အားလုံးမှာ အံ့သြသွားကြရတော့၏။ တုံးဖန်းပုသည် ရင့်ကျက်သော ယောကျ်ားကြီး တစ်ယောက်၏ လေသံဖြင့် မေးလိုက်သည်။

“ဂိုဏ်းချုပ်ကြီး .. ခင်ဗျားကို ကျုပ်တစ်ခုမေးမယ်။ ခင်ဗျားဟာ တည်ကြည်တဲ့လူမှန်း ကျုပ်သိတယ်။ တကယ်လို့ တစ်ယောက်ချင်းတိုက်ရင် ခင်ဗျားအနေနဲ့ ကျုပ်ကို နိုင်မလား”

လင်းရှင်က ရယ်လိုက်ပြီး ...

“ဟုတ်တယ်။ တစ်ယောက်ချင်းဆိုရင်တော့ မင်းကို ငါမနိုင်ဘူး။ မင်းရဲ့ သိုင်းပညာက ငါ့ထက် ပိုအဆင့်မြင့်တယ်။ ငါမင်းကို ချီးကျူးတယ်” ဟု ပွင့်လင်းစွာ ဝန်ခံလိုက်သည်။

တုံးဖန်းပုက တစ်ဖန်...

“လင့်ဟူချိုး .. မင်းရဲ့ ဓါးသိုင်းက သိပ်ကောင်းတာ ငါဝန်ခံတယ်။ ငါ့တစ်သက်မှာ ဒီလိုဓားသိုင်းမျိုး တစ်ခါမှ မတွေ့ဖူးသေးဘူး။ ဒါပေမယ့် တကယ်တမ်းသာ တစ်ယောက်ချင်း တိုက်ကြရင် မင်းရော ငါ့ကို နိုင်မှာလား”

လင့်ဟူချိုးက ... “မနိုင်နိုင်ပါဘူး။ တစ်ယောက်ချင်းမပြောနဲ့။ ကျုပ်တို့ လေးယောက် ပေါင်းတိုက်တာတောင် ခင်ဗျားကို မနိုင်ပါဘူး ... အခုဟာက ခင်ဗျားက ရန်လင်အတွက် စိတ်ပူလို့ သတိလက်လွတ်ဖြစ်ပြီး ရှုံးသွားတာပါ။ သိုင်းလောကမှာ အတော်ဆုံးဆိုတဲ့ဘွဲ့ကို ခင်ဗျားကိုပဲ ပေးသင့်ပါတယ်”

တုံးဖန်းပုက ပြုံးလိုက်ပြီး ...

"ဒီလိုဝန်ခံရဲတာကိုက ခင်ဗျားတို့နှစ်ယောက်ရဲ့ ယောက်ျားပီသမှုကို ပြနေတာပဲ ... ဟင်း ... ကံကြမ္မာက ဖန်လာတာပဲလေ။ 'နေကြာပန်း သိုင်းပေါင်းချုပ်' ကို လေ့ကျင့်ဖို့အတွက် ကျုပ်ကိုယ်ကျုပ် သင်းကွပ်လိုက်ရတယ်"

အားလုံး 'ဟာ' ကနဲ ဖြစ်သွားတော့၏။ မြုပ်ကွက်တစ်ကွက် ပေါ်လာလေပြီ။

တုံးဖန်းပုက ဆက်ပြောလိုက်သည်။

"... ဒီတော့ နှုတ်ခမ်းမွေးတွေလည်း တဖြည်းဖြည်း ကျွတ်ကုန်တယ်။ မုတ်ဆိတ်မွေးတွေလည်း ကျွတ်ကျကုန်တယ်။ ယောက်ျားသံကနေ စူးတူးတူး ရှတတနဲ့ မိန်းမသံပေါက်လာတယ်။ စိတ်သဘောထားလဲ ပြောင်းလာတယ်။ မိန်းကလေးတွေကို လုံးဝ စိတ်မဝင်စားတော့ဘူး။ ကျားကျားလျားလျား ယောက်ျားလေးတွေကိုမှ စိတ်ဝင်စားလာတယ်။"

ကုတင်ပေါ်မှ ရန်လင်ကို လင့်ဟူချုံး လှမ်းကြည့်လိုက်သည်။ ရန်လင် ဤအခြေအနေသို့ ရောက်လာရသည့် အဖြေကား ရှင်းသွားပေပြီ။

"ကဲ .. ကျုပ်အဖြစ်က မထူးဆန်းဘူးလား။ 'နေကြာပန်း သိုင်းပေါင်းချုပ်' ကို ကျင့်မိတာ ကံကောင်းတာလား။ ကံဆိုးတာလား။ မသိတော့ပါဘူး။ ဂိုဏ်းချုပ်ကြီး ... အခုဆိုရင် ကျုပ်သေရပါတော့မယ်။ ကျုပ်မသေခင် ဂိုဏ်းချုပ်ကြီးဆီမှာ တစ်ခုလောက် တောင်းပန်ချင်ပါတယ်"

လင်းရှင်က "ပြော ... ဘာလဲ"

တုံးဖန်းပုက ... "ရန်လင်ကို လွှတ်ပေးဖို့ တောင်းပန်ပါတယ်"

လင်းရှင်က တဟားဟားရယ်ရင်း ...

"ဒီကောင့်ကိုလား ... ဘယ်လွှတ်လိမ့်မလဲ။ ဒီကောင်က နေမင်းသခင်ဂိုဏ်းသားတွေကို ဒုက္ခရောက်အောင် အမျိုးမျိုးနှိပ်စက်ခဲ့တဲ့ ကောင်ပဲဟာ။ သူ့ကို တစ်နေ့တစ်နေ့ အသားနည်းနည်းစီလှီးပြီး ရက်တစ်ရာပြည့်အောင် လှီးသတ်မှာ"

"ခင်ဗျား တယ်ရက်စက်ပါလား"

တုံးဖန်းပုက ရုတ်တရက် စူးစူးဝါးဝါးအော်ဟစ်ကာ လင်းရှင်ထံ ခုန်အုပ်လိုက်တော့၏။ လင်းရှင်က ကမန်းကတန်းဓားဖြင့်စိုက်လိုက်ရာ သူ၏ဓားသည် တုံးဖန်းပု၏ရင်ပတ်ကို ဖောက်ထွင်းကာ ကျောသို့တိုင်အောင် ပေါက်ထွက်သွားတော့သည်။

သို့သော် တုံးဖန်းပုဆိုသည်မှာ သိုင်းလောက၌ အတော်ဆုံးသိုင်းသမား ဖြစ်လေရာ လင်းရှင်ကို ခုန်အုပ်ခြင်း မပြုနိုင်သော်ငြားလည်း လမ်းခုလတ်မှပင် သူ့လက်၌ ကိုင်ထားသော ပန်းထိုးအပ်ကို ပစ်လွှတ်လိုက်တော့၏။ အပ်ချောင်းသည် လေထုကို ထိုးခွဲဖြတ်သန်းပြီး လင်းရှင်၏ ညာဖက်မျက်လုံးကို ထိုးစိုက်သွားလေတော့သည်။

ယင်းကား တုံးဖန်းပု၏ ကြောက်မက်ဖွယ်ရာ အားမာန်နှင့် ထူးချွန်သော သိုင်းပညာစွမ်းရည်ပင်တည်း။ ပထမကတည်းက ရထားသော ကျောမှဓားဒါဏ်ရာသည် အသေးအဖွဲမဟုတ်ချေ။ ပွဲချင်းပြီး သေလောက်သော ဒဏ်ရာဖြစ်၏။ သူသည် ထိုဒဏ်ရာဖြင့် မသေသည့်အပြင် ရှည်လျားစွာ စကားပြောနေသေး၏။

သည်မျှသာ မဟုတ်သေးချေ။ ပြင်းထန်သော ဒဏ်ရာကြီးဖြင့် ထိုင်နေရာမှ လင်းရှင်အား ခုန်အုပ်ရန်မှာ မလွယ်ကူသော ကိစ္စဖြစ်ချေသည်။ သို့သော် တုံးဖန်းပုသည် တော်ရုံတန်ရုံ ဖွဲကောင်းသူတစ်ယောက် မလုပ်နိုင်သည့် အလုပ်ကို လုပ်ခဲ့ပေသည်။

ထို့ထက်ပို၍ သူခုန်အုပ်လိုက်စဉ်၌ လင်းရှင်၏ဓားက သူ့ရင်ပတ်ကို ထုတ်ချင်းခတ် ဖောက်ထွင်း တားဆီးလိုက်သဖြင့် လင်းရှင်ထံသို့ သူမရောက်တော့ချေ။ ဤသို့ ဆိုးရွားကျပ်တည်းလှသည့် အခြေအနေကြားမှ သူ့လက်တွင် ကိုင်ထားသည့် ပန်းထိုးအပ်ကို ချိန်သားကိုက်စွာ ပစ်လွှတ်နိုင်ခဲ့ပေသေး၏။

သိုင်းလောကတွင် ဤသူ့ကိုမှ အတော်ဆုံးဘွဲ့မပေးလျှင် မည်သူ့ကို ပေးသင့်သနည်း။

လင်းရှင်သည် စူးစူးဝါးဝါး အော်ဟစ်ရင်း သူ၏ဓားကိုဆွဲနုတ်ကာ နောက်ဖက်သို့ ခုန်ဆုတ်သွားလေ၏။ လင်းလင်းက စိုးရိမ်တကြီးဖြင့် သူမ၏ဖခင်ထံ ပြေးသွားလိုက်၏။

အပ်ချောင်းသည် မျက်လုံးကို အနည်းငယ်သာ ဖောက်ဝင်သွားသဖြင့် တော်ပေသေးသည်။ တုံးဖန်းပုမှာ သေခါနီးခုန်အုပ်ခြင်းဖြစ်၍ ပစ်လိုက်သည့် အရှိန်အဟုန် နည်းပါးသွားပြီး မျက်လုံးကိုသာ ဖောက်ဝင်သွားသည်။ ဦးနှောက်ကို ထိခိုက်သွားခြင်း မရှိချေ။

သူ၏ မျက်လုံးထဲတွင် စိုက်ဝင်နေသော အပ်ကို ဆွဲနုတ်လိုက်သည့်အခိုက်တွင် လင်းရှင်မှာ နာကျင်လွန်လှသဖြင့် အသံကုန် အော်လိုက်မိတော့သည်။ ဒေါသထွက်လွန်းလှသဖြင့် တုံးဖန်းပုကို ရန်လင့်ထံသို့ လင်းရှင်က အားဖြင့် ကန်ထည့်လိုက်တော့သည်။

တုံးဖန်းပု၏ ခန္ဓာကိုယ်ကြီးသည် အရှိန်ဖြင့် လွင့်စဉ်ထွက်သွားပြီး ရန်လင့်အား ဘုန်းကနဲ ဆောင့်မိတော့၏။ ထိုအခါကျမှ နှစ်ယောက်သား အသက်ထွက်သွား လေတော့၏။

သူ၏ ကမ္ဘာမကြေသော မဟာရန်ကြွေးကို ချေနိုင်ခဲ့သော်လည်း လင်းရှင်မှာ မျက်စိတစ်လုံး အဆုံးခံလိုက်ရသည်။ မည်သို့ပင် ဖြစ်စေ။ ယခုတော့ နေမင်းသခင်ဂိုဏ်း၏ ဂိုဏ်းချုပ်ကြီး ပြန်ဖြစ်လာလေပြီ။

လင်းရှင်က ခါးထောက် ခေါင်းမော့၍ တဟားဟား ရယ်လိုက်သည်။ သူ၏ရယ်သံမှာ ဒေါသသံများ ပါနေသည့်အပြင် မာန်လည်းပါလှသဖြင့် ကြည့်ရသူများအဖို့ ကြက်သီးတဖြန်းဖြန်း ထလောက်ပါပေသည်။ မဟူရာတောင်ကုန်း၏ ဧကရာဇ်ကြီး ပြန်လာချေပြီတည်း။

ဆန့်ကွမ်းက အော်လိုက်သည်။

“အောင်မြင်သွားပြီ။ ဂိုဏ်းချုပ်ကြီး အောင်မြင်သွားပြီ။ ဂိုဏ်းချုပ်ကြီး သက်တော်ရာကျော်ရှည်ပါစေ”

လင်းရှင်က အလွန် ကျေနပ်သွားသော်လည်း လေသံခပ်မာမာဖြင့် ...

“ဆန့်ကွမ်း ... ဘာ သက်တော်ရာကျော်ရှည်ပါစေလဲကွ”

ပါးစပ်မှ ပြောလိုက်သော်လည်း သူ့စိတ်ထဲကမူ အသက်ရာကျော်ရှည်ပြီး သိုင်းလောကကြီးကို အုပ်စိုးရလျှင်ဟူသော အတွေးဖြင့် ကျေကျေနပ်နပ် အားရပါးရကြီး ရယ်မောလိုက်ပြန်သည်။ သည်တစ်ကြိမ်ရယ်သံတွင်ကား ဒေါသသံ အလျဉ်းမပါတော့။ သူ့ကိုယ်သူ ဂုဏ်ယူ၍ ရယ်မောလိုက်သည့် ရယ်သံပင်တည်း။

ရှန့်ဝန့်ထင်းမှာ စောစောက တုံးဖန်းပု၏ အပ်ချက်တစ်ချက် မိသွားသဖြင့် ပျော့ခွေလဲကျသွားရာမှ ပြန်ထလာနိုင်ခဲ့လေပြီ။ သူက လင့်ဟူချုံးကို လှမ်းပြုံးပြကာ လက်မထောင်ပြလိုက်၏။

လင်းရှင်ကမူ တုံးဖန်းပု အလောင်းဆီသို့သွား၍ ရင်ပတ်ထဲသို့ နှိုက်လိုက်ရာ စာအုပ်တစ်အုပ် ထွက်လာသည်။ သူက ထိုစာအုပ်ကို အများမြင်သာအောင် ဝှေ့ယမ်းပြလိုက်ပြီး ...

“အားလုံးကြည့်ထားကြ။ ဒါဟာ အင်မတန် သတင်းကြီးပြီး လျှို့ဝှက်တဲ့ ‘နေကြာပန်း သိုင်းပေါင်းချုပ်’ ဆိုတာပေါ့။ ဒီစာအုပ်ရဲ့ မျက်နှာဖုံးမှာ သေသေချာချာ ရေးထားတဲ့ စာတန်းတစ်တန်းရှိတယ်။ အဲဒါကို မင်းတို့ ခန့်မှန်းနိုင်ပါ့မလား”

သူ့အား ဝိုင်းကြည့်နေသူများကို လင်းရှင်က မေးခွန်းထုတ်လိုက်သည်။ မည်သူ့ထံကမျှ အဖြေမကြားရသောအခါ သူက ဆက်ပြောလိုက်သည်။

“အဲဒီစာတမ်းကတော့ ‘ကျုပ်ရဲ့ သိုင်းပညာကို လေ့ကျင့်မည်ဆိုလျှင် အလျင်ဦးဆုံး သင်းကွပ်လိုက်ပါ’ တဲ့။ ဟား ... ဟား ... ဟား .. ငါက ဒီလောက် နုံအတဲ့ အလုပ်မျိုး လုပ်ပါ့မလား”

ဤနေရာသို့ အရောက်တွင် လင်းရှင်၏အသံမှာ ရုတ်တရက် တည်ငြိမ်သွားပြီး ဆက်ပြောလိုက်သည်။

“ဒါပေမယ့် ဒီသိုင်းပညာက တကယ့်ကို ကြောက်စရာကောင်းတဲ့ သိုင်းပညာဆိုတော့ ဒီစာအုပ်မျိုးတွေ့တဲ့ သိုင်းသမားတိုင်း စိတ်မလှုပ်ရှားပဲ မနေနိုင်ဘူး။ ကိုယ့်စိတ်ကို နိုင်အောင် ထိန်းနိုင်ဖို့လဲ သိပ်မလွယ်လှဘူး။ ပြောမယ့်သာ ပြောရတယ်။ ငါလည်း ကံကောင်းလို့ ဒီသိုင်းပညာကို မလေ့ကျင့်မိတာ။ အဲဒီတုန်းက အတွင်းအားစုပ်သိုင်းနောက် ကောက်ကောက်ပါအောင် လိုက်နေတာဆိုတော့ ဒီလို နုံအတဲ့အလုပ်မျိုး မလုပ်ဖူးလို့ ဆုံးဖြတ်ခဲ့တာပဲ။ နို့မဟုတ်ရင် ငါလည်းပဲ ဒီသိုင်းပညာကို လေ့ကျင့်မိမှာပဲ”

လင်းရှင်သည် တစ်ဖက်သို့လှည့်ကာ တုံးဖန်းပု၏ အလောင်းကို ခြေဖြင့် တစ်ချက်ကန်လိုက်ပြန်သည်။ ပြီးနောက် တဟားဟား ရယ်မောလိုက်ကာ ...

“ဟား ... ဟား ... ဟား .. တုံးဖန်းပု .... မင်းက မင်းကိုမင်း သိပ်တော်၊ သိပ်လည်၊ သိပ်တတ်တယ်လို့ ထင်နေတယ် ... ရှန့်ဝန့်ထင်းကို မင်းက ပြောလိုက်သေးတယ်။ နေမင်းသခင် ဂိုဏ်းမှာ ငါနဲ့ မင်းကလွဲရင် ရှန့်ဝန့်ထင်းက အတော်ဆုံးတဲ့။ မင်းလိုကောင်ကများ ငါနဲ့ တန်းတူလာလုပ်နေသေးတယ်။ ရာရာစစ။ မင်းက ငါနဲ့ ဉာဏ်ရည်တူနေပြီလို့ မင်းကိုယ်မင်း ထင်နေသပေါ့လေ ...”

လင်းရှင်၏ စကားများ အနည်းငယ်ထူးဆန်းလာသဖြင့် လင့်ဟူချုံးက အားစိုက်၍ နားထောင် နေလိုက်မိသည်။ လင်းရှင်ကမူ အသက်မရှိတော့သည့် တုံးဖန်းပုကိုပင် အသက်ရှိသေးသယောင် စကားပြောနေ၏။

“ဟေ့ကောင် တုံးဖန်းပု ... ဒီသိုင်းစာအုပ်ကို ငါက မင်းကို ဘာဖြစ်လို့ ပေးတယ်ဆိုတာရော ... မင်းရိပ်မိရဲ့လား။ မင်းဘာမှ မရိပ်မိပါဘူး။ မင်းက အာသာငမ်းငမ်းနဲ့ ငါ့ရဲ့ရာထူးကို လုယူချင်နေတယ် မဟုတ်လား ... ဟား ... ဟား ... ဟား ..”

ကြားလိုက်ရသော လင့်ဟူချုံးမှာ တုန်လှုပ်ခြောက်ခြားသွားတော့၏။

"လက်စသတ်တော့ ဆရာကြီး လင်းရှင်က ဒီ 'နေကြာပန်း သိုင်းပေါင်းချုပ်' ကို ပေးလိုက်တယ် ဆိုတာကလဲ စေတနာ သန့်သန့်နဲ့ ပေးလိုက်တာမှ မဟုတ်ပဲ။ သူတို့ နှစ်ယောက်လုံးက ကိုယ့်အကွက်နဲ့ကိုယ် ဆင်ထားကြတာပါလား။ ကြောက်စရာ ကောင်းတဲ့လူတွေချည်းပဲ"

အသံတိတ်ရေရွတ်လိုက်ရင်း လင်းရှင်၏ မျက်နှာကို လင့်ဟူချုံး သေချာစွာ ကြည့်လိုက်၏။ မျက်လုံးတစ်ဖက်မှ သွေးများယိုစီးကျနေပြီး ပါးစပ်ကြီးကိုဟ၍ တဟားဟား ရယ်မောနေသည့် လင်းရှင်၏အသွင်သည် ဘီလူးသဘက် တစ်ကောင်နှင့် အလားတူနေပေတော့သည်။

× × × × ×

## နေကြာပန်း သိုင်းပေါင်းချုပ်

ထိုအခိုက်မှာပင် လင်းရှင်သည် 'နေကြာပန်း သိုင်းပေါင်းချုပ်' စာအုပ်ကို လက်ဖြင့် ဆုပ်ချေလိုက်ရာ စာအုပ်မှာ အစိတ်စိတ် အမွှာမွှာ ဖြစ်သွားလေတော့သည်။ 'နေကြာပန်း သိုင်းပေါင်းချုပ်' ကား လုံးဝပျက်စီး သွားလေပြီတည်း။

လင်းလင်းက သက်ပြင်းတစ်ချက်ချကာ ...

"အဲဒါပဲ ကောင်းပါတယ်လေ။ ဒီသိုင်းစာအုပ်က လူတွေကို ကောင်းကောင်းကြီး ဒုက္ခပေးနေတာ၊ အခုလို ဖျက်ဆီးပစ်လိုက်တာ အားလုံးအတွက် အကောင်းဆုံးပဲ"

လင့်ဟူချုံးက ဟက်ကနဲ ရယ်လိုက်ပြီး လေသံတိုးတိုးဖြင့် လှမ်းပြောလိုက်သည်။

"ဘာလဲ... လင်းလင်းက အစ်ကို ဒီသိုင်းပညာကို လေ့ကျင့်မိမှာ စိုးလို့လား"

လင်းလင်း၏ မျက်နှာလေးမှာ နီရဲသွားပြီး ...

"သွား .. အစ်ကိုက အမြဲတမ်း ဒီလိုပဲ။ ဘယ်တော့မှ စကားကောင်း မပြောဘူး" ဟု မာန်လိုက်တော့၏။

ထို့နောက် သူတို့သည် ဒဏ်ရာရသူများကို ဆေးထည့်ပေးခြင်း၊ ပတ်တီးစည်းပေးခြင်းများကို ပြုလုပ်ပေးကာ မြေအောက်ခန်းကို ဖြတ်သန်းကာ ပြန်လည်ထွက်ခွာလာကြရာ ခန်းမကြီးအတွင်းသို့ ရောက်ရှိလာကြတော့သည်။

ထိုအခါ လင်းရှင်သည် တပ်ခွဲမှူး၊ အဖွဲ့မှူး၊ အစုမှူးများ အားလုံးကို လာရောက်စုဝေးကြရန် အမိန့်ပေးလိုက်သည်။ သူကမူ ဂိုဏ်းချုပ်ကြီးထိုင်သော ထိုင်ခုံကြီးတွင် ဝင်ထိုင်လိုက်၏။ ပြီးနောက် လင်းရှင်က လင့်ဟူချုံးကို လက်ယပ်ခေါ်လိုက်၏။

"လူလေး .. ဒီကိုလာဦး"

လင့်ဟူချုံးက သူ့အနား ရောက်သောအခါ လင်းရှင်က ...

"လူလေး ... ဒီကနေ့ ငါ့နေရာကို ငါပြန်ရတဲ့နေ့။ ငါ့ရဲ့ အောင်မြင်မှု သရဖူကို ပြန်ဆောင်းတဲ့နေ့။ ဒီတော့ ပထမဦးဆုံးအနေနဲ့ ငါကတော့ ဟိုကိစ္စကိုပဲ ပြန်ပြောချင်တယ်"

လင်းရှင်သည် သူ၏ ထိုင်ခုံကို လက်ဖြင့် ပုတ်ပြလိုက်ပြီး ...

"ဒီနေရာမှာ မင်းအနေနဲ့ အနေးနဲ့ အမြန် ထိုင်ရမှာပဲ။ ဒီတော့ ... ဟား ဟား ဟား"

သို့ရာတွင် လင့်ဟူချုံးက ...

"ဆရာကြီးရဲ့သမီး လင်းလင်းက ကျွန်တော့်အပေါ်မှာ ကျေးဇူးအများကြီးရှိပါတယ်။ ဒါကြောင့်မို့ ဆရာကြီး ဘာခိုင်းခိုင်း ကျွန်တော့်အနေနဲ့ မငြင်းပယ်သင့်ပါဘူး။ ဒါပေမယ့် ဒီတစ်ကြိမ်လဲ ငြင်းရဦးမှာပါပဲ။ ကျွန်တော်ဟာ အင်မတန်ကြီးမားတဲ့ တာဝန်ကြီးတစ်ခုကို ထမ်းဆောင်ဖို့ အရေးကြီးပုဂ္ဂိုလ်ကြီးများကို ကတိပေးထားခဲ့ပါတယ်။ ဒါကြောင့်မို့ ဆရာကြီးရဲ့ ဂိုဏ်းထဲဝင်ဖို့ ကိစ္စကိုတော့ ကျွန်တော့်အနေနဲ့ လက်မခံနိုင်သေးပါဘူး"

ဤတွင် လင်းရှင်မှာ ကြည့်ရဆိုးလောက်အောင် မျက်မှောင်ကုတ်သွားပြီး လေသံကလည်း မာကျောလာတော့သည်။

"လင့်ဟူချုံး ... မင်းဟာ အတော်ခေါင်းမာတဲ့ လူကလေးပါလား။ ဒီလောကမှာ ငါ့ရဲ့စကားကို နားမထောင်တဲ့လူဟာ ဘယ်လိုအခြေအနေမျိုး ရောက်တတ်သလဲဆိုတာ မင်းသိရဲ့လား"

လင်းလင်းက ကမန်းကတန်း ရှေ့တက်ကာ ပြောလိုက်သည်။

"ဖေဖေ ... ဒီနေ့ဟာ ဖေဖေ့အတွက် အပျော်ဆုံးနေ့ပဲဥစ္စာ။ အသေးအဖွဲကိစ္စလေးတွေနဲ့ ဘာကြောင့် ဦးနှောက်ခြောက်ခံနေရသလဲ။ သမီးတို့ဂိုဏ်းထဲကို အစ်ကိုဝင်ဖို့က ဒီလောက်အရေးကြီးတဲ့ကိစ္စ မဟုတ်ပါဘူး။ နောက်မှ ဖြည်းဖြည်းပြောရင်လဲ ရတာပဲဥစ္စာ"

လင်းရှင်၏ ဒေါသကားမပြေ။ သူတို့နှစ်ယောက်အား တစ်လုံးတည်းသော မျက်လုံးဖြင့် စူးစူးစိုက်စိုက် ကြည့်လိုက်ပြီး ...

"လင်းလင်း ... သမီးက ဒီကောင်နဲ့ လက်မထပ်ရသေးဘူး။ အခုကတည်းက ဒီကောင့်နောက်လိုက် ဖြစ်နေပြီပေါ့ ဟုတ်လား။ သမီးအတွက် ဖေဖေ့ကို မလိုတော့ဘူးပေါ့ .. ဟုတ်လား"

အခြေအနေကား တင်းမာလာနေချေပြီ။ ယခုအချိန်၌ လင်းရှင်၏မာနမှာ ငယ်ထိပ်ရောက်နေသည် ဖြစ်ရာ လင့်ဟူချုံးသာမက လင်းလင်းကိုပါ ညှာတာမည့်ဟန် မရှိချေ။

ဤတွင် ရှန့်ဝန့်ထင်းက ပြုံးရွှင်သော မျက်နှာထားဖြင့် ဝင်ပြောလိုက်သည်။

"ဂိုဏ်းချုပ်ကြီး ... သူက လူငယ်ဆိုတော့ နားမလည်ဘူး။ စိတ်ဆတ်တယ်။ ဂိုဏ်းချုပ်ကြီးက လူကြီးဆိုတော့ သည်းခံပြီး ဖျောင်းဖျသင့်တယ်။ သူ့အတွက် စိတ်မပူပါနဲ့။ နောက်ပိုင်းကျမှ ကျွန်တော် ချော့မော့ပြီး သိမ်းသွင်းလိုက်ပါ့မယ်"

ထိုအခိုက်မှာပင် ကံကောင်းထောက်မစွာ ဂိုဏ်းထဲမှ အဖွဲ့မှူးများ တဖွဲဖွဲ ရောက်ရှိလာကြသည်။ သူတို့အားလုံး ခန်းမအလယ်တွင် ဒူးထောက်လိုက်ကာ သံပြိုင် အော်ဟစ်လိုက်ကြသည်။

"ဂိုဏ်းချုပ်ကြီး .. သက်တော်ရာကျော်ရှည်ပါစေ"

လင်းရှင် ယခင်ဂိုဏ်းချုပ် လုပ်စဉ်က ဂိုဏ်းသားများနှင့် တွေ့ဆုံရာတွင် လက်နှစ်ဖက်ကိုစုပြီး ခါးကိုင်းညွတ်ကာ အပြန်အလှန် နှုတ်ဆက်ခဲ့ကြသည်။ ယခုတော့ ဂိုဏ်းသားများက သူ့အား ဒူးထောက်ကာ အရိုအသေပေးနေသည်ကို တွေ့ရသောအခါ မနေတတ်မထိုင်တတ်ဖြစ်ကာ မတ်တတ်ရပ်လိုက်မိသည်။

"မ ... လို ..."

လင်းရှင်၏ စကားသည် လမ်းတစ်ဝက်တွင် ရပ်ဆိုင်းသွားသည်။ သူ့ခေါင်းထဲတွင် အတွေးတစ်ခု ဝင်လာသောကြောင့်ပင်တည်း။

"အရင်တုန်းက ဂိုဏ်းသားတွေအပေါ် ငါက သိပ်ပြီး ညှာတာလွန်းလို့ တော်လှန်ပုန်ကန်ဝံ့တဲ့သူ ပေါ်လာတာပေါ့။ အခုဆိုရင် သင်ခန်းစာကောင်းကောင်း ယူသင့်ပြီ။ ထပ်ညှာနေရင် ထပ်ခံရဦးမှာပဲ။ နောက်တစ်ခုကလဲ အခုစည်းကမ်းဟာ တုံးဖန်းပုချခဲ့တဲ့ စည်းကမ်းပဲ။ သူတို့ကို သည်အတိုင်းဆက်ပြီး လိုက်နာခိုင်းလိုက်ရုံပဲ။ ငါ့အနေနဲ့ ဖျက်သိမ်းပစ်ဖို့ မလိုဘူး"

အတွေးကြောင့် လင်းရှင်သည် ထိုင်ခုံ၌ ဆတ်ကနဲ ပြန်ထိုင်လိုက်တော့သည်။ နောက်ရောက်လာသော ဂိုဏ်းသားများက ဒူးထောက်၍ နှုတ်ဆက်သောအခါ တားမြစ်ရန် လင်းရှင်သည် စိတ်မျှပင်မကူးတော့ချေ။ ထိုင်ခုံပေါ်၌ ခံ့ခံ့ကြီး ထိုင်ကာ ခံယူနေလိုက်တော့သည်။ အသိအမှတ် ပြုသည့်အနေဖြင့် ခေါင်းကို ဆတ်ကနဲ တစ်ချက်သာ ညိတ်ပြလေတော့သည်။

လင့်ဟူချုံးကမူ မသိမသာဖြင့် နောက်ဆုတ်လာခဲ့ရာ တဖြည်းဖြည်းနှင့် ခန်းမကြီး အဝင်ဝနားသို့ ရောက်သွားတော့သည်။ လင်းရှင်ထိုင်နေသည့် နေရာနှင့် အတော်ပင် ကွာလှမ်းခဲ့ချေပြီ။ အဝေးမှနေ၍ လင်းရှင်၏ မျက်နှာကို သူလှမ်းကြည့်လိုက်သည်။

မှုန်ဝါးဝါးသာ မြင်ရသော မာန်တက်ခြင်း၊ အာဏာယစ်မူးခြင်း၊ ငါနှင့် ငါသာ နိုင်းစရာဟူသော လက္ခဏာရပ်များကို တွေ့လိုက်ရသောအခါ လင့်ဟူချုံး၏ ရင်ထဲတွင် မသက်မသာကြီး ခံစားလိုက်ရတော့သည်။

"အင်း .. ဒီနေရာမှာ ထိုင်မိရင် ဒီလိုပုံစံမျိုးချည်း ဖြစ်သွားတတ်ကြတာပါပဲလား"

ထိုအချိန်တွင် အဖွဲ့မှူး၊ အစုမှူးများသည် လင်းရှင်ကို ချီးကျူးဂုဏ်ပြုစကား ပြောကြားနေလေတော့၏။ သူ့ထက်ငါ အပြိုင်ချီးကျူးနေကြသည်။ ထိုဂိုဏ်းသားထဲမှ အချို့မှာ အရင်က လင်းရှင်ကို မြင်ဖူးသူများ မဟုတ်ကြချေ။ အချို့ကား လင်းရှင်၏နာမည်ကိုပင် ကြားဖူးသူများ မဟုတ်။

သို့သော် လင်းရှင်အား ငယ်ပေါင်းကြီးဖော်များသဖွယ် ရင်းရင်းနှီးနှီးဖြင့် ချီးကျူးထောပနာ ပြုနေကြတော့၏။ အနှစ်အသားမရှိသော ဇရာမ စကားကြီးစကားကျယ်များကို ကြားနေရသော လင့်ဟူချုံးမှာ စိတ်ထဲမှာ ရွံရှာလာမိတော့သည်။

လျှာအရိုးမရှိဆိုသော စကားအတိုင်း ပါးစပ်ဖျားလေးမှ ပြောနေကြခြင်းဖြစ်သည်။ လင်းရှင်အပေါ် သစ္စာရှိ၍ ပြောနေကြခြင်း မဟုတ်ချေ။ သူတို့အတွက် အခွင့်အရေးများ လိုချင်၍သာ ပြောနေကြခြင်းဖြစ်သည်။

ထိုစဉ် လင်းလင်းသည် လင့်ဟူချုံးအနားသို့ ရောက်လာသည်။
"အစ်ကို ... ကျွန်မတို့ ဟိုဖက်နားကို လျှောက်သွားကြည့်ရအောင်"
လင့်ဟူချုံးက ...
"ကောင်းတယ်။ အစ်ကိုလည်း ဒီနားမှာနေပြီး အဆီအသားမရှိတဲ့ စကားတွေ ကြားနေရတာ နားကလောလှပြီ။ လာ .. သွားကြမယ်"
ဤသို့ဖြင့် မဟူရာတောင်ကုန်းအောက်သို့ သူတို့နှစ်ယောက် ပြန်ဆင်းလာကြတော့၏။ တစ်ထစ်ချင်း ဆင်းနေရင်းမှ လင့်ဟူချုံးက တွေးလိုက်မိသည်။
"ဒီနေရာက ထွက်သွားပြီးရင်တော့ ဒီနေ့ ဖြစ်ပျက်သမျှ ကိစ္စအားလုံးကို အိပ်မက်လိုပဲ သဘောထားလိုက်မယ်။ နောက်လည်း ဒီတောင်ကုန်းကို ဘယ်တော့မှ ပြန်မလာဘူး"
လင်းလင်းက မေးလိုက်သည်။ "အစ်ကို ဘာတွေ စဉ်းစားနေတာလဲဟင်"
"စဉ်းစားနေတာကတော့ အစုံပါပဲ။ ဒါနဲ့ အစ်ကိုနဲ့ အခုတစ်ခါတည်း လင်းလင်း လိုက်နိုင်မလား"
လင်းလင်း၏ မျက်နှာလေးမှာ ပန်းနုရောင်လွှမ်းသွားပြီး ...
"ကျွန်မ .. ကျွန်မတို့က ..."
"ဘာဖြစ်လို့လဲ လင်းလင်းရဲ့"
"ကျွန်မတို့က လက်မှ မထပ်ရသေးတာ"
"ဩော် .. ဒါများ လင်းလင်းရယ်။ အရင်တုန်းကလည်း လင်းလင်းနဲ့ အစ်ကိုနဲ့ သိုင်းလောကထဲ လျှောက်သွားနေကြတာပဲဥစ္စာ"
လင်းလင်းက အသေအချာ ရှင်းပြသည်။
"ဟိုတုန်းကတော့ အခြေအနေအရ လျှောက်သွားရတာကိုး။ နောက်ပြီး အဲသည်လို လျှောက်သွားလိုက်တဲ့အတွက် ကျွန်မ ဘယ်လောက်အထိ သွားပုပ်လေလွင့် အပြောခံလိုက်ရသလဲ ... နောက်ပြီးတော့ စောစောတုန်းက ကျွန်မကို အဖေက ပြောလိုက်တာ အစ်ကို ကြားလိုက်မှာပေါ့။ အစ်ကို့ဘက်ကို ကျွန်မလိုက်တယ် ဆိုပြီးတော့လေ။ အခုနေသာ အစ်ကိုနဲ့ ကျွန်မလိုက်သွားရင် အဖေသိပ်ပြီး ထိခိုက်သွားမှာပေါ့"
လင်းလင်း၏ စကားများမှာ ကျိုးကြောင်းဆီလျော်လှသဖြင့် လင့်ဟူချုံးငြိမ်သက်စွာ နားထောင်နေရသည်။
လင်းလင်းက ...
"နောက်တစ်ခု ရှိသေးတယ်။ မြေအောက်ခန်းထဲမှာ အဖေဟာ ဆယ်နှစ်ကျော် အချုပ်ခံခဲ့ရတယ် မဟုတ်လား။ အဲသည်တော့ စိတ်ထားတွေ ပြောင်းလဲသွားမှာ အမှန်ပဲ။ တော်ရုံလူဆို ရူးသွားနိုင်တဲ့အတွက် အဖေ့မှာ အခုလောက် စိတ်မှန်လက်မှန် ရှိနေတာကိုပဲ ကျေးဇူးတင်ရမယ် ..."
"နောက်ဆုံးတော့ အစ်ကိုရယ်။ ကျွန်မက အဖေ့နားနေပြီး အဖေ့ကို ပြုစုစောင့်ရှောက် ပေးရဦးမယ်။ အစ်ကိုကသာ ကျွန်မအပေါ် စိတ်ထား မပြောင်းလဲဘူးဆိုရင် ကျွန်မတို့ချင်း ပြန်ဆုံဖို့ အချိန်တွေ အများကြီး ရှိပါသေးတယ်"
ဤသို့ဖြင့် သူတို့သည် မဟူရာ တောင်ကုန်း၏ အောက်ခြေသို့ ရောက်လာခဲ့ကြတော့သည်။
လင်းလင်းက ...
"အစ်ကို ... အခုပဲ သွားတော့မလို့လား"
"ဟုတ်တယ်။ အခုသွားမှ ကောင်းမယ်။ သုံးလပိုင်း ဆယ့်ငါးရက်နေ့မှာ ကောင်းဆန်းဂိုဏ်းချုပ် ကျိုလင်ထန်က ဂိုဏ်းကြီးငါးဂိုဏ်းကို ကောင်းဆန်းတောင်မှာ ဆုံကြဖို့ မှာထားတယ်။ သူ့အကြံက ဂိုဏ်းကြီးငါးဂိုဏ်းကိုပေါင်းပြီး သူက ဂိုဏ်းချုပ် လုပ်ချင်နေတာ။ ဒီလူဟာ သိပ်ပြီး လောဘရမက်ကြီးတယ်။ ဒီတော့ သူ့အကြံအစည် မအောင်မြင်အောင် တား ရမှာပဲ။ အစ်ကိုမသွားလို့ မဖြစ်ဘူး ..."
လင်းလင်းက ခေါင်းညိတ်၍ ...
"အစ်ကို့ကိစ္စက မသွားလို့ မဖြစ်ဘူး။ သွားရမှာပေါ့။ ကျိုလင်ထန်က ဓားသိုင်းမှာတော့ အစ်ကို့ကို ဘယ်လိုမှ မယှဉ်နိုင်ပါဘူး။ ဒါပေမယ့် သူ့ရဲ့ ဉာဏ်နီဉာဏ်နက်ကိုလည်း အစ်ကို့အနေနဲ့ ဘယ်လိုမှ ယှဉ်နိုင်မှာ မဟုတ်ဘူး။ ဒါကြောင့်မို့ ကျိုလင်ထန်ကို အစ်ကိုကောင်းကောင်း သတိထားရမယ်"
လင့်ဟူချုံးက သူသတိထားမည်ဖြစ်ကြောင်း ခေါင်းညိတ်ပြလိုက်သည်။ လင်းလင်း၏ စေတနာ မေတ္တာကို သူ့အနေဖြင့် ကောင်းစွာနားလည်မိသည်။ လင်းလင်းက ဆက်၍ ...

"အမှန်ဆိုရင် ကျွန်မက အစ်ကိုနဲ့ လိုက်ခဲ့သင့်ပါတယ်။ ဒါပေမယ့် ကျွန်မက နေမင်းသခင်ဂိုဏ်းက ဖြစ်နေတော့ ကျွန်မလိုက်လာရင် အစ်ကို့အတွက် ဆေးမဖြစ်ပဲ ဘေးဖြစ်နေလိမ့်မယ်"

ဤနေရာသို့ ရောက်သောအခါ လင်းလင်း၏ စကားရပ်တန့်သွားကာ မျက်နှာလေး ညှိုးကျသွားသည်။

"အစ်ကိုသာ ဂိုဏ်းကြီးငါးဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီး ဖြစ်သွားရင် သိပ်နာမည်ကျော်သွားမှာပဲနော်။ အဲသည်အခါကျရင် ကျွန်မတို့နှစ်ယောက် တစ်ယောက်တစ်လမ်းစီဖြစ်ပြီး ဝေးသွားကြတော့မှာပဲ"

လင်းလင်း၏ လက်ကလေးများကို ဆုပ်ကိုင်လိုက်ပြီး လင့်ဟူချုံးက ချော့မော့လိုက်သည်။

"ခုထိ အစ်ကိုပြောတဲ့စကားကို လင်းလင်းက မယုံသေးဘူးလား"

လင်းလင်းသည် ချည့်နဲ့သော အပြုံးကို ပြုံးရင်း ...

"ယုံပါတယ်။ ကျွန်မစိတ်ထဲမှာ စိုးရိမ်နေတာ တစ်ခု ရှိတယ်"

"ဘာများလဲ လင်းလင်း ဘာတွေ စိုးရိမ်နေတာလဲ"

"လူတစ်ယောက် သိုင်းပညာ တော်လာပလားဆိုရင် နာမည်ကြီးလာတယ်။ နာမည်ကြီးလာတာနဲ့အမျှ စိတ်သဘောထားတွေလဲ ပြောင်းလဲလာတယ်။ သူကိုယ်တိုင်ကတော့ မသိဘူး။ ဒါပေမယ့် သူ့လုပ်ပုံကိုင်ပုံတွေက အရင်ကနဲ့ မတူတော့ဘူး။ တုံးဖန်းပုလဲ အဲသလိုပဲ။ အဖေ့ကိုလည်း ကျွန်မ စိတ်ပူတယ်။ အဖေလည်း ဒီလိုပဲ ဖြစ်တော့မှာ"

"လင်းလင်းကလဲ ... အဲဒါကို စိုးရိမ်မနေပါနဲ့။ လူတွေကို ဒုက္ခပေးတဲ့ 'နေကြာပန်း သိုင်းပေါင်းချုပ်' မရှိမှတော့ စိတ်ပူစရာ မလိုတော့ပါဘူး"

"ဟင့်အင်း ... ကျွန်မပြောနေတာကို အစ်ကို နားမလည်ဘူး။ ကျွန်မက သိုင်းပညာကို ပြောနေတာမဟုတ်ဘူး။ စိတ်သဘောထားကို ပြောနေတာ။ 'နေကြာပန်း သိုင်းပေါင်းချုပ်' ထဲက သိုင်းပညာတွေကို မရခင်ကတည်းက တုံးဖန်းပုဟာ ဂိုဏ်းချုပ်ရာထူး ရတာပဲဟာ။ အဲဒီ ဂိုဏ်းချုပ်ရာထူးလဲ ရရော။ စိတ်ဓါတ်တွေ ပြောင်းလဲလာတယ်။ စိတ်ကြီးဝင်လာတယ်။ သူတွေးတာတွေ၊ သူ့အယူအဆတွေဟာ မှန်ကန်တယ်လို့ အောက်မေ့လာတယ်။ ဘေးက ဝေဖန်တင်ပြတာတွေကို လက်မခံတော့ဘူး။ ပြီးတော့ သူလုပ်ချင်တာတွေကို တစ်သွေးတစ်သံတစ်မိန့် လျှောက်လုပ်ခိုင်းတော့တာပဲ"

လင့်ဟူချုံးက နားလည်စာနာစွာဖြင့်...

"လင်းလင်း အနေနဲ့ သူများတွေကိုသာ စိတ်ပူပါ။ အစ်ကို့အတွက်တော့ စိတ်မပူပါနဲ့။ အစ်ကိုက တစ်သက်လုံး ပေါ့ပျက်ပျက်၊ နောက်နောက်ရွှတ်ရွှတ် နေလာတဲ့ကောင်ပါ။ ဟိတ်ကြီးဟန်ကြီးနဲ့ ဘဝင်မြင့်တဲ့အလုပ်ဟာ အစ်ကိုနဲ့ ဘယ်လိုမှ မအပ်စပ်ပါဘူး။ အခုလောလောဆယ် ဟန်ဆန်းဂိုဏ်းချုပ်လုပ်နေရတာတောင် စိတ်ညစ်နေတာ ... ထားပါလေ။ လင်းလင်းပြောသလို စိတ်ပြောင်းပြီး ဘဝင်မြင့်လာတယ် ထားပါဦး။ လင်းလင်းရှေ့မှာတော့ ဘယ်တော့မှ ဘဝင်မမြင့်ပါဘူး။ ဒါကိုတော့ ယုံပါ"

လင်းလင်းက သက်ပြင်းချရင်း ...

"ဟင်း ... ဒီလိုသာ စိတ်ရင်းမှန်မှန် ရှိမယ်ဆိုရင် ကောင်းတာပေါ့"

လင်းလင်း၏ ခါးကလေးကို အသာအယာ ဖက်လိုက်ပြီး လင့်ဟူချုံးက ...

"လင်းလင်း ... ဒီလိုဆိုရင် အစ်ကိုသွားတော့မယ်နော်။ ကောင်းဆန်းတောင်ပေါ်က ကိစ္စပြီးတာနဲ့ လင်းလင်းကို အစ်ကိုလာရှာမယ်။ အဲသည်အခါကျရင်တော့ အစ်ကိုနဲ့ လင်းလင်း တစ်သက်လုံး မခွဲကြတော့ဘူး"

ဤတွင် လင်းလင်း၏ မျက်လုံးလေးများမှာ တစ်လက်လက် အရောင်တောက်ပလာပြီး သူမက ညင်းညံ့သော လေသံလေးဖြင့် ပြောလိုက်သည်။

"အစ်ကို့ကိစ္စသာ မြန်မြန်ပြီးပြတ်ပါစေ။ ကျွန်မ ဒီနေရာကနေပြီး အစ်ကို့အလာကို နေ့တိုင်းစောင့်မျှော်နေပါ့မယ်"

ဤတွင် လင့်ဟူချုံးက သူမ၏ ပါးကလေးကို ရုတ်တရက် ငုံ့နမ်းလိုက်ရာ လင်းလင်းမှာ ရှက်ရှက်ဖြင့် လင့်ဟူချုံးအား တွန်းလွှတ်လိုက်တော့သည်။ လင့်ဟူချုံးက တဟားဟားရယ်လိုက်ရင်း ဟန်ဆန်းတောင်သို့ ထွက်သွားလေတော့သည်။

× × × × ×

တစ်လမ်းလုံး ရပ်နားခြင်းမရှိပဲ ဟန်ဆန်းတောင်သို့ ခရီးပြင်းနှင်လာသော လင့်ဟုချုံးတစ်ယောက် ပြန်ရောက်သည်နှင့် ဂိုဏ်းသားအားလုံးက လာရောက်ကြိုဆိုကြသည်။ သူတို့သာမက ဟန်ဆန်းတောင်မကြီး၏ မျက်နှာချင်းဆိုင် တောင်ကုန်းများ၌နေသော သိုင်းသမားများကလည်း ဝမ်းသာအားရ လာနှုတ်ဆက်ကြသည်။

အခြေအနေများကို မေးမြန်းကြည့်လိုက်သောအခါ ကျူချန်းက ...

"ဂိုဏ်းချုပ်ကြီး .. မိန်းကလေးတွေက ဟန်ဆန်းတောင်မှာ နေကြပါတယ်။ ယောကျ်ားလေးတွေက တောင်မကြီးဖက်ကို မသွားကြပါဘူး။ အားလုံးပဲ သိုင်းပညာကို ကောင်းကောင်း လေ့ကျင့်ကြတယ်။ စည်းကမ်းလည်း ရှိကြပါတယ်"

လင့်ဟုချုံးက ဝမ်းသာအားရဖြင့် ပြောလိုက်သည်။

"ဟာ .. ဒါဖြင့် အကောင်းဆုံးပေါ့ဗျာ။ ဒီထက်ကောင်းတာ ဘာရှိဦးမှာလဲ"

ရိဟိုက ပြုံး၍ ဝင်ပြောလိုက်သည်။

"သူတို့ ဒီဘက်ကို မလာကြဘူးဆိုတာတော့ ဟုတ်ပါတယ်။ ဒါပေမယ့် စည်းကမ်းရှိတယ်ဆိုတာတော့ မဟုတ်ဘူး"

လင့်ဟုချုံးက ... "ဘာလို့လဲ"

ရိဟိုက ... "မနက်ပဲ ဖြစ်ဖြစ်၊ ညပဲ ဖြစ်ဖြစ် ဟိုဖက်မှာ အော်ဟစ်ဆူညံနေတာကို အမြဲကြားနေရတာပဲ"

လင့်ဟုချုံးက တဟားဟား ရယ်၍ ...

"ရိဟို ဒါတော့ ခွင့်လွှတ်ရမယ်။ ငါ့မိတ်ဆွေတွေကို ငြိမ်ခိုင်းလို့တော့မရဘူး။ ဒီလောက် ဆူတာပူတာလေးတော့ သည်းခံလိုက်ပေတော့"

သုံးလပိုင်းဆယ့်ငါးရက်သို့ ရောက်ရန် အချိန်များစွာ မလိုတော့သဖြင့် ကောင်းဆန်းတောင်သို့ ခရီးထွက်ရန် ဟန်ဆန်းဂိုဏ်းသားများအား လင့်ဟုချုံးက ပြင်ဆင်စေလိုက်တော့သည်။

နောက်တစ်နေ့ နံနက်တွင် သူတို့အားလုံး စတင် ထွက်ခွာ လာကြတော့သည်။ ထိုနေ့ညတွင် 'ဝမ်တို' မြစ်ကမ်းပါးသို့ ဆိုက်ရောက်လာကြသည်။ မြစ်ကမ်းရှိ အိမ်တစ်ဆောင်ကို ငှားရမ်း၍ ညအိပ်ရပ်နားကြသည်။

နောက်တစ်နေ့ နံနက်တွင် လင့်ဟုချုံး နိုးလာသောအခါ အိမ်ကြီးတစ်အိမ်လုံး တိတ်ဆိတ် ငြိမ်သက်နေသည်ကို တွေ့ရလေတော့၏။

လန့်ဖျပ်သွားသော လင့်ဟုချုံးက တွေးလိုက်မိ၏။

"မနေ့ညက ငါတို့အားလုံး အရက်သောက်တာ အတော်လေး များသွားကြတယ်။ လူအားလုံးလည်း တော်တော်လေး မူးသွားကြတယ်။ ဒါကို အခွင့်ကောင်းယူပြီး ငါ့ဂိုဏ်းသားတွေကို လုပ်ကြံသတ်ဖြတ်သွားကြသလား မသိဘူး"

အတွေးနှင့်အတူ လင့်ဟုချုံးက အင်္ကျီကို ကမန်းကတန်း ကောက်ဝတ်ကာ ပြေးထွက်ရင်း အော်လိုက်သည်။

"ရီလင် .. ရီချင်း ... မင်းတို့ ဘယ်မှာလဲ"

ရီလင်က အခန်းတစ်ခန်း အတွင်းမှ ပြေးထွက်လာပြီး ...

"အစ်ကိုကြီး .. ဘာကိစ္စရှိလို့လဲ"

ရီလင်ကို အကောင်းပကတိအတိုင်း တွေ့လိုက်ရသဖြင့် စိတ်သက်သာရာ ရသွားသော လင့်ဟုချုံးက မေးလိုက်သည်။

"မင်းတို့ ဘာမှ မဖြစ်ကြပါဘူးနော်။ ဒီနေ့ ဘယ်နှယ်လုပ်ပြီး တိတ်ဆိတ်နေကြတာလဲ။ ကျန်တဲ့လူတွေ အိပ်ရာက မထကြသေးဘူးနဲ့ တူတယ်"

"မထကြသေးဘူး အစ်ကိုကြီး"

မိန်းကလေး ဂိုဏ်းသားများအတွက် စိတ်အေးသွားရပြီ ဖြစ်သဖြင့် လင့်ဟုချုံးသည် ယောကျ်ားများ အိပ်စက်သော အခန်းဖက်သို့ ပြေးပြန်သည်။

အခန်းတံခါးကို တွန်းဖွင့်လိုက်သောအခါ မည်သူ့ကိုမျှ မတွေ့ရတော့ချေ။ စားပွဲပေါ်တွင်သာ လေလာတိုင်း တဖျပ်ဖျပ် လွင့်ခါနေသော စာရွက်လေး တစ်ရွက်ကို တွေ့ရ၏။ စာရွက်လေးကို သစ်တုံးတစ်တုံးနှင့် ဖိထားသောကြောင့် လွင့်ပါမသွားခြင်းဖြစ်သည်။

စာရွက်လေးကို ရင်တထိတ်ထိတ်ဖြင့် ကောက်ကိုင်ကာ ဖတ်ကြည့်လိုက်၏။

"ဆရာလေး လင့်ဟူချုံး .. ကျွန်တော်တို့ အားလုံးအတွက် မဟူရာ တောင်ကုန်းက အမိန့်ရောက်လာလို့ ပြန်သွားကြပါပြီ။ ဆရာလေးကို အသိပေးလို့ မဖြစ်လို့ တိတ်တဆိတ် ထွက်သွားကြရတာပါ။ ဒီအတွက် ခွင့်လွှတ်ပါလို့ တောင်းပန်ပါတယ်"

စာ၏ အောက်တွင် 'ကျိဟူ'၊ 'လောင်ထို'၊ 'ကျူချန်း' နှင့် 'ညီအစ်ကို ရဲဘော်များ အားလုံး' ဟု လက်မှတ် ထိုးထားကြ၏။

× × × × ×

## ကောင်းဆန်းတောင်သို့

ထိုစာကို ဖတ်လိုက်ရသောအခါ လင့်ဟူချုံးမှာ အကြောက်ပြေသွားသော်လည်း ဆွေးမြည့်သလို ခံစားလိုက်ရတော့သည်။ သူတို့ ထွက်ခွာသွားရသည့် အကြောင်းရင်းကို ကောင်းစွာ ရိပ်မိလိုက်သည်။

"ဆရာကြီး လင်းရှင်က သူ့အမိန့်နဲ့ ဒီလူတွေအားလုံးကို ပြန်ခေါ်လိုက်တာ အကြောင်းရှိရမယ်။ အဲဒါကလည်း သူ့ဂိုဏ်းထဲကို ငါမဝင်လို့ ဆိုတာကလွဲလို့ တခြား ဘာဖြစ်နိုင်ဦးမှာလဲ … ဆရာကြီး လင်းရှင်ကလည်း ငါ့ကို သူ့ဂိုဏ်းထဲ ဝင်စေချင်တယ်။ ငါကလည်း မဝင်ချင်ဘူး။ သူကလဲ အလျှော့မပေးချင်တော့ ခက်နေတော့တာပေါ့။ ဘာပဲ ဖြစ်ဖြစ် ဒီလူတွေကို ပြန်ခေါ်လိုက်တယ်ဆိုတာ လင်းလင်းသိသွားရင် စိတ်ဆိုးမှာ သေချာတယ်… ဒီကိစ္စအတွက် သူနဲ့ သူ့အဖေ စကားမများပါစေနဲ့လို့ ဆုတောင်းရတော့မှာပဲ"

ထိုအခိုက်မှာပင် ဟန်ဆန်းဂိုဏ်းသားများ ရောက်ရှိလာကြတော့၏။ သိုင်းသမားများ တစ်ယောက်မှ မရှိတော့သည်ကို တွေ့ရသောအခါ အလွန်အံ့ဩသွားကြ၏။ အမြဲလိုလို တစ်ယောက်တစ်ပေါက်ဖြင့် ဆူညံနေလေ့ရှိသော သိုင်းသမားများ မရှိတော့သောအခါ ဆိတ်ငြိမ်မှုက ကြီးစိုးနေလေ၏။

ရိပ်ဟိုက … "အစ်ကိုကြီး … ဒီလူတွေ ထွက်သွားတာလဲ ခပ်ကောင်းကောင်းပါပဲ။ သူတို့က ဘယ်တော့မှ ငြိမ်ငြိမ်သက်သက် နေကြတာ မဟုတ်ဘူး။ .. နေ့လည်း တဆူဆူ၊ ညလည်း တဆူဆူ ဆိုတော့ ကျွန်မတို့တစ်တွေ နေ့ခင်းမှာလည်း ကောင်းကောင်း မနေရဘူး။ ညလည်း ကောင်းကောင်း မအိပ်ရဘူး"

ကျက်ပန်းကလည်း သွက်လက်စွာဖြင့်…

"ဟုတ်တယ် .. သူတို့ ထွက်သွားတာ သိပ်ကောင်းတယ်။ ကျန်တဲ့ ဂိုဏ်းကြီးလေးဂိုဏ်းထဲက လူတွေကလည်း သူတို့ကိုပဲ ရမယ်ရှာနေကြတာ။ တကယ်လို့ အစ်ကိုကြီးကို ဂိုဏ်းကြီးငါးဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီးအဖြစ် ရွေးကောက်မယ် ဆိုရင်တောင် ကောင်းဆန်းဂိုဏ်းက ဒီသိုင်းသမားတွေကို အကြောင်းပြပြီး ကန့်ကွက်ဦးမှာပဲ။ သူတို့ထွက်သွားတာကို ကျွန်မ သိပ်သဘောကျတာပဲ"

လင့်ဟူချုံးက ပြုံးနေလိုက်သည်။ သူ့စိတ်ထဲမှ …

"အော် .. မင်းတို့က ဒီလူကြမ်းတွေကို သဘောမကျပဲ ဖြစ်နေတာကိုး။ အစကတော့ ငါ့မျက်နှာကို ထောက်ပြီး ဖွင့်မပြောခဲ့ကြဘူး။ အခု သူတို့ဖာသာ ထွက်သွားတော့မှ မင်းတို့က ဖွင့်ပြောကြတော့တယ် … ဒါပေမယ့် မင်းတို့ မသိတာတစ်ခု ရှိသေးတယ်။ ဒီလူကြမ်းတွေဟာ အမူအရာအားဖြင့် ကြမ်းတမ်းပေမယ့် ရဲဘော်ရဲဘက်အတွက်တော့ အသက်ကိုတောင် စွန့်လွှတ်ရဲကြတဲ့ လူတွေပါ"

ထိုစဉ်မှာပင် အခန်းတစ်ခန်းထဲမှ 'ဝုန်း' 'ဒိုင်း' စသော အသံများ ကြားလိုက်ရသည်။ အားလုံးကမန်းကတန်း

ပြေးသွားကြည့်သောအခါ ကုတင်တစ်လုံးပေါ်တွင် အံ့ဖွယ်ခြောက်ယောက်တို့ကို တွေ့လိုက်ကြရ၏။ သူတို့ အဖြစ်ကို မြင်သူတိုင်း မရယ်ပဲ မနေနိုင်ကြပေ။

အကြောင်းမှာ အံ့ဖွယ်ခြောက်ယောက်မှာ ဆန်အိတ်များ ထပ်ထားသကဲ့သို့ အထပ်လိုက်ကြီး ဖြစ်နေကြသည်။ အပေါ်ဆုံးမှ ထောင်ကန်းကို လင့်ဟူချုံးက ပွေ့ချပေးလိုက်သည်။ ထိုအခါကျမှ သူတို့ စကားမများနိုင်သည့် အကြောင်းရင်းကို တွေ့လိုက်ကြရတော့သည်။ ထောင်ကန်း၏ ပါးစပ်ထဲတွင် သံပုရာသီးတစ်လုံး ထည့်ထားသောကြောင့်ပင်တည်း။

ထိုသံပုရာသီးကို လင့်ဟူချုံးက ဆွဲထုတ်ပေးလိုက်သည်နှင့် တောင်ကျရေ တရဟော ထိုးကျလာသကဲ့သို့ အော်ဟစ်ဆဲဆိုလေတော့၏။

"ခွေးသားတွေ .. တစ်မျိုးလုံး အသေဆိုးနဲ့ သေကြပါစေ။ ခွေးကောင်တွေ … အမျိုးယုတ်တွေ"

ရယ်မောလျက် လင့်ဟူချုံးက မေးလိုက်၏။

"နောင်ကြီး ထောင်ကန်း .. ဘယ့်နှယ်လဲ .. စကားလည်းပြောနိုင်ရော မိုးမွှန်အောင် ဆဲတော့တာပဲ။ ဘယ်သူ့ကိုများ ဆဲနေတာလဲ။ ခင်ဗျားတို့ကို ဘယ်သူက အခုလို လုပ်သွားတာလဲ"

ထောင်ကန်းက …

"ဘယ်သူတွေရှိရမှာလဲ။ ဟိုခွေးမသား လောင်ထိုတို့ပေါ့။ ငါတို့ခြောက်ယောက်က ရိုးရိုးသားသား အရင်တုန်းကလိုပဲ မှတ်ပြီး အရက်ဝိုင်းထိုင်သောက်နေကြတုန်း အကြောထိုးပိတ်လိုက်တာပဲ။ ခွေးကောင်တွေ .. ခွေးမျိုးတွေ .. ကျုချုန်းလည်း ပါတယ်။ ဒီခွေးကောင်တွေ ဘဝဆက်တိုင်း ဆက်တိုင်း ခြေကျိုးလက်ကျိုးဖြစ်ပါစေ။ ဆွံ့အ နားမကြား ဖြစ်ပါစေ"

ထောင်ကန်းပြောလိုက်သည်တွင် လင့်ဟူချုံးက ကောင်းစွာ သဘောပေါက်သွားသည်။ အံ့ဖွယ်ခြောက်ယောက်မှာ တစ်သီးပုဂ္ဂလ ညီအစ်ကိုများဖြစ်၏။ သူတို့သည် မည်သူ့ကိုမျှ ဂရုစိုက်ကြသူများ မဟုတ်ချေ။ မည်သူခြောက်၍မျှ မကြောက်သောသူများ ဖြစ်လေရာ မကောင်းဆိုးဝါးဂိုဏ်းချုပ် လင်းရှင်၏ အမိန့်ကိုလည်း နာခံကြမည် မဟုတ်ချေ။

လောင်ထိုတို့မှာ မဟူရာတောင်ကုန်းသို့ပြန်ရန် အမိန့်ရထားပြီးဖြစ်၍ ဤနေရာမှ ထွက်ခွာကြရတော့မည် ဖြစ်သည်။ ကျန်လူအားလုံးမှာ မကောင်းဆိုးဝါး ဂိုဏ်းသားများချည်း ဖြစ်၍ အကြောင်းမဟုတ်။ သို့သော် အံ့ဖွယ်ခြောက်ယောက်ထံမှ သတင်းပေါက်ကြားနိုင်သည်။ ထို့ကြောင့် ထိုခြောက်ယောက်ကို အငိုက်ဖမ်း၍ အကြောထိုးပိတ်လိုက်ခြင်း ဖြစ်ပေလိမ့်မည်။ ထိုသို့ ပြုခဲ့သည့်အတွက်လည်း သူတို့ ထွက်သွားသည့်အကြောင်းကို လင့်ဟူချုံး ဘာမျှမသိလိုက်ရခြင်း ဖြစ်တော့၏။

လင့်ဟူချုံးက မည်သည့်စကားမျှ မပြောတော့ပဲ အံ့ဖွယ်ခြောက်ယောက်တို့၏ အကြောများကို ဖြေပေးလိုက်၏။ ပြီးနောက် ရိဟိုတို့နှင့် အပြင်ထွက်လာ၏။ အံ့ဖွယ်ခြောက်ယောက်တို့မှာ အခန်းထဲတွင် တစ်ယောက်ကို တစ်ယောက် စကားများ အပြစ်တင်ရင်း ကျန်ရစ်ခဲ့လေတော့၏။

ရိဟိုတို့အား နေသာသလိုနေရန် လင့်ဟူချုံးက အမိန့်ပေးလိုက်သည်။ သို့ကြောင့် ရိဟိုတို့သည်လည်း သူတို့အဖွဲ့နှင့် သူတို့ ပြင်ဆင်ရန်ရှိသည်များကို သွားရောက် ပြင်ဆင်နေကြတော့၏။ လင့်ဟူချုံး တစ်ယောက်ကမူ အပြင်သို့ ထွက်လာပြီး သစ်ပင်ကြီး တစ်ပင်အောက်တွင် ထိုင်နေလိုက်၏။

နံနက်ခင်း၏ ရှုခင်းမှာ သာယာလှပပြီး တွေ့မြင်ရသူအပေါင်း၏ စိတ်နှလုံးကို ကြည်အေးချမ်းမြေ့ စေသည်။ သို့သော် လင့်ဟူချုံး တစ်ယောက်မှာမူ သိုင်းသမားများ မဟူရာတောင်ကုန်းသို့ ပြန်သွားသည့်ကိစ္စနှင့် ပတ်သက်၍ လင်းလင်းသိသွားလျှင် မည်ကဲ့သို့ ပေါက်ကွဲနိုင်သည်ကိုသာ စဉ်းစားနေမိတော့သည်။

လင်းလင်းအဖို့ ဖခင်ကတစ်ဖက်၊ ချစ်သူက တစ်ဖက် ဖြစ်နေသဖြင့် အတော်ကလေး စိတ်ရှုပ်ထွေးသွားမည်မှာ သေချာနေပေသည်။ ထို့ကြောင့် လင့်ဟူချုံး တစ်ယောက် သက်ပြင်းရှည်ကြီး ချလိုက်မိတော့သည်။

"အစ်ကိုကြီး စိတ်ညစ်နေသလားဟင်"

သူ၏နောက်ကျောမှ မိန်းကလေးသံ တစ်သံ ထွက်ပေါ်လာသဖြင့် ကမန်းကတန်း လှည့်ကြည့်လိုက်ရာ ရီလင်ဖြစ်နေသည်ကို တွေ့ရ၏။ လင့်ဟူချုံးက ခေါင်းယမ်းပြရင်း …

"ဘာမှ မဖြစ်ပါဘူး ညီမလေးရာ"

ရီလင်က လေသံကလေးနှင့် ..

. "အစ်ကိုကြီးကို ကျွန်မ စကားတစ်ခွန်းလောက် မေးချင်တယ်။ မေးခွင့်ပြုမလား"

လင့်ဟူချုံးက ရယ်ကာမောကာဖြင့် …

"မေးပါ .. မေးပါ .. ရပါတယ်"

"အစ်ကိုကြီးအနေနဲ့ လင်းလင်းကို ပိုသဘောကျလား ... ဒါမှမဟုတ် လိန်လိန့်ကို ပိုသဘောကျလား"

ရီလင်၏ အမေးကြောင့် လင့်ဟူချုံးမှာ တစ်ချက်မျှ ကြောင်သွား၏။ ရှက်အမ်းအမ်းလည်း ဖြစ်သွား၏။ သူက ပြန်မေးလိုက်သည်။

"ရီလင် .. မင်းက ဘာစိတ်ကူးပေါ်လာလို့ ဒီမေးခွန်းကို လာမေးရတာလဲ"

"အစ်မရိုဟိုတို့က မေးခိုင်းလို့ပါ။ သူတို့က မမေးရဲလို့တဲ့"

"သူတို့ကကော ဘာဖြစ်လို့ မေးခိုင်းတာလဲ။ အကြောင်းရှိလို့လား။ အကြောင်းမရှိပဲနဲ့တော့ မေးခိုင်းမှာ မဟုတ်ဘူး ... ဘာဖြစ်လို့ ပြောနိုင်သလဲဆိုတော့ မင်းတို့ရဲ့သဘောကို အတော်လေး ငါသိထားလို့ပဲ။ မင်းတို့ဟာ အကြောင်းမရှိပဲ မမေးတတ်ကြဘူး"

ရီလင်က ခေါင်းကလေး ငုံ့သွားပြီး ...

"အစ်ကိုကြီး ဟန်ဆန်းဂိုဏ်းချုပ်ရာထူး ဆက်ခံမယ့် အချိန်တုန်းက ကျွန်မတို့ဂိုဏ်းက အစ်မ နှစ်ယောက်ကို ဝါဆန်းဂိုဏ်းကို အကြောင်းကြားဖို့ စေလွှတ်ခဲ့တယ် မဟုတ်လား"

"အေးလေ ... လွှတ်ခဲ့တယ် .. အဲဒါ ဘာဖြစ်သလဲ"

"အဲဒီ အစ်မနှစ်ယောက်ကို ဝါဆန်းဂိုဏ်းက ဖမ်းချုပ်ထားလိုက်တယ်"

"ဘာပြောတယ်"

လင့်ဟူချုံးမှာ သူ့နားကို သူမယုံလိုက်သဖြင့် အော်ဟစ်မေးမြန်းလိုက်မိသည်။ ပြီးမှ စိတ်ကို ပြန်လည်ထိန်းသိမ်းကာ ...

"အေး .. ပြောစမ်းပါဦး။ ငါက သူတို့နှစ်ယောက် ဘာဖြစ်လို့ ပြန်မလာသေးသလဲလို့ စိတ်ပူနေတာ။ ဒီအကြောင်းကို မင်းက ဘယ့်နှယ့် သိသတုန်း"

"ထင်ပေါ်ပြောလို့ သိတာပါ အစ်ကိုကြီး"

"မင်းရဲ့ တပည့်ထင်ပေါ်လား"

"ဟုတ်ပါတယ်။ မဟူရာတောင်ကုန်းကို အစ်ကိုကြီး လိုက်သွားတဲ့နောက်ပိုင်းမှာ အစ်မတို့ တိုင်ပင်ပြီးတော့ ထင်ပေါ်ကို ဝါဆန်းဂိုဏ်းကို လွှတ်လိုက်တယ်။ ကိစ္စကတော့ ကျွန်မတို့ရဲ့ အစ်မနှစ်ယောက် ဘာကြောင့် ပြန်မလာသလဲဆိုတာ စုံစမ်းဖို့ပါ"

လင့်ဟူချုံးက ခေါင်းညိတ်ကာ ...

"ဟုတ်တယ် ... ထင်ပေါ်ဟာ ကိုယ်ဖော့သိုင်းပညာ သိပ်ကောင်းတယ်။ ဒီလို လျှို့ဝှက်စုံစမ်းရမယ့် ကိစ္စတွေမှာ ထင်ပေါ်ဟာ သိပ်အသုံးဝင်မှာပေါ့။ ငါတောင် သူ့ကိုလွှတ်ပြီး စုံစမ်းခိုင်းဖို့ သတိမရဘူး။ မင်းတို့ သတိရတယ်ဆိုတော့ သိပ်တော်တာပေါ့"

ရီလင်က ...

"ဝါဆန်းတောင်ကို ရောက်တော့ ထင်ပေါ်ဟာ အစ်မနှစ်ယောက်ကို တွေ့ခဲ့တယ်။ ဒါပေမယ့် ကယ်ထုတ်ဖို့ မလွယ်ဘူးတဲ့။ အဲသည်ကိစ္စ စုံစမ်းဖို့ သူ့ကို ကျွန်မတို့လွှတ်လိုက်ကတည်းက သေသေချာချာ မှာလိုက်ပါတယ်။ ဝါဆန်းဂိုဏ်းကို မထိခိုက် မစော်ကားမိပါစေနဲ့လို့။ တော်တော်ကြာ အကျယ်အကျယ် မငြိမ်းဖွယ်ဖြစ်နေရင် အစ်ကိုကြီး စိတ်ဆိုးနေလိမ့်မယ်လို့ အသေအချာ မှာလိုက်ပါတယ်"

"သူ့ကို မင်းတို့က တောင်ပေါ် ခေါ်ခိုင်းတာလား"

"ဟင့်အင်း ... သူ့ကို ခိုင်းစရာ ရှိရင် စာရေးပြီး မှာရတာပါ"

လင့်ဟူချုံးက ရယ်လိုက်မိသည်။

"ဟား ... ဟား ... ဟား ... မင်းက တယ်ဟုတ်ပါလား။။ စာရေးပြီး အမိန့်ပေးတာကိုး .. ဒီလို ကျတော့လည်း မင်းက တကယ့်ဆရာ တစ်ယောက် အတိုင်းပါပဲလား"

ရီလင်၏ မျက်နှာလေး နီရဲသွားပြီး ...

"ခိုင်းစရာ ရှိရင် ကျွန်မတို့က စာရေးပြီး သူ့ကို မှာရတာပဲ ... စာကိုတော့ ဆွံ့အ နားမကြားတဲ့ မယ်သီလရင်ကြီးကို သွားပို့ခိုင်းရတယ်"

လင့်ဟူချုံးက ပြုံး၍ ထပ်မေးလိုက်သည်။

"နောက်ထက် ထူးထူးဆန်းဆန်း ဘာသတင်းများ ထင်ပေါ်ဆီကနေ ကြားရသေးလဲ"

ရီလင်၏ အသံလေးမှာ ထူးထူးခြားခြား တုန်ယင်လာသည်။

"သူပြောတာကတော့ လက်ထပ်မင်္ဂလာ အခမ်းအနား တစ်ခု တွေ့တယ်တဲ့။ အစ်ကိုကြီးရဲ့ ဆရာက သူ့သမီး လိန်လိန့်ကို လက်ထပ်ပေး ..."

လင့်ဟူချုံး၏ မျက်နှာအမူအရာ ပြောင်းလဲသွားသည်ကို တွေ့လိုက်ရသဖြင့် ပြောနေရင်းတန်းလန်းမှ ရီလင် တစ်ယောက် ရပ်သွားတော့သည်။ ဆက်မပြောရဲတော့ချေ။

တစ်နေ့ကျလျှင် ဤသတင်း ကြားရမည်ကို ကြိုတင်၍ သိထားသော်ငြား အမှန်တကယ် ကြားလိုက်ရသောအခါ လင့်ဟူချုံး၏ ရင်ထဲတွင် စူးကနဲ နာကျင်သွားမိတော့သည်။ အတန်ကြာမှ သူ့စိတ်ကိုထိန်းကာ ထပ်မေးလိုက်သည်။

"ရီလင် ... ပြောစရာ ရှိတာ ဆက်ပြော"

ရီလင်က စိတ်မကောင်းသံလေးဖြင့် ...

"အစ်ကိုကြီး ... ကျွန်မတို့က ဒီသတင်းကို မပြောချင်ပါဘူး။ အစ်ကိုကြီး စိတ်မကောင်း ဖြစ်မှာကိုလည်း စိုးရိမ်ပါတယ်"

"ကိစ္စ မရှိပါဘူး ရီလင် ... ရုတ်တရက် ကြားလိုက်ရတော့ တစ်မျိုးဖြစ်သွားတာပါ။ ပြောစရာရှိတာ ဆက်ပြောပါ။ ငါလည်း အပြည့်အစုံ သိချင်ပါတယ်"

"ထင်ပေါ်ပြောတာကတော့ သည်လောက်ပါပဲ ... ဟို ... လင်မိန်ကျက်ဆိုတဲ့လူနဲ့ အစ်ကိုကြီးဆရာရဲ့ သမီး လိန်လိန်တို့ လက်ထပ်ပွဲကို တွေ့ခဲ့ရတာပါပဲ ... အစ်မရိဟိုက ပြောတယ်။ လင်းလင်းဟာ မကောင်းဆိုးဝါးဂိုဏ်းကလူ ဖြစ်ပေမယ့် ရုပ်လည်းချော၊ သိုင်းပညာလည်းတော်၊ သူတပါးကိုလည်း ကူညီချင်စိတ်ရှိလို့ လိန်လိန်ဆိုတဲ့ မိန်းကလေးထက် ဆယ်ဆမက ပိုတော်တယ်တဲ့"

လင့်ဟူချုံးက မချိပြုံးပြုံးလိုက်ပြီး ...

"ကိစ္စမရှိပါဘူး။ ငါ့ညီမလေးက ယောကျ်ားကောင်းတစ်ယောက် ရသွားတာပဲ ... ငါ့အနေနဲ့ ဝမ်းတောင်သာရဦးမယ်"

"ထင်ပေါ်ပြောတာ ကျန်သေးတယ်။ အဲသည် မင်္ဂလာပွဲကို ဂိုဏ်းအသီးသီးကလူတွေ၊ ဧည့်သည်တွေ လာကြတာ တကယ့်ကို အုံးအုံးကျွက်ကျွက်ဆိုပဲ။ ဆရာကြီး ရက်ပုချွန်က ကျွန်မတို့ဂိုဏ်း တစ်ဂိုဏ်းတည်းကိုပဲ ကွက်ပြီး ချန်ထားခဲ့တာတဲ့"

လင့်ဟူချုံးမှာ အသံမပြုနိုင်တော့ပေ။ ခေါင်းကိုသာ ညိတ်ပြလိုက်သည်။ ရက်ပုချွန်အနေဖြင့် အဘယ်မှာလျှင် ဟန်ဆန်းဂိုဏ်းကို ဖိတ်တော့မည်နည်း။ ဟန်ဆန်းဂိုဏ်းချုပ် လင့်ဟူချုံး ဆိုသောသူက သူ့အရှက်ကို ကောင်းကောင်း ခွဲခဲ့သူပင် မဟုတ်ပါလား။

ဟန်ဆန်းဂိုဏ်းသားများ အနေဖြင့် ရှောင်လင်ဘုရားကျောင်းအတွင်း ရက်ပုချွန်က လင့်ဟူချုံးအား မရှုမလှ အရေးနိမ့်ခဲ့ရသည့်အကြောင်းကို သိရှိပါက ဤမျှလောက် အံ့သြမည်မဟုတ်ချေ။

ရီလင်က လင့်ဟူချုံး၏ အင်္ကျီစကို ဆွဲကာ ...

"အစ်ကိုကြီး ... လင်မိန်ကျက်ဆိုတဲ့လူက အစ်ကိုကြီးကို ဘယ်လိုမှ ယှဉ်လို့မရပါဘူး။ သိုင်းပညာချင်း ယှဉ်မလား။ စိတ်နေသဘောထားချင်း ယှဉ်မလား။ ဘယ်နေရာမှ ယှဉ်လို့မရပါဘူး။ လိန်လိန်ဟာ ရူးလို့ မိုက်လို့ အဲသည်လူနဲ့ လက်ထပ်သွားတာပါ။ အစ်မကြီးတွေက အဲသည်သတင်းကို ကြိုသိနေတာတောင် နည်းနည်းကလေး ကြာသွားပြီ"

လင့်ဟူချုံးက ...

"သူတို့က သိသိချင်း ငါ့ကို မပြောပဲနဲ့ ဘာဖြစ်လို့ အခုမှ ဖွင့်ပြောကြတာတဲ့တုန်း"

"အစ်ကိုကြီးကို ဖွင့်မပြောတာက အကြောင်းမဲ့ ထိန်ချန်ထားချင်လို့ မဟုတ်ပါဘူး။ အစ်ကိုကြီး စိတ်ထိခိုက်သွားမှာ စိုးလို့ မပြောပဲ ထားကြတာပါ။ အခုအခါတော့ မပြောလို့ မဖြစ်တော့ဘူးလေ။ နောက် သုံးလေးရက်ဆိုရင် ကောင်းဆန်းတောင်ကို ကျွန်မတို့ ရောက်တော့မယ် မဟုတ်လား"

"ညီမလေး ရီလင် ... ကောင်းဆန်းတောင်ကို ငါတို့ ရောက်တာနဲ့ ဒီသတင်းနဲ့ ဘာဆိုင်သလဲ"

"ဆိုင်တာပေါ့ အစ်ကိုကြီး .. ကောင်းဆန်းတောင်ကို ဂိုဏ်းအားလုံး လာကြမှာဆိုတော့ လိန်လိန်လည်း သူ့ယောကျ်ား လင်မိန်ကျက်နဲ့အတူ လာမှာပဲ။ ဒါကို ရုတ်တရက် တွေ့လိုက်ရင် အစ်ကိုကြီး စိတ်ထိခိုက်ပြီး ဆောင်ရွက်ရမယ့် ကိစ္စကြီး ပျက်ပြားသွားမှာ စိုးရတယ် ... အစ်မတွေအားလုံးက ပြောနေကြတယ်။ အခုအချိန်မှာ လင်းလင်းသာရှိနေရင် သိပ်ကောင်းမှာပဲတဲ့။ အားလုံးဟာ အစ်ကိုကြီးအတွက်ပဲ စိုးရိမ်နေကြတာ ... ဒါကြောင့် အစ်ကိုကြီးကို ဖျောင်းဖျောင်းဖျဖျ ပြောပေးဖို့ ကျွန်မကို လွှတ်ကြတာ။ လိန်လိန့်ကို အရေးမစိုက်ပါနဲ့တော့နော်"

ရီလင်တို့ကို ကျေးဇူးတင်လိုက်မိသည်နှင့် တပြိုင်နက်ပင် လင့်ဟူချုံးမှာ စိတ်ထဲမှ လွန်စွာ ရှက်မိ၏။

"သြော် … သူတို့က ငါ့ကို ဒီလောက်ထိ ဂရုစိုက်နေကြတာကိုး"

ထို့ကြောင့် ရီလင်အား အားတင်း၍ ပြုံးပြလိုက်ရင်း သူက ပြောလိုက်သည်။

"ညီမလေးရီလင် … ငါ့အတွက် မင်းဘာမှ စိတ်မပူနဲ့။ မင်းရဲ့ အစ်မတွေကိုလည်း ပြောပြလိုက်။ ငါ့စိတ်ကို ငါ ထိန်းနိုင်ပါတယ်လို့။ ဒီသတင်းကြားတော့ ငါစိတ်ထိခိုက်တာ အမှန်ပါပဲ။ ဒါပေမယ့် ငါဖြေဖျောက်နိုင်ပါတယ်"

ပြီးနောက် ဧည့်ဂေဟာအတွင်းသို့ လင့်ဟူချုံးတစ်ယောက် ပြန်ဝင်သွားပြီး ခရီးမထွက်မီ အစားအသောက်များ အပြီး အစီး စားသောက်ကြရန် ဂိုဏ်းသားများကို အမိန့်ပေးလိုက်သည်။ စားသောက်ပြီးနောက် ခရီးဆက်ထွက်လာကြသည်။

သုံးလပိုင်း၊ ဆယ့်ငါးရက်နေ့ နံနက် ဝေလီဝေလင်းတွင် လင့်ဟူချုံးခေါင်းဆောင်သော ဟန်ဆန်းဂိုဏ်းသားများသည် ကောင်းဆန်းတောင်သို့ စတင် တက်မိကြလေသည်။ တောင်တစ်ဝက်ခန့်တွင် ကောင်းဆန်းဂိုဏ်းသားများက ဆီးကြိုလာကြ၏။

"ထိုက်ဆန်း၊ ချုံးဆန်း၊ ဝါဆန်းဂိုဏ်းက ညီအစ်ကိုတွေ အားလုံး မနေ့ညကတည်းက ကောင်းဆန်းတောင်ပေါ် ရောက်နေပါပြီ … အခု ဂိုဏ်းချုပ်ကြီး လင့်ဟူချုံး ရောက်လာပြီဆိုတော့ ဂိုဏ်းအားလုံး စုံသွားပြီပေါ့"

မည်သို့မျှ ပြန်မပြောပဲ လင့်ဟူချုံးက တောင်တက်ခရီး အတိုင်း ဆက်တက်သွားလိုက်သည်။

ခရီးလမ်းတစ်လျှောက်လုံး သန့်ရှင်းစွာ လှည်းကျင်းထားသည်။ တစ်မိုင်ခြားတစ်ခါ ဇရပ်တစ်ဆောင်စီ ဆောက်လုပ်ထားပြီး စားသောက်ဖွယ်ရာများကို အဆင်သင့် တည်ခင်းထားသည်။ ဂိုဏ်းကြီးလေးဂိုဏ်းမှ ဧည့်သည်များ စားသုံး အနားယူရန် ပြင်ဆင်ထားခြင်း ဖြစ်သည်။

ဆင်ခြေရာများသည် ဆင်ကောင်ကြီးရှိရာသို့ ညွှန်ပြနေသလို ဤအစီအစဉ်များသည်လည်း ကောင်းဆန်းဂိုဏ်း၏ ကျိုလင်ထန်က ဂိုဏ်းကြီးငါးဂိုဏ်း၏ ဂိုဏ်းချုပ်ကြီးနေရာကို မရရအောင် ယူတော့မည်ဟူသော သဘောကို ဖော်ပြနေပေသည်။

တောင်တက်လမ်းအတိုင်း ဆက်တက်လာရင်းမှ နောက်ဖက်မှ အော်ခေါ်သံကို ကြားလိုက်ရသည်။

"ရီလင် … ဟေ့ .. ရီလင်"

ရီလင်က ဝမ်းသာအားရဖြင့် ပြန်ထူးလိုက်သည်။

"ဖေဖေ"

လှမ်းကြည့်လိုက်ကြသောအခါ ကိုယ်ခန္ဓာ ကြီးမားထွားကျိုင်းလှသော ဘုန်းတော်ကြီးတစ်ပါး လျှောက်လာသည်ကို တွေ့လိုက်ကြရ၏။ ထိုဘုန်းတော်ကြီးကား ရီလင်၏ ဖခင်ဖြစ်သော ပုကျက်ဘုန်းကြီးပင် ဖြစ်တော့၏။ သူ့နောက်ဖက်တွင် ဘုန်းတော်ကြီး နောက်တစ်ပါး ပါလာသေး၏။

ယခင်က ပုကျက်ဘုန်းတော်ကြီးကို တစ်ပါးတည်းသာ ဖူးတွေ့လေ့ရှိသဖြင့် လင့်ဟူချုံး အံ့ဩသွားမိ၏။ ထို့ကြောင့် နောက်မှပါလာသော ဘုန်းကြီးကို အသေအချာ ကြည့်လိုက်ရာ အကြီးအကျယ် အံ့ဩသွားတော့သည်။ အကြောင်းမှာကား ယင်းကိုယ်တော်မှာ ထင်ပေါ် ဖြစ်နေသောကြောင့်တည်း။

လင့်ဟူချုံးသာမက ရီလင်မှာလည်း အကြီးအကျယ် အံ့ဩသွားတော့၏။ အံ့ဩစရာလည်း ကောင်းလှပေသည်။ ထင်ပေါ်ကဲ့သို့သော သူတစ်ယောက် ဘုန်းကြီးဝတ်သွားသည် ဆိုသည်မှာ ရေထဲမှငါးများ ကုန်းပေါ်တက်၍ သီကျူးကခုန်ကြသည်ဆိုသော သတင်းကဲ့သို့ပင် မဟုတ်ပါလား။

ရီလင်က အထစ်ထစ်အငေါ့ငေါ့ဖြင့် မေးလိုက်မိသည်။

"ရှင် … ရှင် … ဘယ်လို ဖြစ်လာတာလဲ။ ဘယ့်နှယ် ဘုန်းကြီး ဝတ်လိုက်တာလဲ"

ပုကျက်ဘုန်းကြီးက အားရကျေနပ်သော လေသံဖြင့် ပြောလိုက်သည်။

"ဒီကောင်ထင်ပေါ်က စိတ်ကောင်းဝင်သွားပြီကွ .. မဟုတ်တယုတ် လုပ်ချင်တဲ့စိတ်တွေလည်း မရှိတော့ဘူး။ ဒီအချိန် မျိုးမှာ ဖမ်းပြီး ဘုန်းကြီးဝတ်ခိုင်းလိုက်တော့ သူ့အတွက် ပိုကောင်းသွားတာပေါ့။ နောက်ဆိုရင် ဘယ်မိန်းကလေးကိုမှ နှောင့်ယှက်တော့မှာ မဟုတ်ဘူး။ မကောင်းဘူးလား"

စကားဆုံးသောအခါ လင့်ဟူချုံးဖက်သို့ လှည့်ကာ သူက ဆက်ပြောလိုက်သည်။

"လင့်ဟူချုံး .. မင်းကို ငါက ပျော့တိပျော့ညံ့ အောက်မေ့နေတာ။ အခုလို ငါ့သမီးရဲ့ ဂိုဏ်းချုပ်ကြီး ဖြစ်သွားပြီ ဆိုတော့ တော်သေးတာပေါ့ … ဒီနေ့ ငါက အကြောင်းမဲ့လာတာ မဟုတ်ဘူးကွ … ငါ့ရဲ့ မြေးတပည့်နဲ့အတူ မင်းကို လာပြီး အားပေးတာကွ .. ဟား … ဟား"

ဤပုကျက်ဘုန်းတော်ကြီးသည်လည်း အံ့ဖွယ်ခြောက်ယောက်ကဲ့သို့ လူထူးလူဆန်းဖြစ်ကြောင်း သိနေပြီးဖြစ်သဖြင့် လင့်ဟူချုံးက ပြုံးပြလိုက်ကာ ပြန်ဖြေလိုက်သည်။

"အခုလို လာအားပေးတာကို ကျေးဇူးတင်ပါတယ် ဆရာကြီး"

စကားတပြောပြောဖြင့် သူတို့အားလုံး တောင်ထိပ်သို့ ရောက်လာကြတော့၏။

တောင်ထိပ်ရှိ ကွင်းပြင်ကျယ်ကြီးတွင် လူပေါင်းများစွာ စုဝေးရောက်ရှိနေသည်ကို တွေ့လိုက်ရတော့သည်။

× × × × ×

## ဂိုဏ်းကြီး ၅ ဂိုဏ်း

ကောင်းဆန်းဂိုဏ်းချုပ်ကြီး ကျိုလင်ထန်က သူ၏တပည့် နှစ်ဆယ်ခန့်ကို ဦးဆောင်၍ လင့်ဟူချုံးအား ခန့်ညားစွာ ကြိုဆိုလိုက်သည်။

ကျိုလင်ထန်မှာ ကောင်းဆန်းဂိုဏ်းချုပ် အဖြစ်သာမက မဟာမိတ်အဖွဲ့ချုပ်၏ ခေါင်းဆောင်အဖြစ်ပါ ဆောင်ရွက်နေရသူဖြစ်ရာ အကြီးအကဲတစ်ယောက်၏ ဟိတ်ဟန်အပြည့် ထုတ်တတ်သူဖြစ်ပေသည်။

လင့်ဟူချုံးမှာမူ အသက်ငယ်ရွယ်သူ ဖြစ်သည့်အပြင် ဟန်ဆန်းဂိုဏ်းချုပ်အဖြစ် မတတ်သာ၍ လုပ်နေရသူဖြစ်ရာ ဟိတ်ဟန်မထုတ်တတ်ပေ။ သူ၏ နဂိုဗီဇအရလည်း ပေါ့ပျက်ပျက် ဖြစ်သလို နေတတ်သူ ဖြစ်သည့်အတိုင်း ယခုလည်း သာမန်လူ တစ်ယောက်နှယ် ကောင်းဆန်းတောင်ထိပ်သို့ တက်လာခြင်း ဖြစ်သည်။

ကောင်းဆန်းဂိုဏ်းချုပ် ကျိုလင်ထန်က မည်မျှ ဟိတ်ဟန်ထုတ်ကာ အသားယူနေစေကာမူ လင့်ဟူချုံးမှာ ကျိုလင်ထန်ထက် အသက်များစွာ ငယ်နေသူဖြစ်၍ ခါးကိုင်း၍ အရိုအသေပေး၍ နှုတ်ဆက်လိုက်သည်။

ကျိုလင်ထန်က ...

"လင့်ဟူချုံး ... မင်းလို လူငယ်တစ်ယောက်အနေနဲ့ ဟန်ဆန်းဂိုဏ်းချုပ် တက်ဖြစ်တယ်ဆိုတော့ တကယ့်ကို ချီးကျူးစရာပဲ။ သိုင်းလောကမှာ ဒီလိုအဖြစ်မျိုး တစ်ခါမျှ မရှိဖူးသေးဘူး"

ကျိုလင်ထန်၏ပါးစပ်က ချီးကျူးသည်ဟု ပြောလိုက်သော်လည်း သူ၏မျက်နှာတွင်တော့ ချီးကျူးသည့် အရိပ်အယောင် အနည်းငယ်မျှပင် ရှာမရချေ။ သရော်လိုသည့် အရိပ်အယောင်များသာ မျက်နှာတွင် ပေါ်လွင်နေသည်။

ကျိုလင်ထန်၏ စကားရိပ် စကားကဲကို လင့်ဟူချုံးကလည်း သိလိုက်သည်။ မိမိအား ခနဲ့နေခြင်းသာဖြစ်သည်။ 'သိုင်းလောကမှာ ဒီလိုအဖြစ်မျိုး တစ်ခါမျှ မရှိဖူးသေးဘူး' ဟု ပြောလိုက်ခြင်းမှာ ယောကျ်ားတစ်ဦး ဖြစ်လျက်နှင့် မယ်သီလရင်ဂိုဏ်းကို ဂိုဏ်းချုပ်လုပ်နေခြင်းအတွက် လင့်ဟူချုံးကို လှောင်ပြောင်သရော် လိုက်ခြင်း ဖြစ်သည်။

လင့်ဟူချုံးက လုံးဝ ဟန်မပျက်စေပဲ ...

"ကျွန်တော်က ဂိုဏ်းချုပ်ရာထူးကို ဆက်ခံချင်လွန်းလို့ မဟုတ်ပါဘူး။ ဆရာမကြီး တင့်ရှန်ရဲ့ အမိန့်အရ အုပ်ချုပ်နေတာပါ ... အခိက ရည်ရွယ်ချက်ကတော့ ဆရာမကြီးတို့ရဲ့ ရန်ကြွေးကို လက်စားချေပေးဖို့ပါပဲ။ ပြီးတာနဲ့ ဒီဂိုဏ်းချုပ်ရာထူးကနေ ထွက်မှာပါ။ ဟန်ဆန်းဂိုဏ်းထဲက သင့်တော်မယ့် လူတစ်ယောက်ကို ဂိုဏ်းချုပ်အဖြစ် ပြန်ခန့်ပေးခဲ့မှာပါ"

ထိုစကားကိုပြောရင်းမှ ကျိုလင်ထန်၏မျက်နှာကို လင့်ဟူချုံး သေချာစွာ အကဲခတ်လိုက်သည်။ သူ့စကားများကြောင့် ကျိုလင်ထန်၏ အမူအရာ မည်မျှပျက်သွားမည်ကို သိချင်နေမိသည်။

သို့သော် ကျိုလင်ထန်၏ အမူအရာ တစ်ချက်မျှ မပျက်ခဲ့ပေ။

ထို့ကြောင့် ဟန်ဆန်းဂိုဏ်းချုပ် ဆရာမကြီးတင့်ရှန်နှင့် ဆရာမကြီးတင့်ရီတို့ သေဆုံးရသည့်ကိစ္စနှင့် ပတ်သက်၍ ကျိုလင်ထန်အပေါ် သံသယ ရှိထားသည်များပင် မှားယွင်းနေသလိုလို ဖြစ်လာရတော့၏။

သို့သော် ကျိုလင်ထန်သည် အတွေ့အကြုံ အလွန်တရာ ရင့်ကျက်နေသူ ဖြစ်ရာ ကောင်းကောင်း ဟန်ဆောင်နိုင်ခြင်းလည်း ဖြစ်နိုင်ပေသည်။

ကျိုလင်ထန်က ...

"ဂိုဏ်းကြီးငါးဂိုဏ်းက မဟာမိတ်ဖွဲ့ထားတာပဲ၊ နောက်နေ့မှာဆိုရင် မဟာမိတ်အဖွဲ့လို့တောင် သုံးဖို့ မလိုတော့ဘူး။

တစ်ဂိုဏ်းတည်း ဖြစ်သွားတော့မှာပဲ။ ဒီတော့ ဒီဆရာမကြီးတွေရဲ့ ရန်ငြွေးဟာ ဟန်ဆန်းဂိုဏ်း တစ်ဂိုဏ်းတည်းရဲ့ကိစ္စ မဟုတ်တော့ဘူး။ ငါတို့ တောင်ကြီးငါးလုံးရဲ့ကိစ္စ ဖြစ်လာပြီ ... ဆရာမကြီးတွေအတွက် ရန်ငြွေးဆပ်ဖို့ကို မင်းတစ်ယောက်တည်း တွေးတောပူပန်နေဖို့ မလိုပါဘူး။ ငါတို့အားလုံး စုပေါင်းပြီး ဖော်ထုတ်ရမှာပဲ။ ဒီရန်ငြွေးကို ငါတို့အားလုံးချေဆပ်ပေးရမယ်"

ကျိုလင်ထန်၏ စကားဖြင့် သူ့အပေါ် သံသယဖြစ်စရာစကား တစ်လုံးတစ်လေမျှပင် မပါချေ။ သူကပင် ရန်ငြွေးဆပ်ရန် ကြိုးစားဦးမည်ဟု ဆိုထားသည် မဟုတ်ပါလား။

ကျိုလင်ထန်က ဆက်၍ ...

"ထိုက်ဆန်းဂိုဏ်းက ဂိုဏ်းချုပ်ကြီး ထင်းမင်၊ ဝါဆန်းဂိုဏ်းက ဂိုဏ်းချုပ်ကြီး ရက်ပုချွန်၊ ချုံဆန်းဂိုဏ်းက ဆရာကြီး မော်တားတို့နဲ့ အခြားသော သိုင်းလောကက နာမည်ကြီး ပုဂ္ဂိုလ်ကြီးတွေ ရောက်နေပြီ ... သွားပြီး နှုတ်ဆက်လိုက်ပါဦး"

လင့်ဟူချုံးက ...

"ဟုတ်ကဲ့ ... ဒါနဲ့ ရှောင်လင်ကျောင်းထိုင် ဆရာတော်ကြီးနဲ့ ဟူတန်း ဂိုဏ်းချုပ်ကြီးတို့ရော မရောက်လာ ကြသေးဘူးလား။ သူတို့လည်း ရောက်နေကြပြီနဲ့တူတယ်"

ကျိုလင်ထန်က လေသံအေးအေးဖြင့် ...

"ဒီပုဂ္ဂိုလ်ကြီးနှစ်ယောက်က ငါတို့ ကောင်းဆန်းတောင်နဲ့ နီးနီးကပ်ကပ် ရှိတာတော့ မှန်ပါရဲ့။ ဒါပေမယ့် သူတို့က ဂိုဏ်းကြီး ဝါကြီးတဲ့ ပုဂ္ဂိုလ်ကြီးတွေလည်း ဖြစ်ပြန် ... ဟိုးအစကတည်းက သီးသီးခြားခြား နေထိုင်ခဲ့ကြတာဆိုတော့ ဒီလိုပွဲမျိုးကို လာမှာမဟုတ်ပါဘူး။ လာမယ်ဆိုရင် အစောကြီးကတည်းက ရောက်လာမယ် ထင်တာပဲ။ အခု အချိန်မှတော့ လာတော့မယ် မထင်ဘူး"

ခေါင်းကို ညိတ်ပြလိုက်သော်လည်း လင့်ဟူချုံးက မည်သည့်စကားကိုမျှ ပြန်မပြောတော့ချေ။

ထိုအချိန်မှာပင် တောင်တက်လမ်းတစ်လျှောက် ကောင်းဆန်းဂိုဏ်းသားနှစ်ယောက် အားသွန် ပြေးတက်လာကြသည်ကို တွေ့လိုက်ရသည်။ ပြေးတက်လာပုံကိုကြည့်၍ သူတို့တွင် အလွန်တရာ အရေးကြီးသော ကိစ္စတစ်ရပ် ပါလာကြောင်း အမူအရာအရ ထင်ရှားနေသည်။ မည်သည့်ကိစ္စမှန်း မသိကြသဖြင့် တောင်ထိပ်ရှိ လူအားလုံးကလည်း ထိုလူနှစ်ယောက်ကိုသာ ဝိုင်းကြည့်နေကြသည်။

ထိုစဉ် ကောင်းဆန်းဂိုဏ်းသား နှစ်ယောက်သည် ကျိုလင်ထန်ရှေ့သို့ ရောက်လာပြီး ဒူးထောက်လိုက်ကာ အမောတကော အစီရင်ခံကြလေတော့၏။

"ဆရာ ... ဆရာ ... သိပ်ဝမ်းသာစရာ သတင်းပါလာတယ်။ ရှောင်လင်ဘုရားကျောင်းရဲ့ ကျောင်းထိုင်ဆရာတော်ကြီး ဖန်းတင်းနဲ့ ဟူတန်းဂိုဏ်းချုပ် ရသေ့ကြီး ချုံးရှိုးတို့နှစ်ယောက် သူတို့ရဲ့ ဂိုဏ်းသားတွေနဲ့အတူ ကျွန်တော်တို့ရဲ့ တောင်ငါးလုံးဂိုဏ်းသစ်ကြီးကို ဂုဏ်ပြုဖို့ လာနေပြီ။ အဲဒါကို ဆရာစောစောစီးစီး သတင်းကြိုရထားအောင် ကျွန်တော်တို့ အမောတကော ပြေးလာပြီး အစီရင်ခံတာပါ"

ကျိုလင်ထန်က ...

"ရှောင်လင်ဆရာတော်ကြီးနဲ့ ဟူတန်းဂိုဏ်းချုပ်ကြီးတို့ ကြွလာကြတယ် ဟုတ်လား။ ... ဒီလိုဆိုရင် တောင်အောက်ကို ဆင်းကြိုမှပဲ"

ကျိုလင်ထန်၏ လေသံမှာ သံမှန်အတိုင်းပြောလိုက်သော လေသံသာဖြစ်သည်။ သာမန်ဧည့်သည်များကို ကြိုဆိုသည့် လေသံအတိုင်း ပြောလိုက်ခြင်းသာ ဖြစ်သည်။ ထိုဆရာကြီးနှစ်ပါး ကြွရောက်လာသည့်အတွက် သူ့တွင် မည်သို့မျှ မထူးခြားဟူသော အဓိပ္ပါယ်မျိုးပေါက်အောင် သံမှန်နှင့် ပြောလိုက်ခြင်းသာ ဖြစ်သည်။

သို့သော် ... သို့သော် ...

ကျိုလင်ထန် ဝမ်းသာနေမှန်း လင့်ဟူချုံး ကောင်းစွာ သိလိုက်သည်။ ကျိုလင်ထန်သည် ဝမ်းသာမှု အရိပ်အယောင်ကို မျက်နှာ၌မပေါ်အောင် ထိန်းသိမ်းနိုင်ခဲ့သော်လည်း သူ၏ အင်္ကျီလက်စရှည်ကြီး တုန်ခါနေသည်ကို မထိန်းချုပ်နိုင်ခဲ့ပေ။

သည်အချက်က သူမည်မျှ ဝမ်းမြောက်ဂုဏ်ယူနေကြောင်း ဖော်ပြလျက် ရှိနေပေတော့သည်။ ဂုဏ်ယူမည်ဆိုလည်း ဂုဏ်ယူလောက်ပေသည်။ ရှောင်လင်ကျောင်းထိုင် ဆရာတော်ကြီးနှင့် ဟူတန်းဂိုဏ်းချုပ်ကြီးဆိုသည်မှာ တော်ရုံတန်ရုံဖြင့် မလာကြချေ။ သူတို့၏ ကိုယ်စားလှယ်များကိုသာ စေလွှတ်တတ်ကြသည်။ သူတို့ကိုယ်တိုင် လာရောက်ရန် လိုသည်ဟု ယူဆသည့်အခါမျိုး လွန်စွာ နည်းပါးလှသည်။

ဟန်ဆန်းဂိုဏ်းချုပ် ရာထူးကို လင့်ဟူချုံးဆက်ခံစဉ်က သူတို့နှစ်ယောက် ကြွလာခြင်းမှာ မင်္ဂလာစကားပြောရန်အပြင်

အထူးအရေးကြီးသော လျှို့ဝှက်ကိစ္စ တိုင်ပင်ရန် အကြောင်းရှိသောကြောင့် ဖြစ်သည်။

ယခုတော့ ကျိုလင်ထန်၏ ကောင်းဆန်းတောင်သို့ ဆရာကြီးနှစ်ယောက် ကိုယ်တိုင် လာရောက်နေချေပြီ။ ကောင်းဆန်းတောင်ထိပ်ရှိ သိုင်းသမားများသည်လည်း ဆရာကြီးနှစ်ယောက် ရောက်ရှိလာကြောင်း သိလိုက်ရသောအခါ အားလုံးပင် လှုပ်လှုပ်ရွရွ ဖြစ်သွားကြလေတော့၏။

ဆရာကြီး နှစ်ယောက်ကို တောင်အောက်ဆင်းကြိုသည့် ကျိုလင်ထန်၏နောက်မှ ထိပ်သီးသိုင်းသမား အတော်များများ လိုက်ပါပြီး ကြိုဆိုကြသည်။ လင့်ဟူချုံးနှင့် ဟန်ဆန်းဂိုဏ်းသားများကမူ လိုက်ပါသွားခြင်းမရှိပဲ ဘေးတွင် အသာပင် ရပ်နေလိုက်ကြ၏။

ထွက်သွားသူများ ရှင်းသွားသောအခါမှ ကျန်သော ဂိုဏ်းကြီးလေးဂိုဏ်းမှ ဆရာ၊ ဆရာမကြီးများကို တွေ့ဆုံ နှုတ်ဆက်လေ၏။ တစ်ဦးပြီးတစ်ဦး နှုတ်ဆက်လာရာ နောက်ဆုံးတွင် ရက်ပုချွန်တို့ လင်မယားရှေ့သို့ ရောက်လာတော့သည်။

သူ့ဆရာနှင့် ဆရာမတို့ကို လင့်ဟူချုံးက ဒူးထောက်အရိုအသေပေးလိုက်သည်။ သူသည် ဆရာနှင့် ဆရာမအား ဤတစ်သက်မဟုတ်၊ နောင်ဆယ်သက်အထိပင် ကြောက်ရွံ့နေမည့်သူ ဖြစ်ချေသည်။ ရက်ပုချွန်က မည်သည့်စကားမျှ မပြောပဲ ငြိမ်သက်တိတ်ဆိတ်စွာပင် ကြည့်နေသည်။ ဖူးလင်ကမူ မနေတတ်မထိုင်တတ် ဖြစ်သွားပြီး နီရဲသော မျက်လုံးများဖြင့် သားတပည့်အား ကြင်နာစွာ ကြည့်ရင်းက ...

"လင့်ဟူချုံး .. မင်းဟာ အစတုန်းကလို ဘာတာဝန်မှမရှိတဲ့ လူငယ်လေးတစ်ယောက် မဟုတ်တော့ဘူး ... အခု ဟန်ဆန်းဂိုဏ်းချုပ် ဖြစ်နေပြီ။ ဂိုဏ်းချုပ်ရာထူးနဲ့ ကိုက်ညီအောင် လိမ်လိမ်မာမာနေနော် ကြားလား"

ရက်ပုချွန်က မျက်နှာကို မဲ့လိုက်ပြီး အခြားတစ်ဖက်သို့ လွှဲနေလိုက်သည်။ လင့်ဟူချုံးအား လုံးဝ မကြည့်မမြင်ချင်သည့် သဘောပင်။

လင့်ဟူချုံးက မေးလိုက်သည်။

"ဆရာ ... ဒီကနေ့ ကျိုလင်ထန်က အစည်းအဝေးခေါ်တာ ဂိုဏ်းကြီး ငါးဂိုဏ်းကို စုစည်းပြီး တောင်ငါးလုံးဂိုဏ်း တည်ထောင်ဖို့လို့ ဆိုပါတယ် ... ဆရာ့သဘောက ဘယ်လိုရှိပါသလဲ။ ကျွန်တော် သိပါရစေ"

ရက်ပုချွန်က မာဆတ်ဆတ်လေသံဖြင့် ...

"မင်းရဲ့သဘောကကော ..."

လင့်ဟူချုံးက အထစ်ထစ် အငေါ့ငေါ့ဖြင့် ...

"ဆရာ ... ဆရာ ... ကျွန်တော့်ရဲ့ သဘော"

ရက်ပုချွန်က ချက်ချင်း ပြုံးသွားကာ ...

"ငါကို ဆရာလို့ မခေါ်နဲ့ဦး။ မင်းစိတ်ထဲမှာ ဝါဆန်းဂိုဏ်းကို ဘယ်လောက် သံယောဇဉ် ရှိနေသေးတယ်ဆိုတာ ငါသိချင်တယ်။ မင်းက တကယ်ပဲ ငါတို့ဝါဆန်းကို သံယောဇဉ် ရှိနေသေးတယ် ဆိုရင်တော့ ..."

ရက်ပုချွန်၏ စကားများမှာ အဆုံးသတ် မသွားသေးပေ။

သို့သော် လင့်ဟူချုံးအဖို့ ဝါဆန်းဂိုဏ်းမှ မောင်းထုတ်ခံရပြီးသည့်နောက်တွင် ရက်ပုချွန်က သူ့အပေါ် ဤကဲ့သို့ ချိုသာစွာ ဆက်ဆံခြင်းမျိုးကို တစ်ကြိမ်တစ်ခါမျှ မခံခဲ့ရဖူးချေ။ ထို့ကြောင့် ယခုကဲ့သို့ သူ့ဆရာက ချိုသာစွာ ဆက်ဆံလိုက်သောအခါ ရွှင်လန်းဝမ်းသာ သွားတော့၏။

လင့်ဟူချုံးက ကမန်းကတန်း ...

"ဆရာ ပြောစရာရှိတာ ပြောပါ။ ဆရာ့စကားကို လိုက်နာဖို့ အသင့်ပါပဲ"

ရက်ပုချွန်က တည်ငြိမ်စွာဖြင့် ခေါင်းတစ်ချက် ညိတ်လိုက်ပြီး ...

"အခုလောလောဆယ်တော့ ငါ့မှာ ဘာမှ မှာစရာစကား မရှိပါဘူး။ ဒါပေမယ့် ငါတို့သိုင်းသမားတွေဟာ ကျေးဇူးတရားနဲ့ သစ္စာတရားကို အလေးအနက်ထားကြတဲ့လူတွေ ..."

စကားကို ခေတ္တဖြတ်လျက် လင့်ဟူချုံးကို အကဲခတ်လိုက်သည်။ ပြီးနောက် ရက်ပုချွန်က ...

"... ငါတို့က မင်းကို ဝါဆန်းဂိုဏ်းက မောင်းထုတ်တယ်ဆိုတာ မှန်းလို့ ... အကြောင်းမဲ့ မောင်းထုတ်တာ မဟုတ်ဘူး။ မင်းရဲ့ အနေအထိုင် အသွားအလာ စည်းကမ်းပျက်ပြားလို့သာ ထုတ်ပစ်လိုက်ရခြင်း ဖြစ်တယ်။ ဘယ်ဂိုဏ်း၊ ဘယ်အဖွဲ့အစည်းမှာပဲ ဖြစ်ဖြစ်၊ စည်းကမ်းဆိုတာဟာ 'အသက်' ပဲ။ စည်းကမ်းပျက်ရင် ဂိုဏ်းလည်း ပျက်တာပဲ။ ဒါကြောင့် စည်းကမ်းပျက်တဲ့ ပြစ်ချက်နဲ့ မင်းကို ထုတ်ပစ်လိုက်ရခြင်း ဖြစ်တယ်။ ဒီလို ထုတ်ပစ်လိုက်လို့ မင်းကို ငါတို့က

မုန်းသွားပြီတဲ့လား။ ... မမုန်းဘူး ... မင်းကို ငါတို့ရဲ့ သားအရင်းလိုပဲ သဘောထားတုန်းပဲ”

ရက်ပုချွန်၏ စကားကို ကြားလိုက်ရသော လင့်ဟူချုံးမှာ မျက်ရည်တွေတွေ ကျဆင်းလာတော့သည်။ ဝမ်းသာလွန်း၍ ကျရသော မျက်ရည်များပါပေ။ လင့်ဟူချုံးက ငိုသံပါကြီးဖြင့် ...

“ဆရာနဲ့ ဆရာမတို့ရဲ့ ကျေးဇူးတွေကို ကျွန်တော် ဘယ်တော့မှ မမေ့နိုင်ပါဘူး ... ကျွန်တော့်အပေါ် ဆရာ့သဘောထား မပြောင်းဘူးဆိုတာသိရလို့ ဝမ်းသာမဆုံးပါဘူးဆရာ”

လင့်ဟူချုံး၏ ပခုံးကို တစ်ချက် ပုတ်ကာ ရက်ပုချွန်က ...

“လင့်ဟူချုံး ... မင်း မတ်တပ်ရပ်နိုင်ပါပြီ။ ဝါဆန်းဂိုဏ်းကို မင်းအနေနဲ့ ပြန်ဝင်ဖို့က အချိန်အများကြီး ရှိပါသေးတယ်။ နောက်တော့မှ ထပ်ဆွေးနွေးတာပေါ့။ ကဲ .. ထ .. စိတ်အေးအေးသာ ထားပေတော့”

နူးညံ့ပျော့ပျောင်းလှသော သူ့ဆရာ၏စကားကို ကြားရသောအခါ ဝမ်းသာလွန်းလှသဖြင့် လင့်ဟူချုံးသည် အကြိမ်ကြိမ် ဦးခိုက်နေမိပြီးမှ မတ်တတ်ရပ်လိုက်သည်။

“ဆရာနဲ့ ဆရာမတို့ကို အများကြီး ကျေးဇူးတင်ပါတယ်”

ဖူးလင်ကမူ ဝမ်းနည်းဝမ်းသာ လေသံဖြင့် လင့်ဟူချုံးအား ကြိုတင်သတိပေးသလို ပြောလိုက်၏။

“လင့်ဟူချုံး ... မင်းရဲ့ ညီမလေး လိန်လိန်ကတော့ လင်မိန်ကျက်နဲ့ မကြာသေးခင်ကလေးကပဲ လက်ထပ်ပြီးသွားပြီ ... အဲဒါကို ဟန်ဆန်းဂိုဏ်းကိုတောင် သတိမပေးရသေးဘူး”

ဤစကားကို ဖူးလင် ပြောလိုက်ခြင်းမှာ အကြောင်းမဲ့ မဟုတ်ချေ။ ဝါဆန်းဂိုဏ်းသို့ လင့်ဟူချုံး ပြန်ဝင်လိုခြင်းမှာ လိန်လိန်နှင့် ပြန်လည် နီးစပ်လိုခြင်းကြောင့်ဟု ယူဆနိုင်သည်။ ယင်းကို ကြိုတင် အသိပေးထားလိုက်ခြင်း ဖြစ်သည်။

ယခုကဲ့သို့ မပြောထားပါက ဝါဆန်းဂိုဏ်းထဲ ပြန်ဝင်ပြီးမှ ဤအကြောင်းကို သိသွားလျှင် လင့်ဟူချုံးတစ်ယောက် အကြီးအကျယ် စိတ်ထိခိုက်သွားမည်ကို စိုးရိမ်မိသောကြောင့် ဖြစ်သည်။ သို့ရာတွင် ကြိုတင်သိပြီးဖြစ်သော လင့်ဟူချုံးကမူ ပြုံးပြလိုက်သည်။ သူ့အပြုံးသည် မချိပြုံးဖြစ်သော်လည်း အတော်အတန် ဣန္ဒြေရပေသည်။

“ဟုတ်ကဲ့ ဆရာမ ... ဒီသတင်းကို ကျွန်တော်ကြားပြီးပါပြီ”

စကားဆုံးသောအခါ လိန်လိန်ရှိရာသို့ လှမ်း၍ကြည့်လိုက်မိသည်။ လိန်လိန်မှာ ယခင်အပျိုဘဝတုန်းကလို မဟုတ်တော့။ အိမ်ထောင်ရှင်မတစ်ယောက်၏ အဝတ်အစားများကို ဝတ်ဆင်ထား၏။ လူတိုင်းသတိပြုမိလောက်အောင် တောက်ပြောင်လှသည့် အဝတ်အစားများ ဖြစ်သော်လည်း သူမမျက်နှာ၌ အားသစ်ပျော်ရွှင်မှုမျိုး လုံးဝမရှိပဲဖြစ်နေ၏။ မည်သည့်အရာကိုမျှ စိတ်ဝင်စားဟန်မပြပဲ တစ်စုံတစ်ခုကို ငေးမောတွေးတော နေသကဲ့သို့ ငေးတေးတေး ငိုင်တိုင်တိုင် ဖြစ်နေတော့၏။

ထိုသို့ ငေးနေရင်းမှ လင့်ဟူချုံးနှင့် မျက်နှာချင်းဆိုင်မိကြသောအခါ သူမ၏မျက်နှာလေး ရဲကနဲဖြစ်သွားပြီး ခေါင်းကို ငုံ့ချလိုက်တော့၏။

ထိုအချိန်တွင် ရှောင်လင်ကျောင်းထိုင် ဆရာတော်ကြီး ဖန်းတင်းသည် တောင်ထိပ်သို့ ရောက်ရှိလာ၏။ လင့်ဟူချုံးကို တွေ့လိုက်သည်နှင့် အခြားဖက်သို့ မသွားတော့ပဲ ဆရာတော်ကြီးက လင့်ဟူချုံးထံသို့ တန်းတန်းမတ်မတ်ကြီး ဝင်လာတော့သည်။

“ဟေး ... လင့်ဟူချုံး။ မင်းတယ်ဟုတ်ပါလား။ ဟန်ဆန်းတောင်နဲ့ ကောင်းဆန်းတောင်ခရီးဆိုတာ နည်းနည်းနောနောခရီး မဟုတ်ဘူး။ ဒီလောက် အဝေးကြီးကလူတောင် ငါတို့ထက် ပိုစောနေပါကလား”

“မှန်ပါ့ဘုရား။ တပည့်တော်တို့က နှစ်ရက်လောက် ကြိုပြီး ခရီးထွက်လာကြတာကိုး။ ဒါကြောင့်မို့ စောစောရောက်နေတာပါ။ စောတယ်ဆိုတာတောင် နာတစ်ဖျားကလေးတင်ပါ။ အရှင်ဘုရားတို့ မရောက်ခင်ကလေးတင် တပည့်တော်တို့ ရောက်လာကြတာပါ”

ပြောပြောဆိုဆိုနှင့် ဆရာတော်ကြီးနှင့် ဟူတန်းဂိုဏ်းချုပ်ကြီးတို့ကို လင့်ဟူချုံးက ခါးကိုင်း၍ အရိုအသေပြု နှုတ်ဆက်လိုက်သည်။ ဟူတန်းဂိုဏ်းချုပ် ရသေ့ကြီး ချုံးရှီးကမူ မည်သည့်စကားမျှမပြောပဲ တပြုံးပြုံးနှင့် ခေါင်းတညိတ်ညိတ် လုပ်နေ၏။

လင့်ဟူချုံးသည် တစ်သီးတစ်ခြား ရပ်မနေတော့ပဲ လူအုပ်ကြီးနှင့် ရောနှောနေလိုက်တော့၏။ သူ့စိတ်ထဲတွင် စဉ်းစားနေမိသည်မှာ ...

“ဆရာ့လေသံ ကြည့်ရတာ ငါ့ရဲ့အပြစ်တွေကို ခွင့်လွှတ်ပြီး ဝါဆန်းဂိုဏ်းထဲ ဝင်ခွင့် ပြန်ပေးတော့မယ့်ပုံပဲ။ အဲသည် အချက်က တော်တော်ကလေး စဉ်းစားစရာကောင်းတယ်။ အရင်တုန်းက ငါ့အပေါ် ပြင်းပြင်းထန်ထန် ဆက်ဆံခဲ့ပြီး အခုမှ

ဘာဖြစ်လို့ ချိုချိုသာသာ ဆက်ဆံနေရတာလဲ”

ဦးနှောက်ခြောက်မတတ် စဉ်းစားပြီးမှ လင့်ဟူချုံး သဘောပေါက်လိုက်သည်။

“ဟုတ်ပြီ ... ဧကန္တတော့ ဆရာစုံစမ်းလိုက်တော့ ဟန်ဆန်းဂိုဏ်းထဲမှာ ငါဟာ ကောင်းကောင်းမွန်မွန် စည်းကမ်း တကျနေတယ်။ ဘာမှ ဖောက်ဖောက်ပြန်ပြန် မလုပ်ဘူးဆိုတာ သိသွားလို့ ဖြစ်မယ်။ ဒါကို သဘောကျသွားပေလိမ့်မယ်။ နောက်ပြီးတော့ ညီမလေး လိန်လိန်ကို လင်မိန်ကျက်နဲ့ လက်ထပ်ပေးလိုက်တော့ ငါ့အတွက် မငဲ့ညှာသလို ဖြစ်သွားတော့ အဲသည်အတွက်လည်း စိတ်မကောင်း ဖြစ်သွားကြတယ်နဲ့ တူတယ်။ ဒါကြောင့်မို့ ဂိုဏ်းထဲကိုငါပြန်ဝင်ဖို့ သဘောတူတာ ဖြစ်မယ်။”

အတွေးနှင့်အတူ သူ့ဆရာ ရက်ပုချွန်ကို လှမ်းကြည့်လိုက်ရာ ထိပ်သီး သိုင်းသမားများနှင့် စကားလက်ဆုံကျနေသော ရက်ပုချွန်ကို တွေ့လိုက်ရသည်။ လင့်ဟူချုံးက ဆက်၍ တွေးနေလိုက်သည်။

“ဂိုဏ်းကြီးငါးဂိုဏ်းကို လက်ဝါးကြီးအုပ်မယ့် ကျိုလင်ထန်ရဲ့အကြံကို ဆရာက လုံးဝ သဘောတူမှာ မဟုတ်ဘူး။ ... ကျောက်ဂူထဲမှာ ဆရာကြီးလင်းရှင်ရဲ့ ရေခဲအဆိပ်ကို တိုက်ထုတ်ပေးနေတုန်း ဆရာနဲ့ဆရာမ ပြောကြတဲ့ စကားတွေကို ငါသေချာ ကြားလိုက်တာပဲ။ ဆရာဟာ ကျိုလင်ထန်ကို အချိုသတ်ပြီး ပေါင်းနေတာပါ။ ဒီတစ်ခါ ကျိုလင်ထန်ရဲ့ အကြံ အစည်ကို ငါနဲ့ပေါင်းပြီး ဖျက်မလို့ ဖြစ်ရမယ်။ ဒီတော့ ငါကလည်း ဆရာလုပ်ချင်တာကို လိုက်လုပ်ပေးရမယ်”

ထိုစဉ်မှာပင် ကျိုလင်ထန်သည် ကွက်လပ်ရှေ့၌ ဆောက်လုပ်ထားသော စင်ပေါ်တက်၍ စကား စတင်ပြောလေတော့ သည်။

“မိတ်ဆွေတို့ အားလုံးကို ဂိုဏ်းကြီးငါးဂိုဏ်းရဲ့ ကိုယ်စား ကျုပ်က ကျေးဇူးတင်စကား ပြောကြားလိုပါတယ်။ အခုလို အင်နဲ့အားနဲ့ လာရောက်အားပေးခြင်းဟာ တနည်းအားဖြင့် ကျုပ်ကိုလင်ထန်ကို ချီးမြှောက်အားပေးတာလို့ မှတ်ယူပါ တယ်။ ဒီနေ့ သတင်းထူးကြီးကိုတော့ ကြွရောက်လာတဲ့ လူကြီးမင်းများအားလုံး ကြားသိပြီးသား ဖြစ်ကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ... ဒီနေ့မှာ ကျုပ်တို့ရဲ့ ဂိုဏ်းကြီးငါးဂိုဏ်းဟာ တောင်ငါးလုံးဂိုဏ်းကြီးအဖြစ် စုပေါင်း တည်ထောင် ကြမှာ ဖြစ်ပါတယ်”

စင်အောက်ဖက် လူအုပ်ကြီးထဲမှ လူအချို့က သံပြိုင် အော်ဟစ်ကြသည်။

“ကောင်းတယ်။ သိပ်ကောင်းတဲ့အကြံ၊ ဂုဏ်ပြုတယ်။ ကျုပ်တို့ ကြိုဆိုတယ်”

ထိုသို့ အော်ဟစ်နေသည့် လူများကို အကဲခတ်ရင်း လင့်ဟူချုံး စိတ်ထဲမှ ရေရွတ်မိသည်မှာ ...

“ကြည့်ရတဲ့ ပုံကတော့ သိပ်မဟန်ဘူး။ ဒီလူတွေက လူစိမ်းတွေပဲ။ ကျိုလင်ထန်က ကြိုတင်ပြီး ပြင်ပ အကူအညီတွေ ခေါ်ထားပြီပဲ။ ဒါက ကြိုတင်ကြံစည်ချက်ပဲ။ တကယ်လို့ တစ်ခုခုဖြစ်ရင် သူတို့ ကောင်းဆန်ဂိုဏ်း တစ်ဂိုဏ်းတည်း သာမက အကူအညီခေါ်ထားတဲ့ လူတွေကပါ ဝိုင်းတိုက်တော့မှာကိုး .. တော်တော်ကောင်းတဲ့ အကြံအစည်ပဲ”

ကျိုလင်ထန်က ဆက်၍ ...

“အခုလို အားပေးကြတာ ကျေးဇူးအထူးတင်ပါတယ် ... ဂိုဏ်းကြီးငါးဂိုဏ်း မဟာမိတ်ဖွဲ့ထားတာ နှစ်ပေါင်း တစ်ရာကျော်ရှိပါပြီ။ အရင်တုန်းက သိပ်ပြီး ကြီးကြီးကျယ်ကျယ် အရေးအခင်းတွေ မပေါ်ပေါက်ခဲ့ပေမယ့် ဒီနှစ်တွေထဲ မတော့ သိုင်းလောကကြီးထဲမှာ အရေးအခင်းကြီး တစ်ချို့ ပေါ်ပေါက်ခဲ့ပါတယ် ...”

“... ဒီတော့ကာ ကျုပ်က ကျန်ဂိုဏ်းကြီးတွေရဲ့ ဆရာ့ ဆရာကြီးတွေ၊ နောင်တော်ကြီးတွေနဲ့ ဆွေးနွေးတိုင်ပင် လိုက်တဲ့အခါ ကျုပ်တို့အားလုံးဟာ ဂိုဏ်းကြီးငါးဂိုဏ်းကို တစ်ဂိုဏ်းတည်းဖြစ်အောင် ပြင်ဆင်ဖွဲ့စည်းမှ ဖြစ်တော့မယ်လို့ အားလုံး စိတ်တူသဘောတူ ဆုံးဖြတ်ဖြစ်ကြပါတယ်။ ဒါမှသာလျှင် ကျရောက်လာမယ့် ဘေးအန္တရာယ်ကို အင်နဲ့ အားနဲ့ ခုခံနိုင်မှာ ဖြစ်ပါတယ်”

ထိုစဉ် စင်၏ အောက်ဖက်မှ လူတစ်ယောက်က အေးတိအေးစက် ပြောလိုက်သည်။

“ဂိုဏ်းချုပ်ကြီး ကျိုလင်ထန် ... ခင်ဗျားဟာ ကိုယ်ပြောတဲ့ စကားရဲ့ အဓိပ္ပါယ်ကို ကိုယ်သိရဲ့လားလို့ ကျုပ်သံသယ ရှိတယ်။ ဂိုဏ်းကြီးငါးဂိုဏ်းကို တစ်ဂိုဏ်းတည်း ပူးပေါင်းမယ်ဆိုတဲ့ကိစ္စကို ကျန်တဲ့ လေးဂိုဏ်းထဲက ဘယ်သူတွေနဲ့ ဆွေးနွေးခဲ့သလဲ။ ချုံဆန်းဂိုဏ်းချုပ် ကျုပ်တောင်မှ လုံးဝ မသိလိုက်ရပါလား။ ကဲ .. ခင်ဗျား ဘယ်သူတွေနဲ့ ဆွေးနွေးခဲ့ တယ်ဆိုတာကို ရှင်းပြစမ်းပါဦး”

ဤစကားကို ပြောလိုက်သူမှာ ချုံဆန်းဂိုဏ်းချုပ် ဆရာကြီး မော်တားပင် ဖြစ်တော့၏။ ဆရာကြီးမော်တားသည် ထူးဆန်းသော စိတ်သဘောထား ရှိသူဖြစ်ရာ သူက ဤစကားမျိုးကို ပြောကြားလိုက်ခြင်းအားဖြင့် ချုံဆန်းဂိုဏ်းက ဂိုဏ်းကြီးငါးဂိုဏ်း ပူးပေါင်းရန်ကိစ္စကို သဘောမတူခဲ့ကြောင်း ထင်ရှားစွာ ပြသလိုက်ခြင်း ဖြစ်တော့သည်။

ယခုလေးတင် ကျိုလင်ထန်က ဂိုဏ်းအားလုံးနှင့် အတိအကျ ဆွေးနွေးခဲ့ပြီးပြီဟု ပြောထားခဲ့ရာ ယခု ဆရာကြီး မော်တား၏ စကားကြောင့် အကျဉ်းအကျပ် ကျသွားနိုင်သည်။ သူက လည်ဆယ်ပြောလိုက်ခြင်းသာ ဖြစ်ကြောင်း ထင်ရှားနေလေပြီ။

သို့သော် ကျိုလင်ထန်က လုံးဝ အမူအရာ မပျက်ပဲ အေးဆေးစွာဖြင့် ...

"ကျုပ် စောစောက ပြောခဲ့တဲ့စကားထဲမှာ အချက်တစ်ချက်ပါတယ်။ ခင်ဗျားတို့ သတိပြုလိုက် မိသလားတော့ မပြောတတ်ဘူး။ သိုင်းလောကကြီးထဲမှာ အရေးအခင်းကြီး တစ်ချို့ ဖြစ်ခဲ့တယ်။ ... ဒါတွေကြောင့် ကျုပ်တို့ ဂိုဏ်းကြီးငါးဂိုဏ်းဟာ မပူးပေါင်းလို့ မဖြစ်တော့ဘူး။"

ဆရာကြီးမော်တားကို လှမ်းကြည့်လိုက်ရင်း ကျိုလင်ထန်က စကားဆက်လိုက်သည်။

"အဲသည် အရေးအခင်းတွေထဲမှာ တစ်ခုကတော့ ကျုပ်တို့ ဂိုဏ်းကြီးငါးဂိုဏ်းထဲက ဂိုဏ်းသားတွေ ကိုယ့်အချင်းချင်း ပြန်သတ်တဲ့ကိစ္စပဲ။ ဆရာကြီးမော်တား ... ကျုပ်ရဲ့ ကောင်းဆန်းဂိုဏ်းသား တစ်ယောက်ဖြစ်တဲ့ ဖေးပြောင်းဟာ ချုံဆန်းမြို့ပြင်မှာ အသတ်ခံလိုက်ရတယ်။ ဒါကို လူတစ်ယောက်က ကိုယ်တိုင် တွေ့မြင်ခဲ့တယ်။ ဆရာကြီးဟာ အဲသည် ကိစ္စမှာ ပါဝင်ပတ်သက်ခဲ့တယ်တဲ့ ... ဟုတ်ပါသလား"

ဆရာကြီး မော်တား၏ ရင်ထဲ၌ ထိတ်ကနဲ ဖြစ်သွား၏။

"ဖေးပြောင်းကို ငါသတ်လိုက်တာကို လင့်ဟူချုံးရယ်၊ ဟန်ဆန်းဂိုဏ်းက မယ်သီလရင် တစ်ပါးရယ်။ ချီးရန်တို့ မြေးအဖိုးရယ်ပဲ သိကြတာပဲ။ သူတို့ထဲက သတင်းပေါက်ကြားသွားသလား"

လုံးဝ အမူအရာ မပျက်စေပဲ ဆရာကြီးမော်တားက ခေါင်းခါယမ်းလိုက်ပြီး ...

"ဒီကိစ္စမျိုးက မဖြစ်နိုင်ပါဘူး။ ကျုပ်ရဲ့ သိုင်းပညာကလေးနဲ့ ဖေးပြောင်းလို လူမျိုးကို ဘယ်သတ်နိုင်ပါ့မလဲ"

ကျိုလင်ထန်က အေးစက်စွာ ရယ်လိုက်ပြီး ...

"ဟုတ်တယ်။ တကယ်တမ်း ဖြောင့်တိုက်ခိုက်ရင်တော့ ကျုပ်ရဲ့ညီလေး ဖေးပြောင်းကို လွယ်လွယ်နဲ့ မသတ်နိုင်ပါဘူး ..."

ဆရာကြီး မော်တား... "ဒါဖြင့် ဘာပြောနေစရာ လိုသလဲ။ ကျုပ်မသတ်နိုင်မှတော့ လူပုံအလယ်မှာ ပြောနေဖို့ မလိုတော့ဘူး"

ကျိုလင်ထန်က ... "ကျုပ်စကားက သည်လိုပါ။ ဆရာကြီးမော်တားက ဖေးပြောင်းကို လွယ်လွယ်နဲ့ မသတ်နိုင်ဘူး လို့ပဲ ပြောတာပါ။ လုံးဝ မသတ်နိုင်ဘူးလို့ မပြောခဲ့ဘူး။ ... ကျုပ်ရဲ့ ဂိုဏ်းတူညီလေး ဖေးပြောင်းကို ဝိုင်းပြီး တိုက်ခိုက်ခဲ့တဲ့လူတွေထဲမှာ ဆရာကြီးမော်တားအပြင် လျိုကျက်ဖုန်း၊ ဟန်ဆန်းဂိုဏ်းသားတစ်ယောက်၊ ဝါဆန်းဂိုဏ်းသား တစ်ယောက်နဲ့ မကောင်းဆိုးဝါးဂိုဏ်းက ချီးရန်နဲ့ သူ့မြေးမလေးလဲ ပါတယ်။ ဒီလောက် အများနဲ့ တစ်ယောက် တိုက်လို့ ကျုပ်ရဲ့ ဂိုဏ်းတူ ညီလေး သေဆုံးရခြင်း ဖြစ်ပါတယ်"

ကျိုလင်ထန်၏ စကားထဲတွင် အမှန်တစ်ဝက် အမှားတစ်ဝက် ပါနေသည်။ သူပြောသည့်လူများ ပါဝင်သည်ကတော့ မှန်သည်။ သို့သော် ဝိုင်းဝန်းတိုက်ခိုက်သည့်အရာ၌ ပါဝင်ခြင်းမဟုတ်ပေ။ ဖေးပြောင်းကို ဆရာကြီးမော်တား တစ်ယောက်တည်းက တိုက်ခိုက်ခြင်းဖြစ်သည်။ မည်သို့ပင် ဖြစ်စေ။ ဤမျှ အတိအကျ ပြောလာနိုင်ခြင်းအတွက် ကြက်သီးမွေးညင်း ထလောက်သည်ကတော့ အမှန်ပင် ဖြစ်သည်။

ဤသတင်းသည် မည်ကဲ့သို့ ပေါက်ကြားသွားသည်ကို မသိသော်လည်း လင့်ဟူချုံးထံမှ မပေါက်ကြားသည်ကိုတော့ ဆရာကြီးမော်တား အသေအချာ ယုံကြည်သည်။ ယခုပုံအတိုင်းဆိုပါက ကောင်းဆန်းဂိုဏ်းနှင့် ချုံဆန်းဂိုဏ်းသည် ကမ္ဘာ့ရန် ဖြစ်ရပေတော့မည်။

ဆရာကြီး မော်တားက ဆက်တွေးလိုက်သည်။ မိမိကသာ ကျိုလင်ထန်ကို အလျှော့မပေးပဲ တင်းခံနေလျှင် ဤကောင်းဆန်းတောင်ပေါ်မှ အသက်နှင့် ခန္ဓာ တွဲ၍ ဆင်းနိုင်ပါမည်လော မသိ။ မိမိအတွက် အကြောင်းမဟုတ်သော်လည်း ဂိုဏ်းသားများကိုလည်း ငဲ့ညှာရပေဦးမည်။

ထိုစဉ် ကျိုလင်ထန်က ...

"ဒီနေ့ ကျုပ်တို့ ဂိုဏ်းကြီးငါးဂိုဏ်း ပေါင်းတဲ့ကိစ္စဟာ သမိုင်းတွင်မယ့် မဟာကိစ္စကြီး ဖြစ်ပါတယ်။ ဆရာကြီး မော်တားခင်ဗျာ ... ခင်ဗျားနဲ့ ကျုပ်ဟာ ဂိုဏ်ခေါင်းဆောင်တွေဆိုတော့ အမြင်ကျယ်ရမယ်။ မျက်မွေးတစ်ဆုံးကြည့်လို့ မဖြစ်ချေဘူး။ မျက်စိတစ်ဆုံးကြည့်ပြီး အားလုံးရဲ့ ရေရှည်အကျိုးစီးပွားကို ဆောင်ရွက်ရမှာဖြစ်တယ်။ ဒီတော့

အများအကျိုးကို ဦးစားပေးရမယ်။ ကိုယ်ရေးကိုယ်တာ ကိုတော့ နောက်ချန်ထားရမယ်။”

ကျိလင်ထန်၏ အသံသည် ပို၍ နူးညံ့ပျော့ပြောင်းသွားသည်။

“ဂိုဏ်းကြီးငါးဂိုဏ်းကို အကျိုးပြုနိုင်တဲ့ ကိစ္စဆိုရင် ကျုပ်တို့က ပုဂ္ဂိုလ်ရေး ရန်ငြွေတွေကို ဘေးဖယ်ထားရမယ်။ ဒီကိစ္စလေး အတွက်နဲ့တော့ ဆရာကြီး မော်တား ဘာမှ စိတ်မကောင်း မဖြစ်ပါနဲ့တော့။ ဖေးပြောင်းဟာ ကျုပ်ရဲ့ ဂိုဏ်းတူ ညီလေးဖြစ်တာ မှန်ပါတယ်။ ဒါပေမယ့် ဂိုဏ်းကြီးငါးဂိုဏ်း ပူးပေါင်းလိုက်ပြီဆိုရင် တစ်ဂိုဏ်းတည်း ဖြစ်သွားပြီ။ ခင်ဗျားနဲ့ ကျုပ်တို့ချင်း ညီရင်းအစ်ကိုတွေလို ဖြစ်သွားပြီ။ .. သေတဲ့လူလည်း သေပြီ။ ဒီသေတဲ့လူအတွက် ကျန်တဲ့ ကျုပ်တို့ ညီအစ်ကို အချင်းချင်း သွေးထွက်သံယို ဖြစ်စရာ လိုသေးသလား။ … ဘယ့်နှယ်လဲ … ကျုပ်ပြောတဲ့ စကားက သဘာဝ မကျဘူးလား”

အေးဆေးတည်ငြိမ်စွာ ပြောနေခြင်း ဖြစ်သော်ငြား ကျိလင်ထန်သည် တကယ်တမ်းအားဖြင့် ဆရာကြီးမော်တားအား အတိအလင်း ခြိမ်းခြောက်နေခြင်းဖြစ်၏။ ဆရာကြီးမော်တားကလည်း အဓိပ္ပါယ်ကို ကောင်းစွာ သဘောပေါက်ပေသည်။

အကယ်၍ ဂိုဏ်းကြီးငါးဂိုဏ်း ပူးပေါင်း၍ တစ်ဂိုဏ်းတည်း ပြုလုပ်မည့်ကိစ္စကို ဆရာကြီးမော်တားက သဘောတူလျှင် ကျိလင်ထန်က ဖေးပြောင်း အသတ်ခံရသည့်ကိစ္စကို မေ့ဖျောက်လိုက်မည်။ ဆရာကြီးမော်တားက သဘောမတူပါက သူ့အနေဖြင့် ရန်ငြွေးပြန်ဆပ်မည်ဟူသော သဘောပင် ဖြစ်သည်။

ဆရာကြီးမော်တားကို သေချာစူးစိုက်ကြည့်လိုက်ပြီး ကျိလင်ထန်က မေးလိုက်သည်။

“ဆရာကြီးမော်တား … ကျုပ်ပြောတဲ့ ကိစ္စကို ဘယ်လို သဘောရသလဲ”

ဆရာကြီးမော်တား အနေဖြင့် မည်သို့ ပြန်ပြောနိုင်တော့မည်နည်း။ သူ့တွင် အခြားရွေးစရာလမ်း ရှိတော့ချေ။ မခံချိမခံသာဖြင့် ငြိမ်နေလိုက်ရတော့၏။ ဆိတ်ဆိတ်နေ ဝန်ခံသည့် သဘောပင်ဖြစ်သည်။ ကျိလင်ထန်က အောင်ပွဲရသွားသော စစ်သူကြီး တစ်ယောက်ကဲ့သို့ ပြုံးလိုက်ပြီး …

“ချုံဆန်းဂိုဏ်း ကတော့ ဂိုဏ်းကြီးငါးဂိုဏ်း ပူးပေါင်းဖို့ ကိစ္စကို ကန့်ကွက်စရာ မရှိတော့ပါ ဘူးတဲ့။ ထိုက်ဆန်းဂိုဏ်းချုပ် နောင်ကြီး ထင်းမင်ရဲ့ သဘောထားကို သိပါရစေလား။”

ထိုက်ဆန်းဂိုဏ်းချုပ် ထင်းမင်သည် ထိုင်နေရာမှ ဝုန်းကနဲ ထရပ်လိုက်ပြီး ကျယ်လောင်သော အသံကြီးဖြင့် …

“ထိုက်ဆန်းဂိုဏ်းဟာ ဆရာကြီး ‘တုံးလင်’ လက်ထက်ကတည်းက တည်ထောင်လာတာ အခုဆိုရင် နှစ်ပေါင်း နှစ်ရာကျော်ခဲ့ပြီ။ ဒီလို ကြာရှည်တည်တံ့အောင် အဆင့်ဆင့် လုပ်ပေးခဲ့တဲ့ ဂိုဏ်းချုပ်ကြီးတွေရဲ့ ကျေးဇူးကို တစ်နေ့မှ ကျုပ်မမေ့ဘူး။ …

… ကျုပ်ရဲ့ အစွမ်းအစနည်းပါးလို့ ထိုက်ဆန်းဂိုဏ်းကို တိုးတက်အောင် မလုပ်ပေးနိုင်ပေမယ့် ကျုပ်လက်ထဲမှာ ထိုက်ဆန်းဂိုဏ်းကို အပျက် မခံနိုင်ဘူး။ … တကယ်လို့ အပျက်ခံလိုက်ရင်လည်း ကျုပ်လောက် မိုက်မဲတဲ့လူ ဒီလောကမှာ ရှိတော့မှာ မဟုတ်ဘူး။ ခေတ်အဆက်ဆက် ကွယ်လွန်သွားခဲ့တဲ့ ဂိုဏ်းချုပ်ကြီးတွေကလည်း တမလွန်ကနေ ကျုပ်ကို ကျိန်ဆဲလို့ ဆုံးတော့မှာ မဟုတ်ဘူး။ … ဒီလို ပူးပေါင်းပြီး တစ်ဂိုဏ်းတည်း ဖြစ်အောင် ဝါးမြိုမယ့်ကိစ္စကို ကျုပ်တော့ လုံးဝသဘော မတူနိုင်ဘူး”

ဤတွင် ထိုက်ဆန်းဂိုဏ်းထဲမှ ရသေ့ကြီးတစ်ပါး ထရပ်လာပြီး ဂိုဏ်းချုပ်ကြီး ထင်းမင်အား လှမ်းပြောလိုက်သည်။

“ထင်းမင် … မင်းအနေနဲ့ ဒီလို ပြောရင် မှားမှာပေါ့။ ထိုက်ဆန်းဂိုဏ်းမှာ ဂိုဏ်းသားပေါင်း လေးရာကျော်ရှိတယ်။ မင်းရဲ့ တစ်ကိုယ်ကောင်းဆန်တဲ့ စိတ်ကြောင့် ဂိုဏ်းကြီးရဲ့ အကျိုးကို ထိခိုက်လို့ ဘယ်ဖြစ်မလဲ”

ထိုစကားကို ပြောလိုက်သူမှာ ထင်းမင်ရသေ့ကြီးထက်ပင် ဝါစဉ်ကြီးပေသေး၏။

ထိုက်ဆန်းဂိုဏ်းထဲ၌ပင် သဘောထားအမျိုးမျိုး ကွဲနေသည်ကို တွေ့ရသောအခါ သိုင်းသမားများစွာမှာ တီးတိုး တီးတိုး ဖြစ်သွားလေတော့သည်။

“အဲဒါက ရသေ့ကြီး ရိကျီးပဲ။ သူက ဂိုဏ်းချုပ်ထင်းမင်ဆရာရဲ့ ဂိုဏ်းတူညီပေါ့။ ဒါကြောင့် သူက ဂိုဏ်းချုပ်ကြီးရဲ့ ဦးလေးတော်စပ်တယ်”

ရသေ့ကြီး ရိကျီး၏ ဆန့်ကျင်ဖက်စကားကို ကြားလိုက်ရသော ဂိုဏ်းချုပ်ကြီး ထင်းမင်မှာ မျက်နှာကြီး နီရဲလာသည် အထိ ဒေါသထွက်လာတော့၏။

“ဦးလေးရဲ့ စကားက ဘာသဘောလဲ။ ကျုပ်ဂိုဏ်းချုပ် စလုပ်တဲ့အချိန်ကစပြီး ဘယ်ကိစ္စမဆို ဂိုဏ်းရဲ့ အကျိုး ကျေးဇူးကို ရှေးရှုလုပ်ကိုင်ခဲ့တာချည်းပဲ။ ဂိုဏ်းကြီးငါးဂိုဏ်း ပူးပေါင်းဖို့ကို ကျုပ်ကန့်ကွက်တာကလည်း ထိုက်ဆန်းဂိုဏ်း မျိုးပြုတ်သွားမှာစိုးလို့ပဲ။ ဒီစေတနာထက် မွန်မြတ်တဲ့ စေတနာ ရှိဦးမလား။ … ဒါက ကျုပ်တစ်ကိုယ်ကောင်းဆန်လို့လား”

ဂိုဏ်းချုပ်ကြီး ထင်းမင်သည် ခက်ထန်စွာ ဆက်ပြောလိုက်သည်။
"ဒီမှာ ဦးလေး။ ဂိုဏ်းရဲ့ အကျိုးစီးပွားအတွက် ဂိုဏ်းချုပ်ကြီးတစ်ယောက်အနေနဲ့ ကျုပ်က တာဝန်ယူ စကားပြောနေတဲ့ အခါမျိုးမှာ ဦးလေးအနေနဲ့ တာဝန်မဲ့တဲ့ စကားမျိုး ဝင်မပြောပါနဲ့"
ရသေ့ကြီး ရိကျီးက တဟေးဟေး တဟားဟားဖြင့် ခနိုးခနဲ့ ရယ်ကာ ...
"မင်းပြောတဲ့ စကားတွေက ဘာအဓိပ္ပါယ်ရှိလို့လဲ။ ဘာများ အမြင်ကျယ်လို့လဲ။ ဂိုဏ်းကြီးငါးဂိုဏ်းသာ ပူးပေါင်းလိုက်ရင် ဘယ်လောက် အင်အားတောင့်တင်းသွားမလဲ။ ဘယ်လောက် နာမည်ကြီးသွားမလဲ။ သိုင်းလောကမှာ ဘယ်လောက် အရေးစိုက်ခံရမလဲ"
ရသေ့ကြီး ရိကျီးက သရော်သလို ပြောနေရာမှ လေသံပြောင်းကာ ...
"အဲဒီလို လုပ်လိုက်တာ အားလုံးအတွက် မကောင်းဘူးလား။ ဟေး ဟေး ဟေး။ ဒါပေမယ့် တစ်ခုတော့ ရှိတာပေါ့လေ။ မကောင်းတာ တစ်ခုတော့ ရှိတယ်။ အဲဒါကတော့ မင်းအနေနဲ့ 'ဂိုဏ်းချုပ်ကြီး ထင်းမင်' လုပ်လို့ မရတော့ဘူးပေါ့"
ထိုစကားကို ကြားလိုက်ရသောအခါ ဂိုဏ်းချုပ်ကြီး ထင်းမင်၏ ဒေါသများသည် မီးတောက်မီးလျှံများနှယ် တဟုန်းဟုန်း ထလာလေတော့၏။ မျက်လုံးများသည်လည်း မီးကျီးခဲများပမာ ရဲရဲနီလာပြီး အော်ဟစ်လိုက်တော့သည်။
"ကျုပ် ဂိုဏ်းချုပ်လုပ်ရတာ မလုပ်ရတာက အရေးမဟုတ်ပါဘူး။ ဒါပေမယ့် ထိုက်ဆန်းဂိုဏ်းဟာ ကျုပ်လက်ထဲမှာ ပျက်စီးသွားရတယ်ဆိုပြီး သမိုင်းတွင်ရစ်မှာ အဖြစ်မခံနိုင်ဘူး"
ရသေ့ကြီး ရိကျီးက ... "ဒါပေါ့ကွာ ... ပါးစပ်ကတော့ ဒီအတိုင်းပဲ ပြောရမှာပေါ့။ ဒီလိုမှ မပြောရင် ကိုယ့်အလွန်ဖြစ်နေမှာပေါ့။ ဒါပေမယ့် တကယ်တမ်းကျတော့ ဂိုဏ်းချုပ်နေရာကို မင်းအင်မတန် မက်မောတာ ငါသိပါတယ်ကွာ။ မင်းရဲ့ရာထူး သူများလက်ထဲ ရောက်မှာကို မင်းသိပ်စိုးရိမ်နေတာပါ။"
ရသေ့ကြီး ရိကျီး၏ စကားများမှာ မှုမမှန်ကြောင်း ထင်ရှားလာသည်။ သဘောထားကြီးဟန်၊ အမြင်ကျယ်ဟန်ဖြင့် ပြောနေခြင်း ဖြစ်သော်လည်း ဂိုဏ်းသားချင်း စည်းလုံးသည့် စကားများကို ပြောရမည့်အစား ရန်လိုသည့်စကားများကို ပြောနေသည်။ လေသံကလည်း ဖျောင်းဖျသည့်သဘောမျိုးမဟုတ်ပဲ မလိုတမာ လေသံမျိုးပေါက်နေသည်။
ဂိုဏ်းချုပ်ကြီး ထင်းမင်မှာ ဒေါသထွက်လွန်းလှသဖြင့် အသားများ တဆတ်ဆတ်တုန်ကာ အော်လိုက်၏။
"ဦးလေးက ကျုပ်ကို တကယ်ပဲ တစ်ကိုယ်ကောင်း စိတ်ရှိတဲ့လူလို့ ထင်နေလို့လား"
ပြောပြောဆိုဆိုဖြင့် သူက ရင်ပတ်တွင်းမှ မည်းနက်နေသော ဓားတိုလေး တစ်ချောင်းကို ဆွဲထုတ်လိုက်ကာ ...
"ကောင်းပြီ။ ကျုပ် ဒီနေ့ကစပြီး ဂိုဏ်းချုပ်မလုပ်တော့ဘူး။ ခင်ဗျားလုပ်ချင်ရင် သွားလုပ်"
ရင်ပတ်တွင်းမှ ဂိုဏ်းချုပ်ကြီးထင်းမင်က ဆွဲထုတ်လိုက်သော ဓားတိုလေးမှာ သာမည်ဓားတိုလေး မဟုတ်ချေ။ ထိုက်ဆန်းဂိုဏ်းကို စတင်တည်ထောင်ခဲ့သည့် 'ဆရာကြီး တုံးလင်' ၏ လက်ကျန်ပစ္စည်း ဖြစ်ပေသည်။ ခေတ်အဆက်ဆက်က ထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြရာ ယခုဆိုလျှင် ဤဓားတိုလေးသည် ထိုက်ဆန်းဂိုဏ်းချုပ်ကြီး၏ အမှတ်အသားဖြစ်နေချေပြီ။
ရသေ့ကြီးရိကျီးက ခနဲ့ပြုံးပြုံး၍ မေးလိုက်၏။ သူ့အပြုံးတွင် ကောက်ကျစ်စဉ်းလဲမှု အပြည့်ပါနေကြောင်း လူအတော်များများ သတိပြုလိုက်မိ၏။
"မင်းက အဲဒီ သမိုင်းဝင် ဂိုဏ်းချုပ် အမှတ်အသား ပစ္စည်းကို တကယ်ပေးရဲလို့လား"
"ဘာဖြစ်လို့ မပေးရဲရမှာလဲ"
ဂိုဏ်းချုပ်ကြီး ထင်းမင်မှာ အသံများပင် ပြာ၍နေချေပြီ။
ရသေ့ကြီး ရိကျီးမှာ ရေငတ်တုန်း ရေတွင်းထဲကျသွားသည့်ဟန်ဖြင့် ခပ်ပြောင်ပြောင်ပင် ပြောလိုက်သည်။
"ဒီလိုဆိုရင် ပေးပေတော့"
ပြောရင်းဆိုရင်းမှ ဂိုဏ်းချုပ်ကြီး ထင်းမင်၏ လက်ထဲမှ ဓားတိုလေးကို လုယူလိုက်တော့၏။
ရသေ့ကြီး ရိကျီးက တကယ်ယူမည် မထင်ထားသဖြင့် ဂိုဏ်းချုပ်ကြီးထင်းမင်မှာ အငိုက်မိသွားတော့၏။ သူ့လက်ထဲမှ ဂိုဏ်းချုပ်အမှတ်အသား ဓားတိုလေးမှာ ပါသွားတော့သည်။ သူက ခါးမှဓားရှည်ကို ရုတ်တရက် ဆွဲထုတ်လိုက်၏။
ရသေ့ကြီး ရိကျီးမှာ ပါးနပ်သူတစ်ယောက်ဖြစ်ရကား သူ့လက်ထဲသို့ ဓားတိုလေး ရောက်သွားသည်နှင့် နောက်ဖက်သို့ ဆုတ်သွားလိုက်သည်။ ချက်ချင်းလိုလိုပင် လူနှစ်ယောက်က သူ့ရှေ့၌ ကာရပ်လိုက်၏။ သူတို့က ဂိုဏ်းချုပ်ကြီး ထင်းမင်ကို တားဆီးလိုက်ပြီး မာကျောစွာဖြင့် ...

"ထင်းမင် ... မင်းဟာ ဘယ်လိုလူစားမျိုးလဲ။ ဂိုဏ်းချုပ်မှ ဖြစ်ထိုက်ရဲ့လား။ ကိုယ့်ထက် အသက်ရော၊ ဝါရော ကြီးတဲ့ လူကို စော်ကားရဲတယ်ပေါ့။ ငါတို့ဂိုဏ်းရဲ့ စည်းကမ်းကို မေ့သွားပြီလား။ ... ဂိုဏ်းစည်းကမ်းထဲမှာ ဘာပါသလဲ"

မီးတောက်မတတ် မျက်လုံးများဖြင့် ဂိုဏ်းချုပ်ကြီးထင်းမင် ကြည့်လိုက်သောအခါ သူ့အား စည်းကမ်းနှင့် ကိုင်ပေါက်နေသူများမှာ သူ၏ ဂိုဏ်းတူဦးလေးများ ဖြစ်ကြသော ရိဆန်းနှင့် ရိရင်းတို့ ဖြစ်ကြောင်းတွေ့ရ၏။

"ဦးလေးတို့ မျက်မြင်ပဲ။ ရိကျီးက ကျုပ်ဆီက ဘာကိုလုသွားသလဲဆိုတာ။ ဒါကို ကျုပ်က ဘာထပ်ရှင်းပြ နေရဦးမှာလဲ"

ရိရင်းက ပြုံးလိုက်ပြီး ...

"အေးလေ။ ငါတို့ မြင်သားပဲ။ ဘာဖြစ်သလဲ။ မင်းက ဂိုဏ်းချုပ်ရာထူးကို ရိကျီးကို လွှဲပြောင်းပေးလိုက်တယ်။ ရိကျီးက လက်ခံလိုက်တယ်။ အဲဒါ ဘာဖြစ်သလဲ"

ရိဆန်းကဝင်၍ ...

"ရိကျီးက မင်းရဲ့ ဦးလေးလည်း ဖြစ်တယ်။ အခုဆိုရင် ဂိုဏ်းချုပ်ကြီး ရိကျီးဖြစ်သွားပြီ။ ဒါကိုမင်းက ရန်မူဖို့ ကြိုးစားနေတယ်။ ကိုယ့်ရဲ့ ဝါစဉ်ကြီးပုဂ္ဂိုလ်ကို စော်ကားတာဟာ သေးသေးဖွဲ့ဖွဲ့ အပြစ်မဟုတ်ဘူး။ အင်မတန် ကြီးလေးတဲ့ အပြစ်ကြီးကွ"

ကောက်ကျစ်ယုတ်မာသော ပူးပေါင်းကြံစည်မှု နွံအတွင်းဝယ် နစ်မြုပ်သွားပြီ ဖြစ်ကြောင်း ဂိုဏ်းချုပ်ကြီး ထင်းမင် သိလိုက်ရသည်။ သို့သော် နောက်ကျသွားလေပြီ။ သူက ဒေါသဖြင့် အော်ဟစ်လိုက်သည်။

"ကျုပ် ဒေါသထွက်လို့ ပြောလိုက်တာပဲ။ ဂိုဏ်းချုပ်ကြီးနေရာဆိုတာ ဘယ်လောက် အရေးကြီးတယ် မှတ်သလဲ။ ဒီလောက်အရေးကြီးတဲ့ ဂိုဏ်းချုပ်နေရာကို လွယ်လွယ်ကလေးနဲ့ လွှဲပြောင်းပေးလို့ ဖြစ်နိုင်မတဲ့လား။ ပေးမယ်ဆိုရင်တောင် ရိကျီးကို မပေးနိုင်ဘူး။ သူ့ထက် သင့်လျော်တဲ့လူတွေ ဂိုဏ်းထဲမှာ အများကြီး ရှိနေတာပဲ"

ထိုအခိုက်အတန့်အတွင်းမှာပင် ထိုက်ဆန်းဂိုဏ်းသား တစ်ယောက်က ထ၍အော်လိုက်သည်။

"ခင်ဗျားတို့ ဘယ်လိုလူတွေလဲ။ ရှင်းနေတဲ့ကိစ္စကို ရှုပ်အောင် ဘာဖြစ်လို့လုပ်နေတာလဲ။ ထိုက်ဆန်းဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီးဟာ ဆရာကြီးထင်းမင်ပဲ။ ဒါကို ခင်ဗျားတို့က ဘာဖြစ်လို့ သဲကြီးမဲကြီး နှောင့်ယှက်နေရတာလဲ"

ထအော်လိုက်သူမှာ ဂိုဏ်းချုပ်ကြီးထင်းမင်၏ တပည့်တစ်ယောက်ဖြစ်သည်။ ထိုအခိုက်မှာပင် နောက်ထပ် လူတစ်ယောက်၏ အော်သံကို ကြားလိုက်ရပြန်၏။

"ဘာတွေ ပြောနေတာလဲ။ ဂိုဏ်းချုပ်ကြီးထင်းမင်က ဂိုဏ်းချုပ်ကြီးရာထူးကို ကျုပ်ဆရာရိကျီးကို တရားဝင် လွှဲပြောင်းပေးလိုက်တာ လူတိုင်း အမြင်အကြားပဲ။ ... အခုဆိုရင် ထိုက်ဆန်းဂိုဏ်းချုပ် အမှတ်အသားဟာ ရသေ့ကြီး ရိကျီးရဲ့ လက်ထဲမှာ ရောက်နေပြီ။ ဘယ်သူက ဘာပြောချင်သလဲ"

ထိုအခါ ရသေ့ကြီးရိကျီး၏ တပည့်တပန်းများက ကျွက်ကျွက်ညံအောင် အော်ဟစ်ထောက်ခံ ကြလေတော့၏။ အခြေအနေ မလှကြောင်းကို ဂိုဏ်းချုပ်ကြီးထင်းမင် သိလိုက်လေပြီ။ ထိုက်ဆန်းဂိုဏ်းမှာ သပ်အလျှိုခံထားရပြီး ဖြစ်ကြောင်းကို ယခုမှ သိလိုက်ရသည်။

ထိုက်ဆန်းဂိုဏ်းသား နှစ်ခန့် ရောက်လာသည့်အနက် လူပေါင်းတစ်ရာကျော်မှာ ရိကျီးတို့ဖက်မှ ဖြစ်နေသဖြင့် အင်အားအရ ဂိုဏ်းချုပ်ကြီး ထင်းမင် ရှုံးနိမ့်ခဲ့ရချေပြီ။

အခြေအနေကို စောင့်ကြည့်နေသော လင့်ဟူချုံးက ကောင်းစွာ နားလည်လိုက်မိသည်။ ဤကား ကျိုလင်ထန်၏ ကြိုတင်ပြင်ဆင် ထားချက်များသာတည်း။

ကျိုလင်ထန်သည် လွန်စွာ ကြောက်မက်ဖွယ်ကောင်းသော လူတစ်ယောက် ဖြစ်ချေ၏။ ရသေ့ကြီး ရိကျီးနှင့် တင်ကြို၍ လက်ဝါးချင်း ရိုက်ထားဟန်ရှိသည်။ ယခုအခြေအနေတွင် ဂိုဏ်းချုပ်ကြီးထင်းမင်၏ ဒေါသကြီးတတ်သော ပျော့ကွက်ကို နင်းကာ ဝိုင်းအကျပ်ကိုင် နေကြပေပြီ။

သူ့ဆရာ ရက်ပုချွန်ကို လင့်ဟူချုံး လှမ်းကြည့်လိုက်သည်။ ရက်ပုချွန်ကား မတုန်မလှုပ် ကျောက်ရုပ်ကြီးနှယ် ငြိမ်သက်နေသည်။ တစ်ခွန်းမျှ ဝင်ပြောမည့်ပုံ မပေါ်ချေ။ ယခုဖြစ်ပျက်နေသည့်ကိစ္စမှာ တရားသည် မတရားသည် အပထား၊ သူနှင့် လုံးဝ မသက်ဆိုင်ဟု သဘောထားနေပုံရသည်။

လင့်ဟူချုံး စိတ်ထဲမှ ...

"မျက်မြင်အခြေအနေအရ ရိကျီးတို့ မတရား လုပ်နေတာက ထင်ရှားနေတာပဲ။ ငါ့ဆရာဟာ 'သစ္စာရှင်ဓါး' လို့ နာမည်ရထားတဲ့လူ။ ဒီလို မတော်မတရား လုပ်နေတာမျိုးကိုတော့ ဆရာက ဘယ်နည်းနဲ့မှ သဘောတူမှာ မဟုတ်ဘူး ...

ဒါပေမယ့် ဆရာက လောလောဆယ် အခြေအနေ ဘယ်လိုပြောင်းသွားမလဲကို စောင့်ကြည့်ပြီး ဝင်မစွက်တာ ဖြစ်ရမယ်။ … ငါလည်း ဆရာ့ အရိပ်အကဲ ကြည့်ပြီး မီးစင်ကြည့် က,ရတော့မှာပဲ”

ရသေ့ကြီး ရိကျီးက သူ့လက်ထဲမှ ဓားတိုကို ဇော့ယမ်းပြပြီး အချက်ပေးလိုက်ရာ သူ့လူများက ချက်ချင်းပင် ဂိုဏ်းချုပ်ကြီး ထင်းမင်၏ ဘက်တော်သား ငါးဆယ်ခန့်ကို ဝိုင်းထားလိုက်ကြတော့၏။

သစ္စာမဲ့ဂိုဏ်းသား တစ်ရာ့ငါးဆယ်အား ဂိုဏ်းချုပ်ကြီးထင်းမင်က မဲ့ပြုံးပြုံးရင်း ကြည့်လိုက်ပြီးမှ သူ၏သစ္စာရှိ ဂိုဏ်းသား ငါးဆယ်ဖက်သို့ လှည့်လိုက်သည်။ သူ့ဓားကိုမြှောက်ကာ မိုးခြိမ်းသံကဲ့သို့ အော်ဟစ် ကြွေးကြော်လိုက်တော့၏။

“ထိုက်ဆန်းဂိုဏ်းရဲ့ သစ္စာရှိတဲ့ ဂိုဏ်းသားတွေအားလုံး ဒီနေ့ ဒီနေရာမှာ လေ့ခွက်ချည်းကျန် အလံမလှဲပဲနဲ့ အသက်စွန့်ပြီး တိုက်မယ်ဟေ့”

သူ့တပည့်များကလည်း ရဲရဲတောက် အော်ဟစ်ကြတော့၏။ သစ္စာရှိတပည့်များပါပေ။

“တိုက်မယ် .. တိုက်မယ် .. အားလုံးတိုက်မယ်။ .. အသက်စွန့်ပြီး တိုက်မယ်။ ဘယ်တော့မှ ဒူးမထောက်ဘူးကွ”

ထိုအခါ ရိကျီးတို့ဖက်မှ အခက်တွေ့သွားတော့၏။ ဂိုဏ်းချုပ်ကြီး ထင်းမင်၏ သိုင်းပညာမှာ သေးလှသည် မဟုတ်ချေ။ သူ့လူငါးဆယ်ကျော်က မခံချင်စိတ်ဖြင့် ကျားကုတ်ကျားခဲ တိုက်ခိုက်ပါက မိမိတို့ အထိနာပေလိမ့်မည်။

အခြားအကြောင်းတစ်ခုလည်း ရှိနေပေသေး၏။ တကယ်တမ်း တိုက်ခိုက်ကြပါက ရှောင်လင် ဆရာတော်ကြီးနှင့် ဟူတန်းဂိုဏ်းချုပ်ကြီးတို့က လက်ပိုက်ကြည့်နေမည်ဟု မျှော်လင့်၍မရချေ။ ဝင်ရောက် ဖျန်ဖြေပေးမည်မှာ မုချဆတ်ဆတ် ဖြစ်သည်။ လူအများက လူနည်းစုကို မတရား တိုက်ခိုက်ရခြင်းမှာလည်း သိုင်းလောကတွင် အမြင်မတော် ဆင်တော်နှင့် ခလောက် ဆိုသကဲ့သို့ ဖြစ်နေပေလိမ့်မည်။

ထိုစဉ် လူတစ်ယောက်က ရုတ်တရက် ထလာပြီး …

“မင်းတို့အားလုံး ဘာဖြစ်လို့ အငြင်းပွားနေရတာလဲ။ ငါက ကတိသစ္စာမရှိတဲ့လူဆိုရင် အရမ်းမုန်းတယ်ကွ။ လုံးဝ ကြည့်မရဘူး”

ထူးထူးခြားခြား ရိုင်းရိုင်းစိုင်းစိုင်း ထပြောလိုက်ခြင်းဖြစ်၍ လူတိုင်းက သူ့ကိုဝိုင်းကြည့်ကြ၏။ အရိုးဂေါင်ဂင် … ပိန်ပိန်ရှည်ရှည် မျက်ပေါက်ကျဉ်းကျဉ်းနှင့် အကြည့်ရ အလွန်ဆိုးသော လူတစ်ယောက် ဖြစ်၏။ မည်သူမည်ဝါမှန်းတော့ တပ်အပ်သေချာ မသိကြချေ။ ထိုလူသည် ပြောရင်းဖြင့် ဂိုဏ်းချုပ်ကြီး ထင်းမင် ရှိရာသို့ လျှောက်လာတော့၏။

လေသံအရ ထိုလူသည် ဂိုဏ်းချုပ်ကြီး ထင်းမင်ဘက်သို့ လိုက်တော့မယောင်ထင်ရ၏။ သို့သော် ဂိုဏ်းချုပ်ကြီး ထင်းမင် အနားသို့ ရောက်သောအခါ ရုတ်တရက်လေသံ ပြောင်းသွားပြီး

“မင်းဟာ ဘယ်လိုလူစားလဲကွ။ သိုင်းသမားဆိုတာ ကတိတည်ရတယ်။ မင်းက သာမန် သိုင်းသမားတောင် မဟုတ်ဘူး။ ထိုက်ဆန်းဂိုဏ်းချုပ်ကြီး ထင်းမင် လုပ်နေတာ။ စကားပြောရင် ကတိတည်မှပေါ့။ စောစောတုန်းကပဲ ဂိုဏ်းချုပ်ရာထူးကို ရိကျီးလက်ထဲ လွှဲပေးလိုက်ပြီ ပြောတယ်။ အခုတော့ မဟုတ်တော့ပြန်ဘူးလို့ ငြင်းတယ်”

“… ဒါဟာ ထိပ်သီး သိုင်းသမားတစ်ယောက်ရဲ့ စကားလား။ ယောကျ်ားတစ်ယောက်ရဲ့ စကားလား။ ဒီလို ကတိမတည်တာမျိုးကတော့ အင်မတန် မုန်းစရာကောင်းတယ်”

ဂိုဏ်းချုပ်ကြီး ထင်းမင်မှာ ဒေါသထွက်ပြီးရင်း ထွက်နေရတော့၏။

“ဟေ့ .. ဘာဖြစ်လို့ မင်းက ထိုက်ဆန်းဂိုဏ်းရဲ့ ကိစ္စထဲကို ဝင်ရှုပ်ရတာလဲ။ မင်းနဲ့ မဆိုင်ဘူး။ ဘေးဖယ်နေစမ်း”

“ကောင်းပါပြီ။ ငါဝင်မစွက်တော့ပါဘူး”

ထိုလူသည် အများအံ့သြရ လောက်အောင်ပင် လွယ်ကူစွာ ခေါင်းညိတ်ပြလိုက်ပြီး လှည့်ထွက် သွားမယောင် ပြုလိုက်သည်။ ပြီးတော့မှ ရုတ်ခြည်းကိုယ်ကို လှည့်လိုက်ကာ ဂိုဏ်းချုပ်ကြီး ထင်းမင်ကို တိုက်ခိုက်တော့သည်။

ဂိုဏ်းချုပ်ကြီး ထင်းမင်မှာ အဒိုက်မိသွားရပြန်သည်။ ဘာမဆိုင် ညာမဆိုင်လူက သူ့အား ဤမျှအထိ ကျူးလွန် စော်ကားမည်ဟု မထင်ထားမိခြင်းလည်းပါပေသည်။ ဤသို့ဖြင့် ဂိုဏ်းချုပ်ကြီးထင်းမင်မှာ ဖမ်းအချုပ်ခံ လိုက်ရတော့သည်။

ဂိုဏ်းချုပ်ကြီး ထင်းမင်၏ တပည့်များ သတိဝင်လာချိန်တွင် နောက်ကျသွားလေပြီ။ သူတို့၏ဆရာမှာ ရန်သူ့ လက်ထဲ၌ အချုပ်ခံနေရချေပြီ။ အားလုံး မလှုပ်ရှားရဲတော့ချေ။

ထိုလူက တဟားဟား ရယ်လိုက်ကာ …

“ကဲ … ဘာတတ်နိုင်သေးလဲ။ မင်းတို့လက်ထဲက ဓါးတွေအားလုံး လွှတ်ချလိုက်ကြစမ်း။ ငါ့စကားကို နားမထောင်ရင် မင်းတို့ဆရာရဲ့ လည်ပင်းကို ချိုးပစ်လိုက်မယ်။ .. လွှတ်ချကြလေ။ ဘာရပ်နေတာလဲ”

ပြောပြောဆိုဆိုဖြင့် ဂိုဏ်းချုပ်ကြီးထင်းမင်၏ ဆံထုံးကို ထိုလူက ဆုပ်ကိုင်လိုက်သည်။ သူ့စကားအတိုင်း မနာခံလျှင် လက်တွေ့ လုပ်ပြမည်ဟု ခြိမ်းခြောက်လိုက် ခြင်းပေတည်း။ အငိုက်ဖမ်းပြီး အကြောပိတ်ခံလိုက်ရသဖြင့် ဂိုဏ်းချုပ်ကြီး ထင်းမင်မှာ မည်သို့မျှ မတတ်နိုင်ရှာပဲ ဖြစ်နေရ၏။

ထိုအခိုက်မှာပင် ဂိုဏ်းချုပ်ကြီးထင်းမင်က ဝေါကနဲ သွေးများ ထိုးအန်လိုက်လေသည်။ အလန့်တကြား ဖြစ်သွားသော ဖမ်းချုပ်ထားသူသည် လက်ကို လျှော့ပေးလိုက်မိစဉ်မှာပင် ဂိုဏ်းချုပ်ကြီးထင်းမင်၏ ခန္ဓာကိုယ်သည် ရိပ်ကနဲ လည်လာတော့၏။

သူ၏ လက်နှစ်ဖက်သည် မြောက်တက်လာပြီး သူ့အား ဖမ်းချုပ်ထားသူ၏လည်ပင်းကို ဖမ်းဆုပ်ကာ လည်ပင်းရိုးကို ချွတ်ကနဲ ချိုးချလိုက်လေတော့၏။ လျှပ်တစ်ပြက်အတွင်း ထိုသူမှာ မည်သည့်စကားမျှ မပြောနိုင်ပဲ သေဆုံးသွားတော့သည်။

ထိုလူအား ဆွဲကိုင်မြှောက်လိုက်ပြီး အဝေးသို့ ဂိုဏ်းချုပ်ကြီး ထင်းမင်က လွှင့်ပစ်လိုက်သောအခါ အရုပ်သဖွယ် လွင့်ထွက်သွားပြီး မြေကြီးပေါ်သို့ ကျသွားလေတော့သည်။ လုံးဝ အသက်မရှိတော့သည်မှာ ထင်ရှားသည်။

ဂိုဏ်းချုပ်ကြီး ထင်းမင်သည် ခန္ဓာကိုယ်ကို ဖြည်းညင်းစွာ လှည့်လိုက်ပြီး ရသေ့ကြီး ရိကျီးကို မီးထွက်မတတ် မျက်လုံးများဖြင့် ကြည့်လိုက်ကာ သူကိုယ်တိုင်လည်း စူးစူးဝါးဝါး တစ်ချက်အော်ဟစ်လျက် လဲကျသွားတော့၏။ သူသည်လည်း အသက်ပျောက်သွားချေပြီ။

အဖြစ်မှန်ကား သိုင်းသမားထု အလယ်တွင် ဖမ်းချုပ်ခြင်း ခံလိုက်ရသဖြင့် ဂိုဏ်းချုပ်ကြီး ထင်းမင်သည် အလွန်တရာ ရှက်သွားသည်။ ဒေါသလည်း အလွန်တရာ ထွက်နေသည်။ အသက်ထက် အရှက်ဒေါသက ကြီးသွားသဖြင့် ပိတ်နေသည့် အကြောများကို အတွင်းအားဖြင့် ဖြတ်တောက်လိုက်ပြီး အဆုံးစွန်သော အားကိုထုတ်လျက် ရန်သူအား လည်တိုင် ချိုးပစ်လိုက်ခြင်း ဖြစ်ပေသည်။ သူကိုယ်တိုင်လည်း အကြောများ ပြတ်သွားသဖြင့် အသက်မရှင်နိုင်တော့ပေ။

ဂိုဏ်းချုပ်ကြီး ထင်းမင်၏ တပည့်များက 'ဆရာ' ဟု အော်ရင်း ပြေးလာကြသည်။ သူတို့ ပွေ့ယူလိုက်သော ဂိုဏ်းချုပ်ကြီး ထင်းမင်မှာ အသက်မရှိတော့ကြောင်း တွေ့ရသောအခါ အားလုံးပင် ချုံးပွဲချ ငိုလိုက်တော့၏။

မြွေနှင့် နကျယ်ကောင်ပမာတည်း။ တစ်ခါက နကျယ်ကောင်တစ်ကောင်သည် မြွေ၏ မျက်လုံးများအကြားကို ဝင်၍ ကိုက်ခဲခဲ့သည်။ ထိုနကျယ်ကောင်ကို မြွေသည် ထွက်ပြေးစေရန် မည်သို့မျှ မတတ်နိုင်ပဲ ဖြစ်နေသောအခါ တစ်ခုသော လှည်းလမ်းမှ ဖြတ်သန်းလာသော လှည်းဘီးအောက်သို့ မိမိခေါင်းကို ထိုးထည့်လိုက်ပြီး နကျယ်ကောင်ကို လက်စားချေရင်း မိမိ၏ အသက်ကိုပါ အဆုံးရှုံးခံ လိုက်လေတော့၏။

ဂိုဏ်းချုပ်ကြီး ထင်းမင်သည် လက်စားချေရန်အတွက် မိမိ၏ အသက်ကို စွန့်လွှတ်ခဲ့ချေပြီတကား။

ထိုစဉ် လူအုပ်ထဲမှ လူတစ်ယောက်က ...

"ဂိုဏ်းချုပ် ကျိုလင်ထန် .. ခင်ဗျားဟာ အတော်ကလေး ရက်စက်ပါလား။ အရှေ့ပင်လယ်က ဘီလူးကြီးကို ခေါ်ပြီးတော့ ဂိုဏ်းချုပ်ကြီး ထင်းမင်နဲ့ ရင်ဆိုင်ခိုင်းတာကတော့ အတော်ကလေး လွန်တယ်ထင်တယ်။ ... ခင်ဗျားက အားလုံး အကွက်ရိုက်ထားတာကိုး"

ထိုစကားကို ပြောလိုက်သူမှာကား ဝက်သားပေါင်းရောင်းသော သိုင်းဆရာကြီး 'ဟိုဆန်း' ဖြစ်လေ၏။ သူသည်ကား လူထူးလူဆန်း သိုင်းဆရာကြီး တစ်ဦးဖြစ်ရာ သူသဘောမကျလျှင် မကျသလို ပြောတတ်သူ ဖြစ်သည်။

လူတိုင်းလူတိုင်းသည် အရှေ့ပင်လယ်က ဘီလူးကြီးဟူသော နာမည်ကို ကြားလိုက်သောအခါ တုန်လှုပ်သွားကြတော့၏။

စောစောက အရိုးဂေါင်ဂင်၊ ပိန်ပိန်ရှည်ရှည် မျက်ပေါက် ကျဉ်းကျဉ်းနှင့် လူကို မသိကြသော်လည်း နာမည်ကို ကြားလိုက်ရသောအခါ သူ၏ ကျော်ကြားမှုကို ကောင်းစွာ သိလိုက်ကြသည်။ အရှေ့ပင်လယ်က ဘီလူးကြီးဆိုသည်မှာ အလွန်တရာ ရက်စက်ယုတ်မာသလို ကောက်ကျစ်သူလည်း ဖြစ်သည်။ လုယက်တိုက်ခိုက်တတ်ရုံမက အသက်ကိုလည်း သတ်ဖြတ်သည်။ တော်တည့်ဖြောင့်မှန်သူ မဟုတ်၊ ဆိုးဝါးညစ်ညမ်းသူ ဖြစ်သည်။

ကလေးသူငယ်များကအစ ကောင်းစွာ သိကြသည်။ မိဘများသည် အငိုတိတ်ရန် ချော့မော့၍ မရသည့်အဆုံး ကလေးများကို အရှေ့ပင်လယ်က ဘီလူးကြီးလာပြီဟု ခြောက်လှန့်ကြသည်။ လင့်ဟူချုံးသည်လည်း ဤနာမည်ကို ကောင်းစွာ ကြားဖူးပြီး ဖြစ်သည်။ လိန်လိန်ငယ်စဉ်တုန်းက အငိုမတိတ်လျှင် သူ့ဆရာမ ဖူးလင်သည်ပင် ထိုနာမည်ကို သုံး၍ အငိုတိတ်အောင် ခြောက်လှန့်ခဲ့ဖူးပေ၏။

လိန်လိန့်အကြောင်း စဉ်းစားမိသဖြင့် လိန်လိန့်အား လှမ်းကြည့်လိုက်သည်။ လိန်လိန်သည် ကောင်းဆန်းတောင်ထိပ်

တွင် စိတ်ရှိဟန်မတူ။ အဝေးရှိ တောင်တန်းကြီးများကို ငေးမောကြည့်နေရှာသည်။ သူမ၏ မျက်နှာလေးတွင် ပျော်ရွှင်လန်းဆန်းမှုဟူ၍ လုံးဝမရှိ။ ညှိုးငယ် နွမ်းလျနေရှာသည်။

"ညီမလေးဟာ သတို့သမီး အသစ်ကလေးပဲ။ လင်မိန်ကျက်ကလည်း သူချစ်သူပဲ။ သူတို့ လက်ထပ်ပြီးပြီဆိုရင် သူတို့လောက် ဝမ်းသာတဲ့လူ ဘယ်မှာရှိတော့မလဲ။ ... ကိုယ်ချစ်တဲ့သူနဲ့ လက်ထပ်ရတာလောက် ဝမ်းသာစရာကောင်းတာမျိုး ဘယ်မှာ ရှိမလဲ"

လိန်လိန်ရှိရာသို့ ထပ်မံလှမ်းကြည့်လိုက်သော အခါတွင်လည်း အဝေးသို့ ငေးမောနေသော လိန်လိန့်ကိုသာ လင့်ဟူချုံး ထပ်တွေ့လိုက်ရပြန်၏။

"ညီမလေး အခုလောက် ငေးမှိုင်နေပုံထောက်ရင် ဘာများ စိတ်သောက ရောက်နေလဲ မသိဘူး။ သူတို့ လင်မယားနှစ်ယောက် စိတ်ကောက် စကားများ ထားလို့ပဲ ဖြစ်ရမယ်"

တွေးနေရာမှ လင်မိန်ကျက်အား လှမ်းကြည့်လိုက်မိပြန်သည်။ လင်မိန်ကျက်သည် လိန်လိန့်ဘေးတွင် ရပ်လျက်ရှိ၏။ သူ့မျက်နှာတွင် အလွန်တရာ ထူးဆန်းသော အမူအရာများ ပေါ်နေ၏။

ပြုံးကားပြုံး၏။ သို့သော် ပြုံးသည်လည်း မဟုတ်။

စိတ်ဆိုးနေပုံလည်း ပေါ်၏။ သို့သော် စိတ်ဆိုးသည်လည်း မဟုတ်။

မည်သို့ သရုပ်ခွဲရမည်ကို လင့်ဟူချုံး တစ်ယောက် မသိနိုင်ပဲ ဖြစ်နေတော့၏။ ဤကဲ့သို့သော အမူအရာမျိုးကို တစ်နေရာရာတွင် သူတွေ့ဖူးသကဲ့သို့ သတိရလိုက်၏။

"ဒီလို အမူအရာမျိုးကို ငါတွေ့ဖူးပါတယ်။ ဘယ်နေရာမှာ ပါလိမ့်"

လင့်ဟူချုံး အနေဖြင့် အပြင်းအထန် စဉ်းစားသော်လည်း မရနိုင်ပဲ ဖြစ်နေတော့သည်။

ထိုစဉ် ကျိုလင်ထန်က ...

"နောင်ကြီး ရိကျီး ... ခင်ဗျားဟာ အခုအချိန်မှာ ထိုက်ဆန်းဂိုဏ်းချုပ်ကြီး ဖြစ်သွားပါပြီ။ ခင်ဗျားကို ကြိုဆိုရင်းနဲ့ ခင်ဗျားအတွက် ကျုပ်က ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောလိုပါတယ်။ ကဲ ... နောင်ကြီးအနေနဲ့ အခုဂိုဏ်းကြီးငါးဂိုဏ်း ပူးပေါင်းတဲ့ ကိစ္စကို ဘယ်လို သဘောရပါသလဲ။ နောင်ကြီးရဲ့ စိတ်သဘောထားကို ပွင့်ပွင့်လင်းလင်း ပြောပါ။ အားလုံးရှင်းရှင်းလင်းလင်း ဖြစ်သွားတာပေါ့"

ကျိုလင်ထန်၏ အကွက်မြင် ပါးနပ်မှုကို အားလုံးသတိပြုမိလိုက်၏။ အရှေ့ပင်လယ် ဘီလူးကြီး အကြောင်းကို ကျိုလင်ထန်သည် တစ်ခွန်းတစ်ပါဒမျှ မဟတော့။ စကားလမ်းကြောင်း ပြောင်းလိုက်ခြင်းပင် ဖြစ်တော့သည်။

ထိုက်ဆန်းဂိုဏ်းချုပ် အမှတ်အသား ဓားတိုလေးကို ရသေ့ကြီး ရိကျီးက ကိုင်မြှောက်၍ ...

"ဂိုဏ်းကြီးငါးဂိုဏ်း ပူးပေါင်းတဲ့ ကိစ္စဟာ အားလုံးကို အကျိုးရှိစေတဲ့ ကိစ္စပဲ။ အင်အားတောင့်တင်းခိုင်မာအောင် ပြုလုပ်တဲ့ ကိစ္စပဲ။ ဘာဖြစ်လို့ သဘောမတူရမှာလဲ။ ကျုပ်အနေနဲ့ လုံးဝသဘောတူတယ်။ ကျုပ်နဲ့ ထိုက်ဆန်းဂိုဏ်းဟာ ဆရာကြီးရဲ့ ဦးဆောင်မှုနောက်ကို လိုက်မယ်လို့ ကတိပြုပါတယ်"

အားလုံးကလည်း ဤသို့ပင် မျှော်လင့်ထားကြသည်။ မျှော်လင့်ထားသည့်အတိုင်း ကြားရသောအခါ ရသေ့ကြီး ရိကျီးနှင့် ကျိုလင်ထန်တို့ လက်ဝါးချင်း ရိုက်ထားကြကြောင်း သေချာသွားလေတော့သည်။

ဂိုဏ်းချုပ်ကြီး ထင်းမင်၏ တပည့်များမှာ သူတို့၏ ဆရာမရှိ။ ခေါင်းဆောင်မည့်သူလည်း မရှိတော့ပဲ ဖြစ်နေရာ ရသေ့ကြီး ရိကျီး၏ စကားကို မကန့်ကွက်နိုင်တော့ပဲ ငြိမ်သက်၍သာ နေကြရတော့၏။

ကျိုလင်ထန်က ဆက်လက်၍ ...

"အားလုံး မျက်မြင်မှာ ထိုက်ဆန်းဂိုဏ်းနဲ့ ချုံဆန်းဂိုဏ်းက ပူးပေါင်းဖို့ သဘောတူညီလိုက်ပါပြီ။ အခြေအနေကို ကြည့်ခြင်းအားဖြင့်လည်း အားလုံးက ပူးပေါင်းချင်နေကြောင်း ပေါ်လွင်နေပါတယ်။ ... အဲသည်လို ပူးပေါင်းခြင်းကလည်း အားလုံးအတွက် အကျိုးရှိဖို့ဆိုတော့ ကျုပ်တို့ ကောင်းဆန်းဂိုဏ်းကလည်း အားလုံးရဲ့ သဘောကို လိုက်လျောရတော့မှာပေါ့။"

လင့်ဟူချုံးမှာ စိတ်ထဲမှ ရယ်နေမိတော့၏။ ကျိုလင်ထန်၏ အပြောပါပုံကို သဘောကျ၍ ဖြစ်သည်။

"ကျိုလင်ထန် ... ကျိုလင်ထန် ... ခင်ဗျားဟာ အကြံကြီးသလောက် ဥာဏ်နီဥာဏ်နက်များတယ်။ အပြောအဆိုလည်း ပါးနပ်တယ်။ ဒီအစီအစဉ်ကို ခင်ဗျားက စလုပ်တာပဲ။ အခုကျတော့ သူများတွေက လုပ်ကြလို့ ခင်ဗျားက နောက်ကလိုက်ရတဲ့သဘောမျိုး ရောက်အောင် ပြောတယ်။ အတော်ကို ရယ်စရာ ကောင်းတာပဲ"

ထိုစဉ် ကျိုလင်ထန်က ...

"ဂိုဏ်းကြီးငါးဂိုဏ်းထဲမှာသုံး ဂိုဏ်းက သဘောတူနေပါပြီ။ ကျန်တဲ့ ဝါဆန်းဂိုဏ်းနဲ့ ဟန်ဆန်းဂိုဏ်းရဲ့ သဘောက ဘယ်လိုများ ရှိမလဲ မသိဘူး။ ဟန်ဆန်းဂိုဏ်းချုပ် ဆရာမကြီး တင့်ရှန် ရှိတုန်းကတော့ ဂိုဏ်းကြီးငါးဂိုဏ်း ပူးပေါင်းဖို့ ကိစ္စကို သုံး လေးကြိမ်လောက် ဆွေးနွေးတိုင်ပင်ဖူးပါတယ်။ … အများကောင်းကျိုးဆိုတော့လည်း ဆရာမကြီးက သိပ်သဘောတူပါတယ်"

အတော်ပင် ကလိမ်ကလက် ပြောတတ်သော ကျိုလင်ထန်ပါကလား။ အသက်ထင်ရှား မရှိတော့ပြီ ဖြစ်သော တင့်ရှန်ဆရာမကြီးက သဘောတူသည်ဟု ဖြောင်လိမ်နေချေပြီ။ ထိုအခါ ဟန်ဆန်းဂိုဏ်းမှ မိန်းကလေး တစ်ယောက်က …

"ဂိုဏ်းချုပ်ကြီး ကျိုလင်ထန် … ရှင်ပြောတာ မှားနေပြီ။ ဂိုဏ်းချုပ် ဆရာမကြီး တင့်ရှန်နဲ့ ကျန်တဲ့ဆရာမကြီး တင့်ကျင့်ရော၊ တင့်ရီပါ ဒီပူးပေါင်းတဲ့ ကိစ္စကို ဘယ်တုန်းကမှ သဘောမတူခဲ့ပါဘူး။ သူတို့အားလုံး သေဆုံးသွားရတာလဲ အဲသည်လို သဘောမတူတဲ့ အတွက်ကြောင့်ပါပဲ"

စကားအဆုံးတွင် ပရိတ်သတ်အားလုံး ရုတ်ရုတ်သဲသဲ ဖြစ်သွားတော့၏။

ထိုစကားကို ထပြောလိုက်သူမှာ ကျက်ပန်းဖြစ်သည်။ သူမသည် ကောင်းဆန်းဂိုဏ်းကို နာကျည်းနေသူ တစ်ယောက် ဖြစ်ပေသည်။

ထိုစဉ် ထူးဆန်းသော အသံတစ်သံက …

"ဂိုဏ်းချုပ်ကြီး ကျိုလင်ထန် … ခင်ဗျားပြောတာ နည်းနည်း လွဲနေတယ်။ အမှန်တော့ ဒီကိစ္စနဲ့ ပတ်သက်ပြီး ဆရာမကြီး တင့်ရှန်နဲ့ ကျုပ် ကောင်းကောင်း တိုင်ပင် ဆွေးနွေးဖူးပါတယ်။ ဆရာမကြီးကတော့ ခပ်ရှင်းရှင်းပါပဲ။ … ခင်ဗျားကိုပဲ ဂိုဏ်းကြီးရဲ့ ဂိုဏ်းချုပ်ကြီး အဖြစ် ရွေးကောက် တင်မြှောက်ချင်သတဲ့"

ထိုစကားကို ကြားလိုက်ရသော ကျိုလင်ထန်မှာ အတိုင်းမသိ ဝမ်းသာသွားမိတော့၏။ မိမိဖာသာ အဆိုတင်၊ မိမိဖာသာ ချေပ၊ မိမိဖာသာ ထောက်ခံနေရသဖြင့် အမြင်မကောင်းလှပဲ ဖြစ်နေရာ ထိုလူ၏ စကားများမှာ သူ့အတွက် ပျားသကာကဲ့သို့ ချိုမြိန်လှတော့သည်။ ထိုစကားပြောသူကို ကြည့်လိုက်သောအခါ ရုပ်ရည် ထူးထူးဆန်းဆန်းနှင့် လူစိမ်းတစ်ယောက် ဖြစ်နေ၏။ မည်သူမှန်း သူမသိချေ။

သူတစ်ယောက်တည်း မဟုတ်ပဲ ဘေးပတ်လည်တွင်လည်း ရယ်စရာ ကောင်းသော လူထူးလူဆန်း နောက်ထပ် ငါးယောက် ရပ်နေသေးသည်။ ထိုသူများ အားလုံးကို ကျိုလင်ထန်အနေဖြင့် မသိပေ။

ထိုသူများကား အခြားမဟုတ်။ ရှုပ်ရှုပ်ပွေပွေ ထူးထူးဆန်းဆန်းလုပ်တတ်သည့် အံ့ဖွယ်ခြောက်ယောက်တို့သာတည်း။

ကျိုလင်ထန်၏ စိတ်ထဲမှ အလွန်သဘောကျသွားသည်။ မိမိဆင်ထားသည့် အကွက်ကို ချိုးပေးမည့် လူများ ပေါ်လာပြီဟု ဝမ်းသာသွားသော်လည်း မျက်နှာတွင်မူ ဝမ်းသာမှု တစိုးတစိမျှ မဖော်ပြပေ။

"နောင်ကြီးရဲ့ နာမည်ကို မသိရဘူးလား။ ဆရာမကြီး တင့်ရှန်က အဲသည် စကားမျိုး ပြောခဲ့တာတော့ မှန်ပါတယ်။ ဒါပေမယ့် ဒီနေရာ ဒီအချိန်မျိုးမှာ ဆရာမကြီးရဲ့ စကားအတိုင်း ကျုပ်က တိုက်ရိုက်ကြီးပြောချလို့ ဘယ်သင့်လျော်မလဲ။ ဒါကို နောင်ကြီးတို့ အားလုံးလဲ နားလည်ပါလိမ့်မယ်။ … ဆရာမကြီး တင့်ရှန်ရှိတုန်းကဆိုရင်တော့ ကျုပ်က သူပြောတဲ့ အတိုင်း ဆောင်ရွက်ဖို့ ခက်နေတာပေါ့လေ။ ကျုပ်အနေနဲ့ ယှဉ်ရင် အများကြီး ကွာခြားနေသေးတယ် မဟုတ်လား"

ထူးထူးဆန်းဆန်း အသံဖြင့် ကျိုလင်ထန်ကို မြှောက်ပင့်ပြောကြားလိုက်သူမှာ ထောင်ကန်းဖြစ်သည်။ ထောင်ကန်းသည် ဣန္ဒြေရရဖြင့် ချောင်းဟန့်လိုက်သည်။

"ကျုပ်နာမည်ကို ဂိုဏ်းချုပ်ကြီးက သိချင်လို့လား။ ဒါဆိုရင်တော့ ပြောပြရမှာပေါ့လေ။ ကျုပ်က 'ထောင်ကန်း' တဲ့။ သူတို့ ငါးယောက်ကတော့ ကျုပ်ရဲ့ ညီအစ်ကိုတွေပါပဲ"

ကျိုလင်ထန်က …

"သြော်၊ သြော်၊ လက်စသတ်တော့ အံ့ဖွယ်ခြောက်ယောက်ဆိုတာကိုး။ လူမမြင်ဖူးပေမယ့် နာမည်တော့ ကြားဖူးပြီး သားပါ။ ခင်ဗျားတို့ကို ဂုဏ်ပြုပါတယ်ဗျာ။ ဂုဏ်ပြုပါတယ်"

ကျိုလင်ထန်သည် 'ဂုဏ်ပြုပါတယ်' ဆိုသော စကားကို တွင်တွင် ပြောနေသော်လည်း မည်သည့်အရာကို ဂုဏ်ပြုနေမှန်း မသိချေ။ ထောင်ကန်းက အသစ်ဖွဲ့စည်းမည့် ဂိုဏ်းကြီးတွင် သူ့အား ဂိုဏ်းချုပ်အဖြစ် တင်သင့်ကြောင်း ပြောလိုက်၍ ဤစကားကို တွင်တွင်ပြောနေသည်လား မသိနိုင်ပေ။

ထောင်ကျက်က ဝင်ကြဲတော့၏။

"ခင်ဗျားက ဘာတွေ 'ဂုဏ်ပြုနေတာလဲ' … ကျုပ်တို့ကတော့ ဘာမှ နားမလည်ဘူး။ ခင်ဗျားပြောနေတာက ကျုပ်တို့

သိုင်းပညာ တော်တာကိုလား။ ဒါမှမဟုတ် ဉာဏ်ပညာ ထက်မြက်တာကိုလား။ ရှင်းရှင်းလင်းလင်း ပြောမှပေါ့"

လူပါးလူနပ်ဖြစ်သော ကျိုလင်ထန်သည် ထောင်ကျက်၏စကားကို ကြားလိုက်ရသည်တွင် အခြေအနေကို ကောင်းစွာ အကဲခတ်မိသွားတော့၏။ စိတ်ထဲမှ ...

"လက်စသတ်တော့ ဒီ ခြောက်ယောက်က လူကောင်းတွေမှ မဟုတ်ပဲ။ လူပေါတွေကိုး"

အခြေအနေအရ ဤ ခြောက်ယောက်ကို မြှောက်ပင့် ဆက်ဆံရမည် ဖြစ်ကြောင်း ကျိုလင်ထန်က ကောင်းကောင်းကြီး သိနေ၏။

ထို့ကြောင့် ကျိုလင်ထန်က ပြုံးရွှင်သော မျက်နှာထားဖြင့် "ခင်ဗျားတို့ အံ့ဖွယ် ခြောက်ယောက်က သာမညလူတွေမှ မဟုတ်တာပဲ။ လက်ရုံးရည်ရော၊ နှလုံးရည်ရော အင်မတန် ပြည့်ဝတဲ့ လူတွေပဲ။ ဒီတော့ နှစ်မျိုးစလုံးအတွက် ကျုပ်က ဂုဏ်ပြုတာပါဗျာ"

ထောင်ကန်း ... "ကျုပ်တို့ရဲ့ သိုင်းပညာကတော့ မဖြစ်စလောက်လေးပါ။ ဒီတော့ ကျုပ်တို့ တစ်ယောက်ချင်း တိုက်မယ်ဆိုရင်တော့ ခင်ဗျားကို ဘယ်လိုမှ မနိုင်နိုင်ပါဘူး။ ဒါပေမယ့် ၆ ယောက်စလုံး ဝိုင်းတိုက်မယ်ဆိုရင်တော့ နိုင်လိမ့်မယ်"

ထောင်ဝါး ... "ဒီလို ပြောလိုက်လို့ သိပ်တော့ ဘဝင်မြင့် မသွားနဲ့ဗျို့။ ဉာဏ်ရည်မှာတော့ ကျုပ်တို့က ခင်ဗျားထက် အများကြီးသာတယ်။ ဘယ်လိုမှ ယှဉ်လို့ မရဘူး"

ကျိုလင်ထန်မှာ မျက်မှောင်ကုတ်လာတော့သည်။ သို့သော်လည်း ပါးစပ်ကမူ အလိုက်သင့် အလျားသင့် ပြောလိုက်ရ သည်။

"ဩော် .. ဟုတ်လား"

ထောင်ဝါးက ...

"သိပ်ဟုတ်တာပေါ့။ ဟိုးတစ်နေ့တုန်းက ဆရာမကြီး တင့်ရှန်က အဲဒီလိုပဲ ပြောတာ။ ဆရာမကြီးက မဟုတ်မမှန်တဲ့ စကားကို ဘယ်တော့မှ မပြောဘူး"

ထောင်ရက်က ...

"ဆရာမကြီး တင့်ရှန်၊ တင့်ကျန်နဲ့ တင့်ရီတို့က ဘုရားကျောင်းမှာ အပျင်းပြေ ထိုင်ပြီး စကားပြောနေကြရင်းနဲ့ ဂိုဏ်းကြီးငါးဂိုဏ်း ပူးပေါင်းတဲ့ အကြောင်း ရောက်လာတယ်။"

ဂိုဏ်းချုပ်သစ် ရာထူးနှင့် ပတ်သက်၍ အံ့ဖွယ်ခြောက်ယောက်တို့ထံမှ သူ့အတွက် ကောင်းမွန်သော စကားကို ရှေးဦးစွာ ကြားခဲ့ရပြီး ဖြစ်သော ကျိုလင်ထန်က ဝမ်းသာအားရဖြင့် ထောက်ပေးလိုက်သည်။

"ဟုတ်လား ... ဆရာမကြီးတွေက ဘာအကြောင်းတွေများ ပြောကြပါလိမ့်"

ထောင်ရက်က သူ့စကားကို ပြန်ဆက်သည်။

"ဟာ ... ပြောတာပေါ့။ ဆရာမကြီး တင့်ရီက ပြောတယ်။ ဂိုဏ်းကြီးငါးဂိုဏ်းကို ပူးပေါင်းပြီး တောင်ငါးလုံးဂိုဏ်း ကြီးကို တည်ထောင်မယ်ဆိုရင် ကောင်းဆန်းဂိုဏ်းက ဂိုဏ်းချုပ်ကြီး ကျိုလင်ထန်ကို ဂိုဏ်းချုပ်ကြီးအဖြစ် ရွေးကောက် တင်မြှောက်သင့်တယ်လို့ ပြောတယ်"

ကျိုလင်ထန်၏ မျက်နှာ ပြုံးရွှင်သွားသည်။ အချိုရှာ သကာတွေ့နေချေပြီ။

"ဒါကတော့ ကျုပ်ကို ဆရာမကြီး တင့်ရီက သက်သက် အထင်ကြီးတာပါ။"

ထောင်ကန်းက ဝင်၍ ...

"သိပ်လည်း ဝမ်းသာမနေနဲ့ဦး။ တင့်ကျင့် မယ်သီလရင်ကြီးက ပြောပြန်တယ်။ 'သိုင်းလောကမှာ ကောင်းဆန်းဂိုဏ်း ချုပ်ကြီးဟာ လူတော် တစ်ယောက်ပါပဲ ... ဒါပေမယ့် သူက သဘောထား သေးသိမ်တယ်။ တစ်ကိုယ်ကောင်းစိတ် သိပ်ကြီးတယ်။ ဒါကြောင့်မို့ သူ့ကိုသာ ဂိုဏ်းကြီးငါးဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီးရာထူးကို ပေးလိုက်ရင်တော့ ငါတို့ဂိုဏ်းက မိန်းကလေးတွေ အများကြီး ဒုက္ခရောက်တော့မှာပဲ' တဲ့။"

ကျိုလင်ထန်၏ မျက်နှာကြီးမှာ ချက်ချင်းပင် မည်းကန် ဖြစ်သွားတော့သည်။ ဤလူပေါများသည် မိမိအား ဘယ်အထိ ဒုက္ခပေးဦးမည် မသိ။

ထောင်ရှမ်းက ... "ဆရာမကြီး တင့်ရှန်က ပြောလိုက်သေးတယ်။ ဘက်မလိုက်ပဲ အမှန်အတိုင်း ပြောရရင်တော့ ဂိုဏ်းချုပ်ကြီး နေရာအတွက် အင်မတန် သင့်လျော်တဲ့ လူစွမ်းကောင်းခြောက်ယောက် ရှိတယ်။ သူတို့တွေဟာ သိုင်းပညာ တော်ရုံတင်ဆိုရင် သူ့အနေနဲ့ မပြောဘူးတဲ့။ ဉာဏ်အမြော်အမြင်လဲ ရှိတယ်။ ... တောင်ငါးလုံး ဂိုဏ်းချုပ်ကြီးနေရာကို

ထိုက်ထိုက်တန်တန် လုပ်နိုင်တဲ့ လူတွေတဲ့"

ကိုလင်ထန်က ခနဲ့ပြုံးပြုံးလိုက်ပြီး ...

"ဘာ ... လူစွမ်းကောင်းခြောက်ယောက် ... ဟုတ်လား ... ဘယ်ကခြောက်ယောက်လဲ"

ထောင်ဝါးက ... "ဟာ ... ဂိုဏ်းချုပ်ကြီး ကိုလင်ထန် တွေးတောရတာ သိပ်ပင်ပန်းသွားပြီနဲ့တူတယ်။ တစ်ခြားလူတွေ မဟုတ်ရပါဘူးဗျာ။ လူစွမ်းကောင်းခြောက်ယောက်ဆိုတာ ကျုပ်တို့ ညီအစ်ကိုခြောက်ယောက်ကို ပြောတာပါ"

ထိုစကားကို ကြားလိုက်ရသောအခါ တောင်ထိပ်ရှိ သိုင်းပရိသတ် အားလုံးလိုလိုက 'ဝါး' ကနဲ ရယ်လိုက်မိကြတော့၏။ ဤလူများထဲတွင် အတော်များများသည် အံ့ဖွယ်ခြောက်ယောက်ကို မသိကြချေ။ သို့သော် သူတို့ ညီအစ်ကိုခြောက်ယောက်၏ မင်းသားပျက် ရုပ်ရည်မျိုးဖြင့် ဤစကားမျိုးကို ပြောလိုက်သောအခါ အားလုံး မရယ်ပဲ မနေနိုင်ကြတော့ချေ။

ထောင်ကျက်က ... "ခင်ဗျားတို့ သိပ်ရယ်မနေကြနဲ့။ သူပြောတာ အမှန်တွေချည်းပဲ။ ဆရာမကြီး တင့်ရှန်က တောင်ငါးလုံး ဂိုဏ်းကြီးမှာ ဒီလူစွမ်းကောင်းခြောက်ယောက်ကို ဂိုဏ်းချုပ်အဖြစ် ခန့်သင့်တယ်လို့လဲ ပြောလိုက်ရော ဆရာမကြီး တင့်ရီက လက်ခုပ်လက်ဝါးတီးပြီး ချက်ချင်းသဘောတူတာပဲ။ ... ဘယ်သဘောမတူပဲ ရှိပါ့မလဲဗျာ။ သူတို့က လူရည်လူကဲကို သိပ်သိတတ်တဲ့ ဆရာမကြီးတွေ မဟုတ်လား"

နားထောင်နေသော လင့်ဟူချုံးမှာ စိတ်ထဲမှ ကျိတ်ရယ်နေမိတော့၏။ အံ့ဖွယ်ခြောက်ယောက်တို့၏ စကားများသည် အလွန်ပင် အတိုင်အဖောက် ညီနေသည်။ ယခင့်ယခင် အချိန်များကဲ့သို့ တစ်ဦးနှင့် တစ်ဦး ကပ်သပ်၍ ငြင်းနေကြခြင်း မဟုတ်ချေ။ အတိုင်အဖောက် ညီညီဖြင့် စကားစစ်ထိုးနေကြခြင်း ဖြစ်ပေသည်။

မည်သည့် အကြံအစည်ဖြင့် ဤသို့ ပြုလုပ်နေကြပါသနည်း။

ကိုလင်ထန်အား နှောင့်ယှက်ရန်မှတပါး အခြား မရှိနိုင်ချေ။

ကိုလင်ထန်သည် သေဆုံးသွားပြီဖြစ်သော လူက ပြောခဲ့သည်ဟုဆိုကာ သူပြောလိုသော စကားများကို အခိုင်အမာ လုပ်ရန် ကြိုးစားခဲ့ရာ ယခုတော့ အံ့ဖွယ်ခြောက်ယောက်၏ ထိုးနှက်မှုကြောင့် သူ့အကြံအစည် ရေစုန်မျောရချေပြီ။ မည်သို့ လုပ်ရမည်ကို ကိုလင်ထန်တစ်ယောက် စဉ်းစားမရအောင် ဖြစ်နေတော့သည်။

ကောင်းဆန်းတောင်ထိပ်သို့ ယနေ့ ရောက်လာသူများထဲတွင် အများစုက ကိုလင်ထန်၏ အကြံကို သိရှိ ရိပ်မိကြ၏။

မလိမ့်တပတ်ဖြင့် ဂိုဏ်းကြီးငါးဂိုဏ်း ပူးပေါင်းရန်အကြံကို လူအများစုက သဘောမတူချင်ကြသဖြင့် အံ့ဖွယ်ခြောက်ယောက်၏ ထိုးနှက်ချက်များကို တပြုံးပြုံးဖြင့်ကြည့်ကာ ပွဲကျနေကြတော့၏။ ကိုလင်ထန်ကို နိုင်မည့်သူများ ပေါ်လာပြီဟု သဘောကျနေခြင်း ဖြစ်တော့၏။

ထိုစဉ် လူထုထဲမှ တစ်ယောက်က ...

"ဟေ့ ... မင်းတို့ ညီအစ်ကိုခြောက်ယောက်က ဟန်ဆန်းဂိုဏ်းက ဆရာမကြီးတွေနဲ့ စကားပြောတယ်ဆိုတာ ဘယ်သူတွေ တွေ့လိုက်သလဲ"

ဤတွင် ထောင်ကန်းက တဟားဟား ထရယ်တော့၏။ သိုင်းသမားများလည်း ထောင်ကန်းကို ကြည့်ရင်း ပြုံးစိစိ ဖြစ်လာကြကာ ထောင်ကန်း မည်ကဲ့သို့ ပြန်ဖြေမည်ကို နားစွင့်နေလိုက်ကြ၏။ ထောင်ကန်းက အတောမသတ်အောင် ရယ်နေပြီးမှ ...

"ဒါလား .. ကျုပ်တို့နဲ့ ဆရာမကြီးတွေ စကားပြောနေတာကို ကြားလိုက်ရတဲ့လူတွေ တစ်ပုံကြီးပေါ့။ အခုဒီကို ရောက်လာတဲ့ ဟန်ဆန်းဂိုဏ်းသားတွေ အကုန်လုံး ကြားတယ်။ ခင်ဗျားတို့ မယုံရင် မေးကြည့်လိုက်။ လက်တွေ့မေးပြီးမှ ယုံကြပါ။ ကဲ ... ငါပြောတာ ဟုတ်သလား။ မဟုတ်ဘူးလား။ ဖြေပါဦး ကျက်ပန်း"

ကျက်ပန်းသည် ရယ်ချင်စိတ်ကို အောင့်အည်းမျိုသိပ်၍ ...

"ဟုတ်ပါတယ်။ ဟုတ်ပါတယ်။ ဆရာမကြီးတွေနဲ့ အံ့ဖွယ်ခြောက်ယောက်တို့ပြောတာကို ကျွန်မတို့ အားလုံး ကြားပါတယ်။ ဒါပေမယ့် ဂိုဏ်းချုပ်ကြီး ကိုလင်ထန်နဲ့ ဆရာမကြီးတွေ ပြောတယ်ဆိုတဲ့ စကားကိုတော့ တစ်ခါမှ မကြားဖူးပါဘူး" ဟု အပြတ်ပြောလိုက်တော့၏။

ဟန်ဆန်းဂိုဏ်းသား အားလုံးတို့၏ စိတ်ထဲတွင် သူတို့၏ ဆရာမကြီးသုံးယောက်ကို သတ်ဖြတ်သောသူမှာ ကိုလင်ထန်ဖြစ်မည်ဟု တွက်ဆထားကြသဖြင့် ကိုလင်ထန်ကို ရန်သူကြီး တစ်ယောက်သဖွယ် သဘောထားခြင်း ဖြစ်သည်။ ထို့ကြောင့် ဟန်ဆန်းဂိုဏ်းနှင့် ပတ်သက်လာလျှင် ကိုလင်ထန်အတွက် မလွယ်ရေးချ မလွယ်ပင်တည်း။

× × × × ×

## စကားစစ်ထိုးပွဲ

ထောင်ကျက်က တဟဲဟဲ ရယ်ကာ ...

“တွေ့လား ... ကျုပ်က မုသားစကားဆိုရင် အဝေးက ရှောင်ကြဉ်တဲ့ လူစားမျိုးပါ။ ဒါကြောင့်မို့ ခင်ဗျားတို့ကို ကျုပ်က တစ်ခုလောက် ပြောချင်ပါတယ်။ ကျုပ်ပြောတဲ့ စကားဆိုရင် အားလုံးက ယုံကြည်ကြပါလို့ ... ဟဲဟဲ”

ထောင်ကျက်သည် သူ့စကားကို သူပြန်သဘောကျကာ ရယ်နေပြီးမှ ...

“နောက်ပိုင်းမှာ ဆရာမကြီး တင့်ရှန်က ဆက်ပြောသေးတယ်။ ဂိုဏ်းကြီးငါးဂိုဏ်းကို တစ်ဂိုဏ်းတည်း ဖြစ်အောင် ဖွဲ့စည်း တည်ထောင်မယ်ဆိုရင် ဂိုဏ်းချုပ်က တစ်ယောက်တည်း လိုမှာ ... အံ့ဖွယ်ညီအစ်ကိုတွေကငါးယောက်တောင် ဖြစ်နေတယ်။ အဲဒါ ဘယ်လို လုပ်သင့်သလဲတဲ့။ ... ညီလေး ထောင်ဝါး ဆရာမကြီး တင့်ရှန်က အဲသလို မေးတော့ ဆရာမကြီး တင့်ကျင့်က ဘယ်လို ပြန်ဖြေလိုက်သလဲ ... မင်းမှတ်မိသလား”

ထောင်ဝါးက ...

“မှတ်မိတာပေါ့ကွ။ အဲသည်တုန်းက ငါလည်း ရှိနေတာပဲ။ တင့်ကျင့်ဆရာမကြီးပြောတာ ခုထက်ထိ နားထဲက မထွက်သေးဘူး။ ဂိုဏ်းကြီးငါးဂိုဏ်းဟာ တောင်ငါးလုံးပေါ်မှာ တည်ရှိနေတာ ဆိုတော့ အံ့ဖွယ်ခြောက်ယောက်ထဲက ငါးယောက်ကို တောင်တစ်လုံးစီမှာထားပြီး အုပ်ချုပ်ခိုင်းမယ်။ ကျန်တဲ့ တစ်ယောက်ကတော့ ဂိုဏ်းချုပ်ကြီးလုပ်ပေါ့တဲ့”

ကောင်းဆန်းတောင်ထိပ်ရှိ သိုင်းသမားများမှာ ပြုံးရုံမက ဝါးလုံးကွဲ ရယ်ချလိုက်ကြတော့သည်။ ထောင်ဝါးက လက်ကာပြပြီး ဆက်ပြောသည်။

“ဒီတော့ ဆရာမကြီး တင့်ရီက ဘာပြောတယ် မှတ်သလဲ။ ‘အစ်မ တင့်ကျင့် ပြောတာ သိပ်မှန်တာပဲ။ အံ့ဖွယ်ခြောက်ယောက်ရဲ့ မိဘတွေဟာ သိပ်တော်တာပဲ၊ နောက်ပိုင်းမှာ ကျိုလင်ထန်ဆိုတဲ့လူဟာ ဂိုဏ်းကြီးငါးဂိုဏ်းကို တစ်ဂိုဏ်းတည်းဖြစ်အောင် ပူးပေါင်းမယ်ဆိုတာ အကြားအမြင် ရထားပုံရတယ်။ ဒါကြောင့် အံ့ဖွယ်ခြောက်ယောက်တိတိကို မွေးလိုက်တာ။ ခုနစ်ယောက်လည်း မဟုတ်ဘူး။ ငါးယောက်လည်း မဟုတ်ဘူး။ ခြောက်ယောက်မှ တကယ့်ခြောက်ယောက်တိတိကို မွေးလိုက်တာ။ အတိအကျပဲ ... တော်တယ် .. တော်တယ်’ လို့တဖွဖွ ပြောနေတော့တာပဲ”

ထောင်ဝါး၏ စကားအဆုံးတွင် သိုင်းသမားထုကြီး၏ ‘အံ့’ ကနဲ ရယ်လိုက်သံကြီး ထွက်ပေါ်လာသည်မှာ ကောင်းဆန်းတောင်ကြီးတစ်ခုလုံး သိမ့်သိမ့်တုန်သွား လေတော့၏။ အားလုံးပင် တော်တော်နှင့် အရယ်မသတ်နိုင်ပဲ ဖြစ်နေကြတော့သည်။

ထိုလူများထဲတွင် အပြောရခက်၊ အဆိုရခက်နှင့် မချိမဆန့် ဖြစ်နေသူကား ကျိုလင်ထန်ပင် ဖြစ်တော့၏။ ယနေ့တွင် ဂိုဏ်းကြီး ငါးဂိုဏ်း၏ အစည်းအဝေးကြီးကို လေးလေးနက်နက်ဖြင့် ကြီးကျယ်ခမ်းနားစွာ ကျင်းပမည်ဟု ရည်ရွယ် ပြင်ဆင်ထား၏။ သို့မှသာ သိုင်းလောကမှ မိတ်ဆွေများက ဂိုဏ်းကြီးငါးဂိုဏ်း ပူးပေါင်းထွက်ပေါ်လာသည့် တောင်ငါးလုံး ဂိုဏ်းကြီးကို အထင်ကြီး လေးစားသွားမည်။ အထင်မသေးရဲတော့ပဲ ဖြစ်သွားမည်။

သို့သော် ယခုတော့ ဘယ်ချောင်က ပေါ်လာမှန်းမသိသော လူပြက်ကြီးခြောက်ယောက်တို့က မိမိပြင်ဆင်ထားသည့် လေးနက်တည်ကြည်မှု မှန်သမျှကို ဟာသစကား အမျိုးမျိုးတို့ဖြင့် ရေစုန်မျှော ပစ်လိုက်လေပြီ။

အခမ်းအနားကြီး၏ လေးနက်တည်ကြည်မှုဟူ၍ တစ်ချက်မျှ မရှိတော့။ ကလေးကစားသည့် ပျော်ပွဲကဲ့သို့ ဖြစ်သွား

လေပြီ။ ကျိုလင်ထန်၏စိတ်ထဲ၌ ကျိတ်မနိုင် ခဲမရ ဒေါသဖြစ်လာတော့၏။ သို့သော် သူ့မှာ ဂိုဏ်းချုပ်လည်းဖြစ်။ အိမ်ရှင်လည်း ဖြစ်နေရာ ဒေါသကို ဖော်ပြရန် အခက်ကြီးခက်ကာ ဝေဒနာကြီးတစ်ရပ်ကို ရင်ထဲ၌ မချိမဆန့် ခံစားနေရတော့၏။

"ဟင်း ... ဒီကိစ္စကြီးသာ ပြီးပြတ်ပါစေ။ ငါဂိုဏ်းချုပ်ကြီး ဖြစ်တာနဲ့ ဒီခွေးမသားခြောက်ယောက်ကို မသတ်ရရင် မကျေနပ်နိုင်ဘူး။ ... ခြောက်ယောက်စလုံးကို နုတ်နုတ်စင်းပြီး ခွေးစာ ကျွေးပစ်မယ်"

နောက်ဆုံးတွင်ကား ... ဤအတိုင်းသာ လွှတ်ထားလျှင် အံ့ဖွယ်ခြောက်ယောက်ကြောင့် တောင်ငါးလုံးဂိုဏ်းကြီး ဖွဲ့စည်းရန် မဖြစ်နိုင်ပဲ သူ့အကြံများ ရေစုန်မျောတော့မည်မှာ မုချဖြစ်ကြောင်း ကျိုလင်ထန် ရိပ်မိလာသည်။

ကျိုလင်ထန်က ကပျာကယာဖြင့် ...

"ခဏနေကြပါဦး ... ကျုပ်ပြောပါရစေဦး။ ဟန်ဆန်းဂိုဏ်းရဲ့ ဂိုဏ်းချုပ်က ဘယ်သူလဲ .. ခင်ဗျားတို့ ၆ ယောက်လား"

ထောင်ကျက်က မဲ့ကာ ရွဲ့ကာဖြင့် ...

"ဘာပြောတယ်။ ကျုပ်တို့ခြောက်ယောက်က ဟန်ဆန်းဂိုဏ်းချုပ်တဲ့လား။ ထွီ .. ဟန်ဆန်းဂိုဏ်းချုပ်လောက်လေးများ စကားထဲ ထည့်ပြောနေရသေးတယ်။ ဟန်ဆန်းဂိုဏ်းချုပ် လုပ်ချင်ရင် လွယ်လွယ်ကလေးရယ်။ ဒါပေမယ့် ကျုပ်တို့က မလုပ်ပါဘူး။ ဟန်ဆန်းဂိုဏ်းချုပ် လုပ်လိုက်ရင် ခင်ဗျားနဲ့ အဆင့်တူသွားမှာပေါ့။ ဒီလောက် သိက္ခာကျမယ့် အလုပ်မျိုး ကျုပ်တို့က မလုပ်သေးဘူး"

ထောင်ဝါးက ဝင်၍ ...

"ဟုတ်တယ် .. ဟုတ်တယ်။ ... ဒီမဖြစ်စလောက် ရာထူးလေးကို လင့်ဟူချုံးကို ပေးပစ်လိုက်တယ်"

ကျိုလင်ထန်၏ မျက်လုံးနှစ်ဖက်မှာ ရဲရဲနီလျက် ရှိနေလေပြီ။ သူ့အနေဖြင့် ဒေါသထွက်ရလွန်းသဖြင့် တစ်ကိုယ်လုံး ပူလောင်လျက် ရှိလှပြီ။ သူ၏ဒေါသများသည် အချိန်မရွေး ပေါက်ကွဲထွက်လာနိုင်သည့် အခြေအနေသို့ ဆိုက်ရောက်နေပြီ ဖြစ်သည်။ လင့်ဟူချုံးအား မာကျော့စွာဖြင့် ကျိုလင်ထန်က ပြောလိုက်သည်။

"လင့်ဟူချုံး ... မင်းက ဟန်ဆန်းဂိုဏ်းချုပ်ပဲ။ ဒီလူတွေကို ဒီလိုပဲ စည်းမဲ့ကမ်းမဲ့ လွှတ်ထားတော့မလား။ နည်းနည်းပါးပါးတော့ ကြည့်ထိန်းဦးမှပေါ့"

လင့်ဟူချုံးက ပြုံးပြုံးကြီး ပြန်ဖြေလိုက်၏။

"နောင်ကြီး အံ့ဖွယ်ခြောက်ယောက်က အင်မတန်မှ ထူးခြားဆန်းကြယ်တဲ့ ပုဂ္ဂိုလ်ကြီးတွေပါ။ သူတို့က စကားပြောရင် ရှင်းရှင်းနဲ့ ဘွင်းဘွင်းပဲ ပြောတတ်ကြပါတယ်။ ပရိယာယ်တွေ မာယာတွေ မလုပ်တတ်ပါဘူး။ မုသားစကားလည်း မပြောတတ်ပါဘူး။ သူတို့ရဲ့ စကားတွေကို တခြားသူတွေရဲ့ စကားတွေထက် ပိုပြီး ယုံကြည်နိုင်ပါတယ်"

လင့်ဟူချုံး၏စကားကြောင့် အံ့ဖွယ်ခြောက်ယောက်တို့မှာ ပြုံးဖြီးဖြီးလုပ်ကာ လက်မ တ,ထောင်ထောင်ဖြင့် ဟန်လုပ်နေကြတော့သည်။ ဘေးပရိသတ်များကမူ အံ့ဖွယ်ခြောက်ယောက်တို့၏ အမူအရာများကိုကြည့်ရင်း ပြုံးစိစိ ဖြစ်နေကြတော့၏။

ကျိုလင်ထန်ကမူ ဒေါသဖြင့် ...

"လင့်ဟူချုံး ... ဂိုဏ်းကြီးငါးဂိုဏ်း ပူးပေါင်းမယ့် ကိစ္စကို မင်းက ဆန့်ကျင်ချင်လို့လား ... ရှင်းရှင်းပဲ ပြော"

လင့်ဟူချုံးက ခေါင်းခါပြလိုက်ရင်း ...

"ဟန်ဆန်းဂိုဏ်းရဲ့ သီးခြားသဘောကို ထုတ်ဖော်မပြောလိုတော့ပါဘူး။ ဝါဆန်းဂိုဏ်းက ဆရာရက်ပုချွန်ဟာ ကျုပ်ရဲ့ ဆရာရင်းပါ။ ကျုပ်က တခြားဂိုဏ်းကို ရောက်နေပေမယ့် ဆရာရင်းရဲ့ သွန်သင်ဆုံးမမှုကို မမေ့ပါဘူး"

ကျိုလင်ထန်က ...

"ဒါဖြင့်ရင် မင်းက ဝါဆန်းဂိုဏ်းက ဂိုဏ်းချုပ်ဆရာကြီး ရက်ပုချွန်ရဲ့ စကားကို လိုက်နာမယ်ဆိုတဲ့ သဘောလား။ အဲဒီလို မဟုတ်ရင်လည်း အခုကတည်းက ပြောထားစေချင်တယ်။ ဒီကိစ္စမျိုးက ခုရှုပ်မှ နောင်ရှင်းမို့ ရှင်းအောင် မေးထားရတာ"

လင့်ဟူချုံးက တည်ငြိမ်စွာ ပြန်ဖြေလိုက်သည်။

"ဟုတ်တယ်။ ကျုပ်ဆိုလိုတာက ရှင်းရှင်းလေးပါ။ ဟန်ဆန်းဂိုဏ်းက ဝါဆန်းဂိုဏ်းနဲ့ လက်တွဲပါ့မယ်"

လင့်ဟူချုံးထံမှ ပြတ်သားသည့် အဖြေကို ကြားလိုက်ရသောအခါ ရက်ပုချွန်ဖက်သို့ လှည့်ကာ ကျိုလင်ထန်က မေးလိုက်ပြန်၏။

"နောင်ကြီး ရက်ပုချွန် ... လင့်ဟူချုံးက ခင်ဗျားရဲ့ စကားအတိုင်း လိုက်နာပါ့မယ်လို့ ကတိပေးလိုက်ပြီ။ ခင်ဗျားရဲ့ သဘောကရော ဘယ်လိုလဲ။ ဂိုဏ်းကြီးငါးဂိုဏ်း ပူးပေါင်းမယ့် ကိစ္စကို ခင်ဗျားအနေနဲ့ ဘယ်လို သဘောရပါသလဲ"

ရက်ပုချွန်က တည်ငြိမ်စွာဖြင့် ...

"ဒီကိစ္စနဲ့ပတ်သက်ပြီး ကျုပ်လည်း အကြာကြီး စဉ်းစားခဲ့ပါတယ်။ ဒီကိစ္စဟာ အင်မတန် ကြီးကျယ်တဲ့ ကိစ္စကြီး ဖြစ်နေတော့ ရုတ်တရက် ဆုံးဖြတ်ဖို့ မလွယ်လှပါဘူး။

ရက်ပုချွန်၏ စကားများသည် တောင်ကုန်းပေါ်ရှိ သိုင်းသမားများ၏စိတ်ကို ကောင်းစွာ ဆွဲဆောင်လိုက်နိုင်၏။ လူတော်တော် များများ၏ စိတ်ထဲတွင် ...

"ချုံဆန်းဂိုဏ်းက အင်အားသေးတယ်။ ထိုက်ဆန်းဂိုဏ်းကလည်း ကျိုလင်ထန် သပ်လျိုထားလို့ အချင်းချင်း ကွဲပြားသွားပြီ။ အခုအချိန်မှာ ဝါဆန်းနဲ့ ဟန်ဆန်းနှစ်ဂိုဏ်းပဲ ကောင်းဆန်းဂိုဏ်းကို ယှဉ်နိုင်တော့မယ်။ ဝါဆန်းဂိုဏ်းချုပ် ရက်ပုချွန်ရဲ့ အခုလေသံကလည်း ကျိုလင်ထန်ကို အံတုမယ့်ပုံပဲ။ ဒါမှ ပွဲကြီးပွဲကောင်း ကြည့်ရမှာ"

ရက်ပုချွန်က ...

"ကျုပ်တို့ ဝါဆန်းဂိုဏ်းမှာ လေသိုင်းအဖွဲ့နဲ့ ဓါးသိုင်းအဖွဲ့ ကွဲပြီး အချင်းချင်း သတ်ဖြတ်ခဲ့ကြတဲ့ ကိစ္စကြီးကို ဒီက နောင်ကြီးတွေအားလုံး ကြားမိကြမှာပါ။ ဒါက သမိုင်းတွင်ခဲ့တဲ့ ကိစ္စကြီးမို့ မသိတဲ့လူ မရှိပါဘူး။ ... ကျုပ်ဆိုရင်တော့ အဲသည်အကြောင်း ပြန်စဉ်းစားမိတိုင်း ကြက်သီးထမိပါသေးတယ်"

လင့်ဟူချုံး၏ စိတ်ထဲတွင် အလွန်အံ့သြမိတော့သည်။

"ဟင် ... ဆရာက ဘယ်လိုလဲ။ ငါတို့ ဝါဆန်းဂိုဏ်းရဲ့ လေသိုင်းအဖွဲ့နဲ့ ဓါးသိုင်းအဖွဲ့ ကွဲတဲ့ကိစ္စကို လူရှေ့သူရှေ့မှာ မပြောရဘူးလို့ ဆရာကိုယ်တိုင်ပဲ ကျပ်ကျပ်တည်းတည်း တားမြစ်ခဲ့တာပဲ။ ငါတို့ဆိုရင် တစ်ခါမှ ထုတ်မပြောရဲခဲ့ဘူး။ ဒီနေ့တော့ ဆရာကိုယ်တိုင်က ဘယ့်နှယ့် ကိုယ့်အထုပ် ကိုယ်ဖြေပြနေရတာလဲ"

ထိုစဉ် ရက်ပုချွန်၏ စူးရှသောလေသံက ထွက်ပေါ်လာနေဆဲဖြစ်သည်။ လင့်ဟူချုံးကလည်း ဆက်တွေးနေလိုက်သည်။

"ဆရာ့ရဲ့ မိုးကြိုးအတွင်းအားသိုင်းက အတော့်ကို အဆင့်မြင့်လာပြီပဲ။ အခုပဲ ကြည့်စမ်း။ စကားပြောတာတောင် အသံက စူးတူးတူးရှတတနဲ့ အဝေးကြီးကို ရောက်နေတာပဲ။ ဆရာ့အသံကို ကောင်းဆန်းတောင် အောက်ကတောင် ကြားနိုင်လိမ့်မယ်နဲ့ တူတယ်"

ရက်ပုချွန်က ဆက်၍ ပြောနေသည်မှာ ...

"အဲဒီကတည်းကစပြီး ကျုပ်စိတ်ထဲမှာ အကြီးအကျယ် ခံစားရပါတယ်။ သိုင်းလောကထဲမှာ ဂိုဏ်းကွဲတွေ များရင် များသလောက် ရန်ပွဲတွေ ပိုများစေပါတယ်။ ရန်ငြိုးသိုမှုတွေ ... လက်စားချေမှုတွေ ပိုများစေပါတယ်။ ဒါကို ဘယ်သူကမှ မငြင်းနိုင်ပါဘူး"

× × × ×

စာစဉ် (၁၂) ပြီးပါပြီ။

# သိုင်းလောကဏါဝိနှဲဒေါ်သံ

## စာစဉ် (၁၃)

# သိုင်းလောက၏ စိန်ခေါ်သံ

## စာစဉ်(၁၃)

## မာတိကာ


| | | | |
|---|---|---|---|
| | စကားစစ်ထိုးပွဲ မှအဆက် | **hotrod** | ၉၅၁ |
| အခန်း(၈၂) | သိုင်းပညာပြိုင်ပွဲ | **hotrod** | ၉၅၇ |
| အခန်း(၈၃) | အတိတ်ဇာတ်ကြောင်း | **hotrod** | ၉၆၆ |
| အခန်း(၈၄) | သစ္စာရှင်တဲ့လား | **hotrod** | ၉၇၅ |
| အခန်း(၈၅) | မဟာရန်ကြွေးရှင်းတမ်း | **hotrod** | ၉၈၃ |
| အခန်း(၈၆) | သိုင်းဆရာကြီးတဦး၏ လမ်းဆုံး | **hotrod** | ၉၉၃ |
| အခန်း(၈၇) | မဟာရန်ကြွေး | **hotrod** | ၁၀၀၂ |
| အခန်း(၈၈) | သင်းကွပ်သိုင်းကျင့် | **hotrod** | ၁၀၁၅ |



**scanned by NEO@mmcp**

ပထမအဆင့် တည်းဖြတ်သူ **hotrod**

ဒုတိယအဆင့် တည်းဖြတ်သူ **nnnaing**

အချောသတ် တည်းဖြတ်သူ **sideeffect**

ရက်ပုချွန်သည် ပရိသတ်ကြီးအား အေးချမ်းစွာ ကြည့်လိုက်ပြီး ...

"တကယ်လို့သာ သိုင်းလောကမှာရှိတဲ့ လူအားလုံးဟာ တစ်အိမ်သားထဲလို သဘောထား နိုင်ရင်တော့ ဒီနေ့ဖြစ်ပွားနေတဲ့ ရန်ငြိုးသိမှုတွေ၊ လက်စားချေမှုတွေဟာ ဆယ်ပုံပုံရင် ကိုးပုံလောက် လျော့သွားမှာ သေချာပါတယ်။ အဲဒီလိုဆိုရင် ဒီလောကကြီးမှာ မိဘမဲ့ကလေးတွေ ဘယ်လောက် နည်းသွားမလဲ ..... သားကွဲ၊ မယားကွဲတဲ့သူတွေ ဘယ်လောက် လျော့သွားမလဲ။ ကိုယ့်သားအတွက် မျက်ရည်ကျရတဲ့ မိဘတွေ ဘယ်လောက် လျော့သွားမလဲ"

ရက်ပုချွန်၏ လေသံသည် ခံစားချက်ကြောင့် တုန်ခါနေ၏။ ကြင်နာခြင်း၊ သနားခြင်း၊ စိတ်မချမ်းမြေ့ခြင်း စသည့် အရိပ်အယောင်များ ပြွမ်းတီးနေသည်။ သူ့လေသံသည် သိုင်းသမားအားလုံး၏ အသည်းနှလုံးကို ဆွဲကိုင် လှုပ်ယမ်းနိုင်စွမ်း ရှိပါပေ၏။

ရက်ပုချွန်၏ စကားကို နားထောင်မိ လူတိုင်းက ...

"အင်း ... ရက်ပုချွန်ဟာ သစ္စာရှင်ဓါးလို့ တစ်ကယ်ပဲ အခေါ်ခံထိုက်ပါပေတယ်။ ဒီလိုလူမျိုးတွေသာ သိုင်းလောကမှာ များများစားစား ရှိနေရင် သိုင်းလောကကြီး အေးချမ်းမှာပဲ" ဟုတွေးလိုက်မိကြ၏။

ရက်ပုချွန်က ဆက်ပြောလိုက်သည်။

"အခု ဆရာကြီး ကျိုလင်ထန် ကြိုးစားဆောင်ရွက်နေတဲ့ ကိစ္စကြီးဟာ တကယ်တော့ သိုင်းလောကကို တကယ် အကျိုးပြုတဲ့ လုပ်ရပ်ကြီး တစ်ခုပါပဲ။ .... ကျုပ်တို့ သိုင်းလောကမှာ သိုင်းအဖွဲ့တွေဟာ မှိုလို ပေါက်နေကြတယ်။ ... ဂိုဏ်းကြီး ဂိုဏ်းငယ် အသီးသီးဟာ မိုးကောင်းကင်ပေါ်က ကြယ်တွေလိုပဲ အများကြီး ဖြစ်နေကြတယ်။ ဒီဂိုဏ်းအဖွဲ့တွေ အားလုံးကို တချိန်တည်း တပြိုင်တည်း ပူးပေါင်းဖို့ဆိုတာ လွယ်ပါ့မလား။ ... ဘယ်သူကကော တာဝန်ခံပြီး ပူးပေါင်းပေးမှာလဲ။ ... ကျန်တဲ့သူတွေကရော ပူးပေါင်းတာကို လက်ခံပါ့မလား"

ရက်ပုချွန်သည် စကားပြောရင်း ပရိသတ်၏ရင်တွင်းသို့ ပြဿနာတစ်ရပ် ထည့်ပေးလိုက်သည်။ သိုင်းသမားများသည်လည်း ရက်ပုချွန်၏ ပြဿနာကို စဉ်းစားနေကြတော့၏။

"ဒီလို ဂိုဏ်းအဖွဲ့တွေ ပူးပေါင်းဖို့ဆိုတာ တကယ်မလွယ်တဲ့ ကိစ္စပါ။ ဒါပေမယ့် ကျုပ်တို့ကသာ နီးစပ်ရာ ဂိုဏ်းတွေ၊ အဖွဲ့တွေကို စုစည်း ပူးပေါင်းလိုက်မယ်ဆိုရင် လာမယ့် ကိုးနှစ် ဆယ်နှစ်အတွင်း အခုရှိတာထက် ထက်ဝက်မက လျော့နည်းသွားမှာ အသေအချာပါပဲ။ အခု ကျုပ်တို့ရဲ့ ဂိုဏ်းကြီးငါးဂိုဏ်းဟာ သိုင်းလောကအလယ်မှာ စံပြသဘောနဲ့ ပူးပေါင်းပြလိုက်တာပါပဲ။ ဒါဟာ အင်မတန် မွန်မြတ်တဲ့ လုပ်ရပ်ကြီးဖြစ်ပါတယ်။ သိုင်းလောကမှာ မော်ကွန်းထိုးလောက်တဲ့ သမိုင်းမှတ်တိုင် တစ်ခုအဖြစ် တင်စားလောက်ပါတယ်"

ထိုစကားကို ကြားသောအခါ သိုင်းသမားအတော်များများမှာ 'ဟာ' ကနဲ အာမေဋိတ်သံများ ထွက်လာကြတော့သည်။

"လက်စသတ်တော့ ဂိုဏ်းကြီးငါးဂိုဏ်း ပူးပေါင်းဖို့ကိစ္စကို ဝါဆန်းဂိုဏ်းကလည်း သဘောတူတာကိုး ... ဒါများ ရှည်ရှည်ဝေးဝေး လျှောက်ပြောနေရသေးတယ်"

လင့်ဟူချုံးမှာမူ ပြောဖွယ်ရာ မရှိတော့ချေ။ ကြီးစွာသော တုန်လှုပ်ခြောက်ခြားမှုကြီးကို ခံစားလိုက်ရသည်။ သူ့စိတ်ထဲမှ .....

"ဆရာ .... ဘယ်လိုများ သဘောတူလိုက်တာပါလိမ့်။ ဒီကိစ္စကို ဆရာ လုံးဝ သဘောတူမှာ မဟုတ်ဘူးလို့ ငါ တွက်ထားတာ ... အခုတော့ လွဲကုန်ပြီ။ အထင်နဲ့ အမြင် တခြားစီပါလား။ ဒုက္ခပဲ။ ငါက လူရှေ့သူရှေ့မှာ ဆရာပြောသမျှ

လိုက်နာပါ့မယ်လို့ ကတိပေးလိုက်မိပြီ။ ဆရာကလည်း ငါမထင်ထားတာကို သဘောတူလိုက်ပြီ။ ငါဘာလုပ်ရမလဲ”

လင့်ဟူချုံးက စိုးရိမ်ပူပန်စွာဖြင့် ရှောင်လင် ကျောင်းထိုင် ဆရာတော်ကြီးနှင့် ဟူတန်း ဂိုဏ်းချုပ် ရသေ့ကြီးတို့ကို လှမ်းကြည့်လိုက်မိ၏။

ဆရာတော်ကြီးနှင့် ရသေ့ကြီးတို့က သူ့ကို ခေါင်းခါပြရင်း မဲ့ပြုံး ပြုံးပြလိုက်ကြသည်။ သူတို့လည်း အလွန် စိတ်ဓါတ်ကျ သွားကြပေပြီ။

ကျိုလင်ထန်က တက်ကြွသော လေသံဖြင့် ...

“ဒီလိုဆိုရင် ဝါဆန်းဂိုဏ်းက ပူးပေါင်းဖို့ သဘောတူတယ်ပေါ့”

ရက်ပုချွန်က ...

“ဟုတ်ပါတယ်။ ... သဘောတူပါတယ်”

ကျိုလင်ထန်သည် လင့်ဟူချုံးဖက်သို့ လှည့်လိုက်သည်။

“လင့်ဟူချုံး ... သိုင်းသမားတစ်ယောက်ဆိုတာ ကတိသစ္စာတည်ဖို့ အရေးအကြီးဆုံးပဲ။ စောစောက မင်းအနေနဲ့ ဘယ်လို ကတိပေးခဲ့သလဲ။ မင်းရဲ့ဆရာ ရက်ပုချွန်စကားကို လိုက်နာပါ့မယ်လို့ ကတိပေးထားခဲ့တယ် မဟုတ်လား”

ပို၍ လေးနက်သော အသံဖြင့် ကျိုလင်ထန်က ဆက်ပြောလိုက်သည်။

“သာမန်လူတွေတောင် ကိုယ့်ကတိကိုကိုယ် တန်ဖိုးထား လေးစားကြတယ်။ မင်းလို ထိပ်သီး သိုင်းသမား တစ်ယောက်အဖို့ကတော့ ပြောစရာလိုမယ် မထင်ဘူး။ မင်းပြောပြီးသားစကားကို မင်းဖာသာ ပြန်ဖျက်လိမ့်မယ်လို့ ငါတော့ မယူဆမိဘူး”

လင့်ဟူချုံးမှာ တုန်လှုပ်စွာဖြင့် သူ့ဆရာ ရက်ပုချွန်ကို လှမ်းကြည့်မိသည်။ ရက်ပုချွန်၏ မျက်နှာတွင် ထူးထူးခြားခြား အလောတကြီး အမူအရာများ ပေါ်လွင်နေပြီး မိမိကို သဘောတူ လိုက်ရန် ခေါင်းငြိတ်ပြနေတော့၏။

လင့်ဟူချုံးသည် ရှောင်လင် ကျောင်းထိုင်ဆရာတော်ကြီးတို့ဖက်သို့ လှမ်းကြည့်မိသောအခါ သူတို့က ခေါင်းခါပြနေ ကြကြောင်း တွေ့ရသည်။

လင့်ဟူချုံးအနေဖြင့် မည်သည့်အဖြေကို ပေးရတော့မည်နည်း။ သူ့စိတ်ထဲတွင် မှိုင်းဝေ နောက်ကျိနေပေပြီ။ ထိုစဉ် ရက်ပုချွန်က ရုတ်တရက် ...

“လူလေး ... မင်းကို ငါတို့က သားအရင်းတစ်ယောက်လို သဘောထားခဲ့တာ မင်းအသိပဲ။ ငါတို့နဲ့ပြန်ပြီး သိုက်သိုက် ဝန်းဝန်း မနေချင်တော့ဘူးလား”

လင့်ဟူချုံးမှာ ထိုစကားကို ကြားလိုက်ရသောအခါ ချက်ချင်းပင် မျက်ရည်များ ဝဲလာပြီး ဘာမျှ မစဉ်းစားနိုင်တော့ပဲ လွှတ်ကနဲ ပြောလိုက်မိတော့သည်။

“ဆရာ ... ဆရာမ ... ကျွန်တော်ကလည်း ဒါပဲ မျှော်လင့် တောင့်တနေတာပါ။ ဆရာနဲ့ ဆရာမဟာ ကျွန်တော့်ရဲ့ အဖေနဲ့ အမေပါ။ အခု ဆရာတို့ဂိုဏ်းက ဂိုဏ်းကြီးငါးဂိုဏ်းကို ပူးပေါင်းဖို့ သဘောတူတယ်ဆိုရင်တော့ ကျွန်တော့်အနေ နဲ့လည်း လုံးဝ မငြင်းပယ်ရဲပါဘူး”

လင့်ဟူချုံးက သူ့စကားကို ခေတ္တရပ်လိုက်သည်။ ပြီးမှ ...

“ဒါပေမယ့် ဟန်ဆန်းဂိုဏ်းက ဆရာမကြီး သုံးပါးရဲ့ ရန်ကြွေးကိုတော့ ကျွန်တော်က ချေဆပ်ပါ့မယ်လို့ ကတိသစ္စာ ပြုထားတယ်။ ဒီတော့ တာဝန်ကြီးဟာ ကျွန်တော့် ပုခုံးပေါ်မှာ ရှိနေပါတယ်။ တကယ်လို့ ဆရာမကြီး သုံးပါးကို သတ်တဲ့ တရားခံသာ ကျွန်တော်တို့ဂိုဏ်းကြီးထဲကလူ ဖြစ်နေရင် ကျွန်တော်ကတော့ ... ”

ထိုအခါ ရက်ပုချွန်က ...

“လင့်ဟူချုံး ... ဒီအတွက်တော့ ဘာမှ စိတ်မပူပါနဲ့။ ဟန်ဆန်းဂိုဏ်းက ဆရာမကြီးသုံးပါးကို သိုင်းလောကထဲက လူအားလုံးက ရိုသေလေးစားကြတာပဲ။ ဒီနေ့ ငါတို့ ဂိုဏ်းကြီးငါးဂိုဏ်း ပူးပေါင်း လိုက်ပြီဆိုတော့ ဟန်ဆန်းဂိုဏ်းရဲ့ ကိစ္စဟာ ငါတို့ အားလုံးရဲ့ ကိစ္စ ဖြစ်သွားပါပြီ။ မင်းပုခုံးပေါ်က တာဝန်ဟာ ငါတို့ အားလုံးရဲ့ ပုခုံးပေါ် ရောက်သွားပြီ”

ရက်ပုချွန်၏ စကားသည် လင့်ဟူချုံး၏ ရင်ကို အတော်အတန် သက်သာစေသည်။ ရက်ပုချွန်က ဆက်၍ ...

“လင့်ဟူချုံး ... မင်းစိတ်ပူနေတာက ဆရာမကြီးတွေကို သတ်တဲ့ တရားခံကို ဖော်ထုတ်ဖို့မဟုတ်လား။ ဒီတော့ လောလောဆယ်အနေနဲ့ ဒီတရားခံကို ငါတို့ စုံစမ်းကြရမယ်။ ဂိုဏ်းကြီးငါးဂိုဏ်း ပေါင်းလိုက်ပြီး သိုင်းလောကထဲက မိတ်ဆွေတွေရဲ့ အကူအညီကို ထပ်ယူလိုက်ရင် ဒီတရားခံ ဘယ်ကို ထွက်ပြေးနိုင်မလဲ။ ဒါကြောင့်မို့ မင်းကို စိတ်မပူဖို့ ပြောတာပေါ့။ ဒီလူသတ်သမားဟာ ငါ့တို့ ဂိုဏ်းကြီး ငါးဂိုဏ်းထဲက ထိပ်သီး သိုင်းသမားဖြစ်နေပါစေ။ သူ့ကို ငါတို့

မညှာပါဘူး။ သူကျူးလွန်ခဲ့တဲ့ အပြစ်ဒါဏ်ကို သူပြန်ခံရစေမယ်"

ရက်ပုချွန်၏ စကားများမှာ သင့်လျှော် မျှတပြီး ခိုင်မာ ပြတ်သားလှ၏။

ဟန်ဆန်းဂိုဏ်းမှ မိန်းကလေးများပင် အလွန် သဘောကျသွားပြီး လက်ခုပ် သြဘာ ပေးကြလေတော့၏။ ရိဟိုက ...

"ဆရာကြီးရဲ့ စကားက သိပ်မှန်ပါတယ်။ တကယ်လို့ ဆရာကြီးကသာ ကျွန်မတို့ ဆရာမကြီး သုံးယောက်အတွက် လက်စားချေပေးနိုင်ရင် ကျွန်မတို့ ဟန်ဆန်းဂိုဏ်းသားတွေ အားလုံးက အများကြီး ကျေးဇူးတင်ပါတယ်။"

ရက်ပုချွန်သည် ရိဟိုဖက်သို့ လှည့်၍ ...

"စိတ်ချပါ။ ဒီကိစ္စကို ကျုပ်တာဝန် ထားလိုက်ပါ။ ကျုပ် ကတိပေးပါတယ်။ ဆရာမကြီး သုံးယောက်ကို သတ်တဲ့ တရားခံကို သုံးနှစ်အတွင်း ဖော်ထုတ်ပေးမယ်။ သည့်ထက် ပိုမကြာစေရဘူး။ မင်းတို့ ဆရာမကြီးတွေ အတွက် ကျုပ် ကောင်းကောင်း လက်စားချေပေးမယ်"

ဤသို့ တိကျခိုင်မာသော ကတိစကားကို ကြားလိုက်ရသောအခါ ဟန်ဆန်းဂိုဏ်းသား အားလုံး ဝမ်းသာအားရ အော်ဟစ်ကြလေတော့၏။ သူတို့ အားလုံး နှစ်ထောင်းအားရ ဖြစ်သွားကြ၏။

လင့်ဟူချုံး၏ စိတ်ထဲတွင် ...

"ငါက ဆရာမကြီး သုံးယောက်အတွက် လက်စားချေပေးမယ်လို့ သိန္နိဋ္ဌာန်ချထားပေမယ့် ဘယ်နေ့ ဘယ်ရက်မှာ အပြီးအပြတ် ဖြစ်ရမယ်လို့ အကန့်အသတ်နဲ့ မပြောနိုင်ဘူး။ ဆရာက ဘာဖြစ်လို့ ဒီလောက်တောင် အတိအကျ အာမခံရဲရတာလဲ"

"ဟုတ်ပြီ ... ဧကန္တ လူသတ်သမား ဘယ်သူဆိုတာကို ဆရာက တိတိကျကျ သိထားလို့ ဖြစ်ရလိမ့်မယ်။ နောက်ပြီးတော့ သက်သေခံ အထောက်အထား နည်းနည်းပါးပါးလည်း ရထား လိမ့်မယ်။ ဒါကြောင့်မို့ သုံးနှစ်အတွင်းမှာ တရားခံကို ဖော်ထုတ်ပေးမယ်လို့ အာမခံရဲတာ ဖြစ်ရမယ်"

ထိုသို့ တွေးလိုက်မိပြီးသည်နှင့် ဟန်ဆန်းဂိုဏ်းသားများကို အကဲခတ်လိုက်သည်။

ဟန်ဆန်းဂိုဏ်းသားတိုင်း လိုလိုပင် ရက်ပုချွန်၏ စကားကြောင့် တက်တက်ကြွကြွ ဖြစ်နေသည်ကို တွေ့လိုက်ရသဖြင့် သူ့စိတ်ကို ယတိဖြတ် ပိုင်းဖြတ်ကာ လင့်ဟူချုံးက ...

"ဆရာ ပြောတဲ့အတိုင်းဆိုရင် အတိုင်းထက် အလွန် ကောင်းတာအမှန်ပဲ။ ... ဆရာမကြီး သုံးယောက်ကို သတ်တဲ့ လူသတ်သမားဟာ ဂိုဏ်းကြီး ငါးဂိုဏ်းထဲက ထိပ်သီးသိုင်းသမား ဖြစ်နေရင်လည်း သူ့ကို မညှာနိုင်ဘူး။ ဒီအချက်ကို ဆရာကြီး ကျိုလင်ထန် အနေနဲ့ သဘောတူ ပါသလား။"

ကျိုလင်ထန်က အေးစက်သော လေသံဖြင့် ပြန်လည် ဖြေကြားလိုက်သည်။

"အင်မတန် တရားမျှတတဲ့ အစီအစဉ်ကို ဘာဖြစ်လို့ သဘောမတူရမှာလဲ။ သဘောတူတယ်"

ထိုအခါ လင့်ဟူချုံးက ...

"ကောင်းပါပြီ။ ဒီလိုဆိုရင် ဂိုဏ်းကြီးငါးဂိုဏ်း ပူးပေါင်းဖို့ကိစ္စကို ကျုပ်တို့ ဟန်ဆန်းဂိုဏ်းက သဘောတူလိုက်ပါပြီ။"

ကျိုလင်ထန်သည် ရင်တမမ ဖြစ်နေရာမှ ယခုမှ သက်မကြီးချနိုင်တော့သည်။ ပထမပိုင်းတွင် အထစ်ထစ် အငေါ့ငေါ့ဖြင့် အစီအစဉ် ပျက်တော့မယောင် ဖြစ်လာ၍ များစွာ စိုးရိမ် ပူပန်ခဲ့သေး၏။

ကျိုလင်ထန်က ...

"အခုဆိုရင် ကောင်းဆန်းတောင်ပေါ်ကို ရောက်ရှိလာကြတဲ့ ဧည့်ပရိတ်သတ်များ မြင်ကြ၊ ကြားကြတဲ့အတိုင်း ဂိုဏ်းကြီးငါးဂိုဏ်းဟာ ပူးပေါင်းဖို့ အားလုံး သဘောတူလိုက်ပါပြီ။ ... ဒီနေ့ကစပြီး ဂိုဏ်းကြီး ငါးဂိုဏ်းကို 'တောင်ငါးလုံးဂိုဏ်း' လို့ အမည်ပြောင်းလိုက်ပါတယ်။"

စကားဆုံးသည်နှင့် ကျိုလင်ထန်က ဘယ်လက်ကို တစ်ချက် ဝှေ့ယမ်းလိုက်သည်။

ထိုအခါ ဧည့်ပရိတ်သတ် အားလုံး၏ ဘေးပတ်လည်မှ တဖြိုးဖြိုး ... တဒိုင်းဒိုင်းဖြင့် ဖျောက်အိုးဖောက်သံများ မြည်ဟည်းသွားတော့၏။

လူအားလုံး၏ စိတ်ထဲတွင် တစ်ပြိုင်တည်းတွေးလိုက်ကြသည်မှာ ...

"အင်း .. ကျိုလင်ထန်ကတော့ တကယ့်ကို အကွက်စေ့တာပဲ။ အားလုံးကို ပြင်ဆင်ထားတာပဲကိုး"

ထိုအတွေးများကို အထောက်အကူပြုသည့် အပြုအမူများကို ပရိတ်သတ်များ ထပ်မံ တွေ့ကြရတော့သည်။

အကြောင်းမှာ ကျိုလင်ထန် ဖိတ်ခေါ်ထားသည့် ဧည့်သည်များထဲမှ အချို့သော သိုင်းသမားများသည် ကျိုလင်ထန်ထံ သွားရောက်၍ ဂုဏ်ပြုစကားများ ပြောကြား နေကြခြင်းပေတည်း။

ယင်းကြောင့် ကျိုလင်ထန်မှာ တောင်ငါးလုံးဂိုဏ်း၏ ဂိုဏ်းချုပ်ကြီးအဖြစ် သဘောသက်ရောက် သွားတော့၏။ ပါးရည်နပ်ရည်ရှိသော သိုင်းသမားတိုင်း မျက်လုံး ပြူးသွားကြတော့သည်။

ထိုအချိန်တွင် ထောင်ကန်းက တစ်စခန်း ထလာလေတော့၏။

"အေး ... ဟုတ်ပြီ။ အခု ဂိုဏ်းကြီး ငါးဂိုဏ်းကို 'တောင်ငါးလုံးဂိုဏ်း' အဖြစ် ပူးပေါင်းလိုက်ပြီ ဆိုတော့ ဒီနေ့ အခမ်းအနား အစီအစဉ် အောင်မြင်သွားပြီ။ ငါတို့ အံ့ဖွယ်ခြောက်ယောက်ကလည်း အများအကြိုက်ကို လိုက်လျောရတော့ မပေါ့လေ။ 'လူတော်လူကောင်းဆိုတာ အများနဲ့ သင့်တင့် ညီညွှတ်အောင် ပေါင်းနိုင်ရတယ်။ ခေါင်းဆောင်နိုင်ရတယ်' ဒီတော့ စောစောက ငါတို့ ကြိုတင် ပြောထား မိတဲ့အတိုင်း ဆောင်ရွက်ပေးရတော့မှာပေါ့"

ကျိုလင်ထန်က သူ့အတွက် အခြေအနေ ကောင်းလာပြီဟု သဘောပေါက်သွားပြီး စိတ်ထဲမှ ...

"အင်း ... ဒီခွေးကောင်ခြောက်ကောင်ဟာ တောင်ပေါ်ရောက်ကတည်းက ဒီတစ်ခါပဲ လူစကား သူစကား ပြောတော့တယ်"

ထောင်ရှမ်းက ...

"ဟော့ ... ဘာဂိုဏ်းပဲဖြစ်ဖြစ်၊ ဂိုဏ်းချုပ်တစ်ယောက်တော့ ရှိရမှာပဲ။ ဘယ်သူ့ကို ဂိုဏ်းချုပ်အဖြစ် ရွေးရင် ကောင်းမလဲ။ ဒီအချက်က အင်မတန် အရေးကြီးတဲ့ အချက်နော်။ မကောင်းတဲ့သူကို ဂိုဏ်းချုပ် အဖြစ် တင်မြှောက်မိရင် အားလုံး ငါးပါး မှောက်သွားမယ်"

သူ့စကားကို ခေတ္တမျှ ရပ်လိုက်ကာ စဉ်းစားသလို လုပ်လိုက်ပြီးမှ ထောင်ရှမ်းက ...

"ငါတို့ခြောက်ယောက်ကို သိပ်ပြီးတော့ ရွေးကောက်တင်မြှောက်ချင်တယ် ဆိုရင်တော့လည်း ငါတို့ကအားနာပါးနာနဲ့ လက်ခံရတော့မှာပေါ့။ မဟုတ်ဘူးလား ..."

ထောင်ကျက်ကလည်း ...

'ဟုတ်တယ်။ စောစောတုန်းက ဆရာကြီး ရက်ပုချွန် ပြောခဲ့တဲ့ စကားရှိတာပဲ။ အခုလို ပူးပေါင်းလိုက်ခြင်းဟာ အများအကျိုးကို ရှေးရှုပြီး ပူးပေါင်းကြတာတဲ့။ ဒီတော့ အများအကျိုးအတွက် ဂိုဏ်းချုပ် လုပ်ရမှာဆိုတော့ ငါတို့ကလည်း ဘယ်ငြင်းပယ်လို့ ကောင်းပါ့မလဲ"

အံ့ဖွယ် ခြောက်ယောက်တို့သည် အတိုင်အဖောက်နှင့် ပြောနေကြရာ တကယ်ပင် ဂိုဏ်းချုပ်အရာကို ဆက်ခံကြတော့ မည်ကဲ့သို့ ဖြစ်နေ၏။

ကျိုလင်ထန်အဖို့ အကျဉ်းအကျပ် ကြုံရပြန်လေပြီ။ ပန်းခင်လမ်းသည် ခယောင်းလမ်းကဲ့သို့ ကြမ်းတမ်းလာပြန်ချေပြီ။

ထိုအခိုက် အင်္ကျီအဝါ ဝတ်ဆင်ထားသော ကောင်းဆန်းဂိုဏ်းမှ သိုင်းဆရာကြီး တယောက်က အံ့ဖွယ် ခြောက်ယောက်ကို သူ့အနေဖြင့် ဝင်နှိမ်မှ ဖြစ်တော့မည်ဆိုသော သဘောဖြင့် လှမ်းပြောလိုက်သည်။

"ဟော့ ... ဘယ်သူတွေက မင်းတို့ကို 'တောင်ငါးလုံးဂိုဏ်း' ရဲ့ဂိုဏ်းချုပ်ကြီး အဖြစ် တင်မြှောက်ရသေးလို့လဲ ... ဒီမှာလာပြီး ရှူးသလို ပေါသလို လာမလုပ်နဲ့"

တစ်ဆက်တည်းပင် သူက လင့်ဟူချုံးဖက် လှည့်၍ ..

"ဂိုဏ်းချုပ်ကြီး လင့်ဟူချုံး ... ဒီလူခြောက်ယောက်က ခင်ဗျားရဲ့ ဂိုဏ်းကပဲ မဟုတ်လား။ ခင်ဗျားအနေနဲ့ ကြည့်ပြီး ထိန်းသိမ်းဦးမှပေါ့"

ထိုအခါ ထောင်ကန်းက လက်ခုပ်လက်ဝါးတီး၍ အော်ဟစ်လေတော့၏။

"မင်းက လင့်ဟူချုံးကို ဂိုဏ်းချုပ်ကြီးလို့ ခေါ်လိုက်တယ် ... ဟုတ်လား။ ဒါဆို မင်းက သူ့ကို (တောင်ငါးလုံး ဂိုဏ်းရဲ့) ဂိုဏ်းချုပ်ကြီးအဖြစ် တင်မြှောက်လိုက်ပြီပေါ့လေ ... စောစောတုန်းက ကျိုလင်ထန်က ပြောပြီးပြီ။ ဒီနေ့က စပြီးတော့ ဝါဆန်းဂိုဏ်းတို့၊ ဟန်ဆန်းဂိုဏ်းတို့ မရှိတော့ဘူး။ 'တောင်ငါးလုံးဂိုဏ်း' ဆိုတာပဲ ရှိတော့တယ်တဲ့။"

ကောင်းဆန်းဂိုဏ်းမှ သိုင်းဆရာကြီးသည် ကိုယ့်ရှူးကိုယ်ပတ် ဖြစ်နေသဖြင့် ပြန်ဖြေရှင်းရန် ကြိုးစားတော့၏။ သို့သော် ထောင်ဝါးက သူ့အား လုံးဝ စကားအပြောမခံပဲ သူပြောချင်ရာသာ ဆက်ပြောနေတော့၏။

"နေပါ ... နေပါ။ မင်းက လင့်ဟူချုံးကို ဂိုဏ်းချုပ်ကြီးအဖြစ် သတ်မှတ်ချင်ရင်လည်း ငါတို့က မကန့်ကွက်ပါဘူး။ မင်းရဲ့ စိတ်ထဲမှာ ဂိုဏ်းချုပ်ကြီးလို့ သတ်မှတ်ထားရင် ပြီးတာပါပဲ။ ဂိုဏ်းချုပ်ကြီးပဲပေါ့"

ကောင်းဆန်းဂိုဏ်းမှ သိုင်းဆရာကြီးသည် ပြန်မထိုင်နိုင်သေးပဲ ရှင်းရန် ပါးစပ်ဟလိုက်သည်။ ထိုအခါ ထောင်ဆက်က ...

"မင်းက သိပ်စကားပြောချင်နေတာကိုး။ ငါတို့လည်း နည်းနည်းလေး ဆက်ပြီး ပြောပါရစေဦး။ ငါတို့ ပြောမယ့်

စကားကလည်း မင်းပြောမှာနဲ့ အတူတူပါပဲ။ လင့်ဟူချုံးဟာ ငါတို့လောက် မတော်ပေမယ့် သိပ်တော့ မဆိုးလှပါဘူး။ သူ့ကို ဂိုဏ်းချုပ်ကြီး အဖြစ် တင်မြှောက်ချင်တယ်ဆိုရင် ငါတို့ကလည်း သဘောတူပါတယ်ကွာ"

ယင်းအချိန်တွင် ထောင်ကန်းက အော်ဟစ်၍ ကြေငြာလိုက်တော့၏။

"ပရိသတ်ကြီးများ ခင်ဗျား။ ကောင်းဆန်းဂိုဏ်းမှ လင့်ဟူချုံးကို တောင်ငါးလုံးဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီးအဖြစ် တင်မြှောက်ဖို့ အဆိုတင်သွင်း လိုက်ပါပြီ။ ထောက်ခံ ကြပါသလား ခင်ဗျား"

ထိုအခါ ဟန်ဆန်းဂိုဏ်းမှ မိန်းကလေး အားလုံးက တစ်ခဲနက်လက်ခုပ်တီး ဩဘာပေးကာ ထောက်ခံကြလေတော့၏။ ကောင်းဆန်းတောင် တစ်ခုလုံး သိမ့်သိမ့်ညံ သွားတော့သည်။ ကျိုလင်ထန်၏ အစီအမံများနှင့် ပတ်သက်၍ ဘဝင်မကျလှသော သိုင်းသမားအများစုကြီးမှာ အံ့ဖွယ်ခြောက်ယောက်၏ လုပ်ပုံကိုင်ပုံများကို သဘောကျလှသဖြင့် ပြုံးစိစိ ဖြစ်နေကြတော့သည်။

စောစောက လင့်ဟူချုံးကို ဂိုဏ်းချုပ်ကြီးဟု ခေါ်မိသော ကောင်းဆန်းဂိုဏ်းမှ သိုင်းဆရာကြီးမှာ မည်သို့မျှ ဖြေရှင်း၍ မရနိုင်တော့ပဲ ခေါင်းမဖော်ရဲအောင် ဖြစ်နေတော့သည်။ လင့်ဟူချုံးကို ဂိုဏ်းချုပ်ကြီးဟု ခေါ်လိုက်ခြင်းမှာ ဟန်ဆန်းဂိုဏ်း၏ ဂိုဏ်းချုပ်ကြီးအဖြစ် သူကရည်ရွယ်ကြောင်း ရှင်းပြရန် ကြိုးစားသော်လည်း အံ့ဖွယ်ခြောက်ယောက်၏ တွန်းထိုးပိတ်ပင်ကာ ပြောဆိုမှုများကြောင့် ယခုအခြေအထိ ရောက်သွားရခြင်း ဖြစ်တော့၏။ ထိုစဉ် ထိုက်ဆန်းဂိုဏ်းမှ ရသေ့ကြီး ရိကျီးက ထရပ်ကာ

"မင်းတို့ ခြောက်ယောက်က ဘာကောင်တွေလဲ။ ငါ သည်းခံပြီးတော့ ကြည့်နေတာ အတော်ကြာပြီ။ အခုတော့ သည်းမခံနိုင်တော့ဘူး။ ဂိုဏ်းကြီးငါးဂိုဏ်းကို မင်းတို့က လာပြီး နှောင့်ယှက်နေတာ မဟုတ်လား။ ဟန်ဆန်းဂိုဏ်းကသာ မင်းတို့ ခြောက်ယောက် လုပ်ချင်တိုင်း လုပ်နေတာကို ကြည့်နေမှာ။ ငါတို့ ထိုက်ဆန်းဂိုဏ်းက လက်ပိုက်ပြီး ကြည့်နေမှာ မဟုတ်ဘူး"

ထိုအခါ ထောင်ဝါးက လက်ခုပ်လက်ဝါးတီး၍ အော်ဟစ်လိုက်လေတော့သည်။

"မှားပြီ ... သိပ်ကို မှားသွားပြီ။ အခုဆိုရင် ဂိုဏ်းကြီးငါး ဂိုဏ်း ပူးပေါင်းလိုက်လို့ 'တောင်ငါးလုံးဂိုဏ်း' ဖြစ်သွားပြီ ... ခင်ဗျားရော .. ကျုပ်တို့ရော ... တောင်ငါးလုံးဂိုဏ်းသားတွေ ဖြစ်သွားပြီ။ ဟန်ဆန်းဂိုဏ်း ဆိုတာ မရှိတော့ဘူး။ ထိုက်ဆန်းဂိုဏ်း ဆိုတာလည်း မရှိတော့ဘူး"

"စောစောတုန်းက ကျိုလင်ထန်က ဒီစကားကို သေသေချာချာ ရှင်းပြခဲ့တာပဲ။ ခင်ဗျားက ဆရာကြီး ကျိုလင်ထန် ရှင်းပြတာကို သဘော မပေါက်ဘူးနဲ့ တူတယ်။ ဒီလိုသာ ဂိုဏ်းကြီး ငါးဂိုဏ်းဟာ ကိုယ်စီကိုယ်ငှ နာမည်တွေကိုသာ ဆက်သုံးချင်တယ်ဆိုရင် တစ်ဂိုဏ်းတည်း ပူးပေါင်းဖို့ ကိစ္စကို ခင်ဗျားက ဘာဖြစ်လို့ လက်ခံလိုက်ရတာလဲ။ တောင်ငါးလုံးဂိုဏ်း ပြိုကွဲမယ့် စကားတွေကို ခင်ဗျားအနေနဲ့ မသုံးသင့်ဘူး"

ထိုစဉ် ထောင်ရက်က လက်သီးလက်မောင်းတန်း၍ ဝင်ပြောပြန်သည်။

"ဒါဟာ ... သူ့ရဲ့ နဂိုဂိုဏ်းဂဏအစွဲ မပျောက်သေးဘူး ဆိုတာကို ပြနေတာပဲ။ ဒီလို လူမျိုးဟာ သိပ်ကြောက်စရာ ကောင်းတယ်။ ကင်းမြီးကောက်ရဲ့ အဆိပ်ထက်တောင် ကြောက်စရာ ကောင်းသေးတယ်။ ... အခွင့်အရေးရတာနဲ့ သူတို့ရဲ့ ထိုက်ဆန်းဂိုဏ်းကို ပြန်ထောင်မှာပဲ။ ဒီလို လူတွေဟာ တစ်စင်ထောင်ဖို့ အမြဲကြံစည်နေမယ့် လူမျိုးတွေကွ"

ဤနေရာသို့ အရောက်တွင် သိုင်းသမား ပရိတ်သတ်ကြီးထဲမှ ထက်ဝက်ခန့်မှာ 'အုံး' ကနဲ ရယ်မိကြတော့၏။ သူတို့စိတ်ထဲတွင် ...

"ဒီ အံ့ဖွယ်ခြောက်ယောက်ကို အရူးအပေါတွေလို့ ဆိုကြပေမယ့် သူတို့က သူများစကားမှားတာကို ချက်ချင်း သိကြတယ်။ အဲသည် စကားအမှားကို စောင့်ဖမ်းပြီး သူတို့ လိုချင်တဲ့ဖက်ကို ဆွဲပြောတဲ့ နေရာမှာတော့ အင်မတန် လည်ပါတယ်ဆိုတဲ့ ကျိုလင်ထန်တောင် လိုက်မီမှာ မဟုတ်ဘူး။"

အံ့ဖွယ်ခြောက်ယောက်တို့မှာ ငယ်စဉ်ကတည်းက စကားနိုင်လု ငြင်းခုံနေခဲ့ရာ သူတို့မှာ အကျင့်ဖြစ်နေလေပြီ။ တော်ရုံတန်ရုံ စကားပြောကောင်းသူ တစ်ယောက်သည် သူတို့နှင့် ယှဉ်၍ စကားပြောနိုင်မည် မဟုတ်ချေ။ ထို့အပြင် ကပ်ကပ်သပ်သပ် ရှုရှုက်ကြံကြံ စကားပြောရာတွင်လည်း သူတို့ကို မည်သူမျှ ယှဉ်နိုင်မည် မဟုတ်ချေ။

နောက်ထပ် အချက်တစ်ခုမှာ အံ့ဖွယ်ခြောက်ယောက်တို့က ဦးခေါင်းခြောက်ခေါင်းဖြင့် အတိုင်အဖောက်ညီစွာ ပြောကြခြင်းဖြစ်သည်။ ရှေးပဝေသဏီ ကတည်းက သူတို့ခြောက်ယောက် အဖွင့်အပိတ်ဖြင့် ပြောခဲ့ကြသဖြင့် သူတို့၏ စကားများမှာ ရေပက်မဝင်အောင် ပိရိသေသပ် လှပေသည်။

ရသေ့ကြီး ရိကျီးမှာ ဂိုဏ်းချုပ်ကြီးထင်းမင်၏ စကားအကျကိုကောက်၍ ဂိုဏ်းချုပ်ရာထူးကို ရခဲ့သူဖြစ်၏။ ယခု

ချက်ချင်းပင် သူ့စကားအကျကိုကောက်၍ အံ့ဖွယ်ခြောက်ယောက်တို့က ဝိုင်းနှိမ်ကြရာ ချက်ချင်းဝင်၍လည်း သွားရတော့သည်။ သူက ရှက်ရမ်းရမ်းလျက် ...

"တောင်ငါးလုံးဂိုဏ်းထဲမှာ မင်းတို့လို အရူးခြောက်ယောက် ပါလာတာက အကြီးအကျယ် အကုသိုလ်ဝင်တာပဲ" ဟု ပြောချလိုက်တော့၏။

ထောင်ဝါးက မျက်လုံးပြူး မျက်ဆန်ပြူးဖြင့် ရသေ့ကြီး ရိကျီးကို ကြည့်ရင်း ...

"ရသေ့ကြီး ... ခင်ဗျား ဘာပြောလိုက်တယ်။ တောင် ငါးလုံးဂိုဏ်းကို အကုသိုလ်ဝင်တယ် ... ဟုတ်လား။ ဒါဟာ တောင် ငါးလုံးဂိုဏ်းကို ခင်ဗျားအနေနဲ့ အထင်သေး စော်ကားတဲ့ သဘောပဲ။ တောင် ငါးလုံးဂိုဏ်းထဲကို ခင်ဗျားက မဝင်ချင်ဘူးပေါ့ ... ဟုတ်လား"

ထောင်ဆက်က ...

"ဟင်း ... တော်တော်ဆိုးတဲ့ ရသေ့ကြီးပါလား။ ဒီရသေ့ကြီးကို အသက်ကြီး ဝါကြီးလို့ တော်တော်လေး အချိန်စီးမယ် မှတ်ပါတယ်။ အခုတော့ ဘယ်မှာ အချိန်စီးလို့လဲ။ တောင်ငါးလုံးဂိုဏ်းကို ဘယ်လောက် ခက်ခက်ခဲခဲ စည်းရုံးတည်ထောင်ခဲ့ရသလဲ။ ဒီနေ့ ရောက်လာတဲ့ သိုင်းသမားအားလုံး မျက်မြင်ကိုယ်တွေ့ပဲ ... ဒီနေ့ပဲ တောင်ငါး လုံးဂိုဏ်းကို တည်ထောင်တယ်။ ဒီရသေ့ကြီးက ဒီနေ့ပဲ တောင်ငါးလုံးဂိုဏ်းကို အထင်သေး စကားပြောတယ်။"

ထောင်ဆက်သည် ဒေါကြီး မောကြီးနှင့် လက်သီး လက်မောင်းတန်းကာ ဆက်၍ အော်ဟစ်ပြန်သည်။

"ဒီလို အထင်သေးစကားပြောတာဟာ ငါတို့ တောင်ငါးလုံးဂိုဏ်းသစ်ကြီးကို ကျိန်ဆဲလိုက်တာပဲ။ ... ရသေ့ကြီး ... ခင်ဗျားပါးစပ်က တောင်ငါးလုံးဂိုဏ်းကို အကုသိုလ်ဝင်တယ်လို့ ပြောတာဟာ နိမိတ်မရှိ၊ နမာမရှိတဲ့ စကားပဲ။ ... ကျုပ်တို့ရဲ့ တောင်ငါးလုံးဂိုဏ်းသစ်ကြီးဟာ ရှောင်လင်ဂိုဏ်း၊ ဟူတန်းဂိုဏ်းတွေနဲ့ ရင်ပေါင်တန်းနိုင်အောင် ကြိုးစား နေတုန်း ခင်ဗျားက မင်္ဂလာမရှိတဲ့စကားနဲ့ ကျိန်ဆဲလိုက်တာဟာ ခင်ဗျားအလွန်လား ... ဒါမှမဟုတ် အပြစ်ပြောတဲ့ ကျုပ်တို့အလွန်လား။ ခင်ဗျားဟာ တော်တော် ရက်စက်တဲ့လူပဲ။ ရသေ့ကြီး ... ခင်ဗျားကို ကျုပ် မေးစမ်းပါရစေဦး။ မင်္ဂလာဦး အခါဦးမှာ ခင်ဗျားက ဘာဖြစ်လို့ ကျက်သရေ မင်္ဂလာ မရှိတဲ့ စကားမျိုး ပြောရတာလဲ"

ရသေ့ကြီး ရိကျီးမှာ အံ့ဖွယ်ခြောက်ယောက်တို့အား မည်သည့်စကားဖြင့် ချေပ ရှင်းလင်းရမည်ကို မသိအောင် ဖြစ်နေရှာတော့သည်။ မျက်နှာကြီး နီရဲနေသော်လည်း ဆွံ့အနေသူပမာ ဖြစ်နေတော့သည်။ ထိုစဉ် ထောင်ရက်က ဝင်၍...

"ဒီရသေ့ကြီးဟာ အပြောတစ်မျိုး၊ အလုပ်တစ်မျိုး ရသေ့ကြီးပဲ ... အခု ခင်ဗျားလုပ်နေပုံဟာ ကျုပ်တို့ရဲ့ တောင်ငါး လုံးဂိုဏ်းကြီးကို မတည်နိုင်အောင် လုပ်နေတာပဲ။ ဒီဂိုဏ်းကြီး မတည်နိုင်မှ သူက ထိုက်ဆန်းဂိုဏ်းချုပ် လုပ်ရမှာကိုး ... စောစောတုန်းက ဆရာကြီးထင်းမင်တုန်းက သူက ရှုတ်ချနေလိုက်တာ။ ... ဟင်း ... အခု သူက ပိုတောင် ဆိုးနေသေး တယ်။"

တရုတ်လူမျိုးများတွင် အယူအဆများ၊ အစွဲများ ရှိကြသည်။ ဤကဲ့သို့ အရေးကြီးသော အချိန်သမယများ၌ မကောင်းသောစကား၊ မင်္ဂလာမရှိသော စကားများကို အထူး ရှောင်ကြဉ်ကြရသည်။ ဥပါဒါန်ကြောင့် ဥပါဒ် ရောက်ရမည်ကို လွန်စွာ စိုးရိမ်ကြသည်။ ယင်းကြောင့် ကြားရသူများ၏ စိတ်ထဲတွင် ရသေ့ကြီး ရိကျီးမှာ အပြစ်ရှိသူ ဖြစ်လာသည်။

အံ့ဖွယ် ၆ ယောက်တို့က စကားများများ ပြောလေလေ၊ ရသေ့ကြီး ရိကျီး အဖို့ အခြေအနေ ပိုဆိုးလာလေလေ ဖြစ်နေတော့သည်။

× × × × ×

# သိုင်းပညာပြိုင်ပွဲ

လင့်ဟူချုံးသည် အံ့ဖွယ်ခြောက်ယောက်နှင့် ရှေးဦးဆုံး ရင်းနှီးခဲ့ရသူ ဖြစ်ရာ ထို ၆ ယောက်အကြောင်းကို အခြားသူများထက် ပို၍ သိသည်။ သူ့စိတ်ထဲမှ ...

"အင်း ... ဒီနေ့ နောင်ကြီး အံ့ဖွယ်တွေ စကားပြောတာ တယ်ပြီး အချက်ပိုင်ပါကလား ... အကွက်ကို စေ့နေတာပဲ။ ဒီလူတွေ အငြင်းအခုံသန်တာတော့ မှန်တယ်။ ဒါပေမယ့် ဒီလောက်တော့ ဖြတ်ထိုးဉာဏ် မကောင်းကြပါဘူး။ အခု ကြည့်စမ်း ..... ကိုယ်ပြောချင်ရာ ဆွဲပြီး ပြောသွားလိုက်တာ။ ရိကျီးဆိုရင် ချောင်ပိတ်မိနေပြီ။ ဇကန္တ တစ်ယောက်ယောက် ကတော့ ဘေးကနေ အကြံပေးလုပ်နေပြီနဲ့ တူတယ်။"

အတွေးကြောင့် အံ့ဖွယ်ခြောက်ယောက် ဘေးနားသို့ လင့်ဟူချုံးက အကဲခတ်လိုက်သည်။ သို့သော် သူတို့ နားတွင် မယုံသင်္ကာစရာ လူတစ်ယောက်မှ မတွေ့ရချေ။

မိမိအထင် မှားလေပြီဟု တွက်ဆလိုက်ရာက ရုတ်တရက် အံ့ဖွယ်ခြောက်ယောက်၏ နောက်ဖက်တွင် ညိုမည်းသော မျက်နှာဖြင့် အရုပ်နိမ့်သော လူတစ်ယောက်ကို တွေ့လိုက်မိသည်။ ထိုလူသည် ခေါင်းကို လက်နှင့်ကုတ်ကာ ပုန်းလျှိုး ကွယ်လျှိုး ရပ်နေသည်ကိုလည်း သတိပြုလိုက်မိတော့၏။

ရုတ်ရုတ်သဲသဲနှင့် လူစည်ကားရာ အရပ်များတွင် ဤကဲ့သို့ မထင်မရှား ပုံကျများ ရှိတတ်ကြရာ မည်သူကမျှ သူ့အား အရေးမစိုက်ကြချေ။ လင့်ဟူချုံးက ထိုလူအား ဂရုစိုက်၍ အကဲခတ်လိုက်သည်။ ထိုအခိုက် ထိုသူကလည်း လင့်ဟူချုံးကို တစ်ချက် လှမ်းကြည့်လိုက်သည်နှင့် ကြုံကြိုက်သွားသည်။

ထိုသူ၏ မျက်လုံးများထဲမှ အပြုံးများကို တွေ့လိုက်ရပြီး နောက်ပြောင်လိုသည့် အမူအရာများကိုပါ တွေ့လိုက်ရသဖြင့် အလွန် အံ့အားသင့်သွားတော့၏။ လင့်ဟူချုံး ရင်ထဲတွင် ထိတ်ကနဲဖြစ်သွားသည်။ ထိုသူကို ချက်ချင်း မှတ်မိလိုက်လေပြီ။ ဝမ်းသာမှုများက သူ့ရင်ထဲတွင် ဘောင်ဘင်ခတ်သွားတော့၏။

ညိုမည်းသော မျက်နှာနှင့်လူကား လင်းလင်းပင်တည်း။

ယနေ့ပွဲသို့ လင်းလင်း မလာနိုင်တော့ဟု လင့်ဟူချုံးက မှတ်ယူထားရာ ယခုကဲ့သို့ ရုပ်ဖျက် ရောက်လာသောအခါ အတိုင်းမသိ ဝမ်းသာသွားခြင်း ဖြစ်သည်။

လင့်ဟူချုံးက ချက်ချင်းပင် ထိုင်ရာမှထလိုက်သည်။ လင်းလင်းအနားသို့ လျှောက်သွားရန် ဟန်ပြင်လိုက်ခြင်း ဖြစ်သည်။ သို့သော် လင်းလင်းက မသိမသာ ခေါင်းယမ်းပြလိုက်သဖြင့် ပြန်ထိုင်လိုက်ရတော့၏။

သေချာစွာ စဉ်းစားလိုက်သောအခါ လင်းလင်း အချက်ပြသည်မှာ မှန်ပေသည်။

အခြားသူများ သိသွားပါက လင်းလင်းအတွက် အဆိုးချည်းသာ ဖြစ်တော့မည်။ လင့်ဟူချုံး၏ စိတ်ထဲတွင် လွန်စွာ လှုပ်ရှားသွားတော့၏။

"လင်းလင်း ... လင်းလင်း ... တကယ့် မိန်းကလေးပဲ ... သည်လောက် အန္တရာယ်များတဲ့နေရာကို သူမို့ မကြောက်မရွံ့ လာရဲတယ်။ တကယ်လို့များ သူ့ကို မကောင်းဆိုးဝါး ဂိုဏ်းချုပ်ကြီးရဲ့ သမီးဆိုတာ သိသွားရင် ..."

စဉ်းစားရင်းဖြင့် လင့်ဟူချုံးမှာ လင်းလင်း၏ စေတနာ မေတ္တာ ကြီးမားပုံကို ပို၍ သိမြင်လာတော့သည်။

"သည်လောက် အန္တရာယ်တွေ ဝိုင်းဝိုင်းလည်နေတဲ့ကြားထဲက ငါ့ကို လာကူညီတာက ငါ့အပေါ်ထားတဲ့ သူ့ရဲ့ မေတ္တာ

အတိုင်းအတာကို ပြနေတာပဲ။ ငါ ... ငါ ... သူ့ရဲ့ ကျေးဇူးတွေကို ဘယ်လို ဆပ်ရမှန်းတောင် မသိတော့ဘူး”

လင့်ဟူချုံးကို မသိမသာ ပြုံးပြရင်း လင်းလင်းသည် လူအုပ်ကြီးထဲသို့ အသာအယာ ဝင်သွားသည်။ လက်စသတ်တော့ အဲ့ဖွယ်ခြောက်ယောက်ကို သွန်သင်ပေးနေသူကား လင်းလင်းပင်တည်း။

ထိုစဉ် ထောင်ကန်းက အော်ဟစ်လိုက်သည်။

“ကဲ ..... အားလုံးကို ကြေငြာလိုက်တယ်။ ကျုပ်ထောင်ကန်းက လင့်ဟူချုံးကို ဂိုဏ်းချုပ်ကြီး အဖြစ် တင်မြှောက်လိုက်တယ်။ ... ဒါကို မကျေနပ်တဲ့သူရှိရင် လင့်ဟူချုံးနဲ့ ဓါးရေး ယှဉ်ပြိုင်နိုင်တယ်။ ဓါးချင်းယှဉ်ပြီး ဂိုဏ်းချုပ်နေရာကို ရွေးမယ်။”

ပြောရင်းဆိုရင်း ထောင်ကန်းက လင့်ဟူချုံးရှိရာသို့ လက်ညှိုးထိုးပြလိုက်သည်။

ထောင်ရှမ်းက ...

“ကိုလင်ထန် ... ခင်ဗျားက ကျုပ်တို့ တရားသဖြင့် ပြောနေတာကို မကျေနပ်ဖူးလား။ ကျုပ်တို့က ဘယ်သူ့ကိုမှ မတရား မလုပ်ဖူး။ ခင်ဗျားအနေနဲ့ ဂိုဏ်းချုပ်ရာထူး ဆက်ခံသင့်တယ်လို့ ကိုယ့်ကိုယ်ကိုယူဆရင် လင့်ဟူချုံးနဲ့ ဓါးချင်း ယှဉ်ပြိုင်နိုင်တယ်။ ... ဒီနေ့မှာ တောင်ငါးလုံးဂိုဏ်းရဲ့ ဂိုဏ်းချုပ်အသစ်ကို သိုင်းပညာပြိုင်ပွဲနဲ့ပဲ ရွေးကောက်ကြမယ်”

ဤအခမ်းအနားသို့ ရောက်ရှိလာကြသည့် သိုင်းသမားများအနက် တစ်ဝက်ကျော်ကျော်မှာ တောင်ငါးလုံးဂိုဏ်းမှ အပဖြစ်သော သိုင်းသမားများ ဖြစ်သည်။ သူတို့သည် ဂိုဏ်းကြီးငါးဂိုဏ်းဝင်များ မဟုတ်ကြချေ။ အစီအစဉ် အခမ်းအနား မည်သို့ကျင်းပသည်။ မည်သို့ ရွေးကောက်ပြီးစီးသွားသည်ကို ကြည့်ရှုရန် လာရောက်ကြသော ဧည့်ပရိတ်သတ် သက်သက်သာ ဖြစ်သည်။ မည်သို့ပင်ဖြစ်ကြစေ ... ပွဲကြီးပွဲကောင်း ကြည့်ရမည်ဆိုလျှင် သူတို့အဖို့ လာရကျိုးနပ်သွားပြီ ဖြစ်၍ ထိုပွဲမျိုးကိုသာ မျှော်လင့် စောင့်စားနေကြသူများ ဖြစ်၏။

ယခု အဲ့ဖွယ်ခြောက်ယောက်က သိုင်းပညာပြိုင်ပွဲ ကြေငြာစကားကို ကြားလိုက်ရသောအခါ အားလုံးက တခဲနက် အော်ဟစ်ထောက်ခံ ကြလေတော့၏။

လင့်ဟူချုံးက စိတ်ထဲမှ ...

“ငါက ရှောင်လင်ကျောင်းထိုင် ဆရာတော်ကြီးဖန်းတင်းနဲ့ ဟူတန်း ဂိုဏ်းချုပ် ရသေ့ကြီး ချုံးရှီးတို့ကို ... ကိုလင်ထန် တောင်ငါးလုံးဂိုဏ်းချုပ်ကြီး မဖြစ်စေရပါဘူးလို့ ကတိပေးထားခဲ့တယ်။ ... အခုဆိုရင် တော်တော်ကလေး အဆင်ပြေလာပြီ။ ဆရာသာ တောင်ငါးလုံးဂိုဏ်းချုပ် ဖြစ်သွားရင် ဆရာတော်ကြီးနဲ့ ရသေ့ကြီး ချုံးရှီးတို့ရဲ့ဆန္ဒ ပြည့်သွားမှာပဲ။ သူတို့က ကိုလင်ထန်ကို စိုးရိမ်နေကြတာပဲ”

လင့်ဟူချုံးက သူ့ဆရာ ရက်ပုချွန်ကို လှမ်းကြည့်လိုက်သည်။ သူ့ဆရာ၏ တည်ကြည်ခန့်ညားလှသော ဥပမိရုပ်ကို လွန်စွာ ကြည်ညိုသွားမိသည်။ သူက ဆက်၍ တွေးလိုက်သည်။

“ဆရာသာ တောင်ငါးလုံးဂိုဏ်းချုပ်ဖြစ်သွားရင် အားလုံးအတွက် အကောင်းဆုံး ဖြစ်သွားမှာပဲ။ ဆရာက တစ်ကိုယ်ကောင်းလည်းမဆန်ဘူး။ လူတိုင်းကလည်း ဆရာဆိုရင် လေးစားကြတယ်။ သစ္စာရှင်ဓါးဆိုတဲ့ဘွဲ့ဟာ သိုင်းလောကသားတွေ ပေးထားတဲ့ဘွဲ့ပဲ။ ဂိုဏ်းကြီးငါးဂိုဏ်းက သိုင်းဆရာကြီးတွေထဲမှာ ငါ့ဆရာကလွဲလို့ ဘယ်သူမှ တောင်ငါးလုံး ဂိုဏ်းချုပ် ရာထူးနဲ့ မထိုက်တန်ပါဘူး”

ဤအတွေးကို တွေးလိုက်မိသည်နှင့် ချက်ချင်းပင် လင့်ဟူချုံးက မတ်တပ်ထရပ်လိုက်ကာ ...

“နောင်ကြီး ထောင်ကန်းက တောင်ငါးလုံးဂိုဏ်းချုပ် အဖြစ် အဆိုတင်ပေးတာကို အတိုင်းမသိ ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် ကျုပ်ထက် အသက်ရော ... ဝါရော ... သိုင်းပညာပါ သာတဲ့ ကျုပ်ဆရာ ရက်ပုချွန် ရှိနေပါသေးတယ်”

ခေတ္တနားလိုက်ရင်း သိုင်းသမားပရိသတ်ကြီးကို လင့်ဟူချုံးက လှမ်းအကဲခတ်လိုက်သည်။ လူတိုင်းက စိတ်ဝင်စားစွာ စောင့်မျှော်နေသဖြင့် သူ့စကားကို ဆက်လိုက်၏။

“ကျုပ်ရဲ့ဆရာ ရက်ပုချွန်ဟာ သိုင်းပညာလည်း တော်တယ်။ စိတ်သဘောထားလဲ အင်မတန် မြင့်မြတ်တယ်။ ဒါတွေကို ကျုပ်ပြောနေဖို့ မလိုပါဘူးလေ။ သိုင်းလောကသားတွေ အားလုံး သိပြီးသားပါ။ နောက်ဆုံးလိုရင်းကို ပြောရရင်တော့ ကျုပ်က ကျုပ်ရဲ့ဆရာ ရက်ပုချွန်ကို တောင်ငါးလုံးဂိုဏ်းချုပ် အဖြစ်ရွေးကောက်လိုပါတယ်။”

ထိုစကားကို ကြားသောအခါ ဝါဆန်းဂိုဏ်းမှ လူအားလုံးက တခဲနက် လက်ခုပ်သြဘာ ပေးကြလေတော့၏။ သို့သော် ကောင်းဆန်းဂိုဏ်းမှ သိုင်းဆရာ တစ်ယောက်က ထရပ်ကာ ...

“ဆရာကြီး ရက်ပုချွန်ဟာ သိပ်တော့ မဆိုးလှပါဘူး။ ဒါပေမယ့် တောင်ငါးလုံးဂိုဏ်းချုပ် လုပ်နိုင်လောက်အောင်တော့ အရည်အချင်း မပြည့်သေးဘူး ထင်ပါတယ်။ ... ဘာဖြစ်လို့လဲဆိုတော့ ကျုပ်တို့ရဲ့ ဂိုဏ်းချုပ်ကြီး ကိုလင်ထန်ကို

မမှီသေးလို့ပါပဲ။ ... ဒါကြောင့် တောင်ငါးလုံးဂိုဏ်းချုပ် အဖြစ် အသင့်လျော်ဆုံးလူကတော့ ဂိုဏ်းချုပ်ကြီး ကျိုလင်ထန်ပဲ ဖြစ်ပါတယ်။"

ထောင်ရက်က ထ၍ အော်တော့၏။

"ဟေ့ .... အရည်အချင်းတွေကို ပါးစပ်က ပြောမနေနဲ့ ... ပြောနေရင် ဆုံးတော့မှာ မဟုတ်ဘူး။ ဘယ်သူ သိုင်းပညာ ပိုတော်သလဲဆိုတာကို ပြောနေလို့ မသိနိုင်ဘူး။ ဒီတော့ သိုင်းပညာ ပြိုင်ကြ .... ပိုတော်တဲ့သူက ဂိုဏ်းချုပ်လုပ် ... ဒါပဲ"

ထိုအခါ ဧည့်သည် သိုင်းသမားများက အော်ဟစ် ထောက်ခံကြလေတော့၏။

"ဟုတ်တယ် ... ဟုတ်တယ်။ သိုင်းပညာပြိုင်ပွဲနဲ့ ရွေးကောက်တာ တရားအမျှတဆုံးနဲ့ အမှန်ကန်ဆုံးပဲ ... သိုင်းပညာ ပြိုင်ကြပါ"

သူတို့ကား ဤပွဲမျိုးကို စောင့်စားနေကြသူများ မဟုတ်ပါလော။ ဤစကားမျိုးသာ ပြောကြပေမည်။

လင့်ဟူချုံးက စိတ်ထဲမှ တွေးလိုက်၏။

"ဒီနေ့ အခြေအနေကတော့ ကျိုလင်ထန်ကို အရင်ဆုံး အပြုတ်မတိုက်ရင် မဖြစ်တော့တဲ့ အခြေပဲ။ ကျိုလင်ထန်ကို အရင်ဆုံး ဖြုတ်ပစ်မှ ကောင်းဆန်းဂိုဏ်းပြုတ်မှာ ... ဒါမှ ငါ့ဆရာလည်း ဂိုဏ်းချုပ် ဖြစ်နိုင်တော့မှာပဲ"

လင့်ဟူချုံးက ချက်ချင်းပင် ရှေ့သို့ ထွက်လာရင်း ...

"ဆရာကြီး ကျိုလင်ထန် ... သိုင်းလောက က မိတ်တွေတွေ တောင်းဆိုချက်ကတော့ ကြားတဲ့ အတိုင်းပါပဲ။ ဒီတော့ ကျုပ်တို့ကလည်း သိုင်းပညာ ပြိုင်ပွဲနဲ့ပဲ တောင်ငါးလုံးဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီးကို ရွေးချယ်ကြတာပေါ့။ ကဲ ... ဆရာကြီးနဲ့ ကျုပ်နဲ့ တစ်ပွဲလောက် နွှဲလိုက်ကြရအောင်"

ပြောပြောဆိုဆိုနှင့် လင့်ဟူချုံးက သူ၏ဓားကို ဆွဲထုတ်လိုက်သည်။ သူက တမင်တကာ ခပ်မြန်မြန် ဆွဲထုတ်လိုက်ခြင်း ဖြစ်သည်။ ကျိုလင်ထန်၏ လက်ဝါးစောင်းမှာ အလွန်ထက်မြက် ကောင်းမွန်လှသဖြင့် သူ့အနေဖြင့် လက်နက်မဲ့ သိုင်းဖြင့် ကျိုလင်ထန်ကို အနိုင်ရရှိရန် မလွယ်ကူပေ။

ထိုအခါ သိုင်းသမားများက ဆူညံစွာ အော်ဟစ် အားပေးကြလေတော့၏။

ထိုအခိုက် ရက်ပုချွန်က ထရပ်လိုက်ကာ အသံကို မြှင့်၍ ပြောလိုက်၏။

"မိတ်ဆွေတွေ အားလုံးက တောင်ငါးလုံးဂိုဏ်းရဲ့ ဂိုဏ်းချုပ်သစ် ရွေးချယ်ဖို့ကိစ္စမှာ ဒီပုံစံအတိုင်း ရွေးချယ်ဖို့ တောင်းဆိုနေကြတော့ ကျုပ်တို့ကလည်း မိတ်ဆွေတို့ရဲ့ လိုအင်ဆန္ဒကို လိုက်လျော ရတော့မှာပေါ့"

"ဒါပေမယ့် တစ်ခုတော့ ကျုပ်က မေတ္တာရပ်ခံချင်ပါတယ်။ အခုဆိုရင် ကျုပ်တို့ ဂိုဏ်းကြီးငါးဂိုဏ်းဟာ တစ်ဂိုဏ်းတည်း ဖြစ်သွားပြီဆိုတော့ သိုင်းပြိုင်တဲ့အခါမှာ တစ်ယောက်ကို တစ်ယောက် ထိခိုက်ဒဏ်ရာမရအောင် အတတ်နိုင်ဆုံး ရှောင်ရှားကြပါလို့ပါ။ ... အသက်ကို ထိခိုက်စေဖို့ ဆိုတာတော့ လုံးဝ မဖြစ်သင့်ပါဘူး"

ရက်ပုချွန်၏ စကားမှာ ကောင်းမွန် သင့်လျော်လှသဖြင့် အားလုံးက ခေါင်းညိတ်သဘောတူ ကြသည်။ သို့သော် ... ကျိုလင်ထန်ကမူ ...

"နောင်ကြီး ရက်ပုချွန်ပြောတာ အင်မတန် ကောင်းမွန်ပါတယ်။ ဒါပေမယ့် ဒါက သိုင်းပညာပြိုင်ပွဲဆိုတော့ မတော်တဆ ထိခိုက်မှုတွေကတော့ ရှိမှာပါပဲ။ လုံးဝမထိခိုက်အောင် ရှောင်ကြဉ်ဖို့ဆိုတာကတော့ မဖြစ်နိုင်တဲ့ ကိစ္စပါ"

ရက်ပုချွန်က ...

"ဒါကတော့ ဟုတ်ပါတယ်။ ... ကျုပ်လည်း လက်ခံပါတယ်။ တရားအမျှတဆုံး ဖြစ်စေဖို့ ကျုပ်အနေနဲ့ အကြံတစ်ခု တင်ပြပါရစေ"

ကျိုလင်ထန်က ...

"ပြောပါလေ။ လိုအပ်တဲ့အကြံဆိုရင် ယူရမှာပေါ့။ လူအများနဲ့လုပ်ရတဲ့ ကိစ္စမျိုးမှာ တရားမျှတလေ ကောင်းလေ ပဲပေါ့"

ရက်ပုချွန်က ...

"ဒီလိုပါ ... ဒီပြိုင်ပွဲကြီးဟာ အင်မတန် အရေးကြီးတဲ့ ပြိုင်ပွဲကြီး ဖြစ်နေတော့ ဆရာတော်ကြီး ဖန်တင်း၊ ရသေ့ကြီး ချုံးရှီး စတဲ့ သက်ကြီး ဝါကြီး တွေကို ခေါ်ပြီး ဒိုင်လူကြီး လုပ်ခိုင်းရင် ကောင်းမယ်လို့ ယူဆပါတယ်။ ဒီဒိုင်လူကြီးတွေက ဘယ်သူနိုင်တယ်။ ဘယ်သူရှုံးတယ်ဆိုတာကို ဆုံးဖြတ်ပေးရမယ်။ အခု ကျုပ်တို့ လုပ်နေတဲ့ အစီအစဉ်က သိုင်းပညာ သက်သက် ပြိုင်တာ ... သူသေကိုယ်သေ တိုက်ရတာ မဟုတ်တော့ အခုလို ဒိုင်လူကြီးတွေ လိုမယ်လို့ ထင်ပါတယ်"

ကျိုလင်ထန်က သဘောတူသည်။

“နောင်ကြီး ရက်ပုချွန်ပြောတာ ကောင်းပါတယ်။ ကျုပ်ကလည်း ပြိုင်ပွဲဝင်ရမယ့် အစီအစဉ်တစ်ခုကို တင်ပြချင်ပါတယ်။ နို့မဟုတ်ရင် အားလုံး အုတ်အရောရောေ၊ ကျောက်အရောရောနဲ့ ရှုပ်ထွေးကုန်ကြလိမ့်မယ်။”

လင့်ဟူချုံးက ...

“ပြောပါ ..... ပြောပါ။ အခုလို အကြံကောင်း ဉာဏ်ကောင်းတွေနဲ့ စည်းကမ်းတကျ ယှဉ်ပြိုင်ကြရင် ထိခိုက်မှု အနည်းဆုံးနဲ့ တောင်ငါးလုံးဂိုဏ်းရဲ့ ဂိုဏ်းချုပ်သစ်ကို ရွေးကောက်နိုင်မှာပါပဲ။ ဆရာကြီး ကျိုလင်ထန်ရဲ့ အကြံဉာဏ်ကို ကြားပါရစေ”

ကျိုလင်ထန်က ...

“ပြိုင်ပွဲမှာ ဂိုဏ်းကြီးတစ်ဂိုဏ်းစီက နှစ်ယောက်ပဲ ပြိုင်ပွဲဝင်ခွင့်ရှိတယ်။ ဒီလိုမှ မသတ်မှတ်ထားရင်တော့ ဒီပြိုင်ပွဲက ဘယ်တော့ ..... ဘယ်အချိန်မှ ပြီးမယ် မသိနိုင်ဘူး”

ထိုစဉ် ထိုက်ဆန်းဂိုဏ်းမှ ရသေ့ကြီး ရိကျိုးက ဓားကို ဆွဲထုတ်လိုက်ကာ ...

“ကျုပ်က ထိုက်ဆန်းဂိုဏ်းကပဲ။ ကျုပ်တို့ကတော့ ဆရာကြီးကျိုလင်ထန်ကို တောင်ငါးလုံးဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီး အဖြစ် ရွေးကောက်ဖို့ သဘောတူတယ်။ တကယ်လို့ ဆရာကြီး ကျိုလင်ထန်ကို မကြိုက်တဲ့သူရှိရင် ... မကျေနပ်တဲ့သူ ရှိရင် အဲဒီလူဟာ ကျုပ်နဲ့ အရင်ဆုံး ယှဉ်ပြိုင်ရမယ်။ ထိုက်ဆန်းဂိုဏ်းရဲ့ ဓားသိုင်း အနှစ်သာရကို တွေ့သွားစေရမယ်။”

ထိုစဉ် စူးရှလွန်းသော ယောက်ျားသံတစ်သံ ရုတ်ခြည်း ထွက်ပေါ်လာ၏။

“ဟား ဟား ဟား ... ထိုက်ဆန်းဂိုဏ်းရဲ့ ဓားသိုင်းအနှစ်သာရ ... ဟုတ်လား။ မေးပါရစေဦး။ ထိုက်ဆန်းဂိုဏ်းရဲ့ ဓားသိုင်း အနှစ်သာရကို ခင်ဗျားကရော ဘယ်လောက်များ သိထားလို့လဲ။ ထိုက်ဆန်းဂိုဏ်းရဲ့ ဓားသိုင်း အနှစ်သာရကို လုံးဝမသိပဲနဲ့ ထိုက်ဆန်းဂိုဏ်းကို ကိုယ်စားပြုပြီး မထွက်သင့်ဘူး။ ခင်ဗျား မရှက်ဘူးလား”

လူအားလုံး လန့်သွားကြသည်။ ဦးခေါင်းများစွာတို့သည် တစ်ပြိုင်နက်တည်း လှည့်ကြည့် လိုက်မိကြသည်။

လင်မိန်ကျက် ဖြစ်နေချေသည် တကား။

တအံ့တသြ ရေရွတ်သံများ ထွက်ပေါ်လာသည်။

“အော် ... လက်စသတ်တော့ ဝါဆန်းဂိုဏ်းရဲ့ သားမက်ကိုး”

လင့်ဟူချုံးမှာမူ အကြီးအကျယ် အံ့အားသင့်သွားတော့၏။ မယုံနိုင်သော မျက်လုံးများဖြင့် လင်မိန်ကျက်အား ကြည့်လိုက်မိ၏။

“ဘယ်လို ဖြစ်သွားတာပါလိမ့်။ အရင်တုန်းက လင်မိန်ကျက်ဟာ အင်မတန်အေးဆေးတယ်၊ တည်ကြည်တယ်။ စကားကို မလိုရင်မပြောဘူး။ ပြောရင်လဲ လေးလေးနက်နက် ပြောတတ်တယ်။ အခုလို သူများကို ခနဲ့တဲ့စကားမျိုး၊ အရှက်ခွဲတဲ့ စကားမျိုး ဘယ်တုန်းကမှ မပြောခဲ့ဘူးဖူး ... အခုဘယ်လိုဖြစ်ပြီး ဒီလိုစကားမျိုး ပြောရတာလဲ”

လင်မိန်ကျက်တစ်ယောက် အံ့သြစဖွယ် ပြောင်းလဲသွားပုံကို စိတ်မကောင်း ဖြစ်မိသည် မှန်သော်လည်း လင့်ဟူချုံး၏ စိတ်ထဲတွင်မတော့ ရသေ့ကြီး ရိကျိုးကို ဤသို့ ဆက်ဆံလိုက်ခြင်းအတွက် များစွာ ကျေနပ်သွားမိသည်။

ရသေ့ကြီး ရိကျိုးသည် ထိုက်ဆန်းဂိုဏ်းချုပ် ဆရာကြီး ထင်မင်းကို မတရားသောနည်းဖြင့် သေဆုံးအောင် လုပ်ခဲ့သူ မဟုတ်ပါလား။

ကောက်ကျစ်ယုတ်မာသူများအဖို့ အရှက်တကွဲ အကျိုးနည်းစေမည့် စကားနှင့်သာ ထိုက်တန်သည်ဟု မှတ်ယူမိသည်။

ရသေ့ကြီး ရိကျိုးက ဒေါသတကြီးဖြင့် လင်မိန်ကျက်အား ...

“ဟေ့ ... ငါ့ကို ထိုက်ဆန်းဂိုဏ်းရဲ့ ဓားသိုင်း အနှစ်သာရ မသိဘူးဆိုတော့ မင်းက သိတယ်ပေါ့လေ။ ဒီလိုဆိုရင် လာစမ်းပါ။ အားလုံးကြည့်ရမြင်ရအောင် တစ်ကွက် နှစ်ကွက်လောက် စကားပြပါဦး”

စကားကရှင်းသည်။ ထိုက်ဆန်းဂိုဏ်းရဲ့ ဓားသိုင်းအနှစ်သာရ ဝါဆန်းဂိုဏ်းသား တစ်ယောက်က မည်သို့ သိနိုင်မည်နည်းဟု ပြန်လည် စိန်ခေါ်လိုက်ခြင်းသာ ဖြစ်သည်။

ထိုစဉ် မိန်းကလေးသံတစ်သံ ပေါ်ထွက်လာသည်။

“ဘာလဲ .... ရှင့်လေသံက တစ်မျိုးပါလား။ လင်မိန်ကျက် ပြောတာကို ရှင်က မယုံဘူးပေါ့လေ။”

အသံရှင် မိန်းကလေးမှာ လိန်လိန်ပင်တည်း။

လင့်ဟူချုံးမှာ အလွန်တရာ အံ့သြသွားတော့သည်။

အကြောင်းမှာ လိန်လိန်၏သိုင်းပညာသည် ဤတောင်ထိပ်တွင် ရောက်ရှိနေသည့် မည်သည့်ထိပ်သီး သိုင်းသမားနှင့်မျှ ယှဉ်နိုင်သည့်အဆင့် မဟုတ်ချေ။ သို့ရာတွင် လိန်လိန်၏ လေသံသည် တိုက်ပွဲတွင်းသို့ ဝင်ရောက်လာတော့မည့်

လေသံမျိုး ဖြစ်နေသည်။

လင့်ဟူချုံး၏ အံ့သြမှုမဆုံးမီ လိန်လိန်သည် ဓားကိုလွယ်လျက် သိုင်းသမားများ အလယ်သို့ ထွက်လာတော့သည်။ ထွက်လာရင်းမှာပင် ညာဖက်လက်ဖြင့် နောက်ကျောမှ ဓားကို 'ရွှမ်း' ကနဲမြည်အောင် ဆွဲထုတ်လိုက်သည်။

"ကဲ .. အခု ကျွန်မက အခု ထိုက်ဆန်းဂိုဏ်းရဲ့ ဓားသိုင်းကို သုံးပြီး ရှင်နဲ့ တစ်ပွဲတစ်လမ်း စမ်းကြည့်မယ်"

လိန်လိန်သည် ရက်ပုချွန်၏ သမီးဖြစ်ကြောင်းကို ရသေ့ကြီးရိကျိုး ကောင်းစွာသိရှိထားသည်။ ရက်ပုချွန်နှင့် ကျိုလင်ထန်၏ ဆက်ဆံမှု အခြေအနေကိုလည်း အတော်လေးသိထားသည်။ အထူးသဖြင့် ကျိုလင်ထန်က ရက်ပုချွန်အား အထူးအလေးထားနေမှန်းသိသည်။ ထို့ကြောင့် လိန်လိန့်အား သတ်ပစ်ချင်နေသော်လည်း ဒေါသကို ဖုံးအုပ်ထားပြီး ခပ်ပြုံးပြုံးပင် ဆက်ဆံသည်။

"မင်းတို့ ဝါဆန်းဂိုဏ်းရဲ့ ဓားသိုင်း သိပ်ကောင်းတယ်ဆိုတာ ... ငါ သိပါတယ်။ သိုင်းလောကမှာ ဝါဆန်းဂိုဏ်းရဲ့ ဓားသိုင်းဟာ အတော်ကလေး ကျော်ကြားပေတာပဲ ... ဒါပေမယ့် ...."

"ဆက်ပြောပါ .. ရသေ့ကြီးက ဘာပြောချင်ပါသလဲ .. ကျွန်မတို့ ဝါဆန်း ဓားသိုင်း သိပ်ကောင်းတယ် ဒါပေမယ့် .... ဘာဖြစ်သလဲ"

"ဒါပေမယ့် .... ဝါဆန်းဂိုဏ်းသား တစ်ယောက်က ငါတို့ ထိုက်ဆန်းဂိုဏ်းရဲ့ ဓားသိုင်းကို ကစားတတ်တယ် ဆိုတာ တော့ ဒီတစ်ခါပဲ ကြားဖူးသေးတယ်"

"ဩော် ... ဒါက အဆန်းမဟုတ်ပါဘူး။ ကျွန်မအဖေက တောင် ၅ လုံးဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီးအဖြစ် ဆက်ခံတော့မယ်ဆိုတော့ ဂိုဏ်းကြီး ငါးဂိုဏ်းရဲ့ သိုင်းကွက်တွေကို လေ့လာထားရတာပေါ့။ သည်လို မလေ့လာပဲနဲ့ တောင်လေးလုံးက ဂိုဏ်းချုပ်ကြီး လေးယောက်ကို အနိုင် တိုက်နိုင်ရုံနဲ့တော့ တောင်ငါးလုံးဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီး မဖြစ်ထိုက်သေးဘူး ..."

"ကျွန်မပြောတာ ရှင်းပါတယ်နော်။ တောင်ငါးလုံးဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီး လုပ်မယ့်လူဟာ ဂိုဏ်းကြီးငါးဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီးတွေကို သူတို့ ဂိုဏ်းတွေရဲ့ သိုင်းပညာနဲ့ အနိုင်ယူနိုင်မှ သဘာဝကျမယ်လို့ ပြောတာ"

လိန်လိန်၏ စကားများမှာ များစွာ မြင့်မောက်လှချေ၏။ သူမက ဆက်၍ ...

"ဂိုဏ်းကြီးငါးဂိုဏ်းရဲ့ သိုင်းပညာ အသီးသီးကို ကျွမ်းကျွမ်းကျင်ကျင်တတ်မှသာ တောင်ငါးလုံးဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီးအဖြစ် ခံယူထိုက်တယ်"

သူမ၏ စကားဆုံးသည်နှင့် ကောင်းဆန်းတောင်ထိပ်ရှိ လူအားလုံးမှာ ရတ်ရတ်သဲသဲ ဖြစ်သွားကြတော့၏။ သိုင်းသမားအချို့က ထ၍ အော်ဟစ်ကြတော့သည်။

"ထိုက်ဆန်းဂိုဏ်း၊ ကောင်းဆန်းဂိုဏ်း၊ ဝါဆန်းဂိုဏ်း၊ ဟန်ဆန်းဂိုဏ်း၊ ချုံဆန်းဂိုဏ်း တွေရဲ့ ဓားသိုင်းအားလုံးကို ဆရာကြီး ရက်ပုချွန်က ကျွမ်းကျွမ်းကျင်ကျင် ကစားတတ်လို့လား ... ကစားတတ်ရင် ကစားပြပါ"

ရက်ပုချွန်က ထိုင်ရာမှ ကမန်းကတန်း ထလာပြီး အသံကို မြှင့်၍ ရှင်းပြလိုက်သည်။

"မိတ်ဆွေတို့ .. ကျုပ်သမီးက အတွေ့အကြုံ အများကြီး နုနယ်ပါသေးတယ်။ ကလေးစကားကို အတည်မယူကြပါနဲ့ ... သည်းခံကြပါ .. သည်းခံကြပါ"

သို့သော် လိန်လိန်ကမူ ...

"ဆရာကြီးကျိုလင်ထန် .. တကယ်လို့ ဆရာကြီးက ဂိုဏ်းကြီးငါးဂိုဏ်းရဲ့ ဓားသိုင်းနဲ့ ကျန်တဲ့ ဂိုဏ်းကြီးလေးဂိုဏ်းက ထိပ်သီး သိုင်းသမားတိုင်းကို နိုင်အောင် တိုက်ခိုက်နိုင်တယ်ဆိုရင် ဆရာကြီးကို တောင်ငါးလုံးဂိုဏ်းရဲ့ ဂိုဏ်းချုပ်အဖြစ် တင်မြှောက်သင့်တယ်။ ... ဒီလိုမှ မဟုတ်ပဲ ကောင်းဆန်းဂိုဏ်းရဲ့ ဓားသိုင်းတစ်ခုတည်း တော်နေရုံနဲ့တော့ တောင်ငါးလုံးဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီး မလုပ်သင့်သေးဘူး"

တောင်ထိပ်သို့ ရောက်နေသော သိုင်းသမားအားလုံး၏ စိတ်ထဲတွင် ...

"ဒီမိန်းကလေးရဲ့ စကားက မဟုတ်သေးပါဘူး ... သူက မဖြစ်နိုင်တာကို ပြောနေတာပဲ။ သူပြောသလို ဂိုဏ်းကြီးငါးဂိုဏ်းက ဓားသိုင်းပညာနဲ့ အဲသည်ဂိုဏ်းက လူတွေကို အနိုင်ယူ တိုက်ခိုက်နိုင်မယ်ဆိုရင် ... ဒီလူ့လောက် သိုင်းပညာတော်တဲ့သူ ရှိပါတော့မလား .. ဒီလောက်တောင် တော်နေရင်တော့ သူပဲ ဂိုဏ်းချုပ် ဖြစ်သင့်တော့တာပေါ့။ ဒါပေမယ့် ... ဒီလိုလူမျိုးက မရှိနိုင်ဘူး"

သူတို့ အားလုံး၏ စိတ်ထဲတွင် ထိုအတွေး တစ်ခုတည်းသာ ပျံ့နှံ့နေကြတော့သည်။ အတွေးက မပြတ်နိုင်။

"လူတစ်ယောက်ဟာ တော်တယ်၊ ကျွမ်းကျင်တယ်ဆိုရင် ကိုယ့်ဂိုဏ်းရဲ့ သိုင်းပညာမှာပဲ တော်နိုင်တယ်။ ကျွမ်းကျင်နိုင်တယ်။ ဒါတောင်မှ တချို့က အစွမ်းကုန် တတ်ကျွမ်းကြတာ မဟုတ်ဘူး။ ... သူများဂိုဏ်းရဲ့ သိုင်းပညာကို

ကျွမ်းကျင်ဖို့ ဆိုတာတော့ မပြောနဲ့တော့ ...

"အခု သည်မိန်းကလေး ပြောနေတာက တစ်ဂိုဏ်းတည်းတောင် မဟုတ်ဘူး ... ဂိုဏ်းငါးဂိုဏ်းရဲ့ သိုင်းပညာဆိုတော့ ဘယ်မှာ ဖြစ်နိုင်ပါ့မလဲ"

ကျိုလင်ထန်မှာလည်း အပြင်းအထန် စဉ်းစားနေရတော့သည်။

"ရက်ပုချွန်ကတော့ သိပ်မဟုတ်တော့ဘူး။ သူ့သမီးကို ဘာဖြစ်လို့ ဒီစကားမျိုး ပြောခိုင်းရသလဲ။ ... ဒါမျိုးဆိုတာ အကြောင်းမဲ့ ပြောတာ မဖြစ်နိုင်ဘူး။ ... သူက ဘာလဲ၊ ဘာကို ရည်ရွယ်နေတာလဲ။ ဘာတွေ ကြံနေသလဲ။ ... ဂိုဏ်းချုပ်နေရာကို ငါ့ဆီကလုဖို့ ကြံရွယ်နေတာလား။ ဒါမှ မဟုတ်ရင် ဘာသဘောလဲ"

ထိုစဉ် ရသေ့ကြီး ရိကျိုးက ...

"ဆရာကြီး ရက်ပုချွန်ကသာ ဂိုဏ်းကြီးငါးဂိုဏ်းစလုံးရဲ့ ဓားသိုင်းပညာတွေကို တတ်ကျွမ်းမယ်ဆိုရင် သိုင်းလောကမှာ မကြုံစဖူး အဖြစ်ထူးကြီးတစ်ခုပေါ့။ နောင် အနှစ်တစ်ရာအတွင်း ... အနှစ်တစ်ရာမပြောပါနဲ့ .. အနှစ် သုံးရာ လေးရာ အတွင်းမှာတောင် သည်အဖြစ်မျိုး ထပ်ကြုံရမှာ မဟုတ်ဘူး ... ကဲ ... ဒါတွေ ထားလိုက်ပါလေ။ ငါက မင်းနဲ့ ထိုက်ဆန်းဂိုဏ်းရဲ့ ဓားသိုင်းကွက်တွေကို ကစားကြည့်ချင်တယ်"

လိန်လိန်သည် ဓားကို ဓားအိမ်ထဲ ပြန်ထည့်ထားသည် ဖြစ်ရာမှ ထိုစကားကို ကြားသောအခါ သူ့နောက်ကျောမှ ဓားကို ရှမ်းကနဲ ဆွဲထုတ်လိုက်တော့၏။ လိန်လိန်၏ အမူအရာမှာ ရိကျိုးကို မထီလေးစား နိုင်လွန်းလှသည်။

ယင်းကို မြင်ရသော ရိကျိုးမှာ အလွန်တရာ ဒေါသထွက် လာတော့သည်။ ခက်ထန်စွာ လှမ်းအော်ပြောလိုက်သည်။

"ငါက မင်းအဖေထက်တောင် ဝါကြီးသေးတယ်။ ... မင်းလို မိန်းကလေးက ငါ့ရှေ့မှာ ဓားဆွဲထုတ်ရဲသလား ... မင်းရဲ့ အပြုအမူတွေက စော်ကားလွန်းတယ်"

လိန်လိန်၏ အမူအရာတို့မှာ မောက်မာလွန်းလှသဖြင့် ဤသို့ ခပ်ထန်ထန်ကလေး ပြောလိုက်လျှင် ရက်ပုချွန်သည် သူ့သမီးကို အော်ဟစ်ငေါက်ငမ်း တားမြစ်မည်ဟု ရိကျိုးက ယူဆထားသည်။

သို့သော် ရက်ပုချွန်ကမူ ခေါင်းကို တွင်တွင်ခါ၍ ပြောလိုက်သည်မှာ ...

"သမီးက ဘာမှ နားမလည်ဘူးကိုး .... သမီးလုပ်နေတဲ့ အဓိပ္ပါယ်ကို သမီးသိရဲ့လား။ ရသေ့ကြီး ရိကျိုးဆိုတာ ထိုက်ဆန်းဂိုဏ်းရဲ့ အင်မတန် ဝါစဉ်ကြီးတဲ့ သိုင်းဆရာကြီး ... သူ့ကိုတောင် သမီးက ထိုက်ဆန်းဂိုဏ်းရဲ့ ဓားသိုင်းနဲ့ သွားယှဉ်မယ် ... ဟုတ်လား ... ဟုတ်မှ လုပ်ပါ သမီးရယ်"

ရက်ပုချွန်၏ စကားမှာ လိန်လိန့်ကို တားမြစ်သလိုလိုနှင့် မြှောက်ပင့်ပေးသော စကားသာ ဖြစ်သည်။

ရသေ့ကြီး ရိကျိုးက လိန်လိန့်ကို လှမ်းကြည့်လိုက်သည်။

လိန်လိန်သည် ညာဖက်လက်ရှိဓါးကို မြေကြီးပေါ်သို့ ခပ်စောင်းစောင်း ကိုင်ထားသည်။ ဘယ်လက်ချောင်းများကမူ တစ်ခုချင်းကွေး၍ တစ်စုံတစ်ခုကို ရေတွက်နေဟန်တူ၏။ မည်သည်ကို ရေတွက်နေမှန်းတော့ မည်သူမျှ မသိကြချေ။

သို့သော် ရသေ့ကြီး ရိကျိုးကတော့ ကောင်းကောင်းကြီး သိလိုက်သဖြင့် ထိတ်လန့်တုန်လှုပ် သွားလေတော့၏။

ဟိုး အတိတ်တုန်းက အဖြစ်အပျက်တစ်ခု ....

ထိုစဉ်တုန်းက သူ့ဆရာသည် သူ့ကို ထိုက်ဆန်းဂိုဏ်း၏ အခက်ခဲ အနက်နဲဆုံးသော ဓားကွက်တစ်ကွက်ကို သင်ပေးရန် ကြိုးစားခဲ့ဖူးသည်။

ထိုဓါးကွက်၏ တိုက်ခိုက်ပုံ နည်းစနစ်မှာ လွန်စွာ စနစ်ကျနလှ၏။ စနစ်ကျလွန်းသဖြင့်လည်း များစွာ ခက်ခဲ နက်နဲခြင်း ဖြစ်ပေတော့သည်။

ထိုဓားကွက်ကို သုံးမည်ဆိုလျှင် အရမ်းကာရော မတိုက်ခိုက်ရ။ ရန်သူ၏ အကွာအဝေး၊ အရပ်အမောင်း၊ နေရာအနေအထား၊ ဓားအတိုအရှည် စသည်တို့ကို အစအဆုံး သေချာစွာ တွက်ချက်ပြီးမှ တိုက်ခိုက်ရသည်။

တိုက်ခိုက်တိုင်းလည်း မထိခိုက်သည်၊ ဒဏ်ရာမရသည်ဟူ၍ မရှိ၊ ထိခိုက်ဒဏ်ရာ ရသည်ချည်းသာ။

သို့ရာတွင် ထိုဓားကွက်မှာ တွက်ချက်ရ အလွန်ခက်ခဲလှပြီး သူ့ဆရာကိုယ်တိုင်ပင် ပိုင်ပိုင်နိုင်နိုင် မတတ်ကျွမ်းပေ။ ရသေ့ကြီး ရိကျိုးအဖို့ ပို၍ ခက်ခဲ နက်နဲလှပေတော့သည်။ ထိုဓားကွက်ကို သင်လိုလှသည် မှန်သော်လည်း ရှုပ်ထွေးလွန်းလှသဖြင့် နောက်ဆုံး လက်လျှော့လိုက်ရသည်။

ထိုဓားကွက်ကို ရသေ့ကြီး ရိကျိုး မသင်ခဲ့ရချေ။ ယခုမူ လိန်လိန်သည် လက်ချောင်းများဖြင့် ရေတွက်နေချေပြီ။

သူမတတ်ကျွမ်းသည့် ဓားကွက်ကို လိန်လိန်က တတ်ကျွမ်းထားသည်ကို တွေ့လိုက်ရသော ရသေ့ကြီး ရိကျိုးမှာ အကြီးအကျယ် ထိတ်လန့် တုန်လှုပ်သွားလေတော့၏။

ချွေးသီး ချွေးပေါက်များပင် ကျလာခဲ့ချေပြီ။ အကယ်၍ လိန်လိန်ကသာ ရုတ်တရက် တိုက်ခိုက်လာခဲ့လျှင် ထိုဓားကွက်ကို မည်ကဲ့သို့ ဖြေရမည်ကို သူ မသိချေ။

သူ့ဆရာထံမှ အပင်ပန်းခံ၍ မသင်ခဲ့ရခြင်းအတွက် ယခုမှ နောင်တ ရနေမိတော့၏။

"ငါ ... ငါ ... သည်အတိုင်း ရပ်ပြီး ငြိမ်ခံနေလို့တော့ မဖြစ်တော့ဘူး။ လှည့်ပတ်လျှောက်ပြေးနေမှ သူသေသေချာချာ တွက်ချက်လို့မရမှာ။ ဒီအတိုင်း အသေကြီး ရပ်နေလို့ကတော့ တွက်ချက်ရလွယ်ပြီး ငါ့ကို တိုက်ခိုက် အနိုင်ယူသွားလိမ့်မယ်"

ရသေ့ကြီး ရိကျီးက သူ့ခြေထောက်များကို စတင်လှုပ်ရှားလေတော့သည်။ လိန်လိန့်ကို လှည့်ပတ်ပြေးရန် ဟန်ပြင်လိုက်သည်။ သို့သော် သူနောက်ကျသွားပေပြီ။

လိန်လိန်က ခါးချက်ငါးချက် ထိုးသွင်းတိုက်ခိုက်လိုက်တော့၏။

ထိုဓားချက်များကို မြင်လိုက်ရသော ထိုက်ဆန်းဂိုဏ်းသားများမှာ 'ဟင်' ကနဲ၊ 'ဟာ' ကနဲ ဖြစ်သွားကြတော့၏။

ထိုဓားချက်ငါးချက်သည် ထိုက်ဆန်းဂိုဏ်း၏ ဓားချက်များ ဖြစ်နေရုံမျှသာ မကသေး။ လိန်လိန်၏ လက်ထဲ၍ ကြောက်မက်ဖွယ်ရာ ထက်မြက်နက်နဲ နေသောကြောင့်တည်း။

လိန်လိန်သည် ကမန်းကတန်း ပုံပျက်ပန်းပျက် ခုခံကာကွယ်နေရသော ရသေ့ကြီး ရိကျီးကို ကြည့်ကာ ခနဲ့ပြုံးပြုံး၍

"ဘယ်လိုလဲ ရသေ့ကြီး .. ဒီဓားကွက်တွေဟာ ရှင်တို့ ထိုက်ဆန်းဂိုဏ်းရဲ့ ဓားကွက်တွေ မဟုတ်လား"

ရသေ့ကြီးမှာ စကားပင် ပြန်မပြောနိုင်တော့ချေ။ ထိုစဉ်မှာပင် လိန်လိန်က လေတစ်ချက်ချွန်ကာ ထပ်မံ တိုက်ခိုက်ပြန်တော့သည်။ ရသေ့ကြီး ရိကျီးထံမှ 'အား' ကနဲ အော်သံတစ်ချက် ထွက်လာပြီး ညာဖက်ရင်ပတ်တွင် တစ်ချက် အထိုးခံလိုက်ရတော့သည်။

ထို့နောက်ပျော့ခွေ လဲကျသွားတော့၏။

သိုင်းသမား ဧည့်သည်အားလုံးတိုင်းလိုလိုက လက်ခုပ်တီး၍ ဩဘာပေးကြလေတော့သည်။ ယခုကဲ့သို့ ငယ်ငယ်ရွယ်ရွယ် မိန်းကလေး တစ်ယောက်က ထိုက်ဆန်းဂိုဏ်း၏ ဝါစဉ်ကြီး ပုဂ္ဂိုလ်တစ်ယောက်အား ထိုက်ဆန်းဂိုဏ်း၏ ဓားသိုင်းဖြင့် အနိုင်တိုက်ခိုက်နိုင်လိုက်ခြင်းမှာ အမှန်ပင် ချီးကျူးစရာ ကောင်းလှပေတော့သည်။

ကျိုလင်ထန်သည် ထိုက်ဆန်းဂိုဏ်းမှ ထိပ်သီး သိုင်းသမား များနှင့် မျက်လုံးချင်း ဆုံလိုက်မိသည်။ သူတို့အားလုံး နှုတ်မှ စကား မပြောမိကြ။ သို့သော် တစ်ယောက်ကို တစ်ယောက် စိတ်ထဲမှ ပြောမိနေကြသည်။

"ဒီမိန်းကလေးရဲ့ ဓားကွက်က တကယ်ပဲ ထိုက်ဆန်းဂိုဏ်းရဲ့ ဓားကွက်တွေပဲ။ ဒါတင်မကဘူး ... ထူးခြားချက် တစ်ခုလည်း ရှိသေးတယ်။ ထိုက်ဆန်းဂိုဏ်းရဲ့ ဓားကွက်တွေက ဘယ်နှယ့် ဒီလောက် ထူးခြားထက်မြက် ကောင်းမွန်နေရတာလဲ။ ... အင်း .. သမီးတောင် သည်လောက် ကျွမ်းကျင်နေရင် အဖေလုပ်တဲ့ ရက်ပုချွန်ကိုယ်တိုင်တော့ ဘယ်လောက်ထိအောင် လေ့ကျင့်ထားမလဲ မသိဘူး။ ... အင်း ... ရက်ပုချွန်က အားလုံးကို ကြိုတင်ပြင်ဆင်ထားတာကိုး"

လိန်လိန်၏ ဓားကွက်များကို မြင်လိုက်ရသော လင့်ဟူချျုံးမှာ အံ့ဩတုန်လှုပ်သည်ထက် မယုံနိုင်အောင် ဖြစ်သွားရသည်။

အဘယ်ကြောင့်ဆိုသော် ထိုဓားကွက်များမှာ ဝါဆန်းတောင်ထိပ် ကျောက်ဂူနံရံပေါ်တွင် တွေ့ခဲ့ရသည့် ဓားကွက်များပင် ဖြစ်နေသောကြောင့်တည်း။

သို့သော် ထိုကျောက်လိုဏ်ခေါင်းအကြောင်းကို မည်သူ တစ်ဦး တစ်ယောက်ကိုမျှ လင့်ဟူချျုံး မပြောပြခဲ့။ ထိုနေရာမှ ထွက်လာစဉ်ကလည်း လိုဏ်ခေါင်း၏ အပေါက်ကို သေချာစွာ ပြန်ပိတ်ထားခဲ့သည်။ ... လိန်လိန်သည် အဘယ်သို့သော နည်းလမ်းဖြင့် ထိုလိုဏ်ခေါင်းကို တွေ့မြင် သွားခဲ့သနည်း။

လင့်ဟူချျုံးသည် ထိုလိုဏ်ခေါင်းအတွင်း ရက်ပေါင်း၊ လပေါင်းများစွာ နေထိုင်လာခဲ့သူဖြစ်ရာ ဂိုဏ်းကြီးငါးဂိုဏ်း၏ ဓားသိုင်းကွက်များ အားလုံးကို အလွတ်ရမတတ် သိမြင်ခဲ့ရသည်။ ယင်းကြောင့်ပင် လိန်လိန်၏ ဓားကွက်များကို မြင်လိုက်သည်နှင့် ချက်ချင်း မှတ်မိလိုက်ခြင်း ဖြစ်တော့သည်။ သည်ဓားကွက်များကို သူ့အနေဖြင့် မမေ့နိုင်။

ထိုအခိုက် ပိန်ပိန်ပါးပါးနှင့် လူကြီး တစ်ယောက် ထွက်လာပြီး ...

"ဆရာကြီး ရက်ပုချွန်က ဂိုဏ်းကြီးငါးဂိုဏ်းရဲ့ ဓားသိုင်းတွေ အကုန်လုံးကို ကျွမ်းကျင် တတ်မြောက်တယ်ဆိုတဲ့ ကိစ္စဟာ ... သိုင်းလောကမှာ တကယ့်ကို အံ့ဩဖွယ်ရာ အဖြစ်ထူးကြီး တစ်ရပ်ပါပဲ။ ကျုပ်အနေနဲ့ ကျုပ်တို့ ဂိုဏ်းရဲ့ ဓားသိုင်းကို နှစ်ပေါင်းများစွာ လေ့လာခဲ့တယ်။ ... ဒါပေမယ့် အခုထက်ထိ မပိုင်နိုင်သေးဘူး။ တချို့နေရာတွေမှာ လုံးဝကို နားမလည်တာတွေ ရှိတယ်။ အခုတော့ အတော်ပဲ ... ဆရာကြီး ရက်ပုချွန်က ကျုပ်တို့ဂိုဏ်းရဲ့ ဓားသိုင်း အနှစ်သာရ

တွေကိုလည်း တတ်ထားမှာပဲဆိုတော့ ဆရာကြီး ရက်ပုချွန်ကိုပဲ မေးရတော့မှာပဲ”

ယင်းကား အခြားသူမဟုတ်။ ထူးခြား ဆန်းကြယ်သော စိတ်ထားရှိသည့် ချုံဆန်းဂိုဏ်းချုပ် ဆရာကြီး မော်တားပင်တည်း။

လိန်လိန်သည် ဆရာကြီးမော်တားကို အရိုအသေ တစ်ချက်ပေးလိုက်ပြီး ...

“ဆရာကြီး ... ညှာညှာတာတာ တိုက်ခိုက်ပါနော်။ ကျွန်မက ချုံဆန်းဂိုဏ်းရဲ့ ဓားသိုင်းကိုတော့ နည်းနည်းပါးပါးပဲ တတ်ထားတာပါ”

ဤစကား၌ အမှန်တရား မည်မျှ ပါဝင်သနည်း။

ချုံဆန်းဂိုဏ်းချုပ်ကြီး တစ်ယောက်အား ယှဉ်ပြိုင်တိုက်ခိုက်ရဲသူ တစ်ယောက်သည် ချုံဆန်းဂိုဏ်း၏ ဓားသိုင်းပညာကို နည်းနည်းပါးပါးသာ တတ်ထားသည်ဆိုသည်မှာ မှန်ကန်နိုင်ပါ့မည်လော။

ဆရာကြီးမော်တားသည် ရက်ပုချွန်ကို စိန်ခေါ်လိုက်ခြင်းသာဖြစ်၏။ သို့သော် လိန်လိန်က သူ့ဖခင်အစား ဝင်၍ယှဉ်ပြိုင်လာသဖြင့် မငြင်းသာတော့ပေ။ လိန်လိန့်ဖက်သို့ လှည့်၍ ...

“တော်တယ်။ ... မင်းလည်း ချီးကျူးစရာ ကောင်းတာပါပဲ”

“ကျွန်မကတော့ ဆရာကြီးကို အနိုင်ရဖို့ မလွယ်ပါဘူး။ ဆရာကြီးရဲ့ ဓားသိုင်းပညာ ဘယ်လောက် ကောင်းတယ်ဆိုတာ လူတိုင်းသိနေတာပဲ။ ... ကျွန်မရှုံးသွားရင်တော့ အဖေပွဲဆင်း လာမှာပေါ့”

ဆရာကြီး မော်တားက အေးအေးဆေးဆေးပင် ရှိနေသည်။

“ဒီလောက် ရဲရဲဝံ့ဝံ့ ယှဉ်ရဲကတည်းက မင်းမှာ ကိုယ်ခံ ဘယ်လောက်ရှိနေတယ်ဆိုတာ ပြနေတာပဲ ... မင်းအနေနဲ့ ငါ့ကို နိုင် နိုင်ပါတယ်”

သူက ဓားကို ဆွဲထုတ်လိုက်ပြီး လေထဲတွင် တစ်ချက် တုန်ခါစေလိုက်ရာ လေလှိုင်းတုန်ခါသံနှစ်ချက် ထွက်ပေါ်လာတော့၏။

ဓားချက်နှစ်ချက် ခုတ်လိုက်ခြင်းသာ ဖြစ်တော့၏။

ကြောက်မက်ဖွယ်ရာ ဓားချက်များပေတကား။

လိန်လိန်သည် ကမန်းကတန်း ခုခံရန် ပြင်ဆင်လိုက်သည်။

သို့သော် သူမ လှုပ်ရှားမှု မပြုရသေးမီ ဆရာကြီးမော်တားမှာ လိန်လိန်၏နောက်ဖက်သို့ ရုတ်တရက် ရောက်သွားလေတော့သည်။

လိန်လိန်က ကိုယ်ကို ချက်ချင်းလှည့်လိုက်ပြန်သည်။

ထိုတဒင်္ဂ အတွင်းမှာပင် လေတိုးသံ နှစ်ချက်ကြားလိုက်ရပြီး မျက်စိထဲ၌ ဆံပင်များ ဖွာကနဲ လွင့်ပျံလာသည်ကို တွေ့လိုက်ရသည်။

လိန်လိန်သိလိုက်ပြီ။ ဆရာကြီးမော်တားသည် သူမအား ညှာလိုက်ခြင်းသာဖြစ်သည်။ ဆံပင်အစား လည်တိုင်ကိုသာ ခုတ်ချလိုက်ပါက ယခုဆိုလျှင် သူမမှာ ခေါင်းတခြား၊ ကိုယ်တခြား ဖြစ်နေလောက်ပေပြီ။

အစပိုင်း၌ တုန်လှုပ်ခြောက်ခြားသွားသော်လည်း လိန်လိန့် ခေါင်းထဲ၌ ချက်ချင်းပင် အကြံတစ်ခု ပေါ်လာတော့သည်။

“ဆရာကြီး မော်တားက ငါ့ကို ညှာပြီး တိုက်ခိုက်နေတာပဲ ... သူ့သိုင်းပညာက တကယ်ကို ကောင်းတာ။ ငါဘယ်လိုလုပ် ခုခံနိုင်မှာလဲ။ သူ့အနေနဲ့ တကယ်တိုက်ခိုက်မယ်ဆိုရင် ငါ့ခေါင်းပြတ်နေတာ ကြာလှပြီ ... သူက ငါ့ကို မထိခိုက်အောင် ညှာနေတာဆိုတော့ ဒါကို အခွင့်အရေးယူပြီး သူ့ကို တရကြမ်း ဝင်တိုက်လို့ရပြီ”

ဤသို့ဖြင့် ဆရာကြီး မော်တား၏ ဓားချက်များကို လိန်လိန်က လုံးဝ မခုခံတော့ပေ။ ရှောင်တိမ်းခြင်း အလျဉ်းမရှိပဲ သူမက ဓားချက် နှစ်ချက် ပြန်လည် ထုတ်လိုက်သည်။

ဆရာကြီး မော်တားအနေဖြင့် အလွန်တရာ အံ့သြသွားရသည်။ သူ့ဓားချက်များကို မရှောင်သောကြောင့် မဟုတ်ချေ။ လိန်လိန်၏ ဓားကွက်များသည် အမှန်တကယ်ပင် ချုံဆန်းဂိုဏ်း၏ ဓားကွက်များ ဖြစ်နေသောကြောင့်ပင်တည်း။

ချုံဆန်းဂိုဏ်း၏ ဓားကွက် ဖြစ်ရုံမျှသာမက ... ထိပ်သီး လျှို့ဝှက်ထားသော ခက်ခဲ နက်နဲလှသည့် ဓားကွက်များလည်း ဖြစ်နေပေသေးသည်။

လိန်လိန့်ကို စတင် တိုက်ခိုက်စဉ်က ဆရာကြီးမော်တား အနေဖြင့် မှုလောက်စရာဟု သဘောမထားခဲ့ချေ။ အချိန်အနည်းငယ် အတောအတွင်း ကြောက်လန့် အရှုံးပေးသွားမည်ဟု တွက်ဆကာ လျှော့လျှော့ပေါ့ပေါ့ တိုက်ခိုက်ခဲ့သည်။

လိန်လိန်၏ ဓါးချက်နှစ်ချက်ကို တွေ့လိုက်ရသောအခါ အနည်းငယ် ရင်ထိတ်သွားရသည်။ စိတ်ထဲတွင်လည်း ...

"ဘယ်လိုပါလိမ့် ... ဒီမိန်းကလေးက ငါတို့ ချုံဆန်းဂိုဏ်း၏ ဓားကွက် တွေကို ဘယ်နည်းနဲ့ တတ်နေပါလိမ့် ... အတော်အံ့သြစရာ ကောင်းနေပါလား"

လိန်လိန်၏ ဓားချက်များကို ဆရာကြီး မော်တားက အထူးဂရုစိုက်၍ ပြန်လည် ခုခံလိုက်ရသည်။ အစပထမတွင် ဆရာကြီး အနေဖြင့် လိန်လိန့်ကို လျှပ်တစ်ပြက် တိုက်ခိုက်၍ အသာစီး ရနေသည်မှာ မှန်သည်။ သို့သော် ...

ယခု ကလေးတစ်ယောက်က လူကြီး တစ်ယောက်ကို နွဲ့ဆိုးဆိုး၍ တိုက်ခိုက်သလို လိန်လိန်က တိုက်ခိုက်လာသောအခါ အတော်ပင် အခက်အခဲ တွေ့လာရတော့သည်။

ရန်သူအား ညှာတာမိသဖြင့် တွေ့ရသော အခက်အခဲပင်တည်း။

သူတို့ နှစ်ယောက် သုံးစွဲသော ဓားကွက်များမှာ ချုံဆန်းဂိုဏ်း၏ ထိပ်တန်းလျှို့ဝှက် ဓားကွက်များချည်းသာ ဖြစ်ရာ သိုင်းသမား ပရိသတ်များ အားလုံး တအံ့တသြ ငေးမော ကြည့်နေကြ ရတော့သည်။

× × × × ×

## အတိတ်ဇာတ်ကြောင်း

တိုက်ပွဲသည် တဖြည်းဖြည်းနှင့် အရှုံးမှ အနိုင်သို့ ပြောင်းလဲလာတော့၏။

လိန်လိန်သည် သိုင်းအားတွင် ဆရာကြီး မော်တားကို ယှဉ်၍ မရချေ။

သို့ရာတွင် ဆရာကြီး မော်တားက မိန်းကလေးတစ်ယောက်ကို ညှာတာသောအားဖြင့် သိုင်းအားကို မထုတ်ပဲ ဓားကွက်သက်သက်ဖြင့်သာ လိန်လိန့်ကို ခုခံနေ၏။

လိန်လိန်၏ ဓားကွက်များမှာ သာမည ဓားကွက်များမဟုတ်ပဲ ချုံဆန်းဂိုဏ်း၏ ခက်ခဲနက်နဲသော ဓားကွက်များ ဖြစ်နေသဖြင့် ဆရာကြီး မော်တားမှာ ခုခံရင်း ချွေးများ ထွက်လာတော့သည်။

လိန်လိန်၏ ဓားကွက်များကို ကြည့်ရင်းနှင့် လင့်ဟူချုံး၏ စိတ်အထင်မှာ သေချာသည်ထက် သေချာလာတော့သည်။ သူမ၏ ဓားကွက်များအားလုံးမှာ ဝါဆန်းတောင်ထိပ် လိုဏ်ခေါင်းထဲမှ ဓားကွက်များပင် ဖြစ်တော့၏။ အခြားသူများ အနေဖြင့် သည်ဓားကွက်များကို မသိသော်လည်း လင့်ဟူချုံးအနေဖြင့်မူ ကောင်းစွာသိနေသည်။ ဤတွင် စဉ်းစားစရာ များလည်း ထပ်၍ ပေါ်လာပြန်တော့သည်။

“ညီမလေးက ဘာဖြစ်လို့ တောင်ထိပ်ကို သွားရတာလဲ။ ... တော်တော်လေးတော့ စဉ်းစားရ ကျပ်တာပဲ။ ... ဆရာနဲ့ ဆရာမကတော့ သူ့ကို သိပ်ချစ်ကြတာ ... တောင်ထိပ်ပေါ်မှာတော့ တစ်ယောက်တည်း အကျဉ်းချ ဒဏ်ခတ်မှာ မဟုတ်ပါဘူး”

ဝါဆန်းတောင်ထိပ်က လိုဏ်ဂူသို့ လိန်လိန် မည်သည့် နည်းဖြင့် ရောက်နိုင်သည်ကို အထပ်ထပ် တွေးနေမိသည်။ သို့သော် လင့်ဟူချုံးတစ်ယောက် မည်သို့မျှ စဉ်းစား၍ မရနိုင်ပဲ ဖြစ်နေ၏။

“အဲဒီ တောင်ထိပ်က ငါတို့ နေအိမ်တွေနဲ့ အတော်ကလေး ဝေးတာပဲ။ ဒါတင်မက ခရီးကလည်း သိပ်ကြမ်းတာ။ ... မိန်းကလေး တစ်ယောက်တည်း တောင်ထိပ်ပေါ်ကို သွားနေဖို့ဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။ ... တစ်ခုတော့ရှိတယ်။ လင်မိန်ကျက်များ အပြစ်တစ်ခုခု ကျူးလွန်လိုက်သလား မသိဘူး။ ... လင်မိန်ကျက်က ဒဏ်ပေးခံရလို့ ညီမလေးက လိုက်တက်သွားတာ ဖြစ်နိုင်တယ်။”

တွေးရင်းဖြင့် အတိတ်ဇာတ်ကြောင်းများကို ပြန်လည် သတိရလာသဖြင့် ရင်ထဲမှ ဆွတ်ပျံ့လှုပ်ရှား လာမိတော့သည်။ လိန်လိန်နှင့် ပတ်သက်လာလျှင် သူ့တွင် တွေးတော သတိရစရာများ မြောက်မြားစွာ ရှိနေခဲ့သည် မဟုတ်ပါလား။

“လင်မိန်ကျက်ဟာ စကားနည်းပြီး အင်မတန် တည်ငြိမ်လေးနက်တဲ့ လူငယ်လေးပဲ။ ငါ့လိုပေါက်တတ်ကရတွေ လျှောက်လုပ်မယ့် လူမျိုးမဟုတ်ဘူး။ ဒီတော့ သူဟာ အပြစ်ကျူးလွန်စရာ ဘာအကြောင်းမှ မရှိဘူး ...”

ထိုသို့ တွေးနေရင်း ဖျတ်ကနဲ ... ကိုယ့်ဖက်ကိုယ်ယက်သည့် အတွေးတစ်ခု ဝင်လာတော့၏။

“ညီမလေးက ... ငါ့ ... ငါ့ကို ...”

ကမန်းကတန်းပင် အတွေးစကို ဖြတ်ပစ်လိုက်ရသည်။ တစ်ကိုယ်တည်း ရှေ့ရွတ်လိုက်မိသည်။

“မဖြစ်နိုင်ဘူး ... ငါတွေးသလို ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး”

ထိုစဉ် သူ့ရှေ့သို့ လူတစ်ယောက် လာရပ်နေကြောင်း ရုတ်တရက် သိလိုက်သဖြင့် မော့ကြည့်လိုက်မိသည်။ အခြားသူ မဟုတ် ညိုမည်းသော မျက်နှာရှင်ပင်တည်း။ ထိုသူက တောက်ပ စူးရှသော မျက်လုံးများဖြင့် စူးစူးစိုက်စိုက် ကြည့်ကာ

မေးလိုက်သည်။

"ဘာတွေ စဉ်းစားနေတာလဲ"

ထိုအမေးစကားသည် အတွေးတိမ်လွှာ စီး၍ လွင့်မျောနေသော လင့်ဟူချုံးကို လှုန့်နှိုးလိုက်ခြင်း ဖြစ်တော့၏။ လင့်ဟူချုံးသည် သူ၏ ပစ္စက္ခဘဝကို ရုတ်တရက် သတိရလာပြီး ...

"ငါ ... ငါ ... ငါ ..."

ထိုစကားမှလွဲ၍ မည်သည့်စကားကိုမျှ ပြောမထွက်နိုင်ပဲ ဖြစ်နေသည်။

ထိုအခိုက်မှာပင် ဓားချင်းရိုက်ခတ်သံ တစ်ချက်ကို ကြားလိုက်ရသည်။ တစ်ဆက်တည်းမှာပင် လိန်လိန်၏ အော်သံ တစ်ချက်ကိုလည်း ကြားလိုက်ရသည်။ လင့်ဟူချုံး၏ အာရုံသည် တိုက်ပွဲအတွင်းသို့ ပြန်လည် ရောက်ရှိသွားတော့သည်။

လိန်လိန်၏ ဓားမှာ လွင့်စဉ်ထွက်သွားခဲ့လေပြီ။ လူမှာလည်း ခြေချော်ကာ လဲကျသွားတော့သည်။

ဆရာကြီးမော်တားသည် သူ၏ ဓားကို ဆက်မသုံးတော့ပဲ သူမ၏ ပုခုံးနားသို့သာ ချိန်ထားပြီး ပြုံး၍ ပြောလိုက်၏။

"တူမလေး ... ဘာမှ ကြောက်မနေနဲ့။ မတ်တတ်ရပ်လိုက်"

ထိုစဉ်မှာပင် ဖျတ်ကနဲ အသံတစ်ချက် ကြားလိုက်ရပြီး ဆရာကြီး မော်တား၏ ဓားမှာ ခါးလည်မှ ကျိုးသွားတော့၏။ လင့်ဟူချုံးနှင့်တကွ သိုင်းသမား အားလုံးမှာ ပါးစပ်အဟောင်းသား ဖြစ်ကုန်ကြတော့သည်။

အကြောင်းရင်းမှာ လိန်လိန်သည် လဲကျသွားသည်နှင့် မြေပြင်ပေါ်မှ ကျောက်ခဲနှစ်လုံးကို ကောက်ကိုင်လိုက်ကာ လက်တွင်ညှပ်၍ ဓားရိုးကို ရိုက်ချိုးလိုက်ခြင်း ဖြစ်တော့၏။ ဓားကျိုးသွားသည်နှင့် ညာဖက်လက်တွင် ကိုင်ထားသော ခဲလုံးဖြင့် ဆရာကြီးမော်တား၏ ရင်ပတ်ကို ပစ်ပေါက် လိုက်လေတော့၏။

ဆရာကြီး မော်တား၏ ရုတ်တရက် အံ့သြသွားမှုမှာ စာမဖွဲ့နိုင်အောင်ပင် ဖြစ်သွားတော့သည်။ သူ့ဓား အချိုးခံလိုက်ရသောအခါ မယုံနိုင်သော မျက်လုံးများဖြင့် ဓားကျိုးကို ငေးကြည့်နေမိသည်။

ဤအချိန်တွင် ပြေးဝင်လာသော ခဲလုံးကို မရှောင်နိုင်တော့ပဲ ရင်ပတ်တွင် ထိမှန်ခံလိုက်ရတော့၏။ ပြင်းထန်လှသော ကျောက်ခဲအရှိန်ကြောင့် ဆရာကြီး မော်တားမှာ 'ဝေါ့' ကနဲ သွေးများ ထိုးအန်မိတော့သည်။

အဖြစ်အပျက်မှာ တဒင်္ဂလေးတွင် ဖြစ်ပျက်သွားခြင်း ဖြစ်၍ အားလုံး မင်သက်မိကာ ငေးကြောင် နေကြတော့သည်။

ဆရာကြီး မော်တားသည် လိန်လိန့်အား အညှာတာလွန်ခဲ့သည့်အတွက် ခံလိုက်ရချေပြီတည်း။ လူတိုင်းက ယင်းသို့ပင် သိရှိနားလည်လိုက်ကြသည်။

လိန်လိန့်ကို ဆရာကြီး မော်တားက ကောင်းစွာ အနိုင်ရခဲ့ပြီးပေပြီ။ လဲကျနေသူကို ဆက်၍ မတိုက်ခိုက်ပဲ ငဲ့ညှာလိုက်ခြင်းသာဖြစ်၏။

သို့သော် လိန်လိန်၏ ကျောက်ခဲကို ကောက်ကိုင်၍ တိုက်ခိုက်လိုက်သော တိုက်ကွက်မှာ အလွန်တရာ ထူးဆန်းနက်နဲလှ၏။ ဤသို့ တိုက်ခိုက်နိုင်လိမ့်မည်ဟု မည်သူကမျှ မျှော်လင့်မထားကြချေ။ ယင်းကြောင့်ပင်လျှင် ဆရာကြီး မော်တားအနေဖြင့် ပြေးဝင်လာသော ကျောက်ခဲကို မရှောင်တိမ်း နိုင်ရခြင်း ဖြစ်တော့သည်။

သို့သော် လင့်ဟူချုံးတစ်ယောက်မှာမူ အခြေအနေကို ကောင်းစွာ သိနေမိသည်။ လိန်လိန် သုံးလိုက်သည့် အကွက်မှာ ချုံးဆန်းဂိုဏ်း၏ ဓားကွက်ကို ဖျက်သောအကွက်ဖြစ်သည်။ ယင်းကြောင့်ပင် ဆရာကြီး မော်တားကဲ့သို့သော သူပင် မရှောင်တိမ်းနိုင်ပဲ ဒဏ်ရာရသွားခြင်း ဖြစ်တော့သည်။

ထိုစဉ် ရက်ပုချွန်သည် ချက်ချင်းခုန်ထွက်လာပြီး လိန်လိန်၏ ပါးကို ဖျန်းကနဲ မြည်အောင် ရိုက်ချလိုက်တော့သည်။ သူသည် အတော်ပင် ဒေါသထွက်နေဟန် တူသည်။ ပါးစပ်မှလည်း အော်ဟစ် ငေါက်ငမ်းလိုက်သည်။

"လိန်လိန် .. နင်တယ်မိုက်ရိုင်းနေပါလား။ ဆရာကြီးမော်တားက နင့်ကို ဒီလောက် ညှာနေတာတောင် နင်က ဆရာကြီးကို ဒီလို လုပ်ရသလား။ ငါရိုက်လိုက်ရရင် သေတော့မယ်"

ယင်းနောက် သူက ဆရာကြီး မော်တားကို ဆွဲထူလိုက်ကာ စိတ်မကောင်းခြင်းကြီးစွာဖြင့် တောင်းပန်နေသည်။

"နောင်ကြီး ... ခွင့်လွှတ်ပါ။ ကျုပ် အနူးအညွှတ်တောင်းပန်ပါတယ်။ ကျုပ်သမီး မိုက်ရိုင်းလို့ အခုလို ဖြစ်ရတာပါ။ ... ကျုပ်လည်း မဆုံးမ မပဲ့ပြင်တတ်တဲ့ မိဘပါ"

ဆရာကြီး မော်တားက မချိပြုံး ပြုံးရင်းမှ ...

"သူ့ကို အပြစ်မတင်ပါနဲ့လေ။ သူက ကျုပ်ကို ထိုက်ထိုက်တန်တန် အနိုင်ယူသွားတာပါ။"

ဆရာကြီး မော်တားက စကားများများ မဆိုတော့ချေ။ စိတ်ထဲတွင်လည်း များစွာ ထိခိုက်သွားဟန်ရှိသည်။ ချုံးဆန်းဂိုဏ်းသားများက သူတို့ ဆရာကြီးကို လာရောက် တွဲခေါ်သွားကြ၏။

ရက်ပုချွန်က သူ့သမီးအား ဝင်းဝင်းတောက်သော မျက်လုံးများဖြင့်ကြည့်ကာ လူကြားထဲသို့ ပြန်ဝင်သွားလေတော့၏

လိန်လိန်မှာလည်း ပြုမှားမိသော အပြုအမူအတွက် အတော်ကလေး ခံလိုက်ရ၏။ သူမ၏ ဖြူဖွေးသော ပါးပြင်ကလေးမှာ ချက်ချင်းပင် သိသိသာသာကြီး နီရဲယောင်ကိုင်းလာသည်ကို အားလုံးတွေ့ကြရ၏။ ရက်ပုချွန်၏ ရိုက်ချက် အလွန်ပြင်းထန်ကြောင်း ပြသနေခြင်းပင်တည်း။

လိန်လိန်မှာ အံကို တင်းတင်းကြိတ်ထားသော်လည်း မျက်ရည်တွေတွေ ကျဆင်းနေ၏။ နှုတ်ခမ်းကို ပြတ်မတတ် ကိုက်ထားပြီး အလွန်တရာ မာနကြီးသော အမူအရာများလည်း ပေါ်နေ၏။ လင့်ဟုချျုံးမှာ အလွန်တရာ ထူးဆန်းအံ့သြ နေတော့၏။

"ညီမလေးဟာ အရင်တုန်းကနဲ့ လုံးဝ မတူတော့ပါလား .. အရင်တုန်းက ငါရှိတုန်းကဆိုရင် ... ညီမလေး သိပ်ဆော့လို့ ဆရာနဲ့ ဆရာမက ဆူလိုက်လို့ရှိရင် သူ့မျက်နှာလေးဟာ သနားစရာ သိပ်ကောင်းတာပဲ"

"ငါက နည်းအမျိုးမျိုးနဲ့ သူ့ကို ချော့ခဲ့ရတာ ... အခုတော့ သူ့ကို ချော့မော့မယ့်သူ တစ်ယောက်မှ မရှိတော့ဘူး။ အားလုံးက ဂိုဏ်းချုပ်ရာထူးပဲ စိတ်ဝင်စားနေကြတယ်။ ဒါကြောင့်မို့လို့ အံကြိတ်ပြီးတော့ မာနကြီးတဲ့ မျက်နှာမျိုး ဖြစ်နေတာလား"

လင့်ဟုချျုံး၏ အတွေးများမှာ မပြတ်ပဲ လိန်လိန်နှင့် ပတ်သက်၍ တဝဲလည်လည် တွေးနေမိတော့သည်။

"အင်း ... အရင်တုန်းကတော့ လိန်လိန် စိတ်အပျော်ဆုံးအချိန်တွေဟာ ငါနဲ့ ဓားသိုင်းကစားကြတဲ့ အချိန်လေးတွေပဲ။ အခုတော့ သူ့ခမျာ သိပ်ပြီး စိတ်ဆင်းရဲနေတယ်။ သူစိတ်ချမ်းသာအောင် ငါလုပ်ပေးရမယ်။ သူနဲ့ ဓားသိုင်းပြိုင်ရင်း လူတွေ မသိအောင် တစ်နည်း တစ်လမ်းနဲ့ လျှော့ပေးလိုက်ရမယ်။ ဒါမှ သူ့စိတ်ထဲမှာ ပျော်ပျော်ရွှင်ရွှင် ဖြစ်လာမှာ"

ယခင်က သူ့စိတ်ထဲတွင် မှုန်မှုန်ဝါးဝါး ဖြစ်နေသော အဘယ်ကြောင့် လိန်လိန်တစ်ယောက် ဝါဆန်းတောင်ထိပ်သို့ တက်သွားရသည် ဟူသော ပြဿနာမှာ တဖြည်းဖြည်း ကြည်လင်လာပေပြီ။

"အင်း လိန်လိန် ဝါဆန်းတောင်ထိပ်ပေါ်တက်တာ လက်မထပ်ခင် အချိန်ကလေးမှာ ဖြစ်မှာပဲ ... သူ့အပေါ်မှာ ငါ့လောက် အနွံအတာခံနိုင်တဲ့သူ မရှိဘူး။ ငါက သူ့အပေါ် ဘယ်လောက် ကောင်းခဲ့တယ်ဆိုတာကို သတိရပြီး တောင်ပေါ် တက်သွားတာ ဖြစ်မယ်"

တောင်ထိပ်ပေါ်မှာ သူကြာကြာ မနေဖူးဆိုရင် ဘယ်နည်းနဲ့မှ ကျောက်လိုဏ်ခေါင်းဝကို သူတွေ့မှာ မဟုတ်ဘူး။ ... ဒီလိုဆိုရင် ... တောင်ထိပ်ပေါ်မှာ သူနေတာ အချိန်တိုတိုလေး မဖြစ်နိုင်တော့ပြန်ဘူး။ နောက်ပြီး တောင်ပေါ်တက်တာ ကလည်း တစ်ကြိမ်တစ်ခါတည်းကမှာ မဟုတ်ဘူး"

စဉ်းစားရင်းမှ လင်မိန်ကျက်ကို တွေ့လိုက်ရသော အခါ အတွေးနယ်ချဲ့မိပြန်သည်။

"လင်မိန်ကျက်နဲ့ လိန်လိန်ဟာ လက်ထပ်ပြီးခါစမှာ ချစ်ခင်ကြင်နာ သင့်တယ်။ အခုတော့ ဘယ်နှယ့် ဖြစ်နေတာလဲ။ လိန်လိန်တစ်ယောက် အရိုက်ခံရတဲ့အခါမျိုးမှာ သူ့ယောက်ျားကထွက်ပြီး ချော့သင့်တာပေါ့။ အနည်းဆုံးတော့ လှုပ်လှုပ်ရှားရှား ဖြစ်သွားရမယ်။ ... အခုတော့ လင်မိန်ကျက်က သူနဲ့ ဘာမှမဆိုင်သလို ကျောက်ရုပ်လို ရပ်နေပါလား။ ... ဘာကြောင့်လဲ"

သူ၏ညီမလေး လိန်လိန်တစ်ယောက် ပြန်လည်စိတ်ချမ်းသာအောင် လုပ်ပေးလိုသောဆန္ဒများ လင့်ဟုချျုံး၏ ရင်ထဲတွင် တဖွားဖွား ပေါ်လာတော့သည်။

သူ့စိတ်ထဲတွင် ဤကောင်းဆန်းတောင်ထိပ်ကို ဝါဆန်းတောင်ထိပ်ကြီးအဖြစ် မြင်ယောင်လာသည်။ သူကလည်း ယခုကဲ့သို့ ဟန်ဆန်းဂိုဏ်းချုပ် လင့်ဟုချျုံး မဟုတ်တော့။ ဝါဆန်းဂိုဏ်း၏ လင့်ဟုချျုံး ဖြစ်သွားသည်။

လင့်ဟုချျုံးက အပြင်သို့ လျှောက်ထွက်လာတော့သည်။

သူ့အနေဖြင့် သူမကို စိတ်ချမ်းသာအောင် လုပ်မည်ဆိုလျှင် ရှေးဦးစွာ ယုတ္တိယုတ္တာ ရှိရှိ တိုက်ခိုက်ပြရပေဦးမည်။ ရှုံးလျှင်ပြီးရော အရှုံးပေးလိုက်၍ မဖြစ်။ ပိပိရိရိနှင့် ရှုံးသင့်၍ ရှုံးသွားပါသည်ဟု အများမြင်အောင် အရှုံးပေးရမည်။

"လိန်လိန် ... မင်းက ထိုက်ဆန်းဂိုဏ်းချုပ်နဲ့ ချုံဆန်းဂိုဏ်းချုပ် တွေကို အနိုင်ယူလိုက်တော့ မင်းရဲ့ စွမ်းရည်က မသေးပါလား။ မင်းရဲ့ ဓားသိုင်းက တယ်ကောင်းနေတာပဲ။ အခုဆိုရင်တော့ ဟန်ဆန်းဂိုဏ်းချုပ် ဖြစ်တဲ့ ငါနဲ့ ယှဉ်ရမယ်။ ပြိုင်တဲ့အခါမှာလဲ ငါတို့ ဟန်ဆန်းဂိုဏ်းရဲ့ ဓားသိုင်းနဲ့ပဲ ပြိုင်ရမယ်။"

လိန်လိန်သည် မြေကြီးပေါ်တွင် စိုက်ဝင်နေသော သူမ၏ဓားကို ဆွဲယူလိုက်ပြီး သူမ၏ခန္ဓာကိုယ်ကို လှည့်လိုက်သည်။ ခေါင်းကို လုံးဝ မမော့။ မြေပြင်သို့ ရှေးရှုကာ ငုံ့ထားပြီး တစ်စုံတစ်ခုကို တွေးတော စဉ်းစားနေဟန် ရှိသည်။

အတန်ကြာမှ သူမ၏ ဦးခေါင်းကို မော့လိုက်သည်။ သူမ၏ မျက်နှာ တစ်ခုလုံးမှာ ရဲရဲနီနေသည်။

"ရှင်က တကယ့်တကယ်တော့ ဟန်ဆန်းဂိုဏ်းကမှ မဟုတ်တာ … ဟန်ဆန်းဂိုဏ်းရဲ့ ဓါးသိုင်းကို ဘယ်တတ်မလဲ။ ဒီတော့ ဟန်ဆန်းဂိုဏ်းရဲ့ ဓားသိုင်းနဲ့ ဘယ်လို ပြိုင်မလဲ"

လင့်ဟူချုံးက ပြုံး၍ …

"ဟန်ဆန်းဂိုဏ်းချုပ် လုပ်နေတဲ့နောက်တော့ ဟန်ဆန်းဂိုဏ်းရဲ့ဓားသိုင်းကို တတ်ရတော့မှာပေါ့။ အခုငါက ဟန်ဆန်းဂိုဏ်းကို ကိုယ်စားပြုနေတော့ ဟန်ဆန်းဂိုဏ်းရဲ့ ဓားသိုင်းကိုသုံးမယ်။ အကယ်၍ ငါက တခြားဂိုဏ်းရဲ့ ဓားသိုင်းကို သုံးမိရင် ငါအရှုံး။ မင်းကလည်း ငါ့ကို တခြားဂိုဏ်းရဲ့ သိုင်းနဲ့ မပြိုင်ရဘူး"

သည်စကားမှာ တမင်ပြော လိုက်ခြင်းဖြစ်သည်။

လင့်ဟူချုံး၏ သိုင်းပညာမှာ လိန်လိန်နှင့်ဆိုလျှင် မိုးနှင့်မြေပမာ ကွာခြားနေမှန်း လူတိုင်းသိကြသည်။ ထိုသို့ သာလျက်နှင့် အရှုံးပေးလိုက်လျှင် လူတိုင်းသိသွားမည်၊ လိန်လိန်လည်း ရိပ်မိသွားမည်။

ထို့ကြောင့် လင့်ဟူချုံးအနေဖြင့် ဟန်ဆန်းဂိုဏ်း၏ ဓားသိုင်းဖြင့်သာ လိန်လိန့်ကို ယှဉ်ပြိုင်တိုက်ခိုက်မည်။ အနည်းငယ် အကျဉ်းအကျပ် ကြုံသည်နှင့် 'ဇေရာဇ်ကိုးကွက်' ဓားသိုင်းကို ထုတ်သုံးကာ လိန်လိန့်ကို အနိုင်ယူလိုက်မည်။ ယင်းသို့ဆိုလျှင် မိမိချမှတ်ခဲ့သည့် စည်းကမ်းကို ဖောက်ဖျက်ပြီး ဖြစ်သွားပေပြီ။ နိုင်သော်လည်း ရှုံးသွားလိမ့်မည်။ အကြောင်းမှာ ဟန်ဆန်းဂိုဏ်း၏ ဓားသိုင်းမှ အပဖြစ်သော ဓားသိုင်းကို သုံးကာ နိုင်လိုက်ခြင်း ဖြစ်သောကြောင့်တည်း။

ထိုကဲ့သို့ ပိပိရိရိ အရှုံးပေးလျှင် လူတိုင်း လက်ခံ ကြပေလိမ့်မည်။ သူ့အတွေးနှင့်သူ လင့်ဟူချုံးက ကျေနပ်သွားသည်။

ထိုစဉ် လိန်လိန်က …

"ကောင်းပြီ၊ ဒီလို ဆိုရင် ပြိုင်မယ်"

ပြောပြောဆိုဆိုနှင့် သူမက ဓားကို ဝှေ့ယမ်း၍ လင့်ဟူချုံးကို စတင်တိုက်ခိုက်လေတော့သည်။

သူမ၏ ဓားကွက်ကို မြင်သည်နှင့် ဟန်ဆန်းဂိုဏ်းမှ မယ်သီလရင်များထံမှ 'ဟင်' ကနဲ အာမေဋိတ်သံ ထွက်လာလေတော့၏။ သည်ဓားကွက်ကို သူတို့အားလုံး ကောင်းစွာ သိရှိနေကြသည်။ ယင်းမှာ လင့်ဟူချုံး ဟန်ဆန်းဂိုဏ်းချုပ် လုပ်ပြီးမှ မိမိတို့အား သင်ပေးခဲ့သည့် ဓားကွက်များထဲမှ တစ်ကွက် ဖြစ်နေသောကြောင့်ပင်တည်း။

လင့်ဟူချုံးမှာမူ တုန့်ဆိုင်းခြင်း အလျဉ်းမရှိပဲ ဟန်ဆန်းဂိုဏ်း၏ သာမန်ဓားကွက် တစ်ကွက်ဖြင့် ပြန်လည်ခုခံလိုက်သည်။ သူသည် ဓားသိုင်းတွင် အထွတ်အထိပ်သို့ ရောက်ရှိနေပြီဖြစ်ရာ ဓားသိုင်းပညာတိုင်းကို ခွဲခြမ်းစိတ်ဖြာ၍ မြင်နိုင်သည်။ ထို့ပြင် ယခုလများအတွင်း ဟန်ဆန်းဂိုဏ်း၏ ဓားသိုင်းပညာကို ကောင်းစွာ လေ့လာထားသဖြင့်လည်း အနှစ်သာရကို ကောင်းကောင်းကြီး ဆုပ်ကိုင်နိုင်နေလေပြီ။

လိန်လိန်၏ ထိပ်သီးဓားကွက်ကို လင့်ဟူချုံးက အခြေခံဓားကွက်မျှဖြင့် ခုခံလိုက်သောအခါ အခြားဂိုဏ်းမှ သိုင်းပညာရှင်များ၏ စိတ်ထဲတွင် တအံ့တဩ ဖြစ်သွားတော့သည်။

"အင်း … သူလိုလူမျိုး ဟန်ဆန်းဂိုဏ်းချုပ် ဖြစ်လာတာ ဟန်ဆန်းဂိုဏ်းအဖို့ အင်မတန် ကံကောင်းတာပဲ။ ဒီလူဟာ ဆရာမကြီး တင့်ရှန်တို့ခြေရာကို ကောင်းကောင်း နင်းနိုင်မယ့် လူပဲ"

လင့်ဟူချုံးရော လိန်လိန်ပါ ဟန်ဆန်းဂိုဏ်း၏ ဓားသိုင်းကိုသာ အသုံးပြုနေကြသည်။ သို့သော်လည်း လင့်ဟူချုံး၏ ဓားသိုင်းပညာမှာ လိန်လိန့်ထက် များစွာအဆင့်မြင့်သဖြင့် သာမန် ဟန်းဆန်း ဓားကွက်များသည်ပင် သူ့လက်ထဲတွင် ကြောက်မက်ဖွယ်ရာ ထက်မြက်နေသည်။ လိန်လိန်၏ ခက်ခဲနက်နဲလှသော ဓားကွက်များကို သာမန် အခြေခံ ဓားကွက်များဖြင့် အသာလေး ခုခံနိုင်သည်။ လိန်လိန်ကမူ ကျောက်ဂူနံရံပေါ်တွင် ရေးထားသော ဟန်ဆန်းဓားကွက်များကိုသာ တတ်ကျွမ်းသဖြင့် ယင်းအကွက်များကိုသာ ထပ်ခါတလဲလဲ သုံးနေရတော့သည်။

ကံကောင်းသွားသည်မှာ ကျောက်ဂူနံရံပေါ်မှ ဓားကွက်များကို လင့်ဟူချုံးမှလွဲ၍ မည်သူမျှ မသိကြသဖြင့် လိန်လိန်၏ ဓားကွက်များ ထပ်နေသည်ကို ဘေးလူများ ရုတ်တရက် မရိပ်မိကြချေ။

လိန်လိန်က ဓားရှိန်ကို တဖြည်းဖြည်း မြှင့်တင်လိုက်သည်။

သူမ၏ တိုက်ခိုက်နေဟန်ကို ကြည့်ရင်း … အတိတ်ကာလက ဝါဆန်းတောင်တွင် သူတို့နှစ်ယောက် ဓားသိုင်း လေ့ကျင့်ခဲ့ပုံကို လင့်ဟူချုံးတစ်ယောက် ပြန်မြင်ယောင်လာတော့၏။

လက်ရှိတိုက်ခိုက်နေသည်များကို မေ့လျော့သွားပြီး ဟန်ဆန်းဂိုဏ်း၏ အကွက်မဟုတ်သော ဓားကွက် တစ်ကွက်ကို လင့်ဟူချုံး ထုတ်လိုက်မိလေတော့၏။

လိန်လိန်က ရုတ်တရက် ကြောင်သွားသည်။ သူမက တိုးညင်းစွာ ရေရွတ်ရင်း ဓားကွက်တစ်ကွက် ပြန်ထုတ်လိုက်

သည်။

"ငယ်ကျွမ်းချစ်"

လင့်ဟုချူးမှာ လိန်လိန့်ထံမှ ဟန်ဆန်းဂိုဏ်း၏ ဓားသိုင်းမဟုတ်သော ဓားကွက် ထွက်လာသဖြင့် သူမနည်းတူပင် ကြောင်သွားရာမှ ရုတ်ခြည်းပင် သဘောပေါက်သွားသည်။

သူက တိုးညင်းသော လေသံဖြင့် 'ဆောင်းဦးလေပွေ' ဟုရေရွတ်ရင်း ဓားကွက် တစ်ကွက် ထုတ်လိုက်သည်။

သူတို့ နှစ်ယောက် နောက်ဆုံးတိုက်ခိုက်သွားသည့် ဓားကွက်များမှာ ဟန်ဆန်းဂိုဏ်း၏ ဓားကွက်များ မဟုတ်ချေ။ ဝါဆန်းဂိုဏ်း၏ ဓားကွက်လည်း မဟုတ်ချေ။

ယင်းဓားသိုင်းတွင် နာမည်ရှိ၏။ 'ချူးလိန်' ဓားသိုင်း ဟူ၍ဖြစ်သည်။ လင့်ဟုချူးနှင့် လိန်လိန်တို့ အတူတကွ တီထွင်ထားသော ဓားသိုင်းဖြစ်သဖြင့် သူတို့ နာမည်များ၏ နောက်ဆုံးနှစ်လုံးကို ပေါင်းစပ်ကာ နာမည်ပေးထားခြင်း ဖြစ်သည်။

ယင်း ဓားသိုင်းသည် ခက်ခဲနက်နဲခြင်း လုံးဝမရှိ။ ထိုစဉ်က သူတို့၏ဓားသိုင်းပညာမှာ အလွန်တရာ နုနယ်လှပေ သေးသည်။ ယင်းဓားကွက်များကို သူတို့နှစ်ယောက် အကြိမ်ပေါင်း မရေမတွက်နိုင်အောင် အပြန်အလှန် တိုက်ခိုက် လေ့ကျင့်ခဲ့ဖူးရာ မျက်စိမှိတ် တိုက်ခိုက် နိုင်လောက်အောင်ပင် ကျွမ်းကျင်ကြလေသည်။

ဓားကွက် အားလုံးလိုလိုကို သူတို့၏ နှလုံးသားအတွင်း၊ ဦးနှောက်အတွင်းမှ အလွတ်ရနေကြသည်။ ယင်းကြောင့် သူတို့ နှစ်ယောက်က တိုက်ရင်းခိုက်ရင်းဖြင့် ယင်း ဓားကွက်များကို မသိစိတ်က အလိုလို ထုတ်သုံး နေမိကြခြင်း ဖြစ်သည်။

လင့်ဟုချူးက အမှတ်တမဲ့ တစ်ကွက် ထုတ်သုံးလိုက်မိသည်နှင့် လိန်လိန်ကလည်း အလိုအလျောက် ယင်းဓားကွက် များဖြင့် ပြန်လည်ခုခံမိတော့သည်။ ထိုအခါ သူတို့နှစ်ယောက်လုံးမှာ ကောင်းဆန်းတောင်ထိပ်ပေါ်၌ တိုက်ခိုက်နေရသည့် ပစ္စုပ္ပန်ဘဝကို မေ့သွားကြပြီး ဝါဆန်းဂိုဏ်းတွင် နေထိုင်စဉ်က အဖြစ်အပျက်များသို့ အတွေးလိပ်ပြာများ ဖြန့်သွား မိကြတော့သည်။

အိမ်ထောင်ရှင်မ ဘဝကို မေ့လျော့ပြီး လိန်လိန်၏ စိတ်ထဲတွင် သူမ၏ အစ်ကိုကြီးနှင့် ငယ်စဉ်ဘဝက ကဲ့သို့ ဓားရေးလေ့ကျင့်နေသည်ဟုသာ ထင်မြင်မိတော့သည်။

လိန်လိန်၏မျက်နှာ တဖြည်းဖြည်း ပြုံးရွှင်လာသည်ကို တွေ့ရသော လင့်ဟုချူး စိတ်ထဲ၌ အားရ ကျေနပ်သွားမိ၏။

"ဒီနေ့ တစ်နေ့လုံး ညီမလေးမျက်နှာ မသာမယာ ဖြစ်နေတာ ... အခုမှပဲ သူ့မျက်နှာ ရွှင်လန်းလာတော့တယ်။ ... အင်း ... ဒီဓားကွက်က မကြာခင် ကုန်တော့မှာပဲ။ သူ့ကို အရှုံးပေးရတော့မယ်။ ဘယ်လို လုပ်ရင် ကောင်းမလဲ"

ထိုစဉ် လူအုပ်ကြားထဲမှ မရယ်ချင့်ရယ်ချင် အသံဖြင့် တမင်လုပ်ရယ်လိုက်သည့် ရယ်သံ တစ်ချက်ကို နှစ်ယောက်လုံး ကြားလိုက်ရ၏။

အသံရှင်မှာ လင်မိန်ကျက်ပင်တည်း။

လိန်လိန်မှာ ချက်ချင်း သတိပြန်ဝင်လာတော့၏။ လင်မိန်ကျက်၏ ရယ်သံကို ကြားလိုက်ရသောအခါ သူမ တစ်ကိုယ်လုံးမှ သွေးများ အေးခဲသွားးသကဲ့သို့ ခံစားလိုက်ရ၏။ သူမက စိတ်ထဲမှ ...

"ငါက အစ်ကိုကြီးနဲ့ ဒီပုံစံအတိုင်း တိုက်ခိုက်နေရင် ဘယ်ကြည့်ကောင်းတော့မလဲ ... လူပြောစရာ ဖြစ်ကုန်မှာပေါ့"

ချက်ချင်းပင် သူမ၏ ဓားကွက်များ ပြောင်းလဲသွားတော့သည်။

လင်မိန်ကျက်၏ ခနဲ့ရယ်သံ ကြားလိုက်ရသည်နှင့် လိန်လိန်က ဓားကွက်များကို ပြောင်းလဲလိုက်သည်ကို လင့်ဟုချူး သတိပြုလိုက်မိ၏။ သူ့ရင်ထဲတွင် စူးစူးရှရှ ခံစားလိုက်ရတော့သည်။ ထို့ကြောင့် သူက လက်ညှိုးဖြင့် လိန်လိန်၏ ဓားကိုယ်ထည်ပြားကို တောက်လိုက်၏။

'ထန်း' နဲ မြည်သံနှင့်အတူ လိန်လိန်၏ ဓားမှာ လွင့်စဉ်တက်သွားတော့၏။

ထိုသို့ တောက်လိုက်ပြီး ပြီးချင်း လင့်ဟုချူးက သတိရသွားကာ 'ဒုက္ခပဲ' ဟု ရေရွတ်လိုက်မိသည်။

လိန်လိန်က အားတင်း၍ ပြုံးလိုက်သည်။ သို့သော် သူမအနေဖြင့် မည်မျှပင် ကြိုးစား၍ ပြုံးပြုံး ... မည်သို့မျှ ပြုံး၍ မရပဲ ဖြစ်နေသည်။ သူမမျက်နှာ၌ အပြုံး ပေါ်မလာ။

တစ်ချိန်တုန်းက ဤကဲ့သို့ပင် စိတ်လွတ်ကိုယ်လွတ် ပြုလုပ်မိခဲ့၍ လိန်လိန်နှင့် အလှမ်းဝေးခဲ့ရသည့် အဖြစ်ကို လင့်ဟုချူး ပြန်လည်သတိရလာသည်။

ယခုလည်း ထိုအမှားမျိုးကို ထပ်မံကျူးလွန်မိပြန်ချေပြီ။

ထိုစဉ်မှာပင် လိန်လိန်၏ လွင့်စဉ် ပြောက်တက်သွားသော ဓားသည် ဦးစိုက်၍ ပြန်ကျလာသည်။
အကြိတစ်ခုက လင့်ဟူချုံး၏ ခေါင်းထဲသို့ ဝင်လာသည်နှင့် သူက လိန်လိန်အား ဓားဖြင့် ထိုးမည့် ဟန်ပြုကာ ရှေ့သို့ ရုတ်ကနဲ တိုးလိုက်သည်။
ယင်းနောက် မော့ကြည့်လိုက်ကာ ယခုမှ ဓားကျလာသည်ကို သိလိုက်ဟန်ဖြင့် ကမန်းကတန်း ဘေးသို့ ရှောင်တိမ်းလိုက်သည်။
သို့သော် အချိန်မမှီတော့ပေ။ ဓားမှာ သူ၏ပုခုံးကို ထိုးစိုက် မိသွားပေပြီ။ လင့်ဟူချုံး မြေပေါ်သို့ လဲကျသွားတော့သည်။
အဖြစ်အပျက်မှာ အလွန်မြန်ဆန်လှသည်။ အားလုံး မထင်မှတ်ခဲ့သော ဖြစ်ရပ်ကြောင့် လူအားလုံးလိုလိုပင် လွှတ်ကနဲ အော်လိုက်မိကြ တော့သည်။
"အစ်ကိုကြီး"
လိန်လိန်က အလန့်တကြား အော်လိုက်၏။
ထိုစဉ် ညိုမည်းသော မျက်နှာရှိသည့် လူတစ်ယောက် ရုတ်ခြည်းခုန်ထွက်လာပြီး လင့်ဟူချုံး၏ပုခုံး၌ စိုက်ဝင်နေသောဓားကို လွှင့်ပစ်ကာ လင့်ဟူချုံးကို ပွေ့ချီပြီး ဟန်ဆန်းဂိုဏ်းဖက်သို့ ခုန်ထွက်သွားတော့၏။
လင့်ဟူချုံး၏ ဒဏ်ရာမှာ အတော်ကြီးသဖြင့် သွေးများ ပန်းထွက်လာလေတော့သည်။ ဟန်ဆန်းဂိုဏ်းသားများက သူတို့၏ ဓားဒဏ်ရာ လိမ်းဆေးထည့်ပေးပြီး ပတ်တီးစည်းပေးလိုက်သည်။
ဟန်ဆန်းဂိုဏ်းမှ မယ်သီလရင် တစ်ယောက် လွှတ်ကနဲ ပြောလိုက်သည်။
"တစ်ကယ် အသည်း မရှိတဲ့ မိန်းမပဲ"
လိန်လိန်မှာ လူပုံအလယ်၌ ငေးကြောင်ကြောင်ကြီး ရပ်နေမိသည်။ သူမအနေဖြင့် ဘာဆက်လုပ်ရမည်ကို သိပုံမပေါ် တော့ချေ။
သူမ စိတ်ထဲတွင် လင့်ဟူချုံးကို ပြေးကြည့်ချင်နေမိ၏။ သို့သော် ထိုစဉ်မှာပင် ရက်ပုချွန်က သူ့သမီး၏ လက်ကို ကိုင်မြောက်၍ ချီးကျူးလိုက်သည်။
"တယ်ဟုတ်ပါလား။ သမီးအနေနဲ့ ထိုက်ဆန်း၊ ချုံဆန်း၊ ဟန်ဆန်းဂိုဏ်းက ဂိုဏ်းချုပ်သုံးယောက်ကို သူတို့ဂိုဏ်းရဲ့ ဓားသိုင်းကို သုံးပြီး အနိုင်တိုက်နိုင်ခဲ့ပြီ။ ဒီကိစ္စက တယ်လွယ်တဲ့ကိစ္စ မဟုတ်ဘူးနော်"
သိုင်းသမား အားလုံးက လိန်လိန်က လင့်ဟူချုံးကို အနိုင်ယူခဲ့သော သိုင်းကွက်ကို များစွာသံသယ ရှိကြ၏။ သို့သော် လင့်ဟူချုံးမှာ ဒါဏ်ရာရသွားပြီ ဖြစ်၍ သူတို့ အနေဖြင့် ဘာမျှ မပြောသာတော့ပေ။
လိန်လိန်က ဘာစကားမှမပြောပဲ သူမ၏ဓားကို ပြန်လည်ကောက်ယူလိုက်၏။ ဓားဦးတွင် သွေးများ ပေကျံနေသည်။ လင့်ဟူချုံး၏ သွေးများဖြစ်သည်။ လိန်လိန်မှာ စိတ်ထိခိုက်လွန်းလှသဖြင့် အတွေးတစ်ခုမှတစ်ပါး အခြား မည်သည့် အတွေးကိုမျှ မတွေးနိုင်ပဲ ဖြစ်နေ၏။
"အစ်ကိုကြီး ... ဘယ်လိုများ ဖြစ်နေသလဲ ... သူသာ သေသွားရင်တော့ ... ငါ ... ငါလည်း ..."
လိန်လိန်၏ မျက်နှာတစ်ခုလုံး သွေးဆုတ်ဖြူရော်လျက် ရှိနေတော့သည်။ သူမ တစ်ကိုယ်လုံးမှာလည်း ယိမ်းထိုးနေ၏။ လဲကျတော့မည်ကဲသို့ ဖြစ်နေတော့သည်။
လိန်လိန်၏ အဖြစ်ကို တွေ့မြင်ကြသူများက တစ်မျိုး ထင်ကြသည်။ သူမကဲ့သို့ ငယ်ရွယ်လှသည့် မိန်းကလေး တစ်ယောက်အနေဖြင့် ဂိုဏ်းချုပ်ကြီးသုံးယောက်ကို တိုက်ခိုက်လိုက်ရသဖြင့် အားပြတ်မောပန်း သွားခြင်းသာ ဖြစ်သည်ဟု ထင်နေကြသည်။
ထိုစဉ်မှာပင် လူတစ်ယောက်၏ အော်သံကို ကြားလိုက်ရသည်။ အသံမှာ ကျယ်လောင်လှသဖြင့် အားလုံးပင် ပီပီသသကြား ကြရသည်။
"ဝါဆန်း၊ ထိုက်ဆန်း၊ ချုံဆန်း၊ ဟန်ဆန်းဂိုဏ်းကြီးတွေကို သူတို့ဂိုဏ်းရဲ့ သိုင်းပညာတွေနဲ့ အနိုင်ယူခဲ့တာဟာ အလွန့်အလွန်ကို အံ့ဩ ချီးကျူးစရာကောင်းတဲ့ အဖြစ်အပျက်ပါပဲ။ တောင်ငါးလုံးဂိုဏ်းရဲ့ ဂိုဏ်းချုပ်နေရာမှာ ထိုင်သင့်တဲ့ လူကတော့ ဝါဆန်းဂိုဏ်းချုပ် ဆရာကြီး ရက်ပုချွန်ပဲ ဖြစ်သင့်ပါတော့တယ်။ ... အခုအခြေအနေကတော့ သူသာ အထိုက်တန်ဆုံး ဖြစ်နေပါတယ်"
ထိုစကားကို ပြောလိုက်သူမှာ သူတောင်းစား ဂိုဏ်းချုပ်ကြီး ဖြစ်နေသည်။ သူတောင်းစား ဂိုဏ်းဆိုသည်မှာ သိုင်းလောက၌ အတော်အတန် အင်အားကြီးမားသော ဂိုဏ်းကြီးတစ်ခုဖြစ်သည်။ ထို့ကြောင့် လူအတော်များများက

သူ့စကားကို မကန့်ကွက်ရဲ ကြတော့ချေ။

သို့သော် ... အေးစက်မာကျောသော လူတစ်ယောက်၏ အသံက လူအုပ်ကြီး အတွင်း ထွင်းဖောက်လာတော့၏။

"နောင်ကြီး ရက်ပုချွန်ရဲ့သမီးက ဝါဆန်း၊ ထိုက်ဆန်း၊ ချုံဆန်း၊ ဟန်ဆန်းဂိုဏ်းတွေရဲ့ ခါးသိုင်းတွေကို ဒီလောက် အထိ ကျွမ်းကျွမ်းကျင်ကျင် တတ်ထားတာကတော့ တကယ့်ကို ချီးကျူးစရာကောင်းတဲ့ အချက်ပါပဲ။ သမီးတောင် ဒီလောက် တတ်နေတယ်ဆိုတော့ အဖေလုပ်တဲ့သူကတော့ ဘာမှ ပြောစရာ မရှိတော့ဘူး"

ပရိသတ်အားလုံး ငြိမ်သက်တိတ်ဆိတ်စွာ နားထောင်နေကြ၏။

"ဒါပေမယ့် ဂိုဏ်းကြီးငါးဂိုဏ်းဆိုတော့ ကျုပ်တို့ ကောင်းဆန်းဂိုဏ်း ကျန်နေပါသေးတယ်။ ကျုပ်ကိုသာ အနိုင်တိုက် နိုင်ပြီဆိုရင်တော့ တောင်ငါးလုံးဂိုဏ်းရဲ့ ဂိုဏ်းချုပ်ဟာ ဆရာကြီး ရက်ပုချွန်ပဲ ဖြစ်ရမှာပါ"

ကျိုလင်ထန်ပင် ဖြစ်တော့သည်။ သူက ပြောရင်းဖြင့် ပရိသတ်အလယ်သို့ လျှောက်လာသည်။ ပြီးနောက် စင်ပေါ်သို့ တက်လာလေတော့သည်။

သူ၏ ဟန်ပန်မှာ လွန်စွာခန့်ညားလှသည်။ သူက အခြားသူများကဲ့သို့ စင်ရှေ့ကွင်းပြင်တွင် မပြိုင်ပဲ စင်ပေါ်၌ ပြိုင်မည်ဟု စိန်ခေါ်လိုက်ခြင်းမှာ သူ့ကိုယ်သူ အလွန်တရာ ပိုင်နိုင်စိတ်ချ ယုံကြည်ကြောင်း ပြသလိုက်ခြင်းပင် ဖြစ်တော့၏။

လိန်လိန်မှာ ယခုတော့ အတော်ကလေး တည်ငြိမ်မှု ရရှိသွားပြီ ဖြစ်ရာ ကျိုလင်ထန်ကို လှမ်း၍ ...

"ဆရာကြီး ကျိုလင်ထန်ကို ကျွန်မအနေနဲ့ကတော့ မနိုင် နိုင်ပါဘူး။ ဒါပေမယ့် ဆရာကြီးထက် သိုင်းပညာ တော်တဲ့ သူကတော့ ရှိပါသေးတယ်"

ကျိုလင်ထန် စိုးရိမ်သောသူမှာ ဂိုဏ်းကြီးငါးဂိုဏ်းထဲတွင် လင့်ဟူချုံးတစ်ယောက်သာဖြစ်သည်။ ရှောင်လင်ဘုရား ကျောင်း အတွင်းတွင် တွေ့မြင်ခဲ့ရသော ဓားသိုင်းကို သူ့အနေဖြင့် အနိုင်ယူရန်မလွယ်ပေ။

အခုတော့ လင့်ဟူချုံးမှာ ဘုမသိ၊ ဘမသိဖြင့် ဒဏ်ရာရသွားသည်ကို တွေ့ရသောအခါ ကျိုလင်ထန်မှာ လွန်စွာမှ ပီတိ ဖြစ်သွားရလေတော့သည်။ သူ့အတွက် တစ်တောရှင်းသွားရခြင်းဖြစ်သည်။ တောင်ငါးလုံးဂိုဏ်း၏ ဂိုဏ်းချုပ်ဖြစ်ရန် မှာ သူ့အတွက် မြေကြီးကို လက်ဝါးဖြင့် ရိုက်ဘိသကဲ့သို့ မလွဲနိုင်တော့ပြီဟူ၍ အလွန် စိတ်ချသွားတော့သည်။

သူက အေးဆေးစွာဖြင့် ...

"တူမလေး ဆိုလိုတာက ဘယ်သူလဲ။ တူမလေးရဲ့ အဖေကို ပြောတာလား။ တူမလေးရဲ့ အမေလား ... ဒါမှမဟုတ် တူမလေးရဲ့ ခင်ပွန်းလား"

လိန်လိန်က အေးစက်စွာဖြင့် ...

"ကျွန်မယောကျ်ားက ဆရာကြီးနဲ့စာရင် အသက်ရော ပညာပါ နုလွန်းပါသေးတယ်။ ဆရာကြီးကို ဘယ်လိုမှ နိုင်မှာ မဟုတ်ပါဘူး။ ကျွန်မအမေက မိန်းမဆိုပေမယ့် ဓားသိုင်းမှာတော့ ဆရာကြီးနဲ့ လက်ရည်တူလောက်မယ် ထင်တယ်။ ကျွန်မအဖေကတော့ ဆရာကြီးထက် အများကြီးသာပါတယ်" ဟု ပြန်လည် တုန့်ပြန်လိုက်သည်။

လိန်လိန့်စကားအဆုံးတွင် ကောင်းဆန်းဂိုဏ်းသားများက မကျေမနပ်ဖြင့် အော်ဟစ်ကြလေတော့၏။ သို့သော် ကျိုလင်ထန်က မည်သူ့ကိုမျှ အလေးမထားဟန်ဖြင့် ရက်ပုချွန်ကို လှည့်ကြည့်ကာ ...

"ဘယ်လိုလဲ နောင်ကြီး ရက်ပုချွန် ... နောင်ကြီး သမီးက နောင်ကြီးကို ရေရေလည်လည် အမွှန်းတင်နေပါလားဗျ"

ရက်ပုချွန်က မပြုံးမရယ်ပဲ ခပ်တည်တည်ဖြင့် ...

"ကလေးစကားကို အတည်မယူပါနဲ့လေ။ ကျုပ်ရဲ့ သိုင်းပညာက ရှောင်လင်ကျောင်းထိုင် ဆရာတော်ကြီး ဖန်းတင်း၊ ဟူတန်းဂိုဏ်းက ရသေ့ကြီး ချုံးရှီး တို့နဲ့ ယှဥ်လို့ မရသေးပါဘူး"

ကျိုလင်ထန် မျက်နှာ ပျက်သွားရတော့၏။ ရက်ပုချွန်က ဆရာတော်ကြီးနှင့် ရသေ့ကြီးတို့ကိုသာ ထုတ်ပြောပြီး ကျိုလင်ထန်ကို မပြောခြင်းမှာ သူ့ကို ဂရုမစိုက်ဟု ပြောခြင်းပင် ဖြစ်သည် မဟုတ်ပါလား။

ကောင်းဆန်းဂိုဏ်းသားတစ်ယောက်က ...

"ဆရာကြီး ရက်ပုချွန်အနေနဲ့ ကျုပ်တို့ရဲ့ ဂိုဏ်းချုပ်ကြီးနဲ့ ယှဥ်ကြည့်ရင်ကော ဘယ်လိုနေမလဲ"

"ဒါကတော့ တပ်အပ်သေချာ ဘယ်ပြောနိုင်မှာလဲ။ ဝါဆန်းဂိုဏ်းနဲ့ ကောင်းဆန်းဂိုဏ်းဟာ နှစ်ပေါင်းများစွာ ကတည်းက အရှုံးအနိုင် မရှိခဲ့ကြပါဘူး။ ခင်ဗျားရဲ့ မေးခွန်းကို ကျုပ် ဘယ်လို ဖြေရမလဲ"

ထိုအခါ ကောင်းဆန်းဂိုဏ်းသားက ...

"ဆရာကြီးရဲ့ လေသံကိုကြည့်ရတာ ကျုပ်တို့ရဲ့ ဂိုဏ်းချုပ်ကြီးကို နိုင် နိုင်သလိုပါလား ... လေသံက အတော်ကလေး

ပိုင်နိုင်တဲ့ပုံပဲ”

ရက်ပုချွန်ကမူ အေးဆေးစွာဖြင့် ...

“နောင်ကြီး ကျိုလင်ထန်ကို ကျုပ်က အမြဲတမ်း ရိုသေလေးစားခဲ့ပါတယ်။ ဟိုစဉ်ကတည်းကပဲ။ အခွင့်ကြုံရင် နောင်ကြီးဆီမှာ ဓားသိုင်း တစ်ကွက်၊ နှစ်ကွက်လောက်တော့ လေ့လာဆည်းပူးဖို့ အမြဲ စိတ်ကူးရှိထားပါတယ်။ ဒါပေမယ့် ဒီနေ့က ဂိုဏ်းချုပ်ကြီး ရွေးတဲ့နေ့ဖြစ်နေတာက တော်တော်ခက်နေတယ်။ ... အခုအချိန်မှာ နောင်ကြီးနဲ့ သိုင်းပညာ ဖလှယ်ရင် သူများတွေက ကျုပ်ကို ဂိုဏ်းချုပ်နေရာ လုတယ်လို့ ထင်နေပါဦးမယ်”

ရက်ပုချွန်၏ ဝေ့လည်ကြောင်ပတ်စကားများကို နားထောင်နေရသော ကျိုလင်ထန်မှာ သည်းမခံနိုင်တော့ ...

“နောင်ကြီး ရက်ပုချွန် .. ကျုပ်လက်ထဲက ဓားကို ခုခံနိုင်ရင် တောင်ငါးလုံး ဂိုဏ်းချုပ်နေရာကို နောင်ကြီးပဲ ဆက်ခံပါတော့”

ရက်ပုချွန်ကမူ ...

“သိုင်းပညာကောင်းတိုင်း အကျင့်စာရိတ္တ ကောင်းချင်မှ ကောင်းမှာပေါ့ ... ကျုပ်က နောင်ကြီးကို နိုင်တယ်ပဲ ထားဦး ... ကျန်တဲ့ လေးဂိုဏ်းစလုံးက လူတွေကို နိုင်ချင်မှ နိုင်မှာပေါ့”

ရက်ပုချွန်၏ စကားမှာ အပြင်ပန်းအားဖြင့် ရိုးသားပြီး နှိမ့်ချသယောင် ထင်မှတ်ရသည်။ သို့သော် စကားလုံးတိုင်းသည် အလွန်စောင်းထက်လှသည်။ လေသံအရလည်း ကျိုလင်ထန်ကို လုံးဝအရေးမစိုက်ကြောင်း ပေါ်လွင်ထင်ရှားလှသည်။

ကျိုလင်ထန်မှာ အပွဲပွဲ နွဲလာသမျှ သည်တစ်ပွဲကျမှ ခံရသလိုဖြစ်နေသည်။ ဒေါသ အလွန် ထွက်နေသော်လည်း စိတ်ကို ချုပ်တည်းကာ အေးစက်စွာ ပြောလိုက်၏။

“ဒီနေ့တော့ ... နောင်ကြီးက အပြောကောင်းနေပါလား။ ဒါပေမယ့် လက်စွမ်း ကောင်း မကောင်းကတော့ စင်ပေါ်ရောက်မှ သိရမှာပဲ။ ... စင်ပေါ်တက်ပြီး ခင်ဗျားရဲ့ စွမ်းရည်ကို ပြစမ်းပါလား”

ထိုအခါ သိုင်းသမားများက ဆူညံစွာ အော်ဟစ်ပွဲတောင်းကြလေတော့၏။

“ဟုတ်တယ် ... ဟုတ်တယ်။ စင်ပေါ်ကို တက်လိုက်ပါ။ အပြောကြီးနေရုံနဲ့ ပွဲမပြီးဘူး။”

ရက်ပုချွန်က လက်နောက်ပစ်၍ ရပ်နေသည်။ သူက မည်သည့်စကားမျှ မပြောတော့ပဲ အသာနားထောင်နေသည်။

ကျိုလင်ထန်မှာ ဂိုဏ်းကြီးငါးဂိုဏ်းကို ပူးပေါင်းရန် အချိန်များစွာ ယူ၍ ကြိုတင် ပြင်ဆင်ထားခြင်းဖြစ်သည်။ ဂိုဏ်းကြီး လေးဂိုဏ်းအတွင်းရှိ ထိပ်သီး သိုင်းသမားများ၏ အရည်အချင်းကို သေချာစွာ တွက်ချက်ပြီးဖြစ်၏။ အားလုံး ပိုင်နိုင်ပြီဟု ယုံကြည်စိတ်ချတော့မှ ယနေ့ အခမ်းအနားကို ကျင်းပခြင်းဖြစ်သည်။

ရက်ပုချွန်သည် အတွင်းအားသိုင်းပညာဖြစ်သော မိုးကြိုးအတွင်းအား၌ အလွန်တရာကောင်းမွန်ကြောင်း ကျိုလင်ထန်က သိရှိထားပြီးဖြစ်သည်။ ထို့အပြင် ရှောင်လင်ဘုရားကျောင်းတွင် ရက်ပုချွန်နှင့် လင့်ဟူချုံးတို့ ယှဉ်ပြိုင် တိုက်ခိုက်သည်ကို သေချာ လေ့လာထားပြီး ဖြစ်သည်။

ထိုပွဲကို ကြည့်ပြီး၍ ကျိုလင်ထန် စိတ်အေးသွားသည်။ ရက်ပုချွန်၏ဓားသိုင်းမှာ မိမိကို ယှဉ်၍မရသေးပေ။ ကျိုလင်ထန်၏ စိတ်ထဲမှ ...

“မင်းတို့က ဂိုဏ်းကြီးငါးဂိုဏ်းရဲ့ ဓားသိုင်းတွေကို ခိုးကျင့်ထားနိုင်တာနဲ့ အဟုတ်ကြီး မှတ်နေတာကိုး။ ... ရက်ပုချွန် ... ရက်ပုချွန် ... ကိုယ့်အမှားကို ကိုယ်မသိဘူး။ ... အမှန်ဆိုရင် မင်းအနေနဲ့ ငါနဲ့တိုက်တဲ့အချိန်ကျမှ တခြားဂိုဏ်းတွေရဲ့ ဓားကွက်ကို ထုတ်သုံးရမှာ ... ဒါဆိုရင် ငါ့အနေနဲ့ အငိုက်မိသွားမှာပဲ ... အခုတော့ မရတော့ဘူး။ မင်းရဲ့ သမီးက ကစားပြထားတော့ ငါသတိထားမိသွားပြီ ... မင်းအနေနဲ့ ငါ့ကို ဘယ်မှာ အငိုက်ဖမ်းနိုင်တော့ မှာလဲ”

သည်အထိ ရက်ပုချွန်က စင်ပေါ်တက်ရန် အရိပ်အယောင် မပြသေးသည်ကို တွေ့ရသောအခါ သူ့စိတ်ထဲတွင် ...

“ဒီကောင်က ဉာဏ်များတယ်။ အပြောချိုသလောက် အတွင်းသဘောက ကြောက်စရာကောင်းတယ်။ လူရှေ့သူရှေ့မှာ ကောင်းကောင်း သိက္ခာချထားမှ ငါ့အတွက် တော်ရုံကျမယ်”

ဤသို့ တွေးလိုက်မိသဖြင့် ကျိုလင်ထန်က ...

“နောင်ကြီး ရက်ပုချွန်၊ အခုဆိုရင် မိတ်ဆွေတွေအားလုံးက နောင်ကြီး စင်ပေါ်တက်လာမှာကို စောင့်မျှော်နေကြတယ်။ ဘယ်လိုလဲ ... သူတို့ရဲ့ လိုအင်ဆန္ဒကို ခင်ဗျားအနေနဲ့ မဖြည့်စွမ်းနိုင်ဘူးလား”

ရက်ပုချွန်က ထိုစကားကို စောင့်နေသူ ဖြစ်ရာ ကျိုလင်ထန်၏ စကားဆုံးသည်နှင့် ...

“နောင်ကြီးက သည်လိုပြောတဲ့နောက်တော့ ကျုပ်က လိုက်နာရတော့မှာပေါ့” ဟုပြောကာ စင်ပေါ် လှမ်းတက်

လာတော့သည်။

ရက်ပုချွန်၏ အမူအရာမှာလည်း ကျိုလင်ထန်ကဲ့သို့ပင် ပိုင်ပိုင်နိုင်နိုင် ရှိလှသည်။ ပွဲကြီးပွဲကောင်း ကြည့်ရမည်မှာ သေချာနေပေပြီ။ ယင်းကြောင့် သိုင်းသမားတိုင်းလိုလို အုတ်အော် သောင်းတင်း လက်ခုပ်လက်ဝါးတီး၍ ဩဘာ ပေးကြလေတော့၏။

စင်ပေါ်တက်ပြီးနောက် ရက်ပုချွန်သည် အားလုံးကို အရိုအသေ ပေးလိုက်ပြီးမှ ...

"နောင်ကြီး ကျိုလင်ထန် ... ခင်ဗျားနဲ့ ကျုပ်နဲ့က အခုဆိုရင် တစ်ဂိုဏ်းတည်းသားချင်း ဖြစ်နေပါပြီ။ ကျုပ်တို့ နှစ်ယောက် ယှဉ်ပြိုင်ရင် သိုင်းပညာ ဖလှယ်ဖို့ကို အဓိကထားပါ့မယ် ... ဒီတော့ကာ တစ်ယောက်ကို တစ်ယောက် အနာတရ ဖြစ်အောင် မလုပ်ပါနဲ့စို့လား"

"ကျုပ်ရဲ့ ခြေလက်တွေကို သတိထားပါ့မယ်။ ခင်ဗျားကို မထိခိုက်စေရပါဘူး။"

ထိုအခါ ကောင်းဆန်း ဂိုဏ်းသားများက ဆူညံစွာ အော်ဟစ် ကြတော့၏။

"သေမှာ ကြောက်သလား ... သေမှာကြောက်ရင် စင်ပေါ်မတက်နဲ့။ စင်အောက်ကို ပြန်ဆင်း"

"ဓားမှာ မျက်စိမပါဘူးကွ။ မင်းကို မထိခိုက်အောင် ဓားက ရှောင်နေမှာ မဟုတ်ဘူး"

ထိုစကားများကို ကြားရသောအခါ ရက်ပုချွန်က ပြုံး၍ ...

"ဟုတ်ပါတယ် ... ဟုတ်ပါတယ် ... ဓားမှာ မျက်စိမပါဘူး။ ... ဒါကြောင့် တိုက်ကြခိုက်ကြတဲ့အခါမှာ မတော်တဆ ထိခိုက် အနာတရ ဖြစ်တာတို့ ... အသက်သေဆုံးတာတို့ ဖြစ်နိုင်ပါတယ်"

သူက ဝါဆန်းဂိုဏ်းသားများ ဖက်သို့ လှည့်၍ ...

"ငါပြောတာကို အားလုံးနားထောင်ကြပါ။ အခု စင်ပေါ်ကပြိုင်ပွဲဟာ တစ်ယောက်နဲ့တစ်ယောက် ရန်သူလို သတ်နေတာ မဟုတ်ဘူး။ သိုင်းပညာချင်း ဖလှယ်နေတာပဲ ဖြစ်တယ်။ နောင်ကြီး ကျိုလင်ထန်နဲ့ ငါဟာ ဘာရန်ငြိုးမှ မရှိကြဘူး တကယ်လို့ နောင်ကြီးကျိုလင်ထန်က ငါ့ကို လက်လွန်ပြီး သတ်လိုက်ရင်တောင်မှ မင်းတို့အနေနဲ့ နောင်ကြီး ကျိုလင်ထန်ကို ရန်ငြိုးမထားရဘူး။ ကောင်းဆန်းဂိုဏ်းသားတွေကိုလည်း လုံးဝ မနှောင့်ယှက်ရဘူး။ ငါတို့ တောင်ငါးလုံးဂိုဏ်းရဲ့ နာမည်ကိုလည်း လုံးဝ မထိခိုက်စေပါနဲ့။ အားလုံး ကြားကြတယ်နော်။ အဲဒါ ငါ့အမိန့်ပဲ။ တစ်သဝေမတိမ်း လိုက်နာကြ။"

လိန်လိန် အပါအဝင် ဝါဆန်းဂိုဏ်းသားများက လိုက်နာပါမည်ဟု အာမဝန်တာ ခံကြသည်။

ကျိုလင်ထန်သည် ထိုစကားများကို ကြားလိုက်ရသောအခါ အလွန်အံ့ဩသွားသည်။ သူက ရက်ပုချွန်အား လှမ်း၍ ချီးကျူး လိုက်သည်။

"နောင်ကြီး ရက်ပုချွန် .. ခင်ဗျားဟာ တစ်ကယ်ပဲ အများအတွက် ဦးစားပေးပြီး ဆောင်ရွက်တတ်တဲ့ သူကိုး။ .. ကျုပ်တကယ်ပဲ လှိုက်လှိုက်လှဲလှဲ ချီးကျူးပါတယ်။"

သို့သော် စိတ်ထဲကမူ ...

"ဟင်း ... ငါ့ကို ဘယ်သူ ယှဉ်နိုင်မှာလဲ။ ရက်ပုချွန်တော့ ကြောက်စိတ်တွေ ဝင်နေပြီ။ ဒါကြောင့်မို့သာ ဒီစကားမျိုး ပြောတာပေါ့။ ... ကောင်းတယ်။ ... အခုတော့ သူ့စကားနဲ့သူပတ်နေပြီ။ ငါက လက်လွန်ရင်လည်း အကြောင်းမဟုတ်တော့ဘူးတဲ့။ .. ဒီကောင့်ကို တစ်ချက်တည်းနဲ့ အပြတ်ချပစ်ရမယ်"

ကျိုလင်ထန်သည် တွေးလိုက်ရင်း အလွန်ဝမ်းသာ အားတက်သွားကာ သူ့ဓားကို 'ရွမ်း' နဲ ဆွဲထုတ်လိုက်သည်။

အတွင်းအားကို ဓားကိုယ်ထည်အတွင်းသို့ စီးဝင်စေပြီးနောက် လေထဲ၌ ထိုးခွဲကစားပြလိုက်သည်။ ထိုအခါ လေထဲ၌ ကြီးမားသော သံထည်ပစ္စည်းကြီး တစ်ခုကို ဝှေ့ယမ်းလိုက်သကဲ့သို့ လေတိုးသံ တဟဲဟဲ ထွက်ပေါ်လာလေတော့သည်။

ကောင်းဆန်းဂိုဏ်းသားများက သူတို့ဆရာ၏ စွမ်းပကားကို တွေ့ကြရသောအခါ အားရကျေနပ်စွာ အော်ဟစ်ဩဘာ ပေးကြလေတော့သည်။

ရက်ပုချွန်ကမူ သူ၏ ဓားကို ဖြည်းညင်းစွာ ဆွဲထုတ်လိုက်ပြီး စင်ကြမ်းပြင်ပေါ်တွင် အသာအယာ ချထားလိုက်၏။

ဤလူနှစ်ယောက်၏ ဟန်ပန်နှင့် အပြုအမူကပင် အရှုံးအနိုင်ကို ဖော်ပြနေပြီဖြစ်ကြောင်း သိုင်းသမား ပရိသတ်များက ကျိတ်၍ မှတ်ချက်ချလိုက်လေ၏။

× × × × ×

## သစ္စာရှင်တဲ့လား

လင့်ဟူချိုး ပြင်းထန်စွာ ဒဏ်ရာရလိုက်သဖြင့် ရပ်ဖျက်လာခဲ့သော လင်းလင်းမှာ ဟန်မဆောင်နိုင်တော့ပဲ လူအုပ်ကြီး အပြင်သို့ ပြေးထွက်ကာ ပွေ့ချီယူခဲ့မိသည်။

ဟန်ဆန်းဂိုဏ်းသားများကလည်း ပျာပျာသလဲပင် သူတို့ဂိုဏ်းချုပ်ကြီး၏ ဒဏ်ရာကို ဝိုင်းအုံပြုစုကာ ဆေးထည့်ပေး ကြသည်။ ပတ်တီး စည်းပေးကြသည်။

လင့်ဟူချိုးမှာ ဒဏ်ရာပြင်းထန်သည် မှန်သော်လည်း ခေါင်းမထောင်နိုင်လောက်အောင်တော့ မဟုတ်သေးချေ။ ဦးခေါင်းမှာ ကြည်ကြည်လင်လင်ပင် ရှိနေ၏။ အခြေအနေအရပ်ရပ်ကို ကောင်းစွာ စဉ်းစားနေနိုင်သည်။

လင်းလင်းနှင့် ဟန်ဆန်းဂိုဏ်းသားများက မိမိအတွက် ဤမျှလောက် စိုးရိမ်ပူပန်နေသည်ကို တွေ့ရသောအခါ လွန်စွာ စိတ်ထိခိုက် သွားတော့သည်။ ယူကြုံးမရဖြစ်သွားကာ စိတ်ထဲမှ ...

“ငါကတော့ လိန်လိန်တစ်ယောက် စိတ်ပျော်ဖို့ လုပ်တယ်။ ... ငါ့အတွက် သည်ဖက်မှာ အားလုံး စိတ်မကောင်း ဖြစ်နေကြရပြီ”

ထို့ကြောင့် လင်းလင်းအား ကြိုးစား၍ ပြုံးပြရင်း ...

“ဘာဖြစ်သွားမှန်း မသိဘူး။ ဒဏ်ရာကလည်း ထူးထူးဆန်းဆန်း ရလိုက်တာ ... ဒါပေမယ့် သိပ်မနာပါဘူး”

လင်းလင်းက နှုတ်ခမ်းကို လက်ညှိုးလေးဖြင့် ပိတ်ပြပြီး ...

“ရှူး ... စကားမပြောနဲ့”

သူမက အသံကိုဖျက်၍ ခပ်ဩဩဖြစ်အောင် တတ်နိုင်သမျှ ပြောသော်လည်း ပင်ကိုယ်မိန်းကလေးသံမှာ မပျောက်နိုင်ပဲ ဖြစ်နေသည်။ ညိုမည်းသော မျက်နှာနှင့် ယောကျ်ားလေး တစ်ယောက်ထံမှ မိန်းမသံ ထွက်နေသည်ကို တွေ့ရသော ဟန်ဆန်းဂိုဏ်းမှ မယ်သီလရင်များမှာ အလွန်အံ့ဩသွားကြတော့၏။

လင့်ဟူချိုးက ...

“ငါ .. ငါ .. ပြိုင်ပွဲကို ကြည့်ချင်တယ်”

ရိကျင်းသည် လင့်ဟူချိုးအား ပြုစုနေသည့် ဂိုဏ်းသူများကို ဝိုင်းအုံမနေရန် အမိန့်ပေးလိုက်သည်။ စင်ပေါ်ကို လင့်ဟူချိုး မြင်သာရန်လည်း ထူမပေးကြသည်။

စင်ပေါ်တွင် သူ့ဆရာ ရက်ပုချွန်နှင့် ကျိုလင်ထန်ကို တွေ့မြင်လိုက်ရ၏။ ပြိုင်ပွဲစတင်ရန် တာစူနေကြပေပြီ။

ရက်ပုချွန်က သူ့ဓားကို ကောက်ယူလိုက်ပြီး ကျိုလင်ထန်ကို ပြုံး၍ ကြည့်လိုက်၏။ ဩကာသ လောကကြီး တစ်ခု လုံး တိတ်ဆိတ် ငြိမ်သက်သွားတော့သည်။ သိုင်းသမား ပရိသတ်ကြီးသည် မျက်တောင်မခတ်၊ နားရွက်မခတ်ပဲ စူးစိုက် ကြည့်ရှု နေကြတော့၏။

ထိုတိတ်ဆိတ် ငြိမ်သက်မှုကြီးကို တီးတိုးရေရွတ်သံလေး တစ်ခုက ငြင်သာစွာ ချေဖျက်လိုက်သည်။ အသံကား လင့်ဟူချိုး၏ နောက်ကျောဖက်မှ ထွက်လာသည်။

ဤအသံကို လင့်ဟူချိုး ကောင်းစွာသိသည်။ ရီလင်းက သူ့ဆရာ ရက်ပုချွန်အတွက် ဘုရားစာရွတ်၍ ဆုတောင်းပေး နေခြင်းဖြစ်သည်။ အတိတ်ကာလ တုန်းကလည်း ရီလင်သည် သူ့အတွက် ဘုရားစာရွတ်၍ ဆုတောင်းပေးခဲ့ဖူးသည်။

လင့်ဟူချိုး၏စိတ်ထဲတွင် ရီလင်၏ ရိုးသားဖြူစင်ပြီး အကြင်နာတရားပြည့်ဝလှသည့် မျက်နှာလေးကို မြင်ယောင်လာ တော့သည်။ လင်းလင်း၏ နူးညံ့ပျော့ပျောင်းသော ရင်ခွင်ကို မှီ၍ နားထဲ၌ ရီလင်၏ တိုးညှင်း သာယာလှသော ဘုရားစာ

ရွတ်သံလေးကို ကြားနေရသဖြင့် လင့်ဟူချုံးမှာ အေးချမ်းသော သန္တိသုခကို ခံစားရနေတော့သည်။

သူ့စိတ်ထဲတွင် တွေးနေမိသည်မှာ ...

"ငါဟာ ဘယ်လို ကောင်စားမျိုးပါလိမ့်။ အခုကြည့်စမ်း ... လင်းလင်းနဲ့ ညီမလေး ရီလင်က သူတို့ အသက်ထက် ငါ့ကို တန်ဖိုးထားကြတယ်။ ... အပြန်အလှန်သဘောနဲ့ ငါက သူတို့အတွက်ကို အရိုးကြေကြေ အရေခန်းခန်း ကျေးဇူးဆပ်သင့်တာပေါ့"

ထိုစဉ် စင်ပေါ်တွင် ကျိုလင်ထန်ကလည်း ဓားကို အသင့်ပြင်လိုက်လေပြီ။ သူက ရက်ပုချွန်အား အချက်ပေးလိုက်သည့်အလား ပြုံးပြလိုက်ပြီး ...

"ကဲ .. ကျုပ်တို့ ပြိုင်ကြစို့"

နှုတ်မှ ပြောလိုက်သလို စိတ်ထဲမှလည်း ...

"ရက်ပုချွန်ဟာ သစ္စာရှင်ဓားလို့ နာမည်ပေးခံရတာဟာ အကြောင်းမဲ့တော့ မဟုတ်လောက်ဘူး။ ... သူက ခုထက်ထိ ငါ့ကို ရန်မူလိုတဲ့ပုံစံမျိုး မပြသေးဘူး။ ဒါပေမယ့် ဒါက တကယ်ဟုတ်ချင်မှ ဟုတ်မှာ။ ဒီကောင် သိပ်ကောက်ကျစ်လွန်းလို့ အင်မတန် ဟန်ဆောင်ကောင်းတာ ဖြစ်ချင် ဖြစ်နေမယ်။

"သတိလက်လွတ် ပေါ့ပေါ့ဆဆ လုပ်လို့မရဘူး။ တော်တော်ကြာ သူက ဖြုန်းကနဲ အသေတိုက်ခိုက်လိုက်ရင် ငါအငိုက်မိပြီး တောင်ငါးလုံးဂိုဏ်းချုပ်မဖြစ်ပဲ သေပန်း ပွင့်နေဦးမယ်"

အတွေးကိုဖြတ်၍ တိုက်ပွဲစတင်လိုက်သည်။

သူတို့နှစ်ယောက်စလုံးမှာ ထိပ်သီး သိုင်းဆရာကြီးများ ဖြစ်၍ ချက်ချင်း အရှုံးအနိုင် မပေါ်ချေ။

သို့သော် ကျိုလင်ထန်၏ ဓားသိုင်းကွက်များမှာ အလွန် ပြင်းထန်လှပြီး တိုက်ခိုက်ဟန်မှာလည်း လွန်စွာခန့်ညားဟန်ပါလှ၏။

ရက်ပုချွန်ကမူ ပေါ့ပါးသွက်လက်မှုကို ဦးစားပေးသည်။ ပြင်းထန်မှုကို ဦးစားမပေး။ တတ်နိုင်သမျှ ရှောင်တိမ်းကာ တိုက်ခိုက်နေသည်။ ကျိုလင်ထန်က တိုက်ကွက် ဆယ်ကွက်ခန့်ထုတ်မှ ရက်ပုချွန်က တိုက်ကွက် နှစ်ကွက်ခန့်သာ ထုတ်သည်။ ကျန် ရှစ်ကွက်ကို ခံစစ်ဖြင့် ကစားသည်။

ကျိုလင်ထန်မှာ ဂိုဏ်းကြီးငါးဂိုဏ်းကို ပူးပေါင်းရန် ကနဦးတည်းက အကြံအစည်ရှိထားသူဖြစ်ရာ ဝါဆန်းဂိုဏ်းသို့ သူ၏ တပည့်သူလျှိုများကိုလွှတ်၍ ဝါဆန်းဂိုဏ်း၏ သိုင်းပညာကို ခိုးယူသင်ခိုင်းပြီးဖြစ်၏။ သူကလည်း ထိုသူများကို ပြန်ခေါ်ယူပြီး အသေအချာ လေ့လာပြီး ဖြစ်ပေသည်။

ယခု ရက်ပုချွန်နှင့် တိုက်ခိုက်သောအခါ သူ့အနေဖြင့် အထက်စီးမှ တိုက်ခိုက်နေနိုင်သည်။

ဤသို့ဖြင့် သိုင်းကွက်ပေါင်းတစ်ရာ ကျော်လာခဲ့လေပြီ။

ကျိုလင်ထန်မှာ အထက်စီး ရနေသော်လည်း အနိုင်ရအောင် မတိုက်ခိုက်နိုင်သေးပဲ ဖြစ်နေသည်။

နောက်ထပ် သိုင်းကွက်နှစ်ဆယ်ကျော်သွားချိန်၌ ရုတ်တရက် ကြားဖြတ် လက်ဝါးစောင်းတစ်ချက်ကို ကျိုလင်ထန်က ရိုက်ချလိုက်သည်။ ထိုလက်ဝါးစောင်းကို ရှောင်တိမ်းလျှင် ရက်ပုချွန်အနေဖြင့် ကျိုလင်ထန်၏ ဓားချက်ကို ခံရပေလိမ့်မည်။

ကျိုလင်ထန်၏ လက်ဝါးစောင်းရိုက်ချက် ထွက်လာသောအခါ လင့်ဟူချုံးမှာ ဘုရားတလိုက်မိတော့သည်။ ထိုလက်ဝါးစောင်း အတွင်းအားဒဏ်ကို သူ့အနေဖြင့် ကောင်းကောင်း ခံစားခဲ့ရဖူး၏။

ဆရာကြီး လင်းရှင်ကိုယ်တိုင် ကျိုလင်ထန်၏ အအေးဓါတ် အတွင်းအားဒဏ်ကို မခံနိုင်ပဲဖြစ်ခဲ့ရ၏။ ရက်ပုချွန် အနေဖြင့် မည်သည့်နည်းနှင့်မျှ ဆရာကြီး လင်းရှင်လောက် အတွင်းအားပြည့်ဝနိုင်မည် မဟုတ်ချေ။ ကျိုလင်ထန်၏ အအေးဓာတ် အတွင်းအားလှိုင်းဒဏ်ကို ခံလိုက်ရလျှင် တစ်ချက်တည်းနှင့် တောင့်တင်း အေးစက်သွားပေလိမ့်မည်။

ကျိုလင်ထန်၏ လက်ဝါးစောင်းကို သူ့လက်ဝါးဖြင့် ရက်ပုချွန်က ခံဆောင်လိုက်သည်။ ထိုတဒင်္ဂတွင် ဂုန်းကနဲ အသံကျယ်ကြီးကို ကြားလိုက်ရ၏။ အားလုံးက မျက်တောင် မခတ် ကြည့်နေမိ၏။

ရက်ပုချွန်မှာ နောက်ဖက်သို့ သုံးလေးလှမ်းမျှ ယိုင်ထိုးထွက်လာတော့၏။ သို့သော် ကျိုလင်ထန်က အော်ဟစ်လိုက်သည်။

"လူယုတ်မာ .. အရှက်ကို မရှိဘူး"

ကျိုလင်ထန်၏လေသံတွင် ဒေါသမီး၏ အပူငွေ့များ တစ်ရှိန်ရှိန် တောက်လျက်ရှိ၏။ သိုင်းသမား ပရိသတ်များ အနေဖြင့် နောက်သို့ ယိုင်ထွက်လာသူမှာ ရက်ပုချွန်ဖြစ်သဖြင့် ဤတစ်ကွက်တွင် ရက်ပုချွန် ရှုံးသည်ဟု နားလည်လိုက်ပြီး

ဖြစ်သည်။ သို့သော် ကျိုလင်ထန်အနေနှင့် အဘယ့်ကြောင့် ဤမျှ ဒေါသတကြီး အော်ဟစ်လိုက်ရသည်ကို နားမလည်နိုင်ပဲ ဖြစ်နေကြတော့သည်။

တကယ့် အဖြစ်မှန်ကား ကျိုလင်ထန်အတွက် ဆွေ့ဆွေ့ခုန် ဒေါသထွက်စရာ အဖြစ်မျိုးပင်တည်း။ လက်ဝါးချင်း ရိုက်ခတ်လိုက်မိသောအခါ ကျိုလင်ထန်၏ လက်ဝါးမှာ ရုတ်တရက် စူးရှနာကျင် သွားခဲ့ရသည်။

သူ့လက်ဝါးကို ပြန်ကြည့်သောအခါ အလယ်တည့်တည့်တွင် သေးငယ်သော အပ်ပေါက်လေးကို တွေ့လိုက်ရပြီး ထိုအပ်ပေါက်လေးထဲမှ ညိုမည်းသော သွေးစက်ကလေး တစ်စက် စိမ့်ထွက်နေသည်။ ကျိုလင်ထန် အကြီးအကျယ် ထိတ်လန့် တုန်လှုပ်သွားရ တော့သည်။ ဒေါသလည်း ပြင်းစွာထွက်မိသည်။

ရက်ပုချွန်သည် လက်ဝါးထဲ၌ အပ်တစ်ချောင်းကို ဝှက်၍ ကိုင်ထားပြီး သူ့အား ယုတ်မာစွာ တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။ ညိုမည်းသော သွေးကို ကြည့်ခြင်းအားဖြင့် သိနိုင်သည်မှာ အပ်ချောင်းကို အဆိပ်များ သုတ်ထားသေးသည်။ ယင်းကြောင့် ကျိုလင်ထန်အနေဖြင့် ဒေါသတကြီး အော်ဟစ်လိုက်ခြင်း ဖြစ်သည်။

ဒေါသလည်း ပြင်းစွာထွက်မိသည်။

သစ္စာရှင်ဓားဟု နာမည်တစ်လုံးရထားသော သူ၏ယုတ်မာပုံကား ကမ်းကုန်လှသည်။ ဤမျှအထိ အောက်တန်းကျ၍ ယုတ်မာစွာ ပြုမူမည်ဟု မည်သူတစ်ယောက်ကမျှ ထင်မှတ်မည် မဟုတ်ချေ။ အဖြစ်မှန်ကို မသိသော ပရိသတ်ကြီးမှာမူ မည်သို့ စဉ်းစားရမှန်း မသိပဲ နဝေတိမ်တောင် ဖြစ်နေကြရခြင်း ဖြစ်၏။

ကျိုလင်ထန်က သက်ပြင်းတစ်ချက် ရှိုက်လိုက်ကာ သူ၏ ဘယ်ဘက်ပုခုံးရှိ အကြောသုံးခုကို ထိုးပိတ်လိုက်သည်။ အဆိပ်များ အပေါ်သို့ မပြန့်စေရန် ဖြစ်သည်။ သူ့စိတ်ထဲမှ ...

“ငါလို လူမျိုးက ဒီလို အဆိပ်လေးမျိုးကို မှုပ့်မလားကွ။ မင်းရဲ့ ယုတ်မာမှုကို သိရတာဟာ ငါ့အနေနဲ့ အချိန်ဆွဲပြီး တိုက်ခိုက်လို့ မဖြစ်တော့ဘူး။ အမြန်ဆုံး ပွဲသိမ်းနိုင်အောင် ကြိုးစားရတော့မယ်”

ချက်ချင်းပင် ဓားကိုဝှေ့ယမ်းကာ ကျိုလင်ထန်က မုန်တိုင်းသဖွယ် တိုက်ခိုက်လေတော့၏။ သူ၏ဓားမှာ လေတိုးသံ တဟည်းဟည်း မြည်နေတော့၏။

ထိုအချိန်တွင် ရက်ပုချွန်၏ ဓားသိုင်းမှာလည်း ပြင်းထန်လာလေပြီ။

သိုင်းသမား ပရိတ်သတ်ကြီးအနေဖြင့် အခြေအနေသစ်ကို ထင်ရှားစွာ မြင်လိုက်ရတော့၏။ သည်နှစ်ယောက်သည် ဓားရေး ယှဉ်ပြိုင်နေသည် မဟုတ်တော့ပေ။ သူသေကိုယ်သေ တိုက်ခိုက် နေကြခြင်းသာဖြစ်သည်။ ဆရာတော်ကြီး ဖန်းတင်းက...

“ဘယ်လို ဖြစ်သွားကြတာလဲ။ ဘာဖြစ်လို့ သည်လောက်တောင် အသေအကြေ တိုက်နေရတာလဲ”

အချိန်ကြာလာ သည်နှင့်အမျှ ရက်ပုချွန်၏ ခံစစ်များသိပ်သည်း ကျစ်လစ်လာသည်ကို ကျိုလင်ထန် တွေ့လာရသည်။ သူ့အနေဖြင့် စိတ်အေးအေးဖြင့် မတိုက်ခိုက်နိုင်တော့ပေ။ စိုးရိမ်ပူပန်လာသဖြင့် သူ၏ဓားရှိန်ကို ထပ်၍ မြှင့်တင်လိုက်တော့၏။

ရက်ပုချွန်မှာ ခုခံရ ခက်ခဲလာတော့သည်။ ဤတွင် ရုတ်တရက် သူ၏ ဓားကွက်ကို ပြောင်းလိုက်သည်။

ရက်ပုချွန်၏ ဓားချက်မှာ မြွေ၏လျှာကဲ့သို့ မည်သည့်နေရာသို့ တိုက်ခိုက်လာမည်မှန်း မသိနိုင်ပဲဖြစ်လာသည်။ ခန့်မှန်းရခက်လှသည်။ အလွန်ထူးခြား ဆန်းကြယ်ပြီး အံ့မခန်း နက်နဲသော ဓားကွက်များ ဖြစ်တော့သည်။

စင်အောက်ရှိ သိုင်းသမားပရိသတ်ကြီးသည် အလွန်တရာ အံ့သြနေကြရလေပြီ။ အာမေဍိတ်သံဖြင့် ရေရွတ်လိုက်သည်။

“ဒါက ဘာဓားသိုင်းလဲ ... ထူးဆန်းလှချေလား”

မည်သူမျှ ဤဓားသိုင်းကွက်၏ အမည်ကို မသိကြချေ။ အံ့သြ၍သာ နေကြသည်။

ကျိုလင်ထန်ကမူ ခနဲ့ပြုံးပြုံးရင်း စိတ်ထဲမှ ပြောလိုက်သည်။

“ဟင်း ... ဒီလိုပဲ ဖြစ်ရမှာပေါ့။ မင်းရဲ့ နောက်ဆုံးအကွက်ကို ထုတ်သုံးရတော့မှာပေါ့။ ငါက ကြိုသိပြီးသားပါ။ ခက်တာက မင်းရဲ့ ဘီလူးမီးဓားသိုင်းကွက်ကာ တခြားသူတွေ အပေါ်မှာသာ အသုံးချလို့ရမယ်။ ငါ့လို လူမျိုးအပေါ်မှာတော့ ဘယ်အသုံးချလို့ ရလိမ့်မလဲ”

လင်းလင်းကိုမှီ၍ ပွဲကြည့်နေသော လင့်ဟူချုံးမှာ သူ့ဆရာ၏ ဓားသိုင်းကွက်များ ထူးဆန်းလှစွာ ပြောင်းလဲသွားသည်ကို တွေ့ရသောအခါ ဆတ်ကနဲ တုန်လှုပ်သွားမိတော့၏။ သူက အလွန်အံ့သြ နေစဉ်မှာပင် ကျိုလင်ထန်၏ ဓားကွက်များလည်း ပြောင်းသွားပြန်၏။

ကျိုလင်ထန်၏ ဓားကွက်နှင့် ရက်ပုချွန်၏ဓားကွက်များမှာ ခပ်ဆင်ဆင်တူနေကြောင်း အံ့ဩစဖွယ် တွေ့ရှိရတော့သည်။

လင့်ဟူချုံးသည် သူ့ဦးခေါင်းထဲ၌ ပြိုးကနဲ၊ ပြတ်ကနဲ သတိရလိုက် မိတော့သည်။

ရှောင်လင်ဘုရားကျောင်း တိုက်ပွဲ … ဆရာကြီး လင်းရှင်နှင့် ကျိုလင်ထန်တို့၏ တိုက်ပွဲ။ ထိုတိုက်ပွဲတွင် ကျိုလင်ထန်က သူ၏လက်နှစ်ချောင်းကို ဓားသဖွယ်အသုံးချ၍ တိုက်ခိုက်ခဲ့သည်။ ထိုသိုင်းကွက်မှာ အလွန်ထူးဆန်းလှသဖြင့် အားလုံး အံ့ဩစဉ်မှာပင် ရှန့်ဝန့်ထင်းက 'ဘီလူးမီးဓားသိုင်း' ဟု အော်ဟစ်ခဲ့သည် မဟုတ်ပါလော။

ယခုလည်း သူ့ဆရာ ရက်ပုချွန်နှင့် ကျိုလင်ထန်တို့ အသုံးပြုနေသော ဓားကွက်မှာ ထိုနေ့က ကျိုလင်ထန် အသုံးပြုခဲ့သော ဓားကွက်ပင် ဖြစ်ကြောင်း ကောင်းစွာ မှတ်မိလာတော့သည်။

ဤသို့ဆိုလျှင် သူတို့နှစ်ယောက်စလုံး ဘီလူးမီးဓားသိုင်းကို တတ်မြောက်နေကြသလား မဆိုနိုင်။

"ဇကန္တ … ဆရာတော့ နောက်ပိုင်းမှာ ဘီလူးမီးဓားသိုင်း သဃ်န်းစကို ပြန်ရှာတွေ့သွားပြီနဲ့ တူတယ်။ လင်မိန်ကျက်နဲ့ အတူတူ လေ့ကျင့်လိုက်တာဖြစ်မယ်။ ဆရာတတ်တာကတော့ ထားပါတော့။ ကျိုလင်ထန်က ဘာကြောင့် တတ်နေရတာလဲ"

လင့်ဟူချုံးမှာ ဝေခွဲမရ ဖြစ်နေသည်။

"ကြည့်ရတာ … ဒီဘီလူးမီးဓားသိုင်း သဃ်န်းစကို ကျိုလင်ထန်က အရင်ရသွားတာ ဖြစ်လိမ့်မယ်။ ဆရာက နောက်မှ ရအောင်ပြန်ယူပြီး လေ့ကျင့်တာ ဖြစ်လိမ့်မယ် … ငါထင်တဲ့အတိုင်းသာ ဆိုရင်တော့ ဆရာ့အခြေအနေ ဟန်မှာ မဟုတ်ဘူး။ ကျိုလင်ထန်က စောစောကျင့်ထားတဲ့သူ ဆိုတော့ ဒီသိုင်းကွက်တွေကို ဆရာ့ထက် ပိုကျွမ်းနေမှာပဲ"

စင်ပေါ်မှ တိုက်ပွဲသည်လည်း လင့်ဟူချုံးတွေးထင်ထားသည့် အတိုင်းဖြစ်နေသည်။ ဓားသိုင်းကွက်ချင်း တူသော်လည်း ကျိုလင်ထန်က အဆက်မပြတ် တိုက်ခိုက်လျက်ရှိနေပြီး ရက်ပုချွန်က အဆက်မပြတ် နောက်ဆုတ်ပေးလျက် ရှိနေ၏။ ရက်ပုချွန်မှာ အပြင်းအထန် ခုခံနေရသည်။

သူ့ဆရာ၏ ဓားကွက်များထဲ၌ ဟာကွက်များ အလွန်များပြားလာသည်ကို တဖြည်းဖြည်း တွေ့လာရသဖြင့် လင့်ဟူချုံး အနေဖြင့် စိုးရိမ် ပူပန်နေမိတော့သည်။

စင်အောက်မှ သိုင်းသမား ပရိသတ်များအဖို့မှာမူ ဤဓားကွက်များမှာ သူတို့တစ်သက်၌ မမြင်ဖူးသော အသစ်အဆန်းဖြစ်နေ၍ အသက်မရှူနိုင်အောင်ပင် ငေးမောကြည့်ရှု နေမိကြတော့သည်။ အံ့ဩလွန်းလှသဖြင့် သိုင်းသမားတိုင်းလိုလို ပါးစပ်အဟောင်းသား ဖြစ်နေကြတော့သည်။

ကောင်းဆန်းဂိုဏ်းသားများကမူ သူတို့ဂိုဏ်းချုပ်ကြီး နိုင်မည့်အလားအလာကို တွေ့လိုက်ကြရသောအခါ ဝက်ဝက်ကွဲအောင် အော်ဟစ် အားပေးကြလေတော့၏။

ကျိုလင်ထန်၏ ဓားချက်များမှာ တစ်ချက်ထက်တစ်ချက် ပို၍ မြန်ဆန်လာသည်။ သူ့စိတ်ထဲတွင် သိနေသည်မှာ နောက်ထပ် ဆယ်ကွက်ခန့် ဖိတိုက်လိုက်သည်နှင့် ရက်ပုချွန်၏ လက်မှဓားကို လွင့်ထွက်သွားအောင် ရိုက်ထုတ်နိုင်တော့မည်ကို သိနေသည်။

တိုက်ခိုက်ရင်း သူက အလွန်အားရ နေတော့၏။ ထို့ကြောင့်ပင် ပို၍ အားထုတ် တိုက်ခိုက်လိုက်သည်။

ကျိုလင်ထန်၏ အတွေးက အမှန်တကယ် ဖြစ်လာတော့သည်။ ဆယ်ကွက်ကျော်သည်နှင့် 'ခွမ်း' ကနဲ ကျယ်လောင်သော အသံကြီး တစ်ချက် ကြားလိုက်ရပြီး ရက်ပုချွန်၏ လက်ထဲမှ ဓားမှာ လွင့်ထွက်သွား လေတော့၏။

ကောင်းဆန်းဂိုဏ်းသားများ၏ သောင်းသောင်းဖြဖြ အားပေးသံသည် ကောင်းဆန်းတောင်ထိပ် တစ်ခုလုံး တုန်ဟည်းနေတော့သည်။

သို့သော် ရက်ပုချွန်သည် 'ဝုန်း' ကနဲ ခုန်တက်ကာ ကျိုလင်ထန်အား လက်နက်မဲ့ တိုက်ခိုက်လေတော့သည်။ သူ၏ လက်နှစ်ဖက်မှာ ကြောက်စရာကောင်းလောက်အောင် လျင်မြန်လှသဖြင့် ကြည့်ရသူများပင် သည်းလှိုက်ရင်ဖို ဖြစ်နေရပေသည်။

သူ၏ ကိုယ်ဟန် အနေအထားမှာလည်း အလွန်တရာ ပေါ့ပါးဖျတ်လတ်လွန်းလှသဖြင့် သရဲပူးပြီး တိုက်ခိုက်နေသကဲ့သို့ ထင်မှတ်ရတော့သည်။

ကျိုလင်ထန်မှာ ထိုတိုက်ကွက်ကို ရုတ်တရက် တွေ့လိုက်ရသည်နှင့် သူ့မျက်နှာတစ်ခုလုံး စက္ကူဖြူနှယ် ဖွေးဆွတ်သွားတော့သည်။ သူ့ပါးစပ်ကလည်း …

"ဒါ … ဒါ …"

ကျိုလင်ထန်သည် ကြောက်လန့်တကြားနှင့် သူ၏ ဓားကို အစွမ်းကုန် ဝှေ့ယမ်း တိုက်ခိုက်တော့၏။
လင်းလင်းကလည်း ထိတ်လန့်တကြား အော်လိုက်ပြန်သည်။
"တုံးဖန်းပု ... တုံးဖန်းပု "
လင်းလင်း မအော်မီကပင် လင့်ဟူချုံး အနေဖြင့် သူ့ဆရာ ရက်ပုချွန်၏ သိုင်းကွက်များကို ကောင်းစွာသိလိုက်ပေပြီ။ ယခု သူ့ဆရာ အသုံးပြုသော သိုင်းကွက်များမှာ .... မဟူရာ တောင်ကုန်းပေါ်ရှိ တုံးဖန်းပု၏ အခန်းတွင်း၌ တုံးဖန်းပုက ပန်းထိုးအပ်နှစ်ချောင်းဖြင့် ဆရာကြီး လင်းရှင်၊ မိုးဘုရင်ကြီး ရှန့်ဝန့်ထင်း၊ နေမင်းသခင်ဂိုဏ်း၏ လက်ဝဲရံ ဆန့်ကွမ်းနှင့် သူအပါအဝင် ထိပ်သီး သိုင်းသမားလေးယောက်အား တိုက်ခိုက်စဉ်က အသုံးပြုခဲ့သော သိုင်းကွက်ပင် ဖြစ်ပေတော့သည်။
ဒဏ်ရာ အပြင်းအထန် ရထားသည် မှန်သော်လည်း လင့်ဟူချုံးမှာ မေ့လျော့ကာ ဆက်ကန မတ်တတ်ရပ်မိတော့သည်။ ရီလင်နှင့် လင်းလင်းတို့က ဘေးမှဖေးမပေးထားသည်ကို မသိတော့။ လင့်ဟူချုံး၏ အာရုံမှာ စင်မြင့်ပေါ်သို့သာ ရောက်နေလေပြီ။
တိုက်ပွဲကား အရှိန် အမြင့်ဆုံးသို့ ရောက်ရှိနေချေပြီ။
ထိုစဉ် ကျိုလင်ထန်၏ စူးစူးဝါးဝါး အော်သံတစ်ချက် ကြားလိုက်ရတော့၏။
တစ်ဆက်တည်းပင် ရက်ပုချွန်က နောက်ဖက်သို့ အားကုန် ခုန်ဆုတ်သွားကြောင်း တွေ့လိုက်ရသည်။ မည်မျှအထိ ခုန်ဆုတ်သွားသနည်းဟူမူ သူ၏ခန္ဓာကိုယ်သည်ပင် စင်မြင့်၏ အစွန်းနားသို့ ရောက်ရှိသွားပြီး အောက်ဖက်သို့ပင် ကျလုကျခင် ဖြစ်သွားတော့သည်။
ကျိုလင်ထန်မှာမူ ဓားကို အပြင်းထန်ဆုံး ဝှေ့ယမ်းလျက် ရှိနေသည်။ ဓားရှိန်မှာလည်း အလွန်ပင် ပြင်းထန် မြင့်မားနေသည်။ သူ့ဓားကွက်များသည်လည်း စောစောက ထူးဆန်းသည့် ဓားကွက်များ မဟုတ်တော့။
ရှင်းရှင်းဆိုရလျှင် ဘီလူးမီးဓားသိုင်းကွက်များ မဟုတ်တော့။ ကောင်းဆန်းဓားကွက်များ ပြန်ဖြစ်နေပေပြီ။
ကျိုလင်ထန်သုံးနေသော ကောင်းဆန်းဓားကွက်များ၏ ထူးခြားချက်မှာ တိုက်စစ်မဟုတ်၊ ခံစစ်သက်သက်သာ ဖြစ်ပြီး သူ့တစ်ကိုယ်လုံးကို ရေပက်မဝင်၊ လုံထိုး မဝင်အောင် ခုခံထားခြင်းသာ ဖြစ်သည်။
သိုင်းသမား ပရိသတ်ထုကြီးကမူ ကျိုလင်ထန်၏ ဓားချက်များ လက်ဖျားခါလောက်အောင် အရှိန်ပြင်းထန်နေသည်ကို တွေ့နေရသဖြင့် ချီးကျူးသြဘာ ပေးလိုက်ကြသည်။
ခဏချင်းမှာပင် ထူးခြားချက်တစ်ခုကို သူတို့ သတိပြုလိုက်မိသည်။ ကျိုလင်ထန်မှာ သူတစ်ယောက်တည်း ဓားကို ဝှေ့ယမ်းနေပြီး၊ ရက်ပုချွန်က အေးဆေးစွာ ရပ်ကြည့်နေခြင်းပင်ဖြစ်သည်။ တိုက်ပွဲမှာ မူမှန်မဟုတ်တော့။ တစ်စုံတစ်ခုတော့ မှားယွင်းနေလေပြီ။
ကျိုလင်ထန်၏ အခြေအနေမှာ သူတစ်ယောက်တည်း ဓားရေးကျင့်နေသကဲ့သို့ ဖြစ်နေ၏။ ရန်သူနှင့် ယှဉ်ပြိုင်တိုက်ခိုက်ခြင်းမျိုး မဟုတ်ချေ။
ထိုအခိုက်မှာပင် ကျိုလင်ထန်က ဓားကို တစ်ချက် ထိုးထုတ်လိုက်၏။ ပြန်မရုတ်သိမ်းသေးပဲ ခေါင်းကို အနည်းငယ် စောင်းထားလိုက်ကြောင်း အားလုံး တွေ့လိုက်ကြသည်။ ထို အမူအရာမှာ တစ်စုံတစ်ခုသော အသံကို နားစွင့်နေကြောင်း မြင်ရုံမျှနှင့် သိသာနိုင်သည်။
ထိုအချိန်ကျမှ မျက်စိရှင်သူများအနေဖြင့် ကျိုလင်ထန်၏ မျက်ဝန်းအိမ် များထံမှ သွေးစီးကြောင်းလေး ၂ ခု စီးကျလာသည်ကို တွေ့လိုက်ကြရတော့သည်။ ယင်းသွေးစီးကြောင်း ၂ ခုသည် တဖြည်းဖြည်းနှင့် ပါးပေါ်သို့ စီးကျလာတော့၏။
လူအုပ်ထဲမှ လူတစ်ယောက်က ...
"ဟာ ... သူ ... သူ .... မျက်စိကန်းသွားပြီ"
ထိုလူ၏ အသံမှာ ကျယ်လောင်လှသည် မဟုတ်ငြားသော်လည်း တိတ်ဆိတ်ငြိမ်သက်နေသော အခါတွင် အားလုံး ကြားလိုက်ရသည်။
ကျိုလင်ထန်၏ ဒေါသ ပေါက်ကွဲသွားသည်။ သူက နာကျင်စွာ အော်ဟစ်လိုက်သည်။
"ကျုပ်မကန်းဘူး ... မကန်းဘူး ... ဘယ်ခွေးကောင်က ပြောသလဲ ... ကျုပ်ကန်းတယ်လို့ ... ဟေ့ကောင် ရက်ပုချွန်၊ ... မင်းကိုယ်မင်း သစ္စာရှင် ဓားသမားတဲ့လား။ ... ဘာသစ္စာရှင်လဲ ... လူယုတ်မာ ... မြေခွေးလို ကောက်ကျစ်တဲ့ကောင် ... သတ္တိရှိရင် မင်း ငါ့ဆီလာခဲ့စမ်း ... သေသေကြေကြေ တိုက်ခိုက်ရအောင် ... လာစမ်းပါ"
ကျိုလင်ထန်၏ အော်သံမှာ တဖြည်းဖြည်း ကျယ်လောင်လာတော့သည်။ ဒေါသထွက်ခြင်း၊ နာကြည်းခြင်း၊

မျှော်လင့်ချက် ပျက်ပြုန်းခြင်း စသော ခံစားချက်များ ပါဝင်နေသည်။ လှောင်အိမ် တစ်ခုအတွင်းမှ ဒဏ်ရာရထားသော သားရဲတစ်ကောင်၏ အော်ဟစ်သံမျိုးနှင့် တူလှသည်။

ရက်ပုချွန်ကမူ စင်မြင့်ပေါ်မှ ခပ်ပြုံးပြုံး ရပ်ကြည့်နေသည်။ အောင်နိုင်သူ၏ အပြုံးတည်း။

အားလုံးက သိလိုက်ကြပေပြီ။

ကျိုလင်ထန်၏ မျက်လုံးအစုံတို့သည် ရက်ပုချွန်၏ လက်ချက်ဖြင့် စုံလုံးကန်း သွားရရှာလေပြီ။

မျက်စိအဆုံး၊ နားအရှုံး မဟုတ်ပါလား။ ကျိုလင်ထန်၏ ဘဝဆုံးရလေပြီ။

လင့်ဟူချုံးနှင့် လင်းလင်းတို့ကမူ ရက်ပုချွန်၏ တိုက်ကွက်များကို ကောင်းစွာတွေ့မြင် သဘောပေါက်ကြသည်။ ယင်းတို့မှာ မဟူရာ တောင်ကုန်းမှ တုံးဖန်းပု၏ တိုက်ကွက်များပင် မဟုတ်ပါလား။

ရက်ပုချွန်၏ ကိုယ်ဟန်လှုပ်ရှားမှုမှာ တုံးဖန်းပုလောက် မမြန်သေးပေ။ တုံးဖန်းပုလောက် မသွက်လက်သေးပေ။ သို့သော် သရဲတစ္ဆေ ဝင်ပူးဘိသကဲ့သို့ တိုက်ခိုက်နိုင်သည်ကတော့ အမှန်ပင်။ တိုတောင်းလှသော လျှပ်တပြက် အချိန်အတွင်း ကျိုလင်ထန်၏ မျက်စိနှစ်လုံးကို ထိုးဖောက်ကာ အနိုင်တိုက်ခိုက်နိုင်ခဲ့သည်။

လင့်ဟူချုံးမှာ သူ့ဆရာ အနိုင်ရသည်ကို တွေ့လိုက်ရသော်လည်း ဝမ်းသာရွှင်လန်းခြင်း မရှိရုံမျှမက ကြောက်ရွံ့သော စိတ်၊ မချမ်းမြေ့သောစိတ်၊ ရွံရှာသော စိတ်များသာ တစိမ့်စိမ့် ပေါ်ထွက်လာပေတော့သည်။

သူ့အနေဖြင့် ငယ်စဉ်ကတည်းက ရက်ပုချွန်နှင့် အတူနေလာခဲ့ရသူ ဖြစ်၏။ သူ့ဆရာကို ရိုသေ၏။ လေးစား၏။ ကြောက်ရွံ့၏။ သူ့ဆရာရှေ့တွင် မည်သည့်အခါမျှ ပျက်ချော်ချော် မနေခဲ့ဖူးပေ။ သူ့ဆရာက သူ့ကို စည်းကမ်းကြီးစွာ ဆက်ဆံသော်လည်း စိတ်ရင်းထဲမှ ချစ်ခင်ကြင်နာကြောင်း ကောင်းစွာ သိသည်။

ထို့ကြောင့် သူ့ဆရာက သူ့အား ဂိုဏ်းထဲမှ နှင်ထုတ်ခဲ့သောအခါ လွန်စွာ စိတ်ထိခိုက် ခဲ့ရသည်။ သို့သော် ဆရာ့အား မုန်းတီးခြင်း၊ နာကြည်းခြင်း၊ ဒေါသဖြစ်ခြင်း လုံးဝ မရှိခဲ့ချေ။

ယခုအချိန်၌ တိုက်ပွဲစင်မြင့်ပေါ်တွင် ခန့်ညားစွာ ရပ်နေသော သူ့ဆရာကို မြင်ရသော အခါတွင်မူ မုန်းတီး ရွံရှာသော စိတ်များ သူ့ရင်တွင်း၌ အလိပ်လိပ် တက်လာတော့၏။

သူ့ဆရာကို ကြည့်ရင်း တုံးဖန်းပု၏ ယောက်ျားမဟုတ်၊ မိန်းမမဟုတ်သည့် ရွံရှာဖွယ် ကောင်းလှသည့် ရုပ်ကို မြင်ယောင် လာသည်။ သူ့ဆရာအပေါ် ထားရှိသော လင့်ဟူချုံး၏ ချစ်ကြောက်ရိုသေသည့် ချစ်မေတ္တာများသည် တစ်မဟုတ်ချင်း ကုန်ခန်းသွားလေပြီ။

ထို့ကြောင့် စိတ်ဓာတ်ဖြင့် ထရပ်နေမိသော လင့်ဟူချုံးမှာ အရုပ်ကြိုးပြတ် ထိုင်ကျသွားသည်။ သူ့ကို ကြည့်ရင်း လင်းလင်းနှင့် ရီလင်တို့က စိုးရိမ်တကြီး ခေါ်လိုက်မိသည်။

"အစ်ကိုကြီး"

လင့်ဟူချုံးက ဦးခေါင်းကို လေးပင်စွာ ခါယမ်းရင်း နွမ်းလျစွာ ပြန်ဖြေလိုက်မိသည်။

"ငါ .. ဘာမှ မဖြစ်ပါဘူး"

ထိုစဉ် စူးရှနာကျင်စွာ အော်ဟစ်လိုက်သော ကျိုလင်ထန်၏ အသံကို ထပ်မံကြား လိုက်ရပြန်သည်။

"ရက်ပုချွန် .. ဟေ့ကောင် ရက်ပုချွန်။ လူယုတ်မာ ... ထွက်ခဲ့စမ်းပါ။ သတ္တိရှိရင် ထွက်ခဲ့စမ်း။ ကြောင်လက်သည်း ဝှက်သလို ယုတ်မာတဲ့ကောင်။ ဘာဖြစ်လို့ ပုန်းနေရသလဲ"

လင့်ဟူချုံးမှာ ရင်ထဲတွင် စူးကနဲ နာကျင်သွားမိတော့သည်။ လွန်စွာ စိတ်ထိခိုက် သွားရတော့သည်။

ထိုစဉ်မှာပင် ကောင်းဆန်းဂိုဏ်း၏ ထိပ်သီး သိုင်းဆရာကြီး ဖြစ်သော ဝေလင်းက ဂိုဏ်းသားနှစ်ယောက်အား အမိန့်ပေးလိုက်သည်။

"ဟေ့ .. မင်းတို့နှစ်ယောက် ဂိုဏ်းချုပ်ကြီးကို သွားပြီး တွဲခေါ်လိုက်စမ်း"

ကောင်းဆန်းဂိုဏ်းသား တပည့်နှစ်ယောက်သည် သူတို့၏ ဂိုဏ်းချုပ်ကြီးကို တွဲခေါ်ရန်အလို့ငှာ တိုက်ပွဲ စင်မြင့်ပေါ်သို့ ခုန်တက်လိုက်ကြသည်။ ပြီးနောက် ကျိုလင်ထန်ကိုတွဲရန် ဟန်ပြင်လိုက်ကြသည်။

သို့သော် ဓားရောင်တစ်ချက် ဝင်းလက်သွားကာ ထိုတပည့်နှစ်ယောက်စလုံး အော်ပင် မအော်နိုင်တော့ပဲ ခါးလယ်မှ ထက်ပိုင်းပြတ်ကာ သေဆုံးသွားတော့သည်။

အားလုံးက ကြောက်လန့်တကြား အော်ဟစ်လိုက် မိတော့သည်။ ကျိုလင်ထန်ကား ကျားနာကြီးကဲ့သို့ ဖြစ်နေချေပြီ။ သူ၏ မြင့်မားလှသော ဓားသိုင်းပညာကို သည်တစ်ကွက်ထဲက ဖော်ပြနေလေသည်။ ရက်ပုချွန်၏ တိုက်ကွက်များကို ဤမျှ ကောင်းမွန်သော ဓားကွက်များဖြင့် ခက်ခဲစွာ ခုခံခဲ့ရသည် မဟုတ်ပါလား။

ထိုစဉ် ရက်ပုချွန်က သူ့ဓားကို ကောက်ယူလိုက်ပြီး ...

"နောင်ကြီး ကျိလင်ထန်၊ အခုဆိုရင် ခင်ဗျား ဒုက္ခိတ ဖြစ်နေပြီ။ ဒီတော့ကာ ကျုပ်အနေနဲ့ ခင်ဗျားရဲ့ စော်ကားမှုကို ဗွေမယူပါဘူး။ ခင်ဗျားအနေနဲ့ အခုအချိန်အထိ ဒီဂိုဏ်းချုပ် ရာထူးကို လုချင်သေးလို့လား"

ရက်ပုချွန်၏ အသံကို ကြားလိုက်သည်နှင့် တပြိုင်နက် ကျိလင်ထန်က သူ့ဓားကို မြောက်ကာ အသံလာရာဖက်သို့ ချိန်ရွယ်လိုက်သည်။ ရက်ပုချွန်ကလည်း ခုန်အုပ်တော့မည့် ကျားကြီး တစ်ကောင်အလား တစ်ကိုယ်လုံး အသင့်ပြင်၍ စောင့်ကြည့်နေသည်။

ထိုတစ်ဒင်္ဂအတွင်း ကျိလင်ထန်၏ ဦးခေါင်းအတွင်း များစွာသော အတွေးများ ဝင်လာတော့သည်။

အကယ်၍ မိမိ၏ ဓားချက်က ရက်ပုချွန်အားမထိပဲ ဖြစ်သွားလျှင် ... ရက်ပုချွန်က စိတ်ကြိုက် ခုတ်ထစ်ပေတော့မည်။ မိမိမှာ မျက်စိကန်းနေသူ ဖြစ်၍ လည်စင်း ခံနေရပေလိမ့်မည်။

မိမိအနေဖြင့် အနှစ်နှစ် အလလ ကြိုးစား စီစဉ်လာခဲ့သော အကြံအစည်ကြီးမှာ အောင်မြင်ခါနီးမှ သူတစ်ပါးလက်သို့ ရောက်သွားခဲ့ရပြီ။ မြွေပါလည်းဆုံး။ သားလည်းဆုံး ဖြစ်ရချေပြီ။

ထိုအချိန်၌ သူ့ရင်ထဲတွင် အောင့်ကနဲ တစ်ချက် ဖြစ်သွားကာ ဝေ့ကနဲ သွေးတစ်ချက် ထိုးအန်လိုက်တော့သည်။

ကျိလင်ထန်က လက်ကို တစ်ချက်မျှလှုပ်လိုက်ရာ သူ့လက်ထဲမှ ဓါးရှည်ကြီးမှာ အစိတ်စိတ် အပိုင်းပိုင်း ကျိုးကျသွားတော့သည်။ သူက ဓါးကျိုးကို ပစ်ချပြီး တဟားဟား ရယ်မောလိုက်သည်။

ပြီး ... နောက်လှည့်၍ စင်ပေါ်မှ ဆင်းလိုက်သည်။

သို့သော် သူ့၌ အမြင်အား လုံးဝမရှိတော့သဖြင့် လေဟာနယ်ကို ခြေတစ်ဖက်ကနင်းမိပြီး လိမ့်ကျတော့မလို ဖြစ်သွားရသည်။

သူက အခြေမပျက် နောက်ခြေဖြင့်ကန်လိုက်ပြီး မြေပြင်ပေါ်သို့ ကြောင်ကြီးတစ်ကောင်အလား ပေါ့ပါးစွာ ကျဆင်းသွားတော့၏။

ကောင်းဆန်းဂိုဏ်းသား များသည် သူတို့၏ ဂိုဏ်းချုပ်ကြီးရှိရာသို့ ပြေးဝင်လာကြပြီး ...

"ဆရာ .. ဒီကောင်တွေ လူယုတ်မာတွေ။ ကျွန်တော်တို့ အားလုံး သေသေကြေကြေ တိုက်မယ်ဆရာ။ ဝါဆန်းဂိုဏ်း တစ်ဂိုဏ်းလုံးကို အမှုန့်ချေပစ်မယ်"

ကျိလင်ထန်က အသံကို မြှင့်၍ ...

"ယောက်ျားဆိုတာ ပြောပြီးသား စကားကို တည်ရမယ်။ ထွေးပြီးသား တံတွေးကို ပြန်မမျိုကောင်းသလို၊ ပေးပြီးသား ကတိကို တည်မှ ယောက်ျားပီသမယ်"

"ဒီကနေ့ ဂိုဏ်းချုပ်ကြီး ရာထူးကို သိုင်းပညာ ယှဉ်ပြိုင်ပြီး ရွေးကောက် တင်မြှောက်မယ်လို့ ကတိထားခဲ့ကြတယ်။ ... အခု ရက်ပုချွန်က ငါ့ကို နိုင်သွားပြီ။ ဒီတော့ သူ့ကို တောင်ငါးလုံးဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီးအဖြစ် တင်မြှောက်ကြရမယ်"

မျက်စိကန်းသွားခါစက ဒေါသ၊ မောဟ ဖုံးလွှမ်းမှုကြောင့် အဆင်အခြင်မရှိ၊ စိတ်လွတ်ကိုယ်လွတ် အော်ဟစ်ခဲ့မိသော်လည်း ယခုကဲ့သို့ စိတ်ဓါတ်များ ပြန်လည် တည်ငြိမ်သွားသောအခါ ကျိလင်ထန်၏ နဂိုမူလ ဂိုဏ်းချုပ်ကြီး လေသံနှင့် ဟန်ပန်အမူအရာတို့ ပြန်လည် ပေါ်ထွက်လာသည်။

ကျိလင်ထန်၏ သဘောထား ကြီးမားမှု၊ ကိုယ့်ကိုယ်ကို ချုပ်တည်းနိုင်မှုတို့ကို တွေ့ရသော သိုင်းသမား အားလုံးက စိတ်ထဲမှ ကျိတ်၍ ချီးကျူးမိကြတော့သည်။ မိမိတို့သာ ကျိလင်ထန်၏နေရာတွင် ဝင်၍ ခံစားလိုက်ရလျှင် အဘယ်မှာလျှင် ဤသို့ သဘောထားကြီး နိုင်ပါမည်နည်း။

ထိုစဉ် သိုင်းသမားများထဲမှ အချို့က စတင်၍ အော်ဟစ်လိုက် ကြသည်။

"ဆရာကြီး ရက်ပုချွန်ကို ဂိုဏ်းချုပ်ကြီးအဖြစ် တင်မြှောက်လိုက်ပြီ"

ဝါဆန်းဂိုဏ်းသားများ၏ အားတက်သရော အော်ဟစ်သံက အခြားသံများကို လွှမ်းမိုးသွားသည်။ သူတို့ ဝမ်းသာမည်ဆိုလဲ ဝမ်းသာလောက်ပေသည်။ အကြောင်းမှာ ဤရာထူးကို သူတို့ဆရာ ရက်ပုချွန် ရလိမ့်မည်ဟု လုံးဝ မထင်မှတ်ခဲ့၍ ဖြစ်သည်။

ထိုစဉ် ရက်ပုချွန်သည် တိုက်ပွဲစင်မြင့်၏ ရှေ့ဆုံး အစွန်သို့ ထွက်လာပြီး အားလုံးကို အရိုအသေပေးကာ ...

"စောစောတုန်းက နောင်ကြီးကျိလင်ထန်နဲ့ ကျုပ်နဲ့ သိုင်းပညာ ဖလှယ်ကြတုန်း တစ်ယောက်ကို တစ်ယောက် ထိခိုက်ဖို့ မရည်ရွယ်ပါဘူး။ ဒါပေမယ့် နောင်ကြီး ကျိလင်ထန်ရဲ့ သိုင်းပညာက သိပ်မြင့်မားလွန်းတော့ ကျုပ်ရဲ့ ဓားတောင်မှ လက်ထဲက လွတ်ထွက် သွားခဲ့ရပါတယ်။ ဒီမှာတင် ကျုပ်ကိုယ်ကို ကာကွယ်ဖို့ အတွက် အစွမ်းကုန် ခုခံ

ကာကွယ် ခဲ့ရတယ်။ အဲဒီမှာ လက်လွန်ခြေလွန် ဖြစ်သွားပြီး .. သူ့ရဲ့ မျက်လုံးကို ထိုးဖောက်လိုက်မိပါတယ်။ ကျုပ်လည်း လုပ်ပြီးမှ အများကြီး စိတ်မကောင်း ဖြစ်မိပါတယ်"

ရက်ပုချွန်၏ စကားဆုံးသည်နှင့် စင်အောက်မှ လူတစ်ယောက်က

"ဓားမှာ မျက်စိ မပါဘူး။ မတော်တဆ ဖြစ်ရတဲ့ ကိစ္စပဲ။ ဘာမှ စိတ်မကောင်း ဖြစ်စရာ မလိုပါဘူး"

နောက်တစ်ယောက်ကလည်း ထပ်မံ၍ ...

"ကျိလင်ထန်ကို ဆရာကြီး ရက်ပုချွန်က လိုက်ပြီး မသတ်တာကပဲ သဘောထားကြီးကြောင်းကို ပြသတာပဲ .. ဘာမှ စိတ်မကောင်း ဖြစ်စရာ မလိုပါဘူး"

ရက်ပုချွန်သည် လက်နှစ်ဖက်ကို ဝှေ့ယမ်း၍ အားလုံးကို ကျေးဇူးတင်ကြောင်း ပြောလိုက်သည်။ တစ်ယောက် တစ်ပေါက် ပြောနေသည့် အသံများ လုံးဝ တိတ်ဆိတ်သွားသော အခါမှ ရက်ပုချွန်သည် သူပြောလိုသည့် စကားကို လေးလေးနက်နက် ဆက်၍ ပြောကြားသည်။

"အားလုံးက ကျုပ်အပေါ် ယုံကြည် အားထားကြတဲ့ နောက်တော့ ကျုပ်အနေနဲ့ ဒီရာထူးကို လက်ခံတော့မှာပဲ။ ... ကျုပ်အနေနဲ့ တောင်ငါးလုံးဂိုဏ်းရဲ့ ဂိုဏ်းချုပ်ဆိုတာ နာမည်ခံ လောက်ပါပဲ။ ချုံဆန်းဂိုဏ်းရဲ့ ကိစ္စ အဝဝကို ဆရာကြီး မော်တားကပဲ ဆက်ပြီး ဆောင်ရွက်ရမယ်။ ဟန်ဆန်းဂိုဏ်းရဲ့ ကိစ္စကိုတော့ လင့်ဟူချုံးက စီမံ ဆောင်ရွက်ရမယ်။ ထိုက်ဆန်းဂိုဏ်းရဲ့ ကိစ္စတွေကိုတော့ ရိစန်း ရသေ့ကြီးက စီမံပါ။ ကောင်းဆန်းဂိုဏ်းရဲ့ ကိစ္စတွေကိုတော့ ... "

ရက်ပုချွန်သည် ထိုနေရာ၌ ခေတ္တ စကား ရပ်ဆိုင်း သွားသည်။ ပြီးမှ ...

"ကောင်းဆန်းဂိုဏ်းက နောင်ကြီး ကျိလင်ထန်က မျက်စိကွယ်သွားပြီဆိုတော့ ... နောင်ကြီး ဝေထင်းကို နောင်ကြီး ကျိလင်ထန်နဲ့ လက်တွဲပြီး စီမံပေးဖို့ တောင်းဆိုရမှာပဲ"

ထိုဝေထင်း ဆိုသူမှာ စောစောကလေးကပင် ရက်ပုချွန်အား အကြီးအကျယ် အော်ဟစ် ပုတ်ခတ်ခဲ့သူဖြစ်သည်။ ယခုလို ရက်ပုချွန်၏ စကားကို ကြားလိုက်ရသောအခါ ဝေထင်းမှာ အလွန်အံ့သြသွားပြီး ...

"ဒါ ... ဒါ"

ထို့ထက်ပို၍ စကားမပြောနိုင်တော့ချေ။

ကောင်းဆန်းဂိုဏ်းသား များလည်း အများနည်းတူ အံ့သြသွားတော့သည်။ သူတို့အားလုံးသည် သူတို့၏ ဂိုဏ်းချုပ်ကြီးအား မျက်စိဖောက်ခဲ့သဖြင့် ရက်ပုချွန်အား အကြီးအကျယ် ဒေါသထွက်နေသူများ ဖြစ်ကြ၏။

သို့သော် ရက်ပုချွန်က သူ့အား အကြီးအကျယ်အော်ဟစ်ရှုတ်ချခဲ့သော ဝေထင်းကဲ့သို့သော လူမျိုးကိုပင် အငြိုးမထားပဲ ကောင်းဆန်းဂိုဏ်း၏ ကိစ္စအဝဝကို စီမံဆောင်ရွက်ရန် တာဝန်ပေးသည်ကို တွေ့လိုက်ရသောအခါ ဒေါသများ အတော်အတန် ပြေသွားကြ၏။

ရက်ပုချွန်က ...

"ကျုပ်တို့ တောင်ငါးလုံးဂိုဏ်းဟာ သည်ကနေ့ ဖွဲ့စည်း တည်ထောင်လိုက်ပြီဆိုတော့ ဂိုဏ်းသားအားလုံး ပူးပေါင်း ဆောင်ရွက်ကြရမယ်။ အားလုံးဟာ ညီအစ်ကို မောင်နှမတွေ ဖြစ်သွားကြပြီ။ ကျုပ်အနေနဲ့ ဂိုဏ်းချုပ်ရာထူး ရပေမယ့် ကျုပ်တစ်ယောက်တည်းနဲ့ ဒီဂိုဏ်းကြီးကို တိုးတက်ထွန်းကားအောင် မဆောင်ရွက်နိုင်ပါဘူး။

"ကျုပ်က ဂိုဏ်းကြီး တိုးတက်ရေးကိစ္စ အဝဝကို အားလုံးနဲ့ တိုင်ပင် ဆွေးနွေး ရပါလိမ့်မယ်။ .. တစ်ယောက်အားနဲ့ ယူသော်မရ။ အများအားနဲ့ ယူသော်ရ၏ ... ဆိုတဲ့ စကားအတိုင်း အားလုံး ညီညီညွတ်ညွတ်နဲ့ ဆောင်ရွက်ကြရင် တောင်ငါးလုံးဂိုဏ်းကြီး တိုးတက်ထွန်းကားမှာ အမှန်ပါပဲ"

"ဒီနေ့တော့ အချိန် သိပ်နှောင်းနေပါပြီ ... အားလုံးပဲ တောင်လယ်က ကောင်းဆန်းဂေဟာကြီးမှာ အနားယူပြီး ညစာ စားကြရအောင်"

သိုင်းသမားများက ချီးကျူးသြဘာ ပေးကြပြီး တောင်လယ်သို့ ပြေးဆင်း သွားကြလေတော့၏။ တောင်လယ်တွင် အနားယူ ကြပေတော့မည်။

ရက်ပုချွန် စင်ပေါ်မှ ဆင်းလိုက်သည်နှင့် ဆရာတော်ကြီး ဖန်းတင်း၊ ရသေ့ကြီး ချုံးရှီးစသော သိုင်းလောက၏ ကြယ်တံခွန် ပုဂ္ဂိုလ်ကြီးများက ချီးကျူး ဂုဏ်ပြုစကား ပြောကြား လိုက်ကြသည်။

× × × × ×

## မဟာရန်ကြွေး ရှင်းတမ်း

အစ ပထမ၌ ဆရာတော်ကြီး ဖန်းတင်းနှင့် ရသေ့ကြီး ချုံးရှုံးတို့မှာ ကျိလင်ထန် ဂိုဏ်းချုပ်ကြီးဖြစ်သွားပြီး သိုင်းလောက တစ်ခုလုံးကို လက်ဝါးကြီးအုပ်ရန် ကြိုးစားပြီး အားလုံးကို ဒုက္ခပေးမည်ကို စိုးရိမ်ခဲ့ကြခြင်းဖြစ်၏။

ယင်းကြောင့် သူတို့က ဂိုဏ်းချုပ်ကြီး နေရာကို လင့်ဟူချုံးအား ယူခိုင်းလိုက်ခြင်း ဖြစ်၏။ သူတို့အမြင်တွင် ကျိလင်ထန်ကို ယှဉ်ပြိုင် တိုက်ခိုက်နိုင်သူမှာ လင့်ဟူချုံး တစ်ယောက်သာ ရှိ၏။

ယခု မမျှော်လင့်ပဲ ရက်ပုချွန်က တောင်ငါးလုံးဂိုဏ်းချုပ်ကြီး ဖြစ်သွားသောအခါ သူတို့ စိတ်ထဲ၌ အတော်အတန် အေးသွားကြသည်။ ရက်ပုချွန်သည် ကျိလင်ထန်ကဲ့သို့ သိုင်းလောကကြီး တစ်ခုလုံးအား လက်ဝါးကြီးအုပ် ဝါးမျိုလိုသူ မဟုတ်ဟု ဆရာတော်ကြီးနှင့် ရသေ့ကြီးတို့က ယုံကြည်ကြသည်။

ဆရာတော်ကြီး ဖန်းတင်းက လေသံကို အနည်းငယ် နှိမ့်၍ ...

"ဆရာကြီး ရက်ပုချွန် ... ကောင်းဆန်းဂိုဏ်းသားတွေကိုတော့ နည်းနည်း သတိထားရလိမ့်မယ်နဲ့ တူတယ် ... သူတို့က မကျေနပ်ပဲ ချောင်းမြောင်းလုပ်ကြံချင် လုပ်ကြံကြ လိမ့်မယ်။ သတိဆိုတာ ပိုတယ်တော့ မရှိပါဘူး"

ရက်ပုချွန်က ရိုသေလေးစားစွာဖြင့် ...

"မှန်ပါ့ ... တပည့်တော် ကောင်းကောင်း သတိထားပါ့မယ်။ ခုလို စေတနာနဲ့သတိပေးတာကိုပဲ ကျေးဇူးတင်ပါတယ်"

ထို့နောက် လင့်ဟူချုံးရှိရာသို့ လျှောက်သွားပြီး ...

"လူလေး ... မင်းရဲ့ ဒဏ်ရာ သိပ်ပြင်းထန်သွားသလား"

လင့်ဟူချုံးကို ဝါဆန်းဂိုဏ်းမှ မောင်းထုတ်ပစ်လိုက်သည့် အချိန်မှစ၍ ရက်ပုချွန်က တစ်ကြိမ် တစ်ခါမျှ 'လူလေး' ဟု မခေါ်ဝေါ်ခဲ့ပေ။ ယခု ပထမဆုံး အကြိမ် သာယာပျော့ပျောင်းစွာ ခေါ်လိုက်ခြင်းပေတည်း။

သို့သော် လင့်ဟူချုံး၏ ရင်ထဲတွင် အေးစက်သော ဝေဒနာတစ်ခု ခံစားလိုက်ရ၏။ သူက ထစ်ထစ်ငေါ့ငေါ့ဖြင့်

"ဒဏ် ... ဒဏ်ရာ ... မပြင်းထန်ပါဘူးဆရာ"

ရက်ပုချွန်က မေးလိုက်သည်။

"ငါတို့နဲ့ ဝါဆန်းတောင်ကို လိုက်ခဲ့လေ။ ဒဏ်ရာကို ပျောက်အောင်ကုလိုက်ပေါ့။ နောက်ပြီးတော့ မင်းရဲ့ ဆရာမနဲ့လဲ စကားစမြည် ပြောရတာပေါ့ ... ဘယ့်နှယ့်လဲ"

အကယ်၍ ရက်ပုချွန် အနေဖြင့် ဤစကားကို ပြိုင်ပွဲကြီးမတိုင်မီ ပြောခဲ့လျှင် လင့်ဟူချုံးမှာ ဝမ်းသာလွန်း၍ ထခုန်မိကောင်း ထခုန်မိပေလိမ့်မည်။ ယခုမူကား မည်သို့မျှ ဝမ်းမသာနိုင်။

သာယာ ပျော့ပျောင်းစွာ ပြောလိုက်သော သူ့ဆရာ၏ စကားများသည် သူ့နားထဲသို့ ပျားရည်များ လောင်းထည့် လိုက်သလို ချိုမြမနေပဲ။ အဆိပ်ရည်များ လောင်းထည့် လိုက်သလို ပူလောင်နေသည်။

ယခုတော့ သူ့အနေဖြင့် ဝါဆန်းတောင်သို့ လိုက်ရမည့် ကိစ္စဆိုလျှင် ကျားမြီးဆွဲရမည်ထက် ကြောက်ရွံ့နေမိသည်။ သူ့ဆရာ အပေါ်၌ ထားရှိခဲ့သော ယုံကြည်ကိုးစားမှုများ ပျက်သုဉ်းသွားခဲ့လေပြီ။

လင့်ဟူချုံး၏ မျက်နှာပေါ်တွင် ပေါ်နေသော တွန့်ဆုတ်မှုများကို ပါးနပ်လှသော ရက်ပုချွန်က ကောင်းစွာ အနက်အဓိပ္ပါယ် ဖော်နိုင်သည်။

"ဘယ်လိုလဲ ... မင်းက ဝါဆန်းတောင်ကို မလိုက်ချင်ဘူးနဲ့ တူတယ်"

"ဟုတ်ကဲ့ဆရာ ... ဟန်ဆန်းဂိုဏ်းရဲ့ ခါးဒါဏ်ရာ လိမ်းဆေးက သိပ်ထက်မြက်ပါတယ်။ ကျွန်တော့် ဒဏ်ရာလေး လောက်တော့ ခဏကလေးနဲ့ ပျောက်သွား ပါလိမ့်မယ်။ .... ဒဏ်ရာ ကောင်းသွားတော့မှပဲ ဆရာနဲ့ ဆရာမတို့ကို လာတွေ့ပါမယ်"

လင့်ဟူချုံးကို အတန်ကြာမျှ အကဲခတ်နေပြီးမှ ရက်ပုချွန်က ...

"ကောင်းပြီလေ ... မင်းအကြံလည်း မဆိုးပါဘူး။ ဒီမှာပဲ ကောင်းကောင်း အနားယူလိုက်ဦးပေါ့။ ဒဏ်ရာတွေ ပျောက်ကင်းပြီး မြန်မြန်ထက်ထက် ဝါဆန်းကို လာနိုင်ပါစေလို့ ငါဆုတောင်း လိုက်ပါတယ်။"

"ကျေးဇူးတင်ပါတယ် ဆရာ ... ကျွန်တော်လည်း မြန်မြန်လာနိုင်အောင် ကြိုးစားပါ့မယ်။"

ထို့နောက် ရက်ပုချွန်သည် လင့်ဟူချုံးနားမှ ခွာသွားတော့၏။ သိုင်းသမားများသည် အုပ်စုလိုက် ရက်ပုချွန်ကို ဝိုင်း၍ ဂုဏ်ပြုစကား ပြောကြားကြသည်။ ပြောပြီးသူများသည် တောင်တန်း၏ အလယ်သို့ ဆင်းသွားတော့၏။ ထိုသို့ ဆင်းသွားသော အုပ်စုများထဲမှ မိန်းကလေး တစ်ယောက်က အော်ဟစ်လိုက်သည်။

"ဝံပုလွေကြီး"

ဆင်းသွားသူများမှာ အရောရော အထွေးထွေး ဖြစ်နေသဖြင့် မည်သူက ဤသို့ အော်လိုက်မှန်း ခွဲခြား၍ မသိနိုင်ပေ။

"ဝံပုလွေကြီး" တဲ့။ ထိုစကားကြောင့် လင့်ဟူချုံးတစ်ယောက် ရင်ထဲနင့်သွားအောင် ခံစားလိုက်ရသည်။ သို့သော်လည်း ယခုအချိန်တွင် ထိုစကားလုံးထက် ကောင်းမွန်သော စကားကို သူ့အနေဖြင့် ရှာမတွေ့နိုင်။

သူ အလွန် လေးစားချစ်ခင်ခဲ့သော ကျေးဇူးရှင် ဆရာကြီးမှာ တိုတောင်းလှသော အချိန်လေးတစ်ခု အတွင်း၌ မင်းသား မျက်နှာဖုံးစွပ်ကိုလှန်၍ ဘီလူးမျက်နှာကြီးကို ဖော်ပြပြီးလေပြီ။ ဤကဲ့သို့ အကြံကြီး၍ ယုတ်မာသော လူတစ်ယောက် အတွက် "ဝံပုလွေကြီး" ဟူသော စကားသာ အသင့်လျော်ဆုံး ဖြစ်ပေလိမ့်မည်။

တဖြည်းဖြည်းနှင့် အလင်းကုန်ပျောက်၍ ညအမှောင်သို့ ရောက်ရှိလာခဲ့လေပြီ။

တောင်ထိပ် ကွင်းပြင်ပေါ်တွင် အခြားသိုင်းသမားဆို၍ တစ်ဦး တစ်လေမျှ မရှိတော့ချေ။ ဟန်ဆန်းဂိုဏ်းသားများသာ ကျန်တော့သည်။

ရှိဟိုက ...

"အစ်ကိုကြီး ... ကျွန်မတို့လည်း လိုက်ဆင်းမလား"

"ငါတို့ ... သည်မှာပဲ ညအိပ်ကြရင် ကောင်းမယ်နဲ့ တူတယ်"

ရက်ပုချွန်နှင့် ဝေးလေကောင်းလေဟု ထင်မြင်ထားသော လင့်ဟူချုံးမှာ ဤသို့သာ ပြောလိုက်မိတော့၏။

ဤတွင် ဟန်ဆန်းဂိုဏ်းသား များကလည်း အလွန်နပင် ဝမ်းသာသွားကြ၏။ သူတို့အားလုံးကလည်း ရက်ပုချွန်ကို လုံးဝ မတွေ့ချင်ကြပေ။ သူတို့၏ စိတ်ထဲတွင် ဖုကျိုးမြို့က အဖြစ်အပျက်များကို လုံးဝ မမေ့နိုင်ပဲ ဖြစ်နေသေးသည်။

နဂါးတောင်ကြား၌ သူတို့၏ ဆရာမကြီးနှစ်ယောက် အပိတ်ဆို့ခံနေရသဖြင့် သွားရောက် အကူအညီ တောင်းစဉ်က ရက်ပုချွန်၏ ပစ်ပယ်မှုကို အသည်းထဲစွဲနေအောင် မှတ်မိနေကြသည်။ သူတို့သည် ထိုအချိန်မှစ၍ ရက်ပုချွန်ကို မုန်းတီးကြပြီး ဖြစ်သည်။ မင်းသားခေါင်း ဆောင်းထားသော ဘီလူးဟု သတ်မှတ်ခဲ့ကြပြီး ဖြစ်သည်။

ရှိချင်းက "အစ်ကိုကြီးက ဒါဏ်ရာကြီးနဲ့ဆိုတော့ သွားသွားလာလာလုပ်ဖို့ မကောင်းပါဘူး။ ဒီတောင်ထိပ်မှာ အနားယူတာက ပိုပြီး သင့်မြတ်ပါတယ်"

လင့်ဟူချုံးအား စကားပြောနေရာမှ မျက်နှာမည်းသော ယောက်ျားလေးဖက်သို့ လှည့်ကာ ရှိချင်းက မေးလိုက်သည်။

"ဒါနဲ့ ဒီက အစ်ကိုလေးက ..."

ရှိချင်း၏ စကားမဆုံးမီမှာပင် လင့်ဟူချုံးက တဟားဟား ထရယ်ရင်း ...

"သူက အစ်ကိုလေး မဟုတ်ဘူး ... ရှိချင်းရဲ့ ... လင်းလင်းကွ"

လင်းလင်းမှာ တစ်ချိန်လုံးလိုလို လင့်ဟူချုံးကို ပွေ့ထားရာမှ သူမ၏နာမည်ကို ယခုလို ရုတ်တရက် ဖော်ထုတ်လိုက်သောအခါ အလွန်ရှက်သွားပြီး သူမရင်ခွင်ထဲမှ လင့်ဟူချုံးကို ကမန်းကတန်း ဖယ်ထုတ်ကာ မတ်တတ်ရပ်လိုက်သည်။

အထိန်း မရှိတော့သော လင့်ဟူချုံးမှာ ကိုယ့်ကိုယ်ကို မထိန်းနိုင်တော့ပဲ နောက်သို့ လဲကျသွားလေတော့၏။ အားလုံးက အလန့်တကြား အော်ဟစ်လိုက်မိကြ၏။ လင်းလင်းမှာ လင့်ဟူချုံးကို ကမန်းကတန်း ပြန်ပွေ့ယူလိုက်ရတော့

သည်။

လင့်ဟူချုံးကမူ နာကျင်ဟန် မပြပဲ တဟားဟားနှင့် ရယ်မောနေတော့၏။

ဟန်ဆန်းဂိုဏ်းသား များကမူ လင်းလင်း ဖြစ်မှန်း သိလိုက်သောအခါ ဝမ်းသာသွားကြ၏။ သူတို့ ဟန်ဆန်းဂိုဏ်း အနေဖြင့် သိုင်းလောကအတွင်းသို့ ဆင်းခဲလှ၏။ အခြားသော ဂိုဏ်းအဖွဲ့များနှင့် စာလျှင် ရန်ငြိုးဖွဲ့မှုများ၊ အငြိုးအတေး ထားမှုများ အလွန်နည်းပါး၏။ သို့ဖြစ်၍ ဟန်ဆန်းဂိုဏ်းနှင့် မကောင်းဆိုးဝါးဂိုဏ်းတို့သည် ရန်ငြိုးဖွဲ့မှု မရှိခဲ့ချေ။

သူတို့အနေဖြင့် လင်းလင်းကို မကောင်းဆိုးဝါး ဂိုဏ်းချုပ်ကြီး၏ သမီးမှန်း သိသော်လည်း မည်သို့မျှ မထူးခြားကြချေ။ ထို့အပြင် သူတို့က လင်းလင်းကို ဟန်ဆန်းဂိုဏ်းချုပ်ကတော် အဖြစ် သတ်မှတ်ထားသေးသည်။ လင့်ဟူချုံးနှင့် လင်းလင်းတို့ မေတ္တာမျှ နေကြသည်ကို သူတို့ အားလုံး သိရှိထားကြသည် မဟုတ်ပါလား။

လင်းလင်းက သူမမျက်နှာတွင် သုတ်လိမ်းထားသော ရုပ်ဖျက်ဆေးများကို ဖျက်လိုက်၏။ ထိုအခါ လှပချောမောသည့် နဂိုရုပ်သွင် ပြန်ပေါ်လာတော့သည်။ ဂိုဏ်းသားများနှင့် သူမတို့ ဖော်ရွေစွာဆက်ဆံကြသည်။ အားလုံး နေရာချထားပြီးသောအခါ အစားအသောက်ကိစ္စကို စီမံကြ၏။ စားသောက်ပြီးစီး သွားသည်နှင့် လင့်ဟူချုံးတစ်ယောက် အိပ်ပျော်သွားလေတော့၏။

ညသန်းခေါင်ယံ ...

ကောင်းဆန်းတောင်ထိပ် တစ်ခုလုံး တိတ်ဆိတ် ငြိမ်သက်နေသည်။ ပိုးပုရစ်ကလေးများ၏ တစီစီ မြည်သံကသာ ပတ်ဝန်းကျင်ကို လွှမ်းမိုး မင်းမူနေ၏။ ထိုအခိုက်အတန့် အတွင်း မိန်းကလေးတစ်ယောက် အော်ဟစ် မေးမြန်းသံက ဖောက်ထွင်း ပေါ်ထွက်လာသည်။

"ဘယ်သူလဲ"

ဒဏ်ရာ အပြင်းအထန် ရထားသော်လည်း အပေါ်ယံ ဒဏ်ရာမျှသာဖြစ်သဖြင့် လင့်ဟူချုံး၏ အတွင်းအားမှာ ပြည့်ဝမြဲ ပြည့်ဝနေသည်။ အသံကလေး တစ်ချက်မျှ ကြားလိုက်ရသည်နှင့် ချက်ချင်း နိုးလာတော့သည်။ သူက နားစွင့်လိုက်သည်။

မေးလိုက်သူမှာ ဟန်ဆန်းဂိုဏ်းမှ ကင်းသမား တစ်ယောက်ဖြစ်မှန်း သိလိုက်သည်။ ချက်ချင်းလိုလို တစ်ဖက်မှ ပြန်လည် ဖြေကြားသံ ထွက်လာသည်။

"ကျုပ်က ဆရာကြီး ရက်ပုချွန်ရဲ့ တပည့် လင်မိန်ကျက်ပါ"

ကင်းစောင့် မိန်းကလေးက ...

"ညကြီးမင်းကြီး ဒီကို ဘာလာလုပ်တာလဲ။ ကျွန်မတို့ ဒီမှာ စခန်းချ နေကြတယ်"

"ကျုပ်က လူတစ်ယောက်နဲ့ ဒီတောင်ထိပ်မှာ တွေ့ဆုံဖို့ ချိန်းထားပါတယ်။ အစ်မကြီးတို့ ဒီမှာ စခန်းချနေမယ်လို့ မထင်လို့ ချိန်းလိုက်တာပါ"

လင်မိန်ကျက်က လိုက်လျော အဆင်ပြေစွာ ပြန်လည် ဖြေကြားလိုက်သည်။

ထိုအခိုက် အတော်အတန် အသက်ကြီးဟန်တူသော လူကြီး တစ်ယောက်၏ အသံကို ကြားလိုက်ရပြန်သည်။

"လင်မိန်ကျက် ... မင်းက တယ်တော်ပါကလား။ ဒီတောင်ထိပ်ပေါ်မှာ ကင်းပုန်းချထားပြီးမှ ငါ့ကို တိုက်ခိုက်ဖို့ ချိန်းဆိုတယ်ပေါ့လေ။ မင်း ဒီလောက် ယုတ်မာမယ်လို့ ငါ မထင်ဘူး"

ထိုအသံကို လင့်ဟူချုံး ကောင်းစွာမှတ်မိသည်။ ချင်းချန်ဂိုဏ်းချုပ်ကြီး ရီချန်းပင်တည်း။ လင့်ဟူချုံး တုန်လှုပ်သွားသည်။ သူ့စိတ်ထဲမှ ...

"လင်မိန်ကျက်နဲ့ ရီချန်းတို့က ကမ္ဘာမကြေတဲ့ ရန်ကြွေး ရှိထားကြသူတွေပဲ။ ရီချန်းဟာ လင်မိန်ကျက်ရဲ့ မိဘနှစ်ပါးကို သတ်ခဲ့တဲ့ အဓိက တရားခံပဲ။ .... ဒီရန်ကြွေးကို ပြန်ချေဖို့ လင်မိန်ကျက်က ဒီကို ချိန်းတာပဲဖြစ်ရမယ်"

လင်မိန်ကျက်က ...

"ဒီမှာ ရီချန်း ... ခင်ဗျားလိုလူမျိုးက ကျုပ်ကို လူယုတ်မာလို့ စွပ်စွဲတာကတော့ အရုပ်ရုပ်နေပြည်တော် ကြားလို့မှ မတော်တဲ့ကိစ္စပဲ။ ဟန်ဆန်းဂိုဏ်းက အစ်မကြီးတွေ သည်မှာ စခန်းချနေတာကို ကျုပ်မသိဘူး။ ကဲ .. အခု မျှော်လင့်တာတွေ တွေ့နေရတော့ တခြား တစ်နေရာသွားပြီး စာရင်းရှင်းကြတာပေါ့"

ရီချန်းက တဟားဟား ရယ်၍ ...

"မင်းက အခုမှ ဟန်ဆောင်ပြီး စကားလုံး လှလှကလေးတွေနဲ့ ဆင်ခြေပေးမနေနဲ့။ ဒီလို ယောက္ခမ မျိုးရှိရင် မင်းလို သားမက်မျိုးလည်း ရှိနေမှာပဲ။ ကဲ .. ဘာပြောစရာရှိသလဲ။ မြန်မြန်ပြောစမ်း။ မင်းအတွက်နဲ့ ငါ့ရဲ့ တန်ဖိုးရှိတဲ့

အချိန်တွေကို ဖြုန်းမပစ်နိုင်ဘူး။ မြန်မြန်ပြော … မပြောရင် ငါသွားအိပ်တော့မယ်”

လင်မိန်ကျက်ထံမှ အေးစက်လှသော အသံ ထွက်ပေါ်လာသည်။

“ရီချန်း … ဒီတစ်သက်မှာ အေးအေးဆေးဆေး အိပ်နိုင်ဖို့ကိုတော့ ခင်ဗျား မစဉ်းစားနဲ့တော့ … ဒီနေ့က စပြီး ခင်ဗျား ဘယ်လိုမှ အေးအေးချမ်းချမ်း အိပ်နိုင်မှာ မဟုတ်ဘူးလို့ ကြိုပြီး ကျုပ်ပြောထားလိုက်မယ်”

လင်မိန်ကျက်ထံမှ စကားသံ ခေတ္တပြတ်သွားပြီးမှ ဆက်၍ …

“ခင်ဗျားတို့ ချင်းချန်ဂိုဏ်းက ဒီနေ့ တောင်ပေါ်တက်လာကြတာ အားလုံးပေါင်း နှစ်ဆယ့်လေးယောက် … ကျုပ်က ခင်ဗျားတို့ အားလုံးကို လာခိုင်းတာ … အခု ဘာဖြစ်လို့ သုံးယောက်ထဲ လာရသလဲ။ ကျုပ်စကားကို တိတိကျကျ နားထောင်မှပေါ့”

ရီချန်းထံမှ တဟားဟားရယ်သံ ထွက်ပေါ်လာပြန်တော့၏။ တော်တော်နှင့် အရယ် မရပ်နိုင်ပဲ ဖြစ်နေ၏။

“မင်းက ဘာကောင်မို့လို့ ငါက မင်းရဲ့ စကားအတိုင်း တိတိကျကျ လိုက်နာနေရမှာလဲ … မင်းယောက္ခမကြီးက တောင်ငါးလုံးဂိုဏ်းချုပ်ကြီး ဖြစ်သွားတာနဲ့ မင်းက ငါ့ကို အမိန့်ပေးတာပေါ့ ဟုတ်လား”

ရီချန်းသည် မအောင့်နိုင်တော့ပဲ ထပ်မံ၍ ရယ်လိုက်ပြန်တော့၏။

“အခု ငါလာတာက မင်းကို ဂရုစိုက်လို့ ထင်သလားကွ။ … ငါက မင်းကို လုံးဝဂရုမစိုက်ဘူး။ မင်းယောက္ခမရဲ့ မျက်နှာကို ထောက်ထားပြီး ဒီနေရာကို လာတာ။ … ဘာပြောချင်သလဲ … ပြောစမ်း … ငါနဲ့ တိုက်ခိုက်ချင်သလား။ ဒါဆိုရင် အပိုစကားတွေ ပြောမနေနဲ့ … မင်းရဲ့ ဓားကို ဆွဲထုတ်လိုက်”

လင့်ဟူချုံးက အသေအချာ နေရာပြင်၍ထိုင်လိုက်၏။ လရောင်အောက်တွင် မျက်နှာချင်းဆိုင် ရပ်နေသော ရန်သူတော်ကြီး နှစ်ဦးကို တွေ့လိုက်ရတော့၏။

လင်မိန်ကျက်နှင့် ရီချန်း

တစ်ယောက်နှင့် တစ်ယောက် ဆယ်ပေခန့် အကွာတွင် ရပ်နေကြ၏။

လင့်ဟူချုံးက စိတ်ထဲမှ …

“ဒီနေ့ လင်မိန်ကျက်က ဒီဂျုပုကြီးကို ဒီလောက် ရဲရဲတင်းတင်း ချိန်းလိုက်တာဟာ ဆရာနဲ့ ဆရာမတို့ ကျောထောက်နောက်ခံ ကောင်းကောင်းနဲ့ တွန်းအားပေးလို့ပဲဖြစ်ရမယ်။ တကယ်လို့ ဆရာနဲ့ ဆရာမသာ ရောက်မလာရင်တော့ ငါ့အနေနဲ့ လက်ပိုက်ကြည့်နေလို့ ဖြစ်မယ် မထင်ဘူး”

ရီချန်းက လှောင်ပြောင် သရော်သံနှင့် …

“မင်းသာ တကယ် ယောကျ်ားပီသတယ်ဆိုရင် ဘာဖြစ်လို့ ဒီမှာ ကင်းပုန်းချထားရတာလဲ … ဘာဖြစ်လို့ တစ်ယောက်ချင်း မယှဉ်ရဲရတာလဲ။ ရယ်စရာ တော်တော် ကောင်းတာပဲ။ ဒီမှာ ကင်းပုန်းချထားတာကိုက မင်းရဲ့ မရိုးဖြောင့်တဲ့ အကြံအစည်ကို ဖော်ပြနေတာပဲ”

ရီချန်း၏ စကားများသည် ဟန်ဆန်းဂိုဏ်းကို ထိပါးလာခြင်းကြောင့် ရိဟိုက ငြိမ်မနေနိုင်တော့ပဲ လှမ်း၍ အော်ဟစ်လိုက်သည်။

“ရှင် … ဘာမဟုတ်တာတွေ ပြောနေတာလဲ။ လင်မိန်ကျက်နဲ့ ရှင်တို့နဲ့ ဘာရန်ငြိုးပဲ ရှိရှိ၊ ကျွန်မတို့ ဟန်ဆန်းဂိုဏ်းနဲ့ မဆိုင်ဘူး။ ရှင်တို့နှစ်ယောက် သတ်ရုံမကလို့ … နှစ်ယောက်လုံးပဲ လဲပြီးသေသေ။ ကျွန်မတို့ အပူ မရှိဘူး။ လက်ပိုက်ပြီး ကြည့်နေမှာပဲ။ ရှင်ကြောက်ရင် ကြောက်တယ်လို့ ပြောပြီးပြန်။ ဟန်ဆန်းဂိုဏ်းကို ဆွဲမထည့်နဲ့။”

ဤစကားကို ရိဟိုက စိတ်ရင်းအတိုင်း ပြောလိုက်ခြင်း ဖြစ်သည်။

လင့်ဟူချုံး၏ လက်ထဲမှ လိန်လိန့်ကို လင်မိန်ကျက်က လုယူသွားသည်ဟု ဟန်ဆန်းဂိုဏ်းသား အားလုံးက မြင်ကြသည်။ သူတို့က အလိုလိုနေရင် လင်မိန်ကျက်ကို မုန်းတီးနေကြသည်။ ထို့ကြောင့် မုန်းမုန်းဖြင့် ပစ်ပစ်ခါခါ ပြောလိုက်ခြင်း ဖြစ်၏။

ရီချန်း အဖို့မှာလည်း ယနေ့သည် အတော်ကလေး ကသိကအောက် ဖြစ်ခဲ့သော နေ့တစ်နေ့ ဖြစ်သည်။

ရီချန်းသည် ကောင်းဆန်းဂိုဏ်းချုပ် ကျိုလင်ထန်နှင့် အတော်ကလေး ခင်မင်ရင်းနှီးသူဖြစ်သည်။ ကျိုလင်ထန်က သူ့အတွက် အရေးကြီးလှသော ဤနေ့ရက်၌ ကောင်းဆန်းတောင်သို့ မပျက်မကွက် လာရောက်၍ သူ့ဖက်မှ အင်အားပြပေးရန် စာရေးခေါ်ခဲ့သည်။ တစ်ကြိမ် တစ်ခါ မဟုတ်၊ သုံးကြိမ်မျှ ခေါ်ခဲ့သဖြင့် ယနေ့ ကောင်းဆန်းတောင်သို့ ချင်းချန်ဂိုဏ်း ရောက်ရှိလာရခြင်း ဖြစ်တော့သည်။

လာဖြစ်ရခြင်းမှာ ပိုင်နိုင်စွာ တွေးထင်ထားသော အတွေးတစ်ခု ရှိခြင်းကြောင့်လည်း ဖြစ်သည်။

ယင်းမှာ တောင်ငါးလုံးဂိုဏ်းချုပ်ကြီး ရာထူးကို ကျိုလင်ထန် ရရှိလိမ့်မည် ဟူ၍ ဖြစ်သည်။

ကျိုလင်ထန်နှင့် သူက ခင်မင်ရင်းနှီးသူများဖြစ်၍ ကျိုလင်ထန်၏ ကြံတင် ပြင်ဆင်မှုများကို သူ့အနေဖြင့် အတော်အတန် သိမြင်ခွင့်ရခဲ့သည်။ ထို့ကြောင့် ကျိုလင်ထန်သာ ဂိုဏ်းချုပ်ကြီးရာထူးကို ရလိမ့်မည်ဟု သေချာပေါက် တွက်ထားခဲ့သည်။ သူနှင့် ဝါဆန်းဂိုဏ်း ရန်ငြိုး ရှိထားခဲ့သည်မှာ မှန်သော်လည်း ဂိုဏ်းချုပ်ကြီး ရာထူးကို ကျိုလင်ထန်သာ ရခဲ့လျှင် ဝါဆန်းဂိုဏ်းကို မှုစရာ မလိုတော့ချေ။

နောက်ဆုံးတွင်မူ မှန်းချက်နှင့် နမ်းထွက် မကိုက်ပဲ ဖြစ်သွားရသည်။ သူ့မိတ်ဆွေကြီး ကျိုလင်ထန် မရှုမလှ ရှုံးနိမ့်သွားသည်။ ရက်ပုန္နက ဗုက်ဖဲကို ချသုံးပြီး ဂိုဏ်းချုပ်ကြီးရာထူးကို ယူသွားသည်။ ထို့ကြောင့် သူ့အနေဖြင့် ဆက်၍နေရန် ဆန္ဒ မရှိတော့ပဲ ပြန်ရန် ပြင်ဆင်တော့သည်။

ထိုစဉ် လင်မိန်ကျက် ရောက်ရှိလာပြီး သူ့ကို ကောင်းဆန်းတောင်ထိပ်သို့ လာရန် ချိန်းဆိုခဲ့သည်။ ရီချန်းအနေဖြင့် လင်မိန်ကျက်ကို လုံးဝ အရေးမစိုက်ချေ။ သို့သော် လင်မိန်ကျက်၏ ယောက္ခမ ရက်ပုန္နက်ကို ထောက်ထားကာ ချိန်းဆိုမှုကို လက်ခံခဲ့သည်။

ရီချန်းသည် ကိုယ်တိုင်က စိတ်ယုတ်မာရှိသောသူ ဖြစ်သဖြင် အခြားသူများကိုလည်း သူ့စိတ်နှင့်နှိုင်း၍ တွေးလေ့ရှိသည်။ တကယ်တမ်းအားဖြင့် သူက လင်မိန်ကျက်ကို အမှုမထားသော်လည်း လင်မိန်ကျက်အနေဖြင့် မည်သည့် အပေါင်းအဖော်များ ခေါ်လာမည်ကို သူက လွန်စွာ သတိထားသည်။

ထို့ကြောင့် လင်မိန်ကျက်၏ အရိပ်အခြည်ကို စောင့်ကြည့်နေခဲ့သည်။ လင်မိန်ကျက် တစ်ယောက်တည်း ကောင်းဆန်းတောင်ထိပ်ပေါ် တက်သွားသည်ကို တွေ့ရသောအခါမှ ရီချန်းက ချင်ချန်ဂိုဏ်းသားများကို တောင်ခုလတ်တွင် နေရာချထားပေးသည်။ အရေးအကြောင်းရှိက တောင်ထိပ်သို့ ချက်ချင်းတက်လာနိုင်ရန် အချိန်းအချက်များ ပြုလုပ်သည်။ သူကိုယ်တိုင်ကမူ လက်ရွေးစင်နှစ်ယောက်ကို ခေါ်ပြီး တောင်ပေါ်သို့ တက်လာခဲ့သည်။

တောင်ထိပ်ရောက်သောအခါ ဟန်ဆန်းဂိုဏ်းသားများကို မမျှော်လင့်ပဲ တွေ့လိုက်ရသဖြင့် ရင်ထိတ်သွားခဲ့၏။ ဤတွင် ရိဟိုက လင်မိန်ကျက်နှင့် ဟန်ဆန်းဂိုဏ်း လုံးဝ မပတ်သက်ဟူသော ဝန်ခံကတိစကား ကြားလိုက်ရသောအခါတွင်မှ စိတ်သက်သာရာ ရသွားခဲ့၏။

ထိုစဉ် လင်မိန်ကျက်က ရှေ့သို့နှစ်လှမ်းတိုးလိုက်ပြီး ...

"ရီချန်း ... ခင်ဗျားဟာ ကျုပ်တို့ မျိုးရိုးပိုင် 'ဘီလူးမီးဓားသိုင်း' စာအုပ်အတွက်နဲ့ ... ကျုပ်ရဲ့ မိဘတွေ၊ ကျုပ်တို့ရဲ့ အာမခံဌာနက ဝန်ထမ်းတွေ အားလုံးကို ရက်ရက်စက်စက် သတ်ခဲ့တယ်။ ... ဒီရန်ကြွေးကို ကမ္ဘာကြေတာတောင် ကျုပ် မကြေနိုင်ဘူး။ .... ဒီရန်ကြွေးကို ဆပ်ဖို့ ... စားလည်းဒီစိတ်၊ အိပ်လည်း ဒီစိတ်၊ ဖြစ်ခဲ့ရတယ်။ ... ဒီကနေ့တော့ ရန်ကြွေးကို ဆပ်ဖို့ အချိန်ရောက်လာပြီ။"

ရီချန်းက ဒေါနှင့်မောနှင့် ပြန်လည်အော်ဟစ်ချေပ လေတော့သည်။

"ဘာပြောတယ်ကွ။ မင်းကများ ဒီစကား ပြောနေသေးတယ်။ သူခိုးက လူ ပြန်ဟစ်နေတယ်။ ငါ့သားကို သတ်သွားတာ ဘယ်သူလဲ။ မင်း .. မဟုတ်ဘူးလား။ ငါ့သားကို မင်းသတ်သွားတဲ့ အတွက်တောင် ငါက လက်စားမချေရသေးဘူး။ ... အေး ... မင်းက ငါ့ကို မရှာရင်တောင် ငါက မင်းကို လိုက်ရှာမှာပဲ"

ပြောပြောဆိုဆိုနှင့် ရီချန်းက သူ့ဓားရှည်ကြီးကို ရွှမ်းကနဲ မြည်အောင် ဆွဲထုတ်လိုက်သည်။ ရီချန်းသည် အရပ်ပုပု ဂင်တိုတို လူတစ်ယောက် ဖြစ်သော်လည်း သူကိုင်သည့်ဓားကမူ အတော့်ကို ရှည်နေသည်။

သူက ဓားကို ဆွဲထုတ်လိုက်သည့်ပုံနှင့် ဓားရှည်ကြီးကို ကိုင်ထားပုံတို့မှာ သိုင်းဆရာကြီးတစ်ဦး၏ ဟန်ပန် အပြည့်အဝ ရှိနေသည်။ သာမန် အနေအထားမျိုးတွင် ရီချန်း၌ လေးစား ခန့်ညားစရာ ဟန်ပန် မရှိသော်လည်း ယခု အချန်တွင်မူ တော်ရုံလူ ကြောက်လန့်သွား ရပေလိမ့်မည်။

ဟန်ဆန်းဂိုဏ်းသားများ၏ စိတ်ထဲတွင် ရီချန်းကို ကျိတ်၍ ချီးကျူးလိုက်မိကြ၏။

သို့သော် လင်မိန်ကျက်ကမူ သူ၏ဓားကို ယခုထိ ဆွဲမထုတ်သေးပေ။ ဓားရှည်ကြီး ကိုင်လျက် ဟန်ရေးပြနေသော ရီချန်းကို လုံးဝ အရေးမစိုက်ပဲ သူက နောက်ထပ် ခြေနှစ်လှမ်းမျှ ရှေ့သို့ လှမ်းတက်လိုက်ပြန်သည်။

အကြည့်ကြောင့်သာ လူတစ်ယောက် ပြာကျသွားမည်ဆိုလျှင် ရီချန်းအနေနှင့် ပြာမှုန့်ကလေးများသာ ဖြစ်နေပေတော့မည်။ လင်မိန်ကျက်၏ မျက်လုံးများမှ အမုန်း မီးတောက်များသည် တရှိန်ရှိန်ထလျက် ရှိနေပေ၏။

လင်မိန်ကျက်က ယခုထိ ဓားဆွဲမထုတ်သေးသည်ကို တွေ့ရသောအခါ ရီချန်းက တွေးလိုက်သည်။

"ဒီကောင် တယ်ပြီး ဘဝင်မြင့်နေပါလား။ ငါ့ကို ပမာမခန့်နဲ့ .. ခုထက်ထိ ဓားဆွဲမထုတ်သေးဘူး။ ငါက

တိုက်ခိုက်လိုက်ရရင် တစ်ချက်တည်းနဲ့ အသက်ဘယ်က ထွက်သွားမှန်း မသိပဲနေရော့မယ်။ … ခုချိန်မှာသာ သူ့ချက်အောက်ကို ဓားထိပ်နဲ့ ကလော်ပြီး ထိုးလိုက်ရရင် ဒီကောင် ဘယ်လိုမှ ခုခံနိုင်မှာ မဟုတ်ဘူး"

ရီချန်းက လင်မိန်ကျက်၏ပျော့ကွက်ကို ကောင်းစွာမြင်နေသည်။ သူ့အဖို့ လင်မိန်ကျက်သည် သိုးငယ်တစ်ကောင်မျှသာ ဖြစ်သည်။ သူပြသမျှ နုရမည်ဟု သေချာပေါက် တွက်ချက်ထားပေသည်။

သို့သော် … ရှေ့အလားအလာကို ကြိုတင် စဉ်းစားမိလိုက်သဖြင့် ရုတ်တရက် မတိုက်ခိုက်သေးပဲ နေလိုက်သည်။ သူက ဆက်၍ တွေးနေမိ၏။

"ဒီကောင်က ချာတိတ်ပဲ ရှိသေးတယ်။ ငါက တဟုန်ထိုး တိုက်ခိုက်လိုက်ရင် ချာတိတ်ကို မညှာမတာ လုပ်တယ်လို့ သိုင်းလောကမှ ပြောစရာ ဖြစ်နေဦးမယ်။ ဒီတော့ သူ့ဓားအထွက်ကို စောင့်လိုက်ဦးမယ်။ … ဒါမှ ငါ့အနေနဲ့ မညှာမတာ မလုပ်ဘူးဆိုတာ ပေါ်လွင်သွားမယ်။ ဟန်ဆန်းဂိုဏ်းက မျက်မြင်သက်သေ ဖြစ်နေတော့ ငါအရမ်းလုပ်လို့ မဖြစ်ဘူး"

ရီချန်းကအော်လိုက်သည်။

"ဟေ့ကောင် … မင်းကငါ့ကို ဘာပမာမခန့် လုပ်နေတာလဲ။ မင်းရဲ့ဓားကို ခုထက်ထိ ဘာဖြစ်လို့ ဆွဲမထုတ်သေးတာလဲ"

ယခုကဲ့သို့ အော်မေးလိုက်ခြင်းမှာ အကြောင်းမဲ့ မဟုတ်ချေ။ လင်မိန်ကျက်ကသာ သူ၏ ဓားရိုးကို လက်နှင့်ကိုင်ပြီး ဓားကို ဓားအိမ်မှ ဆွဲထုတ်လိုက်သည်နှင့် ရီချန်းကလည်း လင်မိန်ကျက်၏ ချက်အောက်ကို ဓားထိပ်ဖျားနှင့် လျှပ်တစ်ပြက် ကလော်ထိုးလိုက်ရန် စိတ်ကူးထားပြီး ဖြစ်သည်။

လင့်ဟူချုံးသည် 'ဧကရာဇ်ကိုးကွက်' ကို တတ်မြောက်ပြီးသည့် အချိန်မှစ၍ ဓားအနေအထား၊ လက်အနေအထား၊ ကိုယ်ဟန် အနေအထားတို့ကို ကြည့်၍ မည်သို့ တိုက်ခိုက်လာမည်ကို ကြိုတင် သိမြင်နိုင်စွမ်း ရှိသည်။ ယခုလည်း ရီချန်း မည်သည့်အကြံ ကြံစည်နေသည်ကို သူ၏ဓားကိုင်ပုံက ဖော်ပြနေသည်။ ထို့ကြောင့် လင့်ဟူချုံးက အော်၍ သတိပေးလိုက်သည်။

"လင်မိန်ကျက် သတိထား … သူက မင်းရဲ့ ချက်အောက်ကို ဓားနဲ့ ကလော်ထိုးလိမ့်မယ်"

တိုက်တိုက်ဆိုင်ဆိုင်ပင် ထိုအချိန်၌ လင်မိန်ကျက်က သရော်ပြုံးတစ်ချက်ပြုံးပြီး သူ့ကိုယ်ကို လှစ်ကနဲ လှုပ်ရှားလိုက်သည်။ သူ၏ လှုပ်ရှားပုံမှာ လျှပ်ပြက်သည့်နှယ် မြန်ဆန်လှသည်။ မျက်တောင်တစ်ခတ်အတွင်း လင်မိန်ကျက်သည် ရီချန်းနှင့် မျက်နှာချင်း ကပ်လုမတတ် ဖြစ်သွားတော့၏။

ပတ်ဝန်းကျင်မှ လူများ အားလုံး အံ့သြစွာနှင့် ပါးစပ် အဟောင်းသား ဖြစ်ကာ ကြည့်နေကြမိတော့၏။

သည်တစ်ကွက်ကို မည်သူမျှ ကြိုတင် မတွက်ဆမိကြချေ။ လင့်ဟူချုံးသည်ပင်လျှင် လင်မိန်ကျက် ဤသို့ လှုပ်ရှားတိုက်ခိုက်လိမ့်မည်ဟု လုံးဝ မထင်မှတ်ခဲ့။

ယခုကဲ့သို့ လင်မိန်ကျက်က ရီချန်းနှင့် လူချင်း ပူးကပ်လိုက်သောအခါ ရီချန်း၏ ဓားရှည်မှာ လင်မိန်ကျက်၏ နောက်ကျောဖက်သို့ ရောက်နေတော့သည်။ ရှည်လျားလှသော ဓားဖြင့် ရုတ်တရက် ချက်ချင်း လှည့်ပြောင်းတိုက်ခိုက်ရန် မဖြစ်နိုင်တော့ချေ။

အခြေအနေကား ရီချန်းအတွက် အများကြီး ဆိုးဝါးနေပေပြီ။

လင်မိန်ကျက်၏ လက်တစ်ဖက်က ရီချန်း၏ ထုံကြောကိုကိုင်ထားပြီး ကျန်တစ်ဖက်က ရီချန်း ရင်ဝကို ဖိကပ်ထားလိုက်၏။

ရီချန်းမှာ ထုံကြောကို အကိုင်ခံလိုက်ရသဖြင့် တစ်ကိုယ်လုံး ထုံကျင်သွားကာ လက်ထဲမှ ဓားသည်ပင် မြေပြင်ပေါ်သို့ လွတ်ကျသွားတော့သည်။

လင်မိန်ကျက်သည် တစ်ကွက်တည်းနှင့် သူ၏ မဟာရန်သူတော်ကြီးကို ချုပ်ကိုင်နိုင်ခဲ့လေပြီ။ သူ၏တိုက်ကွက်မှာ ရှင်းလှသည်။ ရက်ပုချွန်က ကျိလင်ထန်အား တိုက်ခိုက်ခဲ့သည့် အကွက်ပင် ဖြစ်တော့၏။

လင့်ဟူချုံးမှာ လင်းလင်းအား လှည့်၍ ကြည့်လိုက်မိတော့သည်။ နှစ်ယောက်သား မျက်လုံးချင်း ဆိုင်လိုက်မိသည်နှင့် သံပြိုင် ရေရွတ် လိုက်မိသည်မှာ …

"တုံးဖန်းပု"

နှစ်ယောက်စလုံး၏ မျက်ဝန်းများထဲတွင် တုန်လှုပ်ချောက်ခြားသော အရိပ်အယောင်များ မထိန်းနိုင် မသိမ်းနိုင် ပေါ်ပေါက်လာ၏။ သည်အကွက်ကို သူတို့နှစ်ယောက်စလုံး ကောင်းစွာ သိရှိ မှတ်မိကြ၏။

မဟူရာတောင်ကုန်း၌ တုံးဖန်းပုသည် ဤသိုင်းကွက်မျိုးဖြင့် ထိပ်သီးသိုင်းသမား လေးယောက်ကို ယှဉ်ပြိုင်

တိုက်ခိုက်ခဲ့သည်။

ကောင်းဆန်းတောင်ထိပ် ဂိုဏ်းချုပ်ရွေးပွဲ၌ ရက်ပုချွန်သည် ကျိုလင်ထန်ကို သည်ကွက်မျိုးဖြင့်ပင် တိုက်ခိုက်အနိုင်ယူခဲ့သည်။

ယခုလည်း လင်မိန်ကျက်သည် ရီချန်းကို သည်အကွက်ဖြင့်ပင် တိုက်ခိုက်ခဲ့ချေသည် တကား။

လင်မိန်ကျက်က သူ၏လက်ဝါးကို ရီချန်း၏ရင်ဝတွင် ကပ်ထားသော်လည်း အတွင်းအားကို မထုတ်သေးချေ။ လရောင်အောက်တွင် ရီချန်း၏ မျက်နှာကို သေချာစွာ ကြည့်လိုက်သည်။

ရီချန်း၏ မျက်နှာကြီးမှာ ကြောက်ရွံ့ထိတ်လန့်မှုများ ကြီးစိုးနေတော့သည်။ အရုပ်ဆိုး အကျည်းတန်စွာဖြင့် တွန့်လိမ်ရှုံ့တွနေတော့၏။

ရီချန်း၏ အားကိုးရာမဲ့နေသော မျက်နှာကြီးကို မြင်ရသောအခါ လင်မိန်ကျက် လွန်စွာ အားရကျေနပ်သွားတော့၏။ သည်မျက်နှာကို မြင်တွေ့နိုင်ရန် သူ့အနေဖြင့် အနှစ်နှစ်အလလ စောင့်မျှော်ခဲ့ရသည် မဟုတ်ပါလား။ ရီချန်းကို ယခုချက်ချင်း သတ်ပစ်လိုက်လျှင် လွန်စွာ နမြောစရာ ကောင်းပေတော့မည်။

ထိုအချိန်မှာပင် အဝေးမှ လှမ်းအော်လိုက်သည့် မိန်းကလေးသံ တစ်သံကို ကြားလိုက်ရသည်။ လိန်လိန်၏ အော်သံပင်တည်း။

"လင်မိန်ကျက် ... အဖေက ပြောလိုက်တယ်။ ဒီနေ့သူ့ကို မသတ်ပဲ လွှတ်ပေးလိုက်ပါတဲ့"

အော်ရင်းဖြင့် လိန်လိန်သည် ကောင်းဆန်းတောင်ထိပ်သို့ ပြေးတက်လာသည်။ တောင်ထိပ်သို့ ရောက်သောအခါ လင်မိန်ကျက်က ရီချန်းကို ချုပ်ကိုင်ထားကြောင်း တွေ့ရသောအခါ သူမ လွန်စွာ အံ့သြသွားတော့သည်။

ရီချန်းကဲ့သို့သော ထိပ်သီးသိုင်းဆရာကြီးအား ချုပ်ကိုင်ထားနိုင်ခြင်းမှာ အံ့သြလောက်စေသည့် မြင်ကွင်းပင် ဖြစ်ပေတော့သည်။ လိန်လိန်က ငေးကြောင်သွားရာမှ ချက်ချင်း ထပ်ပြောလိုက်သည်။

"အဖေက ပြောလိုက်တယ်။ ဒီနေ့ သူဟာ ကျွန်မတို့ရဲ့ ဧည့်သည် ဆိုတော့ မသတ်ပါနဲ့တဲ့။ သနားညှာတာတဲ့ အနေနဲ့ လွှတ်လိုက်ပါတဲ့"

လိန်လိန်၏ စကားကို ကြားရသောအခါ လင်မိန်ကျက်သည် သူ၏လက်ဝါးကို ရီချန်း၏ရင်ဝမှ ခွာလိုက်သည်။ ထို့နောက် 'ဖြန်း' ကနဲနေအောင် ရီချန်း၏ ပါးကိုနှစ်ချက်ဆင့် ရိုက်လိုက်တော့သည်။

ပါးရိုက်ပြီးသည်နှင့် ကျေနပ်အားရစွာ တဟားဟား ရယ်မောရင်း လင်မိန်ကျက်က နောက်သို့ ခုန်ထွက်လိုက်သည်။ ဆယ်ငါးပေခန့်အကွာမှ ရီချန်းကို စိုက်ကြည့် နေတော့သည်။

ရီချန်းမှာ ထုံကြော တဖြည်းဖြည်း ပြေလာသည်နှင့် ဓားကိုကောက်ကိုင်ကာ တိုက်ခိုက်ရန် ဟန်ပြင်တော့သည်။ သို့သော် ချက်ချင်းပင် တုံ့ကနဲ ရပ်သွားသည်။

အဘယ့်ကြောင့် ဤသို့ ရပ်သွားပါသနည်း။

ရီချန်းသည် သူ့ကိုယ်သူ ဂိုဏ်းချုပ်ကြီးတစ်ယောက် ဖြစ်ကြောင်း ချက်ချင်း သတိပြုလိုက် မိသောကြောင့်ဖြစ်သည်။ အစပထမတွင် ဒေါသကြောင့် တိုက်ခိုက်ရန် ဟန်ပြင်လိုက်မိခြင်း ဖြစ်သည်။

သို့သော် နောက်မှ သတိရလိုက်သည်မှာ သူကဲ့သို့သော ဂိုဏ်းချုပ်ကြီး တစ်ယောက်အဖို့ ရှုံးနိမ့်သွားပြီးမှ ဆက်၍ တိုက်ခိုက်နေလျှင် ဟန်ဆန်းဂိုဏ်းသားများရှေ့၌ လွန်စွာ ရှက်စရာကောင်းလှပေလိမ့်မည်။ ဤကဲ့သို့ တွေးလိုက်မိခြင်းကြောင့် တုံ့ကနဲ ရပ်ဆိုင်းလိုက်မိခြင်း ဖြစ်သည်။

လင်မိန်ကျက်ကမူ ရီချန်း၏ မရှုနိုင် မကယ်နိုင် ဖြစ်နေပုံကို တွေ့ရသောအခါ လှောင်ပြုံးတစ်ချက် ပြုံးလိုက်ပြီး ချာကနဲ လှည့်ထွက်သွားတော့သည်။ သူ၏ ဇနီး အသစ်စက်စက်ကလေး လိန်လိန်ကိုပင် လုံးဝ ဂရုမစိုက်ချေ။

လိန်လိန်မှာမူ မကျေမနပ်ဖြင့် ခြေကလေးဆောင့်ကာ ကျန်ရစ်ခဲ့တော့သည်။ ချက်ချင်းလိုလိုပင် လွန်စွာ အံ့အားသင့်သွားတော့သည်။ အကြောင်းမှာ လင့်ဟူချုံးကို သူမ အနားတွင် တွေ့လိုက်ရ၍ ဖြစ်ပေသည်။

လိန်လိန်က လင့်ဟူချုံးရှေ့သို့ လျှောက်လာကာ ...

"အစ်ကိုကြီး ဒဏ်ရာက သိပ်ကြီးသလားဟင်"

"ငါ ... ငါ"

လိန်လိန့်ကို တွေ့လိုက်ရသည်နှင့် လင့်ဟူချုံးမှာ စကားတစ်လုံးပင် ဖြောင့်ဖြောင့် တန်းတန်း မပြောနိုင်တော့ပဲ ထစ်ငေါ့နေချေပြီ။

ရိပ်ဟိုက ရုတ်တရက် ဝင်ပြောလိုက်သည်။

"ရှင် ... သိပ်ပြီး စိတ်မပူပါနဲ့။ ရှင့် အစ်ကိုကြီး မသေနိုင်တော့ပါဘူး"

ရိဟို၏ လေသံမှာ မာဆတ်ဆတ် နိုင်လှသည်။ သူမက လွန်စွာ မကျေမနပ် ဖြစ်နေသဖြင့် မျိုသိပ်မထားနိုင်တော့ပဲ ဝင်ပြောလိုက်ခြင်း ဖြစ်သည်။ လိန်လိန်ကမူ ရိဟိုကို စိတ်ဆိုးဟန် လုံးဝမပြချေ။ လင့်ဟူချုံးကို စိုက်ကြည့်ပြီး စိတ်မကောင်းသော လေသံဖြင့် တိုးညင်းစွာ ပြောလိုက်သည်။

"အစ်ကိုကြီး အခုလို ဖြစ်သွားရတာ ညီမကြောင့်ပါ။ ကျွန်မ အပြစ်ပါ။ ကျွန်မ သိပ်ပြီး စိတ်ထိခိုက်ရပါတယ်။ ... ကျွန်မ ... ကျွန်မကို စိတ်မဆိုးပါနဲ့နော်"

လင့်ဟူချုံးမှာမူ ကျောက်ရုပ်ကြီး တစ်ရုပ်ကဲ့သို့ ဖြစ်နေတော့သည်။ နှုတ်ကမူ တစ်ခွန်းတည်းသော စကားကိုသာ ထပ်ခါ တလဲလဲ ပြောနေမိတော့၏။

"မဆိုးပါဘူး .. မဆိုးပါဘူး ... မဆိုးပါဘူး"

လိန်လိန်သည် သူမ၏ ခေါင်းကလေးကို ရုတ်တရက် ငုံ့ချလိုက်ပြီး သက်ပြင်းတစ်ချက်ကို ရှိုက်လိုက်သည်။ ထို့နောက် တိုးညင်းသော လေသံကလေးဖြင့်ပင် ...

"အစ်ကိုကြီး ... ကျွန်မ သွားတော့မယ်"

"အေး ... သွား ... သွား"

လိန်လိန်သည် ဖြည်းညင်းစွာဖြင့် တောင်ပေါ်မှ ဆင်းသွားတော့၏။

ရုတ်တရက် သူမ၏ ခြေလှမ်းများ ရပ်သွားပြီး ပြန်လှည့်ကာ ...

"အစ်ကိုကြီး ...အဖေက သူ့ကိုယ်စား ကျွန်မကို တောင်းပန်ခိုင်းလိုက်ပါတယ်။ ဟန်ဆန်းဂိုဏ်းက အစ်မကြီး နှစ်ယောက်ကို ထိန်းချုပ်ထားတဲ့ကိစ္စနဲ့ ပတ်သက်ပြီး အစ်ကိုကြီးကျေနပ်တဲ့အထိ တောင်းပန်ဖို့ ကျွန်မကို မှာလိုက်ပါတယ်။ ... ကျွန်မတို့ ဝါဆန်းဂိုဏ်း ပြန်ရောက်ရောက်ချင်း သူတို့ကို လွှတ်လိုက်ပါ့မယ်။"

လင့်ဟူချုံးမှာ ကယောင်ကတမ်းဖြင့် ...

"အေး ... ကောင်းတယ် ... ကောင်းတယ်" ဟုသာ ပြောနိုင်တော့သည်။ သူက လိန်လိန်၏ ကျောပြင်ကလေးကို ငေးမောကြည့်နေသည်မှာ နောက်ဆုံးလုံးဝ ကွယ်ပျောက် သွားသည်အထိ ဖြစ်တော့၏။

ရိဟိုက ခနဲ့ပြုံးပြုံးကာ ...

"ဒီလို မိန်းကလေးမျိုးက ဘာများ ကောင်းလို့လဲ။ ခုတစ်မျိုး တော်ကြာတစ်မျိုးနဲ့ စိတ်ထားကလည်း အမျိုးမျိုး ပြောင်းနေလိုက်တာ။ မိန်းကလေးတွေ သူ့ကြောင့် နာမည်ပျက်တယ်။ ကျွန်မတို့ရဲ့ လင်းလင်းနဲ့ဆို တခြားစီပဲ။ လင်းလင်းရဲ့ ခြေဖျားကိုတောင် မမှီဘူး"

ရိဟို၏ စကားများသည် ကယောင်ချောက်ချား ဖြစ်နေသော လင့်ဟူချုံးကို သတိပေးလိုက်သလို ဖြစ်သွားသည်။ ရုတ်တရက် သတိပြန်ဝင်လာပြီး လင်းလင်းကို သတိရမိတော့သည်။

လင့်ဟူချုံး အနေဖြင့် စောစောက လိန်လိန်အား ငေးမောကြည့်နေခဲ့သည့် အဖြစ်ကို လင်းလင်း တွေ့မြင်သွားကောင်း တွေ့မြင်သွား ပေလိမ့်မည်။ ထိုအတွေးဝင်သွားသည်နှင့် မျက်နှာ တစ်ပြင်လုံး ထူပူသွားတော့၏။ လင်းလင်းကို ငဲ့စောင်း၍ ကြည့်လိုက်မိသည်။

လင်းလင်းသည် အလွန်ပင်ပန်း နွမ်းနယ်သည့် ဟန်ဖြင့် ငိုက်မြည်းနေ၏။ လင့်ဟူချုံးက စိတ်ထဲမှ ...

"သူသာ တကယ် ငိုက်နေရင် သိပ်ကောင်းမှာပဲ"

သို့သော် လင်းလင်းသည် အလွန်တရာ ပါးနပ်လှသော မိန်းကလေး ဖြစ်ကြောင်း လင့်ဟူချုံး ကောင်းကောင်း သိသည်။ ဤမျှ အရေးကြီးသော အချိန်မျိုး၌ လင်းလင်းတစ်ယောက် အဘယ်မှာလျှင် ငိုက်မျဉ်း နေနိုင်လိမ့်မည်နည်း။ အခိုက်အတန့် လေးအတွင်း မထိမ်းသိမ်းနိုင်သော စိတ်အာရုံကြောင့် လင့်ဟူချုံးမှာ လိန်လိန့်အား ငေးမောနေခဲ့သည့် အဖြစ်ကို လင်းလင်းတစ်ယောက် တွေ့သော်လည်း ... သူမသည် အရှယ်နှင့် မလိုက်အောင် ရင့်ကျက်သူ တစ်ယောက် ဖြစ်၍သာ အားလုံး အနေရ သက်သာစေရန် ငိုက်မျဉ်း ဟန်ဆောင် နေခြင်း ဖြစ်၏။

ယခုအချိန်တွင် လင်းလင်းအား လိန်လိန်နှင့် ပတ်သက်၍ တစ်စုံတစ်ရာ ရှင်းမပြခြင်းသာ အကောင်းဆုံးဖြစ်ကြောင်း လင့်ဟူချုံး ကောင်းစွာ သိရှိသည်။ ပိုကောင်းသော နည်းမှာ သူမ၏ အာရုံကို အခြား တစ်နေရာသို့ ရောက်အောင် လုပ်ရန် ဖြစ်ကြောင်းကိုလည်း တွေးမိလိုက်သည်။

လင်းလင်းအတွက် တစ်ခုခု လုပ်ပေးရန် စိတ်ကူးလိုက်သည်နှင့် လင့်ဟူချုံး၏ ဉာဏ်များလည်း ရွှင်လာသည်။ သူက ပစ်လှဲ၍ အိပ်ချလိုက်သည်။ ပခုံးမှဒါဏ်ရာကို တစ်စုံတစ်ခုနှင့် ထိခိုက်မိသွားသယောင် တစ်ချက်မျှ ညည်းလိုက်၏။

လင့်ဟူချျူး၏ ပရိယာယ်ကား ကောင်းစွာ အောင်မြင်ခဲ့သည်။ သူ၏ ညည်းသံ ကြားလိုက်သည်နှင့် လင်းလင်းမှာ ဆတ်ကနဲ မျက်လုံးဖွင့်လာတော့သည်။ လင့်ဟူချျူး တကယ်ပင် နာကျင်သွားသည်ဟု သူမက ထင်လိုက်သဖြင့် စိုးရိမ်တကြီး မေးမြန်းလေတော့၏။

"အစ်ကို ... ဒဏ်ရာကို ခိုက်မိသွားသလားဟင်"

လင်းလင်း၏ မေတ္တာ အငွေ့အသက်များကြောင့် လင့်ဟူချျူး၏ ရင်ထဲတွင် နွေးထွေးမှုကို ခံစားလိုက်ရသည်။ သူက တိုးညင်းစွာ ပြန်ပြောလိုက်သည်။

"ခိုက်တော့ ခိုက်မိသွားတယ်။ ဒါပေမယ့် မနာပါဘူး"

ပြောရင်းဆိုရင်းဖြင့် လင်းလင်း၏ လက်ကလေးကို လင့်ဟူချျူးက ဆုပ်ကိုင်ထား လိုက်တော့သည်။ ဘေးပတ်ဝန်းကျင်တစ်ဝိုက်၌ ဟန်ဆန်းဂိုဏ်းသားများ ရှိနေသဖြင့် လင်းလင်းမှာ မျက်နှာလေး ရဲကနဲဖြစ်သွားသည်အထိ ရှက်သွားတော့သည်။ သို့သော် သူမ၏လက်ကို အတင်းရုန်း လိုက်ပြန်ပါကလည်း လင့်ဟူချျူး၏ဒဏ်ရာကို ထိခိုက်သွားမည်ကို စိုးရိမ်သဖြင့် ရှက်ရှက်နှင့် ငြိမ်နေရတော့၏။

လင့်ဟူချျူးမှာမူ လင်းလင်း၏ နူးညံ့ပျော့ပျောင်းလှသော လက်ဝါးလေးကို ပွတ်သပ်ဆုပ်နယ်ရင်း စိတ်နှလုံး ချမ်းမြေ့စွာ အိပ်ပျော်သွားတော့သည်။

နံနက်မိုးသောက် အလင်းရောက်လာချေပြီ။

တစ်ညလုံး နှစ်ခြိုက်စွာ အိပ်ပျော်ခဲ့သော လင့်ဟူချျူး အိပ်ရာမှနိုးလာခဲ့ချေပြီ။ ကျန်လူ အားလုံးတို့မှာ လင့်ဟူချျူးထက် စောစီးစွာ နိုးနေကြပြီးဖြစ်၏။ သူတို့ အားလုံးက လင့်ဟူချျူး အားအင်ပြည့်ဝစေရန် တမင်သက်သက် မနှိုးပဲ ထားကြခြင်း ဖြစ်သည်။ စကားကိုပင် ကျယ်လောင်စွာ မပြောကြချေ။

လင့်ဟူချျူး မျက်စိဖွင့်လိုက်သည်နှင့် လင်းလင်း၏ နီမြန်းနေသော ရှက်စနိုးမျက်နှာလေးကို ရှေးဦးစွာ တွေ့မြင်လိုက်ရသည်။ လင်းလင်း တစ်ယောက် အဘယ်ကြောင့် ဤမျှ ရှက်နေသည်ကို သူက ရုတ်တရက် သဘောမပေါက်ချေ။

အိပ်ရာမှ ထထိုင်လိုက်သောအခါမှ လင်းလင်း၏ လက်ကလေးကို သူ့အနေဖြင့် ယခုထိ ဆုပ်ကိုင်လျက် ရှိသေးကြောင်း သတိပြုလိုက် မိတော့သည်။

လင်းလင်း၏ မျက်နှာလေး နီမြန်းရခြင်းကို လင့်ဟူချျူး ကောင်းစွာ သဘောပေါက်သွားသည်။ လင်းလင်းတယောက် မိမိ အိပ်ရာမှ နိုးမည်ကို စိုးရိမ်သဖြင့် တစ်ညလုံး သူ့လက်ကို ပြန်လည် ရုပ်သိမ်းခြင်းမပြုပဲ နေခဲ့ကြောင်း သိလိုက်ရသောအခါ လင့်ဟူချျူး၏ ရင်ခွင်တစ်ခုလုံး တသိမ့်သိမ့် တုန်ခါ သွားလေတော့၏။

ဟန်ဆန်းဂိုဏ်းသား အားလုံးက စားသောက်ရန်အတွက် ပြင်ဆင်နေကြသည်။ အားလုံး စားသောက်ပြီးစီး သောအခါ လင့်ဟူချျူးက ...

"ငါတို့ အားလုံး ဟန်ဆန်းတောင်ကို ပြန်ကြစို့။ သိုင်းသမားတွေလဲ တော်တော်လေး ရှင်းလင်းသွားပြီဆိုတော့ စိတ်အေးလက်အေး ပြန်နိုင်ပြီပေါ့ကွာ"

လင့်ဟူချျူး၏ စကားဆုံးသောအခါ ထင်ပေါနှင့် ပုကျက်ဘုန်းကြီးတို့နှစ်ယောက်က အနီးအနားမှ သစ်ကိုင်းများ၊ ဝါးများကို ခုတ်ကာ လင့်ဟူချျူး အတွက် ထမ်းစင်တစ်ခု ပြုလုပ်ကြတော့၏။

လင့်ဟူချျူးကို သူတို့နှစ်ယောက်ပင် ထမ်းပိုးကာ ဟန်ဆန်းတောင် အပြန်ခရီးကို စတင်ကြတော့သည်။ သူတို့အားလုံး ကောင်းဆန်းတောင်၏ တောင်ခုလတ်ရှိ ဧည့်ဂေဟာသို့ ရောက်ရှိသောအခါ ရက်ပုချွန်က သူတို့ကိုထွက်၍ နှုတ်ဆက်သည်။ ဖူးလင်နှင့် လိန်လိန်တို့ကိုမူ လုံးဝ မတွေ့ရချေ။

တောင်ခြေသို့ ရောက်သောအခါ ဒဏ်ရာရနေသော လင့်ဟူချျူးအတွက် မြင်းလှည်းတစ်စီး ငှားရမ်းကြသည်။ လင်းလင်းက ထိုလှည်းနှင့်လိုက်၍ လင့်ဟူချျူးကို ပြုစုပေးရန် စီစဉ်ကြသည်။ ညနေစောင်းရောက်သောအခါ မြို့လေး တစ်မြို့သို့ ရောက်လာကြတော့သည်။

လက်ဖက်ရည်ဆိုင်လေး တစ်ဆိုင်တွေ့သဖြင့် ဝင်၍အနားယူလိုက်ကြသည်။ ဆိုင်ထဲသို့ ဝင်မိသည့်အခါမှ ဆိုင်ထဲတွင် ချင်းချန်ဂိုဏ်းသားများ ထိုင်နေကြသည်ကို တွေ့လိုက်တော့သည်။ ချင်းချန်ဂိုဏ်းချုပ်ကြီး ရီချန်းပါ ထိုင်နေသည်။

ရီချန်းသည် ဟန်ဆန်းဂိုဏ်းသားများ ဝင်လာသည်ကို တွေ့ရသောအခါ မျက်နှာ ပျက်သွားတော့သည်။ မနေ့ညက ဟန်ဆန်းဂိုဏ်းသားများ ရှေ့တွင် ရှက်ဖွယ်လိလိ ရှုံးနိမ့်ခဲ့ရသည် မဟုတ်ပါလား။ မမြင်မတွေ့လိုသည့် မျက်နှာများနှင့် ကြုံကြိုက်ဖန်ဖန် ရေစက်ဆုံလာခြင်းပေတည်း။

ရီချန်းသည် မျက်နှာကို အခြားဖက်သို့လှည့်၍ မမြင်မတွေ့ ဟန်ဆောင်နေလိုက်ရလေ၏။ လင့်ဟူချျူးတို့ကမူ

ချင်းချန်ဂိုဏ်းသားများ ရှိနေသည်ဟူ၍ အမှတ်မထားကြပဲ အေးဆေးစွာ ဆိုင်ထဲဝင်လာပြီး စားပွဲလွတ်များတွင် ဝင်ထိုင်လိုက်ကြ၏။ လက်ဖက်ရည်များ မှာယူလျက် သက်တောင့်သက်သာ အနားယူ လိုက်ကြတော့၏။

ထိုစဉ် ခပ်လှမ်းလှမ်းမှ ဒုန်းစိုင်းစီးနင်းလာသော မြင်းနှစ်ကောင်ကို တွေ့လိုက်ကြရသည်။ ထိုမြင်းနှစ်ကောင်သည် လက်ဖက်ရည်ဆိုင်ရှေ့ရောက်သည်နှင့် ချက်ချင်းပင် တုံ့ကနဲ ရပ်သွားကြတော့သည်။

အားလုံးက မြင်းစီးသမားနှစ်ယောက်ကို ကြည့်လိုက်မိကြသည်။ လင်မိန်ကျက်နှင့် လိန်လိန်တို့နှစ်ယောက် ဖြစ်နေချေသည်တကား။

× × × × ×

# သိုင်းဆရာကြီးတစ်ဦး၏ လမ်းဆုံး

ထိုစဉ် လင်မိန်ကျက်ထံမှ လှမ်း၍ အော်ဟစ်ပြောကြားလိုက်သော စကားကို ဆိုင်တွင်းမှ လူအားလုံး ပီသစွာ ကြားလိုက်ကြသည်။

"ရီချန်း ... ခင်ဗျားက သတ္တိ အတော်ကောင်းနေပါလား။ ခင်ဗျားကို သတ်မယ်ဆိုတာ သိလျက်သားနဲ့ ဘာဖြစ်လို့ ထွက်မပြေးပဲ နေရတာလဲ"

ရီချန်းက ကုလားထိုင်တစ်လုံးတွင် အေးဆေးစွာ ထိုင်လျက် လက်ဖက်ရည်ကြမ်း သောက်နေသည်။ လင်မိန်ကျက်ကို လုံးဝ အရေးမစိုက်ချေ။ သူက သောက်လက်စ အကြမ်းပန်းကန်ကို ပြန်ချပြီးမှ ...

"မင်းက ဘာတွေ လာပြောနေတာလဲ။ ငါက ဘယ်ကို ပြေးရမှာလဲ၊ ဒီမှာ တမင် စောင့်နေတာကွ။ မင်း လာပြီး အသေခံမှာကို စောင့်နေတာ"

"ဩော် .. ခင်ဗျားက ဒီလိုလား .. ကောင်းပြီ"

ပြောပြောဆိုဆိုနှင့် လင်မိန်ကျက်က ဓားကိုဆွဲထုတ်ကာ မြင်းပေါ်မှ ခုန်ဆင်းလိုက်တော့၏။ ထို့နောက် သူ၏ ဓားကို ဘေးဘက်သို့ ရုတ်တရက် ထိုးလိုက်ပြီး ချက်ချင်းပင် မြင်းပေါ်ခုန်တက်ကာ ဒုန်းစိုင်း စီးထွက် သွားလေတော့၏။ လမ်းဘေး၌ ရပ်နေသော ချင်းချန်ဂိုဏ်းသား တစ်ယောက်မှာ ရင်ဝမှ သွေးပွက်ပွက် ထွက်ကာ လဲကျသွားလေတော့၏။

လင်မိန်ကျက်၏ ဓားချက်မှာ ထူးဆန်းလေစွ။ သူက ဓားဆွဲ၍ မြင်းပေါ်မှ ခုန်ဆင်းလိုက်သောအခါ လူတိုင်းက ရီချန်းကို တိုက်ခိုက်တော့မည်ဟု မှတ်ထင်လိုက်ကြသည်။ သို့သော် လင်မိန်ကျက်သည် လူအားလုံး မျှော်လင့်ထားသည်ကို မလုပ်ပဲ ဘေးမှ လူတစ်ယောက်ကို ထိုးသတ်လိုက်သည်။

ရီချန်းသည် လင်မိန်ကျက်၏ဓားသိုင်းကို လုံးဝအမှုမထားပေ။ လင်မိန်ကျက် ဓားဆွဲ၍ မြင်းပေါ်မှ ဆင်းလာသည်ကို တွေ့လိုက်ရသောအခါ လွန်စွာ ဝမ်းသာမိသည်။ သည်တစ်ကြိမ်တွင် ရှင်းပစ်နိုင်တော့မည်ဟု တွေးထားသည်။

သို့ရာတွင် လင်မိန်ကျက်က ဘေးနားတွင် အေးဆေးစွာရပ်နေသော သူ့ချင်းချန်ဂိုဏ်းသား တစ်ယောက်ကို မထင်မှတ်ပဲ ထိုးသတ်ကာ မြင်းဒုန်းစိုင်းစီး၍ ထွက်သွားချေပြီ။

ရီချန်းမှာ ဒေါသထွက်လွန်းလှသဖြင့် အသားများပင် တဆတ်ဆတ် တုန်လာလေတော့၏။ သူက လင်မိန်ကျက် နောက်သို့ လိုက်ရန် ဆိုင်ပြင်သို့ ထွက်လာသည်။ သို့ရာတွင် လိန်လိန်တို့ စီးသွားသည့် မြင်းများကို မျှော်ကြည့်ပြီး ရီချန်း စိတ်လျှော့လိုက်ရသည်။ သူတို့နှစ်ယောက်၏ မြင်းများမှာ မြင်းကောင်းများဖြစ်ကြ၍ သူ့အနေဖြင့် မည်သို့မျှ အမီမလိုက် နိုင်ကြောင်း သိလိုက်သည်။

လင်မိန်ကျက်၏ ဓားကွက်ကို တွေ့လိုက်သော လင့်ဟူချုံးကမူ ထိတ်ကနဲဖြစ်သွားမိသည်။ စိတ်ထဲမှ တီးတိုး ရေရွတ်လိုက်မိသည်မှာ ...

"သူ့ရဲ့ဓားကွက်က တယ်ကောင်းပါလား။ ငါ့လက်ထဲမှာသာ ဓားမရှိရင် သူ့ဓားကို ဘယ်လိုမှ ရှောင်တိမ်းနိုင်မှာ မဟုတ်ဘူး"

ရီချန်းသည် ဒေါသလည်းထွက်၊ ရှက်လည်း ရှက်သွားသဖြင့် လင်မိန်ကျက်အား ဒေါသတကြီး လှမ်းအော်လိုက် သည်။ လင်မိန်ကျက်တို့နှစ်ယောက်မှာကား ဝေးသွားပြီ ဖြစ်သဖြင့် သူ့အော်သံကို မကြားတော့ချေ။

ရီချန်းသည် ရှက်ရမ်းရမ်းသည့် လေသံဖြင့် ...

"ဟေး ... မယ်သီလရင်တွေ ... မင်းတို့က ဒီ လင်မိန်ကျက်ဆိုတဲ့ ခွေးကောင်လာမယ်မှန်းသိလို့ တမင်သက်သက် လာအားပေး ကြတာပေါ့ .... ဟုတ်လား။ ကဲ ... အခု သူတော့ ထွက်ပြေးသွားပြီ။ မင်းတို့ သတ္တိရှိရင် ထွက်လာခဲ့ကြ။ ငါနဲ့ ပြိုင်မယ်"

ဟန်ဆန်းဂိုဏ်းထဲတွင် ရိပိုသည် ဒေါသအကြီးဆုံးဖြစ်သည်။ ရီချန်း၏စကားကို ကြားသည်နှင့် သူမက ဓားကို ချက်ချင်းဆွဲထုတ်ကာ ရီချန်းကို ပြန်၍ စိန်ခေါ်လိုက်သည်။

"ရှင် ဘာစကားပြောတာလဲ။ ရှင် ပြိုင်ချင်တယ်ဆိုရင် အချိန်မရွေးပဲ ... လာခဲ့ ... ကျွန်မနဲ့ ပြိုင်မယ်"

ယခု လက်ဖက်ရည်ဆိုင်ထဲတွင် ရောက်နေသော ဟန်ဆန်းဂိုဏ်းသားများမှာ ချင်းချန်ဂိုဏ်းသားများထက် လူအင်အား များနေသည်။ ထင်ပေါ၊ ပုကျက်ဘုန်းကြီး အစရှိသည့် ထိပ်သီး သိုင်းသမားများလည်း ပါရှိနေသေးသည်။ တကယ်တမ်းတိုက်ခိုက်လျှင် ချင်းချန်ဂိုဏ်းသားတို့ မရှုမလှ ဖြစ်သွားရပေလိမ့်မည်။

ရီချန်းသည် ထိုအချက်ကို မသိ၍မဟုတ်။ ရှက်ဒေါသကြောင့် စိတ်မထိန်းနိုင်ပဲ လွှတ်ကနဲ ပြောလိုက်မိခြင်းသာ ဖြစ်တော့၏။ လင့်ဟူချုံးက ရုတ်တရက် ဝင်ပြောလိုက်၏။

"ရိပို ... သူ့ကို အရေးစိုက်မနေပါနဲ့"

ထိုစဉ် လင်းလင်းသည် အံ့ဖွယ်ခြောက်ယောက်၏ဘေးနားသို့ ကပ်ပြီး တီးတိုးပြောလိုက်သည်။ တစ်ဆက်တည်းပင် ထောင်ကန်း၊ ထောင်ရှမ်း၊ ထောင်ကျက်နှင့် ထောင်ရက်တို့လေးယောက်သည် ခုန်ထွက်သွားတော့သည်။ အပြင်မှာရှိသော ချင်းချန်ဂိုဏ်းသားတို့၏ မြင်းတစ်ကောင်ကို ခြေတစ်ချောင်းစီကိုင်၍ ဆွဲဖြဲပြလိုက်လေတော့၏။

ချင်းချန်ဂိုဏ်းသားများသည် အံ့ဖွယ်ခြောက်ယောက်တို့၏ စွမ်းပကားကို ကြုံဖူးသည် မဟုတ်ချေ။ ယခုကဲ့သို့ အံ့ဩထိတ်လန့်ဖွယ်ရာ အင်အားပြမှုကို ကြုံရသောအခါ အားလုံးလိုလို မျက်စိမျက်နှာ ပျက်ကုန်ကြလေတော့၏။

လင်းလင်းက ...

"ရီချန်း ... လင်မိန်ကျက်က ကျွန်မတို့နဲ့ ဘာမှမဆိုင်ဘူး။ ကျွန်မတို့က ဘယ်ဘက်ကမှ မကူဘူး ... ကျွန်မပြော တာ ရှင်းတယ်မဟုတ်လား။ ရှင်တို့က ကျွန်မတို့ကို ဆွဲမထည့်နဲ့။ သည်လိုပြောတာ ကျွန်မတို့က ရှင်တို့ကို ကြောက်နေ တယ်မထင်နဲ့။ တကယ်တမ်း ယှဉ်ကြစတမ်းဆိုရင် ရှင်တို့အနေနဲ့ ကျွန်မတို့ကို လုံးဝယှဉ်လို့ မရပါဘူး"

ရီချန်းသည်လည်း သူ့တပည့်များနည်းတူပင် အံ့ဖွယ်ခြောက်ယောက်တို့၏ အင်အားကို ထိတ်လန့်သွားတော့၏။ သူ့ဓားကို ဓားအိမ်အတွင်းသို့ ပြန်ထိုးသွင်းလိုက်ပြီးနောက် ရီချန်းက ...

"ကောင်းပြီ ... ဒီလိုဆိုရင် ကိုယ့်လမ်းကိုယ်သွား ကြရုံပေါ့ ... မင်းတို့ အရင်သွားကြပါ"

လင်းလင်းက ...

"ဒါတော့ သည်းခံပါ .. ကျွန်မတို့က ရှင်တို့သွားပြီး နောက်မှ သွားကြမှာပါ။ ရှင်တို့ရဲ့ လမ်းကြောင်းအတိုင်း နောက်ကလိုက်ကြမှာပဲ"

ရီချန်းက မျက်မှောင်ကုတ်၍ ပြန်မေးလိုက်သည် ...

"ဘာဖြစ်လို့ ကျုပ်တို့ လမ်းကြောင်းအတိုင်း လိုက်မှာလဲ"

လင်းလင်းက "ရှင်က မေးတော့လဲ ဖြေရသေးတာပေါ့။ ... လင်မိန်ကျက်ရဲ့ ဓားသိုင်းကွက်က သိပ်ထူးဆန်းနေ တယ်။ ... နည်းနည်းနောနော မဟုတ်ဘူး။ ... အတော့်ကို ထူးဆန်းနေတယ်။ .... ဒါကြောင့် ကျွန်မတို့အနေနဲ့ သူ့ရဲ့ ဓားသိုင်းကွက်တွေကို လေ့လာကြည့်ချင်တယ်"

လင်းလင်း၏စကားကို ကြားလိုက်ရသော လင့်ဟူချုံးတစ်ယောက် လွန်စွာ ကျေနပ်သွားတော့၏။ သူပြောချင် နေသော စကားများကို လင်းလင်းက သူ့အစား ပြောပေးသောကြောင့်ဖြစ်သည်။ လင်မိန်ကျက်၏ ဓားသိုင်းကို လေ့လာ ချင်စိတ် သူ့တွင် အလွန်ပြင်းပြနေသည်။

ရီချန်းက ...

"ဟိုကောင်ရဲ့ ဓားသိုင်းကို ကြည့်ချင်တာနဲ့ ... မင်းက ငါ့နောက်ကို လိုက်မယ်လို့ ပြောတာနဲ့ ဘာဆိုင်လို့လဲ"

ပြောလိုက်ပြီးသည်နှင့် ရီချန်းတစ်ယောက် အခြေအနေကို နားလည်သဘောပေါက် သွားတော့၏။ လင်မိန်ကျက် သည် မိမိအပေါ် မပြေနိုင်သောအငြိုးဖြင့် ရန်ကြွေးဆပ်မည့်သူ တစ်ယောက် ဖြစ်ရာ မိမိ၏ ဂိုဏ်းသား တစ်ယောက်တည်း သေရုံဖြင့် ကျေနပ်မည်မဟုတ်ချေ။ သူက ရှေ့ဆက်၍ သတ်ပေလိမ့်ဦးမည်။ ထို့ကြောင့် လင်မိန်ကျက်၏ ထူးခြားသော ဓားသိုင်းကို ကြည့်လိုသည့်သူများအနေဖြင့် မိမိနောက်လိုက်နေပါက လင်မိန်ကျက်၏ ဓားသိုင်းကို မုချ တွေ့မြင်ရပေလိမ့်

မည်။

အခြေအနေကို သဘောပေါက်သွားသော်လည်း ရီချန်းသည် အကြီးအကျယ် ခံရခက်နေတော့သည်။ ဟန်ဆန်းဂိုဏ်း၏လေသံအရ မိမိတို့ချင်းချန်ဂိုဏ်းသည် သားသတ်သမား၏ ခါးအောက်၌ လည်စင်းပေးနေရသည့် သိုးငယ်ကလေးများပမာ ဖြစ်နေသည်။ မိမိတို့အားလုံး အသတ်ခံရမည့် အချိန်ကို စောင့်ဆိုင်းနေရသလို ဖြစ်နေတော့သည်။

ရီချန်းမှာ တွေးရင်းဖြင့် ပို၍ ဒေါသထွက်လာတော့သည်။ ဟန်ဆန်းဂိုဏ်းသားများအား ပြန်လည်ဆဲဆိုရန် ဟန်ပြင်လိုက်သေးသည်။ မဆဲဖြစ်ရန် သူ့ကိုယ်သူ ကြိုးစားပမ်းစား ပြန်လည် ထိန်းချုပ်လိုက်ရသည်။

မရယ်ချင့် ရယ်ချင်ဖြင့် 'ဟင့်' ကနဲ တစ်ချက်ရယ်လိုက်ကာ စားပွဲပေါ်မှ ရေနွေးကရားကို ကောက်ယူပြီး ငှဲ့လိုက်သည်။ ဤတွင် ရီချန်းတစ်ယောက် မျက်နှာ ပျက်သွားတော့သည်။

အဘယ်ကြောင့်ဆိုသော် ကရားကို ကိုင်ထားသည့် သူ့လက်များ တုန်နေသောကြောင့်တည်း။ လင်မိန်ကျက်ရောက်လာစဉ်က သူ့အနေဖြင့် လုံးဝမတုန်လှုပ်ချေ။ ယခုမှ အဘယ်သို့ ဖြစ်ရလေသနည်း။ သူ့ကိုယ်သူ ပြန်မေးလိုက်သည်။

"ငါ့လက်က ဘာဖြစ်လို့ ဒီလောက် တုန်နေရတာလဲ"

ရီချန်းက သူ့လက်များ မတုန်စေရန် အားတင်း၍ ထိန်းချုပ်လိုက်သည်။ သို့သော် မရချေ။ တုန်မြဲ တုန်နေသည်သာ။

ချင်းချန်ဂိုဏ်းသားများက သူတို့ဆရာ တစ်ယောက် လွန်စွာဒေါသထွက်နေသဖြင့် ဤကဲ့သို့ တုန်လှုပ်နေသည်ဟု မှတ်ထင်နေကြသည်။

တကယ့်တကယ်တွင်မူ ရီချန်းသည် သူ့စိတ်ဓာတ်အမှန်ကို သိလိုက်သည်။ သူကြောက်နေသည်။ သူအလွန်ကြောက်နေသည်။

စောစောပိုင်းက လင်မိန်ကျက် ထုတ်သုံးလိုက်သည့် ဓားကွက်မျိုးကို သူ့အနေဖြင့် လုံးဝ မကာကွယ်နိုင်ချေ။ ... မခုခံမကာကွယ်နိုင်သူအတွက် မည်သည့်လမ်း ရှိပါတော့မည်နည်း။ သေခြင်းမှလွဲ၍ အခြားလမ်း မရှိ။

ထိုအချိန်တွင် သူ၏မြင်းလှည်းထဲသို့ လင့်ဟူချုံးတစ်ယောက် ပြန်ဝင်ထိုင်နေလိုက်သည်။ သူကလည်း စောစောတုန်းက လင်မိန်ကျက် ထုတ်သုံးလိုက်သော ဓားကွက်ကို ပြန်လည်သုံးသပ်နေမိသည်။

လွန်ခဲ့ပြီးသောရက်များက မဟူရာတောင်ကုန်းပေါ်မှ တိုက်ပွဲသို့ လင့်ဟူချုံး၏အတွေးများ ပြန်လည်ရောက်ရှိသွားသည်။ 'နှစ်ပေါင်းတစ်ရာအတွင်း အတော်ဆုံး သိုင်းသမား' ဟု နာမည်ရသူ နေမင်းသခင်ဂိုဏ်းချုပ် တုံးဖန်းပုသည် လက်ထဲတွင် ပန်းထိုးအပ်ချောင်းလေး တစ်ချောင်းကိုသာကိုင်ပြီး သိုင်းလောက၏ ထိပ်ဆုံးဟု ဆိုနိုင်လောက်သော ထိပ်သီး သိုင်းသမား လေးယောက်ကို ယှဉ်ပြိုင်တိုက်ခိုက်ခဲ့သည်။

တုံးဖန်းပုနှင့် တိုက်ခိုက်သမျှသော လေးယောက်စလုံး ရှိရှိသမျှစွမ်းအားကို ညှစ်ထုတ်၍ ကြောက်လန့်တကြား ခုခံတိုက်ခိုက်ခဲ့ရသည်။

သေချာစွာ စဉ်းစားကြည့်သောအခါ တုံးဖန်းပု၏အတွင်းအား လွန်စွာကောင်းလှသည်မဟုတ်ကြောင်း သတိထားမိလာသည်။ သူ၏သိုင်းကွက်မှာ ထူးဆန်းလှပြီး ထိရောက်မှုရှိသည်။ သူ၏လှုပ်ရှားမှုများမှာ ကြောက်မက်ဖွယ်ရာ မြန်ဆန်လွန်းလှသောကြောင့် လင့်ဟူချုံးတို့လေးယောက်စလုံး အသေအကြေ ခုခံရခြင်းဖြစ်ပေသည်။

ကောင်းဆန်းတောင်ထိပ်တွင် ရီချန်းကို လင်မိန်ကျက်က ချုပ်ကိုင်စဉ်က အသုံးပြုလိုက်သော သိုင်းကွက်နှင့် ယခုလတ်တလောတွင် လင်မိန်ကျက်က ချင်းချန်ဂိုဏ်းသားကို ထိုးသတ်ခဲ့သော သိုင်းကွက်များမှာ တုံးဖန်းပု၏ သိုင်းကွက်များနှင့် အတော်ကလေး ဆင်တူနေသည်။

ထို့အပြင် တောင်ငါးလုံးဂိုဏ်းချုပ် ရွေးပွဲတွင် ကျိုလင်ထန်၏မျက်လုံးများကို ရက်ပုချွန် ထိုးဖောက်လိုက်စဉ်ကလည်း ဤသိုင်းကွက်မျိုးကို အသုံးပြု၍ ထိုးဖောက်လိုက်ခြင်းပင်ဖြစ်သည်။

ဤသိုင်းကွက်အားလုံးသည် ဘီလူးမီးဓားသိုင်းကွက် ဖြစ်နေလေရော့သလား။

ယင်းသို့ စဉ်းစားလိုက်မိသောအခါ လင့်ဟူချုံးတစ်ယောက် သံဝေဂရစွာဖြင့် ရေရွတ်လိုက်မိသည်။

"ဩော် ... ဘီလူးမီး .. ဘီလူးမီး ... ဒီသိုင်းပညာက နာမည်နဲ့လိုက်အောင် ဒုက္ခပေးတဲ့ သိုင်းပညာပါလား"

ထိုစဉ် လင်းလင်းက အနားသို့ရောက်လာသည်နှင့် လင့်ဟူချုံးတစ်ယောက် တစ်တွတ်တွတ် ရေရွတ်နေသည်ကို မြင်သွားတော့၏။

"အစ်ကို ... ဘာတွေ စဉ်းစားပြီး ... ဘာတွေရွတ်နေတာလဲ"

စောစောက ဘီလူးမီးဓားသိုင်းနှင့် ပတ်သက်ပြီး သူစဉ်းစားမိသမျှကို လင့်ဟူချုံးက ပြောပြလိုက်သည်။ ထိုအခါ

လင်းလင်းက

“ဟုတ်မယ် ... နေကြာပန်းသိုင်းပေါင်းချုပ်နဲ့ ဘီလူးမီးဓားသိုင်းဟာ အတူတူပဲဖြစ်ရမယ်။ ဒါကြောင့် တုံးဖန်းပုနဲ့ ရက်ပုချွန်တို့ရဲ့ သိုင်းကွက်တွေဟာ အတူတူပဲ ဖြစ်နေတာ”

လင့်ဟူချုံးက ခေါင်းညိတ် သဘောတူလိုက်သည်။ လင်းလင်းက သူမ သတိပြုလိုက်မိသော အချက်တစ်ချက်ကို ပြောလိုက်ပြန်သည်။

“အစ်ကို တစ်ခု သတိထားမိလား”

“ဘာလဲ လင်းလင်း”

“လင်မိန်ကျက်ရဲ့ အဝတ်အစားတွေက သိပ်ပြီး တောက်ပြောင်နေသလိုပဲ”

ထိုစကားကို ပြောပြီးသည်နှင့် လင်းလင်းက လင့်ဟူချုံးအပါးမှ ထွက်ခွာသွားတော့၏။ လင့်ဟူချုံးက အံ့သြသွားသည်။ စိတ်ထဲမှ ...

“မိန်းကလေးတွေ သတိထားမိတာက အဝတ်အစားပါလား။ လင်းလင်း ပြောသွားတာကိုပဲကြည့် ... ‘လင်မိန်ကျက်ရဲ့ အဝတ်အစားတွေက သိပ်ပြီး တောက်ပြောင်နေသလိုပဲ’ တဲ့ ... ဒါက ဘာသဘောလဲ။ ဘာများ ဆန်းကြယ်လို့လဲ ... လင်မိန်ကျက်ဟာ သတို့သား အသစ်ကျပ်ချွတ်လေးပဲ။ ဒီတော့ ဒီလို တောက်တောက်ပြောင်ပြောင် အဝတ်အစားတွေ ဝတ်တာ ဘာဆန်းလို့လဲ ... မိန်းကလေးတွေများ သိပ်ရယ်စရာကောင်းတာပဲ။ သူတို့စိတ်ထဲမှာ သူများရဲ့ အဝတ်အစားကို ဘယ်လိုအချိန်ပဲ ဖြစ်ဖြစ် သတိထားမိကြတယ်”

လင့်ဟူချုံးသည် မြင်းလှည်းပေါ်တွင်သာ အိပ်စက်လိုက်သည်။ ဘီလူးမီးဓားသိုင်းက နှိပ်စက်နေသဖြင့် တော်တော်နှင့် အိပ်မပျော်။ ညနက်ပိုင်းမှ မှေးကနဲ အိပ်ပျော်သွားတော့သည်။

မည်မျှအထိ အိပ်ပျော်နေသည်မသိ။ ညည့်နက်ပိုင်းသို့ ရောက်ရှိလာသောအခါ အဝေးမှ မြင်းခွာသံများကို ကြားလိုက်ရသဖြင့် လင့်ဟူချုံးနိုးလာသည်။ အသေအချာ နားစိုက်ထောင်လိုက်သောအခါ မြင်းနှစ်စီး ပြေးလာခြင်းဖြစ်ကြောင်း ကောင်းစွာ ခန့်မှန်းနိုင်သည်။ အိပ်နေရာမှ လင့်ဟူချုံး ထထိုင်လိုက်မိတော့၏။

ကြက်အိပ်ကြက်နိုး နေကြသဖြင့် ဟန်ဆန်းဂိုဏ်းသားများရော၊ ချင်းချန်ဂိုဏ်းသားများပါ ချက်ချင်းနိုးလာကြသည်။

ဟန်ဆန်းဂိုဏ်းသားများက ခုနစ်ယောက်တစ်ဖွဲ့ အုပ်စုသိုင်းကွက်ခင်းကာ စောင့်နေကြသည်။ ချင်းချန်ဂိုဏ်းသားများကမူ ပျာယာခတ် နေကြတော့သည်။

မကြာမီပင် မြင်းနှစ်စီးက သူတို့ရှိရာသို့ ရောက်လာတော့သည်။ လင်မိန်ကျက်တို့ လင်မယား နှစ်ယောက်ပင် ဖြစ်ချေတော့သည်။ လင်မိန်ကျက်က အော်၍ ...

“ရီချန်း .... ခင်ဗျားက ကျုပ်တို့မျိုးရိုးပိုင် ဓားသိုင်းကိုလိုချင်တော့ ... ကျုပ်တို့ရဲ့ အာမခံဌာနက လူတွေကို ကြက်ကလေး၊ ငှက်ကလေးတွေလို သတ်ခဲ့တယ်။ ဒါတင်မက ကျုပ်မိဘတွေကိုပါ ရက်ရက်စက်စက် သတ်လိုက်သေးတယ်။ ... ဒီတော့က ... ကျုပ် တစ်ခု စဉ်းစားလာတယ်။ ခင်ဗျား လိုချင်တဲ့ ကျုပ်တို့မျိုးရိုးပိုင် ဓားသိုင်းကို ခင်ဗျား သေချာ မြင်ရအောင် တစ်ကွက်ချင်း ကစားပြမယ်လို့ .. ကဲ .. သေသေချာချာ ကြည့်နော်”

ပြောပြောဆိုဆိုနှင့် လင်မိန်ကျက်သည် မြင်းပေါ်မှ ခုန်ဆင်းလိုက်သည်။

လင့်ဟူချုံးက လင်မိန်ကျက်အား အကဲခတ်လိုက်သည်။ လင်းလင်း ပြောချင်စရာပင် ... လင်မိန်ကျက်၏ အဝတ်အစားများမှာ လွန်လွန်ကဲကဲ တောက်ပြောင်နေသည်။ ပန်းပွင့်များနှင့် အလှအပများ စီခြယ်ထားသေးသည်။ ခါးတွင်လည်း ရွှေရောင်တဝင်းဝင်း တောက်နေသော ခါးပတ်တစ်ခုကို ပတ်စည်းထားသည်။

လင့်ဟူချုံးစိတ်ထဲတွင် ...

“အရင်တုန်းက လင်မိန်ကျက်နဲ့ အခု လင်မိန်ကျက်က ကွာခြားလှချေလား။ လင်မိန်ကျက်ဆိုတာ အနေအထိုင်၊ အပြောအဆို၊ အဝတ်အစား၊ အရမ်းရိုးတာပါ။ အခုတော့ ဘယ်လို ဖြစ်သွားတာလဲ မသိဘူး။ သတို့သား ဖြစ်သွားလို့လားပဲ မသိ”

ရီချန်းသည် ယခုတစ်ကြိမ်တွင်တော့ လူပါးလူနပ် ဖြစ်သွားချေပြီ။ တစ်ခါသေဖူး၊ ပျဉ်ဖိုးနားလည်ဆိုသော စကားအရ လင်မိန်ကျက်ကို အနားသို့ အကပ်မခံတော့ချေ။ ရီချန်း လက်ဟေ့ယမ်း ပြလိုက်သည်နှင့် ချင်းချန်ဂိုဏ်းသားလေးယောက်တို့က ဓားကိုယ်စီ ကိုင်ဆောင်ကာ ရှေ့နောက် ဘေးဘယ်ယာမှ ညှပ်ပူးညှပ်ပိတ် တိုက်ခိုက်တော့သည်။

လင်မိန်ကျက်သည် သူ၏လက်နှစ်ဖက်ကို လျင်မြန်စွာ လှုပ်ရှားလိုက်သည်။ ပထမတစ်ချက်တွင် သူက ဘေးဘက်မှ ရန်သူနှစ်ယောက်၏ လက်နှစ်ဖက်ကို တွန်းလွှတ်လိုက်သည်။ ချက်ချင်းလိုလိုပင် အခြားရန်သူ နှစ်ယောက်ကိုလည်း

တွန်းလိုက်ပြန်၏။

စူးစူးဝါးဝါး အော်လိုက်သည့် ရန်သူလေးယောက်၏ အသံကို ကြားလိုက်ရသည်။ ထို့နောက် ရန်သူနှစ်ယောက်မှာ ရှေးဦးစွာ လဲကျသွား၏။ ထိုလူနှစ်ယောက်သည် လင်မိန်ကျက်၏ ဓားချက် မိသွားခြင်း မဟုတ်ချေ။ လင်မိန်ကျက်က လက်ဖြင့် တွန်းလိုက်ခြင်းကြောင့် သူတို့၏ ဓားများက သူတို့၏ ချက်အောက်ကို ပြန်ထိုးမိသွားကြခြင်း ဖြစ်တော့၏။

လင်မိန်ကျက်ထံမှ အော်ဟစ် ပြောကြားသံ ထွက်လာပြန်၏။

"ဒါက ဒုတိယနဲ့ တတိယ အကွက်တွေပဲ။ သေသေချာချာ ကြည့်ထားနော်"

စကားဆုံးသည်နှင့် သူက မြင်းပေါ်သို့ လွှားကနဲခုန်တက်လိုက်ကာ ဒုန်းစိုင်း ပြေးထွက်သွား လေတော့သည်။ ချင်းချန်ဂိုဏ်းသားများမှာ ငေးကြောင်ရပ်နေမိကြရာ လင်မိန်ကျက်နောက်မှ ပြေးလိုက်ရန်ကိုပင် သတိမရပဲ ဖြစ်နေတော့၏။

အစောပိုင်းက လင်မိန်ကျက်အား ဝိုင်းဝန်းတိုက်ခိုက်ကြသည့် ချင်းချန်ဂိုဏ်းသားလေးယောက်အနက် နှစ်ယောက်မှာ မတ်တပ်ရပ်လျက်ပင် ရှိနေသေး၏။ သို့သော် မလှုပ်မရှား၊ စကားလည်း မပြောနိုင်ကြချေ။ အသေအချာ ကြည့်လိုက်သော အခါမှ သူတို့ နှစ်ယောက်မှာ မတ်တပ်ရပ်လျက် အသက်ထွက်နေသည်ကို ထိတ်လန့်စဖွယ် တွေ့ရှိကြတော့သည်။

ထူးခြားဆန်းကြယ်လှသော သေပုံသေနည်းပင် ဖြစ်တော့၏။ နှစ်ယောက်သား မျက်နှာချင်းဆိုင် ရပ်နေကြရာ တစ်ယောက်၏ ဓားသည် အခြားတစ်ယောက်၏ ဝမ်းဗိုက်အတွင်းသို့ ထိုးစိုက်ထားကြသည်။ နှစ်ယောက်စလုံး အသက် မရှိ တော့သော်လည်း ဓားများက မြဲမြံစွာ ထိုးဝင်နေကြသဖြင့် ခန္ဓာကိုယ်နှစ်ခုမှာ လဲကျမသွားခြင်း ဖြစ်တော့၏။

လင်မိန်ကျက်၏ တိုက်ကွက်ကို လင့်ဟူချုံးက ကောင်းစွာ တွေ့မြင်လိုက်ရသည်။ သူ့စိတ်ထဲမှ လင်မိန်ကျက်ကို ကျိတ်၍ ချီးကျူးလိုက်သည်။

ပတ်ဝန်းကျင် လောကကြီးတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေသည်။ လရောင်အောက်တွင် အလောင်းကောင် လေးခုအကြား၌ ချင်းချန်ဂိုဏ်းချုပ်ကြီးရီချန်းသည် သွေးပျက်ကာ ငေးကြောင်ကြောင်ရပ်နေမိတော့၏။ ချင်းချန်ဂိုဏ်းသား များသည် ရီချန်းနှင့် မလှမ်းမကမ်းတွင် ရပ်နေကြသည်။ မည်သူမျှ စကားမပြောရဲကြချေ။

အတန်ကြာသောအခါမှ ဂိုဏ်းသားများသည် တိတ်ဆိတ်စွာဖြင့် ကိုယ့်နေရာကိုယ် ပြန်သွားကြတော့သည်။ ရီချန်းမှာမူ အလောင်းများကြားတွင် ရပ်၍ ငေးမော ကျန်နေရစ်သည်။

ဤသို့ရပ်နေရရှာသော ရီချန်းကို လင့်ဟူချုံး သနားသွားသည်။ ဤချင်းချန်ဂိုဏ်းချုပ်ကြီးသည် တစ်ချိန်က အလွန် မောက်မာခဲ့သူဖြစ်၏။ ယခုတော့ သူ့အနေဖြင့် မည်သို့မျှ မတတ်နိုင်တော့ပေ။ သူတတ်ကျွမ်းထားသော သိုင်းပညာဖြင့် သူ့တပည့်များကို မကာကွယ်နိုင်ပဲ ဖြစ်ခဲ့ရချေပြီ။ သူ့တပည့်များ၏ အသက်ကိုမပြောနှင့်၊ သူ့အသက်ကိုပင် မကာကွယ် နိုင်ပဲ ဖြစ်နေခဲ့ရပြီ။ ယခုအချိန်တွင် သူ့အနေဖြင့် သေခြင်းတရားကို ထိုင်စောင့်နေရုံမှလွဲ၍ အခြားမရှိတော့ပြီ။

နောက်တစ်နေ့ နံနက်တွင် ချင်းချန်ဂိုဏ်းသားများ ခရီးဆက်ကြ၏။ ဟန်ဆန်းဂိုဏ်းသားများသည် နောက်ဖက် မလှမ်းမကမ်းမှ ခပ်ခွာခွာလေး လိုက်ပါလာကြသည်။

နေ့လည် မွန်းတည့်သောအခါ ရွာကြီးတစ်ရွာသို့ ဆိုက်ရောက်လာကြသည်။ နှစ်ဂိုဏ်းစလုံး ထိုရွာကြီးထဲသို့ ဝင်ကာ စားသောက်ကြသည်။ ချင်းချန်ဂိုဏ်းသားများသည် မနေ့က မည်သို့မျှ မဖြစ်ပျက်ခဲ့သည့်အလား အစားအသောက်များကို အားရပါးရ စားသောက်ကြသည်။

ထို့နောက် ခရီးဆက်ထွက်ကြသည်။ ညနေစောင်းသောအခါ မြစ်ကြီး တစ်စင်းသို့ ရောက်ရှိလာကြသည်။ သူတို့သည် မြစ်ရိုးတစ်လျှောက် ခရီးဆက်ကြပြန်သည်။ ထိုအချိန်တွင် လင်မိန်ကျက်တို့ လင်မယားနှစ်ယောက် ရောက်ရှိလာကြတော့ ၏။ လိန်လိန်က အနီးသို့ရောက်သည်နှင့် သူမ၏ မြင်းဇက်ကြိုးကိုဆွဲကာ တုံ့ကနဲ ရပ်လိုက်သည်။

ရီချန်းသည် လက်ဝှေ့ယမ်း၍ အချက်ပေးလိုက်ရာ ချင်းချန်ဂိုဏ်းသားများသည် တောင်ဖက်သို့ ထွက်ပြေးသွားကြ လေတော့၏။ ရီချန်းကမူ နောက်မှပြေးလိုက်သည်။ လင်မိန်ကျက်က ထိုအခြင်းအရာကို ကြည့်၍ တဟားဟား အော်ရယ် ကာ ........

"ရီချန်း .. ဂျပုကြီး၊ ခင်ဗျား ကျုပ်လက်က ခင်ဗျား ဘယ်လိုလုပ်ပြီး ပြေးလွတ်မှာလဲ"

အော်ဟစ်ရယ်မောရင်း လင်မိန်ကျက်က မြင်းနှင့် လိုက်တော့၏။

ထိုစဉ် ရီချန်းသည် ခြေလှမ်းများကို တုံ့ကနဲရပ်တန့်လိုက်ပြီး နောက်ဖက်သို့လှည့်၍ တိုက်ခိုက်လိုက် လေတော့သည်။ လင်မိန်ကျက်မှာ အလွန်အံ့အားသင့် သွားတော့၏။ ရီချန်းက ထိုသို့ တိုက်ခိုက်လာလိမ့်မည်ဟု သူက လုံးဝ မထင်မှတ်ခဲ့ချေ။ သူ့အနေဖြင့် မြင်းပေါ်မှ မဆင်းနိုင်တော့ပဲ ဓားကို ကမန်းကတန်း ဆွဲထုတ်၍ ခုခံတိုက်ခိုက်ရတော့၏။

ရီချန်း၏ ဓားချက်များမှာ လွန်စွာ ကြောက်မက်ဖွယ် ကောင်းလှ၏။ ဓားကွက်များသည် တစ်ချက်ထက်တစ်ချက် ပို၍ မြန်လာသည်။ သူ့အသက်မှာ ငယ်လှသည် မဟုတ်တော့။ အသက်ခြောက်ဆယ်ခန့်ပင် ရှိနေလောက်ပြီ။ သို့သော် သူ၏ ဓားချက်များမှာ လူငယ်တစ်ယောက် ထိုးခုတ်နေသကဲ့သို့ အလွန်ပြင်းထန်လှပြီး လျင်မြန်လှ၏။

ကျန်သော ချင်းချန်ဂိုဏ်းသားရှစ်ယောက်တို့မှာ ဓားများကို ကိုယ်စီကိုင်စွဲကာ လင်မိန်ကျက်၏ မြင်းဘေးပတ်လည်တွင် ဝိုင်းထားလိုက်ကြ၏။ သူတို့က လင်မိန်ကျက်တစ်ယောက် မြင်းပေါ်မှ မဆင်းနိုင်အောင် တားဆီးထားခြင်းဖြစ်၏။

ထိုအခြင်းအရာကို ကြည့်၍ လင့်ဟူချုံး စိတ်ထဲမှ ...

"ရီချန်းဟာ အတွေ့အကြုံ တကယ်ရင့်ကျက်တဲ့လူပဲ။ လင်မိန်ကျက်ရဲ့ဓားသိုင်း သိပ်ကောင်းနေတာကို ကောင်းကောင်းသိတယ်။ ... ဒီလိုနည်းနဲ့တိုက်ဖို့ အကွက်ထွင်နိုင်တာကိုက သူ့ကို ချီးကျူးဖို့ကောင်းနေပြီ။ ဒီလိုနည်းနဲ့သာ မတိုက်ရင် လင်မိန်ကျက်ကို သူ ဘယ်လိုမှ ယှဉ်နိုင်မှာ မဟုတ်ဘူး"

မည်သို့ပင် ဖြစ်စေ။ လင်မိန်ကျက်သည် ရီချန်း၏ တိုက်ခိုက်မှုကို မြင်းပေါ်မှ ကောင်းစွာ ခုခံနေနိုင်သည်။

လင့်ဟူချုံးက လိန်လိန်ရှိရာသို့ လှမ်းကြည့်လိုက်သည်။ ဤတွင် လင့်ဟူချုံးတစ်ယောက် တုန်လှုပ်ခြောက်ခြား သွားရတော့သည်။

ချင်းချန်ဂိုဏ်းသား ခြောက်ယောက်တို့က လိန်လိန့်ကို ဝိုင်း၍ တိုက်ခိုက်နေကြသည်။ လိန်လိန်မှာ တဖြည်းဖြည်းနှင့် မြစ်ကမ်းစပ်သို့ ဆုတ်ခွာနေရသည်။ သူမသည် ရန်သူတစ်ယောက်၏ လက်မောင်းကို ခုတ်ဖြတ်နိုင်ခဲ့သော်လည်း ခံစစ်မှ တိုက်စစ်သို့ မပြောင်းလဲ နိုင်ခဲ့ချေ။

ချင်းချန်ဂိုဏ်းသားများသည် သွေးဆာနေသော ဝံပုလွေများနှယ် အရူးအမူး တိုက်ခိုက်နေကြသဖြင့် လိန်လိန့်အဖို့ ပို၍ ဒုက္ခရောက်နေရသည်။ သူမက ကြောက်ရွံ့လာသည်နှင့်အမျှ အဆက်မပြတ် နောက်ဆုတ်နေရသည်။ နောက်ဆုံးတွင် သူမ၏ ခြေထောက်တစ်ဖက်ပင် ရေထဲသို့ ကျသွားလေပြီ။

လင့်ဟူချုံးက အလန့်တကြား အော်ဟစ်လိုက်၏။ ရီချန်း၏အကြံအစည်ကို လင့်ဟူချုံး ရိပ်မိလိုက်ချေပြီ။ ဤအကြံအစည်မှာ မဟူရာ တောင်ကုန်း၌ တုံးဖန်းပုအား မိမိတို့ အနိုင် တိုက်ခိုက်နိုင်ခဲ့သည့် နည်းလမ်းပင်တည်း။

ယင်းအချိန်က တုံးဖန်းပုအား စိတ်သောကရောက်စေရန် ရန်လင်အား လင်းလင်းက သွား၍နှိပ်စက်ခဲ့သည်။ ယင်း အချက်ကြောင့် တုံးဖန်းပု စိတ်ပျက်ပြားကာ သူတို့ အနိုင်ရခဲ့သည်။

ယခု ရီချန်းသည်လည်း ထိုနည်းလမ်းကို သုံးနေချေပြီ။ လင်မိန်ကျက်သည် သူ၏ဇနီး အသစ်စက်စက်လေး ဒုက္ခ ရောက်နေသည်ကိုတွေ့လျှင် ကယ်တင်ရန် မုချကြိုးပမ်းရမည်။ သို့ဆိုလျှင် မည်သို့မျှ စိတ်တည်ငြိမ်မည် မဟုတ်တော့ချေ။ ဤတွင် ရီချန်းအနေဖြင့် အခွင့်ကောင်း ရရှိပေမည်။

လင့်ဟူချုံးက လင်မိန်ကျက်ကို လှမ်းကြည့်လိုက်သည်။ လင်မိန်ကျက်မှာမူ တုံးဖန်းပုနှင့် လားလားကြီး ဆန့်ကျင်နေ သည်။ သူသည် ရီချန်းနှင့် တစ်ကွက်ချင်း ပြန်လှန် တိုက်ခိုက်နေသည်။ သူ့ဇနီးလေး၏ သေရေးရှင်ရေးကို လုံးဝဂရု မစိုက်ချေ။

လိန်လိန်ခမျာ ပို၍ အခြေအနေဆိုးလာသည်။

"လင်မိန်ကျက် ... ကျွန်မကို လာကူပါဦး"

လင်မိန်ကျက်သည် လိန်လိန်၏ အကူအညီ တောင်းသံကို ကြားလိုက်ရသောအခါ ပြန်လှန်၍ ...

"ဒီဂျပုကြီးက ဘီလူးမီးဓားသိုင်းကို သေချာကြည့်ချင်တယ်တဲ့။ ဒါကြောင့် ငါက သူ့ကို ကစားပြနေတာ။ သူ့ခမျာ ဒီဓားသိုင်းကို လိုချင်လို့ ကြိုးစားလိုက်ရတာ။ ငါတို့အာမခံဌာနက ပေးလိုက်ရတဲ့အသက်တွေ မနည်းဘူး။ ... ငါအခု ကစားပြတာကို မြင်ရမှ သူအသေဖြောင့်မှာမို့ သေသေချာချာ ကစားပြနေတာပါ"

ပြောပြောဆိုဆိုဖြင့် လင်မိန်ကျက်က ဓားကွက်များကို ဆက်တိုက်ထုတ်လိုက်ရာ ရီချန်းမှာ ပျာယာခတ်စွာဖြင့် ခုခံကာကွယ် နေရတော့သည်။

ဘီလူးမီးဓားသိုင်းမှာ အမှန်တကယ်ပင် ကောင်းလှချေသည်။ လင်မိန်ကျက်က မြင်းပေါ်တွင် ရှိနေသော်လည်း ရီချန်းမှာ ဘီလူးမီးဓားသိုင်းကွက်များကြားမှ လွတ်မြောက်အောင် မထွက်နိုင်ပဲဖြစ်နေသည်။ လင်မိန်ကျက်၏ ဓားကွက် များကြားတွင် ပိတ်မိနေသဖြင့် ဆုတ်ပြေးရန်ပင် မဖြစ်နိုင်တော့ပေ။

လင်မိန်ကျက်ကမူ ရီချန်းကို ချက်ချင်းအသေသတ်ရန် ရည်ရွယ်ဟန်မတူချေ။ ကြောင်က ကြွက်ကို ကစားသလို သူကလည်း ဓားကွက်များကိုသာ ကစားပြနေသည်။

လင့်ဟူချုံးအဖို့မှာ လင်မိန်ကျက်က လိန်လိန့် အသက်ဘေးအန္တရာယ် ကျရောက်နေသည်ကို ကာကွယ်ပေးရန်

ဂရုမထားပဲ လျစ်လျူရှုနေသည်ကို တွေ့ရသောအခါ ဒေါသထွက်လာတော့သည်။ ဒေါသထွက်ငြားသော်လည်း မည်သည့် စကားဖြင့် အော်ဟစ်ကြိမ်းမောင်း ရမည်ကိုလည်း မသိပဲဖြစ်နေတော့၏။

အစပထမက လင်မိန်ကျက်သည် ရီချန်း၏တိုက်စစ်ကြောင့် လိန်လိန်အား လာရောက် မကူညီနိုင်ခြင်း ဖြစ်သည်ဟု လင့်ဟူချုံး ထင်နေခဲ့သည်။ သို့ရာတွင် ယခု တွေ့လာရသည်မှာ လင်မိန်ကျက်က ရီချန်းကို အပေါ်စီးမှ တိုက်ခိုက်နေသည်။ သတ်ပစ်ချင်လျှင် သတ်ပစ်နိုင်သည့် အခြေအနေတွင် ရှိနေ၏။

ဤသို့အခြေအနေ ကောင်းနေပါလျက် အဘယ့်ကြောင့် လင်မိန်ကျက်က လိန်လိန်ကို သွားရောက် မကယ်တင်ရသနည်း။ လင့်ဟူချုံးသည် လင်မိန်ကျက်၏မျက်နှာကို အသေအချာ အကဲခတ်လိုက်သည်။ သူ့မျက်နှာတွင် ရက်စက်သော၊ နာကြည်းသော၊ ကျေနပ်အားရသော၊ အမူအရာများသည် ပြက်ပြက်ထင်ထင် ပေါ်ပေါက်လျက်ရှိသည်။

လိန်လိန့်ဆီမှ နောက်ထပ် အော်ခေါ်သံ ကြားလိုက်ရပြန်သည်။ ဤတစ်ခေါက်တွင် ကြောက်လန့်မှုများ ပါလာချေပြီ။ လင်မိန်ကျက်ကမူ ...

"လာမယ် ... လာမယ် ... နည်းနည်းလေး တောင့်ထားလိုက်ဦး .. ဘီလူးမီးဓားသိုင်းကို ကစားပြလို့ ပြီးသွားရင် မင်းဆီကို လာခဲ့မယ်"

လင့်ဟူချုံးမှာ လိန်လိန့်အတွက် အလွန်စိုးရိမ်နေချေပြီ။ သူ၌ ဒဏ်ရာရထားသဖြင့် ကိုယ်တိုင် ထွက်တိုက်ရန် မဖြစ်နိုင်ချေ။ ထို့ပြင်လည်း ဟန်ဆန်းဂိုဏ်းက မည်သည့်ဖက်ကမျှ မကူညီဟု စကားရှိထားသဖြင့် ဟန်ဆန်းဂိုဏ်းသားများကလည်း မကူညီနိုင်ပဲ ဖြစ်နေရသည်။

ထိုစဉ် လင်းလင်းက ရုတ်တရက် ခုန်ထွက်သွားပြီး အော်ဟစ်ပြောလိုက်သည်။

"ရှင်တို့ .... ဘယ်လိုလူတွေလဲ။ ကျွန်မစကားကို နားထောင်ကြစမ်း။ ကျွန်မဟာ နေမင်းသခင် ဂိုဏ်းချုပ်ကြီးရဲ့ သမီးပဲ။ ရှင်တို့လို ယောကျ်ားကြီးခြောက်ယောက်က မိန်းကလေး တစ်ယောက်တည်းကို ဝိုင်းတိုက်တာ တော်ရှော့သလား။ ဒီလို မတော်မတရား တိုက်ခိုက်တာမျိုးကို ကျွန်မတို့ နေမင်းသခင်ဂိုဏ်းက လက်ပိုက် မကြည့်နိုင်ဘူး"

လင်းလင်းထွက်၍ အကူအညီပေးသည်ကို မြင်လိုက်ရသောအခါမှ လင့်ဟူချုံးမှာ စိတ်သက်သာရာ ရသွားပြီး ပြန်ထိုင်ချ လိုက်နိုင်တော့သည်။

ချင်းချန်ဂိုဏ်းသားခြောက်ယောက်တို့က လင်းလင်းရောက်လာသည်ကို လုံးဝဂရုမစိုက်ပဲ လိန်လိန့်ကိုသာ ဝိုင်း၍ တိုက်ခိုက်နေကြသည်။

တစ်ချက်တွင် လိန်လိန်သည် ပခုံးတွင် ဓားတစ်ချက်ထိခံလိုက်ရပြီး နောက်သို့ ယိုင်သွားတော့သည်။ သူမ၏ စိတ်ထဲတွင် သည်တစ်ခါတော့ သေဖြစ်ပြီဟု တွက်လိုက်မိသည်။ လဲကျသွားသည့် အခိုက်အတန့်အတွင် လိန်လိန်သည် လင်မိန်ကျက်ကို လှမ်းကြည့်လိုက်သည်။ ရင်ထဲ၌ ကျင်ကနဲ ဖြစ်သွားတော့သည်။

အဘယ်ကြောင့်ဆိုသော် လင်မိန်ကျက်သည် ပြဇာတ်စင်ပေါ်မှ မင်းသမီး တစ်ယောက်နယ် ဟန်နှင့်ပန်နှင့် ရီချန်းအား ဓားသိုင်းကစားပြနေသည်။ လိန်လိန်သည် စိတ်ထိခိုက်လွန်းသဖြင့် မူးဝေကျမတတ် ဖြစ်သွားရ၏။

ယခုတော့ လိန်လိန့်အနေဖြင့် သက်သာရာ ရသွားချေပြီ။ လင်းလင်းက သူမဖက်မှ ကူညီတိုက်ခိုက် ပေးသောကြောင့် ဖြစ်၏။ ချင်းချန်ဂိုဏ်းသား ခြောက်ယောက်အနက် သုံးယောက် ကျသွားပြီး ကျန်သုံးယောက်က ပြန်ဆုတ်သွားကြသည်။ သူတို့နောက်သို့ လင်းလင်းက မလိုက်တော့ချေ။

ရေထဲ၌ လဲကျနေသော လိန်လိန်အား လင်းလင်းက ဆွဲထူပေးလိုက်၏။ လိန်လိန်၏တစ်ကိုယ်လုံး ရေများဖြင့် ရွဲနစ်နေတော့သည်။ သူမတို့ ကမ်းပေါ်တက်လာချိန်တွင် လင်မိန်ကျက်၏ စူးတူးတူး ရူတတ အသံကို ကြားလိုက်ရသည်။

"ဒါက ငါတို့မျိုးရိုးရဲ့ ဓားသိုင်းပဲ။ ဘီလူးမီးဓားသိုင်းလို့ ခေါ်တယ်။ ဘယ့်နယ့်လဲ ရီချန်း။ ခင်ဗျား လိုချင်တာ ဒီဓားသိုင်းလား။ ခင်ဗျား သေသေချာချာ မြင်ရဖို့ ကျုပ် ကစားပြနေတာနော်"

ပြောရင်းမှ လင်မိန်ကျက်က သူ၏ဓားကို နှစ်ချက်မျှလှုပ်ရှားလိုက်၏။ သူ၏နံဘေးတွင် ရပ်နေသော ချင်းချန်ဂိုဏ်းသား နှစ်ယောက်မှာ နဖူးတည့်တည့်တွင် ဓားထိုးခံလိုက်ရပြီး လဲကျသေဆုံးသွားတော့သည်။

လင်မိန်ကျက်သည် သူ့မြင်း၏ဇက်ကြိုးကို လှမ်းဆွဲကာ ဒုန်းစိုင်း ပြေးထွက် သွားပြန်တော့သည်။ ရီချန်းမှာ တစ်ကိုယ်လုံး အားပြတ်နေပြီဖြစ်၍ မလိုက်နိုင်တော့။ အကယ်၍ အားမပြတ်ပဲ ကြံ့ခိုင်စွာရှိနေပါကလည်း လိုက်ရဲလိမ့်မည် မဟုတ်ချေ။

သူ့အနေဖြင့် ယခုထိ အသက်ရှင်နေရခြင်းမှာ ကျားသနား၍ နွားချမ်းသာခဲ့ရခြင်း မဟုတ်ပါလား။ လင်မိန်ကျက် မသတ်ပဲ ထားခဲ့၍ ရီချန်းတစ်ယောက် အသက်ရှင်ခွင့် ရနေခြင်း ဖြစ်သည်။

လိန်လိန်ရှိရာသို့ လင်မိန်ကျက်သည် မြင်းကိုလှည့်ပတ်၍ စီးလာသည်။ လိန်လိန်၏မြင်းမှာ ချင်းချန်ဂိုဏ်းသားများ၏လက်ချက်ဖြင့် လဲကျသေဆုံးသွားခဲ့ပြီး ဖြစ်သည်။ လင်မိန်ကျက်က ...

"မြင်းပေါ်တက် .. ခရီးဆက်မယ်" ဟု မာဆတ်ဆတ် လေသံဖြင့် ပြောလိုက်သည်။ သူ့လေသံမှာ မည်သို့မျှ နားဝင်မချိုသော လေသံဖြစ်သည်။

လိန်လိန်မှာ ဒေါသထွက်လှသဖြင့် အသားများ တဆတ်ဆတ် တုန်လာသည်။ တတ်နိုင်လျှင် သေပစ်လိုက်ချင်သည်။ လင်မိန်ကျက် နောက်သို့ လိုက်ချင်သည့်စိတ် မရှိတော့။ အကြင်နာတရား ခေါင်းပါးလှသည့် လင်ယောကျ်ား တစ်ယောက် မဟုတ်ပါလား။

လိန်လိန်က လင်မိန်ကျက်အား ဒေါသရောင်ထွက်နေသော မျက်လုံးများဖြင့် စူးစိုက်ကြည့်လိုက်၏ အံကို တင်းတင်းကြိတ်ကာ .......

"ရှင့်ဖာသာ သွားပေတော့"

"မင်းကရော"

"ကျွန်မကို အရေးစိုက်စရာ မလိုဘူး"

လင်မိန်ကျက်သည် မည်သည့်စကားမျှ မပြောတော့ပဲ ဟန်ဆန်းဂိုဏ်းသားများဖက် တစ်ချက်မျှ ကြည့်လိုက်ကာ သရော်ပြုံးပြုံးလိုက်ပြီး သူတစ်ယောက်တည်း မြင်းစီး၍ ထွက်သွားလေတော့၏။

လင်းလင်းမှာမူ ကြားထဲမှ ပါးစပ်အဟောင်းသားဖြစ်၍ ကျန်ခဲ့တော့သည်။ လင်မိန်ကျက်သည် သူ့ဇနီး အသစ်စက်စက်လေးအား ဤမျှစိမ်းကားသော အပြုအမူ အပြောအဆိုများဖြင့် ဆက်ဆံလိမ့်မည် မဟုတ်ဟု ထင်မှတ်ထားခဲ့သည် မဟုတ်ပါလား။

လင်းလင်းက လိန်လိန်အား ...

"လိန်လိန် ... ရှင့်မှာ ဒဏ်ရာလည်း ရနေတယ်။ ပင်လည်း ပင်ပန်းနေတယ်။ ကျွန်မတို့ လှည်းဆီ လိုက်ပြီး အနားယူလိုက်ပါလား"

လိန်လိန်သည် လင်းလင်း၏ ကြင်နာသော စကားများကို ကြားလိုက်ရသောအခါ မျက်ရည်များ ဖိတ်လျှံကျလာတော့၏။ သူမက ရှိုက်သံလေးဖြင့် ...

"ရှင် ... ရှင် ... ရှင် ... ကျွန်မကို ဘာဖြစ်လို့ လာကယ်ရတာလဲ"

"ဟင့်အင်း ... ကျွန်မက လာကယ်တာ မဟုတ်ပါဘူး။ ရှင့် အစ်ကိုကြီးက ကျွန်မကို ကယ်ခိုင်းလိုက်လို့ လာတာပါ"

လိန်လိန်မှာ ရင်ထဲ ဆို့နစ်သွားတော့၏။ မျက်ရည်များသည် တာတမံ ပေါက်ကျသော ရေများသဖွယ် အထိန်းမရှိ စီးကျလာတော့၏။

လိန်လိန်က ... "ကျွန်မကို မြင်းတစ်စီးလောက် ပေးနိုင်မလားရှင်"

လင်းလင်းသည် ခေါင်းတစ်ချက် ညိတ်ပြလိုက်ကာ မြင်းတစ်ကောင် သွားဆွဲလာသည်။

လိန်လိန်သည် မြင်းကို လှမ်းယူလိုက်ပြီး ... "ရှင့်ကို အများကြီး ကျေးဇူးတင်ပါတယ်"

သူမက လင်းလင်းအား အလွန်ထူးဆန်းသောအကြည့်ဖြင့် အတန်ကြာ စိုက်ကြည့်လိုက်ပြီးမှ ..."ရှင် သိပ်ကံကောင်းတာပဲ"

လိန်လိန်သည် မြင်းပေါ်သို့ ခုန်တက်ကာ ဒုန်းစိုင်း စီးထွက်သွားတော့၏။ သူမ ဦးတည်ရာလမ်းမှာ လင်မိန်ကျက်နှင့် ဆန့်ကျင်ဖက်ဖြစ်၏။ သူမသည် ကောင်းဆန်းတောင်သို့ ပြန်သွားဟန်တူ၏။

ရီချန်းမှာ မျက်နှာ ဖြူဖတ်ဖြူရော်နှင့် လိန်လိန် ထွက်သွားရာဖက်သို့ ငေးမောကြည့်နေ၏။

"အင်း ... နောက်တစ်ရက်ဆိုရင် ဟိုခွေးကောင်က ငါ့ရဲ့ ကျန်တဲ့ ဂိုဏ်းသားလေးယောက်ကို လာသတ်မှာပဲ ... ဒီကောင်က ငါ့ကို ကောင်းကောင်းကြီး လက်စားချေနေတာ။ ငါ့ဂိုဏ်းသားအားလုံးကို သတ်ပြီး ငါ့ကို အထီးကျန်ဖြစ်အောင်လုပ်နေတာ။ ငါ့ဂိုဏ်းသားတွေ အားလုံးကုန်တော့မှ ငါ့ကို သတ်မှာ"

လင့်ဟူချုံးမှာ မြင်းလှည်းပေါ်တွင်ထိုင်၍ အခြေအနေအရပ်ရပ်ကို ကြည့်နေသူဖြစ်ရာ လိန်လိန်တစ်ယောက် အရှေ့ဖက်သို့ တစ်ယောက်တည်းထွက်သွားသည်ကို မြင်တွေ့လိုက်ရသည်။ သူ့စိတ်ထဲ၌ စိုးရိမ်သွားသည်။ "ညီမလေး ... ဒဏ်ရာလည်း ရထားတယ်။ နောက်ပြီးတော့ ... တစ်ယောက်တည်း။ သူဘာမှ မစဉ်းစားပါလား။ အန္တရာယ်နဲ့ တွေ့ရင် ဘယ့်နှယ် လုပ်မလဲ"

ထိုစဉ် မြင်းလှည်းဘေး၌ တစ်ချိန်လုံး ရပ်နေသော ရီလင်က ...

"လိန်လိန်က တခြားကိုသွားတာ မဟုတ်ပါဘူး။ ... ကောင်းဆန်းတောင်ကို ပြန်သွားတာပါ။ ဟိုမှာ သူ့အမေနဲ့ အဖေရှိနေတယ်။ အစ်ကိုကြီး ဘာမှ ပူမနေနဲ့။ လမ်းခရီးမှာ ဘာမှ မဖြစ်နိုင်ပါဘူး"

ထိုအခါ ကျမှ လင့်ဟူချုံးမှာ စိတ်သက်သာရာ ရသွားတော့သည်။ သူ့စိတ်ထဲတွင် ...

"ရီလင်ဟာ တကယ်တော်တာပဲ။ ငါဘာတွေ တွေးသလဲဆိုတာ သူကောင်းကောင်းသိတယ်"

ထိုည သူတို့ ထိုနေရာ၌ပင် စခန်းချလိုက်သည်။ နံနက်လင်းသည်နှင့် ဆက်၍ ခရီးထွက်လာကြရာ နေ့လည်မွန်းတည့်အချိန်တွင် စားသောက်ဆိုင်လေး တစ်ခုဆီသို့ ရောက်လာကြတော့၏။ လင့်ဟူချုံးမှာ တစ်ချိန်လုံးလိုလို မြင်းလှည်းထဲတွင် ထိုင်နေရသဖြင့် လွန်စွာ ပျင်းရိ ငြီးငွေ့လာသည်။

ဒဏ်ရာမှာလည်း သက်သာလာပြီဖြစ်၍ လင်းလင်းအား လှည်းပေါ်မှ ဆင်းလိုကြောင်း ပြောလိုက်သည်။ ဤတွင် ရီလင်နှင့် လင်းလင်းတို့က သူ့အား တစ်ဖက်တစ်ချက် တွဲကာ စားသောက်ဆိုင်ထဲ ခေါ်လာသည်။

လင်းလင်းက စားပွဲတစ်လုံးတွင် သက်တောင့်သက်သာ ထိုင်နိုင်ရန် ပြင်ဆင်ပေးသည်မို့ လင့်ဟူချုံးမှာ ထိုင်ခုံတွင် ထိုင်ကာ ခြေလက်ဆန့်တန်း လိုက်တော့သည်။

ရီချန်းတို့ကမူ ထိုဆိုင်လေးထဲသို့ စောစီးစွာ ရောက်နေခဲ့ကြလေသည်။ ရီချန်းမှာ စားပွဲတစ်လုံးတွင် တစ်ယောက်တည်းထိုင်ကာ တွေးတော ငေးမောနေသည်။

သူသေရတော့မည်ကို တွေးနေဟန်တူသည်။ ဟန်ဆန်းဂိုဏ်းသားများကို အရေးမစိုက်နိုင်တော့။ ဟန်ဆန်းဂိုဏ်းသားများရှေ့တွင် ဟန်ဆောင်၍လည်း မနေတော့ပေ။

သည်အချိန်တွင် အနောက်ဖက်မှ မြင်းတစ်ကောင် အပြင်းနှင်လာသည်ကို တွေ့လိုက်ရ၏။ မြင်းပေါ်တွင်ကား လှပပြောင်လက်စွာ ဝတ်ဆင်ထားသော လင်မိန်ကျက်။

လင်မိန်ကျက်ကို ချင်းချန်ဂိုဏ်းသားများက စောင်းငဲ့၍ပင် မကြည့်ကြချေ။ သူတို့ဖာသာ စားသောက်မြဲအတိုင်း စားသောက်နေကြသည်။ လင်မိန်ကျက်က အံ့သြသွားသည်။ ပြီးမှ သဘောပေါက်သွားဟန်ဖြင့် တဟားဟား ရယ်မောလေတော့၏။

"မင်းတို့တွေက ဒီတစ်ခါတော့ တယ်ပြီး ငြိမ်နေကြပါကလား ... အေးလေ ... မင်းတို့က ငါ့ကို စပြီး မတိုက်ခိုက်တော့လည်း ငါက စရတာပေါ့။"

စကားဆုံးသောအခါ သူသည် မြင်းပေါ်မှ ခုန်ဆင်းလိုက်၏။ လင်မိန်ကျက်သည် စားသောက်ဆိုင်အတွင်းသို့ ဝင်လာပြီး စားပွဲအလွတ်တစ်လုံးတွင် ဝင်ထိုင်လိုက်သည်။ သူ၏ဟန်ပန်မှာ ဇာတ်မင်းသမီး တစ်ယောက်၏ ဟန်ပန်မျိုးဖြစ်သည်။

ထို့အပြင် လူအားလုံးက ထူးထူးခြားခြား သတိပြုမိသော အချက်တစ်ချက်လည်း ရှိသေးသည်။ ယင်းမှာကား ဤစားသောက်ဆိုင်အတွင်းတွင် ရှိရှိသမျှ မည်သူ့ကိုမျှ လူမထင်ဟူသော လင်မိန်ကျက်၏ အမူအရာပင်တည်း။

လင်မိန်ကျက်က ထီမထင်သော အမူအရာ ဟန်ပန်နှင့် ဝင်ထိုင်လိုက်သည်နှင့် လင့်ဟူချုံးမှာ မအီမသာကြီး ဖြစ်သွားတော့၏။

ယင်းမှာ လင်မိန်ကျက်၏ အမူအရာကြောင့်ချည်း မဟုတ်ပါချေ။ လင်မိန်ကျက်ထံမှ ပြင်းထန်စူးရှလှသော အမွှေးနံ့ကို ရလိုက်သောကြောင့်ပင်တည်း။ လင်မိန်ကျက်သည် အဝတ်အစားများကိုသာ တောက်ပပြောင်လက်စွာ ဝတ်ဆင်ထားရုံမက၊ အမွှေးနံ့သာများကိုလည်း လွန်ကဲစွာ ဆွတ်ဖျန်းထားချေ သေးသည်တကား။

× × × × ×

## မဟာရန်ကြွေး

လင်မိန်ကျက်သည် ဇာတ်မင်းသမီး တစ်ယောက်၏ ဟန်ပန်မျိုးဖြင့် လက်ကိုင်ပုဝါကိုထုတ်ယူ၍ မျက်နှာကို သုတ်လိုက်သည်။

လင့်ဟူချုံးကတော့ လင်မိန်ကျက်ကို မသက်မသာကြီး ကြည့်နေမိ၏။

"အစ်ကိုကြီး .. နေကောင်းတယ်နော်" လင်မိန်ကျက်က မေးလိုက်သည်။

"ကောင်းပါတယ်"

လင်မိန်ကျက်သည် သူ၏ခေါင်းကို ရုတ်တရက်လှည့်ပြီး ရီချန်းရှိရာသို့ စောင်းငဲ့ကြည့်လိုက်ပြန်၏။ ချင်းချန်ဂိုဏ်းသားတစ်ယောက်က လက်ဖက်ရည်ကြမ်း တစ်ပန်းကန်ကို ရီချန်းအား ကမ်းပေးလိုက်သည်ကို တွေ့လိုက်ရသောအခါ ဒေါသထွက်သွားတော့သည်။ လင်မိန်ကျက်က ခက်ထန်စွာ အော်လိုက်သည်။

"ဟေ့ကောင် .. မင်းဟာ 'ရီလင်ဟောင်' ဆိုတဲ့ကောင် မဟုတ်လား။ ငါတို့ အာမခံဌာနကို လာတိုက်တဲ့ထဲမှာ မင်းလဲပါတယ်။ အဲဒီတုန်းကကောင်တွေကို ငါ့အသည်းမှာ စွဲစွဲမြဲမြဲကြီး မှတ်ထားတယ် .. ဘယ်တော့မှ မမေ့ဘူး"

ရီလင်ဟောင်က ရေနွေးအိုးကို အသာအယာ ပြန်ချပြီး မတ်တပ်ရပ်လိုက်သည်။ ဓားရိုးပေါ် လက်တင်လိုက်ပြီး ခြေလှမ်းနှစ် လှမ်းမျှ နောက်ဆုတ်၍ ပြန်မေးလိုက်သည်။

"ရီလင်ဟောင် ဆိုတာ ငါပဲ၊ မင်းက ဘာလုပ်ချင်သလဲ"

သူ၏ စကားလုံးများမှာ ခက်ထန်သော်ငြား၊ အသံကတော့ တုန်ယင်နေသည်။ မျက်နှာမှာလည်း စိမ်းပြာနေသည်။

လင်မိန်ကျက်က ပြုံး၍ ... "ဘယ်လို ဖြစ်နေတာလဲကွ။ မင်းဟာ ချင်းချန်ဂိုဏ်းရဲ့ တပည့်ကြီး လေးယောက်ထဲက နံပါတ်သုံးပဲဟာ။ ဘာဖြစ်လို့ သည်လောက်တောင် သူရဲဘောကြောင် နေတာလဲ။ စိတ်ကို ထိန်းပါ။ သိပ်ကြောက်ရင် အန္တရာယ် တွေ့တတ်တယ်"

ရီလင်ဟောင်၏မျက်နှာမှာ ပို၍စိမ်းပြာလာသည်။ သူက ဓားရိုးကို တင်းတင်းဆုပ်ထားသော်လည်း ဓားကို လုံးဝဆွဲမထုတ်ရဲပေ။

ထိုအခိုက်မှာပင် မြင်းနှစ်စီး ပြေးလွှားလာသံ ကြားလိုက်ရတော့၏။ ထိုမြင်းများသည် စားသောက်ဆိုင်ရှေ့ရောက်သောအခါ ရပ်တန့်သွားသည်။

လူအားလုံး လှည့်ကြည့်လိုက်မိသည်။ ဤတွင် ဟာကနဲ အာမေဋိတ်သံများ ထွက်ပေါ်လာသည်။

ရှေ့ဆုံးမှ ရောက်ရှိလာသူကား ကျောကုန်းတွင် ဘုကြီးတစ်လုံးနှင့် ခါးကုန်းကြီးဖြစ်သည်။ 'မြောက်ပိုင်း ကုလားအုပ်' မုကောင်းဖုန်းပင်တည်း။

သူ၏ နောက်ဖက်မှ မြင်းပေါ်တွင် ပါလာသူကား လိန်လိန်ပင်တည်း။ သို့သော် လွတ်လွတ်လပ်လပ်တော့ မဟုတ်။ သူမသည် နောက်ပြန်ကြိုး တုပ်နှောင်ခံထားရပြီး ကြိုးစကို မုကောင်းဖုန်းက ကိုင်ထားသည်။ လိန်လိန်ကို မုကောင်းဖုန်းက ဖမ်းဆီးခေါ်ဆောင်လာခြင်း ဖြစ်ကြောင်း မြင်ရုံဖြင့် သိသာနိုင်ပေသည်။

လင့်ဟူချုံးမှာ လိန်လိန့်အတွက် စိတ်လှုပ်ရှားမိသလို ဒေါသလည်း ထွက်လာသဖြင့် အော်ဟစ်ချင်လာသည်။ သို့သော် ချက်ချင်းပင် တစ်စုံတစ်ခုကို တွေးလိုက်မိသဖြင့် မအော်ဟစ်ဖြစ်တော့။ သူ့စိတ်ထဲမှ ...

"ဒီမှာ သူ့လင်ယောကျ်ား တစ်ယောက်လုံးရှိနေတာပဲ။ ငါက ဘာကိစ္စ ကြားထဲကဝင်ပြီး ပူပန်နေရမှာလဲ။ သူ့ယောကျ်ားက သူ့မယားကို ကယ်ရမှာပေါ့"

လင့်ဟူချုံးက လင်မိန်ကျက်အား လှမ်းကြည့်လိုက်သည်။ လင်မိန်ကျက်၏မျက်နှာမှာ ရွှေထုပ်ကောက်ရသူကဲ့သို့ ဝင်းပနေသည်။ သူ့အနေဖြင့် လုံးဝ မမျှော်လင့်ထားခဲ့သူ မုကောင်းဖုန်းကို တွေ့လိုက်ရသည် မဟုတ်ပါလား။

"အင်း .... ဒီနေ့ကတော့ တကယ့် နေ့ထူးနေ့မြတ်ပဲ။ ဘုရားမတာပဲ။ ငါ့မိဘ နှစ်ယောက်ကို သတ်ခဲ့တဲ့ ရန်သူတော်ကြီးတွေအားလုံးကို ဒီမှာ တစ်ခါတည်း လာဆုံရတယ်။ ငါ့အဖို့ အလုပ်နည်းသွားတယ်။ နို့မဟုတ်ရင် ဒီခါးကုန်းကြီးကို အချိန်ကုန်ခံပြီး လိုက်ရှာနေရဦးမှာ"

မုကောင်းဖုန်းကား လင်မိန်ကျက်ကို လုံးဝ မမှတ်မိချေ။

လွန်ခဲ့သော အတိတ်ကာလက ချုံဆန်းမြို့ရှိ လျိုကျက်ဖုန်း၏နေအိမ်၌ လင်မိန်ကျက်ကို တွေ့ခဲ့ဖူးသည်။ သို့သော်လည်း ထိုစဉ်က လင်မိန်ကျက်မျက်နှာမှာ ဆေးများသုတ်လိမ်းထားပြီး ကျောတွင်လည်း ဘုကြီးတစ်လုံးကို ထည့်သွင်း၍ ခါးကုန်းပမာ ဟန်ဆောင်ခဲ့သည်။

ယနေ့ ချောမောခံ့ညားလှသော လင်မိန်ကျက်နှင့် တခြားစီ ဖြစ်နေလေပြီ။ မုကောင်းဖုန်း အနေနှင့် မည်ကဲ့သို့ မှတ်မိနိုင်ပါတော့မည်နည်း။

မုကောင်းဖုန်း၏ အတွေးမှာ တစ်မျိုးဖြစ်နေသည်။ သူက ဤစားသောက်ဆိုင်ကလေးအတွင်း၌ ချင်းချန်ဂိုဏ်းသားများကို မမျှော်လင့်ပဲ တွေ့လိုက်ရသောအခါ စိတ်ထဲ၌ တုန်လှုပ်ချောက်ခြားသွားမိသည်။

သူ့အနေဖြင့် လိန်လိန့်ကို ဖမ်းမိလာခြင်းမှာ သူမ တစ်ယောက်တည်း ထွက်သွားခဲ့ ခြင်းကြောင့်သာဖြစ်သည်။

လိန်လိန်က သူမ၏မိဘများနှင့် တွေ့ဆုံရန် ကောင်းဆန်းတောင်သို့ ပြန်သွားခဲ့၏။ သို့သော် လမ်းခရီးတွင် မုကောင်းဖုန်းက သူမကို တွေ့သွားခဲ့၏။ မုကောင်းဖုန်းအဖို့ မှတ်ဆိတ်ပျားစွဲသွားခြင်း ဖြစ်တော့သည်။ သူ့အနေဖြင့် ရက်ပုချွန်က လင်ကျန်နန်တို့လင်မယားကို သူ့လက်ထဲမှ လုယူသွားသည်ဟု စိတ်ထဲတွင်တေးမှတ်ကာ မကျေမနပ် ဖြစ်ခဲ့၏။

နောက်ပိုင်းတွင် လင်မိန်ကျက်တစ်ယောက် ဝါဆန်းဂိုဏ်း၏သားမက် ဖြစ်သွားသည်ကိုလည်း သူကြားလိုက်ရသည်။ ယင်းတို့ကို ထောက်ထားခြင်းအားဖြင့် ဘီလူးမီးခဲသိုင်းသည် ရက်ပုချွန်၏ လက်ထဲသို့ ရောက်သွားပြီဟု သူက ကောက်ချက်ချ လိုက်တော့၏။

ယခု လိန်လိန်မှာ အဖော်မပါ တစ်ယောက်တည်းဖြစ်နေရုံသာမက ဒဏ်ရာလည်း ရထားသောအခါ မုကောင်းဖုန်းက လက်လွတ်မခံတော့။ လိန်လိန်မှာ အပြင်းအထန် ကြိုးစားခုခံ ပါသော်လည်း အားမတန်သဖြင့် နောက်ဆုံး အဖမ်းခံလိုက်ရတော့သည်။

မုကောင်းဖုန်း၏ အကြံအစည်မှာ လိန်လိန်ကို တစ်နေရာ၌ဝှက်ထားပြီး ရက်ပုချွန်ထံမှ ဘီလူးမီးခဲသိုင်းကို တောင်းယူရန်ဖြစ်သည်။ လိန်လိန်၏အသက်နှင့် ဘီလူးမီးခဲသိုင်းကို လဲလှယ်ရန်ဖြစ်သည်။ သို့သော် မမျှော်လင့်ပဲ သိုင်းလောကသားများနှင့် တွေ့လိုက်ရသောအခါ သူ့အဖို့ မျက်နှာပူစရာ ဖြစ်သွားတော့၏။

မုကောင်းဖုန်း၏ ခြေလှမ်းများ တန့်သွားပြီး စဉ်းစားလိုက်သည်။ ပြီးနောက် ဤစားသောက်ဆိုင်တွင် မနားတော့ပဲ ခရီးဆက်ရန် ပြင်ဆင်တော့သည်။

ထိုစဉ် သူ့အား လင်မိန်ကျက်က လှမ်း၍ ပြောလိုက်သည်။

"မုကောင်းဖုန်း ... ဒီထဲက လူတစ်ယောက်က ပြောနေတယ်။ ခင်ဗျား သိုင်းပညာဟာ ထူးထူးခြားခြား မရှိဘူးတဲ့။ ရှိတဲ့ သိုင်းပညာလေးကလည်း မဖြစ်စလောက်လေးတဲ့"

မုကောင်းဖုန်းက အလွန်အံ့ဩသွားသည်။ ခြေလှမ်းများ ရပ်တန့်သွားကာ ပြန်လှည့်လိုက်သည်။

ဤစားသောက်ဆိုင်လေးအတွင်း မဝင်မီကပင် လင်မိန်ကျက်သည် စားပွဲတစ်လုံး၌ တစ်ယောက်တည်း ထိုင်နေသည်ကို သတိပြုမိပြီးဖြစ်သည်။ ထိုအချက်က ထိုလူသည်ဟန်ဆန်းဂိုဏ်းကလည်း မဟုတ်၊ ချင်းချန်ဂိုဏ်းသားလည်း မဟုတ်ကြောင်း ပြသနေသည်။

ယင်းသို့ဆိုလျှင် ထိုလူသည် မည်သည့်ဂိုဏ်းကတည်း။ မုကောင်းဖုန်း အနေဖြင့် မည်သို့မျှ ခွဲခြား၍မသိနိုင်ပဲ ဖြစ်နေ၏။

"မင်းက ဘယ်သူလဲ"

"ဟား .. ဟား .. ခင်ဗျားက ဘာဖြစ်လို့ ကျုပ်ကို မေးနေရတာလဲ။ ခင်ဗျားရဲ့ သိုင်းပညာက မဖြစ်စလောက်လေးလို့

ပြောတာ ကျုပ်မှ မဟုတ်တာ"

"မင်းပြောတာ မဟုတ်ရင် ဘယ်သူပြောတာလဲ"

လင်မိန်ကျက်သည် မုကောင်းဖုန်း၏ အမေးကို ချက်ချင်းပြန်မဖြေပေ။ သူ၏အိတ်ထဲသို့ လက်နှိုက်လိုက်၏။ သူ့လက်ပြန်ထုတ် လိုက်သောအခါ ခေါက်ယပ်တောင်ကလေးတစ်ချောင်း ပါလာသည်။ ထိုယပ်တောင်ကလေးကို သူက လှပစွာ ဖြန့်ကိုင်လိုက်ပြီး ရီချန်းရှိရာသို့ ညွှန်ပြလိုက်သည်။

"မုကောင်းဖုန်း ... ခင်ဗျား သူ့ကိုတော့ သိမယ်ထင်ပါတယ်။ သူက ချင်းချန်ဂိုဏ်းချုပ်ကြီး ရီချန်းပဲ။ သူက အကောင်းဆုံး ဓားသိုင်းပညာတစ်ခုကို တွေ့လိုက်ရသတဲ့။ ဘာတဲ့ 'ဘီလူးမီးဓားသိုင်း' ဆိုလားပဲ"

မုကောင်းဖုန်းသည် 'ဘီလူးမီးဓားသိုင်း' ဆိုသောအသံကို ကြားလိုက်ရသည်နှင့် စိတ်အားတက်သွားကာ ရီချန်းကို လှည့်ကြည့်လိုက်ပြန်သည်။ ရီချန်းမှာမူ လက်ဖက်ရည်ကြမ်း ပန်းကန်ကို ကိုင်၍ အဝေးသို့ ငေးမောနေသည်။

လင်မိန်ကျက်စကား မှန်မမှန်ကို မုကောင်းဖုန်း မသိနိုင်သေး။ သို့သော် သူ့အနေဖြင့် ဘီလူးမီးဓားသိုင်းနောက် လိုက်နေသူ ဖြစ်ရာ ယခုလို သဲလွန်စမျိုးကို လက်မလွှတ်နိုင်ပေ။ သူက ရီချန်းအား လှမ်းမေးလိုက်သည်။

"ရီချန်း၊ မင်း ... ဘီလူးမီးဓားသိုင်းကို တွေ့လိုက်ရတယ်ဆို .. ဟုတ်လား"

ထိုအခါကျမှ ရီချန်းက မုကောင်းဖုန်းရှိရာသို့ ခေါင်းလှည့်လာပြီး ...

"အေး ... ဟုတ်တယ်။ ငါတွေ့လိုက်ရတယ်။ အစအဆုံး ဓားကွက်တစ်ကွက်ချင်း တွေ့လိုက်ရတာပဲ"

မုကောင်းဖုန်းသည် စိတ်လှုပ်ရှားခြင်းကြီးစွာဖြင့် မြင်းပေါ်မှ ခုန်ဆင်းလိုက်တော့သည်။ ရီချန်း ထိုင်နေသော စားပွဲသို့ ခြေလှမ်းကျဲကြီးများဖြင့် လျှောက်သွားလိုက်သည်။

"ဒီဓားသိုင်းကို ဝါဆန်းဂိုဏ်းကရက်ပုချွန် ရသွားတယ်လို့ ကြားတာပဲ။ မင်းက ဘယ်နှယ် တွေ့လာရသလဲ။ ဘယ်မှာ တွေ့လာရတာလဲ"

"ငါက ဓားသိုင်းစာအုပ်ကို တွေ့တာ မဟုတ်ဘူး။ လူတစ်ယောက်က ကစားပြလို့ တွေ့တာပါ"

"သြော် .... ဒီလိုလား။ ငါက မင်းဘာကို တွေ့တာလဲတော့ သေချာမသိပါဘူး။ ဒါပေမယ့် တစ်ခုတော့ရှိတယ်။ ဘီလူးမီးဓားသိုင်းမှာ အတုနဲ့ အစစ်ရှိတယ်။ မင်္ဂလာ အာမခံဌာနကလူတွေက ဘီလူးမီးဓားသိုင်းအတုကြီး တတ်ထားကြတာ။ သူတို့ရဲ့ ဓားသိုင်းက သိပ်ရယ်စရာကောင်းတယ်။ အတုဆိုတော့ ဘယ်တန်ဖိုးရှိတော့မလဲ ... ဒါနဲ့ မင်းတွေ့တာ တော့ အစစ်ပေါ့နော်"

"အစစ်လား ... အတုလားတော့ .... ငါလည်း မသိဘူး။ ဒါပေမယ့် ငါတွေ့ခဲ့တဲ့ ဘီလူးမီးဓားသိုင်းကို ကစားပြတဲ့ လူကတော့ မင်္ဂလာ အာမခံဌာနက လူပဲ။ မင်းဖာသာ ချင့်ချိန်ကြည့်ပေါ့ကွာ"

"ဟား .. ဟား .. ဟား .. သိပ်ရယ်စရာ ကောင်းနေပါလား။ မင်းလို ဂိုဏ်းချုပ်ကြီး တစ်ယောက်ကတောင် ဓားသိုင်းအတုနဲ့ အစစ်ကို မခွဲခြားနိုင်ဘူးလားကွ။ ဟား ဟား ဟား"

"ဟုတ်တယ်။ ကျုပ်ကတော့ မခွဲခြားတတ်ဘူးကွာ။ မင်းကတော့ ခွဲခြားနိုင်မှာပေါ့လေ။ မင်းလို တော်ပြီးသား လူအဖို့တော့ လူတစ်ယောက် လက်လှုပ်လိုက်တာနဲ့ ဘာဓားသိုင်းဆိုတာ ခွဲခြား သိနိုင်မှာပါ"

ဤတွင် မုကောင်းဖုန်းတစ်ယောက် တွေဝေ သွားတော့၏။

ချင်းချန်ဂိုဏ်းချုပ် ရီချန်းဆိုသည်မှာ ပေါ့သေးသေးလူမဟုတ်ချေ။ ကောက်ကျစ်ပါးနပ်သလို၊ မောက်မာ ထောင်လွှား တတ်သည်။ ယခုပုံစံမှာမူ သူသိသော ရီချန်းနှင့် လုံးဝ ကွဲပြားနေသည်။

ရီချန်းလို လူမျိုးက ဤစကားမျိုး ပြောနေပါက မုချ အကြောင်းထူး ရှိရပေမည်။

မုကောင်းဖုန်းက ခြောက်ကပ်သော အသံကြီးဖြင့် တဟားဟား ရယ်ချလိုက်သည်။ မရယ်ချင့်ရယ်ချင် ရယ်လိုက်ခြင်း ဖြစ်ရာ လုံးဝ နားဝင်ပီယံမရှိချေ။ သူက ရယ်လိုက်ပြီးနောက် ဘေးပတ်လည်သို့ လှည့်ကြည့်လိုက်တော့သည်။ ဆိုင်ထဲဝင်စက အရေးစိုက် အကဲခတ်ထားပြီး ဖြစ်သည်။ ယခု ထပ်မံ၍ သေချာစွာ ကြည့်လိုက်ပြန်သည်။

စားသောက်ဆိုင် အတွင်းရှိ လူအားလုံးက သူ့ကို စူးစိုက်ကြည့်နေကြသည်ကို တွေ့လိုက်ရသည်။ ထိုလူများ၏ အမူအရာများကလည်း အလွန်ထူးဆန်းနေသည်။ မိမိသည် အလွန်တရာ အရေးကြီးသော စကားတစ်ခွန်းကို ပြောမိမှား သလို ဖြစ်နေသည်။ ဆိုင်အတွင်းရှိ လူအားလုံးနှင့် မိမိသည် ပို၍ပို၍ တသီးတခြား ကင်းလွတ်နေသလို ဖြစ်နေသည်။

မည်မျှ ကင်းလွတ်နေပါစေ၊ မိမိအနေဖြင့် ထူး၍ အားငယ်မည်မဟုတ်ချေ။ မိမိသည် မြောက်ပိုင်းကုလားအုပ် တစ်ကိုယ်တော် မုကောင်းဖုန်း မဟုတ်ပါလား။

"ရီချန်း ... မင်းရဲ့ စကားတွေကတော့ တော်တော်လေး ထူးခြားတာပဲကွ။ ဘာများ မြုပ်ကွက်တွေ ရှိသလဲတော့

ငါမသိဘူး။ ဘာပဲဖြစ်ဖြစ်လေ။ အဲဒီ ဓားသိုင်းကို ငါမြင်ရရင်တော့ အစစ်နဲ့ အတုကို ခွဲခြား နိုင်မှာပဲ”

“မုကောင်းဖုန်း .. မင်းအနေနဲ့ အဲသည်လူကိုတွေ့ချင်ရင် မခက်ပါဘူး။ အဲဒီ ဓားသိုင်းကစားပြတဲ့သူက ဒီဆိုင်ထဲမှာ တင်ရှိနေတယ်”

မုကောင်းဖုန်းမှာ အလစ်တွင် အရိုက်ခံလိုက်ရသကဲ့သို့ ပြာကနဲ ဖြစ်သွားတော့၏။

သူ့စိတ်ထဲတွင်လည်း စိုးရိမ်ထိတ်လန့်သွား၏။ သူက ချက်ချင်းပင် ဆိုင်ထဲမှလူများကို ကြည့်လိုက်ပြန်သည်။ သည်တစ်ကြိမ် သူ့အကဲခတ်ပုံက ပြူးပြူးပြာပြာ နိုင်လှသည်။

မည်သို့ပင်ဖြစ်စေ။ သည်တစ်ကြိမ်တွင်တော့ ထူးခြားချက်တစ်ခုကို ကောင်းစွာ တွေ့မြင်ရလေပြီ။ လင်မိန်ကျက်မှ တပါး ဆိုင်တွင်းရှိလူများ၏ မျက်နှာများ၌ အကဲခတ်နေသည့် အရိပ်လက္ခဏာများသာ ပေါ်လွင်နေသည်။

စားပွဲတစ်လုံးတွင် တစ်ယောက်တည်း ထိုင်နေသော လင်မိန်ကျက်ကမူ လောကကြီးတစ်ခုလုံး အတွင်း၌ သူတစ်ယောက်တည်း ရှိနေသည့်ပုံစံမျိုး ပေါက်နေသည်။ လင်မိန်ကျက်၏ မျက်လုံးများက မထီလေးစား အရိပ်လက္ခဏာ များပြနေသည်။

မုကောင်းဖုန်းက လင်မိန်ကျက်ကို မေးငေ့ါပြရင်း ရီချုန်းကို မေးလိုက်၏။

“ရီချုန်း ... မင်းပြောတာ ဟိုကောင်လားကွ”

“တော်တယ်ကွာ ... မင်းသိပ်တော်တယ်။ တကယ့်ကို အမြင်သန်တာပဲ။ အရိပ်ပြရင် အကောင်ထင်တယ်။ တစ်ထွာပြရင် တစ်တောင်မြင်တယ်ဆိုတာ မင်းလိုလူမျိုးပဲဖြစ်မှာပဲ။ ချီးကျူးတယ်ကွာ .. ငါလှိုက်လှိုက်လှဲလှဲ ချီးကျူးပါတယ်”

ထိုစကားကို ကြားသောအခါ မုကောင်းဖုန်းသည် လင်မိန်ကျက်ကို ခြေဆုံးခေါင်းဆုံး သေချာစွာ အကဲခတ်နေပြန်တော့သည်။ သူ့စိတ်ထဲမှ ... “ဒီဂျပုကတော့ ရိုးရိုးသားသားမှ ဟုတ်ရဲ့လား။ ငါ့ကို တစ်ခုခု ထောင်ချောက်ဆင်တာ ဖြစ်နေနိုင်တယ်။

“အခုဆိုရင် ဒီမှာ အချိန်တော်တော်ကြာသွားပြီ။ ငါ့အဖို့ ဒီမှာ အချိန် ဒီလောက်ကုန်စရာ ဘာအကြောင်းမှလဲ မရှိဘူး။ ဒီကောင် အချိန်ဆွဲနေတာ ဖြစ်ချင် ဖြစ်မယ်။ ငါ့လက်ထဲမှာ ရက်ပုချွန်ရဲ့ သမီးရှိနေသရွေ့ ဒီဓါးသိုင်းကို ငါပဲရမှာပဲ”

မုကောင်းဖုန်းသည် ထိုသို့တွေးလိုက်မိသည်နှင့် စိတ်အေးလက်အေးဖြစ်သွားပြီး တဟားဟား အော်ရယ်လိုက်ပြန် သည်။

“ရီချုန်း ... မင်းနဲ့ငါ မတွေ့တာကြာတော့ မင်းဒီလောက် ပြောင်းလဲသွားမှန်း ငါမသိခဲ့ဘူး။ မင်းက တော်တော်လေး နောက်တတ်ပြောင်တတ် ဖြစ်နေတာကိုး။ ကောင်းတယ်ကွာ ... ဒါပေမယ့် ဒီနေ့အဖို့တော့ ငါ့မှာ အလုပ်ကလေးတွေ ရှိနေသေးတယ်။ .. မင်းနဲ့ ဆက်ပြီး စကားပြောဖို့ အချိန်မရှိတော့ဘူး။ ဓားသိုင်းကိုလည်း ငါမကြည့်ချင်သေးဘူး။ ... ငါသွားတော့မယ်ဟေ့”

လင်မိန်ကျက်သည် ထိုအခါကျမှ လျှပ်တစ်ပြက် လှုပ်ရှားလိုက်တော့သည်။

မုကောင်းဖုန်း စီးလာသော မြင်းမှာ တစ်ချက်မျှ ဟီလိုက်ပြီး လဲကျသွားတော့၏။

မုကောင်းဖုန်းက ဟန်မပျက် တဟားဟား ရယ်လိုက်ပြီး ...

“ဟေ့ ... သူငယ် .. မင်းက တယ်ပြီး အတင့်ရဲသကိုး။ ရီချုန်းက မင်းရဲ့ ဘီလူးမီးဓားသိုင်းကို ကောင်းတယ်လို့ ပြောတာနဲ့ပဲ မင်းက အတင့်ရဲလာသကိုး .. ကဲ .. ဒီလိုဆိုရင် ငါနဲ့စမ်းကြည့်ရအောင်”

မုကောင်းဖုန်းသည် သူ့မြင်းကို လင်မိန်ကျက်က သူ့ရှေ့တွင် သတ်ပြလိုက်သည်ကို မြင်လျက်နှင့် ဒေါသထွက်ဟန် လုံးဝမပြပဲ ရယ်ပင် ရယ်မောလိုက်သေးသည်။ သူ၏ ရယ်သံမှာ ဒေါသ အလျဉ်း မပါရှိချေ။ လှိုက်လှိုက်လှဲလှဲ ရှိလှသည်။ ယင်းမှာ သူ့စိတ်တည်ငြိမ်မှုကို ပြသလိုက်ခြင်းပင် ဖြစ်တော့သည်။

လင်မိန်ကျက်က ... “ကောင်းတယ် ... ခင်ဗျားကို ကျုပ်ကဘီလူးမီးဓားသိုင်း ကောင်းကောင်းလေး ကစားပြမယ်။ ကျုပ်ရဲ့မိဘနှစ်ပါး သေသွားရတာ ... ခင်ဗျားနဲ့ ရီချုန်းကြောင့်ပဲ”

ဤစကားကို ကြားရသောအခါတွင်မှ မုကောင်းဖုန်း ထိတ်လန့်သွားတော့၏။ လက်စသတ်တော့ ဤသူငယ်သည် လင်ကျန်နန်၏ သားဖြစ်နေသည်တကား။

တစ်ချိန်သောအခါက မိမိကို အတင်းအကြပ် ဆရာခေါ်ခိုင်းခဲ့သည့် လူငယ်လေးသည် ယခုတော့ မိမိအား မထီလေးစား စိန်ခေါ်နေပြီကလား။ မုကောင်းဖုန်းက တွေးလိုက်သည်။

“ဒီကောင်က ငါ့ကို စိန်ခေါ်ရဲတယ်ဆိုတော့ သူ့ဖက်က ပိုင်ပိုင်နိုင်နိုင် ရှိနေပုံပဲ။ နို့မဟုတ်ရင် ဒီချာတိတ်လေးက ငါ့ကို

ဘယ်မှာ ဒီလို ပြောရဲမှာလဲ။ စဉ်းစားစမ်း … ဟား .. ဟုတ်ပြီ … ဂိုဏ်းကြီးငါးဂိုဏ်း ပူးပေါင်းလိုက်တယ်ဆိုတော့ ဟန်ဆန်းဂိုဏ်းက မယ်သီလရင်တွေက ဒီကောင့်ဖက်က ကူညီကြမှာပဲ"

မုကောင်းဖုန်းက ရုတ်တရက် နောက်ဖက်သို့လှည့်၍ လိန်လိန့်အား ဖမ်းချုပ်ထားရန် ဟန်ပြင်လိုက်သည်။ သို့သော် သူမလှည့်ရသေးခင်မှာပင် လေတိုးသံတက်ချက် ကြားလိုက်ရ၍ ဖမ်းချုပ်မည့်သူ့လက်ကို ကမန်းကတန်း ရုပ်သိမ်းလိုက်ရသည်။

လိန်လိန်က ဓါးတစ်ချောင်းကိုကိုင်ပြီး သူ့လက်ကို လှမ်းခုတ်လိုက်ခြင်းဖြစ်ပေသည်။ လိန်လိန့်အား တုပ်နှောင်ထားသည့် ကြိုးများကို လင်းလင်းက ဖြေပေးလိုက်သဖြင့် ဤသို့ ခုတ်နိုင်ခြင်း ဖြစ်တော့သည်။

လင်မိန်ကျက်က ခနဲ့ပြုံးပြုံးရင်း … "မုကောင်းဖုန်း .. ခင်ဗျားဟာ သိုင်းလောကမှာ နာမည်တစ်လုံးရှိတဲ့ လူတစ်ယောက်ပဲ … ဒါနဲ့များတောင် အခုလို အောက်တန်းကျ ယုတ်မာတဲ့ နည်းလမ်းတွေ ဘာဖြစ်လို့ သုံးချင်ရသလဲ"

လင်မိန်ကျက်က စေ့စေ့ကြည့်ရင်း …

"ကောင်းပြီ … ကျုပ်ပြောမယ်။ ခင်ဗျားအနေနဲ့ ဒီလောကကြီးထဲမှာ ဆက်ပြီး အသက်ရှင်နေချင်သေးတယ် ဆိုရင်တော့ မြေကြီးမှာ ဒူးထောက်ပြီး ကျုပ်ကို ဦးသုံးကြိမ်ချပေတော့။ ပြီးရင် 'ဘိုးဘိုး' လို့ သုံးကြိမ်ခေါ်။ ဒီလိုဆိုရင် ခင်ဗျားကို နောက်ထပ် တစ်နှစ် အသက်ရှင်ခွင့် ကျုပ်ပေးမယ်"

အတိတ်ကာလက လျိုကျက်ဖုန်း၏ ချုံဆန်းမြို့က နေအိမ်တွင် လင်မိန်ကျက်က မုကောင်းဖုန်းအား ဦးသုံးကြိမ်ချ၍ 'ဘိုးဘိုး' ဟုသုံးခါ ခေါ်ခဲ့ရ၏။ ထိုအခါက လင်မိန်ကျက်မှာ မိဘနှစ်ပါး၏ ရန်ကြွေးကို ပေးဆပ်နိုင်ရန်အတွက် အရှက်ကို မငဲ့ကွက်နိုင်ပဲ လုပ်ခဲ့ရသည်။ ယခုတော့ အတိတ်က ရန်ကြွေးများကို တစ်ခုချင်း ဆပ်ရပေတော့မည်။

မုကောင်းဖုန်းက တဟားဟား အော်ရယ်လိုက်ကာ …

"ငါလို အဖိုးကြီး တစ်ယောက်အဖို့တော့ ဒီကနေ့ဟာ အတော်လေးကို အံ့သြစရာတွေ တွေ့နေရတာပဲ။ … ငါ ဒီအသက်ရောက်တဲ့အထိ မင်းလောက် မိုက်ကန်းတဲ့လူငယ် မတွေ့ရသေးဘူး … မင်းဟာ အမိုက်ကန်းဆုံးပဲ"

သူက ပြောပြောဆိုဆိုဖြင့် ဓားကို ဆွဲထုတ်လိုက်၏။ ပြီးနောက် ရီချုန်း ဖက်သို့ လှည့်၍ …

"မင်းက ဟိုမယ်သီလရင်တွေကို ကြည့်ထားလိုက်။ ငါကတော့ ဟောသည် အင်မတန် မိုက်ကန်းလှတဲ့ သူငယ်ကို ဆုံးမလိုက်မယ်"

လင်မိန်ကျက်၏ ဘီလူးမီးဓားသိုင်းကို မမြင်ဖူးသေးသော မုကောင်းဖုန်းက လင်မိန်ကျက်ကို လုံးဝအရေးမစိုက်ချေ။ သူစိုးရိမ်သည်မှာ ဟန်ဆန်းဂိုဏ်းသာ ဖြစ်သည်။

ဟန်ဆန်းဂိုဏ်းက ဝင်ရောက်တိုက်ခိုက်လာလျှင် သူ့အတွက် အကျပ်အတည်း ဖြစ်ပေလိမ့်မည်။ တစ်ယောက်ချင်းသာ တိုက်ခိုက်ရလျှင်လင်မိန်ကျက်ကိုတော့ သူက လုံးဝ ကြောက်စရာ မဟုတ်ဟု တွေးသည်။

ရီချုန်းက … "မုကောင်းဖုန်း … မင်းဘာမှ မစိုးရိမ်နဲ့။ ဟန်ဆန်းဂိုဏ်းက ပြောပြီးပြီ။ သူတို့ ဘယ်ဘက်ကမှ ဝင်မကူဘူးတဲ့"

မုကောင်းဖုန်း ဝမ်းသာအားရ ဖြစ်သွားပုံမှာ ဆိုဖွယ်မရှိပြီ။ အလွန် အားရသော အသံဖြင့် …

"ဒါဆို သိပ်ကောင်းတာပေါ့။ ဟန်ဆန်းဂိုဏ်းက သက်သေလုပ်ပေါ့။ အခု တိုက်ခိုက်ရတာကလည်း ဒီကောင်လေးက စော်ကားမော်ကားနဲ့ စပြီး ရန်ရှာလို့ ဖြစ်ရတာ အားလုံးအမြင်ပဲ။ ငါက လူကြီး၊ သူက လူငယ်၊ တော်တော်ကြာ လူကြီးက လူငယ်ကို အနိုင်ကျင့်တယ်လို့ ပြောနေပါဦးမယ်"

မုကောင်းဖုန်းက သူ၏ဓားကြီးကို တစ်မြောက်မြောက်လုပ်ကာ စကားပြောနေ၏။ သူ့ဓားကလည်း တစ်မျိုး တစ်ဘာသာဖြစ်သည်။ ကွေးကွေးနှင့် တောက်ပ ပြောင်လက်လှသည်။

လင်မိန်ကျက်သည် ယပ်တောင်ကိုခေါက်သိမ်းလိုက်ပြီး မုကောင်းဖုန်းရှိရာသို့ လျှောက်ထွက်လာသည်။ လေတိုက်လိုက်တိုင်း မွှေးကြိုင်လှသော အမွှေးနံ့များကို လူတိုင်းရလိုက်ကြသည်။

ထိုစဉ်မှာပင် 'အား' ကနဲ အော်သံနှစ်ခု ကြားလိုက်ရသည်။ ချင်းချန်ဂိုဏ်းမှ ရီလင်ဟောင်နှင့် ဖန်းလင်တို့ နှစ်ယောက်၏ရင်ဝမှ သွေးများပန်းထွက်လာပြီး လဲကျသွားလေတော့၏။ မမျှော်လင့် ထားသောကြောင့် ဘေးပတ်လည်မှ လူများမှာ ထိတ်လန့်တကြား အော်ဟစ်လိုက်မိတော့သည်။

မုကောင်းဖုန်းကို တိုက်ခိုက်တော့မည့်ဟန်ပြကာ လင်မိန်ကျက်သည် ချင်းချန်ဂိုဏ်းသားနှစ်ယောက်ကို လျှပ်တပြက် အတွင်း သတ်ဖြတ်ပစ်လိုက်ခြင်းပင် ဖြစ်တော့၏။

လင်မိန်ကျက် ဓားဆွဲထုတ်လိုက်ပုံမှာ အလွန်လျင်မြန်လှ၏။ ဘေးပတ်လည်မှလူများ သတိထားကြည့်လိုက်ချိန်တွင်

လင်မိန်ကျက်သည် ဓားကို ဓားအိမ်ထဲသို့ ထည့်သွင်းနေပေပြီ။ ချင်းချန်ဂိုဏ်းသားနှစ်ယောက်မှာ မည်သို့မည်ပုံ အသက်ထွက် သွားသည်ကိုပင် မသိလိုက်ကြချေ။

လင့်ဟူချုံးကဲ့သို့သော ထိပ်သီးသိုင်းသမားများမှလွဲ၍ ကျန်လူများမှာ လင်မိန်ကျက် ဓားကွက်ထုတ်လိုက်ပုံကို မတွေ့မြင်လိုက်ကြပေ။ ဓားရောင်လက်သွားသည်ကိုသာ မြင်လိုက်ကြရသည်။ ဓားကို မည်ကဲ့သို့ ဆွဲထုတ်သည်။ မည်ကဲ့သို့ ထိုးသတ်လိုက်သည်ကို လုံးဝ မတွေ့လိုက်ကြရချေ။ ဓားသိမ်းလိုက်သည်ကိုသာ တွေ့လိုက်ကြရ၏။

မကောင်းဖုန်း၏ မျက်နှာတွင် မယုံနိုင်သည့် အရိပ်လက္ခဏာများ ပေါ်လာတော့၏။ သူက ဓားကိုကိုင်၍ ကိုယ်ကို တဖြည်းဖြည်း ဝပ်လိုက်သည်။ တိုက်ခိုက်ရန် ပြင်ဆင်လိုက်ခြင်းဖြစ်သည်။ နဂိုကတည်းက ခါးကုန်းနေသူ ဖြစ်ရာ ထပ်၍ ဝပ်ချလိုက်သဖြင့် မြေကြီးနှင့် ထိရန် နှစ်ပေခန့်မျှသာ လိုတော့သည်။

လင်မိန်ကျက်ကမူ မကောင်းဖုန်းကို အနည်းငယ်မျှပင် အရေးစိုက်ဟန်မပြ။ တဖြည်းဖြည်းပင် ရှေ့သို့ လျှောက်လာသည်။

မကောင်းဖုန်းသည် တိရိစ္ဆာန်ရိုင်းတစ်ကောင်ပမာ စူးစူးဝါးဝါး အော်ဟစ်လိုက်ပြီး လင်မိန်ကျက်ကို ခုန်အုပ်လိုက်သည်။ ကျားကြီး တစ်ကောင် ခုန်အုပ်လိုက်သည့်နှယ် လျင်မြန်လှတော့သည်။

မကောင်းဖုန်းသည် လင်မိန်ကျက်၏ ခါးကို သူ၏ ဓားကောက်ကြီးနှင့် ချိတ်ဆွဲလိုက်ခြင်း ဖြစ်တော့သည်။

လင်မိန်ကျက်သည် လျှပ်ပြက်သည့်နှယ် ယပ်တောင်ကို ဘယ်လက်ဖြင့် ပြောင်းကိုင်လိုက်ပြီး သူ့ဓားကို ချက်ချင်း ဆွဲထုတ်ကာ မကောင်းဖုန်း၏ရင်ပတ်ကို ထိုးခွဲလိုက်တော့သည်။

မြန်လိုက်သည့် ဓားချက်။

လင်မိန်ကျက်၏ဓားမှာ မကောင်းဖုန်းထက် နောက်ကျ၍ ဆွဲထုတ်ခြင်းဖြစ်သော်လည်း မကောင်းဖုန်းထံသို့ အရင်ရောက်၍ သွားသည်။

မကောင်းဖုန်းကလည်း လျင်မြန်လှသည်။ နောက်ဆုတ်၍ ရှောင်လိုက်သည်။ မကောင်းဖုန်း အနေဖြင့် သီသီကလေး ရှောင်ထွက်သွားနိုင်ခြင်း ဖြစ်တော့သည်။ သူ့အကျီရင်ပတ်သည် လင်မိန်ကျက်၏ဓားချက်ကြောင့် တစ်တောင်ခန့် စုတ်ပြဲသွားတော့သည်။

အကယ်၍ လင်မိန်ကျက်သာ နောက်ထပ်နှစ်လက်မခန့် ရှေ့တိုးနိုင်ခဲ့ပါလျှင် မကောင်းဖုန်းမှာ ရင်ခွဲပြီးသား ဖြစ်သွား ပေလိမ့်မည်။ ယခုတော့ မကောင်းဖုန်းမှာ အသက်ဘေးမှ သီသီကလေး လွတ်သွားတော့သည်။

မကောင်းဖုန်း ကြောက်ရွံ့သွားသည်ဟု ထင်ပါသလား။

မကောင်းဖုန်းသည် လုံးဝ အကြောက်အရွံ့မရှိသော ခါးကုန်းကြီးပင်တည်း။ တစ်နည်းဆိုရလျှင် အလွန်တရာ ရဲတင်း မိုက်မဲလှသော လူကြီးတစ်ယောက်။ သူက ရင်ပတ်ကို တစ်ချက်မျှ ငုံ့ကြည့်ပြီးသည်နှင့် တဟူးဟူး အော်ကား ဓားရော လူပါ တစ်ပြိုင်တည်း ခုန်ဝင်လိုက်ပြန်တော့သည်။

သူ၏ ထိုးနှက်ချက်ကို မကောင်းဖုန်း ရှောင်တိမ်းနိုင်သည်ကို တွေ့လိုက်ရသောအခါ လင်မိန်ကျက်မှာ အလွန်အံ့သြ သွား၏။ သူ့စိတ်ထဲမှ ကျိတ်၍ ချီးကျူးလိုက်သည်။

"ဒီခါးကုန်းကြီးက ဘယ်ဆိုးလို့တုန်း"

လင်မိန်ကျက်သည် 'ရွှမ်း' ကနဲ နေအောင် ဓါးချက်နှစ်ချက် ဆက်တိုက်ထုတ်လိုက်ပြန်သည်။ သို့သော် ထို နှစ်ချက် စလုံးကို မကောင်းဖုန်းက ကောင်းစွာ ခုခံနိုင်ခဲ့သည်။

လင်မိန်ကျက်က ခနဲ့ပြုံး တစ်ချက်ပြုံးလိုက်ကာ သူ၏ဓားချက်များကို ပို၍ လျင်မြန်စေလိုက်သည်။ ထိုအခါတွင် တော့ မကောင်းဖုန်းမှာ သူ့ဓားကြီးဖြင့် တစ်ကိုယ်လုံးကို ဖုံးလွှမ်းထား လိုက်တော့သည်။

လင်မိန်ကျက်၏ ဓားသည် မကောင်းဖုန်း၏ ဓားကောက်ကြီးနှင့် တစ်ခါ ရိုက်ခတ်မိလိုက်သည်။ လင်မိန်ကျက်၏ လက်မှာ ထုံကျင်သွားတော့သည်။ ခါးကုန်းကြီး၏အတွင်းအားမှာ လင်မိန်ကျက်ထက် ပြည့်ဝနေသဖြင့် ယင်းကဲ့သို့ ထုံကျင်သွားရခြင်း ဖြစ်တော့သည်။

ယင်းအချက်ကို လင်မိန်ကျက်က ချက်ချင်းသတိပြုမိသည်။ အတင်းမဝင်ရဲချေ။ ဓားချင်းထိပ်တိုက် တိုးမိပါက မိမိ၏ဓား လွတ်သွားနိုင်ပေသည်။ ယင်းကြောင့် အထူး သတိဝီရိယထား၍ ခါးကုန်းကြီး၏ ဟာကွက်ကို ရှာဖွေတိုက်ခိုက် တော့၏။

မကောင်းဖုန်းကမူ သူ၏ ဓားကောက်ကြီးဖြင့် တစ်ကိုယ်လုံးကို ဖုံးလွှမ်းထားမြဲပင်။

လင်မိန်ကျက်အနေဖြင့် ရတ်တရက်အားဖြင့် တိုက်ခိုက်ရန် ခက်သွားသည်။ သို့သော် ဤကဲ့သို့ ရေပက်မဝင်အောင်

ဓားကိုဝှေ့ယမ်း၍ တစ်ကိုယ်လုံးကို ကာကွယ်ထားခြင်းမှာ အင်အားအလွန်ကုန်သည်။ ကြာမြင့်စွာ မကာကွယ်နိုင်ချေ။ တစ်စုံတစ်ခုသော အချိန်အတိုင်းအတာ အတွင်း၌သာ ကာကွယ်နိုင်ပေသည်။

ဤအချိန်တွင် လင်မိန်ကျက်၏ ဘီလူးမီးဓားသိုင်းကြောင့် သူ့ကိုယ်သူသေလူအဖြစ် သတ်မှတ်ကာ အားလျှော့ထားသောရီချန်းမှာ လွတ်မြောက်ရေးလမ်းစကို တွေ့လိုက်ရသည်။

ယခုအချိန်တွင် လင်မိန်ကျက်ကို မသုတ်သင်နိုင်ပါက နောင် မည်သည့်အချိန်တွင်မျှ သုတ်သင်နိုင်တော့မည် မဟုတ်ချေ။ သူသာ လင်မိန်ကျက်၏ သားကောင် ဖြစ်ရချေတော့မည်။

ဤသို့ တွေးလိုက်မိသည်နှင့် ရီချန်းမှာ အချိန်မဖြုန်းတော့ပဲ ဓားကိုဆွဲထုတ်ကာ လင်မိန်ကျက်၏ နောက်ကျောကို ဝင်ရောက်တိုက်ခိုက်တော့၏။ ထိုအခါ လင်မိန်ကျက်မှာ မုကောင်းဖုန်းကို မဲ၍မတိုက်နိုင်တော့ပဲ ရီချန်း၏ တိုက်ကွက်များကို လှည့်၍ ခုခံရတော့သည်။

မုကောင်းဖုန်းမှာ အသက်ရှုချောင်သွားပြီး ပြန်လည် တိုက်စစ်ဆင်နိုင်တော့သည်။

တိုက်ပွဲမှာ နှစ်ယောက် တစ်ယောက် တိုက်ပွဲ ဖြစ်သွားချေပြီ။

ရီချန်းနှင့် မုကောင်းဖုန်းတို့ကဲ့သို့သော သိုင်းသမားကြီးနှစ်ယောက်က လူငယ်လေးတစ်ယောက်အား ဝိုင်းတိုက်နေကြသည်မှာ လွန်စွာ ရှက်ဖွယ်ကောင်းလှပေသည်။ သို့ရာတွင် လမ်းခရီးတစ်လျှောက်လုံး လင်မိန်ကျက်က ချင်းချန်ဂိုဏ်းသားများကို ရက်ရက်စက်စက် သတ်ဖြတ်လာခဲ့သည်။ အားမတန်သဖြင့် ချင်းချန်ဂိုဏ်းသားများမှာ ခေါင်းငုံ့ခံခဲ့ကြရသည်။

အားလုံးတွေ့မြင်ခဲ့ရသော ဟန်ဆန်းဂိုဏ်းသားများ အနေဖြင့် လင်မိန်ကျက်အား ယခုကဲ့သို့ ဝိုင်းတိုက်ခြင်းမျိုးကို မတရားဟု မမြင်တော့ချေ။

သို့ရာတွင် အားလုံး၏အထင်နှင့် ဆန့်ကျင်စွာပင် လင်မိန်ကျက်ကပြုံးလိုက်သည်။ ခံစစ်မှ တိုက်စစ်သို့ ပြောင်းလာသည့် မုကောင်းဖုန်းကို ကြည့်ရင်း သူက လွန်စွာ သဘောကျသွားသည်။

ညာဖက်လက်မှ ဓားဖြင့် ရီချန်းကို တိုက်ခိုက်နေရင်း လင်မိန်ကျက်က ဘယ်လက်တွင် ကိုင်ထားသော ယပ်တောင်ကို ပြောင်းပြန်ကိုင်ကာ ဆန့်ထုတ်လိုက်သည်။ ထိုယပ်တောင်၏ အရိုးတွင် အပ်တစ်ချောင်းက ထိုးထွက်နေသည်။

မုကောင်းဖုန်းက အကြီးအကျယ် ထိတ်လန့်ကာ နောက်သို့ ခုန်ဆုတ်ရန် ကြိုးစားလိုက်သည်။

သို့ရာတွင် လင်မိန်ကျက်က သူ့ထက်ပို၍မြန်သည်။ အပ်ချောင်းသည် မုကောင်းဖုန်း၏ ပေါင်ကြောကို ထိုးပိတ်မိသွားသည်။ ချက်ချင်းပင် အခြားခြေတစ်ဖက်ရှိ ပေါင်ကြောကိုလည်း ထိုးပိတ် လိုက်ပြန်သည်။

ထိုတိုက်ကွက်ကိုလည်း မုကောင်းဖုန်းတစ်ယောက် မခုခံနိုင်ပဲ အထိုးခံလိုက်ရပြန်သည်။ ခြေထောက်နှစ်ဖက်စလုံး ထုံကျင်သွားတော့သည်။ သူက စိတ်လွတ်ကိုယ်လွတ် မလှုပ်ရှားရဲတော့ချေ။ ဓားကိုသာ ဓားစကြာဖြန့်လျက် ကာကွယ်ထားရတော့၏။ ကာကွယ်နေရင်းမှပင် သူ၏ ခြေထောက်များ တဖြည်းဖြည်း ပျော့ခွေလာကြောင်း သတိပြုမိလာ၏။

များမကြာမီပင် မုကောင်းဖုန်းတစ်ယောက် ဒူးထောက်ကျသွားတော့၏။ သူ၏ပေါင်ကြောများ လုံးဝ ပိတ်ဆို့သွားလေပြီ။

လင်မိန်ကျက်က တဟားဟား ရယ်ရင်း ... “ဟုတ်ပြီ ... ဟုတ်ပြီ .. ဒူးထောက်တာတော့ ဟုတ်ပြီ ... ကဲ .. ကဲ .. ဦးချတော့”

လင်မိန်ကျက်မှာ တစ်ဖက်က ထိုသို့ပြောနေသော်လည်း တစ်ဖက်ကမူ ရီချန်း၏ တိုက်ကွက်များကို ခုခံနေရသည်။ သေရေးရှင်ရေး ခုခံနေရသည်တော့ မဟုတ်ချေ။

လင်မိန်ကျက်ကဆက်၍ ... “ခင်ဗျား အခုထိ ဦးမချသေးရင်တော့ နောက်ကျသွားပြီ” ဟု ပြောပြန်သည်။

မုကောင်းဖုန်းမှာ ခြေနှစ်ဖက်သေပြီး ဒူးထောက်ကျနေသော်လည်း လက်ထဲကဓားရှိန်ကမူ လုံးဝ အရှိန်မလျော့ချေ။ ရန်သူကို အပြင်းအထန် တိုက်ခိုက်နေဆဲဖြစ်သည်။ သည်တစ်ကြိမ်တွင်တော့ သူရှုံးနိမ့်နေပြီကို သိလိုက်သည်။ အသေခံရမည့်အတူတူ ရန်သူကိုပါ မိမိနှင့်တပါတည်း ငရဲသို့ခေါ်သွားရန် ကြံစည်မိတော့၏။

မုကောင်းဖုန်းမှာ အစပိုင်းက ခံစစ်ကိုသာအားပြုပြီး ခုခံခဲ့သည်။ ယခုတော့ ခံစစ်ကို အသုံးမပြုတော့ချေ။ တိုက်စစ်ကိုသာ သုံးတော့၏။ သူ့အသက်ကို လင်မိန်ကျက်၏ အသက်နှင့် လဲနိုင်ရန် ဖြစ်သည်။ ဤကား မုကောင်းဖုန်းဖက်မှ အခြေအနေဖြစ်သည်။

ရီချန်းဖက်မှ အခြေအနေမှာကား ...

မုကောင်းဖုန်း လဲကျသွားသည်ကို မြင်လိုက်ရသော ရီချန်းသည် မိမိဘဝ၏ နိဂုံးချုပ်ကို မြင်လိုက်ရဘိသကဲ့သို့ ရှိချေသည်။ ယခုအချိန်၌သာ လင်မိန်ကျက်ကို အနိုင်မတိုက်နိုင်ခဲ့လျှင် မိမိအဖို့ မုချသေဆုံးရပေတော့မည်။ ထို့ကြောင့်

အားကုန်ထုတ်၍ တိုက်တော့၏။

သို့ရာတွင် လင်မိန်ကျက်က ရယ်မောလိုက်၏။

တစ်ဆက်တည်းပင် ရီချန်း၏ မျက်စိနှစ်လုံးမှာ စူးရှနာကျင်သွားပြီး ဘာကိုမျှ မတွေ့မြင်ရတော့ချေ။ ထို့နောက် ပခုံးနှစ်ဖက်မှာလည်း ပူကနဲခံစားလိုက်ရပြန်သည်။ လက်နှစ်ဖက်လည်း အဖြတ်ခံ လိုက်ရချေပြီ။ ရီချန်း နားထဲတွင်ကား ငှက်ဆိုးထိုးသံကဲ့သို့သော လင်မိန်ကျက်၏ တဟားဟား ရယ်သံကိုသာ ကြားနေရသည်။

"ကျုပ် ... ခင်ဗျားကို မသတ်ဘူး။ အခုတော့ ခင်ဗျားမှာ လက်နှစ်ဖက်လည်း မရှိတော့ဘူး။ မျက်စိလည်း မမြင်တော့ဘူး။ သိုင်းလောကထဲမှာ ခင်ဗျားကို ထားပစ်ခဲ့မယ်။ ခင်ဗျားရဲ့ အိမ်သူအိမ်သားတွေ .. မိတ်ဆွေတွေ ... တပည့်သားမြေးတွေ ... အားလုံးကို သတ်ပစ်လိုက်မယ်။ ... ဒါဆိုရင် ခင်ဗျားကို ကူညီမယ့်သူ မရှိတော့ဘူး။ နှိပ်စက်မယ့် ရန်သူပဲ ရှိတော့မယ်"

ရီချန်းမှာ မျက်စိနှစ်လုံး ထိုးဖောက်ခံလိုက်ရရုံမျှမက လက်နှစ်ဖက်လည်း ဖြတ်ခံလိုက်ရသဖြင့် လွန်စွာနာကျင်နေ၏။ သို့သော် လင်မိန်ကျက်၏ စကားများကို ကြားနေရခြင်းက သူ့ကို ပို၍ နာကျင်စေသည်။

"အင်း ... လင်မိန်ကျက် .. တော်တော် ရက်စက်တဲ့ကောင် ... အခု ငါ့ကို တစ်ချက်တည်း သတ်လိုက်တာကမှ တော်လိမ့်ဦးမယ်။ အခုဆိုရင် ငါ့ဘဝ ဘယ်လောက် ဆိုးရွားသွားပလဲ။ အခုဆိုရင် သိုင်းပညာ မတတ်တဲ့လူတွေကပါ ငါ့ကို နှိပ်စက် ညှင်းပန်းကြတော့မယ်"

လင်မိန်ကျက် ရှိမည့်နေရာကိုမှန်းကာ အံကို တင်းနေအောင်ကြိတ်၍ ရီချန်းသည် ဦးခေါင်းနှင့် ပစ်တိုက်လိုက်တော့၏။

လင်မိန်ကျက်ကမူ တဟားဟားရယ်လျက် နောက်သို့ ခုန်ဆုတ်လိုက်၏။ သူ၏မဟာရန်ကြွေးကို ချေဆပ်နိုင်ခဲ့လေပြီ။ သူက လွန်စွာ အားရကျေနပ်လျက် ပီတိ ဖြစ်နေလေတော့၏။ ယင်းကပင်လျှင် သူ့အတွက် ကြီးစွာသော အမှား ဖြစ်တော့သည်။

လင်မိန်ကျက်သည် ဦးခေါင်းနှင့် ပြေးတိုက်သော ရီချန်းကို နောက်ဆုတ်ရှောင်ပေးလိုက်သည်။ ထိုတစ်ဒင်္ဂတွင် သူက မုကောင်းဖုန်းအား လုံးဝ မေ့လျော့သွားခဲ့၏။ မုကောင်းဖုန်းတစ်ယောက် ဒူးထောက်ကျ နေသည်လည်း ပါပေသည်။ မုကောင်းဖုန်းနားသို့ ခုန်ဆုတ်မိလျက်သား ဖြစ်သွားသည်။

မုကောင်းဖုန်းမှာ စိတ်ကြိုက်ဖြစ်သွားတော့၏။ သူက လင်မိန်ကျက်အား သတ်ဖြတ်ရန် စိတ်စောနေရာ လင်မိန်ကျက် သူ့အနား ရောက်လာသည်နှင့် သူက လက်ကြီးနှစ်ဖက်ဖြင့် လင်မိန်ကျက်၏ ခြေထောက်နှစ်ချောင်းစလုံးကို သိမ်းကြုံး ပွေ့ဖက်ထားလေတော့၏။

လင်မိန်ကျက်က အကြီးအကျယ် ထိတ်လန့်သွားပြီး မုကောင်းဖုန်း၏နောက်ကျောကို သူ့လက်ထဲမှဓားဖြင့် ထိုးစိုက်လိုက်တော့သည်။ ထိုအခါ ဖောင်းကနဲမြည်သံကြီးနှင့်အတူ မုကောင်းဖုန်း၏ ဘုကြီးထဲမှ မည်းနက်သော အရည်များ ပန်းထွက်လာတော့၏။

မထင်မှတ်ထားခြင်းကြောင့် ထိုအရည်များကို လင်မိန်ကျက်တစ်ယောက် လုံးဝ ကြက်သေ သေသွားတော့၏။ ထိုအရည်များက လင်မိန်ကျက်၏မျက်နှာကို ပက်ဖျန်းလိုက်သလို ဖြစ်သွားတော့၏။

ယင်းအရည်များကား စားလောင်စေတတ်သော အဆိပ်ရည်များ ပေတည်း။ လင်မိန်ကျက်က စူးစူးဝါးဝါး အော်ဟစ်လိုက်မိတော့သည်။

အဖြစ်မှန်ကား ... မုကောင်းဖုန်းသည် သူ၏နောက်ကျောတွင် အဆိတ်ရည်အိတ်တစ်လုံးကို လိုရမယ်ရသုံးနိုင်ရန် ဆောင်ထားခဲ့သည်။ ယခုတော့ လင်မိန်ကျက်သည် ထိုအဆိပ်ရည်အိတ်ကို ထိုးဖောက်မိခဲ့လေပြီ။ လင်မိန်ကျက်က တုန်လှုပ်ချောက်ချားစွာဖြင့် မုကောင်းဖုန်း၏ နောက်ကျောကို ဓားဖြင့် ထိုးစိုက်လိုက် ပြန်တော့သည်။

မုကောင်းဖုန်းသည်ကား လင်မိန်ကျက်၏ဓားချက်များကို လုံးဝမရှောင်။ လင်မိန်ကျက်၏ ခြေနှစ်ဖက်ကိုသာ ခိုင်မြဲစွာ ပွေ့ဖက်ထားသည်။ ယင်းကြောင့်မို့ လင်မိန်ကျက်မှာ မုကောင်းဖုန်း၏လက်တွင်းမှ မလွတ်နိုင်အောင် ဖြစ်နေသည်။

ရီချန်းသည် အခြေအနေကို ကောင်းစွာ သဘောပေါက်လိုက်သည်။ ထို့ကြောင့် လင်မိန်ကျက်၏ အသံကြားရာသို့ မှန်းကာ ခုန်အုပ်လိုက်သည်။ ပြီးနောက် ပါးစပ်ဖြင့် ကိုက်လိုက်ရာ လင်မိန်ကျက်၏ ဘယ်ဘက်ပါးကို ကိုက်မိသွားသည်။

ရီချန်းက သဲသဲမဲမဲ ကုန်းကိုက်လေတော့၏။ သုံးယောက်သားမှာ လုံးထွေးနေသည်။ ဖက်သူကဖက်၊ ဓားနှင့် ခုတ်သူကခုတ်၊ ကိုက်သူကကိုက်နှင့် အရူးတစ်ပိုင်းဖြစ်ကုန်လေပြီ။ သွေးရူးသွေးတန်း ဖြစ်ပျက်နေကြပုံမှာ မြင်ရသူများအဖို့

သွေးပျက်စဖွယ်ပင်။

ထိုစဉ် ချင်းချန်ဂိုဏ်းသားများက လင်မိန်ကျက်အား လက်စတုံးခုတ်ထစ်ရန် ပြေးလွှားလာကြသည်။ လင်မိန်ကျက်၏ ဘဝနိဂုံးပင် ...

ဤတွင် လင့်ဟူချုံးက လက်ပိုက်မကြည့်နိုင်တော့ချေ။ ဓားတစ်ချောင်းကိုကိုင်ကာ ပြေးထွက်လာတော့သည်။ သူမကယ်လျှင် လင်မိန်ကျက်အဖို့ သေဖွယ်ရာသာရှိတော့သည်။ လင့်ဟူချုံးဝင်၍ တိုက်ခိုက်လိုက်သဖြင့် ချင်းချန်ဂိုဏ်းသားများမှာ လက်ကောက်ဝတ်တွင် ဓားထိုးခံရကာ လက်လွတ် ထွက်ပြေး သွားကြတော့သည်။

ချက်ချင်းလိုပင် ရိုဟိုတို့ကလည်း လင့်ဟူချုံးကို ကာကွယ်ပေးလိုက်တော့သည်။ ထိုအခါ ချင်းချန်ဂိုဏ်းသားများ အနေဖြင့် လင်မိန်ကျက်ကို ထပ်မံတိုက်ခိုက်ရန် မလွယ်ကူတော့ပေ။

ထိုအချိန်တွင် တိရိစ္ဆာန်ရိုင်းတစ်ကောင်ပမာ အော်ဟစ်နေသော မုကောင်းဖုန်းမှာ တဖြည်းဖြည်း အသံတိုးသွားတော့၏။

လင်မိန်ကျက်ကမူ ဓားဖြင့် တစ်ချက်ပြီးတစ်ချက် ထိုးနေခြင်းကို မရပ်တန့်ချေ။

ရီချန်းမှာလည်း တစ်ကိုယ်လုံး သွေးသံရဲရဲ ဖြစ်နေသော်ငြား ပါးစပ်ကမူ လင်မိန်ကျက်၏ပါးကို မလွှတ်တမ်း ကိုက်ထားဆဲ ဖြစ်သည်။

ဟန်ဆန်းဂိုဏ်းသားများက ရန်းရင်းဆန်ခတ် ဖြစ်နေသူများအား သွားရောက်ဖြန်ဖြေပေးရန် ဟန်ပြင်လိုက်၏။ သို့သော် အငြိုးကြီးကြီးနှင့် ကြောက်မက်ဖွယ်ရာ သဲကြီးမဲကြီး တိုက်ခိုက်နေသူများအား တကယ်တမ်း ဖြန်ဖြေရန်မှု မည်သူမျှ မဝံ့ရဲကြပေ။

အတန်ကြာမှ လင်မိန်ကျက်သည် ရီချန်းကို ဆောင့်တွန်းပစ်လိုက်၏။ လက်နှစ်ဖက်ပြုတ်နေသည့် ရီချန်း၏ ကိုယ်လုံးကြီးသည် လွင့်စဉ်ထွက်သွားတော့သည်။ တစ်ဆက်တည်းပင် အသည်းခိုက်မတတ် စူးဝါးစွာ အော်ဟစ်လိုက်သည့် လင်မိန်ကျက်၏ အော်သံမှာ ပတ်ဝန်းကျင် တစ်ခုလုံးကို ဖုံးလွှမ်းသွားပြန်သည်။

လွန်စွာနာကျင်လှသဖြင့် အော်လိုက်သံပင်တည်း။ လင်မိန်ကျက်၏ ပါးတစ်ဖက်မှာ ဟောင်းလောင်းကြီးဖြစ်နေကြောင်း ပတ်ဝန်းကျင်မှ လူအားလုံး တွေ့လိုက်ကြရသည်။ ရီချန်းက ကိုက်ဖြတ်လိုက်ခြင်းပေတည်း။

မုကောင်းဖုန်းမှာကား အသက်ထွက်နေချေပြီ။ သည့်တိုင်အောင် လက်နှစ်ဖက်က လင်မိန်ကျက်၏ ခြေနှစ်ချောင်းကို တင်းကြပ်စွာ ဖက်တွယ်ထားမြဲ ဖြစ်သည်။

လင်မိန်ကျက်က လက်ဖြင့်စမ်းကာ မုကောင်းဖုန်း၏ လက်နှစ်ဖက်ကို ဓားဖြင့် ဖြတ်လိုက်သည်။ ထိုအခါကျမှ သူ့အနေဖြင့် လွတ်လပ်စွာ လှုပ်ရှား မတ်တပ်ရပ်နိုင်တော့သည်။

သွေးသံရဲရဲ၊ ပါးတစ်ဖက် ဟောင်းလောင်း၊ မျက်နှာ တစ်ခုလုံး မည်းနက်သော အဆိပ်ရည်များဖြင့် ဖုံးလွှမ်းနေသည့် လင်မိန်ကျက်၏ ကြောက်မက်ဖွယ်ရာ အခြေအနေကို မြင်လိုက်ရသူများ အားလုံးမှာ နောက်ဖက်သို့ ခြေတစ်လှမ်းစီ ဆုတ်မိသွားကြသည်။

ချင်းချန်ဂိုဏ်းသား များကမူ သူတို့ဆရာရှိရာသို့ ပြေးလွှားကာ သွားရောက်ကြည့်လိုက်ကြ၏။ ပြီးနောက် ... "ဆရာ .. ဆရာ .. သေနေပါပေါ့လား" ဟု ကြေကွဲစွာ ပြောလိုက်ကြတော့၏။

လင်မိန်ကျက်က ... "ဟား .. ဟား .. ဟား .. ငါ ကလဲ့စား ချေနိုင်ပြီ။"

ဟန်ဆန်းဂိုဏ်းသားများကတော့ လင့်ဟူချုံးကိုတွဲ၍ မြင်းလှည်းပေါ် တင်လိုက်ကြ၏။ သွေးထွက်နေသည့် ဒဏ်ရာကို ဆေးများထည့်ပြီး ပတ်တီးအသစ် စည်းပေးကြ၏။

လိန်လိန်ကမူ လင်မိန်ကျက်ထံသို့ လျှောက်သွားပြီး ပြောလိုက်သည်။

"လင်မိန်ကျက် .. ရှင့်မိဘတွေရဲ့ ရန်ကြွေးကို ဆပ်နိုင်ခဲ့ပြီ။ ကျွန်မကလည်း ဂုဏ်ယူပါတယ်"

လင်မိန်ကျက်ကား အရူးသဖွယ် ဆက်လက် ရယ်မောလျက် ရှိနေသေးသည်။

"ငါ ကလဲ့စား ချေနိုင်ပြီ ... ငါ ကလဲ့စား ချေနိုင်ပြီ။"

တွင်တွင် အော်ဟစ်နေသော်လည်း လင်မိန်ကျက်၏ မျက်စိနှစ်လုံးမှာ စုံမှိတ်ထားမြဲ ဖြစ်နေသဖြင့်လိန်လိန်က ...

"ဘာဖြစ်လို့ မျက်စိကို အတင်းမှိတ်ထားတာလဲ ... ဖွင့်လိုက်တော့လေ။ .. ရန်သူတွေလဲ သေကုန်ပြီပဲဥစ္စာ။ ရှင့်မျက်နှာပေါ်က အမည်းရည်တွေကို ရေနဲ့ဆေးပေးမယ်နော်"

လင်မိန်ကျက်မှာ တုံ့ကနဲဖြစ်သွားကာ ယိုင်လဲတော့မလို ဖြစ်သွား၏။ လိန်လိန်က ဖျတ်လတ်စွာ သွား၍ တွဲလိုက်မှ သူ့ကိုယ်သူ ဟန်နိုင်သွားသည်။ သူမက စားသောက်ဆိုင် ရေအိုးမှ ရေတစ်ခွက်ခပ်ကာ လင်မိန်ကျက်၏ ခေါင်းပေါ်

လောင်းချပေးလိုက်သည်။

"အား"

လင်မိန်ကျက်၏ စူးစူးဝါးဝါး အော်ဟစ်လိုက်သံကြောင့် လူအားလုံး လန့်သွားကြပြန်သည်။

လင့်ဟူချုံးက ... "ညီမလေး .. ဒီမှာ လိမ်းဆေးရှိတယ်။ ညီလေးလင်မိန်ကျက်ကို လိမ်းပေးလိုက်။ ပြီးတော့ ငါတို့ရဲ့ မြင်းလှည်းထဲမှာဝင်ပြီး အနားယူပါစေ"

လိန်လိန်က တုန်ယင်သော အသံလေးဖြင့် ... "ကျေး .. ကျေးဇူးတင်ပါတယ် အစ်ကိုကြီး"

လင်မိန်ကျက်ကမူ နာကျည်းသော အသံဖြင့် ...

"မလိုဘူး .... သူ့အကူအညီကို ယူစရာမလိုဘူး။ သူကဘာမို့လို့ မင်းက မျက်နှာချိုသွေးနေရသလဲ ... ဘာ အကြောင်းမှ မရှိဘူး။ ငါ သေသေရှင်ရှင် သူနဲ့ ဘာမှမဆိုင်ဘူး။ ငါ့အတွက် ဘာမှ ပူစရာမလိုဘူး"

လင်မိန်ကျက်၏ စကားများကို ကြားလိုက်ရသော လင့်ဟူချုံးမှာ ကြောင်အမ်းအမ်း ဖြစ်သွားတော့သည်။ သူ့စိတ်ထဲ တွင် ...

"ငါက မင်းကို ဘယ်တုန်းက ထိခိုက်နာကျင်အောင် လုပ်ခဲ့ဖူးလို့လဲ။ ငါ့ကြောင့် မင်းမှာ ဘာများ နစ်နာ ဆုံးရှုံးဖူး လို့လဲ။ မင်း ..... ငါ့ကို ဘာဖြစ်လို့ ဒေါသထွက်နေတာလဲ"

လိန်လိန်ကမူ လင်မိန်ကျက်၏ ဆိုးဝါးလှသော အခြေအနေများကို တွေ့နေရသဖြင့် ညင်သာစွာ ချော့မော့ ပြောရှာ သည်။

"လင်မိန်ကျက် ... ဟန်ဆန်းဂိုဏ်းရဲ့ ဒဏ်ရာလိမ်းဆေးက သိပ်အစွမ်းထက်တာ ..... အင်မတန် ရခဲတဲ့ ဆေးတစ်ပါး ပါ"

သို့သော် လင်မိန်ကျက်ကမူ ဒေါသတကြီးဖြင့် "ဘာ ရခဲတာလဲ" ဟု အော်ဟစ်လိုက်ပြန်သည်။

လိန်လိန်သည် သက်ပြင်းတစ်ချက်ချကာ နောက်ထပ်ရေတစ်ပုံး သွားခပ်ပြီး လင်မိန်ကျက်ခေါင်းမှ လောင်းချ ပေးလိုက်ပြန်သည်။

လင်မိန်ကျက်မှာ ဆတ်ကနဲ ဖြစ်သွားသည်။ သည်တစ်ကြိမ်တွင်တော့ 'အင့်' ကနဲ အသံတစ်ချက်သာ ကြားလိုက်ရ ၏။ လုံးဝမအော်တော့ပဲ အံကြိတ်၍ တင်းခံနေလိုက်သည်။ လိန်လိန် ရေလောင်းပြီးသွားမှ ...

"မင်းပါးစပ်က အမြဲတမ်းပြောတယ်။ 'သူသိပ်ကောင်းတယ်'။ မင်းအနေနဲ့ ဒီစကားကလွဲပြီး မပြောတတ်တော့ဘူး လား။ ... သူက မင်းကို ဒီလောက်ကြင်နာပြီး ဒီလောက်ဂရုစိုက်နေရင် မင်းက ဘာဖြစ်လို့ သူ့နောက်လိုက်မသွားပဲ ငါ့နားကပ်နေရသလဲ"

ထိုစကားကို ကြားလိုက်ရသောအခါ ဟန်ဆန်းဂိုဏ်းသားများ၏ မျက်နှာများမှာ တင်းမာသွားကြတော့၏။ လင်မိန်ကျက်၏ စကားများက လင့်ဟူချုံး၏ ဂုဏ်သိက္ခာကို စော်ကားလိုက်ခြင်း မဟုတ်ပါလား။ ဟန်ဆန်းဂိုဏ်းသားများ သည် လင့်ဟူချုံး၏ စေတနာကို ကောင်းစွာ သိကြသည်။

လိန်လိန်နှင့် လင်မိန်ကျက်တို့အား လင့်ဟူချုံးက သူ၏ ဂိုဏ်းတူညီလေးနှင့် ညီမလေးများသဖွယ် ယခုတိုင် သဘောထားနေပေသေး၏။ ယခုလည်း လင်မိန်ကျက်၏အသက်ကို လင့်ဟူချုံးက ကယ်လိုက်ခြင်းသာဖြစ်၏။ လင်မိန်ကျက်၏ တိုက်ပွဲတွင် ဟန်ဆန်းဂိုဏ်းအနေဖြင့် မည်သည့်ဖက်ကမျှ ပါဝင်ပတ်သက်မည်မဟုတ်ဟု ကတိစကား ပြောကြားခဲ့သော်လည်း နောက်ဆုံးအခြေအနေ၌ ချင်းချန်ဂိုဏ်းသားများက လင်မိန်ကျက်အား ခုတ်ထစ်သတ်ဖြတ်ရန် ဝိုင်းဝန်းလာကြသောအခါ လင့်ဟူချုံးသည် ကတိစကားကို ချိုးဖောက်လျက် လင်မိန်ကျက်၏အသက်ကို ကယ်ခဲ့သည်။

လင့်ဟူချုံး၏ တားဆီးမှုကြောင့်သာ ချင်းချန်ဂိုဏ်းသားများမှာ လင်မိန်ကျက်ကို မသတ်နိုင်ကြခြင်း ဖြစ်သည်။

ယခုချက်ချင်းပင် လင်မိန်ကျက်ထံမှ ကျေးဇူးကန်းသည့်စကား ကြားနေရပေပြီ။ ရိဟိုက မခံရပ်နိုင်တော့ပဲ အော်ဟစ် လိုက်သည်။

"သူများက ရှင့်ရဲ့ အသက်ကိုလည်း ကယ်ရသေးတယ်။ ရှင်က ဒီလို အရှက်မရှိတဲ့ စကားမျိုး ပြောထွက်ရဲသလား"

ရိချင်းက ရိဟို၏ အင်္ကျီလက်စကို ဆွဲကာ ဖြောင်းဖြနှစ်သိမ့်လိုက်သည်။

"အစ်မ .... သည်းခံလိုက်ပါ။ သူ့မှာ ဒဏ်ရာအကြီးအကျယ်ရထားလို့ ကျားနာကြီးလိုဖြစ်ပြီး ဒေါသထွက်နေတာပါ။ မသိလိုက် မသိဖာသာ နေလိုက်ပါ အစ်မရယ်"

"ထွီ .... ဒီလို အရှက်မရှိတဲ့ စကားမျိုးတော့ ငါက လုံးဝ သည်းမခံနိုင်ဘူး"

ထိုစဉ် လိန်လိန်သည် လက်ကိုင်ပုဝါတစ်ထည်ကို ထုတ်ယူ၍ လင်မိန်ကျက်၏ ပါးတွင်ရှိသော ဒဏ်ရာကို ပွတ်သပ်

သန့်စင်ပေးလိုက်၏။ သို့ရာတွင် လင်မိန်ကျက်က လက်ဖြင့် လိန်လိန်အား ရုတ်ခြည်း ဆောင့်တွန်းလိုက်သဖြင့် အငိုက်မိသွားသော လိန်လိန်မှာ လွင့်စဉ်လဲကျ သွားတော့၏။

လင့်ဟူချုံးမှာ ဒေါသထွက်လှသဖြင့် အော်ဟစ်လိုက်မိသည်။

"မင်း ... မင်း .."

သူက ချက်ချင်း ရပ်လိုက်သည်။ ဤကား လင်မယားနှစ်ယောက်၏ အရေးအခင်းသာဖြစ်သည်။ သူနှင့် မဆိုင်ချေ။ သူ့အနေဖြင့် သူတစ်ပါး လင်မယားအရေး၌ မည်သို့မျှ ဝင်စွက်ခွင့်မရှိ။

ယင်းကြောင့် လင့်ဟူချုံးမှာ "မင်း ... မင်း .." ဟူ၍သာ ပြောနိုင်ပြီး ပြန်လည် နှုတ်ဆိတ်သွားခြင်း ဖြစ်သည်။ သူ့တစ်ကိုယ်လုံးမှာ ဒေါသကြောင့် တဆတ်ဆတ် တုန်လျက် ရှိသည်။

လင်မိန်ကျက်က မျက်စိမမြင် တော့သော်လည်း ဟန်ဆန်းဂိုဏ်းသားများ၏ စကားကို ကြားကာ ပြုံးလိုက်သည်။

"ဘယ်သူလဲ၊ ငါ့ကို အရှက်မရှိဘူးလို့ ပြောတာ ... ဘယ်သူက အရှက်မရှိတာလဲ"

လင်မိန်ကျက်က ရီချန်းလဲကျနေသော နေရာသို့ လက်ညှိုးထိုးပြရင်း ...

"ဒီဂျပုကြီး ရီချန်းနဲ့ ခါးကုန်းကြီးတို့ဟာ ငါ့တို့မျိုးရိုးပိုင် ဘီလူးမီးဓားသိုင်းကိုလိုချင်လို့ ရယူဖို့ အတင်းကြိုးစားကြတယ်။ ငါ့မိဘတွေကို သတ်ဖြတ်ကြတယ်။ သူတို့ဟာ အင်မတန် ရိုင်းစိုင်းရက်စက်တာ မှန်တယ်။ ဒါပေမယ့် အောက်တန်းမကျဘူး။ ဖြောင့် တိုက်ခိုက်တယ် ..."

ထိုနေရာသို့ ရောက်သောအခါ လိန်လိန့်ကို လက်ညှိုးထိုးပြပြီး လင်မိန်ကျက်က ...

"မင်းအဖေ သစ္စာရှင်ဓားကတော့ ဒီလိုမဟုတ်ဘူး။ ဘာသစ္စာရှင်ဓားလဲ။ ဒီနာမည်ကြီးကို ရေထဲ လွှင့်ပစ်လိုက်တော့။ ယုတ်မာတယ်။ ကောက်ကျစ်တယ်။ ဉာဏ်နီဉာဏ်နက်သုံးပြီး ငါတို့ မျိုးရိုးပိုင် ဘီလူးမီးဓားသိုင်းကို အပိုင်စီးလိုက်တယ်"

လိန်လိန်က လဲကျနေရာမှပြန်ထကာ တုန်ယင်သောလေသံဖြင့် ... "ရှင် ... ရှင် ... ဘာတွေ လျှောက်ပြောနေတာလဲ"

"ဘာတွေ ပြောရမလဲ ... အမှန်တွေ ပြောနေတာပေါ့။ ဟင်း .. အရှက်မရှိတဲ့မိန်းမ၊ ဒီအကြံအစည်ကို မင်းတို့ သားအဖနှစ်ယောက် ပူးပေါင်းကြံစည်တာပဲလေ"

"ရှင် .. ရှင် .. မဟုတ်တာတွေ မပြောနဲ့"

"ဘာမဟုတ်တာလဲ။ ဟုတ်တာ မှန်တာ .. ဟင်း ဟင်း .. မင်းလို ဝါဆန်းဂိုဏ်းချုပ်ကြီးရဲ့ တစ်ဦးတည်းသော သမီးဖြစ်တဲ့ ရွှေမင်းသမီးလေးက ငါ့လို မိမရှိ၊ ဖမရှိ ပြန်စရာ အိမ်တောင်မရှိတဲ့ တစ်ကောင်ကြွက်ကို လက်ထပ်နိုင်တာ တော်တော် အံ့ဩစရာ ကောင်းပါကလား။ မင်း ငါ့ကို ဘာကြောင့် လက်ထပ်ခဲ့သလဲ ... ပြောစမ်း"

"ရှင် ... မတော်မတရားတွေ မပြောပါနဲ့"

"ဟင်း ... မင်း မဖြေနိုင်တော့ဘူး မဟုတ်လား။ ငါကပဲ ဖြေလိုက်ပါ့မယ်။ မင်း ငါ့ကိုလက်ထပ်တာ ဘီလူးမီးဓားသိုင်းကို လိုချင်လို့မဟုတ်လား။ ... အခုဆိုရင် ဓားသိုင်းကို မင်းတို့ရသွားပြီ။ ဘာဖြစ်လို့ ငါ့ကို မသတ်သေးတာလဲ"

လင်မိန်ကျက်၏ ရက်စက်ရင့်သီးလှသော စကားများကို ကြားလိုက်ရသောအခါ လိန်လိန်မှာ ချုံးပွဲချ ငိုကြွေးလေတော့သည်။

"ကျွန်မကို ဒီလိုမျိုး မစွပ်စွဲပါနဲ့။ ကျွန်မမှာ ဒီလို စိတ်မျိုး မရှိပါဘူးရှင်။ ရှင်ပြောသလို စိတ်မျိုးသာ ကျွန်မမှာ ရှိခဲ့ရင် အသေဆိုးနဲ့ သေပါစေလို့ ကျွန်မ ကျိန်ဝံ့ပါတယ်"

လင်မိန်ကျက်ကမူ အေးစက်စွာ ဆက်ပြောနေသည်။

"မင်းတို့ သားအဖက ရီချန်းတို့၊ မုကောင်းဖုန်းတို့လို ဖြောင့်တိုက်ခိုက်တဲ့လူတွေ မဟုတ်ဘူး။ နောက်ကွယ်ကနေ ခိုးကြောင်ခိုးဝှက် လုပ်တဲ့လူတွေ၊ တိတ်တဆိတ် အကြံအစည်တွေ ရေးဆွဲပြီးသား။ အစတုန်းကတော့ ငါ့အနေနဲ့ ဘာမှ မသိခဲ့ဘူး။ အခု ငါမျက်စိကန်းတော့မှ မင်းတို့ အကြံအစည်တွေကို ပြက်ပြက်ထင်ထင် မြင်ယောင်လာတယ် ... ထွီ"

လင်မိန်ကျက်၏ လေသံ၌ နာကျည်းမှု၊ ရွံ့ရှာစက်ဆုပ်မှု အပြည့်အဝပါနေ၏။

"မင်းတို့ သားအဖနှစ်ယောက်မှာ ငါပြောသလို အကြံအစည်မျိုး မရှိဘူးဆိုရင် ... ငါတို့နှစ်ယောက် လက်ထပ်ပြီးတဲ့နောက် မင်းကငါ့အပေါ် ဘယ်လိုဆက်ဆံခဲ့သလဲ။ ... ဟင်း ... ငါထပ်ပြောစရာ လိုသေးလို့လား။ ... မင်းကောင်းကောင်း သိပါတယ်လေ။"

လိန်လိန်၏ မျက်နှာလေးမှာ ရဲကနဲ ရက်သွေးတက်သွားကာ ...

"ဒါကိုတော့ ရှင် .... ရှင် .... ကျွန်မကို အပြစ်မတင်နဲ့ .... ရှင် ... ရှင်က"

သူမက စကားကို ရုတ်တရက် ဖြတ်လိုက်ပြီး လင်မိန်ကျက်ရှိရာသို့ လျှောက်လာသည်။

"လင်မိန်ကျက် ... စိတ်မကောင်းစရာတွေကို ပြန်စဉ်းစားမနေပါနဲ့တော့ ... ကျွန်မက ရှင့်အပေါ် ဘယ်တော့မှ စိတ်မပြောင်းပါဘူး"

လင်မိန်ကျက်သည် မရယ်ချင့်ရယ်ချင်ဖြင့် တဟင်းဟင်း ရယ်နေသည်။ လိန်လိန်ကမူ ဆက်ပြောလိုက်သည်။

"ကျွန်မတို့နှစ်ယောက် ဝါဆန်းတောင်ကို ပြန်ကြရအောင်။ ရှင့် ဒဏ်ရာကိုလည်း အနားယူရင်း ကုတာပေါ့။ ရှင့်မျက်လုံးတွေ ကောင်းကောင်း၊ မကောင်းကောင်း ကျွန်မက ရှင့်အပေါ် ဘယ်တော့မှ စိတ်မပြောင်းပါဘူး"

လင်မိန်ကျက်က ခနဲ့ပြုံးပြုံးနေသည်။ သူ၏အပြုံးကို လိန်လိန်က ကောင်းစွာနားလည်သည်။ သူ့ကို ရှင်းပြမနေတော့ပဲ လင်းလင်းထံသို့ လျှောက်လာပြီး ...

"ကျွန်မကို မြင်းလှည်းတစ်စီးလောက် ခဏငှားပါလားရှင်။ မြင်းလှည်းနဲ့ သွားမှ အဆင်ပြေမှာမို့ပါ"

လင်းလင်းက ပျူပျူငှာငှာဖြင့် ...

"ရပါတယ် .. ရပါတယ်။ မြင်းလှည်းတစ်စီး ပိုနေပါတယ်" ဟုပြောကာ မြင်းလှည်းတစ်စီးကို ဆွဲယူသွားစေ၏။

လိန်လိန်သည် လင်မိန်ကျက်ကို ကြင်နာစွာတွဲခေါ်၍ မြင်းလှည်းဆီသို့ လျှောက်လာစေသည်။ လှည်းနားရောက်သော် ...

"ကျွန်မတို့ မြင်းလှည်းနဲ့ သွားကြမယ်။ လှည်းပေါ် တက်လိုက်နော်"

လင်မိန်ကျက်မှာ ဒေါသထွက်နေဆဲပင်။ သို့သော် သူ့မှာ မျက်စိနှစ်ကွင်း အလင်းမရသူဖြစ်၍ လိန်လိန်၏ အကူအညီ မရပါက မည်သို့မျှ လမ်းလျှောက်နိုင်မည် မဟုတ်ချေ။ နောက်ဆုံးတွင် လိန်လိန်၏ အကူအညီဖြင့်ပင် လှည်းပေါ် တက်လိုက်ရတော့၏။

လင်းလင်းကို ကျေးဇူးတင်သောအကြည့်ဖြင့် လှမ်းကြည့်လိုက်ပြီး လိန်လိန်သည် မြင်းလှည်းကို မောင်းထွက်သွားလေတော့၏။ သူမသည် လင့်ဟူချုံးကို တစ်ချက်မျှ ငဲ့စောင်း မကြည့်သွားချေ။

လင့်ဟူချုံးမှာ လိန်လိန်၏ မြင်းလှည်း မြင်ကွင်းမှ ပျောက်သွားသည်အထိ ငေးမောကြည့်နေမိ၏။ သူ့မျက်ဝန်းတွင် မျက်ရည်များ ဝဲနေလျက် စိတ်ထဲမှ ...

"ညီလေး လင်မိန်ကျက်က မျက်စိကန်း ... ညီမလေး လိန်လိန်က ဒါဏ်ရာရ၊ သူတို့ နှစ်ယောက် ဝါဆန်းတောင်ကို ရောက်အောင် ဘယ်လိုများ ပြန်ကြမလဲ။ လမ်းတစ်ဝက်မှာ ချင်းချန်ဂိုဏ်းသားတွေ ဝိုင်းပြီး ရန်ရှာကြရင် သူတို့ ဘယ်လို ခုခံနိုင်တော့မလဲ"

ထိုစဉ် ချင်းချန်ဂိုဏ်းသားများမှာ အနောက်တောင်ဘက်သို့ ဦးတည် ထွက်ခွာသွားသည်ကို တွေ့လိုက်ရ၏။ ယင်းမှာ လိန်လိန်တို့နှင့် ဆန့်ကျင်ဘက်အရပ် ဖြစ်သည်။ သို့သော် ဤသို့ ထွက်ခွာရုံနှင့် စိတ်ချနေ၍ မဖြစ်ချေ။ အဝေးရောက်မှ မြောက်ဖက်သို့ ပြန်ကွေ့ပြီး လိန်လိန်တို့ မြင်းလှည်းကို အမှီလိုက်ပြီး တိုက်ခိုက်ကြလျှင် အဘယ်သူ သိနိုင်မည်နည်း။

လင့်ဟူချုံး စိတ်ထဲတွင် ခပ်စောစောက လင်မိန်ကျက်နှင့် လိန်လိန်တို့ အပြန်အလှန် ပြောနေခဲ့ကြသော စကားများကို ပြန်လည်စဉ်းစားမိသည်။ ထိုစကားများ၌ အပြင်လူမသိနိုင်သော လျှို့ဝှက်ဇာတ်ကြောင်းများ ပါရှိနေသည်။ လင့်ဟူချုံး အနေဖြင့် လုံးဝ စဉ်းစား၍မရပဲ ဖြစ်နေသည်။

သူတို့လင်မယားနှစ်ယောက်တွင် ရှင်း၍မရသည့် ပြဿနာကြီး ရှိနေသည်ကတော့သေချာသည်။ ဟန်ဆန်းဂိုဏ်းသားများသည် ဆယ်မိုင်ကျော် ခရီးဆက်ကြပြီး ထိုညတွင် ဘုရားကျောင်း တစ်ခုတွင် ဝင်ရောက်အိပ်စက်ကြသည်။

ညတွင် အသံတစ်သံကို ကြားလိုက်ရသဖြင့် လင့်ဟူချုံး အိပ်ရာမှ နိုးလာသည်။

"အစ်ကို .. အစ်ကို"

လင်းလင်း၏ အသံပင်တည်း။ လင့်ဟူချုံးက သူနိုးနေကြောင်း ချောင်းဟန့်ကာ အချက်ပေးလိုက်သည်။

"အစ်ကို ... အပြင်ခဏ ထွက်ခဲ့ပါ။ စကားပြောစရာ ရှိတယ်"

ဘုရားကျောင်းအပြင်သို့ လင့်ဟူချုံး ထွက်လာသောအခါ လှေကားထစ်တွင်ထိုင်၍ အပြင်သို့ငေးနေသော လင်းလင်းကို တွေ့လိုက်ရ၏။ တိတ်ဆိတ်စွာပင် လင့်ဟူချုံးက သူမဘေးနားတွင် ထိုင်ချလိုက်သည်။ အတန်ကြာမှ လင်းလင်းက မေးလိုက်သည်။

"အစ်ကို .. လိန်လိန့်အတွက် စိတ်မပူဘူးလားဟင်"

"ဟုတ်တယ် လင်းလင်း ... လိန်လိန့်အတွက်တင်မကဘူး။ လင်မိန်ကျက် အတွက်ပါ စိတ်ပူတယ်။ သူတို့မှာ ဒဏ်ရာ အကြီးအကျယ်နဲ့ မဟုတ်လား။ အစ်ကို စိတ်မပူပဲ မနေနိုင်ဘူး ... ဒါနဲ့ သူတို့ ပြောတဲ့ ကိစ္စတွေကိုလဲ နားမလည်ပြန်ဘူး"

"အစ်ကိုက ချင်းချန်ဂိုဏ်းသားတွေ လမ်းတစ်ဝက်လောက်မှာ ပြန်ကွေ့ပြီး လက်စားချေမှာ စိုးရိမ်တာ မဟုတ်လား"

"ဟုတ်တယ်။ အဲဒါကို စိုးရိမ်တာပဲ။ သူတို့အနေနဲ့ ဒီလိုအချိန်မျိုးမှာ လိန်လိန်တို့ကို တိုက်ခိုက်ရင် အခွင့်အသာဆုံးပဲ။ ဟိုနှစ်ယောက်က ဒါဏ်ရာကြီးတွေနဲ့ ဆိုတော့ ဘယ်ခုခံနိုင်ပါတော့မလဲ"

လင်းလင်းက ... "ဒါဖြင့် အစ်ကိုက ဘာဖြစ်လို့ လိုက်မသွားတာလဲ"

လင့်ဟူချုံးက သက်ပြင်းချ၍ ...

"လင်မိန်ကျက်ရဲ့ စကားတွေကို ကြားရတာ အစ်ကို့ရင်ထဲမှာ မကောင်းဘူး။ သူ့လေသံထဲမှာ အစ်ကို့ကို အထင်လွဲနေတယ် ဆိုတာ ထင်ရှားနေတယ်။ အစ်ကိုက သူတို့ကို စေတနာနဲ့ကူညီတာပါ။ ညီလေး၊ ညီမလေးတွေလို သဘောထားပြီး အကူအညီပေးနေတာ။ အခုလည်း အစ်ကိုလိုက်ပြီး ကယ်ချင်ပါတယ်။ ဒါပေမယ့် မဖြစ်ပါဘူး။ သူတို့ လင်မယားနှစ်ယောက် ထပ်ပြီး စိတ်ဝမ်းကွဲမယ့် အဖြစ်မျိုး မရောက်စေချင်ဘူး။"

လင်းလင်းက ပြုံး၍ မေးလိုက်သည်။

"အစ်ကို သွားမကယ်ရခြင်းရဲ့ ပထမအချက်ကတော့ ဟုတ်ပါပြီ။ နောက်တစ်ချက်က အစ်ကိုက ကျွန်မစိတ်ဆိုးမှာ စိုးရိမ်နေတယ် မဟုတ်လား။ မှန်မှန်ဖြေပါ"

လင်းလင်းအား လင့်ဟူချုံးက လေးစားသောအကြည့်ဖြင့် ကြည့်၍ ညင်သာစွာ ခေါင်းညိတ်ပြသည်။ ပြီးနောက် လင်းလင်း၏ လက်ကလေးကို အသာအယာ ဆုပ်ကိုင်ကာ ...

"ဟုတ်တယ် လင်းလင်း .. လင်းလင်းပြောတာ အမှန်ပါပဲ။ ဒီလောကကြီးထဲမှာ အစ်ကိုရယ် .. လင်းလင်းရယ် .. နှစ်ယောက်ထဲပဲ ရှိတော့တယ်။ ဒါမှ လင်းလင်းစိတ်ဆိုးအောင်လုပ်ပြီး အစ်ကိုတို့ စိတ်ဝမ်းကွဲသွားကြရင် ဒီဘဝမှာ ဘာအဓိပ္ပါယ် ရှိတော့မလဲ"

လင့်ဟူချုံးက သူ့ရင်ထဲမှ စကားများကို ထုတ်ပြောလိုက်သောအခါ လင်းလင်းမှာ မျက်ရည်များ ဝိုင်းလာသည်အထိ ကြည်နူးမိတော့၏။

"အစ်ကိုက ကျွန်မအပေါ်မှာ ဒီလိုသဘောထားတဲ့ နောက်တော့ ကျွန်မတို့ကြားမှာ ဘာမှ စိတ်ဝမ်းကွဲနေစရာ မရှိတော့ပါဘူး။ အခု ကျွန်မတို့ နောက်ကျနေလို့မဖြစ်ဘူး။ သူတို့နောက်ကို ချက်ချင်းလိုက်မှ မီနိုင်လိမ့်မယ်။ နို့မဟုတ်ရင် 'ငါလိုက်မကယ်မိလေခြင်း' လို့ တစ်သက်လုံး နောင်တနဲ့ ယူကြုံးမရ ဖြစ်နေလိမ့်မယ်"

လင့်ဟူချုံးမှာ ထိတ်ကနဲဖြစ်သွားတော့၏။ တစ်သက်လုံး နောင်တနဲ့ ယူကြုံးမရဆိုသောစကားကို ကြားလိုက်ရသောအခါ လိန်လိန်တို့၏ မြင်းလှည်းကို ချင်ချန်ဂိုဏ်းသားများက ထိုးနှက်တိုက်ခိုက်နေပုံကို မြင်ယောင်လာတော့၏။

လင်းလင်းက ... "အခု ရိဟိုနဲ့ ရိချင်း နှစ်ယောက်ကို ကျွန်မသွားနှိုးလိုက်မယ်။ သူတို့ကို ဟန်ဆန်းတောင်ကို သူတို့ဖာသာ ပြန်ကြဖို့ အစ်ကိုကမှာလိုက်ပေါ့။ .. ကျွန်မတို့ကတော့ လိန်လိန်တို့ကို နောက်ကွယ်ကနေ တိတ်တဆိတ် ကာကွယ် စောင့်ရှောက်ပေးပြီးမှ ပြန်လာခဲ့မယ်လို့ မှာလိုက်ပါ"

"ကောင်းတယ်။ ... ဒီအကြံ သိပ်ကောင်းတယ်။ သူတို့ကို သွားနှိုးလိုက်လေ။ ဒီအတိုင်းပဲ ပြောလိုက်မယ်"

ဤသို့ဖြင့် ရိဟိုနှင့် ရိချင်းတို့ ရောက်လာကြလေတော့သည်။ လင့်ဟူချုံးက လင်းလင်း၏ အကြံအတိုင်းပင် သူတို့ကို ပြောဆိုမှာကြားလိုက်သည်။ လင်းလင်းမှာမူ အတန်ငယ်လှမ်းသည့် နေရာ၌ ရပ်နေသည်။ လင့်ဟူချုံး တစ်ယောက် လွတ်လပ်စွာ ပြောဆိုနိုင်ရန် ရှောင်ပေးသည့် ပုံစံမျိုး ဖြစ်သည်။

သို့သော် တကယ်တမ်းမှာ ရိဟိုနှင့် ရိချင်းတို့၏မျက်နှာကို မကြည့်ရဲလောက်အောင် လင်းလင်းတစ်ယောက် ရှက်နေခြင်းကြောင့်ဖြစ်သည်။ မိမိနှင့် လင့်ဟူချုံးနှစ်ယောက်တည်း မြင်းလှည်းတစ်စီးနှင့် အတူတကွ ထွက်သွားကြသည်ကို ကြည့်၍ နောက်ပြောင်မည်ကို ရှက်နေခြင်းပင်။

မြင်းလှည်းပေါ်သို့ လင့်ဟူချုံး တက်လာပြီးသောအခါ လင်းလင်းက မောင်းထွက်လာသည်။ အဝေးသို့ရောက်မှ လင်းလင်းတစ်ယောက် ဟင်းချနိုင်တော့သည်။

လင့်ဟူချုံးတို့နှစ်ယောက်သည် လမ်းခရီး၌ မျက်နှာများကို မြေကြီးများဖြင့် သုတ်လိမ်းကာ ခေါင်းကိုလည်း ခေါင်းပေါင်း ပေါင်းထားလိုက်ကြသည်။ သူတို့နှစ်ယောက်ကို ရုတ်တရက်ကြည့်၍ မည်သူမှု မှတ်မိနိုင်မည် မဟုတ်တော့ချေ။

ပြီးနောက် မြင်းလှည်းကို အပြင်း မောင်းနှင်တော့သည်။

လိန်လိန်တို့ နှစ်ယောက်ကို အချိန်မီ ကာကွယ်နိုင်ရန် အပြင်းမောင်းနှင်မှ မီပေတော့မည်။

× × × × ×

# သင်းကွပ်သိုင်းကျင့်

လင်းလင်းနှင့် လင့်ဟူချုံးတို့သည် မြင်းလှည်းကို အပြင်းမောင်းနှင်ခဲ့ကြသဖြင့် ခရီးအတော်အတန် ပေါက်ခဲ့ကြသည်။ မြင်းများ မောပန်းလာသောအခါကျမှ ဖြည်းညင်းသက်သာစွာ မောင်းလာကြသည်။ အချိန်ကား နေရောင်ပျောက်၍ လမင်းကြီး ထွက်လာပေပြီ။

မြင်းလှည်းခေါင်မိုးပေါ်တက်ကာ ဘေးပတ်ဝန်းကျင်ကို လင်းလင်းက ကြည့်ရှုလိုက်သည်။ လရောင်အောက်တွင် ခပ်လှမ်းလှမ်း လမ်းမဘေးတစ်နေရာ၌ မြင်းလှည်းတစ်စီး ရပ်ထားကြောင်း တွေ့လိုက်ရသည်။

ထိုမြင်းလှည်းကို လင့်ဟူချုံးကလည်း တွေ့လိုက်ရသဖြင့် လင်းလင်းအား ...

"လင်းလင်း .. အဲဒါ လိန်လိန်တို့ကို ပေးလိုက်တဲ့ မြင်းလှည်းမဟုတ်လား။ သူတို့က ဒီနားမှာ ဘာဖြစ်လို့ ရပ်ထားပါလိမ့်"

"အစ်ကို .... ကျွန်မတို့ မြင်းလှည်းကို တစ်ဘီးချင်းလိမ့်ပြီး အဲဒီလှည်းနား ကပ်သွားရင်ကောင်းမယ်။ အသံမကြားမှ ဖြစ်မယ်"

လင့်ဟူချုံးက သဘောတူကာ သူတို့၏မြင်းလှည်းကို အသံမထွက်အောင် ဖြည်းညင်းသက်သာစွာ မောင်းနှင်လာသည်။ နီးကပ်လာသောအခါ မြင်းလှည်းဘေးတွင် လူတစ်ယောက် ရပ်နေသည်ကို တွေ့လိုက်ကြရသည်။

လင်မိန်ကျက်ပင်တည်း။ လင့်ဟူချုံးက တအံ့တဩဖြင့် ...

"သူတို့က ဘာရပ်လုပ်နေကြတာလဲ"

"အစ်ကို ဒီမှာ ခဏစောင့်နေ။ ကျွန်မတစ်ယောက်တည်း အခြေအနေ သွားကြည့်မယ်။ နှစ်ယောက်စလုံးသွားရင် အသံလုံမှာ မဟုတ်ဘူး"

လင်းလင်းစကားမှာ မှန်ပေသည်။ သူတို့၏မြင်းလှည်းကို သည့်ထက်တိုးကပ်ပါက မြင်းလှည်းသံကို လင်မိန်ကျက်တို့ ကြားပေတော့မည်။

လင့်ဟူချုံးက ... "သွားလေ .. အစ်ကို ဒီကပဲ စောင့်နေမယ်"

လင်းလင်းသည် ကိုယ်ဖော့ပညာဖြင့် လိန်လိန်တို့၏ လှည်းနားသို့ ချဉ်းကပ်သွားတော့၏။ မြင်မြင်ထင်ထင်တော့ မဟုတ်ချေ။ လမ်းဘေးရှိ မြက်တောထဲသို့ ရှေးဦးစွာ ပြေးဝင်သွားသည်။ ထိုမြက်တောထဲမှတဆင့် လိန်လိန်နှင့် လင်မိန်ကျက်တို့ မြင်းလှည်းဆီသို့ ပုန်းလျှိုးချဉ်းကပ်သွားခြင်း ဖြစ်သည်။

လင့်ဟူချုံးမှာ လိုက်သွားချင်သော်လည်း သူ့ဒဏ်ရာအခြေအနေအရ မည်သို့မျှ မလိုက်နိုင်သဖြင့် နေခဲ့ရခြင်း ဖြစ်သည်။ လင်းလင်း ထွက်သွားသည်ကိုသာ သူက ငေးမောကြည့်နေမိတော့၏။

များမကြာမီပင် လင်းလင်းသည် လိန်လိန်တို့၏ လှည်းနားသို့ ရောက်ရှိလာတော့သည်။ လင်မိန်ကျက်၏ အသံကို ရှေးဦးစွာ ကြားလိုက်ရသည်။

"လိန်လိန် .. ငါပြောတာကို သေသေချာချာ နားထောင်ပြီးဖြေစမ်းပါ။ ငါတို့မျိုးရိုးပိုင် ဘီလူးမီးခဲသိုင်းကို မင်းအဖေက အားလုံးရသွားပြီ။ ဒါတောင်မှ ဘာဖြစ်လို့ ငါ့နောက်ကို မင်းက ဆက်လိုက်နေရတာလဲ"

လိန်လိန်က ... "လင်မိန်ကျက် ... ရှင်က ကျွန်မကို မယုံသင်္ကာ ဖြစ်နေသေးတာပဲကိုး .. သေသာ သေလိုက်ချင်တော့တာပဲ။ ရှင် ဝါဆန်းဂိုဏ်းထဲ ဝင်လာတုန်းက ရှင့်မှာ အဲဒီသိုင်းစာအုပ် ပါလာလို့လား။ ဘီလူးမီး

စားသိုင်းစာအုပ် ရှင့်မှာ ရှိနေခဲ့သလား။ အဲသည်တုန်းကတည်းက ကျွန်မက ရှင့်အပေါ် ကောင်းလာခဲ့တာပါ။ ကျွန်မမှာ ဘာအကြံအစည်များ ရှိလို့လဲ”

လင်မိန်ကျက်က ခနဲ့ပြုံးပြုံးရင်း နားထောင်နေရာမှ လိန်လိန်က နောက်ဆုံးစကားများကို ပြောလိုက်သောအခါ…

“ဘာအကြံအစည်များရှိလို့လဲ… ဟုတ်လား” ဆိုသောစကားကို ထပ်မံရေရွတ်လိုက်သည်။ ထို့နောက် ခွက်ထိုး ခွက်လန် ရယ်လိုက်တော့သည်။ သူ့ရယ်သံ၌ နာကျည်းမှု အပြည့်ပါနေသည်။

“အေး .. မင်းက မသိတာလား … မသိချင်ယောင် ဆောင်နေတာလား။ … ဒီလိုမှတော့ ငါပြောပြသေးတာပေါ့။ ဖုကျိုးမြို့ပြင်က အရက်ဆိုင်မှာ မင်းအဖေက သူ့ရဲ့ တစ်ဦးတည်းသော သမီးလေး၊ ဝါဆန်းဂိုဏ်းရဲ့ ရွှေမင်းသမီးလေးကို ဘာဖြစ်လို့ အရက်ရောင်းခိုင်းရသလဲ။ ဒီလောက်ဝေးတဲ့ခရီး၊ ဒီလောက် အန္တရာယ်များတဲ့နေရာကို အပျော်သဘောနဲ့ လွှတ်တာ ဖြစ်နိုင်မလား။ … အဲဒါ ငါ့ကို ငါးစာချပြီး မျှားတာ မဟုတ်ရင် ဘာလဲ”

လင်မိန်ကျက်၏ စွဲချက်ကား ပြင်းထန်လှ၏။ လိန်လိန်ကမူ …

“ရှင် ယုံချင်ယုံ … မယုံချင်နေ။ ကျွန်မနဲ့ အစ်ကို နံပါတ်နှစ်တို့ ဖုကျိုးမြို့ပြင်က အရက်ဆိုင်ကို လာတုန်းက အဲဒီ ဘီလူးမီးစားသိုင်း ဆိုတာကို ကြားတောင် မကြားဖူးဘူး”

လင်းလင်းက အသံခပ်မာမာဖြင့် ရှင်းပြနေသည်။ လင်မိန်ကျက်၏ စွပ်စွဲချက်နှင့် ပတ်သက်၍ သူမအနေဖြင့် လုံးဝ မသိရှိခဲ့ရကြောင်း အရိုးခံအတိုင်းပြောပြနေခြင်းလဲ ဖြစ်သည်။

“ကျွန်မအဖေ ပြောတာကတော့ ချင်းချန်ဂိုဏ်းသားတွေအားလုံး အလုံးအရင်းနဲ့ ဆင်းသွားတာဟာ မကောင်းမှု တစ်ခုခုကို လုပ်တော့မှာဖြစ်လို့ ကျွန်မနဲ့ အစ်ကိုနှစ်ကို သွားစုံစမ်းကြတဲ့။ သူတို့ ဘာတွေ ကြံစည်နေသလဲဆိုတာ အတိအကျသိရအောင် လုပ်ခဲ့ဆိုပြီး လွှတ်လိုက်တာပါ”

လင်မိန်ကျက်၏ လေသံ အနည်းငယ် ပျော့သွားတော့၏။

“ကောင်းပြီလေ။ ငါက မင်းရဲ့စကားကို ယုံပါပြီ။ … အခု ငါ့မှာ မမြင်မကန်းနဲ့ ဒုက္ခိတဖြစ်နေပြီ။ မင်းအတွက် ငါက ဘာများ ကောင်းကျိုးပြုနိုင်တော့မှာလဲ။ မင်းနဲ့ငါက လင်မယားလို့သာ ပြောနေကြတာ တကယ်တော့ လင်မယားအရာ မြောက်သေးတာ မဟုတ်ဘူး။ မင်းက အပျိုစစ်စစ်ပဲ။ မင်းအနေနဲ့ လင့်ဟူချုံးဆီပဲ ပြန်ပါတော့”

မြက်တောထဲ၌ ပုန်းဝပ်၍ နားထောင်နေသော လင်းလင်းမှာ ထိုစကားများကို ပီပီသသကြီး ကြားလိုက်ရ၏။ သူမအနေဖြင့် လုံးဝ မမျှော်လင့်ထားသော စကားများဖြစ်ရာ မျက်နှာ တပြင်လုံး ထူပူသွားတော့၏။

“သူတို့ ဘယ်လို ဖြစ်နေကြတာလဲ”

လင်းလင်းက တစ်ယောက်တည်း တီးတိုး ရေရွတ်လိုက်မိသည်။ စိတ်ထဲမှ ဆက်၍ တွေးနေလိုက်သည်။

“ငါက မိန်းကလေးတစ်ယောက်လုပ်နေပြီး သူများ လင်မယားတွေအကြောင်း ခိုးကြောင်ခိုးဝှက် နားထောင် နေရတဲ့ကိစ္စက ရှက်စရာ ကောင်းတဲ့ကိစ္စပဲ။ ဘာလုပ်ရင် ကောင်းမလဲ”

တကယ်တမ်းအားဖြင့်မူ သူမ၏ ခြေထောက်များကို အနည်းငယ်လေးမျှ မရွေ့နိုင်ပေ။ ဝါဆန်းဂိုဏ်း၏ မြုပ်ကွက် ဇာတ်ကြောင်းများကို သူမအနေဖြင့် သိလိုနေသောကြောင့်ပင်တည်း။

လိန်လိန်က သက်ပြင်းချလိုက်ပြီး …

“အင်း … ဘဝဆိုတာများ သိပ်ထူးဆန်းတာပဲ။ လက်မထပ်ခင်တုန်းကတော့ ရှင်က ကျွန်မကို ချစ်တယ်လို့ ထင်ခဲ့တာပဲ။ … လက်လဲထပ်ပြီးတော့မှ ရှင် ကျွန်မကို ဘယ်လောက် မုန်းသလဲဆိုတာ သိရတော့တယ်။ ရှင်နဲ့ ကျွန်မက တစ်ခန်းတည်း တစ်ကုတင်တည်း အတူတူနေပေမယ့် အတူမအိပ်ဘူး။ ကျွန်မအပေါ်မှာ ကြင်နာ ယုယမှုလည်း မရှိဘူး။ … ကျွန်မတော့ လုံးဝ မစဉ်းစားတတ်ဘူး။ ကျွန်မကို ဒီလောက် မုန်းနေရဲ့သားနဲ့များ ဘာဖြစ်လို့ လက်ထပ်လိုက်ရ သေးလဲ”

လင်မိန်ကျက်က …

“မင်းစိတ်က ထင်နေလို့ပါ။ ငါက မင်းကို မမုန်းပါဘူး”

လိန်လိန်က …

“ရှင်က ကျွန်မကို မမုန်းဘူး …. ဟုတ်လား။ ဒါဆိုရင် ဘာလို့ အခုလို စိမ်းစိမ်းကားကား ဆက်ဆံနေရတာလဲ။ အဖေနဲ့ အမေကဆိုရင် ကျွန်မကို တဖွဖွမေးတယ်။ ရှင် ကျွန်မကို ယုယုယယ ကြင်ကြင်နာနာ ဆက်ဆံရဲ့လားလို့။ ကျွန်မကတော့ တကယ့်အဖြစ်နဲ့ ဆန့်ကျင်နေတဲ့ အဖြေစကားကိုပဲပေးတယ်။ ‘သူ .. သိပ်ကောင်းပါတယ်’ လို့ပဲ အမြဲတမ်း ပြောခဲ့တယ်”

ပြောရင်းမှ လိန်လိန်သည် ချုံးပွဲချ ငိုကြွေးလေတော့၏။ လိန်လိန်၏ စကားများကို ကြားလိုက်ရသောအခါ လင်မိန်ကျက်သည် ဆတ်ကနဲ တုန်လှုပ်သွားသည်။ မြင်းလှည်းပေါ် ခုန်တက်လိုက်ပြီး အငမ်းမရ မေးလိုက်သည်။

"ဘာ ... မင်းအမေက မင်းကို ခဏခဏ မေးတယ် ဟုတ်လား .. တကယ်လား"

"တကယ်ပေါ့ .... ကျွန်မက ညာပြောမလား။ ဘာပဲဖြစ်ဖြစ် ရှင်က ကျွန်မ ယောကျ်ားပဲ ဆိုပြီး ရှင့်ဖက်က အမြဲတမ်း ကာကွယ်ပြောခဲ့တယ်။ တစ်နေ့ကျရင် ရှင့်စိတ်တွေ ပြောင်းလဲလာပြီး ကျွန်မအပေါ် ကောင်းလာမှာပဲလို့ ကျွန်မက မျှော်လင့်ထားတာ"

လင်မိန်ကျက်က ငြိမ်သက်နေ၏။ အတန်ကြာမှ ...

"အစတုန်းက မင်းရဲ့အဖေက ငါ့ကို မသတ်သေးတာ ဘာကြောင့်လဲလို့ တွေးမရခဲ့ဘူး။ လက်စသတ်တော့ မင်းက ကြားထဲကနေ ငါ့ကို ကာကွယ်ပေးထားလို့ကိုး။ ... မင်းသာ အခုလို ငါ့ကို ကာကွယ်မထားရင် ဝါဆန်းတောင်ထိပ်မှာ ငါသေတာ ကြာပြီ။ အခုဆို အရိုးတောင် ဆွေးနေလောက်ပြီ"

လိန်လိန်က ခေါင်းကို သွက်သွက်ခါအောင် ခါယမ်းလိုက်ပြီး ...

"ဟင့်အင်း .. ကျွန်မက ရှင့်ကို မကာကွယ်လို့၊ ရှင်က ကျွန်မအပေါ်မှာ စိမ်းစိမ်းကားကား ဆက်ဆံနေတယ်ဆိုတာ သိသွားရုံနဲ့တော့ အဖေက ရှင့်ကို သတ်မပစ်ပါဘူး။ မဖြစ်နိုင်တာပဲ"

လင်မိန်ကျက်က နာကျည်းခါးသီးသော အသံဖြင့် ...

"အင်း ... မင်းဟာ ငါထင်သလို သိထားတာ မဟုတ်ပါလား။ မင်းအဖေက ငါ့ကို သတ်မယ့်အကြောင်းရင်းက မင်းအပေါ် စိမ်းစိမ်းကားကား ဆက်ဆံလို့ မဟုတ်ဘူး။ .. ငါက ဘီလူးမီးစားသိုင်းကို တတ်ထားလို့ပဲ"

× × × × ×

စာစဉ် (၁၃) ပြီးပါပြီ။

# သိုင်းလောကကြီးနိုးခေါ်သံ

## စာစဉ် (၁၄)

# သိုင်းလောက၏ စိန်ခေါ်သံ

## စာစဉ်(၁၄)

## မာတိကာ


| | | | |
|---|---|---|---|
| | သင်းကွပ်သိုင်းကျင့် မှအဆက် | **htetkgkin** | ၁၀၂၀ |
| အခန်း(၈၉) | သစ္စာမဲ့ခြင်း | **htetkgkin & hotrod** | ၁၀၂၈ |
| အခန်း(၉၀) | မေတ္တာရည် ကုန်ခန်းခြင်း | **hotrod** | ၁၀၄၀ |
| အခန်း(၉၁) | ဟန်ဆန်းတောင်သို့ | **hotrod** | ၁၀၅၆ |
| အခန်း(၉၂) | သွေးစွန်းသော ဝါဆန်း | **hotrod** | ၁၀၆၃ |
| အခန်း(၉၃) | ဝါဆန်းကျောက်ဂူ | **hotrod** | ၁၀၇၇ |
| အခန်း(၉၄) | ဘဝသံသရာ | **hotrod** | ၁၀၉၃ |



**scanned by NEO@mmcp**

ပထမအဆင့် တည်းဖြတ်သူ **hotrod**

ဒုတိယအဆင့် တည်းဖြတ်သူ **nnnaing**

အချောသတ် တည်းဖြတ်သူ **sideeffect**

လိန်လိန်သည် ဘီးလူးမီးဓားသိုင်းဟူသည့် စကားကို ကြားလိုက်ရသောအခါ ချက်ချင်း အာရုံပြောင်းသွားတော့၏။ သူမ၏ အိမ်ထောင်ရေးကိစ္စကို ခေတ္တမေ့လျော့သွားသည်။

“ဟိုနေ့တုန်းက အဖေက ကျိုလင်ထန်ကို တိုက်ခိုက်တဲ့ ဓားကွက်က သိပ်ထူးခြားတာပဲနော်၊ ကျွန်မဖြင့် အံ့သြလွန်းလို့ အသက်တောင် မရှူနိုင်ဘူး၊ နောက်ပြီး ရှင်က ရီချန်းနဲ့ မုကောင်းဖုန်းတို့ကို တိုက်ခိုက်တဲ့ ဓားကွက်တွေကလည်း ဒီလိုပဲ၊ အဲဒါ ဘီလူးမီးဓားသိုင်းလား ....”

“ဟုတ်တယ်၊ အဲဒါ ငါတို့ ‘လင်’ မျိုးရိုးပိုင် ဘီးလူးမီးဓားသိုင်း ဆိုတာပဲ.....”

လင်မိန်ကျက်လေသံ၌ အားရဂုဏ်ယူသော လေလံများ အပြည့်အဝ ပါဝင်နေ၏။ ထိုအခါ လိန်လိန်က ...

“ရှင်....ဒီဓားသိုင်း လေ့ကျင့်တာကို ကျွန်မကိုတောင် ပြောမပြဘူး၊ ရှင်က သိပ်လျှို့ဝှက်တာပဲ....”

“ငါ့အနေနဲ့ ဘယ်လိုလုပ်ပြီး ဖွင့်ပြောရမှာလဲ၊ အဖြစ်ကဒီလို ... လင့်ဟူချုံးက ဖုကျိုးမြို့မှာ ဟိုသက်န်းကို လုယူပြီး ထွက်ပြေးဖို့ကြိုးစားတယ်၊ ဒါပေမယ့် မလွတ်ဘူး၊ မင်းအဖေရဲ့လက်ထဲကို ဒီဓားသိုင်းကျမ်းက ရောက်သွားတယ်...”

လိန်လိန်က ချက်ချင်းအော်ဟစ် ကန့်ကွက်သည်။

“မဟုတ်ဘူး....မဟုတ်ဘူး.....၊ ရှင်ပြောနေတာ သင်္ကန်းစပေါ်မှာ ရေးထားတဲ့ ဓားသိုင်းကွက်ကို အစ်ကိုကြီး ယူသွားတာပါ။ အဖေက အစ်ကိုကြီးဆီက အတင်းအကျပ် ပြန်တောင်းတာတောင် အစ်ကိုကြီးက ပြန်မပေးဘူး ...”

လင်မိန်ကျက်က သရော်ပြုံးပြုံးလိုက်၏။ ထိုအပြုံးကြောင့် လိန်လိန်သည် ပို၍ မကျေမနပ် ဖြစ်သွားပြီး ဆက်၍ ရှင်းပြသည်။

“အစ်ကိုကြီးရဲ့ ဓားသိုင်းက ဘယ်လောက်ကောင်းသလဲ၊ အစ်ကိုကြီးက အဖေ့ကိုတောင် အနိုင်ယူနိုင်တယ်၊ သူရဲ့ ဓားသိုင်းက ဘီးလူးမီးဓားသိုင်း မဟုတ်ဘူးလား ....။”

လင်မိန်ကျက်သည်ခနဲ့ပြုံး ပြုံးရင်း ....

“မင်း ဘာတွေ လျှောက်ပြောနေတာလဲ၊ မင်းပြောတာတွေဟာ တစ်ခုမှ မဟုတ်ဘူး၊ လင့်ဟူချုံးက ပါးနပ်ပေမယ့် မင်းအဖေ လောက်တော့ မကောက်ကျစ်သေးဘူး၊ မယုတ်မာသေးဘူး ....”

လိန်လိန်မှာ လင်မိန်ကျက်၏စကားကြောင့် မခံမရပ်နိုင်အောင် ဖြစ်သွား၏။ သို့သော် လင်မိန်ကျက်ကမူ လိန်လိန် မခံမရပ်နိုင်ဖြစ်နေပုံကို မမြင်နိုင်သူ ဖြစ်သည့်အတိုင်း လုံးဝ ဂရုမစိုက်ဘဲ ဆက်ပြောနေသည်။

“နောက်ပြီး လင့်ဟူချုံးရဲ့ ဓားသိုင်းက ဘာတွေမှန်းမသိဘူး၊ ရှုပ်ယှက်ခတ်နေတာပဲ၊ ဒီလောက် ရှုပ်ယှက်ခတ်နေတဲ့ ဓားသိုင်းကို ငါတို့ ဘီလူးမီးဓားသိုင်းနဲ့ လာနှိုင်းလို့ ဘယ်ဖြစ်မလဲ၊ ကောင်းဆန်းတောင်မှာတုန်းက လင့်ဟူချုံးဟာ မင်းကိုတောင် မနိုင်ဘူး၊ အဲဒီဓားသိုင်းကို မင်းမို့လို့ ဘီလူးမီး ဓားသိုင်းနဲ့ နှိုင်းရက်တယ် ....”

လင်မိန်ကျက်သည် သူတို့၏မျိုးရိုးပိုင် ဓားသိုင်းကို လင့်ဟူချုံး၏ဓားသိုင်းနှင့် နှိုင်းရပါမည်လားဟု အကြီးအကျယ် မခံမရပ်နိုင်ပြောနေတော့၏။ လိန်လိန်က တိုးညင်းသော လေသံကလေးဖြင့် .... “အစ် ... အစ်ကိုကြီးက ကျွန်မကို သက်သက်ညှာပြီး ကျွန်မကို အရှုံးပေးခဲ့တာပါ .....” ဟုပြောလေ၏။

လင်မိန်ကျက်သည် ခနဲ့ပြုံး ပြုံးရင်း ....

“ဟင်း .... သူက မင်းကို တယ်ပြီး သက်ညှာပါကလား၊ တယ်ပြီးမေတ္တာရှိပါကလား ....”

ဤစကားကိုသာ လင်းလင်းအနေနှင့် လွန်ခဲ့သော သုံးလေးရက်က ကြားလိုက်ရလျှင် အလွန်ဒေါသ ထွက်မိပေလိမ့်မည်။ ယခုသော် လင့်ဟူချုံး၏စိတ်ရင်းမှန်ကို သိထားရပြီး ဖြစ်နေ၍ မည်သို့မျှ မတုန်လှုပ်တော့။ ထိုစဉ် လိန်လိန်က ...

“လက်စသတ်တော့ အစ်ကိုကြီးရဲ့ဓားသိုင်းက ဘီလူးမီးဓားသိုင်း မဟုတ်ဘူးကိုး။ ဒါနဲ့များ အဖေက ဘာဖြစ်လို့ အစ်ကိုကြီးကို အပ်ချမတ်ချ စွပ်စွဲနေရတာလဲ၊ ကျွန်မတော့ မှားပြီ၊ မှားပြီ၊ အစ်ကိုကြီးကို အထင်လွဲသွားပြီ .....”

လင်မိန်ကျက်ကမူ ခနဲ့ပြုံး ပြုံးရင်း ...

"ဘာအထင်လွဲရမှာလဲ၊ သူက ငါ့ဆီက လုယူသွားတာပဲ၊ ဒါပေမယ့် သူ့ထက်သူ လူစွမ်းကောင်းတွေနဲ့ တွေ့သွားတာ၊ သူခိုးကြီးက ဓားပြကြီးနဲ့တွေ့လို့ ဒုက္ခရောက်သွားရတာ၊ သူ့မှာ ဒဏ်ရာသာ အပြင်းအထန်မရရင် ခိုပြေးတာ ကြာလှပြီ၊ အခုတော့ မင်းအဖေဓားပြကြီးက အလွယ်တကူပဲ သူ့ဆီက ယူလိုက်နိုင်တယ်၊ ရှိရှိသမျှ အပြစ်တွေအားလုံး လင့်ဟူချုံး အပေါ်ပုံချလိုက်တော့ သူက သစ္စာရှင် သူတော်ကောင်းကြီး ဖြစ်သွားတာပေါ့ ....."

လိန်လိန်သည် လင်မိန်ကျက်အား သူ့အဖေနှင့် ပတ်သက်၍ လုံးဝငြင်းချက်မထုက်တော့ပေ။ သို့သော် .....

"အစ်ကိုကြီးက ဟိုလူဆိုးနှစ်ယောက် လက်ထဲကနေ သက်န်းကိုပြန်လုတာက အပိုင်စီးဖို့မဟုတ်ပါဘူး၊ အစ်ကိုကြီးဟာ သိပ်သဘောထားကြီးပါတယ်၊ ကျွန်မကသာ အစ်ကိုကြီးရဲ့ စိတ်ထားကို နားမလည်ခဲ့တာ၊ သူဟာ ငယ်ငယ်ကလေးထဲက သူတစ်ပါးရဲ့ ပစ္စည်းဆိုရင် အပ်တိုကလေး တစ်ချောင်းတောင်လိုချင်တဲ့ လူမဟုတ်ပါဘူး။"

လင်းလင်းသည် ထိုစကားကို ကြားလိုက်ရသောအခါ စိတ်ထဲမှ လှမ်း၍ ပြောလိုက်မိတော့သည်။

"အင်း ... မင်းက ဒီစကားမျိုး ပြောဖော်ရသေးတယ်ဆိုတော့ မင်းရဲ့ အစ်ကိုကြီး လင့်ဟူချုံးက မင်းအပေါ် သံယောဇဉ် ထားရကျိုးနပ်သွားသေးတာပေါ့လေ"

လိန်လိန်နှင့် လင်မိန်ကျက်တို့ နှစ်ယောက်မှာ အတန်ကြာ စကားမပြောမိကြဘဲ တိတ်ဆိတ်ငြိမ်သက်နေ၏။ လင်းလင်းကလည်း သူတို့ ရှေ့ဆက်ပြောမည့် စကားများကို စောင့်ဆိုင်း၍ နားထောင်နေသည်။

အတန်ကြာမှ လိန်လိန်က ....

"လင်မိန်ကျက် .... ရှင်က ကျွန်မအဖေအပေါ်မှာ ဒီလောက်စိတ်ခုနေမှတော့ ဘယ်ကောင်းတော့မလဲ၊ ဒီတော့ ကျွန်မတို့နှစ်ယောက် တစ်နေရာကိုသွားပြီး အေးအေးဆေးဆေး နေကြပါစို့လားဟင်"

လင်မိန်ကျက်က ခနဲ့ပြုံး ပြုံးရင်း ....

"မင်းက ဘာဆို ဘာမှ မတွေးတတ်ပါပဲကလား၊ အခု ငါတို့ ဘာတွေဖြစ်ခဲ့သလဲ၊ ငါက အခုဆိုရင် ရီချန်းနဲ့ မုကောင်းဖုန်းတို့ကို သတ်ပစ်လိုက်ပြီ၊ ဒီသိုင်းဆရာကြီး နှစ်ယောက်ကို ဘယ်သူက လွယ်လွယ်ကူကူနဲ့ သတ်နိုင်မှာလဲ .... ငါက သတ်ပစ်နိုင်တယ်ဆိုတာကို မင်းအဖေက သတင်းကြားမှာပဲ၊ အဲဒီအခါကျရင် သူက ငါ့ကို ဒီလောကကြီးထဲမှာ အသက်ရှင်လျှက် ထားဦးမယ်ထင်သလား"

"ဟင့်အင်း .... ရှင်အစိုးရိမ်လွန်နေတာပါ၊ ကျွန်မအဖေ ရှင့်ဆီက ဘီလူးမီးဓားသိုင်း ဘယ်လိုလုယူခဲ့တယ်ဆိုတာ... သက်သေအထောက်အထားနဲ့ ပြရင်တော့ ကျွန်မအဖေ အဆိုးဆိုတာ ကျွန်မလက်ခံမယ်၊ ဒီဓားသိုင်းကို ကျင့်ရုံကလေးနဲ့ ရှင့်ကိုအဖေက သတ်မယ်ဆိုတာ ဘယ်လိုမှမဖြစ်နိုင်ပါဘူး၊ အဖေက ဒီလောက် စိတ်သဘောထား မကျဉ်းမြောင်းပါဘူး ....."

"ဟား ... ဟား ... ဟား ...မင်းဒီလိုစကားမျိုး ပြောတာက မင်းအဖေရဲ့စိတ်ဓာတ်ကို မင်းတကယ် မသိသေးလို့ဘဲ၊ တကယ်သိရင် ဒီလိုစကားမျိုး ဘယ်တော့မှမပြောဘူး၊ နောက်ပြီး ဘီလူးမီးဓားသိုင်းအကြောင်း မင်းက လုံးဝမသိသေးလို့ပဲ ...."

လိန်လိန်သည် မည်သည့်စကားမျှ မပြောဘဲငြိမ်သက်နေသည်။ အတန်ကြာသောအခါမှ လင်မိန်ကျက်အား .....

"ကဲ ... ကျွန်မတို့ သွားကြစို့ .... "

"ဘယ်ကို သွားကြရမလဲ ... "

"ရှင် ကြိုက်တဲ့နေရာကိုသာသွား၊ ကျွန်မကတော့ ရှင်သွားတဲ့နေရာကို လိုက်မှာပဲ ... "

"တကယ်လား ... နောက်မှ မင်းနောင်တမရနဲ့နော် ... "

လိန်လိန်ကပြတ်သားသောလေသံကလေးဖြင့်ပြောလိုက်၏။

"ရှင်က ကျွန်မယောကျ်ားပဲ၊ မယားဆိုတာ လင်နောက် တစ်သက်လုံး လိုက်နေရတာပဲ .... ကျွန်မက ဘာဖြစ်လို့ နောင်တရမှာလဲ၊ ရှင့်ဒဏ်ရာတွေ ပျောက်သည်ဖြစ်စေ၊ မပျောက်သည်ဖြစ်စေ၊ ကျွန်မကတော့ ရှင့်ဘေးနားမှာ နေပြီး ရှင့်ကို တစ်သက်လုံး ပြုစုသွားမှာပဲ၊ သေလည်း ကျွန်မတို့နှစ်ယောက် အတူတူ သေကြတာပေါ့ ... "

လိန်လိန်သည် ထိုစကားများကို အသည်းနှလုံးထဲမှ လှိုက်လှဲစွာ ပြောလိုက်ခြင်းဖြစ်ကြောင်း လေသံအရရော၊ အမူအရာအရပါ သိသာသည်။ လင်းလင်းသည် ထိုစကားများသည် အသည်းနှလုံးထဲမှ လာသောစကားများဖြစ်ကြောင်း ကောင်းစွာသိလိုက်သဖြင့် လိန်လိန်ကို လွန်စွာ လေးစားသွားမိတော့၏။

ထိုစဉ် လင်မိန်ကျက်ထံမှ မရယ်ချင့်ရယ်ချင်ဖြင့် 'ဟင့်' ခနဲ ရယ်လိုက်သောအသံကို ကြားလိုက်ရသည်။

လိန်လိန်စကားများကို မယုံကြည်သေးကြောင်း ပြသလိုက်ခြင်းပင် ဖြစ်တော့၏။ လိန်လိန်က ..

"လင်မိန်ကျက် .. ရှင့်စိတ်ထဲမှာ ခုထက်ထိ ကျွန်မကို မယုံသေးဘူးပေါ့ ဟုတ်လား၊ ဒါဖြင့် ဒီည ရှင့်ကို ကျွန်မတစ်ကိုယ်လုံး ပုံအပ်လိုက်မယ်၊ ဒီလိုဆို ရှင် ယုံမလား၊ ကျွန် ... ကျွန်မ ... ကျွန်မတို့နှစ်ယောက်က ... ဒီည ဒီမှာပဲ မင်္ဂလာဦးည လုပ်လိုက်ကြမယ်လေ ... ဟန်ဆောင် လင်မယား မဟုတ်ပဲနဲ့ တကယ့်လင်မယားလို နေလိုက်ကြမယ်လေ၊ ဘယ့်နှယ်လဲ ..."

လိန်လိန်၏ နောက်ပိုင်း ပြောသံများမှာ လင်းလင်း မကြားနိုင်လောက်အောင် တိုးသွားလေတော့၏။ သို့သော် ကြားမိသမျှမှာပင် လင်းလင်းမှာ အလွန်တရာ ရှက်သွားမိတော့၏။ သူ့စိတ်ထဲတွင် တီးတိုး ရေရွတ်လိုက်မိတော့၏။

"ငါ .. ငါ .. ရှေ့ဆက်ပြီး နားထောင်လို့ ဖြစ်မယ်မထင်တော့ဘူး၊ ရှေ့ဆိုရင် သည့်ထက်ပိုပြီးတောင် ရှက်စရာကောင်းလိမ့်ဦးမယ်၊ ဒီတော့ ဒီနေရာကနေ အခုနေ ပြန်လှည့်မှပဲ ..."

ထို့ကြောင့် သူမသည် သူမ၏ခြေလှမ်းကို နောက်သို့ဆုတ်ရန် ဟန်ပြင်လိုက်မိ၏။

သို့သော်... လင်မိန်ကျက်၏ စူးရှကျယ်လောင်စွာ အောင်ဟစ်လိုက်သံကြောင့် သူမ၏ခြေလှမ်းများ တုံ့ခနဲ ရပ်သွားလေတော့၏။

"သွား ... သွား ... ငါ့နားမကပ်နဲ့ ... "

လင်းလင်းမှာ လွန်စွာ ထိတ်လန့်သွားတော့၏။ အဘယ်ကြောင့် ဤသို့ ဖြစ်သွားရသနည်း။ စောစောက နှစ်ယောက်သား ကြည်ကြည်သာသာ ပြောနေကြသေးသည်။ ယခုတော့ စောစောကလို မဟုတ်တော့။ လင်းလင်းသည် တအံ့တသြ ရေရွတ်လိုက်မိ၏။

"ဒါက ဘယ်လိုဖြစ်သွားရတာလဲ ... "

ထိုစဉ် လိန်လိန်၏ ငိုသံကို ကြားလိုက်ရတော့သည်။ လင်မိန်ကျက်က ထပ်မံအော်ဟစ်နေသေး၏။

"သွား ... သွား .. ငါနဲ့ ဝေးဝေးကို သွားစမ်းပါ၊ ငါ့နားကို လုံးဝမကပ်ပါနဲ့ ... "

"ရှင် .. ရှင် .. ဘာဖြစ်လို့ ကျွန်မကိုဘာဖြစ်လို့ ဒီလောက်တောင် ရွံ့ရှာနေရတာလဲဟင်၊ ကျွန်မမှာ ဘာအပြစ်ရှိလို့လဲ၊ ကျွန်မက ဘာများအမှား လုပ်ခဲ့မိလို့လဲ .... "

"ငါ ... ငါ ... "

လင်မိန်ကျက်သည် ထိုစကားတစ်လုံးမှလွဲ၍ ရှေ့ဆက် မပြောနိုင်တော့ချေ။

လိန်လိန်က ....

"ရှင့်စိတ်ထဲမှာ ဘာတွေရှိနေသလဲ၊ ရှင့်စိတ်ထဲမှာ ရှိတာတွေကို အားလုံးဖွင့်ပြောစမ်းပါ၊ ကျွန်မမှာ ဘာအမှားတွေ ရှိနေသလဲ၊ ကျွန်မမှာရှိတဲ့ အမှားတွေကို ရှင့်အနေနဲ့ ခွင့်မလွှတ်နိုင်ဘူးဆိုရင် ရှင့်ရှေ့မှာ ကျွန်မက ကိုယ့်ကိုယ်ကို သတ်သေပြလိုက်မယ်..."

သူမသည် ပြောပြောဆိုဆိုဖြင့် သူမ၏ဓားကို 'ရှမ်း' ခနဲ ဆွဲထုတ်လိုက်၏။ ထိုအခါ လင်မိန်ကျက်က ...

"လိန်လိန် ... ငါ .. ငါ.. "

"ပြောလေ .. ရှင်ပြောပါ၊ ဘာပြောမလို့လဲ ..."

လင်မိန်ကျက်သည် သက်ပြင်းရှည်ကြီး တစ်ချက်ချလိုက်ကာ ...

"တကယ့်တကယ်တော့ မင်းရဲ့အမှား မဟုတ်ပါဘူး၊ ငါ့ရဲ့ အမှားပါ၊ ငါ့အမှားပါ ... "

လိန်လိန်ကမူ တရှုံ့ရှုံ့ဖြင့် ငိုနေဆဲပင်။ လင်မိန်ကျက်က ...

"ကောင်းပြီလေ ... အကြောင်းစုံ ရှင်းမပြသေးသမျှတော့ မင်းလည်း သဘောပေါက်မှာ မဟုတ်ဘူး၊ ဒီတော့ မင်းကို အကြောင်းစုံရှင်းပြပါတော့မယ် ..."

လိန်လိန်သည် ချက်ချင်းလိုလိုပင် အငိုရပ်သွားတော့၏။ လင်မိန်ကျက်၏ စကားများက ထူးခြားလှသည် မဟုတ်ပါလား။ သူမ မသိသေးသော အကြောင်းအရာများကို သိရတော့မည် မဟုတ်ပါလား။

လင်မိန်ကျက်က စတင်၍ ...

"ငါ့ရဲ့အဘေး လင်ရှယ်တူ .... ဟာ အစတုန်းက ဘုန်းကြီးပဲ၊ သူက အင်မတန်ထက်မြက်တဲ့ ဓားသိုင်းပညာတစ်ခုကို တတ်မြောက်ထားတယ်၊ သူက အဲဒီဓားသိုင်းကို သဃ်န်းစတစ်ခုပေါ်မှာ ရေးထားတယ်၊ ဒါပေမယ့် သူက သေသေချာချာ သတိပေး ရေးသားထားသေးတယ်၊ ဒီဓားသိုင်းဟာ သိပ်ထူးဆန်းပြီး အင်မတန်လည်း ရက်စက်သတဲ့၊ လေ့ကျင့်တဲ့လူဟာ သားမြေးပျက်သုဉ်းသွားရလိမ့်မယ်တဲ့၊ ဒါကြောင့် ဒီသိုင်းကို ဘုန်းကြီးတွေပဲ လေ့ကျင့်သင့်တယ်တဲ့၊ သာမန်လူတွေ

မလေ့ကျင့်သင့်ဘူးတဲ့ ... ”

လိန်လိန်က ...

“ဟင် ... ရှင့်ဥစ္စာက မဟုတ်သေးပါဘူး၊ ဒါဖြင့်ရင် ရှင့်အဘေးလင်ရွယ်တူက ဒီဓားသိုင်းကို လေ့ကျင့်လျက်သားနဲ့ ဘာဖြစ်လို့ သားမြေးတွေ ရှိနေရတာလဲ...”

“ဒါက ဒီလိုပါ၊ ငါ့အဘေးဟာ ဘုန်းကြီးမဝတ်ခင် ကတည်းက သားမယားရှိထားလို့ပါ၊ နောက်မှ ဘုန်းကြီးဝတ်တာ၊ နောက်တော့မှ လူဝတ်ပြန်လဲတာ ...”

“ကျွန်မ မေးပါရစေဦး၊ ဒီဓားသိုင်းကို သာမန်လူတွေ လေ့ကျင့်ရင် ဘာဖြစ်လို့ ဒုက္ခရောက်မယ်လို့ ပြောရတာလဲ ...”

လင်မိန်ကျက်သည် သက်ပြင်းတစ်ချက်ချကာ ...

“ငါဒီဓားသိုင်းကို တွေ့တဲ့အချိန်တုန်းက မင်းနဲ့ လက်ထပ်ခါနီးနေပြီ၊ အစတုန်းက ငါ့စိတ်ကူးက တစ်မျိုးပါ၊ မင်းနဲ့လက်ထပ်ပြီးမှ လင်မယားအရာမြောက်ပြီးမှ ဒီဓားသိုင်းကို လေ့ကျင့်မယ်လို့ စိတ်ကူး ဆုံးဖြတ်ထားတယ်၊ ဒါပေမယ့် ဒီဓားသိုင်းစာအုပ်ထဲက သိုင်းကွက်တွေကို မြင်လိုက်ရတော့ မလေ့ကျင့်ဘဲ မနေနိုင်တော့ဘူး၊ ဒါနဲ့ နောက်ဆုံးတော့ ငါလည်း ကိုယ့်ကိုယ်ကို သင်းကွပ်လိုက်ပြီး ဒီဓားသိုင်းကို လေ့ကျင့်မိတော့တာပဲ ...”

လိန်လိန်မှာ အလန့်တကြား အော်လိုက်မိတော့၏။

“ဘုရားရေ .. ရှင် ... ရှင် .. သင်း .. သင်းကွပ်လိုက်တယ်ဟုတ်လား .... ”

“ဟုတ်တယ်၊ သင်းကွပ်လိုက်တယ်၊ ဒီဘီလူးမီးဓားသိုင်းကျမ်းမှာ ရေးထားတဲ့ ပထမစာကြောင်းက ဒီဓားသိုင်းကျမ်းကို လေ့ကျင့်တဲ့လူဟာ ကိုယ့်ကိုယ်ကို ပထမဆုံး သင်းကွပ်ရမယ်လို့ အထင်အရှားရေးထားတယ် ...”

“ဒါ ... ဒါက ဘာဖြစ်လို့လဲဟင်၊ ဒီလိုမှ မလုပ်ရင် ဒီဓားသိုင်းကို လေ့ကျင့်လို့ မရလို့လား ...”

လိန်လိန်၏အသံမှာ တိုးညင်းလှ၏။

“ဟင့်အင်း .. မရဘူး၊ ဒီဓားသိုင်းက သည့်ပြင်ဓားသိုင်းနဲ့ မတူဘူး၊ နည်းနည်းထူးဆန်းတယ်၊ ဒီဓားသိုင်းကို လေ့ကျင့်ပြီဆိုရင် အတွင်းအားကျင့်စဉ်ကို စပြီးကျင့်ရတယ်၊ တကယ်လို့ သင်းကွပ်မထားရင် အတွင်းအားကျင့်ရင်းနဲ့ တဏှာစိတ်တွေ ထကြွလာပြီး နောက်ဆုံးလေဖြတ်တတ်တယ် ...”

“ဩော် ... လတ်စသတ်တော့ ဒီလိုကိုး ....”

သူမ၏အသံမှာ ရုတ်တရက် မကြားနိုင်လောက်အောင် တိုးသွားသဖြင့် လင်းလင်းမှာ အတော်ကလေး နားစိုက်ထောင်လိုက်ရ၏။

သူ့စိတ်ထဲတွင်လည်း လင်မိန်ကျက်တို့၏ ဇာတ်လမ်းကို ယခုမှ သဘောပေါက်လာသဖြင့် လိန်လိန်နည်းတူ ‘လက်စသတ်တော့ ဒီလိုကိုး’ ဟုပင် ရေရွတ်လိုက်မိပြန်၏။ ထို့ပြင် သူမက လိန်လိန့်ထက် ပို၍သဘောပေါက်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် သိုင်းလောကတွင် အရှိန်အဝါကြီးလွန်းလှသော တုံးဖန်းပုကဲ့သို့သော အရင့်အမာထိပ်သီးသိုင်းသမားကြီးပင် နောက်ဆုံး ဇာထိုးပန်းထိုး အလုပ်ကိုလုပ်လျက် ရန်လင့်လိုယောကျ်ား မျိုးကိုပင် အစွဲကြီးစွဲခဲ့သည် မဟုတ်ပါလား။

ဤဓားသိုင်းကို လေ့ကျင့်မိသော ယောကျ်ားများမှာ ကိုယ့်ကိုယ်ကို သင်းကွပ်လိုက်ရပြီး နောက်ဆုံး ယောကျ်ားမကျ မိန်းမ မကျ နပုလ္လိင်ဘဝသို့ ရောက်ရှိသွားကြခြင်းပင် ဖြစ်လေတော့ သည်တကား။

ထိုအခါ လိန်လိန်သည် တစ်ချက်ရှိုက်လိုက်ကာ ...

“ဒီ ... ဒီလိုဆိုရင် ကျွန် ... ကျွန်မအဖေလည်း ရှင့် .. ရှင့်လို ဖြစ်သွားပြီပေါ့ ဟုတ်လား ...”

“ဟုတ်တယ် ... ဒီဓားသိုင်းကို လေ့ကျင့်ချင်တဲ့ လူတွေအဖို့ ဒီကိစ္စဟာ မလွဲမသွေ လုပ်ရမယ့်ကိစ္စကြီးပဲ၊ မင်းအမေအဖို့တော့ နည်းနည်းဂွကျနေတယ်၊ မင်းအဖေက ဂိုဏ်းချုပ်ကြီးဆိုတော့ အခုလို သင်းကွပ်ထားတယ်ဆိုတဲ့ သတင်းသာ ပေါက်ကြားသွားရင် သိုင်းလောကကြီးတစ်ခုလုံးက သူ့ကို ရယ်ကြတော့မှာပေါ့ ...”

လင်မိန်ကျက်သည် ခနဲ့ပြုံး ပြုံးရင်း ဆက်ပြောနေ၏။

“ဒါကြောင့်မို့ သူ သင်းကွပ်ထားတယ်ဆိုတဲ့ သတင်းကို ဘယ်သူမှ မကြားအောင် သူကပိတ်ဆို့ထားဖို့ ကြိုးစားတယ်၊ ဒီဓါးသိုင်းကို ငါလေ့ကျင့်ပြီဆိုတာ သိတာနဲ့ ငါ့ကိုသတ်မှာ အသေအချာပဲ၊ သူတို့က မင်းကို ငါက မင်းအပေါ် ဘယ်လိုဆက်ဆံသလဲဆိုတာ ခဏခဏမေးတာ အကြောင်းမဲ့မဟုတ်ဘူး ...”

“အဲဒါနဲ့ ဘယ်လိုဆက်သွယ်နေလို့လဲ၊ ကျွန်မတော့ ဘာမှနားမလည်တော့ဘူး ..”

“ရှင်းရှင်းကလေးပါ၊ ငါ သင်းကွပ်ပြီးမပြီး သိချင်လို့ပေါ့၊ ငါသင်းကွပ်ပြီးပြီဆိုရင် မင်းနဲ့ လင်မယားခန်းမြောက်

အောင် ဘယ်နေနိုင်တော့မလဲ၊ အခုတော့ မင်းက ... ငါနဲ့ လင်ခန်းမယားခန်း မြောက်သယောင် ကာကွယ်ပြီး ပြောထားတော့ သူတို့စိတ်ထဲမှာ ငါသင်းကွပ်မထားသေးဘူး၊ ဒီစားသိုင်း မလေ့ကျင့်သေးဘူးလို့ ယူဆနေကြတာပေါ့။ မင်းသာ အဲဒီတုန်းက အမှန်အတိုင်း ပြောလိုက်ရင် ခုချိန်ထိ ငါ့အဖို့ လူ့လောကကြီးထဲမှာ အသက်ရှင်နေနိုင်မှာ မဟုတ်တော့ဘူး ..."

"အခု ရှင်တွက်ထားတဲ့အတိုင်းဆိုရင် ရီချုန်းနဲ့ မုကောင်းဖုန်းတို့ကို ဘီလူးမီးစားသိုင်းနဲ့ သတ်လိုက်ပြီဆိုတဲ့ အကြောင်းမကြာခင် သိသွားတော့မှာပဲ၊ ဒီလိုဆိုရင် ရှင့်ကို မုချသတ်လိမ့်မယ်၊ ဒီလိုဆို ရှင် မုချသေလိမ့်မယ်၊ ကျွန်မတို့ ဒီလိုအသတ်ခံလို့ မဖြစ်ဘူး၊ ကျွန်မအဖေရဲ့ အန္တရာယ်က လွတ်ကင်းမယ့် တစ်နေရာကို သွားပုန်းမှဖြစ်တော့မယ်"

"ဘာ ... မင်း ... မင်းက ငါ့အကြောင်း အားလုံးသိသွားရဲ့နဲ့တောင် ငါ့နောက်ကို လိုက်ဦးမယ် ဟုတ်လား .. "

"ဒါပေါ့ .. လိုက်မယ်၊ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မကတော့ လုံးဝစိတ်မပြောင်းဘူး ... ရှင် ဘယ်သွားသွား ကျွန်မကတော့ လိုက်မှာပဲ၊ ကျွန်မက ရှင့်ကို စွန့်ခွာသွားရင် ရှင့်မှာ ဘယ်လောက်ဒုက္ခရောက်လိုက်မလဲ၊ ဘယ်လောက် အထီးကျန်ဖြစ်သွားမလဲ၊ ရှင့်ဘဝက ဒီလောက် သနားစရာကောင်းနေတာ ကျွန်မက ရှင့်ကို စွန့်ခွာသွားရမှာလား .. "

လိန်လိန်၏စကားမှ မဆုံးသေးမီ တစ်ချက်မျှ အော်သံကြားလိုက်ရပြီး လိန်လိန်မှာ မြင်းလှည်းအောက်ကို ရောက်သွားသည်ကို တွေ့လိုက်ရတော့၏။ ဧကန္တ လင်မိန်ကျက်က တွန်းချလိုက်ခြင်းသာ ဖြစ်ပေလိမ့်မည်။

ထိုစဉ် လင်မိန်ကျက်၏ ဒေါသတကြီး အော်ဟစ်လိုက်သံကို ကြားလိုက်ရသည်။

"မင်းက ငါ့ကို သနားနေစရာ မလိုဘူး .."

ထိုမျှနှင့် ရပ်မသွားချေ။ သူက ဆက်၍ အော်ဟစ်နေပေသေးသည်။

"ဟင်း ... မင်းက ငါ့ကို ဘယ်လိုသတ္တဝါများ အောက်မေ့နေလို့လဲ၊ ငါ့မျက်စိ ပြန်ကောင်းသွားတဲ့ တစ်နေ့မှာ 'လင်မိန်ကျက်' ဆိုတဲ့ကောင်ဟာ သိုင်းလောကကြီးတစ်ခုလုံးကို အုပ်ချုပ်မယ်ဆိုတာ မြဲမြဲမှတ်ထား၊ ဘာလဲ ရက်ပုချွန်၊ ဘာလဲ လင့်ဟူချုံး၊ ရှောင်လင်ဂိုဏ်းက ဖန်တင်း ဘုန်းကြီးတို့ ဟူတန်းဂိုဏ်းက ချုံးရှိုးရသေ့ကြီးတို့ ဆိုတာတွေဟာ တစ်နေ့ကျရင် ငါ့ခြေထောက်အောက်မှာ ပြားပြားဝပ်နေရမယ်၊ ဟင်း ... ဟင်း ... ငါ့ကို ဘာများအောက်မေ့နေသလဲကွ .."

လင်းလင်းမှာ လင်မိန်ကျက်၏ စကားကို ကြားလိုက်ရသောအခါ စိတ်ထဲ၌ ဒေါသတဖျင်းဖျင်း ထွက်လာတော့၏။

"ဟင်း ... မင်းရဲ့မျက်စိက ကောင်းနိုင်ပါဦးမလား။ ဒီလိုစိတ်ဆိုးစိတ်ယုတ်တွေ မွေးနေရင် မင်းဟာ ဒီထက်တောင် ဒုက္ခရောက်ရလိမ့်ဦးမယ် ... " ဟု စိတ်ထဲမှ ပြောလိုက်မိတော့၏။

သူမသည် အစပထမက လင်မိန်ကျက်အား သနားမိသေးသည်။ သနားစရာကောင်းလောက်သည့် ဘဝပင် မဟုတ်ပါလား။ ယခု သူ့ဇနီးကို ဤမျှ ရက်စက်စွာ ဆက်ဆံပြီး ဤမျှလောက် သွေးရူးသွေးတန်း မောက်မာသည်ကို ကြားသိလိုက်ရသောအခါ အစပထမက ကြင်နာသနားစိတ်များသည် ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်တော့၏။

လိန်လိန်ကမူ သူ့အား ဤသို့ဆက်ဆံလိုက်သည်ကို စိတ်ဆိုးဟန်မတူပေ။ သူမသည် သက်ပြင်းရှည်ကြီး တစ်ချက် ချကာ သည်းခံစိတ်အပြည့်အဝဖြင့် အေးဆေးသက်သာစွာ ပြောလိုက်လေသည်။

"အခု လောလောဆယ် နေရာတစ်နေရာရှာပြီး ပုန်းလိုက်ပါဦး၊ ဒဏ်ရာဒဏ်ချက်တွေ ပျောက်အောင် ကုလိုက်ပါဦး .."

"မင်းက ပူမနေစမ်းပါနဲ့၊ ငါ့မှာ မင်းအဖေကို ရင်ဆိုင်ဖို့နည်းလမ်းရှိပါတယ် .. "

"ဒီကိစ္စက ကြားမကောင်းတဲ့ ကိစ္စကြီးပဲ၊ ရှင်က ဘယ်လိုကာကွယ်မှာလဲ .. "

လင်မိန်ကျက်သည် ခနဲ့ပြုံး ပြုံးကာ ...

"ဟင်း .. ဟင်း .. ဟင်း .. မင်းက မင်းအဖေ အကြောင်းဘာမှ သိတာမဟုတ်ဘူး၊ ငါက မင်းအဖေရဲ့ အကြောင်း မင်းထက် ပိုသိပါတယ်၊ မင်းက ငါ့ရဲ့ ကာကွယ်ရေးနည်းလမ်းကို သိချင်တယ်ဟုတ်လား၊ ဒီနည်းလမ်းက လွယ်လွယ် ကလေးပါ၊ မနက်ဖန် လူတွေ စတွေ့တာနဲ့ မင်းအဖေ သင်းကွပ်ထားတယ်ဆိုတဲ့ အကြောင်း လျှောက်ပြောလိုက်မှာပဲ"

"ဘာ ... ဘယ်လို .. ရှင် ... ရှင် .."

"ဘာဖြစ်တာလဲ၊ ဒါက ငါ့အသက်ကို ကာကွယ်တဲ့နည်းပဲ၊ ငါ့အဖို့ ဒီတစ်နည်းပဲရှိတယ်၊ ငါက လူတကာကို လျှောက်ပြောနေပြီဆိုတာ မင်းအဖေသိသွားရင် ငါ့ကို ဘယ်သတ်ရဲတော့မလဲ၊ မသတ်ရဲတဲ့အပြင် ငါ့ကိုတောင် အဖက်ဖက် က အကာအကွယ်ပေးရဦးမယ် .."

"ရှင်ပြောတာတွေကို ကျွန်မတော့ တစ်ခုမှ နားမလည်ဘူး ... "

"ဟား .. ဟား ... ဟား .. ဒါက ရှင်းရှင်းလေးပဲ၊ ဘာမှမရှုပ်ဘူး၊ မင်းအဖေ ... သင်းကွပ်ထားတာ

ဟုတ်မဟုတ်ဆိုတာ ရုတ်တရက်ကြည့်လို့ ဘယ်သိနိုင်မလဲ၊ မုတ်ဆိတ်မွေးတွေ ကျွတ်ကျလာတာကတော့ မှန်တယ်၊ ဒါပေမယ့် မုတ်ဆိတ်မွေး အတုတပ်လို့ရတယ်၊ အဲ ... ငါသာ ဖြုန်းခနဲ ရုတ်တရက် သေသွားရင်တော့ သိုင်းလောကသားတွေက ရက်ပုချွန် ငါ့ကို နှုတ်ပိတ်ပြီး သတ်လိုက်တာလို့ ပြောကြမှာပဲ၊ သူ တကယ်သင်းကွပ်ထားလို့သာ ငါ့ကို နှုတ်ပိတ်တာလို့ လူတွေက ယူဆသွားကြတော့မှာပေါ့၊ ငါ့နည်းလမ်းက ဟန်မကျဘူးလား .. ”

လိန်လိန်မှာ သက်ပြင်းရှည်ကြီး တစ်ချက်ကိုသာ ချလိုက်မိတော့၏။ လင်မိန်ကျက် ပြောသကဲ့သို့ပင် သူ၏ နည်းလမ်းမှာ တကယ်ပင် ကောင်းလှသည်။ သို့သော် သူမဖခင်၏ သိက္ခာကမူ လုံးဝအဖတ်ဆယ်၍ မရအောင် ကျသွားပေတော့သည်။

လင်မိန်ကျက်က ဆက်လက်၍ ...

“အခုတော့ အားလုံးကို ငါသဘောပေါက်သွားပြီ၊ ဟိုတစ်ချိန်တုန်းက လင့်ဟူချုံးက ငါ့အဖေရဲ့ စကားကို ငါ့ကို ပြန်ပြောတုန်းက ဒီပစ္စည်းကို လုံးဝလုန်မကြည့်ရဘူးလို့ ပါတယ်၊ အဲဒီတုန်းက ငါကတောင် သူ့ကို အထင်လွဲခဲ့သေးတယ်၊ တကယ်တော့ လင့်ဟူချုံးပြောတာက ငါ့အဖေမှာခဲ့တဲ့အတိုင်း အစဉ်အဆက် မှာကြားခဲ့တဲ့ စကားပဲ၊ ငါက အဲဒီစကား နားမထောင်ခဲ့လို ဒီနေ့ ဒီလိုဖြစ်ခဲ့ရတာ၊ ဒါပေမယ့် ငါနောင်တမရပါဘူး၊ ငါ့မိဘတွေရဲ့ ရန်ကြွေးကို ငါပေးဆပ်နိုင်ခဲ့ပြီ၊ ဒါဟာ ငါ့ဘဝမှာ အရေးကြီးဆုံး အချက်ပဲ၊ နောက်ပိုင်း ဘာဖြစ်ဖြစ် ငါ့အတွက် အရေးမကြီးတော့ဘူး ...”

လိန်လိန်သည် သက်ပြင်းချလိုက်ပြီး ...

“အင်း ... ဟိုတစ်ချိန်တုန်းက ကျွန်မနဲ့ ကျွန်မအဖေကလည်း အစ်ကိုကြီးကို အထင်လွဲခဲ့တယ်၊ အစ်ကိုကြီးက ရှင့်ရဲ့ ပစ္စည်းတွေကို အပိုင်စီးချင်လို့ ဒီစကားမျိုးပြောတာလို့ပဲ ထင်ခဲ့မိတယ်၊ ရှင့်အဖေ မှာခိုင်းတဲ့ စကားကိုက အစ်ကိုကြီးအပေါ် အထင်လွဲစေလောက်တဲ့ စကားမျိုး ဖြစ်နေတာကိုး၊ ဟောဒီလောကကြီးထဲမှာ အစ်ကိုကြီးကို နားလည်တဲ့ လူကတော့ တစ်ယောက်တည်းရှိတယ်၊ အဲဒီလူကတော့ ကျွန်မရဲ့အမေပဲ ...”

လင်မိန်ကျက်သည် ခနဲ့ပြုံး ပြုံးကာ ...

“ဟုတ်တယ် ... ဒါကတော့ ငါလက်ခံတယ်၊ မင်းအမေဟာ လင့်ဟူချုံးကို တကယ် သံယောဇဉ်ရှိတာ၊ သူ့အတွက်နဲ့ မင်းအဖေနဲ့ ခဏခဏ စကားများကြရတယ် ...”

လိန်လိန်သည် တအံ့တသြဖြင့် ...

“ကျွန်မရဲ့ အဖေနဲ့ အမေတို့က အစ်ကိုကြီးအတွက်နဲ့ ခဏခဏ စကားများကြတယ်၊ ရှင် ဘယ်လိုလုပ်ပြီး သိသလဲ၊ ရှင် ဘာတွေ ကြားလို့လဲ၊ ကျွန်မတောင် မသိပါလား ...”

“မင်း ဘယ်သိနိုင်မလဲ၊ သူတို့က လူရှေ့သူရှေ့ဆိုရင် ဟန်ဆောင်နေကြတာ၊ လူကွယ်ရာကျမှ စကားများကြတာ၊ ငါကိုယ်တိုင် နားနဲ့ဆတ်ဆတ်ကြားခဲ့ရတာပဲ ..”

“ကျွန်မက မယုံလို့မဟုတ်ပါဘူး၊ အံ့သြနေတာပါ၊ ရှင် ကြားခဲ့တယ်ဆိုတာ အံ့သြနေတာပါ၊ သမီးဖြစ်တဲ့ ကျွန်မတောင် မကြားဘဲနဲ့ ရှင်က ဘယ်နှယ်ကြားခဲ့ရတာလဲ၊ ဒါကို ကျွန်မက အံ့သြတာပါ ..”

“အေး .. အခု ငါက ဒီအကြောင်းတွေ ပြန်ပြောပြရင် အရေးမကြီးတော့ဘူး၊ ဟိုနေ့က ဖုကျိုးမြို့မှာ ဘီလူးမီးဓားသိုင်း လုယူသွားတော့ လင့်ဟူချုံးက ပြန်လုလာတယ်၊ ဒါပေမယ့် ဒဏ်ရာတွေ အကြီးအကျယ် ရလာတော့ မေ့လဲသွားတယ်၊ ငါ သူ့ကိုယ်ပေါ်မှာ ရှာကြည့်တော့ ဘာမှ မတွေ့ရဘူး၊ သက်န်းစနဲ့ တူတာဆိုလို့ အဝတ်စုတ် တစ်စတောင် မတွေ့ရတော့ဘူး ...”

“လက်စသတ်တော့ ရှင်က အဲဒီတုန်းက အစ်ကိုကြီးရဲ့ ကိုယ်ပေါ်မှာ ရှာပြီးခဲ့ပြီးကိုး ..”

“ဟုတ်တယ် ... အဲဒါ ဘာဖြစ်သလဲ ...”

လင်းလင်းမှာ နားထောင်နေရင်း စိတ်ထဲမှ တီးတိုးပြောလိုက်မိသည်။

“အင်း ... လိန်လိန့်ခမျာ ဒီလို အတွင်းကြိတ် ကြံစည်တတ်တဲ့လူနဲ့ လက်ထပ်မိတာ တစ်သက်လုံး ဒုက္ခရောက်ဖို့ ဖြစ်တော့တာပဲ...”

ထိုစဉ် လင်မိန်ကျက် ဆက်၍ ...

“အဲဒီလို ... ရှာကြည့်လိုက်လို့ အဖြေက ရှင်းသွားတာပေါ့၊ ဟိုသက်န်းစဟာ လင့်ဟူချုံးရဲ့ ကိုယ်ပေါ်မှာ မရှိရင် မင်းရဲ့မိဘတွေဆီမှာ ရှိရမှာ မုချပဲ၊ မင်းအဖေက ဟန်ဆောင်ကောင်းတဲ့ နေရာမှာတော့ နှစ်ယောက်တောင်မရှိဘူး၊ တကယ့်ကို သရုပ်ဆောင်ကောင်းတဲ့ လူပဲ၊ အဲဒီတော့ ငါက မင်းအဖေ ယူလိမ့်မယ်လို့ ဘယ်လိုမှ မတွေးမိခဲ့ဘူး၊ ဒါပေမယ့် ...”

လင်မိန်ကျက်သည် သူ၏စကားကို ခေတ္တရပ်လိုက်သဖြင့် လိန်လိန်မှာ သိချင်စိတ်များကြောင့် စိတ်ထဲ၌ မချင့်မရဲကြီး ဖြစ်သွားရလေတော့၏။ သို့သော် လင်မိန်ကျက်က ချက်ချင်းလိုလိုပင် ဆက်၍ပြောလိုက်သည်။

"ဒါပေမယ့် အဲဒီတုန်းက မင်းအဖေက ရုတ်တရက် နေမကောင်းဖြစ်သွားတယ်၊ အဲဒီရက်ကို မင်းမှတ်မိရဲ့လား၊ နောက်ကျတော့မှ ငါသိလိုက်ရတယ်၊ နေမကောင်းဖြစ်သွားမှာပေါ့၊ ကိုယ့်ကိုယ်ကို သင်းကွပ်လိုက်တာကိုး၊ ဝါဆန်းဂိုဏ်းကို ရောက်တော့ မင်းတို့ရဲ့ အဖေနဲ့အမေရဲ့ အိပ်ခန်းအပြင်ဘက်ကနေ ညတိုင်းညတိုင်း ငါချောင်းနားထောင်တယ်၊ ငါချောင်းနားထောင်တာက အကြောင်းရှိပါတယ်၊ ဘီလူးမီးဓားသိုင်းစာအုပ် ဘယ်သူ့လက်ထဲ ရှိတယ်ဆိုတာ သိချင်လို့ အခုလို ချောင်းနားထောင်ရတာပါ ..."

"ကျွန်မကတော့ အံ့ဩလို့ကို မဆုံးဘူး၊ အဖေနဲ့ အမေတို့အိပ်တဲ့အိပ်ခန်းက ချောက်ကမ်းပါးကြီးနဲ့ ကပ်နေတာပဲ၊ ဘယ်လိုလုပ်ပြီး ချောင်းပြီး နားထောင်နိုင်မလဲ၊ အသက်နဲ့ရင်းပြီး ချောင်းနားထောင်ရမယ့် အလုပ်ပဲ၊ ရှင်ပြောပုံဆိုရင် အဲဒီချောက်ကမ်းပါးဘေးမှာ သွားပြီးနားထောင်တာပေါ့၊ ဟုတ်လား ..."

"ဟုတ်တယ်၊ ငါက သက်စွန့်ဆံဖျားသွားပြီး ချောင်းနားထောင်ခဲ့ရတာ၊ နားထောင်တာမှ တစ်ရက်နှစ်ရက်လောက် သွားနားထောင်တာ မဟုတ်ဘူး၊ နေ့တိုင်းနေ့တိုင်းကို နားထောင်ခဲ့တာ ..."

လိန်လိန်သည် လင်မိန်ကျက်၏ စကားများကို နားထောင်ပြီး သက်ပြင်းရှည်ကြီးကို ချလိုက်မိတော့၏။ လင်မိန်ကျက်က သူ့စကားကို ဆက်၍ပြောသည်။

"ငါ ညတိုင်း ညတိုင်း နားထောင်တာ ဘာမှထူးထူးခြားခြား မကြားရတော့ စိတ်တောင်ပျက်ချင်ချင် ဖြစ်လာတယ် ... ဒါပေမယ့် စိတ်ကိုတင်းပြီး ဖွဲနပဲနဲ့ နားထောင်ခဲ့တယ်၊ အဲဒီလို နားထောင်ခဲ့တဲ့အတွက် အကျိုးမဲ့ မဖြစ်ခဲ့ဘူး၊ တစ်လကျော်ကျော်ကြာတဲ့အခါ ညတစ်ညမှာ မင်းအမေရဲ့ စကားပြောသံကို ကြားလိုက်ရတယ်၊ 'အစ်ကိုကြီး အခု တစ်လော အစ်ကိုကြီးရဲ့ အမူအရာက တစ်မျိုးဖြစ်နေတယ်၊ မိုးကြိုးအတွင်းအားသိုင်းကို အပြင်းအထန်လေ့ကျင့်လို့ တစ်ခုခုဖြစ်သွားတာများလား ...' တဲ့ ..."

လိန်လိန်က အမောတကော မေးလိုက်သည်။

"အဖေက ဘာပြန်ပြောသလဲဟင် ..."

လင်မိန်ကျက်သည် သရော်ပြုံး ပြုံး၍ ဆက်ပြော၏။

"မင်းအဖေက ပြန်ပြောတယ်၊ မိုးကြိုးအတွင်းအားသိုင်း လေ့ကျင့်တာ အားလုံး အဆင်ပြေပါတယ်၊ ဘာမှ မဖြစ်ပါဘူး' တဲ့၊ ဒီတော့ မင်းအမေက 'အစ်ကိုကြီး ကျွန်မကို မဖုံးကွယ်ပါနဲ့၊ အခုတလော အစ်ကိုကြီးရဲ့အသံတွေတောင် ပြောင်းနေတယ်၊ စူးတူးတူး ရှတတနဲ့ မိန်းကလေးသံနဲ့ တူနေတယ်....' တဲ့၊ မင်းအဖေက ပြန်ငြင်းတာပဲ၊ 'မဟုတ်တာ ငါစကားပြောတဲ့ အသံက နဂိုကတည်းက ဒီအတိုင်းပဲ' တဲ့ ..."

လိန်လိန်ကမူ စိုးရိမ်စိတ်ကြီးစွာဖြင့် နားထောင်နေမိသည်။ လင်မိန်ကျက်က ...

"အဲဒီတုန်းက ငါလည်း စိတ်ထဲမှာ တစ်မျိုးကြီးဖြစ်သွားတာနဲ့ မင်းအဖေပြောတဲ့ စကားသံကို သေသေချာချာ ဂရုစိုက်ပြီး နားထောင်ကြည့်မိတယ်၊ မင်းအမေပြောတာဟာ မမှားဘူး၊ မင်းအဖေရဲ့ အသံက စူးတူးတူး ရှတတနဲ့ မိန်းမတစ်ယောက်ရဲ့ အသံမျိုးဖြစ်နေတယ် ..."

လိန်လိန်မှာ မည်သည့်စကားကိုမျှ ပြန်၍ မေးခွန်းမထုတ်နိုင်တော့ချေ။ လင်မိန်ကျက်က သူ၏စကားကို ထပ်ဆက်သည်။

"မင်းအမေက မေးတယ်၊ 'အစ်ကိုကြီးမှာ ဘာမဖြေရှင်းနိုင်တဲ့ ပြဿနာများ ရှိနေသလဲ၊ ကျွန်မတို့ ပေါင်းလာတာ ဘယ်လောက်ကြာပြီလဲ၊ ဖွင့်ပြောစရာရှိ ဖွင့်ပြောပါ၊ ဘာတွေ အခက်အခဲ ရှိနေသလဲ' တဲ့၊ အဲဒီတော့ မင်းအဖေက 'ကျိုလင်ထန်က ဂိုဏ်းကြီးငါးဂိုဏ်းကို ပူးပေါင်းဖို့ ကြိုးစားနေတယ်၊ ငါက အဲဒီကိစ္စအတွက် စိတ်ပူနေတာ ...' လို့ ပြန်ပြောတယ် .."

လင်မိန်ကျက်က သူ့လက်ထဲ၌ကိုင်းထားသော မြင်းဇက်ကြိုးကို ရှေ့နားတွင်ရှိနေသော တိုင်တစ်ခု၌ လက်ဖြင့်စမ်းရင်း ချည်လိုက်၏။ ပြီးမှ...

"မင်းအမေက ပြောတယ်၊ ကျွန်မထင်တာကတော့ ဒီအတွက်ကြောင့် မဟုတ်ဘူးလို့ ထင်နေတာပဲ' လို့ ပြောတယ်၊ အဲဒီတော့ မင်းအဖေက အတော်ကလေး ဒေါသထွက်လာတယ်၊ သူက 'မင်းဟာတောင်တွေး မြောက်တွေး လျှောက်တွေး နေတာပဲ' လို့ ငေါက်လိုက်တယ်၊ မင်းအမေကတော့ စိတ်ဆိုးပုံမရပါဘူး ..."

"စိတ်မဆိုးတဲ့အပြင် ထပ်ပြောလိုက်သေးတယ်၊ 'ကျွန်မပြောစရာရှိတယ်၊ ကျွန်မ ပြောလိုက်ရင် အစ်ကိုကြီး

စိတ်မဆိုးရဘူးနော်’ တဲ့၊ မင်းအဖေက ဒေါသနဲ့ပြန်မေးတယ်၊ ‘ဘာပြောမလို့လဲ၊ ပြောစရာရှိရင် ပြောတဲ့ ..”

“ဒီတော့ မင်းအမေက ‘အစ်ကိုကြီးက လင့်ဟူချုံးကို အပြစ်တင်တာ မှားနေတယ်’ လို့ ပြောတယ်၊ မင်းအဖေက ‘ဘာ .. လင့်ဟူချုံး ဟုတ်လား၊ ဒီကောင်က မကောင်းဆိုးဝါးဂိုဏ်းချုပ်ရဲ့ သမီးနဲ့တောင် ချစ်ကြိုက်နေတာ လူတိုင်းသိနေကြတယ်၊ ငါက သူ့ကို အပြစ်တင်တာ မှားနိုင်ပါ့မလား’ လို့ ပြောတယ် ...”

လင်းလင်းမှာ လင်မိန်ကျက် ပြောနေသော ဇာတ်ကြောင်းတွင် မိမိအကြောင်း ပါလာသည်ကို ကြားသိလိုက်ရသောအခါ မျက်စိမျက်နှာပျက်၍ ရှက်သွေးတက်သွားမိတော့၏။ သို့သော် ရင်ထဲကတော့ ကျေနပ်သာယာနေ၏။ ထိုစဉ် လင်မိန်ကျက်က ဆက်၍ပြောသည်။

“မင်း အမေက ပြောတယ်၊ ‘ဒါနဲ့ပတ်သက်ပြီး ပြောတာမဟုတ်ပါဘူး၊ ကျွန်မပြောတာက ဘီလူးမီးဓားသိုင်းကျမ်းနဲ့ ပတ်သက်ပြီး ပြောတာပါ’ လို့ ပြောတော့ မင်းရဲ့အဖေက ‘ဘီလူးမီး ဓားသိုင်းကျမ်းလည်း သူပဲ ခိုးတာပဲ၊ သူ့ရဲ့ ဓားသိုင်းပညာ တိုးတက်လာတာ ဘယ်လောက်မြန်သလဲ၊ ငါ့ထက်တောင် ပိုတော်သေးတယ်၊ မင်းကိုယ်တွေ့ မျက်မြင်ပဲ’ လို့ ပြောတယ် ...”

လိန်လိန်သည် လင်မိန်ကျက်စကားများက သူ့နားထဲမှ လျှံကျနေသကဲ့သို့ ခံစားနေရသည်။ မည်သို့ပင်ဖြစ်စေ စကားအဓိပ္ပာယ်ကိုမူ ကွဲကွဲပြားပြား သဘောပေါက်သည်ကတော့ အမှန်ပင်။

“မင်းအမေက ‘သူ ... ဓါးသိုင်းတော်လာတာ သည့်ပြင်အကြောင်းတစ်ခုခုကြောင့် တိုးတက်လာတာပါ၊ သူ ဘီလူးမီးဓားသိုင်းကိုတော့ ခိုးယူမှာ မဟုတ်ပါဘူး၊ လင့်ဟူချုံးမှာ ပျော်တတ် ပါးတတ်တဲ့ ဗီဇကလေး ရှိနေတော့ ကျွန်မတို့နှစ်ယောက်ရဲ့ စကားကို နားမထောင်တဲ့ အလေ့အကျင့်ကလေး ရှိတယ် ...”

“ဒါပေမယ့် သူဟာ ငယ်ငယ်ကလေးထဲက သဘောထားကြီးတယ်၊ ပွင့်လင်းတယ်၊ ဘယ်တော့မှ ခိုးကြောင်ခိုးဝှက် မလုပ်တတ်ဘူး၊ နောက်ပိုင်းမှာ လိန်လိန်က သူ့ကို စွန့်ခွာလိုက်တော့ အတော်ကလေး စိတ်မကောင်းဖြစ်သွားပုံရတယ်၊ သူလိုလူမျိုးက ဒီဘီလူးမီးဓားသိုင်းကို ဘယ်တော့မှ ခိုးမှာမဟုတ်ဘူး၊ နောက်ပိုင်း အခြေအနေတွေအရဆိုရင် လင်မိန်ကျက်က ဒီဘီလူးမီးဓါးသိုင်းကျမ်းကို လက်နှစ်ဖက်နဲ့ ခစယယ ပေးတာတောင် လင့်ဟူချုံး လက်ခံမှာမဟုတ်ဘူး ...”

လင်းလင်းသည် ဖူးလင်၏စကားများကို ကြားလိုက်ရသောအခါ ကြီးစွာသော ဝမ်းသာကျေနပ်မှုကို ခံစားလိုက်ရသည်။

အကယ်၍များ တတ်နိုင်လျှင် ဖူးလင်ရှိရာသို့ ပြေးသွားပြီး ဖူးလင်ကို ကျေးဇူးတင်စကား ပြောလိုက်ချင်သည်။

လိန်လိန်က စောစောက ပြောခဲ့၏။ အစ်ကိုကြီး လင့်ဟူချုံးအား နားလည်သူမှာ ဤလောကကြီးတွင် သူ့အမေ တစ်ယောက်သာ ရှိသည်ဟူသော စကားကို လင်းလင်း ကျေကျေနပ်နပ် လက်ခံမိလေပြီ။

ထိုစဉ် လင်မိန်ကျက်က ...

“အဲဒီအခါမှာ မင်းရဲ့အဖေက ဒေါသထွက်သလို ဖြစ်လာပြီး ‘ဟင့်’ ခနဲ့ လှောင်ရယ် ရယ်တယ်၊ နောက်ပြီး သူက ‘မင်းဆိုလိုတာက လင့်ဟူချုံးဟာ ဘီလူးမီးဓားသိုင်းစာအုပ်ကို မခိုးဘူးပေါ့’ လို့ မေးတယ်၊ မင်းအမေက ‘ဒါကတော့ အစ်ကိုကြီးအသိဆုံးပါပဲ’ လို့ ပြောတယ် ...”

လင်မိန်ကျက်သည် ဆက်တိုက်လိုလို ပြောလိုက်ရသဖြင့် မောသွားဟန်ဖြင့် ခေတ္တရပ်လိုက်သည်။ လိန်လိန်က လင်မိန်ကျက်၏စကားများသည် လုံးဝ အမှန်တရားများသာ ဖြစ်ကြောင်း ကောင်းကောင်းကြီး သိနေ၏။ လင်မိန်ကျက် ပြောသွားပုံများတွင် ပါဝင်သော သူ့မိခင်၏ အေးဆေးတည်ငြိမ်ပုံ၊ ဗီဇသဘာဝများသည် သူမ သိထားသော သူ့မိခင်၏ ဗီဇသဘာဝများပင် ဖြစ်တော့၏။ လိန်လိန်သည် ကျောက်ရုပ်ကြီးတစ်ရုပ်နှယ် တုံဏှိဘာဝေ ဆိတ်ဆိတ်နေရာမှ စကားတစ်ခွန်းကို မေးလိုက်၏။

“အမေက အဲဒီလိုပြောတော့ အဖေက ဘာပြန်ပြောလိုက်သလဲ”

လင်မိန်ကျက်က ...

“ဘာပြန်ပြောရမလဲ၊ အရူးတစ်ယောက် အော်သလို ပြန်အော်တာပေါ့၊ ‘ငါဘယ့်နှယ်လို့ သိရမှာလဲ၊ ငါက ဘာကြောင့် သိရမှာလဲ’ လို့ ထပ်တလဲလဲ အော်နေတော့တာပဲ ...”

× × × × ×

## သစ္စာမဲ့ခြင်း

လင်မိန်ကျက်၏အသံမှာ တဖြည်းဖြည်း မြင့်တက်လာ၏။

တိတ်ဆိတ် ငြိမ်သက်နေသည့် ညအချိန်တွင် ယောကျ်ားမကျ မိန်းမကျ ဖြစ်နေသော သူ၏ စူးစူးရှရှအသံမှာ လွန်စွာ ကြောက်မက်ဖွယ်ရာ ကောင်းနေတော့သည်။ လင်မိန်ကျက်သည် အတန်ကြာ ငြိမ်သက်သွားပြီးမှ ဆက်၍ ပြောပြန်သည်။

"မင်းအမေကတော့ တည်တည်ငြိမ်ငြိမ်ပါပဲ၊ သူဆက်ပြောလိုက်တဲ့စကားက နှင်းတောင်ကြီး ပြိုကျလာသလိုပဲ၊ 'ကျွန်မ သိပါတယ်၊ ဒီဘီလူးမီး ဓားသိုင်းကျမ်းကြီးကို အစ်ကိုကြီး ယူထားတာပါ' လို့ ပြောလိုက်တယ် .."

လင်းလင်းသည် လိန်လိန်၏မိခင် ဖူးလင်၏စိတ်ဓာတ်ကို လွန်စွာချီးကျူးမိ၏။ အမှန်တရားကို တကယ် ဖက်တွယ်ထားသူပေတည်း။ ထိုအကြောင်းများကြောင့်ပင် မိမိ၏ ဖခင်က တစ်ချိန်တုန်းက ချီးကျူးခဲ့ခြင်း ဖြစ်ပေလိမ့်မည်။

လင်မိန်ကျက်က ...

"မင်းအဖေရဲ့ ဒေါသကတော့ ပဒူအုံကို တုတ်နဲ့ သွားဆွပေးလိုက်သလိုပါပဲ၊ သူက အော်လိုက်တယ်၊ 'မင်း ... မင်း ငါ့ကို ဘယ်လိုပြော ... ပြောတယ်' လို့ အော်တာပဲ၊ ဒါပေမယ့် သူဆက်မပြောနိုင်ဘဲ အဲဒီမှာတင် ရပ်သွားတယ်၊ မင်းအမေကတော့ တည်တည်ငြိမ်ငြိမ်နဲ့ပဲ ဆက်ပြီး ... 'ဟိုနေ့တုန်းက လင့်ဟူချျံး ဒဏ်ရာကြီးနဲ့ မေ့လဲကျလို့ ကျွန်မတို့က သူ့ကို အခန်းထဲခေါ်လာပြီး ကျွန်မက ဆေးထည့်ပေးတယ်၊ အဲဒီတုန်းက သူ့အိတ်ထဲမှာ သဃ်န်းစတစ်ခုတွေ့တယ်၊ အဲဒီသက်န်းပေါ်မှာ စာတွေရေးထားတာကိုလည်း တွေ့ရတယ်၊ ကျွန်မက သူ့ကို ဒုတိယအကြိမ် ဆေးထည့်ပေးတဲ့ အချိန်ကျတော့ အဲဒီသဃ်န်းစကို မတွေ့ရတော့ဘူး၊ အဲဒီတုန်းက လင့်ဟူချျံးက လုံးဝ သတိမရသေးဘူး ..."

"နောက်ပြီး ... လင့်ဟူချျံး ဒီအခန်းထဲမှာ ရှိနေတာကို အစ်ကိုကြီးနဲ့ ကျွန်မတို့နှစ်ယောက်ကလွဲလို့ တခြားဘယ်သူမှ ဒီအခန်းထဲ မဝင်သေးဘူး၊ ဒီသက်န်းစကို ကျွန်မလည်း မယူဘူး၊ ဒီတော့ ဘယ်သူ ယူနိုင်ဦးမလဲ' လို့ တိတိကျကျပြောတယ်."

လင်းလင်းသည် သူတို့ ဝါဆန်းဂိုဏ်း၏ အတွင်းရေးများကို နားထောင်လိုသူ မဟုတ်ချေ။ သူမ၏ အသည်းနှလုံးများ ပုံအပ်ထားသည့် လင့်ဟူချျံးနှင့် ပတ်သက်နေ၍သာ နားထောင်နေရခြင်း ဖြစ်သည်။

လင်မိန်ကျက်က ...

"မင်းအမေက အဲဒီလိုပဲ စွပ်စွဲလိုက်ရော၊ မင်းအဖေက ပြန်ပြောဖို့ ပါးစပ်ဟ လိုက်တယ်၊ ဒါပေမယ့် ဘာစကားမှ ထွက်မလာဘူး၊ မင်းအမေရဲ့ အသံက ထူးထူးခြားခြား ညင်ညင်သာသာ ဖြစ်သွားတယ်၊ 'အစ်ကိုကြီး ကျွန်မတို့ ဝါဆန်းဂိုဏ်းရဲ့ သိုင်းပညာက မညံ့လှပါဘူး၊ ကျိုလင်ထန်က လောဘရမ္မက်ကြီးလွန်းလို့ ဂိုဏ်းကြီးငါးဂိုဏ်းကို ဝါးမျိုဖို့ ကြိုးစားနေတာ ..."

ကျွန်မတို့ကသာ ကျန်တဲ့သုံးဂိုဏ်းနဲ့ ပူးပေါင်းပြီး ကျိုလင်ထန်ကို တိုက်ခိုက်ရင် ကျွန်မတို့က နိုင်နိုင်ပါတယ်၊ တကယ်လို့ မနိုင်ဘဲနဲ့ ရဲရဲတောက်တိုက်ခိုက်ပြီး ကျဆုံးသွားရင်လည်း တမလွန်ဘဝက ဆရာသမားတွေကိုလည်း သေရွာမှာ မျက်နှာပြရဲတာပေါ့' လို့ ပြောတယ်၊ မင်းရဲ့ အမေကတော့ တကယ့်ကို သတ္တိရှိတဲ့မိန်းမပါပဲ .."

လင်းလင်းမှာလည်း လင်မိန်ကျက် နည်းတူပင် ဖူးလင်၏ သတ္တိကို ချီးကျူးမိ၏။

လင်မိန်ကျက်က ဆက်၍ ...

“မင်းအဖေက ဘာပြောသလဲဆိုတော့ ‘ငါတို့ သေတာက အရေးမကြီးဘူး။ ငါတို့ရဲ့ လက်ထဲမှာ ဝါဆန်းဂိုဏ်း ပျက်ပြုန်းသွားမှာကိုတော့ ငါဘယ်လိုမှ မကြည့်နိုင်ဘူး”

“ဒီမှာ မင်းအမေက သက်ပြင်းတစ်ချက်ချပြီးတော့ ... ‘ကျွန်မတို့ ဂိုဏ်းအတွက် အစ်ကိုကြီး ကြိုးစားတာကို ကျွန်မ အပြစ်ဆိုနေတာ မဟုတ်ပါဘူး။ ဒါပေမယ့် ဟိုဘီလူးမီးဓားသိုင်းကို လေ့ကျင့်တာကတော့ အကျိုးမရှိပါဘူး။ အကျိုး ယုတ်ဖို့ပဲ ရှိတယ်။ ဘာဖြစ်လို့လဲဆိုတော့ အကျိုးနဲ့အကြောင်း ဆက်စပ် စဉ်းစား လိုက်ရုံနဲ့ သိနိုင်တာပဲ။ လင်မိန်ကျက်ရဲ့ မိဘတွေဟာ ဒီလောက် အစွမ်း ထက်တဲ့ ဓားသိုင်းကို မလေ့ကျင့်ပဲနဲ့ သူများအနိုင်ကျင့်တာကို ဘာဖြစ်လို့ ငုံ့ခံနေသလဲ။ ဒီဓါးသိုင်းကို သူတို့ မလေ့ကျင့်တာ ဘာကိုပြနေသလဲ။ ဒီဓားသိုင်းမှာ အကျိုးထက် အပြစ်က ပိုများနေလို့ပေါ့။ အစ်ကိုကြီး ဒီဓားသိုင်းကို ဆက်မကျင့် ပါနဲ့တော့လို့ ပြောရှာတယ်”

လိန်လိန်ကမူ လင်မိန်ကျက် ရှေ့ဆက်၍ ပြောမည့် စကားများကိုသာ နားစိုက် ထောင်နေမိသည်။ လင်မိန်ကျက်က ဆက်၍

“မင်းအဖေက ဒေါသတကြီးနဲ့ အော်တော့တာပဲ။ ‘မင်းက ဘယ်လိုလုပ်ပြီး ငါဓားသိုင်းကျင့်တာကို သိရတာလဲ။ လေ့ကျင့်တာကို မင်းက ခိုးကြည့်တယ်ပေါ့ ... ဟုတ်လား’ မင်းအမေကတော့ ခပ်အေးအေးပဲ။ တုန်လှုပ် ချောက်ချားဟန် မရှိဘူး။ ‘အစ်ကိုကြီးရဲ့ အသံက တစ်နေ့တစ်ခြား ပြောင်းပြောင်းလာတယ်။ နောက်ပြီး မုတ်ဆိတ်မွေးတွေလဲ ကျွတ်ကျလာ တယ်’ လို့ပြောလိုက်တယ်”

လင်းလင်းစိတ်ထဲတွင် တုံးဖန်းပုကို ပြေး၍ မြင်ယောင်လိုက်သည်။ ရက်ပုချွန်သည်လည်း တုံးဖန်းပု ကဲ့သို့ပင် ဘဝပြောင်း ရပေတော့မည်။

လင်မိန်ကျက်က ဆက်၍ ပြောပြန်သည်။

“အဲသည်အခါမှာ မင်းအဖေက စူးစူးရှရှ အော်တော့တာပဲ။ သူ့အသံထဲမှာ ကြောက်လန့်မှုတွေ ပြည့်နေတယ်။ မင်းအမေက ဆက်ပြောတယ်။ ‘အစ်ကိုကြီးမှာ မုတ်ဆိတ်မွေး အတုတွေ တပ်ထားတယ်ဆိုတာ တခြားသူတွေ မသိပေမယ့် ကျွန်မကတော့ သိတာပေါ့’ လို့ပြောလိုက်တာမှာ မင်းအဖေက လုံးဝ မငြင်းနိုင်တော့ဘူး။ သူ့အကြောင်းကို သူ့မိန်းမ အကုန်အစင် သိနေပြီဆိုတာကို အဲသည်တော့မှ သူလက်ခံသွားပုံရတယ်”

လင်မိန်ကျက်မှာ သူ့စကားကို ခေတ္တရပ်လိုက်ပြီး အနားယူလိုက်သည်။ သူပြောခဲ့သည်များမှာလည်း ရှည်လျား များပြား လှပြီ မဟုတ်ပါလား။ သို့သော် ဇာတ်လမ်းဆုံးအောင်တော့ ဆက်၍ ပြောရပေတော့မည်။

“မင်းအဖေက တော်တော်ကလေး ကြာတော့မှ မင်းအမေကို ပြန်မေးတယ်။ တခြားသူတွေရော ဒီအကြောင်းကို သိသလားတဲ့။ မင်းအမေက ဘယ်သူမှ မသိတဲ့အကြောင်း ပြန်ဖြေတယ်။ မင်းအဖေက ဆက်မေးတယ်။ ‘လင်မိန်ကျက်ကော သိသလား’ တဲ့”

“မင်းအမေက ... ‘သူလည်း မသိပါဘူး။ ကျွန်မ တစ်ယောက်တည်း သိတာပါ’ လို့ ပြန်ဖြေတယ်။ ဒီတော့ မင်းအဖေက ‘ကောင်းပြီ။ ဒီနေ့ကစပြီး အဲဒီဓားသိုင်းကို ငါမကျင့်တော့ဘူး။ ဒီသဃ်န်းကိုလည်း မနက်ဖြန်ကျရင် လင်မိန်ကျက်ကို ပြန်ပေးလိုက်မယ်။ နောက်မှ လင့်ဟူချုံးယူတာ မဟုတ်ဘူး။ ငါယူထားတာလို့ ဖြည်းဖြည်း ရှင်းပြလိုက်မယ်။ ဘယ်နှယ့် သဘောရလဲ’ လို့ ပြောတယ်”

လင့်ဟူချုံး၏ ရိုးသားဖြောင့်မတ်သော စိတ်သဘောကို နားလည်ပြီး ဖြစ်သော်ငြား ယခုကဲ့သို့ နားနှင့် ဆတ်ဆတ် ကြားရသောအခါ လင်းလင်းမှာ ပို၍ ကြည်နူးဝမ်းသာ သွားမိတော့၏။

လင်မိန်ကျက်က ဆက်၍ “မင်းအဖေက အဲသလို ပြောလိုက်ရော မင်းအမေက သိပ်ဝမ်းသာ သွားတယ်။ သူက ‘ဒီလိုဆိုရင် သိပ်ကောင်းတာပေါ့။ ဒါပေမယ့် ဒီဓားသိုင်းက လူတွေကို ကောင်းကောင်း ဒုက္ခပေးနေတဲ့ ဓားသိုင်းဆိုတော့ လင်မိန်ကျက်ကိုလည်း ပြန်ပေးမနေပါနဲ့တော့။ အကောင်းဆုံးက ဒီသဃ်န်းစကို ဖျက်ဆီးလိုက်တာပါပဲ’ လို့ ပြောလိုက် တယ်။”

တစ်ချိန်လုံး လိုလို ငြိမ်သက်နေသော လိန်လိန်က ...

“ဇကေ္တ ... အဖေက ဒီသဃ်န်းစကို ဖျက်ဆီး ပစ်ဖို့ နှမြောပြီး သိမ်းထားတာ ဖြစ်ရမယ်။ ဒါကြောင့်မို့ နောက်ပိုင်း ဆက်ကျင့် မိတာပဲ”

လင်မိန်ကျက်က “မင်းရဲ့ အတွေးမှားသွားပြီ။ မင်းအဖေက ဒီစကားလဲကြားရော ချက်ချင်း သဘောတူပြီး

သဃ်န်းကို ဆွဲထုတ်လိုက်တယ်။ ငါဘယ်လောက် ထိတ်လန့်သွားတယ်ဆိုတာ ပြောနေဖို့ လိုမယ်မထင်ဘူး။ ငါတို့ မျိုးရိုးပိုင်ပစ္စည်းကို ဘယ်လောက်ပဲ ကောင်းကောင်း၊ ဘယ်လောက်ပဲ ဆိုးဆိုး၊ ဘယ်သူမှ ဖျက်ဆီးပိုင်ခွင့် မရှိဘူး"

လင်မိန်ကျက်မှာ ယခုပင် ထိတ်လန့်နေသကဲ့သို့ အသံများ တုန်ယင်လာကာ ...

"အဲသည် အချိန်မှာ ပြတင်းပေါက်တံခါး ပွင့်လာတယ်။ ငါကလည်း ကမန်းကတန်း ချောက်ကမ်းပါး အစွန်မှာ ဝပ်လိုက်ရတယ်။ အဲသည်တုန်းမှာ 'ဖျတ်' ကနဲ အသံကြားလိုက်ရတယ်။ ကမန်းကတန်းကြည့်တော့ မင်းအဖေက သဃ်န်းကို ချောက်ကြီးထဲ ပစ်ချလိုက်တာကိုး။ ငါလက်နဲ့ လှမ်းဖမ်းလိုက်တယ်။ မမိဘူး"

"အဲသည်တုန်းက ငါက မိဘတွေရဲ့ ရန်ကြွေးကို ဆပ်ဖို့ပဲ စိတ်ကူးနေခဲ့တဲ့လူမို့ အသက်သေမှာကို သိပ်ကြောက်နေတာ မဟုတ်ဘူး။ သဃ်န်းစ ဆုံးရှုံးသွားမှာကို သိပ်ကြောက်နေတာနဲ့ လက်နှစ်ဖက်နဲ့ ချောက်ကမ်းပါးစောင်းကို ကိုင်ပြီးတော့ ခြေထောက်နှစ်ဖက်ကို ချောက်ကမ်းပါးထဲ ဆန့်ထုတ်ပြီး သဃ်န်းစကို လှမ်းဖမ်းလိုက်တယ်။ ကံကောင်းထောက်မပြီးတော့ သဃ်န်းစဟာ ငါ့ခြေထောက်နဲ့ ငြိသွားတယ်။ အဲသလိုနဲ့ သဃ်န်းစကို ငါရလိုက်တာပဲ"

လင်မိန်ကျက်က အားရကျေနပ်စွာ ပြောနေခြင်း ဖြစ်၏။ လင်းလင်းလည်း တီးတိုး ပြောလိုက်မိသည်။ "အေး ... အဲဒီ သဃ်န်းကို မရလိုက်တာကမှ မင်းအတွက် ကံကောင်းတာ"

ထိုစဉ် လိန်လိန်က ...

"အဖေက သဃ်န်းစကို လွှင့်ပစ်လိုက်တော့ အဖေ ဒီဓားသိုင်းကို ဆက်မကျင့်တော့ဘူးလို့ အမေက ထင်နေတာကိုး။ တကယ်တော့ အဖေက ဒီသဃ်န်းပေါ်က စာတွေကို အလွတ်ကျက် ပြီးလောက်ပြီ။ ဒီသဃ်န်းကို ဘယ်လိုတော့မလဲ။"

လင်မိန်ကျက်က သဘောတူကြောင်း ခေါင်းဆတ်ပြလျက် ...

"ဒါပေမယ့် ... ဒါပေမယ့် တွေးစရာတစ်ခုက ရှိနေတယ်။ ဒီရက်ပိုင်းတွေမှာ ငါဦးနှောက်ခြောက်မတတ် စဉ်းစားခဲ့တယ်။ ဒါပေမယ့် အဖြေတော့ မရခဲ့ဘူး။ ကျိုလင်ထန်က ဘီလူးမီးဓားသိုင်းကို ဘယ်ကနေများ သင်လိုက်သလဲ မသိဘူး"

လိန်လိန့်ထံမှ အာမေဋိတ်သံ ထွက်လာသည်။ လင်မိန်ကျက်က ဆက်ပြောသည်။

"ကျိုလင်ထန်တတ်တဲ့ ဘီလူးမီးဓားသိုင်းက ရှေ့ ၃၆ ကွက်က အမှန်ပဲ။ ဒါပေမယ့် နောက်ပိုင်း ၃၆ ကွက်က ပုံပျက်နေတယ်။ ဒါကြောင့်မို့ မင်းအဖေနဲ့ တိုက်ခိုက်ကြတော့ နောက်ဆုံးမှာ မရှုမလှ အရှုံးပေးသွားရတာပဲ။ အဲဒီ တောင်မရောက် မြောက်မရောက် ဘီလူးမီးဓားသိုင်းကြီးကို သူ ဘယ်ကနေများ သင်လိုက်တာလဲ မသိဘူး။ ငါဘယ်လိုမှ စဉ်းစားမရဘူး"

လင်မိန်ကျက်သည် ပြောပြီးသည်နှင့် စဉ်းစားနေဟန်တူ၏။ သူ့ထံမှ စကားသံ ထပ်မံ၍ ထွက်မလာတော့ပေ။

ထိုအချိန်တွင် လမ်းမကြီးဖက်မှ မြင်းခွာသံများကို စတင်ကြားလိုက်ရတော့သည်။

သည်တွင် လင့်ဟူချုံးအတွက် စိတ်ပူသဖြင့် ချက်ချင်းပင် လင်းလင်းသည် မြင်းလှည်းရှိရာသို့ ပြန်ပြေးတော့သည်။

"အစ်ကိုကြီး ... လူတွေလာနေပြီ"

လင့်ဟူချုံးက ရယ်၍ ...

"လင်းလင်း ... မင်းက သူများလင်မယား ရည်းစားစကား ပြောတာကို သွားပြီး ချောင်းနားထောင်နေတာနဲ့ တူတယ်။ မင်းသွားတာ ကြာလှပြီ"

လင်းလင်းက ချစ်စဖွယ် မျက်စောင်းလေး တစ်ချက် ထိုးလိုက်၏။ စောစောတုန်းက လိန်လိန်က လင်မိန်ကျက်အား ချစ်သက်သေ ပြသည့်အနေဖြင့် ချစ်တင်းနှီးနှောရန် ပြောသည့် စကားကို ပြန်လည် ကြားယောင်မိသောအခါ သူမမျက်နှာ တစ်ခုလုံး နီမြန်းပူထူ သွားတော့သည်။

လင်းလင်းက တိုးညှင်းစွာဖြင့် စကားစလိုက်သည်။

"သူတို့က ဘီလူးမီးဓားသိုင်း အကြောင်း ပြောနေကြတာ"

ထိုစဉ် မြင်းခွာသံများမှာ ပို၍ နီးကပ်လာသဖြင့် စကားစပြတ်သွားကြသည်။ လင့်ဟူချုံးက ...

"ချင်းချန်ဂိုဏ်းသားတွေ လိုက်လာကြပြီနဲ့ တူတယ် ... "

ပြောရင်းဆိုရင်းဖြင့် လင့်ဟူချုံးသည် မြင်းလှည်းပေါ်မှ ဆင်းလိုက်ပြီး ...

"လင်းလင်း ... အစ်ကိုတို့ ဟိုဖက်ကို တဖြည်းဖြည်း ချဉ်းကပ် သွားကြရအောင်၊ ဒါမှ ကူစရာရှိရင်လည်း လွယ်လွယ် ကူလို့ရမှာ"

လင်းလင်းသည် လင့်ဟူချုံး၏စိတ်ကို ကောင်းစွာ သိ၏။ လိန်လိန့်အတွက် လင့်ဟူချုံး အလွန် ပူပန်နေပေလိမ့်မည်။

ထို့အပြင် သူမကိုယ်တိုင်လည်း အခြေအနေကို ကြည့်ချင်နေ၏။

သို့သော် လင့်ဟူချုံးမှာ ဒါဏ်ရာ အပြင်းအထန် ရထားသူဖြစ်၍ ပြေးလွှားလှုပ်ရှားနိုင်မည် မဟုတ်ချေ။ လင်းလင်းက တုံ့ဆိုင်းမနေပဲ လင့်ဟူချုံးကို ပွေ့ချီလိုက်ပြီး စောစောက သူမ ပုန်းဝပ် ချောင်းမြောင်း နားထောင်နေခဲ့သည့် နေရာသို့ ပြေးလွှား သွားလိုက်သည်။

လင်းလင်းက မိမိအား ကလေးတစ်ယောက်ကဲ့သို့ ပွေ့ချီသွားသည်ကို ခံနေရသော လင့်ဟူချုံးမှာ ရယ်ချင်နေမိ၏။ သူ့အနေဖြင့် ဂိုဏ်းချုပ်ကြီး တစ်ယောက် လုပ်နေပြီးမှ ယခုကဲ့သို့ ပွေ့ချီခံနေရသည်မှာ ရယ်စရာပင် မဟုတ်ပါလား။

လင်းလင်းမှာမူ လင့်ဟူချုံးကို ပွေ့ချီရင်း မျက်နှာတစ်ခုလုံး ရဲရဲနီနေတော့သည်။ လင်းလင်း ရှက်တတ်မှန်း သိသဖြင့် လင့်ဟူချုံးက သူ့မျက်နှာကို ပြုံးမထားပဲ တည်တည်ထားကာ မသိချင်ယောင် ဆောင်နေသည်။ သူ့စိတ်ထဲကမူကား ကြည်နူးနေမိ၏။

လင်းလင်းသည် မြင်းလှည်းနှင့် မနီးမဝေး တစ်နေရာတွင် လင့်ဟူချုံးကို ချထားလိုက်ပြီး …

"အစ်ကို … ဒီကနေ ထိုင်ကြည့်။ ကျွန်မ အခြေအနေကြည့်ပြီး သူတို့နှစ်ယောက်ကို ဝင်ကူမယ်"

ထိုစဉ် လိန်လိန်၏ အသံကို ကြားလိုက်ရသည်။

"ရန်သူတွေ ရောက်လာတော့မယ်။ တကယ့်ကို ချင်းချန်ဂိုဏ်းသား တွေပါလား"

လင်မိန်ကျက်က …

"ချင်းချန်ဂိုဏ်းသား ဆိုတာ သေချာလား"

"သေချာတယ်။ သူတို့က ကျွန်မတို့နှစ်ယောက် ဒါဏ်ရာ ရထားတယ်ဆိုတာ သိနေတော့ မီးတုတ်တွေ ကိုင်ပြီး အတင့်ရဲရဲနဲ့ကို လာကြတယ်"

လင်မိန်ကျက်သည် လိန်လိန့်ထက် စဉ်းစားဉာဏ် ပိုကောင်းကြောင်း ပြလိုက်သည်။ ချက်ချင်းပင် လိန်လိန့်အား အော်ပြောလိုက်၏။

"ဒီလိုဆို မြင်းလှည်းပေါ်က ဆင်းပေတော့။ ဒီခွေးကောင်တွေက ငါတို့ မြင်းလှည်းကို မီးရှို့မလို့ လာကြတာ"

လိန်လိန်ကလည်း ချက်ချင်း သဘောပေါက်သွားပြီး လင်မိန်ကျက်ကို လက်ဆွဲ၍ မြက်တောထဲသို့ ဝင်ပြေး ပုန်းခိုကြသည်။ သူတို့ လင်မယားနှစ်ယောက် ပုန်းနေသောနေရာမှာ လင့်ဟူချုံးတို့ ပုန်းခို စောင့်ကြည့်သော နေရာနှင့် မလှမ်းမကမ်းပင် ဖြစ်၏။ လင့်ဟူချုံးတို့နှစ်ယောက်မှာ တစ်ယောက်လက် တစ်ယောက် ဆုပ်ကိုင်ထားကြရင်း လုံးဝ စကားမပြောရဲကြတော့ပေ။

ထိုစဉ် မြင်းခွာသံများကို ဆူညံစွာ ကြားလိုက်ရပြီး ချင်းချန်ဂိုဏ်းသားများ ရောက်ရှိလာတော့သည်။ သူတို့က မြင်းလှည်းကို ပတ်ပတ်လည် ဝိုင်းရံထားလိုက်ကြသည်။

တစ်ယောက်က အော်လိုက်သည်။

"လင်မိန်ကျက်၊ ခွေးကောင် ဘာဖြစ်လို့ အခုတော့ ကြောက်နေရတာလဲ။ ထွက်ခဲ့စမ်း။ မြင်းလှည်းထဲက ထွက်ခဲ့စမ်း"

မြင်းလှည်းထဲမှ မည်သည့်အသံကိုမျှ မကြားရချေ။ ထိုအခါ ချင်းချန်ဂိုဏ်းသား တစ်ယောက်က မီးတုတ်တစ်ချောင်းကို မြင်းလှည်းပေါ် ပစ်တင်လိုက်သည်။

သို့သော် မြင်းလှည်းထဲမှ လက်တစ်ဖက် ရုတ်တရက် ထွက်ပေါ်လာပြီး မီးတုတ်ကို ပြန်ဖမ်းကာ ချင်းချန်ဂိုဏ်းသား အုပ်စုထဲသို့ ပြန်လည်ပစ်သွင်းလိုက်သည်။ ချင်းချန်ဂိုဏ်းသားအားလုံး တစ်ပြိုက်နက်တည်း အော်ဟစ် လိုက်မိတော့သည်။

"အထဲမှာ ခွေးကောင် ရှိနေတယ်ဟေ့"

မြင်းလှည်းထဲတွင် လူတစ်ယောက် ရှိနေကြောင်း တွေ့ရသောအခါ လင့်ဟူချုံးနှင့် လင်းလင်းတို့မှာ လွန်စွာ အံ့သြသွားရသည်။ လှည်းပေါ်မှ လင်မိန်ကျက်နှင့် လိန်လိန်တို့မှာ သူတို့နှင့် မလှမ်းမကမ်း မြက်တောထဲသို့ ရောက်နေကြပြီ မဟုတ်ပါလား။

သူတို့နည်းတူပင် လိန်လိန်သည်လည်း လွန်စွာ တုန်လှုပ်သွားတော့သည်။ သူမနှင့် လင်မိန်ကျက်တို့ စကားပြော နေသည့် အချိန် အတောအတွင်း မြင်းလှည်းအတွင်းသို့ လူတစ်ယောက် ချဉ်းကပ် ဝင်ရောက်လာသည်ကို သူတို့ လုံးဝ မသိလိုက်ချေ။

ထိုစဉ် ချင်းချန်ဂိုဏ်းသား အားလုံး ညာသံပေး၍ ပြေးလာကြကာ ဓားကိုယ်စီဖြင့် မြင်းလှည်းကို အရပ် ရှစ်မျက်နှာမှ ထိုးခုတ်တိုက်ခိုက် ကြတော့၏။

ထိုအခိုက် 'ဝုန်း' ကနဲ အသံ တစ်ချက် မြည်ဟည်းသွားပြီး မြင်းလှည်းခေါင်မိုးပေါ်မှ လူတစ်ယောက် ခုန်ထွက်လာ

တော့သည်။

ထိုလူက မျက်နှာကို ပုဝါဖြင့် စည်းနှောင်ထားသည်။ ခုန်ထွက်လာလာချင်း လေထဲမှာပင် သူက ဓားကို နှစ်ချက်မျှ ဝှေ့ယမ်းလိုက်ရာ ချင်းချန်ဂိုဏ်းသားနှစ်ယောက် လဲကျ သေဆုံးသွားတော့သည်။ သူ့ဓားချက်မှာ လျင်မြန်လှ၏။ ချက်ချင်းလိုလိုပင် နောက်ထပ်နှစ်ယောက် လဲကျသွားပြန်သည်။ ချင်းချန်ဂိုဏ်းသားတို့အဖို့ နောက်ထပ် ရှုံးပွဲနှင့် ကြုံတွေ့ကြပြန်လေပြီ။

ထိုသူ၏ ဓားသိုင်းကွက်ကိုကြည့်ရင်း လင့်ဟူချုံးနှင့် လင်းလင်းတို့မှာ လွန်စွာ တုန်လှုပ်သွားကြသည်။ အကြောင်းမှာ ထိုသူအသုံးပြုနေသော ဓားသိုင်းသည်လည်း ဘီလူးမီးဓားသိုင်း ဖြစ်နေသောကြောင့်ပင်တည်း။

လိန်လိန်က လင်မိန်ကျက်ကို တီးတိုးပြောလိုက်သည်။

“လင်မိန်ကျက် … ကျွန်မတို့လှည်းထဲ ရောက်နေတဲ့ လူကလည်း ဘီလူးမီးဓားသိုင်းကို တတ်နေပါလား။ ချင်းချန်ဂိုဏ်းသားတွေ တော်တော်သေကုန်ပြီ”

လင်မိန်ကျက်က အံ့ဩထိတ်လန့်စွာဖြင့် …

“ဘာ … ဒီ … ဒီလူကလည်း … ဘီလူးမီးဓားသိုင်းကို တတ်နေတယ် ဟုတ်လား”

ထိုအချိန်တွင် ချင်းချန်ဂိုဏ်းသားသုံးယောက် ထပ်၍ လဲကျသွားပြန်သည်။

လင့်ဟူချုံးနှင့် လင်းလင်းတို့ကမူ ထိုသူ၏အရည်အချင်းကို ကောင်းစွာ သိရှိလိုက်ကြသည်။ ထိုသူ၏ ဓားသိုင်းသည် ဘီလူးမီးဓားသိုင်း ဖြစ်သော်လည်း ရက်ပုချွန်နှင့် လင်မိန်ကျက်တို့ထက် များစွာ နိမ့်ကျနေသေး၏။ တုံးဖန်းပုနှင့်ကား မည်သို့မျှ နှိုင်းယှဉ်၍ မရချေ။

လိန်လိန်က …

“သူ့ရဲ့ ဓားသိုင်းက ရှင်နဲ့ တူပေမယ့် ရှင့်လောက်တော့ မမြန်ဘူး။”

လင်မိန်ကျက်က သက်ပြင်းရှည် တစ်ချက်ချရင်း …

“ဒါဆိုရင် ဘီလူးမီးဓားသိုင်းရဲ့ အနှစ်သာရကို ဒီကောင်မရသေးလို့ပဲ။ အနှစ်သာရကို ရထားရင် မြန်ကို မြန်ရမယ်”

ချင်းချန်ဂိုဏ်းသားများသည် မြင်းလှည်းပေါ်မှလူကို မည်သို့မျှ မယှဉ်နိုင်ကြသဖြင့် အားလုံး ထွက်ပြေးကုန်ကြတော့၏။ မြင်းလှည်းပေါ်မှ တစ်ကိုယ်တော် သိုင်းသမားက မြေပေါ်သို့ ထိုင်ချလိုက်ကာ အမောအပန်း ဖြေနေသည်။ ထိုသူ၏ အသက်ရှူသံကို နားထောင်လိုက်ရာတွင် အတွင်းဒဏ်ရာ ရထားမှန်း လင့်ဟူချုံးက သိလိုက်သည်။ လတ်တလော ရရှိခြင်း မဟုတ်သဖြင့် အစောကြီးကတည်းက အတွင်းဒဏ်ရာ ရထားခြင်း ဖြစ်ရပေမည်။

အတန်ကြာမှ ထိုသူက မတ်တတ်ရပ်လိုက်ပြီး လင်မိန်ကျက်တို့ ပုန်းအောင်း နေရာဖက်သို့ လှည့်၍ …

“လင်မိန်ကျက် … ကျုပ်ကို ကောင်းဆန်းဂိုဏ်းချုပ်ကြီး ကျိုလင်ထန်က လွှတ်လိုက်ပါတယ်”

ထိုလူ၏ အသံမှာ ဗလုံးဗထွေး ဖြစ်နေ၏။ ပါးစပ်တွင် ကွမ်းသီးဝါး၍ စကားပြောနေပုံမျိုး ဖြစ်သည်။

လင်မိန်ကျက်က လိန်လိန်နှင့် အတူ မြက်တောထဲမှ ထွက်လာရင်း …

“အခုလို လာရောက် ကူညီတာကို အများကြီး ကျေးဇူးတင်ပါတယ်။ ခင်ဗျားရဲ့ နာမည်ကို သိခွင့်ရှိမလား”

“ဂိုဏ်းချုပ်ကြီး ကျိုလင်ထန်က ခင်ဗျားတို့ လင်မယား နှစ်ယောက် ဒဏ်ရာရထားမှန်း သိလို့ ကျုပ်ကို လွှတ်ပြီး ခေါ်ခိုင်းလိုက်တာပါ။ ခင်ဗျားတို့နှစ်ယောက် ရက်ပုချွန်ရဲ့ရန်က ရှောင်တိမ်းဖို့ အခက်အခဲတွေ့နေရမှန်း ကျုပ်တို့ သိတယ်။ … ခင်ဗျားတို့ကို ရက်ပုချွန် လုံးဝရှာမတွေ့တဲ့ နေရာကို ခေါ်သွားပေးပါ့မယ်။ ဟိုရောက်ရင် ကောင်းကောင်း အနားယူပြီး ဒဏ်ရာတွေ ပျောက်အောင် ဆေးဝါးကုသနိုင်ပါတယ်။”

လင်မိန်ကျက်က ချိုသာစွာဖြင့် …

“ခင်ဗျားတို့ရဲ့ စေတနာကို အများကြီး ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် ဂိုဏ်းချုပ်ကြီး ကျိုလင်ထန်က ကျုပ်ကို ဘာဖြစ်လို့ ဒီလို ဆက်ဆံတာလဲ ဆိုတာကို ကျုပ်လုံးဝ နားမလည်ဘူး”

ထိုသူက ရယ်၍ ပြန်ပြောလိုက်သည်။

“ဟုတ်တယ်။ ရုတ်တရက်တော့ ခင်ဗျား နားလည်မှာ မဟုတ်ဘူး။ ဒါပေမယ့် သေသေချာချာ စဉ်းစားကြည့်ပါ … အခု ကျုပ်တို့ အားလုံး ဘဝတူတွေ ဖြစ်နေကြပြီပဲ။ ကျုပ်တို့ အားလုံးမှာ ဘုံရန်သူ တစ်ယောက် ရှိတယ်ဆိုတော့ ကျုပ်တို့ တစ်တွေဟာ ညီအစ်ကိုတွေ ပဲပေါ့”

လင်မိန်ကျက်က …

“အင်း … ဆက်ပြီး ရှင်းပါဦးလေ။ ခင်ဗျား ရှင်းပြတာတွေ နားထောင်ပြီးရင်တော့ သဘောပေါက် ကောင်းပါရဲ့”

ထိုလူက ဆက်၍ ...

"ဂိုဏ်းချုပ်ကြီး ကျိုလင်ထန်ရဲ့မျက်လုံး ကန်းသွားရတာ ရက်ပုချွန်ကြောင့် ... ခင်ဗျားရဲ့ မျက်လုံး ကန်းသွားရတာကလည်း တကယ်တန်း သေချာစဉ်းစားကြည့်ရင် ရက်ပုချွန်ကြောင့်ပဲ မဟုတ်လား။ အခုဆိုရင် ခင်ဗျား ဘီလူးမီးဓားသိုင်း တတ်ထားမှန်း သူသိသွားပြီဆိုတော့ ခင်ဗျားကို မတွေ့တွေ့အောင်ရှာပြီး သူက သတ်တော့မှာပဲ"

"သူက တောင်ငါးလုံး ဂိုဏ်းချုပ်ကြီး ဖြစ်သွားပြီ။ သူ့မှာ အင်အား အပြည့်အဝ ရှိနေတယ်။ ဒီတော့ ခင်ဗျား တစ်ယောက်တည်းနဲ့ သူ့ကို ခုခံဖို့ ဘယ်လွယ်လိမ့်မလဲ။ နောက်ပြီး ခင်ဗျား ဘေးမှာ ရက်ပုချွန်ရဲ့ သမီးတစ်ယောက်လုံး ပါနေမှတော့ ခင်ဗျား ဘယ်ကို ပြေးချင်သလဲ။ မြေလျှိုးမလား။ မိုးပျံမလား။ ပြေးချင်ရာပြေး။ ရက်ပုချွန်လက်ထဲက ဘယ်တော့မှ မလွတ်နိုင်ဘူး။

လိန်လိန်က ရုတ်တရက် အော်လိုက်၏။

"လောင်တက် ... ရှင်ကိုး"

လိန်လိန်၏ အသံကို ကြားလိုက်ရသောအခါ ပုန်းနေသော လင့်ဟုချုံးမှာလည်း တုန်လှုပ် သွားမိတော့၏။ စောစောတုန်းက ထိုသူ၏ အသံကို ကြားဖူးသည့်အသံဟူ၍ စဉ်းစားနေခဲ့ သော်လည်း ထိုသူက အသံဖျက်ပြော နေသဖြင့် မည်သူမှန်း မသိခဲ့ချေ။ ယခု လိန်လိန်၏ အော်သံကြားလိုက်ရမှ လောင်တက် ဖြစ်ကြောင်း သိလိုက်တော့သည်။

လက်စသတ်တော့ ရုပ်ဖျက်ထားသော တစ်ကိုယ်တော် သိုင်းသမားသည် ဝါဆန်းဂိုဏ်း၏ ဒုတိယတပည့် လောင်တက် ဖြစ်နေကြောင်း အံ့သြစဖွယ် တွေ့ရှိရသည်။ သို့သော် ယခင်တုန်းက လောင်တက် ဖုကျိုးမြို့တွင် သေဆုံးသွားပြီဟု လိန်လိန်သည် လင့်ဟုချုံးအား ပြောပြခဲ့ဖူးသည်။ ယခု မည်ကဲ့သို့ သေသူက အသက်ပြန်ရှင်လာသနည်း။ လင့်ဟုချုံး နားမလည်တော့ချေ။ ထိုစဉ် ...

"ဟင်း ... ဒီကောင်မလေးက ငါ့ရဲ့အသံကို မှတ်မိနေတာကိုး"

သည်တစ်ကြိမ်တွင်တော့ လောင်တက်သည် အသံကို မဖျက်တော့ပဲ ပကတိ ပင်ကိုယ်သံအတိုင်း ပြောလိုက်ခြင်း ဖြစ်၍ ပိုသေချာ သွားတော့သည်။

လင်မိန်ကျက်က ...

"အစ်ကိုနှစ် ... ခင်ဗျားက ဖုကျိုးမြို့မှာတုန်းက လူစားထိုးပြီး သေချင်ဟန် ဆောင်လိုက်တာကိုး။ ဒီလိုဆိုရင် အစ်ကိုရှစ်ကို ခင်ဗျား သတ်လိုက်တာပေါ့"

လောင်တက်သည် စကားဖြင့် ပြန်မဖြေပဲ မရယ်ချင့် ရယ်ချင်ဟန်ဖြင့် 'ဟင့်' ကနဲ တစ်ချက် ရယ်လိုက်တော့၏။

လိန်လိန်သည် ဒေါသထွက်လှသဖြင့် အသားတဆတ်ဆတ် တုန်လာတော့၏။

"ရှင် ... ရှင် ... လူယုတ်မာ ... လင်မိန်ကျက်ရဲ့ နောက်ကျောကို ဓားနဲ့ ခုတ်တာ ရှင်ပဲ မဟုတ်လား။ အစ်ကိုကြီးကို အထင်လွဲပြီး ကျွန်မက ပက်ပက်စက်စက် ရန်သွားတွေ့ခဲ့သေးတယ်။"

လောင်တက်က "ငါက လူစားထိုးလိုက်ပြီး ငါသေသွားသလို ပုံစံမျိုး လုပ်ပစ်ခဲ့တာ။ အလောင်းရဲ့ မျက်နှာကို ရုပ်ပျက်အောင် ခုတ်ထစ်ပြီး ငါ့အဝတ်အစားတွေ ဝတ်ပေးလိုက်တော့ ငါသေပြီလို့ အားလုံးက ယူဆသွားကြတာပေါ့။ ဒါပေမယ့် လင်မိန်ကျက်ရဲ့ နောက်ကျောကို ဓားနဲ့ခုတ်တာကတော့ ငါမဟုတ်ဘူး။"

"ရှင် မခုတ် ... ဘယ်သူ ခုတ်ဦးမလဲ"

လောင်တက်က အေးစက်စွာ ပြုံးလိုက်ရင်း ...

"နင်သိချင်ရင်တော့ ပြောပြရသေးတာပေါ့။ လင်မိန်ကျက်ရဲ့ နောက်ကျောကို ဓားနဲ့ခုတ်တာ တခြားသူ မဟုတ်ဘူး။ နင့်အဖေပဲ..."

"ရှင် ... မဟုတ်တရုတ်တွေ လျှောက်မပြောပါနဲ့။ ကျွန်မအဖေက လင်မိန်ကျက်ကို ဘာဖြစ်လို့ ဓါးနဲ့ခုတ်ရမှာလဲ။"

"ဟား .. ဟား ... ဟား ... နင့်အဖေအကြောင်းကို နင်က ဘယ်လောက်သိလို့လဲ။ ဘာဖြစ်လို့ လင်မိန်ကျက်ကို ဓားနဲ့ ခုတ်ရသလဲဆိုတာ ငါရှင်းပြမယ်။ သေသေချာချာ နားထောင်။ မင်းအဖေက လင့်ဟုချုံးဆီက ဘီလူးမီးဓားသိုင်းကို ရလိုက်တယ်။ တကယ်တော့ ဒီပစ္စည်းဟာ 'လင်' မျိုးရိုးပိုင်တဲ့ ပစ္စည်းပဲ။ ... ဒီတော့ လင်မိန်ကျက်ကို ပြန်ပေးရမယ့် တာဝန် သူ့မှာ ရှိနေတယ်။ ဒါပေမယ့် မင်းအဖေက လင်မိန်ကျက်လက်ထဲ ပြန်မအပ်ချင်ဘူး။ ဒီတော့ ဘာလုပ်ရမလဲ။ လင်မိန်ကျက်ကို သတ်ရမှာပေါ့။ ဒါမှ ပြန်ပေးစရာ မလိုတော့ဘူးလေ။ ဒီပစ္စည်းကို သူအပိုင်ရမှာ။ ဒါကြောင့် အဲဒီနောက်ပိုင်းမှာ သူသတ်မယ့် စာရင်းထဲက နံပါတ်တစ်လူက လင်မိန်ကျက်ပဲ"

လောင်တက်၏ စကားများသည် လိန်လိန့်ကို ငိုင်သွား စေတော့သည်။ သူမ၏ အသည်းနှလုံးထဲက လောင်တက်၏

စကားများသည် အမှန်များ ဖြစ်ကြောင်း ကောင်းကောင်းကြီး ယုံကြည်နေမိသည်။ သို့သော် သူမ၏ ပါးစပ်ကမူ ...

"မဟုတ်ဘူး ... မဖြစ်နိုင်ဘူး။ အဖေကသာ လင်မိန်ကျက်ကို သတ်ချင်တယ်ဆိုရင် တစ်ချက်တည်းနဲ့ သေသွားမှာပေါ့"

ထိုအခိုက် လင်မိန်ကျက်က ...

"ဟုတ်တယ်။ မင်းဘာမှ စောဒက တက်မနေနဲ့။ အစ်ကို လောင်တက် ပြောတာမှန်တယ်"

"ရှင် ... ရှင်"

"ဘာလဲ .. မင်းက အံ့သြနေလို့လား ... မအံ့သြနဲ့ ... ငါ့နောက်ကျောကို ဓားနဲ့ ခုတ်ခံလိုက်ရတော့ ငါ့မှာ ပြင်းပြင်းထန်ထန် ဒဏ်ရာ ရတယ်။ ငါကလည်း အကင်းပါးပါးနဲ့ လဲကျသွားသွားချင်း သေချင်ဟန် ဆောင်လိုက်တာပဲ။ အဲသည်တုန်းကတော့ ငါ့ကို ခုတ်တဲ့သူဟာ ရက်ပုချွန်မှန်း ငါမသိသေးပါဘူး။ ဒါပေမယ့် ... ငါမှတ်မိနေတာ တစ်ခု ရှိတယ်။

ငါမေ့မြောသလို ဖြစ်နေတုန်း ... အစ်ကိုရှစ်က 'ဆရာ' လို့ တစ်ခွန်းအော်သံ ကြားလိုက်ရတယ်။ အဲဒါ အစ်ကိုရှစ်ရဲ့ အမှားပဲ။ သူက ဆရာလို့ ခေါ်လိုက်တာဟာ ငါ့အသက်ကို ကယ်လိုက်သလို ဖြစ်သွားပါရဲ့။ ဒါပေမယ့် သူ့အသက်ကိုတော့ ပေးလိုက်ရတယ်"

"ဘုရား ... ဘုရား ... အစ်ကိုရှစ်ကိုလည်း အဖေပဲ သတ်တယ် .. ဟုတ်လား"

"ဟုတ်တယ်။ မင်းအဖေပဲ။ အစ်ကိုရှစ်ဆီက 'ဆရာ' လို့ခေါ်သံ ကြားပြီးတာနဲ့ 'အား' ကနဲ အော်သံကြားလိုက်ရတာပဲ။ နောက်တော့ ငါလည်း သတိမေ့သွားတယ်။ နောက်ပိုင်း အဖြစ်အပျက်တွေကို ငါမသိတော့ပေမယ့် ဆက်စပ်စဉ်းစားကြည့်လို့ ရပါတယ်။ အစ်ကိုရှစ်ရဲ့ အသံကို ကြားလိုက်လို့ တစ်ခြားသူတွေ ပြေးလာကြပါလိမ့်မယ်။ ဒီတော့ ရက်ပုချွန်ဟာ ငါသေမသေကို မစစ်ဆေးနိုင်တော့ပဲ ချက်ချင်း ထွက်ပြေးသွားရ လိမ့်မယ်။"

လိန်လိန်က မကျေမချမ်းဖြင့် စောဒက တက်ပြန်သည်။

"အဖေက ရှင့်ကိုသတ်ဖို့ ရည်ရွယ်ထားရင် နောက်ပိုင်းမှာ သတ်ဖို့ အခွင့်အရေးတွေ အများကြီးရှိနေတာပဲ။ ဘာဖြစ်လို့ မသတ်သလဲ။ ပြောစမ်းပါဦး"

"ဟား ... ဟား ... ဟား ... နောက်ပိုင်းမှာ ငါက မင်းအဖေကို ကောင်းကောင်းကြီး သတိထားနေပြီလေ။ နောက်ပြီးတော့ မင်းကလည်း ငါ့ဘေးနားမှာ တစ်ချိန်လုံး ရှိနေတော့ မင်းအဖေက ငါ့ကို ဘယ်လိုလုပ် သတ်နိုင်တော့မှာလဲ။ မင်းဟာ ငါ့အဖို့ အင်မတန် လုံခြုံတဲ့ ခံတပ်ကြီးပဲ"

လိန်လိန်က ရှိုက်ကြီးတငင် ငို၍ ...

"လက်စသတ်တော့ ရှင်က ကျွန်မကို ချစ်လို့ လက်ထပ်တာမှ မဟုတ်ပဲ။ အကာအကွယ်လုပ်ဖို့ လက်ထပ်တာကိုး"

လင်မိန်ကျက်က လိန်လိန့်အား လုံးဝ အရေးမစိုက်ပဲ လောင်တက်အား ...

"အစ်ကို လောင်တက်။ ခင်ဗျားက ဘယ်အချိန်တုန်းက ဆရာကြီး ကျိုလင်ထန်နဲ့ သွားဆက်မိတာလဲ"

"ဂိုဏ်းချုပ်ကြီး ကျိုလင်ထန်က ငါ့ဆရာ အရင်းပဲ။ ငါက ဆရာကြီး ကျိုလင်ထန်ရဲ့ တတိယမြောက် တပည့်ပဲ"

"သြော် ... လက်စသတ်တော့ အစ်ကိုလောင်တက်က ကောင်းဆန်းဂိုဏ်းကနေ ဝါဆန်းဂိုဏ်းကို ပြောင်းလာတာကိုး"

"ဟင့်အင်း ... မပြောင်းပါဘူး။ ငါက အမြဲတန်း ကောင်းဆန်းဂိုဏ်းသားပဲ။ ငါ့ဆရာရဲ့ အမိန့်အရ ဝါဆန်းဂိုဏ်းကို လာပြီးတော့ တပည့်ခံတာ။ ရက်ပုချွန်ရဲ့ သိုင်းပညာကို လေ့လာဖို့နဲ့ ဝါဆန်းဂိုဏ်းရဲ့ ခြေလှမ်းတွေကို ကြိုတင် သိနေဖို့ပဲ"

ထိုစကားကို ကြားလိုက်တော့မှ လင့်ဟူချုံးမှာ သဘောပေါက် သွားတော့သည်။ လောင်တက်မှာ ကောင်းဆန်းဂိုဏ်းမှ လျို့ဝှက် လွှတ်ထားသော သူလျှိုပင်တည်း။

ကျိုလင်ထန်သည် အစောကြီးကတည်းက ဂိုဏ်းကြီးငါးဂိုဏ်းကို ပူးပေါင်းရန် ဆန္ဒရှိထားသဖြင့် ကြိုတင်စီစဉ်ထားခြင်း ဖြစ်ပေ၏။

ထို့ကြောင့် လောင်တက်သည် မိုးကြိုးအတွင်းအားသိုင်းစာအုပ်ကို ခိုးယူနိုင်ရေးအတွက် လုရှိအား သတ်ပစ်လိုက်ခြင်း ဖြစ်တော့၏။

သို့သော် ရက်ပုချွန်သည် ပါးနပ်ကောက်ကျစ်ရာ၌ သရဖူဆောင်းထားသူ ဖြစ်ရာ ဤကိစ္စကို အဘယ်မှာလျှင် မသိပဲ နေပါအံ့နည်း။

လင်မိန်ကျက်က တစ်ချက်မျှ တွေဝေ စဉ်းစားလိုက်ပြီးနောက် ...

"လက်စသတ်တော့ အစ်ကိုလောင်တက်က မိုးကြိုးအတွင်းအားသိုင်းနဲ့ ဘီလူးမီးဓားသိုင်းကို ဆရာကြီး ကျိုလင်ထန်

ဆီ ပို့ပေးလိုက်တာကိုး။ အဲဒီနေရာမှာ ကျုပ်က ကွင်းဆက်ပြတ်နေတာ။ ဆရာကြီး ကျိုလင်ထန် ဘာကြောင့် ဘီလူးမီးဓားသိုင်း တတ်နေရသလဲဆိုတာ အခုတော့ သဘောပေါက်ပါပြီ"

လောင်တက်က တစ်ချက် ရယ်လျက် ...

"အမှန်အတိုင်းပြောရရင်တော့ ကျုပ်ရော၊ ကျုပ်ဆရာပါ ရက်ပုချွန်ရဲ့ လှည့်ကွက်ထဲ မိသွားတာပါ။ ဒီလူက ကောက်ကျစ် ဥာဏ်များတဲ့နေရာမှာ ပြိုင်စံရှားတယ်။ ဘယ်သူမှ သူ့လို မကောက်ကျစ်နိုင်ဘူး။ ကျုပ်တို့အားလုံး ခံလိုက်ကြရတာပါပဲ"

လင်မိန်ကျက်မှာ ချက်ချင်း သဘောပေါက်သွားသည်။

"ဟုတ်ပြီ ... ဟုတ်ပြီ။ အစ်ကို လောင်တက် ခိုးယူသွားတဲ့ ဘီလူးမီးဓားသိုင်းဟာ အတုကြီး ဖြစ်ရမယ်။ ရက်ပုချွန်က အတုတစ်ခု သက်သက် လုပ်ထားပြီး ထောင်ချောက် ဆင်လိုက် တာကိုး။ ဒါကြောင့်မို့ ဆရာကြီး ကျိုလင်ထန် ဘီလူးမီးဓားသိုင်း ထုတ်သုံးတော့ တစ်ခုခု လိုနေသလို ဖြစ်နေတာပဲ။ အခုမှ သဘောပေါက်တယ်"

လောင်တက်က အံကြိတ်၍ ...

"ဟုတ်တယ်။ သူဆင်ထားတဲ့ ထောင်ချောက်ကွက်ထဲမှာ ငါတို့ ဆရာ တပည့်နှစ်ယောက် အမိခံခဲ့ရတာပဲ။ ဒါကြောင့် ဂိုဏ်းချုပ်ရွေးပွဲလဲ ကျရော ငါ့ဆရာ ရှုံးခဲ့ရတာ။ ဒီလူယုတ်မာ ရက်ပုချွန်က ဘီလူးမီးဓားသိုင်းထဲက အရေးကြီးတဲ့ သော့ချက်သိုင်းကွက် တော်တော်များများကို ချန်ထားလိုက်တော့ ငါ့ဆရာမှာ ဒုက္ခ ဖြစ်တော့တာပဲ။ ဓားသိုင်းကွက် တွေကတော့ ကောင်းပါရဲ့ ဒါပေမယ့် အတွင်းအားကျင့်နည်း ပါမလာဘူး။ ငါ့ဆရာမှ ဒုက္ခမရောက်ရင် ဘယ်သူ ဒုက္ခရောက်ဦးမလဲ"

လင်မိန်ကျက်က သက်ပြင်းရှည်ကြီး တစ်ချက်ချကာ . . .

"အင်း . . . ဘီလူးမီးဓားသိုင်းရဲ့ အတွင်းအား ကျင့်နည်းကလဲ မကောင်းပါဘူး"

လင်မိန်ကျက် အနေဖြင့် ဤစကားကို ပြောလိုက်ခြင်းမှာ တကယ့် စိတ်ရင်းသဘောရင်းနှင့် ပြောလိုက်ခြင်း ဖြစ်ပေသည်။

ရက်ပုချွန်သည် ဘီလူးမီးဓားသိုင်း အတုတစ်ခု ပြုလုပ်ထားရာတွင် အတွင်းအားကျင့်နည်း၏ အဓိကသော့ချက် တစ်ခုဖြစ်သော 'သင်းကွပ်' ရမည်ဆိုသည်ကို လုံးဝ မဖော်ပြသည့်အပြင် အတွင်းအားကျင့်နည်း ကိုလည်း မဖော်ပြထားခဲ့ပေ။

ထို့ကြောင့် ကျိုလင်ထန်နှင့် လောင်တက်တို့မှာ ဓားကွက်ကိုသာရထားပြီး အတွင်းအား ကျင့်နည်းကို လုံးဝမရသဖြင့် ဓားချက်များ မမြန်ဆန်ခြင်း ဖြစ်တော့၏။

လောင်တက်က ဒေါသဖြင့် ...

"ဟုတ်တယ်။ ဝါဆန်းဂိုဏ်းမှာ ငါသူလျှို ဝင်လုပ်နေတာကို ရက်ပုချွန်က ကောင်းကောင်းကြီး ရိပ်မိတယ်။ သူရိပ်မိတာကို ငါတို့က မသိပဲနဲ့ ကိုယ့်ကိုယ်ကို လူတော်ကြီးတွေ အောက်မေ့နေတာ။ သူက ငါ့တို့ကို မရိပ်မိတဲ့ပုံနဲ့ တစ်ချိန်လုံး မသိချင်ယောင် ဆောင်နေတယ်"

"နောက်တော့ ဘီလူးမီးဓားသိုင်း အတုကြီးကို ခိုးယူနိုင်အောင် သူက အကွက်ထွင်ပေးတယ်။ ဒီလို မစုံလင်တဲ့ ဓားသိုင်းကြီးကို ငါ့ဆရာ ရထားမှ တကယ့် အရေးအကြောင်း ကျရင် ငါ့ဆရာက သူ့ကို ဘာမှ မလုပ်နိုင်ပဲ သူကသာ စိတ်ကြိုက် အနိုင်ယူနိုင်မှာကိုး"

လင်မိန်ကျက်က သက်ပြင်း တစ်ချက်ချကာ . . .

"အင်း . . . ရက်ပုချွန်ဟာ မြွေဆိုးထက်တောင် ကြောက်စရာ ကောင်းလှပါကလား။ တကယ့်ကို ကောက်ကျစ် ဉာဏ်များတဲ့သူပဲ။"

လောင်တက်က . . .

"ငါ့ဆရာ ကျိုလင်ထန်က အခု မျက်စိကွယ်သွားတော့ . . . ကောင်းဆန်းဂိုဏ်းရဲ့ အနောက်ဖက် တောင်ကုန်းမှာ ပုန်းခိုနေတယ်။ ဒီတောင်တန်းမှာ နောက်ထပ် မျက်မမြင် ဆယ့်ငါးယောက်လည်း ရှိသေးတယ်။ အဲသည်လူတွေကတော့ လင့်ဟူချုံးနဲ့ ရက်ပုချွန်တို့ရဲ့ လက်ချက်မိပြီး မျက်စိကွယ်သွားတဲ့ သူတွေပဲ"

"အခုမင်းသာ ငါနဲ့ လိုက်လာပြီး ငါ့ဆရာနဲ့ တွေ့လိုက်စမ်းပါ။ ဆရာက မင်းကို ကောင်းကောင်း ဆွေးနွေးမှာပဲ။ ဟိုရောက်ရင် ငါတို့ အားလုံးရဲ့ ဘုံရန်သူကြီးကို စိတ်တူကိုယ်တူ ကလဲ့စားချေချင်တဲ့ စိတ်ဓါတ်တွေ တဖွားဖွား ပေါ်လာရမယ်"

ထိုစကားကို ကြားလိုက်ရသောအခါ လင်မိန်ကျက်၏ ရင်ထဲ၌ လှုပ်ရှားသွားတော့၏။

ယခု သူ့မှာ မျက်စိကွယ်နေပြီဖြစ်၍ ခိုကိုးရာမဲ့သူဖြစ်ရာ မျက်မမြင်များချည်း စုစုစည်းစည်း နေထိုင်နိုင်ကြလျှင် အကောင်းဆုံး ဖြစ်ပေလိမ့်မည်။

သို့သော် ကျိုလင်ထန်ကိုလည်း လျှော့မတွက်သင့်ပေ။ သူသည်လည်း ရက်ပုချွန်နီးပါး ကြောက်စရာ ကောင်းသူဖြစ်သည်။ ကျိုလင်ထန်က မိမိအား ယခုကဲ့သို့ အလေးပေး ဆက်ဆံနေခြင်းမှာ အကြောင်းမဲ့ မဖြစ်နိုင်ချေ။

လင်မိန်ကျက်က ပွင့်ပွင့်လင်းလင်းပင် မေးလိုက်သည်။

"ဆရာကြီး ကျိုလင်ထန်ရဲ့ စေတနာကို ကျုပ်အနေနဲ့ သိပ်လေးစားမိတယ်။ ဒီတော့ ကျုပ်အနေနဲ့ ပြန်ပြီး ကျေးဇူးဆပ်ချင်ပါတယ်။ ဘယ်လို ဆပ်ရမှန်း မသိဘူး။ အစ်ကို လောင်တက်အနေနဲ့ ကျုပ် ဘယ်လို ဆပ်သင့်တယ်ဆိုတာ ပြောပြနိုင်မလား မသိဘူး"

လင်မိန်ကျက်၏ မေးခွန်းမှာ ရှင်းလှသည်။ မိမိအား ဤမျှ တလေးတစား ဆက်ဆံနေခြင်းသည်။ မိမိထံမှ မည်သည့်အရာကို လိုချင်၍နည်းဟု ဖြောင့်ဖွင့်မေးလိုက်ခြင်းပင် ဖြစ်၏။

လောင်တက်က တဟားဟား ရယ်လိုက်ရင်း ...

"လင်မိန်ကျက် ... မင်းဟာ တကယ် ပွင့်လင်းတဲ့ လူပဲကိုး။ အားလုံးဟာ ဘဝတူတွေ ဖြစ်နေကြတော့ ပွင့်ပွင့်လင်းလင်း ပြောတာ အကောင်းဆုံးပါပဲ။ ငါ့ဆရာက ရက်ပုချွန်ဆီက မပြည့်စုံတဲ့ဓားသိုင်း ရထားလို့ ငါတို့ ဆရာတပည့်တွေအားလုံး ဒုက္ခရောက် ခဲ့ကြရတယ်။ ဒါကြောင့် ငါ့ဆရာက ဓားသိုင်းအစစ်ကို လိုချင်တယ်။ မင်းက ဓားသိုင်းအစစ်ကို တတ်ထားတယ်ဆိုတော့ မင်းနဲ့ လာပြီး ဆွေးနွေးရတာပေါ့"

လင်မိန်ကျက်က လောင်တက်၏ သဘောကို နားလည်လိုက်သည်။ သူက . . .

"အစ်ကို လောင်တက်ရဲ့ သဘောကို ကျုပ်နားလည်သလိုလို ရှိလာပြီ။ ကျုပ်က ဘီလူးမီးဓားသိုင်းကျမ်း အစစ်ကို ခင်ဗျားဆရာ ကျိုလင်ထန်ကို ပြရမှာလား"

"ဟင့်အင်း ... ဒီလို အတိအကျ မလိုပါဘူး။ ဘီလူးမီးဓားသိုင်းကျမ်း ဆိုတာက မင်းတို့ မျိုးရိုးပိုင် ပစ္စည်းပဲ။ ဒါကို ငါတို့အနေနဲ့ အခွင့်မရရင် မကြည့်ပါဘူး။ ဒါပေမယ့် အခု ငါတို့ အားလုံး ... ဘုံရန်သူကြီး ရက်ပုချွန်ကို လက်စားချေဖို့ ကြိုးစားနေကြတယ် မဟုတ်လား"

လင်မိန်ကျက်က ငြိမ်သက်စွာ နားထောင်နေသည်။ လောင်တက်ကပင် ဆက်၍ ...

"မင်းသာ မျက်စိကောင်းနေရင်တော့ ဘာအကြောင်းလဲ။ သူ့ကို ကြောက်နေစရာ မလိုဘူး။ ဒါပေမယ့် အခု အခြေအနေက တစ်မျိုးဖြစ်နေတယ် ဆိုတော့ ငါ့ဆရာရော၊ မင်းပါ ဒီဘီလူးမီးဓားသိုင်းကို တတ်ထားမှ ရက်ပုချွန်ကို ရင်ဆိုင်နိုင်မှာ။ ငါပြောတာ ဟုတ်မဟုတ် ... မင်းစဉ်းစား ဦးပေါ့လေ။"

လောင်တက်၏ စကားမှာ လွန်စွာမှပင် သဘာဝကျသဖြင့် လင်မိန်ကျက်က ချက်ချင်းလိုလိုပင် ...

"ကောင်းပြီ ... ကျုပ်သဘောတူတယ်။ ကျုပ်က ခင်ဗျားရဲ့ ဆရာကို ကျုပ်တတ်ထားတဲ့ ဘီလူးမီးဓားသိုင်းအစစ်ကို ပြောပြမယ်"

လောင်တက်က ဝမ်းသာအားရဖြင့် ...

"ဟား ... ဟား ... ဒီလိုဆိုရင် ငါတော့ သိပ်ဝမ်းသာတာပဲ။ မင်းဟာ ငါတို့ ကောင်းဆန်းဂိုဏ်းရဲ့ အထူးမိတ်ဆွေ ဖြစ်သွားပါပြီ"

"စိတ်ချပါ။ ကျုပ်က ခင်ဗျားနဲ့ အတူ ကောင်းဆန်းဂိုဏ်း ရောက်တာနဲ့ ခင်ဗျားရဲ့ ဆရာကို ဒီဓားသိုင်းအကြောင်း အစကနေ အဆုံးထိ ရွတ်ပြပါ့မယ်"

"ဘယ်လို ... ရွတ်ပြမယ် ... ဟုတ်လား"

"ဟုတ်တယ်။ ဒီဓားသိုင်း ရေးထားတဲ့ သက်န်းကို ပြန်ရပြီးတဲ့နောက်မှာ သက်န်းကို ကျုပ်ရဲ့ ကိုယ်ပေါ်မှာ သိမ်းမထားရဲတော့ဘူး။ ဒါကြောင့် ဓားသိုင်းကို အလွတ်ကျက်ပြီးတော့ သက်န်းကိုတော့ မီးရှို့ပစ်လိုက်ပြီ"

လောင်တက်က "ကောင်းပြီလေ။ ဒီလိုဆိုရင် အခုပဲ ကောင်းဆန်းတောင်ကို ပြန်ကြစို့။ ဆရာကြီး ကျိုလင်ထန်တော့ အင်မတန် ဝမ်းသာသွားမှာပဲ"

လင်မိန်ကျက်က ခေါင်းညိတ်ပြလိုက်သည်။

လောင်တက်က ဆက်၍ ...

"ငါတို့ သွားရင် မြင်းလှည်းနဲ့ သွားလို့ မရဘူး။ လမ်းတစ်ဝက်မှာ ရက်ပုချွန်တို့နဲ့ တိုးမိနိုင်တယ်။ အခုအချိန်မှာ

သူ့ကို ငါတို့ ဘယ်လိုမှ မယှဉ်နိုင်သေးဘူး။ ဒီတော့ သူ့ကို ရှောင်ရမှာပဲ။ တောလမ်းကပဲ သွားကြမှ ဖြစ်မယ်။"

လင်မိန်ကျက်က သဘောတူလိုက်ပြီးနောက် လိန်လိန့်ဖက်သို့ လှည့်ကာ ...

"လိန်လိန် ... မင်းက မင်းအဖေဖက်က နေမှာလား။ ဒါမှမဟုတ် မင်းယောက်ျားဖက်က နေမှာလား"

လိန်လိန်က ရှိုက်သံနှင့် ...

"ကျွန်မ ... ကျွန်မ ... ဘယ်ဘက်ကမှ မနေတော့ဘူး။ ကံခေတယ်။ ကျွန်မ သိပ်ကံခေတယ်။ မနက်ဖြန်ဆိုရင် ကျွန်မ မယ်သီလရင် သွားလုပ်တော့မယ်။ ဘယ်သူနဲ့မှ မတွေ့တော့ဘူး"

လင်မိန်ကျက်က ခနဲ့သံနှင့် ...

"သိပ်ကောင်းတဲ့ အကြံအစည်ပဲ။ ဟန်ဆန်းတောင်ကို သွားပြီး မယ်သီလရင် လုပ်ရင် မင်းက လင့်ဟူချုံးနဲ့ တွေ့ရမှာကိုး။ အင်မတန် ကောင်းတဲ့ အကြံ"

လိန်လိန်က ဒေါသထွက်လာသဖြင့် လန်မိန်ကျက်အား ရန်တွေ့လိုက်သည်။

"လင်မိန်ကျက် ... ရှင် ခိုကိုးရာမဲ့ ဖြစ်နေတဲ့ အချိန်မှာ အဖေသာ ရှင့်ကို မကယ်ရင် မုကောင်းဖုန်းရဲ့ လက်ထဲမှာ ရှင်သေနေလောက်ပြီ။ ထားပါတော့ နောက်ပိုင်းမှာ ကျွန်မအဖေက ရှင့်အပေါ်မှာ မကောင်းခဲ့ဘူး။ ဒါပေမယ့် ကျွန်မက ရှင့်အပေါ်မှာ ဘာများ စော်ကားဖူးလို့လဲ။ အခုတော့ ရှင့်စကားက ကျွန်မကို စော်ကားလှချေလား။ ဘာဖြစ်လို့ ဒီလို ပက်ပက်စက်စက် ပြောရတာလဲ"

လင်မိန်ကျက်က ...

"ဒါလား ... ဒါက ဆရာကြီး ကျိုလက်ထန် အပေါ်မှာ ငါဘယ်လောက် သစ္စာရှိကြောင်း ပြဖို့ပဲ။"

လင်မိန်ကျက်၏ အသံမှာ တဖြည်းဖြည်း မာကျော ခက်ထန်လာ၏။ တစ်ဒင်္ဂ အတွင်းမှာပင် လိန်လိန့်ထံမှ အားကနဲ အော်သံတစ်ချက် ထွက်လာ၏။ သူမကို တိုက်ခိုက်ခံလိုက်ရဟန် တူပေသည်။

လင့်ဟူချုံးရော လင်းလင်းပါ ဟာကနဲ အော်၍ မြက်တောထဲမှ ခုန်ထွက်လိုက်ကြ၏။ လင့်ဟူချုံးက အသံကုန် အော်လိုက်သည်။

"လင်မိန်ကျက် ... လိန်လိန်ကို မထိနဲ့"

ရုပ်ဖျက် ထားသော်ငြားလည်း သူ၏ အသံကြောင့် လင့်ဟူချုံးမှန်း သိသွားကြတော့သည်။ လောင်တက်မှာ လင့်ဟူချုံးကို ချက်ချင်း မှတ်မိလိုက်သဖြင့် လန့်ဖျပ်သွားတော့သည်။

ဤလောကတွင် လင့်ဟူချုံးနှင့် ရက်ပုချွန်တို့ကိုသာ လောင်တက် အကြောက်ဆုံးဖြစ်သည်။ ကြီးစွာသော တုန်လှုပ် ခြောက်ခြားမှုဖြင့် လောင်တက်သည် လင်မိန်ကျက်၏ လက်ကိုဆွဲကာ ချင်းချန်ဂိုဏ်းသားတို့ ကျန်ရစ်ခဲ့သည့် မြင်းတစ်ကောင်ပေါ် ခုန်တက်၍ တစ်ဟုန်ထိုး ထွက်ပြေးတော့သည်။

လိန်လိန်ကို ဂရုစိုက်နေရသဖြင့် လင့်ဟူချုံးရော လင်းလင်းပါ လောင်တက်တို့ နောက်သို့ မလိုက်နိုင်တော့ပေ။ သူတို့ နှစ်ယောက် လွတ်မြောက် ထွက်ပြေး သွားကြတော့၏။

လိန်လိန်မှာ မြင်းလှည်း နံဘေးတွင် လဲကျနေ၏။ သူမ၏ ရင်ဝတွင် ဓားမြှောင်တစ်ချောင်းက လက်ကိုင်ရိုး အဆုံးအထိ စိုက်ဝင်နေသည်။ နီစွေးသော သွေးများကလည်း ရဲနေသည်။

လင့်ဟူချုံးက ...

"ညီမလေး ... ညီမလေး"

"အစ် ... အစ်ကိုကြီးလား"

လင့်ဟူချုံးမှာ လိန်လိန် စကားပြောနိုင်သေးသည်ကို တွေ့ရသောအခါ ဝမ်းသာအားရ ဖြစ်သွားသည်။

"ဟုတ်တယ် ... ငါပဲ"

တစ်ဆက်တည်းပင် လိန်လိန့်ရင်ဝတွင် စူးနစ်နေသော ဓားမြှောင်ကို ဆွဲထုတ်ရန် လက်လှမ်းလိုက်သည်။ သို့သော် ဆွဲမနုတ်ဖြစ်ချေ။ ဓားမြှောင်ကို ဆွဲနုတ်လိုက်သည်နှင့် လိန်လိန် အသက်ထွက် သွားမည်မှာ သေချာနေသည်။ လိန်လိန့် အသက်ကို မကယ်နိုင်တော့မှန်း သိလိုက်သောအခါ လင့်ဟူချုံးမှာ မျက်ရည် တွေတွေ ကျဆင်းလာတော့၏။

"အစ်ကို ... အစ်ကိုကြီး ... ကျွန်မ ဘေးနားမှာ ရှိနေတာ သိပ်အားရှိတာပဲ။ သူ ... သူ သွားပြီလား"

"သွားပြီ"

"အစ်ကိုကြီး ... ကျွန်မ .... ကျွန်မ မှားပါတယ်။ ... ကျွန်မကို ခွင့်လွှတ်ပါနော်"

"ခွင့်လွှတ်ပါတယ်ကွယ်။ စကားသိပ်မပြောပါနဲ့"

လိန်လိန်သည် စကားဆက်ပြောရန် အားယူလိုက်သေးသည်။ သို့သော် အသံမထွက်လာတော့။ အသက်ဝိညာဉ် ချုပ်သွားရှာပေပြီ။

လင့်ဟူချိုး၏ ရင်ထဲတွင် ဆို့နစ်သွားတော့၏။ ကမ္ဘာကြီး တစ်ခုလုံး မည်းမှောင်သော ချောက်ကမ်းပါးကြီး အတွင်းသို့ ကျသွားပြီဟု ထင်လိုက်မိတော့၏။

သူသည် အော်ဟစ်၍ ငိုပစ်လိုက်ချင်၏။ သို့သော် လုံးဝ ငို၍မရချေ။ လိန်လိန်၏ ခန္ဓာကိုယ်လေးကို ပွေ့ချီထားရင်းမှ တီးတိုးပြောလိုက်မိ၏။

"ညီမလေး … ဘာမှ မကြောက်နဲ့။ ငါ … ငါ .. မင်းကို … မင်းရဲ့ ဖေဖေနဲ့ မေမေဆီ ခေါ်သွားပေးမယ်။ …. ဟိုရောက်ရင် မင်းကို ဘယ်သူမှ အနိုင် မကျင့်နိုင်တော့ဘူး။"

လင့်ဟူချိုး၏ ဒဏ်ရာမှ သွေးများ စိမ့်ထွက်လာသည်ကို လင်းလင်း တွေ့လိုက်ရသည်။ သို့သော် ယခု အခြေအနေမျိုးတွင် လင့်ဟူချိုးအား မည်ကဲ့သို့ နှစ်သိမ့်ရမည်ကို လင်းလင်း အနေဖြင့် မသိတော့ပေ။

လိန်လိန့်အလောင်းကို ပွေ့ချီရင်း လင့်ဟူချိုးမှာ ရှေ့သို့သာ လျှောက်သွားနေသည်။ ပါးစပ်မှလည်း တတွတ်တွတ် ရေရွတ်နေသည်။

"ညီမလေး … မကြောက်နဲ့နော် … မင်းရဲ့ မေမေ ရောက်လာတော့မယ်။ ဘာမှ အားမငယ်နဲ့ … မင်းရဲ့ မေမေ ရောက်လာတော့မယ်"

အိပ်မက်မက်ရင်း လမ်းထလျှောက်နေသူပမာ လင့်ဟူချိုးသည် ရေရွတ်နေရာမှ ဒူးများ ညွတ်ခွေကျသွားလျက် မြေကြီးပေါ်သို့ လဲကျသွားတော့သည်။ ထို့နောက် လုံးဝ သတိလစ် သွားတော့သည်။

သူ သတိပြန်ရ လာသောအခါ နားထဲ၌ လွန်စွာ သာယာလှသည့် ကြိုးတပ်တူရိယာ တီးခတ်သံကို ကြားနေရသည်။ နှာခေါင်းထဲတွင်လည်း ပန်းမာလာတို့၏ မွှေးကြိုင်သော ရနံ့များကို ရှူရှိုက် ခံစားနေရ၏။ မျက်လုံးများကို ဖွင့်၍ ပတ်ဝန်းကျင်ကို လှည့်ပတ် ကြည့်ရှုလိုက်သောအခါ မိမိမှာ မြက်ခင်းတစ်ခု ပေါ်၌ လဲလျောင်းလျက်သား ရှိနေသည်ကို တွေ့ရ၏။ လင်းလင်းကမူ ကြိုးတပ်တူရိယာကို သာယာ ညင်းပျောင်းစွာ တီးခတ်နေသည်။

လဲလျောင်းနေရာမှ ထထိုင်ရန် ပြင်ဆင်လိုက်သောအခါ လင့်ဟူချိုးထံမှ အသံထွက်သွားသဖြင့် ကြိုးတပ်တူရိယာ တီးခြင်းကို လင်းလင်းက ရပ်ဆိုင်းကာ စူးစမ်းသည့် အကြည့်ဖြင့် လှမ်းကြည့်လိုက်သည်။ ထိုအခြင်းအရာကို မြင်လိုက်ရသော လင့်ဟူချိုး၏ ရင်ထဲ၌ လွန်စွာ သာယာ ချမ်းမြေ့သော ခံစားမှုကို ရလိုက်သည်။

လင့်ဟူချိုး သိလိုက်သည်။ လိန်လိန် သေဆုံးသွား ရခြင်းကြောင့် သူ့အနေဖြင့် သောကဗျာပါဒ ထုထောင်းခံရပြီး သတိလစ် မေ့လဲ ကျသွားခဲ့ရ၏။ လင်းလင်းက သတိလစ်နေသော သူ့ကို ဤကျောက်ဂူ၌ အနားယူနိုင်စေရန် ပွေ့ချီလာခြင်းသာ ဖြစ်ရပေမည်။

လင့်ဟူချိုးနှင့် လင်းလင်းတို့သည် တစ်ယောက်ကို တစ်ယောက် အချိန်အကြာကြီး ငေးစိုက် ကြည့်နေမိကြသည်။ အတန်ကြာမှ လင့်ဟူချိုးက လင်းလင်း၏လက်ကို ညင်သာစွာ ဆုပ်ကိုင်လိုက်၏။ ထိုစဉ် သူ့နှာခေါင်းထဲ၌ အသားမီးကင်ရာမှ ထွက်ပေါ်လာသော တူးနံ့မျိုးကိုရလိုက်လေ၏။ လင်းလင်းက ကမန်းကတန်းလှည့်၍ မီးကင်ထားသော ဖားသားများကို ဆွဲယူလိုက်တော့သည်။ သူမက ရှက်ရှက်ဖြင့် ပြောလိုက်သည်။

"တူးသွားပြန်ပြီ"

လင့်ဟူချိုးက တဟားဟား ရယ်မောမိတော့၏။ သူတို့နှစ်ယောက်သည် တစ်ချိန်တုန်းက ရေကန်ဘေးနား၌ ဖားသားများကို မီးကင်စားခဲ့ဖူးကြသည်။ ထိုစဉ်က ဖားသားများ မီးဖိုပေါ်၌ တူးသွားခဲ့ဖူးသည်။ ယခု သည်တကြိမ်တွင်လည်း တူးပြန်ချေပြီ။

လင့်ဟူချိုးမှာ ရယ်မောလျက်မှ ရုတ်တရက် မျက်ရည်များ စီးကျလာပြန်တော့၏။ လင့်ဟူချိုးကို အသာအယာ ဆွဲထူရင်း ကျောက်ဂူကြီး၏ အပြင်ဖက် ခပ်လှမ်းလှမ်း တစ်နေရာသို့ လင်းလင်းက လက်ညှိုးထိုးပြလိုက်၏။ သူမ လက်ညှိုးထိုးပြသော နေရာမှာ မြေပုံမို့မို့ လေးတစ်ခု ရှိနေသည်။

လင်းလင်းက တိုးညှင်းသော အသံကလေးဖြင့် …

"လိန်လိန့်ကို မြုပ်ထားတဲ့နေရာလေ။ ကျွန်မ အတတ်နိုင်ဆုံး သူ့အတွက် လုပ်ပေးထားပါတယ်။ တမလွန်ဘဝမှာ သူ အေးအေးချမ်းချမ်း အနားယူနေပြီလို့ ထင်ပါတယ် အစ်ကို"

လင့်ဟူချိုးမှာ မျက်ရည်ပေါက်ကြီးများ ကျလာပြီး …

"သြော် … လင်းလင်းရယ်။ မင်းရဲ့ ကျေးဇူးတွေကကြီးလွန်းလှပါကလား"

"အစ်ကို ... ဒါတွေက အသေးအဖွဲ လေးတွေပါ"

လင်းလင်း၏ လက်ကလေးကို လင့်ဟူချုံးက နွေးထွေးစွာ ဆုပ်ကိုင်ရင်း လှိုက်လှဲစွာ ပြောလိုက်သည်။

"လင်းလင်း ... ညီမလေး လိန်လိန်အပေါ် အစ်ကိုသံယောဇဉ် မကုန်နိုင်သေးတာ စိတ်မဆိုးပါနဲ့နော်"

"အို ... အစ်ကိုရယ်။ ဘာဖြစ်လို့ စိတ်ဆိုးရမှာလဲ။ အစ်ကိုက အသည်းနှလုံးနဲ့ ပတ်သက်ပြီး ဒီလို သံယောဇဉ်ကြီး တတ်တယ်ဆိုတာကို ကျွန်မက သဘောကျပြီး ချစ်နေရတာပါ။ နေရာတကာမှာ ပေါ့ရွှတ်ရွှတ် လုပ်တတ်တဲ့လူဆိုရင် ကျွန်မ ဘယ်ဒီလောက် ချစ်တော့မလဲ"

× × × × ×

## မေတ္တာရေည် ကုန်ခန်းခြင်း

လင်းလင်းသည် လင့်ဟူချုံးကိုတွဲ၍ လိန်လိန်၏ အလောင်း မြှုပ်ထားရာ မြေပုံကလေးဆီသို့ ခေါ်လာခဲ့၏။ ထိုမြေပုံကလေး ဘေးနား၌ အတန်ကြာအောင် ရပ်နေပြီးမှ လင့်ဟူချုံးသည် ဂူထဲသို့ ပြန်ဝင်လာသည်။

လင်းလင်းက ...

"အစ်ကို .. ကျွန်မတို့ ဒီဂူလေးထဲမှာ ခဏလောက် နေကြရအောင်။ အစ်ကို့ ဒဏ်ရာကိုလည်း အနားယူကုရင်း လိန်လိန့်ကိုလည်း အဖော်လုပ် ပေးရင်းပေါ့"

လင်းလင်း၏ အကြံကို လင့်ဟူချုံးက နှစ်ခြိုက်သဖြင့် သူတို့နှစ်ယောက် ထိုကျောက်ဂူထဲတွင်ပင် နေထိုင်ကြတော့၏။

ရက်နှစ်ဆယ်ခန့်ကြာသောအခါ လင့်ဟူချုံး၏ ဒဏ်ရာမှာ သိသိသာသာကြီး သက်သာလာသည်။ အားလပ်တိုင်း လင်းလင်းကလည်း ကြိုးတပ်တူရိယာ တီးခတ်နည်းကို သင်ကြားပေးသဖြင့် လင့်ဟူချုံးမှာ ကြိုးတပ် တူရိယာ တီးခတ်သော ပညာ၌ အလွန်ပင် တိုးတက် သွားတော့၏။

ထိုရက်များအတွင်း သူတို့ နှစ်ယောက်သည် ကျောက်ဂူအတွင်း၌ အေးချမ်းစွာ အနားယူခဲ့ကြရာ သိုင်းလောက၏ သွေးနံ့များကို မရှုရှိုက်ရတော့ပဲ လွန်စွာမှပင် စိတ်ချမ်းသာ နေကြတော့၏။ သူတို့နှစ်ယောက်မှာ သိုင်းလောကကြီးကို မေ့လျော့သွားကြတော့၏။ သူတို့ တစ်သက်၌ ကျောက်ဂူအတွင်း၌သာ နေထိုင်သွားရန်ကိုပင် စိတ်ကူး မိကြတော့၏။

သို့သော် သူတို့၏ မျှော်လင့်ချက် လုံးဝ မပြည့်ဝနိုင်ရန် အကြောင်းဖန်လာတော့သည်။

တစ်နေ့သ၌ လင့်ဟူချုံးသည် သစ်သီးများခူးရန် ကျောက်ဂူအတွင်းမှ ထွက်လာခဲ့သည်။ သစ်ပင်များကို လိုက်လံ ကြည့်ရှုရင်း တောအုပ်ကြီး၏ တစ်နေရာသို့အရောက် ခပ်လှမ်းလှမ်း တစ်နေရာမှ တိုးညှင်းသောအသံကို ကြားလိုက်ရတော့သည်။ လင့်ဟူချုံးမှာ ယခုရက်အတွင်း၌ တည်ငြိမ်အေးချမ်းစွာ နေခဲ့ရသဖြင့် အာရုံများမှာ အထူးပင် ထက်မြက်နေရာ ဝေးလံသောအရပ်မှ တိုးညင်းသော အသံများကို ကြားနိုင်စွမ်းရှိနေခြင်းပင် ဖြစ်သည်။

ယခု သူကြားနေရသော အသံမှာ အနီးအပါးမှ မဟုတ်သော်လည်း တဖြည်းဖြည်း ကျယ်လောင်လာသဖြင့် သူ့ဖက်သို့ လာနေသည်ကို ခန့်မှန်းသိရှိလိုက်သည်။ ချက်ချင်းပင် မြေပြင်ပေါ်သို့ ဝပ်ချကာ စောင့်ဆိုင်း နေလိုက်တော့သည်။ သူ့စိတ်ထဲမှ

"ဖားသားချည်း စားနေရတာ ငြီးငွေ့လာပြီ။ အခု ဘာကောင်ပါလိမ့်။ သမင် ဒရယ်ဆိုရင်တော့ သိပ်ကောင်းမှာပဲ။ ဖားသားကနေ လွတ်ကောင်းပါရဲ့လေ"

ထိုစဉ်မှာပင် အသံသည် ပို၍ ကျယ်လောင် လာသည်။ ပို၍ ပီပီသသ ကြားလိုက်တော့မှ လူခြေသံများ ဖြစ်နေမှန်း သိလိုက်တော့သည်။ လက်စသတ်တော့ လူတစ်စုသည် ကိုယ်ဖော့သိုင်းပညာဖြင့် ပြေးလွှား လာနေခြင်း ဖြစ်ချေသည်

တကား။

ထိုလူစုထဲမှ လူတစ်ယောက်က ပြောလိုက်သည်။

"ဟော့ ... ဒီတစ်ခါ ရက်ပုချွန်ရဲ့မိန်းမကို ဖမ်းမိထားတာ ငါတို့အတွက် သိပ်အကျိုးရှိသွားတယ်။ သူ့ကို ကောင်းကောင်း အသုံးချရတာပေါ့။"

ထိုစကားကို ကြားလိုက်ရသောအခါ လင့်ဟူချုံးမှာ အကြီးအကျယ် ထိတ်လန့်သွားတော့၏။ ထိုလူစုကို ချက်ချင်းပင် ခုန်ထွက်ရင်ဆိုင်ရန် ဟန်ပြင်လိုက်မိသည်။ သို့သော် သူ့၌ ဓားပါမလာသဖြင့် ငြိမ်နေလိုက်ရသည်။

အခြား တစ်ယောက်၏ စကားသံ ထွက်ပေါ်လာပြန်သည်။

"ဒီမိန်းမရဲ့ ဓားသိုင်းပညာက သိပ်ခေတာမဟုတ်ဘူး။ သူ့ကို ဖမ်းဖို့ ဆိုတာက သိပ်လွယ်တာ မဟုတ်ဘူး။ ဒါပေမယ့် လောလောဆယ်မှာ သူက သမီးပျောက်ရှာဖို့ချည်း စဉ်းစားနေတော့ ... ဘယ်သူ့ကိုမှလည်း ဂရုမစိုက်တော့ဘူး။ လူကလည်း ဇေးကြောင်ကြောင် ဖြစ်နေပြီ။ အဲဒီအချိန်မှာမို့ လက်ဖက်ရည်ကြမ်း ထဲမှာ ငါတို့ ဆေးခတ်ထားတာကို သတိမထားမိပဲ တစ်ချက်ထဲ မှော့သောက်လိုက်တာပေါ့ ..."

ထိုအခါ ကျမှ လင့်ဟူချုံး သဘောပေါက်သွားတော့၏။ သူ့စိတ်ထဲတွင် ...

"လက်စသတ်တော့ ဆရာမက လိန်လိန်ပျောက်လို့ လိုက်ရှာနေတာကိုး။ လိန်လိန်သေတာကို သူမသိသေးဘူးနဲ့ တူတယ်"

ထိုစဉ် နောက်အဖိုးကြီး တစ်ယောက်က ...

"ဒီတစ်ခါတော့ ငါတို့ရဲ့ နေမင်းသခင် ဂိုဏ်းကြီးဟာ သိုင်းလောကမှာ ထိတ်ထိတ်ကြဲ ဂိုဏ်းကြီး ဖြစ်လာတော့မှာပဲ။ အခုဆိုရင် တောင်ငါးလုံး ဂိုဏ်းချုပ်ကြီး ရက်ပုချွန်ကို အကျပ်ကိုင်ပြီး ငါတို့နဲ့ ပူးပေါင်းခိုင်းရမယ်"

ထိုစကားကြောင့် ဤသူများမှာ နေမင်းသခင် ဂိုဏ်းသားများဖြစ်ကြောင်း လင့်ဟူချုံး ကောင်းစွာ သေချာသွားတော့သည်။

ထိုစဉ် အခြားလူ တစ်ယောက်က ...

"အခုဆိုရင် ငါတို့က ရက်ပုချွန်ရဲ့ မိန်းမကို ဖမ်းမိထားပြီ။ ရက်ပုချွန်ကို ထောင်ချောက်ဆင် ဖမ်းဖို့ပဲ ကျန်တော့တယ်။"

နောက်တစ်ယောက်က မေးလိုက်သည်။

"ဘယ်လို ထောင်ချောက်ဆင်မှာလဲ"

ပထမလူကပင် ...

"ရက်ပုချွန်ကလည်း သူ့သတင်းနဲ့သူ ဒီတောင်တစ်ဝိုက်မှာ သူ့သမီးကို ပိုက်စိပ်တိုက် ရှာနေတယ်။ ဒါကြောင့် ငါတို့က ဒီနေရာကနေ သူ့အလာကိုစောင့်မယ်။ သူလာရင် သူ့မိန်းမကိုပြပြီး အကျပ်ကိုင်ရမယ်။ သူ့ကို လက်နက်ချခိုင်းမယ်။ နောက်ပြီးရင် ဂိုဏ်းချုပ်ကြီးဆီ ခေါ်သွားမယ်"

ထိုအခါ ဒုတိယ တစ်ယောက်က ...

"မင်းရဲ့ အကြံက မသေချာဘူး။ တကယ်လို့ ရက်ပုချွန်က သူ့မိန်းမကို အရေးမစိုက်ရင် ... မင်းဘယ်နှယ် လုပ်မလဲ။ ဒီကောင်ကြီးက အင်မတန်ကို ရက်စက် ကောက်ကျစ်တဲ့ ကောင်ကြီး၊ သူ့အသက်အန္တရာယ် စိုးရိမ်နေရရင် သူ့မိန်းမကို လုံးဝ အရေးစိုက်မှာ မဟုတ်ဘူး။ အဲဒါဆိုရင် ငါတို့ အားလုံး ဒုက္ခရောက်သွားလိမ့်မယ်။"

ကျန်လူအားလုံး ထိုစကားကို လက်ခံကြ၏။ သူတို့အားလုံးကပင် ရက်ပုချွန်ကို လျော့မတွက်ကြချေ။ ထို့ကြောင့် ရက်ပုချွန်ကို အပိုင်ကိုင်နိုင်မည့် နည်းလမ်းသစ်ကို ဆွေးနွေးကြပြန်၏။

ထိုစဉ် လူတစ်ယောက်က ...

"ဒီလိုဆိုရင် ငါစဉ်းစားမိတဲ့ နည်းလမ်းတစ်ခု ရှိတယ်။ တွင်းကြီးတစ်တွင်း တူးလိုက်။ အပေါ်က မြက်ခြောက်၊ သစ်ရွက်ခြောက်၊ သစ်ကိုင်းခြောက်တွေ ဖုံးထားလိုက်။ ပြီးတော့မှ ရက်ပုချွန်ရဲ့မိန်းမကို တွင်းဘေးနားမှ ချထားပြီးတော့ ရက်ပုချွန်ကို ဒီနားရောက်အောင် မျှားခေါ်မယ်။"

ထိုအခါ အခြားလူတစ်ယောက်က ...

"ဟား ... ဟား ... မင်းရဲ့ အကြံ သိပ်ကောင်းတယ်ဟေ့။ ဆက်ပြော၊ ဆက်ပြော၊ ဒီအကြံအတိုင်း လုပ်လိုက်ရင် တို့လည်း ဘာမှ အန္တရာယ် ရှိမှာ မဟုတ်ဘူး"

မူလအကြံကို ပြောနေသူက ဆက်၍ ...

"ရက်ပုချွန်ဟာ သူ့မိန်းမ လဲကျနေတာကိုတွေ့ရင် ချက်ချင်းပြေးလာမှာပဲ။ အဲသလိုပြေးလာရင် တွင်းထဲ လိမ့်ကျမှာပဲ။ တွင်းထဲမှာ မှေ့ဆေးတွေ ဖြန်းထားမယ်။ သူက တွင်းထဲကနေ ပြန်တက်ဖို့ဆိုရင် အတွင်းအား ထုတ်ရမှာပဲ။ အဲသည်အချိန်မှာ မှေ့ဆေးတွေ ရှူမိရင် တစ်ခါတည်း မှေ့သွားမှာပေါ့"

ထိုအကြံအစည်ကို လူအားလုံးက လက်ခုပ်လက်ဝါးတီး၍ သဘောတူလိုက်ကြသည်။ ထို့နောက် ယင်းအကြံအတိုင်း အကောင်အထည်ဖော်ရန် တွင်းကြီး တစ်တွင်း တူး၍ မှေ့ဆေးများနှင့် စီမံနေကြတော့သည်။

ဖူးလင်မှာမူ အကြောပိတ်ခံ ထားရသဖြင့် မြေပေါ်တွင် လဲကျနေသည်။ နေမင်းသခင် ဂိုဏ်းသားများသည် ဖူးလင်ကို တွင်းနှုတ်ခမ်းနှင့် မနီးမဝေးနေရာ၌ ချထားလိုက်ကြသည်။

လင့်ဟူချုံးက ကျောက်ဂူသို့ပြန်၍ ဓားယူရန် စိတ်ကူးမိသည်။ လင်းလင်းကိုခေါ်ခဲ့ပြီး သူ၏ဆရာမကို ကယ်တင်ခိုင်းမည်ဟု ကြံစည်မိသည်။ ဤသူများသည် နေမင်းသခင် ဂိုဏ်းသားများ ဖြစ်၍ လင်းလင်း၏ အမိန့်ကိုတော့ အာခံရဲကြလိမ့်မည် မဟုတ်ချေ။

ထိုအချိန်လေးတွင်ပင် အဝေးမှ မိန်းကလေးတစ်ယောက်၏ အော်သံကြောင့် လင့်ဟူချုံးမှာ ထခုန်မိမတတ် ဖြစ်သွားသည်။ သူသာမက နေမင်းသခင် ဂိုဏ်းသားများလည်း တုန်လှုပ် ခြောက်ခြားသွားသည်။

ထိုအသံမှာ လင်းလင်း၏အသံ ဖြစ်နေသောကြောင့်ပေတည်း။ လင်းလင်း၏အော်သံမှာ သူ့ရှိရာဖက်သို့ တဖြည်းဖြည်း နီးလာနေကြောင်း လင့်ဟူချုံးက ကောင်းစွာ သတိပြုမိသည်။ ပြေးရင်းလွှားရင်း အော်လာခြင်း ဖြစ်တော့သည်။

"အစ်ကို … အစ်ကို … ရက်ပုချွန်က အစ်ကို့ကို လိုက်သတ်နေတယ်။ အစ်ကို ထွက်မလာခဲ့နဲ့။ အပြင်ကို လုံးဝ ထွက်မလာခဲ့နဲ့"

လင်းလင်း၏ အော်သံကြောင့် လင့်ဟူချုံးမှာ အကြီးအကျယ် တုန်လှုပ်ခြောက်ခြား သွားတော့သည်။ ကယောင်ကတမ်းဖြင့် ရေရွတ်လိုက်မိသည်။

"ဆ … ဆရာက ငါ့ကို ဘာဖြစ်လို့ လိုက်သတ်ရတာလဲ"

ထိုစဉ် လင်းလင်း၏ အော်သံ ထွက်ပေါ်လာပြန်သည်။

"အစ်ကို … အစ်ကို … အစ်ကို ထွက်မလာခဲ့နဲ့။ ရက်ပုချွန်က အစ်ကို့ကို သတ်တော့မယ်"

အသံကို ကြားပြီးသည်နှင့် လင်းလင်းကို တွေ့လိုက်ကြတော့သည်။ လင်းလင်းမှာ ဆံပင် ဖရိုဖရဲဖြင့် ဓားတစ်ချောင်းကိုင်၍ ရှေ့မှ ပြေးလာနေသည်။ ရက်ပုချွန်ကမူ မည်သည့်လက်နက်မျှ ကိုင်ဆောင်ထားခြင်းမရှိပဲ နောက်မှ ပြေးလိုက်လာသည်။

အကယ်၍ လင်းလင်းသာ နောက်ထပ် ခြေလှမ်းအနည်းငယ် ပြေးလာမိလျှင် ထောင်ချောက်ဖြစ်သော တွင်းကြီးထဲသို့ လိမ့်ကျပေတော့မည်။ ထို့ကြောင့် လင့်ဟူချုံးရော၊ နေမင်းသခင် ဂိုဏ်းသားများပါ လင်းလင်းအတွက် စိုးရိမ်တကြီး ဖြစ်နေရခြင်း ဖြစ်သည်။ လင်းလင်းကို မည်သို့ တားဆီးရမှန်း မသိပဲ ဖြစ်နေကြတော့၏။

ထိုစဉ် လင်းလင်းကို ရက်ပုချွန်က လျှပ်တစ်ပြက် ဖမ်းချုပ်လိုက်တော့သည်။ ရက်ပုချွန်၏ လှုပ်ရှားမှုမှာ အလွန်တရာ လျင်မြန်လှ၏။ လင်းလင်းလက်ထဲမှ ဓားသည်လည်း လွတ်ကျ သွားတော့၏။ လင့်ဟူချုံးမှာ ပုန်းကွယ်နေသည့် အဖြစ်ကို မေ့လျော့ကာ ဟစ်အော်မိမတတ် ဖြစ်သွားရသည်။ လင်းလင်းကမူ သူ့အတွက် အသက်အန္တရာယ်ကို လုံးဝ ဂရုမစိုက်ပဲ အရေးတကြီး အော်ဟစ်မြဲ အော်ဟစ်နေ၏။

"အစ်ကို … မြန်မြန်ပြေးနော်။ ရက်ပုချွန်က အစ်ကို့ကို သတ်တော့မယ်"

လင့်ဟူချုံးမှာ မျက်ရည်များ ကျလာတော့သည်။ သူ့စိတ်ထဲတွင် …

"သူက ငါ့အတွက်ပဲ စဉ်းစားနေတယ်။ သူ့အသက်အန္တရာယ်ကို လုံးဝ မစဉ်းစားဘူး"

ထိုအခိုက် လင်းလင်း၏အကြောကို ရက်ပုချွန်က ထိုးပိတ်လိုက်သည်။ လင်းလင်းမှာ မြေကြီးပေါ်သို့ လဲကျသွားရတော့၏။ တစ်ဆက်တည်းပင် မြေပေါ်တွင် လဲကျနေသော ဖူးလင်ကို ရက်ပုချွန်က တွေ့လိုက်သည်။

ရက်ပုချွန်ကား လွန်စွာ အံ့သြ ချီးကျူးဖွယ်ကောင်းသူ တစ်ယောက်ဖြစ်၏။ ဘေးပတ်ဝန်းကျင်ကို အသေအချာ အကဲခတ် လိုက်သည်။ ဖူးလင် တစ်ယောက်တည်း ဤနေရာ၌ လဲကျနေပြီး ပတ်ဝန်းကျင်၌ လူသူ တစ်ဦး တစ်ယောက်မျှ မတွေ့ခြင်းသည် ရိုးရိုးသားသား မဟုတ်မှန်းကို ရက်ပုချွန် သိလိုက်သည်။ အန္တရာယ်၏ အငွေ့အသက်ကို ကောင်းစွာ ခံစားနေရသဖြင့် သူ့ဇနီး ဖူးလင်ကို ချက်ချင်းမကယ်တင်ပဲ ပတ်ဝန်းကျင်အား စူးစမ်းလိုက်သည်။

စူးစမ်းနေရင်းမှ ရက်ပုချွန်က တင်းမာခက်ထန်သော အသံဖြင့် …

"လင်းလင်း .. လင့်ဟူချုံးက ငါ့သမီးကို သတ်တုန်းက မင်းလဲ ပါတယ် မဟုတ်လား"

ဤစကားကို ကြားလိုက်ရသောအခါ လင့်ဟူချုံးမှာ တုန်လှုပ်သွားတော့သည်။

"ဟင် .. ဘယ်လိုဖြစ်ရတာပါလိမ့်။ ဘာသက်သေ အထောက်အထားတွေများ တွေ့လို့ လိန်လိန့်ကို ငါသတ်တယ်လို့ ဆရာက စွပ်စွဲရတာလဲ"

လင်းလင်းက ...

"ရှင့်သမီးကို ဘယ်သူ သတ်တာလဲ။ ရှင်က ဘာဖြစ်လို့ လင့်ဟူချုံးကို စွပ်စွဲနေရတာလဲ။ ရှင့်သမီးကို သတ်တာက လင်မိန်ကျက်ရှင့် .. လင်မိန်ကျက်။ လင့်ဟူချုံးနဲ့ ဘာမှ မဆိုင်ဘူး"

ရက်ပုချွန်က သရော်ပြုံး ပြုံးလျက် ...

"လင်မိန်ကျက်က ငါ့သားမက်ပဲ။ သူတို့နှစ်ယောက်က အခုမှ လက်ထပ်ပြီးခါစ ရှိသေးတယ်။ လင်မိန်ကျက်က ငါ့သမီးကို ဘာကြောင့် သတ်မှာလဲ။ ပြောစမ်းပါဦး ... "

"ဘာကြောင့် သတ်ရသလဲ ဟုတ်လား။ သတ်စရာ အကြောင်းရှိလို့ပေါ့။ အခုဆိုရင် လင်မိန်ကျက်ကို ရှင့်ဝါဆန်းဂိုဏ်းသားများ အောက်မေ့နေသေးသလား။ သူက အခု ကောင်းဆန်းဂိုဏ်းသား ဖြစ်သွားပြီ။ ကောင်းဆန်း ဂိုဏ်းချုပ် ကျိုလင်ထန်နဲ့ ပေါင်းလိုက်ပြီ"

"ဟား ... ဟား ... ဟား .. မင်း ဘာတွေ လျှောက်ပြောနေတာလဲ"

"ဘာတွေ လျှောက်ပြော နေရမှာလဲ။ အမှန်တွေ ပြောနေတာပေါ့။ သူက ကျိုလင်ထန်ရဲ့ ယုံကြည်မှုကို ရဖို့၊ ရှင်နဲ့သူ မဟာ ရန်သူကြီးတွေ ဖြစ်ကြောင်း ပြဖို့ ရှင့်သမီးကို သတ်ပြလိုက်တာပဲ"

"ဟား .. ဟား ... ဟား ... အခုဆိုရင် သိုင်းလောကမှာ ကောင်းဆန်းဂိုဏ်းဆိုတာမှ မရှိတော့တာ။ လင်မိန်ကျက်က ဘာဖြစ်လို့ ကောင်းဆန်းဂိုဏ်းနဲ့ ပူးပေါင်းရမှာလဲ။ ကျိုလင်ထန်က ငါ့ရဲ့ လက်အောက်ခံ ဖြစ်သွားပြီပဲ။ ဒါကို လင်မိန်ကျက်က မသိပဲနေပေါ့မလား။ သူက ငါ့လို ယောက္ခမလဲဖြစ်၊ တောင်ငါးလုံးဂိုဏ်းချုပ်ကြီးလဲဖြစ်တဲ့ လူတစ်ယောက်ကိုခွာပြီး ကျိုလင်ထန်ရဲ့နောက်ကို လိုက်တယ်ဆိုတာ ဟုတ်နိုင်ပါ့မလား။ ဒီလောကမှာ ဒီလောက် ရူးတဲ့သူကော ရှိပါ့မလား"

"ဒါကတော့ ရှင့်သဘောပဲ။ ရှင် ယုံချင်မှ ယုံပေါ့။ ယုံပါလို့လဲ ကျွန်မက အတင်း မတိုက်တွန်းဘူး။ ရှင်နဲ့ လင်မိန်ကျက် တွေ့ရင် အားလုံး ရှင်းသွားမှာပဲ"

ရက်ပုချွန်၏ မျက်နှာ ရုတ်တရက် တင်းမာသွားပြီး ...

"အခု ငါက လင့်ဟူချုံးကို ရှာနေတာ။ လင့်ဟူချုံးက ငါ့သမီးကို မတရား အနိုင်ကျင့်ပြီး သတ်ပစ်လိုက်တာ။ သိုင်းလောကတစ်ခုလုံး သိတယ်။ မင်းက အခုမှ ထိုးဇာတ်တစ်ခု ဆင်ပြမနေစမ်းနဲ့။ ဒီလို ဇာတ်လမ်းမျိုး ဆင်ပြနေတာက လင့်ဟူချုံးကို ကာကွယ်မလို့ မဟုတ်လား။ မရဘူး။ လာပြီးတော့ ကာကွယ်မနေနဲ့"

လင်းလင်းကမူ မရယ်ချင့် ရယ်ချင် ပုံစံမျိုးဖြင့် 'ဟင့်' ကနဲ ရယ်လိုက်၏။

ဆက်၍ ရက်ပုချွန်က "မင်းက နေမင်းသခင် ဂိုဏ်းချုပ်ရဲ့သမီးဆိုတော့ ဘာမှမလုပ်ဘူးလို့ အစကတော့ စိတ်ကူး ထားတာပါပဲ။ ဒါပေမယ့် အခုတော့ မဖြစ်နိုင်တော့ဘူး။ လင့်ဟူချုံးကို ဖော်ထုတ်နိုင်ဖို့ မင်းကို ကောင်းကောင်း နှိပ်စက်ရ တော့မယ်။"

"ရှင် ဘာတွေ လျှောက်ပြောနေတာလဲ။ ရှင့်သမီးသေတာ လင့်ဟူချုံးနဲ့ ဘာဆိုင်လို့လဲ"

"ဟား .. ဟား ... ဆိုင်တယ် မဆိုင်ဘူးဆိုတာ ဒီကောင်နဲ့ မျက်နှာချင်းဆိုင်တွေ့တဲ့အခါ သိရမှာပေါ့။ အခု ဒီကောင် ပုန်းနေတဲ့ နေရာက ထွက်လာအောင် လုပ်ရမယ်။ မင်းရဲ့ လက်တစ်ဖက်ကို အရင် ဖြတ်မယ်။ ပြီးရင် နောက် လက်တစ်ဖက်။ နောက်ထပ် ခြေထောက်တစ်ဖက်၊ နောက်ပြီးရင် ကျန်တဲ့ ခြေတစ်ဖက်။ မင်းရဲ့ ဒုက္ခတွေကို လင့်ဟူချုံး ကြည့်နေနိုင်ရင် ကြည့်နေပေါ့လေ။ ဟား ... ဟား"

"ရှင်လုပ်ရဲရင် လုပ်ကြည့်ပေါ့။ ကျွန်မကို တစ်ချက်ထိရင် ကျွန်မ အဖေက တောင် ငါးလုံးဂိုဏ်းကို မှုန့်မှုန့်ညက်ညက် ကြေသွားအောင် ချေပစ်လိုက်လိမ့်မယ်"

ရက်ပုချွန်က ...

"ဟား ... ဟား ... ဟား ... မင်းက ငါ့ကို မလုပ်ရဲပဲ အခြောက်တိုက် ခြိမ်းခြောက်နေတယ် ထင်လို့လား"

ပြောပြောဆိုဆိုဖြင့် ရက်ပုချွန်က ဓားကို ဆွဲထုတ်လိုက်သည်။

လင့်ဟူချုံးမှာ ဆက်၍ ပုန်းအောင်း မနေနိုင်တော့ပဲ ခုန်ထွက်လာပြီး အော်ပြောလိုက်သည်။

"ဆရာ ... ဆရာ ... လင်းလင်းကို ဘာမှ မလုပ်ပါနဲ့ ... လင်းလင်းကို လွှတ်လိုက်ပါ။ လင့်ဟူချုံး ဒီမှာ ရှိပါတယ်"

လင်းလင်းကလည်း စိုးရိမ်တကြီးဖြင့် အော်လိုက်သည်။

"အစ်ကို ... ဘာဖြစ်လို့ ထွက်လာရသလဲ။ သူက ကျွန်မကို မထိရဲပါဘူး။ အစ်ကိုသာ လွတ်အောင် ပြေးပါ"

လင့်ဟူချုံးက ခေါင်းခါ ပြရင်း အနီးသို့ တိုး၍ လျှောက်လာတော့သည်။

"ဆရာ ..."

ရက်ပုချွန်က ခက်ထန်စွာဖြင့် အော်ဟစ် တားမြစ်လိုက်သည်။

"ခွေးမသား ... မင်းက ငါ့ကို ဆရာလို့ ခေါ်ရဲသေးသလား"

လင့်ဟူချုံးက ဒူးထောက်လိုက်ပြီး ...

"ဆရာ ... ကျွန်တော် ကျိန်ဆိုရင် ကျိန်ရဲပါတယ်။ ညီမလေးလိန်လိန်ကို ကျွန်တော် ဘယ်တုန်းကမှ မတရား မနိုပ်စက်ခဲ့ဖူးပါဘူး။ အခုလို သတ်ဖို့ ဆိုတာတော့ ဝေးရော။ ကျွန်တော် မသတ်ရပါဘူး။ တကယ်လို့ ဆရာ မယုံလို့ ကျွန်တော့်ကို သတ်ချင်တယ်ဆိုရင်လည်း သတ်ပါ"

လင်းလင်းက စိတ်ပူပန်စွာ အော်ပြန်၏။

"အစ်ကို .. သတိထားနော်။ သူက စိတ်သိပ်မှန်တာ မဟုတ်ဘူး။ ယောကျ်ား မဟုတ်၊ မိန်းမ မဟုတ်။ သူ့မှာ လူစိတ်မရှိတော့ဘူး။ သူနဲ့ စကားတောင် မပြောသင့်တော့ဘူး။ မြန်မြန်သွားပါ။ ဒီနေရာက မြန်မြန်ထွက်ပြေးပါ။"

ရက်ပုချွန်က တုန်လှုပ်စွာဖြင့် ...

"မင်း ... မင်း ... ဘာသဘောနဲ့ ဒီစကားတွေ ပြောနေရတာလဲ"

"ဟင်း ... ဘာသဘောနဲ့ ပြောရမလဲ။ ရှင်က ဘီလူးမီးဓားသိုင်းကို လေ့ကျင့်ဖို့အတွက် ကိုယ့်ကိုယ်ကို ဘာလုပ်ထားမှန်း ကျွန်မတို့မသိဘူးများ အောက်မေ့နေလား။ ရှင်က ယောကျ်ားမှ မဟုတ်တော့ပဲ။ အစ်ကို ... တုံးဖန်းပုကို မှတ်မိသေးတယ် မဟုတ်လား။ သူလည်း တုံးဖန်းပုလို ဖြစ်နေပြီ။ လူကောင်းသူကောင်းစိတ် မဟုတ်တော့ဘူး။ အရူးတွေ"

လင့်ဟူချုံး သဘောပေါက်ပြီး ထွက်ပြေးသွားစေရန် လင်းလင်းက အသိပေးလိုစိတ် ပြင်းပြနေ၏။ ဤအကြောင်းများကို ဖွင့်ပြောလိုက် ခြင်းဖြင့် ရက်ပုချွန်က သူမ၏ အသက်ကို ချမ်းသာပေးမည် မဟုတ်မှန်းလည်း သိနေ၏။ သို့သော် သူမ၏အသက်ထက် လင့်ဟူချုံး၏အသက်ကို လင်းလင်းက ပို၍ တန်ဖိုးထားရာ သူမသေမည့်အရေးကို လုံးဝ မစဉ်းစားတော့ချေ။

ရက်ပုချွန်က အေးစက်စွာဖြင့် မေးလိုက်သည်။

"မင်း ... ဒီအကြောင်းတွေကို ဘယ်သူ့ဆီက ကြားလာရတာလဲ ပြောစမ်း"

လင်းလင်းက ဒေါသဖြင့် အော်လိုက်သည်။

"ဘယ်က ကြားရမလဲ။ ရှင့်သမက် လင်မိန်ကျက်ဆီက ကြားတာပေါ့။ ဟင်း ... ရှင်က သူတို့ရဲ့ မျိုးရိုးပိုင် ဘီလူးမီးဓားသိုင်းကိုခိုးပြီး ကျင့်တာကို သူမသိဘူးလို့များ ရှင်က ထင်နေသလား။ သက်န်းကို ချောက်ကြီးထဲကို ရှင်ပစ်ချခဲ့တုန်းက သူက ချောက်ကမ်းပါးအစွန်က ပြတင်းပေါက်အောက်မှာ ပုန်းနေတယ်။ ဒါကြောင့် သူ့မျိုးရိုးအမွေ သက်န်းကို သူပြန်ရသွားတာပေါ့"

လင်းလင်း၏ စကားများကို ကြားလိုက်ရသောအခါ ရက်ပုချွန်မှာ ကျောက်ရုပ်ကြီး တစ်ရုပ်နှယ် ဖြစ်သွားလေတော့သည်။ လင်းလင်းက ဆက်၍ ...

"ဒါကြောင့် သူလည်း ဒီဓားသိုင်းကို ဆက်ကျင့်တာပဲ။ ရှင်ပဲ စဉ်းစားကြည့်ပါဦး။ ဒီဓားသိုင်းကို မတတ်ပဲနဲ့ မုကောင်းဖုန်းနဲ့ ရီချန်းကို ဘယ်လိုလုပ် သူသတ်နိုင်မှာလဲ။ ဒီဓားသိုင်းကိုကျင့်ဖို့ ဘာကိစ္စတွေ လုပ်ခဲ့ရတယ်ဆိုတာ ပြောပြမှတော့ ရှင်လည်း ဘယ်လိုလုပ်ပြီး ဒီဓားသိုင်းကို ကျင့်ခဲ့သလဲဆိုတာ ကျွန်မတို့ သိတော့တာပေါ့။ အစ်ကို ... ဒီလူကြီးရဲ့ အသံကို သေသေချာချာ နားထောင်ကြည့်စမ်း။ မိန်းမသံ ပေါက်နေပြီ။ သူလည်း တုံးဖန်းပုလို ဖြစ်နေပြီ။ ယောကျ်ားစိတ်ပျောက်ပြီး မိန်းမစိတ်ပေါက်နေပြီ။"

လင်မိန်ကျက်နှင့် လိန်လိန်တို့ မြင်းလှည်းပေါ်တွင် ပြောခဲ့သောစကားများကို အပြည့်အစုံ ကြားသိခဲ့ရသဖြင့် လင်းလင်းမှာ ဤအကြောင်းများကို ဂဃနဏ သိနေခဲ့သည်။ သို့ရာတွင် လင့်ဟူချုံးကမူ ထိုအကြောင်းများကို မကြားသိခဲ့ရပေ။ ထို့ကြောင့် ယခုမှပင် သူမက ကမန်းကတန်း ဖွင့်ပြောနေရခြင်း ဖြစ်တော့၏။

ရက်ပုချွန်၏ မျက်လုံးများ၌ သွေးဆာသည့် အရိပ်အယောင်များ ပေါ်လာတော့သည်။ သူက အေးစက်စွာ ပြောလိုက်၏။

"မင်းကိုငါ မသတ်ချင်ပေမယ့် အခုလို လျှောက်ပြောတဲ့အတွက် သတ်ရတော့မယ်။"

လင်းလင်းကမူ ရက်ပုချွန်ကို လုံးဝ ဂရုမစိုက်ချေ။ လင့်ဟူချုံးဖက်ကိုသာ ကြည့်၍ ...

"ပြေး ... အစ်ကို .. ဘာဖြစ်လို့ ရပ်နေတာလဲ။ ပြေးတော့လေ ... ပြေးတော့ ... ပြေးတော့"

လင့်ဟူချုံးသည် သူ့ဆရာ၏ဓားချက် အလွန်မြန်မှန်းသိ၍ လင်းလင်းအတွက် စိုးရိမ်မိ၏။ ထို့ကြောင့် ကမန်းကတန်း အော်လိုက်၏။

"ဆရာ ... သူ့ကို သတ်ရင် ကျွန်တော့်ကိုလည်း သတ်ပါ"

ရက်ပုချွန်သည် လင်းလင်းကို သတ်မည် ဟန်ပြင်နေဆဲမှ လင့်ဟူချုံး၏ စကားကြောင့် တုံ့ကနဲ ရပ်သွားတော့၏။

လင့်ဟူချုံးဖက်သို့ ချက်ချင်းလှည့်လာပြီး

"ဘာလဲ ... မင်းက ဟိုပဲပင်ပေါက်လို ရုပ်ယှက်ခတ်နေတဲ့ ဓားသိုင်းကို တတ်ထားတာနဲ့ မင်းကိုယ်မင်း သိပ်ဟုတ်နေပြီ ထင်နေတာပေါ့။ ... ဟုတ်လား ... ကဲ ... မင်းရဲ့ ဓားကို ယူလိုက်စမ်း။ မင်းအနေနဲ့ ကျေကျေနပ်နပ်ကြီး သေစေရမယ်။"

"ဆရာ ... ကျွန်တော် .. ဆရာနဲ့ မပြိုင်ချင်ဘူး"

ရက်ပုချွန်က ကျယ်လောင်စွာ အော်ဟစ်လိုက်သည်။

"ဟေ့ကောင် ... မင်းက အခုမှ ဘာဟန်ဆောင် နေတာလဲ။ ငါ့ကို လူရှေ့သူရှေ့မှာ အရှက်ခွဲခဲ့တာကို မေ့နေပြီလား။ ငါက မင်းကို ဓားဓားချင်း သတ်ချင်တာ ... ဒါကြောင့် အခု မင်းကို ဓားသိုင်းနဲ့ အနိုင်ယူပြီးမှ သတ်မယ်"

ရက်ပုချွန်သည် စကားကို ခေတ္တမျှ ရပ်လိုက်ပြီး လင်းလင်းကို ကြည့်လိုက်၏။ ပြီးမှ ...

"ဒီ .. မကောင်းဆိုးဝါးမကိုတော့ ... အရင်ဆုံး သတ်ပစ်ရမှာပဲ"

စကားဆုံးသည်နှင့် လင်းလင်းကို ဓားဖြင့် လှမ်းခုတ်လိုက်တော့၏။

လင့်ဟူချုံးသည် လုံးဝစဉ်းစားမနေတော့ပဲ အနီးရှိ ကျောက်တုံးတစ်တုံးကို ကောက်ယူကာ ရက်ပုချွန်၏ ဦးခေါင်းကို ပစ်ပေါက်လိုက်သည်။ တစ်ဆက်တည်းပင် သူ၏ ကိုယ်ကို လိမ့်ချကာ မြေကြီးပေါ်တွင် ကျနေသည့် လင်းလင်း၏ ဓားကို ကောက်ယူလိုက်၏။

လက်ထဲသို့ ဓားရောက်လာသည်နှင့် လင့်ဟူချုံးမှာ အားတက်သွားတော့သည်။ ဓားရရချင်းပင် ရက်ပုချွန်၏ ချိုင်းအောက်သို့ ထိုးစိုက်လိုက်တော့သည်။ ထိုနေရာသည် ရက်ပုချွန်၏ ဟာကွက်ဖြစ်သည်။ ရက်ပုချွန်မှာ ကျောက်ခဲကို ရှောင်ရသည့်အပြင် ဓားကိုပါ ရှောင်လိုက်ရသဖြင့် လင်းလင်းကို မသတ်နိုင်တော့ပေ။

လင်းလင်း၏ အသက်ကို လင့်ဟူချုံးက လျှပ်တစ်ပြက် ကယ်ဆယ်လိုက်ရခြင်း ဖြစ်သည်။ ဆက်တိုက်ဆိုသလိုပင် လင့်ဟူချုံးက နောက်ထပ်နှစ်ချက် တိုက်ခိုက်လိုက်၏။ ဆက်တိုက်ပင် ရက်ပုချွန်မှာ နောက်ဖက်သို့ ခြေလှမ်းသုံးလှမ်း ဆုတ်ပေး လိုက်ရတော့သည်။

ရက်ပုချွန်မှာ အထူးပင် တုန်လှုပ်သွားတော့၏။

အမှန်စင်စစ် လင့်ဟူချုံး၏ 'ကေရာဇ်ကိုးကွက်' ဓားသိုင်းပညာမှာ ဘီလူးမီးဓားသိုင်းထက် သာလွန်ထက်မြက်၏။ ထို့ပြင် တုံးဖန်းပုနှင့် တိုက်ခိုက် စဉ်ကထက်နှင့် စာလျှင် ယခုအခါ၌ လင့်ဟူချုံးမှာ သိုင်းပညာတွင် အများကြီး တိုးတက်ခဲ့နေပြီ ဖြစ်သောကြောင့် ရက်ပုချွန်အား ဤမျှ ထိုးနှက် နိုင်ခြင်းဖြစ်တော့သည်။

လင့်ဟူချုံးသည် နောက်သို့ ချက်ချင်းလှည့်၍ လင်းလင်း၏ အကြောကို ဖြေပေးရန် ကြိုးစားလိုက်သည်။ ထိုစဉ် လင်းလင်းက

"အစ်ကို ... သတိထား ..."

ဓားရောင် လက်ကနဲ ဖြစ်သွားသည် နှင့်အတူ ရက်ပုချွန်၏ ဓားက ရောက်ရှိလာတော့၏။

လင့်ဟူချုံးသည် တုံးဖန်းပုနှင့် တိုက်ခိုက်ပြီးသည့်နောက်တွင် ဘီလူးမီးဓားသိုင်းကို သေချာစွာ လေ့လာခဲ့သည်။ ဤဓားသိုင်း၏ လျို့ဝှက်ချက်မှာ 'လျင်မြန်ခြင်း' ပင်ဖြစ်သည်။ ဘီလူးမီးဓားသိုင်းတွင် ဟာကွက်များ ရှိသည်။ သို့သော် မြန်ဆန်လွန်းသဖြင့် ဟာကွက်ကို တွေ့သည့်တိုင် ထိုဟာကွက်ကို မတိုက်ခိုက်နိုင်သည်က များသည်။

ဟာကွက်ကို တိုက်ခိုက်ရန် ကြံရွယ်လိုက်ချိန်တွင် ဟာကွက်မှလွန်မြောက်ကာ အခြားအကွက်များသို့ ပြောင်းလဲသွား၍ ဖြစ်သည်။ ထို့ကြောင့် ပြင်ဆင်ချိန်တွင် မိမိမှာ ဓားထိုးခံနေရပြီး ဖြစ်ပေမည်။

လင့်ဟူချုံးသည် ရက်ပုချွန်၏ဟာကွက်ကို မစောင့်တော့ပဲ သူသေကိုယ်သေ တိုက်ကွက်ဖြင့် ရက်ပုချွန်၏ချက်ကို ဓားဖြင့်ထိုးလိုက်၏။ ရက်ပုချွန်မှာ နောက်ဖက်သို့ ကမန်းကတန်း ဆုတ်လိုက်ရသည်။ သူက ရန့်ရင်းကြမ်းတမ်းစွာ အော်ဆဲလိုက်သေး၏။

"ရက်စက်တဲ့ ခွေးမသား"

လင့်ဟူချုံးက ရက်ပုချွန်၏ချက်ကို ထိုးလိုက်ခြင်းမှာ ခြိမ်းခြောက်သည့် သဘောမျှသာဖြစ်သည်။ အကယ်၍သာ ရက်ပုချွန်က နောက်ဆုတ်ရှောင်တိမ်းခြင်း မပြုခဲ့လျှင်လည်း လင့်ဟူချုံးက သူ၏ဓားကို ရပ်သိမ်းမည်သာဖြစ်သည်။ ဆရာ့အား ရက်ရက်စက်စက် ဓားဖြင့် ထိုးသတ်လိုသည့် စိတ်မျိုး လင့်ဟူချုံးတွင် မရှိချေ။

သို့သော် ရက်ပုချွန်ကမူ သူ့စိတ်နှင့် နှိုင်းကာ လင့်ဟူချုံးက သူ့အား တကယ်ပင် ထိုးသတ်မည်ဟု ထင်မိလိုက်သဖြင့် နောက်သို့ ခုန်ဆုတ် ရှောင်တိမ်း လိုက်ခြင်းဖြစ်သည်။

ရက်ပုချွန်သည် ဓားကွက်သုံးလေးကွက်ဖြင့် လင့်ဟူချုံးအား ထိခိုက်အောင် မတိုက်ခိုက်နိုင်သောအခါ သူ၏ ဓားသိုင်းစွမ်းရည်ကို မြှင့်တင်လိုက်သည်။ သူ၏ ဓားချက်များကို ပို၍ လျင်မြန်စေလိုက်သည်။

ထိုအခါ လင့်ဟူချုံးမှာ သွေးအေးအေးဖြင့် ခုခံနေ၍ မဖြစ်တော့ပေ။ စိတ်ကိုတင်း၍ ပြန်လှန် တိုက်ခိုက်ရတော့၏။ အစပထမတွင် သူ့စိတ်ထဲ၌ သူ့ဆရာဓားချက်နှင့် သေသွားလျှင်လည်း အေးသည်ဟုတွက်ဆပြီး အသေခံရန်ပင် စိတ်ပိုင်းဖြတ်ခဲ့သည်။

သို့သော် နောက်ပိုင်းတွင်မူ လင်းလင်းကို သတိရလာမိသည်။ မိမိတစ်ယောက်တည်းဆိုပါက သေသည်က ဘာမျှ အရေးမကြီးပေ။ သို့သော်လည်း မိမိသေပြီးနောက် ရက်ပုချွန်သည် လင်းလင်းအား ရက်စက်စွာ ညှင်းပန်း သတ်ဖြတ်ပေလိမ့်မည်။

ထိုအတွေးကို တွေးလိုက်မိသဖြင့် လင့်ဟူချုံးက ကြိုးစားအားထုတ်၍ ခုခံလိုက်ခြင်း ဖြစ်တော့သည်။ သူ့အနေဖြင့်မူ သူ့ဆရာ ရက်ပုချွန်အား သတ်မည်မဟုတ်။ သို့သော် သူ့ဆရာကလည်း သူ့အား မသတ်နိုင်အောင် ကြိုးစားကာကွယ် ရပေလိမ့်မည်။ ဤတွင် သူ၏ 'ဇကရာဇ်ကိုးကွက်' ဓားသိုင်းပညာကို အစွမ်းကုန် ထုတ်သုံးလေတော့သည်။

ရက်ပုချွန်ကလည်း အထူးဂရုစိုက်၍ တိုက်ခိုက်လာသည်။ ဤသို့ဖြင့် တိုက်ခိုက်လာကြရင်း နောက်ထပ် သိုင်းကွက် ၃၀ ကျော်လာသောအခါ ရက်ပုချွန်၏ ဓားကွက်များမှာ ပိုမိုရှုပ်ထွေး များပြားလာတော့သည်။

လင့်ဟူချုံးမှာ သူ၏စိတ်ကို တည်ငြိမ်စွာထား၍ ပြန်လည်ခုခံသည်။ သူ့စိတ်ကို တိုက်ပွဲအတွင်း စူးစိုက်လာနိုင်သည် နှင့်အမျှ မျက်စေ့အမြင်များ ပို၍ အမြင်သန်လာတော့သည်။ ရက်ပုချွန်၏ ဓားချက်များကို အချက်တိုင်း အချက်တိုင်း ကွဲကွဲပြားပြား မြင်လာတော့သည်။

'ဇကရာဇ်ကိုးကွက်' ဓားသိုင်းပညာမှာ ရန်သူ၏ တိုက်ကွက်များ ပြင်းထန်လေလေ၊ သူ၏စွမ်းရည်ကို ပိုထုတ်လေ ဖြစ်ရာ တစ်ဖက်ရန်သူ၏ ထိုးနှက်တိုက်ခိုက်မှုများကို သိပ်သည်းကျစ်လစ်စွာ ခုခံနိုင်သော ဓားသိုင်းပညာရပ်ဖြစ်သည်။

နှင်းဆီဂေဟာ၏ မြေအောက်ခန်း၌ ဆရာကြီးလင်းရှင်နှင့် တိုက်ခိုက်ခဲ့ရာတွင် လင်းရှင်၏ ဓားသိုင်းပညာမှာ အလွန် တရာ ကောင်းမွန်လှသော်လည်း လင့်ဟူချုံးက ကောင်းမွန်စွာပင် ခုခံတိုက်ခိုက်နိုင်ခဲ့၏။

ယခုအချိန်တွင်မူ လင့်ဟူချုံး၏ အတွင်းအားသာမက ဓားသိုင်းပညာပါ ထိုစဉ်ကထက် အဆပေါင်းများစွာ သာလွန် ကောင်းမွန်နေပြီ ဖြစ်သည်။

ရက်ပုချွန်အနေဖြင့်မူ ဘီလူးမီးဓားသိုင်းကို တတ်ကျွမ်းနေပြီဟု ဆိုသော်လည်း လေ့ကျင့်ချိန်မှာ လွန်စွာ တိုတောင်း လှသဖြင့် တုံးဖန်းပုလောက် ပိုင်ပိုင်နိုင်နိုင် မရှိသေးပေ။ တုံးဖန်းပုထက် အတော်ကလေး နိမ့်ကျနေပေသေးသည်။

သိုင်းကွက် တစ်ရာကျော်လာသောအခါ လင့်ဟူချုံးမှာ ဓားသိုင်းကွက်များကို လုံးဝ မစဉ်းစားတော့ပေ။

အမှန်စင်စစ် ရက်ပုချွန်၏ ဓားသိုင်းကွက်များမှာလည်း လွန်စွာ မြန်ဆန်လှသဖြင့် လင့်ဟူချုံးအဖို့ စဉ်းစားရန်ပင် အချိန်မရပေ။

ဘီလူးမီးဓားသိုင်းတွင် ဓားကွက် ခုနစ်ဆယ့်နှစ်ကွက်ရှိ၏။ သို့သော် ဓားကွက် အပြောင်းအလဲမှာ အလွန် ထွေပြား၏။ ဓားကွက် တစ်ကွက်ချင်းတွင် အပြောင်းအလဲ နှစ်ဆယ်ကျော်ခန့်စီ ရှိကြ၏။ သာမန်လူသာ ဆိုလျှင် ဤမျှ ထွေပြားလှသော ဓားသိုင်းကွက်များကို တွေ့သည်နှင့် မျက်စေ့ရှုပ်ကာ မည်သို့မျှ ခုခံတိုက်ခိုက် နိုင်တော့မည် မဟုတ်ချေ။

သို့သော် လင့်ဟူချုံး တတ်မြောက်ထားသော 'ဇကရာဇ်ကိုးကွက်' ဓားသိုင်းပညာမှာ ရန်သူ၏ ဓားကွက်များကို ကြည့်၍ ဟာကွက်ကို ပြန်လည်တိုက်ခိုက်နိုင်သော သိုင်းပညာ ဖြစ်၏။ ရန်သူ၏ ဓားကွက် မည်မျှပင် ရှုပ်ထွေးပါစေ ဟာကွက်ကတော့ မုချရှိနေရမည်သာ ဖြစ်သည်။

ရှိနေသည့် ဟာကွက်ကို ရှာဖွေတွေ့ရှိနိုင်သည်။ တွေ့ရှိထားသည့် ဟာကွက်ကို ထိုးနှက်တိုက်ခိုက်ရန် မိမိစိတ်ထဲတွင် ထွက်ပေါ်လာသည့် ဓားကွက်ကို အသုံးပြုနိုင်သည်။

ရက်ပုချွန်၏ ဘီလူးမီးဓားသိုင်းကို အလွန်ရှုပ်ထွေးသည်ဟု လင့်ဟူချုံးက ထင်မြင်သကဲ့သို့ပင် ရက်ပုချွန်ကလည်း

လင့်ဟူချုံး၏ ဓားသိုင်းကွက်များသည် အလွန်တရာ ရှုပ်ထွေးများပြားသည်ဟု ထင်မြင်ယူဆသည်။ သူတတ်မြောက်ထားသော ဘီလူးမီးဓားသိုင်းထက်ပင် ပိုမို ရှုပ်ထွေးသည်ဟု ရက်ပုချွန်အဖို့ ထင်မြင်နေမိသည်။

ယင်းထင်မြင်ချက်မှာ အကြောင်းမဲ့ ထင်မြင်ခြင်း မဟုတ်ပေ။ မိမိ တိုက်ခိုက်လိုက်သည့် ဓားချက်တိုင်း၊ ဓားကွက်တိုင်းကို လင့်ဟူချုံးက ဓားကွက်မျိုးစုံဖြင့် လျှပ်တစ်ပြက်အတွင်း အလွယ်တကူ ပြန်လှန် ခုခံတိုက်ခိုက် နေသောကြောင့် ဖြစ်သည်။ ထို့ကြောင့် ရက်ပုချွန်မှာ ကြောက်စိတ်များ ဝင်လာတော့သည်။

သူ့စိတ်ထဲတွင် …

"ဒီ မကောင်းဆိုးဝါး ဂိုဏ်းချုပ်ရဲ့ သမီးက ငါ့ရဲ့လျှို့ဝှက်ချက်တွေကို သိထားတယ်။ ဒီနေ့သာ သူတို့နှစ်ယောက်ကို ငါမသတ်နိုင်ရင် ဒါတွေဟာ သိုင်းလောကထဲကို ပေါက်ကြားသွားလိမ့်မယ်။ အဲဒါဆိုရင် ငါ့သိက္ခာ ဘယ်ရောက်သွားမလဲ။ ငါအပင်ပန်းခံပြီး ကြံစည်လာခဲ့သမျှ အားလုံး သဲထဲ ရေသွန် ဖြစ်သွားပြီပေါ့။"

စိတ်ပူပန်မှုကြောင့် သူ၏ ဓားသိုင်းတွင် ဟာကွက်များသည်ထက် များလာ လေတော့သည်။

လင့်ဟူချုံးမှာ 'ဧကရာဇ်ကိုးကွက်' ဓားသိုင်းပညာရှင် ဖြစ်၍ ရန်သူ၏ ခါးကွက်ကို တစ်ချက် ကြည့်လိုက်ရုံနှင့် ဟာကွက်များကို တွေ့နိုင်၏။

တုံးဖန်းပုနှင့် တိုက်ခိုက်ခဲ့စဉ်တုန်းက တုံးဖန်းပု၏ လက်ထဲတွင် အပ်ချောင်း တစ်ချောင်းသာ ကိုင်ထားသော်လည်း တုံးဖန်းပု၏ ကိုယ်ဟန် လှုပ်ရှားမှုက လွန်စွာမြန်ဆန်လှ၏။ ထို့ကြောင့် ဟာကွက်ကို မတိုက်ခိုက်နိုင်သေးမီမှာပင် ထိုဟာကွက်မှာ လျှပ်တစ်ပြက်အတွင်း ကျော်လွန် ပျောက်ကွယ် သွားရတော့သည်။

လင့်ဟူချုံးသည် သူ၏ 'ဧကရာဇ် ကိုးကွက်' ဓားသိုင်းကို အပြိုင် ရင်ဆိုင်နိုင်သည့် ဓားသိုင်းမှာ ဤ ဘီလူးမီးဓားသိုင်းသာ ဖြစ်ကြောင်း ရိပ်မိသဖြင့် နောက်ပိုင်းရက်များတွင် ဘီလူးမီးဓားသိုင်းကို သေချာစွာ လေ့လာခဲ့သည်။

ရက်ပုချွန်နှင့် ကျိုလင်ထန်တို့ တိုက်ခိုက်ခဲ့ပုံများ၊ လင်မိန်ကျက်က မုကောင်းဖုန်းနှင့် ရီချန်းကို တိုက်ခိုက်ခဲ့ပုံများကို အသေအချာ လေ့လာကြည့်ရှုခဲ့သည်။

ဘီလူးမီးဓားသိုင်း၏ ဟာကွက်များကို ရှာဖွေခဲ့၏။ သို့သော် လင့်ဟူချုံးအဖို့ တွေ့ခဲ့ရသည့် အခက်အခဲမှာ ရန်သူ့ ဓားကွက်များ၌ ဟာကွက်များ ရှိနေသော်လည်း အလွန်တရာ လျင်မြန်လှခြင်းကြောင့် ဟာကွက်မရှိသကဲ့သို့ တိုက်ခိုက်သွားနိုင်ခြင်းပင်ဖြစ်သည်။ မြန်ဆန်မှု၊ လျင်မြန်မှုများက ဟာကွက်များကို အကာအကွယ် ပေးသွားသကဲ့သို့ပင် ဖြစ်နေသည်။

ဤသို့ဖြင့် ရက်ပုချွန်နှင့် တိုက်ခိုက်လာကြရာ သိုင်းကွက်ပေါင်း နှစ်ရာကျော်လာတော့သည်။ ထိုအတောအတွင်း ရက်ပုချွန် သုံးနေသည့် ဓားကွက်များမှာ ထပ်ခါ တလဲလဲ ဖြစ်နေခဲ့ချေပြီ။

လင့်ဟူချုံးမှာ ရက်ပုချွန်၏ပျော့ကွက်ကို တွေ့လာရချေပြီ။ ရက်ပုချွန်သည် ဤဘီလူးမီးဓားသိုင်းကို လေ့ကျင့်ရာတွင် အပိုင်နိုင်ဆုံး မဖြစ်သေး၍ ဓားကွက်များ မလုံမလောက် ဖြစ်နေရသည်။ ဤတွင် သုံးပြီးသား ဓားကွက်ကို နောက်ထပ် သုံးလေးကွက်ရောက်လျှင် ပြန်သုံးပြန်သည်။ နှစ်ကြိမ်တိုင် သုံးပြီးသော်လည်း ထိုဓားကွက်ကိုပင် နောက်ထပ် ထပ်သုံးပြန်သည်။

ထိပ်သီး သိုင်းပညာရှင်များအဖို့ ရန်သူက တစ်ကြိမ်တစ်ခါ အသုံးပြုပြီးသော ဓားကွက်ကို နောက်တစ်ကြိမ် ပြန်သုံးလျှင် လွယ်ကူစွာ ခုခံနိုင်စွမ်းရှိကြပေသည်။ လင့်ဟူချုံး ကဲ့သို့သော 'ဧကရာဇ်ကိုးကွက်' ဓားသိုင်းပညာရှင် အဖို့မှုကား ဆိုဖွယ်ရာမရှိပြီ။ သူတို့ လုံးဝ မသိသော ရန်သူ၏ ဓားကွက်များကို ကြိုတင်ခန့်မှန်းရာတွင် သိမ်းငှက်တို့၏ အမြင်စွမ်းအား မျိုးဖြင့် ကြိုတင် မြင်နိုင်စွမ်း ရှိကြ၏။

ရက်ပုချွန်က သုံးပြီးသားဓားကွက်များကို ထပ်ခါတလဲလဲ အသုံးပြုလာသောအခါ သူ့အဖို့ အနိုင်ရနိုင်စွမ်း ပိုများလာသည်။ ထို့ကြောင့် လင့်ဟူချုံးက ပြုံးလိုက်သည်။ ထိုအပြုံးကို တွေ့လိုက်သောအခါ ရက်ပုချွန်၏ရင်ထဲ၌ ထိတ်ကနဲ ဖြစ်သွားမိတော့၏။

"ဒီခွေးကောင်က ဘာဖြစ်လို့ ပြုံးရတာလဲ။ အကြောင်းမဲ့တော့ မပြုံးနိုင်ဘူး။ သေရေးရှင်ရေး တိုက်ပွဲထဲမှာ ဘာဖြစ်လို့ ပြုံးရတာလဲ။ ငါ့ကို အနိုင်ယူနိုင်တဲ့ နည်းလမ်းကို တွေ့သွားလို့ ပြုံးတာများလား"

ရက်ပုချွန်သည် ထိုသို့ တွေးရင်းနှင့် ဘယ်ဘက်လက်ကို ရှေ့သို့ ဆန့်ထုတ်လိုက်ပြီး ညာလက်ကို နောက်သို့ အနည်းငယ် ယို့လိုက်သည်။

ထိုလှုပ်ရှားမှုကို တွေ့သည်နှင့် သူသုံးပြီးသား ဓားကွက်တစ်ခုကို တတိယအကြိမ်အဖြစ် ပြန်လည်သုံးတော့မည်မှန်း လင့်ဟူချုံးက သိလိုက်တော့သည်။ ထို့ကြောင့် သူ၏ဓားဖြင့် ရက်ပုချွန်၏ ညာဖက်ချိုင်းအောက်ကို လင့်ဟူချုံးက

ကြိုတင်၍ ထောက်ထားလိုက်သည်။ ထိုနေရာသည် ရက်ပုချွန်၏ ဟာကွက်ဖြစ်သည်။

ရက်ပုချွန်မှာ ဓားကွက်များကို တစ်ကွက်ပြီးတစ်ကွက် အလွန်လျင်မြန်စွာဖြင့် တိုက်ခိုက်နေရသဖြင့် လုံးဝ အရှိန် မသတ်နိုင်ချေ။ လင့်ဟူချုံးက သူ၏ ညာဖက်ချိုင်းအောက်ကို ဓားဖြင့် ထိုးလိုက်သည်ကို သိလိုက်သော်ငြား ရှောင်တိမ်းရန် အချိန်မမှီတော့ချေ။ ထိုအခါ ရက်ပုချွန် က စူးဝါးစွာ အော်ဟစ်လိုက်တော့သည်။

လင့်ဟူချုံးသည် သူ့ဆရာ၏ စူးစူးဝါးဝါး အော်ဟစ်လိုက်သံကို ကြားလိုက်ရသောအခါ သတိပြန်ဝင်လာသည်။ တိုက်ခိုက်နေသည့် တစ်လျှောက်လုံးမှာ သူ့စိတ်ကို ဓားကွက်များတွင်သာ နှစ်ထားခဲ့သည် မဟုတ်ပါလား။ ယခုကဲ့သို့ ရက်ပုချွန်၏ အော်သံကို ကြားလိုက်တော့မှ သတိပြန်ဝင်လာပြီး ...

"ငါ ရှုံးနေပြီလား ... ငါ့ဆရာကို ငါက ပြန်သတ်တဲ့အထိ မိုက်မဲတော့ မလို့လား"

ထိုသို့ သတိဝင်လာသည်နှင့် သူက ဓားကို ရှေ့ဆက်မထိုးတော့ပဲ လမ်းခုလတ်တွင် ရပ်ထားလိုက်သည်။

"ကဲ ... အရှုံးအနိုင်ပေါ်ပြီ။ ခင်ဗျားကို ကျုပ်မသတ်ချင်ပါဘူး။ ကျုပ်ရဲ့ ဆရာမကို သွားကယ်တော့မယ်။ ခင်ဗျား အနှောင့်အယှက် မပေးနဲ့တော့"

လင့်ဟူချုံးသည် ရက်ပုချွန်အား ဆရာအဖြစ် ကြည်ညို လေးစားမှုများ ပျက်သုဉ်းခဲ့ပြီ ဖြစ်၍ သူစိမ်းတစ်ယောက်အား ဆက်ဆံပုံမျိုးဖြင့် ဆက်ဆံလိုက်တော့၏။

ရက်ပုချွန်မှာ မျက်နှာတစ်ခုလုံး သွေးမရှိတော့ပဲ သူ့ဓားကို အောက်သို့ ချလိုက်သည်။

ရက်ပုချွန်က ဓားကို အောက်ချလိုက်သောကြောင့် လင့်ဟူချုံးက သူ့ဓားကို ပြန်လည်ရုတ်သိမ်းကာ လင်းလင်း၏ အခြေအနေကို ကြည့်ရန် နောက်ပြန် လှည့်လိုက်သည်။

ထိုတဒင်္ဂအတွင်း လင်းလင်းထံမှ စူးစူးဝါးဝါး အော်ဟစ်သံ ထွက်ပေါ်လာတော့သည်။ တစ်ပြိုင်နက်တည်း သူ့နောက်ဖက်မှ လေတိုးသံ ကြားလိုက်ရသဖြင့် သူ့ဆရာက သူ့အား နောက်ဖက်မှ ခိုးကြောင်ခိုးဝှက် တိုက်ခိုက်လိုက်ပြီ ဖြစ်ကြောင်း လင့်ဟူချုံး သိလိုက်တော့၏။

တစ်ကိုယ်လုံးကို လေထဲသို့ လွှဲမြောက်လျက် ရက်ပုချွန်၏ဓားချက်မှ ရှောင်တိမ်းလိုက်သော်လည်း .... လုံးဝ လွတ်မြောက်အောင် မရှောင်တိမ်း နိုင်ခဲ့ချေ။ ဘယ်ဘက်ခါးတွင် ဓါးဖျားဖြင့် အခတ်ခံလိုက်ရပြီး လဲကျသွားတော့၏။

နေမင်းသခင် ဂိုဏ်းသားများ ထောင်ချောက် ဆင်ထားသော တွင်းကြီး၏ အစွန်းတစ်ဖက်သို့ လဲကျသွားရသည်။ သူ့ဆရာမ ဖူးလင်၏ ဘေးနားပင် ဖြစ်တော့၏။

ရက်ပုချွန်သည် ကောက်ကျစ်စဉ်းလဲစွာ ပြုံးလိုက်ရင်း လင့်ဟူချုံးကို ဆက်တိုက် တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။ ရှေ့သို့ တစ်လှမ်း လှမ်းလိုက်စဉ် ရုတ်တရက် မြေကြီးထဲသို့ ကျွံကျ သွားတော့သည်။ အကြီးအကျယ် ထိတ်လန့်သွားကာ အပေါ်သို့ ခုန်တက်ရန် ကြိုးစားချိန်တွင် သူ့နှာခေါင်းထဲသို့ မေ့ဆေးအနံ့များ ဝင်လာကာ သတိလစ်သွားတော့သည်။ ထို့ကြောင့် ထောင်ချောက်ဖြစ်သော တွင်းကြီးထဲသို့ 'ဝုန်း' ကနဲ ကျသွားရလေတော့သည်။

လင့်ဟူချုံးက သူ၏ ဘယ်ဘက်ခါးရှိ ဓါးဒါဏ်ရာကို လက်နှင့်ပိတ်၍ လူးလဲထလိုက်သည်။ ထိုအခိုက်အတန့် လေးမှာပင် ဘေးပတ်ပတ်လည်၌ ပုန်းလျှိုးနေသော နေမင်းသခင် ဂိုဏ်းသားများ ပြေးထွက်လာကြတော့သည်။

သူတို့က ပြေးထွက်လာရင်း "နေမင်းသမီးတော် ကလေး" ဟု အော်ဟစ်ကြွေးကြော်လိုက်ကာ လင်းလင်းကို အရိုအသေ ပြုလိုက်ကြသည်။

လင့်ဟူချုံးမှာ အားတင်းပြီး လင်းလင်းအနားသို့ လျှောက်သွားသည်။

"သူ ... သူ ... မင်းကို ဘယ်အကြောင်တွေ ပိတ်ထားသလဲ"

"အစ်ကို ... အစ်ကို ... ဘာမှ မဖြစ်ပါဘူးနော်။ အစ်ကို့ဒဏ်ရာက အသက်အန္တရာယ် ရှိနိုင်လားဟင်"

"ဟင့်အင်း ... အသက်တော့ မထိခိုက်နိုင်ပါဘူး။ ခါးမှာ ဓားချက်တစ်ချက် ထိသွားတာပါ။ သိပ်မစိုးရိမ်ပါနဲ့။ ဒီဒဏ်ရာက မကြာခင် ပျောက်သွားမှာပါ။"

လင်းလင်းက နေမင်းသခင် ဂိုဏ်းသားများ ဖက်သို့ လှည့်၍ အမိန့်ပေးလိုက်သည်။

"ဟို လူဆိုးကြီးကို ခုတ်သတ်ပစ်လိုက်"

နေမင်းသခင် ဂိုဏ်းသားတစ်ယောက်က ဓားကို ကိုင်မြှောက်လျက် ...

"ဟုတ်ကဲ့ အမိန့်အတိုင်း သုတ်သင်လိုက်ပါ့မယ်"

ထိုအခြင်းအရာကို တွေ့မြင်နေရသော လင့်ဟူချုံးမှာ ငြိမ်မနေနိုင်တော့ပဲ ကမန်းကတန်း အော်လိုက်တော့သည်။

“မလုပ်နဲ့ … မလုပ်နဲ့”

လင့်ဟူချိုး၏ သံယောဇဉ် ကြီးမားလှပုံကို တွေ့ရသော လင်းလင်းသည် သက်ပြင်း တစ်ချက် ချလိုက်မိတော့သည်။ သူ့အပေါ် ဤမျှ ကောက်ကျစ်ယုတ်မာခဲ့သော ရက်ပုချွန်ကိုပင် သံယောဇဉ် မကုန်နိုင်သေးပဲ ဖြစ်နေချေသေးသည်။ လင်းလင်းက အမိန့်ကို ပြင်လိုက်သည်။

“ကောင်းပြီ။ သူ့ကို မသတ်နဲ့ဦး။ မြန်မြန် ချုပ်ထားလိုက်”

သူမသည် တွင်းထဲ၌ မေ့ဆေးများခတ်ထားသည်ကို မသိသဖြင့် ရက်ပုချွန် ပြန်လည် ခုန်တက်လာမည်ကို စိုးရိမ်သည်။ နေမင်းသခင် ဂိုဏ်းသားများက လင်းလင်း၏အမိန့်အတိုင်း ရက်ပုချွန်ကို ဖမ်းချုပ်လိုက်သည်။ ရက်ပုချွန်ကား မေ့မြောလျက်ပင် ရှိသေးသော်လည်း သူ့ကို လုံးဝ လျှော့တွက်၍မရသဖြင့် အကြော ထိုးပိတ်လိုက်ကြသည်။ ထို့အပြင် ခြေထောက်နှင့် လက်များကိုပါ ကြိုးများဖြင့် အသေအချာ ချည်နှောင်ထားလိုက်ကြသည်။ အကယ်၍ ရက်ပုချွန် ပြန်လည် သတိရလာသည့်တိုင် မည်သို့မျှ ရုန်းကန် လွတ်မြောက်နိုင်တော့မည် မဟုတ်ချေ။

လင့်ဟူချိုးနှင့် လင်းလင်းတို့နှစ်ယောက်မှာ တစ်ယောက်ကို တစ်ယောက် ခေတ္တမျှ ငေးကြည့်နေမိကြသည်။ သူတို့နှစ်ယောက်စလုံး သေမင်းခံတွင်းမှ လက်မတင်ကလေး လွတ်မြောက်ခဲ့ကြသည် မဟုတ်ပါလား။

အတန်ကြာမှ လင်းလင်းမှာ ချုံးပွဲချငိုပြီး လင့်ဟူချိုး၏ရင်ခွင်ထဲ တိုးဝင်လိုက်မိသည်။ လင့်ဟူချိုးသည် လင်းလင်းအား အသာအယာ ပွေ့ဖက်၍ ပုခုံးလေးကို ပုတ်ကာ နှစ်သိမ့် နေရတော့သည်။ သေရွာမှ ပြန်ရောက် လာသလိုပင် ဖြစ်ရသဖြင့် ဝမ်းသာ ဝမ်းနည်း ဖြစ်နေရခြင်းပင်။

လင့်ဟူချိုးသည် လင်းလင်းအား ချော့မော့နှစ်သိမ့်နေရာမှ သူ့ဆရာမအား ရုတ်တရက် သတိရလာ၏။ ထို့ကြောင့် ဖူးလင်ရှိရာသို့ သွားကာ ပိတ်ထားသော အကြောများကို ဖြေပေးလိုက်သည်။

ဖူးလင်မှာ တစ်လျှောက်လုံး အကြောပိတ်ခံထားရသဖြင့် မလှုပ်မရှား၊ စကားမပြော နိုင်သော်လည်း အဖြစ်အပျက်အားလုံးကို မြင်တွေ့ ကြားသိခဲ့ပြီး ဖြစ်ပေသည်။

သူမသည် လင့်ဟူချိုးအပေါ် ယုံကြည်စိတ်ချမှု အပြည့်အဝရှိသည်။ လိန်လိန့်အပေါ် အချစ်ကြီးလှသော လင့်ဟူချိုးက မည်သည့်အခါမျှ မတရားပြုကျင့်၍ သတ်ပစ်မည် မဟုတ်ဟု လိန်လိန့် အလောင်းကို တွေ့ရကတည်းက အခိုင်အမာ ယုံကြည်ခဲ့ပြီး ဖြစ်သည်။

ယခု လင့်ဟူချိုးနှင့် လင်းလင်းတို့၏ မေတ္တာတရားကို တွေရသောအခါတွင်မူ လင့်ဟူချိုးသည် လိန်လိန့်အား မစားရသည့်အမဲ၊ သဲနှင့်ပက် ဆိုသော အလုပ်မျိုးကို ပို၍မလုပ်နိုင်ကြောင်း သိရှိလာသည်။

သူမ၏ ယောက်ျား ရက်ပုချွန်ကို အနိုင်ရခဲ့သော်လည်း ထိုးသတ်ခြင်းမပြုပဲ ညှာတာခဲ့သည်။ သို့သော် ရက်ပုချွန်၏ အပြုအမူကား ရက်စရာကောင်းလှသည်။ နောက်ဖက်မှ ဤကဲ့သို့ ချောင်းမြောင်း တိုက်ခိုက်ခြင်းမျိုးသည် အလွန်တရာ အောက်တန်းကျ ယုတ်ညံ့လှသော အပြုအမူပင်ဖြစ်တော့သည်။ စိတ်ထားမြင့်မြတ်သော မည်သည့် အထက်လမ်း သိုင်းသမားမျိုးမဆို ပြုလုပ်မည်မဟုတ်ချေ။ ယခုတော့ သူမယောက်ျားသည် လူတကာ၏ တံတွေးခွက်တွင် ပက်လက် မျောစေမည့် အပြုအမူတစ်ရပ်ကို ပြုလုပ် ကျူးလွန်ခဲ့ချေပြီ။

ယခုအချိန်တွင် ဖူးလင်မှာ လုံးဝ စိတ်ဓါတ် ကျဆင်းသွားခဲ့ပြီ ဖြစ်၏။ သို့သော် သူမသည် စိတ်ဓါတ် ခိုင်ကြည်သူ ဖြစ်သည့်အတိုင်း လေသံမှန်မှန်ဖြင့် …

“လင့်ဟူချိုး … လိန်လိန့်ကို လင်မိန်ကျက် သတ်လိုက်တာ အမှန်ပဲလား။”

လင့်ဟူချိုးမှာ မျက်ရည်တွေတွေ ကျဆင်းလာပြီး …

“ဆ … ဆရာမ … ဟုတ် … ဟုတ်ပါတယ်”

လင့်ဟူချိုး၏ ခေါင်းကို ပွတ်သပ်ရင်း ဖူးလင်မှာ မျက်ရည် ဖြိုင်ဖြိုင် ကျလာတော့၏။ သို့သော် သူမ၏ လေသံကမူ မူလအတိုင်း တည်တည်ကြည်ကြည် ရှိဆဲပင်ဖြစ်သည်။

“ဒါဆိုရင် လင်းလင်း ပြောတာ အမှန်ပေါ့။ လင်မိန်ကျက်က ဘီလူးမီးဓားသိုင်းကို တတ်ထားပြီး ကျိုလင်ထန်ဆီ ခိုဝင်လိုက်တယ်။ ဒါကြောင့် လိန်လိန့်ကို သူက သတ်လိုက်တယ်။ ဒီလိုလား …”

“ဟုတ် … ဟုတ်ပါတယ် … ဆရာမ … ”

“လင့်ဟူချိုး … မင်းရဲ့ ကိုယ်ကို စောင်းလိုက်စမ်း။ မင်းရဲ့ ဒဏ်ရာကို ငါကြည့်ပေးမယ်”

သူ့ဆရာမ အမိန့်အတိုင်းပင် သူ့ဒဏ်ရာကို လင့်ဟူချိုးက ပြလိုက်သည်။

အိတ်ထဲမှ ပတ်တီးကို ထုတ်ယူကာ ဖူးလင်က

"လင့်ဟူချုံး .. မင်းမှာ ဟန်ဆန်းဂိုဏ်းရဲ့ ဒဏ်ရာလိမ်းဆေးပါလား။ ဒီဆေးက သိပ်အစွမ်းထက်တော့ သူ့ကို လိမ်းရင် အကောင်းဆုံးပဲ"

လင့်ဟူချုံး၏ အင်္ကျီရင်ပတ်ထဲမှ လိမ်းဆေးကို လင်းလင်းက ယူပေးလိုက်သည်။ ထိုဆေးဖြင့် လင့်ဟူချုံး၏ ဒဏ်ရာကို ဂရုတစိုက် လိမ်းပေးကာ ဖူးလင်က သေချာစွာ ပတ်တီးစည်းပေးလိုက်သည်။

လင့်ဟူချုံးသည် ငယ်စဉ်ကတည်းက ဖူးလင်အား မိခင်ရင်းကဲ့သို့ သဘောထားခဲ့သူ ဖြစ်၏။ ထို့ကြောင့် ဖူးလင်က သူ့အား သားတစ်ယောက်ကဲ့သို့ ကြင်နာစွာ ဂရုတစိုက် ပြုစုပေးနေ သောအခါ လွန်စွာ စိတ်ချမ်းမြေ့ခဲ့ ရတော့သည်။

လင့်ဟူချုံးအား ဖူးလင်က ...

"လူလေး။ နောင်အခါ ကျရင် လူတွေနဲ့ ဆက်ဆံတဲ့အခါ လူတိုင်းကို ကိုယ့်စိတ်ဓာတ်လို ရှိလိမ့်မယ်လို့ မမှတ်နဲ့။ သဘော သိပ်မကောင်းနဲ့။ ငါပြောတဲ့ စကားကို စွဲစွဲမြဲမြဲ မှတ်ထား ကြားလား"

"ဟုတ် ... ဟုတ်ကဲ့ ... ဆရာမ"

ထိုစဉ် သူ၏နောက်ကျောသို့ ပူနွေးသောအရည်များ ရုတ်တရက် ကျလာသည်ကို ခံစားသိရှိလိုက်ရသည်။ လင့်ဟူချုံးက နောက်ဖက်သို့ ကမန်းကတန်း လှည့်လိုက်သည်။

ဖူးလင်၏ ဖြူရော်နေသော မျက်နှာကို တွေ့လိုက်ရသောအခါ အကြီးအကျယ် တုန်လှုပ် ခြောက်ခြားသွားတော့သည်။ လင့်ဟူချုံးက ခြောက်သွေ့အက်ကွဲစွာ အော်ဟစ် လိုက်မိသည်။

"ဆရာမ ... ဆရာမ"

ဖူးလင်၏ ရင်ဝတွင် ဓားမြှောင်တစ်ချောင်း ထိုးစိုက်နေသည်ကို တွေ့လိုက်ရသည်။ လင့်ဟူချုံးက သူ့ဆရာမကို ချက်ချင်းပွေ့ချီလိုက်သည်။ အသက်မရှိတော့။ သူ့ဆရာမသည် ရှုပ်ထွေး ပွေလီလှသော လူ့လောကကို စွန့်ခွာသွားချေပြီ။

လင့်ဟူချုံး၏ ဦးခေါင်းတွင်းတွင် မိုက်ကနဲဖြစ်သွားသည်။ သူက ပါးစပ်ကို ဟလိုက်သည်။ သို့သော် မည်သည့် အသံမျှ ထွက်မလာ။ သူ့ဆရာမ အလောင်းကိုသာ ပြူးကျယ်သော မျက်လုံးများဖြင့် ငေးစိုက်ကြည့်နေသည်။ တစ်ကိုယ်လုံးလဲ တဆတ်ဆတ် တုန်နေတော့၏။

လင်းလင်းက စိုးရိမ်တကြီးဖြင့် လင့်ဟူချုံးကို တွဲထူလိုက်သည်။ အတန်ကြာမှ လင့်ဟူချုံးမှာ အသံထွက်၍ ငိုနိုင်တော့၏။

လင့်ဟူချုံးသည် ရင်ကွဲမတတ် ငိုလေတော့၏။ လင်းလင်းသည်ပင် လင့်ဟူချုံး၏ အပူကူးစက်ကာ မျက်ရည် ကျလာမိတော့သည်။

နေမင်းသခင် ဂိုဏ်းသားများသည် အတန်ငယ်လှမ်းသည့် နေရာသို့ ထွက်ခွာသွားကြသည်။

လင့်ဟူချုံးနှင့် လင်းလင်းတို့ အကြောင်းကို သိထားကြသဖြင့် သူတို့ နှစ်ယောက် လွတ်လပ်စွာ စကားပြော နိုင်စေရန် ဖန်တီးပေးခြင်း ဖြစ်သည်။

နေမင်းသခင် ဂိုဏ်းသားများက ရက်ပုချွန်ကို ဆွဲခေါ်သွားကြသည်ကို တွေ့မြင်လိုက်သော လင့်ဟူချုံးက လင်းလင်းအား ...

"လင်းလင်း ... သူတို့က ငါ့ဆရာကို ဘာလုပ်မလို့လဲ"

"ဟင် ... အစ်ကိုက သူ့ကို ခုထက်ထိ ဆရာလို့ ခေါ်တုန်းပဲလား"

"နှုတ်ကျိုးနေလို့ပါကွာ။ လင်းလင်း ... ဆရာမက ဘာဖြစ်လို့ သတ်သေရတာလဲဟင်။ ဘာဖြစ်လို့လဲ"

ထိုအခါ လင်းလင်းက ဒေါသဖြင့် ပြောလိုက်သည်။

"ဘာဖြစ်လို့ရမလဲ။ ရက်ပုချွန်ကြောင့်ပေါ့။ သူ့လို ယုတ်မာပက်စက်တဲ့ ယောကျ်ားတစ်ယောက်ကို လင်အဖြစ် ယူထားမိတဲ့နောက်တော့ ကိုယ့်ကိုယ်ကို သတ်သေရတော့မှာပေါ့ အစ်ကိုရယ်။ ရက်ပုချွန်ကို ကျွန်မတို့ ချက်ချင်း သတ်ပစ်ပြီး အစ်ကို့ဆရာမအတွက် လက်စားချေ ပေးသင့်တယ်။ ဘယ်နှယ့်လဲ သတ်ပစ်လိုက်ရမလား။"

"မဖြစ်ပါဘူး လင်းလင်းရယ်။ သူက ဘာပဲဖြစ်ဖြစ် ငါ့ရဲ့ ဆရာပဲ၊ ကိုယ့်ဆရာ ဖြစ်ခဲ့ဖူးတဲ့ သူကိုတော့ သတ်လို့ မဖြစ်ပါဘူး"

"သူက အစ်ကို့ရဲ့ ရာ ဖြစ်ခဲ့တာတော့ မှန်ပါတယ်။ ဆရာဆိုတာ တပည့်အပေါ် ချီးမြှင့်စရာရှိရင် ချီးမြှင့်ရမယ်။ ထောက်ညှာစရာရှိရင် ထောက်ညှာရမယ်။ အခု ရက်ပုချွန်က အစ်ကို့ ဆရာသာဆိုတယ်။ ဘာများ ထောက်ညှာခဲ့လို့လဲ။ အစ်ကို့ကို သတ်ဖို့တောင် အကြိမ်ကြိမ် ကြိုးစားခဲ့သေးတာပဲ။ ဘာကြောင့် ဆရာလို့ အခေါ်မခံထိုက်တဲ့သူကို ဆရာတင် နေမှာလဲ။ သူ့ကျေးဇူးတွေ အစ်ကို့အပေါ်မှာ လုံးဝ မရှိတော့ပါဘူး။"

"လင်းလင်း ... ဘာပဲပြောပြော အစ်ကို့အနေနဲ့တော့ သူ့ကို လုံးဝ မသတ်နိုင်ပါဘူး"

လင်းလင်းက နေမင်းသခင် ဂိုဏ်းသားများဖက်သို့ လှမ်း၍ အော်လိုက်သည်။

"ပေါင်တား"

"နေမင်းသမီးတော် အမိန့်ရှိပါ"

အသံနှင့်အတူ ပေါင်တား အပါအဝင် နေမင်းသခင် ဂိုဏ်းသားတစ်စုသည် လင်းလင်းတို့ ရှိရာဖက်သို့ လျှောက်လာကြ၏။ ရက်ပုချွန်ကိုလည်း ဆွဲခေါ်လာကြ၏။

လင်းလင်းက ...

"ဖေဖေက ရှင်တို့ကို ဒီတာဝန် ပေးလိုက်သလား"

"ဟုတ်ပါတယ် နေမင်းသမီးတော်ကလေး ... ကျုပ်တို့က ရက်ပုချွန်ကို ဖမ်းဖို့ ထွက်လာကြတာပါ"

"ကောင်းပြီ ... ရက်ပုချွန် သတိရလာအောင် ရေအေးနဲ့ ပက်လိုက်ကြစမ်းပါ"

ပေါင်တားတို့က ရေဖြင့် ပက်လိုက်ကြသောအခါ ရက်ပုချွန် သတိရလာသည်။ သူက ဘေးဘီကို ကြည့်လိုက်သောအခါ လင်းလင်းနှင့် နေမင်းသခင် ဂိုဏ်းသားတစ်စုကို တွေ့လိုက်ရသဖြင့် ဒေါသတကြီး အော်ဟစ်ကြိမ်းမောင်းလေတော့၏"

"ဟေ့ ... မင်းတို့ မကောင်းဆိုးဝါးဂိုဏ်းသားတွေက ငါ့ကို ထောင်ချောက်ဆင်ပြီး ဖမ်းကြတယ်ပေါ့လေ ... ဟုတ်လား ... မင်းတို့ဟာ အင်မတန် ယုတ်မာကောက်ကျစ်တဲ့ ကောင်တွေပဲ။ တစ်ယောက်ချင်း တိုက်ကြပါလား။ ခုတော့ သူရဲဘောကြောင်တဲ့ အလုပ်ကို လုပ်တယ်"

ထိုအခါ လင်းလင်းက ခနဲ့ပြုံးပြုံးကာ ...

"ရှင်က သူများတွေကို ပြောမနေပါနဲ့။ ကိုယ့်ကိုယ်ကို အထက်လမ်းဂိုဏ်းချုပ်ကြီးလို့သာ ပြောတယ်။ ရှင်လုပ်တာတွေက ကျွန်မတို့ထက်တောင် ပိုယုတ်မာသေးတယ်။ ရှင်ကများ ကျွန်မတို့ကို ယုတ်မာ ကောက်ကျစ်တယ်လို့ ပြောနေသေးတယ်။ သူခိုးက လူဟစ်တယ် ဆိုတာ ဒါမျိုးနေမှာပဲ။ ဟိုမှာ ကြည့်စမ်း"

လဲကျသေဆုံးနေသော ဖူးလင် အလောင်းရှိရာသို့ လင်းလင်းက လက်ညှိုး ညွှန်ပြလိုက်ပြီး ...

"ရှင့်မိန်းမတောင် ရှင့်ရဲ့ လုပ်ရပ်တွေကို စက်ဆုပ်ရွံရှာလွန်းလို့ ကိုယ့်ကိုယ်ကို သတ်သေလိုက်ပြီ။ ရှင့်အနေနဲ့ ဒီလောကကြီးထဲမှာ မျက်နှာပြောင်တိုက်ပြီး နေရဲသေးသလား"

လင်းလင်း၏ စကားအဆုံးတွင် ရက်ပုချွန်က ဒေါသတကြီးဖြင့် ပြန်အော်လိုက်သည်။

"မိန်းမယုတ် ... ဘာတွေ လျှောက်ပြောနေတာလဲ။ မင်းတို့က ငါ့မိန်းမကို သတ်ပြီးတော့ သူ့ကိုယ်သူ သတ်သေတယ်လို့ ပြောနေကြတယ်ပေါ့"

လင်းလင်းက လင့်ဟူချုံးဖက်သို့ လှည့်၍ ...

"အစ်ကို ... သူ့စကားကို ကြားတယ်မဟုတ်လား။ ဘယ်လောက် အရှက်မရှိတဲ့ လူလဲလို့"

လင့်ဟူချုံးက သက်ပြင်းရှည်ကြီး ချရင်း ...

"လင်းလင်း ... မင်းကို အစ်ကို တစ်ခုလောက် တောင်းပန်ချင်ပါတယ်"

"ဘာလဲ ... အစ်ကိုက သူ့ကို လွှတ်ပေးဖို့ ပြောမလို့မဟုတ်လား။ သေသေချာချာ စဉ်းစားပါဦး အစ်ကို။ ဒီလူလောက် ယုတ်မာ ကောက်ကျစ်တဲ့သူ ဒီလောကထဲမှာ မရှိပါဘူး။ ပိုကြောက်စရာ ကောင်းတာက ယုတ်မာကောက်ကျစ်တာ အပြင် သိုင်းပညာကောင်းတဲ့ အချက်ကလည်း ထပ်ဆောင်းထားသေးတယ်။ နောက်ပိုင်း သူက အစ်ကို့ကို ပြန်ပြီး ရန်ရှာလာရင် ကျွန်မတို့ ဒီနေ့လို ကံကောင်းနေမှာ မဟုတ်ဘူး။ ဒါကြောင့်မို့ ကိုယ့်ဆရာဆိုတဲ့ အစွဲနဲ့ မသက်ညှာစေချင်ဘူး"

"လင်းလင်းပြောတာ မှန်ပါတယ်။ ဒါပေမယ့် ဒီနေ့ သူ့ကိုလွှတ်လိုက်ပါ။ ဒီနေ့ကစပြီး သူနဲ့ အစ်ကိုနဲ့ဟာ ဆရာတပည့် မဟုတ်တော့ဘူးလို့ အစ်ကို့စိတ်ထဲမှာ သတ်မှတ်လိုက်ပါ့မယ်။ နောက်ပြီးတော့ သူ့ရဲ့ သိုင်းပညာကိုလည်း အစ်ကို အားလုံး လေ့လာပြီးပါပြီ။ ကြောက်စရာ မလိုတော့ပါဘူး။ သူက အစ်ကို့ကို ထပ်ပြီး ရန်ရှာလာရင် အစ်ကို မညှာတော့ပါဘူး"

လင့်ဟူချုံးသည် ရက်ပုချွန်ကို မည်သည့်နည်းနှင့်မျှ သတ်မည်မဟုတ်ကြောင်း လင်းလင်း ကောင်းစွာ ရိပ်မိထားသည်။ ယခုတစ်ကြိမ် တောင်းပန်နေခြင်းသည် လင့်ဟူချုံး၏ နောက်ဆုံး သံယောဇဉ်သာဖြစ်ကြောင်း စိတ်ချယုံကြည်သည်။ နောင်တွင် ရက်ပုချွန်ကို ဆရာအဖြစ် သတ်မှတ်တော့မည် မဟုတ်ကြောင်းလည်း အာမခံထားရာ လင်းလင်း အနေဖြင့် ...

"ကောင်းပြီ။ ဒီနေ့တော့ ဒီလူဆိုးကြီး အဖို့ သိပ်ကံကောင်းသွားတယ်။ အစ်ကို့ မျက်နှာကြောင့် သူ့အသက်ကို ချမ်းသာခွင့်ပေးလိုက်မယ်။ ပေါင်တား .. ရှင်တို့ အားလုံး သိုင်းလောကထဲမှာ 'ဒီနေ့ ကျွန်မတို့က ရက်ပုချွန်ကို ဘယ်လို သက်ညှာပြီး လွှတ်လိုက်တယ်ဆိုတာကို သတင်းဖြန့်လိုက်ပါ။ သူ့သိက္ခာလည်း အဖတ်ဆည်မရအောင် ကျသွားမယ်။ ကျွန်မတို့ရဲ့ စိတ်သဘောထား ကြီးမား မြင့်မြတ်မှုကိုလည်း သိုင်းလောကက သိသွားမယ်။"

ပေါင်တားက ...

"ကောင်းပါပြီ ... နေမင်းသမီးတော်"

လင်းလင်းက ကြားဖြတ်၍ ...

"နေဦး ... ရက်ပုချွန်က ဘီလူးမီးဓားသိုင်းကျင့်ဖို့အတွက် ယောကျ်ားဘဝ အဆုံးခံလိုက်တဲ့ အကြောင်းပါ သတင်း ဖြန့်လိုက်၊ အခုဆိုရင် သူက ယောကျ်ားမဟုတ်၊ မိန်းမမဟုတ်၊ နပုလ္လိင် ဖြစ်သွားပြီ ဆိုတဲ့ အကြောင်းပါ သိုင်းလောက တစ်ခုလုံး သိပါစေ။"

ပေါင်တားက ...

"ကောင်းပါပြီ"

ရက်ပုချွန်၏ မျက်နှာမှာ လူသေကောင်အလား ဖြူရော်နေ၏။ သို့သော် သူ၏မျက်လုံးများ၌မူ ရက်စက်ကောက်ကျစ် မည့် အရိပ်အယောင်များ ပေါ်ထွက်နေ၏။

လင်းလင်းက ...

"ရက်ပုချွန် ... ရှင့်မျက်လုံးထဲက ပြောနေတဲ့စကားကို ကျွန်မ အဓိပ္ပါယ်ပြန်ကြည့်မယ်။ ရှင် ကျွန်မကို သိပ်မုန်း နေတယ် မဟုတ်လား။ ရှင်မုန်းတာကို ကျွန်မက ဂရုမစိုက်ဘူး။ ရှင့်ကို ကျွန်မက ကြောက်ရမှာလား"

ပြောရင်းဖြင့် လင်းလင်းက ရက်ပုချွန်အား ချည်နှောင်ထားသော ကြိုးများကို ဖြေပေးလိုက်ပြီး အကြောများကို ဖြေပေးလိုက်သည်။ ပထမဆုံးအဆင့်အဖြစ် နောက်ကျောရှိ အကြောကို ဖြေပေးလိုက်ပြီး ညာဘက်လက်က ရက်ပုချွန်၏ ပါးစပ်ကို ဆုပ်ကိုင်လိုက်သည်။ ဘယ်ဘက်လက်ကမူ နောက်စေ့အကြောကို တစ်ချက်ဖိလိုက်သည်။ ထိုအခါ ရက်ပုချွန်၏ ပါးစပ် ဟသွားတော့သည်။ တစ်ဆက်တည်း ပါးစပ်ထဲသို့ ဆေးလုံးတစ်လုံး ရောက်ရှိလာသည်ကို ရက်ပုချွန် သိလိုက်ရ သည်။

သူက ပါးစပ်ကိုပိတ်ရန် ကြိုးစားသော်လည်း နောက်ကျသွားလေပြီ။ ဆေးလုံးက လည်မျိုတွင်းသို့ ရောက်ရှိနေချေ ပြီ။ ထိုစဉ် လင်းလင်းက နောက်စေ့ကို နောက်တစ်ချက် ထပ်၍ ဖိလိုက်ရာ ရက်ပုချွန်၏ လည်မျိုကြွက်သားများ လှုပ်ရှား သွားပြန်တော့သည်။ ထိုအခါ ဆေးလုံးမှာလည်း လည်ချောင်းထဲသို့ ကျရောက် သွားလေတော့သည်။

သည့်နောက်ကျမှ လင်းလင်းသည် ရက်ပုချွန်အား တုပ်နှောင်ထားသည့် ကြိုးအားလုံးကို ဖြေပေးလိုက်ပြီး အကြောများကို တစ်ခုချင်း ဖြေပေးလိုက်သည်။

လင်းလင်း၏ အပြုအမူအားလုံးကို လင့်ဟူချုံး မမြင်တွေ့ချေ။ လင်းလင်းက သူ့ကိုယ်လုံးဖြင့် ကွယ်၍ ပြုလုပ်နေခြင်း ကြောင့်ပေတည်း။

ထို့နောက် လင်းလင်းက လေသံတိုးတိုးဖြင့် ပြောလိုက်သည်။

"ဒါက 'ဦးနှောက်ပိုးစား ဆေးလုံး' ပဲ"

ရက်ပုချွန်၏ ထိတ်လန့် ကြောက်ရွံ့မှုမှာ အထွတ်အထိပ်သို့ ရောက်ရှိသွားလေပြီ။ ရက်ပုချွန်မှာ လင်းလင်း ထုတ်မပြောမီကတည်းက သူ့ဗိုက်ထဲသို့ ရောက်သွားသော ဆေးလုံးသည် မကောင်းဆိုးဝါးဂိုဏ်း၏ ကြောက်စရာ အကောင်းဆုံး၊ နာမည်အကြီးဆုံးဖြစ်သော 'ဦးနှောက်ပိုးစား ဆေးလုံး' ဖြစ်ရမည်ဟု ခန့်မှန်းသိရှိထားပြီးဖြစ်သည်။ ဤဆေးလုံး၏ အစွမ်းအာနိသင်ကိုလည်း ရှေးယခင်ကတည်းက ကြားဖူးနားဝ ရှိထားခဲ့ပြီး ဖြစ်သည်။

အကယ်၍ တစ်နှစ် တစ်ကြိမ် ဖြေဆေးမသောက်လျှင် ဆေးလုံးထဲမှ ပိုးကောင်က ထွက်လာပြီး ဦးနှောက်ကို တဖြည်းဖြည်း စားသောက်ပစ်ပေလိမ့်မည်။

ထိုအခါ အသည်းခိုက်အောင် နာကျင်ရုံမျှမက စိတ်ရူးပေါက်ကာ ဖောက်ပြန်တတ်ပေသေးသည်။ ခွေးရူးပြန်သည် ထက်ပင် ကြောက်မက်ဖွယ်ရာ ကောင်းပေသေးသည်။ ထို့ပြင် အဆိုးဝါးဆုံး အချက်မှာ ထိုဝေဒနာ ခံစားရသော်ငြား လွယ်ကူစွာ မသေနိုင်ခြင်းပင်ဖြစ်သည်။ ရက်ပုချွန်မှာ တစ်ကိုယ်လုံး ဇောချွေးများ ပြန်လာတော့သည်။ သူသည် လင်းလင်း၏ လက်ခုပ်ထဲမှ ရေကဲ့သို့ ဖြစ်သွားရပြီ မဟုတ်ပါလား။

လင်းလင်းက ခါးကိုဆန့်၍ ...

"အစ်ကို ... သူ့အကြောတွေကို ထိုးပိတ်ထားတာ များလဲများတယ် ... ကြာလဲ ကြာပြီဆိုတော့ ... ချက်ချင်း ဖြေပေးလို့ မဖြစ်သေးဘူးထင်တယ်။ နောက်ဆုံး အကြောနှစ်ခုကို ခဏနားပြီးမှ ဖွင့်ပေးရင် ကောင်းမယ်။ နို့မဟုတ်ရင် သူမခံနိုင်ပဲ ဖြစ်သွားလိမ့်မယ်။ "

"အင်း ... ကောင်းသားပဲ ... လင်းလင်း ကောင်းမယ်ထင်သလို လုပ်ပါ။ သူ့ အသက်ချမ်းသာရာ ရသွားရင် ပြီးတာပါပဲ။ လင်းလင်းကို အစ်ကို ကျေးဇူးတင်ပါတယ်ကွယ်"

လင်းလင်းက စိတ်ထဲမှ ပြုံးမိရင်း တစ်ကိုယ်တည်း ရေရွတ်မိသည်။

"အစ်ကို့ကို ညာလိုက်မိပေမယ့် ... အပြစ်တော့ မဖြစ်တန် ကောင်းပါဘူး။ အစ်ကို ကောင်းဖို့အတွက် လုပ်လိုက်ရတာပဲလေ။ ဒီရက်ပုချွန်ဆိုတဲ့ လူဆိုးကြီးဟာ ဒီလိုမှ မလုပ်ရင်လဲ လုံးဝ စိတ်ချလို့ ရတဲ့ လူမျိုး မဟုတ်ဘူး"

လင်းလင်းက ရက်ပုချွန်အား အကြောအားလုံး ချက်ချင်းဖြေမပေးသေးပဲ အချိန်ဆွဲလိုက်ခြင်းမှာ တိုက်ကျွေးလိုက်သည့် ဆေးလုံးက ရက်ပုချွန်၏ ဝမ်းဗိုက်အတွင်းသို့ ကောင်းစွာရောက်ပြီး ပြန်အန် မထုတ်နိုင်စေရန် အချိန်စောင့်လိုက်ခြင်းပင် ဖြစ်သည်။

စိတ်ချရလောက်ပြီဟု ကျေနပ်သောမှ ရက်ပုချွန်၏ အကြောနှစ်ခုကို ဖြေပေးလိုက်တော့သည်။

ထို့နောက် ရက်ပုချွန်၏ နားနားသို့ ကပ်၍ ...

"ဒီနှစ် ငါးလပိုင်းရောက်ရင် မဟူရာ တောင်ကုန်းကို လာခဲ့ပါ။ ရှင့်ကို ကျွန်မ ဖြေဆေးပေးပါ့မယ်"

ရက်ပုချွန်မှာ တစ်ကိုယ်လုံး တုန်ယင်နေပြီး ...

"ဒါ ... ဒါ ... တကယ့် 'ဦးနှောက်ပိုးစား ဆေးလုံး' ဟုတ်လား"

လင်းလင်းက တခစ်ခစ်ရယ်ရင်း ...

"ဟုတ်ပါတယ်။ ကျွန်မက ရှင့်အတွက် အများကြီး ဂုဏ်ယူပါတယ်။ ဒီလို ဆေးလုံးမျိုးက လူတိုင်း စားနိုင်တာ မဟုတ်ဘူး သိုင်းပညာ သိပ်ကောင်းတဲ့သူမှ စားရတာ။ ပေါင်တား ... ကျွန်မ ပြောတာ မဟုတ်ဘူးလား"

ပေါင်တားက ဦးခေါင်းကို ညွှတ်ရင်း ပြန်ဖြေလိုက်သည်။

"သိပ်ဟုတ်ပါတယ်။ ဒီဆေးလုံးကို စားရတဲ့သူမှ ဂိုဏ်းချုပ်ကြီးရဲ့ လူယုံတော် အစစ်ဖြစ်တာပါ"

လင့်ဟူချုံးက ထိုစကားများကို ကြားလိုက်ရသောအခါ တုန်လှုပ်စွာ မေးလိုက်သည်။

"လင်းလင်း ... မင်း ... မင်း ... ငါ့ဆရာကို ... ဟို ... ဟို ... 'ဦးနှောက်ပိုးစား' ဆေးလုံး ကျွေးလိုက်တယ် ... ဟုတ်လား"

လင်းလင်းက ပြုံး၍ ခေါင်းညိတ်ပြလိုက်သည်။

"ကျွန်မက သူ့ကို အတင်းမကျွေးပါဘူး။ သူက ဆာလွန်းလို့ ထင်ပါရဲ့ ကျွန်မဆီက အတင်းယူစား လိုက်တာ။ ရက်ပုချွန် ... ရှင့်ကို ကျွန်မ သတိပေးလိုက်ပါရစေ။ ဒါကလည်း ရှင့်အတွက်ပါ။ ကျွန်မတို့နှစ်ယောက်သာ တစ်ခုခု ဖြစ်ရင်တော့ ရှင်ပဲ ဒုက္ခရောက်လိမ့်မယ်။ ကျွန်မတို့နှစ်ယောက် ဘေးကင်းလေ။ ရှင် အသက်ရှည်လေပါပဲ ..."

ယခုအခါ၌ ရက်ပုချွန်မှာ အကြီးအကျယ် ဒေါသထွက်နေလေပြီ။ သို့သော် သူ့ဒေါသသည် ဆင်ခြင်တုံတရားကို ဖုံးလွှမ်း၍ မသွားသေးပေ။ သူက အသေအချာ စဉ်းစားလိုက်သည်။

"ဟုတ်တယ်။ ဒီကောင်မရဲ့ စကားတွေက သတ်ချင်စရာ ကောင်းလှပေမယ့် အမှန်တရားတွေပဲ။ ဒီကောင်မသာ တစ်ခုခုဖြစ်ရင် ငါပဲ ဒုက္ခရောက်မှာ ... မဟူရာတောင်ကုန်းကိုသွားပြီး ဘယ်သူ့ဆီက ဖြေဆေး တောင်းရမှာလဲ။ သူကလွဲရင် ငါ့ကို ဖြေဆေးပေးမယ့်သူ ရှိမှာ မဟုတ်ဘူး"

ထိုသို့ စဉ်းစားမိ ပြန်သောအခါ အကြောက်တရားက သူ့အား ဖုံးလွှမ်းလာပြန်၏။

လင့်ဟူချုံးက သက်ပြင်း တစ်ချက် ရှိုက်လိုက်မိသည်။ လင်းလင်းသည် မကောင်းဆိုးဝါးဂိုဏ်းမှ ဖြစ်နေ၍ ကိစ္စတစ်ခုကို ဆောင်ရွက်ပြီဆိုလျှင် ဥာဏ်နီဥာဏ်နက် အမျိုးမျိုးသုံးတတ်သည်မှာ မှန်၏။ သို့သော် ယခုကိစ္စတွင် မိမိ၏ အကျိုးကို မျှော်ကိုး၍ သုံးလိုက်ခြင်း ဖြစ်နေရာ သူမအား အပြစ်တင်ရ ခက်နေတော့၏။

လင်းလင်းက ပေါင်တားအား ...

"မဟူရာ တောင်ကုန်းကို ချက်ချင်းပြန်ပါ။ ဂိုဏ်းချုပ်ကြီးဆီကို အမြန်ဆုံး သတင်းပို့ပါ။ တောင်ငါးလုံး ဂိုဏ်းချုပ် ရက်ပုချွန်ဟာ ကျွန်မတို့ရဲ့ နေမင်းသခင် ဂိုဏ်းထဲကို ဝင်လိုက်ပြီလို့။ ဂိုဏ်းချုပ်ကြီးရဲ့ ဆေးလုံးကိုလည်း သူ့ဖာသာ ယူစားလိုက်တဲ့ အကြောင်းကိုပါ ထည့်ပြီး အစီရင်ခံလိုက်ပါ။ ... ကျွန်မတို့ဂိုဏ်းကို သူဘယ်တော့မှ သစ္စာမဖောက်တော့ပါဘူး"

ပေါင်တားက ဝမ်းသာအားရဖြင့် ...

"နေမင်း သမီးတော်ကလေး ကူညီတာက ကျုပ်တို့ချည်း ဆောင်ရွက်တာ ထက်တောင် ပိုကောင်းသွားသေးတယ်။ ဂိုဏ်းချုပ်ကြီးကတော့ သိပ်သဘောကျသွားမှာပဲ ... ရက်ပုချွန်လိုလူမျိုး ကျုပ်တို့ဂိုဏ်းသား ဖြစ်သွားတာကတော့ သိုင်းလောကတစ်ခုလုံး အုန်းအုန်းကျွက်ကျွက် ဖြစ်သွားစရာပဲ။ ဟား ... ဟား"

လင်းလင်းက ...

"အင်း ... ရှင်ပြောမှ ကျွန်မလည်း သတိရမိတော့တယ်။ အခု ရက်ပုချွန်က ကျွန်မတို့ ဂိုဏ်းထဲ ဝင်လိုက်ပြီဆိုတော့ သူ့ရဲ့နာမည် ဂုဏ်သိက္ခာကို ထိခိုက်နိုင်မယ့် သတင်းတွေ သိုင်းလောကထဲပြန့်လို့ ဘယ်ဖြစ်တော့မလဲ .. . သူသိက္ခာကျရင် ကျွန်မတို့ဂိုဏ်းလဲ သိက္ခာကျသွားမှာပေါ့။ ဒီတော့ ခုနက ကျွန်မ ဖြန့်ခိုင်းထားတဲ့ သတင်းတွေကို မဖြန့်နဲ့တော့။ ကျွန်မတို့ဆေးလုံးကို သောက်လိုက်တာကိုလဲ အပြင်လူတွေ လုံးဝမသိစေနဲ့။ ရက်ပုချွန်က သိုင်းပညာလည်း တော်တယ်။ ဉာဏ်ရည်လည်း ကောင်းတယ်။ ဒီတော့ ဂိုဏ်းချုပ်ကြီးက သူ့ကို ကောင်းကောင်း အသုံးချလိမ့်မယ်။ နေမင်းသခင်ဂိုဏ်းကြီးအတွက် တစ်တပ်တစ်အား တိုးလာတာပေါ့လေ။"

ပေါင်တားကလည်း လင်းလင်း၏ အစီအစဉ်များကို သင့်လျော်လှကြောင်း ခေါင်းညိတ်ပြ၍ လက်ခံလိုက်သည်။

မျက်နှာငယ်လေးဖြင့် ဟိုကြည့်သည်ကြည့် ဖြစ်နေသော ရက်ပုချွန်ကို ကြည့်၍ လင့်ဟူချုံးက အလွန်တရာ စိတ်မကောင်း ဖြစ်မိသည်။

သည်လူသည် မိမိအား နာမည်ပျက်စေရန်၊ ဂုဏ်သိက္ခာ မဲ့စေရန် အကြိမ်ကြိမ် အဖန်ဖန် ပြုလုပ်ခဲ့သူ ဖြစ်၏။

မည်သို့ပင်ဖြစ်စေ သည်လူသည် မိမိအား ငယ်စဉ်ကတည်းက ကျွေးမွေး စောင့်ရှောက်ခဲ့သူ ဖြစ်၏။ မိမိ၏ ဆရာ ဖြစ်ခဲ့၏။ ထို့ကြောင့် ငယ်စဉ်ကတည်းကပင် ဖခင်တစ်ယောက်ပမာ ရိုသေလေးစားခဲ့သည်။

သို့သော် ယခုတော့ တစ်ယောက်နှင့် တစ်ယောက် ငြိုးသူ ရန်ဖက်ကြီးများ ဖြစ်ခဲ့ကြရပေပြီ။ မိမိက ဆက်၍ အငြိုးမထားတော့သော်လည်း သည်လူ၏ စိတ်အကြံကိုမူ မည်သို့မျှ မသိနိုင်ချေ။ ထို့ကြောင့် သည်လူနှင့် ပတ်သက်လာလျှင် လွန်စွာ သတိဝီရိယ ထားရပေတော့မည်။

ထိုစဉ် ပေါင်တားတို့ လူစုက ထွက်ခွာသွားတော့၏။

ရက်ပုချွန်မှာမူ အိပ်ရာက နိုးထလာသူပမာ ငေးကြောင်ကြောင် ရပ်နေမိတော့သည်။

လင်းလင်းက "ရက်ပုချွန် ... ရှင် သွားလိုရာ သွားနိုင်ပါပြီ ... ရှင့်ဇနီးရဲ့ အလောင်းကို ပြန်ယူသွားပြီး ဝါဆန်းတောင်မှာပဲ မြှုပ်နှံမှာလား"

"ဟင့်အင်း ... ငါမယူတော့ဘူး။ မင်းတို့နှစ်ယောက်ပဲ ကြည့်ပြီး စီစဉ်လိုက်ပါတော့"

စကားဆုံးသည်နှင့် လှည့်ထွက်သွားတော့၏။

လင့်ဟူချုံးနှင့် လင်းလင်းတို့မှာ တစ်ယောက်မျက်နှာကို တစ်ယောက် စိုက်ကြည့်လိုက်မိသည်။ စောစောက အဖြစ်အပျက်များက တစ်ဦးအပေါ်တစ်ဦး အသက်ပေး ချစ်ခဲ့ကြသည့် သက်သေများကို ဖော်ပြခဲ့ပြီးဖြစ်၍ တစ်ဦး အပေါ် တစ်ဦး မေတ္တာပို၍ တိုးလာမိကြတော့သည်။

လင်းလင်းက လင့်ဟူချုံး၏ ရင်ခွင်ထဲသို့ ပြေးဝင်လိုက်သောအခါ လင့်ဟူချုံးက ကြည်နူး နှစ်သိမ့်စွာဖြင့် သူမ၏ ခန္ဓာကိုယ်လေးအား ပွေ့ဖက်ထားလိုက်မိတော့သည်။

ညနေစောင်းသောအခါ ဖူးလင်၏အလောင်းကို လိန်လိန်၏ မြေပုံဘေးတွင်ပင် ကျင်းတူး၍ မြှုပ်နှံလိုက်ကြသည်။ သူ့အား လွန်စွာနားလည်လှသည့် ကျွေးသမိခင်တစ်ယောက် တမလွန်ဘဝ၌ အေးငြိမ်းချမ်းမြေ့စေရန် လင့်ဟူချုံးသည် ဘုရားရှိခိုးကာ ဆုတောင်းလိုက်သည်။

နောက်တစ်နေ့နံနက် ...

လင်းလင်းက "အစ်ကို့ဒဏ်ရာက ဘယ်လိုနေသေးလဲ ... သက်သာရဲ့လား"

"သက်သာပါတယ်။ အစ်ကို ရှောင်တာမြန်သွားတော့ ဒဏ်ရာက သိပ်မကြီးဘူးပေါ့။ စိတ်မပူပါနဲ့"

"ဒီလိုဆိုရင် ကျွန်မတို့ ဒီနေရာမှာ သုံးလေးရက်ပဲ နေသင့်တော့တယ်။ တစ်ခြားကို နေရာပြောင်းမှ ဖြစ်တော့မယ်။ ဒီနေရာကို လူတွေ တော်တော်သိကုန်ပြီ မဟုတ်လား။

"ကောင်းတယ်။ အစ်ကိုလည်း ဒီနေရာမှာ သိပ်မနေချင်တော့ဘူး"

စကားဆုံးသည်နှင့် သက်ပြင်းရှည်ကြီး တစ်ချက်ချရင်း လင့်ဟူချုံးက ...

"လင်းလင်း ... အစ်ကို့ရဲ့ဆရာ ရက်ပုချွန်ဟာ အရင်ကဆို သိပ်ပြီး ဖြောင့်မတ်တည်ကြည်တဲ့သူပါ။ အခုတော့

ဘီလူးမီးဓားသိုင်းကို ကျင့်ပြီးတာနဲ့ တစ်ခါတည်း စိတ်ပြောင်းသွားတော့တာပဲ ... တစ်ကယ့်ကို မယုံနိုင်စရာပဲ။ တော်တော်ကြောက်စရာကောင်းတဲ့ ဘီလူးမီးဓားသိုင်းပဲ”

“ဟုတ်တယ်။ အစ်ကိုပြောတာ သိပ်မှန်တယ်။ ဒီဓားသိုင်းရဲ့ နာမည်ကိုက ဘယ်လောက်ကြောက်စရာ ကောင်းသလဲ။ ပညတ်သွားရာ ဓါတ်သက်ပါ ဆိုတာ ဒါမျိုးပဲ ဖြစ်လိမ့်မယ်။ ဒီဓားသိုင်း တတ်ထားတဲ့သူဟာ ဘီလူးစိတ် ဝင်သွားသလိုပဲ။ လူတစ်ယောက် အဖြစ်ကနေ တစ်ခါတည်း ဘီလူးဘဝ ပြောင်းသွားတော့တာပဲ။ နောက်ဆုံးကျတော့လည်း ဒီဓားသိုင်းလေ့ကျင့်တဲ့သူတွေကို ဘဝဆုံးအောင် ဒီဓားသိုင်းကပဲ ဖျက်ဆီးလိုက်တာပဲ”

လင့်ဟူချုံးနှင့် လင်းလင်းတို့သည် ထိုကျောက်ဂူထဲတွင် ရက်အနည်းငယ် ဆက်၍ နေထိုင်ကြသေး၏။ လင့်ဟူချုံး၏ ခါး၌ ရထားသည့် ဒါဏ်ရာ အတော်အတန် သက်သာသွားမှ ထိုနေရာမှ ထွက်ခွာလာကြတော့သည်။

× × × × ×

## ဟန်ဆန်းတောင်သို့

လင့်ဟူချုံးနှင့် လင်းလင်းတို့သည် သူတို့၏မျက်နှာကို အခြားသူများ မသိနိုင်အောင် ရုပ်ဖျက်လိုက်ကြပြီး ဟန်ဆန်းတောင်သို့ ပြန်လာကြ၏။ လင့်ဟူချုံးမှာ ဟန်ဆန်းဂိုဏ်းသားများ အတွက် လွန်စွာ စိတ်ပူမိသည်။

ဟန်ဆန်းဂိုဏ်း၏ ဂိုဏ်းချုပ်ကြီးနေရာတွင် အသင့်လျော်ဆုံးသူ တစ်ယောက်အား ရွေးချယ်ခန့်ထားပြီး မိမိကမူ လင်းလင်းနှင့် လွတ်လပ်စွာ သွားလာနေထိုင်ရန် စိတ်ပိုင်းဖြတ်ပြီး ဖြစ်ပေသည်။

လင့်ဟူချုံးမှာ စည်းကမ်းကလနား အချုပ်အနှောင်များဖြင့် လုံးဝအစေးမကပ်သူဖြစ်၍ ဂိုဏ်းချုပ်ကြီးနေရာနှင့် လုံးဝ ထိုက်တန်သူ မဟုတ်ကြောင်း သူ့ကိုယ်သူ သိနေမိသည်။ ထို့ကြောင့် ဟန်ဆန်းဂိုဏ်း၏ ဂိုဏ်းချုပ်ကြီး နေရာတွင် တစ်သက်လုံးနေရန် အစဦးကတည်းက စိတ်ကူးမရှိခဲ့ပေ။

ညနေစောင်းတွင် တည်းခိုခန်းတစ်ခုသို့ ရောက်ရှိလာကြပြီး လင့်ဟူချုံးနှင့် လင်းလင်းတို့နှစ်ယောက်သား အနားယူကြသည်။

ည သန်းခေါင်ယံသို့ ရောက်သောအခါ အခြားအခန်းတစ်ခုမှ လူတစ်စု၏ ငြင်းခုံနေသံကို လင့်ဟူချုံး ကြားလိုက်မိ၏။ ထိုသူများ၏ အသံမှာ များစွာ ကျယ်လောင်လှသည် မဟုတ်သော်လည်း လင့်ဟူချုံး၏ အတွင်းအားမှာ ကောင်းမွန်လှသဖြင့် ထွင်းဖောက် ကြားနိုင်ခြင်းဖြစ်သည်။

ပထမတွင် စိတ်မဝင်စားလှသော်လည်း ကြားလိုက်ရသည့် စကားတစ်ခွန်းကြောင့် လင့်ဟူချုံးအဖို့ လွန်စွာ စိတ်ဝင်စား စရာဖြစ်သွားရသည်။ ယင်းကား 'ဟန်ဆန်းဂိုဏ်း' ဟူသော တီးတိုးစကားသံပင်တည်း။

ထိုစကားကို ကြားလိုက်သည်နှင့် လင့်ဟူချုံးမှာ အိပ်ရာပေါ်မှ ထထိုင်လိုက်မိသည်။ ထိုလူတစ်စုသည် ဟန်ဆန်းဂိုဏ်းနှင့် ပတ်သက်၍ မည်သည်တို့ကို လျှို့ဝှက်စွာ ကြံစည်နေသနည်း ဆိုသော မေးခွန်းကလည်း စိတ်ထဲ ရောက်လာတော့သည်။

လူတစ်ယောက်က ...

"ငါတို့ ဟန်ဆန်းဂိုဏ်းမှာ အတော်ကြာ နေလာခဲ့ဖူးတာပဲ။ ဒီကနေ့ ငါတို့က ဟန်ဆန်းဂိုဏ်းကို ပြန်သွားပြီး တိုက်ခိုက်မယ်ဆိုရင် လင့်ဟူချုံးကို ဘယ်လို မျက်နှာသွားပြရတော့မှာလဲ"

ထိုစကားကို ကြားလိုက်ရသောအခါ လင့်ဟူချုံးမှာ အကြီးအကျယ် တုန်လှုပ်သွားတော့သည်။ စိတ်ထဲမှလည်း ...

"သူတို့တစ်တွေဟာ ဟန်ဆန်းဂိုဏ်းမှာ နေဖူးတယ်ဆိုတော့ လင်းလင်းခေါ်လာတဲ့ လူတွေပဲဖြစ်မှာပဲ။ သူတို့က ဘာဖြစ်လို့ ဟန်ဆန်းဂိုဏ်းကို တိုက်ခိုက်မှာလဲ။ သူတို့နဲ့ ဟန်ဆန်းဂိုဏ်း ဘာများ ရန်ငြိုးရှိလို့လဲ"

ထိုအခိုက် နောက်တစ်ယောက်က ...

"ကျန်းဖူး ... မင်းက မိန်းမ ကျနေတာပဲ။ ငါတို့က ဟန်ဆန်းတောင်မှာ နေဖူးပေမယ့် ဟန်ဆန်းဂိုဏ်းသားမှ မဟုတ်တာ။ လင့်ဟူချုံးက ငါတို့နဲ့ ဘာရန်ငြိုးမှမရှိဘူး။ ဘာမှလည်း မပတ်သက်ဘူး။ ငါတို့က သူ့ကို ချီးမြှောက်နေရ

တာ။ နို့မဟုတ်ရင် သူနဲ့ ငါတို့ကြားမှာ ဘာမှ ထောက်ထားစရာ အကြောင်းမရှိဘူး"

အခြား တစ်ယောက်က ...

"ဟုတ်တယ် ... ဟုတ်တယ်။ အခု ဆရာကြီးရက်ပုချွန်က ဒီကိစ္စ ပြီးပြတ်အောင်မြင်သွားရင် ငါတို့ ခုနစ်ယောက်ကို ဘီလူးမီးဓားသိုင်း သင်ပေးမယ်တဲ့။ တို့လုပ်ဆောင်ရမှာနဲ့ တို့အတွက် ချီးမြင့်တဲ့တန်ဖိုးက ထိုက်တန်ပါတယ်ကွ။ ရက်ပုချွန်က သိုင်းလောကမှာ 'သစ္စာရှင်ဓား' လို့ နာမည်ရထားတဲ့လူပဲ။ သူပြောပြီးတဲ့စကားကို ဘယ်တော့မှ ဖျက်မှာ မဟုတ်ဘူး။ အင်မတန် ကတိတည်တဲ့လူကွ"

သို့သော် ကျန်းဖူးဆိုသော လူက ဘဝင်ကျပုံ မတူချေ။ သူက ...

"ရက်ပုချွန်ကို ငါကတော့ လုံးဝ အယုံအကြည်မရှိဘူး။ ဒီလူက ကြောင်သူတော်ပဲ။ ဥာဏ်နီဥာဏ်နက်များတဲ့ နေရာမှာ သူ့အပြင် နှစ်ယောက်မရှိဘူး။ အခု ဟန်ဆန်းဂိုဏ်းက ဆရာမကြီးနှစ်ယောက် ရှောင်လင်ကျောင်းပေါ်မှာ အသတ်ခံရတဲ့ကိစ္စမှာ အခုထက်ထိ တရားခံ မပေါ်သေးဘူးလို့ ပြောနေကြပေမယ့် ဟန်ဆန်းဂိုဏ်းက မယ်သီလရှင်တွေကတော့ ရက်ပုချွန်ကို တပ်အပ်စွပ်စွဲနေကြပြီ"

ပထမ တစ်ယောက်က ပြန်မေးသည်။

"ဟေ ... မင်းဥစ္စာက ဟုတ်ရဲ့လားကွာ"

ကျန်းဖူးက ...

"ဟုတ်ပါတယ်ကွာ ... ငါက မဟုတ်ပဲနဲ့ ပြောပါ့မလား။ အဲဒါတွေကို ရက်ပုချွန်က သိတယ်ကွ။ ဒါကြောင့် ဘီလူးမီးဓားသိုင်းကို ငါးစားပြပြီးတော့ ဟန်ဆန်းဂိုဏ်းကို ဖျက်ခိုင်းတာ ... မင်းတို့ တစ်ခုပဲ စဉ်းစားကြည့်စမ်း။ ငါတို့ ခုနစ်ယောက်ထဲနဲ့ ဟန်ဆန်းဂိုဏ်းကို ဖျက်ဆီးနိုင်ပါ့မလား ... ထားပါလေ။ ငါတို့ အောင်မြင်တယ်ပဲ ထားပါတော့။ သူက ငါတို့ကို သူ့ရဲ့ဘီလူးမီးဓားသိုင်းကို တကယ်သင်ပေးပါ့မလား။ ငါ့စိတ်ထဲမှာတော့ သူဟာ ငါတို့ကို ဘီလူးမီးဓားသိုင်းတော့ သင်ပေးမှာ မဟုတ်ဘူး။ နောက်ကို စကားမပြောနိုင်အောင် နှုတ်ပိတ်ပစ်မှာပဲလို့ ထင်နေတယ်"

ကျန်းဖူး၏ စကားသည် အတော်ကလေး ထိရောက်သွားသည်။ ထိုသူအားလုံး တွေဝေ သွားကြဟန်တူသည်။ သူတို့ထံမှ မည်သည့်အသံမျှ မကြားရတော့ပဲရှိနေ၏။ လင့်ဟူချျုံးသည်လည်း ထိုသူများထံသို့ စိတ်အာရုံ မရောက်နိုင်တော့ပေ။ သူ့ခေါင်းထဲတွင် မေးခွန်းတစ်ခုသာ တဝဲဝဲ လည်နေသည်။

"ဟန်ဆန်းဂိုဏ်းက မယ်သီလရှင်တွေက သူတို့ ဆရာမကြီးနှစ်ယောက်ကို ဆရာက သတ်တယ်လို့ ဘာဖြစ်လို့ ပြောရတာလဲ။ ဘာသက်သေ အထောက်အထားတွေ ရှိလို့လဲ"

ဦးနှောက်ခြောက်မတတ် စဉ်းစားသော်လည်း မည်သို့မျှ စဉ်းစား၍မရချေ။ တစ်ဖက်ခန်းမှ လျှို့ဝှက် ကြံစည်သူများထံမှလည်း မည်သည့်စကားသံမျှ မကြားရတော့။ ဟန်ဆန်းဂိုဏ်းသို့ သွားရောက် တိုက်ခိုက်ရန် အကြံအစည်ကို အားလုံး သဘောတူ ပယ်ဖျက်လိုက်ကြဟန်တူသည်။ ထိုစဉ် လင့်ဟူချျုံးမှာ 'ဟာ' ကနဲ ဖြစ်သွားတော့၏။ သူ့စိတ်ထဲတွင်

"ဘာဖြစ်လို့ ဒီအချက်ကို ငါ မစဉ်းစားမိရတာလဲ။ အစောကြီးကတည်းက ဒီလို စဉ်းစားမိဖို့ ကောင်းတယ်။ ငါ မစဉ်းစားမိပေမယ့် ဟန်ဆန်းဂိုဏ်းက မယ်သီလရှင်တွေက စဉ်းစားမိကြမှာပေါ့။ ငါဟာ တယ်နုံ၊ တယ် 'အ' ပါလား။ ဒါကို တစ်ချိန်လုံး မစဉ်းစားမိခဲ့ဘူး"

လင့်ဟူချျုံးသည် သူ့စိတ်ကို အတည်ငြိမ်ဆုံးထား၍ စဉ်းစားနေမိတော့၏။ ရှောင်လင်ဘုရားကျောင်းထဲသို့ ဝင်ရောက်ခဲ့ပုံ၊ ဆရာမကြီးနှစ်ယောက် သေဆုံးခဲ့ပုံနှင့် ထိုစဉ်က ဆရာမကြီး နှစ်ယောက်တွင် ထင်သာမြင်သာသော ခြေ၊ လက်၊ ဦးခေါင်းများတွင် မည်သည့် လက်နက်နှင့် သေသည်ဟူသော ဒါဏ်ရာကို မတွေ့ရသော်လည်း ရင်ဝများ၌ သေးငယ်သော အပ်စိုက်ရာလေးများ ရှိနေကြောင်းတို့ကို သိရှိခဲ့ရ၏။ တင့်ရှန် ဆရာမကြီးကို ထိုးစိုက်လိုက်သော အပ်ချက်မှာ အနည်းငယ် တိမ်းစောင်းသွားသဖြင့် နှလုံးကို တိုက်ရိုက်မထိပဲ ဖြစ်သွားသည်။ ထိုစဉ်က လင့်ဟူချျုံးသည် ဆရာမကြီး နှစ်ယောက်အတွက် လက်စားချေပေးမည်ဟု ကတိသစ္စာ ကျိန်ဆိုခဲ့သေး၏။

ထိုအချက်များကို တဖြည်းဖြည်း ပြန်စဉ်းစားမိသောအခါတွင် လင့်ဟူချျုံးမှာ တစ်ကိုယ်လုံး တုန်ယင်လာတော့၏။ သူ့စိတ်ထဲတွင် တီးတိုးရွေတ်နေမိသည်မှာ ...

"အဲဒီ အချိန်တုန်းက တုံးဖန်းပုဟာ မဟူရာတောင်ကုန်းရဲ့ လျှို့ဝှက်မြေအောက်ခန်းထဲမှာ ရှိနေခဲ့တာပဲ။ ဒီတော့ ဆရာမကြီးနှစ်ယောက်ကို သတ်တဲ့သူဟာ တုံးဖန်းပု မဖြစ်နိုင်တော့ဘူး ... နောက်ပြီးတော့ ဒီလိုအပ်ချောင်းနဲ့ လူသတ်နိုင်တဲ့လူဟာ ဘီလူးမီးဓားသိုင်း တတ်တဲ့သူပဲ ဖြစ်ရမယ်ဆိုတော့ ဘယ်သူတွေ ဖြစ်နိုင်သေးလဲ ... ကျိုလင်ထန်တော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။ ကျိုလင်ထန်က ဘီလူးမီးဓားသိုင်း အတုကြီးကိုသာ တတ်ထားတဲ့လူ ဖြစ်နေတာကိုး ..."

လင့်ဟူချိုးက တွေးရင်း တွေးရင်း ကြက်သီး တဖြန်းဖြန်း ထလာမိတော့၏။ သို့သော် ဆက်၍ တွေးလိုက်သည်။

"ကျိုလင်ထန်ကို ဖယ်လိုက်ရင် လင်မိန်ကျက်နဲ့ ဆရာတို့နှစ်ယောက်ပဲ ကျန်တယ်။ ဒါပေမယ့် အဲဒီ အချိန်လောက်က လင်မိန်ကျက်ဟာ ဘီလူးမီးဓားသိုင်းကို လေ့ကျင့်ခါစပဲ ဖြစ်လိမ့်ဦးမယ်"

ထိုအချိန်တွင် လင့်ဟူချိုး၏ နဖူးမှ ချွေးတစ်ပေါက်ပေါက် ကျလာလေတော့၏။ သူ့အနေဖြင့် အသေအချာ သိလိုက်လေပြီ။ ဆရာမကြီးနှစ်ယောက်ကို အပ်ချောင်းဖြင့် ထိုးဖောက်တိုက်ခိုက်၍ သတ်လိုက်သောသူမှာ သူ့ဆရာ ရက်ပုချွန်မှလွဲ၍ အခြား မည်သူမျှ မဖြစ်နိုင်တော့။ သူ့ဆရာသာလျှင် ဖြစ်နိုင်တော့သည်။

ရက်ပုချွန်သည် အလွန် လျှို့ဝှက် ဖုံးကွယ်နိုင်သူ ဖြစ်သည်။ ဂိုဏ်းကြီးငါးဂိုဏ်း၏ ဂိုဏ်းချုပ်ကြီး လုပ်နိုင်ရန်အတွက် အစီအစဉ်များကို ရှေးမဆွကတည်းက ကြိုတင်စီစဉ်ခဲ့သည်။ ကျိုလင်ထန် စီစဉ်သည်ထက်ပင် ရက်ပုချွန်က ပို၍ စောကောင်း စောပေလိမ့်မည်။

လောင်တက်ကို ကောင်းဆန်းဂိုဏ်း၏ သူလျှိုမှန်း သိသော်လည်း ဆယ်နှစ်ကျော်အထိ မသိချင်ဟန်ဆောင် နေခဲ့သည်။ နောက်ဆုံး လောင်တက်က ဘီလူးမီးဓားသိုင်းကို ခိုးယူသွားနိုင်ရန် အကွက်ဆင်ပေးထားခဲ့သည်။ လောင်တက်ကလည်း ရက်ပုချွန်၏ ညွှတ်ကွင်းတွင် အစင်းသားမိကာ ရက်ပုချွန်က ခိုးယူစေချင်သော ဘီလူးမီးဓားသိုင်း အတုကြီးကို ခိုးယူသွားတော့၏။

ထိုပရိယာယ်၏ အကျိုးဆက်အဖြစ် ဂိုဏ်းကြီးငါးဂိုဏ်း၏ ဂိုဏ်းချုပ်ကြီးလုပွဲတွင် ကျိုလင်ထန်၏ မျက်လုံးကို ရက်ပုချွန်က အလွယ်တကူ ထိုးဖောက် အနိုင်ယူနိုင်ခဲ့ခြင်း ဖြစ်လေတော့၏။

လင့်ဟူချိုးက ထိုအချက်များကို စဉ်းစားမိသည်နှင့် သူ့အတွေးထဲတွင် ...

"အင်း တယ်ခက်ပါလား။ ဆရာက ငါ့အပေါ် ဘယ်လောက်ပဲ မကောင်းခဲ့၊ မကောင်းခဲ့။ ငါ့ကို ငယ်ငယ်ကလေး တည်းက ကျွေးမွေးပြုစု သတ်သင်ပေးခဲ့တဲ့ ကျေးဇူးတွေ ရှိနေခဲ့တယ်။ ဒီတော့ သူ့ကို ဘယ်လိုလုပ် ငါက သတ်နိုင်တော့ မလဲ။ ဒါပေမယ့် ဟန်ဆန်းဂိုဏ်းသားတွေက သူ့ကို ကလဲ့စားချေမယ်ဆိုရင်တော့ ငါ့အနေနဲ့ သူတို့ကို တားမြစ်ပိုင်ခွင့် မရှိဘူး။ အင်း ... ဆရာ့ရဲ့ သိုင်းပညာက ဘယ်လောက် ကြောက်စရာ ကောင်းသလဲ။ သူ့ကို ဟန်ဆန်းဂိုဏ်းသားတွေက ဘယ်လိုယှဉ်နိုင်မှာလဲ။ ဘာတွေ ဖြစ်လာဦးမလဲ မသိတော့ပါဘူးလေ"

သို့သော် အချက်တစ်ချက်ကို ချက်ချင်းသတိရလိုက်သဖြင့် 'ဆတ်' ကနဲ ဖြစ်သွားမိတော့၏။ သူ့အနေဖြင့် ဟန်ဆန်းဂိုဏ်းသားများက သူ့ဆရာအား လက်စားချေနိုင်စွမ်း ရှိမရှိကိုသာ စဉ်းစားနေခဲ့မိသည်။ သူ့ဆရာက ဟန်ဆန်း ဂိုဏ်းအား ဖျက်ဆီးရန် လျှို့ဝှက်ကြံစည်နေသည် ဆိုသည့် အချက်ကို လုံးဝ မေ့လျော့နေမိသည်။

ယခုမှ ရုတ်ခြည်း သတိရလိုက်သဖြင့် တစ်ဖက်ခန်း၌ အိပ်နေသော လင်းလင်းအား နှိုးလျက် အကြောင်းစုံ ရှင်းပြ လိုက်တော့၏။ ထိုအခါ လင်းလင်းကလည်း ဟန်ဆန်းဂိုဏ်းသို့ ချက်ချင်းသွားရန် သဘောတူသောကြောင့် အာရုဏ်တက်သည့် အချိန်ထိပင် စောင့်မနေနိုင်တော့ပဲ အထုပ် တစ်ထုပ်စီထမ်း၍ စတင် ခရီးထွက်ကြတော့သည်။

ဤသို့ ခရီးပြင်းနှင်ကြခြင်းကြောင့် ဟန်ဆန်းဂိုဏ်းရှိရာသို့ မကြာမီပင် ရောက်ရှိလာကြတော့သည်။ သို့သော် ဟန်ဆန်းတောင်တွင် တစ်ဦးတစ်ယောက်မျှ မတွေ့ရပဲ ဖြစ်နေသည်။

မယ်သီလရှင်များ၏ အခန်းများတွင်လည်း တစ်ဦးတစ်ယောက်မျှ ရှိမနေချေ။ ပစ္စည်းများလည်း အနှံ့အပြား ပြန့်ကြဲလျက် ရှိနေသည်။ ဓားများသည်လည်း နေရာအနှံ့ ပြန့်ကြဲနေ၏။

လင့်ဟူချိုးမှာ လွန်စွာ စိုးရိမ် ထိတ်လန့်သွားသည်။ သို့သော် တစ်ချက် သက်သာရာရသည်မှာ သွေးကွက်များ လုံးဝ မတွေ့ရခြင်းပင် ဖြစ်၏။ မည်သူမျှ ဒါဏ်ရာရဟန် မတူချေ။

ဟန်ဆန်းတောင်နှင့် မျက်နှာချင်းဆိုင်ဖြစ်သော တောင်ကုန်းသို့လည်း သွားရောက် စစ်ဆေးကြည့်မိသည်။ ထိုတောင်ကုန်းတွင် လူအတော်များများ နေခဲ့သည့်လက္ခဏာများကို တွေ့ရသည်။ ပန်းကန်ခွက်ယောက်များ ပြန့်ကြဲ နေသော အရက်အိုးများကိုလည်း အနှံ့အပြား တွေ့ရ၏။

လင့်ဟူချိုးမှာ အရက်အလွန်ကြိုက်သူ ဖြစ်သော်လည်း ယခုအချိန်မျိုးမှု လုံးဝ အရက်သောက်ချင်စိတ် မရှိတော့ပေ။ သူ့စိတ်ထဲတွင် ဟန်ဆန်းဂိုဏ်းသားများ အတွက်သာ ပူပန်နေမိတော့သည်။

လင့်ဟူချိုးက ...

"လင်းလင်း ... ငါတို့ တောင်ခြေကို အမြန်ဆုံးပြန်ဆင်းကြရအောင် ... တစ်ခုခုစားပြီးတာနဲ့ ခရီးဆက်မယ်။ ဟန်ဆန်း ဂိုဏ်းသားတွေကို ကယ်မှ ကယ်နိုင်ပါ့မလား မသိဘူး။"

ဤသို့ဖြင့် နှစ်ယောက်သား တောင်ခြေသို့ ရောက်လာကြကာ တောင်ခြေရှိ ထမင်းဆိုင်လေး တစ်ဆိုင်တွင်

ဝင်ထိုက်ကြလေ၏။ ထိုအခိုက်မှာပင် အတော်အတန် လှမ်းသည့်နေရာမှ ခရာသံ တစ်မျိုးကို ကြားလိုက်ရသည်။

လင့်ဟူချိုးက ထိုခရာသံကို အမှုမထားလိုက်မိသော်လည်း လင်းလင်းကမူ ကောင်းစွာသိသည်။ အကြောင်းမှာ ယင်းသည် နေမင်းသခင်ဂိုဏ်းသားများ တစ်ဦးနှင့်တစ်ဦး အချက်ပေးသည့်အခါ အသုံးပြုသည့် ခရာသံ ဖြစ်ပေသော ကြောင့်တည်း။

ထို့ကြောင့် လင့်ဟူချိုးကိုဆွဲ၍ လင်းလင်းက ခရာသံကြားရာအရပ်သို့ ပြေးလွှား သွားလေတော့၏။ ထိုအခိုက်မှာပင် ခပ်လှမ်းလှမ်းမှ လူတစ်ယောက် ပြေးလာသည်ကို တွေ့လိုက်ရ၏။ ထိုလူက လင်းလင်းတို့နှင့် ပက်ပင်းပါ တိုးမိသောအခါ ရုတ်တရက် ကြောင်သွား၏ ပြီးမှ ...

“နေမင်း သမီးတော်ကလေး ... နေကောင်း ပါတယ်နော်”

လင်းလင်းက ခေါင်းကို တစ်ချက် ညိတ်ပြလိုက်၏။ ထိုစဉ်မှာပင် နောက်ထပ် လူတစ်ယောက်ကလည်း ဘေးဘက်မှ ပြေးလာပြန်သည်။ ထိုသူသည်လည်း လင်းလင်းကို တွေ့လိုက်သည်နှင့် ချက်ချင်း ခြေလှမ်းကို ရပ်ကာ လင်းလင်းကို အရိုအသေ ပေးပြန်တော့သည်။

“နေမင်း သမီးတော်ကလေး ... သက်တော် ရာကျော် ရှည်ပါစေ”

လင်းလင်းသည် ထိုလူကိုမူ ကောင်းစွာ သိဟန်တူ၏။

“ချန်ဖန် ... ရှင်တို့ ဘာဖြစ်လို့ ဒီကို ရောက်နေကြရတာလဲ”

ချန်ဖန်ဆိုသူက ...

“ဂိုဏ်းချုပ်ကြီးရဲ့ အမိန့်အရ ကျွန်တော်တို့ အနေနဲ့ ဒီမှာ လာစုံစမ်း နေရတာပါ။ ရိကျုံး ... မင်း ဘာသတင်းများ ရခဲ့သလဲ”

ရိကျုံးဆိုသူက ...

“ဟုတ်ကဲ့ ဆရာကြီး။ ကျွန်တော် ရခဲ့တဲ့ သတင်းတစ်ခုကတော့ ကောင်းဆန်းဂိုဏ်းက ကျိုလင်ထန်ရဲ့သား ကျိုဖေရင်း ခေါင်းဆောင်တဲ့ ကောင်းဆန်းဂိုဏ်းသား လူတစ်ရာကျော်လောက် ဝါဆန်းတောင်ဖက် ထွက်သွားကြတာ တွေ့လိုက်ပါတယ်”

ချန်ဖန်က ...

“သြော် ... သူတို့ တစ်ကယ်ပဲ ဝါဆန်းတောင်ကို သွားကြတာကိုး ...”

ထိုအခါ လင်းလင်းကြားဖြတ်မေးလိုက်သဖြင့် ချန်ဖန်က ...

“ကျွန်တော်တို့ ဂိုဏ်းချုပ်ကြီးက သတင်းတစ်ခု ရထားပါတယ်။ တောင်ငါးလုံး ဂိုဏ်းချုပ်ကြီး ရက်ပုချွန်ဟာ သူ့ဂိုဏ်းသားတွေအားလုံး ဝါဆန်းတောင်ကို လာကြဖို့ အမိန့်ပေးထားတယ်ဆိုတဲ့ သတင်းပါပဲ။ ဒီအစီအစဉ်ဟာ ကျွန်တော်တို့ဂိုဏ်းကို လုပ်ကြံတိုက်ခိုက်မယ့် အစီအစဉ်လို့ ကျွန်တော်တို့ရဲ့ ဂိုဏ်းချုပ်ကြီးက ထင်မြင်ယူဆထားပါတယ်။ အခု ကောင်းဆန်းဂိုဏ်းသားတွေ လှုပ်ရှားနေပုံမျိုးနဲ့ဆိုရင် ကျွန်တော်တို့ဂိုဏ်းကို ထိုးစစ်ဆင်မှာ သေချာသလောက် ဖြစ်နေပါတယ်”

လင်းလင်းက ...

“လင့်ဟူချိုးက ဟန်ဆန်းဂိုဏ်းချုပ်ပဲ။ ရက်ပုချွန်က တောင်ငါးလုံးဂိုဏ်းသားတွေ ဝါဆန်းတောင်မှာ စုရမယ်ဆိုတဲ့ အမိန့်ကို လင့်ဟူချိုးက ဘာဖြစ်လို့ မရသလဲ”

ချန်ဖန်က ...

“ကျွန်တော်တို့အနေနဲ့ ထိုက်ဆန်းဂိုဏ်းနဲ့ ချုံဆန်းဂိုဏ်းက လူတွေအားလုံး ဝါဆန်းတောင်ဖက် ထွက်သွား ကြပြီလို့တော့ သတင်းရထားပြီးပါပြီ။ ဟန်ဆန်းဂိုဏ်းကတော့ လုံးဝ မလှုပ်ရှားသေးဘူး။ ဒါကြောင့် ဟန်ဆန်းဂိုဏ်းသားတွေရဲ့ လှုပ်ရှားမှုကို စောင့်ကြည့်ခိုင်း ထားတဲ့ ကျွန်တော်တို့ရဲ့လူ ပြန်အလာကို စောင့်နေကြတာပါ။ သူပြန်လာရင်တော့ အားလုံးကို အကြောင်းစုံ သိရမှာပါပဲ ...”

ထိုအခါ လင့်ဟူချိုး၏ စိတ်ထဲ၌ “ဟန်ဆန်းဂိုဏ်းသားတွေကို ဖမ်းသွားတာ ရက်ပုချွန်ပဲလား။ ဒါမှမဟုတ် ဆရာကြီး လင်းရှင်ပဲလား။ ဆရာကြီး လင်းရှင် ဖမ်းသွားတာကို ဖုံးကွယ်ရအောင် ဒီ ချန်ဖန်းဆိုတဲ့ လူက ဟန်ဆောင်ပြီး ပြောနေတာ များလား”

ထိုစဉ် ချန်ဖန်က လင့်ဟူချိုးကို အရိုအသေ တစ်ချက်ပေးကာ ...

“ဆရာလေး ... ကျွန်တော်တို့ကို ခွင့်လွှတ်ပါ။ ကျွန်တော်တို့က ဆရာကြီးရဲ့ အမိန့်အရ ဆောင်ရွက်ရတာပါ”

လင့်ဟူချုံးက ပြုံး၍ ပြန်ပြောလိုက်သည်။
"ကိစ္စမရှိပါဘူး။ ... ကျုပ်က လင်းလင်းနဲ့ မကြာခင် လက်ထပ်တော့မှာပဲ"
လင်းလင်း၏ မျက်နှာလေးမှာ ပန်းဆီပန်းသွေးများဖြင့် ပက်ဖျန်းလိုက်သကဲ့သို့ ရဲရဲနီသွားတော့သည်။ 'အို' ဟူသော အာမေဋိတ်သံ လေးပင် ထွက်သွားသည်။ လင့်ဟူချုံး၏ စကားကို ငြင်းတော့ မငြင်းချေ။
လင့်ဟူချုံးက ဆက်၍ ...
"ခင်ဗျား အနေနဲ့ ကျုပ်ယောက္ခမကြီးရဲ့ အမိန့်အရ လုပ်ရတာဆိုတော့ ကျုပ်က ဘယ်လိုလုပ်ပြီး အပြစ်တင်နိုင်တော့မှာလဲ"
ချန်ဖန်တို့နှစ်ယောက်မှာ ပြုံးရွှင်စွာနှင့်ပင်
"ဆရာလေး ... ဆရာလေးနဲ့ နေမင်းသမီးတော် ကလေးတို့ အတွက် ခုကတည်းက ဆုတောင်းပတ္တနာ ပြုလိုက်ပါတယ်"
လင်းလင်းမှာ မည်သည့်စကားမျှ ပြောမထွက်တော့ပဲ ငြိမ်သက်စွာ နားထောင်နေတော့သည်။
ချန်ဖန်က "လက်ဝဲရံကြီး ရှန့်ဝန့်ထင်းက ကျွန်တော်တို့ကို အသေအချာ မှာကြားထားပါတယ်။ ဟန်ဆန်း ဂိုဏ်းသားတွေနဲ့ တွေ့ရင် ရိုင်းရိုင်းပျပျ မဆက်ဆံရဘူး။ သတင်းသာရအောင် စုံစမ်းရမယ်။ ဘာမှ ခိုက်ရန် မဖြစ်ပွားရဘူး လို့ အတန်တန် မှာကြားလိုက်ပါတယ်"
ထိုစဉ် ခပ်လှမ်းလှမ်းမှ မိန်းမသံတစ်သံ ထွက်ပေါ်လာသည်။ ထိုမိန်းကလေးသည် ရယ်မော၍ ပြောနေခြင်း ဖြစ်ကြောင်း သူ့အသံက သက်သေခံနေ၏။
"လင့်ဟူချုံးရဲ့ ဓားသိုင်းက သိုင်းလောကမှာ အကောင်းဆုံးပဲ။ ရှန့်ဝန့်ထင်းက ရှင်တို့ကို ဟန်ဆန်း ဂိုဏ်းသားတွေနဲ့ တွေ့ရင် ခိုက်ရန်မဖြစ်အောင် နေခိုင်းတာက ရှင်တို့ရဲ့ အကျိုးကိုကြည့်ပြီး အမြော်အမြင်ကြီးစွာနဲ့ မှာလိုက်တာရှင့်။ အဲဒါကို နားလည်ကြလား"
လင့်ဟူချုံးက လှမ်း၍ ကြည့်လိုက်သောအခါ အဆိပ်ဘုရင်မ လန်ဖုန်းဖုန်း ဖြစ်နေသည်ကို တွေ့ရသဖြင့် လှမ်း၍ နှုတ်ဆက်လိုက်သည်။ လန်ဖုန်းဖုန်းက လင့်ဟူချုံးအနား ရောက်လာသောအခါ ...
"အစ်ကိုကြီး ... နေကောင်းတယ်နော်"
"နေကောင်းပါတယ်။ .. မင်းကော ကျန်းကျန်းမာမာပဲ မဟုတ်လား"
လန်ဖုန်းဖုန်းအကြောင်းကို ကောင်းစွာသိသူ ချန်ဖန်မှာ အနားတွင် မနေရဲတော့ပေ။ သူက လင်းလင်းအား ...
"နေမင်းသမီးတော်ကလေး ... ကျွန်တော်တို့ အခု လောလောဆယ် ဘာလုပ်ရမလဲ ဆိုတာ အမိန့်ရှိပါ။"
"ကျွန်မအနေနဲ့ ဘာမှ အမိန့်ပေးစရာ မရှိပါဘူး။ ရှင်တို့ကို ဂိုဏ်းချုပ်ကြီးက အစအဆုံး ဘယ်လို ဆောင် ရွက်ရမယ် ဆိုတာ အစီအစဉ် ချပေးလိုက်မှာပေါ့။ ဂိုဏ်းချုပ်ကြီးမှာတဲ့ အတိုင်းသာ ဆက်လုပ်ပါ"
ထိုအခါ ချန်ဖန်တို့နှစ်ယောက် ထွက်သွားကြတော့၏။ လန်ဖုန်းဖုန်းက ထိုသောအခါမှ ...
"အစ်ကိုကြီး တို့ရဲ့ ဟန်ဆန်းဂိုဏ်းက မယ်သီလရှင်တွေကို တစ်ခြားသူတွေ ဖမ်းသွားတာ သွားမကယ်ကြသေးဘူး လား"
"ဟုတ်လား ... ငါလည်း တစ်လမ်းလုံး စုံစမ်းလာတာပဲ။ ဘာမှ မတွေ့ရသေးဘူး။ သဲလွန်စ မတွေ့ရတော့ ဘယ်မှာ သွားကယ်ရမှာလဲ ..."
"အစ်ကိုကြီးတို့ အခုသွားတဲ့လမ်းက ဝါဆန်းဂိုဏ်းကို သွားတဲ့လမ်းမှ မဟုတ်တာ။ လမ်းမှားနေပြီ ..."
"ဘာ ... ငါ့ဂိုဏ်းသားတွေကို ဝါဆန်းဂိုဏ်းက ဖမ်းသွားတယ် ... ဟုတ်လား"
"ဟုတ်တယ် ... ဝါဆန်းဂိုဏ်းက ဖမ်းသွားတာ ... ကျွန်မတို့က လင်းလင်းအဖေရဲ့ အမိန့်အရ ဟန်ဆန်းဂိုဏ်းရဲ့ အခြေအနေကို စောင့်ကြည့်နေတာပါ။ အားလုံးက ဟန်ဆန်းဂိုဏ်းရဲ့ မျက်နှာချင်းဆိုင် တောင်ကုန်းမှာပဲ နေကြပါတယ်။ နောက်နေ့မနက် ကျွန်မတို့ လက်ဖက်ရည်ကြမ်း သောက်ကြတယ်။ လက်ဖက်ရည်ကြမ်းထဲမှာ ဆေးထည့်ထားမှန်း ကျွန်မက သိလိုက်တယ်။ ဒါပေမယ့် မသိသလိုပဲ နေလိုက်တယ်။ နောက်တော့ လူအားလုံး တဖွဲဖွဲ လဲကျတော့တာပဲ။ ကျွန်မလဲ အားလုံးနဲ့ ရောပြီး လဲကျဟန်ဆောင်လိုက်တယ်"
လင့်ဟူချုံးက ရယ်၍ ...
"ဟား ... ဟား ... ဟား ... တကယ့်ကောင်တွေပဲ။ ရာဇဝတ်အိုး တုတ်နဲ့ထိုးဆိုတာ ဒါမျိုးပေါ့။ ဒေဝီဂိုဏ်းချုပ် လန်ဖုန်းဖုန်းကိုမှ လာပြီး ဆေးခတ်မိတာကိုး။ မိကျောင်းမင်းကို ရေခင်း လာပြကြတာ ပေါ့လေ။ ဟား ... ဟား ... ဟား

...”

လန်ဖုန်းဖုန်းကလည်း ရယ်မောကာ ...

“ဟုတ်တယ်။ ဒီကောင်တွေက တကယ်ပဲ သေချင်နေကြတာ ...”

“ဒါနဲ့ မင်းက ဒီအတိုင်းငြိမ်နေလိုက်သလား။ ဘာဖြစ်လို့ သူတို့ကို ပြန်ပြီး အဆိပ်မခတ်သလဲ”

“ကျွန်မက သူတို့အခြေအနေကို သိချင်လို့ လဲကျသွားတဲ့ပုံမျိုး ဟန်ဆောင်လိုက်တာပါ။ ဒါတောင် ဒီကောင်တွေထဲက နှစ်ယောက်က ကျွန်မ တစ်ကယ် မေ့လဲနေပြီလို့ထင်ပြီး လက်သရမ်း ချင်ကြသေးတယ်။ အဲဒီကောင် နှစ်ကောင်တော့ တစ်ခါတည်း ပွဲချင်းပြီး သေသွားတာပဲ။ အဲဒီတော့မှ ကျန်တဲ့ သူတွေ ကြောက်သွားကြတယ်။ ဘယ်သူမှ ကျွန်မအနား မကပ်ရဲတော့ဘူး။ သူတို့ပြောနေတဲ့ စကားတွေကြားပြီး ရယ်ချင်လိုက်တာ ... ကျွန်မသေသွားရင် တစ်ကိုယ်လုံး အဆိပ်တုံးကြီး ဖြစ်နေမှာပဲတဲ့ ... ခစ် ... ခစ် ... ခစ်”

လန်ဖုန်းဖုန်းက ပြောရင်းမှ တခစ်ခစ်နှင့် ရယ်နေတော့၏။

“နောက်တော့ ဘာဖြစ်သေးလဲ”

လင့်ဟူချုံးက မေးလိုက်သည်။

“ဖြစ်တာတွေကတော့ အများကြီးပေါ့။ ကျွန်မက တစ်ချိန်လုံး မေ့လဲချင်ဟန်ဆောင်နေတော့ အားလုံးကို သိနေတော့ တာပေါ့။ ဒီကောင်တွေဟာ ဟန်ဆန်းတောင်ကုန်းပေါ်ကို တက်ပြီး မယ်သီလရှင်တွေကို ဖမ်းလာကြတယ်။ ခေါင်းဆောင် ကတော့ တစ်ခြားလူ မဟုတ်ပါဘူး အစ်ကိုကြီးရဲ့ ဆရာ ရက်ပုချွန်ပဲ”

လင့်ဟူချုံးက မည်သည့်စကားကိုမျှ ဝင်မစွက်ပဲ ငြိမ်သက်စွာ နားထောင်နေသည်။ လန်ဖုန်းဖုန်းက ဆက်၍ ....

“အစ်ကိုကြီးရဲ့ဆရာကို ကြည့်ရတာ သိပ်မဟန်ဘူး။ သူ့စိတ်တွေ မှုမှန်ပုံမရဘူး။ ဟိုနေ့က ရှောင်လင် ဘုရားကျောင်းမှာတုန်းက အစ်ကိုကြီးကိုသတ်ဖို့ ကြိုးစားခဲ့တယ်။ အခု အစ်ကိုကြီးက ဟန်ဆန်းဂိုဏ်းချုပ် ဖြစ်ပြန်တော့လဲ အစ်ကိုကြီးရဲ့ တပည့်တွေ အားလုံးကို ဖမ်းသွားပြန်တယ်။ ဒါက အစ်ကိုကြီးကို သက်သက် အရှက်ခွဲတဲ့ ကိစ္စပဲ”

လင့်ဟူချုံးက ...

“အင်း ... ဆက်ပြောပါဦး။ အားလုံးကြားပြီးမှ စဉ်းစားရမှာပဲ”

လန်ဖုန်းဖုန်းက ...

“ကျွန်မ ဒေါသထွက်လွန်းလို့ ရက်ပုချွန်ကိုတောင် အဆိပ်ခတ်သတ်လိုက်မလို့ စိတ်ကူးလိုက်သေးတယ်။ ဒါပေမယ့် အစ်ကိုကြီးရဲ့ သဘောကို မသိသေးတော့ ကျွန်မက သူ့ကိုမသတ်ပဲ အသက်ချမ်းသာ ပေးလိုက်ရတယ်။”

“အေး ... မင်းအနေနဲ့ အခုလို ငါ့မျက်နှာကို ထောက်ထားလိုက်တဲ့ အတွက် ကျေးဇူးတင်ပါတယ်ကွာ”

“သူတို့ရဲ့ စကားသံတွေကို ကျွန်မ ကောင်းကောင်း ကြားနေရတယ်။ သူတို့က အစ်ကိုကြီးမရှိတုန်း မြန်မြန် လုပ်ကြတာပဲ။ တော်ကြာ အစ်ကိုကြီး ပြန်အလာနဲ့ တိုးနေရင် သူတို့ အစီအစဉ် တွေ ပျက်သွားမှာလည်း စိုးရိမ်နေတယ်။ တချို့ကတော့ အစ်ကိုကြီး တောင်ပေါ်မှာ မရှိတာကို နမြောနေကြတယ်။ နို့မဟုတ်ရင် အစ်ကိုကြီးကိုပါ တစ်ခါတည်း ဖမ်းသွားကြမယ်တဲ့။ ဟင်း ... ဟင်း ... ဟင်း ...”

လင့်ဟူချုံးက ပြုံး၍ ...

“ငါ့ညီမ လန်ဖုန်းဖုန်း တစ်ယောက်လုံးရှိတာ သူတို့ ငါ့ကို ဖမ်းဖို့ ဘယ်လွယ် ပါ့မလဲ။ ငါ့ကို ဖမ်းတာနဲ့ သူတို့အားလုံး သေကုန်မှာပေါ့ ...”

“ဟုတ်တယ် ... သူတို့ ကံကောင်းသွားကြတယ်။ သူတို့သာ အစ်ကိုကြီးကို နည်းနည်းကလေး ထိမိရင် ကျွန်မကလဲ သူတို့ထဲက အနည်းဆုံး လူတစ်ရာလောက်ကို အဆိပ်နဲ့ သတ်ပစ်လိုက်မှာ”

ပြောပြောဆိုဆိုနှင့် သူမက လင်းလင်းဖက် လှည့်လိုက်ကာ ...

“လင်းလင်း ... သဝန်မတိုနဲ့နော်။ ကျွန်မက သူ့ကို ကျွန်မရဲ့ အစ်ကိုကြီးအရင်း တစ်ယောက်လို သဘောထား ပါတယ်။”

လင်းလင်းမှာ ရှက်သွေးဖြန်းသွားတော့၏။ သူမက လန်ဖုန်းဖုန်း၏ ပွင့်ပွင့်လင်းလင်း ပြောတတ်သည့် အကျင့် စရိုက်ကို သိသော်လည်း ယခုပြောလိုက်သည့် စကားအတွက်မူ မရှက်ပဲ မနေနိုင်ချေ။ သို့သော် သူမ၏ မျက်နှာကို အတတ်နိုင်ဆုံး ထိန်းသိမ်းလျက် ...

“အို ... ကိစ္စမရှိပါဘူး။ အစ်ကိုက ရှင့်အကြောင်း ကျွန်မကို အမြဲ ပြောပြနေကြပါ။ ရှင်က အစ်ကို့ အပေါ်မှာ သိပ်ကောင်းခဲ့သတဲ့”

လန်ဖုန်းဖုန်းမှာ အလွန်သဘောကျ သွားပြီး ...

"ဟုတ်လား ... တစ်ကယ်လား .. ကျွန်မထင်တာက အစ်ကိုကြီးဟာ ရှင့်ရှေ့မှာ ကျွန်မအကြောင်း မပြောရဲဘူးလို့ ထင်နေတာ"

"ဘယ်မပြောရဲပဲ နေမလဲ ... အကုန်ပြောပြတာပဲ။ ဒါထက် ရှင်မေ့လဲချင်ဟန်ဆောင်တော့ နောက်ဆုံး ဘယ်လို လွတ်လာသလဲ"

"ဒါလား ... ကျွန်မကို သူတို့က ထိမှမထိရဲကြတာ။ ဒီတော့ ဒီအတိုင်းပဲထားပြီး ထွက်သွားတာပေါ့။ သူတို့နောက်ကို ကျွန်မက ခြေရာခံပြီး လိုက်ခဲ့သေးတယ်။ သူတို့အားလုံး ဝါဆန်းတောင်ကိုသွားတာ သေချာတော့မှ ဆက်မလိုက်ပဲ ပြန်ဆုတ်ခဲ့တာ။ အစ်ကိုကြီးတို့ကို ဒီအကြောင်းပြောပြဖို့ လိုက်ရှာနေတာပဲ။ ကံကောင်းလို့ အခုမှ ဒီမှာ ဆိုက်ဆိုက် မြိုက်မြိုက် လာတွေ့ရတာ ..."

"အေး ... မင်းကို သိပ်ကျေးဇူးတင်တာပဲ။ နို့မဟုတ်ရင် ဘယ်သောင် ဘယ်ကမ်း လိုက်ရှာရမှန်းမသိဘူး။ အခုအတိုင်းဆိုရင် သိပ်အချိန်ဆွဲနေလို့ မဖြစ်တော့ဘူး။ ဝါဆန်းတောင်ကို အခုချက်ချင်း လိုက်သွားမှ ဖြစ်မယ်"

ဤသို့ဖြင့်သုံးယောက်သား အနောက်ဖက်သို့ ပြန်လှည့်ကာ ခရီးကြမ်း နှင်ကြတော့၏။ သူတို့ အချိန်မှီ ရောက်မှသာ ဟန်ဆန်း ဂိုဏ်းသားများကို ကယ်တင်နိုင် ပေလိမ့်မည်။

သို့သော် လမ်းတစ်လျှောက် မည်သည့် သတင်းမျှ မေးမြန်းစုံစမ်း၍မရပဲ ဖြစ်နေသည်။ လင့်ဟုချုံးမှာ တအံ့အသြဖြင့် ရေရွတ်နေမိတော့၏။

"သူတို့က ဒီလောက် လူအုပ်ကြီးနဲ့ ခရီးသွားကြတာပဲ။ လမ်းတစ်လျှောက်လုံးမှာ သူတို့ကို တွေ့တဲ့သူ ဘာဖြစ်လို့ မရှိရတာလဲ။ ... သူတို့ ဒီလမ်းက မသွားကြလို့များလား ..."

× × × × ×

## သွေးစွန်းသော ဝါဆန်း

သုံးရက်မြောက် သောနေ့တွင် စားသောက်ဆိုင်တစ်ခု၌ ဝင်ရောက်စားသောက်နေသည့် ချုံးဆန်းဂိုဏ်းသား လေးယောက်တို့ကို တွေ့လိုက်ကြရ၏။ လင့်ဟူချုံးတို့ အသာ ကိုယ်ရှိန်သတ်လျက် ထိုသူများ၏စကားကို နားစွင့်နေလိုက်သည်။ ဤကဲ့သို့ လူစုစု လူအုပ်အုပ်ကို တွေ့ကြရလျှင် သတင်း တစ်စုံတစ်ရာ ရစမြဲ။

လင်းလင်းနှင့် လန်ဖုန်းဖုန်းတို့ကို သိုသိုသိပ်သိပ်နေကြရန် လင့်ဟူချုံးက အချက်ပြလိုက်သည်။ သူတို့နှစ်ယောက်မှာလည်း အရိပ်ပြလျှင် အကောင်ထင် ကြသူများဖြစ်၍ တိတ်ဆိတ်ငြိမ်သက်စွာ ထိုင်နေကြ လေတော့သည်။ ချုံးဆန်းဂိုဏ်းသားလေးယောက်ထဲမှ တစ်ယောက်က စတင်စကား ပြောလိုက်သည်။

"တော်သေးလို့ ငါတို့ ခရီး မလွန်တာပဲဟေ့။ နို့မဟုတ်ရင်တော့ အဲဒီအခွင့်အရေးကြီးကို လက်လွတ်ကြရမှာ"

နောက်တစ်ယောက်ကလည်း ...

"အေး ... ဟုတ်တယ်။ ငါတို့အနေနဲ့ နည်းနည်းမှ ပေါ့ဆလို့ မဖြစ်ဘူး။ ဒီလိုကိစ္စမျိုးက အချိန်မရွေး ပြောင်းလဲနိုင်တဲ့ ကိစ္စမျိုး၊ မြန်မြန်ရောက်လေ ကောင်းလေပဲ။"

သူတို့စကားများက ပဟေဠိသဖွယ် ဖြစ်နေ၏။ မည်သည့်အကြောင်းအရာကို ပြောနေမှန်း ရုပ်လုံးဖော်၍ မရနိုင်သေးပေ။ လင့်ဟူချုံးသည် ဤလူလေးယောက် ဝါဆန်းဂိုဏ်းသို့ အဘယ်ကြောင့် ဤမျှ မြန်မြန်ဆန်ဆန် သွားချင်နေကြသည်ကို အလွန်သိချင်နေမိ၏။

သို့သော် ထိုလူလေးယောက်သည် သူတို့ ဤမျှ အလောသုံးဆယ် သွားရခြင်း အကြောင်းကို တစ်ခွန်းတစ်ပါဒမျှ မပြောကြသေးပေ။

ထိုစဉ် လန်ဖုန်းဖုန်းက တိုးညင်းသော လေသံကလေးဖြင့် လင့်ဟူချုံးအား တီးတိုး ပြောကြား လိုက်သည်။

"အစ်ကိုကြီး။ ဒီလေးယောက်ကို ဖမ်းပြီး စစ်ဆေးလိုက်ရင် အားလုံး သိရမှာပဲ။ ဘယ့်နှယ့်လဲ ... ဖမ်းမလား ..."

လင့်ဟူချုံးက ခေါင်းကို တွင်တွင် ခါယမ်းလိုက်မိသည်။ အဘယ်ကြောင့်ဆိုသော် ချုံးဆန်းဂိုဏ်းချုပ် ဆရာကြီးမော်တားသည် မိမိအပေါ်၌ လွန်စွာ ကောင်းခဲ့သူ တစ်ယောက် မဟုတ်ပါလား။ ယင်းသို့သော မိမိအပေါ် စေတနာထားသူ တစ်ယောက်၏ တပည့်များကို လင့်ဟူချုံးအနေဖြင့် လက်ဖျားနှင့်ပင် မထိထိုက်ချေ။ သူတို့ကို ဖမ်းဆီး စစ်ဆေးခြင်းအားဖြင့် ဆရာကြီးမော်တားအား စော်ကားသလို ဖြစ်သွားပေလိမ့်မည်။

ထို့ကြောင့် လင့်ဟူချုံးက ...

"ဟင့်အင်း ... သူတို့ကို ဖမ်းလို့ မဖြစ်သေးပါဘူး။ ဝါဆန်းတောင်မှာ တစ်ခုခု ထူးခြားနေတာတော့ သေချာနေပြီ။ ငါတို့ အနေနဲ့ ဝါဆန်းတောင်ကို အမြန်ဆုံး ရောက်မှပဲ အကြောင်းစုံ သိရတော့မှာပဲ ..."

လင့်ဟူချုံး၏ စကားကြောင့် အားလုံး စားသောက်ဆိုင်မှ ထွက်လာကြကာ ခြေလှမ်းများကို ယခင်ကထက် သွက်လက်လျင်မြန်စွာ လျှောက်ကြလေတော့၏။ ချုံးဆန်းဂိုဏ်းသား လေးယောက်မှာ သူတို့နောက်၌ ပြတ်ကျန်ခဲ့ကြလေပြီ။

နောက်ထပ် သုံးရက်ခန့် ကြာသော်အခါ သူတို့သည် ဝါဆန်းတောင်ခြေသို့ ဆိုက်ရောက်လာကြတော့၏။ သူတို့ ရောက်ရှိလာချိန်တွင် နေဝင်ရီတရော ဖြစ်နေချေပြီ။

လင့်ဟူချုံးမှာ ဝါဆန်းတောင်၌ ကြီးပြင်းလာခဲ့သူဖြစ်ရာ ဝါဆန်းတောင်အကြောင်းကို နောကျေနေသူဖြစ်၍ ဝါဆန်းတောင်၏ တောင်ဆင်းတောင်တက်လမ်းများ၊ ဝါဆန်းတောင်ရှိ ကျောက်ဂူများသို့ မျက်စိမှိတ်၍ သွားနိုင်သူဖြစ်သည်။ ထို့ကြောင့် သူက ...

"ငါတို့ တောင်ရဲ့အရှေ့ဖက်က မတက်ဘူး။ အနောက်ဖက်က တက်ကြမယ်။ ဒါဆိုရင် လူတွေနဲ့ တိုးတော့မှာ မဟုတ်ဘူး ... "

လင့်ဟူချူး၏ အစီအစဉ်အတိုင်းပင် တောင်၏အနောက်ဖက်မှ ခက်ခက်ခဲခဲ တွယ်တက်ကြတော့၏။ ထိုတောင်တက်လမ်းမှာ ကြမ်းတမ်းခက်ခဲလှသဖြင့် သာမန်လူဆိုလျှင် မည်သို့မျှ တက်နိုင်လိမ့်မည် မဟုတ်ချေ။ သူတို့ သုံးယောက်လုံးမှာ သိုင်းပညာရှင်များ ဖြစ်နေကြ၍သာ တက်နိုင်ကြခြင်း ဖြစ်သည်။

မည်မျှ မြန်ဆန်စွာ တက်နိုင်ခဲ့သည် ဆိုစေကာမူ သူတို့ တောင်ထိပ်သို့ ရောက်ရှိသောအခါတွင် မိုးစုပ်စုပ်ချုပ်သွားလေပြီ။ တစ်တောင်လုံး မည်းမှောင် နေတော့သည်။

လင်းလင်းနှင့် လန်ဖုန်းဖုန်းတို့နှစ်ယောက်ကို ဦးဆောင်၍ လင့်ဟူချူးသည် ဝါဆန်းဂိုဏ်း၏ ခန်းမကြီးထဲသို့ ဝင်လာလိုက်၏။

သို့သော် ခန်းမကြီးထဲ၌ လူဟူ၍ တစ်ယောက်မျှမတွေ့ရပဲ ဖြစ်နေသည်။ ထို့ကြောင့် တစ်ခြား အခန်းများသို့ပါ လှည့်ပတ်ကြည့်ရှု စစ်ဆေးလိုက်သည်။ ထိုအခန်းများတွင်လည်း ခွေးတစ်ကောင် ကြောင်တစ်မြီးမျှ မရှိ။ အားလုံး တိတ်ဆိတ် ငြိမ်သက်နေသည်။

လန်ဖုန်းဖုန်းက ...

"အစ်ကိုကြီး ... ကျွန်မတို့တော့ အညာမိပြီ ထင်တယ်။ ဟိုကောင်တွေရဲ့ လှည့်ကွက်ထဲ ဝင်လိုက်မိပြီ။ သူတို့က ဝါဆန်းတောင်ကို သွားမယ်လို့ ပြောပြီး တစ်ခြား တစ်နေရာကို သွားကြတာနဲ့ တူတယ်။"

လင့်ဟူချူးမှာ နဖူးကြောကြီးများ ထောင်ထနေအောင် စဉ်းစားနေမိတော့၏။ အတော်ကလေး စဉ်းစားရခက်နေသည်။ ဝါဆန်းဂိုဏ်းသားများ အဘယ်သို့ သွားကြလေသနည်း။ ခြေရာလည်းပျောက်၊ ရေလည်း နောက်နေချေပြီ။ မည်သည့်နေရာသို့ သွားရှာရမည်ကို မတွေးတတ်ကြတော့။ ထိုစဉ် လန်ဖုန်းဖုန်းက ...

"အစ်ကိုကြီး ... ကျွန်မတို့ ဒီအတိုင်း ရပ်နေလို့ မဖြစ်ဘူး။ လူစုခွဲပြီး ရှာရင်ကောင်းမယ်။ ရှာရမယ့် နေရာကို နှစ်ပိုင်းခွဲပြီး သုံး ယောက်လုံး လိုက်ရှာမယ်။ တစ်နာရီပြည့်အောင် ရှာပြီးရင် ဒီမှာပဲ ပြန်ဆုံကြမယ်။ ဘယ့်နှယ်လဲ ..."

"အေး ... မင်းပေးတဲ့ အကြံကောင်းတယ်။ ငါတို့ သုံးယောက် နှစ်စုခွဲပြီး လိုက်ရှာကြတာပေ့ါ"

လင့်ဟူချူးသည် လန်ဖုန်းဖုန်း၏အကြံကို သဘောတူလိုက်သည်။ လန်ဖုန်းဖုန်း၏ အဆိပ်ပညာမှာ လွန်စွာကောင်း၏။ ထို့ကြောင့် သူမကို မည်သူမျှ ထိရဲလိမ့်မည် မဟုတ်ချေ။

လင့်ဟူချူးက လန်ဖုန်းဖုန်းအား ...

"ညီမလေး၊ တစ်ခြားသူတွေကိုတော့ မင်းကြောက်စရာ မလိုဘူး။ သူတို့ကသာ မင်းကို ကြောက်ရမှာပါ။ ဒါပေမယ့် ငါ့ဆရာ ရက်ပုချွန်နဲ့တွေ့ရင်တော့ မင်း ကောင်းကောင်း သတိထားနော်။ သူက ဉာဏ်နီ ဉာဏ်နက် များရုံတင်မက သူ့ဓားကလည်း အင်မတန် မြန်တယ်"

လန်ဖုန်းဖုန်းမှာ လင့်ဟူချူးက သူမအပေါ် ဤမျှ ဂရုတစိုက် မှာကြားသည်ကို တွေ့ရသောအခါ လွန်စွာ ကျေးဇူးတင်သွားပြီး ကြည်နူးဝမ်းသာ သွားသည်။

"အစ်ကိုကြီးရဲ့ဆရာ ရက်ပုချွန်ကို ကျွန်မ ကောင်းကောင်းကြီး သတိထားပါ့မယ်။ ... ကျွန်မအတွက် သိပ်ပြီး စိတ်မပူပါနဲ့။"

လင့်ဟူချူးက ခေါင်းတညိတ် ညိတ် ပြုလိုက်သောအခါ လန်ဖုန်းဖုန်းသည် သူရှာရမည့်အပိုင်းသို့ ထွက်ခွာသွားလေတော့၏။

လင့်ဟူချူးကလည်း လင်းလင်းကို ခေါ်ကာ သူရှာရမည့်ဖက်သို့ ထွက်လာခဲ့သည်။ အချိန်အတော်ကြာ လှည့်ပတ်ရှာဖွေသော်လည်း မည်သူ့ကိုမျှ မတွေ့ရပဲ ဖြစ်နေသည်။ လူရိပ်လူယောင်ဟူ၍ လုံးဝ မတွေ့ကြရချေ။

ထိုစဉ် လင်းလင်းက ...

"အစ်ကို ... ဒီဝါဆန်းတောင်မှာ အစ်ကိုနဲ့ သိပ်ပြီး ပတ်သက်ခဲ့တဲ့ နေရာတစ်ခုရှိခဲ့တယ်ဆို၊ အဲဒီနေရာကို အခု လိုက်ပြပါလား။ ကျွန်မ သိပ်ကြည့်ချင်တာပဲ။"

"လင်းလင်းက ဟိုတောင်ထိပ်ကို ပြောနေတာလား။ ကောင်းပြီလေ။ အခု အချိန်ရှိတုန်း တစ်ခါတည်း အပေါ်ကို တက်ကြည့် ကြတာပေ့ါ။"

လင့်ဟူချူးသည် လင်းလင်းကိုခေါ်ကာ သူ ဂူပိတ်အပြစ်ပေးခံခဲ့ရသည့် တောင်ထိပ် ကျောက်ဂူဆီသို့ ပြေးတက်လေတော့သည်။ တောင်ထိပ်သို့ ရောက်သောအခါ ထို ကျောက်ဂူဝကို လက်ညှိုးညွှန်ပြလျက် ...

"လင်းလင်း ... ဟောဒီ ကျောက်ဂူကြီးထဲမှာ ..."

သူ့စကားသံ မဆုံးသေးမီ ကျောက်ဂူတွင်းမှ ဓားချင်းရိုက်ခတ်သံ၊ ထိုးခုတ်သံများကို ကြားလိုက်ရတော့၏။ လင့်ဟူချုံးမှာ စကားကို အဆုံးမသတ်နိုင်တော့ပဲ အလန့်တကြား ဖြစ်သွားရတော့၏။

သူတို့ နှစ်ယောက်စလုံး ကျောက်ဂူရှိရာသို့ အလျင်အမြန် ပြေးလာမိကြတော့သည်။ ထိုစဉ် လူတစ်ယောက်၏ စူးစူးဝါးဝါး အော်လိုက်သံကို ကြားလိုက်ရ၏။ ထိုအသံမှာ လင့်ဟူချုံး အနေဖြင့် ကောင်းစွာ ကျက်မိနေသော ဆရာကြီး မော်တား၏ အသံနှင့် အလွန်တူနေ၏။

ထို့ကြောင့် လင့်ဟူချုံးက "ဟာ ... ဒါ ... ဒါ ... ဆရာကြီး မော်တားရဲ့ အသံနဲ့ တူတယ်။ ဆရာကြီး တစ်ခုခု ဖြစ်သွားပြီလား မသိဘူး။ ငါတို့ အမြန်ဆုံးသွားမှ ဖြစ်မယ်။"

ထို့နောက် နှစ်ယောက်စလုံး ဓားများကို ဆွဲထုတ်ကာ ကျောက်ဂူထဲသို့ ပြေးဝင် သွားကြ လေတော့၏။

အရှေ့ဘက် ကျောက်ဂူထဲတွင် မည်သူတစ်ဦးတစ်ယောက်မျှ ရှိမနေချေ။ သို့သော် အတွင်းဘက် လိုဏ်ဂူအတွင်း၌မူ မီးရောင် တစ်လက်လက် ထွက်နေသည်ကို တွေ့ရ၏။

ဆရာကြီး မော်တားအတွက် အလွန် စိုးရိမ်ပူပန်နေသဖြင့် လင့်ဟူချုံးမှာ ကျောက်ဂူထဲသို့ ခုန်ဝင်လိုက်တော့၏။

အထဲသို့ ရောက်သည်နှင့် ရင်ထိတ် သွားတော့သည်။

အကြောင်းမှာ ကျောက်လိုဏ်ခေါင်းအတွင်းဝယ် မီးတုတ် အချောင်းနှစ်ဆယ်ကျော်ခန့် ရှိနေပြီး လူပေါင်း ရာနှင့်ချီ၍ ရှိနေသောကြောင့် ပင်တည်း။

သို့သော် ထိုသို့ ရာနှင့်ချီ၍ ရှိနေသော လူပေါင်း များစွာထံမှ အသံကလေး တစ်ချက်မျှ မကြားရပဲ ဖြစ်နေသည်။ လုံးဝ ငြိမ်သက် တိတ်ဆိတ်နေ၏။

အဘယ်ကြောင့် ဤမျှ ငြိမ်သက် တိတ်ဆိတ် နေရပါသနည်း။

လင့်ဟူချုံးသည် ထိုလူအုပ်ကြီးငြိမ်သက် တိတ်ဆိတ်နေရသည့် အကြောင်းကို ရှာဖွေလိုက်မိ၏။ သိပ်ကြာကြာ မရှာလိုက်ရပါ။ ထိုလူအုပ်ကြီးသည် ကျောက်ဂူနံရံပေါ်မှ ဓားသိုင်း ရုပ်ပုံများတွင် အာရုံနစ်မြောနေကြခြင်း ပေတည်း။ ထို့ကြောင့် မည်သည့်အသံမျှ မကြားရခြင်း ဖြစ်ပေ၏။

လင့်ဟူချုံးအနေဖြင့် ကျောက်လိုဏ်ခေါင်း အတွင်း ဝင်ရောက်မိသည်နှင့် သွေးသံရဲရဲ တိုက်ပွဲကြီး တစ်ခုကို ကြုံတွေ့ရတော့မည်ဟု မှတ်ထင်ထားခဲ့သည်။ ယခုမူ အထင်နှင့် အမြင် လွဲလေစွတကား။

တစ်ရာကျော်မျှသော လူအုပ်မှာ နည်းနည်းနောနော လူအုပ်မဟုတ်ပေ။ သို့သော် ထို မနည်းလှသော လူအုပ်ကြီး သည် ကျောက်ဂူထဲ၌ ငြိမ်သက်စွာရပ်၍ ဓားသိုင်းကွက်များကို တမေ့တမော ငေးမောကြည့်နေသည်ကို တွေ့လိုက်ရသော အခါ လင့်ဟူချုံးအဖို့ ကြောင်အမ်းအမ်းကြီး ဖြစ်သွားမိတော့၏။

လင်းလင်းကလည်း လင့်ဟူချုံးနားသို့ တိုးကပ်လာသည်။

လင့်ဟူချုံးက လှည့်ကြည့်လိုက်သောအခါ လင်းလင်းမှာ ကြောက်ရွံ့မှုကြောင့် မျက်နှာလေး တစ်ခုလုံး ဖြူဖွေးနေ သည်ကို တွေ့လိုက်ရတော့၏။ ထို့ကြောင့် သူမအား နှစ်သိမ့်အားပေးသည့်အနေဖြင့် လင်းလင်း၏ ခါးကလေးကို အသာအယာ ပွေ့ဖက်ထားလိုက်ရသည်။

လင့်ဟူချုံးက ထိုလူအုပ်ကြီးကို အသေအချာ လေ့လာကြည့်လိုက်သည်။ ထိုလူများ၏ ဝတ်စားဆင်ယင်ပုံနှင့် အဝတ်အစားများကို ကြည့်၍ ခွဲခွဲခြားခြား သိလိုက်မိသည်။ ထိုလူအုပ်ကြီးထဲတွင် ချုံဆန်းဂိုဏ်း၊ ကောင်းဆန်းဂိုဏ်းနှင့် ထိုက်ဆန်းဂိုဏ်းသားများ ပါဝင်နေကြ၏။ သို့သော် ထူးခြားသည့် အချက်တစ်ချက်ကိုလည်း သူတို့ ချက်ချင်း သတိပြု လိုက်မိသည်။ ဝါဆန်းဂိုဏ်းနှင့် ဟန်ဆန်းဂိုဏ်းသားဆို၍ တစ်ဦး တစ်ယောက်မျှ မပါဝင်သော အချက်ပင်တည်း။

လင့်ဟူချုံးသည် ကျောက်ဂူကြီးကို လှည့်ပတ်ကြည့်ရှုလိုက်သည်နှင့် ချက်ချင်း သဘောပေါက် သွားသည်။ ယခု လူအုပ်ကြီး ထဲတွင် ပါဝင်သော သိုင်းသမားများသည် အခြားဂိုဏ်း၏ သိုင်းကွက် များကို စိတ်ဝင်စား နေကြခြင်း မဟုတ်ချေ။ မိမိတို့ ဂိုဏ်းနှင့် ပတ်သက်သည့် သိုင်းကွက်များ ကိုသာ စိတ်ဝင်တစား မှတ်သားနေကြခြင်း ဖြစ်တော့သည်။

လင့်ဟူချုံးသည် ဘေးပတ်လည်၌ အနှံ့အပြား ရှာဖွေသော်လည်း ဆရာကြီးမော်တားကို လုံးဝ ရှာမတွေ့ပဲ ဖြစ်နေ၏။ ကျောက်လိုဏ်ခေါင်းကြီး အတွင်း၌လည်း ခိုက်ရန် ဖြစ်ပွားခဲ့သော ပုံစံမျိုးကို လုံးဝမတွေ့ရပဲ ဖြစ်နေသည်။

သူတို့ နှစ်ယောက်စလုံးသည် ဓားခုတ်သံများနှင့် စူးစူးဝါးဝါး အော်သံကို အသေအချာ ကြားခဲ့ကြရသည်။ ယခုမူ ဆရာကြီး မော်တားကို လုံးဝ မတွေ့ရ၊ ဆရာကြီး မော်တားနှင့် ရန်သူများသည် ဤနေရာ၌ မတိုက်ခိုက်ပဲ ယခုထက် အတွင်းပိုင်း ပိုကျသော ကျောက်လိုဏ်ခေါင်း အတွင်း၌ တိုက်ခိုက် ခဲ့ကြသည်လား မဆိုနိုင်။

လင့်ဟူချုံးသည် ထိုအတွေးကို တွေးလိုက်မိသည်နှင့် ကျောက်လိုဏ်ခေါင်း အတွင်းပိုင်းသို့ ဝင်ရန် စိတ်ကူးလိုက်မိတော့သည်။

သို့သော် အတွင်းပိုင်းသို့ ဝင်ရန်အတွက်မှာ ဤလူအုပ်ကြီးကို ဖြတ်ကျော်၍ ဝင်ရပေမည်။ ဤလူအုပ်ကြီးထဲတွင် ချုံဆန်းဂိုဏ်းတစ်ခုတည်းသာ မိမိနှင့် ရန်ငြိုးမရှိသောဂိုဏ်းဖြစ်သည်။ ကျန်ဂိုဏ်းနှစ်ဂိုဏ်းဖြစ်သည့် ကောင်းဆန်းဂိုဏ်းနှင့် ထိုက်ဆန်းဂိုဏ်းတို့မှာ မိမိနှင့် ရန်ငြိုးရန်စ အနည်းငယ်စီ ရှိခဲ့သော ဂိုဏ်းများ ဖြစ်သည်။

လင့်ဟူချုံးစိုးရိမ်သည်မှာ သူ့ကိုယ်သူ အတွက် မဟုတ်ချေ။ လင်းလင်းအတွက် ဖြစ်သည်။ လင်းလင်းအား အကယ်၍ မှတ်မိသွားခဲ့လျှင် ထိုလူများသည် အရေးဆုတ်ရန် ကြိုးစားကြ ပေလိမ့်မည်။ ထို့ကြောင့် လင့်ဟူချုံးက လေသံတိုးတိုးဖြင့်

"လင်းလင်း ကျောက်ဂူပေါက်မှာ သွားစောင့်နေပါ။ လိုဏ်ခေါင်း အတွင်းပိုင်းကို မလိုက်ခဲ့နဲ့တော့။ အစ်ကို တစ်ယောက်တည်း ဝင်ကြည့်မယ်။ အထဲမှာ ဘာအန္တရာယ် ရှိမယ်ဆိုတာ မသိနိုင်ဘူး"

လင်းလင်းက ခေါင်းညိတ်ပြလိုက်သည်။

လင့်ဟူချုံးပြောလိုက်သည့် စကားသံမှာ တိုးတိုးကလေး ဖြစ်သော်လည်း ပတ်ဝန်းကျင် တစ်ခုလုံးမှာ တိတ်ဆိတ်ငြိမ်သက်လှသဖြင့် လွန်စွာ ကျယ်လောင်သွားသကဲ့သို့ ဖြစ်သွားသည်။ ထို့ကြောင့် လူအချို့က လင့်ဟူချုံးတို့ဖက်သို့ လှမ်းကြည့်လိုက်ကြသည်။ သို့သော် သူတို့အဖို့ အချိန်သည် ရွှေနှင့် ဆက်ရမလောက် တန်ဖိုးကြီးနေသဖြင့် သူတို့၏ အကြည့်များကို လင့်ဟူချုံးတို့အပေါ် ကြာရှည်စွာမထားနိုင်ပဲ ကျောက်ဂူနံရံများပေါ်သို့သာ ချက်ချင်း ပြောင်းလဲလိုက်ကြတော့၏။

ထိုအခါ လင်းလင်းသည် အချိန်စောင့်မနေတော့ပဲ ချက်ချင်းပင် ကျောက်ဂူဝသို့ လျင်မြန်စွာ ပြန်ထွက်လိုက်လေသည်။ လင့်ဟူချုံးကမူ ကျောက်လိုဏ်ခေါင်းအတွင်းသို့ လျှောက်ဝင်လိုက်သည်။ သူသည် လူအုပ်ကြီး အတွင်းသို့ လျှောက်ဝင်လိုက်သည်။ လူအုပ်ကြီးအား တစ်လှမ်းချင်း ဖြတ်ကျော်လာသည်။ သူ့နှလုံးခုန်သံကိုပင် သူပြန်ကြား နေရတော့သည်။

သို့သော် ချက်ချင်းပင် တုန်လှုပ်နေသော သူ၏စိတ်များကို ထိန်းသိမ်းလိုက်နိုင်သည်။ အဘယ်ကြောင့်ဆိုသော် အတွေးတစ်ခု ပေါ်လာသော ကြောင့်ပင်တည်း။

"ဒီကျောက်ဂူနံရံပေါ်က ဓားသိုင်းတွေ အားလုံး ငါတတ်ထားပြီးပြီပဲ။ ဒီဓားသိုင်းကွက်တွေ ဘယ်လောက်ကောင်းကောင်း ငါ့ရဲ့ 'ဇကရာဇ်ကိုးကွက်' ဓားသိုင်းကို ဘယ်လိုမှ ယှဉ်လို့မရပါဘူး။ ဘာဖြစ်လို့ သူတို့ကို ငါက ဂရုစိုက်နေရမှာလဲ"

ထိုအတွေးကြောင့် စိတ်အားတက်လာသဖြင့် တုန်လှုပ်ချောက်ချား မှုမရှိတော့ပဲ ခြေလှမ်းမှန်မှန်ဖြင့်ပင် ထိုလူအုပ်ကြီးကို ကျော်ဖြတ် လာနိုင်တော့သည်။ ဤသို့အားဖြင့် ကျောက်လိုဏ်ဂူကြီး၏ အတွင်းပိုင်းနက်ရှိုင်းရာသို့ တဖြည်းဖြည်း ရောက်ရှိလာတော့သည်။ ထိုအချိန်တွင်ပင် ...

"ဝုန်း ... ဝုန်း"

ကျယ်လောင်လှသော မြည်ဟည်းသံကြီး ထွက်ပေါ်လာပြီး တောင်ကြီး တစ်ခုလုံးပြိုကျမတတ် သွက်သွက်ခါ လှုပ်ရှားသွားလေတော့၏။

မည်သို့မျှ မျှော်လင့်ထားခြင်းမရှိသော ဤအသံကြီးကြောင့် လင့်ဟူချုံးမှာ ကြောက်လန့်တကြားဖြစ်ကာ နောက်ဖက်သို့ ပြန်လှည့်ကြည့်လိုက်သည်။ ကျောက်ဂူအတွင်းရှိ လူအားလုံးမှာ ကြောက်လန့်တကြား အော်ဟစ်လျက် ရှိနေကြလေပြီ။ ကျောက်ဂူထဲတွင်လည်း မြေကြီးမှုန့် ဖုန်မှုန့်များဖြင့် ပြည့်နှက် လွှင့်ပျံနေ၏။

ဆရာကြီး မော်တားကို မရှာနိုင်တော့ပဲ လင့်ဟူချုံးသည် နောက်ကြောင်းပြန်ကာ လင်းလင်းရှိရာ ဂူပေါက်ဝသို့သာ ပြန်ပြေးရတော့သည်။

ကျောက်လိုဏ်ဂူထဲရှိ လူပေါင်းများစွာ တို့သည်လည်း ဆောက်တည်ရာမရပဲ ထွက်လမ်းရှိမည် ထင်သည့်ဖက်သို့ သွေးရူးသွေးတန်း ပြေးနေကြသည်။

ကျောက်လိုဏ်ဂူကြီး တစ်ခုလုံး ကျောက်မှုန့်၊ ဖုန်မှုန့်များ ဖုံးလွှမ်းနေသဖြင့် တစ်ဦးနှင့် တစ်ဦး အသေအချာ ကြည့်၍ မမြင်ကြတော့ပေ။ ထို့ကြောင့် လူများသည် သူတို့၏ ဓားများကို ဆွဲထုတ်၍ ဝှေ့ယမ်း နေကြတော့၏။

လင့်ဟူချုံးကမူ ဤကျောက်လိုဏ်ခေါင်းကြီးအကြောင်း အခြားသူများထက် ပို၍ ရင်းနှီးကျွမ်းဝင်သဖြင့် ထိုလူများလောက်တော့ မထိတ်လန့်ချေ။ လင်းလင်းအတွက် စိတ်ပူနေရခြင်း သာဖြစ်သည်။

သူသည် ရှုပ်ထွေးနေသော လူအုပ်ကြီးအတွင်းမှ ရှောင်ကာ တိမ်းကာဖြင့် ဂူပေါက်ဝသို့သာ ပြေးထွက်လာသည်။ လမ်းခရီးတွင် မည်သည့်နေရာက ခုတ်လိုက်မှန်း မသိသော ဓါးချက် သုံးချက်ကို ရှောင်တိမ်းခဲ့ရသည်။

ကျောက်ဂူဝသို့ ရောက်ရှိသောအခါ လင့်ဟူချုံးမှာ အကြီးအကျယ် တုန်လှုပ်သွားမိတော့သည်။ အကြောင်းမှာ ကျောက်လိုဏ်ခေါင်း၏ အပေါက်ဝကို ဧရာမ ကျောက်တုံးကြီးတစ်တုံးဖြင့် ပိတ်ဆို့ထားကြောင်း တွေ့လိုက်ရသောကြောင့် ပေတည်း။

အသံကုန်အော်ဟစ်ကာ လင့်ဟူချုံးက မေးလိုက်သည်။

"လင်းလင်း ... လင်းလင်း ... မင်း ဘယ်မှာလဲ"

လင်းလင်း၏ ပြန်ထူးသံကို သူ့နားထဲတွင် ကြားလိုက်မိသလိုလို ရှိမိသည်။ အဝေးတစ်နေရာမှ ဖြစ်သည်။ ထိုနေရာမှာ စောစောတုန်းက သည်မှာဖက်သို့ ပြေးမလာမီ မိမိရှိနေခဲ့သည့် နေရာဖြစ်သည်။ သို့သော် သေချာ တပ်အပ်တော့ မပြောနိုင်။ အကြောင်းမှာ လူပေါင်းများစွာ၏ အုတ်အော်သောင်းနင်း ဆူညံနေသော အသံများက ဖုံးလွှမ်းနေသောကြောင့် ဖြစ်ပေသည်။

တခဏတာမျှ စဉ်းစားလိုက်ပြီးနောက် ထိုကဲ့သို့ လင်းလင်းတစ်ယောက် ကျောက်လိုဏ်ဂူကြီး၏ အတွင်းပိုင်းသို့ ရောက်သွားသည့် အဖြစ်ကို လင့်ဟူချုံးတစ်ယောက် ကောင်းစွာ သဘောပေါက် လိုက်သည်။

"ဟုတ်ပြီ ... ကျောက်တုံးကြီး ကျလာတဲ့ အချိန်မှာ လင်းလင်းဟာ ကျောက်ဂူပေါက်ဝမှ ရပ်နေမှာပဲ။ နောက်တော့ ငါ့အတွက် သူက စိုးရိမ်ပြီးတော့ အပြင်ထွက်မပြေးပဲနဲ့ အထဲကို ခုန်ဝင်ပြီး ငါ့ကို လိုက်ရှာတာပဲ ဖြစ်ရမယ်။ အဲသည်မှာ နှစ်ယောက်လုံး အကြဲတူသွားတော့ အခုလို လွဲသွားတာပေါ့။ မဖြစ်ဘူး ... ကျောက်ဂူကြီးရဲ့ အတွင်းပိုင်းကို ပြန်ဝင်ပြီး လင်းလင်းကို မတွေ့တွေ့အောင် ပြန်ရှာရမယ်။ လူတွေ သိပ်များတော့ အန္တရာယ် သိပ်များတယ်။

ဤသို့ဖြင့် လင့်ဟူချုံးသည် ကျောက်ဂူကြီး တစ်ဖက်စွန်းရှိ စောစောကနေရာသို့ ပြန်လျှောက်ရပြန်သည်။ သို့မှသာ လင်းလင်းနှင့် တွေ့ဆုံနိုင်ပေလိမ့်မည်။

လင်းလင်း၏သိုင်းပညာ တော်သည်မှန်သော်လည်း ဤမျှ များပြားလှသော လူအုပ်ကြီး အတွင်း၌မူ သူမ၏ သိုင်းပညာဖြင့် သူမ၏အသက်ကို လုံခြုံစွာ ကာကွယ်နိုင်မည် မဟုတ်ချေ။ အကြောင်းမှာ ဤကျောက်ဂူကြီး အတွင်းသို့ ရောက်ရှိနေသည့် သိုင်းသမား အများစုမှာ ထိပ်သီး သိုင်းသမားချည်းသာ ဖြစ်နေသော ကြောင့်ပင်တည်း။

ထို့အပြင် လူအတော်များများသည် ကျောက်ဂူနံရံပေါ်မှ ထက်မြက်လှသော သိုင်းကွက် တော်တော်များများ ကိုလည်း လေ့လာပြီး ဖြစ်နေကြ၍ လင်းလင်းအတွက် ပို၍ အန္တရာယ်ရှိနေခြင်း ဖြစ်တော့၏။

အစပထမ၌ ကျောက်ဂူထဲတွင် မီးတုတ်နှစ်ဆယ်ကျော်ခန့် ရှိခဲ့သည်။ သို့ရာတွင် ကျောက်တုံးကြီး ပြုတ်ကျလာ ပြီးသည့်နောက်တွင် လူများ ရှုပ်ရှုပ်ထွေးထွေး ဖြစ်သွားကြ၍ မီးတုတ်အတော်များများ ပြုတ်ကျသွားလျက် ငြိမ်းသွားကြ သဖြင့် ကျောက်ဂူအတွင်း၌ အလင်းရောင်ဟူ၍ မရှိသလောက် ဖြစ်သွားတော့၏။ ထို့ကြောင့် အချို့က ကြောက်လန့် တကြားဖြင့် အော်လိုက်သည်။

"ဟာ ... ကျောက်ဂူကြီး ပိတ်သွားပြီဟေ့ ... ကျောက်ဂူကြီး ပိတ်သွားပြီ ... လုံးဝ ထွက်လို့မရတော့ဘူး။"

အချို့သော သူများက ရက်ပုချွန်အား ဒေါသထွက်ကြ၏။

"ရက်ပုချွန် ... ဒီ လူယုတ်မာကြီးရဲ့ လက်ချက်ပဲဖြစ်ရမယ်။ ဒါဟာ သူ့နယ်မြေ ... သူမလုပ်ရင် ဘယ်သူမှ မလုပ်ဘူး။"

လူအတော်များများကမူ ကျောက်ဂူဝ သေးသေး၌ ပိတ်ဆို့နေသော ကျောက်တုံးကြီးကို တွန်းထုတ်ကာ ဖယ်ရှားရန် ကြိုးစားကြ၏။ သို့သော် ကျောက်တုံးကြီးမှာ အံ့သြလောက်အောင် ကြီးမားလှသဖြင့် မည်သို့မျှ မဖယ်ထုတ် နိုင်ကြချေ။

ထိုစဉ် လူအချို့က ...

"ဒီအပေါက်လေးမှာ ဘာဖြစ်လို့ စုပြုံနေကြရတာလဲ ... ဟိုဖက်က လိုဏ်ခေါင်းကနေ ထွက်ကြမယ် ... လာကြ ... မြန်မြန်လာကြ"

ထိုသို့ မအော်မီကပင် အနောက်ဖက် လိုဏ်ခေါင်း ရှိနိုင်သည်ဟု စဉ်းစားမိသော လူအချို့က အနောက်ဖက်သို့ ထွက်လာနေကြပြီး ဖြစ်ပေသည်။

သို့သော် လိုဏ်ခေါင်းဝမှာ ကျဉ်းမြောင်းလှသဖြင့် လူအားလုံး စုပြုံဝင်၍ မရနိုင်ပဲ ဖြစ်နေ၏။ တိုးရင်း တိုးရင်းဖြင့် ကျန်ရှိနေသည့် မီးတုတ်များထဲမှ အချို့ ထက်၍ ငြိမ်းသွားပြန်တော့သည်။

ထိုအခိုက် လူနှစ်ယောက်သည် အခြားသူများကို အတင်းအဓမ္မကျော်ဖြတ်၍ ရှေ့သို့ တက်လာသည်။ လိုဏ်ခေါင်းက

ကျဉ်းမြောင်းလွန်းသဖြင့် သူတို့ ဖြတ်ကျော်ရသည်မှာ လွယ်လွယ်ကူကူ မရှိကြပေ။ သို့သော် ထိုသူ နှစ်ယောက်တို့သည် လိုဏ်ခေါင်း မည်မျှပင် ကျဉ်းမြောင်းပါစေ တစ်ဦးကိုတစ်ဦး လုံးဝအလျှော့မပေးပဲ ရှေ့သို့ ရောက်နိုင်ရန်သာ ကြိုးစားနေကြ၏။

သူတို့ကဲ့သို့ပင် အနောက်ဖက် လိုဏ်ခေါင်းဝသို့ ဆုတ်ခွာပြေးနေကြသည့် လူပေါင်းများစွာ ရှိနေကြရာ ထိုသူ နှစ်ယောက်သည် လူများကြားတွင် ညပ်၍ ရှေ့သို့ မတိုးနိုင်အောင် ဖြစ်နေတော့၏။

ထိုအခါ နှစ်ယောက်ထဲမှ တစ်ယောက်သည် ခါးကြားမှ ဓားမြောင်ကို ရုတ်တရက် ဆွဲထုတ်လိုက်ပြီး သူနှင့်အတူ ရှေ့သို့ တိုးထွက်နိုင်ရန် ကြိုးစားနေသူ၏ ရင်ဝသို့ ရောင်တခင် စိုက်ချလိုက် လေတော့သည်။ အထိုးခံရသူမှာ အော်ပင် မအော်နိုင်တော့ပဲ … တစ်ချက်တည်း အသက်ထွက် သွားတော့သည်။

ဓားမြောင်နှင့် ထိုးလိုက်သူသည် သေဆုံးသွားသူ၏အလောင်းကို ဘေးသို့ တွန်းဖယ်ချလိုက်ပြီး ရှေ့သို့ တိုးသွားလေတော့သည်။ သူ့အနေဖြင့် ရှေ့သို့ တိုးသွားနိုင်ရန်အတွက် ထိုလူသည် သူ့ရှေ့မှလူကို လမ်းရှင်းလိုက်ခြင်းသာ ဖြစ်ချေသည် တကား။

ထိုစဉ် လူအုပ်ထဲမှ လူ တစ်ချို့က စူးစူးဝါးဝါး အော်ဟစ်လိုက်ကြသည်။ အော်သံများထဲတွင် ချောက်ချားမှုများ အပြည့်အဝ ပါဝင်နေ၏။

"ဟာ … လူရိုးတွေ … လူရိုးတွေ"

ဂူပေါက်ပိတ်သွားသဖြင့် သွေးလေ ခြောက်ခြားနေသူများမှာ ထိုအော်သံများကြောင့် ပို၍ ထိတ်လန့် ချောက်ချားသွားတော့၏။ အနိဋ္ဌာရုံ မြင်ကွင်းမှာ လူများ၏စိတ်ကို အဘယ်မှာလျှင် မချောက်ချားစေပဲ နေမည်နည်း။

လင်းလင်းအတွက် လွန်စွာ စိုးရိမ်ပူပန်နေရသဖြင့် လင့်ဟူချိုးမှာ မည်သူ့ကိုမျှ ဂရုမစိုက် အားပေ။ 'လူရိုးတွေ … လူရိုးတွေ' ဟူသော အော်သံကိုလည်း သူကောင်းစွာ ကြားလိုက်မိသည်။ ဤလူရိုးများမှာ မကောင်းဆိုးဝါး ဂိုဏ်းမှ ဝါစဉ်ကြီး ပုဂ္ဂိုလ်ကြီးဆယ်ဦး၏ အရိုးများဖြစ်ကြောင်း သိထားပြီး ဖြစ်သော သူ့အနေဖြင့် အကြောင်းမသိသူများလောက် အံ့သြထိတ်လန့်မှု မဖြစ်တော့ချေ။

အရိုးများကြောင့် ထိတ်လန့်မှု မဖြစ်သော်လည်း လင့်ဟူချိုးက ထိုအရိုးများနှင့်ဆက်နွယ်၍ တွေးလိုက်မိသော အတွေးများကြောင့် အကြီးအကျယ် စိုးရိမ် သွားမိတော့သည်။

"အခုအရိုးစုတွေဖြစ်နေတဲ့ မကောင်းဆိုးဝါးဂိုဏ်းက ဝါစဉ်ကြီးပုဂ္ဂိုလ်ကြီး ဆယ်ဦးဟာ … သိုင်းပညာ ဘယ်လောက်တော်သလဲ။ ဒီနေ့ ထိပ်သီး သိုင်းပညာရှင်လို့ ခေါ်နေကြရတဲ့ သိုင်းဆရာကြီးတွေထက် တော်မှာကို နည်းနည်းမှ သံသယဖြစ်စရာမရှိဘူး။ … ဒါတောင် ဒီကျောက်လိုဏ်ခေါင်းထဲမှာ အပိတ်ခံရပြီး သေသွားကြရတယ်။ ငါနဲ့ လင်းလင်းတို့လို လူမျိုးက ဒီသေမင်းလိုဏ်ခေါင်းထဲက ဘယ်လို ထွက်ပြေးနိုင်တော့မလဲ။ … ထွက်ပြေးဖို့ အခွင့်အရေးကော ပေါ်မှပေါ်ပေါက် လာပါ့မလား။ ဒီအကြံအစည်သာ ဆရာ့အကြံဆိုရင်တော့ ငါတို့ ဘယ်လိုမှ မလွတ်နိုင်တော့ဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ ဆရာက ဉာဏ်နီဉာဏ်နက်ထုတ်ပြီး ထောင်ချောက်ဆင်တဲ့ နေရာမှာ ဟာကွက် လစ်ကွက် မရှိအောင် ကြိုတင်ပြင်ဆင်ထားတတ်လို့ပဲ"

အတွေးဆုံးသည်နှင့် လူအုပ်ကြီးကို ကြည့်ရှုလိုက်သည်။ လူအုပ်ကြီးမှာ ကျောက်ဂူကြီး အတွင်းမှ လွတ်မြောက်နိုင်ရေးအတွက် သွေးရူးသွေးတန်း တိုးဝှေ့နေကြ၏။

လင့်ဟူချိုးပင် ထိုသူများကဲ့သို့ လွတ်မြောက်ချင်စိတ် ပေါက်လာပြီး မိမိ လွတ်မြောက်ရေး အတွက် သူများကို ထိုးခုတ် တိုက်ခိုက်ချင်စိတ် ပေါက်လာသည်။

"လူတွေ ဒီလောက် ရှုပ်နေမှတော့ ကျောက်ဂူအပြင်ဖက်ကို ဘယ်လို ထွက်နိုင်တော့မှာလဲ။ သူတို့ကို တစ်ယောက်ပြီး တစ်ယောက် သတ်ပစ်ပြီး လမ်းရှင်းလိုက်ရင်တော့ ငါနဲ့ လင်းလင်း ထွက်ပေါက်ရှာနိုင်မှာပဲ"

ထိုအတွေးကြောင့် သူ့ဓားကို ရုတ်တရက် ဆွဲထုတ်ဆုပ်ကိုင် လိုက်မိတော့၏။

လင့်ဟူချိုးမှာ သာမန်အားဖြင့် စိတ်ကောင်းစိတ်မြတ် ရှိသူတစ်ယောက်ဖြစ်၏။ သို့သော် လူအများ၏ သွေးရူးသွေးတန်း လုပ်ရှားကြိုးစားမှုများက သူ၏ စိတ်ကောင်းစိတ်မြတ်များကို ဖုံးလွှမ်းသွားစေပြီး တစ်ကိုယ်ကောင်းစိတ်များ ပေါ်ပေါက်လာစေတော့သည်။

သို့သော် … နည်းပါးလှသော မီးရောင် မှိန်မှိန်ကလေး အောက်တွင် တုန်လှုပ် ကြောက်ရွံ့နေသော လူငယ်လေး တစ်ယောက်၏ မျက်နှာကို တွေ့လိုက်ရသောအခါ ရုတ်တရက်ငုပ်သွားသည့် လင့်ဟူချိုး၏ စိတ်ရင်းကောင်းများသည် ဘွားကနဲ ပြန်ပေါ်လာတော့သည်။

လင့်ဟူချုံးသည် ထိုလူငယ်လေး၏ မျက်နှာကို ကြည့်ရင်း လွန်စွာ သနားလာတော့သည်။ သနားစိတ်နှင့် အတူ ဆင်ခြင်တုံ တရားများကလည်း သူ့နှလုံးသားထဲသို့ ပြန်လည် ဝင်ရောက်လာတော့သည်။

"သူတို့အားလုံးဟာ ငါ့လိုပဲ ဒုက္ခရောက်နေတဲ့ ဒုက္ခသည်အချင်းချင်းပဲ … ဒုက္ခသည်အချင်းချင်း ငါက သူတို့ကို သတ်ရင် ဘယ်တရားတော့မလဲ။ တတ်နိုင်သမျှ သူတို့ကို အကူအညီ ပေးသင့်သေးတယ်"

ထိုဆင်ခြင်တုံတရားကြောင့် သူ့လက်ထဲမှ ဓားသည် ဓားအိမ်အတွင်းသို့ ပြန်လည် ရောက်ရှိသွား တော့သည်။

ထိုစဉ် ရှေ့ဆုံးသို့ ရောက်ရှိနေကြသည့် လူနှစ်ဆယ်ကျော်ခန့်၏ အော်ဟစ်သံများကို ကြားလိုက်ရသည်။

"ဟေ့ … မြန်မြန်ထွက်လေ"

"ဘာဖြစ်လို့ မထွက်ပဲ ရပ်နေရတာလဲ"

"ကြာတယ်ဟေ့ … သိပ်စကား ပြောမနေနဲ့။ ဒီကောင့်ကို ဆွဲထုတ်ပစ်လိုက်စမ်း"

တစ်ယောက် တစ်ပေါက် အော်သံဟစ်သံများသည် လိုဏ်ခေါင်းအတွင်း ဆူညံနေတော့သည်။

ကျောက်လိုဏ်ခေါင်း အဝမှ တဖြည်းဖြည်း ကျဉ်းမြောင်းသွားသဖြင့် ရှေ့ဆုံးသို့ ရောက်ရှိနေသည့်လူသည် မတ်တတ် မရပ်နိုင်တော့ပဲ မြေကြီးပေါ်တွင် ဝမ်းလျားထိုး၍ ထွက်နေရသည်။ သူ ထိုးထွက်နေသည့် ဂူပေါက်မှာ လွန်စွာ ကျဉ်းမြောင်းလှသဖြင့် လုံးဝမထွက်နိုင်။ ထို့အပြင် ခေါင်းညပ်နေဟန် တူသဖြင့် လှုပ်ပင် မလှုပ်ရှားနိုင်အောင် ဖြစ်နေရ၏။ သို့သော် ထိုသူမှ နောက်သို့ ပြန်မဆုတ်ချင်သဖြင့် ပေကပ်၍ ထိုနေရာ၌ပင် ဝပ်နေတော့၏။ ထိုအချက်ကို မကျေနပ်ကြသဖြင့် နောက်ဖက်မှ လူများက အသံမျိုးစုံဖြင့် အော်ဟစ်နေခြင်း ဖြစ်တော့၏။

ထိုစဉ် လူနှစ်ယောက်က ထိုလူ၏ ခြေထောက်နှစ်ချောင်းကို ကိုင်၍ နောက်ဖက်သို့ ဆွဲထုတ်လိုက်သည်။ ထိုအခါ လူအားလုံးမှာ ရုတ်တရက် အလန့်တကြား အော်ဟစ်လိုက်မိကြတော့၏။

အဘယ့်ကြောင့် ဤမျှ အထိတ်အလန့် အော်ဟစ် လိုက်ကြရပါ သနည်း။ အကြောင်းရှိသည်။ သူတို့ ဆွဲထုတ် လိုက်သောသူ၏ ဦးခေါင်း မပါလာသောကြောင့်ပင်တည်း။ လည်ပင်းပြတ်ကြီးမှ သွေးများ တရဟော စီးထွက်နေသည်။

ထိုသူ၏ ဦးခေါင်းကို ဖြတ်ပစ်လိုက်သူ မည်သူပေနည်း။

ထိုအခိုက်အတန့် အတွင်းမှာပင် ကျောက်ဂူကြီး၏ ထောင့်တစ်ထောင့်တွင် ကပ်၍ ထိုင်နေသော လူတစ်ယောက်ကို လင့်ဟူချုံးက သတိပြုလိုက်မိသည်။ ဝိုးတဝါး မြင်ရ၍ ကွဲပြားသေချာခြင်း မရှိသော်လည်း လင်းလင်းနှင့် တူကြောင်း သတိပြုလိုက်မိသည်။

ထို့ကြောင့် လင်းလင်းရှိရာသို့ ဝမ်းသာအားရ ပြေးသွားမိသည်။ သို့သော် ထိုအချိန်တွင် သိုင်းသမားများ အားလုံး စိတ်မထိန်းနိုင်တော့ပဲ စိတ်ရိုင်းများ ပေါက်လာကြလေပြီ။ သူတို့ ဆွဲထုတ်လိုက်သည့် ခေါင်းပြတ်ကိုယ်လုံးနှင့် ငုံးတိတိ လည်ပင်းမှ နီစွေးသော သွေးများက သူတို့အား ခြောက်ခြား ရူးသွပ်သွားစေခြင်း ဖြစ်တော့၏။

အချို့က ဓားကို ဆွဲထုတ်ပြီး တွေ့ရာလူကို ထိုးခုတ်တော့၏။ အချို့မှာမူ ကိုယ့်ရင်ဘတ် ကိုယ်ထု၍ အော်ဟစ်ငိုယို နေကြ၏။ အချို့မှာ အနီးရှိလူကို ဆွဲ၍ နပန်းသတ်နေ၏။ အချို့မှာမူ တိရိစ္ဆာန်များသဖွယ် မြေကြီးပေါ်၌ လေးဖက် ထောက်သွား နေကြသည်။

လင့်ဟူချုံးမှာ နောက်ထပ် သုံးလေးလှမ်းပြေးလိုက်သောအခါ သူ၏ ခြေထောက်ကို လူတစ်ယောက်က လှမ်း၍ ဖက်ထားခြင်း ခံလိုက်ရသည်။

ထိုသူ၏ လက်များ ပြုတ်ထွက်သွားစေရန် ထိုလူ၏ ခေါင်းကို လက်ဝါးစောင်းဖြင့် ခပ်ဖြည်းဖြည်း ရိုက်လိုက်သည်။ သို့သော် ထိုသူသည် လင့်ဟူချုံး၏ ခြေထောက်များကို မလွှတ်သည့်အပြင် ပေါင်ကိုပါ ပါးစပ်ဖြင့် ကိုက်လိုက်သေး၏။

လင့်ဟူချုံး လွန်စွာ ချောက်ချားသွားတော့၏။ သည်လူများမှာ တကယ့်အရူးများပမာ ဖြစ်ကုန်ကြလေပြီ။ ဆင်ခြင်တုံတရားဟူ၍ သူတို့ခေါင်းထဲ၌ မရှိကြတော့။ အကြောက်တရားက သူတို့ဦးနှောက်ကို ဖုံးလွှမ်း စိုးမိုး ထားကြလေပြီ။

ထိုအချိန်တွင် ကျောက်လိုဏ်ခေါင်း အတွင်း၌ မီးတုတ်ဟူ၍ မရှိသလောက် ဖြစ်သွားလေပြီ။ နောက်ဆုံး ကျန်ရှိသော မီးတုတ်နှစ်ချောင်းမှာလည်း မြေကြီးပေါ်၌ လဲကျလျက်ရှိနေလေပြီ။ လင့်ဟူချုံးက အရေးတကြီးအော်၍ သတိပေးလိုက် ၏။

"မြေကြီးပေါ်ကျသွားတဲ့ မီးတုတ်တွေကို ကောက်လိုက် … မီးတုတ်တွေကို ကောက်လိုက် … မီးတုတ်မရှိရင် အားလုံး ဒုက္ခ ဖြစ်ကုန်မယ်။"

သို့သော် လူတစ်ယောက်က တဟားဟား အော်ရယ်ရင်း မြေကြီးပေါ်ကျနေသော မီးတုတ်နှစ်ချောင်းကို ခြေဖြင့်

ဖိနင်းကာ မီးများကို ငြိမ်းသတ်လိုက်တော့သည်။ ကျောက်လိုဏ်ခေါင်းကြီးတစ်ခုလုံး လုံး၀ မှောင်ကျသွားရလေတော့၏။

လင့်ဟူချုံးမှာ ယခုမှ လွန်စွာ အရေးကြီးလာပြီ ဖြစ်ကြောင်း သိလိုက်၍ သူ့ဓားကို ဆွဲထုတ်လိုက်ကာ ခြေထောက်ကို အတင်း ဖက်ထားသူအား ဓားဖြင့် တစ်ချက်ခုတ်လိုက်သည်။ ထို့နောက် ... သူ့ ခြေထောက်များကို အတင်း ရုန်းကန်၍ တိုးထွက်လိုက်ရသည်။

ကျောက်ဂူတွင်းရှိ လူများ၏ ကြောက်ရွံ့ထိတ်လန့်မှုသည် အထွတ်အထိပ်သို့ ရောက်ရှိသွားလေပြီ။ စောစောတုန်းက အော်ဟစ် နေကြသည်ထက် ယခုမှ ပို၍ အော်ဟစ်နေကြတော့၏။ ဝရုန်းသုန်းကား ဖြင့် ဦးတည်ချက်မရှိ လျှောက်ပြေး နေကြတော့သည်။

လင့်ဟူချုံး၏ စိတ်ထဲတွင် "အင်း ... အခုအခြေအနေ အတိုင်းဆိုရင်တော့ ဒီနေ့အဖို့ အသက်ရှင်စရာလမ်း လုံး၀ မရှိတော့ဘူး။ တော်ပါသေးရဲ့ ... လင်းလင်းနဲ့အတူ သေရမှာမို့။ ဒါပေမယ့် လင်းလင်းခမျာ ဘယ်လောက် ကြောက်ရှာ မလဲ မသိဘူး ... မတွေ့တွေ့အောင် ရှာရတော့မှာပဲ"

ထို့နောက် လင့်ဟူချုံးသည် လင်းလင်းထိုင်နေသည်ဟု မှန်းဆရသောနေရာသို့ ဖြည်းဖြည်းချင်း စမ်း၍ လျှောက်သွား တော့သည်။ သူ့နားထဲတွင် လက်နက်ချင်း ရိုက်ခတ်သံများ၊ အော်ဟစ်သံများ၊ နာကျင် ညည်းညူသံများနှင့် ပြေးလွှားသံ များကို ကြားနေရသည်။

လူများသည် ရူးသကဲ့သို့ ဖြစ်ကုန်ကြပြီး တုန်လှုပ် ခြောက်ခြားစွာဖြင့် ဓားများကိုဝှေ့ယမ်း၍ ကိုယ့်ကိုယ်ကို ကာကွယ်နေကြသည်။ ကျောက်လိုဏ်ဂူကြီးနှင့် မဆံ့အောင် များပြားလှသော လူများမှာ လက်နက်ချင်း ရိုက်ခတ်မိပြီး ဒါဏ်ရာရသူ ရသွားကြလေတော့သည်။

လင့်ဟူချုံးမှာ ဘေးပတ်လည်တွင် ဓားလေတိုးသံများကို အဆက်မပြတ် ကြားနေရသဖြင့် ရှေ့တိုးရန် ခက်နေတော့ ၏။ အကယ်၍ ဂရုမစိုက်ပဲ ရှေ့ဆက်တိုးပါက မည်သည့်နေရာက ထွက်လာမှန်းမသိပဲ ထွက်လာမည့် ဓားတစ်ချောင်း ချောင်းကြောင့် ဒါဏ်ရာရသွားနိုင်သည်။ ထို့ကြောင့် လင့်ဟူချုံးမှာလည်း အများနည်းတူ သူ့ခန္ဓာကိုယ် လုံခြုံရေးအတွက် ဓားဖြင့် ဝှေ့ယမ်း ကာကွယ်နေရ ပြန်တော့သည်။

ထို့နောက် ကျောက်ဂူနံရံဖက်သို့ တရွေ့ရွေ့ တိုးကပ်နေတော့သည်။ ကျောက်ဂူနံရံသို့ ရောက်ရှိသွားပါက ထိုးခုတ်နေသည့် ဓားများ၏အန္တရာယ် တစ်ဝက်ခန့် လျော့ပါးသွားပေမည်။ နံရံကို ကျောပေး၍လည်း လျှောက်သွားနိုင် မည်။ သို့သော် ယခုအချိန်တွင် ကျောက်ဂူနံရံသို့ ရောက်အောင် သွားနိုင်ရန်မှာ အလွန်တရာ မလွယ်ကူသော ကိစ္စတစ်ခု ဖြစ်နေ၏။

မတတ်သာ သည့်အဆုံး သူ့ကိုယ်ကို ကာကွယ်ရန်အတွက် လင့်ဟူချုံးအနေဖြင့် ဓားကို ဝှေ့ယမ်းလိုက်ရတော့သည်။ 'ဇကရာဇ်ကိုးကွက်' ဓားသိုင်းကို ထုတ်သုံးပြီး ကာကွယ်လိုက် ရခြင်းဖြစ်သည်။ တဒင်္ဂ အတွင်းမှာပင် သူ့ဓားချက်မိ၍ လဲကျသွားသံများကို ကြားလိုက်ရသည်။ အော်ဟစ်သံများကြားတွင် မိန်းကလေးတစ်ယောက်၏ မတိုးမကျယ် အော်သံတစ်သံကိုလည်း ကြားလိုက်ရသည်။

လင့်ဟူချုံးမှာ လင်းလင်းအတွက် လွန်စွာ စိုးရိမ်သွား မိတော့၏။

"လင်းလင်း ... လင်းလင်း၊ မင်းဘယ်မှာလဲ ... အသံပြုလိုက်။ အစ်ကို လာခဲ့မယ်"

သို့သော် မည်သည့် တုံ့ပြန်သံမှ မကြားရပဲ ဖြစ်နေသည်။ လင့်ဟူချုံးသည် လင်းလင်းအား ထပ်၍ အော်ခေါ်ရန် ဟန်ပြင် လိုက်စဉ်မှာပင် လွင့်စဉ်ထွက်သွားရလေတော့၏။

မြေပြင်ပေါ်၌ လဲကျနေသူ တစ်ယောက်က လင့်ဟူချုံး၏ တင်ပါးကို ဆောင့်ကန်လိုက်၍ ဘောကဲ့သို့ လွင့်စဉ် ထွက်သွားရခြင်း ဖြစ်တော့သည်။ လင့်ဟူချုံးမှာ လင်းလင်းအတွက် အာရုံလွင့်နေသဖြင့် အလစ်တွင် အကန်ခံလိုက်ရခြင်း ဖြစ်သည်။ လေထဲ လွင့်မြောက်သွား ချိန်တွင် ကျောက်ပွတ် တစ်ချောင်းက သူ့ပေါင်ကို တစ်ချက် လာရောက် ရိုက်မိသွားပြန်သည်။

ရှိရှိသမျှ လူများအားလုံးသည် မိမိတို့၏လက်နက်များကို တစ်ချက်မျှ အငြိမ်မထားချေ။ သူတစ်ပါးအား ထိသည်ဖြစ်စေ၊ မထိသည်ဖြစ်စေ၊ လှုပ်ခါ ဝှေ့ယမ်းနေကြသည်။ သို့မှသာ မိမိတို့အဖို့ လုံခြုံမည်ဟု ယုံကြည်ယူဆ ထားကြသည်။

လင့်ဟူချုံးမှာ လေထဲမှ မြေကြီးပေါ် ပြန်ကျလာသော အခါတွင်လည်း 'လင်းလင်း' ဟု အော်ခေါ်မိပြန်သည်။ သူ့အသံမှာ ပင်ကိုယ်သံမဟုတ်တော့ ငိုသံပေါက်နေလေပြီ။

ထို့နောက် သူသည်လည်း တစ်ခြားသူများကဲ့သို့ပင် စိတ်ရိုင်းများ ပေါက်လာတော့သည်။ ကြောက်မက်ဖွယ်ရာ

အသံနက်ကြီးဖြင့် အော်ဟစ်လိုက်တော့၏။

"လင်းလင်းကို မင်းတို့သတ်လိုက်ပြီ မဟုတ်လား။ လင်းလင်းကို မင်းတို့ သတ်လိုက်ပြီ။ ငါမကြောဘူး .. မင်းတို့ကို ပြန်သတ်မယ်။ အားလုံးကို ပြန်သတ်မယ်"

ထို့နောက် သူ၏ဓားဖြင့် လင့်ဟူချုံးသည် ဝှေ့ယမ်းခုတ်ထစ်နေတော့၏။ လင့်ဟူချုံး၏ သွေးရူးသွေးတန်း ခုတ်ထစ်နေပုံမှာ လွန်စွာ ကြောက်မက်ဖွယ်ရာ ကောင်းလှသဖြင့် သူ့ဓားချက် မိသွားသူများမှာ မရဏနိုင်ငံသို့ အထစ်ငေါ့မရှိပဲ ဖြောင့်တန်းစွာ ရောက်ရှိသွား ကြရတော့သည်။

ဤသို့ ဆူညံစွာ ရိုက်ခတ်နေသော ဓားသံများအကြားတွင် အံ့သြစဖွယ်ကောင်းလှသည့် ကြိုးတပ် တူရိယာ တစ်ခု၏ တီးခတ်သံနှစ်ချက်ကို ကြားလိုက်ရတော့သည်။ ထိုသို့ တီးခတ်လိုက်သည့် အသံမှာ များစွာကျယ်လောင်လှသည် မဟုတ်ချေ။ ထို့အပြင် အခြား အော်သံ၊ ဟစ်သံ၊ ခုတ်ထစ်သံများကလည်း ဖုံးလွှမ်းနေသဖြင့် ထိုအသံမှာ တိုးတိုး ကလေးသာ ဖြစ်သည်။

သို့သော် လင့်ဟူချုံး၏ နားထဲတွင်မူ မိုးခြိမ်းသံကဲ့သို့ ထင်မှတ်လိုက်ရတော့၏။ ထို့ကြောင့် အလွန်အမင်း ဝမ်းမြောက်စွာ အော်ဟစ်လိုက်သည်။

"လင်းလင်း ... လင်းလင်း"

သူက အသံထွက်ပေါ်လာရာသို့ အမြန်ဆုံးသွားရန် ဟန်ပြင်လိုက်သည်။ သို့သော် ချက်ချင်းပင် ကိုယ်ရှိန်ပြန် သတ်လိုက်သည်။ ကြိုးတပ် တူရိယာသံ ထွက်ပေါ်လာရာနှင့် သူရှိနေသည့် နေရာမှာ ပေ သုံးဆယ်ကျော် လေးဆယ်နီးပါး ကွာဝေးနေသည်။

ဤခရီးလမ်းမှာ သာမန် ခရီးကြမ်း မိုင်ပေါင်း ၃၀၀၀-၄၀၀၀ လျှောက်သွားရသည်ထက်ပင် ပို၍အန္တရာယ် များလှ၏။ ထိုအချက်ကို သဘောပေါက်လိုက်သဖြင့် လင့်ဟူချုံး တစ်ယောက် ကိုယ်ရှိန် သတ်လိုက်ခြင်း ဖြစ်ပေသည်။

လင်းလင်းက ယခုကဲ့သို့ ကြိုးတပ်တူရိယာကို တီးခတ်ပြလိုက်ခြင်းမှာ သူမ၌ မည်သည့် အန္တရာယ်မျှ ကျရောက်ခြင်း မရှိကြောင်း အသိပေး လိုက်ခြင်း ဖြစ်သည်။ ထိုသို့ လင်းလင်း၌ ဘေးအန္တရာယ်ကင်းနေပါက မိမိအနေဖြင့် အဘယ်ကြောင့် မိုက်ရူးရဲလုပ်ရန် လိုတော့မည်နည်း။

ထိုသို့ စဉ်းစားမိသဖြင့် လင့်ဟူချုံးသည် ကျောက်ဂူနံရံသို့ တဖြည်းဖြည်း ဆုတ်လေတော့သည်။ နောက်ဆုံး ကျောက်ဂူနံရံနှင့်ကျောချင်း ကပ်မိသော အခါမှ သက်ပြင်းရှည်ကြီး ချမိလေတော့သည်။

နားထဲတွင် ခုတ်သံ ထစ်သံများ ကြားနေရသော်လည်း သူ့၌မူ ဘေးဘယာမရှိ အေးငြိမ်းနေဘိ၏။

လင့်ဟူချုံးက ကျောက်ဂူကို ကျောမှီ၍ စဉ်းစားနေမိသည်။

"အင်း ... ငါ့ရဲ့ ဓားသိုင်းက ဘယ်လောက်ပဲ ကောင်းကောင်း ဒီလောက် ပိန်းပိတ်အောင် မှောင်နေတဲ့ အမှောင်ထဲမှာတော့ လူပြိန်းတစ်ယောက်ရဲ့ ဓားသိုင်းလိုဖြစ်နေမှာပဲ။ 'ဇကရာဇ်ကိုးကွက်' ဓားသိုင်းက ရန်သူရဲ့ ဓားကွက်ကို မြင်တွေ့ရမှ ဟာကွက်ကို ရှာနိုင်၊ တွေ့နိုင်တာ။ အခုလို မှောင်ကြီးထဲမှာ မမြင်မကန်းနဲ့ ဘယ်ဓားသိုင်းရဲ့ ဟာကွက်ကို သွားရှာနိုင်မှာလဲ။ အခုတော့ သည်းခံပြီးစောင့်ရမှာပဲ။ အခွင့်အရေးရတာနဲ့ လင်းလင်းနဲ့ ပြန်ဆုံအောင် လုပ်ရမယ်"

အတန်ကြာသောအခါ ဆူညံအော်ဟစ်သံများ၊ ခုတ်သံ ထစ်သံများ တဖြည်းဖြည်း ငြိမ်ကျသွားတော့၏။ သို့သော် မြေကြီးပေါ်၌ လဲကျဒါဏ်ရာရကာ လဲကျနေသူများ၏ ညည်းညူသံများကိုမူ စိတ်မချမ်းမြေ့ဖွယ် ကြားနေရသေး၏။ လင့်ဟူချုံးက အခြေအနေကို သုံးသပ်လိုက်သည်။

"မသေပဲ ကျန်တဲ့သူတွေကတော့ ကျောက်ဂူနံရံကို ကျောပေးပြီး ရပ်ထားတဲ့သူတွေပဲ ဖြစ်လိမ့်မယ်။ ဒီလူတွေဟာ သိုင်းလည်းတော်၊ ဉာဏ်လည်းကောင်းတဲ့ သူတွေပဲဖြစ်မယ်။ ဒီနေရာမှာ သိုင်းပညာ ဘယ်လောက်တော်တော်၊ ဉာဏ် မရှိရင်တော့ သေမှာ မုချပဲ"

လင့်ဟူချုံးက လင်းလင်းကို အော်ခေါ်လိုက်သည်။ ပြန်ထူးသံ မကြားရပေ။ ထပ်၍ အော်လိုက်ပြန်သည်။

"လင်းလင်း"

ခပ်လှမ်းလှမ်း မျက်နှာချင်းဆိုင် နေရာလောက်မှ ကြိုးတပ်တူရိယာသံနှစ်ချက် ကြားလိုက်ရသည်။ လင့်ဟူချုံးသည် ဝမ်းသာအားရဖြင့် ရှေ့သို့ ခုန်ထွက်လိုက်သည်။ ထိုတဒင်္ဂ အတွင်း၌ အရာရာကို မေ့လျော့သွားသည်။ လင်းလင်းနှင့် ပြန်လည်း ဆုံဆည်းရန်သာ သူ့စိတ်ထဲတွင် ရှိတော့သည်။

ထိုသို့ ခုန်ထွက်လိုက်သောအခါ သူ၏ခြေထောက်က လူတစ်ယောက်၏ကိုယ်ပေါ်သို့ နင်းမိလျက်သား ဖြစ်သွားတော့

သည်။ တစ်ပြိုင်တည်းလိုလိုမှာပင် လေတိုးသံတစ်ချက်ကိုလည်း ကြားလိုက်ရ၏။ ဓားဖြင့် ခုတ်လိုက်ခြင်းသာ ဖြစ်ပေမည်။

လင့်ဟူချုံးမှာ ပိန်းပိတ်အောင် မှောင်နေသည့် အမှောင်ထုကြီး အတွင်း၌ မျက်စေ့ 'အမြင်အား' ကို အသုံးမပြုနိုင်သော်လည်း အတွင်းအား အလွန် ကောင်းသဖြင့် နား 'အကြားအား' ကိုမူ ကောင်းစွာ အသုံးချနိုင်သေးသည်။

ထို့ကြောင့် မူလ ရပ်နေခဲ့သည့် နေရာသို့ ကမန်းကတန်း နောက်ဆုတ် လိုက်ရပြန် တော့သည်။ ကျောက်ဂူနံရံနှင့် ပြန်၍ ကျောမှီ ထားလိုက် ရပြန်၏။ စိတ်အေးအေးထားကာ စဉ်းစားလိုက်သည်။

"မြေကြီးပေါ်မှာ ဒါဏ်ရာရပြီး မသေပဲ လဲကျနေတဲ့လူတွေ အတော်များများ ရှိနေပုံရတယ်။ ဒီအတိုင်း လျှောက်သွားနေရင် မဖြစ်ဘူး။ အများကြီး အန္တရာယ် ရှိတယ်"

ထိုစဉ်တွင် အသက် အတော်အတန် ရနေပုံပေါ်သော လူကြီး တစ်ယောက်၏ အသံတစ်သံက လိုဏ်ခေါင်း အတွင်း၌ ပေါ်ထွက်လာသည်။ ဆင်ခြင် စဉ်းစားဉာဏ်နှင့် ပြည့်စုံသော လူကြီးသူမ တစ်ယောက်ဖြစ်ကြောင်း သူ့စကားများက သက်သေခံ လျက်ရှိနေ၏။

"အားလုံး … တဆိတ်လောက် နားထောင်ကြပါ။ အခုဆိုရင် ကျုပ်တို့ အားလုံးဟာ ရက်ပုချွန်ရဲ့ ထောင်ချောက်ထဲကို ဝင်မိနေကြပြီ။ အခုလို အားလုံးအတွက် အန္တရာယ်ဆိုးကြီး ကျရောက်နေချိန်မှာ အားလုံး စိတ်တူကိုယ်တူ လက်တွဲပြီး ဒီအန္တရာယ် ဆိုးကြီးက လွတ်အောင်ကြိုးစားသင့်ပါတယ်။ အဲသလို အန္တရာယ်က လွတ်အောင် မကြိုးစားပဲ အချင်းချင်း ခုတ်ထစ်နေကြရင်တော့ အကုန်လုံး ဒုက္ခရောက်ကုန်ပါလိမ့်မယ်။ ဒီတော့ အားလုံးပဲ စဉ်းစားကြပါ။ အားလုံး အသက်ရှင်အောင် ညီညီညွတ်ညွတ် လက်တွဲမလား။ ဒါမှမဟုတ် အကျိုးမဲ့ အချည်းနှီး သေခြင်းမျိုးနဲ့ သေကြမလား။ ဒါကို စဉ်းစားကြပါ"

ထိုအခါ လူအတော်များများက ထိုလူကြီး၏ စကားကို အော်ဟစ် ထောက်ခံ လိုက်ကြသည်။

"ဟုတ်တယ် … ဟုတ်တယ် … အားလုံး လက်တွဲ ကြရင် ကောင်းမယ် … ဒါမှ အားလုံး အသက်ရှင်ကြမယ်"

လင့်ဟူချုံးက အသံများကို နားထောင်၍ လူ သုံးဆယ်ကျော်ခန့် ရှိမည်ဟု ခန့်မှန်းလိုက်သည်။ ထိုလူအားလုံး ကျောက်ဂူနံရံကို ကျောကပ်၍ ရပ်ထားကြကြောင်း သူတို့၏အသံများက ဖော်ပြလျက်ရှိကြ၏။ ထိုသို့ စဉ်းစားဉာဏ် ရှိခြင်းကပင် သူတို့၏ အသက်ကို ကယ်တင်လိုက်ခြင်း ဖြစ်ပေသည်။

ပထမဆုံး စကားပြောလိုက်သည့် လူကြီးကပင် ဆက်၍ …

"ကျုပ်က ထိုက်ဆန်းဂိုဏ်းက ရသေ့ကြီး ရိချုံးပါ။ အားလုံးရဲ့ အကျိုးအတွက် ကျုပ်က အခု မေတ္တာရပ်ခံ ပါတယ်။ လူတိုင်းလူတိုင်း ကိုယ့်လက်ထဲက ဓားတွေကို ပြန်သိမ်းလိုက်ကြပါ။ … ဓားအိမ်ထဲကို ဓားတွေ ပြန်သိမ်းလိုက်ကြပါ။ အမှောင်ထဲမှာ တစ်ယောက်နဲ့တစ်ယောက် မတော်တဆ ထိခိုက်မိရင်လည်း မတိုက်ခိုက်ကြပါနဲ့ … ဒီအတိုင်း လုပ်ဆောင်ဖို့ အားလုံးပဲ ကတိပေး နိုင်ကြသလား"

လူအားလုံးက တညီတညွတ် တည်းပင် သဘောတူကြောင်း အော်ဟစ် ဆန္ဒပေးကြသည်။ ထို့နောက် ဓားများကို ဓားအိမ်များအတွင်း ပြန်လည် သိမ်းဆည်း လိုက်သည့် 'တဖြောင်းဖြောင်း' အသံများကို ကြားလိုက်ရလေတော့သည်။

ရသေ့ကြီး ရိချုံးက " ကောင်းတယ်။ ဆင်ခြင်တုံ တရားရှိတဲ့ သူတိုင်း အခုလို လိမ်လိမ်မာမာ လုပ်ကြမှာပဲ။ … အားလုံး ကိုယ့်နာမည် ကိုယ်ထုတ်ပြောကြပါ။ ဒါမှ လက်တွဲ ဆောင်ရွက်တဲ့အခါ ပိုပြီး အရာရောက်မယ်"

သို့ဖြင့် သိုင်းသမားများ တစ်ယောက်ပြီး တစ်ယောက် နာမည်များကို ထုတ်ဖော် ပြောဆိုကြသည်။ လင့်ဟူချုံး တွေးထင်ထားသလိုပင် ကျန်ရှိ နေသူများမှာ ဂိုဏ်းသုံးဂိုဏ်းမှ ဝါစဉ်ကြီး ပုဂ္ဂိုလ်များဖြစ်ကြောင်း သိရှိလိုက်ရသည်။ သူ့အလှည့် ရောက်သဖြင့် လင့်ဟူချုံးကလည်း သူ့နာမည်ကို ထုတ်ဖော် ပြောဆိုလိုက်သည်။

"ကျုပ်ကတော့ ဟန်ဆန်းဂိုဏ်းက လင့်ဟူချုံး ပါ။ ကျုပ်လည်း ခင်ဗျားတို့နဲ့ ဘဝတူ ဖြစ်နေပြီဆိုတော့ ခင်ဗျားတို့နဲ့ လက်တွဲဖို့ အဆင်သင့်ပါပဲ။"

လူအားလုံးမှာ 'ဟင်' ကနဲ ဖြစ်သွားကြလေတော့သည်။ သူတို့အားလုံး အလွန် အံ့သြသွား ကြသည်။ လင့်ဟူချုံး ကဲ့သို့သော လူတစ်ယောက်သည် ဤကဲ့သို့သော ကျောက်လိုဏ်ဂူ ခေါင်းအတွင်း၌ (သူတို့ကဲ့သို့) ပိတ်လှောင် ခံရလိမ့်မည် မဟုတ်ဟု ယူဆထား ကြဟန်တူ၏။

လူတစ်ယောက်က …

"ကျုပ်တော့ အတော်အားတက်သွားပြီ။ ဟန်ဆန်းဂိုဏ်းချုပ် လင့်ဟူချုံးပါ ဒီအထဲမှာ ရှိနေတယ်ဆိုတော့ လွတ်မြောက်ဖို့ ကြံစည်ရာမှာ ပိုပြီး လွယ်ကူသွားတာပေါ့။ ကောင်းတယ် … သိပ်ကောင်းတယ်"

လင့်ဟူချုံးသည် ဤသူများ စိတ်ထဲ၌ ဖြစ်ပေါ်နေသော အတွေးများကို ကောင်းစွာ သိရှိလိုက်သည်။ မိမိ၏ သိုင်းပညာမှ လွန်စွာ ကောင်းမွန်လှသဖြင့် မိမိနှင့်သာ အတူရှိနေပါက ကျောက်လိုဏ်ဂူ ခေါင်းအတွင်းမှ အသက်ရှင် လွတ်မြောက်ရန် လမ်းစ ပိုများသည်ဟု ထိုသူများ တွက်ဆထားကြောင်း လင့်ဟူချုံး ကောင်းစွာ သိနေမိသည်။

ထိုစဉ် ရသေ့ကြီး ရှိချုံးက ...

"ကောင်းပြီ ... အခု ကျုပ်တို့အနေနဲ့ ပထမဆုံး လုပ်သင့်တဲ့ အလုပ်တစ်ခုကို စလုပ်လိုက် ကြရအောင်။ လက်ထဲမှာ မီးခြစ်ကျောက်ရှိနေတဲ့ လူက မီးခြစ်ပြီးတော့ အောက်မှာ ကျနေတဲ့ မီးတုတ်တွေကို မီးညှိလိုက်ပါ"

အားလုံးက ဝမ်းသာအားရ တညီတညွတ်တည်း အော်ဟစ်လိုက်ကြသည်။

"ဟုတ်တယ် ... ငါ့ကိုက ဘာဖြစ်လို့ ဒီအချက်ကို မစဉ်းစားမိပဲ ဖြစ်နေရတာလဲ။ မီးပြန်လင်းလာမှ အန္တရာယ်က လွတ်ကင်းတော့မှာပေါ့။ မီးထွန်းကြဟေ့။ မီးပြန်ထွန်းကြ"

ထို့နောက် မီးစာများကို ပြန်စွဲလောင် လာတော့၏။

ထိုအခါ ကမ္ဘာဦးလူသားများက နေမင်းကြီး၏ အလင်းရောင်ကိုရ၍ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားကြသကဲ့သို့ လျောင်ပိတ်မိနေသော သိုင်းသမားများသည် ဝမ်းမြောက်ဝမ်းသာ အော်ဟစ်ကြွေးကြော် လိုက်ကြတော့၏။

လင့်ဟူချုံးသည် ကျောက်ဂူကြီး တစ်ခုလုံးကို ပတ်ပတ်လည် အကဲခတ် ကြည့်ရှုလိုက်သည်။ ထိုအခါ ကျောက်ဂူနံရံ ကို ကျောပေးရပ်နေသူ လူအတော်များများကို တွေ့လိုက်ရတော့၏။ သူတို့၏ ခန္ဓာကိုယ်နှင့် မျက်နှာများပေါ်တွင် သွေးများ ပေကျံနေတော့၏။ ရုပ်သွင်များမှာ လွန်စွာ ကြောက်မက်ဖွယ်ရာ ကောင်းနေတော့သည်။

အချို့သော သူများကမူ ဓားများကို ဓားအိမ်တွင်းသို့ မထည့်သေးပဲ လက်တွင်း၌ ဆုပ်ကိုင်ထားဆဲ ရှိသေးကြောင်း တွေ့ရှိရသည်။ ထိုသူများကား အလွန် သတိကြီး သောသူများ ဖြစ်ကြပေတော့သည်။

လင့်ဟူချုံးသည် သူနှင့် မျက်နှာချင်းဆိုင်ရှိ နံရံဖက်သို့ လျှောက်သွားပြီး လင်းလင်းကို ရှာဖွေရန် ဟန်ပြင်လိုက် သည်။ ယခုကဲ့သို့ အေးငြိမ်းသော အခြေအနေ၌ အလျင်အမြန် ရှာဖွေရပေမည်။

ထိုစဉ် လိုဏ်ခေါင်းတွင်း တစ်နေရာမှ လူတစ်ယောက်၏ အော်ဟစ် အမိန့်ပေးသံကို ကြားလိုက်ရသည်။

"တိုက်တော့"

လင့်ဟူချုံးနှင့် တကွ ရှိနှင့်ပြီးဖြစ်သော သိုင်းသမားများမှာ လွန်စွာ အံ့သြ ထိတ်လန့်သွားကြတော့၏။ ထိုစဉ် ဓားကိုယ်စီ စွဲကိုင်ထားသော လူတစ်စုသည် သူတို့လူအုပ်ရှိရာသို့ တစ်ရှိန်ထိုးပြေးလာကြောင်း တွေ့လိုက် ကြရတော့သည်။

ကျောက်လိုဏ်ဂူတွင်း ရှိနေကြသော သိုင်းသမားများက တစ်ပြိုင်နက်တည်း အော်လိုက်မိကြသည်။

"ဘယ်သူတွေလဲ ... ဟေ့"

တစ်ဖက်မှ ပြန်ဖြေသံမကြားရပဲ သူတို့အား တဟုန်ထိုး ဝင်ရောက်တိုက်ခိုက် လာသောအခါ သူတို့ကလည်း ဓားများကို အလျင်အမြန်ဆွဲထုတ်၍ ပြန်လှန် တိုက်ခိုက်ကြရတော့၏။ ရုတ်ရုတ်သဲသဲ တိုက်ပွဲများကြောင့် မီးတုတ် များလည်း ပြန်၍ ငြိမ်းသွားတော့၏။ ကျောက်ဂူကြီး တစ်ခုလုံး အမှောင်ကြီး ဖုံးသွားရပြန် တော့သည်။

လင့်ဟူချုံးမှာမူ စောစောက သွားမည်ဟု ရည်ရွယ်ထားသော ကျောက်ဂူ နံရံဖက်သို့ ခုန်ထွက်ကာ နံရံဘေးတွင် ပိပြားစွာ ကပ်နေလိုက် ရတော့သည်။

ဤတွင် လူတစ်ယောက်၏ အော်သံကို ကြားလိုက်ရတော့သည်။

"အလွတ်မပေးနဲ့ ... ဒီ ခွေးကောင်တွေ အားလုံးကို ခုတ်သတ်ပစ်လိုက်။ တစ်ယောက်မှ ချမ်းသာခွင့်မပေးနဲ့"

နောက်မှ ဝင်ရောက်တိုက်ခိုက်လာသူ လူစုက ထိုသူ၏ စကားကို သဘောတူကြောင်း တစ်ယောက်တစ်ပေါက် ထောက်ခံကြသည်။

ထိုအခိုက် ပိတ်မိခံနေရသည့် ပထမ လူအုပ်ထဲမှ သိုင်းသမားခုနစ်ယောက်ခန့်က ...

"ဒါ ... ဒါ ... ကျိုလင်ထန် ... ကျိုလင်ထန်ရဲ့ အသံပဲ"

ထိုအခါ လူအချို့၏ အားတက်သရော အော်ဟစ် ပြောဆို လိုက်သံများကို ကြားလိုက်ရသည်။

"ဆရာ ... ဆရာ ... ကျွန်တော်တို့ ဒီမှာ ရှိတယ်"

ဤသို့ အပြန်အလှန် ပြောနေသော စကားများကြောင့် နောက်ဝင်လာသော လူစု၏ခေါင်းဆောင်မှာ ကျိုလင်ထန်မှန်း လင့်ဟူချုံး သိလိုက်ရသည်။ ကျိုလင်ထန်၏လေသံမှာ လွန်စွာ မာကျောနေ ကြောင်းလည်း သတိပြုလိုက်မိသည်။

သူ့စိတ်ထဲတွင် ...

"လက်စသတ်တော့ ထောင်ချောက်ဆင်လိုက်တဲ့သူက ကျိုလင်ထန်ကိုး။ ဆရာ မဟုတ်ဘူးပဲ။ ငါရော သူတို့ရော

ဆရာ့ကို အထင်မှားနေကြတာပဲ”

ကျိုလင်ထန်က အေးစက်မာကျောသော အသံဖြင့် . . .

“မင်းတို့က ငါ့ကို ဆရာလို့ ခေါ်ရဲသေးတယ် . . . ဟုတ်လား။ မင်းတို့ ရက်ပုချွန်ဆီမှာ သစ္စာဆိုခဲ့ကြတာ မေ့ပြီလား။ ရက်ပုချွန်ကို တစ်သက်လုံး သစ္စာမဖောက် ပါဘူးလို့ ကတိပြုတော့မှ သူက မင်းတို့ကို ဒီကျောက်ဂူထဲ ဝင်ခွင့်ပေးခဲ့တာ မဟုတ်လား။ ဘာအခုမှ ငါ့ကို ‘ဆရာ’... ‘ဆရာ’ နဲ့ခေါ်နေကြတာလဲ။ မင်းတို့ဟာ ငါ့တပည့်တွေ မဟုတ်တော့ဘူး ... ”

ကျိုလင်ထန်က သူ့စကားကို ခေတ္တ ရပ်တန့်လိုက်ပြီးမှ ...

“လင့်ဟူချုံး ... မင်းလည်း ဒီကို ရောက်နေတယ်ပေါ့။ .. ဒီကို မင်း ဘာလာလုပ်တာလဲ ... ပြောစမ်း”

“ခင်ဗျားက ဘာစကားပြောတာလဲ။ ဒီနေရာက ကျုပ်ရဲ့ နေရာဟောင်းပဲ။ ကျုပ်ရဲ့ နေရာကို ကျုပ်ဖာသာ လာချင်လာမယ်။ မလာချင် မလာဘူး။ ဝင်ချင်ရင် ဝင်မယ်။ မဝင်ချင်ရင် မဝင်ဘူး။ ကျုပ် သဘောအတိုင်း ဆုံးဖြတ် ပိုင်ခွင့်ရှိတယ်။ နေစမ်းပါဦး ခင်ဗျားကရော ဘာဖြစ်လို့ ဒီကိုလာရသလဲ”

“ဟင်း ... သေရတော့မယ့်လူက အခုထက်ထိ မာရေကျောရေ ပြောတုန်းပါလား။ မင်းက ငါ့ကို ဒီလို ရိုင်းရိုင်းစိုင်းစိုင်း ဆက်ဆံရဲတာကိုတော့ ငါတော်တော် အံ့ဩတယ်။ ခွေးကောင် .. မကြာခင် မင်းသေရစေ့မယ်။”

“ခင်ဗျားကများ ပြောင်းပြန်ပြောနေရသေးတယ်။ ခင်ဗျားကသာ ယုတ်ယုတ်မာမာ ကောက်ကောက်ကျစ်ကျစ်နဲ့ ထောင်ချောက်ဆင်တဲ့ အတွက် လူတိုင်း လူတိုင်း သိုင်းသမားတိုင်းက ခင်ဗျားကို သတ်ပစ်သင့်တယ်။ လူယုတ်မာ တစ်ယောက် လျော့သွားရင် ကမ္ဘာကြီးအတွက် ဆန်ကုန်မြေလေး တစ်ယောက် သက်သာသွားတာပဲ”

လင့်ဟူချုံး၏ စကားဆုံးသွားသောအခါ ကျိုလင်ထန်ထံမှ အေးစက်မာကျောသော အမိန့်ပေးသံ ထွက်ပေါ်လာတော့သည်။

“လင်မိန်ကျက် ... ဒီကောင့်ကို ရှင်းပစ်လိုက်”

ချက်ချင်းပင် အမှောင်ထု အတွင်းမှ လူတစ်ယောက်၏ အသံကို ကြားလိုက်ရသည်။

“ဟုတ်ကဲ့”

လင့်ဟူချုံးက ထိုအသံကို ကောင်းစွာ မှတ်မိသည်။ လင်မိန်ကျက်၏ အသံပင်ဖြစ် နေတော့သည်။ သူ့ရင်ထဲ၌ ထိတ်ကနဲ ဖြစ်သွားတော့၏။

“လက်စသတ်တော့ လင်မိန်ကျက်လည်း ဒီကို ရောက်နေတာကိုး ... သူတို့ နှစ်ယောက်က မျက်ကန်းတွေဆိုတော့ သည်ရက်ပိုင်းမှာ မျက်ကန်းဓါးသိုင်းကို ကောင်းကောင်း လေ့ကျင့်ထားမှာပဲ။ ငါတို့အတွက်တော့ တော်တော်လေး မကောင်းတဲ့ အချက်ပဲ။ မှောင်ထဲမှာဆိုတော့ သူတို့က ငါတို့ထက် အများကြီးသာနေမှာ သေချာတယ်။ ဒီလောက် ပိန်းပိတ်အောင် မှောင်နေတဲ့ အထဲမှာ ငါက ဘယ့်နှယ့်လုပ် တိုက်ခိုက်နိုင် တော့မှာလဲ။ ငါ့ရဲ့ ဓားသိုင်းကိုလည်း ဘယ်လို ထုတ်သုံး ရတော့မှာလဲ။ အခုအချိန်မှာ ငါလည်း မျက်ကန်း တစ်ယောက်နဲ့ ဘာမှ မထူးတော့ဘူး။”

ထိုအတွေးကို တွေးလိုက်မိခြင်းကြောင့် ဇောချွေးများ ပြန်လာတော့၏။ မိမိအတွက် အခြေအနေ မကောင်းလှသည်ကို တွေးလိုက်မိသဖြင့် လုံးဝ အသံမပြုရဲတော့ချေ။

လင်မိန်ကျက်က ...

“လင့်ဟူချုံး ... ဘယ့်နှယ့်လဲ သူရဲကောင်းကြီးရဲ့၊ သိုင်းလောကမှာ လင့်ဟူချုံး ... လင့်ဟူချုံး နဲ့ တချုံးတည်း ချုံးပြီး နာမည် ဒီလောက်ကြီးနေတာ အခုတော့ ငါ့လက်နဲ့ သေရတော့မယ်။ ဟား ... ဟား ... ဟား ... ”

လင်မိန်ကျက်က ရယ်ရင်း တစ်လှမ်းချင်း တိုးလာတော့၏။

လင်မိန်ကျက် ဦးတည်လာသည့် နေရာမှာ လင့်ဟူချုံးရှိရာသို့ တည့်တည့်မတ်မတ်ပင် ဖြစ်တော့၏။ သေမင်း၏ ခြေလှမ်းများပမာပင် တစ်လှမ်းချင်း လှမ်းလာနေသည်။

လင်မိန်ကျက်သည် ခပ်စောစောက ကျိုလင်ထန်နှင့်လင့်ဟူချုံးတို့ စကားပြောခဲ့စဉ်က လင့်ဟူချုံး၏ လေသံထွက် ပေါ်လာရာ နေရာကို မှတ်သားထားခဲ့၏။ ထို့ကြောင့် ယခု ဤမျှ တန်းတန်းမတ်မတ် လာနိုင်ခြင်း ဖြစ်တော့သည်။

ထိုစဉ် လူတစ်ယောက်၏ တားမြစ်သံ ထွက်ပေါ်လာပြန်သည်။

“နေဦး ... လင့်ဟူချုံးက ငါတို့ရဲ့မျက်လုံးတွေကို ဖောက်ပစ်ခဲ့တာ။ ဒီနေ့ ဒီကောင် ငါတို့လက်ထဲ ရောက်လာပြီ ဆိုတော့ ငါတို့ကလည်း သူလုပ်ခဲ့သလို သူ့ကို ပြန်လုပ်ပြီး လက်စားချေရမယ်။”

ထို့နောက် လူဆယ်ယောက်ကျော်၏ စူးစူးဝါးဝါး အော်ဟစ် ထောက်ခံသံ များကို ကြားလိုက်ရပြီး ထိုလူများ သူ့ထံ

လျှောက်လှမ်းလာသည့် ခြေသံများကိုပါ ထပ်ဆင့် ကြားလိုက်ရတော့သည်။

လင့်ဟူချိုးမှာ ပို၍ ရင်ထိတ်သွားတော့သည်။ အဘယ်ကြောင့်ဆိုသော် ယခု ပြောဆိုလိုက်သူများမှာ တစ်ချိန်တုန်းက ဘုရားကျောင်းပျက်ကြီးအတွင်းတွင် မိမိက မျက်စေ့ထိုးဖောက်ခဲ့သူ လူဆယ်ငါးယောက်၏ အသံများ ဖြစ်နေသောကြောင့်ပင်တည်း။

ထိုခြေသံများ သူ့ဖက်သို့ လျှောက်လာနေကြောင်း သိလိုက်ရသည်နှင့် လင့်ဟူချိုးသည် လက်ဝဲဖက်သို့ ခြေလေး လှမ်းခန့် ရွှေ့လိုက်သည်။ ထိုသို့ရွှေ့ရာတွင် ခြေသံကို လုံးဝနိုင်သမျှလုံအောင် သတိကြီးစွာထားပြီး ရွှေ့ပြောင်းလိုက်ရသည်။

ထိုစဉ် သူစောစောက ရပ်နေခဲ့သော ကျောက်နံရံပေါ်သို့ ဓားများဖြင့် ထိုးနှက်တိုက်ခိုက် နေသံများကို ကြားလိုက်ရတော့သည်။

လင့်ဟူချိုးအတွက် အလွန် ကံကောင်းသွားသည်။ သူသည် လက်ဝဲဖက်သို့ ရွှေ့ပြောင်းရာတွင် အသံလုံနိုင်သမျှ လုံအောင် ထိန်းသိမ်းသော်လည်း အသံကတော့ ထွက်ဖြစ်အောင် ထွက်သွားလိုက်သေးသည်။ သို့သော် လူဆယ်ယောက်၊ ဆယ်ငါးယောက်ခန့် တစ်ပြိုင်နက် လှမ်းလျှောက်လာသော ခြေသံများနှင့် ရောထွေးသွားသဖြင့် လင့်ဟူချိုး ရှောင်တိမ်း လိုက်သည့် ခြေသံများကို ရန်သူများက မကြားနိုင်ပဲ ဖြစ်သွားရသည်။

ဤအခြေအနေမျိုး၌ ဉာဏ်ကူမှသာ အသက် ချမ်းသာရာ ရနိုင်သည်ကို တွေးမိလိုက်သဖြင့် လင့်ဟူချိုးက ကိုယ်ကို ဝပ်၍ မြေကြီးပေါ်သို့ လက်ဖြင့် စမ်းသပ်လိုက်သည်။ စမ်း၍တွေ့ရှိသော ဓားတစ်ချောင်းကိုကောက်၍ ဘေးဘက် တစ်နေရာသို့ လွှင့်ပစ်လိုက်သည်။ ထိုအခါ လူတစ်ယောက်ကို ထိသွားသဖြင့် စူးစူးဝါးဝါး အော်သံတစ်ချက် ပေါ်ထွက်လာ၏။ မျက်ကန်းများသည် ထိုအော်သံကြားရာဆီသို့ ချက်ချင်းပြေးကာ တိုက်ခိုက်ကြတော့သည်။

ထို့နောက် ကျောက်ဂူထဲမှ သိုင်းသမား အားလုံးတို့သည် မျက်ကန်းများနှင့် အပြင်းအထန် တိုက်ခိုက်ကြရလေ တော့သည်။ သည်သိုင်းသမားများမှာ အပြင်၌ လွန်စွာထက်မြက်ကြသူများ ဖြစ်ကြသော်လည်း အမှောင်ထုကြီး အတွင်း၌မူ မျက်ကန်းများနှင့် မည်သို့မျှ ယှဉ်ပြိုင်၍မရပဲ ဖြစ်နေ၏။

လင့်ဟူချိုးကမူ ကျောက်နံရံဘေးမှ လုံးဝ မခွာချေ။ သူ့စိတ်ထဲတွင် ကျိုလင်ထန် အကြောင်းကို တွေးနေမိသည်။

“ကျိုလင်ထန်ကတော့ တစ်ကယ့်လူပဲ။ လင်မိန်ကျက်နဲ့ ဒီမျက်ကန်းတွေကို ခေါ်လာပြီး ငါတို့ကို တိုက်ခိုက်တာ ဒီအမှောင်ကို အားကိုးပြီး လာတိုက်တာပဲ။ ဒါပေမယ့် ဝါဆန်းတောင်ထိပ်မှာ ဒီလိုဏ်ခေါင်း ရှိနေတယ်ဆိုတာကို သူဘယ်လိုလုပ်ပြီး သိနိုင်ခဲ့သလဲ မသိဘူး။”

သို့သော် ချက်ချင်းလိုလိုပင် ထိုအချက်ကို သဘောပေါက်လိုက်မိသည်။

“ဩော် ... ဟုတ်ပြီ ... ညီမလေး လိန်လိန်တောင် ဒီကျောက်လိုဏ်ခေါင်းကို သိပြီးတဲ့နောက် လင်မိန်ကျက်လဲ သိသွားမှာပဲ။ လင်မိန်ကျက်သိမှတော့ ကျိုလင်ထန်လည်း သိသွားတော့မှာပေါ့”

ထိုစဉ် လင်မိန်ကျက်ထံမှ အော်သံထွက်လာသည်။

“လင့်ဟူချိုး ... မင်းသတ္တိမရှိဘူးလား။ ဘာဖြစ်လို့ ပုန်းနေရတာလဲ။ သိုင်းလောကမှာ ဒီလောက် နာမည်ကြီးတဲ့ ကောင်က ဘာဖြစ်လို့ ကြောက်နေရတာလဲ။ မင်းအစား ငါတော့ ရှက်တယ်ကွာ။ သတ္တိရှိတဲ့လူဟာ ဒီလောက် ပုန်းမနေဘူး ကွ။ မင်းယောကျ်ားမဟုတ် ဘူးလား။”

လင့်ဟူချိုးသည် သတ္တိရှိသူဖြစ်သည်။ သို့သော် မိုက်ရူးရဲ လုပ်တတ်သူ မဟုတ်ချေ။

သူ့စိတ်ထဲမှ တီးတိုးပြောလိုက်သည်။

“မင်းတို့ကများ ပြောရတယ် ရှိသေးတယ်။ မင်းတို့ကကော ယောကျ်ားပီသလို့လား။ မင်းတို့က ညစ်ပတ်တဲ့ နည်းနဲ့ အနိုင်ယူချင် နေကြတာပဲ။ ငါက လူမိုက်လုပ်ပြီး ဘယ်ထွက်ပါလိမ့်မလဲ။”

လင့်ဟူချိုးက ထိုနေရာ၌ပင် ငြိမ်သက် တိတ်ဆိတ်စွာ ထိုင်နေလိုက်သည်။ သူ့ထံမှ တစ်စုံတစ်ခုသော အသံမျှ မထွက်သွား စေရန်ကိုမူ လွန်စွာ ဂရုစိုက်ထားသည်။ သေးငယ်သော အသံကလေး တစ်သံသည်ပင် သေမင်းကို လက်ယပ် ခေါ်ငင်သလို ဖြစ်မည်ကို သူကောင်းစွာ သိထားသည်။

ကျိုလင်ထန်က အော်၍ ...

“ဒီထဲမှာ ရှိနေတဲ့ လူတွေ အားလုံး သစ္စာဖောက်တွေချည်းပဲ ... ဒီသစ္စာဖောက်တွေကို ဘာကြောင့်လွှတ်ပေးရမလဲ။ ဒီထဲကလူတွေကို တစ်ယောက်မကျန် သတ်ပစ်ရမယ်။ လင့်ဟူချိုးကကော ဘာကောင်မို့လဲ။ ဒီနေရာကနေ လွတ်မြောက်ဖို့ဆိုတာ ငှက်လို အတောင်ပေါက်လဲ မရဘူး။ မြေလျှိုးလို့ကော လွတ်မယ်ထင်သလား။ ဟေ့ကောင် လင့်ဟူချိုး ... မင်း ... ငါတို့ လက်ထဲက ဘယ်လိုမှ မလွတ်နိုင်ဘူး။ ထွက်ခဲ့စမ်း။ ယောကျ်ားပီပီ တိုက်ဖို့ ထွက်ခဲ့စမ်း။”

လင့်ဟူချိုးထံမှ မည်သည့် အသံမျှ မကြားရပဲ ငြိမ်သက်မြဲ ငြိမ်သက်နေသည်။

ကိုလင်ထန်က ဒေါသတကြီးဖြင့် အော်ဟစ် အမိန့်ပေးလိုက်သည်။

“ကောင်းပြီ … မင်းက ထွက်မလာဘူးပေါ့။ ဒီထဲမှာ ရှိရှိသမျှ လူတွေကို သတ်ပစ်လိုက်စမ်း။ ဒီကောင်က ဒီဂူထဲမှာ ခွေးသေလို သေချင်တဲ့ကောင် … ကဲ … သတ်ကြတော့”

ထိုစကားသံဆုံးသည်နှင့် ကျောက်ဂူထဲ၌ ဓားခုတ်သံများ အဆက်မပြတ် ကြားရလေတော့သည်။

× × × × ×

## ဝါဆန်းကျောက်ဂူ

လင့်ဟူချုံးမှာ မြေကြီးပေါ်တွင် ထိုင်နေသူဖြစ်၍ မည်သူမျှ သူ့ထံသို့ လာရောက် တိုက်ခိုက်ခြင်းမရှိချေ။ သူက ထိုင်နေသော်လည်း သတိမလွတ်ချေ။ ထို့အပြင် လင်းလင်း၏ အသံကိုလည်း နားစွင့်ထားသေးသည်။ သူ့စိတ်ထဲတွင် ...

"လင်းလင်းက ငါ့ထက် အများကြီး ဉာဏ်ကောင်းတယ်။ ငါ့ထက် ပါးရည်နပ်ရည် ရှိတယ်။ ဒီဂူထဲမှာ အန္တရာယ် အရှိဆုံး အပြုအမူဟာ အသံထွက်တာပဲ ဆိုတာကို လင်းလင်း ကောင်းကောင်း သိမှာပါ။ လုံးဝ အသံပြုမှာ မဟုတ်ပါဘူး"

ဂူထဲမှ သိုင်းသမားများမှာ မျက်ကန်းများနှင့် အပြင်းအထန် တိုက်ခိုက်နေကြသည်။ တိုက်ခိုက်ရင်းလဲ တစ်ဦးနှင့် တစ်ဦး အော်ဟစ်ဆဲဆို နေကြသေးသည်။ ထိုကဲ့သို့ အော်ဟစ်ဆဲဆိုသံများ အကြား၌ 'ခွေးသေနာကောင်' ဟူသော ဆဲဆိုသံမှာ မကြာခဏ ကြားနေရသည်။ 'ခွေးသေနာကောင်' ဟူသော ဆဲသံမှာ လွန်စွာ နားစူးစေသော ဆဲသံဖြစ်သည်။

လူလူချင်း သာမန်အားဖြင့် ဆဲဆိုလျှင် 'ခွေးကောင်' ဟူ၍လည်းကောင်း၊ 'ခွေးမသား' ဟူ၍လည်းကောင်း ဆဲဆိုပေလိမ့်မည်။ ဤသို့ မဆဲချင်ပါကလည်း 'သေနာကောင်' ဟူ၍လည်းကောင်း၊ 'သေနာ' ဟူ၍လည်းကောင်း ဆဲပေလိမ့်မည်။ ယခုကဲ့သို့ 'ခွေးသေနာကောင်' ဟူ၍ ဆဲဆိုခြင်းမျိုးမှာ လွန်စွာ ရှားပါးလှ၏။

ထိုဆဲဆိုသံနှင့် ပတ်သက်၍ လင့်ဟူချုံးသည် အတွေးနက်နေ မိတော့သည်။

"အင်း ... သည်လိုဆဲတာမျိုးကတော့ အင်မတန် ရှားပါးတာပဲ။ မဟုတ်မှလွဲရော ဒါက မျက်ကန်း ဆယ်ငါးယောက်ရဲ့ နယ်မှာ သုံးလေ့သုံးထရှိတဲ့ အဆဲစကားနဲ့ တူတယ်။"

တွေးရင်းဖြင့် လင့်ဟူချုံးက ဆဲသံများကို အထူးဂရုပြု နားစိုက်မိသည်။ ဤတွင် သူသည် ထူးခြားသော အချက်တစ်ချက်ကို သတိပြုမိသည်။ ထိုအချက်မှာ တစ်ခါတစ်ရံ လူနှစ်ယောက်စလုံးထံမှ 'ခွေးသေနာကောင်' ဟူသော ဆဲဆိုသံ ထွက်ပေါ်လာသောအခါ လက်နက်ခြင်း ရိုက်ခတ်သံ လုံးဝ မထွက်ပေါ်လာခြင်း ဖြစ်သည်။

တိုက်ခိုက်ရန် ရည်ရွယ်ထားသော လက်နက်များသည် အလိုအလျောက် ရပ်တန့်သွား ဟန်တူသည်။ အကယ်၍ တစ်ဖက်မှ ဆဲဆိုသံ ထွက်ပေါ်လာပြီး အခြားတစ်ဖက်မှ ဤအတိုင်း ပြန်လှန် မဆဲသောအခါ ခုတ်ထစ် တိုက်ခိုက်သံများ ထွက်ပေါ်လာသည်ကို လင့်ဟူချုံး သတိထား လိုက်မိသည်။

ချက်ချင်းပင် လင့်ဟူချုံးက သဘောပေါက်လိုက်သည်။

"သြော် ... လက်စသတ်တော့ ဒါက မျက်ကန်းတွေအချင်းချင်း လူမမှားအောင် အချိန်းအချက်လုပ်တဲ့ စကားဝှက်ကိုး ... အင်း ကျိလင်ထန် ... ကျိလင်ထန် ... အားလုံးကို အကွက်စေ့စေ့ စီစဉ်ထားတာပါကလား"

မျက်ကန်းများမှာ မည်သည့် အရာကိုမျှ မမြင်မတွေ့ရပဲ အသံကြားရာ နေရာမှန်သမျှ တိုက်ခိုက်ထိုးခုတ် နေကြရသူများဖြစ်၍ ရန်သူနှင့်မိတ်ဆွေ ခွဲခြားရန် အလွန်လိုအပ်သည်။ ထိုသို့ မခွဲခြားနိုင်ပါက မိမိတို့ အချင်းချင်း ပြန်လည်တိုက်ခိုက်မိပြီး အားလုံး အကျိုးနည်းကုန် ပေလိမ့်မည်။ ထို့ကြောင့် သူတို့က စကားဝှက်ကို ကြိုတင် စီစဉ် လာကြခြင်း ဖြစ်သည်။

သူတို့ထဲမှ တစ်ယောက်ယောက်သောသူက ဤစကားဝှက်ကို ကြိုတင်၍ ဆဲထားလိုက်သည်။ တစ်ဖက်လူက ထိုစကားဝှက်အတိုင်း ပြန်ဆဲပါက မိမိတို့လူဖြစ်သဖြင့် ထိုလူကို ထပ်၍ မတိုက်ခိုက်တော့။ အခြားဖက်သို့သာ ဦးလှည့်တော့၏။

လင့်ဟူချုံးသည် ထိုအချက်ကို သဘောပေါက် လိုက်သည်နှင့် ဓားကိုဆွဲ၍ ထရပ်လိုက် တော့သည်။ သူ့နားထဲတွင် 'ခွေးသေနာကောင်' ဟူသော ဆဲဆိုသံများ ပိုများလာသည် ကိုလည်း သတိပြုလိုက်မိသည်။

ဓားခါးချင်း ရိုက်ခတ်မိသော အသံများလည်း ကျဲလာတော့သည်။ ဂိုဏ်း သုံးဂိုဏ်းမှ သိုင်းသမားများ ရှုံးနိမ့်သွားပြီ ဖြစ်ကြောင်း သက်သေပင် ဖြစ်သည်။ အားလုံးလဲကျ သေဆုံးသွားဟန် တူသည်။

လင့်ဟူချုံးမှာ တစ်ချိန်လုံး လင်းလင်း၏ အသံကို မကြားရပဲ ဖြစ်နေသဖြင့် လွန်စွာ စိတ်ပူနေမိသည်။

အတန်ကြာသောအခါ တိုက်ပွဲ ပြီးဆုံးသွားတော့သည်။ ထိုအခါ ကျိုလင်ထန်က ...

"အားလုံး ကျောက်ဂူထဲမှာ ကန့်လန့်ဖြတ်လျှောက်ပြီး ဓားကို ဝှေ့ယမ်း ခုတ်ထစ်ကြ"

မျက်ကန်းအားလုံးသည် ကျိုလင်ထန် ဘာကြောင့် ဤကဲ့သို့ အမိန့်ပေးသည်ကို ကောင်းစွာ သဘောပေါက်ကြသည်။ ထိုးခုတ် တိုက်ခိုက်ခြင်းကို ရပ်ဆိုင်းလိုက်တော့၏။ ထို့နောက် ကျိုလင်ထန်၏ အမိန့်အတိုင်း ကျောက်ဂူထဲ၌ လှည့်ပတ်ခုတ်ထစ် နေကြတော့၏။

ရုတ်တရက် ဓားနှစ်ချောင်း၏ လေထုကို တိုးခွဲသံကို လင့်ဟူချုံး ကြားလိုက်ရသည်။ သူနှင့် လွန်စွာ နီးကပ်ရကား လင့်ဟူချုံးသည် ဓားဖြင့် ကမန်းကတန်းကာလိုက်ရပြီး အက်ကွဲသောလေသံဖြင့် 'ခွေးသေနာကောင်' ဟု အော်ဆဲလိုက်ရ၏။ ထိုအခါ တစ်ဖက်မှ ပြန်ဆဲသံကြားလိုက်ရပြီး သူ့ထံသို့ တိုးဝင်လာမည့် ဓားချက်များလည်း ရပ်တန့်သွားလေတော့သည်။

လင်းလင်းအတွက် လင့်ဟူချုံးမှာ ငိုချင်စိတ်ပင် ပေါက်လာတော့သည်။ လင်းလင်းအား အော်ခေါ်ချင်နေသည့် သူ့စိတ်ကို မနည်းပင် ဖိနှိပ်မျိုသိပ် ထိန်းသိမ်းနေရတော့သည်။

ထိုစဉ် ကျိုလင်ထန်က ...

"အားလုံး ... ရပ်လိုက်တော့"

မျက်ကန်းအားလုံးသည် ထိုးခုတ် တိုက်ခိုက် နေခြင်းများကို လုံးဝ ရပ်ဆိုင်း လိုက်တော့ရာ လိုဏ်ခေါင်းကြီး တစ်ခုလုံး လုံးဝ ငြိမ်သက် တိတ်ဆိတ်သွားတော့၏။

"ဟား ... ဟား ... ဟား ... ဒီနေ့ငါတို့ရဲ့ ရန်သူတွေ အားလုံးကို အပြတ်ရှင်းလိုက်နိုင်ပြီ။ သူရဲကောင်းကြီးလုပ်နေတဲ့ လင့်ဟူချုံးလည်း သေသွားပြီ။ ဟား ... ဟား ... ဟား ... ငါ့ကို လာတုလို့ ဘယ်ရမလဲ။ ကျိုလင်ထန်ကွ ... ကျိုလင်ထန် ... ဟား ... ဟား ... ဟား ။ ငါတို့ရဲ့ ရန်သူမှန်သမျှ ကျူပင်ခုတ် ကျူငုတ်မကျန်ရအောင် ရှင်းပစ်မယ်။ လင့်ဟူချုံး ခုတော့ မင်းသေပြီ ... ခွေးသေ သေပြီ မဟုတ်လား။

လင့်ဟူချုံးမှာ အသက်ကိုအောင့်၍ ငြိမ်နေမိသည်။ ကျိုလင်ထန်ထံမှ စကားသံဆက်၍ ထွက်ပေါ်လာသည်။

"ညီလေးလင်မိန်ကျက် ... ဘယ့်နှယ်လဲ။ မင်းရဲ့တစ်သက်တာမှာ အမုန်းဆုံးဖြစ်နေတဲ့လူကို ရှင်းပစ်နိုင်ခဲ့ပြီဆိုတော့ မင်းအနေနဲ့ ကျေနပ်ရောပေါ့"

"ကျေနပ်တာပေါ့ အစ်ကိုကြီးရယ် ... ဒါပေမယ့် အခုလို လက်စားချေနိုင်တာ ကျွန်တော့် အစွမ်းကြောင့်တော့ မဟုတ်ပါဘူး ... အစ်ကိုကြီးရဲ့ အစွမ်းကြောင့်ပါ"

လင့်ဟူချုံးက စိတ်ထဲတွင် တွေးလိုက်သည်။

"အော် ... သူတို့က ညီရင်းအစ်ကိုလို ခေါ်ဝေါ်ဆက်ဆံ နေကြတာကိုး ... လင်မိန်ကျက်ဆိုတဲ့ ကောင်လေးကတော့ ကျိုလင်ထန်အကြောင်းဘာမှ သိဟန်မတူဘူး။ ကျိုလင်ထန်ကလဲ သူ့အပေါ် ပျော့ပျော့ပျောင်းပျောင်း ဆက်ဆံနေတာလဲ ပါမှာပေါ့"

ထိုစဉ် ကျိုလင်ထန်က ...

"ညီလေး လင်မိန်ကျက် ... ဒီကျောက်ဂူထဲမှာ တစ်ခြားဝင်ပေါက် ရှိသေးတယ်ဆိုတာ မင်းသာသိမထားရင် ငါတို့ရဲ့ ဒီအကြံအစည်ဟာ အောင်မြင်မှာ မဟုတ်ဘူး။ မင်းကြောင့်သာ အခုလို အောင်အောင်မြင်မြင် ဖြစ်သွားတာ မင်းအတွက် ငါဂုဏ်ယူပါတယ်"

"အစ်ကိုကြီး .. ကျွန်တော်ကတော့ သိပ်ပြီး မကျေနပ်နိုင်ဘူး။"

"ဘာဖြစ်လို့လဲ ညီလေး။ လင့်ဟူချုံး သေပြီ မဟုတ်လား။ သိုင်းလောကထဲမှာ ဒီကောင် ခြေမရှုပ်နိုင်တော့ပါဘူး။

သူရဲကောင်းလည်း မလုပ်နိုင်တော့ဘူး။"

"ဒီလိုပါ အစ်ကိုကြီး .. လင့်ဟူချုံးကို ကျွန်တော့်လက်နဲ့ သတ်ချင်တာ။ ခုတော့ ကျွန်တော့်လက်နဲ့ သေသေချာချာ မသတ်လိုက်ရတာကို မကျေမနပ်ဖြစ်မိတာပါ"

လင့်ဟူချုံးမှာ စိတ်ထဲမှ ပြောလိုက်မိသည်။

"ငါက မင်းကို ထိခိုက်မိအောင် ဘာတစ်ခုမှ မလုပ်ခဲ့ဘူး။ မင်းက ဘာကြောင့် ငါ့ကို ဒီလောက်တောင် မုန်းတီးနေရတာလဲ။ ဘာများ မုန်းစရာအကြောင်း ရှိနေလို့လဲ။ ငါ့ညီမလေး လိန်လိန်ကို သတ်ထားတာကိုတောင် ပြန်ပြီး လက်စား မချေရသေးဘူး"

ထိုစဉ် ကျိုလင်ထန်က လေသံတိုးတိုးဖြင့် ...

"ကဲ ... ကဲ ... ငါတို့အားလုံး အမြန်ဆုံး ပြန်ထွက်ကြမယ်။ ခုချိန်လောက်ဆိုရင် ရက်ပုချွန်တစ်ယောက် ဂူပြင် ဖက်နား ရောက်နေရော့မယ်။ အဲဒါ အင်မတန် အရေးကြီးတယ်။ အပြင်မှာ မိုးမလင်းခင် အမှောင်ထဲမှာ ဝိုင်းတိုက်မှ ဒီကောင့်ကို နိုင်မှာ။ နို့မဟုတ်ရင် လွယ်မှာ မဟုတ်ဘူး။ အားလုံး အပြင်ထွက်ကြပေတော့"

လင်မိန်ကျက်က အားတက်သရော ဝင်၍ ပြောလိုက်၏။

"ဟုတ်တယ် ... ရန်သူတစ်ယောက်တော့ ရှင်းသွားပြီ ... ဒါပေမယ့် တစ်ယောက်ကျန်သေးတယ်။ အဲဒီ တစ်ယောက်က ပိုပြီးတော့တောင် ဂရုစိုက်ရဦးမယ်"

ထို့နောက် ကျိုလင်ထန်နှင့် လင်မိန်ကျက် ဦးဆောင်သော မျက်ကန်းဓါးသမားများသည် ကျောက်ဂူအပြင်ဖက်သို့ တဖြည်းဖြည်း ထွက်ခွာသွားကြသည်။ သူတို့ဝင်လာသော အပေါက်မှပင် ထွက်ခွာသွားခြင်း ဖြစ်ပေလိမ့်မည်။ အတန်ကြာ သောအခါ ခြေသံများ လုံးဝ တိတ်ဆိတ် ငြိမ်သက်သွားတော့၏။ မည်သည့်ခြေသံမျှ မကြားရ တော့သောအခါ လင့်ဟူချုံးက လေသံတိုးတိုးဖြင့် မေးလိုက်၏။

"လင်းလင်း ... မင်း ဘယ်မှာလဲဟင်"

သူ၏ခေါင်းပေါ်မှ လင်းလင်း၏အသံထွက်လာသဖြင့် လင့်ဟူချုံးမှာ လန့်သွားတော့သည်။

"အစ်ကို ... ကျွန်မ ဒီမှာရှိတယ် .... အသံမထွက်နဲ့ဦး"

လင်းလင်း၏အသံကို ကြားလိုက်ရသော လင့်ဟူချုံးမှာ ဝမ်းသာလွန်း၊ စိတ်လှုပ်ရှားလွန်း လှသဖြင့် ခြေထောက်များ ပျော့ခွေကျသွားတော့၏။ လင့်ဟူချုံးသည် ထိုနေရာ၌ပင် ထိုင်ချလိုက်ရသည်။

မျက်ကန်း ဓားသမားများ ဓားဖြင့် လျှောက်ယမ်းနေစဉ် အလုံခြုံဆုံးသောနေရာမှာ အမြင့်ပိုင်းသာဖြစ်သည်။ ထိုနေရာသို့ မည်သည့် ဓားချက်မျှ မရောက်နိုင်ပေ။ မည်သူမျှ အမြင့်ပိုင်းသို့ ရှင်းလင်းရန် စဉ်းစားမည်မဟုတ်ချေ။

သဘောတရားမှာ လွန်စွာ ရိုးရှင်းသော်လည်း အသက်အန္တရာယ် ကြုံတွေ့နေရချိန်တွင် မည်သူမျှ ထိုကဲ့သို့ ပြုမူရန် စိတ်မကူးနိုင်ကြပေ။ လင်းလင်းမှာမူ လင့်ဟူချုံး ယုံကြည်ထားသလိုပင် လွန်စွာပါးနပ်လှသဖြင့် လူအားလုံး မစဉ်းစား မိသည့် အချက်ကို စဉ်းစားမိကာ လွတ်မြောက်ရေးအတွက် အသုံးချခဲ့သည်။

လင်းလင်းက ကျောက်စွန်းပေါ်မှ မြေပြင်ပေါ် ခုန်ဆင်းလိုက်သည်။ လင့်ဟူချုံးက သူမကို လှမ်း၍ ပွေ့ဖက် ထားလိုက်သည်။ ချစ်သူနှစ်ယောက်လုံးမှာ ဝမ်းသာ လွန်းလှသဖြင့် ပွေ့ဖက်ငိုယိုမိကြတော့၏။

လင့်ဟူချုံးက လင်းလင်း၏ ပါးကလေးနှစ်ဖက်ကို ကြူကြူပါအောင် နမ်း၍ လေသံတိုးတိုး လေးဖြင့် ...

"စောစောတုန်းက မင်းအတွက် စိုးရိမ်လွန်းလို့ ... သေတော့မလောက်တောင် ဖြစ်နေခဲ့ရတာ"

လင်းလင်းက လင့်ဟူချုံး၏ ပွေ့ဖက်နမ်းရှုပ်မှုကို လုံးဝမရှောင်တော့ပဲ လင့်ဟူချုံးကို ပြန်လည် ပွေ့ဖက်ထားသည်။ တိုးညင်းသော လေသံကလေးဖြင့် လင်းလင်းက ...

"ကျွန်မကတော့ အစ်ကို့အတွက် သိပ်ပြီး စိတ်မပူပါဘူး"

"ဘုရားရေ ... ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမလဲ ... အစ်ကို ဆဲလိုက်တဲ့ 'ခွေးသေနာကောင်' ဆိုတဲ့အသံကို ကျွန်မ ကောင်းကောင်းကြီး မှတ်မိလို့ပေါ့"

လင့်ဟူချုံးမှာ တဟားဟား ရယ်မောမိတော့သည်။ အတန်ကြာမှ အရယ်ရပ်နိုင်ပြီး

"မင်းတော့ ဘာမှ မထိခိုက်ပါဘူးနော်"

"ဟင့်အင်း ... ဘာမှ မဖြစ်ပါဘူး။ ဘယ်လိုလုပ်ပြီး ထိခိုက်မှာလဲ ကျွန်မက ဘေးရန် အလုံခြုံဆုံးနေရာမှာ ရောက်နေတဲ့ ဥစ္စာပဲ"

"အစပထမတော့ ငါက သိပ်စိတ်မပူသေးပါဘူး။ ကြိုးတပ်တူရိယာသံကို ကြားထားတယ်လေ။ ဒါပေမယ့်

နောက်ပိုင်း မကြားတော့ စိတ်ပူတာပေါ့။ နောက်ပိုဆိုးသွားတာက မိန်းကလေး တစ်ယောက်ရဲ့ အော်သံသဲ့သဲ့ကို ကြားလိုက်ရတာပဲ။ မင်းများလား ဆိုပြီး ငါ … ဘယ်လိုလုပ်ရမှန်းတောင် မသိတော့ဘူး။ ခေါင်းကို ထူပူသွားတော့တာပဲ”

လင်းလင်းက တခစ်ခစ်ရယ်ရင်း …

“ဟင်း .. အစ်ကို့ကို တကယ်ချစ်ဖို့ မကောင်းဘူး”

“ဟင် .. ဘာဖြစ်လို့လဲ”

“ဘာဖြစ်ရမလဲ၊ … ကျွန်မအသံနဲ့ တခြား မိန်းကလေးတစ်ယောက်ရဲ့ အသံနဲ့ တောင် ခွဲခြားမသိလို့ပေါ့။ ဒါဟာ ကိုယ့်ချစ်သူ အပေါ် ဂရုမစိုက်ဘူးဆိုတာ ပြနေတာပဲ။”

လင့်ဟုချုံးကလည်း တဟားဟားရယ်လိုက်ရင်း …

“ဟုတ်တယ်။ ဒီလောက် မချစ်တတ်တဲ့ ကောင်ကို လင်းလင်းအနေနဲ့ ကောင်းကောင်း ဆုံးမသင့်တယ်။”

လင့်ဟုချုံးက ပြောပြောဆိုဆိုနှင့် လင်းလင်း၏ လက်ကလေးကို ဆွဲယူကာ သူ့ပါးနှစ်ဖက်ကို ရိုက်လိုက်သည်။ အသာကလေးသာ ရိုက်ခြင်းဖြစ်၍ လင်းလင်းမှာ တခစ်ခစ် ရယ်နေမိတော့၏။

“ကျွန်မ အပေါ်ကိုခုန်တက်တာ အကြာကြီးရှိနေတာ။ သူများတွေ ရိပ်မိသွားမှာစိုးလို့ လုံးဝအသံမထွက်ပဲ ငြိမ်နေရတာ။ ကြိုးတပ်တူရိယာကလည်း မြေကြီးပေါ်မှာ ကျနေတော့ အစ်ကို့ကို အချက်ပေးဖို့ ခက်နေတာပေါ့။”

“ဟင် … ဒါဖြင့် ကြိုးတပ်တူရိယာနှစ်ချက်တီးပြီး အချက်ပေးတာက ဘယ်လိုလဲ”

“အဲဒါက ဒီလို … အစ်ကို စိုးရိမ်တကြီး ဖြစ်နေမှာကို ကျွန်မသိတယ်။ ဘယ်လို အချက်ပေးရမလဲကို စဉ်းစားလိုက်တော့ နောက်ဆုံးမှာ အကြံတစ်ခုရတယ်။ ဒါနဲ့ ကြိုးတပ်တူရိယာကျနေတဲ့ နေရာကို ဒင်္ဂါးပြားနဲ့မှန်းပြီး ပေါက်လိုက်တယ်။ အဲသလိုနဲ့ အသံထွက်အောင် လုပ်လိုက်ရတာ”

“အော်၊ လက်စသတ်တော့ ဒီလိုကိုး။ လင်းလင်း မင်းဟာ တကယ်အသုံးမကျတဲ့ ယောကျ်ား တစ်ယောက်ကိုမှ ချစ်မိနေတာကိုး။ ငါတော့ သိပ်အံ့ဩနေတာပဲ။ ဘယ်နှယ် တစ်ချက်တီးပြီတာနဲ့ ရပ်လိုက် … နောက်တစ်ချက် တီးပြီးတာနဲ့ ရပ်လိုက်နဲ့ … ဘာများဖြစ်နေတာလဲ … ပေါ့”

လင်းလင်းမှာ လင့်ဟုချုံး၏ အပြောကို သဘောကျပြီး တခစ်ခစ် ရယ်နေတော့၏။ လင့်ဟုချုံးက ဆက်၍ …

“ဘာဖြစ်လို့ ငါတို့နှစ်ယောက် တီးနေကျဖြစ်တဲ့ သီချင်းကို မတီးတာလဲလို့ … ငါက မင်းရဲ့အဖြစ်ကို လုံးဝ မစဉ်းစားမိခဲ့ပဲကိုး။ ဘယ်လောက်တုန်းတဲ့၊ အတဲ့၊ ယောကျ်ားလဲလို့ …”

လင့်ဟုချုံး ပွေ့ဖက်ထား သည်ကို လင်းလင်းသည် ငြိမ်သက်စွာ ခံယူနေရင်းမှ …

“အမှောင်ကြီးထဲမှာ ငွေဒင်္ဂါးပစ်ပြီး သီချင်းဖြစ်အောင် တီးတတ်ရင်တော့ ကျွန်မဟာ တကယ့် နတ်သမီးလေးတစ်ပါး ဖြစ်နေပြီ”

လင့်ဟုချုံးက ရယ်မော၍ …

“အခုလည်း မင်းဟာ ငါ့အတွက် နတ်သမီးလေး တစ်ပါးပါပဲ”

လင့်ဟုချုံး၏ လေသံမှာ ပြောင်ချော်ချော်နှင့် နောက်ပြောင်သော သဘောများ ပါရှိနေသဖြင့် လင့်ဟုချုံး၏ ရင်ခွင်တွင်းမှ ရုန်းထွက်ရန် လင်းလင်းက ကြိုးစားလိုက်၏။ သို့သော် လင့်ဟုချုံးက လုံးဝမလွှတ်ပဲ ပွေ့ဖက်ထားသဖြင့် လင်းလင်းမှာ ရုန်းမထွက်နိုင်ပဲ ဖြစ်နေသည်။

ထိုစဉ် လိုဏ်ခေါင်းတွင်း တစ်နေရာမှ လှောင်ရယ်ရယ်သံတစ်ခုကို ကြားလိုက်ရသည်။ လင်းလင်းရော လင့်ဟုချုံးပါ အလန့်တကြား ဖြစ်သွားတော့၏။

လင်းလင်း၏ခါးကို ဘယ်လက်ဖြင့် ဖက်ထားလိုက်ပြီး ညာလက်က ဓားကိုကိုင်ကာ လင့်ဟုချုံးက ချက်ချင်း မတ်တတ်ရပ်လိုက်သည်။ ထိုစဉ်ပင် အေးစက်မာကျောသော အသံ တစ်သံ ထွက်လာသည်။

“လင့်ဟုချုံး … ကျုပ်ပါ …”

လင်မိန်ကျက်၏ အသံပင် ဖြစ်နေချေသည်။

လင်မိန်ကျက်၏ နောက်ဖက်မှ ခြေသံများကို ကြားလိုက်ရပြန်သည်။ စောစောက ဂူအပြင်သို့ ထွက်သွားသော မျက်ကန်းများ ပြန်ဝင်လာကြခြင်းဖြစ်တော့သည်။

မိမိ၏ သတိပေါ့ဆမှုကို လင့်ဟုချုံး ကျိန်ဆဲလိုက် မိသည်။ ကိုယ့်ကိုယ်ကို ခွင့်မလွှတ်နိုင်အောင် ဖြစ်မိတော့သည်။ သတိလစ်ဟင်း ပေါ့ဆမှုသည် အသက်ပေးရတတ်ပေသည်။

ကျိုလင်ထန်သည် သာမန်လူတစ်ယောက် မဟုတ်ချေ။ အလွန်ဉာဏ်များသော လူတစ်ယောက်ဖြစ်သည်။ ဤအချက်

ကို လင့်ဟူချုံးအနေဖြင့် ကောင်းစွာသိနေလျက် ပေါ့ဆမိသည်။ ဤမျှလောက် ဉာဏ်များသူ တစ်ယောက်သည် အဘယ်မှာလျှင် တစ်ကြိမ်တစ်ခါတည်း ထွက်ခွာသွားလိမ့်မည်နည်း။ လိုဏ်ခေါင်းဝမှ ချောင်းမြောင်း နားထောင်နေမည်သာဖြစ်သည် ဆိုသည်ကို လင့်ဟူချုံးအနေဖြင့် လုံးဝ မေ့လျော့ထားမိသည်။

တစ်ယောက်တည်း ဆိုလျှင် လင့်ဟူချုံးအနေဖြင့် ကိစ္စမရှိ။ ယခုမူ လင်းလင်းပါ ပါရှိနေသဖြင့် ပို၍ လွတ်မြောက်ရန် ခက်ခဲနေတော့သည်။ အမှန်မှာ သူတို့နှစ်ယောက်လုံး ဝမ်းသာမှုကြောင့် သတိလက်လွတ် ဖြစ်သွားရခြင်း ဖြစ်တော့သည်။

လင်းလင်းက လင့်ဟူချုံး ခါးကို ရုတ်တရက် ဖက်ကာ တီးတိုးပြောလိုက်သည်။

"အစ်ကို ... အပေါ်ကို တက်ကြစို့"

နှစ်ယောက်စလုံး တစ်ပြိုင်နက်တည်း ခုန်တက်လိုက်ကြသည်။ အစောပိုင်းက လင်းလင်းရပ်နေခဲ့သော ကျောက်နံရံမှာ အစွန်ထွက်နေသော ကျောက်စွန်းတစ်ခုတွင် ဖြစ်သည်။ ထိုနေရာကို သူမက ကောင်းစွာ မှတ်မိနေသည်။

ထို့ကြောင့် လင့်ဟူချုံးကိုဖက်၍ လင်းလင်းက ထိုနေရာသို့ ပြန်လည် ခုန်တက်လိုက်၏။ သူတို့ နှစ်ယောက်လုံး၏ ကိုယ်ဖော့ပညာမှာ လွန်စွာကောင်းလှသဖြင့် ကျောက်စွန်းကြီးပေါ်သို့ အသာအယာ ရောက်ရှိသွားကြသည်။ အစပထမ၌ လင့်ဟူချုံးမှာ အမှတ်အသား ရှိမထားသူဖြစ်၍ ကျောက်စွန်းကို ကောင်းစွာမနင်းမိပဲ ချော်ကျသွားမည်ကဲ့သို့ ဖြစ်သွားသေးသည်။ သို့သော် လင်းလင်းက ဆွဲယူထိန်းသိမ်းလိုက်သဖြင့် ကျောက်စွန်းကြီးပေါ်၌ လင်းလင်းနည်းတူ ခြေချမိသွားသည်။

ထိုကျောက်စွန်းကြီးမှာ သုံးပေခန့် စွန်းထွက် နေသဖြင့် လူနှစ်ယောက် ပူးကပ်ကာ ကောင်းစွာ ရပ်နေနိုင်သည်။

လင့်ဟူချုံးက စိတ်ထဲတွင် ...

"တော်ပါသေးရဲ့ ... လင်းလင်း စဉ်းစားတာ မြန်သွားလို့ ... အခုဆိုရင်တော့ ငါတို့က အပေါ်စီးက ဖြစ်သွားပြီ။ ဒီမျက်ကန်းတွေ ငါတို့ကို ဝိုင်းတိုက်လို့ မရတော့ဘူး။ ရုတ်တရက်တော့ အသက် အန္တရာယ် မထိခိုက်နိုင်တော့ဘူး။"

ထိုစဉ် ကျိုလင်ထန်က "ဒီကောင်တွေ အပေါ်ကို ခုန်တက်သွားပြီ။"

လင်မိန်ကျက်ကလည်း "ဟုတ်တယ်။ ဒီကောင်တွေ အခုလေးတင် အပေါ်ဖက်ကို ခုန်တက်သွားပြီ။"

ကျိုလင်ထန်က ...

"လင့်ဟူချုံး၊ မင်းက အင်မတန် ဉာဏ်များတဲ့ကောင်။ ဒါပေမယ့် ငါ့လိုလူမျိုးကိုတော့ မင်းလှည့်စားလို့ မရဘူး။ အခုမင်းက အပေါ်တက်ပုန်းနေတယ်။ ကောင်းပြီ။ မင်းတစ်သက်လုံး အပေါ်မှာပဲ ပုန်းနေနိုင်မယ်လို့ ထင်နေသလား။"

လင့်ဟူချုံးနှင့် လင်းလင်းတို့သည် လုံးဝ အသံမပြုကြတော့။ မိမိတို့ အသံထွက် လိုက်သည်နှင့် ဤမျက်ကန်းများက ဝိုင်းဝန်း တိုက်ခိုက်ကြတော့မည်ကို သိနားလည်ပေသည်။ လင့်ဟူချုံးသည် ညာလက်က ဓားကိုကိုင်ကာ ဘယ်လက်က လင်းလင်း၏ခါးကို ဖက်ထားသည်။ ထို့အတူ လင်းလင်းကလည်း ဘယ်လက်က ဓားတိုလေးကို ကိုင်ကာ ညာလက်က လင့်ဟူချုံး၏ခါးကို ဖက်ထား၏။ သူတို့နှစ်ယောက်မှာ အသက်အန္တရာယ်နှင့် ကြုံတွေ့နေရသော်လည်း ကြောက်ရွံ့ ထိတ်လန့်မှု လုံးဝမရှိပေ။ ထူးခြားဆန်းကြယ်လှစွာပင် နှစ်ယောက်လုံး စိတ်ချမ်းမြေ့နေကြသည်။ ယခုအချိန်တွင် သေမည်ကို လုံးဝမမှုကြ။ သေလည်း နှစ်ယောက် အတူတူသေမည်၊ နေလည်း နှစ်ယောက် အတူတူနေမည်။ ဟု စိတ်ပိုင်းဖြတ်ထားကြသဖြင့် ဤသို့ စိတ်ချမ်းမြေ့နေကြခြင်း ဖြစ်တော့သည်။

ထိုစဉ်မှာပင် ကျိုလင်ထန်က ရုတ်တရက် အော်လိုက်သည်။

"ရဲဘော်တို့ ... မင်းတို့ရဲ့ မျက်စေ့တွေကို ဘယ်သူ ထိုးဖောက် ခဲ့တယ်ဆိုတာ မေ့နေကြပြီလား။"

ထိုအခါ မျက်ကန်းများသည် ညာသံပေး အော်ဟစ်ကြွေးကြော်ကာ ဓားဖြင့် လျှောက်ခုတ် လေတော့သည်။ သို့သော် သူတို့၏ ခုတ်ထစ်သံများသာ လိုဏ်ဂူတွင်း ဖုံးလွှမ်းသွားသည် ... လင့်ဟူချုံး တို့ထံမှ မည်သည့်အသံမျှ ထွက်မလာချေ။ မျက်ကန်းတို့မှာ ကျောက်နံရံများကိုသာ ထိုးနက် တိုက်ခိုက် မိကြတော့သည်။

မျက်ကန်းများသည် သူတို့၏ ဓားချက်များ အချည်းနှီး ဖြစ်သွားသည်ကို သိလိုက်ကြရသောအခါ ဒေါသအမျက် ဟူးဟူးထွက် လာကြတော့သည်။ လင့်ဟူချုံးတို့ ရှိနိုင်သည်ဟု မှန်းဆရသော နေရာသို့ ဒုတိယအကြိမ် ခုန်တက် တိုက်ခိုက်ကြပြန်တော့၏။

ဤအကြိမ်တွင် မျက်ကန်းတစ်ယောက်သည် လင့်ဟူချုံးနှင့် လင်းလင်းတို့နှစ်ယောက် ရပ်နေသည့် ကျောက်စွန်းနားသို့တိုင် ရောက်ရှိလာသည်။ လေတိုးသံ ကြားလိုက်သဖြင့် ရန်သူ သူတို့နားသို့ ရောက်ရှိလာကြောင်း လင့်ဟူချုံး သိလိုက်သည်။ သူ၏ဓားကို ချက်ချင်းပင် လျှပ်တစ်ပြက် ထိုးထုတ်လိုက်တော့သည်။

"အား" မျက်ကန်းတစ်ယောက်၏ နာကျင်စွာ စူးစူးဝါးဝါး အော်လိုက်သံသည် ကျောက်လိုဏ်ဂူ အတွင်း၌ ပဲ့တင်ထပ်သွားလေတော့၏။ လင့်ဟူချုံး၏ဓားချက် ရင်ဝတွင်မိကာ ထိုမျက်ကန်း အသက်ထွက် သွားတော့သည်။ သို့သော်

ထိုအသံကို ကြားလိုက်သဖြင့် ကျန်သော မျက်ကန်းဓားသမားတို့သည် လင့်ဟူချုံးတို့ ပုန်းခိုနေသောနေရာကို သိသွားသည်။ သူတို့အားလုံး စုပြုံရောက်ရှိလာကာ ဝိုင်းဝန်း ခုတ်ထစ် ကြတော့၏။

စောစောက သူတို့၏တိုက်ခိုက်မှုမှာ မှန်းဆ၍ တိုက်ခိုက်ကြခြင်းဖြစ်သဖြင့် သိပ်မပြင်းထန်လှချေ။ ယခုမူ လင့်ဟူချုံးတို့၏ နေရာကို တပ်အပ်သေချာ သိရှိပြီး တိုက်ခိုက်ကြခြင်း ဖြစ်သဖြင့် ကြောက်မက်ဖွယ်ရာ ပြင်းထန်လှသည်။

လင့်ဟူချုံးနှင့် လင်းလင်းတို့မှာ အမြင့်တွင် ရောက်ရှိနေကြသဖြင့် သူတို့အား တိုက်ခိုက်နိုင်ရန် မျက်ကန်းများမှာ ထိုနေရာအထိ ခုန်တက်ပြီးမှ တိုက်ခိုက်နိုင်ကြသည်။

ထိုကဲ့သို့ ခုန်တက်ခြင်းကြောင့် လေတိုးသံများ ဖြစ်ပေါ်လာရသည်။

ဤအချက်တစ်ချက်သည် လင့်ဟူချုံးတို့အတွက် သက်သာရာ အကွက်ဖြစ်ပေသည်။ လေတိုးသံသာ မကြားပါက မျက်ကန်းများအား မည်သို့မျှ ယှဉ်နိုင်မည် မဟုတ်ချေ။

ထို့ကြောင့် နောက်ထပ် မျက်ကန်းနှစ်ယောက်တို့ အသက်ထွက်သွားကြရပြန်သည်။ ထိုသူနှစ်ယောက်၏ စူးစူးဝါးဝါး အော်သံကို ကြားလိုက်ရသဖြင့် မျက်ကန်းများသည် စောစောကလို အရမ်းကာရော ခုန်မတက်ရဲကြတော့ချေ။

အတန်ကြာမျှ ငြိမ်သက်သွားသည်။ ဤငြိမ်သက်ခြင်းသည် မုန်တိုင်းမလာမီ ငြိမ်သက်ခြင်းမျိုးဖြစ်ကြောင်း လင့်ဟူချုံး ကောင်းကောင်းကြီး သိနေသည်။ ထို့ကြောင့် မျက်စိကိုဖွင့်၍ နားကိုအစွမ်းကုန်စွင့်လျက် သတိဝီရိယ ထားနေသည်။

မကြာမီပင် သူတို့ဘေးသို့ လူနှစ်ယောက် ခုန်တက်လာသည့် လေတိုးသံကို ကြားလိုက်ရသည်။ လင့်ဟူချုံးနှင့် လင်းလင်းတို့ ချက်ချင်း ခုခံလိုက်ကြရ၏။

ကြောက်မက်ဖွယ်ရာ ဓားချက်ပင်တည်း။ ဓားချင်းရိုက်ခတ် မိသည်နှင့် လင့်ဟူချုံး၏ဓားမှာ လွတ်ထွက်သွားမတတ် ဖြစ်သွားရ၏။ ထို့ကြောင့် ဓားပိုင်ရှင်သည် ကျိုလင်ထန်ဖြစ်ကြောင်း မမြင်ပဲနှင့် သိလိုက်ရတော့သည်။

ထိုစဉ် လင်းလင်းထံမှ 'အား' ကနဲ အော်သံ ကြားလိုက်ရပြန်သည်။ သူမ၏ပုခုံးတွင် ဓားတစ်ချက် အထိုးခံလိုက်ရ သောကြောင့်ဖြစ်၏။ ကျောက်စွန်းပေါ်မှ လိမ့်ကျမတတ်ဖြစ်သွားသော လင်းလင်းကို လင့်ဟူချုံးက ဆွဲဖမ်းထားလိုက်ရ၏။

လင့်ဟူချုံး အခြေအနေမဟန်ပဲ ဖြစ်နေစဉ် ကျိုလင်ထန်တို့က နောက်တစ်ကြိမ် ခုန်တက်တိုက်ခိုက် လာပြန်သည်။ လင်းလင်း အနေဖြင့် ယခုထက်ပို၍ အခြေအနေ မဆိုးစေရန် လင်းလင်းကို တိုက်ခိုက်သောသူအား လင့်ဟူချုံးက လှမ်း၍ တိုက်ခိုက် ပေးလိုက်သည်။

အလွန်လျင်မြန်သော ဓားလေတိုးသံကို နားထောင်လိုက်ရသည်နှင့် လင်းလင်းကို တိုက်ခိုက်နေသူမှာ လင်မိန်ကျက် ဖြစ်ကြောင်း လင့်ဟူချုံး အနေဖြင့် သေချာသွား လေတော့သည်။

ထို့ကြောင့် လင်မိန်ကျက်အား ခပ်ကြမ်းကြမ်း ထိုးနှက်တိုက်ခိုက်လိုက်သည်။ လင်မိန်ကျက်က လင့်ဟူချုံး၏ ဓားချက်ကိုရှောင်ကာ လင်းလင်းကိုသာ ဦးတည်ထိုးခုတ်တော့သည်။

ယင်းအတွက် လင့်ဟူချုံးမှာ အလွန် စိုးရိမ် ထိတ်လန့်သွားသည်။

အဘယ်ကြောင့်ဆိုသော် လင်မိန်ကျက်သည် သူ၏ဓားချက်ကို လေထဲတွင်ပင် ရှောင်တိမ်းသွားနိုင်ကြောင်း သတိပြု လိုက်မိသောကြောင့်ဖြစ်သည်။ ဤပုံအတိုင်းဆိုပါက လင်းလင်းသည် တစ်ချက်မဟုတ် တစ်ချက်၌ လင်မိန်ကျက်၏ ဓားချက်မိသွားနိုင်သည်။

နောက်ဆုံးတွင် လင့်ဟူချုံးသည် လင်းလင်းအား ပွေ့ဖက်၍ အောက်သို့ ခုန်ဆင်းလိုက်ရတော့၏။ ထို့နောက် မြေပြင်သို့ ခြေနင်းလိုက်မိသည်နှင့် တစ်ပြိုင်နက် ကျောက်ဂူနံရံသို့ကပ်လျက် သူ၏ဓားကို အဆက်မပြတ် ဝှေ့ယမ်း ကာကွယ် ထားလိုက်တော့သည်။

ထိုစဉ် ကျိုလင်ထန်ထံမှ သရော်ရယ်သံ တစ်ချက်ကြားလိုက်ရပြီး ပြင်းထန်လှသော ဓားချက်တစ်ချက် ထိုးသွင်းလိုက် သည်ကို သိလိုက်မိတော့သည်။

'ထန်း' ကနဲ မြည်ဟည်းသံနှင့်အတူ ဓားနှစ်စင်းပြင်းထန်စွာ ရိုက်ခတ်မိသွားတော့၏။ လင့်ဟူချုံး၏ တစ်ကိုယ်လုံး တုန်ခါသွားတော့သည်။ ကျိုလင်ထန်၏ဓားမှ အလွန်အေးစက်သော အားလှိုင်းတစ်ခုက လင့်ဟူချုံး၏ ခန္ဓာကိုယ်ထဲသို့ ထိုးဖောက်စိမ့်ဝင် လာတော့၏။

လင့်ဟူချုံးစိတ်ထဲတွင် တစ်ချိန်က ဆရာကြီး လင်းရှင်နှင့် ကျိုလင်ထန်တို့ တိုက်ခိုက်ခဲ့ကြပုံကို ချက်ချင်း သတိရ လိုက်မိသည်။ အအေးဓါတ်အဆိပ်၏ ကြောက်မက်ဖွယ်ရာကောင်းပုံကို အမှတ်ရလိုက်သဖြင့် အတွင်းအားကိုထုတ်ကာ ကျိုလင်ထန်၏ဓားကို ကမန်းကတန်း တွန်းဖယ် လိုက်ရလေတော့၏။

သို့သော် ကျိလင်ထန်၏ ဓားကို တွန်းဖယ်ရန်မဆိုထားဘိ။ မိမိလက်မှဓားကိုပင် မြဲမြဲအောင် မကိုင်နိုင်ပဲ နောက်ဆုံးတွင် လွှတ်ချလိုက်ရတော့၏။

လင့်ဟူချုံးအတွက် ကံဆိုးမိုးမှောင်ကျလေပြီ။ သူ၏ အထွတ်အထိပ် သိုင်းပညာမှာ ဤဓားတစ်လက် အပေါ်တွင်သာ တည်မှီနေခြင်းဖြစ်ရာ ယခု ဓားမရှိတော့သောအခါ မည်သို့မျှ မစွမ်းဆောင်နိုင်တော့ချေ။ ခြေမဲ့လက်မဲ့ လူကဲ့သို့ ဖြစ်သွားရချေတော့သည်။

ဓားလွတ်ကျ သွားသည်နှင့် လင့်ဟူချုံးက ချက်ချင်းထိုင်ချလိုက်ကာ မြေကြီးကို လက်ဖြင့် လိုက်စမ်းတော့သည်။ လက်ထဲ၌ မည်သည့် လက်နက်မျှ မရှိပဲနှင့်တော့ အလကားသက်သက် အသေမခံနိုင်။

ဤကျောက်ဂူအတွင်း၌ သေဆုံးသွားခဲ့သည့် သိုင်းသမားများမှာ နည်းနည်းနောနော မဟုတ်ပေ။ ထို့ကြောင့် သူတို့၏ ဓားများမှာလည်း နေရာအနှံ့အပြား ရှိနေပေလိမ့်မည်။ မည်သည့် ဓားမဆို၊ ဓားမှမဟုတ် မည်သည့် လက်နက်မဆို လက်နက်တစ်ခုခု လက်တွင်း၌ ရှိနေလျှင် ခုခံကာကွယ် နိုင်သေးသည်။

မြေပြင်အနှံ့ လိုက်စမ်းလိုက်သောအခါ လင့်ဟူချုံးက လူသေတစ်ယောက်၏မျက်နှာကို ကိုင်မိလျက်သား ဖြစ်နေသည်။

ထိုအချိန်တွင် လင်းလင်းမှာလည်း ဓားတိုကလေးဖြင့် အပြင်းအထန် တိုက်ခိုက်လာသော ဓါးနှစ်ချောင်းကို ခုခံကာကွယ်နေရ၏။ မကြာမီပင် သူမ၏ ဓားတိုကလေးသည်လည်း လွင့်စဉ် ထွက်သွား ရလေတော့၏။

လင်းလင်း၏ ဓားလွတ်ကျသွားပြီဖြစ်ကြောင်း လင့်ဟူချုံးက အသံကြားလိုက်သည်နှင့် ခန့်မှန်းသိရှိလိုက်ပြီး ဖြစ်၏။ မိမိတို့နှစ်ဦးအတွက် သေရေးရှင်ရေး အချိန်အခါသို့ ရောက်ရှိလာပြီ ဖြစ်ကြောင်း သိလိုက်သည်။ အချိန်သည် အသက်နှင့်စက်၍ တန်ဖိုးရှိလာပြီဖြစ်ကြောင်း နားလည်လိုက်သဖြင့် မြေကြီး ပေါ်သို့ ကမန်းကတန်း စမ်းသပ်ရှာဖွေ နေရတော့သည်။

လင့်ဟူချုံးက သက်ပြင်းတစ်ချက် ချလိုက်မိသည်။ ကုသိုလ်ကံက ထောက်ပံ့နေသေး၏။ အကြောင်းမှာ မြေပြင်ပေါ်မှ တုတ်တိုကဲ့သို့သော အရာတစ်ခုကို စမ်းသပ် ဆုပ်ကိုင်မိလိုက်သောကြောင့် ဖြစ်သည်။ ထိုတုတ်တိုကို ကောက်ကိုင်လိုက်စဉ် ခေါင်းပေါ်မှ ဓားတစ်ချက် ခုတ်လိုက်သံ ကြားလိုက် ရသဖြင့် တုတ်ဖြင့် ကမန်းကတန်း ခုခံကာကွယ်လိုက်ရ၏။ 'ရွမ်း' ကနဲ အသံကြားလိုက်ရပြီး တုတ်တို၏ထိပ်မှာ ပြတ်ထွက် သွားလေတော့၏။

ဦးခေါင်းကို လင့်ဟူချုံးက အလျင်မြန်ဆုံး ငုံ့ရှောင်လိုက် သဖြင့်သာ ခေါင်းပြတ်မည့်ဘေးမှ လွတ်ကင်းသွားခြင်း ဖြစ်သည်။ ငုံ့မရှောင်နိုင်ခဲ့လျှင် တုတ်တိုနှင့်အတူ ဦးခေါင်းပါ လွင့်စဉ် ပြတ်ထွက်သွားပေလိမ့်မည်။

ထိုသို့ ရှောင်တိမ်းလိုက်စဉ် အချိန်ကာလကလေး အတွင်း၌ သူ့ မျက်စိရှေ့တွင် မီးပွင့်ကလေးများ လက်သွားသကဲ့သို့ ထင်လိုက်မိသည်။ အမှန်ပင် မီးပွင့်ကလေးများ လက်သွားခြင်း ဖြစ်သည်။

မီးပွင့်ကလေးမှာ အလွန်မှေးမှိန်သော်လည်း ယခုကဲ့သို့ မှောင်ပိန်းနေသော နေရာ၌မူ ကြယ်ကလေး တစ်လုံးကဲ့သို့ မှတ်ထင်ရသည်။ ထိုမီးပွင့်ရောင်ကလေးကြောင့် သူ့ရှေ့၌ ဓားကိုင်ထားသော ကိုယ်ဟန်တစ်ခုကို မှုန်မှုန်ဝါးဝါး တွေ့မြင်လိုက်ရတော့သည်။ လင်းလင်းနှင့် လင့်ဟူချုံးတို့ နှစ်ယောက်လုံး ဝမ်းသာအားရ ဖြစ်သွားကြတော့သည်။

ထိုအခိုက်မှာပင် ကျိလင်ထန်က ဓားဖြင့်ထိုးလိုက်၏။ လင့်ဟူချုံးက မကြောက်တော့ပေ။ သူ့လက်ထဲမှာ ကိုင်ထားသော တုတ်တိုဖြင့် ကျိလင်ထန်၏လည်မျိုကို ထိုးလိုက်သည်။ ထိုနေရာမှာ ကျိလင်ထန်၏ ဟာကွက် ဖြစ်တော့သည်။

ကျိလင်ထန်မှာ မျက်စေ့မမြင်သော်ငြား နားအလွန်ပါးသည်။ ထို့ကြောင့် လင့်ဟူချုံးက တိုက်ခိုက်လိုက်သည်ကို လေသံဖြင့်ကြားကာ ချက်ချင်းပင် နောက်ပြန် ခုန်ဆုတ်လိုက်သည်။

ထိုအခွင့်အရေးကို လင်းလင်းက လက်လွှတ်မခံပေ။ မြေကြီးပေါ်မှ ဓားတစ်ချောင်းကို ကောက်ယူလိုက်ပြီး လင့်ဟူချုံးကို လှမ်းပေးလိုက်ကာ တုတ်တိုကို လှမ်းယူလိုက်သည်။ ထို့နောက် သူမလက်ထဲ ရောက်ရှိလာသော တုတ်တိုကို ပျားပန်းခတ်မျှ ဇော့ရမ်းလိုက်တော့သည်။

ထိုအခါ ကျောက်ဂူထဲ၌ မီးပွင့်လေးများ တလက်လက် ပေါ်ထွက်လာတော့သည်။ လင့်ဟူချုံးအဖို့ ဤ မီးရောင်ကလေး ရရုံနှင့် လုံလောက်ပေပြီ။

ပိန်းပိတ်အောင် မှောင်နေသော အမှောင်ထုအတွင်း၌ သူ့အနေဖြင့် မည်သို့မျှမတတ်နိုင်။ သူ့အနေဖြင့် အသုံးပြုနိုင်လောက်သည့် အလင်းရောင်ကလေး အနည်းငယ်မျှသာလိုသည်။ ထိုအလင်းရောင် ကလေးဖြင့် လင့်ဟူချုံးက တန်ပြန်တိုက်စစ်ဆင်လိုက်သည်။

တဒင်္ဂအတွင်း မျက်ကန်းဆယ်ငါးယောက်မှာ လဲကျသွားရလေတော့သည်။

လင့်ဟူချုံး၏ 'ဧကရာဇ်ကိုးကွက်' ဓားသိုင်းကို ရက်ပုချွန်၏ ဘီလူးမီးဓားသိုင်းကပင် မယှဉ်နိုင်ပဲ ရှိနေရာ ထိုမျက်ကန်းတို့မှာ အဘယ်မှာလျှင် ယှဉ်နိုင်အံ့နည်း။

ကျိုလင်ထန်နှင့် လင်မိန်ကျက်တို့မှာ မည်သည့်အကြောင်းကြောင့် ဤကဲ့သို့ အခြေအနေ ပြောင်းလဲ သွားသည်ကို မသိရှိကြပေ။ စိတ်ပူစွာဖြင့် အော်မေးလိုက်၏။

"မီး … မီးတုတ်ရှိနေတယ် မဟုတ်လား။"

"ဟုတ်တယ် … မီးတုတ်ရှိတယ်။"

လင့်ဟူချုံးက အော်၍ ဖြေလိုက်သည်။

စကားဆုံးသည်နှင့် သူသည် ကျိုလင်ထန်ကို သုံးချက်တိတိ တိုက်ခိုက်လိုက်သည်။ ကျိုလင်ထန် ကလည်း အပြင်းအထန် ခုခံလိုက်ရသည်။

လင့်ဟူချုံးသည် ကျိုလင်ထန်ဘက်သို့ ဦးမလှည့်တော့ပဲ လင်မိန်ကျက်ရှိရာသို့ လှည့်လိုက်သည်။ လင်းလင်း ဇွဲယမ်းနေသော တုတ်တိုထိပ်မှ ပေါ်ထွက်လာသော အလင်းရောင်ကို အားကိုးအားထား ပြု၍ သူ့ဓားကို ဖြည်းညင်းစွာ မြောက်ချိန်လိုက်သည်။

လင်မိန်ကျက် ကလည်း ကျိုလင်ထန်ကဲ့သို့ပင် အရိပ်အခြည် ကောင်းစွာ နားလည်သူ ဖြစ်သည့်အတိုင်း ဓားဖြင့် တစ်ကိုယ်လုံးကို ကာကွယ်ထား၏။ သို့သော် လင်မိန်ကျက်၏ဟာကွက်ကို လင့်ဟူချုံးက ကောင်းစွာ တွေ့မြင်ထားပြီး ဖြစ်နေ၏။

ထို့ကြောင့် ဓားကို လေတိုးသံ မထွက်စေရန် တစ်လက်မချင်း ရှေ့တိုးလာသည်။ လင်မိန်ကျက်၏ ဟာကွက်အနား ရောက်သောအခါမှ လင့်ဟူချုံးက ရုတ်တရက် ရှေ့တိုး တိုက်ခိုက်လိုက် လေတော့သည်။ လင်မိန်ကျက်တို့မှာ မျက်ကန်း ဖြစ်နေသဖြင့် နားအကြားအာရုံမှာ သာမန် မျက်စိမြင်သူများထက် အားကောင်းနေသည်။ လင့်ဟူချုံးက ဓါးကို ထိုးထုတ်လိုက်သည်နှင့် လေတိုးသံကြားရပြီး ပြန်လည်ခုခံရန် ကြိုးစားလိုက်သည်။ သို့သော အနီးကပ် ထိုးနှက် တိုက်ခိုက်ခြင်း ဖြစ်သဖြင့် အချိန်မမှီပဲ ဖြစ်သွားရတော့၏။

သူ့ကြိုးစားမှုမှာ အချီးနှီးဖြစ်သွားရပြီ။ လင့်ဟူချုံး၏ဓားက သူ့လည်မျိုတွင်းသို့ စိုက်ဝင်သွားခဲ့လေပြီ။ ကလဲ့စား ချေရန် အပြိုးကြီးမားလွန်းသူတစ်ယောက်မှာ သေခြင်းတရားဖြင့် အဆုံးသတ်သွားခဲ့လေပြီ။ သွေးနှင့်စသော ဇာတ်လမ်း သည် နောက်ဆုံးတွင် သွေးနှင့်ပင် ဆုံးတတ်သည် မဟုတ်ပါလား။

လင့်ဟူချုံးနှင့် လင်မိန်ကျက်တို့ တိုက်ခိုက်လှုပ်ရှားသံကို ကြားရသောအခါ ကျိုလင်ထန်သည် သူ့ကိုယ်သူ ကာကွယ် ထားခြင်းအား ရပ်ဆိုင်းလိုက်ပြီး လင့်ဟူချုံးအား ရုတ်တရက် တိုက်ခိုက်လိုက်သည်။ သို့သော် ယခုအချိန်တွင် ကျိုလင်ထန် အဖို့ အမှောင်ထု၏ အကာအကွယ်မရှိတော့။ လင်းလင်း လှုပ်ရှားခါယမ်းပေးနေသော တုတ်မှ မီးပွင့်လေးများသည် သေမင်းက အချက်ပေးခေါ်နေသည့် အချက်ပြမီးသဖွယ် ဖြစ်နေလေပြီ။

ကျိုလင်ထန်က ဓားကွက်ထုတ်လိုက်သည်နှင့် ကျိုလင်ထန်၏ ဟာကွက်များကို လင့်ဟူချုံးက ကောင်းကောင်းကြီး တွေ့မြင်နေရသဖြင့် လုံးဝအချိန်ဆွဲခြင်းမရှိပဲ တရှိန်ထိုးတိုက်ခိုက်လေတော့၏။ မျက်စိတစ်မှိတ်အတွင်းတွင် ကျိုလင်ထန်၏ မျက်ခုံးကြား၊ လည်မျိုနှင့် ရင်ဝ သုံးနေရာသို့ ဓားထိုးခံလိုက်ရတော့သည်။ ကလဲ့စားချေရင်း … အပြိုးကြီးမားလှသူ နောက်ထပ် တစ်ဦးသည်လည်း သေခြင်းတရားနှင့် အဆုံးသတ်သွားလေပြီ။

တန်ခိုးအာဏာကို အရူးအမူး မက်မောခြင်း၏ နိဂုံးကား သေခြင်းပင်။ သွေးခင်းလမ်းကို လျှောက်ရန် ကြံစည်သူသည် သွေးပင်လယ်အတွင်း နစ်မွန်းသေဆုံးရမည် သာတည်း။

လင့်ဟူချုံးက နောက်ထပ် ခြေနှစ်လှမ်း ဆုတ်လိုက်သည့်တိုင် ဖွဲမာန်ကြီးလှသော ကျိုလင်ထန်သည် ရုတ်ခြည်း လဲကျမသွားသေးပဲ ကြံ့ကြံ့ခိုင် ရပ်နေသေးသည်။ အတန်ကြာမှ လဲကျ သေဆုံး သွားလေတော့သည်။

လင်းလင်းသည် ကျိုလင်ထန်နှင့် လင်မိန်ကျက်တို့၏ အိတ်များကို စမ်းသပ်ရှာဖွေကြည့်သည်။ မည်သည့်အရာမျှ မတွေ့ရ။ သေဆုံးထားသော အခြားသိုင်းသမားများ၏ အိတ်များကို တစ်အိတ်ပြီးတစ်အိတ် ရှာဖွေသောအခါမှ မီးခြစ်ကျောက်နှင့် မီးစာကို တွေ့ရသည်။

မီးထွန်းညှိလိုက်သောအခါနှစ်ယောက်စလုံး အလန့်တကြား အော်ဟစ်မိလိုက်တော့သည်။ လင်းလင်းလက်ထဲ၌ ကိုင်ထားသောတုတ်မှာ တကယ့်တုတ်မဟုတ်ပဲ လူအရိုးတစ်ချောင်း ဖြစ်နေသည်ကို တွေ့ရသောကြောင့် ဖြစ်သည်။ ထိုလူရိုးမှာ ပေါင်ရိုးဖြစ်သည်။ ထိပ်ဖက်ကို ဓါးနှင့် အဖြတ်ခံထားရသဖြင့် ချွန်မြနေသည်။ လင်းလင်းက ကြောက်လန့် တကြား လွှတ်ချလိုက်မိတော့၏။

လင့်ဟူချိုးက "လင်းလင်း ... ငါတို့နှစ်ယောက်ရဲ့ အသက်ကို မင်းတို့ နေမင်းသခင်ဂိုဏ်းရဲ့ ဝါစဉ်ကြီး ပုဂ္ဂိုလ်ကြီးက ကယ်လိုက်တာပဲ။"

"အစ်ကို ဘယ်လို ပြောလိုက်တယ်။ 'နေမင်းသခင် ဂိုဏ်းရဲ့ ဝါစဉ်ကြီး ပုဂ္ဂိုလ်ကြီးက ကယ်လိုက်တယ်' ဟုတ်လား"

"ဟုတ်တယ်။ ဒါတွေကို လင်းလင်း မသိသေးဘူး။ အစ်ကို ပြောပြမယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း တော်တော်ကြာခဲ့တုန်းက နေမင်းသခင် ဂိုဏ်းရဲ့ ဝါစဉ်ကြီးပုဂ္ဂိုလ် ဆယ်ယောက်ဟာ ဝါဆန်းဂိုဏ်းကို လာပြီး တိုက်ခိုက်ခဲ့ကြတယ်။"

"ဝါဆန်းဂိုဏ်းကို လာပြီး တိုက်တယ်။ ... ဘာများ ရန်ငြိုးရန်စရှိလို့လဲဟင်။"

"ဒါတွေပြောရရင် အရှည်ကြီးပဲ။ တိုတိုနဲ့ လိုရင်းကို ပြောမယ်ဆိုရင် အဲဒီ ဝါစဉ်ကြီး ပုဂ္ဂိုလ်ဆယ်ယောက်ဟာ ဒီကျောက်လိုဏ်ခေါင်းထဲမှာ အပိတ်ခံရပြီး သေဆုံးခဲ့တယ်။ ဒါကြောင့် ဒီဂူထဲမှာ အရိုးစုဆယ်ခု ကျန်ခဲ့တယ်။ စောစောတုန်းက အစ်ကို အမှတ်တမဲ့ ကောက်ကိုင်လိုက်တဲ့အရိုးဟာ အဲဒီ ပုဂ္ဂိုလ်ကြီးတွေထဲက တစ်ယောက်ရဲ့ ပေါင်ရိုးပဲ။ လူသေရဲ့အရိုးဟာ မီးပွင့်ထွက်တဲ့ အစွမ်းရှိတယ်။ ဒါကြောင့် အစ်ကိုတို့ အသက်ချမ်းသာရာ ရလိုက်တာပေါ့။ အစ်ကိုတို့ကို အဲဒီ ပုဂ္ဂိုလ်ကြီးက ကယ်ဆယ်လိုက်သလို ဖြစ်သွားတာပေါ့။

ထို့နောက် သူတို့နှစ်ယောက်သည် မီးတုတ် တစ်ချောင်းကို ကောက်ထွန်းလိုက်ကာ လင်မိန်ကျက်တို့ ထွက်ခဲ့ကြသည့် အပေါက်ဖက်သို့ မှန်း၍ ထွက်လာကြသည်။

အပေါက်ဝသို့ မရောက်မီ လင့်ဟူချိုးသည် စိတ်မကောင်းဖွယ် မြင်ကွင်းကို တွေ့မြင်လိုက် ရတော့သည်။ ချိုးဆန်းဂိုဏ်း၏ ဂိုဏ်းချုပ်ကြီး ဆရာကြီးမော်တားသည် ဓားကို လက်တွင်ကိုင်ထားရင်း သေဆုံးနေသည်။ တစ်ကိုယ်လုံးတွင် မရေမတွက်နိုင်သော ဒါဏ်ရာပေါင်းများစွာ ရထားသည်။ ဆရာကြီး မော်တားသည် လိုဏ်ခေါင်း၏ ထွက်ပေါက်သို့မရောက်မီ မျက်ကန်းများ၏ ဝိုင်းဝန်းတိုက်ခိုက်မှုကို ခံလိုက်ရဟန်တူသည်။ ဆရာကြီးမော်တားသည် မျက်ကန်းဆယ်ငါးယောက်ကို နိုင်နိုင်သော်လည်း ကျိုလင်ထန်နှင့် လင်မိန်ကျက်တို့ ပါရှိနေသည့်အတွက် အရှုံးပေး အသက်စွန့်သွားရဟန်တူသည်။

လင့်ဟူချိုးမှာ သူ့အပေါ်အလွန် ကောင်းခဲ့သော ဆရာကြီးမော်တားတစ်ယောက် မရှုမလှ သေဆုံးနေသည်ကို မြင်တွေ့ရသောအခါ လွန်စွာမှ စိတ်ထိခိုက် သွားတော့သည်။

ထို့နောက် သူတို့ နှစ်ယောက်သည် လိုဏ်ခေါင်းအတိုင်း အနောက်ဖက်သို့ လျှောက်လာကြသည်။ လင့်ဟူချိုးသည် ဓားကိုကိုင်ရင်း ရှေ့မှနေ၍ သတိကြီးစွာထားပြီးလျှောက်သည်။ လင်းလင်းကိုမူ နောက်မှာထားသည်။ သို့သော် လူရိပ်လူယောင် လုံးဝမတွေ့ကြရချေ။

နောက်ဆုံး သူတို့တွေ့လိုက်ရသော အရာတစ်ခုက သူတို့မျက်လုံးများကို ကျိန်းစပ်သွားစေတော့သည်။ နေရောင်ခြည်ပင်ဖြစ်သည်။ ဂူအပြင်သို့ ထွက်နိုင်သည့် ဂူပေါက်ဖြစ်ကြောင်း တွေ့လိုက်ကြရတော့သည်။ ပြင်ပလောက၌ နေမင်းကြီးပင် တစ်ရိန်ရိန် တောက်လျက် ထွန်းပနေလေပြီ။

ဂူအပြင်ဖက်၌လည်း လူသူအရိပ်အယောင် လုံးဝမတွေ့ကြရချေ။ လင့်ဟူချိုးက ဂူထဲမှ ရိပ်ကနဲ ခုန်ထွက်လိုက်၏။ တစ်ပြိုင်တည်းလိုလို လင်းလင်းလည်း နောက်မှခုန်ထွက်လိုက်သည်။ နှစ်ယောက်လုံး သတိဝီရိယ ကြီးစွာထား၍ ပတ်ဝန်းကျင်ကို စူးစမ်းလိုက်သည်။

အန္တရာယ်တွင်းမှ အမှန်တကယ် လွတ်မြောက်ခဲ့ကြလေပြီ။ လင့်ဟူချိုးသည် လေကို အားရပါးရ ရှူသွင်းလိုက်၏။ လင်းလင်းက သူ့ကို ပြုံးကြည့်ရင်း ...

".... လိန်လိန့်အတွက် အစ်ကို လက်စားချေ နိုင်ခဲ့ပြီနော်"

လင့်ဟူချိုးက တစ်ချက်မျှပြုံးပြလိုက်၏။ သို့သော် အပြုံးကား လုံးဝ မတောက်ပချေ။ လင်းလင်းကျေနပ်အောင် ပြုံးပြသည့် အပြုံးသာဖြစ်သည်။ လင်းလင်းကလည်း သိပါသည်။ လင့်ဟူချိုးသည် လင်မိန်ကျက်ကို သတ်ပြီး လက်စားချေနိုင်ခဲ့သော်လည်း ကုသိုလ်ကံခေလှသော လိန်လိန်၏ဘဝကို သတိရပြီး စိတ်မကောင်းဖြစ်နေမှန်း လင်းလင်းကောင်းစွာရိပ်မိသည်။ လိန်လိန်နှင့် လက်ပွန်းတတီး မနေခဲ့ရသော သူမပင်လျှင် လိန်လိန့်အတွက် စိတ်မကောင်း ဖြစ်ခဲ့ရသေးသည် မဟုတ်ပါလား။

ထို့ကြောင့် လင်းလင်းသည် ချက်ချင်းပင် စကားလမ်းကြောင်းပြောင်းလိုက်ကာ ...

"အစ်ကို ... အစ်ကို့ရဲ့ 'ဧကရာဇ်ကိုးကွက်' ဓားသိုင်းက တကယ်ရှုပ်ထွေးသလို ဓားသိုင်းပညာတွေထဲမှာ အထွတ်အထိပ် ဓားသိုင်းပဲနော်။ အဲဒီဓားသိုင်းကို ဒီကျောက်ဂူထဲမှာ သင်တာလား"

"ဟုတ်တယ်။ ဒီကျောက်ဂူထဲမှာပဲ ... ဆရာဘိုးဘိုးက သင်ပေးတာ ... ဒါတောင် ပထမ မသင်ပေးဘူး လုပ်နေသေး

တယ်။ အစ်ကိုက မနည်းတောင်းပန်တော့မှ သင်ပေးတာ။ အခုတော့ ဆရာဘိုးဘိုးလည်း ဘယ်ရောက်နေပြီလဲ မသိဘူး။”

လင့်ဟူချုံးက သက်ပြင်းတစ်ချက်ချလိုက်ပြီး ဆက်ပြောလိုက်သည်။

“ခုချိန်မှာ ဆရာဘိုးဘိုးနဲ့ သိပ်တွေ့ချင်နေတယ်။ ဘာလို့လဲဆိုရင် သိုင်းလောကကြီးဟာ သိပ်ပြီးရှုပ်ထွေးတယ်။ ဒီလို ရှုပ်ထွေးတဲ့ သိုင်းလောကကြီးထဲမှာ သာမန်အတိုင်း နေလို့မရဘူး။ ကိုယ့်ရဲ့သိုင်းပညာကို ထက်မြက်သည်ထက် ထက်မြက်အောင် ကြိုးစားလေ့ကျင့် သင်ကြားနေမှ ဒီလောကကြီးထဲမှာ အသက်ရှင်လျက်နေနိုင်မှာ”

“ဇကရာဇ် ကိုးကွက်” ကို အစ်ကို တတ်ကျွမ်းနေပြီ ဆိုပေမယ့် တစ်ကယ်တမ်းကျတော့ အစ်ကို နားမလည်တဲ့ အချက်တွေ အများကြီး ကျန်နေပါသေးတယ်။ ဒီအချက်တွေကို ဆရာဘိုးဘိုးဆီမှာ မေးမြန်းချင်တာ ဆရာဘိုးဘိုး တစ်ယောက်ပဲ ဒါတွေကို ရှင်းပြနိုင်မှာ။ အခုတော့ ဆရာဘိုးဘိုး ဘယ်ရောက်နေပြီလဲဆိုတာ မသိတော့ ခက်နေတာ ပေါ့လေ။”

“ဟုတ်တယ် အစ်ကို၊ ဖေဖေလည်း အမြဲတမ်း ပြောတယ်။ ဒီလောကကြီးထဲမှာ ဆရာကြီး ဖုန်းချင်း တစ်ယောက်ပဲ သူ့ထက် ဓားသိုင်းတော်တယ်တဲ့။ ဆရာကြီးဖုန်းချင်းကို သူဘယ်တုန်းကမှ အနိုင်မယူနိုင်ခဲ့ဘူးတဲ့”

လင့်ဟူချုံးသည် ဓားကို ဓားအိမ်ထဲ ပြန်ထည့်ကာ လင်းလင်းလက်ကိုတွဲ၍ ထိုဂူကြီးမှ ထွက်ခွာလာတော့သည်။

ထိုစဉ် သူတို့၏ဦးခေါင်းထက်မှ အရိပ်မည်းကြီးတစ်ခု ဖြတ်ကနဲ ကျရောက်လာသဖြင့် လင့်ဟူချုံးရော လင်းလင်းပါ ရုတ်တရက် ခုန်ထွက် ရှောင်တိမ်းလိုက်ကြ၏။ အကြီးအကျယ်လည်း ထိတ်လန့် တုန်လှုပ်သွားကြသည်။ ဘေးရန် ကင်းရှင်းပြီဟု စိတ်အေးလက်အေး ရှိနေကြရာမှ မမျှော်လင့်သော အန္တရာယ် ကျရောက် လာသောကြောင့်ပင်တည်း။ သူတို့နှစ်ယောက် ခုန်ထွက် ရှောင်တိမ်း လိုက်သည်မှာ လျင်မြန်သော်ငြား လွတ်မြောက်အောင် မရှောင်တိမ်းနိုင်ကြချေ။

သူတို့ အပေါ် ဖုံးလွှမ်းကျဆင်းလာသည့် အရာကြီးမှာ ကြီးမားသော ပိုက်ကွန်ကြီးဖြစ်နေရာ နှစ်ယောက်စလုံး ပိုက်ကွန်ကြီးထဲ ငါးများပမာ အုပ်မိခံလိုက်ရတော့သည်။

ချက်ချင်းပင် လင့်ဟူချုံးက ဓားကိုဆွဲထုတ်၍ ပိုက်ကွန်ကိုခုတ်ကာ ပိုင်းဖြတ်ရန် ကြိုးပမ်းလိုက်သည်။ သို့သော် ပိုက်ကွန်ကို ရက်လုပ်ထားသော ကြိုးများမှာ ခိုင်ခံ့မာကျောလှသဖြင့် မခုတ်ဖြတ်နိုင်ချေ။ ထိုစဉ်တွင်ပင် ကျောက်တောင် ပေါ်မှ လူတစ်ယောက်က ပိုက်ကွန်ကြိုးကို ခပ်တင်းတင်း ဆွဲလိုက်သောအခါ ပိုက်ကွန်မှာ ပို၍တင်းကျပ်သွားသလို လင့်ဟူချုံး၏ဓါးမှာလည်း အသုံးမဝင်ဖြစ်သွားရတော့သည်။ လင့်ဟူချုံးတို့နှစ်ယောက် ပို၍ အနေအထိုင် ခက်သွားရတော့ သည်။

လင့်ဟူချုံးသည် တောင်ပေါ်မှ လူကို လှမ်းကြည့်လိုက်ရင်း လွတ်ကနဲ အော်လိုက်မိ တော့သည်မှာ

“ဟင် .... ဆရာ ”

ပိုက်ကွန်ဖြင့် အုပ်ဖမ်းလိုက်သူကား ယခင် ဝါဆန်းဂိုဏ်းချုပ်၊ ယခုမူ တောင်ငါးလုံးဂိုဏ်းချုပ်ကြီး ရက်ပုချွန်ပင် ဖြစ်တော့၏။ သူက ပိုက်ကွန်ကြိုးကို တင်းကြပ်သည်ထက် တင်းကြပ်အောင် ဆွဲလိုက်ပြန်သည်။ လင့်ဟူချုံးနှင့် လင်းလင်းတို့မှာ ငါးနှစ်ကောင်အလား မွန်းကြပ်လာလေပြီ။

လင်းလင်းမှာ အကြီးအကျယ် ထိတ်လန့်တုန်လှုပ်ကာ ဘာလုပ်ရမှန်း မသိတော့ပဲဖြစ်နေ၏။ လင်းလင်းသည် မိန်းကလေး တစ်ယောက် ဖြစ်သော်လည်း လွန်စွာ သတ္တိရှိ၍ ထက်မြက်သော မိန်းကလေးမျိုးဖြစ်သည်။ တော်ရုံတန်ရုံ အန္တရာယ်ကို လုံးဝဂရုစိုက်သူ မဟုတ်ချေ။ သို့သော် ယခုကဲ့သို့ မလှုပ်နိုင်၊ မရှားနိုင် ဖြစ်လာသောအခါ လွန်စွာ ထိတ်လန့်လာမိတော့၏။ ထို့ကြောင့် သူမသည် လင့်ဟူချုံးကို အားကိုးတကြီး လှမ်းကြည့်လိုက်မိသည်။

လင့်ဟူချုံးမှာလည်း တုန်လှုပ်သွားသည်။ သို့သော် သူ့မျက်နှာမှာ ချက်ချင်းပြုံးလာသည်။ လင့်ဟူချုံး သိသည်။ ဤအချိန်တွင် ကြောက်ရွံ့ထိတ်လန့်သော မျက်နှာထားကို သူ့ဆရာအား မပြသင့်ကြောင်း သူ ကောင်းကောင်းကြီး သိသည်။

ရက်ပုချွန်က “ခွေးကောင်လေး ... မင်းက သိုင်းလောကမှာ အတော်လေး စွာကျယ်ကျယ် လုပ်နေတယ်။ လင့်ဟူချုံး ... လင့်ဟူချုံးဆိုပြီး တချုံးတည်း ချုံးနေတယ်။ အခုတော့ မင်းဘာတတ်နိုင်သေးလဲ။”

လင့်ဟူချုံးသည် လင်မိန်ကျက်မသေမီက မိမိအား သိုင်းလောက၌ လင့်ဟူချုံးဆိုပြီး တချုံးတည်း ချုံး၍ သူရဲကောင်း လုပ်နေသူဟု စွပ်စွဲ ပြောကြားခဲ့သည့်စကားကို ချက်ချင်းသတိရလိုက်မိတော့သည်။

လင့်ဟူချုံးက ပြုံးလိုက်မိရင်း အေးအေးဆေးဆေးပင် ရက်ပုချွန်အား ပြောလိုက်သည်။

“ဆရာ ... ကျွန်တော့်အတွက်ကတော့ ဘာခံစားချက်မှ မရှိပါဘူး။ လူဆိုတာ သေမျိုးချည်းပဲ။ တစ်နေ့မသေ တစ်နေ့သေမှာပဲ။ အခုဆိုရင် ကျွန်တော့် ဇနီးနဲ့ အတူတူသေရမယ်ဆိုတော့ ပိုပြီးတောင် သေပျော်ပါသေးတယ်။”

ရက်ပုဇွန်က ဒေါသအကြီးအကျယ် ထွက်လာကာ ...

"ခွေးကောင် ... မင်းက သေခါနီးမှာတောင် စကားကို ကပျက်ကချော် ပြောနေသေးတယ်"

ပြောပြောဆိုဆို သူ့လက်၌ကိုင်ထားသော ပိုက်ကွန်ကြိုးဖြင့် လင့်ဟူချုံးတို့နှစ်ယောက်ကို ထပ်မံ၍ ရစ်ပတ်လိုက်ပြန်သည်။ လင့်ဟူချုံးက ခပ်ပြုံးပြုံးမျက်နှာဖြင့် ...

"ဆရာက အခုထက်ထိ ကျွန်တော့်အပေါ် စေတနာထားတုန်းပါလား။ ကျွန်တော်တို့နှစ်ယောက် သေမကွဲ ရှင်မကွာ ဖြစ်အောင် သေသေချာချာ ကြိုးနဲ့ချည်ပေးနေတာကိုး။ ကျွန်တော် သိပါတယ်။ ဒီလောကမှာ ကျွန်တော့်အပေါ် အကောင်းဆုံးလူဟာ ဆရာပဲ။ ဒါကြောင့် ဆရာ့ကို ကျွန်တော်က သိပ်ကျေးဇူးတင်တာ။"

အမှန်စင်စစ် လင့်ဟူချုံးသည် ပေါက်တတ်ကရ စကားများကို တမင်ပြောရင်း သူ၏ လွတ်မြောက်ရေးလမ်းစကို ရှာဖွေနေခြင်း ဖြစ်သည်။

ရက်ပုဇွန်က ခနဲ့ပြုံးပြုံး၍ ...

"ခွေးကောင် ... မင်းကငါ့ကို နောက်စရာ ပြောင်စရာလို့ မှတ်နေလို့လား။ မင်းကိုမသတ်ခင် လျှာကို အရင်ဖြတ်ပစ်မယ်။ ဒီတော့မှ ငါ့ကို နောက်ပြောင်မိတာ မှားမှန်းသိမယ်။"

ပြောပြောဆိုဆိုဖြင့် ရက်ပုဇွန်က လင့်ဟူချုံးကို တစ်ချက်ကန်လိုက်၏။ ထို့နောက် လင်းလင်းအား ...

"ကဲ၊ ပြောစမ်း၊ ငါဘယ်သူ့ကို အရင်သတ်ရမလဲ။ နင်တို့ထဲက ဘယ်သူ အရင်သေချင်သလဲ။"

လင်းလင်းက ...

"ရှင်ကြိုက်တဲ့သူကို သတ်၊ ဒါပေမယ့် ကျွန်မ ကိုယ်ပေါ်မှာတော့ 'ဦးနှောက်စားပိုး ဆေးလုံး' ဖြေဆေးက သုံးလုံးပဲ ရှိတယ် ဆိုတာ ကြိုပြောထားမယ်"

"ဦးနှောက်စားပိုး ဆေးလုံး" ဆိုသော အသံကို ကြားလိုက်ရလျှင် ရက်ပုဇွန်သည် မျက်နှာပျက်သွားတော့သည်။ လင်းလင်းက သူ့အား အတင်းအဓမ္မ "ဦးနှောက်စားပိုး ဆေးလုံး" ကျွေးလိုက်ပြီးကတည်းက သူ့မှာ အိပ်မပျော်နိုင်အောင် ဖြစ်ခဲ့ရသည်။

ယခုလည်း လင်းလင်းက ဖြေဆေးသုံးလုံးသာရှိသည်ဟု ကြားလိုက်ရသောအခါ 'ထိတ်' ကနဲ ဖြစ်သွားတော့သည်။ ယင်းမှာ လင်းလင်းကို ယခုသတ်ဖြတ်လိုက်လျှင် သူကိုယ်တိုင်လည်း နောက်သုံးနှစ်သာ အသက်ရှင် ရပေတော့မည်။ သေရမည်ကို ကြောက်သည်ထက် မသေမီ ခံစားသွားရမည့် ဝေဒနာကို ပို၍ကြောက်မိသည်။

ရက်ပုဇွန်သည် ရှေးယခင်က တည်ကြည်သောလူ တစ်ယောက် ဖြစ်ခဲ့သော်လည်း ယခုမူ ဘီလူးမီးဓားသိုင်းကြောင့်လည်းကောင်း၊ တောင်ငါးလုံးဂိုဏ်းချုပ်ရာထူးကြောင့် လည်းကောင်း၊ သူ၏တည်ကြည် ဖြောင့်မတ်မှန်ကန်မှုများ ပျက်ပြုန်းသွားခဲ့ရသည်။

ဘီလူးမီး ဓားသိုင်းသည် တစ်ဖက်မှ ဆိုးဝါးသော အကျိုးများကို ပေးသည့်နည်းတူ တစ်ဖက်မှလည်း သိုင်းလောက၌ အထက်မြက်ဆုံးသော သိုင်းပညာကိုပေးသည်။ အထက်မြက်ဆုံးသော သိုင်းပညာမှာ သိုင်းလောက၌ တန်ခိုးပင် ဖြစ်တော့၏။

တောင်ငါးလုံး ဂိုဏ်းချုပ်ကြီးရာထူးသည်လည်း တောင်ငါးလုံးဂိုဏ်းသားများအပေါ် တစ်သွေး တစ်သံ တစ်မိန့် အုပ်ချုပ်နိုင်ခွင့် တည်းဟူသော အာဏာကြီးပင်ဖြစ်၏။ ထို တန်ခိုးအာဏာ တည်းဟူသော အမိုက်မှောင်ကြီးဝယ် ဖြောင့်မှန်တည်ကြည်သော ရက်ပုဇွန် ပျောက်ကွယ်ခဲ့ပြီး ရက်စက်သော၊ ကြမ်းကြုတ်သော၊ ကောက်ကျစ်သော၊ စိတ်ထားမမှန်သော ရက်ပုဇွန်ကို ထို အမိုက်မှောင်ကြီးက ပြန်လည် မွေးဖွားပေးခဲ့လေသည်။

ယခုမူ လင့်ဟူချုံးကိုလည်း အရှုံးပေးခဲ့ရ၏။ တောင်ငါးလုံးဂိုဏ်းချုပ်ကြီးရာထူး ဟူသည်မှာလည်း မည်မည်ရရ မရှိတော့သဖြင့် ရက်ပုဇွန်မှာ အရှုံးကြီးတစ်ပိုင်း ဖြစ်နေခဲ့ရချေပြီ။ သူသည် လင်းလင်း၏စကားကို ကြားလိုက်ရသောအခါ သူ၏စိတ်ကို အတင်းချုပ်ထိန်းထားသော်လည်း လက်များကမူ ထိတ်လန့် ခြောက်ခြားနေသော သူ၏ စိတ်ထားကို ဖော်ပြလျက်ရှိတော့၏။

ရက်ပုဇွန်က ...

"ကောင်းပြီ ... ဒီလိုဆိုရင် ငါတို့ အပေးအယူတစ်ခု လုပ်ကြမယ်"

"ဘာ အပေးအယူလဲ၊ ကျွန်မတို့မှာ ရှင်နဲ့ အပေးအယူ လုပ်စရာ ဘာကိစ္စမှ မရှိဘူး။ ရှင် ကျွန်မတို့ကို သတ်ပစ်ဖို့ စိတ်ကူးထားတယ် မဟုတ်လား။ သတ်စရာရှိ မြန်မြန်သတ်ပါ။ ကျွန်မတို့ကလည်း မြန်မြန်ပဲ သေချင်တယ်။"

"ဒီလိုလည်း မဟုတ်သေးဘူးလေ။ အပေးအယူ လုပ်စရာ နည်းလမ်း ရှိပါတယ်။ နှစ်ဦးနှစ်ဖက် ကောင်းဖို့ ကိစ္စပါ။

မင်းက ငါ့ကို ဦးနှောက်ပိုးစား ဖြေဆေး ဖော်စပ်နည်းကို ပြောပြ၊ ငါက မင်းတို့နှစ်ယောက်ကို မသတ်ပဲ ပြန်လွှတ်ပေးမယ်။ ဘယ့်နှယ့်လဲ။"

"ဟင်း ဟင်း ကျွန်မက အသက်ငယ်ပြီး အတွေ့အကြုံနုပေမယ့် ဆရာကြီးရက်ပုချွန်ရဲ့ စိတ်ဓါတ်ကိုတော့ ကောင်းကောင်းကြီး သိနေပါပြီ။ သစ္စာရှင်ဓားရဲ့စကားကို ဘယ်တော့မှ မယုံနိုင်တော့ပါဘူး။ သစ္စာရှင်ဓားရဲ့ စကားက သိပ်ပြီး ခိုင်ကြည်လေးနက်တော့ ကျွန်မတို့ မယုံရဲပါဘူး။"

ရက်ပုချွန်က ဒေါသထွက်လာပြီး ...

"ဘာပြောတယ်။ မင်းက ဘယ်တော့မှ ဖြေဆေးကို မပြောနိုင်ဘူးပေါ့ ဟုတ်လား။ နောက်ပြီး ငါ့ကိုများ စော်စော်ကားကား ပြောနေသေးတယ်။

လင်းလင်းက ရက်ပုချွန်ပို၍ ဒေါသထွက်လာအောင် တမင် ပြုံး၍ ပြန်ဖြေသည်။

"ဒါပေါ့။ နောက်သုံးနှစ် ကြာတဲ့အခါ ကျွန်မတို့နှစ်ယောက်က ဆရာကြီးရက်ပုချွန်ကို သေရွာကနေ ဝမ်းပန်းတသာ စောင့်ကြိုနေမယ်။ ဒါပေမယ့် ရှင့်မျက်နှာက ရုပ်ပျက်ဆင်းပျက် ဖြစ်နေမှာဆိုတော့ ကျွန်မတို့က ရှင့်ကို မှတ်မှ မှတ်မိပါ့မလား မသိ။ ဒါကတော့ ဘယ်တတ်နိုင်မလဲလေ။ ဘယ်သူမပြု မိမိမှုပဲ။"

လင်းလင်း၏ စကားကို ကြားလိုက်ရသော ရက်ပုချွန်က ကျောရိုးထဲ စိမ့်သွားသည်။ 'ရုပ်ပျက်ဆင်းပျက်' ဆိုသော စကား၏ ဆိုလိုရင်းကို သိရှိသောကြောင့် ဖြစ်သည်။

လင်းလင်းက မိမိအား အတင်း တိုက်ကျွေးထားသော "ဦးနှောက်စားပိုး ဆေးလုံး" သည်အလွန် ကြောက်မက်ဖွယ်ရာ ကောင်း၏။ ပိုးများက ဦးနှောက်ကို တဖြည်းဖြည်း စားသောအခါ အသည်းခိုက်အောင် နာကျင်မှုကို ခံစားရပြီး မိမိမျက်နှာကို ကုတ်ခြစ် ဆွဲဖွဲ့မိပေလိမ့်မည်။ ထို့နောက် တစ်ကိုယ်လုံး ပုပ်ပွလျက် မျက်နှာတစ်လုံးလည်း ရစရာမရှိအောင် ပျက်စီးပြီး သေရမည် ဖြစ်သည်။

ထိုအခါ ရက်ပုချွန်သည် ကြောက်လည်းကြောက်၊ ဒေါသလည်းထွက် ဖြစ်လာပြီး ...

"အေး၊ အဲဒီလိုသေတော့ ဘာဖြစ်လဲ။ ဘာပဲပြောပြော မင်းတို့က ငါ့ထက်သုံး နှစ်တောင် စောပြီး သေရမှာ။ မင်းကို ငါက ချက်ချင်း သတ်ပစ်မယ်လို့များ ထင်နေလား။ ဟား ... ဟား ... ဟား ... အဲသလို ဘယ်လွယ်လွယ်နဲ့ သတ်ပစ်မလဲ။ ဘယ်အရသာရှိမလဲကွ။ ပထမဆုံး မင်းရဲ့ နှာခေါင်းနဲ့ နားရွက်တွေကို အရင် လှီးဖြတ် ထုတ်ပစ်လိုက်မယ်။ နောက်ပြီးတော့ ...."

လင်းလင်း၏ မျက်နှာကို ရက်ပုချွန်က သေသေချာချာ ကြည့်ရင်း ...

"နောက်ပြီး မင်းရဲ့ မျက်နှာကို ဓါးနဲ့ ဆယ်ကြောင်းလောက် ခြစ်ပစ်လိုက်မယ်၊ ဟား ... ဟား ... ဟား ... ဘယ်လောက် ရုပ်ပျက် ဆင်းပျက် ဖြစ်သွားမလဲ။ ငါ့ထက် ဆယ်ဆလောက် ဆိုးအောင် လုပ်ပစ်လိုက်မယ်။ အဲဒီအခါကျတော့မှ မင်းရဲ့ မေတ္တာရှင်ကြီး လင့်ဟုချုံးက လူနဲ့မတူတော့တဲ့ မင်းလိုမိန်းမမျိုးကို ကြိုက်နိုင်ပါဦးမလား၊ အဲဒါကို ငါက စောင့်ကြည့်ဦးမှာကွ။"

ရက်ပုချွန်က ပြောပြောဆိုဆိုနှင့် ဓါးကို ရှမ်းကနဲ ဆွဲထုတ် လိုက်တော့သည်။

လင်းလင်းက 'အား' ကနဲ အော်လိုက်မိသည်။ သေရမည်ကို သူမက လုံးဝမကြောက်ချေ။ သို့သော် ရက်ပုချွန် ပြောသကဲ့သို့ ရုပ်ရည်ကို ဖျက်ဆီးခံလိုက်ရပါက ထိုရုပ်ရည်နှင့် လင့်ဟုချုံးကို အဘယ်မှာလျှင် အတွေ့ခံဝံ့တော့မည်နည်း။ ထိုအဖြစ်မှာ သေရသည်ထက်ပင် ဆိုးပေတော့မည်။

လင့်ဟုချုံးမှာ ပိုက်ကွန်ထဲတွင် ပိတ်မိနေသော်လည်း သူ၏ ခြေလက်များကို လှုပ်ရှားကြည့်ရာ အနည်းငယ် လှုပ်ရှားနိုင်သည်ကို ဝမ်းမြောက်စဖွယ် တွေ့ရှိလိုက်ရသည်။

သူက လင်းလင်းကို ထူးဆန်းသောအကြည့်ဖြင့် တစ်ချက် စိုက်ကြည့်လိုက်သည်။ ထို့နောက် သူ၏ ညာဖက်လက်ကို မျက်စိများထံ ထိုးစိုက်လိုက်တော့သည်။ လင်းလင်းက ထိုအခြင်းအရာကို တွေ့ရသောအခါ 'အား' ကနဲ ထပ်မံအော် လိုက်မိသည်။ သူမက အလောတကြီး အော်ဟစ်တားမြစ်လိုက်သည်။

"အစ်ကို ... သည်လို မလုပ်နဲ့။"

အကယ်၍ လင့်ဟုချုံးသာ မျက်စိကို ထိုးဖောက်လိုက်လျှင် ရက်ပုချွန်၏ အကြံအစည်မှာ လုံးဝပျက်ပြား သွားပေလိမ့်မည်။ သူမ၏ ဆိုးဝါးလှသော ရုပ်ရည်ကို လင့်ဟုချုံး မြင်တွေ့မည်ကို လင်းလင်းက စိုးရိမ်နေခြင်းဖြစ်သည်။ အကယ်၍ လင့်ဟုချုံးသာ မျက်စေ့ကန်းသွားပါက စိုးရိမ်စရာ မရှိတော့သဖြင့် ရက်ပုချွန်အနေဖြင့်လည်း ဖြေဆေး ဖော်စပ်နည်းကို မည်သည့် နည်းနှင့်မျှ ထုတ်ဖော်ပြောမည် မဟုတ်တော့ချေ။

သို့ဆိုလျှင် ရက်ပုချွန် အနေဖြင့်သုံးနှစ်အတွင်း သေရုံသာရှိတော့မည်။

ထိုသို့တွေးလိုက်မိသည်နှင့် ရက်ပုချွန်သည် လင့်ဟူချုံး လှုပ်ရှားသည်နှင့် ထပ်တူ လျင်မြန်စွာ လှုပ်ရှားလိုက်သည်။ ပိုက်ကွန်အပြင်မှ နေ၍ သူ၏ညာလက်နှင့် လင့်ဟူချုံး၏ ညာလက်ကို ဖမ်းချုပ်လိုက်၏။

"ရပ်လိုက်စမ်း။ ဘာလုပ်တာလဲ"

သူတို့ နှစ်ယောက် လက်ချင်းထိ သွားသည်နှင့် သူ၏ အတွင်းအားများမှာ လင့်ဟူချုံးထံသို့ (လက်မှတစ်ဆင့်) စီးဝင်နေကြောင်း ရက်ပုချွန် သိလိုက်တော့သည်။ အမှန်တကယ်မှာ ရက်ပုချွန်အနေဖြင့် လင့်ဟူချုံး၏ အကွက်ထဲ ဝင်သွားခြင်းဖြစ်တော့သည်။

ထို့ကြောင့် အလန့်တကြားဖြင့် "အမလေး" ဟု အော်လိုက်သလို ရက်ပုချွန်နဖူးမှ ချွေးသီး ချွေးပေါက်ကြီးများ ကျလာတော့သည်။ သူ့ဘဝ၏ နေဝင်ချိန်ကား အမှန်တကယ် ဆိုက်ရောက် လာပြီလား မဆိုနိုင်။

ထိုစဉ် ရက်ပုချွန်၏လက်ကို ဆုပ်ကိုင်ထားလိုက်ပြီး လင့်ဟူချုံးက သူ၏ အတွင်းအားစုပ်သိုင်းပညာကို အသုံးချလေတော့သည်။ သူ့အနေဖြင့် ဤသိုင်းပညာကို မည်သည့်အခါမျှ မသုံးဟု ဆုံးဖြတ်ခဲ့ဖူးသည်။ အတွင်းဒါဏ်ရာ ရနိုင်သည်က တစ်ကြောင်း၊ လင်းလင်း၏ဖခင် လင်းရှင်အား မခံချင်၍တစ်ကြောင်း၊ ဆုံးဖြတ်ခဲ့သော်လည်း ယခုမူ အသက်အန္တရာယ်နှင့် ကြုံတွေ့နေရချိန်တွင်မူ အခြေအနေအရ သုံးလိုက်ရတော့၏။ ရက်ပုချွန်ကို လွှတ်ပေးလိုက်ပါက လင့်ဟူချုံးတို့နှစ်ဦး၏ ဇာတ်သိမ်းမှာ လှပမည် မဟုတ်ချေ။

လင့်ဟူချုံးက သူ၏ အတွင်းအားစုပ်သိုင်းပညာကို အသုံးချလိုက်သောအခါ ရက်ပုချွန်၏ ကြောက်ရွံ့ ထိတ်လန့်မှုမှာ အထွတ်အထိပ်သို့ ရောက်ရှိ သွားတော့သည်။ သူက လွတ်နေသော ဘယ်လက်ဖြင့် ဓားကို ဆွဲထုတ်ကာ လင့်ဟူချုံးအား ခုတ်ချရန် ပြင်ဆင်လိုက်သည်။

သို့သော် ရက်ပုချွန် ဓားမြှောက်တက် လိုက်သည်နှင့် စောင့်ကြည့်နေသော လင့်ဟူချုံးက သူ့ကို ဆောင့်ဆွဲလိုက်ရာ နှစ်ဦးစလုံး၏ ကိုယ်ခန္ဓာများ ယိမ်းယိုင်သွားပြီး ရက်ပုချွန်၏ ဓားသည် မြေကြီးကို ခုတ်မိရက်သား ဖြစ်သွားတော့သည်။ ထိုသို့ အားထုတ် လှုပ်ရှား လိုက်မိခြင်းကြောင့် ရက်ပုချွန်၏ အတွင်းအားများမှာ ပို၍ ကုန်ခန်း သွားပြန်သည်။

ရက်ပုချွန်သည် သူ့စိတ်ကို ပြန်တင်းလိုက်၏။ ဒုတိယ အကြိမ်မြှောက် ထပ်၍ခုတ်ရန် ဟန်ပြင်ပြန်သည်။ ထိုအခါ သူ့၌ အားဟူ၍ မရှိတော့သလောက် ဖြစ်နေသည်ကို ထိတ်လန့်စဖွယ် သိရှိရပေတော့သည်။

ဆိုးဝါးလှသော အခြေအနေတွင် ရက်ပုချွန်သည် အံကိုတင်းတင်းကြိတ်လိုက်မိ၏။ လင့်ဟူချုံးကို ထိခိုက်အောင် မလုပ်နိုင်ပါက မိမိသာ သေဆုံးရတော့မည်ကို သိလိုက်မိသဖြင့် ဓားကို လင့်ဟူချုံး၏ မျက်ခုံးကြားသို့ ချိန်၍ ဖြည်းညင်းစွာ ထိုးထုတ်လိုက်သည်။

လင့်ဟူချုံးမှာ အခက်ကြီး ကြုံရတော့သည်။ ရက်ပုချွန်ဓားက သူ့မျက်ခုံးကြားသို့ ထိုးစိုက်ရန် ဖြည်းညင်းစွာ လာနေသည်ကို တွေ့ရှိရသော်ငြား သူ့အနေဖြင့် ထိုဓားကို တားဆီးရန် မည်သို့မျှ မတတ်နိုင်ပဲ ဖြစ်နေ၏။

လင့်ဟူချုံး၏ အခက်အခဲကို လင်းလင်းလည်းသိ၏။ သို့သော် သူမသည်လည်း ပိုက်ကွန်ကြိုးဖြင့် နှောင်ဖွဲ့ ပတ်ခံထားရသဖြင့် လင့်ဟူချုံးအားကူညီရန် မည်သို့မျှမတတ်နိုင်ပဲ ဖြစ်နေရသည်။

လင့်ဟူချုံးက စိတ်ထဲမှ တစ်ကိုယ်တည်း ပြောနေမိတော့သည်။

"ငါက ဓားကို သည်လို ဖြည်းဖြည်းလေးထုတ်ပြီး လင်မိန်ကျက်နဲ့ ကျိုလင်ထန်တို့ကို သတ်ပစ်ခဲ့တယ်။ ဝဋ်ဆိုတာ တကယ် လည်တတ်တာပဲနော်။ အခုကြည့်စမ်း ဘယ်လောက်မှ မကြာသေးဘူး။ ဝဋ်လည်လာပြီ။ ဆရာကလည်း ငါ့ကို ဓားနဲ့ တဖြည်းဖြည်းထိုးပြီး သတ်တော့မယ်။ သေခြင်းတရားဆိုတာ ငါနဲ့ နှာတစ်ဖျားလေးပဲ ကွာတော့တာပါကလား"

ရက်ပုချွန်မှာ သူ့အနေဖြင့် ဓားကို ဖြည်းဖြည်းချင်း တစ်လက်မချင်း ရှေ့သို့ တိုးနေရသော်လည်း အားမရှိတော့ပေ။ သူ၏ဓားသည် လင့်ဟူချုံး၏ မျက်ခုံးကြားနှင့် လေးလက်မလောက်သာ ကွာတော့သည်။ သို့သော် ဤ လေးလက်မလောက်ခရီးမှာ သူ့အတွက် မိုင် ၄၀၀ ခရီးခန့် ပင်ပန်းလှဖွယ်ရှိနေတော့သည်။ မည်သို့ပင်ဖြစ်စေ၊ လင့်ဟူချုံးအား သတ်နိုင်သည့်အဆင့် ရောက်ရှိလာခြင်း အတွက်မူ လွန်စွာ ဝမ်းသာအားတက်နေမိသည်။

ထိုအခိုက် နောက်ဖက်မှ မိန်းကလေးတစ်ဦး၏ အသံကို ရုတ်တရက် ကြားလိုက်ရသည်။

"ရှင် ... ရှင် ... ဘာလုပ်နေတာလဲ"

အော်သံနှင့် အတူ ပြေးလာနေသည့် ခြေသံကိုပါ ကြားလိုက်ရတော့၏။

ရက်ပုချွန်သည် သူ့အနေဖြင့် သူ့ဓားကို နောက်ထပ်သုံးလက်မခန့် ဆက်ထိုးလိုက်နိုင်ပါက လင့်ဟူချုံးကို သတ်နိုင်ပြီဖြစ်ကြောင်း သိရှိရသဖြင့် အားကုန်ထုတ်၍ သူ့ဓားကို ရှေ့သို့ ထိုးလိုက်တော့သည်။

သူ၏ ဓားထိပ်ဖျားသည် လင့်ဟူချိုး၏ မျက်ခုံးကြားသို့ ထိလိုက်သည် ဆိုရုံသာ ထိလိုက်ရသေး၏၊ သူ၏ နောက်ကျောတွင် တစ်ချက်မျှ စူးရှနာကျင်သွားလေတော့သည်။

အကြောင်းမှာ ဓားတစ်ချောင်းသည် နောက်ကျောမှဝင်၍ ရင်ဝအထိ ထုတ်ချင်းခတ် ဖောက်ထွက်လာခြင်း ဖြစ်သည်။

လင့်ဟူချိုးအဖို့ သေကံမရောက် သက်မပျောက်ခြင်းပင်ဖြစ်သည်။ ပထမ အခြေအနေအတိုင်း ဆိုပါက လင့်ဟူချိုး အဖို့ ယခုအချိန်တွင် တမလွန်ဘဝသို့ ရောက်ရှိနေပြီး ဖြစ်နေပေလိမ့်မည်။

မိန်းကလေးတစ်ယောက်ထံမှ အော်မေးသံကြားလိုက်ရ၏။

"အစ်ကိုကြီး၊ ဘာမှမထိခိုက်ပါဘူးနော်။"

ထိုသို့ အော်၍မေးလိုက်သူမှာ ဟန်ဆန်းဂိုဏ်းမှ ရီလင်ဖြစ်ပေသည်။ လင့်ဟူချိုးမှာ သေတွင်းမှ လက်မတင်လေး လွတ်မြောက်လာသူဖြစ်၍ မည်သည့် စကားမျှ ပြောမထွက်နိုင်ပဲ ဖြစ်နေတော့၏။ ထို့ကြောင့် လင်းလင်းက ဝင်၍ ...

"ညီမလေး ရီလင်၊ ညီမလေးရဲ့ အစ်ကိုကြီး လင့်ဟူချိုး ဘာမှ မထိခိုက်ပါဘူး။ ညီမလေး ရောက်လာတာ အချိန်မီရုံလေးပဲ"

ရီလင်က ဝမ်းသာအားရဖြင့် ...

"ဒီလိုဆို သိပ်ကောင်းတာပေါ့။ ကျွန်မက အစ်ကိုကြီးရဲ့ အသက်ကို ကယ်လိုက်နိုင်တာပေါ့"

ပြောပြောဆိုဆိုနှင့် သူမ ထိုးသတ်လိုက်မိသောသူကို ငုံ့ကြည့်လိုက်မိသောအခါ ရီလင်သည် ကျောက်ရုပ်သဖွယ် မတုန်မလှုပ်ဖြစ်သွားသည်။

"ဒါ ... ဒါ ... ဆ ... ဆရာကြီး ရက်ပုချွန်ပါလား၊ သူ့ ... သူ့ကို ကျွန်မသတ်လိုက်မိတယ်။"

လင်းလင်းက ရီလင်အား ...

"ညီမလေး ... ဘာတွေ စိုးရိမ်နေတာလဲ။ ဘာမှ မစိုးရိမ်ပါနဲ့။ မင်းတို့ရဲ့ ဆရာမကြီးနှစ်ယောက်အတွက် မင်းက ကလဲ့စားချေလိုက်တာပဲ။ ဒီလို ကလဲ့စားချေလိုက် နိုင်တဲ့အတွက် မင်းအစား တို့က ဂုဏ်ယူပါတယ်။ ကဲ ... ငါတို့ကို ပိုက်ကွန်ထဲက ထွက်နိုင်အောင် လုပ်ပေးပါဦး"

ရီလင်သည် သိုင်းပညာတတ်မြောက်ထားသော်လည်း သတ္တိသိပ်ရှိသူကလေး မဟုတ်ပေ။ စိတ်ထားကလည်း နူးညံ့သိမ်မွေ့လှရာ သူတစ်ပါးအား သတ်ဖြတ်ရန် မည်သည့် အခါကမျှ စိတ်မကူးခဲ့ပေ။

ယခုလို ရက်ပုချွန်အား သိတ်လိုက်မိခြင်းကလည်း သူမ၏အစ်ကိုကြီး လင့်ဟူချိုးအား ကယ်တင်ရန် နဖူးတွေ့ ဒူးတွေ့ ရင်ဆိုင်လိုက်ချိန်တွင် သတ်မိသွားခြင်းဖြစ်သည်။

ထို့ကြောင့် ရီလင်၏ တစ်ကိုယ်လုံးမှာ အဖျားတက်သကဲ့သို့ တဆတ်ဆတ် တုန်ယင်နေရင်းက လင့်ဟူချိုးတို့၏ ပိုက်ကွန်ကြိုးများကို ဖြေပေးနေရာ တော်တော်နှင့် ဖြေ၍မရပဲဖြစ်နေ၏။ ခက်ခက်ခဲခဲ ဖြေပေးနေရင်းက တစ်ဝက်ခန့် ဖြေအပြီးတွင် လူတစ်ယောက်၏ အော်ဟစ်သံကို ကြားလိုက်ရတော့၏။

"ဟေ့၊ မင်းက ဆရာကြီး ရက်ပုချွန်ကိုတောင် သတ်ရဲသကိုး"

အဝေးမှ အော်ဟစ်ရင်း ပြေးလာသူမှာ လောင်တက်ဖြစ်နေကြောင်း တွေ့ရှိလိုက်ရသော လင့်ဟူချိုးမှာ စိတ်ပူသွား တော့၏။

"ဟာ ... ဒုက္ခပဲ။ ညီမလေးရီလင်က သိုင်းပညာ ဒီလောက်တော်တာမှ မဟုတ်တာ၊ လောင်တက်ကို ဘယ်လိုလုပ် ခုခံနိုင်မှာလဲ။ လောင်တက်က လူကောင်းမဟုတ်တော့ ညီမလေးရီလင်ကို ညှာမှာမဟုတ်ဘူး။ သတ်ပစ်မှာပဲ။ ဘယ်လို လုပ်ရပါလိမ့်"

လင်းလင်းက အော်၍ သတိပေးလိုက်၏။

"ညီမလေး၊ ဘာငေးနေတာလဲ။ ညီမလေးရဲ့ ဓားကို ပြန်ယူလေ။ ဒီလူ့ကို ပြန်တိုက်"

ရီလင်သည် ငေးကြောင်နေရာမှ လင်းလင်း၏ အော်ဟစ် သတိပေးသံကြောင့် အသက်ပြန်ဝင်လာကာ ရက်ပုချွန်၏ နောက်ကျောတွင် စိုက်ဝင်နေသော သူ၏ ဓားကို ဆွဲနုတ်လိုက်ပြီး လောင်တက်ကို လှည့်၍ တိုက်ခိုက်လေတော့သည်။

လင့်ဟူချိုးတွေးထင်ထားသည့်အတိုင်း လောင်တက်သည် ညှာတာမှုမထားပဲ ကြောက်မက်ဖွယ်ရာ အင်အားဖြင့် ရီလင်အား တိုက်ခိုက်လေတော့သည်။ ရီလင်က ကြိုးစား ခုခံနေရ၏။

လင်းလင်းက အော်၍ အားပေးလိုက်သည် ...

"ညီမလေး ကြိုးစားပြီး ခုခံထား။ မင်းရဲ့ အစ်ကိုကြီး လင့်ဟူချုံး ပိုက်ကွန်ထဲက လွတ်တော့မယ်။"

လင့်ဟူချုံးနှင့် လင်းလင်းတို့မှာ ပိုက်ကွန်ထဲမှ ထွက်နိုင်ရန် ကြိုးစများကို ဖြေနေကြတော့၏။ တားဆီး မည့်သူမရှိပဲ စိတ်ရှိလက်ရှိ လှုပ်ရှားပြီး ကြိုးများကို ဖြေနေကြသည်။

ထိုအခိုက် ရီလင်ထံမှ အားကနဲအော်သံတစ်ချက် ကြားလိုက်ရတော့၏။ ပုခုံးတွင် လောင်တက်၏ ဓားချက်တစ်ချက် ထိသွားသောကြောင့် ဖြစ်သည်။ သို့သော် သူမသာ နောက်ဆုတ် အရှုံးပေးလိုက်ပါက သူမ၏ အစ်ကိုကြီး လင့်ဟူချုံး မုချအသတ်ခံရပေတော့မည်။ ထို့ကြောင့် ရီလင်သည် တတ်ထားသမျှ သိုင်းပညာများကို အားကုန်ထုတ်သုံး၍ ခုခံနေတော့၏။

ရီလင်က အံကြိတ်၍ ခုခံနေသည်မှာ လွန်စွာ မာန်ပါလှသဖြင့် လောင်တက်သည် ရုတ်ခြည်း ပွဲမသိမ်းနိုင်အောင် ဖြစ်နေရသည်။ လောင်တက်ကလည်း ရီလင်၏ စိတ်ကူးနှင့် ရည်ရွယ်ချက်ကို သိသည်။ ဤမယ်သီလရင်လေးအား မိမိက အချိန်မီ မသုတ်သင်နိုင်ပါက မိမိအတွက် လွယ်တော့မည် မဟုတ်ချေ။ လင့်ဟူချုံး ပိုက်ကွန်ထဲမှ မထွက်နိုင်မီ သတ်နိုင်ရန် အရေးကြီးသည်။ မဟုတ်လျှင် မိမိပင် ထွက်ပြေးရန် လွယ်တော့မည် မဟုတ်ချေ။

လောင်တက်သည် အတွေးနှင့်အတူ ရီလင်အား အားကုန်ထုတ်၍ တိုက်လေတော့သည်။ လောင်တက်၏ တိုက်ခိုက်ပုံ ပြင်းထန်လာသည်နှင့်အမျှ ရီလင်အဖို့ မခုခံနိုင်အောင် ဖြစ်လာရတော့သည်။ များမကြာမီပင် ဓားချင်းရိုက်ခတ်မိပြီး 'ထန်း' ကနဲမြည်ကာ ရီလင်၏ ဓားမှာ အဝေးသို့ လွင့်စဉ် ထွက်သွား လေတော့သည်။ လောင်တက်က လုံးဝ တုန့်ဆိုင်းခြင်း မရှိပဲ သူ၏ဓားကို ရှေ့သို့ ဆက်၍ ထိုးလိုက်သည်။ ရီလင်မှာ ဓားမရှိတော့ပြီဖြစ်သဖြင့် လောင်တက်အား မည်သို့မျှ ခုခံရန် မဖြစ်နိုင်တော့ချေ။

ထိုစဉ်ပင် 'ထန်း' ကနဲ မြည်ဟည်းသံနှင့် အတူ ဓားနှစ်စင်း ပြင်းထန်စွာ ရိုက်ခတ်မိသွားတော့၏။

လောင်တက်၏ ဓားကိုင်လက်မှာ ထုံကျင်သွားပြီး လူလည်း နောက်ဖက်သို့ သုံးလေးလှမ်း ဆုတ်ခွာလိုက်ရသည်။ အလန့်တကြားပြန်၍ မော့ကြည့် လိုက်သောအခါ လောင်တက်မှာ လိပ်ပြာ လွင့်စဉ်မတတ် လန့်ဖျပ်သွားရသည်။

ဓားကိုင်၍ မားမားမတ်မတ်ရပ်နေသူမှာ လင့်ဟူချုံး ဖြစ်နေသောကြောင့် ပင်တည်း။

လင့်ဟူချုံးကို မြင်လိုက်သည်နှင့် လောင်တက်သည် ဆက်တိုက်ရန် စိတ်မကူးပဲ နောက်ကြောင်းပြန်ကာ လှည့်ပြေး တော့သည်။ သို့သော် လင့်ဟူချုံးက သူ့ထက်ပိုမြန်၏။ လောင်တက်က ကိုယ်ကို နောက်ပြန်လှည့်လိုက်သည်နှင့် တစ်ပြိုင်နက် လင့်ဟူချုံးက သူ့ရှေ့၌ ကာဆီးပြီး ဖြစ်နေတော့၏။

"လောင်တက်၊ မင်းဘာဖြစ်လို့ ထွက်ပြေးဖို့ ကြိုးစား နေတာလဲ။ ဒီအခြေအနေ ရောက်နေမှတော့ ထွက်ပြေးဖို့ မကြိုးစားပါနဲ့တော့။ မင်းဟာ "မိုးကြိုးအတွင်းအား" သိုင်းစာအုပ်အတွက်နဲ့ ညီလေး လုရိုကို သတ်ခဲ့တယ်။ မင်းခိုးသွားတဲ့ စာအုပ်ပျောက်လို့ ငါ့မှာ သောကတွေ အများကြီး ခံစားခဲ့ရတယ်။ ငါ့အတွက်တော့ ထားပါတော့။ ခွင့်လွှတ်နိုင်ပါတယ်။ ဒါပေမယ့် ညီလေး လုရိုအတွက်တော့ ငါက ပြန်ပြီး လက်စားချေပေးရတော့မယ်။"

လင့်ဟူချုံး၏စကားက သူ့ဘဝ၏ နိဂုံးချုပ်ကို ညွှန်ပြနေပြီဖြစ်ကြောင်း လောင်တက် ကောင်းစွာနားလည်၏။ ယခုအချိန်၌ မည်သို့မျှ ထွက်ပြေး၍ ရနိုင်တော့မည် မဟုတ်ချေ။ လုရိုအတွက် လင့်ဟူချုံး မည်မျှ နာကြည်းနေမည်ကို လောင်တက် ကောင်းစွာ ခန့်မှန်းနိုင်သည်။

ခွေးကို ချောင်ပိတ်၍ ရိုက်လျှင် ပြန်ကိုက်တတ်သကဲ့သို့ ထွက်ပြေး၍ မလွတ်နိုင်မှန်း သိသော လောင်တက်ကလည်း လင့်ဟူချုံးအား အပြင်းအထန် တိုက်ခိုက် လေတော့၏။

သို့သော် သူ၏ဓားသိုင်းပညာမှာ လင့်ဟူချုံးနှင့် အများကြီး ကွာခြားလှသဖြင့် လင့်ဟူချုံးအား ထိခိုက်အောင် လုံးဝမတတ်နိုင်ပဲ ဖြစ်နေ၏။ လင့်ဟူချုံးသည် လောင်တက်၏ တိုက်ကွက် သုံးကွက်ကို ရှောင်တိမ်းပြီးမှ လောင်တက်၏ ဟာကွက်ကို သူ၏ဓားဖြင့် တစ်ချက်တည်း ထိုးစိုက်လိုက်သည်။

ယင်းမှာ လောင်တက်၏ လည်မျိုဖြစ်ရာ နီရဲသောသွေးများ ပန်းထွက်လာကာ လောင်တက်မှာ အသံပင်မထွက်နိုင်ပဲ လဲကျ သေဆုံးသွားတော့သည်။ သွေးအိုင်အတွင်း၌ လဲကျသေဆုံးနေကြသော လောင်တက်နှင့် ရက်ပုချွန်တို့၏ အလောင်းများမှာ မလှမပ ရှိနေကြသည်။ စိတ်ဆိုးစိတ်ယုတ် ရှိသော လူယုတ်မာများ၏ နိဂုံးချုပ်သည် ဤသို့ပင် မလှမပ ဖြစ်တတ်ကြသည် မဟုတ်ပါလား။

လင်းလင်းနှင့် ရီလင်တို့နှစ်ယောက်သည် ချက်ချင်းပင် လင့်ဟူချုံးနားသို့ ပြေးလွှားရောက်ရှိ လာကြတော့၏။ လင်းလင်းသည် လင့်ဟူချုံး မည်သည့် ဒဏ်ရာမျှ မရရှိကြောင်း တွေ့ရသောအခါ စိတ်အေးသွား၏။ ထို့ကြောင့် ရီလင်၏ ပခုံးမှ ဒဏ်ရာကို ဆေးလိမ်းပတ်တီး စည်းပေးခြင်း တို့ကို လှည့်၍ ပြုလုပ်ပေးလေတော့သည်။ လင်းလင်းက ရီလင်အား

...

"ညီမလေး မင်းအချိန်မှီ ရောက်လာပေလို့ပဲ။ နို့မဟုတ်ရင် တို့တော့ မလွယ်ဘူး။ အခုတော့နှစ်ယောက်စလုံး အသက်ချမ်းသာရာရသွားတာပေါ့။"

"ကျွန်မ အချိန်မှီ ရောက်လာတာ ... လူတစ်ယောက်က လမ်းညွှန်ပေးလိုက်လို့ပါ။"

ထိုစဉ် ...

"ငါ့ကြောင့်ပဲကွ ..." ဆိုသော အသံနှင့်အတူ လူတစ်ယောက် အနားရောက်လာ၏။

ထိုသူကား ထင်ပေါပင်တည်း။ လင့်ဟူချုံးက အံ့ဩတကြီးနှင့် ...

"ထင်ပေါ၊ ကျုပ်တို့ သည်မှာမှန်း ခင်ဗျား ဘယ်လိုလုပ်သိသလဲ။"

ထင်ပေါက မဖြေ။ ထင်ပေါဖွင့်မပြောလေ။ လင့်ဟူချုံးက ပို၍သိချင်လေ ဖြစ်လာပြီး ...

"ထင်ပေါ၊ ခင်ဗျားနဲ့ ကျုပ်နဲ့ သူငယ်ချင်းဖွဲ့ထားတာကို မေ့သွားပြီလား။ သူငယ်ချင်း တွေကြားမှာ မပြောကောင်းတဲ့ အရာ မရှိပါဘူး။ မြန်မြန်ပြောစမ်းပါ"

ထင်ပေါက အသံကို နှိမ့်လျက် ...

"လင့်ဟူချုံး၊ မင်းက သည်လောက် သိချင်နေမှတော့ ငါပြောပြမယ်။ မင်း ယုံမယုံတော့ ငါလည်းမပြောတတ်ဘူး။ အရင်တုန်းက ငါ့မှာ ဘယ်လို အကျင့်ဆိုးရှိတယ်ဆိုတာ မင်းအသိပဲ။ ဒါပေမယ့် အခုထင်ပေါက အရင်တုန်းက ထင်ပေါ မဟုတ်တော့ပါဘူး။ ထင်ပေါဟာ အရှင်လတ်လတ် ဘဝပြောင်းသွားပါပြီ။ အခုဆိုရင် ငါ့ရဲ့ ဆရာ ပုကျက် နားမှာပဲ တစ်ချိန်လုံး နေနေရတော့ အကျင့်ဆိုး အကျင့်ယုတ် တွေကို လုပ်ချင်လည်း လုပ်လို့ မရတော့ပါဘူး။

လင့်ဟူချုံးက ထင်ပေါ၏ စကားများကို ယုံကြောင်း ခေါင်းညိတ်ပြလိုက်၏။ ထင်ပေါက ဆက်၍ ...

"ငါကလည်း ဒါတွေကိုလုပ်ဖို့ စိတ်မပါတော့ပါဘူး။ ဒါပေမယ့် ငါ့ရဲ့ ဝမ်းတွင်းပါပညာကတော့ ဒါတွေကို မမေ့နိုင်သေးဘူးထင်ပါရဲ့။ ဘယ်လောက်ပဲ ဝေးဝေး။ မိန်းကလေးတွေ ရှိတတ်တဲ့နေရာဆိုရင် ငါ့အာရုံက အလိုလို ခံစားသိမိတာပဲ"

လင့်ဟူချုံးက တအံ့တသြဖြင့် ...

"ဘာ ... ဘယ်လို ... ဘယ်လို ..."

"မင်းဆက်မမေးနဲ့၊ ငါလည်း တိတိကျကျ မပြောတတ်ဘူးကွ။ သူ့ဖာသာ အလိုလိုသိနေမိတာပဲ။ ဧကန္တ မိန်းကလေးတွေရဲ့ကိုယ်နံ့က ယောကျ်ားတွေရဲ့ ကိုယ်နံ့နဲ့ မတူဘူးလို့ထင်တာပဲ။ အလိုလို ခံစားမိတာနဲ့ ဒီကျောက်ဂူတွေမှာ လိုက်ရှာနိုင်တာပဲကွ။"

လင့်ဟူချုံးမှာ ခွက်ထိုးခွက်လန် ရယ်မောလေတော့၏။

"ထင်ပေါ .. ခင်ဗျား ပညာက တယ်တန်ဖိုးရှိပါလားဗျ။ .... ဟား ... ဟား ... ဟား"

ထင်ပေါလည်း ရှက်ရှက်ဖြင့် ရယ်သွမ်းသွေးလိုက်မိတော့သည်။

ထို့နောက် ထင်ပေါပင်ဦးဆောင်၍ ဝါဆန်းတောင်တွင် လှည့်လည်ရှာဖွေရာ ဟန်ဆန်းဂိုဏ်းသားများကို မြေအောက် ကျောက်ဂူ သုံးဂူတွင် ခွဲ၍ ချုပ်နှောင်ထားကြောင်း တွေ့ရှိကြရ လေတော့သည်။

ဟန်ဆန်းဂိုဏ်းသားများမှာ အစာရေစာငတ်ပြတ်လျက် အားအင်ချည့်နဲ့ နေကြလေပြီ။ အကယ်၍ နောက်ထပ် နှစ်ရက်ခန့်သာ ရှာဖွေမတွေ့ပဲ ဖြစ်နေပါက အားလုံး အားပြတ်၍ သေဆုံးကြရပေတော့မည်။

လင့်ဟူချုံးမှာ သူ့ဆရာ၏ ရက်စက်ပုံကို တွေ့လိုက်ရသောအခါ ကျောရိုးထဲမှ စိမ့်သွားမိလေတော့သည်။ သူ့ဆရာတွင် လုံးဝ လူစိတ်ပျောက်နေပြီဖြစ်ကြောင်း ကောင်းကောင်းကြီး သိမိတော့သည်။

ယခုမူ ကုသိုလ်ကံ ထောက်မမှုဖြင့် ဟန်ဆန်းဂိုဏ်းသားအားလုံးကို အချိန်မီ ကယ်တင်ပေးနိုင်ခဲ့သည်။ အကယ်၍သာ ဤသို့ မကယ်နိုင်ပဲ ဟန်ဆန်းဂိုဏ်းတစ်ခုလုံး မိမိလက်ထဲတွင် ပြုတ်ပြုတ်ပြုန်း သွားပါက ဆရာမကြီး တင့်ရှန်နှင့် တင့်ရီတို့အား သေရွာ၌ မိမိ၏ မျက်နှာကို အဘယ်ကဲ့သို့ ပြရပါတော့မည်နည်း။

× × × × ×

## ဘဝသံသရာ

လင့်ဟူချုံးသည် ဟန်ဆန်းဂိုဏ်းကို ဦးဆောင်လျက် ဟန်ဆန်းတောင်သို့ ပြန်လာခဲ့ကြတော့၏။ အားလုံးဘေးမသီ ရန်မခ ပြန်လာနိုင်ကြသဖြင့် ဟန်ဆန်းဂိုဏ်းသားအားလုံး ဝမ်းသာအာရ ဖြစ်နေကြ၏။

လင်းလင်းမှာ လင့်ဟူချုံးအတွက် စိတ်ပူ၍သာ ဤအခြေအနေအထိ လိုက်ပါ ပါဝင်ခဲ့ခြင်းဖြစ်သည်။ တစ်ဖက်မှ သူမဖခင်အတွက်လည်း စိတ်မချနိုင်ပဲ ရှိနေခဲ့၏။ ယခု အခြေအနေအားလုံး အေးချမ်းသွား သောအချိန်တွင် ဖခင်ထံ ပြန်ရန် လွန်စွာ စိတ်စောနေမိတော့၏။

လင့်ဟူချုံးကလည်း ပြန်လိုပါက ပြန်ရန် ခွင့်ပြုနေသဖြင့် မဟူရာတောင်ကုန်းသို့ အပြန်ခရီးအတွက် ပြင်ဆင်စရာ ရှိသည်များကို ပြင်ဆင်မိတော့သည်။ ထိုအချိန်တွင် အထောက်တော်တစ်ယောက် ရောက်ရှိလာပြီး လင်းလင်းအား စာတစ်စောင်ပေးသည်။ ရှန့်ဝန့်ထင်းဆီမှ အရေးပေါ်ရေး၍ လင်းလင်းအား အမြန်ဆုံးလိုက်လာရန် ခေါ်သောစာဖြစ်နေ၏။ လင့်ဟူချုံးသည်လည်း စာကိုဖတ်ပြီး မည်သို့မျှ မစဉ်းစားတတ်အောင် ဖြစ်နေမိသည်။ လင်းလင်းအား အရေးတကြီး ခေါ်ရခြင်း၏ အကြောင်းရင်းကို ဖော်ပြမထားခြင်းက သို့လော သို့လော စိတ်ပူစရာဖြစ်နေသည်။ လင်းလင်းသည် လင့်ဟူချုံးကို နှုတ်ဆက်၍ ပြန်ခါနီးတွင် လင့်ဟူချုံးအား ...

"အစ်ကို ... မဟူရာတောင်ကုန်းမှာ တစ်ခုခု ဖြစ်နေပြီနဲ့ တူတယ်။ တော်ရုံတန်ရုံ အရေးမကြီးပဲနဲ့တော့ ဦးလေး ရှန့်ဝန့်ထင်းက အခုလို စာရေးခေါ်မယ်မထင်ဘူး။ တစ်ကယ်လို့ အရေးကြီးတဲ့ အကြောင်းမဟုတ်ရင်တော့ နောက်နှစ်လ လောက်ကြာမှ အစ်ကို့ဆီပြန်လာခဲ့မယ်"

လင်းလင်းသည် ထိုစကားကိုပြော၍ မဟူရာတောင်ကုန်းသို့ ထွက်ခွာသွားလေတော့၏။

လင့်ဟူချုံးသည် ဟန်ဆန်းဂိုဏ်းချုပ် လုပ်နေရစဉ်အတွင်း တာဝန်မည်မျှ ကြီးလေးလှသည်ကို သိရှိပြီး ဖြစ်၍ ဂိုဏ်းချုပ်တာဝန်ကို ဆက်လက် ထမ်း ရွက်ရန် စိတ်မကူးနိုင်အောင် ဖြစ်နေတော့၏။

ထို့ပြင် ဆရာမကြီးနှစ်ယောက်အတွက် ရန်ကြွေးကို ပေးဆပ်ခဲ့ပြီးဖြစ်၍ ဟန်ဆန်းဂိုဏ်းချုပ်ရာထူးကို ဆက်လက် မယူရန် ဆုံးဖြတ်ချက်မှာ ပို၍ ခိုင်မာလာခဲ့ရသည်။

နောက်ဆုံးတွင် ဟန်ဆန်းဂိုဏ်းချုပ် နေရာကို စိတ်ရှည်၍ အမြော်အမြင်ရှိသော ရိချင်အား ခန့်အပ်ထားလိုက်သည်။

လင့်ဟူချုံးသည် ဟန်ဆန်းဂိုဏ်းချုပ်ရာထူးမှ ဖယ်ပေးလိုက်သော်လည်း ဟန်ဆန်းဂိုဏ်းသားများကို သိုင်းပညာများ ဆက်လက် ဖြန့်ဖြူး လေ့ကျင့်ပေးနေစဉ် ကာလအတွင်း လင်းလင်းထံမှ စာတစ်စောင် ရောက်လာသည်။

စာပါအကြောင်းအရာကား စိတ်မကောင်းဖွယ်ရာပင် ဖြစ်တော့၏။ ဆရာကြီးလင်းရှင်သည် သိုင်းပညာ လေ့ကျင့်ရာ တွင် အလွန်အကျူး လောဘရမက်ကြီးသူ တစ်ယောက်ဖြစ်၏။ သိုင်းပညာလေ့ကျင့်နေစဉ် အတွင်းအားလှိုင်းများ မှားယွင်းကာ အသက်ထွက်သွားခဲ့ရသည်။

ဤတွင် နေမင်းသခင် ဂိုဏ်းချုပ်ရာထူးကို မည်သူဆက်ခံမည်ဆိုသည့် ပြဿနာ ဝင်လာတော့၏။ သာမန်အားဖြင့် လင်းလင်းက ဆက်ခံမည်ဆိုလျှင် နေမင်းသခင် ဂိုဏ်းသားများအနေဖြင့် ငြင်းပယ်ကြလိမ့်မည် မဟုတ်ချေ။ သို့သော် လင်းလင်းမှာ တန်ခိုးအာဏာကို မက်မောသူမဟုတ်သဖြင့် နေမင်းသခင် ဂိုဏ်းချုပ်ရာထူးကို ရှန့်ဝန့်ထင်းအား ကြည်ဖြူစွာ လွှဲအပ်ပေးလိုက်တော့သည်။

ဤသို့ လွဲအပ်ရာတွင် အကြောင်းမဲ့ ပေးအပ်ခြင်းမဟုတ်။ ရှန့်ဝန့်ထင်း၏ စိတ်ရင်းသဘောရင်းကို ကောင်းစွာ သိထား၍ ပေးအပ်လိုက်ခြင်းဖြစ်သည်။ ရှန့်ဝန့်ထင်းသည် ရိုးသားပွင့်လင်းသူ ဖြစ်ပြီး ရန်မလိုတတ်ချေ။ အခြားသော သိုင်းဂိုဏ်းကြီးများကိုလည်း လက်ဝါးကြီးအုပ် ဝါးမျိုလိုသူ မဟုတ်ချေ။

လင်းလင်း၏ အမြော်အမြင်ကြီးစွာ လွဲအပ်ပေးမှုကြောင့် သိုင်းလောကကြီးတစ်ခုလုံး ရန်ငြိုးရန်စဟူ၍ မရှိတော့ပဲ အေးချမ်းသွားလေတော့သည်။

× × × × ×

> နောက်ဆုံးအခန်း ဘဝသံသရာနဲ့ သိုင်းလောက၏စိန်ခေါ် သံစာစဉ်တွဲကြီး တရားဝင် ပြီးဆုံးသွားပါပြီခင်ဗျာ။ စတင်တဲ့ ဇွန်လ၁၅ရက်နေ့ကစလို့ ဒီနေ့ ပြီးဆုံးတဲ့နေ့အထိ တွက်ရင် ၂၆ ရက် ကြာပါတယ်။ ကျနော်လဲ အရမ်း စိတ်ပေါ့ပါးသွားသလို ခံစားရပါတယ်။ နေ့တိုင်းလိုလို တဂ္ဂိဂ္ဂိမည်နေတဲ့ ပရင်တာ အသံလဲ တိတ်သွားပါပြီ။ မိန်းမဆီမှ မျက်စောင်းဖြင့်တမျိုး စောင်းမြောင်း၍ တဖုံ နေ့စဉ်ရှုဝ ခံစားနေရတာလဲ ပြီးဆုံးသွားပါပြီ။
>
> NEO
>
> 06-10-2007, 12:09 AM
>
> မှတ်ချက်။ ။ သိုင်းစာစဉ်တွဲကြီးကို ကိုနီယိုက အစအဆုံး စကန် တင်ပြီးသွားတော့ ရေးခဲ့တဲ့ စာစုလေးနဲ့ အချိန်နေ့ရက်ပါ။

ရာသီစက်ဝန်းတစ်ပတ်လည်ကာ တစ်နှစ် ပြောင်းလဲခဲ့လေပြီ။

ဤနေ့ကား လင့်ဟူချုံးနှင့် လင်းလင်းတို့၏ မင်္ဂလာနေ့ပေတည်း။ နေမင်းသခင်ဂိုဏ်း၏ ဌာနခွဲတစ်ခု ဖြစ်သော "နှင်းဆီဂေဟာ" ကို မင်္ဂလာအိမ်သစ်အဖြစ် မွမ်းမံပြင်ဆင်လိုက်သည်။

ထိုမင်္ဂလာနေ့တွင် သိုင်းလောကရှိ သိုင်းအဖွဲ့အသီးသီးမှ သိုင်းသမားပေါင်းစုံ ဝမ်းသာအားရ ပျော်ပျော်ပါးပါး ရောက်ရှိလာကြ၏။ မင်္ဂလာ အခမ်းအနား ပြီးစီးသောအခါ သိုင်းသမားအားလုံးက သတို့သားနှင့် သတို့သမီးတို့ကို ဓားသိုင်းတစ်ပုဒ်စီ ကစားပြကြ၏။ လင့်ဟူချုံး၏ ဓားသိုင်းမှာ သိုင်းလောက၌ အထက်မြက်ဆုံးမှန်းသိသဖြင့် ဤသို့ ဂုဏ်ပြု ကစားကြခြင်း ဖြစ်တော့သည်။ သို့သော် လင့်ဟူချုံးကပြုံး၍ ...

"ဒီနေ့လို မင်္ဂလာရက်မြတ်မျိုးမှာ အင်မတန်သွေးဆာနေတဲ့ ဓားလိုလက်နက်မျိုးတွေ ကိုင်ပြရတာ တော်တော့်ကို မဆီလျော်လှတဲ့ ကိစ္စပဲ။ ဒီတော့ ကျုပ်နဲ့ ကျုပ်ဇနီးက ခင်ဗျားတို့ကို ဓားသိုင်းနဲ့ ပြန်ပြီး မဖျော်ဖြေတော့ဘူး။ ကျုပ်တို့ နှစ်ယောက်တွဲပြီး သီချင်းတစ်ပုဒ် တီးမှုတ်ပြပါ့မယ်။"

ထိုအခါ သိုင်းလောကသား အားလုံး လက်ခုပ်သြဘာ ပေးကြလေတော့၏။ လင့်ဟူချုံးက ကြိုးတပ်တူရိယာ တစ်လုံးနှင့် ပလွေ တစ်ချောင်းကို ထုတ်ယူလာပြီး ပလွေကို လင်းလင်းအား ကမ်းပေးလိုက်၏။

လင်းလင်းက သူမလက်ထဲမှ ပလွေကို စတင်မှုတ်လေတော့၏။ လင့်ဟူချုံးက ကြိုးတပ်တူရိယာကို နောက်မှ ကျွမ်းကျင်စွာ တီးခတ်သည်။ သူတို့နှစ်ယောက် တီးခတ်လိုက်သည့် ဂီတသံစဉ်မှာ လွန်စွာ သာယာလှသဖြင့် သိုင်းသမားများအားလုံး ငေးမောသွားကြရတော့သည်။

သူတို့ နှစ်ယောက် တီးမှုတ်နေသော သီချင်းမှာ "သိုင်းလောက၏ စိန်ခေါ်သံ" ဟူသော သီချင်းပေတည်း။

လင့်ဟူချုံးသည် တီးမှုတ်နေရင်း ချုံဆန်းမြို့ပြင်၌ ချုံဆန်းဂိုဏ်းမှ ဆရာကြီး လျိုကျက်ဖုန်းနှင့် နေမင်းသခင်ဂိုဏ်းမှ ဆရာကြီး ချီးရန်တို့ နှစ်ယောက်က ဤသီချင်းကို တီးမှုတ်ခဲ့ပုံကို ပြန်လည် မြင်ယောင်လာမိတော့၏။

သီချင်းသံဆုံးသွားသောအခါ လက်ခုပ်သြဘာသံ သောင်းသောင်းညံသွားလေတော့၏။ ထို့နောက် သတို့သားနှင့် သတို့သမီးတို့သည် မင်္ဂလာအိပ်ခန်းအတွင်းသို့ ဝင်လာကြတော့သည်။ လင့်ဟူချုံးက အခန်းတံခါးကို ပိတ်လိုက်ပြီး လင်းလင်းကို ပြုံး၍ ပြောလိုက်၏။

"လင်းလင်း ... အစ်ကိုတို့ မျှော်ခဲ့ရတဲ့ ရက်တော့ ရောက်ခဲ့ပြီနော်"

ပြောရင်း လင့်ဟူချုံးသည် လင်းလင်း၏ ခေါင်းဖုံး ပုဝါစလေးကို လှန်လိုက်တော့သည်။ လင်းလင်း၏ မျက်နှာလေးမှာ ဝင်းပနေပြီး ရှက်ပြုံးလေးနှင့် ပဏာရနေတော့၏။

"ဟုတ်တယ် အစ်ကို၊ ကျွန်မတို့ ..."

သူမသည် စကားကို ဆက်မပြောပဲ ရုတ်တရက်လှည့်ကာ အော်လိုက်သည်။

"ဘယ်သူလဲ ... ထွက်လာခဲ့စမ်း"

လင့်ဟူချုံးမှာ မင်သက်ငေးကြောင်သွားကာ ...

"ဘာတွေ ထွက်လာခိုင်းနေတာလဲ"

ထိုစဉ် လင်းလင်းက ရယ်မောရင်း ...

"ထွက်လာခိုင်းတုန်း ထွက်လာနော်။ ထွက်မလာရင်တော့ ကျွန်မက ရေနဲ့ပက်မှာ"

ထိုအခါမှ မင်္ဂလာခန်းဝင် ကုတင်အောက်မှ လူခြောက်ယောက် အလုအယက် တိုးဝှေ့ထွက်လာကြတော့၏။

လက်စသတ်တော့ အံ့ဖွယ်ခြောက်ယောက်ပင် ဖြစ်နေသည်တကား။ သူတို့သည် ကုတင်အောက်၌ ကြိုတင်ပုန်းနေကြပြီး သတို့သားနှင့် သတို့သမီး ပြောစကားများကို ခိုးနားထောင်ကာ အပြင်ဖက်မှ ဧည့်သည်များအား သွားရောက် ကြွားဝါရန် စီစဉ်ထားကြခြင်းဖြစ်သည်။

လင့်ဟူချုံးမှာ ဤနေ့ဤအခါ၌ သူ၏စိတ်ကိုလွှတ်ကာ ပေါ့ပေါ့ပါးပါး ပျော်ပျော်ရွှင်ရွှင် နေလိုက်မိ၍ အံ့ဖွယ်ခြောက်ယောက်တို့ကို လုံးဝ သတိမထားမိချေ။ လင်းလင်းကမူ သူ၏စိတ်ကို လွှတ်မထားပဲ သတိဝီရိယ ထားသဖြင့် အံ့ဖွယ်ခြောက်ယောက်တို့၏ အသက်ရှူသံကို ကြားလိုက်မိခြင်း ဖြစ်တော့သည်။

လင့်ဟူချုံးက တဟားဟားရယ်လိုက်ရင်း ...

"တော်ပါသေးရဲ့၊ လင်းလင်းသာ မလျှင်ရင် အစ်ကိုနဲ့ လင်းလင်းတော့ ကောင်းကောင်း အငိုက်မိခံတော့မှာပဲ။"

အံ့ဖွယ်ခြောက်ယောက်တို့သည် အော်ဟစ်ရယ်မောလျက် မင်္ဂလာ အိပ်ခန်းအတွင်းမှ ပြေးထွက်သွားကြ၏။

ပြေးရင်းလွှားရင်း ...

"လင်းလင်း ... အစ်ကိုတို့ မျှော်ခဲ့ရတဲ့ ရက်တော့ ရောက်ခဲ့ပြီနော်"

"ဟေး ... ဟေး ... ဟေး"

ဟူတန်းဂိုဏ်းချုပ်ကြီး ချုံးရှိုးနှင့် ရှောင်လင် ကျောင်းထိုင် ဆရာတော်ကြီး ဖန်းတင်းတို့သည် အပြင်ဧည့်ခန်းတွင် စကားစမြည် ပြောနေကြရာ အံ့ဖွယ်ခြောက်ယောက်တို့၏ အော်သံကို ကြားရသောအခါ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လျက် ပြုံးမိကြလေတော့သတည်း။

ပြီးပါပြီ။

**တက္ကသိုလ်နေလင်းအောင်**

**သိုင်းလောက၏စိန်ခေါ်သံ**
ကျင်းယုံ၏ရှောက်အော့ကျန်းဂူ

ကျူးပစ်တွေ ကြိုက်နှစ်သက်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ကျနော်ကတော့ နဂါးနိုင်ခါး၊ သိုင်းလောက၏ မကိုဠ်ဦးသျှောင်တို့နဲ့ ထပ်တူထပ်မျှ စွဲလန်းခဲ့ပါတယ်။ အကြိမ်ပေါင်းများစွာဖတ်လဲ အသစ်ပြန်ဖတ်သလို ဖြစ်နေတတ်တယ်ဗျ။ ကိုရှာစားတို့လို အကုန်လုံး မှတ်မိနေတတ်တဲ့ လူတွေအတွက် ဖတ်ရတာ သိပ်အရသာ ရှိမယ် မထင်ဘူး။ ဒီနေရာမှာ ကျနော်တို့က ဆရာဝန်တွေထက် သာသွားပြန်ပြီ ဟဲဟဲ။

စာစဥ် အစအဆုံး ၁၄တွဲ ရှိတယ်။ စာရွက်ကွာလတီတွေက သိပ်မကောင်းဘူး။ အကုန်လုံးကို စကန်လုပ်ပြီး တင်ပေးပါ့မယ်။ စာအုပ်တွေက သိပ်မထူပါဘူး။ တအုပ်မှာ စာရွက် ၂၂၀ လောက်ရှိတယ် ဆိုတော့ ဒီနှုန်းနဲ့ တင်ရင် အကြိမ် ၄၀ လောက်နဲ့ ပြီးမယ်ထင်တယ်။ တလလောက်အတွင်းမှာ အကုန်လုံး တင်လို့ ပြီးနိုင်ပါတယ်။ ကျနော် အားခဲ့ရင်ပေါ့လေ။ ဒီစာအုပ်ကို ကျနော်လဲ မဖတ်ရသေးဘူးဗျ။ မနေ့ကမှ ရောက်လာတာ။ သေသေသပ်သပ်လေး သိမ်းထားချင်ရင် ကျနော် တင်ထားတဲ့ စကန်တွေကို မန်ဘာတွေစုပြီး ဒီသရက်မှာ စာရိုက်ပြီး တင်ကြပါလို့ အကြံပေးပါရစေ။ ကျနော်လဲ ဝင်ရိုက်ပေးပါ့မယ်။

**NEO**

အမှာစာလို့ပဲပြောပြော ကျေးဇူးတင်တာလို့ပဲပြောပြော ကြိုက်သလို နာမည်တတ်လို့ရသည့် စာပိုဒ်လေး ဖြစ်သည်။ ကိုယ်ရိုက်တင်ခဲ့တဲ့ စာသားတွေကို မပျောက်မပျက်အောင် အပင်ပန်းခံနိုင်သည့် ရေးပေးသူတွေ အတွက် ကိုယ်ရေးပေးသည့် စာသားလေးက သူတို့ပင်ပန်းတာတွေကို မပီပြင်မှာ၊ သူတို့စေတနာတွေကို ကိုယ့်ရဲ့ အရေးအသားတွေက စော်ကားမိသလို ဖြစ်မှာလည်းစိုးသည်။ ဒါကြောင့် ချစ်နှင်းဆီ အရှည်ကြီးမရေးပါ။

အားလုံးကိုကျေးဇူးတင်ပါသည်။
**chithninsi** ( စီအန်အက်စ် )

အခုလို ဒီစာအုပ်ကလေး ဖြစ်မြောက်သွားအောင် ဝိုင်းဝန်းပြီး ကူညီကြတဲ့အတွက် အထူးပင် ကျေးဇူးတင် ပါတယ်။ အခုမန်ဘာတွေအတွက် ကျွန်တော်တို့တတွေ ကြိုးပမ်းတာ လိုအပ်ချင်မှလိုအပ်မှာ ဖြစ်ပေမယ့် နောက်ပိုင်း မန်ဘာတွေ အတွက်တော့ ဒါဟာ အသုံးဝင်ပါလိမ့်မယ်လို့ ယုံကြည်ပါတယ်။ ကျွန်တော်တို့ကို လည်း ဆက်လက်ပြီး ကူညီ အားပေးကြပါဦး ခင်ဗျာ။

အားပေးကြသူများအားလုံးကို ကျေးဇူးတင်ပါတယ်။

ပုံ
**venus000006**
(ဂူတန်းဂိုဏ်းချုပ် ကျန်ဆန်းဖုန်း)

ကျနော့်ရဲ့ အမှာစာ

ထုံးစံအတိုင်းပေါ့၊ အမှာစာရေးခွင့်ရတဲ့အတွက် ဘာညာဘာညာပေါ့ဗျာ .....

ဆိုပါစို့ ...... ကျနော်တို့က သိုင်းလောကကို အစပျိုးခဲ့သူတွေပါ၊ ကြည့်ကောင်းအောင် ပြောရရင် စွန့်ဦးတီထွင်တွေပေါ့ဗျာ၊ နောက်ပိုင်းမှသာ မသိချင်ယောင်ဆောင်သွားလို့ နောက်လူတွေ ပိုက်ဘောမိကုန်တာလေ၊ အဲ .. စွန့်ဦးတီထွင် ဆိုပေမယ့်လဲ တကယ်တမ်းအစပြုခဲ့တဲ့သူက ကိုနီယိုခင်ဗျ၊ သိုင်းလောကရဲ့ စိန်ခေါ်သံ စာအုပ်တွဲ အစအဆုံးကို အပင်ပန်းခံပြီး စကန်ရိုက်တင်ပေးခဲ့လို့သာ နောက်နောင် ဒီလို ပီဒီအက်ဖ်ဗားရှင်းမျိုး ထွက်လာနိုင်ခဲ့တာပါပဲ။

ကျနော်မှတ်မိသလောက် အဲဒီတုန်းက သိုင်းလောကနဲ့ ခေတ်ပြိုင်တွေက ကိုမိနီရဲ့ မဲ့ရှစ်လုံးရှင်ရယ် မိုးလေးရဲ့ ပန်းစကြာခေးသမားရယ်ပဲ ရှိတယ်ထင်တယ်။ သူတို့နှစ်အုပ်နဲ့မတူ ထူးခြားတာက ကျနော်တို့စာအုပ်ဟာ အစဦးကတည်းက မင်ဘာတွေအများကြီးနဲ့ တစ်ယောက်တစ်ခန်းစီ ဝိုင်းဝန်းရေးသားကြတဲ့ သိုင်းစာအုပ်ဖြစ်ခြင်းပါပဲ။ အစပြုခဲ့တဲ့သူတွေထဲမှာ ကျနော်တို့ရဲ့ သိုင်းလောကပြိုင်ဘက်ကင်း ကျန်းဆန်းဖုန်း (ဗီးနပ်စ်၀၀၀၀၀၆)၊ ချစ်နှင်းဆီ တို့လို မင်ဘာတွေကစပြီး ရိုးရိုးမင်ဘာ အသစ်လေးတွေ (အဲဒီတုန်းကအသစ်) အထိ တတပ်တအားနဲ့ ဝိုင်းဝန်းခဲ့ကြတာပါ။ တကယ်အားရစရာ ကောင်းခဲ့ပါတယ်။ အခု သူတို့တွေကနေ အစပြုခဲ့တဲ့ သိုင်းလောကရဲ့ စိန်ခေါ်သံဟာ တစ်နှစ်ခွဲနီးပါး အချိန်ယူပြီးခဲ့ချိန် ယခု ကိုဟော့ရဲ့လက်ထက်မှာ အဆုံးသတ်ကို ရောက်ရှိလို့လာခဲ့ပါပြီ။

သိုင်းလောကကို အစကနေ အဆုံးထိ တစိုက်မတ်မတ် ဖတ်ခဲ့ကြသူတွေလည်းရှိမယ်။ စလယ်ဆုံး မဖတ်နိုင်ပေမယ့် တဝက်တပျက် အားပေးခဲ့သူတွေလည်းရှိကြမယ် ... အခုနောက်ဆုံး အခုပီဒီအက်ဖ်ဗားရှင်းကိုမှ စောင့်မျှော်ဖတ်ရှုကြမယ့် ပရိတ်သတ်ကြီးအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း ........

**cluclu** (ကလူကလူ)

စိန်ခေါ်သံမှာ ဝင်ရေးခွင့်ရတဲ့အတွက် ကျေးဇူးတင်ပါတယ်။

နောက်သိုင်းစာအုပ်တွေ ရေးဖြစ်ကြရင်လည်း ဝင်ကူရေးပေးချင်ပါတယ်။

Shadowstriker

သိုင်းလောက၏စိန်ခေါ်သံ သိုင်းစာစဉ်အား ကျူးပစ်မှ ညီအစ်ကိုမောင်နှမများ၏ ကြိုးစားအားထုတ်မှုကြောင့် ခေတ်မှီ ဒစ်ဂျစ်တယ်စနစ်ဖြင့် သိမ်းဆည်းနိုင်ပေတော့မည်။ ကျွန်တော်တို့လို သိုင်းလောကတွင် ကျင်လည်နေကြသူများအဖို့ အလွန်တရာမှ အကျိုးများလှချေသည်။ ကိုဟော့နှင့် ကိုဘေးထွက်တို့မှ အနီသိုင်းစာစဉ်အတွက် အမှာစာကို ပါဝင်ကူညီ စာရိုက်ပေးကြသော မန်ဘာများ အမှတ်တရအဖြစ် ရေးပေးပါရန် ပီအမ်ပို့လာသဖြင့် အမှာစာတွင် ကျွန်တော့်နာမည် ပါလာရခြင်းဖြစ်သည်။ ကိုမီနီ၊ ဗီးနပ် (ခေါ်) ကျန်းဆန်းဖုန်းတို့ စခဲ့သောကြောင့် ကျူးပစ်သိုင်းလောကကြီး ယခုလို စည်ကားလာရခြင်းဖြစ်သည်။

အမှန်တော့ သိုင်းလောက၏စိန်ခေါ်သံ သိုင်းစာစဉ်တွင် ကျွန်တော်သည် တစ်မျက်နှာမျှသာ ဝင်ရောက်နှမ်းဖြူးထားခြင်းဖြစ်သည်။ ထိုအချိန်က ကျွန်တော်နှင့် သရဲနက်ကိုမှားကာ အကူအညီတောင်းပြီး စာရိုက်ခိုင်းသောကြောင့် သရဲနက်မှာ ဘုမသိဘမသိ မအားသည့်ကြားမှ ရိုက်တင်ပေးသည်ကို မှတ်မိပါသေးသည်။

မေ့မေ့ပျောက်ပျောက်ပင် ရှိခဲ့ချေပြီ။ ကိုဟော့ရှေ့နှင့် ကိုဘေးထွက်တို့ အမှာစာအတွက် ပီအမ်ပို့မှသာ ပြန်လည်သတိရခြင်းဖြစ်သည်။ ထို့ကြောင့် ကျူးပစ်သိုင်းလောက ညီအစ်ကိုမောင်နှမများ အမှတ်တရဖြစ်စေခြင်းအလို့ငှာ ကျွန်တော် ဤအမှာစာကို ရေးလိုက်ရပါသည်။

ကျူးပစ် သိုင်းလောက ညီအစ်ကိုမောင်နှမများအား

ကျေးဇူးတင်စွာဖြင့်

**Devil_Killer** (တစ်ပဲကုလား)

လေးစားတယ်ဗျာ။ ကျေးဇူးလဲတင်တယ်။ ဒီလောက်ထူတဲ့စာအုပ် ၁၄ အုပ် စာကို စကန်ဖတ်ပြီး တင်ပေးတဲ့သူရဲ့ စေတနာကိုရော၊ အဲဒါကို တစ်ခါ ကောင်းသထက် ကောင်းအောင် အပင်ပန်းခံ စာပြန်ရိုက်နေကြတဲ့ ကျူးပစ်တွေရဲ့ ဖွဲ့မာန်ကိုရောပေါ့။

ရသစာပေမှာ သိုင်းဇာတ်လမ်းတွေက ဖတ်ရတာ အပေါ့ပါးဆုံးနဲ့ အရသာအရှိဆုံးလို့ ထင်ပါတယ်။ ဇာတ်ရှိန်ကလဲ မတရား တက်တတ်တာဆိုတော့ တပိုဒ်ဖတ်ပြီး နောက်တပိုဒ်၊ တမျက်နှာဖတ်ပြီး နောက်တမျက်နှာ၊ တခန်းဖတ်ပြီး နောက်တခန်း၊ တတွဲဖတ်ပြီး နောက်တတွဲ အဆက်မပြတ် ဖတ်ချင်ကြမှာချည်းပဲ ထင်ပါတယ်။ ကိုနီယို့ကျေးဇူးကြောင့်သာ ဒီလောက်မြန်မြန် ပြီးသွားနိုင်တာပါ။ တခြားသရက်ဒ်တွေမှာလဲ စေတနာထား အပင်ပန်းခံ အချိန်ဖဲ့ပြီး စာရိုက်တင်ပေးနေကြတဲ့ ကိုမီနီတို့ မိုးလေးတို့နဲ့ တခြား ကျနော် မသိသေးတဲ့ အာဂကျူးပစ် ညီအကို မောင်နှမတွေ ရှိနေကြပါတယ်။ ဒါပေမဲ့ ကိုယ့်စိတ်ကို ကိုယ်သိတယ်ဗျ။ အဲဒါတွေကို စောင့်ဖတ်ရတာ ပျော်ဖို့ကောင်းသလောက် အတော်ကို အချိန်ပေးရတယ်။ (ဒါဖတ်တဲ့သူဘက်က နော်။ ရိုက်ပေးရတဲ့သူအဖို့တော့ ဆိုဖွယ်ရာ မရှိဘူး။)

ကျနော် အကြံပြုချင်တာ မြန်မာစာအုပ်တွေကို စကန်ဖတ်ရင် စာလုံးအဖြစ်ပြောင်းပေးတဲ့ **OCR (optical character recognition) software** တွေကို အသုံးပြုကြဖို့ပါ။ ကျနော် ထင်တာပြောရရင် **Foreverspace** မြန်မာအီးဘွတ်ခ်တွေက အဲဒါမျိုးသုံးပြီး ဖန်တီးထားတာဖြစ်ဖို့ သေချာသလောက်ပါပဲ။ အဲဒါကို ကျနော်တို့ အများပြည်သူသုံးစွဲဖို့ မဖြန့်ဝေသည့်တိုင်အောင် ကျူးပစ်တွေထဲမှာ အသိပညာရှင် အတတ်ပညာရှင်တွေ အများကြီး ပါဝင်ကြမှန်း ကျနော် အတပ်ပြောရဲပါတယ်။

ဒါကိုသာ အောင်မြင်အောင် လုပ်နိုင်ကြမယ်ဆို သိုင်းလောကနဲ့ ကျနော်တို့ကြား ပေါင်းကူးတံတားတခု ဖြစ်လာမှာ မလွဲဧကန်ပါပဲလို့ ပြောကြားရင်းနဲ့ပဲ တိုက်တွန်းလိုက်ရပါတယ်။ နောက်ပြီး လက်နဲ့ စာရိုက်ပေးနေတဲ့ ကျူးပစ်တွေကိုလဲ ဘယ်လောက်ပဲကြာပါစေ၊ အားပေးသွားမယ် ဆိုတဲ့အကြောင်း ပြောကြားချင်ပါတယ်။ ကိုနီယိုလို မြန်နှုန်းမြင့် သိုင်းလောကသားတွေ များလာရင်တော့ အတိုင်းထက်အလွန်ပေါ့ခင်ဗျာ။

ဖွဲ့နဘဲနဲ့ တဦးချင်းအလိုက်၊ အုပ်စုလိုက် ချီတက်နေကြတဲ့ ကျူးပစ်တွေ များလာရင်လဲ ကျနော်တို့ သိုင်းလောကကြီး စည်ပင်ဝေဆာလာမှာဖြစ်မှာ အသေအချာပါ။

**U_MIN_KYAW**

အမှာစာ ...

သိုင်းလောက၏စိန်ခေါ်သံက ကျနော် ပထမဦးဆုံး စဖတ်တဲ့ စာစဉ်ရှည်ပါ ... အဲဒီမတိုင်ခင် ငယ်ငယ်တုန်းကတော့ "ကိုးသချိုင်းမှစိန်ခေါ်သံ" ကို ဖတ်ခဲ့ဖူးပါတယ်။ နောက်ပြီးတော့ ဝင်းကြွယ်ရေးတဲ့ ပန်းသုံးပွင့်ဒေဝီတို့ ဘာတို့ပေါ့လေ .. ဒါပေမယ့် အဲဒါတွေက မြန်မာနာမည်တွေနဲ့ မြန်မာမှုပြုထားတာကိုး .. တရုတ်နာမည်တွေနဲ့ မူရင်းအတိုင်း တိုက်ရိုက်ဘာသာပြန်တဲ့ စာစဉ်ရှည်ကို ဖတ်ဖူးတာက ဒီ "သိုင်းလောက၏စိန်ခေါ်သံ" ဟာ ပထမဦးဆုံးပါပဲ။

နဂါးနိုင်ဓားက နောက်မှ ဖတ်ဖြစ်တာပါ .. အဲ ... ဖတ်ဖတ်ချင်းကို စွဲတော့တာပဲဗျို့ .. မှတ်မိပါသေးတယ် အဲဒီတုန်းက သူငယ်ချင်းကလည်း သိုင်းစာစဉ် သရဲ ... ကျွန်တော်တို့နှစ်ယောက် စာအုပ်အငှားဆိုင်လေးကိုသွား၊ စာအုပ်ကို **booking** လုပ်ရတယ်။ နောက်ပြီး ကျန်တဲ့အတွဲတွေကို ချက်ချင်းဖတ်ချင်လို့ သူများက စာစဉ်တခု ငှားသွားပြီး မရသေးရင် ကိုယ်က ကျန်တဲ့စာစဉ်တွေ အကုန် ငှားလာခဲ့ရော ...

စာအုပ်ရတာနဲ့ သူငယ်ချင်းနှစ်ယောက် ရပ်ကွက်ထဲက ထိုင်နေကျ လက်ဖက်ရည်ဆိုင်မှာ ထိုင်ပြီး တယောက်တအုပ် သဲကြီးမဲကြီး ဖတ်ကြတော့တာပါပဲဗျာ .. အဲဒီမှာ ပြဿနာက သူအရင်ဖတ်မယ်၊ ငါအရင်ဖတ်မယ်ဆိုပြီး စာစဉ်အစကို လုရတာဗျ ... နောက်ဆုံး ခေါင်းပန်းလှန်ခြင်း၊ ပိုက်ဆံပွတ်ခြင်း နည်းများနဲ့ သမာသမတ်ကျကျ ကံတရားရဲ့အဆုံးအဖြတ်ကို ခံယူခြင်းအားဖြင့် ဒီပြဿနာကို အောင်မြင်စွာ ဖြေရှင်းနိုင်လိုက်ကြပါတယ်။

အဲ .. ရှုံးတဲ့လူကတော့ အောင့်သက်သက်နဲ့ နိုင်တဲ့သူတအုပ်ပြီးတဲ့အထိ သည်းညည်းခံ စောင့်နေရတာပေါ့ဗျာ ... အခု ဒီစာစဉ်ကို ဖတ်တိုင်းရော၊ ရိုက်နေရင်းနဲ့ရော အဲဒီ အဖြစ်လေးတွေ ပြန်သတိရနေပါသေးတယ်။ ဒီစာစဉ်က ကျနော်အကြိုက်ဆုံး အစွဲလမ်းဆုံး စာစဉ်ပါ ... ဖတ်ဖတ်ခြင်းကို "ဇကရာဇ်ကိုးကွက်" ကို အစွဲကြီးစွဲတော့တာပါပဲဗျာ ..

အခု နိုင်ငံခြားမှာရောက်နေလို့ သိုင်းစာအုပ်တွေ ငတ်နေတာလည်း တကြောင်း၊ အလွန်စွဲလမ်းခဲ့တဲ့ စာစဉ်ဖြစ်တာလည်း တကြောင်းကြောင့် ပြန်ဖတ်ချင်နေတုန်း တိုက်တိုက်ဆိုင်ဆိုင် မြန်မာကျူးပစ်မှာ လာတွေ့လိုက်တော့ ပြောမပြတတ်လောက်အောင်ကို ဝမ်းသာသွားရပါတယ်ခင်ဗျာ ...

အပင်ပန်းခံပြီး တကူးတက **scan** ဖတ်တင်ပေးခဲ့သူများနဲ့ ဝိုင်းပြီး **pdf draft** နဲ့ ရိုက်ပေးသမျှ လူအားလုံးကိုလည်း အထူးပဲ ကျေးဇူးတင်မိပါတယ်။

ဒီကျေးဇူးတွေကို ကျနော် တတ်နိုင်သလောက် တုန့်ပြန်တဲ့အနေနဲ့ နဂါးနိုင်ဓားလိုမျိုး **pdf** သားသားနားနား ပြန်လုပ်ဖို့အတွက် အခုလိုဝိုင်းပြီး စာရိုက်ပေးကြတဲ့အထဲမှာ တတ်နိုင်သလောက် တတပ်တအား ဝိုင်းဝန်းပါဝင် ကူညီခွင့်ရတာကိုလည်း ကျေးဇူးတင်မဆုံး ဝမ်းသာလို့ မဆုံးပါဘူး ခင်ဗျာ။

**HarryLwin** (ဟယ်ရီ)

## စိန်ခေါ်သံ၊ ကျူးပစ်နှင့် ကျွန်တော်

ရေးပါဆိုလို့သာ ရေးရသည်။ ဘာရေးရမှန်းမသိ။ ကိုယ်က စာသာ အဖတ်များသည်။ သိပ်မရေးတတ်။ ဒီတော့ ကြုံသလို ရေးရတော့မည်။

'သိုင်းလောက၏ စိန်ခေါ်သံ' သည် ကျွန်တော်နှင့် ကျူးပစ်အကြားတွင် အရေးကြီးသော အခန်းမှ ပါဝင်သည်။ သည်စာအုပ်ကြောင့် ကျွန်တော် ကျူးပစ်ထဲ ရောက်လာသည်ဟု ဆိုနိုင်သည်။

ကျွန်တော်က ကွန်ပြူတာနှင့် ပတ်သက်၍ အတော် ဗဟုသုတနည်းသည်။ **Internet** ဆို ပိုဆိုးတော့သည်။ နိုင်ငံခြားရောက်လာတော့ မသိချင်၊ မတတ်ချင်လို့မရတော့။ **e-mail account** ဖွင့်ရသည်။ **e-mail** ကတဆင့် သူငယ်ချင်းတွေ ပြန်တွေ့ကြသည်။ ကျွန်တော်တို့ အတန်းဖော်သူငယ်ချင်းများ စုဖွဲ့ထားသော **Yahoo group** တစ်ခုရှိသည်။ သူငယ်ချင်းတစ်ယောက်က ထို **group web site** ထဲတွင် မြန်မာဝတ္ထုစာအုပ်များ တင်ပေးသည်။ ကျွန်တော် ဝမ်းသာအားရ ဒေါင်းသည်။ ချစ်ဦးညိုရဲ့ လက်ဘဒီပချစ်သူ၊ ဝင်းဦးရဲ့ မိန်းမလှအမုန်း၊ မောင်သာရရဲ့ ကျဉ်တုတ်ခံဝံ့မခံဝံ့ . . . စသောစာအုပ်များနှင့် သိုင်းလောက၏စိန်ခေါ်သံ အစပိုင်းကလေး။

အစက ဒီပြင်စာအုပ်တွေ တင်ပေးနေစဉ်က အသာထိုင် ဒေါင်းနေခဲ့သော်လည်း သိုင်းလောက၏စိန်ခေါ်သံ မြင်တော့ မနေနိုင်တော့။ ကျန်အပိုင်းများဆက်တင်ပေးရန် သူ့ကို ခဏခဏ နားပူနားဆာ လုပ်တော့သည်။ ဒီစာအုပ်က ကျွန်တော်ငယ်ငယ်ကတည်းက နှစ်ခြိုက်ခဲ့ရသည့် ဝတ္ထု။

ကျွန်တော်က ငယ်ငယ်လေးကတည်းက စာဖတ်အလွန်ဝါသနာပါသည်ဟု ဆိုသည်။ သည်လိုပြောရခြင်းမှာ ကျွန်တော် မမှတ်မိနိုင်သေးသော အရွယ် ကျောင်းမနေရခင်၊ စာမဖတ်တတ်ခင် ကတည်းက စာအလွန်ဖတ်ချင်သည် ဟူသော အမေ့စကားကို ရည်ညွှန်းခြင်းဖြစ်သည်။ အမေက ရွှေသွေး၊ တေဇရုပ်စုံ၊ ရှင်ပြုံး စသည်တို့ကို ကျွန်တော့်အား အမြဲဖတ်ပြရသည် ဟုပြောသည်။

၃ တန်းလောက်ရောက်တော့ ဝတ္ထုတွေ စဖတ်နေပြီ။ ၆ တန်း ၇ တန်းလောက်မှာ ထင်သည်။ နဂါးနိုင်ဓား စာစဉ်တွေ ထွက်လာသည်။ အဲသည်က စပြီး သိုင်းဝတ္ထုတွေကို အစွဲကြီးစွဲသွားသည်။ မုန့်ဖိုးကို ခြိုးခြံချွေတာပြီး သိုင်းဝတ္ထုငှားဖတ်ဖို့ ပိုက်ဆံစုရသည်။ အမေ့အလစ်တွင် စာအုပ်အငှားဆိုင်သို့ ပြေးငှားပြီး ခိုးဖတ်ရသည်။ အမေက ဝတ္ထုဖတ်တာ မကြိုက်။ ကျောင်းစာဖက်မှာ ပေါ့သွားမှာ စိုးရိမ်သည်။

မှတ်မှတ်ရရ 'သိုင်းလောက၏စိန်ခေါ်သံ' အပိုင်းတစ်ပိုင်း ထွက်ချိန်က စာမေးပွဲဖြေနေသည့် ရက်များ အတွင်း ဖြစ်နေသည်။ ပထမအစမ်းလား ဒုတိယအစမ်းလား တော့မမှတ်မိတော့။ ဆိုင်မှာ စုံစမ်းထားသဖြင့် ထွက်မည့်ရက်ကို ကြိုသိနေသည်။ ဘယ်လိုမှ မနေနိုင်။ စာအုပ်အငှားဆိုင် ရောက်သွားသည်။ စာမေးပွဲရက်များ ဖြစ်နေ၍ စာအုပ်ဆိုင်တွင် ငှားမည့်သူ နည်းနေသောကြောင့်ထင်သည်။ စာအုပ်ရလာသည်။ ပျော်လိုက်သည့်ဖြစ်ချင်း။ ညဖက်မအိပ်ခင် စာကျက်ချင်ယောင်ဆောင်ပြီး ဝတ္ထုတစ်ပိုင်းလုံး ပြီးအောင်ဖတ်ပစ်လိုက်သည်။ မနက် အိပ်ရေးမဝတဝနှင့် စာမေးပွဲသွားဖြေသည်။ အဲသည် စာမေးပွဲတွင် သူ့အဆင့်ကျသွားသည်ကို မှတ်မိသည်။ သို့သော် သူငယ်ချင်းတွေကြားမှာ 'လင့်ဟူချုံး၏ ဇကရာဇ်ကိုးကွက်' အကြောင်းကို ဦးဦးဖျားဖျား ပြန်ပြောပြလိုက်ရသည်။ ဟိုကောင်တွေ ပါးစပ်အဟောင်းသားနှင့်။ ပျော်စရာကောင်းလိုက်သည့်ဖြစ်ခြင်း။

သည်လို စွဲလန်းခဲ့ရသည့် ဝတ္ထုကို တပိုင်းတစ ပြန်တွေ့ရတော့ နေမထိထိုင်မသာ ဖြစ်ရသည်။ ဟိုကောင်ကလည်း ဆက်တင်မပေးနိုင်။ နောက်အပိုင်းများ ဆက်မလာသေးဟုပြောသည်။ သည်တော့ သူကို သိုင်းလောက၏စိန်ခေါ်သံ အပါအဝင် သူတင်ပေးနေသည့် ဝတ္ထုများ ဘယ်ကရကြောင်းကို မေးရတော့သည်။ သူက မြန်မာကျူးပစ်မှ ရကြောင်းပြောသည်။ အဲသည်မှာ မြန်မာကျူးပစ်ကို ကျွန်တော် စကြားဖူးချင်းဖြစ်သည်။

သိသိချင်းပင် မြန်မာကျူးပစ်ကို ဝင်ဖို့ကြိုးစားသည်။ ထိုအချိန်က မြန်မာကျူးပစ်ကလည်း **myanmarcupid.com, myanmarcupid.net, myanmarcupid.tk** ဆိုပြီး ရှုတ်ရှက်ခတ်နေသည်။ ကိုယ်ကလည်း **internet** တွေ **online** တွေ ကို ကျွမ်းကျွမ်းကျင်ကျင်မရှိ။ ဘယ်ဟာကို ဝင်ရမှာလည်း မသိ။ ဒီထက်ဆိုးတာက **register** လုပ်တာတောင် လက်မခံ။ အပြောင်းအလဲ လုပ်နေချိန်နှင့် တိုးနေလို့ဖြစ်နိုင်သည်။ သည်လိုနဲ့ အတော်ကြီးကို ကြိုးစားပမ်းစား **register** လုပ်ယူလိုက်ရသည်။ လုပ်လို့ရရခြင်း 'သိုင်းလောကစိန်ခေါ်သံ' ကို အပြေးအလွှားလိုက်ရှာသည်။ ကိုနီယိုတို့တင်ထားသည့် **scan pdf** တွေရသည်။ ကိုယ်ငယ်ငယ်က နှစ်သက်ခဲ့ရသည့်စာကို ပြန်ဖတ်ရတော့ ပြန်နုပျိုသွားသလို ခံစားရသည်။ ငယ်ငယ်က သိုင်းဝတ္ထုတွေဖတ်ပြီး သူငယ်ချင်းများနှင့် သိုင်းချတမ်းကစားခဲ့ကြတာတွေတောင် ပြန်မြင်ယောင်မိသည်။

အခု 'သိုင်းလောက၏စိန်ခေါ်သံ' ကို မြန်မာကျူးပစ် ဝိုင်းတော်သားများက **pdf file** အဖြစ် ပြောင်းလဲပေးလိုက်ပြီ။ လွယ်ကူသောအလုပ်တော့ မဟုတ်ပါ။ မြန်မာလို စာရိုက်တင်ရသည်မှာ အတော်လက်ဝင်သောအလုပ်ဖြစ်သည်။ ကျွန်တော့်လုပ်အားက မပြောပြလောက်။ အနည်းဆုံးပင်ဖြစ်နိုင်သည်။ အပိုင်း ၆ ကို နောက်ပိုင်းနားနည်းနည်း ဝင်ရိုက်ပေးဖြစ်သည်။ ကျန်သည့်သူများက တစ်ပိုင်း နှစ်ပိုင်း စသည်ဖြင့် ရိုက်ကြသည်။ ကျူးပစ်တို့၏ စေတနာကား အံ့သြ ချီးကျူးဖွယ်ပင်။

သိုင်းဝတ္ထုများနှင့်ပတ်သက်၍ အမျိုးမျိုး ပြောဆိုဝေဖန်ကြသည်။ အပျော်ဖတ်သက်သက်တွေ၊ အဓိပ္ပာယ်မရှိတာတွေ၊ ဘာအကျိုးမှမရှိဘူး အနှစ်သာရမရှိဘူး... စသဖြင့်...။ အတိုင်းအတာတစ်ခုထိ လက်ခံပါသည်။ သို့သော် ထိုသို့ပြောသူများသည် 'သိုင်းလောက၏ စိန်ခေါ်သံ'ကို မဖတ်ဖူးသေးသူများ ဖြစ်ရမည်။ ထိုသို့ပြောလာသူများကို 'သိုင်းလောက၏စိန်ခေါ်သံ' နှင့် 'နဂါးနိုင်ဓား' နည်းနည်း မြည်းစမ်းကြည့်ခိုင်းလိုက်ပါ။ သြော်... ငါတို့ပြောတာ နည်းနည်းလွန်သွားပါလားဟု ဝန်ခံချင်စိတ်တွေပေါက်လာကြမည်။ သေချာသည်...။

nnnaing (မောင်နိုင်)

မြန်မာ့ကျူးပစ်ဝိုင်းတော်သားတစ်ဦး

ကျွန်တော့်မှာ ရှိတာလေးတွေကို တင်ပေးလိုက်ခဲ့ပါတယ်။ အကယ်၍ နောင်တချိန်မှာ တစ်ယောက်ယောက်က သိုင်းလောက၏ စိန်ခေါ်သံ စာရိုက်တာကို ဆက်လုပ်ချင်ရင် အဆင်ပြေအောင်လို့ပါ။

အဲဒါလေးတွေက မန်ဘာတွေ သိုင်းလောကအတွက် ကြိုးစားထားတာတွေကို အလကား မဖြစ်စေချင်ပါဘူး။ ကျွန်တော် တစ်အုပ်ပဲ လုပ်ခဲ့လိုက်နိုင်ပါတယ်။ တာဝန်မကျေခဲ့တာကို စိတ်မကောင်းပါဘူးဗျာ။

အစ်ကိုတို့ ဆက်လုပ်စေချင်ပါတယ်။ ဒါမှမဟုတ် နောင် ဘယ်သူမဆို တတ်နိုင်ရင် ဆက်လုပ် စေချင်ပါတယ်။

venus000006

06-15-2007, 04:57 PM

မှတ်ချက်။ ။ ဖိုရမ်ထဲမှ ကောက်နှုတ်သည်။

## နှမ်းပွင့်လေးများအကြောင်း တစေ့တစောင်း . . .

ကျူးပစ် သိုင်းလောကသားတွေကို ရေးပါရေးပါ ရေးလိုက်ပါလို့ အတင်းအကြပ် တိုက်တွန်းပြီး ကိုယ်ကိုယ်တိုင် ရေးမယ်လဲဆိုရော ဘာရေးလို့ ရေးရမှန်း မသိတော့။ တခါတရံ ဒီစိန်ခေါ်သံကို စာစီနေရင်းနဲ့တော့ ဟိုဟာလေး ထည့်ရေလိုက်အုန်းမှ ဒီဟာလေး ထည့်ရေးလိုက်အုန်းမှနဲ့ အတွေးတွေ ပွားခဲ့ရဘူးပါသည်။ တကယ့်တကယ်တန်း ရေမယ်လဲ ပြင်လိုက်ရော အကုန်ပျောက်ကုန်ပါရောလား။

သို့ပါသော်လည်း ရေးမယ်လို့ရည်ရွယ်တဲ့နောက် တခုခုကိုတော့ ရေရတော့မည်။ ကျွန်တော်ရေးပါမည်။ စိန်ခေါ်သံနှင့် ဆိုင်မဆိုင်တော့ ကျွန်တော်မသိပါ။ သေချာတာကတော့ ဒီစိန်ခေါ်သံက ကျွန်တော့် **pdf** ဘဝရဲ့ မှတ်တိုင်တခု ဖြစ်မည်ထင်သည်။

ကျွန်တော်ကျေနပ်ပါသည်။ ကျွန်တော်တို့ ကျူးပစ်မှ သိုင်းစာစဉ် **pdf** နှစ်အုပ် အောင်မြင်စွာ ထွက်ပေါ်နိုင်ခဲ့သည်။ ပထမစာစဉ်က အားလုံးသိပြီးဖြစ်တဲ့ "နဂါးနိုင်ဓား" ယခု ကျွန်တော်တို့ ဒုတိယအုပ်အဖြစ် စိန်ခေါ်သံကို ပီပီပြင်ပြင် **pdf** ပြောင်းနိုင်ခဲ့ပြီ။ အထူးကျေနပ်မိသည်မှာ ဒီစာစဉ်ကို ကျွန်တော် **pdf** အဖြစ် လုပ်ခွင့် **permit** ရခဲ့ခြင်းပင်။ ကျေးဇူးတင်ရပါသည် ကိုဟော့နှင့် ကျူးပစ်အပေါင်းအသင်းများခင်ဗျာ။

ဒီနေရာမှာ ကျွန်တော် တခုလောက် ပြောချင်ပါသေးသည်။ ကျွန်တော် **pdf** တွေလုပ်နေရတဲ့အကြောင်းပါ။ **pdf** လုပ်ရတာ မခက်ပါ။ ဖိုရမ်မှာ ရိုက်တင်ထားသမျှ စာများကို **word** ဖိုင်ပေါ်တွင် **copy and paste** လုပ်ပြီး **pdf software** တစ်ခုခုဖြင့် ပြောင်းလိုက်ရုံသာ။ သို့ပါသော်လည်း ကျွန်တော် **pdf** ဖိုင်များကို ကြည့်ရင်း သပ်ယပ်သော **pdf** များကို မြင်လာပါသည်။ **pdf** ကိုဖတ်ရသည်မှာ စာအုပ်ဖတ်ရသည်နှင့် မတူပါသော်လည်း စာအုပ်ဖတ်သလောက်နီးနီး ခံစားလို့ရအောင်၊ **print** ထုတ်ပြီး ဖတ်တတ်သူများအတွက်လဲ (ဝါ) **print** ထုတ်ပြီး  သိမ်းဆည်းတတ်သူများအတွက် လှပသော **pdf** များ၊ ခန့်ညားသော **pdf** များ၊ ကိုယ်တိုင်လုပ်ချင်လာမိသည်။

အမှန်အတိုင်း ဝန်ခံရမည်ဆိုလျှင် လူဆိုသည်မှာ မိမိကိုယ်မိမိ အချစ်ဆုံးဖြစ်သည်။ ထို့ကြောင့် သပ်ယပ်သော၊ ခန့်ညားသော၊ လှပသော **pdf** များကိုသာ ဖတ်ချင်မိသည်။ ပိုင်ချင်မိသည်။ အရှင်းဆုံးထပ်ပြီး ဝန်ခံရလျှင်တော့ **pdf** လုပ်ရတာ ဝါသနာပါသောကြောင့်ဖြစ်သည်။ ကိုယ့်ဝါသနာကို ကိုယ်လုပ်ခြင်းသာ။ ထိုဝါသနာအရ ကျွန်တော် **pdf** များလုပ်ဖြစ်သည်။ ထိုလုပ်သော **pdf** များကို အခြားသူများလဲ ကိုယ်ဖတ်ရသလို ဖတ်ရစေလိုသည်။ ကိုယ်ကြည့်ရသလို ကြည့်ရစေလိုသည်။ ထိုစေတနာများကြောင့် **pdf** များကို ကောင်းသထက်ကောင်းအောင် လုပ်မိသည်။ ဒါပေမယ့် ကိုယ်လုပ်ထားတာကို ကိုယ့်ဘာသာတောင် အားမရသေးပါ။ ရှေ့ဆက်ပြီး **pdf** များကို ကောင်းသထက်ကောင်းအောင် ကြိုးစားပါဦးမည်။ ထားတော့။

ဒီ သိုင်းလောက၏စိန်ခေါ်သံကို ကျွန်တော် **pdf** လုပ်ရန် တခါမှ စိတ်မကူးခဲ့။ လုပ်ရလိမ့်မည်ဟုလဲ မမျှော်လင့်ခဲ့မိပါ။ တနေ့ ကျွန်တော်တို့ သိုင်းလောက၏ အထင်ကရ **nyilinnge** (ကိုညီလင်းငယ်) က ပီအမ်ပို့လာသည်။ ကိုဟော့ တင်နေသော စိန်ခေါ်သံပြီးတော့မည်။ ကျွန်တော်အချိန်ရလျှင် **pdf** လုပ်ရန် တိုက်တွန်းခြင်းပင်။ ထိုအချိန်က ကျွန်တော့်တွင်အချိန်မရှိ။ ကျွန်တော့် ကိုယ်ရေးကိုယ်တာပြီးလို့မှ မည်သူမျှ **pdf** မလုပ်သေးလျှင် ကျွန်တော်လုပ်မည့်အကြောင်း အကြောင်းပြန်ခဲ့သည်။ ကျွန်တော် ကျူးပစ်ကိုပြန်လာတော့ မည်သူမျှ **pdf** လုပ်ရန် ကျူးပစ်ထဲမှာ ပြောထားသူမရှိသေး။ ထိုကြောင့် ကျွန်တော် စိန်ခေါ်သံကို **pdf** လုပ်ခွင့်ရခဲ့သည်။

ခုတော့ ကျွန်တော်တို့၏ စိန်ခေါ်သံကြီး အဆုံးသတ်ခဲ့ပြီ။ ကျွန်တော်အလွန်ပျော်ပါသည်။ တနေ့တနေ့ စိန်ခေါ်သံကို စာစီရင်းဖြင့် စာလုံးစစ်ရင်းဖြင့် အချိန်ကုန်ခဲ့ရသည်။ ကျွန်တော့်ဝါသနာ ဖြစ်သည့်အတွက် ကျွန်တော် ကျေနပ်ပါသည်။

ကျွန်တော်တို့မှာ **professional** (ပညာရှင်အဆင့်) မဟုတ်ကြပါ။ အားလုံး ဝါသနာအရ ဝင်ရောက်လုပ်ကိုင်ကြခြင်းသာ။ ခပ်မြင့်မြင့်ပြောရလျှင်တော့ **volunteer** များသာ။ ကျွန်တော်တို့ ကိုယ်ရေးကိုယ်တာများကိုလဲ လုပ်ကြရပါသေးသည်။ အချိန်ဆင်းရဲသော သူများထဲတွင် ကျွန်တော်လဲ တဦးအပါအဝင်ပင်။ သို့ပါသော်လည်း ကိုယ်တိုင်ကလဲ ဝါသနာပါ အများသူငှာကိုလဲ ဖတ်ရစေလိုသော စေတနာကြောင့် ကျွန်တော်တို့ အတတ်နိုင်ဆုံး အားထုတ်ခဲ့ကြပါသည်။

ထိုစိန်ခေါ်သံကို ကျွန်တော်တို့ **proof** အထပ်ထပ် ဖတ်ခဲ့ကြသည့်။ အထပ်ထပ်ပြင်ဆင်ခဲ့ကြသည်။ သို့ပါသော်လည်း ကျွန်တော်တို့ လုပ်သမျှ ကောင်းပါသည် မှန်ပါသည်ဟု မဆိုသာပါ။ ကျွန်တော်တို့ လိုသွားခဲ့သည်များ ပိုသွားခဲ့သည်များ များစွာ ကျန်ရှိနေသေးမှန်း ကျွန်တော်တို့ လက်ခံပါသည်။ ထိုချို့ယွင်းချက်များကို စာဖတ်သူများ၊ ဒီ **pdf** ကလေးကို သိမ်းဆည်းမည့်သူများ၊ ခွင့်လွှတ် နားလည်ပေးနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။

**Devil_Killer** (တပဲကုလား) က ကျေးဇူးတင်လွှာတွင် တမျက်နှာမျှသာ နမ်းဖြူးခဲ့ကြောင်း ရေးသားထားသည်။ နမ်းတစေ့တည်းနှင့် ဆီမဖြစ်ကြောင်း ကျွန်တော်တို့ နားလည်ပါသည်။ သို့ပါသော်လည်း ကျွန်တော်တို့ ကျူးပစ်မှ နမ်းပွင့်လေးပေါင်းများစွာ၏ အင်အားဖြင့် သိုင်းလောက၏စိန်ခေါ်သံ သီးပွင့်လာခဲ့ရပါပြီ။

အဆိုပါ နမ်းစေ့လေးများထဲတွင် နမ်းတစေ့ ဖြစ်ခွင့်ရခဲ့သောကျွန်တော် အလွန်ပျော်ပါသည်။ ကျွန်တော်တို့ လုပ်အား၏ အသီးအပွင့်ကလေးများကို မြင်ရသည်မှာ အလွန်ကျေနပ် စိတ်ချမ်းမြေ့ရပါသည်။ နောင်ကိုလဲ ကျွန်တော်တို့ ဆက်လက် ချီတက်နေကြအုန်းမည် ဖြစ်ပါသည်။

ဆက်လက်ချီတက်နေကြသည် ဆိုလို့ အနည်းငယ် စကားရှည်လိုပါသေးသည်။ ကျွန်တော်တို့တတွေသည် **NEO, cluclu** (ကလူကလူ), **venus000006** (ကိုနတ်ထီး) တို့နေရာတွင် အစားဝင်ကြခြင်းသာ။ တစ်ချိန်က သူတို့ သိုင်းလောကကြီးတွင် တက်ကြွစွာ လှုပ်ရှားခဲ့ကြသည်။ ယခု သူတို့မအားကြတော့ အပြောကျယ်သော လောကကြီးမှာ မနက်ဖြန်ဘာဖြစ်မည်ကို မည်သူမျှမသိနိုင်။ ကျွန်တော်တို့ ယခု ကျူးပစ်အတွက် အချိန်ပေးပြီး အလုပ်လုပ် ပေးနိုင်ကြသော်လည်း မနက်ဖြန် လုပ်ပေးနိုင်ချင်မှ လုပ်ပေးနိုင်ပါလိမ့်မည်။ ကျွန်တော်တို့ လုပ်မပေးနိုင်လျှင်လဲ ကျူးပစ်ကြီးကတော့ သွေးသစ်များဖြင့် ပုံစံအမျိုးမျိုးဖြင့် ရှင်သန်ကြီးထွားနေမည်သာ။

ယနေ့ ကျွန်တော်တို့ ယခင် စီနီယာမန်ဘာများနေရာ အစားထိုးဝင်ခဲ့ကြပြီ။ မနက်ဖြန်တွင် မန်ဘာခြေတက်များက ကျွန်တော်တို့နေရာတွင် အစားထိုး ဝင်ရောက်ကြဦးမည်သာ။

ကျူးပစ်ထဲမှ နမ်းတပွင့်
**sideeffect** (ဘေးထွက်)

## မြန်မာ့မျှားနတ်မောင် မိတ်ဆက်

အားလုံးပဲ မင်္ဂလာပါ။

ဖတ်ရှုအားပေးတာကို ကျေးဇူးအများကြီး တင်ပါတယ်။ ဖတ်မယ့်လူတွေသာမရှိရင် ရေးဖြစ်မှာမဟုတ်လို့ပါ။

ကျေးဇူးတင်ရမယ့် စာရင်းလုပ်ရင် ထိပ်ဆုံးက ပါသင့်တာက မူရင်းစာရေးဆရာ ကျင်းယုံနဲ့ မူရင်းဘာသာပြန်တဲ့ တက္ကသိုလ်နေလင်းအောင်ပေါ့။ နောက်ပြီးရင်တော့ ဒီစာအုပ် ၁၄ အုပ်ကို ကွန်ပြူတာထဲရောက်အောင် စကန်ဖတ်ပေးခဲ့တဲ့ ကိုနီယို။ ပြီးတော့ စာပြန်ရိုက်ဖို့ စကြိုးစားခဲ့တဲ့ ကျူးပစ်အဖွဲ့ဝင်တွေပေါ့။

**myanmarcupid member** တွေကတော့ ကျူးပစ်ဆိုတာ ဘာလဲ သိပေမယ့် အဖွဲ့ဝင်မဟုတ်သူများသိအောင် နည်းနည်းလျှာရှည်ချင်ပါတယ်။ **myanmarcupid.net** ဆိုတာက **internet** ပေါ်က မြန်မာဖိုရမ် **(forum)** တွေထဲမှာ အကြီးဆုံး၊ အဖွဲ့ဝင်အများဆုံး ဖိုရမ်ကြီးပါပဲ။ ညစ်ညမ်းစာပေ၊ ညစ်ညမ်းရုပ်ရှင်တွေလဲ ကင်းပါတယ်။ ကျွန်တော်တွေ့ဖူးသမျှထဲမှာ အသန့်ရှင်းဆုံး မိသားစုဖိုရမ်လေးပါပဲ။ မြန်မာမျှားနတ်မောင်ကို (မျှား’ ဟု တမင်တကာ ပေါင်းခြင်း ဖြစ်ပါသည်။) စစချင်း သန္ဓေတည်ခဲ့တာကတော့ ညစ်ညမ်းစာအုပ်တွေနဲ့ ဖြစ်ပါတယ်။ ဒါပေမယ့် ၂၀၀၇ မတ်–ဧပြီမှာ မျှားနတ်မောင် အုပ်ချုပ်ရေးအဖွဲ့ကနေ အဲသည် ညစ်ညမ်းစာပေတွေကို အပြီးတိုင် ဖယ်ပစ်ခဲ့ပါတယ်။ သိပ်လွယ်တဲ့ အလုပ်တော့ မဟုတ်ပါဘူး။ ဒါပေမယ့် ဖြစ်မြောက် အောင်မြင်ခဲ့ပါတယ်။ ဒါကြောင့် အခုအချိန်မှာ ကျူးပစ်ကြီးဟာ လုံးဝသန့်ရှင်းသွားပါပြီ။ ၃ နှစ်သား ကလေးလေးတောင် (စာဖတ်တတ်မယ်ဆိုရင်) ပေးဖတ်လို့ရပါတယ်။ ညစ်ညမ်းစာတွေ၊ ပုံတွေ၊ ဆဲရေးထားတာတွေ တွေ့တာနဲ့ ဘယ်သူမဆို တိုင်ကြားလို့ရပါတယ်။ ဒါကြောင့် အဖွဲ့ဝင်တွေရဲ့ ကူညီမှုနဲ့ မြန်မာ့မျှားနတ်မောင် အခုလို သန့်ရှင်းလာတာလို့ ပြောရင်လဲ ရပါတယ်။

နိဒါန်းအနေနဲ့ ဒေသအကြောင်း ပြောပြီးတော့ လူတွေအကြောင်း ဆက်ပြောချင်ပါသေးတယ်။ ကိုယ့်ငါးချဉ်ကိုယ်ချဉ်တယ်ပဲ သဘောထားပါ။ လောလောဆယ်တော့ ဆိုင်တဲ့ အဖွဲ့ဝင်တွေအကြောင်းပဲ ပြောပါ့မယ်။

**NEO** – စာအုပ် ၁၄ အုပ်လုံးကို ကွန်ပြူတာပေါ်ရောက်အောင် စကန်ဖတ်ပေးခဲ့တဲ့ တကယ့်အမာခံအဖွဲ့ဝင်ကြီးပါ။ မြန်မာ့မျှားနတ်မောင်အတွက် ကိုနီယိုရဲ့ ပေးဆပ်မှုတွေက မနည်းလှပါဘူး။ ပို့စ့်အများဆုံးတင်ထားတဲ့ လူတွေထဲက တစ်ယောက်ပါ။ ရုပ်ရှင်တွေကို တင်ပေးတာချည်း ၂၀၀၀ ကျော်ပါတယ်။ ဒါတင်မကဂီတ၊ စာပေ၊ အတွေးအခေါ် စတဲ့ အခြားနေရာများမှာလဲ သူ့လက်ရာတွေကို တွေ့နိုင်ပါတယ်။

**sideeffect** – **pdf** လုပ်ပေးတဲ့လူပေါ့။ ဒီအလုပ်က အတော်ကလေး လက်ဝင်ပါတယ်။ စာလုံးတွေကို စီစဉ်ရတယ်။ အချောသတ် ပရုဖတ်ရတယ်။ တစ်မျက်နှာ၊ နှစ်မျက်နှာဆိုရင်တော့ အပရိကပေမယ့် စာမျက်နှာပေါင်း ရာထောင်ကျော်လာရင် အတော်ကလေးကို မလွယ်တဲ့အလုပ်ပါပဲ။

**chithninsi** – လက်ဟောင်း အမာခံအဖွဲ့ဝင် မမတစ်ယောက်ပေါ့။ မြန်မာ့မျှားနတ်မောင်ကို မျိုးစေ့ ချပေးခဲ့တဲ့

သူတွေထဲက တစ်ယောက်ပါ။ စိန်ခေါ်သံကို ပထမဆုံး ပန္နက်ရိုက်ခဲ့တဲ့သူပါ။

**nchertz** – မချစ်နှင်းဆီ ပထမအခန်းကို ရိုက်နေတုန်း ကိုအန်ချက်က ဒုတိယအခန်းကို ရိုက်ခဲ့ပါတယ်။ သူလည်း လူဟောင်းကြီး တစ်ယောက်ပါပဲ။ အေစီမီလန် ပရိသတ်။ အားကစားအခန်းမှာ အတွေ့ရများပါတယ်။

**cluclu** – နာမည်လှလှလေးနဲ့ ကောင်လေးတစ်ယောက်လို့ပဲ ထားပါတော့။ အင်း ... ထားပါတော့။ သူကလည်း နေရာအတော်များများမှာ ပါဝင်ပြီး တက်တက်ကြွကြွနဲ့ ဆွေးနွေးတဲ့ လူငယ်တစ်ယောက်ပါ။ သူအကြိုက်ဆုံးကတော့ လှိုင်ယွန်းဖေပေါ့ဗျာ။

**venus000006** – ဒီစာစဉ်ရဲ့မျက်နှာဖုံး ဒီဇိုင်းရှင်ပါ။ ဒီသိုင်းစာစဉ်ရဲ့ **pdf** အပိုင်း– ၁ ဟာ သူ့လက်ရာ ပါ။ သိုင်းစာစဉ်တွေကို စုစည်းပြီး ဗီဒီအက်လှလှလေးတွေ လုပ်လေ့ရှိတဲ့ ကိုဗီးနပ်တစ်ယောက် ပျောက်သွားတာ ကြာပါပြီ။ ဒါပေမယ့် သူလုပ်ပေးခဲ့တာ တွေကိုတော့ အသိအမှတ်မပြုပဲ နေလို့မရပါဘူး။ ကျွန်တော်တို့ကျူးပစ်ရဲ့ ပထမဦးဆုံး **pdf** သိုင်းစာစဉ်ဖြစ်တဲ့ 'နဂါးနိုင်ဓား' ဟာ သူ့လက်ရာပါ။ သူလည်း လှိုင်ယွန်းဖေကို အသေရရ၊ အရှင်ရရ ဆိုတဲ့လူပဲခင်ဗျ။

**thunderhawk** – ကွန်ပြူတာ၊ အားကစားနဲ့ အတွေးအခေါ် ... အားလုံးလိုလို ပါဝင်လေ့ရှိပါတယ်။ စွယ်စုံရတဲ့ အစ်ကိုကြီးပေါ့ဗျာ။

**Gangsters.Paradise** – အားကစားဖက်တွေမှာ အတွေ့ရများပါတယ်။

**blaCK DeViL** – သူကတော့ မြန်မာ့မျှားနတ်မောင်ရဲ့ တကယ့်လက်ဟောင်း လူရင်းကြီးပေါ့ခင်ဗျာ။ အလုပ်ကိစ္စတွေနဲ့ မအားလပ်တဲ့အတွက်ကြောင့် မျှားနတ်မောင်နဲ့ နည်းနည်း ဝေးကွာနေပါတယ်။ သိုင်းစာစဉ်တွေနဲ့ သိပ်အကျွမ်းတဝင်မရှိတဲ့ 'ကိုသရဲနက်' ဟာ 'ကိုသရဲသတ်သူ' နဲ့ လူမှားပြီးတော့ ပေါ်တာဆွဲခံရလို့ သူ့ခမျာ ဘုမသိဘမသိပဲ ဝင်ရိုက်ပေးခဲ့တာပါ။

**Devil_Killer** – သူကတော့ တမျက်နှာမျှသာ ဝင်ရောက်နှမ်းဖြူးသူလို့ဆိုသလို သိုင်းလောကတွင် တမျက်နှာ ဝင်ရောက် နှမ်းဖြူးခဲ့သူ။ ယခုချိန်အထိ ကိုယ်ရေးကိုယ်တာများကြားမှ ကျူးပစ်အတွက် အလုပ်များစွာ လုပ်ပေးနေသူပါ။

**htetkgkin** – အတွဲ ၄ တွဲဟာ သူ့လက်ရာနဲ့ မကင်းပါဘူး။ သိုင်းလောက၏စိန်ခေါ်သံ အတွက် မန်ဘာအတော်များများ လက်ပန်းကျ နေချိန်မှာ တဦးတည်း ဖွဲ့ခတ်ပြီး ရိုက်တင်ခဲ့တဲ့သူပါ။ သူသာမရှိခဲ့ရင် ကျွန်တော် ရိုက်ဖြစ်ချင်မှ ရိုက်ဖြစ်ပါလိမ့်မယ်။

**charcol** – ဘာသာရေးသရက်တွေမှာ ဗဟုသုတ ဝေမျှပေးလေ့ရှိပါရဲ့။

yannaning – သူကတော့ မဝင်တာကြာပြီမို့ အကောင့်အပိတ်ခံလိုက်ရပါပြီ။

**queen123** – သူလည်း မအားလပ်တာကြောင့် ပျောက်သွားတဲ့ မင်ဘာတစ်ယောက်ပါ။

**HarryLwin** – မြန်မာ့ရိုးရာ ကဗျာတွေကိုလည်း အတော်ကလေး ပိုင်နိုင်ပါတယ်။

**nnnaing** – ကိုနိုင်ဟာလဲ အတော်ကလေး စာရိုက်နိုင်ပါတယ်။ သခင်ဘသောင်း ဘာသာပြန်တဲ့

ခြေလေးချောင်းတော်လှန်ရေး။ မင်းသိင်္ခရဲ့ မမင်းဖြူမှန်မှန်ပြော။ တာရာမင်းဝေရဲ့ စာအုပ်တွေ ... စသဖြင့် စာအုပ်အများကြီးကို ရိုက်တင်ပေးခဲ့ပါတယ်။

**Shadowstriker** – ကျောင်းသားတစ်ယောက်ပါ။ တစ်နိုင်တစ်ပိုင် တတ်နိုင်သမျှ ဝင်ကူပေးလေ့ရှိပါတယ်။

**heinnlinn** – အခုလက်ရှိ မြန်မာ့မျှားနတ်မောင်ရဲ့ ဘုရင် (ကင်း) ပေါ့ခင်ဗျာ။ တစ်ခါတည်းရွေးရသေးတာမို့ တစ်ဦးတည်းသော လက်ရှိဘုရင်လေးပေါ့။

**hotrod** – ကျွန်တော်ကတော့ တတ်ထားတဲ့ အသက်မွေးဝမ်းကျောင်းအလုပ်နဲ့ ပတ်သက်ပြီး မေးလာတဲ့ မေးခွန်းတွေကို ဖြေပေးတာရယ်။ စာအုပ်ရိုက်တင်တာရယ်။ ဒါလောက်ပဲ လုပ်တတ်ပါတယ်။ စိန်ခေါ်သံရဲ့ နောက်ပိုင်းစာစဥ်တွေကို တတ်နိုင်သမျှ ကူရိုက်ပေးခဲ့ပါတယ်။ ဒီအပြင်ကတော့ 'သေရွာပြန်ဓါးသမား၏ လွမ်းဝိညာဥ်' ဆိုတာကို ပြန်ရေးဖူးပါတယ်။ လောလောဆယ်တော့ ဂျပန်သိုင်းကာတွန်း ကင်ရှင်ဟီမူရာ (၂၈ တွဲ) ကို ဘာသာပြန်နေပါတယ်။ ပြီးမယ်လို့ အာမမခံနိုင်ပေမယ့် အတတ်နိုင်ဆုံး ကြိုးစားပြီး ပြန်ပေးသွားပါ့မယ်။

ဒါလူကုန်မဟုတ်သေးပါဘူး ခင်ဗျား။ ဒီစာစဥ်ကို မကူခဲ့ပေမယ့် အခြားစာစဥ်တွေကို ရိုက်ပေးခဲ့တဲ့ အဖွဲ့ဝင်အများအပြား ရှိပါသေးတယ်။

**Mini_Me** - **moderator** တစ်ယောက်ပါ။ မဲ့ရှစ်လုံးရှင် သိုင်းဥကင်ကို သူတစ်ယောက်တည်း ရိုက်တင်နေပါတယ်။

**Reign** – အမျိုးသမီး အဖွဲ့ဝင် မရိန်းဆိုရင်တော့ နဂါးနိုင်ဓါး စာစဥ်ကို စစချင်း မျိုးစေ့ချပေးသွားခဲ့တဲ့ အမာခံတစ်ယောက်ပါ။

**ShoeT** – နဂါးနိုင်ဓါးကို အဆုံးသတ်ပေးသွားတဲ့ အစ်ကိုကြီးပေါ့ဗျာ။ သူဟာ သိုင်းစာစဥ် တစ်ခုကို ကွန်ပြူတာစာစီခဲ့တာမှာ မြန်မာ့ပထမဆုံးပါ။

**MoeLayy** – ပန်းစကြာ ဓါးသမား စာစဥ်တွေကို ပထမပိုင်းမှာ စာရိုက်ပြီး တင်ပေးခဲ့တယ်။ နောက်ပိုင်းမှာ ကိုယ်ရေးကိုယ်တာကြောင့် မအားတော့လို့ စကန်ဖတ်ပြီး အကုန်စုံအောင် တင်ပေးသွားခဲ့ပါတယ်။

**NYILINNGE** – နောက်ဆုံးမှ ပြောတာကတော့ လေးနက်အောင် ချန်ထားတာပါ။ ကျူးပစ်သိုင်းလောကကြီး အကြောင်းပြောရင် ကိုညီလင်းငယ်အကြောင်း မပါလို့ မဖြစ်ဘူး။ သူ **scan** ဖတ်ပြီး တင်ပေးခဲ့တဲ့ သိုင်းစာအုပ်တွေက ကြောက်စရာ ကောင်းလောက်အောင် များပါတယ်။

ကိုးသင်္ချိုင်းမှ စိန်ခေါ်သံ – ၁၀ အုပ်
မိုးနဂါးရှစ်ပိုင်းနှင့် အတိုင်းအဆမဲ့ဓါး (လွမ်းငွေ့ဝေဖြာ သိုင်းကမ္ဘာ) – ၁၄ အုပ်
ဖြေရာမဲ့သိုင်းရဲ့ကမ္ဘာ – ၁၀ အုပ်
ဂူးတန်တောင်မှ အညတရ သိုင်းသမား (ပိုးမင်းသား၏ သိုင်းဝိညာဥ်) – ၆ အုပ်
ဓါးဘုရင်၏ အထွတ်ပွတ္တိ – ၈ အုပ်
ဇကေရာဇ်သခင်နှင့် သွေးယဇ်ပလ္လင် – ၁၂ အုပ်
သိုင်းတုံပွင့်လျှံ ပုလွေသံ – ၁၂ အုပ်
သိုင်းဇကေရာဇ်၏ ရုပ်ပုံလွှာ – ၈ အုပ်

သိုင်းလောက အငြိုးခံ မိုးပျံမြေခွေး – ၆ အုပ်
ကြမ္မာ၏သားကောင် သိုင်းထိပ်ခေါင် – ၆ အုပ်
သွေးဇာတ်နိဂုံး – ၆ အုပ်
သရဖူငြင်းသော သိုင်းဧကရာဇ် – ၇ အုပ်
ကံကြမ္မာကြွေး ရက်မရွေး – ၈ အုပ်
မာန်လှိုင်ဓါး – ၆ အုပ်
ပိုင်ယွင်ဆန်း ဓါးသမား – ၇ အုပ်
ဓါးတစ်ရာ ကြွေပန်းချီ – ၄ အုပ်
လျှပ်တစ်ပြက် လုရှောင်ဖုန်း – ၄ အုပ်
အဆိပ်ဓါးပိုင်ရှင် ရှာပုံတော် – ၃ အုပ်
ဓါးဆန်း ၇ လက်၏ ဇာတ်လမ်း – ၃ အုပ်

ဒါတင်ပဲလားဆိုတော့ မကသေးဘူးခင်ဗျ။ မစန္ဒာရဲ့ တိမ်ဖုံးပါလို့ လမသာ။ ရွှေဥဒေါင်းရဲ့ ဒဂုံတင့်။ မောင်သော်ကရဲ့ တိုက်ရေယာဉ် ၁၀၃။ ဂျူးရဲ့ ချစ်သူရေးတဲ့ ကျွန်မရဲ့ညတွေ။ ဂျူးပဲ ကံကြမ္မာကို မယုံကြည်ကြသူများ။ စတဲ့ တကယ့်ထိပ်သီး ကောင်းပေ့ဆိုတာတွေလဲ ကိုယ်တိုင်ရိုက်တင်ပေးခဲ့ပါတယ်။ နောက်လဲ အများကြီး ရှိပါသေးတယ်။

နောက်ဆုံးပိတ် အနေနဲ့ အားလုံးကို ကျေးဇူးအများကြီး တင်ပါတယ်လို့ ပြောလိုပါတယ်။

**hotrod**